ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြိုင်ဘက်ကင်းဆရာကြီး - ဆွန်းမို။

- **ABSOLUTE GREAT TEACHER**

- **AUTHOR(S):** LONGING WASHES RED BEANS
-
- **GENRES:** ACTION - ADVENTURE - FANTASY - XUANHUAN
-
- ဘာသာပြန် - ဟာရီကိန်း။

ဇာတ်လမ်းမိတ်ဆက် - အမှတ်(၂) အထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်နေသော ဆွန်းမို ဟုခေါ်သော ကျောင်းဆရာသည် ရေထဲသို့ ပြုတ်ကျသွားကာ သေဆုံးသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် သူ၏ဝိညာဉ်သည် အချိန်နှင့်စကြာဝဠာကို ဖြတ်ကျော်ကာ အခြားအမှ္တာမှ လူတစ်ယောက်၏ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထိုအချိန်၌ ဆွန်းမိုသည် ပြိုင်ဘက်ကင်းဆရာကြီး စနစ်ကို ရရှိခဲ့သည်။ ထိုကဲ့သို့ဖြင့် ကျင့်ကြံခြင်းလောက၌ ဆရာတစ်ယောက်၏ ခရီးလမ်းကို စတင်ခဲ့သည်။

ဇာတ်လမ်း ဇာတ်အိမ် ဇာတ်ကွက် ခိုင်မာပြီး ဆရာတစ်ယောက်၏ နှလုံးသား၊ ကာကွယ်ပေးမှု၊ သင်ကြားပေးမှုများကို စိတ်ဝင်တစား ဖတ်ရှုရမည့် စနစ်ပါဝင်သော ဇာတ်လမ်းကောင်း တစ်ပုဒ်ပင်။

အခန်း (၁) - မင်းနှလုံးသားကို မင်းယုံရင် မိုးကောင်းကင်ကိုတောင် ကြောက်စရာမလိုဘူး။

"ပြိုင်ဘက်ကင်းဆရာကြီးစနစ် အသက်ဝင်လာပါပြီ၊ အသစ်ဝင်ရောက်သူ လက်ဆောင်ချက်ခြင်းရယူပါ "

ဆွန်းမိုသည် ဒီအသံကို သုံးကြိမ်မြောက်ကြားရသောအချိန်၌ စိတ်ထဲ ဒေါသထွက်လာကာ တစ်ယောက်ယောက်၏ခေါင်းကို ရိုက်ခွဲပစ်ချင်စိတ်ပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မကူညီရင်တောင် မလှောင်ပြောင်ပါနဲ့)။

ဆွန်းမို၏ခန္ဓာကိုယ်သည် ရေထဲ နှစ်မြုပ်နေပြီး ပါးစပ်နှင့် နှာခေါင်းထဲသို့ ရေများ ဝင်ရောက်လာသည်။

“ဒါသာ ရေကူးကန်ဆိုရင်တော့ ငါ့ပါးစပ်ထဲ ဝင်လာတဲ့ရေတွေက သေးတွေပဲ ဖြစ်လိမ့်မယ်”

ဆွန်းမိုသည် ကို့ကိုယ်ကို လှောင်ပြောင်လိုက်ပြီးနောက် ကြောက်စိတ်နှင့် အာရုံပျံ့လွင့်မှုများကို ကြိုးစား၍ ထိန်းချုပ်လိုက်သည်။ ထိုသို့ မဟုတ်ခဲ့လျှင် စိတ်မထိန်းနိုင်ဘဲ အကြောက်လွန်ကာ ရေနစ်၍ သေရတော့မည်။

ရေးကူးနေသည် ဆိုသော်လည်း တခြားရေးကူးနည်းတွေကို မသိ၊ ခွေးကူး ရေးကူးနည်းသာ သိရှိ၍ ခွေးကူးသာ ကူးနေရ၏။

သူတစ်ယောက်တည်းသာ ဆိုလျှင် ကမ်းစပ်မရောက်ခင်စပ်ကြား ကိုယ်ဖော့ ထားနိုင်သေးသည်။ ယခုတော့ မိန်းကလေးတစ်ယောက်ကို သယ်ဆောင်ရင်း ရေးကူးနေရသောကြောင့် အနည်းငယ် အကူအညီမဲ့ နေသည်။

"ငါ့ကို ကယ်..... ကယ်ကြပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနက်ရောင်ဆံပင်နှင့် မိန်းကလေးသည် ကြမ်းတမ်းစွာ ရုန်းကန်နေသည်။

"မရုန်းနဲ့ မင်းရော ငါရော သေသွားလိမ့်မယ်"

ဆွန်းမိုဇ၏စကား မဆုံးသေးခင် ပါးစပ်ထဲသို့ရေများဝင်လာသဖြင့် ချောင်းဆိုးရင်း ရေမွန်းလာသည်။

"ပြိုင်ဘက်ကင်း ဆရာကြီးစနစ် အသက်ဝင်လာပါပြီ၊ အသစ်ဝင်ရောက်သူ လက်ဆောင်ကို ချက်ခြင်းရယူပါ"

"ငါလို............."

ဆွန်းမိုသည် ကောင်မလေးကို အဝတ်အစားမှ ဆွဲကိုင်၍ ကမ်းပေါ်သို့ တက်လာခဲ့သည်။ ထို့နောက် ရိုင်းဆိုင်းသော ခွေးတစ်ကောင်ကဲ့သို့ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီး လက်ခလယ် ထောင်ပြလိုက်သည်။ သို့သော် အနီးအနား၌ လူတစ်ယောက်မှ မရှိပေ။

လှပသော လရောင်က မြက်ခင်းပြင်ပေါ်ကို ငွေရောင်အလင်းများ ဖြာကျစေ၏။ အဝေးမှ ကြည့်လိုက်လျှင် ယွင်တီရေကန်တစ်ခုလုံးသည်

လရောင်ကြောင့် ငွေရောင်တဖိတ်ဖိတ် တောက်နေသည်။

"ဘာ ငရဲ.....လဲ...ဟ...."

ဆွန်းမို မျက်မှောင်ကြုတ်လိုက်သည်။ ထို့နောက် သူကယ်တင်လာခဲ့သော မိန်းကလေးကို ခေါင်းငုံ့၍ ကြည့်လိုက်သည်။ ကောင်မလေးသည် ရှေးခေတ်ပုံစံ အဝတ်အစားများ ဝတ်ဆင်ထားပြီး ခါး၌ စာအိတ်တစ်အိတ် ချိတ်ဆွဲထားသည်။

"ကျုံမြွောင် မဟုတ်ဘူးလား ဟ"

ဆွန်းမိုသည် အနည်းငယ် ခေါင်းကိုက်လာသည်။

သူသည် ဘွဲ့ရပြီးနောက် အမှတ်(၂)အထက်တန်းကျောင်း တစ်ခု၌ ဆရာတစ်ယောက်အဖြစ် သင်ကြားခဲ့သည်။ သူသင်ကြားခဲ့သော တိုတောင်းသည့်အချိန် ၆ နှစ်အတွင်း၌ ကျောင်းသားနှစ်ယောက်ကို ချင်းဟွာ နှင့် ပီကင်း တက္ကသိုလ်သို့ ဝင်ရောက်ခွင့်ရအောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ကျောင်း၌ ကျော်ကြားသူတစ်ယောက် ဖြစ်လာခဲ့သည်။

အစပိုင်း၌ ရာထူးတိုးခြင်းနှင့် ကျော်ကြားလာခြင်းသည် ဖြစ်သင့်ဖြစ်ထိုက်သော

အရာတစ်ခု ဖြစ်ခဲ့သော်လည်း နောက်ပိုင်း၌ အတန်းတစ်ခုမှ ကျုံမြှောင်ဟုခေါ်သော ကျောင်းသူက သူ့ကို ကြိုက်လာလိမ့်မည်ဟု မထင်ထားမိခဲ့ပေ။ ထို့နောက် သူမကို ငြင်းလိုက်သည်။ သူမက သူတို့နှစ်ဦးသည် "အတူတူနေဖြစ်ခဲ့ပါတယ်"ဟူသော ကောလဟာလများကို စတင်၍ ပျံ့နှံ့ စေခဲ့သည်။

ဆွန်းမိုသည် သူ့ဘဝကို မပျက်စီးစေချင်ခဲ့ပေ။ ထို့ကြောင့် ကျုံမြှောင်ကို အသေးစိတ် စကားပြောရန် ပန်းခြံသို့ ဖိတ်ခေါ်ခဲ့သည်။ ရေကန်ထဲ၌ လှေလှော်ခတ်နေစဉ် ကျုံမြှောင်က ရုတ်တရက်

ထဖက်သဖြင့် နှစ်ယောက်သား လုံးလားထွေးလားဖြစ်ကာ ရေထဲသို့ ပြုတ်ကျခဲ့သည်။

"ငါ ဘယ်ရောက်နေတာလဲ"

ဆွန်းမို၏ နှလုံးသားထဲ၌ ဒေါသမီးတောက်များ တောက်လောင်နေသေးသည်။ ပတ်ဝန်းကျင်၌ရှိသော အပင်များကို လိုက်ကြည့်လိုက်သည်။ ပတ်ဝန်းကျင်က တိတ်ဆိတ်၍ အုံ့မှိုင်းနေ၏။ ကြည့်ရသည်မှာ မြို့အပြင် တစ်နေရာရာ ရောက်ရှိနေပုံရသည်။ မျက်နှာပေါ်၌ မယုံကြည်နိုင်သော အမူအရာများ ဖြည်းဖြည်းခြင်း ထွက်ပေါ်လာသည်။

"အဟွတ် အဟွတ်"

မြေပေါ်၌ လဲနေသောကောင်မလေးသည် အနေရခက်စွာ ချောင်းဆိုးလာ၍ ရေနှင့်တံတွေးများ အန်ထုတ်လိုက်သည်။ ကောင်မလေးသည် စိတ်ရှုပ်ထွေးနေရာမှ ဖြည်းဖြည်းခြင်း အသိပြန်ဝင်လာသည်။

"အဆင်ပြေရဲ့လား"

ကောင်မလေးက အားနည်းစွာ မေးလိုက်သည်။

"ဘဝက အရမ်းလှပါတယ်၊ ကျေးဇူးပြုပြီး ကို့ကိုယ်ကို သတ်မသေပါနဲ့"

"မင်းဦးနှောက်ထဲ ရေဝင်ပြီး ရူးသွားတာလား"

ဆွန်းမို စိတ်ဓါတ်ကျသွားသည်။

"ငါက ဒေါ်လာ ထောင်ဂဏန်းကိုတောင် အကြိမ်ကြိမ် ဂိမ်းဝယ်ကစားနေခဲ့တဲ့ ကောင်ကွ၊ ငါက ဘာဖြစ်လို့ သတ်သေရမှာလဲ၊ ဒီထက်ပို ကောင်းတဲ့လုပ်စရာ မရှိတော့ဘူး ထင်နေလားကွ"

"အမ်"

ကောင်မလေးသည် အံ့အောသင့်သွားသော အမူအရာဖြင့် ငေးကြည့်၍

"ဒီလိုအချိန်မှာ ဘာဖြစ်လို့ ရေထဲခုန်ချတာလဲ။ ကို့ကိုယ်ကို သတ်သေဖို့ ကြိုးစားနေတာ မဟုတ်ဘူးလား"

"ဟင်"

ဆွန်မိုလည်း ပြဿနာကို ရုတ်တရက် သိရှိသွားသည်။

"မင်းက ငါ့ကိုကယ်မလို့ ရေထဲဆင်းခဲ့တာလို့ မပြောနဲ့နော်"

"လီဇီချီ (တတိယလူ)၊ ရှင်....ရှင်ကမှ လူမိုက်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ၏ လှပသောမျက်နှာသည် ချက်ခြင်းနီရဲလာပြီး ထအော်လိုက်သည်။ သူမသည် မူလက ကယ်တင်ရန် လာခဲ့သော်လည်း ပြန်ပြီး ကယ်တင်ခံရခြင်းဖြင့် အဆုံးသတ်ခဲ့ရသည်။

(ရှက်စရာ ကောင်းလိုက်တာ)

“ပြိုင်ဘက်ကင်းဆရာကြီးစနစ် အသက်ဝင်လာပါပြီ၊ အသစ်ဝင်ရောက်သူ လက်ဆောင်ကို ချက်ခြင်းရယူပါ ။”

စိတ်ပျက်စရာကောင်းသော အသံသည် နောက်တစ်ကြိမ် ထွက်ပေါ်လာပြန်သည်။ အလွန်စိတ်ပျက်စရာ ကောင်းလှ၏။

“ဝှီ.....ဝှီ.....ဝှီ....,စိတ်ပျက်စရာ အသံကို မရပ်နိုင်တော့ဘူးလား”

လက်ခုပ်သံများ-------

ဖြောင်း....ဖြောင်း...ဖြောင်း...

အရမ်းတောက်ပသော ရတနာသေတ္တာတစ်လုံးသည် ဆွန်းမိုရှေ့၌ ရုတ်တရက် ပေါ်လာသည်။

တောက်ပလွန်းသောကြောင့် မျက်လုံးမှိတ်ထားလိုက်ရသည်။

"အခုဖွင့် မှာလား"

စနစ်ထံမှ မေးလိုက်သော အသံတစ်ခု ထွက်ပေါ်လာသည်။

ဆွန်းမိုသည် ဟိုဟိုဒီဒီကြည့်လိုက်ပြီး သူ၏ အကြည့်များက မြေပေါ်မှာလှဲနေသော ကောင်းမလေးထံ ရောက်ရှိသွားသည်။ သူကိုင်ထားသော သေတ္တာက

သူတစ်ယောက်တည်းသာ မြင်နိုင်သည့်အကြောင်း နားလည်သွားသည်။

"ဖွင့်မှာလား ၊ မဖွင့်ဘူးလား"

စနစ်ဆီထံမှ အသံ ထွက်ပေါ်လာပြန်သည်။

"ဖွင့်၊ ဖွင့်၊ ဖွင့်ကွာ။ အိမ် ဒါမှမဟုတ် အဖိုးတန်ရတနာ မပါရင် မင်းရဲ့ခွေးခေါင်းကို ရိုက်ခွဲပြစ်မယ်"

ဆွန်းမို စိတ်မရှည်တော့ချေ။

ပြင်ဆင်ချိန် လုံလောက်အောင်မပေးဘဲ ရတနာသေတ္တာက ရုတ်တရက် ပွင့်သွားသည်။

ရွှေရောင်စာအုပ်တစ်အုပ်က သူ့ရှေ့၌ ပေါ်လာပြီး ဖြည်းဖြည်းခြင်း လည်နေသည်။

“မဟာသခင်အဆင့် နတ်ဘုရားမျက်စိ အာရုံကို ရရှိလိုက်တဲ့အတွက် ဂုဏ်ပြုပါတယ်။ အာရုံစိုက်ပြီး ကြည့်လိုက်တဲ့ ပစ်မှတ်၏ အချက်အလက်အားလုံးကို သိရှိနိုင်တယ်”

စနစ်၏အသံသည် နွေရာသီခေါင်ခေါင်၌ ပူပြင်းသော နေရောက်အောက်မှာ မတ်တပ်ရပ်နေသကဲ့သို့ ခံစားချက် ကင်းမဲ့လွန်းသည်။ အမိပ္ပါယ်မရှိသော ‘ဂုဏ်ပြုမှု’ ဆိုသည်မှာ

ထင်ရှားနေသည်။ ယဉ်ကျေးမှုအရ ပြောသော စကားလုံးသာ ဖြစ်လိမ့်မည်။

ဆွန်းမိုက နှုတ်ခမ်းကွေးလိုက်သည်။ နောက်ဆုံး၌ ထိုင်နေသော ကောင်မလေးကို တစ်ချက် ကြည့်လိုက်သည်။ သူက အာရုံစိုက်ပြီး ကြည့်လိုက်လျှင် ကောင်မလေး၏ ခေါင်းပေါ်၌ ‘လီဇီချီ’ဟူသော အဖြူရောင်စကားလုံး ၃ လုံး လွင့်မျောနေသည်။ ဒါသည် သူမ၏နာမည် ဖြစ်လိမ့်မည်။

တခြားသော အချက်အလက်တွေလည်း သူမခန္ဓာကိုယ်မှ ဖြည်းဖြည်းခြင်း ထွက်ပေါ်လာသည်။ အဖြူရောင် စကားလုံးများသည် အဆက်မပြတ်တုန်ခါလာပြီး နောက်ဆုံး၌ အကဲဖြတ်ပေးသော မျဉ်းများအဖြစ် ပြောင်းလဲသွားသည်။

"ကြံ့ခိုင်မှု အဆင့် (၄) ။ သာမန်မိန်းကလေးတစ်ယောက်ရဲ့ အဆင့်။ ကြက်သတ်ဖို့ ခွန်အား မရှိတဲ့လူထက် အနည်းငယ် ပိုသန်မာတယ်။"

“ဥဘဏ်ရည် - ၁၈ - ဇယားကွက်အပြင်ကို ရောက်နေတဲ့ တန်ဖိုး။ တခြားသူတွေကို သူမနဲ့ နှိုင်းယှဉ်ပါက မျှောက်လိုပြောရင်တောင် ချီးကျူးတယ်လို့ သတ်မှတ်ရမယ်။

“သွက်လက်မှု - ၁ - မသန်မစွမ်း တစ်ယောက်ထက် အနည်းငယ်ပိုနိမ့်ကျတယ်။

“အကြံပြုချက် - အိမ်အပြင် မထွက်ပါနဲ့။ လမ်းလျှောက်လို့ လဲကျရင်တောင် သေဆုံးနိုင်တဲ့ အန္တရာယ်နှင့် ကြုံတွေ့ရနိုင်တယ်”

………………………………

ဆွန်းမို၏ မျက်နှာပေါ်၌ အံ့အောသင့်သော အမူအရာများ ရှိနေသည်။

(ဒါတွေ ဘာတွေလဲ)

“အမ် ငါ့နာမည်က လီဇီချီ”

ဆွန်းမိုက စကားမပြောသဖြင့် အခြေအနေက အနည်းငယ် အနေရခက်နေ၏။ ထို့ကြောင့် ကောင်မလေးသည် စိတ်သက်သာလိုသက်သာခြား သူမနာမည်ကို ပြောလိုက်သည်။

“အိုး”

ဆွန်းမိုက မေးလိုက်သည်။

"စောစောက ငါ့ကိုကယ်မလို့ ရေထဲခုန်ချခဲ့တာလား"

"အင်း"

သို့သော် ကောင်မလေးသည် မျက်နှာကြီးနီရဲလာကာ ကမန်းကတန်း ခေါင်းငုံ့သွားသည်။ နောက်ဆုံး၌ သူမသည် မကယ်တင်နိုင်ခဲ့ပေ။ ထိုအစား ရေနစ်ပြီး သေမလိုပင် ဖြစ်ခဲ့ရသည်။

(အရမ်းရှက်ဖို့ ကောင်းတာပဲ)

ဆွန်းမို နှုတ်ခမ်းကွေးသွားသည်။

(မင်းက သွက်လက်မှု အဆင့် (၁)ပဲ ရှိတာတောင် အခြားသူကို ကယ်ချင်သေးတာလား။ အသက်ရှင်ရတာပင်ပန်းနေပြီ ထင်တယ်)

သို့သော်လည်း ကောင်မလေးက သူ့ကိုကယ်တင်ရန် ကြိုးစားခဲ့သည့်အကြောင်း စဉ်းစားမိလျှင် စကားသံကပို၍ နူးညံ့လာခဲ့သည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမို၏ ကျေးဇူးတင်စကားကို ကြားလိုက်လျှင် လီဇီချီသည် ယုန်တစ်ကောင်ကဲ့သို့ တုန်သွားပြီး လက်ဝှေ့ယမ်းလိုက်ကာ

“မပဟုတ်ဘူး၊ ငါ့ကို ကျေးဇူးတင်စရာ မလိုဘူး။ ငါက တကယ်လည်း ဘာမှမလုပ်နိုင်ခဲ့ဘူး။ မင်းပဲ ငါ့ကို ပြန်ကယ်ခဲ့ရတာ”

လီဇီချီသည် စိတ်ဓါတ်ကျနေသည်မှာ ထင်ရှားနေသည်။ ထိုသို့ မသန်မစွမ်းဖြစ်နေမှုသည် မည်သည့်အချိန်ရောက်ခါမှ ပျောက်ကင်းမည်ဆိုတာ သူမလည်း မသိပေ။

မည့်သို့ပင်ဆိုစေကာမူ ဆွန်းမိုသည် ဆရာတစ်ယောက်အဖြစ် ၆ နှစ်ခန့် လုပ်ကိုင်ခဲ့သော လူတစ်ယောက် ဖြစ်သည်။

ဒီလိုကျောင်းသားမျိုးကို အရင်က မတွေ့ဖူးသော်လည်း သူ၏အရင်ဘဝက အတွေ့အကြုံနှင့် နတ်ဘုရားမျက်စိအာရုံမှရသော အချက်အလက်များကြောင့် လီဇီချီ စိတ်ဓါတ်ကျနေရသော အကြောင်းအရင်းကို ခန့်မှန်းနိုင်သည်။

"ရွှေတိုင်းလည်းမသန့်ဘူး၊ လူတိုင်းလည်း မပြည့်စုံဘူး။ မင်းကိုယ်မင်းလည်း စိတ်မပျက်နဲ့၊ ဒီလိုဆို မသန်မစွမ်း ဖြစ်လည်း ဘာဖြစ်လဲ"

ဆွန်းမိုက ရယ်လိုက်ပြီး

"မင်းမှာ အရမ်းကောင်းတဲ့ဦးနှောက် ရှိတယ်လေ၊ မင်းရဲ့ ဉာဏ်ရည်တစ်ခုတည်းနဲ့တင် လူတွေကို အနိုင်ယူလို့ရတယ်"

"တကယ်လား"

လီဇီချီ၏ မျက်လုံးများသည် အရောင် တဖိတ်ဖိတ်တောက်လာသည်။ ဆွန်းမိုကိုကြည့်၍ ခေါင်းငြိမ့်လိုက်သည်။

"အင်း"

ဆွန်းမို မလိမ်ခဲ့ပေ။ ဉာဏ်ရည်အရတော့ ဒီမိန်းကလေးသည် ပြိုင်ဘက်ဆရာများ အလိုချင်ဆုံး ထိပ်တန်း ပါရမီရှင်တစ်ယောက် ဖြစ်နေသည်။

“ဒါပေမယ့်............ဒါပေမယ့်”

လီဇီချီသည် သူမနှင့်ပတ်သက်သော ကောလဟာ◌ာလ အတင်းအဖျင်းများကို ရုတ်တရတ် ပြန်စဉ်းစား လိုက်မိသည်။

“ဟား ဟား၊ သိပ်ပြီး ဂရုစိုက်မနေနဲ့”

"တက်ကြွ၊ ကြိုးစားနေတဲ့ မိန်းကလေး တစ်ယောက်ကို လူတွေက သဘောကျ မြတ်နိုးတတ်ပါတယ်"

ဆွန်းမိုက စကားပြောရင်း သူမ၏ခေါင်းကို အလိုလို ပုတ်လိုက်မိသည်။

"မင်းနှလုံးသားကို မင်းယုံရင် မိုးကောင်းကင်ကိုတောင် ကြောက်စရာမလိုဘူး"

ဆွန်းမိုသည် နှစ်သိမ့်သောစကားတစ်ခုအဖြစ် ပြောလိုက်ခြင်းသာ ဖြစ်သော်လည်း စကားပြောပြီးသောအခါ သူတို့ပတ်လည်၌

ရွှေရောင်အလင်းများ ရုတ်တရုတ် တောက်ပလာသည်။

(ရှွင်း--ရှွင်း--ရှွင်း)

ရွှေရောင်အလင်းများသည် မိုးရွာသကဲ့သို့ ပြန့်ကြဲလာကာ လီဇီချီ၏ နှလုံးသားထဲကို တိတ်တဆိတ် ဝင်ရောက်၍ အားဖြည့် ပေးနေကြသည်။

လီဇီချီလည်း ရွှေရောင်အလင်းတွေကြောင့် တောက်ပလာပြီး သူမ၏ ခန္ဓာကိုယ်မှ ရွှေရောင်အလင်းများ စတင် ထုတ်လွှင့်လာသည်။

ရုတ်တရုတ်ဆိုသလို သူမသည် အလွန်တက်ကြွလန်းဆန်းလာသည်။ အကောင်းမြင်စိတ်နှင့် ရွှင်လန်းလာသည်။

"မင်း............မင်းက မြတ်ဆရာတစ်ယောက်လား"

လီဇီချီက ဆွန်းမိုကို တအံ့တအောကြည့်လိုက်ပြီး သူမမျက်နှာပေါ်၌ အံ့အောသင့်နေသော အမူအရာများကို မြင်နေရသည်။

(ဒီလူငယ်လေးက အသက် ၁၈ နှစ် သို့မဟုတ် ၁၉ နှစ်သာ ရှိအုံးမယ်။ ဒါတောင်သူက မြတ်ဆရာတစ်ယောက် ဖြစ်နေပြီလား)

ဆွန်းမိုသည် ခေါင်းငုံ့၍ သူဝတ်ဆင်ထားသော အဝတ်အစားများကို ပြန်ကြည့်လိုက်သည်။ ရှေးခေတ်ပုံစံ အပြာရောင်ဝတ်ရုံကို ဝတ်ဆင်ထားသည်။ ကမ်းစပ်၌ အချိန်ကြာအောင် မနေရသေးသော်လည်း လက်ရှိ အခြေအနေတစ်ခုလုံးကို နားလည်နေခဲ့ပြီ။ အာကာသ အချိန်ကို ဖြတ်ကျော်၍ အခြားကမ္ဘာတစ်ခုသို့ ရောက်လာခဲ့ခြင်း ဖြစ်နိုင်သည်။

ဒီနေရာကို အလယ်ကမ္ဘာဟု ခေါ်ကြသည်။ ဒီကမ္ဘာပေါ်၌ ပြည်နယ် ၉ ခုနှင့် နိုင်ငံပေါင်း

ဆယ်ဂဏန်းကျော်ရှိပြီး သူတို့ အသီးသီးသည် လေ့ကျင့်ရေးနှင့် သင်ကြားရေး အချက်အချာနေရာများ ဖြစ်ကြသည်။ မည်သည့် နိုင်ငံတွင်မဆို၊ အလုပ်အကိုင် အားလုံးထဲ၌ မြတ်ဆရာများသည် အလေးစားခံရဆုံး လူများ ဖြစ်ကြသည်။

သို့သော် မြတ်ဆရာတစ်ယောက်ဖြစ်လာရန် မလွယ်ကူပေ။ လူတစ်ယောက်သည် ဉာဏ်အလင်း ရရှိဖူးရမည်၊ မြတ်ဆရာအရှိန်အဝါလည်း ရှိရမည်၊ အတတ်ပညာ အများအပြားကို တတ်ကျွမ်းရန်လည်း

လိုအပ်သည်။ သူတော်စင်ဂိတ်၏ တင်းကြပ်သော စာမေးပွဲကိုလည်း အောင်မြင်ရမည်။

"စောစောတုန်းက မင်းထုတ်လွှင့်လိုက်တာ 'တန်းဖိုးဖြတ်မရတဲ့ အကြံပြုချက်' ဟုတ်တယ် မဟုတ်လား"

လီဇီချီ၏ မျက်လုံးထဲ၌ ယုံကြည်ကိုးကွယ်မှုများ ပေါ်လွင်နေသည်။

"အရမ်းအကျိုးသက်ရောက်တာပဲ"

မြတ်ဆရာတစ်ယောက်သည် မြတ်ဆရာ အရှိန်အဝါကို ထုတ်လွှင့်ပြီး ကျောင်းသားများ၏

အခက်အခဲနှင့် သံသယများကို ဖြေရှင်းပေးနိုင်သည်။ မြတ်ဆရာအရှိန်အဝါ ဆိုသည်မှာ မြတ်ဆရာတွေသာ ပိုင်ဆိုင်နိုင်သော တမူထူးခြားသည့် စွမ်းရည်တစ်ခု ဖြစ်သည်။ ထိုအရှိန်အဝါများသည် ကျောင်းသားများကို ပင်ပန်းမှုမှ သက်သာစေပြီး နားလည်နိုင်စွမ်းကို မြင့်တက်စေသည်။

ထို 'တန်ဖိုးဖြတ်မရသော အကြံပြုချက်' ဖြင့် မြတ်ဆရာတစ်ယောက်က သင်ကြားချက်ကို ပို့ချခဲ့လျှင် ကျောင်းသားများအား လွှမ်းမိုးပြီး

သူတို့၏နားလည်နိုင်စွမ်းကို ရက်ပေါင်းများစွာ မပျောက်မပျက်ပဲ တည်ရှိစေနိုင်သည်။

ကျောင်းသားတစ်ယောက်သည် လေ့ကျင့်ရန်ပျင်းရိ နေလျှင်ပင် မြတ်ဆရာတစ်ယောက်က 'တန်ဖိုးဖြတ်မရသော အကြံပြုချက်' ကိုအသုံးပြု၍ ကျောင်းသားထံသို့ ကြိုးစားချင်စိတ် ထည့်သွင်းကာ ရက်ပေါင်းများစွာ ကြိုးကြိုးစားစား လေ့ကျင့်စေနိုင်သည်။

လီဇီချီ၏ ထူးဆန်းသောအကြည့်ကို မြင်ပြီး ဆွန်းမိုလည်း မည်သို့ကဲ့သို့ ပြန်ပြောရမှန်း မသိအောင် ဖြစ်နေသည်။

တစ်ချိန်တည်း၌ စနစ်ထံမှ သတိပေးချက် ထွက်ပေါ်လာသည်။

(ဒင်)

"လီဇီချီ၏ လေးစားအထင်ကြီးမှု- (+၃)"

"လီဇီချီနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကို ဖွင့်လိုက်ပြီ"

"လက်ရှိ သတ်မှတ်ချက်၊ မူလတန်ဖိုး၏ (၃/၁၀၀)"

"မှတ်ချက်။ ။ မြတ်ဆရာတစ်ယောက် ဖြစ်လာအောင် ပိုကြိုးစားပြီး ပထမဆုံးနောက်လိုက် တပည့်တစ်ယောက်အဖြစ် ရယူလိုက်ပါ။"

"မင်းက ဘယ်အကယ်ဒမီကလဲ"

လီဇီချီက ကြည့်ပြီး မေးလာသည်။

"ဗဟိုပြည်နယ် အကယ်ဒမီ"

ဆွန်းမို၏ စိတ်ထဲ၌ ရယ်ရခက်၊ ငိုရခက် ဖြစ်နေသည်။ ခန္ဓာကိုယ်ပိုင်ရှင်၏ အခြေအနေက တကယ်ကို မကောင်းလှချေ။ စိတ်သက်သာလို သက်သာငြား မြို့အပြင်သို့ ရောက်နေသည်မှာလည်း

အံ့ဩစရာ မရှိပေ။ ဒီလောက၏ ခန္တာကိုယ်ပိုင်ရှင်သည် ဘွဲ့ရပြီးနောက် ကံကောင်းထောက်မစွာ ဗဟိုပြည်နယ် အကယ်ဒမီ၌ အလုပ်ရခဲ့သည်။ သူနှင့်အတူ အလုပ်ဝင်သူများသည် သင်ကြားရေးဆရာများ ဖြစ်သွားကြပြီး သူကတော့ ထောက်ပံ့ရေးဌာနသို့ ရောက်သွားခဲ့သည်။

“ဝိုး၊ ဗဟိုပြည်နယ် အကယ်ဒမီ၊ မင်းအဲ့ဒီမှာ သင်ကြားပေးနေတာလား အရမ်ကောင်းတယ်”

လီဇီချီ၏ မျက်လုံးထဲ၌ လေးစားအထင်ကြီးမှု အငွေ့အသက်များ ပိုပြင်းထန်လာသည်။

ဗဟိုပြည်နယ်အကယ်ဒမီသည် အလယ်ကမ္ဘာရှိ အကယ်ဒမီကြီး ၉ခု ထဲကတစ်ခု ဖြစ်ခဲ့ဖူးပြီး ဂုဏ်သတင်း အရမ်းကျော်ကြားခဲ့ဖူးသည်။

"ဟော့၊ မင်းငါ့ကို အထင်ကြီးနေစရာမလိုဘူး"

ဆွန်းမိုသည် မည်ကဲ့သို့ ပြန်ပြောရမှန်း မသိတော့ပေ။ လွန်ခဲ့သော နှစ်၃၀၀ ခန့်က ဗဟိုပြည်နယ်အကယ်ဒမီသည် ကြီးမားသော ကပ်ဆိုးတစ်ခုကို ရင်ဆိုင်ခဲ့ရပြီး မြတ်ဆရာတွေနှင့် ပါရမီရှင် ကျောင်းသားများအားလုံး သေဆုံးသွားခဲ့ကြသည်။ ထိုအချိန်မှစ၍ အကယ်ဒမီသည်

ဖြည်းဖြည်းခြင်း ဆုတ်ယုတ်လာကာ လက်ရှိအချိန်၌ ယခင် ဂုဏ်သတင်းအပေါ်၌ မှီခိုနေရခြင်းသာ ဖြစ်သည်။

အလယ်ကမ္ဘာ၏ ပြည်နယ်ဇုခု၌ အကယ်ဒမီ ထောင်ပေါင်းများစွာရှိပြီး ၎င်းတို့ကို သူတို့၏ အရွယ်အစား နှင့် အရည်အချင်းပြည့်ဝသော မြတ်ဆရာ အရေအတွက်အပေါ် မူတည်၍ အဆင့်များခွဲခြားထားသည်။ လက်ရှိအချိန်၌ ဗဟိုပြည်နယ်အကယ်ဒမီသည် (၁) အဆင့်အထိ

ကျဆင်းနေခဲ့ပြီ။ ဒီနှစ်လိဂ်ပြိုင်ပွဲ၌ အောက်ဆုံးအဆင့် ထပ်ဖြစ်ပါက ကျောင်းပိတ်သိမ်းရတော့မည်။

"ငါ မှတ်မိတာ မမှားဘူးဆိုရင် ဗဟိုပြည်နယ်အကယ်ဒမီက မကြာခင် ကျောင်းသား အသစ်တွေခေါ်တော့မှာ မဟုတ်လား၊ ငါသွားပြီး မင်းကို ထောက်ခံပေးမယ်"

လီဇီချီသည် ပါးချိုင့်နှစ်ဖက်ပေါ်လာအောင် ချိုမြိန်စွာ ပြုံးလိုက်သည်။ သူမကိုကြည့်ရသည်မှာ အပျော်များနှင့် ပြည့်နှက်နေ၏။

"ဒင်၊ တာဝန်ထုတ်ပြန်တယ်။ လီဇီချီရဲ့ ဆရာဖြစ်လာအောင်လုပ်ပါ။ လဝက်အတွင်းသူမ၏ စိတ်နှလုံးကို ပြိုင်ဘက်ကင်း သိမ်းယူပါ။ ဆုလာဘ် - လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ တစ်လုံး"

စနစ်ထံမှ အသံထွက် ပေါ်လာသည်။

ဆွန်းမိုက ကျိန်ဆဲလိုက်သည်။

"အခု ငါက ထောက်ပံ့ရေးဌာနမှာ ရောက်နေတာ အခြေခံအားဖြင့်ဆိုရင် တပည့်လက်ခံခွင့် မရှိဘူး"

အခန်း(၂) - လေးစားအထင်ကြီးမှု (+၁)

ညက နက်လာပြီး၊ မီးတောက်များက လေထဲ၌ ညင်သာစွာ ယိမ်းနွဲ့နေကြသည်။

ငယ်ရွယ်သော လီဇီချီသည် ဆယ်ကျော်သက် မိန်းကလေးတို့၏ အပြစ်ကင်းသော ပုံစံရှိသည်။ အထူးသဖြင့် ဖရဲသီးပုံစံ မျက်နှာကလေးဖြင့် လှပ၍ ချစ်စဖွယ် ကောင်းနေသည်။(မျက်နှာဝိုင်းလေး)

သူမသည် အရွယ်မရောက်သေးသော်လည်း ရင့်ကျက်၍ ဆွဲဆောင်မှုရှိနေပြီ။

နှစ်အနည်းငယ်ကြာပါက ထိပ်တန်းလှပသူ တစ်ယောက် ဖြစ်လာလိမ့်မည်။

သို့သော်လည်း ဆွန်းမိုသည် သူမ၏အလှတရားကို မခံစားနိုင်ပေ။ ပြိုင်ဘက်ကင်းဆရာကြီးစနစ်ကို လေ့လာရင်း အလုပ်ရှုပ်နေခဲ့သည်။

“စနစ်က စနစ်ပိုင်ရှင်ကို ပြိုင်ဘက်ကင်းဆရာကြီး တစ်ယောက်ဖြစ်အောင် စနစ်၏အကူအညီနဲ့ ကျောင်းသားတွေကို လမ်းညွှန်ပြီး လေးစားအထင်ကြီးမှု အမှတ်တွေကို ရရှိနိုင်တယ်”

"လေးစားအထင်ကြီးမှု အမှတ်တွေကို ရွှေဒင်္ဂါးများအဖြစ် ပြောင်းလဲပြီး စနစ်ထဲက ဈေးဆိုင်တွင် ငွေကြေးအဖြစ်အသုံးပြု နိုင်တယ်။ ရောင်းချသော ပစ္စည်းများသည် အကန့်အသတ်မရှိဘဲ မှော်အစွမ်းအမျိုးမျိုး၊ လျို့ဝှက်ရတနာ၊ မှော်ဆေးပြားများ၊ ပြည်စုံတဲ့ ကျင့်စဉ်အသေးစိတ် အစီအစဉ်များ ပါဝင်တယ်"

ဆွန်းမိုသည် တိတ်တဆိတ်ဖတ်ရှု၍ စနစ်ဈေးဆိုင်ကို ဖွင့်လိုက်သည်။ နံ့သာဖြူသစ်သားဖြင့် ပြုလုပ်ထားသော

ဈေးစင်တစ်ခုသည် ဆွန်းမို၏ မျက်လုံးအရှေ့၌ ပေါ်လာသည်။ သို့သော်လည်း ညာဘက်ထောင့်၌ အနီရောင်တောက်ပနေသော သစ်သီးမှ လွဲ၍ မည်သည့်အရာမှ မရှိပေ။

" လကြွယ် သစ်သီး၊ ဈေးနှုန်း - လေးစားအထင်ကြီးမှုအမှတ် (၁၀၀၀)၊ စားသုံးရင် မင်းရဲ့အဆင့်ကို တိုးတက်စေလိမ့်မယ်"

ဆွန်းမို၏ မျက်နှာပေါ်၌ မယုံကြည်နိုင်မှုများ ပေါ်လာသည်။

"လာနှောက်နေတာလား။ ဘယ်မှာလဲ မင်းပြောထားတဲ့ ပစ္စည်းတွေ။ ဘာကြောင့် သစ်သီးတစ်လုံးပဲ ရှိနေတာလဲ၊ မင်း....မင်းမျက်နှာကို ဖြတ်ရိုက်ပစ်မယ် ဆိုတာယုံလား"

ပြည်နယ်ဇုခု၏ တိုက်ကြီးများ၌ ဝိညာဉ်ချီများ ထူထပ်ပေါများပြီး တချို့ထူးခြားသော ပညာရှင်များက အမျိုးမျိုးသော ကျင့်ကြံခြင်း ကျင့်စဉ်များကို ဖန်တီးခဲ့ကြသည်။ တစ်စုံတစ်ယောက်က အဆုံးအစွန်ထိ ကျင့်ကြံနိုင်ခဲ့လျှင် မသေမျိုးက ဖောက်ထွက်၍ ထာဝရ

အသက်ရှင်နိုင်ကြသည်။ ယခုအခါ နှစ်ပေါင်းထောင်ချီ ကြာခဲ့ပြီ ဖြစ်သဖြင့် ကျင့်ကြံခြင်းကာလတစ်ခု ဖြစ်လာသည်။

ကျင့်ကြံသူများအတွက် ပထမဆုံးအဆင့်သည် ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်၊ နောက်အဆင့်သည် သွေးလောင်ကျွမ်းခြင်းအဆင့် ၊ ဝိညာဉ်သန့်စင်ခြင်းအဆင့်တို့ ဖြစ်သည်။

စွမ်းအင်တွေကို ချွေးပေါက်မှတစ်ဆင့် သိုလှောင်၍ ဝိညာဉ်ချီအဖြစ် ကူပြောင်းရသည်။ သွေးလောင်ကျွမ်းခြင်း အဆင့်၌ သွေးကြောဆုံမှတ်

၁၀၈ ခုကို သန့်စင်ရသည်။ ထိုအဆင့်ပြီးနောက် နတ်ဘုရားခွန်အား အဆင့်ကို ရောက်ရှိသည်။ ထိုအဆင့်သည် သူ့၏နာမည်အတိုင်း မသေမျိုးတစ်ယောက်၏ ခွန်အားထက်ကို သာလွန်သွားသည်။

ဆွန်းမိုသည် ကျင့်ကြံခြင်းနှင့် လေ့လာခြင်းက တူညီသည်ဟု တွေးတောလိုက်သည်။ အခြေခံအားဖြင့် နှစ်ခုစလုံးသည် မိမိကိုယ်ကို ပျိုးထောင်ပြီး အောင်မြင်အောင် လုပ်ဆောင်ကြခြင်း ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ သူသည်

ဘွဲ့လွန်ကျောင်းသားတစ်ယောက် ဖြစ်အောင် လေ့လာနိုင်ခဲ့သည့်လူတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် ကျင့်ကြံသည့်နေရာ၌ သိပ်ပြီး မခက်နိုင်ပေ။ လကြယ်သစ်သီးနှင့် အဆင့်တက်ရခြင်းထက်စာလျှင် သူက ပြည့်စုံသည့်ကျင့်စဉ်ကိုသာ ပိုလိုချင်သည်။

“ မလောပါနဲ့၊ တခြားပစ္စည်းတွေက ဖြည်းဖြည်းချင်း ပွင့်လာပါလိမ့်မယ်”

စနစ်၏အသံသည် နှေးလည်းမနှေးသလို မြန်လည်း မမြန်ပေ။

“ဇခု လေ့လာခြင်း ကျင့်စဉ်လိုမျိုး အခြားတစ်ခုခုရှိလား”

“မြင့်မြတ် သွေးကြောဇခု ဓါးကျင့်စဉ်ဆိုရင် ဘယ်လိုလဲ”

ဆွန်းမိုသည် ပုံမှန်ဆိုလျှင် ယဉ်ကျေးသော သူတစ်ယောက် ဖြစ်သည်။ သူ့ဖုန်းနှင့်သူ ဝတ္ထုဖတ်ချင်ဖတ်နေလိမ့်မည်။ (ဒါမှမဟုတ်) သူ့အကြောင်းကိုသူ ပုံပြင်တောင် ရေးနေနိုင်သည်။

“မရဘူး.............”

စနစ်ကတော့ အေးအေးဆေးဆေးပင်

“ဒါပေမယ့် ဒီထက်ပိုကောင်းပြီး ပြည့်စုံတဲ့ ကျင့်စဉ်တွေ ရှိတယ်”

ဆွန်းမိုနှင့်စနစ်သည် လီဇီချီကို ဘေး၌ လျစ်လျူရှုထား၍ ရန်ဖြစ်နေကြသည်။ သူမသည် စိတ်မရှည်တော့ဘဲ ဆွန်းမိုကို စိတ်ဝင်တစား ငေးကြည့်နေခဲ့သည်။

“သူက တကယ်ကြည့်ကောင်းတာပဲ ”

လီဇီချီက နှုတ်ခမ်း ကိုက်လိုက်သည်။ ပုံမှန်ဆိုလျှင် တခြားသူတွေက သူမကိုပြုံးပြပြီး သူမဘယ်လောက် လှကြောင်း တခြားအရာတွေနှင့် ခိုင်းနှိုင်း၍

မြှောက်ပင့်ပြောတတ်ကြသည်။ သို့သော် ဒီလူငယ်ကတော့ သူမကို သေသေချာချာပင် မကြည့်ခဲ့ပေ။

(ဒင်)

လီဇီချီ၏ လေးစားအထင်ကြီးမှု +(၁)

လီဇီချီနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - လက်ရှိသတ်မှတ်ချက် - မူလတန်ဖိုး(၅/၁၀၀)

"စိတ်မပူပါနဲ့၊ ငါမကိုက်စားပါဘူး"

ဆွန်းမိုက ကြောင်တောင်တောင် ဖြစ်သွားသည်။

(ဘာဖြစ်လို့ လေးစားအထင်ကြီးမှုအမှတ်က တိုးလာရတာလဲ။ စနစ်၏ ရှင်းပြချက်အရဆို သူက ကျောင်းသားတွေကို သင်ကြားပေးခြင်း၊ လမ်းညွှန်ပေးခြင်းရှိမှ လေးစားအထင်ကြီးမှုအမှတ် တိုးလာရမှာ မဟုတ်ဘူးလား။)

"ဒါက မြတ်ဆရာတစ်ယောက်ရဲ့ စကား နဲ့လုပ်ရပ်ပဲ၊ သူတို့ရဲ့ နေထိုင်ပုံတွေက စံပြုနိုင်တယ်။ မင်းရဲ့ အမူအယာတွေက ကျောင်းသားရဲ့ နှလုံးသားထဲမှာ လေးစားမှုနဲ့ အထင်ကြီးမှုကို ဖြစ်ပေါ်စေနိုင်တယ်"

စနစ်က ဂရုစိုက်တတ်သော အစ်မကြီး တစ်ယောက်ကဲ့သို့ တိတိကျကျ ရှင်းပြနေသည်။

“လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က ဘာလဲ”

ဆွန်းမိုက မေးလိုက်သည်။

“ပိုင်ရှင်အဆင့်က အရမ်းနိမ့်သေးတယ်။ အချက်အလက် ထုတ်ဖော်လို့မရပါ”

စနစ်က ငြင်းပယ်လိုက်သည်။

ဆွန်းမိုသည် စနစ်၏ လုပ်ဆောင်ချက်များကို ဆက်လေ့လာနေစဉ် ခေါင်းကိုက်၍ နာကျင်လာသည်။

သူသည် ဒီနေရာသို့ ရောက်ရောက်ချင်း၌ လူတစ်ယောက်ကို ရေထဲက ကယ်တင်ရန် ခွန်အားတွေ အများကြီး သုံးခဲ့ရသည်။ မလှုပ်ချင်အောင် ပင်းပန်းလာ၍ အိပ်ပျော်သွားခဲ့သည်။

(ခလူး ခလူး)

ဖားတစ်ကောင်သည် ဆွန်းမို၏မျက်နှာပေါ်ကို ခုန်တက်လာသည်။ ထို့နောက် စိုစွတ်သော ခြေရာနှစ်ခုထားခဲ့၍ တစ်ဖန်ခုန် ထွက်သွားသည်။

“ညအိပ်မက်က တော်တော်ရှည်တာပဲ၊ ကောင်မလေးကတော့ လှတပတလေးပဲ”

ခန္ဓာကိုယ်၌ အေးစက်သောနှင်းများ စိုနေပြီး သူ့ကိုယ်က နေရသည်မှာ သက်တောင့်သက်သာ ဖြစ်နေသည်။ ဆွန်းမိုလည်း မျက်နှာကို လက်ဖြင့် ဆက်တိုက်သုတ်ပြီး ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်သည်။ ထို့နောက် ဘေးနားက အပင်ကို ခေါင်းဖြင့် တိုက်လိုက်သည်။

(ဘုန်း)

ခေါင်းနာ သွားသည်။

“အိပ်မက်မဟုတ်ဘူးလား”

ဆွန်းမိုက ခေါင်းကိုပွတ်လိုက်ပြီး လီဇီချီကို ရှာကြည့်လိုက်သည်။ ငြိမ်းနေသော မီးပုံမှလွဲ၍ မည်သူ့ကိုမှ မတွေ့ရပေ။ သူ၏ ဘယ်ဘက်လက်ထဲ၌ ပန်းနုရောင် လက်ကိုင်ပဝါတစ်ခု ရှိနေသည်။

“၁၀ရက်ကြာပြီးရင် ကျောင်းသားအသစ် စုဆောင်းပွဲမှာ ပြန်တွေ့မယ်”

လှပသော စာလုံးများသည် ချမ်းသာသောမိသားစုမှ ဆင်းသက်လာသည့် နူးညံ့သိမ်မွေ့သော မိန်းကလေးတစ်ယောက်၏ အငွေ့အသက်ကို ပေးစွမ်းနေသည်။

ဆွန်းမိုသည် သူ့၏အခြေအနေကို စဉ်းစားမိပြီး မပြုံးပဲ မနေနိုင်......။ သူ့ကိုကောင်မလေးက ထောက်ပံ့ရေးဌာနမှ လူတစ်ယောက်ဖြစ်ကြောင်း သိသွားခဲ့လျှင် ခေါင်းမိုးပေါ်မှ မပစ်ချခဲ့ရင်ကံကောင်းဟု ပြောရမည်။

မျက်နှာသစ်ဖို့အတွက် ရေကန်ရှိရာသို့ သွားလိုက်သည်။ လက်ရှိမျက်နှာသည် ယခင်ဘဝက မျက်နှာနှင့် ၈၀ရာခိုင်နှုန်းလောက် တူညီသော်လည်း နူးညံ့မှုနဲ့ တုန်လှုပ်မှု အချို့တို့ကြောင့် အနည်းငယ်ပို၍ ကြည့်ကောင်းနေသည်။ သူ့မျက်နှာပေါ်၌

ယုံကြည်မှုမရှိဘဲ တုန်လှုပ်၍ ကြောက်ရွံ့နေသော အရိပ်အယောင်များသာ ရှိနေသည်။

"နည်းလမ်းမရှိဘူးပဲ"

မည့်သို့ပင်ဆိုစေကာမူ ပိုကြည့်ကောင်းနေသည့်အတွက် ဆွန်းမို စိတ်ချမ်းသာနေသည်။ အတိတ်ဘဝ၌ သူ၏ ချောမောသောမျက်နှာသည် ဒုက္ကျောင်းအုပ်ကြီး အထင်ကြီးသော အချက်များထဲက တစ်ချက် ဖြစ်ခဲ့သည်။

(နောက်ဆုံးတော့ ရုပ်ချောတဲ့သူတွေအတွက် အခွင့်အလမ်းဆိုတာ အမြဲတမ်း ရှိပါတယ်ကွာ။ ဟဲဟဲ)

ချင်လင်မြို့သည် မင်းဆက်ဖဆက်၏ ရှေ့ဟောင်းမြို့တော် ဖြစ်ခဲ့သည်။ အုတ်များနှင့် ကျောက်ပြားများကို ရေညှိများဖြင့် ဖုံးလွှမ်းနေစေကာမူ သမိုင်းနောက်ခံကြွယ်ဝသောမြို့တစ်မြို့ ဖြစ်သည်။

ဆွန်းမိုသည် ဗဟိုပြည်နယ်အကယ်ဒမီတည်ရှိသော ဟုန်ဝိုလမ်းအဆုံးသို့ လျှောက်လာခဲ့သည်။ ခန့်ညားထည်ဝါပြီး အာဏာရှိမှု၊

လေးနက်မှုတို့ကို ဖော်ပြနေသော ရောမကျောင်းတံခါး အရှေ့သို့ ရောက်ရှိလာသည်။

ဆွန်းမိုသည် လက်ရှိခန္ဓာကိုယ်ပိုင်ရှင်၏ မှတ်ဉာဏ်ကို စဉ်းစားကာ အမြန်ပြန်လာခဲ့သည်။

"ဘယ်သွားနေတာလဲ"

တံခါးစောင့် မစ္စတာချင်က ဆွန်းမိုကို မြင်လိုက်လျှင် ခေါင်းထောင်ကာ လှမ်းမေးလိုက်သည်။ ဆွန်းမိုက ခေါင်းညိတ်ပြ၍ ကျောင်းဝင်းထဲသို့ အမြန်ဝင်လိုက်သည်။

"လီကုန်က ထောက်ပံ့ရေးဌာနကိုလာပြီး မင်းကို စောင့်နေတယ်"

မစ္စတာချင်က ကျယ်လောင်စွာ အော်ပြောလိုက်သည်။ သူ့အသံက ဆွန်းမို၏ ကံဆိုးမှုအတွက် ဝမ်းသာနေပုံရသည်။

ဖြတ်သန်း သွားလာနေကြသော ကျောင်းသားများသည် ဆွန်းမိုကို ညွှန်ပြကာ ပြောဆိုနေကြသည်။ သူက ဒီကျောင်း၌ အကျော်ကြားဆုံးလူတစ်ယောက်ပင်

ဖြစ်နေနိုင်သေးသည်။ ကျော်ကြားမှုသည် ကျော်ကြားမှုသာ ဖြစ်သည်။

(ဘယ်လိုပဲကျော်ကျော်ပေါ့)

ဆွန်းမိုသည် ရုံးပေါ်သို့ တက်လာပြီး ထောက်ပံ့ရေးဌာန တံခါးကို တွန်းဖွင့်လိုက်သည်။ ဆေးတံမီးခိုးအနံ့အား သူ့နှာခေါင်းက ရှူရှိုက်လိုက်မိသည်။ ဆွန်းမိုသည် မည်သူ့ကိုမှ မမြင်ရသေးခင် ဆူပူကြိမ်းမောင်းသည့် အသံတစ်ခုက ထွက်ပေါ်လာသည်။

“မင်း ဘယ်ရောက်နေတာလဲ၊ စာသင်ချိန်အတွင်း အကြောင်းပြချက်မရှိဘဲ အပြင်ထွက်ခွင့်မရှိဘူးဆိုတာ မင်း မသိဘူးလား၊ မင်းကိုယ်မင်း မြတ်ဆရာတစ်ယောက်လို့ ထင်နေလား”

ထောင့်စွန်း၌ ထိုင်နေသော လူလတ်ပိုင်း အမျိုးသားတစ်ယောက်က ထရပ်လိုက်ပြီး ဆွန်းမိုကို လက်ညှိုးထိုးကာ အပြစ်တင်လာသည်။

“ငါက ဆရာတစ်ယောက်တော့ မဟုတ်ဘူး၊ ဒါပေမယ့် ကျောင်းအုပ်ကြီးနဲ့ စေ့စပ်ထားတဲ့သူပဲ။

ငါ့အလုပ်ချိန်ကျော်သွားရင်တောင် ဘာဖြစ်လဲ၊ မင်းက ဝင်စွက်ဖက်ရဲလား”

စကားဖြတ်ပြောလိုက်သော အသံတစ်ခုက ရုတ်တရုတ် ထွက်ပေါ်လာသည်။

ဆွန်းမိုက တစ်ချက်ကြည့်ပြီး စကားဖြတ်ပြောလိုက်သည်။

ဆံပင်အတိုနှင့် လူလတ်ပိုင်း အမျိုးသား တစ်ယောက်ကို တွေ့လိုက်ရသည်။ သူ၏ ညာဘက်မှာ လက်ဖက်ရည်အိုး တစ်အိုး ရှိနေပြီး တစ်ခါတစ်ရံ ကြိမ်းမောင်းနေသော အသံများ ထွက်ပေါ်လာသည်။

ဆွန်းမိုသည် ဒီလူက လီကုန်ဖြစ်ကြောင်း သိလိုက်သည်။

"မင်း ဘယ်သူနဲ့ စေ့စပ်ထားတယ်ဆိုတာ ငါ ဂရုမစိုက်ဘူး။ နောက်တစ်ခါဆိုရင် မင်းအလုပ်ထုတ်ခံရမယ်"

လီကုန်က ဒေါသတကြီး ပြန်ပြောသည်။

"အခု အမှိုက်တွေရှိနေတဲ့ စတိုခန်းကို သန့်ရှင်းရေး သွားလုပ်။ ငါမနက်ဖြန်မှာ စာစစ်ဖို့ ရှိတယ်"

ဆွန်းမိုက နောက်ပြန်ဆုတ်လိုက်သည်။

"ခဏာနေအုံး၊ ဒီလ မင်းရဲ့လစာ တစ်ဝက် အဖြတ်ခံရမယ်"

လီကုန်က ထပ်ပြောလိုက်သည်။ ထို့နောက် လက်ကို ဝှေ့ယမ်းကာ ထွက်သွားရန် အချက်ပြလိုက်သည်။

"မင်း သူ့ကို အရမ်းအနိုင်ကျင့်တာပဲ၊ ဒီကောင်လေး တကယ် အလုပ်ထွက်သွားရင် ဘယ်လိုလုပ်မလဲ"

တစ်ခေါင်းလုံး ဆံပင်ဖြူနေသောချမ်းမှုက စိုးရိမ်စွာ ပြောလိုက်သည်။ သူက ဆွန်းမို၏ အဆက်အသွယ်ကို ကြောက်ရွံ့နေသည်။

“ငါကြားတာကတော့ ကျောင်းအုပ်ကြီးက သူ့ကိုခန့်အပ်ဖို့ စာရေးခဲ့တယ်ဆို”

“အို၊ မိန်းမတစ်ယောက် အနောက်မှာ ပုန်းနေတဲ့ကောင်ပါကွာ၊ မင်းက ဘာကို ကြောက်နေတာလဲ”

လီကုန်က အထင်သေးစွာ ပြောဆိုလိုက်သည်။ မည်သို့ပင်ဆိုစေကာမူ ကျောင်းအုပ်ကြီးက သူတို့ထံ ရောက်လာခဲ့လျှင်ပင် သူတို့ကို ကာကွယ်ပေးမည့် ကျောင်းအုပ်ကြီးထက် ပိုမြင့်သောလူရှိသည်။

ထို့အပြင် ဆွန်းမို မြန်မြန်ဒုက္ခရောက်မှ သူလည်း မြန်မြန် ရာထူး တိုးလိမ့်မည်။

လီကုန်သည် ဆရာတစ်ယောက် မဟုတ်ပေ။ ထောက်ပံ့ရေးဌာနမှ အလုပ်ကြီးကြပ်သူတစ်ယောက်၊ စားပွဲနှင့် ထိုင်ခုံများကိုသာ ပြုပြင်ရသော လူတစ်ယောက်သာ ဖြစ်သည်။ သူ့ကိုခိုင်းသော လူများသည် ဆွန်းမိုက မြတ်ဆရာတစ်ယောက် မဖြစ်နိုင်ကြောင်း ပြောပြပြီးသား ဖြစ်သည်။

"အင်း၊ ငါ့အနားမှာနေရင် မြတ်ဆရာတစ်ယောက်ဖြစ်ဖို့ မပြောနဲ့

ဆရာတစ်ယောက်တောင် ဖြစ်လာမှာ မဟုတ်ဘူး။ ငါက သဘောလေးကောင်းပြီး လက်သမား ပညာသင်ပေးတာမှ မငတ်ဘဲ နေနိုင်အုံးမယ်။”

လီကုန်သည် လက်ဖက်ရည် တစ်ငုံသောက်လိုက်ပြီး စိတ်ကျေနပ်သွားသည်။ သူ့၌ အလုပ်သင်ဆရာများကို ဆုံးမရန် အခွင့်အရေးမရှိပေ။

ချမ်းမူသည် ပါးစပ်ဟကာ တစ်ခုခုပြောရန် လုပ်ခဲ့သော်လည်း မပြောဘဲ ပါးစပ်ပြန်ပိတ်လိုက်သည်။

(မေ့လိုက်တာပဲ ကောင်းပါတယ်။ ဝင်ပြီး မပက်သက်ချင်ဘူး။ အခုလောလောဆယ် ကျောင်းမှာလည်း ထိခိုက်စေနိုင်တဲ့ ပြဿနာအများကြီး ရှိတယ်။ လစာယူပြီး တိတ်တိတ်လေးနေလိုက်တာ အကောင်းဆုံးပဲ။ ကို့ကိုယ်ကို ကာကွယ်ရာလည်း ရောက်တယ်)

ဆွန်းမိုသည် စကြံ့န်ထောင့်၌ သုန်မှုန်သော မျက်နှာဖြင့် မတ်တပ်ရပ်နေသည်။ သူက စော်ကားခြင်းကို သည်းခံတတ်သူ မဟုတ်ပေ။ ဒီခန္တာကိုယ်နှင့် အကျွမ်းတဝင် မရှိသေးသလို

ဝိညာဉ်ချီ၏ သဘောတရားတွေကိုလည်း နားမလည်သေးပေ။ ထိုသို့မဟုတ်ခဲ့လျှင် လီကုန်ကို ထိုးပြီး ပန်းတွေဘာကြောင့် အနီရောင်ဖြစ်နေလဲ ဆိုသည်ကို သေချာပေါက် သင်ပေးလိုက်မည်။

"လီကုန် အခုလက်ရှိတော့ မင်းကို လုပ်ချင်တာ လုပ်ခွင့်ပေးထားလိုက်မယ်"

ဆွန်းမိုသည် နာကျင်မှုကို နှလုံးသားထဲ၌ စေးမှတ်ထားလိုက်သည်။

"ငါ့ရဲ့သတိုးသမီးလောင်းလဲ ဒီဆက်ဆံရေးကြောင့် တော်တော်လေး တုန်လှုပ်သွားတဲ့ပုံပဲ"

လွန်ခဲ့သော ၃နှစ်က ဗဟိုပြည်နယ်အကယ်ဒမီ၏ ကျောင်းအုပ်ကြီးသည် သူတော်စင်အဆင့်သို့ တက်လှမ်းနေစဉ် ကျဆုံးခဲ့သည်။ မသေခဲ့သော်လည်း ယခုအချိန်ထိ သတိလစ်နေဆဲ ဖြစ်သည်။ သူ၏သားသည် တာဝန်ယူခြင်းမရှိဘဲ ထွက်သွားခဲ့သည်။ ထို့ကြောင့် မြေးဖြစ်သူ အန်ရှီဝေသည် ရွေးချယ်စရာမရှိဘဲ ယာယီကျောင်းအုပ်ကြီးရာထူးကို တာဝန်ယူခဲ့ရသည်။

အန်ရှီဝေသည် ရုပ်ရည် အလွန်လှပပြီး စိတ်သဘောထား ဖြူစင်သူလေး ဖြစ်သည်။ သူမသည်

တိမ်ပြည်နယ် ဆန်းကြယ်ကောင်းကင်ဘုံ အကယ်ဒမီမှ ဘွဲ့ရခဲ့သည်။ ဒါသည် (ဒီ)အဆင့်သို့ ကျဆင်းနေသော ကျောင်းနှင့်မတူဘဲ ကမ္ဘာပေါ်ရှိ နာမည်အကြီးဆုံးကျောင်း ၉ ကျောင်း (မဟာကိုးပါး) ထဲမှ တစ်ခုဖြစ်သည်။

သူမသည် ဆန်းကြယ်ကောင်းကင်ဘုံ အကယ်ဒမီမှာပင် လူတိုင်းက နှစ်သက်ရသော ထူးချွန်သည့် ကျော်ကြားသူတစ်ယောက် ဖြစ်ခဲ့သည်။ ပထမနှစ်မှာပင် သူမရဲ့အလှအပနှင့် ပက်သက်၍ အရမ်းအရမ်းကို ထင်ပေါ်လှသည်။

သို့သော်လည်း ကျောင်းအုပ်ကြီး လုပ်ရခြင်းနှင့် ကျောင်းသား လုပ်ရခြင်းသည် မတူညီသော အရာနှစ်ခုဖြစ်သည်။ သုံးနှစ်တာကာလအတွင်း အန်ရှီဝေသည် သူမ၏ နှလုံးသားတစ်ခုလုံးဖြင့် ကြိုးစားခဲ့သော်လည်း ဗဟိုပြည်နယ်အကယ်ဒမီ၏ ကျဆင်းနေမှုအား မရပ်တန့်နိုင်ခဲ့ပေ။

ဆွန်းမိုသည် ကျောင်းသို့ရောက်လာပြီးနောက် အန်ရှီဝေကို အစည်းအဝေးပွဲတစ်ခု၌ အဝေးမှသာ မြင်ခဲ့ရသည်။ တကယ်ဆို သူတို့က

တစ်ခါဆိုတစ်ခါတောင် သီးသန့် ဆက်သွယ်ခဲ့ဖူးခြင်း မရှိပေ။

ယခင်ဆွန်းမိုသည် ငယ်စဉ်ကတည်းက ချစ်သူဖြစ်ခဲ့သော စေ့စပ်ထားသည့် မိန်းကလေးကို ကူညီချင်သောကြောင့် ဘွဲ့ရပြီးသည်နှင့် ဗဟိုပြည်နယ်အကယ်ဒမီသို့ ရောက်လာခဲ့သည်။ သူ့ရည်ရွယ်ချက်က ဗဟိုပြည်နယ်အကယ်ဒမီကို ကမ္ဘာပေါ်ရှိ နာမည်ကြီး ကျောင်း(၉)ကျောင်းထဲက ကျောင်းတစ်ကျောင်း ပြန်ဖြစ်အောင် ကူညီပေးရန် ဖြစ်သည်။ မည်သည့်အရာမှ မလုပ်ရသေးခင်

ရုတ်တရုတ်ဆိုသလို မိန်းမတစ်ယောက်ကို အားကိုးတဲ့ကောင်ဟု တံဆိပ်အကပ် ခံလိုက်ရသည်။ ထို့အတူ ထောက်ပံ့ရေးဌာနကိုလည်း ရောက်ခဲ့ရသည်။ ရာထူးကြီးကြီးရရှိရန် မဆိုထားနှင့် ပုံမှန်သင်ကြားရေး လက်ထောက်တစ်ယောက် ဖြစ်လာအောင်ပင် မလုပ်နိုင်ခဲ့ပေ။

"မိန်းမကို အားကိုးတဲ့ ယောက်ျားဆိုပြီး ငါ့ဆုံးရှုံးရတာ အရမ်းများနေပြီ"

ဆွန်းမို ဆွံ့အသွားသည်။

"ဒင်၊ တစ်လအတွင်း သင်ကြားရေး လက်ထောက်တစ်ယောက် ဖြစ်လာအောင် လုပ်ဆောင်ပါ။ ဆုလာဘ် - ငွေရတနာ သေတ္တာတစ်လုံး"

မည်သည့်လက္ခဏာမှ မပြဘဲ စနစ်ထံမှ အသံထွက်လာသည်။

အခန်း(၃) - နတ်ဘုရားမျက်စိအာရုံ။

ဆွန်းမို အော်ဆဲချင်လာသည်။

(သင်ကြားရေးလက်ထောက် ဖြစ်ရမယ် ဟုတ်လား။ ဘယ်လိုလုပ်ပြီး လွယ်မှာလဲ)

အခုလက်ရှိ၌ ထောက်ပံ့ရေးဌာနမှ သူ့အလုပ်ပင် အာမခံချက်မရှိ.........။

(ဘာပဲဖြစ်ဖြစ် ကိစ္စမရှိဘူး၊ ငါက ဆရာအဖြစ် ဖနေ့စ် လုပ်ဖူးတယ်။ ရုံးတွင်းနိုင်ငံရေးကို အရင်ကလည်း တွေ့ကြုံဖူးတယ်)

(တစ်ယောက်ယောက်က မခိုင်းထားရင် ထောက်ပံ့ရေးဌာနက ကြီးကြပ်ရေးမှူးဆိုတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီကုန်က အကျိုးအမြတ်မရှိဘဲ ငါ့ကို အမြဲတမ်း ပစ်မှတ်ထားနေမှာ မဟုတ်ဘူး။ ငါက ဘာမှပြန်မလုပ်ရင် ငါ့သိက္ခာကို ထိခိုက်စေတယ်။)

(မင်းက အမှောင်ထဲက ပုန်းပြီးလုပ်ချင်တယ်ပေါ့၊ ဘယ်သူလဲဆိုတာ ငါမသိစေနဲ့ မင်းကို ကျောင်းကကန်ထုတ်ပစ်မယ်)

ဆွန်းမိုသည် ခေါင်းငုံ့၍ ကျိန်ဆဲနေသည်။ ထို့နောက် သူ့အမူအရာက ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။ ဟိုးအရင်တုန်းက ကျောင်းအုပ်ကြီးတစ်ဦးသည် အလွန်စိတ်ဆိုးကာ

နှလုံးသားတွေ အေးစက်သွားသော်လည်း ပြင်ပက သူ့အမူအရာသည် မပြောင်းလဲသွားသလို ဘယ်သူ့ကိုမှ ခန့်မှန်းခွင့်မပေးခဲ့ပေ။

(ပညာရှိအမျက် အပြင်မထွက်)

သိုင်းလေ့ကျင့်ရေးခန်းမ အနားက ဖြတ်သန်းပြီး ကွင်းပြင်ဘက်သို့ ဦးတည်ကာ လျှောက်လာခဲ့သည်။ ထို့နောက် အနောက်မြောက်အရပ်မှ စတိုခန်းကို မြင်လိုက် ရသည်။ ထိုနေရာသည် အမှိုက်များကို သိုလှောင်ရန် အသုံးပြုသည်။

ဆွန်းမိုသည် ခဏလောက် လျှောက်ကြည့်လိုက်လျှင် လီကုန်က သူ့အား ခက်ခဲအောင် ရည်ရွယ်ချက်ရှိရှိ ခိုင်းခဲ့ကြောင်း သိရှိသွားသည်။ ဒီနေရာသည် နှစ်ပေါင်းများစွာ စွန့်ပစ်ခံခဲ့ရသော ပုံရှိသည်။ သံချေးတက်နေသောတံခါးကို မြင်လိုက်သည်နှင့် မည်သူမဆို ကာလကြာရှည်စွာ မသုံးဘဲ ပစ်ထားကြောင်း သိနိုင်သည်။

စတိုခန်း တံခါးတစ်ခုကို တွန်းဖွင့်လိုက်သည်။ အခန်းထဲမှ ဖုန်မှုန့်များ၊ ဖုန်အနံ့များ ထွက်ပေါ်လာသည်။

“မနက်ဖြန်မနက် အပြီးရှင်းရမယ် ဟုတ်လား၊ တစ်ပတ်ဆိုရင်တောင် မဖြစ်နိုင်ဘူး။”

ဆွန်းမိုက နှာခေါင်းပွတ်လိုက်သည်။ မေးစရာကို မလိုပေ။ မနက်ဖြန်၌ လီကုန်က သူ့ကို ဆူပူကျိန်းမောင်းမည်ဆိုတာ သေချာသည်။

ပစ္စည်းအနည်းငယ် ကောက်ကိုင်ကြည့် လိုက်သည်။ ပျက်စီးနေသော စားပွဲများ၊

ပြန့်ကျဲနေသော ဆိုဖာများ၊ ရုံဖန်ရုံခါ မြေပေါ်၌ သံချေးတက်နေသော မြားအနည်းငယ်ကိုလည်း တွေ့ရသည်။

ဆွန်းမိုသည် သန့်ရှင်ရေး လုပ်ချင်စိတ်ပင် ကုန်ခမ်းသွားသည်။ ဂိမ်းတစ်ခုအတွက် ဒီဇိုင်းဆွဲထားသော စားပွဲတစ်လုံးကို ဖုန်နှစ်ခါသုတ်၍ တက်ထိုင်လိုက်သည်။ နေရောင်ခြည်ကျသော နေရာသို့ ကြည့်နေရင်း မနေ့က ရရှိခဲ့သည့် ပြိုင်ဘက်ကင်းဆရာကြီးစနစ်မှ

နတ်ဘုရားမျက်စိအာရုံကို စတင်အသက်သွင်းပြီး လေ့လာလိုက်သည်။

"နတ်ဘုရားမျက်စိအာရုံကို သုံးတဲ့လူက ပစ်မှတ်ကို အာရုံစိုက်လိုက်လျှင် ပစ်မှတ်၏ အချက်အလက် တစ်ခုချင်းဆီကို မြင်ရမယ်။ ပစ်မှတ်များကို လူသား၊ တိရိစ္ဆာန်၊ ကျင့်ကြံခြင်းကျင့်စဉ်များ၊ အရာဝတ္ထုများ ဆိုပြီး ကန့်သတ်ထားခြင်း မရှိသော်လည်း လူသားများကတော့ အကျိုးသက်ရောက်မှု အများဆုံးဖြစ်တယ်"

"စွမ်းရည်ပိုမြင့်လေ အသေးစိတ်ပိုမြင်နိုင်လေ ဖြစ်တယ်"

စနစ်က ရှင်းပြနေသည်။

"ကျင့်ကြံခြင်းကျင့်စဉ်ကိုလည်း မြင်နိုင်တာလား။ ဒါဆို အရမ်းကောင်းတယ်"

ဆွန်းမို အံ့အောသွားသည်။ သာမန်ဆရာတစ်ယောက်က ခေါင်းမသုံးဘဲ ဒူးခေါင်းသုံးပြီး စဉ်းစားလျှင်ပင် ဒီအစွမ်းက မည်မျှ အစွမ်းထက်ကြောင်း နားလည်နိုင်သည်။

"ဆရာတစ်ယောက်အတွက် အလိုအပ်ဆုံးက ဘာလဲ။ ဒါက ကျောင်းသားတစ်ဦးချင်းစီကို အပြည့်အဝ အကဲဖြတ်နိုင်တာပဲ။ အခုဆို သူက သူတို့ကို အာရုံစိုက်လိုက်တာနဲ့ သူတို့ရဲ့ အချက်အလက်တွေ၊ သူတို့ရဲ့အလားအလာတွေကို ဖတ်နိုင်ပြီ။ ဒါက ဘယ်လောက် ကြောက်စရာကောင်းလိုက် သလဲ"

စနစ်က မတုံ့ပြန်ပေ။ ဆွန်းမိုကတော့ ကြိတ်ပြီး စိတ်ကူးယဉ်နေသည်။ စနစ်၌ မျက်နှာရှိခဲ့လျှင် သူ့ကိုပြုံး၍ ကြည့်နေသည်မှာ သေချာသည်။

“မဟာသခင်အဆင့်ဆိုတာက ကျွမ်းကျင်မှု ညွှန်းကိန်း၊ ဟုတ်တယ်မလား”

ဆွန်းမိုက ထင်ကြေးပေးသည်။

“မှန်တယ်၊ ပြိုင်ဘက်ကင်းဆရာကြီးစနစ်ရဲ့ ကျွမ်းကျင်မှု ညွှန်းကိန်းဆိုတာက စံနှုန်း၊ ကျွမ်းကျင်မှုနဲ့ နည်းစနစ်များကို အကဲဖြတ်တဲ့ ထူးခြားသောနည်းလမ်း ဖြစ်တယ်။”

စနစ်က ဂရုစိုက်တတ်သော အစ်မကြီး တစ်ယောက်ကဲ့သို့ ပြန်ဖြေနေသည်။ “ကျွမ်းကျင်မှုညွှန်းကိန်းမှာ အခြေခံ၊ တော်၊

ကျွမ်းကျင်၊ မဟာ၊ ဘိုးဘေး နှင့် ဒဏ္ဍာရီ ဆိုပြီး အဆင့် ခွဲထားတယ်။”

သူ၏ နတ်ဘုရားမျက်စိအာရုံ ကျွမ်းကျင့်မှုအဆင့်သည် အခြေခံအဆင့်သာ ရှိသေးသည်။ ရရှိနိုင်သော အသေးစိတ် အချက်အလက်များကလည်း ကျေနပ်စရာ မရှိသေးပေ။ တော်အဆင့်၌ ပစ်မှတ်၏ အခြေခံအချက်အလက်ကို အလိုအလျောက် ပြသပေးမည်။ ကျွမ်းကျင်အဆင့်၌ ပစ်မှတ်၏ အလားလာတန်ဖိုးကို မြင်နိုင်မည်။

မဟာအဆင့်၌ နတ်ဘုရားမျက်စိအာရုံသည် ပစ်မှတ်၏ အားသာချက်၊ အားနည်းချက်၊ ပင်ကိုယ်ပါရမီ၊ လတ်တလော ခန္ဓာကိုယ် အခြေအနေတို့ကို ပြသပေးမည်။ မည်သို့ပင်ဖြစ်စေ ပစ်မှတ်၏ အချက်အလက်များကို တော်တော်လေး နှံ့နှံ့စပ်စပ် သိရှိရမည်။

“ဟားဟား၊ မဟာသခင်အဆင့် နတ်ဘုရားမျက်စိအာရုံကို ရရှိခြင်း... .အသစ်ဝင်ရောက်သူ လက်ဆောင်က တကယ်ရက်ရောတာပဲ”

မိတ်ဆက်စာကိုဖတ်ပြီးလျှင် ဆွန်းမို၏မျက်နှာ၌ အပြုံးကြီးတစ်ခု ပေါ်လာသည်။ ဥယျာဉ်ခြံတစ်ခုထဲက စပျစ်သီးကို အောင်မြင်စွာ ခိုးယူနိုင်ခဲ့သော မြေခွေးတစ်ကောင်နဲ့ တူနေသည်။

"ဒါ တကယ်ကိုပဲ၊ မင်းက လိပ်ခေါင်းရောဂါရှိတဲ့ မိန်းကလေးဆိုရင်တောင် ငါ့ရဲ့မျက်စိရှေ့မှာ ဖုံးကွယ်ထားလို့ရမှာ မဟုတ်ဘူး....."

စနစ်က ဒေါကန်သွားသည်။

"ငါက ဒါကို ဘိုးဘေးအဆင့်ရောက်အောင် ဘယ်လို လုပ်ရမလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက နှုတ်ခမ်းကွေးလိုက်ပြီး ပတ်ဝန်းကျင်ရှိ အမှိုက်များကို အာရုံစိုက် ကြည့်လိုက်သည်။

(ပိုလာသစ်သားဖြင့် ပြုလုပ်ထားသောစားပွဲ၊ ပျက်စီးမှုအဆင့် ၇၀ ရာခိုင်နှုန်း၊ ပြန်ပြင်ရန် မဖြစ်နိုင်။)

(သံချေးတက်နေသောမြှား၊ ပြုလုပ်စဉ် မီးနည်း၊ အရည်သွေးမပြည့်တဲ့ ထုတ်ကုန်တစ်ခု)

(ဝူမန်တောင်မှ ကျောက်ဖြင့်ပြုလုပ်ထားသော နံရံ၊ ပြန်ကြိတ်ပါက နေရာအများကြီးတွင် ပြန်သုံးနိုင်)

ဆွန်းမို၏ မျက်လုံး ရှေ့၌ သိပ်သည်းသော အချက်အလက်များပေါ်လာပြီး သူ့မျက်စိကိုပင်

မည်းမှောင်သွားစေသည်။ သို့သော်လည်း မျက်လုံးကို မပိတ်ခဲ့ပေ။ အချက်အလက်များကို ရယူနိုင်သော ခံစားချက်က အရမ်းကောင်းလွန်းသည်။ ယခုလက်ရှိ၌ သူ့မျက်လုံးများက ပတ်ဝန်းကျင်အား ကြည့်လိုက်လျှင် အလှတရားလေးများကို အဝတ်အစားချွတ်ပြီး ကြည့်နေရသကဲ့သို့ ကွက်ကွက်ကွင်းကွင်း မြင်နေရသည်။

“တကယ့်မြင်ကွင်းကျယ်ပဲ”

ဆွန်းမိုသည် ခေါင်းလှည့်ပြီး လျှောက်ကြည့်နေသည်။ စွန့်ပစ်ထားသောစာအုပ်၊ စုတ်ပြဲနေသော

အချစ်စာတစ်စောင်၊ လွန်ခဲ့သောနှစ်ရက်က သူတို့၏ပထမဆုံး အချစ်နိုးထခြင်းကိုကြုံဖူးသော ဆက်ကျော်သက်နှစ်ဦးက ဖြန်းထားသော နံ့ရံကဆေးကိုလည်း တွေ့ရသည်။

စနစ်က ပြန်မဖြေပေ။ ဆွန်းမိုကလည်း ဂရုမစိုက်။ ကစားရခြင်း၌ ပျော်နေ၏။ စတိုခန်းထဲရှိ အရာအားလုံးကို ကြည့်ပြီးနောက် စတိုခန်း နောက်တစ်ခန်းသို့ အာရုံပြောင်းသွားသည်။

ရုတ်တရုတ်ဆိုသလို အနီရောင် စကားလုံးဖြင့် ရေးသားထားသော ရှုပ်ထွေးသည့် အချက်အလက်များ ထွက်ပေါ်လာသည်။

(အနက်ရောင် စန္ဒကူးသစ်သားဖြင့် ပြုလုပ်ထားသော သစ်သားဓါး၊ လျှောင်ပြည်နယ် ဆရာသခင် အဆင့်မြင့်ပန်းပဲပညာ ကျွမ်းကျင်သူက ဤလက်နက်ကို ၃နှစ်ကြာအောင် ပြုလုပ်ခဲ့တယ်)

(သစ်သားသည် သံမဏိကဲ့သို့ မာကျောပြီး နှစ်ပေါင်းများစွာ ကြာအောင် မွှေးရနံ့ကို ထုတ်လွှင့်ပေးတယ်။ ထိုအနံ့က စိတ်ငြိမ်စေခြင်း၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အိပ်မက် ဆိုးမက်ခြင်းများကို ကာကွယ်ပေးနိုင်တဲ့ အစွမ်းသတ္တိရှိတယ်)

ဝိညာဉ်အဆင့် လက်နက်တစ်ခု ဖြစ်သဖြင့် အရမ်းတန်ဖိုးကြီးသည်။ သို့သော် ဆွန်းမိုကို အံ့သြစေသည့်အချက်က အနီရောင်ဖြင့် ဖော်ပြထားတဲ့ အချက်အလက်များ ဖြစ်သည်။

(သစ်သားဓါးပေါ်မှာ ဆန်းကြယ် သူတော်စင်အဆင့် သဏ္ဍာန်မဲ့မြင့်မြတ် စကြဝ်ဠာ ကျင့်စဉ် ဟု ရေးထိုးထားတယ်)

“ဒါက တကယ်ကြီးလား”

ဆွန်းမိုသည် သူမြင်သည့်အရာကို မယုံကြည်နိုင်ဖြစ်နေသည်။ ဒီခန္ဓာကိုယ်နှင့် ပေါင်းစပ်ပြီးနောက် ရရှိလာသော မှတ်ဉာဏ်များအရ အလယ်ကမ္ဘာ၌ ကျင့်ကြံခြင်းကို သူတော်စင်အဆင့်၊ ကောင်းကင်အဆင့်၊ ကမ္ဘာမြေအဆင့်ဆိုပြီး အဆင့် ၃ မျိုး ခွဲခြားထားသည်။ အဆင့်တစ်ခုခြင်းစီကိုလည်း နိမ့်ကျ၊ ပျမ်းမျှ၊ သာလွန်၊ ဆန်းကြယ် ဆိုပြီး ထပ်မံခွဲခြားထားသည်။

အလယ်ကမ္ဘာ၌ ဆန်းကြယ်သူတော်စင် အဆင့်ကို ရောက်ရှိနိုင်တဲ့ အမြင့်ဆုံးကျင့်ကြံခြင်း အဆင့်ဟု သတ်မှတ်ထားသည်။

"ဒီလောက် အစွမ်းထက်တဲ့ကျင့်စဉ်ကို ဓါးပေါ်မှာ ထွင်းခဲ့တာလား။"

ဆွန်းမိုက ချက်ခြင်း စစ်ဆေးလိုက်သည်။ ဓါးလက်ကိုင်ပေါ်၌ ယင်ကောင် အရွယ်အစားခန့် သေးငယ်သော စားလုံးများကို ရေးထွင်းထားသည်။ စားရေးသူ၏ လက်ရေး အဆင့်အတန်းသည် အဆင့်မြင့်လှသည်။

"ညကလည်း မှောင်လာပြီ၊ မိတ်ဆွေကောင်းနဲ့ ၃လကြာ စစ်တုရင်ကစားခဲ့တာ တစ်ပွဲမှ မရှုံးခဲ့ဘူး။ စိတ်ပျော်ရွှင်နေတဲ့အတွက် ဒီသဏ္ဍာန်မဲ့မြင့်မြတ် စကြဝဠာ ကျင့်စဉ်ကို ရေးထိုးထားခဲ့တယ် ရေစက်ပါသူ ရစေရန်။"

ဆွန်းမို ပြောစရာ စကားမဲ့သွားသည်။ စာများအရအပျော်လွန်ပြီး လွတ်သွားသူ တစ်ယောက်ဖြစ်ကြောင်း ပြောနိုင်သည်။ သူဆိုလျှင်လည်း အပျော်လွန်၍ KTV သွားကာ ပေါက်ကွဲသွားသည်အထိ သီချင်းဆိုပစ်လိုက်မည်။

ဆွန်းမို မသိလိုက်သည့်အချက်သည် ၃လ လုံးလုံး ရှုံးခဲ့သောကံဆိုးသူသည် ဒီကိစ္စ ဖြစ်ပျက်ပြီးနောက် ၃နှစ်တာ အထီးကျန် နေသွားခဲ့သည်။ သူသည် ထိုကျဆုံးမှုမှ တဖန်ရုန်းထွက်လာပြီး ပြည်နယ် ၉ခုရှိ ပညာရှင်ပေါင်းများစွာကို ဆက်တိုက် အနိုင်ယူခဲ့သည်။ ထို့နောက် လူတိုင်းက သူ့ကို စစ်တုရင် သူတော်စင်ဘွဲ့ကို ပေးခဲ့ကြသည်။ ယခုလက်ရှိအချိန်အထိ စစ်တုရင်ကို တစ်ပွဲပင် မရှုံးခဲ့ပေ။

ဆွန်းမိုသည် သေချာစွာဖတ်ပြီးနောက် ကျယ်လှောင်စွာ အော်လိုက်သည်။

"ကောင်းလိုက်တာ"

(ကျင့်စဉ်က ဘယ်လောက်ကောင်းတယ်ဆိုတဲ့ အချက်ကို ခဏထားလိုက်အုံး အခုလက်ရှိ အလုပ်ထုတ်မခံရဖို့နဲ့ နေ့တိုင်းလေးစား ခံနေရရင် လုံလောက်နေပြီ။)

ဆွန်းမိုသည် ဒီခန္ဓာကိုယ်ပိုင်ရှင်၏ မှတ်ဉာဏ်အရ ဝိညာဉ်ချီ သဘောတရားနှင့် အခြေခံ ကျင့်ကြံခြင်း နည်းလမ်းတချို့ကို နားလည်ခဲ့သော်လည်း

သဏ္ဍာန်မဲ့မြင့်မြတ် စကြဝဠာ ကျင့်စဉ်ကို ချက်ခြင်း မလေ့ကျင့်ချင်သေးပေ။

ဆွန်းမိုသည် ဒီနေရာ အကြောင်းအား အသေးစိတ်နားလည်သွားအောင် လေ့လာနိုင်ရန် စတိုခန်းတံခါးပိတ်ပြီး စာကြည့်တိုက်သို့ ထွက်လာသည်။

ဆွန်းမို၌ အစကတည်းက လေ့လာရန် အစီအစဉ်ရှိသည်။ အစီအစဉ်တကျ စနစ်တကျ တုံ့ပြန်ရတာကို သဘောကျသည်။ ထိုသို့ ကောင်းမွန်သော အလေ့အကျင့်ကြောင့် ဘွဲ့ရပြီး

သိပ်မကြာခင် ကျောင်းဆရာ တာဝန်ခံရာထူးကို ရခဲ့ခြင်း ဖြစ်သည်။

ဗဟိုပြည်နယ်အကယ်ဒမီ၏ စာကြည့်တိုက်သည် အလွန်ကြီးမားသည်။ လူလည်း အများကြီးရှိသည်။ သို့သော်လည်း ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လွန်းသဖြင့် အပ်ပြုတ်ကျလျှင်ပင် ကြားနိုင်လောက်သည်။ ကျောင်းသားများသည် လမ်းလျှောက်လျှင်ပင် အတတ်နိုင်ဆုံး တိတ်တိတ်လေးဖြစ်အောင် သွားကြသည်။

"သင်ယူချင်စိတ်ရှိတာ အကောင်းဆုံးပဲ"

ဆွန်းမိုက သစ်သားစာအုပ်စင် ရှေ့၌ မတ်တပ်ရပ်လိုက်သည်။ ရေးခေတ်ပြဇာတ်ထဲက ထွက်လာဟန်တူသော ကျောင်းသားများကို လိုက်ကြည့်လိုက်သည်။ သူ့အသက်ရှူလျှင်ပင် မွှေးရနံ့ခပ်သင်းသင်းလေးကို ရနေသည်။

သမိုင်းကို လေ့လာခြင်းသည် တိုင်းပြည်နှင့် လူမျိုးအကြောင်းကို အမြန်ဆုံး နားလည်နိုင်သော နည်းလမ်းဖြစ်သည်။

အလယ်ကမ္ဘာ၌ လျှောင်ပြည်နယ်၊ ရှားပြည်နယ်၊ ရီမန်းရွှယ်ပြည်နယ်၊ ဂျင် ပြည်နယ်၊ ဗဟိုပြည်နယ်၊ တိမ်ပြည်နယ်၊ ပင်လယ်ပြည်နယ် နှင့် အိုက်ရှောင်ပြည်နယ် ဆိုပြီး ပြည်နယ် ၉ ခု ရှိသည်။

ဆွန်းမို အခုလက်ရှိ ရောက်နေသော ဗဟိုပြည်နယ်သည် တန်လူမျိုးတို့၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ရှေးဟောင်းတရုတ်ခေတ်နှင့် တူသည့် လောကကြီးတစ်ခုသို့ ရောက်ရှိနေသည်။ ဒီနေရာ၌ ကေရာဇ်များ ၊ ကိုယ်လုပ်တော်များ၊ အမတ်များ၊

စစ်ဗိုလ်ချုပ်များ၊ ဓါးပြများ နှင့် ဒုက္ခသည်များ လည်းရှိသည်။ အရင်ကမ္တွာနှင့် မတူသည်မှာ ဤနေရာ၌ ဝိညာဉ်ချီ ပေါကြွယ်ဝနေသည်။

ရှုသွင်းလိုက်သော ဝိညာဉ်ချီများသည် လူ၏ ကိုယ်ခန္ဓာကို သန်မာစေနိုင်သည်။ ထို့ကြောင့် ဤနေရာ၌ ကျင့်ကြံနိုင်ကြသည်။ အားနည်းသူများသည် ၅၀၀ ကီလိုဂရမ်ထိ ထိုးဖောက်နိုင်စွမ်းရှိပြီး ကျောက်နှင့်သံခဲကို အလွယ်တကူ ချိုးနိုင်သည်။ သန်မာသည့်သူများက

လေနှင့်မိုးကို ဆင့်ခေါ်နိုင်ပြီး တောင်နှင့် ပင်လယ်ကိုပင် ပြောင်းပြန်လှန်နိုင်သည်။

လူတိုင်းသည် ရောဂါမဖြစ်ဘဲ အသက်ထောင်ချီပြီး အသက်ရှည်ချင်ကြသည်။ ထို့ကြောင့် ကျင့်ကြံခြင်း ရွှေခေတ်၌ ကျင့်ကြံခြင်းသင်တန်းများသည် မိုးရွာပြီးစ နွေဦးဝါးကဲ့သို့ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာခဲ့သည်။

ပြည်နယ်တစ်ခုစီတိုင်း၌ ထိပ်တန်းအဆင့် အကယ်ဒမီ တစ်ခုစီရှိသည်။ ဗဟိုပြည်နယ်အကယ်ဒမီသည် တစ်ချိန်တုန်းက ဗဟိုပြည်နယ်၏ ထိပ်တန်းကျောင်းတစ်ကျောင်း

ဖြစ်ခဲ့သည်။ ထို့ကြောင့် ကျောင်း၏ဂုဏ်သိက္ခာကို ဂုဏ်ပြုသောအားဖြင့် ဗဟိုပြည်နယ်ဟူသော စကားလုံးကို ထည့်သွင်း ဂုဏ်ပြုစေခဲ့သည်။ ယခုအခါ၌ ထိပ်ဆုံး ကျောင်း ၉ ကျောင်းအဆင့်မှ (ဒီ) အဆင့်အထိ ပြုတ်ကျခဲ့သည်။ အကယ်၍ နှစ်ကုန်လိဂ် ပြိုင်ပွဲ၌ မအောင်မြင်ခဲ့ပါလျှင် ကျောင်းပိတ်သိမ်း ရတော့မည်။

“ ဟင်း၊ ဝမ်းနည်းစရာပဲ”

ဆွန်းမိုသည် မတွေ့ရသေးသည့် ရည်းစားအတွက် စဉ်းစားရင်း ခေါင်းကိုက်သွားသည်။ ထိပ်ဆုံး

ကျောင်း၉ ကျောင်းထဲကတစ်ကျောင်း ပြန်ဖြစ်အောင် လုပ်ဆောင်ခြင်းသည် မဖြစ်နိုင်သလောက် ခက်ခဲသော တာဝန်ဖြစ်သည်။

စာကြည့်တိုက်၌ ကျင့်ကြံခြင်းနှင့်ဆိုင်သော ကျင့်စဉ်စာအုပ်များရှိပြီး ကျောင်းသားများက အလွယ်တကူ လေ့လာနိုင်သည်။ အရင်တုန်းက ဆွန်းမို လေ့ကျင့်ခဲ့သည့် ပြင်းထန်မိုးခါး ကျင့်စဉ်ကိုလည်း ဒီနေရာ၌ တွေ့နိုင်သည်။ ထိုကျင့်စဉ်သည် အလွန်ရိုးရှင်း၍ အစွမ်းက သာမန်သာရှိသည်။

ကမ္ဘာပေါ်၌ ကောင်းကင်အဆင့်နှင့် သူတော်စင်အဆင့် ကျင့်ကြံခြင်းကျင့်စဉ်က မရှိသလောက်ရှားပါးသည်။ ထို့ကြောင့် မတော်တဆ ရရှိထားသော သဏ္ဍာန်မဲ့မြင့်မြတ် စကြဝဠာ ကျင့်စဉ်ကို တန်ဖိုးထားရခြင်း ဖြစ်သည်။

သဏ္ဍာန်မဲ့မြင့်မြတ် စကြဝဠာကျင့်စဉ်ကို အလေးအနက်ထား ဖတ်ရှု လေ့လာနေသည်။ ကျင့်စဉ်ကို အဆင့် ၉ ဆင့် ခွဲခြားနိုင်သည်။ ကျင့်စဉ်၏ အနှစ်သာရသည် များပြားလှသော သိုင်းကွက်များကို သဏ္ဍာန်မဲ့ဖြင့် အနိုင်ယူခြင်း

ဖြစ်သည်။ ရှိုးရှင်းစွာပြောရလျှင် ပြိုင်ဘက်၏ လုပ်ရှားမှု အားလုံးကို ကူးယူနိုင်ပြီး ၎င်းထက်သာလွန်သော စွမ်းအားကို ပြန်ထုတ်ပေး နိုင်သည်။

"အမ်"

ဆရာတစ်ဦး အနေဖြင့် "ကူးယူ" ဟူသော စကားလုံးကို သတိထားလေ့လာခဲ့သည်။ ဒါသည် ကျောင်းသားတွေကို သင်ပေးသော နေရာ၌ အသုံးပြုနိုင်သည်။

စစ်ဆေးခြင်း ၊ စစ်တုရင်ကစားခြင်း၊ စစ်တိုက်ခြင်းတို့သည် ပြိုင်ဘက်များလေ ကျွမ်းကျင်လေ ဖြစ်သည်။ ထိုနယ်ပယ်ထဲက တစ်ခုခုကိုသာ အာရုံစိုက်ပြီး လေ့ကျင့်ခဲ့လျှင် မတိုက်ခိုက်ခင်ကတည်းက ၃၀% အနိုင်ရပြီးသား ဖြစ်သည်။

"တကယ်လို့ ငါ့တပည့်တွေကို ရန်သူရဲ့ လှုပ်ရှားမှုကို သင်ပေးနိုင်ရင် အနိုင်ရတာနဲ့အတူတူပဲ မဟုတ်လား"

ဆွန်းမိုက ကျေနပ်စွာ ပြုံးနေသည်။ သူက သင်ကြားပေးရန်အတွက် မွေးဖွားလာသလားဟု ထင်နေမိသည်။ ဗဟိုပြည်နယ်အကယ်ဒမီလိုမျိုး သူကလည်း ဂုဏ်သတင်းမြင့်မားပြီး ကျော်ဇောသော ဆရာတစ်ယောက် ဖြစ်သင့်ပေသည်။

"ကျေးဇူးပါ"

ဆွန်းမိုသည် ရင်ထဲမှ ကျေးဇူးတင်ကြောင်း ထုတ်ပြောလိုက်သည်။ ပထမတုန်းက ရှင်သန် ရပ်တည်ရေးအတွက် စိုးရိမ်နေခဲ့ရသည်။ ယခုတော့

ဗဟိုပြည်နယ်အကယ်ဒမီ၌ သူတစ်ပါးတွေထက် သာလွန်အောင် လုပ်နိုင်မည်ဟု ယုံကြည်နေသည်။

ဆွန်းမိုက ထိုင်ခုံပေါ်၌မှီလိုက်ပြီး "တစ်လအတွင်း သင်ကြားရေးလက်ထောက် ဟုတ်လား၊ လဝက်အတွင်း ဖြစ်အောင်လုပ်ပြမယ်။"

ဆွန်းမိုသည် ယခုလောလောဆယ် စိတ်ကြီးဝင်နေသည်။ သို့သော်လည်း ကြာကြာ မပျော်လိုက်ရ……။

"မင်း ဆန္ဒအတိုင်းပဲ"

စနစ်ထံမှ အသံထွက်လာသည်။ ဒီတစ်ခါတော့ ဂရုစိုက်တတ်သော အစ်မကြီးနှင့်မတူဘဲ စင်ဒရဲလားကို နှိပ်စက်သော မိထွေးကြီးနှင့် တူနေသည်။

"ဒင်၊ တာဝန်ကြာချိန် ပြောင်းလဲလိုက်တယ်။ လဝက်အတွင်း သင်ကြားရေး လက်ထောက်တစ်ယောက်ဖြစ်အောင် လုပ်ရမယ်။ မအောင်မြင်ပါက ပြင်းပြင်းထန်ထန် အပြစ်ပေးခံရမယ်"

ဆွန်းမိုသည် ငိုချင်သော်လည်း မျက်ရည်မထွက်ပေ။

(ဒီအတိုင်း ပြောလိုက်တာလေ၊ အတည်ယူစရာလားလို့)

(ဆွံ့အ)

စာကြည့်တိုက်တစ်ခုလုံး ရွှေရောင်အလင်းများ ရုတ်တရက် တောက်ပလာသည်။ ဆွန်းမိုသည် ညကတည်းက သတင်းအချက်အလက်များကို စစ်ဆေးနေခဲ့သဖြင့် ပင်ပန်းနေခဲ့သည်။ သို့သော် ယခုအခါ၌ ချက်ခြင်း တက်ကြွလန်းဆန်းလာသည်။

မသိလျှင် စိတ်ကြွဆေးများ သောက်လိုက် ရသကဲ့သို့ ဖြစ်သွားသည်။

“မြတ်ဆရာ အရှိန်အဝါ”

ကျောင်းသားတချို့ကလည်း အံ့သြစွာ အော်လိုက်ကြသည်။

အခန်း(၄) - မြတ်ဆရာအရှိန်အဝါ

အသက် ၂၀ခန့်ရှိသော လူငယ်တစ်ယောက် စာဖတ်ခန်းထဲသို့ ဝင်လာသည်။ အနီးအနား၌ ရှိနေသော ကျောင်းသားများကလည်း ဦးညွှတ်၍ နှုတ်ဆက်နေကြသည်။

"သင်ကြားရေးလက်ထောက် ချင်"

အလယ်ကမ္ဘာသည် ပညာရေးအောင်မြင်နေသော ကာလဖြစ်သည်။ လူအများသည် သင်ကြားပေးသော ဆရာများအား လေးစားခြင်းသည် ဓလေ့တစ်ခုကဲ့သို့ ဖြစ်နေကြသည်။ ထို့အပြင် လက်ထောက်ချင်သည် ကြွယ်ဝသောလေ့လာမှုနှင့် မှတ်ဉာဏ်ကောင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြွတ်ဆရာအရှိန်အဝါ ကိုဖော်ထုတ်ကာ လူတိုင်း၏ သင်ယူနိုင်စွမ်းကို နှစ်ဆတိုးမြှင့်ပေးခဲ့သည်။ ထိုကဲ့သို့ အကြောင်းအရာများကြောင့် ကျောင်းသားများက သူ့ကို လေးစားနေကြသည်။

ချင်ဖန်သည် သင်ကြားရေးလက်ထောက် အဆင့်အတန်းကို ကိုယ်စားပြုသော အပြာရောင်ဝတ်ရုံကို ဝတ်ဆင်ထားသည်။ သူက ပြုံးပြီး ကျောင်းသားများ၏ လေ့လာမှုများကို လမ်းညွှန်ပေးနေသည်။

“လက်ထောက်ချင်ရဲ့ မြတ်ဆရာအရှိန်အဝါက တော်တော်ကြီးနေပြီ တရားဝင် ဆရာတစ်ယောက် ဖြစ်လာတော့မယ် ထင်တယ်။”

“ ပြောစရာမှမလိုတာ၊ သူက ရှားပြည်နယ် ဂျီရှားအကယ်ဒမီက ဘွဲ့ရခဲ့တာကွ။ အဲဒီကျောင်းက ကျောင်းကြီးကိုးကျောင်းထဲက တစ်ကျောင်းလေ”

“အင်း၊ ငါကြားတာကတော့ ဒီနှစ်မှာ ငါတို့ကျောင််းက နာမည်ကြီးကျောင်းရဲ့ ဘွဲ့ရ ၃ယောက်ပဲ ခေါ်နိုင်ခဲ့တယ်လို့ ကြားတယ်၊ စိတ်ဆင်းရဲစရာ ကောင်းလိုက်တာကွာ”

ပတ်ဝန်းကျင်၌ တီးတိုးသံများ စတင်ထွက်ပေါ်လာသည်။ နာမည်ကြီးကျောင်းမှ ကျောင်းဆင်းတစ်ယောက်သည် ပတ်ဝန်းကျင်၌ လူတိုင်း၏ အထင်ကြီးခြင်း၊ လေးစားခြင်းကို ခံရစမြဲဖြစ်သည်။ ကျောင်းသားများ၏ စိတ်ထဲက အထင်ကြီးလေးစားရခြင်းသည် ဂျီရှားအကယ်ဒမီဟူသော စကားလုံးကြောင့်လည်း ပါဝင်သည်။

ဆွန်းမို၏ နှုတ်ခမ်းထောင့် ကွေးသွားသည်။

အလယ်ကမ္ဘာ၌ မြတ်ဆရာတစ်ယောက်ဖြစ်ရန် ခက်ခဲသည်။ ပထမဦးဆုံး ညာဏ်အလင်းရဖူးရမည်၊

မြတ်ဆရာအရှိန်အဝါကိုလည်း ထုတ်လွှင့်နိုင်ရမည်။ မြတ်ဆရာအရှိန်အဝါ ဆိုသည်မှာ ဆရာတစ်ယောက်ခြင်းစီ၏ အရည်အချင်းအပေါ် မူတည်၍ ကျောင်းသားများကို တစ်ဝက်ခန့် အားစိုက်ရုံဖြင့် နှစ်ဆလောက် အကျိုးရှိအောင် လုပ်ပေးနိုင်သည်။

ဥပမာ ပြောရလျှင် မြတ်ဆရာအရှိန်အဝါကို အသုံးပြုလိုက်ပါက ကျောင်းသားများသည် ကျယ်ပြန့်သော လေ့လာမှုနှင့် မိန်းမောသော စိတ်အခြေအနေသို့ ဝင်ရောက်သွားမည်။

ထိုအခြေအနေ၌ ကျောင်းသားများ၏ မှတ်ဉာဏ်သည် အားကောင်းလာပြီး နားလည်နိုင်စွမ်းလည်း မြင့်တက်ကာ လေ့လာနိုင်စွမ်းကို အဆပေါင်းများစွာ မြင့်တက်လာစေသည်။

မွေးဖွားလာကတည်းက လေ့လာရုံမျှဖြင့် မြတ်ဆရာအရှိန်အဝါကို မရနိုင်ပေ။ ဉာဏ်အလင်းရမှုအပေါ် မူတည်ပြီး ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း အလယ်ကမ္ဘာ၌ မြတ်ဆရာ အရေအတွက်နည်းပါးခြင်း ဖြစ်သည်။

မြတ်ဆရာတစ်ယောက် ဖြစ်ချင်လျှင် ပထမဆုံး အတားအဆီးသည် အသက်၁၈နှစ် မတိုင်ခင် ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားလည်ရမည်။

ဉာဏ်အလင်းပွင့်ခြင်းသည် ထူးဆန်းပြီး ရှုပ်ထွေးသော ဖြစ်စဉ်တစ်ခုဖြစ်သည်။ ဒါကလည်း လူသန်းပေါင်းများစွာထဲမှ တစ်ယောက်သာ ဖြစ်နိုင်ချေရှိသော ဖြစ်စဉ်တစ်ခု ဖြစ်သည်။

ဉာဏ်အလင်းပွင့်ပြီး ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါရရှိခြင်းသည် သင်၏ဉာဏ်ရည်က

ကျင့်ကြံခြင်း၌ အခက်အခဲမရှိတော့သည့် အချက်အားကိုယ်စားပြုသည်။ ဆရာတစ်ယောက်၏ လမ်းညွှန်မှုမပါဘဲ ကျင့်ကြံခြင်း၏စစ်မှန်သော အနှစ်သာရအား နားလည်နိုင်စွမ်း ရှိနေပြီဟု ဆိုနိုင်သည်။

တစ်ချိန်တည်း၌ ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါ ရရှိခြင်းသည် ဉာဏ်အလင်းပွင့်နိုင်သော အခြေအနေကို မြင့်မားလာစေသည်။ သင်ကြားရေး လမ်◌းစဉ် တစ်လျှောက်လုံး၌ မြတ်ဆရာအရှိန်အဝါ အသစ်တွေကို ထပ်မံ ရရှိနိုင်သေးသည်။

ဆရာတစ်ယောက်၏ ထူးချွန်မှုကို သိချင်လျှင် မြတ်ဆရာအရှိန်အဝါ ပမာဏကိုကြည့်၍ ဆုံးဖြတ်နိုင်သည်။

မြတ်ဆရာရဲ့အဆင့်များကို ကြယ်များဖြင့် တိုင်းတာကြသည်။ ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါအပြင် နောက်ထပ် မြတ်ဆရာအရှိန်အဝါ ၃မျိုးကို နားလည်ထား၍ တခြားအတတ်ပညာ တစ်ခုကိုလည်း ကျွမ်းကျင်ထားပါက ကြယ်တစ်ပွင့် မြတ်ဆရာဟု သတ်မှတ်နိုင်သည်။

ကြယ်ကိုးပွင့် မြတ်ဆရာများသည် ထိပ်တန်းအဆင့် ဖြစ်ကြသည်။ သူတို့ကို သာမညသူတော်စင် လို့လည်း ခေါ်ဆိုကြသည်။

“ငါကတော့ သင်ကြားရေး လက်ထောက်တောင် မဟုတ်သေးဘူး”

ဆွန်းမိုက သူ့ကိုယ်သူ လှောင်ပြောင်လိုက်သည်။ မြတ်ဆရာတစ်ယောက်၏ အဆင့်အတန်းသည် သာမန်ဆရာတစ်ယောက် မနိုင်းယှဥ်နိုင်သော အရာတစ်ခုဖြစ်သည်။ အရင်ပိုင်ရှင်ဆွန်းမိုသည် အသက် ၁၆ နှစ်၌ ကိုယ်တိုင်သင်ကြားခြင်း

အရိုန်အဝါကို နားလည်ခဲ့သည်။ မနေ့က ရေနစ်ပြီး မသေခင်အချိန်လေးမှကပ်၍ နောက်ထပ် မြွတ်ဆရာအရှိန်အဝါ တစ်ခုကို ထပ်မံပြီး နားလည်ခဲ့သည်။ ဒါကိုကြည့်ခြင်းအားဖြင့် မည်မျှခက်ခဲကြောင်း သိနိုင်သည်။

ဒီအကြောင်း ပြောရမယ်ဆိုလျှင် ဒီလောက၏ ဆွန်းမိုသည် စိတ်ညစ်၍ မြို့ပြင်ကို ထွက်လာခဲ့သည်။ ပျင်းနေသောကြောင့် ရေကူးချင်စိတ်ပေါက်လာပြီး ရေဆင်းကူးခဲ့သည်။ ဒါကို လီဇီချီက မြင်လိုက်လျှင် ရေနစ်နေသည်ထင်ပြီး

ရေထဲခုန်ချကာ သူ့ကိုလာကယ်ခဲ့သည်။ အဆုံး၌ ဤလောက ဆွန်းမိုသည် လီဇီချီကို ပြန်ကယ်တင်ရင်း ရေနစ်သေခဲ့ရသည်။ ထို့ကြောင့် အခြားလောကမှ ဆွန်းမိုသည် ဒီလောကသို့ ရောက်ရှိလာခဲ့သည်။

"မင်းက တကယ့်ကို လူကောင်းတစ်ယောက်ပါကွာ"

ဆွန်းမိုက သက်ပြင်းချ လိုက်သည်။ တန်ဖိုးဖြတ်မရသော အကြံပြုချက်သည် ဒီလောကဆွန်းမို မသေဆုံးခင် အချိန်ကလေး၌ ကပ်ပြီး နားလည်ခဲ့သော အရာဖြစ်သည်။ တစ်ခါမှျပင်

မသုံးလိုက်ရဘဲ တခြားကမ္ဘာမှလာသော ဆွန်းမိုကို အကျိုးပြုခဲ့သည်။

ဗဟိုပြည်နယ်အကယ်ဒမီ၏ သင်ကြားမှု ပတ်ဝန်းကျင်သည် အလွန်ပြည့်စုံသည်။ စာကြည့်တိုက်သည် မနက်ခင်းတိုင်း၌ သန့်ရှင်းရေးလုပ်ရန် နာရီဝက်ခန့်ပိတ်သည်။ ကျန်သည့်အချိန်တွေမှာတော့ နေ့တိုင်း၊ ရက်တိုင်း ဖွင့်လှစ်ပေးထားသည်။

"ဒင်"

"ညသန်းခေါင်ယံကို ကျော်သွားသဖြင့် ကံကောင်းခြင်း ရတနာသေတ္တာ ပြန်လည်စတင်ပါပြီ။"

စနစ်ထံမှ သတိပေးချက် ထွက်ပေါ်လာသည်။ (ကံကြမ္မာ)ဟု စာပါသော အနီရောင်သေတ္တာသည် ဆွန်းမိုအရှေ့၌ ပေါ်လာသည်။

"ဘာလဲဟ"

ဆွန်းမိုသည် တစ်ချက် လှည့်ကြည့်လိုက်လျှင် ကျောင်းသားများက သူတို့ဘာသာသူတို့ လေ့လာနေကြသည်။

"ညတိုင်း သန်းခေါင်ယံ အချိန်ကျော်ရင် မဲနှိုက်ခွင့်ရှိတယ်"

စနစ်က ဆက်ပြောလိုက်သည်။

"တကယ်လို့ အခက်အခဲရှိနေတယ်ဆိုရင် မဲတွေကိုစုပြီး ကြိုက်တဲ့ရက်မှာ ရွေးဖွင့်နိုင်တယ်"

(အမွေးတိုင်ပူဇော်တာ၊ ရေချိုးတာ၊ ကောင်းကင်ကိုရှိခိုးတာတွေ လုပ်ရင် ဆုကောင်းကောင်းလေး ရနိုင်မလား)

(ငါလို ကံမကောင်းတတ်တဲ့လူကတော့ တက္ကဗေဒ နည်းတွေကို အားကိုးသင့်ရင် အားကိုးရမှာပဲ)

(ဥပမာ ပြောရလျှင် တစ်ကြိမ်လောက် မဲပေါက်ဖို့အတွက်ကို ဆယ်ကြိမ်လောက် မဲနှိုက်ရတတ်တယ်)

စနစ်က မပြေပေ။ စနစ်က ထိုကဲ့သို့ ပေါက်ကရမေးခွန်းများကို အဖက်မလုပ်ကြောင်း ထင်ရှားနေသည်။

“မင်း ဘာစောင့်နေတာလဲ ဖွင့်”

အရှေ့က ရတနာသေတ္တာကို ကြည့်ရင်း စိတ်လှုပ်ရှားနေသည်။

သေတ္တာကို ဖွင့်လိုက်လျှင် မြေအစိုင်အခဲ သေးသေးလေးတစ်ခု ပေါ်လာသည်။

“ ဘာလဲ”

ဆွန်းမို ပျော်သွားသည်။ အရမ်းကံကောင်းနေသည်။

“မြေကြီး သေးသေးလေးဆိုပေမယ့် နောက်တစ်ကြိမ် ကြိုးစားဖို့အတွက် နှစ်သိမ့်ဆု မဟုတ်လား”

"မင်းမှာ အဖိုးတန်တာတစ်ခုမှ မရှိတော့ဘူးလား။ အစားအသောက် ကူပွန်အစား မြေကြီးခဲနဲ့ နှစ်သိမ့်လို့ရမယ်လို့ ထင်နေတာလား"

ဆွန်းမိုက စနစ်ကို စိတ်မှ အမေတွေ၊ နှမတွေနှင့် ကိုင်တုတ်၍ ဆဲနေသည်။ အကယ်၍ ၂၀ ရာခိုင်နှုန်း ဈေးလျှော့ပေးသော အစားအသောက် ကူပွန် သို့မဟုတ် မနက်စာအတွက် ကြက်ဥတစ်လုံး ဆိုလျှင်ပင် လက်ခံနိုင်သေးသည်။

စနစ်သည် ဘာမှမတုံ့ပြန်ပေ။ ပိုင်ရှင်နှင့် ဖက်ပြိုင်၍ ပေါက်ကရများ လိုက်ပြောနေမည် မဟုတ်ပေ။

ဆွန်းမိုသည် အစားအသောက်အကြောင်း စဉ်းစားရင်း အနည်းငယ် ဗိုက်ဆာလာသည်။ ထို့ကြောင့် အိပ်ခန်းသို့ ပြန်လာလိုက်သည်။

ကျောင်းသားများ နေထိုင်သည့်နေရာနှင့် သိပ်မဝေးသောနေရာ၌ အလုပ်သင်ဆရာများကို တည်းခိုရန် စီစဉ်ပေးထားသည်။ ၃ လ အခမဲ့ တည်းခိုခွင့် ပေးထားသည်။ ယခုလက်ရှိ အချိန်

မတိုင်ခင်က အလုပ်သင်ဆရာများကို တစ်နှစ်ပေးတည်းပြီး ကန်တင်း၌ ၃ နှပ် အခမဲ့စားသောက်ခွင့် ပေးခဲ့သည်။ ယခုချိန်၌ ဗဟိုပြည်နယ်အကယ်ဒမီ၏ ဘဏ္ဍာရေး အခြေအနေသည် အလွန်ကျပ်တည်း နေသည်။ ထို့ကြောင့် ထိုခံစားခွင့်များအားလုံးကို လျှော့ချလိုက်သည်။

နှစ်သစ်အချိန်၌ပင် အခြေအနေများက ပိုမို နိမ့်ကျ လာခဲ့သည်။ ထို့ကြောင့် ဆရာများက နောက်ကွယ်၌ ဝေဖန်အပြစ်တင် နေခဲ့ကြသည်။

အိပ်ဆောင်သည် ၅ ထပ်ပါသော အဆောက်အဦးတစ်ခုဖြစ်ပြီး ရေကန် အနီး၌ တည်ဆောက်ထားသည်။ သူပြန်ရောက်သောအခါ သူ့အခန်းဖော် ၃ယောက်ကလည်း မအိပ်ကြသေးပေ။

ကုတင်ပေါ်၌ တရားထိုင်နေသော ကျန်းရှန်သည် တံခါးဖွင့်ပြီး ဝင်လာသည့်အသံကို ကြားလိုက်လျှင် မျက်လုံး ဖွင့်ကြည့်လိုက်သည်။ ဆွန်းမိုကို မြင်လိုက်လျှင် အထင်သေးဟန်ဖြင့်ပြုံးကာ မျက်လုံး ပြန်မှိတ်သွားသည်။

"ဝိုး ၊မင်းပြန်လာတာလား"

ဝရန်တာ၌ ထိုင်နေသော ကျောင်းဆရာတစ်ယောက် ထက်စာရင် နပန်းသမားနှင့် ပိုတူသော ဗလများဖြင့် လိုဒီက ပြုံးရင်း ဘေးမှလက်ဖက်ရည်ခွက်ကို မြောက်ပြပြီး

"သောက်အုံးမလား"

"မလိုပါဘူး ၊ ကျေးဇူးပဲ"

ဆွန်းမိုသည် ကုတင်ပေါ်၌ ထိုင်လိုက်ကာ အခန်းဖော် ၃ယောက်နှင့် ပက်သက်သော မှတ်ဉာဏ်တွေကို ပြန်စဉ်းစားလိုက်သည်။

သူတို့အားလုံးသည် ဆွန်လျောင် အကယ်ဒမီမှ ဘွဲ့ရခဲ့ကြသည်။ ကျန်းရှန်သည် မာနကြီးကာ သန်မာသည့်သူတစ်ယောက် ဖြစ်သည်။ လိုဒီက မည်သူနှင့် စကားပြောပြော အမြဲတမ်းပြုံး၍ နိမ့်ချစွာနေတတ်သော လူတစ်ယောက်ဖြစ်သည်။ နောက်တစ်ယောက်က ဖားမျက်လုံးနှင့် ယွမ်ဖန် ဖြစ်သည်။

“မင်းရည်စားက သတင်းကောင်းလေးတွေ မပြောလိုက်ဘူးလား၊ ငါတို့ကို လာမျှဝေပါအုံး”

ယွမ်ဖန်က ညောင်နာနာအသံနှင့် ပြောလိုက်သည်။

ဆွန်းမို မျက်ခုံး ပင့်တင်လိုက်သည်။ သူတို့တွေသည် ဗဟိုပြည်နယ်အကယ်ဒမီသို့ ပထမဆုံးရောက်သည့်အချိန်၌ ကျောင်းအုပ်ကြီး အန်ရှီဝေသည် သူနှင့် စေ့စပ်ထားမှန်း သိသွားကြသည်။ ထိုအချိန်ကစ၍ ယွမ်ဖန်က သူ့အပေါ် အလွန်ဖော်ရွေလာသည်။ အစားများ အတင်းလိုက်ကျွေးသည်။ သို့သော် တခြားသူများက သင်ကြားရေး လက်ထောက်ဖြစ်လာပြီး သူက ထောက်ပံ့ရေးဌာန ရောက်သွားသောအခါ ယွမ်ဖန်၏ သဘောထားသည် နေ့နှင့်ညကဲ့သို့ ချက်ခြင်း ပြောင်းလဲသွားသည်။

ယွမ်ဖန် ပြောလိုက်သော ဝါကျသည် လှောင်ပြောင်ချင်စိတ်ဖြင့် သူနဲ့သူ့ရည်စား အခြေအနေကို မေးမြန်းခြင်းသာ ဖြစ်သည်။

"ဟုတ်ပြီ ၊ငါတို့ နောက်ဆုံး ညစာစားတုန်းက ကုန်ကျခဲ့တဲ့ ပိုက်ဆံကို မင်းပြန်မပေးရသေးဘူး၊ ဘယ်တော့ ပြန်ပေးမှာလဲ"

ယွမ်ဖန်သည် ဆွန်းမိုအတွက် ကုန်ကျခံပေးရန် စိတ်ကူးမရှိပေ။

"ချင်လင်မြို့က စည်ကား သာယာ ဝပြောလှတယ်။ ဒီနေရာမှာ ရေရှည်ရပ်တည်နိုင်ဖို့က မလွယ်ဘူး။

ကျောင်းက အလုပ်ခန့်ရင်တောင် ငါက အိမ်ငှားဖို့ လိုသေးတယ်၊ နောက်ထပ် ပိုက်ဆံအများကြီး ထပ်လိုအုံးမှာ”

(ဖောက်)

ယွမ်ဖန်၏ အိပ်ရာပေါ်ကို ငွေတုံးတစ်တုံး ပစ်ပေးလိုက်သည်။

ယွမ်ဖန် မျက်လုံးများ အရောင်တောက်လာပြီး မြန်မြန်ဖမ်းယူလိုက်သည်။ ထို့နောက် စစ်၊မစစ် ကိုက်၍ စစ်ဆေးလိုက်သည်။

ဆွန်းမိုသည် သူ၏ပိုင်ဆိုင်မှုကို စစ်ဆေးလိုက်သည်။ အဝတ် ၃စုံ၊ အဝတ်ဖိနပ် ၂စုံ၊ ငွေအပိုင်းအစတချို့ ပါသော ပိုက်ဆံအိတ် ဒါပဲရှိသည်။

ဖိနပ်က သူ့အမေကိုယ်တိုင် ချုပ်ပေးလိုက်သည်။ ချုပ်ရာကအစ အသေးစိတ် ကျလှသည်။

“မင်းရဲ့ သစ်သားဓါးက မဆိုးဘူးပဲ။ ဘယ်ကဝယ်ခဲ့တာလဲ”

လိုဒီသည် နှာခေါင်း တရှုံ့ရှုံ့လုပ်ရင်း အနက်ရောင်စန္ဒကူးဖြင့် ပြုလုပ်ထားသောဓါးကို

တစ်ချက်လိုက်သည်။ အမွေးနံ့ရသည်ဟု မရေမရာ ခံစားနေမိသည်။

"ကောက်ရတာ"

ဆွန်းမိုက လိုရင်းတိုရှင်း ဖြေလိုက်သည်။

လျှောင်ပြည်နယ် ပန်းပဲပညာရှင်က ၃နှစ်ကြာအောင် လုပ်ထားခဲ့ခြင်း ဖြစ်သည်။ စတိုခန်း၌ ၁၀နှစ်ကျော်ပစ်ထားခံခဲ့ရပြီး ဖုန်တက်နေကာ အနံ့အနည်းငယ်သာ ကျန်နေခြင်း ဖြစ်သည်။

"မင်းကို ငွေစ ၁၀၀ ပေးမယ်၊ ငါ့ကိုရောင်း"

ကျန်းရှန်က ပြောလိုက်သည်။

ကျန်းရှန်၏ အဖေသည် မြေပိုင်ရှင်တစ်ဦးဖြစ်ပြီး မိသားစုပိုင်စိုက်ပျိုးမြေနှင့် လယ်ကွင်းများစွာ ရှိသည်။ သူ့အတွက် ငွေမရှားပေ။

“ မင်းက ငါ့ကို ရွှေစ ၁၀၀ ပေးရင်တောင် ငါမရောင်းဘူး”

ဆွန်းမို နည်းနည်းတင်းသွားသည်။ ကျန်းရှန်က သူ့အား အထက်စီးဆန်ဆန် မောက်မာစွာ ပြောလိုက်ခြင်း ဖြစ်သည်။

“ငတုံး၊ ချမ်းသာအောင်လုပ်ဖို့ အခွင့်အရေးကို ငြင်းတယ်”

ကျန်းရှန် မျက်လုံးပိတ်လိုက်သည်။ သစ်သားခါးက မဆိုးသော်လည်း လေ့လာချင်စိတ်သာ ရှိသည်။ ဆွန်းမိုက စိတ်ပြောင်း၍ ငွေစ ၁၀၀ နှင့် ရောင်းလျှင်ပင် သူဝယ်မည် မဟုတ်ပေ။

"ဟီး ဟီး"

ဆွန်းမို၏ နှုတ်ခမ်း ကွေးသွားသည်။ (သဏ္ဍာန်မဲ့မြင့်မြတ် စကြဝ်ဠာ ကျင့်စဉ်ကို ခါးမှာထွင်းထားတယ်လို့ ပြောလိုက်ရင် မင်းစွေ့စွေ့ခုန်သွားမယ်။)

ဆန်းကြယ်သူတော်စင်အဆင့်ကျင့်ကြံခြင်းကျင့်စဉ်ကို ရွှေစ တစ်သန်း၊ ဝိညာဉ်ကျောက်တုံး တစ်သန်းဆိုလျှင်ပင် ဆွန်းမို မရောင်းနိုင်ပေ။

“ထောက်ပံ့ရေးဌာနမှာ လုပ်ရတာ ဘယ်လိုလဲ၊ ပင်ပန်းလား။ သင်ကြားရေးလက်ထောက် လုပ်ရတာ ပိုပင်ပန်းတယ်၊ ပြန်ရောက်တာနဲ့ ခဏတောင် အိပ်ပျော်သွားသေးတယ်”

ယွမ်ဖန်က ပြောသည်။

"ငါတို့အရင် အတူတူစားတုန်းက စုစုပေါင်း ဒင်္ဂါး ၃၀ လောက်ကုန်ခဲ့တယ်၊ ဒါကို မင်းအတွက်ငါ စိုက်ပေးခဲ့တယ်။ ပိုတဲ့ပိုက်ဆံ ပြန်ပေးအုံး"

ဆွန်းမိုက ယွမ်ဖန်ကို ဆက်ပြောသည်။

ဆွန်းမိုသည် ထိုသို့ကပ်တာကို မကြိုက်ပေ။ ငွေတစ်စ ၁၀၀ ဒင်္ဂါး တန်ပါသည်။

" အခု ငါ့မှာ အကြွေမရှိသေးဘူး။ နောက်ရက်မှ ပေးမယ်။"

ယွမ်ဖန်သည် ဆွန်းမိုကို စိတ်ထဲမှ ကျိတ်လှောင်၍ ဆင်ခြေပေးလိုက်သည်။ ဆွန်းမိုသည်

အန်ရှီဝေနှင့် စေ့စပ်ထားသောကြောင့် ငန်းကို ကိုက်လိုက်သော ဖားတစ်ကောင်ကဲ့သို့ လူတိုင်းက မျက်မုန်းကျိုး နေကြသည်။ သူ့ကိုကဲ့ရဲ့ရန် အခွင့်အရေး ရှာနေကြသည်။ သင်ကြားရေးလက်ထောက် ဖြစ်လာရန် မဆိုထားနှင့် ထောက်ပံ့ရေးဌာနက အလုပ်ကိုပင် ကြာကြာလုပ်ရလျှင် ကံကောင်း။ သူသာ ရက်နည်းနည်းလောက် စောင့်လိုက်လျှင် ဆွန်းမို အလုပ်ထုတ်ခံပြီး သူလည်း အကြွေ ၇၀ ကို ပြန်ပေးစရာမလိုတော့ပေ။

(ဖုန်း)

ဆွန်းမိုသည် ခြေနှစ်လှမ်းတိုးလိုက်လျှင် ယွမ်ဖန်၏ အိပ်ရာအရှေ့သို့ ရောက်လာပြီး ယွမ်ဖန်ကို အကျီမှကိုင်၍ ဆွဲမလိုက်သည်။

“ ငါ့ကို အခုပြန်ပေး”

ဆွန်းမိုသည် ယွမ်ဖန်ကို စိုက်ကြည့်ကာ အေးစက်သောလေသံဖြင့် ပြောလိုက်သည်။

“အန်”

ယွမ်ဖန်နှင့် လိုဒီသာမက ဘေးမှ ကျန်းရှန်ပင် အံ့ဩသင့်နေသည်။ နူးညံ့တတ်သော ဆွန်းမိုသည် ဘာကြောင့် ရုတ်တရက်ပြောင်းလဲ သွားသနည်း။

"ငါ့ကို လွှတ်စမ်း"

ယွမ်ဖန်သည် အံ့ဩနေရာမှ ဒေါသထွက်လာသည်။ သူ၏စုံစမ်းထားချက်အရ ဆွန်းမိုသည် မကြာသေးခင်ကမှ သွေးလောင်ကျွမ်းခြင်းအဆင့်ကို ရောက်ရှိလာခြင်း ဖြစ်သည်။ သူ့ထက် အားမနည်းပေ။

"ရန်မဖြစ်ကြနဲ့"

လိုဒီလည်း အံ့ဩသွားကာ သူတို့နှစ်ယောက်ကြားကို ပြေးလာသည်။

"ဖယ်စမ်း"

ယွမ်ဖန်က လက်မခံပေ။

"မင်းတို့က အခုမှ အစမ်းခန့်ပဲရှိသေးတယ်။ ရန်ဖြစ်ရင် မင်းတို့နှစ်ယောက်စလုံး အလုပ်ထုတ်ခံရမှာနော်"

လိုဒီသည် ပက်သက်ဆက်နွှယ်မှုကို မကြောက်ခဲ့လျှင် အားပေးလိုက်မည်သာ။

သူတို့နှစ်ယောက် အလုပ်ထုတ်ခံရခြင်းသည် ပြိုင်ဘက်နှစ်ယောက် နည်းသွားခြင်းပင်...

မဟုတ်သေးဘူး၊ ဆွန်းမိုက အမှိုက်ပဲ။ သူကဒီမှာ ကြာကြာရှိမှာ မဟုတ်တော့ဘူး......

"မင်းတို့ ရန်ဖြစ်ချင်ရင် အပြင်ထွက်ဖြစ်ကြ"

ကျန်းရှန်၏ အမူအရာ လေးလံလာသည် အကျိုးဆက်များကို သူလည်းစိုးရိမ်သည်။

ဆွန်းမိုသည် လက်ကိုဆန့်လိုက်ပြီး ငွေစကို ပြန်လုယူလိုက်သည်။

"အိုး၊ မင်းကြိုက်တဲ့ အချိန် ငါ့ကို လာရှာလို့ရတယ်"

"မင်းက ကျောင်းအုပ်ကြီး အန်ရှီဝေ နဲ့တကယ် လက်ထက်နိုင်မယ်ထင်နေတာလား"

ယွမ်ဖန်က "မင်းအားကိုးချင်တဲ့ မိန်းမကို မင်းလက်ထက်လို့ရမှာ မဟုတ်ဘူး"

"အို၊ ဒါလား ငါက မိန်းမတစ်ယောက်ကို အားကိုးဖို့ အရည်အချင်းမရှိရင်တောင် မင်းထက်တော့ သာသေးတယ်"

ဆွန်းမိုက မဲ့ပြုံးပြုံး၍ ပြောလိုက်သည်။ မနက်ခင်းနေရောင်က သူ့အပေါ် ကျနေသည်။

"ဒီကောင်၊ လျှာစောင်း တော်တော်ထက်တယ်"

လိုဒီ ငေးသွားသည်။

(ဒီစကားက ဘယ်လောက်ဒေါသထွက်ဖို့ကောင်းလိုက်လဲ။ ရုပ်ချောလို့ မာန်တက်နေတာလား)

“မင်း............မင်း”

ယွမ်ဖန်သည် ဒေါသကြောင့် နှလုံးပြင်းထန်စွာခုန်လာသည်။ သူ့မျက်နှာသည် ဖားတစ်ကောင်ကဲ့သို့ ဖြစ်နေသည်။ ဆွန်းမို၏ မျက်နှာကို ကြည့်ကာ သူ့လက်သီး ခပ်တင်းတင်း ဆုပ်ထားသည်။

အခန်း(၅) - ဒီလိုကျင့်ကြံတာ မှားတယ်။

နောက်ဆုံး၌ ရန်ပွဲက မချဖြစ်လိုက်ပဲ ပြီးသွားသည်။

ဆွန်းမိုက ငွေကိုယူကာ အစားအသောက်စားရန် ထွက်သွားသည်။ စကားများခဲ့ရသော်လည်း ဆွန်းမိုက အေးအေးဆေးဆေးပင်။ ယွမ်ဖန်က ဦးနှောက်ရှိပြီး သူ့စိတ်သူ ထိန်းနိုင်မည်ဟု သူယုံသည်၊

မထိန်းနိုင်လည်း အခြားအခန်းဖော် နှစ်ယောက်က သူ့ကိုတားလိမ့်မည်။

အစမ်းခန့်ကာလ၌ ကျောင်းစည်းကမ်းများကို ချိုးဖောက်၍ မရပေ။ ထိုသို့မဟုတ်ခဲ့ပါက အလုပ်ထုတ်ခံရနိုင်သော အချက်ကို မေ့ထားလိုက်လျှင်ပင် သူ့ကိုပစ်မှတ်ထားနေသော လူများ ရှိနေသေးသည်။ သူတို့သည် အလုပ်ထုတ်ရန် အမှားစောင့်နေကြသည်။

ယွမ်ဖန်သာ တိုက်ခိုက်ခဲ့လျှင် သူနှင့်အတူတူ ကံဆိုးသွားလိမ့်မည်။

ပုံမှန်ဆိုလျှင် ဆွန်းမိုသည် ရန်ဖြစ်ရမည်ကို မကြောက်ပေ။

"ငါ ဝိညာဉ်ချီအကြောင်းကို မြန်မြန်လေ့လာရမယ် နောက်ပြီးတော့ သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာကျင့်စဉ် ကိုလည်း အောင်မြင်အောင် လေ့ကျင့်ရမယ်"

"နောက်တစ်ခါ စကားထပ်များရင် စကားများချင်အုံး ဆိုပြီး ခေါင်းတွေ ရိုက်ခွဲပစ်မယ်"

ယနေ့စကားများချိန်၌ ဆွန်းမိုသည် အလွန်စိတ်လှုပ်ရှား၍ တိုက်ခိုက်ချင်ခဲ့သည်။ စိတ်ကို တည်ငြိမ်အောင်ထား၍ ဖြစ်လာမည့်

အကျိုးဆက်များကို မည်ကဲ့သို့ ကိုင်တွယ်ရမလဲဟု စဉ်းစားနေခဲ့သည်။

ယွမ်ဖန် မျက်လုံးပြူးနေသည်။ အလွန်မကျေမနပ် ဖြစ်နေ၍ နံရံကိုလက်သီးနှင့် ထိုးလိုက်သည်။

"သူအလုပ်ပြုတ်တဲ့နေ့ ရောက်ရင် ပစ်ဖောက်ပြီး အောင်ပွဲခံဖို့ မီးရှူးမီးပန်း ၁၀၀ကျော်ဖိုး ဝယ်ထားမယ်"

ယွမ်ဖန်က အံကြိတ်ကာ ပြောလိုက်သည်။

"ဒီကောင်က အလုပ်ပြုတ်ဖို့ သေချာနေပြီ၊ မင်းကဘာလို့ သူနဲ့အဆင့်တူအောင် နှိမ့်ချနေရတာလဲ"

လိုဒီက နှစ်သိမ့်လိုက်သည်။ သူ၏အမြင်အရ ဆွန်းမိုအတွက် မျှော်လင့်ချက် မရှိတော့ချေ။ ယွမ်ဖန်က သူ၏အနာဂတ် လုပ်ဖော်ကိုင်ဘက် ဖြစ်လာ နိုင်ချေများသည်။ ထို့ကြောင့် ယွမ်ဖန်ဘက်က ရပ်တည်၍ ပြောလိုက်သည်။

ကြယ်အလင်းရောင် အောက်၌ ကျောင်းဝန်းသည် တစ်မျိုးထူးသော ရသကို ပေးစွမ်းနေသည်။ ဆွန်းမိုသည် ညအမှောင်၌ လမ်းလျှောက်နေပြီး ညလေညှင်းအောက်တွင် သူနှင့် သူ့ရည်းစားအကြောင်းကို စဉ်းစားနေသည်။

အန်ရှီဝေက သူ့ထက် ၃နှစ်ကြီးသော်လည်း သူတို့နှစ်ဦးသည် ငယ်စဉ်ကတည်းက ချစ်ခဲ့ကြသော ငယ်ကျွမ်းဆွေများ ဖြစ်ကြသည်။ အန်ရှီဝေသည် အရွယ်ရောက်လာသည်နှင့် အံ့ဩဖွယ်အရည်အချင်းကို ထုတ်ဖော်ပြသလာခဲ့သည်။ သူမက ကျောင်းသားသစ်ဖြစ်နေသည့် အချိန်မှာပင် စတင်ပြီး ကျော်ကြားလာခဲ့သည်။

ဆန့်ကျင်ဘက်အနေဖြင့် ဆွန်းမို၏ အခြေအနေကတော့ ဆိုးဝါးနေခဲ့သည်။ သာမန်သူများထက် အနည်းငယ်သာ သန်မာသည်။

ဆွန်လျှောင်အကယ်ဒမီကို ဝင်နိုင်ရန် တော်တော်ကြိုးစားခဲ့ရသည်။

ဆွန်းမိုသည် အန်ရှီဝေနှင့် မထိုက်တန်မှန်းသိသည်။ အရင်ကျောင်းအုပ်ကြီး စနောက်သည့်စကားများကိုလည်း စိတ်ထဲမထားခဲ့ပေ။ သို့သော် ဘွဲ့မယူခင် ရက်ပိုင်းလောက်၌ အန်ရှီဝေက သူ့ဆီကို ချိန်းသည့်စာနှင့် လက်ထက်စာချုပ်ကို ပို့ပေးခဲ့သည်။ သူ့ကို ဗဟိုပြည်နယ်အကယ်ဒမီတွင် အလုပ်ခန့်ချင်သည်ထက် မြန်မြန်ဆန်ဆန် လက်ထက်ချင် နေပုံရသည်။

အန်ရှီဝေသည် အလွန်လှပကာ ဆွန်းမို၏အချစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့် ဆွန်းမိုသည် ဘွဲ့ရပြီးသည်နှင့် အထုတ်အပိုးပြင်၍ ခပ်မြန်မြန်လိုက်လာခဲ့သည်။ အဆုံး၌ လူတိုင်း၏ ပစ်မှတ်ခြင်းခံရပြီး ထောက်ပံ့ရေးဌာနကို ရောက်သွားခဲ့သည်။

"အရင်တုန်းက ငါက တော်တော်ညံ့တာပဲ၊ နောက်ကွယ်မှာ သွေးထိုးကြံစည်နေတဲ့သူရှိနေတာ သေချာတယ်"

ဆွန်းမိုသည် ပြောစရာစကားမရှိ ဖြစ်သွားသည်။ အရင် ဆွန်းမိုသည် ဘာကြောင့် မြို့ပြင် ရောက်လာခဲ့သလဲ ဆိုသည်ကို နားလည်သွားသည်။ ဒီခံစားချက်သည် ကျောက်ပုဇွန်စားရန် စောင့်ဆိုင်းနေသောသူသည် ကျောက်ပုဇွန် ကုန်သွား၍ ပုဇွန်ကွေးလေးသာ ရလိုက်သည်နှင့် တူနေသည်။

“ ငါ ဘာလုပ်သင့်လဲ”

အရင်ဆွန်းမိုက ပြန်မရောက်နိုင်မှန်း သေချာနေသည်။ သူ့၌

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြိုင်ဘက်ကင်းဆရာကြီးစနစ်က ပေးထားသည့် တာဝန်နှစ်ခု ရှိသေးသည်။ သူသည် ဆရာတစ်ယောက်အဖြစ်သာ ဆက်လက် အသက်ရှင်ရတော့မည့် ပုံပေါက်နေပြီ။

ကံကောင်းထောက်မစွာ သူ့၌ ဖြနှစ်ခန့် ကျောင်းဆရာလုပ်ခဲ့ဖူးသော အတွေ့အကြုံ ရှိနေသည်။ ထို့အပြင် နတ်ဘုရားမျက်လုံးကိုလည်း ပိုင်ဆိုင်ထားသည်။ ထိုအရာများနှင့်ဆိုလျှင် ဗဟိုပြည်နယ်အကယ်ဒမီ၌ ရပ်တည်ရန် အခက်အခဲမရှိနိုင်ပေ။

သို့သော် ဒီနေရာ၌ ဆွန်းမိုမေ့နေသော အချက်သည် သင်နေသောဘာသာရပ်များသည် နိုင်ငံခြားဘာသာစကား၊ ရူပဗေဒ နှင့် ဓါတုဗေဒ မဟုတ်ကြောင်း သူမေ့နေခဲ့သည်။ ဒီနေရာ၌ သိုင်းကျင့်စဉ်၊ ဝိညာဉ်ဂါထာ၊ ဆေးပညာနှင့် နက္ခတ်ပညာစသည်တို့ ဖြစ်ကြသည်။

“လစာက ဘယ်လိုရမှာလဲ၊ ၅ နှစ်လုပ်ရင်လဲ ဒီလစာပဲလား”

ကြောက်စရာကောင်းသော ဌားရမ်းခ ဈေးနှုန်ႏးများကို စဉ်းစားမိသောအခါ ဆွန်းမို

လန့်သွားသည်။ ချင်လင်မြို့၏ ဌားရမ်းခ ဈေးနှုန်းသည် ဆွန်းမို သတ်သေလောက်သည် အထိတော့ မဖြစ်သေးပါ။

ဗဟိုပြည်နယ်အကယ်ဒမီ၏ ကြေကွဲခြင်းမရှိ ရေကန်သည် ချင်လင်မြို့၌ ကျော်ကြားသော ရှုခင်းတစ်နေရာ ဖြစ်သည်။ ငွေရောင် လရောင်အောက်၌ ရေကန်သည် အလွန်လှပနေသည်။

ဆွန်းမို လမ်းလျှောက်လာစဉ် ရုတ်တရုတ်ဆိုသလို သစ်တောထဲမှ ဆူညံနေသောအသံကို

ကြားလိုက်သည်။ တံ့ဆိုင်းသွားပြီး ဝင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

တောထဲက သစ်ပင်ပါးသည့်နေရာ၌ အပေါ်ပိုင်း အဝတ်မရှိသော လူငယ်တစ်ဦးသည် လက်သီးသိုင်းကို လေ့ကျင့်နေသည်။ သူ၏ ချည်သားဘောင်းဘီသည် ချွေးများနှင့်စိုစွတ်နေပြီး ချည်သားဖိနပ်ကို ဝတ်ထားသည်။

သူ့ကျော၌ ချွေးများစီးကျနေပြီး ပထမစစ်တပ် လက်သီးနည်းစနစ်ကို သုံးလိုက်သောအခါ ချွေးများက လေထဲသို့ လွင့်ပျံ့သွားသည်။

ဆွန်းမိုလည်း သဘောကျကာ လေချွန်ချင်စိတ် ပေါက်လာသည်။ ဒီလူငယ်သည် ကြည့်ကောင်းပြီး အရပ်မရှည်သော်လည်း ကြံ့ခိုင်သောခန္ဓာကိုယ်၌ အဆီပိုများမရှိဘဲ ထင်းရှားသော ကြွက်သားများကို မြင်နေရသည်။ ထိုမြင်ကွင်းကြောင့် ဆွန်းမိုသည် Bruce Lee ကိုပင် သတိရသွားသည်။

ဘုန်း ဘုန်း ဘုန်း

သူ၏ တိုက်ခိုက်သံများက လေပြင်းကို ဖြတ်ကျော်၍ ထွက်ပေါ်နေသည်။ လူငယ်သည် အလွန်အာရုံစိုက်ကာ တိုက်ခိုက်မှုတိုင်းကို

ပြီးပြည့်စုံအောင် ကြိုးစားနေသည်။ သူသည် ရုတ်တရက်ရောက်လာသော လူစိမ်းဖြစ်သော ဆွန်းမိုကို တစ်ချက်မျှ လှည့်မကြည့်ပေ။

ဆွန်းမိုသည် လက်နှစ်ဖက်ကိုပိုက်၍ ဘေးရှိသစ်ပင်ကို မှီလိုက်သည်။ ထို့နောက် နတ်ဘုရာမျက်လုံးကို ဖွင့်လိုက်သည်။ လူငယ်၏ ခေါင်းပေါ်၌ စာ၃လုံး ထွက်ပေါ်လာသည်။

“ချီရွှန်ကျား နာမည်မဆိုးဘူးပဲ”

ဆွန်းမိုက တိတ်တဆိတ် မှတ်ချက်ချလိုက်သည်။

သူ့ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်း၏ အချက်အလက်များ ထွက်ပေါ်လာသည်။

ကြံ့ခိုင်မှု - (၈)၊ ရှယ်တူထဲတွင် ထူးချွန်သူဟု သတ်မှတ်နိုင်။ နွားတစ်ကောင်ကို လက်သီးဖြင့် ထိုးသတ်နိုင်သည်။

ဉာဏ်ရည် - (၄) ၊ စဉ်းစားတုံ့ပြန်မှုနှေး(စကားပြောနှေး)၊ ဘယ်လိုလေ့ကျင့်ရမလည်း ဆိုတာကိုသာ သိသည်။

သွက်လက်မှု - (၆) သာမန်စံနှုန်း

စိတ်ဆန္ဒ - (၃) အထွတ်အထိပ်အခြေအနေတွင် (၇) မှတ် ရောက်ရှိနိုင်၊ လူငယ်တစ်ယောက် ဒီလိုဖြစ်တာ ပုံမှန်မဟုတ်

"စိတ်ဆန္ဒ"

လီဇီချီနှင့် နှိုင်းယှဉ်ပါက ချီရွန်ကျား၏ အချက်အလက်စာရင်း၌ (စိတ်ဆန္ဒ) ထပ်ပိုနေခဲ့သည်။ အနီရောင်နှင့် စာလုံးများလည်း ရှိသေးသည်။

"မကြာခင်က ဆုတ်ယုတ်လာတယ်။ သူ့ဆန္ဒက တဖြည်းဖြည်း အားနည်းလာနေတယ်။

“ပြိုင်ဘက်ကင်း ဆရာကြီးစနစ်ကတော့ တကယ့်ကို ပုဂ္ဂိုလ်ရေးအကြံပေး ဆန်တာပဲ။ မှတ်ချက်ထဲမှာတောင် အနီရောင်ရဲ့ အရေးပါပုံကို သုံးထားလိုက်သေး”

ဆွန်းမိုက နှုတ်ခမ်းတွန့်လိုက်ပြီး စိတ်ထဲမှ စနစ်ကို မေးလိုက်သည်။

“ သာမန်ယောက်ျားလေးရဲ့ ဉာဏ်ရည်က ဘယ်လောက်လည်း”

“၅”

စနစ်က တိုတိုတုတ်တုတ်သာ ပြန်ဖြေသည်။

(အပိုစကားပြောမိရင် သေမလောက် ပင်ပန်းနေလို့လား မသိပေ)

"ဒီ ချီရွန်ကျားကို စကားနည်းနည်း မပြောနိုင်ဘူးလား"

ဆွန်းမိုလည်း ဘာဆက်ပြောရမှန်း မသိပေ။ စနစ်၏အဖြေက ရှင်းလွန်းသည်။ သို့သော်လည်း ဆွန်းမိုက သူ၏ဉာဏ်ပညာနှင့်ချိန်ပြီး သာမန်လူတစ်ယောက်၏ စံနှုန်းသည် (၅) မှတ်သာ ဖြစ်ကြောင်း သိရှိသွားသည်။

စနစ်သည် သူနှင့်စကားစမြည်ပြောရန် တာဝန်မရှိပေ။

“ ခံနိုင်ရည် (၇)၊ ခွန်အား ပေါက်ကွဲမှု (၆) မဆိုးပါဘူး။”

ဆွန်းမိုသည် လီဇီချီနှင့် ပက်သက်၍ စဉ်းစားလိုက်သည်။ ထိုလှပသော ကောင်မလေးသည် ဉာဏ်ရည် ၁၀ ဖြစ်၍ သူမ၏အလားအလာက အလွန်မြင့်သည်။ သူမသည် မသန်စွမ်းသူတစ်ယောက် ဖြစ်သော်လည်း စနစ်ကသူမကို တပြည့်အဖြစ် မွေးရန် ထောက်ခံပေးထားသည်။

ဒီကောင်လေးနှင့် ပက်သက်၍ ဆွန်းမိုသည် သူ၏ညာဘက်ဘေး၌ ပျံ့ဝဲနေသော အလားလာတန်ဖိုး အချက်အလက်ကိုကြည့်ပြီး ခေါင်းယမ်းလိုက်မိသည်။

အလားအလာ - အရမ်းနိမ့်။

ဆွန်းမိုသည် သာမန်လူ၏ အလားလာတန်ဖိုးကို မသိလျှင်ပင် (သာမန်ထက်နိမ့်ကျသည်) စာကို မြင်သောအခါ ဤလူငယ်၌ အနာဂတ်မရှိကြောင်းကို သိလိုက်သည်။

အသက် ၁၅ နှစ်

ခန္ဓာကိုယ်ပြုပြင်ခြင်း - တတိယအဆင့်

ထိုအချက်ကို ဆွန်းမို မြင်လိုက်သောအခါ မျက်မှောင်ကြုတ်လိုက်သည်။ စာကြည့်တိုက်၌ တစ်ရက် လေ့လာပြီးနောက်၊ ကျင့်ကြံခြင်း၏ တာအိုကို နားလည်ခဲ့သည်။

ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့်သည် တာအိုကို ပျိုးထောင်ခြင်း အဆင့်ဖြစ်သည်။ လူတစ်ယောက်၏ ခန္ဓာကိုယ်ကို သန်မာလာစေရန် ကျင့်ကြံခြင်း၏ ခန္ဓာကိုယ်ကျင့်စဉ်၊ ကျင့်ကြံခြင်းအစားအစာ၊ ဆေးရည် စိမ်ခြင်းတို့ကို ပြုလုပ်ပေးရသည်။

ခန္ဓာကိုယ်သည် လူသား၏ အခြေခံဖြစ်သည်။ ကိုယ်ခန္ဓာသန်မာလျှင် သန်မာသလောက် သူတို့သည် ဖျားနာခြင်းကို ကြောက်ရန်မလိုဘဲ ဒဏ်ရာများနှင့်ပင် အသက်ရှင်နိုင်ကြသည်။ ထိုသို့ ရှင်သန်ခြင်းဖြင့် မြင့်မားသောအဆင့်များကို ရောက်အောင် ကျင့်ကြံနိုင်ကြသည်။

လွယ်ကူစွာပြောရလျှင် လူတစ်ယောက်၏ သေခြင်းသည် မီးကို ငြိမ်းသတ်လိုက်သည်နှင့် တူသည်။ ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့်သည် မီးခွက်ကို ပိုမိုတောက်ပပြီး ကြာရှည်ခံလာအောင်

ပြုပြင်ပေးလိုက်သည်နှင့် တူသည်။ လေပြင်းတိုက်ရုံနှင့် မငြိမ်းနိုင်တော့ခြင်းလည်း ဖြစ်သည်။

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်၌ အဆင့် (၇)ဆင့် ရှိသည်။ အထင်ရှားဆုံး လက္ခဏာများသည် ကျင့်ကြံခြင်း အဆင့်နှင့် ခွန်အား တိုးတက်လာခြင်းပင်။

ချီရွှန်ကျား၏ အဆင့်တက်နိုင်သော အလားအလာသည် အလွန်နိမ့်ကျနေသည်။

အများအားဖြင့် ကလေးတစ်ယောက်သည် ခန္ဓာကိုယ် အပြည့်အဝမကြီးထွားခင် ခန္ဓာကိုယ်သန့်စင်မှုကို မလေ့ကျင့်ကြပေ။ ထိုသို့ပြုလုပ်ပါက ဒဏ်ရာများ ကျန်ခဲ့စေနိုင်သည်။ ကလေးတို့၏ အချိန်အများစုကို စာဖတ်၍ ဖြုတ်သန်းကြရသည်။

အလယ်ကမ္ဘာရှိပြည်နယ်၉ခု၌ ၁၂နှစ်အရွယ် ကျင့်ကြံသူများကို အရွယ်ရောက်လာပြီဟု သတ်မှတ်ကြသည်။ ထိုအချိန်၌ သူတို့၏ခန္ဓာကိုယ်ကို စတင်ပျိုးထောင်ပြီး သန့်စင်နိုင်ပြီ။

"အသက်၁၅နှစ်ဆို ပုံမှန်အားဖြင့် အဆင့်(၄) သို့မဟုတ် အဆင့်(၅) ကို ရောက်နေတတ်ကြတယ်"

ဆွန်းမိုက မအံ့သြသွားပေ။ ဗဟိုပြည်နယ်အကယ်ဒမီ၏ ကျောင်းသားများသည် ကျောင်းဝတ်စုံများ ဝတ်ကြသည်။ ချီရှန်ကျားသည် ညလေ့ကျင့်နေချိန်၌ ဝတ်ဆင်ထားခြင်းမရှိပေ။ လေ့ကျင့်စဉ် အဝတ်အစား ပျက်စီးသွားပါက အသစ်တစ်စုံဝယ်ရန် ငွေလိုအပ်သည်။

ချည်အဝတ်များသည် ကြာရှည်စွာ အသုံးပြုထားသောကြောင့် အပေါက်များကို

ဖွာတေးထားပြီး မူလအရောင်လည်း ပျောက်နေခဲ့ပြီ။ ဆင်းရဲသောမိသားစုမှ လူများသည် ကျင့်ကြံခြင်း အစာများနှင့် ဆေးရည်စိမ်ရန် မတတ်နိုင်ကြ။ ဆင်းရဲသားများသည် သူတို့၏ အရည်အချင်းနှင့် ကြိုးစားမှုအပေါ်ကိုသာ မှီခိုအားကိုးရသည်။

ဆွန်းမိုလည်း ချီရှန်ကျားကို ကြည့်ရသည်မှာ အဆင်မပြေဖြစ်နေသဖြင့် စိတ်ထဲ မသက်မသာ ခံစားနေရသည်။ အနားယူသင့်နေပြီ။ ချီရှန်ကျားသည် အဝတ်အစားများထားသော နေရာကို

လျှောက်သွားပြီး ရေသောက်ရန် ရေပုလင်းကို ယူလိုက်သည်။

“ လေ့ကျင့်နေတာ နားလိုက်တော့”

ဆွန်းမိုက ပြောလိုက်သည်။

“အမ်”

ချီရှန်ကျားသည် ခေါင်းလှည့်ပြီး ဆွန်းမိုကို ထူဆန်းစွာ ကြည့်လိုက်သည်။

ဒီလူက သူ့ကိုပြောနေတာလား။

ဆွန်းမိုသည် ဆရာတစ်ယောက်အနေဖြင့် ကြိုးစားသော ကျောင်းသားများကို သဘောကျသည်။

“ဂလု”

ချီရွန်ကျားသည် ရေကို သောက်လိုက်သည်။ သူ၏လက်မောင်းနှင့်ပေါင်မှ ကြွက်သားများကို နှိပ်နယ်ရင်း ရှေ့ကနေရာလွတ်ကို လျှောက်သွားကာ မြေခွေးကောင်းကင်လက်သီးကို စတင်ပြီး လေ့ကျင့်နေသည်။

နောက်တစ်ပတ်ကြာလျှင် ပြုလုပ်မည့် တိုက်ပွဲခန်းမ စစ်ဆေးမှုသည် သူ့အတွက်

နောက်ဆုံးအခွင့်အရေး ဖြစ်သည်။ သူသာ မအောင်မြင်ခဲ့လျှင် အိမ်ပြန်၍ လယ်သမားတစ်ဦး လုပ်ရတော့မည်။ သူသည် အခုသာ မလေ့ကျင့်ပါက အနာဂတ်၌ လေ့ကျင့်ရန် အခွင့်အရေး မရှိတော့ပေ။

ချီရှန်ကျားသည် ဒီအကြောင်းကိုတွေးမိလိုက်လျှင် ပို၍ အားစိုက်ထုတ်လိုက်သည်။

"မင်းလေ့ကျင့်တာ မှားနေတယ်"

ဆွန်းမိုလည်း အလုပ်မရှုပ်ချင်ပေ။ သို့သော် အချက်အလက်များအရ ဒီလူငယ်သည်

အရမ်းပင်ပန်းနေပြီ။ ထို့အပြင် သူ့ကြွက်သားတော်တော်များများလည်း ဒဏ်ရာရနေပြီ။

“မင်းက......”

ချီရွှန်ကျားက လှုပ်ရှားမှုကို ရပ်လိုက်သည်။

“.......”

ဆွန်းမိုသည် ဘယ်လိုပြန်ပြောရမှန်း မသိဖြစ်သွားသည်။။ ကျောင်းသား၏ လေးစားအသိအမှတ်ပြုမှုကို မရယူဘဲ အစမ်းခန့်ဆရာလုပ်၍ မရပေ။

“အစမ်းခန့် ဆရာလား”

ချီရွန်ကျားက စူးစမ်းလိုက်သည်။ ဆွန်းမိုသည် အစမ်းခန့်ဆရာများသာ ဝတ်ရသော အပြာနုရောင် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည်။ ချီရွန်ကျား အနည်းငယ် စိတ်လှုပ်ရှားသွားသည်။ အစမ်းခန့် ဆရာတစ်ယောက်က သူ့ကို လမ်းညွှန်ပေးလျှင် ခွန်အားတိုးတက် လာနိုင်သည်။

"ငါက ဆွန်းမို"

"အာ၊ ကျောင်းအုပ်ကြီးနဲ့စေ့စပ်ထားတဲ့ လူလား"

ဒီနာမည်ကို ကြားလိုက်ရလျှင် ချီရွန်ကျား မသိစိတ်ကြောင့် အော်ဟစ်လိုက်မိသည်။ သူသည်

ဆွန်းမိုကို သေသေချာချာ လေ့လာလိုက်သည်။ တကယ်တန်းတော့ ဆွန်းမိုသည် တော်တော် ချောသည်။ သူ့မျက်နှာသည် ကျောက်စိမ်းနှင့် တူသည်။ သူအတွက် မိန်းမတစ်ယောက်ကို မှီခိုစားသောက်ရန် လွယ်လှ၏။

ဆွန်းမိုနှင့်သူကိုယ်သူ နှိုင်းယှဉ်လိုက်ရာ သူသည် လမ်းပေါ်က အမှိုက်သာသာ ဖြစ်သွားသည်။

"ငါပြောတာက မင်းလေ့ကျင့်တဲ့နည်းက မှားနေပြီ၊ မြန်မြန်အနားယူသင့်တယ်"

ဆွန်းမိုသည် အချိန်းဖြုန်းခြင်းကို မုန်းသည်။ သူသည် စကားတစ်ခုကို သုံးကြိမ်မှလေးကြိမ် ပြောနေရခြင်းကြောင့် လေသံလည်း မာလာသည်။

"အို"

ချီရှန်ကျားသည် ညည်းညူနေသော်လည်း သူ့စကားကိုတော့ နားမထောင်ပေ။ ဆွန်းမိုသည် ကိုယ့်ကိုယ်ကို လျှောင်ပြောင်လိုက်ပြီး ရယ်မောကာ လှည့်ထွက်လာလိုက်သည်။ တခြားသူက သူ၏ အကြံပြုချက်ကို မယုံကြည်ခဲ့ပေ။ သူသည် လမ်းညွှန်ရန် မစဉ်းစားခဲ့ပေ။ ချီရှန်ကျား၏

ကြိုးစားခြင်းက သူစိတ်ကိုလှုပ်ခတ်သွား၍ ပြောပေးလိုက်ခြင်းသာ ဖြစ်သည်။

ချီရှန်ကျားသည် ဝင်ခွင့်အတွက် စိတ်ပူနေကာ သူ့ကို သံသယဝင်နေခြင်းပင်။ ချီရှန်ကျားဘက်မှ ကြည့်လျှင် အစမ်းခန့် ဆရာတစ်ယောက် ဖြစ်သော်လည်း သင်ကြားရေးလက်ထောက်မလုပ်၊ ထောက်ပံ့ရေးဌာန၌ တောက်တိုမယ်ရ လုပ်နေရသော ဒီအစမ်းခန့်ဆရာ၌ ကောင်းမွန်သော သင်ကြားရေး အရည်အချင်း ရှိမည်ဟု မထင်ပေ။

တိုက်ပွဲခန်းမ ဝင်ခွင့်သည် သူ့ဘဝအတွက် အရေးကြီးသောကိစ္စ ဖြစ်သည်။ ချီရွှန်ကျားသည် တွေ့ကရာ ယုံကြည်ရခြင်းမရှိသည့် လမ်းညွှန်ချက်ကို မလိုက်နာနိုင်ပေ။

“ မင်းရဲ့ ညာလက်မောင်းနဲ့ ဘယ်ခြေကို သတိထားပါ၊ အဲဒီနေရာတွေကို အရမ်းကြီး အား မသုံးနဲ့”

တောအုပ်အပြင်ဘက်မှ သတိပေးသောအသံတစ်ခု ပျံ့လွင့်လာသည်။

ဆွန်းမို၏အသံသည် သံစဉ်ကိုက်ပြီး နားထောင်၍ ကောင်းနေသည်။

ချီရှန်ကျားလည်း ရယ်လိုက်မိသည်။ ပြင်းထန်သော လေ့ကျင့်မှုကြောင့် ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံး နာကျင်နေသည်။ သူသည် သည်းခံရုံကလွဲ၍ ဘာတတ်နိုင်မည်နည်း။

"ဘယ်လိုဖြစ်နိုင်မှာလဲ၊ ကြိုးစားတာက ဘယ်တော့မှမမှားဘူး"

ချီရှန်ကျား၏ ရိုးရှင်းသောအမြင်၌ ပိုမိုအားထုတ်လေလေ ပိုသန်မာလေလေသာ ဖြစ်သည်။

အခန်း(၆) - ဆုလာဘ်

ဆွန်းမိုသည် စာကြည့်တိုက်၌ နောက်ထပ်တစ်ရက် ထပ်နေခဲ့သည်။ ဗဟုသုတ စုဆောင်းခြင်းသည် ကြွယ်ဝမှု စုဆောင်းခြင်းသာ ဖြစ်သည်။ အလယ်ကမ္ဘာ၌ရှိသော ပြည်နယ်၉ခု အကြောင်းကို အသေးစိတ် နားလည်ခဲ့သည်။

သန်းခေါင်ယံ အချိန်ကိုရောက်သည်နှင့် ဆွန်းမိုသည် ဖတ်လက်စစာအုပ်ကို ပိတ်လိုက်၍ စနစ်ထံမှ ထွက်လာမည့်အသံကို စောင့်နေခဲ့သည်။

"ဒင်၊ သန်းခေါင်ယံ ကျော်ပြီ ၊မဲ ပြန်စတင်ပါပြီ"

ပြိုင်ဘက်ကင်း ဆရာကြီးစနစ်သည် သန်းခေါင်ယံအချိန်တိုင်း၌ ဆွန်းမိုကို ပျော်ရွှင်စေခဲ့သည်။ မျှော်လင့်ချက်တော့ သိပ်မထားပေ။ စနစ်ကို ရတနာသေတ္တာဖွင့်ရန် ပြောလိုက်သည်။

ကံမကောင်းပေ၊ မည်သို့ပဲ နှစ်သိမ့်စေကာမူ စိတ်ထဲ၌ အဆင်မပြေလှပေ..။ ကံကြမ္မာဟူသော စာပါသည့် အနီရောင်ရတနာသေတ္တာကို ဖွင့်လိုက်ရာ နောက်ထပ်မြေကြီးခဲ တစ်ခဲသာ ပေါ်လာသည်။

"ငါ့ကို မြေကြီးစားစေချင်တာလား"

ဆွန်းမိုသည် စကားစကြည့်လိုက်သည်။ စနစ်က တုံ့ပြန်ခြင်း မရှိပေ။

မျှော်လင့်ချက်မထားကြောင်း မည်သို့ပဲ ပြောစေကာမူ စိတ်တော့ပျက်မိသည်။ ထို့နောက် ဆွန်းမိုသည် စာဖတ်ခန်းကို ပြန်သွားခဲ့သည်။ အချိန်က ဖြည်းဖြည်းခြင်း ကုန်သွားပြီး မနက်မိုးလင်းလာခဲ့သည်။ ဆွန်မိုလည်း ဗိုက်ဆာလာသည်။

"ချင်လင်မြို့ထဲသွားပြီး မနက်စာ စားအုံးမှပဲ"

ဆွန်းမိုသည် မတ်တပ်ရပ်လိုက်ပြီး မှော်ဆေးပညာ အခြေခံစာအုပ်ကို စာအုပ်စင်ပေါ်သို့ ပြန်တင်၍

အပြင်ထွက်ရန် ပြင်လိုက်သည်။ သို့သော် အပေါက်ဝ၌ ရပ်စောင့်နေသော လီကုန်ကို တွေ့လိုက်ရသည်။

ကျောင်းစာကြည့်တိုက်နှင့် ပက်သက်၍ ရှင်းလင်းသောစည်းကမ်းတစ်ခု ရှိသည်။ ဤနေရာ၌ ဆူညံခြင်း မပြုလုပ်ရ။ ထိုစည်းကမ်းကို ဖောက်ဖျက်ပါက ပြင်းထန်စွာ အပြစ်ပေးခြင်းခံရပြီး တစ်နှစ်တာ စာကြည့်တိုက်ဝင်ခွင့် ပိတ်ပင်ခံရမည်။

လီကုန်သည် ဆွန်းမိုကို စာကြည့်တိုက်၌ မရိုက်နှက်ရဲပေ။ ထို့ကြောင့် ဝင်ပေါက်၌သာ စောင့်ဆိုင်းနေခဲ့သည်။

ဆွန်းမိုက လမ်းမလျှောက်တော့ဘဲ ရပ်တန့်လိုက်ပြီး လီကုန်ကို ကြည့်လိုက်သည်။ သူ့မျက်လုံးထဲ၌ အချက်အလက်များ ပေါ်လာသည်။

ဆွန်းမိုသည် အခြေခံအချက်အလက်များထဲ၌ သူအသုံးပြုနိုင်မည့် အချက်အလက်များကိုသာ ကြည့်လိုက်သည်။ ထို့နောက် ဆွန်းမိုမျက်နှာပေါ်၌ အပြုံးတစ်ခုပေါ်လာသည်။

"နတ်ဘုရားမျက်စိ မြင်ကွင်းက အံ့သြဖို့ကောင်းတာပဲ"

ဆွန်းမိုသည် စိတ်ထဲမှ မှတ်ချက်ချလိုက်သည်။

"ပုန်းမနေပါနဲ့ ထွက်ခဲ့စမ်းပါ"

ဆွန်းမိုက အော်ဟစ်လိုက်သည်။ လီကုန်လည်း ထိတ်လန့်သွားကာ စိတ်ထဲမှ ကျိန်ဆဲလိုက်သည်။

"ဒီကောင်က လိပ်တစ်ကောင်လို ဒီမှာပုန်းနေတာ အဝင်ဝကမစောင့်ဘဲ အခြားနေရာက စောင့်နေရမှာ ဒါမှဖမ်းဖို့ အခွင့်အရေးရမှာ"

ထောက်ပံ့ရေးဌာန၏ ဌာနမှူးတစ်ယောက် ဖြစ်သော်လည်း စိတ်ရင်းမကောင်းပေ။ တစ်ယောက်ယောက်က သူခိုင်းသည့်

အတိုင်းမလုပ်ခဲ့လျှင် ထိုလူသည် သေချာပေါက် ကံဆိုးပြီလို့သာ သတ်မှတ်ရလိမ့်မည်။

လီကုန်သည် ဆွန်းမိုက စာကြည့်တိုက်မှ မည်သည့်နေရာကို ထွက်သွားရန်လုပ်နေသနည်းဟု စဉ်းစားနေခဲ့သည်။ ဆွန်းမိုက သူ့ထံသို့ တွန့်ဆုတ်ခြင်းမရှိဘဲ တည့်တည့် လာနေသည်။ လီကုန်သည် ခဏလောက် ကြက်သေ သေသွားပြီး ကြောင်သွားသည်။

ဆွန်းမိုက သူ့ကိုအထင်သေးနေတာလား။ အစမ်းခန့်ဆရာတစ်ဦး၊ ထောက်ပံ့ရေးဌာနမှာ လုပ်တဲ့သူက သူ့ကိုကြောက်ရမှာ မဟုတ်ဘူးလား။

"ဟမ်း၊ မင်းက ငပျင်းတစ်ယောက်ပဲ ကျောင်းကမထုတ်ခင် ငါမင်းကို အလုပ်ကြိုးစားတဲ့သူ တစ်ယောက်ဖြစ်လာအောင် ပြုပြင်ပေးမယ်။"

လီကုန်သည် ဆိုးဝါးစွာ ရယ်မောလိုက်ပြီး ခွေးအိုကြီး၌ သွားဘယ်နှစ်ချောင်း ကျန်သေးကြောင်း သိသွားအောင် လုပ်ပစ်လိုက်မည်ဟု တွေးနေသည်။

"မင်းခြေထောက်က လွန်ခဲ့တဲ့ ၁၂ နှစ်ကတည်းက ချိနဲ့နေခဲ့တာပဲ"

ဆွန်းမိုသည် နှုတ်ခမ်းကိုကွေး၍ ပြောလိုက်သည်။ ဆွန်းမို၏ မျက်နှာပေါ်ကို ကျရောက်နေသော မနက်ခင်းနေရောင်သည် ယောက်ျားပီသမှုကို ထပ်ဆောင်းအားဖြည့် ပေးနေသည်။

"အယ်"

လီကုန်သည် တစ္ဆေတစ်ကောင်ကို မြင်လိုက်ရသကဲ့သို့ တုန်တက်သွားသည်။ ပြန်ပြောလိုက်ချင်သော်လည်း စကားများက

လည်ချောင်းထဲ၌ ထစ်ဆို့နေသည်။ အကြောင်းမှု ဆွန်းမို၏စကားများက မှန်နေသောကြောင့် ဖြစ်သည်။ အမှန်ပင် သူ့ခြေထောက်သည် လွန်ခဲ့သော ၁၂ နှစ်ကတည်းက ချိနဲ့နေခဲ့သည်။

"မင်းရဲ့ခြေထောက်က တိမ်ဖောက်လက်ဝါးကြောင့် ဒဏ်ရာရခဲ့တာကိုး"

ဆွန်းမိုသည် လီကုန်၏ အံ့ဩတုန်လှုပ်နေသောအကြည့်ကို ကြည့်၍ ကျေနပ်နေသည်။

"အယ်"

လီကုန် ထိတ်လန့်တုန်လှုပ်သွားသည်။

"တိမ်ဖောက်လက်ဝါးက တကယ် အထင်ကြီးစရာပဲ၊ လက်ဝါး ၃ချက်ပဲ သုံးခဲ့တာ ၁၀နှစ်ကျော်လောက် ချိနဲ့သွားစေတယ်၊ ခုထိကို ပြန်မကောင်းနိုင်ဘူး"

ဆွန်းမိုက လျှောင်လိုက်သည်။

"မင်းငါ့ကို စုံစမ်းထားတာလား"

လီကုန်က ဆွန်းမိုကို ခက်ထန်စွာ ကြည့်လိုက်သည်။ လီကုန်၏ပုံစံသည် ဒေါသထွက်နေသော တောခွေးတစ်ကောင်ကဲ့သို့

ဖြစ်နေသည်။ ခြေထောက်ချိန်ခွဲခြင်းသည် သူ့ဘဝ၏ အကြီးအမားဆုံးသော အရှက်ကွဲမှုပင်..။

"မင်းကို စုံစမ်းရမယ်၊ မင်းက အဲဒီလောက် အရည်အချင်း ရှိလို့လား"

ဆန်းမိုက ခနဲ့လိုက်သည်။

လီကုန်သည် ဒေါသတကြီး ပြောလိုက်သော်လည်း ချက်ခြင်းသတိ ရသွားသည်။ သူ့ကဲ့သို့ လူကို မည်သူက ဂရုစိုက်မည်နည်း။ တစ်စုံတစ်ယောက် အကြောင်းကိုသိချင်လျှင် မှောင်ခိုဈေးကွက်၌ သတင်းဝယ်ယူနိုင်သည်။ သို့သော်

ဈေးကြီးလွန်းသည်။ လီကုန်သိသော ဆွန်းမိုသည် ငမွဲတစ်ယောက်ပင်။

ဆွန်းမို၌ ပိုက်ဆံရှိလျှင်ပင် ထောက်ပံ့ရေး၌သာနသို့ ရောက်လာသည်မှာ ရက်ပိုင်းသာ ရှိသေးသည်။

ငါနဲ့တွေ့တာတောင် ၅ကြိမ် မပြည့်သေးဘူး။ ဒီလောက်အချိန်တိုလေးအတွင်းမှာ ဒီလောက် အရေးကြီးတဲ့ သတင်းအချက်အလက်မျိုး မရနိုင်ပါဘူး။

"ငါခြေထောက်မှာ တိမ်ဖောက်လက်ဝါး သုံးချက်ရိုက်ခံရပြီး ဒဏ်ရာရတာကို မင်းဘယ်လိုသိတာလဲ"

လီကုန်၏ စိတ်ထဲ၌ မေးခွန်းများဖြင့် ပြည့်နေသည်။ သူသည် ဒီအကြောင်းကို မည်သူကိုမျှ မပြောပြခဲ့ပေ။

"အော်လိုက်စမ်း"

ဆွန်းမိုက ပြောလိုက်သည်။

လီကုန်သည် နှလုံးတုန်သွား၍ အော်ဆဲရန် လုပ်လိုက်စဉ် ကြားရသောစကားကြောင့် အရှေ့သို့ အမြန်တိုးလိုက်မိသည်။

“မင်း ခြေထောက်ပြန်ကောင်းဖို့ မျှော်လင့်ချက် ရှိသေးတယ်။”

ဆွန်းမိုသည် သာမန်ကာလျှံကာ ပြောလိုက်သည်။ ဆွန်းမို၏ အသံသည် တောက်ပကာ၊ အလွန်ငြိမ့်ညောင်း၏။ သို့သော် လီကုန်အတွက်တော့ မိုးကြိုးပစ်ချသကဲ့သို့ တုန်လှုပ်သွားကာ အေးခဲသွား၏။

"ပြန်ကောင်းမယ်" ဟူသော စကားများသာ သူ့နားထဲ၌ မှော်စာလုံး တစ်လုံးကဲ့သို့ ပဲ့တင်ထပ်နေသည်။ ကြောက်ရွံ့ခြင်း၊ စိတ်ရှုပ်ခြင်းများ ဖြစ်လာပြီး တုံ့ဆိုင်းသွားသည်။

"အော်လေ"

ဆွန်းမိုသည် ညာလက်ကိုဆန့်၍ ခါးကိုထိုးလိုက်သည်။

လီကုန်သည် မသိစိတ်ကြောင့် နောက်သို့ခြေနှစ်လှမ်း ဆုတ်လိုက်မိသည်။ စိတ်ရှုပ်ထွေးနေသော အမူအရာဖြင့်

ထွက်ခွာသွားသော ဆွန်းမိုကို ငေးကြည့်ရင်း ကျန်နေခဲ့သည်။ ဆွန်းမိုကို ထပ်၍ မတားရဲတော့ပေ။

ဆယ်နှစ်ကျော် ခြေထောက် ချိန့်နေခဲ့ရသော သူ့အတွက် ခြေထောက် ပြန်ကောင်းလာခြင်းလောက် မည်သည့်အရာကမှ သူ့ကို မဆွဲဆောင်နိုင်ပေ။ ထို့အတွက်လည်း ကုန်ကျစရိတ်ကို လီကုန် မနှမြောပေ။

(ငါ့ကိုကစားနေတာလား၊ တိမ်ဖောက်လက်ဝါး ကြောင့် ဒဏ်ရာရတာ ၊လက်ဝါး ၃ ချက်တည်းနဲ့

ဒဏ်ရာရတယ် ဆိုတာကိုတောင် တိတိကျကျ ပြောနိုင်ရင် ကုသနည်း သိနေနိုင်တယ်၊ မဟုတ်လား။)

လီကုန်သည် စိတ်ရှုပ်ထွေးနေသည်။

"သူက အစမ်းခန့် ဆရာတစ်ယောက်ပဲ၊ ဒီလောက်ထက်မြတ်တဲ့ လမ်းညွှန်ချက် ရှိပါ့မလား"

"ဒင်"

လီကုန် - လေးစားအထင်ကြီးမှု (+၁)

လီကုန်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကို ဖွင့်လိုက်သည်။ လက်ရှိ အမှတ်-မူလ(၁/၁၀၀)

အကြောင်းကြားသောအသံကြောင့် ဆွန်းမို အံ့သြသွားသည်။

“သူကငါ့ကို ဒီလိုပဲ လေးစားအထင်ကြီး သွားတာလား”

“စနစ်ပိုင်ရှင်က ပစ်မှတ်ကို လမ်းညွှန်ပေးလိုက်ရင် ပစ်မှတ်ရဲ့ စိတ်ရင်းဆန္ဒ၊ ရင်းနှီးမှု၊ ကြောက်ရွံ့မှု၊ အထင်းကြီးကိုးကွယ်မှုတို့ကို ဖြစ်ပေါ်လာလိမ့်မယ်။

အချက်အလက်အားလုံးကို ပေါင်းလိုက်ရင် လေးစားအထင်ကြီးမှုတွေ ဖြစ်သွားလိမ့်မယ်”

စနစ်သည် ဂရုစိုက်တတ်သော အစ်မတစ်ယောက်ကဲ့သို့ ဖြစ်လာပြန်သည်။

“ငါ သိတယ်”

ဆွန်းမိုသည် လီကုန်၏ ခြေထောက်ဒဏ်ရာရခြင်း နောက်ကွယ်မှ အကြောင်းအရင်းကို တိကျစွာ ဖော်ထုတ်လိုက်သဖြင့် သူ့ကိုအထင်ကြီးသွားစေခဲ့သည်။ လီကုန်သည် သူ့ခြေထောက်ကို မည်ကဲ့သို့ရမည်နည်း ဟူသော လမ်းညွှန်းချက်ကို

ဆွန်းမိုထံမှ မေးမြန်းချင်နေသည်။ ထိုသို့ အကြောင်းပြချက်များကြောင့် လေးစားအထင်ကြီးမှုကို ဖြစ်ပေါ်စေခဲ့သည်။

ထုံးစံအတိုင်း လီကုန်သည် ဆွန်းမိုအပေါ်၌ သံသယ ရှိနေသေးသည်။ ထိုသို့မဟုတ်ခဲ့လျှင် လေးစားအထင်ကြီးမှု အမှတ်သည် တစ်မှတ်ထက် ပိုများပေလိမ့်မည်။

ဆွန်းမိုသည် စနစ်ထဲမှဈေးဆိုင်ကို တစ်ချက် ကြည့်လိုက်သည်။ လကြယ်အသီးမှလွဲ၍ ကျန်သော

နေရာများ၌ ရွှေရောင်အလင်းများ လင်းနေမည်ဟု မျှော်တော့ မမျှော်လင့်ထားပေ။

"ဆယ်နှစ်အချိန်တံဆိပ်၊ ဒါကို အသုံးပြုလိုက်ရင် မင်းရဲ့ ကျွမ်းကျင်မှုတစ်ခုကို ဆယ်နှစ်လောက် လေ့ကျင့်ထားတဲ့ ကျွမ်းကျင်မှု ရရှိလိမ့်မယ်။ ထိုကျွမ်းကျင်မှု ဒါမဟုတ် နည်းစနစ်ရဲ့ ကျွမ်းကျင်မှုအဆင့်က တစ်ဆင့်တိုးတက်လာမယ်။

"စျေးနှုန်း - လေးစားအထင်ကြီးမှုရမှတ်- (၁၀၀၀)"

အချိန်တံဆိပ်များသည် ကောင်းသော်လည်း စိတ်ပျက်စရာကောင်းလောက်အောင်

ဈေးကြီးနေသဖြင့် ဆွန်းမိုသည် ငေးရုံသာ ငေးကြည့်နေရသည်။ ယခုလက်ရှိ၌ ဆွန်းမိုတွင် လေးစားအထင်ကြီးမှုအမှတ် (၅)မှတ်သာ ရှိသည်။

"သင်ကြားရေး လက်ထောက် မြန်မြန်ဖြစ်လာအောင် နည်းတစ်နည်းတော့ စဉ်းစားမှပဲ ဖြစ်တော့မယ်"

ဆွန်းမို၏ အနာဂတ်အစီအစဉ်၌ သင်ကြားရေး လက်ထောက်ဖြစ်လာခဲ့လျှင် ကျောင်းသားများနှင့် အပြန်အလှန် ဆက်သွယ်နိုင်ပြီး လမ်းညွှန်၍ လေးစားအထင်ကြီးမှု အမှတ်များ စုဆောင်းနိုင်မည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခု၌ ကျောင်းပေါင်း ၁၀၀ကျော်ရှိပြီး လေ့ကျင်ရေးနည်းလမ်းမျိုးစုံရှိသည်။ ၎င်းတို့အနက် သိုင်းပညာသည် အခြေခံအကျဆုံး ဖြစ်သည်။ ကျင့်ကြံသူအားလုံးသည် သိုင်းတာအို၏ အထွတ်အထိပ်ကို လိုက်လံရှာဖွေနေကြသည်။ ထို့ကြောင့် ကျင့်ကြံခြင်းနှင့် ပက်သတ်၍ လမ်းညွှန်ပေးနိုင်သော မြတ်ဆရာများသည် လူလေးစားမှုအမြင့်ဆုံး အဆင့်အတန်း၌ ရပ်တည်နေကြခြင်းပင်။

သဏ္ဍာန်မဲ့ မြင့်မြတ်စကြဝဠာကျင့်စဉ် နှင့်နှိုင်းယှဉ်လိုက်လျှင် ဆွန်းမိုလေ့ကျင့်ခဲ့သော ပြင်းထန်မိုးခါးကျင့်စဉ်သည် မည်သူမျှ မလေ့ကျင့်ချင်ကြသော ကျင့်စဉ်တစ်ခုပင်။ ထို့ကြောင့် ဆွန်းမိုသည် ပြင်းထန်မိုးခါးကျင့်စဉ်ကို စွန့်လွှတ်၍ အဆင့်အတန်းမြင့်သော ဆန်းကြယ် သူတော်စင်အဆင့် ကျင့်ကြံခြင်းကျင့်စဉ်ဖြင့် သူ၏ ကျင့်ကြံသူဘဝကို စတင်လိုက်သည်။

တစ်ခါမှ မကျင့်ကြံဖူးသဖြင့် ဆွန်းမိုသည် အလွန်စိတ်လှုပ်ရှား နေသည်။ လက်ရှိခံစားချက်သည်

အရည်အတွက် သတ်မှတ်ချက်ဖြင့် ရောင်းသော ဂိမ်းတစ်ခုကို ဝယ်လိုက်ကာ ကစားရန် မစောင့်နိုင်သကဲ့သို့ ဖြစ်နေသည်။

အမျိုးသား အဆောက်အဦး၊ အဆောင် (၅၅၇)။

စောင်အောက်၌ အိပ်နေသော ချီရှန်ကျားသည် မျက်လုံး ဖွင့်လိုက်သည်။ တောက်ပနေသော နေရောင်ခြည်ကို မြင်လိုက်လျှင် စိတ်ပျက်သွားသည်။ သူသည် ထပ်၍ အချိန်ဖြုန်းခဲ့ပြန်ပြီ။

စောင်ဆွဲချွတ်လိုက်၍ ကုတင်ပေါ်မှ ထလိုက်သည်။ သို့သော် ခန္ဓာကိုယ်တစ်ဝက်က လုံးဝ လှုပ်၍ မရ….။ ခဏတာ မှင်တက်သွားသည်။ ထို့နောက် သမုဒ္ဒရာလှိုင်းလုံးများအောက်၌ နှစ်မြုပ်သွားကဲ့သို့ ခံစားလိုက်ရသည်။

"ချီရွှန်ကျား၊ ရှားရှားပါးပါး အိပ်ယာထနောက်ကျနေပါလား"

သူက အော်ဟစ်လိုက်သဖြင့် အပေါ်ထပ်အိပ်ယာမှ ဝမ်ဟောင်လည်း ခုန်ဆင်းလာသည်။ အိပ်ယာထဲ၌ လဲလျောင်းလျက်ရှိနေသော ချီရွှန်ကျားကို

မြင်လိုက်လျှင် အလွန်အံ့သြထိတ်လန့် သွားသည်။ ချီရွန်ကျားသည် အလွန်ကြိုးစားမှုဖြင့် ကျော်ကြားသူ ဖြစ်သည်။ လွန်ခဲ့သော ၃ နှစ် ကျောင်းစတက်သည့် အချိန်ကတည်းကပင် ချီရွန်ကျားသည် နံနက်အာရုဏ်မတက်ခင် အိပ်ယာထ၍ စတင် လေ့ကျင့်နေတတ်သူ ဖြစ်သည်။

"ဖြစ် ဖြစ်"

ချီရွန်ကျားသည် နှုတ်ခမ်းကိုက်လိုက်ပြီး မျက်ရည်များ အလိုလို စီးကျလာသည်။

“ဟော့၊ တိုက်ပွဲခန်းမကို ဝင်ရတာ ဘယ်လွယ်မလဲ။ မင်းဒီလောက်လည်း စိတ်မကောင်း ဖြစ်စရာ မလိုပါဘူး” ဝမ်ဟောင်က နှစ်သိမ့်လိုက်သည်။

တိုက်ပွဲခန်းမသည် သိုင်းပညာ ယှဉ်ပြိုင်ခြင်းအတွက် ကျော်ကြားသည်။ ကျောင်းသားများသည် တိုက်ပွဲခန်းမ၌ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် တိုက်ခိုက်၍ သူတို့၏ ကျွမ်းကျင်မှုကို နှိုင်းယှဉ်နိုင်သည်။

ကြယ်တစ်ပွင့်မြတ်ဆရာ များသည် ထိုနေရာ၌ အကြံပြုချက် ပေးနေသဖြင့် ကျောင်းသားများသည် ရေထဲသို့ ပြေးဆင်းသော ဘဲများကဲ့သို့ အပြေး သွားလေ့ရှိကြသည်။ မြတ်ဆရာများသည် တစ်ပတ်တစ်ခါ အခမဲ့တံခါးဖွင့် လမ်းညွှန်ချက်များ ပေးလေ့ရှိသည်။

အလယ်ကမ္ဘာ၌ မြတ်ဆရာများသည် လူတိုင်း၏လေစားခံခြင်းကို ရပြီး အလွန်လည်း အလုပ်ရှုပ်ကြသည်။ ကျောင်းတိုင်း၌ ရှိကြသော မြတ်ဆရာများသည် ရုံးခန်းများ သို့မဟုတ်

စာကြည့်တိုက်များ ထားရှိကြသည်။ သူတို့၏ တိုက်ရိုက်တပြည့်များကို သင်ကြားပေးသော အချိန်မှလွဲ၍ တံခါးဖွင့် သင်ကြားပေးခြင်းသည် အကြိမ်အရေအတွက် အကန့်အသတ်ဖြင့်သာ ရှိသည်။

မြတ်ဆရာများသည် ကျောင်း၌ ရာထူးတစ်ခုခုယူထားပါက ပိုမိုကာ သင်ကြားပြသပေးသည်။ ထိုသို့သော မြတ်ဆရာများသည် ကျောင်းအနည်းငယ်၌သာ ရှိသည်။ ထိုကြောင့် ကျောင်းသားများသည်

သင်ကြားပို့ချ ချက်များကိုသာ နားထောင်နိုင်ပြီး မေးခွန်းပြန်မေးနိုင်သည့် အခွင့်အရေး မရရှိတတ်ကြပေ။

ထိုအကြောင်းအရာများကို ဖြေရှင်းရန် နည်းလမ်းက မရှိပေ။ မြတ်ဆရာတစ်ယောက်သည် အလွန်အလုပ်များသလို မေးခွန်းမေးချင်သော ကျောင်းသားများကလည်း မရေမတွက်နိုင်အောင် ရှိနေကြသည်။ သူတို့တစ်ယောက်ချင်းစီကို လမ်းညွှန်ချက်ပေးနိုင်ရန် အချိန်လုံလောက်ခြင်း မရှိပေ။

မြတ်ဆရာတစ်ယောက်၏ လမ်းညွှန်ချက်ကို လိုချင်လျှင် နည်းလမ်းနှစ်ခုသာ ရှိသည်။ တစ်ခုက ထူးချွန်ထက်မြတ်မှုကို ထုတ်ဖော်၍ ဆရာ၏အသိအမှတ်ပြုမှုကို ရယူကာ တိုက်ရိုက်တပြည့်ဖြစ်လာရန် ၊ ဒုတိယနည်းမှာ တံခါးဖွင့် သင်ကြားပွဲကို သွားရန်ဖြစ်သည်။

ပထမနည်းလမ်းက သူ့အတွက် အခွင့်အရေး ပိုနည်းသည်။ ထူးချွန်သောသူများသည် လူနည်းစုသာ ဖြစ်ကြသည်။

ချီရွှန်ကျားကဲ့သို့ လူများသည် လွန်ခဲ့သော နှစ်၃၀၀ ခန့်က ဗဟိုပြည်နယ်အကယ်ဒမီ၌ ကပ်ဆိုးကျရောက်ခဲ့လို့သာ ဝင်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့မဟုတ်ခဲ့လျှင် သူ၏နားလည်နိုင်စွမ်းက ကျောင်း၏ တံခါးပေါက်ကို ဖြတ်လျှောက်ရန် အခွင့်အရေးပင် မရှိနိုင်ပေ။

ကျောင်းတိုင်း၌ ကျောင်းသားများ၏ နားလည်နိုင်စွမ်းနှင့် အရည်အသွေးကို မြင့်မားစွာ သတ်မှတ်ထားကြသည်။

ချီရှန်ကျားအတွက်တော့ တိုက်ပွဲခန်းမကို ဝင်ရောက်ခြင်းသည် သူ၏ခွန်အားကို တိုးမြှင့်နိုင်ရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

"အား"

နောက်ဆုံး၌ ချီရှန်ကျားသည် ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ စောင်ကိုကိုက်ကာ အော်ဟစ်လိုက်သည်။ ခန္ဓာကိုယ်သည် လှုပ်ရှားနိုင်ခြင်းမရှိပေ။ သူ၏တစ်ခုတည်းသော အခွင့်အရေးလည်း ဆုံးရှုံးတော့မည်။ အလွန်စိတ်ဓါတ် ကျသွားသည်။

"တစ်ခုခုတော့မှားနေပြီ"

မျက်နှာခြင်းဆိုင် အောက်ဘက်အိပ်ယာ၌ လှဲနေသော ကျန်ရှီက ချီရွှန်ကျားကိုကြည့်ရင်း ထထိုင်လိုက်သည်။

"မင်း ဘာဖြစ်နေတာလဲ"

"ငါ................ငါမလှုပ်နိုင်တော့ဘူး" ချီရွှန်ကျား၏အသံက ဝမ်းနည်းကြေကွဲစရာ ကောင်းနေသည်။

"အမ် ငါ ဆရာဝန်သွားခေါ်လိုက်မယ်" ဝမ်ဟောင်လည်း အလွန်စိုးရိမ် သွားသည်။

“မလုပ်နဲ့”

ထိုစကားကို ကြားလိုက်လျှင် ချီရွန်ကျား၏ တုံ့ပြန်မှုက ဝမ်ဟောင်ထက်ပင် မြန်နေသေးသည်။

“ဒီလိုအခြေနေမှာတောင် မင်းက ပိုက်ဆံချွေတာချင်နေတာလား။”

ဝမ်ဟောင်လည်း ပြောစရာ စကားမဲ့သွားသည်။ ချီရွန်ကျားသည် ချမ်းသာသော အသိုင်းအဝိုင်းမှ ဆင်းသက်လာသူ မဟုတ်ကြောင်း သူသိသည်။

“မဟုတ်ဘူး မဟုတ်ဘူး။ ခဏစောင့်ကြည့်မယ်။ အိပ်ရေးမဝလို့ ခန္ဓာကိုယ်ထုံထိုင်း သွားတာဖြစ်မယ်။

ခဏလောက်အနားယူလိုက်ရင်
ပြန်ကောင်းသွားမှာပါ”

ချီရှန်ကျား၏ မျက်နှာသည် ဖြူဖျော့၍ နှုတ်ခမ်းကတုန်နေသည်။ ဆုတောင်းရုံသာ တတ်နိုင်၏။

ဝမ်ဟောင်နှင့် ကျန်ရှီတို့လည်း တစ်ယောက်နှင့်တစ်ယောက် အကြည့်ခြင်း ဖလှယ်လိုက်ကြသည်။ သူတို့ လုပ်ပေးနိုင်သော အရာမရှိပေ။ သူတို့သည် အခြားကုတင်ပေါ်၌ ထိုင်နေသော ယန်လီကို တစ်ချက်ကြည့်လိုက်သည်။

ယန်လီက ပခုံးတွန့်၍ ဖတ်လက်စဝတ္ထုကိုသာ ဆက်ဖတ်နေသည်။

သူ့အမြင်၌ ကျေးလက်မှဆင်းရဲသား အောက်တန်းစားများသည် အရင်ကတည်းက ရိုက်နှက်ခံသင့်သည်။ ချီရှန်ကျား စောစောထ၍ လေ့ကျင့်ခြင်းသည် သူ၏ အေးအေးဆေးဆေး အိပ်စက်နေခြင်းကို အမြဲတမ်း အနှောက်အယှက် ပေးနေသည်။ ယခုကဲ့သို့ လေဖြတ်သွားခြင်းက ကောင်းလှသည်။

"လေ့ကျင့်လွန်ပြီး ခန္ဓာကိုယ် ဝန်ပိသွားတာ ဖြစ်လိမ့်မယ်"

ယန်လီသည် စိတ်ထဲ၌ ပျော်ရွှင်နေပြီး မှတ်ချက်ချလိုက်သည်။

အခန်း(၇) - ကျောင်းသားကိုယ်တိုင်လာပြီး လမ်းညွှန်ချက်တောင်းခံခြင်း။

ကျောင်းအုပ်ကြီး ရုံးခန်းထဲ၌........................

လရောင်ကဲ့သို ဖြူဖွေးနေသော အဝတ်အစားကို ဝတ်ထားသည့် အလှတရားလေးသည် သူမ၏စားပွဲခုံ၌ အလုပ်ရှုပ်နေသည်။ သူမ၏ ကျီးကန်းတစ်ကောင်ကဲ့သို့ နက်မှောင်နေသော ဆံပင်များကို ခေါင်းအနောက်ဖက်၌ ရိုးရှင်းစွာ

ဆံထုံးထုံးထားသည်။ သူမသည် ထူးထူးခြားခြား အလှပြင်ဆင်ထားခြင်း မရှိသော်လည်း ကြော့ရှင်း၍ လှူတကာထက် လှပနေဆဲ.......။

အခန်းထဲ၌ အသက်ရှူသံတချို့နှင့် နွေရာသီ လေတိုက်ခက်မှုကြောင့် စက္ကူများ တဖျတ်ဖျတ် ခတ်သွားသောအသံများသာ ကြားနေရသည်။ လေထုထဲ၌ သင်ပျံ့သောရနံ့တစ်ခုနှင့် ဗဟုသုတပြည့်ဝသော အငွေ့အသက်တစ်ခုက တိတ်တဆိတ် ပျံ့နှံ့နေသည်။

ကျုံလင်သည် တံခါးကို တွန်းဖွင့်လိုက်ပြီး ပေါ့ပါးသော ခြေလှမ်းများဖြင့် ဝင်လာခဲ့သည်။

“ ချင်မိသားစုရဲ့ တံခါးစောင့်က ပြောတယ် အကြီးအကဲချင်က ဒီကိုလာလည်ဖို့ အစ်မရဲ့ ဖိတ်ကြားချက်ကို မရဘူးတဲ့။ တကယ်တော့သူက အစ်မကြီးကို မတွေ့ချင်လို့ အကြောင်းပြချက် ပေးနေမှန်း ထင်ရှားတယ်။”

ကျုံလင်သည် နှုတ်ခမ်းကို ကိုက်လိုက်၍ မကျေမနပ် ပြောလိုက်သည်။ သူမသည် အန်ရှီဝေ၏

လက်ထောက်ဖြစ်၍ အထွေထွေတာဝန်ကို လုပ်ပေးရသူ ဖြစ်သည်။

ကျုံလင်သည် အန်ရှီဝေကို အစ်မကြီးဟု ခေါ်လေ့ရှိသည်။

"အဓိပ္ပာယ်မရှိတဲ့ စကား မပြောနဲ့။ အကြီးအကဲချင်က တကယ်အိမ်မှာ မရှိတာလည်း ဖြစ်နိုင်တယ်။"

ရှီဝေ၏ အသံသည် တိတ်ဆိတ်သွားသည်။ သူမ၏အသံသည် အတက်အကျ လုံးဝမရှိပေ။

"သူက ကျောင်းဝင်ခွင့်စစ်ဆေးပွဲကို မလာချင်ဘူး ထင်တယ်။"

ကျုံလင်က အေးစက်စွာ ပြောလိုက်သည်။ "သူက မရီဒန် အကယ်ဒမီက ကျောင်းအုပ်ကြီးရဲ့ ဖိတ်ကြားချက်ကို လက်ခံပြီး အဲဒီကျောင်းမှာ ဆရာလုပ်ဖို့ ပြင်ဆင်နေတယ်လို့ ကြားရတယ်။"

ချင်လင်မြို့၌ အကယ်ဒမီဆယ်ခုကျော် ရှိသည်။ ဗဟိုပြည်နယ်အကယ်ဒမီသည် အကျော်ကြားဆုံး ဖြစ်ခဲ့သော်လည်း အဆင့်အတန်း အဆက်မပြတ်

နိမ့်ကျလာမှုကြောင့် ယခုအခါ၌ မရီဒန်အကယ်ဒမီက ကျော်လွန်သွားခဲ့ပြီ။

အန်ရှီဝေတစ်ယောက် တိတ်ဆိတ်သွားသည်။ ဗဟိုပြည်နယ်အကယ်ဒမီ၏ စည်းရုံးနိုင်မှုသည် ရေခဲအမှတ်နားသို့ ရောက်နေပြီ။ သူမသည် အခြေအနေများကို ကြိုးစားပြုပြင်ရန် အတတ်နိုင်ဆုံး ပြုလုပ်ခဲ့သော်လည်း မလွယ်ကူခဲ့ပေ။

"အစ်မကြီး ငါတို့ အဖြေအမြန်ရှာဖို့လိုနေပြီ။ ငါတို့မှာရှိတဲ့ မြတ်ဆရာ ခြောက်ယောက်တော့ ဦးနှောက် အမဲလိုက် ခံလိုက်ရပြီ။"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အရည်အချင်းရှိတဲ့သူကို မက်လောက်စရာပေးပြီး အလုပ်ခေါ်ခြင်း)

ကျုံလင်သည် စိုးရိမ်နေသည်။ အခြေခံအားဖြင့် ကျောင်းတစ်ခု၏ အခြေခံအုတ်မြစ်သည် မြတ်ဆရာအရေအတွက် ဖြစ်သည်။ သူတို့၌ မြတ်ဆရာတစ်ယောက်မှ မရှိလျှင် "ကျော်ကြားသောကျောင်း" ဘွဲ့ကို ရအောင် မည်ကဲ့သို့ လုပ်မည်နည်း။

"အင်း"

အန်ရှီဝေသည် သက်ပြင်းချလိုက်ပြီး စဉ်းစားနေခြင်းကို ရပ်တန့်လိုက်သည်။ သူမ၏ အားနည်းချက်နှင့် စိတ်ပျက်အားငယ်မှုများကို တခြားလူများ မသိစေချင်ပေ။

"အို ဟုတ်ပြီ၊ သူ့အခြေအနေရော ဘယ်လိုလဲ"

"ကောင်းပါတယ်"

ကျောင်းအုပ်ကြီးအန်ရှီဝေက သူမ၏ ချစ်သူအကြောင်းကို မေးလိုက်ခြင်းဖြစ်ကြောင်း ကျုံလင်သိသည်။ ကျုံလင်သည် ထိုလူအကြောင်းကို ပြောနေရင်း ဒေါသထွက်လာသည်။ အန်ရှီဝေသည်

ဆန်းကြယ်ကောင်းကင်ဘုံ အကယ်ဒမီမှ ထိပ်ဆုံး ဘွဲ့ရခဲ့သူ ဖြစ်သည်။ သူမ၏ ပြင်းထန်လှသော အလှတရားအတွက် မိန်းမလှစာရင်း၌ အဆင့်(၇) ချိတ်ခဲ့သူလည်း ဖြစ်သည်။ သူမသည် ရုပ်ရည်လှပ၍ ဉာဏ်ရည်ထက်မြတ် သူတစ်ယောက် ဖြစ်သည်။ ဆွန်းမိုသည် မည်ကဲ့သို့ အရည်အချင်းများရှိနေ၍ သူမကိုလက်ထပ်ရန် တက်မှန်းရသနည်း။

“သူ့ကို အပြစ်တင်နေတယ် မဟုတ်လား”

အန်ရှီဝေက မျက်စိမှေးကာ မေးလိုက်သည်။

“သူက သတ္တိရှိလား”

ကျုံလင်က အသံကိုမြင့်လိုက်ပြီး

"မင်းက ကြောက်စရာကောင်းတဲ့ ရှုပ်ထွေးမှုတွေကို တာဝန်ယူ ကိုင်တွယ်နေတယ်လေ။ အဲဒီအချိန်ကတည်းက မင်းမှာ အခက်အခဲတွေနဲ့ ဖိအားတွေများနေပြီ။ တခြားကိစ္စတွေကိုလည်း ကိုင်တွယ်ဖို့ အချိန်မပေးနိုင်တော့ဘူးလေ။ နောက်ပြီးတော့ ကျောင်းကိစ္စတွေကိုလည်း မင်းတစ်ယောက်တည်း ဆုံးဖြတ်ချက် ချလို့ မရဘူးလေ"

“ဒါပေမယ့် အဲဒီအချိန်တုန်းက ငါရပ်တည်ပေးခဲ့သင့်တယ်။ ဆွန်းမိုက သင်ကြားရေးလက်ထောက်တစ်ယောက် မဖြစ်လည်း ထောက်ပံ့ရေးဌာနကိုတော့ မရောက်သင့်ဘူး။ ဘွဲ့ရတစ်ယောက်အတွက်တော့ ဒီရိုက်ချက်က ပြင်းထန်လွန်းပါတယ်”

အန်ရှီဝေသည် နှောင်တ ရနေသည်။ ထိုအချိန်တုန်းက သူမအပေါ်သို့ သက်ရောက်နေသော ဖိအားများကို တောင့်ခံခဲ့သင့်သည်။ သူမကို

မောင်းထုတ်ချင်နေသော လူများသည် ဆွန်းမိုကို ပစ်မှတ်ထားနေကြကြောင်း သူမသိနေသည်။

“သူက ဒီအခက်အခဲမှ မကျော်လွှားနိုင်ရင် ကိုယ့်ကိုယ်ကို သတ်သေလိုက်သင့်တယ်”

ကျုံလင်က ရယ်မောလိုက်ပြီး

“မင်းကို ကူညီနိုင်မယ်လို့ မမျှော်လင့်ထားနဲ့။ အဲဒီဆွန်းမိုက..................... သူ့အတွက် မဖြစ်နိုင်ပါဘူးလေ။”

နောက်ဆုံး၌ မွန်းလွဲပိုင်း အချိန်ခန့်တွင် ချီရှန်ကျားသည် လှုပ်ရှားနိုင်လာသည်။ သို့သော်

သူ၏ ညာလက်မောင်းနှင့် ဘယ်ခြေထောက်က ထုံကျင်၍ တောင့်တင်းနေသည်။ သူတို့ကို ထိတွေ့လိုက်ရာ ကျောက်သားများကဲ့သို့ ဖြစ်နေပြီး အထိအတွေ့ အာရုံကို မခံစားရပေ။

ဝမ်ဟောင်က

"မင်းဆရာဝန်ပြသင့်တယ်"

သူသည် နေ့လည်စာ ဝယ်လာပြီး စားပွဲပေါ် တင်လိုက်သည်။

"နည်းနည်းတော့စားလိုက်"

“မင်းက တိုက်ပွဲခန်းမကို သေချာပေါက် မသွားနိုင်တော့ဘူး။ အခုလက်ရှိက ချိန့်သွားတဲ့အထိ ဖြစ်မသွားအောင် သေသေချာချာလုပ်ရမယ်”

ဆန်ပြုတ်သောက်နေသော ယန်လီက စကားဖြတ်၍ ဝင်ပြောလိုက်သည်။

ပုံမှန်ဆိုလျှင် ဒီအချိန်၌ အဆောင်မှာ မရှိပေ။ ဒီနေ့တော့ စိတ်ပျက်စရာကောင်းသော ချီရွှန်ကျားလေး၏ စိတ်ပျက်အားငယ်နေသော ပုံစံကိုတွေ့ရ၍ စိတ်ပျော်ကာ အဆောင်၌ ဆက်နေနေခြင်း ဖြစ်သည်။

“မင်းစကား ဝင်မပြောလို့လည်း ဘယ်သူကမှ မင်းကို အအလို့ မထင်ဘူး”

ကျန်ရှိက ပြောလိုက်သည်။

“မင်းနဲ့ဘာဆိုင်လို့လဲ၊ ချီရွှန်ကျားအတွက် စိတ်ပူလို့ မရဘူးလား”

ယန်လီက ပြန်အော်သည်။

ချီရွှန်ကျားသည် ဒီနေ့ တစ်နေ့လုံး ကြမ်းပြင်ကိုသာ စိုက်ကြည့်နေခဲ့ပြီး စကားလုံး တစ်လုံးပင် မပြောခဲ့ပေ။ သူသာ တကယ့်ဒုက္ခိတ

ဖြစ်သွားခဲ့လျှင် မိသားစုကို ဒုက္ခမပေးချင်၍ ကိုယ့်ကိုယ်ကိုသာ သတ်သေပစ်လိုက်မည်။

“မင်းက အရမ်းလေ့ကျင့်လိုက်လို့ ခန္ဓာကိုယ် ဒဏ်ရာရသွားတာ ဖြစ်ဖို့များတယ်။ မင်းက မြတ်ဆရာတစ်ယောက်ကို ရှာပြီး လမ်းညွှန်ချက်တောင်းမှ ဖြစ်တော့မယ်။” ကျန်ရှီသည် ယန်လီနှင့် ငြင်းခုန်ရန် စိတ်မဝင်စားဘဲ ပြောလိုက်သည်။

"မြတ်ဆရာတစ်ယောက်ကို လမ်းဘေးက ကျောက်တုံးလိုမျိုး ဘယ်ချိန်မဆို လွယ်လွယ်လေး တွေ့နိုင်မယ်လို့ ထင်နေတာလား"

ယန်လီ မျက်လုံးပြူးသွားသည်။

(ကျုံရှို ဒီကောင် တကယ် စိတ်ကူးယဥ်တတ်တဲ့ ကောင်ပဲ။)

ချီရွှန်ကျားသည် ရုတ်တရက် တုန်တက်သွားသည်။ နောက်ဆုံးတော့ မျက်လုံးများထဲ၌ မျှော်လင့်ချက်တစ်ခုကို ဖမ်းဆုပ်နိုင်သကဲ့သို့ အရောင်များ တောက်လာသည်။ အိပ်ယာပေါ်က

ရုန်းကန်ထလိုက်ပြီး မနေ့ညက ဆွန်းမိုနှင့် တွေ့ခဲ့သည့် အကြောင်းကို ပြန်စဉ်းစားလိုက်သည်။ ဆွန်းမိုက သူလေ့ကျင့်တာမှားနေပြီး ညာလက်မောင်းနှင့် ဘယ်ခြေထောက်ကို သတိထားရန် သတိပေးခဲ့သေးသည်။

"သူက ငါ့ရဲ့ခန္ဓာကိုယ်မှာ ပြဿနာဖြစ်နေတာကို မြင်နေတာလား"

ထိုအကြောင်းကို တွေးလိုက်မိလျှင် ချီရှုန်ကျားသည် နှောင်တရသွားသည်။ မနေ့ညက သူ့ကို လျစ်လျူရှုခဲ့မိသည်။

“မင်း ဘာလုပ်နေတာလဲ”

ဝမ်ဟောင်သည် ချီရှန်ကျားက မလှုပ်ရှားနိုင်သဖြင့် ကူညီ၍ ဖေးမပေးလိုက်သည်။

“ငါခဏလောက် စိတ်သက်သာသွားအောင် အပြင်ထွက်ချင်လို့”

ချီရှန်ကျားသည် ရှင်းပြချင်သော်လည်း ယန်လီကို မြင်လိုက်၍ စကားလုံးများကို ပြန်မျိုချလိုက်သည်။

အစမ်းခန့်ဆရာများ၏ နေရာသည် ရှာရန် လွယ်ကူလှသည်။ ချီရှန်ကျားသည် ခဏလောက်

အချိန်ပေးပြီးနောက် ဆွန်းမို၏ နေရာကို သိသွားသည်။ သူသည် ဆွန်းမိုအခန်း၏ တံခါးနားသို့ လျှောက်သွားသည်။ တဖန်တံ့ဆိုင်းသွားသည်။

"မနေ့က ငါ့ရဲ့အပြုအမူက မကောင်းခဲ့ဘူး။ သူကငါ့ကို လမ်းမညွှန်ပေးချင်ရင် ဘယ်လိုလုပ်မလဲ"

လိုဒီသည် မြေအိုးတစ်လုံးကို ကိုင်ကာ ပြန်လာသည်။ တံခါးနား၌ ရပ်နေသော ချီရွှန်ကျားကို မြင်လိုက်လျှင် အသံတိုးပြီး "မင်းဘယ်သူ့ကို ရှာနေတာလဲ" ဟု မေးလိုက်သည်။

လိုဒီသည် မေးလိုက်ပြီးမှ စိတ်ပျက်သွားသည်။ သူသည် ဆရာတစ်ယောက်၏ ဂုဏ်သိက္ခာကို ပြသရန် အသံကျယ်ခဲ့သော်လည်း နွေးထွေးမှုနှင့် ဖော်ရွေမှုကို လျစ်လျူရှုမိခဲ့သည်။ အသံကို ပိုထိန်းရန် လိုသေးသည်။

ချီရွှန်ကျားသည် လည်ပင်း ကျုံ့သွားပြီး လိုဒီ၏အကြည့်ကို ရှောင်ကာ ခြေလှမ်းအနည်းငယ် ပြန်ဆုတ်လိုက်သည်။ လိုဒီသည် ပခုံးတွန့်၍ မည်သည့်ထင်မြင်ချက်ကိုမှ မပြောတော့ဘဲ အခန်းထဲသို့ ဝင်သွားသည်။

ငှက်များသည် နေဝင်ချိန်၌ အိပ်တန်း ပြန်တက်ကြသည်။

ယွမ်ဖန်သည် စာအုပ်စင်တစ်စင်ကို ထမ်းပြီး ပြန်ရောက်လာသည်။ သူသည် အထဲသို့ ရောက်သောအခါ

“ အပြင်ကကျောင်းသားက ဘာဖြစ်နေတာလဲ”

“မသိပါဘူးကွာ၊ နေ့ခင်းကတည်းက ရောက်နေပြီး လာလိုက်ပြန်လိုက် လုပ်နေတာပဲ”

လိုဒီသည် လက်ထဲမှ ဝက်ပေါင်ခြောက် အမွေးများကို ဂရုတစိုက်နှုတ်နေရင်း ပြန်ဖြေသည်။

သူ့၏ အကဲဖြတ်ဆရာကို ပေးရန် လူတို့၏ သဘာဝအတိုင်း ပြည့်စုံအောင်လုပ်နေခြင်းပင်။

"ကျောင်းသားက လမ်းညွှန်မှုကိုလိုချင်လို့များ လာနေတာလား"

ယွမ်ဖန်သည် သိချင်စိတ် ပြင်းပြလာသည်။ သူတို့စကားပြောနေစဉ် ကျန်းရှန်လည်း ပြန်ရောက်လာသည်။

ညသည် ဖြည်းဖြည်းခြင်း နက်လာသည်။ ချီရွှန်ကျားသည် ထွက်သွားရန် စိတ်ကူးမရှိသေးပေ။

"ကောင်လေးက လမ်းညွှန်မှု လိုချင်လို့ ဒီအထိတောင် ရောက်လာပြီးမှ မမေးရဲဘူး ထင်တယ်"

လိုဒီသည် သူ၏အဝတ်အစားများကို အလိုလို သပ်ရပ်အောင် ပြုပြင်လိုက်မိသည်။

"သူက တစ်ယောက်ယောက်ကို ရှာချင်တာဆို အဲဒါက ကျန်းရှန်ပဲ ဖြစ်မယ်"

ယွမ်ဖန်က အသာအယာပုတ်ပြီး ပြောလိုက်သည်။ သူ၏အမြင်အရ ကျန်းရှန်သည် အစမ်းခန့် ကာလပြီးနောက် သင်ကြားရေး ဌာနကိုရောက်ရန်

၈၀% မှ ၉၀%လောက် သေချာနေသည်။ ယခုကတည်းက သူနှင့် ဆက်ဆံရေးကောင်းအောင် လုပ်ထားသင့်သည်။

ကျန်းရှန်က ဘာမှပြန်မပြောပေ။ သို့သော် သူ၏ထောင်လွှားနေသော အပြုအမူကြောင့် သူလည်း သတိထားမိသည်မှာ သေချာပါသည်။

"ငါတို့သွားမေး ကြမလား"

လိုဒီက အကြံပြုလိုက်သည်။ ကျောင်းသားက သူ့ကိုရှာရန် တိတ်တခိုးလေး မျှော်လင့်နေသည်။

"သွားမေးမယ်ဆိုရင် ကျန်းရှန်ပဲဖြစ်သင့်တယ်"

ယွမ်ဖန်က တိုက်တွန်းသည်။ ကျောင်းသားတစ်ယောက်က လမ်းညွှန်မှု လိုချင်၍ ညနက်သည်အထိ ရောက်နေသည်။ ထိုအကြောင်းသာ ပြန့်သွားခဲ့လျှင် ဂုဏ်သတင်း ကြီးလာလိမ့်မည်။

ကျန်းရှန်သည် ဆုံးဖြတ်ချက် ချပြီးခဲ့သည်မှာ ကြာနေပြီ။ ကျောင်းသားက တံခါးမခေါက် သေးသဖြင့် စ၍ မမေးခဲ့ခြင်းပင်။ အစမ်းခန့်ဆရာတွေမှာလည်း သူ့ဂုဏ်သိက္ခာနှင့် သူရှိသည်။ ထို့ကြောင့် သူသည် သိက္ခာကျအောင် မနှိမ့်ချချင်ပေ။ သို့သော် လိုဒီ၏စကားကလည်း ယုတ္တိရှိနေသည်။

"မြန်မြန်သွားပြီး ဘယ်လို လမ်းညွှန်ချက် လိုချင်တာလည်း မေးလိုက်"

လိုဒီက တိုက်တွန်းလိုက်သည်။

"အင်း"

ကျန်းရှန်သည် ထွက်မသွားသေးခင် အဝတ်အစားကို သန့်ပြန်နေအောင် လုပ်လိုက်သည်။

"မင်းတံခါးဝမှာ ရောက်နေတာကြာနေပြီ တစ်ခုခု လိုချင်တာ ရှိလို့လား"

ကျန်းရှန်က မေးလိုက်သည်။

"ငါ..........."

ချီရှန်ကျားသည် တံတွေးတစ်ချက် မြိုချလိုက်ပြီး "ဆွန်းမိုကို ရှာနေတာပါ......ဆရာဆွန်း"

"ဆွန်းမို" ဟူသောအသံကို ကြားလိုက်ရသည်နှင့် ကျန်းရှန်၏မျက်နှာသည် မည်းမှောင်သွားပြီး ချက်ချင်း လှည့်ထွက်သွားချင်စိတ် ပေါ်လာသည်။ သို့သော် စိတ်ကူးပေါက်လာ၍ ကျောင်းသားတစ်ယောက်သည် ဆွန်းမိုထံမှ လမ်းညွှန်ချက်ရရန် ဘာကြောင့်လာရှာသနည်း။ အကယ်၍ ဒီကိစ္စသာ

ပြန့်သွားခဲ့လျှင် သူမျက်နှာပျက် ရလိမ့်မည်။ ရှင်းရှင်းလင်းလင်း သိရအောင် မေးရမည်။

“ဘာကြောင့် သူ့ကိုရှာတာလဲ”

ကျန်းရှန်သည် မေးပြီးနောက် ကိုယ့်ကိုယ်ကို လှောင်ပြောင်သော အပြုံးတစ်ခု ပေါ်လာသည်။ အတွေးလွန်နေခဲ့သည်။ ဆွန်းမိုကဲ့သို့ အမှိုက်ကို ကျောင်းသားက စိတ်ဝင်စားခဲ့လျှင်ပင် ဆွန်းမိုထံမှ လမ်ညွှန်ချက်တောင်းရန် မဖြစ်နိုင်ပေ။

“လမ်းညွှန်မှုတောင်းဖို့..............”

ချီရှန်ကျား၏အသံက တိုးသွားသည်။

"ဘာလဲ"

ကျန်းရှန်သည် အသံပျက်သွားသည်။ ခိုးနားထောင်နေကြသော လိုဒီနှင့် ယွမ်ဖန်တို့လည်း အံ့ဩမှင်တက်သွားသည်။

"ခဏာရပ်အုံး"

ကျန်းရှန်၏အသံသည် ဒေါသများဖြင့် ပြည့်နေသည်။

"ဆွန်းမိုက အခုဒီမှာမရှိဘူး၊ ဘာသိချင်တာလဲ ၊ငါလည်း သူ့အစားဖြေပေးနိုင်တယ်။"

ကျန်းရှန်သည် မသိနားမလည်သော ကျောင်းသားကို အနှောက်အယှက် မပေးလိုပေ။ သို့သော် သူ့မှာလည်း နည်းလမ်းမရှိတော့ပေ။ ကျောင်းသားသာ ဒီတိုင်းထွက်သွားခဲ့လျှင် သူသည် ဆွန်းမိုထက် နှိမ့်ကျနေသကဲ့သို့ ဖြစ်သွားမည်။ ထို့ကြောင့် ကျောင်းသား၏ ပြဿနာကိုဖြေရှင်းပေး၍ ဆွန်းမိုထက် သင်ကြားရေးစွမ်းရည် သာလွန်ကြောင်း သက်သေပြရမည်။

“ငါ့....ငါ့ လက်နဲ့ခြေထောက်တွေ ကောင်းကောင်း လှုပ်မရတော့ဘူး။ ဒါကြောင့် နောက်ကွယ်က

ပြဿနာဖြစ်ရတဲ့ အကြောင်းအရင်းအတွက် လမ်းညွှန်းချက် လိုချင်လို့ပါ”

ချီရွှန်ကျာ◌းသည် သတ္တိမွေးကာ မေးလိုက်သည်။

ကျန်းရှန် ပေါက်ကွဲသွားသည်။

“ငါလို.......၊ မင်းရဲ့လက်တွေ၊ ခြေထောက်တွေချိန်နဲ့ ရုံတင်မကဘူး ခေါင်းပါ ချိန်နဲ့သွားတာလား။ မင်းဒဏ်ရာရရင် ဆရာဝန်ဆီသွားလေ”

ကျန်းရှန်သည် ကျိန်ဆဲပြီးနောက် လှည့်ထွက်သွားသည်။ သူ့ဘက်မှကြည့်လျှင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြိုင်ဘက်များ၏ ဆိုးရွားသောကြံစည်မှုတစ်ခု ဖြစ်နိုင်သည်။ သူ၏ဂုဏ်သတင်းကို လျှော့ချရန် ပြိုင်ဘက်များက နာမည်ဖျက်ခြင်း ဖြစ်နိုင်သည်။

"နောက်ကွယ်က လူက ဆွန်းမိုဖြစ်ရမယ်။"

ယွမ်ဖန်သည် ဆွန်းမိုကို အပြစ်တင်လိုက်သည်။

" သူက မင်းရဲ့ပင်ကိုယ်အရည်ချင်းကို မနာလိုလို့ အောက်ဆွဲချနေတာ"

လိုဒီက သူရဲဘောကြောင်သော လိပ်တစ်ကောင်ကဲ့သို့ အသံတိတ်၍ ဝက်မွှေးများကိုသာ ဆက်နှုတ်နေသည်။

"ဘုန်း"

ကျန်းရှန်သည် လက်ဖက်ရည်ခွက်ကို ပေါက်ခွဲလိုက်သည်။ ဒီနည်းလမ်းသုံးရန် မတွေးခဲ့မိသော သူ့ကိုယ်သူ စိတ်ဆိုးနေသည်။

(ငါနာမည်ကြီးအောင် ကျောင်းသားတွေကို အသုတ်လိုက်တွေ့ရမယ်။)

ဒါက နာမည်ကောင်းရဖို့ မဟုတ်လား။ ဒါကို ဘယ်လိုလုပ်ရမလဲ မသိခဲ့ဘူးလေ။

“အဲဒီဆွန်းမိုက အရည်အချင်းသာမရှိတာ စိတ်ကူးတော့ ကောင်းကောင်းထွက်သားပဲ”

ယွမ်ဖန်သည် သူ့အိတ်ကို ကိုင်လိုက်၍ ပိုက်ဆံဘယ်လောက်ရှိသလဲဟု တွက်ချက်နေသည်။ သူ၏ ရည်ရွယ်ချက်အတွက် ကျောင်းသားအနည်းငယ်ကို ငှားရမ်းနိုင်သော်လည်း ကျောင်းမှသိသွားခဲ့လျှင် တိုက်ရိုက် ထုတ်ပစ်လိုက်မည်ကိုလည်း စိုးရိမ်နေသည်။

သူတို့သုံးယောက်သည် မနက်၌ အိပ်ယာထကာ အပြင်သို့ ထွက်လိုက်သည်နှင့် ချီရှန်ကျားကို အဆောင်နှင့် သိပ်မဝေးသောနေရာ၌ တွေ့လိုက်ရသည်။

“ဒီတစ်ခါတော့ ဆွန်းမို တော်တော်လုပ်နေတာပဲ။ သူဘယ်လောက်ကုန်ခဲ့လည်း ဆိုတာ ငါတော့ အံ့ဩမိတယ်။”

ယွမ်ဖန်က လျှောင်လိုက်သည်။

“အမ်”

ကျန်းရှန်သည် ကျောင်းသားကို လှည့်မကြည့်ပေ။ ဒီလိုယုတ်ညံ့သော ကျောင်းသားများသည် တစ်ဘဝလုံး မထူးချွန်ကြပေ။ သူသာ ဒီကျောင်းသားကို စကားတစ်ခွန်း ပိုပြောမိပါက တစ်ခွန်းပို၍ အထင်သေးမိလိမ့်မည်။

ကန်တင်း၌............................

ဆွန်းမိုသည် သတ်သတ်လွတ်မုန့်ကို စားနေရင်း အရှေ့၌ပေါ်နေသော ရွှေရောင်စာအုပ်ကို ကြောင်တောင်တောင် ငေးကြည့်နေသည်။

မနေ့ညက ကံကြမ္မာရတနာသေတ္တာသည် ပြန်စတင်ခဲ့သည်။ ဆွန်းမိုသည် မြေကြီးနောက်တစ်ခဲသာ ထွက်လာလိမ့်မည်ဟု ထင်ထားခဲ့သော်လည်း ရွှေရောင်စာအုပ် ပေါ်လာခဲ့သည်။

ပုံမှန်ဆိုလျှင် ဆုရပြီးနောက် ပျော်ရွှင်နေရမည် ဖြစ်သော်လည်း စာအုပ်အမည်ကို ဖတ်ပြီးနောက် နည်းနည်းလေးမျှ မပျော်နိုင် ဖြစ်သွားသည်။

အခန်း(၈) - ကျွမ်းကျင်အဆင့် သွေးလည်ပတ်မှု နည်းစနစ်။

"ရှေ့ဟောင်း အနှိပ်ပညာ"

ဒါသည် ဆွန်းမိုရထားသော နည်းစနစ်စာအုပ်၏ နာမည်ဖြစ်သည်။ ဒီနာမည်ကို ကြားလိုက်သည်နှင့် လူတိုင်း အထင်လွဲသွားနိုင်သည်မှာ သေချာလှ၏။

"အရင်တုန်းက မင်းရဲ့နာမည်က ပြိုင်ဘက်ကင်း အနှိပ်ဆရာကြီးစနစ်ပဲ ဖြစ်မယ်။ မင်းဒူးခေါင်းကို

မြွားနဲ့ထိုးမိလို့ ပြိုင်ဘက်ကင်းဆရာကြီးစနစ် ဆိုပြီး ပြောင်းလိုက်တာလား”

ဆွန်းမိုက လျှောင်လိုက်သည်။

စနစ်က တိတ်ဆိတ်နေသည်။

“မင်းအမေရဲ့ ဆံပင်ညှပ်ဆိုင်မှာ ငါ့ကို ခြေထောက်နှိပ်ပေးတဲ့ ကောင်မလေးအဖြစ် ပြုစုပျိုးထောင်ဖို့ ကြံနေတာလား”

ဆွန်းမို၌ သံသယဖြစ်ဖွယ် အရည်ချင်းတစ်ခု ရှိသည်။

“အော် မင်းကယောကျ်ားလေးလား”

စနစ်က ပြန်ပြောသည်။

"မင်းက နှုတ်သီးကောင်း လျှာပါးဆိုတာ ငါသိတယ်။"

"ရှင်းရှင်းပြောရရင် မင်းကိုပေးတဲ့ နည်းစနစ်စာအုပ်မှာ ပြဿနာရှိရင်တောင် မင်းက ငါ့အကြောင်း ပြောစရာမလိုဘူး။"

ဆွန်းမိုသည် မျက်ခုံးပင့်လိုက်သည်။

"ငါက ဆရာတစ်ယောက်ပဲ။ ဘာဖြစ်လို့ ကျိန်စာတိုက်ရမှာလဲ။ ငါကမင်းကို ကျိန်ဆဲလိုက်ရင်

ငါက ဥပက္ခာမဲ့ ခွေးတစ်ကောင် ဖြစ်သွားမှာပေါ့၊ ငါ့ကိုယ်ငါတောင် ကြောက်မိတယ်”

“ရှေ့ဟောင်းအနှိပ်ပညာဟာ ရှေးခေတ်မှာကတည်းက အလွန်အသုံးဝင်တဲ့ နည်းစနစ်တစ်ခုဖြစ်တယ်။ မင်းရဲ့လက်နဲ့ ပစ်မှတ်ရဲ့ခန္ဓာကိုယ်ကို စိတ်ကြိုက်ထိန်းချုပ်ပြီး မှန်ကန်တဲ့ ကျင့်ကြံသူတစ်ယောက် ဖြစ်လာအောင် လုပ်ပေးလို့ရတယ်။”

စနစ်က ရှင်းပြသည်။

“သဘောပေါက်ပြီ”

ဆွန်းမိုရဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်၏ ခင်ပွန်းသည် ပြည်နယ်အဆင့် အားကစားသမား တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ခန္ဓာကိုယ် နှိပ်နှံ့ခြင်းသည် လေ့ကျင့်မှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်း သူသိသည်။

သူတို့၏ခန္ဓာကိုယ် ထိန်းသိမ်းရန်နှင့် ပြန်လည် နလန်ထမှုသည် အလွန်အရေးကြီးသည်။ ပိုမိုထိန်းသိမ်းနိုင်လေ ပိုမို၍ အသက်မွေးဝမ်းကြောင်းအတွက် ယှဉ်ပြိုင်နိုင်လေ ဖြစ်သည်။

"ဒါပေမယ့် ရှေးဟောင်းအနှိပ်ပညာ ဆိုတဲ့နာမည်က နည်းနည်း မပွဲလွန်းဘူးလား။ ပိုပြီးစိတ်ဝင်စားဖို့ ကောင်းလာအောင် နာမည်ပြောင်း လိုက်မယ်လေ။

ဥပမာ-နဂါးဖမ်းယူခြင်း လက်တို့ဘာတို့လေ"

ဆွန်းမို၏ ကွန်ပလိန်းကို စနစ်က လျစ်လျူရှုထားသည်။

"မင်းဒါကို သင်မှာလား၊ မသင်ဘူးလား"

"အေးပါကွာ၊ ငါလေ့လာနေပါတယ်။"

ဆွန်းမိုက ခပ်ရှင်းရှင်း ပြန်ဖြေလိုက်သည်။

"ဖောင်း"

နည်းစနစ်စာအုပ် ပြိုကွဲသွားသည်။ ရွှေရောင်အလင်းရှိသော အလုံးတစ်လုံးအဖြစ်သို့ ပြောင်းလဲသွားပြီး ဆွန်းမို၏မျက်ခုံးနှစ်ခု အလယ်သို့ ဝင်သွားသည်။ စိတ်ထဲ၌ ထူးဆန်းစွာ ဗဟုသုတများစွာ ပေါ်လာသည်။

"ဂုဏ်ယူပါတယ်၊ မင်းက ကျွမ်းကျင်အဆင့် သွေးလည်ပတ်မှု နည်းစနစ်ကို တတ်မြောက်သွားပါပြီ။ ဒီနည်းစနစ်ဟာ ရှေးဟောင်းအနှိပ်ပညာ၏ အစိတ်အပိုင်းလေးခုထဲက

တစ်ခုဖြစ်တယ်။ စွမ်းအင်စီးဆင်မှုကို အဓိကထားတယ်။ လူ့ကိုယ်ခန္ဓာကိုယ်ထဲက စွမ်းအင်လမ်းကြောင်းကို ရှင်းလင်းစေပြီး ဝိညာဉ်ချီများကို အတားအဆီးမရှိ စီးဆင်းစေနိုင်တယ်။”

ဆွန်းမိုသည် မနက်စာစားပြီးနောက် တိတ်ဆိတ်နေသော စတိုခန်းတစ်ခုကို ရှာလိုက်သည်။ တံခါးကို သော့ပိတ်ပြီးနောက် ဆွန်းမိုသည် သဏ္ဍာန်မဲ့မြင့်မြတ်စကြာဝဠာကျင့်စဉ်ကို စတင် ကျင့်ကြံလိုက်သည်။ ဝိညာဉ်ချီရှိနေခြင်းကြောင့်

သူ့ခန္ဓာကိုယ်သည် အလွန်သန်မာနေကြောင်း သူတွေ့လိုက်ရသည်။ သူရိုးရိုးခုန်လျှင်ပင် ငါးမီတာနှင့် ခြောက်မီတာခန့်အထိ ရောက်နိုင်သည်။

"ငါမာရသွန် သွားပြိုင်လို့မနိုင်ရင် စိတ်ပိုင်းဆိုင်ရာထိခိုက်ပြီး ဒီခန္ဓာကိုယ်ကတောင် တကယ်ပဲငါ့ကို ကန်ထုတ်လိုက်ပစ်လိမ့်မယ်။"

ဆွန်းမိုတစ်ယောက် စိတ်ကူးယဉ်နေသည်။ ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်ကို လူတိုင်း လိုချင်ကြ၏။ အရင်ဘဝ၌ သူ့တွင်မျက်စိမှုန်၍

အစာအိမ်နှင့် ကျောရိုးကင်ဆာ ရှိခဲ့သည်။ ယခုတော့ လုံးဝကျန်းမာ၍ ဒေါင်ဒေါင်မြည်နေသည်။

"ပင်းပန်းတယ်ဆိုတဲ့ အချက်ကိုဖယ်လိုက်ရင် ကျင့်ကြံရတာ တကယ် ကောင်းတယ်။"

ဆွန်းမိုသည် ညည်းတွား နေသော်လည်း သဏ္ဍာန်မဲ့ မြင့်မြတ်စကြာဝဠာကျင့်စဉ်၏ ပထမအဆင့်ကို အောင်မြင်ရန် တံခါးဝကိုပင် ရောက်ရှိလာခဲ့သည်။

ပထမအဆင့်သည် သူ၏ဖြစ်နိုင်စွမ်းရှိသလောက် အစွမ်းအစကို ထုတ်လွှတ်ပြီး သူ၏ခန္ဓာကိုယ်ကို ခွန်အားထိန်းချုပ်ရန်၊ လိုချင်သော အချိန်တိုင်း၌

ပေါက်ကွဲစေနိုင်ပြီး ပြီးပြည့်စုံသော ခွန်အားထိန်းချုပ် နိုင်စွမ်းကို ရရှိစေမည်။

ပထမအဆင့်၏ အနှစ်သာရသည် လူတစ်ယောက်၏ ခန္ဓာကိုယ်ထက်သာလွန်သော ထိန်းချုပ်မှု ဖြစ်သည်။ သူတို့၏ အလားအလာကို ပိုမိုထုတ်ဖော်နိုင်ရန်လည်း ဖြစ်သည်။

ကျင့်ကြံနေခဲ့သည်မှာ တစ်ရက်ကြာခဲ့သည်။ ထိုအချိန်အတောအတွင်း၌ သူ့ကို လိုက်ရှာနေသော လီကုန်ကို မြင်ခဲ့သည်။ သို့သော် ဆွန်းမိုသည် ပုန်းနေသဖြင့် လီကုန်က ရှာမတွေ့ခဲ့ပေ။

လီကုန်ကို မကြောက်ပေ။ ကိုင်တွယ်ရန် ယာယီစိတ်ကူး မရှိသေးသောကြောင့် ဖြစ်သည်။ သူသည် အသစ်စက်စက် ဂိမ်းတစ်ခုကို ရလိုက်ပြီး စွဲလန်းသွားသော လူတစ်ယောက်ကဲ့သို့ ကျောင်းသွားရန်မဆိုထားနှင့် ရည်းစားနှင့်ပင် တွေ့ရန် အချိန်မရှိပေ။

ဆွန်းမိုသည် လူရှုပ်နေလျှင် မနေတတ်ချေ။ သူသည် လူအစည်ဆုံးအချိန်ကို ကျော်အောင် စောင့်နေခဲ့ပြီးမှ ကန်တင်းသို့ ထွက်လာခဲ့သည်။

အလွန်စားကောင်းသော ခေါက်ဆွဲတစ်ပွဲကို မှာလိုက်သည်။ ဟင်းရည်သည် ကြည်လင်နေပြီး ကျေနပ်စရာကောင်းသည်။ တစ်ညလုံး ပြုတ်ထားသော အမဲသား အနည်းငယ်ကိုလည်း မှာလိုက်သည်။ အရသာ ကောင်းလိုက်ပုံသည် လျှာကိုပင် မြို့ချချင်စိတ် ပေါက်လာသည်။

အစမ်းခန့်ဆရာများ၏ လစာကို ရရှိထားသဖြင့် ဆွန်းမိုသည် ငွေဒင်္ဂါး၅ပြား သုံးခဲ့သည်။ သူသာ တရားဝင်အလုပ်ရခဲ့လျှင် လစာ ပိုမြင့်လာမည်။

ညစာစားပြီးနောက် ဆွန်းမိုသည် လမ်းလျှောက်ရန် ကြေကွဲခြင်းမရှိ ကန်ဘက်သို့ ထွက်လာခဲ့သည်။ ချီရွှန်ကျားသည့် သူ၏နောက် မီတာ၂၀ အကွာမှ လိုက်လာခဲ့သည်။ သူ၏နှလုံးသားသည် တုံ့ဆိုင်းမှုများနှင့် ပြည့်နေသည်။ အစောပိုင်းတုန်းက ဆွန်းမိုကို ရှာ၍မတွေ့ခဲ့ပေ။ ဝမ်ဟောင်က သူ့ကိုကန်တင်း၌ စောင့်နေရန် ပြောခဲ့သည်။ လူတိုင်းသည် ထမင်းတော့ စားကြရသည် မဟုတ်လား။

"ဆွန်း.....ဆရာဆွန်း"

ချီရှန်ကျားသည် ဆွန်းမိုကို လိုက်မှီအောင် အမြန်နှုန်းမြှင့်တင်ရန် အားထုတ်လိုက်သည်။ ကြွက်သားတချို့က နာလွန်း၍ ခေါင်း၌ချွေးများ ဖုံးလွှမ်းလာသည်။

"မင်းခြေထောက်က ချိနေတာလား"

ဆွန်းမိုသည်ရပ်တန့်လိုက်ပြီး မျက်ခုံးတွန့်ကာ မေးလိုက်သည်။

"ငါ့ညာလက်လဲ.................."

ချီရှန်ကျားသည် ကြေကွဲဖွယ် ပြုံးလိုက်သည်။ ဆွန်းမို၏တည်ငြိမ်နေသော မျက်နှာကို ငေးကြည့်၍

အံကြိတ်ကာ ဒူးထောက်လိုက်သည်။ အရှိန်ပြင်းလွန်းသဖြင့် ဒူးနှင့်မြေကြီးထိသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

“ဆရာဆွန်း ကျေးဇူးပြုပြီး အကြံပေးပါ”

ချီရွှန်ကျားသည် ထိုသို့ပြောလိုက်ရင်း အရိုအသေလိုက်သည်။ ဒါသည် သူ့အတွက်တော့ နောက်ဆုံး မျှော်လင့်ချက်ပင်….

“ထပါ”

ဆွန်းမိုက "လူတစ်ယောက်ရဲ့ ဒူးအောက်မှာ ရွှေရှိတယ်၊ မင်းက ကောင်းကင်၊ မြေကြီး နဲ့မိဘကိုပဲ ဒူးထောက်ရမယ်"

ဆွန်းမိုသည် ကိုယ့်ကိုယ်ကို တန်ဖိုးမထားတတ်သော လူများကို မုန်းတီးသည်။ ထိုသို့ပြောပြီးနောက် စိတ်ခံစားမှု ကျယ်ပြန့်လာ၍ မြတ်ဆရာအရှိန်အဝါလည်း ထုတ်လွှတ်လာသည်။

"ဝှစ်"

ဆွန်းမိုဆီထံမှ ရွှေရောင်အလင်းတန်းများသည် မိုးရွာသကဲ့သို့ ထွက်လာပြီး ချီရွှန်ကျား၏ ကိုယ်ပေါ်သို့ ကျရောက်သွားသည်။

တန်ဖိုးဖြတ်မရသော အကြံပြုချက် မြတ်ဆရာအရှိန်အဝါ၏ လှုံ့ဆော်မှုကြောင့် ဒူးအောက်၌ ရွှေရှိသည်ဟူသော ပြောပြချက်သည် ချီရွှန်ကျား၏စိတ်ကို တုန်လှုပ်နေစေသည်။ မသိစိတ်ကြောင့် ထရပ်လိုက်သည်။

"ငါမှားသွားတယ်"

ချီရှန်ကျားက တောင်းပန်လိုက်ပြီး ခေါင်းငုံ့ထားသည်။ စိတ်ထဲမှ တုံ့ဆိုင်းနေမှုများလည်း ပျောက်ကွယ်သွားသည်။ ထိုနေရာ၌ အလွန်လေးစားခြင်း၊ နောင်တရခြင်း ခံစားချက်များသာ အစားထိုး ဝင်ရောက်လာသည်။

သူသည် ဆရာဆွန်းကို အထင်မသေးခဲ့သင့်ပေ။ (တန်ဖိုးဖြတ်မရသော အကြံပြုချက်က စွမ်းအားကြီးလွန်းတယ်။)

မကြာခင် သူ၏နှလုံးသားထဲ၌ မျှော်လင့်ချက်များ ပြန်ပြည့်လာသည်။

“ဒင်”

ချီရွှန်ကျား၏ လေးစားအထင်ကြီးမှု - (+၃)

ချီရွှန်ကျားနှင့် လေးစားကြီးမှု ဆက်သွယ်ချက်ကို ဖွင့်လိုက်သည်။

လက်ရှိအမှတ် - မူလ (၃/၁၀၀)

“ငါကဒီလိုနည်းနဲ့ လေးစားအထင်ကြီးမှု အမှတ်ကိုရနိုင်တာပဲ”

ဆွန်းမိုသည် နတ်ဘုရားမျက်စိအာရုံ ဖွင့်လိုက်၍ ချီရွှန်ကျားကို စစ်ဆေးလိုက်သည်။ ချီရွှန်ကျား၏ ညာလက်မောင်းနှင့် ဘယ်ခြေထောက်

ကြွက်သားများသည် ပြင်းထန်စွာဒဏ်ရာ ရထားသည်။ အထူးသဖြင့် စွမ်းအင်လမ်းကြောင်းများ ဖြစ်သည်။

(တော်တော်လေး စိတ်ပျက်ဖို့ကောင်းတာပဲ)

"ဆရာ၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

ချီရှန်ကျားက ရိုးသားစွာ နောက်တစ်ကြိမ် တောင်းပန်လိုက်သည်။

"မင်းခြေထောက်ကို ကုသပေးစေချင်တာလား။ တောင်းပန်ပါတယ်။ ငါမလုပ်နိုင်ဘူး။"

ဆွန်းမိုက ပယ်ချလိုက်သည်။

"ဆရာဆွန်း၊ မင်းက ငါ့ရဲ့ နောက်ဆုံးမျှော်လင့်ချက်ပါ"

ချီရှန်ကျားသည် မျက်ရည်မကျမိအောင် ထိန်းထားရင်း ပြောလိုက်သည်။

"မင်းက အလွန်အကျွံ လေ့ကျင့်လို့ ဒီလိုဖြစ်သွားတာ။ အလွန်အကျွံ လုပ်လိုက်လို့ ကြွက်သားနဲ့ စွမ်းအင်လမ်းကြောင်း ဒဏ်ရာရသွားတာ။ လေ့ကျင့်မှုကို ရပ်ထားလိုက်ရင် ဖြည်းဖြည်းခြင်း ပြန်ကောင်း လာလိမ့်မယ်။"

ဆွန်းမိုသည် နတ်ဘုရားမျက်စိအာရုံမှ ထုတ်ပေးသော ရလဒ်ကြောင့် အလွန် ယုံကြည်မှုရှိနေသည်။ အလွန်တိကျ၏။

“ ဘယ်လောက်ကြာမှာလဲ.............ဘယ်လောက် ကြာကြာမလေ့ကျင့်ဘဲ နေရမှာလဲ”

ချီရွန်ကျား၏ မျက်နှာပေါ်၌ မျှော်လင့်ချက်များ ပြန်ပြည့်လာသည်။

“အနည်းဆုံးတစ်နှစ်”

ဒီအဖြေကို ကြားလိုက်လျှင် ချီရွန်ကျား၏ မျက်နှာသည် ဖြူဖျော့သွားသည်။

"မဟုတ်ဘူး............အချိန် အရမ်းကြာလွန်တယ် တိုက်ပွဲခန်းမကို ဝင်ခွင့်အောင်မှ ဖြစ်မယ်။ ဒီလိုမဟုတ်ရင်ငါက ကျောင်းကထွက်ရမှာ"

'ကျောင်းကထွက်' ဟူသောစကားသည် ဆွန်းမိုကို မျက်မှောင်ကြုတ် သွားစေသည်။ တင်းကျပ်မှုကြောင့် သေသွားနိုင်သည်။ ဆရာတစ်ယောက်အနေဖြင့် သူမကြားချင်ဆုံး စကားလည်း ဖြစ်သည်။

"ဆရာဆွန်း မင်းမှာ အဖြေရှိမှာသေချာတယ်။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ။ "

ချီရွှန်ကျား၏ ဒူးများ ကွေးသွားသည်။ သူသည် နောက်တစ်ကြိမ် ဒူးထောက်ချင်သော်လည်း မမြင်ရသောတွန်းအားများက တွန်းကန်ထားသည်။

ဆွန်းမိုလည်း တိတ်ဆိတ်သွားသည်။

ချီရွှန်ကျားသည် စကားမပြောဝံ့ပေ။ ဆွန်းမို၏ ဆုံးဖြတ်ချက်ကိုသာ စောင့်နေခဲ့သည်။

"သွေးလည်ပတ်ခြင်းနည်းစနစ်က ပျက်စီးသွားတဲ့ စွမ်းအင်လမ်းကြောင်းကို ကုသပေးနိုင်တယ်။ ကြွက်သားအတွက်ကတော့ ငါ့မှာအဖြေမရှိဘူး။ ဒါပေမယ့် အခု အဓိကပြသနာက

စွမ်းအင်လည်ပတ်တဲ့ လမ်းကြောင်းပဲ အနည်းဆုံးတော့ လက်နဲ့ခြေ မတောင့်တင်းအောင်တော့ လုပ်ပေး နိုင်လောက်တယ်။”

ဆွန်းမိုသည် ချီရှန်ကျား၏ အချက်အလက်ကို ကြည့်၍ အမှန်အတိုင်း ပြောလိုက်သည်။

“မင်းရဲ့ လက်နဲ့ခြေထောက်ကို ကုသပေးနိုင်တယ်။ ဒါပေမယ့် ၁၀၀% ယုံကြည်မှုမရှိဘူး။ မမျှော်လင့်ထားတဲ့ မတော်တဆမှု တစ်ခုခုဖြစ်သွားရင် အခြေအနေက ပိုဆိုးသွားနိုင်သလို အမှန်တစ်ကယ်

ဒုက္ခိတတစ်ယောက်လဲ ဖြစ်သွားနိုင်တယ်။ ဘယ်လိုလဲ ကုသချင်သေးလား”

ဆွန်းမိုသည် သွေးလည်ပတ်ခြင်း နည်းစနစ်ကို ပထမဆုံး အသုံးပြုခြင်း ဖြစ်သည်။ မည်ကဲ့သို့ရလဒ်မျိုး ထွက်လာမည်ကို သူလည်းမသိပေ။

ချီရှန်ကျားသည် ကြက်သေ သေသွားသည်။

ဆွန်းမိုသည် အရင်နေရာ၌ တိတ်တဆိတ် စောင့်နေခဲ့သည်။ ၅မိနစ်ခန့် ကြာသွားသောအခါ လှည့်ထွက်သွားသည်။

“ဆရာဆွန်း”

ချီရှန်ကျားက ဦးညွှတ်လိုက်ပြီး

“ ဆရာ့ကိုပဲ ရှိသမျှပုံပြီး အားကိုးမယ်”

သူတို့နှစ်ဦးသည် စတိုခန်းသို့ ပြန်လာခဲ့ကြသည်။ ဆွန်းမိုသည် နေရာကို အနည်းငယ် သန့်ရှင်းလိုက်ပြီး သန့်ရှင်းသော ပျဉ်ပြားတစ်ခုကို ခင်းလိုက်သည်။ ထို့နောက် ချီရှန်ကျားကို အဝတ်များချွတ်ခိုင်းကာ ပျဉ်ပြားပေါ်၌ အိပ်ခိုင်းလိုက်သည်။

ကျွမ်းကျင့်အဆင့် ဆိုသည့်နာမည်အတိုင်း သူသည် ဒီနည်းစနစ်၏ အစိတ်အပိုင်းတိုင်းကို

ကျွမ်းကျင်နေပြီး တော်သည့်ထက်လဲ သာလွန်နေသည်။ မဟာအဆင့်၌ မရှိသော်လည်း အထက်တန်းအဆင့်၌ ရှိသည်။

ဆွန်းမိုသည် ချီရွန်ကျား၏ ညာလက်မောင်းကိုထိ၍ သွေးလည်ပတ်ခြင်း နည်းစနစ်အတိုင်း နည်းနည်းခြင်း နှိပ်လိုက်သည်။

"အား"

ချီရွန်ကျားသည် လက်မောင်းမှ ပြင်းထန်သော နာကျင်မှုကို ခံစားရပြီး နာကျင်စွာ အော်ဟစ်လိုက်သည်။ အာရုံစိုက်နေသော

ဆွန်းမိုကို အနှောက်အယှက်ဖြစ်သွားမည် ကြောက်၍ ပါးစပ်ကို အမြန် ပြန်ပိတ်လိုက်သည်။

ဆွန်းမိုသည် စိတ်အာရုံ စုစည်းလိုက်သည်။ ဝိညာဉ်ချီများကို လက်ချောင်းများ၌ စုစည်း၍ အနှိပ်ကုထုံးဖြင့် ကုသပေးလိုက်သည်။

ဆွန်းမို ထိလိုက်သောနေရာများ၌ ဆေးထိုးအပ်ဖြင့် ထိုးလိုက်သကဲ့သို့ ခံစားရသည်။ နှစ်မိနစ်ခန့်ကြာသောအခါ နာကျင်မှုသည် ယားယံခြင်းသို့ ပြောင်းလဲသွားပြီး ယားယံခြင်းများသည် လက်မောင်းပတ်လည်၌

နွေးထွေးသော စီးကြောင်းများအဖြစ် လည်ပတ်သွားသည်။

ချီရှန်ကျားသည် သက်သာစွာ မျက်လုံး ပိတ်လိုက်သည်။ သူသည် တိမ်တိုက်ပေါ်ကိုပဲ ရောက်နေသလိုလို မိခင်ကပဲ ပွေ့ဖက်နေသလိုလို ခံစားနေရသည်။

နံနက်ခင်း နေရောင်သည် ပြတင်းပေါက်မှတစ်ဆင့် ဝင်ရောက်လာပြီး သူ့မျက်နှာပေါ်ကို ကျဆင်းလာသည်။ သူနိုးလာတော့ မိုးလင်းနေပြီ။

"ဒီမှာ စားလိုက်"

ဆွန်းမိုသည် ကန်တင်းသို့ သွားကာ ချီရွန်ကျားအတွက် ဆန်ပြုတ် ဝယ်လာခဲ့သည်။

"မလုပ်ပါနဲ့၊ မလုပ်ပါနဲ့"

ချီရွန်ကျားသည် အလျှင်အမြန် ထကာ လက်ဝှေ့ယှမ်း လိုက်သည်။ သူ၏ညာလက်မောင်းနှင့် ဘယ်ခြေထောက်အပြင် ခန္ဓာကိုယ်၏ တခြား အစိတ်ပိုင်းများသည် ထုံကျင်မှုမှ သက်သာနေသည်ကို စတင်၍ သတိထားမိသွားသည်။

"ဆရာဆွန်း"

ချီရွှန်ကျားက ရုတ်တရက် ခေါင်းငုံ့လိုက်သည်။ ထို့နောက် ဆွန်းမိုကို ကြည့်ရင်း မျက်ရည်ကျလာသည်။ သူ၏ ယခုလက်ရှိခန္ဓာကိုယ် အနေထားမျိုး သက်တောင့်သက်သာ မဖြစ်ခဲ့သည်မှာ ကြာနေပြီ။

"စားကြစို့"

ဆွန်းမိုက ချီရွှန်ကျားထံ ဇလုံတစ်လုံး ပေးလိုက်သည်။ ညက သူအိပ်ပျော်နေသောချိန်၌ ခန္ဓာကိုယ်တစ်ခုလုံးကို ရှေးဟောင်းအနှိပ်ပညာ အသုံးပြုရန် ဆုံးဖြတ်ခဲ့သည်။

နတ်ဘုရားမျက်စိ အာရုံကိုသုံးပြီး စွမ်းအင်လမ်းကြောင်းထဲမှ ဒဏ်ရာများကို လျှော့ချပေးခဲ့သည်။ သူသာ ရှေ့ဟောင်းအနှိပ်ပညာကို ဒီထက်ပို၍ ကျွမ်းကျင်ခဲ့လျှင် လုံးဝပြန်ကောင်းလာအောင်ပင် လုပ်ပေးနိုင်သည်။

အမှန်တိုင်းပြောရလျှင် ဆွန်းမိုသည် 'ပြိုင်ဘက်ကင်း ဆရာကြီးစနစ်ကို စောက်ရမ်းမိုက်တယ်' ဟု အော်ပစ်လိုက်ချင်သည်။

ရှေးဟောင်းအနှိပ်ပညာကို စနစ်ထဲက ရတနာသေတ္တာမှ ရရှိခဲ့ပြီး အမှန်တကယ်လည်း

အသုံးဝင်သည်။ သူထံ၌ လေးစားအထင်ကြီးမှု အမှတ်များ လုံလောက်ခဲ့လျှင် ဒီနည်းပညာ၏ တခြားအစိတ်အပိုင်းများကိုလဲ ဝယ်ယူချင်သေးသည်။

ချီရှန်ကျားက တည်ကြည်သောမျက်နှာဖြင့် ပန်ကန်လုံးကိုချလိုက်ပြီး ဒူးထောက်ကာ သုံးကြိမ် ဦးညွှတ်လိုက်သည်။ ခေါင်းနှင့်မြေကြီးထိသော အသံများ ထွက်ပေါ်လာသည်။

“ဆရာဆွန်း, ဆရာရဲ့ကျေးဇူးကို ဖော်ပြဖို့ လုံလောက်တဲ့ စကားလုံးတောင် မရှိပါဘူး”

ချီရှန်ကျားတစ်ယောက် ဆွန်းမို၏ ကျေးဇူးတော်များကို ချီးမွမ်းခန်း ဖွင့်နေစဉ် ဆွန်းမို၏နားထဲ၌ စနစ်၏ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

"ဒင်"

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု (+၁၅)

ချီရှန်ကြားနှင့် လေးစား အထင်ကြီးမှု ဆက်သွယ်ချက် - လက်ရှိအမှတ် - မူလ(၁၈/၁၀၀)

ဆွန်းမိုသည် ချီရှန်ကျား၏ လေးစားထိုက်သော စိတ်နေသဘောထားကြောင့် မဟုတ်ဘဲ ကျေနပ်စွာ

ခေါင်းညိတ်ပြလိုက်သည်။ ဆွန်းမို၏ လေးစားအထင်ကြီးမှု ရမှတ်များသည် ယခုအခါ၌ ဂဏာန်းနှစ်လုံး ဖြစ်လာသည်။

လီဇီချီ၏ (၄)မှတ် နှင့် လီကုန်၏ (၁)ကို ထည့်ပေါင်းလိုက်သောအခါ စုစုပေါင်း(၂၃)မှတ် ရခဲ့သည်။ သွားရမည့် ခရီးကအရှည်ကြီး ကျန်နေသေးသည်။ လကြွယ်အသီးအတွက် ဈေးက ၁၀၀၀မှတ် ဖြစ်သည်။

သူသာ လကြွယ်အသီးကို စားလိုက်လျှင် သူ၏ကျင့်ကြံခြင်း အဆင့်ကို တိုးတက်စေနိုင်သည်။

ငှင်းတို့ကို အစုလိုက် အပြုံလိုက် ဝယ်စားလိုက်ပါက ကျင့်ကြံနေစရာပင် မလိုတော့ချေ။

ချီရှန်ကျားသည် အလွန် စိတ်လှုပ်ရှားနေဆဲဖြစ်သည်။ စိတ်ပူပန်နေသဖြင့် ဆွန်းမိုကို ရှာခဲ့ခြင်းပင်။ သို့သော် မျှော်လင့်သည်ထက်ပို၍ အကျိုးကျေးဇူးရလိုက်သည်။

“ဒီလောက် ကြောက်စရာကောင်းအောင်တော်တဲ့ အစမ်းခန့်ဆရာကို ထောက်ပံ့ရေးဌာနကို ပို့တယ်။ ကျောင်းရဲ့ စီမံခန့်ခွဲမှုက မျက်စိကန်းနေတာလား”

ချီရွှန်ကျားသည် ဆွန်းမိုအတွက် မတရားသလို ခံစားလိုက်မိသည်။

"ကောင်းပြီ၊ စားရအောင်"

ဆန်ပြုတ်ကို ခပ်နေသော ဆွန်းမို၏လက်သည် ရပ်တန့်သွားသည်။ စနစ်က မရပ်တန့်သွားပေ။

"ဒင်၊ တာဝန်အသစ်ကို ထုတ်ပြန်လိုက်တယ်။ ချီရွှန်ကျားကို တိုက်ပွဲခန်းမရဲ့ စစ်ဆေးမှုမှာ အောင်မြင်အောင် ကူညီပေးပါ။

ဆုလဒ် - ရွှေရောင်ရတနာသေတ္တာ"

"ဘုန်း"

စနစ်၏ အသံဆုံးသွားလျှင် ဆွန်းမိုသည် ပန်းကန်လုံးကို မြေကြီးပေါ်သို့ ပစ်ပေါက်လိုက်သည်။

(မ.......အ......လ.....)

အခန်း(၉) - အလွန်တုန်လှုပ်ကြခြင်း

“မင်းက ပိုပြီး ထောက်ပံ့ပေးမှာ မို့လို့လား”

ဆွန်းမိုသည် တော်တော်ကို တင်းနေသည်။ ချီရှန်ကျား၏ အလားအလာ တန်ဖိုးသည် အရမ်းနိမ့်ကျသလို စစ်ဆေးမှုကလည်း စတင်ရန် ၅ ရက်သာ လိုတော့သည်။

ဆွန်းမိုသည် လူသစ်တစ်ယောက်ဖြစ်ပြီး ဗဟိုအကယ်ဒမီကို သူ့အိမ်ဟု သတ်မှတ်နိုင်သည်။ ထို့ကြောင့် စာကြည့်တိုက်၌ နှစ်ရက်ခန့်နေ၍

ကျောင်းနှင့် ပက်သက်သမျှ အားလုံးနီးပါး ဖတ်ခဲ့ရသည်။

တိုက်ပွဲခန်းမသည် ဇဟိုပြည်နယ်အကယ်ဒမီ၌ နာမည်အကြီးဆုံး ကလပ်တစ်ခု ဖြစ်သည်။ ချင်လင်မြို့၌လည်း အလွန်ကျော်ကြားသည်။

တိုက်ပွဲခန်းမသည် သူ၏မြင့်မားသော အဆင့်အတန်းကို ထိန်းထားနိုင်ရန်နှင့် အဖွဲ့ဝင်များကိုလည်း သူတို့၏ အဆင့်အတန်းကို တန်ဖိုးထားကြစေရန် အဖွဲ့ဝင် အရေအတွက်ကို ၅၀၀သာ ကန့်သတ်ထားသည်။

သုံးလလျှင်တစ်ကြိမ် တိုက်ပွဲခန်းမ၏ ဝင်ခွင့်စစ်ဆေးပွဲကို ကျင်းပသည်။ ခန်းမကိုဝင်ရောက်လိုသော ကျောင်းသားများသည် မဲနှိုက်၍ ကလပ်ကလူတစ်ဦးအား ပြိုင်ဘက်အဖြစ် ရွေးချယ်ရသည်။

အနိုင်ရပါက တိုက်ပွဲခန်းမကို ဝင်နိုင်ပြီး ရှုံးနိမ့်ပါက နောက်တစ်ကြိမ် ထပ်စောင့်ရမည်။

အဖွဲ့ဝင်တစ်ဦးသည် ရှုံးနိမ့်ပါက သူ၏အဖွဲ့ဝင် ဖြစ်ခွင့်ကို ချက်ခြင်း လက်လွှတ်လိုက်ရမည် ဖြစ်သည်။ ရက်စက်သော စည်းမျဉ်းတစ်ခုပင်။

ထို့ကြောင့် အဖွဲ့ဝင်များသည် အားစိုက်ထုတ်၍ ကျင့်ကြံ နေကြရသည်။

တိုက်ပွဲခန်းမ၌ အတိုင်ပင်ခံ မြတ်ဆရာတစ်ယောက်ရှိကာ အပတ်တိုင်း တံခါးဖွင့်ပို့ချသည်။ တစ်စုံတစ်ယောက်က ရွေးချယ်ခံ မဖြစ်သ၍ ထိုအခွင့်အရေးကို လက်လွှတ်မခံနိုင်ကြပေ။

ထိုအချက်အပြင် တစ်စုံတစ်ယောက်သည် တိုက်ပွဲခန်းမကို ဝင်ရောက်နိုင်ပါက သူ၏ဂုဏ်သတင်းသည် ကျော်ကြားလာပြီး

လူ့အသိုင်းအဝိုင်း၌ ဝင်ဆံ့လာမည် ဖြစ်သည်။ ထိုအရာသည် အနာဂတ်အတွက် ကြီးမားသော အထောက်အကူ တစ်ခုလည်း ဖြစ်သည်။

ထိုသို့သော အခြေအနေကောင်းများကြောင့် ပြိုင်ဆိုင်မှုက အလွန်ပြင်းထန်၏။ ဆွန်းမိုသည် ချီရွန်ကျားအတွက် အခွင့်အရေးမရှိကြောင်း ပြောနိုင်သည်။

“မြတ်ဆရာတစ်ယောက်က မဖြစ်နိုင်တာကို ဖြစ်နိုင်အောင် ပြောင်းလဲပေးရတဲ့ သူတစ်ဦးပဲ။ ပုပ်နေတဲ့ သစ်သားကိုတောင် နိုင်ငံအတွက် ဖိနပ်

ဖြစ်အောင်ပြောင်းလဲ ပေးရတယ်။ ဒီလိုမှမဟုတ်ရင် ကမ္ဘာကြီးက မြတ်ဆရာတွေကို ဘာကြောင့် လိုနေမှာတုန်း”

စနစ်၏အသံက ရှောင်လွဲမရသော အမှန်တရားလိုလို ဘာလိုလို အသံထွက်လာသည်။

“မင်းမှာ မူရင်းကိုယ်ရှိလား ။ ထွက်လာခဲ့၊ သေအောင်မရိုက်ဘူးလို့ အာမခံတယ်။”

ဆွန်းမိုသည် လက်ချိုးရင်း ပြောလိုက်သည်။

“ဆရာဆွန်း”

ချီရွှန်ကျားသည် အားတင်း၍ မေးလိုက်သည်။

"မင်ဘာသာမင်း ဆန်ပြုတ်သောက်နေ"

ဆွန်းမိုက အမိန့်ပေးလိုက်သည်။

"အွန့်"

ချီရှန်ကျားသည် လည်ပင်းပြန်ကျုံ့သွားကာ သောက်လက်စ ဆန်ပြုတ်များပင် နင်သွားသည်။ အနည်းငယ် အပူလောင်နေသော်လည်း ထွေးထုတ်မရ......ဖြစ်နေရှာသည်။

"မင်းစားပြီးရင် သစ်သားပေါ်မှာ ပြန်အိပ်လိုက်"

စနစ်သည် ထုတ်ပေးသောတာဝန်ကို ရပ်တန့်နိုင်သည့်နည်းလမ်း သူ့၌မရှိ....။ အကောင်းဆုံးသာ လုပ်ရမည်။

"ဆရာဆွန်းက အရမ်းကောင်းတာပဲ"

ချီရွှန်ကျား၏မျက်လုံးများသည် စိုစွတ်လာပြန်သည်။ သူကဲ့သို့ သာမန်ကျောင်းသား တစ်ဦးအနေဖြင့် ဆရာတစ်ဦး၏ ဂရုစိုက်မှုကို မရနိုင်ပါ။

"ဒင်"

ချီရွှန်ကျား၏ လေးစားအထင်ကြီးမှု - (+၂)

ချီရွှန်ကျားနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်- လက်ရှိအမှတ် - မူလ(၂၀/၁၀၀)

ထိုအသံကိုကြားရလျှင် ဆွန်းမို၏ စိတ်အခြေအနေသည် အနည်းငယ် ပြန်ကောင်းလာသည်။ အနည်းဆုံးတော့ ဒီလူက လေးစားအထင်ကြီးရန် သိတတ်သေးသည်။

ချီရွှန်ကျားသည် ဆွန်းမိုကို အကြာကြီး မစောင့်ခိုင်းရဲပေ။ မနက်စာကို မြန်မြန်ပြီးအောင် စားလိုက်၍ သစ်သားပေါ်၌ ပြန်လှဲအိပ်လိုက်သည်။

"ဆရာဆွန်း၊ ဒီလိုနေတာ အဆင်ပြေလား"

ချီရွှန်ကျားၡ၏မျက်လုံး၌ ကြောက်ရွံ့မှုများ မြင်နေသည်။

"မင်းစိတ်လျှော့ထား၊ ဘာကို စိတ်ပူနေတာလဲ၊ ငါက သားသတ်သမား မဟုတ်ဘူး၊ ဟုတ်ပြီလား"

ဆွန်းမိုသည် ဆွံ့အသွားသည်။

"မင်းက ဖြောင့်ဖြောင့်တန်းတန်း မနေဘဲ ဘာလို့လိမ်နေတာလဲ။ ငါးပုတ်ခြောက်လား"

"အမ်"

ချီရွှန်ကျားသည် ပို၍ စိတ်လှုပ်ရှားလာသည်။

ဆွန်းမိုက သူ့ကို ငေးကြည့်နေရန် စိတ်မဝင်စားပေ…။ ထို့ကြောင့် အဝတ်များနှင့် သူ့ခေါင်းကို အုပ်လိုက်သည်။ ချီရွန်ကျား၏ ဘယ်ဘက်လက်ကို ဆုပ်ကိုင်ကာ ရှေ့ဟောင်းအနှိပ်ပညာဖြင့် စတင်၍ စွမ်းအင်လမ်းကြောင်းကို ရှင်းလင်းပေးလိုက်သည်။

အချိန်သည် ဖြည်းဖြင်းခြင်း ကုန်လာခဲ့သည်။

"ဘယ်လိုနေလဲ"

ဆွန်းမိုက နှိပ်နေရင်း မေးလိုက်သည်။ အဖြေများမှတဆင့် ရှေ့ဟောင်းအနှိပ်ပညာကို ပိုမိုနားလည်လာနိုင်သည်။

"အစပိုင်း နာတယ်။ နောက်တော့ ယားယံမှုအဖြစ် ပြောင်းသွားတယ်"

ချီရှန်ကျားသည် အနည်းငယ် စိတ်လှုပ်ရှားသွားသည်။

"ပုရွက်ဆိတ်တွေ ခန္ဓာကိုယ်အပေါ်မှာ သွားနေသလို ခံစားရတယ်၊"

"ပြီးတော့ရော"

ဆွန်းမိုသည် ချီရှန်ကျား၏လက်မောင်းကို ရိုက်လိုက်ကာ

"ခန္ဓာကိုယ်ကို လှန်ပြီး ဗိုက်ကိုခေါင်းရောက်တဲ့ အထိကွေးလိုက်"

တစ်စုံတစ်ယောက်၏ အကူအညီမပါဘဲ ဒီလူငယ်လေးသည် သူ၏ကြွက်သားများကို ကောင်းမွန်စွာ လေ့ကျင့်ခဲ့၏။ ကြံ့ခိုင်သန်စွမ်း၏။ ဆွန်းမိုသည် ချီရှန်ကျားကို လမ်းလျှောက်နေသော သံမဏိ လူသားတစ်ဦးဟု ပြောလိုက်ချင်သည်။

"ပူတယ်"

ထို့နောက် ချီရှန်ကျားသည် သူ့ခန္ဓာကိုယ်ကို လှန်လိုက်သည်။

"သက်သာတယ်လို့ ခံစားရတယ်။"

ဆွန်းမို၏လက်များသည် ချီရှန်ကျား၏ မြီးညောင်ရိုးကို ဖြည်းဖြည်းခြင်း ထိုးနေသည်။ ထို့နောက် လက်များသည် ကျောရိုးဆီသို့ ရွေ့သွားသည်။ ခါးဆစ်ကိုရောက်သောအခါ အားသုံး၍ ဖိချလိုက်သည်။

"အဲ့"

ချီရှန်ကျားသည် နာကျင်သွားသဖြင့် ချက်ခြင်း အော်လိုက်သည်။ သူ့ပုံစံသည် ချက်ပြုတ်ထားသော ပုဇွန်နှင့် တူနေသည်။ နာကျင်မှု မပျောက်သေးခင်၌ပင် ပတ်ဝန်းကျင်ရှိ ဝိညာဉ်ချီများသည် သူ့ကိုယ်ကို လွှမ်းမိုးလာသည်။

"အမ်"

ဆွန်းမိုသည် ပဟေဠိ ဆန်နေသည်။ သူသည် ကျင့်ကြံခြင်း၏ တာအိုကို လေ့လာထားသဖြင့် ဒီဖြစ်ရပ်သည် ကျင့်ကြံသူတစ်ယောက်၏

အဆင့်မတက်ခင် ဖြစ်စဉ်ကြောင်း သဘောပေါက်သွားသည်။

ထိုအရာကို ပထမဆုံးမြင်ဖူးခြင်း ဖြစ်သည့်အတွက် အလေးအနက်ထား၍ စောင့်ကြည့်နေသည်။ သူ့လက်များသည် ချီရွှန်ကျား၏ ခန္ဓာကိုယ်ပေါ်မှမခွာဘဲ စွမ်းအင်စီးကြောင်းမှ တစ်ဆင့် အခြားအစိတ်အပိုင်းများသို့ ဝိညာဉ်ချီ စီးဆင်းနေမှုအား ခံစားကြည့်နေသည်။

"ဖောက် ဖောက် ဖောက်"

ချီရွှန်ကျားကိုယ်မှ ရုတ်တရုတ်အသံများ ထွက်ပေါ်လာသည်။ သူ့ကြွက်သားများသည် ဖောင်းကား၍ ကြီးမားလာပြီး သုံးမိနစ်ခန့်ကြာလျှင် ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။

စတိုခန်းထဲ၌ ဝိညာဉ်ချီများသည် ဖြည်းဖြည်းခြင်း ပြန်ငြိမ်သက်သွားသည်။

ဆွန်းမိုသည် စောစောတုန်းက ဖြစ်ပျက်ခဲ့သမျှကို ပြန်စဉ်းစားရင်း နှိပ်နေခြင်းကို ရပ်တန့်လိုက်သည်။ လုပ်ငန်းစဉ် တော်တော်များများကို ပြန်လည် စဉ်းစားသုံးသပ်ရင်း မှတ်သားထားရမည့်

အချက်များနှင့် အားနည်းချက်များကို ပြန်လည်သုံးသပ်နေသည်။ ထိုနည်းအားဖြင့် အနာဂတ်၌ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်လိမ့်မည်။

"ငါ.....ငါ........ အဆင့်တက်နိုင် ခဲ့တာလား"

ချီရှန်ကျားသည် တုန်လှုပ်နေ၍ အံ့သြစွာ သူ့လက်များကို ငေးကြည့်နေသည်။ သူ့ကိုယ်၌ ဝိညာဉ်ချီများ စီးဆင်းနေသော ခံစားချက်သည်လဲ အမှန်တကယ် ဖြစ်ပျက်နေသည်။

သူသည် ထိုကဲ့သို့ အံ့သြဖွယ် အခြေအနေကို တွေ့ကြုံခဲ့ဖူးသည်။ ပြီးခဲ့သောနှစ်ဝက်က

ခန္ဓာကိုယ်ပြုပြင်ခြင်း တတိယအဆင့်ကို တက်ရောက်ခဲ့သည့် အချိန်က ဖြစ်သည်။

သူသည် ငါးမိနစ်လုံးလုံး ကြက်သေ သေနေပြီးနောက် ဆွန်းမိုကို သတိရသွားကာ အမြန်ထလိုက်သည်။

“ဘုန်း”

ချီရှန်ကျားသည် သစ်သားပြားကိုတိုက်မိပြီး အနီးအနားက ဖုန်များ လွင့်ပျံ့သွားသည်။ သူသည် ဆွန်းမိုရှေ့သို့ မြန်မြန်သွားပြီး ဒူးထောက်လိုက်သည်။

ဘုန်း

ချီရှန်ကျားသည် လက်ထောက်လိုက်သော် အားသည် အလွန်ကြီးမားသောကြောင့် ကြမ်းပြင် ကွဲအက်သွားသည်။ သူသည် အလွန်စိတ်လှုပ်ရှားပြီး ကျေးဇူးတင်စကား ပြောချင်သော်လည်း ပါးစပ်မှ ပလုံးပထွေးသာ ထွက်လာသည်။ အဆုံး၌ ဘာကိုမျှ ပြောနိုင်ခြင်း မရှိခဲ့........။

"ဘာဖြစ်လို့ ထပ်ပြီး ဒူးထောက်နေတာလဲ"

ဆွန်းမိုသည် မျက်မှောင်ကြုတ်လိုက်ကာ

"မင်းက စောက်ရူးလား"

"မဟုတ်.... ငါ..မဟုတ်"

ချီရှန်ကျားသည့် ခေါင်းမှ ချွေးများစီးကျလာကာ ဆွန်းမို စိတ်ဆိုးသွားမည်ကို ကြောက်လန့်၍နေ၏။ ထို့ကြောင့် စိတ်ပူလေလေ ပို၍ မပြောနိုင် ဖြစ်လေလေ ဖြစ်နေသည်။

ထိုအချိန်တွင် ချီရှန်ကျား၏စိတ်ထဲ၌ ဆွန်းမို၏အဆင့်အတန်းသည် အလွန်မြင့်မား လာသည်။ ဆွန်းမိုက သူ့ကိုနှိပ်ပေးလိုက်သောကြောင့် ခန္ဓာကိုပြုပြင်ခြင်း အဆင့်(၄) ကို ရောက်ရှိစေခဲ့သည်။ ဒါသည် အံ့အောစရာ ကောင်းလွန်းသည်။ မှော်ဆန်လွန်းသည်။

"မဟုတ်ရင်လည်း မြန်မြန်ထ"

"ကြမ်းပြင်ကို ပြန်သန့်ရှင်းလိုက်"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"ဟုတ်"

ချီရွှန်ကျားသည် ဝံပုလွေ ရှေ့သို့ရောက်နေသော သိုးတစ်ကောင်ကဲ့သို့ နာခံလိုက်သည်။ သူ၏စိတ်ထဲ၌ အော်ဟစ်လိုက်ချင် လောက်အောင် ပျော်နေသည်။ သူသည် အဆင့်(၄)ကို ရောက်လာသဖြင့် တိုက်ပွဲခန်းမ စစ်ဆေးခြင်းကို အောင်မြင်ရန် အခွင့်အရေး ပိုများလာခဲ့ပြီ။

ထိုအကြောင်းကို တွေးမိလိုက်လျှင် ချီရှန်ကျားသည် ဆွန်းမိုကို ကျေးဇူးတင်စကားပြောမထွက်နိုင်လောက်အောင် ဖြစ်နေရသည်။

"ဆရာဆွန်း၊ ဆရာက အရမ်းတော်တာပဲ"

ဒင်

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု - (+၃၀)

ချီရှန်ကျားနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ (၅၀/၁၀၀)

ဆွန်းမိုသည် လျှာကိုသပ်ရင်း အမှတ်(၃၀)ကို တစ်ချက်ကြည့် လိုက်သည်။ အမှန်ဆို

ဘယ်လောက်ရရ သူတန်ဖိုးထားသည့် အမှတ်များ ဒီထက်ပို၍ ရနိုင်မည့်နည်းလမ်းကို သိချင်နေသည်။

"မင်းက လမ်းညွှန်မှုတစ်ခု လုပ်ပေးရင် ရင်းနှီးမှု၊ ကိုးကွယ်ယုံကြည်မှု၊ အထင်ကြီးမှုစတာတွေက မင်းကို လေးစားအထင်ကြီးမှု အမှတ်အတွက် ရရှိစေနိုင်တယ်။"

"ပစ်မှတ်က စိတ်ခံစားမှု အပြောင်းအလဲ ပိုဖြစ်လေလေ လေစားအထင်ကြီးမှုအမှတ် ပိုရလေလေပဲ။"

"ချီရွန်ကျား အဖြစ်ကို ဥပမာကြည့် အဆင့်တက်နိုင်ခဲ့တဲ့အတွက် တိုက်ပွဲခန်းမ စစ်ဆေးခြင်းမှာ အောင်မြင်မယ်ဆိုတဲ့ မျှော်လင့်ချက် ပိုမြင့်လာတယ်။ တကယ်လို့ အောင်မြင်ခဲ့ရင် သူ့ဘဝရဲ့ ရပ်တည်မှုကလည်း ပိုကောင်းလာမယ်။ ဒါကြောင့်လဲ လေးစားအထင်ကြီးမှု အမှတ်တွေ အများကြီး သူ့ဆီကထွက်လာတာ"

စနစ်၏အသံကို စိတ်ခံစားချက်များ ထည့်ပေးလိုက်လျှင် ဂရုစိုက်တတ်သော အစ်မတစ်ယောက်နှင့် တူနေသည်။

“ဒါဆို ငါ့လမ်းညွှန်ချက်က သူတို့အတွက် အရေးကြီးတယ်လို့ခံစားရလေ ငါ့အတွက် ပိုကောင်းလေပေါ့။ လေးစားအထင်ကြီးမှု အမှတ်တွေရဖို့ အခြားသူတွေကို လမ်းပြပေးတဲ့နေရာမှာ ပိုကြိုးစားရမှာပေါ့၊ ဟုတ်လား”

“အမှန်ပဲ”

စနစ်က

“မင်းရဲ့ ဉာဏ်ရည်နဲ့ဆို ပြိုင်ဘက်ကင်း ဆရာကြီးစနစ်က ငါ့ကိုရွေးချယ်ထားတာ

ဘယ်လောက်မှန်ကန်တဲ့ ရွေးချယ်မှုဆိုတာ မင်းသိသင့်ပါတယ်။"

"ဒါတွေထည့်မပြောလို့ မရဘူးလား"

ဆွန်းမိုက မျက်စိပိတ်လိုက်သည်။

"ငါ့စကားကို ငါပြန်သိမ်းတယ်၊ မင်းက လျှာစောင်းထက်တဲ့ကောင်ပဲ"

စနစ်က ပြောပြီးသည်နှင့် တိတ်ဆိတ်သွားသည်။

"အခု ဘယ်လိုနေလဲ"

ဆွန်းမိုသည် ချီရွန်ကျားကို တစ်ချက်ကြည့်ရင်း မေးလိုက်သည်။ သူ့ကိုယ်သူတော့ သိပ်ဂုဏ်မယူမိပေ။ ချီရွန်ကျားသည် အဆင့်မတက်ခင် အဆင့်(၃)၏ အထွဋ်အထိပ်သို့ ရောက်နေခဲ့ပြီး လှုံ့ဆော်မှု အနည်းငယ်သာ လိုနေခြင်းပင်။ အလွန်အကျွံ လေ့ကျင့်ခြင်းကြောင့် ခန္ဓာကိုယ်၌ ဒဏ်ရာများရလာကာ ပင်ပန်း၍ အားနည်းလာခြင်းလည်း ဖြစ်သည်။ ထို့ကြောင့် ချီရွန်ကျားသည် အချိန်ကြာမြင့်စွာ အဆင့်မတက်နိုင်ဘဲ ဖြစ်နေခဲ့သည်။

ဆွန်းမိုက ရှေ့ဟောင်းအနှိပ်ပညာ နည်းစနစ်အတိုင်း စွမ်းအင်လမ်းကြောင်းများ ရှင်းပေးခဲ့သဖြင့် ဝိညာဉ်ချီများ ချောမွေ့စွာ လည်ပတ်နိုင်ခဲ့သည်။ ထိုအရာများက ချီရွှန်ကျားကို အဆင့်တက်နိုင်အောင် အစပျိုးပေးသော လှုံ့ဆော်မှုဟု သတ်မှတ် နိုင်သည်။

"အရမ်းကောင်းတယ်လို့ ခံစားရတယ်"

ချီရွှန်ကျားသည် လက်သီး ထိုးလိုက်သည်။ ယခုလက်ရှိ၌ တစ်ယောက်ယောက်ကို ရှာပြီး

လက်ရည်စမ်းကြည့်ချင်သည့် စိတ်ကို မထိန်းနိုင်အောင် ဖြစ်နေသည်။

"ပြန်ပြီးအနားယူပါ၊ ကျင့်ကြံဖို့ မစဉ်းစားနဲ့"

ဆွန်းမိုက အမိန့်ပေးလိုက်သည်။

အ

ချီရှန်ကျားသည် ပထမတုန်းက ပြန်ငြင်းရန် စဉ်းစားလိုက်သော်လည်း ဆွန်းမိုက သူ့အပေါ်၌ မည်မျှကောင်းခဲ့ကြောင်း၊ မည်ကဲ့သို့ ကူညီခဲ့ကြောင်း ပြန်တွေးလိုက်မိ၍ ချက်ခြင်း ပါးစပ်ပိတ် လိုက်သည်။

"ကျွန်တော် ပြန်အိပ်လိုက်ပါ့မယ်"

“ဒီရက်ပိုင်း ကျောင်းပြီးရင် ငါ့ဆီကို လာနိုင်တယ်။”

ဆွန်းမိုသည် တာဝန်ပြီးမြောက်၍ ဆုရယူရန် ထိုသို့သာလုပ်နိုင်သည်။

“ဆရာဆွန်း၊ ကျွန်တော်ကို လမ်းပြပေးဖို့ စိတ်ကူးရှိနေတာလား”

ချီရှွန်ကျားသည် ဆွန်းမိုကို စိုက်ကြည့်နေရင်း စိတ်လှုပ်ရှားလာကာ မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်လာသည်။

ဆွန်းမိုက လက်ဇော့ယမ်းလျှင် ချီရှန်ကျားသည် အလိုက်တသိ ထွက်သွားသည်။ သူမသွားခင်၌ တံခါးကို ညင်သာစွာပိတ်ခဲ့သည်။ မသိလျှင် အသံကျယ်သွားပါက ဆွန်းမိုက လန့်ဖြန့်ပြီး သေတော့မလို အမူပိုနေ၏။

နေ့ခင်းအချိန်ဖြစ်သော်လည်း ချီရှန်ကျားသည် အိပ်ရန် အိပ်ယာရှိသောနေရာကို လျင်မြန်စွာ ပြန်သွားခဲ့သည်။ ယခုအခါ၌ ဆွန်းမို၏ စကားများသည် သူ့အတွက် တော်ဝင်အမိန့်

တစ်ခုကဲ့သို့ ဖြစ်နေပြီ။ ဆွန်းမို၏စကားများကို အပြည့်အဝ လိုက်နာမည်သာ...။

"ဟင်း၊ ရွှန်ကျားက သနားဖို့ကောင်းလိုက်တာ၊ သူက ကျောင်းထွက်ရတော့မှာပဲ စိတ်တောင် မကောင်းဘူး"

ဝမ်ဟောင်က သက်ပြင်းချရင်း ပြောလိုက်သည်။

"ဒါကို ကောင်းတယ်လို့ မထင်ဘူးလား၊ အရင်ကတည်းက ရွှန်ကျားရဲ့ အရည်အချင်းက တိုက်ပွဲခန်းမကို ဝင်ဖို့မမှီဘူး။ ကျောင်းတက်ခဲ့တဲ့ နှစ်အနည်းငယ်တွင်းမှာ သူပိုက်ဆံ

တော်တော်သုံးခဲ့တာပဲ။ အများကြီး မတိုးတက်လာပါဘူးကွာ။ ကျောင်းကထွက်တာနဲ့ မိသားစုအတွက် ငွေကြေး ထောက်ပံ့နိုင်အောင် အလုပ်တစ်ခုရှာတာ ပိုကောင်းတယ်လို့ပဲ ငါထင်တယ်”

ကျန်ရှီက မကောင်းသောစိတ်နှင့် ပြောခြင်း မဟုတ်ပေ။ ချီရှွန်ကျားက အချိန်ဖြုန်းနေသည်ဟု ခံစားရ၍ ပြောလိုက်ခြင်းသာ... မြတ်ဆရာတစ်ယောက်၏ လမ်းညွှန်ချက်မပါလျှင်

မအိပ်မစား လေ့ကျင့်နေလည်း တိုးတက်ခြင်းရှိမည်မဟုတ်ပေ။

အရိုးသားဆုံးပြောရလျှင် ဗဟိုပြည်နယ်အကယ်ဒမီ၌ ကျောင်းသားများသည် မကြိုးစားကြခြင်းမဟုတ်၊ မြတ်ဆရာများ၏ လမ်းညွှန်ချက်သာ လိုအပ်နေခြင်းပင်။

သူတို့နှစ်ယောက်သည် အဆောင်သို့ ပြန်ရောက်သောအခါ ကုတင်ပေါ်၌ လှဲနေသော ချီရှန်ကျားကို မြင်လိုက်ရ၍ ခေါင်းခါလိုက်မိကြသည်။

ချီရှန်ကျား၏ အခြေအနေသည် ပို၍ ကောင်းလာခြင်း မရှိသလိုပင်။ သူတို့နှစ်ယောက်သည် မည်ကဲ့သို့ နှစ်သိမ့်ပေးရင် ကောင်းမလဲဟု စဉ်းစားနေစဉ် ရယ်မောသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

"ပြီးသွားပြီ"

ဝမ်ဟောင်သည် ပြေးသွား၍

"လွတ်သွားပြီလား"

" ချီရှန်ကျား ဘဝမှာအခွင့်အရေးတွေ အများကြီး ရှိပါသေးတယ်ကွာ။ လက်ရှိကိုပဲ သိပ်အစွဲမထားနဲ့"

ကျန်ရှီက နှစ်သိမ့်လိုက်သည်။ သို့သော် စကားမဆုံးသေးခင် စကားဖြတ်၍ ပြောခံလိုက်ရသည်။

“ငါ အဆင့်တက်သွားပြီ”

ချီရွန်ကျားသည် သူငယ်ချင်းနှစ်ယောက်အား သူ၏ပျော်ရွှင်မှုကို မျှဝေလိုက်သည်။

“ဟင်”

သူတို့နှစ်ဦးသည် ကြောင်သွားသည်။ ကျန်ရှီသည် ချီရွန်ကျား၏ရှေ့သို့ လျှောက်သွားကာ နဖူးပေါ် လက်တင်၍

“မင်း နေမကောင်းဘူးလား”

“ကောင်းပါတယ်”

ချီရှန်ကျားသည် ကျန်ရှီ၏လက်ကို တွန်းထုတ်လိုက်ပြီး

“ ဆရာဆွန်းက အံ့ဩဖို့ကောင်းတယ်လို့ မင်းတို့ကိုပြောပြနေတာ။ ငါ့ကို ကုသပေးရုံတင်မကဘူး အဆင့်တက်အောင်လည်း လုပ်ပေးလိုက်သေးတယ်။”

“ဘယ်ကဆရာဆွန်းလဲ”

ကျန်ရှီက မေးလိုက်သည်။

"ဆရာဆွန်းက ဆွန်းမိုလေ"

ချီရွှန်ကျားသည် လေးစားမှုသော အမူအရာဖြင့် ပြောလိုက်သည်။

"ဆွန်းမို....၊ အစမ်းခန့် ဆရာအသစ်လား"

ကျန်ရှီသည် ထိုနာမည်ကို အနည်းငယ် စိတ်ဝင်စားခဲ့သည်။ နောက်ဆုံး၌ ဆွန်းမို၏ကိစ္စကို ကျောင်းသားကြား၌ ရေးပန်းစားသော အကြောင်းအရာ အဖြစ်သာ သတ်မှတ်လိုက်သည်။

"မင်းနာမည်မှားပြောတာ မဟုတ်ပါဘူးနော်။ သူက သင်ကြားရေး လက်ထောက်တောင် မဖြစ်နိုင်တဲ့

ဆန်ပျော့ကောင်လေး တစ်ယောက်ဆို ဒါကြောင့် ထောက်ပံ့ရေးဌာနကို ပို့လိုက်တာလို့ ပြောနေကြတယ်”

(ဆန်ပျော့ကောင် - မိန်းမတစ်ယောက်ကို အားကိုး၍ ရပ်တည်ရသူ)

ဝမ်ဟောင်လည်း စဉ်းစားမရ ဖြစ်နေသည်။

စာစဉ်(၁)

အခန်း(၁၀) - မင်းရဲ့ လျှို့ဝှက်ချက်တွေ အကုန်လုံး ငါသိတယ်။

“ဟင်”

ချီရှန်ကျား၏ တုံ့ပြန်မှုက အမြဲတမ်း နှေးကွေးသည်။ ထိုသို့ အပြောခံလိုက်ရသောအခါ မည်သို့ပြန်ပြောရမှန်း မသိတော့ပေ။ ခဏလောက်ကြာလျှင် အကြောင်းပြချက်တစ်ခုကို တွေးလိုက်မိသည်။

"ဆရာဆွန်းရဲ့ အရည်အချင်းကို မနာလိုတဲ့ အထက်လူကြီး တစ်ယောက်ယောက်က ထောက်ပံ့ရေးဌာနကို အတင်းပို့လိုက်တာ ဖြစ်မယ်"

ဝမ်ဟောင်က ပခုံးတွန့်လိုက်၍

"အေးပါ ...အေးပါ.. မင်းပြောသလိုပေါ့"

"မင်းတို့ကောင်တွေကို လိမ်စရာ အကြောင်းမရှိဘူး"

ချီရွှန်ကျားသည် သူ့စကားကို မယုံမှာ စိုးရိမ်နေခဲ့သည်။

"ငါ မင်းတို့ကို ပြောပြတယ်ဆိုတာ သူရဲ့ လမ်းညွှန်မှုကို မင်းတို့ ရစေချင်လို့ပဲ။ သူ့ရဲ့ အနိုပ်ပညာ နည်းစနစ်ကိုသုံးပြီး မင်းတို့ကို အဆင့်တက်အောင် လုပ်ပေးလိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲ"

ဝမ်ဟောင်သည် ရင်ခုန်လာသည်။

"ဘယ်လို လမ်းညွှန်ခဲ့တယ်ဆိုတာ ပြောပြပါလား"

ကျန်ရှီက ပို၍ ဉာဏ်ကောင်း၏။ လမ်းညွှန်မှုမှ တစ်ဆင့် ဆွန်းမို၏အရည်အချင်းကို အကဲဖြတ်ရန် စဉ်းစားလိုက်သည်။

ချီရှန်ကျားသည် ဖြစ်ပျက်သမျှ အရာရာတိုင်းကို အမှန်တိုင်း ပြန်ပြောပြလိုက်သည်။

စကားကိုဆုံးအောင် နားထောင်၍ ကျန်ရှီက ခေါင်းညိတ်လိုက်သည်။

"တကယ်တော့ မင်းကိုအများကြီး လမ်းညွှန်ပေးလိုက်တာ မဟုတ်ဘူး မင်းကို နှိပ်ပေးလိုက်တာပဲ ရှိတယ်"

"အင်း ဆွန်းမိုရဲ့အနှိပ်ပညာက မဆိုးဘူး ငါတို့စမ်းကြည့်ကြတာပေါ့။"

ဝမ်ဟောင်သည် ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် (၄)ကို ရောက်ရှိနေခဲ့သည်မှာ သုံးလခန့်ရှိနေပြီး အဆင့်မတက်နိုင်ဘဲ ထစ်ဆို့နေခဲ့သည်။

"အဲဒါ ဆရာဆွန်းပဲ"

ချီရွှန်ကျားသည် အလေးအနက် ပြောလိုက်သည်။ မနေ့ညက အချိန်မလုံလောက်၍ ဆရာဆွန်းက သူ့ကို ပြန်လည်ကောင်းမွန်လာအောင်သာ လုပ်ပေးခဲ့နိုင်ပြီး လမ်းညွှန်ပေးရန် အချိန်မရလိုက်ကြောင်း ပြောပြချင်နေသည်။ သို့သော် ကျန်ရှီက ဖြတ်၍

"မင်းက နားနေလိုက်။ ငါတို့ သွားကြည့်လိုက်မယ်"

သူတို့နှစ်ယောက် အတူတူ ထွက်သွားကြသည်။

"မင်းတို့ ဆရာဆွန်းကို ပိုပြီးလေးစားဖို့ လိုတယ်နော်"

ချီရှန်ကျားက လှမ်းသတိပေးလိုက်သည်။ သူသည် ပြန်အိပ်၍ မရဖြစ်နေပြီး အင်္ကျီထဝတ်ကာ သူငယ်ချင်းများနောက်သို့ လိုက်သွားခဲ့သည်။

"ဘုန်း"

လီကုန်သည် ရန်လိုသော အကြည့်နှင့် စတိုခန်းတံခါးကို တွန်းဖွင့်လိုက်သည်။ သူ၏အကြည့်က အသားကို လှီးဖြတ်ချင်သော သင်တုန်းဓါးနှင့် တူနေသည်။

ဆွန်းမိုသည် မျက်တောင်တစ်ချက်မျှပင် မခတ်။ သဏ္ဍာန်မဲ့ မြင့်မြတ်စကြဝဠာကျင့်စဉ်၏ ပထမအဆင့်ကိုသာ ဆက်လေ့ကျင့်နေသည်။

"အိုး"

လီကုန်သည် ဆွန်းမိုက သူ့ကို လျစ်လျူရှုထားသည်ကို မြင်လျှင် အော်ဟာစ်လိုက်သည်။ သူ၏ လှွမ်းမိုးမှုကို ထုတ်ပြခဲ့သော်လည်း အသုံးမဝင်ခဲ့ပေ။ နှစ်အနည်းငယ်၌ အစမ်းခန့်ဆရာ တော်တော်များများကို တွေ့ခဲ့ဖူးသည်။ သူတို့သည်

ပထမဆုံးရောက်သောအခါ ကြောက်ရွံ့ခြင်းများ ပြည့်နှက်နေကြမည်။ သတိ ကြီးစွာထားကြမည်။ ရင်းနှီးအောင် ပေါင်းသင်းကြမည်။ အမှားလုပ်မိမှာ ကြောက်ကြမည်။

သို့သော် ဆွန်းမိုကတော့ တည်ငြိမ်လွန်းသည်။ သူငြိမ်ကျသွားသည်။

ဆွန်းမိုကို ကျောင်းမှနှင်ထုတ်ရန် ထောက်ပံ့ရေးဌာနအကြီးအကဲထံမှ ညွှန်ကြားချက် ရထားသည်။ သို့သော် ဆွန်းမို၏ စိတ်အခြေအနေက အလွန်ကောင်းနေသည်။ ထပ်ပေါင်းပြောရလျှင်

ချောမောသောမျက်နှာနှင့် သိုးထီးကဲ့သို့ ဖြောင့်တန်းနေသော ခန္ဓာကိုယ်ကြောင့် အလွန်ကြည့်ကောင်း၏။

“မျှော်လင့်ထားသလိုပဲ မင်းက ဆန်ပျော့စားဖို့ အရည်အချင်းရှိတာပဲ”

(ဆန်ပျော့စား - မိန်းမတစ်ယောက်ကို ချူစားသည်)

လီကုန်က ညည်းတွားလိုက်ပြီး ရုပ်ဆိုးသော သူ၏ မျက်နှာအကြောင်းကို တွေးမိလိုက်လျှင် ဆွန်းမိုအပေါ် မကျေနပ်မှုများ မြင့်တက်လာသည်။ ဆွန်းမိုကို

သင်ခန်းစာတစ်ခု ရက်ရက်စက်စက်ပေးရန် ကြံစည်လိုက်သည်။

“အိုး၊ ကြည့်ရတာ ဒုက္ခိတတစ်ယောက်ပါလား”

ဆွန်းမိုက ပေါ့ပါးစွာပြုံး၍ ပြောလိုက်သည်။

“မင်းကသာ ဒုက္ခိတ”

လီကုန်က ဒေါသတကြီး ကျိန်ဆဲလိုက်သည်။

“ဒီလို အခြေအနေမှာတောင် မသိတတ်သေးဘူးပဲ. ကိုယ်အခြေအနေလည်း ကိုယ်မသိဘူး။ မင်းကို ကူသပေးနိုင်တဲ့ လူတစ်ယောက်ကို စော်ကားနေတာပဲ”

ဆွန်းမိုက ပြန်မေးခွန်း ထုတ်လိုက်သည်။

"မင်းငါ့ကို ကုသပေးနိုင်လား"

လီကုန်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"သဘာဝကျကျလေး"

ဆွန်းမို၏ စကားများသည် ရိုးရှင်း၏။ တို၏။

"မင်..........."

လီကုန်သည် ဆွန်းမိုကို စိုက်ကြည့်နေရင်း ဒေါသစိတ်ကြောင့် ရင်ဘက်တစ်ခုလုံး ဖားဖို တစ်ခုကဲ့သို့ နှိပ်လိုက်မြင့်လိုက် ဖြစ်နေသည်။

လက်သီးတင်းတင်းဆုပ်ကာ လူတစ်ယောက်ကို ရိုက်ပစ်ချင်စိတ် ပေါက်နေသည်။

ဒီကောင်ပါးစပ်က တော်တော်ဆိုးတာပဲ။

"မင်းမယုံဘူးဆိုလဲ ပြန်လိုက်တော့"

ဆွန်းမို၏ အပြုအမူက လွှမ်းမိုးချင်လာသည်။

"မင်းက အစမ်းခန့်ကာလပြီးရင် ကျောင်းမှာ ဆက်မလုပ်ချင်တော့ဘူး ထင်တယ်"

လီကုန်က ပြန်ခြိမ်းခြောက် လိုက်သည်။

စကားပုံတစ်ခုရှိသည် ယမမင်းနှင့် စကားပြောရန် လွယ်၏၊ တစ္ဆေသရဲများနှင့် ညှိနှိုင်းရန်ကား ခက်လှ၏။ လီကုန်ကဲ့သို့ ထောက်ပံ့ရေးက အလုပ်ကြီးကြပ် တစ်ယောက်သည် ပြဿနာရှာရန် ဆုံးဖြတ်ထားပါက အစမ်းခန့် ဝန်ထမ်းတစ်ယောက်၏ ဘဝကို တကယ် သေစေနိုင်သည်။

အထက်အရာရှိများက လီကုန်လက်အောက်၌ အစမ်းခန့်များကို ထားလိုက်လျှင် သူတို့အတွက် ငရဲသာ ရှိလိမ့်မည်။ အစမ်းခန့် ဝန်ထမ်းတစ်ယောက်သည် အစမ်းခန့်ကာလ၌

အမှားများစွာ ပြုလုပ်မိလျှင် တိုက်ရိုက်အလုပ်ထုတ်ခံရမည်။ အမှားအနည်းအများဆိုသည်မှာ လီကုန်၏ဆုံးဖြတ်ချက် အပေါ်၌သာမူတည်နေသည်။

“ဟဲ ဟဲ”

ဆွန်းမိုက အေးစက်စွာ ရယ်လိုက်သည်။ အန်ရှီဝေသည် သူ၏ ငယ်ကျွမ်းဆွေဖြစ်ပြီး ဒီကျောင်းသည် သူ၏ကလေးဘဝ တစ်စိတ်တစ်ပိုင်းဖြစ်နေသည်။ ထို့ကြောင့် လီကုန်ကို လုံးဝအလျှော့မပေးနိုင်ပေ။

"မင်း......."

"ဆရာဆွန်း"

လီကုန်သည် ဒေါသစိတ်ကြောင့် အဆုတ်ပေါက်ကွဲ လုမတတ် ဖြစ်နေသည်။ ဆရာဆွန်းဟူသော ခေါ်သံက သူတို့၏စကားဝိုင်းကို ပြတ်တောက်သွားစေသည်။

ချီရှန်ကျားနှင့် သူငယ်ချင်းနှစ်ယောက်သည် တံခါးဝ၌ ရပ်နေကြသည်။

"ဒါက စတိုခန်းနေရာ၊ မင်းတို့ ဒီကို ဘာလာလုပ်ကြတာလဲ"

လီကုန်က ဒေါသကိုထိန်း၍ ပြောလိုက်သည်။

"ဆရာဆွန်းကို တွေ့ချင်လို့ပါ"

ချီရှန်ကျားက ပြန်ဖြေလိုက်သည်။

"ဆရာဆွန်း"

လီကုန်သည် သံသယ အကြည့်များနှင့် ဆွန်းမိုကို ကြည့်လိုက်သည်။

"မင်းတို့က သူ့ကို ပြောနေတာလား"

ချီရှန်ကျားသည် ပြန်မဖြေတော့ပေ။ သူတို့သည် ဆွန်းမိုထံ တိုက်ရိုက်လျှောက်သွားပြီး

"မင်္ဂလာနေ့လည်ခင်းပါ ဆရာဆွန်း"

"ငါလို........................."

လီကုန်သည် ကြောင်သွားသည်။ ချီရှန်ကျားကို အကဲခတ်၍ ရူးသွားပြီလားဟု မေးလိုက်ချင်သည်။ ဆွန်းမိုသည် သင်ကြားရေး လက်ထောက် တစ်ယောက်ပင် မဟုတ်ပေ။

"ဆရာဆွန်း မကြာခင်က ငါ့ရဲ့ကျင့်ကြံမှုက အဆင်မပြေဖြစ်နေတယ်။ လမ်းညွှန်ပေးနိုင်မလား"

ကျန်ရှီသည် အားမွေး၍ ပထမဆုံး ပြောလိုက်သည်။

ဆွန်းမိုသည် ပြန်မဖြေဘဲ နတ်ဘုရားမျက်စိအာရုံကိုအသုံးပြု၍ ကျောင်းသားနှစ်ယောက်ကို စစ်ဆေးလိုက်သည်။

ဘယ်ဘက်မှ အနည်းငယ်ပုသော ကောင်လေး၏ ခေါင်းပေါ်၌ ဝမ်ဟောင်ဟူသော နာမည် ပေါ်လာသည်။

ကြံ့ခိုင်မှု - ၆ - သာမန်

ဉာဏ်ရည် - ၅ - ပုံမန်

သွက်လက်မှု - ၆ - သာမန်

စိတ်ဆန္ဒ - ၃ - ထူးခြားသော အလယ်အလတ်

....

အလားအလာတန်ဖိုး - ပျှမ်းမျှအောက်

မှတ်ချက်။ ။ သာမန်လူများနှင့် အချိန်မဖြုန်းပါနဲ့။

"စနစ်၊ မင်းပြောလို့ ငါက တော်တော် ပါးစပ်ဆိုးနေပြီ ထင်နေတာ၊ မင်းမှတ်ချက်က တော်တော်ရက်စက်တာပဲ"

ဆွန်းမိုသည် တစ်ချက် ကြည့်လိုက်သော်လည်း ထူးထူးခြားခြား အံ့သြဖွယ်ကောင်းသော အချက်အလက်များကို မတွေ့ရပေ။ အားလုံးက သာမန်သာဖြစ်ကြောင်း ညွှန်ပြနေသည်။

ပျင်းစရာကောင်းလှ၏။ ကြည့်နေရင်း အိပ်ချင်စိတ် ပေါက်လာသည်။

ကျန်ရှိက အနည်းငယ် ပိုကြည့်ကောင်းသော်လည်း သူလည်း သာမန်မျှသာ ဖြစ်သည်။ သူ၏အလားလာ တန်ဖိုးသည် အနည်းငယ် အားကောင်းသော်လည်း ပျမ်းမျှသာ သတ်မှတ်နိုင်သည်။

"ငါက ဘာလို့ ထူးချွန်တဲ့သူတွေကို မတွေ့ရတာလဲ"

ဆွန်မိုက သက်ပြင်းချလိုက်သည်။

ဆွန်းမိုသည် စကားမပြောဘဲ သူတို့၏ကိုယ်ကို စစ်ဆေးနေသည့်အတွက် အနည်းငယ် အနေရခက်နေသည်။

"သူက ရုပ်ချောတဲ့ ကောင်လေးတွေကို ကြိုက်တတ်တယ်လို့ မပြောနဲ့နော်"

ကျန်ရှီသည် သူ့ကိုယ်သူ စောက်ချောကြီးဟု ထင်နေသူဖြစ်ပြီး သူ၏မျက်နှာဘယ်ဘက်ခြမ်းကို ပြန်ထိလိုက်သည်။

"အိုး၊ မင်းတို့ကောင်တွေကို သူလှည့်စားခဲ့တာ သေချာတယ်။ သူကထူးထူးဆန်းဆန်း လုပ်ပြီး

သင်ကြားရေး လက်ထောက်တောင် မဖြစ်နိုင်လို့ ထောက်ပံ့ရေးဌာနကို ရောက်လာခဲ့တဲ့ ကောင်ပဲ”

လီကုန်သည် ဆွန်းမိုကို အပြစ်တင်ရှုံ့ချလိုက်သည်။

“ကျေးဇူးပြုပြီး ဆရာဆွန်းကို မစော်ကားပါနဲ့”

ဝမ်ဟောင်နှင့် ကျန်ရှိတို့သည် မတုံ့ပြန်ကြသော်လည်း ချီရွှန်ကျွားက မခံနိုင်ပေ။ လီကုန်ကို လှည့်ပြောလိုက်သည်။

လီကုန်၏အမူအရာသည် တင်းမာလာပြီး ရင်ထဲ၌ ဒေါသမီးများ တောက်လာသည်။ သူသည်

ထောက်ပံ့ရေးဌာနက အလုပ်ကြပ်တစ်ယောက် ဖြစ်သည်။ ချီရှန်ကျားကဲ့သို့ အမှိုက်ကျောင်းသား တစ်ယောက်ပင် သူ့ကို ပြန်ပြောဝံ့သလား။ ဆွန်းမိုကို ရင်ဆိုင်နေစဉ် ဆွန်းမိုသည် အစမ်းခန့် ဆရာတစ်ဦးသာ ဖြစ်သော်လည်း သူ့ကို ဂရုမစိုက်ခဲ့ပေ။

သို့သော် ဆွန်းမိုသည် အစမ်းခန့် ဆရာတစ်ယောက်သာ ဖြစ်သော်လည်း ကျောင်းသားများရှေ့၌ ဆိုးဆိုးဝါးဝါး မစော်ကားရဲပေ။

ဒါသည် လူ့အဖွဲ့အစည်းထဲ၌ ဆရာတစ်ယောက်၏ အနေအထားပင်။

အမှန်တိုင်းပြောရလျှင် ဆွန်းမိုကို ခက်ခဲအောင်လုပ်ပြီး အကျိုးဆက်အားလုံးကို ခံမည်ဟု ပြောခဲ့သောလူသည် ထောက်ပံ့ရေးဌာနက အကြီးအကဲ မဟုတ်ခဲ့လျှင် ဆွန်းမိုကို ပြသနာရှာမည် မဟုတ်ပေ။

ဆွန်းမိုသည် ခေါင်းငုံ့လိုက်၍ ဝတ်ထားသော အပြာနုရောင်ဝတ်ရုံရှည်ကို ပြန်ကြည့်လိုက်သည်။ ၎င်းသည်ဝါဂွမ်းဖြင့် ပြုလုပ်ထား၍ ဒီဇိုင်းက

ရိုးရှင်းသော်လည်း အစမ်းခန့် ဆရာတစ်ယောက်၏ အဆင့်အတန်းကို ကိုယ်စားပြုသည်။ လီကုန်သည် အစစ်လား၊ အတုလား မသိရသော လက်စွပ်ကို လက်ညှိုး၌ ဝတ်ဆင်ထားပြီး မန်ဒရင်းဂျာကင်အင်္ကျီနှင့် အပြာရောင်ချည်သား ဘောင်းဘီကို ဝတ်ဆင်ထားသော်လည်း သူသည် ထောက်ပံ့ရေးဌာနမှ ကျွမ်းကျင်မှုမရှိသော အလုပ်သမား တစ်ဦးမျှသာ......။

"ငါက မိုးပြာရောင် ဆရာဝတ်စုံကို သေချာပေါက် ဝတ်နိုင်ရမယ်"

ဆွန်းမိုသည် သူဝတ်ဆင်ထားသော အဝတ်များကို စိတ်ပျက်စရာဟု ရုတ်တရုတ် တွေးလိုက်မိသည်။

"ဆရာဆွန်း မင်းက ချီရှန်ကျားကို တစ်ညတည်းနဲ့ အဆင့်တက်အောင် လုပ်ပေးခဲ့တယ်လို့ ငါကြားတယ်။"

ကျန်ရှီသည် စိတ်ခံစားမှုကို မထိန်းချုပ်နိုင်ဘဲ ပြောလိုက်သည်။

"မင်းတို့ ပြန်လာခဲ့နိုင်တယ်၊ ငါအခု အလုပ်ရှုပ်နေတယ်"

ဆွန်းမိုသည် ထိုကျောင်းသားနှစ်ယောက်က အနှိပ်ပညာကို စမ်းသပ်ကြည့်ချင်နေကြောင်း သိလိုက်သည်။

"ကျန်ရှိ"

ချီရှန်ကျားသည် အနည်းငယ် စိတ်ညစ်သွားသည်။ "လူတစ်ယောက်ကို အကူညီတောင်းတဲ့ မင်းရဲ့ လေသံလား။ ဆရာဆွန်း စိတ်ဆိုးသွားရင် ဘယ်လိုလုပ်မလဲ"

"ဆရာဆွန်း ကျွန်တော်ရဲ့ ကျင့်ကြံခြင်းက သုံးလအတွင်း မတိုးတက်ခဲ့ဘူး၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

ကျန်ရှီနှင့်ယှဉ်လျှင် ဝမ်ဟောင်၏ အပြုအမူက လက်ခံနိုင်ဖွယ် ရှိသေးသည်။

"ငတုံးတွေ"

လီကုန်သည် သူတို့ကိုသနားစွာ ကြည့်လိုက်သည်။ ဗဟိုပြည်နယ်အကယ်ဒမီသည် အမှန်တကယ် ကျဆင်းလာပြီ။ စုဆောင်းထားသော

ကျောင်းသားများသည် ပို၍နိမ့်ကျလာပြီး အခြေခံဆုံးဖြတ်ချက်ကိုပင် မချနိုင်ကြတော့ပေ။

"မင်းရဲ့ပြဿနာက စွမ်းအင် အရမ်းကုန်နေတာပဲ။ အမျိုးသမီးအကြောင်းချည်းပဲ တွေးမနေနဲ့၊ တကိုယ်ရည် အာသာဖြေခြင်းလည်း အရမ်းမလုပ်နဲ့။ ခဏလောက် အနားယူပြီး ကျင့်ကြံခြင်းကို အာရုံစိုက်လိုက်ရင် မင်းရဲ့ပြဿနာက အဆင်ပြေသွားလိမ့်မယ်။"

ဆွန်းမို၏ အမူအရာသည် တည်ငြိမ်နေသော်လည်း စိတ်ထဲ၌ ကြိတ်ရယ်နေသည်။

အချက်အလက်များအရ ဝမ်ဟောင်၏ စိတ်ဆန္ဒသည်(၃)သာ ရှိသည်။ အရမ်းဆိုး၏။ ပြီးခဲ့သည့်နှစ်ဝက်အတွင်း ခဏခဏ အိပ်ရာထ နောက်ကျလေ့ ရှိသည်။ သူသည် တစ်ရက်ကို ၅ကြိမ်မှ ၆ကြိမ်အထိ တကိုယ်ရည် အာသာဖြေလေ့ရှိသည်။ လူငယ်တစ်ယောက်သည် မည်မျှပင် ကြံ့ခိုင်စေကာမူ ထိုမျှ အကြိမ် အရေအတွက်ကို မခံနိုင်ပေ။

"အယ်"

ဝမ်ဟောင်သည် ထိုကဲ့သို့ ထောက်ပြခံရမည်ဟု မထင်ထားပေ။ ကြက်သေသေသွားသည်။

ထိုနောက် သူ့မျက်နှာသည် မြွေတစ်ကောင်၏ လျှာကဲ့သို့ နီရဲသွားသည်။

"ရှက်စရာကောင်းလိုက်တာ"

ဝမ်ဟောင်သည် သူ့၏လျှို့ဝှက်ချက်ကို လူသိသွားသဖြင့် အလွန်ရှက်သွားပြီး ဘာလုပ်၍ဘာကိုင်ရမှန်း မသိအောင် ဖြစ်သွားသည်။ သူသည် ဝတ္ထုဖတ်ရသည်ကို ကြိုက်သည်။ လွန်ခဲ့သောတစ်နှစ်က ငွေကြေး အမည်ရှိသော စာအုပ်ကို ငှားဖတ်ခဲ့သည်။ ဖတ်ပြီးသည်နှင့်

သူ့အတွက် ကမ္ဘာသစ်တစ်ခု ရလိုက်သကဲ့သို့ မရပ်တန့်နိုင်ခဲ့ပေ။

ထိုအချိန်မှစ၍ တစ်ကိုယ်ရည် အာသာဖြေခြင်းသည် သူ၏အလေ့အကျင့် ဖြစ်လာခဲ့သည်။ ထိုအကျင့်ကို ဖျောက်ဖြတ်ချင်သော်လည်း တစ်ခါတစ်ရံ စိတ်ကူးယဉ်မှုဒဏ်ကို သူမခံနိုင်ခဲ့ပေ။

"ဒါက အဓိပ္ပာယ်မရှိဘူး မဟုတ်လား"

ကျန်ရှီသည် ဆွန်းမိုကို တစ်ချက်ကြည့်လိုက်ပြီး ဒီဘဲကြီးသည် ရုပ်တည်ကြီးနှင့် အတည်ပေါက်

ပေါက်ကရပြောသည့်နေရာ၌ အင်မတန် တော်သည်ဟု တွေးလိုက်မိသည်။

"ဆရာဆွန်း မင်းရဲ့လမ်းညွှန်မှု အတွက် ကျေးဇူးတင်ပါတယ်"

ဝမ်ဟောင်က ဦးညွှတ်လိုက်သည်။ သူ၏ အပြုအမူသည် စောစောကထက် ပို၍လေးစားလာသည်။

သူသည် တုံးတစ်ယောက် မဟုတ်ပေ။ ဆွန်းမိုသည် သူ့ကို တစ်ချက်ကြည့်လိုက်ရုံဖြင့် သူ့ပြဿနာကို သိသွားခဲ့သည်။ ညွှန်ကြားချက်

အနည်းငယ်သည် ကြောက်စရာ ကောင်းလှ၏။ ဆွန်းမိုသာ သူ့ကို ညွှန်ကြားပေးခဲ့လျှင် သူ့ခွန်အားက တိုးတက်လာလိမ့်မည်၊

"ဒင်"

ဝမ်ဟောင်၏ လေစားအထင်ကြီးမှု - (+၅)

ဝမ်ဟောင်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - လက်ရှိအမှတ် - (၅/၁၀၀)

"အမ်၊ သူ့စကားက မှန်နေတာလား"

ဝမ်းဟောင်၏ အပြုအမူကိုကြည့်ပြီး ကျန်ရှီလည်း အံ့သြသွားသည်။

တစ်ကိုယ်ရည် အာသာဖြေခြင်းလား။

လွန်ခဲ့သောရက် အနည်းငယ်၌ ဝမ်ဟောင် အိမ်သာတက်သည့်အချိန်သည် ကြာလွန်း၍

‘ မင်းကွာ တစ်နာရီတောင် ကြာလှချည်လား’ ဟု သူပြောခဲ့မိသည်ကို ပြန်သတိရသွားသည်။ ကျန်ရှိသည် ဝမ်ဟောင်နေမကောင်းလို့လား ဟု အစပိုင်းက စိုးရိမ်နေခဲ့သေးသည်။

ချီရွှန်ကျား၏မျက်နှာပေါ်၌ တုံးအအ အမူအရာ ပေါ်လာသည်။ တကိုယ်ရည် အာသာဖြေခြင်းက ဘာလည်းဆိုသည်ကို သူမသိပေ။

“တကယ်ကြီးလား”

လီကုန်သည် ဆွန်းမိုကို သံသယမျက်လုံးများဖြင့် ကြည့်လိုက်သည်။ အရမ်းအံ့သြသွားပြီး

(ဟာသလား၊ နောက်နေတာပဲ ဖြစ်ရမယ်)

“ငါ့ဆုံးဖြတ်ချက်က မမှားဘူး၊ ဆရာဆွန်းက တကယ် အံ့သြဖို့ကောင်းတယ်”

ချီရွှန်ကျားက ဂုဏ်ယူနေသည်။

“ဒင်”

ချီရွှန်ကျား၏ လေးစားအထင်ကြီးမှု - (+၁)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချီရွှန်ကျားနှင့် လေးစား အထင်ကြီးမှု ဆက်သွယ်ချက် - မူလ (၅၁/၁၀၀)

ဆွန်းမိုသည် ချီရွှန်ကျားကို တစ်ချက်ကြည့်လိုက်ပြီး စိတ်ထဲ၌ အတွေးများနေသည်။ ရိုးအသော လူတွေသည် အရမ်းကောင်းသည်။

(တစ်ရက်တောင် မဟုတ်သေးဘူး၊ ချီရွှန်ကျားက သူ့အတွက် လေးစား အထင်ကြီးမှုအမှတ် ၅၀ကျော် ပံ့ပိုးခဲ့တယ်)

"အနာဂတ်မှာ ဥာဏ်ရည်နိမ့်တဲ့ ကျောင်းသားတွေပဲ လိုက်ရှာရင် ကောင်းမလား"

ဆွန်းမိုသည် တိတ်တဆိတ် ချိန်ဆနေသည်။ ထိုသို့ ကျောင်းသားများသည် ပင်ကိုယ်အရည်ချင်း မြှင့်တင်ရန် ခက်ခဲလှသည်။

ကျန်ရှိနှင့် ဝမ်ဟောင်သည် ရှေ့ဟောင်း အနိုပ်ပညာဖြင့် အနိုပ်ခံချင်ကြသော်လည်း မည်ကဲ့သို့ စပြောရမှန်းမသိ ဖြစ်နေကြသည်။ ချီရွှန်ကျားသည် ရိုးအသော လူတစ်ယောက်ပင်။ သူ၏သူငယ်ချင်းများ အဆင်မပြေ

ဖြစ်နေသည်ကိုမြင်လျှင် သူတို့အတွက် ကူပြောပေးရန် ဆုံးဖြတ်လိုက်သည်။

"ဆရာဆွန်း၊ သူတို့က ဆရာရဲ့အနှိပ်ပညာကို ကြုံဖူးချင် နေကြတယ်"

ချီရှန်ကျား၏ လူရည်လည်မှုက နိမ့်ကျ၍ ဆွန်းမိုက စိတ်ပါခြင်း ရှိ၊မရှိကို ထည့်မတွေးခဲ့ပေ။ ပုံမှန်အားဖြင့်ဆိုလျှင် ဆွန်းမိုက စိတ်တို၍ သူ့ကို မုန်းတီးသွားနိုင်သည်။

ဆွန်းမိုသည် ဒီကိစ္စကို ထိုမျှ အများကြီး မတွေးဘဲ ငြင်းလိုက်သည်။

(မင်းတို့က အနှိပ်ခံချင်တယ် ပြောတိုင်း နှိပ်ပေးရအောင် ငါကဘာလဲ)

သို့သော် ပါးစပ်မှ ထုတ်မပြောရသေးခင် စနစ်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

"ဒင်"

"တာဝန်အသစ် ထုတ်ပြန်တယ်။ လူဆယ်ယောက်၏ စွမ်းအင်ပြဿနာကို ဖြေရှင်းပေးပါ။ သွေးလည်ပတ်မှု နည်းစနစ်ကို မြှင့်တင်ဖို့အတွက် အကောင်းဆုံး ကြိုးစားပါ။ ဆုလာဘ် - အနက်ရောင် ရတနာသေတ္တာတစ်လုံး"

အခန်း(၁၁) - ဆရာဆွန်းလို့ခေါ်ပါ။

"ကျေးဇူးပြုပြီး မင်းရဲ့ အနိုပ်ပညာကိုလေ့လာခွင့်ပြုပါ။"

ဝမ်ဟောင်နှင့် ကျန်ရှိတို့သည် ရိုးသားစွာ ခေါင်းငုံ၍ ပြောလိုက်သည်။

လူသားတို့၏သဘာဝတိုင်း လွယ်လွယ်ရလျှင် ခပ်လွယ်လွယ်သာ တန်ဖိုးထားတတ်ကြ၏။ ဆွန်းမိုက အနှိပ်ပညာကို လွယ်လွယ်နှင့် မပြချင်ကြောင်း သိသွားကြသောအခါ သူတို့ စိတ်ပူသွားကြသည်။

လီကုန်သည် ဆွန်းမိုကို ခဏလောက် စကားမပြောဘဲ စောင့်ကြည့် နေလိုက်သည်။ ဆွန်းမိုသာ အမှန်တကယ် အရည်ချင်းရှိခဲ့လျှင် သူ၏အပြုအမူကို ဘက်ပြောင်းလိုက်မည် ဖြစ်သည်။

"ဒါဆိုလည်း ကောင်းပြီ"

ဆွန်းမိုသည် တာဝန်အသစ်ပြီးမြောက်ရန် လုပ်ဆောင်ရအုံးမည်။

“ဒါပေမယ့် ဒါက အနှိပ်ပညာ နည်းစနစ်တော့ မဟုတ်ဘူး ရှေ့ဟောင်းနဂါးဖမ်းသည့်လက်လို့ ခေါ်တယ်”

(အနှိပ်သည်တော့ မလုပ်နိုင်ဘူး ကွာရမှာပဲ)

“ဘယ်လောက် စွမ်းအားကြီးတဲ့နာမည်လဲ”

ဝမ်းဟောင်သည် အံ့ဩသင့် သွားသည်။

“အာဏာရှင် ဆန်တယ်”

ကျန်ရှီက ချီးကျူးလိုက်သည်။

“ဒါက ရှေးခေတ်ကတည်းက ပျောက်ကွယ်သွားတဲ့ နည်းစနစ်တစ်ခုပဲ။ ဒါကိုသုံးပြီး မင်းတို့ရဲ့ သွေးကြောများနဲ့ စွမ်းအင်လမ်းကြောင်းများကို ရှင်းပေးနိုင်တယ်။ ကြွက်သားတွေရဲ့ သွေးလည်ပတ်မှု တိုးတက်စေပြီး၊ ဖျားနာမှုနဲ့ ခုခံနိုင်စွမ်းကိုလည်း တိုးတက်စေနိုင်တယ်။ မင်းတို့ရဲ့ အကောင်းဆုံး အနေအထားကိုလည်း အချိန်တစ်ခုထိ ထိန်းထားနိုင်တယ်။”

ဆွန်းမိုသည် လူတွေကို မလိမ်ချင်ပေ။ သို့သော် အနိုပ်ပညာနည်းစနစ် ဟူသော နာမည်ကြီးကို မနှစ်မြို့ချေ။

ချီရှန်ကျားသည် စိတ်အားထက်သန်စွာ ကြည့်နေသည်။ မနေ့ညက အနိုပ်ခံရပြီးသည့်အချိန်မှစ၍ သူ့ကိုယ်က ပြီးပြည့်စုံနေသလို ခံစားနေရပြီး တက်ကြွနေသည်။

"မင်း အရင်ဆုံး သစ်သားပြားပေါ်အိပ်လိုက်"

ဆွန်းမိုသည် ဝမ်ဟောင်ကို ညွှန်ပြရင်း ပြောလိုက်သည်။

ဝမ်ဟောင်သည် ချက်ခြင်းပဲ သစ်သားပြားပေါ်သို့ သွားလိုက်ပြီး နာခံစွာ အိပ်လိုက်သည်။ သူ့ခန္ဓာကိုယ်သည် တင်းကျပ်နေပြီး ခပ်တောင့်တောင့် ဖြစ်နေသည်။ ငါးခြောက်တစ်ကောင်က အစားခံရရန် စောင့်နေသကဲ့ပင်။

"စိတ်လျှော့ထား"

ဆွန်းမိုသည် ညွှန်ကြားလိုက်ရင်း လက်များကို ဆုပ်ကိုင်လိုက်၍ ဝမ်ဟောင်၏ သွေးပြန်ကြောများကို အားသုံးကာ နှိပ်ပေးလိုက်သည်။

"အား"

ဝမ်ဟောင်သည် နာကျင်သွား၍ အော်ဟစ်လိုက်သည်။ သူ၏ကိုယ်တစ်ဝက်သည် တစ်ခါတည်း ထုံကျင်လာသည်။

"မင်းက အရမ်းပျင်းတော့ သွေးပြန်ကြောတွေ ချေးတက်နေပြီ"

ဆွန်းမိုသည် မျက်မှောင်ကြုတ်သွားသည်။ သွေးလည်ပတ်မှု နည်းစနစ်၏ ကျွမ်းကျင်မှု အဆင့်အတန်းသည် ဝမ်ဟောင်၏ သွေးကြော အခြေအနေကို စစ်ဆေးနိုင်သည်။

"ငါ......ငါမနက်ဖြန်ကစပြီး ကြိုးစားပါ့မယ်"

ဝမ်ဟောင်သည် မျက်နှာနီသွားပြီး စကားထစ်ထစ်ငေ့ါငေ့ါဖြင့် ကတိပေးလိုက်သည်။ တစ်ချိန်တည်း၌ပင် ဆွန်းမိုအပေါ် သူ၏ လေးစားအထင်ကြီးမှုသည် မြင့်တက်လာသည်။ အမှန်တော့ အပြာဝတ္ထုကိုဖတ်ရန် စိတ်ဝင်စားသွားသည့် အချိန်မှစ၍ ကျင့်ကြံခြင်းအချိန်ကို တစ်ဝက်ခန့် လျှော့ကျခဲ့သည်။

ဆရာဆွန်းသည် သူ့ပေါင်များကို နှိပ်နယ်လိုက်ရုံဖြင့် အခြေအနေများကို သိနိုင်သည်။ ဆရာဆွန်းသည် အင်မတန်တော်လွန်းသည်။

နာကျင်မှုများ လျော့ပါးလာသည်နှင့်အမျှ သူ့ကိုယ်၌ နွေးထွေးသောစီးကြောင်းများ လည်ပတ်လာ၍ သက်တောင့်သက်သာ ဖြစ်လာသည်။ လွန်ခဲ့သော ရက်ပိုင်းက စုစည်းနေသော ပင်းပန်းနွယ်နယ်မှုများလဲ ပျောက်ကွယ်သွားသည်။

ငါးမိနစ်ခန့်ကြာပြီးနောက် ဆွန်းမိုသည် စနစ်ထံမှ အကြောင်းကြား ချက်ကြားလိုက်ရသည်။

“ဒင်”

“ပစ်မှတ်၏ စွမ်းအင်လမ်းကြောင်းများကို အကောင်းဆုံးအနေထားအတိုင်း နာရီ ၁၂၀ ထိန်းထားနိုင်တယ်။”

“ဘာပြောတာလဲ”

ဆွန်းမိုသည် နားမလည်သဖြင့် မေးလိုက်သည်။

“လူ၏ ကိုယ်တွင်းမှာရှိတဲ့ ကိုယ်အင်္ဂါများနဲ့ တစ်သျှူးတွေမှာလည်း သက်တမ်းရှိတယ်။ သက်တမ်းကုန်လာတာနဲ့အမျှ စွမ်းဆောင်ရည်လဲ ကျဆင်းလာတယ်။ စွမ်းအင် လမ်းကြောင်းများကလဲ တူညီသောအစွမ်း ရှိနေတယ်။ မင်းရဲ့

အနိုပ်ပညာနည်းစနစ်က ပစ်မှတ်တွေရဲ့ စွမ်းအင်လမ်းကြောင်းတွေကို အကောင်းဆုံး အနေအထားတိုင်းရှိနေအောင် ၂နာရီနှိပ်ပေးရင် နာရီ ၁၂၀ ထိန်းထားနိုင်တယ်”

စနစ်က ရှင်းပြလိုက်သည်။

“နှစ်နာရီကို နာရီ၁၂၀၊ နာရီ ၂၄၀ဆို အချိန် ၁၀ရက်နှင့်ညီတာပေါ့၊ မနဲလွန်းဘူးလား”

ဆွန်းမိုက တွက်ကြည့်လိုက်သည်။ ၁၀ ရက်အတွင်း၌ လူတစ်ယောက်သည် မည်မျှနိုင်မည်နည်း။

"အကောင်းဆုံးစွမ်းရည်ဆိုတာ ပစ်မှတ်ရဲ့ စွမ်းအင်လမ်းကြောင်း ပေါက်ကွဲအား အကောင်းဆုံး အခြအနေကို ဆိုလိုတယ်။ အဲဒီအခြေအနေကို နာရီ ၂၄၀ အထိ တိုးပြီး ထိန်းထားနိုင်တယ်။"

စနစ်က ပြန်ပြောသည်။

ဆွန်းမိုသည် ခေါင်းညိတ်၍ နားလည်ကြောင်း ပြလိုက်သည်။ သွေးလည်ပတ်မှုစနစ်သည် အမှန်ပင် အထင်ကြီးစရာ ကောင်းသည်။ သူသည် မဟာအဆင့် (သို့) ဘိုးဘွားအဆင့် တက်သွားခဲ့လျှင် ပစ်မှတ်များ၏

အကောင်းဆုံးအနေအထားကို ပိုကြာအောင် ထိန်းထားနိုင်လိမ့်မည်။

“ကောင်းပြီ၊ အခုမင်းအလှည့်”

ဆွန်းမိုသည် သူတို့ကို ဘာမှမပြောတော့ပေ။ သွေးလည်ပတ်မှုစနစ်အပေါ် နားလည်မှုသည်လည်း အနည်းငယ် တိုးတက်လာခဲ့သည်။ ဝမ်ဟောင်သည် ထရပ်ကာ ခုန်ထွက်၍ အကြိမ်ကြိမ်ထိုးလိုက်သည်။ သူ့ကိုယ်သည် ပိုပြီးပေါ့ပါးလာသည်ဟု ခံစားနေရသည်။ လက်သီးထိုးချက်များသည် ပို၍

တိကျလာသည်။ အရေးအကြီးဆုံးအချက်မှာ ကိုယ်တွင်း ချီလည်ပတ်မှု ပိုမြန်လာသည်။

ဝမ်ဟောင်သည် အလွန်ပျော်ရွှင်နေသည်။ ယခုအချိန်မတိုင်ခင်က သူ၏ချီလည်ပတ်မှုသည် နှေးကွေးခဲ့သည်။ ချီလည်ပတ်မှု ပိုမြန်လာသည်နှင့်အမျှ ကျင့်ကြံမှုအဆင့်လည်း အနည်းငယ် တိုးတက်လာခဲ့သည်။ သူသာ ဒီအခြေအနေကို ထိန်းထားနိုင်ခဲ့လျှင် ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၅)ကို လျှင်မြန်စွာ ဖြတ်ကျော်နိုင်လိမ့်မည်။

"ဆရာဆွန်း၊ ကျေးဇူးတင်ပါတယ်။"

"ဒင်"

ဝမ်ပေါင်၏ လေးစားအထင်ကြီးမှု - (+၁၈)

ဝမ်ပေါင်နှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ (၂၃/၁၀၀)

ကျန်ရှီသည် သက်တောင့်သက်သာရှိစွာ မျက်လုံးပိတ်လိုက်သည်။ သူ့အဖေသည် လက်ဖက်ခြောက်ကုန်သည် ဖြစ်သဖြင့် သူက တော်တော်လေး ငွေရှင်သည်။ ထို့ကြောင့် ကျန်ရှီသည် အနှိပ်ခန်းများကိုသွားကာ

အနှိပ်ခံရသည်ကို ကြိုက်သည်။ သို့သော် အတွေ့ကြုံများသော အနှိပ်သည်များသည် ဆွန်းမိုကို မယှဉ်နိုင်ကြပေ။

ဆွန်းမို၏ကျွမ်းကျင်မှုသည် စိတ်ကူးယဉ်ဆန်ဆန် မဟုတ်သော်လည်း အကျိုးသက်ရောက်မှုက မယှဉ်သာအောင် ဖြစ်နေသည်။

"ဒင်"

"ပစ်မှတ်၏စွမ်းအင်လမ်းကြောင်းကို အကောင်းဆုံးအနေအထားအတိုင်း နာရီ ၁၀၀ ထိန်းထားတယ်။"

စနစ်ထံမှ သတိပေးချက် ထွက်လာသည်။

"ပြီးပြီ"

ဆွန်းမိုသည် စဉ်းစားရင်း နားလည်လာသည်။ သူကောင်းကောင်း မနိုပ်ခဲ့ခြင်း မဟုတ်ပေ။ ကျန်ရှိ၏ စွမ်းအင်လမ်းကြောင်းသည် ဝမ်ဟောင်ထက် သန်မာနေခြင်းပင်။ နှိပ်နေစဉ် အကောင်းဆုံးအနေအထား ထိန်းသိမ်းနိုင်စွမ်းသည် ကျန်ရှိထက်စာလျှင် ဝမ်ဟောင်က အနည်းငယ် နိမ့်ကျသည်။

ထို့ကြောင့် ကျန်ရှီ၏ကျင့်ကြံမှု၊ အရည်အချင်း၊ ခါတ်စာ နှင့် အခြားရှု ထောင့်များစွာသည် ဝမ်ဟောင်ထက် သာနေခဲ့သည်။

ကျန်ရှီသည် အနှိပ်ခံရပြီးနောက် ချက်ခြင်းမထနိုင်သေးပေ။ သူ၏အသက်ရှုသံများ ပြင်းလာပြီး ဝိညာဉ်ချီများ လည်ပတ်လာသည်။ ခဏလောက်ကြာသော ပတ်ဝန်းကျင်၌ ဝိညာဉ်ချီများ စုရုံးလာပြီး သူကိုယ်ထဲသို့မဝင်ခင် လေပွေငယ်လေး ဖြစ်တည်လာသည်။

“ဘုန်း”

ကျန်ရှီ၏ အဝတ်အစားများသည် ဖောင်းကားလာပြီး ကြွက်သားများ တောင့်တင်းလာကာ အလင်းရောင် ခပ်ဖျော့ဖျော့ ထုတ်လွှတ်လာသည်။

"ခရက် ခရက်"

ကျန်ရှီ၏ကိုယ်တွင်းမှ အက်ကွဲသံများ ထွက်လာသည်။

"သူ့အဆင့် တက်တော့မှာလား"

လီကုန်သည် အံ့သြသင့်စွာ အော်လိုက်သည်။

"တိတ်စမ်း"

ချီရှန်ကျားနှင့် ဝမ်ဟောင်တို့သည် ဖြတ်အော်လိုက်သည်။ ကျန်ရှီ အနှောက်အယှက် ဖြစ်သွားနိုင်သည်။

ဆွန်းမိုသည် ခြေလှမ်းများစွာ နောက်ဆုတ်လိုက်သည်။ ကျန်ရှီသည် သတိပြုမိပြီး လက်မြှောက်လိုက်သည်။

သိပ်မကြာခင် ကျန်ရှီကိုယ်ထဲမှ ဘောလုံးတစ်လုံး ပေါက်ကွဲသကဲ့သို့ ဘုန်းခနဲ့ အသံတစ်ခု ထွက်လာသည်။ စုစည်းထားသော ဝိညာဉ်ချီများ စိမ့်ထွက်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး

ဖုန်ထသွားသည်။ ထိုနောက် ကျန်ရှီ၏ အသက်ရှူသံလည်း ဖြည်းဖြည်းခြင်း တည်ငြိမ်လာသည်။

ပတ်ဝန်းကျင်မှ ဝိညာဉ်ချီများသည် ပြန်ငြိမ်သက်သွားသည်။ အောင်မြင်စွာ အဆင့်တက်သွားခဲ့သည်။

"ဟားဟား၊ ငါခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့်(၆) ကိုရောက်ပြီကွ"

ကျန်ရှီသည် ကျယ်လောင်စွာအော်ရယ်၍ ရင်ဘက်ကို ပြင်းထန်စွာ ပုတ်လိုက်သည်။

ခန္ဓာကိုယ်ပြုပြင်ခြင်း၌ အဆင့်(၉)ဆင့်ရှိပြီး နောက်တစ်ဆင့်သည် ဝိညာဉ်ပြုပြင်ခြင်းအဆင့် ဖြစ်သည်။

"ဆရာဆွန်း၊ မင်းရဲ့ ရှေ့ဟောင်း နဂါးဖမ်းတဲ့လက်က တကယ်ကို အံ့မခန်းပဲ"

ကျန်ရှီသည် ရိုးရိုးသားသား ချီးကျူးလိုက်သည်။ ပျမ်းမျှအလားလာရှိသော လူငယ်တစ်ယောက်အနေနှင့် သူ့ခံယူချက်သည် ဝမ်ဟောင်ထက် သန်မာသည်။ ဆွန်းမိုက သူ့ကိုစနိုပ်ပေးသော အချိန်ကတည်းက

သူ့၏ဝိညာဉ်ချီများသည် လည်ပတ်မှု မြန်လာပြီး အရေအတွက်လဲ များလာခဲ့သည်။

ဝိညာဉ်ချီသည် အရာအားလုံးအတွက် အခြေခံဖြစ်သည်။

ကျင့်ကြံသူများသည် တိုက်ခိုက်နေစဉ် ဝိညာဉ်ချီကို သုံးရသည်။ ဝိညာဉ်ချီလည်ပတ်မှု မြန်လေ ပြည်လည် ပြည့်ဖြိုးနိုင်စွမ်းမြင့်လေ ဖြစ်သည်။ ၎င်းသည် တိုက်ခိုက်ရေးစွမ်းရည် ပိုမြင့်ကြောင်း ကိုယ်စားပြုသည်။

"ဂုဏ်ပြုပါတယ်"

ချီရှန်ကျားသည် သူ့သူငယ်ချင်း၏ ပခုံးကို ပုတ်၍ ချီးကျူးလိုက်သည်။

"ငါမလိမ်ခဲ့ဘူးတွေ့လား၊ ဆရာဆွန်းက တကယ်အံ့ဩဖို့ ကောင်းတယ်။"

"ဂုဏ်ပြုပါတယ်

ဝမ်ဟောင်ကလည်း ဂုဏ်ပြုလိုက်သည်။ အားကျနေပြီး သူ့ကိုသူ စိတ်ဆိုးနေသည်။ အနှိပ်ခံပြီးနောက် သူ့အခြေအနေလည်း အလွန်ကောင်းမွန်ခဲ့သည်။ ဒါသည်

အဆင့်တက်နိုင်သော အခွင့်အရေးပင်၊ သူက ဘာကြောင့် မတွေးမိခဲ့ရသနည်း။

သူတို့သည် အခွင့်အရေးအတူတူ ရခဲ့သော်လည်း သူက ဖမ်းမဆုပ်နိုင်ခဲ့ပေ။

(စိတ်ပျက်ဖို့ ကောင်းလိုက်တာ)

"ဒင်"

ကျန်ရှိ၏ လေးစားအထင်ကြီးမှု - (+၂၅)

ကျန်ရှိနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ပွင့်သွားပါပြီ။

လက်ရှိအမှတ် - မူလ(၂၅/၁၀၀)

"ငါလို.................. ဒီဆန်ပျော့ကောင်က အရမ်း ကြောက်စရာ ကောင်းတာပဲ"

လီကုန်သည် အံ့သြသင့်နေသည်။ သို့သော် အမုန်တရားက သူ့ရှေ့၌ ရှိနေသည်။

"ဆရာ၊ ဒီညအားလား၊ ဆရာကို လေးစားလို့ ညစာစားပွဲ လုပ်ချင်လို့ပါ။"

ကျန်ရှီ၏ မျက်နှာပေါ်၌ အပြုံးတစ်ခု ရှိနေသည်။

ကုန်သည်မျိုးရိုးက ဆင်းသက်လာသော ကျန်ရှီသည် ဘယ်အချိန်၌ ဘယ်လိုဆက်ဆံရေး

တည်ဆောက်ရမည်ကို ကောင်းကောင်းသိသည်။ ဆွန်းမို၏ သင်းကြားရေးသည် ဒီလောက်မကောင်းလျှင်ပင် ရှေ့ဟောင်းနဂါးဖမ်းသည့် လက်ကတော့ ငွေကြေးအမြောက်အများ သုံးစွဲရန် လုံလောက်ပေသည်။

“ငါမအားဘူး”

ဆွန်းမိုသည် ထိုကဲ့သို့ ဖိတ်ခေါ်မှုများကို စိတ်မဝင်စားပေ။

“တောင်းပန်ပါတယ်၊ ဒီကျောင်းသားက စိတ်လောသွားလို့ပါ”

ကျန်ရှိသည် အမြန်တောင်းပန်လိုက်ပြီး ဝမ်းနည်းသွားသည်။ သူ့၏စိတ်လှုပ်ရှားနေသော ခံစားချက်လည်း ရပ်တန့်သွားသည်။ သူသည် ရိုးရိုးလေးသာ စဉ်စားခဲ့မိသည်။ ထိုသို့ ဖိတ်ကြားချက်မျိုးကို ဆွန်းမိုအတွက် လက်ဆောင်ပြင်ဆင်၍ သူ့အဖေကသာ ဖိတ်ခေါ်သင့်သည်။ သို့မှသာ တူညီသော အလေးထားမှုကို ပြသ ရာရောက်လိမ့်မည်။

"ကောင်းပြီ၊ အခြားကိစ္စမရှိလှျင် လူစုခွဲရအောင်၊ မင်းတို့ကတော့ ပြန်ပြီးကြိုးစားကြပေါ့"

ဆွန်းမိုသည် လက်ဖှော့ယမ်းရင်း ပြောလိုက်သည်။ လီကုန်ကို ကိုင်တွယ်ရန် ကျန်သေးသည်။

ထိုစကားများကို ကြားပြီးနောက် ချီရှန်ကျားနှင့် ကျန်သည့်သူများလည်း လေးနက်စွာ ဦးညွှတ်လိုက်သည်။

“ငါတို့က မင်းရဲ့တပည့်တွေပါ၊ မင်းရဲ့ ခွင့်ပြုချက်ယူမယ်”

“ဆွန်းမို၊ ငါ့ခြေထောက်ကို ပြန်ကောင်းလာအောင် ကူညီပေးနိုင်မလား”

ကျောင်းသားသုံးယောက် ပြန်သွားသည်နှင့် လီကုန်က စိတ်မရှည်နိုင်ဘဲ မေးလိုက်သည်။

"စနစ်၊ သွေးလည်ပတ်မှုကို မဟာအဆင့် ကျွမ်းကျင်လာအောင် ဘယ်လိုလုပ်ရမလဲ"

ဆွန်းမိုက စိတ်ထဲမှ မေးလိုက်သည်။

"လည်ပတ်မှုနည်းစနစ်ကို နာရီ တစ်သောင်းပြည့်အောင် အသုံးပြုပါ။ မင်း ကျွမ်းကျင်လာတာနဲ့အမျှ မဟာအဆင့်ရောက် လာမှာဘဲ။"

စနစ်က ဖော်ပြသည်။

"ဒီလောက်အကြာကြီး"

လိုအပ်သော အချိန်ပမာဏကို သိလိုက်ရလျှင် တက်ကြွနေမှုသည် မီးကိုရေနှင့် လောင်းလိုက်တဲ့အလား ပျောက်ကွယ်သွားသည်။ သူသည် မြတ်ဆရာတစ်ယောက် မဖြစ်ချင်နေပါ။ အနှိပ်သည်တစ်ယောက်တော့ မဖြစ်ချင်ပေ။

"နည်းစနစ်နဲ့ စွမ်းရည်တွေက အတွေ့အကြုံရဲ့သေးငယ်တဲ့ အစိတ်အပိုင်း တစ်ခုပါ။ မဟာအဆင့်ဆိုတာက ဒီတာအိုရဲ့ အထွတ်အထိပ်တည်ရှိမှု တစ်ခုပါကွာ"

စနစ်သည် ထိုမျှလေးနက်သော ဒသနများကိုပင် ပြောလာသဖြင့် ဆွန်းမို အံ့ဩသင့်သွားသည်။

"ဆွန်းမို"

လီကုန်က ဆွန်းမိုကိုအော်လိုက်သည်။

"ငါတို့မှာ ဒီလောက်ရင်းနှီးတဲ့ ဆက်ဆံရေးရှိလို့လဲ၊ ငါ့ကို ဆရာဆွန်းလို့ခေါ်ပါ"

ဆွန်းမိုက ပြောလိုက်သည်။

"မင်း..........."

လီကုန်သည် အင်မန် စိတ်တိုသွားသည်။ သို့သော် သူ၏ ခြေထောက်အကြောင်းကို တွေးမိလိုက်လျှင် ဖျစ်ညှစ်၍ ပြုံးပြလိုက်သည်။

"ဆရာဆွန်း"

"ခုန ဥပမာက ငါ့စကားကိုယုံကြည်ဖို့ လုံလောက်လား"

ဆွန်းမိုသည် နတ်ဘုရားမျက်စိအာရုံကို သုံး၍ လီကုန်၏ ဒဏ်ရာရထားသော ခြေထောက်ကို စစ်ဆေးလိုက်သည်။ သွေးကြောစွမ်းအင်

လမ်းကြောင်းများ ထိခိုက်သွားခြင်းဖြစ်ပြီး ကုသပေးနိုင်သည်။

"မင်းငါ့ခြေထောက်ကို ကုသပေးရင် မင်းကို ထပ်ဒုက္ခမပေးတော့ဘူး"

လီကုန်က စျေးနှုန်း သတ်မှတ်လိုက်သည်။

"မင်းက အသက်၄၀ ကျော်နေတာတောင် တုံးအနေတုန်းပဲလား"

ဆွန်းမိုက ခနဲ့လိုက်သည်။

"မင်းဘာလိုချင်လဲ"

(ဖောင်း)

ဆွန်းမိုသည် လီကုန်၏မျက်နှာကို ဘယ်ဘက်လက်ဝါးဖြင့် ရိုက်လိုက်သည်။ မျက်နှာ၌ လက်ဝါးရာ ထင်နေသည်။

"မင်း... ငါ့ကိုရိုက်တာလား"

လီကုန် ကြောင်သွားသည်။

" မင်းငါ့ကို ရိုက်ဖို့ သတ္တိရှိတာလား"

သူသည် ထောက်ပံ့ရေးဌာနက ဖြစ်သော်လည်း ကျောင်းမှာလုပ်နေခဲ့သည်မှာ (၇)နှစ်ရှိခဲ့ပြီ

ဆရာများက သူ့ကိုမြင်လျှင် ခေါင်းညိတ်၍ နှုတ်ဆက်ကြသည်။

(မဟုတ်ဘူး၊ ဆွန်းမိုက တရားဝင်ဆရာတောင် မဟုတ်သေးဘူး။)

(ဖောင်း)

ဆွန်းမိုသည် ခွေးတစ်ကောင်ကဲ့သို့ ဒေါသထွက်နေသော လီကုန်ကို လက်ပြန်ထပ်ရိုက် လိုက်ပြန်သည်။ လီကုန်ကို လုံးဝဂရုမစိုက်ပေ။

“ဟုတ်တယ်၊ မင်းကိုရိုက်တယ်”

ထိုသို့ ခနဲ့လိုက်သဖြင့် လီကုန်၏ဒေါသများ တိုက်ရိုက် တောက်လောင် လာသည်။ မျက်နှာ နီရဲလာကာ

“ငါ .....ငါ မင်းကိုဒီနေ့သတ်မယ်”

“မင်းက အမြဲတမ်း ခြေမသန် ဖြစ်နေချင်တာလား”

ဆွန်းမိုသည် ရှောင်မထွက်သွားပေ။ မူလနေရာ၌ ရပ်နေပြီး လီကုန်ကို တည်ငြိမ်စွာ စိုက်ကြည့်နေသည်။

လီကုန်သည် ခေါင်းပေါ်၌ ရေခဲတစ်ပုံးလောင်းချ လိုက်သကဲ့သို့ အေးခဲသွားပြီး ချက်ခြင်းရပ်တန့်သွားသည်။ ဒေါသများလည်း

ချက်ခြင်း ကွယ်ပျောက်သွားသည်။ သူ့အမူအရာကတော့ အံ့မှိုင်းနေသည်။

သူသည် ဒဏ်ရာရပြီးကတည်းက ၁၂နှစ်အတောအတွင်း ဆရာဝန်များစွာနှင့်ပြခဲ့သော်လည်း အဖြေမရခဲ့ပေ။ တဖြည်းဖြည်းနဲ့ လီကုန်သည် လက်လျှော့လိုက်သည်။ ယခုတော့ အခွင့်အရေးတစ်ခုက မျက်စိရှေ့ရောက်နေပြီ လက်လွှတ်မခံချင်ပေ။

"ငါသာ လမ်းပုံမှန် ပြန်လျှောက်နိုင်ရင် ဘယ်သူကမှ ငါ့ကို မထီမဲ့မြင်မလုပ်တော့ဘူး၊ ပိုကောင်းတဲ့ အလုပ်တောင် ရှာနိုင်တယ်"

ခြေထောက်ချိန့်ခြင်းသည် လီကုန်ကို ရုပ်ပိုင်းဆိုင်ရာ အတားအဆီး ဖြစ်စေခဲ့သည်။ စိတ်ထဲ၌ အခြားသူထက် နိမ့်ကျနေသည်ဟု ခံစားနေခဲ့ရသည်။ "ဒုက္ခိတ" ဟူသောစကားက သူ့ကို အလွန် စိတ်မချမ်းမသာ ဖြစ်စေခဲ့သည်။

"မင်းက ငါ့လက်အောက်က အစမ်းခန့် ဝန်ထမ်းတစ်ယောက်ပဲ၊ မင်းက

စွမ်းဆောင်ရည်မကောင်းဘူးလို့ ငါပြောမှာ မကြောက်ဘူးလား”

လီကုန်က ခြိမ်းခြောက်သည်။

ဆွန်းမို၏အဖြေက ရိုးရှင်း၏။ နောက်ထပ်တစ်ချက် ထပ်ရိုက်လိုက်၏။

“ဖောင်း”

ပြတ်သားသော အသံထွက် ပေါ်လာသည်။ လက်ဝါးရာလည်း ရှင်းလင်းလာသည်။

အခန်း(၁၂) - ဆွန်းမို၊ မင်းငါ့ကို ထောင်ဖမ်းနေတာလား။

"ဘာလို့ ငါ့ကို ထပ်ရိုက်နေတာလဲ"

လီကုန်သည် မယုံကြည်နိုင်စွာ သူ့မျက်နှာကို ပြန်ကိုင်လိုက်မိသည်။ ဘာကြောင့် ဒီလူက ဒီလောက် ကြမ်းတမ်းနေသနည်း။ ခဏအကြာ၌ ရုတ်တရက် သဘောပေါက်သွားသည်။

"ကျောင်းအုပ်ကြီး အန်ရှီဝေက မင်းကို ကာကွယ်ပေးမယ် ထင်နေတာလား။

အိပ်မက်မက်နေတာ ရပ်လိုက်တော့။ ကျောင်းကို သူမရဲ့ စကားတွေက မလွှမ်းမိုးနိုင်ဘူး”

ဒီတစ်ကြိမ်တော့ လီကုန်၏ စကားကို ဆုံးအောင် မစောင့်တော့ဘဲ သူ့ရပ်တည်ချက်ကို တိုက်ရိုက် ဖွင့်ပြလိုက်သည်။ လီကုန်၏ မျက်နှာနှစ်ဘက်ကို လက်များ ဆက်တိုက်လွှတ်ပေးလိုက်သည်။

(ဖောင်းဖောင်းဖောင်း)

စတိုခန်းထဲ၌ အော်ဟစ်သံများ၊ ပါးရိုက်သံများ ပွဲတင်ထပ်နေသည်။

“ရပ်ပါတော့၊ ငါမှားပါပြီ”

လီကုန်သည် ခေါင်းကိုကိုင်ကာ အော်ဟစ်လိုက်သည်။ မသန်တော့သည့် သူ့ခြေထောက်ကို ကုသဖို့အတွက် သည်းခံရန် ဆုံးဖြတ်လိုက်သည်။ ထို့အပြင် ဒီကောင်လေးသည် ကိုယ့်ကိုယ်ကို ယုံကြည်မှု ပိုရှိလာ၏။ လျှာကလည်း အဆိပ်ပြင်း၏။

ဆွန်းမိုက ရပ်လိုက်သည်။ လီကုန်ကို ပုံမှန်အတိုင်းသာ ငေးကြည့် နေလိုက်သည်။ ယုတ်မာသော စိတ်ဓါတ်ရှိသည့် ဒီလူကို

သူရိုက်ခြင်းသည် မမေ့နိုင်အောင် သက်သက်လုပ်ခဲ့ခြင်းပင်။

ဒီလူက ဆွန်းမိုကို ပြဿနာဆက်တိုက်ရှာ၍ အလုပ်ထုတ်ပြစ်ဖို့အထိ ကြံစည်ထားသည်။ အလုပ်ထုတ်ခံရလျှင် မှတ်တမ်းထဲ၌ တစ်သက်လုံး အမဲစက်ထင်သွားပြီး နောက်ကျောင်းတစ်ခုမှာလည်း ဆရာတစ်ယောက်အဖြစ် အလုပ်ရရန် မဖြစ်နိုင်တော့ပေ။ တခြားအလုပ်အကိုင်များ လုပ်လျှင်ပင် သေချာပေါက် ထိခိုက်လိမ့်မည်။

သူ့အနာဂတ်အား ဖျက်ဆီးလိုသော လူတစ်ယောက်နှင့် ရင်ဆိုင်ရသောအခါ ဆွန်းမိုသည် လုံးဝသနားနေမည် မဟုတ်ပေ။

"ငါ့ခြေထောက်ကို မကုသပေးခင် ဘာလုပ်စေချင်တာလဲ"

လီကုန်က အသံပျော့ပျော့ဖြင့် မေးလိုက်သည်။ အစမ်းခန့်ဆရာ အများစုသည် အစမ်းခန့်ကာလအတွင်း အမှားလုပ်မိ၍ အလုပ်ထုတ်ခံရမည်ကို ကြောက်ကြသည်။ ဆွန်းမိုအား ခြိမ်းခြောက်နိုင်သော အရာထက် ဆွန်းမို၌

ခိုင်မာသော အဆင့်အတန်းနောက်ခံ ရှိနေသည်။ ဆွန်းမိုကို ကျောင်း၌ အလုပ်ဆက်လုပ်မလား၊ ထွက်သွားမလား ဟူသော ခြိမ်းခြောက်မှုသည် မထိရောက် ဖြစ်နေသည်။

"မင်းဘယ်လိုထင်လဲ"

ဆွန်းမိုက ပြန်မေးလိုက်သည်။

လီကုန် တိတ်သွားသည်။ အတွေ့အကြုံရှိသော လူတစ်ယောက်အနေဖြင့် ဆွန်းမိုက ဘာကိုလိုချင်လဲ သူသိသည်။ သို့သော်

သူမပြောပြနိုင်ပေ။ ထိုသို့ မဟုတ်ခဲ့လျှင် ဒီနေရာ၌ ဆက်ပြီး ရပ်တည်နိုင်မည် မဟုတ်တော့ပေ။

“မင်းကိုခက်ခဲအောင်လုပ်ဖို့ ဘယ်သူကမှ ငါ့ကို မညွှန်ကြားထားဘူး။ ကျောင်းအုပ်ကြီးအန်နဲ့ မင်းစော့စပ်တာကိုကြားပြီး မင်းက မတန်ဘူးထင်လို့ စိတ်ထဲကမကျေနပ်လို့ မင်းနဲ့ရှုပ်တာ”

လီကုန်၏စကားမဆုံးခင် ဆွန်းမိုက ထပ်ရိုက်လိုက်သည်။

“ဖောင်း”

လီကုန်သည် ကြောက်သွားသလို မျက်နှာလည်း ရောင်သွားသည်။

"မင်းကိုမင်း ဘယ်သူထင်နေလဲ၊ မင်းသတ္တိလောက်နဲ့ ညွှန်ကြားမည့်သူမရှိဘဲ ငါ့ကို ဘယ်လိုလုပ်ရဲမှာလဲ။ မင်းအစားများပြီး တုံးအ သွားပြီလား"

ဆွန်းမိုက နှာခေါင်းရှုံ့လိုက်သည်။

"ဖုန်း"

လီကုန်သည် ဒူးများ ပျော့ခွေသွားကာ ဒူးထောက်လိုက်သည်။ မျက်နှာ၌ မျက်ရည်များ စီးကျလာသည်။

"ငါမပြောနိုင်ဘူး။ ပြောလိုက်ရင် အလုပ်ပြုတ်ရုံမက သေတဲ့အထိ ရိုက်သတ်ခံရမှာ"

"လွတ်နိုင်ပါတယ်"

ဆွန်းမိုက ထိုင်၍ လီကုန်ကို ကြည့်လိုက်သည်။

"မင်းခြေထောက်သာ ပြန်ကောင်းသွားရင် မင်းလိုချင်တဲ့ နောက်အလုပ်တစ်ခု ရှာနိုင်တယ်"

လီကုန်သည် တွေဝေသွားသည်။ သူ ကံဆိုး နေပြီ။

“ဒါက ထောက်ပံ့ရေးဌာနရဲ့ ဌာနမှူး ရန်ချိုင်၊ မင်းကို အလုပ်ထုတ်နိုင်ရင် ငါ့ကို ဌာနရဲ့ဒုဌာနမှူး အဖြစ် ရာထူးတိုးပေးမယ်လို့ ကတိပေးထားတယ်။”

“ဘာလို့ငါ့ကို ပစ်မှတ်ထားတာလဲ”

“မင်းသူ့ဆီက တစ်ခုခုယူခဲ့တာ ဖြစ်မှာပေါ့”

လီကုန်သည် ထိုစကားပြောလိုက်ပြီးမှ ဆွန်းမိုက သူလက်ကို ပြန်ကိုင်လိုက်တာမြင်လိုက်သည်။ ထို့ကြောင့် ခေါင်းကို မြန်မြန်ကာကွယ်လိုက်သည်။ “မသိဘူး။ အဆင့်မြင့်အရာရှိတွေက အန်ရှီဝေကို ဒုက္ခပေးချင်နေလို့ မင်းနဲ့ ပက်သက်နေတာ”

ဗဟိုပြည်နယ်အကယ်ဒမီ၏ ဘုတ်အဖွဲ့မှ မဟုတ်ပေ။ လူသားတို့သည် အကျိုးအမြတ်နှင့် ပက်သက်လာလျှင် ကောက်ကျစ်တတ်ကြ၏။ လိဂ်ပြိုင်ပွဲ၌ 'ဒီ' အဆင့်အထိ ကျဆင်းနေသော်လည်း ထိုအမည်ကို ဖယ်ရှားရန် အချိန်ကလိုသေးသည်။ လွန်ခဲ့သော နှစ်၃၀၀ကျော် ကပ်ဆိုးကျသည့်အချိန်မှလွဲ၍ ကျောင်းတွင်းရှိ ဌာနများသည် တစ်ခုနှင့်တစ်ခု တိုက်ခိုက်နေခဲ့ကြသည်။

ဆွန်းမိုသည် မျက်ခုံးပင့်လျက် စဉ်းစားနေသည်။

လီကုန်က ဒူးထောက်လျှက် ဆွန်းမိုအား အနှောက်အယှက် မပေးရဲပေ။

"မင်းက ရန်ချိုင်အတွက် မကောင်းတာတွေ အများကြီး လုပ်ခဲ့ပြီးပြီ ဟုတ်တယ်မလား"

"မဟုတ်ဘူး မဟုတ်ဘူး"

လီကုန်ကလက်ကို အမြန်ဝှေ့ယမ်းကာ ငြင်းလိုက်သည်။

(ဖောင်း)

နောက်ထပ် ရိုက်သံ တစ်ချက်ပေါ်လာသည်။ ထိုရိုက်ချက်ကြောင့် မိုက်ခနဲ ဖြစ်သွားသည်။

“ထောက်ပံ့ရေးဌာနမှာ လူနှစ်ဆယ်ကျော်ရှိတယ်၊ ဘာကြောင့် မင်းကိုမှ ခိုင်းတာလဲ၊ မင်းကသူရဲ့ အထူးလက်ပါးစေမဟုတ်ရင် ဘာဖြစ်မှာလဲ”

ဆွန်းမိုသည် ဝတ္ထုဖြတ်ရခြင်းကို ကြိုက်သည်။ အထူးသဖြင့် ယုတ္တိဗေဒနည်းနှင့် ကောက်ချက်ချရသော စုံထောက်မျိုးဆို ပို၍ နှစ်သက်သည်။

“မင်းက နတ်ဆိုးလား”

လီကုန်၏ကိုယ်သည် တုန်သွားပြီး ဆွန်မို၏မျက်လုံးထဲ၌ အဖြူအမည်းအရိပ်များ

ထင်ရှားနေပြီး ၎င်းတို့ထံမှ အေးဆေးတည်ငြိမ်မှုနှင့် မိမိကိုယ်ကို ယုံကြည်မှုများ ဖြာထွက်နေသည်။ လီကုန်သည် မြင်ဖူးသလိုလို ခံစားနေရသည်။

"ကောင်းပြီ၊ မင်းသိသမျှ ငါ့ကိုပြောပြ"

ဆွန်းမိုသည် လီကုန်၏ ဒဏ်ရာရနေသော ခြေထောက်ကို ဆုပ်ကိုင်၍ သွေးလည်ပတ်မှုစနစ်ကို စတင်အသုံးပြုလိုက်သည်။

လီကုန်၏ကိုယ်သည် တစ်ချက်တုန်သွားသည်။ သူ သေအောင်အရိုက်ခံရလျှင်ပင် ဘာမှထုတ်မပြောရန် ဆုံးဖြတ်ထားခဲ့သည်။ ဒဏ်ရာရနေသော

ခြေထောက်မှ နွေးထွေးသောစီးကြောင်းသည် စိတ်ဝိညာဉ်ကို လှုပ်နှိုးလိုက်သည်။

"မင်း..........."

လီကုန်သည် ဆွန်းမိုကို တအံ့တသြ ကြည့်နေမိသည်။ ရှေ့ဟောင်း နဂါးဖမ်းသည့်လက်သည် အလွန်အံ့သြဖွယ် ကောင်းသည်။ ရှောင်တခင်နှိပ်လိုက်သော အရာသည် သူ့ခြေထောက်ကို ပို၍ သက်တောင့်သက်သာ ဖြစ်လာစေသည်။

"ဒင်"

လီကုန်၏ လေးစားအထင်ကြီးမှု - (+၅)

လီကုန်နှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ(၆/၁၀၀)

"ငါပြောပါတယ်၊ မင်းခြေထောက်ကို ကုပေးနိုင်တယ်လို့"

ဆွန်းမိုသည် ယုံကြည်မှုရှိရှိ ပြောလိုက်သည်။

လီကုန်သည် အသံတိုး၍ သူသိခဲ့သမျှ "အနက်ရောင်သမိုင်း" အားလုံးကို ပြောပြလိုက်သည်။ သူသည် လွန်ခဲ့သော ၁၂နှစ်လုံးလုံး ခြေထောက်ချိန့်သည့်ဒဏ်ကို ခံစားနေခဲ့ရသည်။

နွေရာသီ၌ အအေးပိုလာလျှင် ခြေထောက်ကို အဝတ်ပတ် ပေးထားရသည်။ ဆောင်းရာသီ၌ ပိုဆိုးကာ ခြေထောက်ကိုက်ခဲသော ဒဏ်ကို ခံစားရသည်။ ယခုတော့ သူ့ခြေထောက်သည် သက်တောင့်သက်သာ ဖြစ်နေသည်။ ထိုအခွင့်အရေးကို လက်လွတ်မခံနိုင်ပေ။

"လာဒ်စားမှု တကယ့်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေတာပဲ"

လီကုန်၏ စကားများကို နားထောင်ပြီး ဆွန်းမို၏ အမူအရာက အေးစက်လာသည်။

"ကျေးဇူးပြုပြီး နည်းနည်းထပ်နှိပ်ပေးပါလား"

ထိုနောက် ဆွန်းမိုသည် လက်ကို ဖယ်လိုက်သည်။ လီကုန်၏ သက်သာနေသော ခံစားမှုသည် ချက်ခြင်း ပျောက်ကွယ်သွားသည်။

" ငါ့ရဲ့ ညွှန်ကြားချက်ကို တိတိကျကျလိုက်နာပါ၊ ဒီကိစ္စဖြေရှင်းပြီးရင် မင်းရဲ့ခြေထောက်ကို ကုပေးမယ်"

ဆွန်းမိုက မည်သို့ မည်ပုံလုပ်ရမည်ကို သေချာစွာ ပြောပြလိုက်သည်။

“တခြားနည်းမရှိဘူးလား။ ဒီလိုလုပ်လိုက်ရင် ငါသေသွားမှာ သေချာတယ်”

လီကုန်သည် ဆွန်းမိုပြောသောစကားများကို ကြားပြီး မျက်နှာ လုံးဝဖြူသွားသည်။

ဆွန်းမိုသည် သစ်အယ်သီးအရွယ် အဖြူရောင်ကျောက်စိမ်းတုံးကို ထုတ်ကာ သူ့လက်ထဲ၌ ပစ်ကစားနေသည်။

“အသံဖမ်းကျောက်”

လီကုန်သည် ဝမ်းနည်းစွာ ငိုကြွေးလိုက်သည်။ သူ့အလွန် ဒေါသထွက်၍ မေ့လဲလုနီးပါး ဖြစ်သွားသည်။

"ဆွန်းမို၊ မင်းငါ့ကို ထောင်ဖမ်းနေတာလား"

အသံဖမ်းကျောက်သည် ပတ်ဝန်းကျင်မှ အသံများကို ဖမ်းထားနိုင်သည်။ လီကုန်သည် ဆွန်းမိုက သူ့အား သူလက်နှင့်သူ့ကို ပြန်ဖမ်းခိုင်းရန် မျှော်လင့်မထားပေ။

“မင်းက အများကြီး ပြောခဲ့ပြီးပြီပဲ၊ အခုမှမင်း သဘောတူညီချက်ကို ပြန်ပြင်ဖို့အခွင့်အရေး ရှိသေးတယ် ထင်နေတာလား”

အသံဖမ်း ကျောက်များသည် ဈေးမကြီးသော်လည်း ဆင်းရဲသော ကျောင်းသားများက ၎င်းကို ရရှိရန် အကောင်းဆုံး ကြိုးစားကြသည်။ သူတို့သည် မြတ်ဆရာများ၏ သင်ခန်းစာများကို မှတ်တမ်းတင်၍ နောက်တစ်ချိန်၌ ပြန်လေ့လာသော အရင်အမြစ်အဖြစ် အသုံးပြုကြသည်။

ဆွန်းမိုသည် ဒီကျောက်တုံးကို လီကုန်၏ ခရီဆောင်အိပ်ထဲ၌ တွေ့လိုပြီး ထိုအကြံကို ရခဲ့ခြင်းပင်။ လီကုန်၏ ပထမခြေလှမ်းသည် ကျသွားပြီးနောက် သူ့သဘောထားကို လိုက်နာရုံမှလွဲ၍ ရွေးချယ်စရာမရှိပေ။

သူသည် ကောက်ချက်ချခြင်း အမျိုးအစားစာပေကို ကြိုက်သည်။ သူ့အတွက် ထိုသို့ လျှို့ဝှက်ပစ္စည်းများသည် မည်သည့်အခါမှ မပေါက်ကြားတတ်ကြောင်း သိရှိသည်။။

လီကုန်သည် အံ့ကြိတ်၍ သေခါနီးခွေးရူးတစ်ကောင်ကဲ့သို့ ဖြစ်နေသည်။ သူသည် ဆွန်းမိုဆီထံ ပြေးသွား၍ အသံဖမ်းကျောက်ကို ပြန်လုချင်နေသည်။

ဆွန်းမိုသည် ဒီလူကိုစောင့်ကြည့်နေခဲ့သည်။

လီကုန်က လှုပ်လိုက်သည့်နှင့် ဆွန်းမို ညာခြေလည်း မြင့်တက်လာကာ လီကုန်ခေါင်းကို ကန်လိုက်သည်။

“ဘုန်း”

လီကုန်သည် ဘေးဘက်သို့ အိတ်တစ်လုံးကဲ့သို့ လွင့်ထွက်သွားသည်။ ပစ်ကျသွားခြင်းကြောင့် ဖုန်များ လွင့်ပျံ့သွားသည်။

"ဝိုး"

ဆွန်းမိုက သူ့ခြေထောက်ကို ရွှေ့လိုက်သည်။ ဝိညာဉ်ချီ ကျင့်ကြံနိုင်သော ကမ္ဘာသည် မျှော်လင့်ထားသည့်အတိုင်းပင် သူ့ခန္ဓာကိုယ်ကို အလွန်ကျန်းမာ ကြံ့ခိုင်စေသည်။

အကန်ခံရပြီးနောက် လီကုန်လည်း ကြောက်ရွံ့လာသည်။

(သူရှုးသွားပြီလား။ ဆွန်းမိုကို တိုက်ခိုက်ခဲ့တာလား။)

ဒီဆန်ပျော့ကောင်သည် မည်သို့ပဲပြောပြော ဆွန်လျှောင် အကယ်ဒမီမှ ဘွဲ့ရတစ်ယောက်ပင်။

"မင်းကို စဉ်စားဖို့ အချိန်နှစ်ရက်ပေးမယ်"

ဆွန်းမိုသည် သူ့အဝတ်အစားများရှိ ဖုန်မှုန့်များကို ခါထုတ်လိုက်သည်။

"သေချာစဉ်းစား၊ မင်းခြေထောက် ကောင်းသွားရင် လူလေးစားတဲ့ အလုပ်တစ်ခုကို ရှာနိုင်ပြီး ငွေပိုရနိုင်တယ်"

လီကုန်သည် စိတ်လှုပ်ရှားသွားသည်။ သူသည် အောက်ခြေသိမ်းအလုပ်များကို လုပ်ရခြင်းသည် ပင်ပန်းသည်၊ လစာက နည်းနည်းလေးပဲရသည်။ ထို့အပြင် သူက လှုပ်ရှားရခြင်း အဆင်မပြေသည့်အတွက် တစ်ခါတစ်ရံ အခက်ခဲရှိခဲ့သည်။

"ဘယ်လိုပဲဖြစ်ဖြစ် မသန်စွမ်းတဲ့ခြေထောက်နဲ့ ထွက်သွားရင် ရုပ်ဆိုးတဲ့မိန်းမတောင် မင်းကို ဂရုစိုက်မှာမဟုတ်ဘူး"

ဆွန်းမို၏လျှာသည် အဆိပ်ပြင်းသည်။

လီကုန်၏မျက်နှာသည် စတင်ပြီးမည်းမှောင်လာသည်။ သူ့စိတ်ထဲ၌ နာကျည်းမှုများနှင့် စိတ်အားငယ်မှုများ ပြည့်လာသည်။

ကျောင်းအတွင်း၌ ထုံးကျောက်ဖြင့်ခင်းထားသောလမ်းပေါ်သို့ နေ့ခင်းနေရောင်က ကျရောက်နေသည်။ ဆွန်းမိုသည် စိတ်ထဲ၌ အလွန်သက်တောင့်သက်သာဖြစ်စွာ လမ်းလျှောက်နေသည်။ လီကုန်ကို ကိုင်တွယ်ပြီးနောက် လောလောဆယ်၌ ဒုက္ခပေးမည့်

သူမရှိတော့ချေ။ ရက်ပိုင်းခန့် အေးအေးဆေးဆေး အနားယူနိုင်ပြီ။

ဗဟိုပြည်နယ် အကယ်ဒမီသည် အလွန်ကြီးမားသည်။ ဆွန်းမိုသည် ငယ်ရွယ်သောကျောင်းသားများကို တစ်ခါတစ်ရံ တွေ့ရသည်။ အကယ်၍ သူတို့၏ အဝတ်အစားများသာ ရှေးခေတ်ပုံစံမဟုတ်ပါက ကျောင်းဟောင်းကို ပြန်ရောက်နေသည်ဟု ထင်မိမှာ သေချာသည်။

ကျောင်းတံခါးကို ဖြတ်၍ ပင်မလမ်းအတိုင်း နည်းနည်းလျှောက်သွားလျှင် ပြည်သူ့ရင်ပြင်ငယ်တစ်ခုကို ရောက်မည်။ ယခုချိန်၌ လူများသည် ပြင်ဆင်မှုများ လုပ်ဆောင်နေကြသည်။ (၇)ရက်ကြာပါက ကျောင်းသားစစ်ဆေးပွဲ လုပ်မည့်နေရာ ဖြစ်သည်။

ဗဟိုပြည်နယ်အကယ်ဒမီအတွက် ဝင်ခွင့်သတ်မှတ်ချက်သည် ကျောင်းသားများအသက် (၁၂)နှစ် ပြည့်နေရမည်။

အတိတ်၌ ကျောင်းသားသစ်ခေါ်ယူပါက ကျောင်းသားများသည် ကျောင်းတံခါးကိုပင် ကျော်ဖျက်၍ လာရောက်အရွေးခံကြမှာ သေချာသည်။ ထို့ကြောင့် ဝင်ခွင့်အရည်အချင်းမမှီသော ကျောင်းသားများကို စစ်ထုတ်ရန် ဝင်ခွင့်စာမေးပွဲ ထားရခြင်း ဖြစ်သည်။

ယခုတော့ ကျောင်း၏အဆင့်အတန်းသည် နိမ့်ကျသွားခဲ့ပြီး "ဒီ" အဆင့်အထိ ရောက်သွားကာ အတိတ်က ဂုဏ်သတင်းမှလွဲ၍ ကြီးမြတ်ခြင်းလည်း မရှိတော့ပေ။ သူတို့ မဖြေရှင်းနိုင်သ၍

ဦးဆောင်ကျောင်းများသည် ကောင်းကင်နဲ့မြေကြီးကို ကျေးဇူးတင်နေလိမ့်မည်။

မရီဒန်အကယ်ဒမီသည် ဗဟိုပြည်နယ်အကယ်ဒမီ နေရာကို အစားထိုးဝင်လာသော ချင်လင်မြို့၏ နံပါတ်တစ်အကယ်ဒမီ ဖြစ်သည်။ ၎င်းသည် အဆင်မြင့်အရာရှိများနှင့် ချမ်းသာသော ကုန်သည်များ၏ ထိပ်တန်းရွေးချယ်စရာ ဖြစ်နေသည်။

"လီဇီချီရဲ့ စကားပြောပုံနဲ့ အဝတ်အစားများက ချမ်းသာတဲ့မိသားစုက ဖြစ်နိုင်တယ်။

သူမရဲ့မိဘတွေကလဲ သူမကို မရီဒန်အကယ်ဒမီကိုသွားဖို့ မျှော်လင့်နေမှာ သေချာတယ်။ စနစ်က သူမကို ငါ့ရဲ့ကျောင်းသားဖြစ်စေချင်တာ ဘာကြောင့်လဲ ဒီတာဝန်က ခက်ခဲလွန်းပါတယ်ကွာ”

ရိုးရိုးသားသားပြောရလျှင် သူသာ လီဇီချီ၏ မိဘဆိုပါက သူမအတွက် မရီဒန်အကယ်ဒမီကိုသာ ရွေးချယ်ပေးမည်။ လူတိုင်းသည် သူတို့၏ကလေးကို ပိုကောင်းသောကျောင်းကိုသာ တက်စေချင်ကြသည်။

“အဲဒါကို မေ့လိုက်စမ်းပါ၊ တစ်ချိန်ချိန်မှပေါ့။ တာဝန်မအောင်မြင်ရင် အပြစ်ပေးမခံရဖို့ဘဲ မျှော်လင့်တယ်”

ဆွန်းမိုသည် သူ့ဆံပင်ကို ကိုင်လိုက်သည်။ ထိုအကြောင်းပြောရလျှင် သူ့မှာတာဝန်သုံးခု ကျန်သေးသည်။ ပထမတစ်ခုက လဝက်အတွင်း သင်ကြားရေး လက်ထောက်ဖြစ်လာရန်၊ ဆုလာဘ်က ရွှေရောင် ရတနာသေတ္တာတစ်လုံး၊ ကနဦး၌ တာဝန်ကြာချိန်သည် တစ်လဖြစ်သော်လည်း လျှော့ရှည်သော အမှုဖြစ် လဝက်ဖြစ်သွားခဲ့သည်။

ဒါကိုအောင်မြင်အောင် မလုပ်နိုင်ခဲ့လျှင် ပြင်းပြင်းထန်ထန် အပြစ်ပေးခံရမည်ဟု စနစ်က ရှင်းရှင်းလင်းလင်း ပြောထားသည်။

ဒုတိယတာဝန်သည် ချီရှန်ကျား၏ တိုက်ပွဲခန်းမ စစ်ဆေးခြင်းကို အောင်မြင်အောင် ကူညီပေးရန် ဖြစ်ပြီး ဆုလာဘ်က ရွှေရောင်ရတနာ သေတ္တာတစ်လုံး ဖြစ်သည်။ သို့သော် ဆွန်းမို၏ စစ်ဆေးချက်အရ ချီရှန်ကျား၏ အလားလာတန်ဖိုးသည် နိမ့်ကျသည်။ ထိုအရာကလဲ မဖြစ်နိုင်သလို ခံစားနေရသည်။

တတိယတာဝန်က ရိုးရှင်းပါသည်။ သို့သော် ဆွန်းမိုက စိန်ခေါ်မှုမရှိသောကြောင့် စိတ်မဝင်စားပေ။ စနစ်က ပြောခဲ့သလိုပင် မြတ်ဆရာတစ်ယောက်သည် အမှိုက်ကို ကျောက်မြတ်တစ်ခုဖြစ်အောင် လုပ်ပေးနိုင်သည်။ ထိုစကားသည် ဆွန်းမိုနှင့်တော့ အံကိုက်ပင်။ အကြောင်းမူ သူသည် ဂိမ်းကစားသောအခါ အမြဲတမ်းအခက်ဆုံး အဆင့်မှ စတင်၍ ကစားလေ့ရှိသောကြောင့် ဖြစ်သည်။

"ကျောင်းသားသစ်စုဆောင်းတဲ့ ပွဲကျရင် အလားအလာ မရှိတဲ့ကျောင်းသား နဲ့နဲ့လောက် သေချာပေါက်ရွေး ရမယ်"

ဆွန်းမိုသည် မျက်လုံးကို ပွတ်လိုက်သည်။ နတ်ဘုရားမျက်စိအာရုံသည် သူ့ယုံကြည်ချက်၏ အရင်းအမြစ် ဖြစ်သည်။

"ငါ့ရည်စားနာမည်က အန်ရှီဝေဆိုပဲ၊ နာမည်ကတော့ မဆိုးပါဘူး။ မိန်းမလှလေးအဆင့်မှာလည်း ပြိုင်ဘက်ကင်း

အလှတရားလို့ ကြားတယ်။ သူမကို သွားတွေ့သင့်လား”

မိန်းမလှလေးအဆင့်များသည် အမျိုးသမီး မြတ်ဆရာများအတွက် ဖြစ်သည်။ နာမည်အတိုင်းပင် ၊ မြတ်ဆရာမများသည် အလွန်လှပရုံသာမက အသိပညာလည်း လေးနက်ပြီး နက်ရှိုင်းကြရသည်။ သူတို့၏ ထူးချွန်ထက်မြက်မှုနှင့် နှိုင်းယှဉ်လျှင် ဆန်းကြယ်သော အမှုအကျင့်များက အားနည်းချက် မဖြစ်ခဲ့ပေ တစ်ခုပြောရလျှင် နေရာတစ်ခု၌

ရပ်တည်နိုင်ပြီး အထီးတိုင်းလိုချင်သော နတ်ဘုရာမများ ဖြစ်ကြသည်။

တခြားသူများအဆင့်နှင့် မြတ်ဆရာ အဆင့်တို့သည် ကွဲပြားသည်။ အချက်အလက်ပေါင်းများစွာကို ကောက်ယူပြီးနောက် အစိုးရက ကြေညာခြင်း ဖြစ်သည်။ ထိုအဆင့်များကို ပြည်သူများရှေ့၌ လူများက ရွေးချယ်ကြခြင်း ဖြစ်သဖြင့် ၎င်းသည် ယုံကြည်လက်ခံရန် ထိုက်တန်သည်။

တစ်ခုသိထားရမှာ ဒီကခေတ်ရေစီးကြောင်းသည် အင်တာနက်ပေါ်မှ ကြေညာပြီး လူထုအမြင် ကောက်ခံခြင်းမရှိပေ။ ထို့ကြောင့် ရာထူးရှိသောသူများ၏ အသိမှတ်ပြုမှုနှင့် ထောက်ခံချက်သည် အရေးပါလှသည်။

"ငါ့ရဲ့ စေ့စပ်ကြောင်းလမ်းမှုက တရားမဝင်ဘူးပေါ့"

ဆွန်းမို၏ နှလုံးသား တုန်လှုပ်လာသည်။

အခန်း(၁၃) - မြတ်ဆရာဖြစ်ဖို့ ခြေလှမ်းငယ်တစ်ခု။

ကောင်းကင်ပြာကြီးသည် တိမ်ဖြူများနှင့် ကြည်လင်နေသည်။

အလယ်ကမ္ဘာရှိပြည်နယ် (၉)ခုသည် စိုက်ပျိုးရေး လူ့အဖွဲ့စည်းအဖြစ်သာ ရှိသေးသည်။ ထို့ကြောင့်လေထုသည် ညစ်ညမ်းမှုမရှိဘဲ သန့်ရှင်းကာ အလွန်သက်တောင့်သက်သာ ရှိနေသည်။

ဆွန်းမိုသည် ကျောက်လမ်းအဆုံးကို လျှောက်သွားကာ ရပ်တန့်လိုက်သည်။ ပိုးစာပင်၏ အရိပ်သည် သူ့အပေါ် ကျရောက်နေသည်။ နောက်ပြန်လှည့်လိုက်၍ အဆောင်ဘက်သို့ ဦးတည်လိုက်သည်။

ယောကျ်ားတစ်ယောက်သည် သူ့ချစ်သူ မိန်းကလေးထံ ကျော်ကြားလှသောခါး၊ ကျော်ကြားသောမြင်းတစ်ကောင် မစီးဘဲသွားလျှင် မည်ကဲ့သို့ ဖြစ်မည်လော။

"အန်ရှီဝေက ကျောင်းအုပ်ကြီး တစ်ယောက်ဆို ငါက အနည်းဆုံး မြတ်ဆရာတစ်ယောက်တော့ ဖြစ်ရမယ်၊ ဟုတ်တယ်မဟုတ်လား"

ဆွန်းမိုသည် စကားတစ်ခွန်းပြောပြီးမှ စိတ်ထဲ၌ နောက်ထပ် အတွေးတစ်ခု ထပ်ထည့်လိုက်သည်။ "ငါ ချန်လင်မှာ ထိပ်တန်းမြတ်ဆရာ တစ်ယောက် ဖြစ်ရမယ်"

"ဒင်"

"ဂုဏ်ယူပါတယ်။ သင်ဟာမြတ်ဆရာ တစ်ယောက်လမ်းကြောင်းကို အသက်ဝင်စေတဲ့

လေးစားအထင်ကြီးမှုအမှတ် (၁၀၀)ကို ရောက်ခဲ့ပါပြီ။ သင်ဟာ မြတ်ဆရာတစ်ယောက်ရဲ့ လမ်းကြောင်းပေါ်မှာ ခြေလှမ်းငယ်တစ်ခုကို လှမ်းလိုက်တဲ့အတွက် ကံကြမ္မာရတနာ သေတ္တာကို ဆုလာဘ်ရတယ်။ မြတ်ဆရာတစ်ယောက်အနေနဲ့ ပိုမိုကြီးမားတဲ့ အောင်မြင်မှုကို ရရှိမယ်လို့လဲ မျှော်လင့်ပါတယ်။ ကံကောင်းပါစေ အစမ်ခန့်ဆရာ ဆွန်းမို”

စနစ်၏အတွဲလိုက် သတိပေးချက်သည် ဆွန်းမို၏အတွေးကို ဖြတ်တောက်လိုက်သည်။

"မင်း စကားကို ခဏခဏ ရုတ်တရုတ် ထပြောရလားဟ။ မင်းကသရဲလိုပဲ တော်တော် ကြောက်စရာ ကောင်းတယ်"

ဆွန်းမိုက ကွန်ပလိန်းတက်လိုက်သည်။ စနစ်က ဂရုမစိုက်ပေ။

ဆွန်းမို မျက်လုံးရှေ့၌ အနီရောင် အလင်းတန်းများ တောက်ပနေသော ကံကြမ္မာရတနာ သေတ္တာတစ်လုံး ရှိနေသည်။ သူသည် ဒီအခြေအနေနှင့် ရင်းနှီးနေခဲ့ပြီ "ဖွင့်" ဟု ညင်သာစွာ ပြောလိုက်သည်။

သူ၏အမိန့်ကြောင့် ဖွင့်လိုက်ပြီးနောက် ချက်ခြင်း ပျောက်ကွယ်သွားပြီး သေးငယ်သော ဖန်ပုလင်းတစ်လုံးကို ချန်ထားခဲ့သည်။ အပြားလေးဖြစ်ပြီး အတွင်း၌ အဖြူရောင် ခရင်မ်အရည် ရှိသည်။

"ရှေ့ဟောင်းဝေလငါးမှ ထုတ်ယူထားတဲ့ အနှစ်ဖြစ်တယ်။ ရှေ့ဟောင်းဝေလငါးဆီကို အဖိုးတန် ဆေးဖက်ဝင်အပင်များနဲ့ သန့်စင်ထားတဲ့ လိမ်းဆေးပဲ။ ဒါက ခန္ဓာကိုယ်ကြံ့ခိုင်စေခြင်း၊ ဖျားနာခြင်းကိုကာကွယ်ခြင်း၊

နာကျင်မှုကိုသက်သာစေခြင်း၊ အာရုံခြောက်ပါး ခံစားနိုင်စွမ်းကို မြှင့်တင်ပေးနိုင်တယ်’

‘သတိပြုရန်။ အကျိုးသက်ရောက်မှု ပြင်းထန်လို့ သင့်တော်တဲ့ ပမာဏအနည်းငယ်ကိုသာ အသုံးပြုပါ။ အလွန်အကျွံသုံးလိုက်ရင် အာရုံကြောပျက်စီးစေပြီး စိတ်လှုပ်ရှားမှုကို ခံစားရနိုင်တယ်’

ပုလင်းပေါ်က ညွှန်ကြားချက်ကို ကြည့်ပြီးနောက် ဆွန်းမိုသည် စကားပြောချင်စိတ် ကုန်ခမ်းသွားသည်။

“စနစ် ၊မင်းကငါ့ကို အနှိပ်သည် လမ်းကြောင်းပေါ် အရောက် ပို့နေတာလား၊ မြတ်ဆရာတစ်ယောက်ကို

ပျိုးထောင်နေတာလား၊ ဒါမှမဟုတ် ငါ့ကို အနှိပ်သည်တစ်ယောက် ဖြစ်လာအောင် ပျိုးထောင်ပေးနေတာလား”

“ပြိုင်ဘက်ကင်းဆရာကြီးစနစ်ရဲ့ မှန်ကန်မှုကို သံသယမဝင်ပါနဲ့”

စနစ်က အလေးပေး ပြောလိုက်သည်။

“ပြီးတော့ အလုပ်အကိုင်တွေမှာ အဆင့်အတန်း ကွာခြားချက်မရှိပါဘူး”

“ဒါဆိုမင်းက ခြေထောက်အနှိပ်သည်စနစ်လား”

ဆွန်းမိုက မေးလိုက်သည်။

စနစ်သည် ဆယ်စက္ကန့်ခန့်တိတ်ဆိတ်သွားပြီး စကားလမ်းကြောင်း ပြောင်း၍

"ရှေ့ဟောင်းဝေလငါးဆီကို လျှော့မတွက်နဲ့ ရှေ့ဟောင်း အနှိပ်ပညာနဲ့တွဲသုံးရင် အရမ်းအသုံးဝင်တယ်။"

စနစ်ထဲကဈေးဆိုင်၌ လကြယ်သစ်သီးအပြင် ဝေလငါးဆီ ဘူးတစ်ဘူးကိုလည်း တွေ့လိုက်ရသည်။ ၂၀၀မီလီမီတာ ဘူးဖြစ်ပြီး ဈေးနှုန်းက လေးစားအထင်ကြီးမှုအမှတ် ၁၀၀၀ ဖြစ်သည်။

"ဒီလောက်ဈေးကြီးတာလား"

ဆွန်းမိုသည် အံ့ဩသွားသည်။ ထိုစျေးက လကြွယ်သီးတစ်လုံး ဝယ်ယူ၍ရသည်။

၂၀၀မီလီမီတာလား၊ သေးသေးလေးကို။

ဟုတ်ပါသည် ၊အရင်ဘဝက ဆွန်းမို၏ လုပ်ဖော်ကိုင်ဘက် အမျိုးသမီးတစ်ဦးသည် ၂၀၀မီလီမီတာ ကုလားအုပ်တံဆိပ် နံပါတ်၅ ရေမွှေးကို ယွမ် ၂၅၀၀ ကျော်နှင့်ဝယ်ယူခဲ့သည်။ ထိုသို့ဝယ်ပြီးနောက် ရိုးရိုးမုန့်နှင့် ဟင်းရွက်ဆားနယ်ကိုသာ တစ်လကျော်လောက် စားခဲ့သည်။

၎င်းသည် ရေမွှေးဖြစ်ပြီး အနည်းငယ်စွတ်လိုက်ရုံဖြင့် တစ်ရက်လုံး မွှေးကြိုင်စေသည်။ ထို့ကြောင့် လူတစ်ယောက်က လပေါင်းများစွာ အသုံးပြုနိုင်သည်။ သို့သော် သူကတော့ တစ်ခါသုံးလျှင် (၇-၈)မီလီမီတာခန့်သုံးရမည် မဟုတ်ပါလော။ ဖူးမာဆက်လုပ်ရန် မဆိုထားနှင့် မျက်နှာပင် နှံ့မည် မဟုတ်ပေ။

“ဈေးပေါတဲ့ပစ္စည်းတွေက မကောင်းပါဘူး။ စနစ်ဈေးဆိုင်မှာရှိတဲ့ ပစ္စည်းတွေက ပေးရတာထက် ပိုတန်တယ်။”

စနစ်ကထပ်ပြီး

“ဖူးမာဆက်လုပ်ဖို့ဆိုရင် ရွှေ့ဟောင်းဝေလငါးဆီကို ရေနဲ့ ၅ဆ ၁ဆ ရောပါ။ အချိုးပိုနိမ့်လေ သက်ရောက်မှုနည်းလေပဲ။”

“ ဖူးမာဆက်လုပ်ရင် လေးစားအထင်ကြီးမှုအမှတ် အနည်းဆုံး (၂၅)မှတ် ရလိမ့်မယ်။”

ဆွန်းမို ခန့်မှန်းလိုက်သည်။ နည်းနည်းလေးသာ သုံးရမည်။

“ဘာလို့ဒီလောက် အတွေးများနေတာလဲ။ ဈေးနှုန်းမြင့်တော့ လေးစားအထင်ကြီးအမှတ် များများရရန် ကျောင်းသားတွေကို ပိုလမ်းညွှန်ဖို့ လှုံ့ဆော်မှုဖြစ်တာပေါ့။”

စနစ် ပြောသောအချက်သာ တရားဝင်ဖြစ်သည်။ ဆွန်းမိုက လက်ခလယ် ထောင်ပြလိုက်သည်။

ယခုလောလောဆယ်တွင် ဆွန်းမို၌ လေးစားအထင်ကြီးမှုအမှတ် ၁၀၉ မှတ်ရှိသည်။

လီဇီချီထံမှ ၄မှတ်၊ လီကုန်က ၆ မှတ်၊ ဝမ်ဟောင်က ၂၃မှတ်၊ ကျန်ရှီက ၂၅မှတ်၊ ကျန်တာသည် ချီရွန်ကျားထံမှ ၅၁မှတ် ဖြစ်သည်။

"ငါဝယ်နိုင်တာ တစ်ခုခုရှိလား"

ဆွန်းမို မေးလိုက်သည်။

"ကံကြမ္မာရတနာသေတ္တာက ၁၀မှတ်၊ အဲဒါက စနစ်ဈေးဆိုင်က ရောင်းတဲ့ပစ္စည်းတွေကို ရဖို့အခွင့်အရေးရှိတယ်။"

စနစ်က အကြံပြုသည်။

"ငါကငယ်ငယ်ကတည်း ကံစမ်းမဲနှိုက်ရင် ကံမကောင်းတတ်ဘူး။ မင်းက ဒီလိုလုပ်ပြီး ငါ့ရဲ့ လေးစားအထင်ကြီးမှု အမှတ်တွေကို ကုန်အောင်ကြံနေတာလား"

ဆွန်းမိုက မျက်လုံးပြူး၍ ပြောလိုက်သည်။

ဆွန်းမိုသည် အဆောင်သို့ပြန်ရောက်လျှင် အခန်းတံခါးဝ၌ ကျောင်းသားတစ်ယောက်ကို မြင်လိုက်ရသည်။ သူက ကျန်းရှန်ကို ဦးညွှတ်လိုက်ရင်း

" ဆရာကျန်း ၊မင်းရဲ့ လမ်းညွှန်ချက်အတွက် ကျေးဇူးတင်ပါတယ်။"

"သွားတော့၊ ပြန်သွားပြီးကြိုးစား"

ကျန်းရှန်သည် ဘယ်ဘက်လက်က စာအုပ်တစ်အုပ်ကိုင်ထားပြီး ညာလက်က နောက်ပြစ်ထားသည်။ မျက်နှာ၌ အပြုံးတုတစ်ခုကို ဆင်မြန်းထားပြီး မြတ်ဆရာတစ်ယောက်ကဲ့သို့ ပြုမူနေသည်။

ဆွန်းမို ပြန်လာသည်ကိုမြင်လည်း တစ်ချက်သာကြည့်၍ နှုတ်ပင် မဆက်ခဲ့ပေ။ သူသည် ထိုသို့ အသုံးမကျသောလူနှင့် ရင်နှီးစရာ အကြောင်း မရှိပေ။

ယန်ဖန်နှင့် လိုဒီ တို့နှစ်ယောက်စလုံးလည်း အဆောင်၌ ရှိနေကြသည်။ ယွမ်ဖန်က အရင်အတိုင်း လျစ်လျူရှုခဲ့ပြီး လိုဒီက ခေါင်းညိတ်ပြသည်။ လိုဒီသည် တစ်ဦးတစ်ယောက်ကိုမှ မထိခိုက်စေချင်သော သူဖြစ်သည်။

"ကျန်းရှန်၊ ဒါက မင်းဆီကို လမ်းညွှန်ချက် လာတောင်းတဲ့ ငါးယောက်မြောက် မဟုတ်လား။ မင်းက သင်ကြားရေး လက်ထောက်တစ်ယောက်အနေနဲ့ ကျောင်းသားအချို့ရဲ့ အသိအမှတ်ပြုမှုကို ရထားပြီပဲ။"

ယန်ဖန်က ချိုချိုသာသာ ပြောလိုက်သည်။

“လက်မခံပါရစေနဲ့”

ကျန်းရှန်သည် ဝင့်ကြွားသော အမူအရာနှင့် အိပ်ရာသို့ ပြန်လာကာ တရားထိုင်ရန် လုပ်နေသည်။

အိပ်ခန်းထဲက အခြေအနေသည် အနေရခက်နေသည်။

ကျန်းရှန်သည် ဆွန်းမိုကို အထင်သေးစွာ ကြည့်လိုက်သည်။ တစ်ကယ်တန်းပြောရလျှင် ကျန်းရှန်သည် အခန်းထဲရှိ လူသုံးယောက်စလုံးကို အထင်သေးစွာ ကြည့်လိုက်ခြင်းပင်။ ယန်ဖန်၏

ဖော်လံဖားစကားကို ပြန်ပြောတာကလွဲ၍ ဘယ်သူကိုမှ စကားမပြောဘဲ တရားထိုင်လိုက်သည်။ ကျန်းရှန်သည် ဆွန်းမိုကိုလည်း ဂရုမစိုက်သောကြောင့် လျစ်လျူရှုလိုက်သည်။

လိုဒီကတော့ ဆွန်းမိုကို အားနာစိတ်မရှိသော်လည်း ကျန်းရှန်နဲ့ ယွမ်ဖန်တို့ကဲ့သို့စကားနှင့် တိုက်ခိုက်ခြင်း မရှိပေ။

ဆွန်းမိုက အပယ်ခံဖြစ်နေခဲ့ပြီး သူတို့နှင့် ပေါင်းနိုင်ခြင်း မရှိပေ။ သို့သော် ဆွန်းမိုက

ဂရုမစိုက်ပေ။ သူ့အစားကို သူစား၍ တချို့အရာများကို တိတ်တဆိတ် တွေးနေခဲ့သည်။

ဆွန်းမိုသည် အမြင်ကောင်းအောင် သူတစ်ပါးကို အောက်ကျို့၍ မဆက်ဆံနိုင်ပေ။

ညသည် တိတ်တဆိတ် ကုန်လွန်ခဲ့သည်။

မနက်မိုးလင်းလျှင် လိုဒီသည် ဝက်သားခြောက် ချက်ပြုတ်ရန် ကန်တင်သို့ ဝက်သားခြောက်နှင့် အိုးခွက်ပန်ကန်များယူ၍ ထွက်သွားတတ်သည်။ ထိုအရာများသည် ဆရာများထံမှ

မှတ်ချက်ကောင်းကိုရရန် ကြိုးစားသော သူ၏ ထူးခြားသော နည်းလမ်းဖြစ်သည်။

“ဆရာကျုံ က ငါကျွေးတာကိုစား နေတာ၊ နှစ်ပြားရှိပြီ ၊ ငါးပြားစားလိုက်တာနဲ့ ငါက ကျောင်းမှာ ဆက်နေနိုင်တော့မယ်”

လိုဒီသည် ကောင်းမွန်သော အနာဂတ်ကို တောင့်တနေသည်။

အစမ်းခန့်ဆရာများကို သင်ကြားရေး လက်ထောက် ဖြစ်လာစေရန် စီနီယာဆရာများနှင့် တွဲပေးထားသည်။ ထိုဆရာများ၏ စစ်တမ်းက

သူတို့သည် ကျောင်း၌ ဆက်လုပ်ရမလား၊ မလုပ်ရဘူးလား ဆိုသည့်အပေါ် လွှမ်းမိုးမှုရှိသည်။

အဆောင်တံခါးကို ဖွင့်လိုက်သည်နှင့် အပြင်၌ ရပ်နေကြသောကျောင်းသား ခုနှစ်ယောက်ကို မြင်လိုက်ရသည်။ သူ မအံ့သြပေ။ မနေ့က ကျန်းရှန်၏ လမ်းညွှန်ချက်ကို တောင်းခံရန် ကျောင်းသား တော်တော်များများလည်း ရောက်လာခဲ့ကြသည်။ ဒါကြောင့် လှည့်ကာ အော်ခေါ်လိုက်သည်။

"ကျန်းရှန်၊ မင်းရဲ့လမ်းညွှန်ချက်ကို တောင်းခံဖို့ ကျောင်းသားတွေ ရောက်နေတယ်။"

လိုဒီသည် အနည်းငယ်မနာလို ဖြစ်သွားသည်။

လိုဒီသည် သူ့အိပ်ကပ်ကို ထိလိုက်သည်။ ကျောင်းသားများကို ဆက်သွယ်ရန်ငွေက မရှိ....။ သို့သော် သူ့မှာ ဝက်သားခြောက်များရှိသည် ဒါသည်လည်း အနည်းနှင့်အများ သက်ရောက်နိုင်သည်ဟု သူထင်သည်။

"ကျန်းရှန် ကျောင်းသားတွေ အရမ်းများနေတယ်။ မင်းတတ်နိုင်ရဲ့လား"

ယွမ်ဖန်က ယဉ်ကျေးစွာ ပြောလိုက်သော်လည်း မျက်နှာက သုန်မှုန်နေသည်။

(ဘာဖြစ်လို့ သူမှာ ချမ်းသာတဲ့ အဖေ မရှိရတာလဲ။)

"အေးဆေးပါကွာ"

ကျန်းရှန်က ဆံပင်များသပ်ရပ်အောင်၊ အဝတ်အစားများကို သပ်ရပ်အောင် လုပ်၍ ထွက်လာခဲ့သည်။

"တစ်ယောက်ပြီးမှ တစ်ယောက်ပေါ့၊ မင်းအရင်လာခဲ့"

ရွေးချယ်ခံလိုက်ရသော ဝမ်ဟောင်သည် ကြောင်သွားပြီး

" ငါက ဘာပြောရမှာလဲ"

"အမ်"

ကျန်းရှန်လည်း အံသြသွားပြီး "မင်းက လမ်းညွှန်ချက်တောင်းဖို့ လာတာမဟုတ်ဘူးလား"

"ဟုတ်"

ဝမ်ဟောင်က ခေါင်းညိတ်လိုက်သည်။

"ဒါဆိုငါက ဘာပြောသင့်တယ်ထင်လဲ"

ကျန်းရှန်၏ အသံပျော့သွားပြီး ဖုန်းဇီလျောင် ကို အနည်းငယ် ဒေါသထွက်နေသည်။ သူက ပိုက်ဆံ

အများကြီးပေးခဲ့ရသော်လည်း ဖုန်းဇီလျှောင်သည် လုံးဝစိတ်မချရပေ။ သူ့ကိုထောက်ပံ့ပေးရန် လူရှာခဲ့လျှင်ပင် အနည်းငယ် လူရည်လည်သော ကျောင်းသားတော့ ဖြစ်သင့်သည် မဟုတ်ပါလော။

ဝမ်ဟောင်သည် ခေါင်းကုတ် ဖင်ကုတ် ကြောင်တောင်တောင်အမူအရာဖြင့်

"အဲ ၊ငါတို့က ဆရာဆွန်း၊ ဆွန်းမိုကို ရှာနေတာပါ။"

ကျန်ရှီက ပြောပြီးသည်နှင့် ကိုယ်ကိုစောင်း၍ ကျန်းရှန်ကိုကျော်ကာ အခန်းထဲသို့ ကြည့်လိုက်သည်။

"ဟင်"

ထွက်သွားရန် လုပ်နေသောလိုဒီသည် ရပ်တန့်ကာ နောက်သို့ လှည့်ကြည့်လိုက်သည်။

ထိုစကားကို ကြားလိုက်လျှင် ကျန်းရှန်သည် မျက်နှာ ပျက်လာပြီး လိုဒီကို တစ်ချက်စိုက်ကြည့်၍ အခန်းထဲသို့ ပြန်ဝင်သွားသည်။

"ဒါက ငါ့အမှား မဟုတ်ပါဘူး"

လိုဒီသည် မည်ကဲ့သို့ပြန်ရှင်းပြရမှန်း မသိတော့ပေ။ သူသည် ဆွန်းမိုဘက်မှပါ၍ လုပ်ကြံခြင်း မဟုတ်ကြောင်း ရှင်းပြချင်နေသည်။

"ဟား ဟား"

ကျန်းရှန် အရှက်ကွဲနေသွားသည်ကို မြင်လိုက်လျှင် ယန်ဖန်းသည် သူ့စောင်အောက်သို့ဝင်ကာ အကျယ်ကြီး အော်ရယ်လိုက်သည်။

“မင်္ဂလာမနက်ခင်းပါ ဆရာဆွန်း”

ကျန်ရှီသည် တံခါးနားက ဆူညံသံကြောင့် နိုးလာသော ဆွန်းမိုကို နှုတ်ဆက်လိုက်သည်။ မနေ့ညက မာဆက်အပြီး၌ သူ့အခြေအနေသည် တော်တော်လေး ကောင်းမွန်နေခဲ့သည်။

“ဆရာဆွန်း”

ဝမ်ဟောင်လည်း တောက်ပစွာပြုံးပြီး မြန်မြန် နှုတ်ဆက်လိုက်သည်။

“ရှာထားတဲ့လူတွေကို ကြည့်ပါအုံး သရုပ်ဆောင် စွမ်းရည်တော်တော် ကောင်းတာပဲ။ ဒီကောင်လေးရဲ့ အပြုံးကိုကြည့်ပါအုံး။ ဆွန်းမိုကို ရင်ထဲက တကယ် လေးစားသလိုလို ဘာလိုလိုနဲ့”

ကျန်းရှန်သည် ခေါင်းငုံ့နေပြီး ဖုန်းဇီလျောင်ထံမှ ပိုက်ဆံ ပြန်တောင်းချင်လာသည်။

“ဆွန်းမို ကျောင်းသားခုနှစ်ယောက်ရဲ့ အကူအညီကို ငှားဖို့ တော်တော်ကုန်မှာပဲနော်”

ကျန်းရှန်သည် ဆွန်းမိုကို လှောင်ပြောင်ချင်သဖြင့် ကျယ်လောင်စွာ အော်ပြောလိုက်သည်။ သို့သော်ဆွန်းမိုက လုံးဝ ဂရုမစိုက်ခဲ့ပေ။

"မင်းတို့ကောင်တွေ ဘာလိုချင်တာလဲ"

ဆွန်းမိုသည် စကြံ့န်၌ရပ်နေသော သူတို့ကို ကြည့်ပြီး ပြောလိုက်သည်။

နတ်ဘုရားမျက်စိအာရုံကို သုံးလိုက်လျှင် ကျောင်းသားများ၏ အချက်အလက်များက သူတို့ဘေး၌ ပေါ်လာသည်။သူတို့အနက် အမြင့်ဆုံး အလားအလာတန်ဖိုးသည် ပျမ်းမျှသာ ရှိသည်။

"ဆရာဆွန်း သူတို့က ဆရာရဲ့ လမ်းညွှန်မှုကိုလိုချင်လို့ လာတာပါ"

ကျန်ရှီက ရှင်းပြလိုက်သည်။

"ငါမအားဘူး"

ထိုသို့ပြောပြီး ဆွန်းမိုက အောက်ဘက်သို့ ဆင်းသွားသည်။ ကျန်ရှီသည် ဆွန်းမို၏အတွေးကို ပြောင်းလဲအောင် ဘယ်လိုလုပ်လျှင် ကောင်းမလည်းဟု စဉ်းစားနေသည်။ ဒီလူများသည် ရှေးဟောင်း အနှိပ်ပညာအကြောင်းကို ကြားပြီးကတည်းက စမ်းသပ်ကြည့်ချင်နေကြသည်။

"ဟင်"

ကျောင်းသားများသည် ဆွန်းမို၏နောက်ကျောကို လှမ်းကြည့်လိုက်၍ တစ်ယောက်နှင့် တစ်ယောက် အကြည့်ခြင်း ဖလှယ်လိုက်ကြသည်။

"ဝါး ဟား...ဟား"

ကျန်းရှန်က မအောင့်နိုင်ဘဲ အော်ရယ်လိုက်သည်။

"လူက အရည်အချင်းမရှိလျှင် ငွေသုံးလဲ အသုံးမဝင်ပါဘူး။"

“ဒါတော့အမှန်ပဲ ကျောင်းသားတွေက လမ်းညွှန်ချက်တောင်းမလို့လာတယ်။ ဆရာက လမ်းညွှန်ချက်မပေးဘဲ ထွက်ပြေးတယ်။ ဒါက ဟာသတစ်ခုပဲ”

ယွမ်ဖန်က အော်ပြောလိုက်သည်။

“သူက အမှိုက်တွေနဲ့ ပြည့်နေတာ ဘယ်လိုလမ်းညွှန်မလဲ”

ကျန်းရှန်က ပြုံး၍ စိတ်လည်း မဆိုးတော့ပေ။

“ဒီကောင်က ကျောင်းမှာဆက်နေနိုင်အောင် ပိုက်ဆံတော်တော်သုံးခဲ့တာပဲ။ ကျောင်းသား

အများကြီးကို တပြိုင်နက်ဌားဖို့ဆိုတာ တော်တော်ကုန်မှာပဲ”

ယန်ဖန်းသည် သူ၏ဂုဏ်သတင်းကို မြှင့်တင်ရန် ငွေချေးရင်ကောင်းမလား ဟု စဉ်စားနေခဲ့သေးသည်။

“ဆွန်းမိုက တော်တော်တော့ချောပါတယ်၊ သူသာ သူ့ကိုယ်သူ အနစ်နာခံလိုက်ရင် သူကိုခေါ်ထားမယ့် လူတွေ ရှိမှာပါ”

ကျန်းရှန်က မေးစေ့ကိုပွတ်ရင်း

“သင်ကြားရေး လက်ထောက်တောင် မဟုတ်သေးဘူး။ ဒါတောင်သူက ဆရာတစ်ယောက် ဖြစ်ချင်နေသေးတယ်။ အိပ်မက်မက်နေတာ”

“မဟုတ်ဘူး၊ ဒီလိုလူက အရှက်မဲ့လွန်းတယ်။ သူတို့မှာ ဆရာတစ်ယောက်ရဲ့ ကိုယ်ကျင့်တရား မရှိဘူး။ ငါ့မှာ အားနည်းချက်မရှိဘူး။ ကိုယ်ပိုင်အရည်အချင်းပဲ အားကိုးမယ်”

လိုဒီသည် ခေါင်းခါလိုက်၍ ကိုင်ထားသော ဝက်ပေါင်ခြောက်ကို ကြည့်လိုက်သည်။ သူသည်

ဒီလောက်တော့ ရိုးသားသေးသည်ဟု ခံစားလိုက်ရသည်။

အခန်း(၁၄) - အမှိုက်ဖြစ်နေသော သစ်သားကိုပင် အသုံးဝင်အောင် လုပ်ရမည်။

“ငါတို့ဘာလုပ်ကြမလဲ၊ ဆရာဆွန်းက ငါတို့ကို ဒေါသ ထွက်သွားတာလား”

ဝမ်ဟောင်သည် စိတ်ပူနေသည်။ ဆရာဆွန်းသာ စိတ်ဆိုးသွားခဲ့ပြီး သူ့ကို နောက်ပိုင်း၌ နှိပ်ပေးရန် ငြင်းဆန်နေခဲ့လျှင် မည့်သို့ကဲ့သို့ လုပ်ရမည်လော။

"ဆရာဆွန်းက အဲဒီလိုလူမျိုး မဟုတ်ဘူး၊ ဟုတ်တယ်မလား"

ကျန်ရှီလည်း မသေချာပေ။ သူသည် မနေ့က စကားပြောများ သွားသည်ကို နောင်တရနေသည်။

ကျင့်ကြံသူတစ်ယောက်အဖို့ အောင်မြင်စွာ အဆင့်တက်နိုင်ခြင်းသည် ဂုဏ်ယူစရာ ဖြစ်သည်။ ကျန်ရှီသည် မနေ့ညက ပြန်ရောက်သွားသောအခါ သူ့သူငယ်ချင်းတွေကို အပြင်သို့ ခေါ်လိုက်ပြီး သဘာဝတည်းခိုခန်း၌ သီးသန့်ခန်း တစ်ခန်းကိုမှာကာ သူတို့ကို လက်ဆောင်ပေးခဲ့သည်။ ထိုအချိန်၌

သူသည် ရှေ့ပေါင်း နဂါးဖမ်းသည့်လက်ကြောင့် အဆင့်တက်သွားခဲ့သည့် အကြောင်းကို ပြောပြခဲ့သည်။

လူတိုင်း၌ သူငယ်ချင်းအနည်းငယ် ရှိကြသည်။ လူတိုင်းသည် သိချင်စိတ် ပြင်းပြလာသည်။ ထို့ကြောင့် ကျန်ရှိသည် အခြားသူများရှေ့၌ နာမည်ရချင်သဖြင့် နံနက်ခင်းစောစောစီးစီး၌ ဆွန်းမိုနှင့် တွေ့ရအောင်ခေါ်လာခဲ့သည်။

"သူက မိန်းမတစ်ယောက်ကို မှီခိုသူတစ်ယောက် မဟုတ်လား။ သူက ဘာကြောင့် မြင့်မြတ်သလို လုပ်နေရတာလဲ"

တစ်ယောက်ကတော့ သူတို့ကို ဂရုမစိုက်သလို လုပ်သွားခြင်းကြောင့် တင်းနေသည်။

"ဟော့၊ မိန်းမတစ်ယောက်ကို မှီခိုနေရတယ်ဆိုတာ ဘာကိုပြောတာလဲ။ မင်းက ဆရာဆွန်းကို ဒီလိုဆက်ပြောနေရင် မင်းက ငါ့သူငယ်ချင်း မဟုတ်တော့ဘူး"

ကျန်ရှိသည့် ဆွန်းမိုဒေါ်သ ထွက်သွားတာလား ဟု စိုးရိမ်နေခဲ့သည်။ ထိုအချိန်၌ ထိုကောင်လေး၏ စကားကို ကြားလိုက်လျှင် အလွန်ဒေါသ ထွက်သွားသည်။

"မင်းတို့ကိုပြောနေတာက ဆရာဆွန်းရဲ့ ရှေ့ဟောင်းနဂါဖမ်းတဲ့လက်က အရမ်းအံ့သြဖို့ ကောင်းတယ်။ အဲဒါကို အရမ်းကျွမ်းအောင် ကျင့်ကြံလိုက်ရင် သူက ရှေ့ဟောင်းနဂါးတစ်ကောင်ရဲ့ ခန္ဓာကိုယ်နဲ့ ဝိညာဉ်ကိုတောင် ဖျက်ဆီးနိုင်တယ်"

"မင်းတို့ကောင်တွေအဲဒါကို မမြင်ရတာ တစ်ကယ်နစ်နာတာပဲ"

ဝမ်ဟောင်က ဂုဏ်ယူစွာ ပြောလိုက်သည်။

ဆွန်းမိုသည် လေ့ကားမှဆင်းပြီး ထမင်းစားရန် ကန်တင်းကို ထွက်လာလိုက်သည်။ မနေ့ညက စောစောအိပ်ပျော်သွား၍ ကံကြမ္မာသေတ္တာ ပြန်လည်စတင်ခြင်းကိုပင် မစောင့်နိုင်ခဲ့ပါပေ။ သို့သော် ဒီဆုလာဘ်များက ပြန်ပျောက်သွားမှာ မဟုတ်ချေ။ မနက်လင်းမှ ဖွင့်လည်းရသည်။

အံဩစရာတော့ မရှိ။ နောက်ထပ် မြေခဲတစ်ခုသာ.....။

“စနစ် ဒါကလွဲပြီး မရနိုင်တော့ဘူးလား”

ဆွန်းမိုက ခါးဆန့်ရင်း ပြောလိုက်သည်။ ကောင်လေးများ၊ မိန်းကလေးများ နိုးနေကြပြီး သိုင်းလေ့ကျင့်နေကြကာ ချွေးတောင်ထွက်နေကြပြီ။ တချို့က မှော်ဆေးပညာကို သစ်ပင်အရိပ်များအောက်၌ အလွတ်ကျက်မှတ်နေကြသည်။

"မင်းမျက်တောင်နှစ်ခါခတ်ပြီး သိုလှောင်ခန်းကို ဆင့်ခေါ်နိုင်တယ်။ နောက်ပြီး မျက်တောင်တစ်ချက်ခတ်ပြီး သိုလှောင်ခန်းကို ပြန်သိမ်းနိုင်တယ်"

ဆွန်းမိုသည် စနစ်ကပြောတာကို လိုက်နာပြီး မျက်တောင် နှစ်ကြိမ်ခတ်လိုက်သည်။ အနက်ရောင် အတုံးငယ်များသည် သူ၏အရှေ့ တစ်မီတာအကွာတွင် မျောနေကြသည်။ ၎င်းသည် အနက်ရောင်ရှိသော ကျောက်တုံးဖြစ်သည်။ ၎င်းတို့သည် မထင်မရှားပုံရိပ်များ အဖြစ်ရှိပြီး

ကျေးလက်ဆန်ကာ ထူးဆန်းသော အရောင်အဝါများကို ထုတ်လွှတ် နေကြသည်။

"ကလစ်"

ရတနာသေတ္တာကို ဖွင့်လိုက်သည်နှင့် သိုလှောင်နိုင်သော နေရာတစ်ခုပေါ်လာသည်။

ဆွန်းမိုသည် ခါး၌ ချိတ်ထားသော စန္ဒကူးသစ်သားဓါးကို ထုတ်ယူလိုက်သည်။

"ဒါတော့မရဘူး၊ သိုလှောင်ခန်းက စနစ်ကရတဲ့ပစ္စည်းတွေကိုပဲ သိမ်းနိုင်တယ်"

စနစ်က ရှင်းပြသည်။

"တောက်"

ဆွန်းမို စိတ်ပျက်သွားသည်။ သူက နေရာလွတ် သိုလှောင်ခန်း တစ်ခုကို ရခဲ့သည်ဟု ထင်နေသည်။

မနက်စာစားပြီးနောက် စာကြည့်တိုက်သို့သွားကာ ကောင်းကင် ဝံပုလွေလက်သီး သိုင်းကျမ်းကို ဌားလိုက်သည်။ လေ့လာရန် စတိုခန်းဘက်သို့ ထွက်လာခဲ့သည်။ သိပ်မကြာခင် ချီရွန်ကျားလဲ ရောက်လာသည်။ ဆွန်းမိုသာ သူ့ကို ကောင်းကောင်းနားရန် မပြောခဲ့လျှင် ဒီနေရာကို စောစောလာ၍ စောင့်ဆိုင်းနေမည်။

“ကောင်းကင် ဝံပုလွေလက်သီးကို တစ်ခေါက်ပြန်ပြီး ကစားကြည့်”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

ချီရှန်ကျားလည်း မပေါ့လျော့ရဲဘဲ အသက်ပြင်းပြင်းရှူကာ လက်သီးထိုးပြီး စတင်လေ့ကျင့် လိုက်သည်။ သူသည် လှုပ်ရှားမှုတစ်ခုစီတိုင်းကို ပြည့်စုံအောင် ကြိုးစားနေသည်။

"ကောင်းကင်ဝံပုလွေ လက်သီးရဲ့ အဓိကအချက်က လျှင်မြန်ရမယ်၊ ချောမွေ့ရမယ်။ မင်းဘာလုပ်နေတာလဲ"

ဆွန်းမိုက မျက်မှောင်ကြုတ်လိုက်သည်။

ဆွန်းမို၏ ပြောင်မြောက်သော နားလည်နိုင်စွမ်းက အကြိမ်အနည်းငယ် ဖတ်လိုက်ပြီးသည်နှင့် လက်သီးသိုင်း၏ အခြေခံအချက်ကို ဖမ်းဆုပ်လိုက်နိုင်သည်။

ထိုသိုင်း၏ ထူးခြားချက်မှာ အမြန်နှုန်းကို အထူးပြုခြင်းဖြစ်ပြီး အလွန်မြန်သော တိုက်ခိုက်မှုကို လုပ်နိုင်သည်။

ချီရှန်ကျားသည် ခေါင်းညိတ်ကာ အမှားမလုပ်မိစေရန် သဘာဝအတိုင်း ဖြည်းဖြည်းချင်း လှုပ်ရှားသွားသည်။

“အမှားလုပ်မိမှာ မကြောက်နဲ့။ အမြန်နှုန်းကို လျှော့ချတာထက် ပစ်မှတ်လွဲတာက ပိုကောင်းတယ်”

ဆွန်းမိုက အပြစ်တင်လိုက်ပြီး

“နောက်တစ်ကြိမ်”

ချီရွှန်ကျားက ဉာဏ်နည်းသူ ဖြစ်သော်လည်း ညည်းညူခြင်း မရှိ ညွှန်ကြားချက်ကို နားထောင်၏။ အလေးအနက်ထားကာ နောက်တစ်ကြိမ် ပြန်ပြီး လေ့ကျင့်လိုက်သည်။ ဆွန်းမိုက ဘာမှမပြောသ၍ ထပ်ကာထပ်ကာ လေ့ကျင့်နေခဲ့သည်။

ဆွန်းမိုသည် ဒီခန္တာကိုယ်ပိုင်ရှင်၏ မှတ်ဉာဏ်တစ်ချို့ကို လက်ခံ ရရှိခဲ့သည်။ မိန်းမတစ်ယောက်ကို မှီခိုသူဟု ပြောကြခဲ့သော်လည်း သူ့၌ အရည်အချင်းတချို့

ရှိသည်။ သူသည် ညစ်ညမ်းမြေကြီး နည်းစနစ်ကို ကျောင်းသားများ ကျင့်ကြံနိုင်ရန် လမ်းညွှန် ပေးနိုင်သည်။

"မမြန်သေးဘူး"

ဆွန်းမိုက မကျေမနပ်ဖြစ်ပြီး "တိကျအောင်လုပ်မနေနဲ့ မြန်အောင်သာ ထိုးပစ်လိုက်"

ချီရှွန်ကျားသည် ချွေးများ စိုရွဲနေသည်။ ဆွန်းမိုက အနားယူရန်ပြောလိုက်မှ အားပြင်းပြင်းနဲ့ အော်၍ ထိုင်ချလိုက်သည်။

“ရေနည်းနည်း သောက်လိုက်အုံး”

ဆွန်းမိုက သမင်သားရေဖြင့် ပြုလုပ်ထားသော ရေပုလင်းကို ပစ်ပေးလိုက်သည်။

“ဂလု ဂလု”

ချီရှန်ကျားသည် ရေသောက်လိုက်ပြီး ပါးစပ်ကို သုတ်လိုက်သည်။ သူသည် ဆွန်းမိုကို ကြည့်လိုက်ပြီး မနေနိုင်ဘဲ ချီးကျူးလိုက်သည်။

“ဆရာဆွန်း တစ်ကယ်ကို တော်တာပဲ။ ကောင်းကင်ဝံပုလွေလက်သီးကို လေ့ကျင့်ရတာ ခါတိုင်းထက် ပိုအဆင်ပြေလာတယ်”

“ဒင်”

ချီရွှန်ကျား၏ လေးစားအထင်ကြီးမှု - (+၅)

ချီရွှန်ကျားနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ(၅၆/၁၀၀)

ဆွန်းမိုသည် စနစ်၏ သတိပေးချက်ကိုကြားရသောအခါ အံ့သြသွားသည်။ ထိုနောက် ဆွန်းမိုက ခေါင်းခါလိုက်သည်။ ချီရွှန်ကျားသည် အလွန်ရိုးအသူ ဖြစ်သည်။ ထို့ကြောင့် အလွယ်တကူ စိတ်ကျေနပ်နိုင်သည်။

ဆွန်းမို မသိသော အချက်မှာ ချီရွှန်ကျား သည်အရင်က စိတ်ပျက်အားငယ်နေကာ မျှော်လင့်ချက်လည်း ပျောက်နေခဲ့သည်။ ယခုအခါ မျှော်လင့်ချက်များ ပြန်လည် တောက်ပလာသည်။ ဝမ်ဟောင်နှင့်ကျန်ရှီတို့ အပေါ်လည်း သွေးလည်ပတ်မှုစနစ်က တော်တော်လေးအကျိုး သက်ရောက်ခဲ့သည်။ ချီရွှန်ကျားသည် ဆွန်းမိုအပေါ်ကို တော်တော်လေး ယုံကြည်နေသည်။ ဆွန်းမို၏ သီးသန့်လမ်းညွှန်ချက်ကို ရရှိခြင်းသည် သူ၏ကြီးမားသော ကံကောင်းမှုတစ်ခုဟု ယုံကြည်နေသည်။

“အနားယူပြီးရင် ပြန်စပါ”

ဆွန်းမိုသည် မကျေနပ်သေးပေ။

ပြိုင်ဘက်များကို ဒီပုံစံနဲ့ တိုက်ခိုက်ပြီးအနိုင်ရမယ် ထင်နေတာလား။ စိတ်ကူးယဥ်နေတာပဲ။

ကောင်းကင်ဝံပုလွေလက်သီးသည် မရှုပ်ထွေးပေ။ လှုပ်ရှားမှု ၁၂ခုသာ ရှိသည်။ သူက အားလုံးကိုကျက်မှတ်လိုက်၍ သူကိုယ်တိုင် လေ့ကျင့်လိုက်သည်။

“ဘုန်း ဘုန်း ဘုန်း”

လက်သီးကို မုန့်တိုင်းတစ်ခု တိုက်ခိုက်နေသကဲ့သို့ ထိုးလိုက်သည်။

ချီရှန်ကျားသည် ဆွန်းမိုကိုကြည့်လိုက်ပြီး အကြည့်များကို ပြန်မလွှဲနိုင်ပေ။ နောက်ဆုံး သူလေ့ကျင့်နေမှုကိုပင် ရပ်တန့်လိုက်ပြီး ဆွန်းမိုကို အံ့သြစွာ ကြည့်နေသည်။

ဆွန်းမို လက်သီးထိုးနေသောပုံစံသည် အစပိုင်း၌ ခပ်တောင့်တောင့် ဖြစ်နေသော်လည်း တဖြည်းဖြည်း ချောမွေ့လာပြီး ကျွမ်းကျင်လာသည်။

"ဒါက.... ဒါက...."

ချီရှန်ကျား စကားထစ်နေသည်။ သူ၏ နိမ့်ကျသောအရည်အချင်းနှင့်ပင် ဆွန်းမို၏ ကောင်းကင်ဝံပုလွေလက်သီးသည် အလွန်ကို ချောမွေ့နေကြောင်း ပြောနိုင်သည်။

ဆွန်းမို၏ ချောမောသောမျက်နှာနှင့် တွဲလိုက်သောအခါ အလွန်ကြည့်ကောင်းနေသည်။ သူက ဒီနည်းစနစ်ကို လေ့ကျင့်သည်ထက် အများကြီး ပိုကြည့်ကောင်းနေသည်။

“ဘာဖြစ်လို့လဲ”

ချီရွှန်ကျားသည် နားမလည်နိုင် ဖြစ်နေပါသည်။ ဆွန်းမိုသည် ကောင်းကင်ဝံပုလွေလက်သီး သိုင်းကွက်နှင့် ရင်းနှီးခြင်းမရှိပေ။ အကြောင်းမူ သူက အရင်ဌားခဲ့သောကြောင့်ပင်။ ဆွန်းမိုကို ကြည့်လိုက်လျှင် ပထမဆုံး အကြိမ်ဖတ်၍ လေ့ကျင့်နေမှန်း သိနိုင်သည်။

(မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး။ ပထမအကြိမ် ကျင့်ကြံလိုက်တာနဲ့ ဒီအဆင့်ထိ မရောက်နိုင်ဘူး။)

ဆွန်းမိုသည် အတွေးနက်၍ မျက်မှောင်ကြုတ်ကာ ရပ်သွားသည်။

“ဆရာ လက်သီးထိုးနည်းကို ပထမဆုံးအကြိမ် လေ့ကျင့်တာလား”

ချီရှန်ကျားသည် မနေနိုင်ဘဲ မေးလိုက်သည်။

“အင်း”

ဆွန်းမိုသည် သတိမထားဘဲ ပြန်ဖြေလိုက်သည်။ ချီရှန်ကျားသည် ခေါင်းနှင့်နံရံကို ဖြိုနေသော သိုးတစ်ကောင်ကဲ့သို့ အံ့သြသွားသည်။

ထိုနောက်မှာတော့ ချီရှန်ကျားသည် စိတ်ပျက်အားငယ်လာပြီး

“ငါ့ကတကယ့်ကို သောက်သုံးမကျတာပဲ”

ဆွန်းမိုကတော့ ချီရှန်ကျား စိတ်ပျက်အားငယ်နေမှန်းလည်း မသိပေ။ စိတ်ကူးရသွားပြီး ကောင်းကင်ဝံပုလွေ သိုင်းကွက်ကို လေ့လာရန် နတ်ဘုရားမျက်စိအာရုံကို ဖွင့်လိုက်သည်။

အချက်အလက်များ ပေါ်လာမည်ဟု မထင်ထားခဲ့ပေ။

"ဝါးစက္ကူ၊ အနောက်တောင်က မီးသွေးမှင်၊ တစ်အုပ်ပြီးစီးရန် ကြာချိန် ၁၅နှစ်"

၎င်းတို့သည် ပြုလုပ်ရန် အသုံးပြုခဲ့သော ပစ္စည်းများနှင့် ကြာချိန်များဖြစ်သည်။

အရေးကြီးသည်မှာ နောက်ထပ် သတင်း အချက်အလက်များ ဖြစ်သည်။

"ကောင်းကင်ဝံပုလွေလက်သီးက လက်ချောင်းထိပ်ကို ခွန်းအားများလျှင်မြန်စွာ တွန်းပို့ရမှာ ဖြစ်ပေမယ့် အားကုန်မသုံးဘဲ ချန်ထားပြီး အရံအားထားကာ ချောမွေ့တဲ့ လှုပ်ရှားမှုများကို လုပ်ရမယ်။"

"ငါ့ရဲ့ နတ်ဘုရားမျက်စိက တကယ်မိုက်တာပဲ"

ဆွန်းမိုသည် ပျော်သွားသည်။ သူသည် အချို့အချက်များကို နတ်ဘုရားမျက်စိအားအာရုံနှင့် ကြည့်လိုက်သဖြင့် ရှင်လင်းသွားသည်။ မြင်ကွင်းကို ဖုံးကွယ်ထားသော မြူများပျောက်သွားသည်နှင့် တူနေသည်။

"ချီရှန်ကျား"

ဆွန်းမိုသည် စကားပြောနေရင်း သူကိုယ့်သူ ပို၍ ယုံကြည်မှု ရှိလာသည်။

"ကျွန်တော်ရှိပါတယ်"

ချီရှန်ကျား လျှင်မြန်စွာ ပြန်ဖြေလိုက်သည်။

"မင်းအားသုံးတာ များနေတယ်"

"ဟင်"

ဒီနည်းစနစ်က ရက်စက်သောသဘာဝကို အလေးပေး၍ ခွန်အားကို အပြည့်ထုတ်ရမည် မဟုတ်ပါလော။

(အရင်က ဆရာ ၃ ယောက်မေးခဲ့ပြီးပြီ ကောင်းကင်ဝံပုလွေကို ကျင့်ကြံခဲ့တဲ့ အသက်ကြီးတဲ့လူတွေဆီကလဲ လမ်းညွှန်မှုကို တောင်းခဲ့သေးတယ်။ သူတို့အားလုံး ကမြန်မြန်နဲ့ ခွန်းအားပြည့်ထိုးရမယ်လို့ပဲ ပြောခဲ့တယ်။)

ချီရှန်ကျားသည် ခေါင်းကိုကုတ်၍ စိတ်ရှုပ်နေသည်။

(ဆရာဆွန်း မှားနေတာလား။)

သူသည် ထုံထိုင်းသူ ဖြစ်သဖြင့် လူအများ၏ထင်မြင်ချက်ကို ယူကာ အမှန်၊အမှား စဉ်းစားတတ်သည်။ လူအများရှိသောဘက်သည် သေချာပေါက် မှန်လိမ့်မည်။

“ခွန်အားပြည့်ထိုးလိုက်ရင် ခွန်းအားက မင်းလက်ချောင်းထိပ် ဒါမှမဟုတ် လက်မောင်းနဲ့

လက်ဖဝါးဆီကိုလဲ ရောက်ဖို့လိုတယ်။ မင်းတစ်ကိုယ်လုံးမှာရှိတဲ့ အားကိုလည်း လိုတယ်။”

ဆွန်းမိုသည် ချီရွှန်ကျားထံ လျှောက်သွားပြီး ရင်ဘက်ကို လက်ညှိုးနှင့် ထိုးလိုက်သည်။ “ဘယ်လိုနေလဲ”

“ဟင်”

ချီရွှန်ကျားသည် စိတ်ရှုပ်နေသည့်ကြားမှ တစ်ခုခု နားလည်သွားသည်။

“နောက်တစ်ခါ”

ချီရှန်ကျားက ဆွန်းမိုပြောသည့်အတိုင်း လေ့ကျင့်လိုက်သည်။ လက်သီးစွမ်းရည်သည် ပိုမိုတိုးတက်လာပြီး ပိုလဲစွမ်းလာသည်။ သူက အံ့ဩစွာ

“တကယ်ကြီးလား”

“မင်းသတိထား ရမယ့်အချက် နောက်တစ်ချက်ရှိသေးတယ်”

ဆွန်းမိုက ချီရှန်ကျားဗိုက်ကို ပုတ်လိုက်ကာ

“မင်းတစ်ကိုယ်လုံးတောင်တင်းနေတယ်။ ဖြေလျှော့ထား”

ချီရှန်ကျားသည် ဒါကိုတော့ နားမလည်ပေ။

"ဟုတ်ပြီ၊ နံရံကိုမျက်နှာမူပြီး အားအပြည့်နဲ့ ပြေးလိုက်ပြီးတော့ မထိခင် ရှောင်လိုက်"

ဆွန်းမိုသည် သင်ကြားပုံကို ပြောင်းလိုက်သည်။

"ဟုတ်"

ချီရှန်ကျားသည် ပြန်ပြောလိုက်ပြီး အသံထွက်လာသည်။ ပေါက်ကွဲအသံနှင့်အတူ နံရံကို တိုက်မိသွားသည်။ နှာခေါင်းပင် အစစ်ပါသေးသည်။

"......."

ဆွန်းမိုလည်း ဆွံ့အသွားသည်။

"ဆရာ"

ချီရှန်ကျားက နှာခေါင်းကို ပွတ်လိုက်ပြီး

"ကျွန်တော်လုပ်တာ မှန်လား"

"နောက်တစ်ခေါက်၊ ဒီတစ်ခါခွန်အား နည်းနည်းထိန်းထား နံရံကိုမထိခင် ရှောင်လိုက်"

ဆွန်းမိုက သရုပ်ပြလိုက်သည်။

ချီရှန်ကျားသည် ပြောသည့်အတိုင်း လုပ်ခဲ့သော်လည်း တိုက်နေဆဲ ဖြစ်သည်။ သို့သော် ယခုတစ်ခါသက်ရောက်မှုက ပေါ်ပါးလာသည်။

"အခု မင်းနားလည်လား"

ဆွန်းမိုက မေးလိုက်ပြီးနောက် ချီရှန်ကျား ခေါင်းခါနေသည်ကိုတွေ့လိုက်ရသည်။ ထိုအခါ ဆွန်းမိုလည်း သစ်သားဓါးကို ထုတ်ပြီး ခေါင်းကို ခုတ်လိုက်သည်။

အလားလာတန်ဖိုးနိမ့်သောလူက မျှော်လင့်ထားသည့်အတိုင်းပင် တတ်မြောက်မှု နှေးကွေးသည်။

"ရှောင်တိမ်းမှုနှစ်ခုမှာ ဘယ်တစ်ခုက ပိုလွယ်သလဲ"

"ဒုတိယတစ်ခု"

ချီရွှန်ကျား ဒီအချက်ကိုတော့ နားလည်သည်။

"ဒါအမှန်ပဲ။ ကောင်းကင်ဝံပုလွေလက်သီးက အရှိန်နဲ့ အဆက်မပြတ် ထိုးရတယ်။ မင်းက အားအပြည့်နှင့် ထိုးလိုက်ရင် နောက်လက်သီးချက်က

နေးသွားမယ်။ အားတစ်ချို့ကိုတော့ ထိန်းထားရမယ်။ ဒီလက်သီးနည်းစနစ်က ခွန်အားအပြည့် မဟုတ်ဘူး။ အရှိန် နဲ့ အဆက်မပြတ်ထိုးဖို့ပဲ"

ဆွန်းမိုက နောက်ဆုတ်လိုက်ပြီး

" နောက်တစ်ခေါက်"

ချီရှန်ကျားသည် ပြောသည့်အတိုင်း ဆက်လေ့ကျင့်နေသည်။ သို့သော် ထုံအလွန်းသောကြောင့် ဆွန်းမိုလဲ ပြေးရိုက်ချင်နေသည်။

“ကျောင်းသားသစ် စုဆောင်းရေးပွဲကျရင် အလားအလာမြင့်တဲ့ သူတွေကို ရှာရမယ်”

ဆွန်းမိုသည် ညည်းညူနေသော်လည်း အရှုံးမပေးချင်ပေ။ တာဝန်ကိုရပြီးကတည်းက အကောင်းဆုံးကြိုးစား သွားမည်။

“မင်းခွန်အားကို လက်ချောင်းထိပ်မှာဖြန့်ပြီး ၇၀% လောက်နဲ့ထိုးလိုက်”

ဆွန်းမိုသည် ထပ်ညွှန်ကြားလိုက်သည်။

ချီရွန်ကျားသည် တုံးအသောကြောင့် ဆွန်းမိုလည်း ရိုးမိုက်သောနည်းကို သုံးလိုက်သည်။

ချီရှန်ကျား၏ စွမ်းအင်လမ်းကြောင်းကို မထိခိုက်စေဘဲ ထိန်းချုပ်ကာ ခွန်အားပမာဏ ဖြည်းဖြည်းချင်း တိုးပေးလိုက်သည်။

၆၇ ကြိမ် လေ့ကျင့်ပြီးနောက် ချီရှန်ကျားသည် ဆွန်းမို၏ဆိုလိုရင်းကို သဘောပေါက်သွားသည်။ သူ၏ထိုးချက်တွေ၌ အားဘယ်လောက် သုံးရမည်ကို တွက်ဆနိုင်သွားသည်။

(ဟူး တတ်သွားလို့ မြတ်ဆရာဆိုပြီး တပြည့်တစ်ယောက်နဲ့ ပွဲပြီးသွားမယ်)

"ဆရာ၊ ကျွန်တော်နားလည်ပြီထင်တယ်"

ချီရှန်ကျား အလွန်ဝမ်းသာနေသည်။

" ကျွန်တော်ရဲ့ ထိုးဖောက်နိုင်စွမ်း မြင့်လာတယ်လို့ ထင်နေတယ်။ တိုက်ခိုက်ရေးစွမ်းရည် ကိုစမ်းသပ်ဖို့ ဒိုကျို ကိုသွားချင်တယ်"

အခန်း(၁၅) -
တိုက်ခိုက်ရေးစွမ်းရည်တိုးတက်ခြင်း

တိုက်ခိုက်ရေးစွမ်းရည် ဒိုကျိုသည် ကျောင်း၏ တောင်ဘက်၌ ရှိသည်။ ၎င်းသည် ဘောလုံးကွင်း အရွယ်လောက်ရှိပြီး အုတ်များဖြင့် ပြုလုပ်ထားသည်။ လှပသော အကွေးသဏ္ဍာန် ခေါင်မိုးခုံး၊ သုံးမြှောက်တိုင်ရှစ်ခုနှင့် ဒြပ်စင်၅ခု တို့ဖြင့် တန်ဆာဆင်ထားသည်။

တိုက်ခိုက်ရေးစွမ်းရည် ဒိုကျိုထဲသို့ ဝင်သည့်လူတိုင်းသည် အဆင့်(၃၆)ဆင့်ကို တက်ရသည်။ ထိုနောက် နေရာ(၁၂) နေရာရှိပြီး တစ်နေရာစီ၌ တိုက်ခိုက်ရေးစွမ်းရည် စစ်ဆေးပေးသော ကြေးလူသား တစ်ယောက်ကို ရင်ဆိုင်ရမည်။

တိုက်ခိုက်ရေးစွမ်းရည် စစ်ဆေးသော ကြေးလူသားများသည် ၃မီတာမြင့်ကာ တစ်ကိုယ်လုံးကို ကြေးများဖြင့် ပြုလုပ်ထားသည်။ သူတို့သည် တနှစ်ပတ်လုံး ကျောင်းသားများ၏

တိုက်ခိုက်ခြင်းကိုခံရပြီး သူတို့ကိုယ်၌ ပွန်းရာ၊ ခြစ်ရာများကိုလည်း တွေ့နိုင်သည်။

ထိုကြေးလူသားများကို အမှောင်တိုက်ကြီးမှ ရှားပါးသတ္တုများဖြင့် လုပ်ထားပြီး အလွန်ပြင်းထန်သော တိုက်ခိုက်မှုများကို ခံနိုင်သည်။ တိုက်ခိုက်ခံရပြီးနောက် သူတို့၏ ကိုယ်တွင်းမှ ရွှေရောင်တောက်ပသော သဲတစ်မျိုးကို ထုတ်ပေးသည်။ ထိုနောက် ရွှေရောင်အမှတ်အသားများသည် တိကျသော ပုံသဏ္ဍာန်များ ပေါ်လာသည်။

ကြေးလှူသားများကို တိုက်ခိုက်လိုက်သည်နှင့် ထိချက်နဲ့တူညီသော ရွှေသဲများကို ထုတ်ပေးသည်။

ထိုလက္ခဏာများကိုသုံးပြီး သူတော်စင်ဂိတ်က အလင်းပုံစံတစ်ခုစီကို မှတ်တမ်းတင်ကာ အမှတ်ထုတ်ပေးသည်။ ထိုနည်းဖြင့် ကြေးလှူသားများသည် ကျင့်ကြံသူများ၏ တိုက်ခိုက်ရေးစွမ်းရည်ကို စစ်ဆေးပေးနိုင်သည်။

ကွဲလွဲချက်ရှိနိုင်သော်လည်း လက်ခံနိုင်သော ပမာဏပင်။

"ဒါက အလယ်ကမ္ဘာရဲ့ အမှောင်နည်းစနစ်လား"

သူသည် တိုက်ခိုက်ရေးစွမ်းရည် စစ်ဆေးသော ကြေးလူသားများ၏ အချက်အလက်ကို စဉ်းစားရင်း စိတ်လှုပ်ရှားလာသည်။ တိုက်ကြီး ၉ တိုက်၌ ဒီအရာများကို ဖန်တီးနိုင်သောလူများကို စက်ဆရာများဟု ခေါ်ကြသည်။ ထိုအလုပ်သည် ဉာဏ်ရည်မြင့်ရန် လိုအပ်သော အလုပ်မျိုးဖြစ်သည်။

"ဆရာ။ ဒီမှာ"

ချီရွှန်ကျားသည် လူအများကြီးမရှိသော ဘယ်ဘက်ရှိ ပထမဆုံးနေရာကို ရွေးလိုက်သည်။ သူသည် ကောင်းကင်ဝံပုလွေလက်သီး ကိုသုံးပြီး

ကြေးလူသားခေါင်းကို ထိုးလိုက်သည်။ သူ၏ ထိုးချက်ထိပြီးနောက် တိုက်ခိုက်ရေးစွမ်းရည် ဘယ်လောက် တိုးတက်လာလည်း သူသိချင်သည်။

ဘုန်း

ကြေးလူသားများ၌ ခြေ၊ လက်များမရှိပေ။ သူတို့ကို သတ္တုပြားနှင့် ချိတ်ဆက်ထားပြီး မြေကြီးအောက် ဆယ်မီတာအထိ မြှုပ်ထားသည်။ ထို့ကြောင့် အလွန်တည်ငြိမ်သည်။

“ကြေးသားများ ဖန်တီးတဲ့လူက တစ်ခြားသူတွေကို အနိုင်ကျင့်တတ်မှာ ကျိန်းသေတယ်”

ဆွန်းမိုက စကားတပြောပြောနှင့် လျှောက်လာသည်။ သူ့အကြည့်သည် ကြေးလူးသား၏ ဗိုက်ပေါ်ကို ရောက်သွားသည်။ ထိုနေရာ၌ ရွှေရောင်တောက်နေပြီး စက္ကန့်အနည်းငယ်ကြာလျှင် ထူးဆန်းသည့် ပုံပြောင်းသွားကာ ပြန်ပြောင်းသွားသည်။

“တိုက်ခိုက်ရေးစွမ်းရည် ၃၉ပဲလား။ လုံးဝ မတိုးတက်ဘူးပေါ့”

ချီရှန်ကျားသည် စိတ်ပျက်စွာ ကြည့်နေသည်။ ယခင်က သူ့တိုက်ခိုက်ရေးရမှတ်သည် ၃၇ ဖြစ်ပြီး ထိုအချိန်က သူ့အဆင့်သည် ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် (၃)တွင် ရှိသေးသည်။

ကျင့်ကြံခြင်းနည်းစနစ်ကို တော်တော်ကြာ ကတည်းက တီထွင်ခဲ့ကြခြင်းဖြစ်ပြီး ကြားထဲ၌ အဆင့်ဆင့်ပြုပြင်မွမ်းမံ ခဲ့ကြသည်။ ထို့ကြောင့် ယခုစနစ်ကို အလွန်ပြည့်စုံသည်ဟု

သတ်မှတ်နိုင်သည်။ တိုက်ခိုက်ရေး စွမ်းရည်မှာလည်း လူများလက်ခံသော စံတစ်ခုရှိသည်။

သာမန်လူများ၏ တိုက်ခိုက်ရေးစွမ်းရည် ၅ မှတ်သာဖြစ်သည်။

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်ကို ၉ဆင့်ခွဲထားသည်။ အဆင့်(၄)၏ အနိမ့်ဆုံးစွမ်းရည်မှာ ၄၀ ဖြစ်ပြီး၊ အဆင့် (၅)တွင် ၅၀ဖြစ်သည်။ အဆင့်(၉) ၉၀မှတ်ဖြစ်သည်။ တစ်စုံတစ်ယောက်က တိုက်ခိုက်ရေးစွမ်းရည်ကို ၁၀၀ မှတ် ကျော်အောင်ချိုးဖြတ်နိုင်ခဲ့ပါက အလွန်ကို

ထူးချွန်သော ရလာဒ်ဖြစ်သည်။ ထိုရလာဒ်သည် ထိုလူ အရည်အချင်း၏ ဝိညာဉ်ပြုပြင်ခြင်းအဆင့်ကို ကျော်ဖြတ်ရန် အဆင်သင့်ဖြစ်နေကြောင်း ကိုယ်စားပြုသည်။

ပုံမှန်အတိုင်းဆို ဒီရလာဒ်များသည် လုံး၀ သို့မဟုတ် ကိုးကားရန်သာ ဖြစ်သည်။ နောက်ဆုံး၌ ထူးချွန်သူများကို သာမန်အကဲဖြတ်၍ မရပေ။ သူတို့ တိုက်ခိုက်သော အမှတ်များသည် လူတို့၏မျက်လုံးကို အံ့သြထိတ်လန့် ပေါက်ကွဲသွားနိုင်သည်။

ချီရွှန်ကျား၏ အမှတ်များကိုကြည့်ပြီး ဆွန်းမို၏ နှုတ်ခမ်း တွန့်သွားသည်။

မေ့လိုက်ပါ ဒါက သူကိုယ်တိုင်တူးခဲ့တဲ့တွင်းပဲ၊ ငိုနေတာကိုရပ်ပြီး ခုန်ချရတော့မှာပဲ။

"မင်းအဆင့်တက်ပြီး တည်ငြိမ်အောင် မလုပ်ရသေးဘူးလေ၊ ဒါမျိုးရလာဒ်က ပုံမှန်ပါပဲ"

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

"ဟုတ်လား"

ထိုစကားကိုကြားရလျှင် ချီရွှန်ကျားသည် တည်ငြိမ်လာသည်။

"အမှန်ပဲ"

မိမိကိုယ်ကို ညှံ့သည်ဟု ထင်သောကလေးများကို ချီးမွှမ်းပေးရန် လိုအပ်ကြောင်း ဆွန်းမို သိနေသည်။ ထိုသို့မဟုတ်လျှင် သူတို့ကြီးပြင်းလာသောအခါ စိတ်ဒဏ်ရာများ ရရှိနိုင်သည်။ အမှန်တမ်းကျတော့ အဆင့်(၄) ကိုကျော်ဖြတ်သွားသောလူသည် အနိမ့်ဆုံး ၄၀ ရသင့်သည်။

" ငါထပ်ထိုး ကြည့်လိုက်မယ်"

ချီရွန်ကျား၏ အမူရာလေးနက်လာပြီး အသက်ပြင်းပြင်းရှူကာ တစ်မိနစ်လောက် ငြိမ်လိုက်သည်။ သူအကောင်းဆုံး အနေထားကို ရသည်ဟု ခံစားရလျှင် ပြင်းထန်စွာ ထိုးလိုက်သည်။

"ဘုန်း"

တိုက်ခိုက်ရေး စွမ်းရည်စစ်ဆေးသော ကြေးလူသား၏ဗိုက်၌ တောက်ပလာကာ ရွှေရောင်သဲများ ထွက်လာသည်။

"၄၀၊ ငါလုပ်နိုင်ပြီ"

ချီရှန်ကျားက ဝမ်းသာအားရ အော်လိုက်သည်။

"ဟား.........ဟား.."

ဘေးက ကျောင်းသားအနည်းစုသည် မထိန်းနိုင်ဘဲ ရယ်သံထွက်လာသည်။ ရွှေသဲများ၏ ပုံသဏ္ဍာန်တစ်မျိုးစီသည် အမှတ်များကို ကိုယ်စားပြုသည်၊ လူတိုင်းသည် သက်ဆိုင်ရာ တန်ဖိုးအမျိုးမျိုးကို သိကြသည်။ သူတို့သည်အမှတ် ၄၀နှင့် လိုက်ဖက်သည့်ပုံကို မြင်လိုက်ရလျှင် သူတို့က

သာလွန်သည်ဆိုသော ခံစားချက်က မြင့်တက်လာသည်။

“အနိမ့်ဆုံးအမှတ်ရရန် တစ်မိနစ်လောက် ပြင်ဆင်ပါ၊ ဘယ်လောက် အထာကျလိုက်သလဲ”

ကျောင်းသားအချို့က ပြောလိုက်သည်။ သူတို့သည် ဆွန်းမို၏ စကားများကိုကြားခဲ့ပြီးပြီ။ ဒီပိန်လှီသော ကျောင်းသားသည် ခန္ဓာကိုယ်အဆင့်(၄)ပါ။ သူတို့သည် ထိုအဆင့်၌ ရှိတုန်းက အနိမ့်ဆုံး ၄၂, ၄၃လောက်ရခဲ့ကြသည်။

“မင်းအတွဲလိုက် ထိုးကြည့်လိုက်”

ဆွန်းမိုသည် သူ၏မူလခန္ဓာကိုယ်က မှတ်ဉာဏ်များနှင့် ပေါင်းစပ်ကာ တိုက်ခိုက်ရေးစစ်သော ကြေးလူသားများ အကြောင်းကို စစ်ဆေးလိုက်သည်။ ကြေးလူသားများသည် ကျင့်ကြံသူများ၏ တစ်မိနစ်အတွင်း အတွဲလိုက်တိုက်ခိုက်မှု ပျမ်းမျှတန်ဖိုးကိုပါ ထည့်စဉ်းစားသည်။

သာမန်တိုက်ခိုက်ရေး ပွဲတစ်ခု၌ ပြိုင်ဘက်ကို တစ်ချက်တည်းနှင့် အနိုင်ယူရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ကျင့်ကြံသူတစ်ယောက်၏

အတွဲလိုက်တိုက်ခိုက်သော နည်းစနစ်ကသာ စစ်မှန်သောစွမ်းရည်ဖြစ်သည်။

ချီရှွန်ကျားသည် ဖြည်းဖြည်းခြင်း အသက်ကိုရှူလိုက်ပြီး သူ၏ ခွန်အားအပြည့်ကိုသုံးကာ ကြေးလူသားကို ကောင်းကင် ဝံပုလွေနည်းစနစ်ဖြင့် တိုက်ခိုက်လိုက်သည်။

"ဘုန်း ဘုန်း ဘုန်း"

ကြေးလူသားသည် နည်းနည်းမှ မယိမ်းသွားပေ။ ဆန့်ကျင်ဘက်အနေဖြင့်

ချီရှွန်ကျား၏ ဖိနပ်ကြောင့် မြေပြင်၌ ဖုန်မ ထသွားသည်။

ချီရှွန်ကျား တိုက်ခိုက်ပြီးသည်နှင့် ကြေးလူသား၌ ရွှေရောင်သဲများ ထွက်လာသည်။ သူတို့သည် ပုံသဏ္ဌာန်တစ်ခုအဖြစ် ပြန်စုစည်းသွားပြီး

“၃၉”

ချီရှွန်ကျား ငိုချင်လာသည်။ သူသည် ဆွန်းမိုကို ကြည့်ပင် မကြည့်ရဲတော့ချေ။

ပတ်ဝန်းကျင်ရှိ ကျောင်းသားများ၏ ရယ်သံများလည်း မတိတ်နိုင်တော့ပေ။

အမှန်တော့လှုပ်ရှားမှုသည် ကျားတစ်ကောင်လိုလို၊ ဘာလိုလိုနှင့် နောက်ဆုံးတော့ ဖွတ် ဖြစ်သွားသည်။

"ငါ မင်းကိုစောစောက ဘယ်လိုသင်ပေးခဲ့တာလဲ၊ မင်းက ဒီလောက်မြန်မြန် မေ့ပစ်လိုက်တာလား"

ဆွန်းမိုက ပြင်းထန်စွာ တုံ့ပြန်လိုက်သည်။ အတွဲလိုက် တိုက်ခိုက်မှုသည် တစ်ချက်တည်း အားအပြည့်ထိုးသည်ထက် သေချာပေါက်သာရမည်။

"အို"

ချီရှန်ကျားလည်း သူ့နဖူးကို သူရိုက်လိုက်သည်။ သူသည် ဆွန်းမို၏ဩဝါဒကို ပြန်စဉ်းစားလိုက်သည်။

"ခွန်အားကို မင်းလက်ချောင်းဖျားမှာ ထိန်းထားပါ စွမ်းအားအပြည့်နဲ့ လက်သီးကိုစုစည်းလိုက်ပါ။ ဒါပေမယ့် ကျန်တဲ့ အားထိန်းထားပါ။"

ချီရှန်ကျားသည် အံကြိတ်ကာ ရွတ်လိုက်၍ ထိုးလိုက်သည်။

"ဘုန်း ဘုန်း ဘုန်း"

ကြေးလူးသားကို ထိမိသောအသံများ ထွက်ပေါ်လာသည်။

"ခုနကနဲ့ မတူလို့လား"

ကြေးလူသားကိုသုံးရန် စောင့်နေသည့် ကျောင်းသားများသည် ချီရှန်ကျား၏ လုပ်ဆောင်မှုကို စောင့်ကြည့်နေသည်မှာ အချိန်ဖြုန်းနေရသကဲ့သို့ ခံစားနေရသည်။

"၄၁"

ချီရွန်ကျားသည် အမှတ်ကိုမြင်လိုက်လျှင် အံ့သြစွာအော်လိုက်မိသည်။ ဒီအမှတ်သည် သူမျှော်မှန်းထားတာထက် သာနေသည်။

"ဒင်"

ချီရွန်ကျား၏ လေးစားအထင်ကြီးမှု -(+၂၀)

ချီရွန်ကျားနှင့်လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ(၇၆/၁၀၀)

"အယ်"

ဘေးက ကျောင်းသားများလည်း အံ့သြသွားကြသည်။

"သူဘာလုပ်ခဲ့တာလဲ" သူတိုက်ခိုက်တဲ့ပုံစံမပြောင်းပါဘူး၊ ဘာလို့ရလာဒ်က မြင့်သွားတာလဲ"

တရားဝင်သတ်မှတ်ထားသော စံနှုန်းအရ တိုက်ခိုက်ရေးအမှတ် ၁မှတ်တက်ချင်းသည် တိုက်ခိုက်နိုင်စွမ်း အနည်းငယ် တိုးတက်လာချင်းဖြစ်သည်။ လအနည်းငယ်ကြာအောင် လေ့ကျင့်ပြီး တိုက်ခိုက်ရေး အမှတ်တက်လာခြင်းသည် ပုံမှန်ဖြစ်သည်။

ထို့ကြောင့် ဒီနှစ်မှတ်တိုးခြင်းသည် ရိုးရှင်းခြင်းမရှိပေ။ အဖျက်စွမ်းအားကို

ကူးပြောင်းနိုင်ရန် တိုးပွားပမာဏများစွာ လိုသည်။ သို့သော် ဒီအတွဲ လိုက်တိုက်ခိုက်မှု၌ ထူးခြားချက်များ မတွေ့မိပေ။

ဆွန်းမိုက ခေါင်းခါလိုက်ပြီး

"ထပ်လုပ်အုံး"

ချီရှန်ကျားက တုံးအသော်လည်း ကောင်းမွန်းသည့်အချက်မှာ အလွန်နာခံတတ်သည်။ သူသည် အာရုံစိုက်လိုက်ပြီး စတင်တိုက်ခိုက်လိုက်သည်။ သို့သော် ၄၁မှတ်က ၄၁ မှတ်ပင်။

"ထပ်လုပ်"

ဆွန်းမိုက သူ့ကိုမရပ်ခိုင်းပေ။ ချီရွှန်ကျားလည်း ထပ် တိုက်ခိုက်လိုက်သည်။

တိုက်ခိုက်ရေး စွမ်းရည်ဒိုကျို၌ တိုက်ခိုက်ရေးစစ်သည့် ကြေးလူသားစုစုပေါင်း ၁၂ယောက်ရှိသည်။ နေရာလွတ်များရှိလာသော်လည်း စောင့်နေကြသော ကျောင်းသားများသည် မထွက်သွားကြပေ။ သူတို့အားလုံးသည် မူလကရပ်နေသည့် အတိုင်း ရှိနေကြသည်။ ချီရွှန်ကျား၏ တိုက်ခိုက်ရေး စွမ်းရည်မြင့်တက်ရခြင်း

အကြောင်းအရင်းကို သိချင်သဖြင့် စောင့်ကြည့်နေကြသည်။

“ဟာသတစ်ခုလား”

ကျောင်းသားတစ်ယောက်သည် မယုံကြည်နိုင်ဘဲ စိတ်ထဲက ပြောလိုက်သည်။

“ဒီကြည့်မကောင်းတဲ့ ကျောင်းသားဟာ အောက်ခြေအဆင့်မှာရှိတဲ့ လူဆိုတာ တစ်ချက်ကြည့်ရုံနဲ့ ပြောနိုင်ပါတယ်။ သူက ဒါကို ဘယ်လိုလုပ်နိုင်တာလဲ”

အခြားသူတွေက ဘာမှမပြောကြပါပေ။ သူတို့သည် တိုက်ခိုက်ရေးစွမ်းရည် စစ်ဆေးသော ကြေးလူးသား၏ဗိုက်ကို ကြည့်နေကြပြီး အမြင်မှားနေသည်ဟု ထင်နေကြသည်။

"ဆရာ၊ လမ်းညွှန်တာ တကယ်မှန်တာပဲ"

ချီရှန်ကျားသည် ဆွန်းမိုကိုကြည်ညိုစွာ ကြည့်လိုက်ပြီး မျက်ရည်ကျလာသည်။ တိုက်ခိုက်ရေးအမှတ်၄၄ မဆိုးပါဘူး။ ဒီတစ်ခေါက်တိုက်ပွဲခန်းမ ဝင်ခွင့်ဖြေနိုင်ဖို့ ၅၀% အခွင့်အရေးပဲ။

"ဒင်"

ချီရွန်ကျား၏ လေးစားအထင်ကြီးမှု - (+၃၂)

ချီရွန်ကျားနှင့် လေးစား အထင်ကြီးမှုဆက်သွယ်ချက် - မူလ(၁၀၈/၁၀၀)

"ဆရာ"

ထိုဘွဲ့ကို ကြားလိုက်သည်နှင့် ကျောင်းသားများသည် ဆွန်းမိုကိုချက်ခြင်း လှည့်ကြည့်ကြသည်။

"ငယ်ငယ်လေးပဲ၊ သူ့ကိုတစ်ခါမှမမြင်ဖူးဘူး။ သူက အစမ်းခန့်ဆရာလား"

“သူက တော်တော်စွမ်းပုံပဲ”

“ငါတို့သူရဲ့ လမ်းညွှန်ချက်ကို တောင်းသင့်လား”

ကျောင်းသားများသည် တိုးတိုးလေး ရေရွတ်လိုက်ကြသည်။ ရုတ်တရက်ဆိုသလို ပိုကျယ်လောင်သော အော်ဟစ်သံကို ကြားလိုက်ရသည်။ ခေါင်းလှည့်ကြည့်လိုက်ရာ ကျောင်းသားများ ဝင်ပေါက်သို့ အပြေးသွားနေကြသည်ကို တွေ့လိုက်ရသည်။

“ဘယ်က မြတ်ဆရာတစ်ယောက် ရောက်လာတာလဲ”

ပါးစပ်ကျယ်သော ကျောင်းသားသည် အံ့သြသွားသည်။ သူလည်း အခြားသူများထက် နောက်မကျအောင် ပြေးသွားပါသည်။ သူတို့သည် မြတ်ဆရာတစ်ယောက်ထံမှ လမ်းညွှန်ချက်ကို ရရှိခဲ့လျှင် ဒါသည် မြတ်ဆရာတစ်ယောက်၏ အကြံပြုချက်ကို ရနိုင်သောအခွင့်အရေးပင်။

ချီရွှန်ကျားလည်း ခြေဖျားထောက်၍ အပြင်သို့ ကြည့်နေသည်။ အနားၶ၌ ရှိနေသော ဆွန်းမိုကို ဒီအတိုင်းထားခဲ့ရမှာ အားနာနေသည်။

ဆွန်းမိုက သတိမပြုမိဘဲ စနစ်၏ သတိပေးချက်ကို နားထောင်နေသည်။

“ဂုဏ်ပြုပါတယ်၊ ချီရှန်ကျားနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က ရင်းနှီးအဆင့်ကို ရောက်သွားပါပြီ၊ ကံကြမ္မာသေတ္တာ တစ်လုံး။ ကျေးဇူးပြုပြီး ဆက်ကြိုးစားပါ။”

“ဂုဏ်ယူပါတယ်၊ မြတ်ဆရာတစ်ယောက်ဖြစ်ဖို့ ခရီးလမ်းမှာ ပထမဆုံးရတဲ့ တပြည့်အတွက်ပါ။ ဆုလာဘ် - ကံကြမ္မာသေတ္တာ တစ်လုံး”

"မှတ်ချက်။ ။ မင်းက မြတ်ဆရာတစ်ယောက် လမ်းကြောင်းပေါ်ကို ရောက်နေပါပြီ။ မင်းရဲ့ မြင့်မြတ်တဲ့အလုပ်ကို ဆက်လုပ်ပါ။"

"ဟော့ ၊ ရင်းနှီးမှု အထက်မှာဘာရှိတာလဲ"

ဆွန်းမိုက မေးလိုက်သည်။

"လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကို အဆင့်ခြောက်ဆင့် ခွဲထားတယ်၊ ၎င်းတို့က အေးဆေး၊ ပုံမှန်၊ ရင်းနှီး၊ လေးစား၊ ကိုးကွယ်မှု ဆိုပြီး အသီးသီးဖြစ်တယ်။ ပစ်မှတ်က လေးစားအထင်ကြီးမှု

ဆက်သွယ်ချက်ကို မဖွင့်ရသေးရင် အေးဆေး အဆင့်ပဲ ဖြစ်နေမယ်။”

စနစ်၏ ရှင်းပြချက်သည် ရိုးရှင်းသည်။

“ကိုးကွယ်မှုက အမြင့်ဆုံးလား၊ ငါအဲဒီအဆင့်ကို ရောက်ရင် ဘယ်လိုအမြတ်ရမှာလဲ”

ဆွန်းမိုက သိချင်နေသည်။

“မင်းဘာသာမင်း ခန့်မှန်းကြည့်ပါလား”

စနစ်က ပြန်ဖြေလိုက်သည်။

"ထွက်လာစမ်း၊ လဒ၊ မင်းကိုသေအောင်မရိုက်ဘူး၊ ငါကတိပေးတယ်"

ဆွန်းမိုက လက်ချောင်းချိုးရင်း ပြောလိုက်သည်။

"လေးစားအထင်ကြီးမှု အဆင့်တက်တိုင်း ယခင် အဆင့်ထက် အမှတ်၁ဂဆ ပိုလိုတယ်။

"ဆရာ၊ ဒါဆရာကူ"

ချီရှန်ကျားသည် ဆွန်းမို၏ အကျီကိုကိုင်ကာ စိတ်လှုပ်ရှားနေသည်။

"ဘယ်သူ"

ဆွန်းမိုက မျက်မှောင်ကြုတ်ရင်း မေးလိုက်သည်။ ဆွန်းမိုသည် ဆုတောင်းမှုတချို့ လုပ်ကာ ကံကြမ္မာရတနာသေတ္တာကို ဖွင့်လှစ်ရန် ကြံစည်နေခဲ့သည်။ သို့သော် ချီရှန်ကျားကြောင့် အာရုံလွဲသွားသဖြင့် သူကံဆိုးသွားပြီးဟု ခံစားလိုက်ရသည်။

ထီပေါက်ခြင်းသည် လောကီ ကိစ္စဖြစ်သည်။ ထိရောက်မှု ရှိ၊မရှိကို သူဂရုမစိုက်ပေ။ ဆွန်းမိုက ဆုတောင်းပြီး အကောင်းဆုံးသာမျှော်လင့်မည်။

“ကူရှုပ်ရှင်းက မရီဒန် အကယ်ဒမီက ထိပ်တန်းဘွဲ့ရတစ်ယောက်။ နောက်ပြီးတော့ သူမက သူမအသုတ်မှာ ကျောင်းတွင်းဘုရင်မ တစ်ယောက်လည်း ဖြစ်တယ်”

ချီရွန်ကျားက ပြန်ပြောသည်။

ဆွန်းမိုသည် ခေါင်းညိတ်လိုက်သည်။ ကူရှုပ်ရှင်းက သူ့ထံသို့ တိုက်ရိုက်လျှောက်လာသည်ကို တွေ့လိုက်ရသည်။ သူမဘေး၌ ကျန်းရှန်က ပြုံး၍ စကားပြောနေပြီး လက်ညှိုးက သူ့ကို ညွှန်ပြနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၁၆) - ဘွဲ့ရများအားဂုဏ်ပြုခြင်း ။

ကူရှုပ်ရှင်းသည် မရီဒန်ဒိုအကယ်ဒမီတွင် အလွန်ကျော်ကြားပြီး သူမသည်ယခုနှစ်အတွက် ဂုဏ်ထူးဆောင် ဘွဲ့ရတစ်ယောက်ဖြစ်သည်။ ၁၈ကြိမ်မြောက်အတန်းတွင် ဘွဲ့ရ ၂၀၀၀အနက် ထိပ်တန်းဘွဲ့ရ တစ်ယောက်ဖြစ်သည်။

ကူရှုပ်ရှင်း၏ စိတ်သဘောထားနှင့် အောင်မြင်မှုကြောင့် သူမသည် ဆရာတစ်ယောက်လုပ်ရန် ဆုံးဖြတ်ခဲ့သည်မှာ ကြာပါပြီ။ သူမသည်အန်ရှီဝေ ကိုယ်တိုင်လာပြီး သူမကိုခေါ်ယူနိုင်ရန် ငွေကြေးအမြောက်အများ သုံးစွဲခဲ့ရသူဖြစ်သည်။

ချင်လင်မြို့တွင် ဗဟိုပြည်နယ်အကယ်ဒမီနှင့် မရီဒန်အကယ်ဒမီသည် သုံးနှစ်ကလေးတစ်ယောက်ပင် သိသည့် အရာဖြစ်သည်။ အန်ရှီဝေ၏

လုပ်ဆောင်ချက်သည် မရီဒန်အကယ်ဒမီ၏ တောက်ပမှုကို မှေးမှိန်စေခဲ့သည်။ အချို့က ငွေကိုသာမြင်သည့် မျက်လုံးဖြူဝံပုလွေဟုသူမကို ကျိန်ဆဲကြသည်။ ထိုကိစ္စက အမြဲဖိနှိပ်ခံရသော ဗဟိုပြည်နယ်အကယ်ဒမီကို ဂုဏ်ပြုရာရောက်နေသည်။

ဒါကြောင့် ကူရှုပ်ရှင်းကို သစ္စာဖောက် တစ်ယောက်လို့လည်း ကျိန်ဆဲနေကြသည်။ ထိုကြောင့် မရီဒန်အကယ်ဒမီသည် နာကျင်မှုကို

မခံနိုင်ဟု သက်သေပြသလို ဖြစ်သွားသည်။ သူတို့၏ ဆုံးရှုံးမှုသည် ကြီးမားသည် မဟုတ်ပါလား။

တောက်ပသည့် ဘွဲ့ရတစ်ယောက်၏ အရှိန်ဖြင့် ကူရှုပ်ရှင်း ဗဟိုပြည်နယ်အကယ်ဒမီကို ရောက်လာခြင်းက လူတိုင်း၏ အာရုံစိုက်မှုကို အပြည့်အဝ ဆွဲဆောင်နိုင်ခဲ့သည်။ ထုံးစံအတိုင်း သူမရောက်လာသည့် ကျော်ကြားမှုက အန်ရှီဝေကို အကျိုးကျေးဇူးတွေ ရခဲ့ပါသည်။

အသက်၁၉နှစ်အရွယ် ကူရှုပ်ရှင်းသည် သူမဘဝ၏ အလှဆုံးအချိန်ဖြစ်သည်။

သူမသည်စောပြီး ရင့်ကျက်လာသောကြောင့် ကလေးမျက်နှာပေါက်သည် မှေးမှိန်သွားပြီး တည်ငြိမ်ရင့်ကျက်မှုက အစားထိုးလာသည်။

ကူရှပ်ရှင်းသည် အမြဲတမ်း မရယ်ဘဲ သူမပါးစပ်ကို ပါးလွှာသော မျဉ်းကြောင်းတစ်ခု အဖြစ် စည်းတား ထားခဲ့သည်။ ထိုအရာသည် သူမ၏ ဆရာသိက္ခာကို ထိန်းရန် သေးငယ်သော လှည့်ကွက်တစ်ခု ဖြစ်သည်။

"ဘယ်လောက်လှလဲ"

လူအုပ်သည် တစ်ယောက်ပြီး တစ်ယောက် အဆက်မပြတ် ချီးကျူးနေသည်။ အချို့ ကျောင်းသားများသည် ကြေးလူသားများဆီကို အလျှင်အမြန်သွားကာ သူတို့၏ အပြင်းထန်ဆုံးစွမ်းရည်ကို ထုတ်ပြနေကြသည်။ ကူရှုပ်ရှင်းက သူတို့ရလာဒ်ကို မြင်ပြီးသူတို့ကို တပြည့်အဖြစ် လက်ခံရန် မျှော်လင့်နေကြသည်။

ကူရှုပ်ရှင်း၏ပုံစံသည် အရုပ်မရှည်ပါဘူး။ ဒါပေမယ့် သူမသည် ပိန်သည့်ဘက်ကို

ရောက်နေတာကြောင့် သာမန်အရပ်ပုတဲ့ သူတွေထက် ပိုရှည်သည်ဟု ထင်ရသည်။

သူမသည် အစမ်းခန့် ဆရာများဝတ်ထားသည့် ဝတ်ရုံကိုဝတ်ထားသည်။ ပုံမှန်က ရှေးဆန်ပြီး မာကျောသည်။ ဒါပေမယ့် သူမသည် အပြောင်းအလဲ တစ်ချို့လုပ်ထားသည်။ ရင်ဘတ်နှင့်ခါးနေရာကို ပိတ်စအပိုများ တပ်ဆင်ထားပြီး သူမကိုကြည့်ရတာ ပိုပေါ့ပါးပီး လှလာစေသည်။

"တောင်နိုင်ငံက တစ်ခုခု အစားမှားထားတာလား"

ဆွန်းမို နှုတ်ခမ်းများကွေးသွားသည်။ သူမသည် တောက်ပခြင်း၏ အခြားတစ်ဖက်သာဖြစ်သည်။ (ဟွန့် နို့က သေးသေးလေး)

"ဆွန်းမို၊ ဆရာဌာနကို ဝင်ဖို့အတွက် မင်းကောက်ကျစ် လွန်းတယ်"

ကျန်းရှန်က ပြောလိုက်သည်။ သူသည် မပြောသင့်သည့် အကြောင်းပြချက်

အချို့ရှိနေသောကြောင့်ပါ။ မဟုတ်ပါက သရုပ်ဆောင်ခ ဘယ်လောက်ပေးရလဲ တကယ် မေးလိုက်ချင်သည်။

သို့သော်လည်း ဆွန်းမိုသည် တကယ်ဉာဏ်ကောင်းလွန်းသည်။ သူသည် သရုပ်ဆောင်များကို ဌားရုံသာမက တိုက်ခိုက်ရေး စွမ်းရည်ဒိုကျိုလို နေရာမျိုးကိုပင် ရောက်နေသည်။ ထိုသို့လုပ်ခြင်းဖြင့် သူ့ကျော်ကြားမှုသည် သေချာပေါက် ပျံနှံ့သွားစေနိုင်သည်။

"ငါဘာလို့ ဒါကို မစဉ်းစားမိတာလဲ"

ကျန်းရှန်သည် စိတ်ထဲတွင် ပြင်းထန်စွာ ခံစားနေရသည်။ သူသည် အမြဲလိုလို သူ့ကိုသူ ဉာဏ်ရည်ထက်မြက်သူအဖြစ် ချီးကျူးခဲ့သည်။ သို့သော် ဤကိစ္စတွင် ဆွန်းမိုကို လုံးဝမယှဉ်နိုင်ပေ။

"ဒါလဲကောင်းပါတယ်။ ငါ့ရဲ့အသိဉာဏ်က မှန်ကန်တဲ့လမ်းပေါ်မှာပဲ အသုံးချတယ်။ ဆွန်းမိုသည် သေးငယ်သော လှည့်ကွက်အားလုံး ကိုကြိုက်တယ်။ အနေးနဲ့ အမြန်သူမိမှာပါ"

ကျန်းရှန်သည် သူ့ကိုသူ နှစ်သိမ့်လိုက်သည်။ ဆွန်းမိုကို နောက်တစ်ခါ ကြည့်လိုက်သည့်အခါ

သူ့အကြည့်များ ပြောင်းသွားပြီး သူက သာလွန်သည်ဟု ခံစားချက်က ိ ု ထုတ်ပြလိုက်သည်။

ကူရှုပ်ရှင်း မျက်လုံးမှေး လိုက်သည်။ ထိပ်တန်းကျောင်းသူ တစ်ယောက်အနေဖြင့် သူမ၏ ဉာဏ်ရည်နှင့် စိတ်ဓါတ်ပိုင်းသည် မနိမ့်ကျပါ။ အနည်းငယ်စဉ်းစားရုံဖြင့် ကျန်းရှန် စကားအဓိပ္ပာယ်ကို နားလည်လိုက်သည်။

ကူရှုပ်ရှင်းသည် ဒီအစမ်းခန့်ဆရာတွေကို စိတ်မဝင်စားပါ။ သူမသည် ချင်ဖန်နှင့်

နာမည်ကေျြာင်ကျောင်း ၉ ကျောင်းက ဘွဲ့ရများကလွဲလျှင် အခြားဘယ်သူကိုမှ (သူ့ကို စတင်လုံးပန်းနေသည့် ကျန်းရှန် အပါအဝင်) အာရုံမစိုက်နိုင်ပါ။ ဒါပေမယ့် ဆွန်းမို ဆိုသော နာမည်ကို ကြားလိုက်သည့်အခါ မသိမသာ တစ်ချက်ကြည့်လိုက်သည်။

"ဒါဆို ကျောင်းအုပ်ကြီးအန်နဲ့ စေ့စပ်ထားတဲ့သူလား"

ကူရှုပ်ရှင်းသည် ဆွန်းမိုကို စစ်ဆေးလိုက်ရာ သူမကိုကြည့်နေသည်ကို တေွ့လိုက်သည်။

ဒီနှစ်ပေါင်းများစွာတွင် တောက်ပသည့်ဘွဲ့ရ ၊ အလှအပနှင့် အရည်အချင်းတို့ကြောင့် သူမသည် ဒါမျိုးကြုံနေကြဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ငါ့ကို နည်းနည်းပိုကြည့်လည်း ငါ့အရည်အချင်းကို သူမမြင်နိုင်ပါဘူး"

ကူရှုပ်ရှင်းသည် အလွန်တည်ငြိမ်နေသည်။

"သူမမှာ အလွန်မြင့်မားတဲ့ အလားလာရှိတာပဲ။ ရှီဝေရဲ့ သုံးသပ်ချက် တကယ်တိကျတာပဲ"

ဆွန်းမိုသည် ကူရှပ်ရှင်းကို နတ်ဘုရားမျက်စိမြင်ကွင်း နှင့် စစ်ဆေးနေခဲ့တာပါ။ တကယ် စိတ်ချမ်းသာစရာမြင်ကွင်းပါ။

ကြံ့ခိုင်မှု - ပျမ်းမျှအထက်

ဉာဏ်ရည်- အလွန်ရှားပါး၊

လူတစ်သောင်းတွင် တစ်ယောက်တွေ့ဖို့ ခဲယဉ်း၊ ဉာဏ်ရည်ဖြင့် လူများကို အနိုင်ကျင့်နိုင်။

သွက်လက်မှု - မြန်သောအရှိန်၊ ပြေးသည့်အခါ အခြားလူများ ဖုန်မှုန့်ကဲ့သို့ကျန်ခဲ့နိုင်။

စိတ်ဆန္ဒ - ပျမ်းမျှ၊ တိုးတက်နိုင်

ခံနိုင်ရည် - သင်၏တစ်ခုတည်းသော အားနည်းချက်။

ဆွန်းမိုသည် အားလုံးကို ဖတ်လိုက်ပြီး စနစ်နောက်ဆုံးတွင် ဖော်ပြထားသည့်စာကို ဖတ်လိုက်သည်။

“နေကဘေးကျသလို ရှိတ်နဲ့ မိန်းကလေး တစ်ယောက်အနေနဲ့ မင်းမှာကြီးထွားဖို့ မရှိတော့ပေမယ့် သံမဏိပြားမိန်းကလေး မဟုတ်တာ ပျော်ရွှင်သင့်သည်၊

“သံမဏိပြား ကောင်မလေး”

ဆွန်းမိုကရယ်လိုက်ပြီး

"စနစ်၊ အချက်အလက်တွေက ဘာတွေဖြစ်နေတာလဲ"

" သာမန် အရွယ်ရောက်ပြီးတဲ့ မိန်းမတစ်ယောက်က အချက်လက်တစ်ခုခြင်းဆီမှာ ၅ မှတ်ရှိတယ်။ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်က လူတွေဆို ၁၀မှတ်၊ ဝိညာဉ်ပြုပြင်ခြင်း အဆင့်ဆို ၂၀မှတ်၊ သေွးလောင်ကျွမ်းခြင်းအဆင့်မှာ ကန့်သတ်ချက်က ၃၀ ဖြစ်လိမ့်မယ်။

စနစ်ကရှင်းပြသည်။

"မင်းက ကျင့်ကြံလာတာနဲ့အမျှ ကျင့်ကြံသူ၏ အချက်အလက်တွေက တဖြည်းဖြည်းမြင့်တက်လာလိမ့်မယ်။ ဒါကြောင့် ကျင့်ကြံသူတွေက ရောဂါမဖြစ်ဘဲ အသက်ရှည်ကြတာပေါ့။

"ကန့်သတ်ချက်က ၃၀လား ။ ဒါဆို ကူရှုပ်ရှင်း က တစ်ကယ်ထူးချွန်တာပေါ့"

ဆွန်းမိုလျှာကို ကိုက်လိုက်သည်။

"ထူးချွန်" အဓိပ္ပာယ်ကို မင်းနားလည်မှုလွဲနေတယ်။ ထူးချွန်ဆိုတဲ့စကားကို ဒီမိန်းကလေးမှာ သုံးလို့မရသေးဘူး။

“ငါ့အခြေအနေက ဘာဖြစ်လို့ ထူးချွန်တဲ့သူတွေကို မတွေ့တာလဲ”

ဆွန်းမိုသည် သူ၏အလားလာကိုပြန်ကြည့်ရန် မှန်ကိုအသုံးပြုခဲ့သည်။ သို့သော်နတ်ဘုရားမျက်စိက ပြသောစာရင်းမှာ မည်သည့် အချက်အလက်မှ မပါဘာ။

”ပိုင်ရှင်က သူ၏ ကိုယ်ပိုင်အလားအလာ စစ်ဆေးရန်မဖြစ်နိုင်ပါ” စနစ်က ရှင်းပြခဲ့သည်။

“အိုး၊ မင်းစိတ်ကြိုက် ကြည့်ပြီးပြီမလား၊ မင်းဒီလိုလုပ်တာ အရမ်းရိုင်းတယ်”

ကျန်းရှန်သည် ဆွန်းမိုကြည့်နေသည်ကို မြင်သည့်အခါ ရှေ့တွင် ပိတ်ရပ်ကာပြောလိုက်သည်။

ဆွန်းမိုသည် ဘေးစောင်းကာ ဆက်ကြည့်လိုက်သည်။ ကူရှူပ်ရှင်း ပေါင်ဘေးတွင် မှတ်စုတစ်ခုပေါ်လာသည်။

ဒီနေရာကို လှုပ်ရှားလိုက်သည့်အခါ နာကျင်မှု (သို့) စိတ်လှုပ်ရှားလာတတ်သည်။

"အယ်?"

ထိုအချက်အလက်များကို မြင်လိုက်လျှင် ဆွန်းမို စတင်တွေးမိသွားသည် ဒါက သူကြားဖူးသည့်

နာကျင်မှုကိုကြိုက်တဲ့ အမျိုးအစားလား။ သူသည် လက်တွေ့ဘဝတွင် ဤကဲ့သို့ သူမျိုးနှင့် ဆုံရမည်ဟု မထင်ထားခဲ့ပါ။

ကူရှပ်ရှင်း၏ လှပသောမျက်ခုံးများ တွန့်သွားသည်။ ပင်ကိုယ်စရိုက်အရ သူမကိုကြည့်လာသော အကြည့်များကို ရှောင်လွဲမည် မဟုတ်ပါ။ ဒါပေမယ့် သူတို့အကြည့်ဆုံသွားသည့် အခါ ကြီးမားရှင်းလင်းပြတ်သားသည့် မျက်လုံးများကို မြင်လိုက်ပြီး စိတ်ထဲတွင်

ရုတ်တရုတ် ရင်တုန်လာပြီး မသိမသာကြည့်လိုက်မိသည်။

သူ၏ အကြည့်တွေက လူတွေကို ထွင်းဖောက်မြင်နိုင်သလို ထင်ရသည်။ ကူရှုပ်ရှင်းသည် သူမ၏လျှို့ဝှက်ချက်များ ဖော်ထုတ်ခံလိုက်ရသလို ခံစားလိုက်ရသည်။

"ဟင်၊ ငါသူ့အကြည့်ကို ရှောင်နေတာလား"

ကူရှုပ်ရှင်းသည် သူမကိုယ်သူမ လှောင်လိုက်မိသည်။

"ဟေး၊ မင်းကြည့်တာမပြီးတော့ဘူးလား"

ကျန်းရှန်တင်းလာသည်။

ဆွန်းမိုလုပ်သည့်ခံစားချက်က သူ့အိမ်ကဆန်ကို ခိုးယူခံလိုက်ရသလို ခံစားရသည်။

ဆွန်းမိုကတော့ နောက်မဆုတ်ပါဘူး။ သူ၏ညာလက်ဖြင့် အနက်ရောင် စန္ဒကူးခါးကို ကိုင်လိုက်သည်။

"ဆရာတို့ စိတ်လျှော့ကြပါ"

ကူရှုပ်ရှင်း အနားရပ်နေသည့် နာရွက်ကြီးကြီးနှင့် ကျောင်းသားက

ချက်ခြင်းရှေ့တိုးကာ သူတို့နှစ်ယောက်ကြားတွင် ရပ်ရင်း ပြောလိုက်သည်။

ကျန်ရန်ဇော် မျက်နှာတွင် ဘယ်သူ့ကို မှစိတ်ဒုက္ခမပေးသည့် အပြုံးတစ်ခုရှိသည်။

"ဟွန့်၊ ငါရိုက်လိုက်လို့ သူသေသွားမှာပဲ ငါကြောက်တယ်"

ကျန်းရှန်က အထင်သေးစွာပြောလိုက်သည်။

"ကျန်ရန်ဇော် ကြေးလူသားကို သွားပြီးစမ်းသပ်လိုက်" ကူရှုပ်ရှင်းက ညွှန်ကြားလိုက်သည်။ သူမသည် ယောက်ျားများ

တိုက်ခိုက်သည့် မြင်ကွင်းကို အများကြီးမြင်ဖူးသည်။

"ဆွန်းမို ဒီကျောင်းသားကို သရုပ်ဆောင်ဖို့ ဘယ်လောက်ပေးရလဲ၊ ကျန်းရှန်က ရယ်ကာ ပြောလိုက်သည်။ သူသည်မူလက ဖော်ထုတ်ရန် ဆန္ဒမရှိသော်လည်း နတ်ဘုရားမလေး ဘေးတွင်ရှိနေသည့်အခါ လှလှပပလေး အနိုင်ယူချင်သည်။

"စိတ်မကောင်းဘူးကွာ၊ မင်းကငါ့တွက် ခြေနင်းကျောက်တုံးဖြစ်သွားလို့"

ကျန်းရှန်သည် သူနင်းခြေရမည့် ပရွတ်ဆိတ်တစ်ကောင်လို ကြည့်ကာ ပြောလိုက်သည်။

ပတ်ဝန်းကျင်က လူများသည် ဒီစကားကိုကြားလျှင် တီးတိုးတီးတိုး ဖြစ်သွားကြသည်။

“ဆရာကျန်း၊ အဓိပ္ပာယ်မရှိတာ မပြောနဲ့”

ချီရှန်ကျားသည် ထိတ်လန့်ကာ အလျှင်အမြန် ပြန်ပြောလိုက်သည်။ အကယ်၍ ဤကိစ္စကို လူများက လက်ခံ ယုံကြည်သွားပါက အမှန်တရား

တစ်ခုလိုဖြစ်သွားပြီး ဆွန်းမိုကို ထိခိုက်ရုံသာမက ချီရွန်ကျားလဲ ကျောင်းထုတ်ခံရမည်။

ကူရှုပ်ရှင်း ထပ်ပြီး မျက်ခုံးမွှေးများ တွန့်သွားပြန်သည်။ ကျန်းရှန်ကို သူမ အထင်အမြင်ကောင်းခြင်း မရှိ်လည်းပဲ ဒါကဖြစ်နိူင်ခြေရှိသော်လဲ သက်သေမရှိပါ။ လူတိုင်းရှေ့တွင် ပြောလိုက်ခြင်းက ဆွန်းမို၏ ဂုဏ်သတင်းကို ထိခိုက်မှာ သေချာသည်။

“ဒီနေ့ မနက်စောစောက မင်းကို ကျောင်းသားခုနှစ်ယောက် အဆောင်အပြင်မှာ

စောင့်ပြီး သူတို့ကိုလမ်းညွှန်းပေးဖို့ မပြောခဲ့ဘူးလား၊ အစမ်းခန့် ဆရာတစ်ယောက်အနေနဲ့ မင်းတော်ပါတယ်။ မင်းက ချင်ဖန်၊ ကူရှုပ်ရှင်းတို့ အဆင့်ရောက်နေပြီ” ကျန်းရှန်က လှောင်ပြီး ပြောလိုက်သည်။

“သူအရမ်းတုံးတာလား၊ ဘာလဲ သူတို့ကို သရုပ်ဆောင်ခိုင်းရင်တောင် နည်းနည်းကြီး မလွန်ဘူးလား” ကူရှုပ်ရှင်းက သူမကိုယ်သူမ စိတ်ထဲက ပြန်ပြောလိုက်သည်။

သူမသည် သင်ကြားရေး လက်ထောက်အလုပ်ကို ကောင်းကောင်းလုပ်နိုင်မည်ဟု ယုံကြည်သော်လည်း မနက်စောစောစီးစီးတွင် သူမ၏ လမ်းညွှန်ချက်ကိုတောင်းခံဖို့ ကျောင်းသားခုနှစ်ယောက်က ရှာလိမ့်မည်ဟု မယုံကြည်ပါ။

ကူရှုပ်ရှင်း၏ အမူအယာကို မြင်လိုက်သည့်အခါ ကျန်းရှန် ပိုတင်းသွားသည်။ သူဆွန်းမိုကို တိုက်ခိုက်ဖို့ အလျှင်အမြန်

စဉ်းစားလိုက်သည်။ ထို့နောက် မျက်နှာရင်းနှီးသည့် ကျောင်းသားတစ်ယောက်ကို ကြည့်လိုက်ကာ “ မင်းနာမည်ဘယ်လိုခေါ်လဲ”

“ချီ……ချီရွှန်ကျား”

ချီရွှန်ကျား အထူးသဖြင့် ကူရှုပ်ရှင်းနားတွင် ရှိနေသည့်အတွက် စိတ်လှုပ်ရှားနေသည်၊ ဤကဲ့သို့ အခွင့်အရေးကို တစ်ခါမှ စိတ်ကူးမယဉ်ဝံ့ပါ။ သူသည် လှပသော အစမ်းခန့်ဆရာမ၏ အမွှေးနံ့ကို ခိုးရှူကာ စိတ်လှုပ်ရှားပြီး ကျောတွင် ချွေးပျံနေသည်။

သူမသည် မရီဒန်အကာယ်ဒမီက တကာယ့်ထိပ်တန်းဘွဲ့ရ ဖြစ်သည်။ အကာယ်၍ သူ့မှာမေးခွန်းရှိလျှင် သူမဆီက လမ်းညွှန်ချက်ကို တောင်းခံနိုင်ပါသည်။

ကျန်းရှန်သည် အခြေအနေကို ဘယ်လိုကိုင်တွယ်ရမလည်း သိသည်။ ဆွန်းမိုကို တိုက်ခိုက်လိုက်ရုံသာမက ကူရှုပ်ရှင်း အစွမ်းပြရန် အခွင့်အရေးကိုပင် ဖန်တီးလိုက်သည်။

“အမ်”

ချီရွန်ကျားသည် ကူရှုပ်ရှင်းကို ကြည့်လိုက်ကာ (သူ့တွင် သိုင်းပညာနှင့် ပက်သက်ပြီး မေးခွန်းများစွာရှိသည်) ပါးစပ်ကိုဖွင့်လိုက်၊ ပိတ်လိုက်နှင့် နောက်ဆုံးတွင် ခေါင်းခါလိုက်သည်။ ”ရပါတယ်၊ ဆရာဆွန်းက ငါ့အတွက် ပြဿနာတွေကို ဖြေရှင်းပြီးပါပြီ”

ဆူညံသံများ ထွက်လာသည်----

လူအများသည် မကျေမနပ်အော်လိုက်သည်။ သူတို့မျက်လုံးထဲတွင် ကူရှုပ်ရှင်းသည် လှပပြီး

အရည်အချင်းရှိသည်။ သူတို့၏ နတ်ဘုရားမဘက်ကသာ သူတို့ရပ်တည်ကြမည်။

ချီရွှန်ကျားက လမ်းညွှန်ချက် မလိုချင်ဘူး။ ဒါက လူတိုင်းကို မျက်နှာပျက်အောင် လုပ်တဲ့ကိစ္စပဲ၊ သူကဒါကို မလိုချင်ဘူးလား။ ဘယ်လိုကြည့်ကြည့် ဆွန်းမိုသည် ကူရှုပ်ရှင်းထက်သာစရာ အကြောင်းမရှိပါ။

"မင်းကသူရဲ့ တိုက်ရိုက်တပြည့်လား"

ကျောင်းသားတယောက်က လှောင်လိုက်သည်။

"မင်းမှာဆရာရှိနေရင်တော့ အခြားဆရာတစ်ယောက်ရဲ့ ထင်မြင်ချက်ကို တောင်းခံလို့မရဘူးပေါ့"

"ဒီမှာ ကျောင်းသားကောင် မင်တော်တော်တုံးတာပဲ၊ ငါက ဆရာဆွန်းရဲ့ ကျောင်းသားဖြစ်ဖို့ အရည်အချင်းမမှီဘူး"

ချီရွှန်ကျားက ခေါင်းမော့ကာ ပြင်းထန်စွာတုံ့ပြန် လိုက်သည်။ သူတုံးတဲ့အကြောင်းကို သူသိသည်။

ထိုအကြောင်းကိုတွေးမိပြီး ဆွန်းမိုကို တပြည့်အဖြစ် လက်ခံဖ မတောင်းဆိုရဲခြင်း ဖြစ်သည်။

"ဟဲဟဲ၊ ဆွန်းမို မင်းက ပိုက်ဆံတွေကို ဖြုန်းခဲ့တာ မဟုတ်ဘူးပဲ"

ကျန်းရှန်စကားက ပရိတ်သတ်များ အတွေ့းကျန်စေခဲ့သည်။ ဒါပေမယ့် ချီရှန်ကျား၏ သရုပ်ဆောင်စွမ်းရည် တော်တော်ကောင်းပါသည်။

"မင်းအဓိပ္ပာယ်မဲ့ လုပ်နေတာကိုရပ်လိုက်တော့"

သူမသည် အဖြစ်အပျက်များစွာ အတွက် ကျန်းရှန်ကိုကြည့်ကာ ပြောလိုက်သည်။ ချီရှန်ကျား၏ တုန့်ပြန်မှုအတွက် စိတ်ထဲမထည့်ပါ။ သူသာ သရုပ်ဆောင်နေခဲ့ပါက သူမကဲ့သို့ လူတစ်ယောက်နှင့် တိုင်ပင်နိုင်သည့် အခွင့်အရေးကို ဘယ်သူက စွန့်ပစ်မည်နည်း။

သူမမှာ ယုံကြည်မှုရှိသည်။ ဆွန်းမိုကို ကြည့်လိုက်သည့် အကြည့်တွင် ရွံရှာမှုနှင့်ပြည့်လာသည်။

"ကျောင်းအုပ်ကြီး အန်က ပြည်စုံတဲ့ မိန်းမတစ်ယောက်ပါ။ သူမမှာ လက်ထက်ဖို့ လူမရှိရင်တောင် ဒီလို လှည့်ဖျားတတ်တဲ့ လူတစ်ယောက်ကို လက်ထက်ဖို့တောင် ရွေးချယ်ခဲ့တာလား"

"ငါသာမတုံ့ပြန်ရင်၊ မင်းငါ့ခေါင်းပေါ်တောင် တက်ထိုင်သွားမှာလား"

ဆွန်းမိုသည် ကျန်ရန်ဇောင် ကိုမကြည့်ပဲ ကျန်းရှန်အား ပြောလိုက်သည်။

"မင်းက တကယ့်ကို ပင်ကိုယ် အရည်အချင်းနဲ့ပြည့်စုံနေတာပဲ တစ်နှစ်အတွင်း မြတ်ဆရာတစ်ယောက်တောင် ဖြစ်နိုင်တာပဲ။ ငါ့ကိုပြောပြစမ်းပါ၊ ဒီကျောင်းသားရဲ့ လက်သီးနည်းစနစ် ပြဿနာကို"

"ငါ့ကိုစမ်းသပ်နေတာလား"

ကျန်းရှန် မျက်မှောင်ကြုတ်ကာ

"မင်းရဲ့ ခွေးမျက်လုံးကို ပြူးကြည့်ထား၊ သူသုံးသွားတာက မိုးကြိုးလက်ဝါးနည်းစနစ်ပဲ၊ လှုပ်ရှားမှုတိုင်းက မိုးကြိုးလိုပြင်းထန်ရမယ်၊

ပြင်းထန်တဲ့ ပေါက်ကွဲသံ ဖန်တီးနိုင်ရမယ်။ ငါ့ကိုပြောစမ်းပါအုံး၊ သူက ရွေးချယ်ခံ ဖြစ်သင့်လား၊ မဖြစ်သင့်လားဆိုတာ”

“သူ့ညာလက်မောင်းမှာ ဒဏ်ရာဟောင်းရှိတယ်။”

ဆွန်းမိုက ပုံမှန်အသံနှင့်ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၁၇) - နာမည်ပျက် တစ်ယောက် မဖြစ်အောင် ဂတိပေးစမ်းပါ။

"ဘာ"

ကျန်းရှန်သည် နားရွက်ကို ပွတ်ကာရယ်လိုက်ပြီး "ကြည့်စမ်းပါအုံး၊

မိုးကြိုးလက်ဝါးသိုင်း ကစားတာ သူ့လှုပ်ရှားမှု ဘယ်လောက်ချောမွေ့ လိုက်သလဲ။ ဒါကိုမင်းက ညာလက်မောင်းမှာ ဒဏ်ရာရထားတယ် ဆိုတော့”

“ဟုတ်တယ်၊ ဒဏ်ရာရထားတယ်”

ဆွန်းမို သေချာပါသည်။ နတ်ဘုရားမျက်စိကတစ်ဆင့် ကျန်ရန်ဖောင်၏ ညာလက်မောင်း ဒဏ်ရာရနေပြီး ကြွက်သားများ အနည်းငယ် တင်းမာနေသည်ကို သိလိုက်သည်။

“ဟွန့်၊ ဘာမှမသိဘဲနဲ့”

ကျန်းရှန်က နှာခေါင်းရှုံ့လိုက်ပြီး ပြန်မဖြေပါ။ သူသည် ကျန်ရန်ဇောင်ကို ကြည့်လိုက်သည်။ ဒဏ်ရာရှိလား၊ မရှိလား မေးခွန်း မေးလိုက်သည့် သူအားပြန်ဖြေရမည် ဖြစ်သည်။ တော်တော် စိတ်ဝင်စားဖို့ကောင်းသည်။

(ဆွန်းမို မျက်နှာပျက်မှာသေချာသည်။ မင်းက ဂုဏ်သတင်း ကျော်ကြားချင်တာလား၊ မင်းရဲ့ နာမည်အားလုံးကို ငါဖျက်ဆီးပြစ်မယ်)

ကျန်းရှန် စိတ်ထဲပျော်ရွှင်နေသည်။ မိန်းမတစ်ယောက်ကို အားကိုးတဲ့ကောင်က

စော်ကားခံလိုက်ရပါက မည်သူမဆို ဒေါသထွက်ကြမည်။ ဆွန်းမိုသည် ပြန်လည်ငြင်းရန် ကြောက်နေတာလား။

သူ"သေခြင်း" ဆိုတဲ့စကားကို တကယ်မသိဘူးပဲ။

တချိန်လုံးပြုံးနေသော ကျန်ရန်ဖောင်သည် အေးခဲသွားသည်။ ကူရှုပ်ရှင်းကို ကြည့်လိုက်ကာ သူ့အပြုံး ခိုင်မာလာသည်။ ကူရှုပ်ရှင်းနှုတ်ခမ်း အနည်းငယ်ဟသွားပြီး ဆွန်းမိုကို အံ့ဩစွာကြည့်လိုက်သည်။ ကျန်ရန်ဖောင်၏ လေ့ကျင့်မှု အမြဲကောင်းမွန်ခဲ့သည်။ သို့သော်

ပြီးခဲ့သည့် အပတ်ကုန်ခါနီးတွင် တစ်ခုဖြစ်ခဲ့ပြီး ကြွက်သားများကို ဆန့်ထုတ်ကာ လက်မောင်းကိုဖြန့်ခဲ့သည်။ ဒါကို သူမက အပြစ်တင်ခဲ့တာ သူမတစ်ယောက်တည်းသာ သိသည်။

“အမ်”

ကျန်းရှန်သည် တေုံးတစ်ယောက်မဟုတ်ပါ။ ကျန်ရန်ဖောင် ငြိမ်သက်သွားသည်ကို မြင်ပြီး စိတ်ထဲ မသက်မသာဖြစ်လာသည်။ သူ့ကိုယ်သူ

ဘယ်လ ပြန်ကယ်ရမလဲ စဉ်းစားနေစဉ် ဆွန်းမို၏ လှျ ာစောင်းထက်မှုက စလာသည်။

“မင်းရဲ့ ညာလက်မောင်းမှာ ကြွက်သားတစ်ခု ဆန့်နေတယ်။ ဒါက လေ့ကျင့်မှုကြောင့် ဝန်ပိတာတင်မဟုတ်ဘူး ဒဏ်ရာဟောင်းလည်းရှိတယ်”

ဆွန်းမိုသည် ကျန်ရန်ဇောင်ကို တည်ငြိမ်စွာ ကြည့်လိုက်စဉ် နောက်ထပ် အချက်အလက်များ ပေါ်ထွက်လာသည်။

“မင်းဘယ်လိုသိတာလဲ”

ကျန်ရန်ဖေခင် သည် အံ့သြစွာကြည့်လိုက်သည်။ ဒါကိုသူက ကူရှပ်ရှင်းကိုတောင် မပြောပြခဲ့ပါဘူး။

သူ့ဆီက စကားထွက်လာသောအခါ လူတိုင်းရုပ်ရုပ်သဲသဲ ဖြစ်သွားသည်။ ဂျန်ရွန်ဖေခင်သည် ကြေးလူသားကို တိုက်ခိုက်ခဲ့တာ သာရှိသည်။ ဒါကိုဆွန်းမိုက ဒဏ်ရာရှိသည်ဟု ပြောနိုင်သည်၊ "သူ့သုံးသပ်ချက်က ဘာလို့ ဒီလောက် အစွမ်းထက်ရတာလဲ"

"မင်းသေချာပေါက် ရမ်းချတာ"

ကျန်းရှန် အေးစက်စက် ပြောလိုက်ပြီး "မင်းအောင်မြင်ချင်စိတ် ပြင်းထန်တယ်"

ကျန်ရန်ဇောင်သည် ကျန်းရှန်ပြောတာကိုလဲ မှန်တယ်လို့ ထင်သည်။ ဆွန်းမိုက သူ့နာမည်ကို မသန့်ရှင်းနိုင်ခဲ့ပါက သူရဲ့ ဂုဏ်သတင်းသေချာပေါက် ပျက်စီးသွားမည်။ ထို့ကြောင့် သူလက်စားချေရန် အဖြေတစ်ခုခု လိုသည်။

"ကျန်းရှန်၊ တော်သင့်ပြီ"

ကူရှပ်ရှင်း၏ အသံသည် ရှင်းလင်းပြီး အေးစက်သည်၊ ကျန်းရှန်စိတ်ထဲက လွန်လွန်ကဲကဲခံစား လိုက်ရသည်။ "မင်းက ဆာလောင်မှုဆိုတာ ဘာလဲမသိတဲ့ လူချမ်းသာတစ်ယောက်ပဲ။" ဒီနှစ်မှာ အကယ်ဒမီကို လူပေါင်း ၂၁၆ ယောက်ရောက်လာတယ်။ ဒါပေမယ့် အန်ရှီဝေက အများဆုံး ၁၅ယောက်သာ ခန့်လိမ့်မည်။

အန်ရှီဝေက သူ့ကိုခေါ်ယူနိုင်ရန် ငွေအမြောက်အများ သုံးစွဲခဲ့သည့်အတွက်

သူမအတွက် တစ်နေရာရှိနှင့်ပြီ ဖြစ်သည်။ ချင်ဖန်၊ ဂျန်လင်၊ ကူဘန် တို့က နာမည်ကျော်ကျောင်းက ဘွဲ့ရဖြစ်ပြီး သူတို့ကသေချာပေါက် ဆရာများဖြစ်လာမည်။ ဆိုလိုသည်က ကျန်သည့် ၂၁ဖယောက်မှာ လက်ကျန် ၁၁နေရာအတွက် တိုက်ပွဲဝင်ရမည်။ ၎င်းမှာ ၂ဂအချိုး၁ အလုပ်ရနိုင်ချေဖြစ်သည်။

ကျန်းရှန်သည် မာနကြီးသူ ဖြစ်သော်လည်း သူ့ခွန်အားတစ်ခုတည်းနှင့် နေရာတစ်ခု ရရန်မသေချာပေ။ သူသည် သင်ကြားရေးဌာနကို

ဝင်ရောက်ရန် မဖြစ်နိုင်သည်ကို တွေးမိသည့်အခါ ဆွန်းမိုကို မနာလို ဖြစ်မိသည်။

သူတို့ထဲက အများစုသည် ဆွန်လျောင်အကယ်ဒမီက ဘွဲ့ရပြီး ဆွန်းမိုနှင့်ယှဉ်ရင် သူက အများကြီးနိမ့်ကျသည်။ ဆွန်းမိုတွင် အန်ရှီဝေကဲ့သို့ ရည်စားရှိပြီး မမျှော်လင့်ထားသည့် အဖြစ်အပျက်များ မဖြစ်ခဲ့လျှင် သူသည် ဆရာဖြစ်မည်ကို အာမခံနိုင်သည့် အနေထားတွင် ရှိသည်။

"သူ့မှာဘာရှိလဲ၊ ရုပ်ချောတဲ့ မျက်နှာလား၊ အန်ရှီဝေနဲ့ငယ်ကျွမ်းဆွေ ဖြစ်လို့လား"

အစမ်းခန့်ဆရာများ၏ သီးသန့်စကားဝိုင်းတွင် အများစုက ဆွန်းမိုကို လှောင်ပြောင်ကြသည်။ ထိုကြောင့် ဒုကျောင်းအုပ် ကျန်ဟန်ဖူက ထောက်ပံ့ရေးဌာနကို ပို့လိုက်သည့်အခါ သူတို့ဝမ်းသာပြီး လက်ခုပ်တီး ကခဲ့ကြသေးသည်။

အစမ်းခန့် ဆရာများသည် အဆောင်တစ်ခုတည်းတွင် အတူနေကြသော်လည်း အတူသွား၊ အတူစား၊ အတူပျော်နေကြသည်

မဟုတ်ပါ။ လူတိုင်း၏ စိတ်ထဲတွင် တစ်ဦးနှင့်တစ်ဦး ရက်စက်မှုကို ဖုံးကွယ်ထားကာ ကြမ်းကြုတ်သော အရိုင်းအဝါကို ထိန်းချုပ်ထားပြီး အခြားလူများကို နင်းချေရန် ကြံနေကြသည်။ ဘာကြောင့်ဆို သူတို့အားလုံး ပြိုင်ဘက်များ ဖြစ်နေကြသည်။

အကယ်၍ သူတို့သည် နေရာတစ်ခုကို ရပါက ကျောင်းမှာဆက်နေပြီး အနာဂတ်ဘဝ တောက်ပလာမည် ဖြစ်သည်။ အဖြုတ်ခံရသည့် သူများသည် နောက်ကျောင်းများတွင်

အလုပ်ရရန်သာ မျှော်လင့်နိုင်တော့သည်။ ဒီနှစ်အလုပ်ခေါ်သည့် အချိန်ကို ကျော်သွားပါက နောက်တစ်နှစ် အလုပ်ခေါ်သည့်အချိန်ကို စောင့်ရမည်။

"ဘဝကြီးက ခက်ခဲလွန်းပါသည်။"

ဒီအချက်ကိုတွေးမိပြီး ကျန်းရှန်၏ စိတ်ထဲတွင် ခံစားချက်ပေါင်းစုံ ပေါ်လာသည်။ ဒါသည် သာမန်ဘွဲ့ရသူ တစ်ယောက်၏ ဘဝဖြစ်ပြီး ပြိုင်ဆိုင်မှုနှင့်ပြည့်နှက် နေသည်။ နာမည်ကျော် ကျောင်းမှာတော့ ဘဝအတွက် ကွဲပြားခြားနားသည့်

အခြအနေတွင်ရှိသည်။ ထိုသူများသည် ဘွဲ့မရခင်က တည်းကပင် ကျောင်းတွေက မြင့်မားသော လစာများဖြင့် ဆွဲဆောင်ခံကြရသည်။

ဒါကြောင့် ကျန်းရှန်သည် ဆွန်းမိုကို ပစ်မှတ်ထားနေရသည်ကို သိနိုင်သည်။ ထိုအချိန်က အလုပ်ဖြေဆိုသူများသည် စမ်းသပ်မှုများစွာကို ကျော်ဖြတ်ခဲ့ကြ ရသည်။ သူတို့အသုတ်တွင် ကံဆိုးသူ တစ်ယောက်ရှိခဲ့သည်။ ထိုသူသည်လည်း စမ်းသပ်ကျော်ဖြတ်ခဲ့ရသည်။ သို့သော် အလုပ်ခန့်သည့်နေရာကို ရုတ်တရက်

တစ်နေရာစာ လျှော့လိုက်သည့် အတွက် အမှတ်အနည်းဆုံးသော ကံဆိုးသူသည် နောက်ဆုံးတွင် အဖြုတ်ခံလိုက်ရသည်။

ကျန်းရှန်တွင် အခွင့်အာဏာနှင့် အဆင့်အတန်းရှိသော အဖေတစ်ယောက်ရှိလည်း တတ်နိုင်ခြင်းမရှိပါ။ သူသည် သူ့ကဖေက စည်းမျဉ်းများကို ပြောင်းလဲပြီး သူ့အတွက် တစ်နေရာစာ ဖန်တီးပေးရန်မျှော်လင့် ခဲ့ဖူးသည်။

ထိုအချိန်က ဆွန်းမိုကို စိတ်ပျက်နေသည်။ သူဒါကို မမျှော်လင့်ထားပါ။

"ခဏ" တစ်ခုခုတော့ မှားနေတယ်။ ငါဆရာဌာနကို ဝင်ဖို့အတည်ပြုချက် မရသေးပါဘူး။ ဤရက်ပိုင်းတွင် အန်ရှီဝေနှင့် လည်းမတွေ့ခဲ့ပါ။ အန်ရှီဝေကို နှိမ့်ကွပ်ဖို့ အဆင်မြင့်ရာထူးရှိတဲ့ သူတေ့ွမှာ အစီစဉ်အများကြီးရှိမှာ သေချာတယ်။

ဆွန်းမို၏ အခြေအနေသည် တကယ့်ကိုဆိုးဝါးလွန်းခဲ့သည်။ ထောက်ပံ့ရေးဌာနက လီကုန်က ဆွန်းမိုကို အလုပ်ဖြုတ်နိုင်ဖို့ အခွင့်အရေးရှာနေခဲ့သည်။

"ဟွန့် အရည်ချင်းမရှိတဲ့ ဆန်ပျော့ကောင် သူနဲ့ စကားပြောရမှာတောင် ရှက်ဖို့ကောင်းတယ်"

ကျန်းရှန်က ညည်းတွားလိုက်သည်။ ကူရှုပ်ရှင်းစကားကို ကြားပြီးနောက် သူထပ်မံပြီး မလှုပ်ရှားရဲတော့ပါ။ ထိုနောက် "ငါမင်းကြောင့် စိတ်အနှောက်အယှက် မဖြစ်ဘူး" ဆိုတဲ့အကြည့်နဲ့ ကြည့် လိုက်သည်။

"ဟီး ဟီး ၊ဒီကျောင်းသားက သူ့ညာလက်မောင်းမှာ ဒဏ်ရာရထားလို့ မိုးကြိုးလက်ဝါးကို ၉၀% ပဲထုတ်နိုင်တာကိုတောင်

မင်းစောက်ထင်ကြီးပြီး ကြွားနေတုန်းလား။ မင်းကန်းနေလား”

ဆွန်းမိုက ပြောင်လိုက်သည်။

“

“ မင်းဆရာဌာန ကိုရောက်ချင်ရင် ကောင်းကောင်း လေ့လာပြီး သင်ကြားရေး လက်ထောက်အရည်အချင်း တိုးတက်အောင်လုပ် မိန်းမတစ်ယောက်ခြေနဲ့ လိုက်ရှုပြီး နာမည်မပျက်စေနဲ့။”

“နာမည်ပျက်ဆိုတာ ဘယ်သူ့ကိုပြောတာလဲ”

ကျန်းရှန်သည် ဆွန်းမိုကို စိုက်ကြည့်လိုက်ကာ ဒေါသတကြီး ပြောလိုက်သည်။ မျက်လုံးလည်း အနည်းငယ် ပြူးထွက်နေသည်။ ဆွန်းမိုသည် ငယ်သားကို သင်ပေးသည့် အကြီးတစ်ယောက်လို လုပ်နေသည်။

“ဒီလိုလုပ်ဖို့ မင်းမှာ ဘာအရည်အချင်းရှိလဲ”

ကူရှုပ်ရှင်း၏ အမူအရာ တင်းမာလာသည်။ အဝတ်ဖိနပ်ဝတ်ထားသော ခြေထောက်က

မြေပြင်ကို မသိမသာကုတ် ခြစ်မိသည်။ ခြေထောက်အနံ့ကြောင်း ပြောတုန်းက ဆွန်းမိုသည်သူမကို ရည်ညွှန်းပြီး ပြောဆိုတာ မဟုတ်ပေမယ့် နားထောင်ရတာ အဆင်မပြေပါ။

"ပင်ကိုယ်အရည်အချင်း၊ လုပ်ဆောင်နိုင်ကြောင်း မပြောဘဲနဲ့တောင် မင်းရဲ့ လက်ရှိအနေထားက ကူရှပ်ရှင်းထက် အရာရာ နိမ့်ကျနေတယ်၊"

ဆွန်းမိုက ပေါ့ပေါ့ပါးပါး ရယ်လိုက်ပြီး “နာမည်ပျက်တဲ့ လူလို လုပ်မနေနဲ့၊ သူမကတောင်မင်းကို အထင်သေးသွားမယ်”

“မင်းကိုမင်း အရည်ချင်းရှိတယ်လို့ ထင်နေတာလား” ကျန်းရှန်က ပြန်အော်ပြောလိုက်ပြီး ကူရှုပ်ရှင်းကို စိုးရိမ်တဲ့မျက်လုံးနဲ့ ခိုးကြည့်လိုက်သည်။ သူမ၏ မျက်နှာတွင် မာနရှိသော အရိပ်အရောင်ပေါ် နေသည်။ သူမသည် သူဘက်က ကာကွယ်ပြောဆိုပေးမည့်ပုံ မပေါ်ပါ။

ကူရှုပ်ရှင်းကဲ့သို့ မာနကြီးသည့် မိန်းမမျိုးသည် သူမထက် ထူးချွန်ထက်မြက်သည့် သူကိုသာ ကြိုက်နှစ်သက်လိမ့်မည်။

"သူမ ငါ့ကို မတားဘူးလား"

ဆွန်းမိုသည် နှုတ်ခမ်းတွန့်ကာ ပခုံးလှုပ်လိုက်သည်။

"??"

ကျန်းရှန်လည်း အံဩသွားပြီး မျက်နှာနီရဲလာကာ စိတ်ထဲတွင် မနာလိုမုန်းတီးမှုများ ပြည့်လာသည်။

"ဒါက ပုံမှန်ပဲ၊ ဆွန်းမိုသည် ဘာကြောင့် ကူရှပ်ရှင်းကို ကြိုက်ရမှာလဲ။ သူနှင့် စေ့စပ်ထားသည့် အန်ရှီဝေသည် နှစ်တစ်ရာအတွင်း တစ်ခါသာ ပေါ်တတ်သည့် ထူးခြားကောင်းကင်ဘ အကာယ်ဒမီက ပါရမီရှင် ဖြစ်သည်။ သူမသည် ကျော်ကြားသည့် ဘွဲ့ရတစ်ယောက်ဖြစ်ပြီး ကြယ်(၃)ပွင့်အဆင့် မြတ်ဆရာတစ်ယောက်လည်း ဖြစ်သည်။ သူမသည် တစ်နှစ်တာ အတွင်းပြိုင်ဘက်ကင်း ကျောင်းတွင်း အလှဘုရင်မ တစ်ယောက်လဲဖြစ်ပြီး မိန်းမလှလေးများအဆင့်တွင် အဆင့်(၇)

ချိတ်သည့် လူသိရှင်ကြားကျော်ကြားသည့် အလှပိုင်ရှင်ဖြစ်သည်။

ပင်ကိုယ်အရည်ချင်း၊ အလှအပ၊ ကျော်ကြားမှုတွင် ကူရှပ်ရှင်းသည် အန်ရှီဝေနှင့် တစ်ဆင့်တည်း မဟုတ်ပါ။

ကူရှပ်ရှင်း မျက်နှာပျက်သွားပြီး ဆွန်းမိုက တစ်ချက်ကြည့်လိုက်သည်။ ထိုလှျာစောင်းထက်သော ကောင်ကို အနည်းငယ် လက်စားပေးချင် စိတ်ပေါက်နေသည်။

ဆွန်းမိုသည် ကျန်းရှန် ကို ဖြတ်သွားသောအခါ ပခုံးပုတ်လိုက်ပြီး ဆွဲဆောင်သည့်အသံနှင့်

“ငါ့ကို ယောကျာ်းတစ်ယောက်အနေနဲ့ ကတိပေးစမ်းပါ၊ မင်းနာမည်ပျက်တဲ့ လူတစ်ယောက်မလုပ်ဘူးလို့၊ ဟုတ်တယ်ဟုတ်”

“ဖူး”

ပွဲကြည့်နေသည့် ကျောင်းသားများသည် ဒါကိုကြားလိုက်ရင် အလိုလို ရယ်မိကြသည်။ သူတို့ထဲက တစ်ချို့က စိတ်မကောင်းသည့် ပုံစံပြကြသည်။ တစ်ချို့က

သူတို့၏နတ်ဘုရားမလေး ကူရှပ်ရှင်းကို နှလုံးသားထဲက တိတ်တိတ်လေး ချီးကျူးပြီး ကြိတ်ပိုးချင်နေကြသည်။

"ဆရာက တော်တော်အပေါက်ဆိုးတာပဲ"

ချီရှန်ကျားလည်း သက်ပြင်းချကာ ဆွန်းမို နောက်ကို အလျှင်အမြန် လိုက်သွားသည်။

ကျန်းရှန် လက်သီးကို တင်းကျပ်နေအောင် ဆုပ်လိုက်ပြီး အရိုးအက်ကွဲသံများ ပေါ်လာသည်။ သူသည် သေအောင်ရိုက်သတ်ချင်သော်လည်း မလုပ်နိုင်ပါ။ ကျောင်းသားအများကြီးရှေ့တွင်

ရန်ဖြစ်ပါက အနှုတ်သဘော သက်ရောက်သွားပြီး အလုပ်ထုတ်ခံရဖို့ ၈၀ မှ၉၀% သေချာသည်။

“ ကျန်ရန်ဖောင် သွားကြစို့”

ထောင့်တစ်ခုကို ဦးတည့်သွားနေသည့် ကူရှုပ်ရှင်းကို အော်ခေါ်လိုက်သည်။

“ကူရှုပ်ရှင်း”

ကျန်းရှန်က အလျင်စလို အော်ခေါ်လိုက်ပြီး လေးစားအထင်ကြီးမှုကို ပြန်လိုချင်နေသည်။

ကူရှုပ်ရှင်းက လုံးဝကိုဂရုမစိုက်တော့ပါ။

"ရှုပ်ရှင်း၊ ရှုပ်ရှင်း"

ကျန်းရှန်သည် ထိတ်လန့်သွား ကာ အော်ဟစ်ပြေး လိုက်သွားသည်။

"တော်သင့်နေပြီ၊ ငါ့ကို ရှုပ်ရှင်းလို့မခေါ်နဲ့။ ငါတို့က တစ်ယောက်နဲ့ တစ်ယောက်ရင်းနှီးလို့လား" ကူရှုပ်ရှင်းက ခေါင်းပြန်လှည့်ကာ ပြန်ပြောလိုက်သည်။

"ဘယ်လောက် စိတ်ပျက်စရာကောင်းသလဲ"

"သူက ဆန်ပျော့ကောင်ကို မနိုင်ဘူး၊ ကြည့်ရတာ ကျန်းရှန်လဲ ဆန်ပျော့ကောင်လိုပါပဲ"

"သူ့နာမည်ကဘာလဲ။ ကျန်းရှန်လား။ နာမည်ကြားရုံနဲ့ မြတ်ဆရာတစ်ယောက် မဖြစ်နိုင်ဘူးလို့ ငါပြောနိုင်တယ်"

ကျန်းရှန်သည် ကူရှုပ်ရှင်း၏ အေးစက်သော အကြည့်ကိုမြင်ပြီး အေးခဲသွားသည်။ ထိုစဉ်ကျောင်းသားများ၏ တီးတိုးသံမှာ နားထင်ကို ဝင်လာသည်။ ၎င်းတို့အားလုံးသည် အနှုတ်သဘောဆောင်နေပြီ ဖြစ်သည်။ သူသည်းမခံနိုင်တော့ဘဲ ပါးစပ်ကိုလက်နှင့် အမြန်ပိတ်လိုက်သည်။

"ဖူး"

ကျန်းရှန်သည် ဒေါသထွက်လွန်းပြီး ပါးစပ်မှသွေးများ ထွက်ကျလာသည်။

"ဆွန်းမို ၊ မင်းနာမည်ကို သေချာပေါက်ဖျက်ပစ်မယ်။ အန်ရှီဝေနှင့် လက်ထက်ချင်တာလား၊ သွားစမ်းပါ။ အိပ်မက် မက်နေလိုက်"

ပါးစပ်တွင် သွေးများနှင့် ပြည့်နေသည်။ ထိုအရာကပင် ဆွန်းမိုကို ပိုပြီးမုန်းတီးစေသည်။

ဆွန်းမိုသည် ကျန်းရှန်ကို ညှာဖို့စိတ်ကူးမရှိပါ။ ဒီကောင်က သူ့နာမည်ကြီးချင်လို့ သရုပ်ဆောင်ဌားခဲ့သည်ဟု လူသိရှင်ကြားပြောခဲ့သူဖြစ်သည်။ ထိုလုပ်ရပ်သည် သူ့ကို ပျက်စီးစေခြင်းစိတ်နှင့် ပြည့်နေသည်။ ထိုသတင်းပြန့်သွားပါက သူ့နာမည် ပျက်စီးသွားမှာသေချာသည်။

မြတ်ဆရာတစ်ယောက် မပြောနဲ့ သာမန်ဆရာ တစ်ယောက်ပင် သူတို့၏ နာမည်ကိုတန်ဖိုးထား ကြရသည်။ နာမည်ပျက်နှင့်

ကျော်ကြားသည့်ဆရာကို ဘယ်ကျောင်းမှ မလိုချင်ကြပါ။

တိုက်ခိုက်ရေး စွမ်းရည်ဒိုကျိုတွင် ကျောင်းသားများသည် ကြေးလူသားများကို ပြင်းထန်စွာ တိုက်ခိုက်ကြပြီး သူတို့ကို ကူရှုပ်ရှင်း သတိထားမည်ဟု မျှော်လင့်သော်လည်း စိတ်မကောင်းစရာ ကူရှုပ်ရှင်းက သူတို့ကို အာရုံစိုက်ခြင်းမရှိပါ။

“ ကျန်ရန်ဇောင်၊ မင်းဘယ်လိုထင်လဲ၊ မင်းညာလက်ကဒဏ်ရာကို သူတကယ် ကူညီပေးနိုင်မယ်ထင်လား”

ကူရှပ်ရှင်းလည်း ညာလက်မောင်းတွင် ဒဏ်ရာရထားသည်ကို မသိခဲ့ပါက ခုနတုန်းက ကျန်ရန်ဇောင် မိုးကြိုးလက်ဝါးနည်းစနစ် ကစားပြတာကို အဆင်ပြေသည်ဟု သူမလည်းထင်မိမည်။

"ကြေးလှူသားကို မတိုက်ခိုက်ခင် ညာလက်ကို ပွတ်လိုက်တာကို တွေ့သွားတာဖြစ်မှာပေါ့"

ကျန်ရန်ဇောင်က ကောက်ချက်ချလိုက်သည်။ " ဒီအချက်ကိုအခြေခံပြီး ဒဏ်ရာရတာလို့ ဆုံးဖြတ်လိုက်တာဖြစ်မယ်။ ဒါမှမဟုတ် ရမ်းပြောလိုက်တာဖြစ်မယ်"

ကူရှပ်ရှင်း တိတ်ဆိတ်သွားပါသည်။ သူမသည် ကျန်းရှန်နှင့် ဆွန်းမိုကြားက အဖြစ်အပျက်ကို ပြန်စဉ်းစားနေသည်။

အစမှအဆုံးထိ ကျန်းရှန်သည် ဆွန်းမိုကို မယှဉ်နိုင်တာကို သတိထားမိသွားသည်။ ချီရွှန်ကျားကို သရုပ်ဆောင်တယ်လို့ စွပ်စွဲရင်တောင် သူ့အရမ်းသည်းခံနိုင်တာ သေချာသည်။ ဆွန်းမို၏တည်ငြိမ်မှုက ထူးဆန်းနေသည်။

“ဒါပေမယ့် ဒီကောင်အပေါက်ဆိုးတယ်။ ငါ့ခြေထောက်ကို နံတယ်လေး ဘာလေးနဲ့ နောက်တစ်ခေါက်တွေ့မှ ပါးစပ်ထဲကို ခြေထောက်ထိုးထည့် လိုက်အုံးမယ်”

ကူရှုပ်ရှင်း၏ ပတ္တမြားပုံစံနှုတ်ခမ်းသည် ကွေးသွားပြီး သူ့အကြောင်းကို ခေတ္တ မတွေးရန် ဆုံးဖြတ်လိုက်သည်။ သူမ၏ ပြိုင်ဘက်ဖြစ်သည့် ချင်ဖန်နှင့် အခြားနှစ်ယောက်သည် နာမည်ကျော်ကျောင်းက ဖြစ်သလို ကျောင်းက နားမလည်နိုင် လောက်အောင်အဆင့်မြင့်သူများ ဖြစ်သည်။ သူမ၏ အဓိကဦးစားပေးမှာ ကျောင်းကို ကာကွယ်ပေးရန် အန်ရှီဝေကို ကူညီပေးရန်ဖြစ်ပြီး တခြားကိစ္စများသည် အရေးမပါပါ။

နောက်တစ်ခုမှာ တိုက်ပွဲခန်းမ ဝင်ခွင့်စာမေးပွဲတွင် ထူးချွန်အောင်လုပ်ပြီး လူတိုင်းအံ့အောသွားစေရန်ဖြစ်သည်။ ကျန်ရန်ဇောင်၏ ပင်ကိုယ်အရည်အချင်းနဲ့ သူမ၏လမ်းညွှန်မှုများကြောင့် မမျှော်လင့်ထားသည့် ကိစ္စများ ဖြစ်လာစရာမရှိပါ။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၁၈) - တိုက်ပွဲခန်းမ၏ဝင်ခွင့်စာမေးပွဲ။

ဆွန်းမိုသည် လူရှုပ်သည်ကိုမကြိုက်ပါ။ ထို့ကြောင့် သူသည်စောစောထကာ လူမစည်ကားခင် ကန်တင်း သွားလေ့ရှိသည်။

"သယ်သွားလို့ရမယ့် ကောက်ညှင်းဖက်ထုပ်နဲ့ ဆန်ပြုတ်တစ်ပွဲယူမယ်၊ ဟင်းရွက်ဆားနယ်တော့ မလိုချင်ဘူး"

ဆွန်းမိုသည် အိတ်ကပ်ထဲက ပိုက်ဆံတွေကို ရေတွက်လိုက်သည်။ သူ့မနက်စာသည်

ကျန်းမာရေးနှင့်မညီညွတ်ပေမယ့် အရမ်းတော့ စားကောင်းသည်။

ကန်တင်းက ထွက်လာပြီးနောက် သူသည် အားကစားကွင်းဘက်ကို ဦးတည်လိုက်သည်။ မနက်ပိုင်းလေ့ကျင့်မှု ပြီးဆုံးသွားသည့် အစမ်းခန့်ဆရာများကို မြင်ရသည်။ သူတို့သည် ယခုအခါ အဆောင်ဘက်ကို ပြန်လာနေကြသည်။

သူတို့၏ ယှဉ်ပြိုင်လိုသည့် စိတ်ကြောင့် တစ်ဦးနှင့်တစ်ဦး နှုတ်မဆက်ကြပါ။

သူတို့၏အကြည့်က တစ်ယောက်နှင့် တစ်ယောက်စိမ်းကား နေကြသည်။

"ဆရာဆွန်း"

သူ့အား လေးစားမှုဖြင့် ခေါ်လိုက်သည့်အသံကို ကြားလိုက်ရပြီး သူထူးဆန်းနေသည်။ အသံလာရာကို ကြည့်လိုက်သည့်အခါ မေပယ်ပင်အောက်တွင် ရပ်နေသည့် အလွန်လှပသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

"အို၊ မင်းလား"

အနည်းငယ်အံ့ဩသွားပြီး မိန်းကလေးတစ်ယောက်သည် သူမနှင့် လိုက်ဖက်သည့် ယောက်ျားလေးဝတ်စုံကို ဝတ်ဆင်ထားသည်။ သို့သော် သူမ၏ လှပသောအသားအရည်၊ နူးညံ့သိမ်မွေ့သော အသွင်အပြင်၊ သွယ်လျသော ပုံစံတို့ကြောင့် မိန်းကလေးတစ်ယောက်မှန်း လူတိုင်းပြောနိုင်သည်။

ဒီမိန်းကလေးသည် သူ့ကိုကယ်ဆယ်ရင်း ရေနစ်သေမလိုဖြစ်ခဲ့သည့် လီဇီချီကလွဲလျှင်

မည်သူဖြစ်ရမည်နည်း။ သူမကိုလက်ခံရန် စနစ်က သတိပေးချက် ထုတ်ခဲ့သေးသည်။

"ဆရာဆွန်း"

လီဇီချီသည် ချိုသာစွာ ပြုံးလိုက်သည်။ အဖြူနှင့် အနက်ရောင် ထင်ရှားစွာ အရိပ်ထင်နေသည့် သူမ၏ မျက်လုံးများသည် လခြမ်းပုံ တွန့်ကွေးသွားသည်။ သို့သော် သူမပြေးလာစဉ် ရှေ့ခြေနှင့်နောက်ခြေ တိုက်မိပြီး အလံကျောက်တုံးပေါ်သို့ လဲကျသွားသည်။

"ဖောက်"

လီဇီချီသည် ဒယ်အိုးထဲကို ပြုတ်ကျနေသည့် ထုံးကျောက်ပြားကဲ့သို့ ဖြစ်နေသည်။

"မင်းအဆင်ပြေရဲ့လား"

ဆွန်းမိုသည် လန့်သွားကာ သူမကို ကူညီရန်ပြေးမလို လုပ်လိုက်ပြီး ပြန်ရပ်လိုက်သည်။ လီဇီချီသည် မျက်နှာကို လက်ဖြင့်အုပ်လိုက်ကာ ကိုယ်က ဘောလုံးကဲ့သို့ ကွေးသွားသည်။

"ဟာ ၊ အရှက်ကွဲပြန်ပြီ။ ငါဘာလို့ ဒီလောက် နမော်နမဲ့ နိုင်ရတာလဲ"

လီဇီချီသည် အပေါက်တစ်ခုကိုရှာကာ ပုန်းလိုက်ချင်သည်။

"မင်းရဲ့ကြင်နာမှုကြောင့် ပရွတ်ဆိတ်လေးတွေက လောကကြီးကို ဆက်ကြည့်ရှုနိုင်တာ"

ဆွန်းမိုသည် သူမကို ကူညီရန်မသွားဘဲ ဘေးမှာထိုင်ကာ ပုရွတ်ဆိတ်တစ်ကောင်ကို ပြောလိုက်သည်။

"အမ်"

လီဇီချီ စတင်ပြီးအသံထွက်လာသည်။

“မင်းက တကယ်ကြြင်နာတတ်တဲ့ မိန်းကလေးပဲ”

ဆွန်းမိုသည် ပြုံးပြီး ပရွတ်ဆိတ်ကို ကောက်ကိုင်ကာ ပြလိုက်သည်။

“အယ်”

လီဇီချီသည် ကြက်သေသေလှျက်ရှိပြီး ခဏနေ သဘောပေါက်သွားသည်။ ဆွန်းမိုသည် ပရွတ်ဆိတ်များကို မနင်းမိစေရန် ဝပ်နေသည်ဟု ထင်သွားသည်။ သူမသည် နမော်နမဲ့နိူင်သည့် မိန်းကလေးအဖြစ်မှ ကြင်နာတတ်သည့်

မိန်းကလေးအဖြစ် ပြောင်းသွားသည်။ သူမ အရှက်ကွဲမှုမှ လွတ်မြောက်သွားပြီးနောက် စိတ်ထဲပျော်လာသည်။

"ငါ့ကို ဘယ်သူမှ ဒီလို မဆက်ဆံဖူးဘူး"

လီဇီချီ ထူးဆန်းသလို ခံစားလိုက်ရသည်။ အတိတ်တွင် သူမလဲကျသွားပါက အစေခံများ၊ အစောင့်များ နှင့်အဒေါ်များသည် လန့်သွားကာ သူမကို နှစ်သိမ့်ရန် ပြေးလာကြသည်။ ဒီနေ့တွင်

မတူညီသည့် အတွေ့အကြုံကို ပထမဆုံးရလိုက်သည်။

ထိုသို့စကားများကို ပြောခြင်းဖြင့် အတိတ်တုန်းကလို အရှက်ရမှုကို မခံစားရပါ။ အဲဒီအစားသူမ နည်းနည်းတောင် ပျော်မိသေးသည်။

“မင်းရော စားပြီးပြီလား”

ဆွန်းမိုသည် ပရွတ်ဆိတ်ကို အောက်ချလိုက်ပြီး လက်ကိုင်ပုဝါကို ပေးလိုက်သည်။

“ဟုတ်စားပြီးပြီ”

လီဇီချီသည် လက်ကိုင်ပုဝါကိုယူကာ သုတ်လိုက်သည်။ ထိုမှသာ သူမ၏ ပါးစပ်အထက်၌ အနည်းငယ်စိုစွတ် နေသည်ကို သိသွားသည်။ သူ၏နှာခေါင်းနဲနဲပွန်း သွားပြီး သွေးနဲနဲထွက်နေသည်။ သွေးကို လက်ကိုင်ပုဝါဖြင့် အမြန်သုတ်လိုက်သည်။

“ဒီကို ဘာလာလုပ်တာလဲ”

သူမသည်သူ့ကို ရှာဖို့ ဒီအထိရောက်လာသည်ဟု ထင်ရအောင် ဘဝင်မြင့်တတ်သူမဟုတ်ပါ။

"ကျောင်းသားသစ် ခေါ်တဲ့ပွဲက နောက်သုံးရက်နေမှ စမှာ။ ဒီနေ့က တိုက်ပွဲခန်းမ ဝင်ခွင့်စာမေးပွဲရှိလို့ လာကြည့်တာ"

လီဇီချီသည် လက်ကိုင်ပုဝါကသွေးကို ကြည့်လိုက်ပြီး မျက်နှာနီသွားသည်။ "ငါလျှော်ပြီးမှ ပြန်ပေးမယ်"

ဗဟိုပြည်နယ်အကယ်ဒမီ၏ တိုက်ပွဲခန်းမသည် ချင်လင်မြို့တွင် အလွန်ကျော်ကြားသည်။ ကျောင်းများသည် ထိုနေရာတွင်

တိုက်ခိုက်ရေးကျွမ်းကျင်သူဖြစ်ရန် ကျောင်းသားများအားလုံးက မျှော်လင့်ကြသည်။

သိုင်းပညာတစ်ခုခုကို ပေါက်မြောက်ချင်သော ကျောင်းသားများသည် ဒီနေရာကို ဝင်ရောက်ခြင်းက မှားသည့် ရွေးချယ်မှုမဟုတ်ပါ။

"လူတွေအများကြီးပါလား"

လီဇီချီသည် ကျောင်းသားအများကြီး တိုက်ပွဲခန်းမ အပြင်ဘက်တွင် ရပ်နေကြသည်ကို

မြင်လိုက်ရသည်။ သူမသည် အလိုအလျှောက် စကားနည်းသွားပြီး

“ သူတို့အားလုံးက စိန်ခေါ်မဲ့သူတွေလား”

“အင်း”

ဆွန်းမိုသည် ချီရွှန်ကျား၏ အရိပ်အယောင်ကို ရှာနေသည်။ ကျောင်းသားတစ်ချို့က ဆုတောင်းနေကြပြီး၊ ကျောင်းသားတစ်ချို့ က သေ္ဂးပွဲအောင်လုပ်နေကြသည်။ အချို့က

ယုံကြည်မှုရှိသည့်မျက်နှာဖြင့် အချို့က အချင်းချင်း လျှို့ဝှက်ဆွေးနွေးနေကြသည်။

တိုက်ပွဲခန်းမ၏ ကျော်ကြားမှုက အားကောင်းလွန်းသည်။ ထို့ကြောင့် သုံးလတစ်ကြိမ် ပါဝင်နိုင်သည့် အရေအတွက်က ပြည့်သွားသည်။ အမှန်တော့ တိုက်ပွဲခန်းမ၏ အဖွဲ့ဝင်တစ်ချို့သည် သုံး၊ လေးကြိမ်လောက် တိုက်ခိုက်ရသည့် အခါလည်းရှိသည်။ ဒီလိုအခြေအနေကို ရှောင်ရှားနိုင်ရန် ခန်းမခေါင်းဆောင်က စည်းမျဉ်းတစ်ခု ထုတ်လိုက်သည်။

စိန်ခေါ်သူသည် စိန်ခေါ်မှုကို မအောင်မြင်ပါက နောက်စာမေးပွဲအတွက် ထပ်စိန်ခေါ်လို့မရပါ နောက်ထပ် တစ်နှစ်ခွဲ စောင့်ရမည်။

ဒါက ချီရှုန်ကျားအတွက် နောက်ဆုံးအခွင့်အရေးပါ။ သူ့အဖေက ကုန်ကျစရိတ်အကြောင်း မပြောပေမဲ့ ချီရှုန်ကျားသည် ဒီတစ်ကြိမ် တိုက်ပွဲခန်းမဝင်ခွင့် မအောင်မြင်ပါက ကျောင်းကထွက်ရမည် ဖြစ်သည်။

ကျောင်းလခတွေက

တော်တော်ဈေးကြီးပါသည်။ သူသာမတိုးတက်ပါက ဒီမှာဆက်နေရန် မျက်နှာမရှိတော့ပါ။

ရှစ်သံချီ သံထွက်လာသည်။

"ဒို ဒို ဒို့"

တိုက်ပွဲခန်းမရှေ့တွင် ကျောင်းသားများ စုရုံးသွားပြီး တိတ်ဆိတ်သွားသည်။ သူတို့သည်ဦးညွှတ်ကာ အဝင်ပေါက်ကို ဦးတည်သွားကြသည်။

အရပ်နှစ်မီတာခန့်ရှည်သော လူငယ်တစ်ယောက်သည် ထိုနေရာတွင်ရပ်လိုက်ကာ သံခေါင်းလောင်းလို ကြည်လင်သော အသံဖြင့် ကြေညာလိုက်သည်။

“စိန်ခေါ်သူများအားလုံး ဝင်ပေါက်ရှေ့တွင် တန်းစီပြီး တံဆိပ်ပြားများ ကိုယူပါ။ သင်ရသည့်နံပါတ်အတိုင်း ပြိုင်ပွဲဝင်ပြိုင်ရမယ်။ သင့်နံပါတ်ကိုခေါ်လိုက်သည့် အချိန်တွင်မရှိပါက အရှုံးပေးတယ်လို့ သတ်မှတ်ပါမည်။”

ကြေညာလိုက်ပြီးသည့်အခါ ကျောင်းသားများသည် ပျားအုံများကဲ့သို့ ရှေ့သို့ ချက်ခြင်းတက်သွားကြသည်။ သူတို့သည် နေရာတစ်ခုကို လုချင်နေကြသည်။

“တိတ်ပေးကြပါ။ ရုန်းရင်းဆန်ခတ်ဖြစ်သည့်ဘယ်သူမဆို စိန်ခေါ်နိုင်သည့် အရည်ချင်းကို ဖယ်ရှားပစ်မယ်”

လူငယ်တစ်ယောက်က ကြေညာလိုက်သည်။ သူ၏အသံက မကျယ်သော်လည်း

မိုးကြိုးပစ်လိုက်သကဲ့သို့ လူတိုင်း၏ နားထဲတွင် ကျယ်လောင်စွာ ကြားလိုက်ရသည်။

ကျောင်းသားများသည် လိုက်နာသည့် ပုံစံပြောင်းသွားသည်။ ကြေညာသောသူသည် တိုက်ပွဲခန်းမ၏ အဆင့်(၅)တွင်ရှိသော ဇူးတင်ဖြစ်သည်။ သူသည် ဘက်မလိုက်တတ်ဘဲ ကျောင်းစည်းကမ်းကိုသာ လိုက်နာတတ်သောသူဖြစ်သည်။ သူသည် စိန်ခေါ်ပွဲက ထုတ်ပစ်မည် ပြောသကဲ့သို့ တစ်ကယ် လုပ်မည့်သူဖြစ်သည်။

လူတိုင်းသည် အခွင့်အရေးကောင်းသော နံပါတ်ကို လုခြင်းအားဖြင့် သူတို့ ပြိုင်ပွဲဝင်ခွင့်ကို အဆုံးရှုံးမခံချင်ကြပါ။ ဒါဟာအရမ်းစိတ်ပျက်စရာကောင်းပါသည်။

လူတိုင်း စည်ကမ်းတကျတန်းစီလိုက်သည်နှင့် ပိုမြန်ကာ ထိရောက်လာသည်။ ကျောင်းသားများသည် သတ္တုသေတ္တာတစ်လုံးရှေ့ကို သွားကာ လက်ကိုအထဲထည့်လိုက်ပြီး မဲနှိုက်လိုက်သည်။

"ကောင်းကင်ကြီး ငါ့ကို ကောင်းချီးပေးပါ"

ဇူးတင်သည် ချက်ခြင်းကျိန်ဆဲလိုက်သည်။

"ကောင်းကင်က ကောင်းချီးပေးမှာ မဟုတ်ဘူး။ မင်းတို့ရဲ့ကြိုးစားမှုကိုပဲ မင်းတို့အားကိုးရမှာ ။မင်းတို့မယုံဘူးဆိုရင် ချက်ခြင်းတိုက်ခိုက်ပါ။ အခြားသူရဲ့ အချိန်တွေကို မဖြုန်းနဲ့"

ဇူးတင်ကဆက်ပြီး

"ကျန်တဲ့သူတွေက စောင့်နေပါ။ မင်းတို့က မြန်မြန်လုပ်ကြ။

သေတ္တာကို မိန်းကလေးထင်နေတာလား၊ ဘာလို့ ဒီလောက်အကြာကြီး နှိုက်နေတာလဲ”

ဇူးတင်၏ စကားများသည် ရယ်စရာကောင်းသော်လည်း ကျောင်းသားများ မရယ်ရဲကြပါ။

လူတိုင်းမကြာရဲတော့ဘဲ သစ်သားပြားများကို မြန်မြန်နှိုက်ကြတော့သည်။ အမှန်တော့ သူတို့နံပါတ်များကိုပင် ကြည့်ချိန်မရလိုက်ပါ။ ထိုနောက်မှာ ပြိုင်ပွဲဝင်မည့်နေရာကို သွားကြသည်။

"ကျန်တဲ့သူတွေက မနက်ဖြန်မှ မဲဆက်နှိုက်ရမယ်"

ကျောင်းသား၅၀၀ ပြည့်သည့်အခါ ဇူးတင်က အော်ပြောလိုက်သည်။

"သွားပြီး ပြင်ဆင်ကြပါ။ ပထမဆုံးစိန်ခေါ်မှုက ၁၀မိနစ်အတွင်စမယ်"

ဇူးတင်သည် ပြောပြီးနောက်၅၀ ကီလိုဂရမ်လေးသည့် သေတ္တာကိုလက်တစ်ဖက်တည်းဖြင့် သယ်သွားသည်။ ထို့နောက် တိုက်ပွဲခန်းမထဲကို ပြန်လာသည်။

"သွားပါပြီ"

ဖူးတင်ပျောက်သွားပြီးနောက် ကျောင်းသားတစ်ယောက်သည် နံပါတ်ပြားကိုပစ်ပေါက်ကာ ဝမ်းနည်းစွာ အော်လိုက်သည်။

သူ့ဘေးကလူများက သစ်သားပြားကို ကြည့်ပြီး သူ့ကို သနားစွာကြည့်လိုက် ကြသည်။

လက်မအရွယ် သစ်သားပြားပေါ်တွင် '၁ ဖန်ယန်'

သတ္တမတန်းကျောင်းသား ဖန်ယန်သည် နံပါတ်တစ် အဖြစ်ကျော်ကြားပြီး လူတိုင်းက

အသိအမှတ်ပြုထားကြသည်။
ကံဆိုးသူကျောင်းသားသည် လူ၅၀၀ထဲမှာမှ ရအောင်ရွေးနိုင်သည်။ သူ၏ဆိုးဝါးလှသော ကံတရားကို မကျော်ဖြတ်နိုင်ခဲ့ရှာပါ။

သို့သော်သက်ပြင်းချသူသည် သူတစ်ယောက်တည်းတော့ မဟုတ်ပါ။ ထိပ်တန်း၁၀၀ကို မဲပေါက်သည့် သူများသည်လည်း သူတို့၏ စျာပနပွဲကို ရောက်နေကြသလို ဖြစ်နေကြသည်။

ဆွန်းမိုသည် အချိန်အများကြီး မရှာလိုက်ရဘဲ ချီရှန်ကျားကို တွေ့လိုက်သည်။ ချီရှန်ကျားသည် လှေကားပေါ်တွင်ထိုင်ကာ မြေပြင်ကို ငေးကြည့်နေသည်။ မျက်လုံးတွေက နီရဲကာ ငိုထားမှန်း သိသာသည်။

"ကံမကောင်းဘူးလား"

ချီရှန်ကျား၏ အနေထားကိုမြင်ပြီးကတည်းက ဆွန်းမိုသည် အဖြေကိုသိပြီးသား ဖြစ်သည်။

ရွှန်ကျားသည် သစ်သားပြားကို ပေးလိုက်သည်။ ဆွန်းမိုက မယူလိုက်ဘဲ နံပါတ်၁၀၆ ကိုမြင်လိုက်သည်။

"မင်းရဲ့ကြိုးစားမှုကို လူတိုင်းမြင်နိုင်တယ်။ မင်းသာဆက်ကြိုးစားရင် နှစ်ဝက်အတွင်း ထိပ်ဆုံး ၁၀၀ထဲကလူကိုတောင်နိုင် နိုင်တယ်"

ဝမ်ဟောင်နှစ်သိမ့်လိုက်ပေမယ့် သူ့စကားကို သူတောင်မယုံပါဘူး။

ဤရက်ပိုင်းအတွင်း ချီရွှန်ကျားသည် ယုံကြည်မှုအပြည့်နှင့် စကားပိုပို ပြောလာသည်။

အမြဲတမ်းရုက်နေတတ်သည့်သူက စာမေးပွဲဖြေမည့် စကားတောင် ကောင်းကောင်းပြောနိုင်ခဲ့သည်။ ဒါပေမယ့် နံပါတ်ကို နှိုက်လိုက်ပြီးသည့်အခါ တက်ကြွမှုနှင့် စွမ်းအားများ ပျောက်ဆုံးကုန်သည်။

"ဆရာ"

ဆွန်းမိုကို မြင်လျှင် ချီရွန်ကျားသည် ဝမ်းနည်းသံကြီးနှင့် နှုတ်ဆက်လိုက်သည်။ သွေးမျက်ရည်ထွက်နေတာ သေချာသည်။

"ဝိုး၊ ဒီကျောင်းသားက ချီရွှန်ကျား မဟုတ်လား။ မင်းစာမေးပွဲဖြေမယ် ကြေညာတုန်းက ဒီပုံမဟုတ်ပါဘူး"

ယန်လီသည် အထူးသဖြင့် ချီရွှန်ကျား ရှုံးနိမ့်သည်ကိုမြင်လျှင် နောက်ပိုင်းတွင် သူကဲ့ရဲ့နိုင်သည်။ ဒါပေမယ့်လည်း ချီရွှန်ကျား၏ကံ ဒီလောက်ဆိုးမည်ဟု မထင်ထားပါ။ ဒါကစိန်ခေါ်မှုတစ်ခု မဟုတ်ဘူး ကျိန်းသေရှုံးမည့်ပွဲပါ။

“မင်းပြိုင်ဘက် ဘယ်သူလဲဆိုတာ ကြည့်ခွင့်ပေးပါလား”

ယန်လီက နေရာရွှေ့လိုက်ပြီး “ပိုင်ဝမ်လီ?” ဒီကောင်က ငါတို့နဲ့တစ်နှစ်တည်းပဲ ဒါပေမယ့်သူက ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့်(၆) ရောက်နေပြီ။ ဒီကောင်ရဲ့ အဟာရံဝစချက်လက်ဝါးက နာမည်ကြီးပဲ။ မင်းက ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့်(၃)ဆိုတော့ ဘယ်လိုနိုင်မှာတုန်း”

“ချီရွှန်ကျားက အဆင့်(၄)လား”

ဝမ်ဟောင်မျက်လုံးပြူးသွားသည်။

"အဆင့်(၄) မင်းမကြာခင်က အဆင့်တက်ခဲ့တာလား"

ယန်လီအံ့သြသွားသည်။ ခဏနေ အသံနိမ့်ပြီးကျိန်ဆဲလိုက်သည်။ ယန်လီသည် အဆင့်(၅)တွင် ရှိပြီး ချီရွှန်ကျားသည် သူ့ထက်အဆင့်အားနည်းသော်လည်း သူ မကြိုက်သည့်သူ အဆင့်တက်သွားသဖြင့် စိတ်ထဲမပျော် ဖြစ်သွားသည်။

"မင်းပြောလို့ပြီးပြီလား ပြီးရင်လည်း မြန်မြန်သွားတော့"

ကျုံရှီက မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

“ငါကသူ့ကို စေတနာနဲ့သတိပေးတာ။ ရိုက်ခံရပြီးမသေအောင်ကြိုးစား။ သူက အဆင့်(၄) မပြောနဲ့ အဆင့်(၆)ဆိုရင်တောင် ပိုင်ဝမ်လီကို မနိုင်ဘူး။”

ယန်လီသည် ထွက်သွားပြီး ဝှန်းကနဲရယ်လိုက်သည်။ ဤရှုံ့ဖွယ်ကောင်းသည့် တစ္ဆေလိုကောင်သည် နောက်ဆုံးတွင်ကျောင်းက ထွက်ရပြီး ကြောက်နေရတော့မည်။ သူသေချာပေါက်ဒီည ပွဲခံပြီးပျော်ရမည်။

“အရာအားလုံးပြီးသွားပြီ”

ချီရွှန်ကျားသည် မတ်တပ်ရပ်ကာ ဖြည်းဖြည်းချင်း လျှောက်သွားသည်။ ရှင်းရှင်းပြောရလျှင် သူအရှုံးပေးလိုက်ချင်သည်။

ဝမ်ဟောင်နှင့် ကျုံရှီသည် ဒါကို အံဩစရာလို့မထင်ပါ။ သူသာတိုက်ပွဲခန်းမကို ဝင်လိုက်သည်နှင့် ဒဏ်ရာကပြင်းထန်မလား နည်းမလားမသေချာပေ။ အကယ်၍ ဒဏ်ရာပြင်းထန်ပါက ဆေးကုသစရိတ်က သူ့အတွက် ဗုံးတစ်လုံးလို ဖြစ်သွားမည်။

"ငါ မမျှော်လင့်ခဲ့သင့်တာ....ဝူး.."

ချီရှန်ကျားသည် ဝမ်းနည်းစွာငိုရင်း မျက်ရည်သုတ်ဖို့ လက်မြှောက်လိုက်သည်။

ဆွန်းမိုသည် ချီရှန်ကျား၏ အလားလာကို စစ်လိုက်သည်။ အလွန်နိမ့်ကျနေဆဲ ဖြစ်သည်။ စာနာစိတ်(သို့) လူကောင်းတစ်ယောက်ဖြစ်လို့ ဆိုသည့် အကြောင်းပြချက်များဖြင့် ထိုအကြောင်းအရာများသည် ပြောင်းလဲသွားမည် မဟုတ်ပါ။

"စနစ်၊ ဈေးဆိုင်ကိုဖွင့်လိုက်"

ဆွန်းမို တိုးတိုးလေး ရွတ်လိုက်လျှင် ပစ္စည်းများ တင်ထားသည့်စင်သည် ဆွန်းမိုရှေ့တွင် ပေါ်လာသည်။ ခင်းကျင်းပြသထားသည့် ပစ္စည်းများသည် အလွန်နည်းသည်။ ဆွန်းမိုသည် အားလုံးကိုကြည့်လိုက်ပြီး နောက်ဆုံး သူ့အကြည့်သည် စင်၏ ဘယ်ဘက်အောက်ခြေက ကံကြမ္မာ သေတ္တာဆီရောက်သွားသည်။

“ကံကြမ္မာသေတ္တာ၏တန်ဖိုး လေးစားအထင်ကြီးမှု အမှတ် (၁၀)။ သင်သည် နည်းပညာတစ်ခုခု။

ပစ္စည်းတစ်ခုခု၊ ကျင့်ကြံခြင်း ကျင့်စဉ်ကိုရရှိနိုင်မည့် အခွင့်အရေး ၀.၁% ဖြစ်တယ်”

ကံကြမ္မာ ရတနာသေတ္တာကိုကြည့်ပြီး ဆွန်းမိုသည် လောင်းကြည့်လိုက်ရန် ဆုံးဖြတ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၁၉)။ ငါတစ်ယောက်ယောက်ကို သင်ကြားပေးနေသည့်အချိန် မင်းက ဘာအရည်အချင်းရှိလို့ ဝင်နှောက်ယှက်တာလဲ

ပိုင်ရှင်သည် တာဝန်ပြီးမြောက်အောင်မြင်ပါက စနစ်က တာဝန်၏ ခက်ခဲမှုအပေါ် မူတည်ပြီး

ရတနာသေတ္တာများကို ထုတ်ပေးမည်။ အဆင့်နိမ့်အဆင့်မှ အဆင့်မြင့်အဆင့်ထိဖြစ်သည့် သံ၊ ငွေ၊ ရွှေနှင့် စိန်အဆင့် ရတနာသေတ္တာများ ဖြစ်သည်။

ရတနာသေတ္တာကို ဖွင့်လိုက်သည့်အခါ ပိုင်ရှင်သည် ဆုလာဘ်တစ်ခုကို ရမည့် အခွင့်အရေးရှိသည်။ ရတနာသေတ္တာ အဆင့်ပိုမြင့်လေ ဆုလာဘ်တန်ဖိုး ပိုကြီးလေဖြစ်သည်။

ထိုကဲ့သို့ရတနာသေတ္တာ အမျိုးအစားအပြင် နောက်တစ်မျိုးကို ကံကြမ္မာရတနာသေတ္တာဟု

ခေါ်သည်။ သန်းခေါင်ယံအချိန် ရောက်သည်နှင့် ပြန်လည်ဖွင့်လှစ် ပေးသည်။ ထိုကံကြမ္မာရတနာသေတ္တာ အမျိုးအစားကို စနစ်စျေးဆိုင်တွင် လေးစားအထင်ကြီးမှု အမှတ် ၁၀မှတ် ဖြင့်ဝယ်ယူနိုင်သည်။

ပစ္စည်းကောင်းများကို ရရန် အခွင့်အရေးနည်းသည့် ကံကြမ္မာရတနာသေတ္တာသည် ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်သာ ဖြစ်သည်။ သူတို့သည် အသုံးမဝင်တာကို သိပေမဲ့

မျှော်လင့်ချက်ရှိနေခြင်းက သူတို့၏စိတ်ကိုသက်သာစေသည်။

"စနစ်။ အခုငါ့မှာ အမှတ်ဘယ်လောက်ရှိလဲ" ဆွန်းမိုက မေးလိုက်သည်။

"၁၇၀"စနစ်က တိုတိုတုတ်တုတ်ဖြေပေးလိုက်သည်။

တကယ်တော့ ဆွ ွန်းမိုသည် အဖြေကိုသိသည်၊ စနစ်ကို အခွင့်ရေးရမလား စမ်းကြည့်လိုက်ခြင်းဖြစ်သည်။

"ငါက ဘာကြောင့်သိုလှောင်ခန်း ဖွင့်နေရအုံးမှာလဲ။ ရှိသမျှ အကုန်ထုတ်လိုက် ငါဖွင့်မယ်"

ဆွန်းမိုပြောပြီးသည်နှင့် မျက်စိရှေ့တွင် ရတနာသေတ္တာတစ်လုံး ပေါ်လာသည်။

ဆွန်းမိုသည် ဆုလည်းမတောင်း၊ အယူသီးခြင်းလည်း လုပ်မနေတော့ဘဲ ဖွင့် တစ်လုံးသာ တိုးတိုးလေး ရွတ်လိုက်သည်။

ရတနာသေတ္တာ ဖွင့်လိုက်သည်။ အထဲမှာ ဘာမှမရှိပါ။ ကျေးဇူးတင်ပါသည်

နောက်တစ်ကြိမ်ကြိုးစားပါ ဆိုတဲ့ နှစ်သိမ့်စာလေးတောင် ပါမလာပါ။

ဆွန်းမိုဆက်ဖွင့်လိုက်သည်။

နောက်တစ်လုံးကို ဖွင့်လိုက်သော်လည်း ဘာမှမရခဲ့ပါ။ ရတနာသေတ္တာ ဆယ်လုံးအတွက်က ဤဘဝ ဤမျှသာဖြစ်သည်။

"ငါလို့.,..................."

ဆွန်းမိုသည် စနစ်၏အမေကို ဆဲလိုက်သည်။ သူတကယ်ကို ကျယ်ကျယ် ဆဲချင်နေသည်၊ ကံကြမ္မာသေတ္တာ ဆယ်လုံးအတွက်

သူလေးစားအထင်ကြီးမှု အမှတ် ၁၀၀သာကုန် သွားသော်လည်း ဘာမှမရပါ။

“မင်းက လပ်ကီးမကောင်းတဲ့လူပဲ ဘာဖြစ်လို့ ကံကိုလောင်းနေတာလဲ။”

မင်းမိသားစုကိုထည့် မစဉ်းစားဘူးလား။ လေးစားအထင်ကြီးမှု အမှတ်တွေ လွယ်လွယ်နဲ့ ရမယ်ထင်နေတာလား” ဆွန်းမိုသည် ကို့ကိုယ်ကို အပြစ်တင်လိုက်သည်။

ဆွန်းမိုသည် သူ၏ဘယ်လက်ဖြင့် ရိုက်လိုက်သည်။

"ဖောင်း"

လီဇီချီ ကြောက်လန့်ကာ အော်လိုက်သည်။ ဆရာဆွန်းသည် ဒေါသထွက်နေလည်း တော်တော်ချောသည်။

ဆွန်းမိုသည် စကားပြောနေရင်း တန်းလန်းနှင့် သန်းခေါင်ကျော်တိုင်း ရတတ်သည့် ကံကြမ္မာသေတ္တာများ အကြောင်းကို တွေးနေသည်။ ဤရက်ပိုင်းတွင် သူမဖွင့်ဖြစ်ခဲ့သည့် သေတ္တာ ငါးလုံးရှိသေးသည်။

"သေတ္တာအားလုံး ဖွင့်လိုက်"

ဆွန်းမိုသည် တစ်လုံးပြီးတစ်လုံး ဖွင့်ရန်ပင်စိတ်မပါတော့ပါ။

ဆွစ် ဆွစ် ဝှစ်

တောက်ပသည့် အလင်းတန်း ထွက်ပေါ်လာသည်။ ရွှေရောင်တောက်နေသည့် စာအုပ်တစ်အုပ်သည် ကံကြမ္မာရတနာ သေတ္တာပေါ်တွင် ဝဲပျံနေသည်။

" ဂုဏ်ယူပါတယ်။ သင်သည် မဟာအဆင့် ကြွက်သားပြုပြင်ခြင်းနည်းစနစ်ကို ရရှိခဲ့ပါသည်။ ထိုနည်းစနစ်သည် ရှေးဟောင်းအနှိပ်ပညာ နည်းစနစ်လေးခုထဲက တစ်ခုဖြစ်တယ်"

"ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို သုံးပြီး ပစ်မှတ်၏ ဆဲလ်ရှင်သန်အားကို မြင့်တင်နိုင်ပြီး ကြွက်သားပျက်စီးခြင်းကို ပြန်လည်ပြုပြင်ခြင်း၊ ခွန်အားတိုးခြင်း နှင့် ဝိညာဉ်ချီ သိုလှောင်နိုင်စွမ်းမြင့်တင်ခြင်းကို ပြုလုပ်နိုင်သည်။

"မင်းငါ့ကို မာဆက်သမားတစ်ယောက် မဖြစ်ဖြစ်အောင် လုပ်မယ်ဆိုပြီး ဆုံးဖြတ်ထားတာလား"

ဆွန်းမိုသည် ဆွံ့အသွားသည်။ လောလောဆယ် သူလိုချင်နေသည့်အရာက တိုက်ခိုက်ရေးစွမ်းရည်ကို

တိုက်ရိုက်မြင့်တင်ပေးနိုင်သော ဆေးဝါးမျိုးဖြစ်သည်။ ကြွက်သားပြုပြင်ခြင်းနည်းစနစ် လဲမဆိုးပါဘူး။ အခြားသော ကျပန်းရတတ်သည့်နှင့် ယှဉ်ရင် တော်သေးသည်။

"ချီရှန်ကျား ဒီကိုပြန်လာခဲ့။" ဆွန်းမိုပြောလိုက်သည်။

ချီရှန်ကျားသည် စိတ်ပျက်လက်ပျက်နှင့် လှည့်ကြည့်ကာ

"ဆရာဆွန်း ကျွန်တော်မ နိုင် နိုင်တော့ဘူး"

ချီရွှန်ကျား‌ရှေ့ တွင်ရှိသော ဆွန်းမိုသည် မျက်နှာအေးစက်သွားပြီး လက်ကိုမြှောက်ကာ ချီရွှန်ကျား မျက်နှာကို ရိုက်လိုက်သည်။

"ဖောင်း"

ကြည်လင်ပြတ်သားသော ရိုက်ချလိုက်သည့်အသံသည် လမ်းလျှောက်လာသော ဆရာမများကိုတောင် လန့်သွားပြီး ခုန်သွားစေသည်။ သူမသည် မကြည့်မနေနိုင်ဖြစ်ပြီး လှမ်းကြည့်သည်။

"ထပ်ပြောစမ်း" ဆွန်းမိုက ဆူလိုက်သည်။

ချီရှန်ကျားသည် ဒီလောက် စိတ်ပျက်နိုင်စရာမရှိတော့ဘူး လို့ခံစားလိုက်ရသည်။ ဒီလောက်နာတာ ဘာကိုစဉ်းစားနေရမှာလည်း "ပိုင်ဝမ်လီ အဆင့် ၁၀၆"

"ဖောင်း"

ဆွန်းမိုက ချီရှန်ကျားစကားကို ဖြတ်ပြောလိုက်ပြီး "ထပ်ပြောစမ်း"

"ပိုင်ဝမ်လီ အဆင့်……………….."

"ဖောင်း"

ဆွန်းမိုက နောက်တစ်ချက်ထပ်ကျွေးလိုက်သည်။

"ထပ်ပြောအုံး"

"ဖောင်း"

"ပိုင်ဝမ်......"

"ဖောင်း"

ဒီတစ်ခါ ချီရွှန်ကျားသည် ပိုင်ဝမ်လီ၏နာမည်ကိုပင် ဆုံးအောင် မပြောလိုက်ရဘဲလည်း ဖြတ်ရိုက်ခံလိုက်ရသည်။

လီဇီချီ၏ နှလုံးတုန်ခါနေသည်။

“ဆရာ”

ချီရှန်ကျားသည် သူဘာကြောင့် ရိုက်ခံနေရတာလဲ သဘောမပေါက်ပါ။

“ မင်းကစင်ပေါ်တောင် မတက်ရသေးဘူး ဘာကြောင့် သေချာပေါက်ရှုံးမယ်ဆိုတာ မင်းဘယ်လိုသိတာလဲ”

ဆွန်းမိုအလွန် ဒေါသထွက်နေသည်။ သူကျောင်းဆရာ လုပ်ကတည်းကခုချိန်ထိ ဘယ်ကျောင်းသားကိုမှ မရိုက်ဖူးသေးပါ။

ဒါပေမယ့်ချီရှန်ကျားသည် စိတ်ဓါတ်ပျော့ညံ့ပြီး အားနည်းလွန်းသည်။

"ယောကျ်ားတစ်ယောက်အနေနဲ့ မင်းရှုံးလို့ရတယ် ၊ဒါပေမယ့် မင်းထွက်ပြေးလို့တော့ မရဘူး။ မင်းက သနားစရာခွေးတစ်ကောင်လို ဖြစ်နေတာ မင်းကိုယ်မင်းသိလား"

ထိုစကားကို ကြားလိုက်လျှင် အမျိုးသမီးဆရာမသည် အလိုလို ခေါင်းညိတ်လိုက်မိသည်။ သူမ သည်

မျက်လုံးလှလှကြီးများနှင့် ဆွန်းမိုကို အကဲခတ်လိုက်သည်။

"ဆရာဆွန်း၊ စင်ပေါ်ကို သူတက်သွားရင်တောင် နိုင်မှာ မဟုတ်ဘူး။ ဒဏ်ရာကုဖို့ ငွေတောင်လိုအုံးမှာ" ကျုံရှီက ချီရွှန်ကျားကို ထောက်ခံကာ ပြောလိုက်သည်။

"ပါးစပ်ပိတ်ထား"

"အန်"

ကျုံရှီသည် ဆွန်းမို ပေါက်ကွဲနေသည်ကိုမြင်လျှင် ခေါင်းကို အမြန်ငုံ့လိုက်သည်။ သို့သော်

ဆွန်းမိုစကားမှန်သည်ဟု စိတ်ထဲက လက်မခံပေ။ ချီရွှန်ကျား၏ အခြေအနေသည် ရှက်ဖို့ကောင်းသော်လည်း စင်ပေါ်တက်သွားရင်ကော ထူးခြားသွားမှာ မို့လို့လား။

"မင်းမနိုင်ရင်တောင် ပြိုင်ဘက်ကို လွယ်လွယ်ကူကူ အနိုင်ပေးလို့မရဘူး။ မင်းကိုယ်မင်း ခွေးရူးတစ်ကောင်လို့မှတ်ပြီး သူ့ကိုကိုက်ပါ။ ရက်ရက်စက်စက်ကိုက်။ နောက်တစ်ကြိမ် သူကမင်းကိုတွေ့ရင် သနားပြီးအားနည်းနေတဲ့ ခွေးတစ်ကောင်လို့မမြင်စေဘဲ နည်းနည်းတော့

ကိုက်တတ်တဲ့ ခွေးရူးလေးပဲ လို့ မြင်အောင် လုပ်ရမယ် ”

ဆွန်းမိုက ပို့ချလိုက်သည်။

အမျိုးသမီးဆရာမသည် မထိန်းနိုင်ဘဲ ကျယ်လောင်စွာ ရယ်မောလိုက်သည်။

(ဒီမမြင်ဖူးသည့် လူသည် ဒီနေ့စ်မှ အစမ်းခန့်ဆရာဖြစ်လာတာလား။ ဘယ်လောက် စိတ်ဝင်စားဖို့ ကောင်းသလဲ) သူမထွက်သွားဖို့ လုပ်လိုက်သည့် အခါတွင် ဆူညံသံပေါ်လာသည်။

ဆွန်းမို၏ ကိုယ်မှရွှေရောင် အလင်းထွက်ပေါ်လာသည်။

ထို့နောက် ရွှေရောင်အလင်းသည် ချီရှန်ကျားဘက်ကို ပြန့်ကျဲသွားပြီး ချီရှန်ကျားနှင့် အခြားသူများကို ဖုံးလွှမ်းသွားသည်။

ချီရှန်ကျားသည် တိုက်ပွဲဝင်ချင်စိတ်များ ပေါ်လာသည်၊

"မြတ်ဆရာအရှိန်အဝါ"

ကျောင်းသားအားလုံး လှည့်ကြည့်လိုက်ပြီး အလန့်တကြား အော်လိုက်သည်။

"ဆရာဆွန်း စကားက အဓိပ္ပာယ်ရှိတယ်"

လီဇီချီ ၏ လှပသော ဖရဲသီးပုံစံမျက်နှာပေါ်ကို ရွှေရောင်များ ကျရောက်နေသည်။ သူသင်ကြားခံခဲ့ရသည့်အရ ဆွန်းမို စကားများသည် ရိုင်းစိုင်းသော်လည်း သေချာစဉ်းစားကြည့်ရင် မှန်တယ်လို့ထင်နေသည်။

ချီရှန်ကျားသည် အနာဂတ် နောင်တစ်ချိန်တွင် သူ့ပြိုင်ဘက်ကို တွေ့လျှင် သနားစရာခွေးတစ်ကောင်လို ဖြစ်မနေပဲ သူ့အလှောင်ခံရပါက နောက်တစ်ကြိမ်

တိုက်ခိုက်ဖို့မကြောက် ရတော့ပေ။ ပြိုင်ဘက်က နောက်တစ်ကြိမ် တွေ့ရင်တောင် ရှောင်သွားလိမ့်မည်။ ဘယ်သူမှ ခွေးရူးတစ်ကောင်နှင့် နှစ်ခါမတိုက်ချင်ပါ။

"ဒါက ဆရာဆွန်းရဲ့ ပညာရှိစကားတွေလား"

"ဒင်"

လီဇီချီ၏ လေးစားအထင်ကြီးမှု(+၁)

လီဇီချီနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ(၅/၁၀၀)

ချီရှန်ကျားကို အားပေးနေစဥ် ဆွန်းမိုသည် စနစ်၏ အကြောင်းကြားချက်ကိုရပြီး လန့်သွားသည်။ သူသည် အလိုအလျှောက် လီဇီချီကို လှည့်ကြည့်လိုက်မိသည်။

မိန်းကလေးငယ်ငယ်လေး တစ်ယောက်သည် ယောက်ျားအဝတ်များကို ဝတ်ထားသည်။ သူမသည် ဆွန်းမိုကြည့်သည်ကို မြင်တာနှင့် အားပေးသလို လက်သီး ဝှေ့ယမ်းပြလိုက်သည်။

“ဘာလို့၊ ငါဘာလုပ်ခဲ့လို့ လေးစားအထင်ကြီးမှု အမှတ်ရတာလဲ”

ဆွန်းမိုကြောင်နေသည်။ သို့သော် လက်ရှိတွင် အရေးကြီးနေသည်က ချီရွန်ကျားကို ယုံကြည်မှုနှင့် စိတ်ဓါတ်မြှင့်တင် ပေးရန် ဖြစ်သည်။

"ငါ နောက်ဆုံးနည်းသုံးဖို့ အချိန်ရောက်ပြီ၊ ချီရွန်ကျား ငါနဲ့လိုက်ခဲ့"

ဆွန်းမိုက ဦးဆောင်ကာ အနားယူရန် အခန်းလုပ်ထားသည့် တိုက်ပွဲခန်းကို လမ်းလျှောက်သွားသည်။ ဆွန်းမိုသည် လူအများရှိနေသည့် အရှေ့တွင် ရှေးဟောင်းအနှိပ်ပညာကို မသုံးချင်ပါ။

ထိုသို့လုပ်ခဲ့ပါက အနိုပ်သမားဆိုသော နာမည်နှင့် သူ့ကို တွဲမြင်နေပြီး ပြန်ပျောက်အောင် လုပ်ဖို့ခက်နေမည်။

“နောက်ဆုံးနည်းစနစ်” ဟုကြားလိုက်လျှင် ချီရှွန်ကျား မျက်လုံးတောက်ပလာရုံသာမက ဝမ်ဟောင်နှင့် ကျုံရှီလဲ နောက်မှအလျှင်အမြန် လိုက်သွားသည်။ လီဇီချီကတော့ ပြောစရာပင် မလိုပါ။ အမိန့်နာခံတတ်သည့် ခွေးလေးတစ်ကောင်လို တိတ်တိတ်လေး လိုက်လာသည်။

ဒီနေ့သည် စာမေးပွဲဖြေသည့်နေ့ ဖြစ်တာကြောင့် အလုပ်မျိုးစုံ ရှိရန်လိုအပ်သည်။ ဒါပေမယ့် တိုက်ပွဲခန်းမ၏ နာမည်ကြောင့် ကူညီသည့် စေတနာ့ဝန်ထမ်း များပြားသည်။

လက်ပတ်အနီရောင် ဝတ်ထားသော စေတနာ့ဝန်ထမ်းများကို ကြည့်လိုက်သည်။ ဆွန်းမိုက သူတို့တွင် လုပ်ပိုင်ခွင့်ကြီးကြီးမားမား ရှိတယ်လို့ မထင်ပါ။ ထိုကြောင့်စောစောက ဦးဆောင်ခဲ့သော ကျောင်းသားဖူးတင်ကို တိုက်ရိုက်ရှာလိုက်သည်။

“အနားယူဖို့ အခန်းဌားလား”

ဖူးတင်က မျက်မှောင်ကြုတ်လိုက်ကာ ဆွန်းမိုကို အကဲခတ်လိုက်သည်။ သို့သော် သူ့စကားမှာ ငြင်းဆိုမှု တစ်ခုသာဖြစ်သည်၊

"တောင်းပန်ပါတယ်၊ တိုက်ပွဲခန်းမရဲ့ အနားယူခန်းကို အပြင်လူတွေကို တစ်ခါမှ မငှားဖူးဘူး"

"အများဆုံး မိနစ်နှစ်ဆယ်လောက်ပဲ သုံးမယ်"

ချီရှန်ကျားအတွက်ကြောင့်သာ မဟုတ်ရင် ဆွန်းမို ပြောလိမ့်မည်မဟုတ်ပါ။ ထို့နောက်

ဆွန်းမိုကဆက်ပြီး " အဲဒီအတွက် ပိုက်ဆံပေးပါ့မယ်"

"ဟေ တိုက်ပွဲခန်းမ အနားယူခန်းက မင်းပိုက်ဆံဖြုန်းချင်ရုံနဲ့ ဌားလို့ရတဲ့ အရာမဟုတ်ဘူး"

ဇူးတင်၏ အသံထဲတွင် သူကိုယ်သူ အထင်ကြီးနေတာ သိသာလွန်းသည်။ သူဘေးက ကျောင်းသားများသည်လည်း ထိုကဲ့သို့ဖြစ်နေသည်။

ဆွန်းမိုသည် ခေါင်းလှည့်ကာ ထွက်သွားပြီး ဇူးတင်နာမည်ကို စိတ်ထဲ မှတ်ထားလိုက်သည်။ တိုက်ပွဲခန်းမ၏ ကျောင်းသားများသည် ထိုမျှ အထင်ကြီးစရာ ကောင်းလို့လား။ သူသာ တရားဝင်ဆရာဖြစ်လာပါက တိုက်ပွဲခန်းမတွင် အတိုင်ပင်ခံ ဆရာလာလုပ်ပြီး နေ့တိုင်း ဆရာခေါ်ခိုင်းလိုက်မည်။

"သူက အစမ်းခန့်ဆရာ ဖြစ်နိုင်တယ်နော်" ကျောင်းသားတစ်ယောက်က သတိပေးလိုက်သည်။

"အဲဒီတော့"

ဖူးတင်က “သူကကျောင်းမှာ ဆရာဌာနကို ဝင်နိုင်မလား မဝင်နိုင်ဘူးလား မသိသေးပါဘူးကွာ”

ကျောင်းက ဆရာတစ်ယောက်ဆိုပါက ဖူးတင် သဘောတူလိုက်မည် ဖြစ်သည်။ အစမ်ခန့်ဆရာလား၊ ဆောရီးပါ။

အဆင့်အတန်းအနေနှင့် ပြောရမည်ဆိုလျှင် ဖူးတင်သည် အဆင့် (၅) အဖြစ် တောက်ပသောအနာဂတ်နှင့် ကျောင်းသားဖြစ်ကာ ဆရာများစွာက အလေးထားရသူဖြစ်သည်။ ဆရာအနည်းငယ်က သူ့ကို

တိုက်ရိုက်တပြည့်လက်ခံရန် သူတို့၏ သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောခဲ့သော်လည်း ဇူးတင်က အားလုံးကို ငြင်းပယ်ခဲ့သည်။

ဌက်ကောင်းတစ်ကောင်က အပင်ကောင်းကို ရွေးချယ်သကဲ့သို့ ဇူးတင်သည် ကောင်းမွန်သည့် ကမ်းလှမ်းမှုကို စောင့်နေခဲ့သည်။ လေဒဏ်မိုးဒဏ်ကို ကာကွယ်ပေးနိုင်သည့် ဆရာကောင်းတစ်ယောက်နှင့် သူ့အနာဂတ်

လမ်းကြောင်းသည် ပိုပြီး စိတ်သက်သာရမည်ဖြစ်သည်။

“ဇူးတင်”

ဇူးတင်သည် လက်ရှိတွင် သူဌေးကြီးတစ်ယောက်လို စေတနာ့ဝန်ထမ်းများကို လမ်းညွှန်ပေးနေပြီး ခေါင်းမလှည့်မှီတွင် တောက်ပစွာ ပြုံးလိုက်သည်။ တစ်ချိန်တည်းမှာပင် ဗိုက်ကိုချိုက်ကာ ရင်ဘက်ကို မောက်လိုက်ပြီး ကိုယ်ဟန်ထုတ်လိုက်သည်။

“ဆရာဂျီ”

ဖူးတင် အော်ခေါ်လိုက်သည်။ သူ့အသံက လေးစားမှုနှင့်ပြည့်နေသည်။ ဆရာဂျိ ဆိုသည့်စကားကို မကြည့်ဘဲနှင့် သူစိတ်လှုပ်ရှား ဖော်ပြနိုင်ရန် လေ့ကျင့်ခဲ့သည်။

"အစမ်းခန့်ဆရာက မင်းဆီကို စောစောက ဘာလာလုပ်တာလဲ"

ဂျိမဲဂျဲသည် အဖြူရောင် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည်။ လက်ရုံနှင့် ဝတ်ရုံရှည်အောက်ခြေတွင် ရွှေချည်သုံးချောင်း

ထိုးထားသည်။ ထိုအရာသည် ကြယ်သုံးပွင့်အဆင့် ဆရာဖြစ်ကြောင်း ကိုယ်စားပြုသည်။

ရှုးတင်သည် ဖုံးကွယ်ထားဝှံခြင်း မရှိဘဲ အမှန်တိုင်း ပြောပြလိုက်သည်။

“အိုး၊ သူ့ကို အခန်းပေးလိုက်ပါ”

ဂျိမ်ဂျဲသည် ပြောပြီးသည်နှင့် လှည့်ထွက်သွားသည်။

ကျောင်းသားများသည် ခေါင်းညိတ်ကာ တစ်ဦးကိုတစ်ဦး ကြည့်လိုက်သည်။

မြတ်ဆရာတစ်ယောက်ကို စော်ကားသည့် အကျိုးဆက်က ချက်ခြင်း ကျောင်းထုတ်ခံရနိုင်သည်။

"အမ်"

ဂျိမဲဂျဲထွက်သွားသည်နှင့် ဖူးတင်သည် ဆွန်းမိုကို လိုက်ရှာလိုက်သည်။ တစ်ချိန်တည်းပင် မျက်မှောင်ကြုတ်နေသည်။ ဆရာဂျိနှင့် အစမ်းခန့်ဆရာက ရင်းနှီးနေတာလား။ ထိုသို့သာဖြစ်ပါက စောစောက သူ့အပြုအမူသည် အစမ်းခန့်ဆရာ စိတ်ထဲတွင် မုန်းစေနိုင်သည်။

"အခု အနားယူခန်းရတာလား"

ဇူးတင်က ပေါ်လာပြီးပြောလိုက်သည့်အခါ လီဇီချီက ပျော်ရွှင်စွာ ပြန်ပြောလိုက်သည်။

"ဟုတ်ပြီ၊ ငါသူတို့အားလုံးကိုခေါ်လာခဲ့မယ်"

ဇူးတင်၏ အပြုံးက တောက်ပခြင်းမရှိသော်လည်း စောစောက ငါးတစ်ကောင်ကဲ့သို့ စာလျှင်တော်သေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၂၀)။“ကျေးရူးအများကြီးတင်ပါတယ်”

ဇူးတင်၏ အပြုအမူ ပြောင်းလဲသွားရခြင်း၏ နောက်ကွယ်တွင် အကြောင်းပြချက် ရှိမှန်း ဆွန်းမိုသိသည်။ ဒါပေမယ့် သူ ဆန်းစစ်နေဖို့ စိတ်မပါပါ။

အနားယူသည့် အခန်းထဲကို ရောက်သည်နှင့် ဆွန်းမိုက အခြားသူများကို “ဒီအခွင့်အရေးက အရမ်းရှားတယ်၊ မင်းတို့ ပြိုင်ပွဲသွားကြည့်သင့်တယ်။

ဒါက မင်းတို့ တိုးတက်ဖို့ အထောက်အကူ ဖြစ်နိုင်တယ်”

ဆွန်းမိုသည် အကြောင်းပြချက်တစ်ခု ပြောလိုက်သည်။ သူမာဆက် လုပ်နေတာကို မမြင်စေချင်ပါ။

“အမ်”

လီဇီချီသည် ခေါင်းကိုနိမ့်လိုက်ကာ လက်ကို ပွတ်နေသည်။ ဆွန်းမိုက သေချာပေါက် နိမ့်ကျသည့် ကျောင်းသားဖြစ်သူ ချီရွန်ကျားကို အခြေနေ ပြောင်းရန် ဘယ်လိုကူညီမလဲ သူမသိချင်နေသည်။

"ဇီချီ ငါနဲ့လိုက်ခဲ့"

ဆွန်းမိုသည် လီဇီချီ ထိုကဲ့သို့ ဖြစ်နေတာကို မမြင်ချင်ပါ။ သူမသည် သူ့ကိုရှာဖို့ ရောက်လာခဲ့သည်။ သူမကို ဒီအတိုင်းထားခဲ့ပါက သနားစရာကောင်းနေမည်။

တံခါးပိတ်လိုက်သည် ကိုမြင်လျှင် ဝမ်ဟောင်နှင့် ကျုံရှီသည် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်သည်။

"သက်သက် လျှို့ဝှက်ချက်လုပ်နေတာ" ကျုံရှီ က တိုးတိုးလေးပြောလိုက်သည်။

"သဘောတူတယ်"

ဝမ်ဟောင်သည် ခေါင်းညိတ်လိုက်သည်။ သူတို့ဘက်အမြင်က ချီရှန်ကျား အခြေအနေသည် ပြောင်းလဲရန် နည်းလမ်းမရှိပါ။

အခန်းထဲတွင် သူတို့နှစ်ယောက် သတိမထားမိခင် ဆွန်းမိုသည် ဝေလငါးဆီကို ထုတ်လိုက်သည်။

"အဝတ်အစားချွတ်လိုက်"

"အမ်။" လီဇီချီ တိုးတိုးလေးအော်လိုက်သည်။

ချီရှန်ကျားသည် ရှက်နေပြီး မျက်နှာဝိုင်းဝိုင်းလေးနဲ့ မိန်းကလေးကို ကြည့်လိုက်သည်။ လီဇီချီကို

တစ်ချက်ကြည့်လိုက်ရုံဖြင့် ယောကျ်ား အဝတ်အစား ဝတ်ထားလည်း အရမ်းလှသည့် မိန်းကလေးမှန်း သိသာသည်။

"မင်းက ဘာဖြစ်နေတာလဲ" မင်းကို အဝတ်မချွတ်ခိုင်းပါဘူး။

ဆွန်းမိုသည် အချိန်မဖြုန်းချင်ပါ။ သူသည် ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို စိတ်ထဲလုပ်ကြည့်နေသည်။ ထို့နောက် ချီရွှန်ကျားကို "မြန်မြန်လုပ်" ပြောလိုက်သည်။

ယှဉ်ပြိုင်ရမည့် အလှည့်သည် သူတို့၏ နံပါတ်များလိုက် စီစဉ်ထားသည်။ ထိပ်ဆုံး အယောက်၅၀သည် စိတ်ပျက်စရာ ကောင်းလောက်အောင် သန်မာလွန်းသည်။ ကျောင်းသားတော်တော် များများသည် ချီရှန်ကျားလို ပြိုင်ဘက်စာရင်းကို သိလိုက်ရသည့်အခါ စိတ်ပျက်လက်ပျက်နှင့် လက်လျှော့လိုက်ကြသည်။

ကျောင်းသားတချို့တောင် သူတို့နိုင်မည့် အခွင့်အရေးတော်တော် ရှားပါသည်ဟု

ခံစားနေရသည်။ သူတို့သည် တိုက်ပွဲခန်းမက ကျွမ်းကျင်သူများနှင့် အချိန်ကြာကြာ တိုက်ချင်သော်လည်း တိုက်ပွဲခန်းမက သူများသည် သနားကြင်နာမှု မပြကြဘဲ ခပ်မြန်မြန် ပွဲသိမ်းကြသည်။ အရည်ချင်းပြည့်သည့် ကျောင်းသားများတွက် ဒီတိုက်ပွဲတွေက အချိန်းဖြုန်းသလို အဓိပ္ပာယ်လည်းမရှိပါ။

ထိုကြောင့် ချီရှန်ကျားအလှည့်သည် ၁၀၆ ဖြစ်သော်လည်း နာရီဝက်လောက်သာ စောင့်ရမည်ဖြစ်သည်။ ဒါကြောင့်ဆွန်းမိုက

အခန်းအမြန် ဌားလိုခြင်းဖြစ်သည်။ သူတို့သာ နောက်ကျသွားပါက ချီရှန်ကျား၏ အလှည့်ကျော်သွားပြီး အခွင့်အရေး လက်လွတ် လိုက်ရမည်။

ဆရာဂျိမဲဂျဲ၏ လမ်းညွှန်ချက်ကြောင့်သာ ဆရာများအတွက် နားနေခန်းကို အထူး စီစဉ်ပေးလိုက်သည်။ အခန်းသည် အကြီးကြီး မဟုတ်သော်လည်း အတွင်းပိုင်းတွင် ပစ္စည်းများ ပြည့်စုံသည်။ ရေချိုးခန်း သေးသေးလေးတောင် ပါသေးသည်။

ကုတင်ပေါ်က အိပ်ယာခင်းသည် သန့်ရှင်း သပ်ရပ်နေသည်။ ဘောင်းဘီတို တစ်ထည်တည်းသာ ဝတ်ထားသော ချီရွှန်ကျားသည် ရှက်ရှက်နှင့် အိပ်ယာပေါ် တက်လိုက်သည်။

"သွား လှဲနေ"

လက်ကို သန့်ရှင်းရေးလုပ်ပြီးနောက် ဆွန်းမိုသည် ပုလင်းအဖုံးကို ဖွင့်လိုက်သည်။ ထူးဆန်းသောရနံ့သည် နေရာတစ်ခုလုံး ပျံ့လာပြီး စိတ်နှင့် ဝိညာဉ်များ တက်ကြွလာသည်။

"အဲဒါက ဘာလဲ"

လီဇီချီက စပ်စုလိုက်သည်။

ချီရှန်ကျား လှဲအိပ်နေပြီးနောက် ဆွန်းမိုသည် လက်များကို ချီရှန်ကျား၏ကျောကို ဖိနှိပ်လိုက်သည်။ တစ်ချက်နှိပ်လိုက်ရုံဖြင့် ကြွက်သားပြုပြင်ခြင်း နည်းစနစ် မဟာအဆင့် ကျွမ်းကျင်မှုကြောင့် ဆွန်းမိုသည် ချီရှန်ကျား၏ ကြွက်သား ကောက်ကြောင်းကို တိတိကျကျ သိသွားသည်။ ထိုနောက် အသေးစိတ်အချက်များ သူ့စိတ်ထဲကို ဝင်ရောက်လာသည်နှင့် အမျှ ဖိအားကိုဖြေလျှော့ရန် ကြွက်သားများကို နှိပ်နယ်လိုက်သည်။

“ကြွက်သားက အနည်းငယ် ထိခိုက်ပြီး သွေးကြောမျှင်တွေက ကျိုးကြေနေတာပဲ၊ ဒါပေမယ့် သွေးကတော့ပုံမှန်ပဲ။ သူထင်ထားသလို အလွန်အကျွံ လေ့ကျင့်လို့ အတွင်းဒဏ်ရာ ရထားတာပဲ”

ဆွန်းမိုသည်နတ်ဘုရား မျက်စိကို သုံးထားသည်။ သူသည် ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို မရရှိခင်က ပစ်မှတ်၏ ကြွက်သား အချက်အလက်များကို သာမြင်နိုင်သည်။ ယခုအခါတွင် ထိုအချက်အလက်များက ချီရွှန်ကျား၏

ကိုယ်ကို ဘယ်လောက်ထိ လွှမ်းမိုးထားသည်ကို ရှင်းရှင်းလင်းလင်း သိနေရသည်။

ရေနှင့်ဖျော်ထားသော ရေးဟောင်းဝေလငါး အဆီသည် ချီရွန်ကျား၏ အသားထဲကို စိမ့်ဝင်သွားသည် နှင့်အမျှ ဆူညံသံများထွက်လာပြီး အဖြူရောင် အခိုးအငွေ့များလည်း မြင့်တက်လာသည်။

"အင်း အစ်"

ချီရွန်ကျားသည် သူ့ ကိုယ်ပူလာသည်ဟု ခံစားနေရသည်။ သူတစ်နေကုန်ပြေးပြီး ရေပူစမ်း

ထဲကိုရောက်နေသလို ဖြစ်နေသည်။ သူ၏ကိုယ်က ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်သွားသည်။

အခန်းထဲတွင် အဖြူရောင် ငွေ့ရည်တိမ်တိုက် မြင့်တက်လာသည်အမျှ အနံ့ကလည်း ပြင်းထန်လာသည်။

“ရှေ့ဟောင်းဝေလငါးဆီလား၊ တစ်ကယ်မွှေးတာပဲ။ ငါပြန်ရင် အဒေါ်ကို တပုလင်း ဝယ်ပေးရမယ်။ ဒီဆီက လူ့ခန္ဓာကိုယ်ပေါ်မှာ တော်တော် အကျိုးရှိတာပဲ”

လီဇီချီသည် လူတစ်ယောက်၏ နောက်ကျောကို ကြည့်ကာရုက်နေသည်။ သို့သော်အကြည့် မလွှဲနိုင်ပါ။

ဆွန်းမို၏ မာဆက်နည်းမှာ အလွန်ထူးဆန်းသည်။

လီဇီချီ ကလန်တွင် မဟာအဆင့် ကျွမ်းကျင်သူ မာဆက်သမား ၅ယောက်ရှိသည်။ သူမသည် ကျင့်ကြံပြီးနောက် သူမအဒေါ်၏ အခြေအနေကို ထိန်းနိုင်ရန် ကူညီချင်သည်။ သူမအဒေါ်၏ ကိုယ်ခန္ဓာသည် မကျန်းမာသောကြောင့် လီဇီချီသည်

အထူးသဖြင့် မာဆက်ကို သင်ယူချင်သည်။ မာဆက်၏အဓိက အုပ်စုသုံးခုနှင့် အမျိုးစားခွဲခြောက်ခုကို နည်းနည်းနားလည်သည်။ သို့သော် သူမသည် ဆွန်းမိုသုံးသည့် နည်းလမ်းမျိုးကို မတွေ့ခဲ့ဖူးပါ။

"ဒါက အလွှန်ဝေးတဲ့ နေရာကလာတဲ့ မာဆက် နည်းစနစ်လား"

လီဇီချီစဉ်းစားနေစဉ် ဆွန်းမို က ချီရွှန်ကျား၏ကျောကို လက်ခုတ်တီးသလို ရိုက်လိုက်သည်ကိုမြင်သည်။

“ဖောင်း”

ဆွန်းမို၏လက်မှ ရွှေရောင်ဝိညာဉ်ချီများ ထွက်လာသည်။ ရွှေရောင်ဝိညာဉ်ချီ များသည် တဖြည်းဖြည်း ထူးဆန်းလာသည်။

“ဒါက ဒါက..”

လီဇီချီ၏ ပတ္တမြားရောင်နှုတ်ခမ်းများ ဟထွက်သွားသည်။ သူမသည် နောက်သို့ ခြေနှစ်လှမ်းဆုတ်ကာ စိတ်ထဲတုန်လှုပ်နေသည်။

ရွှေရောင်လူသား၏ အောက်ပိုင်းသည် အငွေ့များနှင့်ဖုံးနေကာ အပေါ်ပိုင်းက ကြံ့ခိုင်သော

ကြွက်သားများနှင့် ယောက်ျားတစ်ယောက် ဖြစ်သည်။ သူ၏ကိုယ်သည် သံလွင်ဆီများ သုတ်လိမ်းထားသကဲ့သို့ တောက်ပြောင်နေသည်။ ရွှေလူသားကို ဝိညာဉ်ချီများနှင့် ဖွဲ့စည်းထားသော်လည်း တောက်ပကာ တစ်ကယ် အသက်ရှိသလို ထင်ရသည်။

"ရှူး"

ရွှေရောင်လူသား မျက်လုံး ဖွင့်လိုက်သည်။ ၎င်း၏ လက်နှစ်ဘက် ရင်ဘက်ရှေ့တွင် ကွေးဝှက်နေကာ သန်မာသည့် ကြွက်သားများနှင့် အဆီများ

ထုတ်ဖော်ပြသနေသည်။ ထိုနောက် သူ့ညာဘက်လက်က ချီရွှန်ကျားနောက်ကျောကို ရိုက်ချလိုက်သည်။

"ဖြောင်း"

ချီရွှန်ကျားပါးစပ်က တံထွေးများ ထွက်ကြလာသည်။ သူသည် ဆွန်းမိုဆုပ်နယ်ထားသော အမှုန့် ကဲ့သို့ခံစားနေရသည်။

ဆွန်မိုတစ်ကိုယ်လုံး ချွေးထွက်နေသည်။ "ကျောပေါ်မှာ ဘာကြီးလဲဟ?" အာလာဒင်မီးခွက်က ဂျင်းနီနဲ့တူသည်။

ရွှေလူသားကိုယ်ပေါ်က အဆီများသည် တောက်ပလွန်းသည်။ ၎င်းသည် ရင်ဘက်ဟာထားသည့် လက်ပြတ်အင်္ကျီကို ဝတ်ဆင်ထားပြီး ခေါင်းတွင် ခရမ်းရောင်ခေါင်းဆောင်းဆောင်းထားသည်။

အိန္ဒိယလူမျိုးတစ်ယောက်လို ကြည့်ကောင်းသည့် ရွှေရောင်လူသားကို စတင်ဖွဲ့စည်း ကတည်းက

ဆွန်းမိုသည် ကိုယ်တိုင်လုပ်စရာမလိုတော့ပါ။ ထိုသူ၏ မာဆက်နည်းစနစ်များက လေးနက်ပြီး လက်ရာမြောက်လှသည်။ သူ၏ ထူးဆန်းသန်မာလှသည့် လက်နှင့် ချီရွန်ကျားကို ထိလိုက်တိုင်း ချီရွန်ကျားဆီက အော်ဟစ်သံ ထွက်လာသည်။

“ဆွန်း.....ဆရာဆွန်း ဘယ်လိုအနှိပ်နည်းစနစ် ကြီးလဲ”

လီဇီချီတစ်ယောက် တကယ်လန့်နေသည်။ မင်းရဲ့ကိုယ်ကို တစ်ယောက်ယောက်က

ဒီတိုင်းပေးနိုင်ထားတာက တစ်ကယ်ကြီးကို ကြောက်စရာကောင်းသည့် အတွေ့အကြုံဖြစ်သည်။

“ရှေ့ဟောင်းနဂါးဖမ်းသည့်လက်”

ဆွန်းမိုသည်အမှန်တိုင်း ဝန်ခံရမည်ကို တကယ်ရှက်သည်။ တစ်ယောက်ယောက်က သူ့ကိုရိုက်ရင်တောင် သူက ဒါကို ရှေ့ဟောင်းအနိုင်ပညာလို့ မဖြေနိုင်ပါ။ သူတစ်ကယ် သရဲကိုမြင်ဖူးသည်။ ရွှေရောင်လူသားပုံစံက ဘာကြောင့် စိတ်တဇ ဆန်သည့် ပုံစံထွက်နေတာလဲ?

“ဘယ်လိုတောင် ထူးခြားနေတာလဲ ”

လီဇီချီသည် တိတ်တိတ်လေး နောက်ခြေလှမ်း အနည်းငယ်ဆုတ် လိုက်သည်။ သူမကို ရွှေရောင်လူသားက ကုတင်ပေါ် ဆွဲတင်ပြီး နှိပ်လိုက်မည်ကို ကြောက်နေသည်။

ရွှေရောင်လူသားသည် ရုတ်တရုတ် လေထဲကို ခုန်တက်လိုက်သည်။ လေထဲကို မြင့်တက်နေစဉ် ညာလက်က ချီရွှန်ကျားခန္ဓာကိုယ်ကို ပြင်းပြင်းထန်ထန် ရိုက်လိုက်သည်။

“အာ ဟင့် ဟင့်”

ချီရွှန်ကျား ညည်းညူလိုက်သည်။

လီဇီချီလည်း ထအော်သည်။ သူမလက်နှင့် မျက်နှာကို ဖုံးထားသော်လည်း လက်ချောင်းကြားက ကြည့်နေသည်။

ဆွန်းမိုလည်း ထိတ်လန့်သွားခဲ့သည်။ ရွှေရောင်လူသားက နိုပ်နေတာလား သတ်နေတာလား။ သူသည် ချီရွှန်ကျားကို စစ်ဆေးမလို့ လုပ်နေစဉ် ချီရွှန်ကျား၏ ကိုယ်ခန္ဓာတုန်လာပြီး ဝိညာဉ်ချီကို စုတ်ယူလာသည်။

"ဒါ အဆင့်တက်တော့မယ့် လက္ခဏာဘဲ"

လီဇီချီ ထိတ်လန့်စွာ အော်လိုက်ပြန်သည်။ (တော်တော်အော်နိုင်တဲ့ ကောင်မလေးဘဲ) ချီရှန်ကျားသည် မာဆက်နိပ်ခံပြီးနောက် ကြောင်ပြီး ကြက်သေ သေသွားသည်။ သူက ဘယ်လို အဆင့်တက်နိုင်သွားတာလဲ။

" ဒါက ရှေ့ပေါင်း နဂါးဖမ်းသည့်လက် ရဲ့ သက်ရောက်မှုလား"

လီဇီချီ အသက်ရှူ သံကို မထိန်းချုပ်နိုင်ဘဲ သုံးသပ်နေသည် " ဘယ်လောက်တောင် ထူးဆန်းလဲ"

“မြန်မြန်ထတော့”

ဆွန်းမိုက ချီရှန်ကျားလက်ကို ဆွဲထူကာ ကျယ်လျောင်စွာ အော်လိုက်သည်။ အရေးကြီးသည့် အချိန်ရောက်နေပြီ မာဆက်သက်ရောက်မှု အမြင့်ဆုံးအချိန်တွင် ဝိညာဉ်ချီ ပမာဏအများကြီးကို စုတ်ယူနိုင်ရန် သူ၏ စိတ်အခြေအနေကို ထိန်းသိမ်းထားရန်လိုသည်။ စိတ်မကောင်းစွာဘဲ ချီရှန်ကျား မလုပ်နိုင်ခဲ့ပါ။

သူသည် ကုတင်ပေါ်တွင် လှဲလျောင်းနေသည့် အမှိုက်တစ်စနှင့် တူသည်။ မျက်နှာကတော့ အသုံးမကျသည့်အပြုံးနှင့်။

"...မ ၊ မင်းအလားလာတန်ဖိုး နိမ့်တာမဆန်းပါဘူး" ဆွန်းမိုခေါင်းကိုလှုပ်ကာ ပြောလိုက်သည်။

ချီရွန်ကျား နိုးလာသည်မှာ ငါးမိနစ်သာရှိသေးသည်။ မာဆက်လုပ်သည့် ကိုးမိနစ်ရယ် ပေါင်းလိုက်ရင် မိနစ်နှစ်ဆယ်ပင် မပြည့်သေးပါ။

"ငါကဘယ်သူလဲ" ချီရှန်ကျား မျက်ခုံးအလယ်ကို ပွတ်ကာပြောလိုက်သည်။

"ဘယ်ရောက်နေတာလဲ"

"မင်းတိုက်ရမယ့် အလှည့်ရောက်နေပြီ"

လီဇီချီက ရေတစ်ခွက်တိုက်လိုက်သည်။

ချီရှန်ကျားသည် ရေသောက်လိုက်ပြီးနောက် အသိများပြန်လည် စုစည်းလာသည်။ သူအံ့သြမှုသာ ရနေသည်။ ယခုအချိန်တွင် သူ့ကိုယ်မှာ နေရတာ အလွန် သက်တောင့်သက်သာဖြစ်နေသည်။

"ငါ....ငါအဆင့်တက်ခဲ့တာလား"

ချီရွှန်ကျား စောစောက အဖြစ်အပျက်ကို နောက်ဆုံးပြန် ပြီး မှတ်မိလိုက်သည်။

"ဂုဏ်ယူပါတယ်"

လီဇီချီက ဂုဏ်ပြုလိုက်သည်။

"ဆရာဆွန်း"

ချီရွှန်ကျားသည် ကုတင်ပေါ်က ဆင်းကာ ဒူးထောက်လိုက်သည်။ ဒူးထောက်တာ ပြင်းထန်လွန်းသဖြင့် အသံထွက်လာသည်။

သူ့မျက်လုံးများက မျက်ရည်နှစ်တန်း စီးကျလာသည်။ သူသည် အခုအခါ

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၅) ရောက်ရှိနေပြီ ပိုင်ဝမ်လီကို တိုက်ခိုက်ရန် ခွန်အားတစ်ကယ် ရှိလာသည်။

"ဒင်"

ချီရွှန်ကျား၏ လေးစားအထင်ကြီးမှု - (+၅၀)

ချီရွှန်ကျားနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး (၁၅၈/၁၀၀၀)

"ထပါ၊ ဒီနေရာကို သန့်ရှင်းရေး လုပ်လိုက်။ ပြီးရင် စင်ပေါ်တက်ဖို့ပြင်ပါ"

လေးစားအထင်ကြီးမှု အမှတ်ကိုကြားရပြီးနောက် ဆွန်းမို စိတ်ချမ်းသာသွားသည်။ ရှေ့ဟောင်းဝေလငါးဆီ ၂၀မီလီမီတာကို သုံးပြီး နောက်အရာ အားလုံးကို တွက်ချက်ကြည့်ပါက အမှတ်၄၀ ကျော်ရပြီး နည်းနည်း အမြတ်ထွက်သွားသည်။

"အမ်"

ချီရွှန်ကျား အလျှင်အမြန် ခေါင်းညိတ်လိုက်သည်။ တော်တော် စိတ်လှုပ်ရှားနေသည်။ "ဘယ်လို အဆင့်တက်သွားပါလိမ့်" ။

ဟုတ်တယ်၊ ရှေ့ဟောင်း နဂါးဖမ်းသည့်လက်ရဲ့အစွမ်းပဲ ဖြစ်မည်။ မျှော်လင့်ထားသလို ဆရာဆွန်းရဲ့ အဆုံးစွန် နည်းစနစ်ပဲ။

ဘဝတွင် ဆရာဆွန်းနှင့်သုံးကြိမ် တွေ့ရခြင်းသည် ကောင်းချီးပေးခံရတာပဲ။ သူတကယ်ကို ကံကောင်းလွန်းပါသည်။

တိုက်ပွဲခန်းမ၏ ဒိုင်လူကြီးဗူးတင် ခေါ်လိုက်သည့် ဒုတိယအကြိမ် ဖြစ်သည်။

"ချီရွှန်ကျား ကျေးဇူးပြုပြီး စင်ပေါ်ကို တက်လာပေးပါ"

ဘယ်သူမှ ပြန်မဖြေသည့်အတွက် ဇူးတင်သည် မျက်မှောင်ကြုတ်ကာ သဲနာရီကို ထုတ်လိုက်သည်။ သဲနာရီတွင် သဲများကုန်သွားပါက ချီရွှန်ကျား အလိုအလျှောက် အရှုံးပေးသည်ဟု သတ်မှတ်မည်ဖြစ်သည်။

"ဆရာဆွန်း"

ချီရှန်ကျားသည် ဘေးတွင်ရပ်နေကာ စိတ်ပူနေသည်။ ဆွန်းမိုက ဘာမှမပြောသည့် အတွက် သူလည်းပြန်မဖြေရဲပါ။

“မင်းနိုင်ချင်လား”

ဆွန်းမိုသည် တိုက်ပွဲစင်မြင့်ကို အဝေးက ကြည့်နေရာက လှည့်လိုက်သည်။ ဖူးတင်ဘေးတွင် အရပ်ပုသော်လည်း စတိုင်ကျသည့် လူငယ်တစ်ယောက် ရပ်နေသည်။ နတ်ဘုရားမျက်စိက တဆင့်ဆွန်းမိုသည်

ထိုလူငယ်၏ အချက်အလက် အကုန်လုံးကို သိလိုက်သည်။

“အင်း”

ချီရှန်ကျားခေါင်း ညိတ်လိုက်သည်။

“မင်းနိုင်ချင်ရင် ငါပြောတဲ့အတိုင်းလုပ်”

ဆွန်းမိုသည် အသံနိမ့်ကာ ပြောလိုက်သည်။

လီဇီချီသည် ယုန်တစ်ကောင်ကဲ့သို့ နားရွက်ထောင်လိုက်သည်။

“အယ်”

ချီရှန်ကျားသည် ကျနေသည့် သူ့ဆံပင်ကို လုံးဝပြန်မတင်ပါ။

“ဘာလဲဆိုတာ စောစောက ပြောခဲ့တာကို မှတ်မိလား” ဆွန်မိုက မေးလိုက်သည်။

“ဟုတ်ကဲ့”

ချီရှန်ကျား ချက်ခြင်း ခေါင်းညိတ်လိုက်သည်။

“ဆက်လုပ်ပါ။ မင်းကျောင်းက ထွက်မသွားရခင် နောက်ဆုံးတိုက်ပွဲတော့ ဖြစ်နိုင်တယ် ဒါပေမယ့် မင်းလုပ်နိုင်မယ်လို့ ငါယုံကြည်တယ်။ အနာဂတ်မှာ

တိုက်ပွဲအကြောင်းကို ပြန်စဉ်းစားမိရင် ဂုဏ်ယူနေစေချင်တယ်။ နောင်တမရစေချင်ဘူး။”

ဆွန်းမိုသည် အားပေးလိုက်သည့် အနေဖြင့် ချီရွှန်ကျား ကျောပေါ်ကို လက်တင်ကာ တွန်းလွှတ်လိုက်သည်။

ဒီတစ်ကြိမ်တော့ မြတ်ဆရာ အရှိန်အဝါကို ထုတ်မသုံးခဲ့ပါဘူး။ ချီရွှန်ကျား၏ စိတ်ထဲတွင် မကြုံစဖူး စိတ်လှုပ်ရှားလာကာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ဒီတိုက်ပွဲကို သူကြိုးစားပြီး တိုက်မည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၂၁) - ဒီတစ်ကြိမ်အနိုင်ရသူက ချီရှန်ကျားဖြစ်ပါတယ်။

"ချီရှန်ကျား"

ဗုံးတင်က ချီရှန်ကျားအား အရှုံးပေးလိုက်ပြီး ပိုင်ဝမ်လီအား အနိုင် ကြေညာလိုက်သည်။ တိုက်ပွဲခန်းမတစ်ခုလုံး တွင် "အနိုင်လက်ဆောင်" ဟုသော စကားသံထွက်လာသည်။

ချီရှန်ကျားသည် ပြေးသွားပြီး တိုက်ပွဲစင်မြင့်နားကို ရောက်လျှင် စင်ပေါ်သို့ ခုန်တက်လိုက်သည်။

တီးတိုးသံများသည် ဟိုတစ်စ ဒီတစ်စ ကျဲလာသည်။ တိုက်ပွဲခန်းမရှိ ကျောင်းသား သုံးပုံတစ်ပုံ ထွက်ခွာသွားကြပြီ ဖြစ်သည်။ သူတို့သည် ထိပ်တန်းအယောက်၅၀ ၏ တိုက်ပွဲကိုသာ ကြည့်ချင်ကြပါသည်။ အလွန်ဆုံး အဆင့် ၁၀၀ အထိသာဖြစ်သည်။ အဆင့်နောက်ကျလေ စိတ်ဝင်စားလာတာ နည်းလေဖြစ်သည်။

"မြန်မြန် စလိုက်ကြရအောင်"

ဘေးနားက တိုက်ခိုက်ရန် စီစဉ်ထားသည့် ကျောင်းသားများက ပြောလိုက်သည်။ သူတို့သည်

အချိန်ဖြုန်းရတာကို အမုန်းဆုံးဘဲဖြစ်သည်။ စိန်ခေါ်သူက တက်လာခြင်း မလုပ်ပါက မည်သူမှ မသိနိုင်ဘဲ သူလည်း အရှက်ကွဲစရာမလိုပါ။

“ချီရွှန်ကျား ရှုံးမယ်လို့ ထင်နေတုန်းပဲ” ဝမ်ဟောင် အံ့သြသွားသည်။

“ဆွန်းမို အားပေးခဲ့တာ သေချာတယ်။ စိတ်မြန်လက်မြန်နဲ့ တက်သွားပြီ၊ သူဘာလို့ နည်းနည်းလေးတောင် မတွေးတာလဲ။ ကျင့်ကြံခြင်းအဆင့် နှစ်ဆင့်တောင် ကွာနေတာ ဘယ်နိုင်မှာလဲ”

ကျုံရှီလည်း ခေါင်းညိတ်လိုက်သည်။

စင်ပေါ်တွင် ဇူးတင်က

"တစ်ယောက်နှင့် တစ်ယောက် နှုတ်ဆက်ကြ" ပြောလိုက်သည်။

"ပိုင်ဝမ်လီ ခန္ဓာကိုယ်ပြုပြင်ချင်းအဆင့် (၆)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

ပုပုနှင့်ပိုင်ဝမ်လီသည် ချီရွှန်ကျားကို အကဲခတ်နေသည်။ ချီရွှန်ကျား၏ စိတ်အနေအထားသည် မဆိုးပါဘူး၊ ကောင်းတယ်။ သူတို့၏ ကျင့်ကြံမှုအဆင့်က

နှစ်ဆင့်တောင်ကွာနေတာ သေချာပေါက် သူသာ အနိုင်ရမည်ဖြစ်သည်။

စိန်ခေါ်မှု တိုက်ပွဲကို ယှဉ်ပြိုင်လိုသော ကျောင်းသားများသည် ကိုယ်ရေး အချက်အလက်များကို မှတ်ပုံတင်ထားရသည်၊ ပိုင်ဝမ်လီသည် တိုက်ပွဲခန်းမ၏ တရားဝင် အဖွဲ့ဝင် ဖြစ်သောကြောင့် မှတ်ပုံတင်ရေး တာဝန်ခံထားသော သူငယ်ချင်းများကို ရိုးရိုးရှင်းရှင်း မေးလိုက်ရုံဖြင့် သိနိုင်သည်။

"ချီရွှန်ကျား ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် (၅) ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

ချီရွှန်ကျားသည် တိုက်ပွဲဝင်ရန် သိုင်းကွက်ခင်းလိုက်သည်။ သူသည် ဆွန်းမို ညွှန်ကြားချက် ပေးလိုက်သည့်အတိုင်း ဒိုင်က ကြေညာလိုက်သည်နှင့် ချက်ခြင်း တိုက်ခိုက်မည်ဖြစ်သည်။

"သူကအဆင့်(၅) ကို ရောက်နေပြီလား။ ဒါကြောင့် ယုံကြည်ချက်ရှိနေတာ မဆန်းဘူး"

ပိုင်ဝမ်လီသည် နှုတ်ခမ်းတွန့် သွားသော်လည်း လုံးဝဂရုမစိုက်ပါ။ သို့သော် ပရိတ်သတ်ထဲတွင် ရှိနေသော ဝမ်ဟောင်နှင့် ကျုံရှီ အံ့အောသင့်သွားသည်။

"ငါတို့နားကြားမှားတာလား၊ ချီရွှန်ကျား မှားပြောတာလား ။ အဆင့် (၅) ခန္ဓာကိုယ်ပြုပြင်ခြင်းလား။ တကယ်လို့ သူလိမ်ပြောရင် ထုတ်ခံရမှာနော်"

ဝမ်ဟောင်စိတ်ပူသွားသည်။ သူက အနိုင်ရချင်တာကြောင့် ပိုင်ဝမ်လီကို လိမ်ခဲ့သည်ဟု ထင်နေသည်။

"ဘယ်လောက် တုံးလိုက်တဲ့ကောင်လဲ၊ ဒီလိုလှည့်ကွက်လေးက အဓိပ္ပာယ်မရှိဘူး"

ကျုံရှီသည် သံမဏိ ဖြစ်မလာနိုင်သောသံကိုမုန်းသည်။ ဆရာဆွန်း သင်ကြားပေးတာဖြစ်ရမည်။ မဟုတ်ခဲ့ပါက ရိုးသားသည့် ချီရှွန်ကျားသည် ဒါမျိုးမလုပ်တတ်ပါ။

ချီရှုန်ကျား အဆင့်(၅)က ိုတက်သွားပြီလို့ သူတို့နှစ်ယောက်ကို ရိုက်နှက်ပြောရင်တောင် သူတို့မယုံပါ။ ချီရှုန်ကျားသည် ခန္ဓာကိုယ်အဆင့် (၄)ကို မတက်ရောက်နိုင်ခင် အချိန် တစ်နှစ်ခွဲလောက်က သူ၏ အထင်အမြင် နိမ့်ကျနေပြီး လွန်ခဲ့သော ရက်အနည်းငယ်ကသာ အဆင့် (၄) ကို တက်ရောက်နိုင်ခဲ့သည်။ အခု ဘယ်လိုလုပ်ပြီး နောက်တစ်ဆင့်ကို တက်နိုင်မှာလဲ။

“စတော့”

ဖူးတင်၏ အသံထွက်လာသည်နှင့် ချီရှန်ကျားသည် ဆာလောင်နေသော ဝံပုလွေတစ်ကောင်ကဲ့သို့ တိုက်ခိုက်လိုက်သည်။ ပထမဆုံးလက်သီးကို ထိုးလိုက်သည် လေတိုးသံများ ထွက်လာပြီး ပိုင်ဝမ်လီကို လေပြင်းများ တိုက်သွားသည်။

"ဟမ်"

ပိုင်ဝမ်လီသည် ရှောင်ဖို့မစဉ်းစားဘဲ ထိပ်တိုက် ရင်ဆိုင်ခဲ့သည်။

"ဘုန်း ဘုန်း ဘုန်း"

လက်သီးခြင်း၊ လက်ဝါးခြင်း တွေ့သွားသည်။ ထိပ်တိုက် တွေ့ဆုံမှုကြောင့် စွမ်းအားများ ပေါက်ကွဲထွက်လာသည်။

"ဆရာဆွန်း ပြောတာမှန်တယ်"

ချီရွှန်ကျားသည် ဆွန်းမို ပြောလိုက်သည်များကို ပြန်စဉ်းစားပြီး နှလုံးသားထဲက တုန်လှုပ်သွားသည်။

"မင်းထက် အဆင့်သာတဲ့ပြိုင်ဘက်ကို မပြောနဲ့။ လူငယ်တိုင်းရဲ့ နှလုံးသားထဲမှာ မာနရှိတယ်။ သူက သေချာပေါက်မင်းကို ထိပ်တိုက်ရင်ဆိုင်လိမ့်မယ်။

အဲဒီအချိန်ကျရင် မင်းရဲ့ တိုက်ခိုက်မှုတိုင်းကို သူ့ညာဘက် ပခုံးကို ဦးတည်လိုက်ပါ။”

သူတို့ တိုက်ကွက် စတင် ဖလှယ်လိုက်သည်နှင့် ဆွန်းမို ပြောသည်များက မှန်နေပါသည်။ ထိုအချက်ကြောင့် ချီရွှန်ကျား၏ ယုံကြည်မှုမြင့် တက်လာသည်။

“မှတ်ထား သူနာ ကိုယ်နာ တိုက်၊ ခြေတစ်လှမ်းတောင် နောက်မဆုတ်နဲ့၊ သူ့ညာဘက်ပခုံးကို ထိအောင်တိုက်နိုင်ရင် နိုင်ပြီ”

ချီရှန်ကျားသည် ဆွန်းမို လမ်းညွှန်ချက်ကို သတိထားလိုက်ပြီး အံကိုကြိတ်ကာ ရဲရင့်စွာ တိုက်ခိုက်နေသည်။ ပိုင်ဝမ်လီ၏ ၁၈ချက်အဟာရံ လက်ဝါးသည် တကယ်ကို အစွမ်းထက်လွန်းသည်။ ခန္ဓာကိုယ်ပေါ်ကို ထိခိုက်မိလိုက်တိုင်း သူ အလွန်နာကျင်နေသည်၊ သူသာ အတိတ်တုန်းကဆိုရင် ဒါကို ခံနိုင်ရည်ရှိမှာ မဟုတ်ဘူးလို့ သူထင်သည်။ ဒါပေမယ့် ဒီနေ့သူ့ အခြေအနေသည် ကြောက်ဖို့ ကောင်းလောက်အောင် ကောင်းမွန် နေသည်။ ထိုအရာသည် သူ့ကို

နာကျင်စေသော်လည်း ခံနိုင်ရည်သည် မြင့်တက်လာခဲ့သည်။

"သေချာတယ်။ ဒါ ရှေ့ဟောင်း နဂါးဖမ်းသည့်လက် အစွမ်းပဲ"

ချီရှန်ကျား မှန်းဆလိုက်သည်။ သူသည် တုံးအလွန်းသည် သူ့အဆင့် တက်လာသလို ခန္ဓာကိုယ်လည်း တိုးတက်လာသည်ကို မေ့နေသည်။

"ဘာဖြစ်နေတာလဲ"

ပိုင်ဝမ်လီ မျက်မှောင်ကြုတ်လိုက်ပြီး ၁၈ချက်အရ ဟံလက်ဝါးသည် ပိုပိုမြန်လာသည်။ ဒါဟာ အေးဆေးဖြစ်ရမည့် တိုက်ပွဲတစ်ခု ဆိုတာသေချာပါသည်။

ဘာကြောင့်ဒီလောက် ခက်ခဲနေရတာလဲ။ သူ့ပြိုင်ဘက်သည် ခွေးရူး တစ်ကောင်ကဲ့သို့ နောက်မဆုတ်ပဲ တိုက်ခိုက်နေသည်။ သူတစ်ချက် ကိုယ်တစ်ချက် အနာခံတိုက်ခိုက်နေသည်။

“ဘုန်း ဘုန်း ဘုန်း”

နောက်ထက် ထပ်မံတိုက်ခိုက် လိုက်ကြပြီး ပိုင်ဝမ်လီသည် ညာဘက်ပခုံးတွင် ၁၈ချက်ထိုးခံလိုက်ရပြီး နည်းနည်းကွာသည် အထိ ဆုတ်လိုက်ရသည်။

သူထိတ်လန့်နေသလို ချီရှန်ကျားလည်း ရင်ဘက်တစ်ခုလုံး ပြင်ထန်စွာ ခုန်နေသည်။

“သနားစရာပဲ” လီဇီချီ သက်ပြင်းချလိုက်သည်။

ချီရှန်ကျား၏ခွန်အား နည်းနည်း ပိုသန်မာလာပါက ပိုင်ဝမ်လီကို ဖြုတ်ချနိုင်သည်။

ဂျိမ်ဂျဲသည် မဟော်ဂနီနှင့် လုပ်ထားသော စားပွဲရှည်နောက်တွင် ထိုင်နေသည်။ သူမဟာ လက်ဖက်ရည် သောက်ရင်း ကျောင်းသားအနည်းငယ်၏ အားနည်းချက်ကို လမ်းညွှန်ပေးနေသည်။ ချီရှန်ကျား စင်ပေါ်ကို တက်လာသည်နှင့် အကြည့် အနည်းငယ် ပြောင်းသွားသည်။

“အဆင့် တက်သွားပြီလား” သူမှော်ဆေးလုံး စားလိုက်တာလား။ မဟုတ်ပါဘူး။ အစမ်းခန့်ဆရာ ဒီလောက် မတုံးလောက်ပါဘူး။ ကျောင်းသား

တစ်ယောက်ကို ဒီတိုက်ပွဲ နိုင်ယုံလောက်နဲ့ မော့်ဆေးလုံး တိုက်ကျွေးလောက်တဲ့အထိ သူအဓိပ္ပာယ်မဲ့တာ မလုပ်လောက်ပါဘူး”

ဂျိမဲဂျဲ ခွဲခြမ်းစိတ်ဖြာနေသည်။

“ သူမော့်ဆေးကို မစားရင် ဘယ်လို အဆင့်တက်သွားတာလဲ”

ဤလှပသော အိမ်ထောင်သည် အမျိုးသမီးသည် မျက်ခုံးပင့်လိုက်ကာ ပဟေဠိဆန်သော အကြည့်ပေါ်လာသည်။ ကြယ်သုံးပွင့်အဆင့် မြတ်ဆရာတစ်ယောက်အနေဖြင့် သူ့ သုံးသပ်ချက်

သည် ချီရွန်ကျား၏ နဂို အခြေအနေကို ပုံမှန်တိုင်း မြင်နိုင်သည်။ ချီရွန်ကျားသည် ဒီအဆင့်ကို ကျော်ဖြတ်နိုင်သော အခြေနေတွင် မရှိပါ။ ဒါကြောင့် သူ၏လက်ရှိ ကျင့်ကြံခြင်း အဆင့် ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့် (၅) သည် အစမ်းခန့် ဆရာကြောင့် ဖြစ်ရမည်။

"ဘုရားသခင် ....ဘာကြီးလဲ"

ကျုံရှီသည် အံ့သြလွန်းပြီး အော်ဟစ်လိုက်သည်။ ချီရွန်ကျားသည် ပိုင်ဝမ်လီကို ဘာလို့ အလွန်ထူးဆန်းအောင် တိုက်ခိုက်နိုင် နေရတာလဲ။

ပိုင်ဝမ်လီ၏ အဆင့် သတ်မှတ်ချက်ကြီးက အတုကြီးလား။

"ပိုင်ဝမ်လီ ဒီနေ့ဝမ်းလျှောနေတာလား"

ဝမ်ဟောင်လည်း ထူးဆန်းနေမိသည်။ "ဘာကိုပြောနေတာလဲ၊ ရွှန်ကျား နည်းနည်းပို သန်မာလာတာလား"

"ဟုတ်တယ် ၊ အဆင့်(၅)ဆိုတာ လိမ်တာမဟုတ်ဘဲ၊ တကယ်ကြီးလား"

ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် (၆)ကို ရောက်နေသည့်သူအနေဖြင့် ကျုံ့ရှိသည်

ချီရှန်ကျား၏ ပြောင်မြောက်သော စွမ်းဆောင်ရည်ကို နားလည်သည်။ စိတ်အနေထားနှင့် ဟန်ပန် အမူအရာကိုပြောရရင် ချီရှန်ကျားသည် သူ့ထက်တောင် သန်မာနေသည်။

"သူတကယ် အနိုင်ရနိုင်လား"

ဝမ်ဟောင်သည် နှိမ့်ချစွာ ပြောဆိုပြီး အလိုအလျှောက် ခေါင်းညိတ်လိုက်မိသည်။ "ငါအတွေးများနေပြီ ပိုင်ဝမ်လီက မလှုပ်ရှားနိုင်တဲ့ ပစ်မှတ်မှ မဟုတ်တာ"

"ငါနိုင် နိုင်တယ်"

စင်ပေါ်တွင် ရှိနေသောချီရွှန်ကျား စိတ်ထဲတွင် စကားများ ပေါ်လာသည်။

ယခုမြင်ကွင်းသည် ဆရာဆွန်း ပြောထားသည်နှင့်မတူပါ။

“ အချိန် အနည်းငယ် ထိပ်တိုက်ရင်ဆိုင်ပြီးရင် သူစပြီး နောက်ဆုတ်လာလိမ့်မယ်။ အဲ့ဒီအချိန်ကျရင် မင်းရဲ့ ပေါက်ကွဲအားက စောစောကလောက် ပြင်းထန်မှာ မဟုတ်တော့ဘူး။ သူ့ကို အမှီလိုက်နိုင်မှာ မဟုတ်တော့ဘူး။ စိတ်တော့မပူနဲ့ မင်း အသက်ရှူနှုန်းနဲ့ ခွန်အားကို ထိန်းထား

အခွင့်ရေးစောင့်ပြီး သူ့ကို စိတ်ရှုပ်အောင် စကားနဲ့ တိုက်ခိုက်"

ဆရာဆွန်းရဲ့ ညွှန်ကြားချက်ကို ပြန်စဥ်စားလိုက်ပြီး ချီရှွန်ကျား စကားစပြောလိုက်သည်။

" ပိုင်ဝမ်လီ မင်းအားနည်းချက်ကို ငါ မြင်ပြီးပြီ"

"ဟား ဟား"

ပိုင်ဝမ်လီသည် စိတ်အနှောက်အယှက် မဖြစ်ပဲ အေးစက်စက် ရယ်မောလိုက်သည်။ သို့သော ်စိတ်ထဲက ကြောက်ရွံ့လာသည်။

"ငါ့ရဲ့ အရည်အချင်း က မကောင်းဘူး၊ မိသားစုကလည်း ဆင်းရဲတယ်။ ဒီတစ်ကြိမ် တိုက်ပွဲခန်းမကို မဝင်နိုင်ရင် ကျောင်းကထွက်ပြီး အလုပ်သမား တစ်ယောက်အနေနဲ့ ရောင်းစားခံရမယ်။ ဒါကြောင့် ဒီနေ့တိုက်ပွဲကို မသေမခြင်း ငါတိုက်မယ်"

ချီရှန်ကျားသည် ပိုင်ဝမ်လီကို မျက်လုံးချင်း ကြည့်လိုက်ပြီး ရိုးသားစွာ အမှန်တိုင်း ပြောသည့်အသံဖြင့် ပြောလိုက်သည်။

ဆွန်းမိုသည် မျက်နှာဖုံးထားလိုက်သည်။ ချီရှန်ကျား၏ သရုပ်ဆောင် အရည်ချင်းသည် မလုံလောက်ပါ၊ ကံကောင်းတာက သူပြောတာနှင့် သူလက်ရှိ အခြေအနေတူနေသည်။ အမူအရာက ပေါ်လွင်လှသည်။

"မင်းဘာကို ပြောချင်တာလဲ။ ငါ့ရဲ့ကြင်နာမှုကို လိုချင်တာလား"

ပိုင်ဝမ်လီသည် တစ်ခြားသူများကို သနားညှာတာ တတ်သောစရိုက်မရှိပါ။

“မင်းက ငါနဲ့မတူဘူး။ မင်းကပါရမီရှင်တစ်ယောက်ပဲ။ မင်းရှုံးသွားရင်တောင် ၃လကြာရင် မင်းတိုက်ပွဲခန်းမကို ပြန်ဝင်လာနိုင်တယ်”

“ဟမ်၊ ဒါက သဘာဝပဲလေ”

ပိုင်ဝမ်လီ မျက်နှာတွင် မောက်မာမှုများဖြင့် ပြည့်နေသည်။

“မင်းသာတကယ်ငါနဲ့ တိုက်မယ်ဆိုရင် ခါးသီးတဲ့ အဆုံးသတ်ပဲ တွေ့ရလိမ့်မယ်။ မင်းနိုင်သွားရင်တောင် မင်းဒဏ်ရာ တချို့တော့ရမှာပဲ။ မင်းပြန်ကောင်းလာရင်တောင်

အကောင်းဆုံး အနေထားကို ပြန်ရောက်မှာ မဟုတ်တော့ဘူး”

ချီရှန်ကျားသည် ပြောပြီးသည်နှင့် လှည့်ထွက်သွားသည်။

ကောင်းကင်ဝံပုလွေရိုက်ချက်၊ ခဏအကြာတွင် လက်သီးရိပ် အစုံ၂၀ခန့် ထွက်လာသည်။

“ဘူး”

လူအုပ်ထဲက နေရာအနှံ့မှာ အော်ဟစ်သံများ ထွက်လာပြီး ချီရှန်ကျားကို လူညစ်ဟု ဝေဖန်ကြသည်။ ကျောင်းသား အများစုကတော့

ဂရုမစိုက်ပါ။ ဒါက တမင်သက်သက် ပြောတာ မဟုတ်ဘူးလား။ ချီရွန်ကျားသည် လှျို့ဝှက် လက်နက်မသုံးသ၍ အဆင်ပြေပါသည်။

သေရန်ကိုပင် ပျင်းနေသော ဇူးတင်သည် ထိုစကား များကိုကြား ပြီးနောက် ချီရွန်ကျားကို အလေးအနက် အကဲခတ်လိုက်သည်။ သူနည်းနည်း ထူဆန်းနေသလို ခံစားလိုက်ရသည်။ “ချီရွန်ကျားက ပါးစပ်နှင့် တိုက်ခိုက်ပြီး ဘယ်လိုစိတ်ဓါတ် စစ်ဆင်ရေး လုပ်ရမလဲ သိတာလား”

ဂျိမ်ဂျဲလည်း ခေါင်းညိတ်လိုက်သည်။ ပြိုင်ဘက်၏ စိတ်ကို တိုက်ခိုက်ခြင်းသည် အကောင်းမွန်ဆုံး တိုက်ခိုက်ရေး နည်းစနစ်တစ်ခုဖြစ်သည်။

"ဘာလဲ"

ပိုင်ဝမ်လီသည် နောက်ကိုအကြိမ်ကြိမ် ဆုတ်သွားသည်။ သူ့ညာဘက်ပခုံးက ပိုပြီး နာကျင်လာသည်။ သူ့ဆရာဝန်ကလည်း ဒီချိန်မှာ မတိုက်ခိုက်သင့်ဘူး မဟုတ်ပါက ပြန်လည် နလံထူဖို့ ခက်မည်ဟု ပြောထားသည်။

သို့သော်တိုက်ပွဲခန်းမ၏ စစ်ဆေးမှု ကို ဘယ်သူမှ ရှောင်လို့မရပါ။ သူ့ကို ချီရှန်ကျားက ရွေးချယ်လိုက်သောကြောင့် ဝမ်းသာသွားသည်။ သူသည် လွယ်လွယ်နိုင်မည်ဟု ထင်ခဲ့သော်လည်း ချီရှန်ကျားသည် အာလူးပူပူဖြစ်နေသည်။

ပိုင်ဝမ်လီသည် စိတ်မတည် ငြိမ်တော့ပါ။ သူ့မာနကလည်း ကာကွယ်ချင်စိတ် မဖြစ်စေခဲ့ပါ။ သူ့ဆရာဝန်၏ စကားကစိတ်ထဲတွင် အရိုးစွဲနေသည်။ သူသည် တိုက်စစ်ထက် ခံစစ်ကို ရွေးချယ်လိုက်သည်။

ထိုအချိန်တွင် ချီရှန်ကျားသည် စိတ်ဓါတ်တက်ကြွလာပြီး စိတ်ဓါတ်ခွန်အားလည်း မြင့်တက်လာသည်။

"သူအနိုင် ရတော့မှာပါလား"

လီဇီချီ မျက်နှာတွင် စိတ်လှုပ်ရှားမှုများ ပေါ်နေပြီး လက်ကိုတင်းကျပ်စွာ ဆုပ်ထားလေသည်။

"သွားကြစို့"

ဆွန်းမိုအတွက်ပွဲကို ဆက်စောင့်ကြည့်စရာ မလိုတော့ပါ ၊ လှည့်ထွက်သွားသည်။ ပိုင်ဝမ်လီ၏

ခံစစ်အနေနေထားက သူစိတ်ဓါတ် ပြိုကွဲနေပြီကို ဖော်ပြနေသည်။

"ဘာလုပ်ရမလဲ....ဘာလုပ်ရမလဲ"

ပိုင်ဝမ်လီ၏ စိတ်ဓါတ် တုန်လှုပ်လာပြီး ဘာလုပ်လို့ လုပ်ရမလဲမသိ ဖြစ်လာသည်။

သူသည် ဒဏ်ရာကိုမေ့ထားပြီး ချီရှန်ကျားကို အနိုင်တိုက်သင့်လား၊ ဒါဆို အကျိုးဆက် ပြင်းထန်လာမည်။ တကယ်လို့ သူ့ရှုံးနိမ့်ပါက နောက်သုံးလကြာရင် ပြန်လည် သက်သာလာပြီး တိုက်ပွဲခန်းမကို နောက်တစ်ကြိမ် ဝင်နိုင်သည်။

အသက်၁၄နှစ် အရွယ်လူငယ်တစ်ယောက် အနေဖြင့် အနာဂတ်ကို ထိခိုက်စေမည့် ရွေးချယ်မှုနှင့် ပက်သက်ပြီး အလွန် ဖိအားဖြစ်နေသည်။

ချီရှန်ကျား အတွက်တွင်မူ ဆွန်းမိုပြောသမျှ ဖြစ်လာသဖြင့် ယုံကြည်မှု မိုးထိုးနေသည်။

ချီရှန်ကျားသည် အရှိန်ပြင်းပြင်းနှင့် ထိုးထုတ်လိုက်သည်။

လပေါ်က ကောင်းကင်ဝံပုလွေ၏ လ ေချွန်သံ

"ဝေါင်း"

ဝိညာဉ်ချီများ ထိုးထွက်လာကာ ဝံပုလွေခေါင်းအဖြစ် ပြောင်းသွားပြီး ပိုင်ဝမ်လီကို ပြေးကိုက်လိုက်သည်။

"ဖုန်း ဖုန်း"

ပိုင်ဝမ်လီ ဆက်တိုက် နောက်ဆုတ်လိုက်ရသည်။ သူသည် အရဟံ နှလုံးသားလက်ဝါးဖြင့် ဝံပုလွေကို ကာကွယ်လိုက်ပြီးနောက် ချီရှန်ကျား အခွင့်ရေးယူပြီး ပြေးတက်လာသည်ကို တွေ့လိုက်ရသည်။ ကာကွယ်ဖို့တောင် နောက်ကျသွားခဲ့ပါပြီ။

"ဖန်း......"

ပိုင်ဝမ်လီ၏ ညာဖက်ပခုံး တိုက်ခိုက်ခံလိုက်ရပြီး စင်ပေါ်မှာ လဲကျသွားသည်။

"ဒီပွဲကို ချီရှန်ကျားက အနိုင်ရတယ်"

ဖူးတင် ကြေညာလိုက်သည်။

ပရိတ်သတ်အားလုံး လုံးဝကို တိတ်ဆိတ်သွားသည်။ ချီရှန်ကျားကို ကြည့်သည့်အကြည့်တွင် မနာလိုမှုများ ရောထွေးလာသည်။ သူတို့ထဲက တစ်ယောက်ကမှ ချီရှန်ကျား အောင်ပွဲနှင့် ထိုက်တန်သည်လို့ မထင်ကြပါ။

ချီရှန်ကျားသည် သူ့ခွန်အားကြောင့် အနိုင်ရသွားသည်လို့ သူတို့ မခံစားလိုက်ရပါ။ ပိုင်ဝမ်လီသည် မတော်တဆ ဒဏ်ရာရနေတာ သူနဲ့ ကြုံသွားခြင်းကြောင့် အနိုင်ရသွားသည်ဟု ထင်နေကြသည်။ သူတို့လည်း တိုက်ခိုက်ရပါက နိုင်နိုင်တယ်လို့ ခံစားနေရသည်။

"ဘုရားရေ၊ ချီရှန်ကျား နိုင်သွားတယ်"

ဝမ်ဟောင်သည် သူ့မျက်လုံးကို အတင်းပွတ်သပ်ကာ ပြန်ကြည့်လိုက်သည်။ သူအိပ်မက်နေသလို ခံစားနေရသည်။

“ဖျောင်း ဖေ ျ ာင်း ဖေ ျ ာင်း”

ရုတ်တရုတ် လက်ခုပ်သံများ ထွက်လာသည်။ လူတိုင်း လှည့်ကြည့်လိုက်ပါက ကြယ်၃ပွင့်အဆင့် မြွတ်ဆရာ ဂျိမဲဂျဲ ဖြစ်နေသည်။ သူမသည် ရွှေချည် သုံးဆင့် ထိုးထားသည့် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည်။ ဝတ်ရုံများသည် သူမ၏ပုံရိပ်ကို ပေါ်လွင်စေပြီး သန့်ရှင်းမှုနှင့် အလှတရား ခံစားစေနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၂၂) - လေးစားအထင်ကြီးမှု အမှတ်လှိုင်းတစ်ခု စုဆောင်းပါ

“ကောင်းကောင်းတိုက်ခဲ့တာပဲ”

ဂျိမဲဂျဲက ချီးကျူးလိုက်သည်။

“ဂျင်….ဂျင်”

ချီရွှန်ကျားသည် စိတ်လှုပ်ရှားပြီး စကားပင ်မပြောနိုင်တော့ပါ။ ထိုအရာသည် သူတစ်ခါမှ

မရခဲ့ဖူးသော မြတ်ဆရာတစ်ယောက်၏ ချီးမွမ်းခြင်း ဖြစ်သည်။

အခြားကျောင်းသားများ မနာလိုဖြစ်သွားကြပြီး မျက်လုံးများ နီရဲလုဖြစ်သွားသည်။ ငယ်ရွယ်သော အိမ်ထောင်သည် အငွေ့အသက်ရှိသည့် ဂျိမ်ဂျဲဟာ ရုပ်ရည် အလွန်လှပရုံ သာမက ကောင်းမွန် ကြီးမြတ်သည်။ သူမ၏သင်ကြားရေး စွမ်းရည်သည် ဗဟိုပြည်နယ်အကယ်ဒမီတွင် ထိပ်တန်းဖြစ်သည်။ သူမ၏ ကောင်းချီးပေးခြင်းသည် ငယ်ရွယ်သော

ကောင်းလေးအများစု အိပ်မက်ထဲတွင်ပင် တောင်းတရသော အခွင့်အရေးဖြစ်သည်။

"ပိုင်ဝမ်လီ မင်းရဲ့ အရည်အချင်း မဆိုးပါဘူး။ စိတ်မကောင်းစရာက မင်းရဲ့ တိုက်ခိုက်ရေးအတွေ့အကြုံ နည်းနေတဲ့အတွက် စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံလိုက်ရပြီး စိတ်မတည်ငြိမ်တော့တာပဲ။ မဟုတ်ရင် မင်းရဲ့ အစွမ်းအစနဲ့ ဒီလိုတစ်ဖက်သတ် ဖြစ်မှာမဟုတ်ဘူး"

ဂျိမဲဂျဲသည် ပိုင်ဝမ်လီ ရှုံးနိမ့်ရသည့် အကြောင်းအရင်းကို ရှင်းပြလိုက်သည်။

ပိုင်ဝမ်လီသည် ခါးသီးစွာ ရယ်မောလိုက်ပြီး မတ်တပ်ထရပ်ကာ ဦးညွှတ်လိုက်စဉ် လက်နှစ်ဖက်သည် သူခြေထောက် နှစ်ဖက်ပေါ်တွင်ရှိသည်။

"ချီရှွန်ကျား မင်းရဲ့ သရုပ်ဆောင် စွမ်းရည်က တော်တော်ညံ့တယ်။ မင်းသာ ဇူးတင်လို ထက်မြတ်တဲ့သူနဲ့ဆိုရင် သူတို့ အရှုံးလုပ်ခံရမှာ မဟုတ်ဘူး" ဂျီမဲဂျဲက မှတ်ချက်ပေးလိုက်သည်။

“ဒီကျောင်းသားက သင့်ရဲ့ အကြံပြုချက်ကနေ သင်ယူခဲ့ရပါတယ်”

ချီရှန်ကျားသည် တံတွေး တစ်ချက်မြိုချလိုက်သည်။ သူသည် ဆွန်းမိုညွှန်ကြားချက်ကိုသာ ရိုးရှင်းစွာလိုက်နာခဲ့ပြီး ဒီလောက်ထိ အကျိုးသက်ရောက်မှုရှိမယ်လို့ မထင်ထားခဲ့ပါ။ ဒါ့ပြင် သူဘယ်တုန်းက စိတ်ဓါတ်ရေးရာ တိုက်ခိုက်ခဲ့တာလဲ။ သူဟာ ရိုးသားဖြောင့်မတ်သူပါ။ ရိုးသားစွာပြောရရင်

သူမဂ်လာဆောင်တဲ့ နေ့မှာ သူ့သတိုးသမီးက သစ္စာမဲ့ခဲ့ရင်တောင် ခွင့်လွှတ်မည့်သူပါ။

“မင်းရဲ့ အရည်ချင်းမကောင်းဘူး၊ ဒါပေမယ့် မင်းကိုယ်မင်း လျှော့မတွက်သင့်ဘူး။ မင်းရဲ့ ကောင်းကင်ဝံပုလွေလက်သီး ကာကွယ်မှု အရမ်းကောင်းလွန်းတယ်”

ခဏလောက်ရပ်ပြီးမှ သူမက ဆက်ပြောလိုက်သည်

“ဗဟိုပြည်နယ်အကယ်ဒမီမှာရှိတဲ့ ကျောင်းသားအားလုံးထဲမှာ

ကောင်းကင်ဝံပုလွေလက်သီး အောင်မြင်တဲ့ သူကို ရေတွက်လိုက်ရင် မင်းလက်နှစ်ဘက်ထက် နည်းနည်းပဲ ပိုများတယ်”

ဟမ်

ဂျိမ်ဂျဲ စကားကို ကြားလိုက်လျှင် လူတိုင်း ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ဤတိုင်းပြည်ရဲ့ လက်သီးစနစ်က ဒီလောက် အစွမ်းထက်ခဲ့တာလား။ ဒါက ကြယ်သုံးပွင့်အဆင့် မြတ်ဆရာတစ်ယောက် အကဲဖြတ်မှု ဖြစ်သဖြင့် မမှားနိုင်ပါ။

ချီရွန်ကျားသည် လူအုပ်ကြီး၏ မနာလိုစရာ ပစ်မှတ်တစ်ခု ဖြစ်လာခဲ့သည်။ ကောင်းကင် ဝံပုလွေလက်သီးကို ကျင့်ကြံကြသော ကျောင်းသားများသည် ချီရွန်ကျားထံမှ လမ်းညွှန်မှုကို လိုချင်သဖြင့် လက်ဆောင် ပေးရန် ပြင်ဆင်နေကြသည်။

"ဒါက အစစ်မဟုတ်ဘူး၊ ဟုတ်တယ်မလား။ ဒါက အိပ်မက်ဖြစ်မယ်" ကျုံရှီ ရေရွတ်လိုက်သည်။ သူ့အရမ်းမနာလို ဖြစ်နေပြီး ရူးတော့မလို ဖြစ်နေသည်။ ချီရွန်ကျားသည်

မြတ်ဆရာတစ်ယောက်ထံမှ ကောင်းမွန်သော အကဲဖြတ်မှုကို ရရှိခဲ့သည်။ ဒီအကဲဖြတ်မှုအတွက် သူကဘာလို့ အရည်ချင်း ပြည့်မှီသွားတာလဲ။

“မယုံနိုင်စရာ ကောင်းလိုက်တာ၊ ချီရွှန်ကျား တကယ်ကြီးကို နိုင်သွားတာလား”

ဝမ်ဟောင် လျှောကို ကိုက်လိုက်သည်။

“ကောင်းပြီ၊ မင်းတို့ကောင်တွေ အခုထွက်သွားလို့ရပြီ၊ နောက်တစ်ပွဲက မကြာခင် စတော့မယ်။”

ဂျိမ်ဂျဲ ပြန်ထိုင်ချလိုက်သည်။ ချီရွှန်ကျားပြသသည့် အရည်ချင်းအရ ကောင်းကင်ဝံပုလွေ လက်သီးကို သူကိုယ်တိုင် နားလည်နိုင်စွမ်းမရှိတာ သေချာသည်။ သူကို တစ်ယောက်ယောက်က သင်ပေးတာဖြစ်ရမည်။

"အဲဒါ ဟိုအစမ်းခန့်ဆရာလား"

ဂျိမ်ဂျဲသည် နေရောင်ကဲ့သို့ တောက်ပစွာ ပြုံးတတ်သည့် လူငယ်ကို ရုတ်တရက် စိတ်ဝင်စားသွားသည်။ စောစောက ဆွန်းမိုသည်

ချီရွှန်ကျားကို ရိုက်နေတာမမြင်ခဲ့ပါက သူမအကဲဖြတ်မိမှာ မဟုတ်ပါဘူး။

လမ်း၏ ဘေးနှစ်ဘက်တွင် စိုက်ထားသော တရုတ်စကားဝါပင်များ၏ အရိပ်သည် ထုံးကျောက်လမ်းပေါ်ကို ကျနေသည်။

ဆွန်းမိုသည် စနစ်က သတိပေးချက်များကို နားထောင်နေပြီး အေးအေးလူလူ လမ်းလျှောက်ကာ လှပသောရှုခင်းကို တပြိုင်နက် ချီးကျူးလိုက်သည်။ ငါးကို ခြင်းတောင်းနှင့် အပြည့်မိပြီး

ပြန်လာသည့်တံငါသည် တစ်ယောက်လို ပြုံးနေသည်။

“ဒင်”

ချီရှန်ကျား၏ လေးစားအထင်ကြီးမှုအမှတ် (+၅၀)၊ ၎င်းသည် ပိုင်ဝမ်လီကို စင်ပေါ်လှဲချလိုက်ပြီး ချီရှန်ကျား ခံစားလိုက်ရသော ကိုးကွယ်မှုဖြစ်သည်။

“ဒင်”

ချီရှန်ကျား၏ လေးစားအထင်ကြီးမှုအမှတ် (+၅၀)၊ ဒါက ဂျီမဲဂျဲ ထံမှ ချီးကျူးမှုကိုရပြီး ချီရှန်ကျား

စိတ်ထဲပေါက်ကွဲထွက်လာသည့် အမှတ်ဖြစ်သည်။ ဆွန်းမို၏ လမ်းညွှန်ချက်မပါဘဲ သူတစ်သက်လုံး မြတ်ဆရာတစ်ယောက်၏ ချီးမွမ်းမှုကိုမရနိုင်ပါ။

ချီရှန်ကျား၏ လေးစားအထင်ကြီးမှုအမှတ် (+၅၀)၊ ချီရှန်ကျား၏ နှလုံးသားထဲတွင် ဂျီမဲဂျဲက ကောင်းကင်ဝံပုလွေနှင့် ပက်သက်ပြီး ချီးကျူးလိုက်စဉ် စိတ်ထဲက ကြီးထွားလာသည့် ယုံကြည်မှုဖြစ်သည်။

ဆွန်းမို၏ လမ်းညွှန်ချက်မပါဘဲ ကောင်းကင်ဝံပုလွေလက်သီး ဤမျှလောက်

မအောင်မြင်နိုင်ပါ။ ကြယ်(၃)ပွင့်အဆင့် မြတ်ဆရာတစ်ယောက်၏ ချီးကျူးမှုသည် ဆွန်းမို၏ သင်ကြားရေးစွမ်းရည်ကို သက်သေပြနေသည်။

“ဒင်”

ချီရှန်ကျား၏ လေးစားအထင်ကြီးမှုအမှတ် (+၅၀) ဆွန်းမိုသာမရှိခဲ့ပါက ချီရှန်ကျားသည် ကျောင်းက ထွက်ရမှာ သေချာသည်။ ဒါပေမယ့် အခုတော့ကွဲပြားသည့် ပုံပြင်တစ်ပုဒ် ဖြစ်သွားပြီ ဖြစ်သည်။

“ဒင်”

ချီရွှန်ကျားနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး(၃၅၈/၁၀၀၀)

“ကြည့်ရတာ တစ်ယောက်ယောက် ကြိုက်ပါက တစ်ချိန်မှာ အများဆုံး လေးစားအထင်ကြီးမှု အမှတ် ၅၀ နှုန်းနဲ့ ရနိုင်တဲ့ပုံပဲ”

ဆွန်းမို အလွန်ကျေနပ်နေသည်။

“ဒင်။ ပိုင်ရှင်သည် ချီရွှန်ကျားအား တိုက်ပွဲခန်းမ စစ်ဆေးခြင်းကို အောင်မြင်အောင် ကူညီပေးခဲ့သည်။

တာဝန်အောင်မြင်သွားပါသဖြင့် စနစ်က ရွှေရောင်ရတနာသေတ္တာကို ချီးမြှင့်လိုက်ပါသည်။”

“လှလိုက်တာ”

ရွှေရောင်ရတနာသေတ္တာသည် ထိပ်တန်းအဆင့် ပစ္စည်းတမျိုးမျိုး ပါနိုင်ခြေ များပါသည်။ သူသေတ္တာဖွင့်ရန် လုပ်လိုက်စဉ် နားထဲကို အသံတစ်ခုဝင်လာသည်။

“ဆရာဆွန်း၊ သူနိုင်သွားတယ်”

လီဇီချီက ပြေးလာပြီး ပြောလိုက်သည်။ သူမဟာ ဆွန်းမိုအနားကို ရောက်လျှင် အမြန်ရပ်ရန်

ကြိုးစားလိုက်သော်လည်း ခလုတ်တိုက်ပြီး ရှေ့ဘက်သို့ လဲကျသွားသည်။

ကံကောင်းတာက ဆွန်းမို၏ တုန့်ပြန်မှုက မြန်ဆန်ပါသည်။ သူသည် လက်ကိုဆန့်လိုက်ကာ သွက်လက်မှု တစ်မှတ်သာရှိသော ထိုကောင်မလေးကို ဖမ်းဆွဲထားလိုက်သည်။

"အန်"

လီဇီချီသည် အလွန်ကို ရှက်နေသည်။ သူမသည် ဆွဲတင်ခံလိုက်ရသော လိပ်တစ်ကောင်လို လုပ်နေသည်။

"လူတိုင်းက ကျွမ်းကျင်မှု နယ်ပယ်မတူကြဘူး။ အရမ်းကြီး စိတ်ပူမနေပါနဲ့"

ဆွန်းမိုရယ်လိုက်လျှင် နေရောင်အောက်တွင် ပိုကြည့်ကောင်းနေသည်။

"မင်းရဲ့ လမ်းညွှန်မှုက အရမ်းကို အသုံးဝင်တယ်"

လီဇီချီသည် ဆွန်းမိုနှင့် တစ်ချိန်းလုံး ရှိနေတာကြောင့် တိုက်ပွဲတစ်ခုလုံးကို သူဘယ်လို လမ်းညွှန်ခဲ့သည်ကို သိခဲ့ရသည်။ ချီရွှန်ကျားသည် ဆွန်းမို၏ လမ်းညွှန်ချက်ကြောင့်သာ ပြိုင်ပွဲကို

အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထိုအရာကြောင့်ပင် တိုက်ပွဲ၏ ဇာတ်ရှိန်သည် တစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့ခြင်းဖြစ်သည်။

"ဒင်"

လီဇီချီ၏ လေးစားအထင်ကြီးမှု - (+၃၀)

"ပုံမှန်ပါပဲလေ"

အစောပိုင်းတုန်းက ဆွန်းမိုသည် ပိုင်ဝမ်လီ စင်ပေါ်မှာ ရပ်နေတာကို မြင်လိုက်လျှင် နတ်ဘုရားမျက်စိကိုဖွင့်ကာ ပိုင်ဝမ်လီ၏ အချက်အလက်များကို လေ့လာခဲ့သည်။ ဆွန်းမို

နတ်ဘုရားမျက်စိ၏ အားသာချက်ကိုသာ မသုံးခဲ့ပါက စနစ်က စိတ်ပျက်သွားပေလိမ့်မည်။

"မင်းက အရမ်းနှိမ့်ချ တတ်တာပဲ" လီဇီချီကပြောလိုက်သည်။ ထိုအရာက ကျောင်းသားတစ်ယောက်၏ ကံကြမ္မာကို ပြောင်းလဲစေနိုင်သော မြတ်ဆရာတစ်ယောက်၏ အကျိုးသက်ရောက်မှုပဲ ဖြစ်သည်။ ဆွန်းမိုကြောင့်သာ မဟုတ်ခဲ့ပါက ချီရှန်ကျားသည် ကျောင်းကထွက်ရပြီး သာမန်

အလုပ်သမားတစ်ဦးအဖြစ် အသက်ရှင်ရမည် ဖြစ်သည်။

“အရမ်း ယဉ်ကျေးနေစရာ မလိုပါဘူး၊ ဒါမှမဟုတ် မင်းငါ့ကို လူစိမ်းတစ်ယောက်လို ဆက်ဆံနေတာလား” ဆွန်းမိုက ပြုံးရင်းပြောလိုက်သည်။ ထို့နောက် သူက ပွင့်ပွင့်လင်းလင်း “ငါဒီနေ့ စိတ်ချမ်းသာနေတယ်၊ ဒါကြောင့် မင်းကို ထမင်းဝယ်ကျွေးမယ်၊ စားသောက်တဲ့ ကုန်ကျစရိတ်က ငွေတစ်တုံးကို မကေျာ်ဘူးဆို ကြိုက်တာမှာစား”

"ဆရာက တော်တော်ကပ်စီးနဲတာပဲ၊ ငွေတစ်တုံးလား။ ဒါက အေးစိမ့်နေတဲ့ စပျစ်ဝိုင်တစ်ပုလင်းတောင် ဝယ်လို့မရဘူး"

လီဇီချီက နောက်လိုက်သည်။ သူမသည် ဆွန်းမိုအနားမှာ နေရတာကို ပျော်နေသည့် ကြက်ပေါက်စလေး တစ်ကောင်လို ဖြစ်နေသည်။ သူမသည် ဆွန်းမိုနှင့်အတူရှိသည့် အချိန်တိုင်း အရမ်းပျော်နေခဲ့သည်။

ချီရှန်ကျားသည် တိုက်ပွဲပြီးသည့်နောက် ဆွန်းမိုကို ရှာမတွေ့ခဲ့ပေ။ သူစိတ်ပူကာ

လိုက်ရှာချင်သော်လည်း ဝမ်ဟောင်နှင့် ကျုံ့ရှီတို့က သူ့ကို တားထားသည်။

"မင်းဘယ်လို လုပ်ခဲ့တာလဲ။ ဘယ်လိုဖြစ်သွားလဲ ဆိုတာမြန်မြန် ပြောပြစမ်းပါ" ကျုံ့ရှီသည် ခုန်လိုက်ကာ ချီရွှန်ကျား၏လည်ပင်းကို ဖမ်းဆွဲပြီး မေးလိုက်သည်။

"သွားရအောင် ငါဒီနေ့ နေ့လည်စာကို မသေမျိုးအရက်သမားအင်းမှာ ဝယ်ကျွေးမယ်"

"ဒါတွေအကုန်လုံးက ဆရာဆွန်းရဲ့ အကြံတွေပဲ"

ချီရှန်ကျားသည် ပြောလိုက်ပြီးနောက် ပို၍ပြီး လေးစားလာသည့် ပုံပေါက်နေသည်။

"မင်းခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၅) ကို ဘယ်လိုရောက်သွားတာလဲ"

ဝမ်ဟောင်သည် မျက်လုံး အရောင်တောက်လာကာ မေးလိုက်သည်။ အစောပိုင်းတွင် ချီရှန်ကျား ထုတ်ဖော်လိုက်သည့် အင်အားက အဆင့်(၅)ကို ရောက်နေတာ သံသယဖြစ်စရာ မလိုတော့ပါ။

"ဆရာဆွန်းက ငါ့ကို ရှေ့ဟောင်းနဂါးဖမ်းသည့်လက် သုံးပေးခဲ့တာ၊ ပြီးတော့ အလွန်စျေးကြီးတဲ့ ဝေလငါးဆီကို ကိုတောင် သုံးပေးခဲ့သေးတယ်။ ဖွင့်လိုက်တုန်းက တစ်ခန်းလုံးတောင် မွှေးပျံ့သွားတယ်"

ထိုရနံ့ကို ပြန်စဉ်စားလိုက်မိပြီး ချီရွှန်ကျားမျက်နှာတွင် ယစ်မူးနေသည့် ပုံပေါ်လာသည်။

ဝမ်ဟောင်နှင့်ကျုံရှီသည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကာ စိတ်ထဲတွင်

တုန်လှုပ်နေကြသည်။ နောင်တလဲရ နေကြသည်။ သူတို့သည် ပိုပြီးလေးလေးစားစား ဆက်ဆံခဲ့သင့်သည်။

ထိုအချိန်တွင် ဆွန်းမိုသည် စနစ်က အချက်ပေးသံကို ရလိုက်သည်။

“ဒင်”

ဝမ်ဟောင်၏ လေးစားအထင်ကြီးမှု - (+၃၀)

ဝမ်ဟောင်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၆၃/၁၀၀)

“ဒင်”

ကျုံရှီ၏ လေးစားအထင်ကြီးမှု (+၃၅)

ကျုံရှီနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ(၅၀/၁၀၀)

ဆွန်းမိုသည် လမ်းလျှောက်နေရင်း ပိုက်ဆံကောက်ရသလို ခံစားလိုက်ရသည်။ ချီရွှန်ကျားက ဝမ်ပေါင်နှင့် ကျုံရှီကို အောင်ပွဲရသည့် အကြောင်းအရာကို ရှင်းပြလိုက်ချင်းကြောင့် ဖြစ်မည်ဆိုတာ ဆွန်းမိုသိသည်။

"ငါအခု သူ့ကိုသွား တောင်းဆိုရင် ရှေ့ဟောင်းနဂါဖမ်းသည့်လက်ကို အသုံးပြုပေးမယ်လို့ မင်းထင်လား"

ကျုံရှီသည် အလွန်ကို မျှော်လင့်နေသည်။

"မင်းအိပ်မက် မက်နေတာလား၊ ဒီလောက်အစွမ်းထက်တဲ့ နည်းလမ်းကို ဘယ်သူက လွယ်လွယ်ကူကူ ပြမှာလဲ"

ဝမ်ဟာင်သည် အလွန် နှောင်တရနေသည်။ သူ့တွင် မျက်လုံးရှိသော်လည်း ဆွန်းမို၏

အရည်ချင်းကို မမြင်နိုင်ခဲ့ပါ။ သူဘာကြောင့် ဒီလိုလုပ်ခဲ့မိတာကို သူ မသိတော့ပါ။

"ချီရွှန်ကျား၊ ကျေးဇူးပြုပြီး ခဏစောင့်ပါအုံး"

ပိုင်ဝမ်လီသည် ပြေးလိုက်လာသည်။

"ဘာဖြစ်လို့လဲ"

ကျုံရှီအသံသည် ဖော်ရွေခြင်းမရှိပါ။ ပိုင်ဝမ်လီသည် သူ့ဒုက္ခရှာဖို့သူ လာသည်ဟုထင်သည်။

ချီရွှန်ကျားလည်း စိတ်ရှုပ်လာသည်။

"အထင်မလွဲကြပါနဲ့။ ငါ့ညာဘက်ပခုံးမှာ ဒဏ်ရာရနေတာကို ဘယ်လိုသိတာလဲ"

ပိုင်ဝမ်လီသည် ချီရှန်ကျားကို ငေးကြည့်ကာ မေးလိုက်သည်၊

ထိုကိစ္စသည် မည်သူမှ မသိနိုင်သည့် ကိစ္စဖြစ်သည်။ သူသည်သေချာစွာ ဖုံးကွယ်ထားခဲ့သည်။ ဘာကြောင့် ပေါက်ကြားသွားခဲ့တာလဲ။ သူဒါကို ရှင်းရှင်းလင်းလင်း မသိရပါက အေးအေးဆေးဆေး အနားယူနိုင်မည် မဟုတ်ပါ။

"ဒါ ဆရာဆွန်း က ငါ့ကိုပြောပြခဲ့တာ"

ချီရှန်ကျားက ပြတ်ပြတ်သားသား ပြန်ပြောလိုက်သည်။

ဝမ်ဟောင် မျက်လုံးပြူးသွားသည်။

(မင်းဒီလောက်အ ရလား)

"ဘယ်သူ"

ပိုင်ဝမ်လီသည် သူနားကြားမှားသည်ဟု ထင်နေသည်။ "ဆွန်းမို? ကျောင်းအုပ်ကြီးနဲ့ စေ့စပ်ထားတဲ့ ဆွန်းမိုလား၊ ဆန်ပျော့ကောင်လေ"

“အမှန်ပဲ၊ “ ချီရှန်ကျားက ခေါင်းညိတ်လိုက်သည်။

“ဟန်၊ ချီရှန်ကျား မင်းငါ့ကို မပြောပြချင်ရင်တောင် ဒီလို လိမ်စရာမလိုဘူး”

ပိုင်ဝမ်လီသည် အေးစက်စွာပြောပြီး နှာခေါင်းရှုံ့ကာ လှည့်ထွက်သွားသည်။ အန်ရှီဝေ နှင့်ပက်သက်ပြီး ဆွန်းမို၏ နာမည်ကို ဗဟိုပြည်နယ်အကယ်ဒမီတွင် အလွန်လူသိများသည်။ သူသာ ဒီလောက်ကောင်းသည့် သုံးသပ်ချက်ကို

လုပ်နိုင်ရင် ဘာကြောင့် သင်ကြားရေး လက်ထောက်ဖြစ်လာဖို့ အရည်ချင်းမရှိရတာလဲ။

ဆွန်းမိုနှင့် လီဇီချီသည် ကန်တင်းတွင် အကြော်အလှော်များ စားခဲ့ကြသည်။ သူတို့၏ စုစုပေါင်း ကုန်ကျစရိတ်မှာ ငွေပြားတစ်ဝက် ကျသင့်သည်။ လီဇီချီက ထုတ်ရှင်းချင်နေသည်။ ဆွန်းမိုလို ယောကျ်ားတစ်ယောက်က ဘာကြောင့် ခွင့်ပြုရမည်နည်း။

"ဆရာဆွန်း နှုတ်ဆက်ခဲ့ပါတယ်"

သူတို့စားသောက်ပြီးနောက် လီဇီချီက လက်ဖဲ့ယမ်းကာ နှုတ်ဆက်လိုက်သည်။ သူမသည် တွန့်ဆုတ်နေခဲ့သော်လည်း ဒီနေ့ချီရှန်ကျား၏ အဖြစ်အပျက်ကို တွေ့လိုက်ပြီး ဆုံးဖြတ်ချက်ချလိုက်သည်။

"ဆွန်းမိုက ယုံကြည်ထိုက်တဲ့ဆရာတစ်ယောက်ပဲ"

လီဇီချီသည် သူမကိုယ်သူမ ပြန်ပြောကာ လက်နောက်ပစ်ပြီး လျှောက်သွားသည်။ သူမ၏နောက်တွင် ကြေကွဲခြင်းမရှိ ရေကန်က

တဖြည်းဖြည်း ဝေးကျန်ခဲ့သည်။ "ပြီးတော့ ဗဟိုပြည်နယ်အကယ်ရဲ့ ရှုခင်းတွေက အရမ်းသာယာတာပဲ"

ဆွန်းမိုသည် အဆောင်ကို ပြန်ရောက်ပြီးနောက် လိုဒီနှင့် ယွမ်ဖန်တို့ ပြောနေတာကို ကြားလိုက်သည်။

"ကူရှုပ်ရှင်းက အံ့သြဖို့ ကောင်းတာပဲ။ သူက အစမ်းခန့်ဆရာတစ်ယောက် ဆိုပေမဲ့ သူမကို ဆရာတင်ချင်နေတဲ့ ကျောင်းသားတစ်ယောက် ရှိနေပြီ"

ယွမ်ဖန်၏ အသံသည် မနာလိုမှုများနှင့် ပြည့်နှက်နေသည်။

“ ကျောင်းသားနာမည်က ကျန်ရန်ဇောင် မဟုတ်လား။ ဒီနေ့သူက အဆင့်(၁၀)က ချိုင်တန်ကိုအနိုင်ယူ

ခဲ့တယ်ကြားတယ်။ တစ်ပွဲတည်းနဲ့ နာမည်ကျော်လာတာပဲ။”

လိုဒီက လျှာကိုကိုက်လိုက်ကာ “သူက ကူရှုပ်ရှင်း လမ်းညွှန်မှုနဲ့ နိုင်သွားတော့ သူမကို လေးစား

ချီးကျူးခဲ့သေးတယ်။ ဒါက ကူရှပ်ရှင်းကို မီးမောင်းထိုးပြလိုက်တာလို့ ငါထင်တယ်”

ချီရှန်ကျားသည် အဆင့်၁၀၆ က ပိုင်ဝမ်လီကို အနိုင်ရယုံလေး နိုင်ခဲ့ခြင်းဖြစ်သည်။ အဖြစ်အပျက်က သေးငယ်လွန်းသဖြင့် ရေထဲကို ကျောက်ခဲပစ်ချလိုက်သကဲ့သို့ ပျောက်သွားသည်။ တိုက်ပွဲခန်းမ၏ အဆင့်၁၀များမှာ ထူးချွန်သည်ဟု လူတိုင်းက သတ်မှတ်ထားကြသည်။ သူတို့ထဲက တစ်ယောက်ယောက် ရှုံးနိမ့်သွားခဲ့ပါ အကြီးအကျယ် တုန်လှုပ် သွားတတ်ကြသည်။

"ချိုင်တန်က သနားစရာ ကောင်းတာပဲ၊ ဘာပဲဖြစ်ဖြစ်သူက စတုတ္တတန်း ကျောင်းသားကို ကိုယ်စားပြုတာပဲ၊ နောက်ဆုံး တော့ ပထမနှစ်ကျောင်းသားအတွက် ခြေနင်းတုံးဖြစ်သွားတယ်"

ယွမ်ဖန်သည် အနည်းငယ်

ပျော်နေပြီး ချိုင်တန်၏ ကံဆိုးမှုအတွက် ဝမ်းသာနေသည်။ သူသည် ပါရမီရှင်တွေ ကျဆုံးတာကိုမြင်ရတာ ကျေနပ်သည်။

“ ကူရှုပ်ရှင်းက သူမကျောင်းသားရဲ့ အောင်မြင်မှု အရှိန်ကို အခြေအနေတစ်ခု အနေနဲ့သုံးမယ်လို့ ငါကြားတယ်။ ကျောင်းသားသစ် ဆုဆောင်းပွဲမှာ ကိုယ်ပိုင် ကျောင်းသားတွေကို စုဖို့ အခွင့်အရေး ရသွားပြီ ” လိုဒီက ချီးကျူးလိုက်သည်။

ကူရှုပ်ရှင်းက တကယ့်ကို ရည်းမှန်းချက်ကြီးတာပဲ။ သူမအရည်ချင်းကို ကျောင်းက အစမ်းခန့်ဆရာတွေက သဘောကျရင် သူမက ဒီတစ်သုတ် အစမ်းခန့်ဆရာတွေရဲ့ ဦးဆောင်သူ ဖြစ်လာလိမ့်မည်။

"ကျောင်းက သဘောတူလား"

ယွမ်ဖန်သည် မျက်လုံးအကျယ်ကြီး ပြူးကာ မေးလိုက်သည်။ အစမ်းခန့်ဆရာများ၏ အလိုအပ်ဆုံး အရာမှာ အစားထိုးဆရာများ ဖြစ်လာဖို့ဖြစ်သည်။ ၎င်းသည် ဆရာဌာနနှင့် တရားဝင်ပူးပေါင်းပြီး အတန်းထဲတွင် ကျောင်းသားများကို သင်ကြားပေးနိုင်သော တစ်ကယ့်ဆရာများ ဖြစ်လာမည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၂၃)။ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း

မြတ်ဆရာ အရှိန်အဝါ။

"ကျောင်းကို ဦးဆောင်တဲ့ သူတေွက ဆုံးဖြတ်ပြီးသွားပြီ။ အစမ်းခန့်ဆရာတစ်ယောက်ကို

ကျောင်းသား၅ယောက် စုဆောင်းခိုင်းမယ်။ ကျောင်းသား၅ယောက်ရရင် သူတို့က ဆရာ၅ာနကို ဝင်ရောက်နိုင်ပြီး တရားဝင်ဆရာများ ဖြစ်လာမယ်”

လိုဒီပြောပြီးသည်နှင့် ယွမ်ဖန် ပျာပျာသလဲ ခုန်ထလာသည်။

“ဒါကကောင်းလွန်းတယ်။” ယွမ်ဖန်က ခွန်အားကို သုံးပြီး စိတ်လှုပ်ရှားစွာ လက်ဝှေ့ယမ်းလိုက်သည်။ “လစာနဲ့ ရာထူးတိုးတာ ငါ့မျက်စိရှေ့မှာပဲ”

"အရမ်းပျော်မနေနဲ့၊ အစမ်းခန့် ဆရာတစ်ယောက်ရဲ့ ဂုဏ်က ကျောင်းသားသစ်တွေကို မဆွဲဆောင်နိုင်ဘူး"

လိုဒီသည် ယွမ်ဖန်၏ ခေါင်းပေါ်ကို ရေအေးပုံး လောင်းချလိုက်သည်။

ဌက်ကောင်း တစ်ကောင်သည် သစ်ပင်ကောင်းကိုသာ ရွေးချယ်တတ်ကြသည်။ ဆရာတစ်ယောက် ရွေးချယ်ခြင်းက အလွန်အရေးကြီးသော ကိစ္စဖြစ်သည်။ ကျောင်းသားများသည် ဆရာတစ်ယောက်ကို

ဆရာတင်ပြီးပါက ထိုဆရာနှင့် သုံးနှစ် လေးနှစ်လောက် သင်ကြားရသည်(သို့) ဆရာနှင့် လုံးလုံးလျားလျား ရင်နှီးလာပြီး တိုက်ရိုက်တပြည့် ဖြစ်လာနိုင်သည်။

ထုံးစံအတိုင်း မြတ်ဆရာများက ခြွင်းချက်ဖြစ်သည်။ မြတ်ဆရာတစ်ယောက်က ရွေးချယ်ခံရန် လုံလောက်သည့် ကိုယ်ပိုင်အရည်ချင်းရှိသည့် ကျောင်းသားက ဘယ်လောက်များများ ရှိနိုင်သနည်း။

ဆရာများသည် တပြည့်များကို သာမန်ကာ ရှန်ကာ မရွေးချယ်ကြပါ။ ကျောင်းသားများသည် ကိုယ်ပိုင်တပြည့်များ ဖြစ်လာပါက သားတစ်ယောက်လို၊ သမီးတစ်ယောက်လို လမ်းညွှန်ပေးကြသည်။

ထို့အတူ ကျောင်းသားများသည်လည်း သူတို့၏ ဆရာများကို မိဘလို ဆက်ဆံကြပြီး လေးစား ချစ်မြတ်နိုးကြသည်။ သူတို့သည် တဝက်တပျက်နှင့် ဆရာပြောင်းပါက ပြင်းပြင်းထန်ထန် ရှုံ့ချခံရမည်ဖြစ်သည်။

သို့သော် ဆားနယ်ထားသောငါး(အမှိုက်) များပင် အိပ်မက်ရှိကြသည်။

မြတ်ဆရာတစ်ယောက်၏ သင်ကြားမှုကို ရဖို့ဆိုတာ မလွယ်ကူပါ။ ထို့ကြောင့် ကျောင်းသားများသည် နှစ်ပေါင်းများစွာ အတွေ့ကြုံရှိသည့် ဆရာများကို ရွေးချယ်ကြသည်။ ခုမှ ကျောင်းရောက်ပြီး အလုပ်ရဖို့ အာမ မခံနိုင်သည့် အစမ်းခန့်ဆရာများအတွက်က။ သူတို့က စကားအနည်းငယ်မပြောရင် (သို့) အောင်မြင်မှုတချို့

မရှိခဲ့ရင် ကျောင်းသားနှစ်ယောက် (သို့) လေးယောက်သာ စည်းရုံးနိုင်လိမ့်မည်။

ဒါကို တွေးမိသည့်အခါ ယွမ်ဖန်သည် စိတ်ပျက်လက်ပျက်နှင့် ပြန်ထိုင်လိုက်သည်။ ဆွန်းမိုအကြောင်းကို တွေးမိသည့်အခါ ပိုမကျေမနပ် ဖြစ်သွားသည်။

“ ငါတောင်မလုပ်နိုင်ရင် ဒီဆန်ပျော့ကောင်ကတော့ အခွင့်ရေး မရမှာ သေချာတယ်”

ဆွန်းမိုသည် ကုတင်ပေါ်တွင် လှဲနေပြီး မျက်လုံးမှိတ်လိုက်ကာ သိုလှောင်ခန်းကို ဖွင့်လိုက်သည်။

ရွှေရောင်ရတနာ သေတ္တာသည် တလက်လက် တောက်နေသည်။

"ပစ္စည်းကောင်းရတဲ့ အခွင့်အရေးတိုးအောင် ဘယ်လိုလုပ်ရမလဲ။ ဆိုဒ် ၃၆ ရှိတဲ့ သဘော်သီး မိန်းကလေးကို ရှာပြီး သူ့ရင်ဘက်ကို သွားကိုင်လိုက်ရမှာလား"

ရတနာသေတ္တာဖွင့်ခြင်းသည် လောကီနည်းလမ်းဖြစ်သည်။ ဒါပေမယ့် သဘော်သီးမိန်းကလေးများသည် တွေ့ရခဲ့သည့် အချက်ကို စဉ်းစားလိုက်ပြီး ဆွန်းမိုသည် သူ့အယူအဆကို လက်လျှော့လိုက်သည်။

"ဖွင့်"

ဆွန်းမိုသည် ရတနာသေတ္တာ ဖွင့်လာသည်ကို တိတ်တဆိတ် စောင့်နေသည်။ သိပ်သည်းလှသည့် ရွှေရောင်အလင်း ထုတ်လွှင့်နေသော

စာအုပ်တစ်အုပ်သည် လေထဲတွင် ဖြည်းညင်းစွာ မျောလွင့်နေသည်။

“သတိလစ်ခြင်းနှင့် အသုံးမကျခြင်း”

စာအုပ်မျက်နှာဖုံးကို ဖတ်လိုက်ပြီး ဆွန်းမိုသည် ထထိုင်လိုက်သည်။ သူသည် အနီးတွင်တွေ့သည့် သစ်သားတိုင် တစ်ခုကို တိုက်လိုက်သည်။

“ဘုန်း”

ဆွန်းမိုသည် နာကျင်မှုကြောင့် လေအေး ရှူရှိုက်လိုက်မိသည်။ သို့သော် သူသည် ဒဏ်ရာများကို

စိတ်မဝင်စားနိုင်ဘဲ စာအုပ်က သူ့အာရုံကို ဆွဲဆောင်နေသည်။

“ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း မြတ်ဆရာအရှိန်အဝါ။ ကျောင်းသားများသည် မည်သည့် အားစိုက်ထုတ်မှုများ မလုပ်ခြင်းနှင့် မကြိုးစားသည့်အခါ (သို့) သူတို့၏အချိန်ကို ဘယ်လိုအသုံးချရမှန်းမသိဘဲ ပျော်ရွှင်ရန်သာ သိသည့် ခေါင်းထဲတွင် ရွှံ့များသာပြည့်နေသည့် လူငယ်များကို သင် သုံးနိုင်သည်။ သူတို့ကို အပြစ်ဒဏ်ပေးကာ မှန်ကန်သော

လမ်းကြောင်းပေါ်ကို ပြန်ရောက်အောင် သင်ဆုံးမနိုင်သည်။

"ဆရာတစ်ယောက်က ဒီအရှိန်အဝါကို သုံးလိုက်လျှင် ပြန်ထလာပါက ခေါင်းရိုက်ခံလိုက်ရသည့် ခံစားချက်ကို ခံစားရမည်။ ကျောင်းသားသည် ကြောက်ရွံ့ ထိတ်လန့်သော အခြေအနေကို ချက်ခြင်းရောက်သွားပြီး တွေးခေါ်နိုင်စွမ်းကို ဆုံးရှုံးသွားမည်။

"အခြေခံ အဆင့်"

"ဟား ဟား တကယ်ကြီးကို မြတ်ဆရာ အရှိန်အဝါလား"

ဆွန်းမိုသည် အလိုအလျောက် အကျယ်ကြီး ရယ်မောလိုက်မိသည်။

"ငါ အယ်စီဒီကောင်မလေးနဲ့ အတူရှိနေလို့ ကံကောင်းခြင်းတွေ ရောက်လာတာလား၊ လီဇီချီ, အာမင်"

ဆွန်းမိုသည် အနာဂတ်တွင် ရွှေရောင်စာအုပ်ကို ရသည့်အခါ မဖွင့်သေးဘဲ ၃ရက်လောက် လီဇီချီနှင့် စကားပြောမည်ဟု ဆုံးဖြတ်လိုက်သည်။

"စောက်ရူးကောင်၊ မင်းက သင်ကြားရေး လက်ထောက်တောင် ဖြစ်မလာသေးဘဲနဲ့ ဘာလို့ အကျယ်ကြီးရယ်နေတာလဲ၊ မင်းမရှက်တတ်တော့ ဘူးလား"

ယွမ်ဖန်သည် ပြုံးနေသည့်ဆွန်းမိုကို မထီမဲ့မြင် ကြည့်လိုက်သည်။ (မင်းအလုပ်ပြုတ်သည့် အခါကျရင် မင်းဆီကို ပို့လိုက်ဖို့ ဝက်ခေါင်းတစ်ကီလိုလောက် သေချာပေါက်ဝယ် ထားမယ်)

သူသည် အလွန်ကောင်းသော မြတ်ဆရာအရှိန်အဝါကို ရရှိလိုက်တာကြောင့် မထိန်းနိုင်မသိမ်းနိုင် ပျော်နေသည်။ လေ့လာခြင်းဖြင့်သာ ဉာဏ်အလင်းပွင့်ခြင်းကို ရနိုင်သည်။ မြတ်ဆရာတစ်ယောက် ဖြစ်လာရန် ဉာဏ်အလင်းပွင့်ခြင်း ၃မျိုး အနည်းဆုံးရှိရပြီး နောက်ထပ် အတတ်ပညာ တစ်ခုကို ကျွမ်းကျင်ရန် လိုအပ်သည်။

သာမန်ဆရာတစ်ယောက် ဖြစ်လာရန် ကိုယ်တိုင်သင်ကြားနိုင်သော မြတ်ဆရာအရှိန်အဝါကို

ရရှိထားရန် လိုသည်။ ၎င်းသည် အခြေခံသာ ဖြစ်သောကြောင့် မြတ်ဆရာတစ်ယောက်လို့ ယူဆလို့ မရသေးပါ။

လက်ရှိ ဆွန်းမိုတွင် တန်ဖိုးဖြတ်မရသော အကြံပြုချက်၊ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း မြတ်ဆရာအရှိန်အဝါကို ပိုင်ဆိုင်ထားသည်။ သူသည် မြတ်ဆရာတစ်ယောက် ဖြစ်လာရန် ခြေတစ်လှမ်း နီးလာသည်။

ဆွန်းမိုစောင့် မနေနိုင်တော့ဘဲ အပြင်ကိုထွက်လာပြီး မည်သူမှမရှိသည့်

နေရာတစ်ခုကို ရှာလိုက်သည်။ ထို့နောက် ရွှေရောင်စာအုပ်ကို ထုတ်ယူကာ အသက်ကို ပြင်းပြင်းရှူလိုက်ပြီး မျက်ခုံးနှစ်ခုအလယ်တွင် ထားလိုက်သည်။

"ဘယ်လောက်မွှေး လိုက်သလဲ၊ မြတ်ဆရာတစ်ယောက်ရဲ့ အနံ့ဖြစ်မယ်"

ဆွန်းမိုသည် တိုးတိုးလေး ရွတ်လိုက်သည်။ ထို့နောက်စာအုပ်ကို ချေမွလိုက်သည်။

"ဖောင်း"

စာအုပ်သည် အက်ကွဲသွားပြီး ရွှေရောင်အလုံးအဖြစ် ပြောင်းသွားကာ ဆွန်းမိုမျက်ခုံးနှစ်ခု အလယ်ကို ဝင်ရောက်သွားသည်။ ဆွန်းမို၏ စိတ်ထဲတွင် ထူးဆန်းစွာ လေးနက်ဆန်းကြယ်သည့် အချက်လက်များ ပေါ်လာသည်။

ဆွန်းမိုသည် မြတ်ဆရာအရှိန်အဝါ အသစ်ကို စမ်းသပ်ရန် စိတ်အားထက်သန်နေသည်။

ထောက်ပံ့ရေးဌာန၏ နားနေခန်းထဲတွင်

လီကုန်သည် သူ့ရှေ့က လက်ဖက်ရည်ခွက်ကို ကြည့်နေကာ သိသိသာသာ အကြည့်လွှဲနေပြီး မျက်နှာက နီရဲနေသည်၊

"ဝမ်းချုပ်နေတာလား"

ချမ်းမူသည် အချဉ်သီး တချို့ကို ယူလိုက်သည်။ လီကုန် ပြန်ဖြေလိုက်ချင်ပေမယ့် ဖက်တီး တစ်ယောက် နားနေခန်းထဲ လျှောက်ဝင်လာသည်။ လီကုန်လဲ ချက်ခြင်းထရပ်လိုက်ကာ အတောက်ပဆုံး ဖျစ်ညှစ်ကာ ပြုံးပြလိုက်သည်။

"ဥာနမှူး ယန်"

"ခရက် ခရက်"

ကြမ်းပြင်နှင့် ထိုင်ခုံ ပွတ်တိုက်သံများ ထွက်လာသည်။ ထို့အတူ နှုတ်ဆက် စကားများလည်း တပြိုင်နက် ထွက်လာသည်။

"မင်းတို့ သွားနှင့်ကြ"

ထောက်ပံ့ရေးဌာနက ဝန်ထမ်းများ အားလုံး မတ်တပ်ရပ်လိုက်သည်ကို မြင်သည်နှင့် ယန်ချိုင်သည် ကျေနပ်စွာ ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်သည်။ သူ့လက်နှစ်ဖက်ကို နောက်သို့ ပြစ်ထားပြီး လီကုန်ဆီကို လျှောက်သွားသည်။

သူလမ်းလျှောက်လိုက်သည့် အခါတိုင်း ဗိုက်ပေါ်က အဆီများသည် တုန်ခါသွားသည်။

ဝန်ထမ်းများသည် အလျှင်စလို ဦးညွတ်လိုက်ပြီး ခေါင်းကို ငုံ့ကာထွက်သွားကြသည်။

“အဲဒါက ပြေလည်သွားပြီလား”

“ပြီးတော့မှာပါ”

လီကုန် လည်ပင်းကြုတ် သွားသည်။

“ဖောင်း”

ယန်ချိုင်ပစ်လိုက်သည့် လက်ဖက်ရည်ခွက်က လီကုန် နှာခေါင်းကို ထိမှန်သွားသည်။ "မင်းစောက်သုံးမကျဘူးလား၊ ဘယ်နှစ်ရက်ရှိပြီလဲ၊ ဒီလောက်လွယ်တဲ့ ကိစ္စကိုတောင် မလုပ်နိုင်ဘူးလား"

"ဆွန်းမိုက အရမ်းလည်တယ်"

လီကုန်က ဖြေပြီး မြန်မြန်ပြုံးပြလိုက်သည်။

"ဘန်း"

ယန်ချိုင်က နောက်ထပ် လက်ဖက်ရည်ခွက် တစ်ခုကို ယူကာ ပစ်ပေါက်လိုက်သည်။

"သူကလည်တယ် ဆိုတာ မင်းဘာကို ပြောချင်တာလဲ။ မင်းသူ့ကိုတောင် ပြဿနာမရှာနိုင်ဘူးလား။ ပြဿနာကြီးလာရင် ငါ့က အမှိုက်လိုက်ရှင်း နေရမယ်"

ယန်ချိုင်သည် အေးစက်စွာ နှာခေါင်းရှုံ့လိုက်သည်။ သူက ထောက်ပံ့ရေးဌာန၏ အကြီးအကဲဖြစ်ပြီး ဆွန်းမိုက အစမ်းခန့် ဆရာတစ်ယောက်သာဖြစ်သည်။ ဆွန်းမိုအမှားတစ်ခု လုပ်လိုက်တာနှင့် သူ့မှာဖြေရှင်းဖို့ အကြောင်းပြချက်ရပြီ ဖြစ်သည်။

"ခုချက်ခြင်း လုပ်လိုက်ပါ့မယ်"

ထပ်မရိုက်ခံရစေရန် လီကုန်က မြန်မြန် အာမခံလိုက်သည်။

"မင်းကို နောက်ထပ် သုံးရက်ထပ်ပေးမယ် ဒါမှ မင်း မလုပ်နိုင်ဘူးဆိုရင် ငါ့ကိုလာရှာပါ"

ယန်ချိုင်သည် လီကုန်ကို စိုက်ကြည့်ကာ ပြောလိုက်သည်။ ထိုနောက်သူသည် စားပွဲအနည်းငယ်၏ အံဆွဲများကို ခပ်ကြမ်းကြမ်း ဆွဲထုတ်ကာ စစ်ဆေးလိုက်ပြီး ဌာနမှထွက်သွားသည်။

“ထွီ ဘယ်လောက်တောင် အသုံးမကျရတာလဲ”

ယန်ချိုင်သည် သူ့အနားရှိ ပန်းပင်များပေါ်ကို တံထွေးများ ထွေးလိုက်သည်။ သူသည် နောက်တစ်နည်း သုံးရန်စဉ်းစားနေသည်။ သူ့အထက်က လူကြီးများက ရလာဒ်အမြန် လိုချင်နေကြသည်။ ဆွန်းမိုသာ မြန်မြန်မပြေးရဘူး ဆိုရင် သူထပ် အထောင်းခံရအုံးမည်။

“ငါဘာလုပ်ရမှာလဲ၊ စိတ်ပျက်ဖို့ ကောင်းလိုက်တာ”

လီကုန် သက်ပြင်းချလိုက်ပြီး အင်အားမရှိတော့သလို ထိုင်ခုံပေါ်တွင် ထိုင်လိုက်သည်။ သူ့နှာခေါင်းက သွေးများ ထွက်ကျလာသော်လည်း မသုတ်ပစ်မိပါ။

နေရောင်က တဖြည်းဖြည်းကျလာသည်။

လီကုန်သည် ဆွန်းမို၏ အခန်းတံခါးကို ဖွင့်လိုက်သည်။

"ဘယ်သူ့ကို ရှာနေတာလဲ"

လိုဒီက ဝက်သားခြောက်ကို ကိုင်ထားပြီး ကြောင်တောင်တောင် ကြည့်နေသည်။

"ဆွန်းမိုကို ရှာနေတာပါ၊ ဆရာဆွန်း"

လီကုန်သည် ပြုံးကာခေါ်လိုက်သည်။

"ဆွန်းမိုမင်းကို ဒီမှာ တစ်ယောက် လာရှာနေတယ်"

လိုဒီသည် အော်လိုက်ပြီး နောက်စားပွဲဝိုင်းကို သွားကာ ဝက်မွေးနှုတ် နေသည်။ သို့သော် မျက်လုံးများက လီကုန်ကို လှည့်ကြည့်နေသည်။ ခြေထောက်ချာနေသော သတ်လက်ပိုင်း လူကြီးသည် ထောက်ပံ့ရေးဌာန အဝတ်အစားကို

ဝတ်ဆင်ထားသည်။ သူဘာလို့ ဆွန်းမိုကို ရှာနေတာလဲ။

"ဆရာဆွန်း"

ကုတင်ဘေးမှာ ထိုင်ကာ စာဖတ်နေသော ဆွန်းမိုကို တွေ့လိုက်လျှင် လီကုန်က လှမ်းခေါ်လိုက်သည်။ သူသည် ပြုံးကာ လက်ဖက်ခြောက် အိတ်ကြီးကို သယ်လာကာ ဆွန်းမိုဘေးတွင် ထားလိုက်သည်။ "ဒါက ငါ နှစ် နှစ်ဆယ်လောက် သိမ်းထားတဲ့ ဆိုင်လွန်တောင်က တင်လောင် လက်ဖက်ခြောက်"

"ဆိုင်လွန်တောင်မှ တင်လောင် လက်ဖက်ခြောက်" ဟု ကြားလိုက်ရသောအခါ လိုဒီ၏ မျက်ခုံးကွေးသွားသည်။ နာမည်ကျော် လက်ဖက်ခြောက်ဖြစ်ပြီး ၅၀ ဂရမ်ကို ငွေပြား ၁၀၀၀ ကျော်လောက်ပေးရသည်။ ချမ်းသာသည့် သူ (သို့) အစိုးရအရာရှိ တစ်ယောက်ဖြစ်မှ သောက်နိုင်သည်။

လီကုန် ယူလာသည့် လက်ဖက်ခြောက် ၂၅၀ ဂရမ်လောက် အထုပ်ကို လိုဒီလှမ်းကြည့်လိုက်သည်။ ထိုအရာသည် တင်လောင်လက်ဖက်ခြောက်

သာဆိုပါက အများကြီးမဟုတ်သော်လည်း ငွေပြား ၂၅၀၀ ကျော်ဖိုးလောက်ရှိသည်။

အခုနှစ်ပိုင်းတွင် တန်နိုင်ငံသည် အေးချမ်းသာယာနေသည်။ တိုင်းပြည် အေးချမ်းသာယာလျှက် ပြည်သူတို့ တိုးတက် နေကြသော်လည်း မိသားစုတစ်စု၏ နှစ်စဉ်အသုံးစရိတ်မှာ ငွေပြား ၁၀၀ ကျော်ခန့် ရှိသည်။

"ဒီလူက ဒီလောက် လက်ဆောင်အများကြီးနဲ့ ဘာလုပ်ချင်နေတာလဲ"

လိုဒီသည် တော်တော် အံ့ဩသင့်သွားသည်။ သို့သော် ပိုပြီး အံ့ဩစရာကောင်းတာက နောက်ဆက်တွဲ ဖြစ်သည်။ ဆွန်းမိုသည် လက်ဖက်ခြောက်ကို တစ်ချက်တောင် လှည့်မကြည့်ခဲ့ပါဘူး။ လီကုန်ရှိနေတာကိုတောင် အသိအမှတ်မပြုထားပါဘူး။

လီကုန်မျက်နှာတွင် ဒေါသထွက်သည့် အရိပ်တစ်ချက် ပေါ်လာသော်လည်း သူသည် ဘာစကားကိုမှ မပြောဝံ့ဘဲ ဆွန်းမိုကိုသာ

ပြုံးလျှက်ကြည့်ပြီး ဘေးနားမှာ နာခံစွာရပ်နေပါသည်။

ဆယ်မိနစ်ကျော် စောင့်လိုက်ပြီးနောက် လီကုန်သည် သည်းခံနိုင်တော့ဘဲ "လက်ဖက်ခြောက်ဖျော်ဖို့ ရေနွေးသွားတည် လိုက်အုံးမယ်"

လီကုန်သည် အနီးရှိ စားပွဲပေါ်က ရေနွေးအိုးကို ယူကာ အဆောင်က ထွက်သွားသည်။ သူသည်အဆောင်က ထွက်လာပြီးနောက် မနေနိုင်ဘဲ ကျိန်ဆဲလိုက်သည်။

"ခွေးမ...လေး၊ မင်းအဖေကို ဒီလို ဆက်ဆံရဲတယ်ပေါ့၊ မင်းသာ ငါ့လက်ထဲရောက်လို့ ကတော့ မင်းနာကျင်ပြီး သေစေရမယ်"

ရေနွေးကို တည်ပြီးနောက် ဒေါသထွက်နေသော လီကုန်သည် နှစ်ခါအော်ဟာစ်လိုက်ပြီး ရေနွေးအိုးထဲကို တံထွေး ထွေးထည့်လိုက်သည်။ ထို့နောက် ပြုံးကာ အဆောင်ကို ပြန်လာသည်။

ဆွန်းမိုသည် ဆယ်နှစ်ကျော်လောက် ဒဏ်ရာရနေသော သူ့ခြေထောက်ကို

ကုသပေးနိုင်သည့် တစ်ဦးတည်းသောသူ ဖြစ်သည်။ ပြန်ကောင်းချင်ပါက သူ့ဒါကို သည်းခံရမည်။

"တင်လောင် လက်ဖက်ခြောက် အရသာက ဒုတိယအကြိမ်ပြုတ်မှ အရသာ အပြည့်ပေါ်တာ ပူတုန်းလေး သောက်လိုက်ပါလား"

လီကုန်သည် လက်ဖက်ခြောက် အကြောင်းကို ပြောပြီးသည်နှင့် လက်ဖက်ခြောက်ကို စိမ်လိုက်သည်။ လူတစ်ယောက် သရေကျနိုင် လောက်သော အမွှေးနံ့သည် လေထုထဲ ပျံ့နှံ့လာသည်။

"ဂလု"

လိုဒီသည် တံထွေးမြိုချ လိုက်မိသည်။ ဤမျှ မွှေးကြိုင်သော လက်ဖက်ခြောက်သည် ဆိုင်လွန်တောင်မှ တင်လောင် လက်ဖက်ခြောက်သာ ဖြစ်နိုင်သည်။

“ဒီကဆရာ ၊ဒီကိုဘာလာလုပ်တာလဲ”

လိုဒီသည် လီကုန်ကို လှမ်းပြောလိုက်သည်။

“မင်းလုပ်နေတာကို အနှောက်အယှက်မပေးပါဘူး”

လိုဒီသည် ထိုသို့ပြောရင်း လမ်းလျှောက်လာပြီး သူ့ခွက်ကို မြှော့ာက်လိုက်သည်။ ထို့နောက်

ပါးစပ်အပြည့် တလုပ်သောက်လိုက်သည်။ မွှေးရန့်တစ်ခုသည် သူ့နှလုံးသား အောက်ခြေတိုက်အောင် စီးဆင်းလာသည်။ "တယ်ကောင်းတဲ့ လက်ဖက်ရည်ပဲ" ဟုအော်ဟစ်လိုက်သည်။ သူက

" ဆရာဆွန်းလာ သောက်ကြည့်စမ်းပါ"

လီကုန်က အပြုံးကြီးကြီး ပြုံးနေသော်လည်း နှလုံးသားထဲက သွေးများ စီးကျလာသည်။ ဆယ်နှစ်လောက် စုဆောင်းထားသော

လက်ဖက်ခြောက်သည် ဤအတိုင်း အလဟဿဖြစ်သွားပြီ။

ဆွန်းမိုသည် လက်ဖက်ရည်ကို နတ်ဘုရားမျက်စိဖြင့် ကြည့်လိုက်သည်။

“ဆိုင်လွန်တောင်က တင်လောင် လက်ဖက်ခြောက်၊ အဆင့်တန်းမြင့် ကုန်ပစ္စည်း၊ သောက်သုံးလိုက်ပါက စိတ်ကိုကြည်လင်စေပြီး ပင်းပန်း နွယ်နယ်မှုကိုလဲ ပျောက်ကင်းနိုင်သည်။ ၎င်းသည် အစာအိမ်နှင့် အစာခြေစနစ်ကို ကောင်းမွန်စေနိုင်သည်။

လက်ဖက်ခြောက်၏ သက်တမ်း မဆိုးပါ၊ သို့သော် ထိပ်တန်းအရည်သွေးလို့ မယူဆနိုင်ပါ။ လီကုန် အခြေအနေနှင့် ငွေကြေးတို့ကြောင့် ၂၅၀ ဂရမ်သည် သူ၏ အကန့်အသတ်ဖြစ်သည်။

"ဆွန်းမို လာမြည်းကြည့်စမ်းပါ၊ အရမ်းမွှေးပြီး တကယ်ကောင်းတယ်"

လိုဒီက တိုက်တွန်းလိုက်သည်။ လီကုန်သည် သူ့ကို စေတနာရှိလွန်းလို့ တိုက်တာမဟုတ်မှန်း သူသိသည်။ လီကုန်က သူ့ကို လက်ဖက်ရည်

ချီးမွမ်းစေရန် အကူညီလိုသောကြောင့် တိုက်မှန်းသူသိသည်။

လီကုန်သည် အခြားလက်ဖက်ရည် တစ်ခွက်ကို ဖြည့်ပြီး ဆွန်းမိုကိုပေးလိုက်သည်။

“မင်းသောက်လိုက်” ဆွန်းမိုက ပြောလိုက်သည်။

“အမ်” လီကုန် အံ့သြသွားသည်။

“တစ်ခွက်လုံး ကုန်အောင်သောက် တစ်စက်တောင် မကျန်စေနဲ့” ဆွန်းမိုက အေးစက်စက် ပြောလိုက်သည်။

(လို......မ၊ လက်ဖက်ရည်ခွက်ထဲကို တံထွေး ထွေးထည့်တာ ဘယ်လောက် ယုတ်မာလိုက်တဲ့ ကောင်လဲ)

“ဆွန်းမို၊ သူက မင်းကို စေတနာထားပြီး လက်ဖက်ခြောက်တွေကိုတောင် ပေးနေတာလေ၊ မင်းအပြုအမူက နည်းနည်း မရိုင်းဘူးလား” လို့ဒီကပြောပြီး နောက်တစ်ခွက် သောက်လိုက်သည်။ အရသာ မဆိုးပါဘူး။

“အိုး၊ ဒါဆို မင်းသူ့ကို ကူသောက်ပေးလိုက်ပေါ့”

ဆွန်းမိုက ပေါ့ပေါ့ပါးပါး ရယ်ကာပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၂၄) - လူကြီးလူကောင်းတစ်ယောက် လက်စားခြေရင် နေ့ကနေ ညထိတောင် ရောက်နိုင်တယ်။

"မင်းဘာသာမင်း ကလေးစကားတွေ ပြောနေလိုက်၊ ငါ ဝက်ခြေထောက်ညှပ်ဖို့ ကျန်သေးတယ်"

လိုဒီသည် သောက်လက်စခွက်ကို လက်စသတ်သောက်ပြီး နှုတ်ခမ်းကို လျှာနဲ့သပ်ကာ

ခဏလောက် အရသာခံနေသည်။ ထို့နောက်သူသည် ဝက်ပေါင်ခြောက်ကို ယူကာ ထွက်သွားသည်။

လက်ဖက်ရည်က အရသာကောင်းသော်လဲ လိုဒီက လူမှုရေးနားလည်သည်။ ဒါကြောင့် သူနောက်တစ်ခွက် တောင်းမသောက်တော့ပါဘူး။

"ငါသာ အနာဂတ်မှာ မြတ်ဆရာတစ်ယောက် ဖြစ်လာရင် ဒီလက်ဖက်ခြောက် ဝယ်နိုင်လာမှာ ခုတော့ ပါးစပ်ကို သုတ်ထားလိုက်မယ်"

လိုဒီသည် ရည်ရွယ်ချက် သေးသေးလေး မှတ်လိုက်သည်။

"သောက်လိုက်"

ဆွန်းမိုသည် လီကုန်အား လက်ဖက်ရည်ကို အတင်း တိုက်လိုက်သည်။

လီကုန်သည် သောက်လိုက်ပြီးသည်နှင့် ရှုံ့ကြီးတင်င် ပြုံးလိုက်သည်။ ဘာပဲဖြစ်ဖြစ် သူ့တံထွေးဘဲ ဘာမှဖြစ်ပါဘူး။ "တစ်အိုးလုံး ကုန်အောင်သောက်လိုက်"

ဆွန်းမိုကတော့ ဤအရာကို ရပ်တန့်ရန် ရည်ရွယ်ချက်မရှိပါ။

(လူကြီးလူကောင်း တစ်ယောက် လက်စားချေရင် နေ့တောင်ည ဖြစ်သွားမည်။ ငါ့ကို တံထွေးထွေးထားတဲ့ လက်ဖက်ရည်ကို သောက်စေချင်တာလား၊ မင်းမျက်နှာတစ်ခုလုံးကို ထမကာန်လိုက်တာ ကံကောင်းမှတ်)

"ဆရာဆွန်း" လီကုန်က ခေါ်လိုက်သည်။

"ဖွတ်"

ဆွန်းမိုသည် ခွက်ထဲကို တံထွေးထွေး လိုက်ပြီး လီကုန်ရှေ့ကို ပို့လိုက်သည်။

"ဆွန်းမို၊ မင်းကအလုပ်သင်ဆရာပဲ ရှိသေးတယ်၊ ငါ့ကို ဒီလိုအရှက်ခွဲလို့ မရဘူး"

ဆန်းမိုလုပ်လိုက်သည့် ပုံကြောင့် လီကုန်သည် ကြောင်သွားပြီး ဆံပင်ဆွဲနှုတ် လိုက်မိသည်။ ဆွန်းမိုသည် လက်ဖက်ရည်ခွက်ကို ကိုင်ကာ လီကုန်ပါးစပ်ထဲကို အတင်း လောင်းထည့်နေသည်။

"အဟွန့် ဟွန့် ဟွန့်"

လီကုန်သည် ချောင်းဆိုးနေပြီး ရုန်းကန်နေသည်။

“မင်းတံထွေး ထွေးတုန်းက ဘာလို့ မစဉ်စားတာလဲ၊ ငါ့ကို အရှက်ခွဲလို့ရမယ် ထင်နေတာလား” ဆွန်းမိုက မေးလိုက်သည်။

လီကုန်သည် ဆွန်းမိုကို ငြင်းဆန်ချင်သော်လည်း ထိုစကားကို ကြားလိုက်ရသောအခါ တစ်ကိုယ်လုံး တောင့်တင်းလာပြီး နဖူးက ချွေးထွက်လာသည်။ ထိုအကြောင်းကို ဘယ်လို သိသွားတာလဲ။ သူကနတ်ဆိုးလား။ ဟုတ်တယ် နတ်ဆိုးပဲဖြစ်ရမည်။

“ဟွန့်”

ဆွန်းမိုသည် လက်ကိုမြှောက်ကာ ခွက်ဖြင့် လီကုန်မျက်နှာကို ရိုက်လိုက်သည်။

“အား”

လီကုန် နာကျင်စွာ အော်ဟစ်လိုက်ကာ မျက်နှာကို လက်ဖြင့်ကိုင်ပြီး မြေပေါ်ကို လဲကျသွားသည်။ ဆွန်းမိုသည် ရေနွေးအိုးကိုယူကာ လီကုန်ခေါင်းပေါ်ကို လောင်းချလိုက်သည်။

“ဝုန်း”

လီကုန် တစ်ကိုယ်လုံး ရေစိုရွှဲသွားသည်။

“အား၊ ပူတယ် ပူတယ်”

လီကုန် အဝတ်များစိုရွှဲနေပြီး အပူလောင်ကာ ခုန်ဆွခုန်ဆွ ဖြစ်နေသည်။ သူ့အသားက အနည်းငယ် နီရဲနေသည်။

“ခရက်”

ပစ္စည်းတစ်ခုကို မေ့ပြီး ယူရန်ပြန်လာသည့် လိုဒီသည် အဆောင်တံခါးကို ဖွင့်လျှက် ကြက်သေသေနေသည်။ သို့သော် ဤမျှရက်စက်သည့် မြင်ကွင်းမျိုးကို မြင်ရမည်ဟု သူ မထင်ထားခဲ့ပါ။

"ငါတောင်းပန်ပါတယ်၊ နေရာမှားပြီး ရောက်လာမိတာ"

"ဘန်း"

လိုဒီသည် အခန်းတံခါးကို ပိတ်ပြီး လှေကားက ခုန်ချလိုက်သည်။ သူစိုးရိမ်ကြောက်လန့် နေပြီး လက်မှာကိုင်ထားသည့် ဝက်ပေါင်ခြောက် အနည်းငယ် ပြုတ်ကျသွားသည်။

ကောလဟာသများအရ ဆွန်းမိုသည် ခက်ခဲသည့်အချိန်ကို ရောက်နေပြီး သူသည် ပင်းပန်သည့် ညစ်ပတ်သည့် အလုပ်များကို

ထောက်ပံ့ရေးဌာနတွင် လုပ်ရသည်။ ထောက်ပံ့ရေးဌာနမှာ သနားစဖွယ် ကောင်းအောင် ဖြတ်သန်းနေရပြီး သူသည် သိပ်ကြာကြာ မနေနိုင်တော့ဘူး...

" သောက်ခွေး... ခံနေရသည့် သူသည် ထောက်ပံ့ရေးဌာနက တာဝန်ခံ ဖြစ်နေသည်။ သို့သော်လူသည် အမှိုက်ပုံးထဲတွင် ရှိနေသော်လည်း အသံမထွက်ရဲပါ။

"သူ့ရည်းစားက ကျောင်းအုပ်ကြီး ဖြစ်နေလို့ ဒီလိုလုပ်ရဲတာလား"

လိုဒီ အလွန်မနာလိုဖြစ်နေသည်။ “ဆွန်းမို မိန်းမကောင်း တစ်ယောက်ရှာထားတာ တကယ် ကောင်းတာပဲ”

“ဥာန....ဥာနမှူး ယန်ချိုင် ဒီနေ့ငါ့ကို လာရှာပြီး မင်းကို ခက်ခဲအောင် လုပ်ခိုင်းတာ”

လီကုန် အလွန်ကို နာကျင်နေတာကြောင့် အံကိုကြိတ်ကာ ပြောလိုက်သည်။

“မင်းငါ့ကို တိုက်ခိုက်ဖို့ ကြိုးစားနေတာလား”

ဆွန်းမိုက အေးစက်စက် ပြုံးပြီးပြောလိုက်သည်။

"မဟုတ်ဘူး၊ ငါမလုပ်ရဲပါဘူး" လီကုန်က မြန်မြန်ပြန် ဖြေရှင်းလိုက်သည်။ "ငါ့ခြေထောက်ကို ပြန်ကုပေးပါလား၊ ဒါဆို ငါသူတို့နဲ့ ပြန်ညှိနှိုင်း.............."

"ဘုန်း"

လီကုန် စကားမဆုံးမှီ ဆွန်းမိုက မြေပေါ်က အိုးကို ကောက်ယူကာ လီကုန်ခေါင်းကို နောက်တစ်ကြိမ် ရိုက်လိုက်သည်။

"ဒေါင်"

လီကုန် နောက်တစ်ခေါက် လဲကျသွားပြန်သည်။

"မင်းအခြေအနေကို နားမလည်သေးဘူးပဲ"

ဆွန်းမိုသည် လီကုန် ဘေးတွင်ထိုင်ကာ ရင်ဘက်ကိုပုတ်ရင်း ပြောလိုက်သည်။

"မင်းမှာ ရွေးချယ်စရာမရှိဘူး၊ ယန်ချိုင် ပန်းတိုင်က အန်ရှီဝေကို ထိုးနှက်ဖို့၊ သူက ငါ့ကိုကျောင်းက ထုတ်ဖို့ပဲ၊ မင်းကို ပြောလိုက်မယ် ငါ့မှာ ဒီအလုပ်မရှိလဲ ဂရုမစိုက်ဘူး"

လိုဒီသည် ဆွန်းမိုကို ကြည့်လိုက်သည်။ အောက်ခြေအသိုင်းအဝိုင်းတွင် ကျင်လည်ခဲ့သည့် သူ့အတွေ့အကြုံအရ ဤလူငယ်သည် စကားအဖြစ်

ပြောခြင်းမဟုတ်ပဲ အတည် ပြောနေကြောင်း သူသိသည်။

ဒီကိုယ်၏ အရင်ပိုင်ရှင်က အမှားလုပ်မိပြီး အလုပ်ထုတ်ခံရမည်ကို ကြောက်ကာ အရာရာတိုင်းကို သည်းခံနေခဲ့သည်။ သို့သော် ဆွန်းမိုအတွက် အရာရာ ကွဲပြားသည်။ ဤအလုပ်အတွက် လူ၂၀၀ကျော်သည် တရားဝင် အလုပ်ရရေး တိုက်ခိုက်နေကြသော်လည်း သူကတော့ မပျော်ရင် အလုပ်ထွက်စာ

တင်လိုက်မည် ဖြစ်သည်။ ဘာကိုမှ ကြိုတင်တွေးတောစရာမလိုပါ။

လီကုန် ရှုံးသွားလေပြီ သူသည် အရိုက်နှက်ခံထားရသည့် ခွေးတစ်ကောက်လို ခေါင်းငုံ့သွားသည်။ သူ၏ နည်းလမ်းဖြင့် ဆွန်းမိုကို မခြိမ်းခြောက် နိုင်တော့ပါ။

ဆွန်းမိုသည် လီကုန်ခြေထောက်ကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို သုံးလိုက်ကာ

လီကုန်ဒဏ်ရာ အနေထားကို ပိုသိရန် လှေလာလိုက်သည်။

လီကုန်သည် နာကျင်ခြင်းနှင့် ထုံကျင်မှုကို ရှေးဦးစွာ ခံစားလိုက်ရပြီးနောက် နွေးထွေးသော စီးကြောင်း တစ်ခုက ဖြတ်သန်းသွားသည်။ သူ့လက်နှင့် ခြေများသည် မခံစားရတာ ကြာပြီဖြစ်သော သက်တောင့်သက်သာ ဖြစ်လာသည့် ခံစားမှုများ ရလာသည်။

"လှုပ်လို့ရတာလား၊ ငါ့ခြေထောက် တကယ် လှုပ်နိုင်တာလား"

လီကုန် ဝမ်းသာပြီး ပြောလိုက်သည်။

“ မင်း ငါ့ရဲ့ သည်းခံနိုင်စွမ်းကို ထပ်ပြီး မစမ်းသပ်ပါနဲ့ မင်းခြေထောက် ပြန်ကောင်းချင်ရင် ငါပြောတဲ့အတိုင်း လုပ်ပါ”

ဆွန်းမိုသည် မတ်တပ်ရပ်ကာ လီကုန်ပခုံးပေါ်ကို လက်တင်ပြီး ပြောလိုက်သည်။

“နောက်တစ်ခုက မင်းခြေထောက်ကြွက်သားတွေက မလှုပ်တာ ကြာတော့ ကျုံ့နေပြီ ဒီအတိုင်း ဆက်ဖြစ်သွားမယ်ဆို ကုသလို့ရမှာ မဟုတ်တော့ဘူး”

ဆွန်းမိုလက်ကို ဖယ်လိုက်သည်နှင့် လီကုန်၏ ခြေထောက်သည် အရင်အတိုင်း ပြန်အေးစက် ထုံကျင်သွားသည်။ ထိုခံစားမှုသည် သဲကန္တာရတွင် ခရီးသွားတစ်ယောက်က ဖရဲသီးစားပြီးနောက် အရင်တိုင်း ပြန်ဖြစ်သွားသည်နှင့် တူသည်။ ဒါပေမယ့်သူကတော့ ကိုက်ရုံသာ ကိုက်ရပြီး မစားလိုက်ရဘဲ မျက်နှာကို တစ်ယောက်က ဖြတ်ရိုက်လိုက် သလို ခံစားရသည်။

"မင်းက မကောင်းဆိုးဝါးလား" လီကုန် ငိုရင်းပြောလိုက်သည်။

“မဟုတ်ဘူး၊”

ဆွန်းမို၏ ဖြူဖွေးနေသည့် သွားရှစ်ချောင်းပေါ်အောင် အပြစ်ကင်းသည့် အပြုံးကိုမြင်လိုက်လျှင် လီကုန် စိတ်ထဲ တုန်သွားသည်။ “ငါက နတ်ဆိုးထက် ပိုကြောက်စရာကောင်းတဲ့ ဆွန်းမိုပါ”

ဆွန်းမိုသည် ခြောက်နှစ်လောက် ဆရာလုပ်ခဲ့ပြီး ကျောင်းသား ၁၂ယောက်ကို တက္ကသိုလ် ဝင်ခွင့်ရအောင် သင်ကြားပေးခဲ့သူဖြစ်သည်။ သူသည် လမ်းညွှန်ခဲ့ခြင်းသာ မဟုတ်ပဲ စပါတန်သူရဲကောင်း

တစ်ယောက်တောင် အော်ဟစ်လောက်သည်အထိ တင်းကျပ် ထားခဲ့သည်။

"ဟုတ်ပြီ ငါ့ဉာဏ်အလင်းပွင့်ပြီး မြတ်ဆရာအရှိန်အဝါ တစ်ခု ထပ်ရထားတယ် မင်းစမ်းကြည့်ချင်လား" ဆွန်းမိုက နောက်ပြောင်ပြီး မေးလိုက်သည်။

"ဘာလဲ"

လီကုန်က မျက်မှောက်ကြုတ်ပြီး ပြန်မေးလိုက်သည်။ မြတ်ဆရာအရှိန်အဝါရဖို့ လွယ်လို့လား။

"သတိလစ်ခြင်းနှင့် အသုံးမကျခြင်း"

ဆွန်းမိုသည် ထိုသို့ ပြောလိုက်ပြီးနောက် လက်ချောင်းများဖြင့် ရိုက်လိုက်သည်။

"ဖုန်း"

ကျောက်တုံးများ ပွတ်တိုက်မိပြီး ထက်လာသော မီးပွားကဲ့သို့ ရွှေရောင်မီးတောက် တစ်ခု ထွက်လာသည်။ ထိုမီးတောက်များသည် မပျောက်ကွယ်သွားပဲ လီကုန်ဆီကို ရွှေရောင်မြွားတစ်စင်းအဖြစ် ပြောင်းပြီး ရောက်သွားသည်။

"ဟာင်"

မီးတောက် ထွက်ပေါ်လာသည်နှင့် လီကုန် ကြောင်သွားသည်။ သူလန့်ဖြန့်ပြီး နောက်ဆုတ်လိုက်သည်။ သို့သော် ရွှေမြွေး၏ အမြန်နှုန်းမှာ မြန်ဆန် လွန်းလှသည်။ မျက်စိတစ်မှိတ်အတွင်း လီကုန်ခေါင်းထဲကို ဝင်ရောက်သွားသည်။

လီကုန်ခေါင်းမှ ရွှေရောင် ရောင်ပြန်လာပြီး လီကုန်လန့်သွားသည်။ ထိုနောက် သူ့မျက်လုံးများတွင် အာရုံစူးစိုက်မှုများ ပျောက်ဆုံးသွားသည်။

သူ့အကြည့်သည် မှုန်ဝါးသွားပြီး အသိမဲ့သည့် လူတစ်ယောက်လို ဖြစ်လာသည်။

"အွန့်" လီကုန် လည်ခေ ျ ာင်းထဲကနေ အသံတစ်ချက် ထွက်လာပြီး ပါးစပ်ဟနေကာ တံထွေးများ စီးကျလာသည်။

"လီကုန် ငါပြောတာကြားလား" ဆွန်းမိုက အကျယ်ကြီး အော်မေးလိုက်သည်။

လီကုန် ခေါင်းလှည့် လိုက်သော်လည်း ကြောင်တောင်တောင် ဖြစ်နေသည်။

"ငါ့ရဲ့မြတ်ဆရာ အရှိန်အဝါက တကယ်မိုက်တာပဲ"

ဆွန်းမို အံ့သြသွားသည်။ လူတစ်ယောက်ကို အရူးတစ်ယောက် အဖြစ် ယာယီ ပြောင်းလဲသွားတာပဲ။ သူသည် လီကုန်ဆီကို သွားကာ ရိုးရှင်းသော မေးခွန်းများမေးလိုက်သည်။

လီကုန်က ဘာတုံ့ပြန်မှုမှ မပြပါ။

"တကယ်ကြီးလား"

ဆွန်းမိုသည် သတိကြီးသည့်သူဖြစ်သည်။ သူသည် အရေးပေါ်ကိစ္စများအတွက် ပြင်ဆင်ရန်

သတင်းအချက် လက်စုံအောင် ကြိုတင် စုဆောင်းထားတတ်သည်။

လက်ကိုမြှောက်လိုက်ကာ လီကုန်မျက်နှာကို ရိုက်လိုက်သည်။

“ဖြောင်း”

ရိုက်ချလိုက်သံကြီးသည် ကျယ်လောင်စွာ ပေါ်လာသည်။

လီကုန်သည် ရှူးသွပ်စွာပြုံးလိုက်ပြီး ပါးစပ်က တံထွေးများ ပိုကျလာသည်။

“ဖြောင်း ဖြောင်း ဖြောင်း”

ဆွန်းမို ပိုအားထုတ်ကာ ရိုက်လိုက်သော်လည်း လီကုန်သည် ပြုံးမဲပြုံးဆဲဖြစ်သည်။

"သူအရူးတစ်ယောက်လို ဖြစ်နေတာ မျက်လုံးကိုကြည့်တာနဲ့ သေချာပါတယ်"

ဆွန်းမို ထူးဆန်းနေသည်။

သူအရင်က ရခဲ့သည့် မြတ်ဆရာအရှိန်အဝါက တန်းဖိုးဖြတ်မရသည့် အကြံပြုချက်ဖြစ်ပြီး ဆရာတစ်ယောက် ပြောလိုက်သည့် စကားကို ပိုပြီး အကျိုးသက်ရောက်အောင် အထောက်အပံ့ ပေးနိုင်သည်။ ထို့ကြောင့် ဆွန်းမိုသည်တိုက်ရိုက်

အသုံးချနိုင်ခြင်း မရှိပါ။ ဒါပေမယ့် အခုတော့ သူရရှိသည့် မြတ်ဆရာအရှိန်အဝါက အမှန်တကယ်ကြီးကို အစွမ်းထက်သည့် အရာဖြစ်သည့်အတွက် သူအရမ်း ပျော်သွားသည်။ အကယ်၍ ကျောင်းသားတစ်ယောက် သူ့အတန်းတွင် စကားမလိုက်နာဘဲ ပြဿနာရှာပါက သတိလစ်ခြင်းနှင့် အသုံးမကျခြင်း မြတ်ဆရာအရှိန်အဝါကို သုံးလိုက်ရုံဖြင့် ရပ်တန့်ထားလိုက်လို့ရသည်။

ဆွန်းမိုသည် သဏ္ဍာန်မဲ့ မြင့်မြတ်စကြဝဠာကျင့်စဉ် ကိုစတင်လေ့လာနေခဲ့သည်။ နာရီဝက်လောက်ကြာမှ လီကုန် စတင်ပြီး ပြန်သတိဝင်လာသည်။

"ငါဘယ်သူလဲ၊ ဘယ်ရောက်နေတာလဲ၊ ဘာလုပ်နေတာလဲ?"

လီကုန်မျက်နှာက တွေဝေမှုများ တဖြည်းဖြည်း ပျောက်လာသည်။ သူသည် ဆွန်းမို၏ အဆောင်တွင် ရှိနေသေးတာကို သိပေမယ့် ရှေ့မြွားထိမှန်ပြီး နောက်ပိုင်းကို မမှတ်မိဖြစ်နေသည်။

“ဒုန်း”

လီကုန်   ဒူးထောက်လိုက်သည်။

“ဒင်”

လီကုန်၏ လေးစားအထင်ကြီးမှု (+၂၀)

လီကုန်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - လက်ရှိအခြေအနေ - မူလ(၂၆/၁၀၀)

“ဆရာဆွန်း၊   မှားသွားပါတယ်”

လီကုန်ပြောရင်း   ငိုလိုက်သည်။   ဆွန်းမိုကို ဒုက္ခပေးဖို့အတွက် ထောက်ပံ့ရေးဌာန အကြီးအကဲကို

ဂတိပေးမိတာ နောင်တ ရနေသည်။ ဆွန်းမိုသည် အန်ရှိဝေနှင့် ပူးပေါင်းပြီး နောက်ပိုင်းတွင် ဗဟိုပြည်နယ်အကယ်ဒမီတွင် တရားဝင်ဆရာတစ်ယောက် ဖြစ်လာနိုင်သည်။ ဆွန်းမိုတွင် အရည်အချင်း မရှိဘူးလို့ သူထင်ခဲ့မိသည်။ သို့သော် အရာအားလုံးကို ချုံကြည့်လိုက်လျှင် ဆွန်းမိုသည် အရမ်းကြောက်စရာကောင်းသည်။

"ဆွန်းမိုကို အနာဂတ်မှာ ပိုင်းလုံးလို့ ပြောတဲ့သူရှိရင် အဲဒီကောင်မျက်နှာကို တံထွေးနဲ့ထွေးပြစ်မယ်"

လီကုန်သည် လွန်ခဲ့သောရက် အနည်းငယ်က စတိုခန်းထဲတွင် တန်ဖိုးဖြတ်မရသော မြွတ်ဆရာအရှိန်အဝါကို သုံးကာ အခြားလူ တစ်ယောက်ကို ဉာဏ်အလင်း ပွင့်အောင်လုပ်ပေးနေသည့် ဆွန်းမိုကို သူမြင်ခဲ့သည်။ သူ့အရည်ချင်းသည် အန်ရှီဝေထက်တောင် မြင့်နိုင်သေးသည်။

လီကုန်သည် ထောက်ပံ့ရေးဌာနက လုပ်သားတစ်ဦးသာ ဖြစ်သည်။ သူ့နောက်က ထောက်ပံ့ပေးသည့် ထောက်ပံ့ရေးဌာန အကြီးအကဲ ယန်ချိုင်ရှိသော်လည်း ဘာကြောင့် ဆွန်းမိုကို တိုက်ခိုက်နေရတာလဲ။ ယန်ချိုင်အတွက်တွင်မူ သူသည် လိုသုံးတစ်ယောက်သာဖြစ်သည်။ လိုအပ်ရင် သူ့ကိုခေါ်ခိုင်းပြီး မလိုအပ်ပါက သူ့ကို ကန်ထုတ်ပစ်လိုက်မည်ဖြစ်သည်။

သူသာ ဒုက္ခရောက်ပါက ယန်ချိုင်က သူ့ကို ကူညီရန် မေ့သွားနိုင်သည်။

"ဆရာဆွန်း, မင်းက အရှေ့အရပ်ကို သွားခိုင်းရင် ငါလုံး၀ အနောက်ဘက်ကို သွားမှာမဟုတ်ဘူး"

လူ့အဖွဲ့အစည်းတွင် နှစ်ပေါင်း နှစ်ဆယ်ကျော် ရှင်သန်ခဲ့သူ တစ်ဦးအနေဖြင့် သူသည် အခြေအနေကိုလိုက်ပြီး ဘက်ပြောင်းရန် ဆုံးဖြတ်လိုက်သည်။

"ဒင်"

လီကုန်၏ လေးစားအထင်ကြီးမှု - (+၃၀)

လီကုန်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - လက်ရှိအခြေနေ - မူလ(၅၆/၁၀၀)

စနစ်က အသိပေးသံနှစ်ကြိမ် ထွက်လာပြီးနောက် ဆွန်းမိုသည် လက်ခံလိုက်ပြီး လီကုန်ကို ကြည့်ကာ ကြောင်သွားသည်။

“ လီကုန် မင်းအပေါ် လေးစားအထင်ကြီးမှုတွေ တိုးလာတယ် ဒါက မြတ်ဆရာတစ်ယောက် အစွမ်းပဲ”

စနစ်က ရှင်းပြသည်။

“အရမ်းကောင်းတယ်၊ ယန်ချိုင်နဲ့ ပက်သက်ပြီး မကောင်းတဲ့သတင်းတွေ သွားစုဆောင်းထားပါ”

ဆွန်းမိုသည် ထောက်ပံ့ရေးဌာနက အကြီးအကဲအား တုန့်ပြန်ရန် အလျှင်မလိုပါ။

ကြိုတင် ပြင်ဆင်ထားခြင်း မရှိဘဲရင်ဆိုင်ပါက လက်စားချေရန် အခွင့်အရေးမရဘဲ သူသာသေသွားမည်။

လီကုန်၏ တက်ကြွနေမှုကို ထိန်းထားရန် ဆွန်းမိုသည် သူ၏ဒဏ်ရာရနေသော ခြေထောက်ကို နည်းနည်းနှိပ် ပေးလိုက်သည်။ လီကုန်သည် ခြေထောက်အနည်းငယ် ပြန်ကောင်းလာပြီး ဆွန်းမိုအတွက် ဘာမဆိုလုပ်ပေးရန် ဆန္ဒပြင်းပြလာသည်။

နောက်တစ်နေ့ မနက်ခင်းတွင် ဆွန်းမိုသည် သစ်ပင်များကို ရိုက်ခတ်နေသော မိုးသံကြောင့် နိုးလာသည်။

“မိုးရွာနေတာလား”

သူပြတင်းပေါက်ကို ဖွင့်လိုက်သည်နှင့် စိုစွတ်အေးမြနေသော လေညှင်းက တိုက်ခတ်လာသည်။ ဆွန်းမိုသည် မနေနိုင်ဘဲ ကိုယ်ကို ဆန့်ထုတ်လိုက်သည်။

သူမနက်စာစားပြီးသော်လည်း မိုးက မစဲသေးပါ။

ဆွန်းမိုသည် ဆီစိမ်စက္ကူနှင့် လုပ်ထားသော ထီးကို ထုတ်ဆောင်းကာ သူ့ဌာနယူထားသည့် မှော်ဆေးပညာ အခြေခံ မိတ်ဆက်စာအုပ်နှင့် ဆေးဘက်ဆိုင်ရာ အနှစ်ချုပ်ကို ပြန်ပေးရန် ထွက်လာခဲ့သည်။

ဆွန်းမို ခန္ဓာကိုယ်သည် သူ၏ကျင့်ကြံမှုကြောင့် အလွန်ကျန်းမာသည်။ သို့သော်သူသည် ဤလောကတွင် မှော်ဆေးပညာ မိတ်ဆက်နှင့် ဆေးဘက်ဆိုင်ရာ ခန္ဓာကိုယ်အခြေခံကို လေ့လာခဲ့သည်။ ထိုမှတစ်ဆင့် သူသည် သူ၏

ကိုယ်ခန္ဓာအကြောင်းကို ပိုနားလည်လာစေရန် ရည်ရွယ်သည်။

မိုးရွာနေသဖြင့် စာကြည့်တိုက်တွင် ကျောင်းသား နည်းနည်းသာရှိသည်။ ဆွန်းမိုသည် လမ်းခဏ လျှောက်လိုက်ပြီးနောက် ကြေကွဲခြင်းမရှိ ရေကန်ဘက်ကို ဦးတည်လိုက်သည်။

လေနှင့်မိုးကြောင့် လွှမ်းဆွေးဖွယ် ကောင်းနေပြီး ဆွန်းမိုသည် သူ၏အိမ်ကို လွှမ်းလာသည်။

ရေကန်အစပ်နားတွင် ကြာပန်းများ မှော်ရွက်များနှင့် ပြည့်နေသည်။

ဂျိမ်ဂျဲ၏ လှပသော အကြည့်တစ်ချက်သည် ဆွန်းမိုဆီကို ရောက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၂၅) - ဆွန်းမို၏ တန်ဖိုး။

မိုးရာသီလေ တသွင်သွင်နဲ့ တိုက်ခတ်နေပြီး ကြာပန်းလေးများ ယိမ်းနွဲ့နေကာ ကန်ရေပြင်က တလက်လက်နှင့် အရောင်ပြန်နေသည်။

ဆွန်းမိုသည် ဘယ်ဘက်လက်နှင့် စာအုပ်နှစ်အုပ်ကို ကိုင်ထားပြီး ညာဘက်လက်က ထီး ကိုင်ထားပြီး ကြေကွဲခြင်းမရှိကန်နားက ကျောက်စရစ်ခင်းလမ်းပေါ်မှာ လမ်းလျှောက်လာသည်။

သူသည် အပြာရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားပြီး ဆံပင်စုစည်းကာ ကျောဘက်ချ

ထားသည်။ ဒီဆံပင်စတိုင်က အသုံးမဝင်သော်လည်း ဆံပင်ညှပ်ဖို့ အချိန်မပေးနိုင်သေးပါ။ ဆံပင်ဖျား အနည်းငယ်သည် ချည်နှောင်ထားသည့် နေရာမှလွတ်ကာ အောက်ကို လျှောကျလာသည်။

ဆွန်းမို ဒေါသထွက်လာပြီး ဆံပင်ညှပ်ပြစ်လိုက်ချင်စိတ် ပေါက်လာသည်။ သို့သော် ဂျိမဲဂျဲက ဆွန်းမို၏ အခုလို ပုံစံက ကြည့်ရတာ ပနာသင့်နေပြီး ယောက်ျားပို ပီသသည်ဟုထင်နေသည်။

“ဝိုး ဘယ်လောက် ကြည့်ကောင်းလိုက်သလဲ။ ငါ့ပုံဆွဲတဲ့ ပစ္စည်းမယူလာမိတာ စိတ်မကောင်းစရာဘဲ”

ဂျိမ်ဂျဲက သက်ပြင်းချလိုက်ပြီး သူသည် ကြည့်ကောင်းသော မြင်ကွင်းကို ဖြုန်းတီးလိုက်မိသည်။

ဆွန်းမိုလှမ်းကြည့်လိုက်လျှင် အိမ်ထောင်သည် အမျိုးသမီးတစ်ယောက် ရေစပ်နားက လေသာဆောင်တွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ဆောင်းဦးရေကဲ့သို့

ဖြူဖွေးနေသော သူမ မျက်လုံးများက ဆွန်းမိုဆီကို ရောက်လာသည်။

ထိုအချိန်မိုးက ပိုသည်းလာသဖြင့် ဆွန်းမိုသည် လေသာဆောင်ထဲကို ပြေးဝင်လိုက်သည်။ သူသည် အမျိုးသမီးနှင့် အနည်းငယ် လှမ်းသောနေရာက ခုံတွင် ထိုင်လိုက်သည်။

သူထိုင်သည့် နေရာသည် ရှုခင်းမကောင်းသော်လည်း ထိုင်နေသည့် အမျိုးသမီးနှင့် ဝေးသည်။ သူမကအထင်လွဲပြီး ထရိုက်မည့်ဘေးက ရှောင်ရှားလိုခြင်းဖြစ်သည်။

သူမသည် အသက်သုံးဆယ်လောက် ရှိသော်လည်း ကြည့်ရတာ ပိုငယ်သည့်ပုံ ပေါက်သည်။ မိတ်ကပ်ပါးပါးလေးနှင့် ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားသော်လည်း လှပနေဆဲဖြစ်သည်။

“နာမည်ဘယ်လိုခေါ်လဲ” ဂျိမ်ဂျဲက စမေးလိုက်သည်။ သူမသည် ကြယ်သုံးပွင့်အဆင့် မြတ်ဆရာတစ်ယောက် အနေဖြင့် ဗဟိုပြည်နယ်အကယ်ဒမီတွင် လုပ်ပိုင်ခွင့် ဩဇာကြီးမားသည်။

မိုးရေထဲက ရှုခင်းကိုကြည့်ဖို့ ဆရာအချို့ ရောက်လာသော်လည်း ဂျိမဲဂျဲကို စိတ်အနှောက်အယှက် ပေးမိမှာ စိုးရိမ်ကြသဖြင့် ဂျိမဲဂျဲ ထိုင်နေသည့် လေသာဆောင်ကို ရှောင်သွားကြသည်။

ဆွန်းမိုက သတ္တိရှိသည့် တစ်ဦးတည်းသောသူ ဖြစ်သည်။

“မင်းအကြောင်းကရော”

ဆွန်းမိုကပြန်မေးလိုက်သည်။

ဂျိမဲဂျဲက ပြန်မဖြေပဲ ဖျော့တော့စွာပြုံးလိုက်သည်။ တစ်ဦးတည်းသာ ရှိနေသည့် ဤကြည့်ကောင်းသော ယောကျ်ားသည် အလွန်ရန်လိုသည်ဟု သူမထင်သည်။

သူမက ပြန်မဖြေသဖြင့် လေထုက တင်းမာလာပြီး နေရထိုင်ရတာ အဆင်မပြေ ဖြစ်လာသည်။

“မင်းကမပြောပြတာနဲ့ မင်းအကြောင်းမသိဘူး ထင်နေတာလား”

ဆွန်းမိုသည် နှုတ်ခမ်းတွန့်ကာ သူမကိုကြည့်လိုက်သည်။

“ဂျိမ်ဂျဲ” ဟူနာမည်က သူမခေါင်းထက်တွင် ပေါ်လာသည်။

“အသက်- ၃၀၊ ချိုတဲ့ အစားအသောက်ကိုကြိုက်သည်၊ သူမဟာ ရုံးမှာ အလုပ်များသဖြင့် သူမခါးကျောရိုးက နေရထိုင်ရတာ အနည်းငယ် မသက်မသာ ဖြစ်နေသည်။”

“ကြယ်သုံးပွင့် မြတ်ဆရာ”

“အလားအလာတန်းဖိုး - အလွန်မြင့်သည်။”

"မှတ်ချက်။ သူမအချစ်အရသာကို မခံစားရတာ သုံးနှစ်ရှိပြီ၊ ဒီအတိုင်း ဆက်သွားပါက သူမညှိုးနွမ်းသွားမည်။"

ဂျိမဲဂျဲနှင့်ဆိုင်သော အချက်အလက်များ တန်းစီပြီး ပေါ်လာသည်။

ဆွန်းမိုသည် "အရိုးစုဆောင်းခြင်း" ဆိုသောစာကို တွေ့လိုက်သည့်အခါ သူ့မျက်ခုံးများ မြင့်တက်သွားသည်။

"ဘာကြီးလဲ"

ဆွန်းမိုသည် တော်တော်ရဲရင့်သည့်သူ တစ်ယောက်ဖြစ်သော်လည်း သူသည် အရိုးများကို ထိကိုင်ရမည်ကို ရှောင်ရှားခဲ့သည်။ ဂျိမ်ဂျဲကို ကြည့်သည့်အကြည့် ပြောင်းသွားသည်။

ဆွန်းမိုက သူမကိုကြည့်နေသည်ကိုမြင်လျှင် ဂျိမ်ဂျဲသည် နည်းနည်း မကျေမနပ်ဖြစ်သွားသည်။ ထိုအရာသည် မည်သည့် အမျိုးသမီးမဆို မကျေမနပ် ဖြစ်သွားနိုင်သည်။ သူမအပြစ်တင်ဖို့ ပြင်လိုက်ပေမယ့် ဆွန်းမိုသည် အချိန်အနည်းငယ်သာ

ကြည့်ပြီး အကြည့်လွှဲ လိုက်သည်ကို သတိထားလိုက်မိသည်။

"ဒါက ဘာသဘောလဲ"

ဂျိမဲဂျဲသည် စိတ်ရှုပ်သွားပြီး ဆွန်းမို၏ လုပ်ရပ်ကြောင့် သူမ မသိစိတ်ထဲတွင် ဆွန်းမိုကို နည်းနည်း တင်းသွားသည်။ သူမ၏ ကြယ်သုံးပွင့် မြတ်ဆရာအဆင့်အတန်းကို ခဏထားလိုက်အုံး သူမ၏လှပသော ရုပ်ရည်ကြောင့် သူမကို ပြင်းပြင်းထန်ထန် လိုချင်သော ယောကျ်ားများစွာ ကိုမြင်ဖူးသည်။ ဒါကြောင့်လည်း သူမ၏

တံခါးဖွင့်သင်ခန်းစာတွင် မိန်းကလေးထက် ယောက်ျားလေးများ ပိုများနေကြခြင်းဖြစ်သည်။

"သူက မန်းသူကြီးလား"

ဂျိမ်ဂျဲ အကဲခတ်လိုက်သည်။

"အစ်မ ဒီလို ငေးကြည့်နေတာ မကောင်းဘူး ထင်တယ်နော်"

ဆွန်းမိုသည် မနက်သွားတိုက်သည့် အခါတိုင်း အပြုံးလေ့ကျင့်လေ့ ရှိသည်။ ဒါကသူ့ကို ကျောင်းသားတွေပိုပြီး ချဉ်းကပ်လာစေပါသည်။

ဆွန်းမိုသည် စကားဆက် မပြောတော့ဘဲ ဂျီမဲဂျဲကို ပြုံးကြည့် နေလိုက်သည်။

ဆွန်းမိုသည် သူအားသည့်အချိန်တိုင်း ဂိမ်းဆော့နေသဖြင့် ရည်းစားမရှိပဲ တစ်ကိုယ်တည်း နေသော်လည်း သူသည် လှသည့် အမျိုးသမီးကို တွေ့လိုက်တာနဲ့ လွတ်ထွက်သွားမည့်သူ မဟုတ်ပါ။

သူပြောလိုက်ရသည့် အကြောင်းမှာ "ကြယ်သုံးပွင့် အဆင့်မြတ်ဆရာ" ဂုဏ်ပုဒ်ကြောင့်ဖြစ်သည်။

အမှတ်(၂) အထက်တန်းကျောင်းတွင် ခြောက်နှစ်လောက် ဆရာလုပ်ခဲ့သည့်

အတွေ့အကြုံကြောင့် လွှမ်းမိုးနိုင်သည့် ဩဇာရှိသော လူတစ်ယောက်ကို ချဉ်းကပ်နိုင်ပါက အသက်မွေးဝမ်းကြောင်း အတွက် အရမ်း အထောက်အကူဖြစ်သည်ကို ဆွန်းမိုသိသည်။

အရင်ခေတ် ကတည်းက အဆက်အသွယ်များ ရှိခြင်းက ကိစ္စများကို ပြီးမြောက်စေရန် ပိုလွယ်ကူသည်။

အကယ်ဒမီရှိ အဆင့်မြင့်အရာရှိများသည် ဆွန်းမိုကို အစမ်းခန့်ဆရာ ရာထူးအစား ထောက်ပံ့ရေးဌာနကို ပို့ခဲ့ကြသည်။

အမျိုးသမီးတစ်ယောက်ကို ပိုင်းလုံး လုပ်သည်ဟု အပြောခံနေရသော်လဲ အန်ရှီဝေကိုယ်တိုင်လဲ ကောင်းမွန်သည့် အနေအထားတွင်မရှိဘဲ သူ့ကို ကူညီနိုင်ခြင်း မရှိပါ။ သို့သော်ဆွန်းမို၏ အကျင့်စရိုက်အရ ဒါကို ဂရုမစိုက်ပါ။

ဆွန်းမိုသည် ရှေ့ရေးအတွက် ကြိုတင်ပြင်ဆင်တတ်သူ တစ်ယောက်ဖြစ်သည်။ သူသာ ကြယ်သုံးပွင့်အဆင့် မြတ်ဆရာတစ်ယောက်ကို မတော်တဆ တွေ့ဆုံခဲ့ပြီး အဆက်သွယ် တစ်ခုရအောင် တွယ်ကပ်မနေနိုင်လျှင် Thick Black

Theory(1) စာအုပ်ကို နှစ်ပေါင်းများစွာ ဖတ်ခြင်းက အချိန်ကိုဖြုန်းသလိုဖြစ်သွားမည်။

အလယ်ကမ္ဘာတွင် မြတ်ဆရာတို့၏ ကြီးမြတ်သော အနေအထားအရ ကြယ်သုံးပွင့်မြတ်ဆရာ တစ်ယောက်သည် ထောက်ပံ့ရေး ဌာနမှူးရာထူးထက် အဆင့်အတန်း ပိုမြင့်သည်။

ဟုတ်ပါတယ်၊ ဆွန်းမိုလို အောက်ခြေမျဉ်းကို ရောက်နေသည့် လူတစ်ယောက်အတွက် မည်သူ့ကိုမျှ မတွယ်ကပ်ထားဘဲ ဘယ်လိုနေရမည်နည်း။

ဒါကိုစဉ်းစားမိရင် ဆွန်းမို၏ အကြည့်သည် ဂျီမဲဂျဲဘက်ကို ပြန်ရောက်သွားပြန်သည်။

ဒီနေ့သည် အားလပ်ရက် ဖြစ်သောကြောင့် ဂျီမဲဂျဲသည် ပေါ့ပေါ့ပါးပါးသာ ဝတ်ဆင်ထားသည်။ သူမသည် ကြည့်ကောင်းပြီး ဈေးကြီးသည့် ဘာရိုကိတ်ဖြင့် လုပ်ထားသည့် ဂါဝန်ရှည်ကို ဝတ်ဆင်ထားသည်။

ဂျီမဲဂျဲသည် ဆွန်းမိုက သူ့ကိုငေးကြည့်နေသဖြင့် စိတ်ထဲ မသက်မသာဖြစ်လာပြီး လည်ပင်းကို လက်ဖြင့်ဖုံးလိုက်ပြီး ဒေါသထွက်သည့်လေသံဖြင့်

"မင်း ဘာကြည့်နေတာလဲ"

"မင်းရဲ့ သားအိမ်ခေါင်းကျောရိုး ပြဿနာရှိလို့ ကြည့်နေတာပါ။ မင်းသာ စောစောမကုသရင် မင်းလည်ပင်း အနာဂတ်မှာ အဆင်ပြေမှာ မဟုတ်တော့ဘူး"

ဆွန်းမိုသည် တမင်သက်သက် ပုံကြီးချဲ့ ပြောလိုက်သည်။ မိန်းကလေးတိုင်းသည် ကြည့်ကောင်းချင် ကြသည်။ ဒါကြောင့်သူသည် ဒီနေရာက ဝင်ရောက်နိုင်အောင် လုပ်လိုက်သည်။

"စားပွဲမှာ အချိန်ကြာကြာလုပ်ရတဲ့ သူတွေက ဒီလို အဆုံးသတ် တတ်ကြတယ်"

ဂျိမ်ဂျဲသည် မကြာမီကပင် လည်ပင်း တောင့်တင်းလာပြီး အချိန်ကြာကြာ ထိုင်မိလျှင် လည်ပင်း နာကျင်လာတတ်သည်။ သူမသည် ကုသရန် အမျိုးသမီးဆရာဝန်တစ်ယောက် ရှာဖွေခဲ့သော်လည်း အဆင်မပြေခဲ့ပါ။

"ငါကုသပေးနိုင်တယ်"

ဆွန်းမိုသည် ကြွက်သားပြုပြင်ခြင်း နည်းစနစ် ရှိသည့်အတွက် ယုံကြည်ချက်ရှိရှိ ပြောလိုက်သည်။

“ဟင်း ဟင်း”

ဂျိမဲဂျဲသည် မယုံကြည်ပါ။ ဒါကြောင့် သူပြောတာပြီးအောင် စောင့်နေလိုက်ပါသည်။ (ခွေးကောင်၊ မင်းငါ့ကို အခွင့်အရေးယူချင်လို့ ပြောနေတာ မဟုတ်လား)

ဆွန်းမိုသည် ရုတ်တရုတ် ထရပ်လိုက်ပြီး ဂျိမဲဂျဲဆီကို လျှောက်သွားသည်။

ဂျိမဲဂျဲ မကြောက်ပါဘူး။ အစမ်းခန့် ဆရာတစ်ယောက်က သူ့ကို မပြစ်မှားရဲပါ။ ဒါပေမယ့်သူမသည် ဆွန်းမိုကို အပြစ်တင်ချင်သည့်

အကြည့်နှင့် ကြည့်လိုက်သည်။ သို့သော်ဆွန်းမိုက သူမလည်ပင်းကို ရုတ်တရက် ဖမ်းကိုင်လိုက်သည်။

ဂျိမ်ဂျဲ ကြောင်သွားသည်။ ဆွန်းမိုက မကြမ်းတမ်းသော်လည်း ဒါက ယောကျ်ားတစ်ယောက်၏ လက်ဖြစ်သည်။

သူ့ကို ဒီလောက် ရိုင်းရိုင်းစိုင်းစိုင်း လုပ်ရဲတဲ့သူ မရှိခဲ့ပါ။

"ငါ သူ့လက်ကို ချိုးပစ်လိုက်မယ်"

ဂျိမ်ဂျဲသည် ဒေါသပေါက်ကွဲသွားပြီး ထရပ်လိုက်သည်။ သို့သော် သူမ၏အပြစ်တင်သည့် စကားများ တိုးလျော့သွားသည်။

"အာ့"

ဆွန်းမို၏လက်က သူမလည်ပင်း နောက်ကျောကို ဖိလိုက်သည် အနည်းငယ် နာကျင်သွားသော်လည်း နေလို့ထိုင်လို့ ကောင်းသွားသည်။ ဒါဟာ လွတ်မြောက်သွား သလိုပါပဲ။

ထိုခံစားချက်သည် ပြန်မပြောပြနိုင်လောက်အောင် ကောင်းမွန်လှသည်။

"အင်း အင်း"

ဂျိမ်ဂျဲသည် အပြစ်တင်ဖို့ မေ့သွားပြီး အနည်းငယ် ညည်းလိုက်မိသည်။ သူမ မျက်လုံးများ အနည်းငယ်မှေးသွားပြီး ထိုင်လိုက်ကာ သခင်က ပွတ်သက်နေသော ကြောင်ကလေးကဲ့သို့ ဖြစ်သွားသည်။

"ဒါအောင်မြင်မှု တစ်ခုပဲ"

ဆွန်းမိုသည် အေးစက်ပြီး ချွေးများထွက်နေသည်။

ကြယ်သုံးပွင့်အဆင့်သည်

မြင့်မြတ်အင်အားအဆင့်တွင်

အနိမ့်ဆုံးဖြစ်သော်လည်း သူ့ကို ရိုက်လိုက်ပါက တုံ့ပြန်ချိန်တောင် ရလိုက်မည် မဟုတ်ပါ။

ကံကောင်းစွာ ဂျိမ်ဂျဲရန်လိုမှု ကျဆင်းသွားသည်။

ဆွန်းမိုသည် သူ့တန်ဖိုးကို ပြသရန် အကောင်းဆုံး ကြိုးစား နေသည်။

ဂျိမ်ဂျဲလည်း တော်တော်အံ့သြနေသည်။ "မင်း အကြိမ် နည်းနည်းလောက် ကိုင်လိုက်ရုံနဲ့ အဖြေသိတာလား"

"အင်း"

ဆွန်းမိုသည် ခေါင်းညိတ်ပြလိုက်ကာ လက်ကို လွှတ်ပြီးပြန်ထိုင်လိုက်သည်။ သူသည် တစ်ထိုင်တည်းနှင့် ဂျိမ်ဂျဲ၏ ပြဿနာကို ဖြေရှင်းပေးနိုင်သော်လည်း မလုပ်ခဲ့ပါ။ ဒီလိုလုပ်လိုက်ပါက နောက်တွင် သူ့ဆီကို ချဉ်းကပ်ရန် ဆင်ခြေမရှိဖြစ်သွားမည်။

ဂျိမ်ဂျဲသည် မာဆက်ကို နည်းနည်းလောက် ပိုလိုချင်သော်လည်း စိတ်ပျက်သွားရသည်။ သူသည် အချိန်နည်းနည်းလောက် သက်တောင့်သက်သာ ဖြစ်သည့်ခံစားချက် လိုချင်သော်လည်း

မြတ်ဆရာတစ်ယောက်၏ ဂုဏ်သိက္ခာအရ သူမ မတောင်းဆိုပါ။

"တတ်နိုင်ရင် အချိန်ကြာကြာထိုင်ပြီး အလုပ်မလုပ်ပါနဲ့ မဖြစ်မနေ လုပ်ရမယ်ဆိုရင် လည်ပင်းကို မကြာခန ရွှေ့ပေးပါ။

ဆွန်းမိုသည် ထီးကို ကောက်ယူကာ ထွက်သွားဖို့ လုပ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ဂျိမ်ဂျဲက မတ်တပ်ရပ်ကာ ပြောလိုက်သည်။ ဒီလုပ်ဆောင်ချက်ကြောင့် ဆွန်းမိုအပေါ် သူမ၏ အမြင်နည်းနည်း ပိုကောင်းလာသည်။

"ငါ့က ဂျိမ်ဂျဲလို့ ခေါ်တယ်။ နောင်တချိန် မင်းမှာ အခက်အခဲရှိရင် ငါ့ကိုလာရှာလို့ရတယ်"

ဂျိမ်ဂျဲသည် ငွေအကြောင်း မပြောခဲ့သော်လည်း သူမ၏စကားက ရွှေထက်အဖိုးတန်သည်။

ဆွန်းမိုသည် နောက်ကို ပြည်လှည့်မကြည့်ပဲ လက်ကိုသာ ဝှေ့ယမ်းပြလိုက်သည်။ ထိုနောက်

ကျောက်စရစ်လမ်းအတိုင်း လျှောက်သွားကာ မိုးရေထဲမှာ ပျောက်သွားသည်။

"စိတ်ဝင်စားစရာပဲ၊ ငါ့ကိုတောင် ဂရုမစိုက်သွားဘူး။ သူတော်တော်တော့ သတိကောင်းတာပဲ"

ထို့နောက် ဂျိမဲဂျဲသည် ချီရွှန်ကျားကို ဆွန်းမို ဘယ်လိုလမ်းညွှန်ခဲ့သည်ကို ပြန်စဉ်းစားမိပြီး အနည်းငယ် စိတ်ဝင်စားသွားသည်။

"ဒင်"

ဂျန်မဲဂျဲ၏ လေးစားအထင်ကြီးမှု - (+၁)

ဂျန်မဲဂျဲနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - လက်ရှိအခြေအနေ - မူလ(၁/၂၀၀)

စနစ်က သတိပေးချက် ထွက်လာသော်လည်း ဆွန်းမိုသည် ဘာမှမပြောပါ။ သူထင်ထားသလိုပဲ မြတ်ဆရာတစ်ယောက်သည် ချဉ်းကပ်ရန်မလွယ်ပါ။ ဂျိမဲဂျဲသည် ထိုအတွေ့အကြုံကို သေသေချာချာ ခံစားရသော်လည်း လေးစားအထင်ကြီးမှု တစ်မှတ်သာ ပေးလေသည်။

ဂျိမဲဂျဲတို့လို အရေးကြီးသော သူများ၏ အသိအမှတ်ပြုမှုကို သာမန်လူများ ရရန်မလွယ်ပါ။

ဒါကို ဆွန်းမို ဂရုမစိုက်ပါ။ သူမ၏ သားအိမ်ခေါင်း ကျောရိုးကောင်းနေရင်တောင် သူမကို အကျိုးရှိစေမည့် နည်းလမ်းများ ကြွက်သားပြုပြင်ခြင်း နည်းစနစ်တွင် ရှိသေးသည်။ အတိုချုပ်ပြောရရင် ဒါက ပျိုးထောင်ခြင်း နည်းစနစ်ဖြစ်သည်။ ဘယ်အမျိုးသမီးက ကြည့်မကောင်းချင်မှာလဲ။ ဘယ်သူက ထာဝရ ငယ်ရွယ်တာကို မကြိုက်မှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မှတ်ချက်။ ။

https://en.wikipedia.org/wiki/Thick_Black_Theory

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၂၆)။ သူ့မှာ အိမ်ဟောင်းမရှိတော့ပါ။

ချင်လင်မြို့၏ မိုးရာသီသည် လွမ်းဆွတ်ပြီး ကျေးလက်ဆန်နေသည်။

ဆွန်းမိုသည် မြို့အနှံ့ လျှောက်လည်နေသည်။ ဒီကမ္ဘာကြီးတွင် ကွန်ကရစ်တုံးများ၊ သတ္တုယာဉ်များမရှိပါ။ ထိုအစား လမ်းကြားများတွင် အစိမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းမပျိုများ၊ အဝတ်အစားဆိုင်များကို ဈေးဝယ်ထွက်နေသည့် မိန်းမပျိုများနှင့် ပြည့်နှက်နေသည်။

ကြက်သားကင်နံ့များ၊ အသားကင်နံ့များ ပြည့်နေပြီး ဝိုင်းများဖြင့် တည်ခင်းဧည့်ခံမည့်

စားပွဲထိုးများ၏ တကြော်ကြော် ခေါ်နေသံများကို ရှံဖန်ရှံခါ ကြားရသည်။

ဆွန်းမိုသည် သတ်သတ်လွတ်ပေါက်စီကို ကိုက်စားလာကာ စိုစွတ်ပြီး ချောမွေ့သော လမ်းအတိုင်း လျှောက်လာသည်။ တစ်ဆိုင်ပြီးတစ်ဆိုင် ကျော်လာပြီးနောက် 'စောင့်နေသည်' အမည်ခေါ်သော စာအုပ်ဆိုင်ကို ဝင်လာခဲ့သည်။

ဆိုင်ထဲတွင် မိုးရွာနေသဖြင့် ဝယ်ယူသူ အလွန်နည်းနေသည်။ သစ်သားခုံပေါ်တွင်

စာအုပ်တစ်အုပ်ကို စိမ်ပြေနပြေ ဖတ်နေသော အဘိုးအိုနှင့် သူဘေးက အေးစက်နေသည့် လက်ဖက်ရည် တစ်ခွက်သာရှိသည်။

တရုတ်ကျိုင်းပင်များနှင့် လုပ်ထားသော စာအုပ်စင်များသည် အလွန်မြင့်မားပြီး ကြီးမားကျယ်ပြန့်ကာ လေးလံလှသည်။ ဆွန်းမိုလို အရပ်မြင့်သူပင် ထိပ်ဆုံးက စာအုပ်ကိုယူရန် နောက်ထပ်ခြေထောက်တစ်ချောင်း ထပ်လိုသည်။

ဆွန်းမိုသည် ဆိုင်ပတ်ပတ်လည်ကို ကြည့်ပြီးနောက် စာအုပ်ဆိုင်ကို သဘောကျနေသည်။

စာအုပ်များကို သူ့အမျိုးအစားနှင့် သူ စီထားပြီး အလွန်သပ်ရပ်နေသည်။ စာအုပ်များ ငှားဖတ်ရန်အတွက် တစ်ရက်မှ ကြေးပြားတစ်ပြားသာ ကျသင့်သည်။

အများအားဖြင့် ငှားသည့် စာအုပ်ဆိုင်များမှ စာအုပ်များသည် စွန်းထင်းနေကာ စုတ်ပြဲနေတတ်သည်။ သို့သော် ဤဆိုင်က

စာအုပ်များက ထိုသို့ မဟုတ်ပဲ သပ်ရပ်ကောင်းမွန်နေသည်။ ဆိုလိုသည်မှာ ဤဆိုင်ပိုင်ရှင်သည် စာအုပ်များကို အလွန်ဂရုစိုက်ကာ ဌားဖတ်သူများကို လေးလေးနက်နက် သတိပေးစကား ပြောဆိုပါလိမ့်မည်။

ဆွန်းမိုသည် ဆိုင်အပြင်ကို ပြန်မထွက်ချင်တော့ပါ။ သူ့ဝါသနာက ဂိမ်းကစားတာအပြင် နောက်ထပ် တစ်မျိုးက ဝတ္ထုဖတ်ရတာကို ကြိုက်သည်။ ထိုကြောင့်သူသည်

ဤနေရာက စာအုပ်ဆိုင်ကို အရမ်းသဘောကျနေသည်။

ရိုးရာပုံပြင်များ၊ တရုတ်အော်ပရာ လက်ရေးမှုများ၊ ကဗျာစာအုပ်များ အမျိုးမျိုးရှိနေသည်။ ဤနေရာတွင် စာအုပ်အမျိုးမျိုး ရှိသော်လည်း ဆွန်းမိုကတော့ ဝတ္ထုကိုသာ ရွေးလိုက်သည်။

ပြည်နယ်ကိုးခုက မသေနိုင်သော ဒဏ္ဍာရီဖြစ်သည့် တောင်ရိုင်းကြီးက လူအိုကြီး အခန်းဆက် ဇာတ်လမ်း စာအုပ်တွဲ ဆယ်အုပ်ရှိပြီး စင်တစ်ဝက်လောက်ကို

နေရာယူထားသည်။ ထိုဇာတ်လမ်းသည် တောင်နိုင်ငံတွင် နာမည်ကြီးဇာတ်လမ်းတွဲဖြစ်သည်။

ဆွန်းမိုသည် စာအုပ်ကို လှန်ကြည့်လိုက်သည်။ ခေါင်းစဉ်က အလွန်လွှမ်းမိုးနေပြီး ကြံ့စည်မှုနှင့် ပြည့်နှက်နေသည့် သဘောဆောင်နေသည်။ ဂိုဏ်းတစ်ခု၏ စိတ်ပိုင်းဆိုင်ရာ အနှောက်အယှက်များ အကြောင်းကို ရေးသားထားခြင်း ဖြစ်သည်။ ထိုအကြောင်းအရာကို ဒီနေရာမှာ ခင်းကျင်းထားသည်မှာ အံ့သြစရာမရှိပါ။

အလယ်ကမ္ဘာတွင် စာအုပ်များကို ရွှေ့ပြောင်းနိုင်သော ပုံနှိပ်နည်းစနစ်ဖြင့် ထုတ်ဝေသည်။ ထို့ကြောင့် အသိပညာကို ကျယ်ကျယ်ပြန့်ပြန့် မဖြန့်ဝေနိုင်ပဲ လူနည်းစုသာ စာတတ်မြောက်ကြသည်။

“ဒီစံနှုန်းအတိုင်းဆိုရင် ငါကိုယ်ပိုင် ဝတ္ထုရေးနိုင်တာပေါ့”

ဆွန်းမိုသည် စာအုပ်ကို တစ်ချက် ကြည့်လိုက်ပြီးနောက ◌် ပြန်ချလိုက်သည်။

“ဘာဖြစ်နေလို့လဲ၊ ဘာကိုစိတ်တိုင်းမကျတာလဲ”

ဆွန်းမို သတိမထားမိခင်ပဲ ကုလားထိုင်က အဘိုးကြီးသည် ထိုင်ခုံမှထလာပြီး သူ့အနားကို ချဉ်းကပ်လာသည်။ ဆွန်းမိုက ပြည်နယ်ကိုးခုက မသေနိုင်သောဒဏ္ဍာရီ စာအုပ်ကို ပြန်ထားလိုက်သည်ကို မြင်လျှင် မနေနိုင်ဘဲ မေးလိုက်မိသည်။ ထိုစာအုပ်သည် လွန်ခဲ့သောတစ်နှစ်က ချင်လင်မြို့တစ်ခုလုံးကို မုန်တိုင်းထန်စေခဲ့သည့် နာမည်ကျော် စာအုပ်၊ လူငယ်တိုင်းကြိုက်သည့် စာအုပ်ဖြစ်သည်။

"ဟီး ဟီး"

ဆွန်းမိုက ဘာမှပြန်မပြောပဲ ရယ်နေသည်။ ထိုအဘိုးအိုသည် သေချာပေါက် စာဖတ်ပရိတ်သတ်တစ်ဦးဖြစ်သည်။ သူသာ စကားမှားသွားပါက သေချာပေါက်ရန် ဖြစ်ရလိမ့်မည်။

အဘိုးအိုသည် ဆွန်းမိုကြည့်ခဲ့သည့် စာအုပ်စင်ကို သပ်ရပ်အောင် လုပ်ပြီးနောက် ထိုင်ခုံတွင် ပြန်ထိုင်လိုက်သည်။ နာရီဝက်လောက်ကြာပြီး ဆွန်းမိုပြန်လာကာ ထိုစာအုပ်ကို ကိုင်လိုက်သည်ကို မြင်လျှင်ပြုံးလိုက်ပြီး "ငါက မင်းမကြိုက်ဘူး ထင်နေတာ"

အဘိုးအိုသည် သူ့မျက်ခုံးများကို ပင့်လိုက်ပြီး သူထင်မြင်ချက်ကို သေချာအောင်လုပ်လိုက်သည်။ (မင်းဘဲ မကောင်းသလိုလိုနဲ့ ဒါကို မင်းဌားချင်နေတာ မဟုတ်လား)

"အမှန်တိုင်းပြောရရင် ဒီစာအုပ်ကို မကြိုက်ဘူး၊ ဒါပေမယ့် တခြား စာအုပ်တွေကလည်း ရွေးချယ်စရာမရှိလို့ ဒါဘဲ ပြန်ရွေးရတာ"

ဆွန်းမိုသည် အကူညီမဲ့နေသော ပုံပေါက်နေသည်။ ဤနေရာတွင် ရှန်ရှစာပေလိုမျိုး၊ မွန်းစတားစာပေလိုမျိုး စာပေများမရှိသေးပါ။ သူက

ဘာလို့ မဲပြာပုဆိုးလို အပ်ကြောင်းထပ်နေသည့်စာမျိုးကို ကြိုက်ရမည်နည်း။

"ရွေးစရာမရှိလို့" စကားကိုကြားလိုက်လျှင် အဘိုးအို၏ နှုတ်ခမ်းမွေးများ ထောင်လာသည်။ "ဒါဆိုလဲ မင်းဘာသာ စာအုပ်ရေးပြီး ဒီထက်သာအောင် ရေးလိုက်ပေါ့ "

"Transformer ကိုဖတ်ဖူးလား" ဆွန်းမိုက နောက်ပြီး မေးလိုက်သည်။

အဘိုးအို ကြောင်သွားသည်။

" Dragon Ball ကိုရောဖတ်ဖူးလား"

အဘိုးအို ဆက်လက်ပြီး မှင်တက်နေသည်။

"ဒါဆို အနောက်ဘက်ကို ခရီးသွားခြင်းလဲ မဖတ်ဖူးဘူး မဟုတ်လား"

ဆွန်းမိုသည် ဆက်လက်နောက်ပြောင်နေကာ သူလိုချင်သည့် ဇာတ်လမ်းကို စနေသည်။

"မင်း စကားအဖြစ် ပြောနေတာ ဟုတ်တယ်၊ မဟုတ်လား။ ငါမရေမတွက်နိုင်အောင် စာအုပ်ဖတ်ဖူးတယ်။ မင်းပြောတဲ့ စာအုပ်တွေကို တစ်ခါမှ မကြားဖူးဘူး"

အဘိုးအိုသည် ဝေဝါးသွားပြီး ဆွန်းမိုကို သံသယမျက်လုံးနှင့် ကြည့်လိုက်သည်။ ဒီလိုရုပ်သန့်သည့် ကောင်လေးက လိမ်ပြောမည်ဟု သူမထင်ပါ။

“မင်း ဖတ်တာက မလုံလောက်သေးလို့ပါ”

ဆွန်းမိုသည် အမှန်တိုင်းပြောလိုက်ပေမယ့် စိတ်ထဲက ကြိတ်ရယ်နေသည်။ အဘိုးအိုသည် စိတ်ပျက် လက်ပျက်ဖြစ်သွားပြီး သက်ပြင်းချလိုက်သည်။ သူက အဲဒါတွေကို အနာဂတ်မှာ ဖတ်လို့မရတော့ဘူးပေါ့။

အဘိုးအိုရဲ့မျက်နှာ မည်းမှောင်သွားသည်။ ဒါပေမယ့် သူသည် စာအုပ်တွေကို သူ့ဘဝ၊ အသက်လောက် တန်ဖိုးထားတာကြောင့် သူ့စိတ်ကို ထိန်းလိုက်ပြီး "အဲဒီစာအုပ်တွေကို မင်းဘယ်မှာ ဖတ်ဖူးတာလဲ"

"ငါကိုယ်တိုင် ရေးထားတာပါ"

ဆွန်းမိုသည် အန္တရာယ်များသည့် အကြောင်းအရာများကို ပြန်မပြောဝံ့ပါဘူး။ အခြားကမ္ဘာက လာသည့် လူတစ်ယောက်အနေဖြင့် အဘိုးအိုကသူ့ကို အထင်သေးစွာ မပြောခဲ့ပါက

ထိုစာအုပ် အမည်များကို ထုတ်ပြောမှာမဟုတ်ပါဘူး။ ထိုအကြောင်းအရာများကို ထုတ်ပြောလိုက်ပါက သူ့အတွက် အန္တရာယ်များသည်။

"မင်း..."

အဘိုးအိုသည် အလွန်ဒေါသထွက်ပြီး ဆွန်းမိုကို ရိုက်ချင်လာသည်။ ဆွန်းမိုသည် သူ့ကို စိတ်ဝင်စားလာအောင် လုပ်ပြီး အခုတော့ သူရေးတာဟု ပြောလာပြန်သည်။ ဘယ်လောက်ကြွားလိုက်တဲ့ ကောင်လဲ။

“ဒါကို တစ်ရက်ဌားရင် ကြေးနီတစ်ပြားမှတ်လား”

ဆွန်းမိုက ငွေထုတ်ပေးလိုက်သည်။

“အင်”

အဘိုးအိုသည် ခေါင်းညိတ်လိုက်ကာ စာအုပ်ဌားရန်အတွက် လုပ်ထုံး လုပ်နည်းများကို လုပ်ပေးလိုက်သည်။ သို့သော် ခုနက ဆွန်းမိုပြောသည့် အကြောင်းအရာများကို စိတ်ဝင်စား နေဆဲဖြစ်သည်။ Transformer အမည်ကို ဘေးဖယ်ထားပြီး Dragon Ball နှင့် အနောက်ဘက်ကို

ခရီသွားခြင်း စာအုပ်အမည် များသည် အလွန်စိတ်ဝင်စားဖို့ ကောင်းသည်။

"အနောက်ဘက်ကို ခရီးသွားခြင်းက ဘယ်လို အကြောင်းအရာမျိုးလဲ"

မနေနိုင်ဘဲမေးလိုက်သည်။

ဆွန်းမိုသည် တိုးတိုးလေးရယ်ကာ ခေါင်းရမ်းလိုက်သည်။

"မင်းမှာ လက်ရေးစာမူရှိရင် ငါဝယ်မယ်"

အဘိုးအိုသည် စာအုပ်ပေါင်းများစွာကို ဖတ်ခဲ့သောကြောင့် သူကြိုက်သည့် စာပေမျိုးကို

ရှာတွေ့ရန် အလွန်ခဲရင်းလွန်းသည်။ ထိုအရာသည် စာအုပ်ကို ချစ်မြတ်နိုးသူ တစ်ယောက်အတွက် ညှင်းပန်းနေသလို ဖြစ်နေသည်။

"ဘယ်လောက်ပေးနိုင်လဲ"

ဆွန်းမို မျက်လုံးများ တောက်ပလာသည်။ အခု သုံးနေသောငွေသည် အရင်ခန္ဓာကိုယ်ပိုင်ရှင် ကျန်ခဲ့သည့် ငွေများဖြစ်ပြီး အများကြီးမရှိပါ။ ထို့အပြင် အစမ်းခန့်ဆရာတစ်ယောက်၏ လစာက အလွန်နည်းသည်။ သူ့အတွက်

ငွေးကြေးကြပ်တည်းမှုသည် ခဏတာဖြစ်မည်ဟု သူထင်သည်။

သူသာ ရည်းစားတစ်ယောက် ထားချင်ပါက ငွေပိုကုန်အုံးမည်။ လူနေမှုပုံစံကို ပြောင်းဖို့ ပိုက်ဆံတောင် မရှိသည့် အတွက် အလွန်သနားစရာ ကောင်းနေသည်။

"ငွေတုံး၂၀၀" အဘိုးအိုက ပြောလိုက်သည်။

ဆွန်းမိုသည် ခေါင်းလှုပ်လိုက်သည်။

"ဘာလဲ၊ အရမ်းဈေးနဲတယ် ထင်နေတာလား"

အဘိုးအိုက စားပွဲခုံကို ခေါက်လိုက်ပြီး "မိသားစုသုံးစု တစ်နှစ်ကို ချောင်ချောင်ချိချိ စားသောက်မယ်ဆိုရင် ငွေတစ်တုံးနဲ့ လုံလောက်တယ်။ ကောင်လေး အရမ်းလောဘ မကြီးစမ်းပါနဲ့။

"စာအုပ်တစ်အုပ်ထုတ်ရင် ဈေးကွက်ပေါက်ဈေးက ဘယ်လောက်လဲ"

ဆွန်းမိုတွေးနေသည်။ (အနောက်ဘက်ကို ခရီးသွားခြင်းကို မင်းကို ရောင်းရင် ငါရှူးနေလို့ဖြစ်မယ်)

“ဟီး ဟီး” အဘိုးအိုက မထီမဲ့မြင်ရယ်လိုက်ပြီး

“ကောင်လေးဖြစ်နိုင်တာကိုတောင်းပါ၊ အိပ်မက် မက်မနေနဲ့”

အလယ်ကမ္ဘာသည် ပဒေသရာဇ်ခေတ်ဖြစ်ပြီး ကုန်ထုတ်စွမ်းအား နိမ့်ကျနေဆဲဖြစ်သည်။ ပုံနှိပ်လုပ်ငန်းသည် အရေးမပါသော လုပ်ငန်းသာဖြစ်နေဆဲဖြစ်သည်။

ဆွန်းမို လှည့်ထွက်လိုက်သည်။

“ကောင်းပြီ မင်းကျေနပ်အောင် လုပ်ပေးမယ်” အဘိုးအိုက လက်လျှော့လိုက်သည်။ မင်းကို

အုပ်ရေ၃၀၀ ထုတ်ပေးမယ် ရှုံးရင် ငါပဲခံလိုက်မယ်။ ပြီးတော့ အဲဒါက အောင်မြင်သွားရင် မင်းပဲအားလုံးရမယ်”

“အုပ်ရေ ၁၀၀၀”

ဆွန်းမို မတန်တဆ တောင်းဆိုလိုက်သည်။ သူ့မှာ စာအုပ်ထုတ်ဝေရေး လုပ်ဖော်ကိုင်ဖက် တစ်ယောက်ရပြီး အုပ်ရေ ၁၀၀၀ က ကောင်းမွန်သော ရလဒ်လို့ သူထင်သည်။

“ငွေအများကြီး မရှိပဲ မဖြစ်နိုင်ဘူး”

အဘိုးအိုက လက်မခံဘဲ ငြင်းလိုက်သည်။

နတ်ဘုရားမျက်စိကို ဖွင့်ပြီး အဘိုးအိုကို ဆွန်းမို အကဲခတ်လိုက်သည်။

"ကျန့်ချင်ဖန် ၊ လွန်ခဲ့သော ၃ နှစ်က အငြိမ်းစားယူပြီး သူဌေးတစ်ယောက် ဖြစ်လာသည်။ မြင့်မြတ်အားအင်အဆင့် (၇)"

"သူ့ခန္ဓာကိုယ် လုပ်ဆောင်ချက် တော်တော်လေး ပျက်စီးသွားပြီး အတိတ်က ရရှိခဲ့သည့် အဆိပ်ကြောင့် မမြင်ရတဲ့ ရောဂါတစ်ခု ကျန်ခဲ့သည်"

"မှတ်ချက်။ ။ ကျန့်မျိုးနွယ်စုတွင် တင်းကျပ်သော မိသားစုသင်ကြားရေး စနစ်ရှိသည်။

ဆုတ်ယုတ်သွားသော ကျန့်မျိုးနွယ်တစ်ယောက်ကို ရှာတွေ့ပါက သူ့စိတ်အေးချမ်းအောင် ကူညီပေးနိုင်သည်။ ပိုက်ဆံအလိမ် ခံရမှာကို မကြောက်ပါနဲ့”

ဆွန်းမိုသည် အဘိုးအိုဘေးဖက်တွင် ပေါ်လာသော အချက်အလက်များကို ဖတ်လိုက်သည်။ အရာရှိတစ်ဦးလား။ စာအုပ်ဆိုင်ပိုင်ရှင် က အရာရှိဟောင်း တစ်ယောက်ဖြစ်မယ်လို့သူ မထင်ထားခဲ့ပါ။ သူ့အတွက် ပိုက်ဆံမရှားဘူးပေါ့။

ကျန့်ချင်ဖန်သည် တရားရုံး၏ မုန်တိုင်းကြားက လွတ်မြောက်ခဲ့သော်လည်း ဆွန်းမို၏ စိုက်ကြည့်ခြင်းကို ခံနေရသည့်အခါ စိတ်ထဲ မသက်မသာဖြစ်လာသည်။ ခန္ဓာကိုယ်ပေါ်ကို ပုရွက်ဆိတ် တွားသွားနေသလို ဖြစ်နေသည်။

"ကောင်းပြီ အုပ်ရေ ၅၀၀ ထပ်မရတော့ဘူး"

ကျန့်ချင်ဖန်သည် ဆွန်းမိုကို အကဲဖြတ်လိုက်သည်။

ဆွန်းမိုသည် သန့်ရှင်းသော အပြာရောင်ဝတ်ရုံရှည် ဝတ်ဆင်ထားပြီး ဖြောင့်မတ် ချောမောသော

ရုပ်ရည်ကြောင့် စိတ်ထဲ အနည်းငယ် ပျော့ပြောင်းကာ အကောင်းမြင်ခဲ့သည်။ သူက နှုတ်ခမ်းကို ပွတ်လိုက်သည့်အခါ စိတ်ထဲ ပျော့ပြောင်းသွားစေသည်။

ကျန်နေ့ချင်ဖန်သည် သူ့ဘဝတစ်လျှောက် ထူးချွန်ထက်မြက်သော လူငယ်များစွာကို တွေ့ဖူးသော်လည်း ဒီလူငယ်လေးက ပိုထက်မြက်သည်ဟု သူထင်သည်။

“အုပ်ရေ ၁၀၀၀”

ဆွန်းမိုက အလျှော့မပေး ဆက်ပြောလိုက်သည်။

"ကောင်းပြီ မင်းရဲ့ဆန္ဒကို ငါလေးစားလိုက်ပါ့မယ်။"

ကျန့်ချင်ဖန်၏ အကြည့်သည် ဆွန်းမိုခါးပေါ်ကို တစ်ချက်ရောက်သွားသည်။ သူသည် အနက်ရောင် ခါးကို ကြည့်နေသည်။

ဆွန်းမိုက ပခုံးတွန့်ကာ ထွက်သွားသည်။ ဟာသပဲ ၊ သဏ္ဍာန်မဲ့ မြင့်မြတ်စကြဝဠာကျင့်စဉ်ပါနေတာကို ဘာလို့လွယ်လွယ်နဲ့ ပြရမှာလဲ။

သို့သော် အဘိုးအို သုံးသပ်မှုသည် အလွန်ကောင်းမွန်သည်။ တစ်ချက်ကြည့်လိုက်ရုံဖြင့် ဆွန်းမို၏ တန်ဖိုး အရှိဆုံးကို သိသည်။

"ကောင်လေး၊ မင်းဘာပဲပြောပြော အသုံးမဝင်ဘူး။ မင်းလက်ရေးမှုကို အရင်ယူလာလိုက် ငါကြိုက်ရင် မင်းအတွက် အစောင်ရေ ၁၀၀၀ ထုတ်ပေးမယ်" အဘိုးအိုက အော်ပြောလိုက်သည်။

ဆွန်းမို၏ မျက်မှောင်ကြုတ်လှ ျက် ထွက်သွားသည့် သဏ္ဌာန်ပျောက်သွားသည်နှင့် ကျန့်ချင်ဖန်သည် ထိုင်ခုံတွင် ပြန်ထိုင်ချလိုက်သည်။

အခုတော့ သူကိုင်ထားသည့် ဝတ္ထုသည်ကြည့်လိုက်လျှင် ပျင်းဖို့ကောင်းနေသည်။ သူစိတ်ထဲတွင် Dragon Ball နှင့် အနောက်ဘက်ကို ခရီးသွားခြင်းအမည်များ ပြည့်နေသည်။

"ဘယ်လို ဇာတ်လမ်းမျိုးပါလိမ့်"

ကျန့်ချင်ဖန် စိတ်ထဲတွင် ကြောင်တစ်ကောင် ကုတ်နေသလိုဖြစ်နေသည်။ အော်စမန်တစ် ကိတ်အနည်းငယ်ကိုဝယ်ပြီး ဆွန်းမိုသည် လှေငယ်လေးပေါ်တက်ကာ ချင်းဟိုင် မြစ်တစ်လျှောက် လည်နေသည်။

ဆွန်းမိုသည် သစ်သားဓါးကို သူ့ခါးတွင် ချိတ်ကာသိမ်းထားသည်။ ထိုဓါး၏ တန်ဖိုးသည် အစပိုင်းက မမြင့်ပါ။ သို့သော် သဏ္ဍာန်မဲ့ မြင့်မြတ်စကြ်ာဝဠာကို ရေးထိုးထားပြီးနောက် တန်ဖိုးပြောင်းလဲသွားသည်။ သစ်သားဓါးကို အဆောင်တွင်ထားခဲ့ပါက ပျောက်သွားမည် စိုးရိမ်သောကြောင့် သူနှင့်အတူသာ ယူလာသည်။

တန်နိူင်ငံတွင် ဓါးများကို ကိုင်ဆောင်ခြင်း၊ အတူယူလာခြင်းကို မတားမြစ်ထားပါ။ သို့သော် လေးနှင့်မြှားများ ကိုင်ဆောင်ခြင်းကိုတော့ ခွင့်မပြုပါ။

တစ်ယောက်ယောက်က လေးနှင့်မြှား ယူလာသည်ကိုတွေ့ပါက ရက်အနည်းငယ်လောက် ဖမ်းချုပ်ခံရနိုင်သည်။

ဆွန်းမိုသည် လေးလံသောဓါး သို့မဟုတ်ဓါးကို ကိုင်ဆောင်ခြင်းက သူ့အတွက် အသုံးဝင်ပေမယ့် သစ်သားဓါးကိုသာ အကာအကွယ် သဘော ယူလာခြင်းဖြစ်သည်။

ဝိညာဉ်ဘုရင် ဘုရားကျောင်းတွင် အမွှေးတိုင် ပူဇော်ပြီးနောက် ဆွန်းမိုသည် ကျောင်းသို့ပြန်လာခဲ့သည်။ ထောင့်တစ်ခုကို

ဖြတ်လာချိန်တွင် အိတ်တစ်ခုကို တင်းကျပ်စွာ ဖက်ထားသော မိန်းကလေးငယ် တစ်ယောက်ကို တွေ့လိုက်သည်။ သူမသည် မိုးလွတ်အောင် အမိုးတစ်ခုအောက်တွင် ထိုင်နေသည်။

ကောင်မလေး အသက် ၁၃နှစ်၊ ၁၄နှစ်လောက်သာရှိပြီး ဖြူဖြူစင်စင်လေးဖြစ်သည်။ သို့သော် သူ့မျက်နှာတွင် စိတ်ပျက်အားငယ်မှုများ ပေါ်နေသည်။

“ ပြန်စရာမရှိတဲ့ မိန်းကလေးငယ် တစ်ယောက်လား”

ဆရာတစ်ဦး အနေဖြင့် ဆွန်းမိုသည် ကလေးငယ်များအပေါ်တွင် အကဲဆတ်လွန်းသည်။ အကြောင်းမှာ သူကျောင်းက ပြန်လာတုန်း အိမ်ကထွက်ပြေးလာသော ကျောင်းသားတစ်ယောက်ကို တွေ့ဖူးသောကြောင့် ဖြစ်သည်။

သူမကိုလေ့လာရန် နတ်ဘုရားမျက်စိကို ဆွန်းမို အသက်သွင်းလိုက်သည်။

"လုချီဟွာ၊ အသက် ၁၄နှစ်၊ အလွန်အမင်း ဆာလောင်နေသော အခြေအနေဖြစ်နေသည်။"

ဆွန်းမိုသည် လှပသောနာမည်အတွက် စိတ်ထဲက မှတ်ချက်ပေးလိုက်သည်။

ကောင်မလေး မိုးခိုနေသည့် အမိုးက သေးသေးလေးဖြစ်ပြီး သူမကို လုံး၀ မကာကွယ်ထားနိုင်ပါ။ သူမ ချည်သားအ၀တ်အစားများ စိုစွတ်နေသော်လည်း သူမ သတိမထားမိပါ။

သူမသည် အစွန့်ပစ်ခံရသည့် ကြောင်ကလေးလို ကြွေးကြွေးလေးဖြစ် နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၂၇) - ချမ်းသာသောမိသားစုနှင့် မိုးရာသီ။

"ပိုက်ဆံမရှိလို့လား။ သူမပိုက်ဆံ ခါးပိုက်နှိုက် ခံလိုက်ရမှာ သေချာတယ်။" ဆွန်းမို သုံးသပ်ရင်း လမ်းလျှောက်လာသည်။ သူ့လက်ထဲက အထုပ်ကို ကောင်မလေးဆီကို ပေးလိုက်ရင်း

"ဒါက အော်စမန်တစ် ကိတ်မုန့်တွေ၊ မင်းစားလိုက်ပါလား"

လုချီဟွာသည် ဆွန်းမိုကို တစ်ချက်မော့ကြည့်လိုက်ပြီး အထုပ်ကို လက်မခံဘဲ အကြည့်ကိုရှောင်ကာ ခေါင်းငုံ့နေသည်။

"ငါက လူဆိုးမဟုတ်ပါဘူး"

ဆွန်းမိုက လေသံကို ဖြေလျှော့ပြီးပြောလိုက်သည်။

"အဖေက လူဆိုးအကြောင်း ပြောပြထားလား"

လုချီဟွာသည် စကားများကို မကြားချင်ယောင
်ဆောင်နေသည်။

“မင်း သူစိမ်းတွေနဲ့ စကားမပြောရဲရင် ဘာလို့ အိမ်က ထွက်လာသေးတာလဲ”

ဒီကောင်မလေးသည် သူမ၏ အမည်ကို အရက်မခွဲသင့်ပါဘူး။ သူမသည် လူစိမ်းများကို မွေးကင်းစ သမင်ပေါက်လေးလို ကြောက်တတ်လှသည်။

လုချီဟွာသည် စကားတစ်လုံးမှ မပြောပဲ သူမ၏ခေါင်းက အိတ်ထဲကို ဝင်လုနီးပါး ဖြစ်နေသည်။

ဆွန်းမိုသည် ခေါင်းကိုယမ်းကာ ထွက်သွားဖို့ လုပ်လိုက်သည်။

လုချီဟွာ ထွက်ခွာသွားသည့် ခြေသံကိုကြားသည်နှင့် အမြန်မော့ကြည့် လိုက်သည်။ သူမဘေးတွင် ချထားသော အထုပ်တစ်ထုပ်ကို တွေ့လိုက်သည်။ မိနစ်အနည်းငယ် ကြာပြီးနောက် လက်ကို ဆန့်ထုတ်လိုက်ပြီး အိတ်ကို ဖွင့်လိုက်သည်။

အောစမန်တစ် ကိတ်မုန့် အနံ့က မွေးပျံ့လာသည်။

"သူ့ကို ကြည့်ရတာ လူဆိုးတစ်ယောက်နဲ့ မတူဘူး၊ နည်းနည်းစားလိုက်ရမလား"

လုချီဟွာသည် အထုပ်ကို ကောက်ယူကာ ပါးစပ်ထဲကိုထည့်မလို လုပ်ပြီးမှ ပြန်ချလိုက်သည်။ "ငါမစားတာပဲ ပိုကောင်းပါတယ်။ သူမခေါင်းကိုငုံ့ပြီး လှည့်ပတ်ကြည့်လိုက်လှျင် ဘာမှမမြင်သည်နှင့် ပြန်ထိုင်ချလိုက်သည်။

"ငါစားသင့်လား၊ မစားသင့်ဘူးလား"

လုချီဟွာ ချီတုံချတုံဖြစ်နေသည်။

"ဂိ"

သူမ ဗိုက်ထဲက အသံထွက်လာပြန်သည်။ မနေ့က ပိုက်ဆံအိတ် ပျောက်ကတည်းက လုချီဟွာသည် ဒီနေရာမှာ ထိုင်စောင့်နေခဲ့သည်၊ သူမသည် သူခိုးကို ဖမ်းချင်သော်လည်း မအောင်မြင်ခဲ့ပါ။

"ငါတစ်ချက်လောက်တော့ ကိုက်လိုက်မယ်၊ အိပ်ဆေးပါနေရင်တောင် ဒီလောက်နဲ့တော့ အိပ်မပျော်သွားနိုင်ပါဘူး"

လုချီဟွာသည် ဆာလောင်သည့်ဒဏ်ကို မခံနိုင်တော့ပါ။ သို့သော် သူမ အိတ်ကိုဖွင့်ပြီး

တစ်ကိုက်လောက် စားပြီးသောအခါ ရက်စက်ကြမ်းကြုတ်သည့် သားရဲတစ်ကောင်လို အသံများ ကြားလိုက်ရသည်။

သူမ စောစောကကြားခဲ့တဲ့ ခြေသံများ ပြန်လာနေသည်။

"ဒါမကောင်းတော့ဘူး၊ ငါတော့ ထောင်ချောက်ထဲ ကျသွားပြီ"

လုချီဟွာ မျက်နှာမှာ စိုးရိမ်ပူပန်မှုများ ပြည့်နှက်လာသည်။ သူမထွက်ပြေးသွားချင်

သော်လည်း သူမ ထွက်သွားပါက သူခိုးနဲ့ လွဲသွားရင် ဘယ်လိုလုပ်ရမလဲ။

ကောင်မလေး ဆုံးဖြတ်ချက်မချနိုင်ခင် ဆွန်းမိုက သူမအရှေ့ကို ရောက်လာသည်။

“ဒါက အခုမှ ထွက်လာတဲ့မုန့်တွေပဲ၊ မင်းစားကြည့်ချင်လား”

ဆွန်းမိုသည် မုန့်ရောင်းသည့် သူအား ထောင့်သို့ ခေါ်လာသည်။ ထိုနောက် သူသည် ပေါင်မုန့်တဖွဲ့ ကိုက်လိုက်သည်။

လုချီဟွာသည် မုန့်တွေကို တစ်ချက်ကြည့်လိုက်ပြီးနောက် ဆွန်းမိုကို ပထမဆုံးအကြိမ်အလေးအနက် အကဲခတ်လိုက်သည်။

ဒီလူက အသက်မကြီးသေးဘူး၊ သွားတွေက အရမ်းဖြူတယ်။ သူ့တွင် အလွန်နူးညံ့သည့် အပြုံးရှိနေပြီး စိုးရိမ်ပူပန်မှုများ ပြည့်နေသည့် သူ့မျက်လုံးများက သူမကို ရှုံ့ချနေသလိုဖြစ်နေသည်။

သူမလက်ထဲကို ကြည့်နေသည် ကိုမြင်လျှင် လုချီဟွာသည် မျက်နှာနီလာပြီး အော်စမန်တစ် ပေါင်မုန့်ကို အနောက်သို့ အမြန်ဝှက်လိုက်သည်။

“မင်းစားမှာလား၊ မစားဘူးလား”

ရောင်းသည့်သူက မကျေမနပ်ဖြစ်နေသည်။ ဆွန်းမိုက ပိုက်ဆံအများကြီး မပေးခဲ့ပါက သူလိုက်မည် မဟုတ်ပါ။

“ဝှစ်”

လုချီဟွာသည် ပေါင်မုန့်တစ်လုံးကို အမြန်ယူလိုက်သည်။ သူ့ အတွက် စဉ်းစားပေးသည့်

ဆွန်းမိုကို ဦးညွတ်လိုက်ပြီး နောက်တစ်လုံး ယူလိုက်သည်။

"နောက်ထပ် ပေါင်မုန့်ဆယ်လုံးပေးပါ" ဆွန်းမိုက ပြောလိုက်သည်။ "စကားမဆက် ငါက ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတစ်ယောက်ပါ"

ထိုစကားကို ကြားလိုက်ပြီးနောက် လုချီဟွာ၏ မျက်လုံးကြီးများ တောက်ပလာသည်။ သူမချက်ခြင်းပင် ဆွန်းမိုကို ထပ်ကြည့်လိုက်သည်။

"မင်း ဘာလို့ဒီမှာတစ်ယောက်တည်း ထိုင်နေတာလဲ"

ဆွန်းမိုသည် ခေါင်မိုးအောက်တွင် ရပ်ပြီး တိမ်မည်းများနှင့် ပြည့်နေသည့် ကောင်းကင်ကို မော့ကြည့်လိုက်သည်။

"ဖောက် ဖောက်"

မိုးရေစက်များသည် ထီးပေါ်ကို ကျနေသည်။

"ငါ........ငါ သူခိုးဖမ်းဖို့လုပ်နေတာ"

ပူပူနွေးနွေး ပေါင်မုန့်များကို စားပြီးနောက် ဆွန်းမိုနှင့် လုချီဟွာ နည်နည်းရင်းနှီးလာသည်။

"မိုးရွာနေတယ်၊ လမ်းပေါ်မှာ လူသိပ်မရှိတော့ ခိုးဖို့ခက်တယ်။ သူခိုးတွေအိမ်မှာ ပြန်ပြီး အိပ်ရင်တောင် အိပ်နေနိုင်တယ်"

သူခိုးက လမ်းပေါ်ကိုထွက်လာရင် သူမ မဖမ်းနိုင်ပါဘူး။ သူမ၏ အလားလာကို ဆွန်းမို စစ်ဆေးလိုက်သည်။

ကြံ့ခိုင်မှု - ၃။ အရမ်းအားနည်းနေသည်။

ဉာဏ်ရည် - ၅။ ဦးနှောက်ကောင်းနေတုန်းပဲ၊ ဘာလို့ ဒီလောက်တုံး ရတာလဲ။

သွက်လက်မှု - ၃။ မင်း ဒီလောက်လေးလံနေတာ ဘာဝန်ကို သယ်ထားလို့လဲ။

ခံနိုင်ရည်- ၃။ အားနည်းသည် ၊ သွားလေ့ကျင့်ပါ။

လုချီဟွာ၏ အချက်အလက်များကို စစ်ဆေးလိုက်ပြီး မနေနိုင်ဘဲ သူမရင်ဘက်ကို တစ်ချက် ကြည့်လိုက်မိသည်။ ထို့နောက် သူအံ့သြသွားသည်။ ကောင်မလေးက အိတ်သေးသေးလေးကို တချိန်လုံးဖက်ပြီး သူမရင်ဘက်ကို ဖုံးနေသည်။ အခုတော့ သူမရင်ဘက်က အံ့သြလောက်အောင်

ကြီးမားနေသည်ကို ဆွန်းမို တွေ့လိုက်သည်။ သူ့အဝတ်နှစ်ထည်ကို အထဲမှာ ထည့်ထားတာလား။

"အလားလာတန်ဖိုး အလွန်နိမ့်သည်။"

"စနစ် ဒီထက်နိမ့်ကျတဲ့ အလားလာတန်ဖိုး ရှိသေးလို့လား"

ဆွန်းမို ဆွံ့အသွားသည်။ တန်ဖိုးနိမ့်ကျသော ချို့ရွန်ကျားပင် ဤသဘော်သီး မိန်းကလေး၏ရှေ့တွင် ရပ်ပြီး မထီမဲ့မြင် တံထွေးထွေးနိုင်သည်။ သူမကဲ့သို့ အချက်အလက် နိမ့်ကျသည့်သူ မရှိလောက်တော့ပါ။

“သူမမှာ ဒီလောက်ကြီးတဲ့ သဘော်သီးရှိနေပြီပဲ အလားလာတန်ဖိုးက ဘာလို့ လိုအုံးမှာလဲ”

စနစ်က မေးလိုက်သည်။

ဆွန်းမိုသည် ထိုစကားကြောင့် ကြောင်သွားသော်လည်း ထောက်ခံလိုက်သည်။

“ဟုတ်တယ်”

လုချီဟွာသည် သက်ပြင်းချလိုက်ပြီး မိုးသားများပြည့်နေပြီး မိုးရွာချနေသည့် ကောင်းကင်ကြီးကို မော့ကြည့်လိုက်သည်။ သူမ ပိုက်ဆံအိတ်ကို ပြန်မရနိုင်တော့ပါ။ ဒါကိုစဉ်းစားမိပြီး

ဝမ်းနည်းလာသည်။ “ငါ့အမေ ငါ့အတွက် ထားခဲ့တဲ့အရာ မရနိုင်တော့ဘူး”

ကောင်မလေး ပခုံးတုန်သွားပြီး ငိုချလိုက်သည်။

ဆွန်းမိုသည် ဒါကိုမြင်ပြီး မနေနိုင်ဘဲ နှစ်သိမ့်လိုက်သည်။ “သူခိုးက အလုပ်ကြိုးစားတဲ့သူ ဖြစ်ပြီး မိုးရွာတဲ့နေ့တောင် နားမှာ မဟုတ်ဘူး” နှစ်သိမ့်လိုက်သည်။

“ဟုတ်တယ်၊ ဒါဖြစ်နိုင်တယ်”

လုချီဟွာ ချက်ခြင်းပင် အားပါးတရ ခေါင်းငြိမ့်လိုက်သည်။

"....."

ဆွန်းမိုစိတ်ထဲ တွေးလိုက်မိသည်။ (မင်းနဲ့ ဘယ်သူမှ ဉာဏ်ရည်ခြင်း ယှဉ်နိုင်မှာမဟုတ်ဘူး၊ သူများ နှစ်သိမ့်တာကို အလေးအနက် မထားလို့ မရဘူးလား)

လုချီဟွာသည် သူစိမ်းများကို ကြောက်ရွံ့ပြီး သတိမရှိသော်လည်း သူမ စကားစပြောလိုက်သည်နှင့် အားလုံးလွဲနေသည်။ ဆွန်းမိုသည် သူမထံမှ အရာရာကို ရှာဖွေရန် မကြိုးစားခဲ့ပေမယ့် သူမအများကြီး ပြောနေသည်။

"ငါ့သင်ယူဖို့ မြတ်ဆရာတစ်ယောက်ကို လိုချင်လို့ ချင်လင်ကို လာခဲ့တယ်။ ဒါပေမယ့် တစ်ယောက်မှ ငါ့ကို လက်မခံဘူး"

လုချီဟွာသည် သူဖြတ်သန်းခဲ့သည့် အရာများကို ပြောပြပြီး ငိုချင်လာသည်။

(မင်းသာ သင်လွယ် တတ်လွယ်ရင် သူတို့က မျက်စိမှိတ်ပြီး ခေါ်သွားမှာပဲ)

ဆွန်းမို ခေါင်းငြိမ့်လိုက်သည်။

မိုးက အဆက်မပြတ် ရွာနေပြီး ရပ်တန့်မည့်ပုံ မပေါ်ပါ။

"မင်း ဘာဆက်လုပ်ဖို့ စိတ်ကူးထားလဲ"

သူမဒီမှာ ဆက်စောင့်နေတာက အဓိပ္ပာယ်မရှိပါ။

"သူခိုးကို ဆက်စောင့်မယ်"

လုချီဟွာ၏ အဖြေတွင် ခေါင်းမာမှုများပေါ်နေသည်။ ဒါ့အပြင် ပိုက်ဆံမရှိတော့သည့် အတွက် သူသွားနိုင်သည့် နေရာ မရှိတော့ပါ။

"မင်းအိမ်ကိုပဲ စောစောပြန်တာ ပိုကောင်းမယ်"

ဆွန်းမိုသည် သူ့ပိုက်ဆံအိတ်ကို ထုတ်ကာ လုချီဟွာကို ပေးလိုက်သည်။ ဒီမှာဆက်စောင့်နေပါက သူမကိုယ်တိုင် ဆုံးရှုံးသွားနိုင်သည်။ ထို့နောက် ဆွန်းမို လှည့်ထွက်သွားသည်။

"ငါ လက်မခံဘူး"

လုချီဟွာသည် ဆွန်းမိုနောက်ကို လိုက်ကာ ပိုက်ဆံအိတ် ပြန်ပေးလိုက်သည်။

"ဒါဆိုလည်း ချေးတယ်လို့ သဘောထားလိုက်"

ဆွန်းမို စိတ်မရှည်စွာ လက်ဝှေ့ယမ်းပြီး ပြောလိုက်သည်။

"မဟုတ်ဘူး အဖေက အလကားရတာ မယူရဘူးတဲ့၊ မင်း ငါ့ကို အော်စမန်တစ် ပေါင်မုန့်တွေလည်း ကျွေးခဲ့ပြီးပြီ။

လုချီဟွာသည် အလွန်ခေါင်းမာပြီး ဆွန်းမိုအိတ်ထဲကို ပိုက်ဆံအိတ် ပြန်ထည့်ရန် ကြိုးစားလိုက်သည်။ ထို့နောက် သူမ ရုတ်တရက် ထအော်လိုက်သည်။

"အဲဒါ သူပဲ"

ဆွန်းမို၏ ဉာဏ်ရည်ကြောင့် ထိုစကားက အဆက်ဆက်မရှိသော်လည်း လုချီဟွာ သူခိုးကို

ရည်ရွယ်မှန်း နားလည်လိုက်သည်။ ချက်ခြင်းပင် သူမကြည့်သည့်နေရာကို လိုက်ကြည့်လိုက်သည်။

စောင်းကြည့်နေသော လူငယ်တစ်ယောက်သည် ထီးတစ်လက်ကို ကိုင်ထားသော အဒေါ်ကြီးနားတွင် ရပ်နေသည်။

ဆွန်းမို ဘာပြောရမှန်း မသိတော့ပါ။(မင်းက တကယ်အလုပ်ကြိုးစားတဲ့ သူခိုးပဲ မိုးရွာတာတောင် အနားမယူဘူး)

"မပြေးနဲ့၊ ငါ့ပိုက်ဆံပြန်ပေး" လုချီဟွာ ကျယ်လောင်စွာ အော်လိုက်သည်။

“ရင်ဘက်ကြီးတဲ့ မိန်းမတွေက ခေါင်းနည်းတယ်ဆိုတာ ဒါကိုပြောတာပဲ”

ဆွန်းမိုသည် သူ့ခိုး သတိမထားမိအောင်နေရန် သတိပေးချင်သော်လည်း နောက်ကျသွားသည်။ ကံကောင်းထောက်မစွာ သူ၏ တုန့်ပြန်မှု မြန်နေခဲ့သည်။ တချိန်တည်းမှာပင် သစ်သားခါးကို ထုတ်ပြီး ပစ်လိုက်သည်။

ထိုလူငယ်သည် အမြဲ အပြစ်ကျူးလွန်နေသူဖြစ်သည်။ အော်သံကို ကြားလိုက်သည်နှင့် အနီးဆုံး လမ်းကြားထဲကို

ပြေးသွားသည်။ သို့သော် လေသံတစ်ခုကို သူ့နားက ကြားလိုက်ရပြီး ဆက်မပြေးနိုင်တော့ပါ။ ကျောဘက်ကို သစ်သားဓါးတစ်ချောင်းက ထိမှန်ပြီး လဲကျသွားသည်။

"ဝှန်း"

ဗွက်များ ပြန့်ကျဲသွားသည်။

ဆွန်းမိုသည် သူခိုးကို ဝင်တိုက်ခိုက်လိုက်ပြီး နောက် သူ့ကို ဖမ်းရန် ရဲများကိုခေါ်လိုက်သည်။

ဆရာတစ်ယောက်၏ ဂုဏ်ပုဒ်ကြောင့် စကားပြောရတာ လွယ်ကူခဲ့သည်။ သူခိုးတစ်ယောက်

ခြေထောက်ကျိုးသွားသည်ကို ကြည့်ပြီး သူ့ကိုတောင် ချီးကျူးနေကြသည်။ ဆွန်းမိုသည် ထိုရလာဒ်ကို အလွန်ကျေနပ်နေသည်။

ချည်သားလုပ် အဝတ်ကို ဝတ်ဆင်ထားသော လုချီဟွာသည် သူမ၏ အိတ်ကလေးကို ပွေ့ဖက်လျှက် ဆွန်းမိုနောက်က လိုက်သွားသည်။ သူမသည် ဆုံးရှုံးသွားသည့် ငွေများကို ပြန်မရလိုက်သော်လည်း ပျော်ရွှင်စွာ ရယ်မောနေသည်။

သူတို့ ကျောင်းတံခါးနားကို ရောက်ရင် ဆွန်းမိုသည်နောက်ကို ပြန်လှည့်လိုက်သည်။

လုချီဟွာသည် ခေါင်းကို ကျုံ့ထားပြီး အိတ်ကို ဆုပ်ကိုင်လိုက်ကာ မည်သည့် လှုပ်ရှားမှုကိုမဆို နားထောင်နေသည့် သမင်ငယ်လေးနှင့် တူနေသည်။ တစ်စုံတစ်ခု မှားသွားသည်နှင့် ထွက်ပြေးဖို့ အသင့်ဖြစ်နေသည်။

“မင်း ငါ့နောက်ကို ဘယ်လောက်ကြာကြာ လိုက်နေမှာလဲ”

လုချီဟွာသည် ဆွန်းမို၏ အကြည့်ကို ရှောင်ကာ "ငါ.........ငါ..မသိဘူး" တိုးတိုးလေးဖြေလိုက်သည်။

ဆွန်းမိုသည် လုချီဟွာ ဘာကို စဉ်းစားနေလည်း နားမလည်ပါ။

"ဒါနဲ့ ဆရာဆွန်း မင်းက အံ့သြဖို့ကောင်းတယ်၊ သူခိုးပြန်လာမှာကို ဘယ်လိုသိတာလဲ"

လုချီဟွာသည် ဆွန်းမိုကို မျက်လုံးမှေးလိုက်ကာ လေးစားသည့် အကြည့်နှင့် ကြည့်လိုက်သည်။

(ဟ ငါဘယ်လိုသိမှာလဲ မင်းကို သက်သက် နှစ်သိမ့်တာ)

ဆွန်းမိုသည် ကောင်မလေး၏ အကြည့်ကိုမြင်ပြီးနောက် အမှန်တိုင်း ပြောရန်ခက်နေသည်။ ဒီလောက်လှသည့် ကောင်မလေးသူ့ကို လေးစားနေသည်ကို အနည်းငယ် ဂုဏ်ယူနေသည်။

“ဒါကို အသေးစိတ် ခန့်မှန်းချက်လို့ ခေါ်တယ်” ဆွန်းမို ဓာတ်လမ်းတစ်ခု ဖန်တီးပြောလိုက်သည်။

“ဒါက အရမ်း အံ့သြဖို့ကောင်းတာပဲ”

လုချီဟွာ၏ မျက်လုံးများသည် ညအခါကောင်းကင်ယံတွင် လင်းလက်နေသည့် ကြယ်ပွင့်များလို တောက်ပလာသည်။

“ဒင်”

လုချီဟွာ၏ လေးစားအထင်ကြီးမှု - ၅

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၅/၁၀၀)

“အဲဒါက မဖြစ်နိုင်ဘူးလေ၊ ဒါလည်းယုံတာပဲလား”

ဆွန်းမိုဆွံ့အနေသည်။ သူသည် ကောင်မလေး၏ အပြစ်ကင်းသည့်မျက်နှာကို ကြည့်လိုက်ပြီး သူမကို ဒီအတိုင်းမထားခဲ့သင့်ဘူးလို့ ထင်သည်။ မဟုတ်ပါက သူမအလိမ်ခံရမှာ သေချာသည်။

သူတို့ ကျောင်းတံခါးဝကို ရောက်လာလျှင် အစောင့်ဖြစ်သူ မစ္စတာချင်၏ ခေါင်းသည် ပြတင်းပေါက်က ထွက်လာပြီး

“ဆရာဆွန်း၊ဒါက…….”

ကောင်မလေး ဝတ်ဆင်ထားသည့် ဝတ်စုံမှတဆင့် မစ္စတာချင်သည် သူမသည် ကျောင်းက ကျောင်းသူမဟုတ်မှန်း ရှင်းရှင်းလင်းလင်းသိသည်။

“ငါ့ ဆွေမျိုး”

ဆွန်းမိုသည် သူ့အရင်တုန်းက ဝယ်ထားသော ဆေးလိပ်ရှက် တစ်ထုပ်ကို ပေးလိုက်သည်။ ကျောင်းတွင် အာဏာ အလွန်သေးငယ်သည့် အောက်ခြေ အဆင့်၌ ရှိသူကို ပေါင်းသင်းထားပါက သူ့အတွက်တစ်ချိန် အကျိုးရှိလိမ့်မည်။ ထို့အပြင်

ဆေးလိပ်ရှက်တစ်ထုပ်သည် ဒင်္ဂါး နှစ်ဆယ်သာရှိသည်။

“အိုး သူမက မင်းဆီမှာ အကူအညီတောင်းဖို့လား၊ ကျောင်းသားသစ် ရွေးချယ်ပွဲမှာ ပါဖို့လား”

မစ္စတာချင် ချက်ချင်းပြုံးလိုက်မိသည်။ ကျောင်းအုပ်ကြီး အန် ကြွေသွားတာ ဘာမှမဆန်းပါ။ သူက ဘယ်လိုလုပ်ရမည်ကို တကယ်သိသည်။ အစမ်းခန့် ဆရာများစွာထဲက သူ့ကို လက်ဆောင်ပေးသည့် ပထမဆုံး တစ်ယောက်ဖြစ်သည်။

ကျောင်းတွင်းကို ရောက်ပြီးနောက် ကျော်ဖြတ်လာရသော ကျောင်းသားများကိုကြည့်ပြီး ချီဟွာ စိုးရိမ်နေသည်။ သူမ ချက်ခြင်းခြေလှမ်းမြန်သွားပြီး ဆွန်းမိုနာက်ကို ပိုကပ်သွားသည်။

အစမ်းခန့် ဆရာများသည် ကိုယ်ပိုင်ရုံးခန်း မရှိသောကြောင့် ဆွန်းမိုသည် လုချီဟွာကို အဆောင်ကိုသာ ခေါ်လာခဲ့လိုက်သည်။

“ဒါက ငါ့အိပ်ယာ၊ လွတ်လွတ်လပ်လပ်ထိုင်နိုင်တယ်”

ဆွန်းမိုက ရေတစ်ခွက်ကမ်းပေးလိုက်သည်။

“ဟုတ်”

လုချီဟွာ ခေါင်းငြိမ့် လိုက်သော်လည်း သူမအဝတ်အစားများ စိုစွတ်နေသောကြောင့် အိပ်ယာခင်းများ ပေသွားမည်ကို စိုးရိမ်နေသည်။ ထို့နောက် အိတ်ကို ပစ်ချလိုက်ပြီး ကုတင်ဘေးတွင် ထိုင်လိုက်သည်။

သူမသည် သူမခြေထောက်များကို ကွေးထားပြီး ဒူးနှစ်ဖက်ကို လက်ဖြင့် တင်းကျပ်စွာ ဖက်ထားပြီးထိုင်နေသည်။

ဆွန်းမိုသည် ဒါကိုမြင်လိုက်ပြီးနောက် ကောင်မလေးအပေါ် အထင်ကြီးမှု တိုးလာသည်။ သူမဟာ ဉာဏ်မကောင်းသည့် ကောင်မလေးတစ်ယောက် ဖြစ်သော်လည်း သူမ၏ အစီစဉ်ကိုမေးရမည်။ ဒီလိုမဟုတ်ခဲ့ပါက သူမ မိသားစု သူမကို လိုက်ရှာပြီး သူ့ကို လူကုန်ကူးမှုနှင့် ပြဿနာရှာနေရင် ရှင်းရခက်နေမည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၂၈) - “ငါ့အဖေက ဂုဏ်ယူရတဲ့ သူတစ်ယောက် ဖြစ်ချင်တယ်”

လုချီဟွာ၏ မျက်လုံးများက မျှော်လင့်ချက်များနှင့် ပြည့်နေပြီး ဒါက သူ့အိပ်မက်ဖြစ်သည်။

"ဒါကြောင့် လေ့လာဖို့ အပြင်ကို တစ်ယောက်တည်း ထွက်လာတာပေါ့"

ဆွန်းမိုသည် ကောင်မလေး၏တချို့ အချက်များကို သဘောကျသည်။ အပြန်တွင် သူတို့နှစ်ယောက် နည်းနည်းစကားပြောဖြစ်ခဲ့ကြသည်။ သူမက ရှင်းမြို့တော်က ဖြစ်ပြီး ထိုနေရာကနေ မြင်းဖြင့်လာမည်ဆိုပါက လဝက်လောက်ကြာမည်။ သူမသည် အသက် ၁၄ နှစ်မပြည့်သေးပေမယ့် တစ်ယောက်တည်း ခရီးထွက်လာရဲသည်။ သူမ၏ ရဲရင့်မှုကတော့ လေးစားဖို့ကောင်းသည်။

"အမ် အဟာမ်း"

ထိုအကြောင်းကို ပြောပြီးသည်နှင့် လုချီဟွာ၏ မျက်နှာ မှေးမိန်သွားသည်။ သူမသည် မြတ်ဆရာတွေကို တွေ့ဖို့ မလွယ်ပါဘူး။ သူမ၏ ပင်ကိုယ်အရည်ချင်း ဆိုးဝါးလွန်းတာကြောင့် မြတ်ဆရာများက ပြန်မလှတ်ခင် တစ်ချက်သာကြည့်ပြီး လက်ဖွေ့ယမ်းကာ စကားတစ်ခွန်း ပြောဖို့တောင် စိတ်မဝင်စားခဲ့ကြပါ။

"ဗဟိုပြည်နယ် အကယ်ဒမီမှာ သဘက်ခါ ကျောင်းသားသစ် ခေါ်လိမ့်မယ်။ မင်းသွားကြည့်ပေါ့။

ဒါဆို မင်းပိုကောင်းတဲ့ မြတ်ဆရာတစ်ယောက်တော့ တွေ့နိုင်တယ်။"

ဆွန်းမိုက သူမသည် အဖြစ်မှန်ကို သိပြီး စောစောပြန်သွားရန် မျှော်လင့်ထားသည်။ နောက်ပြီး သူမ၏ ပင်ကိုယ်အရည်ချင်းကြောင့် အစမ်းခန့်ဆရာတွေတောင် သူမအပေါ် အေးစက်နိုင်သည်။

(မင်း ......ကြီးတာက လေ့လာမှု အတွက် အထောက်အပံ့ မဖြစ်ဘူး)

ဆွန်းမို သက်ပြင်းချလိုက်သည်။ လုချီဟွာ၏ ....ကို အရည်အချင်းဖြစ်သာ သတ်မှတ်ပါက သူမသည် အခြားသူများကို ငုံ့ကြည့်နိုင်သည့် အခြေနေတွင်ရှိသည်။

“ဆရာဆွန်း၊ မင်းက တကယ့်လူကောင်း တစ်ယောက်ပါ”

လုချီဟွာသည် အလွန်ကျေးဇူးတင်မိသည်။

ဆွန်းမိုသည် လုချီဟွာကို ကျောင်းနားက တည်းခိုခန်း တစ်ခုတွင်တည်းဖို့ စီစဉ်ပေးခဲ့သော်လည်း သူမက ငြင်းပယ်ခဲ့သည်။ ရွေးချယ်စရာမရှိတော့ဘဲ

သူမနေထိုင်ဖို့ စတိုခန်းတစ်ခုကို ရှင်းလင်းရန် လီကုန်ကိုသာ လိုက်ရှာရတော့သည်။

"ဒီနေရာက ငါ့အနားယူတဲ့ နေရာ တစ်ယောက်မှ မလာတတ်ဘူး။ ဒါကြောင့် အေးအေးဆေးဆေး နေနိုင်တယ်။"

လီကုန်၏ မျက်နှာသည် အပြုံးများနှင့် ပြည့်နေပြီး သူ့ဝန်ဆောင်မှုကို ဆွန်းမို မကျေနပ်မှာ စိုးရိမ်နေသည်။

ဆွန်းမိုသည် လက်ကို ဝှေ့ယမ်းလိုက်သည်နှင့် လီကုန်ထွက်သွားသည်။ သို့သော် ထွက်မသွားခင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာကို တစ်ချက်ကြည့်လိုက်ပြီး (ဘုရားရေ, အနာဂတ်မှာ သူမကို လက်ထက်နိုင်တဲ့ သူကတော့ တော်တော်ကံကောင်းတာပဲ)

"ဒီငွေကိုယူပြီး အရင်သုံးထားနှင့်"

ဆွန်းမိုက ငွေပြား ၅ချောင်းထုတ်ပြီး လုချီဟွာကို ပေးလိုက်သည်။ သူခိုးဖမ်းပြီး လုယက်တာ ပြန်ရလိုက်ပေမယ့် သဘော်သီးကောင်မလေးတွင် ပိုက်ဆံအများကြီး မရှိမှန်း ဆွန်းမိုသိသည်။ ဒါကြောင့် တည်းခိုခန်းတွင် တည်းဖို့ သူမငြင်းတာဖြစ်နိုင်သည်။

"မယူဘူး။ မယူဘူး"

လုချီဟွာသည် လက်ကိုဝှေ့ယမ်းကာ အသဲအသန် ငြင်းနေသည်။

"ယူလိုက်ပါ၊ မင်း ငါ့ကို နေ့တိုင်း အစားသောက်ပို့ခိုင်း စေချင်နေတာလား"

ဆွန်းမို မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

ဆွန်းမို ဒေါသထွက်သွားသည်ကို မြင်လျှင် လုချီဟွာသည် အမြီးကို နင်းခံထားရသော ယုန်ကဲ့သို့ ငြိမ်ကျသွားသည်။ "မဟုတ်ပါဘူး၊ အဲဒီလို မရည်ရွယ်ပါဘူး"

"ဒါဆိုလည်း ယူထားလိုက်"

ဆွန်းမိုသည် သူမကို သူမအိမ်က တစ်ယောက်ယောက် လာခေါ်ခိုင်းရန် လုချီပွာဆီက အိမ်လိပ်စာ တောင်းလိုက်သည့်အခါ သူမသည် ခေါင်းကို ငုံ့ကာ မကြားသလိုလုပ်နေသည်။ ထို့ကြောင့် ဆွန်းမိုသည် ထိုအတွေးကို လက်လျှော့လိုက်သည်။

အဆောင်ပြန်ရောက်ပြီးနောက် ဆွန်းမိုသည် သူ့အိတ်ကို စစ်လိုက်ရာ ငွေများ သိပ်မကျန်တော့မှန်း သိလိုက်သည်။ ထို့ကြောင့် ငွေအမြန်ရှာရန် အရေးတကြီး လိုအပ်နေသည်။

ဒီလိုမဟုတ်ပါက သူ့လူနေမှု အဆင့်အတန်း ကျသွားတော့မည်။

အရင်ဘဝတွင် သူ့ပညာရေးနောက်ခံဖြင့် အိမ်တွင် ဂိုက်လိုက်လုပ်ရန် လွယ်ကူသည်။ သို့သော် ချင်လင်တွင် သူဒါကို မလုပ်နိုင်ခဲ့ပါ။ ဘာကြောင့်ဆိုသူသည် တရားဝင်ဆရာတစ်ယောက် မဖြစ်သေးပါ။

“ငါ့မှာ စာရေးဖို့ ရွေးချယ်စရာတစ်ခုပဲ ကျန်တော့တာလား”

အမှန်တိုင်းပြောရရင် ဆွန်းမို စာမရေးချင်ပါ။ သို့သော် အိမ်ယာမဲ့နေသည့် လုချီဟွာအကြောင်းကို စဉ်းစားလိုက်ပြီး သူမကို ကူညီရအုံးမည် မဟုတ်ပါလား။ ဒါက လမ်းဘေးက ကြောင်တစ်ကောင်ကို ကောက်ရလိုက်သလိုပါပဲ။ သူမကို ခဏတော့ တာဝန်ယူထားရမည်။ သူ့အတွက် ငါးခြောက်နှင့် သရေစာတွက် ပိုက်ဆံမရှိလျှင် ကြောင်သည်သူ့ကို ငေးကြည့်နေလိမ့်မည်။

“အဲဒါကို အရင် အထိုင်ချရမယ်၊ မာဆက်သမား တစ်ယောက်လုပ်တာထက် အနောက်ဘက်ကို ခရီးသွားခြင်း ရေးရတာ ပိုကောင်းတယ်”

ရှေးဟောင်း အနှိပ်နည်းစနစ်သည် အလွန်ထူးဆန်းသည်။ သူသည် ထိုနည်းစနစ်ဖြင့် ဆိုရင် ကမ္ဘာ့အဆင့် မာဆက်သမား တစ်ယောက်ဖြစ်မှာ သေချာသည်။ သို့သော် ဆွန်းမိုသာ ဒီအလုပ်ကို လုပ်လိုက်ပါက စနစ်၏ရယ်သံကြောင့် အရင်ဆုံး သေမှာ သေချာသည်။

မနက်ခင်းနေရောင် ကျလာသည့် အချိန်တွင် လိုဒီသည် စွတ်ပြုတ်တစ်ခွက်နှင့် ဝက်ပေါင်ခြောက် တစ်ပန်းကန်ကို ကိုင်ကာ အဆောင်မှ ထွက်လာသည်။ ဆရာ ကျုံရှန်ရီသည် သူ့အပေါ် အမြင်တော်တော် ကောင်းနေပြီဖြစ်သည်။ သူသာ ထိုအခြေအနေကို ဆက်ထိန်းထားနိုင်သ၍ သူ့အဆင့်ကောင်းမှာ သေချာသည်။ ဒါက သူ့ကိုကျောင်းတွင် ဆက်နေနိုင်မည့် အခွင့်အရေး တိုးလာမှာ သေချာနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၂၉)။ ။ အိမ်မှာထိုင်နေလဲ အမှတ်တွေက ကောင်းကင်က ကျလာတယ်။

လက်ရေးမှုတွင် မှင်များခြောက်နေပြီ ဖြစ်သောကြောင့် ဆွန်းမို သိမ်းထားလိုက်သည်။

လုချီဟွာသည် မျက်လုံးကြီးများကို ဖွင့်လိုက်ပြီး ရက်ပေါင်းများစွာ အစာငတ်နေသည့် ကြောင်က ငါးခြောက်ကို ရှာသကဲ့သို့ ပတ်ကြည့်လိုက်သည်။ ထို့နောက် သူမသည် လသာဆောင်တွင် ခြောက်သွေ့နေသော ငါးခြောက်ကိုတွေ့လိုက်သည်။

"နေပါအုံး၊ ငါ့သူ့လက်ရေးမူကို သန့်ရှင်းရေး လုပ်ပေးရမလား၊ ဒါဆိုရင် ငါက ပွင့်ပွင့်လင်းလင်း ဖတ်လို့ရပြီ"

လုချီဟွာသည် သူမ၏ လက်သီးလေးတွေကို ဆုပ်ကာ သူမခေါင်းကို ပြန်ပုပ်လိုက်သည်။ ငါတော်တော်တုံးတာပဲ။

"ရှုတ်"

တိတ်ဆိတ်နေသော စာကြည့်တိုက်ထဲတွင် မြတ်ဆရာအရှိန်အဝါ ဖွင့်လိုက်သည့်အသံ

ထွက်လာသည်။ ပတ်ဝန်းကျင်ကလည်း တီးတိုးသံများ ထွက်လာသည်။

"ဒါ မြတ်ဆရာအရှိန်အဝါပဲ။"

လုချီဟွာသည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်လျှင် ချောမောသည့် လူငယ်တစ်ယောက် လမ်းလျှောက်လာသည်ကို တွေ့လိုက်သည်။ သူက လူတိုင်းကို ဆက်လက်ပြီး လေ့လာမှုပြုလုပ်ရန် သူ့လက်ကို ဝှေ့ယမ်းပြလိုက်သည်။

“သူက ကျော်ကြားတဲ့ ကျောင်းကိုးကျောင်းထဲက တစ်ကျောင်းဖြစ်တဲ့ ဂျိရှားသင်ကြားရေးနန်းတော်က ဘွဲ့ရလာတဲ့ ချင်ဖန် လေ။ မင်းကသူ့ကို မင်းဆရာ မဖြစ်စေချင်ဘူးလား”

ဆွန်းမိုက ချင်ဖန်ကို လှမ်းအကဲခတ်လိုက်ပြီး ဘာက စိတ်ပိုင်းဆိုင်ရာ မြင့်တာလဲ။ သူက သင်ကြားရေးနှင့် ထူးချွန်သော မှတ်ဉာဏ် မြတ်ဆရာ အရှိန်အဝါကို စာကြည့်တိုက်ထဲတွင် ဖွင့်ခဲ့သည်။ ထိုအရာက လူတိုင်း၏ စိတ်ထဲတွင် အထင်ကြီးမှုကို

ထားခဲ့နိုင်ရုံသာမက သူ့နာမည်ကို ကျော်ကြားစေလိမ့်မည်။

ကျောင်းသားများကို လာဘ်ပေးပြီး နာမည်ကျော်ကြားလာအောင် လုပ်တတ်သော ကျန်းရှန်ထက်စာလျှင် သူ့နည်းလမ်းက ပိုမိုကောင်းမွန်သည်။

တကယ်တမ်းလည်း မြတ်ဆရာ အရှိန်အဝါသည် လေ့လာရုံဖြင့် မရဘဲ ဉာဏ်အလင်းပွင့်မှသာ ရနိုင်သည်။ ကျန်းရှန်က ဒါကို လုပ်ချင်စိတ်ရှိလျှင်တောင် သူ မလုပ်နိုင်ပါ။

ဆွန်းမိုလည်း ထိုလုပ်ရပ်ကို အတုခိုးပြီး လိုက်မလုပ်နိုင်ပါ။ တန်းဖိုးဖြတ်မရသော အကြံပြုချက် မြတ်ဆရာအရှိန်အဝါသည် သူ၏စကားများကို ပိုလေးနက်စေပြီး ကျောင်းသားများကို ခဏသာသြဇာ သက်ရောက်နိုင်သည်။ ဒါပေမယ့်သူက ဒါကို ဘယ်လိုသုံးရမလဲ သေသေချာချာ နားမလည်သေးပါ။ ထိုအရှိန်အဝါက တခါတရံတွင် ထွက်လာတတ်သည်။ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း မြတ်ဆရာအရှိန်အဝါသည် သဘာဝအားဖြင့် ဆရာတစ်ယောက်က အပြစ်ပေးသည့် နေရာတွင်သာ သုံးနိုင်သည်။ သူသာဒါကို ဒီနေရာမှာ သုံးလိုက်ပါက

လူတိုင်း လန့်ဖျန့်သွားပြီး သူကတော့အောင်မြင်စွာ ကျောင်းက မောင်းထုတ်ခံရနိုင်သည်။

"ဟင့်အင်း"

လုချီဟွာက ချက်ခြင်းပင် ခေါင်းခါကာ ငြင်းလိုက်သည်။

"မင်းသူ့ကို မလေ့လာ ကြည့်တော့ဘူးလား။ ငါ့ကြားတာက ကျောင်းသားတော်တော်များများက သူရဲ့ တိုက်ရိုက် တပြည့်ဖြစ်ချင်ကြတယ်"

ဆွန်းမိုသည် လုချီဟွာ၏ ဆုံးဖြတ်ချက်ကြောင့် အံ့ဩသွားသည်။ ပင်ကိုယ်အရည်ချင်း မမြင့်သော

ကျောင်းသားများသည်

မြတ်ဆရာတစ်ယောက်ဆီတွင် သင်ကြားခွင့်ရရန် အခွင့်အရေး နည်းသည်။ နာမည်ကြီးကျောင်းက ဘွဲ့ရသည့် ချင်ဖန်၏ ဂုဏ်သတင်းသည် အလွန်စွဲဆောင်နေသည်။ ဒါကြောင့် သူ၏ တိုက်ရိုက်တပြည့်ဖြစ်ရတာ မကောင်းစရာမရှိပါ။

"ဒါက သူ့စွမ်းဆောင်ရည်နဲ့ မဆိုင်ဘူး။ ငါသူ့ဆီက အနံ့ကို မကြိုက်လို့"

လုချီဟွာက ပြန်ရှင်းပြသည်။

"ဟမ်"

ဆွန်းမို ရုတ်တရက် ရပ်သွားပြီး အသက်ခိုးရှူလိုက်သည်။ ဒါပေမယ့် မှင်အနံ့ကလွဲရင် တခြားဘာအနံ့ကိုမှ သူမရပါဘူး။ (တကယ်ကြီးလား မီတာ ၃၀ ကျော်ကသူရဲ့ အနံ့ကို ရတယ်)

“ဆရာဆွန်း အနံ့က ကောင်းပါတယ်”

“ဟာ ဟာ”

ဆွန်းမိုသည် လုချီဟွာ၏ ခေါင်းမာပုံကို မြင်လိုက်လျှင် မနေနိုင်ဘဲ ရယ်လိုက်မိသည်။

သဘော်သီး ကောင်မလေးသည် အရှုးလုပ်မခံဘဲ မျက်လုံးမှေးလိုက်သည်။ သူမက

ခေါင်းအနည်းငယ်စောင်းက နှာခေါင်းကို လက်နှင့်ပွတ်လိုက်သည်။ ထို့နောက် သူမလက်သည် စားပွဲပေါ်က လက်ရေးမူဆီကို ရောက်သွားသည်။

"ထိုမျောက်က မသေနိုင်တဲ့ ကျင့်စဉ်ကို တကယ်ရခဲ့တာလား။ သူမတကယ်ကို ဖတ်ကြည့်ချင်နေတယ်"

ကောင်းကင်က တဖြည်းဖြည်း လင်းလာသည်။ အိပ်ရတာကို ကြိုက်သည့် ယန်လီ အိပ်ယာမှ ထလာသည်။ ရေချိုးပြီးနောက် သန့်ရှင်းသော ယူနီဖောင်းကို ပြောင်းဝတ်လိုက်သည်။

“အိမ်က ယူလာတဲ့ အဝတ်တွေကို ဝတ်ခွင့်မရှိတာ တော်တော် သနားစရာကောင်းတာပဲ။ ငါ့ကို ချမ်းသာတဲ့ မိသားစုက လာတယ်လို့ ဘယ်သူက ထင်တော့မှာလဲ။”

မှန်ထဲကိုကြည့်လိုက်ရင်း သူမှိန်သွားတယ်လို့ ယန်လီ ခံစားလိုက်ရသည်။ ဒါက အရေးမကြီးပါဘူး၊ ကျောက်စိမ်းလက်ကောက်ကို ဝတ်ဆင်လိုက်ပြီး ကျောက်စိမ်းလက်ကောက်ကို မသိမသာ ပေါ်စေရန် အင်္ကျီလက်ဖျားများကို ခေါက်လိုက်သည်။

ပုံရိပ်နိမ့်ကျခြင်းကို မြှင့်တင်ရန် ချမ်းသာကြွယ်ဝခြင်းက စစ်မှန်သော နည်းလမ်းဖြစ်သည်။

ယန်လီသည် မိန်းကလေးတွေကို လုံးဖို့ စိတ်ကူးမရှိသော်လည်း ချင်ဖန်၏ တိုက်ရိုက် ကျောင်းသားဖြစ်လိုသည်။ သူ့ပင်ကိုယ်အရည်ချင်း မထူးချွန်သည်ကို သူသိသည်။ ဒါပေမယ့် ချမ်းသာကြွယ်ဝခြင်းက သူ့ကို ဖန်းတီးပေးနိုင်သည်။

ဘယ်လိုပဲပြောပြော ကျင့်ကြံခြင်းက အရင်းအမြစ် တော်တော်များများကို ကုန်ခမ်းစေနိုင်သည်။

ထိုလိုအပ်သည့် အရင်းအမြစ်တွေကို ဝယ်ဖို့ ငွေကိုသုံးနိုင်သည်။ သူ့ကိုယ်ပိုင်ကျင့်ကြံခြင်းကို မှီခိုပြီး တစ်ခုခုအောင်မြင်အောင် အချိန် ဘယ်လောက်ကြာကြာ ယူရမှာလဲ။

"ယန်လီ၊ မင်းကျိန်းသေပေါက် အောင်မြင်ရမယ်"

ယန်လီက ကိုယ့် ကိုယ်ကို ပြန်အားပေးလိုက်သည်။ သည်နေ့သည် ကျောင်းသားသစ် စုဆောင်းသည့်နေ့ ဖြစ်သည်။ ဒါကြောင့် တွေ့မြင်ရန် ခက်ခဲသည့် ဆရာများ ပေါ်လာနိုင်သည်၊ မြတ်ဆရာများတောင်

ပါနိုင်သေးသည်။ သို့သော် ယန်လီသည် သူ့အနေဖြင့် သူတို့၏ ရွေးချယ်မှုကို ခံရရန် အခွင့်အရေးမရှိ နိုင်ဘူးလို့ ထင်သည်။

ထိုအကြောင်းကိုတွေးမိလျှင် တက်ကြွမှုများ တော်တော်ပျောက်သွားသည်။ သို့သော် လှည့်ကြည့်လိုက်လျှင် ခုမှအိပ်ယာထလာသော ချီရွှန်ကျားကို တွေ့လိုက်ပြီး ခံစားချက် ပြန်ကောင်းလာသည်။

"ဆားနယ်ထားတဲ့ ငါးတစ်ကောင်"

ယန်လီသည် ရှုတ်ချသော အပြုံးကို ပြုံးလိုက်သည်။ နိမ့်ကျသော အမှိုက်ကောင်နဲ့ အခန်းတစ်ခုကို မျှဝေသုံးရတာ အဆင့်အတန်း နိမ့်ကျသည်။ ဒါပေမယ့် သူသည် ခုအချိန်ထိဘာမှ မလုပ်နိုင်သေးပါ။

"ငါဒီနှစ်မှာ မြတ်ဆရာတစ်ယောက် ရကို ရရမယ်"

ဝမ်ဟောင်က လက်သီးကို ဆုပ်လိုက်ပြီး

“မဟုတ်ဘူး၊ ချီရှန်ကျားက တိုက်ပွဲခန်းမကို ဝင်နိုင်သွားပြီ။ သူကငါတို့ထက် အခွင့်အရေး ပိုများတယ်။”

ကျုံရှီလည်း စိတ်ထဲတွင် မနာလိုနည်းနည်း ဖြစ်သွားသည်။ ယခင်က ချီရှန်ကျားသည် သူတို့ထက် နိမ့်ကျသော အနေအထားတွင် ရှိသည်။ သို့သော်အခုတွင် ချီရှန်ကျားက ကျော်တက်သွားခြင်းကြောင့် စိတ်ထဲ မတင်မကျဖြစ်နေသည်။

“ကျုံရှီ၊ တိုက်ပွဲခန်းမကို ဘယ်သူ ဝင်သွားတယ်ပြောတာလဲ”

ယန်လီက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။ သူများ နားကြားမှားတာလား။

“အဲဒါ ချီရွှန်ကျားလေ၊ မင်းမသိသေးဘူးလား”

ဝမ်ဟောင်လဲ နည်းနည်း မနာလိုဖြစ်မိသည်။

“ဟား ဟား၊ မင်းတို့ ငါ့ကို လာနောက်နေတာလား”

ယန်လီသည် ရယ်မောကာ မျက်လုံးထောင့်ကနေ ချီရွှန်ကျားကို တစ်ချက်ကြည့်လိုက်သည်။

“ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၄) အမှိုက်ကောင် တိုက်ပွဲခန်းမကို ဝင်နိုင်ရင် ငါက သူတို့ရဲ့ ကထိကတောင် ဖြစ်နိုင်သေးတယ်”

“ချီရှန်ကျား၊ မင်းရဲ့ သက်သေခံ ကဒ်ပြား သူ့ကိုပြလိုက်စမ်းပါ။ ဝမ်ဟောင် ထိုသို့ပြောလိုက်ပြီးနောက်

“ စကားမဆက်၊ ချီရှန်ကျားက ခန္ဓာ ကိုယ်ပြုပြင်ခြင်း အဆင့်(၄)မဟုတ်ဘူး အဆင့်(၅) ရောက်နေပြီ”

“ဟာမဖြစ်နိုင်ဘူး” ယန်လီက သံသယဝင်လာပြီး ချီရှန်ကျားကို အကဲဖြတ်လိုက်သည်။ “မင်းတို့လိမ်ချင်ရင်တောင် ပိုပြီး ယုတ္တိရှိတာ ပြောပါလား၊ ကံကောင်းမှုတစ်ခုခုကြုံပြီး အဆင့်(၄) ဆိုရင် ဖြစ်နိုင်သေးတယ်။ ဒါပေမယ့် အဆင့်(၅)…. ဟုတ်လား၊ ဆင်းရဲလွန်းတဲ့ကောင်က ခြေအိတ်တစ်ခုပဲ ဝတ်ရင်တောင် အထွတ်အထိပ်ဆေးကို ဝယ်နိုင်ပါ့မလား”

ဝမ်ဟောင်နှင့် ကျုံရှီသည် ရုတ်တရက် အံ့သြသင့်ပြီး တစ်ယောက်ကို တစ်ယောက်

ကြည့်လိုက်သည်။ ကျင့်ကြံမှုအတွက် အကြံပေးရလျှင် ကိုယ်တိုင် အားစိုက်ထုတ် ကျင့်ကြံမှုကလွဲလျှင် နောက်တစ်မျိုးမှာ လူတစ်ယောက်ကို အခြားအဟာရ ဖြည့်စွတ်မှုအတွက် မှော်ဆေးလုံးကို အသုံးပြုခြင်းဖြစ်သည်။ သို့သော်လည်း မှော်ဆေးလုံးများသည် အရမ်း အရမ်းကို ဈေးကြီးလွန်းသည်။

ချီရှန်ကျား၏ အဖေတောင်ဝယ်ဖို့ မတတ်နိုင်ပါ။ ချီရှန်ကျားနှင့် ဘာမှပက်သက်မှုမရှိဘဲ ဆွန်းမိုက

ငွေသုံးခဲ့တာလား။ ရွှေ့ပြောင်းနဂါးများကို ဖမ်းယူခြင်းလက်က မှော်ဆန်တာပဲ ဖြစ်မည်။

“ဒင်!”

ဝမ်ဟောင်၏ လေးစားအထင်ကြီးမှု +၂၀

ဝမ်ဟောင်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - လက်ရှိအမှတ် မူလ(၇၃/၁၀၀)

“ဒင်!”

ကျုံရှီ၏ လေးစားအထင်ကြီးမှု +၁၆

ကျုံ့ရှီနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - လက်ရှိအမှတ် မူလ(၄၁/၁၀၀)

ဆွန်းမိုသည် ကျောင်းသားနှစ်ယောက်၏ လေးစားအထင်ကြီးမှုအမှတ်ကို ချက်ခြင်း ရလိုက်သည်။ ဒါက ပိုက်ဆံအိတ်ကို ကောက်ရလိုက်သလို သူ့ကို ပျော်ရွှင်သွားစေသည်။ သို့သော် ကျုံ့ရှီက သိပ်လေးစားမှု မရှိကြောင်းကို သိသာစေသည်။

“ဘယ်လိုလဲ မင်းတို့မှာ အခြားပြောစရာစကား မရှိတော့ဘူး မှတ်လား” ယန်လီက မော်ကြွားစွာ ပြောလိုက်သည်။

“ငါမှတ်မိတာ မမှားဘူးဆိုရင် သူ့ပြိုင်ဘက်က ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၆)ကို ရောက်နေတဲ့ ပိုင်ဝမ်လီပါ၊ မင်းအဆင့်(၅) ရောက်နေရင်တောင် သူ့ကို မနိုင်ပါဘူး”

ဝမ်ဟောင်က ပြန်မဖြေတော့ပဲ ၊ ချီရွှန်ကျားဆီက တံကင်ပြားကို ယူကာ ပစ်ချလိုက်သည်။

အို!

ယန်လီက ချက်ခြင်းကောက်ယူလိုက်ပြီး တုန့်ပြန်မှုများ ရပ်သွားသည်။ အနက်ရောင် တံကင်ပြားပေါ်တွင် ရွှေရောင်ဖြင့် ရေးထားသော

ချီရှန်ကျား နံမည်ကို တွေ့လိုက်သည်။ သူသည် ဒါကိုမြင်ပြီးနောက် တုံကင်ပြား၏ ဒီဇိုင်းအလှအပကို မခံစားနိုင်တော့ပါ။ ယန်လီသည် အံ့သြလွန်းပြီး စကားမပြောနိုင် ဖြစ်နေသည်။

ဒါက အရမ်းတောင့်တနေသော အရာဖြစ်ပြီး သူ့အိပ်မက်တောင် မမက်နိုင်သည့် အရာဖြစ်သည်။ ပိုပြီးဆိုးသည့် အရာက သူ့ထက်နိမ့်ကျသည့် ကျောင်းသား၏ လက်ထဲတွင် ပေါ်လာသည်။

“ဘာကြီးလဲ.....”

ယန်လီက သူ့တင်ပါးကို တင်းပုတ်နှင့် အထုခံရပြီး ကွဲသွားသကဲ့သို့ အော်ဟစ်လိုက်သည်။ သူသည် တုံကင်ပြားကို တင်းတင်းကျပ်ကျပ်ကိုင်ထားပြီး ဒါက အိပ်မက်လို့ တိုးတိုးလေးရေရွတ်ပြီး သူ့ကိုယ်သူ နှစ်သိမ့်ဖို့ ကြိုးစားနေသည်။ သို့သော်လည်း သူပြောင်းလဲအောင် မလုပ်နိုင်ပါ။ သူ့ သူငယ်ချင်းတစ်ယောက်၏ ကောင်းမှုဖြင့် သူသည် တိုက်ပွဲခန်းမ၏ တုံကင်ပြားကိုမြင်ဖူးသည်။ သူသည် ထိုသူငယ်ချင်းကို တော်တော်လေး ငွေကုန်ခံပြီး နေ့လည်စာတောင် ကျွေးလိုက်သေးသည်။

“သူတို့ အဆင့်တော်တော်လေး ကွာပေမယ့် ချီရွန်ကျားက ပိုင်ဝမ်လီကို နိုင်ခဲ့တယ်။ ဒါတင်မကသေးဘူး ချီရွန်ကျား၏ ကောင်ကင်ဝံပုလွေလက်သီးက သေးငယ်သော အောင်မြင်မှု အဆင့်ရောက်နေပြီလို့ လူတိုင်းရဲ့ရှေ့မှာ ဆရာဂျိမ်ဂျဲက ချီးကျူးခဲ့သေးတယ်။”

နောင်တစ်ချိန်တွင် အမှန်တရားကို သိမှာဖြစ်သော်လည်း ကျုံရှီသည် ချီရွန်ကျားအတွက် ကူပြောပေးလိုက်သည်။ အရင်တုန်းက ကျုံရှီသည်

ယန်လီကို မကြိုက်သော်လည်း ဝင်ပြောမည် မဟုတ်ပါ။

" ဖြစ်နိူင်စရာ မရှိဘူး"

ယန်လီသည် နောက်ထပ် ဖြစ်နိုင်ချေကိုတောင် မတွေးဘဲ ချက်ခြင်း ငြင်းချက်ထုတ်လိုက်သည်။ မြတ်ဆရာတစ်ယောက်၏ အကဲဖြတ်မှုသည် မြင့်မားလွန်းသည်။ ဘာကြောင့် ချီရှန်ကျား ကိုချီးကျူးမှာလဲ။

"မင်းမယုံရင် အခြားသူတွေကို သွားရှာပြီးမေးနိုင်တယ်၊ ပြိုင်ပွဲကို မျက်မြင်တွေ့တဲ့ သူတွေအများကြီး ပဲ"

"သွားကြရအောင်၊ ဒီနေ့က နေ့ကြီးပဲ"

"ဘာကြောင့်လဲ" ယန်လီ နားမလည်နိုင်ဖြစ်နေသည်။ (စားပွဲပေါ်က ဆားနယ်ထားတဲ့ငါးကို ဘယ်သူက လှည့်ကြည့် လိုက်တာလဲ။ သူမြတ်ဆရာ တစ်ယောက်ကို ရှာတွေ့သွားတာလား။ ဒါဆိုလည်း ဒီအမှိုက်လို ကျောင်းသားကို မြတ်ဆရာက ဘာလို့

သဘောကျသွားတာလဲ။ နောက်ကွယ်က အမှန်တရားကို တွေ့အောင် ရှာရမယ်)

ချီရှန်ကျားသည် နှုတ်ခမ်းကို ပွတ်လိုက်ပြီး လက်သီးကို တင်းကြပ်နေအောင် ဆုပ်ထားသည်။ သူက စကားကောင်းကောင်း မပြောခြင်းကြောင့် ယန်လီကို မထီမဲ့မြင်ပြုသလို ဖြစ်နေသည်။ သူ့တုံကင်ပြားကို ပြန်ယူရန် ပြင်လိုက်သည်နှင့် ယန်လီ၏ မျက်နှာ တဖြည်းဖြည်း အပြာရောင်မှ အနီရောင် ပြောင်းလာသည်ကို မြင်ရလျှင် လွန်ခဲ့သော ၃နှစ်က သူကြုံခဲ့ရသည့်

အရက်ကွဲမှုများ ပျောက်သွားသလို ခံစားလိုက်ရသည်။

ချီရှန်ကျားက ပြုံးပြီး လက်ကိုဆန့်ထုတ်ကာ "ဒီလောက်ကြည့်ရရင် ကျေနပ်တော့ပေါ့၊ မင်းမှာရှိရင် ငါ့ကို ပြန်ပြလေ။ အခုတော့ ကျောင်းသားသစ် စုဆောင်းရေးပွဲကို သွားရတော့မယ်"

"မင်း......."

ယန်လီသည် ဒေါသကြောင့် သေလုနီးပါး ဖြစ်သွားသည်။ သူက "ဒီလိုမျိုး အမှိုက်ကောင်ကို ဘယ်သူက ဂရုစိုက်မှာလဲလို့"

ငြင်းလိုက်ချင်သော်လည်း သူမပြောနိုင်ခဲ့ပါ။ ဘာကြောင့်ဆို တုံကင်ပြားကို သူတစ်ကယ် လိုချင်သောကြောင့် ဖြစ်သည်။

ချီရှန်ကျားသည် အဆောင်ကထွက်လာပြီး အဝေးကို မရောက်ခင်မှာပင် ပေါက်ကွဲသံကို ကြားလိုက်ရသည်။ ဘယ်သူလဲဆိုတာ မေးစရာ မလိုပါ။ ယန်လီသည် သူ၏ မကျေနပ်ချက်များကို ပစ္စည်း ပစ်ခွဲကာ ဖောက်ထုတ်နေခြင်းသာ ဖြစ်ရမည်။

“ကျေးဇူးတင်ပါတယ်၊ ဆရာ ဆွန်းမို”

"ဒင်!"

ချီရွှန်ကျား၏ လေးစားအထင်ကြီးမှု +၅၀

ချီရွှန်ကျားနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - လက်ရှိအမှတ် ရင်းနှီးမှု(၄၀၈/၁၀၀၀)

ကြေကွဲခြင်းမရှိ ရေကန်နားတွင် သဏ္ဍာန်မဲ့ မြင့်မြတ်စကြ်ာဝဠာကို ကျင့်ကြံနေသော ဆွန်းမိုသည် စနစ်က အကြောင်းကြားချက်ကို ရရှိလိုက်သည်။ တကယ်ကို အိမ်မှာထိုင်နေရင်း ကောင်းကင်ငွေများ ပြုတ်ကျလာခြင်း ဖြစ်သည်။

"ချီရှန်ကျား၊ မင်းလုပ်နိုင်တယ်"

ဆွန်းမိုသည် ချီရှန်ကျားဆီက ဒီလောက် အမှတ်အများကြီး ရမယ်လို့ မထင်ထားခဲ့ပါ။ ရိုးသားတဲ့သူတွေက တကယ်ကို စိတ်ချရတာပဲ။ မင်းသာသူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံလိုက် သူတို့က မင်းကို တစ်ဘဝလုံး ကျေးဇူးတင်နေလိမ့်မည်။

တိုတောင်းတဲ့ အချိန်လေးအတွင်းတွင် ဆွန်းမိုသည် ချီရှန်ကျားကို သူ၏ တိုက်ရိုက်တပြည့်အဖြစ် လက်ခံရန် စဉ်းစားလိုက်သည်။

နောက်ဆုံးတွင် သူက အမှတ်အများကြီးကို ရနိုင်သော်လည်း ထိုအချက်ကို ငြင်းဆန်လိုက်သည်။

အခြားနည်းလမ်း မရှိတော့ပါ။ ချီရွှန်ကျား၏ အလားအလာ တန်ဖိုးက အလွန်နိမ့်ကျနေပြီး သူ့ဘဝတွင် များစွာသော အကျိုးအမြတ် မရှိနိုင်တော့ဘူးလို့ ကံကြမ္မာက သတ်မှတ်ထားပြီး ဖြစ်သည်။ သူ့လို ကျောင်းသားတစ်ယောက်ကို ပထမဆုံး ကျောင်းသားအဖြစ် ဘယ်သူက လိုချင်မှာလဲ။

ဆားနယ်ထားသော ငါးတောင် အိပ်မက် ရှိတာလား!

ဆွန်းမိုက ကြီးမားသည့်ခါးသမား၊ ခါးရှည် သူတော်စင်များ (သို့) ထိုကဲ့သို့ လူများကို မွေးထုတ်ရန် စီစဉ်နေဆဲဖြစ်သည်။

ဆွန်းမိုသည် ခေါင်းလှည့်ပြီး လုချီဟွာကို ကြည့်လိုက်လျှင်လည်း နိမ့်ကျသော အလားလာသာ တွေ့ရသည်။ သို့သော် သူမကို ကြည့်လိုက်ရင် အရင်မြင်တာက သူမရဲ့ သဘော်သီးများသာ ဖြစ်သည်။

သူတို့သည် တကယ်ကြီးလွန်း တာကြောင့် ရိုးရိုးလေးကြည့်လည်း မြင်နိုင်သည်။

ဆွန်းမိုသည် တချက် တုံ့ဆိုင်းသွားပြီး လုချီဟွာက သူ့ကို သူမ၏ဆရာ ဖြစ်စေချင်ရင် သူသေချာပေါက် မငြင်းပါ။

“ဒါက ခွဲခြား ဆက်ဆံမှုလား”

ဆွန်းမို၏ အတွေးကို စနစ်က သေသေချာချာသိသည်။

“အမှိုက်ပဲ၊ သဘော်သီးက သဘော်သီးပဲလေ၊ တရားမျှတမှုကို ဆုပ်ကိုင်ထားတာ ဘာမှားလို့လဲ”

ဆွန်းမိုက ပြန်စောဒက တက်လိုက်ပြီး ဖြောင့်မတ်သလို လုပ်နေသည်။ သူသည် သဘော်သီးမိန်းကလေးမှာ ပါလာသည့် ရေကို ယူကာ သောက်လိုက်သည်။ သူသာ အမှတ်(၂) အထက်တန်းကျောင်းတွင် ဒီလိုလုပ်ပါက နောက်တစ်နေ့တွင် ပညာရေး ဝန်ကြီးဌာနကို အတိုင်ခံရပြီး အလုပ်နားကာ အစစ်ဆေးခံရမည် ဆိုတာကို မနေနိုင်ဘဲ တွေးမိလိုက်သည်။

"ဒင်!"

“ကျောင်းသားသစ် စုဆောင်းပွဲတွင် ကျောင်းသား ၅ယောက်ကို စုဆောင်းပါ။ တာဝန်ကို မအောင်မြင်ပါက ပြင်းထန်စွာ အပြစ်ပေးခံရမည်။” စနစ်ဆီက သတိပေးချက် ထွက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၂

အခန်း(၃၀)။ ။ အင်ဘိုင်ဝူ၊ ၁၃နှစ်၊ တ၃တာ။

"ကျောင်းသားတွေရဲ့ ပင်ကိုယ်အရည်ချင်းပေါ်ကို မူတည်ပြီး အဆင့်အမျိုးမျိုးခွဲကာ ရတနာသေတ္တာ အဆင့်ကို ထုတ်ပေးမယ်။ အနိမ့်ဆုံးအဆင့်က အနက်ရောင် သံသေတ္တာ တစ်လုံးပဲ"

ဆွန်းမိုက အရာအားလုံးကို လျစ်လျူရှုလိုက်ပြီး "ပင်ကိုယ်အရည်ချင်း အနည်းဆုံးကျောင်းသား ၅ယောက်ကို ကြံ့ရာကျပန်း ရွေးလိုက်ရင်

ဘယ်လိုလဲ “ ဟု မေးလိုက်သည်။ သို့သော် စနစ်က တိတ်သွားပြီး တစ်ချက်တောင် ပြန်မတုံ့ပြန်ပါဘူး။

မနက် ၈နာရီကို ကျော်ရုံသာ ရှိသေးသော်လည်း ကျောင်းတွင် လူများ စည်ကားနေပြီဖြစ်သည်။ အများစုက အသက် ၁၂နှစ် အရွယ် ဆယ်ကျော်သက်များ ဖြစ်သည်။ သူတို့၏ ငယ်ရွယ်သော မျက်နှာများပေါ်တွင် စိတ်ဝင်စားမှုများ၊ သိချင်စိတ်များ၊ တမ်းတမှုများနှင့် ပြည့်နေသည်။

နာမည်ကြီး ကျောင်းတစ်ခုကို ဝင်ရောက်ခွင့်ရခြင်း၊ မြတ်ဆရာတစ်ယောက်နှင့် တွေ့ဆုံရခြင်း၊ ကမ္ဘာပေါ်က ကျော်ကြားသော ဓာတ်ဆောင်တစ်ယောက် ဖြစ်ရခြင်းသည် လူငယ်တိုင်း၏ အိပ်မက်ဖြစ်သည်။

"လူတွေအများကြီးပဲ"

လုချီဟွာသည် ဆွန်းမို၏ လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။ သူမသည် သူစိမ်းများကို အလွန်ကြောက်တတ်သည်။ သူမသာ ဆွန်းမိုနှင့် အတူနေချင်စိတ်မရှိပါက

သူမ၏အခန်းကို ပြန်ပြေးသွားလိုက်ကာ တံခါးပိတ်ပြီး သော့ခတ် နေလိုက်မည် ဖြစ်သည်။

သူမကို ဖြတ်ကျော်သွားသော ယောကျ်ားလေး၊ မိန်းကလေးတိုင်းက လှုချီဟွာကို လှည့်ကြည့်သွားကြသည်။ သူမ၏ သဘော်သီးက ကြီးမားလွန်းသဖြင့် ရှောင်လွှဲလို့မရပါ။ သူမ၏ ကလေးမျက်နှာနဲ့ ပေါင်းလိုက်လျှင် လူသတ်နိုင်စွမ်းက မြင့်မားနေသည်။

"ဆရာ ဆွန်း"

လုချီဟွာ အလွန်စိတ်လှုပ်ရှားနေသည်။ သူမ သတိမထားမိဘဲ ဆွန်းမို၏ လက်မောင်းတွင်သူမကိုယ်ကို မြှုပ်နှံနေသည်။ ဘာကြောင့် လူတွေအားလုံးက သူမကို ကြည့်နေရတာလဲ။ သူမ ဒီနေ့မနက် မျက်နှာ မသစ်ခဲ့မိတာလား၊ ဒါမှမဟုတ် တစ်ခုခုလွဲနေတာလား။

“ငါတို့ ဘာလို့မပြန်သေးတာလဲ” လုချီဟွာက တိုးတိုးလေး ရေရွတ်လိုက်သည်။

"မင်းစိတ်ကို လျှော့ကျင့်ဖို့ ဒီအခြေအနေကို အခွင့်အရေးမယူရင် အနာဂတ်မှာ ဘယ်လိုလုပ်မှာလဲ။ မင်းကို တခြားသူတွေကြည့်တာနဲ့ မင်းခေါင်းက ဘာလို့ နောက်ကိုကျုံ့ထားတာလဲ။ မင်းက ငှက်ကုလားအုတ်လား။"

ဆွန်းမိုက လုချီဟွာရဲ့ လက်မောင်းကို ဆွဲဖယ်လိုက်သည်။

"အို"

လုချီဟွာသည် ဆွန်းမို၏လက်ကို အလိုလို ဖမ်းချင်လာသည်။ သို့သော် လူများက

ကဲ့ရဲ့ခံရမည်ကို နည်းနည်းကြောက်ရွံ့နေသည်။ ထိုကြောင့် သူမ၏ လက်ချောင်းများဖြင့် ခါးအဝတ်စများကို ဆွဲလိမ်နေသည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခု၏ ကျောင်းများကို သူတော်စင်ဂိတ်တံခါးက စီမံပြီး ၎င်းတို့ကို အဆင့် (၅)ဆင့် ခွဲထားသည်။

အဓိပတိအကယ်ဒမီ ကိုးခုသာရှိ၍ ၎င်းတို့ကို ကျောင်းကြီး ကိုးကျောင်းအဖြစ် လူသိများပြီး ဦးဆောင်ကျောင်းများဟု ခေါ်သည်။

သူတို့အောက်တွင်

အေအဆင့် ၁၈ကျောင်း၊

ဘီအဆင့် ၃၆ကျောင်း၊

စီအဆင့် ၇၂ကျောင်း၊

ဒီအဆင့် ၁၀၈ကျောင်းရှိသည်။

ထိုအဆင့်(၅)ဆင့်သတ်မှတ်ချက်ကို မဝင်နိုင်သော ကျောင်းပေါင်း တစ်ထောင်ကျော်လောက် ရှိသေးသည်။

အဆင့် (၅) ဆင့်တွင် စုစုပေါင်းကျောင်း (၂၄၃)ကျောင်းကို စာရင်းပြုစုထားပြီး ၎င်းတို့ကို

ကျော်ကြားသောကျောင်းဘွဲ့
သတ်မှတ်ပေးထားသည်။

နှစ်စဉ်နှစ်တိုင်း အဆင့်တန်းတူ ကျောင်းအားလုံးသည် အမှောင်တိုက်ကြီး လိဂ်ပြိုင်ပွဲကို ဝင်ပြိုင်ကြရသည်။ သူတို့ရရှိသည့် အဆင့်ပေါ်မူတည်၍ ထိပ်ဆုံးအဆင့် (၅)ကျောင်းသည် ပိုအတန်းမြင့်သော အဆင့်မြင့်ပြိုင်ပွဲကို ဝင်ပြိုင်ခွင့်ရမည်။ ထို့အတူ အောက်ဆုံးအဆင့် ကျောင်း(၅)ကျောင်းသည် တစ်ဆင့်ပြီး တစ်ဆင့် ကျသွားမည်။

အဆင့်(၅)ဆင့်တွင် မပါဝင်နိုင်သော ကျောင်းများကလည်း နေရာ ဆယ်နေရာအတွက် ဝင်ပြိုင်ရမည် ။ ထို့နောက် သူတော်စင်ဂိတ်တံခါး၏ စစ်ဆေးမှုကို ခံယူကာ သူတို့ အရည်ချင်းသတ်မှတ်ချက် ပြည့်မှီလျှင် ကျော်ကြားသောကျောင်း ဘွဲ့ကိုရယူ၍ “ဒီ” အဆင့်ကို တက်ရောက်နိုင်သည်။

တပြိုင်တည်းမှာပဲ အဆင့် ဒီ အောက်ဆုံးအဆင့် ကျောင်း(၅) ကျောင်းက

ကျော်ကြားသောကျောင်းဘွဲ့ကို စွန့်လွှတ်ကာ အဆင့်က ထွက်ပေးရမည်။

တန်နိုင်ငံ ချင်လင်မြို့တွင် နာမည်ကြီးကျောင်း နှစ်ကျောင်းရှိသည်။ ပထမတစ်ကျောင်းမှာ ဗဟိုပြည်နယ်အကယ်ဒမီဖြစ်ပြီး နောက်တစ်ကျောင်းမှာ ဆယ်နှစ်အတွင်း မြင့်တက်လာသော မရီဒန်အကယ်ဒမီ ဖြစ်သည်။

ယခင်ကတော့ ဗဟိုပြည်နယ်အကယ်ဒမီသည် ကျောင်းသားများ၏ ပထမပစ်မှတ်ဖြစ်သည်။ သို့သော် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းတွင်

လုံး၀ ပြောင်းပြန်ဖြစ်သွားသည်။ အခြား အခြား အဆင့်မမှီသော ကျောင်းများထက်ဆိုလျှင် အနည်းဆုံး ကျော်ကြားသောကျောင်းဘွဲ့ရှိသည့် ကျောင်းတစ်ကျောင်းဖြစ်နေသေးသည်။ ၎င်းသည် တောက်ပသော သမိုင်းကြောင်းဖြစ်ပြီး ချင်လင်မြို့ထဲတွင် တောက်ပနေဆဲဖြစ်သည်။ ထိုအချက်ကြောင့် ကျောင်းသားများအတွက် ဒုတိယရွေးချယ်မှု ဖြစ်နေသေးသည်။

ပို့ပြီး တန်းမြင့်သောအဆင့်ကို တက်ရောက်လိုသော ကျောင်းသားများ အနေဖြင့်

လိဂ်ပြိုင်ပွဲတွင် အမှတ်ကောင်းများကို ရယူပြီး ထိပ်ဆုံးအဆင့် (၅)ဆင့်ထဲကို ရောက်ရန်လိုသည်။

သူတို့ကို ဘယ်လိုအမှတ်ပေးတာလဲ။

ဟုတ်ပါတယ်။ ထူးချွန်သော ကျောင်းသားများသည် ပြိုင်ပွဲတွင် ကျောင်းကို ကိုယ်စားပြုရပ်တည်မှု ဖြင့် တွက်ခြင်းဖြစ်သည်။ ထို့ကြောင့် ပင်ကိုယ်အရည်ချင်းမြင့်သော ကျောင်းသားများကို ထောက်ပံ့ပေးရန် လိုသည်။

အန်ရှိဝေသည် ထိုနယ်ပယ်ထဲတွင် ၃နှစ်လောက် အားစိုက်ထုတ်မှု အများကြီး လုပ်ခဲ့သော်လည်း

ရလဒ်ကောင်းမွန်မှု နည်းခဲ့သည်။ ထူးချွန်သောကျောင်းသားကောင်း အများစုကို မရီဒန်အကယ်ဒမီက ရုတ်တရက် လုယူခဲ့သည်။ နောက်ဆုံးတွင် မရီဒန်အကယ်ဒမီသည် စီ အဆင့် ကျောင်းတစ်ကျောင်း ဖြစ်သွားသည်။

ပြည်နယ်ကိုးခု၏ ပညာရေးစနစ်ကို နားလည်ပြီးနောက် ဆွန်းမိုသည် တက်ကြွလာသည်။ ကျောင်းနားရှိ အိမ်ဈေးများမြင့်တက်လာသော်လည်း ရောင်းချင်သည့်သူ မရှိကြောင်းကို တွေးနေမိသည်။ ကျောင်းနားမှာ အိမ်ရှိခြင်းက

ကျောင်းကောင်းကောင်းကို ဝင်ခွင့်ရှိသလို ဖြစ်နေသည်။

သို့သော်လည်း ကျော်ကြားသော ကျောင်းများကို ဝင်ခွင့်ရချင်လျှင် မင်းအဖေပိုက်ဆံလား၊ မင်းပင်ကိုယ်အရည်အချင်းလား ဆုံးဖြတ်ရမည်။

ထိုကျောင်းသားများသည် အရွေးလက်ကျန် ဖြစ်သော်လည်း သူတို့ထဲတွင် ပုလဲများရှိမည်ဟု ဆွန်းမို ယုံကြည်ခဲ့သည်။ သူ့ရဲ့ နတ်ဘုရားမျက်စိအစွမ်းနဲ့ဆိုရင် သူတို့ထဲက

(၅)ယောက် (၁၀) ယောက်လောက်ရှာရတာ ပြဿနာ မရှိနိုင်ပါဘူး။

သို့သော် (၁)နာရီလောက် ပတ်ကြည့်ပြီးနောက် ဆွန်းမို၏ယုံကြည်ချက် မသေချာတော့ပါ။ လီဇီချီကဲ့သို့ အလားလာတန်ဖိုး အလွန်မြင့်သော သူကိုထားလိုက်အုံး ပုံမှန် အလားလာတန်ဖိုး မြင့်သောသူ တစ်ယောက်တောင် ရှာမတွေ့ပါဘူး။

"ဆရာ၊ မင်းမလုပ်နိုင်ဘူးလား"

လီဇီချီ အလွန်စိတ်ပူလာသည်။ သုံးရက်သာ ကျော်သွားမည် ကျောင်းသားတစ်ယောက်တောင် ဆွန်းမို မရမှာကို စိတ်ပူလာသည်။

"စနစ်၊ လူတစ်ယောက်ရဲ့ အလားလာကိုဘယ်လို တိုင်းတာလဲ" ဆွန်းမို မေးလိုက်သည်။

"ပစ်မှတ်ရဲ့ လက်ရှိအခြေနေကို ခြုံငုံသုံးသပ်ပြီး ပစ်မှတ်ရဲ့ အနာဂတ်ကို ခန့်မှန်းချက်လုပ်တာ"

စနစ်၏တုန့်ပြန်ချက်က ယေဘူယျဆန်လွန်းလို့ ဆွန်းမို ချက်ခြင်းကို ထရိုက်ချင်လာသည်။

“ဒါဆို မင်းက မျှော်လင့်ချက်ပိုများလေ သူတို့ရဲ့ အလားလာတန်ဖိုး ပိုများလေပေါ့” ဆွန်းမို သုံးသပ်လိုက်သည်။

“ဟုတ်တယ်။ ဒါပေမယ့် အလားလာတန်ဖိုး အလွန်မြင့်တဲ့သူက မြတ်ဆရာတစ်ယောက်ရဲ့ လမ်းညွှန်မှုကို မရဘူးဆိုရင် သူကသာမန်သာ ဖြစ်သွားလိမ့်မယ်။ လွဲမှားတဲ့ လမ်းညွှန်မှုက ပါရမီရှင်တစ်ယောက်ကိုတောင် ပျက်စီးသွားစေနိုင်တယ်။”

အလားလာတန်ဖိုး မြင့်သည်ဆိုတာ ကြီးထွားမှု အလားလာမြင့်တာကို ဆိုလိုသည်။ ဒါကသူတို့ အနာဂတ်မှာသူတို့၏ အောင်မြင်နိုင်ခြေကို ဆိုလိုသည်။

"ဆရာ၊ စသင့်နေပြီ"

လုချီဟွာသည် ဆွန်းမို၏ အဆင့်တန်း မနိမ့်ကျနိုင်ဘူးလို့ ထင်ထားခဲ့သည်။ ဒါပေမယ့် သူကငယ်ရွယ်ပြီး အတွေ့အကြုံ မရှိသောကြောင့် ပထမဆုံးခြေလှမ်း လှမ်းဖို့ကို တွန့်ဆုတ်နေသည်။

ဆရာက ကျောင်းသားကို ရွေးချယ်သလို ကျောင်းသားက သူတို့အနာဂတ်ကို လှုံ့ဆော်နိုင်မည့် ဆရာကို ရှာဖွေနေကြသည်။

"အမြန်လိုစရာ မလိုပါဘူး"

ဆွန်းမိုက မျက်လုံးပွတ်ကာ ပြန်ဖြေလိုက်သည်။ နည်းနည်း ပင်ပန်းလာသဖြင့် ပန်းပင်နားတွင် ထိုင်ဖို့ စဉ်းစားလိုက်သည်။ နတ်ဘုရားမျက်စိကို တစ်ချိန်လုံး သုံးထားခြင်းကြောင့် မျက်လုံးတွေ ညောင်းလာသည်။

နောက်ထပ် နာရီဝက်ကျော် သွားသော်လည်း အောင်မြင်မှုတစ်ခုတောင် မရသေးပါ။ လုချီဟွာ လည်းအရမ်း စိတ်ပူလာသည်။ ဆွန်းမိုက ကျောင်းသားတွေကို ချဉ်းကပ်မည့် အရိပ်ယောင် မတွေ့သေးပါ။ သူမသည် အံကို ကြိတ်ကာ သတ္တိမွေးလိုက်ပြီး အမျိုးသမီး ကျောင်းသူတစ်ယောက်ထံကို ပြေးသွားလိုက်သည်။

“ မင်္ဂလာပါ မင်းကျောင်းတက်ဖို့ ပြင်နေတာလား။ ဆရာဆွန်းမိုကို စဉ်းစားပါလား”

လုချီဟွာက ခေါင်းကိုငုံ့ညွတ်လိုက်ပြီး တုန်ရီနေသော သူမစကားများကို အဆုံးသတ်လိုက်သည်။

"သူလား၊ ငယ်လွန်းတယ်" အမျိုးသမီးကျောင်းသူက ငြင်းလိုက်သည်။

လုချီဟွာက လက်မလျှော့ပဲ ဒုတိယအမျိုးသမီး တစ်ယောက်ဆီကို ပြေးသွားလိုက်ပြီး တူညီသောမေးခွန်းကို မေးလိုက်သည်။

"သူဆရာဖြစ်တာ ဘယ်လောက်ကြာပြီ လဲ"

ကျောင်းသူမလေးက မေးလိုက်သည်။ မျက်နှာကို နေရောင်ကျနေသော ဤလူငယ်သည် တော်တော်ချောမောပြီး ကြည့်ရတာအေးချမ်းသည်။ ဒါကသူ၏ ချောမောမှုကို ထောက်ပံ့ပေးနေသည်။

"ခဏစောင့်"

လုချီဟွာက ဆွန်းမိုကို မေးရန်ပြန်ပြေးလာသည်။

"လောလောဆယ် အစမ်းခန့်လုပ်နေတာ တစ်လကျော်ရှိပြီ"

ဆွန်းမို မဖုံးကွယ်ထားဘဲ ပြောလိုက်သည်။

ထိုစကားကို ကြားလျှင် ထင်ထားသလိုပါပဲ ကျောင်းသူကောင်မလေးသည် ခေါင်းကိုခါလိုက်ပြီး ဆွန်းမိုကို နောက်ဆုံးကြည့်ကာ ထွက်သွားသည်။

ရုပ်ရည်ကို အလေးထားသော ကောင်မလေးပင် အတွေ့အကြုံမရှိသော ဆရာကို မလိုချင်ပါ။

လုချီဟွာသည် ခဏတုံ့ဆိုင်းသွားပြီးနောက် ဆွန်းမိုကို ဆက်ကူညီရန် တွေးလိုက်သည်။ အလုပ်သင်ဆရာဖြစ်တာကို ဂရုမစိုက်တဲ့ ကျောင်းသားတစ်ယောက်ကို တွေ့ရင် အဆင်ပြေမည်။

ကောင်မလေးနောက်တစ်ယောက်ဆီကို သွားရပ်လိုက်သည်။ သို့သော် ကျောင်းသားတစ်ယောက်၏ မေးခွန်းက လွှမ်းမိုးသွားသည်။

"မင်းက သူ့တပြည့်လား၊ သင်ကြားရေးစွမ်းရည်က ဘယ်လိုလဲ"

"ငါ........ငါ......."

လုချီဟွာသည် သနားစရာ ခေါင်းကို နောက်ပြန်လှည့်လိုက်ပြီး ဆွန်းမိုကို အကူညီတောင်းသလ ို ကြည့်လိုက်သည်။

"သူက ငါ့တပြည့် မဟုတ်ဘူး"

ဆွန်းမိုက မတ်တပ်ရပ်ရင်း ပြောလိုက်သည်။ ဒီကောင်မလေးက မေးခွန်းမေးချင်စိတ်ရှိသည်။ ဆိုလိုတာက အဆင့်အတန်းထက် ဆရာစွမ်းရည်ကို ပိုတန်ဖိုးထားတာ ပေါ်လွင်သည်။ သူ့မိတ်ဆက်စကား မပြောရသေးခင်မှာပင် သူမက မေးခွန်း ဆက်မေးလိုက်သည်။

"သူမက မင်းကိုကူညီဖို့ဆိုရင် မင်းအပေါ် တော်တော်ယုံကြည်ရမယ်။ ဘာလို့သူ့ကို တပြည့်အဖြစ် လက်မခံတာလဲ။ သူမ အရည်ချင်း

ဖြုန်တီးပစ်သလိုဖြစ်မှာ စိုးလို့လား။ ဒါမှမဟုတ် မင်းနဲ့မထိုက်တန်ဘူး ထင်လို့လား။ ဘယ်လိုပြောပြော နှစ်ယောက်စလုံးစွမ်းရည်က အကန့်သတ်ရှိတာပဲ”

ကောင်မလေးက ဆွန်းမိုကို တည့်တည့်ကြည့်နေသည်။ သူမက အရမ်းကို သတိကြီးပြီး သေချာတတ်သည်။

“အိုး၊ စိတ်ဝင်စားစရာပဲ”

ဆွန်းမိုသည် ဒေါသမထွက်သော်လည်း ယုတ္တိဆန်သော ခန့်မှန်းချက်ကြောင့် စိတ်ဝင်စားမှု

တက်လာသည်။ သူ နတ်ဘုရားမျက်စိကို ဖွင့်လိုက်ပြီး သူမကို လှေ့လာလိုက်သည်။

"အင်ဘိုင်ဝူ၊ အသက် (၁၃)နှစ်"

ကြံ့ခိုင်မှု - ရ။ အသက်တူထဲမှာ ထိပ်တန်း

ဉာဏ်ရည် - ရ ။ အသက်တူထဲမှာ ထိပ်တန်း

သွက်လက်မှု - ရ ။ အသက်တူထဲမှာ ထိပ်တန်း

ဆန္ဒ - ရ ။ အသက်တူထဲမှာ ထိပ်တန်း

"အလားလာ တန်ဖိုး - နိမ့်ကျ"

(သတိပေးချက်။ .။ ကြီးမားသောချို့ယွင်းချက်ရှိ ၊ တပြည့်အဖြစ်မမွေးရန် အကြံပြု။ ကျေးဇူးပြုပြီး ဝေးဝေးနေပါ)

ဆွန်းမိုသည် စနစ်၏ အချက်အလက်များကို ကြည့်ပြီးနောက် စကားမပြောဘဲ နေခဲ့သည်။

"မင်းက အချက်အလက်နဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်မထင်ဘူးလား။ ဘယ်လိုပင် စဉ်းစားစဉ်းစား အချက်အလက်သည် အလားလာ တန်ဖိုးဖြစ်သည်။" စနစ်ကို ထုတ်ပြီး ရိုက်ချင်စိတ်ပေါက် နေသည်။

"စနစ်က ဘယ်တော့မှ မမှားဘူး"

စနစ်က ဘယ်တော့ ဆိုသောစကားကို အလေးအနက် ပြောခဲ့သည်။

ဆွန်းမိုလဲ တိတ်ဆိတ်သွားပြီး သတိပေးချက်ကိုကြည့်နေသည်။ သူမ၏ အားနည်းချက် အလားလာ က တန်ဖိုးကို နှိမ့်ကျစေတာဖြစ်မည်။

"ငွေတုံး ၁၀,၀၀၀" အင်ဘိုင်ဝူက စကားစလိုက်သည်။

"ဘာလဲ။"

ဆန်းမိုသည် ရှင်းရှင်းလင်းလင်း ကြားလိုက်ရသော်လည်း ဘာကိုဆိုလိုလဲ သေချာ နားမလည်ပါ။

“ငါ့ကို ၁၀,၀၀၀ ပေးရင် မင်းရဲ့ တပြည့်လုပ်မယ်” အင်ဘိုင်ဝူက တစ်ခွန်းထပ်ပြောသည်။

လုချီဟွာလည်း ကြောင်သွားပြီး ပါးစပ်ဟသွားသည်။ ဒါကငွေနဲ့အရောင်းအဝယ် လုပ်လို့ရတာလား။ ဒါကိုသူမ ပထမဆုံးကြားဖူးတာပါ။

“ငါက ဆင်းရဲတယ်”

ဆွန်းမိုက ငြင်းလိုက်သည်။

"မင်းကို စိတ်အနှောက်အယှက် ဖြစ်သွားရင် တောင်းပန်ပါတယ်"

အင်ဘိုင်ဝူက ပြတ်ပြတ်သားသား ထွက်သွားသည်။

ဆွန်းမိုသည် ထပ်ခါတလဲလဲ လျှော်ထားသော သူမအဝတ်အစားများကို ကြည့်လိုက်သည်။ ထို့နောက်စိတ်ထဲတွင် သူမ၏ ပိန်ဖျော့ဖျော့ မျက်နှာပေါ်လာသည်။ သူမက ဆင်းရဲတဲ့သူဖြစ်သည်။

လုချီဟွာ စကားပြောရန် တွန့်ဆုတ်နေသည်။

"လူမရှာတော့ ဘူးလား"

လုချီဟွာ ချဉ်းကပ်ခဲ့သော ကျောင်သူများသည် အလားလာတန်ဖိုး နိမ့်ကျနေသော်လည်း သူမ၏ကူညီမှုကို တန်ဖိုးထားသည်။ ထိုမိန်းကလေးများနှင့် စကားပြောသည့်အခါ သူမစိတ်ပူနေသည်။

ကျောင်းသားများကို ဆက်ဆံဖူးသော ဆရာတစ်ယောက်အနေနှင့် လုချီဟွာ လူစိမ်းများကို ကြောက်တတ်သည်ကို ဆွန်းမို သိသည်။ သူမသည်

တစိမ်းများနှင့် ဆက်ဆံမိလျှင် စိတ်ပူလာကာ ချွေးများထွက်လာပြီး ပြင်းထန်ပါက ဆီးသွားချင်စိတ် ပေါ်လာနိုင်သည်။ ဒါက စိတ်ပိုင်းဆိုင်ရာ ရောဂါ တစ်မျိုးပါ။

"ဒါပေမယ့်"

လုချီဟွာသည် ကျောင်းသားတစ်ယောက်မှ မခေါ်နိုင် ရင်ဘာဖြစ်မလည်းဟု မေးချင်နေသည်။

"မင်းက မိန်းမကောင်းလေးပဲ"

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပွတ်ကာပြောလိုက်သည်။ ဤကဲ့သို့ လိမ္မာသော

ကျောင်းသားများကို သဘောကျသည်။ သူမသည်စောစောက ရဲရင့်စွာ ကျောင်းသူ (၃)ယောက်ကို ခေါ်ခဲ့သည်။

“တကယ်လို့ မင်းက ပင်ကိုယ်အရည်ချင်း နည်းတာကို ဂရုမစိုက်ဘူးဆိုရင်.......။”

ထိုသို့ မဝံ့မရဲပြောပြီးနောက် ဆွန်းမိုကို တစ်ချက်ကြည့်ကာ ခေါင်းငုံ့သွားသည်။ သူမခြေချောင်းများဖြင့် မြေပေါ်မှာ စက်ဝိုင်းဆွဲရင်း

“ဘာကြောင့် ငါ့ကို မင်းတပြည့်အဖြစ် မခေါ်တာလဲ”

အခန်း(၃၁) - အသိအမှတ်ပြု ခံရခြင်း။

"ဒီစကားရဲ့ အဓိပ္ပာယ်က ဘာလဲဆိုတာသိလား"

အစိမ်းရောင် အဝတ်စားများကို ဝတ်ထားပြီး အပြစ်ကင်းသည့် မျက်လုံးနှင့် သဘော်သီးကောင်မလေးကို ကြည့်ပြီး ရင်ထဲ နည်းနည်းထိသွားသည်။

လုချီဟွာသည် သူမခေါင်းကို နိမ့်လိုက်ပြီး "သိပါတယ်" တိုးတိုးလေးပြောသည်။

အလယ်ကမ္ဘာရှိပြည်နယ် ကိုးခုတွင် ဆရာများကို ရိုသေလေးစားရန် ထုံးစံရှိသည်။ ကျောင်းသားတစ်ယောက်သည် ဆရာတစ်ဦးကို အသိအမှတ်ပြုပြီးရင် သူတို့၏ပက်သက်မှုကို လွယ်လွယ်မပြောင်းနိုင်ပါ။ သူတို့က ဆရာများစွာ အသိအမှတ်ပြုလိုက်လှျင် တစ်ကမ္ဘာလုံးက အပြစ်တင် ရှုံ့ချကြမည်။

ထိုဓလေ့ကြောင့် ဆရာများလည်း ကျင့်ဝတ်တချို့ရှိနေပြီး တိုက်ရိုက်တပြည့်ကို လွယ်လွယ်ကူကူ လက်မခံကြပါ။ အကယ်၍

လက်ခံပါကလည်း စိတ်ရှည်ရှည်နှင့် သင်ပေးကြသည်။

"ပျော်ပျော်နေစမ်းပါ၊ မင်းစာနာရလောက်အောင်ထိ သနားစရာ မကောင်းသေးပါဘူး"

ဆွန်းမိုက လုချီဟွာ ဆံပင်ကိုပွတ်ပြီး ပြောလိုက်သည်။ ပုံမှန်အခြေနေဆိုရင် အစမ်းခန့်ဆရာများကို ကျောင်းတွင်ဆက်ထားသင့်၊ မထားသင့်ကို ဆုံးဖြတ်ရန် တစ်နှစ်ပြည့်ဖို့ လိုအပ်သည်။

ကူရှပ်ရှင်းသည် လုပ်ဆောင်မှု အလွန့်အလွန် ကောင်းလွန်းသည် အစမ်းခန့် ဆရာတစ်ယောက်အနေနှင့် ကျောင်းသား(၅)ယောက်ကို ခေါ်ယူနိုင်ပါက သင်ကြားရေးဌာနကို အစားထိုးဆရာအနေဖြင့် တရားဝင် ပူးပေါင်းနိုင်သည်ဟု ကျောင်းက ကတိပေးထားသည်။ အရင်တုန်းကဆိုရင် ဆွန်းမိုလို အစမ်းခန့်ဆရာများသည် ကျောင်းသားသစ်များကို စုဆောင်းရန် အရည်ချင်း မပြည့်မှီကြပါ။

"ဒါပေမယ့်.....ဒါပေမယ့် မင်းက လူကောင်းတစ်ယောက်လေ"

ဖောက်! ဖောက်!

လုချီဟွာမျက်လုံးက မျက်ရည်များကျလာသည်။ သူမ ပိုက်ဆံအိတ် ပျောက်သွားသည့်နေ့ကို ဘယ်တော့မှ သူမ မမေ့ပါ။ မိုးဖွဲဖွဲအောက်တွင် သူမတစ်ယောက်တည်း နှစ်ရက်နှင့် တစ်ည စောင့်ခဲ့တာကို သူမ မှတ်မိသေးသည်။

သူမသည် သူမရှေ့က ချင်းဟိုင် မြစ်ကို မမြင်သလို ငေးကြည့်နေခဲ့မိသည်။ သူမ၏

ကမ္ဘာတစ်ခုလုံး အမှောင်ကျသွားသလို ဖြစ်နေခဲ့သည်။ ထိုအချိန်က သူမ အကြိမ်အနည်းငယ်လောက် မြစ်ထဲကို ခုန်ချဖို့ စဉ်းစားမိခဲ့သည်။

ထိုအချိန်တွင် ချစ်စရာအပြုံးနှင့် ဆရာဆွန်းမို ရောက်လာပြီး သူမအတွက် အော်စမန်တစ်မုန့်၊ ပူပူနွေးနွေးရယ်၊ အသားတုံးတချို့ရယ်နှင့် သူမခေါင်းပေါ်မှာ အမိုးအကာတစ်ခုပေးခဲ့သည်။

ကြင်နာတတ်သည့် ဆွန်းမိုကို လက်ဗလာဖြစ်သွားမည်ကို သူမ မမြင်ချင်ပါ။

“မင်းငါ့အတွက် စိတ်ပူနေတာသိတယ်၊ မင်းငါ့ကို လူကောင်းကဒ် ပေးစရာမလိုဘူး၊ သိလား”

ဆွန်းမိုသည် သစ်တော်သီးသကြားလုံး တစ်လုံးကို ထုတ်လိုက်ပြီး လုချီဟွာ ပါးစပ်ထဲကို ထည့်လိုက်သည်။

“အမ်”

လုချီဟွာ အရှုံးပေါ်သွားသည်။

နှာခေါင်းကြီးကြီးနှင့် လူတစ်ယောက် ရောက်လာသည်။ ဘယ်ညာကို

ကြည့်လိုက်ပြီးနောက် သူ့အကျႌထဲက တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်ပြီး

"မင်းက ဆရာတစ်ယောက် မှတ်လား၊ ကျောင်းသားတချို့ရဲ့ အချက်အလက်လိုချင်လား"

ဆွန်းမိုသည် ကောင်လေးစကားမပြောခင် ခြေထောက်နှင့် ကန်မလို ဖြစ်သွားသည်။ အမှတ်(၂)အထက်တန်းကျောင်းတုန်းကလို ညဘက်စာလုပ်ဖို့ နေ့ဘက် မိန်းကလေးတွေကို လိုက်နှောက်ယှက်တဲ့လူလို့ ထင်ခဲ့တာပါ။

လုချီဟွာလည်း လူစိမ်းတစ်ယောက် အနားကို ရောက်လာသဖြင့် လန့်သွားသည်။ ဆွန်းမိုရဲ့နောက်ကို ချက်ခြင်းပုန်းလိုက်ပြီး လက်ကိုတင်းတင်းကျပ်ကျပ် ကိုင်ထားသည်။

နှာခေါင်းကြီးကြီးနှင့် လူငယ်သည် ဆွန်းမို၏ အကြည့်စိမ်းများကို တွေ့ပြီးမဟုတ်တာကို မပြောရဲတော့ပဲ တန်းသွားလိုက်သည်။

"မင်းလိုချင်လား၊ စာအုပ်တစ်အုပ်အတွက် ငွေငါးရာ၊ ချင်လင်မြို့နှင့် အနီးနားကလူငယ် တော်တော်များများ အကြောင်းပါတယ်"

လူတွေ ဒီလိုနည်းလမ်းနှင့် ငွေရှာနေတာကို မြင်လျှင် ဆွန်းမို ဆွံ့အသွားသည်။ နှာခေါင်းကြီးကြီးလူသည် ဆွန်းမိုကို စာအုပ်တစ်အုပ ် အတင်းပြသည်။

“ဒီမှာ သူတို့ရဲ့ နာမည်၊ ဇာတိမြို့၊ စွမ်းဆောင်ရည်၊ သူတို့ နာမည်ကြီးသည့် အကြောင်းတောင်ပါတယ်။”

“လူဘယ်နှစ်ယောက်လဲ”

ဆွန်းမို လက်ထဲတွင် စာအုပ်ကို ကိုင်ထားသော်လည်း နှာခေါင်းကြီးကြီးနှင့် လူက ပြန်ယူသွားပြီး

“လူ ၅၀၀” သူ့အရေအတွက် နည်းသည့် အကြောင်းကို မြန်မြန်ဖြေရှင်းချက်ပေးသည်။

“ကျောင်းသားသစ် စုဆောင်းရေးက (၃)ရက်ပဲလုပ်တာ၊ မင်းသာကျောင်းသား (၂၀၀) နှင့် အဆင်ပြေတယ်လို့ စဉ်းစားကြည့် ဒီအရေအတွက်က လုံလောက်ပါတယ်။”

“ဈေးကြီးလွန်းတယ်”

ဆွန်းမိုက ခေါင်း ညိတ်ပြီး ပြောလိုက်သည်။

"ဟာ၊ ဆရာကလဲ ၊ မင်းအတန်းနည်းနည်းလောက် သင်လိုက်ရင် ငွေလွယ်လွယ်နဲ့ ရပါတယ်။ ငါတို့က ဒီနာမည်တွေကို စုဆောင်းဖို့ ခြေတိုအောင်လျှောက်ပြီး ဒီရက်ပိုင်းမှာ ငွေရဖို့ မျှော်လင့်ချက်နဲ့ လုပ်ထားရတာ"

နှာခေါင်းကြီးကြီးနှင့် လူငယ်က မျက်ရည်လည်ရွဲနဲ့ စောဒက ပြန်တက်သည်။

"ငွေတုံး တစ်ရာ"

ဆွန်းမိုက ဈေးဆက်စစ်သည်။

"အရမ်းနည်းလွန်းတယ်၊ ၄၅၀ ရမယ်"

နှာခေါင်းကြီးကြီးနှင့် လူငယ်က ပြန်ပြောသည်။

"ငွေတုံး တစ်ရာ"

ဆွန်းမိုကတော့ တည်တည်ငြိမ်ငြိမ်ပဲ။

"ငွေတုံးလေးရာ!, လမ်းပေါ်မှာနေပြီး ဘာမှမစားမသောက်ရလို့ ဘယ်လောက်ပိန်လည်းကြည့်ပါအုံး"

နှာခေါင်းကြီးကြီးနှင့် ကောင်းလေးက အတင်းပြောသည်။

လုချီဟွာ ပါးစပ်ပေါက် ဟသွားသည်။ စျေးက တစ်ရာ့ငါးဆယ်လောက် ပြုတ်ကျသွားသည်။

သူမလည်းဒီလို အရောင်းအဝယ်ကျွမ်းချင်သည်။

သူမ သစ်တော်သီးသကြားလုံး ပိုဝယ်နိုင်ဖို့ ငွေကိုချွေတာနိုင်သည်။

"တစ်ရာ့နှစ်ဆယ် နောက်ဆုံးပဲ၊ ဒီထက်နဲလို့ မရတော့ဘူး"

နှာခေါင်းကြီးကြီးနှင့် ကောင်လေးက အောင်ပြောလိုက်သည်။

"ဒါဆိုလဲ မေ့လိုက်တော့"

ဆွန်းမိုက လှည့်ထွက်လိုက်သည်။

"အယ်"

နှာခေါင်းကြီးကြီးနှင့် ကောင်လေး အံ့သြသွားသည်။ ဆွန်းမိုက ဘာလို့ တည်ငြိမ်နိုင်တာလဲ။ သူ့ဘောင်းဘီ ကျွတ်လုနီးပါး ဖြစ်သွားသော်လည်း သူက ထွက်သွားချင်သေးသည်။ ဒါပေမယ့်လည်း နှာခေါင်းကြီးကြီးနှင့် ကောင်လေးက လက်လွှတ်မခံနိုင်ဘဲ ဆွန်းမိုလက်ကို ဖမ်းဆွဲလိုက်သည်။

"ကောင်းပြီ၊ ငွေတုံး တစ်ရာ"

နှာခေါင်းကြီးကြီးနှင့် ကောင်လေးက မျက်ရည်တွေတောင် ကျပြနေသေးသည်။

"ငွေငါးဆယ်"

ဆွန်းမိုက ဈေးကိုထပ်ပြင်လိုက်သည်။

"မင်း........."

နှာခေါင်းကြီးကြီးနှင့် ကောင်လေးသည် ဒေါသကြောင့် တုန်လာသည်။ သူသာ ဗဟိုပြည်နယ်အကယ်ဒမီကျောင်းဝန်း အတွင်းတွင် မဟုတ်ပါက ဆွန်းမိုမျက်နှာကို တံတွေးဖြင့် လှန်းထွေးမိ လိမ့်မည်ဟု သူတွေးနေမိသည်။

ဆွန်းမိုသာ အပြင်မှာ ဒီလောက်ထိ ဈေးဆစ်ပါက သတ်တောင်ပစ်မိ လိမ့်မည်။

"ငါအဲဒါကို ငွေတုံးတစ်ရာနဲ့ ယူလိုက်မယ်"

ကြားကနေ သက်လတ်ပိုင်း အမျိုးသားတစ်ယောက် ဖြတ်ပြောလိုက်သဖြင့် နှာခေါင်းကြီးကြီးနှင့် ကောင်လေး၏အသံ တောက်ပလာသည်။ ထိုနောက်သူသည် ငွေကို လက်ခံပြီး ထွက်သွားသည်။

လုချီဟွာသည် ဆွန်းမိုရဲ့ နောက်ကျောကို ကြည့်နေသည်။

သက်လတ်ပိုင်းလူက မျက်နှာလေးထောင့်စပ်စပ်ကျပြီး မျက်ခုံးထူထူနှင့် ဖြစ်သည်။ သူပြုံးလိုက်လျှင် ခန့်ညားသော အရှိန်အဝါပေါ်လာသည်။

"လူငယ် ရင်းနှီး မြုပ်နှံတဲ့ နေရာမှာ မနှမြောပါနဲ့"

လေးထောင့်စပ်စပ် မျက်နှာနှင့် လူက အကြံပေးလိုက်သည်။

"ငါက ဆင်းရဲတယ်"

ဆွန်းမိုက ဒေါသတကြီးပြောလိုက်ပြီး ဒီလူက ဘယ်သူလည်းဆိုတာ သူစဉ်းစားနေသည်။ လူတွေက

သူ့ကိုတောင် သိတာလား။ ဆွန်းမိုကို ဆုံးမနေတာ ဘယ်သူလဲ။

လုချီဟွာက ဆွန်းမို အင်္ကျီလက်ကို ဆွဲပြီး

"ဆရာ၊ သူပြောတာ မှန်တယ် ထင်တယ်နော်"

"ဟော့လူငယ်၊ အနိုင်ရဖို့ အတွက် ကိုယ့်ကိုကိုယ် မရှုံးစေနဲ့"

လေးထောင့်စပ်စပ်နှင့် လူက ဆွန်းမိုကို သတိပေးနေသော်လည်း မျက်လုံးက လုချီဟွာဆီကိုသာ ရောက်နေသည်။

ဆွန်းမို နောက်မှာ လုချီဟွာ ချက်ခြင်းပုန်းလိုက်သည်။ ဒီလူကြီး ခံ့ညားပြီး တော်တော် ကြောက်စရာကောင်းသည်။

"အေးအေးဆေးဆေး လှည့်ပတ်ကြည့်လိုက်ရင် ဒီနာမည်ကျော်ကလေးတွေက ဘယ်သူဆိုတာ မင်းသိမှာပဲ"

"စစ်ဆေးတဲ့ နေရာမှာ မင်းအချိန် မဖြုန်းမိစေနဲ့၊ တချို့ကျောင်းတွေဆို ဒီလိုအချက်အလက်တွေကို စုစည်းပြီး ဆရာတွေဆီကိုတောင် ပို့ပြီးပြီလို့

ငါယုံတယ်။” ဆွန်းမိုက အေးစက်စက် ပြောလိုက်သည်။

ဆွန်းမိုသည် အန်ရှီဝေကို တစ်ခါမှ မမြင်ဖူးသော်လည်း သူမသည် အံ့ဖွယ်ကောင်းကင်ဘုံအကယ်ဒမီက ဘွဲ့ရသူ တစ်ယောက်ဖြစ်ပြီး ရာစုတစ်ခု၏ ပါရမီရှင်လို့တောင် သတ်မှတ်ထားသည်။ သူမသာမပြင်ဆင်ထားရင် ဗဟိုပြည်နယ်အကယ်ဒမီကို ဘယ်လိုအောင်မြင်အောင် လုပ်နိုင်မှာလဲ။

လေးထောင့်မျက်နှာနှင့် လူသည် စာအုပ်ကို လှန်ကြည့်ရင်း ဆွန်းမိုကို အကဲဖြတ်လိုက်သည်။ သူက ဆွန်းမိုကို ငွေနည်းနည်းတောင် မသုံးနိုင်တဲ့လူလို့သာ ထင်ထားပြီး ဒီလောက်လေးနက်သည့် အတွေးအခေါ်ရှိမယ်လို့ မထင်ထားခဲ့ပါ။

"မင်းမှန်တယ်ဆိုရင်တောင်၊ မင်းမှာ သတင်းအချက်အလက်မရှိဘူး၊ မဟုတ်လား" လုချီဟွာက ပြောလိုက်သည်။ သူမလိုက်မမှီ ဖြစ်နေသည်။

"ဒါမှမဟုတ် မင်း ကျောင်းအုပ်ကြီးဆီကို သွားမေးမလို့လား"

"ငါဆိုလိုတာက လူတိုင်းက ဒီလိုအရေးကြီးတဲ့ အချက်အလက်ကို စုဆောင်းနိုင်ခဲ့ရင် ဒီစုဆောင်းရေးပွဲက အဓိပ္ပာယ်မရှိတော့ဘူး။ ကျောင်းအားလုံးက အရမ်းထူးချွန်တဲ့ ပျိုးပင်လေးတွေကို ကင်းထောက်ထားပြီး ထိုပျိုးပင်များ၏ ပင်ကိုယ်အရည်ချင်းကို အတည်ပြုကာ ဖိတ်စာ ပို့ပြီးလောက်ပြီ" ဆွန်းမိုက ပြောလိုက်သည်။

သူ့ဒီလို အခြေအနေများကို အများကြီး မြင်ဖူးသည်။ သာမန်ကျောင်းသားများသည် သူတို့၏ မေဂျာနှင့် သုတေသနကို စမလုပ်ရသေးခင်မှာပင် ရှင်ဟွာနှင့် ပီကင်း တက္ကသိုလ်များသည် မြို့တိုင်းကို သူတို့၏ ကားများ စေလွှတ်ပြီး ဖြစ်သည်။

"အခြားကျောင်းများက ရွေးချယ်ပြီးသော စားကြွင်းစားကျန် လူငယ်များသာ ဗဟိုပြည်နယ်အကယ်ဒမီကို ရောက်လာလိမ့်မည်။ သူတို့ရောက်လာရင်တောင် အတွေ့အကြုံရှိသည့် ဆရာတွေက အရင်ဆုံး ခေါ်မှာပဲ။"

ဆွန်းမိုက မြတ်ဆရာအကြောင်းတောင် ထည့်မပြောခဲ့ပါဘူး။ သူတို့မှာ အရည်အချင်းရှိတယ်လို့ သိသည့် ကျောင်းသားတွေက စုဆောင်းပွဲ မတိုင်ခင် မြတ်ဆရာတွေကို တွေ့နိုင်အောင်ကြိုးစား ကြလိမ့်မည်။

“ဒါက ရှင်းပြတာ”

လုချီဟွာ ဉာဏ်အလင်းပွင့်သွားသည်။

“အခြားအကြောင်းပြချက် ရှိသေးလား”

လေးထောင့်မျက်နှာနှင့် လူက စပ်စုလိုက်သည်။

"ကျောင်းသားတွေရဲ့ အချက်အလက်ကို ဝယ်တဲ့ ဆရာတွေရှိကောင်းရှိမယ်၊ ဒါပေမယ့် ဝယ်လိုအားကများပြီး ရောင်းလိုအားက နဲတယ်။ မင်းသာ ထူးခြားကျောင်းသားဆိုရင် မျက်လုံးပိတ်ထားရင်တောင် ဆရာတွေက မင်းကို ရဖို့ တစ်ယောက်နှင့် တစ်ယောက် ယှဉ်ပြိုင်ရအုံးမယ်။ မင်းရဲ့ သင်ကြားရေး အရည်အချင်းကို သက်သေပြဖို့ အချိန်အများကြီး သုံးရအုံးမယ်"

ဆွန်းမိုက ပခုံးတွန့်ကာ ပြောလိုက်သည်။ ကျောင်းသားသစ် စုဆောင်းပွဲက သုံးရက်ပဲဆိုတော့

တခြားလူတွေနှင့် ပြိုင်မည့်အစား အခြား မသွေးရသေးတဲ့ ကျောက်စိမ်းကို ဘာလို့မရှာတာလဲ။ (မီးခဲပြာဖုံး ပါရမီရှင်ကို ဆိုလိုတာ)

"မဆိုးဘူး" မျက်နှာလေးထောင့်လူက မေးစေ့ကို လက်နှင့်ပွတ်လိုက်ပြီး ဆွန်းမိုကို လေးလေးနက်နက် ကြည့်လိုက်သည်။

"သတင်းအချက်အလက်ကို အားကိုးရင် ဘာအရည်အချင်းမှမရှိဘူး။ ကျောင်းသားတွေကို မင်းရဲ့ ကိုယ်ပိုင်သုံးသပ်ချက်နဲ့ ရွေးရင် မင်းက မြတ်ဆရာဖြစ်ဖို့ အလားလာရှိတယ်"

လုချီဟွာလည်း အံ့သြသွားခဲ့သည်။ သူမက သတင်းအချက်အလက်ကို ဝယ်သည့်သူ တစ်ယောက်လို့သာ ထင်တားခဲ့သည်။ သို့သော်ငင်းတွင် လှည့်ကွက်များစွာ ပြည့်နေသည်။ သူမတော်တော် သဘောကျသွားသည်။

(ဆရာဆွန်းမှာ ကြောက်စရာ ကောင်းလောက်တဲ့ သုံးသပ်စွမ်းရည်ရှိတယ်။ ငါသာဆိုရင် ဒီငွေကို ဖြုန်းတီးမိလိမ့်မယ်) လုချီဟွာ တွေးလိုက်မိသည်။

"ဒင်!"

လုချီဟွာ၏ လေးစားအထင်ကြီးမှု - +၃

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - လက်ရှိအမှတ်- မူလ(၈/၁၀၀)

"မင်းဘာတွေလျှောက် ပြောနေတာလဲ"

လေထောင့်မျက်နှာနှင့် လူသည် အချက်အလက်များကို အကြမ်းဖြင်း လှန်ကြည့်ပြီး မဖတ်ပဲ အမှိုက်ပုံးထဲကို ပစ်လိုက်သည်။ သူသည် သိချင်စိတ်ကြောင့် ဝယ်ခြင်းဖြစ်ပြီး ကျောင်းသားသစ်ရွေးချယ်ဖို့ ကိရိယာအဖြစ် သုံးရန် ရည်ရွယ်ချက်မရှိပါ။

"ဆွန်းမို!"

ဆွန်းမိုသည် တွေးလိုက်မိသည်။ အချက်အလက်စာအုပ်ကို မဝယ်ရခြင်းမှာ သူ့တွင် နတ်ဘုရားမျက်လုံးရှိသောကြောင့် ဖြစ်သည်။ သူသည် လှည့်ပတ်ကြည့်ရုံဖြင့် ကျောင်းသား၏ အလားလာ တန်ဖိုးကို သိနိုင်သည်။ အရည်ချင်းမရှိသော ကျောင်းသားကို မှားပြီး ရွေးချယ်စရာ မရှိပါ။

“မင်း မသွေးရသေးတဲ့ ကျောက်တုံးကို တွေ့ခဲ့လား”

မျက်နှာလေးထောင့်လူသည် ထွက်သွားရန် ရည်ရွယ်ချက်မရှိပါ။

"မရီဒန်အကယ်ဒမီက ဆရာတစ်ယောက် ဒီမှာ ဘာလုပ်နေတာလဲ ဒီကကျောင်းသားတွေကို ခိုးဖို့လား"

ဆွန်းမိုသည် မျက်နှာလေးထောင့်နှင့် လူကို တမင်ပြောလိုက်သည်။

"အယ်"

လုချီဟွာသည် မျက်နှာလေးထောင့်လူကို လှမ်းကြည့်လိုက်သည်။ သူမ၏ အံ့သြသော အမူအရာက ဒေါသထွက်ပြီး အော်ဟစ်မလို လုပ်နေသည့် လူကို မေ့သွားစေသည်။

"ဒီမှာကောင်လေး၊ လှည့်ကွက်တွေလုပ်မနေပါနဲ့"

သူ့ကို ငြင်းသည့် စကားပြောပေမယ့် မျက်နှာလေးထောင်နဲ့လူသည် ဒေါသမထွက်ပါဘူး။

"နင်တို့ ဘာအကြောင်း ပြောနေတာလဲ၊ ငါကဘာလို့ နားမလည်ရတာလဲ"

သူမသည် ဝမ်းနည်းစွာ ခေါင်းငုံ့လိုက်သည်။ သူတို့၏ သဘောတရားများကို လိုက်မနိုင်ဖြစ်နေသည်။ ဆွန်းမို ဘာကို ကြံစည်နေလဲ သူမ နားမလည်ပါ။

လုချီဟွာသည် အူတူတူအတတလေးနှင့် သူမပုံစံက ချစ်စရာကောင်းနေသည်။ ထို့ကြောင့် မျက်နှာလေးထောင့်နှင့် လူသည် ပုံမှန်ဆိုရင် စရိုက်နည်းနည်း ကြမ်းသော်လည်း သူမကို ရှင်းပြလိုက်သည်။

"ငါတို့အားလုံးက ချင်လင်မြို့က ဖြစ်သော်လည်း ငါတို့က မွေးကတည်းက ရန်သူတွေလေ။ မရီဒန်အကယ်ဒမီက တခြားကျောင်းထက် ကင်းထောက်ပိုများတယ်။ ငါ့ကို မရီဒန်အကယ်ဒမီက ဆရာတစ်ယောက်လားဆိုပြီး ဆွန်းမိုက မေးခွန်း

မထုတ်ခဲ့ဘူးလား။ စုံစမ်းရန် ကြောင်းပြချက်နဲ့ သူကငါ့ကို ဒေါသထွက်အောင်လုပ်ခဲ့တာ။ မင်းသိထားရမှာက လူတွေ ဒေါသထွက်လာရင် ထိန်းချုပ်နိုင်စွမ်း ကျလာတတ်တယ်။

ဒေါသထွက်လာတာနှင့်အမျှ ထိန်းချုပ်စွမ်းကျလာပြီး သတင်းပေါက်ကြားတာပဲ”

“ငါတို့ ခဏလောက် စောင့်ကြည့်ကြတာပေါ့” ပြီးနောက် ဆွန်းမိုနောက်က တိတ်တဆိတ် လိုက်လာသည်။

“ဟော့၊ မင်းနောက်ကပဲ တကောက်ကောက် လိုက်တတ်တာလား”

ဆွန်းမိုက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။ ဒီလူက သူ့ကို စိတ်အနှောက်အယှက် တော်တော်ပေးသည်။ သူသည် ဂျိမ်ဂျဲ လို လှပသော မိန်းကလေးတွေကိုသာ နောက်က လိုက်စေချင်သည်။ (ဆုတောင်းကောင်း)

“ဟဲဟဲ၊ တော်တော်ဆိုးတဲ့ ပါးစပ်ပဲ”

မျက်နှာလေးထောင့်နှင့် လူသည် စိတ်မဆိုးသော်လည်း စိတ်ထဲတွင်

မှတ်ထားလိုက်သည်။ သူသည်အနီးဆုံး ပန်းထိုင်ခုံကို ညွှန်ပြလိုက်ပြီး "အဲ့က ကျောင်းသားကို စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ သူကတော်တော်လေး တော်တယ်။ မင်းဘာလို့ သူ့ကို သွားမစည်းရုံးတာလဲ"

ဆွန်းမိုလှည့်ကြည့်လိုက်ရင် လုံအနီနှစ်ချောင်းကို ကိုင်ထားသော ကျောင်းသားကို တွေ့လိုက်သည်။ ဇဟိုပြည်နယ်အကယ်ဒမီက တရားဝင် အလုပ်ခန့်ထားသော ကျောင်းဆရာဝတ်စုံကို ဝတ်ဆင်ထားသော သက်လတ်ပိုင်း လူတစ်ယောက်

ထိုကောင်လေးနား သွားရပ်သည်ကို တွေ့လိုက်သည်။

အခန်း(၃၂) - နှုတ်ထွက်စာ။

ထိုကောင်လေးရှိနေသည့် နေရာတစ်ဝိုက်တွင် ပန်းပွင့်များ ပြည့်နေသည်။ ထိုကျောင်းသားကောင်လေးသည် သူ၏လုံ့ကို အားပြင်းပြင်းနှင့် ဖှေ့ယမ်းလိုက်လှျင် ပတ်ဝန်းကျင်တွင် ပန်းပွင့် ပွင့်ရွက်အလွှာများကို အပြင်ဘက်ကို တွန်းထုတ်သည့် လှျပ်စီးကြောင်းများ ပေါ်လာသည်။

"သူ့လုံသိုင်းက မဆိုးဘူးပဲ" မျက်နှာလေးထောင့်လူက ချီးကျူးလိုက်သည်။

"အင်း"

မျက်နှာလေးထောင့်လူထက်စာလျှင် ဆွန်းမိုက နတ်ဘုရားမျက်စိရှိသောကြောင့် ကောင်လေး၏ အချက်အလက်တော်တော် များများကို ပိုသိသည်။

ချူကျန်း - အသက် (၁၂)နှစ်၊

ခန္ဓာကိုယ် ပြုပြင်ခြင်း ဒုတိယအဆင့်

ကြံ့ခိုင်မှု - (၇) အသက်တူအုပ်စုမှာ ထိပ်တန်း

ဉာဏ်ရည် - (၅) ပျမ်းမျှအဆင့် ၊ လုံလောက်သည်။

သွက်လက်မှု - (၆) လုံလောက်ပြီလို့ပြောနိုင်၊ အရမ်းကောင်းတော့မဟုတ်။

ဆန္ဒ _ (၇) လူငယ်မှာ ခိုင်မာပြီး ထူးချွန်သည့် ဆန္ဒရှိ။

အလားအလာ - သာမန်အထက်။

ဆွန်းမိုသည် သူ့လက်ဖြင့် စန္ဒကူးခါးကို ပုတ်လိုက်သည်။ ချူကျန်း၏ အလားအလာ တန်ဖိုးမမြင့်သော်လဲ သာမန် အထက်ဖြစ်သည်။ တဆင့်နိမ့်တာ မကောင်းတာမဟုတ်ပါ။ သူ့

အသက်အရွယ်အရ အခု ကျောင်းသားသစ် ဖြစ်သည်။ သူ့ကို လုံသိုင်း သင်ပေးသော ကျွမ်းကျင်သူ တစ်ယောက်လည်း ရှိသေးသည်။

စနစ်က သတ်မှတ်သည့် အဆင့်အရ အခြေခံ၊ ကောင်း၊ ကျွမ်းကျင်၊ မဟာ နှင့် ဘိုးဘေး အဆင့်တို့ရှိသည်။

ကျွမ်းကျင်အဆင့် တွင် ကျင့်ကြံသူသည် ကျင့်စဉ်များကို ရင်းနှီးအကျွမ်းတဝင် ရှိလာပြီး သူတို့၏ ကိုယ်ပိုင်အမြင်များနှင့် တိုးတက်အောင် လုပ်နိုင်လာကြသည်။

ဆွန်းမိုလဲ သွေးလည်ပတ်မှု နည်းစနစ်တွင် ကျွမ်းကျင် အဆင့်ကိုရောက်ရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် ကောင်လေးသည် လုံသိုင်းကို မည်သည့်အဆင့် ရောက်နေတာကို အကြမ်းဖျင်း သိသည်။

သူသာ ကြိုးစားအားထုတ်မှု မရှိခဲ့ပါက ဒီလိုအောင်မြင်မှုကို မရနိုင်ပါ။

ဆွန်းမိုသည် တရားဝင်ဆရာကို တချက်ကြည့်လိုက်သည်။

လင်းဝေရန် - အသက် (၄၂)နှစ်၊ သွေးလောင်ကျွမ်းခြင်း ထိပ်ဆုံးအဆင့်။

အလားလာတန်ဖိုး - ပျမ်းမျှ။

မှတ်ချက်- တစ်ဆို့မှုဖြစ်ပြီး သွေးလောင်ကျွမ်းခြင်းအဆင့်တွင် (၃)နှစ်လောက်ကြာနေကာ မြင့်မြတ်အင်အားအဆင့်ကို မတက်နိုင်ဖြစ်နေသည်။

ခိုင်မာသော အချက်အလက်များအရ သူသည် ထိုအကြောင်းအရာများကို စိတ်မဝင်စားပါ။ အဆင့်အတန်းရှိသော ဆရာတစ်ယောက်ဆိုပါက

သူဘာဖြစ်ချင်တာလဲ ဆိုတာကို သေချာမသိသော လူတစ်ယောက်လို့ သတ်မှတ်ရမည်။

ဒီလိုမဟုတ်ပါက ကျောင်းသားသစ်စုဆောင်းပွဲကိုလာရသည် အထိခက်ခဲနေမှာ မဟုတ်ပါ။

"တချက် သွားကြည့်ပါအုံး"

မျက်နှာလေးထောင့်လူက ပြောပြီး ကျော်တက်သွားသည်။ သူသည် လင်းဝေရန်ကို တစ်ချက်တောင် မကြည့်သွားပါ။

ထိုလူကိုကြည့်ရတာ စိုးရိမ်စိတ် မရှိသလိုပါပဲ။

ဆွန်းမိုလည်း နောက်ကလိုက်သွားပြီး မျက်နှာလေးထောင့်နှင့်လူကို အကဲခတ်လိုက်သည်။

ယူရုံပို - အသက်(၄၅)နှစ်၊ သက်ရှည်အဆင့်

အလားလာတန်ဖိုး - မြင့်

မှတ်ချက် - လွန်ခဲ့သော (၃)လကမှ ကြယ်(၄)ပွင့်အဆင့် မြတ်ဆရာဘွဲ့ကို ရထားသည်။

မျက်နှာလေးထောင်နှင့်လူ၏ ဘေးဘက်တွင် ဖော်ပြထားသော အနီရောင် အချက်အလက်များကို ကြည့်ပြီး အခြား အချက်အလက်များကို ကြည့်စရာမလိုတော့ပါ။

ကြယ်(၄) ပွင့်အဆင့်မြတ်ဆရာဖြစ်ရန် အနည်းဆုံး ဉာဏ်အလင်းပွင့်ပြီး မြတ်ဆရာအရှိန်အဝါ (၁၂)ခုရှိကာ ဒုတိယ အသက်မွေးဝမ်းကျောင်း ပညာရပ်(၄)ခုကို ကျွမ်းကျင် အဆင့် တတ်မြောက်ထားရန် လိုအပ်ပြီး သူရဲကောင်းအဆင့် ကိုယ်ပိုင် တပြည့်ရှိရမည်။

ဗဟိုပြည်နယ် အကယ်ဒမီ တစ်ခုလုံးတွင် ထိုအဆင့် မြတ်ဆရာအရေအတွက် နည်းနည်းလေးသာရှိသည်။

ကြီးမားတဲ့ရိုက်ချက်ပါပဲ။ သို့သော် ဆွန်းမို၏ သဘောထားကတော့ ပုံမှန်ပဲ ပြောင်းလဲခြင်းမရှိပါ။ စိတ်ထဲတွင် လေ့လာဆန်းစစ်မှု အသစ်ဖြစ်တာပဲ ရှိသည်။

"သူက အန်ရှီဝေ ဖိတ်ထားတဲ့ ဆရာအသစ်များ ဖြစ်နေမလား"

ကျောင်းတစ်ကျောင်း တိုးတက်ဖို့အတွက် အတွေ့အကြုံရှိသော မြတ်ဆရာများသည် မရှိမဖြစ် လိုအပ်သည်။ ထိုကဲ့သို့ ပုဂ္ဂိုလ်များလာရန်လည်း လစာက မယုံနိုင်လောက်အောင် မြင့်ပါသည်။

နောက်ဆုံးတော့ မြတ်ဆရာဆိုတာ ရှားပါးတည်ရှိမှု တစ်ခုပဲဖြစ်သည်။

ချူကျန်းသည် ယူရုံပိုနှင့် နောက်ထပ်လူနှစ်ယောက် တွေ့သော်လည်း စိတ်ဝင်စားခြင်း မရှိပါ။ သူ၏အရည်ချင်းအရ သူ့အနားတွင် လူမရှိနေတာကမှ ထူးဆန်းနေမည်။ ထို့ကြောင့် လင်းဝေရန်ကို “ငါ့လုံ့သိုင်းကို ဘယ်လိုထင်လဲ” တည်တည်ငြိမ်ငြိမ်နဲ့ မေးလိုက်သည်။

“ဒါက အရမ်းကောင်းတာပဲ”

လင်းဝေရန်၏ မျက်နှာပျက်သွားပြီး ယုံကြည်မှုလည်း ပျောက်ဆုံးသွားသည်။ သူ့အကဲဖြတ်မှုက အသက်(၁၂)သာ ရှိသေးသော လုံ့သိုင်းကျင့်ကြံသူ ပါရမီရှင်သာဖြစ်သည်။ လင်းဝေရန်သည် ချူကျန်းကို မသင်ပေးနိုင်မည်ကို စိုးရိမ်နေသည်။ ချူကျန်း၏ လုံ့သိုင်းက ပြည့်စုံသည်ဟု သူထင်သည်။

လင်းဝေရန်၏ မျက်နှာကိုကြည့်လိုက်ပြီးနောက် ချူကျန်းသည် ခေါင်းယမ်းလိုက်သည်။ ကိုယ့်ကိုကိုယ်

ယုံကြည်မှုမရှိသည့် ဆရာတစ်ယောက်၏ သုံးသပ်ချက်ကို နားထောင်ရတာ အကျိုးမရှိပါ။

လုချီဟွာ သည် ဆွန်းမို၏ လက်ကို ဆွဲလိုက်ပြီး "သူ့ကို လမ်းညွှန်ချက် ပေးနိုင်လား" ဟု တိုးတိုးလေး မေးလိုက်သည်။

"အင်း"

ဆွန်းမိုသာ လမ်းညွှန်ပေးချင်စိတ် ရှိပါက နတ်ဘုရားမျက်စိနှင့် ကြည့်ထားသည့် အချက်အလက်များအရ သူ့ကို လုပ်ပေးနိုင်တာ အများကြီးရှိပါသည်။

လုချီဟွာလည်း ချက်ချင်းတက်ကြွလာပြီး ခေါင်းကိုငုံ့ကာ အော်ပြောလိုက်သည်။

"တစ်ခုခု မေးစရာရှိရင် ဆရာဆွန်း၊ ဆွန်းမိုရှိတယ်"

ချူကျန်းက လင်းဝေရန် မျက်မှောင်ကြုတ်ထားသောကြောင့် ယူရုံပိုကို ကြည့်ပြီးနောက် ဆွန်းမို ကို လှမ်းကြည့်လိုက်သည်။

"အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့ သူမဟုတ်လား"

"သူမဟုတ်ဘူး"

လုချီဟွာလည်း လန့်သွားကာ ဆွန်းမိုကို တစ်ခုခု ပြောစေချင်စိတ်ဖြင့် လက်ကို လှမ်းဆွဲလိုက်သည်။

ချူကျန်းလည်း ချက်ခြင်းပင် စိတ်ဝင်စားမှု ပျောက်သွားသည်။ သူတို့ပြောသည့်အတိုင်းပင် လူငယ်များသည် အတွေ့အကြုံမရှိ၊ စိတ်မချရပါ။ ဆွန်းမိုက ငယ်သည့်အချက်ကို ဖယ်ထားလိုက်အုံး အပြာနုရောင် ဝတ်စုံကိုသာ ဝတ်ဆင်ထားသည်။

ချူကျန်းသည် ကျောင်းဝင်ရန်ပြင်ဆင်ကတည်းက ကျောင်းနှင့်ပက်သက်သည့် အချက်အလက်အချို့ကို

ရရှိခဲ့သည်။ ဆွန်းမိုဝတ်ထားသည့် ဝတ်စုံက အစမ်းခန့် ဆရာတစ်ယောက်ကို ကိုယ်စားပြုသည်။

"မင်းကို ကြည့်နေပြီ"

ယူရုံပိုက နောက်လိုက်သည်။

"မင်းလုံ့သိုင်းက ကောင်းပါတယ်၊ သေးငယ်တဲ့ အောင်မြင်မှုအဆင့်တောင် ရောက်နေပြီ။ ဒါပေမယ့် အနာဂတ်မှာ ဆက်မလုပ်သင့်ဘူး"

ဆွန်းမိုပြောလိုက်သည့် စကားက ထူးဆန်းနေသည်။

ချူကျန်းလည်း မျက်မှောင်ကြုတ်လိုက်သည်။ သူဘာမှပြန်မပြောရသေးခင် လင်းဝေရန်က မကျေမနပ်ဖြင့်

"မင်းဘာမှ မသိရင် ပေါက်ကရတွေ လျှောက်မပြောနဲ့၊ မင်းကျောင်းသားကို လှည့်စားသလိုဖြစ်နေတာကို သိရဲ့လား။ သူပြခဲ့တဲ့ အရည်အချင်းကြောင့် အနာဂတ်မှာ သေချာပေါက် အောင်မြင်တဲ့ လုံ့သိုင်းကျင့်ကြံသူ တစ်ယောက် ဖြစ်လာလိမ့်မယ်"

လင်းဝေရန်သည် ချူကျန်းအတွက် အမှန်တကယ် စဉ်းစားပြီးပြောလိုက်သည်။ ဆွန်းမိုသည် သင်ကြားရေးလက်ထောက် ဖြစ်မလာဘဲ ထောက်ပံ့ရေးဌာနကို ရောက်သွားကြောင်း သူကြားခဲ့သည်။ ထို့ကြောင့် ဆွန်းမိုတွင် အရည်အချင်းအများကြီး မရှိကြောင်း သိသာသည်။ သူသည် ရုပ်ရည်ချောမောသောကြောင့် အန်ရှီဝေက စပွန်ဆာပေးထားကြောင်း ကောလဟာလ ထွက်နေသည်။

ဆွန်းမို၏ သုံးသပ်ချက်ကို ကြားလျှင် ယူရုံပို၏ မျက်လုံးတောက်ပ လာသည်။ ဆွန်းမို၏ သုံးသပ်ချက်ကြောင့် ချူကျန်းအပေါ်သူ၏ စိတ်ဝင်စားမှု မြင့်တက်လာသည်။

"မင်းလုံ့သိုင်းက အခုတော့ အရမ်းကောင်းနေမယ်၊ နောက်ကျရင် တိုးတက်မှုနှေးလာလိမ့်မယ်။"

ဆွန်းမိုသည် ဒေါသမထွက်ပဲ ချူကျန်းကို ကြည့်ကာပြောလိုက်သည်။ ချူကျန်း၏ဘေးတွင် အချက်အလက်များ (၁၀၀)ကျော်လောက် ပေါ်လာသည်။

“ဘာလို့လဲဆိုတော့ မင်းက အစကတည်းက မှားယွင်းတဲ့ ရွေးချယ်မှုလုပ်ခဲ့လို့ပဲ”

“ပေါက်ကရတွေ”

လင်းဝေရန်က ကဲ့ရဲ့လိုက်သည်။

“ဆက်ပြောပါ”

ယူရုံပိုက ဆက်နားထောင်ချင်နေသည်။

“မင်းအရပ်က ပုလွန်းပြီး လက်ကလဲ သိပ်မရှည်ဘူး။ ဒါကြောင့် လုံသိုင်းကို လေ့ကျင့်ရင် အားနည်းချက် ဖြစ်လာလိမ့်မယ်။

မင်းရဲ့ကြီးမားတဲ့ အားသာချက်က လုံလက်နက်တွေကို မင်းလွှတ်ပေးနိုင်မှာ မဟုတ်ဘူး”

“ဟမ်”

လင်းဝေရန် ကြောင်သွားသည်။

(ကြောင်သွားတာက လေးဖက်ကြီးပါ)

ဆွန်းမိုက သက်ပြင်းချလိုက်ရင်း ပြောလိုက်သည်။

တစ်လက်မ ရှည်ရင် တစ်လက်မ ပိုအားကောင်းလေပဲ။ ချူကျန်း၏ အားနည်းချက် က လက်တံများတိုနေခြင်း ဖြစ်သည်။ သူသာ သူနှင့် အဆင့်တူ အရပ်ပိုရှည်သည့် လုံသိုင်း

ပညာရှင်နှင့်တွေ့ခဲ့ပါက ဒါက သူ့အားနည်းချက်ဖြစ်လာလိမ့်မည်။

ချူကျန်းလဲ အံ့သြသင့်သွားပြီး သူ့အဖေပြောခဲ့သည့် စကားများကို ပြန်သတိရသွားသည်။

"ချူကျန်း မင်းခန္ဓာကိုယ် အနေထားနဲ့ဆို လုံလမ်းကြောင်းကို လျှောက်တာက အားနည်းချက်ဖြစ်လာလိမ့်မယ်။ မင်းအဆုံးထိ လျှောက်သွားရင်တောင် ငါ့လို အဆင့်ကို မရောက်နိုင်ဘူး"

ချူကျန်းသည် သူ့အဖေကို လေးစားလွန်းသောကြောင့် သူအဖေက ကြီးစိုးသည့်ပုံနဲ့ လောကကို လုံ့ဖြင့်ချိန်ကာ စိမ်ခေါ်သည့်ပုံကို သဘောကျခဲ့ကာ နှစ်ပေါင်းများစွာ လုံ့ပညာကို ကြိုးစား အားထုတ်ခဲ့သည်။

လုံ့ကျင့်စဉ်တွင် အောင်မြင်မှုအနည်းငယ် ရပြီးနောက် တွေ့သည့် လူတိုင်းက သူ့ကို ချီးကျူးခဲ့ကြသည်။ သူ့ကို တပြည့်အဖြစ်လိုချင်သည့် သူတောင် အများကြီးရှိခဲ့သည်။

ထို့နောက်တွင် သူအဖေ၏ သုံးသပ်ချက်မှားပြီဟု ယူဆကာ ဂုဏ်ယူခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့် နှစ်ဝက်ကစပြီး လုံသိုင်းတွင် မတိုးတက်သလောက် ဖြစ်လာသည်။ ထိုကြောင့် အောင်မြင်သောနည်းတစ်ခုကို ရှာရန် ဗဟိုပြည်နယ်အကယ်ဒမီကို လာခဲ့ခြင်းဖြစ်သည်။

“လမ်းညွှန်မှုအတွက် ကျေးဇူးတင်ပါတယ်၊ ဆရာ” မည့်သည့် အသက်အရွယ်မဆို ချစ်ခင်မြတ်နိုးရသည့် အဖေနှင့်တူသော ဆရာတစ်ဦးသည် လေးစားမှုကို ရထိုက်သည်။

ချူကျန်း၏ လေးစားမှု - +၂၀

ချူကျန်းနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - လက်ရှိအမှတ် - မူလ(၂၀/၁၀၀)

စနစ်က အကြောင်းကြားချက် လက်ခံရရှိပြီးနောက် ဆွန်းမို၏ ကျေနပ်သော ရယ်သံထွက်လာသည်။

"ဆရာဆွန်းက အံ့ဩဖို့ကောင်းတာပဲ"

ချူကျန်း ဦးညွတ်လိုက်သည်ကို မြင်လျှင် လုချီဟွာလည်း သူမပါ ဂုဏ်ရလိုက်သလို ခံစားလိုက်ရသည်။

"ဒင်!"

လုချီဟွာ၏ လေးစားအထင်ကြီးမှု -+၁၀

လုချီဟွာနှင့်
လေးစားအထင်ကြီးမှုဆက်သွယ်ချက် -
လက်ရှိအမှတ်- မူလ(၁၈/၁၀၀)

"အဟင့်"

လင်းဝေရန်သည် ရုတ်တရက် ထငိုလိုက်ပြီး မျက်နှာက ပိုပို ပျက်လာသည်။ သူက လူငယ်အတွက် ဆွန်းမိုကို ပြောခဲ့သော်လည်း နောက်ဆုံးတွင် လူငယ်က ဦးညွှတ်သွားခဲ့သည်။

"သူပြောတာ မှန်နေလို့ပေါ့"

လင်းဝေရန်သည် ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။ ဆွန်းမိုဝတ်ထားသည့် အပြာနုရောင် ဝတ်ရုံရှည်က သူ့မျက်လုံးထံသို့ ပြင်းပြင်းထန်ထန် ဝင်လာသည်။

သူက အစမ်းခန့် ဆရာတစ်ယောက်ကိုတောင် မယှဉ်နိုင်ဘူးလား။

"ငါ ဆရာတစ်ယောက်လုပ်ဖို့ အရည်ချင်း မရှိဘူးပဲ"

လင်းဝေရန်သည် သက်ပြင်းချကာ ထွက်သွားသည်။

"ဆရာဆွန်းရဲ့ လမ်းညွှန်ချက်က ဒီလောက်တိကျတာ မင်းသူ့ကို ဆရာမတင်ချင်ဘူးလား"

လုချီဟွာက မေးလိုက်ပြီး ချူကျန်း ချက်ခြင်း သဘောတူလိုက်မည် အထင်ဖြင့် ကြည့်နေလိုက်သည်။

"တောင်းပန်ပါတယ်၊ စဉ်းစားဖို့လိုသေးတယ်"

ချူကျန်း လှံကို ပြန်ကိုင်ကာထွက်သွားသည်။ သူကျောင်းကို ရောက်လာသည့် အကြောင်းအရင်းက နည်းလမ်းတစ်ခုခုကို ရှာဖွေရန်ဖြစ်သည်။ သူအတိတ်ကလဲ လှံနှင့် ပက်သက်ပြီး လုံးဝ လက်မလျှော့ခဲ့ပါဘူး။ အနာဂတ်မှာလည်း လက်လျှော့မှာ မဟုတ်ပါ။

"ဒါဆို မင်းက ဘယ်လောက်ကြာကြာ စဉ်းစားမှာလဲ"

လုချီဟွာက ဆက်မေးလိုက်သည်။

ဆွန်းမိုက လက်မြှောက်ကာ လုချီဟွာခေါင်းကို ခေါက်လိုက်သည်။

“အရှုးမလေး၊ သူက ယဉ်ယဉ်ကျေးကျေး ငြင်းလိုက်တာ”

“ဟင်”

လုချီဟွာသည် အပြစ်ကင်းလွန်းပါသည်၊ ထိုစကားကို နားမလည်ခဲ့ပါ။

“သူ့အရည်ချင်းက မဆိုးပါဘူး၊ မင်းသူ့ကို မစဉ်းစားတော့ဘူးလား”

ဆွန်းမိုက ယူရုံပိုကို မေးရန်ကြိုးစားလိုက်သည်။

"သူ့ထက်စာရင် မင်းကို ပိုလေးစားတယ်"

ယူရုံပိုက ရယ်ပြီး ပြန်ဖြေလိုက်သည်။

"မင်းက သူ့ကိုတပြည့်အဖြစ် ခေါ်ဖို့ နည်းလမ်း မရှိဘူးလား"

"ဟင့်အင်း"

ဆွန်းမိုက ရိုးရိုးသားသား ပြန်ပြောလိုက်သည်။ လုံသိုင်းကို ဒီအဆင့်ထိရောက်အောင် ကျင့်ကြံထားသည့် လူငယ်တစ်ယောက်သည် သူ့ဆုံးဖြတ်ချက်ကို လွယ်လွယ်ကူကူ မပြောင်းနိုင်ပါ။ ဆန္ဒ အဆင့်(၇)ရှိသည့် လူတစ်ယောက်သည်

အလွန်ခေါင်းမာတာ သိသာထင်ရှားသည်။ မမျှော်လင့်တာ တစ်ခုခုမဖြစ်ခဲ့ပါက သူသည် လုံးသိုင်းကို ကျွမ်းကျင်သူတစ်ယောက် ဖြစ်လာနိုင်သည်။ ဆွန်းမိုသည် သူ့မှာ အခွင့်အရေးမရှိသည့်အတွက် သူ၏ အားစိုက်ထုတ်မှုကို မဖြုန်းတီးပစ်ချင်ပါ။

"လူငယ်ဆိုတာ အခက်ခဲကနေ သင်ယူကြရတာ"

ဆွန်းမို လက်လျှော့လိုက်သောကြောင့် ယူရုံပို နည်းနည်း မကျေမနပ်ဖြစ်သွားသည်။ ဆွန်းမိုက

ပိုကောင်းသည့် စွမ်းဆောင်ရည်ကို ပြသလိမ့်မည်ဟု သူမျှော်လင့်ထားခဲ့သည်။

"ငါတော့သွားပြီး သိုင်းပညာပလက်ဖောင်းကို သွားကြည့်မယ်။ အဲဒီမှာ အလားအလာကောင်းတဲ့ ကျောင်းသားတွေ ရှိနိုင်တယ်။"

ဆွန်းမိုသည် အုတ်တံတိုင်းဆီကို ပြေးသွားချင်စိတ် မရှိပါ။

ကျောင်းသားအားလုံးက သူတို့၏ အရည်အချင်းကို ပြသနိုင်ရန် ဘတ်စကတ်ဘောကွင်း အရွယ်အစားရှိ ပလက်ဖောင်းတစ်ခုကို ခင်းကျင်းထားသည်။

ယခုအချိန်တွင် ကျောင်းသား သုံး၊ လေးယောက်လောက်က သိုင်းစွမ်းရည်ကို ပြသနေကြသည်။

သိုင်းပညာ ပလက်ဖောင်းကို ကျောင်းသားအများစုနှင့် ဆရာ အနည်းငယ်က ဝန်းရံနေကြသည်။ ထိုကြောင့်လူတိုင်း လုပ်ဆောင်ရန် ဆန္ဒပြင်းပြခြင်း မရှိပါ။

ဆွန်းမိုသည် အပေါ်က ကြည့်လိုက်လျှင် အချက်အလက်အများကြီး ပေါ်လာပြီး အမြင်အာရုံ ဝေဝါးသွားသည်။ ထိုကြောင့်

သူသည်အလားလာတန်ဖိုး မြင့်သော ၊ သာမန်ထက်မြင့်သော သူများကို အာရုံစိုက်ထားလေသည်။

သူတို့က သနားစရာကောင်းလောက်အောင် နည်းပါးလွန်းသည်။

“ခန့်မှန်းထားသလိုပဲ၊ ရွေးကျန်တွေပဲ”

ဆွန်းမိုကြောင်သွားသည်။ ရုတ်တရက် သူ့အရှေ့တွင် အလွန်မြင့်မားသော အလားအလာတန်ဖိုးတစ်ခု ပေါ်လာသည်။ လူအုပ်ထဲတွင် ရှန်းရင်းဆန်ခတ် လာသဖြင့်

ဂရုတစိုက်ကြည့်လိုက်သည်။ တချို့ မိန်းကလေးတွေဆို အော်တောင်နေကြသည်။

"ဆရာ လျှိုမူ့ဘိုင် ဒီမှာဟော့"

မငြိမ်သက်မှုနှင့်အတူ အလွန်းမြင့်မားသော တန်ဖိုးလည်း ပျောက်သွားသည်။

"လျှိုမူ့ဘိုင် က ဘယ်သူလဲ၊ သူကနာမည် အရမ်းကြီးတာလား" လုချီဟွာက ခေါင်းငြိမ့်လိုက်ပြီး ပတ်ဝန်းကျင်ကို လိုက်ကြည့်နေသည်။

"သူက မြတ်ဆရာလား"

ဘေးနားက ယူရုံပိုလည်း စိတ်ဝင်တစားကြည့်နေတာကို ဆွန်းမို သတိထားမိသွားသည်။

....

လင်းဝေရန်သည် ကြေကွဲခြင်းမရှိ ကန်နားတွင် ရပ်နေသည်။ စိတ်မချမ်းသာသည့် အမူအရာဖြင့် ကန်ကို ငေးကြည့်နေသည်။ သူမနေနိုင်ဘဲ ဆွန်းမိုက ချူကျန်းကို ရှင်းပြနေသည့် မြင်ကွင်းများ ပြန် ပြန် ပေါ်လာသည်။

အလွန်ကြာအောင် နေပြီးနောက် သက်ပြင်းချကာ အဆောင်ကို ပြန်လာသည်။

သူပြန်ထွက်လာသော် လက်ထဲတွင် စာရွက်တစ်ရွက်ကို ကိုင်ထားသည်။ သူသည် အုပ်ချုပ်ရေးရုံးကို လျှောက်သွားသည်။ အန်ရှီဝေကို ရင်မဆိုင်နိုင်သည့် အတွက် ကျုံလင်ဆီကို သွားကာ စာရွက်ကို ပေးလိုက်သည်။

"ဆရာလင်း၊ ဒါက....."

စာရွက်ပေါ်တွင် နှုတ်ထွက်စာဟု ရေးထားသောကြောင့် ကျုံလင် လည်း အံ့ဩသွားသည်။

"ကျေးဇူးပြုပြီး ကျောင်းအုပ်ကြီး လက်ထဲကို ပေးပေးပါ"

ထိုသို့ ပြောလိုက်ပြီးနောက် လင်းဝေရန်၏ စိတ်ထဲသက်သာလာသည်။ ထို့နောက် သူ့လက်ကို ပြန်ရုတ်ကာ ထွက်သွားသည်။

အခန်း(၃၃) - အဖြူရောင်အဝတ်အစား၊ ငွေရောင်လုံ့နှင့် ရှန်ယွန်ပေါင်။

ဆရာတစ်ယောက် အကြောင်းပြချက် မရှိပဲ နှုတ်ထွက်သွားတာက တကယ့် ကိစ္စဖြစ်သည်။ ထို့ကြောင့် ကျုံလင်လည်း အချိန်ဆွဲမနေပဲ အန်ရှီဝေဆီကို တိုက်ရိုက်သွားပေးလိုက်သည်။

"သူ တခြားဘာပြောသေးလဲ"

အန်ရှီဝေသည် ရေးလက်စ စုတ်တံကို လက်ကချလိုက်ကာ စာဖတ်ရင်း မေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြောင်းအရာက အများကြီး မပါ ပါဘူး။ ကျောင်းမှာ ၁၀နှစ် ပတ်ဝန်းကျင်လောက် ဆရာလုပ်ခဲ့ရတာက သူ့အတွက် ကောင်းမွန်တဲ့ အချိန်ဖြစ်ကြောင်း၊ ထို့နောက် အကြောင်းအရာ ပြောင်းသွားပြီး ယခင် ကျောင်းအုပ်ကြီး ကျဆုံးသွားသည့် အကြောင်း၊ ဤကဲ့သို့ အချိန်မျိုးတွင် ဆရာတစ်ယောက်အနေဖြင့် ကောင်းမွန်စွာ မလုပ်ဆောင်နိုင်သည့် အတွက် ကျောင်းမှာ ဆက်နေရန် မျက်နှာမရှိတော့ကြောင်း ရေးသားထားသည်။

"မပဟုတ်ဘူး။ ဒါကိုကြည့်ခြင်းအားဖြင့် သူ့မှာ ထိုးနှက်ချက် ကြီးကြီးမားမား တစ်ခုခုဖြစ်သွားတယ် ထင်တယ်"

ကျုံုလင်ကတော့ လင်းဝေရန် ကျောင်းက နှုတ်ထွက်သွားတာ ကောင်းတယ်လို့ ထင်သည်။ ဒါက ကျောင်းအတွက် ကုန်ကျစရိတ် သက်သာသွားစေသည်။

"သွားပြီး ငွေတုံး တစ်ရာပြင်ထားလိုက်"

အန်ရှီဝေက ညွှန်ကြားလိုက်သည်။

"ကျောင်းအုပ်ကြီး"

ကျုံလင်က စိတ်မချမ်းသာပါ။ သူမက ဒါကို လင်းဝေရန် အတွက် စီစဉ်ပေးရမှာလား။ ဘာကြောင့်လိုအုံးမှာလဲ။

“သွားပြီး ပြင်ဆင်လိုက်ပါ”

အန်ရှီဝေသည် စာရွက်ကိုချကာ အပြင်ကို ထွက်သွားသည်။

“ကျောင်းအုပ်ကြီး ၊ လင်းဝေရန်က သာမန်ပါပဲ။ သူ့အတွက် ဒီကြွင်နာမှုပြဖို့ မထိုက်တန်ပါဘူး”

ကျုံလင် သွားမလုပ်ပေးချင်ပါ။ ကျောင်း၏ ငွေကြေးအခြေအနေမှာ အနီးရောင်

အဆင့်ဖြစ်နေပြီဖြစ်သည်။ သူသာ ငွေတုံးတစ်ရာကို ထုတ်ပေးလိုက်ပါက အန်ရှီဝေသည် အချိန်တော်တော်ကြာကြာ ခြစ်ကုတ်ပြီး ချွေတာရမည်ဖြစ်သည်။

"သူကသာမန်ပါပဲ (၁၀)နှစ်လောက်ကျောင်းမှာ လုပ်ခဲ့တာ ဘာမှထူးချွန်တဲ့ လုပ်ဆောင်ချက် မရှိပါဘူး။ ဒါ့ပြင်သူ့မှာ ဂရုစိုက်ရမည့် မိသားစုလဲ မရှိဘူး၊ သူနောက်ထပ် အလုပ်မရှာခင် ငွေကြေးအဆင်ပြေမယ်လို့ ငါထင်တယ်"

ကျုံလင်က မျက်မှောင်ကြုတ်ကာ စောဒက တက်လိုက်သည်။ အန်ရှီဝေသည် ကြွင်နာတတ်သော်လည်း ဒီအမကြီး စရိုက်ကို သူမသိသည်။ အန်ရှီဝေသာ ဆုံးဖြတ်ပြီးပါက ဘယ်သူပြောပြော ပြန်မပြင်တတ်ပါ။ ထိုကြောင့် ကျုံလင်သည် ငွေကိုသာ ပြင်ဆင်လိုက်သည်။

လင်းဝေရန်သည် ကျောင်းအပေါက်ဝနှင့် မဝေးသော နေရာတွင် ရပ်နေပြီး အထုတ်အပိုးတွေနဲ့ မြင်းလှည်းကို စောင့်နေသည်။

"ဆရာ လင်း"

သာယာသော အသံကို ကြားလိုက်လျှင် လင်းဝေရန်သည် အတွေးများနေရာက ပြန်သတိရလာသည်။ အန်ရှီဝေ သူ့ဘေးနားတွင် ရပ်နေတာကို မြင်လိုက်တာနဲ့ အမြန် နှုတ်ဆက်လိုက်သည်။

"ကျောင်းအုပ်ကြီး အန်"

"ဆရာလင်း ဘာကြောင့် နှုတ်ထွက်ချင်တာလဲ၊ ငါ့အလုပ်ကောင်းကောင်း မလုပ်နိုင်လို့ စိတ်ပျက်ပြီး ထွက်တာလား"

"မ...မဟုတ်ပါဘူး၊ ငါက အသုံးမဝင်တာကြောင့်ပါ"

လင်းဝေရန်သည် ခေါင်းငုံ့နေကာ ရှက်နေပုံဖြစ်နေသည်။

"ဒီလိုဆိုတော့လဲ ဆရာလင်း မင်းခရီးလမ်းမှာ အဆင်ပြေပါစေ၊"

အန်ရှီဝေသည် ကျုံလင်ထံက သစ်သားသေတ္တာကို ယူပြီး လင်းဝေရန်ကို ပေးလိုက်သည်။

"ဒါက ငါ့ရဲ့ ကျေးဇူးတင်တဲ့ လက်ဆောင်ပါ"

"ဟင်အင့် မယူပါရစေနဲ့"

လင်းဝေရန်က လက်မခံပဲ ငြင်းဆန်နေသည်။ သူသည်စိတ်ထဲတွင် စိတ်မကောင်းဖြစ်ခြင်းနှင့် ရှက်ခြင်း ကိုတစ်ပြိုက်နက် ခံစားလိုက်ရသည်။ ကျောင်းအုပ်ကြီးကို ဘယ်သူက လွှတ်လိုက်တာလဲ။

"ယူလိုက်ပါ၊ အန်တီကို နှုတ်ဆက်တယ် ပြောပေးပါအုံး"

ထိုသို့ ပြောပြီးနောက် အန်ရှီဝေသည် လှည့်ထွက်သွားသည်။ သူမသည် အဖြစ်ပျက်တစ်ခုလုံးတွင် ကြင်နာခြင်း၊ ဂုဏ်သိက္ခာကြီးမားခြင်း ဖြစ်ပေါ်စေသည်။

လင်းဝေရန်သည် အန်ရှီဝေကို နောက်ကကြည့်ပြီး ရင်ဘက်ပေါ် လက်အုပ်ထားပြီး ခေါင်းကို ခါယမ်းလိုက်သည်။ သူမသည် ထက်မြတ်ပြီး ကြင်နာတတ်သူဖြစ်သော်လည်း ဗဟိုပြည်နယ် အကယ်ဒမီကို ပြန်ကယ်တင်သည့် ကိစ္စက ခက်ခဲလွန်းသည်။

ယခုအချိန်တွင် ကျောင်း၌ အကျင့်ပျက်ကိစ္စ အများကြီး ဖြစ်နေပြီး ပေါက်ကွဲ စုဆောင်းနေသည်။ ဒါကို စဉ်းစားမိပြီး လင်းဝေရန် အော်ဟစ်လိုက်သည်။

“ကျောင်းအုပ်ကြီး အန်၊ ကျေးဇူးပြုပြီး ကျန်ဟန်ဖူကို သတိထားပါ”

အန်ရှီဝေက ပြန်လှည့်မကြည့်ပါ။

“သူ အလုပ်ကထွက်ပြီး ငွေတုံးတစ်ထောင်တောင် ယူပြီးပြီ ဒါတောင် ကျန်ဟန်ဖူကို သတိထားဖို့ ပြောနေသေးတယ်၊ ဘယ်လောက်တောင် အရှက်မရှိတဲ့ လူလဲ”

ကျုံလင်က မကျေမနပ်နှင့် အပြစ်တင်လိုက်သည်။

ဆန်းမိုက ချူကျန်းကို လမ်းညွှန်သည်ကို ပြန်သတိရလိုက်ပြီး လင်းဝေရန်က "ဆွန်းမို သူ့မှာ အစွမ်းအစရှိတယ်" ဟု ထပ်မံအော်ဟစ်လိုက်သည်။

(အမျိုးသမီးတွေ ကြိုက်တတ်တဲ့မင်း ကျောင်းအုပ်ကြီးကို တကယ် ကူညီနိုင်မယ်ထင်တာပဲ)

ဆွန်းမို အမည်ကို ကြားလျှင် ကျုံလင်အမူအရာသည် နက်မှောင်သွားပြီး "လင်းဝေရန်ဆိုတဲ့ လူက ထွက်သင့်နေတာ ကြာပြီ"

ဟု ပြောလိုက်သည်။ ထောက်ပံ့ရေးဌာနမှာတောင် အလုပ်ကောင်းကောင်း မလုပ်နိုင်တဲ့သူမှာ ဘယ်လိုအရည်ချင်းရှိမှာလဲ၊ ဒီလူကန်းနေတာ ထင်တယ်။

အန်ရှီဝေလည်း မျက်မှောင်ကြုတ်သွားသည်။ လင်းဝေရန်နှုတ်ထွက်သွားတာက ဆွန်းမိုနှင့်များ ပက်သက်နေမလား။ သို့သော်လည်း သူမခေါင်းကို ချက်ခြင်း ယမ်းလိုက်ပြီး သူမအတွေးလွန်နေတာ ဖြစ်မည်။ ဒါပေမယ့်လည်း ကျောင်းသား စုဆောင်ရေးပွဲပြီးရင် သွားတွေ့အုံးမှပဲ။

....

လျှိုမှုဘိုင် ရောက်ရှိလာခြင်းက ပတ်ဝန်းကျင်တစ်ခုလုံးကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေသည်။

တိမ်စိမ်းအဆင့်တွင် အဆင့်(၁၈) မြတ်ဆရာတစ်ယောက်ဖြစ်လာရန် အလားလာကောင်းသော လူတစ်ယောက်၊ နာမည်ကြီး ကျောင်းကိုးကျောင်းထဲက ဖြူနက်အကယ်ဒမီက ကျောင်းဆင်းလာသည့်သူ ဖြစ်သည်။ ထူးချွန်သည့် ရလာဒ်များနှင့် ဘွဲ့ရခဲ့ပြီး အုပ်စုတတိယအဆင့်

စာစနစ်ကို အဆင့်မြင့်မြင့် ကျွမ်းကျင်သူဖြစ်သည်။ သူသည် အန်ရှီဝေ အများကြီး မျှော်လင့်ထားသော ဆရာသစ်တစ်ယောက်လဲ ဖြစ်သည်။

ယူရုံပိုသည် လျိုမူဘိုင်၏ အကြောင်းများကို တစ်ချက်ပြီး တစ်ချက် ပြောပြနေသည်။

တိမ်စိမ်းအဆင့် သည် သူတော်စင်ဂိတ်တံခါးက ထုတ်ပြန်သော အဆင့်တစ်ခုဖြစ်သည်။ အသက်(၂၅)နှစ်အောက် လူငယ်များသည် လုံလောက်အောင် အရည်ချင်းရှိပါက ထိုစာရင်းတွင် ပါဝင်နိုင်သည်။

ထိုအဆင့်၏ နာမည်အတိုင်းပင် တိမ်စိမ်းအဆင့်ကိုရရှိရန် လူငယ်များက တိမ်ပေါ်တက်သလို ကြိုးစားကြသည်။

ဤအဆင့်သည် အလယ်ကမ္ဘာရှိ အသက်(၂၅)နှစ်အောက် လူငယ်တိုင်းနှင့် သက်ဆိုင်သည်။ ထို့ကြောင့် မြင့်မားသော အဆင့်အတန်းကို ကိုယ်စားပြုသည်။

လျို့မူဘိုင်သည် အဆင့်(၁၈)နေရာတွင် ရပ်တည်နေသောကြောင့် အများ၏ အထင်ကြီးလေးစားမှုကို ခံရသည်။

လျှိုမူဘိုင်သည် အခုဆို အသက်(၂၄)ရောက်နေပြီ ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း စာမေးပွဲက သတ်မှတ်ထားသော ကြယ်(၁)ပွင့် မြတ်ဆရာ စံနှုန်းကို ပြည့်မှီနေသော်လည်း သူသွားမဖြေသေးပါ။ သူသည် သမိုင်းတွင် တခါတည်းနှင့် ကြယ်(၃) ပွင့်မြတ်ဆရာစာမေးပွဲကို အောင်မြင်သော လူတစ်ယောက်ဖြစ်ချင် နေသည်။

ယူရုံပိုက လျှို့ဝှက်ချက် တစ်ခုကို ပြောပြလိုက်သည်။

“ဒါက အရမ်းအံ့ဩဖို့ကောင်းတာပဲ”

ဆွန်းမိုက မှတ်ချက်ပြုလိုက်သည်။ လျှိုမူဘိုင်မှာသာ ပြိုင်ဘက်ကင်းဆရာကြီး စနစ်ရှိခဲ့လျှင် သူသည် လေးစားအထင်ကြီးမှု အမှတ် (၁၀၀၀)ကျော်လောက် ဖြစ်လိမ့်မည်။

"ဒီလောက်တော်တဲ့ ဆရာက ဘာလို့ ဗဟိုပြည်နယ်အကယ်ဒမီကို ရောက်လာတာလဲ"

သူတို့နားက တစ်ယောက်ယောက်က ဒီလိုမှတ်ချက်ကို ကြားလိုက်ပြီး စိတ်ရှုပ်ထွေးစွာ မေးလိုက်သည်။

“လျိုမူဘိုင် အနေနဲ့ ဖြူနက်အကယ်ဒမီမှာ ဆက်နေရင်လဲ ဘာပြဿနာ မှ မရှိဘူး၊ မဟုတ်လား”

“ထူးချွန်တဲ့ လူတွေက စိမ်ခေါ်မှုကို လုပ်ချင်ကြတယ်။ လျိုမူဘိုင်က ဖြူနက်အကယ်ဒမီမှာ ဆက်နေလျှင် သူ့ဘဝက အရင်တိုင်းရှိနေမှာပဲ။ ဒါပေမယ့် သူက ဗဟိုပြည်နယ်အကယ်ဒမီကိုလာပြီး ကျောင်းကို အရင်သမိုင်းထဲကလို နာမည်ကြီးကျောင်း(၉) ကျောင်းအဆင့် ပြန်ရောက်အောင် ကူညီပေးနိုင်လျှင်

ကျောင်းသမိုင်းမှာ သူ့ကိုရုပ်ထုလုပ်ပေးထားရမယ်။ မင်းသာဆိုရင် ဘာရွေးမှာလဲ”

ယူရုံပိုက လျှိုမှုဘိုင်တွေးနေသည့် အရာကို သုံးသပ်ပြလိုက်သည်။ ကြီးမြတ်သောဆရာများသည် သမိုင်းမှာ သူတို့ နာမည်ကို မမေ့ပျောက်သွားစေချင်ပါ။

“သူက အရမ်း ရည်မှန်းချက် ကြီးတာပဲ”

လုချီဟွာက အော်ဟစ်လိုက်သည်။

“ဟုတ်တယ်၊ ဒါကလဲ အန်ရှီဝေက လျှိုမှုဘိုင်ကို ဒီမှာခေါ်ထားတဲ့ အကြောင်းပြချက်ဖြစ်နိုင်တယ်”

ယူရုံပိုသည် လူအုပ်ထဲကနေ လျိုမှုဘိုင်ကို မျက်တောင်တစ်ချက်တောင် မခတ်ပဲ ငေးကြည့်နေသည်။

အစောပိုင်းက သိုင်းပညာပလက်ဖောင်းပေါ်တွင် လူသုံး လေးယောက်သာ ရှိသော်လည်း လျိုမှုဘိုင်ရောက်လာသည် နှင့် ကျောင်းသား တစ်ရာကျော်လောက် ခုန်တက်သွားသည်။ သူတို့၏ ဂုဏ်ယူရသည့် သိုင်းပညာအရည်ချင်းကို ပြရန် မစောင့်နိုင်ကြပါ၊ သူတို့၏ ကျွမ်းကျင်မှုကို ပြပြီး လျိုမှုဘိုင်၏ အရွေးချယ်ခံချင်နေကြသည်။

ရုတ်တရက်ဆိုသလို ပလက်ဖောင်းပေါ်တွင် လူပြည့်သွားသည်။

ထိုအချိန်တွင် အခြားသူကို အလှည့်ပေးရန် မည်သူကမှ မစဉ်းစားကြပါ။ ပုံမှန်ဆိုရင် လျှိုမူဘိုင်နှင့် ဆက်သွယ်ရန် အခွင့်အရေးက နည်းသည်။ ထိုကြောင့်သူတို့သည် ရသည့်အခွင့်အရေးကို လက်လွှတ်မခံချင်ကြပါ။

ဆရာတချို့သည် စီစဉ်ပေးရန် ချက်ခြင်းသွားသော်လဲ နောက်ကျသွားသည်။ ကျယ်လောင်သော အသံနှင့် အတူ ကျောင်းသား (၁၀)

ယောက်သည် ပလက်ဖောင်းပေါ်က လွင့်ထွက်ပြုတ်ကျလာသည်။

ရုတ်ရုတ်သဲသဲ ဖြစ်နေတာလဲ ရပ်တန့်သွားသည်။ ပတ်ဝန်းကျင်က ကျောင်းသားများလည်း လှမ်းကြည့်နေသည်။

အရပ် ၁.၈မီတာ ကျော်ရှည်သော ကျောင်းသားတစ်ယောက်သည် သိုင်းပညာပလက်ဖောင်း ကွက်လပ်ဖြစ်နေသော နေရာတွင် ထီးထီးကြီး ရပ်နေသည်။ သူသည်

ငွေရောင်လုံကို ကိုင်ထားပြီး အေးစက်သော အကြည့်ဖြင့် ရပ်နေသည်။

နွေဦးလေများက တိုက်ခတ်လျှင် သူ့အဝတ်စားများက တဖြတ်ဖြတ်လွင့်နေသည်။

"အို ၊ မဆိုးဘူးဘဲ"

ယူရှုံပို၏ အကြည့်များသည် အဖြူရောင်ဝတ် လူငယ်အပေါ်ကို ရောက်သွားသည်။ တချို့ နေရာတွင် အနီရင့်ရောင် အချက်အလက်များ တွေ့ရသည်။ သူ့အတွေ့ကြုံအရဆို တိုက်ခိုက်ခြင်းက ကျန်ခဲ့သည့် သွေးစက်များဖြစ်နိုင်သည်။

“ငါ့ရှန်ယွန်ပေါင်က စိန်ခေါ်မှုကို လက်ခံတယ်”

သိုင်းပညာ ပလက်ဖောင်းပေါ်က ကျောင်းသားများသည် ဒေါသမထွက်နိုင်အောင် ကြောင်သွားသည်။ ငွေရောင်လုံကို ကိုင်ထားသော လူငယ်သည် မောက်မာလွန်းပြီး ရိုက်နှက်ခံသင့်သည်။

“ဒါကိုယူလိုက်၊ ကြွက်သားများနဲ့ ငယ်ရွယ်သောလူငယ်က ထအော်လိုက်ကာ

“ငါ့ကို ခြေနင်းကျောက်တုံး လုပ်ဖို့ စဉ်းစားနေတာလား၊ အိပ်မက် မက်နေလိုက်”

သို့သော်လည်း ရှန်ယွန်ပေါင်၏လှံက ရင်ဘက်ကို ထိသွားသောအခါ စကားများရပ်သွားပြီး သဲအိတ်ကဲ့သို့ လွင့်ထွက်သွားသည်။

ဘုန်း!

ကြွက်သားတောင့်တင်းသော လူငယ်သည် မြေပေါ်တွင် လဲကျနေသည်။ ထိုနောက်သူသည် အလွန်နာကျင်သောကြောင့် ဘောလုံးကဲ့သို့ ကွေးသွားသည်။

ထိုတိုက်ခိုက်မှုက ကျန်သောလူများကို မကြောက်စေဘဲ တိုက်ခိုက်ချင်စိတ်ကို

လှုံ့ဆော်လိုက်သလို ဖြစ်သွားသည်။ ထို့ကြောင့် လူငယ်နောက်တစ်ယောက်ကလည်း စိန်ခေါ်လိုက်သည်။

ဘုန်း!

ထိုလူငယ်လည်း လွင့်ထွက်သွားသည်။

“ငါသွားမယ်”

နူးညံ့သောအသံ စိန်ခေါ်သံသည် နုနယ်သော မိန်းကလေးတစ်ယောက်ဆီက ထွက်လာသည်။ သို့သော်လည်း သူမသည် ပလက်ဖောင်းပေါ်က ခဏအကြာတွင် ပြုတ်ကျသွားသည်။

"လာစမ်းပါ"

လူတိုင်းအေးစက်စက် သက်ပြင်းချလိုက်သည်။ ဒီရှန်ယွှန်ပေါင်သည် မာနကြီးပြီး အံ့သြစရာကောင်းကာ တပြိုင်တည်းတွင် အလွန်လဲ ရက်စက်သည်။ သူသည် မိန်းကလေးတစ်ယောက်တောင် ညှာတာခြင်း မရှိပါ။

ကောင်မလေးသည် နာကျင်စွာ ငိုကြွေးနေသော်လည်း ရှန်ယွှန်ပေါင်ကတော့ ဂရုမစိုက်ဘဲ လှံကို ဝှေ့ယမ်းနေသည်။

"မင်းတို့က အားနည်းလွန်းတယ်။ အတူတူတက်လာကြ"

မာနထောင်လွှားသံက လူထုကို ဒေါသထွက်သွားစေသည်။

"သူ့ကို အတူတူတိုက်ပြီး သတ်ကြစို့"

"ဒီကောင်က အရမ်း ရက်စက်လွန်းတယ်။ မိန်းကလေးလဲ ရိုက်တာပဲ"

"အမှိုက်ကောင်"

လူငယ်များက ဒေါသထွက်သွားပြီး ရှန်ယွန်ပေါင်အား အတူတကွ တိုက်ခိုက်ရန်

ပြင်လိုက်စဉ် သိုင်းပညာပလက်ဖောင်းကို ခုန်တက်လာသော ဆရာတစ်ယောက်က တားဆီးလိုက်သည်။

"မင်းတို့တွေ ဘာလုပ်နေကြတာလဲ၊ ဒီနေရာက မင်းတို့ရဲ့ သိုင်းပညာနဲ့ အစွမ်းကို သရုပ်ပြဖို့ပဲ။ မင်းတို့ ရုတ်ရုတ်သဲသဲတိုက်ခိုက်ပြီး ပြဿနာ ရှာဖို့မဟုတ်ဘူး၊ မင်းတို့အားလုံးခု ထွက်သွားကြစမ်း"

လင်ကျုံး ဒေါသထွက်သွားသည်။ လူငယ်တွေက ဘယ်လို စိတ်ထိန်းရမှန်း မသိကြဘူး။ သူတို့တွေ

တစ်ယောက်တည်းကို ဝိုင်းဒုက္ခပေးရင် ဘာဖြစ်သွားမလဲ မတွေးကြပါ။

ကျောင်းသားများလည်း တွန့်ဆုတ်သွားပြီး တိတ်ဆိတ်သွားသည်။

"ထွက်စမ်း"

လင်ကျိုးလည်း အော်လိုက်ပြီး

"တန်ဖိုးဖြတ်မရသော အကြံပြုချက်" ကို ဖွင့်လိုက်လျှင် သူ့ကိုယ်၌ ရွှေရောင်မြတ်ဆရာအရှိန်အဝါ တောက်ပလာသည်။ မြတ်ဆရာ အရှိန်အဝါ လွှမ်းမိုးမှုကြောင့်

ကျောင်းသားများလဲ ပလက်ဖောင်းစင်ပေါ်က ဆင်းလာကြသည်။

ရှန်ယွန်ပေါင်လည်း လုံကို ပခုံးပေါ်တွင် တင်လိုက်ကာ စင်ပေါ်က ခုန်ချလိုက်သည်။

"နေပါအုံး"

လျိုမူဘိုင်က စကားစလိုက်သည်။

"ဟာ"

လူအုပ်ကြီးက ရုန်းရင်းဆန်ခတ်ဖြစ်ပြီး မနာလိုသည့် အကြည့်နှင့် ကြည့်နေကြသည်။

လျိုမူဘိုင်က ရှန်ယွန်ပေါင်ကို လက်ခံချင်မှန်း သိသာနေသည်။

“ဘာဖြစ်လို့လဲ”

ရှန်ယွန်ပေါင်က နောက်ကိုလှည့်ကာ နှာခေါင်းရှုံ့ပြီး မေးလိုက်သည်။

လူအများက သူ့ပုံစံကို မြင်လျှင် ရိုက်နှက်ချင်စိတ်ပေါက်လာသည်။ (ဆရာများကို လေးစားခြင်းနှင့် သူတို့ သင်ကြားချက် လေးစားခြင်းကိုတောင် နားမလည်ဘူးလား။

မြတ်ဆရာတစ်ယောက် ဖြစ်လာနိုင်တဲ့ လူနဲ့ စကားပြောနေတာလေ)

သူတို့ထဲက လူတချို့က ရှန်ယွန်ပေါင်ကို လျိုမူဘိုင် မြန်မြန်ဒေါသထွက်ပြီး စိတ်ပျက်သွားစေချင ် နေသည်။

“ငါ လျိုမူဘိုင်ပါ၊ မင်းကို သဘောကျတယ်”

လျိုမူဘိုင်က ရှန်ယွန်ပေါင်အား ဂုဏ်ပြုလိုက်သည့်အနေဖြင့် ပြုံးပြလိုက်သည်။ သူသည် ရှန်ယွန်ပေါင်၏ ခန္ဓာကိုယ် ဖွံ့စည်းပုံကို ကြည့်ပြီး အလားလာ ကောင်းသည်ဟု ထင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါ့ကို သဘောကျတဲ့လူက အများကြီး ရှိတယ်" ရှန်ယွန်ပေါင်က ဂုဏ်ယူကာ ပြန်ပြောလိုက်သည်။

အခြားဆရာများသည် ထိုအဖြေကို ကြားလိုက်လျှင် ခေါင်းခါလိုက်ကြသည်။ ရှန်ယွန်ပေါင်ရဲ့ ခေါင်းက ကြွက်သားတွေနှင့် ပြည့်နေတာလား။ ထက်မြတ်တဲ့ ကျောင်းသားတစ်ယောက်ဆို ဆရာတစ်ယောက်က ဒီလိုပြောလိုက်တာနဲ့ သူ့ကို တပြည့်တစ်ယောက်အနေ လက်ခံချင်မှန်း

သိသာသည်။ ကျောင်းသားကလဲ စိတ်ဝင်စားပါက အလျှင်အမြန် ဒူးထောက်ကာ ဆရာအဖြစ် အသိအမှတ်ပြုလိုက်မည် ဖြစ်သည်။

“ကောင်းပြီ ဒါဆိုလဲ ငါထပ်ပြောမယ်။ တိမ်စိမ်းအဆင့်မှာ အဆင့်(၁၈)ဖြစ်တဲ့ လျိုမူဘိုင်ပါ။ ငါက ဖြူနက် အကယ်ဒမီက ဘွဲ့ရပြီး ဗဟိုပြည်နယ် အကယ်ဒမီမှာ ဆရာလုပ်နေတယ်။ မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ဓါတ်ကို သဘောကျလို့ တပြည့်အဖြစ် လက်ခံမယ်လို့ စဉ်းစားထားတယ်”

မြတ်ဆရာတစ်ယောက် ကျိမ်းသေဖြစ်လာမည့် လူတစ်ယောက်အနေနှင့် ဂုဏ်ယူစွာ ပြောလိုက်သည်။

တကယ်တော့ တိမ်စိမ်းအဆင့် အဆင့်(၁၈)က အရာအားလုံးကို ရှင်းပြဖို့ လုံလောက်သည်။ သို့သော်လည်း ရှန်ယွန်ပေါင်သည် ခေါင်းမာသည့် လူတစ်ယောက်ဖြစ်ပြီး သူ့အသံတွင် လေးစားမှု လုံးဝမပါဘဲ

"မင်း လုံပညာမှာ ထူးချွန်လား"

ထိုကဲ့သို့ ရိုးရှင်းသော မေးခွန်းသည် အတော်လေး စော်ကားရာရောက်သည်။

အခန်း(၃၄) - ပါရမီရှင် တစ်ယောက်၏နေရာ။

"ဒီကောင်လေး တကယ့်ကို မာနကြီးတာပဲ"

လူအုပ်ထဲက ယွမ်ဖန်သည် ထိုအရာကို မြင်လိုက်လျှင် ဝမ်းနည်းသွားသည်။

"အင်း ၊ ပါရမီရှင်တွေက တခြားသူတွေနဲ့ မတူဘူး"

လိုဒီလည်း သက်ပြင်းချကာ ပြောလိုက်သည်။ ဆရာများသည် ပါရမီရှင်များ အပေါ်တွင် ပိုပြီး စိတ်ရှည်ကာ သည်းခံတတ်ကြသည်။

သာမန်ကျောင်းသားတစ်ယောက်သာ ထိုသို့ မေးခွန်း မေးပါက လျိုမူဘိုင်သည် သူ့အကျႌလက်ကို ခါပြီး ထွက်သွားလိမ့်မည်။

ကျန်းရှန်ကတော့ ဘာမှမပြောဘဲ ရှန်ယွန်ပေါင်နှင့် တခြားလူတွေ ဘယ်လိုကွာလဲဆိုတာ စောင့်ကြည့်ချင်နေသည်။ ဒီကောင်က အစကတည်းက လျိုမူဘိုင် စကားပြောဖို့ စဉ်းစားထားတဲ့ ပါရမီရှင်တစ်ယောက် ဖြစ်နိုင်သည်။

"လျိုမူဘိုင်က ကျောင်းသားတွေကို ဘယ်လို ပိုင်းခြားသုံးသပ်သလဲ ငါလေ့လာနိုင်ရင်ပေါ့"

ကျန်းရှန်သည် မနာလိုဖြစ်လာသည်။

"အထူးသဖြင့် ခါးရှည်မှာဆိုရင် လက်နက်ရှစ်မျိုးအထိ ငါကျွမ်းကျင်တယ်။ ငါ့မှာ ဗဟုသုတတွေအများကြီး ရှိတယ်"

လျိုမူဘိုင်၏ အသံက တည်ငြိမ်နေသော်လည်း ဘေးနားလူများက အသက်ရှူကြပ်လာသည်။ ဤလောက်များပြားသော လက်နက်တွေကို ကျွမ်းကျင်အောင်ဆိုရင် မြင့်မားတဲ့ အရည်ချင်းရှိရမည်။

ဆရာတစ်ယောက်က သူတို့ ထူးချွန်းတယ်လို့ ဆိုလိုချင်သည့် ကျောင်းသားတွေကို ပြန်သင်ပေးနိုင်တဲ့ အဆင့်မှာ ရှိတယ်လို့ ဆိုလိုခြင်းဖြစ်သည်။

ရှန်ယွန်ပေါင်လည်း ဒါကို ကောင်းကောင်းသိသည်။ ဒါကြောင့်သူ့လေသံလည်း တည်ကြည်လာပြီး လျိုမူဘိုင်ကို လေးလေးနက်နက် စိုက်ကြည့်နေသည်။

“မင်းက ငါ့ကို ကမ္ဘာမှာ အကောင်းဆုံး လုံ့သမားတစ်ယောက်ဖြစ်အောင် လုပ်ပေးနိုင်လား”

"ဟာ"

သူဒီလိုပြောလိုက်သည့် အချိန်တွင် လူတိုင်းစိတ် အနှောက်အယှက် ဖြစ်သွားသည်။ ကျောင်းသားများအားလုံးသည် ရှန်ယွန်ပေါင်ကို မျက်လုံးကြီးပြူးပြီး ပါးစပ်ကြီးဟကာ ကြည့်နေကြသည်။

(မင်းက အရူးလား၊ ကလေးလား၊ လူတိုင်း ခါးသူတော်စင်(သို့) လှံသူတော်စင်ဖြစ်ဖို့ အိပ်မက် မက်နေကြတာလေ)

သို့သော်လည်း ဖြစ်နိုင်ချေက သုညနီးပါး ဖြစ်သောကြောင့် လူတိုင်း အသံမထွက်ပါ။ လူတိုင်း ဒါကို တွေးကြည့်ယုံသာတတ်နိုင်ကြသည်။

ရှန်ယွန်ပေါင်က ဒီလိုမေးခွန်းကို အလေးအနက်ထားပြီး မေးမယ်မထင်တာကြောင့် သူတို့တော်တော် ရှက်သွားကြသည်။ ဟုတ်ပါတယ်၊ သူတို့အားလုံး ကိုယ့်ကိုကိုယ် လုံလောက်ပြီလို့ တွေးထားကြသည်။

လျို့မူဘိုင်လည်း အသံတိတ်သွားသည်။

“ငါ နားလည်ပါတယ်”

ရှန်ယွန်ပေါင်က ထိုသို့ပြောပြီး လှည့်ထွက်သွားသည်။

လူတိုင်းသည် အချင်းချင်း စကားစပြောနေကြသည်။ ရှန်ယွန်ပေါင်ကို ခေါ်ဖို့ ကြံနေခဲ့သည့် ဆရာ၊ ဆရာမများသည် မပြုံးနိုင်ကြပါ။ ဒီကောင်လေးက ထက်မြတ်ပေမယ့် စိတ်ပိုင်းဆိုင်ရာတော့ လိုအပ်သေးသည်။

ထိုကဲ့သို့ မေးခွန်းမျိုးသည် ပြန်ဖြေရန် တော်တော်လေးခက်သည်။

အလယ်တန်းသူတော်စင်တွေတောင်

သူတို့တပြည့်တွေကို သေချာပေါက် ကဏ္ဍတိုင်းမှာ ထူးခွျန်ပြီး မြတ်ဆရာတစ်ယောက် ကျိန်းသေဖြစ်လာမည် လို့ မပြောရဲပါ။

"ဆရာလျို၊ ဒါကို အလေးအနက်မထားပါနဲ့၊ သူ့လိုကျောင်းသားတွေက အကြိမ်းနည်းနည်းလောက် ခံစားပြီးရင် ဒီမေးခွန်းက ဘယ်လောက် မိုက်မဲတယ်ဆိုတာ သူသိလာလိမ့်မယ်"

လင်ကျုံးက ဒီကိစ္စကြောင့် လျိုမှုဘိုင်စိတ်ထဲတွင် သက်ရောက်မှု ဖြစ်သွားမှာ စိုးရိမ်ပြီး ပြောလိုက်သည်။

လျှိုမှုဘိုင်ပြုံးလိုက်လျှင် မိန်းကလေးတွေက တောက်ပသောနေရောင်ကို တွေ့လိုက်သလို ခံစားနေရသည်။

"ဟီး ဟီး"

ကျန်းရှန် စိတ်ထဲတွင် ပျော်နေသည်။ သူလိုချင်သည့် အရာကို နောက်တစ်ယောက်က မရသည့်အတွက် ကျေနပ်နေသည်။

"မင်းလည်း မစမ်းကြည့်ချင်ဘူးလား"

ယူရှံပိုက နောက်ပြီးမေးလိုက်သည်။

"ငါတို့ နောက်ပိုင်းမှာ ရင်းနီးမှုရှိမရှိ ကြည့်အုံးမယ်"

ဆွန်းမိုသည် စောစောက အလားလာတန်ဖိုး အလွန်မြင့်သော ကျောင်းသားတစ်ယောက်၏ အချက်အလက်ကို တွေ့လိုက်ရသော်လဲ ရှာမတွေ့ဖြစ်နေသည်။

လျှို့မှုဘိုင်လို မြင့်မြတ်သည့် အကြည့်ဖြင့် ဆရာများစွာက ရှန်ယွန်ပေါင်ကို ကြည့်နေကြသည်။ ဒါပေမယ့် ဆွန်းမိုသာ ဒီလို လုပ်လိုက်ပါက

ရုန်းရင်းဆန်ခတ်ဖြစ်ပြီး သူ့အဆင့်တန်းကို ပိုနိမ့်ကျသွားနိုင်သဖြင့် မလုပ်ချင်ပါ။

"မင်းမှာရှိတဲ့ ကိုယ်ပိုင်စတိုင်က မြတ်ဆရာတစ်ယောက်ရဲ့ အမူအကျင့်တိုင်းပဲ" ယူရုံပိုက ဆွန်းမိုကို လက်မထောင်ပြီး ပြောလိုက်သည်။

"မင်းငါ့ကို ထမင်းဖိတ် မကျွေးချင်ဘူးလား"

ဆွန်းမို သိချင်စိတ်ဖြစ်နေသည်။ ယူရုံပိုသည် ကြယ်လေးပွင့်အဆင့် မြတ်ဆရာတစ်ယောက် ဖြစ်သဖြင့် ရှန်ယွန်ပေါင်ကို စည်းရုံးပါက

အောင်မြင်နိုင်ချေ များသည်။ ဒါပေမယ့် ယူရုံပိုက လုပ်ဖို့ ရည်ရွယ်ချက်မရှိတာ သိသာသည်။

"မင်းက အိမ်ရှင်ဖြစ်သင့်တာ မဟုတ်ဘူးလား" ယူရုံပိုက ငြင်းလိုက်သော်လည်း ထမင်းလိုက်ကျွေးသည်။

သူတို့နှုတ်ဆက်ပြီး ယူရုံပို ထွက်ခွာသွားတာကို ကြည့်ကာ လုချီဟွာကို "မင်းကြယ်လေးပွင့်အဆင့်မြတ်ဆရာတစ်ယောက်ရဲ့ တပြည့်ဖြစ်ချင်တယ်ဆိုရင် သူက ကြယ်လေးပွင့်မြတ်ဆရာတစ်ယောက်ပဲ" ပြောလိုက်သည်။

“ဟင့်အင်း”

လုချီဟွာက သက်ပြင်းချကာ ငြင်းလိုက်သည်။

“သွားလိုက်ပါ၊ ဒါက ရှားပါးအခွင့်အရေးဘဲ”

ထိုသို့ပြောပြီးနောက် ဆွန်းမိုသည် စာကြည့်တိုက်ကို သွားဖို့ ပြင်လိုက်သည်။ ဒီနေ့သည် ကျောင်းက အထောက်အပံ့ အားလုံးကို ဖွင့်လှစ်ထားပြီး လေ့လာတာ နှစ်သက်သည့် ကျောင်းသားများက စာကြည့်တိုက်ကို သွားမည်ဟု သူထင်သည်။

ဆွန်းမိုလမ်းလေ့ျ◌ာက်တာ ဆယ်မီတာလောက် ရောက်ရင် နောက်က လုချီဟွာ ပြေးလိုက်လာပြီး ဘေးချင်းကပ် လမ်းလျှောက်လာသည်။

“ငါက ညံ့လွန်းပါတယ်။ သူငါ့ကို သေချာပေါက် မလိုချင်ပါဘူး”

လုချီဟွာက ဟန်ဆောင်ပြုံးကာ ပြောလိုက်သည်။ သူမမှာသာ ထူးချွန်သော ပင်ကိုယ်အရည်ချင်းရှိလျှင် သူ့အစောကြီးကတည်းက မေးခွန်မေးနိုင်သည်။ မနက်ခင်းတစ်ခုလုံး စကားတခွန်းမှ

မပြောခဲ့တာကြောင့် သူမကို လုံး၀ ဂရုမစိုက်တာ သေချာသည်။

"အများကြီး တွေးမနေပါနဲ့"

ဆွန်းမိုက လုချီဟွာ ဆံပင်ကို ပွတ်ကာပြောလိုက်သည်။

"အင်း"

ဆွန်းမို၏ ဂရုစိုက်မှုကို သတိထားမိပြီး လုချီဟွာလည်း ပိုမိုကောင်းမွန်လာသည်။

ညနေစောင်းလာသော်လဲ ဆွန်းမို ကျောင်းသားတစ်ယောက်တောင် မစည်းရုံး နိုင်သေးပါ။ သူ့အစား လုချီဟွာက ပိုစိတ်ပူလာသည်။

"မနက်ဖြန်ရောက်မှပဲ ဘယ်လိုဖြစ်လာမလဲ ကြည့်ရမယ်"

ဆွန်းမိုသည် လုချီဟွာကို သူမခေတ္တနေထိုင်သည့် စတိုခန်းကို ပြန်ပို့လိုက်သည်။ ထို့နောက် လမ်းလျှောက်လာစဉ် ကျောင်းသားတစ်စု ရန်ဖြစ်နေသည်ကို မြင်လိုက်ရသည်။

"ဘုန်း!"

ကျောင်းသားတစ်ယောက်သည် ငွေရောင်လုံကြောင့် ပျံထွက်သွားပြီး နံရံကိုတိုက်မိကာ ဖုန်များတထောင်ထောင်း ထသွားသည်။

“နောက်တစ်ယောက်”

ရှန်ယွန်ပေါင်က မထီမဲ့မြင် အကြည့်နှင့် ပြောလိုက်သည်။

“ငါသွားလိုက်မယ်”

ဗလခပ်တောင့်တောင့်နှင့် ခါးရှည်ကို ကိုင်ထားသည့် လူငယ်က ထိုသို့ပြောပြီး ခုန်ဝင်သွားသည်။ ရှန်ယွန်ပေါင်လည်း သူ့သက်လုံကို

ပြည့်အောင် စောင့်မနေပဲ ချက်ခြင်းပင် တိုက်ခိုက်လိုက်သည်။

လျှိုမှုဘိုင် ခေါ်ယူရန် လုပ်ခဲ့ပြီးနောက် ရှန်ယွန်ပေါင်၏ နာမည်သည်ကြီးလာပြီး ကျောင်းသားတချို့က လက်မခံနိုင်ပဲ သူ့ကိုအနိုင်ယူကာ သူ့ထက်တော်ကြောင်း သက်သေပြချင်နေကြသည်။ ဒါဆိုရင် မြတ်ဆရာများက သူတို့အရည်ချင်းကို သတိထားမိသွားမည်ဟု ထင်နေကြသည်။ ထို့ကြောင့်

ရှန်ယွန်ပေါင်ကို သီးသန့်စိန်ခေါ်ပြီး တိုက်ပွဲအဆက်မပြတ်ဖြစ်နေကြသည်။

တခြားသူတွေ မတွေ့စေရန် စတိုခန်းထောင့်တစ်ခုတွင် ပုန်းကာ တိုက်ခိုက်နေကြသည်။

ရှန်ယွန်ပေါင်ကတော့ ဂရုမစိုက်ပါ။ သူတိုက်ခိုက်နိုင်နေရသ၍ သူပျော်နေသည်။

(၃၆) ကွက်မြောက် တိုက်ပြီးနောက် ရှန်ယွန်ပေါင်သည် ထိုကျောင်းသားကို လုံတံဖြင့်

ခါးရှည်ကိုပြန်တွန်းလိုက်ပြီး လုံ့တံနောက်နှင့် ခြေထောက်ကို သိမ်းရိုက်လိုက်သည်။

“ဖောင်း”

ဗလခပ်တောင့်တောင့်နှင့် လူငယ်သည် ဒူးထောက် ကျသွားသည်။ ငွေရောင်လုံ့က အလျှင်အမြန် လာနေသည်ကိုမြင်လျှင်

“ငါရှုံးပြီ”

အော်ဟစ်လိုက်သည်။

“ရွှတ်”

ငွေရောင်လုံသည် ဗလခပ်တောင့်တောင့်နှင့် လူငယ်၏ မျက်နှာရှေ့တွင် ရပ်သွားပြီး ရှန်ယွန်ပေါင်က ပြုံးလိုက်သည်။

"ငါ့မှာ လုံမရှိတော့ရင်တောင် မင်းဂရုစိုက်ရမည့် ကိစ္စမဟုတ်ဘူး၊ နောက်တစ်ယောက်"

ဗလတောင့်တောင့်နှင့် လူငယ်သည် ရှန်ယွန်ပေါင်၏ စကားကိုကြားရင် မျက်နှာပျက်သွားပြီး အနည်းငယ် ယိမ်းယိုင်သွားသည်။ နောက်ထပ် ကျောင်းသားများက

ရှန်ယွန်ပေါင်ကို ကြည့်ပြီး ကြောက်လာကာ ထပ်စိန် မခေါ်ကြတော့ပါ။

"နောက်တစ်ယောက်"

ရှန်ယွန်ပေါင်က ထပ်စိန်ခေါ်လိုက်သည်။ ဒါပေမယ့် ပြန်ဖြေမည့်သူ တစ်ယောက်မှ မရှိတော့ပါ။ သူသည် ကောင်းကင်ကို မော့ကြည့်ပြီး နည်းနည်းနောက်ကျနေတာကို သတိထားမိပြီး ပြန်ရန် လုံ့ကို ချည်ထည်တစ်ခုနှင့် အသေအချာ ထုတ်လိုက်သည်။

"မင်းတို့ကောင်တွေ ဒီမှာဘာလုပ်နေတာလဲ"

ဆွန်းမိုက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"ဒီမှာ မင်းတို့ကို သီးသန့်တိုက်ဖို့ ဘယ်သူက ခွင့်ပြုထားလို့လဲ"

"ဆရာတစ်ယောက်ဟော့"

တစ်ယောက်က အော်လိုက်သဖြင့် ကျောင်းသားအားလုံး ထွက်ပြေးသွားကြသည်။ ကျန်ရစ်ခဲ့သည့် သူမှာ အစမ်းခန့် ဆရာနှင့် လူငယ်(၃)ယောက်သာဖြစ်သည်။ ချင်ဖန်က သူတို့ထဲက တစ်ယောက်ဖြစ်သည်။

လူတိုင်း အကြည့် ခဏဆုံပြီးနောက် လှည့်ထွက်သွားကြသည်။

ရှန်ယွန်ပေါင်သည် သူ၏ချစ်လှစွာသော လုံ့ကို သေချာစွာ ထုတ်ပိုး သိမ်းဆည်းပြီး အမိုးတစ်ခုအောက်တွင် ထိုင်ကာ သူ၏အိတ်ထဲက ပေါင်မုန့်တစ်လုံးကို ထုတ်ကာစားလိုက်သည်။

အစမ်းခန့်ဆရာနှစ်ယောက်သည် သူ့ဆီကို ချဉ်းကပ်ရန် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်ကာ ယုံကြည်မှု မဲ့နေကြသည်။ တစ်ဖက်တွင် ချင်ဖန်က အဝတ်အစားကို ပြန့်နေအောင်လုပ်ပြီး

ထိုနှစ်ယောက်ကို ကျော်တက်ကာ ရှန်ယွန်ပေါင်ဘေးတွင် ထိုင်လိုက်သည်။

“မင်းကငါ့ကို ကမ္ဘာမှာ အတော်ဆုံး လုံသမားတစ်ယောက်ဖြစ်အောင် လုပ်ပေးနိုင်လား”

ရှန်ယွန်ပေါင်က တူညီသော မေးခွန်း လိုက်မေးလိုက်သည်။

“ဟော့၊ အလယ်အလတ်သူတော်စင် တစ်ယောက်တောင် သူတို့ပြန်မဖြေနိုင်ကြဘူး၊ လုံသူတော်စင် တစ်ယောက်ဖြစ်ဖို့ ထည့်စဉ်းစားရမဲ့အချက်တွေ အများကြီး ရှိတယ်”

ချင်ဖန်က မကြောင်သွားပဲ ရှန်ယွန်ပေါင်ကို အစ်ကိုတစ်ယောက်လို ပြောလိုက်သည်။

လေထုက ချစ်ကြည်ရင်းနှီးနေသည်။

အခြားအစမ်းခန့် ဆရာနှစ်ယောက် ချက်ခြင်းပင် စိတ်ရှုပ်သွားသည်။ သူတို့က တက်သွားပြီး စကားဖြတ်ပြောချင်ပေမယ့် ချင်ဖန်၏ ရက်စက်တဲ့ အကြည့်ကိုမြင်ပြီး ခြေလှမ်းရပ်သွားသည်။

"ဆရာ"

လုချီဟွာက ဆွန်းမိုလက်ကိုဆွဲကာ စိတ်ပူစွာ ပြောလိုက်သည်။

ဆွန်းမိုက သူတို့ကို မနှောက်ယှက်တော့ပဲ၊ ဒီနေရာမှာ ရပ်နေပြီး ရှန်ယွန်ပေါင်ကို ကြည့်လိုက်သည်။

အသက် (၁၄)နှစ် ၊

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၅)

ကြံ့ခိုင်မှု။ ။ ရဲရင့်ခြင်း။

ဉာဏ်ရည်။ ။ နည်းနည်းနိမ့်သည်။

သွက်လက်မှု ။ ။ ပြိုင်ဘက်က ကြံ့ခိုင်မှုဖိုက်တာ အမျိုးအစားလို့ ထင်ရင် သူတို့သာ အကြီးအကျယ် ဒုက္ခရောက်သွားမည်။

ခံနိုင်ရည်။ ။ မသေနိုင်သည့် သံမဏိလူသား။

ဆန္ဒ။ ။ ဒါက မင်းရဲ့ အားနည်းချက်ပဲ။

အလားလာ တန်ဖိုး - အလွန်မြင့်သည်။

မှတ်ချက်၊ ။ သိုင်းပညာနှင့် တိုက်ခိုက်ဖို့လောက်သာ စဉ်းစားနေသောကြောင့် စိတ်ပိုင်းဆိုင်ရာ အသိဉာဏ်နိမ့်သည်။ လူတွေနှင့် လိုက်ရောညီထွေဖြစ်အောင် ဘယ်လို နေထိုင်ရမည် မသိပါ။

အလွန်ကို ကြောက်စရာကောင်းသည့် စာရင်း အချက်အလက်များနဲ့ အလားလာများပဲ၊ တကယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပါရမီရှင်ပဲ လူတစ်သောင်းမှာ တစ်ယောက်တွေ့ဖို့ ခက်သည်။ ချီရှွန်ကျားလို မဟုတ်ပဲ လမ်းပေါ်တွင် တွေ့ရခဲ့သော လူတစ်ယောက် ဖြစ်သည်။

ချင်ဖန်သည် ဂျိရှားအကယ်ဒမီက ဘွဲ့ရတစ်ယောက်ဖြစ်ပြီး ဉာဏ်ရည်အလွန်မြင့်သည်။ သူသည် ရှန်ယွန်ပေါင်နှင့် ပိုမိုနီးကပ်လာစေရန် စကားအနည်းငယ်သာ ပြောခဲ့သည်။

(ဒီလို လူမှုဆက်ဆံရေး အားနည်းတဲ့ လူတွေကို စည်းရုံးရတာ လွယ်သည်။)

ရှန်ယွန်ပေါင် ပြုံးလိုက်တာကို မြင်လျှင် သူပြုံးလိုက်သည်။

“ဒါဆို ငါ့ရဲ့လုံသိုင်းကျင့်စဉ်မှာ အားနည်းချက်ရှိတယ်လို့ မင်းထင်လား”

ရှန်ယွန်ပေါင်က မေးလိုက်သည်။

“မကောင်းတော့ဘူး”

အစမ်းခန့် ဆရာနှစ်ယောက်သည် အလွန်စိတ်ပူနေသော်လည်း သူတို့ ဘာမှမလုပ်နိုင်ပါ။ ခံစားချက်က မသေနိုင်သည့် မက်မွန်သီးကို ငေးကြည့်နေရတာနှင့် တူသည်။ သူတို့က

အခြားတစ်ယောက် ခူးနေတာကို ရပ်ကြည့်နေရသလို ဖြစ်နေသည်။

သူတို့သည် ချင်ဖန်ကို သတ်လိုက်ရင် ဘာမှတာဝန်ယူစရာ မလိုပါက လုပ်လိုက်မိမည်။

"မင်းရဲ့ လှံကျင့်စဉ်က အရမ်းကောင်းတယ်။ မင်းဒီအတိုင်းလေ့ကျင့်ပြီး တိုက်ပွဲအတွေ့အကြုံ ပိုရှာသင့်တယ်"

ချင်ဖန်က ပြုံးပြီး ပြောလိုက်သည်။ သူ့မျက်လုံးထဲတွင် အခြားအစမ်းခန့်

ဆရာနှစ်ယောက်သည် ပြိုင်ဘက်ဖြစ်ရန် အဆင့်ကို မရှိပါ။

ရှန်ယွန်ပေါင် တိတ်ဆိတ်သွားသည်။ ဒါက သူလိုချင်သည့် အဖြေမျိုးမဟုတ်ပါဘူး။

ချင်ဖန်သည် ရှန်ယွန်ပေါင်ကို ရိုးသားသော အမူအရာဖြင့် တည့်တည့်စိုက်ကြည့်နေသည်။

"ဘယ်လောက် အရှက်မဲ့လိုက်သလဲ"

အစမ်းခန့် ဆရာနှစ်ယောက်သည် ရှုံးနိမ့်မှုကို ပြင်းပြင်းထန်ထန် ခံစားလိုက်ရသည်။

နာမည်ကျော်ကျောင်းက ဆင်းလာသည့် သူများသည် အကျိုးအမြတ်အများကြီးရှိသည်။

ရှန်ယွန်ပေါင် တုံ့ဆိုင်းသွားသည်။ သူဘယ်လောက်စိတ်ပိုင်းဆိုင်ရာ အားနည်းပါစေ နာမည်ကျော်ကျောင်းဆင်း တစ်ယောက်နောက်ကို လိုက်ပါက အကျိုးအမြတ်အများကြီး ရမည်ကို သိသည်။

"လျှိုမူဘိုင်က သန်မာတယ်၊ ဒါပေမယ့် သူ့မှာ အနာဂတ်တပြည့်တွေ အများကြီး ရှိမှာပဲ။ မင်းကိုပေးမယ့် အားစိုက်ထုတ်မှုနဲ့

အရင်းအမြစ်တွေက အများကြီး မဖြစ်နိုင်ဘူး။ ငါ့အတွက်ကျတော့ မင်းက ပထဆုံးတပြည့် ဖြစ်လာလိမ့်မယ်။ ငါအာမခံနိုင်တယ်၊ မင်းကို ပြုစုပျိုးထောင်ဖို့ ဦးစားပေးမယ်”

ဒါကသူရဲ့ အာမခံချက်ပါ။

ရှန်ယွန်ပေါင် စိတ်ယိုင်လာတာကို မြင်လိုက်လျှင် ချင်ဖန်၏ နှုတ်ခမ်းထောင့် ထိန်းမနိုင်သိမ်းမရ ပြုံးလိုက်သည်။ (အစမ်းခန့် ဆရာက ပါရမီရှင်ကို မစုဆောင်းနိုင်ဘူးလို့ ဘယ်သူပြောလဲ)

“လျှိုမှုဘိုင် မင်းငါ့ထက် အားနည်းတယ်ဆိုတာ သက်သေပြမယ်”

ချင်ဖန်က ရရှိမည့် အကျိုးအမြတ်ကို အသေးစိတ် ရှင်းပြတော့မည့် အချိန်တွင်

“မင်းလုံကျင့်စဉ်နဲ့ ပက်သက်ပြီး ပြဿနာတစ်ခု ရှိတယ်”

ဆွန်းမိုက လှမ်းပြောလိုက်သည်။

ရှန်ယွန်ပေါင်သည် လုံသိုင်းကို ရှုးသွပ်သူဖြစ်သဖြင့် ချက်ခြင်း လှမ်းကြည့်လိုက်သည်။

"ငါ့မှာ ဘာပြဿနာရှိတာလဲ"

"ဟာ၊ မင်းက ဒီယှဉ်ပြိုင်မှုမှာ ပါချင်တာလား"

ချင်ဖန်သည် နှိမ့်ချသည့် အမူအရာကို ဆောင်ထားသော်လဲ သူသည် ထို အစမ်းခန့်ဆရာကို ပြတ်ပြတ်သားသား လှမ်းကြည့်လိုက်သည်။ သူမြင်လိုက်တာက "ဆွန်းမိုလား"၊ ဒီကောင်က ကျောင်းအုပ်ကြီးကို ချူစားနေတဲ့သူ မဟုတ်ဘူးလား၊ မဟုတ်ပါက အစမ်းခန့်ဆရာ (၂၁၀)ကျော်ထဲတွင် သူ့ကို မှတ်မိစရာမရှိပါ။

အစမ်းခန့် ဆရာ နှစ်ယောက်လည်း ရုတ်တရက် အလွန်အံ့သြသွားသည်။

"မရဘူးလား"

ဆွန်းမိုက မေးလိုက်သည်။

"မဟုတ်ပါဘူး၊ ကျေးဇူးပြုပြီး မင်းရဲ့ တင်ဆက်မှုကို ဆက်လုပ်ပါ"

ချင်ဖန် အလွန်သဘောထားကြီးသလို လုပ်လိုက်သည်။

အခန်း(၃၅) - ပထမဆုံး တိုက်ရိုက် တပြည့်။

နေဝင်ချိန် အလင်းရောင်က ဆွန်းမို မျက်နှာပေါ်ကို ဖြာကျနေသည်။

နံဘေး၌ လုချီဟွာက နှုတ်ခမ်းကိုကိုက်ကာ စိတ်ထဲက ဆုတောင်းပေးနေသည်။

"မင်းရဲ့ ကာရိုက်တာမှာ အားနည်းချက်ရှိနေတယ်"

ရှန်ယွန်ပေါင်၏ အချက်အလက်အားလုံးက ဆွန်းမိုရှေ့တွင် ပေါ်လာသည်။

"ဟင်၊ မင်းဘာတွေပြောနေတာလဲ"

ချင်ဖန်သည် ဆွန်းမိုက လှည့်စားရန် ကြိုးစားနေသည်ဟု ထင်နေသောကြောင့် ရယ်လိုက်မိသည်။

"မင်းက နောက်ဆုံးထွက်သက်အထိ သတ္တိရှိရှိ တိုက်ပွဲဝင်တဲ့ မြက်ခင်းလွင်ပြင်မီးတောက် လုံ့ကျင့်စဉ်ကို ကျင့်ကြံခဲ့တယ်"

ရှန်ယွန်ပေါင်၏ မျက်လုံးများ တောက်ပလာပြီး စတင် အာရုံစိုက်လာသည်။

"ကျေးဇူးပြုပြီး ဆက်ပြောပါအုံး"

"ရှန်ယွန်ပေါင်ရဲ့ လုံ့ကျင့်စဉ် နည်းစနစ်ကို ဒီကောင်သိနေတာလား"

ချင်ဖန်လည်း အံ့အောသွားပြီး နှလုံးသည် လည်ချောင်းထဲက ခုန်ထွက်မတတ်ဖြစ်သွားသည်။

ရိုးရိုးသားသားပြောရရင် ချင်ဖန်သည် ဒီကျင့်စဉ်ကို အသိအမှတ် မပြုခဲ့ပါဘူး။

(မဟုတ်နိုင်ပါဘူး။ ဆွန်းမို ဒါကို မတော်တဆမြင်ဖူးတာ ဖြစ်မယ်။ တိုက်ဆိုင်မှုတစ်ခုပဲ။ ဂျိုရှားသင်ကြားရေးနန်းတော်က

သူ့လိုဘွဲ့ရတစ်ယောက်ထက် သူ့မှာ အတွေ့အကြုံမများ နိုင်ပါဘူး)

"လုံကျင့်စဉ်မှာ အထွတ်အထိပ်ကို ရောက်ချင်ရင် မင်းလုံနဲ့ တသားတည်းဖြစ်ဖို့လိုတယ်။ ဒါပေမယ့် မင်းရဲ့ ကာရိုက်တာက တွေဝေနေတယ်"

ကျွမ်းကျင်အဆင့် နတ်ဘုရားမျက်စိက ပစ်မှတ်၏ အားသာချက်၊ အားနည်းချက်များကို စာရင်းပြုစုပေးသည်။ ဆွန်းမိုသည် ထိုအချက်အလက်များကို စီစစ်ပြီးနောက် ဤကဲ့သို့ ကောက်ချက်ချလိုက်သည်။

ရှန်ယွန်ပေါင်သည် အတွေးနက်သွားသည်။

ထိုအရာကို မြင်ရင် ချင်ဖန်စိတ်ပူလာသည်။ “သူပြောတာကို နားမထောင်နဲ့ မင်းလို လူငယ်တစ်ယောက်က စိတ်မတည်ငြိမ်နိုင်သေးဘူး။ မင်းသာရင့်ကျက်လာရင် စိတ်ဓါတ် ခိုင်မာလာတဲ့ သဘာဝရှိ လာလိမ့်မယ်”

“ကဲကြည့်၊ အခုမင်း တွေဝေနေပြီ” ဆွန်းမိုက ထောက်ပြလိုက်သည်။

ဆွန်းမို စကားမဆုံးမီ ချင်ဖန်က ဒေါသတကြီး ဖြတ်အော်ဟစ်လိုက်သည် “တိတ်စမ်း၊ ဒါက

မင်းပြောတဲ့ လမ်းညွှန်တယ်ဆိုတာလား၊ ဒါက လိမ်လည်နေတာပဲ”

အစမ်းခန့် ဆရာနှစ်ယောက်လည်း အံ့သြသွားသည်။ ချင်ဖန်သည် အများရှေ့၌ တည်ငြိမ်ပြီး သန့်ရှင်းတာကိုသာ သူတို့ အမြဲတွေ့ခဲ့ရသည်။ သူတို့က သူ့မှာ ဒီလို အရှုးဘက်ခြမ်းရှိမယ်လို့ မထင်ထားခဲ့ပါ။

ဒါက အဓိပ္ပာယ်ရှိပါတယ်။ သူတို့လည်း သူတို့လက်ထဲက သားကောင်ကို အတင်းအကြပ် ခေါ်ဆိုခံခဲ့ရပါက သဘောထား မပြည့်ဝနိုင်ပါ။

“မင်းပြောတာ မမှန်ဘူး။ ငါသေမှာမကြောက်ဘူး။ ငါ့ရဲ့ လုံ့ကျင့်စဉ်က အရမ်းအစွမ်းထက်တယ်၊ နောက်ဆုံးထွက်သက်ထိတောင် လက်လျှော့မှာ မဟုတ်ဘူး။”

ရှန်ယွန်ပေါင်က ခေါင်းကို နိမ့်ကာပြောလိုက်သည်။

“ မင်းက သေခြင်းတရားကို မကြောက်ဘူးဆိုရင်တောင် မသေချာ မရေရာမှုတွေနဲ့ ဘာလုပ်နိုင်မှာလဲ။ မင်းလူတစ်ယောက်နဲ့ ဆက်ဆံတဲ့အခါ မှာ ပြတ်ပြတ်သားသား မပြောသင့်ဘူးလို့ ပြောနေတာ”

ဆွန်းမိုက ရှင်းပြလိုက်သည်။ "မင်းစကားတစ်ခွန်းကြားဖူးလား"

"ဘာလဲ"

ရှန်ယွန်ပေါင်က သိချင်စိတ်ဖြင့်ပြန်ပြောလိုက်သည်။

"တခါတလေ ကိုယ့်ကိုကိုယ် သတ်သေတာထက် သတ္တိရှိဖို့ ပိုလိုတယ်"

ဆွန်းမို တက္ကသိုလ်တုန်းက ဖိအားမခံနိုင်သည့် အခန်းဖော်အကြောင်းကို ပြန်ပြောပြလိုက်သည်။ သူသည် အဖြစ်အပျက်တွေက လွတ်မြောက်သွားရန်

ကိုယ့်ကိုကိုယ် ရည်ရွယ်ချက်ရှိရှိ သတ်သေသွားခဲ့သည်။

ရှန်ယွန်ပေါင်လည်း အံ့သြသွားသည်။ သူ၏ အတိတ်က အမှတ်တရများကို ပြန်စဉ်းစားမိပြီး မျက်နှာက လေးနက်လာသည်။

"ရှန်ယွန်ပေါင် သူက မင်းကို လှည့်စားဖို့ကြိုးစားနေတာ။ မင်းကို တိုးတက်လာအောင် ကူညီပေးနိုင်တဲ့အရာက သင်ကြားရေး စွမ်းရည်တစ်ခုပဲ ရှိတယ်။ သူ့ကို အဲဒီအပိုင်းမှာ ယုံကြည်ချက်ရှိမရှိ မေးကြည့်လိုက်"

ချင်ဖန်က စိတ်မအေးနိုင်ဘဲ လှမ်းပြောလိုက်သည်။

အခြားတဖက်တွင် လုချီဟွာလည်း စိတ်လှုပ်ရှားပြီး လက်သီးကို ဆုပ်ထားသည်။

ဆွန်းမိုက စကားပြောနေတာကို ရပ်လိုက်သည်။ သူ့ညာလက်က နောက်ကိုပို့ထားပြီး ဘယ်ဘက်က သစ်သားခါးပေါ်တွင် တင်ထားကာ ရှန်ယွန်ပေါင်ကို တည်ငြိမ်စွာ ကြည့်နေသည်။ သူသည်ပါရမီကောင်းသော တပြည့်တစ်ယောက်ကို

မည်မျှ လိုချင်နေစေကာမူ သူ့ရှေ့မှာ ဆရာတစ်ယောက်အနေနှင့် ရှုံးနိမ့်လို့မရပါ။

ဆွန်းမိုသည် ချင်ဖန်ကဲ့သို့ ဒေါသတကြီး မအော်နေပါ။

ရှန်ယွန်ပေါင်လည်း ဆွန်းမိုကို ကြည့်လိုက် ချင်ဖန်ကို ကြည့်လိုက် ဖြစ်နေသည်။ ထိုနောက် သူသည် ခေါင်းကို ညိတ်လိုက်ကာ လုံပေါ်က အမှတ်သားကို ပွတ်လိုက်ပြီး "မင်းမှန်ပါတယ်။ ငါ့မှာ မပြတ်သားတဲ့ ကာရိုက်တာ ရှိပါတယ်"

"ရှန်ယွန်ပေါင် သူပြောတာတွေကို နားမယောင်နဲ့"

သူဒီလို ဖြစ်နေတာကိုမြင်ရပြီး စိတ်ပူကာ ချင်ဖန်က လှမ်းပြောလိုက်သည်။ “မင်းက စွမ်းရည်ထက်တဲ့ လုံ့သူတော်စင်တစ်ယောက် ဖြစ်ချင်ရင် အရင်းအမြစ်အများကြီးကို အားကိုးဖို့လိုတယ်။ ငါကမင်းကို အဲဒါတွေ ပေးနိုင်တယ်။”

ချင်ဖန်က ကမ်းလှမ်းမှု လုပ်လိုက်ပြီး သူ့ဘက်ပါရန် စည်းရုံးလိုက်သည်။

“ သူသွေးဆောင်နေပြီ၊ တစ်ခုခု မြန်မြန်ပြောအုံး”

လုချီဟွာက လောလိုက်သည်။

ဒါပေမယ့်လည်း ဆွန်းမိုသည် ဆိတ်ဆိတ်နေခြင်းက ပိုအကျိုးသက်ရောက်တာကို သိသဖြင့် ဘာမှမပြောဘဲ နေလိုက်သည်။ ထို့အပြင် သူက စိတ်ဓါတ်ဆိုင်ရာ တိုက်ပွဲတွင် လယ်ဗယ်တူ မရပ်နေပါ။ သူ အခုရပ်နေသည့် နေရာက အသေအချာ တွက်ချက်ပြီး နေရောင်ကို ကျောပေးကာ ရပ်နေခြင်းဖြစ်သည်။

ရှုန်ယွန်ပေါင် ဘက်ကကြည့်လိုက်ရင် ပုဇွန်ဆီရောင် နေရောင်က ဆွန်းမိုပေါ်ကို

ကျဆင်းနေပြီး သူ၏စိတ်သဘောကို ပိုပြီးထူးခြားလာစေသည်။

အရင် အမှတ်(၂) အထက်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးဟောင်း တစ်ယောက်က ပတ်ဝန်းကျင်အပေါ်တွင် နေရာယူတတ်မှုက အလွန်အရေးကြီးကြောင်း ပြောပြခဲ့ဖူးသည်။ ပတ်ဝန်းကျင်ကို သေချာစွာလေ့လာပြီး အသုံးချပါက ကျောင်းသားတွေအပေါ်ကို လွှမ်းမိုးရန် ပိုအထောက်အကူ ဖြစ်စေနိုင်သည်။

"မဖြစ်နိုင်ဘူး၊ ဒီကောင်လေးက ဆွန်းမိုကို ရွေးတော့မှာလား"

အစမ်းခန့်ဆရာ နှစ်ယောက်လည်း ဒါကိုမြင်ပြီး အသက်မရှူနိုင် ဖြစ်နေကြသည်။ ဒါပေမယ့် ဆွန်းမိုစကားများသည် အလွန်မြူဆွယ်နိုင်ကြောင်း လက်ခံလိုက်ရသည်။

ချင်ဖန်သည် စိုးရိမ်စိတ်ကြောင့် မျက်လုံးနီလာသော်လည်း စဉ်းစားတွေးတောနိုင်သေးသည်။ ဆွန်းမိုက သင်ကြားရေးစွမ်းရည် ညံ့ဖျင်းကြောင်း

ရှန်ယွန်ပေါင်ကို သိစေချင်သည်။ ထို့ကြောင့် သူ့မျက်လုံးများသည် လုချီဟွာအပေါ်ကို ရောက်သွားသည်။

"မင်းက သူ့တပြည့်လား"

ချင်ဖန်က မေးလိုက်သည်။

လုချီဟွာလည်း လန့်ဖြန့်သွားပြီး နောက်သို့ဆုတ်လိုက်သည်။ သူမသည် ပုန်းချင်စိတ်များ ပေါ်လာပြီး မျက်လုံးများ ဝိုင်းစက်လာသည်။

“ဟားဟား ၊ ငါကစားကွက် ရွှေ့လိုက်တာ မှန်တယ်ဆိုတာ ငါသိတယ်”

ချင်ဖန် စိတ်ထဲတွင် ခက်ထန်စွာ ရယ်လိုက်သည်။ သူသည် လူတစ်ယောက်ဖျားနေစဉ် လုပ်ကြံခြင်း သီအိုရီကို ဆက်လက်သုံးစွဲပြီး မေးခွန်းဆက် မေးလိုက်သည်။

“ဆွန်းမိုကို ကြည့်ရတာ မင်းအပေါ် တော်တော်ကောင်းပုံရတယ်။ မင်း တော်တော် ညံ့ညံ့ ၊ မင်းသူ့ရဲ့ တပြည့်မဖြစ်ချင်ဘူးလား”

မေးခွန်းခပ်ပြတ်ပြတ် မေးလိုက်သည်။

ရှန်ယွန်ပေါင်လည်း သူမကို လှည့်ကြည့်တာ မြင်လိုက်လျှင် သူမသည် ပိုလန့်သွားသည်။ ဆွန်းမို၏ ကိစ္စ သူမကြောင့် ပျက်စီးသွားမှာ ကြောက်ပြီး မျက်ရည်များကျလာသည်။

"မကြောက်နဲ့၊" ဆွန်းမိုက လှည့်ကြည့်ကာ သူမဆီကို လျှောက်သွားပြီး ခေါင်းကို ပွတ်ကာပြောလိုက်သည်။ "ရှန်ယွန်ပေါင်ကိစ္စကို မလုပ်နိုင်ရင်တောင် မင်းအပြစ်မဟုတ်ဘူး၊ မင်းကိုယ် မင်းလဲ အပြစ်တင်စရာ မလိုဘူး"

"ဆရာဆွန်း"

လုချီဟွာသည် ဆွန်းမို၏ နူးညံ့ကြင်နာသော အသံကို ကြားလိုက်လျှင် စိတ်ထဲ ပူစပ်ပူလောင်ဖြစ်သွားပြီး တစ်ကိုယ်လုံးငြိမ်သွားသည်။ ထိုနောက် သူမသည် နှုတ်ခမ်းကို ကိုက်လိုက်ကာ ဒူးထောက်လိုက်သည်။

“ဆရာဆွန်း၊ ဒီကျောင်းသားက ဆရာရဲ့ တပြည့်အဖြစ် လက်ခံပေးဖို့ အတင့်ရဲစွာ တောင်းဆိုပါတယ်”

လုချီဟွာက ပြောလိုက်သည်။

“ဘာကြီးလဲ”

ချင်ဖန်နှင့် အစမ်းခန့်ဆရာနှစ်ယောက်လည်း ကြောင်သွားသည်။ သူတို့က ချင်ဖန်သည် ကစားပွဲကို အလှည့်အပြောင်း လုပ်ခဲ့နိုင်တယ်လို့ ထင်ခဲ့ပေမယ့် သူ့ကိုယ်သူ သတ်ကွင်းထဲ ပို့လိုက်မယ်လို့ မထင်ထားပါ။

"လုချီဟွာ၊ မင်းငါ့အတွက် ဒီလိုလုပ်ဖို့ မလိုဘူး" ဆွန်းမိုက ကုန်းလိုက်ကာ လုချီဟွာ လက်မောင်းကို ဆွဲထူလိုက်သည်။

"ထတော့"

"မဟုတ်ဘူး၊ ဒါက ငါ့ရဲ့ တကယ့်စိတ်ရင်းပဲ"

လုချီဟွာက ဆက်ထိုင်ကာ ပြောလိုက်သည်။ သူမ နဖူးက မြေကြီးကို ထိထားသည်။ သူမသည် သင်ကြားနိုင်ရန်ထွက်လာခြင်း ဖြစ်သည်။ ဘာကြောင့်သူမသည် အကြောင်းအရာများကို နားမလည်းနိုင်ခဲ့ ရတာလဲ”

သူမ၏အဖေက သူမကို အမှိုက်လို့ ပြောခဲ့သည်။ သူမသည် ခရီးအဝေးကြီး သွားခဲ့သော်လည်း မြတ်ဆရာတွေကို မတွေ့နိုင်ခဲ့ပါ။ စစ်ဆေးမှုများစွာကို ကျော်ဖြတ်ခဲ့သည်၊ သက်ကြီး ရွယ်အိုတွေကိုလဲ မေးခဲ့ဖူးသည်။ သူတို့ပြောခဲ့ကြတာက သူမ၏

ပင်ကိုယ်အရည်ချင်း ညှံ့ဖျင်းလွန်းသည်။ သို့တိုင်အောင် သူမသည် ဆရာတစ်ယောက် လက်အောက်တွင် လေ့ကျင့်ချင် နေတုန်းပါ။

ဒီခရီးစဉ်တွင် ဆွန်းမိုသည် သူမကို ကောင်းမွန်စွာ ဆက်ဆံခဲ့သူ ဖြစ်သည်။ သူသည်သူမကို အော်စမန်တစ် ကိတ်ပူပူလေး၊ သစ်တော်သီး သကြားလုံး၊ ပူပူနွေးနွေး မုန့်များနှင့် တည်းခိုစရာနေရာကို ပေးခဲ့သည်။ အရင်တုန်းက ဆရာများသည် သူမ၏ ပင်ကိုယ်အရည်ချင်းကို မထီမဲ့မြင် လုပ်ကြသည်။ ခုတော့ ဆွန်းမို၏

စိတ်ပူသည့် မျက်လုံးများက သူမကို ခံစားချက်ဖြစ်စေသည်။

ရယ်စရာကောင်းတာက အချိန်အကြာကြီး စောင့်နေခဲ့မိသည်။ သူမသည် သူ့တပြည့်အဖြစ် တောင်းဆိုသင့်တာ တော်တော်ကြာ နေပြီဖြစ်သည်။

ဒါကိုစဥ်းစားရင်း သူမ ကြိုးစားပြီး နောက်တစ်ကြိမ် အရိုအသေ ပေးလိုက်သည်။

ဘုန်း!

“ဆရာဆွန်း၊ ကျေးဇူးပြုပြီး တပြည့်အဖြစ် လက်ခံပေးပါ”

လုချီဟွာက ရိုးသားစွာ တောင်းဆိုလိုက်သည်။

“မင်းရှူးနေတာလား၊ မင်းအနာဂတ်ကို မစဉ်းစားတော့ဘူးလား”

ချင်ဖန်က ဖြတ်အော်လိုက်သည်။ ဘာကြီးတုန်း

“မင်းဒီကိစ္စကို သေသေချာချာ စဉ်းစားပြီးပြီလား”

ဆွန်းမိုက တည်ကြည်သော လေသံဖြင့် မေးလိုက်သည်။

“ဟုတ်ကဲ့”

၎င်းသည် ရိုးရှင်းသော အဖြေတစ်ခုဖြစ်ပေမယ့် လုချီဟွာသည် သူမ၏ဘဝတွင် အလေးနက်ဆုံး အဖြေတစ်ခုဖြစ်သည်။

“ကောင်းပြီ၊ မင်းကို ငါ့တပြည့် အဖြစ်လက်ခံလိုက်မယ်”

ဆွန်းမိုကပြုံးကာ ပြောလိုက်သည်။ လုချီဟွာ၏ ကြောက်စရာကောင်းသော အချက်အလက်များကို မှတ်မိနေသေးသည်။ အဲဒါက ဘာဖြစ်မလဲ။ သူမသည် သိုင်းပညာတွင် ဆရာသခင်တစ်ယောက်

မဖြစ်လာနိုင်သော်လည်း အခြားလမ်းကြောင်းတွင် အောင်မြင်အောင် လုပ်ပေးလို့ရသည်။ လူတစ်ယောက်၏ နှလုံးသားထဲတွင် ကြိုးစားချင်စိတ်ရှိပါက မည်သည့်ကျောင်းသားမဆို တောက်ပနိုင်တယ်လို့ သူယုံကြည်သည်။

ဘုန်း! ဘုန်း! ဘုန်း!

လုချီဟွာလည်း ခက်ခက်ခဲခဲ နောက်ထပ်သုံးကြိမ် အရိုသေ ပေးလိုက်ပြီးနောက် မတ်တပ်ထ ရပ်လိုက်သည်။ မျက်ရည်များနှင့် ညှိုးငယ်နေသော

အပြစ်ကင်းသည့် မျက်နှာပေါ်တွင် တောက်ပသည့် အပြုံးပေါ်လာသည်။

"ဟား ဟား"

ဆွန်းမိုသည် သူ၏လက်ကိုမြှောက်ကာ လုချီဟွာ နဖူးပေါ်က ဖုန်တွေကို သုတ်ပေးလိုက်သည်။

"ဆရာ"

ထိုဆရာဟုခေါ်သံက အလွန်ချိုမြိန်သည်။ ၎င်းကို ကိုယ်စားပြုသော အဓိပ္ပာယ်ကလဲ အရင်ကနဲ့ ကွာခြားလှသည်။

"အယ်"

ဆွန်းမိုသည် ချက်ခြင်းပခုံးပေါ်ကို တာဝန်တစ်ခု ရောက်လာသလို ခံစားလိုက်ရသည်။

"မင်းတို့ကောင်တွေ..."

ချင်ဖန်က ဒါဟာရုန်ယွန်ပေါင်ကို ခေါ်ဖို့ လုပ်နေတာလို့ ပြောလိုက်ချင်ပေမယ့် သူပြောမထွက်ပါ။ အလယ်ကမ္ဘာတွင် ဆရာ့ကို အသိအမှတ်ပြုခြင်းသည် အတုလုပ်လို့ မရပါ။ အတုလုပ်တာ တွေ့ရှိပါက ပါဝင်ပက်သက်သူ အားလုံးကို သူတို့၏ တစ်ဘဝလုံး

မလွတ်မြောက်နိုင်သည့် အမှောင်တိုက်ကြီးသို့ မောင်းထုတ်ခံရမည်။

"ဟား ဟား"

ရှန်ယွန်ပေါင်လည်း ရယ်လိုက်ကာ သူ့လှံကိုကိုင်ပြီး ဆွန်းမိုဆီကို ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားလိုက်သည်။

ချင်ဖန်သည် ရှန်ယွန်ပေါင်ကို ပြန်ခေါ်ရန် သူ့လက်ကို ဆန့်ထုတ်လိုက်သည်။ ဒါပေမယ့် ဒီကိစ္စကို သူဘယ်လို ရပ်တန့်ရမည်နည်း။

"ဆရာဆွန်း၊ ကျေးဇူးပြုပြီး ကျွန်တော်ရဲ့ အရှိအသေပေးမှုကို လက်ခံပေးပါ"

အရပ် ၁.၈မီတာနှင့် ဗလတောင့်တောင့် ရှန်ယွန်ပေါင်၏ မြင်ကွင်းသည် ရွှေတောင်ကြီးကို တွန်းချလိုက်ပြီး ကျောက်စိမ်းတိုင်များ လဲကျသွားသလို ဖြစ်နေသည်။ သူ့နဖူးက မြေကြီးကို ထိလိုက်လျှင် သတ္တုတစ်ခု ထိလိုက်သံလို ထွက်လာသည်။

" မင်းဆုံးဖြတ်ချက်ကို ပြင်ဖို့ အခွင့်အရေး ရှိသေးတယ်နော်"

ဆွန်းမိုက ဂုဏ်ယူသောမျက်နှာကို မဖော်ပြပေမယ့် ထပ်မေးလိုက်သည်။ နောက်ပိုင်းတွင် ကျောင်းသားက နောင်တရနေမည်ဆိုပါက ထိုဆက်ဆံရေးကို မတည်ဆောက်တာက ပိုကောင်းသည်။

"ငါ ရှန်ယွန်ပေါင်က ပြောခဲ့တာတွေအတွက် သေချာပေါက် နောင်တမရဘူး"

ရှန်ယွန်ပေါင်သည် ဆွန်းမို၏ အရိပ်ယောင်ကို မြင်လိုက်တာနှင့် ပြန်ဖြေလိုက်သည်။ သူသည် ဤကိစ္စများတွင် ပိုပြီး ပြတ်သားသင့်သည်။

ဆုံးဖြတ်ပြီးပြီ ဖြစ်သည့်အတွက် နောင်တမရပါ။ သူ နောက်တစ်ကြိမ် ဦးညွတ်လိုက်သည်။

"ကျေးဇူးပြုပြီး ကျွန်တော့်ဆန္ဒကို ခွင့်ပြုပေးပါ"

"ကောင်းပြီ၊ မင်းကိုငါ တပြည့်အဖြစ် လက်ခံလိုက်မယ်"

ဆွန်းမို ထိုသို့ပြောလိုက်ပြီးနောက် ရှန်ယွန်ပေါင်သည် ကျယ်လောင်စွာ နောက်ထပ်အရှိအသေ သုံးကြိမ် ပေးလိုက်သည်။ "မင်းတို့တွေ......"

ထိုမြင်ကွင်းကို မြင်ပြီး ချင်ဖန်လည်း စိတ်လှုပ်ရှားလာကာ ဆွန်းမိုခေါင်းကို ပြင်းပြင်းထန်ထန် ရိုက်ချင်စိတ်ပေါက်လာသည်။ သူသည် ဒီရှုံးနိမ့်မှုကို လက်မခံနိုင်ပါ။

"ဘုရားရေ..."

အစမ်းခန့် ဆရာနှစ်ယောက်လည်း အံ့သြလွန်းပြီး မေးရိုးများ အောက်ကိုပြုတ်ကျကာ ပါးစပ်အဟောင်းသား ဖြစ်နေသည်။ ရှန်ယွန်ပေါင်က ဆွန်းမိုလို လူတစ်ယောက်ကို သူ့ဆရာအဖြစ်

ဘယ်လိုအသိအမှတ်ပြုနိုင်ရတာလဲ။ ဒါကြီးက မယုံနိုင်စရာ ကောင်းလွန်းသည်။

“စီနီယာ ပညာသင်ဘက်အမ”

ရှန်ယွန်ပေါင်က လုချီဟွာကို ပြုံးပြကာ နှုတ်ဆက်လိုက်သည်။ တစ်နှစ်ကျော်ကာလအတွင်း သူသည် ထိုသို့အသေးအဖွဲ့များနှင့် ပြဿနာဖြစ်နေခဲ့သည်။ ဆရာတစ်ယောက်ကို အသိအမှတ်ပြုဖို့ ဆုံးဖြတ်လိုက်ပြီး နောက်မှာတော့ ဆွန်းမိုပြောသည့်စကားများကို လိုက်နာခဲ့သည်။ အရာအားလုံးကို ပြုပြင်ရမည်။

သူသည် အတွေးများကို စွန့်လွှတ်လိုက်ပြီးနောက် တကိုယ်လုံးပေါ့ပါးလာသည်။ သူ လပေါင်းများစွာဖြစ်နေသော ပိတ်ဆို့မှုသည်လည်း ချိုးဖောက်တော့မည့် လက္ခဏာများပြလာသည်။

ရှန်ယွန်ပေါင်သည် ထက်မြက်သော ဆရာတစ်ယောက်ကို ရလိုက်သလို ခံစားလိုက်ရသည်။

"ငါ.....ငါ.."

လုချီဟွာလည်း ချက်ခြင်းပင်လန့်သွားပြီး မသိစိတ်က ဆွန်းမိုနောက်မှာ ပုန်းနေချင်သည်။

သူမသည် ပညာသင်ဘက်အစ်မ တစ်ယောက်ဖြစ်လာမည်လို့ တခါမှမတွေးဖူးပါ။ သို့သော်လည်း ခံစားချက်က သူမကို ထိတ်လန့်မှုနှင့် စိုးရိမ်စိတ်သာ ဖြစ်ပေါ်စေသည်။ သူမသည် အငယ်အတွက် စံနမူနာကောင်း တစ်ယောက် အဖြစ် ကောင်းကောင်းမလုပ်နိုင်မှာကို စိုးရိမ်နေသည်။

"ကောင်းပြီ ငါတို့ ကိစ္စတွေ ပြီးပြီဆိုတော့၊ ဂုဏ်ပြုစားသောက်ပွဲသွားလုပ်ရအောင်"

ဆွန်းမိုသည် တစ်ပြိုင်နက် တပြည့်နှစ်ယောက်ရလိုက်သည့် အတွက်

အလွန်ပျော်နေသည်။ ဒါက ပါရမီပဲ။ စိတ်လှုပ်ရှားစရာ ခံစားချက်ဖြစ်သည်။

“ငါ ဉာဏ်အလင်းပွင့်လာလို့ ခဏလောက် တရားထိုင်ချင်တယ်”

ရှန်ယွန်ပေါင်က အသိပေးလိုက်ပြီး ထိုနေရာတွင် ကြာပန်းပုံစံထိုင်လိုက်သည်။

ဆွ့န်းမိုလဲ ရွေးချယ်စရာမရှိသဖြင့် ထိုနေရာတွင် စောင့်နေလိုက်သည်။

အစမ်းခန့်ဆရာနှစ်ယောက်လဲ

ဂုဏ်ပြုရမှာလား၊မလုပ်ရဘူးလား ဝေခွဲမရသဖြင့်

တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်သည်။ ထိုအချိန်တွင် ကူရှုပ်ရှင်းသည် အပြာရောင်ဝတ်စုံဖြင့် ရောက်လာသည်။

အခန်း(၃၆) - ကစားသမားအသစ် တစ်ယောက်ရဲ့ မွန်းစတားဆန်ဆန်ရှားပါး လုယူမှု။

ကူရှုပ်ရှင်း၏ အလှတရားသည် ဘယ်နေရာကို ရောက်ရောက် လူထု၏အာရုံစိုက်မှုကို ရလိမ့်မည်။

အစမ်းခန့်ဆရာ နှစ်ယောက်လည်း ပိုကြည့်ကောင်းစေရန် သူတို့၏ ကိုယ်နေဟန်ကို ဖြောင့်ဖြောင့်ထားလိုက်သည်။ သူတို့သည် အိမ်ထောင်ဖက် အခွင့်ရေးအတွက် အပူတပြင်းရှန်းကန်နေရသည့် လူပျိုသိုးကြီးတွေလို

သူတို့၏ အကောင်းဆုံးကိုယ်နေဟန် အနေထားကို ချက်ခြင်းထုတ်ပြလိုက်သည်။

“ဆရာ ကူ”

“ဆရာ ကူ”

အစမ်းခန့်ဆရာနှစ်ယောက်သည် ချက်ခြင်းရှေ့တက်သွားပြီး သူမကို အားပါးတရ နှုတ်ဆက်လိုက်ကြသည်။ ဒေါသထွက်နေသော ချင်ဖန်ပင် အသက်ပြင်းပြင်းရှူလိုက်ပြီး စိတ်ထဲက ဒေါသကို ထိန်းလိုက်သည်။

ကူရှုပ်ရှင်းကလည်း အားလုံးကို ပြန်နှုတ်ဆက်လိုက်သည်။ သူမသည် အားလုံးကို စိတ်ချမ်းသာသွားစေခဲ့သည်။

"ဆရာကူ၊ ရှန်ယွန်ပေါင်အတွက် လာတာလား"

ချင်ဖန်သည် သူ့အတွက် မျှော်လင့်ချက် မရှိတာသိသော်လည်း ဆွန်းမိုကဲ့သို့ အမှိုက်လက်ထဲသို့ ရှန်ယွန်ပေါင်အား မရောက်စေချင်ပါ။ ကူရှုပ်ရှင်း ရောက်လာတာကို မြင်လိုက်လျှင် စိတ်ထဲကအကြံထုတ် လိုက်သည်။

"အမှန်ပဲ"

ကူရှုပ်ရှင်း၏ မျက်နှာသည် တည်ငြိမ်နေသော်လည်း စိတ်ထဲက ကျိတ်လှုပ်ရှားနေသည်။ ချင်ဖန်သည် ဒေါသထွက်နေသောကြောင့် မအောင်မြင်တာ သေချာသည်။ ဒါကြောင့် ကျောင်းသားတစ်ယောက် ဆရာ့ကို အသိအမှတ်ပြုခြင်းသည် ရုပ်ရည်နှင့် မဆိုင်ပဲ သန်မာမှုနှင့်သာ ဆိုင်သည်ဟု ပြောကြတာ။

“ဒါဆိုရင်တော့ မင်းနောက်ကျသွားပြီ”

အရုပ်ဆိုးသော အစမ်းခန့်ဆရာသည် ကူရှုပ်ရှင်းနှင့် ပိုရင်းနှီးစေရန် သူမစိတ်ထဲတွင်

အမှတ်ကောင်းရစေရန် အခွင့်ရေးယူကာ ပြောလိုက်သည်။ ကူရှုပ်ရှင်း၏ ရန်နဲ့ကို စိတ်ထဲက ပြင်းပြင်းထန်ထန ◌်ရှုရန် တိုက်တွန်းနေသည်။

“ဟင်”

ကူရှုပ်ရှင်း၏ အေးစက်မှုနှင့် အပြုံးများ ပျောက်သွားသည်။ ထို့နောက် ချင်ဖန်ကို လှမ်းကြည့်လိုက်သည်။ သူမ၏ အထင်တွင် အခြားသုံးယောက်ကို ခြိမ်းခြောက်မှုဟု မမြင်ပါ

ဂျိုရှားသင်ကြားရေး နန်းတော်ကလာသော ချင်ဖန်တစ်ယောက်သာ ပြိုင်ဘက်လို့ ယူဆခဲ့သည်။

“ကြည့်နေစရာမလိုဘူး၊ ငါမဟုတ်ဘူး”

ချင်ဖန်က ပခုံးတွန့်ကာ ဖြေလိုက်သည်။

“ဒါဆို ဘယ်သူလဲ”

ကူရှုပ်ရှင်းသည် ပိုရုပ်ဆိုးသော အစမ်းခန့်ဆရာကို အရင်ကြည့်လိုက်ပြီးနောက် ရုပ်ဆိုးသော အစမ်းခန့်ဆရာကို လှည့်ကြည့်လိုက်သည်။ ထိုနောက်သူမက ပြုံးပြီး “ငါဒီလို ဟာသ မကြိုက်ဘူး”

ကူရှုပ်ရှင်းသည် ရည်မှန်းချက်ကြီးသူဖြစ်သည်။ သူမလေးစားသော ကျောင်းအုပ်ကြီး အန်ရီဝေ၏ ဗဟိုပြည်နယ် အကယ်ဒမီပြန်လည် ထူထောင်ခြင်းကို ကူညီချင်သည်။ ကျောင်းကို ဝင်ရောက်ပြီးနောက် အလုပ်ကိုသာ အပြည့်အဝ အာရုံစိုက်ထားခဲ့သည်။

ဒါကြောင့် သူမသည် အောင်မြင်မှု အနည်းငယ်ကို ရရှိခဲ့ပြီဖြစ်သည်။

အမျိုးသမီးဆရာ တစ်ယောက်အနေနှင့် လုပသောကူရှုပ်ရှင်းသည် ကြီးမားသော အားသာချက်ရှိခဲ့သည်။ လက်ထောက်အဖြစ်

သင်ကြားနေစဉ်အတွင်း သူမလမ်းညွှန်ခဲ့သော ကျောင်းသားအားလုံးနီးပါးသည် သူမ၏ စွဲဆောင်မှုအောက်ကို ကျဆင်းခဲ့ကြသည်။

ကျောင်းသားစုဆောင်းရေးပွဲက ပါရမီရှိသော ကျောင်းသားဆယ်ယောက်ကို မှတ်တမ်းတင်ရန် ကြိုတင်ပြင်ဆင်မှု များစွာကို လုပ်ဆောင်ခဲ့သည်။ ဒီမနက်တွင် ရှန်ယွန်ပေါင် ကို သတိထားမိပြီး နောက်ယောင်ခံလိုက်ရန် ကျောင်းသား ငါးယောက်ကို စီစဉ်ခဲ့သည်။ သူတို့သည် နာရီဝက်တစ်ခါ သူမကို သတင်းပို့ပေးကြသည်။

ကူရှုပ်ရှင်းသည် အလျှင်မလိုပါ။ ကျောင်းသားတစ်ယောက်သည် ဆရာတစ်ယောက်ကို ရွေးချယ်ရာတွင် အလွန်ကို သတိထားသောကြောင့်ဖြစ်သည်။ နောက်ဆုံးတွင် အနာဂတ်က တန်းစီနေသည်။ ထို့ကြောင့် သူမသည် သတ်မှတ်ထားသည့် ပစ်မှတ်အနည်းငယ်ကို စုဆောင်းရင်း အချိန်မဖြုန်းမိအောင် စောင့်နေခဲ့သည်။

လျှိုမူဘိုင်ဆီက အသိအမှတ်ပြုခံထားရသော ရှန်ယွန်ပေါင်လို ပါရမီရှင်ကို ခေါ်ယူရန်

ဆရာများစွာက ကြိုးစားကြအုံးမည်။ ကူရှုပ်ရှင်းသည် အဆင့်အတန်း လျော့မည်ဆိုးသောကြောင့် ထိုဆရာများနှင့် ရန်မဖြစ်စေရန် ရှောင်ရှားခဲ့သည်။ ထိုကြောင့် ဆရာနည်းပါးသည့် ညနေပိုင်းအချိန်မှ သူမရောက်လာခြင်းဖြစ်သည်။

ကူရှုပ်ရှင်း မှန်းထားချက်အရ တစ်နေ့လုံး ထိုဆရာများက ဆက်သွယ်နေကြမည်။ သူသည် လမ်းညွှန်ချက်များစွာ၊ ကတိများစွာ၊ အကြံပြုချက်များစွာကို နားထောင်နေရမည်။ ကူရှုပ်ရှင်းသည် သူမ၏ အရည်ချင်း၊

စွမ်းဆောင်ရည်က အခြားဆရာများကို သေချာပေါက် အနိုင်ရမည်ဟု ယုံကြည်ချက်ရှိသည်။ သူမသည် အားလုံးထဲက အပြောင်မြောက်ဆုံးဖြစ်မည်ဟု ယုံကြည်ထားသည်။

တနေ့ကုန် ဝိုင်းအုံပြီး ဖုံးကွဲခံရသောကြောင့် ရှန်ယွန်ပေါင် သည် သေချာပေါက် စိတ်ပိုင်းဆိုင်ရာနွမ်းနယ်လာမည်။ ထို့ကြောင့် သူမအနိုင်ရရန် အခွင့်အလမ်းကို တိုးလာစေမည်။

သူမ အများကြီး အားစိုက်ထုတ်ပြီးနောက် တစ်စုံတစ်ယောက်က ခေါ်ယူပြီးသား

ဖြစ်နေပြန်သည်။ ဘာမှလုပ်လို့ မရတော့ဘူးလို့ ပြောနေကြသည်။ သူမ၏ ပုံရိပ်ကို ထိန်းသိမ်းရန် မလိုပါက ဒီအစမ်းခန့် ဆရာနှစ်ယောက်၏ ခေါင်းကို သေချာပေါက် ရိုက်ခွဲ ပြစ်မိလိမ့်မည်။

"ဒါက ရယ်စရာမကောင်းဘူးနော်"

"တကယ်ပါ"

သူတို့ထဲက ရုပ်ပိုဆိုးသည့် အစမ်းခန့်ဆရာက အလျှင်အမြန်ရှင်းပြသည်။ သူက ကူရှုပ်ရှင်း စိတ်ဆိုးသွားမှာကို စိုးရိမ်နေသည်။

ကူရှူပ်ရှင်းနားသွားပြီး စိတ်ဆိုးမှာစိုးရိမ်ကာ ဝိုင်းရှင်းပြနေသည့် ရုပ်ဆိုးဆိုး အစမ်းခန့်ဆရာနှစ်ယောက်ကို ကြည့်ပြီး ဆွန်းမို ရယ်ချင်နေသည်။ ကူရှူပ်ရှင်း၏ အချက်အလက်အချို့ ပေါ်လာသည်။

"ဒါဆိုဘယ်သူ ခေါ်သွားတာလဲ၊ မင်းလား"

ကူရှူပ်ရှင်း၏ လေသံသည် အေးစက်သွားသည်။ သူမသည် ရုပ်ဆိုးဆိုးကောင် စည်းရုံးနိုင်ပါက ဒူးထောက်ပြီး ဖိနပ်တောင် တိုက်ပေးလိုက်မည်လို့ တွေးလိုက်သည်။

"သူပဲ"

အရုပ်ဆိုး အစမ်းခန့်ဆရာက ဆွန်းမိုကို ညွှန်ပြလိုက်သည်။

"ဟမ်"

ကူရှုပ်ရှင်းသည် ဆွန်းမိုကို သံသယ မျက်လုံးဖြင့် ကြည့်လိုက်သည်။

"ဒါအမှန်ပဲ"

ချင်ဖန်က စောစောက အဖြစ်အပျက် တစ်ခုလုံးကို ပြန်ပြောပြလိုက်သည်။ သူက

လက်နှစ်ဖက်ဆန့်ကာ ပခုံးနှစ်ဖက်ကို တွန့်ပြီး အဆုံးသတ်လိုက်သည်။

"ငါကစကားနည်းတော့ သူ့ကို စကားနဲ့ အနိုင်မယူနိုင်ဘူး"

"ဒါအမှန်ပဲ၊ ဒီလိုပြောတာမှ ပညာရှိတစ်ယောက်နဲ့ ပိုတူတယ်လို့ ထင်တယ်"

အရုပ်ဆိုးသော အစမ်းခန့်ဆရာသည် ကူရှုပ်ရှင်း ရှေ့တွင် ဆွန်းမိုကို မသိမသာ ရှံ့ချလိုက်သည်။

"ဒါဟာ လှည့်စားမှုတစ်ခုပဲ မဟုတ်ဘူးလား"

ဆိုးသောအသံက ပိုရန်လိုပြီး ထွက်လာသည်။

ကူရှပ်ရှင်းလဲ ဆွန်းမိုကို ရန်လိုသောအကြည့်နှင့် တိတ်တဆိတ် အကဲခတ်လိုက်သည်။ သူမ၏ သားကောင်ကို ရတ်တရက်လုသွားသောသူကို ဘယ်သူက ဒေါသမထွက်ဘဲ နေမှာလဲ။ သူမသည် အကူညီမဲ့သလို ခံစားလိုက်ရသည်။

သူမ၏ပြိုင်ဘက်က လျှိုမူဘိုင်လို တရားဝင် ဆရာများသာဖြစ်မည်ဟု ထင်ထားခဲ့သည်။ သူတို့ထဲက အချို့က မြတ်ဆရာတွေတောင် ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော် ဆွန်းမိုတော့ မပါ ပါ။

သူမသည် ရှားပါးမွန်းစတား တစ်ကောင်ကို သတ်ရန်ခေါ်းထုတ်လိုက်သည့် အထက်တန်းစား ကစားသမားတစ်ယောက်လို ဖြစ်နေသည်။ သို့သော်လည်း ကစားသမား အသစ်တစ်ယောက်က ရှားပါးမွန်းစတားကို ရုတ်တရက် ဝင်သတ်လိုက်သလို ဖြစ်နေသည်။

"သူကဘာလို့"

ထိုအချိန်ခဏတွင် မြင့်မြတ်သော မိန်းမတစ်ယောက်၏ စိတ်ကို အမြဲထိန်းထားသော

ကူရှုပ်ရှင်းသည် ကျိန်ဆဲချင်လာသည်။ သူမသည် အရှုံးကို လက်မခံနိုင်ပါ။

"မှန်တယ်၊ ဘာကြောင့် သူဖြစ်ရတာလဲ"

ရုပ်ဆိုးသော အစမ်းခန့် ဆရာနှစ်ယောက်လည်း ထောက်ခံလိုက်သည်။ အကယ်၍ သူတို့သည် ချင်ဖန် ဒါမှမဟုတ် လျိုမူဘိုင်လို လူကို ရှုံးနိမ့်ပါက ဘာမှမဖြစ်ပါ။ ဒါပေမယ့် ဆွန်းမိုကို ရှုံးရတာကတော့ ကြေကွဲစရာပါ။

"ကလေးက အလိမ်ခံလိုက်ရတာ ၊ မင်းသာဝင်ပါခဲ့ရင် ကယ်တင်ဖို့ အခွင့်ရေးရှိလိမ့်မယ်"

ချင်ဖန်က နာကျင်သောအမူအရာဖြင့် ပြောလိုက်သည်။

"ရှန်ယွန်ပေါင် ရဲ့ ပင်ကိုယ်အရည်ချင်းက မဆိုးပါဘူး၊ ဒါပေမယ့် ဆွန်းမိုလက်ထဲ ရောက်သွားရင် သူကံကောင်းချင်မှ ကောင်းတော့မယ်"

ကူရှုပ်ရှင်းသည် ချင်ဖန်ကို တချက်ကြည့်လိုက်ပြီး ဆွန်းမိုဆီကို လျှောက်သွားသည်။

လုချီဟွာလည်း ချက်ခြင်းစိတ်ရှုပ်သွားပြီး ဆွန်းမိုနောက်တွင် ပုန်းလိုက်သည်။

ကူရှုပ်ရှင်းက ဘာမှမပြောဘဲ ဆွန်းမိုမျက်လုံးကို စိုက်ကြည့်ကာ ကိုယ်ကို ရှေ့သို့ ယိမ်းလိုက်သည်။ သူမသည် သားကောင်ကို ရင်ဆိုင်နေသည့် ကြောင်တစ်ကောင်လိုပါဘဲ။

ကူရှုပ်ရှင်းသည် သူ့ကို တွေ့တွေ့ခြင်း တိုက်ပွဲခန်းမက အဖြစ်အပျက်ကို ပြန်သတိရသွားသည်။ ဒီကောင်မှာ အစွမ်းအစရှိတာလား။

"ငါက မင်းကို နမ်းမယ်လို့ မျှော်လင့်နေတာလား"

ဆွန်းမိုက   ပြောလိုက်သည်။

"အန်"

အရုပ်ဆိုးသောဆရာ နှစ်ယောက်လည်း အသက်အောင့် လိုက်မိသည်။ ချင်ဖန်လည်း ဆွန်းမိုကို လှမ်းဆဲချင်လာပြီး အရူးလား လှမ်းမေးချင်နေသည်။ ကူရှုပ်ရှင်းလည်း သူ့ကို သေတဲ့အထိ ကိုက်ချင်နေတာ သေချာသည်။

"ဟမ်"

ရန်လိုနေသော ကူရှုပ်ရှင်းသည် ထိုးဖောက်ခံရသော ဘောလုံးတစ်လုံးလို

အကူကြောင်ကြောင် ဖြစ်သွားသည်။ ဆွန်းမိုက သူမကို နမ်းချင်နေသလိုလို သူ့ခန္ဓာကိုယ်ရှေ့ကို စောင်းနေတာ တွေ့လိုက်ရသည်။ သူမလည်း ကြောက်လန့်တကြား နောက်ကိုဆုတ်သွားကာ သူနှင့် ခပ်ဝေးဝေးနေလိုက်သည်။

ဆွန်းမို အူမြူးနေခဲ့သည်။ ကူရှပ်ရှင်း ၏စိုးရိမ်သောအမူအရာက နည်းနည်း ချစ်ဖို့ကောင်းနေသည်။

"မင်း......"

ကူရှုပ်ရှင်းသည် အရှုးလုပ်ခံရပြီး တော်တော် ဒေါသထွက်နေသည်။ သူမကို ထိုကဲ့သို့ အခွင့်အရေး ယူရဲသည့်သူ မရှိပါ။ ဒါပေမယ့် ဆွန်းမို၏ စနောက်မှုအပြီးမှာ သူမ ဒေါသစိတ်ကို ထိန်းလိုက်သည်။

“မင်း နောက်တစ်ခါ ဒီလောက် ကံမကောင်းနိုင်ပါဘူး”

ကူရှုပ်ရှင်းသည် လှပသော ခြေလှမ်းများဖြင့် လှည့်ထွက်သွားသည်။ ဖြူဖွေးသော လည်တိုင်များက သူမကို ငန်းတစ်ကောင်လို ကြည့်ကောင်းစေသည်။

"နောက်ဆုံးတော့ သူမထွက်သွားပြီ"

လုချီဟွာက သူမရင်ဘက်ကို ပုတ်ကာ ပြောလိုက်သည်။ ကူရှုပ်ရှင်း၏ စောစောက ပုံစံက ကြောက်ဖို့ကောင်းသည်။

"ဆရာ ကူ"

ချင်ဖန်က မျက်မှောင်ကြုတ်ကာ ခေါ်လိုက်သည်။ ဒါက သူလိုချင်သည့် ရလာဒ်မဟုတ်ပါ။

ကူရှုပ်ရှင်းက လှည့်ကြည့်ဖို့ စိတ်မပါပါ။

(ငါ့ကို အသုံးချချင်နေတယ်၊ အိပ်မက် မက်နေလိုက်)

ရှန်ယွန်ပေါင်ကို မရနိုင်တော့သောကြောင့် ချင်ဖန်က ကူရှုပ်ရှင်းအား လုစေချင်သည်။ သူမ မရလိုက်ရင်တောင် အနည်းဆုံးတော့ ဆွန်းမိုကို စိတ်ဆိုးသွားမည်။

"ငါ လှည့်ကွက်တွေမှာ ကျဆုံးသွားမှာ မဟုတ်ဘူး"

ကူရှုပ်ရှင်းသည် လက်တွေ့ကျသောသူဖြစ်သည်။ သူမသည် ကျောင်းသားတစ်ယောက်ကို လုမယူချင်ပါ။ သူမမှာ ကိုယ်ပိုင် ခံယူချက်ရှိသည်။ ရှန်ယွန်ပေါင်သည် ခဏလောက် ဆွန်းမိုနောက်ကို လိုက်ကြည့်ပြီး

ဆရာတစ်ယောက်အနေနဲ့ မစွမ်းဆောင်နိုင်မှန်း သိသည့်အခါ သူထွက်လာပါ လိမ့်မည်။ ထိုအချိန်ထိ စောင့်ပါက သူမအောင်မြင်ဖို့ အခွင့်အရေး ပိုများလာနိုင်ပါသည်။

ကူရှုပ်ရှင်းသည် စိတ်ထဲတွင် အစီစဉ်တစ်ခုကို အလျှင်အမြန် ချလိုက်သည်။

ချင်ဖန်သည် ဆွန်းမိုမျက်နှာကို မကြည့်ချင်သောကြောင့် လက်လွှဲကာ အမြန်ထွက်သွားသည်။ ရုပ်ဆိုးသော အစမ်းခန့်ဆရာ နှစ်ယောက်လဲ ကူရှုပ်ရှင်းနောက်ကျောကို ကြည့်ကာ

လိုက်သွားသည်။ သူမနှင့် စကားမပြောနိုင်ရင်တောင် မျက်လုံးအစာကျွေးလို့ ရသည်။

ဆားနယ်ထားသော ငါးများပင် အိပ်မက်ရှိကြသည်။ သူတို့က သူမကို ထိတွေ့နိုင်မည့်တစ်နေ့ ရောက်လာမည်ဟု စိတ်ကူးယဉ်နေကြသည်။

နောက်ဆုံးတော့လည်း ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ပြီး ကျန်ခဲ့သည်။

ဂိမ်းထဲတွင် ပစ္စည်းများ စီစဉ်နေသကဲ့သို့ မနေနိုင်ဘဲ ဆွန်းမိုသည် နတ်ဘုရား မျက်စိကို

အသက်သွင်းလိုက်သည်။ ရှန်ယွန်ပေါင်၏ အချက်အလက်များကို ကြည့်ပြီး အံ့သြသွားသည်။

(စောစောကနဲ့ ယှဉ်လျှင် သူ့ဆန္ဒက နည်းနည်း ပိုခိုင်မာလာတယ်။ အခုတော့ ဖြေပေါ့)

မှတ်ချက် - ပစ်မှတ်၏ စိတ်အခြေနေ တိုးတက်လာသည်နှင့် အမျှ ဆန္ဒလည်း အလိုလိုတိုးတက်လာမည်။

“ငါက ကျေးဇူးတင်ရမှာလား”

ဆွန်းမို အနည်းငယ်တုန်လှုပ်သွားသည်။

“ဒါက ဆရာတစ်ယောက်ရဲ့ အကျိုးသက်ရောက်မှုပဲ ။ ကျေးဇူးပြုပြီး ဆက်ကြိုးစားပါ။ ရှန်ယွန်ပေါင်ကို ကောင်းကောင်း ပြုစုပျိုးထောင်ပေးပါ”

စနစ်က ဆွန်းမိုကို အားပေးလိုက်သည်။

ဆွန်းမိုသည် အသက်ပြင်းပြင်းရှူထုတ်လိုက်သည်။ သူသည် ရှန်ယွန်ပေါင် လို တပြည့်မျိုးရပြီး လုံလောက်တဲ့စွမ်းရည်မရှိဘဲ ဒီတပြည့်၏ အနာဂတ်ကို ဖြုန်းတီးပစ်မိမလား

နည်းနည်းစိုးရိမ်နေခဲ့သည်။ ဒါပေမယ့် အခုတော့ သူ့ယုံကြည်ချက် တက်လာသည်။

ဒင်!

“ဂုဏ်ယူပါတယ်၊ နောက်ဆုံးတော့ မင်း ကိုယ်ပိုင်တပြည့်ကို ရခဲ့ပြီ၊ ဆရာတစ်ယောက် လမ်းကြောင်းပေါ်မှာ ကြီးမားသည့် ခြေတစ်လှမ်း လှမ်းနိုင်ခဲ့ပြီ၊ သင်သည် လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာတစ်ခုကို လက်ဆောင်ရမည်။ အခုက စ ပိုပြီး အောင်မြင်မှုရမယ်လို့ မျှော်လင့်ပါတယ်”

စနစ်က သတိပေးချက်ထွက်လာပြီး ဆွန်းမို မျက်နှာရှေ့တွင် ခရမ်းရောင် သေတ္တာကြီးတစ်လုံး ပေါ်လာသည်။

"အို၊ ဆုလဒ်တစ်ခုလဲ ရတာလား"

ဒါက ကြည်နူးအံ့သြစရာပါ။ ကြီးမားသည့် ရတနာသေတ္တာသည် လျှို့ဝှက်ဆန်းကြယ်သော အရောင်အဝါကို ထုတ်လွှင့်နေသည်။ ၎င်းသည် ကံကြမ္မာ ရတနာသေတ္တာနှင့် သိသာစွာ ကွဲပြားခြားနားသည်။

"ဒါကို အခုဖွင့်ချင်လား"

စနစ်က မေးလိုက်သည်။

“အင်း”

ဆွန်းမိုသည် သဘော်သီးကောင်မလေး၏ ခေါင်းကို ပုတ်လိုက်သည်။ သူသည် ဒီနေ့ ကံကောင်းလှိုင်းပေါ် ရောက်နေသည်။ အံ့ဩဖွယ်ရာ တစ်ခုခုနှင့်သာ အဆုံးသတ်နိုင်သည်။

လုချီဟွာသည် ခေါင်းကိုစောင်းကာ ဆွန်းမိုကို ကြောင်တောင်တောင်နှင့် ကြည့်လိုက်သည်။ သူမကို ဘာကြောင့်ပုတ်တာလဲ သူမ မသိပါ။ သို့သော်

ဒီခံစားချက်ကို မကြိုက်ပါ။ ဆန့်ကျင်ဘက်အနေနဲ့ နည်းနည်းခံစားမိသည်။

အမိန့်အတိုင်း လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာကို ဖွင့်လိုက်သည်နှင့် အတိတ်က အစိမ်းရောင် ရတနာသေတ္တာလို အခိုးအငွေ့များကဲ့သို့ မြူခိုးများနေရာတိုင်းက ပေါ်လာသည်။ ပြီးနောက် ရတနာသေတ္တာသည် တဖြည်းဖြည်း ထင်ရှားလာသည်။

ခရမ်းရောင် အလင်း တောက်ပနေသောစာအုပ်သည် ဆွန်းမို လာခေါ်ဖို့စောင့်နေသည့် သတို့သမီးတစ်ယောက်လို ပေါ်လာသည်။

“ကျွန်တော်ပြီးပြီ”

ရှန်ယွန်ပေါင်က ခုန်ထလာပြီး ရင်ဘတ်ကို ပြင်းပြင်းထန်ထန် ပုတ်လိုက်သည်။ သူ့အခြေနေက ထူးခြားလွန်းအောင် ကောင်းမွန်နေပြီး တိုက်ပွဲဝင်ဖို့ မစောင့်နိုင်အောင် ဖြစ်နေသည်။ မဟုတ်ဘူး လုံးဝကို မစောင့်နိုင်တာပါ။

"ဆရာဆွန်း ၊ ဆရာတို့ သွားစားနှင့်ကြ။ ကျွန်တော်သွားပြီး တိုက်လိုက်အုံးမယ်"

ဆွန်းမို ဘာမှပြန်မပြောရသေးခင်မှာပဲ ရှန်ယွန်ပေါင်သည် လှံကို ကိုင်ကာ စတိုခန်းခေါင်မိုးပေါ်ကို ခုန်တက်ကာ ပျောက်သွားသည်။

အခန်း(၃၇) - ဘာကြောင့် သူဖြစ်နေရတာလဲ။

ချင်ဖန်သည် ရှန်ယွန်ပေါင်ကို သူ၏ကျောင်းသားအဖြစ် မခေါ်ယူနိုင်ခဲ့သောကြောင့် အခြားသူများကို ထိုအကြောင်း မပြောပြခဲ့ပါ။ သို့သော်ရုပ်ဆိုးသည့် အစမ်းခန့်ဆရာနှစ်ယောက်ကတော့ ထိုသို့မဟုတ်ဘဲ ဆွန်းမိုကင်းသားကို စားသွားသော ဖားပြုတ်ကြီးကဲ့သို့ ရှန်ယွန်ပေါင်ကို ခေါ်ယူသွားကြောင်း အံ့ဩစရာအဖြစ် ပြောနေသည်။ ထိုကြောင့် သူတို့သည် အဆောင်ကို ပြန်ရောက်လျှင် သူတို့အဖော်များကို ဖောက်သည်ချသဖြင့် သတင်းသည် ကျယ်ပြန့်လာသည်။

ကျောင်းသားစုဆောင်းရေး ဒုတိယနေ့တွင်လည်း လူစည်ကားနေသည်။

ကန်တင်းထိုင်နေသော ကျန်း‌ရှန်သည် အရည်ကျဲဆန်ပြုတ် တစ်ခွက်ဖြင့် ဖိမ်ကျနေသည်။ မနေ့က တစ်နေ့ကုန်ပတ်သွားရသဖြင့် ခြေထောက်နာနေပြီး အသံတောင်ထွက်နေသည်။ သို့သော် ကျောင်းသားတစ်ယောက်တောင် ခေါ်နိုင်ခြင်း မရှိသေးပါ။

“စိတ်ဓါတ်မကျနဲ့ ၊ အစမ်းခန့်ဆရာတစ်ယောက် အနေနှင့် ကျောင်းသားခေါ်ရတာ

ဘယ်လောက်ခက်သလဲ။ မနေ့က ငါဆို အကြိမ်(၂၀) လောက် အငြင်းခံရတယ်”

ယွမ်ဖန်သည် သူ့မကျေနပ်ချက်တွေကို ပေါ်မုန့်ပေါ်တွင်သာ ပုံချနေသည်။

ကျန်းရှန်သည် ယွမ်ဖန်၏ စကားများကို ဂရုစိုက်မနေပါ။ သို့သော်သူလည်း အကြိမ် (၃၀) ကျော်ငြင်းပယ်ခံရသည်ကို စဉ်းစားရင်း မျက်နှာပျက်လာသည်။

“သူတို့အားလုံး လူမိုက်တွေ၊ ဘာကကောင်းလို့ကောင်းမှန်းမသိတဲ့ ကောင်တွေ”

ကျန်းရှန်သည် သူ့ကို ငြင်းပယ်လိုက်သည့် ကျောင်းသားများသည် ဘာကကောင်းသည်ကို မသိတဲ့ ငတုံးလို့ ထင်နေမိသည်။

လိုဒီလည်း ဆန်ပြုတ်သောက်နေသည်။ ထိုကိစ္စတွေကို ကျော်လွှန်ရန် သူသည် ဝက်ပေါင်ခြောက်တွေကို ချက်ရန်ပြန်လာခဲ့သေးသည်။ သူ၏အနေထားကို သိသဖြင့် ကျောင်းသားစုဆောင်းရန် မစဉ်းစားခဲ့ပါ။

"ဆရာချင်က ငါ့ကို အမှတ်ကောင်းကောင်း ပေးနေသ၍ ငါကျောင်းမှာ ဆက်နေနိုင်မှာပဲ"

လိုဒီတွင် ရည်မှန်းချက်ကြီးကြီးမားမား မရှိပါ။ သူသည် ကျောင်းမှာဆက်နေချင်ပြီး ဖြည်းဖြည်းခြင်း တက်သွားမည်။

"မင်းကြားပြီးပြီလား၊ ဆွန်းမိုက ရှန်ယွန်ပေါင်ကို သူ့တပြည့်ဖြစ်အောင် လုပ်ခဲ့တယ်တဲ့"

"အမှန်မဟုတ်နိုင်ပါဘူး။ ရှန်ယွန်ပေါင်က လျှိုမူဘိုင်ကို တောင်ငြင်းခဲ့တာ ဆွန်းမိုကို ဘယ်လို လက်ခံမှာတုန်း"

ဘေးနားဝိုင်းက အစမ်းခန့်ဆရာများသည် သူတို့ဘာသာ သူတို့စားသောက်ရင်း အချင်းချင်း ပြောနေကြသည်။

ယွမ်ဖန်လည်း သိချင်စိတ်ပြင်းပြလာပြီး အနားကို ပိုတိုးသွားလိုက်သည်။ သူတို့ပြောနေသည့် အကြောင်းအရာအချို့ကို သိသွားပြီး အံ့ဩသွားသည်။ “မင်းက ကလေးတွေကို ဟာသလုပ်နေတာလား၊ ဒါကို မင်းဘယ်က ကြားလာတာလဲ။ ဆွန်းမိုလို လူတစ်ယောက်က ရှန်ယွန်ပေါင်ကို ဘယ်လ ို စည်းရုံးနိုင်မှာလဲ”

"တစ်ယောက်ယောက်က မျက်စိနဲ့ အသေအချာမြင်ခဲ့တာ၊ ချင်ဖန်နဲ့ ကူရှုပ်ရှင်းတောင် ရှိသေးတယ်"

ဒီအစမ်းခန့်ဆရာ စကားမဆုံးခင်မှာပင် ပေါက်ခွဲသံကြီး ထွက်လာပြီး သူတို့ လန့်ဖြန့်သွားကြသည်။ သူတို့ လှည့်ကြည့်လိုက်လျှင် ကျန်းရှန်သည် သူ့တုတ်ကောက်ကို စားပွဲပေါ် ပစ်တင်လိုက်တာ တွေ့လိုက်ရသည်။

"ငါလို........." ကျန်းရှန်က အော်ဆဲလိုက်သည်။ "ဆွန်းမို ဒီကောင်က ဘာမို့လို့လဲ"

“ကူရှုပ်ရှင်းနဲ့ ချင်ဖန်တို့သာ ရှိနေမယ်ဆိုရင် ရှန်ယွန်ပေါင်က ဆွန်းမိုကို ရွေးချယ်ဖို့ဆိုတာ ပိုတောင် မဖြစ်နိုင်သေးတယ်။” ယွမ်ဖန်သည် ပြန်ထိုင်ချလိုက်ပြီး မနက်စာကို ဆက်စားလိုက်သည်။

“သတင်းအမှားတွေ မဖြန့်ပါနဲ့၊ ဆွန်းမိုက ကျောင်းသားတွေကို စုဆောင်းရတာလွယ်အောင် သူ့နာမည်ကို ကျော်ကြားဖို့အတွက် ကောလဟာလတွေ ဖြန့်နေတာ ဖြစ်မယ်”

ကျန်းရှန်က ထိုသို့ ပြောတာကို ကြားလိုက်ရသည်နှင့် အစမ်းခန့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာများသည်လည်း ထိုကိစ္စကို သံသယဝင်လာကြသည်။ ဘယ်လိုပဲပြောပြော ဆွန်းမိုက ရှန်ယွန်ပေါင်ကို စည်းရုံးနိုင်ခြင်းသည် အခွင့်အရေး သုညသာဖြစ်သည်။

"ဒါဆို ဒါပေါ့"

ဒေါသထွက်နေသော ကျန်းရှန်သည် ထိုသို့ အတွေးပေါက်သွားသည်။ (ငါသိတယ်၊ ငါတောင်ဒါကို မလုပ်နိုင်ရင် ဆွန်းမိုလည်း မလုပ်နိုင်ဘူး)

....

သင်ကြားရေး ရုံးခန်းတစ်ခုထဲတွင်....

ဤရက်ပိုင်းတွင် သင်ကြားရေးအတန်းများမရှိပါ။ သို့သော် တရားဝင် ဆရာများသည် မအားကြပါ။ ကျောင်းသားစုဆောင်းရေးပွဲတွင် ကျောင်းသားများကို ရွေးချယ်ပြီးပါက တရားဝင်အတန်းကို စတင်မည်ဖြစ်သည်။ ထိုကြောင့် သူတို့သည် သင်ခန်းစာ အစီအစဉ်များနှင့် တခြားစာရွက်စာတန်းများကို ပြင်ဆင်နေကြသည်။

ကျုံလင်သည် အခန်းတံခါးကို တွန်းဖွင့်လိုက်ပြီး ပြုံးကာဝင်လာသည်။

“ဆရာတို့ မင်းတို့မှာ သယ်စရာတွေရှိသေးလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အော် လက်ထောက်လင် ပါလား” အနည်းငယ်ဝသော ဆရာကျုံရှုန်ရီက သူ၏ဗိုက်ကို ပုတ်လိုက်ပြီး “ဘာလဲ ကျောင်းအုပ်ကြီးအန် အတွက် သတင်းစုဆောင်းမလို့ ရောက်လာတာလား”

“ငါလည်း မင်းကိုကြောက်နေတာ”

ကျုံလင်လည်း ဟန်ဆောင်စိတ်ဆိုးကာ မျက်လုံးပြူးပြလိုက်သည်။ ဒါပေမယ့် ဆရာကျုံသည် ဒေါသမထွက်ဘဲ ဒါကို သဘောကျနေသည်။ လှပသည့် မိန်းကလေးများသည် ဘာပဲလုပ်လုပ်ကိစ္စ မရှိပါ။

“ကျောင်းကနေ ထူးချွန်သည့် ကျောင်းသားများ၏ သတင်းအချက်အလက်ကို စုဆောင်းပြီး ပေးခဲ့တာ မဟုတ်လား၊ ငါလည်း ဟိုဟိုဒီဒီလျှောက်သွားပြီး ကြည့်တာ သူတို့ထဲက တော်တော်များများကို တွေ့ခဲ့တယ်။ ဒါကြောင့် ငါ့မှာ လုပ်စရာ အများကြီး ရှိတယ်”

အမြဲတမ်း ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြီးတတ်သည့် ဆရာကျုန်ရုံနဲက လက်ဖက်ရည်ခွက်ကို ကောက်ယူလိုက်ပြီး သက်တောင့်သက်သာ

ကြည့်လိုက်သည်။ သူသည် အသက်(၃၀) အရွယ်သာရှိသေးတာကြောင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည်။

ကောင်းမွန်သော သင်ကြားရေးစွမ်းရည်ကို ထည့်မပြောကြေးဆိုရင် ဆရာတစ်ယောက်က ထူးချွန်သောကျောင်းသား မွေးထုတ်ပေးနိုင်လားကြည့်ရမည်။ ဒီလိုလုပ်ဖို့ ပထမဆုံး ကျောင်းသားစုဆောင်းရမည် ဖြစ်သည်။

ကျောင်းက ထိုကိစ္စအတွက် ဘာဆုမှမပေးသော်လည်း ဆရာများသည် ကျောင်းသားစုဆောင်းရေးပွဲတွင် အလင်းထဲမှာရော

အမှောင်ထဲမှာပါ ကျောင်းသားကို ရဖို့အတွက် တိုက်ပွဲဝင်ကြသည်။

"အင်း၊ ဒါဆို ဆရာကျွန်ကို ဂုဏ်ပြုထားရမှာဘဲ"

ကျုံလင်က ချီးကျူးလိုက်သည်။

"လျို့မူဘိုင်က ရှန်ယွန်ပေါင်ဆိုတဲ့ ကျောင်းသားတစ်ယောက်ကို သဘောကျခဲ့တယ်၊ ဘာဖြစ်သွားမယ်လို့ မင်းထင်လဲ"

ကျန်ရုံနဲက လက်ဖက်ရည်ခွက်ကို ကိုင်ရင်းပြုံးကာ မေးလိုက်သည်။

"ဘာဖြစ်သွားလဲ"

ကျုံလင်က မေးလိုက်သည်။

“ကောင်လေးက ငြင်းလိုက်တယ်”

ကျန်ရုံနဲ့သည် ကြယ်တစ်ပွင့်ဆရာဖြစ်သော်လည်း လျိုမူဘိုင်သည် ကြယ်တစ်ပွင့်ဘွဲ့ကို မယူထားသည့် အားကောင်းသော ပြိုင်ဘက်ဖြစ်သည်။ ထို့ကြောင့် လျိုမူဘိုင် ရှုံးနိမ့်တာကို မြင်ရတာ အလွန်ကျေနပ်မိသည်။

“ဒီခေတ်ကလေးတွေက မာနကြီးလွန်းတယ်။ ပျက်ဆီးမှုကို ကြုံပြီးမှ သူတို့ဆုံးရှုံးခဲ့ရတဲ့တန်ဖိုးကို နားလည်လိမ့်မယ်”

လျှိုမှူဘိုင်ကို အလွန်လေးစားနေသော လင်ကျန်က ရှန်ယွန်ပေါင်ကို ဒေါသထွက်ကာပြောလိုက်သည်။

"ကြယ်ပွင့်အဆင့်မြင့်တဲ့ မြတ်ဆရာက ခေါ်လိုက်လို့လား"

ကျုံလင်ကတော့ မအံ့ဩပါ။ အန်ရှီဝေတောင် လျှိုမှူဘိုင်အပေါ်တွင် မြင့်မားသော အမြင်ရှိသည်။ ဒါပေမယ့် ကျောင်းသားတွေက မသိကြပါဘူး။

"မဟုတ်ဘူး"

ကျန်ရုံနဲက သူတို့စိတ်ဝင်စားလာစေရန် စကားကို ခဏရပ်လိုက်ပြီး

"မင်းတို့ဘာလို့ မခန့်မှန်းကြည့်တာလဲ"

"မင်းတို့ အားလုံးက ဆရာဖြစ်နိုင်တာပဲ"

ကျိုးလင်သည် ပတ်ဝန်းကျင်ကို ကောင်းသောအမြင်ဖြင့် ကြည့်လိုက်ပြီး ချီးကျူးစကားကို ပြောလိုက်သည်။

"ဒါလည်း မဟုတ်သေးဘူး"

ကျန်ရှံနဲက ခေါင်းယမ်းကာ ပြောလိုက်သည်။

ကျိုးလင်လည်း တိတ်ဆိတ်သွားပြီး မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်သည်။ သူမ၏ ဆင်ခြင်နိုင်စွမ်းနှင့် စိတ်ခံစားမှုစွမ်းရည် မညံ့ပါ။

ကျန်ရုံနဲသည် သူမ၏ခန့်မှန်းချက်ကို ဆက်တိုက်ငြင်းနေသဖြင့် ရှန်ယွန်ပေါင်ရသည့် ဆရာသည် ထူးခြားရမည်။ ထို့နောက် သူမသည် အတွေးတစ်ခုဝင်လာပြီး

“ကူရှုပ်ရှင်းလား”

ဒါဆို အစမ်းခန့်ဆရာသည် ပါရမီရှင်တစ်ယောက်ကို ခေါ်ယူနိုင်လိုက်သည်က အံ့သြစရာပါ။

“ထပ်ကြိုးစားကြည့်ပါအုံး” ကျန်ရုံနဲက ရယ်ပြီးပြောလိုက်သည်။

"စကားမစပ် အဲ့ဒီဆရာက နာမည်ကြီးကျောင်းကိုးကျောင်းက ဘွဲ့ရ သုံးယောက်လည်း မဟုတ်ဘူး"

ကျုံလင်လည်း မျက်မှောင်ကြုတ်လိုက်မိသည်။ အစမ်းခန့်ဆရာများ၏ အချက်အလက်အားလုံးကို သူမကိုယ်တိုင် ပြင်ပေးရပြီး အားလုံးကို ကျက်မှတ်ထားသည်။ သူတို့ထဲတွင် ထူးထူးခြားခြားတစ်ယောက်မှ မရှိပါ။

"ဘာကိုခန့်မှန်းရအုံးမှာလဲ ဆွန်းမိုပဲ"

လင်ကျန်က မကျေမနပ်နှင့်ဝင် ပြောလိုက်သည်။ ကျန်ရုံနဲသည် လျိုမူဘိုင်ကို ကဲ့ရဲ့နေခြင်းမှာ ထိုအချက်ကြောင့်ဖြစ်သည်။ လျိုမူဘိုင်က အစမ်းခန့်ဆရာတစ်ယောက်ကို ရှုံးနိမ့်ကြောင်း လူတိုင်းကို သွယ်ဝိုက် ပြောနေခဲ့သည်။

"ဘယ်သူ"

ကျုံလင်လည်း ချက်ခြင်းပင် လည်ပင်းကို ဆန့်ကာမေးလိုက်မိသည်။

"အဲဒါက ဆွန်းမိုလေ" ကျန်ရုံနဲလည်း သူကြားခဲ့ရသမျှကို ပြန်ပြီး

ဖောက်သည်ချလိုက်သည်။ “ဒါပေမယ့် ဒီကောင်လေး တကယ်လည်တယ်၊ စကားနဲ့ ဘယ်လို ကစားရလည်းသိတယ်”

ရုံးခန်းထဲက ဆရာတွေဘာမှ မပြောကြသော်လည်း သူတို့အတွေးထဲတွင် ဆွန်းမိုသည် ဘာမှမသိနားမလည်သည့် ရှန်ယွန်ပေါင်ကို စကားနှင့် လှည့်စားသွားတယ်လို့ တွေးနေကြသည်။

“ကျောင်းအုပ်ကြီးနဲ့ စေ့စပ်ထားတဲ့ အဆင့်အတန်းက အကျိုးရှိသွားတယ် ထင်တယ်”

ဆွန်းမိုက ကျောင်းအုပ်ကြီး၏ အခွင့်အာဏာကို အခွင့်ကောင်းယူနေတယ်လို့ လင်ကျန်က ထင်နေသည်။

သူလည်းထိုအဆင့်အတန်းကို ထုတ်ပြမည်ဆိုပါက ဇာတ်လမ်းကို နားမလည်သည့် လူကြီးများပင် ကျောင်းသားကဲ့သို့ လှည့်စား ခံရနိုင်သည်။

“ဘာပဲဖြစ်ဖြစ် အလားအလာကောင်းတဲ့ ရှန်ယွန်ပေါင် အလာဟာသ ဖြစ်သွားနိုင်တယ်”

ကျန်ရုံနဲက သက်ပြင်းချကာ ပြောလိုက်သည်။ အကယ်၍သူသာ ရှန်ယွန်ပေါင်ကို

သင်ကြားပေးရသည့် သူဖြစ်ပါက သူသည် သေချာပေါက် တိမ်စိမ်း အဆင့်ကို ဝင်နိုင်သည်။

ကျုံလင်လည်း သူတို့နှင့် အချိန်အနည်းငယ် စကားပြောခဲ့ပြီးနောက် ကျောင်းအုပ်ကြီး ရုံးခန်းကို ထွက်သွားသည်။

"ဘာဖြစ်လို့လဲ"

ကျုံလင်၏ အလျှင်စလိုခြေသံကို ကြားလိုက်ပြီး အန်ရှီဝေက တစ်ခုခုဖြစ်နေပြီလို့ တွေးလိုက်မိသည်။

"ရှန်ယွန်ပေါင်က ဆွန်းမိုကို ဆရာအဖြစ် အသိအမှတ် ပြုလိုက်တယ်" ကျုံလင်လည်း

သူမသိသမျှကို ပြန်ပြောပြလိုက်သည်။

"အခုလည်းနောက်မကျသေးဘူး၊ ဆွန်းမိုကို လက်လျှော့ခိုင်းပြီး ရှန်ယွန်ပေါင်ကို လျိုမူဘိုင်ဆီ ပြောင်းခိုင်းလိုက်ပါလား"

"အရင် စိတ်အေးအေးထားပါ"

အန်ရှီဝေက ကျုံလင်ကို ရေတစ်ခွက်ခပ်ပေးရင်း ပြောလိုက်သည်။

"ငါဘယ်လိုစိတ်အေးနိုင်မှာလဲ ဒီအတိုင်းဆက်သွားရင် ရှန်ယွန်ပေါင် အလာဟာသ ဖြစ်သွားတော့မယ်"

ကျုံလင် အလွန်စိုးရိမ်နေသည်။ လက်ရှိအနေထားက ဗဟိုပြည်နယ်က အလားလာကောင်းသော ကျောင်းသားများသည် အလာဟာသဖြစ်လို့ မရပါ။ ထူးချွန်သော ကျောင်းသားများကို မွေးထုတ်ပေးခြင်းဖြင့် ဦးဆောင်ကျောင်းအဖြစ် ပြန်လည်ရပ်တည်နိုင်မည်ဖြစ်သည်။

"အစ်မကြီး၊ ဒီကောင်က မင်းနဲ့ရည်စားဖြစ်တဲ့ အခြေအနေကို အသုံးချပြီး ကျောင်းသားတွေကို လိမ်နေတာသေချာတယ်။ သူ့ကိုသတိပေးရမယ်။

ဒီလိုမဟုတ်ရင် အလားအလာကောင်းတဲ့ ကျောင်းသားတွေအများကြီးကို သုစည်းရုံးသွားလိမ့်မယ်”

ကျုံလင်က ဒေါသတကြီးပြောလိုက်သည်။

“အဲလိုတော့ မဖြစ်နိုင်ဘူး၊” အန်ရှီဝေက အမှတ်တရများကို ပြန်စဉ်းစားရင်း ခေါင်းယမ်းကာ ပြောလိုက်သည်။

“ဆွန်းမိုက ဒီလိုလူမဟုတ်ဘူး”

"ချစ်ရသော အစ်မကြီး၊ လူတွေက ပြောင်းလဲတတ်တယ်။ မင်းက တခြားသူတွေကို အကောင်းမြင်စိတ်နဲ့ ကြည့်နေတာ"

ကျုံလင် က မသေမချာ ပြောလိုက်သည်။

"ငါ ဆွန်းမိုကို ယုံတယ်"

အန်ရှီဝေက အခိုင်အမာပြောလိုက်သည်။

"ကောင်းပြီ၊ ဆွန်းမိုက တခြားသူတွေကို လိမ်ညာဖို့ အဆင့်အတန်းကို မသုံးခဲ့ဘူးဆိုရင်တောင် အနာဂတ်မှာ ဘယ်လိုဖြစ်လာမလဲ။ သူ ဆွန်လျောင်

အကယ်ဒမီက ဘွဲ့ရတစ်ယောက်ပဲ ရှန်ယွန်ပေါင်ကို ဘယ်လိုသင်ပေး မှာလဲ”

ကျုံလင် က လန့်သွားပြီး “လျိုမူဘိုင်က ဒီကောင်လေးကို တော်တော်သဘောကျတယ်လို့ ငါကြားတယ်၊ မြတ်ဆရာတွေတောင် စိတ်ဝင်စားနေတယ်။ ဒါက ဘယ်လိုဟာသမျိုးလဲ”

အန်ရှီဝေကတော့ သူမအလုပ်ကိုသာ ဆက်လုပ်နေသည်။

“အမကြီး မြန်မြန်အဖြေကို စဉ်းစားပါအုံး၊ ရှန်ယွန်ပေါင်ကို ရတာက ချင်ဖန်နှင့်

ကူရှပ်ရှင်းဆိုရင်တောင် တော်သေးတယ်။ ဒါပေမယ့် ဘာကြောင့် ဆွန်းမိုဖြစ်နေရတာလဲ”

ကျုံလင်စိတ်မချမ်း မသာဖြစ်နေပါသည်။ ကြည့်ရတာ ဘေးအိမ်မှ အနံ့အသက်ဆိုးသည့် ယောက်ျားနဲ့ လှပသည့်သတို့သမီးကို ကြည့်နေရသလို ဖြစ်နေသည်။ ဒါကို တွေးမိရုံနှင့် စက်ဆုပ်ဖို့ကောင်းသည်။

“ဘာကြောင့် သူက မဖြစ်နိုင်ရတာလဲ”

အန်ရှီဝေက ပြန်တုန့်ပြန်ကာ မေးလိုက်သည်။

“ဘာကြောင့်လည်းဆိုတော့........”

ကျုံ့လင်မှာ ပြောဖို့ အချက်အလက်ပေါင်းများစွာရှိသော်လည်း သူမပြောရသေးခင် အန်ရှီဝေက ဖြတ်ပြီး

"ရပြီ၊ လုပ်စရာရှိတာ သွားလုပ်တော့"

အန်ရှီဝေက လေသံမာမာနှင့်ပြောလိုက်သည်။

အမကြီးသည် အလွန်သဘောကောင်းသော်လည်း ဒေါသထွက်သည့်အခါ အရမ်းကိုလွှမ်းမိုးနိုင်စွမ်းရှိသည်။ ကျုံ့လင် သည် ဆက်မပြောရဲတော့ပဲ နှုတ်ခမ်းစူကာ ထွက်သွားသည်။

အန်ရှီဝေသည် အလုပ်ကိုသာ ဆက်လုပ်နေရသော်လည်း စိတ်ထဲတွင် အခြားအတွေးဝင်နေသည်။ သူမသည် ဘာရစ်ကို ချလိုက်ပြီး ပြတင်းပေါက်ဆီကို လျှောက်ကာ ကျောင်းဝန်းကို ငုံ့ကြည့်လိုက်သည်။

"မိုမိုလေး၊ ငါ့ကိုမကူညီနိုင်ရင်တောင် မင်းကိုယ်မင်း သက်သေပြနိုင်မယ်လို့ ယုံကြည်တယ်"

အန်ရှီဝေသည် ပြတင်းပေါက်တွင် ထွင်းထုထားသော ရုပ်တုများကို ပွတ်သပ်ကာ

ကျောင်းရှိ အပင်များကို ငေးကြည့်နေသည်။ သူ့နောက်တွင် တစ်ချိန်လုံးလိုက်ကာ အစ်မ အစ်မလို့ခေါ်တတ်သည့် ကောင်လေးကို မြင်နေပုံရသည်။ သူမသည် မရည်ရွယ်ဘဲ နှုတ်ခမ်းတွင် အပြုံးများပေါ်လာသည်။

ဒီကျောင်းသည် သူမကလေးဘဝ အမှတ်တရများနှင့် ပြည့်နေပြီး သူမကာကွယ်ရမည့်အရာဖြစ်သည်။ ကျောင်း၏ဂုဏ်ပုဒ်များကို ဖယ်ရှားပစ်ချင်ပါက သူမအလောင်းကို ကျော်ဖြတ်မှသာ ရမည်။

....

ဆွန်းမိုသည် ကန်တင်းထောင့်တွင်ထိုင်ကာ သူ့အရှေ့က လှပသောစာအုပ်ကို ကြည့်ပြီး ဆန်ပြုတ်ကို သောက်နေသည်။

“စနစ် ထပ်ပြောပါအုံး”

ဆွန်မို တောင်းဆိုလိုက်သည်။

“ဂုဏ်ယူပါတယ်။ သင်သည် ကျွမ်းကျင်မှု အခြေခံနတ်ဘုရားအဆင့် ရှေးခေတ်လောကနတ် ကျင့်စဉ်ကို ရရှိခဲ့ပါသည်။”

အခန်း(၃၈) - ရှေးခေတ် လောကနတ်။

စနစ်၏အသံသည် ချိုမြိန်ပြီး လောကီဆန်သော်လည်း ဆွန်းမို နားထဲတွင် ကောင်းကင်ဘုံက အသံလို နားထောင်ကောင်းနေသည်။

"နတ်ဘုရားအဆင့် " ထိုနာမည်အတိုင်းသာဆို နတ်ဘုရားများသာ ထိုကျွမ်းကျင်မှုကို နားလည်နိုင်သည်။ သုံးနှစ်သား ကလေးတစ်ယောက်တောင် ဒီကျင့်ကြံခြင်းကျင့်စဉ် ဘယ်လောက်အစွမ်းထက်လဲ သိနိုင်သည်။

"စနစ် ထပ်ပြောပြပါအုံး" ဆွန်းမိုက ထပ်တောင်းဆိုလိုက်သည်။

"မင်းမပြီးတော့ဘူးလား" စနစ်ပေါက်ကွဲလာသည်။ "ဒါနဲ့ဆို (၃၂) ကြိမ်ရှိပြီ"

"တောင်းပန်ပါတယ်။ စိတ်လှုပ်ရှားနေတာကို မထိန်းနိုင်လို့ပါ"

ဆွန်းမိုဟာ အလွန်ကံမကောင်းတတ်သည့် သူပါ။ အရင်က နှစ်သိမ့်ဆုတောင်တစ်ခါမှ မရခဲ့သည့် လူတစ်ယောက်အတွက် ဒီတစ်ခါ နတ်ဘုရားအဆင့်ကျင့်စဉ် ရခဲ့တာကို သူက

မျက်ရည်မကျအောင် ဘယ်လိုထိန်းနိုင်မှာလဲ။ သူ့မှာသာ ကွန်ပျူတာရှိရင် ဘီယာ၊ မြေပဲယိုနဲ့ ကွန်ပျူတာကို ညလုံးပေါက် သုံးနေလိုက်မည်။

အထူးသဖြင့် လုချီဟွာက သူ့ကို ဆရာအဖြစ်အသိအမှတ်ပြုပြီး ဒီရတနာသေတ္တာကို လက်ခံရသည့်အခါ သဘော်သီးမိန်းကလေးက သူ့အား ကံတက်စေတာကို ဝန်ခံရမည်။

ဆွန်းမိုသည် အနာဂတ်တွင် ရှက်ရွံ့တတ်သော သဘော်သီးမိန်းကလေးကို ပိုပြီးကောင်းကောင်း ဆက်ဆံမယ်လို့ ဆုံးဖြတ်လိုက်သည်။

“ရှေးရှေးတုန်းက လောကနတ်က ကဗျာဆန်တယ်၊ ဘယ်လောက်တောင် လွှမ်းမိုးလိုက်သလဲ၊ အရမ်းကိုချစ်ဖို့ကောင်းတာပဲ”

ဆွန်းမိုသည် သူ့ပါးစပ်ထဲက ဆန်ပြုတ်လည်း ပိုမွှေးလာတယ်လို့ ထင်လိုက်မိသည်။

“မင်းဘယ်အချိန်မှာ ရပ်ရမလဲဆိုတာ မင်းပိုသိသင့်တယ်”

စနစ်က သည်းမခံနိုင်ဘဲ ပြောလိုက်သည်။

“သဏ္ဍာန်မဲ့ မြင့်မြတ်စကြဝဠာ ကျင့်စဉ်လည်း သူတော်စင်အဆင့်ပဲ ဒါနဲ့ ဘယ်ဟာက ပိုကောင်းလဲ”

ဆွန်းမိုက စပ်စုလိုက်သည်။ စာကြည့်တိုက်တွင် ဖော်ပြထားသော စာရွက်စာတန်းများအရ အလယ်ကမ္ဘာတွင် အကောင်းဆုံး ကျင့်ကြံခြင်းကျင့်စဉ်သည် သူတော်စင်အဆင့်ဖြစ်ပြီး အရည်အတွက်အားဖြင့် နည်းနည်းလေးသာရှိသည်။

“မင်းမေးစရာ လိုသေးလို့လား။ သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာက အနည်းဆုံးသုံးတဲ့သူ ငါးယောက်လောက်ရှိမယ်၊ ရှေးခေတ် လောကနတ်ကျင့်စဉ်က မင်းတစ်ယောက်တည်းအတွက် သီးသန့်ပဲ”

စနစ်က မောက်မောက်မာမာ တုံ့ပြန်လိုက်သည်။

"အိုကေ၊ ငါနားလည်ပြီ၊ မင်းဒိုးလို့ရပြီ"

ဆွန်းမိုက အလွန်ကျေနပ်ကာပြောလိုက်သည်။

"မင်း....."

စနစ်သာ အသက်ရှိပါက ဒေါသကြောင့် အသက်ထွက်သွားနိုင်သည်။

ဆွန်းမိုသည် ဓွန်းကိုချလိုက်ကာ ကျင့်ကြံခြင်းကို အာရုံစိုက်လိုက်သည်။

(လသည် အတိတ်နှင့် ပစ္စုပ္ပန်တွင် ထွန်းလင်းနေသည်။ ဘယ်အရာကမှ မဖုံးကွယ်နိုင်ပါ။ ဂင်္ဂါမြစ်ရှိသဲများကိုပင် မြင်နိုင် ခြေရာခံနိုင်သည်။ (ရှေးခေတ်လောကနတ်ကို အတိတ်မှာလည်းရှိ ပစ္စုပ္ပန်မှာလည်းရှိ ထာဝရမပျောက်မပျက်လို့ ဘာသာပြန်နိုင်သည်)

ကျင့်စဉ်၏ နိဒါန်းတွင် ကြီးစိုးခြင်းများနှင့် လေးနက်သော ဖော်ပြချက်တစ်ခု ရှိနေသည်။

“သင်သည် ကျွမ်းကျင်မှုတစ်ခုခုဖြင့် လူတစ်ယောက်ကို တိုက်ခိုက်လိုက်လျှင်

သူတို့သင်ယူထားသော လေ့ကျင့်သည့် ကျင့်စဉ်၊ နည်းစနစ်များ၏ အစိတ်အပိုင်းများကို စာမျက်နှာပေါ်တွင် ဖော်ပြပေးမည်။”

“တိုက်ခိုက်တာများလေလေ စာမျက်နှာများများ ပေါ်လာလေလေပါပဲ။ နောက်ဆုံးတွင် သူတို့၏ကျင့်စဉ်အားလုံးကို ကူးယူနိုင်ပြီး ပြီးပြည့်စုံသော ကျင့်စဉ်စာအုပ်အဖြစ် ပြောင်းသွားမည်။ သင်အလိုရှိတိုင်း ဖတ်နိုင်သည်။”

“ဒီကျင့်စဉ်ကို ကျွမ်းကျင်မှု တိုးလာလေလေ ပြိုင်ဘက်၏ ထိုးထွင်းမှု နဲ့ အတွေ့အကြုံကိုတောင်

ထုတ်ယူနိုင်တယ်။ ၎င်းကို ကျွမ်းကျင်မှု အမြင့်ဆုံးအဆင့်တွင် ပြိုင်ဘက်၏ တစ်ဘဝစာလုံးကို စာအုပ်တစ်အုပ် အဖြစ်စုစည်းသွားမည်”

ဘာကိုဆိုလိုတာလဲ။

တခြားသူများ၏ သီးသန့်ပိုင်ဆိုင်သည့် ဉာဏ်ရည်ဉာဏ်သွေးများနှင့် အသိပညာများသည် ဆွန်းမိုအတွက် လျှို့ဝှက်ချက် မဖြစ်နိုင်တော့ပါ။ ပြိုင်ဘက်ကို ပိုမိုထိတွေ့လေ အားလုံးကို သိနိုင်လေပါပဲ။

ကမ္ဘာပေါ်တွင် တန်ဖိုးအကြီးဆုံးက ဘာလဲ။

၎င်းသည် ရွှေ၊ ငွေနှင့် လက်ဝတ်ရတနာများ မဟုတ်သလို သစ္စာရှိမှုနှင့် လွတ်လပ်မှုလဲ မဟုတ်ပါ၊ ဗဟုသုတသာဖြစ်သည်။ အသိပညာသာလျှင် ထာဝရဖြစ်သည်။

အလယ်ကမ္ဘာတွင် သိုင်းတာအိုသည် အမြင့်ဆုံးအုပ်ချုပ်သူ ဖြစ်သည်။ သန်မာသော သိုင်းပညာတာအို ရှိရန် ဘာကိုအားကိုးရတာလဲ၊ ကျင့်ကြံခြင်းကျင့်စဉ်ပဲ ဖြစ်သည်။

ရှေးခေတ်လောကနတ်ပညာဖြင့် ဆွန်းမိုသည် ၎င်းတို့ထံမှ တစ်ခုခြင်းဆီကို သင်ယူနိုင်သည်။

"မရှုပ်ထွေးနဲ့ မရှုပ်ထွေးနဲ့"

ဆွန်းမိုက နှိမ့်ချရန် ကိုယ့်ကိုကို သတိပေးလိုက်သည်။ ဤကျင့်ကြံခြင်း ကျင့်စဉ်သည် အလွန်အားကောင်းသော်လည်း အသုံးချပုံကို လေ့လာရန်လိုအပ်သေးသည်။ အခုချိန်တွင် သူတော်စင်ကို စိန်ခေါ်လိုက်ပါက ကျင့်ကြံခြင်းကျင့်စဉ်ကို မသင်ယူနိုင်ခင် သေသွားမည်။

ဆွန်းမိုသည် ကွန်ပျူတာဂိမ်းကို ကစားသည့်အခါ စည်းမျဉ်းတစ်ခုကို ချမှတ်လိုက်နာခဲ့သည်၊

အသန်မာဆုံး နည်းမရှိဘူး၊ အသန်မာဆုံး ကစားသမားပဲရှိသည်။ ဒါသည် နတ်ဘုရားအဆင့် ကျင့်စဉ်တစ်ခုဖြစ်ခဲ့လျှင်တောင် မတူညီသော ကစားသမားလက်ထဲတွင် မတူညီသောရလာဒ်သာ ထွက်လာမည်။ တနည်းဆိုလျှင် သူသည် အရာအားလုံးကို လျစ်လျူရှုကာ နောက်ဆုံးထိ တောက်လျှောက် လုပ်သွားရမည်။

"ငါပျော်တယ်ကွာ"

ဆွန်းမိုသည် ကြက်ဥ တစ်လုံးမှာဖို့ ဆုံးဖြတ်လိုက်သည်။

အခြေခံကျွမ်းတာ ဘာမှမများပါ။ နည်းနည်းခြင်း တည်ဆောက်လို့ရသည်။ ရင်ဘက်သေးလည်း နောက်ဆုံးတွင်ကြီးအောင် လုပ်လို့ရသည်။ အားနည်းသောမိန်းကလေးတွေလည်း တနေ့တွင် ကျော့မော့လာနိုင်သည်။

လုချီဟွာသည် ဘေးတွင် ဆန်ပြုတ်သောက်နေရင်း သူ့ဆရာကို ခဏခဏ လှည့်ကြည့်နေသည်။ သူမသည် ဒီနေ့ခံစားချက်ကောင်းမွန်နေသည်။

နံနက်စာ စားပြီးနောက် ဆွန်းမိုသည် ကျောင်းအတွင်းတွင် လှည့်လည်သွားလာနေသည်။ မနေ့က လေ့လာမှုကတစ်ဆင့် အလားလာရှိသော ကျောင်းသားများသည် အလွန်ရှားပါးကြောင်း သူတွေ့ရှိခဲ့သည်။ ဖမ်းဖို့မပြောနှင့် သူတို့ထဲက တစ်ယောက်၊ နှစ်ယောက်ကို ဆုံရန်ပင် ခက်လှသည်။ အလားအလာမြင့်သော ကျောင်းသားများသည်လည်း ရှားပါးလွန်းသည်။

ဆွန်းမိုက ပိုလက်တွေ့ကျရန် ဆုံးဖြတ်လိုက်သည်။

လီဇီချီသည် ဗဟိုပြည်နယ်အကယ်ဒမီကျောင်းတံခါးကို မြင်ရင် ပန်းရောင်စကတ်ရှည်ကို သပ်ရပ်အောင် ပြင်လိုက်သည်။ သူမတွင် မိတ်ကပ်ပါးပါးလေး ရှိသေးကြောင်း အတည်ပြုပြီးနောက် သူမအထဲကို ဝင်လာသည်။

“ဒါတွေအားလုံး ဦးလေးရဲ့အမှားပဲ ၊ မြတ်ဆရာအချို့ကို အကြံပေးဖို့မတိုက်တွန်းခဲ့ရင် မနေ့ကပွဲကို မလွတ်သွားဘူး။ ဆွန်းမို ကျောင်းသားမခေါ်ရသေးဘူးလို့ မျှော်လင့်ရတာပဲ”

ကျောင်းဝန်းအတွင်းရှိ နေပျိုနေသော မျက်နှာများကိုကြည့်လိုက်ပြီး လီဇီချီသည် ဆွန်းမို၏ ပထမ တပြည့်ဖြစ်လိုသောစိတ်ကြောင့် စိတ်ပူသွားသည်။ ဒါပေမယ့်လည်း ခဏအကြာတွင် သူမစိတ်သက်သာရာ ရသွားသည်။

လီဇီချီက ကိုယ့်ကိုကိုယ် "မကြောက်နဲ့ ဆွန်းမိုက အစမ်းခန့်ဆရာတစ်ယောက်ပဲ ဘာကြောင့် ကျောင်းသားတွေက သူ့ရဲ့ တိုက်ရိုက်တပြည့် ဖြစ်ချင်ကြမှာလဲ။ ဆွန်းမို အဆက်မပြတ် အငြင်းခံရလို့

စိတ်တောင် ပျက်နေလောက်တယ်။ အင်း၊ ဒီ လီဇီချီက မင်းကို ကယ်ပါရစေ”

ဒါကိုတွေးမိပြီး လီဇီချီ၏ ခြေလှမ်းများ သွက်လက်လာသည်။ သူမသည် ဆွန်းမိုပုံရိပ်ကို ရှာဖွေနေစဉ် ရင်တီကန်တွင် သူမ၏အသက်ကို ကယ်တင်ခဲ့သည့် နေ့ကအကြောင်းကို ပြန်စဉ်းစားလိုက်မိသည်။

“မင်းနှလုံးသားကို မင်းယုံရင် မိုးနဲ့လေတောင် ကြောက်စရာမလိုဘူး။ ဆွန်းမိုပြောသွားတာ အရမ်းကောင်းတယ်”

လီဇီချီက ရေရွတ်လိုက်သည်။

ကျောင်းဝန်းဘေးရှိ အရိပ်အောက်တွင် ကျောင်းသားဆယ်ယောက်ကျော် ထိုင်နေကြသည်။ သူတို့သည် လူတွေကို စောင့်ကြည့်ဖို့ သူတို့ဆရာများ၏ အမိန့်ကို လက်ခံထားသောသူများ ဖြစ်သည်။ ဆရာကပစ်မှတ်ထားသော ကျောင်းသားကို တွေ့လိုက်ရင်ဆရာကို ချက်ခြင်းသတင်း ပြန်ပို့ရသည်။

လီဇီချီ ကျောင်းဝင်းအတွင်းကို ဝင်လာတာမြင်လိုက်ရင် သူတို့ ခဏလောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

“ငါ့အမြင်မှားနေတာလား။ လီဇီချီ မဟုတ်လား”

ကျောင်းသားများ၏ အကြည့်သည် လီဇီချီ၏နောက်သို့ ပါသွားသည်။ သူတို့လည်း အံ့ဩသွားသည်။ အခြားကျောင်းသားများက ဆရာပေးလိုက်သော အချက်အလက် စာအုပ်ကို ပြန်လှန်ကြည့်နေသည်။

ပထမစာမျက်နှာတွင် လီဇီချီရှိနေသည်မှာ အံ့ဩစရာမဟုတ်ပါ။ တခြားကျောင်းသားများတွင် လီဇီချီခေါင်းပုံသာပါပြီး သူ့တွင် တစ်ကိုယ်လုံးပုံပါသည်။

“လီဇီချီက ဒီကို ဘာလာလုပ်တာလဲ၊ သူမက နိုင်းစတားကိုမသွားရင်တောင် မရီဒန်အကယ်ဒမီမှာ ရှိသင့်တာ မဟုတ်ဘူးလား”

ရုပ်ဆိုးဆိုးနှင့်ကျောင်းသားက နားမလည်နိုင်ပဲ ပြောလိုက်သည်။

“သူမက ဒီကို အပျော်သဘော လာကြည့်တာလား”

သာမန်ပုံနှင့်ကျောင်းသားက ခန့်မှန်းလိုက်သည်။ ဒါပေမယ့် ကျန်သည့်ကျောင်းသားများက

မြန်မြန်ပြေးထွက် သွားကြသည်။ ထိုကြောင့် သူလည်း ဆရာကျန်ထံ အမြန်ပြန်ပြီး သတင်းပို့လိုက်သည်။

ဆရာတွေက လီဇီချီလို့အတိအကျ မပြောပေမယ့် သူမလို ကျောင်းသားတစ်ယောက် ကျောင်းကိုရောက်လာပါက မဖြစ်မနေ သတင်းပို့ ရန်လိုအပ်သည်။ မဟုတ်ပါက သူတို့ အပြစ်ပေးခံရနိုင်သည်။

လီဇီချီဆီကို သက်လတ်ပိုင်းလူတစ်ယောက်က သူ့ကိုယ်သူ အကြံပြုပေးရန်ထွက်လာသည်။

သို့သော်လည်း စကားအချို့ပြောပြီးနောက် သူလည်း စိတ်ပျက်လက်ပျက်နှင့် ပြန်ထွက်သွားသည်။

"ကြည့်အုံး ဆယ်နှစ်ကျော်လောက် ကျောင်းဆရာလုပ်ခဲ့တဲ့ အဘိုးကြီးတောင် အခွင့်အရေးမရဘူး။ ငါတို့ဆို ပိုတောင်ဆိုးအုံးမယ်"

ယွမ်ဖန်သည် အနည်းငယ်ကြောက်သွားသလို ဖြစ်သွားသည်။

ကျန်းရှန်သည် လီဇီချီကို ကြည့်ကာ မျက်မှောင်ကြုတ်လိုက်သည်။ လီဇီချီကို

သူ့ကျောင်းသားဖြစ်အောင် သိမ်းသွင်းရမည့်နည်းကို စဉ်းစားမရဖြစ်နေသည်။

လီဇီချီအဆင့်လို ကျောင်းသားများသည် သူတို့အဆင့်နှင့်ကွာသွားပြီ ဖြစ်သော်လည်း မတော်တဆ တွေ့လိုက်သဖြင့် အခွင့်အရေးကို ဖမ်းဆုပ်ရမည်။

"ငါတို့ .... လိုဒီကို ပြောပြသင့်လား"

ယွမ်ဖန်က မေးလိုက်သည်။

"သူ့ကိုပြောတော့ကော ဘာအသုံးဝင်မှာလဲ'

ကျန်းရှန်က ရယ်ရင်း ပြန်ပြောလိုက်သည်။

ယွမ်ဖန်လည်းလှောင်ပြုံး ပြုံးလိုက် မိသည်။ သူပြောသည့် စကားကမှန်သည်။ လိုဒီက ဒီမှာ ဘာလုပ်နိုင်မှာလဲ။ လီဇီချီသည် ဆရာချင်မဟုတ်ပါ ပြုတ်ထားသောအသားနှင့် စည်းရုံးလို့မရပါ။

ကျန်းရှန်က နောက်ဆုံးတွင် သတင်းကြားပြီး ဆရာအများကြီး ရောက်လာမှာကို သိနေသည်။ သူတို့ထဲကတချို့ဆို ရဲတင်းစွာ သူတို့ကိုယ်သူတို့မိတ်ဆက်ဖို့ တက်သွားကြပေမယ့် ယုံကြည်ချက်နည်းသည့် လူများက မလိုက်သွားကြပါ။

"ပြိုင်ဘက်တွေက အများကြီးပဲ"

ကျန်းရှန်သည် ပတ်ဝန်းကျင်ကိုကြည့်ပြီး အောင်မြင်နိုင်ချေကို တွက်ချက်လိုက်သည်။ ချင်ဖန်လှူပ်ရှားတော့မည်ကို မြင်လိုက်လျှင် နှလုံးသည် လည်ချောင်းထဲက ခုန်ထွက်သွားမတက်ဖြစ်သွားသည်။

ငြင်းလို့မရပါ၊ ဂျီရှားသင်ကြားရေးနန်းတော်သည် အလွန်ကို လေးစားဖို့ကောင်းသည်။

လီဇီချီက လိမ္မာပါးနပ်စွာ ငြင်းဆိုရန် အချိန်ဆယ်စက္ကန့်သာ ယူလိုက်သည်။ ချင်ဖန်လည်း တူညီသောအနေထားနှင့် တုံ့ပြန်ခံလိုက်ရသည်။

"အင်း၊ ဒီလောက်အချိန်ဆိုရင် မိတ်ဆက်လို့တောင် မပြီးနိုင်သေးဘူး"

လိုဒီက သက်ပြင်းချရင်း ပြောလိုက်သည်။ ဂျိရှားသင်ကြားရေးနန်းတော် နာမည်လည်းအသုံးမဝင်ဖြစ်သွားပုံရသည်။

"ကြည့်အုံး ၊ လက်မလျှော့ဘဲ ထပ်လိုက်နေတယ်"

ချင်ဖန်ရှုံးနိမ့်တာကို ကြည့်ပြီး ကျန်းရှန်သဘောကျနေသည်။

ချင်ဖန် ဒုတိယအကြိမ် ပြောလိုက်သော်လည်း အကျိုးမထူးပါ။ လီဇီချီက စိတ်မဆိုးစေဘဲ ယဉ်ယဉ်ကျေးကျေး ငြင်းပယ်နိုင်ခဲ့သည်။

ဒီလိုအနေထားက ယုံကြည်ချက်နည်းသော ဆရာများကို အမြှီးကုပ်သွားစေသည်။

နံနက်ခင်းနေရောင်က ပိုပြီး ပူလာသည်။

ကျန်းရှန်သည် သူမနောက်ကို ခဏလိုက်ပြီးနောက် ဆံပင်ကိုသပ်ကာ ကော်လံကို ပြန်ပြင်လိုက်သည်။ သူ၏ရှည်လျားသော

ဝတ်ရုံရှည်သည် ခေါက်အရာအတိုင်း ရှိနေသေးသည်။

“ကျန်းရှန်၊ ဆက်လုပ်၊ မင်းက အတော်ဆုံးပဲ”

ကျန်းရှန်သည် လေ့ကျင့်ထားသည့် အပြုံးကိုပြုံးလိုက်ပြီးနောက် လီဇီချီဆီကို လှ ျင်မြန်စွာကပ်သွားလိုက်သည်။ မြတ်ဆရာများ မရောက်ခင် ဆုံးဖြတ်ဖို့လိုနေသည်။ မဟုတ်ရင် စည်းရုံးဖို့အခွင့်အရေးတောင် ဆုံးရှုံးသွားနိုင်သည်။

ယွမ်ဖန်လည်း ခဏကြောင်သွားပြီးမှ နောက်ကနေ အမြန်လိုက်သွားသည်။ လီဇီချီသည်

ဘယ်သူကိုမှ ရင်းရင်းနှီးနှီးမဆက်ဆံသောကြောင့် သူမကို ဘယ်လိုလူလဲဆိုတာ အနီးကပ် လေ့လာချင်နေသည်။

"မင်္ဂလာပါ ကျောင်းသားလီ၊ ငါက ဆွန်လျောင်အကယ်ဒမီက ဘွဲ့ရကျန်းရှန်ပါ"

ကျန်းရှန်သည် မရပ်တန့်ဘဲ လီဇီချီဘေးကနေ ကပ်လိုက်သွားသည်။ အစမ်းခန့်ဆရာအဖြစ် မိတ်မဆက်ခဲ့ပါ။ မဟုတ်ပါက ချက်ခြင်း အငြင်းခံလိုက် ရနိုင်သည်။

"ငါက ယွမ်ဖန်ပါ"

ယွမ်ဖန်လည်း တက်တက်ကြွကြွ ပြုံးပြီး ပြောလိုက်သည်။

"မင်္ဂလာပါ နှစ်ယောက်စလုံး"

လီဇီချီက ပြောရင်း ဆက်လျှောက်သွားနေသည်။

"ကျောင်းသားလီ ဟိုဟိုဒီဒီ လျှောက်ကြည့်ဖို့လာတာလား"

ကျန်းရှန်က လိုရင်းကို ချက်ခြင်းမသွားသေးဘဲ ပေါ့ပေါ့ပါးပါးပြောကာ ရင်းနှီးသောလေထုကို ဖန်တီးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘေးအိမ်က အစ်ကိုကြီးတစ်ယောက်လို နူးညံ့သောလေသံက စွဲလန်းသွားနိုင်သည် မဟုတ်ပါလား)

ကျန်းရှန်လည်း နည်းနည်းကျေနပ်သွားသည်။

"အင်း"

လီဇီချီသည် ပတ်ဝန်းကျင်ကို လိုက်ကြည့်နေသည်။ ရုတ်တရုတ် မျက်လုံးများတောက်ပလာပြီး အနီးနားရှိ ပန်းခင်းဆီကို ပြေးသွားလိုက်သည်။

"ဆရာဆွန်း"

“ဘာဆွန်းလဲ’

ကျန်းရှန်က လီဇီချီနှင့် အဆင်ပြေပြေချောမွေ့စွာ စကားပြောနိုင်ရန် အရန်အစီအစဉ် ဆယ်ခုကျော်ကို ပြင်ဆင်ထားသည်။ သို့သော်လည်း သူမပါးစပ်က ဆရာဆွန်းလို့ခေါ်လိုက်တာ ကြားလိုက်ရင် ကြောင်သွားသည်။

“ဘယ်လောက်တောင် သနားစရာကောင်းလိုက်သလဲ၊ စကားတောင်ကောင်းကောင်း မပြောလိုက်ရဘူး”

ကျန်းရှန် ရှုံးနိမ့်နေတာကိုကြည့်ပြီး ယွမ်ဖန် ကျေနပ်သွားသော်လည်း လီဇီချီသွားသည့် ဘက်ကိုလိုက်ကြည့်ပြီးနောက် ကျေနပ်မှုများပျောက်ကာ ကြောင်သွားသည်။

ဆွန်းမိုသည် အစိမ်းရောင်ဝတ် မိန်းကလေးတစ်ယောက်နဲ့ ထိုင်ခုံတွင် ထိုင်နေသည်။

"သူမက ဆွန်းမိုလို့ ခေါ်လိုက်တာလား"

ယွမ်ဖန်က ပြောပြီးခေါင်းခါလိုက်သည်။

(ငါဘာကိုတွေးနေတာလဲ သူမက ဆွန်းမိုလို လူကိုဘယ်လိုလုပ် သိနိုင်မှာလဲ)

"ဘယ်လိုဟာသမျိုးလဲ"

ကျန်းရှန်က ရေရွတ်လိုက်သည်။ သူမသည် ဆွန်းမိုဆီကို အော်ပြီး ပြေးထွက်သွားတာကြောင့် သတိထားလိုက်မိသည်။

"မင်္ဂလာပါ ဆရာဆွန်း၊ နေကောင်းလား"

လီဇီချီ၏အသံသည် ကျယ်လောင်ခြင်း မရှိသော်လည်း နံနက်ခင်းနေရောင်အောက်တွင် သူမနောက်ကို လိုက်လာသော ဆရာများကို တုန်လှုပ်သွားစေသည်။

အခန်း(၃၉) - မင်းကို ဆရာတင်မလို့ ဒီကိုရောက်နေတာ။

ဆွန်းမိုသည် အော်သံကိုကြားလိုက်လို့ လှည့်ကြည့်လိုက်ရင် ပြေးလာနေသော လီဇီချီကို တွေ့လိုက်ရသည်။

သူမဟာ ပန်းရောင်စကတ်ရှည်ကို ဝတ်ထားပြီး နက်မှောင်သောဆံပင်များကို ပန်းရောင်ဖဲကြိုးနှင့်

စည်းထားသည်။ ပြေးနေစဉ် သူမရင်ဘက်က တက်လိုက်ကျလိုက်ဖြစ်နေသည်။ သူမသည် တက်ကြွမှုအပြည့်နှင့် ဖြစ်နေသည်။

လုချီဟွာသည် သူစိမ်းတစ်ယောက်က ပြေးလာတာကို မြင်လိုက်ရင် ပါးစပ်ကိုပိတ်ကာ ဆွန်းမိုနောက်ကို ဝင်ပုန်းလိုက်သည်။

(ကျောင်းသူလေးလား၊ သူမက ဘယ်သူလဲ၊ ဆရာဆွန်းနဲ့ ဘယ်လို ပက်သက်တာလဲ)

လီဇီချီသည် လုချီဟွာ၏ ပါးလွှာသော လက်ချောင်းများကို ကြည့်လိုက်သည်။ ဆွန်းမို၏

အဝတ်အစားများကို ဝတ်ထားတာမြင်လှျင် စိတ်ထဲက မသက်မသာဖြစ်သွားမိသည်။

"ဆရာဆွန်း၊ သူမက......"

လီဇီချီသည် ဆွန်းမိုကို မေးမလို့ပြင်လိုက်သည်။ သို့သော်လည်း စိတ်ရှုပ်ထွေးသွားသောကြောင့် လမ်းပေါ်က ကျောက်တုံးကို သတိမထားမိဘဲ တိုက်မိပြီး ဟန်ချက်ပျက်ကာ လဲကျသွားသည်။

"သွားပြီ"

လီဇီချီသည် ဒီတစ်ကြိမ်တော့ ရုပ်ပျက်ဆင်းပျက် ဖြစ်တော့မည်ဟု တွေးလိုက်ကာ

မျက်လုံးကိုမှိတ်လိုက်သည်။ ကံကောင်းစွာပင် ဆွန်းမို၏ စူးရှသည့် မျက်ဝန်းတွေနှင့် သွက်လက်သည့်လက်တွေက သူမကို တံတောင်ဆစ်ကနေ အချိန်မီ ဆုပ်ကိုင်လိုက်နိုင်သည်။

"သတိထားပါ"

ဆွန်းမိုက လီဇီချီကို ကူညီရင်း နတ်ဘုရားမျက်စိကို သုံးလိုက်သည်။ ထိုအခိုက်အတန့်တွင် အချက်အလက်များ ခုန်ထွက်လာသည်။

အလားလာတန်ဖိုး-- အလွန်မြင့်မားသည်။

မှတ်ချက်- သွက်လက်မှု အလွန်နိမ့်ပါးသည်။

ဆွန်းမိုသည် ချို့ယွင်းချက် အနဲငယ်ကို သာမန်အားဖြင့် လျစ်လျူရှုလိုက်သည်။

"ငါ့ဖိနပ်၊ ဖိနပ်က အဆင်မပြေဘူး"

လီဇီချီသည် စိတ်ထဲက အဆင်မပြေဖြစ်နေတာကို ဖုံးကွယ်ဖို့ ဆင်ခြေပေးလိုက်သည်။ တချိန်တည်းမှာပင် ခေါင်းစဉ်ပြောင်းကာ "ဘယ်လိုနေလဲ ဆရာဆွန်းလို့ခေါ်တာ မင်းနည်းနည်းလေး စိတ်မလှုပ်ရှားဘူးလား"

“ဟမ်၊ “

လီဇီချီသည် မျက်မှောက်ကြုတ်လိုက်ပြီး လုချီဟွာကို ကြည့်ကာ

“သူမက ဘယ်သူလဲ၊ မင်းတပြည့်ခေါ်ဖို့ ကြံထားတာလား၊ ပင်ကိုယ်အရည်ချင်းကရော ဘယ်လိုနေလဲ”

ဆွန်းမို ပြန်မဖြေရသေးခင် ကျန်းရှန်နှင့် ယွမ်ဖန်က ရောက်လာပြီး

“ဟေ့ ဆွန်းမို”

ကျန်းရှန်သည် ဖော်ရွေသောအကြည့်နှင့် နှုတ်ဆက်လိုက်သည်။ လူအများရှေ့တွင် မောက်မာမှုများကို ဖုံးကွယ်ထားသည်။

ယွမ်ဖန်သည် ခေါင်းကို ညိတ်လိုက်သော်လည်း မနေနိုင်ဘဲ လုချီဟွာ၏ ရင်ဘက်ကို ကြည့်လိုက်မိသည်။

"ဆွန်းမို၊ ငါမင်းအတွက် ဘာတွေယူလာလဲ ဆိုတာ ခန့်မှန်းနိုင်လား"

လီဇီချီသည် ဆွန်းမို၏ နာမည်ကို တိုက်ရိုက်ခေါ်ပြီး အကြိမ်အနည်းငယ်လောက်

ပြောချင်နေသည်။ နောက်ဆိုရင် သူမမှာ ဒါမျိုးလုပ်ဖို့ အခွင့်အရေးတွေ မရှိတော့ပါဘူး။

"ဟိဟိ၊ ငါနားကြားမှားတာပဲ နေမယ်"

ကျန်းရှန်သည် နှုတ်ခွန်းဆက်စကားကို ကြားလိုက်မှ သက်ပြင်းချလိုက်နိုင်သည်။ သူ့တွင် အခွင့်အရေးရှိသေးလို့ ပျော်နေသည်။

"ကျောင်းသားလီနဲ့ ဆွန်းမိုတို့ တစ်ယောက်နှင့် တစ်ယောက်သိနေကြတာလား"

"ဟမ်း"

ဆွန်းမိုသည် စပ်စုသောအကြည့်နှင့် လီဇီချီခါးက တွဲလောင်းကျနေသော နွားသရေအိတ်ကို ကြည့်လိုက်သည်။

"ဒါက ကျောင်းသားတွေရဲ့ အချက်အလက်တွေပဲ"

လီဇီချီသည် စာအုပ်ထူကြီးတစ်အုပ်အား ဆွန်းမိုဆီကို ပစ်ပေးလိုက်သည်။ ထိုစာအုပ်ဖြင့် ကျောင်းသားတွေကို ပိုမို ထိရောက်စွာ စုဆောင်းနိုင်သည်။

ယွမ်ဖန်သည် အချက်အလက်စာအုပ်ကိုကြည့်ရင်း အံ့သြသင့်သွားကာ စာအုပ်ဆီကို မသိစိတ်က လက်လှမ်းလိုက်မိသည်။ သူ့အရင်တုန်းက ဒီလိုစာအုပ်ကို အရောင်းမြှင့်တင်သည့် လူတစ်ယောက်ဆီမှာ တွေ့ရခဲ့ပေမယ့် ဈေးကြီးလွန်းတာကြောင့် မဝယ်နိုင်ခဲ့ပါဘူး။

“ဟင်၊ ဒီအချက်အလက်စာအုပ်က အရမ်းဈေးကြီးတယ်၊ ကျောင်းသားလီ ဘယ်လောက်ပေးခဲ့ရလဲ”

ကျန်းရှန်သည် ကြားဖြတ်နိုင်ရန် ကြိုးစားလိုက်သည်။

"ဆွန်းမို ကျောင်းသားလီရဲ့ ကြွင်နာမှုကို မှတ်ထားသင့်တယ်နော်"

"မြန်မြန်ဖွင့်ကြည့်လိုက်၊ ငါက ထူးချွန်တဲ့ကျောင်းသားတွေကို မှင်နီနဲ့ မှတ်ထားပေးတယ်"

လီဇီချီသည် ဆွန်းမို၏ဘေးတွင် စာမျက်နှာများကို လှန်ရန်ကူညီနေပြီး ကျောင်းသားတစ်ယောက်ခြင်းစီ အကြောင်းများကို ရှင်းပြနေသည်။

"မင်းဘယ်လောက်တောင် ပေးခဲ့ရလဲ ငါပြန်ပေးမယ်"

ဆွန်းမိုက မျက်မှောင် ကြုတ်ကာမေးလိုက်သည်။ သူသည် ဘယ်ကျောင်းသားဆီကမှ အခွင့်ရေးမယူချင်ပါ။ ထိုကြောင့်သူမ ပိုက်ဆံကို ပြန်ပေးချင်နေသည်။

"အင်း၊ ဒါက ဈေးမကြီးပါဘူး"

လီဇီချီက စိတ်အနှောက်အယှက် မဖြစ်ဘဲ ပြန်ပြောလိုက်သည်။

"ငါမှတ်မိပြီ၊ တစ်ထောင်လောက် ပေးရတယ် မဟုတ်လား"

ကျန်းရှန်က ဆက်ပြီး ဝင်ပါလိုက်ပေမယ့် လီဇီချီ၏အာရုံက သူ့အပေါ်ကို မရောက်လာပါဘူး။ လီဇီချီသည် သူ့မေးခွန်းကို မကြားချင်ယောင်ဆောင်ထားသော်လည်း ဆွန်းမိုမေးသမျှကိုတော့ ပြန်ဖြေနေသည်။

သူသည် သူတို့စကားဝိုင်းတွင် ဝင်ပါနိုင်ခြင်း မရှိပါ။ ကျန်းရှန်သည် ကိုယ့်ကိုကိုယ် ပြန်စဉ်းစားလိုက်သည်။ ဘာလို့သူ့ကို ဒီလိုပုံစံနှစ်ခုနဲ့

ဆက်ဆံနေရတာလဲ။ သူထက်ဆွန်းမိုက ပိုပြီးဆိုးတာ မဟုတ်ဘူးလား။

သူတို့အနားတွင် ရှိနေသော ယွမ်ဖန်တောင်မှ နေရတာ အဆင်မပြေတော့ပါ။ ကျန်းရှန်သည် အမြဲတန်း ကိုယ့်ကိုကိုယ် ဂုဏ်ယူနေတတ်သောသူ ဖြစ်သည်။ အခုတော့ နိမ့်ချကာဆက်ဆံနေသော်လည်း လျစ်လျူရှုခြင်းကို ခံနေရသည်။

ပုံမှန်ဆိုရင် ယွမ်ဖန်သည် ဒီလိုအခြေအနေကိုမြင်ပြီး ထွက်သွားမှာ ဖြစ်ပြီး

သူသည်ဒီလိုအေးစက်စက် ဆက်ဆံခံရတာကို မကြိုက်ပါ။ သို့သော် လီဇီချီနှင့်တွေ့သည့်အခါ အေးစက်မှုတွေကို ကြုံရသော်လည်း သူ မထွက်သွားနိုင်သေးပါ။

ဆွန်းမိုတွင် ငွေတုံးတစ်ထောင်လောက်တန်သည့် အချက်အလက်စာအုပ်ကိုတောင် ဝယ်ပေးသော မိန်းကလေးရှိနေတာ ကံကောင်းလွန်းသည်။

ယွမ်ဖန်သည် အပြစ်ကင်းစင်ပြီး ချစ်ဖို့ကောင်းသည့် လီဇီချီကို ကြည့်လိုက်သည်။ သူမ၏ မျက်ဝန်းနက်ကြီးများနှင့်

ချစ်စရာကောင်းနေသော ဘဲဥ ပုံ မျက်နှာဝိုင်းလေးကို ကြည့်ကာ ဆွန်းမိုကို မနာလို မုန်းတီးလာသည်။

"ဘာကြောင့် ဆွန်းမို ဖြစ်ရတာလဲ"

ယွမ်ဖန် ဒေါသထွက်လာသည်။

လုချီဟွာသည် အရပ်မရှည်ပါ။ အချက်အလက်စာအုပ်ကို ကြည့်ရန် သူမသည် ဆွန်းမို၏ တံတောင်ဆစ်ကို ကိုင်ထားရသည်။

"ဆွန်းမို၊ သူမက ဘယ်သူလဲ"

လီဇီချီသည် လုချီဟွာ၏ရင်ဘက်က ဆွန်းမို၏ တံတောင်ဆစ်ကို ဖျစ်ညှစ်နေသည်အားတွေ့လျှင်

မေးလိုက်သည်။ ၎င်းသည် အစိမ်းရောင် အဝတ်စားပေါ်တွင် ပုံကြီးချဲ့ထားသော မျဉ်းကွေးဖြစ်နေသည်။ သူမသည် လုချီဟွာ ရည်ရွယ်ချက်ရှိရှိနှင့် လုပ်နေတာလို့ ထင်နေမိသည်။

"သူမက ငါ့တပြည့်ပါ"

ဆွန်းမိုက ပေါ့ပေါ့ပါးပါး ဖြေလိုက်သော်လည်း ထိုအချိန်တွင် လီဇီချီ၏ အပြုံးများအေးစက်သွားသည်။ သူမ၏ စိတ်ထဲတွင် စိတ်ပျက်ခြင်းများပြည့်လာပြီး လက်သီးကို တင်းတင်းဆုပ်လိုက်မိသည်။

သူမစိတ်ထဲတွင် ငိုနေပြီး သူမဦးလေးကို အပြစ်တင်နေသည်။ သူမသည် မြတ်ဆရာတစ်ယောက်ကို သွားတွေ့ရသောကြောင့် တစ်ရက်နောက်ကျသွားခဲ့သည်။ သူမ၏ ပထမဆုံးတပြည့် အဆင့်အတန်းက ပါသွားပြီ။

(မဟုတ်ဘူး၊ ငါလက်မလျှော့ဘူး)

လီဇီချီသည် သွားကိုကြိတ်လိုက်ကာ သူမကိုယ်သူမ အားပေးလိုက်သည်။ "အိုး ၊ ဒါဆိုရင်တော့ ဆရာဆွန်းကို ဂုဏ်ပြုရမှာပေါ့"

“ဟော့ သူ့ကို မင်းရဲ့ဆရာ အဖြစ် အသိအမှတ်ပြုပြီလား”

ဒုတိယစကားကို လုချီဟွာအား တိုက်ရိုက်မေးလိုက်သည်။

လုချီဟွာလည်း သူမအား ထူးဆန်းစွာ ရန်လိုနေသည်ကို သတိထားမိပြီး လန့်သွားသည်။ ကြောင်ငယ်လေး တစ်ကောင်လို ဆွန်းမိုနောက်တွင်ဝင်ကာ သူမနှင့်လီဇီချီကြားတွင် ဆွန်းမိုကို ကာထားလိုက်သည်။

“ဟုတ်တယ်... ဟုတ်တယ်”

လုချီဟွာက ထစ်ထစ်ငေါ့ငေါ့နှင့် ဖြေလိုက်သည်။

"မင်းဆရာအဖြစ် အသိအမှတ်ပြုဖို့ ရက်ကောင်းရက်မြတ် ရွေးခဲ့ရမယ်"

လီဇီချီသည် လုချီဟွာ၏ အဝတ်အစားကို ကြည့်လိုက်ရုံဖြင့် သူမတွင် ပိုက်ဆံအများကြီး မရှိဘူးဆိုတာသိသည်။ လုချီဟွာသည် ကြိုး(၃)ချောင်းလောက်ဖြင့် အခမ်းအနားပြီးမြောက်ခဲ့တာ သေချာသည်။ ထိုအရာသည် ပထမတပြည့်အဖြစ်ကို ပြန်ယူနိုင်မည့်

တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ ထို့ကြောင့် သူမသည် အခမ်းအနားကိစ္စကို လေးနက်သောကိစ္စဖြစ်အောင် ဖောင်းပေးပြီး ပြောနေသည်။

(လီဇီချီ မင်းက တကယ့်ကို ပါရမီရှင်တစ်ယောက်ပဲ)

လီဇီချီသည် သူမ၏ ပြည့်စုံသော အစီအစဉ်ကို ကျေနပ်နေသည်။

“ငါဒီလို အခမ်းအနားတွေကို မလုပ်ဘူး။ ကျောင်းသားရဲ့ ရည်ရွယ်ချက်ကို သိသ၍ အဆင်ပြေတယ်”

ဆွန်းမိုသည် မလိုအပ်ပဲ ဇာချဲ့သည်ကို မုန်းသည်။

“မဖြစ်သင့်ဘူး၊ ဆရာအဖြစ် အသိအမှတ်ပြုတာ ကလေးကစားစရာမှ မဟုတ်တာ”

လီဇီချီက အခိုင်အမာ ပြန်လည်ပြောသည်။

(သွားပါပြီ သွားပါပြီ) // ငိုသံနှင့်ဖတ်ရန်

ကျန်းရှန်သည် အသဲကွဲကာ အသက်ရှူမဝ ဖြစ်သွားသည်။ အတွေးလွန်နေတာ မဟုတ်ဘူးဆိုတာ သိလိုက်ရသည်။ လီဇီချီက ဆွန်းမိုကို ဆရာအဖြစ်အသိအမှတ်ပြုဖို့ ရောက်နေတာပဲ။ သူမသည် ပထမတပြည့်ဆိုသည့် ဂုဏ်ကိုရရန် လုပ်နေတာပဲ။

ယွမ်ဖန်သည် ဆွန်းမိုနှင့်လုချီဟွာကို ကြည့်ပြီး စိတ်လှုပ်ရှားတာကိုမထိန်းနိုင်ဘဲ ။ ဒီရင်သားကြီးတဲ့ ကောင်မလေး ပြောခဲ့တာက

“မင်းသူ့ကို ဆရာအဖြစ် အသိအမှတ်ပြုလိုက်ပြီ ဟုတ်လား။ ဆွန်းမိုမှာ ကျောင်းသားတစ်ယောက် ရှိနေပြီလား ၊ လိမ်နေတာ၊ မင်းလိမ်နေတာပဲဖြစ်ရမယ်”

ယွမ်ဖန် မစဉ်းစားပဲ အော်ပြောလိုက်မိသည်။

ရှူး!

လီဇီချီသည် ယွမ်ဖန်ကို စိတ်ပျက်စွာကြည့်လိုက်သည်။ သူဆူညံနေသည့် အချိန်တွင် စကားကောင်းကောင်းပြောလို့ မရဖြစ်နေသည်။ သူမသည် ဒီရင်သားကြီးသည့်

ကောင်မလေးကို စွန့်ခွာရန် ဒီလူတွေကို သုံးလို့ရမည်ဟု ထင်ထားခဲ့သည်။

လုချီဟွာလည်း လန့်သွားပြီး မြန်မြန် ရှင်းပြလိုက်သည်။

"မဟုတ်ဘူး၊ ဆရာဆွန်းမလိမ်ခဲ့ဘူး။ သူ့ကို လိုလိုလားလားနဲ့ ဆရာတင်ခဲ့တာ"

"သူ့ကို မယုံနဲ့ သူကသမိုင်းမကောင်းဘူး"

လီဇီချီ တုန့်ပြန်မှု ကင်းမဲ့လာသည်နှင့် ယွမ်ဖန်လည်း ပိုရဲတင်းလာကာ

"ငါ့တပြည့်"

ဆွန်းမိုထံက ထိုစကားကိုကြားလိုက်လျှင် ယွမ်ဖန်က ညည်းညူလိုက်မိသည်။ စောက်ရမ်းမိုက်တယ်၊ သူလည်း ဒီလိုစကားမျိုး ပြောချင်သည်။

ဆွန်းမိုလည်း စိတ်ဆိုးသွားပြီး သစ်သားခါးအပေါ်ကို ဘယ်ဘက်လက် တင်ထားလိုက်သည်။

"ဘာလဲ ယွမ်ဖန် စကားကြောင့် ဒေါသထွက်ပြီး တိုက်ခိုက်ချင်နေတာလား"

ကျန်းရှန်က ဆွန်းမိုကို အဆင်းဘီးနှင့် ဝင်တွန်းသည်။

"ဘယ်သူ ရန်ဖြစ်ချင်နေတာလဲ"

ရုတ်တရုတ် ရှင်းလင်းပြတ်သားသော အသံကထွက်လာပြီး ကျန်းရှန် ပြောနေတာတောင် ရပ်သွားသည်။ လှည့်ကြည့်လိုက်လျှင် ကူရှုပ်ရှင်းနှင့် လျိုမူဘိုင်ကို တွေ့လိုက်ပြီး သူ့အမူအရာက လေးနက်သွားသည်။

လီဇီချီကို ခေါ်ယူရန် သူ့တွင် အခွင့်အရေးမရှိတော့ပါ။

"ဆ...ဆရာကူ"

ယွမ်ဖန်သည် ကူရှုပ်ရှင်း ရန့်ကိုရပြီး စကားပင်ဖြောင့်အောင်မပြောနိုင် ဖြစ်သွားသည်။ သူမနှင့် ဒီလောက်နီးကပ်ခွင့်ရတာ ပထမဆုံးပါပဲ။

"မင်္ဂလာပါ ကျောင်းသားလီ၊ ငါ့နာမည်ကို အရင်က ကြားဖူးမယ်ထင်တယ်"

လျိုမူဘိုင်သည် ကျန်သည့်သူများကို နှုတ်ဆက်မနေတော့ပဲ လီဇီချီကို တန်းပြီးပြောလိုက်သည်။ သူ၏ပုံစံက အလွန်မောက်မာနေသော်လည်း ကျန်းရှန်နှင့်

ယွမ်ဖန်တို့သည် ပြန်မပြောရဲပါ။ သူတို့သည် စော်ကားမိမှာကို ကြောက်ပြီး အစွမ်းကုန် ပြုံးထားကြသည်။

ထိုအရာသည် အရင်ကဆို လီဇီချီလဲ စိတ်အနှောက်အယှက် ဖြစ်မှာမဟုတ်ပေ။ ဒါပေမယ့် အခုတော့ဆွန်းမိုကို ဒီလိုပုံစံဖြင့် ဆက်ဆံတာကို တွေ့လိုက်လျှင် မကျေမနပ်ဖြစ်သွားပြီး "တောင်းပန်ပါတယ်၊ မင်းအကြောင်း မကြားဖူးဘူး" အကြင်နာမဲ့စွာ ပြန်ပြောလိုက်သည်။

လျှိုမူဘိုင်၏ ဖြစ်ပျက်သွားသော မျက်နှာကို မြင်လိုက်ရင် ကျန်းရှန်နှင့် ယွမ်ဖန်သည် ရယ်လိုက်ချင်သော်လည်း ထိန်းနိုင်ခဲ့သည်။ တဖက်တွင် လုချီဟွာကတော့ ရယ်လိုက်သည်။

"ဟီး ဟီး"

ထိုနောက် လုချီဟွာသည် အနေထားမမှန်နေတာကို သတိထားလိုက်မိပြီး သူမဟာ ဆွန်းမိုနောက်ကို ခပ်မြန်မြန် ဝင်ပုန်းလိုက်သည်။

"ကျောင်းသားလီ၊ ငါက ကူရှုပ်ရှင်းပါ ဒီနှစ် မရီဒန်အကယ်ဒမီရဲ့ ဂုဏ်ထူးဆောင်ဘွဲ့ရ တစ်ယောက်ပါ"

ကူရှုပ်ရှင်းသည် မိမိကိုယ်ကို ယုံကြည်ချက်ရှိရှိဖြင့် စွဲဆောင်မှု ရှိရှိ မိတ်ဆက်လိုက်သည်။

(သူမဟာ တကယ်တော့ သနားကမားလေးပါ)

ဆွန်းမို စိတ်ထဲတွင် ကူရှုပ်ရှင်းအတွက် နောက်ထပ်ဖော်ပြချက် တစ်ခုရောက်လာသည်။ ဆရာကြီးဟန်နှင့် သူမသည် ပြဒါးတစ်လမ်း သံတစ်လမ်းပါ။

"ဟော့၊ ဆရာမကူ ငါနဲ့ ပြိုင်နေတာလား"

လျိုမူဘိုင်က လှည့်ကြည့်ကာ မေးလိုက်သည်။ ကျဉ်းမြောင်းသော မျက်လုံးထောင့်တွင် ရန်လိုမှုများပါနေသည်။

"မလုပ်ရဲပါဘူး၊ အပျော်သဘော ဝင်မေးကြည့်တာပါ"

လီဇီချီကဲ့သို့ ကျောင်းသားမျိုးကို စည်းရုံးရန် ဆရာပေါင်းများစွာ စောင့်နေကြောင်း ကူရှုပ်ရှင်း သိသည်။

သူမသည် လျှိုမှုဘိုင် အငြင်းခံလိုက်ရသော မျက်နှာကို တွေ့ချင်လို့သာ ရောက်လာတာဖြစ်သည်။

ဒါပေမယ့် သူမရည်ရွယ်ချက်ကိုတော့ ပေးမသိပါ။

“ကျောင်းသားလီ ကျေးဇူးပြုပြီး မိတ်ဆက်ခွင့်ပြုပါ”

သာမန်အခြေနေဆို မာနကြီးသောလျှိုမှုဘိုင်သည် ဒေါသတကြီး လှည့်ထွက်သွားလိမ့်မည်။ လီဇီချီကိုသာ စည်းရုံးနိုင်ခဲ့ပါက သူ့အနာဂတ်သည်

အပြည့်သဘောဆောင်သော လွှမ်းမိုးမှု ရှိလာမည်ဖြစ်သည်။ ထို့ကြောင့် သူသည် စိတ်ပျက်မှုကို သည်းခံလိုက်သည်။

ဘဝကြီးသည် အမြဲတမ်းချောမွေ့နေမှာ မဟုတ်တာကို သူသိသည်။ ဒီအရာသည် ကောင်းကင်၏ စမ်းသပ်မှုတစ်ခုသာဖြစ်မည်။

ထိုသို့တွေးလိုက်ပြီးနောက် လျို့မူဘိုင်၏ စိတ်သည်တော်တော် တိုးတက်လာသည်။

"မလိုပါဘူး၊ လာတဲ့ရည်ရွယ်ချက်ကိုသိပါတယ်။ ငါ့မှာ ဆရာတစ်ယောက်ရှိနေပြီးသား"

လီဇီချီက တခါတည်း ငြင်းပယ်လိုက်သည်။ မကြာသေးမီကပင် ဆရာအမျိုးမျိုးကို တွေ့လိုက်ရသောကြောင့် သူမ စိတ်ပျက်နေပါပြီ။

လျိုမူဘိုင်၏ စကားလုံးများသည် လည်ပင်းထဲတွင် နစ်မြုပ်သွားသည်။ တိုက်ရိုက် အငြင်းခံလိုက်ရပြီးနောက် ဒေါသနှင့် အဆင်မပြေမှုများ ရောထွေးလာသည်။

လျိုမူဘိုင်က နေရောင်အစား သူ့အပေါ် ကြီးမားသောမိုးရွာသွန်းသလို ခေါင်းကခြေဆုံး မိုးမိသွားသလို ခံစားလိုက်ရသည်။

အခန်း(၄၀) - ဆရာဆွန်းကို တောင်းပန်ပါ။

လျှိုမှုဘိုင်သည် တိမ်စိမ်းအဆင့်ကို ဝင်ရောက်ပြီးကတည်းက ဖြူနက်အကယ်ဒမီက ဘွဲ့ရတစ်ယောက်ဖြစ်သည့်အတွက် တတိယ

အကောင်းဆုံးအဆင့်နှင့် ဘယ်သူကမှစောဒက မတက်ဘဲ ချီးကျူးခြင်းခံခဲ့ရသည်။ ဘယ်တုန်းက ဒီလို ဆက်ဆံခံရဖူးလို့လဲ။

ခဏလောက်ကြာတော့ လျိုမူဘိုင်စိတ်ထဲတွင် ဒေါသများဖြင့် ပြည့်နှက်လာသည်။ အမှန်က သူသည်တခြားသူထက် နိမ့်ကျနေပါက လက်ခံနိုင်သေးသည်။ သို့သော် ပင်ကိုယ်အရည်ချင်းကို ထုတ်ဖော်ပြသခွင့်တောင် မရလိုက်ပါဘူး။

"ကျွန်တော် မိုက်ရိုင်းတဲ့ မေးခွန်းတစ်ခုလောက် မေးလို့ရမလား။ ကျောင်းသားလီရဲ့ ဆရာက ဘယ်သူလဲ"

လျိုမူဘိုင်သည် ကျန်သည့်သုံးယောက်ကို အကြည့်လွှဲလိုက်သည်။

ကျန်းရှန်နှင့် ယွမ်ဖန်သည် ဘယ်လိုလုပ် လျိုမူဘိုင်ကို စော်ကားရဲမည်နည်း။ သူတို့သည် မျက်လုံးနှင့် ပြောကျနိုင်သော အကြည့်ကို မြင်ပြီး အလျှင်အမြန် ရှင်းပြလိုက်သည်။

"ငါမဟုတ်ဘူး"

“ငါလဲ မဟုတ်ဘူး”

သူတို့သည် အပြစ်ကင်းစင်ကြောင်း သက်သေပြရန် ဘောင်းဘီတောင် ချွတ်ပြမည့် ပုံ ပေါက်နေသည်။

“ဒါဆို ငါလား”

ဆွန်းမို၏ EQသည် သာမန်သာဖြစ်သော်လည်း အခြေအနေတွေက ဒီလောက်အတိုင်းအတာထ ိ ရောက်နေပြီဆိုတော့ လီဇီချီ၏ ရည်ရွယ်ချက်ကို မှမသိသေးရင် သူတကယ်ကို မိုက်မဲရာ ကျမည်။

(ဒီလောက် အကျိုးခံစားခွင့်တွေကို လိုက်ပြနေတာလား၊ မင်းသေချာပေါက် လုပ်နေတာပဲ။ မျက်နှာ ပုပ်ချင်နေပြီထင်တယ်”

ကျန်းရှန်၏ နှလုံးသားက နွားတစ်ကောင် ခုန်ပေါက်နေကာ အသက်ရှူနေသလိုဖြစ်နေသည်။

“ဆရာဆွန်း၊ မင်းက ငါ့ကို ရင်တီကန်မှာ ကယ်ခဲ့တဲ့ အချိန်ကစပြီး ငါက မင်းတပြည့်ပဲ”

လီဇီချီက ရှင်းပြလိုက်သည်။

သို့သော် တကယ်အမှန်တရားကတော့ ဒီလိုမဟုတ်ပါ။

လီဇီချီသည် မကြာသေးခင်က စိတ်ညစ်မှုများ ကြုံတွေ့ခဲ့ရသည်။ အထူးသဖြင့် သူမ၏ အဖေက အဆက်အသွယ်တွေကို သုံးပြီး အလယ်အလတ် သူတော်စင်တစ်ယောက်ကို ရှာရန် ငွေကြေးအမြောက်အများကို သုံးစွဲခဲ့သည်။ အဆုံးမှာတော့ သူမ၏ စွမ်းအင် လည်ပတ်မှု မကောင်းသဖြင့် ငြင်းပယ်ခံခဲ့ရသည်။

ဒါကို သူမကိုယ်သူမ အပြစ်တင်ခဲ့သည်။ ဖခင်၏ မျှော်လင့်ချက်ထက် နိမ့်ကျသဖြင့် သူမသည် ကျရှုံးသည်ဟု ခံစားနေခဲ့ရသည်။ ထို့ကြောင့်

စိတ်ညစ်တာ ပြေပျောက်ရန် ရင်တီကန်ကို ထွက်လာခဲ့သည်။

နားလည်မှုလွဲပြီး လီဇီချီသည် ဆွန်းမိုကို ကယ်တင်ရန် ကန်ထဲကို ခုန်ချခဲ့သော်လည်း ဆွန်းမိုကသာ ပြန်ကယ်တင်ခဲ့ရသည်။ ဆွန်းမိုကို အများကြီး ကျေးဇူးတင်ခဲ့မိသည်။ ဒါပေမယ့် အဲဒီနေ့က ဆွန်းမိုပြောခဲ့သည့် “မင်းနှလုံးသားကို မင်ယုံရင် မိုးနဲ့လေတောင် ကြောက်စရာမလိုဘူး” ဆိုတဲ့စကားက သူ့အပေါ်ကို အမြင်ကောင်း အများကြီးတိုးလာစေသည်။ သူသည် သူမဘဝ

ချောချောမွေ့မွေ့ ဖြစ်မနေတာကို မျှော်လင့်ချက် ရောင်ခြည်ပေးခဲ့သည်။

ထိုအချိန်ကတည်းက သူမသည် ဆွန်းမိုကို သူမ၏ဆရာတင်ရန်တွေးနေမိသည်။ ဆွန်းမိုက ချီရှွန်ကျားကို လမ်းညွှန်တာတွေ့လိုက်ပြီး ဆုံးဖြတ်ချက် ချလိုက်သည်။

ထုံးစံအတိုင်း လီဇီချီသည် ထိုအဖြစ်အပျက်တစ်ခုလုံးကို ဘယ်သူ့ကိုမှ ပြန်ပြောမည်မဟုတ်ပါ။ မဟုတ်ပါက သူမ၏

ပထမတပြည့် ဂုဏ်ပုဒ်သည် အဝေးကို ပျံထွက်သွားလိမ့်မည်။

သူမသည် ဒါကို စဉ်းစားမိပြီးလုချီဟွာ ကိုကြည့်လိုက်သည်။ (ဟွန်း မင်းမှာရင်သားကြီးရှိလို့ မင်းကိုယ်မင်း အထင်ကြီးနေတာလား။ စီနီယာအစ်မကြီးဆိုတဲ့ နေရာက ငါ့အပိုင်ဘဲ)

ဆွန်းမိုလည်း မျက်ခုံးပင့်လိုက်မိသည်။

"ဟုတ်တယ်၊ လက်မှာတောင် လက်ကိုင်ပုဝါ ချည်ထားခဲ့သေးတယ်။ ဒါက ငါ့ရဲ့ ရိုးသားမှု သက်သေတပဲ"

သူမ ရေထဲကို ငုပ်လိုက်သည့်အခါ သူမရှိ တန်ဖိုးကြီး အရာများသည် ရေထဲမျောပါသွ ွ ာ းသည်။ ရေပြည့်နေသည့် အိတ်ကလွဲရင် လက်ကိုင်ပုဝါ တစ်ထည်သာ ကျန်ခဲ့သည်။ ထိုကြောင့် လက်ကိုင်ပုဝါ ပေးရန် ရွေးချယ်လိုက်ခြင်းဖြစ်သည်။

ဆွန်းမိုသည် လီဇီချီကို သတိထားကြည့်လိုက်သည်။ စနစ်က လီဇီချီကို သူမ၏ဆရာဖြစ်လာအောင် တာဝန်တစ်ခုပေးထားပေမဲ့ အခုပြီးသွားတော့လည်း

အကြောင်းပြချက် မေးချင်နေသည်။ လီဇီချီကို မစော်ကားချင်ပေမယ့်လည်း မေးချင်နေသည်။

ပတ်ဝန်းကျင်တွင် လူအများကြီးရှိနေသောကြောင့် ဆွန်းမိုကို မရှုံးနိမ့်ချင်ကြသော်လည်း ကူရှုပ်ရှင်းတို့က ထပ်မမေးကြတော့ပါ။ ထိုကြောင့် သူလဲ သူကိုယ်သူထိန်းချုပ်လိုက်ပြီး မမေးတော့ပါ။

"ကျောင်းသားလီဇီချီ၊ မင်းမှားသွားနိုင်တယ်နော်။ ဆွန်းမိုနဲ့ ငါက အဆောင်တစ်ခုတည်း

အတူတူ နေကြတာ သူ့အဆင့်နဲ့ ပက်သက်ပြီး သေသေချာချာသိတယ်။

သူက ဆရာတစ်ယောက်ဖြစ်ဖို့ အရည်ချင်းတောင်မရှိဘူး၊ ထောက်ပံ့ရေးဌာနက ဝန်းထမ်းတစ်ယောက်ပဲ” ကျန်းရှန်က ပြောလိုက်သည်။

အခုအချိန်တွင် သူသည် မနာလိုစိတ်ကြောင့် ပေါက်ကွဲမတက်ဖြစ်နေသည်။ ဆွန်းမိုကို အောင်မြင်စေခြင်းထက် လျိုမူ့ဘိုင်ကို သာ အောင်မြင်စေချင်သည်။

"သူ့ရဲ့ ကာရိုက်တာမှာ ပြဿနာရှိတယ်။ သူက နာမည်ကျော်အောင် ကျောင်းသားတွေကိုတောင် ဌားသေးတယ်။ မင်းကို သူက လှည့်စားခဲ့တာဖြစ်မယ်" ကြောင်နေရာမှ ပြန်သတိဝင်လာသည့် ယွမ်ဖန်ကလည်း ရယ်ပြီး ဝင်ပြောလိုက်သည်။ အလုပ်ဖြစ်သည်ဖြစ်စေ မဖြစ်သည်ဖြစ်စေ လျိုမူဘိုင်က ဒီကိစ္စကို ကျေးဇူးတင်နေမှာ သေချာသည်။

ထိုကြောင့် ဒီအခွင့်အရေးကို ဆုပ်ကိုင်ထားရမည်။

ကျောင်းသားကို ငှားရမ်းသည့် စကားကို ကြားလိုက်လျှင် ကျန်းရှန်မျက်လုံးလှုပ်သွားသည်။ သို့သော်လည်း အကြံရှိသူပီပီ မြှားခေါင်းကို လုချီဟွာ ဘက်ကို လှည့်လိုက်သည်။

"ဒီကကျောင်းသား၊ ဘာဖြစ်လို့ သူတပြည့် ဖြစ်ချင်ရတာလဲ"

"မကြောက်နဲ့ အရာတိုင်းကို သတိရှိရှိပြော" ယွမ်ဖန်က ပြောလိုက်သည်။

လူတိုင်း၏ စိုက်ကြည့်ခြင်းကို ခံရလျှင် လုချီဟွာလည်း ကြောက်သွားပြီ ထိတ်လန့်နေသည့်

ယုန်တစ်ကောင်လို ဖြစ်သွားသည်။ သူမသည်နောက်ကို အမြန်ဆုတ်သွားပြီး ဆွန်းမိုနောက်ကို ဝင်ပုန်းလိုက်သည်။ သို့သော်လည်း သူမသည် ခေါင်းကို ချက်ချင်း ခါထုတ်လိုက်ပြီး

"ဆရာဆွန်းက လူကောင်းပါ"

"မင်းအလိမ်ခံနေရတာဖြစ်မယ်" ယွမ်ဖန်က ခါးသီးမုန်းတီးကာ ပြောလိုက်သည်။

"ပါးစပ်ပိတ်ထား!" လီဇီချီသည် ဆက်ပြီး နားမထောင်နိုင်တော့ဘဲ ဝင်ပြောလိုက်သည်။

သူမသည် ဒေါသထွက်လွန်းသဖြင့် သူမ၏ LCD ရင်ဘက်တောင် တုန်သွားသည်။

"တောင်းပန်ပါ"

"အမ်"

ယွမ်ဖန်လည်း လန့်သွားသည်။

"ဆရာဆွန်းကို ချက်ခြင်းတောင်းပန်ပါ"

လီဇီချီသည် ယွမ်ဖန်ကို မုန်းတီးစွာ စိုက်ကြည့်ပြီး ပြောလိုက်သည်။ ထိုလူ၏ စကားများသည် ဆွန်းမို၏ သင်ကြားနိုင်စွမ်းကို ပစ်မှတ်ထားခြင်းမရှိတော့ဘဲ လူတစ်ယောက်၏

ကာရိုက်တာကို ဝေဖန်နေသည်။ ထိုအရာသာ ပျံ့သွားပါက ဆွန်းမို၏ ပုံရိပ်ကို ပျက်ဆီးသွားနိုင်သည်။

“ငါ......”

ယွမ်ဖန်စကား ထစ်နေသည်။ အထူးသဖြင့် လီဇီချီ၏ ပုံရိပ်ကို တွေးမိကာ သူ့ပါးစပ်ကို ဖြတ်ရိုက်ချင်စိတ် ပေါက်သွားသည်။

“တောင်းပန်”

လီဇီချီက ထပ်ပြောသည်။

လီဇီချီက မျက်လုံးဝိုင်းကြီးများနှင့် စိုက်ကြည့်နေသဖြင့် ဖိအားကို မခံနိုင်ဘဲ ခေါင်းကို ညိတ်လိုက်ကာ

"တောင်း...တောင်းပန်ပါတယ်"

"ပြီးတော့ မင်း"

လီဇီချီက ကျန်းရှန်ကို စိုက်ကြည့်ကာ ပြောလိုက်သည်။

"ငါက မင်းကို ကူညီနေတာ"

ကျန်းရှန်က ပျောက်ဆုံးသွားသည့် သိုးတစ်ကောင်ကို ကြည့်သလို ကြေကွဲသည့် အကြည့်နှင့် ရှင်းပြသည်။

"မင်းက ငါ့ကို ကူညီရအောင် ဘာအရည်ချင်းရှိလို့လဲ" လီဇီချီက ပြန်မေးလိုက်သည်။

"တောင်းပန်လိုက်ပါ၊ မင်းရဲ့ ပြောပုံတွေက ဆရာရဲ့ သိက္ခာကို ထိခိုက်စေတယ်" ကူရှုပ်ရှင်းက ဝင်ပြောလိုက်သည်။

ဆရာတွေတောင် စံနမူနာကောင်းမပြနိုင်ရင် ကျောင်းသားတွေရဲ့ လေးစားမှုကို ဘယ်လိုရနိုင်မှာလဲ။

ကျောင်းသားများ အပေါ်ရန်လိုခြင်းက ပြဿနာမရှိသော်လည်း ထိုသို့ အသုံးပြုခြင်းက စက်ဆုပ်ရွံရှာဖို့ကောင်းသည်။

ကျန်းရှန်၏ အမူအရာသည် အလွန်မှ ဆွံ့အနေသည်။ သူသည်ပြဿနာကို ရှောင်လွှဲချင်သော်လည်း မရှောင်ရဲပါ။ လီဇီချီက ကျောင်းရဲ့ အဆင့်မြင့်သူတွေဆီကို သတင်းပို့လိုက်ရင် သူ့ကို အလုပ်ထုတ်မှာ သေချာသည်။

(ဘာကြောင့် ဆွန်းမိုကို ကာကွယ်ပေးချင်တာလဲ)

ကျန်းရှန်သည် စိတ်ထဲက ဝေဖန်လိုက်သည်။ ထိုနောက်သူသည် ခေါင်းကို နိမ့်လိုက်ကာ “တောင်းပန်ပါတယ်”

ထိုစကားက သူ့မာနကို ဆူးများလို ထိုးဖောက်သွားသည်။ ဘယ်လောက်တောင် လွန်လွန်ကျူးကျူး အရှက်ကွဲတာလဲ။

ကူရှုပ်ရှင်းသည် ဆွန်းမိုကို စူးစိုက်ကြည့်လိုက်သည်။ လီဇီချီက သူ့ကိုဘယ်လိုယုံကြည်လိုက်လဲ သူမ မသိပါ။

ဒါပေမယ့် ရုပ်ရည်အားဖြစ်တော့ ဒီကောင်က မိန်းကလေးတွေကို ကျစေနိုင်တယ်။

“ဘာတွေငြင်းခုံနေကြတာလဲ”

လူလတ်ပိုင်း အမျိုးသားတစ်ယောက်သည် အေးအေးဆေးဆေး လမ်းလျှောက်လာသည်။ သူ၏လည်ပင်းနှင့် လက်မောင်းတွင် ရွှေချည်ကြိုး နှစ်ချောင်းကို မြင်နိုင်သည်။

ဒါက ကြယ်နှစ်ပွင့်ဆရာတွေရဲ့ လက္ခဏာပဲ။

“ဆရာခူ”

လျို့မှုဘိုင်က အသစ်ရောက်လာသောဆရာကို လေးစားစွာ နှုတ်ဆက်လိုက်သည်။ သူ့ကို ကြယ်နှစ်ပွင့်ဆရာ ခူလျိုရန် လို့ခေါ်သည်။

"ဇီချီ၊ မင်းအဒေါ်ရော"

တကယ်တော့သူသည် လီဇီချီ၏ အဒေါ်ကို တစ်ခါနှစ်ခါလောက်သာ တွေ့ဖူးသည်။ သို့သော် ထိုသို့မေးလိုက်ခြင်းဖြင့် သူ့အဒေါ်နှင့် ရင်းနှီးသည် ထင်သွားနိုင်သည်။

"မင်းက" လီဇီချီက ပြန်မေးလိုက်သည်။

“သူက ဆရာခူလျို့ရန်ပါ” ကျန်းရှန်က ကမန်းကတန်း ဝင်ပြောလိုက်သည်။

ပျော်ရွှင်မှုသည် စိတ်ထဲက မြင့်တက်လာပြီး ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။ (လီဇီချီကို မင်းတပြည့်အဖြစ်လိုချင်သေးတာလား၊ အိပ်မက် မက်နေလိုက်။ ကြယ်နှစ်ပွင့် အဆင့်အတန်းဆို မင်းပိုလို့တောင် ဝေးသွားမယ်”

“ဆရာခူက ငါ့ကို တပြည့်အဖြစ် လက်ခံချင်နေတာလား။ တောင်းပန်ပါတယ် ငါ့မှာ ဆရာရှိပြီးသား”

လီဇီချီသည် ဂိမ်းများကို မကစားချင်တော့ပါ.။ အရမ်းပင်ပန်းနေပါပြီ။

ခူလျိုရန်သည် နှုတ်ခမ်းလှုပ်သွားပြီး အနည်းငယ် စိတ်မချမ်းမသာဖြစ်သွားသည်။ သို့သော်လည်း သူကထိုအရာကို ထိန်းချုပ်လိုက်ပြီး ဆန့်ကျင်ဘက် အနေဖြင့် ပြုံးနေလိုက်သည်။

"အိုး၊ ဒါဆို မူဘိုင်ဖြစ်ရမယ်၊ ဂုဏ်ယူပါတယ် " ခူလျိုရန်က ရယ်ပြီးပြောလိုက်သည်။

"ငါမဟုတ်ဘူး"

လျိုမူဘိုင်က ခေါင်းခါကာပြောလိုက်သည်။

"အမ်"

ခူလျိုရန်သည် ကူရှုပ်ရှင်း ကို ကြည့်လိုက်သည်။

"ဆရာခူ၊ အဲဒါက ဆွန်းမိုပါ"

ကူရှုပ်ရှင်းသည် ခူလျိုရန်၏ စရိုက်လက္ခဏာများနှင့် ပက်သက်ပြီး စုံစမ်းထားသည်။ သူသည် အလွန် အမြင်ကျဉ်းသည်။ ထို့ကြောင့် သူမသည် ထိုကဲ့သို့လူမျိုး၏ မနာလိုမုန်းတီးမှုကို မလိုချင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီလီဇီချီက ဘာဖြစ်နေတာလဲ၊ သူမက ကြယ်နှစ်ပွင့် ဆရာတောင် မစဉ်းစားဘူးလား။ သူမ ဦးနှောက်များ ပျက်နေပြီလား)

ကျန်းရှန်က ကြည့်ရင်းစဉ်းစားနေသည်။ အနားမှာရှိသည့် ယွမ်ဖန်လည်း ဒါကို ကောင်းကောင်းနားမလည်နိုင် ဖြစ်နေသည်။ ဆွန်းမိုက ဒီကောင်မလေးကို ဘယ်လို အဲ့သြစရာများ ပေးထားတာလဲ။

“ဆွန်းမို ”

ခူလျိုရန်သည် လူတိုင်း၏ အကြည့်နောက်ကို လိုက်ပြီး ဆွန်းမိုကို ကြည့်လိုက်သည်။ ဒီနာမည်ကို သူအထင်ကြီးခဲ့သည်။

"မင်းက အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့သူလား"

"အဲဒါ ကျွန်တော်ပဲ"

ဆွန်းမိုသည် လီဇီချီက ကြယ်နှစ်ပွင့် ဆရာတစ်ယောက်ကို ဆွဲဆောင်နိုင်လိမ့်မည်ဟု မထင်ထားခဲ့ပါ။ သူမကို လျှော့တွက်မိပုံရသည်။

"မင်းက အစမ်းခန့်ဆရာပဲရှိသေးတာ မဟုတ်လား"

ခူလျိုရန်က လက်အောက်ငယ်သားကို စကားပြောကောင်းသူဖြစ်သည်။ ဆွန်းမိုသည် အစမ်းခန့်ဆရာတစ်ယောက်ဖြစ်ကာ သူက အတွေ့အကြုံ ဆယ်နှစ်လောက်ရှိသည့် ဆရာတစ်ယောက်ဖြစ်သော်လည်း ဆွန်းမိုကို မကျိမ်းမောင်းရဲပါ။

“ကျောင်းသားလီဇီချီက မျိုးစေ့ကောင်းလေးပဲ၊ မင်းရဲ့ အရည်ချင်းနဲ့ သူ့ကို ကောင်းကောင်း သင်းပေးနိုင်မှာ မဟုတ်ဘူး၊ သူမရဲ့အရည်ချင်းကို ဖြုန်းတီးမိလိမ့်မယ်။”

ထိုစကားများသည် လုံလောက်သည်။ သူက ဆွန်းမိုကို လက်လျှော့စေချင်သည်။

ကျန်းရှန်နှင့် ယှွမ်ဖန်သည် ထိုစကားကို ကြားလိုက်ရင် ဆွန်းမို၏ ဘေးဆိုးအတွက် ဝမ်းသာသွားသည်။

(မင်းအခုဘာလုပ်မှာလဲ ငါတို့ကို ပြစမ်းပါအုံး)

(ကြယ်နှစ်ပွင့် မြတ်ဆရာစကားကို ဖယ်ရှားဝံ့လား၊ မင်းသာသတ္တိရှိရင် အကျိုးဆက်ကို စောင့်နေရုံပဲ)

ကူရှုပ်ရှင်းသည် ခေါင်းကိုခါလိုက်မိသည်။ သူမသည် ခူလျိုရန်လုပ်ရပ်ကို သဘောမကျပါ။

"ဆွန်းမို ကျောင်းက လက်ရှိ အခြေအနေမကောင်းဘူး။ ထူးချွန်တဲ့ ကျောင်းသားတွေကို ပြုစုပျိုးထောင်နိုင်မှ ငါတို့ကျောင်းက အောင်မြင်နိုင်မယ်။ လီဇီချီလို ပါရမီကောင်းတဲ့ ပါရမီရှင်တစ်ယောက်ကို သေသေချာချာ ပျိုးထောင်ဖို့လိုအပ်တယ်၊ မင်းက အရည်အချင်းမမှီဘူး"

ခူလျိုရန်သည် နောက်ဆုံးစကားကို ပြောလိုက်ချိန်တွင် တမင်ကို လေးလေး ပြောလိုက်သည်။

ကူရှုပ်ရှင်းလည်း စိတ်ထဲက သက်ပြင်းချလိုက်မိသည်။ ဒီစကားတွေကို ကြားရတာ စိတ်မချမ်းသာပါဘူး။ ဒါပေမယ့် သူက သူတို့ကို ဒီလိုပြောဖို့ အရည်ချင်း ပြည့်မီပါသည်။ သူက ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက်ပင် မဟုတ်လား။

"ဆရာခူ..."

လီဇီချီသည် ဆက်ပြီးနားမထောင်နိုင်တော့ပဲ ပြန် ပြောရန်လုပ်လိုက်သည်။ သူစကားမပြောရသေးခင် တစ်စုံတစ်ယောက်က သူမကျောကို ပုတ်လိုက်သည်။ သူမလှည့်ကြည့်လိုက်လျှင်

ဆွန်းမိုက သူမကို စိုက်ကြည့်နေတာ တွေ့လိုက်ရသည်။

သူတို့နှစ်ယောက် ဘာမှမပြောကြပါ။ ဒါပေမယ့် သူတို့၏ အကြည့်တွေက တဆင့် သူတို့နှစ်ယောက်သာ နားလည်သည့်သတင်းကို ဖလှယ်လိုက်သည်။

လီဇီချီသည် သူ့ကို ဆရာအဖြစ် အသိအမှတ်ပြုလိုသောကြောင့် ဗဟိုပြည်နယ် အကယ်ဒမီကို လာခြင်းဖြစ်သည်။

ဒီလိုမဟုတ်ပါက သူမ၏ နောက်ခံအသိုင်းအဝိုင်းဖြင့် မရေမတွက်နိုင်သည့် ပိုကောင်းသည့် ရွေးချယ်မှု လုပ်နိုင်သည်။

"ငါနားလည်တယ်"

ဆွန်းမိုက ပြုံးကာပြောလိုက်သည်။ သူက အားအနည်းငယ်သုံးပြီး လီဇီချီကို နောက်သို့ ပို့လိုက်သည်။ ထို့နောက်ခူလျိုရန်ကို တည့်တည့် ကြည့်လိုက်ကာ "တောင်းပန်ပါတယ်၊ ငါ့ရဲ့ သင်ကြားမှုက ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ

မင်းနဲ့မဆိုင်ဘူး။ ဒါက စမ်းသပ်မှု တစ်ခုပြီးမှ ဆုံးဖြတ်လို့ရမှာ”

ဒီစကားတွေက ရိုင်းစိုင်းလွန်းသည်။

လျို့မှုဘိုင်လည်း ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက်ကို ဆန့်ကျင်သည့် ဆွန်းမို၏သတ္တိကို နားမလည်နိုင်ဘဲ ငေးကြည့်နေသည်။ ဒီလုပ်ရပ်ရဲ့ အကျိုးဆက်ကို သူနားမလည်ဘူးလား။

ကျန်းရှန်နှင့် ယွမ်ဖန်လည်း မှင်တက်သွားသည်။ ဆွန်းမို ရူးသွားပြီလား။ ကြယ်နှစ်ပွင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတစ်ယောက်နှင့် စကားပြောတာ ဒီလို အပြုအမူကို ဘာကြောင့်လုပ်ရတာလဲ။ အဲဒီနောက်မှာတော့ သူတို့စိတ်ထဲတွင် ပျော်ရွှင်မှုများ ပြည့်လာသည်။

ဆွန်းမိုကတော့ ပြီးသွားပါပြီ။ သူ့အသက်မွေးဝမ်းကြောင်း ပြီးသွားပါပြီ။

(အန် တော်တော် ယောက်ျားဆန်တယ်)

ကူရှုပ်ရှင်းလည်း အံ့သြနေသည်။ အဲဒီနောက်မှာတော့ ဆွန်းမိုကို တိတ်တိတ်လေးစိတ်ထဲက ချီးကျူးလိုက်သည်။

လီဇီချီသည် ခူလျိုရန်ကို ဆရာတင်ချင်စိတ်မရှိတာ ပြောနိုင်ပေမယ့်၊ သူမက သူ့ကို တိုက်ရိုက်ငြင်းလိုက်ပါက ခူလျိုရန်က ပြန်မပြောရဲရင်တောင် သူသည် သူမကို အမှောင်ထဲက သေချာပေါက် နာမည်ဖျက်လိမ့်မည်။ ထိုစကားများသာ ဖြန့်ထွက်လာပါက လီဇီချီအတွက် တော်တော်ဆိုးဝါးသွားမည်။ အခုဆွန်းမို လုပ်ရပ်က လီဇီချီကို သေချာပေါက် ကာကွယ်ရန်ဖြစ်သည်။

ဆိုလိုတာက ဆွန်းမိုသည် ခူလျိုရန်၏ ဖိအားများနှင့် ရန်လိုမှုများကို ကြံ့ကြံ့ခံ ရင်ဆိုင်မည်ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၃

အခန်း(၄၁)။ ။ အံ့ဩစရာဘဲ၊ ဒါမှ ငါ့ခင်ပွန်းလောင်းကွ။

လုချီဟွာ၏ မျက်လုံးများ အရောင်တောက်လာပြီး မနေနိုင်ဘဲ ဆွန်းမို အကျီကို လှမ်းဆွဲလိုက်သည်။

ဒင်!

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၂၀

လုချီဟွာနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက်။

လက်ရှိအမှတ်- မူလ(၃၈/၁၀၀)

လီဇီချီသည် ဆွန်းမို၏ နောက်ကျောကို ကြည့်ပြီး မြင့်မားသော တောင်တန်းကြီး တစ်ခုလို ထင်နေမိသည်။ ၎င်းက ခူလျိုရန်၏

ခြိမ်းခြောက်မှုကို ကာကွယ်ပေးပြီး လုံခြုံစိတ်ချ မှုကို ပေးစွမ်းသည်။

လီဇီချီသည် ထိုအချိန်မတိုင်မီက အနည်းငယ် စိုးရိမ်နေခဲ့သည်။ တကယ်ဆိုရင် ဆွန်းမိုသည် ငယ်ရွယ်သောကြောင့် သင်ကြားနိုင်စွမ်း အားနည်းနိုင်သည်။ သို့သော်လည်း ဒါက သူမဘဝအတွက် အကောင်းဆုံး ဆုံးဖြတ်ချက် ဆိုတာ သူမသိသည်။

ဒင်!

လီဇီချီ၏ လေးစားအထင်ကြီးမှု - +၁၅

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီနှင့်

လေးစားအထင်ကြီးမှုဆက်သွယ်ချက်။ ။

လက်ရှိအမှတ်- မူလ(၅၀/၁၀၀)

ခူလျိုရန်သည် မျက်နှာပျက်နေကာ ကိုယ်လည်း ယိမ်းထိုးနေသည်။ သူသည် ချွန်ထက်သော လက်သည်းများနှင့် သားကောင်ကို သတ်ဖြတ်မည့် သားရဲတစ်ကောင်လို ဆွန်းမိုကို စိုက်ကြည့်နေသည်။

ဆွန်းမိုကတော့ ကြောက်ရွံ့ခြင်းမရှိဘဲ အေးအေးဆေးဆေး ပြန်ဆုတ်သွားသည်။

"ကောင်းတယ်၊ အရမ်းကောင်းတယ်။' ခူလျိုရန်သည် ပြုံးကာ ပြောလိုက်ပြီး ဆွန်းမို ပခုံးကို ပုတ်လိုက်သည်။

"မင်းအရမ်း ကောင်းတယ်"

ဆွန်းမိုက လက်ကို ပုတ်ထုတ်ပြီး "မင်းပြောစရာမလိုဘူး၊ ငါအရမ်းတော်တာ ငါသိတယ်"

ဟာ!

လူတိုင်းအေးစက်မှုကို ခံစားနေရသည်။ ထိုအချိန်တွင် ငြိမ်သက်နေသော လျိုမူဘိုင်တောင်

အံ့ဩသွားသည်။ ဆွန်းမို၏ လုပ်ရပ်က သေချာပေါက် ဒေါသထွက်စရာပါ။

ကူရှုပ်ရှင်းလည်း နောက်ကို ခြေတစ်လှမ်းဆုတ်ပြီး ဆွန်းမိုကို လှေ့လာနေသည်။ အန်ရှီဝေနှင့် စေ့စပ်ထားသည့်သူက ထူးဆန်းလွန်းသည်။ သူသည်ကြယ်နှစ်ပွင့် မြတ်ဆရာ တစ်ယောက်ကိုတောင် ဆန့်ကျင်ရဲတာလား ။ သေခြင်းဆိုသည့် အဓိပ္ပာယ်ကို သူမသိဘူးလား။

ကျန်းရှန်နှင့် ယွမ်ဖန်လည်း သွေးကြောများ ပေါက်ထွက်လောက်တဲ့ အထိကို

စိတ်လှုပ်ရှားနေကြသည်။ ခူလျိုရန်က ဆွန်းမိုကို ရိုက်သတ်ဖို့အတွက်တောင် သူတို့မစောင့်နိုင် ဖြစ်နေကြသည်။

“ကျောင်းသားလီဇီချီ၊ မင်း ဆွန်းမိုရဲ့ သင်ကြားမှုအောက်မှာ အောင်မြင်မှုတွေ ရပါစေလို့ မျှော်လင့်ပါတယ်”

ခူလျိုရန်သည် ထိုစကားများကို ပြောပြီး လှည့်ထွက်သွားသည်။ သို့သော် သူ့အကြောင်းကို သိသောသူများက ဆွန်းမိုသည် နောက်ပိုင်းတွင် ခက်ခဲသောအချိန်များ ဖြစ်လာမည်ကို သိနေကြသည်။

လူတော်တော်များများက မြတ်ဆရာများထံမှ မျက်နှာလိုချင်ကြသည်။ ဆွန်းမိုသာ ခူလျိုရန် မထွက်သွားခင် ဒူးထောက်ပြီး အဖေလို့ ခေါ်ရင်တောင် သူ့အတွက် ရှက်စရာပါ။

သူသည် ကျောင်းသားသစ်ကို စုဆောင်းရန် ကိုယ်တိုင်သွားခဲ့သော်လည်း အငြင်းခံခဲ့ရသည်။ ကျောင်းသားက သူ့ထက်အဆင်မြင့်သည့် မြတ်ဆရာတစ်ယောက် နောက်ကိုတောင်မဟုတ်ဘဲ အစမ်းခန့် ဆရာတစ်ယောက်နောက်ကို ပါသွားသည်။

ဒီသတင်းသာ ပျံ့နှံ့သွားပါက ခူလျိုရန်သည် ရှက်လွန်းလို့ သေသွားတာမှ ပိုကောင်းအုံးမည်။

ထိုအချိန်တွင် ခူလျိုရန်သည် အဖုအဖိန်း ထွက်နေသောကြောင့် ကြိုတင်ပြင်ဆင်မှု မလုပ်နိုင်ခဲ့သော သူ့ကိုယ်သူမုန်းတီးနေသည်။

ဒါက ခူလျိုရန်အမှားမဟုတ်ပါဘူး။ ချင်လင်မြို့တွင် ကြယ်နှစ်ပွင့် မြတ်ဆရာ အများကြီး မရှိပါ ။ ဒါကြောင့် သူ့အနေထားနှင့်ဆို ဘယ်ကိုသွားသွား လူလေးစားခံရမည် ဖြစ်သည်။

သူသည် ကြယ်တစ်ပွင့် မြတ်ဆရာဘွဲ့ကို ရကတည်းက လူတိုင်း လေးစားခဲ့ကြသည်။ ဒါက သူ့ကို မာနကြီးလာစေသည်။

လျှိုမှုဘိုင်လည်း ထွက်ခွာသွားသည်။ ဆွန်းမိုကို နှုတ်တောင် မဆက်ခဲ့ပါဘူး။ လီဇီချီမှာ လေးစားဖွယ်ကောင်းသည့် နောက်ခံရှိသော်လည်း လက်လျှော့ဖို့ ဆုံးဖြတ်လိုက်သည်။

"ဆွန်းမို....."

ကူရှုပ်ရှင်းက ဆွန်းမိုကို ဖြတ်ခေါ်လိုက်သည်။

“မင်းက ဘာကြောင့်မထွက်သွားသေး တာလဲ။ မင်းက ငါ့ကို နေ့လည်စာကျွေးစေချင်နေတာလား”

ဆွန်းမိုလည်း ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက်ကို စော်ကားမိသဖြင့် စိတ်မချမ်းသာပါ။ သို့သော် ခူလျိုရန် လက်စားချေမှာကိုတော့ မကြောက်ပါ။ သူ့မှာ ဓါးတစ်လက်နှင့် သတ္တိရှိနေသ၍ ဘာကိုမှ ကြောက်မည်မဟုတ်ပေ။

ကူရှူပ်ရှင်း မျက်နှာတင်းသွားသည်။ သူမသည် ဆွန်းမိုကို ဂရုမစိုက်ချင်ပေမယ့် လီဇီချီနှင့်လည်း

တိုက်ရိုက်စကားပြောလို့ မရပါဘူး။ ဒါက သူမကို ရုပ်ပေါက်သွားစေနိုင်သည်။ ထို့ကြောင့် သွယ်ဝိုက်သောနည်းဖြင့် ဆွန်းမိုကို ချဉ်းကပ်ခြင်းဖြစ်သည်။ ဆွန်းမိုက ဒီလောက် ဒေါသထွက်စရာ ကောင်းမယ်လို့ မထင်ထားခဲ့ပါဘူး။

ကူရှုပ်ရှင်းသည် လှပသော အပြုံးကို ပြုံးလိုက်သည်။ သူမသည် လှပသောအနက်ရောင် ဆံပင်ကတဆင့် လက်ကိုပင့်တင်လိုက်ပြီး စွဲဆောင်သော ရန့်ကို ပေးလိုက်သည်။

ကူရှုပ်ရှင်းသည် သူမ၏ စကားများ အကျိုးသက်ရောက်မှုရှိစေရန် ဘော်ဒီလန်းကွေ့ကို သုံးလိုက်သည်။

"မအားဘူး၊ ဗိုက်မဆာဘူး၊ တာ့တာ"

ဆွန်းမိုက ထိုစကားသုံးခွန်းပြောပြီး ထွက်သွားသည်။

လီဇီချီနှင့် လုချီဟွာသည် တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ပြီး ဆွန်းမိုနောက်ကို ပြေးလိုက်သွားသည်။

"သူကပဲ ရွံ့ရှာရတယ်ရှိသေး၊ သူ့ကိုယ်သူ ဘာကောင်ထင်နေတာလဲ"

ယွမ်ဖန်က ဒေါသနှင့် ဝင်ပြောလိုက်သည်။ သူသည် ကူရှုပ်ရှင်းနှင့် စကားပြောချင်သော်လည်း မဝံ့မရဲဖြစ်နေသည်။

"ဒီကောင် ဆွန်းမိုက မောက်မာလွန်းတယ်။"

ကျန်းရှန်ကလည်း ပြောလိုက်သည်။ ထို့နောက် ကူရှုပ်ရှင်းကို ကြည့်ကာ အတောက်ပဆုံး ပြုံးလိုက်ပြီး "ဆရာကူ ၊ စိတ်ဆိုး မနေပါနဲ့။ တနေ့ကျရင် သူ့ကို သင်ခန်းစာ ပေးလိုက်ပါ့မယ်"

"အင်း"

ကူရှပ်ရှင်းက ပြန်ပြီးဖြေလိုက်ပေမယ့် သူမ၏ အကြည့်က ဆွန်းမို နောက်ကျောကို ရောက်နေသည်။ မဖော်ပြနိုင်သော ခံစားချက်တစ်ခု ဖြစ်နေသည်။

မရီဒန်အကယ်ဒမီက ထိပ်တန်းအလှလေးဖြစ်သည့် သူမအတွက် အမှတ်ကောင်းများရအောင် ယောက်ျားများကသာ ဝင်လုံးကြသည်။ ဆွန်းမိုကတော့ လူသိရှင်ကြား ငြင်းဆိုလိုက်ပြီး သူမကို ခံစားမှုအသစ် ပေးလိုက်သည်။

“ကြည့်နေတဲ့သူတွေက ငါ့ကို ရယ်နေကြမလား။ အထူးသဖြင့် ငါ့နောက်ကွယ်မှာ ငါ့ကိုမနာလိုတဲ့ မိန်းမတွေနဲ့ ငါငြင်းခဲ့တဲ့ ယောက်ျားတွေ လှောင်ပြောင်နေကြမှာပဲ”

ဒါကို တွေးမိပြီး ကူရှုပ်ရှင်း နည်းနည်း စိတ်လှုပ်ရှားသွားသည်။

“ဆရာကူ၊ နေ့ခင်းဘက်အားလား။ ငါတို့ နေ့လည်စာ အတူတူစားကြမယ်လေ။ အစားအသောက်အကြောင်းလဲ ပြောလို့ရတာပေါ့”

ကျန်းရှန်သည် ပုံမှန်သာ ပြောလိုက်သော်လည်း စိတ်ထဲတွင် သဘောတူပါစေလို့ ကျိတ်ဆုတောင်းနေသည်။

"မအားဘူး၊ ဗိုက်မဆာဘူး၊ တာ့တာ"

ကူရှုပ်ရှင်းလည်း ဆွန်းမိုနှင့် တူညီသော အဖြေကိုပေးလိုက်ပြီး ထိုစကားသုံးခွန်းသည် အလွန်အကျိုးသက်ရောက်မှု ရှိကြောင်း သိသွားသည်။ အထူးသဖြင့် ထိုရွံရှာဖို့ကောင်းသည့်ကောင်တွေကို ငြင်းပယ်ရန် သူမ သုံးနိုင်သည်။

တကယ်လို့ လျှိုမှုဘိုင်သာ ဖိတ်ခေါ်ရင် သူမလက်ခဲ့လိုက်အုံးမည်။ ကျန်းရှန်က ဘာကောင်မို့လဲ။ သူကကျောင်းမှာ ဆက်ရှိရင်တောင် သူမတို့သည် မတူညီသည့် ကမ္ဘာကဖြစ်သည်။

"အာ"

ကျန်းရှန်လည်း ပထမကြောင်သွားပြီး မျက်နှာပျက်သွားသည်။ ဒါက အဓိပ္ပာယ်မရှိဘူး၊ တကယ့်ကို အဓိပ္ပာယ်မဲ့လွန်းတယ်။

(မင်းက ငါ့ကို ရှုံ့ချတာလား၊ စောင့်ကြည့်နေလိုက် တစ်နေ့ မင်းဒူးထောက်ပြီး ငါ့ဖိနပ်ကို လာချပေးရမယ်)

ကျန်းရှန်သည် လှပသော ကူရှပ်ရှင်းကို ကြည့်ပြီး စိတ်ထဲက ကျိန်ဆိုလိုက်သည်။

"ဟူး"

ယွမ်ဖန်က သက်ပြင်းချလိုက်သည်။ ထင်ထားသလိုပါပဲ ကူရှပ်ရှင်းကို ဖိတ်ခေါ်ဖို့ မဖြစ်နိုင်ပါဘူး။ ထိုနောက်သူသည် စဉ်းစားလိုက်မိပြီး ဒေါသထွက်လာသည်။ ကူရှပ်ရှင်း၏ ဖိတ်ကြားမှုကို ဆွန်းမိုက ရိုင်းစိုင်းစွာ အငြင်းခံလိုက်ရလို့ ထိုသို့ လုပ်သွားတာ ဖြစ်နိုင်သည်။

"ဒီလိုလုပ်ရအောင် ဆွန်းမိုက ဘာကောင်လဲ"

ယွမ်ဖန် လိုက်မမှီဖြစ်နေသည်။ သူ့အမြင်အရ အမျိုးသမီးတစ်ယောက်ကို မှီခိုနေရသော ဆွန်းမိုက သူ့ထက်ဆိုးသည်။ လီဇီချီကြောင့်သာ ဖိတ်ခေါ်ခြင်းဖြစ်နိုင်သည်။ မဟုတ်ရင် ဒီကောင် ဘယ်လိုဆွဲဆောင်နိုင်မှာလဲ။

သို့သော်လည်း ယွမ်ဖန်သည် ဆွန်းမိုအား ဆရာတင်လိုက်သော လီဇီချီအကြောင်းတွေးမိပြီး မနာလိုမှုထဲတွင် တဖန် နစ်မြုပ်သွားသည်။ ဆွန်းမိုက ဘာကောင်မို့လို့ အခွင့်ထူးခံဖြစ်နေရတာလဲ။ ဒီကောင်မှာ ....ကြီးကြီး ရှိလို့လား။

သင်ကြားရေး ရုံးခန်းထဲတွင်.....................

ကျောင်းဝန်းအတွင်းတွင် စောင့်ကြည့်ရန် လူများကို စီစဉ်ထားသောကြောင့် မကြာမီ လီဇီချီရောက်လာကြောင်းကို သိသွားခဲ့ကြသည်။

"သူမက မရီဒန်အကယ်ဒမီကို သွားသင့်တာ မဟုတ်ဘူးလား။ ဘာလို့ငါတို့ကျောင်းကို ရောက်နေတာလဲ"

ကျုံရှန်ရီက နားမလည်နိုင် ဖြစ်နေသည်။ လက်ရှိသင်ကြားရေးစွမ်းရည်နှင့် အနာဂတ် အလားအလာများကြောင့် ဗဟိုပြည်နယ်

အကယ်ဒမီထက် မရှိဒန်အကယ်ဒမီသည် ဩဇာရှိသူများ၏ ရွေးချယ်မှုဖြစ်လာသည်။

"သူမက ကစားချင်လို့ ရောက်လာတာလား"

တစ်ယောက်ယောက်က သူတို့ကျောင်းသည် လီဇီချီကို မဆွဲဆောင်နိုင်ဘူးထင်ပြီး ဝင်ပြောလိုက်သည်။

"ဒီမှာ လီဇီချီ ဆရာတင်ချင်တဲ့ ဆရာတစ်ယောက်များ ရှိနေတာဖြစ်နိုင်လား" လင်ကျန် ခန့်မှန်းလိုက်သည်။

ဗဟိုပြည်နယ်တွင် ကျောင်းသားများသည် အထူးပြုဆရာတစ်ယောက်ကို တွေ့နိုင်ရန် ကျောင်းကိုဝင်ရောက် တတ်ကြသည်။ ထိုအရာက မြတ်ဆရာတစ်ယောက်၏ ဆွဲဆောင်မှုဖြစ်သည်။ ထိုကြောင့် အခွင့်အရေးရပါက ကျောင်းများအားလုံးသည် အလွန်မြင့်မားသော လစာကိုပေးပြီး မြတ်ဆရာကို ရရှိအောင် လုပ်ကြသည်။

ဆရာများ အချင်းချင်းဆွေးနွေးနေစဉ်တွင် ကျန်ရုံနဲ့ အလျှင်အမြန် ဝင်လာသည်။

"မင်းဘာလို့ ဒီလောက်ပျော်နေရတာလဲ၊ လီဇီချီကို ခေါ်နိုင်ခဲ့လို့လား"

ကျုံ့ရှန်ရီ က နောက်လိုက်သည်။

"ငါ့တန်ဖိုးကို ငါကောင်းကောင်းသိတယ်၊ " ကျန်ရုံနဲက မျက်လုံးပြူးပြီး ပြန်ဖြေလိုက်သည်။ လီဇီချီကို စွန့်လွှတ်ချင်စိတ် မရှိပါ။ သူမသည် ထူးခြားသော အဆင့်အတန်းရှိသည်။ သို့သော်လည်း ပွဲကောင်းတစ်ခုကို မြင်လိုက်ရမည်လို့ မထင်ထားခဲ့ပါ။ "အခု ငါဘာကိုတွေ့ခဲ့လဲ မင်းတို့စဉ်းစားကြည့်"

"ဘာလဲ"

ကျုံးရှန်ရီက လက်ဖက်ရည်ကို ဖြည်းဖြည်းခြင်း သောက်ကာ မေးလိုက်သည်။

"ခူလျိုရန်က လီဇီချီကို ခေါ်ဖို့သွားပေမယ့် အငြင်းခံလိုက်ရတယ်"

ကျန်ရုံနဲသည် ကြယ်နှစ်ပွင့်မြတ်ဆရာ ခူလျိုရန်ကို ဘယ်တော့မှ မကြိုက်ခဲ့ပါ။ သူကိုယ်တိုင်ကလည်း မကြာခင် ကြယ်နှစ်ပွင့်အဆင့် မြတ်ဆရာတစ်ယောက် ဖြစ်လာတော့မည်။ ထို့ကြောင့် ခူလျိုရန်၏ ဆိုးရွားသောအခြေနေကို မြင်ရတာ နွေရာသီတွင် ဖရဲသီး တစ်လုံးကို စားလိုက်ရသလိုပါပဲ။

လင်ကျန်လည်း ဆွံ့အသွားပြီး ခူလျိုရန် အောင်မြင်သွားရင်သာ မထူးဆန်းနေမှာပါ။

"မဟုတ်ဘူး။ ခူလျိုရန်ကို ငြင်းလိုက်တာက လီဇီချီမှာ ဆရာတစ်ယောက်ရှိနေလို့ပဲ"

ကျန်ရုံနဲ့၏ စကားများကို ဂရုမစိုက်သော အခြားဆရာများလည်း လုပ်လက်စကို ရပ်ပြီး လှမ်းကြည့်နေကြသည်။

"ဘယ်သူလဲ၊ ဂျိမဲဂျဲလား၊ မဟုတ်နိုင်ပါဘူး။ ကြယ်သုံးပွင့် မြတ်ဆရာအဆင့်ကလဲ ဆွဲဆောင်ဖို့ မလုံလောက်သေးဘူး"

"ကျောင်းအုပ်ကြီး အန်တော့ မဟုတ်နိုင်လောက်ပါဘူး"

" လီဇီချီကို တပြည့်အဖြစ် ရသွားတာ ဘယ်က ကံကောင်းတဲ့ ကောင်ပါလိမ့်"

ဆရာများက အုပ်စုအလိုက် အားရပါးရ စကားစမြည်ပြောဆိုနေကြပြီး သူတို့ထဲက တချို့က မနာလိုသံများပေါ်နေသည်။

"ငါတို့ကို ညှင်းဆဲမနေနဲ့ ၊ မြန်မြန်ပြောပြ" ကျုံရှန်ရီက လှောင်လိုက်သည်။

“အဲဒါက ဆွန်းမို” ကျန်ရုံနဲ က ဖြေပေးလိုက်သည်။

သူထိုသို့ ပြောလိုက်ရင် အခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။ ကျန်ရုံနဲကို ကြည့်ပြီး ကျန်သည့် ဆရာများသည် ဘာမှမပြောကြပါ။ ထိုနောက် သူတို့အကြည့်တွင် စိတ်ရှုပ်ထွေးခြင်းနှင့် သံသယများ ပေါ်လာသည်။

“ဟော့ မင်းနောက်နေတာလား”

ကျုံ့ရှန်ရီက လက်ဖက်ရည်သောက်ပြီး ပြန်ပြောလိုက်စဉ် ကျန်သည့် ဆရာများက သူတို့အလုပ်ဆီကို ပြန်သွားကြသည်။

“ငါမလိမ်ပါဘူး၊ ဒါက အမှန်ပဲ၊ ငါ့မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ”

ကျန်ရုံနဲသည် ခူလျိုရန် ငြင်းခံလိုက်ရသည့် ဖြစ်စဉ်တစ်ခုလုံးကို မျက်မြင်တွေ့ခဲ့သည်။ သူသည် မြတ်ဆရာတစ်ယောက် ဖြစ်သောကြောင့် ပိုမိုပြတ်သားစွာကြားရ မြင်ရပြီး စကားဝိုင်းထံမှ တစ်ခွန်းမှကို မလွတ်ခဲ့ပါ။

"သေချာလား၊ ဘာကြောင့် ဆွန်းမို ဖြစ်ရတာလဲ"

လင်ကျန်က မျက်ခုံးတွန့်လိုက်ပြီး နဖူးတွင် အရေးကြောင်းတောင် ထွက်လာသည်။

"ငါဘယ်လိုသိမှာလဲ" ကျန်ရုံနဲက ပခုံးတွန့်ကာ ပြန်ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဒီတစ်ချီတော့ ခူလျိုရန် တော်တော်ကြီး အရှက်ကွဲသွားတာပဲ"

ခူလျိုရန်ကို မကြိုက်သော ဆရာအချို့က ရယ်ရယ်မောမော ပြောလိုက်သည်။

“ဆရာကျန် ၊ ဘာဖြစ်နေတာလဲ”

သီချင်းလေး တအေးအေးလုပ်နေသော ကျုံလင်သည် ရုံးခန်းတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသဖြင့် လာမေးသည်။ ကျန်ရုံနဲက အဖြစ်အပျက်တစ်ခုလုံးကို အသေအချာ ပြန်ရှင်းပြလိုက်ပြီးနောက် သူမသည် သေချာစေရန် ကူရှုပ်ရှင်းကို လိုက်ရှာပြီး မေးလိုက်သည်။

ဇာတ်လမ်းကို သိလိုက်ပြီးနောက် ကျုံလင်သည် စိတ်လှုပ်ရှားစွာ ကျောင်းအုပ်ရုံးခန်းကို ပြေးသွားလိုက်သည်။

"အစ်မကြီး၊ ဆွန်းမိုက ဒီလောက်မိုက်ရူးရဲဆန်တဲ့ အလုပ်တွေကို မလုပ်သင့်ဘူး"

ကျုံလင်က စိတ်ပူကာ အော်ပြောလိုက်သည်။

"ဒီတစ်ခေါက်ရော ဘာဖြစ်ပြန်ပြီလဲ"

အန်ရှီဝေက စိတ်ရှုပ်ထွေးစွာ မေးလိုက်သည်။

"လီဇီချီက သူ့ကို ဆရာအဖြစ် အသိအမှတ်ပြုလိုက်ပြီ"

ကျုံလင်က မျက်နှာပျက်ပျက်နှင့် ပြောသည်။ ဆွန်းမိုက ခူလျိုရန်ကို စော်ကားလိုက်တာက ဘာမှအရေးကြီးသည့် ကိစ္စ မဟုတ်ပါ။ သို့သော်

လီဇီချီ၏ အဒေါ် ဒေါ်သူပုန်ထပြီး သောင်းကျန်းမည်ဆိုပါက ကောင်းကင်ကြီးတောင် ပြိုကျသွားနိုင်သည်။

"ဟမ်"

ဘယ်လိုအခြေအနေဖြစ်ဖြစ် စိတ်ကို တည်ငြိမ်အောင်လေ့ကျင့်ထားသော အန်ရှီဝေပေင် အံ့ဩသွားသည်။ သူမရဲ့ ငယ်ကျွမ်းဆွေက ဒီလောက်တောင်ကြီးကျယ်သည့် အရာကို လုပ်ခဲ့တာလား။ ဒီသတင်းသာ ပျံ့နှံ့သွားပါက ချင်လင်တစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားမည်။

"အစ်မကြီး ရှန်ယွန်ပေါင် ကိစ္စပြီးရင် လီဇီချီကို ဆွန်းမို ဆရာလုပ်တာ တားရမယ်"

ကျုံလင်က အခိုင်အမာပြောလိုက်သည်။

ဆွန်းမိုသည် အဆင့်မရှိသလို အရည်အချင်းလည်းမရှိပါ။ လီဇီချီက ဆွန်းမိုက ဆရာအဖြစ်အလိုရှိသည်ဖြစ်စေ၊ သူအပြော ချိုလို့ သူမကို လှည့်စားခဲ့လျှင် လီဇီချီ အဒေါ်၏ ဒေါသကြောင့် ဆွန်းမို ဒုက္ခရောက်သွားမည်။ ထိုသို့ဖြစ်လျှင် ဗဟိုပြည်နယ်အကယ်ဒမီပါ ရောပြီး နာမည်ပျက်သွားမည်။

ဗဟိုပြည်နယ်အကယ်ဒမီသည် မုန်တိုင်းအလယ်ကို ရောက်နေပြီး နောက်ထပ်လှိုင်းတစ်ခုကိုမှ ခံနိုင်ရည်မရှိပါ။

“ငါနားလည်ပြီ မင်းသွားလို့ရပြီ”

အန်ရှီဝေသည် မျက်ခုံးတွန့်ထားပြီး သူမ၏ အမူအရာက လေးနက်လေသည်။

“ငါ ဆွန်းမိုကို ခေါ်လိုက်ရမလား၊ မင်းကိုယ်တိုင်သူ့ကို ပြောမှာလား” ကျုံလင်က အကြံပြုလိုက်သည်။

အခန်း(၄၂) - စိတ်ဝိညာဉ် ပုံဖော်ခြင်း။

"အခု မင်းအလုပ်ကို ပြန်လုပ်လို့ရပြီ"

အန်ရှီဝေက လေးနက်သောလေသံနှင့် ပြောလိုက်ပြီး ကျုံလင်ထွက်သွားရင် စုတ်တံကို ကောက်ကိုင်ကာ ဆွန်းမို နာမည်ကိုရေးလိုက်သည်။ ထိုနောက် သူတို့၏ ငယ်ဘဝ အမှတ်တရများကို ပြန်သတိရနေသည်။

ထူးချွန်သော ကျောင်းသားများပြီးလျှင် ကျောင်းများသည် ချမ်းသာသောအသိုင်းအဝိုင်းက

ကျောင်းသားများကို လိုချင်ကြသည်။ ထိုကျောင်းသားများကြောင့် နိုင်ငံ၏ အရင်းအမြစ်များကို ရနိုင်သည်။

အန်ရှီဝေလည်း လီဇီချီလို ကျောင်းသားများကို လိုချင်သည်။ သို့သော် ဗဟိုပြည်နယ်အကယ်ဒမီ၏ လက်ရှိ အခြေအနေသည် မရီဒန်အကယ်ဒမီကို မယှဉ်နိုင်ပါ ထို့ကြောင့် ထိုအံ့သြဖွယ်ကောင်းသည့် ကိစ္စများကို သူမ မထင်ထားခဲ့ပါ။

ကျုံလင်သည် လီဇီချီ၏ အဒေါ်ကို စိတ်ပူနေသော်လည်း အန်ရှီဝေသာ ထိုကိစ္စများကို

ကောင်းမွန်စွာ ကိုင်တွယ်နိုင်ပါက ကျောင်းအတွက်သာ အကျိုးရှိသည်။

ဆွန်းမိုကြောင့်သာ မဟုတ်ပါက လီဇီချီသည် မရီဒန်အကယ်ဒမီကိုသာ ရောက်သွားဖို့ အခွင့်ရေးများသည်။

“ဘယ်လိုပဲဖြစ်ဖြစ် ငါ့ခင်ပွန်းလောင်းက အံ့ဩဖို့ကောင်းတယ်”

အန်ရှီဝေသည် ကျောင်းသားစုဆောင်းရေးပွဲပြီးရင် သူမနောက်ကိုလိုက်ပြီး ပျော်ခဲ့ဖူးသည့် ငယ်ရွယ်သော

ချစ်သူနှင့်တွေ့ရန် ဆွန်းမိုဆီသွားမယ်လို့ ဆုံးဖြတ်လိုက်သည်။

အခုချိန်တွင် ဆွန်းမို၌ အမြီးနှစ်ချောင်းရှိနေသည်။

လီဇီချီသည် လုချီဟွာ၏ အနေထားကို ဖော်ထုတ်ရန် ကြိုးစားနေသည်။ သူမသည် မြင့်မားသောဉာဏ်ရည် ၁၀ မှတ်ရှိသောကြောင့် သဘော်သီးမိန်းကလေးသည် သူမနှင့် ပြိုင်ဘက်မဟုတ်ပါ။ လုချီဟွာက သူမကို

ယုံယုံကြည်ကြည့်နှင့် စကားပြောရန် အချိန်အများကြီး မယူလိုက်ရပါ။

"အရမ်းကောင်းတယ်။ ဒီနေ့ကစပြီး ငါက မင်းရဲ့ ပညာသင်ဘက် အစ်မကြီးဘဲ။ ပြဿနာတစ်ခုခု ရှိရင် ငါမင်းကို ကာကွယ်ပေးမှာပါ"

လီဇီချီက ကျောက်စိမ်းဆွဲသီးကို ထုတ်ပေးရင်း ပြောလိုက်သည်။ "မင်းအတွက် ပညာသင်ဘက် အစ်မကြီးရဲ့ လက်ဆောင်ပဲ"

လုချီဟွာက ခေါင်းကိုငုံ့လိုက်ကာ ဒါကို မယူလိုက်ပါဘူး။

"ယူပါ" လီဇီချီက တိုက်တွန်းသည်။

"ငါက ဆရာရဲ့ တပြည့်ကြီးပဲ"

သူမသည် ကြောက်ရွံ့တတ်သော လုချီဟွာ၏ ခေါင်းမာမှုကို တွေ့လိုက်ရသည်။

လီဇီချီက မျက်ခုံးတွန့်ကာ "ငါမင်းကို ပြောခဲ့ပြီးပြီမဟုတ်လား။ ဆရာကို ငါက အသိအမှတ်ပြုပြီးသွားပြီ။ ဆရာဆွမ်း လက်ကိုင်ပုဝါက ဘယ်မှာလဲ သူ့ကို ထုတ်ပြလိုက်ပါ"

ဆွန်းမိုက ဘာမှမကြားသလို ဟန်ဆောင်နေသည်။ ကလေးတွေကြားက ကိစ္စကို ဝင်ပါပြီး နှစ်ယောက်စလုံးကို မကူညီနိုင်ပါ။

“ ပထမတပြည့်ရဲ့ ပုံရိပ်က အားအကြီးဆုံး မဖြစ်ရင်တောင် အနည်းဆုံး ရှက်ကြောက်နေလို့မရဘူး၊ မင်းရဲ့ ပျော့ညံ့တဲ့ စရိုက်ကြောင့် မင်းတော်တော် ဒုက္ခရောက်လိမ့်မယ်”

လီဇီချီက သဘော်သီး မိန်းကလေး၏ အားနည်းချက်ကို တိုက်ခိုက်လိုက်သည်။

“ငါ......ငါ...”

လုချီဟွာသည် စကားထစ်နေပြီး ဆုံးအောင်မပြောနိုင်ပါ။ သူမ၏စရိုက်က အားနည်းနေတာကို သူမသတိထားမိသည်။ သူမသည် သူစိမ်းများနှင့်တွေ့လျှင် ကြောက်ပြီး အသက်တောင်ရဲရဲမရှူ ရဲပါဘူး။

"ကောင်းပြီ ငါဆုံးဖြတ်ပြီးပြီ"

လီဇီချီက ဂုဏ်ယူစွာ ပြုံးလိုက်ပြီး "လာ၊ ငါ့ကို ပညာသင်ဘက် အစ်မကြီးလို့ခေါ်"

လုချီဟွာသည် အချိန်တော်တော်ကြာ ငြင်းဆန်ခဲ့သော်လည်း နောက်ဆုံးတွင် လီဇီချီ၏

အနိုင်ယူမှုကို မခံနိုင်တော့ဘဲ "အကြီးဆုံး..... အကြီးဆုံးအစ်မကြီး"

"အင်း"

လီဇီချီသည် လေးနက်စွာ ခေါင်းညိတ်လိုက်ပြီး စိတ်လှုပ်ရှားစွာ လက်ကို ဝှေ့ယမ်းလိုက်သည်။

"ဒီနေ့ကစပြီး ငါ့က ပညာသင်ဘက် ညီမတစ်ယောက်ပါ"

"ပြီးတော့ ပညာသင်ဘက် မောင်လေး တစ်ယောက်လည်းရှိသေးတယ်" လုချီဟွာက သူမကို သတိပေးလိုက်သည်။

"ဘာ" လီဇီချီသည် စိတ်ရှုပ်စွာ လုချီဟွာကို ကြည့်လိုက်သည်။ လုချီဟွာ စကားပြောနေးတာကို သဘောပေါက်သွားပြီး ဆွန်းမိုဆီကို ပြေးကာမေးလိုက်သည်။

"ဘာဖြစ်နေတာလဲ"

"ငါ့ကို ဆရာအဖြစ်အသိအမှတ်ပြုပြီးရင် မင်းမှာ ပညာသင်ဘက် အစ်မတစ်ယောက်ရယ်၊ အစ်ကိုတစ်ယောက်ရယ် ရှိမှာပေါ့"

ဆွန်းမိုက နောက်လိုက်သည်။ နောက်ဆုံးတွင် လီဇီချီသည် လုချီဟွာကို အနိုင်ယူနိုင်ခြင်း မရှိသေးပါ။

ဒီခံစားချက်က ချစ်စရာကောင်းပြီးနဲ့အသည့် သမင်လေးကို အနီရောင်မြင်းကလေးက လှည့်စားတာကို ကြည့်နေရသလိုပါပဲ။

“ဒါက စိတ်ပျက်စရာဘဲ”

လီဇီချီသည် နှုတ်ခမ်းကို ကိုက်လိုက်ပြီး ဆွန်းမိုခြေထောက်ကို ကန်မလို့ ခြေထောက်ကို မြှောက်လိုက်သည်။ သူမသည် ထိုသို့ လုပ်ရင် မကောင်းကြောင်း စဉ်းစားမိပြီး ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။ စိတ်မဆိုးတာကို တွေ့မှ စိတ်သက်သာရာရသွားပြီး ရင်ဘက်ကို ဖိလိုက်သည်။

"မင်း.....မင်း.. ဆရာ့ကို မရှိမသေလုပ်နေတာပဲ"

လုချီဟွာ က အံ့ဩပြီး ပြောလိုက်သည်။

"ငါ...ငါ က ဆရာနဲ့ ကျောင်းသားဆက်ဆံရေး ပိုရင်းနှီးအောင် လုပ်နေတာ" လီဇီချီသည် မျက်လုံး မှိတ်တုတ်မှိတ်တုတ်လုပ်ပြီး အဖြေစ်တစ်ခုပေးလိုက်သည်။

"ဟုတ်တယ်၊ ဆရာနဲ့ ပိုရင်းနှီးအောင်"

"အိုး"

လုချီဟွာ၏ နုံအသောအမူအရာကို မြင်လိုက်လျှင် လီဇီချီ ချက်ခြင်းဆိုသလို သတိမေ့ချင် ဖြစ်သွားသည်။

လုချီဟွာလည်း ချက်ခြင်းပြေးလာပြီး ဆွန်းမိုနားကို ကပ်လာသည်။

"ဟီး"

လုချီဟွာသည် သူမ၏ ညာခြေထောက်နှင့် ဆွန်းမိုကို ပြင်းထန်စွာကန်လိုက်သည်။

"ဖောင်း'

ဆွန်းမိုလည်း ရုတ်တရက် အကန်ခံလိုက်ရပြီး မြေပေါ်တွင် ဒူးထောက်လုနီးပါးဖြစ်သွားသည်။ မနေနိုင်ဘဲ လုချီဟွာကို ကြောင်တောင်တောင်နှင့် ကြည့်လိုက်သည်။

"ဒါက ငါ့တို့ ဆက်ဆံရေးပိုကောင်းအောင်လို့" လုချီဟွာက အတည်ပေါက် ပြောလိုက်သည်။

သူမသာ ခွန်းအားပိုကြီးလေ၊ လူတွေနှင့် ဆက်ဆံရေး ပိုနက်ရှိုင်းလေလို့ တွေးလိုက်သည်။ ထိုသို့ပြောပြီး လီဇီချီကို လှည့်ကြည့်လိုက်သည်။

(ဟော့ ဟော့ ငါ့ကို မကြည့်နဲ့ ငါနဲ့ မဆိုင်ဘူး) ဒါကိုတွေးလိုက်မိပေမယ့်လည်း ခေါင်းကို ညိတ်ပြလိုက်သည်။

"မှန်တယ်၊ ငါတို့နှစ်ယောက်လုံးက ဆရာဆွန်းကို အများကြီး သဘောကျတယ်"

ဆွန်းမိုသည် သူ၏ အနာဂတ် မလွယ်ကူနိုင်တော့ဘူးလို့ တွေးလိုက်မိသည်။

"ပညာသင်ဘက် မောင်လေးက ဘယ်သူလဲ" လီဇီချီက မေးလိုက်သည်။

"စစ်တိုက်ရတာကို ရှုံးသွပ်တဲ့ သူရဲကောင်းတစ်ယောက်"

ဆွန်းမိုက ရှန်ယွန်ပေါင်၏ အချက်အလက်များကို ပြန်ပြောလိုက်သည်။

"အို ဒါဆို သူ့ခေါင်းက ကြွက်သားတွေနဲ့ ပြည့်နေတာပေါ့"

လီဇီချီအတွက် အာမခံချက်ရှိသေးသည်။ ရိုးရှင်းသော စိတ်ထားရှိသူများသည် ညှိနှိုင်းရန် လွယ်ကူသည်။

“ဟုတ်ပြီ၊ ဆရာဆွန်း ဒီကိုလာ”

စာကြည့်တိုက် အနောက်တွင် ချောင်တစ်ခုရှိနေသည်။ ထိုနေရာတွင် လူမရှိသည့်အတွက် လီဇီချီသည် ဆွန်းမိုလက်ကို ကိုင်ကာ ပြေးသွားလိုက်သည်။

လုချီဟွာလည်း သူတို့နောက်ကို လိုက်သွားချင်နေသည်။

“ပညာသင်ဘက်ညီမလေး၊ ဒီနေရာက စောင့်နေ” လီဇီချီက ညွှန်ကြားလိုက်သည်။

နွေလေက တိုက်ခတ်လိုက်သော် သစ်ရွက်များက လှုပ်ရှား ကြွေကျနေသည်။

လုချီဟွာ မမြင်နိုင်တာသေချာသည်နှင့် လီဇီချီသည် လေးနက်သောမျက်နှာနှင့် ဝမ်းသာအားရ ဒူးထောက်လိုက်သည်။

“ဆရာဆွန်း ကျေးဇူးပြုပြီး ကျောင်းသားလီဇီချီကို လက်ခံပေးပါ”

လီဇီချီသည် မည်သည့် လှည့်ကွက်မှမသုံးဘဲ ခေါင်းကို မြေပေါ်သို့ နိမ့်ချလိုက်သည်။

ဆွန်းမိုက သူမကို လေးလေးနက်နက် ကြည့်လိုက်ပြီး "ဘာလို့ ငါဖြစ်ရတာလဲ" စိတ်ထဲမှာရှိနေသည့် မေးခွန်းကို မေးလိုက်သည်။

"ဘာလို့ မဖြစ်ရမှာလဲ"

လီဇီချီလည်း အံ့ဩသင့်ပြီး ပြန်မေးလိုက်သည်။

နှစ်ယောက်လုံး ဘာမှထပ်မပြောတော့ဘဲ။ တစ်ယောက်ကိုတစ်ယောက် တိတ်ဆိတ်စွာ

ကြည့်နေသည်။ အချိန်တွေက ရပ်တန့်သွားသလို တောထဲမှာ ပုစဉ်းရင်ကွဲ အသံသာကြားရသည်။

"စနစ်၊ သူရိုးသားလား" ဆွန်းမိုက မေးလိုက်သည်။

"ခန့်မှန်းကြည့်ပါလား"

စနစ်ကတော့ ပုံမှန်တိုင်း တုံ့ပြန်သည်။

ခဏနေတော့ ဆွန်းမိုက ပြုံးလိုက်သည်။ လီဇီချီလည်း ချိုမြိန်စွာ ပြုံးလိုက်သည်။

ဟုတ်တယ်။ သူကဘာကြောင့် အဖြေတစ်ခု လိုရအုံးမှာလဲ။ လီဇီချီက သူ့ကို ရွေးချယ်ခဲ့မှတော့

ပေါ့ပေါ့လေးမနေပဲ သူ့ကို အလေးအနက် လမ်းညွှန်သင့်သည်။

"ထတော့"

ဆွန်းမိုက လီဇီချီကို ကူညီပေးလိုက်သည်။

"ဆရာဆွန်း"

လီဇီချီ၏အပြုံးများသည် ပျားဝတ်ရည်များကဲ့သို့ ချိုလွန်းနေသည်။ သူမ၏လက်ကို ကော်လံထဲ နှိုက်လိုက်ပြီး မျက်ရည်ပုံစံ ကျောက်စိမ်းတုံး တစ်တုံးကို ထုတ်ယူလိုက်သည်။ သူမသည် ၎င်းအား ဆွန်းမိုကို ပေးလိုက်ပြီး

"ဒါက ငါ့ရဲ့ဆရာ့ကို အသိအမှတ်ပြုတဲ့ လက်ဆောင်၊ ပြီးတော့ ငါ့ဆုံးဖြတ်ချက်ကို ကိုယ်စားပြုတယ်"

"ဒါက မင်းအတွက် အရမ်းကို တန်ဖိုးရှိတယ် မဟုတ်လား"

ဆွန်းမိုက သူမဆီက မယူပါဘူး။ ဒါက သူမအတွက် ရင်းနှီးသည့် အရာတစ်ခုဖြစ်ပြီး ထူးခြားသည့် အဓိပ္ပာယ်တစ်ခုရှိမယ်ဆိုတာ သေချာသည်။

လီဇီချီသည် ကျောက်စိမ်းတုံးကို ပွတ်လိုက်ပြီး ပြန်စဉ်းစားလိုက်ကာပြောလိုက်သည်။

"အဲဒါ အရင်တုန်းကပါ၊ အခုတော့ ဆရာကို အသိအမှတ်ပြုတဲ့ လက်ဆောင်တစ်ခုပဲ၊ ယူလိုက်ပါ"

လီဇီချီသည် သူမလက်က ကျောက်စိမ်းတုံးကို ဆွန်းမိုလက်ထဲကို ထည့်ပေးလိုက်ပြီး သူမ လှည့်ထွက်ပြေးရန် စီစဉ်လိုက်သည်။ သို့သော် လုချီဟွာ၏ ခေါင်းသေးသေးလေးက သိပ်မဝေးသည့် သစ်ပင်နားက ပြူထွက်နေတာကို မြင်လိုက်ပြီး

အံ့ဩသွားသည်။ သူမသည် ထိုနေရာတွင် ပုန်းအောင်းနေရင်း ကြောင်တစ်ကောင်လို တိတ်တိတ်လေးချောင်း ကြည့်နေသည်။

လုချီဟွာကြည့်နေတာကို မြင်လိုက်ရင် လီဇီချီသည် သစ်ကိုင်းကို ကိုင်လိုက်ပြီး သစ်ပင်နောက်ကို ပုန်းလိုက်သည်။

"အို ၊ ငါ့ရဲ့ ဆရာအသိအမှတ်ပြုတဲ့ ဖြစ်စဉ်တစ်ခုလုံးကို မြင်လိုက်မှာဘဲ"

လီဇီချီ၏ မျက်လုံးများ ဝိုင်းသွားပြီး စိတ်သက်သာရဟန် သက်ပြင်းချလိုက်သည်။

သို့သော် သူမ၏ စိတ်ကို မြင့်တက်အောင် ကြိုးစားပြီး တပြည့်ကြီးနေရာက ငါ့အပိုင်ပဲ ဖြစ်ရမယ်။

လီဇီချီသည် စိတ်ဓါတ်ကို ပြင်ဆင်ပြီး လုချီဟွာဆီကို လျှောက်သွားစဉ် အလွန်ဖော်ရွေသော အပြုံးကို ပြုံးထားသည်။ အခြားတစ်ဖက်တွင် လုချီဟွာသည် သစ်ပင်သစ်ကိုင်းများကို ကိုင်ရင်းနောက်ကို တဖြည်းဖြည်း ဆုတ်သွားသည်။

ဆွန်းမိုသည် မနေနိုင်ဘဲ ပြုံးလိုက်မိသည်။ ထိုနှစ်ယောက်၏ ဆက်ဆံရေးက ရင်းရင်းနှီးနှီး ရှိပုံပဲ။

ဒင်!

“လီဇီချီကို တပြည့်အဖြစ်လက်ခံသည့် တာဝန်ကို ပြီးမြောက်သည့် အတွက် လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာကို ဆုချီး မြှင့်သည်။”

စနစ်က သတိပေးချက်ထွက်လာပြီး ဆွန်းမိုအရှေ့တွင် ခရမ်းရောင် အလင်းတန်းများ ထွက်လာသည်။

ရှေးခေတ်လောကနတ်ကျင့်စဉ်သည် ထိုကဲ့သို့ လျှို့ဝှက် ရတနာသေတ္တာမှ ရခဲ့ခြင်းဖြစ်သည်။ ထိုကြောင့် ဆွန်းမို နည်းနည်း စိတ်လှုပ်ရှားသွားသည်။

အရင်တုန်းက ဒေါင်းလုဒ် လုပ်ထားတဲ့ ရုပ်ရှင်ကို ပထမဆုံး ဖွင့်ကြည့်ရသလို ပါပဲ။

"ဖွင့်လိုက်"

ဆွန်းမိုသည် ထိုစကားကိုပြောလိုက်ပြီးမှ နောင်တရသွားသည်။ မဖွင့်ခင် လုချီဟွာကို ထိသင့်သည်။ အနည်းဆုံး သူမဘေးနားမှာ ရပ်သင့်သည်။ နောက်ဆုံးတော့ ရင်ဘက်ကြီးကြီး က ကံကို တိုးတက်စေသည်။

ရတနာသေတ္တာက ပွင့်သွားပြီး ချက်ခြင်းပျောက်သွားသည်။ ထိုနေရာတွင် ပလက်တီနမ်ရောင် စာအုပ်တစ်အုပ် ပေါ်လာသည်။

“ဂုဏ်ယူပါတယ် ၊ အခြေခံအဆင့် မြတ်ဆရာအရှိန်အဝါ စိတ်ဝိညာဉ် ပုံသွင်းခြင်း ရရှိပါသည် ၊ ပိုင်ရှင်သီးသန့်”

စနစ်က တည်ငြိမ်သော အသံနှင့် ရှင်းပြလိုက်သည်။ ဒါက ယဉ်ယဉ်ကျေးကျေး ရှင်းပြသော်လည်း ဆွန်းမိုစိတ်မဝင်စားပါ၊ ရှင်းရှင်လင်းလင်း မကြားရသောကြောင့် ဖြစ်သည်။

"ဘာပုံသွင်းခြင်း" ဆွန်းမိုမေးလိုက်သည်။ "ကိုယ်ဝန်လား"

"မင်း..................ဂိမ်းတွေကို အရမ်းဆော့ပြီး ကြောင်သွားပြီလား" ဆွန်းမိုက စနစ်ကို စလိုက်သည်။ သတင်းအချက်အလက်ကို စစ်ဆေးကြည့်လိုက်ရင် ဉာဏ်အလင်းပွင့်ခြင်း ဖြင့်သာ မြတ်ဆရာအရှိန်အဝါကို ရနိုင်သည်။ သို့သော် စနစ်က သတိလစ်ခြင်းနှင့် အသုံးမကျခြင်း အပြင် ယခု တစ်ခုပါအပါ သူ့ကို မြတ်ဆရာ အရှိန်အဝါနှစ်ခုကို ထောက်ပံ့ပေးခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တက္ကသိုလ်ဝင်ခွင့် စာမေးပွဲတွင် ဘာသာစကားအတွက် အမှတ် ၁၄၈ မှတ်ရသော ဆွန်းမိုသည်နားလည်သော်လည်း။ အခုသိချင်နေတာ ပိုင်ရှင်အတွက် သီးသန့်ဆိုတာကိုပါ။

စနစ်က တိတ်ဆိတ်သွားသည်။

စိတ်ဝိညာဉ်ပုံသွင်းခြင်းကို ပိုင်ရှင်က သုံးလိုက်ပါက သူ၏ အတွေ့အကြုံ၊ သိုင်းပညာလုပ်ရှားမှု၊ ထူးခြားကျွမ်းကျင်မှုများနှင့် ဗဟုသုတများကို ပစ်မှတ်၏ စိတ်တွင် ချက်ခြင်းနားလည်စေ နိုင်သည်။

“ကျွမ်းကျင်မှု ညွှန်းကိန်း- အခြေခံအဆင့် ။ စိတ်ဝိညာဉ် ပုံသွင်းခြင်း၏ အကျိုးသက်ရောက်မှုကို အများဆုံးဆယ်မိနစ်အထိ ထိန်းထားနိုင်သည်။ ကျွမ်းကျင်မှု အဆင့် တိုးတက်လာသည်နှင့်အမျှ ထိန်းသိမ်းနိုင်စွမ်းလဲ တိုးတက်လာမည်။

ကျွမ်းကျင်မှု မိတ်ဆက်ကို ကြည့်လိုက်ပြီး ဆွန်းမိုစိတ်ထဲတွင် တဖြည်းဖြည်းတုန်လှုပ်သွားသည်။ သူ၏နားလည်နိုင်စွမ်းနှင့် ဒီမြတ်ဆရာအရှိန်အဝါသည် နတ်ဘုရားစွမ်းရည် တစ်ခုဖြစ်တယ်ဆိုတာ သူသိသည်။

ဆရာတွေကို ဒုက္ခအပေးဆုံးက ဘာလဲ။

သေချာ သင်ကြားရှင်းပြသော်လည်း ကျောင်းသားတွေ နားမလည်နိုင်တာပဲဖြစ်သည်။ ဒီမြွတ်ဆရာအရှိန်အဝါနှင့် သူသည် ကျောင်းသားများကို နှုတ်ဖြင့်တောင် သင်ကြားစရာမလိုဘဲ စိတ်ထဲတွင် တိုက်ရိုက် အသိပညာကို သွင်းပြီး ချက်ခြင်း နားလည်သွားစေနိုင်သည်။

“ဒါက အံ့ဩစရာပဲ၊ တကယ်ကို ထူးဆန်းတယ်”

ဆွန်းမိုသည် ခံစားချက်မျိုးစုံဖြစ်လာပြီး စာအုပ်ကို ကိုင်ရန် ရှေ့တိုးလိုက်သည်။ ဒီဟာက ဘယ်လောက်တောင် စွမ်းအားကြီး လိုက်သနည်း။ ပိုင်ရှင်က ကျောင်းသားများ၏ စိတ်ထဲကို ခံစားချက်နှင့် ဆုပ်ကိုင်ရန်ခက်ခဲတဲ့ အခြေနေ ထုတ်လွှင့်ပေးနိုင်သည်။

"မင်း အခုမှ သဘောပေါက်တာလား"

စနစ်က ဂုဏ်ယူသောအသံဖြင့် မေးလိုက်သည်။

အခန်း(၄၃) - ငါ့အရည်အချင်းက တစ်မိုးအောက်နံ့ပါတ် တစ်ပဲ။

"စိတ်မကောင်းစရာက ကြာချိန် တိုလွန်းတယ်" ဆွန်းမိုက တိုးတိုးလေးပြောလိုက်သည်။

သူသည် ကျွမ်းကျင်စာအုပ်ကို တဖန်လေးစားမှုပြုပြီးနောက် သူ၏လက်ဖြင့် ဖြိုခွဲလိုက်သည်။

"ဖောင်း"

စာအုပ်သည် ရွှေရောင်အဖြစ် ပြောင်းသွားပြီး ဆွန်းမို၏ စိတ်ထဲကို ပိုးစုန်းကြူးတစ်ကောင်လို ဝင်ရောက်သွားသည်။

ဉာဏ်အလင်းပွင့်ခြင်းက တကိုယ်လုံးကို ပျံ့နှံ့သွားသည်။ အဆင့်မြင့်တန်း ပထမနေ့တွင် တတိယနှစ်က ဗဟုသုတ အားလုံးကို ဂရုမစိုက်ဘဲ သင်ယူနေရသလိုပါပဲ။ ခက်ခဲတဲ့ ပုစ္ဆာတိုင်းကို ဖြေနိုင်ပြီး မေးခွန်းအားလုံးကို လွယ်လွယ်ကူကူ ဖြေနိုင်သလို ခံစားနေရသည်။

ဒီခံစားချက်က အရမ်းကိုမိုက်သည်။

"ဆရာ၊ ဘာလုပ်နေတာလဲ မြန်မြန်လာလေ"

အဝေးက လီဇီချီ၏ အော်သံကို ကြားလိုက်ရသည်။

ဆွန်းမိုလည်း သူ့နှုတ်ခမ်းတွေကို ပွတ်ပြီး လျှောက်သွားသည်။

စိတ်ဝိညာဉ်ပုံသွင်းခြင်း၏ အကျိုးသက်ရောက်မှုက ပြင်းထန်လွန်းသည်။ သို့သော် သုံးစွဲသူက လုံလောက်အောင် သန်မာနေရန်လိုအပ်သည်။ အကယ်၍ဆရာက လူမိုက်တစ်ယောက်ဖြစ်ပါက

ကျောင်းသားစိတ်ထဲတွင် တန်ဖိုးတစ်စုံတစ်ရာမှ ရှိမည်မဟုတ်ပါ။

ကျောင်းဝန်းအတွင်းတွင် အတွေ့အကြုံမရှိသည့် လူငယ်များ တစ်ယောက်ပြီးတစ်ယောက်ကို ကျော်ဖြတ်လာခဲ့သည်။ သူတို့သည် မသွေးရသေးသည့် ကျောက်ရိုင်းတုံးလေးတွေနဲ့ တူနေသည်။

ပျော်နေသောစိတ်ဖြင့် ဆွန်းမိုသည် နတ်ဘုရားမျက်စိကိုသုံးပြီး ကိုယ့်ကိုယ်ကိုတောင်

ထူးချွန်းမှန်း မသိသည့် ကျောင်းသားများကို ရှာဖွေနေသည်။

"ဆရာဆွန်း၊ ဒီကောင်လေးကို ဘယ်လိုထင်လဲ။ သူ့ရဲ့ ပင်ကိုယ်အရည်ချင်းက မဆိုးဘူးလို့ထင်တယ်"

လီဇီချီသည် ၂မီတာနီးပါးမြင့်သော ကျောင်းသားကို ညွှန်ပြရင်း ပြောလိုက်သည်။

"ဘာကိုမဆိုးတာလဲ။ သူ့ရဲ့ ဘယ်အပိုင်းလဲ၊ ငါတို့က အနာဂတ်မှာ တိုးတက်နိုင်တဲ့ ကျောင်းသားကို ရှာနေတာ။ အလုပ်သမားကို မရှာဘူး"

ဆွန်းမိုပြောလိုက်သည်။ အချက်အလက်များအရ အရိုး၏အရည်အသွေးသည် ဆိုးဝါးနေကြောင်း ပြသနေသည်။ အက်ကွဲ ဒဏ်ရာ အရိုးအမျိုးစားနှင့်တူနေသည်။ ထို့ကြောင့် ကျင့်ကြံမှုကို စွန့်ခွာသင့်သည်။ ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုမှာတောင် ပင်ပင်ပန်းပန်း အလုပ်ကြမ်းလုပ်ရန်ပင် အရည်အချင်း မမှီပါ။

“ပန်းပွင့်ဘေးက ကောင်မလေးရော ဘယ်လိုလဲ။ သူမ၏ ရင်သားက သေးသေးလေးပါ။ သူမကို ကြည့်ရုံနဲ့ ကျင့်ကြံခြင်းမှာ ကောင်းမွန်တယ်လို့

ပြောနိုင်တယ်” လီဇီချီက လေးနက်စွာ ပြောလိုက်သည်။

ဆွန်းမိုက လီဇီချီကို တစ်ချက်ကြည့်လိုက်သည်။ (တခြားသူကိုရည်ညွှန်းပြီး ကိုယ့်ကိုယ်ကို သွယ်ဝိုက်ချီးကျူးနေတာလား။ သေချာပေါက်လုပ်နေတာပဲ။ မင်းသေးမှန်းငါသိတယ်။ ဒါပေမယ့် မင်းကို ခွဲခြားဆက်ဆံမှာ မဟုတ်ဘူး)

လုချီဟွာလည်း ထိုစကားများကိုကြားသွားပြီး လန့်သွားသည့် သမင်တစ်ကောင်နှင့် တူသည်။

သူမသည် ရင်ဘက်ကို အမြန်ဖုံးလိုက်ပြီး စွန့်ပစ်ခံရမှာကြောက်ပြီး ဆွန်းမိုကို ကြည့်လိုက်သည်။

"လူတစ်ယောက်ရဲ့ အရည်အချင်းကို သူတို့အရွယ်အစားနှင့် တိုင်းတာ မဟုတ်ဘူး"

ဆွန်းမို က ရယ်ပြီးပြောလိုက်သည်။

"အို၊ ငါ့ရဲ့ အရည်အချင်းနှင့် လုချီဟွာကိုနှိုင်းယှဉ်ရင် ဘယ်သူ့အရည်အချင်းက ပိုကောင်းလဲ"

လီဇီချီက တောက်ပသော မျက်လုံးများနှင့် ဆွန်းမိုကို ကြည့်ကာမေးလိုက်သည်။

"ဟီး ဟီး"

ဆွန်းမိုက တိတ်တိတ်နေရန်သာ ရွေးချယ်လိုက်သည်။

"ဟွန့်"

လီဇီချီသည် တင်ပါးပေါ်လက်တင်လိုက်ပြီး ကျေနပ်စွာ အော်ဟစ်လိုက်သည်။(မင်းပြန်ဖြေစရာမလိုပါဘူး။ LCD ကောင်မလေးငါ့ အရည်အချင်းက တစ်မိုးအောက် နံပါတ်တစ်ပဲ)

"ပူး ပူး"

လုချီဟွာသည် ငိုရင်း မြေပေါ်ကို ထိုင်ချလိုက်သည်။ သူမ အရည်အချင်း

မကောင်းရခြင်းသည် ကြီးမားသော သဘော်သီး များကြောင့်ပေါ့။ ဒီအခြေအနေက စိတ်ပျက်စရာ ကောင်းလွန်းသည်။ ဒီတစ်သက်မှာ သူမ၏ အရည်ချင်းကို တိုးတက်အောင် လုပ်လို့ မရတော့ဘူးပေါ့။

“မငိုနဲ့တော့၊ ပင်ကိုယ်အရည်အချင်းက တစ်စိတ်တစ်ပိုင်းပါပဲ အောင်မြင်မှုကို ကိုယ်စားမပြုနိုင်ဘူး။ မင်းရဲ့အောင်မြင်မှုက မင်းရဲ့သင်ယူမှုနဲ့ ကြိုးစားမှုအပေါ်မှာလဲ

မူတည်သေးတယ်”

“တကယ်လား”

လုချီဟွာ ခေါင်းကိုမော့လိုက်ပြီး ဆွန်းမိုကို ကြည့်လိုက်သည့် အကြည့်တွင် မျက်ရည်များနှင့် ပြည့်နေသည်။

“ဟုတ်တယ်”

ဆွန်းမိုက သဘော်သီးကောင်မလေး၏ ခေါင်းကို ပွတ်ကာပြောလိုက်သည်။

"ဘယ်သူက ပိုအဆင်ပြေလဲ မသိဘူး ငါတို့ကျော်လာတဲ့ ကျောင်းသားကိုတော့ သေချာပေါက်ခေါ်မှာ မဟုတ်ဘူး"

လီဇီချီသည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေပြီး သူမအကြည့်က မဝေးလွန်းသော နေရာက လူငယ်တစ်ယောက်ပေါ်ကို ရောက်နေသည်။ ထိုလူငယ်သည် အလွန်ပိန်ကာ အဖြူရောင်ကို ဝတ်ဆင်ထားသည်။ လက်တွင် လက်ကိုင်ပဝါတစ်ခုကို ကိုင်ထားပြီး ခဏခဏချောင်းဆိုးစဉ် ပါးစပ်ကို ဖုံးအုပ်ထားသည်။

ဆွန်းမိုလည်း အစကတော့ စိတ်မဝင်စားပါ။ သို့သော် တစ်ချက်ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်လိုက်မိသည်။

ထန်ထန်ယုထန် (၁၄နှစ်) ခန္ဓာကိုယ်ပြုပြင်ခြင်း ပထမအဆင့်

ကြံ့ခိုင်မှု - သုံးမရ၊ ဓါးကိုတောင် ဆွဲထုတ်ဖို့ ခွန်အားမရှိ။

ဉာဏ်ရည်- တခြားသူတွေကို မျှောက်လို ခေါ်နိုင်သည့် အရည်ချင်းရှိ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သွက်လက်မှု- သင်နေမကောင်းနေပါက အိပ်နေသင့်သည်။

ခံနိုင်ရည်- အမှိုက်။

ဆန္ဒ - လူငယ်များနဲ့ယှဉ်ရင် သူ၏ဆန္ဒသည် ဖျက်ဆီးလို့မရ

မှတ်ချက်_ သူ့ကိုကလေးတစ်ယောက်လို့ မမြင်ပါနဲ့ ဒါဆို သင်ကံဆိုးသွားမည်။

မှတ်ချက်- ချိန်ကိုက်ဗုံးတစ်လုံးပါ၊ တတ်နိုင်သလောက် ဝေးဝေးနေပါ။

အချက်အလက်ကွဲပြားမှု အလွန်ကိုသိသာလွန်းသည်။ စနစ်က မှတ်ချက်နှစ်ခုထုတ်ပေးသည့် ပထမဆုံး လူငယ်ဖြစ်သည်။

“သူတော့ မဖြစ်နိုင်ဘူးထင်တယ်”

လုချီဟွာ လည်း သံသယဝင်လာသည်။

“အီး၊ သူအရမ်းနာနေတဲ့ပုံပဲ၊ သူကျင့်တောင် မကျင့်ကြံနိုင်ဘူးလို့ ငါပြောနိုင်တယ်။ သွားရအောင် ၊ နောက်ထပ်ပါရမီရှင်တွေကို ရှာရအောင်”

လီဇီချီက တိုက်တွန်းလိုက်သည်။

"ဒါက မဖြစ်နိုင်တဲ့ကေ့စ်လား" ဆွန်းမို က သူ့ကိုယ်သူပြန်မေးရင်း ကျော်သွားသည်။

"စနစ်၊ ငါသူ့ကို တပြည့်အဖြစ်လက်ခံလိုက်ရင် အန္တရာယ်ရှိလား"

"မင်း မှတ်ချက်ကို မဖတ်ကြည့်ဘူးလား၊ ကျေးဇူးပြုပြီး စနစ်၏ အကြံပြုချက်ကို လိုက်နာပါ" စနစ်က သတိပေးသည်။

"ဟီး ဟီး" ဆွန်းမိုက တိုးတိုးလေးရယ်လိုက်သည်။ သူက ထန်ထန်ယုထန်ဆီကို သွားပြီး

"လူငယ် ကျောင်းတက်ဖို့ လုပ်နေတာလား"

"ဆရာသူ့ကို ခေါ်ဖို့ မဖြစ်နိုင်ဘူးမဟုတ်လား"

လီဇီချီလည်း ကြောင်သွားသည်။ သူမသည် နောက်ကလိုက်သွားချင်သော်လည်း လုချီဟွာက သူ့ကိုတားထားသည်။

လီဇီချီ၏ ပုံစံကြောင့် ဆွန်းမို၏ စွမ်းဆောင်ရည်ကို ထိခိုက်မှာ စိုးရိမ်နေသည်။

"အဟွန့် အဟွန့်" ထန်ထန်ယုထန်က ဘာမှပြန်မပြောဘဲ ချောင်းဆိုးနေသည်။

"ဟုတ်ဆရာ ကျောင်းရဲ့ ကျော်ကြားတဲ့ ဂုဏ်သတင်းနဲ့ တောက်ပမှုကြောင့် ရောက်လာတာပါ"

"မင်းငါ့ရဲ့ ကျောင်းသားလုပ်ဖို့ စိတ်ဝင်စားလား"

ဆွန်းမိုက ဆိုလိုရင်းကို တည့်တည့်သွားလိုက်သည်။ ဒီလူငယ်သည် ဉာဏ်ရည်ထက်မြက်သည့် သူဖြစ်သည်။ ထိုကြောင့်သူသည် နာခံမှုမရှိ၊ ရိုသားပုံမပေါ်ပဲ ဆွန်းမိုကို လွယ်လွယ်နှင့် မယုံနိုင်တာကို ဆွန်းမိုသိသည်။ ဆွန်းမိုသည် သူရှာဖွေတွေ့ခြင်းထက် ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါသည်။

"အမ်"

ထန်ထန်ယုထန်သည် နာတာရှည်ရောဂါကြောင့် မကြာခဏချောင်ဆိုးကာ သွေးများပါပြီး မျက်နှာဖြူသွားတတ်သည်။ ၁၄နှစ်ကာလတစ်ခုလုံး သူ့ကိုတစ်ယောက်မှ မခေါ်ဖူးပါ။ ထိုကြောင့် ဆွန်းမိုပြောတာကို ကြားလိုက်ရင် ကြောင်သွားသည်။

"ကောင်းတယ်၊ ဘဝမှာ ပထမဆုံးအကြိမ်ဆိုတာ အမြဲရှိတယ်"

ဆွန်းမိုက နောက်လိုက်သည်။

"ဆရာ" လီဇီချီက အမြန်ပြေးလိုက်လာပြီး ဆွန်းမိုအကျီကို ဆွဲလိုက်သည်။ ထိုနောက်သူမသည်

ပါးစပ်ကို လက်နှင့်အုပ်ကာ "မင်းသူရဲ့ ဘယ်အချက်ကို သဘောကျတာလဲ" တိုးတိုးလေး မေးလိုက်သည်။

ဆရာတစ်ယောက် တပြည့်လက်ခံခြင်းသည် အလွန်းအရေးပါသည်။ သဘာဝတိုင်း ပြီးစလွယ်မလုပ်သင့်ပါ။

"ဥဒဏ်ရည်"

ဆွန်းမိုက သူမနဖူးကို ပုတ်လိုက်ပြီး "ဒီကောင်က မင်းလို ဘီလူးကောင်ပဲ။ မင်းတို့နှစ်ယောက်လုံး ဥဒဏ်ရည်မှာ အဆင့်(၁၀)ရှိတယ်။

“အန်”

လီဇီချီသည် ဒီအဖြေကို မယုံကြည်ပါ။

ထန်ထန်ယုထန်လည်း ဆွန်းမိုကို အကဲခတ်နေသည်။ ထိုအဖြေကို ကြားလိုက်ရင် သူလည်း မျက်မှောင်ကြုတ်လိုက်သည်။ ဉာဏ်ရည်ဆိုတဲ့အရာက မြင်နိုင်လို့လား။

“ကောင်းပြီ၊ ငါ မနောက်တော့ဘူး။” ဆွန်းမိုက တည်တည်ကြည်ကြည် ပြောလိုက်သည်။ ထန်ထန်ယုထန်ကို တည့်တည့်ကြည့်လိုက်ပြီး “မင်းက မှန်ကန်တဲ့လူ တစ်ယောက်လို့ ငါခံစားရတယ်”

“အို အို ၊ မင်းဒီလောက်တောင်လား။ သူကမိန်းကလေး မဟုတ်ဘူးလေ။ မင်းသာဒီအတိုင်းဆိုရင် မင်းရဲ့ လိင်စိတ်ကို ငါသံသယဝင်မိတော့မယ်”

လီဇီချီသည် သူမနဖူးကို သူမအုပ်ထားသည်။ သို့သော် ဆွန်းမိုသည် မတွေးဘဲပြောတဲ့သူတစ်ယောက်မဖြစ်သင့်ဘူးလို့ သူမထင်သည်။ ထို့ကြောင့် ထန်ထန်ယုထန်ကို သေသေချာချာ အကဲခတ်နေသည်။

"ထွီ၊ သူ့ရုပ်က သာမန်ပါပဲ။ ပိန်လည်းပိန်သေးတယ်။ အချိန်မရွေး သေတော့မယ်ပုံနဲ့ ဆရာဆွန်းကမှ ပိုကြည့်ကောင်းသေးသည်။"

ဒါကိုတွေးမိပြီး လီဇီချီ လှည့်ကြည့်လိုက်သည်။

နေရောင်အောက်တွင် ဆွန်းမိုသည် ခိုင်မာစွာ ရပ်နေပြီး ဘယ်ဘက်လက်က သစ်သားဓါးပေါ်တွင် တင်ထားသည်။ ကြည့်ရတာ နှစ်လိုမှုနှင့် ပေါ့ပါးစေသည်။ အထူးသဖြင့် စကားမပြောသည့်

အခါဖြစ်သည်။ သူ့နှုတ်ခမ်းထောင့်ကကြည့်ရတာ အရမ်းမိုက်တယ်။ ပြုံးနေသလိုပဲ။

စောက်ရမ်းဖြောင့်တယ်။ (ပေတံကြီး)

"စိတ်မကောင်းပါဘူး၊ ကျောင်းသားဦးရေပြည့်အောင် စုနေတာဆိုရင် ငါ့လိုနေမကောင်းတဲ့သူကို မရှာသင့်ဘူး"

ထန်ထန်ယုထန်သည် ဆွန်းမိုကို မမြင်နိုင်သောကြောင့် ကမ်လှမ်းမှုကို ငြင်းလိုက်သည်။ ခံစားချက်တော့မကောင်းပါ။

“အမြန်မလိုပါဘူး။ ငါ့နာမည်က ဆွန်းမို ၊ အစမ်းခန့်ဆရာ။ မင်းစိတ်ပြောင်းသွားရင် လာရှာလို့ရတယ်”

ထိုစကားပြောပြီးနောက် ဆွန်းမို လှည့်ထွက်သွားသည်။ သူက စနစ်ကို စမ်းသပ်နေခြင်းဖြစ်သည်။ ထန်ထန်ယုထန်ကို ခေါ်နိုင်သည်ဖြစ်စေ၊ မခေါ်နိုင်သည်ဖြစ်စေ သူ့အတွက်အရေးမကြီးပါ။

အမှန်တိုင်းပြောရရင် ရှန်ယွန်ပေါင်လို ကျောင်းသားမျိုးကို ပိုသဘောကျသည်။ ဒီလိုလူတွေက ဆက်ဆံရတာ လွယ်သည်။

"ငါ့ကို လာကစားနေတာလား"

ထန်ထန်ယုထန်သည် စိတ်မကောင်းဖြစ်သွားသည်။ သို့သော်လည်း အမူအရာက စောစောကလို ပြန်ဖြစ်သွားပြီးနောက် ဒေါသထွက်လာသည်။ ထိုနောက်ပေါ့ပေါ့ပါးပါး မေးခွန်းတစ်ခု မေးလိုက်သည်။

"ငါကဆရာ၊ ကျောင်းသားတွေနဲ့ပက်သက်ရင် မကစားတတ်ဘူး။" ဆွန်းမိုက ရပ်ပြီးပြောလိုက်သည်။

"မင်းငါ့ကို ဆရာတင်ချင်ရင် အခုပဲလက်ခံလိုက်မယ်"

"မင်းက ဘာသင်ပေးမှာလဲ"

ထိုစကားများက ပြတ်သားမှုကိုဖော်ပြနေသည်။

ထန်ထန်ယုထန်သည် ထိုသို့ပြောလိုက်ပြီးမှ နောင်တရလာသည်။ ဒီလို စကားကို ပြောနိုင်ပေမယ့် ဒီလိုမျိုးမလုပ်သင့်ပါ။ မဟုတ်ပါက သူ့ခံစားချက်များ ပေါ်သွားလိမ့်မည်။

"မင်းရဲ့ အားနည်းနေတဲ့ သိုင်းကျင့်စဉ်ကို လမ်းညွှန်ပေးမှာပေါ့'

သူ့နတ်ဘုရားမျက်စိနှင့်သာဆို ချီရွှန်ကျားကို ဥပမာထားကြည့်လိုက်ရင် ဆွန်းမိုသည် အလွန်ယုံကြည်မှုရှိသည်။ မကြာသေးခင်က ရထားသည့် ရှေးခေတ်လောကနတ်နှင့် စိတ်ဝိညာဉ်ပုံသွင်းခြင်းတောင် ထည့်မတွက်ထားပါဘူး။

ထန်ထန်ယုထန်လည်း တိတ်သွားသည်။ ဆွန်းမို မျက်လုံးကို စိုက်ကြည့်လိုက်ရင် တည်ငြိမ်နေတာကို တွေ့လိုက်သည်။

ဒီလူက ယုံကြည်ချက်အရမ်းရှိတာလား၊ ဒါမှမဟုတ် ဘဝင်မြင့်နေတဲ့ လူမိုက်လား။

“ကောင်းပြီ၊ သေသေချာချာစဉ်းစား၊ ငါတစ်နေရာရာမှာ ရှိမယ်”

ဆွန်းမိုက လက်ကို ဝှေ့ယမ်းကာ နှုတ်ဆက်လိုက်သည်။

ကျောင်းသားစုဆောင်းပွဲမပြီးခင်

ကျောင်းသားငါးယောက် စုဆောင်းနိုင်ခဲ့ပါက သူသည် အစားထိုးဆရာတစ်ယောက် ဖြစ်လာမည်။

အဝေးကိုငေးကြည့်နေသော ထန်ထန်ယုထန်သည် ရုတ်တရုတ်ပြုံးလိုက်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီကို ငါလာတုန်းက ဒီလိုစိတ်ဝင်စားစရာကောင်းတဲ့ လူနဲ့တွေ့မယ်လို့ မထင်ထားခဲ့ဘူး။ ကြည့်ရတာ ငါ့အစီအစဉ်ကို ပြောင်းပြီး ကျောင်းကို တိုက်ရိုက်ဝင်ရမယ်နဲ့ တူတယ်"

"ပုံစံက ကြည့်ရတာ ခုပဲသေတော့မဲ့ ပုံနဲ့။ သူက ပါရမီရှင်တစ်ယောက် ဆိုရင်တောင် စောစောသေသွားရင် ဘာမှ သုံးမရပါဘူး။ ပြီးတော့ ဘာရောဂါရှိမှန်းလဲ မသိဘူး။ ဆရာ သူ့အနားကို မသွားသင့်ဘူး"

လီဇီချီက ထန်ထန်ယုထန်ကို မြင်ရသလောက် မရိုးသားဘူးလို့ ထင်နေမိသည်။

"ဆရာ" သူစိမ်းတွေကို ကြောက်ပြီး စကားဝင်မပြောတတ်သည့် လုချီဟွာကလည်း

ရုတ်တရက် ရှားရှားပါးပါး သူမထင်မြင်ချက်ကို ပေးလာသည်။

"သူက အရမ်းအန္တရာယ်များတယ်လို့ ထင်တယ်။ သူ့ကို တပြည့်အဖြစ်လက်မခံတာ ပိုကောင်းမယ် ဆရာ"

ထိုမိန်းကလေးနှစ်ယောက်က သူ့အတွက် စိုးရိမ်နေတာကို မြင်လျှင် ဆွန်းမို ပြုံးလိုက်မိသည်။ သူတို့ကို လက်လွှတ်မခံဘူးလို့ ဆုံးဖြတ်လိုက်သည်။ အလယ်ကမ္ဘာ၏ ပြည်နယ်ကိုးခုတွင် ဆရာတပြည့်သတ်မှတ်ပြီးပါက ဆရာနှင့်

တပြည့်ကြားတွင် ပက်သက်မှု ရှိသွားသည်။ တစ်ယောက်မကောင်းရင် တစ်ယောက်ကံဆိုးမည် ဖြစ်သည်။ ဘုန်းကြီးတစ်ပါး အောင်မြင်ရင် နောက်ဘုန်းကြီးလည်း အောင်မြင်သလိုပေါ့။ သူသာ မကျော်ကြားလာပါက တပြည့်တွေလည်း မျက်နှာပျက်ရမည်။

ကြယ်ပွင့်အသစ်နှစ်ဦးဖြစ်သော လျိုမူဘိုင်နှင့် ကူရှုပ်ရှင်း၊ ကြယ်နှစ်ပွင့်မြတ်ဆရာဖြစ်သော ခူလျိုရန်လည်း လီဇီချီကို အလွန်ခေါ်လိုကြသည်။ သူသည် အစားထိုးဆရာတစ်ယောက် ဖြစ်လာရုံနှင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မလုံလောက်ဘူးဆိုတာ သူသိသည်။ ဒါကြောင့် လျှင်မြန်စွာ မြတ်ဆရာတစ်ယောက်ဖြစ်အောင် လုပ်ရန် လိုအပ်သည်။

ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ဖြစ်လာရန် သူသည်မြတ်ဆရာအရှိန်အဝါ သုံးခုကို နားလည်သဘောပေါက်ရန်လိုပြီး အခြားအသက်မွေးဝမ်းကြောင်း ပညာရပ်တစ်ခုကိုလည်း တတ်ကျွမ်းရမည်။

လက်ရှိတွင် သူ့မှာ လိုအပ်သော မြတ်ဆရာအရှိန်အဝါကို ရနေပြီ ဖြစ်သော်လည်း

အခြားအသက်မွေးဝမ်းကြောင်း ပညာနဲ့ ပက်သက်ရင်တော့။ ပြည်နယ်ကိုးခုတွင် သင်္ချာနှင့် နိုင်ငံခြားဘာသာစကားများမရှိပါ။ သူသည် ကျောင်းသားတွေကို မာဆက်သင်ပေးလို့လည်း မဖြစ်နိုင်ပါ။ ဒီလို လုပ်လိုက်ပါက ချင်လင် တစ်မြို့လုံးတွင်ဟာသ ဖြစ်လာမှာသေချာသည်။

“ဆရာ၊ ဟိုက ◌ိ◌ု မြန်မြန်ကြည့်လိုက်အုံး”

လီဇီချီက ရုတ်တရုတ် ဆွန်းမို အဝတ်အစားကိုဆွဲလိုက်ပြီး စာသင်ကျောင်းရှေ့က လျှောက်လမ်းလေ့ကားကို ညွှန်ပြလိုက်သည်။

လူငယ်တစ်ယောက်ကို လူကြီးများက ဝိုင်းရံနေသည်။ မေးစရာမလိုပါ။ ဒီလူတွေက ဆရာတွေဆိုတာ သေချာသည်။ ပြီးတော့ ဆရာတွေအများကြီး ဝန်းရံအောင်လုပ်နိုင်တဲ့ လူငယ်က ထူးချွန်သည့်သူဆိုတာသေချာသည်။

"ဆရာသူ့ကို ငါတို့ဖက်ရောက်လာအောင် မြန်မြန်လုလိုက်စမ်းပါ"

လီဇီချီက ဆွန်းမိုကို ဆွဲပြီး ထိုနေရာကို ပြေးသွားလိုက်သည်။

သနားစရာ ချီဟွာလေးလည်း သူတို့နောက်က အမြန်ပြေးလိုက်လာသည်။

အခန်း(၄၄)။ ။ အပွာယ်ခံ ကျောင်းသား။

ဘေးနားတွင် လူအများက စောင့်ကြည့်နေကြသည်။ ဆရာတွေအပြင် ကျောင်းသားတချို့လည်း ပါသည်။

“တောင်းပန်ပါတယ်၊ ဖြတ်သွားခွင့်ပြုပါ”

လီဇီချီက အတင်းတိုးဝှေ့ပြီး ထွက်သွားသည်။ လှေကားထစ်ပေါ်တွင် ထိုင်နေသော လူငယ်လေးကို မြင်လိုက်ရင် အလွန်လန့်သွားပြီး တုန်လှုပ်ချောက်ခြားစွာ အော်လိုက်သည်။

ထိုလူငယ်လေးကလည်း ဘယ်သူကိုမှ မကြိုဆိုပါ။ သူသည်လက်ထဲတွင် ကိုင်ထားသော စာအုပ်ကိုလှန်ကြည့်နေပြီး နှမ်းဖက်မုန့်တစ်တုံးကို မြုံ့နေသည်။ သူ့အားလက်ညှိုးထိုးပြီး

ပြောနေသောလူများအပြင် ပတ်ဝန်းကျင်က လူအားလုံးကို လျစ်လျူရှုထားသည်။

"ဒီကောင်ဘာလုပ် နေတာလဲ။ လွတ်လာတဲ့ကျွန်လား"

ပတ်ဝန်းကျင်တွင် တီးတိုးသံများ ထွက်နေသည်။

လူငယ်၏ ဘယ်ဘက်နဖူးတွင် အမာရွတ်တစ်ခုရှိပြီး အမှိုက်ဟူသော စာလုံးနှင့် တူနေသည်။ အမာရွတ်များကို ကြည့်ရတာ ဓါးသို့မဟုတ် ဓါးမြှောင်ဖြင့် ထိုးခံထားရပုံပေါ်သည်။

အမှိုက်ဆိုသော စာလုံးအထက်တွင် အခြားမသေချာ မသဲကွဲသည့် ရှရာများရှိသည်။ အမှိုက်ဆိုသောစာလုံးကို ဖျက်စီးရန် ရှရာများ ရှိနေသကဲ့ဖြစ်နေပြီး ထိုလူငယ်သည် မည်ကဲ့သို့ ကံတရားကို တွေ့ကြုံခဲ့ရတာလဲ။

ထို့အပြင်သူသည် ကော်လံကို ဖြောင့်ဖြောင့်ထားပြီး လည်ပင်းတွင် ပိုးထည်တစ်ထည်ကို ချည်ထားသော်လည်း သူ၏မျက်နှာ ဘယ်ဘက်အထိရောက်နေသော

တက်တူး အစိတ်အပိုင်းများသည် ဖုံးကွယ်ထားသော်လဲ တွေ့နိုင်သည်။

ထိုတက်တူးများကို ဝိညာဉ်တက်တူးများလို့ ခေါ်ကြသည်။

ပြည်နယ်ကိုးခုတွင် နာမ်ဝိညာဉ်ချီပါသော ရုပ်ပုံ ၊ ပုံကြမ်းများဟု ခေါ်ကြသည်။ ဝိညာဉ်တက်တူး အမျိုးအစားများစွာရှိကြပြီး ၎င်းတို့သည် အံ့ဩဖွယ်ကောင်းလောက်အောင် သက်ရောက်မှုများ ရှိကြသည်။

သို့သော် လူငယ်တွင်ရှိသော တက်တူးများက မည်သည့်အစွမ်းကိုမှ မပြနိုင်ကြတော့ပါ။ ဝိညာဉ်တက်တူးကို နားမလည်သည့် ဆွန်းမိုတောင်မှ ထိုတက်တူးများသည် ဖျက်စီး ခံလိုက်ရကြောင်း ပြောနိုင်သည်။ ထက်သောဓါးများဖြင့် ဖြတ်ထားပြီး မကြည့်ရဲ မမြင်ရဲလောက်သည့် အမာရွတ်များကို ချန်ထားခဲ့သည်။

"ဆရာ၊ သွားရအောင်။ ငါတို့သွားပြီး ပါရမီရှိသော ကျောင်းသားတွေကို ရှာရအောင်"

လီဇီချီသည် ဒီနေရာကထွက်သွားရန် ဆွန်းမိုကို ဆွဲခေါ်နေသည်။ ဒီလူငယ်လေးသည် သနားစရာကောင်းသည့် ကောင်လေးတစ်ယောက်ပါ။ အခုလို ဝိုင်းကြည့်နေပါက ပိုတောင်သနားဖို့ ကောင်းနေသည်။

လုချီဟွာသည် ကြောက်နေပြီး ဆွန်းမို အဝတ်အစားများကို ဆွဲနေသည်။ ထိုလူငယ်၏ အမာရွတ်များနှင့် တက်တူးများသည် မြင်ရတာ ကြည့်ရတာ ပင် အလွန်ကြမ်းကြုတ်ပြီး ရက်စက်လွန်းသည်။ ထိုကောင်လေးသည်

အစားစားရန်အတွက် ပတ်သွားနေသော ခွေးတစ်ကောင်နှင့်တူနေသည်။

"တစ်မိနစ်လောက် စောင့်အုံး"

ဆွန်းမိုသည် လူငယ်ကို ကြည့်လိုက်သည်။ ဆရာတစ်ယောက်အနေဖြင့် သူသည်းမခံနိုင်ဆုံးမှာ ကျောင်းသားတစ်ယောက် အစော်ကားခံနေရတာပါ။

ချန်လုံ - အသက် (၁၂နှစ် ၇လ)

ခန္ဓာကိုယ်ပြုပြင်ခြင်း - အဆင့် (၉)။

ကျင့်ကြံမှုနယ်ပယ်ကို မြင်လိုက်ပြီး ဆွန်းမို အနည်းငယ် လန့်သွားသည်။ သူတော်စင်ဂိတ်က

အသက်(၁၂)နှစ်သည် စတင်ကျင့်ကြံရန် အကောင်ဆုံး အရွယ်ဖြစ်ကြောင်းကို သုတေသနပြုထားသည်။ စောစောသာ ကျင့်ကြံခဲ့ပါက အခြေခံအုတ်မြစ်ကို ထိခိုက်နိုင်သည်။ ပါရမီရှင်ဖြစ်နေပါစေ အနာဂတ်အောင်မြင်မှုကို ထိခိုက်စေနိုင်သည်။ ဒါပေမယ့် ဒီလူငယ်လေးက အဆင့်(၉)ကို ရောက်နေပါပြီ။

ကြွခိုင်မှု - ၈ - သင်ဟာ ခွန်အားအမျိုးစားတိုက်ပွဲ ပုံစံမဟုတ်ပါ။

ဉာဏ်ရည် - ၇ - အစားစားရန် ဦးနှောက်ကို အားမကိုးသော်လည်း သင့်ကိုလျှော့တွက်ပါက တန်ဖိုးကြီးကြီး ပေးသွားရမည်။

သွက်လက်မှု -၈- ပုံမှန်အားဖြင့် လုံလောက်ရုံသာရှိသည်။

ခံနိုင်ရည် - ၁၀ - သင်၏ခံနိုင်ရည် သည် အလွန်ကို ကြောက်စရာကောင်းသည်။ မင်းကို သံမဏိလူသားလို့ ခေါ်နိုင်သည်။

ဆန္ဒ- ၁ -မျှော်လင့်ချက် မီးတောက်နည်းလာသည်။ သေခြင်းတရားသာ မင်းရဲ့တစ်ခုတည်းသော ထွက်ပေါက်ဖြစ်သည်။

“စနစ် လူတစ်ယောက်ရဲ့ ခံနိုင်ရည် က အမြင့်ဆုံးရှိပါ့မလား”

ဆွန်းမိုလည်း ထူးဆန်းနေပြီး သူ့ရှုထောင့်က ကြည့်ရင်း လူသားတစ်ဦးသည် တစ်ချိန်ချိန်တွင် ပင်ပန်းနွမ်းနယ်မှုကို ခံစားရမည်။ ဒီပုံစံအရ ကောင်လေး၏မျက်လုံးက ဘယ်တော့မှ လက်မလျှော့တတ်သည့် လူမျိုးနဲ့တူသည်။

"စနစ်က ဘယ်တော့မှ မမှားဘူး"

စနစ်က အလေးထား တုန့်ပြန်လိုက်သည်။

ဆွန်းမိုသည် ချန်လုံ၏ အချက်အလက်ကို ဆက်ပြီး ကြည့်လိုက်သည်။

အလားလာတန်ဖိုး - နိမ့်သည်။

မှတ်ချက် - အသက်(၁၀)နှစ်မတိုင်ခင်က သူ့အလားအလာတန်ဖိုးသည် အလွန်မြင့်ခဲ့သည်။

မှတ်ချက် - ပစ်မှတ်သည် ကိုယ့်ကိုကိုယ် သတ်သေချင်စိတ် အလွန်ကို ပြင်းထန်နေသည်။

“ထင်ထားသလိုပါပဲ”

မှတ်ချက်ကို မြင်ပြီးဆွန်းမို သက်ပြင်းချလိုက်သည်။ ဒီကောင်လေးသည် အရမ်းကို ကြေကွဲစရာကောင်းသည့် ကလေးဘဝကို ကြုံခဲ့ရတာသေချာသည်။ ဓါးကိုသုံးပြီး နဖူးပေါ်တွင် ရက်စက်စွာ အမှိုက်ဆိုသော စာလုံးကို ဘယ်လိုလူများ လုပ်ရက်တာလဲ။

“ဆရာ?”

လီဇီချီသည် ရုတ်တရုတ် စိတ်မသက်မသာ ဖြစ်လာသည်။ ဒီလူကို တပြည့်အဖြစ်

လက်ခံချင်နေတာလား။ ဒီအမှိုက်ဆိုသော ကောင်လေးသည် ထန်ထန်ယုထန် ထက်တောင် နိမ့်ကျသေးသည်။

ဆွန်းမို လမ်းလျှောက်သွားသည်။ (အရင်ကလည်း လေးဘက်မထောက်ပါဘူး)

တီးတိုးသံများ ချက်ခြင်းတိတ်သွားသည်။ အားလုံးက တိုင်ပင်စရာမလိုပဲ ဆွန်းမိုကို ဝိုင်းကြည့်လိုက်ကြသည်။

“မင်းဆရာတင်ဖို့ ကြိုးစားတုန်းက ငြင်းခံရဖူးလား”

ဆွန်းမိုက လိုရင်းကိုသာ မေးလိုက်သည်။

"ဘာကိုပြောတာလဲ"

ချန်လုံက ဆွန်းမိုကို အေးတိအေးစက်ကြည့်ကာ ပြန်မေးလိုက်သည်။ မာကျောသောပေါင်မုန့်ကို တင်းကျပ်အောင် ဆုပ်လိုက်ထားသောကြောင့် ပေါင်မုန့်အစအနများသည် လေ့ကားထစ်ပေါ် ပြုတ်ကျသွားသည်။

"ဆရာတွေအများကြီး ရှိသေးတယ်လို့ပဲ ပြောချင်တယ်။ ငြင်းပယ်မှုနည်းနည်းလောက်နဲ့ မင်းလက်လျှော့လိုက်ဖို့ မလိုဘူး"

ဆွန်းမိုက အေးအေးဆေးဆေး ပြောလိုက်သည်။

"ဟား ဟား"

ချန်လုံ အေးစက်စွာ ရယ်မောလိုက်သည်။

သူ့လက်ရှိ အခြေအနေက ဆရာတစ်ယောက်ကိုတင်ဖို့ အရမ်း ခက်ခဲတယ်ဆိုတာ သူသိပါသည်။ သို့သော်လည်း ဗဟိုပြည်နယ်အကယ်ဒမီသည် နှစ်ပေါင်းတစ်ထောင်ကျော်သမိုင်းနှင့် ကျော်ကြားသည့် ကျောင်းတစ်ခုဖြစ်နေတုန်းပါ။ သူက သူ့ကိုလက်ခံမယ့် ဆရာတစ်ယောက်ကို

တွေ့နိုင်မယ်လို့ ထင်ခဲ့သည်။ ဝမ်းနည်းစရာက သူမှားသွားခဲ့သည်။ အတွေ့အကြုံမရှိသည့် ဆရာတွေတောင် သူ့ကို အခွင့်အရေး မပေးကြပါဘူး။

"ဆရာ"

လီဇီချီ ရောက်လာသည်။ လုချီဟွာလည်း ဘေး ဘယ်ညာကို တစ်ချက်ကြည့်လိုက်ပြီး ဆွန်းမိုနောက်တွင် ဝင်ပုန်းလိုက်သည်။

ဆွန်းမိုလည်း ခေါင်းကို ကုတ်လိုက်သည်။ ထင်ထားသလိုပဲ ကိုယ့်ကိုကိုယ် သတ်သေချင်သည့် ဒီလူငယ်သည် ကိုင်တွယ်ရ အလွန်ခက်သည်။

"မင်းငါ့ကို သနားနေတာလား"

ချန်လုံသည် ပေါင်မုန့်တစ်ခုကို အတင်းကိုက်လိုက်ပြီး ဆွန်းမိုကို ဝံပုလွေတစ်ကောင်လိုလည်း စိုက်ကြည့်နေသေးသည်။

"မင်းသေသွားမှာကို ငါကြောက်တာ"

ဆွန်းမိုသည် လွန်ခဲ့သော သုံးနှစ်က တစ်ရက်ကို ပြန်စဉ်းစားလိုက်သည်။ ပုစဉ်းရင်ကွဲတွေရဲ့ အောဲသံကြားက စာသင်ခန်း ပြတင်းပေါက်မှာ ကျောင်းသူလေးတစ်ယောက် ခုန်ချသွားခဲ့သည်။

အကျိုးဆက်အနေဖြင့်သူမသည် ပျော့ပြောင်းသော အသားပုံကြီးဖြစ်သွားသည်။

"ငါ့ဘဝကို ငါပိုင်တယ်။ မင်းက ဂရုစိုက်ဖို့ အရည်ချင်းရှိလို့လား"

ချန်လုံသည် ဆွန်းမိုကို စိတ်မဝင်စားတော့ဘဲ ခေါင်းကို လှည့်လိုက်သည်။

"ဟင် မင်းရဲ့ အပြုအမူက ဘာဖြစ်နေတာလဲ"

လီဇီချီက တော်တော် မကျေမနပ်ဖြစ်သွားသည်။ (ဆရာက မင်းရဲ့ကောင်းကျိုးအတွက် စိတ်ပူနေတာလေ)

"အား"

လုချီဟွာသည် ချန်လုံကို ချောင်းကြည့်ပြီး အော်လိုက်သည်။

ချန်လုံက ဆိုးဝါးသော အပြုအမူတစ်ခုကို လုပ်လိုက်သည်။ သူက လီဇီချီကို စိုက်ကြည့်ကာ "ငါက မင်းကို သေတဲ့အထိ ကိုက်သတ်နိုင်တယ် ဆိုတာယုံလား"

လီဇီချီက မကြောက်သွားသော်လည်း လုချီဟွာက အရမ်းလန့်သွားပြီး ဆွန်းမိုနောက်မှာ သူမကို မမြင်ရအောင် ကာလိုက်သည်။

“သွားရအောင်”

ဆွန်းမိုက ခေါင်းကိုခါလိုက်ပြီး သူ့တပြည့်တွေကိုတော့ ဒဏ်ရာရအောင် လုပ်ခွင့် မပေးပါဘူး။ သူသည် ချန်လုံကို နှစ်သိမ့်ခဲ့သော်လည်း သူကနားမထောင်ချင်သဖြင့် ဆက်ပြောစရာ မလိုတော့ပါဘူး။

“ဆရာ၊ သူက ဆရာတွေအများကြီးရဲ့ အငြင်းကိုခံခဲ့ရတာဖြစ်မယ်။ သူ့ကြည့်ရတာ သာမန်မဟုတ်ဘူး ထင်တယ်” (စိတ်အခြေအနေကို ပြောတာပါ)

"အင်း အင်း"

လုချီဟွာကလည်း မြန်မြန်ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဒင်!၊ ကျောင်းသားစုဆောင်းရေးပွဲ မပြီးခင်ချန်လုံရဲ့ ဆရာဖြစ်အောင်လုပ်ပါ။ ဆု ကြေးတံဆိပ်ရတနာသေတ္တာ တစ်လုံး။ တာဝန်ကျရှုံးပါက အပြစ်ပေးခံရမည်"

စနစ်က သတိပေးချက် ထွက်လာသည်။

"ငါလို.............. မင်းအမေ.................၊မင်းငါ့ကို ချောက်တွန်းနေတာလား"

ဆွန်းမို၏ ဒေါသက ငယ်ထိပ်ကို ရောက်လာသည်။ သူသည် ချန်လုံကို ဆရာတစ်ယောက်ဖြစ်သောကြောင့်သာ နှစ်သိမ့်တာဖြစ်သည်။ တပြည့်အဖြစ်လက်ခံရန် ရည်ရွယ်ချက်မရှိပါ။

"မြတ်ဆရာတစ်ယောက်အနေနဲ့ စိန်ခေါ်မှုမျိုးစုံကို ဖြေရှင်းနိုင်ရမယ်။ ဒါက မင်းကို သွေးပူလေ့ကျင့်ခန်း ပေးတာ။ ကျေးဇူးပြုပြီး ကျေနပ်လောက်တဲ့ အဖြေကို ပေးလိုက်ပါ" စနစ်က ရှင်းပြသည်။

“ငါမအောင်မြင်ရင် ပြစ်ဒဏ်က ဘာလဲ”

ဆွန်းမို စိတ်ထဲတွင် မိုးမွှန်အောင် ဆဲနေသည်။

“ငါ့ကို ယုံလိုက်ပါ။ မင်းသိချင်မှာ မဟုတ်ဘူး” စနစ်က ပြစ်ဒဏ် ပြင်းထန်ကြောင်း ပါးနပ်စွာ ပြောလိုက်သည်။

“အဲဒါက မင်းဘဝအတွက် အိပ်မက်ဆိုး ဖြစ်လာလိမ့်မယ်”

“စနစ်က ငါ့စိတ်ထဲက အတွေးကို သိနိုင်တာလား။ ပြိုင်ဘက်ကင်းဆရာကြီးစနစ်က ဘာတွေဖြစ်နေတာလဲ။ ဘာလို့ ငါ့ကို ရွေးရတာလဲ။”

ဆွန်းမိုစိတ်ထဲတွင် မေးခွန်းများစွာ ပေါ်လာသည်။

“ဒီကောင်လေးက ဘာကောင်မှန်းမသိဘူး”

“လုံခြုံရေးတွေကလဲ ဘာလို့ ဒီလိုလူကို ပေးဝင်လိုက်တာလဲ။ ကြောက်ဖို့ကောင်းတာကို”

“သူ့ဒဏ်ရာတွေက ငယ်ငယ်တုန်းက မဟုတ်တာလုပ်လို့ သူ့ကို အပြစ်ပေးလိုက်တာဖြစ်မယ်”

ကျောင်းသားများ ထိတ်လန့်တကြား တစ်ယောက်တစ်ပေါက်ပြောနေ ကြသည်။ ချန်လုံ၏

ရိုင်းစိုင်းသည့် အပြုအမူကြောင့် သူ့ကို လူဆိုးကျောင်းသားလို့ အားလုံးက သတ်မှတ်လိုက်ကြသည်။

“ဘာဖြစ်နေတာလဲ”

လင်ကျန်သည် တစ်နှစ်စာ ခေါင်းဆောင်ဖြစ်သည်။ သူသည်ဒီနေရာ လူများနေသည်ကိုမြင်လျှင် စစ်ဆေးရန်နှင့်ရန်ရင်းဆန်ခတ် မဖြစ်ပွားအောင် ထိန်းရန်လာခဲ့သည်။

“ဆရာလင်”

ဆရာများက ကမန်းကတန်း နှုတ်ဆက်လိုက်ကြသည်။

ချန်လုံသည် လင်ကျန် လည်ပင်နားက ရွှေရောင်ချည်တစ်ကြောင်းမြင်လိုက်လျှင် မျက်လုံးအရောင်တောက်လာသည် ။ ကြယ်တစ်ပွင့်မြတ်ဆရာတစ်ယောက်ရဲ့ ဝိသေသပဲ။ ထို့ကြောင့် သူသည် မတ်တပ်ရပ်ပြီး လျှောက်သွားသည်။

“မင်္ဂလာပါ ဆရာလင်”

ချန်လုံက ပြုံးပြီး နှုတ်ဆက်လိုက်သည်။ သူ၏အမာရွတ်များကြောင့်လားမသိပါ။ သူ၏

လက်ရှိပုံစံသည် တော်တော်ကြောက်ဖို့ကောင်းနေသည်။

“အန်”

လင်ကျန်သည် ချန်လုံကို တစ်ချက်ကြည့်လိုက်ပြီး ဂရုမစိုက်တော့ပါ။

ချန်လုံသည် သူ့အပေါ်ကိုထားသော အေးစက်မှုကို ခံစားလိုက်ရသော်လည်း ဒီအခွင့်အရေးကို လက်လွှတ်မခံချင်ပါ။ ထို့ကြောင့်သူသည် ဒူးထောက်လိုက်ပြီး “မင်းကိုငါဆရာတင်ချင်တယ်”

ဟာ

ပတ်ဝန်းကျင်တွင် အာမေဒိတ်အသံထွက်လာသည်။ ချန်လုံကို ကြည့်ပြီး ကျောင်းသားအားလုံး တုန်လှုပ်သွားကြသည်။

ဒီကျောင်းသားသည် အရေထူလွန်းသည် ။ လင်ကျန် ယူနီဖောင်းကို မြင်ပြီး မြတ်ဆရာမှန်းသိသည်နှင့် ပေါ့ပေါ့ပါးပါး ဒူးထောက်လိုက်ပြီး လင်ကျန်ကို ဆရာတင်ချင်နေသည်။

ဒါကတော်တော် အရှက်မဲ့မှ ရမည်။

ချန်လုံ မအောင်မြင်နိုင်မှန်း ကျောင်းသားအားလုံးသိကြသည်။ ဒါတောင်သူတို့ စိုးရိမ်နေကြသည်။ သူတို့အိမ်က ဆန်ကို တစ်ခြားတစ်ယောက် ယူသွားသလို ခံစားနေကြသည်။ နောက်ဆုံးတော့ သူတို့သည် မြတ်ဆရာတစ်ယောက်ကို ဆရာတင်ရန် လူသိရှင်ကြားမတောင်းဆိုရဲပါ။ ဒီရုပ်ဆိုးကောင်က ဘယ်လိုအရည်ချင်းရှိလို့ တောင်းဆိုရဲတာလဲ”

“ဒီမှာကောင်လေး၊ မင်းငါ့လိုအပ်ချက်နဲ့ မကိုက်ညီဘူး”

လင်ကျန်က တုံ့ဆိုင်းမနေပဲ ချက်ခြင်းငြင်းလိုက်သည်။

ချန်လုံ နဖူးက အမှိုက်ဆိုသော စာက သူ့ပုံရိပ်ကို ထိခိုက်စေနိုင်သည်။ ထိုအပြင် လင်ကျန်သည် ချန်လုံ မျက်နှာ တစ်ဝက်လောက်ဖုံးနေသည့် ဝိညာဉ် တက်တူးကို မကြိုက်ပါ။ မြင်ရတာနှင့်တင် စိတ်ရှုပ်ဖို့ကောင်းသည်။

ကျင့်ကြံသူများထဲတွင် အနည်းငယ်လောက်သာ သူတို့၏ တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ရန်

ခန္ဓာကိုယ်ပေါ်တွင် ဝိညာဉ်တက်တူးကို ထိုးကြသည်။ ဒါကလည်း သူတို့ အရွယ်ရောက်ပြီးမှ ထိုးကြသည်။

ဘာကြောင့်ဆို ဝိညာဉ်တက်တူးထိုးခြင်းသည် နောက်ပြန်လှည့်လို့မရသော ကိစ္စဖြစ်သည်။ စွန့်စားရသည့်အရာမှာ ဝိညာဉ်တက်တူး ပျက်စီးသွားပါက ကျန်ရှိနေသော ဝိညာဉ်ချီသည် လူ၏ခန္ဓာကိုယ်က လည်ပတ်မှုကို နှောင့်နှေးစေပြီး ကျင့်ကြံမှုအမြန်နှုန်းကို လျော့ကျ စေသည်။ ပိုမိုပြင်းထန်ပါက ကျင့်ကြံမှုကို တစ်ဘဝလုံး တန့်နေနိုင်သည်။

ချန်လုံသည် အသက် ၁၃နှစ် ၁၄နှစ်သာရှိသေးသည်။ သို့သော် သူတွင် ပျက်စီးနေသော ဝိညာဉ်ချီက ရှိနေသည်။ အရင်က ပါရမီရှင်တစ်ယောက် ဆိုရင်တောင် အခုတော့သူသည် ဒုက္ခိတ တစ်ယောက်သာဖြစ်သည်။ တစ်ယောက်ယောက်က သူ့ခြေထောက်နှင့် အိမ်သာကို ဆေးပေးချင်တယ်ဆိုရင်တောင် ချန်လုံ အလှည့်တော့မရောက်ပါ။

ချန်လုံသည် လင်ကျန်ကို စိုက်ကြည့်နေရင်း သူ့မျက်လုံးထဲက မျှော်လင့်ချက်မီးတောက်သည်

တဖြည်းဖြည်း မေးမှိန်ပျောက်ကွယ်သွားသည်။ ဒီအဖြေကိုရမယ်ဆိုတာ သူသိပြီးသားဖြစ်ပေမယ့် ဒီလိုငြင်းပယ်ခံရတိုင်း အများကြီး နာကျင်ခံစားရသည်။

"ဟား ဟား ၊ သူနဲ့ထိုက်တန်တာ ရသွားပြီ"

"ဘာလို့ကိုယ့်ပုံကို ကိုယ်မကြည့်တာလဲ၊ သူ့ကိုယ်သူ တော်တော်တွက်ထားတာပဲ"

"မြတ်ဆရာတစ်ယောက်က ဘယ်လို လွယ်လွယ်ကူကူ တပြည့်လက်ခံမှာလဲ"

ကျောင်းသားများက ဆွေးနွေးနေကြသည်။ ချန်လုံ အငြင်းခံရတာကို မြင်မှ သူတို့အိမ်က ဆန်ကို အခိုးမခံရတော့ဘဲ လုံခြုံသလို ဖြစ်သွားသည်။

ဆွန်းမိုလည်း ခေါင်းညိတ်လိုက်မိသည်။ လင်ကျန်သည် ကျောင်းသားတစ်ယောက်ကို လျှင်မြန်စွာ ငြင်းဆိုလိုက်ပြီး ကျောင်းသား၏ စိတ်ခံစားမှုကို ထည့်မတွက်တာသေချာသည်။ သို့သော်လည်း သူ့ကို ဆရာတင်လိုသော ကျောင်းသားများစွာရှိသည်။ ဖြစ်နိုင်တာက

လင်ကျန်သည် ချန်လုံလို ကျောင်းသားမျိုးကို ထည့်ကို မတွက်တာပင်ဖြစ်မည်။

"ဘာကြောင့် ခေါင်းခါနေတာလဲ။ မင်းငါ့အပေါ် ထင်မြင်ချက်ရှိသေးလို့လား"

လင်ကျန်သည် ခေါင်းလှည့်ကာ ဆွန်းမိုကို ကြည့်လိုက်သည်။ ဒီကောင်က ရှန်ယွန်ပေါင်နှင့် လီဇီချီကို လုထားသောသူဖြစ်သည်။

"ဘာကို ဒေါသကြီးနေတာလဲ"

ဆွန်းမိုက လင်ကျန်ကို စိတ်ကောင်းမရှိဘူးလို့သာ တွေးထားခဲ့တာပါ။ သူ့ကို ရွံရှာမုန်းတီးမှုများ

ပြည့်နေသော မျက်လုံးများနှင့် ကြည့်ပြီး လီဇီချီကို သနားသည့်မျက်လုံးနှင့် ကြည့်တာကိုတွေ့ပြီး နားလည်သွားသည်။ ဒီလူက ရိုးရိုးရှင်းရှင်း မကြိုက်ဘူးဘဲ။

“မင်းမှာ ထင်မြင်ချက်မရှိရင် ထွက်သွား”

လင်ကျန်သည် အော်လိုက်ပြီးနောက် ထွက်ခွာရန် ပြင်လိုက်သည်။

ဆွန်းမိုက ခြေထောက်ကို မြှောက်လိုက်ပြီးနောက် လင်ကျန်ဆီကို တိုက်ရိုက်လျှောက်သွားပြီး ရှေ့တည့်တည့်တွင် ရပ်လိုက်သည်။ လင်ကျန်ကို

ကြောက်ရွံ့မှု မရှိသည့် မျက်လုံးများနှင့် စိုက်ကြည့်လိုက်သည်။

အခန်း(၄၅) - ငါဆွန်းမို အရှုံးမပေးဘူး၊ ထွက်မပြေးဘူး၊ ငြိမ်မခံဘူး။

စာသင်ကျောင်းရှေ့တွင် လူပေါင်း ၃ဂဂလောက် စုဝေးနေကြသည်။ သို့သော် ဒီအချိန်တွင်

အပ်ပြုတ်ကျသံကိုပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်နေသည်။

လူတိုင်းသည် ဆွန်းမိုကို မျက်လုံးပြူးများနှင့် စိုက်ကြည့်နေပြီး အလွန် ထိတ်လန့်နေကြသည်။

(ဒီကောင် ရူးသွားပြီလား)

(သူက ကြယ်တစ်ပွင့်ဆရာကို လူသိရှင်ကြား စိန်ခေါ်ဖို့ သတ္တိရှိနေတာလား)

လုချီဟွာသည် အလန့်တကြား ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ အခြားတစ်ဖက်တွင်တော့

လီဇီချီသည် စိတ်များလှုပ်ရှားလာသည်။ သူဆရာရွေး မမှားပါ။

ဆွန်းမို ရှေ့ကို ကြမ်းကြမ်းတမ်းတမ်း တိုးလိုက်သည်။

ဒင်!

လီဇီချီ၏ လေးစားအထင်ကြီးမှု - +၆

လီဇီချီနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၅၆/၁၀၀)

လင်ကျန်သည် ဆွန်းမို စည်းမဲ့ ကမ်းမဲ့ လုပ်လိမ့်မည်လို့ မထင်ထားသောကြောင့်

သူကြောင်သွားသည်။ ထို့နောက်ဒေါသ ပေါက်ကွဲထွက်လာပြီး မျက်နှာတစ်ခုလုံးနီလာသည်။

“ဖယ်စမ်း”

လင်ကျန်က ဟောက်လိုက်သည်။

ဆွန်းမိုက လင်ကျန်ကို စိုက်ကြည့်ကာ ရှေ့သို့ နည်းနည်းတိုးလာသည်။ အံကိုကြိတ်ကာ တစ်လုံးခြင်း ပြောလိုက်သည်

“ ငါ့မှာ ထင်မြင်ချက်တစ်ခုရှိလို့ မင်းရဲ့လမ်းကို ပိတ်ထားတာ”

လေထုတစ်ခုလုံးက ကြောက်ဖို့

ကောင်းလောက်အောင် တိတ်ဆိတ်နေသည်။ အထူးသဖြင့် အစမ်းခန့်ဆရာများဖြစ်သည်။ သူတို့အားလုံး ကြက်သေသေနေသည်။ (ဆွန်းမိုက မြွတ်ဆရာကို ဝေဖန်တာလား၊ သူတစကယ်ကို သတ္တိရှိတာလား၊ သူအလုပ်ထုတ်ခံချင်နေတာလား)

"မင်းက ဒီကျောင်းသားကို မင်းနဲ့ မသင့်တော်ဘူးထင်နေတာမှတ်လား သူ့မာနကို နည်းနည်းလောက် ဂရုစိုက်ပြီး ပြောလို့မရဘူးလား"

ဆွန်းမိုသည် နတ်ဘုရားမျက်စိကိုသုံးပြီး ချန်လုံကို စောင့်ကြည့်ခဲ့သည်။ ချန်လုံ၏ ဆန္ဒသည် ၈ အမှတ်ကို

ကျဆင်းသွားကြောင်း သူတွေ့သွားသည်။ နောက်ထက် မှတ်ချက်တစ်ခုပေါ်လာပြီး အချိန်မရွေး သတ်သေသွားနိုင်သည်။

လင်ကျန်သည် သူ၏ ခပ်ပေါ့ပေါ့ တုံ့ပြန်မှုကြောင့် အဆက်မပြတ်ငြင်းခံရသော ကျောင်းသားတစ်ယောက် ဘယ်လောက် ထိခိုက်သွားမည်ကို မသိပါ။ သူ၏နောက်ဆုံးအသက်ကယ် ကောက်ရိုးကို လင်ကျန်က ဖျက်ဆီးလိုက်တာပါ။

"ငါ့ရဲ့ အပြုအမူက ဘာပဲဖြစ်ဖြစ် မင်းလို အစမ်းခန့်ဆရာတစ်ယောက်က လာသင်စရာ မလိုဘူး"

လင်ကျန်က အော်လိုက်သည်။

ဆွန်းမိုသည် လက်သီးများကို ဆုပ်ထားသည်။ သူသည် လင်ကျန်ကို စိုက်ကြည့်လိုက်ပြီး စိတ်ထဲက ကျိန်ဆိုလိုက်သည်။ နှစ်ဝက်အတွင်း သူတော်စင်ဂိတ်က အသိအမှတ်ပြု အသက်မွေးဝမ်းကြောင်း ပညာတစ်ခုနှင့် မြတ်ဆရာဘွဲ့ကို ရရမည်။

ထိုအချိန်ကိုရောက်ရင် မင်းကအသက်(၄၀) ကပ်နေတဲ့ မြွတ်ဆရာပဲ၊ ဘယ်လောက်တောင် ရှက်စရာကောင်း လိုက်သလဲ” လို့ သေချာပေါက် ပြောရမည်။ ထိုအချိန်တွင် လင်ကျန် သူ့အဆင့်ကိုသုံးပြီး ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဖိအားပေးရန် စိုက်ကြည့်လိုက်သည်။

“ဒင်!၊ တာဝန်အသစ် ...

ကျေးဇူးပြုပြီးတစ်နှစ်အတွင်း ကြယ်တစ်ပွင့် မြွတ်ဆရာတစ်ယောက် ဖြစ်အောင်လုပ်ပါ။ ဆုလာဒ် ရွှေရတနာသေတ္တာတစ်လုံး”

စနစ်က အချိန်အခါနှင့် ကိုက်ညီသော တာဝန် အသစ်တစ်ခုကို ထုတ်ပေးသည်။

“စနစ်၊ မင်းက ဘယ်စခန်းရောက်နေတာလဲ။ ဒီလိုအခြေအနေမှာတောင် ပြဿနာထပ်ပေးတယ်”

ဆွန်းမို စိတ်ပျက်နေသည်။

“ဘာလဲ ၊မင်းလည်းသူ့ကို လက်ခံဖို့ ဝန်လေးနေတာလား” လင်ကျန်က ချန်လုံကို စိုက်ကြည့်ကာ ပြောလိုက်သည်။

“မင်းက ငါ့ရဲ့ အပြုအမူကို သနားပြီး ဘာလို့ သူ့ကို တပြည့်အဖြစ် လက်မခံတာလဲ”

“အာ၊ ဒီအဘိုးကြီး တော်တော်ဆိုးတာပဲ”

လီဇီချီက စိတ်ထဲတွင် လန့်သွားပြီး ပြောလိုက်သည်။ သူမသည် အမြန် ဆွန်းမိုကို တားဆီးဖို့ လုပ်လိုက်သည်။

လင်ကျန်က ဆွန်းမိုကို မီးပုံအတွင်း တွန်းချ ချင်နေသည်။ နဖူးတွင် အမှိုက်ဆိုသည့်စာရှိနေသော ကောင်လေးသည် အနာဂတ်မရှိတာ သေချာသည်။ ဆွန်းမိုသာ သူ့ကို တပြည့်အဖြစ်လက်ခံလိုက်ပါက သူ့ဂုဏ်သတင်းကို ကြီးကြီးမားမား ထိခိုက်မှာ အသေအချာပင် ဖြစ်သည်။

“ဆရာ၊ ဗိုက်နာတယ်။ ဆရာဝန်ဆီကို မြန်မြန်ခေါ်သွားပေးပါ”

လီဇီချီက ဗိုက်ကိုကိုင်လိုက်ကာ ဝေဒနာ ခံစားရသလို လုပ်လိုက်သည်။

လင်ကျန်လည်း လီဇီချီကို သတိထားမိတာကြာပါပြီ။ ဆွန်းမိုကို ဒီအခြေအနေက လွတ်မြောက်အောင် ဟန်ဆောင်နေတာကို မြင်လိုက်လျှင် ဒေါသပို ထွက်လာသည်။

ဒီလောက်ကောင်းတဲ့ ကျောင်းသားက ဘာကြောင့် ဆွန်းမိုနောက်ကို လိုက်နေတာလဲ။

“ဆရာ၊ နောက်ပြန်ဆုတ်ရအောင်”

လီဇီချီက ဆွန်းမို အဝတ်ကိုဆွဲရင်း တိုးတိုးလေး ပြောလိုက်သည်။

“နောက်ဆုတ်ရမယ်” လီဇီချီ၊ ငါ့အဘိဓာန်မှာ ဒီလို စကားလုံးမပါဘူး။ တောင်က ငါ့လမ်းကို ပိတ်နေရင် တောင်ကို ဖယ်လိုက်မယ်။ သမုဒ္ဒရာက ငါ့လမ်းကို ပိတ်နေရင် လုံးဝ ဖျက်ဆီးလိုက်မယ်။ ငါဆွန်းမို အရှုံးမပေးဘူး၊ ထွက်မပြေးဘူး၊ ငြိမ်မခံဘူး။!”

ဆွန်းမိုက သူ့လက်ကို ဝှေ့ယမ်းပြီး ပြောလိုက်သည်။ သူသည် လီဇီချီကို တွန်းဖယ်လိုက်ပြီး လင်ကျန်ကို တည့်တည့်ကြည့် လိုက်သည်။

လီဇီချီလည်း အံ့အောသင့်သွားသည်။ ဆွန်းမို၏ စကားများသည် စကားလုံးတိုင်း ကျယ်လောင်စွာ ထွက်လာပြီး စကားလုံးတိုင်း အင်အားနှင့် ပြည့်နေသည်။ စကားလုံးများက သူမရဲ့ ဦးနှောက်ကို တူနှင့် ထုလိုက်သလို စွဲသွားသည်။

လူအုပ်ထဲက ယူရုံပိုလည်း လက်ခုပ်တီးချင်စိတ် ပေါက်လာသည်။ ထို့နောက် မလှမ်းမကမ်း သစ်ပင်အောက်တွင် ရပ်နေသော ဂျိမ်ဂျဲဆီကို အကြည့်ရောက်သွားသည်။

"တောက် ဒီကောင်စောက်ရမ်းမိုက်တယ်"

အစမ်းခန့်ဆရာတစ်ယောက်က မနေနိုင်ဘဲ အော်ပြောလိုက်သည်။ သူ့စကားက ရှုံ့ချသလို ဖြစ်နေသော်လည်း စိတ်ထဲတွင် သဘောကျနေသည်။ ဒါက မြတ်ဆရာတစ်ယောက်ကို ပြန်ပြောခဲ့တာလေ။ တကယ်လို့သူသာ ဆွန်းမိုနေရာမှာသာဆို ပြန်ပြောဖို့

မပြောနှင့် စိတ်ဆိုးအောင်လုပ်မိမှာဆိုးလို့ ပါးစပ်ပိတ်ပြီး မျိုချထားမည်။

" ဒီအစမ်းခန့်ဆရာနာမည်က ဘယ်သူလဲ"

ကျောင်းသားများကလည်း တိုးတိုးလေး မေးနေကြသည်။

လင်ကျန်က လက်နှစ်ဖက်ကို ပိုက်ထားပြီး ဆွန်းမိုကို ကြည့်ကာ မကျေမနပ်ဖြစ်နေသည်။ ပြီးတော့ လှောင်ပြောင်သရော်သံနှင့် "ဝိုး အရမ်းကောင်းတယ်။ ဘာကြောင့် သူ့ကို တပြည့်အဖြစ်လက်မခံတာလဲ"

ဆွန်းမိုက ချန်လုံကို ကြည့်လိုက်ပြီး "မင်းလည်းအားလုံးကို ကြားမှာဘဲ။ မင်းဆုံးဖြတ်ချက်က ဘာလဲ"

ချန်လုံ၏ နဖူးပေါ်တွင် ချွေးများကျနေသည်။

" လက်ရှိ မင်းအနေအထားအရ မင်းမှာ အသိအမှတ်ပြုဖို့ တစ်ခုတည်းသော အခွင့်အရေးပဲ။ မင်းဒီအခွင့်ရေးကို ကောင်းကောင်း ဆုပ်ကိုင်သင့်တယ်။" လင်ကျန်က ရယ်ပြီးပြောလိုက်သည်။

"ဆရာဆွန်းက အစမ်းခန့် ဆရာတစ်ယောက်ဖြစ်ပေမယ့် သူက ထူးခြားတယ်။ မင်းရဲ့ အချိန်တွေကို အလဟဿ ဖြုန်းပစ်မှာ မဟုတ်ဘူး"

လီဇီချီသည် အလွန်ဉာဏ်ကောင်းသည်။ သူသည် ဆွန်းမိုကို ချီးကျူးသလိုနှင့် နောက်ထပ် အဓိပ္ပာယ်တစ်ခု ပေါ်အောင်ပြောနေသည်။ ချန်လုံကို မမိုက်ဖို့ သတိပေးနေသည်။ သူမသည် ပညာသင်ဘက် မောင်လေးကို အမှိုက်လို လူတစ်ယောက် မလိုချင်ပါ။

လုချီဟွာလည်း ဆွန်းမိုနောက်ကို ပြေးသွားပြီး မျက်လုံးပြူးကာ ကျယ်ကျယ်ပြောလိုက်သည်။

"ဟော့ လူမိုက် လူမိုက်"

လီဇီချီသည် လုချီဟွာကို လည်ပင်းညှစ်သတ်ချင်စိတ် ပေါက်လာသည်။

ဒီသဘော်သီးမက တော်တော်ရိုး အ ကာ ဆွန်းမိုကိုလဲ စိတ်ထဲ၊ နှလုံးသားထဲက ကိုးကွယ်သည်။

ချန်လုံလည်း တုံ့ဆိုင်းသွားသည်။ အစောပိုင်းက ဆရာပေါင်းများစွာကို ဆရာတင်ဖို့ ကြိုးစားခဲ့သော်လည်း မည်သူကမှ လက်ခံရန် ဆန္ဒ

မရှိကြပါ။ အခုတော့ တစ်ယောက်က သူ့ကို လက်ခံချင်နေသည်။ ထိုလူသည် အနာဂတ်တွင် မြတ်ဆရာတစ်ယောက်ဖြစ်နိုင် မဖြစ်နိုင် နည်းနည်းတော့ စိုးရိမ်နေသည်။

သူ့၏ ကလေးဘဝ မြင်ကွင်းများ နက်နက်ရှိုင်းရှိုင်း ပြန်မြင်လာသည်။ သူတို့သည် ချန်လုံကို တွေ့ဝေသွားစေပြီး ပူလောင်စေသည်။

“ ဒီလိုဆရာကောင်းတစ်ယောက် တပြည့်လက်ခံတာ ရှားတယ်။ မင်းဘာကိုတွေဝေနေတာလဲ”

လင်ကျန်က တိုက်တွန်းလိုက်သည်။

"ဆ....ဆရာဆွန်း၊ ငါ့ကို သူတော်စင်တစ်ယောက် ဖြစ်လာအောင် လုပ်ပေးမလား"

ချန်လုံသည် "သူတော်စင်" ဆိုသော စကားကို ပြောလိုက်သည့်အချိန်တွင် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ ဘာကြောင့်ဆို သူကိုယ်တိုင်လည်း မဖြစ်နိုင်ဘူး ထင်နေသည်။ သို့သော် မမေးမိပါက သူ့စိတ်ထဲတွင် တွန့်ဆုတ်နေမည်။

"ဟား ဟား၊ အိပ်မက် မက်နေတာလား"

လူအုပ်ထဲက လှောင်သံများထွက်လာသည်။ ဒီကောင် ကောင်းကင်နှင့် မြေကြီး ဘယ်လောက်ကြီးလဲ မသိတဲ့ကောင်ပဲ။

ဆွန်းမိုလည်း ချန်လုံကို ပစ်ကန်ချင်လာသည်။ သူ့အခြေအနေကို မသိတာလား။ သူသာဒီတိုင်းဆက်လုပ်နေရင် သူတော်စင် တဝက်ဖြစ်သွားနိုင်သည်။ (အသေထွက်)

သို့သော်လည်း ဆွန်းမိုသည် နဖူးတွင် အမှိုက်ဆိုသော စာရှိသည့်ကောင်လေး၏ မျှော်လင့်ချက် မျက်လုံးများကို မြင်ပြီး ကဲ့ရဲ့မည့်

စကားလုံးများကို ပြန်မြို့ချလိုက်သည်။ ထိုအစား ပြုံးလိုက်သည်။

"မင်း သူတောင်စင်တစ်ယောက် ဖြစ်လာမယ်၊ မဖြစ်လာဘူးလို့တော့ ငါအာမ မခံဘူး။ ဒါပေမယ့် မင်းကို အကောင်းဆုံး သင်ပေးမယ်လို့တော့ ငါအာမခံတယ်။ အနာဂတ် မင်းရဲ့အောင်မြင်မှုတွေက မင်းရဲ့ ကြိုးစားမှုနဲ့ပဲ ဆိုင်မယ်။"

ဒီစကားကို ဆွန်းမို နောက်ပြီးပြောလိုက်တာ မဟုတ်ပါ။ ထိုအရာက သူဆရာလုပ်ကတည်းက လိုက်နာသော နိယာမဖြစ်သည်။ ရလဒ်

ဘယ်လိုပဲဖြစ်ဖြစ် ဘယ်ကျောင်းသားကိုမှ ခွဲခြားပြီး မဆက်ဆံပါ။

"မင်း ကအရူးလား။ ဘာလို့ ဒီလို မေးခွန်းမေးတာလဲ။ ဆွန်းမိုက သူ့ကိုယ်သူတောင် သူတော်စင်ဖြစ်မယ်လို့ အာမ မခံရဲဘူး"

လင်ကျန်က ဒေါသတကြီး ပြောလိုက်သည်။ သူ့တံထွေးတွေက ချန်လုံ မျက်နှာကို ထိလုမတတ်ဖြစ်နေသည်။ ဗဟိုပြည်နယ် အကယ်ဒမီကို ဒီလိုကျောင်းသားမျိုး မဝင်ရဘူး။

"လူတစ်ယောက်က အိပ်မက်မရှိရင် ငါးခြောက်နဲ့ ဘာကွာမှာလဲ"

ဆွန်းမိုက လင်ကျန်ကို စိုက်ကြည့်ကာ ပြန်ပြောလိုက်သည်။ ငယ်ရွယ်စဉ်တွင် အိပ်မက်မရှိဘဲ လိုက်လုပ်နေပါက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ ၊ ကမ္ဘာကြီးမှာ အနာဂတ်ရှိပါသေးသည်။

ရွှန်!

ဒေါသထွက်နေသော ဆွန်းမိုဆီက ရွှေရောင်အလင်း ထွက်ပေါ်လာသည်။

"ဒါက တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အရှိန်အဝါပဲ"

တစ်ယောက်ယောက်က အလန့်တကြား ထအော်လိုက်သည်။

ရှွတ်! ရှွတ်! ရှွတ်!

ရွှေရောင် အလင်းတန်းများသည် အပြင်ဘက်ကို မိုးရေများကဲ့သို့ ပျံ့နှံ့လာကာ မီတာ ၁၀၀ လောက်ကို ကျယ်လာပြီး လူအုပ်ကြီးကို ဖုံးသွားသည်။

သူတို့လည်းရွှေရောင်ကြောင့် တောက်ပလာပြီး စိတ်နှင့် ဝိညာဉ်များ ချက်ခြင်းတုန်လှုပ်လာသည်။

သူတို့ မေ့နေသော အိပ်မက် များလည်း ပြန်ပြီး မြင့်တက်လာသည်။

အချိန်တော်တော်ကြာသည် အထိ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။ လူတိုင်း သူတို့၏ အိပ်မက်ထဲတွင် နစ်မြှုပ်သွားသည်။

(အိပ်မက် မရှိတဲ့လူရှိလို့လား)

နာမည်ကြီး ကျောင်းတစ်ကျောင်းကို ဝင်ခွင့်ရပြီး တိတ်တိတ်လေး သဘောကျနေရတဲ့ ကောင်မလေးကို

လိုချင်သူ၊ အလုပ်အကိုင်ကောင်းကောင်းကို လိုချင်သူ...................

အမှတ်အပြည့်ရသည့် နံပါတ်တစ် ကျောင်းသားတစ်ယောက်ဖြစ်လာတာကို ပင် အိပ်မက်လို့ ဆိုနိုင်သည်။

"သူတော်စင် တစ်ဦးဖြစ်လာခြင်း..."

လင်ကျန် ရေရွတ်လိုက်သည်။ သတိပြန်ရလာလျှင် သူ့ပါးပေါ်တွင် မျက်ရည်စီးကြောင်းရှိနေသည်။

သူလဲ ငယ်ရွယ်စဉ် တချိန်တုန်းက ရည်မှန်းချက်ကြီးပြီး သွေးပူဖူးသည်။ ဒါပေမယ့်

အသက် (၄၇) နားရောက်သည်အထိ ကြယ်တစ်ပွင့်မြတ်ဆရာသာ ဖြစ်နေတုန်းပဲ။ သူတော်စင် တစ်ယောက်မဖြစ်ရင်တောင် သူမသေခင် ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်တော့ ဖြစ်ချင်သေးသည်။

လီဇီချီလည်း ဆွန်းမို၏ တန်ဖိုးဖြတ်မရသော အကြံပြုချက် မြတ်ဆရာအရှိန်အဝါကြောင့် ပတ်ဝန်းကျင်က လူများ သတိရ မှန်းဆခြင်းထဲတွင် နစ်မြှုပ်နေကြသည်ကို တွေ့လိုက်ရင် စိတ်လှုပ်ရှားလာပြီး

"ဆရာ က   အရမ်းတော်တာပဲ"

ဒင်!

လီဇီချီ၏ လေးစားအထင်ကြီးမှု - +၁၅

လီဇီချီနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၇၁/၁၀၀)

လုချီဟွာသည် ဆွန်းမိုကို ကိုးကွယ်သည့် အကြည့်နှင့် စိုက်ကြည့်နေသည်။ သူမ၏အဝတ်ကို ဆုပ်ကိုင်ထားသော လက်များပင် ပိုတောင့်တင်းလာသည်။

ဒင်!

လုချီဟွာ၏ လေးစားအထင်ကြီးမှု - +၃၀

လုချီဟွာနှင့်

လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ(၆၈/၁၀၀)

စနစ်၏ သတိပေးချက်များကို ကြားပြီး ဆွန်းမို၏ နှုတ်ခမ်းကွေးသွားသည်။ ထင်ထားသလိုပင် ရိုးသားသူများသည် ပိုလေးစားလွယ်သည်။

“ဒါက မင်းတို့ကိစ္စပဲ”

လင်ကျန်လည်း နိုးလာပြီး သူ့အကျႌလက်များကို ခါပြီးထွက်သွားသည်။ သူဆက်ပြီး ပြဿနာရှာချင်စိတ် မရှိတော့ပါဘူး။

"ဆရာဆွန်း ကျေးဇူးပြုပြီး တပြည့်အဖြစ်လက်ခံပေးပါ"

ချန်လုံက ဒူးထောက်ပြီး ဂါ၀ရပြုလိုက်သည်။

ဒင်!

ချန်လုံ၏ လေးစားအထင်ကြီးမှု - +၃၀

ချန်လုံနှင့်
လေးစားအထင်ကြီးမှုဆက်သွယ်ချက်ကို
ဖွင့်လိုက်သည်။

ချန်လုံနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၃၀/၁၀၀)

ဆွန်းမို၏ တန်ဖိုးဖြတ်မရသော အကြံပြုချက်အရှိန်အဝါသည် ချန်လုံအပေါ်ကို သက်ရောက်မှု အရှိဆုံးဖြစ်သည်။ သူ့ကိုယ်သူ ပြန်ထူနိုင်ခဲ့စေသည်။

“မြန်မြန်ထတော့”

ဆွန်းမိုက နောက်တစ်ခါကြည့်လိုက်ရင် ဆန္ဒက +၂ ဖြစ်နေသည်။ သူ့ကိုယ်သူသတ်သေနိုင်သည် ဆိုသောမှတ်ချက်လည်း ပျောက်သွားသည်။

“အင်း...”

လီဇီချီလည်း စိတ်ထဲတွင် သက်ပြင်းချလိုက်ပြီးနောက် သူမ အသိအမှတ်ပြုလိုက်နိုင်သည်။ သူမက ပြုံးရွှင်သောမျက်နှာနှင့် “ပညာသင်ဘက်မောင်လေး ချန်၊ ငါက အကြီးဆုံး အစ်မကြီးပါ။ သူက ဒုတိယ ပညာသင်ဖက် အစ်မ လုချီဟွာပါ”

သူမက အဆင့်အတန်းကိစ္စကို အရင်ဖြေရှင်းလိုက်သည်။ လူတိုင်းသဘောတူပြီးနောက် လုချီဟွာ သို့မဟုတ် ရှန်ယွန်ပေါင်တို့ နောင်တရလည်း ပြောင်းလဲလို့ မရပါ။

“ငါဝန်ခံပါတယ် ဆရာက မဆိုးပါဘူး”

ချန်လုံက လီဇီချီ၊ လုချီဟွာနှင့် ဆွန်းမိုတို့ကို ပထမဆုံး အကြိမ်လေ့လာပြီး နှုတ်ဆက်လိုက်သည်။ ဆွန်းမိုက အရမ်းငယ်သေးသည်။

ကြည့်လို့ကောင်းသည့် ဇာတ်ပွဲ မရှိတော့သဖြင့် လူစုလည်း ကွဲသွားသည်။

“မင်း ဘယ်လိုထင်လဲ”

“ငါထင်တာတော့ ဆွန်းမိုက စိတ်မြန်လွန်းအားကြီးတယ်၊ သူ့ဆုံးဖြတ်ချက်က သူ့ကို ထိခိုက်လိမ့်မယ်။ ချန်လုံက သူ့အတွက် ကြီးမားတဲ့ အနာအဆာဖြစ်လာပြီး သူရဲ့ ဆရာတစ်ယောက် လမ်းကြောင်းမှာ အဆိပ်အတောက် ဖြစ်လာလိမ့်မယ်”

“ချန်လုံ၏ အပြုအမူသည် တော်တော်ဆိုးဝါးမှာ သေချာတယ်၊ ဒါကြောင့် လူတိုင်းက

သူ့ကိုစွန့်ပစ်ခဲ့တာ။ ဒါက ဘယ်လောက်ဆိုးမယ်လို့ မင်းထင်လဲ။ သူ့နဖူးမှာ စာရေးလောက်တဲ့ အကြောင်းပြချက်တောင် ဖြစ်နိုင်တယ်”

အနီးအနားရှိ ဆရာများက ထွက်သွားရင်း ပြောဆိုနေကြသည်။ ဘယ်လိုပဲပြောပြော ဆွန်းမိုသည် အရမ်းကြီး မစဉ်းစားပါ။ သူသည် သူ၏ အသက်မွေးဝမ်းကြောင်းကိုတောင် စွန့်ပစ်လိုက်သလို ဖြစ်နေသည်။ ထိုအပြုအမူက တကယ်ကို မိုက်မဲလွန်းသည်။

ဂျီမဲဂျဲလည်း ထွက်သွားတာကြာပြီ ဖြစ်သည်။ သူမသည် လွန်ခဲ့သောရက်က ကြေကွဲခြင်းမရှိကန်တွင်တွေ့ခဲ့သော လည်ပင်းကုသပေးသည့် ကောင်လေးအကြောင်းကို တွေးနေသည်။

“ဒါဆို သူက ဆွန်းမိုပေါ့”

ဂျီမဲဂျဲ နည်းနည်းတော့ အံ့အောသင့်သွားသည်။ သူသည်ကောလဟာလ ပျံ့နေသလို ညံ့ဖျင်းသည့်ပုံမပေါက်ပါဘူး။ ထို့အပြင် “ငါဆွန်းမို အရှုံးမပေးဘူး၊ ထွက်မပြေးဘူး၊ ငြိမ်မခံဘူး။” ဆိုတဲ့စာသား

အကြောင်းလည်းပါသည်။ တကယ် စကားပြောကောင်းတာပဲ။ သူမသည် လက်ခုပ်တောင်တီးပြီး အားပေးလိုက်ချင်သည်။

ဂျိမ်ဂျဲ ရပ်လိုက်ကာ နောက်ကို လှည့်ပြီး အဝေးကို ကြည့်လိုက်သည်။ ထိုအကြောင်းပြောရရင် မာဆက်သည် တော်တော်လေးကောင်းသည်။ လည်ပင်း အနှိပ်ခံပြီး ကတည်းက ဒီရက်ပိုင်း နေလို့ထိုင်လို့ တော်တော်လေး အဆင်ပြေသည်။ သူမ နှိပ်ခိုင်းဖို့ တောင်းဆိုသင့်လား။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၄၆) - မကြောက်နဲ့ ၊ ဆန်ပျော့စားတဲ့ကောင်ပါ။

ဂျိမ်ဂျဲ၏ လေးစားအထင်ကြီးမှု +၁

ဂျိမ်ဂျဲနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်။ မူလ(၂/၁၀၀)

ရုတ်တရက် အသိပေးချက်ထွက်လာသဖြင့် ဆွန်းမို အံ့အောသွားသည်။ သူတွေးလိုက်မိတာ လှပလွန်းသည့် မြတ်ဆရာမ အကြောင်းပါ၊ အထူးသဖြင့် သူမ၏ အရည်ရွှမ်းလှသော မျက်ဝန်းများ ဖြစ်သည်။ ၎င်းကိုတစ်ချက်ကြည့်လိုက်မိပါက မည်သူမဆို သတိရနေမှာပါ။

“စနစ်၊ တကယ်လို့ အမှတ်စုဆောင်းတာ လုံလောက်ရင် ငါက ပစ်မှတ်ကို လုပ်ချင်တာ လုပ်လို့ရတယ်လို့ ဆိုလိုတာလား”

ဆွန်းမိုသည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သော်လည်း ဂျိမဲဂျဲကို ရှာမတွေ့ပါ။

“ငါ့ကို အချစ်အပြာရောင် လိုးရှင်း စနစ်လို့ မင်းထင်နေတာလား” စနစ်က တုန့်ပြန်လိုက်သည်။ “လေးစားအထင်ကြီးမှု အမှတ်တွေကို စုဆောင်းနေရင် ကြာပါတယ်။ သူမကို ပိုက်ဆံ နည်းနည်းလောက် ပေးလိုက်ပါလား။ ဆောရီး မေ့သွားတယ် မင်းက သနားစရာ ကောင်းလောက်အောင်ကို မွဲတာပဲ”

“ငါမင်းကို နှိပ်စက်မယ်ဆိုတာ ယုံလား”

ဆွန်းမို ဆွံ့အသွားသည်။ သို့သော်လည်း စနစ်မှန်ပါသည်။ သူသည် တကယ်ကို ဆင်းရဲလွန်းသည်။ ကျန့်ချင်ဖန်ဆီက ပိုက်ဆံရအောင် အနောက်ဘက်ကို ခရီးသွားခြင်းဝတ္ထုကို အမြန်ပြီးအောင် ရေးရတော့မည့် ပုံ ပေါက်နေသည်။

ယောက်ျားတစ်ယောက်သည် မနက်စာကို ကြက်ဥ ပြုတ်တစ်လုံးတောင် မတတ်နိုင်ရင် တော်တော်သနားဖို့ ကောင်းသည်။

ဖြောင်း! ဖြောင်း!

ယူရုံပိုက လက်ခုပ်တီးပြီး သူ့ဆီကို လျှောက်လာသည်။ "ဘယ်လောက်တောင် ကောင်းတဲ့ တုံ့ပြန်မှုလဲ ။ မင်းတန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို ကောင်းကောင်းသုံးခဲ့တာပဲ"

ဆွန်းမိုလှည့်ကြည့်လိုက်တော့ လေးထောင့်မျက်နှာနှင့် လူကိုတွေ့လိုက်သည်။

"မင်းကို မြတ်ဆရာက ပြန်လက်စားချေမှာ မကြောက်ဘူးလား။ သူက ကြယ်တစ်ပွင့်ပဲရှိတဲ့ မြတ်ဆရာတစ်ယောက်ဆိုရင်တောင် မင်းထက် အများကြီး မြင့်တယ်"

ယူရုံပိုက စပ်စုလိုက်သည်။

"ငါကြောက်ရင် ငုံ့နေမှာပေါ့"

ဆွန်းမိုက မျက်လုံးပြူးပြီး ပြန်ဖြေလိုက်သည်။ စိတ်မချမ်းသာတော့ရင် နှုတ်ထွက်လိုက်မည်။ ကမ္ဘာကြီးက အကြီးကြီးပါ ဘယ်ကိုသွား သွားရသည်။

သူဒီကိုရောက်တာ မကြာသေးသည့်အတွက် မရင်းနှီးသေးတာကြောင့် ထွက်မသွားသေးတာပါ။ ထို့အပြင်သူ၏ ခန္ဓာကိုယ်က အန်ရှီဝေ

အပေါ်တွင် အမှတ်တရများနှင့် ခံစားချက်များလည်း ရှိနေသည်။ ထိုအရာတွေက သူ့ကို လွှမ်းမိုးနေသည်။

"ဟီး ဟီး" ယူရုံပိုက လီဇီချီကို တစ်ချက်ကြည့်လိုက်ပြီး ချန်လုံကို ကြည့်လိုက်သည်။ "ရန်ဖြစ်ဖို့ ထိုက်တန်လို့လား"

ချန်လုံကိုယ်ပေါ်တွင် ပျက်စီးနေသည့် ဝိညာဉ်တက်တူး အများအပြား ရှိနေသည်။ ထိုအရာတွေက ချီစုပ်ယူမှုကို ပြင်းထန်စွာ အနှောက်အယှက်ဖြစ်စေသည်။ ထိုကြောင့် သူ၏ ကျင့်ကြံမှုနှေးကွေးမှာ သေချာသည်။

ထိုအချက်ကြောင့် မသွေးရသေးသော ကျောက်စိမ်း ဖြစ်လျှင်ပင် ပျက်ဆီးနေပြီ ဖြစ်သည်။

"မြတ်ဆရာကို ဒေါသဖြစ်လို့ သူ့ကိုလက်ခံခဲ့တာ မဟုတ်ဘူး"

ဆွန်းမိုသည် ထိုစကားကိုပြောပြီး စိတ်ထဲက နောက်တစ်ခွန်းထပ် ပြောလိုက်သည်။

"တောက်! စနစ်က ခိုင်းလို့ လက်ခံခဲ့ရတာ။ သောက်ခွေး မစ်ရှင်ကြီး။ တကယ်ကို စိတ်ဆိုးစေချင်လို့လား။ စနစ် စောက်ကျင့် မကောင်းတာ ဖြစ်နိုင်သည်။"

သို့သော်လည်း ချန်လုံက သူ့ကို ဆရာအဖြစ်တင်ပြီးမှတော့ လုံးဝကို လမ်းညွှန်ပေးရမည်။

ချန်လုံသည် ယူရုံပို၏ စကားများကို ကြားပြီး အားငယ်သွားသည်။ သို့သော်လည်း ဆွန်းမို၏ အဖြေကို ကြားပြီးနောက် စိတ်အားပြန်တက်ကြွလာပြီး စိတ်ဝိညာဉ် နိုးကြားလာသည်။

ဒင်!

ချန်လုံ၏ လေးစားအထင်ကြီးမှု +၅

ချန်လုံနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် မူလ(၃၅/၁၀၀)

ဆွန်းမိုလည်း အံ့အော သွားသည်။ ချန်လုံသည် ခပ်ခွာခွာနေကာ မယဉ်ကျေးသည့် ပုံစံပေါက်နေသော်လည်း ကျေးဇူးတင်ရမှန်းတော့ သိသေးသည်။

ယူရုံပိုက စကားအများကြီး မပြောတော့ဘဲ ဆွန်းမို ပခုံးကို ပုတ်လိုက်ပြီး စိတ်ထဲက အရည်ချင်းပြည့်မီတဲ့ ဆရာတစ်ယောက်မှာ

ရှိသင့်သည့် စိတ်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုတစ်ခုလို့ မှတ်ချက်ပေးလိုက်သည်။

(အို ငါ့အပေါ်ကို အထင်ကြီးလေးစားမှု မပြပါနဲ့၊ ငါ့ကို လေးစားအထင်ကြီးမှု အမှတ်တချို့ပေးတာက ပိုပြီး လက်တွေ့ကြတယ်)

ဆွန်းမိုသည် တိတ်တိတ်လေး တွေးနေမိသည်။ သူသည် လင်ကျန်ကို စိတ်ထဲတွင် စေးမှတ်ထားစဉ်ကလဲ ပရော်ဖက်ရှင်နယ်ဆန်သော အပြုံးကို ပြုံးထားသည်။

ဒီကိစ္စက မပြီးသေးပါ။

“မစောတော့ဘူးပဲ၊ အတူတူစားကြရင်ကော ဘယ်လိုလဲ”

ယူရုံပိုက ဖိတ်ခေါ်လိုက်သည်။

“သေချာတာပေါ့”

ဆွန်းမိုကလည်း မငြင်းပါ။ ဒါက ကြယ်လေးပွင့်ဆရာတစ်ယောက်ရဲ့ နေ့လည်စာပါ။ ယူရုံပို၊ မျက်နှာလေးထောင့်နှင့်ကောင်သည် လင်ကျန်ထက် ကြယ်(၃)ပွင့်ပိုများသည်။

ဒင်!

ချန်လုံကို လက်ခံပြီး တာဝန်ပြီးမြောက်သည့်အတွက် ပိုင်ရှင်အား ဂုဏ်ပြုပါသည်။

ဆုလာဒ် - ကြေးသေတ္တာတစ်လုံး။

စနစ်က သတိပေးချက်ထွက်လာပြီးသည်နှင့် ဆွန်းမို့ရှေ့တွင် တောက်ပသော ကြေးရတနာ သေတ္တာတစ်လုံးပေါ်လာသည်။

ဆွန်းမိုက ဖွင့်ဆိုသော စကားမပြောရသေးဘဲ လုချီဟွာ ပခုံးကို ပုတ်လိုက်သည်။

"ဆရာ?"

လုချီဟွာက ပြောတာကို စောင့်ရင်း လှည့်ကြည့်လိုက်သည်။

"ဘာမှ မဟုတ်တော့ပါဘူး"

ဆွန်းမို ပြုံးလိုက်မိသည်။ သဘော်သီး မိန်းကလေးသည် တကယ့်ကို ကံတက်စေသည်။

ရှေးဟောင်း ဝေလငါးဆီပုလင်းက လေထဲတွင်လွင့်နေပြီး ရတနာသေတ္တာသည် ပျောက်ကွယ်သွားသည်။ ၎င်းက ကျွမ်းကျင်စာအုပ် မဟုတ်သော်လည်း အမှတ် တစ်ထောင်တန်သည်။

ထမင်းစားပြီးနောက် ချန်လုံ ထွက်သွားသည်။ သူသည်ဆရာတစ်ယောက်ကို အသိမှတ်ပြုထားပြီဖြစ်တာကြောင့် ဗဟိုပြည်နယ် အကယ်ဒမီတွင် စာရင်းသွင်း အတည်ပြုရမည် ဖြစ်သည်။ ထို့ကြောင့် ဆွန်းမိုနောက်ကို ဆက်လိုက်စရာ မလိုတော့ပါ။ ကိုယ်အခြေအနေကို ကောင်းကောင်းသိသည်။ သူတိုးတက်ချင်ရင် အချိန်တိုင်းကို ဆုပ်ကိုင်ထား နိုင်ရမည်။

လီဇီချီကတော့ သင်ကြားရေး အဆောက်အအုံကို လှည့်ပတ်ကြည့်ချင်နေသည်။

သင်ကြားရေးအဆောက်အအုံသည် သစ်သားနှင့် ကျောက်တုံးများကို ပေါင်းစပ်တည်ဆောက်ထားသည်။ လူအယောက် နှစ်ဆယ်ဆန့် အခန်း၊ ငါးဆယ်ဆန့် အခန်းနှင့် တစ်ရာဆန့် အခန်းဟု သုံးမျိုး ခွဲဆောက်ထားသည်။

ထိုအပြင် လူသုံးရာလောက်ဆန့်သော ဟောခန်းတစ်ခုလည်း ရှိသည်။

တက်ရောက်ကျောင်းသားဦးရေ ပိုများလေ အခန်းပိုကြီးလေဖြစ်သည်။ ဒါတောင်

မြွတ်ဆရာတစ်ယောက် ပောပြောပို့ချပါက အခန်းက ကျပ်နေပါအုံးမည်။ နားထောင်လိုသော ကျောင်းသား များခြင်းကို ဖြေရှင်းရန် အဖြေ မရှိပါ။

ကျောင်းတစ်ကျောင်းတွင် စာသင်အချိန်အတွင်း ကျောင်းသားဦးရေ နည်းလား ၊ များလား တိုက်ရိုက်ကြည့်ရှုပြီး သင်ကြားသော ဆရာ၏ ကျော်ကြားမှုနှင့် စွမ်းရည်ကို အကဲဖြတ်နိုင်သည်။

လီဇီချီသည် စကြံ်န်တွင် လျှောက်သွားနေသည်။ သူမသည် စာသင်ခန်းများကို သေသေချာချာ လေ့လာနေသည်။ အရင်တုန်းကတော့ သူမမိသားစုက

သီးသန့်ကျူရှင် စီစဉ်ပေးခဲ့တာကြောင့် ကျောင်းတစ်ခုမှ မတက်ဖူးပါ။

ဟောပြောခန်းမထဲတွင် ကျောင်းသားများစွာ ရှိနေကြသည်။ လီဇီချီသည် တစ်ချက်ကြည့်လိုက်ပြီး ထွက်သွားမလို့ လုပ်နေရင်းက ခေါင်းကို ပြန်လှည့်ကြည့်လိုက်သည်။ ထို့နောက် သူမက အသံတိုးတိုးလေးဖြင့် အော်သည်။

“ဆရာ၊ မြန်မြန်လာ မျိုးစေ့ကောင်းတစ်ခုတွေ့တယ်”

ဘယ်ဘက်ခုံတွင် အမွှာတစ်စုံထိုင်နေသည်။ သူတို့သည် လက်ရှိတွင် အစမ်းခန့်ဆရာတချို့နှင့် စကားပြောနေကြသည်။

“ဒီညီအစ်ကို နှစ်ယောက်ကို ဇောင်လို့ခေါ်တယ်။ အစ်ကို က ဇောင်ပိုင် ၊ ညီက ဇောင်အန် ပဲ။ သူတို့က အချက်အလက်စာအုပ်ထဲမှာ လည်း ပါတယ်။ သူတို့က ဝူရီကောင်စီမှ ဆင်းသက်လာပြီး သူတို့ရဲ့ မိသားစုသည် ဆေးရွက် ၊ ဆေးပင် လုပ်ငန်းကို အစဉ်အဆက်လုပ်ကိုင်လာတာ။ ငယ်စဉ်ကတည်းက ဆေးဖက်ဝင် ရေချိုးခဲ့ကြပြီး ခန္ဓာကိုယ်က

အလွန်ကြံ့ခိုင်သန်မာကြတယ်။ သူတို့က တော်တော်ချမ်းသာတယ်လို့ သတ်မှတ်နိုင်တယ်" လီဇီချီက ရှင်းပြသည်။

လီဇီချီက အချက်အလက်စာအုပ်ကို မြန်မြန်ကြည့်လိုက်ပြီး

"ဆဌမမြောက် စာမျက်နှာ ရှစ်ကော်လံ ဘယ်ဘက်အောက်ခြေမှာ"

လီဇီချီသည် သူမ၏ ထူးခြား ဉာဏ်ရည် ဆယ်မှတ် အစွမ်းက ပြနေသည်။ သူစောစောက

အပျင်းပြေ တစ်ချက်ကြည့်လိုက်ပြီး အလွတ်မကျက်မှတ်ဘဲနှင့်တောင် မှတ်မိနေသည်။

ဆွန်းမို၏ အကြည့်များသည် ချင်ဖန်နှင့် ဘေးတွင်ရပ်နေသော ချီရွှန်ကျားဆီကို ရောက်သွားသည်။

လီဇီချီကတော့ ဖောင်ညီအစ်ကို ခေါ်သွားခံရမည်ကို စိုးရိမ်နေသည်။ ထို့ကြောင့် သူမသည် သူတို့နှင့် စကားပြောနိုင်ရန် ပြေးသွားသည်။

ထိုအဖွဲ့လည်း စကားဝိုင်းကို ချက်ခြင်းရပ်လိုက်သည်။ ချင်ဖန်က

လီဇီချီကိုကြည့်ပြီးနောက် အကြည့်များက ဆွန်းမိုဆီကို ရောက်သွားသည်။ ရန်သူကြီးတစ်ယောက် ရောက်လာပြီ သူ့ရှန်ယွန်ပေါင်ကို ရှုံးနိမ့်သွားတာလူတိုင်း သိသည်။

"ဆွန်းမို မင်းနောက်ကျသွားပြီ၊ ငါ့တပြည့်လုပ်ဖို့ သဘောတူသွားပြီ"

ချင်ဖန်က မောက်မာသောလေသံဖြင့် ပြောလိုက်သည်။ ဒီတစ်ခေါက်တော့ ပျောက်ဆုံးနေသည့် မြေတစ်ကွက်ကို ပြန်တွေ့ခဲ့ပြီ။

"အိပ်မက် ကနေထပြီး စကားပြောစမ်းပါ"

ဆွန်းမိုက နှုတ်ခမ်းကိုတွန့်ပြီး ပြောလိုက်သည်။ အရှုံးမပေးသေးသော အစမ်းခန့်ဆရာများကို အနားတွင် တွေ့ရသည်။ ထိုအချက်ကြောင့် ဇောင်ညီအစ်ကိုသည် ဆရာ မတင်ရသေးတာ သေချာသည်။ အများစုက ချင်ဖန်၏ နှုတ်ကတိသာဖြစ်သည်။

"တပြည့်လက်ခံတာက ဆရာရဲ့ အရည်အချင်းပေါ် သက်ရောက်မှုရှိတယ်။ လူမိုက်တစ်ယောက်က တပြည့်လက်ခံဖို့ လုပ်နေတာကို ဆရာကောင်းတစ်ယောက်က ဘယ်လို

ခွင့်ပြုလို့ရမှာလဲ ” ဆွန်းမိုက လှောင်ပြီးပြောလိုက်သည်။

“ဟဲဟဲ ဆရာက တော်တော်နှုတ်စွာတာပဲ’

လီဇီချီက တိတ်တိတ်လေးပျော်နေသည်။

“လူမိုက်လို့ ဘယ်သူ့ကို ပြောတာလဲ”

ချင်ဖန်က ဒေါသတကြီး ပြန်မေးလိုက်သည်။ ဆွန်းမိုနောက်ကို လိုက်နေသည့် လီဇီချီကိုလည်း မြင်နေရသည်။ အချက်အလက်စာအုပ် က နံပါတ်တစ်အမျိုးသမီးက ဆွန်းမိုကို ရွေးချယ်သွားတယ်လို့ ယွမ်ဖန်ပြောတာ ကြားခဲ့သည်။

ရန်ငြိုးအသစ်ကို ထပ်လောင်းလိုက်သဖြင့် ချင်ဖန်သည် ဒီအချိန်တွင် ဆွန်းမိုကို သတ်ပစ်တာကလွဲရင် ဘာမှမလုပ်ချင်ပါ။

"ငါ့ကို ဘယ်သူပြန်ဖြေနေတာလဲ"

ဆွန်းမို ပခုံးတွန့်ကာ ပြန်မေးလိုက်သည်။

ယူရုံပိုသည် ပွဲကြီးပွဲကောင်းကိုကြည့်ရန် လက်နှစ်ဖက်ကို ပိုက်လိုက်ပြီး တံခါးကို မှီလိုက်သည်။

"တပြည့်နှစ်ယောက်လောက်ကို လက်ခံတာပဲ ဘာကို စိတ်ပျက်နေတာလဲ"

အားလုံးက အတူတူနေထိုင်ကြပြီး ယွမ်ဖန်က ဆွန်းမိုကို အမြဲတမ်း နှိမ့်ချဆက်ဆံခဲ့သည်။ ရုတ်တရုတ် ဆွန်းမို တပြည့်နှစ်ယောက်ကို လက်ခံလိုက်သဖြင့် သူသည် မနာလိုဖြစ်ပြီး သေတောင်သွားနိုင်သည်။ ကောင်းကင်ကြီးက အရမ်းဘက်လိုက်တယ်လို့လည်း ထင်သည်။

“ကျောင်းမှာ တပြည့်မွေးတဲ့ ဆရာတွေမှ အများကြီး။ သူတို့မှာဆို တစ်ဆယ်ကျော် နှစ်ဆယ်ကျော်လောက်ရှိတယ် ဒါတောင် တော်တော်နည်းသေးတယ်။ မင်းဘယ်လိုထင်လဲ”

ယွမ်ဖန်က လှောင်လိုက်သည်။ သူက ဖေါင်ညီအစ်ကို ကို စိုက်ကြည့်လိုက်ပြီး

“လျှို့ဝှက်ချက်တစ်ခု ပြောရအုံးမယ်၊ ကျောင်းသားတချို့က သူ့ကို ဆရာတင်ချင်ကြမှာပေါ့ ၊ ဒါကအရည်အချင်းကြောင့် မဟုတ်ဘူး ။ သူနဲ့စေ့စပ်ထားတာ ကျောင်းအုပ်ကြီး အန်ရှိဝေဖြစ်လို့ပဲ”

ဟောပြောခန်းမထဲက ကျောင်းသားများ လှည့်ကြည့်ကြသည်။

“မင်းစကားတွေက စည်းကျော်သွားပြီ”

“လီကောင်မလေး ။သူက ကျောင်းအုပ်ကြီးအန်ရဲ့ ပေါင်ကိုသာ မဖက်ထားခဲ့ရင် ဆရာတစ်ယောက်တောင်ဖြစ်လာမှာ မဟုတ်ဘူး” ယွမ်ဖန်က ထပ်ပြောလိုက်သည်။ သူက လီဇီချီနှင့် လုချီဟွာကို သွေးဆောင်ကာ “ မင်းတို့ကို သူလှည့်စားနေတာ၊ ကံကောင်းစွာဘဲ ကျောင်းရဲ့ အကြီးအကဲတွေက ထက်မြက်ပြီး သူ့ကို ဆရာဖြစ်ခွင့်ပေးလိုက်ရင် ကျောင်းသားတွေရဲ့ အချိန်ကို ဖြုန်းတီး ပစ်မယ်ဆိုတာ သိလို့ ထောက်ပံ့ရေးဌာနကို ပို့လိုက်တာ”

ဆွန်းမို ရှက်နေတာကို မြင်ရပြီး ချင်ဖန်က တည်တည်ငြိမ်ငြိမ်နဲ့ ကြည့်နေသည်။

ဇောင်ညီအစ်ကိုကလည်း ဆွန်းမိုကို အံ့သြတကြီး ကြည့်နေသည်။ သူတို့ မျက်လုံးထဲတွင် မယုံကြည်နိုင်မှုများ ပေါ်နေသည်။

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့"

လီဇီချီက ဒေါသထွက်လာပြီး ဝင်ပြောသည်။

"ဆရာဆွန်းက စိတ်ဓါတ် အရမ်းကောင်းတယ်"

လုချီဟွာကလည်း ပြောသည်။

"ငါ့မှာ သက်သေရှိတယ်"

ယွမ်ဖန်က အော်ပြောလိုက်သည်။

"ပြောပြ"

ချင်ဖန် မီးလောင်ရာဆီထည့်လိုက်သည်။ ဆွန်းမိုကို အသေသတ်ပစ်ဖို့ ကလွဲရင် ဘာမှ မလိုချင်ပါ။

ယွမ်ဖန်သည် ချင်ဖန်နောက်တွင် ရပ်နေသော ချီရွှန်ကျားကို ခေါ်ထုတ်လိုက်သည်။ " ဒီကျောင်းသားကို ချီရွှန်ကျားလို့ခေါ်တယ်။ သူ့အရင်တုန်းက ဆွန်းမိုကို လမ်းညွှန်ခိုင်းဖို့

စိတ်ရင်းအမှန်နဲ့ ရှာခဲ့တယ်။ ဆွန်းမိုသာ တကယ်အရည်ချင်းရှိရင် ဘာလို့ ဆွန်းမိုကို ဆရာမတင်ဘဲ ချင်ဖန်နောက်ကို လိုက်ခဲ့တာလဲ”

ချင်ဖန်က ဂုဏ်ယူသည့် ပုံဖြင့် မျက်နှာမော့ထားသည်။

“ဒါ့အပြင်၊ ဒီကျောင်းသားက ခန္ဓာကိုယ်ပြုပြင်ခြင်း တတိယအဆင့်မှာ ရှိသေးတယ်၊ ခင်ဗျားတို့မသိကြတာက ဆရာချင်ဖန်ရဲ့ လမ်းညွှန်မှုအောက်မှာ ငါးရက်အတွင်း အဆင့်နှစ်ခုကို ကျော်ဖြတ်ပြီး တိုက်ပွဲခန်းမ စမ်းသပ်မှုအတွင်း

အဆင့်(၁၀၈) ရှိတဲ့ ပိုင်ဝမ်လီ ခန္တာကိုယ်ပြုပြင်ခြင်းအဆင့်(၆)ကို အဆင့်ကျော်တိုက်ပြီး အနိုင်ယူခဲ့ကာ ခုတော့ တိုက်ပွဲခန်းမရဲ့ အဖွဲ့ဝင်တစ်ယောက် ဖြစ်လာပြီ”

ယွမ်ဖန်က ချီရှန်ကျားနောက်ကြောင်းကို မိတ်ဆက်လိုက်သည်။

ဟောပြောပွဲခန်းမအတွင်း တုန်လှုပ်ခြောက်ခြားနေသည့် အာမေဋိတ် အသံများ ထွက်လာသည်။ ‘ငါးရက်အတွင်း အဆင့်နှစ်ဆင့်တက်လာတယ်”၊ “အဆင့်၁၀၈”၊

“တိုက်ပွဲခန်းမရဲ့ အဖွဲ့ဝင်” ထိုအရာအားလုံးက လူအများ၏ လေးစားမှုကိုခံရန် လုံလောက်သည်။

လူတိုင်း၏ အကြည့်သည် ချီရှန်ကျားဆီကို ရောက်သွားသည်။ ချင်လင်မြို့တိုက်ပွဲခန်းမ၏ ကျော်ကြားသောဂုဏ်ကို တွေးလိုက်ပြီး ထိုကျောင်းသားသည် အဖွဲ့ဝင်ငါးရာထဲက တစ်ယောက်ဖြစ်ကြောင်းကို တွေးမိပြီး မနာလိုဖြစ်လာကြသည်။ အခုတော့ ချင်ဖန်ကို အားကိုးသော၊ စိတ်အားထက်သန်မှုများနှင့် ကြည့်နေကြသည်။

ဖောင်ညီအစ်ကိုလည်း အချင်းချင်း အကြည့်ဖလှယ်လိုက်ပြီး ဆုံးဖြတ်ချက်ချလိုက်သည်။

"ဘာလဲ မင်းမှာ ပြောစရာ မရှိတော့ဘူးလား" ယွမ်ဖန်က ဆွန်းမိုကို စိုက်ကြည့်ပြီး အခြေအနေ ပိုဆိုးအောင်မေးလိုက်သည်။ " မင်းမှာသာ အရည်ချင်းရှိတယ်ဆို၊ ဘာလို့ ချင်ဖန်ကို ဆရာတင်လိုက်တာလဲ"

"ဟဲဟဲ၊ ငါ့မျက်လုံးရှေ့မှာ ရှက်လို့ တွင်းတူးပြီး ပုန်းချင်နေပြီလား" ချင်ဖန်က မေးလိုက်သည်။ သူသေသွားသလိုကို အရမ်းပျော်သွားသည်။

“မဟုတ်ဘူး...........မဟုတ်ဘူး”

ချီရှန်ကျားသည် ရိုးသားပြီး နုံအကာ စကားပြော မကောင်းသူဖြစ်သည်။

“သူက မင်းကို လက်စားချေမှာ မကြောက်နဲ့ သူက မိန်းမတွေကို ချူစားတဲ့သူတစ်ယောက်ပဲ”

“မှန်တယ်။ ဘာပဲဖြစ်ဖြစ် မင်းကို ကာကွယ်ပေးမယ်” ချင်ဖန်က ပြောလိုက်သည်။

ဆွန်းမို ကတော့ ထူးပြီး ပြန်ငြင်းမနေပါ။ အဲဒီအစား ချီရှန်ကျားဘက်ကို ကြည့်လိုက်ပြီး

“ဒီရက်ပိုင်းအတွင်း မင်းခန္ဓာကိုယ် ဘယ်လိုလဲ နေကောင်းလား”

ဆွန်းမိုက သူ့ကို မဆူပဲ သူ့အတွက် စိုးရိမ်နေတာကို ကြားပြီး ချီရွှန်ကျား၏ မျက်လုံးများ ချက်ခြင်းနီလာသည်။ သူသည် ယွမ်ဖန်၏ လက်ကို ပြင်းပြင်းထန်ထန် တွန်းထုတ်လိုက်ပြီး ဆွန်းမို ရှေ့မှာ ဒူးထောက်လိုက်ကာ သုံးကြိမ်တိုင်တိုင် အရိုအသေပေးလိုက်သည်။

“အဖြစ်မှန်က ဒီအတိုင်းမဟုတ်ဘူး”

ချီရှန်ကျားက အောင်ပြောလိုက်သည်။

ဒီလို မမျှော်လင့်သည့် အဖြစ်အပျက်ကြောင့် ဟောခန်းမထဲရှိလူတိုင်း တိတ်ဆိတ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၄၇) - ချင်လင်မြို့၏ နံပါတ်တစ် ဆရာကောင်း။

“ဆရာဆွန်းရဲ့ အားထုတ်မှုကြောင့် ပိုင်ဝမ်လီကို နိုင်ပြီး တိုက်ပွဲခန်းမကို ဝင်နိုင်ခဲ့တာ” ချီရွှန်ကျား အော်ပြီး ရှင်းပြလိုက်သည်။

“အို”

ယွမ်ဖန်လည်း ဆွံ့အသွားပြီး ချင်ဖန်ကို ခိုးကြည့်လိုက်သည်။

ဆွန်းမိုကို လျှောင်ပြောင်ရန်လုပ်နေသော ချင်ဖန်လည်း အလွန်ရှက်သွားသည်။ တွင်းတစ်ခုကိုသာ ရှာပြီး ပုန်းလိုက်ချင်သည်။

“ဒါဆို...ဒါဆို ချင်ဖန်ကို ဘာလို့ ဆရာတင်တာလဲ”

ယွမ်ဖန်က မေးခွန်းထုတ်လိုက်သည်။

"ငါ့.....ငါ့အရည်အချင်းက ဆိုးလွန်းတယ်။ ငါ့မှာ ဆရာဆွန်းမိုကို သူ့တပြည့် အဖြစ်လက်ခံခိုင်းဖို့ မျက်နှာမရှိဘူး။ ဒီလိုလုပ်လိုက်ရင် သူ့အသက်မွေးဝမ်းကြောင်းမှာ ထိခိုက်သွားမှာ သေချာတယ်။ ဒီအချိန်မှာဘဲ လက်ထောက် ချင်ဖန်က သူ့တပြည့်အဖြစ် လာခေါ်လို့ သဘောတူလိုက်တာ"

ချီရွှန်ကျားက ရှင်းပြလိုက်သည်။

သူပြောပြီးသည်နှင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ချီရှန်ကျားက အများကြီး မပြောပေမယ့် သူ့စကားရဲ့ အဓိပ္ပာယ်ကို လူတိုင်းနားလည်သည်။ သူက နိမ့်ကျသည် ထင်သည့်အတွက် ဆွန်းမိုကို ဆရာတင်ဖို့ မဝံ့မရဲ ဖြစ်နေခဲ့တာပါ။ ထို့ကြောင့် တံခါးခေါက်သော ချင်ဖန်ကို ရွေးချယ်ခဲ့သည်။

ဒါကို ယှဉ်ကြည့်ရင် ဘယ်သူက ပိုပြီး အားကောင်းလည်းဆိုတာ သိနိုင်သည်။

ယူရုံပို လိုလူအတွက်တော့ အတွေးနက်သွားသည်။ ချီရှန်ကျားက ဆွန်းမိုကို ဆရာအဖြစ်ခေါ်ပြီး ချင်ဖန်ကို သင်ကြားရေး ဆရာ အဖြစ်သာခေါ်သည်။

ထိုအချက်ကိုကြည့်ပြီး ချီရွန်ကျား စိတ်ထဲတွင် သူတို့အနေထား၏ ခြားနားချက်ကို မြင်နိုင်သည်။ ချီရွန်ကျားက ထိုအချက်ကို လူသိရှင်ကြားပြောခြင်းလိုက်သည် ချင်ဖန် မျက်နှာကို ဖြတ်ရိုက်သလို ဖြစ်သွားကြောင်း သူမသိပေ။

တဖန် ချီရွန်ကျားသည် သူ၏မင်္ဂလာဆောင်တွင် သစ္စာဖောက်သည့် ဇနီးဖြစ်သူကိုတောင် ခွင့်လွှတ်ပေးမည့် ရိုးသားသောသူဖြစ်သည်။ သူ့စကား၏ အကျိုးဆက်က

ဘယ်လောက်ပြင်းထန်သည်ကို မတွေ့းမိတာ သေချာသည်။

ဒါမှမဟုတ် စဉ်းစားခဲ့တာလည်း ဖြစ်နိုင်သည်။ ဆွန်းမိုကို အလွန်လေးစားသောကြောင့် ဆွန်းမိုအတွက် ကူညီပြီး ရှင်းပြပေးခဲ့တာလဲဖြစ်နိုင်နေသည်။

"ကြားပြီလား"

လီဇီချီက ယွမ်ဖန်ကို မေးလိုက်သည်။

ယွမ်ဖန်၏ အတွေးသည် ကပေါက်တိ ကပေါက်ချာဖြစ်နေပြီး ဒါကိုဘယ်လို

ပြန်ဖြေရှင်းရမလဲ မသိတော့ပါ။ ဆန့်ကျင်ဘက်အနေနှင့် ဆွန်းမိုက မျက်နှာအေးစက်စက်နှင့် ပြောလိုက်သည်။

"ငါမင်းကို ဘယ်တုန်းက သင်ပေးဖူးလို့လဲ ။ ငါနဲ့ ကြုံသလို ဆက်ဆံဖို့ မကြိုးစားနဲ့"

ဆွန်းမိုသည် ချီရွန်ကြား၏စကားကို ကြားပြီး ကျေနပ်သွားသည်။ သို့သော် ချီရွန်ကျားအတွက်လဲ စိုးရိမ်သွားသည်။ (မင်းဒီလောက်ရိုး အ ရလား ၊ မင်းစကားကို ကြားပြီးရင် ချင်ဖန်က မင်းကို နှင်မထုတ်ရင်တောင် နှစ်အနည်းငယ်တော့

ပစ်ထားလိမ့်မယ်၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းကိုထိခိုက်မှာ သေချာတယ်)

တိုက်ရိုက် တပြည့်ကို ဆရာက နှင်ထုတ်လိုက်ပါက သူတို့၏ဘဝတွင် အမဲစက်ဖြစ်သွားမှာ သေချာသည်။ အခြေခံအားဖြင့် နောက်ဆရာတစ်ယောက်ကို ရှာရန် အရမ်းခက်သွားမည်။

ဆွန်းမို၏ စကားကိုကြားလိုက်ရင် ယူရုံပိုသည် ခေါင်းညိတ်လိုက်ပြီး ဆွန်းမိုကို ပိုသဘောကျလာသည်။

ဒင်!

ယူရုံပို၏ လေးစားအထင်ကြီးမှု +၁

ဆွန်းမိုသည် ယူရုံပိုကို တစ်ချက်ကြည့်လိုက်သည်။ ကြယ်သုံးပွင့်နှင့် အထက် မြတ်ဆရာများသည် အလွန်ကို တွန့်တိုတတ်ကြသည်။ ပိုများသည့် အမှတ်ကို ပေးလိုက်ရင် သူတို့သေသွားမှာ မို့လို့လား။

တကယ်တော့ ဆွန်းမိုသည် မြတ်ဆရာအဆင့်မြင့်လေ သူတို့ အတွေ့အကြုံ ပိုများလေဆိုတာ နားလည်ပါသည်။ ထို့အပြင်

ပါရမီရှင် များစွာကိုလည်းတွေ့ဖူးသည်။ အငယ်ကို သဘောကျပြီး သူတို့အပေါ်ကို လေးစားရန် ခက်လွန်းသည်။

"အာ"

ချီရွှန်ကျား လန့်သွားသည်။ ဆွန်းမို၏ ကောင်းမွန်သော ရည်ရွယ်ချက်ကို နားမလည်ပဲ ဆွန်းမိုက သူ့ကို တကယ်ဒေါသထွက်နေတယ်လို့ ထင်သွားသည်။ ထို့ကြောင့် နောက်ထပ်အကြိမ်ကြိမ် ဂါဝရပြုနေသည်။

"ချီရှန်ကျား မင်းကိုးကွယ်နေတာကို ရပ်လိုက်တော့၊ အတိတ်က ငါတို့ရဲ့ နှုတ်ကတိကို ထည့်မတွက်တော့ဘူး"

ချင်ဖန်က နှုတ်ဖြင့် သဘောတူညီချက်ကို အလေးထားပြီး ပြောလိုက်သည်။ ထိုအခြေအနေက လွတ်မြောက်ရန် လမ်းစရှာနေသည်ဟု ယူဆနိုင်သည်။

သူ့တွင် နတ်ဘုရားမျက်စိ မရှိသောကြောင့် ချီရှန်ကျား၏ အလားအလာကို ပကတိအတိုင်း မမြင်နိုင်ပေ။ အချိန်တိုလေးတွင် အဆင့်နှစ်ဆင့်

ချိုးဖောက်ကာ ပိုင်ဝမ်လီကိုပင် အဆင့်ကျော် အနိုင်ယူခဲ့သည်ကို မြင်ပြီး ဒီကောင်လေး ဉာဏ်အလင်းပွင့်ပြီး မိုးထိအောင် တက်တော့မယ်လို့ သူထင်ခဲ့သည်။ ထိုကြောင့် ချီရှန်ကျားကို စုဆောင်းရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

"သင်ကြားရေးလက်ထောက်ချင် " ချီရှန်ကျားက အလန့်တကြားအော်လိုက်သည်။ အဲဒီနောက် ဆွန်းမိုကို ခိုးပြီး တစ်ချက်ကြည့်လိုက်သည်။ တကယ်တော့ ဆွန်းမို၏ ကျောင်းသားဖြစ်ချင်တာပါ။

" မဟုတ်ဘူး၊ မင်းက ဆန်ပျော့စားကောင်လေ။ ကျောင်းအုပ်ကြီးအန်ရဲ့ ပေါင်ကိုသာ မဖက်ထားပါက ကျောင်းသားတွေကို ဘယ်လိုခေါ်နိုင်မှာလဲ၊ မင်းကိုယ်မင်း ချင်လင်မြို့ရဲ့ ထိပ်တန်း ဆရာတစ်ယောက်လို့ ထင်နေတာလား"

ယွမ်ဖန်က ခေါင်းကို ခါယမ်းလိုက်ပြီး မယုံကြည်နိုင်သည့် မျက်နှာနှင့်ပြောလိုက်သည်။ သူက ချီရွှန်ကျားကို လက်ညှိုးထိုးလိုက်ပြီး "ဒီကောင်လေးက မင်းအန်ရှီဝေနဲ့ စေ့စပ်ထားလို့ မင်းကို အပြစ်ပြုမိမှာ ကြောက်နေတာ"

ယွမ်ဖန်ကို ထိုအတွေးမျိုး ရှိနေတာ အပြစ်မတင်နိုင်ပါ။ သူနှင့် ဆွန်းမိုနှစ်ယောက်စလုံးသည် ဆွန်လေျောင်း အကယ်ဒမီက ဘွဲ့ရခဲ့ကြပြီး တစ်ဆောင်တည်းတွင် အတူတူ နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် ဆွန်းမိုအကြောင်းကို ကောင်းကောင်းသိသည်ဟု ယူဆနိုင်သည်။ ချင်ဖန်၏ အရည်ချင်းသည် သေချာပေါက် ဆွန်းမိုထက် သာသည်။

လွန်ခဲ့သော ဆယ်ရက်ကပင် ဆွန်းမိုသည် အရှုံးသမား တစ်ယောက်ဖြစ်နေသေးသည်။ သူက ဘာကြောင့် ရုတ်တရတ် ဒီလောက်တော်လာတာလဲ။

(မင်းသာ အရမ်းတော်နေရင် ငါတို့ကျောင်းတက်တုန်းက ထက်မြတ်တာကို ဘာလို့ မပြခဲ့တာလဲ။ ဒါကြောင့် တခြားသူတွေကို လှည့်စားဖို့ အန်ရှီဝေ၏ ကျော်ကြားမှုကို သေချာပေါက် အားကိုးနေတာပဲ ဖြစ်ရမည်။)

“ ပြောလို့ပြီးပြီလား ”

ဆွန်းမိုက လှောင်မေး မေးလိုက်သည်။

“မဟုတ်ဘူး”

ဆွန်းမို၏ တည်ငြိမ်သောမျက်နှာကို မြင်လိုက်ရင် ယွမ်ဖန် ပိုပြီး ဒေါသထွက်လာသည်။ (ဒီလိုလုပ်နေရအောင် မင်းမှာ ဘာအရည်ချင်းရှိနေလို့လဲ။ မင်းက ဒေါသထွက် မျက်နှာနီပြီး ငါနဲ့ ရန်ဖြစ်ရမှာလေ။ မြန်မြန်ဒေါသထွက်ပြီး ငါကိုရိုက်လိုက်ပြီး မင်းရဲ့ ပုံရိပ်အစစ်ကို ပြလိုက်လေ။)

“ထွီ၊ မင်းက အကြံကြီးတဲ့ ခွေးတစ်ကောင်ပဲ၊ ဒါကို အရင်တုန်းကဘာလို့ ငါမသိခဲ့တာလဲ”

ယွမ်ဖန်က တံထွေး ထွေးပြီးပြောလိုက်သည်။

ဆွန်းမိုက လက်လေးချောင်းကို ထောင်ပြလိုက်သည်။

"အမ်"

ယွမ်ဖန်ကြောင်သွားသည်။ နောက်ထပ် နှစ်ယောက်ရှိသေးတာလား။ (မင်းဘယ်လောက် လိမ်နေအုံးမှာလဲ)

"လမ်းဖယ်ပေးစမ်း ၊ လမ်းဖယ်ပေးစမ်း ၊ ရန်ပွဲရှိနေတာလား"

ယွမ်ဖန်က အော်ဟစ်ပြောဆိုနေသဖြင့် လူများက ဝိုင်းကြည့်နေကြသည်။ ရှန်ယွန်ပေါင်က အခုမှရောက်လာပြီး တိုးဝှေ့လာသည်။

“အို ၊ ငါ့တပြည့်လေးပါလား”

ဆွန်းမိုက ပြုံးပြီး ပြောလိုက်သည်။

“ရှန်ယွန်ပေါင်လို ပါရမီရှင်တစ်ယောက်က ဘာကြောင့် သူနောက်လိုက်တာလဲ”

ရှန်ယွန်ပေါင်သည် ဆွန်းမိုကို မြင်လိုက်ရင် ဟိတ်ဟန်ထုတ်နေတာကို ရုပ်သိမ်းလိုက်ပြီး ဆွန်းမို အရှေ့ကို သွားကာ ဦးညွှတ်လိုက်သည်။

"ဆရာ"

ထိုစကားပြောပြီးနောက် သူ့လုံကိုကိုင်ကာ ယွမ်ဖန်ကို စိုက်ကြည့်လိုက်သည်။ "ဆရာဆွန်းမို၊ ဒီလူက ဆရာကို ပြသနာ ရှာနေတာလား"

ရှန်ယွန်ပေါင်က ဆွန်းမိုကို ခွေးတစ်ကောင်လို ကာကွယ်နေတာကို မြင်ပြီး ယွမ်ဖန် အံ့ဩသင့်သွားသည်။ ဒီကျောင်းသားတွေ ဘာဖြစ်နေကြတာလဲ။

......ဦးနှောက်ထဲ.....ဝင်နေပြီလား။

"မဖြစ်နိုင်ဘူး၊ ကျောင်းအုပ်ကြီး နာမည်ကို အသုံးချပြီး ကျောင်းသားတွေကို လိမ်နေတာပဲ" ယွမ်ဖန်က ဆက်ပြီး

"ကျောင်းအုပ်ကြီး နာမည်နဲ့ ကျောင်းရဲ့ ဂုဏ်သိက္ခာကို မင်းကြောင့် မပျက်စီးစေရဘူး"

"ဘာတွေဆူညံနေတာလဲ"

ဆွန်းမို မလုပ်ချင်သော်လည်း ယွမ်ဖန်သည် အန်ရှီဝေအား နာမည်ဖျက်နေတာကို သူဘယ်လိုခွင့်လွှတ် နေရမှာလဲ။ ထိုကြောင့်

ဆွန်းမိုသည် သူ့လက်ညှိုးကို မြှောက်လိုက်ပြီး ယွမ်ဖန်ကို ညွှန်ပြလိုက်သည်။

"ဖောင်း..."

သူ့လက်ကနေ မီးခြစ်လိုက်သကဲ့သို့ ရွှေရောင်များ ဖြာထွက်လာသည်။ ထိုရွှေရောင်များသည် ချွန်ထက်သော ရွှေမြှားပုံသဏ္ဍာန်အဖြစ် ပေါင်းစပ်သွားပြီး ယွမ်ဖန်ဆီကို ဦးတည်သွားသည်။

အကွာအဝေးက အရမ်းနီးနေသောကြောင့် ယွမ်ဖန် တုံ့ပြန်ချိန် မရလိုက်ပါ။

"ရွှစ်"

ရွှေရောင်မြွားလေးသည် ယွမ်ဖန်၏ခေါင်းကို ထိသွားကာ သူ့ခေါင်း အနည်းငယ် အနောက်သို့ လှန်သွားသည်။ ခေါင်းက ပုံမှန် အနေအထားကို ပြန်ရောက်သောအခါ သူမျက်လုံးများတွင် အာရုံစူးစိုက်မှုများ ပျောက်ဆုံးနေသည်။ သူသည် အသိစိတ်မရှိတော့ပါ။

အ...

ယွမ်ဖန် မသိဘဲအော်လိုက်သည်။ သူသည်အရှေ့ကို ငေးကြည့်နေပြီး ပါးစပ်က အကျယ်ကြီးဟနေသည်။ ထိုပါးစပ်မှ သရေများ

စီးကျနေပြီး အဝတ်အစားများကို စိုစွတ်နေသည်။ မျက်ရည်များလည်း စီးကျလာသည်။

“သတိလစ်ခြင်းနှင့် အသုံးမကျခြင်း”

ချင်ဖန်၏ အမှုအရာ သိသိသာသာ ပျက်သွားပြီး အော်ဟစ်လိုက်သည်။ ထိုနောက်သူသည် ဆွန်းမိုရဲ့ ဝေးကွာစေရန် နောက်ကို ဆုတ်လိုက်သည်။ အခြားအစမ်းခန့် ဆရာများ၏ မျက်နှာများလည်း ကြည့်မကောင်းတော့ပါ။

“ဒါက (သတိလစ်ခြင်းနှင့် အသုံးမကျခြင်း) မြတ်ဆရာ အရှိန်အဝါလား”

"တစ်ခါမှ မမြင်ခဲ့ဖူးဘူး။ ဒီမြတ်ဆရာအရှိန်အဝါရဲ့ အကျိုးသက်ရောက်မှုကို ခံလိုက်ရတဲ့သူက ကြောင်တောင်တောင်ဖြစ်သွားပြီး အရူးတစ်ယောက်လို ဖြစ်သွားတယ်လို့တော့ ကြားဖူးတာပဲ"

"ကြောက်စရာကောင်း လိုက်တာ"

ကျောင်းသားများသည် ယွမ်ဖန်မျက်နှာ ပေါ်က အမူအရာကို ကြည့်ပြီး ဆွေးနွေးနေကြသည်။ သူသည် သရေကျနေပြီး ဦးတည်ရာမဲ့ လျှောက်သွားနေသည်။ စားပွဲခုံတချို့ကို တိုက်မိသော်လည်း တုံ့ပြန်မှုမရှိပါ။

ပရိတ်သတ်အားလုံးလည်း ကြောက်သလို ခံစားနေရသည်။ ဆွန်းမိုကို နောက်တစ်ခါကြည့်သော အကြည့်တွင် လေးစားမှုများ ပြည့်နေသည်။

ဒါမြတ်ဆရာ အရှိန်အဝါ၏ စွမ်းအားဖြစ်သည်။

ဒင်!

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု +၁၅

ချီရှန်ကျားနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး(၃၇၃/၁၀၀၀)

စနစ်က သတိပေးချက်ကို ကြားလိုက်ရပြီး နည်းနည်းလွဲနေသည်ဟု ထင်လိုက်သည်။

ချီရွှန်ကျားကို တိုက်ရိုက်တပြည့်အဖြစ် လက်ခံလိုက်ရမှာလား။

“အသက် ၂၀ မြတ်ဆရာ အရှိန်အဝါနှစ်ခု ။ လုံး၀ မဆိုးဘူးဘဲ”

ယူရုံပိုက ခေါင်းညိ့ှတ်ကာ မှတ်ချက်ပေးလိုက်သည်။ သုံးခုသာရှိရင် ပိုကောင်းမည်။ ဒါကလဲ အရမ်းကြီးမားသော မျှော်လင့်ချက်ဖြစ်သည်။ ဆွန်းမိုသည် သိမ်မကြာသေးခင်ကမှ ဘွဲ့ ရဖြစ်ပြီး ကျောင်းသားတစ်ယောက်ကိုမှ မသင်ကြားရသေးပါ။

မြတ်ဆရာအရှိန်အဝါကို ဆရာတွေနှင့် ယှဉ်ပြီး ဘယ်နားလည်နိုင်မှာလဲ ။ တကယ်တော့ လှည့်ကွက်တစ်ခု ရှိနေတယ်။ ဒါက ကျောင်းသားတွေကို သင်ကြားပေးတာပဲဖြစ်သည်။ သင်ခန်းစာအရေအတွက်သည် သတ်မှတ်ထားသည့် အရေအတွက်ကို ကျော်လွန်သွားရင် ဆရာများသည် လုံလောက်သော အတွေ့အကြုံနှင့် နားလည်မှုများကို စုဆောင်းလာနိုင်ကြသည်။ ထိုသို့သော အခြေအနေကိုလိုက်ပြီး အောင်မြင်လာကာ မြတ်ဆရာအရှိန်အဝါကို နားလည်လာကြမည်။

"ဆရာ၊ အရမ်းတော်တာပဲ"

လီဇီချီသည် လက်ခုပ်တီးကာ ပျော်ရွှင်နေသည်။ ထိုလူများနှင့် စကားများရန်ဖြစ်ရင် အဆင့်အတန်းကို ထိခိုက်သောကြောင့် ဆွန်းမိုသည် မြတ်ဆရာ အရှိန်အဝါကို အသုံးချပြီး ပြသနာကို ဖြေရှင်းလိုက်သည်။

ဒင်!

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁၀

လီဇီချီနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ(၈၃/၁၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်!

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၁၅

လုချီဟွာနှင့်လေးစားအထင်ကြီးမှု ဆက်သွယ်ချက်မှုလ(၈၃/၁၀၀)

လုချီဟွာက ဘာမှမပြောသော်လည်း သူဆီကရသည့် လေးစားအထင်ကြီးမှု အမှတ်များသည် သူမခံစားချက်ကို ဖော်ပြနေသည်။

ဆွန်းမိုကို လှေလာနေသည့် ဖောင်ညီအစ်ကို၏ မျက်လုံးများ အရောင်တောက်လာသည်။ ယွမ်ဖန်၏ စကားများကြောင့် မယုံနိုင်ဘဲ ဖြစ်နေပုံရသည်။

ထိုဆရာ ဆွန်းမိုသည် ဆန်ပျော့စားသမား တစ်ယောက်မဟုတ်ပါ။ မည်သို့ပင် လှည့်စားစေကာမူ ကျောင်းသားလေးယောက်ကို စည်းရုံးနိုင်သဖြင့် အရည်ချင်းရှိတယ် လို့ သတ်မှတ်နိုင်သည်။

“ဆရာ ၊ တပြည့်အဖြစ် လက်ခံချင်ပါသလား”

ရှန်ယွန်ပေါင်က သူ၏ စူးစူးရှရှဖြာထွက်နေသည့် လုံကို ဆွဲထုတ်လိုက်ပြီး

“လာ၊ ငါ့ကို အရင်တိုက်ကြည့် မင်းတို့တွေ ဆရာ့ တပြည့်ဖြစ်ဖို့ အရည်ချင်းမှိလား၊ မမှိလား လေ့လာကြည့်ရအောင်”

ရှန်ယွန်ပေါင်သည် တိုက်ပွဲကို ကြိုက်သည့်သူဖြစ်သည့်အတွက် လှံကိုထုတ်လိုက်သည်နှင့် သူ့ပုံစံက ထက်မြတ်လာသည်။ သူသည် ကိုက်စားရန် ပစ်မှတ်ကို ရွေးချယ်ထားသော ရက်စက်သည့် သားရဲတစ်ကောင်နှင့် တူနေသည်။

ဖောင်ညီအစ်ကို၏ အမူအရာသည် လေးလံသွားသည်။ ပါရမီရှင်များအနေဖြင့် ရှန်ယွန်ပေါင်သည် အလွန်သန်မာသော ရန်သူမှန်း ခံစားမိသည်။

"ဖောင်း"

လီဇီချီက အချက်အလက်စာအုပ်ကို လိမ့်ပြီး ပိတ်ရိုက်လိုက်သည်။

"ပြဿနာ ရှာမနေနဲ့"

(အမွှာညီအစ်ကို ရဲ့ အရည်အချင်းက မဆိုးပါဘူး၊ မင်းအရိုက်ခံရပြီး ထွက်ပြေးသွားရင် ဘယ်လို လုပ်မလဲ)

"ဘာလို့ ငါ့ကိုရိုက်တာလဲ "

ရှန်ယွန်ပေါင်သည် လီဇီချီကို စိုက်ကြည့်ကာမေးလိုက်သည်။ သူရဲ့စိတ်က မိန်းကလေးဆိုလည်း ပျော့ပြောင်းမသွားပါ။

“ဆရာသူက တိုက်ပွဲ စွဲလမ်းနေတဲ့သူပဲ ၊ သူ့EQက နိမ့်လွန်းတယ်”

လီဇီချီက ဘာကိုပြောရမှန်း မသိအောင်ဖြစ်နေသည်။ (ငါက ဆွန်းမိုနားမှာ ရပ်နေတာလေ၊ သာမန်လူတွေဆို ငါ့ပုံရိပ်ကို ခန့်မှန်းမိမှာပါ)

“ဆရာဆွန်းမို”

ဖောင်ညီအစ်ကို နှုတ်ဆက်လိုက်သည်။ ကျောင်းသားစုဆောင်းရေး ပထမနေ့တွင် လျို့မှုဘိုင်က ရှန်ယွန်ပေါင်ကို စုဆောင်းရန် ကြိုးစားတာကို မြင်ခဲ့ရသည်။

လျို့မှုဘိုင်သည် အလွန်ကျော်ကြားသူ ဖြစ်သည်။ သူသည် ဖောင်ညီအစ်ကို ဆရာတင်လိုသော ပစ်မှတ်များထဲက တစ်ခုဖြစ်သည်။ ရှန်ယွန်ပေါင်ကတောင် ဆွန်းမိုကို ဆရာအဖြစ်ရွေးချယ်ထားမှတော့ ဆွန်းမိုကို နည်းနည်းလေးတောင် မလှည့်စားရဲပါ။

ထိုမြင်ကွင်းကို မြင်လိုက်ရင် ချင်ဖန်လည်း စိုးရိမ်သွားကာ ဒေါသထွက်လာသည်။ ဆွန်းမိုကို စိုက်ကြည့်ကာ အော်လိုက်သည်။

"ဆွန်းမို ငါနဲ့ ပြိုင်ရဲလား"

ဒီနှစ်ရက်အတွင်း ချင်ဖန်၏ တပြည့်လက်ခံခြင်း လမ်းကြောင်းသည် အဆင်ပြေ ချောမွေ့ခြင်းမရှိဘဲ အကြိမ်ပေါင်းများစွာ ငြင်းပယ်ခံခဲ့ရသည်။ သူ့မျက်လုံးထဲက ကျောင်းသားများကို မစည်းရုံးနိုင်ဘဲ ဒေါသထွက်ခဲ့ရသည်။ ထိုကြောင့် သူ၏ပစ်မှတ်ကို လျော့ချပြီး ချီရွှန်ကျား ကို ခေါ်ယူနိုင်ခဲ့သည်။

အစောပိုင်းတွင် သူအလွန်ကြိုးစားပြီး ဓောင်ညီအစ်ကို ကိုယ်ယုံကြည်အောင်လုပ်နိုင်ခဲ့သည်။ အခုတော့ သူ့မျက်စိရှေ့တွင် ထိုအရာများက အငွေ့ပျံတော့မည်ဖြစ်သောကြောင့် သူ စိတ်မဆိုးမှသာ ထူးဆန်းနေမည်။

ဆွန်းမိုကတော့ ပြန်ပြီး မတုန့်ပြန်ပါ။ ဓောင်ညီအစ်ကို၏ အချက်အလက်များကို စစ်ဆေးနေသည်။

"ဆွန်းမို၊ မင်း ချင်လင်မြို့ရဲ့ နံပါတ်တစ် ဆရာကောင်း မဟုတ်ဘူးလား၊ လာပြိုင်စမ်းပါ"

ချင်ဖန်က ဆွန်းမိုကို အပျက်သဘောဆောင်သော မှတ်ချက်နှင့် လှုံ့ဆော်ပေးနေသည်။ ရှန်ယွန်ပေါင်နှင့် လီဇီချီတို့သည် ထူးချွန်သော ဆရာ၏ နောက်ကိုလိုက်နိုင်သည့် အခွင့်အရေးကို လွဲချော်သွားကြောင်း ဆွန်းမိုးအား တရားမျှတစွာ အနိုင်ယူပြီး သက်သေပြချင်သည်။

ဆွန်းမိုသည် သူ့အတွက် ဖိနပ်ကိုင်ဖို့တောင် အဆင့်မရှိပါ။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၄၈) - အကြံအစည်။

လူ၃ဂဂရာလောက်ဆန့်သည့် ဟောပြောခန်းမသည် အခုဆို ကျယ်ကျယ်ဝန်းဝန်း ရှိနေသည်။ ပြပွဲကိုကြည့်ဖို့ ကျောင်းသားအသစ်အများကြီး ရောက်လာကြသည်။ ထိုအထဲတွင် ဆရာတချို့တောင် ပါသေးသည်။

လူတိုင်း၏ တီးတိုးသံစကားများက သစ်ရွက်ပေါ်တွင် တွားသွားနေသော ပုရွတ်ဆိတ်များ၏ ညီးသံ ကဲ့သို့ အသံများထွက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖောင်ပိုင် အသက် ၁၂နှစ်။

ခန္တာကိုယ်ပြုပြင်ခြင်း အဆင့် (၁)။

ကြံ့ခိုင်မှု - ၆- အလွန်သာမန်ဖြစ်ပြီး မျက်လုံးနှင့် မဖော်ပြနိုင်ပါ။

ဉာဏ်ရည် - ၅- စံ ပြည့်ရုံသာ

သွက်လက်မှု - ၆ - အလွန်သာမန်ဖြစ်နေဆဲ။

ဆန္ဒ - တည်ငြိမ်လွန်းသော လူတစ်ယောက်၏ စိတ်နေစိတ်ထား

အာလားအလာ - ပျှမ်းမျှအထက်

မှတ်ချက် - အပြစ်အနာအဆာမရှိ၊ ခိုင်မာသော အချက်များလဲမရှိ။ ဒီလိုကျောင်းသားတွေက အကဲဖြတ်ဖို့ စိတ်ဝင်စားမှု စုစည်းရန် ခက်သည်။

ဆွန်းမိုသည် အချက်အလက်များကို ဖတ်လိုက်ပြီးနောက် ဇောင်အန်ကို ကြည့်လိုက်သည်။

ဇောင်အန် ၊ အသက် ၁၂နှစ်။

ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့် (၁)

ကြံ့ခိုင်မှု - ၆

ဉာဏ်ရည် - ၅

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သွက်လက်မှု - ၆

ဆန္ဒ - ၄

သူ့တန်ဖိုးက သူအစ်ကိုထက် ဆံတစ်မျှင်လောက် သာသည်။

မှတ်ချက်။ အမွှာများဖြစ်သည့်အတွက် ထင်ထားသည် အတိုင်း အခြေခံကိန်းဂဏန်းများ တူညီနေသည်။ အမွှာဖြစ်ခြင်း အကျိုးကျေးဇူးကို အမြင့်ဆုံးရနိုင်ရန် ပူးပေါင်းတိုက်ကွက်များကို လေ့ကျင့်သင့်သည်။

ဆွန်းမိုသည် စနစ်၏ အလားအလာတန်ဖိုး အဆင့်ကို အလွန်နိမ့်ကျ ၊ နိမ့်ကျ၊ ပျမ်းမျှအောက် ၊ ပျမ်းမျှ၊ ပျမ်းမျှအထက် ၊ မြင့်၊ အလွန်မြင့် သတ်မှတ်သည်။

ဇောင်ညီအစ်ကို ၏ အလားအလာတန်ဖိုးသည် ပျမ်းမျှ အထက်သာဖြစ်သည်။ ထိုအဆင့်ကို တတိယတန်းစား ကျောင်းသားအဖြစ် သတ်မှတ်နိုင်သည်။ သူတို့၏ရလာဒ်များသည် အများထက်သာလွန်ပြီး ကြိုးကြိုးစားစားလုပ်ပါက ထိပ်တန်းနှစ်ဆယ်ထဲကို ဝင်နိုင်သည်။ ဒါမှမဟုတ်

ထိပ်တန်း ဆယ်ရောက်ထဲ ဝင်နိုင်ရန် အနည်းငယ်မျှော်လင့်နိုင်သည်။ ဒါပေမယ့် ထိပ်တန်း သုံးယောက်ထဲကို ဝင်ချင်ရင်တော့ ဒါက လုံးဝမဖြစ်နိုင်ပါ။

ထိုညီအစ်ကိုတွင် မြင့်မားသော အလားအလာပင်မရှိပါ၊ စနစ်က စိတ်မဝင်စားတာ အံ့သြစရာတော့ မရှိပေ။

ဆွန်းမိုက တိတ်ဆိတ်နေတာကို မြင်ရင် ချင်ဖန်က သူ့ကို ကြောက်နေတယ်လို့

တွေးမိလိုက်ကာ ခေါင်းကို ကျေနပ်စွာ ယမ်းလိုက်ပြီး တံခါးကို မေးငေါ့ ပြလိုက်သည်။

“မပြိုင်ရဲရင်လည်း အခုပဲ ပြေးလိုက်ပါ။ မင်းကိုယ်မင်း စိတ်မပျက်ပါနဲ့ ”

“ ချင်လင်မြို့မှာရှိတဲ့ နံပါတ်တစ်ဆရာကောင်းက ကြောက်ရမှာလား ”

“ဆွန်းမို့, မ…အ…လ.. ကို ရိုက်ပစ်လိုက်”

“ဆွန်းမို့ မင်းကို ထောက်ခံတယ်”

အစမ်းခန့်ဆရာ တချို့ကလည်း သူ့ကိုအားပေးနေသည်။ လူတွေက ဆွန်းမို့ကို

အားပေးပေမယ့် စိတ်ထဲက ကျောင်းသားတွေကို စုဆောင်းထားနိုင်တာကြောင့် မနာလိုလို့ သေစေချင်နေသည်။ ထိုကြောင့် သူတို့ တိုက်ပွဲကို ဖြစ်စေချင်နေကြသည်။

ချင်ဖန်က ဘယ်သူလဲ။

သူသည် နာမည်ကြီး ကျောင်းကိုးကျောင်းထဲက တစ်ကျောင်းဖြစ်သည့် ဂျိရှားသင်ကြားရေးနန်းတော်က ဘွဲ့ရတစ်ယောက်ဖြစ်သည်။ ဆွန်းမိုက ဘယ်လို နိုင်မှာလဲ ။ သူ ရှုံးခဲ့ရင်သာ အရှက်ကွဲမှာ သေချာသည်။

ထိုအချိန်တွင် ကျောင်းသားအနည်းငယ်ကလည်း သူ၏ ပင်ကိုယ် အရည်ချင်းသိသွားသောအခါ သူတို့ စဉ်းစားနိုင်မည်။ သူတို့သာ ဆရာနှင့် ကျောင်းသားဆက်ဆံရေးကို အစပြုနိုင်ခဲ့ရင် ဆွန်းမိုအတွက် သူ့နာမည်သည် အမဲစက်ထင်သွားမည်။

"ဆရာက မကြောက်ဘူး"

လုချီဟွာက ငြင်းလိုက်သည်။

"ဘယ်လို ပြိုင်ချင်လဲ "

ဆွန်းမိုက ယွမ်ဖန်ကို တစ်ချက်ကြည့်ကာ မေးလိုက်သည်။ ထိုလူသည် နှာရည်ယိုနေပြီး အရူးတစ်ယောက်လို ငေးကြည့်နေတုန်းပါ။ နံရံကို တိုက်မိသည့်အခါ ဘယ်ဘက်ကို ပြန်လှည့်ရမလဲ မသိဖြစ်နေသည်။ သူသည် ဒီအတိုင်း ရှေ့ဆက်သွားဖို့သာ ကြိုးစားနေသည်။

"ငါတို့တွေက ဆရာတွေဖြစ်လို့ သင်ကြားရေးစွမ်းရည်ကို ပဲ ပြိုင်ကြရအောင်"

ချင်ဖန်၏ အသံက ကြည်လင်ပြတ်သားနေသည်။ သူသည် လူအုပ်ကြီး၏ အကြည့်ကြားတွင် စိတ်ချလက်ချ ဖြတ်သွားသည်။

"အရင်ကမေးခဲ့ပြီးပြီ ၊ ဒီအမွှာညီအစ်ကိုက ကျင့်ကြံခြင်း အခြေခံအတူတူပဲ။ သူတို့ခွန်းအားကလည်း တော်တော်လေးဆင်တယ်။ ဒါကြောင့် ငါတို့ တစ်ယောက်ခြင်းဆီကို ခွဲသင်ကြမယ်။ နှစ်နာရီကြာရင် သူတို့နှစ်ယောက်ကို ပြိုင်ခိုင်းမယ်။ နိုင်တဲ့ဘက်က ပိုကောင်းတဲ့ ဆရာပေါ့"

ကျောင်းသားတွေကလည်း ခေါင်းညိတ်ထောက်ခံလိုက်သည်။ ဒီအကြံကောင်းပါသည်။

"တစ်ယောက်ယောက်က ရည်ရွယ်ချက်ရှိရှိ ဝန်မခံရင် ဘယ်လိုလုပ်မလဲ "

ရှန်ယွန်ပေါင်က ခေါင်းကုတ်ကာမေးလိုက်သည်။

" သူတို့က ငါ့ကိုတိုက်ကြလေ၊ ပိုကြာတဲ့သူက နိုင်တဲ့သူပေါ့"

တိတ်စမ်း

ရှန်ယွန်ပေါင် စကားကိုကြားရင် ကျောင်းသားများက ဝိုင်းဆဲကြသည်။ ဒါကြောင့်

ဟောခန်းတစ်ခုလုံး ဆဲဆိုသံများဖုံးသွားသည်။ (မင်းတော်တော် မိုက်နေလား)

ဖောင်ညီအစ်ကို က ရှန်ယွန်ပေါင်ကို အကြည့်စိမ်းများနှင့် ကြည့်နေကြသည်။ သူတို့အားလုံးဟာ ငယ်ရွယ်ပြီး မာနရှိသူတွေပါ၊ ဘာလို့ တခြားလူကို နင်းခြေခွင့် ပြုရမှာလဲ။

ဦးနှောက်မှာ ကြွက်သားတွေပြည့် နေတဲ့ တိုက်ခိုက်ရေးသမား။ တွေးကြည့်လိုက်ရုံနဲ့ ချင်ဖန်က သဘောတူမှာ မဟုတ်တာ အသေအချာပင်။

“ မင်းကို ရန်မဖြစ်စေချင်လို့ပါ ”

လီဇီချီက မပြောချင်သော်လည်း သူမ၏ ပညာသင်ဘက်မောင်လေးကို ရှင်းပြလိုက်သည်။

"ကျောင်းသားစုဆောင်းရေးပွဲအတွက် မြတ်ဆရာတွေ အများကြီး ရောက်လာတယ်။ ဖောင်ညီအစ်ကိုသာ ထူးချွန်ထက်မြတ်တဲ့ အရည်ချင်းရှိရင် အချို့သော မြတ်ဆရာများက တန်ဖိုးထားကြလိမ့်မည်။ ဒါဆို သူတို့ လုပ်မှာလား၊ မလုပ်ဘူးလား"

"မင်းတို့ လုပ်ချင်စိတ် ရှိလား"

ချင်ဖန်က ဖေါင်ညီအစ်ကိုကို ကြည့်ကာမေးလိုက်သည်။

"ငါတို့ လုပ်ချင်စိတ်ရှိပါတယ်"

ဖေါင်ညီအစ်ကိုသည် အချင်းချင်း အကြည့်ဖလှယ်ပြီးနောက် နှစ်ယောက်စလုံး သဘောတူလိုက်သည်။ သူတို့၏ အစွမ်းအစ ထုတ်ပြခွင့်ကို အရှုံးတစ်ယောက်သာ ငြင်းလိမ့်မည်။ ဟောပြောပွဲခန်းမက ပရိတ်သတ်ကို ကြည့်လိုက်ရင် ကြီးမားသည့် မြင်ကွင်းတစ်ခုဖြစ်နေသည်။

“တရားသူကြီးအဖြစ် နောက်ထပ် လေးစားထိုက်တဲ့ ဆရာတစ်ယောက်ကို ရှာသင့်တယ်။ ဒါမှ တရားမျှတမှုရှိမှာ”

လီဇီချီက အကြံပြုလိုက်သည်။

“ငါ လုပ်ပေးမယ် ”

ဂျီမဲဂျဲက ပြောလိုက်သည်။

အားလုံးလည်း ခေါင်းညိတ်လိုက်ကြသည်။ သူမ၏ ဝတ်ရုံပေါ်တွင် ရွှေချည်ကြိုး သုံးချောင်းကို မြင်လိုက်ရသဖြင့် ကျောင်းသားအားလုံး၏

အမှုအရာသည် လေးစားမှုအဖြစ် ပြောင်းသွားကာ ချက်ခြင်း ဦးညွှတ်လိုက်ကြသည်။

“ဆရာဂျီ မင်္ဂလာပါ”

ကျောင်းသားတွေက နှုတ်ဆက်လိုက်ကြသည်။

“ဆရာမဂျီ”

ဆရာတွေကလည်း နှုတ်ဆက်လိုက်ကြသည်။

“ဆရာမဂျီ”

ချင်ဖန်လည်း အံ့သြသင့်သွားသည်။ ဒီအဖြစ်အပျက်ကို သူမက တကယ်

အာရုံစိုက်ခဲ့တာလား။ သူ့စိတ်နှင့် ဝိညာဉ် တုန်လှုပ်သွားသည်။ အခင်းဖြစ်ပွားရာနေရာတွင် မြွတ်ဆရာတစ်ယောက်နှင့် အတူရှိနေပါက ဆွန်းမိုသည် ရလာဒ်အား ငြင်းမှာ စိုးရိမ်စရာ မလိုတော့ပါ။

သူသာ စွမ်းဆောင်ရည်ပိုကောင်းပြီး ဂျိမ်ဂျဲ၏ ချီးကျူးမှုကို ခံရသရွေ့ ဗဟိုပြည်နယ်အကယ်ဒမီတွင် ပိုကောင်းသည့် နေ့ရက်တေွကို ပိုင်ဆိုင်လာတော့မည်။

"မင်းတို့နှစ်ယောက် ပထမဆုံးအနေနဲ့ သိုင်းဆယ်ကွက်လောက် ဖလှယ်လိုက်ပါ"

ဂျိမ်ဂျဲသည် လူအုပ်ထဲက ထွက်လာပြီး ဓောင်ညီအစ်ကို ကို ညွှန်ကြားလိုက်သည်။

ဂျိမ်ဂျဲ၏ ပုံရိပ်ကိုသိပြီး ညီအစ်ကိုနှစ်ယောက်လည်း တုန်လှုပ်သွားကာ သဘောတူပြီး ချက်ခြင်း စတိုက်လိုက်သည်။

ဒီအချိန်တွင် ဆွန်းမိုလား ၊ ချင်ဖန် လား ဘယ်သူကတွေးနေအုံးမှာလဲ။ ဂျိမ်ဂျဲကို အရည်ချင်းပြသရန်ကလွဲရင် ဘာမှ မလိုချင်ပါ။

"ကောင်းပြီ မင်းတို့နှစ်ယောက် စ လို့ရပြီ"

ဓောင်ညီအစ်ကို ဆယ်ကွက်ပြိုင်ပြီးနောက်ထပ်မံ လှုပ်ရှားပြချင်သော်လည်း ဂျိမ်ဂျဲက တားလိုက်သောကြောင့် ရပ်တန့်သွားသည်။

"သူတို့ရဲ့ အားသာချက် အားနည်းချက်တွေကို နှိုင်းယှဉ်ပြီး ဆွန်းမိုနဲ့ချင်ဖန် မင်းတို့ရဲ့ ကိုယ်စားလှယ်ကို ရွေးချယ်လို့ရပြီ"

"ဓောင်အန် မင်းငါ့လမ်းညွှန်မှုကို လက်ခံချင်စိတ်ရှိလား"

ချင်ဖန်က အငယ်ကောင်၏ နာမည်ကို တိုက်ရိုက်ခေါ်ကာ မေးလိုက်သည်။

ဓောင်ပိုင်က စတင်ပြီး သူ့အမူအရာတွင် စိတ်ပျက်ခြင်းနှင့် ဒေါသများထွက်လာသည်။ ချင်ဖန်က သူ့ညီငယ်ကို သူ့ထက်သာသည်ဟု ဆိုလိုတာ မဟုတ်လား။

“စိတ်ခါတ်မကျနဲ့ ၊ မင်းက အစ်ကိုကြီး ဖြစ်တာကြောင့် မင်းရဲ့ ပင်ကိုယ်စရိုက်က ပိုပြီး ရင့်ကျက်တယ်။ ဒါကြောင့် ခွန်းအားလည်း

နည်းနည်း ပိုမြင့်တယ်။ ဆွန်းမိုကို အခွင့်ကောင်းမယူချင်လို့ သူ့ကို ရွေးချယ်လိုက်တာ ။”

ချင်ဖန်က ရှင်းပြသည်။

“ဒါဆိုဒီကိစ္စက”

ဇောင်ပိုင်၏ အမူအရာလည်း ပြေလျော့သွားသည်။

“ကန့်ကွက်စရာ ရှိသေးလား”

ဂျိမဲဂျဲက ဆွန်းမိုကို မေးလိုက်သည်။

“မရှိဘူး”

ဆွန်းမိုက ခေါင်းယမ်းကာ ဖြေလိုက်သော်လည်း မျက်လုံးတွေက ချင်ဖန်ကို ကြည့်နေသည်။ ထိုလူသည် ဂျိုရှားသင်ကြားရေးနန်းတော်က ဘွဲ့ရတစ်ယောက် ဖြစ်သောကြောင့် ထင်ထားသလို သူ့သုံးသပ်ချက်တွေ ကောင်းမွန်သည်။

“မင်းတို့နှစ်ယောက် မင်းတို့ရဲ့ သက်ဆိုင်ရာ ကျောင်းသားတွေကို လမ်းညွှန်နိုင်ပြီ။ နှစ်နာရီကြာပြီးရင် ယှဉ်ပြိုင်ဖို့အတွက် သင်ကြားရေးအဆောက်အဦးရှေ့က ရင်ပြင်မှာ စုဝေးရမယ်”

ဂျိမ်ဂျဲသည် ထိုသို့ပြောလိုက်ပြီးနောက် ဆွန်းမိုကို တချက်ကြည့်လိုက်သည်။ သူ့အကြည့်တွင် အလိုမကျမှုများ ရောထွေးနေသည်။ ဒီလူက ပုံမှန်ကျောင်းက ဘွဲ့ရတယောက်ပဲ ချင်ဖန်က ပိုကောင်းသည့် ကျောင်းသားကို ရွေးချယ်သွားတာကိုတောင် သူဘာမှမသိပါလား။

“ဆွန်းမို နောက်မှ တွေ့ကြမယ်”

ချင်ဖန်က ယဉ်ယဉ်ကျေးကျေး ပြောလိုက်သော်လည်း စိတ်ထဲတွင် သာလွန်သည့် ခံစားချက်နှင့် ပြည့်နေသည်။

(မင်းဟာ အမှိုက်ကျောင်းကနေ ဆားနယ်ထားတဲ့ ဘွဲ့ရတစ်ယောက်ပါပဲ။ အများစုကတော့ သိနှင့်နေပြီ ငါဂိမ်းကစားပြီး အနိုင်ယူလိုက်ပြီ ဆိုတာတောင် မင်းမသိဘူး မှတ်လား)

"ငါတို့အတွက် သင်ကြားရေးအခန်းကို ရှာနေစရာမလိုဘူး။ ဒီနေရာက ကောင်းတယ်။ တော်တော်ကို သာယာတယ်။"

ဆွန်းမိုက ထိုသို့ ပြောပြီး လက်ခုပ်တီးလိုက်သည်။

"ကျွန်တော် အားလုံးကို ထွက်သွားပေးဖို့ ပြောလို့ရမလား၊ တကိုယ်တော် လမ်းညွှန်မှု ဆက်လုပ်ချင်လို့ပါ"

ပရိတ်သတ်များက သိချင်နေကြသော်လည်း ဆရာနှစ်ယောက်၏ ဂုဏ်သတင်း၊ ကျောင်းသားနှစ်ယောက်၏ အနာဂတ်နှင့် ဆိုင်နေမှန်းသိသောကြောင့် အနှောက်အယှက်မပေးဘဲ ထွက်သွားရန် ဆုံးဖြတ်လိုက်ကြသည်။

ဖောင်ပိုင်ကဘာမှ မပြောသော်လည်း ဆွန်းမိုကို ကြည့်ပြီး ရင်တုန်နေသည်။

"စိတ်ပူမနေနဲ့၊ ဆရာက အရမ်းတော်တာ"

လီဇီချီက နှစ်သိမ့်လိုက်သည်။

"အမှန်ပဲ"

လုချီဟွာကလည်း ထောက်ခံလိုက်သည်။

ဂျိမဲဂျဲသည် နောက်ဆုံးမှ ထွက်ခွာသွားသည်။ ထို့နောက် ယူရှုံပိုက တံခါးပိတ်ကာ ကျော်တက်သွားသည်။

"ချင်ဖန်မှာ ကျွမ်းကျင်မှုတစ်ခုခုရှိတယ်။ ဆွန်းမိုက သူပြောတဲ့အတိုင်း မလုပ်သင့်ဘူး"

"အမ်"

ယူရုံပိုက ဆွန်းမိုတွင် အခွင့်မရှိကြောင်း သေသေချာချာပြောနေသဖြင့် လုချီဟွာ စိတ်ထဲတွင် တင်းကျပ်သွားသည်။

ဒီစကားကို ကြားလိုက်ရင် ဂျီမဲဂျဲ၏ ခြေလှမ်းများရပ်သွားသည်။ (ဒီသက်လတ်ပိုင်းလူက ဘယ်သူလဲ၊ ချင်ဖန်ရဲ့ အစီအစဉ်ကို ဘယ်လိုမြင်နိုင်တာလဲ) သူမဟာ အစက

ကျောင်းသားတစ်ယောက်၏ မိဘလို့ ထင်ထားခဲ့တာပါ။

ဆွန်းမို၏ လှည့်စားခြင်းမှ ကာကွယ်ရန်အတွက် ဂျိမ်ဂျဲရပ်လိုက်ပြီး တံခါး အပြင်ဘက်ကနေ အာရုံစိုက်နားထောင်နေခဲ့သည်။ သူမ၏ ပင်ကိုယ်စရိုက်က စည်းစနစ်ကျပြီး လေးနက်သည်။ ဆွန်းမိုသာ လှည့်စားခဲ့ပါက သူမက သနားညှာတာမှာ မဟုတ်ပါ။

"ကောင်းမွန်စွာ သုံးသပ်လိုက်ရုံနဲ့ နိုင်မယ်လို့ ထင်နေတာလား"

ဆွန်းမိုက ပြန်မေးလိုက်သည်။

"မင်း၊ ချင်ဖန်ရဲ့ အစီအစဉ်ကို သိတာပဲမှတ်လား။ ဒါဆို ဘာလို့ မပြောတာလဲ "

ယူရုံပို နားမလည်နိုင် ဖြစ်နေသည်။

" ဘာအစီအစဉ်လဲ " ရှန်ယွန်ပေါင်က ခေါင်းကုတ်ကာမေးလိုက်သည်။ "မင်းတို့ တွေ ဒီထက်ရှင်းအောင်ပြောလို့ မရဘူးလား "

"ဧောင်ပိုင် ချင်ဖန်ရဲ့ စကားကြောင့် လှည့်စားမခံနဲ့ ။ တကယ်တော့ သူက မင်းကို

ဓောင်အန်ထက် နိမ့်ကျတယ်လို့ မြင်နေတာ။ ဒါကြောင့် သူက ထိန်းသိမ်းဖို့ စပြောခဲ့တာ”

ဆွန်းမိုက ဓောင်ပိုင်၏ မျက်လုံးကို ကြည့်ကာ ရှင်းပြလိုက်သည်။

“ဟီး ဟီး”

ဓောင်ပိုင်က ရယ်လိုက်ပြီး “တိုက်ခိုက်ချင်စိတ်ကို နှိုးဆော်နေတာလား၊ အလုပ်မဖြစ်ပါဘူး၊ ငါတို့က နှစ်ပေါင်းများစွာ အတူတူ နေခဲ့ကြတာ တော်တော်လည်း လိုက်ဖက်ညီတယ်။

အကြီးတွေကလည်းပြောတယ် အမွှာတွေဆိုတော့ အရည်ချင်းက ဘယ်လောက်ကွာမှာလဲတဲ့။

"ဆရာ၊ မင်းမှာ ဒီလိုလှည့်ကွက် အသေးတွေသာရှိရင် မင်းမနိုင်မှာ ငါကြောက်တယ်"

ဧောင်ပိုင်က ဆွန်းမိုအတွက် မစဉ်းစားပါဘူး။

"မင်းမှားနေပြီ တိုက်ခိုက်မှုခြင်းယှဉ်ရင် ဧောင်အန်က မင်းထက် ပိုပြင်းထန်တယ်"

ဆွန်းမိုက လက်ညှိုးထိုးပြပြီး "များသောအားဖြင့် လေ့ကျင့်ရေးမှာ မင်းညီငယ်ကို ပိုပေးခဲ့တယ်လို့ ငါထင်တယ်"

"အယ်"

ဇောင်ပိုင် ပြန်တွေးကြည့်လိုက်ရင် ထိုစကားက အမှန်ပါ။ သူသည် မိနစ်အနည်းငယ်ကြီးသောကြောင့် အစ်ကိုဖြစ်သူ လက္ခဏာရှိသည်။ သူ့ညီလေးကို အလျော့ပေးရတာ အကြိမ်ကြိမ်ပါ။

"သာမန်လေ့ကျင့်ခန်း တစ်ခုဆိုရင် ကောင်းပါတယ်။ ဒါပေမယ့် အနာဂတ်ကို ထည့်စဉ်းစားရင် ဒီပြိုင်ပွဲက တော်တော်အရေးပါတယ်။ ဇောင်အန်ရဲ့ ရန်လိုမှုနဲ့ဆို အနိုင်ရဖို့ အခွင့်အလမ်း ပိုများသွားတယ်"

"အမ်?"

ဇောင်ပိုင်လည်း အံ့သြသင့်သွားသည်။

ဟောပြောပွဲခန်းမ အပြင်ဘက်တွင် ရှိနေသော ဂျိမ်ဂျဲလဲ ထိုစကားကို ကြားပြီး သူမမျက်နှာပေါ်တွင် အံ့သြသင့်မှုပေါ်လာသည်။ ထို့နောက်သူမကိုယ် သူမ လှောင်လိုက်သည့် အပြုံးပေါ်လာသည်။ ဆွန်းမိုကို အမှောင်ထဲတွင် ရှိနေတယ်လို့ သူမထင်ခဲ့သည်။ ပုံမှန်ကျောင်းမှ ဘွဲ့ရတစ်ယောက်၏ ပုံရိပ်ကိုလည်း ရှုံ့ချခဲ့သည်။

လုချီဟွာသည် ဖေါင်ပိုင်၏ အမူအရာကို ကြည့်လိုက်ပြီးနောက် ဆွန်းမိုပြောတာ မှန်နေမှန်းသိလိုက်သည်။ သူမသည် ပျော်ရွှင်စွာ ဂုဏ်ယူနေသည်။ (ဆရာဆွန်းက တစ်ကယ်တော်တာပဲ)

ဒင်!

လုချီဟွာ ၏ လေးစားအထင်ကြီးမှု +၁၀

လုချီဟွာ နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၉၆/၁၀၀)

စနစ်သတိပေးချက်ကိုကြားသောအခါ ဆွန်းမိုသည် လုချီဟွာကို တစ်ချက်ကြည့်လိုက်သည်။ (အိုက်....ချစ်စရာကောင်းတဲ့ အမိုက်စားကောင်မလေး၊ ငါဘယ်လောက်တော်တယ်ဆိုတာ မသိသေးဘူး)

သိုသော်လည်း အဆင်ပြေပါသည်။ ရင်သားကြီးကြီးမားမားရှိတာနှင့် လုံလောက်ပါသည်။ နောက်ဆုံးတော့ သူမဟာ သူ့ကို ကံတက်စေပါသည်။

ဆွန်းမို အတွက်ကတော့ ရှန်ယွန်ပေါင် က ကြွက်သားနှင့်သာ ပြည့်နေသည့် ဒီကျောင်းသားသည်

လေးစားအထင်ကြီးမှုအမှတ် ပွံ့ပိုးပေးနိုင်ဖို့ မမျှော်လင့်နေတော့ပါ။ သူသက်ပြင်းချပြီး စတင်လိုက်သည်။ ရှန်ယွန်ပေါင်သည် သူ့ကို ဆရာတင်ထားသော်လည်း သူတို့ကြားက လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က အသက်မဝင်သေးပါ။

မမှားဘူးဆိုရင် ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု တစ်ချက်တောင် မရသေးပါ။

ယူရုံပိုလည်း အံ့ဩသင့်သွားပြီး သူ့အကြည့်တွေက ခါတိုင်းထက်တောင် ပိုလို့လေးစားမှုနှင့် ပြည့်နေသည်။

သို့သော်လည်း သူနားမလည်သေးပါ။ ဒီအကြောင်းကို မင်းသိပြီးသားဆိုရင် ဘာလို့ချင်ဖန်ကို ပေးရွေးလိုက်တာလဲ။

စာစဉ် - ၄

အခန်း(၄၉) - ခမ်းနားသော စွမ်းဆောင်ရည်။

ဆွန်းမို၏ အဖြေကိုစောင့်နေသော လူများလဲ အသက်ရှူချောင်သွားသည်။

“ငါ့အဲဒါကို ယူလိုက်ရင် ဘာဖြစ်လာမလဲ။ အငယ်ကောင်ကို ယူပြီး နိုင်သွားရင် ချင်ဖန်မှာ ဆင်ခြေရှိနေအုံးမှာ”

ဆွန်းမိုက ပခုံးတွန့်ကာ ရှင်းပြလိုက်သည်။

"မင်း ဇောင်ပိုင်ကို ဆက်သင်ပေးလို့ရပါပြီ" ယူရုံပို ကပြောလိုက်သည်။

"ဒါကအမှန်ပဲ၊ ရလာဒ်က အတူတူပဲမို့ မင်းက ဒါကို မပြောဘဲနေနိုင်တယ်။ ဇောင်ပိုင်ကို အောင်မြင်ချင်စိတ် ဖြစ်အောင် လှုံ့ဆော်ဖို့ သီးသန့် ပြောလို့ရပါတယ်။ ဇောင်ပိုင်က ဇောင်အန်ကို ရှုံးနိုင်သည့် တစ်ခုတည်းသော အကြောင်းပြချက်တော့ "ညီငယ်အား အနစ်နာခံလိုသောစိတ်" ပဲ "

ဒါကိုပြောပြီးချိန်တွင် လီဇီချီသည် ဆွန်းမိုလက်မောင်းကို ဆွဲကိုင် လှုပ်ယှမ်းကာ " ဆရာ၊ မင်းက တကယ့် အကြံသမားပဲ"

ဒင်!

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁၀

လီဇီချီနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ရင်းနှီး(၁၀၆/၁၀၀၀)

"ဂုဏ်ယူပါတယ်၊ လီဇီချီနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်သည် ရင်းနှီးအဆင့်ကို ရောက်သွားပါသည်။ သံအနက်ရောင်

ရတနာသေတ္တာတစ်လုံး ကို ဆုချီးမြှင့်သည်။ ကျေးဇူးပြုပြီး ဆက်ကြိုးစားပါ။”

အနက်ရောင်တောက်ပနေသော ရတနာသေတ္တာတစ်လုံးသည် ဆွန်းမိုရှေ့တွင် ပေါ်လာသည်။

တံခါးအပြင်က ဂျိမ်ဂျဲလည်း ထိုစကားကိုကြားလိုက်ရင် မသိစိတ်က ခေါင်းညိတ်လိုက်မိသည်။ ဆွန်းမို၏အစီအစဉ်တိုင်း ဆက်ဖြစ်နေတာလားတောင် တွေးလိုက်မိသည်။ ဒီကောင်သည် အကြံသမားပဲ။

သို့တိုင်အောင် ဂျိမ်ဂျဲသည် ဆွန်းမိုကို စက်ဆုပ်ရွံရှာမှု မဖြစ်ခဲ့ပါ။ နည်းနည်းတောင် ချီးကျူးချင်နေသေးသည်။

"နင်တို့ ဘာအကြောင်း ပြောနေကြတာလဲ"

ရှန်ယွန်ပေါင်သည် စကားအကြောင်းကို နားမလည်သဖြင့် ဝင်မေးလိုက်သည်။

"မင်းကသာ ဒီကိစ္စကို ရိုးရိုးလေးတွေးနေတာ။ ဇောင်ပိုင်ရဲ့ အလားအလာက သူ့ညီကို မယှဉ်နိုင်ဘူး လို့ သေချာပေါက်ပြောနိုင်တယ်"

ယူရုံပိုက သတိပေးလိုက်သည်။

"အံ့ဩစရာဘဲ"

ဆွန်းမိုက လက်မထောင်ပြီး လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်သည်။ တကယ်လို့ သူ့မှာသာ နတ်ဘုရားမျက်စိမရှိပါက သူတို့နှစ်ယောက်၏ အလားလာတန်ဖိုးကို သူမပြောပြနိုင်ပါ။ သို့သော်လည်း ယူရုံပိုက လုပ်နိုင်ခဲ့သည်။ တကယ်ကို ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်၏ သုံးသပ်ချက်ဘဲ။

"အဲဒီ အကြောင်းကို မင်းသိလား"

ဆွန်းမိုသည် သူ့ကို မြှောက်ပင့်ရန် ချီးကျူးလိုက်ခြင်း မဟုတ်ကြောင်းကို ယူရှုံပို သဘောပေါက်လိုက်ပြီး နောက် ပိုသိချင်လာသည်။ ဆွန်းမိုလည်း ဒီလို ပြောပြနိုင်တာလား ။ ဒါက ကျောင်းသားပေါင်း တစ်သိန်းကျော်ကို စစ်တမ်းလုပ်ပြီးမှ ယူရှုံပို ချမှတ်လိုက်သော သုံးသပ်ချက်ဖြစ်သည်။ ဆွန်းမိုက ဘယ်လိုဖြစ်နိုင်မှာလဲ........

ဇောင်ပိုင်၏ မျက်နှာ မည်းမှောင်လာသည်။ ဘယ်သူမှ သူတို့ကို နိမ့်ချတာ မကြိုက်ပါ။

“စိတ်မပူနဲ့ ဇောင်ပိုင်၊ မင်းသေချာပေါက်နိုင်မှာပါ။ လာ မင်းအဝတ်အစားတွေကို ချွတ်လိုက်”

ဆွန်းမိုက လုချီဟွာ ခေါင်းကို လှမ်းပုတ်လိုက်သည်။

“ဟင်”

ဇောင်ပိုင်က သူ့အဝတ်အစားတွေကို ကိုင်ပြီးနောက်ကို တစ်လှမ်းဆုတ်လိုက်သည်။ တစ်ခုခုကို တွေးနေပုံရသည်။ လီဇီချီက လွဲရင် အားလုံး ကြောင်သွားသည်။ လမ်းညွှန်မှုကို ခံယူခိုင်းဖို့အဝတ်အစား ချွတ်ခိုင်းတာလား။

"လီဇီချီ နဲ့ လုချီဟွာ ထွက်သွား"

ထို့နောက် ဆွန်းမိုက စိတ်ထဲကနေ ရတနာသေတ္တာကို ဖွင့်ဖို့ ပြောလိုက်သည်။

လက်ဖဝါးအရွယ် ပုလင်းသေးသေးလေး ပေါ်လာသည်။

ရှေးခေတ်ဝေလငါးဆီ။

ဝေလငါးဆီ၏ အနှစ်သာရကို ထုတ်ထားပြီး အဖိုးတန် ဆေးဖက်ဝင် အပင်ဆယ့်ခြောက်မျိုးနှင့် သန့်စင်ထားသည်။ ရှေ့ခေတ်အနှိပ်ပညာနှင့် တွဲသုံးလိုက်ရင် အကျိုးသက်ရောက်မှု ပိုကောင်းသည်။

မှန်ချက်။ ။ အကျိုးသက်ရောက်မှုသည် အလွန်ပြင်းထန်သောကြောင့် ပမာဏ အနည်းငယ်ကိုသာ အသုံးပြုပါ။ ပမာဏများလွန်းရင် အာရုံကြောကို ပျက်စီးစေပြီး စိတ်လှုပ်ရှားမှုကို ဖြစ်စေနိုင်သည်။

“စနစ် မင်းကငါ့ကို မာဆက်လမ်းကြောင်းပေါ်ကို အတင်းတင်ပေးနေတာပဲ”

ဆွန်းမို မကျေနပ်ပေမယ့် ၊ ဒီဆုလာဒ်အတွက် အရမ်းကျေနပ်ပါသည်။ သံအနက်ရောင် ရတနာသေတ္တာသည် အနိမ့်ဆုံး အဆင့် ဖြစ်သည်။

အမှတ်တစ်ထောင်တန်သည့် ဝေလငါးဆီကို ရနိုင်ခဲ့ခြင်းသည် အရှုံး မဟုတ်ပါ။

ထင်ထားသည့်အတိုင်း သဘော်သီး မိန်းကလေးက ကံတကက်စေသည်။

ဆွန်းမိုသည် မနေနိုင်ဘဲ လုချီဟွာ ခေါင်းကို ထပ်ပွတ်လိုက်သည်။

သဘော်သီးကောင်မလေးက ခေါင်းကို လှည့်လိုက်ပြီး “ဟမ်”

(ဘာလို့ ခေါင်းကို ခဏခဏ လာကိုင်နေတာလဲ)

လီဇီချီကလည်းနှုတ်ခမ်းကို စူလိုက်သည်။

"အချိန်က သိမ်မရှိတော့ဘူး။ ရပ်မနေနဲ့၊ အဝတ်အစားတွေကို မြန်မြန်ချွတ်လိုက်။ နင်တို့နှစ်ယောက်က စိတ်မရှိရင် နေနိုင်တယ်"

ဆွန်းမိုက လောလိုက်သည်။

"ဘာ.......ဘာလုပ်မလို့လဲ"

"နှစ်နာရီပဲအချိန်ရတာ ။ ငါ မင်းကို ဘယ်လို လမ်းညွှန်ပေးဖို့ လုံလောက်မှာလဲ ။ အများဆုံး တိုက်ပွဲဗျူဟာကို ဆန်းစစ်ပေးလို့ပဲရမှာ။ မင်းရဲ့ တိုက်ပွဲပြဿနာတွေကို လမ်းညွှန်ပေးလိုက်လို့လဲ

အချိန်တိုအတွင်းမှာ ပြောင်းလဲသွားမှာ မဟုတ်ဘူး။ ဒါကြောင့် လုပ်စရာဆိုလို့ မင်းကို မာဆက်လုပ်ဖို့ဘဲ ရှိတော့တယ်”

ဆွန်းမို ဒီကိစ္စကို အဆင်သင့်တွေးပြီးသားဖြစ်သည်။

လောလောဆယ်တော့ သူ့မှာ ဝှက်ဖဲနှစ်ခုရှိသည်။ တစ်ခုက ရှေးဟောင်းမာဆက်ဖြစ်ပြီး နောက်တစ်ခုက သူ့ရဲ့ စိတ်ဝိညာဉ် ပုံသွင်းခြင်း မြတ်ဆရာအရှိန်အဝါ ဖြစ်သည်။

လက်ရှိခန္ဓာကိုယ် ပိုင်ရှင်သည် သွေးလောင်ကျွမ်းခြင်းအဆင့်ကို ရောက်ရန် တိုက်ပွဲများစွာကို တွေ့ကြုံဖူးသည်။ ဆွန်းမိုသည်ပိုင်ရှင် မှတ်ဉာဏ်နှင့် အတွေ့အကြုံများကို သူ့ကိုယ်ပိုင် အဖြစ် ပေါင်းစည်းခဲ့တာကြာပြီဖြစ်သည်။ စိတ်ဝိညာဉ် မြတ်ဆရာအရှိန်အဝါကို အသုံးပြုလိုက်ပါက ခေါင်ပိုင်၏ စိတ်ထဲကို သက်ရောက်မှုရှိပြီး ငါးမိနစ်လောက် ခံမည်ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဟုတ်တယ်။ သေချာပေါက်ကို နိုင်ရမည်။ ဆွန်းမိုသည် တစ်ခုခုကိုမလုပ်ခင် စဉ်းစားတတ်သူဖြစ်သည်။ ဒါက

Fighting the Landloard(1) ဂိမ်းကို ကစားရသလို ဘယ်သူ့ကို ဘုရင်(၂) ကျဲမလဲ သိထားရမည်။

စိတ်ဝိညာဉ် ပုံသွင်းခြင်းသည် သူ့အတွက်သာ အထူးပြုသော အရာဖြစ်တယ်လို့ စနစ်က ပြောထားသည်။ ထိုသို့သော ဝှက်ဖဲမျိုးကို အရေးကြီး အခြေအနေအတွက် ဝှက်ထားရမည်။

ဆွန်းမို၏ အမြင်ရဆို ရှေ့ဟောင်း မာဆက်နှင့် ဝေလငါးဆီသည် ဖောင်ပိုင်၏ ကိုယ်ရည်ကိုယ်သွေးကို မြင့်တင်ပေးနိုင်သည်။ ဒါက တိုက်ပွဲ အခြေအနေကို လဲမြင့်တင်နိုင်သည်။

“မာဆက်”

ဖောင်ပိုင် ချီတုံချတုံနှင့် ကြည့်နေသည်။

ယူရုံပိုကလည်း ဘာပြောရမှန်းမသိ ပါးစပ်ဟာနေသည်။

“ဖောင်ပိုင် မင်းအရမ်းကံကောင်းတာပဲ။ ဆရာရဲ့ ရှေ့ဟောင်းနဂါးဖမ်းသည့်လက်ကို တွေ့ကြုံရတော့မယ်။ ချီရှန်ကျား လွှန်ခဲ့တဲ့ ရက်အနည်းငယ်က အဆင့်တက်သွားတာ ဒါကြောင့်လေ”

လီဇီချီက ဆွန်းမို လက်ထဲက ပုလင်းလေးကို ကြည့်ကာ ပြောလိုက်သည်။

“ဒါက ရှေ့ဟောင်းဝေလငါးဆီကို ဆေးဖက်ဝင် အပင်တွေအများကြီးနဲ့ သန့်စင်ထားတာ”

"အို ငါလည်း ဆရာ့တပြည့်ဖြစ်နေပြီ။ ရှေးဟောင်း နဂါးဖမ်းသည့် လက်နဲ့ တွေ့ကြုံရအုံးမှာပဲ၊ ဒါဆို ငါ့အဝတ်တွေကို ချွတ်ရမှာပေါ့။ ဒါက စောက်ရမ်းမိုက်မှာပေါ့"

လီဇီချီ၏ မျက်နှ◌ှ◌ာ ရတ်တရတ်နီလာသည်။

"ဂလု"

ဇောင်ပိုင် တံတွေးကို မျိုချလိုက်ပြီး သူ့အဝတ်အစားများကို ချွတ်လိုက်သည်။ ထို့နောက်ရှန်ယွန်ပေါင် ကူပြီး ခင်းပေးထားသော

စားပွဲပေါ်တွင် ဆားနယ်ထားသည့်ငါးကဲ့သို့ တွန့်လိမ်နေသည်။

"ရေသန့်သွားယူလိုက်"

ဆွန်းမိုက ရှန်ယွန်ပေါင်ကို ခိုင်းလိုက်သည်။ ရှေ့ပေါင်းဝေလငါးဆီသည် ဈေးကြီးလွန်းသည်။ ဒါကို အလာဘာဟာသ မဖြုန်းတီးနိုင်ပါ။

ရှန်ယွန်ပေါင်ထွက်လာတာကို မြင်ရင် ဂျိမဲဂျဲသည် တိတ်တိတ်လေး နားထောင်နေတာကို စိတ်မလုံဖြစ်သွားသည်။ တိတ်တိတ်လေး

နားထောင်နေသည့် ကျောင်းသားတချို့ကိုတွေ့တော့ သူမ ထွက်သွားသည်။

ယွမ်ဖန်ဟာ ပါးစပ်ထောင့်က သရေကျနေပြီး ပတ်ဝန်းကျင် တစ်လျှောက်တွင် သွားနေဆဲဖြစ်သည်။ အဲဒါကို မြင်ပြီး ကျောင်းသားတချို့က ရယ်နေကြသည်။

ဆွန်းမိုသည် ပုလင်းသေးသေးလေးမှ အဆို့ကို ဖွင့်လိုက်ရင် ထူးဆန်းသော ရနံ့က အခန်းထဲမှာ ပျံ့လာသည်။ အတွေ့ကြုံအများကြီး ရှိသော

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာဖြစ်သည့် ယူရုံပို ပင်လျှင် မနေနိုင်ဘဲ စပ်စုသော အမူအရာအပေါ်လာသည်။

"စိတ်လျှော့ထား"

ထိုစကားကို ပြောပြီးနောက် ဆွန်းမိုသည် ဇောင်ပိုင်နောက်ကျောကို စ နှိပ်လိုက်သည်။

အနည်းငယ်နှိပ်လိုက်ရုံဖြင့် ဆွန်းမိုသည် မဟာအဆင့် ကျွမ်းကျင်မှု ကြွက်သားပြုပြင်ခြင်း နည်းစနစ်နှင့် ကျွမ်းကျင်အဆင့် လည်ပတ်ခြင်း နည်းစနစ်ကြောင့် ဇောင်ပိုင်၏ ခန္ဓာကိုယ် အနေအထားကို သိသွားသည်။

ဒီကောင်လေးသည် ဆေးဖက်ဝင် အပင်များကို အထူးပြုသည့် မိသားစုက လာသူတစ်ယောက်ပီသစွာ မျှော်လင့်ထားသည့်အတိုင်း ဖြစ်နေသည်။ သူ့ခန္ဓာကိုယ်သည် ကြံ့ခိုင်နေပြီး ချီရှန်ကျားနှင့် မနှိုင်းယှဉ်သင့်ပါ။

ဖောင်ပိုင်က မကျင့်ကြံရင်တောင် သက်တမ်းမတိုနိုင်ပါ။

ရေရောပြီးနောက် ဘေးက ထိုင်ကြည့်နေသော ရှန်ယွန်ပေါင်သည် စိတ်မဝင်စားတော့ပါ။ ဒါက

မာဆက်တစ်ခုပဲ မဟုတ်လား ။ သို့သော်လည်း ယူရုံပို၏ စိတ်ဝင်စားမှုက မြင့်တက်လာသည်။

လီဇီချီသည် တစ်ခုခုကို တွေးနေသလိုဖြစ်နေသည်။ သူမအိမ်ကို ပြန်ရောက်ပြီးနောက် ထူးချွန်သော မာဆက်ပညာရှင် တချို့နှင့်တွေ့ဆုံပြီး ပစ္စည်းအကြောင်းကို မေးကြည့်သည်။ သူတို့ မသိကြပါ။

မာဆက်ကတော့ ဆက်နှိပ်နေသည်။ ဆွန်းမိုသည် မာဆက်နှင့် တူတယ်လို့

လှောင်ပြောင်တတ်သော်လည်း သူလုပ်သည့်အခါ လေးလေးနက်နက် လုပ်သည်။

"ဖောင်း"

ဆွန်းမိုသည် လက်နှစ်ဖက်ကို ပြင်းပြင်းထန်ထန် တွန်းထုတ်လိုက်ပြီး ဇောင်ပိုင် နောက်ကျောကို ရိုက်လိုက်သည်။

လီဇီချီသည် အားလိုင်းနှစ်ခု ထိမိသဖြင့် မျက်နှာကို လက်ဖြင့် အုပ်လိုက်ပြီး လက်ချောင်းကြားက ချောင်းကြည့်နေသည်။ သူမနှလုံးသားထဲတွင် ငိုချင်စိတ်ပေါက်လာသည်။

"ဒါပဲ ဒါပဲ"

ဆွန်းမို၏ လက်မှ များပြားသော ရွှေရောင်ဝိညာဉ်ချီများ ထွက်လာပြီး ရွှေရောင်လူသားအဖြစ် ပြောင်းသွားသည်။

"ဟင်" လုချီဟွာသည် လန့်ဖြန့်ပြီး အနောက်ကို ဆုတ်လိုက်သည်။ ပြောင်လက်တောက်ပသော အသားရေနှင့် ရွှေရောင်လူသားက ထူးဆန်းလွန်းသည်။

သူ၏ ခန္ဓာကိုယ်အောက်ပိုင်းက ဝိညာဉ်ချီများဖြစ်ပြီး အပေါ်ပိုင်းကတော့

တောင့်တင်းသည့် ကြွက်သားများနှင့် အမျိုးသားတစ်ဦးဖြစ်သည်။ သံလွင်ဆီ လိမ်းထားသကဲ့သို့ တောက်ပြောင်နေသည်။

"အမ်"

ရှန်ယွန်ပေါင်လည်း သူ၏လုံကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။

ရွှေလူသားက မျက်လုံးကို ဖွင့်လိုက်ပြီး လက်နှစ်ဖက်ကိုမြှောက်ကာ ဗလထုတ်ပြလိုက်သည်။ သူက "အာတာ" ဟုအော်လိုက်ပြီး

ဓောင်ပိုင်နောက်ကို ခုန်ကာ ခေါင်းကို တံတောင်ဆစ်နှင့် ရိုက်လိုက်သည်။

"ဖောင်း"

ဓောင်ပိုင် ပါးသည် ဖားတစ်ကောင်လို ဖောင်းလာပြီး တံတွေးတစ်လုပ် ထွက်ကျလာသည်။

"...."

ရွှေလူသားကို ဒုတိယတစ်ကြိမ်တွေ့တာတောင် ဆွန်းမို လက်မခံနိုင်သေးပါ။ သူသည် အာလာဒင်ဇာတ်လမ်းက ဂန္ဓဝင် ဖ ြစ်နိုင်လား။

ရွှေလူသား၏ ခေါင်းကို ဖေါင်းဖြင့်ပတ်ထားပြီး သူ၏ အကျီက ရင်ဘက် အပွင့်ဖြစ်သည်။ ထို့အပြင် သူသည် ဒဿနိကဗေဒဆိုင်ရာ အရှိန်အဝါနှင့် ပြည့်နေသော ဗလများကို မကြာခဏ ထုတ်ပြနေသည်။

"ဒီ......ဒီ"

ယူရုံပိုသည် သူ့ဘဝတွင် အရာများစွာကို တွေးဖူးသည့်တိုင်အောင် အံ့အောသင့်နေသည်။

ဇောင်ပိုင်၏ ငိုသံကြောင့် အခန်းတစ်ခုလုံး သက်တောင့်သက်သာ ဖြစ်သွားသည်။

တံတွေးများသည် မြေပေါ်တွင် အထိန်းအကွပ်မရှိ ရွဲနေသည်။

ဆွန်းမိုသည် ဘေးတွင် ရပ်နေကာ မသက်မသာဖြစ်နေသည့် ခံစားချက်များကို ထိန်းကာ အာလာဒင်မီးအိမ်က ဂျင်းနီ၏ မာဆက်နည်းစနစ်ကို သဘောကျနေသည်။

ရွှေလူသားပုံရိပ်ကို ဖယ်ထားလိုက်ပါက မာဆက်နည်းစနစ်က တကယ့်ကို မျက်စိကျစရာပါ။ ခမ်းနားပြီး ပြိုးပြိုးပျက်ပျက် ဖြစ်နေသည်။

"နိုး၊ ငါမလုပ်ချင်တော့ဘူး"

ရွှေလူသားက အမြင့်ကို ခုန်တက်ပြီး ဖောင်ပိုင်နောက်ကျောကို တံတောင်ဆစ်နှင့် ရိုက်ချိုးနေသည်ကို မြင်လိုက်ပြီး လီဇီချီ ခေါင်းကို ယမ်းကာ ပြောလိုက်သည်။ ဆရာဆွန်းက သူမကို နှိပ်ပေးရင်ကောင်းတာပေါ့၊ ဒါကြီးနှင့်ဆို ဖွတ်ဖွတ်ညက်ညက်ကို ကျေသွားနိုင်သည်။

မာဆပ်နှိပ်ပြီးနောက် ဂျင်းနီသည် လက်ဖဝါးနှစ်ဖက်ကို ပေါင်ပေါ်တင်ပြီး ဆွန်းမိုကို

ဦးညွတ်ကာ လေထဲတွင် အခိုးအငွေ့လို ပျောက်သွားသည်။

စားပွဲပေါ်တွင် အိပ်နေသော ဇောင်ပိုင် ၏ မျက်လုံး လန်သွားသည်။ သူ့ခြေလက်များသည် အထိန်းအကွပ်မရှိ ကိုက်ခဲနေသည်။ တစ်ချိန်တည်းမှာပင် သူ့ကြွက်သားများ တုန်လှုပ်နေကာ ဝိညာဉ်ချီအများအပြားကို စုတ်ယူနေသည်။

“သူအဆင့်တက်တော့မှာပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ယူရုံပိုက ရုတ်တရုတ် အခြေအနေကို နားလည်လိုက်သည်။

"ထ၊ တရားထိုင်လိုက်"

ဆွန်းမိုက အသိပြန်မဝင်လာသေးသည့် ဇောင်ပိုင် ပါးနှစ်ဖက်ကို ရိုက်ကာ ဆွဲထူလိုက်သည်။

"ပါ့ ပါ့"

အသုံးမဝင်ပါဘူး။ အလားလာတန်ဖိုးက ပျမ်းမျှထက်မြင့်သော်လည်း စွမ်းဆောင်ရည်က ချီရွှန်ကျားထက် မသာပါဘူး။

ကျေးဇူးတင်ရမှာက ဝိညာဉ်ချီကို စုတ်ယူနေခြင်း မရပ်တန့်သွားတာပဲ ဖြစ်သည်။ ထို့အပြင် ဖေါင်ပိုင်သည် ငယ်စဉ်ကတည်းက ဆေးဖက်ဝင်အပင်များနှင့် ရေချိုးလာသဖြင့် သူ၏ကိုယ်တွင် ဝိညာဉ်ချီ ပါဝင်နိုင်စွမ်း ကြီးမားလာသည်။

"ဘွန်း ဘွန်း ဘွန်း"

ရှန်ယွန်ပေါင်ကတော့ ချက်ခြင်းကျင့်ကြံလိုက်သည်။ အဲဒီရွှေလူသားကဘာလဲ ဂရုမစိုက်ပါ။

သူ့စိတ်ထဲမှာတွေးနေသည့် တစ်ခုတည်းသော အရာက ဝိညာဉ်ချီကို မဖြုန်းတီးရေးပါ။

ထိုအချိန်တွင် အခြားအခန်းတစ်ခုကို ရှင်းလင်းပြီး ချင်ဖန်က ထိုင်ခုံပေါ်တွင် ထိုင်နေကာ ယုံကြည်မှုရှိသည့် အပြုံးနှင့် ပြုံးနေသည်။

“ဇောင်အန် စိတ်မပူနဲ့ ၊ မင်းသေချာပေါက်နိုင်မယ်လို့ ငါအာမခံတယ်”

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၅၀) - သေချာပေါက်နိုင်မည့် တိုက်ပွဲ။

“သေချာပေါက် ငါအနိုင်ရမှာ”

ဇောင်အန်က လုံးဝ နှိမ့်ချခြင်း မရှိပါ။ “အမ်”

ချင်ဖန် မျက်မှောင် ကြုတ်လိုက်သည်။ သူဘာကို ဆိုလိုတာလဲ။

"ငယ်ငယ်ကတည်းက အစ်ကိုကြီးနဲ့ ရန်ဖြစ်တိုင်း ကျွန်တော်ခွန်အားကို နည်းနည်း ချန်ထားတယ်။ သူ့ကို အနိုင်ရရင်တောင် အကျိုးမရှိဘူးလေ"

ဇောင်အန်က ရှင်းပြလိုက်သည်။ သူ မပြောပြလိုက်တာ ရှိသေးသည်။ အစ်ကို ဖြစ်သူကို အနိုင်ပေးခြင်းဖြင့် ကောင်းမွန်သော ခံစားချက် မွေးမြူကာ အစ်ကိုကြီးတစ်ယောက်လို ဆက်လက်ပြုမူပြီး ပြဿနာ တစ်စုံတစ်ရာ ရှိလာပါက သူ့ရှေ့တွင် ရပ်တည်မည်ဖြစ်သည်။

မဟုတ်ပါက ပိုမိုသန်မာသည့် ညီကို ဘယ်သူက ကာကွယ်ပေးမှာလဲ။

"ဟား ဟား" ချင်ဖန် ရယ်လိုက်သည်။ မျိုးနွယ်ကြီးတွင် မွေးလာသောသူသည် ထင်ထားသည့်အတိုင်းပါ။ ငယ်ငယ်ကတည်းက အကြံသမားဖြစ်နေသည်။

"ဆရာချင် ၊ မင်းရဲ့ ခေါင်းကို ဆွန်းမိုရှေ့မှာ မြှင့်တင်လို့အောင် ငါက အနိုင်ယူလိုက်ရင် ငါ့အတွက်က ဘာရမှာလဲ"

ဇောင်အန်က အသက်ရှူရင်းပြောလိုက်သည်။

"ငါက ဘာဆန္ဒရှိရမှာလဲ ဒါက သဘောတူညီချက်လေး တစ်ခုပါပဲ" ဆရာတစ်ယောက်တင်ခြင်းသည် တစ်ဘဝလုံးနှင့် ဆိုင်သောကိစ္စဖြစ်သည်။ သို့ပေမယ့် ဇောင်အန်သည် ချင်ဖန်ကို စော်ကားရမည်ဆိုရင်တောင် လောင်းကစား လုပ်ကြည့်ချင်သည်။

"မင်းကို မြတ်ဆရာတစ်ယောက်နဲ့ မိတ်ဆက်ပေးစေချင်တာလား"

ချင်ဖန်သည် ဂျိရှားသင်ကြားရေးနန်းတော်က ဘွဲ့ရတစ်ယောက် ဖြစ်သောကြောင့်

ဉာဏ်ကောင်းသည်။ ဇောင်အန်က ဘာကို လိုချင်နေတာလဲဆိုတာ ပြောရန်မလိုပါ။

"တောင်းပန်ပါတယ်၊ ငါဒါကို မလုပ်ပေးနိုင်ဘူး"

"ဒါဆို ငါလည်းနိုင်မှာ မဟုတ်ဘူး" ဇောင်အန်က ခြိမ်းခြောက်လိုက်သည်။

ဒါကိုကြားရင် ချင်ဖန်သည် ဇောင်အန်ကို သတ်ချင်စိတ်ပေါက်လာသည်။ သို့သော်လည်း သူသည် ဇောင်အန်ကို ဘာမှ မလုပ်နိုင်သည့် အပြင် ချော့တောင် ချော့လိုက်ရသေးသည်။

ဆွန်းမိုကို အနိုင်မရခဲ့ပါက သူနာမည်ပျက်သွားမည်။

အမျိုးသမီးပေါင်ကို ဖက်သည့်လူတစ်ယောက်ကိုတောင် မနိုင်ခဲ့ပါက ချင်ဖန်ကို ဘယ်သူက သူတို့ရဲ့ဆရာ တင်ချင်ကြမှာလဲ ။

"ငါက အခု လက်ထောက်ပဲရှိသေးလို့ မြတ်ဆရာတော်တော်များများကို မသိဘူး"

ချင်ဖန်က ရှင်းပြလိုက်သည်။

"ဒါဆို လျှိုမူဘိုင်ဆိုရင်ရော"

ဇောင်အန်က သူ့မျှော်လင့်ချက်ကို လျှော့ပြီး မေးလိုက်သည်။

“ကောင်းပြီ”

ချင်ဖန်က ကတိပေးလိုက်သည်။ ဇောင်အန်ကို ကိုင်တွယ်ရန် သူ့မှာ ရွေးချယ်စရာ မရှိပါ။

“ဒါဆိုရင်တော့ ဆရာချင်ကို ကျေးဇူးတင်ပါတယ်”

ဇောင်အန်က ကျေနပ်စွာ ပြုံးလိုက်သည်။ သူ့ကိုယ်သူ ကြီးမြတ်သော ပါရမီရှင်တစ်ယောက်လို့တောင် ခံစားလိုက်ရသည်။

ဇောင်အန်သည် သူ့ဦးနှောက်ကို ဘယ်လိုအသုံးချရမလဲ အမြဲစဉ်းစားသူဖြစ်သည်။

ဆွန်းမိုနှင့် ချင်ဖန်တို့ရန်ဖြစ်သည့်အခါ ဇောင်အန်က သူ့အတွက်အကျိုးရှိအောင် ဘယ်လိုလုပ်ရမည်ကို စဉ်းစားနေခဲ့သည်။

“ဟား ငါက မင်းတို့ရန်ပွဲအတွက် လက်နက်တစ်ခု မဟုတ်ဘူး”

ဇောင်အန်က ဂုဏ်ယူနေသည်။

“ဒါဆိုလည်း မင်းအခုကျင့်ကြံကြည့်လိုက်ပါ၊ မင်းမှာ တိုးတက်စရာ နယ်ပယ်ရှိမရှိ ကြည့်ရအောင်” ချင်ဖန် သူလဲ မရှုံးချင်ပါ။

“မလိုပါဘူး။ ငါကသေချာပေါက်နိုင်မှာ” ဖေါင်အန်က စားပွဲပေါ်တွင် အိပ်ရင်း ပြန်ဖြေလိုက်သည်။

“ဆွန်းမိုလည်း မင်းနဲ့ အတွေးတူနေမှာပဲ၊ ငါ့အစ်ကိုရဲ့ ကျင့်ကြံမှုကို ပြခိုင်းနေမှာ။ သူ့ရဲ့ အားကို ဖြုန်းတီးနေပါစေ။ ဒါမှတိုက်ပွဲမှာ အနိုင်ရဖို့ အခွင့်အရေးများလာမှာ”

"ဒီကောင်ရဲ့ နှလုံးသားက တကယ့်ကို ကောက်ကျစ်တာပဲ"

ချင်ဖန်စိတ်ထဲက ကျိန်ဆဲလိုက်ပေမယ့် သူပြောတာမှန်တယ်လို့တော့ ဝန်ခံရမည်။

မေ့လိုက်ပါ။ ဆွန်းမိုကို အနိုင်ရပါက သူလိုသလောက် လှောင်ပြောင်နိုင်တာကို တွေးမိပြီး ချင်ဖန် မကျေမနပ် ဖြစ်နေတာ တော်တော်လျော့ကျသွားသည်။

(ထင်ထားသလိုပဲ၊ ငါ့ပြိုင်ဘက်က လျှို့မှုဘိုင်နဲ့ ကူရှုပ်ရှင်းဘဲ ဖြစ်ရမယ်။ အနာဂတ်တွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နာမည်ကောင်းရလာပါက ကျောင်းသားများသူ့ကျူရှင်ကို လာတက်အောင် လုပ်ရမည့်နည်းလမ်းများကို စဉ်းစားနေသည်။)

ယွမ်ဖန်သည် စကြံ၌တွင် နိုးလာသည်။

"ငါဘယ်သူလဲ.... ဘယ်ရောက်နေတာလဲ"

သူမေ့စေ့နဲ့ လည်းပင်တွင် မသက်မသာဖြစ်နေသဖြင့် ကိုင်ကြည့်လိုက်ရာ ထိလိုက်သည်နှင့် နာရည်တို့ ဖုံးလွှမ်းနေတာကို သိလိုက်သည်။ စိုစွတ်နေသော သူ့အဝတ်အစားရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရင်ဘက်တွင် အကွက်ကြီးတစ်ခုတောင် ဖြစ်နေသည်။

'ငါဘာလုပ်ခဲ့တာလဲ”

ယွမ်ဖန်သည် ခေါင်းကိုက်သဖြင့် မျက်မှောင်ကြုတ်ကာ စဉ်းစားရင်း အဖြစ်အပျက်ကို ပြန်သတိရလာသည်။ ဆွန်းမိုနှင့် ရန်ဖြစ်ခဲ့တာ မဟုတ်လား။ အခုဘာလို့ စကြဲ့ကို ရောက်နေတာလဲ။

ဆွန်းမိုက သူ့ကို လက်ညှိုးထိုးလိုက်ပြီး ရွှေရောင်မြွားတစ်စင်းကို ပစ်လိုက်သည်။ ထိုနောက်တော့ သတိလစ်သွားသည်။

“ဟား ဟား အစမ်းခန့် ဆရာက ဟိုဟိုဒီဒီကို လျှောက်သွားနေတဲ့ ပုံစံက အရူးတစ်ယောက် အတိုင်းပဲ”

ယွမ်ဖန်သည် ပတ်ဝန်းကျင်က လှောင်ပြောင်သံများကို ကြားလိုက်ပြီး မျက်နှာ ဖြူဖျော့သွားသည်။

“ ငါသတိလစ်ပြီး အသုံးမကျ ဖြစ်သွားတာလား”

ယွမ်ဖန် ထိတ်လန့် သွားပြီး ခန္ဓာကိုယ် တစ်ခုလုံးတုန်နေသည်။ သူအမြန် လှည့်ပတ်ကြည့်လိုက်ရင် ကျောင်းသားစုဆောင်းရေးပွဲ ကျင်းပနေသဖြင့် သင်ကြားရေး ဆောက်အအုံများကို ပြည်သူများလေ့လာနိုင်အောင် ဖွင့်ပေးထားသည်။ ထိုကြောင့် လာကြည့်သူ အများအပြားရှိနေသည်။

"သွားပါပြီ။ ငါတော့ သွားပြီ။ ကေျောင်းသား တော်တော်များများ မြင်သွားပြီ ဘယ်လို လုပ်ရတော့မှာလဲ"

ယွမ်ဖန်သည် စိတ်ပျက်နေပြီး ခေါင်းကို နံရံနှင့် တိုက်ကာ သတ်သေချင်စိတ် ပေါက်လာသည်။

အစမ်းခန့် ဆရာတစ်ယောက်အနေဖြင့် ယွမ်ဖန်သည် သတိလစ်ခြင်းနှင့် အသုံးမကျခြင်း မြတ်ဆရာ အရှိန်အဝါသည် ဘယ်လောက် ဆန်းကြယ်လည်းသိသည်။ သူလိုချင်တာ ရပြီး နားမထောင်ဘဲ ပြဿနာ ရှာနေသည့် ကျောင်းသားကို ထိုမြတ်ဆရာအရှိန်အဝါကို ထုတ်သုံးလိုက်ရင် ကျောင်းသားသည် အရူးတစ်ယောက်လို ဖြစ်သွားမည်။

"မ..အ..လ.. ဆွန်းမို"

ယွမ်ဖန်သည် အမျိုးသမီးတစ်ယောက်နှင့် ဖောက်ပြန်သော ဒီကောင်အကြောင်းကို တွေးပြီး ဒေါသထွက်လာသည်။ ဆွန်းမှာ ကျောင်းသားလေးယောက် ရှိနေတာကိုလည်းတွေးမိပြီး မနာလိုစိတ်လဲ ပြည့်လာသည်။

တကယ်လို့ သူသာ နောက်ထပ်ကျောင်းသားတစ်ယောက်ကို ရပါက အစားထိုးဆရာ ဖြစ်လာတော့မည်။

လျှိုမူဘိုင်သည် ရှန်ယွန်ပေါင်ကို ကောင်းမွန်သော အကြံနှင့် စည်းရုံခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ ဒါဆို ရှန်ယွန်ပေါင်က ဆွန်းမိုကို ဘာကြောင့် ဆရာတင်လိုက်တာလဲ ။

(ကမ္ဘာပေါ်မှာ တရားမျှတမှုကော ရှိသေးရဲ့လား။ ရှန်ယွန်ပေါင်က မျက်စိကန်းနေတာလား)

"ငါတောင် သူ့ထက်သာသေးတယ်"

ယွမ်ဖန်က တိုးတိုးလေးပြောပြီး နံရံကို ကန်ပစ်နေသည်။

"ဖောင်း ဖောင်း ဖောင်း"

ယွမ်ဖန်သည် ခြေထောက်နာတာကိုလည်း ဂရုမစိုက်ပါ။ သူသည် အရှက်တရားနှင့် ဒေါသကိုသာ ခဏတာ မေ့ပျောက်ချင်နေသည်။

“မင်း ဘာလုပ်နေတာလဲ”

ရုတ်တရက် အပြစ်တင်လိုက်သည့် အသံကြောင့် ယွမ်ဖန် ကြောင်သွားပြီး လှည့်ကြည့်လိုက်ရင် အဖြူရောင်ဝတ်ရုံရှည်ကို ဝတ်ထားသည့် ဂျီမဲဂျဲကို မြင်လိုက်သည်။ သူမသည် မလှမ်းမကမ်းက မျက်မှောက်ကြုတ်ကာ ကြည့်နေသည်။

“ဆရာ….ဆရာမ ဂျီ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ယွမ်ဖန်သည် အလျှင်အမြန် ဦးညွှတ်လိုက်ပြီး တစ်ကိုယ်လုံး ချွေးများနှင့် အေးစက်လာသည်။ ဒါက ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သည်။ "သတိလစ်ခြင်းနှင့် အသုံးမကျခြင်း" မြတ်ဆရာအရှိန်အဝါ လွှမ်းမိုးခံပြီး သူအမြင်မတော်ဖြစ်နေတာကို သူမ မြင်သွားနိုင်သည်။

"တရားဝင် အလုပ်မရသေးဘူး ဆိုရင်တောင် ဆရာတစ်ယောက်လို ပြုမူသင့်တယ်။ မင်းဘာလုပ်နေတာလဲ၊ နံ့ရုံနဲ့ ရန်ဖြစ်ထားတာလား "

ဂျိမဲဂျဲက ဒေါသတကြီး ပြောလိုက်သည်။ “ကျောင်းသားတွေကို ဒီလိုအမြင်မတော် မြင်ကွင်းမျိုးကို ပြနေတာ မင်းရဲ့ ထိန်းချုပ်မှုက ဘယ်မှာလဲ”

“ဆရာမဂျို၊ ငါမှားသွားပါတယ်” ယွမ်ဖန်က တောင်းပန်လိုက်သည်။

နံရံပေါ်က ခြေရာတွေကို သုတ်ပစ်ပြီး စကြံတွေကို ရှင်းပါ”

ဂျိမဲဂျဲက အပြစ်ပေးလိုက်သည်။

“ဟုတ်”

ယွမ်ဖန်သည် ယဉ်နေသော ငုံးတစ်ကောင်လို ခေါင်းညိတ်လိုက်သည်။ သူ့မျက်လုံးထောင့်ကနေ ကြည့်လိုက်ရင် ပိုပြီးတော့တောင် မခံနိုင်ဖြစ်လာသည်။ ကျောင်းသားတေ့ွက သူ့ကို လက်ညှိုးထိုးပြီး အချင်းချင်းပြောဆိုနေကြသည်။

"သူတစ်ပါးကို နှိမ့်ချပြီး မမြင်ပါနဲ့ ။ လက်မခံနိုင်ရင် အရည်အချင်းနဲ့ နိုင်အောင်လုပ်၊ နာမည်ဖျက်ဖို့ ကောလဟာလတွေ မဖြန့်နဲ့ "

အထူးသဖြင့် ဆွန်းမိုကို စောစောက ကဲ့ရဲ့ ရှုံ့ချနေသည့် ယွမ်ဖန်ကို မြင်ပြီး ဆွန်းမိုကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိန်းမတစ်ယောက်နှင့် ဖောက်ပြန်သူလို့ ပြောသည့်အခါ သူ့စရိုက်တွင် ပြဿနာ ရှိတယ်လို့ ထင်နေသည်။

ဆရာများကြားတွင် ပြိုင်ဆိုင်မှုရှိခြင်း သည်ပုံမှန်ဖြစ်သော်လည်း အထက်တန်းကျကျ ပြိုင်ဆိုင် ရမည်ဖြစ်သည်။ “ငါနားလည်ပါပြီ”

ယွမ်ဖန်သည် မငြင်းဆန်ရဲပါ။ ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် အပြစ်တင်နေတာကို ငြိမ်ငြိမ်လေးသာ နားထောင်ခဲ့ရသည်။

"အားလုံးရှင်းပြီးရင် ဆွန်းမိုကို သွားတောင်းပန်လိုက်ပါ"

ထိုစကားပြောပြီးနောက် ဂျိမ်ဂျဲ လှည့်ထွက်သွားသည်။

"ဟမ်"

ယွမ်ဖန် ကြောင်သွားသည်။

(ငါကဘာလို့တောင်းပန်ရမှာလဲ၊ ငါနစ်နာသူလေ) သတိလစ်ခြင်းနှင့် အသုံးမကျခြင်း မြတ်ဆရာ အရှိန်အဝါကို လွှမ်းမိုးခံရပြီး ကျောင်းသားတွေအများကြီး အမြင်ခံလိုက်ရသည် ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကိုတွေ့ ့းမိပြီး နှလုံးသားထဲက ပိုလို့တောင် နာကျင်လာသည်။ သို့သော်လည်း မြတ်ဆရာတစ်ယောက်၏ အမိန့်ဖြစ်သောကြောင့် ဒေါသနှင့် မကျေနပ်မှုများကို မြိုသိပ်ပြီး "နားလည်ပါပြီ" ပြန်ဖြေလိုက်သည်။

"မင်းရဲ့ ပြဿနာကို ကျောင်းအုပ်ကြီးနဲ့ ပြောရမယ်"

ဂျိမ်ဂျဲသည် ဗဟိုပြည်နယ်အကယ်ဒမီကို နှလုံးသားဖြင့် ချစ်မြတ်နိုးသည်။ ထိုကြောင့် သူမသည်ရင်း၏ အဆင့်အတန်းကို မနှိမ့်ချစေခြင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ယွမ်ဖန်လို လူတစ်ယောက် ဒီနေရာတွင် အလုပ်လုပ်ဖို့ မထိုက်တန်ဘူးလို့ သူမ ထင်သည်။

"ဟင် ဆရာမဂျီ မလုပ်ပါနဲ့"

ယွမ်ဖန် ထိတ်လန့်သွားပြီး ချွေးများထွက်လာသည်။ ဂျီမဲဂျဲသာ ကျောင်းအုပ်ကြီးကို ပြောလိုက်ပါက ဗဟိုပြည်နယ်အကယ်ဒမီက သူ၏အစမ်းခန့်ဆရာ ဘဝပြီးသွားပေလိမ့်မည်။ တရားဝင်ဆရာဖြစ်ဖို့ အခွင့်အလမ်းတောင် ရမှာ မဟုတ်ပါ။

ဂျီမဲဂျဲကတော့ ဂရုမစိုက်ပါ။

ဖုန်း

ယွမ်ဖန်သည် မြေပေါ်သို့ လဲကျသွားပြီး သူ့ကိုယ်သူ ရိုက်နှက်နေသည်။ ဆွန်းမိုက ဘာကြောင့်ဒီလောက် ကံကောင်းရတာလဲ။ ဂျိမဲဂျဲ က သူ့နာမည်ကို ဘာလို့ သိတာလဲ တွေးမိပြီး ယွမ်ဖန် ပိုလို့တောင် ဝမ်းနည်းလာသည်။

"တကယ်လို့ သူသာ ရုပ်ချောရင်ရော၊ မိန်းမတစ်ယောက်ကို ပွတ်သတ်ရင်ရော ဘယ်လို ဖြစ်မှာလဲ"

ယွမ်ဖန် အော်လိုက်သည်။ စိတ်ထဲတွင် အတိတ်တုန်းကလို ဆွန်းမိုကို တိတ်တိတ်လေး မနာလိုဖြစ်နေသည်။ ဆွန်းမိုက ဘာကြောင့် အမျိုးသမီးတစ်ယောက်ကို ချူစားနိုင် ရတာလဲ။ ဘာကြောင့် သူမဟုတ်ရတာလဲ ။ ဘာလို့ သူ့အမေက သူ့ကို ချောမောအောင် မမွေးခဲ့တာလဲ။ ဖေါင်ပိုင် ပြန်ပြီး အသိစိတ်ဝင်လာပြီး သူ့ကိုယ်ထဲက ကြီးမားသည့် အပြောင်း အလဲကို ခံစားလိုက်ရသည်။ သူ၏ အကြားအာရုံနှင့် အမြင်အာရုံသည် အလွန်ကြည်လင်လာပြီး

သူ့ကိုယ်ကလည်း အလွန်ပေါ့ပါးနေသည်။ ထိပ်တန်းဆေးနှင့် နှစ်နာရီလောက် စိမ်ထားသလိုပါပဲ။

ဇော်ပိုင်သည် စားပွဲပေါ်က ခုန်ဆင်းလာပြီး သရဖူလက်သီးသိုင်းကို လည့်ပတထိုးကြည့်လိုက်သည်။

ဒါကအရမ်းကောင်းတယ်။

တကယ်ကောင်းတယ်။

သူခံစားနေရသော တင်းကြပ်မှုနှင့် အဆင်မချောမှုများ ပျောက်သွားသည်။

ဖောင်ပိုင်၏ အရင် အခြေအနေသည် အချိန်အကြာကြီး မထိန်းသိမ်းရသေးသော စက်ဘီးနှင့်တူနေသည်။ အခုတော့ ဆီဖြည့်ပြီး အားပြည့်နေသည့် ရိုလာကိုစတာလို အရှိန်မြှင့်သုံးနိုင်ပြီ။

"မင်း ငါနဲ့ တိုက်ချင်လို့လား"

ရှန်ယွန်ပေါင်သည် တိုက်ချင်လို့ လက်ယားနေသည်။

"အရှုံးထမနေနဲ့"

လီဇီချီက မျက်စောင်းထိုးကာ ပြောလိုက်သည်။ ဇောင်ပိုင်၏ လေးစားအထင်ကြီးမှု အမှတ်ကရော ဘယ်လိုနေမလဲ။

ဇောင်ပိုင် နှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ(၁၀/၁၀၀)

"နှမြောစရာဘဲ။ မင်းက အဆင့်တက်လုနီးပါးဖြစ်နေပြီ"

ဆွန်းမို နည်းနည်း မကျေမနပ်ဖြစ်နေသည်။ သူသည်ဇောင်ပိုင်၏ အဆင့်ကို နတ်ဘုရားမျက်စိကနေ မြင်နိုင်သည်။ ဇောင်ပိုင်သည်

အခုဆိုရင် ခန္တာကိုယ် ပြုပြင်ခြင်းအဆင့် တစ်၏ အထွတ်အထိပ်ကို ရောက်နေပါပြီ။

"ဘာလို့ဒီလောက်တောင် နေလို့ကောင်းနေလဲ စဉ်းစားနေတာ ငါ့ကနယ်ပယ် နယ်နမိတ်ကို ရောက်နေတာကိုး " ဇောင်ပိုင်က စိတ်လှုပ်ရှားစွာ လက်သီး ဆုပ်ထားသည်။ သူ့မှာ အဆုံးမရှိခွန်အားရှိသလို ခံစားနေရသည်။

"ကိစ္စမရှိပါဘူး။ ဒီလောက်ဆိုရင် ငါ့ညီကို အနိုင်ရနေပါပြီ"

"မင်းရဲ့ တိုက်ပွဲကြို အနေအထားက မဆိုးတာ အမှန်ပဲ"

ယူရုံပိုက ထောက်ပြလိုက်သည်။

"ဟင် ဝေလငါးဆီကို သုံးလိုက်ရင် သူ့အဆင့်တက်ရမှာ မဟုတ်ဘူးလား"

လီဇီချီက ပြောလိုက်သည်။

အားလုံး ချက်ခြင်းဘဲ စားပွဲဘေးက ပုလင်းလေးကို ကြည့်လိုက်သည်။ အမွှေးနံ့ကိုထုတ်လွှင့်နေသည့် အဖြူရောင် အရည်များရှိနေသည်။

"ကျွန်တော်သာ ပြင်ပ ပစ္စည်းကို အားကိုးပြီး ချင်ဖန်သာ ရှုံးသွားရင် သူက ရလာဒ်ကို လက်ခံမှာ မဟုတ်ဘူး"

ဆွန်းမိုက ပုလင်းကို သိမ်းလိုက်သည်။ တကယ်လို့သာ ဇောင်ပိုင်ကို ဝေလငါးဆီကို သုံးပြီး နောက်ထပ် မာဆက်နည်းနည်း လုပ်ပေးလိုက်ရင် သူ့အဆင့်တက်သွားမည် ဖြစ်သည်။ ဒါပေမယ့် ဆွန်းမိုကတော့ မလုပ်ချင်ပါ။

ရှေ့ဟောင်းဝေလငါးဆီသည် အာဟာရ ဆေးဖက်ဝင်ပစ္စည်းဖြစ်ပြီး ချက်ခြင်း

တက်လာနိုင်သည့် ဆေးမျိုးမဟုတ်ပေမယ့် ဒါကလည်း ဆေးဖြစ်နေတုန်းပါ။

“အို”

ဇောင်ပိုင်သည် ထိုပုလင်းကို တမ်းတသည့် မျက်လုံးနှင့် ကြည့်လိုက်သည်။ မသုံးလိုက်ရတာ နှမျောစရာပါ။

“မင်းရဲ့ မာဆက်နည်းစနစ်က တကယ်ကောင်းတာပဲ၊ ဘယ်က သင်ခဲ့တာလဲ”

ယွူရုံပိုက စပ်စုလိုက်သည်။

“မြတ်ဆရာတစ်ယောက်က သင်ပေးတာ”

ဆွန်းမိုက အကြောင်းပြချက်တစ်ခု ပေးလိုက်သည်။

"ဟား ဟား"

ဆွန်းမိုက မပြောချင်းမှန်းသိတာနှင့် ယူရုံပိုက ဆက်မမေးတော့ပါ။ သို့သော်လည်း တုန်လှုပ်နေသည့် စိတ်ဖြင့် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

စျေးဘယ်လောက်ပဲရှိရှိ ဆွန်းမိုကို ရအောင်ခေါ်ရမည်။

ဒင်

ယူရုံပို၏ လေးစားအထင်ကြီးမှု +၂

ယူရုံပိုနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ(၃/၁၀၀)

အကြောင်းကြားချက်ကို ရပြီး ဆွန်းမိုသည် ယူရုံပိုကို လှည့်ကြည့်လိုက်ရင် သူ့ကို ကြည့်နေတာကို သတိထားလိုက်မိသည်။ ဆွန်းမိုသည် ထိုအကြည့်နှင့် အပြုံးကို အလွန်ရင်းနှီးသည်။ ပွဲကောင်းတစ်ပွဲကို ကြည့်ဖို့ မစောင့်နိုင်သည့် ခံစားချက်နှင့်တူသည်။

"အစ်ကိုယူ ယောက်ျားတွေကို မကြိုက်ပါဘူးနော်"

ဆွန်းမိုက လှမ်းပြောလိုက်သည်။

"ဟမ်"

ယူရုံပိုသည် မရယ်ခင်ကြောင်သွားသည်။ ဒီကောင် စိတ်ဝင်စားဖို့ ကောင်းသည်။ သူနဲ့အတူတူသာ အလုပ်လုပ်ရင် ပျော်ဖို့ကောင်းမည်။

"ဆရာ၊ မြန်မြန်လမ်းညွှန်ပေးအုံး ၊ အချိန်က သိပ်မကျန်တော့ဘူး"
လီဇီချီက သတိပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၅၁)။ ။ ရိုက်နှက်ခြင်း။

"အဲဒါလုပ်ဖို့ မလိုတော့ဘူး"

ဆွန်းမိုသည် ဝရန်တာမှာ စာအုပ်ဆိုင်က ဌားလာသည့် ပြည်နယ်ကိုးခုက မသေနိုင်သော ဒဏ္ဍာရီကို ထုတ်ယူပြီး ထိုင်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူသည် ဒီရက်ပိုင်းအတွင်း အလုပ်များနေသောကြောင့် ဒါကို ဖတ်ရန် အခွင့်ရေး မရခဲ့ပါ။

"ဟင်"

လီဇီချီ အံ့အောသင့်သွားသည်။ (ဆရာ၊ ဘာလို့ ဒီလောက်ယုံကြည်မှုရှိနေတာလဲ။ မင်းမှန်းထားသလို ဖြစ်မလာရင် အရှက်ကွဲမှာနော်)

လီဇီချီ အမြင်တွင် အချိန်ရှိနေတုန်း အပြည့်အဝ အသုံးချသင့်သည်။

"ဆရာက အေးဆေးတာပဲ"

လုချီဟွာသည် အပြစ်ကင်းပြီး သိပ်မစဉ်းစားပါ။ အေးဆေးတည်ငြိမ်သည့် ဆွန်းမိုသည် ဆရာကောင်းတစ်ယောက်၏ ပုံရိပ်ရှိတယ်လို့ ထင်သည်။

ဒင်!

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၁၅

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ (၉၈/၁၀၀)

ဆွန်းမိုသည် သဘော်သီးကောင်မလေးကို တစ်ချက် ကြည့်လိုက်သည်။ (လေးစားအထင်ကြီးမှုကို

ရသည့် အချက်များသည် နည်းနည်းလွဲနေသည်။ ထူးခြား ဆန်းကြယ်သည့် မာဆက်ကိုတွေ့တုန်းက ဘာတုံ့ပြန်ချက်မှ မရဘဲ၊ ဝတ္ထုတစ်ပုဒ်ကိုကိုင်လိုက်မှ လေးစားအထင်ကြီးမှု အမှတ် (၁၅)မှတ်တိုးလာသည်။)

သို့သော်လည်း ရှန်ယွန်ပေါင်ထက် ပိုကောင်းသေးသည်။ ဒီကောင်လေးသည် ဇောင်ပိုင်ကို တိုက်ခိုက်လို့မရသည်ကို သိပြီးနောက် ထိုင်ပြီး ကျင့်ကြံနေသည်။ သူက တိုက်ပွဲကလွဲရင် ဘာမှမတွေးပါ။

အဲဒါက မလိုအပ်တော့တာ အမှန်ပါ။ ခေါင်ညီအစ်ကို နှစ်ယောက်သည် အလားတူ စွမ်းရည်များရှိနေသည်။ ခေါင်ပိုင်က အဆင့်တစ် အထွတ်အထိပ်ကို ရောက်နေသဖြင့် ခေါင်အန်ကို ချေမှုန်းနိုင်သည်။

ယူရုံပိုက ရှင်းပြလိုက်သည်။ ဆွန်းမို အခုချိန်မှာ ယုံကြည့်မှုအပြည့်နှင့် သက်တောင့်သက်သာ ဖြစ်နေတာကို သူသဘောကျသည်။

ဂျိမဲဂျဲသည် စနစ်ကျပြီး မျှတသော ဆရာတစ်ယောက် ဖြစ်သည်။ သဘောတူထားသော

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချိန်ကိုရောက်ဖို့ ဆယ်မိနစ်အလိုတွင် စာသင်ခန်းအရှေ့က ရင်ပြင်ကိုလာရန် နှစ်ဖက်စလုံးကို အကြောင်းကြားရန် ကျောင်းသားများကို လွှတ်လိုက်သည်။

ဆွန်းမိုထွက်လာသည့်အခါ ရင်ပြင်တွင် လူရှစ်ရာ၊ ကိုးရာလောက် စုဝေးနေသည်ကို တွေ့လိုက်သည်။ အရင်ကထက် လူပိုများလာသည်။

"အားလုံးက ကျေးဇူးပြုပြီး တိတ်တိတ်လေးနေပေးကြပါ။ နှစ်ဖက်စလုံး အသင့်ပြင်ပါ။ ပြိုင်ပွဲက သုံးမိနစ်အတွင်း စမယ်"

ဂျိမ်ဂျဲက ပြောလိုက်ရင် နေရာတစ်ခုလုံး တိတ်ဆိတ်သွားသည်။

"ဘယ်လိုခံစားရလဲ"

ချင်ဖန်က မေးလိုက်သည်။

"ငါကောင်းကောင်း အိပ်ခဲ့တယ်လေ"

ဇောင်အန်က ခန္ဓာကိုယ်ကို ဆန့်ပြီးဖြေလိုက်သည်။ ဇောင်ပိုင်ကို အထင်သေးသည့် အကြည့်ပေါ်လာသည်။ (ငါ့ရဲ့ အရည်ချင်းကို ဖုံးကွယ်ထားတဲ့ နေ့တွေကုန်သွားပြီ။ ဒီနေ့ကစပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစ်ကိုကြီးဖြစ်တဲ့ မင်းထက် ငါက ပိုသာတယ်ဆိုတာ ကလန်တစ်ခုလုံးကို အသိပေးတော့မယ်)

“အရမ်းကောင်းတယ်။ ဆက်လုပ်။ ငါတို့ နိုင်ပွဲကို သိမ်းလိုက်ကြတာပေါ့”

ချင်ဖန်က ဧောင်အန် နောက်ကျောကို ပုတ်ရင်း ပြောလိုက်သည်။

ခဏအကြာတွင် ညီအစ်ကိုနှစ်ယောက်စလုံး ပြိုင်ပွဲကွင်းပြင်အလယ်တွင် တစ်ယောက်နှင့်တစ်ယောက် ဆယ်မီတာ အကွာမှာ ရပ်နေကြသည်။

“ညီလေး၊ သတိထား”

ဇောင်ပိုင်က သူ့ခြေလက်များကို လှုပ်ရင်း စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။ အတိတ်တွင် အနိုင်ရဖို့ အခွင့်အရေးက ပျမ်းမျှသာ ဖြစ်ခဲ့သည်။ ဇော်ပိုင်သည် အကြိမ်တိုင်း စိတ်ပျက်နေခဲ့သည်။ တကယ်ဆိုရင် သူသည် အစ်ကိုကြီးဖြစ်သဖြင့် ပိုသန်မာသင့်သည်။ ထို့ကြောင့် အချိန်ကြာလာသည်နှင့် အမျှ သူ့ကိုယ်သူ မုန်းတီးလာသည်။ ဒီနေ့တော့ ဇောင်ပိုင်သည် မကြုံစဖူး ယုံကြည်မှုများ ရှိနေသည်။

"ဟား ဟား"

ဖောင်အန်က ရယ်လိုက်ပြီး ပြန်မဖြေပါ။

“မတော်တဆ မထိခိုက်အောင် နှစ်ဖက်စလုံး လက်ဗလာနဲ့ တိုက်မယ်”

နှစ်ယောက်စလုံးက မကန့်ကွက်တာကြောင့် ဂျိမ်ဂျဲက ပွဲကို စတင်လိုက်သည်။

ဖောင်အန်သည် သူ့ခြေထောက်နှင့် မြေကြီးကို စောင့်လိုက်ပြီး အော်ဟစ်လိုက်သည်။

သူ့မျက်လုံးထဲတွင် မိုက်မဲပြီး သဘောထားပျော့ပြောင်းသည့် အစ်ကိုကြီး

မရှိတော့ပါ။ သူ့အနာဂတ်အတွက် အစီအစဉ်သာ ရှိတော့သည်။

ဖောင်ပိုင်ကို တစ်စက္ကန့်အတွင်း အနိုင်ယူမည်။ လုထုအားပေးမှုနှင့် အားရုံစိုက်မှု ရယူမည်။ ထို့နောက်ချင်ဖန်က သူ့ကို လျိုမှုဘိုင်နှင့် မိတ်ဆက်ပေးမည်။ လျိုမှုဘိုင်၏ အဆက်အသွယ်ကိုသုံးပြီး ဘဝမှာ အောင်မြင်လာမည်။

"ပြီးပြည့်စုံတယ်"

ထိုပျော်ရွှင်သော အတွေးကြောင့် ဇောင်အန် ပြုံးလိုက်မိပြီး မျက်နှာတင်းလာသည်။

"ဘာဖြစ်တာလဲ"

ဇောင်အန် အံ့အောသင့်သွားသည်။ မျက်စိတစ်မှိတ်အတွင်း သူ့အစ်ကိုက သူ့အရှေ့ ရုတ်တရက် ဘယ်လိုပေါ်လာတာလဲ။ အရှိန်က အရမ်းမြန်သည်။

"ဖောင်း"

ပြင်းထန်သောလေတိုးသံနှင့် လေးလံသော လက်သီးသံများ ပေါ်လာသည်။

ဇောင်အန်သည ်ကာကွယ်ရန်လက်ကို အလိုလို မြှောက်လိုက်သည်။

ဒီလိုလှုပ်ရှားမှုကို ပွဲပေါင်း ၁၀၀ကျော် အကြိမ်ပေါင်းများစွာ မြင်ဖူးပါသည်။ ထို့ကြောင့်စိတ်မပူပါ။ ဘယ်လို ပြန်တိုက်ရမလဲ တွေးဖို့တောင် အားနေသည်။ သို့သော်လည်း နောက်တစ်ချက်တွင် ပခုံးကို ပြင်းပြင်းထန်ထန် အထိုးခံလိုက်ရသည်။

"ဖောင်း"

ဇောင်အန် လွင့်ထွက်သွားသည်။

"ဘာ"

ချင်ဖန် အံ့အောလွန်းပြီး မျက်လုံးတွေတောင် ပြူးထွက်လာသည်။ (မင်းက ပိုတော်တာဆို ဘယ်လိုဖြစ်တာလဲ။ မင်းသေချာပေါက်နိုင်မယ်လို့ ဆွေးနွေးထားတာ ဘယ်လိုဖြစ်တာလဲ၊ မင်းဘာလို့ လင်းနို့ပုံပေါက်အောင် ပျံထွက်သွားတာလဲ)

"ငါ အနိုင်ရနိုင်တယ်"

ဖေ့ာင်ပိုင်က စိတ်လှုပ်ရှားစွာ အော်ဟစ်လိုက်ပြီး မြွားတစ်စင်း ပစ်လိုက်သကဲ့သို့ ဖေ့ာင်အန်ကို ဖမ်းလိုက်သည်။

ထိုအချိန်တွင် ဇောင်အန်သည် မုန်တိုင်းကြားက လှေတစ်စင်းလို ယိမ်းယိုင်နေကာ ပြုတ်ကျတော့မလို ဖြစ်နေသည်။

"ငါ့အိပ် မက် မက်နေတာလား"

ဇောင်အန်သည် အံ့အောသင့်နေပြီး လက်သီးထိုးခံရသဖြင့် သူ့ကိုယ်မှ တစ်ခါတစ်ခါ နာကျင်သွားပြီး အံကြိတ်ထားရသည်။ သူသည်းမခံနိုင်ဆုံးက လက်ရှိ အနိုင်ယူခံနေရတာဖြစ်သည်။

အစ်ကိုက ဘယ်တုန်းက သန်မာလာတာလဲ။

ဖောင်အန်သည် တုံ့ပြန်လိုသော်လည်း မလုပ်နိုင်ပါ။ ဖောင်ပိုင် လက်သီး၏စွမ်းအား၊ သွက်လက်သည့်အရှိန်များသည် ဖောင်အန်ထက် တစတစ သာလာသည်။

"တစ်နာရီကြာပြီးနောက် သူအရမ်း သန်မာလာတာလား"

ဖောင်အန်သည် သူ့အစ်ကို အရည်အချင်းကို အသေအချာသိသည်နှင့် အမျှ အံ့အောလာပြီး ဆွန်းမိုကို လှမ်းကြည့်လိုက်မိသည်။

ဒီအစမ်းခန့်ဆရာက မရိုးရှင်းဘူး။ ရှန်ယွန်ပေါင်က သူ့ကိုဆရာတင်တာ ထူးဆန်းတာ မဟုတ်ဘူးပဲ။

"ညီလေး မင်းအရှုံးကို ဝန်ခံပါ။ မင်းငါ့ကို အနိုင်ယူနိုင်မှာ မဟုတ်ဘူး"

ဇောင်ပိုင်က စိတ်လှုပ်ရှားစွာ အရှုံးပေးဖို့ အကြံပေးနေသည်။ လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ဒီစကားကိုပြောချင်ခဲ့တာပါ။ ပြောခွင့် မသာခဲ့ပါဘူး။ ဒီနေ့တော့ သူပြောလို့ရပြီ။

ဒင်!

ဇောင်ပိုင်၏ လေးစားအထင်ကြီးမှု +၁၅

ဇောင်ပိုင်နှင့်
လေးစားအထင်ကြီးမှုဆက်သွယ်ချက် -မူလ (၂၅/၁၀၀)

ဆွန်းမိုသည် ထိုတိုက်ပွဲကို ကြည့်နေခဲ့သည်။ ဇောင်ပိုင်ဆီက လေးစားအထင်ကြီးမှုအမှတ်ကို ရသော်လည်း ဆွန်းမို မပျော်ရွှင်ပါ။ ဒီကလေး ပွဲမပြီးသေးဘူး စိတ်ရှုပ်နေပြီလို့ တွေးလိုက်မိသည်။

ထင်ထားသည့် အတိုင်းပင် ဇောင်အန်က ထိုအချက်ကို ချက်ခြင်းဆုပ်ကိုင်ကာ ပြန်တိုက်လိုက်သည်။ သူသည် ညာလက်ကို

ဆန့်ထုတ်ကာ ပြန်ဆွဲလိုက်ပြီး ဇောင်ပိုင်ကို ပစ်ထိုးလိုက်သည်။

သရဖူ ထောင်ချောက်

“ဒီအကွက်ရှိသေးတာလား”

ဇောင်ပိုင် ရင်ခုန်သွားသည်။ ဒါက သူ့ညီ၏ ထူးခြားသော လှုပ်ရှားမှုဖြစ်ပြီး အရင်တုန်းကလည်း အကြိမ်ပေါင်းများစွာ ခံခဲ့ရသည်။ ကာကွယ်နည်းကို သိသော်လည်း ကိုယ်က မလိုက်နိုင်သဖြင့် တိုက်ခိုက်ခြင်းကိုသာ ခံနေရသည်။

ဒါက တိုက်ခိုက်မှုကို မြင်နိုင်ပေမည့် ခုခံနိုင်စွမ်းမရှိတာကြောင့် တဖက်သားက အနိုင်ကျင့်တာကို ဂုဏ်ယူစွာ လုပ်နေသလိုပါ။

“ဖော်င်း”

ဇောင်အန်၏ ညာလက်က ပစ်မှတ်ကိုထိသွားသည်။ သို့သော်လည်း ဇောင်ပိုင်၏ ပခုံးမဟုတ်ဘဲ ကွယ်လိုက်သည့် လက်မောင်းဖြစ်နေသည်။

“ဘာ”

ဇောင်အန်စိတ်လှုပ်ရှားနေသည်။ ထိုနောက် ရင်ဘက်ကို အကန်ခံလိုက်ရသည်။

'ဖောင်း"

ဇောင်အန် တုန်လှုပ်နေသည်။

"ငါဒါကို ကာကွယ်လိုက်နိုင်တာလား။ ဟား ဟား ငါသိတယ် သရဖူထောင်ချောက်ကို ကာကွယ်နိုင်မယ် ဆိုတာ"

ဇောင်ပိုင်က ကျယ်လောင်စွာ ရယ်လိုက်သည်။ ဇောင်အန်ကို ပြန်ကြည့်သည့် အကြည့်က လေးနက်ပြီး အပေါ်စီးရောက်နေသည်။ ဒါက

ကိုယ့်ကိုကိုယ် ယုံကြည်မှု နောက်ကွယ်က လက္ခဏာပင်ဖြစ်သည်။

"ဒါက တိုက်ဆိုင်သွားတာ"

ဇောင်အန်က လက်မခံနိုင်ဘဲ အော်ဟစ်လိုက်သည်။ သူမစောင့်နိုင်တော့ပါ။ သူ၏လူသတ်အကွက်ကို အသုံးပြုရမည် မဟုတ်ပါက သူရှုံးတော့မည်။

"အမှိုက်"

ချင်ဖန်က ကျိန်ဆဲပြီး ဇောင်အန်ကိုယ်စားဆင်းတိုက်ချင်လာသည်။

"သူ အနိုင်ရနေတယ်"

လီဇီချီ အရမ်းပျော်သွားသည်။

လုချီဟွာကတော့ ပြင်းထန်သော တိုက်ပွဲကို ကြည့်ရင်း ဆွန်းမို အကျီစကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"ဒါဆို ဒါက ဓောင်မိသားစု မျိုးရိုးသိုင်းပညာဖြစ်တဲ့ သရဖူ လက်သီးပေါ့၊ စိတ်ဝင်စားစရာပဲ"

ရှန်ယွန်ပေါင်သည် အခွင့်အရေးရှာပြီး အမွှာညီအစ်ကိုနှင့် တိုက်ချင်နေသည်။

“အစ်ကို မင်းနိုင်မှာ မဟုတ်ဘူး”

ဇောင်အန်က ရယ်ပြီးပြောလိုက်သည်။ အရင်တုန်းက သူတို့ တိုက်ကြရင် သူကဒီပုံစံပြောလိုက်ရင် သူ့အစ်ကိုက စိုးရိမ်တကြီး တိုက်ခိုက်တတ်သည်။ ဒါပေမယ့်လည်း အသုံးမဝင်ပါ။ သူမလုပ်နိုင်ပါ။

“ဟမ် ငါက ပျံသန်းဖို့ အတွက်တမင်တကာ လွှတ်လိုက်တာ။ မင်းနဲ့ ဝေးနေပြီဆိုတော့ ငါ့ရဲ့ အဆုံးစွန်သောကျွမ်းကျင်မှုကို တိုးစေတယ်”

ဇောင်အန်က ဇောင်ပိုင်ကို စိတ်ပိုင်ဆိုင်ရာ ဖိအားပေးရုံသာမက ခုန်ပျံရတာ အဆင်မပြေမှုကို ဖုံးကွယ်ရန်ဖြစ်သည်။ သို့သော် အခြေနေနှင့် လိုက်ရောညီထွေဖြစ်နေပြီး သရုပ်ဆောင်တာ ကောင်းမွန်သည်။ ဒီတစ်ခါတွင်တော့ သူ့အစ်ကိုသည် အရင်တုန်းလို အပြင်းအထန် မတိုက်ခိုက်လာပါ။

ဇောင်ပိုင်က လေကို လေးလေးနက်နက် ရှူသွင်းလိုက်ပြီး ဇောင်အန်ကဲ့သို့ ကိုယ်နေဟန် အနေအထားတိုင်း ညာဖက်လက်ကို ဆန့်ထုတ်လိုက်သည်။

"အမ်"

ဧခင်အန်လဲ ကြောင်သွားပြီး လျှာကိုက်လုမိ မတတ်ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ အစ်ကို။ မင်းဘာလုပ်ဖို့ ကြိုးစားနေတာလဲ။ မင်းဒီအကွက်ကို သင်ထားပြီးပြီလား။ အရင်တုန်းက ဒီအကွက်ကိုသုံးတိုင်း ဆယ်ကြိမ်မှာ ရှစ်ကြိမ်လောက် ကျဆုံးတာလေ"

"မင်းက မြတ်ဆရာတစ်ယောက် သတိထားမိအောင် ထုတ်ပြချင်နေတာလား။

မဖြစ်နိုင်ဘူး။ မင်းကို ကောင်းကင်နဲ့ မြေကြီး ဘယ်လောက်ကွာလဲ သိအောင် လုပ်ပေးမယ်”

ပွဲထိန်းတစ်ခုက ပစ်လွှတ်လိုက်တဲ့ နဂါးလုံတစ်ချောင်းလို တိုက်ခိုက်ဖို့ လုပ်နေသည့် ဇောင်ပိုင်ကို မြင်လိုက်ရင် ဇောင်အန်သည် ပျံ့လွင့်နေသော အာရုံကို စုစည်းလိုက်သည်။

နောက်ဆုတ်ခြင်းမရှိသည့် ထက်မြတ်ကြီးစိုးခြင်းတွေအရ

သရဖူသည် နေကိုဖုံးသည်။

ဖုန်း

ခေါင်ပိုင်၏ အဝတ်အစားများ ပျံ့လွင့်သွားပြီး ဖုန်များကလည်း နေရာအနှံ့ကို လွင့်ပျံ့လာသည်။ သူ၏လက်သီးက ကောင်းကင်ကို ထိုးဖောက်နေသည့် သက်တံတစ်ခုလိုပါပဲ။

ခေါင်အန်လည်း လန့်ကာ နဖူးက ချွေးများထွက်လာသည်။ သူလဲ အသက်ကို ပြင်းပြင်းရှူလိုက်ပြီး လူသတ်အကွက်ကို စတင်လိုက်သည်။

သရဖူက နေကိုဖုံးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီနေရာတွင် မြတ်ဆရာတစ်ယောက် ရှိစရာမလိုပါ။ ညီအစ်ကိုနှစ်ယောက် တူညီသော သိုင်းကွက်ကို အသုံးပြုလိုက်သော်လည်း ဖေါင်ပိုင်၏ သိုင်းကွက်က ပိုပြီး စွမ်းအားကြီးကြောင်း ကျောင်းသားများ ပြောနိုင်သည်။

လက်သီးနှစ်ခု ထိသွားသည်။

ဖောင်း

ဖေါင်ပိုင်က ရပ်နေပြီး ဖေါင်အန်ကတော့ စုတ်ပြတ်နေသော အိတ်တစ်လုံးလို လွင့်ထွက်သွားသည်။ သူ့ညာလက်မောင်းသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဇုဗဒီဂရီစောင်းသွားကာ “ဖြောင်း” ဆိုသော အသံထွက်လာသည်။

“အား ငါ့လက်မောင်း”

ခေါင်အန်က သူ့ညာလက်မောင်းကို ကိုင်ပြီး စိုးရိမ်စိတ်နဲ့ အော်လိုက်သည်။

“ပွဲ ပြီးပြီ။ ခေါင်ပိုင်က အနိုင်ရတယ်”

ဂျိမဲဂျဲက နေရာပြောင်းသွားပြီး ခေါင်အန်နားတွင် ပြန်ပေါ်လာကာ ဆေးကုပေးလိုက်သည်။

“အနိုင်၊ ငါအနိုင်ရပြီ”

ဖေါင်ပိုင်က သူ့လက်သီးတွေကို ကြည့်ပြီး မယုံကြည်နိုင်ဖြစ်နေသည်။ ထို့နောက် ရှုံးနိမ့်သွားသော ညီကို လှမ်းကြည့်လိုက်ပြီး စိတ်လှုပ်ရှားစွာ အော်ဟစ်လိုက်သည်။

"ငါ အနိုင်ရပြီ"

ထိုကြွေးကြော်သံက ဖေါင်ပိုင်၏ နှစ်ပေါင်းများစွာ ဖိနှိမ့်ခံခဲ့ရသော ခံစားချက်များကို ဖော်ပြနေသည်။ အစ်ကိုကြီးတစ်ယောက်အနေနှင့် ညီကို နိုင်ရမည်။

ဖေါင်ပိုင်ကို ကြည့်ရင်း ဖေါင်အန်သည် နှုတ်ခမ်းတုန်နေကာ မျက်နှာ ညှိုးငယ်နေသည်။

သူရှုံးသွားပြီ အားလုံးပြီးသွားပြီ။ သူကိုယ်တိုင် စီစဉ်ထားသောလမ်းကြောင်းက မစခင်မှာပင် ပြတ်တောက်သွားသည်။ ဘဝမှာ အောင်နိုင်သူ မဖြစ်နိုင်တော့ပါ။

“ဝိုး သူအနိုင်ရသွားပြီ”

လီဇီချီ တက်ကြွနေသည်။ မျှော်လင့်ထားသလို ဆရာဆွန်းမိုသည် တကယ်ကို အံ့သြစရာ ကောင်းလွန်းသည်။

ဒင်!

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁၀

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီနှင့်လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ရင်းနှီး(၁၁၆/၁၀၀၀)

ဖြောင်း ဖြောင်း ဖြောင်း

လုချီဟွာက အားပါးရ လက်ခုပ်တီးနေသည်။

ဒင်!

လုချီဟွာ၏ လေးစားအထင်ကြီးမှု+၁၅

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် -ရင်းနှီး (၁၃၃/၁၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို၏ နှုတ်ခမ်းများကွေးသွားသည်။ ဧောင်ပိုင်နှင့် ဧောင်အန်တို့၏ အလားအလာတန်ဖိုးသည် ပျမ်းမျှထက် မြင့်နေသောကြောင့် သူတို့ကို စုဆောင်းလိုချင်စိတ်မရှိပါ။ ဒီအခင်းအကျင်းကို မြင်ပြီး စိတ်မဝင်စားတော့ပါ။

ဧောင်အန်ကို ဖယ်ထားလိုက်အုံး။ ဧောင်ပိုင်၏ကာရိုက်တာသည် အေးစက်လွန်းသည်။ သူ့တိုက်ခိုက်မှုကို ထိန်းချုပ်နိုင်စွမ်းနည်းတာကို ရှင်းပြနိုင်ပေမယ့် သူ့ညီကို နှစ်သိမ့်ဖို့ မလုပ်ခဲ့ပါဘူး။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဲဒီအစား အောင်ပွဲခံခြင်းအပေါ် နစ်မြုပ်နေသည်။ ဒါကိုလက်မခံနိုင်ပါ။

ထို့အပြင် လီဇီချီနဲ့ လုချီဟွာက လေးစားအထင်ကြီးမှု အမှတ်များထွက်လာသည်။ ဆိုလိုသည်မှာ နှစ်ယောက်စလုံးလမ်းညွှန်မှုကို သဘောကျသည်။ သို့သော်လည်း ဇောင်ပိုင်က တုံ့ပြန်မှုမရှိပါ။

ကြီးကျယ်သောမျိုးနွယ်စုက ဒီအဖွဲ့ဝင်သည် တံတားကို ဖြတ်ကူးပြီးနောက် မီးရှို့ချင်သော အရိပ်အယောင်ကို ပြနေသည်။

"ညီလေး၊ ယုံပြီလား"

ဖေခင်ပိုင် ဂုဏ်ယူပြီး မေးလိုက်သည်။

"ငါ့အတွက် ရှုံးဖို့ မဖြစ်နိုင်ဘူး။ ရန်ဖြစ်တိုင်း မင်းကို လမ်းဖွင့်ပေးခဲ့တာ။ ငါ့အရည်ချင်းက မင်းထက်သာတယ်"

ဖေခင်အန်က ဖေခင်ပိုင်ကို စိုက်ကြည့်နေသည်။ ဘာတွေဖြစ်ကုန်တာလဲ နားမလည်ပါ။

"မေ့လိုက်ပါ။ ငါက မင်းကို လမ်းပြပေးတဲ့ သူတစ်ယောက်ပဲ။ မယုံဘူးလား။ အခုရလာဒ်ကို ကြည့်လေ"

ဧောင်ပိုင် အရမ်းကို ဂုဏ်ယူနေသည်။

ဧောင်အန် တိတ်ဆိတ်နေသည်။(ငါ့ သုံးသပ်ချက်မှားနေတာလား။ ဧောင်ပိုင် ပင်ကိုယ်အရည်ချင်း တကယ်ကို ကောင်းမွန်ပါ့မလား။ ဘာလို့ အတိတ်တုန်းက ရှုံးခဲ့တာလဲ)

“ဒါမဟုတ်ဘူး။ မင်းအနိုင်ရတဲ့အကြောင်းက လွန်ခဲ့တဲ့နှစ်နာရီက ကြီးကြီးမားမား အပြောင်းအလဲတစ်ခု ကြုံခဲ့လို့ပဲ”

ဖောင်အန်က ဆွန်းမိုကို အံ့အားသင့်စွာ စိုက်ကြည့်ရင်း ပြောလိုက်သည်။

“မင်းသူ့ကို ဘာလမ်းညွှန်ပေးခဲ့တာလဲ”

ဆွန်းမိုသည် နေရောင်အောက်တွင် ထီးထီးကြီး ရပ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၅၂) - ဆွန်းမို အနိုင်ရတယ်၊ ခြွင်းချက်မရှိ။

“ဒီဆရာနာမည် က ဘာလဲ”

ပရိတ်သတ်ထဲတွင် ရှိသော ကျောင်းသားများက ဆွန်းမို အကြောင်းကို စတင်သိရှိလာသည်။

မြတ်ဆရာတွေရဲ့ကမ္ဘာက ဒီလိုပါပဲ။ ဆရာ ဂုဏ်သတင်းကြီးလေ ကျောင်းသားတွေ

များလာလေပါပဲ။ တကယ်လို့ တိမ်စိမ်းအဆင့်ကို ဝင်နိုင်သည့် ကျောင်းသားတချို့ကို မွေးထုတ်ပေးနိုင်ပါက ဆရာသွန်သင်မှုအောက်ကို ဝင်လာမည့် ကျောင်သားများ ပိုများလာမည်။

"ဆွန်းမို နိုင်သွားတာလား"

လူအုပ်ထဲတွင်ရှိနေသော ယွမ်ဖန် လန့်သွားသည်။ ချင်ဖန် ဘာတွေလုပ်နေတာလဲ။ ဂျိရှားသင်ကြားရေးနန်းတော်က ဘွဲ့ရတစ်ယောက်က ဆွန်လေျာင်းအကယ်ဒမီတွင် လူမသိသော

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတစ်ယောက်ကို ရှုံးသွားတာလား။ ဘွဲ့လက်မှတ်ကိုများ ဝယ်ထားတာလား။

သူ့မိခင်ကျောင်းကို နှိမ့်ချတာ မကောင်းပေမယ့် ဆွန်လေ့ျောင်းအကယ်ဒမီသည် ဒီ အဆင့်သာရှိသည်။ နာမည်ကြီးကျောင်းကြီး ကိုးကျောင်းနှင့် ကွာခြားချက်ကြီးမားသည်။ သူဘယ်လို ရှုံးနိုင်မှာလဲ။

ချင်ဖန်သည် ဒီတစ်ခေါက် အစမ်းခန့်ဆရာထဲတွင်ပါသည့် နာမည်ကြီးကျောင်း ကိုးကျောင်းထဲက ဘွဲ့ရသည့် လူသုံးယောက်ထဲက

တစ်ယောက်ဖြစ်သည်။ သူသည် အမြဲမာနကြီးပြီး ကျန်းရှန်လိုလူတွေကို ဂရုမစိုက်ပါ။ သို့သော်လည်း အခုတွင် ဆွန်းမို၏ အနင်းခံဖြစ်လာသည်။

"ဆွန်းမိုတော့ နာမည်ကြီးတော့မှာပဲ"

ဒါကိုတွေးရင်း ယွမ်ဖန် မနာလိုစိတ်ကြီးလာသည်။

"ထင်ထားသလိုပဲ ဆရာဆွန်းက တကယ့်ကို တော်လွန်းတယ်"

လူအုပ်ကြားထဲက ချီရှန်ကျားက ဆွန်းမိုကို သဘောကျစွာကြည့်နေသည်။ ဇောင်ပိုင်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လှည့်ကြည့်လိုက်သော သူ့အကြည့်တွင် အားငယ်မှုများရှိနေသည်။ သူ့အရည်ချင်းက နည်းလွန်းတာကြောင့် ဆရာဆွန်း၏ သင်ကြားမှုအောက်ကို ရောက်ဖို့ အခွင့်အရေး မရှိတော့ပါဘူး။

ဒင်!

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု +၂၀

ချီရှန်ကျားနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ရင်းနှီး (၃၉၃/၁၀၀၀)

"ချင်ဖန် မင်းရှုံးသွားပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် ဇောင်အန်၏ မေးခွန်းကို ပြန်မဖြေပါ။ သူသိရန်လည်း မထိုက်တန်ပါ။ ထို့အပြင် ဆွန်းမို စနစ်၏ အကြောင်းကြားချက်ကြောင့် စိတ်ခံစားမှုတစ်ခု ဖြစ်နေသည်။

ချီရှန်ကျားသည် တကယ်ကို ရိုးသားသော လူတစ်ယောက်ဖြစ်သည်။ သူသည်လူစုလူဝေးထဲက ကြည့်နေပြီး ဆွန်းမိုကို လေးစားကြည်ညိုစိတ် ရှိသည်။ တိုးတက်အောင်မြင်မှုကို ခံစားနေရသော ဇောင်ပိုင်ထက် အများကြီးပိုသည်။

“ငါသူ့ကို တပြည့်အဖြစ် လက်ခံလိုက်ရမလား”

ဆွန်းမိုတွေဝေနေသည်။

စ စခြင်းဒေါသဖြစ်နေသော ချင်ဖန်သည် ဒါကို ကြားပြီး မျက်နှာ ဖြူဖျော့သွားသည်။ သူသည် အရမ်းကို ရှက်နေသည်။ သူညစ်ပတ်လိုက်သင့်လား။

(မဟုတ်ဘူး၊ ငါမရှုံးဘူး)

ချင်ဖန်သည် ခက်ခက်ခဲခဲတွေးပြီး ထွက်ပေါက် ရှာဖို့ ကြိုးစားနေသည်။ “ဆွန်းမို၊ ဇောင်ပိုင် နိုင်သွားတာက သိုင်းပညာတိုးတက်လာလို့ မဟုတ်ဘူး၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်လာလို့ပဲ၊ မင်းသူ့ကိုတစ်ခုခု ကျွေးလိုက်တယ် မဟုတ်လား”

ဟာ

ဒီစကားကိုကြားပြီး တုန်လှုပ်ခြောက်ခြားသော အသံပေါ်လာသည်။ ဆွန်းမို လှည့်စားခဲ့ကြောင်း ချင်ဖန်က သွယ်ဝိုက်ပြီး ပြောနေသည်။

"မင်း အသက်ရှင်စိတ် တော်တော်ကြီးတာပဲ"

ဆွန်းမိုက လျှောင်ပြောင်လိုက်သည်။

ဧာင်အန်၏ မျက်လုံးလည်း အရောင်တောက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"သင်ကြားရေးလက်ထောက်ချင်၊ ဆရာဆွန်းရော ကျွန်တော်ပါ နှစ်ယောက်စလုံးကို သိက္ခာကျအောင် မလုပ်ပါနဲ့"

ဆွန်းမိုကတော့ စိတ်မပူပါ။ ဇောင်ပိုင်ကတော့ ဒါကို မရှင်းလင်းပါက သူသည်ဆေးများသောက်ပြီး အဆင့်တက်လာတယ်လို့ အထင်လွဲခံရပါက သူ့နာမည်တွင် ကြီးမားသော အမဲစက်ဖြစ်လာမည်။

ထို့အပြင်ဇောင်ပိုင်သည် ရှေ့ဟောင်း နဂါးဖမ်းသည့်လက်၏ အစွမ်းကို မြင်ပြီး ဆွန်းမိုကို ဆရာတင်ရန် စိတ်အား ထက်သန်နေသည်။

ဒီအချိန်တွင် ဆရာ၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် တပြည့်တစ်ယောက် တာဝန်ဖြစ်သည်။

"ချင်ဖန် ကျေးဇူးပြုပြီး စကားကို သတိထားပြောပါ"

ဂျိမဲဂျဲက ချင်ဖန်အရှုံးကို ဝန်မခံသဖြင့် မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

"ဆရာမဂျိ၊ ဆွန်းမိုက သူ့အသိစိတ်ကို ဆန့်ကျင်ပြီး ဘာမှမလုပ်ခဲ့ဘူးဆိုရင် ဇောင်ပိုင်ကို ဘယ်လိုလမ်းညွှန်လဲ သိချင်ပါတယ်" သူ့သိက္ခာအတွက် ဒါကိုသာ အလောင်းကစားလုပ်

ရတော့မည်။ ကံကောင်းစွာဖြင့် ဒီလူမိုက်သည် မဟုတ်တာကို ဖုံးကွယ်ထားတာ ဖြစ်နိုင်သည်။

“ကျွန်တော်လဲ အတွေ့အကြုံ တစ်ခုရအောင်ပါ”

ရွှတ်စ်

အားလုံး၏ မျက်လုံးများက ဆွန်းမိုဆီကို ရောက်လာသည်။ သူတို့လည်း သိချင်နေကြသည်။

“ဆွန်းမို မင်းဘာတွေလုပ်ခဲ့လဲ ”

ဂျီမဲဂျဲက မေးလိုက်သည်။

"စိတ်မဆိုးပါဘူး" ဆွန်းမိုက ပခုံးတွန့်ကာပြောလိုက်သည်။ "ဖေါင်ပိုင် သူတို့ကို ပြောပြလိုက်ပါ"

"ဆရာဆွန်းက ရှေ့ဟောင်းနဂါးဖမ်းသည့်လက်နဲ့ ငါးမိနစ်လောက်နှိပ်ခဲ့တာပါ ။ အဲဒီနောက် ကျွန်တော်ကိုယ်က သိသိသာသာ တိုးတက်လာတယ်။ အခုဆိုရင် ခန္ဓာကိုယ် ပြုပြင်ခြင်းအဆင့်(၂) နီးပါးရောက်နေပါပြီ "

ဇောင်ပိုင်က ရှင်းပြလိုက်သည်။ သူစကားမဆုံးခင်မှာပင် ဇောင်အန်က အော်လိုက်သည်။

"မဖြစ်နိုင်ဘူး"

ဇောင်အန်က ဇောင်ပိုင် လိမ်နေသကဲ့သို့ ဒေါသတကြီး အော်နေခဲ့ကာ "မင်းနဲ့ငါက အဆင့်အတူတူလေ။ ခန့်မှန်းချက်အရ အဆင့်တက်ဖို့ အနည်းဆုံး ၃လလောက်တော့ အချိန်ယူရအုံးမယ်။ ငါးမိနစ်လောက်နဲ့ ဒီလောက်တိုးတက်ရအောင် ဘာကို ပုံပြင်ပြောနေတာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါလည်းမယုံဘူး၊ ဒါပေမယ့် ဒါက အဖြစ်မှန်ပဲ"

ဖောင်ပိုင်က သူ့ညီပုံစံကို မြင်ရင် ဝမ်းသာသွားသည်။ (အခုတော့ မင်းအစ်ကိုကြီးက ဘယ်လောက် အံ့ဩစရာကောင်းမှန်း သိပြီလား။ နောင်ဆိုရင် ငါ့ကို လေးလေးစားစားဆက်ဆံပါ။)

"ရှေ့ပေါင်းနဂါးဖမ်းသည့်လက် ဟုတ်လား တော်တော် လွှမ်းမိုးတဲ့ နာမည်ပဲ"

"ငါးမိနစ်လောက်နဲ့ သုံးလလောက်ကျင့်ကြံခြင်းကို အစားထိုးလို့ရတာလား။ ဘာကြောင့် လိမ်တဲ့ အသံပေါက်နေတာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“လိမ်ပြောနေတာ ။ ဟုတ်တယ်မှတ်လား”

ပရိုတ်သတ်များ အချင်းချင်း တိုးတိုး ပြောနေကြသည်။ ဇော်ပိုင်ပြောတာက အမှန်ဆိုရင် ဆွန်းမိုရဲ့ ရှေ့ပေါင်းနဂါးဖမ်းသည့်လက် နဲ့ အဆင့်တက်ဆေးက အကျိုးသက်ရောက်မှု အတူတူ နီးပါးဖြစ်နေပြီ။

ထိုအရာသည် ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်တက်ဖို့ သုံးသည့် ဆေးဝါးဖြစ်သည်။ ၎င်းကိုသုံးလိုက်ပါက သမာဓိနှင့် ကိုယ်ကို အားကောင်းစေပြီး အဆင့်တစ်ခုကိုတက်စေနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဈေးကတော့ အလွန့်အလွန်ကို ကြီးပါသည်။ ဆေးတစ်ပြားလျှင် တစ်သိန်းကျော်လောက် ကုန်ကျသည်။ မိသားစုက မိုင်းတွင်းလုံလုံလောက်လောက် မချမ်းသာရင် အိပ်မက်ထဲက ဆေးတစ်ခုဖြစ်သည်။ ကျင့်ကြံခြင်းတွင် ကြိုးစားခြင်းက အကောင်းဆုံးနည်းဖြစ်သည်။

ဇောင်ပိုင်၏ စကားကို ကြားလိုက်ရင် ချင်ဖန်သည် အသက်ကယ် ကောက်ရိုးတစ်မျှင်ကို ရလိုက်သလို မျက်လုံးများတောက်ပလာသည်။ သူကချက်ခြင်းပဲ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆွန်းမို၊ ငါတို့က မာဆက်၊ အနှိပ်မဟုတ်ဘဲ လမ်းညွှန်မှုကို ပြိုင်နေတာလေ"

"ဟားဟား သင်ကြားရေးလက်ထောက်ချင် ဒီထက်အရှက်မဲ့လို့ မရတော့ဘူးလား"

ဆွန်းမိုက ရယ်နေခဲ့သည်။ "ဘာကိုလမ်းညွှန်ထားလဲ မေးလို့ရမလား"

"ဒါကကျောင်းသားတွေရဲ့ အားနည်းချက်ကိုထောက်ပြတာကို ရည်ညွှန်းတာပဲ"

ချင်ဖန်သည် ထိုအချက်ကို အခိုင်အမာ ပြောနေရသော်လည်း ရှက်သလို ခံစားရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလယ်ကမ္ဘာတွင် ဆရာတစ်ဦး၏ လမ်းညွှန်မှုသည် နည်းလမ်းပေါင်းစုံဖြစ်သည်။ ကျင့်ကြံခြင်းကို လမ်းညွှန်သည်သာမက စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်ဆိုင်ရာကိုပါ လမ်းညွှန်ပေးကြရသည်။ တစ်ခါတစ်လေ ကျောင်းသား၏ အိမ်ထောင်ရေးအတွက်ပါ စိတ်ပူပေးရတတ်သည်။

ကျောင်းသားတစ်ဦးသည် ဆရာ၏တာဝန်ကိုယူပါက ဆရာ၏ ကျောက်စိမ်းတုံးဖြစ်လာသည်ဟု သတ်မှတ်နိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာများ၏ နောက်ဆုံးပန်းတိုင်မှာ သူတို့ကို ပြီးပြည့်စုံသော လက်ရာများအဖြစ် ပုံဖော်ရန်ဖြစ်သည်။

အချို့တင်းကြပ်သည့် ဆရာများဆိုရင် သူတို့၏ စားသော အစားအသောက်၊ ကျင့်ကြံမှုအစီအစဉ်၊ အနားယူချိန်နှင့် ဆက်ဆံရေးများကိုပါ ဝင်ရောက် ခြယ်လှယ်တတ်သည်။

တကယ်လို့ အရှက်ကင်းမဲ့သည့် မြတ်ဆရာများနှင့် တွေ့ကြုံရပါက ကျောင်းသားများသည်သူတို့၏ တစ်သက်တာ လိင်ကိစ္စကို ဘယ်တော့မှ

ရနိုင်တော့မည် မဟုတ်ပါ၊ ထို့အတွက် စိတ်ပိုင်းဆိုင်ရာများကို ပြင်ဆင်ထားရသည်။

ဆွန်းမိုလည်း စာကြည့်တိုက်တွင် ဖတ်ပြီး ဒီအကြောင်းများကိုသိပြီး အံ့အောသင့်သွားသည်။ သို့သော် သူသည် လျှင်မြန်စွာလက်ခံခဲ့သည်။

ရှေးခေတ် တရုတ်ပြည် ဆရာနှင့် တပြည့်ဆက်ဆံရေးသည် အလွန်ကို ရင်းနှီးသည်။ တချိန်မှာ ဆရာ၊ ထာဝရအဖေ၊ ခေတ်သစ် အားကစားနည်းပြတွေတောင် သူတို့လက်အောက်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကစားသမားတွေကို တင်းကျပ်စွာ အုပ်ချုပ်ကြသည်။

လိမ်လည်လှည့်ဖျားမှု မပါပဲ ကျောင်းသားသည် ပြိုင်ဘက်ကို နိုင်နေသ၍ ဆရာကောင်းတစ်ယောက်ဖြစ် သတ်မှတ်ခံရမည်ဖြစ်သည်။ ဆရာက ဘယ်လိုလမ်းညွှန်သလဲ ဆိုတာ ဂရုမစိုက်ပါ။ ပတ်ဝန်းကျင်ရှိ ကျောင်းသားများသည် ကျယ်လောင်စွာ ရယ်မောလိုက်ကြပြီး ဂျိုရှားသင်ကြားရေးနန်းတော်

အတွက် စိတ်ပျက်သွားကြသည်။ ဒါက ဘွဲ့ရတစ်ယောက်ရဲ့ အဆင့်အတန်းလား။

ရှေ့ပေါင်းနဂါးဖမ်းသည့်လက်ကို စိတ်ဝင်စားသော ကျောင်းသားနှင့် ဆရာများ ပိုများလာသည်။

"မင်းက ငါ့ရဲ့ လမ်းညွှန်မှုကို တွေ့ချင်တာလား။ ကောင်းပြီ ။ ဇောင်ပိုင်က သိုင်းပညာနည်းစနစ်မှာ သူ့ညီရဲ့ ပြိုင်ဘက်မဟုတ်ဘူး။ သူ့ရဲ့လှုပ်ရှားမှုက လုံလောက်အောင် မချော့မွေ့ဘူး။ ကျင့်ကြံမှုမှာ ကြိုးကြိုးစားစား လေ့ကျင့်ဖို့လိုတယ်။

ဓောင်အန်ကျတော့ သရဖူလက်သီးကို ကြီးကျယ်တဲ့ ကျွမ်းကျင်မှုအဆင့်ကို ရောက်နေပြီး လိုသလိုထုတ်သုံးနိုင်တယ်။ ဒါကြောင့်လည်း အရင်က ပွဲတွေမှာ လွတ်လွတ်လပ်လပ် ထိန်းနိုင်ခဲ့လို့ ဓောင်ပိုင်က သူရဲ့ အစွမ်းကို လွဲမှားစွာ ခန့်မှန်းစေခဲ့တာ”

ဆွန်းမိုက ပြောလိုက်သည်။

သူသည် တိုက်ပွဲကာလတွင်း တစ်လျှောက်လုံးတွင် နတ်ဘုရားမျက်စိကို အသက်သွင်းထားခဲ့သည်။ သူတို့နှစ်ယောက်စလုံး၏ အသေးစိတ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချက်အလက်များမှ တစ်ဆင့် တကယ့်ပွဲနှင့် ယှဉ်ပြီး ကောက်ချက်ချရန် လွယ်ကူသည်။

"ဒါပေမယ့် ဇောင်အန်မှာလည်း ချို့ယွင်းချက်ရှိတယ်။ သူက ညာလက်ကိုသာ အလွန်အားကိုးနေပြီးတော့ ဘယ်ဘက်လက်မောင်းက ညာလက်တစ်ဝက်လောက်သာ အစွမ်းရှိတယ်။ လေ့ကျင့်တဲ့အချိန်မှာ ကြိုးစားပြီး မပြင်ရင် အားနည်းချက် ဖြစ်လာလိမ့်မယ်"

အစောပိုင်းက ရလာဒ်ကို မယုံနိုင်ဖြစ်နေသော ဇောင်အန်လည်း ထိတ်လန့်သွားပြီး

ဆွန်းမိုကိုကြည့်လိုက်သည်။ ဆွန်းမို ပြောသမျှသည် မှန်နေပါသည်။ အသက်ရှူချိန် ဆယ်ကြိမ်လောက်သော အချိန်အတွင်းတွင် သူ့အစ်ကိုနှင့် ဆယ်ကွက်လောက်သာ ဖလှယ်ခဲ့သည်။ ဆွန်းမိုက ထိုအချိန်တိုအတွင်းတွင် ဤမျှလောက်သော အရာကို မြင်နိုင်တာလား။

ယူရုံပိုလည်း အံ့အောသင့်သွားသည်။ ဆွန်းမိုသည် သူထင်ထားသည်ထက် ပို ထက်မြတ်နေသည်။

ဒင်!

ယူရုံပို၏ လေးစားအထင်ကြီးမှု +၃

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ယူရုံပိုနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်မူလ(၆/၁၀၀)

ဂျိမ်ဂျဲလည်း အံ့အောသင့်ပြီး သူမ၏ လှပသောအကြည့်နှင့် လှမ်းကြည့်လိုက်သည်။

ထို့နောက်သူမ ဒေါသထွက်လာသည်။ ကျန်ဟန်ဖူနှင့် ဝမ်ဆုတို့သည် အာဏာတိုက်ပွဲအတွက် အန်ရှီဝေကို ဖိအားပေးကာ ဆွန်းမိုကို ထောက်ပံ့ရေးဌာနကို ပို့ဆောင်လိုက်သည်။ ကံကောင်းတာက သူ နှုတ်မထွက်သွားခဲ့တာပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မဟုတ်ပါက ဗဟိုပြည်နယ် အကယ်ဒမီသည် ဆရာကောင်းတစ်ယောက်ကို ဆုံးရှုံးရတော့မည်။

ဒင်!

ဂျိမ်ဲဂျဲ၏ လေးစားအထင်ကြီးမှု +၁

ဂျိမ်ဲဂျဲနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - -မူလ(၃/၁၀၀)

ဆွန်းမိုသည် စနစ်၏ သတိပေးချက်ကိုကြားပြီး နှုတ်ခမ်းတုန်နေတာကို ရပ်တန့်အောင် ကြိုးစားလိုက်ရသည်။ မြတ်ဆရာနှစ်ယောက်၏ မျှော်မှန်းချက်သည်တကယ်ကို ကြီးလွန်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတို့၏ လေးစားအထင်ကြီးမှု အမှတ်များကို တွန့်တိုလွန်းသည်။

မြတ်ဆရာနှစ်ယောက်သည် ဖောင်ညီအကို၏ အနေထားကို သဘာဝအတိုင်း မြင်တွေ့ခဲ့သည့် ဆွန်းမိုကို သဘောကျသွားသည်။

ဆွန်းမိုပြောတာ မှန်လား၊ မှားလား ပရိတ်သတ်က မသိပါ။ သို့သော် ဖောင်အန်ကသိသည်။ သူရှုံးနိမ့်သွားခဲ့သည်။ ဆိုလိုသည်က သူ လျှို့မှုဘိုင်လက်အောက်တွင် သင်ကြားဖို့ အခွင့်အရေးမရှိတော့ပါ။ ထိုကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ပြီး ဆွန်းမိုရှေ့ကို သွားကာ ဒူးထောက်လိုက်သည်။

"ဆရာဆွန်း ကျေးဇူးပြုပြီး တပြည့်အဖြစ် လက်ခံပေးပါ"

ဒိုင်း

ဖောင်အန်က အရိုအသေ ပေးနေသည်။

(ဆွန်းမိုလည်း မဆိုးပါဘူး။ သူ့ကို တိုက်ပွဲလှုပ်ရှားမှုတွေ လမ်းညွှန် ပေးနိုင်သည်။ နောက်ပြီး သူက ကျောင်းအုပ်ကြီး အန်ရှိဝေနှင့်လဲ

စေ့စပ်ထားပုံရသည်။ ဒီအဆက်အသွယ်ကို အသုံးချပြီး ပိုမြင့်အောင်တက်ဖို့ သူလုပ်နိုင်လောက်သည်။)

သူ့ညီလေး လုပ်နေတာကို မြင်ပြီး ဖောင်ပိုင်လည်း ခဏရပ်တန့်သွားသည်။ ထိုနောက်သူလည်း လျှင်မြန်စွာ နောက်ကလိုက်လာသည်။

"ဆရာဆွန်း ကျောင်းသားဖောင်ပိုင်ရဲ့ အရည်ချင်းကို သဘောကျပြီး တပြည့်လက်ခံဖို့ မျှော်လင့်ပါတယ်"

ဒိုင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖောင်ပိုင်လည်း အရိုအသေ ပေးလိုက်သည်။ သူ့ညီကိုသတိထားပြီး ပိုပြီး ပြင်းထန်အောင် အရိုအသေ ပေးလိုက်သည်။

ကျောင်းသားနှစ်ယောက်သည် ဆွန်းမိုရှေ့တွင် တလေးတစား ဒူးထောက်နေကြသည်။ သူ့ခွင့်ပြုချက်မရဘဲ မထဝံ့ကြပါ။

ဒါကိုမြင်ပြီး ချင်ဖန်သည် ဒေါသအရမ်းထွက်ပြီး နှုတ်ခမ်းတစ်ခုလုံးတုန်နေသည်။ သူ့မျက်လုံးထဲတွင် တစ်ယောက်ယောက်က ထူးခြားချက်ကို

လျှို့ဝှက်ထားသလိုပါပဲ။ ထိုနောက်မျက်နှာမှာ စိတ်ပျက်မှုများ ပေါ်လာသည်။

ဆွန်းမို နိုင်သွားပါသည်။ ခြွင်းချက်မရှိပါ။

"ဆရာသူတို့ကို ချက်ခြင်းခေါ်လိုက်လေ"

လီဇီချီက လက်ဖြင့်ပုတ်ပြီး ဆွန်းမိုကို သတိပေးလိုက်သည်။

လုချီဟွာကတော့ ဆွန်းမိုကို ပြုံးပြီး လေးလေးစားစားကြည့်ကာ ဘေးတွင်ရပ်နေသည်။ ဆရာဆွန်းက အရမ်းတော်တာပဲ။

ဒင်!

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာ၏ လေးစားအထင်ကြီးမှု - ၁၀

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ရင်းနှီး(၁၂၆/၁၀၀၀)

လူအုပ်ကြားတွင် ရှိသော ချီရွန်ကျားလည်း ဖောင်ညီအစ်ကို ကို ကြည့်ပြီး မနာလိုဖြစ်မိသည်။ သူလည်း ဆရာဆွန်း၏ ကျောင်းသားဖြစ်ချင်သည်။

ဒင်!

ချီရွန်ကျား၏ လေးစားအထင်ကြီးမှု +၂၀

ချီရွန်ကျားနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး (၄၁၃/၁၀၀၀)

ဆွန်းမိုလည်း ဆက်တိုက် သတိပေးချက်ကို နားထောင်ပြီး နည်းနည်း ရှက်သွားသည်။ (ချီရှွန်ကျား မင်းငါ့ကို ဒီလောက်လေးစားတာ ဂုဏ်ယူပါတယ်)။ မနေနိုင်ဘဲ ရှန်ယွန်ပေါင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ထိုတိုက်ပွဲ ရှုံးသွပ်ကောင်သည် လက်နှစ်ဖက်ကို ပိုက်ကာ ပြပွဲကို ကြည့်နေသည်။

ယွမ်ဖန်လည်း အလွန်မနာလို ဖြစ်နေသည်။ လူသတ်တာက ရာဇဝတ်မှုမဖြစ်ရင်

ချက်ခြင်းခါးကိုထုတ်ပြီး ဆွန်းမိုကို အသားငါးပိအဖြစ် လှီးဖြတ်ပစ်လိုက်မည်။

အစမ်းခန့်ဆရာ တစ်ယောက်သည် ကျောင်းသားစုဆောင်းပွဲတွင် ကျောင်းသား ငါးယောက်ကို ခေါ်ယူနိုင်ပါက၊ ၎င်းတို့အား သူတော်စင်ဂိတ်က အသိမှတ်ပြုထားသော ဆရာတစ်ဦးအဖြစ် ခန့်အပ်နိုင်သည်။ ဆွန်းမိုက ဒါကို အောင်မြင်ပြီး ချင်ဖန်ထက်တောင် မြန်နေသေးသည်။

ဂျီမဲဂျဲလည်း ဆွန်းမိုအတွက် နောက်ကို

ဆုတ်ပေးလိုက်သည်။ သူတောက်ပရမည့် အချိန်ဖြစ်သည်။

ဆွန်းမိုက ဘာမှမတုံ့ပြန်သဖြင့် ဇောင်အန်လည်း စိတ်မချမ်းမသာဖြစ်နေသည်။ (မင်းကို မျက်နှာပေးထားတယ်လေ။ ဘာလို့ သဘောမတူတာလဲ)

တကယ်လို့ တခြားအစမ်းခန့်ဆရာ တစ်ယောက်ဆိုရင် သူတို့ကို အရင်ကတည်းက လက်ခံပြီးလောက်ပြီ။ သူသည်စိတ်မရှည်တော့ဘဲ “ ဆရာတပြည့်ကို လက်ခံပေးပါ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာ ဒီကျောင်းသားကို တပြည့်လက်ခံပေးပါ”

ဖောင်ပိုင်လည်း ထိုနည်းလည်းကောင်းပင်။ သူသည်အကြီးဖြစ်သော ကြောင့် ပညာသင်ဘက် အစ်ကိုဖြစ်အောင် အရင်ဝင်မှ ရမည်ဖြစ်သည်။

“နှစ်ယောက်စလုံးထပါ” ဆွန်းမိုက အမွှာနှစ်ယောက်ကို တည်တည်ငြိမ်ငြိမ် ကြည့်ကာ ပြောလိုက်သည်။

“စိတ်မကောင်းဘူး၊ မင်းတို့ညီအစ်ကို နှစ်ယောက်စလုံးကို သင်ပေးနိုင်မယ်လို့ မထင်ဘူး”

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၅၃)။ ။ နှုတ်ထွက်စာ သုံးစောင်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စာသင်ဆောင်ရှေ့ ကွက်လပ်တစ်ခုလုံး တိတ်ဆိတ်သွားသည်။ ပတ်ဝန်းကျင်က လူတွေကလည်း ဆွန်းမိုပြောတာကို နာကြားမှားတာလားလို့ အံ့သြသည့် အကြည့်နှင့် ဝိုင်းကြည့်နေကြသည်။

“သူဘာပြောလိုက်တာလဲ”

မသင်ပေးနိုင်ဘူးလား။ ဒါက ယဉ်ကျေးတဲ့ ငြင်းဆိုမှုတစ်ခု မဟုတ်ဘူးလား။

ဂျိမ်ဂျဲသည် ဆွန်းမိုကို ကြည့်လိုက်သည်။ ဒီအဖြေကြောင့် သူ့အပေါ် စိတ်ဝင်စားမှု တိုးလာသည်။

ယူရုံပိုက ခေါင်းညိှတ်လိုက်သည်။ သူသည် ဇောင်ညီအစ်ကို ကို မကြိုက်သော်လည်း ဒါက စမ်းသပ်မှုတစ်ခု ဖြစ်သောကြောင့် ဆွန်းမိုကို သတိမပေးလိုက်ပါ။ ဆွန်းမိုသည် ဆရာတင်ခံခြင်း၏ စွဲဆောင်ခြင်း ကို ခံနိုင်ရည်ရှိမရှိ သိချင်နေသည်။

ဆရာတစ်ဦးသည် ဆရာအဖြစ် အသိအမှတ်ပြု ခံရသည့် ပထမအကြိမ်များတွင် နှိမ့်ချသည့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခံစားချက်ကို ရပြီး ကျောင်းသား အမျိုးအစားအားလုံးကို လက်ခံမိတတ်ကြသည်။ ဒါပေမယ့် ဒါကို လုပ်လိုက်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းကို အကြီးအကျယ် ထိခိုက်စေတာကို သူတို့မသိကြပါ။

ဆွန်းမို အတွက်ကတော့ သူသည် ဆင်ခြင်တုံတရားရှိခဲ့သည်။

"ဟား ဟား ၊ ဆရာ ဟာသပြောနေတာ မဟုတ်ဘူးလား"

ဖောင်အန်သည် ခြောက်ကပ်စွာ ရယ်ပြီး ပြောလိုက်သော်လည်း စိတ်ထဲတွင် ခံစားချက် မကောင်းပါ။

ဆွန်းမိုက သူ၏ အပြုအမူကို သဘောမကျဘူးလို့ ဖောင်ပိုင်က ထင်နေသည်။ ထိုကြောင့် နောက်ထပ်အကြိမ်ကြိမ် အရိုသေပေးလိုက်ပြီး “ဆရာဆွန်း ကျေးဇူးပြုပြီး ဒီကျောင်းသားကို လက်ခံပေးပါ”

“ငါပြောပြီးပြီ၊ ငါက အစမ်းခန့်ဆရာ တစ်ယောက်ပဲရှိသေးတယ်။ မင်းတို့ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မသင်ပေးနိုင်မှာ စိုးရိမ်တယ်။ ပြောင်မြောက်လှတဲ့ ကျောက်စိမ်းတွဲနှစ်တွဲကို ဖျက်ဆီးပြစ်မိမှာ ကြောက်တယ်”

ဆွန်းမိုက လိမ္မာစွာ ငြင်းဆိုခဲ့သည်။

ဟာ

ပတ်ဝန်းကျင်မှ အော်သံတစ်ခု ထွက်လာသည်။ ဒီတစ်ခါတော့ အရူးတစ်ယောက်တောင် နားလည်သွားနိုင်သည်။ အခြေခံအားဖြင့် ဆွန်းမိုသည် ဒီအမွှာနှစ်ယောက်ကို မလိုချင်ပါဘူး။ ဒါပေမယ့် ဘာကြောင့်လဲ။

လီဇီချီသည် ဆွန်းမို၏ အင်္ကျီလက်စကို ဆွဲလိုက်ပါးစပ်ကို လက်သုံးချောင်းဖြင့်ပိတ်ကာ "ဆရာမှားပြောနေတာလား" တိုးတိုးလေးပြောလိုက်သည်။

"မင်းတို့နှစ်ယောက် ထနိုင်ပြီ ပိုကောင်းတဲ့ဆရာကို မင်းတို့ ရှာနိုင်မှာပါ"

တပြည့်လက်ခံခြင်းသည် အရေးကြီးသောကိစ္စဖြစ်သည်။ ဆွန်းမိုသည် ထိုကိစ္စကို ပေါ့ပေါ့လေး သဘောမထားပါ။ ခေါင်အန်ကို အနိုင်ယူပြီးနောက် ခေါင်ပိုင်သည် သူ၏ စိတ်ဓါတ်ကို

ဖော်ပြခဲ့သည်။ သူ့ကိုလေးစားအမှတ်ပေးတာနဲ့ခြင်းကလည်း ဆွန်းမို ထိုကျောင်းသားကို အထင်သေးသွားစေသည်။

အခြားအကြောင်းပြချက်တော့မရှိပါ။ ဇောင်ပိုင်သည် သွေးအေးလွန်းသည်။

ဇောင်အန်အတွက် ကျတော့ သူ့ကို အရင်ကတည်းက ကျောင်းသားအဖြစ် မလိုချင်ခဲ့ပါ။

“ဆရာ၊ ဘာဖြစ်လို့လဲ”

ဇောင်ပိုင် နားမလည်ဖြစ်နေသည်။ “ ကျွန်တော်တို့က ဆေးဖက်ဝင် အပင်ကိုရောင်းတဲ့မျိုးနွယ်ပါ။

ကျွန်တော်တို့ ဖွဲ့စည်းပုံလည်း မဆိုးပါဘူး။ ကျောင်းသားစုဆောင်းရေးပွဲတွင် ပါဝင်တဲ့ အချိန်ကနေ ခုချိန်အထိ ဆရာအများအပြားက လိုချင်ခဲ့ကြတယ်။ မင်းက ငါ့ရဲ့ အရိုအသေပေးမှုကို လက်မခံနိုင်သေးလို့လား"

"ထတော့ ၊ မင်းကို အထင်မကြီးတဲ့ ကိစ္စကို ဘာလို့သူ့ကို ဆရာလို့ ခေါ်နေသေးတာလဲ"

အစ်ကိုဖြစ်သူနှင့် ယှဉ်ရင် ဇောင်အန်က ဒေါသထွက်လွယ်သည်။ သို့သော် ဒါကလည်း လူငယ်တစ်ယောက်၏ စိတ်နေစိတ်ထားဖြစ်သည်။

စကားသံကို နားထောင်ကြည့်လိုက်ရင် သူ့လေသံထဲတွင် နားကျည်းမှုကို မြင်နိုင်သည်။

“ဆွန်းမို ရှုံးသွားပြီလား”

လူအုပ်ထဲက ယွမ်ဖန်က တုန်လှုပ်နေသည်။ သူသာဆိုရင် ချက်ခြင်းလက်ခံလိုက်မှာပါ။

ချမ်းသာတဲ့ ကျောင်းသားစုံတွဲ တစ်တွဲက နှစ်သစ်တိုင်း သူတို့ရဲ့ သက်ကြီးများကို ကန်တော့ဖို့ မမေ့နိုင်ကြပါဘူး။ ဆရာဘဝလည်း ပိုကောင်းလာမည်။ သူက ငြင်းတာလား”

"ဟား ဟား" ချင်ဖန်ကတော့ ဒေါသထွက်ပြီး ရယ်နေသည်။

သူကဆွန်းမိုကို စိုက်ကြည့်ပြီး " သူတို့ကို အထင်မကြီးဘဲ ဘာလို့ ငါ့ကိုပြိုင်ချင်ရတာလဲ"

"မင်းကသာ ငါနဲ့ ပြိုင်ချင်တာလေ"

ဆွန်းမိုက ပခုံးတွန့်က ာ ပြန်ဖြေလိုက်သည်။

ချန်ဖန်လည်း ကြောင်သွားသည်။ အခုမှ ပြန်သတိရလာသည် ဒါကအမှန်ပဲဖြစ်သည်။ ဆွန်းမိုသည်စောစောက ဘာမှမပြောဘဲ ယွမ်ဖန်နှင့်

သူကသာ စခဲ့သူဖြစ်သည်။ ထိုကြောင့် ပြိုင်ပွဲ ဖြစ်လာသသည်။

အစကနေ အဆုံးထိ ဆွန်းမိုသည် ဓောင်ညီအစ်ကိုနှစ်ယောက်ကို တပြည့်အဖြစ် လက်ခံလိုကြောင်းတစ်ခွန်းမှ မပြောခဲ့ပါ။

"ငါကတော်တော် မုန်းစရာကောင်းတာပဲ"

ချင်ဖန်သည် သူ့ကိုယ်သူ ပါးရိုက်ရုံကလွဲရင် ဘာမှမလုပ်ချင်တော့ပါ။

"မင်းက ခုမှသိတာလား"

ဆွန်းမိုက မေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

'မင်း..........."

ချင်ဖန်သည် ဒေါသကြောင့် သေလုနီးပါးဖြစ်လာသည်။ သူဒေါသထွက်ရသည့် အဓိကအကြောင်းမှာ ဆွန်းမိုက ရှန်ယွန်ပေါင်နှင့် လီဇီချီ နှစ်ယောက်စလုံးကို ရယူသွားခြင်းကြောင့်ဖြစ်သည်။ မဟုတ်ပါက ဒီညီအစ်ကို နှစ်ယောက်၏ ဆရာဖြစ်ရန် ကြွားလုံးထုတ်နေမည် မဟုတ်ပါ။ အခုတော့ အားလုံးပြီးသွားပြီ။

"ဟဲဟဲ ဆရာက အဆိပ်ပြင်းတာပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီက သူမတံတောင်နှင့် လုချီဖွာကို တွတ်လိုက်သည်။

"အင်း အင်း"

သဘော်သီးကောင်မလေးက အဆက်မပြတ် ခေါင်းညိတ်နေသည်။

အဲဒီနောက်မှာတော့ သူမ အနည်းငယ် ပျော်သွားပါသည်။ ဆွန်းမိုက သူ့ကိုလက်ခံလိုက်တာ အရမ်းကံကောင်းတာပေါ့ ။

"သွားရအောင်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် အကြာကြီး ဝိုင်းကြည့်တာကို မခံချင်ပါ။ သူသည် မိန်းကလေးနှစ်ယောက်ကို လှမ်းခေါ်ပြီး ထွက်သွားသည်။

ပတ်ဝန်းကျင်က ပရိတ်သတ်များကလည်း လမ်းကြောင်းတစ်ခု အလိုအလျောက် ဖွင့်ပေးလိုက်ကြသည်။ အစမ်းခန့်ဆရာများကလည်း ရှုပ်ထွေးသော ခံစားချက်များနှင့် လှမ်းကြည့်လိုက်သည်။ သို့သော်လည်း အများစုက စိတ်ဓါတ်ကျနေပြီး မပျော်မရွှင်ဖြစ်နေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူသည် အစမ်းခန့် ဆရာတစ်ယောက် ဖြစ်သော်လည်း ကျောင်းသားကို ရွေးချယ်နေသည်။ ဒီလိုလုပ်ဖို့သတ္တိ ဘယ်သူက ပေးလိုက်တာလဲ။ သူတို့ကိုသာ တစ်ယောက်ယောက်က ဆရာတင်ချင်ပါက ချက်ခြင်းပြေးသွားမည် ဖြစ်သည်။

"ကျွန်တော် စောစောက ပြောပြီးပြီ ။ ဆရာဆွန်းနဲ့ ထိုက်တန်အောင် ဘယ်လိုလုပ်ရမှာလဲ"

ဖေါင်ညီအစ်ကို ကို ဆွန်းမိုက တပြည့်အဖြစ်လက်မခံလိုက်တာမြင်ပြီး ချီရွှန်ကျား ရင်အေးသွားသည်။ သူ့စိတ်ထဲက မျှော်လင့်ချက်

သေးသေးလေးလည်း ပျောက်ကွယ်သွားရသည်။ သူ၏ အရည်ချင်းသည် ဇောင်ညီအစ်ကိုနှင့်တောင် မယှဉ်နိုင်ပါ။ ထို့ကြောင့် ဆွန်းမိုကို ဆရာတင်ပါက ပုံမှန်တိုင်း မအောင်မြင်နိုင်ပါ။

ချင်ဖန်က ဆွန်းမိုထွက်သွားတာကို တစ်ချိန်လုံး စိုက်ကြည့်နေသည်။ ရုတ်တရက် လက်သီး ဆုပ်လိုက်ပြီး " ဆရာဆွန်း မင်းက တကယ်တော်တာပဲ။ ဖြစ်နိုင်တာက မင်းမကြာခင် လျှိုမူဘိုင်ကို နင်းချေပြီး ဖန်ဝူဂျီကို နှိပ်ကွက်ကာ

ချင်လင်ရဲ့ နံပါတ်တစ် ဆရာကောင်းတစ်ယောက် ဖြစ်လာတော့မှာပဲ”

ယူရုံပို မျက်မှောင်ကြုတ်လိုက်သည်။ ချင်ဖန်၏ နှလုံးသားသည် မည်းမှောင်လွန်းသည်။

ဆိုရိုးစကားတစ်ခုရှိသည် လူသုံးယောက်က ကျားကိုလုပ်သည်။ ဒီနေရာတွင် လူပေါင်းများစွာရှိသည်။ ထိုစကားလုံးများ ဖြင့် ပရိတ်သတ်က ပေါ့ပေါ့ပါးပါး စကားကို ဖြန့်လိုက်ပါက နောက်ဆုံးတွင် အဓိပ္ပာယ်လုံးဝ ပြောင်းသွားလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချင်ဖန်က ဆွန်းမိုအတွက် ပြဿနာတစ်ခုကို ဖန်းတီးချင်နေသည်။

ချင်လင်မြို့က လျိုမူဘိုင်နှင့် မရီဒန်အကယ်ဒမီက ဖန်ဝူဂျီသည် မြတ်ဆရာတစ်ယောက်ဖြစ်လာရန် အလွန်ကျော်ကြားသူများဖြစ်သည်။ ဆွန်းမိုကို သူတို့နှင့် ပေါင်းလိုက်ခြင်းဖြင့် ဒုက္ခတစ်ခု ဖန်တီးပေးချင်နေသည်မှာ ထင်ရှားသည်။

လူစုက လုံးလုံး မကွဲသေးသော်လည်း ချင်ဖန်နှင့် ခေါင်ညီအစ်ကိုက ထွက်သွားပြီဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘာမှမလုပ်နိုင်ဘဲ သူတို့ တော်တော် ရှက်နေကြသည်။။

"ဆရာချင်၊ ဆွန်းမိုကို တော်တော် မုန်းလား"

ဝေးသည့်နေရာကို ရောက်ရင် ဧောင်အန်က ချင်ဖန်ကို မေးလိုက်သည်။

" မင်းက ဘယ်လိုထင်လဲ"

ချင်ဖန်က လျှောင်ပြီးမေးလိုက်သည်။

"ငါတို့ကို တပြည့်အဖြစ် လက်ခံလိုက်ပါလား။ အတူတူပေါင်းပြီး ဆွန်းမိုကို သင်ခန်းစာ

ကောင်းကောင်း ပေးနိုင်မှာ သေချာတယ်။ သူ့ရဲ့ တပြည့်အားလုံးကို အနိုင်ယူလိုက်မယ်”

ဖောင်အန်က ထိုစကားကို နှုတ်ခမ်းကိုက်ကာ ပြောလိုက်သဖြင့် စကားလုံးတိုင်းတွင် သွေးများရှဲလို့နေသည်။

ဖောင်ပိုင်က တွန့်ဆုတ်သည့် အကြည့်ဖြင့် ကြည့်နေသည်။ သူတို့က ချင်ဖန်ကို အလေးအနက်မထားခဲ့ကြပါ။ ဆွန်းမိုက သူတို့ကို လူသိရှင်ကြား ငြင်းခဲ့ပြီးနောက်

တခြားတစ်ယောက်ကို ဆရာတင်ဖို့ မလွယ်မှန်းသူသိသည်။

ဘယ်သူက မာနမရှိလို့လဲ။ ဆွန်းမိုမလိုချင်သည့် ဓောင်ညီအစ်ကို ကို လက်ခံတဲ့ဆရာ တစ်ယောက်ရှိရင် ဒါက ဆွန်းမိုထက် နိမ့်ကျတယ်လို့ ဝန်ခံလိုက်သလိုဖြစ်သွားမည်။

“မင်းတို့က အခုမှ ငါ့ကို ဆရာတင်ချင်နေတာလား။ အရမ်းနောက်ကျသွားပြီ။ လက်စားချေဖို့ကို ငါကိုယ်တိုင်လုပ်မယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချင်ဖန်က ထိုသို့ပြောပြီး နောက်လှည့်ထွက်သွားသည်။

သူသည်စောစောက ဖောင်ညီအစ်ကို၏ စွန့်ပစ်ခြင်းကို ခံခဲ့ရသည့် သူတစ်ယောက်ဖြစ်ပြီး သူတို့ကို ဘယ်သူက ပြန်လက်ခံချင်မှာလဲ။ ဂျိရှားသင်ကြားရေးနန်းတော် က ဘွဲ့ရသည့် လူတစ်ယောက်အနေနှင့် ဒီလောကမှ ခံယူချက်မရှိရင် ကိုယ့်ကိုကို သတ်သေသွားနိုင်သည်။

ချင်ဖန်ထွက်သွားတာကို ကြည့်ပြီး ဇောင်ပိုင် မျက်လုံးထဲတွင် ခါးသီးမှုများပေါ်လာသည်။ "ငါတို့ ဘာလုပ်သင့်လဲ"

"ငါတို့ ဘာလုပ်နိုင်မှာလဲ၊ မရီဒန်အကယ်ဒမီကို ဝင်ဖို့ နည်းလမ်းရှာရမယ်" ဇောင်အန်သည် ဒီမှာနေရန် မျက်နှာ မရှိတော့ပါ။ သူတို့သည် ကျောင်းကထွက်လာပြီးနောက် ကျောင်းဘက်ကို ပြန်လှည့်ကြည့်လိုက်ပြီး "စောင့်ကြည့်နေပါ။ ငါသေချာပေါက် ငါ့လမ်းကိုဖောက်ပြီး ငါ့ကို အထင်သေးခဲ့တဲ့ ဆန်းမိုကို ၊ ငါ့အရှေ့မှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်နေ့ဒူးထောက်စေရမယ်။ ဒီနေ့ဖြစ်သွားတာ ဘဝမှာ အကြီးဆုံးအမှားလို့ ဝန်ခံလာစေရမယ် ”

....

ကျောင်းအုပ်ကြီး ရုံးခန်းအတွင်း

ညနေခင်းတွင် ကျုံလင် အမြန်ပြေးလာသဖြင့် သူမဘောင်းဘီသံများ ထွက်နေသည်။

“အမကြီး ကြားပြီးပြီလား”

ကျုံလင်က စိုးရိမ်နေသည်။

“ဘာအကြောင်းကိုလဲ”

အန်ရှီဝေသည် ပြတင်းပေါက်တွင် ရပ်လိုက်သည်။ သူမဝတ်ထားသော အဖြူရောင်အဝတ်များသည် ဖုန်များကင်းနေသည်။

"ဆွန်းမိုနှင့် ချင်ဖန် ပြိုင်ကြပြီး ဆွန်းမိုက နိုင်သွားတယ် " ကျုံးလင်က ပြောပြသည်။ အဲဒီနောက်မှာ ဒေါသသံဖြင့်

"အရေးကြီးတဲ့ အချက်က သူက အနိုင်ရပေမယ့် ဇောင်ညီအစ်ကိုတွေကို ဘာကြောင့် အရှက်ခွဲတာလဲ "

"ပြီးတော့ရော"

အန်ရှီဝေက မေးလိုက်သည်။

"သူတို့အရမ်းမျက်နှာ ပျက်ပြီး တခြားကျောင်းကိုသွားမှာ သေချာတယ်။ ငါစစ်ဆေးပြီးပြီ ဇောင်ညီအစ်ကိုရဲ့ အရည်ချင်းက မဆိုးပါဘူး"

ကျုံလင် အလွန်ကိုစိတ်လှုပ်ရှားနေသည်။ "အခုချိန် ကျောင်းက ကျောင်းသားကောင်းတွေကို မွေးဖို့ လိုအပ်နေတယ်။ သူတို့ထဲက တစ်ယောက်မှ အဆုံးအရှုံး မခံနိုင်ဘူး။ ဆွန်းမိုက ဘာအရည်ချင်းရှိလို့ ငြင်းရတာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘာကြောင့်သူက မငြင်းနိုင်ရတာလဲ "

အန်ရှီဝေ၏ လေသံက အေးစက်နေသည်။

"သူ... သူကအစမ်းခန့်ဆရာပဲလေ"

ကျုံလင်အမြင်ရဆို သူ့နောက်ကို လိုက်လိုသော ကျောင်းသားရှိရင် အမွေးတိုင်ထွန်းပြီး ပျော်နေသင့်သည်။ ဇီဇာကြောင်ဖို့ အခွင်အရေး ဘယ်လိုရသွားတာလဲ။

အန်ရှီဝေက တိတ်ဆိတ်နေသည်။

"ချင်ဖန်က မိုက်မဲလွန်းတယ်။ ဆွန်းမိုက ဆွန်လေ့ျာင်အကယ်ဒမီက ဖြစ်တာကြောင့်

ဆွန်းမိုသာ နိမ့်ကျသူ ဖြစ်ရမည်တွေးပုံရတယ်။ နောက်ဆုံးတော့ သူသာ အစားခံလိုက်ရသည်။ သေချာပေါက် သင်ခန်းစာ တစ်ခုရသွားတာပေါ့”

ချင်ဖန်သည် အစ်မကြီး ခေါ်ယူခဲ့သော တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ကျုံလင်သည် သူ့အတွက် မျှော်လင့်ချက်ကြီးကြီးမားမား ရှိသည်။ အစကတည်းက ဒီလောက်ဆိုးဆိုးဝါးဝါး ဖြစ်မယ်လို့ မထင်ထားခဲ့ပါ။ ဒါကြောင့် ကျောင်းက အဆင့်မြင့်လူများ၏ အကဲဖြတ်စွမ်းရည်ကို သံသယဖြစ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ပြီးပြီလား" အန်ရှီဝေက မျက်ခုံးနှစ်ခုအလယ်ကို လက်ဖြင့် ဖိပြီးမေးလိုက်သည်။

"ပြီးရင် မင်းသွားပြီး ငွေ ၁၀၀၀ကို ပြင်ကာ ဆရာ ကျန်းလျန်ဆီကို ပို့ပေးလိုက်ပါ။"

"အမ်၊ ဘာမှားလို့လဲ " ကျိုလင်လန့်သွားသည်။ မနေ့က လင်ဝေရန် အကြောင်းကိုတွေးမိပြီး မနေနိုင်ဘဲမေးလိုက်ပြီး စားပွဲပေါ်ကို ကြည့်လိုက်သည်။ နှုတ်ထွက်စာ သုံးစောင်ကို တွေ့လိုက်ရသည်၊ ဒါက သူမစိတ်ကို ပြင်းပြင်းထန်ထန် လှုပ်ရှားသွားစေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘယ်သူတွေရဲ့ နှုတ်ထွက်စာတွေလဲ"

'မင်းကိုယ်တိုင်ကြည့်လိုက်လေ"

အန်ရှီဝေက နာမည်များကို ပြောချင်စိတ်မရှိတော့ပါ။

ကျုံလင် စာရွက်ကို ကောက်ကိုင်ပြီး ကြည့်လိုက်တော့

" ချင်ဖန်က နှုတ်ထွက်သွားပြီလား"

"မျက်နှာ ပျက်ပြီးမှ ဆက်နေနိုင်အုံးမှာလား"

ချင်ဖန်သာ မထွက်သွားပါမှ အန်ရှီဝေ စိတ်ပျက်ရမည်။ ဆရာကောင်းတစ်ယောက်သည် သိက္ခာတော့ တန်ဖိုးထားရမည်။

"မဖြစ်ဘူး ၊ ငါတို့ သူ့ကို ပြန်ခေါ်ရမယ်။ သူက ဂျီရှားနန်းတော်က ဘွဲ့ရတစ်ယောက်လေ"

ကျုံလင်က ပြာပြာသလဲပြောလိုက်သည်။

"ဒီနှစ်မှာ နာမည်ကြီးကျောင်းက ဘွဲ့ရသုံးယောက်ပဲ ခေါ်နိုင်တာ သူတို့ထဲက တစ်ယောက် ထွက်သွားရင် မရီဒန်အကယ်ဒမီက ငါတို့ကိုသေတဲ့ အထိလှောင်နေမှာ"

မကြာသေးခင် ကျောင်းအလုပ်အကိုင် အခြေချခြင်း လမ်းကြောင်းသည် အလွန်ပြင်းထန်ခဲ့သည်။ ကျောင်းက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာကိုတောင် မထိန်းနိုင်ခဲ့ရင် သူတို့ မျက်နှာ ပျက်မှာ ကျိန်းသေသည်။

လွန်ခဲ့သော ဆယ်နှစ်က ကျောင်းသားခေါ်ယူသည့် အပိုင်းတွင် ထိုနှစ်အတွက် နာမည်ကြီးကျောင်းက ကျောင်းဆင်း အစမ်းခန့်ဆရာ ဘယ်နှစ်ယောက်ရှိတာကို လူသိရှင်ကြား ထည့်သွင်းဖော်ပြကြရသည်။

"ချင်ဖန်က ကျောင်းဝင်ပေါက်နဲ့ မဝေးသည့်နေရာမှာ ရှိနေမှာပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေက

ညင်သာစွာရယ်ရင်းပြောလိုက်သည်။

'အမ်"

ကျုံလင် နားမလည်ပါ။

"သူမျက်နှာပျက်သွားတာကို ပြန်ရနိုင်တဲ့ တစ်ခုတည်းသောနည်းက ကျောင်းကနှုတ်ထွက်ပြီး သူ့ကို ပြန်ဖိတ်ခေါ်တာကို စောင့်နေတဲ့ နည်းပဲရှိတယ်"

အန်ရှီဝေသည် ကျောင်းဝင်းကွင်းပြင်ကို ငုံ့ကြည့်လိုက်ပြီး ရှင်းပြချင်စိတ်မရှိတော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗဟိုပြည်နယ် အကယ်ဒမီသည် ငြင်းဆိုခံရလောက်အောင် နိမ့်ကျနေသော်လည်း နှုတ်ထွက်သူများကို ပြန်လာရန် တောင်းပန်လောက်သည်အထိ မနိမ့်ကျသေးပါ။ စာသင်ကျောင်းကို ဖြိုဖျ က်ခံရရင်သာ ခံလိုက်မည်ဖြစ်သည်။

သဘာဝအတိုင်းဆို ချင်ဖန်သည် ရှုံးနိမ့်သွားပြီးထဲက အန်ရှီဝေ စိတ်နှင့် ကိုက်ညီခြင်းမရှိတော့ပါ။ ဆန်းကြယ်ကောင်းကင်အကယ်ဒမီ၏ ထိပ်တန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘွဲ့ရတစ်ယောက်အနေဖြင့် သူမ၏ အကဲဖြတ်နိုင်စွမ်းသည် အလွန်မြင့်မားသည်။ သူမသည် တစ်ကြိမ်မှားယွင်းပြီး အကဲဖြတ်ပြီးပြီ မို့ တူညီသောအမှားမျိုးကို ထပ်လုပ်မည် မဟုတ်ပါ။

ကျုံလင်လည်း အမကြီး၏ ဒေါသကို နားလည်သဖြင့် ဘာမှ ဆက်မပြောတော့ပေ။ ဆုံးဖြတ်ချက်ချပြီးရင် မပြောင်းလဲတတ်သောသူ ဖြစ်သည် ။ ထို့အပြင် အမကြီး အမုန်းဆုံးက အကြံရှိသောသူဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဟွန့် သူ့ကိုယ်ပိုင်အဆင့်အတန်းကို မြှင့်တင်ဖို့ အမကြီးကို အသုံးချခြင်နေတယ်။ အိမ်မက်သာ မက်နေလိုက်”

“ဒါကို ဆရာကျန်းလျန်ဆီ သွားပေးလိုက်ပါ”

အန်ရှီဝေက ညွှန်ကြားလိုက်သည်။

ကျိုလင်သည် ကျန်းလျန်၏ နှုတ်ထွက်စာကို တစ်ချက်ကြည့်လိုက်ပြီး မကျေနပ်သည့် အရိပ်အယောင်ပေါ်လာသည်။ အဲဒီလူက အသက်ကြီးပြီး အသုံးမဝင်ဘူးလို့ ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စာထဲတွင် (ဒီနေ့ ဆွန်းမို၏ အရည်ချင်းကို တွေ့ပြီး ကျောင်းအုပ်ကြီး အန်ရှိဝေအတွက် အလွန်ကို ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ကျောင်းအုပ်ကြီးအန်ကလည်း ကောင်းမွန်သည့် စေ့စပ်သူကို တွေ့သည့်အတွက် ဂုဏ်ယူပါတယ်။ ကူရှုပ်ရှင်း၊ လျှိုမူဘိုင်တို့လို လူငယ်ဆရာ တွေကြောင့် ကျောင်း၏ အနာဂတ်ကို စိတ်မပူတော့ပါဘူး။ ထို့ကြောင့် စိတ်သက်သာရပြီး အနားယူပါတော့မည်။)

"ဒီစကားတွေက ဘယ်လောက်တောင် အဓိပ္ပာယ်မဲ့လိုက်လဲ လွန်ခဲ့သော တစ်လကပင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျွန်ုပ်သည်ကျောင်းနဲ့အတူ သေခြင်းတရားကို မျှဝေမယ်လို့ ဒီလူကြီး ပြောခဲ့တာလေ၊ အခုတော့ ဖိအားတွေကို မခံနိုင်ဘဲ ထွက်ပြေးတာ သေချာတယ်”

ကျုံ့လင် နှုတ်ထွက်စာကို အပိုင်းပိုင်း ဖြတ်ပစ်ချင်နေသည်။ ဆွန်းမိုကို ကောင်းမွန်သည့် စေ့စပ်သူ ဟုတ်လား။ ကျန်းလျန် မျက်ကန်းသာဖြစ်ရမည်။

“ငါ့ ညွှန်ကြားချက်အတိုင်းသာ လုပ်ပါ”

အန်ရှီဝေ မရှင်းပြချင်ပါ။ သူမတွင် လုပ်စရာ အများကြီးရှိသေးသည်။

"ကောင်းပြီ" ကျုံလင်က ပြန်ပြောစရာ အဖြေမရှိသဖြင့် ခိုင်းသည့်အတိုင်းသာ လုပ်ရပေတော့မည်။ သူမက ထွက်မသွားခင်

"အစ်မကြီး ၊ ဆွန်းမိုကို မြန်မြန်ရှာပြီး သူဖျက်ဆီးနေတာကို ရပ်ဖို့ သတိပေးသင့်နေပြီ" လို့ ပြောလိုက်သည်။

ကျုံလင်သည် ထွက်လာခဲ့ပြီးနောက် အမြန်ပြေးသွားပြီး ဆွန်းမိုကို စစ်ဆေးလိုက်သည်။ သူမတွေ့လိုက်တာ ဓောင်ညီအစ်ကို ကို ငြင်းပယ်ဒါထက် ပိုရှုးသွပ်သည့် အရာကို

တွေ့လိုက်သည်။ သူသည် ကြယ်တစ်ပွင့်မြတ်ဆရာလင်ကျန်ကို ဆုံးမပြီး အမှိုက်ကျောင်းသားများကို စုဆောင်းခဲ့သည်။

"မဖြစ်သင့်ဘူး။ ဆွန်းမိုကို ဆက်ပြီးဖျက်ဆီးဖို့ ခွင့်ပြုထားလို့ မရဘူး။ ဆရာလင်ဒေါသထွက်ပြီး ထွက်သွားဖို့ ဆုံးဖြတ်လိုက်ရင် ဘယ်လို လုပ်မလဲ လင်ကျန်က အမကြီးကို ထောက်ခံတဲ့လူလေ "

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၅၄) - မရီဒန်အကယ်ဒမီက ခေါင်းအမဲလိုက်ခြင်း။

"ဆွန်းမိုက ဆရာလင်ကို လူကြားထဲမှာ ပြန်ပြောတယ်"

နေရောင်ခြည်က ပြတင်းပေါက်ကို ဖြတ်ကျော်ကာ အန်ရှီဝေ၏ တုန်လှုပ်နေသော မျက်နှာလေးပေါ်ကို

ဖြာကျနေသည်။ ငယ်ကျွမ်းဆွေလေးက ဒီလို သတ္တိမရှိသင့်ပါဘူး။

"တရားဝင် ဆရာတစ်ယောက်ဖြစ်ဖို့ ဆွန်းမိုရဲ့ လုပ်ရပ်က မရိုးသားဘူး။ ငါစုံစမ်းပြီးပြီ။ ချန်လုံလို့ခေါ်တဲ့ ကျောင်းသားကိုယ်ပေါ်မှာ ပျက်စီးနေတဲ့ ဝိညာဉ် တက်တူးတွေအများကြီး ရှိတယ်။ ဝိညာဉ်တက်တူးကို အထူးပြုတဲ့ မြတ်ဆရာတစ်ယောက် အရင်တုန်းက ခေါ်ထားတာ ဖြစ်လိမ့်မယ်။ ဒါပေမယ့် သူ့အရည်ချင်းက မပြည့်လို့ စွန့်ပစ်ခံခဲ့ရတယ်။ တစ်ယောက်ယောက်က

စွန့်ပစ်လိုက်တဲ့ အမှိုက်ဆိုတာ သိသာနေတာပဲ ဒါကို ဆွန်းမို ကောက်လိုက်တယ်”

ကျုံလင် ရင်ဘက်ထိတ်ကနဲ ခုန်သွားသည်။

ချန်လုံမှာ ဝိညာဉ်တကော်တူးအများကြီး ရှိတဲ့ အကြောင်းရင်းက ရှိကိုရှိရမည်။ အကြောင်းပြချက်က ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ရိုးရိုးလူတစ်ယောက် ကိုတောင် တပြည့်မရွေးခင် သေသေချာချာ အကဲခတ်ရတာ။ သို့ပေမယ့် ဆွန်းမိုက ချန်လုံကို တစ်ခါတည်း ခေါ်လိုက်သည်။ တကယ့်ကို အထင်ကြီးရောဂါက ကုသရန် ဆေးမရှိပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါနားလည်ပြီ"

အန်ရှီဝေ မျက်နှာက အရင်တိုင်း တည်ငြိမ်နေသည်။ ဒါကသူမကို သူမအဖိုး သင်ပေးခဲ့တာပါ။ အရမ်းကို တုန်လှုပ်နေသော်လည်း ပြင်ပ အသွင်အပြင် ထိန်းထားရမည်။

ကျိုလင်က တိတ်တိတ်လေး ထွက်သွားသည်။ အန်ရှီဝေသည် အလုပ်ကို အာရုံစိုက်ချင်သော်လည်း ဆွန်းမိုနှင့် ပက်သက်ပြီး စိုးရိမ်နေသောကြောင့် မလုပ်နိုင်ဖြစ်နေသည်။ ဒါကြောင့် အပြင်ကို ထွက်ရန် ဆုံးဖြတ်လိုက်သည်။

ကျုံလင်က ဆွန်းမိုကို ရှုံ့ချတာနှင့် ပက်သက်ပြီး အန်ရှီဝေ မကြိုက်ပါ။ သို့သော်လည်း ကျုံလင်က သူမအကျိုးတွက် ပြောတယ်ဆိုတာ သူမသိသည်။ ထိုကြောင့်လည်း အပြစ်မတင်ခဲ့တာပါ။

ဗဟိုပြည်နယ်အကယ်ဒမီ၏ အခြေအနေသည် အလွန်ကို ဆိုးဝါးနေပါသည်။ ကျန်ဟန်ဖူနှင့် ဝမ်ဆုတို့ ဂိုဏ်းနှစ်ခုသည် အလွန်ကို ဆိုးဝါးနေသည်။ သူမ၏ ကိုယ်ပိုင်အင်အားက အားနည်းလွန်းနေပြီး သူမအားကိုးနိုင်သောလူ များစွာမရှိပါ။ သူမအတွက် ဆယ်နှစ်နီးပါး လုပ်ပေးခဲ့သည့် လက်ထောက်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထုတ်ပစ်လိုက်ရင် တခြားသူတွေက ဘယ်လိုထင်ကြမလဲ။

ကျုံလင်၏ အရည်ချင်းသည် မ ပြည့်စုံသော်လည်း သူမ၏ သစ္စာရှိမှုနှင့်တင် လုံလောက်ပါသည်။

နေရောင်အောက်မှာ-

ချင်ဖန်သည် ကျောင်းနှင့် မနီးမဝေးနေရာတွင် ရပ်နေပြီး စိတ်ထဲတွင် စိုးရိမ်နေသည်။ အန်ရှီဝေက သူ့အတွက် ထွက်လာမှာလား။ အများစုကတော့ ဖြစ်ချင်မှ ဖြစ်နိုင်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘာပဲဖြစ်ဖြစ်သူက သူမကိုင်တိုင် ရွေးချယ်ထားသည့် သူဖြစ်သည်။ သူ့အပေါ် စိတ်ရှည်သည်းခံသင့်သည်။

သို့သော်လည်း သူဘယ်လောက်ကြာအောင် စောင့်ပါစေ ဘယ်သူ့ကိုမှ မတွေ့ရပါ။

နေဝင်သွားသည်နှင့် ချင်ဖန် နှလုံးသား အောက်ခြေကို နစ်မြုပ်သွားသည်။ နွေရာသီလေက အလွန်ကို ပူပြင်းသော်လည်း သူ့တစ်ကိုယ်လုံး အေးစက်သွားတာကို ခံစားရသည်။

သူ့ကို အန်ရှီဝေက စွန့်ပစ်လိုက်ပါပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချင်ဖန်၏ လက်တွေ တုန်နေသည်။ သူ့ဘေးနားက ခရီးဆောင်အိတ်ကို ထမ်းပြီး ရှေ့ကို နည်းနည်းလှမ်းလိုက်သည်။ ထို့နောက် ကျောင်းဘက်ကို ပြန်လှည့်ကြည့်လိုက်သည်။

ဗဟိုပြည်နယ် အကယ်ဒမီက တိတ်ဆိတ်ငြိမ်သက်နေသည်။

သူသည် မြတ်ဆရာတစ်ယောက် ဖြစ်ချင်သည်။ အန်ရှိဝေက ကျောင်းကို နာမည်ကြီးကျောင်းကိုးကျောင်းထဲက တစ်ကျောင်း ပြန်ဖြစ်အောင် တည်ဆောက်တာကို ကူညီပေးချင်ခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ၏ကြိုးစားမှုဖြင့် အန်ရှီဝေ၏ နှလုံးသားကို အနိုင်ယူပြီး သူမကို လက်ထက်ချင်ခဲ့သည်။

ထို့နောက်သူသည် ပြည်နယ်ကိုးခုက ပြင်းထန်သော စုတ်ချက် မြတ်ဆရာ အဆင့်ကိုဝင်ကာ ဗဟိုပြည်နယ်အကယ်ဒမီ၏ ကျောင်းအုပ်ကြီး ဖြစ်လာမည်။

ဒါပေမယ့် သူ့အိပ်မက်တွေက မစခင်ကပင် စာတန်းထိုးသွားသည်။

“ဆွန်းမို၊ ဒါတွေအားလုံး မင်းကြောင့် ပဲ”

ချင်ဖန်သည် နှုတ်ခမ်းကို တင်းတင်းကိုက်ရင်း လက်သီးကို ဆုပ်ထားသည်။ နောက်ထပ် ခြေလှမ်းနည်းနည်းထပ် လျှောက်ပြီး နောက်ကိုလှည့်ကြည့်လိုက်သည်။ လူမပြောနှင့် ခွေးတောင်မရှိပါ။

အန်ရှီဝေသည် ရာစုနှစ်တစ်ခု၏ ပါရမီရှင် တစ်ယောက်ဖြစ်ပြီး ဆန်းကြယ်ကောင်းကင် အကယ်ဒမီက ပါရမီရှင်ဖြစ်သည်။ သူမအလှအပနှင့် ဉာဏ်ရည်ဉာဏ်သွေးသည် မိန်းမလေးများထဲတွင် အဆင့်သတ်မှတ်ခံရသူဖြစ်သည်။ သူက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆုံးရှုံးသွားသော သိက္ခာကို ပြန်ရဖို့ ဒီလို အနေအထားကို သုံးချင်နေတာလား။ ဘယ်လောက် ရယ်စရာကောင်းလိုက်သလဲ။

အန်ရှီဝေသည် ဒါကို ကျိန်းသေ သိပါသည်။ ဒါပေမယ့်လည်း သူမ မရောက်လာပါဘူး။

"ငါက အရည်အချင်း မလုံလောက်ဘူးလို့ မင်းထင်နေပြီး ငါ့ကိုဆွဲဆောင်ဖို့ မလိုဘူးပေါ့"

ဒီအချက်ကို တွေးပြီး အိတ်ကိုကိုင်လိုက်သည်။ ကျောင်းကမထွက်သွားခင် ကျောင်းတံခါးကို စူးစူးနစ်နစ်ကြည့်ကာ ထွက်ခွာသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ခဏစောင့်နေပါ ဆွန်းမို၊ ငါ့လမ်းကို ငါဖောက်မယ်။ အန်ရှီဝေ၊ မင်းဆုံးဖြတ်ချက် မှားသွားတာကို မင်းသိစေရမယ်)

ဟတ်ချိုး

ဆွန်းမို နှာချေသွားသည်။

လုချီဟွာက သူမလက်ကိုင် ပုဝါကို ချက်ခြင်းထုတ်ပြီး ပေးလိုက်သည်။

တော်တော်လေးကို နောက်ကျနေပြီ ဖြစ်သောကြောင့် လီဇီချီသည် အိမ်ကို ပြန်သွားပြီ

ဖြစ်သည်။ သို့သော်လည်း ယူရုံပိုက ဆွန်းမို နောက်ကို လိုက်နေသေးသည်။

"ပြောစရာရှိ တိုက်ရိုက်ပြောပါ။ တစ်ခါတည်း ပြောထားမယ်၊ ငါက ဟိုမို မဟုတ်ဘူးနော်(ဂေး)"

ဆွန်းမို ပြောလိုက်သည်။

"ဟိုမို ဆိုတာ ဘာလဲ"

ယူရုံပိုက တစ်ခုခု ပြောဖို့ ပြင်နေတာပါ။ ဒါပေမယ့် တစ်ခါမှ မကြားဖူးသည့် အသုံးနှုန်းကို ကြားပြီး စိတ်ရှုပ်သွားသည်။

"ဟီး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ယူရုံပိုကို အကဲခတ်နေသည်။ ကြယ်လေးပွင့် မြတ်ဆရာက အားလုံချည်လား။ သူဒီလောက်အားနေရင်လည်း ဘာလို့ အိမ်ပြန်ပြီး ဝတ္ထု ဖတ်မနေတာလဲ။ “မေ့လိုက်ပါ။ ဒီအတိုင်းပြောလိုက်တာပါ ၊ ဟိုမိုက ကောင်းတဲ့ အသုံးအနှုန်း မဟုတ်ပါဘူး”

ယူရုံပိုက ဆက်မမေးဖို့ ဆုံးဖြတ်လိုက်သည်။ ထို့နောက် ချောင်းတစ်ချက်ဟန့်ကာ “ မင်းကို အရမ်းသဘောကျတယ်”

လေးနက်သည့် အသံနှင့်ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါဟိုမို မဟုတ်ဘူးလို့ ပြောပြီးပြီ"

(ဖင်ကျိန်းလိုက်တာ ဘာကောင်လည်းဟ)

ဆွန်းမိုက မျက်ခုံးပင့်ကာ နောက်ကို နှစ်လှမ်းဆုတ်လိုက်သည်။

"အမ်"

ယူရုံပိုလည်း ကြောင်သွားသည်။ အဲဒီနောက် ဟိုမိုဆိုသော အဓိပ္ပာယ်ကို နားလည်သွားသည်။ (မဟုတ်ဘူးလေ၊ ငါလည်း ယောကျ်ားတွေကို မကြိုက်ဘူး၊ ရင်သားသေးသေးလေး တွေကို အချစ်ဆုံးပဲ)

ကြေကွဲခြင်းမရှိရေကန်သည် အလွန်ကို လှပနေပါသည်။ ဗဟိုပြည်နယ်အကယ်ဒမီ၏ ထင်ရှားသောနေရာများထဲက တစ်ခုဖြစ်သည်။ ဗဟိုပြည်နယ်အကယ်ဒမီကို တက်ရောက်ဖို့ အလားအလာရှိသည့် ကျောင်းသားများသည် ဒီနေရာကို သဘောကျပြီး ကျိန်သေပေါက်လာကာ အချိန်ဖြုန်းကြပါလိမ့်မည်။

ဆွန်းမိုသည် ကျောင်းသားခေါ်ယူလိုသောကြောင့် ဒီနေရာကို လျစ်လျူရှုမည် မဟုတ်ကြောင်း အန်ရှီဝေ ထင်သည်။ ဒါကြောင့် ထိုပတ်ဝန်းကျင်

တွင် သူ့ကိုလိုက်ရှာကြည့်လိုက်သည် ။ သိပ်မကြာပါဘူး တွေ့လိုက်သည်။

ပထမက သူမသွားနှုတ်ဆက် ချင်သော်လည်း နှစ်တော်တော်ကြာ မဆုံဖြစ်သည့်အတွက် အနန်ရှိဝေသည် ရုတ်တရတ် စကာစပြောရန် ခက်နေသည်။ သူမ ဘာပြောရမလဲ။ ဒါကြောင့် ပြောမည့်အရာကိုတွေးရင်း သူနောက်လိုက်ရန် ဆုံးဖြတ်လိုက်သည်။

“ငါတို့ ဘဝအကြောင်းကို ပြောရမလား၊ တရားဝင်ကိစ္စတွေကို ပြောရမလား၊

ငါတရားဝင်ကိစ္စတွေကို ပြောရင် နည်းနည်းစိမ်းသလို ဖြစ်နေမလား”

အန်ရှီဝေ ဒွိဟဖြစ်နေသည်။ သူမ၏ နောက်ထပ်ပုံရိပ်က ဆွန်းမိုနှင့် စေ့စပ်ထားသည့် သူဖြစ်သည်။ သို့သော်လည်း သူမအာရုံက ယူရုံပိုဆီကို ရောက်သွားသည်။

ဒီလူကို ရင်းရင်းနှီးနှီး သိပါတယ်။ မိနစ် အနည်းငယ်ကြာတော့ အန်ရှီဝေ သတိရသွားသည်။ ဒီလူသည် အလွန်ကို ကျော်ကြားသည့် ယူရုံပိုဖြစ်သည်။ သူသည် မကြာသေးခင်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြယ်လေးပွင့်အဆင့်ကို တက်လာပြီး သူတော်စင်ဂိတ်က ထုတ်ဝေသော စာစောင်တွင် ပါသည်။

ဆွန်းမိုနှင့် ဘာလို့ အတူတူရှိနေတာလဲ။

သိချင်စိတ်ကြောင့် အန်ရှီဝေသည် ဆွန်းမိုကို နှုတ်ဆက်မနေဘဲ နောက်ကနေ တိတ်တိတ်လေး လိုက်လာသည်။

သူတို့အသံများက သူမ နားထဲကို ရောက်လာသည်။

“ငါမင်းကို သဘောကျတယ်”

- 1987 - | ဘာသာပြန်Hurricane

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ယူရုံပို အသံက အရင်ကထက် လေးနက်လာသည်။

"မင်းအရင်ကပြော..."

ဆွန်းမို အမူအရာက တည်ငြိမ်နေသည်။ သို့သော် အန်ရှီဝေက ထိုစကားကိုကြားပြီး အံ့အော နေသည်။ ဘာကြီးလဲ၊ ယူရုံပိုက ယောကျ်ားအချင်းချင်းကြိုက်တဲ့ လူမျိုးလား။

ထို့နောက် သူမနားလည်သွားသည်။ ဆွန်းမိုပေါ်ကို နေရောင်က ဖြာကျနေပြီး သူ့ပုံရိပ်က ရှင်းလင်းပြတ်သားကာ ပိုကျက်သရေရှိပြီး

ချောမောနေသည်။ အထူးသဖြင့် မျက်လုံးများဖြစ်သည်။ သူတို့သည် စမ်းရေကဲ့သို့ ကြည်လင်နေပြီး ကြည့်မိသည့် လူတိုင်းကို ရင်းနှီးချစ်ခင်မှု ဖြစ်စေနိုင်သည်။

ငယ်ငယ်တုန်းက သူမနောက်ကို လိုက်ဖူးသည့် ကလေးလေးက အခုချိန်မှာ အရမ်းကို ကြည့်ကောင်းသည့် လူငယ်တစ်ယောက် ဖြစ်နေတာကြောင့် ယောကျ်ားလေး တွေကိုတောင် စွဲဆောင်လာနိုင်မယ်လို့ အန်ရှီဝေ မထင်ထားခဲ့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အာ၊ မင်းကို ပြောချင်တာက မင်းအရည်ချင်းကို သဘောကျတယ်။ ငါတို့ အဖွဲ့ထဲကို ဝင်ချင်လား"

ယူရုံပိုက ဖိတ်စာတစ်စောင်ကို ထုတ်ကာ ပြောလိုက်သည်။

ဆွန်းမိုက မတုံ့ပြန်ပါ။ သို့သော် နောက်တွင်ရှိနေသည့် အန်ရှီဝေက ထိတ်လန့်ပြီး အော်လုနီးပါဖြစ်သွားသည်။ သူမလက်တွေက နီရဲနေသည့် သူမနှုတ်ခမ်းများကို ပြန်ဖုံးလိုက်လို့ တော်သေးသည်။ မဟုတ်ပါက သူမကို ရှာတွေ့သွားမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘယ်လိုဖြစ်တာလဲ ၊ ယူရုံပိုက ဆွန်းမို အရည်ချင်းကို သဘောကျတာလား"

အန်ရှီဝေ မျက်ခုံးပင့်ကာ တွေးနေသည်။

သူမ နားမလည်ပါ။ အထူးသဖြင့် ဒီနှစ်ရက်အတွင်း ဖြစ်သွားသည့်၊ ဆွန်းမို၏ အထိန်းအကွပ် မရှိပြုလုပ်သည့် အကြောင်းကို ကျုံလင် ညည်းညူသံများကြောင့် သူမကြားသည်။ အခုတော့ ဆွန်းမိုကို ခေါ်ယူလိုသည့် ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ကို တွေ့လိုက်ရသည်။ ကျီးကန်းတစ်ကောင်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖီးနစ်ငှက်ဖြစ်သွားသည့် မြင်ကွင်းကို ကြည့်နေရသလို မယုံနိုင်သည့် ခံစားချက်ဖြစ်နေသည်။

ကျုံလင်သည် ဆွန်းမိုကို မလိုမုန်းထားမှုကြောင့် တစ်ခုခုလွဲချော် နေပုံရသည်။

"ဆက်ပြီး"

ဆွန်းမိုသည် အမျိုးမျိုးသော အခြားအသက် မွေးဝမ်းကြောင်း အထူးပြုသည့် အဖွဲ့များကိုဖွဲ့တတ်သည့် နာမည်ကြီးကျောင်းက ကြီးကြပ်ရေးမှူး အကြောင်းများကို ကြားဖူးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထိုအဖွဲ့ကို မြတ်ဆရာအဖွဲ့ဟု ခေါ်ကြသည်။ မတူညီသော အခြားအသက်မွေးဝမ်းကြောင်းနှင့် လူအများကြီး၊ ဆိုလိုသည်က ချို့ယွင်းချက်နဲရမည်ဖြစ်သည်။ ဒီလိုမျိုး မဟာမိတ်ဖွဲ့သည့်အခါ တစ်ခြားမြတ်ဆရာများကို ပြိုင်ဖို့ ပိုလွယ်ကူသည်။

မြတ်ဆရာများသည် ကျင့်ကြံခြင်းနယ်ပယ် မြင့်လာသည်နှင့် အမျှ အခြားအသက်မွေးဝမ်းကြောင်းကို လေ့လာရန် များပြားသော အရင်းအမြစ်များကို လိုအပ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနည်းဆုံးတော့ သူတို့သည် ဘယ်တော့မှ ငွေမချို့တဲ့သင့်ပါ။

အင်အားကြီး မြွတ်ဆရာအဖွဲ့သည် အရင်းအမြစ်ချို့တဲ့မည် မဟုတ်ပါ။

“ငါ့ကို တရားဝင် မိတ်ဆက်ခွင့် ပြုပါ။ ငါ့နာမည်က ယူရုံပို ဂျိပြည်နယ် ဆောင်နိုင်ငံက ဖြစ်ပြီး ကြယ်လေးပွင့် မြွတ်ဆရာတစ်ယောက်ပါ။ လွန်ခဲ့တဲ့ သုံးလက ချင်လင်မြို့ မရီဒန်အကယ်ဒမီက

ကျောင်းအုပ်ကြီးချောင်က ငါ့ကို ဌားပြီး တစ်နှစ်တာအကြီးအကဲ ရာထူးပေးထားတယ်။

ယူရုံပိုက သူ့အဆင့်အတန်းကို ပွင့်ပွင့်လင်းလင်း ပြောပြသည်။ သူ၏ လေးထောင့်ပုံမျက်နှာက တည်ငြိမ်အေးဆေးနေပြီး ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်၏ တင့်တယ်ခြင်းနဲ့ ပြည့်နေသည်။

“အာ”

ရာထူးအကြောင်းကို မကြားဘူးဆိုရင်တောင် လုချီဟွာထအော်ဖို့ ကြယ်လေးပွင့် မြတ်ဆရာဘွဲ့က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုံလောက်သည်။ သူမအတွက် ကြယ်လေးပွင့် မြတ်ဆရာက စိတ်ထဲကသာ လေးစားနိုင်သော အဆင့်အတန်းဖြစ်သည်။

ဒီလိုဖြစ်တည်မှုမျိုးက သူမဆရာကို တရားဝင် ခေါင်းဖြတ်အမဲလိုက်နေတာပဲ....။

“ဆရာဆွန်းက အရမ်းကိုတော်တာပဲ” လုချီဟွာ စိတ်လှုပ်ရှားနေသည်။ “သူ့ကို ဆရာတင်နိုင်ခဲ့တာ ငါတကယ်ကံကောင်းတာပဲ”

ဒင်!

- 1996 - | ဘာသာပြန်Hurricane

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုးစာပင်နောက်တွင် ပုန်းကွယ်နေသော အန်ရှိဝေဟာ အလွန်ကို အံ့အောသင့်သွားသည်။ ဆွန်းမို ဘာတွေလုပ်ခဲ့တာလဲ။ ယူရုံပိုက သူ့ကို ဘာကြောင့် အလေးထားဆက်ဆံနေတာလဲ။

ဒါပေမယ့်လည်း သိမ်မကြာခင် အန်ရှိဝေသည် ဖိအားကို ခံစားလိုက်ရသည်။

"ဒီ" နှင့် "စီ" အဆင့်ကျောင်းများသည် ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ကို ဆွဲဆောင်ရန် လုံလောက်မှုမရှိပါ။ ထိုကြောင့် သူတို့သည် ဒီလို လူတစ်ယောက်ကို ဖိတ်ခေါ်ချင်ပါက

အလွန်ကိုကြီးမားသော ဈေးနှုန်းကို သုံးစွဲရမည်။ မရီဒန် အကယ်ဒမီက ကျောင်းအုပ်ကြီးက ဒီအတွက် တော်တော်လေး ရင်းနှီးမြှုပ်နှံထားတာပဲ။ သို့သော်လည်း ထိုအခြေအနေက ဗဟိုပြည်နယ် အကယ်ဒမီကို ဘယ်တော့မှ မတွန်းလှန်နိုင်သည် အထိ လွှမ်းမိုးထားမည်လို့တော့ မဆိုလိုပါ။

ယူရုံပိုက ဆွန်းမိုကြည့်သော အကြည့် မပြောင်းသွားတာကို တွေ့လိုက်သည်။ ဆွန်းမိုက ကန်တင်းတွင် ဆန်ပြုတ်သောက်မလား မေးသလို

တည်ငြိမ်နေသည်။ ဒီအချက်က ဆွန်းမိုအား ပိုလို့တောင် သဘောကျသွားစေသည်။

အရင်တုန်းက ခေါ်ဖူးသော ဆရာဖယောက်လုံးသည် သူ့ပုံရိပ်ကို သိပြီးနောက် တည်ငြိမ်ချင်ယောင် ဟန်ဆောင်ကြသည်။ သို့တိုင်အောင် သူတို့သည် သူတို့၏ စိတ်လှုပ်ရှားမှုနှင့် တုန်လှုပ်မှုများကို မဖုံးကွယ်နိုင်ပါ။

ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်၏ ရွေးချယ်ခံရခြင်းသည်ပင် အသိအမှတ်ပြုခြင်းနှင့် ချီးကျူးခြင်း တစ်မျိုးဖြစ်သည်။ ဒီစကားက ပြန့်သွားပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတိုင်းက သူတို့ကို အချိန်အတော်ကြာ မနာလိုဖြစ်သွားနိုင်သည်။

ဆွန်းမိုသည် ယူရုံပိုကို ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်ကြောင်း သိထားပြီးဖြစ်သည်။ ဘာကြောင့် အခုမှ အံ့ဩနေရမှာလဲ။

အရေးကြီးဆုံးအချက်က ဆွန်းမို အခုမှ ဒီကမ္ဘာကို ရောက်ရှိလာခြင်းဖြစ်သည်။ ထို့ကြောင့် ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်၏ အလေးချိန်ကို အပြည့်အ၀ နားမလည်သေးပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထို့အပြင် စနစ်၏ သတိပေးချက်က နားထဲတွင် မြည်နေသည်။

ဒင်!

"ဂုဏ်ယူပါတယ်။ သင်နှင့် လုချီဟွာကြား လေးစားအထင်ကြီးမှု ဆက်သွယ်ချက်သည် ရင်းနှီး အဆင့်ကို ရောက်ရှိသွားပါသည်။ ဒါကြောင့် အနက်ရောင်သေတ္တာကို ဆုလာဒ်အဖြစ်ရရှိသည်"

တောက်ပသော အနက်ရောင် ရတနာသေတ္တာသည် ဆွန်းမို အရှေ့တွင်

ပေါ်လာသည်။ ဒါက ယူရုံပို မျက်နှာထက် ကြည့်ကောင်းသည်။

"ပထမတော့ ငါက ကူရှပ်ရှင်းနဲ့ လျိုမူဘိုင်ကို လေ့လာဖို့လာတာ၊ ဒါပေမယ့် မင်းက သူတို့ထက် ထူးချွန်တယ်လို့ ငါထင်တယ်"

ဆွန်းမို မျက်လုံးကို တိုက်ရိုက်ကြည့်ပြီး ပြောလိုက်သည်။

"မင်းက ငါ့ကို အရမ်းချီးကျူးနေတာပဲ"

ဆွန်းမိုက သူ့အနေအထားကို နားလည်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မဟုတ်တာ ၊ မင်းကိုယ်မင်း အလွန်နိမ့်ချမနေပါနဲ့။ သင်ကြားရေးစွမ်းရည်က ကူရှုပ်ရှင်း၊ လျှို့မှုဘိုင်တို့ထက် နိမ့်ကျပေမယ့်၊ မင်းရဲ့ ကာရိုက်တာကို ငါသဘောကျတယ်"

ဒါက နှစ်ပေါင်းများစွာ လုပ်လာသည့် မြတ်ဆရာတစ်ယောက်ရဲ့ ဆဋ္ဌမ အာရုံဖြစ်သည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ပေါ့ပေါ့ပါးပါး ရယ်ကာပြောလိုက်သည်။ ဘယ်လိုပဲပြောပြော ဆရာအဖြစ် လုပ်ခဲ့သည့် အတွေ့အကြုံ ခြောက်နှစ်ရှိသည်။

ကျောင်းသားများကို ပိုမိုကောင်းမွန်အောင် သင်ကြားနိုင်ရန်နှင့် ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်ရန်အတွက် သူဝယ်ခဲ့သော စာအုပ်တန်ဖိုးပင် ဒေါ်လာ တစ်ထောင်ကျော် လောက်ရှိသည်။ စိတ်ပညာစာအုပ်၊ ဒဿနိက စာအုပ်၊ သရုပ်ဆောင်စွမ်းရည်နှင့် ပက်သက်သည့် စာအုပ် ဆယ်အုပ်ကျော်လောက်ရှိသည်။

အမှတ်(၂) အထက်တန်းကျောင်းသည် ထင်ရှားသောကျောင်းဖြစ်သည်။ ဆွန်းမိုသည် အဓိက အရေးပါသူတစ်ယောက်ဖြစ်အောင် ရပ်တည်နိုင်ရန်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရိုးရှင်းစွာပင် သင်ကြားရေး စွမ်းရည်တစ်ခုတည်းအပေါ်တွင် မမှီခိုခဲ့ပါ။

“မင်းကို ငါ့အဖွဲ့ထဲဝင်ဖို့ ဖိတ်ခေါ်ချင်တယ်။ ဘာစာမေးပွဲမှ မလိုအပ်ပဲ မရီဒန်အကယ်ဒမီမှာ တရားဝင် ဆရာတစ်ယောက် အဖြစ်တစ်ခါတည်း စာချုပ် ချုပ်ပေးမယ်။ ဒါ့အပြင် ကျင့်ကြံခြင်းအဆင့် တက်ဖို့အတွက်လိုအပ်တဲ့ အရင်းအမြစ် မျိုးစုံလည်း ထောက်ပံ့ပေးမယ်၊ ငါကတိပေးတယ်”

ယူရုံပိုက သူ့ဈေးနှုန်းကို ပြောလိုက်သည်။ တစ်စုံတစ်ခုကို ခိုးယူလိုသောကြောင့် သုံးစွဲရန် ဆန္ဒရှိသည်။

အတွေ့အကြုံရှိသော ဆရာတစ်ယောက်အနေဖြင့် သူအားလေးစားတန်ဖိုးထားပြီး လမ်းညွှန်ပေးနိုင်သည့် အထက်လူကြီးတစ်ယောက်၏ အရေးပါမှုကို နားလည်သည်။

'ဆွန်းမို"

အန်ရှီဝေ မနေနိုင်တော့ဘဲ လှမ်းခေါ်လိုက်သည်။ ဆွန်းမို၏ အခြေအနေမှာ သူမကိုယ်သူမ

ထည့်စဉ်းစားရင်း သူမနှလုံးသားက တုန်လှုပ်လာသည်။ ထိုကြောင့် ပိုးစာပင်နောက်က ထွက်လာပြီး “နင်ဒီမှာ ဘာလုပ်နေတာလဲ” မေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၅၅) - အန်ရှီဝေနှင့် ပထမဆုံးတွေ့ဆုံခြင်း။

- 2008 - | ဘာသာပြန်Hurricane

တစ်ယောက်ယောက်က လှမ်းပြောလိုက်သည့် အသံကြောင့် ဆွန်းမိုနှင့် နောက်နှစ်ယောက်သည် လှည့်ကြည့်လိုက်သည်။

အပင်နားတွင် ရပ်နေသော အန်ရှီဝေကို လိမ္မော်ရောင် နေရောင်အောက်တွင် တွေ့လိုက်ရသည်။ ရေကန်က လေများတိုက်လာလျှင် သူ့ဝတ်ရုံ အနားစများ လွင့်ပျံနေသည်။

အလွန်ကို ပင်ပန်းသောကြောင့် အန်ရှီဝေ၏ အသားအရေသည် ဖြူဖျော့လာပြီး အနည်းငယ်

ပိန်သွားသည်။ သို့သော်လည်း သူမ အကြည့်များက အရင်ကထက် စူးရှနေသည်။

ဆွန်းမို ပြုံးလိုက်မိသည်။ ဒါက အောင်မြင်သော အလုပ်အကိုင်လုပ်နေသည့် အမျိုးသမီး တစ်ယောက်ပုံစံပါ။

အန်ရှီဝေ၏ တဖြတ်ဖြတ်တောက်ပ နေသော မျက်လုံးတစ်စုံသည် ပျောက်ကွယ်သွားသည်။ ထို့နောက် အဖြူကနေ အနက်ရောင်ကို ပြောင်းသွားသကဲ့သို့ သူမ မျက်လုံးများသည် နူးညံ့သိမ်မွေ့မှုများနှင့် ပြည့်လာသည်။ သူမ၏

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချည်းကပ်နိုင်စွမ်းကို ပြသလိုက်ပြီး ကြည့်နေသည့်သူများက သူ့မကိုနှစ်သက်ကာ အထင်ကြီးမှု ဖြစ်လာစေနိုင်သည်။

ယူရုံပိုကို တွေ့လိုက်သည့်အခါ လုချီဟွာ၏ ပထမဆုံးတုံ့ပြန်မှုသည် ကြောက်ရွံ့မှုနှင့် လေးစားမှုဖြစ်သည်။ အခု အန်ရှီဝေကို တွေ့လိုက်သည့်အခါ ရင်းနှီးလေးစားမှုဖြစ်လာသည်။ နာနတ်သီး အချိုပွဲကို အတူတူစားချင်လားလို့ မေးသည့် သက်ကြီး အိမ်နီးနားခြင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသလို ခံစားလိုက်ရသည်။

"ဘယ်လိုလေးလည်းကွာ"

ဆွန်းမိုက စိတ်လို လက်ရ ချီးကျူးလိုက်သည်။

အန်ရှီဝေ၏ အလှသည် ဖျော်ဖြေရေးလောကထဲကို ဝင်လာပါက သရုပ်ဆောင် စွမ်းရည်မလိုအပ်ဘဲ ပန်းအိုးတစ်လုံးသာ ဖြစ်ရန်လိုအပ်သည်။ အမျိုးသားတော်တော်များများက သူမကို တစ်ချက်ကြည့်လိုက်ရုံနှင့် ရုပ်ရှင်လက်မှတ်ဝယ်ဖို့ ပိုက်ဆံအိတ်ကို ပျော်ရွှင်စွာ ဖွင့်ကြမည်ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတို့သေးပေါက်ချင်ရင်တောင် သူမ၏ ဇာတ်ဝင်ခန်းကို လက်လွှတ်မခံဘဲ အောင့်ကြည့်ကြလိမ့်မည်။

သူမရဲ့ အမူအရာတွေဆို ပိုလို့တောင် ထူးထူးခြားခြားလေး ဖြစ်နေသည်။ ဒီလိုအမူအရာတွေနှင့် ဆို လူတွေက သူတို့အလုပ်ကိုမေ့သွားပြီး သူမအလှမှာ နစ်မြောသွားကြလိမ့်သည်။

ရိုးရိုးရှင်းရှင်းပြောရရင် အန်ရှီဝေ၏ ဩဇာက အလွန်ကို ပြင်းထန်လွန်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ယူရုံပိုသည် ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ဖြစ်ပြီး သူ့ဩဇာကလဲ အလွန်ကို ပြင်းထန်ကြောင်း သိထားရမည်။ သို့သော် အန်ရှီဝေ ပေါ်လာသည်နှင့် ညှော့သည့်ကို အိမ်ရှင်က လွှမ်းခြုံသွားသကဲ့သို့ လူတိုင်းက သူမကို အာရုံမစိုက်ပဲ မနေနိုင်အောင်ဖြစ်သွားသည်။

အန်ရှီဝေသည် စကားအများကြီး မပြောတော့ပဲ ဆွန်းမိုကိုကြည့်ကာ သူမနှင့် နှစ်ပေါင်းများစွာ မတွေ့ခဲ့ရသော ကလေးဘဝက ချစ်သူကို လွမ်းလာနေသည်။

- 2014 - | ဘာသာပြန်Hurricane

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် အရပ်ရှည်လာပြီး ဘွဲ့ရတစ်ယောက်ဖြစ်သော်လည်း ကလေးဘဝ မျက်နှာ ကိုတွေ့နိုင်သေးသည်။ သူ့လက်ချောင်းက ပျော့ပြောင်းနေပြီး လက်သည်းတွေကလည်း ရှင်းသန့်နေသည်။ အစမ်းခန့်ဆရာအတွက် အပြာနုရောင်ဝတ်စုံကို ဝတ်ဆင်ထားသော်လည်း တွန့်ကြေခြင်းမရှိပါ။ အကြည့်တစ်ချက်ဖြင့် သူသည် အသေးစိတ် အချက်များကို သတိထားတတ်သောသူ ဖြစ်ကြောင်းပြောနိုင်သည်။

"ကျောင်းအုပ်ကြီး အန်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ခေါ်လိုက်သည်။ သူ့နှုတ်ခမ်းများက လက်ဆက်သော နေရောင်ခြည်ကဲ့သို့ လှပစွာ ပြုံးနေသည်။

"သူဒီအပြုံးကို ဖလ ဒါမှမဟုတ် ဒီထက်ပိုပြီး လေ့ကျင့်ထားတာ ဖြစ်နိုင်တယ်"

အန်ရှီဝေ ခန့်မှန်းလိုက်သည်။ သူမသည် ရယ်ချင်စိတ်ဖြစ်လာသော်လည်း မျက်နှာက တည်ထားသည်။

ယူရုံပိုက အန်ရှီဝေကို သိသည်။ ဒါကြောင့် သူ့မျက်ခုံးများ တွန့်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါအတွက် အဖြေမရှိပါ။ ထက်မြတ်သော ယောက်ျားနှင့် လှပသော မြတ်ဆရာမ သာမန်အားဖြင့် သူမတို့ သဘာဝ အားသာချက်ရှိသည်။ ထို့အပြင် အန်ရှီဝေသည် အလွန်ကျော်ကြားပြီး ဂုဏ်ကျက်သရေလည်း များပြားသည်။

သ့ူထက် မြတ်ဆရာအဆင့် နိမ့်တာရယ်၊ ဗဟိုပြည်နယ် အကယ်ဒမီ ကျဆင်းနေတာရယ်ကလွဲရင် သူမမှာ အားနည်းချက်မရှိပါ။

"ဆွန်းမိုက လှပသည့် မိန်းမကြောင့် တွယ်ကပ်နေပြီး ရေတိမ်မှာ နေမယ့်လူမဟုတ်ဘူးလို့ မျှော်လင့်ပါတယ်"

ယူရုံပိုက တိုးတိုးလေး ရေရွတ်လိုက်သည်။ အဲဒီနောက်မှာ သူက စတင်ပြီး တိုက်ခိုက်လိုက်ပါသည်။

"ကျောင်းအုပ်ကြီး အန် ပျင်းနေရင် ဘာလို့ ငါတို့နဲ့ အတူတူ ရှုခင်းလာမကြည့်တာလဲ"

ယူရုံပို စကားက သာမန် ပြောလိုက်သလို ယူဆနိုင်ပြီး အန်ရှီဝေသာ သတိမထားမိပါက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူမက အလုပ်ကို အလေးအနက် မထားဘဲ အပျက်သဘောဆောင်သော ပုံရိပ်ထွက်သွားနိုင်သည်။ တစ်ခုသိထားရမှာက ဒီနေ့သည် ကျောင်းသားစုဆောင်ရေးနေ့ ဖြစ်သည်။ အလုပ်အများဆုံးက ကျောင်းအုပ်ကြီး ဖြစ်နိုင်သည်။

"ငါ့ကျောင်းက ဆရာတယောက်အလုခံရတော့မှာကို ဝတ်တရားအတိုင်း လာတားတာလေ"

အန်ရှီဝေက ဝစီကံဖြင့် တိုက်ခိုက်ခြင်း မရှိဘဲ လိုရင်းကို သာ တန်းသွားလိုက်သည်။

- 2019 - | ဘာသာပြန်Hurricane

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ယူရုံပို မျက်မှောင်ကြုတ်လိုက်သည်။ အန်ရှီဝေသည် ကောလဟာသ အတိုင်း သူမနှင့် ဆက်ဆံရန် မလွယ်ပါ။ မရီဒန်အကယ်ဒမီက ကျောင်းအုပ်ကြီးချောင် သူ့ကိုအလုပ်ခန့်တာ အံသြစရာမရှိပါ။

ကျောင်းအုပ်ကြီး ချောင် ပြောစကားအရဆို တကယ်လို့ ဗဟိုပြည်နယ်အကယ်ဒမီကို အန်ရှီဝေသာ လက်လွှဲ မယူပါက သူနှိမ့်ကွပ်လိုက်လို့ ဒီကျောင်းသည်

ကျောင်းစာရင်းထဲက ထွက်သွားတာ တော်တော်ကြာပြီဖြစ်သည်။

"ဟား ဟား၊ ဗဟိုပြည်နယ် အကယ်ဒမီက ကျဆင်းနေပြီး၊ ဒီ အဆင့်ရဲ့ အောက်ဆုံးကို ရောက်နေပြီ ဒီနှစ်မှာသာ ဆက်ပြီ အောက်ဆုံး ရောက်နေရင် မင်းကျောင်းကို စာရင်းက တိုက်ရိုက် ထုတ်ပယ်ခံရတော့မှာ ဘာကြောင့်ဆရာဆွန်းရဲ့ အရည်ချင်းတွေကို ဒီမှာ ဖြုန်းတီးပစ်မယ့်အစား မရီဒန်အကယ်ဒမီမှာ

ငါ့နောက်ကိုလိုက်ပြီး ဘာလို့ ကောင်းကင်နှင့် မြေကြီးအသစ် မဖန်တီးခိုင်းတာလဲ”

ယူရုံပို က ပြန်ချေပလိုက်ရင်းတစ်ချိန်တည်း ဆွန်းမိုကို ကြည့်လိုက်သည်။

အန်ရှီဝေ၏စကားများသည် ရိုးသားသည်ဖြစ်စေ၊ မရိုးသားသည်ဖြစ်စေ ဆွန်းမိုနှင့် သူ့အပေါ်ကို အသိအမှတ်ပြုအလေးထားကြောင်း ဖော်ပြခဲ့သည်။ တကယ်လို့ ဒီနေရာမှာ ဆွန်းမိုမှမဟုတ်လည်း တခြားတစ်ယောက်ဆိုပါက နည်းနည်းတော့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝမ်းသာဂုဏ်ယူမိမှာ သေချာသည်။ ဘယ်လိုပဲဖြစ်ဖြစ် အလှအပ ထိပ်ခေါင်၏ ချီးကျူးမှုကို ရခဲ့သည်။

သို့သော်လည်း ဆွန်းမို အမူအရာက တည်ငြိမ်နေတာကို ယူရုံပို တွေ့လိုက်သည်။ ထမင်းဆိုင်က အဒေါ်ကြီးက ဘာနဲ့စားချင်လည်းလို့ မေးတာ ထင်နေပုံရသည်။ အတက်အကျ လုံးဝမရှိပါ။

ဆွန်းမို၏ နှုတ်ခမ်းများ တွန့်သွားသည်။ ယူရုံပို၏ စကားများသည် အရမ်းကို ရန်လိုနေပါသည်။

"ကျောင်း စာရင်းက ထုတ်ခံရမယ် ၊ ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာအသိုင်းအဝိုင်းမှာ အလွန်ကို ရေးပန်းစားတဲ့သူအနေနဲ့ "အေ" အဆင့်ရှိတဲ့ကျောင်း (ဒါမှမဟုတ်) နာမည်ကြီးကျောင်းကို မသွားဘဲ

ဘာကြောင့် ငါ့ဗဟိုပြည်နယ် အကယ်ဒမီကိုလာပြီး ခေါင်းဖြတ် အမဲလိုက်နေတာလဲ"

အန်ရှီဝေက ရွှဲ့စောင်းကာ ပြန်ပြောလိုက်သည်။

"ဟာဟ ကျောင်းအုပ်ကြီးချောင်က မင်းတို့ ဗဟိုပြည်နယ်အကယ်ဒမီကို အရမ်းကြီး အထင်ကြီးနေတာပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ယူရုံပိုက ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။ အမှန်တရားဖြစ်သော်လည်း ဝန်ခံမည်မဟုတ်ပါ။

"ကောင်းကင်နှင့်မြေကြီး အသစ်ဖန်တီးဖို့ပြောရရင် ကျောင်းအုပ်ကြီး ချောင်ရဲ့ အကြီးမားဆုံးဆန္ဒက မရီဒန်အကယ်ဒမီကို "အေ"အဆင့်ထိ မြှင့်တင်ချင်တာဆို။ ငါတို့ ဗဟိုပြည်နယ်အကယ်ဒမီအတွက် အကြီးမားဆုံးဆန္ဒကတော့ နာမည်ကြီး ကျောင်းအဆင့်ကို ပြန်သွားတာပဲ"

- 2025 - | ဘာသာပြန်Hurricane

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေက ထပ်ပြီး ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။ "နာမည်ကြီးကျောင်းက ကျသွားတဲ့ကျောင်းကို ဦးဆောင်ပေးရတာထက် ပိုပြီး ဒဏ္ဍာရီ ဆန်ပါအုံးမလား"

"ဘယ်လောက်တောင် ကောင်းလိုက်သလဲ"

ယူရုံပိုက တိတ်တဆိတ် ချီးကျူးလိုက်သည်။ အန်ရှီဝေသည် စကားစစ်ထိုးတာ တော်တော်ကျွမ်းတာပဲ။ ထို့အပြင်သူမ စကားပြောသည့်အခါ ရှင်းလင်းပြတ်သားပြီး

စနစ်ကျသည်။ သူမက သူ့အတွက်အကျိုးရှိသည့် ခေါင်းစဉ်ပြောင်းသွားသည်။

"ဆွန်းမိုသာ ဒီအချက်ကို အောင်မြင်သွားရင် ဆရာ အသိုင်းအဝိုင်းမှာ ပြင်းထန်တဲ့မှတ်ချက်ကို ချန်ထားခဲ့မှာ သေချာတယ်။ သူ့ရဲ့ ရုပ်တုက ကျောင်းထဲမှာ နောင်မျိုးဆက်များစွာထိ တိုင်အောင် လေးစားမှုကို ခံရမှာ"

အန်ရှီဝေက ပြောလိုက်သည်။

“အင်း... အရမ်းကို ကြီးမားတဲ့ ရည်မှန်းချက်ပဲ ဒါပေမယ့် ပြီးအောင်လုပ်နိုင်ဖို့ မဖြစ်မနေလိုအပ်တယ်”

ယူရုံပိုက ရယ်မောကာ ပြောလိုက်သည်။ ဒီလိုကိစ္စကို သူမတွေးရဲပါ။

“အို ဆွန်းမိုကို မယုံဘူး ပြောချင်တာလား”

အန်ရှီဝေက အပေါက်ရှာပြီး ချက်ခြင်း တိုက်ခိုက်လိုက်သည်။

“အမ်”

ယူရုံပိုက အခြေအနေ မကောင်းတော့ဘူးလို့ တွေးလိုက်မိသည်။ သူက အကြောင်းအရာ ပြောင်းလိုက်ပြီး

“ဆရာဆွန်း၊ မင်းငါ့အဖွဲ့ထဲကို ဝင်ချင်စိတ်ရှိသ၍ အရင်းအမြစ်အများကြီး ရလိမ့်မယ်။ အရင်ဆုံး လစာအကြောင်း ပြောရအောင် ကျောင်းအုပ်ကြီး အန်က လစာ ဘယ်လောက်ပေးပါစေ၊ အဲဒါထက် သုံးဆပေးမယ်”

ထိုစကားကို ကြားပြီးနောက် အန်ရှီဝေ သူမ၏ နှလုံးခုန်သံကို သူမပြန်ကြားလိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတစ်ယောက် မပြောနှင့် သာမန်လူတစ်ယောက်အတွက် အလုပ်လုပ်တာ အကြောင်းပြချက်နှစ်ခုပဲရှိသည်။ ပထမ တစ်ခုက အိပ်မက်နဲ့ ရည်မှန်းချက်ကြောင့် ဒုတိယတစ်ချက်က ပိုက်ဆံအများကြီး ရှာဖို့ပါ။

အခု ယူရုံပိုက ရည်မှန်းချက်အကြောင်းကို ရိုးရိုးပြောနေရုံတင်မက ကြီးကြီးကျယ်ကျယ်ပေးဖို့ ဆန္ဒရှိနေသည်။ အန်ရှီဝေ အတွက် ဒါကို ကိုင်တွယ်ရတာ တကယ့်ကို ခက်ပါသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"လစာ သုံးဆလား၊ မင်းသူ့ကို သိပ်အထင်ကြီးနေတာလား"

အန်ရှီဝေသည် စျေးနှုန်းညှိနှိုင်းရန် အနေအထားမရှိပါ။ သူမ၏ကျောင်းသည် အခု အရမ်းကို ဆင်းရဲနေသည်။

"ဟားဟား ဒါပေါ့၊ ငါယူရုံပိုက အရမ်းလေးစားတဲ့ လူတစ်ယောက်အတွက်တော့ ဒီပမာဏက သေချာပေါက် တန်တယ်။ ဘာလို့လဲ ကျောင်းအုပ်ကြီးက မတန်ဘူးထင်လို့လား"

ယူရုံပိုက ဆက်ပြီး ဖိအားပေးလိုက်သည်။

ဒါက သူ့ယုံကြည်မှုပါ။ အန်ရှီဝေသည် ကျောင်းအုပ်ကြီး ဖြစ်သော်လည်း ဗဟိုပြည်နယ်အကယ်ဒမီက ပွတ်တိုက်မှု မရှိရင်တောင် သူတစ်ယောက်တည်းတာဝန်ယူပြီး ဆွန်းမို၏ လစာကို စွန့်စားပြီး တိုးမပေးရဲပါ။ တခြားဆရာတွေက ဘယ်လိုထင်ကြမလဲ။

“ဆရာယူ မင်းရဲ့ လက်ရှိရာထူးက တစ်နှစ်တာ ခေါင်းဆောင်လို့ ပြောလိုက်သလားလို့ မင်းမှာ ဒီလောက်များတဲ့ လုပ်ပိုင်ခွင့်ရှိပါ့မလား”

အန်ရှီဝေ သံသယဝင်လာသည်။

“ဟား ဟား၊ မင်းက ကျောင်းအုပ်ကြီးပါ၊ ကျောင်းတစ်ကျောင်းမှာ လိုက်လျောညီထွေဖြစ်ဖို့ သိပ်မလွယ်ဘူးဆိုတာ သိထားသင့်တယ်။ ဒါပေမယ့်လည်း ကျောင်းအုပ်ကြီးချောင်က အတိုက်အခံတွေကို ဖြေရှင်းပြီးသွားပြီ။ တစ်လမပြည့်ခင် ငါက ဒုကျောင်းအုပ်ဖြစ်လာပြီး ငါ့သဘောအတိုင်း ခွဲဝေပေးနိုင်တဲ့ ရန်ပုံငွေ တစ်စိတ်တစ်ပိုင်းကို ရရှိမှာဖြစ်တယ်။“

ယူရုံပိုက မင်းငယ်ပါသေးတယ်လို့ စိတ်ထဲက ပြောလိုက်ပြီး အန်ရှီဝေကို တည့်တည့် ကြည့်လိုက်သည်။

အန်ရှီဝေလည်း တိတ်ဆိတ်သွားပြီး ကြီးမားသည့် ဖိအားခံစားလိုက်ရသည်။ ကျောင်းအုပ်ကြီး ချောင်က ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ကို လိုချင်တယ်ဆိုရင် ဈေးကြီးကြီးပေးရမှာ သေချာသည်။ မဟုတ်ခဲ့ပါက သူ့အတွက်ပိုကောင်းသည့် ရွေးချယ်မှု

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အများကြီးရှိသည့် ယူရုံပိုက ဘာကြောင့် မရီဒန်အကယ်ဒမီကို လာမှာလဲ။

“ဝိုး၊ ဒါကဘာလဲ ဆရာ့အတွက် ပြိုင်နေကြတာလား”

ဘေးမှကြည့်နေသော လုချီဟွာလည်း လန့်သွားပြီး သူမအကျႌကို လက်ကလေးနှင့် ကိုင်ထားသည်။ သူမ၏ လက်ဖဝါးမှာ ချွေးများနှင့် ပြည့်နေသည်။ တစ်ယောက်က ကြယ်လေးပွင့် မြတ်ဆရာ၊ တစ်ယောက်က ဗဟိုပြည်နယ်အကယ်ဒမီမှ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းအုပ်ကြီး ၊ ဒီလို လူနှစ်ယောက်က ဆရာ့အတွက် တကယ်ပြိုင်နေတာလား။

လုချီဟွာသည် ဆွန်းမိုကို ကိုးကွယ်သည့် အကြည့်နှင့် စိုက်ကြည့်လိုက်သည်။

ဆရာဆွန်း အရမ်းတော်တာပဲ။

ဒင်!

လုချီဟွာ၏ လေးစားအထင်ကြီးမှု - +၃၀

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး (၁၇၃/၁၀၀၀)

(အို မင်းက ငါ ဖန်ဖြစ်ချင်တာလား”

စနစ်၏ သတိပေးချက်ထွက်လာသည့်နှင့် ဆွန်းမိုသည် သူလက်ဆန့်ထုတ်လိုက်ပြီး လုချီဟွာ ခေါင်းကို ပုတ်လိုက်မိသည်။

အမ်

လုချီဟွာ ခေါင်းကို ဘေးသို့ ငုံ့လိုက်သည်။ ဆွန်းမို ပွတ်သပ်ခြင်းကို ကြိုက်သည့် ကြောင်တစ်ကောင်လို သူမရဲ့ မျက်လုံးတွေက မှေးသွားသည်။

"ဆရာဆွန်း အခုလောလောဆယ် ဗဟိုပြည်နယ်အကယ်ဒမီက အတွင်းအပြင် ပြဿနာတွေဝိုင်းနေတယ် ၊ ကျန်ဟန်ဖူနဲ့ ဝမ်ဆုက ဆက်ဆံလို့မကောင်းဘူး၊ ဒါ့အပြင် အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့အတွက် မင်းကို ဖိနှိပ်မှာ သေချာတယ်။ မင်းမှာ အရည်ချင်းတွေ ပြည့်နေရင်တောင် ပြသဖို့ မလွယ်ဘူး။ ဘာကြောင့် ငါ့အဖွဲ့ကို မလာတာလဲ ၊ ကောင်းကင်အောက်က မြတ်ဆရာအဖွဲ့ကို အတူတူ ဖန်တီးကြရအောင်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ယူရုံပိုက ညာလက်ကို ဆန့်ပြီး ဆွန်းမိုကို စိုက်ကြည့်နေသည်။

ဆွန်းမိုက တိတ်ဆိတ်နေသည်။ ယူရုံပို၏ စကားများသည် အားလုံးမှန်သည်။ ဆွန်းမိုအတွက် လစာနှင့် ရည်မှန်းချက် ရှုထောင့်က စဉ်းစားခဲ့သည်။ ဒါက အလွန်ရိုးသားသော ကမ်းလှမ်းချက်ဖြစ်သည်။

အခြားဆရာများသာဆိုရင် သူတို့ လိုက်သွားလိုပြီး ကျေးဇူးတင်စကားပြောရင်း မျက်ရည်တောင် ကျလာအုံးမည်။

သို့သော်လည်း အန်ရှိဝေသည် စိတ်နှလုံးဖြူစင်သူဖြစ်သည်။ သူမဘာယ်လို လွယ်လွယ်နှင့် အရှုံးပေးနိုင်မှာလဲ။ သူမက ဘာမှ ပြန်မပြောသော်လည်း မျက်လုံးများက ဆွန်းမိုကို ကြည့်နေသည်။

မျှော်လင့်ခြင်း၊ စိုးရိမ်ခြင်းနှင့် သနားစရာကောင်းခြင်းတို့ ပေါ်နေသည်။ ဒီအကြည့်သည် ယောက်ျားတိုင်း၏ ကာမဆန္ဒကို လှုံ့ဆော်ပေးနိုင်သည်။

"အာ အန်ရှီဝေ ဒီလိုအကွက်ကို တကယ်သုံးတာလား"

ယူရုံပိုသည် ဒေါသထွက်လွန်ပြီး လည်ပင်းသွေးတောင် ထွက်လုနီးပါးဖြစ်လာသည်။ ဒီကိစ္စနှင့်ပက်သက်ပြီး အမျိုးသမီးတစ်ယောက်နှင့် ငြင်းခုံလို့မရနိုင်ပါ။ ဘယ်လိုပင် ဖြစ်စေကာမူ ဒီကိစ္စအတွက် အဖြေမရှိပါ။ ဆွန်းမိုကို အဲဒီလို လိုက်မကြည့်နိုင်ပါ။

ယူရုံပို တကယ်ကိုဒေါသထွက်နေသည်။ သူဒီနေ့ အန်ရှီဝေ ပြေးလာမယ်ဆိုတာကို သိပါက သူ့ကို

ကူညီပေးရန် ကျောင်းက ငယ်ရွယ်လှပသည့် ဆရာမများ ခေါ်လာခဲ့မည်။ လှပသော ဆရာမများနဲ့ဆို ဆွန်းမိုလို ငယ်ရွယ်သန်စွမ်းသည့် အမျိုးသားတစ်ယောက်သည် သူ့ကမ်းလှမ်းမှုကို ခံနိုင်ရည် မရှိနိုင်ပါ။

လုချီဟွာက ပိုလို့တောင်စိတ်ပူလာသည်။ သူမ ဆရာက ဘယ်ကိုသွားပါစေ၊ သူမနောက်က လိုက်နေမှာ သေချာသည်။

ဆွန်းမိုသည် ယူရုံပို လက်ကို တစ်ချက်ကြည့်လိုက်ပြီး လက်ခုပ်တီးကာ မြေပေါ်တွင် ထိုင်ချလိုက်သည်။

"အစ်ကိုယူ မင်းရဲ့ တန်ဖိုးထားမှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ငါ့မှာအားနည်းချက်တစ်ခုရှိတယ်။ ငါရှုံးတဲ့နေရာမှာ အရင်းအနှီး ပြန်ရမှဖြစ်မယ်။ ဒီမှာ မိန်းမတစ်ယောက်ကို ချူစားနေတယ်လို့ ပြောတဲ့သူတွေအများကြီး၊ မင်းသာ ငါ့နေရာမှာဆို ဘာလုပ်မှာလဲ"

ဆွန်းမိုက ပြုံးပြီးမေးလိုက်သည်။

"မင်းက ဘယ်လို ကိုင်တွယ်ချင်လို့လဲ" ယူရုံပိုက ပြန်မေးလိုက်သည်။

"ငါသဘောကတော့ သူတို့ထမင်းကို လုစားပြီး စားစရာမရှိအောင်လုပ်မယ်" ဆွန်းမိုက ပြုံးပြီး ပြန်ဖြေလိုက်သည်။

ယူရုံပိုကိုကြည့်ရင်း ရိုးသားအသံဖြင့် " အစ်ကိုယူ မင်းရဲ့အလေးထားမှုကို စွန့်လွှတ်လိုက်ရတာ စိတ်မကောင်းပါဘူး"

ဆွန်းမိုက ရိုးရိုးသားသား တောင်းပန်လိုက်သည်။ ဒါက

ယူရုံပိုရဲ့ ကြီးကြီးမားမား အလေးထားမှုကို သူခံစားမိလို့ပါ။ သူ့တန်ဖိုးကို အသိအမှတ်ပြုကာ မလုပ်ခန့်ရန် ရွေးချယ်ခဲ့သည့် အရင်ကမ္ဘာက ကျောင်းအုပ်ကြီးကို ပြန်ပြီး သတိရစေသည်။ ဖိအားကိုတွန်းလှန်ပြီး ကူညီပေးကာ အုပ်ချုပ်သူဆရာ တစ်ယောက်အဖြစ် ထုတ်ဖော်ပြသခွင့်ပေးခဲ့သည်။ သူရဲ့ ထက်မြက်မှုကို ဖော်ထုတ်ခွင့်ရခဲ့သည်။

"ဒါကို အခွင့်အရေးတစ်ခုပဲလို့ မထင်စေချင်ဘူး။ တချို့လူတွေဆို တစ်သက်လုံး ဒီလို အခွင့်အရေး မရလိုက်ဘူး။''

မှတ်ချက် ။ ။ ပန်းအိုး လှဖို့ပဲလိုပြီး ဘာမှလုပ်ဖို့မလိုပါ။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၅၆) - အထူးတာဝန်။

ဆွန်းမိုက သူ့ကိုကြည့်ပြီး ဂရုတစိုက် ငြင်းဆိုခဲ့သော်လည်း ယူရုံပို ဒေါသ မထွက်ခဲ့ပါ။ တကယ်တော့ သူလည်း ဆွန်းမို စိတ်ဓါတ်ကို ပိုပြီးတော့တောင် သဘောကျလာသေးသည်။

အဲဒါအမှန်ပဲ။ ငါ့ကို မိန်းမချူစားတဲ့ကောင်လို့ ပြောချင်တဲ့လူတွေရဲ့ ထမင်းပန်းကန်အကုန်လုံးကို ငါယူစားမယ်။

ဒီစကားတွေက တစကယ့်ကို ရိုင်းစိုင်းလွန်းသည်။

အန်ရှီဝေသည် ဒီစကားတွေကို ကြားပြီး ဆက်လက် သရုပ်မဆောင်နိုင်တော့ပါ။ ဆွန်းမို ပြင်းဆိုရသည့် အကြောင်းက ဒါ့ကြောင့်ဖြစ်မယ်လို့ မထင်ထားခဲ့ပါ။

"ဆွန်းမို"

သူမ ငယ်ငယ်ကတည်းက ချစ်ရသူနာမည်ကို တိုးတိုးလေး ရေရွတ်လိုက်သည်။ အန်ရှီဝေ မျက်လုံးထဲတွင် စိတ်လှုပ်ရှားမှုများ ပေါ်လာသည်။

ထိုနောက်တွင် သူမ ခံစားချက်များသည် ချစ်မြတ်နိုးမှု အဖြစ်သို့ ပြောင်းသွားသည်။ သူ့နောက်ကို လိုက်နေတတ်သည့် ဒီကလေးက နောက်ဆုံးတော့ လူကြီးတစ်ယောက် ဖြစ်လာပြီပဲ။

"ဝိုး ဆရာဆွန်းက တကယ်ကြမ်းတာပဲ"

လုချီဟွာက ကတုန်ကရင် လက်ခုပ်တီးချင်နေသည်။

ဒီအချိန်မှာသာ ထွက်သွားပါခဲ့က ဆွန်းမိုအကြောင်းကို မသိသည့်လူများက နားလည်မှုလွဲပြီး ခြေထောက်ကြားထဲက

အမြီးဖြစ်သွားပါလိမ့်မည်။ ဒါကြောင့် ထွက်သွားခဲ့ရင်တောင် သူ့အပေါ် နှိမ့်ချခဲ့သော သူများကို မျက်နှာအရင် ဖြတ်ရိုက်ခဲ့ရမည်။

နေသည် လုံးလုံးဝင်လုနီးပါး ဖြစ်နေသော်လည်း အလင်းရောင်က မပျောက်သေးပါ။

“ငါ မင်းကို နားလည်တယ်”

ယူရုံပိုက ကမ်းထားသည့်လက်ကို ပြန်သိမ်းလိုက်သည်။ “ဒါပေမယ့် မင်းစကားကို ကြားပြီး မင်းကိုပိုတောင် သဘောကျ လာသေးတယ်။ ဆွန်းမို မင်းအတွက် မရီဒန်အကယ်ဒမီက တံခါးကို

အမြဲတမ်းဖွင့်ထားတယ်။ လာဖို့ဆန္ဒရှိသ၍ ဘာတွေဘဲ တောင်းဆိုပါစေ ပြဿနာ မရှိဘူး။ ဒီလိုဆိုရင်တော့ နှုတ်ဆက်ခဲ့တယ်”

ယူရုံပိုက ထွက်မသွားခင် အန်ရှီဝေကို ခေါင်းညိတ်ပြခဲ့သည်။

ဆွန်းမို ဘာမှမပြောတော့ပါ။ အန်ရှီဝေလည်း ဘာပြောရမှန်း မသိဖြစ်နေသည်။ ဒါကြောင့် လေထုသည် အနည်းငယ် အဆင်မပြေ ဖြစ်နေသည်။

“ငါဘာလုပ်သင့်လဲ ငယ်ငယ်တုန်းကလို အစ်မကြီး အန်ရှီဝေလို့ခေါ်ရမှာလား၊ ဒါမှမဟုတ် မိန်းမလို့ ခေါ်ရမှာလား၊ အဲဒီလိုခေါ်ရင် အရိုက်ခံရမှာလား”

ဆွန်းမိုက ကို့ကိုယ်ကို ပြန်နောက်လိုက်သည်။ သူ့ခန္ဓာကိုယ်၏ မူလအတ္တက မသေဆုံးသွားပါ။ သူ၏အမှတ်တရများက အန်ရှီဝေ အပေါ် နက်နက်ရှိုင်းရှိုင်း တောင်းတနေဆဲပါ။ ဒါကြောင့် ဆွန်းမိုသည် အခုအချိန်တွင် ရင်ခုန်နေသည်။

“မိုမိုလေး”

အန်ရှီဝေလည်း ထိုကဲ့သို့ လေထုကို မကြိုက်ပါ။ ဒါကြောင့် သူမက အဆင်မပြေမှုတွေ ပျောက်သွားအောင် ဆွန်းမို၏ ငယ်ငယ်တုန်းက နာမည်ပြောင်ကို ခေါ်လိုက်သည်။

"မိုမိုလေး ဆိုတာဘာလဲ"

ဆွန်းမို အံ့အောသင့်သွားသည်။ ဒါက အရမ်းမိုက်ပါသည်။

"အမ်"

အန်ရှီဝေကစတင်ပြီး လက်ကိုမြှောက်ကာ ဆွန်းမိုနဖူးကို ပုတ်လိုက်သည်။ "ဘာလဲ

မင်းကကြီးလာလို့ ငါ့ကို အမတစ်ယောက်လို အသိအမှတ် မပြုချင်တော့ဘူးပေါ့”

ဒါကိုပြောပြီး ငယ်ငယ်တုန်းတုန်းက သူလုပ်ခဲ့သလို ဆွန်းမိုနဖူးကို ပုတ်ပြီး ရုတ်တရုတ် ရယ်လိုက်သည်။ ဒါက လုပ်ဇာတ်တစ်ခု မဟုတ်ပါဘူး။ ငယ်စဉ်ကသူတို့နှစ်ယောက်၏ ကြည်နူးစရာကောင်းသည့်အချိန်ကို ပြန်တွေးမိပြီး နှလုံးသားက လာသည့် အပြုံးဖြစ်သည်။

ဆွန်းမိုက ဘာပြောရမှန်း မသိလို့ ပြုံးရုံသာပြုံးနေသည်။

"ဆွန်းမို ငါ့နောက်မှာ နေပေးလို့ ကျေးဇူးပါ" အန်ရှီဝေက ရယ်ပြီးပြောလိုက်သည်။ သူမ၏ လေသံလေးနက်လာပြီး ပြောဆိုသည့် ပုံစံကို ပြောင်းလိုက်သည်။ "ဘယ်လိုလဲ ၊ ကျေးဇူးပြုပြီး ဒီကျောင်းကို တိုးတက်အောင် လုပ်ပြီး နာမည်ကျော်ကျောင်း အဆင့်ကိုရောက်အောင် ငါနဲ့ အလုပ်အတူတူလုပ်ပေးပါ"

"ငါလုပ်နိုင်မယ်လို့ မင်းထင်လား" ဆွန်းမိုက ကောက်မေးလိုက်သည်။

“မင်းယုံကြည်နေသ၍ သေချာပေါက် လုပ်နိုင်မှာပါ”

အန်ရှီဝေက ပညာရှိဆန်ဆန် ပြောလိုက်သည်။

“ အစ်မအန်က စကားပြော အရမ်းလည်တာပဲ”

ဆွန်းမိုက နောက်လိုက်သည်။ အကယ်၍ အန်ရှီဝေက ဗဟိုပြည်နယ် အကယ်ဒမီကို နာမည်ကျော်အဖြစ် ပြန်ရောက်အောင် ဆွန်းမိုလုပ်နိုင်မယ်လို့ အမှန်တကယ် ယုံကြည်ပါက မျက်ကန်း ယုံကြည်မှုပဲဖြစ်မည်။

အန်ရှီဝေသည် အလုပ်များလွန်းသည် နောက်ထပ်စကားအနည်းငယ်ပြောပြီး နောက် ဆွန်းမိုကို နှုတ်ဆက်ကာ ပြန်သွားသည်။

ဆွန်းမိုသည် ကြေကွဲခြင်း မရှိ ကန်ဘေးတွင် ရပ်ကာ ညဘက်ကျရောက်တော့မည့် ကျောင်းဝန်းကို စိုက်ကြည့်နေသည်။ သူ့ခံစားမှုများ အနည်းငယ် ရှုပ်ထွေးနေသည်။ “စနစ် ငါ့အိမ်ကို ပြန်လို့ရသေးလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“သင်သာ ပြိုင်ဘက်ကင်း ဆရာကြီးစနစ်၏ စစ်ဆေးမှုကို အောင်မြင်ပါက သင့်ကမ္ဘာကို သဘာဝအတိုင်း ပြန်နိုင်သည်”

စနစ်က ပြန်ပေးလိုက်သော အဖြေကြောင့် ဆွန်းမို စိတ်လှုပ်ရှားသွားသည်။

“စစ်ဆေးမှုကို ဘယ်လို ဖြေရမှာလဲ”

“စနစ်ကပေးတဲ့ တာဝန်အားလုံးကို ပြီးအောင် လုပ်ပေးရမယ်”

စနစ်ဖြေရှင်းချက် လိုရင်းတိုရှင်းသာ ဖြစ်သည်။

"ဒါက အဖြေမရှိတာနဲ့ ဘာမှ မကွာပါဘူး"

ဆွန်းမို မျက်ခုံးကို ပင့်လိုက်သည်။

"ပန်းတိုင်သေးသေးလေး အရင် သတ်မှတ်ပေးလိုက်မယ်၊ တစ်နှစ်အတွင်း ဗဟိုပြည့်နယ် အကယ်ဒမီကို "ဒီ" အဆင့် ကနေ လိဂ်ပြိုင်ပွဲမှာ ထိပ်ဆုံး အဆင့်(၃)ခုထဲ ဝင်အောင်လုပ်ပေးပြီး "စီ" အဆင့်ကို အောင်မြင်စွာ တက်နိုင်အောင် လုပ်ပေးရမယ်"

စနစ်က အကြံပေးလိုက်သည်။

"မင်းနောက်နေတာလား"

တစ်နှစ်အတွင်းမှာ သူတောင် ကျောင်းမှာ တည်ငြိမ်အောင် အခြေမချ နိုင်သေးပါ။ ယူရုံပို စကားအရဆို ဗဟိုပြည်နယ် အကယ်ဒမီမှာ ဆရာကြီးနှစ်ကောင်ရှိတယ်။ သူတို့က ကျန်ဟာန်ဖူနှင့် ဝမ်ဆု။

ဒင်!

“ထုတ်ပြန်ပေးသောတာဝန် - တစ်နှစ်အတွင်း ဗဟိုပြည်နယ်အကယ်ဒမီကို “ဒီ”အဆင့် လိဂ် ပြိုင်ပွဲမှာ ထိပ်ဆုံးအဆင့် (၅)ခုအတွင်း ဝင်အောင် ကူညီပေးပါ။ ဆုလာဒ် - စိန်ရတနာသေတ္တာ (၃)လုံး။

အလွန်ကောင်းသည် ။ လိုအပ်ချက် အဆင့် နှစ်နေရာလျှော့ပေးလိုက်သည်။ ဒါပေမယ့် ဘာလုပ်ရမှာလဲ စိန်အဆင့် ရတနာသေတ္တာ(၃)လုံး ဆိုကတည်းက ဘယ်လောက်ခက်မယ်ဆိုတာ သူသိပြီးသားပါ။

ဆွန်းမိုသည် ထိုအချိန်တွင် တစ်ယောက်ယောက်ကို ရိုက်ပစ်လိုက်ချင်နေသည်။

ဒီတာဝန်ကို လုပ်ပါ။

“မင်းသဘောတူရမယ် ဒါကို မလုပ်ဘူးဆိုရင်၊ ဗဟိုပြည်နယ် အကယ်ဒမီကို နာမည်ကျော်ကျောင်း

ကိုးကျောင်း ထဲကတစ်ကျောင်း ပြန်ဖြစ်အောင်လုပ်ရမည့် တာဝန် အနေနဲ့မင်း အပြစ်ပေးခံရနိုင်တယ်”

စနစ်က ဒါကို ပြောလိုက်သော်လည်း ဆွန်းမိုကို မပြောလိုက်သည့် အရာတစ်ခုရှိနေသည်။ ဆွန်းမိုသည် ဗဟိုပြည်နယ်အကယ်ဒမီက ထွက်သွားပြီး ယူရုံပို၏ မြတ်ဆရာအဖွဲ့တွင် ပါဝင်ရန် မဖြစ်နိုင်ပါ။ စနစ်က တားမည်ဖြစ်သည်။

ဆွန်းမိုကသာ ထွက်သွားပါက သေဒဏ်ပေးခံရပြီး အထုတ်ခံရမည်ဖြစ်သည်။

ဆွန်းမိုသည် ကျောင်းသူကျုံမြောင်၏ အတွန်းခံရပြီး မသေဘဲ တစ်နည်းနည်းနှင့် ချင်လင်မြို့ကို ရောက်လာသည်။ သူရောက်လာသည့် အကြောင်းကလည်း ဗဟိုပြည်နယ် အကယ်ဒမီကြောင့်ဖြစ်သည်။

တကယ်လို့ ဗဟိုပြည်နယ် အကယ်ဒမီသည် နာမည်ကြီးကျောင်းစာရင်းက ဖယ်ရှားပြီး ဖျက်သိမ်းခံလိုက်ရပါက ဆွန်းမိုလည်း ချက်ခြင်း သေဆုံးသွားမည်ဖြစ်သည်။

ထုံးစံအတိုင်း စနစ်က ထိုအကြောင်း ဆွန်းမိုကို ပြောပြဖို့ မလိုအပ်ဘူးလို့ ထင်သည်။

"ကောင်းပြီ၊ ကောင်းပြီ ကောင်းပြီ၊ မင်းကသာ ကျေးဇူးရှင်ပဲ"

ဆွန်းမိုက စနစ်ကို လက်ခလှယ်ထောင်ပြလိုက်သည်။ လုချီဟွာကို ခေါ်ပြီး ကန်တင်းဘက် ထွက်လာခဲ့သည်။

လုချီဟွာသည် ဇီဇာကြောင်သူမဟုတ်ပါ။ ဆွန်းမို မှာပေးတာကိုပဲ စားခဲ့သည်။ ဆွန်းမိုသည် အရင်ကတည်းက ပိုက်ဆံပေးဖို့ တစ်ခါမှ

မပြောဖူးသော်လည်း ထမင်းစားပြီးချိန်မှာတော့ ရှက်သလို ခံစားရသည်။

"ငါက စားလို့ပြောရင် စားလိုက်စမ်းပါ"

ဆွန်းမိုမျက်လုံးထဲတွင် လုချီဟွာသည် ကလေးသာဖြစ်သည်။ သူမကို ဒချီ လုပ်ဖို့လည်း မတောင်းဆိုပါ။ ဒါကြောင့် သူတွင် လုံလောက်သော စုဆောင်းငွေမရှိရင် ဖြစ်နိုင်သမျှ ချွေတာရမည်။

ညစာကတော့ ထမင်းပေါင်း၊ ရာသီပေါ် ဟင်းသီးဟင်းရွက်နှစ်ပွဲနှင့် အမဲသားတစ်ပန်းကန်ပါ။

အမဲသားက လုချီဟွာ၏ ကိုယ်ကို အာဟာရပြည့်ရန် ဖြစ်သည်။

ရိုးရိုးသားသားပြောရရင် ဒီသဘော်သီး ကောင်မလေး၏ ကြီးမားလှသော ရင်သားများသည် သူမရဲ့ အင်္ကျီကို ပေါက်ကွဲလုနီးပါးဖြစ်နေသည်။ ဆွန်းမိုသာ သူမကို ဆက်လက်ပြီး အာဟာရဖြည့်ပေးနေပါက သူမ၏ ရင်သားများသည် ကြီးမားလာပြီး စူပါရင်သားများ ဖြစ်လာမှာတော့ ဆွန်းမို စိုးရိမ်သည်။

"အင်"

လုချီဟွာသည် ခေါင်းငုံ့ပြီး ဆက်စားနေသည်။ တစ်ခါတစ်လေ သူမသည် ဆွန်းမို ပန်းကန်ထဲကို ထည့်ပေးရန်အတွက်သာ ကြီးမားသော အသားတုံးများကို တူဖြင့် ကောက်လေ့ရှိသည်။ သူမသည် မိသားစုမှာ မွေးထားသော ကြောင်တစ်ကောင်လို အလွန်နာခံမှုရှိနေသည်။

ထမင်းစားပြီးနောက် ဆွန်းမိုက သူမခေါင်းကို ပုတ်လိုက်ပြီး ခေတ္တာနေထိုင်သည့် စတိုခန်းကို ပြန်သွားရန် ပြောလိုက်သည်။ သူကိုယ်တိုင်လည်း

နေ့ခင်းဘက်က ရထားသည့် အနက်ရောင်သေတ္တာကို ဖွင့်ကြည့်ရန် အဆောင်ကို ပြန်သွားခဲ့သည်။

ဒင်!

"ဂုဏ်ယူပါတယ် ၊ အပိုင်းပိုင်းခွဲခြားထားသည့် မြေပုံ၏ ငါးပုံတစ်ပုံကို သင်ရရှိခဲ့သည်။ မြေပုံသည် သတ်မှတ်ထားသည့် မြေမျက်နှာသွင်ပြင်ကို ဖော်ပြပေးသည်။ ပြီးပြည့်စုံသည့် အပြင်အဆင်ကို လိုချင်ပါက အခြားမြေပုံအပိုင်း လေးပိုင်းကို ထပ်လိုအပ်သည်။"

စနစ်၏ သတိပေးချက်သည် ရှေးခေတ် အသွင်ပြင်နှင့်ပြည့်နေသည်။

ဆွန်းမိုက တစ်ချက်ကြည့်လိုက်သည်။ ဒီမြေပုံအပိုင်းအစများကို သားရေသားနှင့် ပြုလုပ်ထားသည်။ ကိုင်လို့လည်း ကောင်းသည်။ မြေပုံအကြောင်းကတော့ ခွဲခြားနိုင်ခြင်းမရှိပါ။ ခွဲခြားရန်နည်းလမ်းလည်းမရှိပါ။

"ဒီလောက်တောင် လျှို့ဝှက်ဖို့ လိုသေးလို့လား" ဆွန်းမို စိတ်မချမ်းသာပါ။ သတိပေးချက်အရ မြေပုံ အကြောင်းကိုသိချင်ပါက မြေပုံ

အပိုင်း(၅) ပိုင်းစလုံးကို လိုအပ်သည်။ (ဒါက Dragon ball လို့ထင်နေတာလား)

"ဆုအဖြစ်ပေးသည့် ပစ္စည်းတွေက တန်ဖိုးကြီးသည်"

စနစ်က ကြေငြာလိုက်သည်။

"ကံကောင်းတဲ့ ရတနာသေတ္တာကနေ မြေကြီးတုံးတွေ အပါအဝင်လား"

ဆွန်းမို ပြန်မေးလိုက်သည်။

"...."

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ် ငြိမ်ကျသွားသည်။ ဆွန်းမိုသာ ပျော်နေပါက ပေါက်ပေါက်ရှာရှာ ပြိုင်မေးနိုင်ပါ့မလား။

ကျန်တဲ့ မြေပုံ အပိုင်းလေးခုကို ဘယ်အချိန်ကျမှ ရမည်ကို ဘယ်သူက သိမှာလဲ။ ဒါကြောင့် ဆွန်းမိုသည် မြေပုံကို အနက်ရောင် သိုလှောင်ခန်းထဲကို သာ ပစ်ထည့်လိုက်သည်။

အဆောင်ထဲမှာ လေထုက ဖိစီးနေသည်။

ယွမ်ဖန်ရဲ့ အိပ်ယာ လွတ်နေတာကို မြင်လိုက်သော်လည်း ဂရုမစိုက်တော့ပါ။

ယွမ်ဖန်သည် အလုပ်က ထွက်ရန်စတင်လုပ်ဆောင်နေခဲ့သည်။ အခုချိန်သည် ဘွဲ့နှင်းသဘင ကာလဖြစ်နေဆဲဖြစ်ပြီး အခြားကျောင်းများတွင် အလုပ်ရှာလို့ လွယ်သေးသည်။ ကျောင်းအုပ်ကြီးအန်ရဲ့ ထုတ်ပယ်ခြင်း၊ အလုပ်ထုတ်ခံရပါက အလုပ်ရှာရန် ပိုခက်သွားမည်။ ဘာကြောင့်ဆို ဂုဏ်သိက္ခာစွန်းထင်းနေသော ကျောင်းဆရာကို ဘယ်ကျောင်းကမှ လက်မခံချင်ကြပါ။ ဒါကြောင့် ဂျိမဲဂျဲက အန်ရှီဝေဆီကို သတင်းမပို့မီ အလုပ်က ထွက်ခဲ့သည်။

လိုဒီသည် စားပွဲဘေးတွင် ထိုင်ကာ ဝက်ပေါင်ခြောက် အမွှေးများကို နှုတ်နေသည်။ ဆွန်းမို ပြန်လာသည်ကို မြင်ရင် ယွမ်ဖန် ဘယ်မှာလည်းဆိုတာ ဆွန်းမိုသိလား၊ မသိလား မေးချင်နေသည်။ သို့သော်လည်း ကျန်းရှန်စိုက်ကြည့်သည့် ဖိအားကို မခံချင်ပါ။

သက်ပြင်းချလိုက်ပြီး မင်းဘယ်လောက်ပဲ တော်တော်၊ ညံ့ညံ့ ဖြစ်နေပါစေ ဗိုက်ပြည့်အောင်လုပ်တာ အကောင်းဆုံးဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကိုစဉ်းစားလိုက်ပြီး လိုဒီသည် အမွေးများကိုသာ ဆက် နှုတ်နေသည်။

ကျန်းရှန်က ဒေါသတကြီး အိပ်ယာပေါ်တွင် လှဲနေသည်။

ကျောင်းသားစုဆောင်းရေးပွဲသည် နှစ်ရက်ကျော်ခဲ့ပြီ ဖြစ်သော်လည်း ကျောင်းသားတစ်ယောက်မှကို မခေါ်နိုင်သေးပါ။ ထိုသို့ ဆိုးဝါးသော ရလာဒ်က ဒီဘဝင်မြင့်သော အစမ်းခန့်ဆရာအတွက် ထိုးနှက်ချက်များဖြစ်နေသည်။ တကယ်လို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လက်သီးသာ ခန္တာကိုယ်ဖြစ်ပါက နှာခေါင်းသွေးထွက်ရုံသာမက သူ့သွားအချို့လည်း ကျွတ်နေလောက်ပြီ။

ကံကောင်းတာက ကျန်းရှန်သည် ကျောင်းသားသုံးယောက်နှင့် သဘောတူညီချက် ရခဲ့သည်။ အစမ်းခန့်ကာလ နှစ်လကျော်ပြီး အစားထိုးဆရာဖြစ်လာပါက သူတို့၏ ဆရာအဖြစ်လက်ခံမည် ဖြစ်သည်။

ထိုကဲ့သို့ နည်းလမ်းမျိုးကို ကျောင်းတွင် အများကြီး မြင်ဖူးသည်။ နှစ်လတာ ကာလသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားနှင့် ဆရာတို့အကြား အပြန်အလှန် နားလည်ရန်လိုလောက်သည်။ အားလုံးကျေနပ်ပါက ဆရာ တပြည့်အခမ်းအနား ကို ဆက်လုပ်သွားမည်။ မဟုတ်ပါကလည်း ခက်ခက်ခဲခဲ ခံစားချက်တွေ မပါပဲလမ်းခွဲသွားမည် ဖြစ်သည်။

ထုံးစံအတိုင်း ပြည်နယ်ကိုးခုတွင် ဆရာတွေကို အလွန်လေးစားကြသောကြောင့်ဖြစ်သည်။ ထိုကိစ္စကို ရှင်းရှင်းလင်းလင်း မလုပ်နိုင်ပါက သီးသန့် ဆွေးနွေးရမည်ဖြစ်သည်။

"ဟွန်း ငါနာမည်ကြီးလာမှ မင်းတို့ကောင်တွေ ငါ့တပြည့်ဖြစ်ချင်တယ်ဆိုရင် မင်းတို့ခေါင်းကို သွေးထွက်သည်အထိ အရိုအသေပေးမှ လက်ခံမယ်"

ကျန်းရှန် သူ့ကိုယ်သူ ငေါက်ငမ်းလိုက်သည်။ ဆွန်းမိုကို တစ်ချက်ကြည့်လိုက်ပြီး စိတ်အခြေအနေ ပြန်ကောင်းလာသည်။ ဒီအမှိုက်ကောင်က ကျောင်းသားတွေကို မခေါ်ယူနိုင်ခဲ့တာ သေချာသည်။ သို့သော် ဆွန်းမိုသည် ရှန်ယွန်ပေါင်ကို တပည့်အဖြစ် ခေါ်ယူသွားတယ်ဆိုပြီး ကောလဟာလတွေ ပျံ့နှံ့နေသေးသည်။

ဒီလူတွေ ဦးနှောက်မရှိဘူးလား။ ရှန်ယွန်ပေါင်က လျှိုမူဘိုင်ကိုတောင် ငြင်းခဲ့သေးတာ ဆွန်းမိုကို ဘယ်လိုရွေးမှာလဲ။

လျှိုမူဘိုင်လိုချင်သည့် ရှန်ယွန်ပေါင်က ဆွန်းမိုနှင့်ဆိုရင် ခြေလှမ်းတစ်သောင်းလောက် ဝေးသည်။ ရှန်ယွန်ပေါင်လို မျိုးစေ့ကောင်းကို ကြယ်တစ်ပွင့် မြတ်ဆရာကတောင် ရုတ်တရက် လက်ကမ်းပေးလိုက်နိုင်သည်။

ကြယ်နှစ်ပွင့်မြတ်ဆရာ တစ်ယောက်ဖြစ်လာရန် ခက်ခဲ့သည့် အခြေနေများထဲကတစ်ခုက သူတို့၏

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိုက်ရိုက်တပြည့်များသည် တိမ်စိမ်းအဆင့်ကို ဝင်နိုင်ရမည်။ ဒါကြောင့် သာမန်ထက်သာသော ကျောင်းသားများကို မစုဆောင်းထားနိုင်ပါက သူတို့သည် ကြယ်တစ်ပွင့် မြတ်ဆရာ တစ်ယောက်သာ ထာဝရဖြစ်နေမည်။

မနက်ခင်းစောစောစီးစီးတွင် ငှက်အော်သံလေးများ ထွက်နေသည်။

ကျန်းရှန်သည် အိပ်ယာက စောစောထလိုက်သည်။ ဆွန်းမိုကတော့ အိပ်ပျော်နေပြီး လိုဒီက မျက်လုံးဖွင့်

ရန်ကြိုးစားနေသည်။ ကျန်းရှန်က သာလွန်သည်ဟု တွေးလိုက်ပြီး ပြုံးလိုက်မိသည်။

တခြားသူတွေထက် ပိုအောင်မြင်ချင်ပါက သူတို့ထက် ၁၀ဆ ပိုကြိုးစားရမည်။ ဆွန်းမိုသည် အလွန်ပျင်းရိနေပြီး သူ့ဘဝတစ်လျှောက်လုံး ကျောင်းသား ၅ယောက် ပြည့်အောင်တောင် ခေါ်နိုင်မှာ မဟုတ်ပါ။ သူသည် ဘယ်တော့အခါမှ တရားဝင် ဆရာတစ်ယောက် မဖြစ်လာနိုင်ပါ။

"ကျန်းရှန် ကြိုးစား၊ ဒီနေ့ကျောင်းသား ငါးယောက်ကို မင်းသေချာပေါက် ခေါ်နိုင်မှာ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်းရှန်က သူ့ကိုယ်သူအားပေးလိုက်သည်။ သူသည် ရုံးခန်းပတ်ဝန်းကျင်တွင် အေးအေးလူလူ လမ်းလျှောက်ပြီး အန်ရှီဝေနှင့် ဆုံအောင် လုပ်ရန် ဆုံးဖြတ်ထားသည်။ ဒီရက်ပိုင်းတွင် ကျောင်းအုပ်ကြီးသည် နေ့မှညအထိ အလုပ်များနေပြီး ရုံးခန်းတွင် ဆက်နေရန် ဆုံးဖြတ်လိုက်သည်ကို ကြားထားသည်။

* အလုပ်ကြိုးစားတာကိုမြင်ရင် သူမက ငါ့ကို ကောင်းမွန်တဲ့ အမြင်နဲ့ကြည့်မှာ သေချာတယ်"

ကျန်းရှန်သည် ဒါကိုတွေးမိပြီး ဖျတ်ကနဲ ပြုံးလိုက်မိသည်။ ထို့နောက်တံခါးကို ပြုံးပြီး ဖွင့်လိုက်သည်။ သူ့အမူအရာသည် လေးနက်လာသည်။

နံရံကို ကျောမှီထိုင်နေသော မိန်းကလေးတစ်ယောက် ရှိနေသည်။ သူမက တစ်ရေးတစ်မောအိပ်နေစဉ် လက်တွေက ဒူးနှစ်ဖက်ကိုကိုင်ထားသည်။ ထိုသို့လုပ်ထားသဖြင့် သဘော်သီးများသည် ပုံစံပြောင်းသည်အထိ အညှစ်ခံထားရသည်။ သူမအဝတ်အစားတွေက

အရမ်းကိုတင်းကျပ်နေပြီး ပေါက်ကွဲထွက်မတတ်ဖြစ်နေသည်။ သူမအဝတ်အစားတွေက အချိန်မရွေး စုတ်ပြတ်သွားနိုင်သည်။

တံခါးဖွင့် သံကြားလိုက်သည်နှင့် မေးနေသော ကောင်းမလေးက ခေါင်းကို ဖြတ်ခနဲ ထောင်လိုက်သည်။

"တကယ်လတ်ဆတ်ပြီး သန့်ရှင်းတာပဲ"

ကျန်းရှန်က တိတ်တိတ်လေး ချီးကျူးလိုက်သည်။ စိမ်းလန်းစိုပြေနေသော မိန်းမငယ်လေးတွင် ဖြူစင်ပြီး အပြစ်ကင်းသည့် မျက်လုံးလေးများရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်အညစ်အကြေးမရှိဘဲ လူလောက၏ အတွေ့အကြုံမရှိသေးကြောင်း တစ်ချက်တည်းနှင့် ပြောနိုင်သည်။ သူမကို ကမ္ဘာကြီးက အရောင်မဆိုးရသေးပါ။

(ဘာပဲပြောပြော ငါ့နာမည်ကြားပြီးလာတာလား၊ သူကငါ့ကို သူမဆရာအဖြစ် တင်ချင်နေတာလား)

ကျန်းရှန်စကားပြောဖို့ ပြင်နေသည့် အချိန်မှာ သဘော်သီးကောင်မလေးသည် တစ်ချက်မော့ကြည့်ပြီး ဆက်အိပ်နေသည်။

"တောက် ဆွန်းမို မင်းကအခုအချိန်ထိ မျက်နှာလိုချင်သေးတာလား။ မင်းနာမည်ပျက်ဖို့ ရက်အနည်းငယ်ပဲလိုတာကို ဘာလို့ နေ့တိုင်းသရုပ်ဆောင် ဌားနေသေးတာလဲ"

ကျန်းရှန်က လည်ပင်းကို လှည့်လိုက်ပြီး ငန်းတစ်ကောင်လို ဂုဏ်ယူနေလိုက်သည်။ လုချီဟွာကို ဖြတ်ကျော်သွားချိန်တွင် သူသည် ခန့်ညားထည်ဝါမှုကိုဖြစ်အောင် စိတ်ထဲက ကျိတ်ပြင်ဆင်နေသည်။

"ဆရာ!"

ကောင်မလေးက ရုတ်တရုတ် ထအော်လိုက်သည်။

ကျန်းရှန်စိတ်လှုပ်ရှားသွားသည် ။ မျှော်လင့်ထားသလိုပဲ အိပ်မက်က အမြဲတမ်း ရှိသင့်သည်။ သူသည် ခြောက်လလောက် ကျင့်ထားသည့် အပြုံးနှင့် ခေါင်းကို လှည့်လိုက်ပြီး စကားပြောလိုက်သည်။

"ကျောင်းသား မင်းငါ့ကို ခေါ်တာလား"

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၅၇) - မဖျက်ဆီးနိုင်သော ရွှေကိုယ်ထည်။

နွေလေညှင်းအသံကလွဲရင် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

ကျန်းရှန်၏မျက်နှာတွင် မျှော်လင့်ချက်များနှင့် ပြည့်နေရာက တန့်သွားသည်။ သူမက အိပ်ရင်းယောင်ပြီး စကားပြောနေတာပါ။ "ဆရာ လို့ ယောင်မှ ရမှာလား"

ရယ်စရာကောင်းသည်။ အဲဒါကို ဘယ်သူကမှ စိတ်မဝင်စားပါ။

ကျန်းရှန်သည် လှေကားပေါ်ကဆင်းရင်း လုချီဟွာကို စိုက်ကြည့်နေသော်လည်း သူမက သူ့ကို ဆရာတင်ရန် ရည်ရွယ်ချက် မရှိပါ။

"တစ်နေ့ မင်းက ငါ့ကို ဆရာတင်ချင်တယ် ဆိုရင်တောင် လက်မခံဘူး"

ကျန်းရှန် ကျိန်ဆဲလိုက်သည်။

(ဒီသဘော်သီးကောင်မလေးထက် ရင်သားပိုကြီးသည့် ကျောင်းသူကို ခေါ်မှာပေါ့)

ဆွန်းမို ထွက်လာရင် အိပ်ပျော်နေသော လုချီဟွာကို တွေ့လိုက်သည်။ သူမသည် သရေကျလုမတတ် ဖြစ်နေသည်။

'အဟွန့် အဟွန့်'

ဆွန်းမိုက ချောင်းဟန့်လိုက်ပြီး ဘယ်ဘက်တွင် သစ်သားဓါးကို ချိတ်လိုက်သည်။

လုချီဟွာသည် အသံများကို ကြားလိုက်ရင် ချက်ခြင်းခုန်ထကာ "ဆရာ၊ မင်္ဂလာပါ"

"အိုကေ၊ မနက်စာ သွားစားရအောင်"

ဆွန်းမိုသည် ရှေ့က လုချီဟွာက အမြီးလို နောက်က လိုက်သွားသည်။ သူတို့ ကန်တင်းဘက်ကို ဦးတည်သွားသည်။

သူတို့၏ မနက်စာက ထုံးစံအတိုင်း ဆန်ပြုတ်၊ ကြက်ဥပြုတ်နှင့် ဆားနယ်ထားသော အသီးအရွက်လေး ပါပဲ။ လုချီဟွာ ဆန်ပြုတ်က ကြက်ဥနှစ်လုံးပါသဖြင့် ပိုပြီး အရသာရှိသည်။

လုချီဟွာသည် ကြက်ဥများကို ဖယ်ပြီး ဆွန်းမိုဆီကို ဦးစွာထည့်မလို့ လုပ်နေသည်။

"ငါ မင်းအတွက်ဝယ်လာတာ"

ဆွန်းမိုက မစားပါဘူး။

"ဟုတ်"

လုချီဟွာသည် ငြင်းခုံတတ်သည့် လီဇီချီနှင့် ယှဉ်ရင် အလွန်နာခံသူ ဖြစ်သည်။ ဒီကောင်မလေးသည် စားရင်း ခေါင်းငုံ့ပြီး ဆွန်းမို၏ ညွှန်ကြားချက်များကို အမြဲလိုက်နာသည်။

ဆွန်းမို စစ်နေသည်။ သန်းခေါင်ယံအချိန်တိုင်း သူရသည့် ကံကြမ္မာသေတ္တာတွေကို သိုလှောင်ခန်းထဲတွင် သိမ်းထားသည်။ နံပါတ်

၁၈ကိုရောက်လာသည်နှင့် အားလုံးကို ဖွင့်ရန်စီစဉ်ထားသည်။

ဒင်!

"ဂုဏ်ယူပါတယ်။ သင်က အခြားဆရာတစ်ယောက်ကို ပထမဆုံးအကြိမ် အနိုင်ယူခဲ့သည်။ မင်းက (ဆရာတစ်ယောက်ကို ပထမဆုံးနိုင်ခြင်း) ဖြစ်ပြီး ဆုကတော့ ရွှေရတနာသေတ္တာ ဖြစ်သည်။

စနစ်၏ အကြောင်းကြားချက်က ရုတ်တရက် ထမြည်လာသည်။

ဆွန်းမိုသည် လက်ကိုဆန့်ကာ လုချီဟွာခေါင်းကိုပွတ်လိုက်ပြီး တည်ငြိမ်စွာ ပြောလိုက်သည်။

"ဖွင့်ပါ"

ဆွန်းမိုအသံက လောခြင်းမရှိပါ၊ ပန်းခြံများကို မရေတွက်နိုင်လောက် တွေ့ခဲ့သည့် စစ်ပြန်တစ်ယောက်လိုပင် တည်ငြိမ်နေသည်။ "ဒါကရွှေရောင် ရတနာသေတ္တာလေ၊ ဘာလို့စိတ်မလှုပ်ရှားတာလဲ"

စနစ်က စပ်စုလိုက်သည်။

"စိတ်လှုပ်ရှားတာက အမြင့်ဆုံးပစ္စည်း ရနိုင်ခြေများလို့လား " ဆွန်းမိုက ပြန်မေးလိုက်သည်။

'မရနိုင်ဘူး"

ဆွန်းမို အတွေးလွန်နေသည်ဟု စနစ်ထင်နေသည်။

"ဒါဆိုဘာလို့ ငါ စိတ်လှုပ်ရှားရမှာလဲ"

ဆွန်းမိုသည် ဆန်ပြုတ်၏ အပူအရသာကို ခံစားလိုက်သည်။ ထို့နောက် ဆားနယ်ထားသော အသီးအရွက်အချို့ကို စားလိုက်သည် ကောင်းလိုက်တာ၊ အရသာရှိလိုက်တာ။

အဓိပ္ပာယ်မရှိသောစကားများကို စနစ်က အဖက်လုပ်ပြီး မတုံ့ပြန်ပါ။ ဒါပေမယ့် ဆွန်းမိုအတွက် အဓိပ္ပာယ်ရှိနေပုံရပြီး လက်တုံ့ပြန်လို့တောင် မရပါဘူး။

"စိတ်ရှုပ်တာတွေကို ရပ်ပြီး ဖွင့်လိုက်ရအောင်"

ဆွန်းမိုသည် လေကြောဆက်ရှည်နေပါက သဘော်သီးမိန်းကလေးဆီက ရသည့် ကံကောင်ခြင်းများ ပျောက်သွားမှာ စိုးရိမ်မိသည်။

ရတနာသေတ္တာ ပျောက်သွားသည်နှင့် ရွှေရောင်အလင်းတန်းများကြားတွင်

ကျောက်ပြားတစ်ချပ်ကို ချန်ထားခဲ့သည်။ ကြေးဝါရောင် အလင်းများ လင်းထိန်နေသည်။

ကျောက်ပြားပေါ်တွင် လူသားများ နားမလည်နိုင်သည့် ဆန်းကြယ်သော သင်္ကေတများကို ထွင်းထုထားသည်။

"ဂုဏ်ယူပါတယ်၊ မင်း အချိန်တံဆိပ်ပြားကို လက်ခံရရှိပါသည်။ ၎င်းကို အသုံးပြုပြီးနောက် သင်သည် ကျင့်ကြံမှုတစ်ခုကို ဆယ်နှစ်နှင့်ညီမျှသော ကျွမ်းကျင်မှုအဆင့်ကို ရမည်။ ကျွမ်းကျင်မှုညွှန်းကိန်း တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာမည်။"

နိဒါန်းကို ဖတ်ပြီးနောက် ဆွန်းမို မျက်လုံးများ အရောင် တောက်လာသည်။ ဒါကြောင့် ဆန်ပြုတ်ထဲကို ကြည်ဥ ထည့်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအရာကို စနစ်စတိုးဆိုင်တွင် ဝယ်ပါက အမှတ်တစ်ထောင်ကျော် ကုန်ကျမည်။ လက်ရှိတွင် သူကျင့်ကြံထားသော သဏ္ဍာန်မဲ့ မြင့်မြတ်စကြ်ာဝဠာနှင့် ရှေ့ဟောင်း လောကနတ်သည် ကျွမ်းကျင်မှု အခြေခံအဆင့်သာ ရှိသေးသည်။

သူ့တွင်ရှိသော တန်ဖိုးဖြတ်မရသော အကြံပြုချက်၊ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း၊ စိတ်ဝိညာဉ်ကို ပုံသွင်းခြင်း စသည့် မြတ်ဆရာ အရှိန်အဝါတို့သည်လည်း အခြေခံအဆင့်သာ ရှိသေးသည်။

"ပိုင်ရှင် မင်းဘယ်လိုထင်လဲ"

စနစ်ကမေးလိုက်သည်။

"မင်းမှာသာ ဦးနှောက်ရှိရင် ဘာရွေးမလဲ သိလိမ့်မယ်"

စနစ်လည်း တိတ်ဆိတ်သွားပြီး ပြန်ပြောရန် ဒေါသထွက်နေသည်။

နတ်ဘုရားမျက်စိ၊ လည်ပတ်ခြင်းနည်းစနစ်၊ ကြွက်သားပြုပြင်ခြင်းနည်းစနစ် ၎င်းတို့သည်လည်း အသုံးဝင်ကြသည်။

"တန်ဖိုးဖြတ်မရသော အကြံပြုချက်၊ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း မြတ်ဆရာအရှိန်အဝါတို့သည် အကျိုးသက်ရောက်မှု အများကြီး ရှိခဲ့သည်။ သူသည်

ဝိညာဉ်ပုံသွင်းခြင်းကို မသုံးဖူးသော်လည်း ဒါလဲမည့်နိုင်ကြောင်း သူသိသည်။

ကျွမ်းကျင်မှု ညွှန်းကိန်းကို တိုးမြှင့်လိုက်ရင် မြွတ်ဆရာအရှိန်အဝါသုံးခုကို ပိုကြာအောင် ထိန်းနိုင်မည် ဖြစ်သည်။ အကျိုးသက်ရောက်မှုလည်း တိုးလာပြီး ပိုကွာဝေးသောနေရာက အသုံးပြုနိုင်မည်။

သူသည် ကျောင်းတွင် တရားဝင် အလုပ်ဝင်ရင်တောင် ကျောင်းသား ၅ယောက်သာ ရှိမည်။ လောလောဆယ် ဒီအရှိန်အဝါတွေကို သူသုံးနိုင်သေးသည်။

ကျင့်ကြံမှုတွင် ရှေ့ဟောင်းလောကနတ်သည် ပြိုင်ဘက်များ၏ ကျင့်ကြံခြင်း ကျင်စဉ်ကို ကူးယူနိုင်သည်။ ၎င်းကိုသာ တစ်ဆင့်တိုးမြှင့်လိုက်ရင် တိကျသောကျင့်စဉ်ကို ပစ်မှတ်ထားနိုင်သည်။

ဆွန်းမိုသည် များစွာ စဉ်းစားပြီးနောက် ဆုံးဖြတ်လိုက်သည်။ ပြိုင်ဘက်ထံမှ ကျင့်စဉ်ကို ကူးယူနိုင်သော်လည်း လောလောဆယ် အသုံးမဝင်သေးပါ။ အဓိကအချက်မှာ ရှေ့ဟောင်းလောကနတ်သည် တစ်ဦးတည်း မူပိုင်ဖြစ်ပြီး ဘယ်လောက် အသုံးဝင်လည်း

အတည်မပြုနိုင်သေးပါ။ သဏ္ဍာန်မဲ့မြင့်မြတ်စကြ်ာဝဠာသည် ကမ္ဘာပေါ်က အကောင်းဆုံး ကျင့်စဉ်များထဲက တစ်ခုဖြစ်သည်။ လူအများအပြားသည် ထိုကျင့်စဉ်ကို သင်ယူနိုင်ရန် မျှော်လင့်ခဲ့ကြသည်။ ဒါကြောင့် ထိုကျင့်စဉ်၏ ပုံရိပ် ဘယ်လောက်မြင့်မားလည်း တွေးကြည့်နိုင်သည်။

“သဏ္ဍာန်မဲ့မြင့်မြတ်စကြ်ာဝဠာ၏ အဆင့်(၂) မဖြိုဖျက်နိုင်သော ရွှေကိုယ်ထည် ထိခိုက်မှုကို ခံနိုင်ရည်မြှင့်တင်ပေးနိုင်သည်၊”

“ပြိုင်ဘက်ဆီက ကျင့်ကြံမှုကိုသင်ယူချင်တယ်ဆိုရင် သူတို့နဲ့ တိုက်ခိုက်မှ ရလိမ့်မည်။ ထိုအရာတွေကို တားဆီးပြီးမှသာ အနှစ်သာရကို ဆုပ်ကိုင်နိုင်မည်။

“အဆင့်သုံးက မိတ္တူကူးခြင်း၊ အဲဒီအချိန်ဆိုရင် သင်သည် ပြိုင်ဘက်လှုပ်ရှားမှုများကို တုပနိုင်ပြီး အလားတူစွမ်းအားနှင့် စွမ်းရည်များ အသုံးချနိုင်ပြီဖြစ်သည်။

ထိုသူတော်စင်အဆင့် ကျင့်စဉ်၏ နိဒါန်းကို ကြည့်ပြီး ဆွန်းမိုဆုံးဖြတ်လိုက်သည်။

ပြည်နယ်ကိုးခုတွင် သိုင်းပညာရှင်များအား လေးစားစွာ ဆက်ဆံကြသည်။ ထို့ကြောင့် မြွတ်ဆရာများသည် မတူညီသော အလုပ်အကိုင်များကို စွဲကိုင်ထားသော်လည်း သိုင်းပညာကို လေးစားမှုအမြင့်ဆုံးနှင့် သင်ကြားနေကြဆဲ ဖြစ်သည်။ ဆွန်းမိုသည် တိုက်ပွဲစွမ်းအားကို အရင်ဆုံးတိုးမြှင့်သင့်သည်ဟု ထင်သည်။

ပြီးခဲ့သည့် ယှဉ်ပြိုင်မှုကလည်း ကျောင်းသားကို နည်းပြရခြင်း ဖြစ်သည်။ ဒါပေမယ့် ဆွန်းမိုကို

နောက်တစ်ချီမှာ ထိုးသတ်ဖို့စိန်ခေါ်ခဲ့ရင် ကော၊ သူသည်ပြိုင်ဘက်ကြောင့် အသတ်ခံရတာ၊ အထိုးခံရတာဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။ အန်ရှီဝေကြောင့် ဆွန်းမိုကို သူတို့အိမ်က ထမင်းကိုခိုးယူသွားသည်ဟု ယောကျ်ားများစွာ ခံစားနေကြသည်။ သူ့ကို ရိုက်ဖို့မစောင့်နိုင်အောင် ဖြစ်နေကြသည်။

ဟုတ်တယ် တိုက်ခိုက်ရေး စွမ်းအားကို တိုးမြင့်လိုက်တာ အမှန်ဆုံးပဲ။

ဆွန်းမိုသည် ဆင်ခြေရှာပြီး အိမ်သာဘက်ကို ထွက်လာခဲ့သည်။ ဘယ်သူမှ မရှိသည့်အချိန်တွင် အချိန်တံဆိပ်ပြားကို ထုတ်ယူကာ အပိုင်းပိုင်း ခွဲလိုက်သည်။

ရွှတ်

ကြေးရောင် အလင်းတန်းများသည် ဖြာထွက်လာပြီး ဆွန်းမိုကိုယ်ပေါ်ကိုကျရောက်ကာ အစိမ်းရောင် အလွှာတစ်ခုကို သူ့ကိုယ်ပေါ်တွင် ချန်ထားခဲ့သည်။

ဆွန်းမိုသည် ရှိုင်းစိုင်းစွာ ပေါက်ကွဲလုဖြစ်နေသည်။ အစိမ်းရောင်အစား တခြားအရောင် အသုံးပြုလို့ မရဘူးလား။

သို့သော်လည်း အကျိုးသက်ရောက်မှုက ကောင်းတယ်လို့ ခံစားရသည်။ သူ့တစ်ကိုယ်လုံး နွေးထွေးသလိုဖြစ်လာပြီး သဏ္ဍာန်မဲ့ မြင့်မြတ်စကြ််ာဝဠာ၏ ပုံရိပ်များစွာသည် သူ့စိတ်ထဲတွင် ထင်ကျန်နေခဲ့သည်။

အချိန်တွေကုန်သွားကာ ဆယ်နှစ်လောက် ကြာသွားသလို ခံစားလိုက်ရသည်။

ဒင်

"ဂုဏ်ယူပါတယ်၊ သဏ္ဍာန်မဲ့ မြင့်မြတ်စကြဝဠာ၏ အဆင့်တစ် ကျွမ်းကျင်အဆင့်ကို မဟာအဆင့် ကျွမ်းကျင်မှုအထိ တိုးမြင့်ထားပါတယ်။ အဆင့်(၂) ဖျက်ဆီးမရသော ရွှေကိုယ်ထည်ကို ကျွမ်းကျင် အဆင့်ထိ တိုးမြှင့်ထားပါသည်။ ဆက်လက်ပြီး တိုးတက်ပါစေ"

စနစ်၏ သတိပေးချက် ထွက်လာသည်။

"ငါ့အရည်အချင်းက မကောင်းလို့လား"

ဆွန်းမိုက အနည်းဆုံး အဆင့်(၃)လောက်တော့ ရောက်မည်လို့ ထင်ထားခဲ့သည်။

"တစ်ယောက်ယောက်က ဘယ်အတတ်ပညာမဆို မဟာအဆင့် ရောက်ခဲ့ပါက သူတို့သည် ဒါကို ကျွမ်းကျင်ပိုင်နိုင်အောင်မြင်ပြီး မဟာအဆင့်လို့ သတ်မှတ်ခံခြင်းကို ဆိုလိုတယ် ခိုင်မာတဲ့ အခြေခံအုတ်မြစ်အတွက် သင်အချိန်ပိုပြီး မယူခဲ့ရင် သင်ရဲ့ ကျင့်ကြံမှုလမ်းကြောင်းက မကြာခင် ပြီးဆုံးသွားလိမ့်မယ်"

စနစ်က “ဒီကျင့်ကြံမှု ကျင့်စဉ်ဟာ သူတော်စင်အဆင့်ဖြစ်ပြီး ထုံးစံအတိုင်း လေ့ကျင့်ရန် ခက်ခဲတယ်” ထပ်ရှင်းပြလိုက်သည်။

“သဘောပေါက်ပြီ” ဆွန်းမိုက “ငါ့မှာ လေးစားအထင်ကြီးမှု အမှတ်ဘယ်လောက်ရှိလဲ” မေးလိုက်သေးသည်။

(အဆင့်နှစ် ပဲရောက်သွားတာပေါ့၊ ငါ့ရဲ့ လေးစားအထင်ကြီးမှု အမှတ်တွေတိုးလာတဲ့ အခါ အချိန်တံဆိပ် အသစ်ကိုဝယ်ပြီး အဆင့်(၃)ကို ချက်ခြင်းတိုးမြှင့်မယ်)

"၉၈၃"

စနစ်က "ကျေးဇူးပြုပြီး ဆက်တိုးတက်အောင် လုပ်ပါ"

"ကောင်းပြီ"

ဆွန်းမို နည်းနည်း စဉ်းစားနေသည်။ အမှတ်အများစုသည် ရိုးသားသော လုချီဟွာနှင့် ချီရှန်ကျားတို့က ထောက်ပံ့ပေးခဲ့ကြသည်။ ထို့ကြောင့် လုချီဟွာသည် အလားအလာ တန်ဖိုးနိမ့်သော်လည်း အသုံးဝင်ဆဲ ဖြစ်သည်။

သူမသည် အသုံးမဝင်ပဲ လေးစားအထင်ကြီးမှုအမှတ် မရခဲ့ရင်တောင် သူမတွင် ကြီးမားသော ရင်သားတစ်စုံ ရှိသည်။

ထိုကြီးမားသော ရင်သားများသည် တရားမျှတမှု၊ အာဃာ၊ ကျော်ကြားမှု၊ မေတ္တာနှင့် ပံ့ပိုးကူညီမှုများ ယူလာတတ်သည်။

ဟုတ်ပါတယ် ဒီရင်သားကြီးကြီးတွေက သူ့ကို ကံတော်တော်တက်စေခဲ့သည်။ ဆွန်းမိုသည် ရတနာသေတ္တာကို မဖွင့်ခင် သဘော်သီး မိန်ကလေး၏

ခေါင်းကိုထိတိုင်း အဆင့်အမြင့်ဆုံးအရာများကို ရရှိရန် အခွင့်အရေး ပိုတိုးလာသည်။

ဆွန်းမိုသည် သူ့အတွေးများကို ခပ်ကြမ်းကြမ်း ရပ်ပစ်လိုက်သည်။ သူသည် စွမ်းအားကို ထိန်းချုပ်ပြီး ကျင့်ကြံခြင်းကို အာရုံစိုက် လေ့ကျင့်လိုက်သည်။

ဘောင်း

ရွှေအိုရောင် တက်တူးများသည် ဆွန်းမိုမျက်နှာရှေ့တွင် ချက်ခြင်းပေါ်လာပြီး သူတို့ကို ကြည့်ရတာ

လျှို့ဝှက်ဆန်းကျယ်လွန်းသည်။ သူတို့သည် အာနည်းသော်လည်း မီးချောင်းထက် ပိုလင်းထိန်နေကာ ကြည့်ရတာ မြင့်မြတ်ပြီး နတ်ဘုရားပုံပေါက်နေသည်။

“ဒါက ဘာလဲ၊ မျက်စိမှိတ်ထားတဲ့တစ်ယောက်က စွမ်းအားတွေကို ထုတ်နေတာလား’’

ဆွန်းမိုကို ဘာမှမပြောပါ။ ဒါပေမယ့် သူတို့က အဓိပ္ပာယ်မရှိတဲ့ တကျတူး ပုံစံတွေ မဟုတ်ပါဘူး။ သူတို့သည် ဘယ်ဘက်တွင်

အသူရာနဂါးနှင့် ညာဘက်တွင် ကျားဖြူပုံပေါ်နေပြီး သူတို့ကို တုပလို့ မရနိုင်ပါ။

ဆွန်းမိုသည် နံရံအနီးကို လျှောက်သွားကာ လက်သီးဖြင့်ထိုးလိုက်သည်။

ဘုန်း

နံရံတွင် ပင့်ကူအိမ်လို အက်ကြောင်းများ ပေါ်လာသော်လည်း ဆွန်းမိုလက်များသည် နာကျင်မှုကို မခံစားရပါ။ အမှတ်(၂) အထက်တန်းကျောင်းအိမ်သာမှာသာ ဒီလို

လုပ်လိုက်ပါက လက်ချောင်းအဆစ်တွေ ရောင်ကိုင်းနေလိမ့်မည်။

ဖျက်ဆီးမရသော ရွှေကိုယ်ထည်တွင် ထူးခြားသော အသွင်ပြင် အချို့ရှိနေသည်။

ဆွန်းမိုသည် လုချီဟွာကို ချက်ခြင်းခေါ်ကာ တိုက်ခိုက်ရေး ဒိုကျိုသို့ သွားလိုက်သည်။ သူသည် တိုက်ခိုက်ရေးကြေးဝါလူသားကို တွေ့သည်နှင့် စတင်ပြီး လက်သီးများဖြင့် ထိုးလိုက်သည်။

ဘောင်း ဘောင်း ဘောင်း

ဆွန်းမိုသည် လက်သီးများကိုတစ်လုံးပြီး တစ်လုံး ပစ်သွင်းလိုက်သည်နှင့် အမျှ သူ့လက်သည် တဖြေးဖြေး နာကျင်လာသည်။ အစွမ်းကုန် ထိုးလိုက်ပြီးနောက် သူ့လက်သီးပေါ်က နာကျင်မှုကို မခံနိုင်တော့ပါ။

“မင်းရဲ့ စမ်းသပ်နည်းက အသုံးမဝင်ဘူး၊ ဖျက်ဆီးမရသော ရွှေကိုယ်ထည်ရဲ့ ခုခံနိုင်စွမ်းက အခြေအနေကို လိုက်ပြီးတိုးတက်လာတာ၊ ဒါပေမယ့် ဘယ်တော့မှ အနိုင်ယူလို့ မရတဲ့ အရာတော့ မဟုတ်ဘူး။”

စနစ်က ရည်ရွယ်ချက်ကို ထုတ်ပြောလိုက်သည်။ ဆွန်းမိုက ဖျက်ဆီးမရနိုင်သော ရွှေကိုယ်ထည်ကို မရှုံးနိုင်သည့် အရာဖြစ်ချင်နေသည်။

ဝမ်းနည်းပါတယ်၊ ဒါက မဖြစ်နိုင်ပါ။

"ငါက အဲဒီလောက်လောဘကြီးတာ မဟုတ်ဘူး"

ဆွန်းမိုက နှုတ်ခမ်းစူကာ ပြန်ပြောလိုက်သည်။

မည်သို့ပင်ဆိုစေကမူ ခန္ဓာကိုယ်ပြုပြင်ခြင်းနှင့် စိတ်ဝိညာဉ်ပြုပြင်ခြင်း အဆင့်က တိုက်ခိုက်မှုများသည် ဖျက်ဆီးမရသော

ရွှေကိုယ်ထည်ကို မချိုးဖျက်နိုင်ပါ။ တကယ်လို့ ကျောင်းသားများကို ကိုယ်တိုင် ကိုယ်ကျ သင်ပေးရမည်ဆိုပါက သူ့အတွက် အလွန်လုံခြုံသည်။

ဆွန်းမိုသည် ဒဏ်ရာရမှာ မကြောက်ပါဘူး ။ ကျောင်းသားကြောင့် ဒဏ်ရာရခဲ့ရင် အလွန်ရှက်ဖို့ကောင်းပြီး သိက္ခာလည်း ကျနိုင်သည် မဟုတ်လား။

“ဆရာ ဆက်ပြီးလေ့ကျင့် မလို့လား”

လုချီဟွာက မဝံ့မရဲ မေးလိုက်သည်။

“ငါကြိုးစားကြည့်အုံးမယ်”

ဆွန်းမိုသည် ရှေ့ဟောင်းလောကနတ်ကို ကြေးလူသားအပေါ်တွင် စတင် အသုံးပြုလိုက်သည်။ ကံမကောင်းစွာ တုံ့ပြန်မှုမရပါ။

"ဆရာ ကျောင်းသားငါးယောက်ကိုရမှ တရားဝင် အလုပ်ခန့်နိုင်မှာ မင်းမှာ တစ်ယောက်လိုသေးတယ်၊ ဒီနေ့က ကျောင်းသားခေါ်ဖို့ နောက်ဆုံးနေ့နော်"

လုချီဟွာက ဆွန်းမိုကို သတိပေးသင့်တယ်ထင်ပြီး ပြောလိုက်သည်။

"စိတ်မပူပါနဲ့ ကံကြမ္မာက ငါ့ဘက်ရှိနေသေးသ၍ ကျောင်းသားတစ်ယောက်ကို ငါရမှာပါ"

ဆွန်းမို အဲဒီစကားကို ပြောပြီးနောက် တစ်ယောက်ယောက်က လှမ်းပြောလိုက်သည်။

"ဆရာဆွန်းက အရမ်းငြိမ်နေပါလား"

လှုချီဟွာ လှည့်ကြည့်လိုက်ရင် မနီးမဝေးတွင် ရပ်နေသော လူငယ်တစ်ယောက်ကို တွေ့လိုက်သည်။ သူသည် ပိန်ပိန်ပါးပါးနှင့် ဖြူဖျော့သော အသားအရည်ရှိသည်။ တစ်ခါတစ်ခါ ချောင်းဆိုး နေသေးသည်။

"ဒါဆို မင်းပေါ့"

လုချီပျွာက ဒီဖျားနာနေသော လူငယ်ကို မှတ်မိလိုက်သည်။

“ဒီမှာ မင်းဘာလုပ်နေတာလဲ၊ ဆရာဆွန်းကို ဆရာတင်မလို့လား”

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၅၈) - ပါရမီရှင် တစ်ယောက်၏ ပုံစံ။

"ဆရာဆွန်းကိုသာ ငါဆရာတင်ခဲ့ရင် ငါ့ကို တပြည့်အဖြစ် လက်ခံရဲပါ့မလား"

ထန်ထန်ယုထန်က မိမိကိုယ်ကို လှောင်ပြုံးပြီး ပြောလိုက်သည်။

ဆရာများက ကျောင်းသား ခေါ်ယူရာတွင် အခြေခံလိုအပ်ချက်များ ရှိသည်။ လူတစ်ယောက်၏ အရည်ချင်းကို ဘယ်သူကမှ အမှန်တကယ် အကဲဖြတ်နိုင်ခြင်း မရှိသော်လည်း ကျောင်းသားများ၏ အတွေ့အကြုံနှင့် နောက်ခံအကြောင်းများကို

မသိသော်လည်း သူတို့၏ ကိုယ်ခန္ဓာကိုယ် ကိုကြည့်ပြီး အခြေခံအကဲဖြတ်မှုများ ပြုလုပ်ကြသည်။

ကျောင်းသားများကို ပြုစုပျိုးထောင်ပါက အနည်းဆုံး နတ်စွမ်းအား အဆင့်ကို ရောက်ရန်လိုသည်။ ကျန်းမာသော ကိုယ်ခန္ဓာ ရှိရုံသာမက သာမန်သူများထက်လည်း သန်မာရန်လိုအပ်သည်။ မဟုတ်ခဲ့ပါက ကျင့်ကြံခြင်း၏ အခက်အခဲကို ဘယ်လိုမှ ခံနိုင်ရည် မရှိနိုင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထန်ထန်ယုထန်တွင် အားနည်းသော ခန္ဓာကိုယ် ဖွဲ့စည်းပုံရှိသည်။ သူသည် မကြာခဏချောင်းဆိုးကာ သွေးလည်းပါ နေတတ်သည်။ လေပြင်းတိုက်ရင်တောင် လဲကျသွားနိုင်သည်။

ဆရာတစ်ယောက်သာ မျက်လုံးကန်းမနေပါက သူ့လို အားနည်းနေတဲ့ သူကို ဘယ်သူမှ လက်မခံကြပါ။

“မင်းက အသိအမှတ်ပြုရဲရင် ငါကလဲ လက်ခံရဲတယ်”

ဆွန်းမိုက ပြန်ပြောလိုက်ပြီး ဒီရောဂါသည်ကို ကြည့်လိုက်သည်။ သူ့ဘေးနားတွင် အချက်အလက်များပေါ်လာသည်။

အရင်တစ်ခေါက်ကြည့်ထားတာနှင့် မကွဲပြားပါ။ ဒီလူငယ်လေး၏ အလားလာ တန်ဖိုး အရမ်းမြင့်တယ်လို့ ဖော်ပြထားသည်။

ဒါက ရှန်ယွန်ပေါင်၊ လီဇီချီတို့နှင့် တူညီသော စံနှုန်းများ ဖြစ်သည်။ ကျောင်းသားစုဆောင်းရေးပွဲ သုံးရက်အတွင်း ဆွန်းမိုသည် ကျောင်းသား ၂၀၀၀ ကျော်လောက်ကို တွေ့ခဲ့သည်။ သို့သော်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီသုံးယောက်သာ အလားအလာ တန်ဖိုး အလွန်မြင့်သည့် ကျောင်းသားများ ဖြစ်ကြသည်။

တစ်ချိန်တည်းမှာပင် စနစ်က ကလေးတစ်ယောက်လို့ မမြင်ရန် သတိပေးခဲ့သေးသည်။ မဟုတ်ပါက မင်းခံသွားနိုင်သည်။ ဒီကောင်လေးသည် အပြစ်ကင်းသည့်ပုံပေါက်သော်လည်း အကြံသမား ဖြစ်ကြောင်း ပြနေသည်။

ထန်ထန်ယုထန်လည်း ကြောင်သွားပြီး ဆွန်းမိုကို ကြည့်နေသည်။

“မင်းရဲ့ ဆရာလမ်းစဉ်မှာ ငါက အမှိုက်တစ်ခုဖြစ်လာမှာ မကြောက်ဘူးလား”

“မင်းကို ကြီးမြတ်တဲ့ လူတစ်ယောက်ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးဖို့ငါ့မှာ ယုံကြည်ချက် ရှိတယ်”

ဆွန်းမိုက ဖြတ်ပြောလိုက်ပါသည်။ ထန်ထန်ယုထန်ကို ခေါ်နိုင်မှာလား၊ မခေါ်နိုင်ဘူးလားကိုလည်း ဆွန်းမို ဂရုမစိုက်ပါ။ စနစ်က ဒီလူသည် ချိန်ကိုက်ဖုံးလို့ ပြောထားပြီး သူနှင့် ခပ်ဝေးဝေးနေရန် အကြံပြုထားသည်။

ထန်ထန်ယုထန်လည်း အံ့အောသင့်သွားပြီး ဆွန်းမိုကို ထူးဆန်းစွာ ကြည့်နေသည်။ ဒီချောမောသည့် အစမ်းခန့်ဆရာက သူ့ထက်တောင် ယုံကြည်မှု ပိုများနေသည်။

တကယ်ကို မိုက်မဲတာလား။ မင်းကို ဒီလို လုပ်ဖို့ သတ္တိ ဘယ်သူပေးလိုက်တာလဲ။ သို့သော် ထန်ထန်ယုထန်၏ စိတ်ထဲတွင် နည်းနည်းတော့ ခံစားလိုက်ရသည်။ ဗဟိုပြည်နယ်အကယ်ဒမီကို လာရသည့် အကြောင်းမှာ သူနှစ်ရှည်လများ သဘောကျခဲ့သည့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြွတ်ဆရာတစ်ယောက်က ဒီမှာညွှေ့ပါမောက္ခအဖြစ် လုပ်နေသည်။ သူသည် လှည့်ကွက်တချို့ကို သုံးပြီး ထိုမြွတ်ဆရာကို တွေ့ခွင့် ရခဲ့သော်လည်း သူ့ကို တပြည့် အဖြစ် လက်မခံခဲ့ပါ။

အကြောင်းပြချက်က သူ့ဖွဲ့စည်းပုံ အားနည်းလို့ ဖြစ်သည်။ ပါရမီရှင်ဖြစ်ရင်တောင် ငယ်ငယ်နှင့်သေသွားပါက ဘာမှ အသုံးမကျပါ။ မြွတ်ဆရာများသည် အရမ်းကို အလုပ်များပြီး တပြည့်လည်း မရှားကြပါ။ ထန်ထန်ယုထန်အတွက် ဘာကြောင့် သူ့ခွန်အားကို ဖြုန်းကြမှာလဲ။

"ဟား ဟား"

ထန်ထန်ယုထန်လည်း ကို့ကိုယ်ကို လှောင်ပြောင်ရယ်မောလိုက်ပြီး ဆွန်းမိုကို ထပ်စစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။ သို့သော် သူက ဘာမှမပြောရသေးခင် ကြားဖြတ်ခံလိုက်ရသည်။

"ဒီမှာ ရပ်လိုက်တော့၊ ငါ့အမုန်းဆုံးက အကြံသမားတွေပဲ၊ ငါ့သွန်သင်မှုအောက်ကို မင်းဝင်လာဖို့ ဆန္ဒရှိရင် အခုဒူးထောက်၊ မရှိရင်သွားတော့"

ဆွန်းမို နည်းနည်းတင်းနေသည်။(ငါ့ကို စမ်းချင်နေတာလား။ မင်းကိုယ်မင်း ဘာထင်နေတာလဲ)

ထန်ထန်ယုထန်၏ တည်ငြိမ်သော အမူအရာလည်း ပျောက်သွားသည်။ ဆွန်းမိုက သူ့ကို ထိုးဖောက် မြင်နိုင်နေတာကို အံ့အောနေသည်။ ချန်လုံကို တပြည့်လက်ခံလိုက်သည့် မြင်ကွင်းကို မြင်ပြီး သူ့အပေါ်ကို အထင်ကြီးသွားခဲ့သည်။

ထို့နောက်ဆွန်းမိုကို ရှာဖွေရန် ကြိုးစားခဲ့သည်။ တိုက်ပွဲခန်းမကို လာသည့်အကြောင်းက ဆွန်းမိုကို

စစ်ဆေးရန် ဖြစ်သည်။ ဆွန်းမိုကသာ သူ့မျှော်လင့်ချက်နှင့် ပြည့်မှီပါက သူ့လက်အောက်ကို ဝင်ဖို့ တောင်းဆိုချင်သည်။ နည်းနည်းတော့ အဆင်မပြေပါ။ ဆွန်းမိုသည် အကြံသမားလည်း ဖြစ်ပုံရသည်။ သူ့ကိုဘာလို့ မိန်းမ ချူစားသူလို့ ခေါ်ကြတာလဲ ။ ဒီနောက်မှာ ဖုံးကွယ်ထားသည့် ဇာတ်လမ်းတစ်ပုဒ် ရှိနိုင်သည်။

"မင်းအရမ်း တွေဝေနေတာလား၊ မင်းက ယောက်ျား မဟုတ်ဘူးလား"

ဆွန်းမိုက မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

"ဟားဟား ဆရာဆွန်း မင်းက တခြားသူတွေနဲ့တော့ မတူဘူး၊ ဒါပေမယ့် မင်းငါ့ကို တပြည့်လက်ခံလိုက်ရင် မင်းဒုက္ခ ရောက်မှာ မကြောက်ဘူးလား" ထန်ထန်ယုထန်က မေးလိုက်သည်။

ဖောင်း!

ဆွန်းမိုက လက်ကိုမြှောက်ပြီး ထန်ထန်ယုထန်၏ မျက်နှာကို ရိုက်ချလိုက်သည်။

"ဟာ"

ဘေးက ကြည့်နေသော လုချီဟွာလည်း လန့်သွားသည်။ ရုတ်တရက် ဘာကြောင့်ရိုက်လိုက်တာလဲ။

"ငါက တစ်ယောက်ယောက်ကို ဒုတိယအကြိမ် ထပ်ပြောရတာ အမုန်းဆုံးပဲ၊ ငါ့ကို ထပ်မစမ်းနဲ့"

ဆွန်းမို ဒီလုပ်တာကလည်း ဒေါသထွက်နေလို့ တစ်ခုထဲ မဟုတ်ပါဘူး ထန်ထန်ယုထန်ကိုလည်း စစ်သပ်ကြည့်လိုက်သည့် သဘောလဲပါသည်။ စနစ်၏ မှတ်ချက်ကိုလဲ လျစ်လျူ ရှုမထားပါဘူး။

အနီးနားက ကျောင်းသားများသည် အသံကို ကြားပြီး လှည့်ကြည့် လိုက်ကြသည်။

အရိုက်ခံလိုက်ရသော ထန်ထန်ယုထန်သည် ဒေါသထွက်ခြင်း၊ ရှက်ရွံ့ခြင်း မဖြစ်နေပါ။ သူသည် ဆွန်းမိုကိုသာ အံအောသင့်ပြီး ကြည့်နေသည်။

ထိုနောက် ခေါင်းကိုယမ်းကာ ဒူးထောက်ပြီး အရိုအသေ ပေးလိုက်သည်။

‘ဆရာဆွန်း၊ ကျေးဇူးပြုပြီး တပြည့်အဖြစ် လက်ခံပေးပါ”

ဒင်!

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု - +၁

ထန်ထန်ယုထန်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၁/၁၀၀)

စနစ်၏ သတိပေးချက်ကို ကြားပြီး ဆွန်းမို အကြည့်များ တန့်သွားသည်။ (မင်းရဲ့ အစီအစဉ်တွေကို ငါထိုးဖောက်မြင်တုန်းက လေးစားအထင်မကြီးပဲနဲ့ မင်းပါးကိုရိုက်လိုက်မှ မင်းကတုံ့ ပြန်တာလား၊ မင်းကမာဆိုစီဒီ လား)

ချိန်ကိုက်ဗုံးလို့ ယူဆထားသော ကျောင်းသားသည် မျှော်လင့်ထားသည့် အတိုင်းပဲ သူ့တုံ့ပြန်မှုက ထူးဆန်းနေသည်။

သူဖတ်ဖူးသည့် စိတ်ပညာစာအုပ်တွေအရဆို

ဒီလိုလူတွေသည် စိတ်ပိုင်းဆိုင်ရာ မကျန်းမာဖို့ အခွင့်အလမ်းများသည်။

“ဆရာ”

လုချီဟွာက ဆွန်းမိုနောက်တွင် ပုန်းနေပြီး လက်ကို တင်းတင်းဖက်ထားသည်။ သူမက ပါးစပ်ကို လက်နှင့်အုပ်ပြီး “သူက

အရမ်းကြောက်ဖို့ကောင်းတယ် ၊ သူ့ကို တပြည့်အဖြစ်လက်မခံတာ ပိုကောင်းမယ်နော်”

“ဟား ဟား”

ဆွန်းမိုက ရယ်လိုက်သည်။ (ဂိမ်းကစားသည့်အခါ အမြင့်ဆုံး အခက်အခဲဆုံး အဆင့်ကို စိန်ခေါ်ရတာကို ကြိုက်တယ်။ ကျောင်းသားက အခု ငါ့ကို စိန်ခေါ်နေတာ ဘာလို့နောက်ဆုတ်ရ မှာလဲ)

“ဆွန်းမို အရမ်းမလွန်ခင် စိတ်မကောင်းစွာနဲ့ အဆုံးသတ်လိုက်ပါ”

စနစ်ကလည်း ရုတ်တရတ် သတိပေးသည်။

"ကောင်းပြီ မင်းငါ့ကို အရိုအသေ သုံးခါပေးရင် တပြည့်အဖြစ် သတ်မှတ်လိုက်မယ်"

ဆွန်းမိုက စနစ်ကို ဂရုမစိုက်ဘဲ ပြောလိုက်သည်။

"ဆရာ"

လုချီဟွာက ဆွန်းမို၏အကျီကို စိုးရိမ်တကြီး ဆုပ်ကိုင်လိုက်သည်။

"ဆရာ တပြည့်ရဲ့ အရိုအသေ သုံးကြိမ်ပေးတာကို လက်ခံပေးပါ"

ထန်ထန်ယုထန်သည် ဘာလှည့်ကွက်ကိုမှ မသုံးဘဲ နဖူးကို မြေပြင်ပေါ်သို့ ကျကျနန တိုက်လိုက်သည်။

"ထတော့"

ဆွန်းမိုကတော့ ထန်ထန်ယုထန်ကို ထနိုင်အောင် မကူညီပေးပဲ လက်ကိုနောက်ပစ်ကာ တိုက်ပွဲ ခန်းမက ထွက်သွားသည်။

ရောဂါသည်ကောင်လေးသည် ဒါကို ဂရုမစိုက်ဘဲ ထ၍ဒူးခေါင်းက ဖုန်ကိုသုတ်လိုက်ပြီး

လုချီဟွာကိုလည်း ဦးညွှတ်ကာ “ ပညာသင်ဘက် အစ်မ လု”

လုချီဟွာသည် မုဆိုးကို မြင်လိုက်သော ယုန်တစ်ကောင်ကဲ့သို့ ချက်ခြင်း ထွက်ပြေးသွားသည်။

“ဒီရောဂါသည်က ငါ့ရဲ့ကံကောင်းတဲ့ အသွင်အပြင်ကို မကြောက်ဘူးလား”

ဆွန်းမို နည်းနည်းတော့ စိတ်ပူသွားသည်။

“ မင်းက ကို့ကိုယ်ကို စိတ်ပူတာ ပိုကောင်းမယ်။ ငါထပ်ပြောမယ်။ ဒါက အလယ်ကမ္ဘာ ပြည်နယ်ကိုးခု၊ အမှတ်(၂) အထက်တန်းကျောင်းမှာ

အသုံးပြုတဲ့ သင်ကြားရေးလမ်းကြောင်းက အသုံးမဝင်ဘူး”

ဆွန်းမိုက သူအကြံပေးတာကို နားမထောင်လို့ စနစ်က ဝေဖန်လိုက်သည်။

“မင်းက ငါ့ကို ပိုင်ရှင်အဖြစ် ရွေးချယ်ခဲ့မှတော့ မင်းငါ့ကို ယုံသင့်တယ်၊ ဒါမှမဟုတ် မင်းက မျက်စိကန်းနေတယ်လို့ ပြောရမှာလား” ဆွန်းမိုက ပြန်ပြောလိုက်သည်။ “ ငါ့ကို လာပြီးစိန်ခေါ်နေတယ် ဘာလုပ်ရမှာလဲ ၊ ရှောင်ရမလား၊ တောင်းပန်ရမလား၊ သေချင်တယ်နော် ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က ငြိမ်ကျသွားသည်။ ဆွန်းမို၏ စကားကို ကြားရပြီးနောက် ဆွန်းမိုကို ရွေးချယ်လိုက်တာ အကောင်းဆုံး ရွေးချယ်မှု ဖြစ်နိုင်တယ်လို့လည်း ရုတ်တရက် ခံစားလိုက်ရသည်။

သူ၏စွမ်းရည်များကို ဘေးဖယ်ထားလိုက်အုံး မြတ်ဆရာတစ်ယောက်ကို လေနှင့် တိုက်ခိုက်နိုင်သည်။

အရင်ပိုင်ရှင်သာဆိုရင် သူ့သတိပေးချက်ကို နားထောင်ပြီး ချက်ခြင်းလက်လျှော့ သွားလိမ့်မည်။

“အခု မင်းငါ့ကို အထင်ကြီးနေပြီလား” ဆွန်းမိုက မေးလိုက်သည်။ “ပြောချင်သလို ပြောလိုက်စမ်းပါ စိတ်ထဲ မြိုသိပ်မထားနဲ့”

“လူလိမ်”

စနစ်က လိုရင်းကို ရှင်းရှင်းလေး ဖော်ပြလိုက်သည်။

ဒင်!

“တာဝန်တစ်ခု ထုတ်ပြန်သည်။ ထန်ထန်ယုထန်က မင်းကို သူ့နှလုံးသားထဲကနေ

ယုံကြည်အောင်လုပ်ပါ။ ဆုလာဒ် ရွှေရောင်ရတနာသေတ္တာ”

ဆွန်းမိုသည် စနစ်ကကြေငြာလိုက်သည့် တာဝန်ကို ကြားလိုက်ပြီး စိတ်ထဲ နေရတာအဆင်မပြေတော့ပါ။ ဒီရောဂါသည်က ဖြူစင်သည့် ရည်ရွယ်ချက်ကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားခြင်းမရှိပါ။ ဒါက စိန်ခေါ်မှု တစ်ခုသာ ဖြစ်သည်။

ဗဟိုပြည်နယ် တန်နိုင်ငံကို ရောက်လာပြီးနောက် သူသည် ဂိမ်းစက်ပေါ်ကို လက်မတင်နိုင်တော့ဘဲ ဂိမ်းမကစားနိုင်တော့ပါ။ ထို့ကြောင့်

သူ့ဘာသာသူ ပျော်အောင်နေ နေရသည်။ ကျောင်းသားတစ်ယောက်ကို စာသင်ပေးခြင်းက သူ့၏အချိန်ကို ကုန်နိုင်သည့် အကောင်းဆုံး နည်းလမ်းတစ်ခုလို့ ခံယူထားသည်။

ကူရှပ်ရှင်း၏ ကြိုးစားအားထုတ်မှုကြောင့် အစမ်းခန့် ဆရာတစ်ယောက်သည် ကျောင်းသား၅ ယောက်ကို ခေါ်ယူနိုင်ပါက တရားဝင် ရာထူးရကာ အစားထိုးဆရာအဖြစ် လုပ်ကိုင်နိုင်ကြောင်းကို ကျောင်းက သဘောတူထားခဲ့သည်။

ဌာနအတွင်း ကြေငြာချက်လည်း ထုတ်ပြန်ထားပြီး ဖြစ်သောကြောင့် ဘယ်သူမှ ပြန်မပြောင်းနိုင်တော့ပါ။

လီဇီချီ၊ လုချီဟွာ၊ ရှန်ယွန်ပေါင်၊ ချန်လုံနှင့် အခု ထန်ထန်ယုထန်နှင့် ဆိုရင် သူ့တွင် စုစုပေါင်း တပြည့် ငါးယောက်ရှိနေပြီ ။ သူတို့ အသီးသီးတွင် ချို့ယွင်းချက် တွေရှိပေမယ့် ဆွန်းမိုက လိုအပ်ချက်တွေကို ပြည့်မှီအောင် လုပ်ပေးနိုင်ပါတယ်။

“ကျောင်းကို မင်းတို့ဘာသာ လျှောက်သွားကြတော့ ငါအရင်သွားနှင့်မယ်”

ဆွန်းမိုသည် နှစ်ရက်ကြာ သွားလာနေသော်လည်း တန်ဖိုးမြင့်မားသည့် ကျောင်းသားများကို မတွေ့ပါ။ ထို့အပြင် အစမ်းခန့်ဆရာအဖြစ် ကျောင်းသားများကို ခေါ်ယူရန်လည်း မလွယ်ပါ။ ထိုကြောင့် ဒီကိစ္စတွင် အချိန် ဖြုန်းမနေတော့ပဲ အဆောင်ကို ပြန်ကာ journey to the west ကို ဆက်လက်ရေးသားရန် ဆုံးဖြတ်လိုက်သည်။

ယောက်ျားတွေက ခဏလေးနှင့် ပိုက်ဆံမရတတ်ပါ။ ဘာကြောင့်ဆို သူတို့တွင် ဘာအရန်ပစ္စည်းမှ မရှိပေ၊ ဒါကို ဆွန်းမို

အမြဲတွေးနေမိသည်။ ထို့ကြောင့် စာမူကို အမြန်ထုတ်ပြီး စာဖတ်ဆိုင်လေးသို့ သွားကာ ကျန့်သူ့ငွေးကို ရှာပြီး စာမူနှင့် ငွေ လဲလှယ်ရန် လိုနေသည်။

ထန်ထန်ယုထန်လည်း ဆွန်းမို ရိုက်တာ ခံလိုက်ရသည့်ပါးကို ကိုင်ရင်း ဆွန်းမို ထွက်သွားတာကို ကြည့်နေသည်။ ဗဟိုပြည်နယ်အကယ်ဒမီတွင် နေထိုင်ပါက ပျင်းဖို့တော့ မကောင်းနိုင်လောက်ဘူးလို့ တွေးမိပြီး ပြုံးလိုက်သည်။

လုချီဟွာနှင့် ကျောင်းသားစုဆောင်းရေးပွဲပြီးလို့ နောက်သုံးရက်အကြာမှ တွေ့ရန် မှာခဲ့သည်။

ထောက်ပံ့ရေးဌာနမှ ဝန်ထမ်းများသည် သိုင်းပညာပလက်ဖောင်းကို ဖျက်သိမ်းကာ ကျောင်း၏ အစိတ်အပိုင်း အသီးသီးတွင် တပ်ဆင်ထားသည့် ဆိုင်းပုဒ်များ အပြင် ယာယီ အဆောက်အဦးများကိုလည်း ဖယ်ရှားခဲ့ကြသည်။ အလုပ်တွေပြီးသွားတော့ စားသောက်ဆိုင်တွင် စုဝေးနေကြသည်။

ပန်းကန်များ ၊ ဝိုင်ပုလင်းများဖြင့် လေထုက အသက်ဝင်နေသည်။

စကားစမြည် ပြောပြီး သိပ်မကြာခင်မှာပင် ဆွန်းမို အကြောင်းပါလာတော့သည်။ သူသည် အန်ရှီဝေနှင့် ပက်သက်သော ဆက်ဆံရေးကြောင့် လူတိုင်း မပြောဘဲ မနေနိုင်ကြပါ။

“မင်းတို့ကြားပြီးပြီလား ဆွန်းမိုက ကျောင်းသားအနည်းငယ် ခေါ်နိုင်ခဲ့တယ်တဲ့၊ သူတို့ထဲက တစ်ယောက်က လျိုမူဘိုင်တောင်

စိတ်ဝင်စားရတဲ့ ပါရမီရှင်ဆိုပဲ ၊ သူ့နာမည်က ရှန်ယွန်ပေါင်ဆိုလား၊ ဒါကို အမှန်လို့ ထင်လား”

ချန်မူက စပ်စုလိုက်သည်။

“လိမ်နေတာ ရှင်းရှင်းလေးပါ၊ အစမ်းခန့် ဆရာတစ်ယောက်ဆီမှာ စာသင်ရအောင် ဘယ်ကျောင်းသားက ဒီလောက်မိုက်လို့လဲ ”

လုတောင်က ချောင်းဟန့်လိုက်ပြီး အလွန်လည်းမူးနေသည်။ မျက်နှာနီကာ ဝိုင်နဲ့ တထောင်းထောင်း ထနေသည်။

"အဲဒီလို ပြောလို့မရဘူး ၊ ကူရှပ်ရှင်းလဲ ပထမနေ့ကတည်းက ကျောင်းသား ၅ယောက်ကို ခေါ်နိုင်ခဲ့တယ် ၊ ငါတို့ရဲ့ ကျောင်းအုပ်ကြီးကိုယ်တိုင် ခေါ်ခဲ့တဲ့ ဘွဲ့ရတစ်ယောက်က ထင်ထားသည့်အတိုင်းပဲ တော်လွန်းတယ်"

ချန်မူက လက်တုံ့ပြန်လိုက်သည်။

"ဆွန်းမိုနှင့် ကူရှပ်ရှင်းကို ဘယ်လို ယှဉ်လို့ရမှာလဲ ၊ သူက ဖိနပ်တောင် ကိုင်ဖို့ မတန်ဘူး"

လုတောင်က အထင်သေးစွာ ပြောလိုက်သည်။

"အမှန်ပဲ၊ သူနာမည်ကြီးလာအောင် ကောလဟာလဖြန့်ဖို့ ကျောင်းသား တွေကိုလည်း ပိုက်ဆံနဲ့ ငှားခဲ့တယ်လို့ ကြားတယ်။ အရင်တုန်းက အစမ်းခန့်ဆရာတွေလဲ ဒီလို လုပ်ဖူးတာပဲ နောက်ပိုင်းမှာ သိသွားပြီး ကျောင်းထုတ်ခံလိုက်ရတယ်"

"ဆွန်းမို မှာ စွမ်းဆောင်ရည်ရှိတယ်ဆိုရင်တောင် သူ့အကြာကြီး မလုပ်နိုင်ပါဘူးကွာ ၊ ကျန်ဟန်ဖူရဲ့ သားက ကျောင်းအုပ်ကြီး အန်ကို

သဘောကျနေတာ၊ ကျန်ဟန်ဖူက ဆွန်းမိုကို လွယ်လွယ်နဲ့ အလွတ်ပေးမယ်လို့ ထင်နေတာလား”

“ဆွန်းမိုမှာ ခွဲခြားသိမြင်နိုင်တဲ့ မျက်လုံး မရှိပါဘူး၊ ငါတို့ကျောင်းရဲ့ ဖရိုဖရဲကိစ္စတွေမှာ သူပါဝင်နိုင်မယ်လို့ ထင်နေတာလား”

ကျောင်းရဲ့ နာမည်ကို ပြန်တက်လာအောင် ကျောင်းအုပ်ကြီး အန်ကို ကူညီပေးနိုင်မယ် ထင်နေတာလား၊ နာမည်ကျော်ကျောင်းလို ပြန်ဖြစ်အောင် လုပ်ပေးချင်တယ်၊ သူအတွေး လွန်နေတာလား”

ထောက်ပံ့ရေးဌာနက အလုပ်သမားများသည် အရက်အလွန်အကျွံ သောက်ပြီးနောက် ဆေးနွေးသည့် အကြောင်းအရာများက ရောက်တတ်ရာရာ ဖြစ်နေသည်။ ဗဟိုပြည်နယ် အကယ်ဒမီ၏ ဂုဏ်ကျက်သရေ ပြန်ရရန် ခက်ခဲသည်။ ဒီနှစ်လိဂ်ပြိုင်ပွဲတွင် နောက်ဆုံးအဆင့်ကို ရခဲ့ပါက စာရင်းကတောင် အထုတ်ခံရမည် ။ ဒါဆိုရင် အားလုံးလည်း ပြီးသွားပြီ။

ဒါက အဓိပ္ပာယ်ရှိတယ်။ ကျန်ဟန်ဖူနှင့် ဝမ်ဆုက ကျောင်းမှာ နှစ်ပေါင်းနှစ်ဆယ်

ကျော်ကြားအောင်နေခဲ့ပြီး သူတို့၏ လွမ်းမိုးမှုက နက်ရှိုင်းလွန်းနေသည်။

အန်ရှီဝေက ရောက်လာတာ အခုမှသုံးနှစ်ပဲ ရှိသေးကာ အရင်ကလည်း ကျောင်းအုပ်ကြီး အတွေ့အကြုံ မရှိခဲ့ပါ။ ရိုးရိုးသားသား ပြောရရင် သုံးလအကြာတွင် သူမကို နှင်မထုတ်လိုက်တာကိုတောင် ကောင်းမွန်တယ်လို့ ယူဆနိုင်သည်။

အန်ရှီဝေတွင် အခုမှရောက်လာသည့် ကျုံလင်ကလွဲရင် သူမဘေးမှာ

တခြားလက်ထောက်မရှိပါ။ ကျောင်းတွင် သူမ၏ရပ်တည်မှုကို တည်ငြိမ်စေရန် ပြင်းပြင်းထန်ထန် အားထုတ် နေရသည်။

“အို လီကုန် ၊ မင်း မကြာသေးခင်ကမှ ဆွန်းမိုကို ဂရုစိုက်ခဲ့ရတာ မှတ်လား ၊ မင်းရဲ့ အမြင်ကရော ဘယ်လိုလဲ ”

လုတောင်က ဝိုင်ခွက်ကို ငုံ့ရင်းမေးလိုက်သည်။

“ဟား ဟား”

လီကုန်သည် ကျိန်စာတိုက်ရန် အဆင်မပြေသည့် မျက်နှာ ဖြစ်နေသည်။ သူသည် ဆွန်းမို

နောက်ကို ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက လိုက်နေခဲ့ပြီး ကပ်ဆိုးကြီးကို ဖြေရှင်းနိုင်ရန် နည်းလမ်းရှိမရှိ လိုက်ကြည့်နေခဲ့သည်။ သို့သော်လည်း ဆွန်းမိုကို တိုက်ခိုက်ရန် သတ္တိများသာ ပိုနည်းလာခဲ့သည်။

ရှန်ယွန်ပေါင်ကို ခေါ်သွားတာက ကောလဟလလား။

ဟာသပဲ၊ ရှန်ယွန်ပေါင် ဒူးထောက်ပြီး ဆွန်းမိုကို ဆရာတင်လိုက်တာလဲ လီကုန် အကုန်မြင်လိုက်သည်၊ လီကုန်သည်

စတိုခန်းထဲကနေ ပုန်းကြည့်နေပြီး အဖြစ်အပျက် အစအဆုံးကို တွေ့လိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၅၉)။ ။ ဆွန်းမိုက ဘယ်လောက် ကြောက်ဖို့ကောင်းလဲဆိုတာ မင်းတို့ မသိပါဘူး။

လီကုန်သာ မမြင်ခဲ့ပါက ရှန်ယွန်ပေါင်ကို ဘယ်သူမှ မတွေ့ဘဲ ဆွန်းမိုက ကံကောင်းလို့ ရသွားတယ်လို့ ထင်မိမည်။ ဒါပေမယ့် အမှန်တရားကတော့....

အဲဒီအချိန်တုန်းက ချင်ဖန်လည်း ရှိနေခဲ့သည်။ သူဘယ်လောက် ထူးချွန်ကြောင်းကို စိတ်ချယုံကြည်စွာ ဖော်ပြခဲ့သည်။

နောက်ဆုံးတော့လည်း ရှန်ယွန်ပေါင်က ဆွန်းမိုကိုသာ ရွေးချယ်ခဲ့သည်။

ဆွန်းမိုကို ရှုံးပြီးနောက် ချင်ဖန် ဘယ်လောက်တောင် ဒေါသထွက်နေလည်း ဆိုတာကို လီကုန် မှတ်မိနေသေးသည်။ သူသည် ဆွန်းမိုကို အစိမ်းလိုက်တောင် ကိုက်စားချင်နေသည်။

ရှန်ယွန်ပေါင်က ပါရမီရှင် တစ်ယောက်လား။

လီကုန် ဒါတော့ မပြောနိုင်ပါ။ ဒါပေမယ့် ကူရှုပ်ရှင်းနှင့် လျှိုမူဘိုင် နှစ်ယောက်စလုံး

လိုချင်နေတာတော့ သိသည်။ နောက်ဆုံးတော့ ဆွန်းမိုလက်ထဲသာ ရောက်သွားသည်။

လူ့လောက၏ အတက်အကျများကို ကြုံခဲ့ဖူးသူ တစ်ယောက်အနေနှင့် လီကုန်သည် ကံတရားကို မယုံကြည်ပါ။ ဆွန်းမိုက ချင်ဖန်ကို အနိုင်ယူနိုင်သည့် အကြောင်းအရင်း ရှိကိုရှိရမည်။

ထို့နောက် လီဇီချီသည် ဆွန်းမိုဆီမှာ တပြည့်ခံရန် ကိုယ်တိုင်လာခဲ့သည်။

လီကုန်သည် လီဇီချီကို စုဆောင်းရန် ဆရာတွေ ဘယ်လောက်တောင် တိုက်ပွဲ

ဝင်ခဲ့ကြတာကိုလည်း မျက်မြင်တွေ့ခဲ့သည်။ အန်ရှိဝေက မျှော်လင့်ချက်ကြီးမားစွာ ထားခဲ့သည့် ကူရှုပ်ရှင်းနှင့် လျှိုမှုဘိုင်ကို ဖယ်ထားလိုက်အုံး မြတ်ဆရာတချို့တောင် ပါသေးသည်။ သို့သော်လည်း လီဇီချီသည် စိတ်မယိုင်ဘဲ ဆွန်းမိုနောက်ကိုသာ လိုက်ရန် တောင်းဆိုခဲ့သည်။

သို့သော် လီကုန်အတွက် ထိုဖျော်ဖြေမှုသည် လေးစားမှုနှင့် အကြောက်တရားသာ ဖြစ်လာစေခဲ့သည်။ ကြယ်နှစ်ပွင့် မြတ်ဆရာဖြစ်သည့် ခူလျှိုရန်လည်း လီဇီချီကို လိုချင်ခဲ့သည်။ ဒါက

လီဇီချီသည် အရည်ချင်းရှိပြီး အလွန်ချမ်းသာသော မိသားစုက လာကြောင်းပြနေသည်။

ဘာပဲဖြစ်ဖြစ် ဆွန်းမိုသည် ကောင်းမွန်သည့် သဘောတူညီချက် တစ်ခုရခဲ့သည်။

တကယ်တော့ သူ့မှာလည်း ကြီးမားစွာဆုံးရှုံးမည့် အလားလာရှိနေခဲ့သည်။

မြတ်ဆရာအားလုံးသည် အကျင့်စာရိတ္တ မကောင်းမွန်ကြပါ။ တစ်ယောက်ယောက်၏ အခွင့်အရေးကို လုယူချင်နေသည့် မြတ်ဆရာတွေလည်း ရှိသည် ။ သူတို့လိုချင်သည့်

လီဇီချီလို ကျောင်းသားမျိုးကို ခေါ်သွားပါက ဘယ်လို ဖြစ်လာမှာလဲ။

သေချာတာက အဲဒီဆရာရဲ့ ဆရာလမ်းစဉ်ကို ဒုက္ခပေးလိမ့်မည်။ ထိုပြဿနာသည် တိုက်ပွဲကို မရည်ညွှန်းသော်လည်း သင်ကြားရေးနယ်ပယ်တွင် ဖြစ်သည်။

ထိုဆရာ၏ စွမ်းဆောင်ရည်သာ မလုံလောက်ပါက စိန်ခေါ်မှုများကြောင့် တဖြည်းဖြည်းနှင့် ယုံကြည်မှုများ ဆုံးရှုံးသွားမည်။ သူတို့သည် စာကိုကောင်းကောင်း မသင်နိုင်ဘဲ ဆရာနှင့်

ကျောင်းသား ဆက်ဆံရေးကိုလည်း စပြီး ရပ်တန့်ကာ အိမ်တွင်းပုန်းများပင် ဖြစ်သွားနိုင်သည်။

နည်းလမ်းမရှိပါ ၊ အကြိမ်ပေါင်းများစွာ ဆုံးရှုံးပြီးနောက် ဘယ်သူကများ ဆရာအဖြစ်ဆက်လက် ရပ်တည်နိုင်တော့မှာလဲ ။

လီကုန်သည် ဗဟိုပြည်နယ် အကယ်ဒမီတွင် ဆယ်နှစ်လောက် အလုပ်လုပ်ခဲ့ပြီး ထိုကဲ့သို့ အဖြစ်အပျက် အများကြီးကို မြင်ဖူးသည်။ ထူးချွန်သော ဆရာများသည် အလားအလာကောင်းသော ကျောင်းသားများကို

ခေါ်ယူနိုင်ရုံသာမက သူတို့ကိုထိန်းသိမ်းနိုင်ဖို့လည်း လိုသေးသည်။

“ဆွန်းမိုရေ မာနကြီးမနေနဲ့၊ တကယ့်စမ်းသပ်မှုက လာနေပြီ”

လီကုန်သည် ဆွန်းမို၏ ဆိုးဝါးသော အဆုံးသတ်ကို မြင်ချင်နေခဲ့သည်။ ဒါပေမယ့်လည်း သတိလစ်ခြင်းနှင့် အသုံးမကျခြင်း မြတ်ဆရာအရှိန်အဝါကို ခံလိုက်ရသည့် သူ၏ သနားစရာအခြေအနေကို ပြန်မြင်ယောင်လာကာ ထိုအတွေးကို အမြန် ပြန်စွန့်ပစ်လိုက်သည်။

ဆွန်းမိုက ရှုံးခဲ့ရင်တောင် လီကုန်လို လူမျိုး စော်ကားနိုင်သည့် လူမဟုတ်ပါ။

ဒါကိုတွေးပြီး လီကုန်လည်း ဝိုင်ပုလင်းတစ်လုံး သောက်လိုက်သည်။

ဒင်!

လီကုန်၏ လေးစားအထင်ကြီးမှု +၂၀

လီကုန်နှင့်လေစား အထင်ကြီးမှု ဆက်သွယ်ချက် - (၇၆/၁၀၀)

"ဆွန်းမိုက မင်းတို့ပြောသလောက် မညံ့ဘူးနော်၊ ချင်ဖန်နဲ့ပြိုင်ပြီး အနိုင်ရခဲ့တယ်"

ထောက်ပံ့ရေးဌာနက ဝန်းထမ်းတစ်ယောက်က ပြောလိုက်သည်။ အဲဒီတုန်းက သူသည် အခင်းဖြစ်သည့်နေရာတွင် ရှိနေသည်။

"အဲဒါကို ငါလည်းကြားတယ်၊ အနိုင်ရတော့ အမွှာညီအစ်ကို နှစ်ယောက်က ချက်ခြင်းဒူးထောက်ပြီး တပြည့်အဖြစ်လက်ခံဖို့တောင် တောင်းဆိုခဲ့ကြသေးတယ် ဒါပေမယ့် ငြင်းလိုက်တယ်ဆို ဟုတ်လား"

ချန်မူက မေးလိုက်သည်။

“ အတုပဲဖြစ်မှာပါ၊ မင်းသာဆိုရင် လက်အောက်ဝင်ချင်တဲ့ ကျောင်းသားတွေကို ငြင်းမှာလား”

လုတောင်က သေချာသည့် ဟန်နှင့် ပြောလိုက်သည်။

“ငါတော ့ မလုပ်ဘူး”

ချန်မူက ခေါင်းယမ်းရင်း ပြန်ဖြေလိုက်သည်။ “သူတို့ကို ပုလ္လင်ပေါ်တောင် တင်ပြီး ထားလိုက်အုံးမယ်”

(မင်းတို့က ထောက်ပံ့ရေးဌာနမှာ ဝန်ထမ်းတစ်ယောက်ဖြစ်နေချိန် သူက ဆရာတစ်ယောက်ဖြစ်နေပြီ ၊ ပြီးတော့ မြတ်ဆရာတစ်ယောက်တောင် ဖြစ်လာနိုင်သေးတယ်)

လီကုန်သည် စိတ်ထဲကနေ လှောင်ရယ်ပြီး ပြောလိုက်သည်။ အဲဒီပြိုင်ပွဲကိုလည်း သူမြင်ဖူးသည်။ ဆွန်းမိုက ဓောင်ပိုင်လို့ခေါ်သည့် ကျောင်းသားကို ရှေးဟောင်းနဂါးဖမ်းသည့်လက်ကို သုံးနေသည့် အချိန်မှာ သူက အပြင်ဘက်တွင်

လက်နက်ပစ္စည်းတွေကို ထားဖို့ ပြင်နေတုန်းရှိသေးသည်။ ခမ်းနားလွန်းပြီး အံ့သြစရာ ကောင်းလွန်းသည်။

သူသာ ပျော်ရွှင်ရမည့် ကံတရားကို ပိုင်ဆိုင်ရပါက သူ့ခြေထောက်တွေသည် ပြန်ကောင်းလာနိုင်သည်။

ဒါကိုတွေးမိပြီး လီကုန်လည်း ဆွန်းမိုကို ပိုလေးစားလာသည်။ သူ့လက်တစ်ခုတည်းနှင့်တောင် ဗဟိုပြည်နယ်အကယ်ဒမီတွင် နေဖို့ ပြဿနာ မရှိပါ။

တစ်ခုတည်းသော ပြဿနာက ကျန်ဟန်ဖူက သူ့သားနှင့် အန်ရှီဝေကို လက်ထက်စေချင်နေသည်။ ဆွန်းမိုကို နာမည်ပျက်အောင်လုပ်ကာ ကျောင်းက နေနှင်ထုတ်လိုက်မှာပဲ စိုးရိမ်ရသည်။

ဒင်!

လီကုန်၏ လေးစားအထင်ကြီးမှု - +၂၀

လီကုန်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၉၆/၁၀၀)

ထောက်ပံ့ရေးဌာနက လုပ်သားများ စကားဝိုင်းခေါင်းစဉ်သည် အမျိုးသမီးများဘက်ကို

ပြောင်းသွားပြန်သည်။ ဆရာမတွေအကြောင်း၊ ကျောင်းသူတွေအကြောင်းနှင့် ပေါက်ကရ ဟာသတွေကို ပြောနေကြသည်။

လီကုန်သည် စကားစမြည် ပြောဆိုခြင်းကို နှစ်သက်သူဖြစ်သော်လည်း ဒီနေ့တော့ ထိုကဲ့သို့ လုပ်ဖို့ ခံစားချက်မရှိပါ။

ဆွန်းမိုက ဘယ်လိုလူမျိုးလဲ။ လီကုန်သည် လူ့လောကတွင် နှစ်ပေါင်းများစွာ နေထိုင်ပြီး လူတွေအများကြီးကို

အကဲခတ်နိုင်ခဲ့သည်။ သို့သော်ဆွန်းမိုကိုတော့ ထွင်းဖောက် မမြင်နိုင်ခဲ့ပါ။

ဖောင်ညီအစ်ကို ကို ဘာကြောင့် ငြင်းတာလဲ။

သူတို့ကို ပါရမီရှင်များလို့ ခေါ်ကြပြီး ကျောင်းသားအချက်အလက် စာအုပ်တွင် သူတို့နာမည်များလည်း ပါဝင်ကြသည်။ ဆွန်းမိုက သူတို့ကိုတောင် ဂရုမစိုက်ရင် ဘာလို့ ချန်လုံကို လက်ခံခဲ့တာလဲ။

ကျောင်းမှာ အချိန်အတော်ကြာအောင် နေခဲ့ပြီး လီကုန်သည် ကျောင်းသားရွေးချယ်တဲ့

အခြေခံနည်းစနစ်အချို့ကို သိနေခဲ့သည်။ ဝိညာဉ်တက်တူး ဖုံးလွှမ်းနေသော ကျောင်းသားကို မခေါ်ယူသင့်ပါ။ ထိုကျောင်းသားသည် တိုးတက်ရန် အလားအလာမရှိတော့ပါ။ ရောဂါသည် ကျောင်းသားကိုလဲ မခေါ်သင့်ပါ။

သို့သော် ဆွန်းမိုသည် ချန်လုံကို လက်ခံခဲ့ရုံသာမက ကြယ်တစ်ပွင့်မြတ်ဆရာ ဖြစ်သည့် လင်ကျန်ကိုတောင် ဆန့်ကျင်ခဲ့သေးသည်။ လီကုန်က လင်ကျန်နောက်ကို စိတ်အားထက်သန်စွာ

လိုက်ချင်နေသော်လည်း ဆွန်းမိုကတော့ မကြောက်ပါ။

ဒါကြောင့်လည်း ဆွန်းမိုကို ခြိမ်းခြောက်နေသည့် အကြောင်းကို ပြန်တွေးမိပြီး သူ့ကိုယ်သူ အလွန်ရယ်စရာ ကောင်းနေကြောင်း တွေးလိုက်မိသည်။ ဆွန်းမို၏ မျက်လုံးထဲတွင် သူသည် လူရွှင်တော် တစ်ယောက် ဖြစ်နေနိုင်သည်။

ဒင်!

လီကုန်၏ လေးစားအထင်ကြီးမှု - +၂၀

လီကုန်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနီး (၁၀၆/၁၀၀၀)

"လီကုန် သောက်အုံးလေ"

ချန်မူက လှမ်းအော်ပြောသည်။

"အင်း"

လီကုန်လည်း နောက်ထပ် ဝိုင်တစ်ခွက်ကို သောက်လိုက်သည်။ ကျောင်းသားစုဆောင်းရေးပွဲတွင် ဆွန်းမို၏ လုပ်ဆောင်နိုင်စွမ်းကို တွေ့လိုက်ပြီးနောက် လက်အောက်ခံခဲ့သည်။ ဆွန်းမို ပြောသည့်အတိုင်း လိုက်လုပ်ဖို့လည်း ဆုံးဖြတ်ခဲ့သည်။ သူ့ရဲ့

ခြေထောက်ကို ကုသပြီးပါက တခြားတစ်နေရာတွင် အလုပ်အကိုင်ရှာပါက သူ့အတွက် ပြဿနာ မရှိတော့ပါ။

ဆွန်းမို ပြောတာမှန်သည်။ ချိန်နဲ့နေသော ခြေထောက်နှင့် ပြည့်တန်ဆာမများကို ကျွေးမွေးနေလျှင်ပင် ပြည့်တန်ဆာမများ၏ မလေးမစား လုပ်ခြင်းကိုတောင် ခံရနိုင်သည်။ သူသည် အလုပ်ပြောင်းရန် စဉ်းစားပြီးနောက် ပျော့ပြောင်းလာသည်။

“ငါပြောနေတာက ဆွန်းမိုတစ်ယောက် တရားဝင် ဆရာဖြစ်လာရင်တောင် သူဒီမှာ ကြာကြာနေနိုင်မှာ မဟုတ်ဘူး၊ ကျန်ဟန်ဖူက သူ့ကိုလွှတ်ပေးပါ့မလား”

လုတောင် က ပြောလိုက်သည်။ “အန်ရှီဝေက သတင်းလည်း ကောင်းတယ်။ အလှတရားကလည်း အဆင့်ရှိတယ်။ ဒါကြောင့် သူမကို လက်မထက်ချင်တဲ့သူ ဘယ်သူရှိလို့လဲ ၊ ဆွန်းမိုက သာ အရှေ့ကပိတ်နေရင် ကန့်ထုတ်ခံရမှာဘဲ”

“ဟား ဟား သူ့ကို သေတဲ့အထိ ကန်ထုတ်လိုက်ရင် ပိုကောင်းတာပေါ့”

"လျှိုမှုဘိုင်တောင် ကျောင်းအုပ်ကြီး အန်နှင့် မထိုက်တန်ဘူးဆိုရင် ဆွန်းမိုကရော ဘယ်လိုကောင်မို့ လဲ"

"ဒါကြောင့် ဆွန်းမိုက အခြေအနေမှန်ကို နားလည်သင့်တယ် , ဖားတစ်ကောင်ဆိုရင် ငန်းသားတော့ မစားသင့်ဘူးပေါ့ကွာ "

ထောက်ပံ့ရေးဌာနက လုပ်သားစု ရယ်မောလိုက်ကြသည်။ အန်ရှီဝေသည် ဗဟိုပြည်နယ်အကယ်ဒမီတွင် ဂုဏ်သိက္ခာကြီးသည်။

နာမည်ကျော်သည့် အန်ရှီဝေက စေ့စပ်ကြောင်းလမ်းခြင်းကို ထုတ်ပြန်လိုက်သည်။ ဒါ့အပြင် အဲဒီအကောင်ကလည်း တော်တော်ကို ချောလွန်းသည်။

"ဆွန်းမိုကို ကန်ထုတ်ပစ်မယ် ဟုတ်လား။ မင်းတို့ခြေထောက်ပဲ ကျိုးသွားလိမ့်မယ်"

လီကုန်က တိုးတိုးလေ ရေရွတ်လိုက်သည်။

ဒါပေမယ့် သူပွင့်ပွင့်လင်းလင်းတော့ မပြောရဲပါ။ သူသည် လူတွေအကြောင်းကို ကောင်းကောင်း သိသည်။ သူတို့နှင့် အမြင်မတူပါ ဝိုင်းဝန်းပြီး

ပယ်လိုက်နိုင်သည်။ လူအများစုနှင့် အမြင်မတူသော်လည်း မျက်နှာပေါ်က ပြုံးနေရမည်။

Journey to the west ဇာတ်လမ်း မိတ်ဆက်သည့် အပိုင်းသည် အရှည်ကြီး မဟုတ်ပါ။ ဆွန်းမိုသည် အဘိုးကြီးကျန့်အား တစ်ခါတည်းနှင့် စာမူတစ်ခုလုံးကိုပေးလိုက်ရန် မရည်ရွယ်ပါ။ အဘိုးအိုက သူ့တောင်းဆိုမှုကို ငြင်းလိုက်ပါက ထွက်ပေါက်တစ်ခုတော့ ထားရမည်။

ဆွန်းမိုသည် အဘိုးအို ကျန့်ကို မယုံကြည်တာမဟုတ်ပဲ သူ့ကိုယ်သူ အပူတပြင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရေလက်ကြားထဲမှာ မနစ်မြှုပ်သွားစေရန် အရန်အစီအစဉ်ကို ပြင်ဆင်ထားသည်။ ဒါကလည်း သူ့ရဲ့ အကျင့်တွေထဲက တစ်ခုပါ။

(ဝူတန် ဘုန်းတော်ကြီးကျောင်းတွင် တစ်ညတာတည်းခိုပြီး ရန်ရှန်သစ်သီးကို ခိုးစားပြီးနောက်) ဆွန်းမိုသည် စာဆက်မရေးတော့ပါ။ အစမ်းခန့် ဆရာများအတွက် အစည်းအဝေး ကျင်းပရန် ကျောင်းက အကြောင်းကြားစာ ပေးပို့ထားသည်။

ဒီလိုအစည်းဝေးမျိုးက နောက်မကျသင့်ပါ။ ဆွန်းမိုလည်း အိပ်ပျော်သွားပြီး သိပ်မကြာခင် စနစ်က သတိပေးချက် ထွက်လာသည်။ သူသည် လီကုန်ထံက လေးစားအထင်ကြီးမှု အမှတ်များ ရခဲ့သည်။

"ဘာလဲ"

ဆွန်းမို မျက်မှောင် ကြုတ်လိုက်သည်။

"လီကုန်က မင်းကို ပိုပြီး ရိုသေလေးစားလာလို့ လေးစားအထင်ကြီးမှု အမှတ်ထွက်လာတာလေ"

စနစ်က ရှင်းပြသည်။

"ငါတို့ ကိစ္စတွေကို ပိုပြီး အကျိုးကြောင်းဆီလျော်အောင် လုပ်လို့မရဘူးလား။ ငါက အခုပဲ အိပ်ပျော်သွားတာလေ။ အနာဂတ်မှာ ဒီလို ကိစ္စတွေပိုပြီး ကြုံလာမှာ မဟုတ်ဘူးလား။ ငါငယ်ငယ်လေးနဲ့ သေသွားနိုင်တယ်"

ဆွန်းမို ဆွံ့အနေသည်။ (လီကုန်၊ မင်းက ယောက်ျားလေးလေ ၊ မင်းမအိပ်ခင် မိန်းမတစ်ယောက်အကြောင်း စဉ်းစားလို့ မရဘူးလား။ ဘာလို့ ငါက လေးစားမှုအမှတ်တွေ ရလာတာလဲ)

စနစ်လည်း တိတ်ဆိတ်နေသည်။ ဆွန်းမိုလည်း ဘာမှ ပြန်မပြောတော့ပါ။

ဆွန်းမို အိပ်ပျော်ပြီး စက္ကန့် အနည်းငယ်ကြာသောအခါ စနစ်ဆီက သတိပေးချက် ထွက်လာပြန်သည်။

အထင်ကြီးလောက်စရာ အမှတ် ၂၀တောင် အများကြီးပါလား။ လမ်းပေါ်မှာ လျှောက်သွားနေရင်း ဒေါ်လာ တစ်ရာ ကောက်ရလိုက်သလိုပဲ။ သို့သော် ဆွန်းမို၏ ခံစားချက် မကောင်းပါ။ အိပ်ရာက ထကာ ရေတစ်ခွက်သောက်ပြီး တွေးနေသည်။

ဒီအခြေအနေက ဘာလဲ လီကုန်က ဘာလို့ လေးစားအထင်ကြီးမှု အမှတ်တွေ အများကြီး ထောက်ပံ့ပေးတာလဲ။

ဘာတွေများကြံနေတာလဲ ။ သိပ်မကြာခင် နောက်ထပ်သတိပေးချက် ထွက်လာသည်။ ရင်းနီးဆိုသော စကားလုံး ထွက်လာသည်။

'ဟား ဟား"

ဆွန်းမိုလည်း ဘာပြောရမှန်း မသိတော့ပါ။ လေးစားအထင်ကြီးမှုအမှတ် ရရှိခြင်းကြောင့်

ကျေနပ်သော်လည်း ယောက်ျားတစ်ယောက်က သူ့အကြောင်း ညဘက်ကြီး တွေးနေတာတော့ အဆင်မပြေပါ။

ရင်သားကြီးတဲ့ မိန်းမဆိုရင်တောင် အဆင်ပြေသေးသည်။

ဒင်!

“ဂုဏ်ယူပါတယ်။ လီကုန်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနီးအဆင့်ကို ရောက်လာသဖြင့် အနက်ရောင်

သံသေတ္တာ တစ်လုံးချီးမြှင့်လိုက်သည်။ ကျေးဇူးပြုပြီး အလုပ်ကောင်းကောင်း ဆက်လုပ်ပါ။”

အနက်ရောင်သေတ္တာတစ်လုံး ဆွန်းမိုရှေ့တွင် ပေါ်လာသည်။

“သိမ်းထားလိုက်ပါ”

လုချီဟွာလည်း အနားမှာ မရှိသောကြောင့် ဆွန်းမိုသည် ရတနာသေတ္တာကို မဖွင့်ရဲပါ။ မဟုတ်ပါက ခွေးကိုရိုက်ဖို့ အသားတုံးတွေနှင့် ပစ်ပေါက်လိုက်သလို ဖြစ်သွားမည်။

နောက်ထပ် နာရီဝက်လောက်ကြာအောင် ထပ်စောင့်လိုက်သည်။ နောက်ဆုံးတွင် အကြောင်းကြားချက် အသစ်များ မရှိတော့ပါ။ သို့သော်လည်း ဆွန်းမို ပြန်အိပ်မပျော်တော့ပါ။ ဒါကြောင့် မော်ဆေး ပေါင်းစပ်နည်း ၁၀၀ကို ဖွင့်ဖတ်နေလိုက်သည်။

မြတ်ဆရာ အရှိန်အဝါ သုံးခုအပြင် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ဖြစ်လာရန် အခြားအသက်မွေးဝမ်းကြောင်း အတတ်ပညာတစ်ခုကို တတ်မြောက်ရန်

လိုအပ်သေးသည်။ မူလခန္ဓာကိုယ်ပိုင်ရှင်သည် အရင်က မှော်ဆေးပညာကို လေ့လာဖူးသောကြောင့် ဆွန်းမို ဆက်လေ့လာရန် ဆုံးဖြတ်ခဲ့သည်။

မနက်ခင်းစောစောတွင် လေတိုက်နေသောကြောင့် အေးမြမှုကို ခံစားနိုင်သည်။

ဆွန်းမိုသည် ထုံးစံအတိုင်း အစောကြီးနိုးလာပြီး သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာ ကျင့်စဉ်ကို ကျင့်နေသည်၊ ထို့နောက် နံနက်စာကို စားပြီး စာသင်သည့် အဆောက်အဦးဘက်ကို

ထွက်လာခဲ့သည်။ အစမ်းခန့် ဆရာ အစည်းဝေးကို မနက် ၈နာရီတွင် စတင်ကျင်းပမည်။

ဆွန်းမိုသည် ၁၅မိနစ် လောက်စောပြီး ရောက်လာသည်။ စာသင်ခန်းထဲကို ရောက်သောအခါ အစမ်းခန့်ဆရာ ၂၀၀ လောက် ရောက်နေတာကို တွေ့လိုက်သည်။ လူတိုင်းသည် ကျောင်းခေါင်းဆောင်များ၏ အချိန်မှန်ကြောင်း မှတ်ချက်ကောင်း လိုချင်နေပုံရသည်။

ဆရာမတချို့နှင့် စကားပြောနေသော ကူရှုပ်ရှင်းသည် ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။

အခြားသူများလဲ ဆွန်းမိုကို သတိထားလိုက်မိပြီး စကားသံများ တိုးသွားသည်။

အကြည့်အားလုံးသည် ဆွန်းမိုဆီကို ရောက်လာသည်။

"အဲဒါ ဆွန်းမိုလား"

ကျောင်းအုပ်ကြီးအန်နှင့် စေ့စပ်ထားသောသူဖြစ်ပြီး ထောက်ပံ့ရေးဌာနကို ရောက်သွားသည့် တစ်ဦးတည်းသော အစမ်းခန့်ဆရာဖြစ်သောကြောင့် ဆွန်းမိုကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတော်တော်များက မမြင်ဖူးကြသော်လည်း သူ့နာမည်ကို မကြားဖူးသည့်သူ တစ်ယောက်မှမရှိပါ။

ဆွန်းမိုသည် နောက်ထပ်လမ်းလျှောက်ချင်စိတ်မရှိသောကြောင့် နောက်ဆုံးတန်းက ခုံတစ်လုံးမှာဝင်ထိုင်လိုက်သည်။

လူအရမ်းများသောကြောင့် ရုံးခန်းတွင် အဆင်မပြေဘဲ အစည်းဝေးကျင်းပရန် စာသင်ခန်းကိုသာ အသုံးပြုခဲ့သည်။

"သူ့ကိုကြည့်ရတာ အရမ်းတည်ငြိမ်တာပဲ"

အစမ်းခန့်ဆရာတချို့လည်း အံ့သြသွားသည်။ အာရုံစိုက်မှု အရမ်းခံရပါက လူတိုင်းနီးပါ ရှိန်ပြီး တည်ငြိမ်မ ှု ပျောက်သွားတတ်သည်။

“ဟွန့် အပြင်ပန်းက တည်ငြိမ်နေပေမယ့် စိတ်ထဲက တုန်လှုပ်နေမှာပါ”

လူတချို့က အထင်သေးသလို ကြည့်နေကြသည်။

ကူရှပ်ရှင်းက နှုတ်ခမ်းကို ပါးပါးလေးဟလိုက်သည်။

ဒီနေ့အစည်းအဝေးကို ညွှန်ကြားသူမှာ ဒုကျောင်းအုပ်ကြီး ကျန်ဟန်ဖူဖြစ်ပြီး ဆွန်းမို ဆူပူကျိန်းမောင်းခံရမှာ ကျိန်းသေသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၄

အခန်း(၆၀) - ရန်လိုမုန်းတီးမှု မုန်တိုင်း။

ဆွန်းမိုလည်း သူ၏ ပြိုင်ဘက် ၂၀၀ ကိုလေ့လာရင်း နောက်ဆုံးတန်းတွင် ထိုင်နေလိုက်သည်။ အခြားသူများနှင့် မပေါင်းသင်းနိုင်သူ လူနည်းစုမှလွဲ၍ ကျန်တဲ့သူများကို အခြေခံအားဖြင့် အုပ်စုသုံးစုခွဲထားသည်။

ပထမအုပ်စုမှာ ကူရှုပ်ရှင်းဦးဆောင်သော အဖွဲ့ဖြစ်သည်။ မရီဒန် အကယ်ဒမီမှ ထိပ်တန်းဘွဲ့ရဖြစ်ပြီး ကျောင်းတွင် ထိပ်တန်း

အလှမယ်တစ်ယောက်လည်း ဖြစ်သည်။ သူမ၏ လူအများစုမှာ အမျိုးသား အစမ်းခန့် ဆရာများဖြစ်ကြသည်။

သူတို့ကျောင်းမှ ထိပ်တန်း မိန်းမလေးများသည် အေးစက်သော သဘောထားကို ကိုင်ထားကာ သူတို့နှင့် နီးစပ်ရန် မလွယ်ကူကြောင်း ယောကျ်ားလေးများအား အသိပေးထားသည်။ ထိုနည်းဖြင့် သူတို့၏ တန်ဖိုးကို မြှင့်တင်တတ်ကြသည်။

သို့သော် ကူရှပ်ရှင်းကတော့ ထိုကဲ့သို့ မလုပ်ခဲ့ပါ။ သူမပြုံးလိုက်ရင် နွေဦးလေပြေကဲ့သို့ ညင်သာလွန်းသည်။ ရုပ်ဆိုးသော အစမ်းခန့်ဆရာတချို့ တစ်ရံတစ်ခါ ချဉ်းကပ်လာရင်လည်း သူမ တုံ့ပြန်ပြီး စကားပြောသည်။

ကူရှပ်ရှင်း၏ ပန်းတိုင်က မြတ်ဆရာ တစ်ယောက်ဖြစ်ဖို့သက်သက် မဟုတ်ပါ။ သူမသည် ဗဟိုပြည်နယ်အကယ်ဒမီ၏ ဂုဏ်ကျက်သရေကို

ပြန်လည်မြှင့်တက်လာပြီး နာမည်ကြီးကျောင်း အဆင့်ကို ပြန်လည်ရောက်ရှိရန် ဖြစ်သည်။

ဒါကြောင့် ကူရှုပ်ရှင်းသည် သူမ၏ အံ့သြဖွယ် ချဉ်းကပ်နိုင်စွမ်းကို ပြသခဲ့သည်။ ထိုအရည်ချင်းများရှိလျှင် ဆရာအများစု၏ အမြင်ကောင်းကို ရရှိနိုင်ပြီး ခေါင်းဆောင်တစ်ဦး ဖြစ်လာနိုင်သည်။

ဒုတိယအုပ်စုက စာသင်ခန်း၏ ညာဘက်တွင် နေရာယူထားပြီး ဂေါင်ပန်က အမာခံဖြစ်သည်။ ယောက်ျားလေး နှင့် မိန်းကလေး အချိုးက

သိပ်အကွာကြီး မဟုတ်ပါ။ ဒါပေမယ့် အုပ်စုသုံးခုလုံးမှာ အကြီးဆုံး အဖွဲ့ဖြစ်သည်။

ဂေါင်ပန်သည် လင်ပြည်နယ်၏ အနောက်ဘက်ကမ်းရိုးတန်း စစ်ကျောင်းမှ ဘွဲ့ရခဲ့ပြီး နင်းတို့မိသားစုမှ ဆင်းသက်လာသည့် ဆန်းကြယ်ရေခဲလုံကျင့်စဉ်၏ ကြီးမားသောအဆင့် အောင်မြင်မှုကိုရောက်နေပါပြီ။ သူ၏ ထူးချွန်ထက်မြတ်သောတိုက်ခိုက်ရေး စွမ်းရည်ကြောင့် ဒုကျောင်းအုပ်ကြီးကျန်ဟန်ဖူက သူ့ကိုခေါ်ယူရန် ငွေအမြောက်အများသုံးစွဲခဲ့သည်။

အနောက်ဘက် ကမ်းရိုးတန်းစစ်ကျောင်းသည် နာမည်ကြီးကျောင်း ကိုးကျောင်းထဲက တစ်ကျောင်းဖြစ်ပြီး သူတို့၏ အထူးကျွမ်းကျင်မှုမှာ တိုက်ပွဲများ ဖြစ်သည်။ ထို့အပြင်ကျောင်းများတွင် စစ်တပ်ပုံစံ စီမံခန့်ခွဲမှုကို လက်ကိုင် ပြုထားသောကြောင့် ကျောင်းသားအများစုသည် အလွန်ကို ဂရုစိုက်ကာ အလေးနက်ထားကြသည်။

လုံး၀ မပြုံးတတ်သည့် လူများလည်းရှိသည်။ ထို့ကြောင့် မြတ်ဆရာများ၏ ကမ္ဘာကြားတွင် စကားတစ်ခွန်း ပျံ့နှံ့သွားသည်။ တကယ်လို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စက်ရုံပုံစံထုတ် မျက်နှာနှင့် ကျောင်းသား သို့မဟုတ် ဆရာကို တွေ့ပါက အဲဒါသည် အနောက်ဘက် ကမ်းရိုးတန်း စစ်ကျောင်းကပဲ ဖြစ်ရမည်။

ဂေါင်ပန်က စကားသိပ်မပြောသော်လည်း အဖွဲ့၏ ဗဟိုချက် ဖြစ်လာတာကို မတားဆီးနိုင်ပါ။ ဘာကြောင့်ဆို ဒီအမှာတွင် အားကြီးသူကို ကြည်ညိုလေးစားတတ်တာ အကျင့်တစ်ခုလို ဖြစ်နေသည်။

အစမ်းခန့် ဆရာ အများအပြားသည် သူ့ထံက လမ်းညွှန်မှု ရရန်ကြိုးစားခဲ့သော်လည်း တုံ့ပြန်ချက် တစ်စုံတစ်ရာ မရရှိခဲ့ပါ။

တတိယအဖွဲ့သည် စာသင်ခန်း၏ ဘယ်ဘက်တွင် နေရာယူထားပြီး လူနည်းစုဖြစ်သည်။ ကျန်းလျန်သည် အဖွဲ့ခေါင်းဆောင်လို ဖြစ်နေပြီး ထိုနေရာက အများစုက အစမ်းခန့်ဆရာမ များဖြစ်သည်။

ကျန်းလျန်သည် မရီဝိညာဉ် အကယ်ဒမီက ဘွဲ့ရတစ်ဦးဖြစ်ပြီး ဝိညာဉ်သားရဲ ထိန်းချုပ်မှုတွင်

အထူးပြုသည်။ ထိုကျောင်းသည် နာမည်ကြီးကျောင်းတစ်ခု ဖြစ်သည်။

မိန်းကလေးတစ်ယောက်အနေနှင့် ကျန်းလျှန်ပုံစံသည် သာမန်သာဖြစ်သည်။ ဒါပေမယ့် ရုပ်ကလေးကလည်းရှိပြီး နာမည်ကြီးကျောင်း တစ်ခုကနေ ဘွဲ့ရတစ်ယောက်အနေနှင့် ယောကျ်ားလေး တချို့ကို လည်း ဆွဲဆောင်နိုင်သည်။ သို့သော် သူ၏ ဘယ်ဘက်တွင် ကြောက်မက်ဖွယ်ကောင်းသည့် ဝိညာဉ်ပြေးတက်တူး

တစ်ခုရှိနေပြီး ဒါကသူ့ပုံစံကို ပိုကြောက်ဖို့ကောင်းစေသည်။

သူနှင့်အတူတူအိပ်သည့် အခန်းဖော်က တရေးနိုးလို့ သရဲကိုတွေ့ရင် မကြောက်ဘဲ သူ့ကိုတွေ့ရင်သာ ကြောက်လိမ့်မည်။

အစမ်းခန့်ဆရာမတွေက သူကို အထင်မသေးကြပါ။ သာမန်ရုပ်ရည်နှင့် အမျိုးသမီးအများစုသည် နွေးထွေးမှုကို မျှဝေရန် အတူတကွ စုစည်းနေသလိုဖြစ်နေသည်။ သူ့တို့ထက် ပိုမသန်မာပေမယ့် ရုပ်ရည်ပိုကောင်းတယ်လို့ ထင်ပြီး

သာလွန်သည့် အရိပ်အမြွက်ရှိသူတွေလည်း ရှိနိုင်သည်။

ထိုမိန်းကလေးများသည် ကူရှုပ်ရှင်းနှင့် အတူရှိနေပါက သာလွန်သည့်ခံစားချက်မျိုး သူတို့ မရနိုင်ပါ။

ဆွန်းမိုသည် နဖူးကို ပွတ်လိုက်ပြီး "လုပ်ငန်းခွင် မှာ ရှင်သန်ဖို့ မလွယ်ကူပါလား "။

"ချင်ဖန် အလုပ်ထွက်သွားပြီဆို ဟုတ်လား" ဂေါင်ပန်သည် ရိပ်ပြီးခါစ မုတ်ဆိတ်မွေးကို ပွတ်ကာ မေးလိုက်သည်။

“ ဟားဟား မိန်းမပေါင်ကို ပွတ်သက်ရုံကလွဲပြီး ဘာမှ မလုပ်တတ်တဲ့ ဆွန်းမိုကိုတောင် မနိုင်တာ၊ အလုပ်ကထွက်ရုံကလွဲပြီး ဘာလုပ်နိုင်မှာလဲ၊ နောက်ကွယ်မှာ လျှောင်ပြောင်နေတာကို ခံရမှာပဲ” ကျန်းလျန် က လျှောင်လိုက်သည်။

“အဲဒီနေ့က ပြိုင်ပွဲကို ဘယ်သူကြည့်ခဲ့လဲ ၊ ဘာဖြစ်သွားတာလဲ ၊ ဆွန်းမို ဘယ်လို နိုင်သွားတာလဲ”

ဂေါင်ပန်က စူးစမ်းချင်စိတ်ဖြင့် ရှားရှားပါးပါး မေးလိုက်သည်။

“ လမ်းညွှန်တဲ့ အရည်ချင်းကို ပြိုင်ဆိုင်ကြတာ ဆွန်းမိုက လှည့်ကွက်တစ်ခုကို ဆွဲထုတ်လိုက်ပြီး မာဆက်သုံးကာ ကျောင်းသားကို အဆင့်တက်အောင် လုပ်ပေးလိုက်တယ်လေ ။ ဘယ်လိုပြိုင်လို့ရမှာလဲ ။ အဲဒီကျောင်းသားက သေချာပေါက်နိုင်သွားတာပေါ့ ”

ကျောင်းသားစုဆောင်းရေး ပထမနေ့တွင် ရှန်ယွန်ပေါင်ကို ဆွန်းမို ခေါ်သွားတာ မြင်သည့် ရုပ်ဆိုးသည့် အစမ်းခန့် ဆရာကပြောလိုက်သည်။ ထိုနေ့က အခြေအနေကို သူ မမြင်သော်လည်း ကောလဟာလများသည် တောမီးကဲ့သို့

ပျံ့နှံ့သွားသည်။ ထို့အပြင် ဆွန်းမိုသည် အန်ရှီဝေနှင့် စေ့စပ်ထားသူဖြစ်သောကြောင့် အစမ်းခန့် ဆရာများက မကြိုက်ကြပါ။ ထို့ကြောင့် ကောလဟာလများသည် အဆိုးဘက်ကို ဆက်လက်ပျံ့နှံ့နေသည်။

"အနိုပ်ပညာ နည်းစနစ်"

ဂေါင်ပန်က မျက်မှောင်ကြုတ်လိုက်သည်။

"ဒီလောက် အံ့ဩစရာကောင်းသည့် အနိုပ် နည်းစနစ် ဘယ်မှာ ရှိလို့လဲ ၊ ကျောင်းသားက မှော်ဆေးတစ်မျိုးမျိုးကို စားခဲ့တာပဲ ဖြစ်ရမယ်။

ဒါမှမဟုတ်ရင် သူကနောက်တစ်ဆင့် တက်ဖို့ နီးနေတာပဲ ဖြစ်မယ်”

ကျန်းလျန်က သံသယရှိနေသည်။

လူတိုင်းကလည်း ဆွန်းမိုကို သံသယဝင်နေကြောင်း ကျန်းလျန် သိလိုက်ရရင် သူ၏ စိတ်ခံစားချက် ပိုကောင်းလာသည်။

ကျန်းလျန် ဘွဲ့ရခဲ့သည့် ကျောင်းသည် “ဒီ” အဆင့်ကျောင်းတွင် နောက်ဆုံးတန်းနားက ဖြစ်သည်။ ထို့ကြောင့် ဗဟိုပြည်နယ်အကယ်ဒမီက အလုပ်အကိုင် အခွင့်လမ်းကို တန်ဖိုးထားသည်။

ဆွန်းမို ကျော်ကြားလာသည့်ကို မြင်လိုက်ရင် သူသည် အန်ရှီဝေနှင့် စေ့စပ်ထားသူဖြစ်ပြီး ကျောင်းတွင် ဆက်နေနိုင်ရန်သေချာနေသဖြင့် ကျန်းလျှန် တော်တော် ဝမ်းနည်းနေသည်။ ထို့ကြောင့် နောက်ကွယ်တွင် သူပြောနေသည့် ဆွန်းမိုအကြောင်းသည် ကောင်းသည့်အရာများ မဟုတ်ပါ။

အစမ်းခန့်ဆရာတော်တော် များများလဲ ဆွန်းမိုကို မကြိုက်ကြပါ။ ဘာကြောင့်ဆို သူတို့သည် အရည်ချင်း မပြည့်မှီဘဲ ကျောင်းက ထွက်ရနိုင်လို့ပါ။

ကျောင်းတွင် ဆက်နေနိုင်ရန် သူတို့အရည်အချင်းပေါ်ကို မူတည်ပါက ဆွန်းမိုကို သေချာပေါက်ချေမှုန်း နိုင်မည်လို့ ထင်နေပါသည်။

ကလောင် ကလောင် ကလောင်

ခေါင်းလောင်းသံ ရုတ်တရက် မြည်လာသည်။ နံနက်ဂနာရီ

အစမ်းခန့်ဆရာများသည် သူတို့၏ ထိုင်ခုံဆီကို ပြန်သွားကြသည်။ တချို့က သူတို့ အဝတ်အစားများကို သပ်ရပ်အောင် ပြင်လိုက်ကြပြီး ဆွဲဆောင်မှုရှိသည့် အပြုံးကို ပြုံးထားကြသည်။

ကျောင်းခေါင်းဆောင်များကို အထင်ကြီးအောင် လုပ်နိုင်ပါက ကျောင်းတွင် ဆက်နေနိုင်မည့် အခွင့်အရေးတိုးလာမည်ဖြစ်သည်။

တံခါးပွင့်ပြီး မကြာမီ ၁.၆ မီတာလောက်မြင့်သည့် လူလတ်ပိုင်း အမျိုးသားတစ်ဦးဝင်လာသည်။ သူသည် ပုသော်လည်း တောင့်တင်းသည်။ သူဝတ်ထားသည့် အနက်ရောင် ဝတ်ရုံရှည်သည် ကြွက်သားများကြောင့် တင်းကျပ်နေပြီး သူ့ပုံစံကို ပြတ်ပြတ်သားသား မြင်နိုင်သည်။

သူ့အရပ်အမောင်းနှင့် ခြေတိုလက်တိုများကြောင့် ရယ်စရာကောင်းနေသည်။ သူရပ်လိုက်ရင် စားပွဲခုံထက် ခေါင်းတစ်လုံးပဲ မြင့်သည်။ သို့သော်လည်း ဘယ်သူမှ မရယ်ရဲကြပါ။

အဲဒီ သတ်လက်ပိုင်းလူသည် ကျန်ဟန်ဖူလို့ခေါ်ပြီး ဗဟိုပြည်နယ်အကယ်ဒမီ ဒုကျောင်းအုပ် နှစ်ယောက်ထဲက တစ်ယောက်ဖြစ်သည်။ သူသည် ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက်ဖြစ်ပြီး နတ်စွမ်းအား အဆင့်ရှိသူဖြစ်သည်။

ဒါတွေကို ဖယ်လိုက်ရင်တောင် ကျန်ဟန်ဖူထုတ်လွှင့်သော ဖိအားက လုံလောက်ပါသည်။ သူသည် စိတ်ဓါတ်နှင့် စိတ်နေသဘောထားကို အထူးအလေးပေးသည်။ တင်းမာသော အမူအရာဖြင့် ပတ်ပတ်လည်ကို ကြည့်လိုက်ပြီး သူ၏ ကျဉ်းမြောင်းသော လင်းယုန်မျက်လုံးများက စူးရှတောက်ပနေသည်။

သူ့အကြည့်များသည် ထက်မြတ်သောဓါးသွားကဲ့သို့ အခန်းတစ်ခုလုံး ပျံ့သွားသည်။

အစမ်းခန့်ဆရာအားလုံးသည် သူနှင့် အကြည့်မဆုံရဲပဲ အကြည့်တွေကို လွှဲလိုက်ကြသည်။

“ဘယ်လောက်တောင် ကြီးကျယ်ခမ်းနားတဲ့ စိတ်ထားမျိုးလဲ”

ကူရှပ်ရှင်းသည် မကြောက်သော်လည်း ဉာဏ်ကောင်းသောကြောင့် ဘယ်လိုပြုမူရမည်ကို နားလည်သည်။

ကျန်ဟန်ဖူလည်း ကျေနပ်သွားသည်။ သူသည်ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်ကြောင့် ရာထူးပိုင်းဆိုင်ရာကို ပိုအလေးထားပြီး

အခြားသူများကို အနိုင်ယူခြင်းမှရသည့် ခံစားချက်က သဘောကျသည်။ သို့သော်လည်း အကြည့်တွေက နောက်ဆုံးတန်း ရောက်သွားချိန်တွင် မျက်မှောင်ကြုတ်လိုက်သည်။

ဆွန်းမိုသည်ထိုနေရာတွင် သူ့ကို အကဲခတ်သည့် မျက်လုံးနှင့်ကြည့်နေပြီး လုံးဝကို အကြည့်မလွှဲပါ။ လေးစားခြင်း သို့မဟုတ် ကြောက်ရွံ့သည့် အရိပ်အယောင် လုံးဝကို မတွေ့ရပါ။

“ဘာလို လုပ်ရဲတာလဲ”

ကျန်ဟန်ဖူသည် နှုတ်ခမ်းများ လှုပ်ယမ်းသွားပြီး ဆွန်းမိုကို ဆူပူရန် အကြောင်းပြချက်ရှာနေစဉ် စာသင်ခန်း အနောက်ဘက်တံခါးကို တွန်းဖွင့်လိုက်သည့် အသံထွက်လာသည်။

လိုဒီသည် ဝက်ပေါင်ခြောက်ထုပ်ကို ကိုင်ကာ ပြေးဝင်လာသည်။

ရွှတ်

အစမ်းခန့်ဆရာများသည် နောက်ကို လှည့်ကြည့်လိုက်သော်လည်း မြန်မြန်ပြန်ပြီး ရှေ့ကို ပြန်လှည့်လိုက်သည်။

အာ

လိုဒီသည် ချွေးများဖြင့် အေးစက်နေပြီး အဝတ်အစားများက စိုစွတ်နေသော်လည်း မသုတ်ပစ်ရဲပါ။ သူသည် အဲဒီနေရာတွင် တုန်လှုပ်ခြောက်ခြားစွာရပ်နေပြီး ကျောက်ရုပ်ကဲ့သို့ ဖြစ်နေသည်။

ကျန်ဟန်ဖူကိုလဲ အသနားခံသည့် အကြည့်နှင့် ကြည့်လိုက်သည်။

"ဆရာတစ်ယောက်အတွက် လိုအပ်ချက်က အချိန်မှန်ဖို့ဘဲ၊ ဒီလိုမှ မလုပ်နိုင်ရင် ဘာလို့ ဆရာလုပ်နေအုံးမှာလဲ၊ ထွက်သွားစမ်း"

ကျန်ဟန်ဖူ အော်ဟစ် ဆူဆဲလိုက်သည်။ သူ့စကားတွေက လည်ချောင်းကနေ ထွက်လာပြီး တည်ငြိမ်နေသည်။

"ငါ.......ငါ"

လိုဒီသည် စောစောနိုးနေကြောင်း ရှင်းပြချင်သော်လည်း ဝက်ခြေထောက်ကို ဆရာကျုံရှန်ရီ ဆီကို ပို့ပေးရသောကြောင့်

နှောင့်နှေးခဲ့သည်။ သို့သော်လည်း ကျန်ဟန်ဖူ၏ တင်းမာသောအကြည့်ကို မြင်ပြီး စကားတစ်ခွန်းမှ မပြောနိုင်တော့ဘဲ သနားစရာ ကောင်းနေသည်။

အခြားသော ကျောင်းခေါင်းဆောင် ခြောက်ယောက်ကိုဦးဆောင်ပြီး အန်ရှိဝေ ဝင်လာသည်။ သူမသည် လရောင်ကဲ့သို့ ဖြူဖွေးနေသည့် ဝတ်ရုံရှည်ကို ဝတ်ထားပြီး ကြော့ရှင်း သပ်ရပ်နေသည်။

အမျိုးသား အစမ်းခန့်ဆရာများသည် သူမကို ခိုးကြည့်ပြီး ဆွန်းမိုကို မနာလိုဖြစ်လာကြသည်။ "ထိုင်ပါ၊ နောက်တစ်ခါတော့ မရဘူး"

အန်ရှီဝေက မျက်ရည်ထွက်နေသည့် လိုဒီကို ကြည့်ပြီးပြောလိုက်သည်။

"ဟုတ် ဟုတ်"

လိုဒီသည် လွတ်ငြိမ်းချမ်းသာခွင့်ရပြီး အနီးအနားက ခုံတစ်ခုကို အမြန်ယူကာ ထိုင်လိုက်သည်။

လိုဒီ ကိစ္စပြီးသည်နှင့် ကျန်ဟန်ဖူသည် ဆွန်းမိုကို ထပ်မံကြည့်ရှုလိုက်ပြီးနောက် သူသည် ကဲ့ရဲ့ရန် အခွင့်ရေးဆုံးရှုံးသွားသည်။ သို့သော်လည်း အလျှင်မလိုပါ။ နောက်ထပ် အခွင့်ရေးရအုံးမည် ဖြစ်သည်။

အခြားသော ကျောင်းခေါင်းဆောင်များက သူတို့အတွက်ပြင်ထားသော ခုံတွင် ထိုင်လိုက်သည်။ ကျန်ဟန်ဖူတစ်ယောက်သာ မတ်တပ်ရပ်နေသည်။ ထို့နောက်သူသည် လည်ချောင်းကို ရှင်းပြီး စတင်ကာ မိန့်ခွန်းပြောသည်။

ကူရှုပ်ရှင်းက ဒါကိုမြင်တော့ အံ့အောသွားသည်။ ဗဟိုပြည်နယ်အကယ်ဒမီ၏ အာဏာရရှိရေး တိုက်ပွဲသည် သူမထင်ထားသည့်ထက် ပြင်းထန်နေပုံရသည်။ အန်ရှီဝေက နိမ့်ကျသော အနေအထားတွင် ရှိနေသည်။

အများအားဖြင့် ကျောင်းအုပ်ကြီးကသာ ဟောပြောမှုကို စတင်လေ့ရှိသည်။ ပထမဆုံး ဟောပြောမည့်သူသည် ကျောင်း၏ အမြင့်ဆုံးနှင့် အကြီးမြတ်ဆုံး အာဏာကို ကိုင်ထားသူ ဖြစ်ရမည်ဖြစ်သည်။ ဒါပေမယ့် အခုချိန်မှာတော့

ကျန်ဟန်ဖူက ရာထူးကို ဆန့်ကျင်ပြီး ထိုနေရာကို ယူထားသည်။

အခြားကျောင်းခေါင်းဆောင်များကို ကြည့်လိုက်ရင်လည်း ထိုအနေအထားကို စိမ်းနေပုံရသည်။ ဒါက တိုက်ဆိုင်မှု မဖြစ်နိုင်ပါ။

“ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီက လူတစ်ယောက်ရဲ့ နောက်ခံနှင့် အတွေ့အကြုံကို မကြည့်ဘူး။ မင်းတို့ အရည်အချင်းရှိနေသ၍ အရည်အချင်းထုတ်ပြနေသ၍ မင်းတို့ အခွင့်အရေးရှိတယ်”

ကျန်ဟန်ဖူက ပြောလိုက်သည်။

ဒုကျောင်းအုပ်၏ အာလူးဖုတ်ခြင်းက တိုတောင်းသော်လည်း သူ၏ အစွမ်းထက် ခန္တာဗေဒစကား၊ သူ၏ အပြောအဆိုက တခြားသူများကို လွှမ်းမိုးနိုင်သည်။

“လွန်ခဲ့သောနှစ်တွေရဲ့ စံနှုန်းအရ အစမ်းခန့်ဆရာ တစ်ယောက်က သင်ကြားရေးလက်ထောက်အဖြစ် တစ်နှစ်လုပ်ပြီးမှ တရားဝင် အလုပ်မဝင်ခင် စာမေးပွဲတွေ ဖြေဆိုရတယ်။ ဒါပေမယ့် ဒီနှစ်မှာတော့ ကျောင်းခေါင်းဆောင်တွေအားလုံး ဆွေးနွေးပြီး

အစမ်းခန့်ဆရာတစ်ယောက်က ကျောင်းသားစုဆောင်းရေးမှာ တပြည့်ငါးယောက်ပြည့်အောင် ခေါ်ယူနိုင်ရင် ဗဟိုပြည်နယ်အကယ်ဒမီက အစားထိုးဆရာအဖြစ် အလုပ်ခန့်စာ ထုတ်ပေးမယ်”

စာသင်ခန်းထဲတွင် အနည်းငယ်ရှုပ်ထွေးမှု ပေါ်လာပြီး လူတိုင်း၏ အကြည့်များသည် ကူရှုပ်ရှင်း၊ ဂေါင်ပန်နှင့် ကျန်းလျန်တို့ဆီကို ရောက်သွားသည်။

ဂေါင်ပန်က ခြေထောက်များကိုခွဲထားပြီး လက်နှစ်ဖက်ကို ပေါင်ပေါ်တင်ကာ သူနောက်ကျောကို မတ်မတ်ထား ထားသည်။ ကျန်းလျန်ကတော့ မည်သည့် အမူအရာမှ မပြပါ။ ကူရှုပ်ရှင်းကတော့ ပေါ့ပေါ့ပါးပါး ပြုံးထားသည်။

"အခုပဲ တိုက်ရိုက်တပြည့် ငါးယောက်ပြည့်အောင် ခေါ်ယူထားတဲ့ အစမ်းခန့်ဆရာများက လက်ထောင်ပြပါ။"

ကျန်ဟန်ဖူက ညွှန်ကြားလိုက်သည်။

ကူရှပ်ရှင်းက ဂုဏ်ယူမှုအပြည့်ဖြင့် မဆိုင်းမတွ လက်မြှောက်လိုက်သည်။ ထို့နောက် ဂေါင်ပန်က ညာလက်ကို မြှောက်လိုက်သည်။ သူတို့အကြည့်တွေက မီးပွားထွက်လောက်အောင်ကို ပြင်းထန်ပြီး တစ်ယောက်နှင့်တစ်ယောက် စိုက်ကြည့်နေသည်။

အားလုံး၏ အကြည့်က ကျန်းလျန်ဆီကို ရောက်သွားသည်။

ကျန်းလျန်သည် ထုတ်ဖော်ခြင်းမရှိဘဲ ဆယ်စက္ကန့်လောက် နေလိုက်သည်။ သူက

ကျောင်းသားတွေကို လုံလောက်အောင် မစုဆောင်းနိုင်ဘူးလို့ လူတွေထင်နေသည့် အချိန်ကျမှ လက်ကိုမြှောက်လိုက်သည်။

"မင်းတို့ အရှုံးဖြစ်သွားပြီ မဟုတ်လား"

ကျန်းလျန် ကြည့်နူးနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဥ် - ၅

အခန်း(၆၁)။ ။ စိတ်မကောင်းဘူး ငါ့မှာလည်း ကျောင်းသား ၅ ယောက်ရှိတယ်။

အစမ်းခန့်ဆရာများ၏ မျက်နှာသည် အားကိုးရာမဲ့ဖြစ်နေကြသည်။ အဲလိုလူတွေကို ကဲ့ရဲ့ရမှာလား။

“ငါပြောပြီးပြီ ၊ နာမည်ကျော်ကျောင်းက ဘွဲ့ရတဲ့ လူတစ်ယောက်က ဘယ်လိုလုပ်

ကျောင်းသားတစ်ယောက်မှ မခေါ်နိုင်တော့ ဖြစ်မှာလဲ”

“ညည်းသာ ပိုကြိုးစားပြီး နာမည်ကျော်ကျောင်းမှာ တက်ခွင့်ရခဲ့ရင် အခုဆိုရင် ပိုပြီးအခွင့်အရေး ရလာမှာဘဲ”

လူတော်တော်များများက တိုးတိုးလေး မှတ်ချက်ပေးနေပြီ ထင်ရှားကျော်ကြားမှုကို ကြိုက်သော အစမ်းခန့်ဆရာမ အနည်းငယ်က ကြည့်နေကြသည်။ ဘယ်သူမှတော့ လက်မမြှောက်ပါ။

ဒါက ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေသောကြောင့် ဘယ်သူကမှလည်း မလှောင်ပြောင်ကြပါ။ နောက်ဆုံးတော့လည်း သူတို့သည် ကူရှုပ်ရှင်းနှင့် နောက်နှစ်ယောက်ကို အားကျသည့် အကြည့်နဲ့ ကြည့်ဖို့ပဲ တတ်နိုင်ကြတော့သည်။

ကျန်းရှန်ကတော့ ခံစားရခက်ကာ စားပွဲခုံပေါ်တွင် ခေါင်းကို မှောက်ထားသည်။ သူသည် ဂေါင်ပန်၊ ချင်ဖန်တို့လို လက်ရွေးစင်တစ်ယောက်ဖြစ်ကြောင်း အမြဲတန်း ကြွားလုံးထုတ်နေခဲ့သော်လည်း အခုတော့ သူနှင့် ထို လက်ရွေးစင်များကြား

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကွာဟချက် ဘယ်လောက်ကြီးတယ်ဆိုတာ နောက်ဆုံးတော့ သူသဘောပေါက်သွားသည်။

(ကောင်းပြီ။ ကျောင်းသားသုံးယောက်နှင့် သဘောတူညီချက် ယူပြီးသွားပြီ အခွင့်အရေး ရှိပါသေးတယ်။ အစမ်းခန့်ဆရာအဖြစ် တစ်နှစ်လုပ်ပြီး တရားဝင် ဆရာဖြစ်လာရင် သူတို့က ဆရာတင်ကြမှာပဲ)

ဒါကိုတွေးပြီး ကျန်းရှန် စိတ်တွေပြန်ပြီး အေးချမ်းသက်သာလာသည်။

မည်သည့်အတန်းတွင်မဆို တော်သည့်ကျောင်းသားများသည် ရှေ့ဆုံးမှာထိုင်တတ်သည့်သဘောတရားကိုလည်း ဒီနေရာမှာတွေ့နိုင်သည်။ အထူးချွန်ဆုံးနှင့် ယုံကြည်မှုအရှိဆုံး အစမ်းခန့်ဆရာများသည ရှေ့ဆုံးခုံတွင် ပြည့်နေသည်။

အခွင့်အလမ်းပိုရရန်နှင့် မျက်နှာရရန် အတတ်နိုင်ဆုံး ရာထူးကြီးသည့်သူများ မှတ်မိအောင် ကြိုးစားနေကြသည်။

လူနှစ်ရာကျော်မှာ လစ်လပ်နေရာ ဆယ့်ငါးနေရာအတွက် ယှဉ်ပြိုင်ကြရပြီး ထိုနေရာများအတွက် တံခါးပိတ်ကာ ဆုံးဖြတ်ခဲ့ကြသည်။ ရိုးရှင်းသော တွက်ချက်မှု ပြီးသည့်နောက် ဖယ်ရှားမည့်အချိုးသည် နှစ်ဆယ်ဆတစ်ဆ ဖြစ်သည်။ ဒီအတွက်ကိုလည်း အဖြေထုတ်ရန် မတတ်နိုင်ပါ။

လိုဒီသည် ရှေ့ဆုံးတန်းတွင် ထိုင်နေသော လုပ်ဖော်ကိုင်ဖက်တွေကို ကြည့်ကာ သူ၏နှုတ်ခမ်းကို စူလိုက်ပြီး “ဝက်ခြေထောက်တွေကို ဆက်ပြီး

အခြေခံရမယ်။ ဒါမှ ဆရာကျုံကို ပြုစုနိုင်ပြီး ကောင်းမွန်တဲ့ အကဲဖြတ်မှု ရမှာ”

“စောင့်ကြည့်လိုက်ပါ၊ အောင်ပွဲက တစ်နှစ်ကြာမှ ဆုံးဖြတ်ရမှာ”

သူ့ကိုယ်သူပြောပြီးနောက် လိုဒီသည်အခြေအနေကို လက်ခံလိုက်နိုင်သည်။ ကူရှူပ်ရှင်းနှင့် ကျန်သည့်သူတွေသည် အရမ်းကိုထူးချွန်လွန်းသည်။ သူတို့နဲ့နှိုင်းယှဉ်နေရင် ကိုယ်ဒုက္ခကိုယ်ရှာတာပဲ ဖြစ်မှာ။ ဒါကြောင့်

သူ့ပြိုင်ဖက်တွေက တခြား အစမ်းခန့်ဆရာတွေပဲ ဖြစ်သည်။

"အရမ်းကောင်းတာပဲ၊ တခြား အစမ်းခန့်ဆရာတွေလည်း ဒီလိုအပ်ချက်ကို ပြည့်မှီအောင်မလုပ်နိုင်ဘူး" လို့ဒီ တွေးလိုက်သည်။

သူသည် ဝက်ပေါင်ခြောက်များကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ပြီး အခန်းတစ်ခုလုံးကို လှည့်ပတ်အကဲခတ်လိုက်သည်။ သို့သော် အတန်းတူ ဘယ်ဘက်ခြမ်းတွင် ဆွန်းမို၏

ပုံရိပ်ကိုတွေ့မြင်လိုက်ပြီး လန့်ဖြန့်ကာ ထအော်မိမတတ် ဖြစ်သွားသည်။

ဆွန်းမိုက ညာလက်ကို မြှောက်လိုက်ပြီး စားပွဲပေါ်တင်လိုက်သည်။

ဟင် မိန်းမချူစားသည့်ကောင်က ဘာလို့ လက်ကိုမြှောက်နေတာလဲ။

ဆွန်းမိုသည် နောက်ဆုံးတန်းတွင် ထိုင်နေပြီး သူ့အရှေ့တွင် အဆောက်အဦးကဲ့သို့ ကိုယ်ခန္ဓာကြီးမားသည့် လူကထိုင်နေသည်။ ဆွန်းမို လက်ကိုမြှောက်လိုက်ပုံကလည်း ကူရှပ်ရှင်းနှင့်

ဂေါင်ပန်တို့လို မဟုတ်ပါ။ တံတောင်ဆစ်ကို စားပွဲပေါ်တင်ထားသည်။ ထို့ကြောင့် ပတ်ဝန်းကျင်က လူအနည်းငယ်ကလွဲရင် ဘယ်သူမှ သူ့လုပ်ရပ်ကို သတိမထားမိပါ။

ကျန်ဟန်ဖူသည် ဂေါင်ပန်ကို ကြည့်ကာ ကျေနပ်သွားသည်။ ဂေါင်ပန်ကို ခေါင်းဖြတ်အမဲလိုက်ခဲ့သူ ဖြစ်သောကြောင့် သူ့လူဖြစ်ကြောင်း တံဆိပ်ကပ်ပြီးသား ဖြစ်သည်။ ဂေါင်ပန် အောင်မြင်မှုအချို့ရခြင်း၏ အဓိပ္ပာယ်မှာ သူမျက်စိ အရည်ချင်းရှိခြင်းဖြစ်သည်။

(အန်ရှီဝေ အမဲလိုက်ခဲ့သော ချင်ဖန်က အခုထွက်သွားပြီ၊ ဘယ်လောက်တောင် ကောင်းလိုက်သလဲ။ တစ်ခုတည်းသော ပြဿနာက ကူရှုပ်ရှင်း တစ်ယောက် ကျန်နေသေးတယ်။)

ဒါကိုစဉ်းစားလိုက်ရင်း ကူရှုပ်ရှင်းကို ကြည့်လိုက်သည်။

သူမသည် မရီဒန်အကယ်ဒမီတွင် ကျောင်းဝန်းဘုရင်မ ဖြစ်ခဲ့သည်မှာ အံ့ဩစရာတော့ မဟုတ်ပါ။ သူမသည် လိမ္မာပါးနပ်စွာ မှားယွင်းသော လမ်းကြောင်းကို စွန့်ပြီး

သူနှင့် ပေါင်းမည်ဆိုပါက သူမကို တစ်နှစ်တာ ခေါင်းဆောင်တင် ပေးလိုက်မည်။ သို့သော်သူမသည် အန်ရှီဝေနှင့် အမှောင်ထဲကို လိုက်ဖို့ ဆုံးဖြတ်ထားရင် စိတ်မကောင်းစွာနှင့် သူမကို ဖျက်ဆီးပစ်ရမည်။

ကျန်းလျန်ကတော့ ဒီဘွဲ့ရ၏ အလုပ်လျှောက်လွှာကို သူကိုယ်တိုင် တင်ပေးခဲ့တာပါ။ လောလောဆယ်တွင် အန်ရှီဝေ၊ ဝမ်ဆုနှင့် မပက်သက်တာ သေချာသည်။ ထို့ကြောင့် ကျန်ဟန်ဖူသည် သူ့ကို အချိန်မရွေး ခေါ်နိုင်သည်။

ကျောင်းက ခေါင်းဆောင်များ အသီးသီးလည်း အချင်းချင်း တီးတိုးတီးတိုး ပြောဆိုနေကြသည်။ ရိုးသားစွာပြောရရင် ရလာဒ်က စိတ်ပျက်စရာကောင်းနေသည်။ ဒါပေမယ့်လည်း ဘယ်သူ့ကိုမှ အပြစ်မတင်နိုင်ပါ။ ဗဟိုပြည်နယ်၏ လက်ရှိအနေထားသည် အေ အဆင့် ဘီ အဆင့်ရှိ တက္ကသိုလ်က ဆရာများကို ခေါ်ယူရန် ခက်ခဲသည်။

သူတို့မှာ ရှိခဲ့ရင်တောင် အဆင့်သတ်မှတ်ချက်အောက်ခြေက မရွေးချယ်ရသေးသည့် သူသာဖြစ်မည်။

"အဟမ်း အဟမ်း၊ ဒီလိုဆိုတော့ ဂေါင်ပန်၊ ကျန့်လျန် နဲ့ ကူရှုပ်ရှင်းတို့ကို ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဆရာတွေအဖြစ် အလုပ်ခန့်လိုက်ပြီဆိုတာ တရားဝင် ကြေငြာလိုက်တယ်"

ကျန်ဟန်ဖူက စကားဆုံးတာနှင့် လက်ခုပ်တီးလိုက်သည်။

အစမ်းခန့်ဆရာများလည်း စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဆွန်းမိုကလွဲရင် အားလုံး လက်ခုပ်တီးလိုက်ကြသည်။

လိုဒီသည် ဆွန်းမိုကို အံ့အောသင့်သည့် မျက်နှာဖြင့် ကြည့်နေသည်။ ဝမ်းလျှောနေတာလား။ ဒီအချိန်မှာ သည်းမခံနိုင်ရင်တောင် အောင့်ထားလေ၊ ဘာလို့လက်မြှောက်နေတာလဲ သူများတွေ အထင်လွဲသွား အုံးမယ်။

အိမ်သာတက်ဖို့ လက်မြှောက်နေတာဆိုလည်း ဒုကျောင်းအုပ်ကြီးကျန်က ကျောင်းသားတွေ

လုံလောက်အောင် စုဆောင်းပြီးပြီလို့ အထင်လွဲသွားရင် ဘုရား ဘုရား။ အဲဒါကို တွေးမိရုံနှင့် လိုဒီ လန့်သွားသည်။

ကူရှုပ်ရှင်းသည် အန်ရှီဝေကို တစ်ချက်ကြည့်လိုက်သည်။ ဆရာသုံးယောက်ကို အလုပ်ခန့်ကြောင်း မကြေငြာခင် ကျန်ဟန်ဖူသည် ကျောင်းခေါင်းဆောင်များနှင့် မတိုင်ပင်ခဲ့သလို အန်ရှီဝေ၏ ထင်မြင်ချက်ကိုလည်း မတောင်းခဲ့ပါ။ သူသည် သူ့၏ လုပ်ပိုင်ခွင့်ထက် ကျော်လွန်သွားပြီ ဖြစ်သည်။

သို့သော်လည်း အန်ရှီဝေ၏ မျက်နှာက မပြောင်းလဲဘဲ တည်ငြိမ်နေအောင် ထိန်းထားနိုင်သည်။

"ကျောင်းအုပ်ကြီးအန်က တကယ်ကို ချီးကျူးဖို့ကောင်းတာပဲ"

ကူရှုပ်ရှင်းသည် စိတ်ထဲက ချီးကျူးလိုက်သော်လည်း မကျေမနပ် ဖြစ်နေပြန်သည်။

(ကျန်ဟန်ဖူ လူယုတ်မာ ၊ ဘာလို့ ငါ့နာမည်ကို သုံးယောက်ထဲမှာ နောက်ဆုံးမှ ကြေငြာတာလဲ၊

စောင့်နေအုံး။ ဂေါင်ပန်နှင့် သူ့အောက်က ဆရာတွေကို ချေမှုန်း ပစ်မယ်။ ငါ့ကို အထင်သေးတဲ့အတွက် ပေးဆပ်ရမယ်)

ကျန်ဟန်ဖူက လက်ဟန်ပြလိုက်သည်နှင့် လက်ခုပ်တီးနေတာ ရပ်သွားသည်။

"ကောင်းပြီ ကျန်တဲ့သူတွေထဲက ထပ်ထည့်စရာ မရှိတော့ရင် ထွက်သွားနိုင်ပြီ မင်းတို့ သုံးယောက်ကတော့ ခဏနေခဲ့အုံး"

ကျန်ဟန်ဖူက ညွှန်ကြားလိုက်သည်။

အစမ်းခန့်ဆရာများ တစ်ယောက်ပြီးတစ်ယောက် မတ်တပ်ထရပ်ကြတော့သည်။ ထိုအချိန်တွင် "ဒု - ကျောင်းအုပ်ဆရာကြီး ကျန်" ဟုခေါ်လိုက်သံ ပေါ်ခန်းတစ်နေရာက ထွက်လာသည်။

ရှတ်စ်

အားလုံးသည် အသံလာရာ နောက်တန်းကို ကြည့်လိုက်ကြသည်။

ဒီအသံက

လူအုပ်ကြီးသည် ကြောက်လန့်တကြား ဘေးရှဲပေးလိုက်သည်။ ထို့နောက် ဆွန်းမိုသည်

ညာဖက်လက်ကို ခြေ့ာက်ရင်းတန်းလန်း ပေါ်လာသည်။

လိုဒီသည် တစ်ယောက်ယောက်၏ မြင်ကွင်းကို မရှုပ်မိစေရန် ဘေးသို့ ထွက်ပြေးလိုက်သည်။

“ဆွန်းမို ဘာကိစ္စရှိလို့လဲ” ကျန်ဟန်ဖူက မေးလိုက်ပြီး စိတ်မရှည်စွာနှင့် အော်ဟစ်ကာ “ကျောင်းခေါင်းဆောင်တွေအားလုံး အလုပ်များနေတာ အသေးအဖွဲ့ကိစ္စကို မင်းဘာသာ ဖြေရှင်းပါ။ ပြဿနာဖြစ်လာတိုင်း ငါတို့ကို လာမရှာနဲ့”

ကျန်ဟန်ဖူသည် မျက်နှာတင်းနေသော်လည်း စိတ်ထဲတွင် ရယ်နေသည်။ သူ့နည်ဗျူဟာက အသက်ဝင်သွားပုံရသည်။ စောက်ပေါကောင်က တကယ်ကို တစ်ခုခုပဲ။

“ငါ့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့် ဒု - ကျောင်းအုပ်ကြီးကျန်ကို ဒုက္ခမပေးပါဘူး”

ဆွန်းမိုကလည်း ချက်ခြင်းပြန်ပြောလိုက်ပြီး ဒု ဆိုသော် စကားကို သက်သက်အလေးပေး ပြောလိုက်သည်။

ကျန်ဟန်ဖူ မျက်နှာသည် ခဲမှန်သွားသလို ဖြစ်သွားသည်။ သူသည် ဒုကျောင်းအုပ် ဆယ်နှစ်ကျော်အောင် လုပ်လာရသောကြောင့် ဒု ဆိုသော စကားကို အမုန်းဆုံးဖြစ်သည်။

“ဒါဆို ဘာကိစ္စလဲ”

ကျန်ဟန်ဖူသည် ဒေါသနှင့်ပြည့်နေသည့် လေသံဖြင့် မေးလိုက်သည်။

“ငါအရည်ချင်း ပြည့်မှီတယ်”

သာမန်ဆိုရင် ကျောင်းခေါင်းဆောင်တစ်ဦးနှင့် စကားပြောရင် ယဉ်ကျေးစွာ

မတ်တပ်ရပ်သင့်သော်လည်း ဆွန်းမိုကတော့ ကျန်ဟန်ဖူ၏ ဆန့်ကျင်ဘက် အနေထားနှင့် ဆက်ဆံရေးကို သုံးသပ်ပြီး ဂရုမစိုက်ဘဲ ဆက်ထိုင်နေလိုက်သည်။

"ဘာအရည်အချင်းလဲ"

ကျန်ဟန်ဖူက ပြန်မေးလိုက်သည်။

အစမ်းခန့်ဆရာအချို့လည်း အံ့အောသင့်စွာ ဆွန်းမိုကို ဝိုင်းကြည့် နေကြသည်။

"ဘယ်လိုဖြစ်နိုင်မှာလဲ။ ကျောင်းသားငါးယောက်ကို ခေါ်ယူနိုင်ခဲ့တာလား။

"ငါးယောက်ကတော့ နည်းနည်းခက်တယ်။ တစ်ယောက်၊ နှစ်ယောက်ဆိုရင်တော့ ဖြစ်နိုင်တယ်။ ရှန်ယွန်ပေါင်ကိုလည်း ခေါ်ထားတယ် ကြားတယ်"

"ဒီခေတ်ကျောင်းသားတွေ ဦးနှောက် မရှိတော့ဘူးလား။ ကျပန်း အစမ်းခန့်ဆရာ တစ်ယောက်ကိုတောင် ဆရာတင်နေတယ်။ သူတို့ရဲ့ အနာဂတ်ကိုတောင် ဂရုမစိုက်တော့ဘူးလား"

ထိုမှတ်ချက်ကို နားထောင်ရင်း ဆွန်းမိုက လီဇီချီကို ဆွဲခေါ်သွားကြောင်းကိုလည်း

ပြန်စဉ်းစားလိုက်မိသည်။ ထို့ကြောင့် သူ့အမူအရာသည် ပိုပြီး သုန်မှုန်လာသည်။

လီဇီချီ၏ နောက်ခံကိုတွေးပြီး ကျန်ဟန်ဖူသည် ဆွန်းမိုကို ရိုက်သတ်ကာ သူမကိုတပြည့််အဖြစ် သိမ်းပိုက်လိုက်ချင်သည်။ ဒါကြောင့်လည်း သူ့အသံသည် ပိုတင်းမာလာသည်။

“ဆွန်းမို တရားဝင်ဆရာ တစ်ယောက်ဖြစ်ဖို့ ကျောင်းသားငါးယောက်ကို ခေါ်ယူရမှာ ဖြစ်တယ်။ ဒီအခြေအနေက မပြောင်းလဲဘူး။ မင်းရဲ့ မရိုးသားတဲ့ အကျင့်နဲ့ လှည့်စားဖို့ မကြိုးစားနဲ့”

ကျန်ဟန်ဖူက စိတ်မရှည်စွာ လက်ဝှေ့ယမ်းရင်း ပြောလိုက်သည်။ “ထွက်သွားစမ်း”

ကျန်ဟန်ဖူသည် ဆွန်းမိုက လီဇီချီ၏ နောက်ခံကိုသုံးကာ သူ့ကို အလုပ်ခန့်ရန် ဖိအားပေးနေတယ်လို့ ထင်လိုက်သည်။ ထို့ကြောင့် ဆွန်းမို ပါးစပ်ကိုပိတ်ရန် ထိုစကားကို ကြိုပြောလိုက်သည်။

အခုဆို ဆွန်းမိုသည် အစွန်းရောက်ဝါဒကြောင့် လူတိုင်း၏အကဲ့အရဲ့ကို ခံနိုင်ရင် ဆက်ပြောနေနိုင်သည်။

“ဒု - ကျောင်းအုပ်ဆရာကြီး ကျန်၊ မြတ်ဆရာတစ်ယောက်အနေနဲ့တောင် တခြားသူရဲ့ စကားကိုနားထောင်ဖို့ စိတ်မရှည်ဘူးလား”

ဆွန်းမိုက တုံ့ပြန်ပြီး မေးလိုက်သည်။

ဆွန်းမို၏ သုံးသပ်ချက်ကြောင့် ပရိတ်သတ်များ လန့်သွားသည်။

အစမ်းခန့်ဆရာများကလည်း ဆွန်းမိုကို ထိတ်လန့်စွာ ကြည့်နေကြသည်။ သူက အန်ရှီဝေနှင့် စေ့စပ်ထားလို့ မောက်မာနေတာလား။

ကျန်ဟန်ဖူ၏ စိတ်တိုလွယ်သည့် စိတ်ဓါတ်ကို လူသိများပြီး အခြားသူများကို နှုတ်အလွဲသုံးစားလုပ်ကာ အမြဲဆဲဆို နေလေ့ရှိသည်။ အံ့သြစရာကောင်းတာက ဆွန်းမိုက သူ့ကို မေးခွန်းပြန်ထုတ်ရဲတာပဲ ဖြစ်သည်။

မဟုတ်ဘူး။ ဒါက မေးခွန်းမေးရုံတင်မဟုတ်ဘူး ရွဲ့တဲ့ စကားလည်းဖြစ်သည်။

ထင်ထားသည့်အတိုင်းပင် ကျန်ဟန်ဖူသည် မျက်လုံးကြီးပြူးပြီး ဆွန်းမိုကို စိုက်ကြည့်ကာ "ငါ အမှိုက်ရဲ့စကားကို နားမထောင်နိုင်ဘူး"

ဆွန်းမိုဘေးနားက အစမ်းခန့်ဆရာများကလည်း သူတို့ပါရောပြီး အထင်လွဲခံရမည်ကြောက်သောကြောင့် ဆွန်းမိုနားက ခမ်ခွာခွာနေလိုက်ကြသည်။

"ငါက တကယ်ကို အရည်ချင်း ပြည့်မှီတယ်" ဆွန်းမိုက ထပ်ပြောလိုက်သည်။

"ငါပြောပြီးပြီလေ။ တိုက်ရိုက်တပြည့်ငါးယောက် မရှိဘဲနှင့် အလုပ်ခန့်ပေးလို့ မရဘူး။ လူငါးယောက်စာ အတွက် လီဗီချီ တစ်ယောက်တည်းက လုံလောက်တယ်လို့ မင်းထင်နေတာလား"

ကျန်ဟန်ဖူက လှောင်ပြောင်ပြီး အကြောင်းအရာကို ဦးတည်လိုက်သည်။

"မဟုတ်ဘူး၊ သူမက မလုပ်နိုင်ပါဘူး"

ဆွန်းမိုက ပြုံးပြီး ပြန်ဖြေလိုက်သည်။ "ဒါပေမယ့် သူမအပြင်ငါ့မှာ ကျောင်းသားလေးယောက် ရှိသေးတယ်"

"သူမက မလုပ်နိုင်ရင် မင်းကဘာလို့ ကြိုးစားနေသေးလဲ........."

ကျန်ဟန်ဖူသည် လည်ပင်းညှစ်ခံလိုက်ရသော ကြက်အိုကြီးလို အသံတစ်ဝက်နှင့် တိတ်သွားသည်။ ကျန်သည့် စကားများ လည်ချောင်းထဲတွင် နင်နေသည်။

တစ်လျှောက်လုံး တည်ငြိမ်နေသည့် အန်ရှီဝေလည်း ပြုံးလိုက်မိသည်။ ဟောခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။ အားလုံးက ဆွန်းမိုကိုကြည့်နေပြီး သူတို့၏ အမူအရာက အံ့အောသင့်နေပြီး ဆွန်းမိုကို မေးခွန်းထုတ်ချင်သည့် မျက်လုံးများဖြင့် ကြည့်နေကြသည်။

ဆွန်းမိုက ကျောင်းသားငါးယောက် ခေါ်နိုင်ခဲ့တာလား။

ကျန်ဟန်ဖူသည် ဒုကျောင်းအုပ်ကြီးအနေဖြင့် အခြေအနေ အမျိုးမျိုးကို ကြုံခဲ့ဖူးပြီး ကျင့်သားရနေသည်။ ဒါကြောင့် သူ၏တုံ့ပြန်မှုက လျှင်မြန်သည်။ “ ဆွန်းမို ဒါက ရယ်စရာကိစ္စမဟုတ်ဘူး။ မင်းလိမ်နေတာကို မိသွားရင် မင်းနဲ့စေ့စပ်ထားတဲ့သူက အန်ရှီဝေဖြစ်နေရင်တောင် မင်းကို အလုပ်ထုတ်ပစ်မယ်”

ဒီလူအိုကြီးက အရမ်းလည်တယ်။

ဆွန်းမိုက စိတ်ထဲက ကျိန်ဆဲလိုက်သည်။ ကျန်ဟန်ဖူက ဆွန်းမိုသည် သူ့ကိုယ်ပိုင်ခွန်အားကို အားမကိုးဘဲ အန်ရှီဝေပုံရိပ်ကို အားကိုးနေတယ်လို့ လူတိုင်းထင်သွားအောင် ပြောလိုက်သည်။

"ဒါက ဘာကိုဆိုလိုတာလဲ ငါလိမ်နေတယ်လို့ မင်းကထင်နေတာလား"

ကျန်ဟန်ဖူကို အစက လေးစားသည့်လေသံနှင့် ပြောသော်လည်း နောက်ပိုင်းတွင် လေးစားချင်စိတ် မရှိတော့ပါ။ သူ့လေသံက တင်းမာနေသည်။

ဒီမြင်ကွင်းကြောင့် အစမ်းခန့်ဆရာများလည်း နောက်ထပ် လန့်သွားကြပြန်သည်။ ထိုနောက် အန်ရှီဝေကို ခိုးကြည့်လိုက်သည်။ အန်ရှီဝေကြောင့်သာ မဟုတ်ပါက ဆွန်းမိုသည် ကျန်ဟန်ဖူနှင့် စကားပြောရင် ရဲတင်းမည် မဟုတ်ပါ။

“ မင်းကမကြောက်ရင် သက်သေပြပါ”

ကျန်ဟန်ဖူက ရယ်ပြီး ပြောလိုက်သည်။ (ဒီကောင်က ငါ့ကိုလာ ကစားချင်တာလား၊

ဒုကျောင်းအုပ်တစ်ယောက်ရဲ့ တုံ့ပြန်နိုင်မှုကို မင်း လျှော့တွက်နေတာပဲ)

“အော် ဒါဆို သူတို့သုံးယောက်က ဘာလို့ သက်သေပြစရာ မလိုတာလဲ” ဆွန်းမိုက အစွယ်တစ်မြမြ ဖြစ်နေသည့် အကြည့်နှင့် ကျန်ဟန်ဖူကို ကြည့်ကာမေးလိုက်သည်။

“သူတို့က လိမ်နေတယ်လို့ ဘာလို့ မင်းက မစွပ်စွဲတာလဲ”

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၆၂)။ ။ တောခွေးနက်ကြီး ဆွန်း။

ခစ်ခစ်

တစ်ယောက်ယောက်က ရယ်လိုက်သည်။ ဆိုလိုတာက မင်းကဘာကောင်မို့လို့ သူတို့နဲ့ နှိုင်းယှဉ်တာလဲ။

“ဂေါင်ပန်နဲ့ ကျန်းလျန်တို့ နှစ်ယောက်လုံးက နာမည်ကျော်ကျောင်းက ဘွဲ့ရတွေလေ။ ကူရှုပ်ရှင်းက နည်းနည်းနိမ့်လည်းသူက မရီဒန်အကယ်ဒမီက ထိပ်တန်းအမှတ်များနဲ့ ဘွဲ့ရတစ်ယောက်။ မင်းကရော။ မင်းက ဆွန်လျောင်အကယ်ဒမီက ဘွဲ့ရတစ်ယောက်လေ။ မင်းအဆင့်နဲ့ သူတို့ကို ယှဉ်တာ မရှက်ဘူးလား”

ကျန်ဟန်ဖူက ကဲ့ရဲ့ပြီး ကူရှုပ်ရှင်းကိုခေါ်လိုက်သည်။

(ဒီစောက်ရူးကောင် ဆွန်းမို၊ အမျိုးသမီးတစ်ယောက်ကို ချူစားဖို့ ရုပ်ချောတာက လွဲရင် ဘာအသုံးကျလို့လဲ။ ဒီလိုပြောလိုက်တာက မင်းကို နှိမ့်ချဖို့ အခွင့်ရေး ပေးလိုက်သလိုပဲ)

"အို ဒါဆို ငါ့လို သာမန်ကျောင်းက ဘွဲ့ရတဲ့သူတွေက စောက်သုံးမကျဘူးလို့ ပြောတာပေါ့"

ဆွန်းမိုက တစ်ခုခုကို သိသွားသလို ပြောလိုက်သည်။

အလွန်မာနကြီးသော ကျန်ဟန်ဖူလည်း တင်းလာသည်။ ဒေါသတွေ တဟုန်းဟုန်း ထွက်လာလို့ မျက်နှာကြီး နီလာသည်။

တောက် ဒီကောင်ဆွန်းမို ငါ့ကို ထောင်ချောက် ဆင်နေတယ်။

ကျောင်းခေါင်းဆောင်များသည် တစ်ဖက်ကိုမှ မကူညီလိုဘဲ စိုးရိမ်နေကြသည်။ ဒါပေမယ့် ဆွန်းမို ဒီလို ပြောလိုက်ပြီးနောက် သူတို့၏ အကြည့်များသည် အထိန်းနိုင်ဘဲ ကျန်ဟန်ဖူကို စိုက်ကြည့်လိုက်ကြသည်။

အန်ရှီဝေလည်း မျက်လုံးဝိုင်းကြီးများနှင့် ဆွန်းမိုကို ကြည့်နေသည်။ သူမနှင့် အတူတူကြီးပြင်းလာသော ကောင်လေးသည် အခြားတစ်ယောက်ကို ဉာဏ်ဆင်အကွက်ချတတ်မယ်လို့ မထင်ထားခဲ့ပါ။

“တကယ်ကို အံ့အောစရာဘဲ ။ မင်းကို တောခွေးနက်ကြီး ဆွန်းလို့တောင် ခေါ်သင့်တယ်။ တကယ်ကို တောခွေးတစ်ကောင်ပဲ ဘယ်သူကိုမဆို ကိုက်ရဲတာပဲ”

ကူရှုပ်ရှင်းလည်း ဆွံ့အ နေသည်။

ဆွန်းမိုသည် ခွဲခြားဆက်ဆံခံရပြီး အတော်ကို ပေါက်ကွဲနေ ပုံရသည်။ ထိုကြောင့် ကူရှုပ်ရှင်းနှင့် အခြားနှစ်ယောက်ကို ဘာလို့ စစ်ဆေးဖို့ မလိုတာလဲလို့ မေးခဲ့သည်။

ကျန်ဟန်ဖူသည် ဘာကြောင့်ဆိုတာ ရှင်းပြရမည်။

တကယ်တော့ ကျန်ဟန်ဖူ အဖြေက ရှင်းစရာကို မလိုပါ။ သာမန်ကျောင်းက ဘွဲ့ရတစ်ယောက်သည် ဘယ်လိုလုပ်ပြီး နာမည်ကျော်ကျောင်းက ဘွဲ့ရတစ်ယောက်နှင့် ယှဉ်နိုင်မှာလဲ။ သူလွန်နေတာ

မဟုတ်ပေ။ တခြားသူတွေက မင်းကို သံသယဝင်တာ ပုံမှန်ပဲလေ။

ဒါကလူတိုင်း စိတ်ထဲကနေ လက်ခံထားသည့် အမှန်တရားဖြစ်သည်။ ဒါပေမယ့် ဆွန်းမိုက မေးခွန်းကို ထုတ်လိုက်တော့ ပြဿနာ ဖြစ်လာသည်။

ကျန်ဟန်ဖူက ဘယ်လို ပြန်ဖြေရမှာလဲ။

သူသာဟုတ်တယ်လို့ ပြောလိုက်ရင် သာမန်ကျောင်းက ဘွဲ့ရတွေကို နှိမ်လိုက်သလို ဖြစ်သွားမည်။ ဂေါင်ပန်နှင့် ကျန်းလျန်ကလွဲရင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်သည့်သူအားလုံးသည် သာမန်ကျောင်းက ဘွဲ့ရများဖြစ်သည်။ သူတို့က ပြဿနာ မရှိသေးသော်လည်း ဗဟိုပြည်နယ် အကယ်ဒမီကျောင်းက ဆရာတွေ ကျတော့ကော......။

နာမည်ကျော်ကျောင်းက လူနည်းစုဖြစ်သည်။ ကျန်ဟန်ဖူ၏ စကားသာ ပြန့်သွားပါက တခြားဆရာများက သူ့ကို အပြင်ပန်းတွင်သာ လေးစားသော်လည်း စိတ်ထဲတွင် သဘောထား ကွဲလွဲမှုရှိနေမှာ သေချာသည်။

သူတို့ကို နှိမ့်ချတတ်သည့် ခေါင်းဆောင်ကို ဘယ်သူက လေးစားမှာလဲ။ ဒီလိုလုပ်လိုက်ဖို့ သူဘယ်လောက်တောင် အရှက်မဲ့မှ ရမှာလည်း။ ဒါကြောင့် ကျန်ဟန်ဖူက သတ္တိရှိစွာ ဟုတ်တယ်လို့ ဖြေလိုက်ရင်လည်း ဆရာများကြားတွင် သိက္ခာကျသွားမည်။ ထိုစကား ကျယ်ပြန့်လာလေ ကျန်ဟန်ဖူ၏ စရိုက်ကို သံသယ ဝင်လာလေ ဖြစ်လာကြမည်။

နာမည်ကျော်ကျောင်းက ဘွဲ့မရခဲ့သည့် မြတ်ဆရာများက ကျန်ဟန်ဖူကို ဘယ်လို

ဆက်ဆံကြမလဲ။ အကျိုးဆက်က ခန့်မှန်းလို့တောင် မရပါဘူး။

ကျန်ဟန်ဖူက မဟုတ်ဘူးလို့ ပြောလိုက်ရင်လည်း ဘာလို့ ဆွန်းမိုကို စစ်ဆေးနေရမှာလဲ။ သူ့အရမ်း အားယားနေလို့လားလို့ ဖြစ်လာမည်။

ဆွန်းမိုသည် ကျန်ဟန်ဖူကို ထောင့်ထဲရောက်ရန် လိုင်းတစ်ခုမျှသာ အသုံးပြုခဲ့သည်။

အစမ်းခန့်ဆရာ တချို့ကတော့ အတွေ့အကြုံ အားနည်းပြီး ထိုအရာများကို နားမလည်ပါ။ သို့သော် ဆွန်းမိုကို ကြည့်သော

ကျောင်းခေါင်းဆောင်များ၏ အကြည့်က စိတ်ဝင်တစား ဖြစ်လာသည်။

ဂေါင်ပန်ကတော့ အရှေ့ကိုသာ စိုက်ကြည့်နေသည်။ သူက ဒီလို လှည့်ကွက်လေးများကို စိတ်မဝင်စားပါ။ လူတစ်ယောက်၏ သင်ကြားနိုင်စွမ်းကသာ သူတို့ကို ဆရာတစ်ယောက်အဖြစ် ရပ်တည်နိုင်စေသည်။

ကျန်းလျန်ကတော့ ဆွန်းမိုကို စတင်လေ့လာနေသည်။

ကူရှုပ်ရှင်းကတော့ မျက်မှောင်ကြုတ်နေပြီး သူမ၏ ဖိနပ်ကို စီးဖို့ လုပ်နေသည်။ သူမသာဆိုရင် သက်သေပြဖို့ သူမ၏တပြည့်များကို သွားခေါ်လိုက်မည် ။ သူမက ကျန်ဟန်ဖူကိုတော့ စိန်မခေါ်ပါ။

ဒီလိုမျိုးလုပ်လိုက်ရင် ဘယ်လောက်တောင် ဒေါသထွက်နေမှာလဲ။

"ဟမ် ဒု- ကျောင်းအုပ်ကြီးက စကားမပြောတော့ဘူးလား။ မင်းအရည်ချင်းက လိုက်လျောညီထွေ တုန့်ပြန်မှု အားနည်းတာပဲ။

စောစောက မိန့်ခွန်းက အလွတ်များ ကျက်ထားတာလား”

ဆွန်းမိုက ပြုံးပြီးမေးလိုက်သည်။

“အာ သူတော်တော် လျှာစောင်းထက်တာပဲ”

လိုဒီပင် အံသြသွားသည်။ ဆွန်းမိုက ထွက်သွားချင်နေတာလား။ ကျန်ဟန်ဖူကတော့ ဆွန်းမိုကို စိုက်ကြည့်လိုက်ပြီး သူ့မျက်နှာက မှင်ထက်တောင် မည်းလာသည်။

အခြားအစမ်းခန့် ဆရာများလည်း ကြောင်နေကြသည်။ ဒီလူက ဒုကျောင်းအုပ်ကို

တကယ်ကြီး ကဲ့ရဲ့နေတာလား။ တောက် ထင်ထားသလိုပဲ နောက်ခံရှိတဲ့လူက စိတ်ထင်တဲ့အတိုင်း လုပ်နိုင်တာပဲ။

“ဆွန်းမို တော်သင့်ပြီ”

မေးစေ့ချွန်ချွန်နှင့် လူလတ်ပိုင်း အမျိုးသားက စကားစပြောလာသည်။ သူသည် ဖန်ဇိုဝမ်ဖြစ်ပြီး ကျန်ဟာန်ဖူ၏ လူသစ်ဆရာ၊ ဆရာမတွေရဲ့ တာဝန်ခံ ဖြစ်သည်။ ကျန်ဟာန်ဖူသည် သစ်သားငုတ်တို တစ်ခုလို ငြိမ်နေတာကို မြင်လိုက်ရသဖြင့် ဝင်ပြောလိုက်ကာ

သူကသဘာဝအတိုင်း ကယ်ဆယ်ရန် ခြေလှမ်းပြင်လိုက်သည်။

"ဒါဆို ငါက သက်သေပြဖို့ လိုသေးလား"

ဆွန်းမိုသည် ထိုလူကိုကြည့်ကာ စိတ်ထဲက မှတ်ထားလိုက်သည်။ ထိုလူသည် ကျန်ဟာန်ဖူ၏ လက်ပါးစေဖြစ်သောကြောင့် နောက်တစ်ခါပွဲတွင် သူကြောင့်တော့ မရပ်နိုင်ပါ။

"မလိုပါဘူး ဒီနေ့ကစပြီး မင်းလည်း ဂေါင်ပန်နဲ့ တခြားသူတွေလို တရားဝင် ဆရာဖြစ်လာမယ်"

ဖန်ဇိုဝမ်က ခဏလောက်ရပ်လိုက်ပြီး “ဒါပေမယ့် မင်းမှာကျောင်းသားငါးယောက် မရှိဘူးဆိုတာ ငါတို့သိရင် မင်းကို ကျောင်းကထုတ်ပစ်မှာ မဟုတ်ဘဲ သူတော်စင်ဂိတ်ကို အကြောင်းကြားပြီး ကျောင်းတွေအကုန်လုံးနဲ့ ပြည်နယ်ကိုးခုလုံးမှာ နာမည်ပျက်စာရင်းသွင်းမှာ”

ထိုခြိမ်းခြောက်သံကို ကြားလိုက်ရင် လူတိုင်း အေးခဲသွားသည်။ ဒါက ဆွန်းမိုအတွက် လမ်းကြောင်းအားလုံးကို ဖြတ်တောက်လိုက်ခြင်း

ဖြစ်သည်။ သတင်းပို့ပြီးသည်နှင့် နောက်တစ်ကြိမ် ကျောင်းဆရာဖြစ်ဖို့ အခွင့်အရေး မရှိတော့ပါ။

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။ ထို့နောက် ကျန်ဟန်ဖူကို ပြုံးပြီးကြည့်ကာ “ဆရာကျန် ငါတို့ဒီနေ့ကစပြီး လုပ်ဖော်ကိုင်ဖက် ဖြစ်လာပြီ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး”

လူတိုင်း လျှော့ ရသွားသည်။ ဒီအကောင်က မီးတောက်ထဲကို လောင်စာထည့် နေတုန်းလားဟ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ဟန်ဖူကို ဆန့်ကျင်ရင် ဒေါသမထွက်တတ်ဘူးလို့ ဒီကောင်ထင်နေတာလား။

ဆရာများသည် သူတို့၏ မျိုးရိုးနာမည်ရှေ့တွင် ဆရာကိုပေါင်းထည့်ကာ အချင်းချင်း ပြောဆိုတတ်ကြသည်။ ဆွန်းမိုက ကျန်ဟန်ဖူကို ဆရာကျန်လို့ ခေါ်လိုက်တာက ပြဿနာ မရှိပါ။

သို့သော် ကာလံဒေသံက စိန်ခေါ်သလို ဖြစ်နေသည်။

(မင်းငါ့ကို သံသယ မဝင်တော့ဘူးလား)

(ငါ့ဆီက သက်သေ မတောင်းတော့ဘူးလား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ငါ့နောက်ခံကို မကြည့်တော့ဘူးလား)

(ငါကအခု ဗဟိုပြည်နယ်အကယ်ဒမီမှာ တရားဝင်ဆရာတစ်ယောက်ဖြစ်နေပြီ မင်းကို ဆရာကျန်လို့အဆင့်တူတူ ခေါ်လိုက်တာကို စိတ်ဆိုးတာလား)

ခိခိ

ကူရှပ်ရှင်းလည်း မထိန်းနိုင်တော့ဘဲ ပါးစပ်ကိုလက်နှင့်အုပ်ကာ ရယ်လိုက်မိသည်။

ကျန်ဟန်ဖူက ဘာလုပ်နိုင်မှာလဲ။

ဒေါသအရမ်းထွက်လို့သွေးတွေစီးကျနေရင်တောင် သည်းခံထားရမည်။

ဆွန်းမိုက သူ့ကို ဆရာကျန်လို့ ခေါ်တာမသင့်တော်ဘူးလို့ ပြောရမှာလား။ ဒါဆိုရင် သူက ဒုကျောင်းအုပ်ရာထူးကိုသုံးပြီး တစ်ယောက်ယောက်ကို ဖိနှိပ်နေတယ်လို့ မြင်သွားကြမည်။ ဆွန်းမို စကားကြောင့်သံသယ ဝင်နေသည့်သူများလည်း ယုံကြည်သွားကြမည်။

ဆွန်းမိုသည် တကယ်ကို ဘာမှမလုပ်ပဲ ပြင်းပြင်းထန်ထန်ထိုးနှက်ဖို့သာ ရွေးချယ်နေသည်။

ကျန်ဟန်ဖူ တိတ်နေသည်။ ဘာအကြောင်းကြောင်းမှ တုံ့ပြန်မည် မဟုတ်ပါ။

ဆွန်းမိုက အပေါက်ကို ဆီလိုရှာပြီး သူ့ကို ဆက်လက် တိုက်ခိုက်နေနိုင်သည်။

သူသည် စိတ်ပျက်နေပြီး ထွက်ပေါက်လည်း မရှိသဖြင့် ကျန်ဟန်ဖူက ဖန်ဇိုဝမ်ကို လှည့်ကြည့်လိုက်သည်။ (ဒါတွေအားလုံး မင်းရဲ့အမှားပဲ၊ မင်းကဘာလို့ ရပ်ကြည့်နေတာလဲ)

ဖန်ဇိုဝမ်က ရှုံ့ကြီးတင်င် ပြုံးလိုက်သည်။ (ငါကော ဒါကိုလုပ်ချင်တယ်လို့ ထင်နေတာလား)

ဒီကိစ္စက အရမ်းကိုရိုးရှင်း လွန်းပါသည်။ ဆွန်းမို မှာသာကျောင်းသား၅ယောက် မရှိပါက သူသည် ဆိုးဆိုးရွားရွား တုန်လှုပ်သွားမည်။

ဒီအတောအတွင်း တိတ်ဆိတ်နေသော လင်ကျုံလည်း မျက်မှောင်ကြုတ်ကာ ကြည့်နေသည်။ ဆွန်းမို၏ ကာရိုက်တာကို သူမကြိုက်ပါ။ သူသည်လက်စားချေရန် စိတ်ထက်သန်နေပြီး အခြားသူများကို အခြေခံလေးစားခြင်းတောင် မရှိပါ။ ကျန်ဟန်ဖူ မှားခဲ့လျှင်တောင် သူသည် ဒုကျောင်းအုပ်ကြီးတစ်ယောက်ဖြစ်ပြီး ကြယ်နှစ်ပွင့်

မြတ်ဆရာတစ်ယောက်လည်း ဖြစ်သည်။ ထို့အပြင်သူ၏ စီနီယာတစ်ယောက်လည်း ဖြစ်သည်။ သူ့အမြင်တွင် ဆွန်းမိုက ယဉ်ကျေးပျူငှာသင့်သည်။

"အော် ဆရာကျန်က ငါ့မေးခွန်းကို လုံးဝလျစ်လျူရှုထားတာပဲ။ ဟုတ်တာပေါ့။ မင်းက ဒုကျောင်းအုပ်ကြီးပဲ ၊ မင်းရဲ့ အဆင့်အတန်းကို ဘယ်ချလို့ ဖြစ်မှာလဲ"

ဆွန်းမိုက ကဲ့ရဲလိုက်သည်။

ခွိခွိ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီတစ်ကြိမ်တော့ တိတ်တဆိတ် ကြည့်နေသည့် အန်ရှီဝေတောင် မထိန်းနိုင်တော့ပါ။ (ဆွန်းမို ဘာလို့ဆက်လုပ်နေတာလဲ။ မင်းက ကျန်ဟန်ဖူကို ဒေါသထွက်ပြီး သေစေချင်နေတာလား)

(ဘာကြောင့်ဒါကို အရမ်းကြည်နူးစရာကောင်းတယ်လို့ ထင်နေရတာလဲ။ တကယ်ကို ကျန်ဟန်ဖူ၏ အချိန်တော်တော်ကြာ ပစ်မှတ်ထားခံရပြီး နောက် ကောင်းမွန်သည့် ထွက်ပေါက်တစ်ခုပဲ)

ဒင်!

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု - +၁

အန်ရှီဝေနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၁/၁၀၀)

အစမ်းခန့်ဆရာအားလုံး ဆွံ့အနေကြသည်။ ဆွန်းမိုနှင့် ကျန်ဟန်ဖူတို့သည့် အခုချိန်တွင် ရန်ဘက်အဖြစ ်သတ်မှတ်ထားကြောင်း သူတို့ သိလာသည်။ ကျောင်းမှာ ဆွန်းမို၏ နေ့ရက်တွေက ဒီနေ့ကစပြီး မကောင်းနိုင်တော့ပါ။

သို့သော်လည်း ဒီကောင်က လုံး၀ကို ဂရုမစိုက်သည့် ပုံပါ။

ဆွန်းမိုသည် အမှတ်တမဲ့ လုပ်ကာ ခုံဆီကို ပြန်သွားလိုက်သည်။

ဒီလိုမျိုး လာကြောတာကို လက်မခံနိုင်ပါ။ တစ်ယောက်ယောက်က သူ့ကို ဆဲရေးဖို့ စိတ်ကူးထားရင် သူတို့မျက်နှာလည်း သုံးချက်လောက် အရိုက်ခံရဖို့ ပြင်ထားသင့်သည်။

ခန်းမတစ်ခုလုံး ထူးဆန်းသည့် လေထုနှင့် ပြည့်နေပြီး တိတ်ဆိတ်နေသည်။ မဟုတ်ဘူး ကျန်ဟန်ဖူ၏ ဒေါသထွက်သည့် အသံများထွက်နေသည်။

ဒင်!

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု - +၁

ကူရှုပ်ရှင်းနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ (၁/၁၀၀)

ဆက်တိုက် သတိပေးချက် နှစ်ကြိမ် ကြားပြီးနောက် ဆွန်းမိုလည်း နည်းနည်း အံ့အောသင့်သွားသည်။ အန်ရီဝေက ဘာကြောင့် သဘောကျ သွားတာလည်းဆိုတာကို နားလည်သည်။ ဘယ်လိုပဲပြောပြော ကျန်ဟန်ဖူက သူမ၏ ရန်သူပါ။ ဒါပေမယ့် ကူရှုပ်ရှင်းက

ဘာဖြစ်တာလဲ။ အနည်းငယ် စဉ်းစားပြီးနောက် ဆွန်းမိုသည် သူမ၏ အချက်အလက်ထဲက နာကျင်မှုကြောင့် စိတ်လှုပ်ရှားတတ်သည် ဆိုသည့် မှတ်ချက်ကို ပြန်သတိရသွားသည်။ အခုတော့ သူ တစ်နည်းနည်းနှင့် နားလည်သွားသည်။

မာဆိုဝါဒီကို သာမန်လူတစ်ယောက်လို မမြင်သင့်ပါ။

ကျန်းရှန်သည် ကူရှုပ်ရှင်း၏ ငြင်းပယ်ခြင်းကို ခံခဲ့ရသော်လည်း အရှုံးမပေးသေးပါ။ အခုချိန်တွင် ဒုတိယတန်းတွင် ထိုင်နေသည်။ သူသည်

ကူရှုပ်ရှင်း၏ ကျက်သရေရှိလှသော နောက်ကျော အလှကို ထိုင်ငမ်းနေခဲ့သည်။ ဒါပေမယ့် အခုချိန်မှာတော့ ဆွန်းမိုကို မျက်လုံးမှေးပြီး ကြည့်နေသည်။

ဆွန်းမိုက ကျောင်းသားငါးယောက်ကို ခေါ်ယူခဲ့တာလား။

ဆွန်းမိုကို အစားထိုး ဆရာအဖြစ် တရားဝင်ခန့်အပ်ခဲ့တာလား။

နောက်ကျရင်ဆွန်းမိုကို ဆရာဆွန်းလို့ ခေါ်ရမှာလား။ ဘယ်လိုဟာသမျိုးလဲ။ ဒီကောင်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်လျောင်အကယ်ဒမီမှာတောင် လူမသိသူမသိ ဖြစ်တည်မှု တစ်ခုပါ။

ကျန်းရှန်သာ ကျိုးကြောင်းဆီလျှော်မှုကို မတွေးနိုင်ပါက ခုန်တက်ပြီး ဆွန်းမိုကို မင်းမှာ ဘာအရည်အချင်းရှိလို့လဲ မေးလိုက်ချင်သည်။

အဆောင်တစ်ခုတည်းတွင် အတူတူ နေခဲ့သည့်သူအနေဖြင့် သူသည် အမြဲတန်းသာလွန်သည့် ခံစားချက် ထိန်းထားခဲ့သည်။ သူကတော့ ကြိတ်ပြီး စစ်တုရင်ကစားသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခုတော့ သူသည် ဆွန်းမိုကို ဘယ်လိုတောင်ရှုံးသွားတာလဲ။

ကျွန်းရှန်သည် ထိုကွဲပြားမှုကို လက်မခံနိုင်ပါ။

လိုဒီကတော့ အများကြီးကို မတွေးပါ။ ကျန်ဟန်ဖူကို ကဲ့ရဲ့ပြီးနောက် ဆွန်းမိုကို သေဒဏ် မပေးသည့် အတွက် သူအံ့အောနေသည်။ ဒုကျောင်းအုပ် ဆရာကြီးကျန်သည် ဒေါသကြီးသူဟု လူသိများပြီး အခြားသူများကို ရိုက်နှက်တာကို မြင်ရင်တောင် သာမန်ဖြစ်သည်။ ဒီလိုအချိန်မှာတောင် သူက ထိန်းထားဖို့ ရွေးချယ်တာလား။

“ပိုး ဆွန်းမိုက တရားဝင်ဆရာဖြစ်သွားပြီလား။ ငါဝက်အမွေးနှုတ်နေတာတောင် အမွေး ဘယ်လောက်တောင်ရှိပြီလဲ ဝက်ထမင်းကို ဘယ်နှစ်ကောင်လောက်ချက်မှ ဆရာကျုံက မှတ်ချက်ကောင်းပေးမှာလဲ။

လိုဒီ တွက်ချက်ကြည့်နေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အဆင်မပြေတာကို မြင်လျှင် လင်ကျုံက “မင်းတို့လေးယောက်က နေခဲ့ ကျန်တဲ့သူတွေက ထွက်သွားနိုင်ပြီ”

အစမ်းခန့်ဆရာများလည်း ထိုအနေအထားကို ကြည့်နေရတာကိုပင် နေရခက်နေသဖြင့် စာသင်ခန်းထဲက အမြန်ထွက်သွား ချင်နေကြသည်။ သို့သော်လည်း ထွက်မသွားခင် မနေနိုင်ဘဲ ဆွန်းမိုကို လှည့်ကြည့်သွားကြသေးသည်။

မိန်းမချူစားတတ်သည့် ကောင်က ကောင်းကောင်း ဖုံးကွယ်ထားနိုင်လိမ့်မယ်လို့ သူတို့ မထင်ထားခဲ့ပါ။ ဒီကောင်က တကယ်ကို အကြံသမားပဲ။

သာမန်အားဖြင့် ရုပ်ဆိုးပြီး ကျိန်စာမိနေသည့် တစ်ယောက်က “အကြံအစည်ရှိတဲ့ခွေးပဲ၊ ကျောင်းသားငါးယောက်ကို စုဆောင်းဖို့ ကျောင်းအုပ်ကြီးအန်ရဲ့ နာမည်ကို အသုံးချခဲ့တာ သေချာတယ်”

“သေချာတာပေါ့”

နောက်ထပ် ရုပ်ဆိုးဆိုးတစ်ယောက်ကလည်း ထောက်ခံလိုက်သည်။ ဒီလိုမှမတွေးရင် သွေးလေခြောက်ခြားပြီး နေနိုင်သည်။

ကူရှုပ်ရှင်းနှင့် တခြားနှစ်ယောက်ကို ရှုံးခဲ့တာက ကိစ္စမရှိပါ။ ဆွန်းမိုက ဘယ်လိုကောင်တုန်း။

ဆွန်းမိုသည် ဗဟိုပြည်နယ် အကယ်ဒမီက အလုပ်ခန့်သည့် စာကိုရပြီး သူတော်စင်ဂိတ်က အသိအမှတ်ပြုသည့် ဆရာတစ်ယောက်ဖြစ်လာမည်။ သူ့အဆင့်အတန်းနှင့် လစာ နှစ်ခုစလုံးက သိသိသာသာ တိုးတက်လာတော့မည်။

သာမန် အစမ်းခန့်ဆရာများကတော့ အလားတူ ခံစားခွင့်ကိုရရန် နောက်ထပ်တစ်နှစ်လောက် ထပ်စောင့်နေ ရအုံးမည်။ ဒီအတောအတွင်း

အမှားလုပ်ခဲ့မိပါက အရင်လုပ်ထားသမျှ မြောင်းထဲကို ရောက်သွားနိုင်သေးသည်။ ဒါကြောင့်လည်း မနာလို ဖြစ်နေကြသည်။

ကျန်းလန်၏ အကြည့်များသည် တုန်လှုပ်ကာ သူ့ခြေလှမ်းကို အရှိန်လျော့လိုက်သည်။ သူ၏ စွမ်းဆောင်ရည်ကြောင့် ကျောင်းဆက်တက်ဖို့ ပုံမှန်ကြိုးစားမယ်ဆိုရင်တောင် ကျောင်းမှာ နေနိုင်ဖို့ အခွင့်အရေးက နည်းလှသည်။ သို့သော်လည်း အခွင့်အရေးတစ်ခုကတော့ သူ့အရှေ့ကို ရောက်လာပြီ။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၆၃)။ ။ ဆရာဆွန်း ငါမင်းကို အမြင့်ကြီး မှန်းထားတယ်။

အစမ်းခန့်ဆရာများ ထွက်သွားပြီးနောက် ပေါ်ဟာခန်းမတွင် နေရာလွတ်များဖြင့် ကျယ်ဝန်းလာသည်။

လင်ကျုံသည် ကူရှုပ်ရှင်းနှင့် အခြားနှစ်ယောက်ကို စကားပြောရတာ ပိုအဆင်ပြေတာကြောင့် ပထမအတန်းတွင် ထိုင်ဖို့ လုပ်လိုက်သည်။ သို့သော်လည်း သူတို့၏ အမူအရာကို မြင်လိုက်တာကြောင့် ထိုဆုံးဖြတ်ချက်ကို စွန့်လွှတ်လိုက်သည်။

မာနကြီးသော ပါရမီ ရှင်များကြားက တုံ့ပြန်မှုသည် အမဲလိုက်နယ်မြေတွင်ရှိသော သားရဲကောင်နှစ်ကောင်နှင့် တူညီလေသည်။ တစ်ယောက်နှင့်တစ်ယောက် ရန်ဆောင်နေကြသည်။

"ဒါလည်းကောင်းတာပဲ။ တစ်ယောက်နှင့် တစ်ယောက် ရန်လိုနေကြတော့ အနိုင်မခံ အရှုံးမပေးစိတ်နှင့် အခြားဏ္ဍာများတွင် ပြိုင်ဘက်ကို အနိုင်ယူဖို့ ကြိုးစား ကြမှာပဲ။ ဒါကိုလည်း တွန်းအားတစ်ခုလို သတ်မှတ်နိုင်တယ်"

လင်ကျိုသည် ထိုလေးယောက်၏ တုံ့ပြန်မှုကို အလွန်ကျေနပ်နေသည်။ ပြိုင်ဆိုင်ခြင်းကြောင့်သာ တိုးတက်နိုင်သည်ဟု သူထင်သည်။

ကျောင်းခေါင်းဆောင်များကလည်း သူတို့လေးယောက်ကို အကဲခတ်နေသည်။ ဂေါင်ပန်၊ ကျန်းလျန်နှင့် ကူရှုပ်ရှင်းတို့က ပြောစရာမလိုပါ။ သူတို့၏ မိုးကုပ်စက်ဝိုင်းက ကျယ်ပြန့်သောကြောင့် သူတို့တည်ငြိမ်နိုင်တာကို နားလည်နိုင်သည်။ သို့သော် အဆိပ်ကောင် ဆွန်းမိုက ဘာကြောင့်

တည်ငြိမ်နေနိုင်တာလဲ။ သူက ဘာလို့အေးအေးဆေးဆေး နေနိုင်ရတာလဲ။

အရေးကြီးတာက ကျန်ဟန်ဖူက အခုအချိန်ထိ မထွက်သွားသေးပါဘူး။ သူ့ဒေါသကလည်း အခုထိ မပျောက်သေးပါ။

အရင်ကျောင်းအုပ်ကြီး သူတော်စင်အဆင့်ကို မချိုးဖောက်နိုင်ခင်ကတည်းက ဒီမှာ သူ့ကိုနိုင်မည့်သူ ဘယ်သူမှ မရှိပါ။ သူသည် တဖြည်းဖြည်းနှင့် အခွင့်အာဏာ တိုးတက်လာကာ ဆရာနှင့် ကျောင်းသား ဘယ်လောက်များများကို

မျက်ရည်ကျခဲ့စေမှန်း ဘယ်သူမှ မသိပါ။ ဒီသုံးနှစ်အတွင်း ဆွန်းမိုသည် သူ့ကို မကျေမနပ်ဖြစ်အောင် လုပ်နိုင်သော တစ်ဦးတည်းသောသူဖြစ်သည်။

"သူ့မှာ ဖိအားကိုခံနိုင်လောက်အောင် နှလုံးသား ကြီးရင်ကြီး ဒါမှမဟုတ် ဒီကောင်က စောက်ရူးပဲ"

ဖန်ဇိုဝမ်က တိုးတိုးလေးပြောလိုက်သည်။

"ကျောင်းအုပ်ကြီးအန် သူတို့ကို ဆုံးမစကား ပြောချင်လား"

လင်ကျုံက မေးလိုက်သည်။

“ဒုကျောင်းအုပ်ကြီး ကျန်ကပဲ လုပ်လိုက်ပါ”

အန်ရှီဝေက ရိုကျိုးစွာ ငြင်းလိုက်သည်။ “အမ်”

ကျန်ဟန်ဖူကတော့ ပြောချင်စိတ်မရှိပါ။ ဘာကြောင့်ဆို ပါးစပ်ဖွင့်လိုက်သည်နှင့် မနေနိုင်ဘဲ ဆွန်းမိုကို ကြိမ်းမောင်းမိမှာ စိုးရိမ်သည်။ သို့သော် အန်ရှီဝေ ဖျော်ဖြေဖို့လည်း အခွင့်အရေး မပေးချင်ပါ။ ထိုကြောင့် သူက “ဇိုဝမ် မင်းလုပ်လိုက်” ပြောလိုက်သည်။

“အဟွန့် အဟွန့် ဒီနေရာမှာ လုပ်လိုက်ပါ့မယ်”

ဖန်ဇိုဝမ်က မငြင်းပဲ လည်ချောင်း ရှင်းလိုက်သည်။ "ပထမဆုံးအနေနဲ့ ဗဟိုပြည်နယ်အကယ်ဒမီမှာ ပါဝင်ပြီး ငါတို့ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာတဲ့ အတွက် မင်းတို့လေးယောက်ကို ဂုဏ်ပြုပါတယ်"

ဖန်ဇိုဝမ်က ဂုဏ်ပြုစကား ပြောလိုက်သည်။ ကျန်ဟန်ဖူကလွဲရင် အားလုံး လက်ခုပ်တီး လိုက်ကြသည်။

"တော်တော်လေးကို တည်ငြိမ်တာပဲ"

လင်ကျုံက လူလေးယောက်ကို စိုက်ကြည့်ပြီး စိတ်ထဲက ချီးကျူးလိုက်သည်။

ဒီလိုအချိန်တွင် သာမန် အစမ်းခန့်ဆရာများဟာ အလွန်စိတ်လှုပ်ရှားနေပြီး ကျောင်းကို ဝင်ခွင့်ရလိုက်သည်နှင့် သူတို့ မျက်နှာတွင် ပျော်ရွှင်မှုများ ပေါ်လာတတ်သည်။ ဒါပေမယ့် ဒီလေးယောက်ကတော့ အရင်အတိုင်း အေးအေးဆေးဆေးပဲ။ ဒါကို ပုံမှန်လို့ပဲ သတ်မှတ်ထားပုံရသည်။

“တရားဝင် ဆရာဖြစ်လာပြီးရင် တခြားဆရာတွေကို အစားထိုးပြီး သင်ခန်းစာပေးပို့နိုင်တယ်။ ဒီနှစ်က မင်းတို့ရဲ့

ပထမဆုံးနှစ်ဖြစ်တာကြောင့် မင်းတို့အားလုံးကို လိုက်လျောညီထွေဖြစ်အောင် ရိုးရှင်းတဲ့ တာဝန်ပြပေး မှာပါ”

“မင်းတို့ရဲ့ တိုက်ရိုက် ကျောင်းသားတွေကို သင်ပေးတာက လွဲရင် နေ့တိုင်းလေးနာရီကြာအောင် တံခါးဖွင့် သင်ခန်းစာ ပို့ချကြရမယ်။ မင်းတို့ပို့ချမယ့် အကြောင်းအရာတွေကိုတော့ မင်းတို့ဘာသာ ဆုံးဖြတ်နိုင်တယ်။ ဝိညာဉ်တက်တူး၊ အပင်ဗေဒ၊ မှော်ဆေးပညာတွေကို လေ့လာပြီး မင်းတို့ကြိုက်နှစ်သက်တဲ့ ဘာသာကို

ရွေးချယ်နိုင်တယ်။ တစ်ပတ်လောက်ကြာပြီးရင် မင်းတို့ ရွေးချယ်မှုကို ငါ့ဆီ သတင်းပို့ပါ၊ မင်းတို့အတွက် အချိန်ဇယား တစ်ခု စီစဉ်ပေးမယ်”

ဖန်ဇိုဝမ်က ခဏလောက်ရပ်ပြီ ဆရာသစ်လေးယောက် အချက်အလက်တွေကို ချေဖြတ်နိုင်အောင် စောင့်လိုက်ပြီး “ မင်းတို့မှာ လွတ်လပ်စွာ ရွေးချယ်နိုင်တယ်ဆိုပေမယ့် မင်းတို့တတ်ကျွမ်းတဲ့ အကြောင်းအရာတွေကိုပဲ ရွေးပေးပါ။”

“သင်ခန်းစာ စ စချင်းမှာ ကျောင်းသားဦးရေ နည်းမှာကတော့ သေချာတယ်။ ထိုအချက်နဲ့ ပက်သတ်ပြီး ငါတို့က ဘာမှလုပ်ပေးမှာ မဟုတ်ဘူး။ ဒါပေမယ့် တစ်နှစ်ခွဲကြာရင် အဲဒါတွေကို စံနှုန်း သတ်မှတ်ချက်အနေနဲ့ ကိုးကားပြီး သတ်မှတ်ချက် စံနှုန်းကို မပြည့်မှီပါက မင်းတို့ရဲ့ တံခါးဖွင့်ပို့ချခွင့် ပိတ်ပယ်ပြစ်မှာ ဖြစ်တယ်”

ဖန်ဗိုဝမ်က ပြောနေရင်းလေသံက တင်းမာလာသည်။

လေးယောက်လည်း ကြီးမားသော ဖိအားကို ခံစားလိုက်ရသည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် လူထုကို သင်ခန်းစာပို့ချခြင်းသည် အဓိက တိုက်ရိုက် ထုတ်လွှင့်မှု ဖြစ်သည်။

ဆရာများကလည်း သူတို့ သင်ကြားပို့ချခြင်းသည့် အကြောင်းအရာများကို ရွေးချယ်နိုင်ပြီး ကျောင်းသားများကလည်း သူတို့နားထောင်ချင်သည့် ဟောပြောပွဲကို လွတ်လပ်စွာ ရွေးချယ်နိုင်ခွင့် ရှိသည်။

တကယ်လို့ ဆရာ၏ သင်ခန်းစာများကောင်းပါက တက်ရောက်လိုသည့် ကျောင်းသား အရေအတွက်သည် များပြားမည်ဖြစ်သည်။ မဟုတ်ပါက အဲဒီဆရာ၏ အတန်းသည် လုံးဝကို ပျက်သွားပါလိမ့်မည်။ ထို့ကြောင့် ကျောင်းသားအရေအတွက်ကို စံနှုန်း သတ်မှတ်ရခြင်းဖြစ်သည်။ ကျောင်းက သတ်မှတ်ထားသည့် အောက်ခြေအမှတ်ထိ ကျောင်းသားအရေအတွက် ကျဆင်းသွားပါက ထိုဆရာက ပေးသော လူထုဟောပြောပွဲသည် ရပ်စဲသွားမည်ဖြစ်သည်။

ဆရာများသည် မြတ်ဆရာတစ်ယောက်ဖြစ်ချင်ပါက ရက်စက်ကြမ်းကြုတ်သောသတ်ဖြတ်ခြင်းမှ လွတ်မြောက်အောင် ကြိုးစားရမည်။ လွယ်လွယ်ကူကူနှင့်သာ လစာကို ရနေပါက အမှိုက်များနှင့် ပြည့်နေနိုင်သည်။

ထိုသို့ လည်ပတ်နေသော ယန္တရားကြောင့် ဆရာများသည် ရှင်းလင်းပြတ်သားပြီး အရည်အသွေးမြင့်သည့် သင်ခန်းစာများကို ပို့ချကာ ကျောင်းသားများကို ဆွဲဆောင်ရန်

ကြိုးစားနေကြရသည်။ ဒါမှလည်း ကျောင်းသားတွေ အကျိုးကျေးဇူး အများကြီးရမှာ ဖြစ်သည်။

ကျောင်းသားတွေကို အာရုံစိုက်နေသ၍ သူတို့ ဆရာအရေအတွက် နည်းသွားမည်ကို စိုးရိမ်စရာ မလိုပါ။ စံချိန်စံညွှန်း မမှီသောဆရာများကတော့ ဖယ်ရှားခံရမည် ဖြစ်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီက တကယ်ကို မိုက်တာပဲ"

ဆွေနွေးမိုနှုတ်ခမ်းများ ပြုံးသွားသည်။ အမှတ်(၂) အထက်တန်းကျောင်းတွင် ခေတ်မီကာယနည်းပညာ

တာဝန်ခံ ဆရာလုပ်ခဲ့သော်လည်း အခုချိန်ထိတောင် သင်ကြားမှုပုံစံကို မှတ်မိနေတုန်းပါ။

ဆရာများ အရည်ချင်း ပြည့်မှီခြင်း မပြည့်မှီခြင်းကို ကျောင်းပညာရေးဗျူရိုက မဆုံးဖြတ်နိုင်ပါ။ မိသားစုနောက်ခံ အဆက်အသွယ် ရှိခြင်းကလည်း အထောက်အကူ မဖြစ်နိုင်ပါ။ ဆရာတစ်ယောက်ကို တန်ဖိုးထား ဆုံးဖြတ်သောအရာက သူတို့ကျောင်းသားတွေပါပဲ။ ဒါက တကယ်ကို တရားမျှတသည့် အကဲဖြတ်မှုဖြစ်သည်။

"စနစ်ရေ၊ ငါနဲ့ အန်ရှီဝေက ငယ်ရည်စားတွေ မဟုတ်ဘူးလား။ ဘာကြောင့် လေးစားအထင်ကြီးမှု ညွှန်းကိန်းက မူလကနေ စတာလဲ"

ဆွန်းမို မှာ မေးစရာရှိနေသည်။

"ဒီခန္ဓာကိုယ်ရဲ့ မူလသိစိတ်က အန်ရှီဝေနဲ့ ငယ်သူငယ်ချင်းဖြစ်ပြီး မင်းကတော့ မဟုတ်ဘူး" စနစ်က ရှင်းပြလိုက်သည်။

ထိုအသိစိတ်က သေဆုံးသွားခဲ့ပါပြီ။ ဒီနေရာတွင် ရပ်နေသောသူက တခြားကမ္ဘာက ဆွန်းမိုဖြစ်သည်။ ထိုကြောင့် စနစ်က လေးစားအထင်ကြီးမှု

ညှ့်နှိုင်းကိန်းကို ပြန်ပြီး တွက်ချက်လိုခြင်းဖြစ်သည်။

ပိုင်ရှင်၏ လုပ်ဆောင်ချက်ကြောင့် ပစ်မှတ်ကို ရင်းနှီးမှု အထင်ကြီးမှု၊ ကိုးကွယ် ခံရခြင်း ဖြစ်ပေါ်စေပြီး လေးစားအထင်ကြီးမှု အမှတ်ကို ရရှိမည်ဖြစ်သည်။

လေးစားအထင်ကြီးမှု အမှတ်သည် လူနှစ်ယောက်ကြားက ဆက်ဆံရေး အပြောင်းအလဲကို ကိုယ်စားပြုသည်။ ပိုအရေးကြီးသည့်အချက်က စတိုးဆိုင်က

ပစ္စည်းတွေကို ဝယ်ယူရန် ငွေကြေးအဖြစ် သုံးနိုင်သည်။

ထို့ကြောင့် ဆွန်းမိုနှင့် အန်ရှီဝေတို့ကြားတွင် လေးစားအထင်ကြီးမှု စွဲလန်းစိတ်ကို ထုံးစံအတိုင်း ပြန်လည် စတင်ခြင်းဖြစ်သည်။

ကူရှုပ်ရှင်းက လက်မြှောက်လိုက်သည်။

"ဆရာကူ ကျေးဇူးပြုပြီး ပြောပါ"

ဖန်ဇိုဝမ်သည် အလှတရားကို အလွန် သဘောကျသူဖြစ်သည်။ (နှာဘူး)

“ဆရာဖန်၊ ငါတို့က အထူးတလည် ရွေးချယ်ပြီး လမ်းတစ်ဝက်မှာ မသင့်တော်ဘူးလို့ တွေးမိရင် ပြောင်းလို့ရလား”

ကူရှုပ်ရှင်းက မေးသည်။

“သေချာတာပေါ့”

ဖန်ဇိုဝမ်သည် ဒီလှပသော ကျောင်းဝန်းဘုရင်မလေးကို စိုက်ကြည့်ကာ အန်ရှိဝေနှင့် နှိုင်းယှဉ် စဉ်းစားကြည့်နေသည်။ “ဒါပေမယ့် ဆရာတစ်ယောက်ရဲ့ နာမည်က တဖြည်းဖြည်း တိုးလာတတ်တာမျိုး။ မင်းရဲ့

အထူးပြု သင်ခန်းစာကို ပြောင်းလိုက်ရင် မင်းနာမည်နှင့် ကြိုးစားအားထုတ်မှုတွေ ဆုံးရှုံးသွားနိုင်တယ်။

"ကျေးဇူးပါ။ ဆရာဖန်"

ကူရှုပ်ရှင်းသည် ထိုအချက်ကို အရင်ကတည်းက တွေးမိသည်။ ဒီမေးခွန်းကို မေးတာက ဆရာဖန်လို့ ခေါ်လိုက်ပြီး သူမကို တရားဝင်ဆရာ အဖြစ် ဆရာကူလို့ ခေါ်တာကိုကြားချင်လို့ ဖြစ်သည်။

(ဒါက ဆရာတွေကြားက အဆင့်တူ ဆက်ဆံရေးဖြစ်သည်။ ဒီလို နွေးနွေးထွေးထွေး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆက်ဆံရတာ တကယ်ကိုမိုက်သည်။ အခု သူမလည်း တရားဝင် ဆရာတစ်ယောက် ဖြစ်လာပါပြီ)

စားပွဲအောက်တွင် ကူရှုပ်ရှင်းသည် စိတ်လှုပ်ရှားနေသောကြောင့် လက်သီးကို ဆုပ်ထားလိုက်သည်။ သူမရဲ့ ပထမဆုံးခြေလှမ်း အောင်မြင်ခဲ့ပါသည်။ ထို့နောက် အဆင့်မသတ်မှတ်ထားသော ဆရာများကြားတွင် ထိပ်ဆုံးရောက်အောင် ကြိုးစားရမည်။

အဆင့်မသတ်မှတ်သည့် ဆရာများဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ကြယ်တစ်ပွင့် မြွတ်ဆရာအဖြစ် မတက်နိုင်သော ဆရာများကို ဆိုလိုသည်။

"နောက်တစ်ခုက ဗဟိုပြည်နယ်အကယ်ဒမီမှာ နှစ်ပေါင်းထောင်ကျော်လောက် အမွေဆက်ခံလာတဲ့ အစဉ်လာတစ်ခုရှိတယ်" ဖန်ဇိုဝမ်က ရယ်ရင်းပြောလိုက်သည်။ "ဆရာအသစ်ဖြစ်လာတဲ့ သူတွေက သူတို့ စိတ်နေစိတ်ထားတွေ၊ ခံယူချက်တွေ၊ ပန်းတိုင်တွေ၊ အထူးပြုတာတွေ၊

အစရှိသဖြင့်ကွာ မင်းတို့ကြိုက်သလို ပြောလို့ရတယ်..”

ကူရှုပ်ရှင်းနှင့် အခြားသုံးယောက်သည် အရင်ကအတိုင်း ဘာမှ မထူးခြားပါ။ သို့သော်လည်း ဖန်ဇိုဝမ်၏ နောက်ထပ်စကားကို ကြားလိုက်ရင် သူတို့လည်း မတည်ငြိမ်နိုင်တော့ပါ။

“ပထမအကြိမ် လူထု သင်ခန်းစာကို ဟောပြောပွဲခန်းမမှာ လုပ်ပေးမှာ ဖြစ်ပြီး ကျောင်းတစ်ခုလုံးက ဆရာတွေနဲ့ ကျောင်းသားတွေကို အသိပေးသွားမှာဖြစ်တယ်။

ထိုင်ခုံ ၃၀၀လောက်ရှိတဲ့ ဟောခန်းမတစ်ခုလုံး ပြည့်သွားနိုင်တယ်။ ဒါပေမယ့် အကြီးကျယ်ဆုံး စမ်းသပ်မှုက အဲဒါ မဟုတ်သေးဘူး။ တက်ရောက်လာတဲ့အထဲက ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသားတွေက ဘာကြောင့်မဆို မင်းတို့ကို မေးခွန်းမေးနိုင်ခွင့်ရှိတယ်။ မင်းတို့သာ ပြန်မဖြေနိုင်ရင် ဒါမှမဟုတ် လိုက်လျော ညီထွေအောင် မဖြေနိုင်လို့ကတော့ မင်းတို့ အရှုက်ကွဲ နိုင်တယ်နော်”

ကျောင်းခေါင်းဆောင်များ၏ အကြည့်သည် ဆွန်းမိုဆီကို ရောက်သွားသည်။ ထိုင်ရက်မေ့နေသော ဂေါင်ပန်မှလွဲရင် ကူရှပ်ရှင်းနှင့် ကျန်းလျန်သည် ဆွန်းမိုကို လေ့လာလိုက်သည်။

ကျောင်းသားငါးယောက်ကို ဆွန်းမို ဘယ်လိုပဲ စုဆောင်းခဲ့ပါစေ၊ ပထမဆုံး စစ်မြေပြင်က လူထုသင်ခန်းစာ ပင်ဖြစ်သည်။

တကယ်လို့ လူတစ်ယောက်က စစ်မှန်သော အရည်ချင်းမရှိပါက ထိုစစ်ဆေးမှုပြီးရင် သိသာထင်းရှားသွားမည်။

“ဆရာဆွန်း ငါမင်းကို အမြင့်ကြီး မှန်းထားတယ်နော်”

ဖန်ဇိုဝမ်က အပေါ်ယံတွင် ချီကျူးလိုက်သော်လည်း ကျန်ဟန်ဖူနှင့်တစ်ဖွဲ့တည်း ဖြစ်သောကြောင့် လူတိုင်းက ရွဲ့စောင်းပြီးပြောလိုက်မှန်း သိပါသည်။

ကျန်ဟန်ဖူကတော့ အေးစက်စွာ ပြုံးနေပါသည်။ ဆွန်းမိုသည် အန်ရှီဝေနှင့် စေ့စပ်ထားသူဖြစ်သည်။ ထိုအချက်ကြောင့် သူ့ကို စစ်ဆေးဖို့ စိတ်ဝင်စားသည့် ဆရာများစွာရှိမှာ သေချာသည်။

မနာလိုစိတ်ဖြင့် ထိုအခွင့်အရေးကို အသုံးချကာ သူတို့ပြဿနာရှာမှာ သေချာသည်။

"ဆရာဖန်၊ ဒီလိုဆိုရင် မင်းလည်း ငါ့ကိုစစ်ဆေးဖို့ မေးခွန်းတွေပြင်ထားလိုက်ပေါ့။ ငါ့ကို စစ်ဆေးတာ ကျဆုံးရင် မင်းငါ့ကို ထမင်းသုံးလလောက်ကျွေးပေါ့၊ ဘယ်လိုလဲ" ဆွန်းမိုက ပြောလိုက်သည်။

"အမ်"

ဆွန်းမို၏ တိုက်ရိုက်တုံ့ပြန်မှုသည် လူတိုင်းကို အံ့အောသင့်သွားစေသည်။ ဘယ်သူကမှ ထိုသို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တုံ့ပြန်မယ်လို့ မထင်ထားခဲ့ဘဲ သူက သည်းမခံနိုင်သော ပုံဖြင့် တုံ့ပြန်ခဲ့သည်။

(မင်တို့က ပွဲကောင်းကောင်းကြည့်ချင်နေတာ မှတ်လား၊ ယူလိုက်စမ်းပါ။ ငါကစိန်ခေါ်တာကို လက်ခံတယ်)

အန်ရှီဝေ၏ မျက်လုံးများ အရောင်တောက်လာသည်။ သူမ၏ ငယ်ရည်းစားကို သူမပင် မသိသလို ခံစားလိုက်ရသည်။ သူ့အရည်ချင်း ဘယ်လောက်ပဲရှိရှိ ဒီအငွေ့အသက် တစ်ခုတည်းနဲ့ပင် ချီးကျူးဖို့ လုံလောက်သည်။

ဒင်!

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁

အန်ရှီဝေနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မှူလ -(၂/၁၀၀)

ဖန်ဇိုဝမ် လန့်သွားသည်။ သူ၏ အပြုံးလည်းအေးခဲသွားပြီး စိတ်ထဲက နည်းနည်း မပျော်မရွှင်ဖြစ်သွားသည်။ (မင်းက ငါ့ကို ရန်စဖို့ သတ္တရှိနေတာလား၊ မင်းကိုယ်မင်း ဘာကောင်ထင်နေတာလဲ)

လက်ရှိအခြေအနေတွင် သူ့ရဲ့ စိတ်အဆင်မပြေတာကို ထုတ်ပြောဖို့ အဆင်မပြေပါ။ သူက ပထမဆုံး ပြောခဲ့တာလေ။ ထို့ကြောင့် အပြုံးတု တစ်ခုသာ ပြုံးပြလိုက်သည်။

"ကောင်းပါပြီ။ အဲအချိန်ကျရင် မင်းအတွက် အစားအသောက် ကောင်းကောင်း ပြင်ပေးထားရမှာပေါ့။ ဒါပေမယ့် မင်းရှုံးသွားရင် မင်းငါ့အတွက် ဘာမှလုပ်ပေးစရာမလိုဘူး။ စပျစ်သီးဝိုင် ၃ပုလင်း ကိုသာ ရှူရီဘဇာက သွားဝယ်ပေးပါ"

“ဆရာဖန် စပျစ်သီးဝိုင် တစ်ပုလင်းက ငွေထောင်ဂဏန်းလောက်တန်တယ်လေ။ ဆွန်းမိုက အခုမှကျောင်းမှာအလုပ်ရတာ သူ့မှာ အဲဒါကိုဝယ်ဖို့ ဘယ်လို ပိုက်ဆံရှိမှာလဲ” အန်ရှီဝေက ဝင်စွက်ဖက်လိုက်သည်။

“သူသာအနိုင်ရရင် ဘာမှ ပြဿနာ ဖြစ်မှာ မဟုတ်ဘူး”

ကျန်ဟန်ဖူက ပိတ်ပြောသည်။

ဖန်ဇိုဝမ် နည်းနည်းတော့ စိတ်ဓါတ်ကျသွားသည်။ ဒုကျောင်းအုပ်ကြီးကျန်က ဆွန်းမိုကို

ဒေါသထွက်ရုံသာမက ပြဿနာထဲကို သူ့ကိုပါ ဆွဲထည့်နေသည်။ အခုတော့ တာဝန်က သူ့ပခုံးပေါ်ကို ကျလာပြီ။

(ကိစ္စတော့ မရှိပါဘူး ငါက ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ပါ။ မင်းကို သင်ခန်းစာပေးဖို့ တောင်းဆိုနေတယ်ပေါ့။ ကျန်ဟန်ဖူကလည်း ဒီလိုလုပ်ဖို့ မျက်နှာရှိတယ်ပေါ့)

ဖန်ဇိုဝမ်သည် အန်ရှီဝေကို မစော်ကားရဲပါ။ အဲဒီအစား အနှိမ့်ချသာ ခံလိုက်မည်။ ဆွန်းမိုလို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာသစ်တစ်ယောက်က ကြွယ်တစ်ပွင့် မြတ်ဆရာကို အာခံချင်နေတယ်ပေါ့။

တကယ်ကြီးကို အားနည်းတဲ့ ကြွက်ကိုသတ်ဖို့ အတွက် နဂါးသတ်ဓါးကို သုံးနေရသလိုပါပဲ။

“ဒီလိုဆိုတော့လည်း လောင်းကြေးကို အတည်ပြုလိုက်တာပေါ့၊ ဒါပေမယ့်လည်း ဆရာဖန် ရှုံးရင်လည်း ဆွန်းမိုအတွက် စပျစ်ဝိုင် သုံးပုလင်း ဝယ်ပေးသင့်တယ်”

အန်ရှီဝေက ကြောက်ရွံ့ခြင်းမရှိဘဲ မှတ်ချက်ပေးလိုက်သည်။ ဆွန်းမို၏ လူထု

ပေါ်ပြောပွဲကို သူမသေချာပေါက် တက်ရောက်မယ်လို့ ဆုံးဖြတ်လိုက်သည်။

အဲဒီအချိန်တွင် ဆွန်းမိုသည် မဖြေနိုင်ပါက သူမထွက်သွားပြီး ကယ်တင်လိုက်မည် ဖြစ်သည်။ ထိုသို့လုပ်လိုက်ခြင်းဖြင့် သူမကို မည်မျှ ထူးချွန်ကြောင်း ကျောင်းသားများနှင့် ဆရာအားလုံးက သဘောပေါက် သွားမယ်လို့ ကူရှုပ်ရှင်းက တွေးနေသည်။

ဖန်ဇိုဝမ် ဘာမှပြန်မပြောရသေးခင် ဆွန်းမိုက " ဒီလိုပဲ လုပ်လိုက်ကြတာပေါ့။ ဆရာဖန်က မကြောက်ဘူး မှတ်လား"

ဆွန်းမိုသည်သူ၏ ကိုယ်ရည်ကိုယ်သွေးနှင့် မာနကို ဘယ်တော့မှ အဆုံးရှုံးမခံနိုင်သော လူတစ်ယောက်ပါ။ သူက လောင်းကြေးမြှင့်ချင်နေသည်။ ကူရှုပ်ရှင်းကတော့ ကူညီပြီးသားပါ။

သူတို့၏ အကြည့်သည် လေထဲတွင်ဆုံသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(တောင်းပန်ပါတယ် ငါ့မင်းလေသံနောက်ကို လိုက်ပြီး ပြောလိုက်သင့်တာ)

ကူရှုပ်ရှင်း သူမ၏ လှပသော အနာဂတ်အကြောင်းကို တွေးနေသော်လည်း ဆွန်းမိုသည် ကြယ်တစ်ပွင့် မြတ်ဆရာကို အာခံရန် သတ္တိရှိတာကိုတော့ အမှန်တကယ် ချီးကျူးသင့်သည်။

ဒင်!

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၁

ကူရှုပ်ရှင်းနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၂/၁၀၀)

ထိုအကြောင်းကြားချက်ကိုရပြီးနောက် ဆွန်းမိုသည် ကျန်းလျန်နှင့် ဂေါင်ပန်တို့ကို လှမ်းကြည့်လိုက်သည်။ ထင်ထားသည့်အတိုင်းပင် သူတို့နှစ်ဦးက ထိုကိစ္စကို လုံးဝကို လျစ်လျူရှုထားသည်။

ဒင်!

"တာဝန်အသစ် ထုတ်ပေးလိုက်သည်။ သင်၏ ပထမဆုံး လူထုသင်ခန်းစာတွင် သင်သည်

အခက်အခဲများကို ကိုင်တွယ်ပြီး လှပသော ပွဲဦးထွက်ကို ဖန်တီးကာ ရလာဒ်ကောင်းသော ကျောင်းသားများကို ကိုင်တွယ်လိုက်ပါ။ ရလာဒ်ကောင်းရင် မင်းကို ဆုချီးမြှင့်မယ်”

“မှတ်ချက် လုပ်ဆောင်ချက် အရမ်းဆိုးပါက ပြစ်ဒဏ်ခံရလိမ့်မယ်”

“ပြစ်ဒဏ်က ရှိသေးတာလား”

ဆွန်းမို ဆွံ့အ သွားသည်။ သူ့ကိုအခက်အခဲ ဖြစ်အောင် အကောင်းဆုံး ကြိုးစားကြမည့် ယောက်ျားလေး ဆရာများကို တွေးလိုက်မိသည်။

အားလုံးက အန်ရှီဝေနှင့် မထိုက်တန်သော အမှိုက်ဖြစ်ကြောင်း သက်သေပြချင်နေကြသည်။

သူရင်ဆိုင်ရမည့် အခက်အခဲသည် ကူရှုပ်ရှင်းနှင့် အခြားနှစ်ယောက်ပေါင်းထက် အဆပေါင်းများစွာ ပိုခက်နိုင်သည်။

ဆွန်းမိုက ဒါကိုစဉ်းစားနေချိန်မှာပဲ စနစ်က နောက်တစ်ကြိမ် သတိပေးချက် ထွက်လာပြန်သည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၆၄)။ ။ ဆွန်းမို သွေးလောင်ကျွမ်းခြင်း ပထမအဆင့် ၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ။

ဒင်!

“မစ်ရှင် ထုတ်ပြန်လိုက်သည်။ မင်းနှင့် ဖန်ဇိုဝမ်ကြားက လောင်းကြေးကိုနိုင်အောင်လုပ်ပြီး ဆုလာဒ် - ငွေရတနာ သေတ္တာတစ်လုံး ရယူပါ”

ထိုကဲ့သို့ ဆုကောင်းကို မြင်လိုက်ရင် ဆွန်းမိုသည် အနိုင်ရဖို့ မလွယ်မှန်းသိလိုက်သည်။

ဒင်!

“တာဝန်ထုတ်ပြန်သည်။ ပထမဆုံးဟောပြောပွဲတွင် ကူရှုပ်ရှင်း၊ ဂေါင်ပန်နဲ့ ကျန်လန်တို့ကို အနိုင်ယူပါ။ မင်းအနိုင်ရလေလေ၊ ဆုလာဘ် ပိုကောင်းကောင်းလေလေပဲ”

“စနစ် မင်းက တာဝန်ပေးတာလား၊ ဒါမှမဟုတ် သုံးခု တစ်ခါတည်း ပေးတာလား”

ဆွန်းမိုက နောက်လိုက်သည်။

“မင်းကိုယ်မင်း ယုံကြည်မှုမရှိရင် တတိယတာဝန်ကို ပြန်သိမ်းလိုက်လို့ရတယ်”

ဒီတာဝန်က အရေးပေါ်တာဝန်ပါ။ ဆွန်းမို အစမ်းခန့် ဆရာတစ်ယောက်ကိုတောင် အနိုင်မယူနိုင်ရင် ဘာဆုမှကို မရဘူး။

"မလိုပါဘူး၊ စိန်ခေါ်မှုမရှိရင် ဘဝက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ" ဆွန်းမိုက ပေါ့ပေါ့ပါးပါး ရယ်ကာပြောလိုက်သည်။ "ရတနာသေတ္တာကို သေသေချာချာ သန့်ရှင်းရေးလုပ်ပြီး စောင့်နေပါ"

"ကောင်းပြီလေ၊ ပြောစရာတွေလည်း ကုန်ပြီ။ နောက်သုံးရက်ကြာရင် မင်းတို့ရဲ့ ဖျော်ဖြေမှုအတွက် မျှော်လင့်ချက် အပြည့်နဲ့ ငါတို့ စောင့်နေမယ်။

ကျောင်းအုပ်ကြီး အန်နဲ့ ဒုကျောင်းအုပ်ကြီးကျန်တို့ ထက်ပြီး ပြောစရာများရှိသေးလား” ဖန်ဇိုဝမ်က မေးလိုက်သည်။

“ကောင်းကောင်းလုပ်ကြပြီး မင်းတို့က အထက်တန်းစားတွေဆိုတာ ပြကြပါ။ တော်ပြီ အစည်းအဝေးကို လူစုခွဲကြရအောင်”

ကျန်ဟန်ဖူပြောပြီးသည်နှင့် အစည်းအဝေးပြီးကြောင်း တိုက်ရိုက်ကြေငြာလိုက်သည်။ သူသည် အန်ရှီဝေကို စကားပြောခွင့် မပေးခဲ့ပါ။

ဂေါင်ပန်သည် မတ်တပ်ရပ်လိုက်ပြီး ကျန်းလျန်က တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေသည်။ ကူရှုပ်ရှင်းကတော့ ထိုင်နေသေးသည်။ သူတို့အားလုံးသည် အန်ရှီဝေကို လှည့်ကြည့်လိုက်သည်။ ဆွန်းမိုကတော့ မတ်တပ်ထရပ်လိုက်ပြီး နောက်ဖက်ကနေ ထွက်သွားလိုက်သည်။

ဒီမြင်ကွင်းကို ကျောင်းခေါင်းဆောင်အားလုံးက ရှင်းရှင်းလင်းလင်း မြင်လိုက်သည်။ အန်ရှီဝေကို ကူရှုပ်ရှင်း၏ ယုံကြည်ကိုးကွယ်မှု ခံစားချက်ကို ကြားသိနေသည်။ အခုတော့ ဒါက

အမုန်ဖြစ်နေပုံရသည်။ ကျန်းလျှန်ကတော့ ပြတ်ပြတ်သားသား ကြားနေခဲ့သည်။ ဆွန်းမို၏ တုံ့ပြန်မှုကတော့ လူတိုင်းကို အံအောသင့်စေသည်။ ယုတ္တိဗေဒနည်းအရ သူသည် အန်ရှီဝေကို ထိုင်စောင့်နေသင့်သည်။

သို့သော်လည်း ဆွန်းမိုသည် သဘာဝအားဖြင့် အန်ရှီဝေကို ဂရုမစိုက်ပါ။

သူသည် မူလခန္ဓာကိုယ်၏ အမှတ်တရနှင့် ခံစားမှုများရောထွေးနေကာ အန်ရှီဝေကို မြင်ရင်

ရင်ခုန်တတ်သော်လည်း ဒါက ခံစားချက် အစစ်အမှန်မဟုတ်မှန်း သူသိသည်။

ဆွန်းမိုသည် ဗဟိုပြည်နယ် အကယ်ဒမီတွင် ဆက်နေထိုင်ရသည့် အကြောင်းပြချက် နှစ်ခုရှိသည်။

ပထမ အချက်က သူ့သမ္မာဓိကြောင့် ဖြစ်သည်။ သူသည် ဒီကမ္ဘာသစ်ကို အခုမှရောက်လာခြင်းဖြစ်ပြီး ဒီက လူ့အဖွဲ့စည်း၏ ဥပဒေများနှင့် စည်းမျဥ်းများကို မရင်းနှီးသေးပါ။

တခြားကမ္ဘာက လာသည့်အကြောင်းကို မတော်တဆ ပြောပြလိုက်မိရင် ဘယ်လို ဖြစ်လာမှာလဲ။

ဝတ္ထုထဲက ဇာတ်ကောင်တွေလို ခက်ခက်ခဲခဲ ရှန်းကန်နေရမှာလား။ အဲဒါက ဆွန်းမို စတိုင် မဟုတ်ပါ။ သေသွားရင်တောင် မလုံလောက်ဘူးလို့ ခံစားသွားရမည်။ ဆွန်းမို၏ ပုံစံသည် ကမ္ဘာကို စူးစမ်းလေ့လာရန် သူ၏ခံစားချက်များကို မဖြန့်ထုတ်မိခင် ရင်းနှီးသော ပတ်ဝန်းကျင်ကို တဖြည်းဖြည်း ကြီးထွားလာစေခြင်းဖြစ်သည်။

သူ့အကြောင်းကို တခြားသူတွေ မတွေ့စေချင်ရင် ဒါက အမှန်အကန်ဆုံး နည်းလမ်းဖြစ်သည်။ သူသည် ဒီလောကနှင့် အမြန်ဆုံးရင်းနှီးကာ အမှန်တကယ် ပေါင်းစပ်နိုင်ရန် လိုအပ်သည်။

ဒုတိယအချက်က စနစ်က ထုတ်ပြန်ခဲ့သော တာဝန်ဖြစ်သည့် ဗဟိုပြည်နယ်အကယ်ဒမီကို အဆင့်တက်လာစေရန် ကူညီဖို့ဖြစ်သည်။

ဆွန်းမိုသည် ဆုလာဒ်ကို ရယူပြီး မူလကမ္ဘာကို ပြန်သွားချင်သည်။

သူ့မှာ စောင့်ကြည့်ဖို့ AVရုပ်ရှင်တွေ ဒါမှမဟုတ် ကစားစရာ ဂိမ်းတွေ မရှိပေမယ့် သူ့ကိုစောင့်မျှော်နေသည့် တန်ဖိုးကြီး သူ့ကွန်ပျူတာအသစ်ကို တွေးလိုက်မိပြီး သေချင်စိတ်တောင် ပေါက်လာသည်။ ဒါကို ဘယ်လိုခံနိုင်ရည်ရှိမှာလဲ။

သူ့မိသားစု အကြောင်းကိုတောင် မတွေးဝံ့ပါဘူး။ ငိုရမှာကို သူကြောက်သည်။

ထုံးစံအတိုင်း ဆွန်းမိုသည် ဒေါသတကြီး ဖြစ်လာသည်။ လူတိုင်းက သူ့ကို

ဆန်ပျော့စားကောင်လို့ ခေါ်ကြပြီး လျှို့ဝှက်စွာ ရှုတ်ချနေပြီး သူ့ကိုမထီမဲ့မြင်ပြု အကြည့်နှင့် သူ့စိတ်ကို သတ်နေကြသည်။

ဆွန်းမို၏ စရိုက်နှင့် ဒါကို သည်းခံနိုင်တာ အံ့သြစရာကောင်းသည်။

ဆွန်းမိုသည် စကားလုံးများကို သုံးပြီး အငြင်းမပွားချင်ပါ၊ လက်တွေ့သာ လုပ်ပြလိုက်ပြီး ဒီလူတွေကို ပါးစပ် ပိတ်အောင်သာ လုပ်လိုက်ချင်သည်။ သူ့ကို ပိုလို့တောင် မနာလို ဖြစ်စေချင်တယ်။

ဒီတော့ သူ ဘာလုပ်သင့်လဲ။

ထုံးစံအတိုင်းဆိုရင် တတ်နိုင်သမျှ မြန်နိုင်သမျှ မြန်ကာ ထူးချွန်တဲ့ ဆရာတစ်ယောက်ဖြစ်အောင် လုပ်ရမည်။ သူသည်ချင်လင်တွင် နံပါတ်တစ် မြတ်ဆရာတစ်ယောက် ဖြစ်ရမည်။

ဆွန်းမိုသည် သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာကျင့်စဉ်၊ နတ်ဘုရားမျက်စိနှင့် ရှေ့ဟောင်းလောကနတ်ကျင့်စဉ်ကို ပိုင်ဆိုင်ထားသည်။

စာသင်ခန်းက ထွက်ပြီးနောက် လုချီဟွာ ခေါင်းကို ပုတ်ရန် လိုက်ရှာခဲ့သည်။ ရတနာသေတ္တာကိုမဖွင့်ခင် သူကံတိုးတက်လာအောင် ဖြစ်သည်။ သူနှင့် လီကုန်ကြားက လေးစားအထင်ကြီးမှု ဆက်သွယ်ချက်သည် ရင်းနှီးအဆင့်ကို ရောက်သွားသဖြင့် ရရှိထားသည့် ဆုလာဒ်တစ်ခု ရှိသေးသည်။

နည်းနည်းလောက် လျှောက်ပြီးတာနှင့် အစမ်းခန့် ဆရာတစ်ယောက် ဆွန်းမိုရှေ့ကို လာရပ်ကာ

"ဆွန်းမို၊ မင်းအကြောင်းကို ကြားနေတာကြာပြီ မင်းဆီက လမ်းညွှန်ချက်ကို တောင်းချင်တယ်"

ဆန်ချင်သည် ဆွန်းမိုကို တည့်တည့်ကြည့်ကာ ပြောလိုက်သည်။ သူ၏စကားက နှိမ့်ချသည့် အဓိပ္ပာယ်ဖြစ်သော်လည်း သူ့ပုံစံက ဒေါသနှင့် ပြည့်နေသည်။

ထိုအချိန်တွင် စကြံ့တွင် အစမ်းခန့်ဆရာ၃ဂလောက် ကြိတ်ကြိတ်တိုးနေသည်။ တချို့ကလည်း ကျောင်းခေါင်းဆောင်တွေ သူတို့ကို မှတ်မိစေချင်သောကြောင့် ဆန်ချင်နှင့်

အတွေးတူနေသည်။ သူတို့သည် ဆွန်းမိုကို တက်နင်းဖို့ ချေနင်းတုံးအဖြစ် သုံးချင်နေကြသည်။

"တောက် ငါ့အခွင့်အရေးကို လုယူသွားပြီ"

ရုပ်ဆိုးသော အစမ်းခန့်ဆရာသည် စိတ်ဓါတ်ကျသွားသည်။

အစောပိုင်း အစည်းအဝေးပွဲတုန်းက ကျန်ဟန်ဖူသည် ဆွန်းမို ကြောင့်ဒေါသထွက်နေပြီး အရမ်းကို စိတ်အနှောက်အယှက် ဖြစ်နေမှာ သေချာသည်။

ဆွန်းမိုကို တိုက်ခိုက်ရိုက်နှက်ပြီး သင်ခန်းစာပေးလိုက်ပါက အဲဒီလူက ကျန်ဟန်ဖူ၏ အထင်ကြီးလေးစားမှုကို ရနိုင်သည်။

ထိုအစမ်းခန့် ဆရာများ၏ စွမ်းရည်သည် သာမန်သာ ဖြစ်သည်။ သာမန်နည်းလမ်းဖြင့် ပြိုင်ဆိုင်သွားပါက နေရာတစ်ခုရရန် အရမ်းကို ခက်လွန်းသည်၊ ထို့ကြောင့် ယုတ်မာသောနည်းကို တွေးလာကြသည်။

ကျန်ဟန်ဖူက ထွက်လာခဲ့သည်။ ဒါကို ကြားလိုက်တာနှင့် သူ့နောက်တွင် ရပ်နေသော ဖန်ဇိုဝမ် ကိုကြည့်လိုက်သည်။

“ငါပဲ ဖြစ်ပြန်ပြီလား”

ဖန်ဇိုဝမ်သည် တော်တော်လည်း စိတ်ပျက်နေသည်။ (အဲဒီလို လုပ်ခိုင်းတာ ရပ်လိုက်ပါတော့။ ကျွန်တစ်ယောက်လို ခံစားနေရသည်။ ဒါတောင်မှ သူဆက်ပြောလိုက်ရသည်။

"အကြိတ်အနယ် ယှဉ်ပြိုင်ကြပေါ့ ဘယ်လိုလဲ။ ဒီလိုပုံစံနဲ့ဆို ဆရာဆွန်း၏ ဂုဏ်ကျက်သရေ ပိုပြီး တောက်ပြောင်လာနိုင်တာပေါ့" ဖန်ဇိုဝမ်က ပြောလိုက်သည်။

ကျန်ဟန်ဖူ အာရုံစိုက်နေတာကိုမြင်ပြီး ဆန်ချင် ပိုတောင်တက်ကြွလာပြီး ရဲတင်းလာသည်။ သူ့၏လေသံက လေးစားမှုတောင် မရှိတော့ဘဲ "ဆရာဆွန်း ကျေးဇူးပြုပြီး လမ်းပြပေးပါ"

အန်ရှီဝေတို့ လူတစ်စုလည်း ထွက်လာရင် ထိုမြင်ကွင်းကို တိုက်ဆိုင်စွာ တွေ့လိုက်သည်။

အချိန်အတန်ကြာတော့ စကြဲ့ရှိလူတိုင်း၏ အကြည့်များသည် ဆွန်းမိုဘက်ကို ရောက်သွားသည်။

ဆွန်းမိုသည် နတ်ဘုရားမျက်စိနှင့် ဆန်ချင်ကို ကြည့်လိုက်သည်။

....

ဆန်ချင် - အသက် ၂၁ နှစ်။

ကြံ့ခိုင်မှု - ၂၂ သာမန်။

ဉာဏ်ရည် - ၂၃ ပျမ်းမျှအောက်စံနှုန်း။

သွက်လက်မှု - ၂၂ သာမန်။

ဆန္ဒ ၂၀ - အသက်နှစ်ဆယ်တွင် အခက်အခဲများစွာကိုကြုံခဲ့ရသည်။ သူ့လက်ရှိအောင်မြင်မှုကို ရရန် သူ၏ ပင်ကိုယ်အရည်ချင်းကို အားကိုးသော်လည်း အနာဂတ်တွင် အောင်မြင်နိုင်ခြင်း မရှိနိုင်ဘူးလို့ တွက်ဆထားသည်။

ခံနိုင်ရည် - နေ့ပျို့ကြွခိုင်ပြီး တစ်ညကို ခုနှစ်ခါလောက်တော့ လုပ်နိုင်သည်။

အလားလာ - သာမန် အထက်။

မှတ်ချက် - ဖြတ်လမ်းကို အမြဲတွေးနေသူ။ သူ့အတွက်ကလွဲရင် ဘာကိုမှမတွေးဘူး။ ဆောင့်ကန်ပစ်လိုက်။

"စနစ် လူတွေကို အရမ်းမနိမ့်ပါနဲ့လား။ သူတို့ကိုဒီလို အကဲဖြတ်လိုက်ရင် ငါနိုင်သွားရင်တောင် ဘယ်လို ကျေနပ်ရမှာလဲ။

ဆွန်းမို ဆွံ့အနေသည်။ ဂိမ်းကစားရင် အမုန်းဆုံးကတော့ အမြောက်ခွံတွေကို သတ်ရတာပဲ။

"ဒါက ဆန်ချင်ရဲ့ အရည်ချင်းနဲ့ ပက်သက်ပြီး အကဲဖြတ်ထားတာပဲ။ ကျေးဇူးပြုပြီး သတိထားပါ။

သူတို့ရဲ့ စစ်မှန်တဲ့ ခွန်အားက မပျော့ညံ့ဘူး။ ဒီကိန်းဂဏန်းတွေကို ကြည့်ပြီး တိုက်ခိုက်ရေးစွမ်းရည်ကို အကဲဖြတ်ရင် မင်း ခံလိုက်ရမှာပဲ”

စနစ်က လေးနက်စွာ သတိပေးလိုက်သည်။

ပျမ်းမျှတန်ဖိုး အထက်ကိုရှိသည့် ဆရာတစ်ယောက်က ဘယ်လောက်နိမ့်ကျမှာလဲ။

ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် အထက်တွင် ဝိညာဉ်ပြုပြင်ခြင်း အဆင့်ရှိသည်။ ဆုံချက်

၁၀၈ခုကို ဖွင့်ပြီးနောက် သူတို့သည် သွေးလောင်ကျွမ်းခြင်းအဆင့်ကို ရောက်သည်။

ဒီအဆင့်တွင် လူ၏သွေးသည် လောင်ကျွမ်းလာပြီး အညစ်အကြေးများကို သန့်စင်လိုက်သည်။ ထို့နောက်တွင် လူတို့သည် သူတို့၏ သွေးမျိုးအရိုးနှင့် ခန္ဓာကိုယ်ကို မွမ်းမံကာ နတ်ဘုရားခွန်အား ကိုရကာ နတ်ဘုရာစွမ်းအားအဆင့်ကို ရောက်သည်။

သွေးလောင်ကျွမ်းခြင်းတွင် အဆင့်ခုနှစ်ဆင့်ရှိသည်။ ထိုအဆင့်တွေမှာ သူတို့၏ သွေးတွေကို

ခုနှစ်ကြိမ်လောင်ကျွမ်းကြပြီး တစ်ကြိမ်တိုင်းတွင် အရည်အသွေးပြည့်ဝသော ကူးပြောင်းမှုကို ခံယူရသည်။

"နားလည်လား"

အခုချိန်အထိ ဆွန်းမိုသည် သွေးကို တစ်ကြိမ်သာ လောင်ကျွမ်းထားရပြီး သူများကို နှိမ့်ချနိုင်သည့် အနေထားမရှိပါ။

"ဘာလဲ မတိုက်ရဲဘူးလား"

ဆွန်းမို ပြန်မပြောတာကို မြင်ရင် ဆန်ချင်က ခြေလှမ်းတစ်လှမ်း ရှေ့ကိုတိုးကာ နှိုးဆော်လိုက်ပြီး ဆွန်းမို မျက်နှာနားကို ကပ်လာသည်။

ဆွန်းမိုက နောက်ပြန် ဆုတ်လိုက်သည်။ သူလက်ကို ဆန့်ထုတ်ကာ သူ့နှာခေါင်းကို ပိတ်လိုက်ပြီး "ကျေးဇူးပြုပြီး ငါနဲ့ဝေးဝေး နေပေးပါ။ မင်းပါးစပ်က နံလွန်းတယ်"

"မင်း................."

ဆန်ချင် သေလောက်အောင် ဒေါသထွက်သွားသည်။ သူသာ အကျိုးကြောင်းကို မစဉ်းစားရင် ဆွန်းမိုက ပါးစပ်ပုတ် သွားနိုင်သည်။

“မင်းပါးစပ်နဲ့ တိုက်နေတာကို ရပ်ပြီး လက်တွေ့တိုက်စမ်းပါ”

ပြောင်းပြန်စိတ်ပညာက ရိုးရှင်းလွန်းသည်။

“ဆွန်းမို လူတော်တော်များက မင်းကို စောင့်ကြည့်နေကြတယ်။ မင်းထွက်တော့ မပြေးပါဘူးနော်”

ကျန်းရှန်က ဆွန်းမိုကို အရှက်ကွဲနေတာမြင်ပြီး စိတ်ချမ်းသာစွာ ရယ်နေလိုက်သည်။

(ငါက ပြေးချင်တယ်လို့ ဘယ်တုန်းက ပြောခဲ့လို့လဲ)

ဆွန်းမိုက "ဒီကောင် ပါးစပ်က ဒီလောက်နံတာတောင် တခြားသူကို ပြောခွင့် မပေးဘူး။ ဘာကောင်ကြီးတုန်းဟ"

"မင်းသာ ပါးစပ်နံတာ၊ မင်းတစ်မိသားစုလုံး ပါးစပ်နံတာ" ဆန်ချင်က မခံနိုင်ဘဲ ပြန်အော်သည်။

"ဆန်ချင် ဆွန်းမို က စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်နေတာ၊ သူ့လှည့်ကွက်ထဲ မဝင်နဲ့" ဖန်ဇိုဝမ်က သတိပေးလိုက်သည်။

ဆွန်းမိုကိုကြည့်ရတာ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိနေပါသည်။ မသိရင် ပင်ကိုယ်အရည်ချင်း မြင့်သူလို လုပ်နေသည်။

စိန်ခေါ်ပါက ဆွန်းမိုသည် နောက်မဆုတ်တတ်ပါ။ ထို့အပြင် အန်ရှီဝေလည်းရှိနေသည် ဘယ်လိုမျက်နှာနှင့် နောက်ဆုတ်ရမှာလဲ။

အချိန်အတော်ကြာအောင် သဘောမတူရတာက စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်ချင်လို့ပါ။

ဖန်ဖိုဝမ် စကားကိုကြားပြီး ပတ်ဝန်းကျင်က အစမ်းခန့်ဆရာများရင်ခုန်သွားသည်။ အရင်က ဆွန်းမိုကို အထင်းသေး နေသည့်သူများ သဘောထား ချက်ခြင်းပြင်လိုက်သည်။

"တကယ်လား ဟန်ဆောင်နေတာလား"

ကျန်းရှန်သည် မြတ်ဆရာတစ်ယောက် မှတ်ချက်ကို ခံစားလို့ မရဖြစ်နေသည်။

မြတ်ဆရာတစ်ယောက်ရဲ့ သုံးသပ်ချက်ကတော့ မမှားနိုင်ပါ။

အန်ရှီဝေလည်း စိတ်ဝင်စားမှု မြင့်တက်လာပြီး ငယ်ချစ်လေးအကြောင်းကို သိချင်လာသည်။

“မင်းဘယ်လောက်ပဲ စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်တိုက်ခိုက် မင်းရဲ့ တကယ်ခွန်အားကို မပြရင် အသုံးမဝင်ဘူး” ကူရှုပ်ရှင်းက နှုတ်ခမ်းကို ကွေးလိုက်ပြီး မှတ်ချက်ချလိုက်သည်။

ဆန်ချင်က စခဲ့သော်လည်း ဆွန်းမိုကို ပြန်ကြည့်သည့်အကြည့်သည် လေးနက်လာသည်။

ထို့အတူ ခုနတုန်းက စိတ်မရှည် ဖြစ်နေတာလည်း ပျောက်သွားသည်။

“ဆွန်းမို မင်းတိုက်မှာလား၊ မတိုက်ဘူးလား ပြောပါ။ လှည့်ကွက်တွေ ဘာတွေ လုပ်မနေနဲ့”

ဆန်ချင်က ရယ်ကာ ပြောလိုက်သည်။

“ ငါတို့ နေရာကို အဝေးကြီး လျှောက်ပြောင်း နေစရာမလိုဘူး ၊ သင်ကြားရေးအဆောက်အအုံရှေ့က ရင်ပြင်မှာပဲ တိုက်ခိုက်ပြီး ရိုးရိုးလေးပဲ ဆုံးဖြတ်ကြတာပေါ့”

ဆွန်းမိုက အေးအေးဆေးဆေး ပြန်ပြောလိုက်သည်။ သို့သော် သူ့မျက်လုံးများက ဖန်ဇိုဝမ်ကို စိုက်ကြည့်နေသည်။ ဒီလူ၏ ရည်ရွယ်ချက်ကို တစ်ချက်ကြည့်လိုက်သည်။ သူ၏ သုံးသပ်မှုကတော့ မဆိုးပါ။

ဖန်ဇိုဝမ် - အသက် ၃၁နှစ်။

သွေးလောင်ကျွမ်းခြင်း ဆင့်မအဆင့်။

ကြံခိုင်မှု - ၂၇ သင်၏ ထူခြားချက် မဟုတ်သော်လည်း သားရဲတစ်ကောင်ကို လက်ဖြင့်သတ်ရန် ပြဿနာ မရှိပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဉာဏ်ရည် - ၂၆ လုံလောက်ပါတယ်။ ဒါကလည်း ကြယ်တစ်ပွင့် မြတ်ဆရာဖြစ်ရသည့် အကြောင်းအရင်းပါ။

သွက်လက်မှု - ၂၉ - တော်တော်ကို မြန်သည် တိမ်နှင့် လတွေကို တောင် လိုက်နိုင်သည်။

ခံနိုင်ရည် - ရက် ၃၀ တစ်ပတ်လုံး အလုပ်ဆက်တိုက် လုပ်နေရင်တောင် ပြဿနာမရှိပါ။

အလားလာ - ပျမ်းမျှအထက်။

မှတ်ချက် - စိတ်ထဲမှာ စိတ်ညစ်စရာတွေများနေသည်။ မင်းရဲ့အတွေးကိုဖြူစင်အောင်ထားနိုင်ရင် မင်းရဲ့ချို့ယွင်းချက်အရင်ကတည်းက ပျောက်သွားနိုင်သည်။

....

ဆွန်းမိုသည် အချက်အလက်များကို ခွဲခြမ်းလေ့လာနေသည်။ ခံနိုင်ရည်အမှန် သန်မာသည့် ဖန်ဇိုဝမ်နှင့် တိုက်ခိုက်မည်ဆိုပါက ရေရှည်တိုက်ပွဲ ရှောင်ရမည်။

"စနစ် ဉာဏ်ရည်က ဉာဏ်ရည်ထက်မြတ်မှု မြင့်တက်တာကို ညွှန်ပြနေတာ မဟုတ်လား"

ဆွန်းမို သုံးသပ်နေသည်။ ကျင့်ကြံခြင်း အောင်မြင်မှုကြောင့်သာ ဉာဏ်ရည်ထက်မြတ်လာမည် ဆိုပါက ဒီကလူတိုင်းသည် အိုင်းစတိုင်းထက် ပိုပြီး ဉာဏ်ကောင်းနေကြမည်။

"ဟုတ်တယ်။ ဒီနေရာမှာ ဉာဏ်ရည်ကို နားလည်နိုင်စွမ်းလို့ နားလည်ထားပါ။ ဦးနှောက်ဖွံ့ဖြိုးမှုကို ကိုယ်စားပြုတယ်။

လူတစ်ယောက်ရဲ့ ဦးနှောက် ပိုပြီး ဖွံ့ဖြိုးလာလေ သူတို့၏ မှတ်ဉာဏ်၊ နားလည်မှု၊ ခွဲခြမ်းစိတ်ဖြာသည့် မြန်နှုန်း စသည်တို့ မြင့်တက်လာလေလေဖြစ်တယ်။ IQကို ရည်ညွှန်းတာ မဟုတ်ဘူး”

“ဉာဏ်က ခွန်းအားနှင့် မတူဘူး၊ မင်းရဲ့ ခွန်းအားကို လွယ်လွယ်ကူကူ အသုံးချနိုင်ပေမယ့် မင်းရဲ့ ဉာဏ်စွမ်းရှိသလောက် အားထုတ်ဖို့ လွယ်မှာ မဟုတ်ဘူး။ အဲဒီအတွက်ကို အရည်ချင်းလိုသေးတယ်”

ဆွန်းမို နားလည်သွားသည်။ သူ့သမိုင်းမှာ အိုင်းစတိုင်းလို IQ အဆင့်ရောက်သည့် သူတွေအများကြီး ရှိပါသည်။ ဒါပေမယ့် သူတို့၏ အောင်မြင်မှုသည် အိုင်းစတိုင်းလောက် မရှိကြပါ။ ဘာကြောင့်ဆို သူတို့၏ ဉာဏ်ရည်အဆင့်ကို ထုတ်မသုံးနိုင်သောကြောင့်ဖြစ်သည်။

တချို့ လူများအတွက် ဉာဏ်ရည်မြင့်သော်လည်း သူတို့သည် အလယ်အလတ်သာ ဖြစ်နိုင်သည်။

ဖန်ဇိုဝမ်သည် သွေးလောင်ကျွမ်းခြင်း ဆင့်၅မအဆင့်ကို ရောက်နေသည်။ သူ့ကျင့်ကြံခြင်းမှာ

မြင့်မားခြင်းမရှိသော်လည်း သိုင်းပညာကိုသာ လေ့လာလိုက်စားသည့် သိုင်းဆရာများနှင့် မတူတာကို သိထားရမည်။ သူတို့ကျင့်ကြံနေတာကို အာရုံစိုက်နေသ၍ ကောင်းပါသည်။ ဒါပေမယ့် သူတို့လည်း မရပ်မနား လေ့လာပြီး သူတို့၏ အထူးပြုချက်ကို စေ့စေ့စပ်စပ် လေ့လာရပါမည်။ အဲဒါတောင် အချိန်အများကြီး ယူရပါသည်။

သို့သော်လည်း မြတ်ဆရာတစ်ယောက်၏ အဆင့်အတန်းသည် ကျင့်ကြံသူများထက် ပို မြင့်မြတ်သည်။ လေးနက်သော အသိပညာကို

ဖယ်ထားလိုက်အုံး သူတို့၏ အသိပညာ ဖြန့်ဝေပေးခြင်းနှင့် အခြားသူများကို ပညာပေးခြင်းကြောင့် သူတို့သည် လေးစားမှုနှင့် ကြင်နာမှုကို လက်ခံရန် လုံလောက်သည်။

ကေရာဇ်များ၊ ဘုရင်များ၊ စစ်ဗိုလ်ချုပ်များ၊ ဝန်ကြီးများ၊ ဓါးသူရဲကောင်းများနှင့် သူတော်စင်များတောင် မျိုးဆက်လူငယ်များ ရှိကြသည်။ သူတို့၏ မျိုးဆက်များအတွက် မြတ်ဆရာများ၏ လမ်းညွှန်မှုကို လိုအပ်သည်။ သူတို့၏ မျိုးဆက်များက နယ်ပယ်အတူတူတွင်

ပါရမီ မပါခဲ့ရင် သူတို့၏ မျိုးဆက်များကို ဝိညာဉ် တက်တူးသခင်များ၊ သားရဲသခင်များ ဖြစ်လိုရင်တော့ မြတ်ဆရာများကို လိုအပ်သည်။

ဒင်!

“တာဝန်အသစ် ထုတ်ပြန်သည်။ ဆန်ချင်ကို အနိုင်ယူပါ။ ဆုလာဒ် - အနက်ရောင် ရတနာသေတ္တာတစ်လုံး”

စနစ်က ဆွန်းမိုအတွက်ကို ထောက်ပံ့ပေးလိုက်သည်။

အခုချိန်တွင် သင်ကြားရေး အဆောက်အအုံရှေ့တွင် လူ၅၀၀ ကျော်လောက် စုရုံးနေသည်။ ဆူသံများကိုကြားတော့ ကျောင်းသားအချို့လည်း ရောက်လာသည်။

“ဆွန်းမို မင်း ဘာလက်နက် သုံးမှာလဲ”

ဒီနှစ်ခေါင်းဆောင်ဖြစ်သည့် လင်ကျိုက ဒိုင်လူကြီး လုပ်သည်။

“ဒါကို သုံးမယ်”

ဆွန်းမိုက လက်ထဲမှာ ဆုပ်ကိုင်ထားသည့် သစ်သားဓါးကို ပြလိုက်သည်။

"ဆွန်းမို မင်း ပိုကောင်းတဲ့ လက်နက်ကို ပြောင်းလိုက်ပါ။ နောက်မှ မင်းနစ်နာရင်ငါ့ကို အပြစ်လာမတင်နဲ့"

ဆန်ချင်ကတော့ နှစ်ပေကျော်လောက် ရှည်သည့် ဓါးအရှည်ကို ထုတ်ယူလိုက်သည်။ နေရောင်အောက်တွင် အအေးဓါတ်များ ပျံ့လာသည်။

"မလိုပါဘူး"

ဆွန်းမိုက ဂရုမစိုက်ပါ။ ဘာကြောင့်ဆို အရင်ကလည်း ဘာလက်နက်ကိုမှ မသုံးဖူးပါ။ ထို့ကြောင့် သူနှင့် ရက်အတော်ကြာ အတူရှိနေသည့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သစ်သားခါးကိုသာ ရွေးချယ်လိုက်သည်။ ဒါလည်းတော်တော်လေးကို အဆင်ပြေပါတယ်။

ပြီးတော့ ဒါက ဝိညာဉ်လက်နက်လည်းဖြစ်သည်။

အန်ရှီဝေသည် သူ့ကို သတိပေးမလို့ တစ်ခုခု ပြောချင်သော်လည်း သူမတွန်းအားပေးရတာကို ငြီးငွေ့လာသည်။ (ထားလိုက်တော့၊ သူ့ကို ထိခိုက်မိတော့မှဘဲ ရှေ့ထွက်ပြီး တားလိုက်မယ်)

"မင်းတို့နှစ်ယောက် အဆင်သင့် ဖြစ်ပြီလား"

လင်ကျံုသည် ထိုသို့ပြောပြီးရင် ရင်ပြင်ကနေ ဆုတ်ပေးလိုက်သည်။

"ဆန်ချင် သွေးလောင်ကျွမ်းခြင်း ဒုတိယအဆင့်။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

ဆန်ချင်က ယုံကြည်မှု အပြည့်နှင့် ပြောလိုက်သည်။ ကျန်ဟန်ဖူသည် လူအုပ်ထဲတွင်ရှိနေသောကြောင့် စိတ်လှုပ်ရှားနေသည်။ ဆွန်းမိုကို အနိုင်ယူပြီးရင် ကျန်ဟန်ဖူ၏ အလေးထားမှုကို သေချာပေါက် ခံရတော့မည်။

"ဆွန်းမို၊ သွေးလောင်ကျွမ်းခြင်း ပထမအဆင့် ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

ဆွန်းမို ဒီလိုပြောဖူးတာ ပထမဆုံးပါ။ အနည်းငယ်ထူးဆန်းပြီး စိတ်မကောင်းဖြစ်မိသည်။ သူ့ရဲ့ ပထမဆုံးပြိုင်ဘက်က မျက်နှာပေါ်တွင် အမည်းစက်တွေ အများကြီး ရှိတဲ့ လူတစ်ယောက်ပါ။ မှတ်မိဖို့ မထိုက်တန်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၆၅)။ ။ နှိပ်စက်ခြင်း၊ နတ်ဘုရားကျွမ်းကျင်မှု။

သူတို့နှစ်ယောက်၏

ကျင့်ကြံခြင်းအဆင့်ကိုကြားပြီး ပရိတ်သတ်များက

တိုးတိုးလေး ဆွေးနွေးနေကြသော်လည်း သိပ်တော့ မထူးဆန်းပါ။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် ကျင့်ကြံခြင်း အခြေခံအားဖြင့် အဆင့်ငယ်သုံးဆင့်ထက် မကျော်ပါက သူတို့နှစ်ယောက်သည် တိုက်ပွဲများကို ဆက်ပြီးတိုက်နိုင်သည်။

တကယ်လို့ပိုပြီး မြင့်မားပါက တိုက်ခိုက်ရေး သမားတစ်ဦးသည် ဘယ်နည်းစနစ်ကိုမှ သုံးစရာ မလိုတော့ဘဲ ခွန်အားဖြင့်သာ နိုင်နေပြီး တိုက်ခိုက်လို့လည်း အဓိပ္ပာယ်မရှိပါ။

ဆန်ချင်သည် အလွန်ကို ယုံကြည်နေသည်။ ဆွန်းမိုသည် ပထမအဆင့်သွေးလောင်ကျွမ်းခြင်း အဆင့်သာ ရှိသေးကြောင်း သိလိုက်ရင်ပိုပြီးတောင် ယုံကြည်ချက် ကောင်းလာသည်။ သူသည် ကျွမ်းကျင်မှုကို ပြသပြီး ဆွန်းမိုကို ဓါးဖျားလေးနှင့် လှုပ်ယမ်းပစ်လိုက်မည်။

"ဆရာဆွန်း မင်းအရင်တိုက်ပါ"

ရှန်ယွန်ပေါင်သည် တိုက်ပွဲကို အရမ်းစိတ်ဝင်စားနေသည်။ ဆွန်းမို အမည်ကိုကြားပြီး

အခြေအနေကို မြင်လိုက်ရင်သူသည် လူအုပ်ကြားကို အတင်းတိုးဝင်လာသည်။

“မင်းအရင်လုပ်ပါ”

ဆွန်းမိုက နိမ့်ချစွာ ပြန်ပြောလိုက်သည်။ ဆန်ချင် စတိုင်ပေးထားတာကို စိတ်ထဲက ချီးကျူးလိုက်သည်။ နတ်ဘုရားမျက်စိကနေ တစ်ဆင့် ဆန်ချင်သည် ဝိညာဉ် ပြိုကွဲခါးကျင့်စဉ်ကို ကျင့်ကြံနေပြီး ခုခံရာတွင် ကျွမ်းကျင်ကြောင်း သိရှိထားသည်။

ဆိုလိုသည်မှာ ဆန်ချင်၏တိုက်ပွဲ နည်းစနစ်တွင် ခုခံခြင်းပြီးမှ တိုက်ခိုက်ခြင်းပါဝင်နေသည်။ ဆွန်းမို အရင်တိုက်လိုက်ပါက ဆန်ချင်သာ အကျိုးရှိသွားမည်။

"ဆွန်းမို ငါ့ကျင့်ကြံမှုက မင်းထက်မြင့်တယ်။ မင်းအရင်တိုက်ပါ"

ဆန်ချင် ရယ်မောကာ သဘောထားကြီးသလိုလို ပြောလိုက်သည်။

"ဟုတ်ပါပြီ မင်းက ခုခံမှုမှာ ကျွမ်းကျင်တယ်ဆိုတာ ဘယ်သူကိုမှ

မပြောပါဘူးကွာ” ဆွန်းမိုက ပြတ်ပြတ်သားသား ပြောလိုက်သည်။

အာ

အော်သံထွက်လာသည်။

ဆန်ချင် မျက်နှာအပေါ်က အပြုံးလည်း ပျောက်သွားပြီး စိတ်ထဲကနေ လန့်သွားသည်။ ဒီကောင် ဒါကို ကောင်းကောင်းသိနေတာလား။ သူ့ကို စိုက်ကြည့်ရုံဖြင့် ဘယ်သူမှ မပြောနိုင်ပါဘူး။

ဆွန်းမိုသည် မြတ်ဆရာ တစ်ယောက်လည်း မဟုတ်ပါဘူး။ သူ့သုံးသပ်ချက်က ဒီလောက်ကောင်းနိုင်ပါ့မလား။

ဆန်ချင်သည် ဆွန်းမိုကို ဘယ်လိုငြင်းရင်ကောင်းမလည်း စဉ်းစားနေချိန်မှာ ဆွန်းမိုက တိုက်ခိုက်လာသည်။ ဆွန်းမို၏ တိုက်ခိုက်မှုသည် စူးရှသော မြားတစ်စင်းလိုပါပဲ။ ဒင်

သစ်သားခါးနှင့် လျှင်မြန်သော ခါးတို့ တိုက်မိသည်။

"လည်လိုက်တာ"

ကူရှုပ်ရှင်း၏ နှုတ်ခမ်းများတုန်သွားသည်။ ဆန်ချင်ဖြစ်သွားသော အမူအရာအရ ဆွန်းမိုပြောတာမှန်ကြောင်း သူမသိသွားသည်။ သို့သော်လည်း ဆွန်းမိုသည် အရင်ပဲတိုက်ရရ နောက်မှပဲတိုက်ရရ ဂရုမစိုက်ပါ။ တစ်နည်းပြောရရင် ဆွန်းမိုသည် ခုနက စကားကိုပြောပြီး အာရုံလွင့်အောင်လုပ်လိုက်ကာ ခိုးကြောင်ခိုးဝှက် တိုက်ခိုက်လိုက်သည်။

"ဟင်၊ လှည့်ကွက်လေးတစ်ခုပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂေါင်ပန်ကတော့ အထင်သေးစိတ်နှင့် ပြည့်နေသည်။

ကျန်လန်၏မျက်နှာကတော့ အမူအရာကင်းမဲ့နေသည်။

အစပျိုးတိုက်ခိုက်ခြင်းကို အောင်မြင်အောင်လုပ်ပြီး ဆွန်းမို၏ သစ်သားခါး အရိပ်များသည် ဆန်ချင်ကို ဖုံးအုပ်နေကာ ဆန်ချင်ကို ဟာကွက်များ ဖြစ်ပေါ်စေသည်။

ဆွန်းမိုတစ်ကိုယ်လုံးတွင် ခုနစ်နှစ်လောက်ကျင့်ကြံထားသော ပြင်းထန်မိုး

ဓါးနည်းစနစ်က သူ့ဗီဇတွင် ပေါင်းစပ်သွားသည်။ ထို့ကြောင့် ဆွန်းမိုသည် ထိုဓါးကျင့်စဉ်ကို လွယ်လွယ်ကူကူ ထုတ်သုံးနိုင်သည်။

ဆန်ချင်သည် ပထမအကျော့ အားသာချက်ကို ဆုံးရှုံးပြီးနောက် စိတ်လှုပ်ရှားနေသည်။ နောက်ဆုံးတွင် အနည်းငယ်သော ထိုးနှက်ချက်များကြောင့် ဒဏ်ရာရလာသည်။ ဆွန်းမို၏ တိုက်ခိုက်မှုမှာ ခွန်းအားလုံး၀ မပါပါ။

(ငါ့ကို လွယ်လွယ်နှင့် မနိုင်ဘူးကွ)

ဆန်ချင်သည် ယုံကြည်မှုများ ပြန်ရလာသည်။ သူကတိုက်ခိုက်ရန် အမြန်မလိုဘဲ ဆွန်းမိုကို တစ်ချက်တည်း အနိုင်တိုက်နိုင်ရန် ချက်ကောင်းစောင့်နေသည်။

ဟုတ်လား၊ မင်းရိုးရိုးရှင်းရှင်းနိုင်ချင်တာလား။ ငါကလှလှပပအနိုင်ယူပြမယ်။

ကျောင်းသားအများစုလည်း ပွဲကောင်းကြည့်ရန် စုဝေးလာသည်။ သို့သော်လည်း ကျောင်းခေါင်းဆောင်များကသာ ဘယ်သူက အနိုင်ရပြီး ဘယ်သူက ရှုံးနိမ့်လည်းဆိုတာကို

ဆုံးဖြတ်ပေးနိုင်သည်။ ဒါကြောင့် သူတို့ထောက်ခံတဲ့ဘက်ပေါ်မူတည်ပြီး သူတို့မျက်နှာပြောင်းနေသည်။

"သူက စကားကောင်းတာကလွဲရင် ဘာမှသုံးမရပါဘူး၊ အမှိုက်ပါကွာ"

ကျန်ဟန်ဖူသည် ဆွန်းမိုက အရမ်းအားနည်းမယ်လို့ မထင်ထားခဲ့ပါ။ သူ့ရဲ့ ပြင်းထန်မိုး ဓါးသိုင်းက မဆိုးပါဘူး။ ဒါပေမယ့် အဲဒီအပေါ်ကိုမူတည်ပြီး အနိုင်ရချင်တယ်ဆိုရင်တော့ အဝေးကြီးပါ။

ကျန်ဟန်ဖူသည် ဆွန်းမို ရှုံးမည့်အချိန်ကိုစောင့်ရင်း ရင်ဘက်ပေါ်မှာ လက်ပိုက်ထားသည်။ ဆန်ချင်လည်း သူ့ရည်ရွယ်ချက်ကို နားလည်သည်။ သို့သော်လည်း ကျန်ဟန်ဖူ၏ အလေးထားမှုကို ရရန် မလွယ်ပါ။ သေချာပေါက် အသုံးဝင်မည်ဆိုပါက ဆွန်းမိုလက်နှင့် ခြေထောက်ကို ဖြတ်ရန် ဆုံးဖြတ်လိုက်သည်။

ဒါပေမယ့် အန်ရှီဝေကတော့ သေချာပေါက် တားမှာပါ။

ကျန်ဟန်ဖူကလည်း အန်ရှီဝေကို စောင့်ကြည့်နေသည်။ သူ့ကိုတားရန် ဖြစ်သည်။

တနည်းဆိုရသော် သူ့ဒေါသ ဖြေဖျောက်နိုင်ရန် ဆွန်းမို ဒုက္ခိတ ဖြစ်ရမည်။

ဒီသုံးနှစ်အတွင်းမှာ သူ့ကို ဘယ်သူမှ ဒီလို စကားမျိုး မပြောရဲကြပါ။ ဆွန်းမိုသည် သူ့မောက်မာမှုအတွက် ပေးဆပ်ရမည်။

လင်ကျုံလည်း မသိမသာ ခေါင်းခါလိုက်မိသည်။ ဆွန်းမိုနိုင် နိုင်ခြေမရှိပါ။

ရိုးရိုးပြောရရင် ရှန်ယွန်ပေါင်လည်း ဒီအခြေအနေကို မြင်လိုက်တော့ နည်းနည်း စိတ်ပျက်သွားသည်။ ဆွန်းမို၏အမူအရာက

ဘယ်လောက်ဘဲ ခံနိုင်ရည် ရှိပါစေ။ သူ့ခွန်အားက ဒီလောက်ဆိုရင် မလုံလောက်ပါ။

အန်ရှီဝေကတော့ ဘာမှမပြောပါ။ သူမ ဘာကိုတွေးနေလဲဆိုတာ ဘယ်သူမှ မသိပါ။

ပရိတ်သတ်များလည်း ငြိမ်သက်သွားကာ လက်နက်ခြင်း ထိခိုက်သံများကိုသာ ကြားနေရသည်။

"ဒါက တိုက်ပွဲဝင်တဲ့ ခံစားချက်လား"

ဆွန်းမို့ဇ၏နှလုံးသည် ထိန်းမနိုင်သိမ်းမရ တုန်ခါသွားကာ စိတ်ထဲတွင် စိတ်လှုပ်ရှားမှု

တစ်ရပ်ပေါ်လာသည်။ ထိုစိတ်လှုပ်ရှားမှုအာရုံသည် သူတစ်ကိုယ်လုံးကို ပြန့်သွားပြီး ခေါင်းနောက်က မြည်ဟီးလာသလို ဖြစ်လာသည်။

ယောက်ျားတစ်ယောက်အနေနှင့် ဘာလို့ တိုက်ပွဲကို မချနိုင်ရမှာလဲ။

အရင်ကဆွန်းမိုသည် ဂိမ်းများ ရုပ်ရှင်များက တဆင့်သာ တိုက်ခိုက်ခြင်းကိုခံစားပြီး ပျော်ရွှင်မှုကို ခံစားခဲ့ရသည်။ ဒါပေမယ့် အခုတော့ ကိုယ်တိုင်ကိုယ်ကျ ခံစားနေရပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြိုင်ဘက်၏ ခါးချွန်အစွန်းက သူ့နှာခေါင်းနား ဖြတ်သွားရင်းဖြင့် သေခြင်းတရားကို ခံစားမိသည်။ လက်နက်များ ထိပ်တိုက် ထိတွေ့ခြင်းကြောင့် သံတွေခြင်းထိရိုက်သံများကြောင့် နားများအူလာကာ သူ၏ စိတ်မီးတောက်များ ပေါက်ကွဲလာသည်။

"အမှန်ပဲ ဒီခံစားချက် အတိအကျပဲ"

အကြံအစည်များကို ဂရုစိုက်စရာ မလိုဘူး၊ လူချင်းချင်း ဆက်ဆံရေးကို ထိန်သိမ်းဖို့လည်း အားစိုက်စရာ မလိုဘူး။ အရာအားလုံးကို တိုက်ခိုက်ပြီး ဖြေရှင်းနိုင်သည်။

ရိုးရှင်းတယ်။

သန့်စင်တယ်။

လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး နေနိုင်တယ်။

ထိုအချိန်တွင် ဆွန်းမိုသည် မကြုံစဖူး လွတ်လပ်သော ခံစားမှုကို ရနေသည်။

သူ၏ သစ်သားဓါးနှင့် သူ၏ အမြင့်ဆုံးသော ကျင့်ကြံခြင်းကျင့်စဉ်သည် သူ၏ အဓိက ပိုင်ဆိုင်မှုဖြစ်သည်။ (ဘာလဲ။ မင်းက မယုံဘူးလား ၊ မင်းမလုပ်မခြင်း ငါရိုက်မယ်)

ခဏလောက် လွတ်သွားပြီးနောက် ဆွန်းမိုသည် သူ့အာရုံကို ပြန်ရခဲ့သည်။ ရယ်မောရင်း အမဲစက်နှင့် ပြည့်နေသော ဆန်ချင်မျက်နှာကို စိုက်ကြည့်လိုက်သည်။

သူ၏ ပုလဲရောင်သွားများသည် တောက်ပလွန်းသောကြောင့် ဆန်ချင်၏ မျက်လုံးများ မှိန်သွားသည်။

"မင်း ဘာရယ်တာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆန်ချင် စိတ်ပျက်သွားသည်။ (မင်းရဲ့ ခွန်အားမျိုးနဲ့ဆိုရင် မင်းကို သုံးယောက်ပေးပြီး တိုက်နိုင်တယ်)

ဆွန်းမို၏ ရယ်သံကြောင့် ဆန်ချင်လည်း မစောင့်တော့ဘူးလို့ ဆုံးဖြတ်လိုက်သည်။ သို့သော် သူလက်တုန့်ပြန်ဖို့ လုပ်လိုက်သည့်အချိန်တွင် ဆွန်းမို၏ တိုက်ခိုက်မှုများ ရုတ်တရုတ် ပြောင်းလဲသွားသည်။

လုပသော ရှု (လှုပ်ရှားခြင်းနည်းစနစ်)

ရေနဂါး ဟောက်သံ

ရွတ် ရွတ် ရွတ်

ဆွန်းမို၏ လှုပ်ရှားမှုသည် ကြည့်ကောင်းလာပြီး သဘာဝကျလာသည်။ သူ့သစ်သားဓါးများ ခုတ်ထစ်လိုက်သည့်အချိန်တွင် သူ၏တိုက်ခိုက်မှု

တစ်ခုခြင်းဆီက ဟိန်းဟောက်သံများ ထွက်နေသည်။

အမိန့်စကား ဆယ့်ရှစ်လုံး။

ဖုန်း ဖုန်း ဖုန်း

သစ်သားဓါး၏ တိုက်ခိုက်မှုသည် ပိုမို မြန်ဆန်လာပြီး ဆန်ချင်ကို တိုက်ခိုက်လာသည်။

ဆန်ချင်လည်း သူ့အပေါ်ကို ဖိအားတိုးလာတာ ခံစားလာရပြီး လက်တုံ့ပြန်ချိန်တောင် မရဖြစ်နေသည်။

"ဘာ"

ပထမဆုံး တုန့်ပြန်လိုက်တာက ကျောင်းခေါင်းဆောင်တွေပါ။ ဖန်ဇိုဝမ်နှင့် ကျန်ဟန်ဖူလည်း ဆွန်းမိုကို စိုက်ကြည့်ရင်း အံ့သြပြီး မျက်လုံးပြူးနေသည်။

"ဒါက ဘာကျင့်ကြံခြင်း ကျင့်စဉ်လဲ" ကျန်ဟန်ဖူ မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။

အန်ရှီဝေလည်း အံ့ဩပြီး လေးစားနေသည်။ ငယ်စဉ်ကပင် ချစ်ခဲ့ရသူက ဘယ်လောက်တောင် စွမ်းအားကြီးတဲ့ ကျင့်စဉ်ကို တတ်မြောက်နေတာလဲ။

လက်ရှိအချိန်တွင် ဆွန်းမို၏ ခါးသည် တောက်ပြောင်နေကာ အဆက်မပြတ် တိုက်ခိုက်နေသည်။ သူသည် စုတ်တံဖြင့် စာရေးချယ်နေသည့် လက်ရေးလှပဟန်ကို ညာဏ်အလင်းပွင့်နေသည့် လူတစ်ယောက်လို ဖြစ်နေသည်။

သူ၏ အပြာနုရောင်ဝတ်စုံက လေထဲတွင် ညင်သာစွာ လွင့်ပျံနေပြီး မသေနိုင်သော ဝိညာဉ်ချီ ဖြင့်ပြည့်နေသည်။

အမ်

ကူရှုပ်ရှင်းနှင့် ကျန်းလျန်တို့နှစ်ယောက်လုံး ပါးစပ်က အာမေဋိတ်သံများ ထွက်လာသည်။ ဆွန်းမိုက ဘာလို့ ရုတ်တရုတ် ဒီလောက်စွမ်းလာတာလဲ။

ပရိတ်သတ်များ မြင်လိုက်ရတာက ဆွန်းမိုသည် ဆန်ချင်ကို အပြင်းအထန် တိုက်ခိုက်နေသည်။

သို့သော်ဆွန်းမို မျက်လုံးထဲတွင် နောက်ထပ် အမြင်တစ်မျိုး ဖြစ်နေသည်။

သူ့သစ်သားဓါးနှင့် ဆန်ချင်၏ ကိုယ်ကိုထိလိုက်သည့် အခါတိုင်း ဆန်ချင်၏ ခေါင်းက ခြိမ်းခြောက်သံများ ထွက်လာပြီး ရွှေရောင်မျက်နှာ ဖုံးကို ထုတ်လွှတ်နေသည်။ တချိန်တည်းမှာပင် ရွှေရောင် စာမျက်နှာတစ်ခု ပေါ်လာသည်။

ထိုရွှေရောင်စာမျက်နှာများသည် အလွန် သိမ်မွေ့ပုံရသည်။ ၎င်းတို့သည် အမွေးများကဲ့သို့ ပေါ့ပါးကာ လေထဲတွင် ဝဲနေကြသည်။

"ငါရဲ့ နတ်ဘုရားအစွမ်းက အရမ်းမိုက်တယ်"

ဆွန်းမို စိတ်ထဲက ချီးကျူးလိုက်သည်။ ဒါက ဆွန်းမိုသာ ပိုင်ဆိုင်သည့် အဆုံးစွန်ဆုံး ထူးခြားသည့် ရှေ့ဟောင်းလောကနတ် ကျင့်စဉ်ဖြစ်သည်။

ထိုနတ်ဘုရားအစွမ်းကို ထိမှန်ပြီးနောက် ၊ ပစ်မှတ်၏ ခေါင်းက ကျင့်ကြံချင်း ကျင့်စဉ်ကိုဖော်ပြသည့် စာမျက်နှာတစ်ခု ထွက်ပေါ်လာမည်။

အခြေခံအဆင့် ကျွမ်းကျင်မှုသာ ရှိသေးသောကြောင့် စာမျက်နှာတစ်ခုစီတွင်

အကြောင်းအရာ အလွန်နည်းပါးပြီး ၎င်းတို့အားလုံးသည် ကျင့်စဉ်တစ်ခုထဲက မဟုတ်ပါ။ ဆန်ချင်သည် ဘာမှ ပြန်မလုပ်နိုင်ဘဲ ဆက်ပြီး ခုခံနေရသည်။

"အခုကော ဘယ်လို ခံစားရလဲ"

ဆွန်းမိုက မေးလိုက်ပြီးနောက် လက်ကောက်ဝတ်ကို လှုပ်ရှားလိုက်သည်။ သစ်သားဓါးသည် မြွေတစ်ကောင်လို ရွေ့လျားသွားပြီး ကွေ့ပတ်ကာ ဆန်ချင် နှုတ်ခမ်းကို ထိုးလိုက်သည်။

ရွှတ်

ဓါးအဖျားက အလင်းတန်းတစ်ခုလို ဝင်လာတာ မြင်လိုက်ရင် ဆန်ချင်သည် အလွှန်လန့်သွားကာ ခြေဖျားလက်ဖျားများ အေးစက်သွားသည်။။။ သူတို့ကြားတွင် ဝေးကွာရန် နောက်ကို အမြန်ဆုတ်လိုက်သည်။

ဆွန်းမိုကလည်း သားရဲကြီး တစ်ကောင်လို ထိုးတက်သွားသည်။ သူ့လှုပ်ရှားမှုကြောင့် ဆန်ချင်သည် ဖိအားတိုးလာပြီး ရွေ့လျားမှုက မြေကြီးနှင့် ပွတ်တိုက်ကာ မြေစိုင်ခဲများ ဖုန်များ ထွက်လာသည်။

ညနက်ချိန်တွင် ငိုနေသောကျီးကန်း

ဆောင်းဦးအလင်း

ရှတ်

ဆွန်းမိုက သစ်သားဓါးနှင့် ဖြတ်ခုတ်လိုက်သည်။ ထိုအချိန် ဆန်ချင်၏ အမြင်တွင် အနက်ရောင် သစ်သားဓါးက ကောင်းကင်တစ်ခုလုံးကို ဖုံးသွားပြီး မှောင်မိုက်သော ကမ္ဘာတစ်ခု ဖန်တီးပေးလိုက်သည်။ (မျက်လုံး အမှောင်ကျသွားတယ်လို့ ရေးလိုက်ရင် ပြီးနေတာကို)

နောက်တစ်ချက်ကတော့ သူ့ကိုယ်ကို လေထဲ လွင့်နေတယ်လို့ ခံစားရသည်။ ရင်ဘက်က တော်တော် နာကျင်လာသည်။

ဘိုင်း

ဆန်ချင်သည် မြေပေါ်ကို လဲကျသွားပြီး ပါးစပ်က သွေးချောင်း ဆိုးနေသည်။ လူတိုင်း လုံးဝကိုတိတ်ဆိတ် သွားသည်။ ကျောင်းသားတွေ မပြောနှင့် ဆရာတွေတောင် ဆွန်းမို လွယ်လွယ်နှင့် နိုင်သွားလိမ့်မယ်လို့

မထင်ထားခဲ့ပါ။

“ဘယ်လို ဖြစ်နိုင်မှာလဲ”

လိုဒီလည်း လျှော့ရသွားသည်။ ဆွန်းမို တကယ်ကြီး နိုင်သွားတာလား။

“ဒါက ဘယ်လိုကျင့်ကြံမှု နည်းစနစ်လဲ။ အရမ်းအစွမ်းထက်တယ်”

“ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး။ ဘယ်သူက နိုင်လည်းရှုံးလည်း စိတ်မဝင်စားဘူး။ အဲဒီအစား ဆွန်းမိုရဲ့ ကျင့်ကြံခြင်း ကျင့်စဉ်ကို ပို

သိချင်လာတယ်။ အဲဒါက နိုင်သွားတဲ့ သော့ချက်ပဲ”

“ အဲဒီ ဆရာက ဘယ်သူလဲ”

နောက်မှရောက်လာသော ကျောင်းသားများသည် ဆွန်းမိုကို မသိကြပါ။

“သူကဆရာဆွန်းမို”

တစ်ယောက်ယောက်က ပြန်ဖြေလိုက်သည်နှင့် အကြည့်များစွာက ဆွန်းမိုဆီကို ရောက်လာသည်။

အန်ရှိဝေကတော့ အံ့သြပြီး ကျေနပ်သည့် အပြုံးတစ်ခုနှင့် လက်ခုပ်တီးလိုက်သည်။ သူမ၏

ငယ်ရွယ်သောချစ်သူသည် သူ့ကို အလင်းရောင် တစ်ဖန် ပေးခဲ့သည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁

အန်ရှီဝေနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ (၃/၁၀၀)

စနစ်၏ အကြောင်းကြားချက်ကို ရပြီး ဆွန်းမိုသည် အန်ရှီဝေကို တစ်ချက် လှည့်ကြည့်လိုက်သည်။ အရမ်းကောင်းတယ်။ သူမက တည်ငြိမ်သောမျက်နှာနှင့် ခေါင်းညိ ှတ်

ပြလိုက်သော်လည်း စနစ်၏ အကြောင်းကြားချက်ကြောင့် သူမသည်ထင်သလောက် မအေးစက်ကြောင်းကို ဆွန်းမို သိလိုက်သည်။

“အန်ရှီဝေက ကြိုတ်ပုန်လေးလား”

ဆွန်းမိုက ထင်ကြေးပေးလိုက်သည်။

“ငါ့ရှုံးသွားတာလား၊ ငါလွယ်လွယ်နဲ့ ရှုံးသွားတာလား”

ဆန်ချင်သည် မြေပေါ်တွင် မယုံကြည်နိုင်သည့် မျက်နှာနှင့် ရေရွတ်နေသည်။ သူ၏ အကောင်းဆုံး

အရည်အချင်းကိုတောင် ထုတ်မပြရသေးဘူး ။ ဘာလို့ ရှုံးရတာလဲ။ ဆွန်းမို ဘာလုပ်ခဲ့တာလဲ။ သူရှင်းရှင်းလင်းလင်းတောင် မသိခဲ့ပါဘူး။

ဆွန်းမိုသည် သစ်သားဓါးကိုလှည့်ကာ သူ့ခါးတွင် ပြန်ချိတ်လိုက်သည်။

“ငါ့ကို အနိုင်ပေးလို့ ကျေးဇူးတင်ပါတယ်”

ထိုစကားကြောင့် ဆန်ချင် မျက်နှာ ချက်ခြင်း ဖြူဖျော့သွားသည်။ သူ့ရဲ့ အမဲစက်တွေတောင် ဖြူမလို ဖြစ်သွားသည်။

ဆန်ချင်၏နှုတ်ခမ်းများ တုန်နေသည်။ သူသည် အကျႌကို ခါပြီးထွက်သွားသည့် ကျန်ဟန်ဖူကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်မှာ စိတ်ဓါတ် ကျသွားသည်။

ပြီးသွားပြီ ကျန်ဟန်ဖူဆီက မျက်နှာရရန် ဆွန်းမိုကို ဒဏ်ခတ်မလို့ လုပ်ခဲ့သည်။ သို့သော် ပြိုင်ဆိုင်မှုတွင် သူသာ ရှုံးနိမ့်ခဲ့သည်။

“ငါက သွေးလောင်ကျွမ်းခြင်း အဆင့်၂လေ မင်းထက်တစ်ဆင့်တောင်မြင့်တယ်။ ဘာလို့ ရှုံးရတာလဲ”

ဆန်ချင် ဒေါသတကြီး အော်လိုက်သည်။ သူ၏အကောင်းဆုံး စွမ်းရည်တောင် ထုတ်မပြရသေးဘူး မတရားလိုက်တာ။ တကယ်ကို မတရားသဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဆွန်းမိုက ထုံစံအတိုင်း ပြန်မဖြေပါ။ သူက ပေါ့ပေါ့ပါးပါး သင်္ကေတ တစ်ခုကိုလုပ်လိုက်ရင် ရွှေရောင်စာမျက်နှာသည် စာအုပ်တစ်အုပ်အဖြစ် ပြောင်းသွားကာ သူ့ဆီကို ပျံလာသည်။

"ဆွန်းမိုရဲ့ အမူအရာက ဘာပြောတာလဲ"

ကျန်းလျန်က နားမလည်ဖြစ်နေသည်။

"ငါလည်းမသိဘူး၊ ထုံးတမ်း အစဉ်အလာ တစ်ခုထင်တယ်"

ကူရှုပ်ရှင်းက ရမ်းချလိုက်သည်။

"ငါ့ဆရာက အရမ်းတော်တာပဲ"

ရှန်ယွန်ပေါင်က အံ့သြစွာ မှတ်ချက်ချလိုက်သည်။ တိုက်ပွဲ စွဲလမ်းသူတစ်ယောက်အနေနှင့် သူ့ဗီဇအရ ဆွန်းမို၏ ကျွမ်းကျင်မှု စွမ်းအားသည် အလွန်ကိုကောင်းမွန်ကြောင်း ပြောနိုင်သည်။

ဒင်

ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု +၁

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှန်ယွန်ပေါင်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ (၁/၁၀၀)

ဒါကိုကြားပြီး ဆွန်းမိုသည် မနေနိုင်ဘဲ လူအုပ်ကြားထဲက ရှန်ယွန်ပေါင်ကို လိုက်ရှာကြည့်လိုက်သည်။ အကောင်းဆုံးပဲ နောက်ဆုံးတော့ ဒီကောင်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ဖွင့်လိုက်ပြီ။ ကြည့်ရတာ တိုက်ခိုက်ပြမှဘဲ ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု အမှတ်ရမယ်ထင်တယ်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၆၆)။ ။ အန်ရှီဝေ၏ ချီးမွမ်းမှု။

“စိတ်ဝင်စားစရာပဲ”

ဂေါင်ပန်သည် မေးစေ့ကို ပွတ်ကာ ထွက်သွားသည်။ ဆွန်းမို၏ တိုက်ခိုက်ရေးစွမ်းရည်မှာ သာမန်ဖြစ်သော်လည်း သူကျင့်ကြံထားသည့် ကျင့်စဉ်မှာ အလွန်အားကောင်းသည်။ ဘယ်လိုပဲ

ဖြစ်ပါစေ ဆွန်းမိုသည် သူ့ကိုတိုက်ခိုက်ရန် အဝေးကြီး လိုသေးသည်။

ဝေါင်ပန်သည် ဆွန်းမိုကို မျက်လုံးထဲတောင် မထည့်ပါ။ လောလောဆယ်တွင် လျိုမူဘိုင်သာ သူ၏ ပြိုင်ဘက်အစစ်ဖြစ်သည်။ ကူရှုပ်ရှင်းနှင့် ကျန်းလျန်သည်သူ၏ ပြိုင်ဘက်တစ်ဝက် အဆင့်သာရှိသည်။

ဝေါင်ပန်ကတော့ သူ့အားရုံစိုက်မှုအားလုံးကို ပဟောပြောပွဲအတွက်သာ အားထည့်ထားသည်။ သူသည် ကြိုတင်ပြင်ဆင်မှုကို လုပ်ထားပြီး

သုံးရက်ကြာရင် လူတိုင်း အံ့အောမှင်တက်သွားစေရမည်။

ကူရှုပ်ရှင်းလည်း ထွက်သွားမလို့ လုပ်နေသည်။ သို့သော် အန်ရှီဝေက ဆွန်းမိုဆီကို သွားနေတာမြင်လိုက်ရင် သူမလည်း သွားလိုက်သည်။

"ကောင်းကောင်း လုပ်ခဲ့တာပဲ"

အန်ရှီဝေက ပြုံးကာ ချီးကျူးလိုက်သည်။ သူမအသံသည် အရင်ထက်နူးညံ့ပြီး ဖိအားနည်းသည်။

"အင်း"

ဆွန်းမိုက တိုးတိုးလေး တုံ့ပြန်လိုက်သည်။ စေ့စပ်ထားသည့်သူထံမှ ချီးမွမ်းခံရပြီးနောက် သူပုံမှန်လိုမဟုတ်ဘဲ စိတ်ချမ်းသာ ပျော်ရွှင်နေသည်။

ပတ်ဝန်းကျင်က လူများလည်း တဖြည်းဖြည်း ကျဲသွားသည်။ ဒါပေမယ့် ဆွန်းမိုနားတွင် ရပ်နေသော အလှမယ်နှစ်ယောက်ကို မြင်လိုက်ရင် သူတို့မျက်လုံး စိမ်းစိုလာသည်။

ကံကောင်းတာက ဆွန်းမိုသည် အများဆုံး တစ်လုံးပဲ စားနိုင်သည်။ မဟုတ်သေးဘူး၊ သူတစ်ခုတောင် မစားရသေးဘူး။

"ဆွန်းမို မင်းမာနကြီးတာတော့ သိပါတယ်။ ဒါပေမယ့် ကျန်ဟန်ဖူကို တော့ ထိပ်တိုက် မတွေ့သင့်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူက ကြယ်တစ်ပွင့် မြတ်ဆရာလေ။ မင်းကိုခက်ခဲအောင်လုပ်ဖို့ ဆုံးဖြတ်လိုက်ရင် မင်းဘဲ ဒုက္ခရောက်မှာ"

ကူရှပ်ရှင်းလည်း ဆွန်းမိုအပေါ်တွင် အမြင်ကောင်းပါသည်။ ထို့ကြောင့်သူမက သူ့ကိုနားချဖို့ ကြိုးစားလိုက်သည်။ တစ်ခါတစ်လေ နောက်ဆုတ်ဖို့ သင်ယူရပါမည်။

“ငါက ဖန်ဇိုဝမ်ကို စိန်မခေါ်ရင် ကျန်ဟန်ဖူက လွှတ်ပေးထားမှာလား”

ဆွန်းမို ပြန်မေးလိုက်သည်။

ကူရှပ်ရှင်း နှုတ်ခမ်းများ လှုပ်သွားသည်။ သူမစိတ်ကနေ “ငါကစေတနာနဲ့ သတိပေးတာ၊ ဒါကဘယ်လို စိတ်ထားမျိုးလဲ” တွေးလိုက်မိပေမယ့် အန်ရှီဝေ မျက်နှာပေါ်က ချီးကျူးသည့် အကြည့်ကို မြင်လိုက်ရင် ကူရှပ်ရှင်း မှင်တက်သွားသည်။

“ငါတစ်ခုခု လွဲသွားတာလား”

ကူရှပ်ရှင်း တွေးနေမိသည်။

"သွားတော့မယ်"

ဆွန်းမိုသည် ဒီနေရာတွင် အစီပွယ်မရှိ အချိန်မဖြုန်းချင်ပါ။ ထို့ကြောင့်လက်ကို ဝှေ့ယမ်းကာ ထွက်သွားသည်။

"အယ်"

သူမက စပြောခဲ့တာပါ။ အရင်တုန်းကဆိုရင် ယောကျ်ားလေးတွေက သူမကို ဝင်ရောဖို့ အခွင့်အရေးအမြဲတန်း ရှာကြသည်။ ဒါတောင် ဒီလူက သူမကို ဒီလို လျစ်လျူရှုသွားတာလား။

"ဟွန့် စိတ်ထဲကနေ ကစားနေတာဖြစ်မယ်"

အန်ရှီဝေ မျက်လုံးထဲတွင် ရှုပ်ထွေးနေသည်။ သူမ၏ ငယ်ရည်းစားလေးသည် ငယ်ရွယ်ရွယ်နှင့် အခြေအနေတွေကို နားလည်နေတာ သူမတွေ့လိုက်သည်။

"ကျောင်းအုပ်ကြီးအန် သူက ဖန်ဇိုဝမ်နဲ့ ပြိုင်သင့်တယ်လို့ မင်းထင်လား" ကူရှုပ်ရှင်းက စိတ်ရှုပ်ထွေးစွာ မေးလိုက်သည်။

"ပြိုင်သင့်တယ်"

အန်ရှီဝေက ခေါင်းညိတ်ကာ ပြောလိုက်သည်။

နောက်ဆုံးတော့ သူမသည်လည်း မရီဒန် အကယ်ဒမီက ဂုဏ်ထူးဆောင် ဘွဲ့ရတစ်ယောက်ဖြစ်သည်။ သူမ၏ ဉာဏ်ရည်ဉာဏ်သွေးလည်း မနိမ့်ပါ။ အချိန်အတော်ကြာအောင် တွေးပြီး သူမ မျက်နှာတွင် နားလည်သော အမူအရာ ပေါ်လာသည်။

"ငါနားလည်ပြီ"

ကူရှပ်ရှင်းက လက်ခုပ်တီးကာ ပြောလိုက်သည်။ "ဆွန်းမိုက ကျန်ဟန်ဖူကို စော်ကားခဲ့တယ်။ ဒါကြောင့် ကျန်ဟန်ဖူက ဆွန်းမိုကို

ပထမဆုံးအကြိမ် လူထု ဟောပြော ပွဲမှာပြသနာဖြစ်အောင် သေချာပေါက် စီစဥ်ထားမှာ။ ဆွန်းမို အတွက်တော့ အမည်မသိရန်သူပါ။ သူသည် ပြိုင်ဘက်ကို မသိသောကြောင့် ပြိုင်ဘက်၏ အားနည်းချက်ကို ပစ်မှတ်ထားကာ သူ့ကိုယ်သူ ကာကွယ်ဖို့ နည်းလမ်း လုံးဝ မရှိပါ။ ဒါပေမယ့် ဖန်ဇိုဝမ်ကို စိတ်ဆွလိုက်သဖြင့် ဖန်ဇိုဝမ်၏ အချက်အလက်ကို စုဆောင်းကာ ဆွန်းမိုက မတိုက်ခိုက်ခင် သူ၏ ထူခြားချက်ကို လေ့လာထားနိုင်သည်။

"ဒါ အမှန်ပဲ"

ဆွန်းမိုသည် ထိုကဲ့သို့ ဉာဏ်ရည်မျိုး ရှိလိမ့်မယ်လို့ သူမ မထင်ထားခဲ့ပါ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁

အန်ရှီဝေနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ (၄/၁၀၀)

ကူရှုပ်ရှင်းသည် ဆွန်းမို ထွက်သွားတာကို ကြည့်ပြီး ဘာမှတော့ မပြောတော့ပါ။ သူမ၏ အကြည့်သည် ထိတ်လန့်မှုများနှင့် ပြည့်နေသည်။

ကျန်ဟန်ဖူကို ရန်စပြီး ထိုအရာအားလုံးကို သူက ဘယ်လိုအေးအေးဆေးဆေး စဉ်းစားနိုင်တာလဲ။ ထိုဖိအားက သူ့အတွက် မပြင်းထန်လွန်း ဘူးလား။

သာမန်အစမ်းခန့် ဆရာတစ်ယောက်သည် ကျန်ဟန်ဖူကို မြင်နေရင် ခြေထောက်တုန်နေမှာ သေချာသည်။ မဟုတ်ဘူး၊ သာမန်အစမ်းခန့် ဆရာတွေ သူတို့ စိတ်ထဲ သတ္တိတွေနဲ့ ပြည့်နေရင်တောင် ဒီလောက် အာဏာကြီးပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုပ်ပိုင်ခွင့်များနေသည့်
ဒုကျောင်းအုပ်တစ်ယောက်ကို မဖြတ်ကျော်ရဲပါ။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၃

ကူရှုပ်ရှင်းနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၅/၁၀၀)

စနစ်က သတိပေးချက်နှစ်ခု အဆက်မပြတ် ဝင်လာသောကြောင့် ဆွန်းမိုသည် အသက်ရှူရတာတောင် ပိုကောင်းသွားတယ်လို့ ထင်မိသည်။ သို့သော်လည်း ယူရုံပိုနှင့်

ဂျိမ်ဂဲတို့လို သူတို့၏ ချီးမွမ်းမှုကို ရရန် တော်တော် ခက်ခဲသည်။

အမှန်တရားကတော့၊ အရည်ချင်းရှိသူက ချီးကျူးလေလေ ပိုဂုဏ်ယူလေလေပါပဲ။ သူတို့၏ လေးစားမှုနှင့် အထင်ကြီးမှုကို လိုချင်ရင် အံ့မခန်း စွမ်းဆောင်ရည် ပြပေးရန်လိုသည်။

....

ကျောင်း အလံတိုင်ကို အရိပ်က ဖုံးနေသည်။

ဆွန်းမို ဆီကို ရွှေရောင်စာအုပ် လွင့်ပျံမလာခင် စာအုပ်သည်သူ့အလိုလို လှန်သွားသည်။

စာမျက်နှာတိုင်းသည် ခိုင်ခံ့လှပပြီး နူးညံ့သိမ်မွေ့သော စကားလုံးများဖြင့် ပြည့်နှက်နေသည်။

'ဝိညာဉ်ပြိုကွဲခါးကျင့်စဉ်၊ ပျမ်းမျှ အလယ်တန်း၊ ဟိုတစ်စ ဒီတစ်စ'

'တုန်ဘေး လက်သီးရှည်, ပျမ်းမျှ အလယ်တန်း၊ ဟိုတစ်စ ဒီတစ်စ'

'ဗုဒ္ဓဓမ္မ နောက်လိုက် ကျင့်စဉ်၊ ပျမ်းမျှ အလယ်တန်း၊ ဟိုတစ်စ ဒီတစ်စ'

ဆွန်းမို၏ ရှေ့ဟောင်းလောကနတ် ကျင့်စဉ်သည် အခြေခံအဆင့်သာ ရှိသေးတာကြောင့် ကျင့်ကြံခြင်းကျင့်စဉ်ကို မဖော်ပြမီ အကြိမ်းပေါင်းများစွာ ပစ်မှတ်ကို ထိမိရန်လိုသည်။ ထို့ကြောင့် သူ့တွင်ရှိနေသော ကျင့်စဉ်သည် အကွဲကွဲ အပြားပြားဖြစ်နေသည်။

“ဒါတွေက ကျင့်စဉ် အပြည်အစုံ ဖြစ်ရင်တောင် အသုံး မဝင်ပါဘူး”

ထိုအရာတွေကို အကြိမ်နည်းနည်းလောက် စိုက်ကြည့်ပြီးနောက် ဆွန်းမို စိတ်မဝင်စားတော့ပါ။

ပြန်တွေးကြည့်လိုက်ရင်လည်း ဆန်ချင်သည် သာမန်မိသားစုက ဆင်းသက်လာပြီး သူ၏လက်ရှိ အနေထားကို ရောက်နေတာက သူ၏ အရည်အချင်းနှင့် ကြိုးစားအားထုတ်မှုကြောင့် ဖြစ်သည်။ တကယ်လို့ သူ့မှာသာ အစွမ်းထက်သည့် အရည်ချင်းတချို့ရှိပါက သူကျော်ကြားနေတာ ကြာလှပေါ့။

“ဂေါင်ပန်က လှံကျင့်စဉ်မှာ ထူးချွန်တာကို သတိရလိုက်သည်။ သူ၏ကျင့်ကြံခြင်း ကျင့်စဉ်သည် သူ့ကလန်က ဆင်းသက်လာသော ဆန်းကြယ်ရေခဲ

လုံ ကျင့်စဉ်ဖြစ်သည်။ မင်းကို အခွင့်ရေးရှာပြီး ကျင့်စဉ်တစ်ခုလုံးရအောင် လုပ်ရမယ်”

ဆွန်းမိုသည် ဒါကို စဉ်းစားနေပေမယ့် အကောင်အထည်ဖော်ဖို့ အလျှင်မလိုပါ။

ရှေ့ဟောင်းလောကနတ် ကျင့်စဉ်သည် တကယ်ကို နတ်ဘုရား အဆင့် စွမ်းရည်တစ်ခုပဲ။ ထိုစွမ်းရည်သည် အလွန်အားကြီးသောကြောင့် ဒါကို သေချာစွာ အသုံးပြုရမည်။ ဆွန်းမိုသည် တခြားသူများကို ကျပန်း မဆင်မခြင်စိန်ခေါ်ပါက

သူသာ အနေးနှင့် အမြန်ဆိုသလို အရိုက်ခံနေရမည်။

"ဒါဆိုရင် ငါ့ရဲ့ကျင့်ကြံခြင်းကို မြင့်တင်ပြီး တိုက်ခိုက်ရေး အစွမ်း ပိုသန်မာလာအောင် လုပ်ရမယ်။ ငါမသေနိုင်အောင် ကျင့်ကြံရမယ်။ ဒါမှသာ ရှေ့ဟောင်းလောကနတ်အစွမ်းကို အသုံးပြုပြီး ပြိုင်ဘက်ရဲ့ အကောင်းဆုံးကျင့်စဉ်ကို ယူနိုင်မှာ။

ဆွန်းမိုသည် ခါးကသစ်သားခါးကို ထိလိုက်ပြီး မျက်လုံးများ အရောင်တောက်လာသည်။

ဒီသစ်သားခါးသည် ထင်ထားသည့်အတိုင်း ဝိညာဉ်လက်နက်ဖြစ်သည်။ အစောပိုင်းက တခြားလက်နက်နှင့် ထိပ်တိုက်တွေ့ခဲ့သော်လည်း ထိခိုက်ပျက်ဆီးခြင်း လုံးဝမရှိပါ၊ ရိုးရိုး သစ်သားခါးသာ ဆိုရင် ကွဲထွက်သွားမည်ဖြစ်သည်။ ဒါကိုကြည့်ရတာ စိတ်ပူစရာ မလိုပါ။

"ဒီတစ်ပိုင်းတစ်စ ကျင့်စဉ်တွေကို စုဆောင်းချင်လား"

စနစ်က ရုတ်တရက် ထမေးသည်။

"မလိုဘူး"

ဆွန်မိုက ခေါင်းယမ်းကာ ပြန်ပြောလိုက်သည်။ ထိုကျင့်စဉ်သုံးမျိုးကို ဘယ်နာမည်ကြီးကျောင်းမှာမဆိုတွေ့နိုင်သည်။ စုဆောင်းထားရအောင် တန်ဖိုးမကြီးပါ။

ဖောက်စ်

ရွှေရောင်စာအုပ်သည် ချက်ခြင်း မပျောက်ကွယ်သွားဘဲနှင့် ရွှေရောင်မျက်နှာဖုံး အဖြစ်သို့ ပြောင်းသွားသည်။

ဒင်

"ဆန်ချင်ကို အနိုင်ရပြီး တာဝန်ပြီးမြောက်သည့်အတွက် ဂုဏ်ယူပါတယ်။ ဆုလာဒ် - အနက်ရောင်ရတနာ သေတ္တာတစ်လုံး"

အနက်ရောင် ရတနာသေတ္တာသည် ဆွန်းမို မျက်လုံးရှေ့တွင် ပေါ်လာသည်။ ဆွန်းမို မပြုံးရသေးခင် စနစ်ဆီက နောက်ထပ် သတိပေးချက်ထွက်လာသည်။

ဒင်

"ဂုဏ်ယူပါတယ်။ မင်းရဲ့ ပထမဆုံးတိုက်ပွဲကို သိုင်းစွမ်းအားသုံးပြီး အနိုင်ရသည့်အတွက်

ဆရာတစ်ယောက်ကို ပထမဆုံးအကြိမ် အနိုင်ယူချင်း လျို့ဝှက်တာဝန်ကို ပြီးမြောက် သွားပါပြီ။ ဆုလာဒ် - အနက်ရောင် ရတနာသေတ္တာ တစ်လုံး"

ဒါက သေချာပေါက် မမျှော်လင့်သည့် အံ့ဩစရာပါ။

ဆွန်းမို အရမ်းပျော်သွားသည်။ "စနစ်၊ မင်းကဒီလောက် သဘောကောင်းမယ်လို့ ငါမထင်ထားဘူး"

"ဒါက သေးငယ်သည့် အောင်မြင်မှု တစ်ခုသာဖြစ်သည်။ သင်သည် ကနဦးဆုများကို

ရပြီးပါက သင်နောက်ထပ် လွယ်လွယ်ကူကူ မရနိုင်တော့ပါ"

ခဏလောက်ရပ်လိုက်ပြီး စနစ်က " အနက်ရောင်သေတ္တာနှစ်လုံးပဲလေ၊ ဘာလို့ဒီလောက်ပျော်နေတာလဲ၊ မင်ရည်မှန်းချက်ကြီးကြီးထားပြီး ရွှေရောင်ရတနာသေတ္တာတစ်လုံး လောက်မှန်းနေပါလား"

"အကြံသမား"

ဆွန်းမို စကားများသည် တိုတိုနှင့်အဓိပ္ပာယ်ပြည့်နေသည်။

အစမ်းခန့်ဆရာများ အစည်အဝေးလုပ်နေစဉ် ကျောင်းတက်ခွင့်ရသည့် ကျောင်းသားများသည် နှစ်ရက်အတွင်း ကျောင်းစီမံခန့်ခွဲရေး၏ လုပ်ထုံးလုပ်နည်းများကို လုပ်ပြီး ကျောင်းလခကို ပေးသွင်းရသည်။

အိမ်နှင့်ဝေးပြီး ကျောင်းတွင် ဆက်နေထိုင်ရန် လိုအပ်သည့်သူများက နေထိုင်ရေး အသုံးဆောင်ပစ္စည်းများကို လျှောက်ထားပြီး နေထိုင်ရာနေရာ အတွက်စာရင်းသွင်းကာ သူတို့နေထိုင်ဖို့ မြန်သမျှ မြန်မြန်ရွှေ့ပြောင်းနိုင်ရန်

ကျောင်းအက်ဒမင်ဆီက သော့မရခင် လုပ်ကြရသည်။

အဆောင်တွင်ရှိသော အိပ်ရာ သို့မဟုတ် အခြားပစ္စည်းများတွင် ပြဿနာရှိပါက အက်ဒမင်ထံသို့ မြန်မြန် သတင်းပို့ရသည်။ အက်ဒမင်းက ပျက်ဆီးနေသည့် ပစ္စည်းများကို ပြုပြင်ခြင်း ဒါမှမဟုတ် အဆောင်အခန်း ပြောင်းခြင်းများကို လုပ်ပေးကြသည်။ ဘယ်လိုပင်ဖြစ်ဖြစ် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများ ဖြေရှင်းရန် များစွာရှိနေသေးသည်။

ဆွန်းမိုသည် အခုတော့ ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတစ်ယောက် ဖြစ်နေပြီဖြစ်သည်။ ထို့ကြောင့် သူသည် အုပ်ချုပ်ရေး ရုံးခန်းကိုသွားကာ ကျောင်းသားအသစ်များ၏ ဝင်ခွင့်ကို တောင်းယူလိုက်သည်။ ထို့နောက် လုချီဟွာ နာမည်ကို ရှာလိုက်သည်။

အမျိုးသမီးအဆောင်၊ အဆောင်အမှတ်(၁၂) အလွှာ (၅)၊ အခန်း (၅၀၈)....

လုချီဟွာသည် ရေတစ်ပုံးကို ဆွဲကာ ကြမ်းတိုက်နေသည်။

"အခြားလူတွေရော ဘယ်မှာလဲ"

ဆွန်းမိုက တစ်ချက်ကြည့်ကာ မေးလိုက်သည်။ ဒီအဆောင်သည် ကျယ်ဝန်းခြင်းမရှိသော်လည်း ဒီနေရာတွင် အိပ်ခန်းရှစ်ခုရှိသည်။ အခန်းထဲတွင် ကုတင်သုံးလုံးရှိသော်လည်း လုချီဟွာ ကလွဲရင် ဘယ်သူကိုမှ မတွေ့ပါ။

"ဆရာဆွန်း" ဆွန်းမိုက မြင်လိုက်ရင် လုချီဟွာ၏ မျက်လုံးများသည် လခြမ်းကွေးများလို တောက်ပလာသည်။ "သူတို့ကျောင်းဝန်းထဲကို အလည်သွားတယ်"

'အင်း"

ဆွန်းမိုက လမ်လျှောက်ဝင်လာသည်။ (မသိရင် ခါတိုင်းလေးဖက်ထောက်နေတာ ကြနေတာပဲ) လုချီပွာ၏ အဝတ်အစားများနှင့် တကိုယ်ရည်သုံး ပစ္စည်းများကို ဘယ်ဘက်ခြမ်း ပြတင်းပေါက်နားက ကုတင်ပေါ်တွင် တင်ထားသည်။ ထိုနေရာသည် သူမ အိပ်ရာနေရာဖြစ်သည်။ "သုံးဖို့ ပိုက်ဆံ လုံလောက်သေးလား" ဆွန်းမိုက မေးလိုက်သည်။

"ဟုတ်...လောက်ပါတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရိုးရိုးသားသားပြောရရင် မလုံလောက်ပါ။ ကံကောင်းစွာ နှင့် လုချီဟွာတွင် ခါးမြှောင်တစ်ချောင်းရှိသေးသည်။ ဒါကလက်ရာ မဆိုးပါ။ အပေါင်ဆိုင်တွင် ခဏထားရမည်။ ဒါပေမယ့် ကျောင်းလခကို သုံးလအတွင်း ပေးဆောင်နိုင်ပါက ပြန်ယူလို့ရသည်။

ဇဟိုပြည်နယ် အကယ်ဒမီသည် ကျောင်းသားများအပေါ်တွင် ကြင်နာပြီး ငွေကြေးတန်ဖိုးကို အရမ်းဦးစားမပေးပါ။

“ မလုံလောက်ရင် ပြောဖို့ မမေ့နဲ့”

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပုတ်ရင်းပြောလိုက်သည်။ ဒီမိန်းကလေးသည် အခြေအနေကို ရှင်းပြဖို့ ရှက်နေတယ်ဆိုတာ ဆွန်းမို သိပါသည်။ ဗဟိုပြည်နယ်အကယ်ဒမီသည် “ဒီ” အဆင့် ဖြစ်သော်လည်း အရင်က အလွန်ကို ကျော်ကြားခဲ့သည်။ ဒါကြောင့် ကျောင်းလခသည် မနည်းလှပါ။

သူ့သုံးသပ်ချက်အရ လုချီဟွာသည် ချမ်းသာသော မျိုးရိုးက မဖြစ်နိုင်ပါ။

"အဖေက ကိုယ့်အားကိုယ် ကိုးတတ်အောင် သင်ယူရမယ်တဲ့ ငါ့မင်းကို အမြဲတန်း ဒုက္ခ မပေးခြင်ဘူး"

လုချီဟွာက ခေါင်းခါကာ ပြောလိုက်သည်။ သူမသည် ဖြူစင်လွန်းသည်။ သူမပြောလိုက်သည့် စကားတစ်ခွန်းတည်းနှင့် သူမအခြေအနေကို သိနိုင်သည်။

"ကျောင်းတက်ရင်း အချိန်ပိုင်း အလုပ်လုပ်မယ်။ ကျောင်းက ပညာသင်ဆုအကြောင်းကိုလည်း စုံစမ်းခဲ့သေးတယ်။ ငါရဲ့ အရည်ချင်းက

လုံလောက်ကောင်းမွန်ပြီး ရလာဒ်က တစ်နှစ်တာ ထိပ်တန်းဆယ်ယောက်ကို ဝင်နိုင်ရင် ငါပညာသင်ဆုကို ရနိုင်တယ်”

‘……’

ဆွန်းမို မှင်တက်နေသည်။ သူမ၏ အလားအလာ တန်ဖိုးသည် ချီရှန်ကျားထက်ကို နိမ့်ပါသေးသည်။ သုံးလလောက်တောင့်ခံပြီး ကျောင်းက ပညာသင်ဆုကိုတောင် လိုချင်သေးတာလား။

ဆွန်းမိုသည် ငွေရနိုင်သည့် အရင်းအမြစ်တစ်ခုကို စဉ်းစားဖို့လိုလာပြီ။

ဆွန်းမိုက လုချီဟွာကို အရမ်းသဘာကျသည့် အချက်ရှိသည်။ ထို့အပြင် သူမသည် ကံကောင်းသော အဆောင်ဖြစ်ကာ ရတနာသေတ္တာကို ဖွင့်သည့် အခါတိုင်း ရနိုင်ခြေကို မြင့်တက်နိုင်ခဲ့သည်။ ဘာကိစ္စပဲရှိရှိ သူမကို အနားမှာ ထားနိုင်ဖို့ နည်းလမ်းစဉ်းစားရမည်။

ဒါကိုတွေးပြီး ဆွန်းမိုသည် ကြောင်တစ်ကောင်ကို ဒဏ်ခတ်သလို သူမခေါင်းကို ပုတ်လိုက်သည်။ ထို့နောက် သိုလှောင်ခန်းကို ဖွင့်ကာ ရတနာသေတ္တာသုံးလုံးကို ဆင့်ခေါ်လိုက်ရန်

ဘယ်ဖက် မျက်လုံးကို မျက်တောင်နှစ်ခါ ခတ်လိုက်သည်။

"အရမ်းကောင်းတယ်။ မင်းက နံပါတ်တစ်ပဲ။ ဖွင့်!"

ဘယ်ဘက်တွင် မိန်းမ၊ ညာဘက်တွင် ယောကျ်ား ။ ဆွန်းမိုက ဘယ်ဘက်ကိုရွေးလိုက်သည်။

ကလစ်

ကလစ်ဆိုသော အသံနှင့် အနက်ရောင် အလင်းတန်းတစ်ခုပေါ်လာသည်။ ရတနာသေတ္တာ

ပွင့်သွားပြီး ပျောက်ကွယ်သွားကာ ထိုနေရာတွင် ရွှေလှေကြီးက ဆွန်းမို မျက်လုံးရှေ့တွင် ပေါ်လောမျောနေသည်။

"ဝိုး"

ဆွန်းမို လေးချွန်ပြီးအော်လိုက်သည်။ တကယ်ပဲ နည်းစနစ်စာအုပ်ပဲ။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၆၇)။ ။ မဟာဆုသုံးမျိုး။

ဒင်

“ဂုဏ်ယူပါတယ်။ သင်သည် ကျွမ်းကျင်မှု မဟာအဆင့်ဖြင့် ‘ဓာတ်ကောင် ပန်းချီ နည်းပညာ’ ရရှိပါသည်။

‘မှတ်ချက်။။ ရိုးရာပန်းချီ၏ အကိုင်းအခက်ကြီး သုံးခုထဲက တစ်ခုဖြစ်သည်။’

စနစ်က ကြေငြာလိုက်တာနှင့် ဆွန်းမိုသည် မှင်တက်သည့် အမူအရာဖြစ်သွားသည်။ “ဘာလဲ။ ငါက အနိုပ်သမားလမ်းစဉ်မှာ အနာဂတ် မရှိတော့ဘူးလို့ ထင်ပြီး ငါ့ကို ပန်းချီသမား ဖြစ်စေချင်တာလား၊ ကျောင်းမှာ

ဆက်မနေနိုင်တော့ရင် လမ်းဘေးမှာ ပန်းချီဆွဲပြီး အသက်မွေးဝမ်းကြောင်း ပြုဖို့လား”

ဆွန်းမိုသည် အလယ်ကမ္ဘာရှိ မြတ်ဆရာများသည် အလုပ်အကိုင် အသက်မွေးဝမ်းကြောင်း အမျိုးစား အမြောက်အများကို လေ့လာထားသောကြောင့် ထိုအသက်မွေးဝမ်းကြောင်းများကို အဆင့်အမျိုးမျိုး ခွဲထားသည်ကို ဆွန်းမို နားလည်သည်။

ပန်းချီပညာကို ကျွမ်းကျင်သည့် မြတ်ဆရာများရှိပေမယ့် အလယ်လတ်တန်းစားလို့

သတ်မှတ်ထားသည်။ တကယ်တော့ ဒီမှာ ပန်းချီသည် ပင်မရေစီးကြောင်း မဟုတ်ပါ။

တရုတ်နိုင်ငံ၏ ရှေးခေတ်ကာလများတွင် အတော်ဆုံး ပန်းချီဆရာသည် နန်းတွင်း ပန်းချီဆရာဖြစ်လာပြီး ဧကရာဇ် မြတ်အတွက် ပန်းချီပုံတူကို ဆွဲပေးကြရသည်။

ဧကရာဇ် ကွယ်လွန်ပြီး နှစ်အနည်းငယ်ကြာရင် ထိုပုံတူသည် ရေပန်းစားလာပြီး ဒေါ်လာ သန်းပေါင်းများစွာ ဒါမှမဟုတ် ဘီလီယံပေါင်းများစွာဖြင့် ရောင်းချနိုင်သည်။

ဒါပေမယ့် ပန်းချီဆရာကတော့ ဘာမှ မခံစားရပါ။ ထို့အပြင် ပုံတူကို ကောင်းမွန်စွာ ရေးဆွဲခြင်းကြောင့်လည်း ဖြစ်နိုင်သလို ချမ်းသာသည့် သူဌေးများ ငွေကြေးကို ခဝါချသည့် နည်းတစ်မျိုးလည်းဖြစ်သည်။

ပြည်နယ်ကိုးခုက နိုင်ငံအသီးသီးတွင် ဝိညာဉ်ချီများ ရှိနေခြင်းကြောင့် ပန်းချီဆရာများ၏ အဆင့်အတန်းက အနည်းငယ် မြင့်တက်လာသည်။ သူတို့ဖန်တီးထားသည့် ပန်းချီကားဟာ ရံဖန်ရံခါ

ကြည့်ရှုသူ၏ နှလုံးသားကို လွှမ်းမိုးနိုင်သည့် အကျိုးသက်ရောက်မှု ရှိနိုင်သည်။

သဘာဝအားဖြင့်၊ အလွန်ရှားပါးသော အနည်းငယ်မျှသာ မြင့်မားသော ပန်းချီဆရာ အဆင့်ကို ရရှိတတ်ကြသည်။

ခေတ်ကာလတိုင်းတွင် အနုပညာများကို တန်ဖိုးထားခြင်းသည် အများအားဖြင့် ချမ်းသာကြွယ်ဝပြီး အာဏာကြီးသည့် သူများ၏ စိတ်ဝင်စားမှု၊ သူတို့၏ ဂုဏ်သတင်းနှင့်

ထူးခြားချက် ဝိသေသများကို ဖော်ပြသည့် နည်းလမ်းတစ်ခုဖြစ်သည်။

"ဒီထက်ပိုပြီး အရည်ချင်းရှိလည်း မဆိုးပါဘူး။ မင်းတစ်ဘဝလုံး အသုံးမချနိုင်ရင်တောင် သင်ယူလိုက်လို့ ဆိုးကျိုး မရှိပါဘူးကွာ"

စနစ်၏ စကားကမှန်သည်။ လက်ထဲတွင် နောက်ထပ်ကျွမ်းကျင်မှု တစ်ခုတိုးလာတာက ဘဝ ဘယ်လောက်ပင် ကြမ်းတမ်းပါစေ၊ ငတ်တော့မသေနိုင်တော့ပါ။ ထို့အပြင် ဒါက

မဟာအဆင့် ကျွမ်းကျင်မှုနှင့် “ ဇာတ်ကောင် ပန်းချီပညာ” ဖြစ်သည်။

မဟာအဆင့်ဆိုတာ ဘာလဲ။

ဆိုလိုသည်မှာ လူတစ်ယောက်သည် နယ်ပယ်တစ်ခုတွင် ခိုင်မာ လေးနက်စွာ ကျွမ်းကျင်ပြီး လူတိုင်းက မဟာဆရာကြီးလို့ ခေါ်ခြင်းကို ထိုက်တန်တယ် ဆိုလိုသည်။

ဆွန်းမိုသာ ကျွမ်းကျင်ပါက သင်တန်းတစ်ခု တည်ထောင်ပြီး တပြည့်များကို လက်ခံရန် ပြဿနာ မရှိပါ။ တကယ်လို့

တစ်ယောက်ယောက်က သူ၏သင်တန်းကို ပန်းချီပြိုင်ရန် စိန်ခေါ်လာပါက သူ၏အထွတ်အထိပ်ကျွမ်းကျင်မှုဖြင့် စိန်ခေါ်မှုအမျိုးမျိုးကို ကိုင်တွယ်ရန်လုံလောက်သည်။

"နောက်ထပ် နည်းပညာနှစ်ခုက ဘာလဲ"

တကယ်တော့ဆွန်းမို အရမ်းကို ကျေနပ်နေတာပါ။ ငယ်ငယ်တုန်းက စိတ်ဝင်စားသည့် သင်တန်းတွေက အရမ်းကို ခေတ်စားခဲ့သည်။ သူ့မိသားစုက ဆင်းရဲသောကြောင့် တတ်နိုင်ခြင်းမရှိသော်လည်းမှင်၊ စက္ကူနှင့် စုတ်တံလောက်တော့

ဝယ်နိုင်သည်။ ထို့ကြောင့် သူ့ဘာသာ ပုံဆွဲရန် အချိန်အနည်းငယ် လေ့ကျင့်ခဲ့သည်။ စိတ်မကောင်းစရာက သူသည် ထိုနယ်ပယ်တွင် အရည်အချင်းက အများကြီး မရှိတာကြောင့် နောက်ဆုံးမှာ စွန့်လွှတ်ခဲ့ရသည်။

ဒါပေမယ့် လက်ရေးလှ ရေးသားခြင်းကိုတော့ သူဖွဲ့ကောင်းကောင်းနှင့် လုပ်နိုင်ခဲ့ပြီး သူ့လက်ရာတွေက မဆိုးဘူးလို့ ယူဆနိုင်သည်။ အမှတ်(၂) အထက်တန်းကျောင်းတွင် ဆရာဖြစ်လာပြီးနောက် သူ၏ လှပသော

လက်ရာများကို ကျောင်းအုပ်ကြီးနှင့် ကျောင်းသားများက တော်တော်လေး သဘောကျခဲ့သည်။

အခုတော့ သူ့မှာ နည်းစနစ်စာအုပ်ကို ဖတ်လိုက်ရုံဖြင့် သူ့၏ ပန်းချီ စွမ်းရည်က မဟာအဆင့်မှာ ရှိနေမှာပါ။ ဒါက သိပ်ကို ဆန်းကြယ်လွန်းသည်။

"တောင်နဲ့မြစ်၊ သစ်ပင်ပန်းမန်နဲ့ တိရစ္ဆာန် ပန်းချီနည်းပညာ။ ဒါ့အပြင် အနောက်တိုင်း ပန်းချီနဲ့

တရုတ်ရိုးရာပန်းချီ ပညာတွေရှိသေးတယ်” စနစ်က ရှင်းပြလိုက်သည်။

“အို”

ဆွန်နိုးမိုက ခေါင်းညိတ်လိုက်သည်။ ပြည်နယ်ကိုးခု၏ ဒေသအသီးသီးတွင် ပဒေသရာဇ်ခေတ် ရှိနေဆဲဖြစ်သည်။ စွမ်းရည်စာအုပ်က အနောက်တိုင်း ပန်းချီပညာနှင့် ပက်သက်သော စာအုပ်ဖြစ်ပါက စိတ်မကောင်းစွာ ငြင်းရမည် ဖြစ်သည်။ သူသည် Von Gogh ဒါမှမဟုတ် Picasso ဖြစ်ခဲ့ရင်တောင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလောကရှိလူများက သူ့ပန်းချီကားကို အမှိုက်အဖြစ်သဘောထားကာ ကြေးဒင်္ဂါး တစ်ပြားတောင် တန်ဖိုးထားမှာ မဟုတ်ပါ။

"ဒါဆို မင်းလေ့လာမှာလား၊ မလေ့လာဘူးလား"

စနစ်က မေးလိုက်သည် ။ ဆွန်းမိုသာ ငြင်းလိုက်ပါက ကျွမ်းကျင်မှု စာအုပ်ကို ပြန်သိမ်းလိုက်မည်ဖြစ်သည်။

"သင်မှာပေါ့၊ ငါကဘာလို့ မသင်ရမှာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာ အမှိုက်ပစ်ရန် အပြင်ကိုထွက်သွားသည့် အခါ ဆွန်းမိုသည် ကျွမ်းကျင်မှု စာအုပ်ကိုထုတ်ကာ ဖိနှိပ် လိုက်သည်။

ဖောင်း

ကျွမ်းကျင်မှု စာအုပ်သည် ကွဲအက်သွားကာ ပိုးစုန်းကြူးများလို ရွှေရောင် အလင်းတန်း တစ်ခုအဖြစ် ဆွန်းမို မျက်ခုံးနှစ်ခု အလယ်ကို တိုးဝင်သွားပြီး သူ့စိတ်ထဲကို နက်ရှိုင်းစွာ ဝင်ရောက်သွားသည်။

ပန်းချီပညာနှင့် သက်ဆိုင်သည့် ညာဏ်ရည်များသည် သူ့ဦးနှောက်မှတစ်ဆင့် ချက်ချင်း ပျံ့နှံ့သွားသည်။ မိနစ်အနည်းငယ်လောက်ကြာပြီးနောက် ဆွန်းမိုသည် ပန်းချီအကြောင်းကို တွေးကြည့်လိုက်သည့်အခါ နှစ်ဆယ်ပေါင်းများစွာ ပန်းချီဆွဲ ခဲ့သည့်လူတစ်ယောက်လို ခံစားရပြီး ပန်းချီနှင့် ဆိုင်သည့် ထိုးထွင်းညာဏ်များစွာ ရှိနေသည်။

ဆွန်းမို မနေနိုင်ဘဲ ရေပုံးဘေးမှာ ထိုင်ချလိုက်ပြီး သူလက်က ရေပုံးထဲကိုနှစ်ကာ

မြေကြီးပေါ်မှာ ပန်းချီ ဆွဲကြည့်လိုက်သည်။ ရေမခြောက်ခင်မှာ အလွန်အသက်ဝင်ပြီး အစစ်နှင့်တူသည့် ပန်းချီကားတစ်ခု ပေါ်လာသည်။

အစစ်နှင့်တူလွန်သည်။

“ဝိုး”

ဆွန်းမို လေချွန်လိုက်သည်။ ဝမ်းနည်းစရာကောင်းတာက ပြည်နယ်ကိုးခုမှာ ဖိုရမ် မရှိတာဘဲ။ မဟုတ်ရင် ဓါတ်ပုံရိုက်ပြီး အင်တာနက်ပေါ်ကို တင်လိုက်ပါက သေချာပေါက် ပေါက်သွားမည်။

လေးစားမှုနှင့် စိတ်ခံစားချက်ကို ဖော်ပြနိုင်သည်။

လုချီဟွာ ဝင်လာပြီး ဆွန်းမိုကို ကြောင်ပြီး ကြည့်နေသည်။ သူဆရာ ပိုက်ဆံကောက်ရတာလား။ လာလို့ ရုတ်တရက် အရမ်းပျော်နေတာလဲ။

"ညာဘက်က ရတနာသေတ္တာကို ဖွင့်လိုက်"

ဆွန်းမိုက ခေါက်ချိုးညီဘက်ကို ရွေးလိုက်ပြီး ကြည့်ရတာ အမြင်လှသည်။ ဖွင့်ဆိုသော စကားကို ပြောပြီးနောက် သူသည် ညာဘက်တွင် အိပ်ရန် အပျိုတော်တစ်ယောက်ကို ရွေးလိုက်သည့်

ကောရာဇ်မင်းတစ်ယောက်လို ခံစားလိုက်သည်။ ဘယ်လောက်တောင်မိုက်မှာလဲ။

ကလစ်ဆိုသော အသံထွက်လာပြီးနောက် အနက်ရောင် ရတနာသေတ္တာပေါ်လာသည်။ တောက်ပမှု ပျောက်ကွယ်သွားသည့်အခါ လက်သည်းခွံအရွယ် သစ်ပင်အစေ့တစ်စေ့ ကျန်ခဲ့သည်။

ဒင်

"ဘယ်မှန်းမသိသည့် သစ်စေ့ကို ရသည့်အတွက် ဂုဏ်ပြုပါသည်"

နက်မှောင်ပြီး အရိုင်းဆန်သည့် သစ်စေ့ကို ကြည့်လိုက်ကာဆွန်းမိုလည်း မှင်တက်သွားပြီး "မင်းတောင်ဘာမှန်း မသိဘူးလား"

"ဘာမှန်းမသိတဲ့ မျိုးစေ့လို့ ငါပြောလိုက်တယ်လေ။ ဘာလို့ မင်းရဲ့ စကားနားလည်နိုင်စွမ်းက ဒီလောက်နိမ့်ကျနေတာလဲ" စနစ်က ပြန်မေးခွန်းထုတ်လိုက်သည်။

"ငါရဲ့ စကားတွေကို နားလည်နိုင်စွမ်းက ကောင်းတယ်။ ငါပြောနေရတာ မင်းက

ပြိုင်ဘက်ကင်းဆရာကြီးစနစ် ဖြစ်နေလို့ပဲ။ ဒါက ဘာလဲဆိုတာ တကယ် မသိတာလား”

ဆွန်းမိုက ချက်ခြင်း ခွန်းတုန့်ပြန်သည်။ တစ်ချိန်တည်းမှာပင် အဖြေရရန် စနစ်ကို စိတ်ဆွလိုက်သည်။

“ဟီး ဟီး ၊ ဒီမျိုးစေ့က ဘာအပင်လဲဆိုတာ ငါမသိဘူး။ ငါမင်းကို စိတ်မဆိုးပါဘူး” စနစ်က ရယ်ပြီး ပြန်ဖြေလိုက်သည်။

“စိုက်လို့ကောရလား”

ဆွန်းမို သိပ်တော့ မထင်ပါ။ ဒီအစေ့သည် ညှိုးနွမ်းနေပြီး ရေဓါတ်တောင် ခမ်းခြောက်နေသည်။ မျက်နှာပြင်ပေါ်တွင် အက်ကွဲကြောင်း နည်းနည်းတောင်ရှိနေသည်။ ဘယ်လိုပဲကြည့်ကြည့် အသုံးမကျသည့် အပင်သာ ဖြစ်ရမည်။

“ မသိဘူး”

စနစ်က တိုတိုတုတ်တုတ် ပြန်ဖြေလိုက်သည်။

“ဒါဆိုလည်း ဘာဖြစ်လို့ ဆုအဖြစ်ပေးတာလဲ။ မင်းငါ့ကိုလိမ်ပြောနေတာလား”

ဆွန်းမို တော်တော်တင်းနေသည်။ သူသည် တစ်လစာတန်သည့် လုပတဲ့ လိုင်အရုပ်ကို အွန်လိုင်းက မှာလိုက်သလို ဖြစ်နေသည်။ ပါဆယ်ထုပ်ကို ဖွင့်လိုက်ရင် အရုပ် သည် စလင်းဘဲထက်ကို ပိုအရုပ်ဆိုးနေသည်။ သူဘယ်လို လုပ်ပျော်နိုင်မှာလဲ။

“ ရတနာဖွင့်ပြီး ရတတ်သည့် ဆုလာဒ်တွေက ကျပန်းလေ။ မင်းဘာသာ ကံဆိုးတာငါ့ကို ဘာလို့ လာအပြစ်တင်နေတာလဲ”

စနစ်က ခွန်းတုန့်ပြန်လိုက်သည်။

“ ကံမကောင်းတဲ့လူအတွက် လူ့အခွင့်ရေးက ဘယ်မှာလဲ”

ဆွန်းမိုသည် လုချီဟွာ ဆီကိုလျှောက်သွားကာ သူမခေါင်းကို နောက်တစ်ကြိမ် ပုတ်လိုက်သည်။ နောက်ဆုံးတစ်ကြိမ် မဖွင့်ခင် ကံကောင်းအောင် ရှစ်ကြိမ်တောင် ဆုတောင်းလိုက်သည်။

အနက်ရောင်

ရတနာသေတ္တာပျောက်သွားသည်နှင့် တောက်ပသော အလင်းရောင် လင်းလက်လာသည်။ ထို့နောက်

လက်သီးအရွယ် ထူးဆန်းသော အဖြူရောင် အဝတ်အိတ်ပေါ်လာသည်။

ဒင်

“ဂုဏ်ယူပါတယ်။ သင်သည် ရောမဆေးထုပ်ကြီး ရရှိခဲ့ပါသည်။ ဆေးထုပ်ထဲတွင် လှ ျ ိ ု ့ ဝှက်ကျင့်စဉ် နှင့် ဆေးပင်အမျိုးပေါင်း ၂၇မျိုးကို အသုံးပြုပြီး ဖော်စပ်ထားသည့် ဆေးပါဝင်သည်။ ၎င်းက ခန္ဓာကိုယ် အားကောင်းစေခြင်း၊ တက်ကြွလန်းဆန်းစေခြင်း၊ ပင်ပန်းနွမ်းနယ်မှုကို ပျောက်ကင်းစေခြင်း စသည့်

အာနိသင်များပါဝင်သည်။ ၎င်းကို မကြာခဏ အသုံးပြုပေးပါက ခန္ဓာကိုယ်၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်ပြီး ဆေးနာမည်ကဲ့သို့ ရောဂါမကောင်းတစ်ကောင်လို သန်မာလာပြီး သင်၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံကို မြှင့်တင်ပေးနိုင်သည်။

"မှတ်ချက်။ ။ ရေချိုးသည့်အခါ ဒီအိတ်ကို ရေအပြည့်ရှိ ဇလုံထဲကို ထည့်ပေးလိုက်ပါ။ ငါးမိနစ်လောက် ဆေးအာနိသင် ပျံ့သွားအောင်စောင့်ပါ ဒါမှမဟုတ်

အကျိုသက်ရောက်မှု အပြည့်အဝရအောင် မိနစ်နှစ်ဆယ်ခန့် စောင့်လို့ရသည်။”

အညွှန်းကို ကြည့်ပြီးနောက်ဆွန်းမို စိတ်သက်သာရာ ရသွားသည်။ အနည်းဆုံးတော့ ဒါသည် ဘာမှန်းမသိသည့် သစ်စေ့ထက်သာပါသည်။ အသုံးပြုနည်းကလည်း လွယ်ကူပါသည်။ ရေချိုးသည့်အခါ သုံးလို့ရတာက တော်တော်ကို အဆင်ပြေသည်။

“ ဈေးဆိုင်မှာရော ရောင်းလား”

ဆွန်းမိုက မေးလိုက်သည်။ အကျိုးသက်ရောက်မှု မဆိုးပါက မကြာခဏသုံးနိုင်သည်။

“ သင်သည် ရောမဆေးထုပ်ကြီးကို ဆုလာဒ်အဖြစ်ယူလိုက်သည့် အချိန်က စပြီး ဈေးဆိုင်တွင် ထိုပစ္စည်းအမျိုးအစားက ပွင့်သွားပြီ။ တစ်ထုပ်ကို လေးစားအထင်ကြီးမှု အမှတ် ၁၀၀ ကျန်ကျမည်”

စနစ်က ပြန်ဖြေသည်။

"ဈေးက ငြိမ်ပါတယ်နော်" (မြန်မာနိုင်ငံကဆိုင်တွေလို ထင်နေတယ် ထင်တယ်။ အရေးကြီးပြီ ဈေးတက်စို့)

ဆွန်းမိုက တိတ်တိတ်လေး စဉ်းစားနေသည်။ ရိုးသားသည့် ချီရှွန်ကျားကို တပြည့်အဖြစ် လက်ခံလိုက်ပါက ရည်အနည်းငယ်အတွင်း လေးစားအထင်ကြီးမှု အမှတ် ၁၀၀ ကို စုဆောင်းနိုင်သည်။

ဆွန်းမို၏ စရိုက်အရ လေးစားအထင်ကြီးမှု အမှတ်ကို လိုချင်ရုံလောက်နှင့် ချီရွှန်ကျားကို တပြည့်အဖြစ် လက်ခံမည် မဟုတ်ပါ။

ဆွန်းမို ရတနာသေတ္တာသုံးလုံးကို ဖွင့်ပြီးသည့်အချိန်တွင် လုချီဟွာလည်း အခန်းကို သန့်ရှင်းရေး လုပ်ပြီးသွွားခဲ့သည်။ ထို့နောက် ဆွန်းမို လုချီဟွာကို ခေါ်ပြီး စာဖတ်ဆိုင်လေးကို ချက်ခြင်းသွားသည်။

ချင်လင်မြို့သည် ကြီးမားပြီး သန့်ရှင်းသည်။ လမ်းပေါ်တွင် ရထားလုံးများကို ဌားနိုင်သည်။

ဆွန်းမိုသည် ရထားလုံးကို ဌားရန် လက်ထောင်ပြလိုက်သည်။ ထိုငွေပမာဏ လောက်တော့ သူတတ်နိုင်သည်။

လုချီဟွာက စာအုပ်အိတ်ကို ကိုင်ထားသည်။ သူမသည် ဆွန်းမိုကို တစ်ချက်တစ်ချက် လှမ်းကြည့်နေပြီး သူမတစ်ခုခုကို ပြောချင်နေပုံရသည်။

“ မင်း ဖတ်ချင်ရင်လည်း ဖတ်ပါ”

ဆွန်းမို ရထားလုံး ပြတင်းပေါက်ကို မှီရင်း ပြောလိုက်သည်။ သူသည် ကျန့်ချင်ဖန်ကို ဘယ်လို

ကိုင်တွယ်ရမလဲ စဉ်းစားနေရင်း အပြင်ရှုခင်းကို ကြည့်နေသည်။

ခွင့်ပြုချက်ကို ရပြီးနောက် လုချီဟွာသည် စာမူများကို အလျှင်အမြန် ထုတ်လိုက်သည်။

ရှေ့က စာမျက်နှာများကို ဖတ်လိုက်ပြီးနောက် လုချီဟွာသည် ဖတ်ချင်စိတ်ကို မထိန်းနိုင်တော့ဘဲ မကြာမီတွင် လုံးလုံးကို ဇာတ်လမ်းထဲတွင် နစ်မြုပ်သွားသည်။

....

“ဆင်းရအောင်”

ဆွန်းမိုက ရထားမောင်းသူကို ပိုက်ဆံပေးပြီး ဆင်းဖို့လုပ်လိုက်သည်။

လုချီဟွာက မတုံ့ပြန်ပါ။

ဒေါက် ဒေါက်

ဆွန်းမိုက ရထားနံရံကို ခေါက်လိုက်သည်။

လုချီဟွာကတော့ သတိမထားမိသေးပါ။ သူမ ဝတ္ထုကို အငမ်းမရ ဖတ်နေသည်။

“လုချီဟွာ၊ ငါတို့ဆင်းမယ်”

ဆွန်းမိုက အသံကို မြှင့်ပြောလိုက်သည်။

"အ"

လုချီဟွာက လန့်ပြီး ခုန်လိုက်သည်။ သူမသည် ခေါင်းငုံ့ကာ ပတ်ဝန်းကျင်ကို ကွက်ကြည့်ကွက်ကြည့် လုပ်လိုက်သည်။ သူတို့ ဘာကြောင့် ဒီလောက်မြန်မြန် ရောက်လာတာလဲ။ Journey to the west က အရမ်းကို ဖတ်ကောင်းသည်။ စွန်းဝူခုန်းသည် ကောင်းကင်ဘုံ တရားရုံးကိုတောင် ကြမ်းတမ်းရဲသည်။

အစောပိုင်းက လုချီဟွာသည်ဒီအခန်းကို ပြီးအောင် ဖတ်ဖို့ လုပ်နေချိန်မှာ ဆွန်းမို အသံကြောင့်

လန့်နိုးလာသည်။ ဆရာဆွန်းနှင့် စာအုပ်ဆိုင်ကို လိုက်သွားရမည်ကို သိလိုက်သည်။

လုချီဟွာသည် ရထားလုံးပေါ်က ဆင်းလာရင်း စာမူကြမ်းကို အမြန်သိမ်းလိုက်သည်။

ဆွန်းမိုက လှည့်ပြီး စာအုပ်ဆိုင်လေးထဲကို ဝင်သွားသည်။ လာဗင်ဒါရေမွှေးနံ့လေးသည် သူ့နှာခေါင်းထဲကို စိမ့်ဝင်လာသည်။

“ငါဒီမှာဟေ့”

သစ်သားကုလားထိုင်ပေါ်တွင် ပက်လက်လှဲလျောင်းနေသော ကျန့်ချင်ဖန်က ဆွန်းမိုကို

မြင်လိုက်ရင် ထ၍” မင်းကို မတွေ့ဒါတောင် တော်တော်ကြာနေပြီ ဘဲ။ အရင်က မင်းပြောတာကို နောက်ပြောသွားတယ်လို့ ထင်နေတာ”

သူပြောနေစဉ် ကျန့်ချင်ဖန်၏ မျက်လုံးများက ဆွန်းမိုဆီကို ရောက်သွားသည်။ ဆွန်းမို၏ လက်ဗလာများကို မြင်လိုက်ပြီး စိတ်ပျက်သွားသည်။

ထင်ထားသည့်အတိုင်းပါ။ Journey to the west, Dragon Ball နှင့် Transfomer ဆိုသည့်

ထူးဆန်းသည့်နာမည်နှင့် အကြောင်းအရာများ မပါလာပါ။

လူငယ်တွေက အားကိုးလို့ မရပါ။

ကျန့်ချင်ဖန်သည် စာအုပ်တွေကို သူ့ဘဝလို့ သတ်မှတ်ထားသူပါ။ အငြိမ်းစားယူပြီးနောက်တွင် သူ့ သူငယ်ချင်းများ အားလုံးသေသွားခဲ့ကြပြီး နောက်တစ်ကြိမ် ပြန်ဆုံရန် မရှိတော့ပါ။ စာဖတ်ခြင်းသာ သူ့ဘဝ၏ တစ်ခုတည်းသော အပန်းဖြေစရာ ဖြစ်သည်။ သူသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်ဝင်းစားဖို့ကောင်းသည့် စာအုပ်များကို မရေတွက်နိုင်အောင်ကို ပင် ဖတ်ခဲ့သည်။

ဆွန်းမို Journey to the west အကြောင်းကို ပြောပြီးကတည်းက သူကောင်းကောင်း မအိပ်နိုင် မစားနိုင်ဘဲ ထိုအကြောင်းကိုသာ တွေးနေမိသည်။

စာအုပ်တစ်ခု၏ ခေါင်းစဉ်ကောင်းခြင်းသည် လူတွေ၏ စိတ်ဝင်စားမှုကို တွန်းအားပေးနိုင်သည်။

“ ငါတို့ သဘောတူညီချက်ရှိသေးလား’

ဆွန်းမိုက ပေါ့ပေါ့ ပါးပါး ရယ်ရင်း ပြောလိုက်သည်။

"ထိုးစံအတိုင်းပေါ့၊ မင်း စာအုပ်က ကောင်းပြီး ရောင်းနိုင်သ၍ ငါက မင်းကို စာအုပ် ၁၀၀၀ထုတ်ဝေပေးမယ်။ ဝင်ငွေအားလုံးကို မင်းအပိုင်ရမယ်"

ကျန့်ချင်ဖန်က တိုးတိုးညည်းလိုက်သည်။(ငါဘယ်လိုလူမို့လဲ။ ငါကပြောထားရင် ပြောတဲ့အတိုင်းလုပ်တတ်တယ်) ဒါပေမယ့်လည်း သူတော်တော်လည်သည်။ ရောင်းထွက်သောစာအုပ်များ၏ သဘာဝအတိုင်း လူအကြိုက်များသည်။ ထိုလိုမျိုး စာအုပ်များသည်

တစ်နှစ်တွင် တစ်အုပ်နှစ်အုပ်လောက်သော ထွက်ပေါ်လာတတ်သည်။ လူမကြိုက်သည့် စာအုပ်များသည် စာအုပ်စင်ပေါ်တွင် ဖုန်များဖြင့် ကျန်နေတတ်သည်။

"ဒါဆိုလည်း ကောင်းပြီလေ"

ဆွန်းမိုက ခေါင်းညိတ်ကာ

"လုချီဟွာ သူ့ကို စာမူ ပေးလိုက်"

သူမသည် စာအိတ်ကို ကိုင်ကာ တွန့်ဆုတ်သွားသည်။ ဒီအဘိုးကြီးဆီကို မပေးခင် သူမအရင်ဖတ်လို့ မရဘူးလား။

“အို မင်းတကကယ်ပဲ ရေးခဲ့တာလား၊ မြန်မြန်ကြည့်ရအောင်”

လုချီဟွာ တံ့ဆိုင်းနေတာကို မြင်တော့ ကျန့်ချင်ဖန်သည် မတ်တပ်ရပ်ကာ အိတ်ကိုယူရန် ပြေးသွားလိုက်သည်။

“သတိထားအုံး ပျက်ဆီးသွားမယ်”

ကျန်ချင်ဖန်၏ လုပ်ရပ်ကို မြင်ရင် လုချီဟွာ နှလုံးသား နာကျင်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၆၈)။ ။ ပရိတ်သတ်တစ်ယောက် ဖြစ်လာခြင်း။

နွေရာသီလေသည် အခန်းထဲကို တိုက်လိုက်ရင် အနည်းငယ်သော အပူရှိန်ကို သယ်ဆောင်လာသည်။

ဆွန်းမိုကတော့ လမ်းလျှောက်ကာ တစ်ခါတစ်လေ စာအုပ်စင်က စာအုပ်ကို လှန်ကြည့်နေသည်။

ထိုအချိန်တွင် ကျန့်ချင်ဖန်သည် သူ့လက်ပေါ်က စာမူကို ကြည့်ကာ မျက်တောင်တစ်ချက်မခတ်ဘဲ ကုလားထိုင်ပေါ်တွင် ထိုင်လိုက်သည်။ လှုပ်ရှားမှုကြောင့် စာမူများ ပျက်ဆီးသွားမည်ကို မသိစိတ်က စိုးရိမ်နေပြီး သူ၏ အမူအရာသည် အရင်ကထက် နူးညံ့လာသည်။

ရိုးရိုးသားသားပြောရရင် စာမူကို ပထမဆုံး မြင်လိုက်သည့်အချိန်တွင် ကျန့်ချင်ဖန်သည် အထင်သေးစိတ်များ ပြည့်နေသည်။ ဆွန်းမိုက

ကြီးကြီးကျယ်ကျယ် ပြောနေတာလို့ သူထင်လိုက်သည်။

စာပိုဒ်သည် လိုရင်းတိကျသော်လည်း စာပေအရည်ချင်းမရှိပါ။ ၎င်းကို စကားပြောပုံစံ ရေးသားထားသည်။

ဒါပေမယ့် ဆက်ဖတ်နေလိုက်တော့ ဇာတ်လမ်းက ပိုပြီးစိတ်ဝင်စားဖို့ ကောင်းလာသည်။

ကောင်းကင်နှင့် မြေကြီးဆီက ဝိညာဉ်ချီကို စုပ်ယူနိုင်သော ဝိညာဉ် ကျောက်တုံးတစ်တုံးရှိနေပြီး အတွင်းထဲတွင် သန္ဓေသားတစ်ခုရှိနေသည်။

ဝိညာဉ်မျောက်သည် ကျောက်တုံးက ခွဲထွက်လာပြီး တိမ်များပေါ်သို့ ပျံတက်သွားသည် ကျန့်ချင်ဖန်သည် လုံးဝကို အံ့အောသင့်သွားသည်။

အဓိကဇာတ်ကောင်က မျောက်တစ်ကောင်လား။ မဟုတ်ဘူး။ မျောက်က အိမ်မွေးတိရစ္ဆာန် ဖြစ်သင့်တာလေ။

အဓိကဇာတ်ကောင် ပေါ်ထွန်းလာခြင်းသည် တကယ်ကို ဆန်းသစ်ပြီး အံ့မခန်းပါပဲ။ ကျောက်တုံးကြီးကနေ ပေါ်လာတာလား။ ကျန့်ချင်ဖန်သည် နှစ်ပေါင်းဆယ်ချီကြာအောင်

စာအုပ်များကို ဖတ်ခဲ့ပြီး ဒီလိုမျိုးဇာတ်လမ်းကို မဖတ်ဖူးခဲ့ပါ။

....

ကျန့်ချင်ဖန်ကို စာပေကျယ်ကျယ်ပြန့်ပြန့် ဖတ်သူတစ်ယောက်လို့ ယူဆနိုင်သည်။ ဒီအဖွင့် အပိုင်းတစ်ခုတည်းနဲ့ သူ့ကို အမှတ်ပေးခိုင်းရင် ၁ဝမှတ်မှာ ၉မှတ်လောက် ပေးလိုက်မည်။ သူတော်တော်ကို သဘောကျသွားသည်။

စာရေးဟာန်က အနည်းငယ်ကြွမ်းပြီး ရိုးရိုးရှင်းရှင်းဖြစ်နေသည့် အချက်ကလွဲရင် တော်တော်လေးကို ကောင်းပါသည်။

ဒါကိုတွေးပြီး သူကိုယ်တိုင် စကားလုံးတွေကို ပြင်ပေးချင်စိတ်ပေါက်လာသည်။ ဒီလိုစာပေပုံစံသည် အဖွင့်အပိတ်ကို အနှောက်အယှက် ဖြစ်စေတယ်လို့ သူခံစားနေရသည်။ သို့သော်လည်း ဆက်ဖတ်နေသည့်အချိန်တွင် အခြားအကြောင်းအရာများကို မတွေးမိတော့ဘဲ ဇာတ်လမ်းထဲတွင်သာ လုံး၀ နစ်မြှပ်သွားသည်။

အနောက်ကိုဦးတည်ကာ မျောက်ဘုရင်တစ်ပါး မွေးလာခဲ့သည်။

အသက်ရှည်ခြင်း ကျင့်စဉ်ကို ရှာဖွေရင်း သမုဒ္ဒရာအစွန်းတွင် အလဲအလှယ်လုပ်ခဲ့သည်။

ကျန်နှချင်ဖန်က ထိုမျောက်သည် တောင်ပေါ်ရှိ မျောက်များနှင့် ဆော့ကစားနေသည့် အကြောင်းကို ဖတ်လိုက်သည့်အချိန်တွင် ရှင်လန်းသွားကာ သူ့မှတ်ဆိတ်များကို ကိုင်လိုက်မိသည်။ ရေကန့်လန့်ကာ ဂူထဲကို ဝင်ခြင်းမှစ၍ အခြားမျောက်များကို အနိုင်ယူခြင်း၊ သူသာ

မျောက်ဘုရင်ဖြစ်ကြောင်းကို ကြွေးကြော်ခြင်းအထိ........ ထို့နောက်တွင် မျောက်ဘုရင်သည် သူ့လက်အောက်ခံများ အိုမင်းရင့်ရော်လာကာ သေသွားတာကို မြင်ပြီး အလွန်ကို ထိတ်လန့် တုန်လှုပ်သွားသည်။ မျောက်ဘုရင်သည် သမုဒ္ဒရာများကို ဖြတ်ကာ ထာဝရအသက်ရှည်ခြင်း လျှို့ဝှက်ချက်ကိုရှာရန် တိုင်းပြည်နှင့် အဝေးကြီးကို ခရီးထွက်ဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။ ကျန့်ချင်ဖန်သည် ထိုနေရာကို ဖတ်လိုက်ပြီး ဝမ်းနည်းမိသည်။

ထာဝရအသက်?

အဲဒါကို ရရှိဖို့ ဘယ်လောက်ခက်မှာလဲ။

လမ်းခရီးတွင် မျောက်ဘုရင်သည် ဒုက္ခများစွာ ရောက်ပြီး ဟာသများစွာဖြင့် အလှောင်အပြောင် ခံခဲ့ရသည်။ ကပ်ဘေးများစွာကိုလည်း သူဖန်တီးခဲ့သည်။ ကျန့်ချင်ဖန်သည် သူ့အမြတ်ထုတ်မှုကို ဖတ်လိုက်ရသည့်အခါ ပြုံးလိုက်မိသည်။

နှစ်ပေါင်းများစွာ လှည့်ပတ်သွားလာပြီး တောင်ပေါ်ရှိကြွယ်သုံးပွင့် လှိုဏ်ဂူကို မျောက်က

ရှာတွေ့နိုင်ခဲ့သည့်အကြောင်းကို ဖတ်လိုက်ပြီးနောက် သူသည် နောက်ဆုံးတွင် သက်ပြင်းချလိုက်သည်။

သို့သော် ထိုအချိန်တွင် ကျန့်ချင်ဖန်သည် ကြောက်ရွံ့မှုကိုခံစားရပြီး ရင်တွေလည်း မောလာသည်။ ဘာကြောင့်ဆို ကမ္ဘာပေါ်တွင် ထာဝရအသက်ရှည်နိုင်သည့် ကျင့်စဉ်က ဘယ်လိုလုပ်ရှိနိုင်မှာလဲ။

ဘယ်လိုပဲဖြစ်ပါစေ ဇာတ်ကွက်က ကျန့်ချင်ဖန်ကို စိတ်မပျက်သွားစေပါ။ မျောက်ရိုင်းသည် စွန်းဝူခုန်းဆိုသောအမည်ကို ရရှိခဲ့ပြီး ခုနှစ်ဆယ့်

နှစ်မျိုး အသွင်ပြောင်းခြင်း ကိုတောင် တတ်မြောက်သွားသည်။ တစ်ချက်ကျွမ်းပစ်လိုက်ရုံနှင့် မိုင်ပေါင်း ၁၀၈,၀၀၀ ကိုခရီးသွားနိုင်သော တိမ်တိုက်တစ်ခုလည်း ပါသေးသည်။

ထိုအခိုက်အတန့်တွင် အသက်ခုနှစ်ဆယ် အဘိုးကြီး ကျန့်ချန်ဖန်သည် လက်ခုပ်တီးကာ စိတ်လှုပ်ရှားပြီး ထအော်ချင်နေသည်။ ငယ်ချိန်တွေကိုတောင် ပြန်သတိရသွားသည်။

လုချီဟွာသည် အဘိုးကြီးဖတ်ပြီးသည်နှင့် နောက်တစ်ကြိမ် ဖတ်ချင်နေသည်။ သို့သော် အဘိုးကြီးသည် သူဖတ်ပြီးသည့် စာမျက်နှာများကို ကိုင်ထားပြီး အလွှတ်မပေးပါ။ ဘယ်လောက်တောင် လောဘကြီးလိုက်လဲ။

....

အဲဒီနောက်မှာ စွန်းဝူခုန်းသည် အားလုံးမတွေးရဲသည့် အလုပ်ကို လုပ်ခဲ့သည်။ သူသည်နတ်ဆိုး အမြောက်အများကို တိုက်ခိုက်ကာ ရေကန့်လန့်ကာဂူကို သိမ်းပိုက်ခြင်း၊ ရွှေပတ္တမြား

လှိုဏ်ဂူကို ရယူကာ မြေအောက်ကမ္ဘာကို ကျူးကျော်ဝင်ရောက်ပြီး သေခြင်းနှင့် ရှင်ခြင်းစာအုပ်ထဲက အကြောင်းအရာများကို အတင်းအကြပ် ပြောင်းလဲကာ ကောင်းကင်နန်းတော်က စစ်သည်တော်နှင့် နတ်စစ်ဗိုလ်ချုပ်များကိုပင် တိုက်ခိုက်ခဲ့သည်။

စွန်းဝူခုန်းသည် နောက်ဆုံးတွင် အကြီးအကဲ၏ မှော်ဆေးပညာမီးဖိုထဲတွင် အပိတ်ခံလိုက်ရကြောင်းကို ဖတ်နေချိန်တွင် ကျန့်ချန်ဖန်၏ စိတ်ထဲတွင် စိုးရိမ်စိတ်များ

ပြည့်နေသည်။ သို့တိုင်အောင် ထိုကျေးဇူးကြောင့် စွန်းဝူခုန်းသည် ရွှေရောင် မျက်လုံး နည်းစနစ်ကို ရပြီး ကောင်းကင်တရားရုံးကိုတောင် ပြောင်းဆန်အောင် ဒုက္ခပေးခဲ့သည်။

ဒီတစ်ခါတွင် ကျန့်ချင်ဖန်သည် ကိုယ့်ကိုယ်ကို မထိန်းနိုင်တော့ဘဲ စားပွဲခုံကို ရိုက်ကာ "စောက်ရမ်းမိုက်တယ်" ထအော်လိုက်သည်။

....

အချိန်တွေလည်း တဖြည်းဖြည်း ကုန်သွားသည်။ ကျန့်ချင်ဖန်သည် ကျမ်းမြတ်ကို ပင့်ဆောင်ရန်

သိက္ခာတော်ရ ဘုန်းကြီး၊ သူတပြည့်သုံးယောက်နှင့် အတူ ဇာတ်လမ်းထဲတွင် နှစ်မြှပ်နေသည်။

စာရေးဟန် အဆင်မပြေဘူးလား။

စိတ်မကောင်းဘူး။ ကျန့်ချင်ဖန်အဲဒါကို မေ့နေသည်။ စိတ်ထဲမှာ အဓိကဇာတ်ကောင်လေးယောက်နှင့် ဘေးဒုက္ခ ဧဝပါးပဲရှိတော့သည်။

ရုတ်တရက် ကျန့်ချင်ဖန်၏ လက်ထဲတွင် စာမူများကုန်သွားသည်။ (စာမူ ဘယ်မှာလဲ၊ ပြီးသွားပြီလား၊ မရှိတော့ဘူးလား။) ဆွန်းမိုကို မော့ကြည့်လိုက်ပြီး အသံထွက်လာသည်။

"နောက်ပိုင်းက ဘယ်မှာလဲ"

ဘေးတွင် ရှိနေသည့် လုချီဟွာလည်း လန့်သွားကာ နောက်သို့ ခုန်ဆုတ်လိုက်သည်။

ဆွန်းမိုက ပြန်မပြောပါဘူး။

ကျန့်ချင်ဖန်သည် အမြန်သွားကာ ဆွန်းမိုလက်ကို ကိုင်ကာမေးလိုက်သည်။ "စာမူ နောက်အပိုင်းတွေ ဘယ်မှာလဲ။ စွန်းဝူခုန်းက မက်မွန်းသီး အပင်ကို တကယ် ဖျက်ဆီးလိုက်တာလား။ သူက ကျန်ရန်း မသေမျိုးတိုက်ပွဲထဲကို ဝင်ပါခဲ့တာလား။

ဆွန်းမိုက ပြုံးပြီး ကျန့်ချင်ဖန် ထံမှ လက်ကို ဆွဲထုတ်လိုက်သည်။

"တစ်ခုခုပြောအုံး"

ကျန့်ချင်ဖန်၏ သိချင်စိတ်က သေလုမျောပါး ဖြစ်နေသည်။

"ဖတ်လို့ကောင်းလား" ဆွန်းမိုက မေးလိုက်သည်။

"အင်း"

"အရမ်းကောင်းတယ်"

"စောက်ရမ်းမိုက်တယ်"

ကျန့်ချင်ဖန်က စာမူကြမ်းကို ပွတ်သပ်ရင်း သုံးကြိမ်တိုင်တိုင် အတည်ပြုလိုက်သည်။ ဒီလို ဇာတ်လမ်းကောင်းမျိုးကို မဖတ်ရတာ တော်တော်ကြာပြီ။ အလွန်းကောင်းသည့် ဝိုင်တစ်ခွက်ကို သောက် လိုက်ရသလိုပါပဲ။

"ဟုတ်တယ် ဟုတ်တယ်"

လုချီဟွာလည်း သူမကိုယ်တစ်ဝက်ကို စာအုပ်စင်နောက်တွင် ဝှက်ရင်း

ထောက်ခံလိုက်သည်။ သူမက စိတ်လှုပ်ရှားစွာ အော်ပြောလိုက်သည်။

"မပြောဘူးလား ၊ဆရာဆွန်းရေးတာ ကောင်းပါတယ်လို့"

ဒီကောင်မလေးက တော်တော်ဂုဏ်ယူနေသည်။

"ဆရာဆွန်း" ကျန့်ချင်ဖန်က ဆွန်းမိုက အကဲခတ်လိုက်ပြီး "မင်းဘယ်ကျောင်းကလဲ"

"ဗဟိုပြည်နယ် အကယ်ဒမီ"

ဆွန်းမိုက သူ့ကိုယ်သူ တရားဝင် မိတ်ဆက်လိုက်သည်။

ကျန့်ချင်ဖန်က ဆွန်းမိုကို ထိုင်ဖို့ ဖိတ်ခေါ်လိုက်ပြီး လက်ဖက်ရည်တစ်ခွက် ဖျော်ပေးလိုက်သည်။ ဆွန်းမိုနှင့် အတူလိုက်လာသည့် လုချီဟွာလည်း လက်ဖက်ရည်တစ်ခွက် ရပါသည်။

“တောင်းပန်တယ်ကွာ ၊ အံ့မခန်းစာအုပ်ကို ဖတ်ပြီး အချိန်တွေကို မေ့သွားတယ်”

ညနက်နေတာကို မြင်ပြီး ကျန့်ချင်ဖန် တော်တော်ကို အားနာသွားသည်။

"ဒါဆို စာအုပ် ၁၀၀၀ ထုတ်ဝေနိုင်မလား" ဆွန်းမိုက ပြုံးကာ မေးလိုက်သည်။

"သေချာတာပေါ့၊ လုံးဝကို သေချာတယ်"

ကျန့်ချင်ဖန်က ချက်ခြင်းခေါင်းညိတ် လိုက်သည်။ ထို့နောက်ခေါင်းယမ်းလိုက်ကာ "စာပေလက်ရာကို နည်းနည်းပိုကောင်းအောင် လုပ်ပေးနိုင်မလား"

"ဟင့်အင်း"

ဆွန်းမိုက တိုတိုလေး ပြန်ဖြေလိုက်သည်။ ရယ်စရာကောင်းလိုက်တာ ဒီဂန္ထဝင်လက်ရာကို သူ့စတိုင်နှင့် ရေးရမှာလား။

တကယ်တော့ဆွန်းမို၏ စာပေစွမ်းရည် သိပ်မဆိုးပါ။ လွန်ခဲ့သော နှစ်အနည်းငယ်က သူသည်ဆောင်းပါးနှင့် ကဗျာများကို ရေးသားထုတ်ဝေခဲ့သေးသည်၊ သို့သော် ရေးခတ်လူများအမြင်တွင် သူသည် ချို့တဲ့နေသည်။

"အာ စိတ်မကောင်းစရာဘဲ"

ကျန့်ချင်ဖန်သည် ဆွန်းမိုကို စိုက်ကြည့်ရင်း သက်ပြင်းချလိုက်သည်။ သူ့ဆိုလိုရင်း အရမ်းရှင်းပါသည်။ ဒီဇာတ်လမ်းက အရမ်းကောင်းသည်၊ ရေးသားသည့် ပုံစံကို

ပြောင်းလိုက်ရင် ဘယ်လောက်တောင်ကောင်းမလဲ။

"မေးမိတဲ့ အတွက်တောင်းပန်ပါတယ်။ ဒါပေမယ့် ဒီဝတ္ထုကို ဘာလို့ ရေးချင်တာလဲ"

ကျွန့်ချင်ဖန်က မေးလိုက်သည်။

ဆွန်းမိုက အထင်သေးမခံချင်ပါ။ ထိုကြောင့် ချက်ခြင်း ပြန်ပြောလိုက်သည်။

"ဒီစတိုင်ရေးတာ ဘာကြောင့်ထင်လဲ"

ကျွန်ချင်ဖန်က ပြုံးနေပြီး ပြန်မဖြေပါ။

"စကားပြောပုံစံနဲ့ ရေးရင် ကျေးလက်က အဒေါ်ကြီးတွေတောင် နားလည်နိုင်တယ်။ ဒါက ဒီဇာတ်လမ်းအတွက် အကောင်းဆုံး ပုံစံပဲ"

ဆွန်းမိုက ပခုံးတွန့်ကာ ဖြေလိုက်သည်။

ကျန့်ချင်ဖန်လည်း မှင်တက်သွားသည် ။ အချိန်အတော်ကြာသည်အထိ ဆွန်းမို စကားကို ဘယ်လို ပြန်ချေပရမလဲ မသိဖြစ်သွားသည်။ ဒါကအမှန်ပဲ။ ဒီဝတ္ထုက ဝတ္ထု တစ်ပုဒ်ဖြစ်ပြီး ဝတ္ထုတစ်ပုဒ်သည် ဖတ်ရှုခံစားနိုင်ရန် ဖြစ်သည်။ ပညာရှိနှင့် သူတော်စင်များရေးသော ဂန္ထဝင်

ဆောင်းပါး မဟုတ်ပါ။ သင်ယူဖူးသူပဲ နားလည်နိုင်ရန်မလိုပါ။

ဆွန်းမိုက လက်ဖက်ရည်ကို သောက်လိုက်သည်။

လုချီဟွာလည်းသူ့ကို အတုခိုးပြီး လက်ဖက်ရည်ခွက်ကို မြှောက်လိုက်သည်။ စာအုပ်ဆိုင်၏ သူဌေးက ဆွန်းမို စကားကြောင့် မှင်တက်သွားတာကို တွေ့လိုက်ရင် သူမလည်း ပျော်သွားသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၅

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် -ရင်းနှီး - (၁၈၃/၁၀၀၀)

"ဦးလေးကျန့် တော်တော်လေး နောက်ကျနေပြီ....."

ဆွန်းမိုက " ကျွန်တော် စာချုပ်ချုပ်ပြီး ပိုက်ဆံယူကာ ပြန်ချင်ပြီလို့ " နောက်ဆက်တွဲကို မပြောလိုက်ပါ။

"အို ငါသတိမထားလိုက်မိဘူး"

ကျန့်ချင်ဖန်က အံဆွဲကို ဖွင့်ကာ ခေါင်းလောင်းကို ထုတ်ယူလိုက်ပြီး လှုပ်လိုက်သည်။

သိမ်မကြာခင် အိမ်နောက်ဖေးက အစေခံအိုကြီး တစ်ယောက်ဝင်လာသည်။

"သွားပြီး ခမ်းနားသည့် ညေ့ခံပွဲ အတွက် ပြင်ထားပါ"

ကျုန့်ချင်ဖန်သည် ဆွန်းမိုနှင့် တစ်ညလုံး စကားပြောလို့ရအောင် လုပ်နေသည်။ သူသည် ဓာတ်လမ်းအကြောင်းအရာကို တစ်ဖက်လူက ခိုးချထားလား ၊ သူများ ရေးထားတာယူလာလား တူးဆွရမည်။ "အို ငွေတုံးတစ်ထောင်လည်း ယူလာပါ"

သိပ်မကြာခင် အရသာပြည့်စုံလှသည့် စားပွဲတစ်ခုကို ခင်းကျင်းထားသည်။

ကျန့်ချင်ဖန်သည် နှစ်အတော်ကြာအောင် သိမ်းထားသည့် ချက်အရက်ကို ဝိုင်ခွက်ထဲ ထည့်လိုက်သည်။

“ဒီချက်အရက်က တော်တော်ကို ကောင်းတယ်။ မြည်းကြည့်ပါအုံး”

ဆွန်းမိုသည် တစ်ကျိုက်တည်းနှင့် ဝိုင်ခွက်က မော့သောက်လိုက်ကာ ခွက်ကို စားပွဲပေါ်သို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြန်တင်လိုက်ရင်း “ တောင်းပန်ပါတယ်။ အရက်အများကြီး မသောက်နိုင်လို့ပါ”

ဆွန်းမိုလုပ်ရပ်ကြောင့် ကျန့်ချင်ဖန်သည် အသဲကွဲသလိုဖြစ်သွားသည်။ ထို့နောက်သူသည်စပျစ်ရည်ကို သောက်လိုက်ကာ ပြန်အဆင်ပြေလာသည်။

ဒီလိုကောင်းသည့် စာအုပ်မျိုးကို မမြင်ရတာ တော်တော်ကြာပါပြီ။ သူသာ သိပ်မသောက်ပါက Journey to the west အကြောင်းကို အစ်မေးလို့ မရနိုင်တော့ပါ။

“သိပ်တွေး မနေနဲ့”

လုချီဟွာ အရမ်းရှက်နေတာကို မြင်လိုက်လျှင် ဆွန်းမိုက သူမပန်းကန်ထဲကို အမဲသားတစ်တုံး ထည့်ပေးရင်း ပြောလိုက်သည်။

“အင်း”

လုချီဟွာ၏ စိတ်ထဲတွင် နွေးထွေးသွားသည်။ သို့သော်လည်း သူမသည် နာခံခဲ့သည်။။ ကျန့်ချင်ဖန် ခွက်ထဲတွင် ဗလာဖြစ်နေတာကို မြင်လိုက်ရင် သူမသည် စပျစ်ရည်ထည့်ပေးရန် အလျှင်စလို ထလိုက်သည်။

ကျန့်ချင်ဖန်က ပေါ့ပေါ့ပါးပါးဖြစ်သည်။ ညစာစားပွဲက စည်းမျဉ်းတွေ အများကြီး လိုက်နာနေစရာမလိုပါဘူး။ လူတိုင်း လွတ်လွတ်လပ်လပ် ပျော်နိုင်ရင် အဆင်ပြေသည်။

တတိယခွက်ကို သောက်လိုက်ပြီးနောက် ဖူးကို ဆွန်းမိုရှေ့သို့ ချလိုက်သည်။ “ ငါထင်တာမမှားရင် ဒီငွေတွေက မင်းအပိုင်ဘဲ”

“ ငါ့စာမှုကို မရောင်းဘူးလို့ အရင်ကတည်းက ပြောထားပြီးသားပါ”

ဆွန်းမိုက ပြင်းလိုက်သည်။ ဒီငွေပမာဏက တော်တော်များပေမယ့် Journey to the west ကို ဝယ်ယူနိုင်လောက်အောင်တော့ မများပါ။

“မင်းဘာတွေပြောနေတာလဲ။ မင်းမျက်စိ မမှုန်ရင်တောင်မှ ဒီစာအုပ် မူပိုင်ခွင့်ကိုဝယ်ဖို့ ငွေ ၁၀၀၀ထောင်လောက်က လုံလောက်မယ်လို့ ငါလည်း မထင်ပါဘူး။ ဒါ မင်းကို ပေးရတဲ့အကြောင်းက မင်းဘဝရဲ့ လိုအပ်ချက်တွေကို မတွေးဘဲ စာအေးအေးဆေးဆေး ရေးနိုင်အောင်လို့ပါ”

ကျန့်ချင်ဖန်က ရှင်းပြလိုက်သည်။ “ထုတ်ဝေမှု ကုန်ကျစရိတ်ကို သက်သက် တွက်ပြီး ပေးမယ်”

“ ငါမယူနိုင်ဘူး”

ဆွန်းမိုက အစားတစ်လုတ်ကို စားရင်း ပြန်တွန်းထုတ်လိုက်သည်။

“ဆွန်းမို၊ ငါစိတ်ရင်းခံပြီး မင်းကို သူငယ်ချင်းလေးလို့ ခေါ်လို့ရမလား။” ကျန့်ချင်ဖန်သည် ဆွန်းမိုကို ကြည့်ရင်း စိတ်ရင်းခံတွေ ထွက်ပေါ်လာသည်။ “ စာအုပ်ကောင်းတစ်အုပ်ကို တွေ့ရဖို့က

တော်တော်ခက်တယ်။ လက်ထဲက မချခြင်လောက်အောင် ကောင်းတဲ့ စာအုပ်ဆိုရင် ပိုတောင်ခက်သေးတယ်။ " ချစ်သူငယ်ချင်းလေး ကျေးဇူးပြုပြီး ငါ့ရဲ့ စေတနာကို လက်ခံပေးပါ။ ဇာတ်လမ်းရဲ့ နောက်ဆုံးပိုင်းကို တတ်နိုင်သလောက် အမြန်ဆုံး ပြီးအောင် ရေးပေးပါ"

ဒင်

ကျန့်ချင်ဖန်၏ လေးစားအထင်ကြီးမှု - +၁၀

ကျန့်ချင်ဖန်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မှုလ (၁၀/၁၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ဆွံ့အနေသည်။ စနစ်က သတိပေးချက် ထွက်လာခြင်းက အမှန်တကယ်ကို လေစားနေခြင်းလို့ ဆိုလိုသည်။ ဒီအရာသည် Journey to the west ကိုရရန် လှည့်ကွက် မဟုတ်ပါ။ သို့သော် သူ့ ပရိတ်သတ် တစ်ဦးဖြစ်လာသည့် အချိန်က မမြန်လွန်းဘူးလား။

(ဇာတ်လမ်းတစ်ခုလုံး ပြီးမှ စေတနာ ပြလည်း နောက်မကျသေးဘူး ဟုတ်တယ်ဟုတ်)

(အခုလို လုပ်လိုက်တာလည်း အရမ်းကို ဂုဏ်ယူမိပါသည်)

ဇာတ်ကွက်များ ကြီးကြီးမားမား မပြောင်းလဲဘဲ စကာလုံးများဖြင့် သူရေးသားခဲ့သည်။ ထို့ကြောင့် အချို့သော အသေးစိတ်များနှင့် ဇာတ်ကောင်များကို အတွေးအခေါ်ပေါ် အခြေခံ၍ နည်းနည်း ပြင်ဆင်ခဲ့သည်။ ဒါကို ခိုးကူးတယ်လို့ သတ်မှတ်လို့ မရဘူး၊ မှတ်လား။

အရိုးသားဆုံးပြောရရင် ဆရာတစ်ယောက်အနေနှင့် ဆွန်းမိုသည် ခိုးကူးသည့် ကိစ္စကို အသည်းမခံနိုင်ဆုံးပါ။ သူ့အတွက်သာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုက်ဆံမလိုအပ်ခဲ့ရင် Journey to the west ရေးဖို့ ရွေးချယ်ခဲ့ မှာ မဟုတ်ပါ။

အခြားရှု့ထောင့် တစ်ခုမှ တွေးကြည့်ရင် အလယ်ကမ္ဘာ ပြည်နယ်ကိုးခုကလူတွေကို သူ၏ အရင်ကမ္ဘာက ဂန္ဓဝင်စာအုပ်ကို ဖတ်ခွင့် ပြုခြင်းက ကောင်းသော အရာလို့ သူထင်သည်။

ကျန့်ချင်ဖန်က ဗူးများကို ပြန်တွန်းပို့ပြီး လက်ထဲက စာမူကို နောက်တစ်ကြိမ် ပြန်ဖတ်လိုက်ကာ မနေနိုင်ဘဲ ချီးကျူးလိုက်သည်။ တကယ်ကို ဖတ်လို့ကောင်းတာပဲ။

ဒါပေမယ့် အဲဒီနောက်မှာစိတ်ပျက်သည့် အမှုအရာ ပေါ်လာသည်။ အနာဂတ်မှာ ဒီလိုစာမူမျိုး ရှာမတွေ့တော့ရင် ဘဝကြီးတော့ အဓိပ္ပာယ်ပျောက်တော့မည်။

တကယ်တော့ ကျန့်ချင်ဖန်သည် ဆွန်းမိုကို ပိုက်ဆံပေးရခြင်းတွင် နောက်ထပ်ရည်ရွယ်ချက် တစ်ခုရှိသည်။ Journey to the west နောက်အပိုင်းတွေရယ် DragonBall နှင့် Transformer တို့ကိုလည်း ဖတ်ချင်နေသည်။

ဒီစာအုပ်၏ အရည်အသွေးအရ ထိုနှစ်အုပ်လည်း မည့်နိုင်ပါ။

စာအုပ်များကို တွေးတောရင်း ဘဝကို စာအုပ်တစ်ခုကဲ့သို့ သဘောထားသော ကျန့်ချင်ဖန်အတွက် တော်တော်ကို စိတ်လှုပ်ရှားသွားသည်။ ဆွန်းမိုကို ဖမ်းထားပြီး စာအုပ်တောင် ရေးခိုင်ချင်စိတ် ပေါက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၆၉)။ ။ အံ့ဖွယ် ပန်းခင်း။

"ဦးလေးကျန့် စိတ်မပူပါနဲ့ မကြာခင် ဓာတ်လမ်းရဲ့ နောက်အပိုင်းတွေကို ပြီးအောင်ရေးပေးမှာပါ"

ဆွန်းမိုက အာမခံလိုက်သည်။

တခြားပါတီက သူ့ကို သူငယ်ချင်းလေးလို့ ခေါ်ပြီး သဘောထားကြီးလွန်းသည်။ ထို့ကြောင့် ဆွန်းမိုကလည်း စည်းမျဉ်းများကို ပြောင်းလိုက်ပြီး ကျန့်ချင်ဖန်ကို ပိုပြီးလေးစားစွာ ပြောလိုက်သည်။

"အင်း ဒါဆို"

ကျန့်ချင်ဖန်သည် ပူဆွေးနေပြီးနောက် " မင်းပြောတာကိုပဲ လက်ခံရတော့မှာပေါ့။ စိတ်မပူနဲ့ ဒီငွေတွေကို စာရေးသူ ရပိုင်ခွင့်ထဲမှာ ထည့်မတွက်ဘူး။ စာအုပ်တစ်ထောင်ထုတ်မယ်...... မဟုတ်ဘူး ၃၀၀၀ ထုတ်ဝေမယ်။ စာထုတ်ဝေတဲ့ ကုန်ကျစရိတ်တွေကို နုတ်ပြီးရင် ကျန်တာမင်းကို အကုန်ပေးမယ်။

"ဒါက မကောင်းဘူး"

ဆွန်းမို မျက်မှောင်ကြုတ် လိုက်သည်။ ဒီလိုလုပ်ခြင်းအားဖြင့် ကျန့်ချင်ဖန်သည် ဆွန်းမိုအတွက်သာ လုပ်ပေးနေသလို ဖြစ်နေသည်။

"ဘာကို မကောင်းတာလဲ၊ ဒီလို အံ့မခန်း ဝတ္ထုကို လူတိုင်း ဖတ်ခွင့် ရစေရမယ်။ မဟုတ်ရင် တောက်ပတဲ့ ပုလဲ တစ်လုံးက ဖုန်တွေ ဖုံးနေသလို ကောင်းကင်ပစ္စည်းကို ဖုံးပစ်လိုက်သလို ဖြစ်သွားမယ်"

ကျန့်ချင်ဖန်က အကျိုးအကြောင်းနှင့် ပြန်ရှင်း ပြလိုက်သည်။ ဘာလှည့်ကွက်ကို မှ သူမပြောခဲ့ပါ။

အထက်တန်းအရာရှိ တစ်ယောက်ဖြစ်သဖြင့် ကျန့်ချင်ဖန်အတွက် ငွေမရှားပါ။ သူ့အတွက်မရှိတာက ငွေသုံးဖို့ နေရာဖြစ်သည်။

Jouney to the west ကို ဖတ်လိုက်ပြီးနောက် ကျန့်ချင်ဖန်သည် မျောက်ဘုရင်နှင့် ဘုန်းတော်ကြီး ဇန်ကျန် ကို နှစ်သက်သွားသည်။ ဆွန်းမိုကသာ ဟင်းခတ်အမွှေးအကြိုင်များကို မပေးပါက ကောင်းကောင်း အိပ်မပျော်နိုင်ဖြစ်သွားမည်။

ကျန့်ချင်ဖန်သည် ပုံနှိပ်ပြီးပါက သူ့သူငယ်ချင်းတွေဆီကို အရင်ဆုံး

ပို့ပေးလိုက်မယ်လို့ စဉ်းစားထားသည်။ မဟုတ်ပါက ကောင်းမွန်သော လက်ရာကို လက်ဝါးကြီး အုပ်ထားပြီး လျှို့ဝှက်ထားခြင်းကြောင့် သူ့ကို အပြစ်ဝိုင်းပြောကြမှာ ကျိန်းသေသည်။

"မင်းရဲ့ ပထမဆုံး သေတဲ့အထိ သစ္စာရှိ ပရိတ်သတ်တစ်ယောက် ရရှိတဲ့အတွက် ဂုဏ်ယူပါတယ်"

စနစ်က ကျီစားသည်။

"ဒါဆို မင်းကဘာလို့ ဆုမပေးသေးတာလဲ" ဆွန်းမိုက အလစ်ချောင်း တောင်းဆိုလိုက်သည်။

"ဟဲ ဟဲ" စနစ်က ရယ်နေသည်။

"ယောက်ျားတစ်ယောက်က သဘောထားကြီးရမယ်။ ပိုက်ဆံလို အသေးအမွှားကိစ္စကို လှည့်မကြည့်သင့်ဘူး" လို့ စနစ်က ကျန့်ချင်ဖန် လေသံအတိုင်း လိုက်ပြောလိုက်သည်။

ကျန့်ချင်ဖန်က သူ့အား စေတနာကောင်းစွာ ထုတ်ပိုးပေးနေသည့်အတွက် ဆွန်းမိုက သူ့လက်ထဲက ခွက်ကို မြှောက်လိုက်ကာ ပြောလိုက်သည်။ "ကောင်းပါပြီဗျာ၊ မင်းရဲ့

ကြင်နာမှုအတွက် ဦးလေးကျန့်ကို ကျေးဇူးတင်ပါတယ်။ ဒါဆိုလည်း ကျွန်တော် မငြင်းတော့ပါဘူး”

“ဒီလောက် ယဉ်ကျေးနေစရာမလိုပါဘူးကွာ။ မင်းရဲ့ ကျင့်ဝတ်တွေကို သတိထားဖို့ မလိုပါဘူး။ နေရထိုင်ရ ခက်ပါတယ်”

ကျန့်ချင်ဖန်က လက်ကို ဝှေ့ယမ်းကာ မျက်ခုံးပင့်လိုက်ရင်း “ ပိုပြီး လွတ်လပ်လပ်နဲ့ သက်တောင့်သက်သာ နေစမ်းပါ”

ဆွန်းမိုက ဘာပြောနိုင်အုံးမှာလဲ။ သေတဲ့ အထိ သစ္စာရှိသည့် ဖန် တွေက ရှုးသွပ်လွန်းနေသည်။

အစမှ အဆုံးထိ သူတို့ ခေါင်းစဉ်သည် Journey to the west ပဲဖြစ်နေသည်။ ကျန့်ချင်ဖန်သည် ဆွန်းမို ရည်ရွယ်ချက် အားလုံးကို တူးဖော်ဖို့ ရည်ရွယ်ချက်ရှိခဲ့သည်။

လုချီဟွာကတော့ ဘေးနားမှာ နာခံစွာထိုင်နေသည်။ သူမသည် မနှောက်ယှက်ဘဲ ကျယ်ကျယ်တောင် အသက်မရှူခဲ့ပါဘူး။ သူမကို

ဝိုင်ပုလင်း ဖြည့်ပေးသည့် အချိန်မှာသာ တွေ့နိုင်သည်။

"အိုမေ့နေတာ စာအုပ်ထုတ်ဝေဖို့ဆိုရင် သရုပ်ဖော်ပုံလိုသေးတယ်။ ဒါနဲ့ ပက်သက်ပြီး မင်းမှာ အကြံရှိလား"

ကျန့်ချင်ဖန်က မေးလိုက်သည်။

ဒီလို ဓာတ်လမ်းမျိုးကို သူလည်း ပထမဆုံးတွေ့ဖူးတာပါ။ ဓာတ်လမ်းထဲက ဆရာနှင့် တပြည့်သုံးယောက် စရိုက်ကြောင့် ကျန့်ချင်ဖန်သည် သူ၌ွားရမ်းသည် ပန်းချီပညာရှင်က

ဇာတ်ကောင်တွေရဲ့ အနှစ်သာရကို ဖမ်းမမိမှာ ကြောက်နေသည်။

ဆွန်းမိုလည်း စိတ်လှုပ်ရှားသွားပြီး " ရုပ်ပုံ ဘယ်လောက်လိုလဲ"

"ဒါက အခြေအနေပေါ်ကို မူတည်တယ်။ ဒါပေမယ့်ဇာတ်ကောင် တစ်ယောက်ခြင်းစီရဲ့ ပုံတူကတော့ မဖြစ်မနေလိုတယ်"

ကျန့်ချင်ဖန်သည် နှစ်ပေါင်းများစွာ တရားဝင်အလုပ်လုပ်ခဲ့ပြီး လူများကို ကောင်းစွာ ဖတ်တတ်သူဖြစ်သည်။ ဆွန်းမို အမူအရာကို

မြင်လိုက်သည်နှင့် သူ့အတွေးများ မှန်နေပြီဖြစ်ကြောင်း သိလိုက်သည်။ “သူငယ်ချင်းလေး မင်းက အရမ်းတော်တဲ့ ဆရာကောင်းတစ်ယောက်ပဲ၊ မင်းမှာ အရည်ချင်း အများကြီးလည်း ရှိနိုင်တယ်။ ပန်းချီပညာလည်း ကျွမ်းကျင် နိုင်ပါ့မလား”

“အဆင်ပြေနေတုန်းပါပဲဗျာ”

ဆွန်းမိုသည် မနက်ခင်းတွင် ဘယ်သူမှ နားမလည်နိုင်သည့် အစာကောက်နေသော ကြက်လေးတစ်ပုံသာ ရေးဆွဲနိုင်ခဲ့သည့် အကြောင်းကို

စဉ်းစားနေသည်။ သို့သော်လည်း ပန်းချီနည်းစနစ်ကို ရရှိခဲ့ပြီးနောက် သူ့ကို မဟာအဆင့် တစ်ယောက်လို သတ်မှတ်နိုင်သည်။

"ဘာလို့ ဒီလောက် နိမ့်ချနေတာလဲ။ ပြိုင်ဘက်ကင်းဆရာကြီး စနစ်ရဲ့ မျက်နှာကို မကြည့်တော့ဘူးလား" စနစ်က မကျေမနပ်နှင့် ပြောလာသည်။ "မင်းက ပန်းချီဆရာတစ်ယောက်လို့ အကျယ်ကြီး ပြောလိုက်စမ်းပါ"

"အို သူ့ရုပ်ဖော်ပုံတွေကို ဘယ်တော့ အပ်မှာလဲ"

ကျွန်ုပ်ချင်ဖန်သည် စိတ်မရှည် ဖြစ်နေသည်။ စာရေးဆရာကသာ ဓာတ်ကောင်တွေရဲ့ သရုပ်ဖော်ပုံကို ရေးဆွဲ မယ်ဆိုရင် သေချာပေါက် ဓာတ်ကောင်ရဲ့ သဘောသဘာဝကို ဖမ်းဆုပ်မိမှာ သေချာသည်။

"အခုဆိုရင်ရော ဘယ်လိုလဲ"

ဆွန်းမိုသည် နောက်ပိုင်း အခန်းတွေအတွက် ကြိုတင်ပြင်ဆင်ထားရမည်။ ပထမအကြိမ် လူထု ဟောပြောပွဲတွင် ကောင်းကောင်း

လုပ်ဆောင်နိုင်ရမည်။ ထိုကြောင့် သူသည် စာအုပ်ဆိုင်လေးကို ပြေးလာဖို့ အချိန်မရှိပါ။

"အမ်"

ကျန့်ချင်ဖန်သည် ပဟေဠိ ဆန်သည့် အကြည့်နှင့် ဆွန်းမိုကို ကြည့်လိုက်ကာ သူရေးဆွဲနိုင်လား မနိုင်လား ထုတ်မေးလိုက်ချင်သည်။ ဇာတ်ကောင်ဆွဲဖို့ အချိန် မလိုဘူးလား။

"ဒီမှာ မှင်၊ စုတ်တံနဲ့ စက္ကူရှိလား"

ဆွန်းမိုသည် Journey to the west ၏ လိုက်လျောညီထွေမှုများကို မြင်ခဲ့ပြီး ဒီကမ္ဘာတွင်

ၡင်းကိုရေးသားခဲ့သည်။ ဓာတ်ကောင်တွေရဲ့ ပုံသဏ္ဌာန်နှင့် ပတ်သက်လို့ကတော့ ကိစ္စ မရှိပါ။ သူ့စိတ်ထဲတွင် စွဲနေတာကြာပြီဖြစ်သည်။

“ မင်းတကကယ်ကို စိတ်ကူးယဉ်ဖို့ အချိန် မလိုဘူးလား”

ကျန့်ချန်ဖန်က သူနှင့် နှစ်အတော်ကြာ လက်တွဲလာသည့် အစေခံအိုကို လိုအပ်သော ပစ္စည်းများ ယူလာရန် အမိန့် ပေးလိုက်ရင်း ဆွန်းမိုကို မေးလိုက်သည်။ ထားလိုက်ပါ။ ဆွန်းမိုကို လုပ်ချင်တာ လုပ်ခွင့်ပေးလိုက်ပါ။

ဘယ်လိုပဲပြောပြော စာရေးသူကိုတော့ မျက်နှာသာပေးရမည်။ ပန်းချီကား မအောင်မြင်ပါကလည်း မာစတာ အဆင့် ပန်းချီဆရာတစ်ယောက်ကို ရှာဖို့ အချိန်ရသည်။

စားပွဲရှည်ပေါ်တွင် မှင်၊ စုတ်တံနှင့် စက္ကူများကိုလည်း ပြင်ဆင်ထားသည်။ ထိုချိန်တွင် နောက်ဆုတ်လို့ မရတော့ပါ။ သူသည် ခြေလှမ်းနှစ်လှမ်းမျှသာ လှမ်းကာ လိုအပ်ပါက ကူညီနိုင်ရန် အဆင်သင့် လုပ်ထားသည်။ ဒီခြေလှမ်းနှစ်လှမ်းကို အထင်မသေးပါနှင့်။

သူတို့သည် ပြည့်စုံလှပြီး ညှော့သည်ကို အနှောက်အယှက်ဖြစ်လောက်သည်အထိ မနီးကပ်ဘဲ သိမ်ငယ်စိတ်ဖြစ်အောင်လည်း ဝေးမနေပေ။

လူတစ်ယောက်သည် မျိုးနွယ်စုကြီးက မဟုတ်ပါက ဒီရှုပ်ထွေးမှုများကို နားလည်ရန် ခက်သည်။

အသေးစိတ်အချက်များကို မြင်နိုင်မှသာလျှင် မျိုးနွယ်စုများ၏ အခြေခံ အုတ်မြစ်ဖြစ်သည်။

ဆွန်းမိုသည် စုတ်တံကို ကိုင်လိုက်သည်။ ကျင့်သားရမှာ မဟုတ်ဘူးလို့ သူထင်ခဲ့သော်လည်း

အသက်နည်းနည်းလောက် ရှူပြီးနောက် စိတ်ထဲက ကျင့်သားရလာသည်။ ဆယ်နှစ်ကျော် ပန်းချီ ရေးဆွဲခဲ့သလို စိတ်ထဲက အလိုလို ထွက်လာသည်။

သူသည်စုတ်တံကို စပြီး မှင်နှစ်လိုက်သည်။

ပထမဆုံး ဇာတ်ကောင်အတွက် ဆွန်းမိုသည် ချူပါကျဲကို ရွေးချယ်ခဲ့သည်။

မဟာအဆင့်

'ဇာတ်ကောင်ရေးဆွဲခြင်းနည်းစနစ်က ဆွန်းမိုကို

သူတွေးနေသမျှ ရေးဆွဲနိုင်စေခဲ့သည်။ လုံးဝကို ကွဲလွဲ မှုမရှိပါ။

ပထမဆုံးဇာတ်ကောင် ချူပါကဲ့က ဆွန်းမိုလေ့ကျင့်ဖို့ ရည်ရွယ်လိုက်တာဖြစ်သည်။ ထွက်ပေါ်လာသည့်အရာက စိတ်ကူးထက်ကို အများကြီး သာလွန်နေသည်။

ကျန်နဲ့ချင်ဖန်သည် သွားကိုးချောင်းရှိသော ဝက်ခေါင်းနှင့်လူသားကို မြင်လိုက်ရင် ချူပါကဲ့၏ မြင်ကွင်းများ သူ့စိတ်ထဲတွင် ချက်ခြင်း လွင့်မျောလာသည်။

ကွက်ကွက်ကွင်းကွင်းကို ဖန်တီးမှုသဘောတရားနှင့် ဇာတ်ကောင်က လုံးဝကို ကိုက်ညီနေသည်။

"ကောင်းလိုက်တာ"

ကျန့်ချင်ဖန် အလိုလိုကို ချီးကျူးလိုက်သည်။

ဒီလူငယ်က အသက်နှစ်ဆယ်သာ ရှိသေးသာ ပန်းချီနယ်ပယ်မှာလည်း ထူးချွန်နေသည်။

ကျော်ကြားသည့် အနုပညာရှင် ဖြစ်လာနိုင်သည်။

ဒါကိုတွေးမိပြီး ကျန့်ချင်ဖန်သည် တော်တော်ကို စိတ်မကောင်းစရာလို့ တွေးလိုက်မိသည်။ တကယ်တော့ ပန်းချီဆရာ၏ အဆင့်အတန်းသည် ကျင့်ကြံခြင်းကို အာရုံစိုက်သည့် မြတ်ဆရာနှင့် ယှဉ်ရင် အများကြီးနိမ့်ကျသည်။

ဆွန်းမိုကတော့ ကျန့်ချင်ဖန်၏ အကြည့်ကို သတိမထားမိပါ။ အခု ပန်းချီဆွဲသည့်အချိန်တွင် ကျေနပ်မှု အပြည့်နှင့် နစ်မြှုပ်နေသည်။ လက်ရှိနေရာနှင့် မသင့်တော်သောကြောင့်သာ

သူတကကယ်ကို ဆွဲချင်နေသည့်ပုံက ကိုယ်လုံးတီးနှင့် ဟာတာနို ယွန်ရီ ပုံဖြစ်သည်။ (ဂျပန် ပွန်းစတား)

ဒါအတွက်ဖြေရှင်းချက်မရှိပါ။ သူသည် ဟာတာနို ယွန်ရီကို အဝတ်နှင့် တစ်ခါမှ မမြင်ဖူးပါ။

ပန်းချီကား တစ်ချပ်၊ နှစ်ချပ်၊ သုံးချပ်။

ရှဝူကျင်၊ ဆိုရှင်းရှီဖူတီ နှင့် အဖြူရောင် နဂါးလေး။

ဆွန်းမို တော်တော်လေးကို သဘောကျနေသည်။ သူသည် ဝယ်ထားသည့် ဂိမ်းအသစ်နှင့် ဒေါင်းလုဒ်လုပ်ထားသည့် ရုပ်ရှင် အသစ်လိုပါပဲ။

သူ့ကိုသာ မကန်ထုတ်ရင် ထမင်းစားဖို့တောင် မေ့နေနိုင်သည်။

လုချီဟွာနှင့် ကျန့်ချင်ဖန်တို့က အကြည့်နှင့် ကန်ထုတ်နေကြသည်။ သူတို့၏ စိတ်ထဲတွင် ဇာတ်လမ်း ဇာတ်ကွက်နှင့် ပြည့်နေသည်။ ဘေးနားက အစေခံအိုကြီးပင် ခြေဖျားထောက်ကာ စားပွဲပေါ်က စာရွက်များကို ကြည့်နေသည်။

ဒီဇာတ်ကောင်တွေက တကယ်သက်ရှိတွေနှင့် တူလွန်းသည်။ စက္ကူထဲကနေ ခုန်ထွက်လာမလားလို့တောင် ထင်ရသည်။

လအမြင့်ဆုံးတက်လာချိန်တွင် ကိုးခုမြောက်ပုံသည် ကောင်းကင်ပေါ်က မှော်ဆေးပညာ မီးဖိုကို ကန်ကျောက်နေသည့် ရွှေရောင်တောက်နေသည့် မျက်လုံးနှင့် ကောင်းကင် မဟာပညာရှိ ၏ မြင်ကွင်းဖြစ်သည်။

“အံ့မခန်းပဲ”

ကျန့်ချင်ဖန်လည်း နောက်ဆုံးတွင် စိတ်ထဲမှာ မထိန်းထားနိုင်ဘဲ ချီးကျူးပြီးရင်း ချီးကျူးနေသည်။

“ဟုတ်တယ်”

လုချီဟွာလည်း အမြန်ကို ခေါင်းညိတ်ကာ ထောက်ခံလိုက်သည်။

"ပန်းချီကား နောက်တစ်ပိုင်းပြီးရင် အနားယူမယ်"

ဆွန်းမိုက လက်ကောက်ဝတ်နှင့် လည်ပင်းကို လှုပ်ယမ်းရင်းပြောလိုက်သည်။ သူနည်းနည်း ပင်ပန်းလာသည်။

"ဘုန်းတော်ကြီး ဇန်ကျန် ကရောဘယ်လိုလဲဟင်"

လုချီဟွာက အသံတိုးတိုးလေးနှင့် တောင်းဆိုလိုက်သည်။

"သေချာတာပေါ့"

ဆွန်းမိုက စုတ်တံကို နေရာရွှေ့လိုက်ကာ ဒီတစ်ကြိမ်တွင် အနောက်ဘက်ကို ခရီးထွက်နေသော ဘုန်တော်ကြီးဇန်ကျန် ကိုရေးဆွဲရန် ရွေးချယ်လိုက်သည်။ ခြေအိတ်က မသန့်ရှင်းတော့ဘဲ သူ့ခန္ဓာကိုယ်က ဖုန်မှုန့်တွေနှင့် ဖုံးလွှမ်းနေသည်။

သူသည် မြင်းဖြူတစ်ကောင်ကို ဆွဲကာ လက်ထဲတွင် ကိုးကွင်းပါသော တောင်ဝှေးဖြင့်

သဲကန္တာရမှ လေကို ခက်ခက်ခဲခဲ ရင်ဆိုင်ကာ ရှေ့သို့ချီတက် နေသည်။

ပန်းချီဆွဲနေရင်း ဆွန်းမိုသည် သူပညာရေးကို လိုက်စားခဲ့သည့် လမ်းစဉ်ကို ပြန်စဉ်းစားနေမိသည်။ သူသည် ဘွဲ့ရပြီးနောက် အမှတ်နှစ် အထက်တန်းကျောင်းတွင် အရည်အချင်းကို တဖြည်းဖြည်း ထုတ်ပြရင်း ခြေတစ်လှမ်းပြီး တစ်လှမ်း လှမ်းကာ နောက်ဆုံးတွင် နံပါတ်တစ်နေရာတွင် တည်ငြိမ်စွာ ရပ်နေနိုင်သည့် အကြောင်းကို ပြန်သတိရသွားသည်။ နောင်ခါ

အထက်တန်းကျောင်းတွင် ကြယ်ပွင့်ဆရာဖြစ်လာပြီး ကျောင်းအုပ်ကြီး၏ အသိအမှတ်ပြုမှုကို ရရှိခဲ့သည်။

အခု ဗဟိုပြည်နယ် တန်နိုင်ငံကို ရောက်နေသော်လည်း ဘယ်လိုလုပ်ပြီး အိမ်ကို မလွမ်းပဲ နေနိုင်မှာလဲ။ ဒါပေမယ့် သူသည် လုချီဟွာ၊ လီဇီချီနှင့် အခြားတပြည့်များအကြောင်းကို တွေးလိုက်မိပြီး ဘယ်အရာကိုမှ မကြောက်တော့ဘဲ သူ့နည်းသူဟန်ဖြင့် သတ္တိရှိရှိ ကျော်ဖြတ်မည်လို့ ရုတ်တရတ် တွေးလိုက်မိသည်။

သူတို့က သူ့ကို ယုံကြည်ကြသည်။ ဒါကြောင့် သူကလည်းတတ်နိုင်သမျှ သင်ပေးမှာပါ။ သူတို့ မနိမ့်ကျစေရဘူး။

(ဆန်ပျော့စားတာလား။ အမှိုက်ကျောင်းက ဘွဲ့ရလား။ အရည်ချင်း မရှိဘူးလား။ သာမန်ဘဝသာရှိမည့် ငါးခြောက်လေးလား)

စောင့်ကြည့်လိုက်စမ်းပါ!

သိပ်မကြာခင် ကျောင်းမှာ မြတ်ဆရာဖြစ်လာပြီး ချင်လင်မြို့မှာ နံပါတ်တစ်မြတ်ဆရာ ဖြစ်လာရမယ်........

ငါက အန်ရှီဝေနဲ့ မထိုက်တန်ဘူးလား။

တစ်နေ့မှာမင်းတို့တွေစကားပြောင်း ပြီး ငါ့ကြောင့် အန်ရှီဝေက ပိုမြင့်တဲ့ အဆက်အသွယ်ရလာတာလို့ ပြောစေရမယ်။

ဆွန်းမို၏ စုတ်တံသည် နဂါးများ မြွေများလို အသေးစိတ် စုတ်ချက်များကို ရေးဆွဲနေသည်။

ဇန်ကျန်၏ ပုံလဲ နောက်ဆုံးတွင် ပြီးသွားသည်။

ဒီအချိန်တွင် ဆွန်မိုကို အားလုံးက ကဲ့ရဲ့ကြသည်။ လူတိုင်းက သူ့ကို

ဆန်ပျော့စားကောင်လို့ခေါ်ပြီး တစ်ခါတစ်ခါ မျက်လုံးကြီးတွေတောင် ပြူးပြီး ကြည့်လိုက်သေးသည်။ သိပ်တော့ ဂရုမစိုက်ပေမယ့် သူ့နှလုံးသား အနက်ရှိုင်းဆုံးနေရာက မပျော်ပါဘူး။

ဆွန်းမိုသည် သူ့ကိုယ်သူ သက်သေပြဖို့ အခွင့်အရေးကို စောင့်နေသည်။

“ ဒီအဖေက ဒီကိုလည်း ရောက်လာပြီ ဆရာလည်းဖြစ်လာပြီဆိုတော့ ဒီအဖေက ပိုသန်မာတယ်။ အထက်တန်းစား ပိုဆန်တယ်။ ပြည်နယ်ကိုးခုက ကောင်တွေထက်

ပိုထူးချွန်တယ်ဆိုတာကို သက်သေပြဖို့ ငါအစွမ်းကုန် လုပ်သွားမယ်” ဆွန်းမိုသည် အလယ်ကမ္ဘာကို ရောက်လာသော်လည်း သူ့နှလုံးသာက တက်ကြွဆဲပါ။

သူသွေး မအေးသေးပါဘူး။ သူ့ရည်မှန်းချက်တွေ မပျောက်သေးပါဘူး။

ငါ့ကိုနှိမ့်ချပြီး ကဲ့ရဲ့တဲ့လူတွေ ကြုံလာရင်တော့ သူတို့ကို ငါ..လို..... လိုက်ရုံပဲ။ ဒူးထောက်ပြီး မြေကြီးပေါ်မှာ သွားတွေကို လိုက်ရှာရတဲ့

အထိရိုက်ပစ်မယ်။ လုံးလုံး ပါးစပ်ပိတ်သွားသည်အထိ ငါ...လို............. ပစ်မယ်။

စုတ်တံအဆုံးတွင် ပတ်ဝန်းကျင်က ဝိညာဉ်ချီများ စုရုံးလာကာ ဆွန်းမို၏ စုတ်ချက်တစ်ခုစီတိုင်းကို ဖြတ်ကာ ပုံသဏ္ဍာန်ထဲကို စီးဝင်သွားသည်။

"ဒါ.........ဒါက အံ့ဖွယ် ပန်းခင်းနယ်ပယ်လား"

ကျန့်ချင်ဖန်က ထိတ်လန့်စွာ အော်ပြောလိုက်သည်။

ပန်းချီဆရာတစ်ယောက်သာ ရောက်နိုင်သည့် အံ့ဖွယ် ပန်းခင်းနယ်ပယ်ပါ။ အံ့မခန်း ဆန်းကြယ် ခြင်းတစ်ခုလည်းဖြစ်သည်။

ဆိုလိုသည်မှာ ပန်းချီကားသည် တကယ့်အစစ်နှင့် အတူတူ ဖြစ်လာသည်။ လူတစ်ယောက်၏ စိတ်များ၊ အမြင်နှင့် စိတ်ခါတ်များသည် ပန်းချီကားကို ကြည့်လိုက်သည်နှင့် ယစ်မူးခြင်းကို ဖြစ်သွားစေနိုင်သည်။

အံ့ဖွယ်ပန်းခင်းတွင် အဆင့်သုံးဆင့်ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တတိယအဆင့်တွင် ပန်းချီကားတစ်ခုလုံးသည် တကယ့်အစစ်လို ကွက်ကွက်ကွင်းကွင်းဖြစ်လာမည်။ ဝိညာဉ်ချီ ပျော်ဝင်နေမှုကြောင့် ပန်းချီကားသည် အဖြူအမဲ မဟုတ်တော့ဘဲ ပန်းချီကားအတွင်းတွင် လှုပ်ရှားနေသော လေထုနှင့် အရောင်အသွေးစုံလှသော အရောင်များ ပြည့်နှက်နေမည်။

တစ်ယောက်ယောက်ကသာ မြင်သွားပါက ခြေလှမ်းတွေကို ရပ်ပြီး အကြည့်ကို မလွှဲနိုင်ဖြစ်သွားမည်။

ဒုတိယအဆင့် ပန်းချီကားမှာ ပန်းချီကားဖန်တီးသူ၏ အတွေးများ လွှမ်းမိုးခံရမည်။ သူတို့၏ စိတ်ခံစားမှု ထိန်းချုပ်မှု လွတ်သွားမည်။ ကြောင်တက်တက် ဖြစ်သွားနိုင်ပြီး ပန်းချီကားအတိုင်း ချစ်ခြင်း၊ မုန်းခြင်း၊ နာကျင်ခြင်းများကို လိုက်ခံစားနေမည်။ သူတို့သည် ပန်းချီကားကို စွဲလန်းနှစ်သက်ပြီး ၎င်းကို အဖိုးတန်ပစ္စည်းလို ကိုယ်ပိုင် လိုချင်လာကြမည်။

ပထမအဆင့်ကတော့ အမြင့်ဆုံးဖြစ်သည်။

ပန်းချီကားကို ကြည့်လိုက်သူက လုံးဝကို နစ်မြုပ်သွားပြီး သူတို့သည် ပန်းချီကားထဲက ဇာတ်ကောင်များဖြစ်လာပြီး ဇာတ်ကောင် တွေ့ကြုံသလို တွေ့ကြုံခံစားရမည်။ ပန်းချီကားထဲက ဇာတ်ကောင်တွေဆီက နားလည်မှုကို ရမည်။

ထိုလူများသည် အချိန်စီးဆင်းမှုကို မေ့နေကာ သူတို့လုပ်နေသမျှကို မေ့ကာ ရက်ပေါင်းများစွာ၊ ညပေါင်းများစွာ ငေးကြည့်နေနိုင်သည်။ သူတို့ကိုယ်သူတို့ ရုန်းမထွက်နိုင်လောက်အောင်

ပန်းချီကားထဲတွင် နစ်မြုပ်နေမည်။

ကျန်နဲ့ချင်ဖန်သည် ထိုအဆင့် ပန်းချီကား အနည်းငယ်သာရှိကြောင်း ကြားဖူးသည်။ သာမန်လူများသည် ထိုသို့ ပန်းချီကားကို မကြည့်သင့်ပါ။ ဘာကြောင့်ဆို သူတို့ကြည့်လိုက်ပါက သူတို့မျက်လုံးများ မလွှဲနိုင်အောင် ဖြစ်သွားတတ်ကြသည်။ သူတို့၏ ဝိညာဉ်တစ်ခုလုံးကို ပန်းချီကားထဲ ဆွဲသွင်းလိုက်သလိုပါပဲ။ သူတို့၏ လက်တွေ့ဘဝသည် အိပ်မက်ဖြစ်လာပြီး

ပန်းချီကားထဲကသာလှျင် လက်တွေ့ဘဝလို့ ထင်သွားတတ်ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၇၀)။ ။ ဆွန်းမိုတောင် အုံ့အောသွားသည့် အဆုံးစွန်သော ပုံများ။

ဝိညာဉ်ချီစုစည်းမှုကြောင့် စာအုပ်ဆိုင်တစ်ခုလုံး လင်းထိန်သွားသည်။

ဝိညာဉ်ချီများသည် နွေရာသီ ပိုးစုန်းကြူးများနှင့် တူနေသည်။ သူတို့၏ တောက်ပမှုကြောင့် ဖယောင်းတိုင်၏ အလင်းကိုတောင် ဖုံးလွှမ်းသွားသည်။

“ဒါက အုံ့ဖွယ် ပန်းခင်းလား”

လုချီဟွာက ပါးစပ်ကို လက်သေးသေးလေးနှင့် ဖုံးထားပြီး မှင်တက်စွာပြောလိုက်သည်။ သူမ မျက်နှာသည် တုန်လှုပ်နေပြီး ဆွန်းမိုကို နောက်ယှက်မိမှာ ကြောက်သလို အသက်တောင်ရဲရဲ မရှူရဲပါ။

“သေချာတာပေါ့ ပန်းချီကားရဲ့ အရောင်တွေကို ကြည့်လိုက်ပါလား”

အစေခံအိုကြီးလည်း အသံတိုးတိုးလေးနှင့် ပြောလိုက်သည်။ သူ့အသံက ခြင်အော်နေသည့် အသံထက်တောင် တိုးနေသေးသည်။ ဆွန်းမို

အနှောက်အယှက် ဖြစ်သွားမှာကို သူလည်းကြောက်သည်။

နာမည်ကြီးနေသည့် အနုပညာရှင်တစ်ယောက်တောင် ဒီလိုအခြေနေမျိုးကို တက်တက်ကြွကြွနှင့် လိုက်ရှာရင်တောင် အခွင့်အလမ်းနှင့် ကြုံမှ ရနိုင်သည်။ ဆွန်းမိုသာ တစ်ဝက် တစ်ပျက်ဖြစ်သွားပါက ဇန်ကျန် ပုံသည် ပျက်ဆီးသွား နိုင်သည်။

ထိုအချိန်အတွင် သခင်အိုက အပြစ်မတင်ရင်တောင် သူ့ကိုယ်သူ သတ်သေလိုက်ရုံကလွဲရင် ဘာမှ လုပ်စရာ မရှိပါ။

အလယ်ကမ္ဘာရှိ ပြည်နယ်ကိုးခုသည် တရုတ်နိုင်ငံ ရှေးခေတ်ကာလနှင့် တူညီသည်။ သူတို့၏ ထုတ်လုပ်မှုစွမ်းရည်သည် အလွန်ကို နှိမ့်ကျနေသည်။ သူတို့သည် ဆေးဆိုးပန်းရိုက် ချို့တဲ့ခြင်း၊ တို့ကြောင့် စာပေလက်ရာများနှင့် ပန်းချီကားများ အားလုံးကို စက္ကူအဖြူ၊ မှင်အနက်ဖြင့်

ရေးဆွဲခဲ့ကြသည်။ ဒါတွေအားလုံးကိုလည်း ပင်မရေစီးကြောင်းလို့ ယူဆထားသည်။

ထိုလက္ခဏာများသည် တရုတ်ရိုးရာပန်းချီကားများနှင့် တူသည်။

ပန်းချီဆရာတစ်ယောက်သည် အံ့ဖွယ်ပန်းခင်းထဲကို ဝင်ရောက်ပြီး သူတို့၏ ဖန်တီးမှုကို စလိုက်သည်နှင့် အရာအားလုံးက ကွဲပြားသွားသည်.

စိတ်ဝိညာဉ်ချီသည် စုတ်တံအဆုံးတွင် စုဝေးနေပြီး ပန်းချီဆရာက ဖန်းတီးမှုကို ရေးဆွဲရန်

စလိုက်သည်နှင့် စုတ်ချက်များကတစ်ဆင့် လှပသော အရောင်များ ပြည့်နေမည်။

နာမည်ကြီး ပန်းချီဆရာက စုတ်တံကို သူတို့၏ စိတ်ကူးအတိုင်း ရေးချယ်ကြလိမ့်မည်။ ဝိညာဉ်ချီကို ထိန်းချုပ်ပြီး သူတို့ရေးချယ်လိုသော အရောင်များကို ရေးချယ်ကြသည်။ ပန်းချီကားကလည်း အဖြူအနက် ပန်းချီကား မဟုတ်တော့ပါ။

ညနေခင်းနေဝင်ချိန်၏ အလင်းရောင်သည် အနီရောင် အရိပ်အောက်သို့ ကျဆင်းသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိမ်းလန်းစိုပြေနေသော တောင်တန်းများနှင့် မိုးရေစိုနေသော တောင်တန်းများသည် ဆည်းဆာနေဝင်ချိန်အောက်တွင် အနည်းငယ် အုံ့မှိုင်းနေသည်။ ဖုန်မှုန့်များ ဖုံးလွှမ်းနေသော ဘုန်းတော်ကြီး ဇန်ကျန်သည် မိုးကြိုးပစ်ခံရသော သစ်သားပိုင်းပေါ် တက်နေသည့် အချိန်တွင် ကြိုးတစ်ချောင်းကို ကိုင်ထားသည်။

အုံ့ဖွယ်ပန်းခင်းကြောင့် ဘုန်းတော်ကြီးဇန်ကျန်၏ သင်္ကန်းပေါ်က မြေဆီလွှာများ၊ နဂါးဖြူမြင်း၏ အမွေးများ၊ ဖုန်တွေဖုံးနေသော်လည်း

တောက်ပြောင်နေသည့် ကိုးကွင်း တောင်ဝှေ့ တို့သည် အရောင်အသွေးစုံလင်စွာဖြင့် ရှိနေကြသည်။ ကျန့်ချင်ဖန်နှင့် နောက်ထပ်နှစ်ယောက်လည်း စကားတစ်ခွန်းမှ မပြောတော့ပါ။ အားလုံးသည် ပန်းချီကားကို အနီးကပ် ကြည့်ချင်စိတ်ကြောင့် သေချင်စိတ် ပေါက်နေတာတောင် ဂရုတစ်စိုက်နှင့် နောက်ပြန်ဆုတ်ဖို့ ရွေးချယ်ခဲ့သည်။

ထိုအချိန်တွင် ဆွန်းမိုကို ဘယ်သူမှမနှောက်ယှက်ဝံ့ကြပါ။ နာမည်ကြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပန်းချီကားတစ်ခု မွေးဖွားလာတာကို ဖျက်ဆီးမိမှာ ကြောက်နေကြသည်။

အမှန်ပါပဲ ပန်းချီကားသည် အံ့ဖယ်ပန်းခင်းကို ရောက်သည်နှင့် အရောင်အသွေး စုံလင်ကာ ထိုပန်းချီကားကို လူသိရှင်ကြား အသိအမှတ်ပြုပြီးသွားပြီလို့ သတ်မှတ်နိုင်သည်။ အာဇာာကြီးလွန်းသည့် တရားသူကြီးတွေတောင် မငြင်းဆန်နိုင်ပါ။

အခုအချိန်တွင် နာမည်ကြီး ပန်းချီဆရာ တစ်ယောက်သာရှိပါက ဆွန်းမိုသည်

ပန်းချီနည်းပညာကို မကျွမ်းသေးကြောင်းနှင့် ပန်းချီကားဖန်းတီးမှု နောက်ကွယ်က ယူဆချက်များကို အားနည်းသေးတယ်လို့ ပြောမှာပါ။ သို့သော်လည်း ထိုပန်းချီကားကို ကျော်ကြားသော ပန်းချီကား ဟုတ်ကြောင်းတော့ မငြင်းနိုင်ပါ။

ဘာကြောင့်ဆို အံ့ဖွယ်ပန်းခင်းသည် ကျော်ကြားသော ပန်းချီကား၏ စံသတ်မှတ်ချက်ဖြစ်သည်။

ဒီပန်းချီကားကို ရောင်းချရင် သေချာပေါက် ဈေးအများကြီး ရနိုင်ပါသည်။ တရုတ်ရိုးရာ

ပန်းချီကားကို နှစ်သက်သည့် မှူးမတ်တွေနှင့် ချမ်းသာတဲ့ ကုန်သည်များက ပန်းချီကားကို ဘယ်လိုတန်ဖိုးထားရမှန်း မသိရင်တောင် ပန်းချီကားကို စုဆောင်းချင်ကြတုန်းပါပဲ။ ပန်းချီကား၏ တက်ကြွသောအရောင်များက သူတို့၏ တန်ဖိုးကို သက်သေပြနေပြီးသား ဖြစ်သောကြောင့် လှည့်စားခံရမည်ကို စိုးရိမ်စရာမလိုတော့ပါ။

အချိန်တော်တော်ကြာပြီးနောက် ဆွန်းမိုသည် နောက်ပြန်ဆုတ်ကာ စုတ်တံကို ချလိုက်သည်။ ပန်းချီကားကို ကြည့်ရင်း လက်ပိုက်ထားလိုက်သည်။

ထိုအချိန်တွင် စာအုပ်ဆိုင်ထဲက လေထုက ရုတ်ချည်း လင်းလာသည်။

ထိုအချိန်ရောက်မှဘဲ ကျန့် ချင်ဖန်နှင့် ကျန်သည့်သူနှစ်ယောက်သည် အသက်ကို ဝဝရှူနိုင်တော့သည်။ ပြီးမှသာ သူတို့၏ ကိုယ်ပိုင်အမြင်များနှင့် ယူဆချက်များကို ပြောကာ ချီးကျူးကြတော့သည်။

ဒီအချိန်က ပန်းချီကားကို တန်ဖိုးထားရမည့် အချိန်ဖြစ်သည်။

ဖြောင်း ဖြောင်း ဖြောင်း

ကျန့်ချင်ဖန်က စိတ်လှုပ်ရှားစွာ ချီးကျူးလိုက်သည်။ လမ်းလျှောက်လာရင်း ချီးမွန်းသီချင်း တွေဆိုနေသည်။

"ကောင်းလိုက်တဲ့ ပန်းချီကား"

"ကောင်းလိုက်တဲ့ ပန်းချီကား"

"ဒါကတကယ်ကိုကောင်းတဲ့ ပန်းချီကားပဲ"

ကျန့်ချင်ဖန်သည် ဇန်ကျန်၏ ပန်းချီကားကို သုံးကြိမ် မြောက်ချီးကျူးပြီး စိုက်ကြည့်နေသည်။

ဖုန်မှုန့်များနှင့် ရည်ညွှန်းရင် မီးခိုးရောင်နှင့် အဝါရောင်ကို အားလျော့ထား သောကြောင့်

ပန်းချီကား၏ အရောင်များ တောက်ပမှုမရှိပါ။ ထို့ကြောင့် တစ်ချက်ကြည့်လိုက်ရင် ခက်ခဲမှုကို ခံစားနိုင်သည်။ ပန်းချီကားရှိ တင်းမာသောလေထုသည် ကြည့်ရှုသူ တစ်ယောက်၏ စိတ်နှလုံးကို လေးလံစေပြီး မသက်မသာ ဖြစ်စေသည်။ သို့သော်လည်း ဘုန်းတော်ကြီး ဇန်ကျန်ကို ကြည့်လိုက်ရင် နွေရာသီတွင် အဲကွန်းအောက် ရောက်သွားသလို အေးမြသွားသည်။

ဇန်ကျန်၏ အကြည့်သည် ပြတ်သားပြီး တောက်ပနေကာ အဝေးကို စိုက်ကြည့်နေသည်။

ဇန်ကျန်၏ ခြေရာများသည် ပေါ့ပါးပြီးသွက်လက်ကာ ဘေးဒုက္ခအားလုံးကို ကျော်ဖြတ်နိုင်နေသည်။

ဇန်ကျန်၏ အမူအရာသည် ဆုံးဖြတ်ချက်ခိုင်မာမှုနှင့် ခေါင်းမာမှုတို့ကို ပေါင်းစပ်ထားသည်။

ကျမ်းဂန်ကို တကယ်ရနိုင်မလား မရနိုင်လား ကိစ္စမရှိပါ။ အနောက်ဘက်ကိုသွားသည့် ဒီခရီးသည်

ဘယ်လောက်ကြမ်းတမ်းပါစေ၊ ဘယ်လောက်အလှမ်းဝေးပါစေ သူနောက်ပြန်ဆုတ်မည် မဟုတ်ပါ။

အသက်ကြီးလို့ ဆံပင ် ဖြူနေပြီလား။

မဟုတ်ဘူး။ ဒီပန်းချီကားကို ကြည့်လိုက်ရင် ကျန့်ချင်ဖန်သည် စိတ်ကို ပိုင်းဖြတ်ကာ ရှေ့ကိုဆက်လျှောက်နေသ၍ နောက်ထပ်အနှစ်နှစ်ဆယ်လောက် တိုက်ပွဲ ဝင်နိုင်သေးတယ်လို့ ခံစားလိုက်ရသည်။

လုချီဟွာသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး သူမနှာခေါင်းတွင် ချွေးများ

ထွက်နေသည်။ သူမနှလုံးသားထဲက အားငယ်ခြင်း သူ့ရဲဘောကြောင်ခြင်း ခံစားချက်များသည် အခုအချိန်တွင် ပျောက်ကွယ်နေကာ ပြင်းထန်သော ခံစားချက်တစ်ခု အစားထိုးလာသည်။

"အဖေက ငါ့ကို ဂုဏ်ပြုရမယ်။ ငါ့ကိုတစ်နေ့ ကျိန်းသေ အသိအမှတ်ပြုရမယ်"

လုချီဟွာသည် အိမ်ကထွက်လာချိန်က ပြောခဲ့သည့် စကားများကို ပြန်သတိရသွားသည်။

"ဆရာကြီး"

အစေခံအိုက စိတ်လွတ်ကိုယ်လွတ် အော်လိုက်သည်။ ကျန့်ချင်ဖန်နှင့် နှစ်ပေါင်းများစွာ အာဏာ ပင်လယ်ကြားတွင် နှစ်အတော်ကြာအောင် နစ်မြှပ်သွားသည်ကို တွေးလိုက်မိပြီး သူမျက်ရည်တွေ အလိုလိုကျလာသည်။

"မင်း မအောင်မြင်သေးဘူး"

"ဟုတ်တယ် ငါ မအောင်မြင်သေးဘူး"

ကျန့်ချင်ဖန်က ခေါင်းခါကာ ပြန်ဖြေလိုက်သည်။ သူ၏ အားနည်းလွန်းသော ခန္ဓာကိုယ်ကို အပြစ်တင်လိုက်သည်။ တကယ်လို့သူသည်

ပိတ်ဆို့ခြင်းကို ကျော်ဖြတ်ပြီး အသက်ရှည်ခြင်းအဆင့်ကို တက်နိုင်ပါက သူ့မှာ သက်တမ်း ဆယ်နှစ်သာ ကျန်မည်ဆိုလည်း ပိုကောင်းသေးသည်။

"ဒါက ငါဆွဲထားတာလား"

ဆွန်းမိုမျက်နှာတွင် တဖြည်းဖြည်းနှင့် မယုံကြည်မှုများပေါ်လာသည်။

"အင်း"

စနစ်က ပြန်ဖြေပေးလိုက်သည်။ သို့ပေမယ့် စနစ်လည်းတုန်လှုပ်သွားသည်။

ဒီလူငယ်ကို မဟာအဆင့် ဇာတ်ကောင် ပန်းချီနည်းပညာကို အပ်နှင်းထားသော်လည်း အဲဒါကို အသုံးပြုပြီး ပြီးပြည့်စုံသည့် စုတ်ချက်ကိုလိုချင်ပါက သူသည် မိမိကိုယ်ကို ဒေါသဖြစ်မည့် အချက်လိုသေးသည်။

ဆွန်းမိုသည် ပန်းချီပညာတွင် ထူးချွန်သည့်သူလို့ ဆိုရလောက်အောင် ပန်းချီဆွဲခြင်း နည်းစနစ်ကို ရရှိထားပြီ ဖြစ်သည်။

"ဆွန်းမို ဒူးခေါင်းကိုသာ မြွား မမှန်ခဲ့ရင် သူအရင်ဘဝက ပန်းချီပညာရှင် များလား"

စနစ်က ခန့်မှန်းလိုက်သည်။

“ဒါက အံ့ဖွယ် ပန်းခင်းပဲ”

ကျန့်ချင်ဖန်က ချီးကျူးစကား ဆိုလိုက်သည်။ ထို့နောက် ဆွန်းမိုကို အားနာစွာ လှည့်ကြည့်လိုက်ပြီး “သူငယ်ချင်းလေး၊ ငါမင်းကို ရဲတင်းပြီး တစ်ခုလောက်တောင်းဆိုပါရစေ”

ဒင်

ကျန့်ချင်ဖန်၏ လေးစားအထင်ကြီးမှု - +၃၀

ကျန့်ချင်ဖန်နှင့် လေးစားအထင်ကြီးမှု - မူလ(၄၀/၁၀၀)

"ဦးလေး ကျန့်ကတော့ အတည်ကြီး လုပ်နေပြန်ပြီ၊ ကျေးဇူးပြုပြီး ပြောပါ"

ဆွန်းမိုပြောသော ပြောရတာပါ သိပ်မရဲပါဘူး။ သူရှင်းပြသည့် နောက်ထပ်စာကြောင်းတစ်ခုတွင် "ဒီပန်းချီကားက ကံကောင်းပြီး အဆင့်မြင့်သွားတာ။ ဒီလို ပန်းချီကားကို နောက်တစ်ချပ်ဆွဲဖို့က ငါမလုပ်နိုင်လောက်ဘူး"

ကျန့်ချင်ဖန်ကတော့ တောက်ပသည့် မျက်လုံးများနှင့် ရယ်လိုက်သည်။

"ဟဲ ဟဲ ကံကောင်းလို့ ဟုတ်လား၊ မင်းကတော့ နှိမ့်ချနေပြန်ပြီ"

"ဆရာကတော့ အံ့မခန်းပဲ"

လုချီဟွာလည်း နောက်ဆုံးတော့ သူ့မဆရာကို အားရပါးရ ချီးကျူးဖို့ အခွင့်အရေး ရလိုက်သည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၃၀

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး (၂၁၃/၁၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

အစေခံအို၏ လေးစားအထင်ကြီးမှု - +၃၀

အစေခံအိုနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် မူလ(၃၀/၁၀၀)

အစေခံအိုသည် ဆွန်းမိုနှင့် စကားမပြောသော်လည်း လေးစားအထင်ကြီးမှု အမှတ်များက ဆွန်မိုကို သဘောကျကြောင်း ပြနေသည်။

"သူငယ်ချင်းလေး ဒီပန်းချီကားနှင့် ခွဲပြီး ငါ့ကိုများ ပေးချင်မလားလို့ပါ"

ကျန့်ချင်ဖန်သည် ထိုစကားကိုပြောလိုက်ပြီးနောက် နောက်ထပ်စကားကိုလည်း ဂမန်းဂတန်း ပြောလိုက်သည်။

"မင်းကို အကျိုးမမဲ့ စေပါဘူး။ မင်းပိုက်ဆံ ဘယ်လောက်လိုချင်လဲ သူငယ်ချင်းလေး ဆွန်း လွတ်လွတ်လပ်လပ် ပြောလို့ရတယ်"

"ပိုက်ဆံကိစ္စကို မေ့လိုက်ပါ။ ဦးလေးကျန့် ကြိုက်ရင်ယူသွားပါ"

ဆွန်းမို ပေါ့ပေါ့ပါးပါး ရယ်ကာပြောလိုက်သည်။

ရိုးသားစွာပြောရရင် ဒီပန်းချီကားသည် အံ့အောဖွ ွယ်ကောင်းပြီး သူရေးဆွဲခဲ့သည့် ပထမဆုံး ပန်းချီကားလည်း ဖြစ်သည်။ ဒါကို အမှတ်တရ အပြည့်နှင့်သာ နှုတ်ဆက်ချင်သည်။ ဒါကို စွန့်လွှတ်ရန် တ ကယ်ကိုဝန်လေးသော်လည်း သူ့ကို သစ္စာစောင့်သည့် ဖန်နှင့် ရင်ဆိုင်ရသောအခါ ဒါကိုပေးချင်ပါသည်။

ကျန်နို့ချင်ဖန်ကရော ဘယ်သူလဲ။

အငြိမ်းစား အထက်တန်းအရာရှိ တစ်ဦးအနေနှင့် သူအရင်ဆုံခဲ့ကြုံခဲ့သည့် အရည်ချင်းရှိသူ

ဘယ်လောင်တောင်ရှိမလဲ မသိပါ။ စနစ်၏ တိုင်းတာချက်အရ သူ့ကိုအမှတ် ၃၀ ပေးခဲ့သဖြင့် ဆွန်းမိုကို အမှန်တကယ် လေးစားကြောင်းကို ပြနေသည်။

ခုနတုန်းကလည်း ငွေတစ်ထောင်ကိစ္စကို မစိုးရိမ်ဘဲ Journey to the west ကို ပြီးအောင် ဆက်ရေးရန်အားပေးပြီး ဆွန်းမိုကို လက်ဆောင်ပေး လိုက်သေးသည်။

ဒါဘယ်လိုလူမျိုးလဲ။ ဒါကရင်းနှီးသည့် သူငယ်ချင်းကောင်း တစ်ယောက်ရဲ့ လုပ်ရပ်ပါ။

ဆွန်းမိုကလည်း ကလေးမဟုတ်ပါ။ ဒီလို အခြေအနေကို ကြုံလာပြီးမှ တစ်ဖက်သား၏ ပိုက်ဆံကို မလိုချင်တော့ပါ။

“ငါတို့ ဘယ်လိုလုပ်ကြမလဲ။ ဒါက နာမည်ကြီး ပန်းချီကား တန်ဖိုးက ရွှေတွေ သောင်းချီတန်တယ်”

ကျန့်ချင်ဖန်က ခေါင်းခါကာ ပြောလိုက်သည်။ သူ့အဆင့်အတန်းအရ အိမ်တွင် စုဆောင်းထားသော ပန်းချီကားတချို့လည်းရှိပါတယ်။ ဒါပေမယ့်

အံ့ဖွယ်ပန်းခင်း အဆင့်ကို ရောက်သွားသည့် ပန်းချီကားကတော့ သူ့မှာ သုံးခုပဲရှိပါတယ်။

ထိုအတွက်လည်း အဖြေမရှိပါ။ ထိုအဆင့် ပန်းချီကားများသည် စျေးကွက်တွင် ပေါ်လာပါက လူတိုင်းက ရူးသွပ်စွာ လုယူ တတ်ကြသည်။ ထိုအရာက လေးစားအထင်ကြီးသူများ၏ နှလုံးသားကို အမှန်တကယ် လွှမ်းမိုးနိုင်သည်။ ဇန်ကျန်ပန်းချီကားကိုပဲ ဥပမာကြည့်ပါ။ အလုပ်ကြောင့် အခက်အခဲများရှိနေပါက သို့မဟုတ် စိတ်မရှည်ဖြစ်လာပါက သူတို့၏ ရည်မှန်းချက်များ

ပျောက်ဆုံးသွားသည့်အခါ ပန်းချီကားကို ကြည့်ပြီး စိတ်ဓါတ်များ ပြန်ပြီးတက်ကြွ လာနိုင်သည်။

ဒါက နာမည်ကြီး ပန်းချီကားတစ်ခု၏ ကျက်သရေပါပဲ။

“ဦးလေးကျန့် မင်းငါ့ကို အထင်ကြီးရင် ဒီလိုစကားတွေ မပြောပါနဲ့”

ဆွန်းမိုက စားပွဲခုံသို့ ပြန်သွားလိုက်သည်။ “လာ၊ သောက်ရအောင်”

ကျန့်ချင်ဖန်သည် အစေခံအိုကို အမိန့်မပေးခင် ခဏရပ်သွားပြီး “သွားပြီးတော့ ငါအမြဲဆောင်တဲ့ တိမ်တိုက် ဓါးမြှောင်ကို သွားယူလိုက်”

“ဆရာကြီး”

အစေခံအိုက ကျန့်ချင်ဖန်၏ အတွေးကို ခန့်မှန်းနိုင်ပါသည်။ သူက ဂမန်းဂတန်း အော်လိုက်သည်။

“သွားယူ”

ကျန့်ချင်ဖန်က အပြစ်တင်လိုက်သည်။ ထို့နောက်စားပွဲကို ပြန်လာကာ ဝိုင်ခွက်ကို

သောက်လိုက်ပြီး သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ဇန်ကျန် ပန်းချီကားကို မတ်တပ်ရပ် ကြည့်လိုက်သည်။

စစ်မှန်သော ကျမ်းဂန်များကို ပင့်ဆောင်ရန် အနောက်ဘက်ကို ခရီးသွားနေသော ဘုန်းတော်ကြီး ဇန်ကျန်၏ ပုံရိပ်တွင် ခိုင်ခံ့သောစိတ်ဓါတ်နှင့် ကြီးမားသော သန္နိဋ္ဌာန်များဖြင့် ပြည့်နှက်နေသည်။ ကြည့်ရှုသူ၏ နှလုံးသားကို အလွယ်တကူ သိမ်းပိုက်နိုင်သည်။

သိပ်မကြာခင် အစေခံအိုသည် သေတ္တာတစ်လုံးကို ယူလာခဲ့သည်။

"သူငယ်ချင်းလေး ဆွန်း၊ ဒါက မင်းအတွက်လက်ဆောင်ပါ"

ကျန့်ချင်ဖန်က သေတ္တာကို ယူလိုက်သည်။ သူဖွင့်လိုက်ရင် အထဲက ဓါးမြှောင် တစ်ချောင်း ပေါ်လာသည်။ "ဒီဓါးမြှောင်တစ်ချောင်းကို တန်ဘုရင်က ငါ့ငယ်ငယ်ကတည်းက ချီးမြှင့်ခဲ့တာ"

တန်ဘုရင်သည် တန်တိုင်းပြည်၏ ဘုရင်မြတ်ဖြစ်သည်။

ထိုဓါးမြှောင်သည် ကြည့်ရတာ အလွန်လှသည်။ လူသတ်လက်နက်ထက် ၎င်းသည် အနုပညာတစ်ခုနှင့်

ပိုတူသည်။ ၎င်း၏ ထိပ်တွင် အဖိုးတန် ကျောက်မြတ်ရတနာများစွာ မြှုပ်နှံထားသည်။ ကိုယ်ထည်ကိုလည်း လှပသောပုံစံဖြင့် ထွင်းထုထားပြီး ပုလဲကြိုးတစ်ချောင်းကိုလည်း အဆုံးတွင် ထည့်သွင်းထားသည်။

ကျန်နို့ချင်ဖန်၏ စကားကို ကြားပြီးနောက် ဆွန်းမိုလည်း နတ်ဘုရားမျက်စိဖြင့် ဓါးမြှောင်ကို ကြည့်လိုက်သည်။

“ တိမ်တိုက် ဓါးမြှောင် ၊ အရှည် ၁၇ စင်တီမီတာ ။ ၎င်းသည်သာလွန်အဆင့် ဝိညာဉ် လက်နက်ဖြစ်သည်။

ဒီဓါးမြှောင်သည် ဆင့်ခေါ်နိုင်စွမ်းရှိသည်။ သင်သာ မှော်ဂါထာကို ရွတ်ဆိုလိုက်ပါက ဝိညာဉ်သားရဲ ပေါ်လာမည်”

ကျန့်ချင်ဖန်သည် စိတ်ခံစားချက် များစွာနှင့် ဓါးမြှောင်ကို ပွတ်သပ်နေသည်။

“ဒီမြှောင်က ငါ့အသက်ကို ကယ်ထားတာပဲ”

ကျန်ချင်ဖန်က အမှတ်တရကို ပြန်စဉ်းစားရင်း ပြောလိုက်သည်။ “အဲဒီတုန်းကပေါ့ ဝူနိုင်ငံ စစ်တပ် ဝိုင်းခံထားတဲ့ ကြားက နတ်မြင်းတစ်ကောင် ဆင့်ခေါ်ပြီး ထွက်ပြေးနိုင်ခဲ့တာ”

မင်းလက်ကို သွေးထွက်အောင် လှီးလိုက် မှော်ဂါထာရွတ်လိုက်ပြီး ခါးမြှောင် ကိုသုံးလိုက်။ အဲဒါဆို မင်းက တိမ်ပျံလေးလို့ ခေါ်တဲ့ နတ်မြင်းတစ်ကောင်ကို ဆင့်ခေါ်နိုင်လိမ့်မယ်။ သူက တစ်နေ့ မိုင်၁၀၀၀နှုန်းကို မမောမပန်းဘဲ သွားနိုင်တယ်။ အစေခံအိုက ရှင်းပြလိုက်သည်။ အဘိုးအိုက သူနှင့် အနှစ်သုံးဆယ်လောက် အတူတူ ရှိလာသည့် ခါးမြှောင်ကို ထုတ်လိုက်တာမြင်ရင် တံ့ဆိုင်းသွားသည်။

ဝိညာဉ်သားရဲလို့ ခေါ်ရခြင်းမှာ သူ့မှာ ကိုယ်ပိုင်အသိဉာဏ်ရှိနေလို့ပါ။ သားရဲတိရစ္ဆာန်များသည် သေဆုံးပြီးနောက် သူတို့၏ ကိုယ်ခန္ဓာက ကောင်းကင်နှင့် မြေကြီးက ဝိညာဉ်ချီများကို စုတ်ယူပြီး အကျိုးဆက်အားဖြင့် အသိစိတ်က တွယ်ကပ်နေပြီး ကံကောင်းသော တိုက်ဆိုင်မှုများစွာဖြစ်မှ ဝိညာဉ်သားရဲများ ဖြစ်လာကြသည်။

ဝိညာဉ်သားရဲ ဖြစ်လာနိုင်သည့် နှုန်းကလည်း အလွန်နည်းသည်။ ဒါကြောင့် သူတို့တစ်ကောင်ခြင်းစီ၏ ဈေးနှုန်းက တန်ဖိုး

မဖြတ်နိုင်ပါ။ ဆွန်းမို၏ ပန်းချီကား တန်ဖိုးတောင် အဲဒါနှင့် ယှဉ်လို့မရပါ။

တကယ်တော့ နတ်မြင်း တိမ်ပျံလေးသည် ဇာဂါနာ မြင်းဖြစ်သည်။ ထိုအရာသည် တိုက်ခိုက်စွမ်းရည် နည်းတာကြောင့် သူတော်စင် အဆင့်တော့ မရောက်ပါ။ ဒါပေမယ့် ထွက်ပြေးမယ်ဆိုရင်တော့ ဒီပစ္စည်းက တကယ်ကို အသုံးဝင်သည့် ပစ္စည်းဖြစ်သည်။

ကျန့်ချင်ဖန်က ဓါးမြှောင်ကို ဆွန်းမိုဆီ ပေးလိုက်ရင်း "မြင်းစီးနေသမျှ ကောင်းကင်က

တိမ်ဖြူတွေနှင့် လေးနုအေးတွေတောင် မင်းကို ဖမ်းလို့ မမိဘူး”

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၇၁)။ ။ဆုလာဒ်ခရီးမှ အိမ်အပြန်။

ခါးမြှောင်ကို ကြည့်ပြီး လုချီဟွာ မျက်လုံးပြူး နေသည်။

"ငါဒါကို လက်မခံနိုင်ဘူး"

ဆွန်းမိုက ကမန်းကတန်း ငြင်းလိုက်သည်။ "ဒါက တန်ဖိုးကြီးလွန်းတယ်"

"မင်းပြောတာမှားတယ်။ ပိုက်ဆံဘယ်လောက်ရှိရှိ စိတ်ချမ်းသာမှုကို ဝယ်လို့မရဘူး။ နှစ်တော်တော်ကြာ အငြိမ်းစားယူပြီးတဲ့ နောက်မှာ ဒီနေ့က အပျော်ဆုံးနေ့ဆိုတာ သေချာတယ်။ ဝတ္ထုကောင်းတစ်ပုဒ်ကို ဖတ်ပြီး နာမည်ကြီး ပန်းချီကားတစ်ခု မွေးဖွားတာကိုလည်း မြင်ဖူးသွားပြီ။

ဘယ်လောက်တောင် စိတ်ကျေနပ်ဖို့ ကောင်းလိုက်သလဲ”

ကျန့်ချင်ဖန်သည် စကားပြောရင်း နောက်တစ်ခွက်ကို သောက်လိုက်ရာ ချောင်းဆိုးပါတော့သည်။

“ဆရာကြီး ၊ အရမ်းများနေပြီ”

ကျန့်ချင်ဖန်၏ ကျန်းမာရေးကို စိုးရိမ်သောကြောင့် အစေခံအိုက ပြောလိုက်သည်။

သူသည် အင်ပါယာနန်းတွင်းတွင် နှစ်ပေါင်းများစွာ အဆင့်မြင့် အရာရှိကြီးအဖြစ် လုပ်ကိုင်ခဲ့သည့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချိန်တွင် ကျွမ်းကျင်သော ပန်းချီကားများ၏ အံ့ဖွယ်ဖြစ်ရပ်များ တချို့ကိုမြင်ဖူးသည်။ သို့သော်လည်း ထိုပန်းချီဆရာ အနည်းငယ်သည် အသက်ကြီး သူများသာဖြစ်သည်။

တကယ်တော့ ပန်းချီပညာဟာ အဖိုးတန်အတွေ့အကြုံကို လိုအပ်သည်။ ဒါပေမယ့် ဆွန်းမိုက အသက် ဘယ်လောက်ရှိသေးလို့လဲ။ အသက်နှစ်ဆယ်သာ ရှိသေးသည့် လူငယ်က ဒီအခြေနေထိတောင် ရောက်နေတာ ဘယ်လောက်တောင် ကြောက်ဖို့ ကောင်းလိုက်လဲ။

ဝတ္ထုတွင် သူ့စာပေ အရည်ချင်းက မသန်မာသော်လည်း ဇာတ်လမ်းက တော်တော်ကို ကောင်းသည်။ ကျန့်ချင်ဖန်သည် အခု မျက်လုံးမှိတ်လိုက်ရင်တောင် မာနကြီးပြီး သည်းမခံတတ်သော မျောက်ဘုရင်၊ စိတ်ဓါတ် တည်ကြည်ခိုင်မာသည့် ဘုန်းတော်ကြီး ဇန်ကျန်၊ ပြင်းပြပြီး လောဘကြီးတဲ့ ချူပါကျဲ တို့၏ တည်ရှိမှုကို မှတ်မိနိုင်အောင်ပင် ကွက်ကွက် ကွင်းကွင်းကို ရှိနေဆဲဖြစ်သည်။

ကျန့်ချင်ဖန်သည် ဒီဝတ္ထုကို အရင်ခေတ်ကတည်းက လက်ဆင့်ကမ်းထားသည့် ဇာတ်လမ်းတစ်ပုဒ် မဟုတ်ဘူးလို့ မပြောရဲပါ။ သို့သော်လည်း နောင် နှစ်ပေါင်းများစွာ ကြာလာရင်တော့ အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် ကျော်ကြားလာဖို့က စဉ်းစားဖို့မလိုသည့် အရာဖြစ်သည်။

ဒါကြောင့်လည်း ကျန့်ချင်ဖန်က ဆွန်းမိုကို တိမ်တိုက်ဓါးမြှောင်အား ဂုဏ်ပြုပြီး ပေးလိုက်သည်။ ဘာကြောင့်ဆို နေရောင်ကဲ့သို့ တောက်ပလာမည့်

ဆယ်ကျော်သက်လေးသည် စာရေးခြင်းနှင့် ပန်းချီဆွဲခြင်း တွင် ထူးကဲသော အရည်ချင်းရှိနေသည်။

"ယူလိုက်ပါ။ ငါကအသက်ကြီးနေပြီ၊ ငါ့မှာ မြင်းစီးဖို့ အခွင့်အရေး မရှိတော့ပါဘူး"

ဆွန်းမိုက ဆက်ပြီးငြင်းနေတော့ ကျန့်ချင်ဖန်၏ အမူအရာ တင်းမာလာသည်။ "ငြင်းတာကို ရပ်လိုက်တော့။ မင်းကငါ့ကို အရင်းနှီးဆုံးမိတ်ဆွေ အဖြစ် မသတ်မှတ်တာလား"

အစေခံအိုက မှင်တက်နေသည်။ (အို အရှင်ဘုရား၊ မင်းကအသက်ကြီးလို့ မြင်းမစီးနိုင်တော့ရင်တောင် မင်းမှာ သားစဉ် မြေးဆက်ရှိတယ်လေ။ အထူးသဖြင့် ဒီခါးမြှောင်ကို ချောင်းနေတဲ့ မင်းရဲ့ မြေးရှိတယ်လေ။ အခုမင်းက ဆွန်းမိုကို ပေးလိုက်တော့မင်းရဲ့မြေးက ငါ့ကို ပြဿနာ လာလုပ်တော့မယ်)

"တကယ် တန်းဖိုးကြီးလွန်းလို့ပါ"

ဆွန်းမိုလည် ဘာပြန်ပြောရမလဲ မသိဖြစ်နေသည်။

"ဆရာက အံ့မခန်းပဲ"

ကျန့်ချင်ဖန်က ဆွန်းမိုကို တန်ဖိုးကြီးသည့် ဝိညာဉ်လက်နက် ပေးချင်နေတာကို မြင်လိုက်ရသဖြင့် လုချီဟွာ၏ နှလုံးသားတစ်ခုလုံး ဆရာကို ချစ်မြတ်နိုးစိတ်များ ပေါ်လာသည်။

ဒင်

လုချီဟွာက ၏ လေးစားအထင်ကြီးမှု +၂၀

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ရင်းနှီး(၂၃၃/၁၀၀၀)

“ မင်း ယောက်ျားဆိုရင် ပွစိပွစိ ပြောတာကို ရပ်ပြီး ယူလိုက်ပါ”

ကျန့်ချင်ဖန်က ခါးမြှောင်ကို ဆွန်းမိုဆီ ပေးလိုက်ပြီးနောက် ထိန်းမနိုင်သိမ်းမရ ရယ်မောလိုက်သည်။

“နာမည်ကြီး ပန်းချီကားတစ်ချပ် မွေးဖွားလာတာကို မြင်ရမယ်လို့ တစ်ခါမှ မထင်ထားဘူး။ အရင်က မင်းရဲ့ ပန်းချီကားက မဆိုးရင် ငွေချောင်း ၁၀ ချောင်းလောက်နဲ့ ဝယ်ဖို့

စဉ်းစားထားတာ။ ဘယ်လောက်ရယ်စရာ ကောင်းလိုက်သလဲ”

ကျန့်ချင်ဖန်၊ သူက စျေးနှုန်းကို မကြည့်ဘဲ သူကံကောင်းတယ်လို့သာ သတ်မှတ်ထားသည်။ မဟုတ်ပါက ရှက်စရာကောင်းလွန်းသည်။

လုချီဟွာနှင့် အစေခံအိုလည်း ရယ်မောလိုက်ပြီး “ ငွေတုံး ၊ ငွေချောင်း ဆယ်ချောင်းကို အကြိမ်တစ်ရာ မြှောက်ရင်တောင် ဇန်ကျန်

ပန်းချီကားကို ဝယ်ဖို့ မလောက်ဘူး” လို့ပြောလိုက်သည်။

ဆွန်းမိုက ဘာပြောနိုင်မှာလဲ၊ သူသည်ခါးမြှောင်ကို လုချီဟွာ ထံကိုပေးထားပြီး နှိမ့်ချစွာ ပြုံးနေလိုက်သည်။

ဆွန်းမိုသည် သူ၏ စူးစမ်းချင်စိတ်ကို ချိုးနှိမ်ပြီး ခါးမြှောင်ကို လုချီဟွာထံ ချက်ခြင်း အပ်ထားလိုက်သည့်အတွက် အစေခံအိုကြီးလည်း သဘောကျသွားသည်။ လူတွေက ဒီအဆင့်ရတနာကို

တွေ့လိုက်ရင် မဆိုင်းမတွ အားနာနေတတ်ကြသည်။

ကျန့်ချင်ဖန်က ဆွန်းမိုကို ကြည့်ရင်း ဝိုင်သောက်နေသည်။ သူပိုကြည့်လေ ပိုသဘောကျလေ ဖြစ်နေသည်။ ဆွန်းမိုသည် ရုပ်ချောရုံသာမက အရည်အချင်းလည်း ပြည့်ဝသူဖြစ်သည်။ ဟုတ်ပြီ။ သူ့ရဲ့ မြေးမနှင့် လက်ထက်ပေးသင့်လား။ ဒီလိုဆိုရင် သူ၏ နောက်ပိုင်းဖန်တီးမည့် လက်ရာကို အမြဲတမ်း ပထမဆုံး တွေ့နိုင်သည်။

အစားအသောက်နှင့် ဝိုင်အေးသွားတော့ အစေခံအိုကို နောက်ထပ်ပြင်ခိုင်း လိုက်သည်။ သူသည် အခြားစားပွဲကိုပြောင်းပြီး ဆွန်းမိုနှင့် ဝိုင်သောက်နေသည်။ ဒီနေ့ လကွယ်နေ့။

ခဏလောက်သောက်ပြီး နောက် Journey to the west စာမူကို မနေနိုင်ဘဲ ပြန်ကြည့်လိုက်သည်။ ပြီးနောက် ဇန်ကျန် ပန်းချီကားကို ထကြည့်လိုက်ပြန်သည်။

အခြားဇာတ်ကောင် ပန်းချီကားများလည်း ကောင်းပါသည်။ ဇန်ကျန်ပန်းချီကားနှင့် ယှဉ်လိုက်ရင် နည်းနည်းညံ့သွားသည်။

“အယ် တစ်ခုခု လိုနေသလိုပဲ”

ကျန့်ချင်ဖန်သည် နောက်ဆုံးတော့ လိုအပ်ချက်ကို ရှာတွေ့သွားသည်။

ဆွန်းမိုလည်း ကြောင်သွားသည်။ ဆွန်းမိုနှင့် ဆန့်ကျင်ဘက်အနေဖြင့် လုချီဟွာက ပါးစပ်ကို လက်သေးသေးလေးနှင့် အုပ်လိုက်ပြီး

“ နာမည်တပ်ဖို့ ကျန်သေးတယ်”

"ဟုတ်တယ်၊ မင်းနာမည်ထိုးဖို့ လိုသေးတယ်။ နာမည်ကြီး ပန်းချီကားမှာ နာမည်မပါရင် ဘယ်လိုကောင်းမှာလဲ"

ကျန့်ချင်ဖန်လည်း ရုတ်တရုတ် သဘောပေါက်လာပြီး ဆွန်းမိုကို နာမည်ထိုးပေးရန် အမြန် တောင်းဆိုလိုက်သည်။

"အင်"

ဆွန်းမိုလည်း နည်းနည်းရှက်သွားသည်။

"မြန်မြန်ရေးလိုက်ပါ။ မင်းလက်မှတ် မထိုးထားရင် မင်းဖန်တီးထားမှန်း ဘယ်သူသိမှာလဲ" ကျန့်ချင်ဖန်က တိုက်တွန်းလိုက်ပြီး

"မင်းလက်မှတ် မထိုးဖူးဘူးလို့ မပြောနဲ့နော်"

"ခဏာနေအုံး ၊ ဒါက မင်းရဲ့ ပထမဆုံး ဖန်တီးမှုလား"

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။

"အံ့သြစရာဘဲ"

ကျန့်ချင်ဖန်သည် ဝိုင်တောင် မသောက်နိုင်ဘဲ စိတ်လှုပ်ရှားနေသည်။

"ဆရာကြီး"

အစေခံအိုလည်း လျှော့ ရသွားသည်။

ကျန့်ချင်ဖန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။ တကယ်လို့ ဆွန်းမိုသာ အနာဂတ်တွင် ကျော်ကြားလာပါက သူ၏ ပထမဆုံးလက်ရာသည် အထိမ်းအမှတ်တစ်ခု ဖြစ်လာမည်။ ဒါကြောင့် အမြန်သတိပေးလိုက်သည်။

"ဒီနေ့ရက်စွဲနဲ့ အချိန်ကိုပါ ထည့်လိုက်"

ဆွန်းမိုကတော့ ဘာမှ မပြောင်းလဲသွားပါ။

"ဒါ့အပြင် စာအုပ် ထုတ်ဝေချင်တယ်ဆို ကလောင်နာမည်လိုတယ်။ ကိုယ့်ကိုကို ဘယ်လိုခေါ်မယ်လို့ စဉ်းစားထားလဲ"

ကျန့်ချင်ဖန်က လုချီဟွာကို အစားအသောက် ပိုစားရန် ညွှန်ပြလိုက်ပြီ

" အရမ်းကြီး အားနာ မနေနဲ့"

"ဂေါ့ဘလင်"

ဆွန်းမိုသည် Journey to the west ၏ အဓိကစာရေးသူသည် သူ့ကို လူသိများစေရန် ဝူချမ်ကျင်ဆိုသည့် အမည်ကို ဝူချမ်ကျင်ပဲ

ပေးခဲ့ကြောင်းကို စဉ်းစားလိုက်သည်။ ဒါပေမယ့် ဒီစာအုပ်ကို ဘယ်လိုရေးထားလဲ တွေးကြည့်လိုက်တော့ အကြောင်းအရာခြင်း တူသော်လည်း စာပေသည် ကွဲပြားသည်။ ဇာတ်ကောင်တွေ၏ ကာရိုက်တာကို သူ့အထင်အမြင်အချို့နဲ့ ထည့်ပေါင်းခဲ့သည်။ ဥပမာဆိုရင် ချူပါကဲ့သည် ပိုပြီး စိတ်အနှောက်အယှက်ဖြစ်စေပြီး ရှာဝူကျင်းက မျက်နှာနှစ်ဖက်ဖြစ်နေသည်။ ထိုကြောင့်သူသည် ထိုအတွေးကို စွန့်လွှတ်လိုက်သည်။

“ဂေါ့….ဘာဂေါ့လဲ”

ထိုကဲ့သို့ ထူခြားသည့် အမည်ကိုကြားလိုက်ရင် ကျန့်ချင်ဖန်သည် သူ့ဦးနှောက်ထဲတွင် ပုံဖော်ကြည့်လို့ မရဖြစ်နေသည်။

“ဂေါ့ဘလင်၊ ဘီလူးအမျိုးအစား တစ်မျိုးပါ”

ဆွန်းမိုက ပေါ့ပေါ့လေး ပြောလိုက်သော်လည်း ကျန့်ချင်ဖန်က အသံထွက်ဖို့ ကြိုးစားနေရသည်။ သူသည် အဆင့်မြင့်အရာရှိ တစ်ယောက် လုပ်ခဲ့သောကြောင့် အခြေအနေ အမျိုးမျိုးကို

ကြုံခဲ့ဖူးသည်။ သူသာအမှတ် မမှားပါက ထိုအကြောင်းအရာမျိုး မရှိတာ ထင်ရှားသည်။

"မင်း အဲဒါကို စိတ်ကူးထားပြီးပြီလား။ Journey to the west ဒုတိယ အပိုင်းမှာ ပါလာမယ့် ဇာတ်ကောင် ဘီလူးတစ်ကောင်လား"

ကျန့်ချင်ဖန်က စပ်စုလိုက်သည်။ " မဟုတ်ပါဘူး"

ဆွန်းမိုသည် လေ့လာချင်စိတ်ပြင်းပြသူ ဖြစ်သည်။ အလယ်ကမ္ဘာ ပြည်နယ်ကိုးခု၏ အပြင်ဘက်တွင် တခြားနေရာတွေရှိမရှိ သိချင်နေသည်။

ဥပမာ အနောက်နိုင်ငံတွေ ၊ နဂါးတွေ၊ ဓါးတွေ၊ မှော်ပညာတွေပေါ့

“ဒါဆို တခြားစာအုပ်လား”

ကျန့်ချင်ဖန်က ပူလောင်သောအကြည့်နှင့် ဆွန်းမိုကို စိုက်ကြည့်နေသည်။ သူအဲဒါကို ဖတ်ဖို့ မစောင့်နိုင်တော့ပါ။

“ ငါဆုံးဖြတ်ပြီးပြီ။ ကလောင်အမည်က ဂေါ့ဘလင်”

ဆွန်းမိုလည်း ခေါင်းစဉ်ပြောင်း လိုက်သည်။ “မရှိပါဘူး၊ ကျပန်းပေး လိုက်တာပါ”

"ဒါဆို မင်းအတွက်ပဲပေါ့"

ကျန့်ချင်ဖန်သည် များသောအားဖြင့် ကျန်းမာရေးကြောင့် စောစောအိပ်လေ့ရှိသည်။ ဒီနေ့တော့ ဆွန်းမို နှင့် စကားစမြည်း ပြောနေတာကို မရပ်တန့်နိုင်ပါ။

ညကလည်း တော်တော်နက်နေပြီ ကျောင်းတံခါးလည်း ပိတ်ထားလောက်ပီ။ ကျန့်ချင်ဖန်သည် အလွန်ကို ဥည့်ဝတ်ကျေ လွန်းသောကြောင့် ဆွန်းမိုနှင့် လုချီဟွာလည်း တစ်ညတည်းခို လိုက်ရသည်။

နောက်နေ့မနက်တွင် ကျန့်ချင်ဖန်သည် အရက်နာကျပြီး ခေါင်းကိုက်နေသော်လည်း ဆွန်းမိုနှင့် မနက်စာစားရန် စောစောထ လိုက်ပြီးနောက် ဆွန်းမိုနှင့် တွေ့လိုက်သည်။

“ဆရာကြီး, သူကမြတ်ဆရာ တစ်ယောက်တော့ မဟုတ်ဘူး။ စိတ်ဝင်းစားဖို့ကောင်းတဲ့ ဝတ္ထုတစ်ပုဒ်ကို ပဲ ရေးပြီး ပန်းချီဆွဲတဲ့ အရည်ချင်းပဲကောင်းတာ။ မင်းကဘာလို့ သူ့ကို အရမ်းသဘောကျနေတာလဲ။

အစေခံအိုသည် ကျန့်ချင်ဖန်က ဘာကြောင့် ဆွန်းမိုကို ခါးမြှောင်ပေးလိုက်တာလဲ သိချင်နေသည်။

“ငါ အင်ပါယာနန်းတော်မှာ လေးဆယ်ခုနှစ်နှစ်တိတိ ရာထူးကို ထိန်းထားနိုင်တာ လူတွေကို အကဲဖြတ်တဲ့ မျက်စိကောင်းလို့ပဲ။ ဆွန်းမိုမှာ ငါမပြောနိုင်သေးတဲ့ စိတ်ထားမျိုးရှိတယ်”

ကျန့်ချင်ဖန်သည် စာအုပ်ဆိုင် တံခါးဝတွင် ရပ်နေရင်း အဝေးက ရထားလုံးကိုကြည့်ပြီး ပြောလိုက်သည်။

"စိတ်ထား၊ ရုပ်ချောတာတော့ လက်ခံပါတယ်"

အစေခံအိုသည် ဆွန်းမိုကို အထင်ကြီးလောက်သည့် စိတ်နေသဘောထားမျိုး မတွေ့ခဲ့ပါ။

"မင်း နားမလည် သေးပါဘူး"

ကျန့်ချင်ဖန်သည် ဆက်ရှင်း မပြချင်တော့ပါ။ ဆွန်းမိုသည် ထိုကဲ့သို့ ပုံမျိုးရေးဆွဲနိုင်ရန် သူ့စိတ်ထဲတွင် အဆုံးမရှိသည့် ဉာဏ်ပညာမျိုး ရှိရမည်။ ထိုပန်းချီကား၏ သဘောတရားသည် ဟန်ဆောင်ရန် မဖြစ်နိုင်ပါ။

“နောက်တစ်ခေါက် ဆွန်းမိုလာရင် မင်းသူ့ကို အရေးကြီးတဲ့ ဧည့်သည်လို သဘောထားပါ”

ကျန်ချင်ဖန်က ညွှန်ကြားလိုက်သည်။

....

မြင်းလှည်းပေါ်မှ ဆင်းပြီးနောက် ဆွန်းမိုသည် ရထားခကို ပေးပြီး ဂုဏ်ယူစွာ လမ်းလျှောက်နေသည်။

လုချီဟွာသည် ငွေတုံးတစ်ထောင်ပါသည့် သေတ္တာလေးကို ကိုင်ကာ ဆွန်းမိုနောက်က အမြီးတစ်ခုလို လိုက်လာသည်။ သူမသည်ဆွန်းမိုကို

ကိုးကွယ်မှု ပြည့်ေနေသည့် မျက်လုံးများဖြင့် တစ်ခါတစ်ခါ စိုက်ကြည့်နေသည်။

ဆရာက အရမ်းအံ့မခန်းပဲ။ ဝတ္ထု တစ်ပုဒ်လောက် ရေးလိုက်တာနှင့် ငွေတစ်ထောင်တောင် ရခဲ့တယ်။ ထို့အပြင်စာရေးသူ၏ ကော်မရှင်တောင် စောင့်မျှော်ရုံပဲ။ ဒါတောင် မဟုတ်သေးဘူး ပန်းချီဆွဲလည်း တော်သေးသည်။

ဆရာဆွန်းသည် စံချိန်စံညွှန်းများနှင့် ပြည့်စုံသည့် နာမည်ကြီး ပန်းချီကားတစ်ချပ်ကို ဖန်တီးနိုင်သည့် ပန်းချီဆရာတစ်ယောက် ဖြစ်လိမ့်မယ်လို့ သူမ

မထင်ထားခဲ့ပါ။ မနေ့က ပုံများက နတ်ဘုရားများနှင့် တူလွန်းသည်။

“အင်း၊ ဆရာက တစ်နေ့ငါ့ကို ပုံတူဆွဲပေးရင် ကောင်းမှာဘဲ”

လုချီဟွာသည် နှုတ်ခမ်းကို စူလိုက်ပြီး သူမရင်ခွင်တွင် ထည့်ထားသော တိမ်တိုက်ခါးမြှောင်ကို ထိလိုက်သည်။

ကံကောင်းထောက်မစွာ မပျောက်သေးပါ။ ဒါက ဝိညာဉ်လက်နက်ဖြစ်သည်။ တကယ်လို့

ပျောက်သွားပါက သူမတောင်းပန်ဖို့အတွက် ကိုယ့်ကိုကိုယ် သတ်သေပေးရ လိမ့်မည်။

ကျန့်ချင်ဖန်က ဒီလောက်တန်ဖိုးကြီးသည့် ဓါးမြှောင်ပေးလိုက်သည့် အကြောင်းကို ပြန်ပြောင်းစဉ်းစားပြီး အခုထိ မယုံနိုင်သေးပါ။ တကယ်လို့ သူမသာဆိုရင် ထုတ်ပေးမည့် အစား မိသားစုအတွက် သိမ်းထားလိုက်မည်။

"သေတဲ့အထိ အားပေးတဲ့ ပရိတ်သတ်တွေက အရမ်းကြောက်ဖို့ကောင်းတာပဲ"

လုချီဟွာက သက်ပြင်းချလိုက်ပြီး “ သေတဲ့ထိ အားပေးတဲ့ ပရိတ်သတ် ဖန်းတီးနိုင်တဲ့ ဆရာဆွန်းက ပိုတောင်ကြောက်ဖို့ကောင်းတယ်”

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု- +၁၀

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ရင်းနီး (၂၄၃/၁၀၀၀)

အကြောင်းကြားချက်ကို ကြားပြီး ဆွန်းမို လှည့်ကြည့်လိုက်မိသည်။

လုချီဟွာက မျက်လုံးများကို အနည်းငယ်ကွေးကာ ချက်ခြင်းပင်ချိုသာစွာ ပြုံးပြလိုက်သည်။ သူမသည် သစ်သားသတ္တောလေးကို လက်တစ်ဖက်က ကိုင်ထားပြီး ဆွန်းမို၏ အင်္ကျီစကို နောက်လက်တစ်ဖက်က ကိုင်ထားသည်။

ဆွန်းမိုကို မြင်လိုက်ရင် တံခါးကိုစောင့်ကြပ်နေသော မစ်စတာချင်က နှုတ်ဆက်ဖို့ ချက်ခြင်း ထွက်လာသည်။

"ဆရာဆွန်း မ ဂ်လာပါ"

ဆွန်းမိုက ခေါင်းညိတ်ကာ ဆေးရွက်ကြီးတစ်ထုပ်ကို ပေးလိုက်သည်။

"ဆရာဆွန်း မပေးပါနဲ့ ငါနဲ့ မတန်ပါဘူး"

မစ်စတာချင်က အထုပ်ကိုလက်မခံဘဲ ချက်ခြင်းကို လက်ခါပြလိုက်သည်။

အစောင့်တစ်ဦး ဖြစ်သောကြောင့် လူများစွာကို မြင်ရပြီး သူတို့ အတင်းအဖြင်းပြောတာကို ကြားရတတ်သည်။ ဆွန်းမိုက ကျောင်းသား၅ ယောက်ကို လက်ခံထားကြောင်း မစ်စတာချင် သိသည်။ တကယ်တော့သူသည်

ကျောင်းခေါင်းဆောင်များဆီက အသိအမှတ်ပြုမှုကို ရထားပြီးသားဖြစ်သည်။ သူ့အလုပ်အကိုင်သည် ဒီရက်ပိုင်းအတွင်း တရားဝင်ဖြစ်လာ နိုင်သည်။

အစမ်းခန့်ဆရာများနှင့် ပက်သက်ပြီး သာလွန်ကောင်းမွန်မှုကို လက်ခံနိုင်သည်။ တကယ်တန်းပြောရရင် အစမ်းခန့် ဆရာဆယ်ယောက်တွင် တစ်ယောက်သာ အကယ်ဒမီ ဆက်နေနိုင်သည်။ သို့သော် တရားဝင်ဆရာကိုတော့ ထိုကဲ့သို့ မဆက်ဆံရဲပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တံခါးစောင့်တစ်ယောက်နှင့် ဆရာတစ်ယောက်သည် အဆင့်အတန်းကွာခြားလွန်းသည်။ ဆွန်းမို အပြုအမူကြောင့်သာမဟုတ်ရင် မစ်စတာချင်သည် စပြီးပြုံးကာ နှုတ်မဆက်ရဲပါ။ တံခါးဝကတောင် မထွက်ရဲပါ။

ဆေးရွက်ကြီး တစ်ထုပ်ဆိုရင် ပိုက်ဆံဘယ်လောက်ပေးရမှာလဲ။ ဆွန်းမိုသည် သူစာရေးသည့် ကော်မရှင်ကို မရသေးသော်လည်း ဒီလောက်တော့ တတ်နိုင်သေးသည်။ နောင်တွင်

ကျောင်းတံခါးအဝင်အထွက် အဆင်ပြေစေရန် မစ်စတာချင်ကို တစ်ခုခု ပေးချင်နေသည်။

နောက်တစ်ကြိမ် သန်းခေါင်ယံချိန်မှ ပြန်လာဖြစ်ရင် ကျောင်းတံခါးစောင့်ကို ပြောလို့လွယ်မှာ ဖြစ်သည်။

ဆွန်းမိုကဆေးရွက်ကြီးထုတ်ကို တကယ်ယူလာတာ မြင်လိုက်ရင် မစ်စတာချင်သည် သူ့ဘောင်းဘီနှင့် လက်နှစ်ဖက်ကို သုတ်လိုက်ကာ ချွေးများနှင့် ဖုန်များကို သုတ်လိုက်ပြီး

အနည်းငယ်ကိုင်းကာ လက်နှစ်ဖက်နှင့် ယူလိုက်သည်။

ဆွန်းမို နောက်ဆုံးအကြိမ် ပေးတုန်းက မစ်စတာချင် အပြုအမူနှင့် လက်ရှိ အပြုအမူ ကွာခြားနေတာကို ဆွန်းမို သတိပြုလိုက်မိသည်။ နောက်ဆုံးအကြိမ် ပေးတုန်းက မစ်စတာချင်သည် လက်တစ်ဖက်တည်းနှင့်သာ ယူခဲ့သည်။ ဒီလို အပြုအမူကြောင့် မစ်စတာချင်သည် သူရာထူးတိုးတာကို သိသွားတာ ဖြစ်နိုင်သည်။

"ဆရာဆွန်း ဂရုစိုက်ပါ"

မစ်စတာချင်သည် ဆွန်းမို တံခါးဝနှင့် မီတာနှစ်ဆယ်ခန့် ဝေးသွားသည်အထိ စောင့်ကြည့်နေသည်။ သူဆေးရွက်ကြီးထုတ်ကို သိမ်းလိုက်ကာ ဝမ်းနည်းမိသွားသည်။ (ဒီလူရဲ့ စိတ်ဓါတ်အရည်ချင်းကို ကြည့်လိုက်အုံး သူက ဘယ်လိုပြုမူရမလဲဆိုတာ တကယ်သိသည်။ ဒါကြောင့်လည်း ကျောင်းအုပ်ကြီးအန်က သူမရှိရင် အသက်မရှင်နိုင်တာ ဖြစ်မယ်)

ဆွန်းမိုသည် ပစ္စည်းတွေကို နေရာချပြီး သူ့သင်ခန်းစာအတွက် ပြင်ဆင်ဖို့

စာကြည့်တိုက်ကိုသွားခဲ့သည်။ ဒါပေမယ့်လည်း မိန်းမငယ်လေး တစ်ယောက်က သူ့ဆီကို လာရှာသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၇၂)။ ။ ညြဇာလွှမ်းမိုးသော ကြေငြာချက်။

"ဆွန်းမို ကျောင်းအုပ်ကြီးအန်က မင်းက တွေ့ချင်နေတယ်"

ကျုံလင်သည် သံကြိုးရောင်ဝတ်စုံရှည်ကို ဝတ်ထားပြီး တွန့်ကြေခြင်း တစ်ခုမှမရှိပါ။ စားပွဲခုံဘေးတွင် ရပ်နေသောသူမသည် ဆောင်းခိုနေသော ယုန်တစ်ကောင်ကိုတောင် အေးခဲပြီး သေသွားစေနိုင်သည့် လေသံဖြင့် ပြောလိုက်သည်။

"မင်းက"

ဆွန်းမိုက မျက်မှောင်ကြုတ်ကာ ပြန်မေးလိုက်သည်။ သူမသည် သဘောထား အေးစက်ရုံသာမက ဆွန်းမိုကို သူမအိမ်တွင် ထမင်းခိုးနေသော ကြွက်တစ်ကောင်လို ကြည့်နေသည်။

"ကျုံလင် ကျောင်းအုပ်ကြီးအန်ရဲ့ အမျိုးသမီး လက်ထောက်"

ကျုံလင်က "လာပါ၊ ကျောင်းအုပ်ကြီးကို စောင့်ရအောင် မလုပ်နဲ့" လောလိုက်သည်။

ဆွန်းမိုလည်း ပစ္စည်းတွေကို ယူကာ ကျုံလင်နောက်က လိုက်သွားသည်။

ပုံမှန် အခြေနေသာဆိုရင် ကျောင်းအုပ်ကြီး၏ အမျိုးသမီးလက်ထောက်နှင့် ဆက်ဆံရေး ကောင်းအောင် တည်ဆောက်ထားပါက အသက် မွေးဝမ်းကြောင်းအတွက် အထောက်အကူဖြစ်သည်။ သို့သော်လည်း ကျုံလင်၏ အေးစက်သော အပြုအမူကိုတွေ့လိုက်ပြီး သူက နွေးထွေးအောင် လုပ်လိုက်ရင်တောင် အေးစက်သော ဆရာကြီး လုပ်မှုကို မခံချင်ပါ။

ဆွန်းမိုသည် အန်ရှီဝေနှင့် ဆက်ဆံရေး ကောင်းမကောင်းလည်း ဂရုမစိုက်ပါ။ သူ့အသက် မွေးဝမ်းကြောင်းက သူ့ အရည်အချင်းပေါ်တွင်သာ မူတည်သည်။ တကယ်တည်းပြောရရင် သူ့ရုပ်ရည် အသွင်အပြင်နှင့်လည်း အသက်မွေးဝမ်းကြောင်း လုပ်နိုင်ပါသည်။

နှစ်ယောက်လုံး စကားတစ်ခွန်းမှ မပြောဖြစ်ကြပါ။ ထို့ကြောင့် လမ်းတစ်လျှောက်လုံး အဆင်မပြေသည့် လေထု ကဖြစ်နေသည်။

ကျုံလင်သည် အန်ရှီဝေနှင့် စေ့စပ်ထားသူ ဖြစ်သောကြောင့် ဆွန်းမိုကို အမြင်မကြည်တာ သေချာသည်။

ကျုံလင်သည် အန်ရှီဝေထက်ငယ်ပြီး သူမကို ကိုးကွယ်သည်။ ကျုံလင်မျက်လုံးထဲတွင် ကမ္ဘာပေါ်က ကြောက်စရာအမျိုးသားများသည် ပြီးပြည့်စုံသည့် အစ်မကြီးအလှမယ်နှင့် မထိုက်တန်ပါ။ ဆွန်းမိုအတွက်ကတော့ ကျုံလင်သည် လူတစ်ယောက်က မပိုင်ဆိုင်သင့်သည် အရာကို ပိုင်ဆိုင်ထားလို့ မုန်းတီးသလိုကို မုန်းတီးနေသည်။

ဒါကြောင့်သူမသည် ဆွန်းမိုအကြောင်းများများကိုလည်း မသိချင်ပါ။ ဆွန်းမိုက စေ့စပ်ကြောင်းလမ်းမှုကို ဖျက်သိမ်းပြီး ကျောင်းက အမြန်ဆုံးထွက်သွားဖို့ဘဲ လိုချင်နေသည်။

ဆွန်းမိုသည် သူ့အရှေ့ ၅မီတာ အကွာက ကျုံလင်ကို နတ်ဘုရားမျက်စိကို သုံးပြီး ကြည့်လိုက်သည်။

ကျုံလင်၊ အသက်နှစ်ဆယ့်တစ်နှစ် ၊ အမျိုးသမီး လက်ထောက်၊ သွေးလောင်ကျွမ်းခြင်း အဆင့်။

ကြွံခိုင်မှု -၂၂- ကြီးကြီးမားမားမဟုတ်သော်လည်း လူတစ်ယောက်ခေါင်းကို ပေါက်ကွဲအောင် လုပ်ပြစ်ဖို့ လုံလောက်သည်။

ဉာဏ်ရည် - ၂၅ ။ သူမ၏ သင်ယူနိုင်စွမ်းသည် အလွန်အားကောင်းပြီး သူမ၏ သီအိုရီဆိုင်ရာ အသိပညာများ ခိုင်မာသည်။ သူမတွင် ဖွံ့ဖြိုးသော မှတ်ဉာဏ်ရှိပြီး လက်ထောက်တစ်ယောက်လုပ်ဖို့ အတွက် အသင့်တော်ဆုံးဖြစ်သည်။

သွက်လက်မှု - ၂၇။ အလုပ်ကိစ္စများကို လုပ်ဆောင်ခြင်းက သူမ၏ အထူးစွမ်းရည် ဖြစ်သည်။

ခံနိုင်ရည် - ၂၆။ သူမသည် တစ်ခါလောက် နားလိုက်ပြီး ငါးရက်ဆက်တိုက် အနားမယူဘဲ အလုပ်လုပ်နိုင်သည်။

ဆန္ဒ -၂၈ သူမသည် တယူသန်ဖြစ်သည်။ တစ်ခုခုကို လက်ခံလိုက်တာနှင့် အဆုံးထိကို ဆုပ်ကိုင်ထားပြီး သူမ၏ ယူဆချက်တွေကို ဘယ်တော့မှ အလွယ်တကူ မပြောင်းပါ။

....

အလားအလာ - ပျမ်းမျှ အထက်။ မှတ်ချက် - သူမသည် အန်ရှီဝေအပေါ်တွင် ထူးခြားသော ခံစားချက်ရှိပြီး အမျိုးသားများကို အစွန်းရောက်မုန်းတီးသူ ဖြစ်သည်။

ဆွန်းမို နှုတ်ခမ်းကို ကွေးလိုက်မိသည်။ ထိုအချက်အလက်များတွင် ပထမတစ်ချက်တွင် ခြိမ်းခြောက်နေသော သူမဆန္ဒက အလွန်ကိုထူးခြားပါသည်။ ဒီလို မိန်းမမျိုးကို

လက်မထပ်သင့်ပါ။ မဟုတ်ပါက နောင်တစ်ချိန်တွင် ရန်ပွဲနှင့် နပန်းလုံးနေရမည်။

သူဆက်ဖတ်လိုက်ရင် အလားလာ တန်ဖိုးက မြင့်မားသော်လည်း မှတ်ချက်က ဘာငရဲလည်းဟ။

ဆွန်းမို မှင်တက်နေသည်။ သူလုံးဝကို လျှော့ဖြစ်နေချိန်တွင် ကျုံလင်က လှည့်ကြည့်သည်။ ဒီလိုရုပ်နှင့် ကောင်မလေးက လိင်တူချစ်သူလား။ ကျုံလင် ဘာကြောင့် သူ့ကို ဒီလောက်ရန်လိုလည်းဆိုတာ ဆွန်းမို နားလည်သွားသည်။

"တောက် ဘောပြားမက ငါ့ကိုသူ့ ပြိုင်ဘက်အဖြစ် ဆက်ဆံနေတာကိုး"

ကျုံလင်လည်း ဆွန်းမိုကို ခေါင်းလှည့်ကာ ကြည့်လိုက်သည်။

ချက်ခြင်းဘဲဆွန်းမိုက အကြည့်လွှဲလိုက်သည်။ ကျုံလင်လည်း နှာချေလိုက်ကာ ယောက်ျားတွေ တစ်ယောက်မှ မကောင်းဘူးဆိုသည့် စိတ်နှင့် ကြည့်လိုက်သည်။ ယောက်ျားတစ်ယောက်က သူမ၏ ခန္ဓာကိုယ်ကို အဝတ်ဗလာနှင့် ကြည့်နေသကဲ့သို့ ဖြစ်သွားပြီး စိတ်ထဲတော်တော် မွန်းကြပ်သွားသည်။

ဒီအတွေးက သူမစိတ်ကို ထိန်းမရသိမ်းမရ ဖြစ်သွားစေသည်။

ဆွန်းမိုက သူမကိုနောက်က ကြည့်ပြီး သဘောကျနေတာလား ဘယ်လောက် ရှုံစရာကောင်းလဲ။

ကျိုလင် နှုတ်ခမ်းကို ကိုက်လိုက်ကာ အရှိန်ကို မြှင့်လိုက်သည်။

ဆန့်ကျင်ဘက်အနေနှင့် ဆွန်းမိုက အရှိန်ကို လျှော့လိုက်သည်။ အကြောက်လွန် ရောဂါရှိသူတွေကို လေးစားထိုက်သော အကွာအဝေးမှာ နေပြီး

ရင်ဆိုင်တာက အကောင်းဆုံးဖြစ်ကြောင်း ဆွန်းမိုသိသည်။ ဒီလိုမဟုတ်ဘဲ ထိပ်တိုက်ရင်ဆိုင်လိုက်ပါက သူမကိုလန့်စေတဲ့ လှုပ်ရှားမှုလေးတစ်ခု ဖြစ်သွားရင်တောင် လူသတ်မှု ဖြစ်သွားနိုင်သည်။ ဒီလိုဖြစ်ခဲ့ရင် ကံမကောင်းသည့် သူ့ကိုယ်သူပဲ အပြစ်တင်ရမည်။

သူတို့သည် ကျောင်းအုပ်ကြီး ရုံးခန်းကိုရောက်လျှင် ထွက်လာသော ကူရှုပ်ရှင်းနှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက်သည်။

"ဆရာကူ"

ကျုံ့လင်က မျက်နှာမှာ အပြုံးတစ်ခုနှင့်စပြီး နှုတ်ဆက်လိုက်သည်။

တကယ်တော့ ဒီကောင်မလေးသည် ပြုံးရင် တော်တော်ကြည့်ကောင်း ပါသည်။ သူမသည် အလားလာတန်ဖိုးနှင့် တူသည်။ သူမကိုသာ အမှတ်(၂)အထက်တန်းကျောင်းကို ပို့လိုက်ရင် သူမ ဘာမှမလုပ်ရင်တောင်မှ ပိုးဖို့ယောကျ်ားလေး ဆယ်ယောက်ထက်မနည်း ရှိနိုင်သည်။

"လက်ထောက်ကျုံ့"

ကူရှပ်ရှင်းက သူတို့ကို နှုတ်ဆက်ပြီးနောက် ဆွန်းမိုကို မျက်နှာ မူရင်း လက်ကိုဖော့ယမ်းပြလိုက်သည်။ "ဆရာဆွန်း၊ ငါတို့က အခု လုပ်ဖော်ကိုင်ဘက်တွေ ဖြစ်သွားပြီ ငါ့ကိုဂရုစိုက်အုံးနော်"

"ဆရာကူ နောက်နေတာလား။ မင်းကဘဲ ငါ့ကိုစောင့်ရှောက်သူ ဖြစ်သင့်တာလေ"

ဆွန်းမိုက ညင်သာစွာ ရယ်ရင်း ပြန်ပြောလိုက်သည်။ နောက်ဆုံးတော့လည်း ကျောင်းဆရာအဖြစ် ခြောက်နှစ်လုပ်ခဲ့သည့်

အတွေ့အကြုံက ပေါင်းသင်းဆက်ဆံရေး တချို့ကို သင်ပေးခဲ့သည်။

"ဟီဟီ ငါထင်တာက ဆရာဆွန်းက ခပ်ခွာခွာ နေတဲ့ပုံနဲ့ သင်ကြားသွားမယ် ထင်တယ်"

ကူရှုပ်ရှင်းက သူ့ကိုနောက်လိုက်သည်။

"ဒါဆို ဆရာကူက ဘယ်လိုပုံစံနဲ့ သွားမှာလဲ"

ကူရှုပ်ရှင်းက ပန်းလေးတစ်ပွင့်လို ပြုံးနေရင်တောင် သတိထားရမယ်လို့ ဆွန်းမို ကို့ကိုယ်ကို ပြန်သတိပေးလိုက်သည်။

သူနှင့်ရင်နှီးသည့် မိတ်ဆွေတစ်ယောက် ပြောတာကြားဖူးတာက မိန်းမတစ်ယောက်က မင်းကို မချစ်ပေမယ့် စူးစူးရဲရဲ ပြုံးပြရင် သတိသာ ထားပေတော့တဲ့။ သူမသင့်ကို ထောင်ချောက်ထဲ ထည့်ဖို့လုပ်နေတာဘဲ။

အွန်လိုင်းချိန်းတွေ့ခြင်း ဝက်ဆိုက်ဒ် တစ်ခုမှ ဆယ့်ခုနှစ်ခုမြောက် အောင်ပွဲဖန်တီးခြင်း တွေ့ဆုံပွဲက နိဂုံးချုပ်စကားဖြစ်သည်။

“ဆရာဆွန်းစကားက နည်းနည်းတော့ မောက်မာပေမယ့် ပုံမှန်ပါပဲလေ။ မင်းက

ရှန်ယွန်ပေါင်နဲ့ လီဇီချီတို့ကို အခုပဲခေါ်ယူထားတာကိုး။ မင်းရဲ့ အောင်မြင်မှုကို ဂုဏ်ယူဖို့ အကောင်းဆုံးအချိန်ဘဲ”

ကူရှူပ်ရှင်းက သက်ပြင်းချကာ မလိုလားသည့် မျက်နှာနှင့် ပြောလိုက်သည်။ ဆွန်းမိုကို စိတ်အားထက်သန်စွာ အကဲခတ်နေသော ကျုံလင်သည် ထိုနာမည်နှစ်ခုကို ကြားလိုက်ရင် မျက်မှောက်ကြုက်သွားသည်။ ထို့နောက် သူမမျက်နှာပေါ်က ရွံ့ရှာမှုများ ပျောက်သွားကာ

"ဒီ မြွေမ ဘယ်လောက်လည်လဲ" သူမ ကျုံလင် မကျေနပ်အောင် စိတ်ဆွပေးနေတာဘဲ။ အန်ရှီဝေ ရှေ့ရောက်ရင် ငါ့မကောင်းကြောင်းပြောအောင် ဖန်တီးနေတာပဲ။

ဆွန်းမိုသည် ပြုံးနေသော်လည်း ကူရှုပ်ရှင်းကို စိတ်ထဲတွင် တေးမှတ်လိုက်သည်။ အခွင့်အရေး ရလို့ကတော့ ဒီမြွေမ ငါ့ခြေထောက်တွေကို လျှာ နှင့် လျက်ခိုင်းရမယ်။

ဆွန်းမိုသာ အတွေ့အကြုံ မရှိပါက အန်ရှီဝေချီးကျူးအောင် လုပ်ပေးနေတယ်လို့ ဆွန်းမို ထင်သွားနိုင်သည်။

ဒါက ရုံးတွင်း နိုင်ငံရေးပါ။ သတိမထားမိရင် ဘယ်အချိန် လုပ်ကြံခံရမည်ကို မသိနိုင်ပါ။

"မင်းတို့ ပြောစရာရှိရင် နောက်မှ ပြောကြပါလား။ ကျောင်းအုပ်ကြီးအန်က စောင့်နေတယ်"

ကျုံလင်က စကားဝိုင်းကို ဖြတ်လိုက်သည်။

"ဒါဆိုလည်း တစ်ရက် လက်ဖက်ရည်သောက်ရင်း ဆုံကြတာပေါ့"

ကူရှုပ်ရှင်းက လက်ဖှေ့ယမ်းပြကာ ထွက်သွားသည်။ အပေါ်ယံတွင် သူမသည် ဖော်ရွေလွန်းပါသည်။

တခြားယောက်ျားတွေဆိုရင် ကူရှုပ်ရှင်းက သူ့ကိုစိတ်ဝင်စား နေလားလို့တောင် ထင်သွားနိုင်သည်။ ထိုအချိန်တွင် သူတို့ မွေးမည့် ကလေးနာမည်တောင် စဉ်းစားပြီး သားတောင် ဖြစ်သွားနိုင်သည်။

ဒင်

“တစ်နှစ်အတွင်း ကူရှပ်ရှင်းကို သင်ကြားရေးစွမ်းရည်ဖြင့် အနိုင်ယူပါ။ သူမ၏အရှုံးကို စိတ်နှလုံး အကြွင်းမဲ့လက်ခံအောင် လုပ်ရမည်။

ဆုလာဒ်- ရတနာငွေ သေတ္တာတစ်လုံး”

“မှတ်ချက် - ကူရှပ်ရှင်းက မင်းခြေထောက်တွေကို နမ်းချင်စိတ်ပေါက်ရင် စနစ်က မင်းကို လျှို့ဝှက်ဆန်းကြယ် ရတနာ သေတ္တာတစ်လုံး နောက်ထပ်ဆုပေးမယ်”

တံခါးကို လှမ်းဝင်နေသော ဆွန်းမို မှင်တက်သွားသည်။ ဒါက ဘာကြီးတုန်း။

တာဝန် က ပြိုင်ဘက်ကင်းဆရာကြီး စနစ်ဖြစ်တာကြောင့် နားလည်သည်။ ဆရာကောင်းတစ်ယောက် လမ်းစဉ်တွင် အခြားဆရာများကို အနိုင်ယူတာက သာမန် အနေအထားပါ။ ဒါပေမယ့် မှတ်ချက်က ဘာဖြစ်တာတုန်း။

"ဒါကလား ကူရှုပ်ရှင်းက မင်းခြေထောက်ကို လိုလိုလားလားနမ်းချင်ရင် မင်းက သူ့ထက်

သင်ကြားရေးစွမ်းရည်သာတယ်ဆိုတာ ပြတာပဲလေ။ စနစ်ကတော့ သဘာဝအတိုင်း အပိုလက်ဆောင်ပေးတာပေါ့”

စနစ်က ရှင်းပြသည်။

“မင်း စိတ်မကောင်း မဖြစ်ဘူးလား”

ဆွန်းမိုက မေးလိုက်သည်။

“ခန့်မှန်းကြည့်ပါလား”

တစ်ခါတစ်လေ စနစ်တွင် အကျင့်ဆိုးရှိသည်။ “အိုးဟုတ်ပြီ ဆုပေး ဒဏ်ပေးတော့ လုပ်ရမှာပေါ့ ၊ မင်းမအောင်မြင်ရင် အားကစားဖိနပ်

တနေကုန်စီးထားပြီး ချွေးတအားထွက်နေတဲ့ ခြေထောက်ကို မင်းနမ်းရမယ်”
“မင်း ဒီထက်ပိုပြီး ကလိန်ကကျစ် မလုပ်တတ်တော့ဘူးလား”

ဆွန်းမိုစိတ်ထဲတွင် စနစ်ကို အမေနှင့် ကိုင်ပြီးဆဲနေလိုက်သည်။

“ငါဒီလောက် ကြီးကြယ်တဲ့ ဆုကိုလည်း မလိုချင်ဘူး။ မင်းလည်း ပြစ်ဒဏ် ပြန်သိမ်းလိုက်”

စနစ်က အသံတိတ်သွားပြီး ဆွန်းမိုကို ဆက်မနှောက်တော့ပါ။

"ဆွန်းမို"

ရုံးခန်းထဲက အန်ရှီဝေ အသံထွက်လာသည်။

ဆွန်းမိုလည်း ဒေါသကို ထိန်းပြီး ဝင်လာလိုက်သည်။

ရုံးခန်းသည် ကျယ်ပေမဲ့ ပရိဘောဂတွေကတော့ ရိုးရိုးလေးတွေပါ။ စာအုပ်များအပြည့်ထည့်ထားသည့် စာအုပ်စင်နှစ်စင်ရှိသည်။ ဗဟိုပြည်နယ် အကယ်ဒမီကို တည်ထောင်ထားသည့် နေ့ကစပြီး

ဒီနေ့အထိရထားသည့် ဆုတံဆိပ် အမျိုးမျိုးနှင့် ပြည့်နှက်နေပါသည်။ စုစုပေါင်းဖလား (၆၂)လုံး ပါ။

ဒါတွေကလည်း အသေအချာ ရွေးထားတာပါ။ မဟုတ်ပါက အရာအားလုံးကို ပြသရန် နေရာ မလောက်ပါ။

တကယ်တော့ ဇဟိုပြည်နယ် အကယ်ဒမီသည် မနိမ့်ကျသွားခင်က ဂုဏ်သိက္ခာနှင့် လွှမ်းမိုးနေတယ်ဆိုတာ ကြွားပြောခြင်း မဟုတ်ပါ။

ဆွန်းမို အကြည့်က ထိုဆုဖလားများဆီကို ရောက်သွားရင် အန်ရှီဝေသည် မိမိကိုယ်ကို လှောင်ပြောင်ပြုံးလိုက်သည်။

"ဒါတွေက အရင်တုန်းက ရခဲ့တာတွေပါ။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ကျောင်းက ဘာဆုတံဆိပ် တစ်ခုမှ မရတော့ဘူး"

" နောက်ဆိုရင် ပိုရှိလာမှာပါ"

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။ အစမ်းခန့်ဆရာများ ပထမဆုံးကျောင်းကို ဝင်သည့်နေ့က သူတို့အားလုံးကို အကယ်ဒမီ ဂုဏ်ပြုခန်းမဆောင်ကို ခေါ်သွားခဲ့သည်။

ထိုနေရာတွင် ဆုတံဆိပ်များ၊ လက်မှတ်များနှင့် နဖူးစည်းများ ပြည့်နေသည်။

ဗဟိုပြည်နယ် အကယ်ဒမီသည် "ဒီ" အဆင့်ကျောင်းများ၏ အောက်ခြေကို ကျသွားပြီး ထုတ်ပယ်ခြင်း ခံရမလို ဖြစ်နေသော်လည်း အကြောင်း ကြောင်းကြောင့် နှစ်စဉ် ကျောင်းသားအများအပြား လာရောက် စာရင်းသွင်းကြဆဲ ဖြစ်သည်။

အန်ရှီဝေသည် မတ်တပ်ရပ်ပြီး လက်ကို ဆန့်ကာ

“ကျောင်းအုပ်ကြီး တယောက်အနေနဲ့ မင်းရဲ့ အရည်အချင်းတွေကို ဒီကျောင်းမှာ ကောင်းကောင်း အသုံးချမယ်လို့ မျှော်လင့်ပါတယ်။ ကျေးဇူးပြုပြီး အထက်တန်းစား ကျောင်းသားတချို့ ကို ပျိုးထောင်ပေးပြီး ကျောင်းအတွက် ဆုဖလား တစ်ခုနှစ်ခု လောက် ယူပေးပါ”

“ဟားဟား မင်းတခြားသူတွေကို စော်ကားနေတာလား”

ဆွန်းမိုက ရယ်ရင်း မေးလိုက်သည်။

ကျုံလင် ဒေါ်ခွီးသွားသည်။ သူ့ကိုယ်သူ ဘာထင်နေတာလဲ။ သူက ကျောင်းအုပ်ကြီးရဲ့ အထူးဂရုစိုက်မှုကို ခံထိုက်လို့လား။

“ဟုတ်ပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်အတွင်း ဒီစကားကို အကြိမ်ကြိမ်ပြောခဲ့ ပြီးပါပြီ။ ပြောတိုင်းလည်း ရင်ထဲ စိတ်ထဲက ပြောတာပါ”

အန်ရှီဝေသည် ဆွန်းမိုကို ရိုးသားသည့် မျက်လုံးနှင့် ကြည့်နေသည်။

ချောင်ကျနေသော ပါးပြင်နှင့် ဒီအမျိုးသမီးကို ကြည့်လိုက်တော့ ဆွန်းမိုသည် သူမ အရမ်းကို

အလုပ်များနေမှန်း သိလိုက်သည်။ ဒါကြောင့် ဆွန်းမိုက အန်ရှီဝေလက်ကို ကိုင်လိုက်ရင်း “ ငါက မင်းနဲ့ကျောင်းကြောင့် မဟုတ်ဘူး။ ဒီမှာ အလုပ်လုပ်နေရတော့ လူတော်တော်များများက ငါ့ကို မိန်းမချူစားတဲ့ကောင်လို့ ခေါ်ကြတယ်။ ဒါကြောင့် ငါက အသက်မွေးဝမ်းကြောင်းကို အောင်မြင်အောင်လုပ်ပြီး သူတို့ပြောတာ မှားနေတယ်ဆိုတာပါ သက်သေပြချင်တာပါ”

“ဆွန်းမို!”

ထိုအဖြေကို ကြားလိုက်ပြီး ကျုံ့လင်သည် ချက်ခြင်း ဒေါသတကြီး အော်လိုက်သည်။

အန်ရှီဝေက ကျုံ့လင်ကို ပါးစပ်ပိတ်ရန် လက်မြှောက်ပြလိုက်သည်။ သူမသည် ဆွန်းမိုကို စူးစူးနှစ်နှစ်ကြည့်နေသော်လည်း ခံစားချက် အပြောင်းအလဲ သိပ်မဖြစ်ပါ။ သူမစိတ်ထဲတွင်တော့ ထပ်လောင်း အံ့အောသင့်နေသည်။ ငယ်စဉ်ကလေး ဘဝတုန်းက သူမ တင်ပါးနောက်ကို ကိုင်ပြီး အမြီးဆွဲထားတတ်သည့် မိုမိုလေးဟာ အခုဆို ယောကျ်ား ပီသနေပြီလား။

“ ဘောပင်ဘယ်မှာလဲ ငါလက်မှတ်ထိုးမယ်”

ဆွန်းမိုသည် အလုပ်စားပွဲပေါ်တွင် သူ့နာမည်နှင့် တရားဝင် အလုပ်ခန့်စာတစ်စောင်ကို တွေ့ပြီးသားပါ။

ရုတ်တရက် လေထု တိတ်ဆိတ်သွားသည်။ စာရွက်ပေါ်တွင် ရေးခြစ်နေသည့် အသံများ ရုံးခန်းထဲတွင် ကြားနေရသည်။

တစ်နှစ်အတွင်း ဗဟိုပြည်နယ် အကယ်ဒမီကို အဆင့်တက်ပြိုင်ပွဲတွင် ထိပ်ဆုံး ငါးနေရာဝင်အောင်

ကျူညီသင့်သည်ဟု စနစ်က တာဝန်တစ်ခု ကြေငြာခဲ့သော်လည်း ဆွန်းမို စိတ်မဝင်စားပါ။

ဆွန်းမို ဒီမှာနေရသည့် အကြောင်းက သူ့ကိုယ်သူ သက်သေပြချင်လို့ ဖြစ်သည်။

လူတွေရဲ့ အထင်သေးမှု ၊ ရန်လို မုန်းတီးမှုတွေကို ခံရပြီးနောက် စိတ်ပျက်လက်ပျက်နှင့် သွားရမှာလား။ မလုပ်နိုင်ပါ။ ဒါကဆွန်းမိုအတွက် မဖြစ်နိုင်ပါ။ သူ့လက်သီးတွေကို ဖော့ယမ်းပြီး ပြိုင်ဘက်တွေ သွားကုန်သည်အထိ ရိုက်ပြစ်မည်။

ဆွန်းမို အစီအစဉ်က ကျောင်းသားနည်းနည်းကို လမ်းညွှန်ပြီး အလွန်ကြောက်ဖို့ကောင်းလောက်အောင် ကျော်ကြားသည့် မြတ်ဆရာတစ်ယောက် ဖြစ်လာအောင် လုပ်မည်။ သူ့ကို အနှောက်ယှက် ပေးသည့် သူအားလုံးကို ထိန်းချုပ်မည်။

အန်ရှီဝေသည် ဆွန်းမို၏ ချောမောသော မျက်နှာကို ငေးကြည့်နေသည်။ ပထမဆုံး အကြိမ် သူမမျက်ခုံး ပြေလျော့သွားကာ သူမ မျက်နှာတွင် အပြုံးတစ်ခုပေါ်လာသည်။

သူမသည် ထိုကဲ့သို့ စိတ်မျိုးရှိသည့် ဆွန်းမိုကို လေးစားမှု အပြည့်ရှိသည်။ သူတို့အခြေအနေတွေက ပိုကောင်းလာရင် လက်ထက်ဖို့တောင် မတွန့်ဆုတ်ပါဘူး။

"အဘိုးက ငါ့ကို ခက်ခဲတဲ့ ပြဿနာ တစ်ခုပေးခဲ့တာပဲ"

အန်ရှီဝေက ဝမ်းနည်းပူဆွေးစွာ သက်ပြင်းချလိုက်သည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု - +၅

အန်ရှီဝေနှင့် လေးစားအထင်ကြီးမှု မှူလ(၁၅/၁၀၀)

ဆွန်းမိုသည် အန်ရှီဝေ၏ အမှုအရာကို သတိမထားမိဘဲ အလုပ်ခန့်စာတွင် နာမည်ရေးထိုးလိုက်ရုံဖြင့် စနစ်က သတိပေးချက် ထွက်လာသည်။

ဒင်

"ဂုဏ်ယူပါတယ်၊ တစ်လခွဲအတွင်း သင်ကြားရေး လက်ထောက်အဖြစ်တရားဝင် ဆရာ ဖြစ်လာသည့်အတွက် ဆုရမည်။

ဆုလာဒ် - ငွေရောင်ရတနာသေတ္တာ တစ်လုံး”

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၇၃)။ ။ တရားဝင် အလုပ်ဝင်ခြင်း။

ငွေရောင်အလင်းတန်း တောက်ပနေသော ရတနာသေတ္တာသည် ဆွန်းမို ရှေ့တွင် ပေါ်လာသည်။

ဆွန်းမိုသည် ချက်ခြင်း ဖွင့်လိုက်ချင်သော်လည်း သူ့ကံကို သူသိတာကြောင့် ဒီရတနာသေတ္တာကို ဖြုန်းတီးပစ်လိုက်မိမှာ စိုးရိမ်ပြီး စိတ်ကို ထိန်ထားလိုက်သည်။

သူကံကောင်းဖို့ အတွက် သဘော်သီး ကောင်မလေးကို ကိုင်ပြီးမှပဲ ဖွင့်တာပိုကောင်းသည်။

“ဒီမှာ ဆရာ၀တ်စုံ နှစ်စုံရှိတယ်။ စုတ်ပြဲသွားရင် အသစ်လဲဖို့ ထောက်ပံ့ရေးဌာန ကို သွားလို့ရတယ်”

အန်ရှီဝေသည် ခေါက်ထားသည့် အ၀တ်နှစ်ထည်ကို ဆွန်းမိုအား ပေးလိုက်သည်။

ကောင်းကင်ပြာရောင်သည် မခမ်းနားသော်လည်း ထူးခြားသည့် အဓိပ္ပာယ်ရှိသည်။ ထို့အပြင် ရင်ဘက် ဘယ်ဘက်ခြမ်းတွင် ရှိသော တံဆိပ်က ဗဟိုပြည်နယ် အကယ်ဒမီက ဆရာတစ်ဦး ဖြစ်ကြောင်းကို ကိုယ်စားပြုသည်။

အခုအချိန်တွင် ဗဟိုပြည်နယ် အကယ်ဒမီသည် ကျဆင်းသွားပြီး ဆရာများ၏ ဂုဏ်သတင်းလည်း အနည်းငယ်ကျ ဆင်းသွားသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကဆိုရင် ဗဟိုပြည်နယ်အကယ်ဒမီက ဆရာများသည် စားသောက်ရန် အပြင်ထွက်သည့်အခါ သူတို့ ယူနီဖောင်းဝတ်ထားပြီး ပစ္စည်းဝယ်ရင်ဖြစ်စေ သူတို့ ဘောလ်များကို လွတ်ငြိမ်းချမ်းသာခွင့် ပေးထားသည်။

တကယ်တော့ ဆရာတွေ၏ လစာက မနည်းပါဘူး။ ဒါက သူတို့၏ အဆင့်အတန်းကို

လေးစားသောကြောင့် ရှိသေလေးစားခြင်း ဖြစ်သည်။

"လစာကရော ဘယ်လိုလဲ"

ဆွန်းမိုသည် အမှတ်(၂) အထက်တန်းကျောင်းက သနားစရာကောင်းသော လစာကို ပြန်စဉ်းစားလိုက်မိသည်။ အိမ်တစ်လုံးဝယ်ဖို့ ကနဦးငွေတောင် မသွင်းနိုင်ပါဘူး။ အဲဒါကြောင့်လည်း အခုချိန်ထိ ရည်းစား မထားနိုင်သေးပါ။

သူ့မှာ ရွေးချယ်စရာမရှိပါဘူး။ အိမ်မရှိရင် ဘယ်သူက ပေါင်းချင်မှာလဲ။

ဆွန်းမိုက ဒီလို ပြောင်ပြောင်တင်းတင်း မေးလိမ့်မယ် မထင်လို့ အန်ရှိဝေ ကြောင်သွားသည်။ ဘေးတွင်ရှိနေသော ကျုံလင်လည်း မျက်လုံးနှင့် ပါးစပ်များ ပြူးပြီး ဟသွားသည်။

(မင်းက ဆရာတစ်ယောက်လေ သင်ကြားရေးနဲ့ ပြုစုပျိုးထောင်ခြင်းအကြောင်းကို မေးရမှာလေ။ ငွေအကြောင်းပြောတဲ့အခါ ရှက်သင့်ပါသည်။

ဘယ်လို လစာအကြောင်းကို စပြီးမေးနိုင်ရတာလဲ။ မင်းဒီလောက်တောင် ငွေမက်သွားပြီလား)

"တစ်လကို ငွေတုံးတစ်ရာ" အန်ရှိဝေက ပြန်ဖြေလိုက်သည်။

"အခြားခံစားခွင့်တွေ ရှိသေးလား"

ဆွန်းမို ကျေနပ်သွားသည်။ အမြဲတမ်းဆရာ ဖြစ်လာသည့် ဆရာတစ်ယောက်အတွက် ဒီလစာက မနည်းပါဘူး။ သာမန်မိသားစု တစ်စုသည် တစ်နှစ်မှ ငွေတုံးတစ်ရာကျော်သာ ကုန်ကျသည်။

“ စားသောက်တာနဲ့ နေထိုင်ဖို့က အခမဲ့ပါ။ ဒါ့အပြင် နွေရာသီနဲ့ ဆောင်းရာသီမှာ အပူဒဏ်ကာကွယ်ခြင်းဆိုင်ရာ ငွေကြေးများ အပြင် ပွဲတော်တိုင်းမှာ လက်ဆောင်များလည်း ရမယ်။ ဒါတွေအားလုံး ပေါင်းလိုက်ရင် ပိုက်ဆံ တော်တော်လေးရတယ်”

ကျိုလင်က အမြန်ပြောလိုက်သည်။ သူမလေသံက ဘဝင်မြင့်နေသော ခံစားချက်နှင့် ပြည့်နေသည်။

ဒီအတွက် သူမ အရမ်းဂုဏ်ယူမိပါသည်။ မရီဒန် အကယ်ဒမီနှင့် နှိုင်းယှဉ်ရင် သူတို့ကျောင်း၏ ခံစားခွင့်က မဆိုးပါဘူး။

"ပိန့်တဲ့ကုလားအုပ်က မြင်းထက်တော့ ကြီးသေးတာပဲ။ ဗဟိုပြည်နယ်အကယ်ဒမီက ကောလဟာလ ထွက်ပေါ်နေသလို ဆင်းရဲ မပျက်ဆီးသေးပါဘူး"

ဆွန်းမိုက ချက်ခြင်းပြန်ပြောလိုက်သည်။

"မင်း................"

ကျုံလင် ဒေါသထွက်ပြီး သွေးတောင် အန်ချင်သွားသည်။ ပြောရတာ ပျော်ဖို့ကောင်းလား။

"ခက်ခဲတယ်ဆိုရင်တောင် ဆရာတွေရဲ့ ရပိုင်ခွင့်တော့ လျော့သွားမှာ မဟုတ်ဘူး"

အန်ရှီဝေက ရှင်းပြလိုက်သည်။ ဒါက သူမလုပ်သည့် ပုံစံပါ။ လွန်ခဲ့သည့်နှစ်နှစ်အတွင်း ရန်ပုံငွေများ ကုန်ဆုံးသွားသော်လည်း သူမသည် ဒီအသုံးစရိတ်ကို ဘယ်တော့မှ မလျှော့ ပစ်ခဲ့ပါ။

ပညာသင်ဆုများကိုလည်း ပုံမှန်အတိုင်း ပေးအပ်ခဲ့သည်။ ဘာကြောင့်ဆို ဆင်းရဲနွမ်းပါးသည့်

ကျောင်းသားများလည်း ပညာဆက်ပြီး သင်ကြားနိုင်ရန် ပညာသင်ဆုများကို မှီခိုနေရသောကြောင့် ဖြစ်သည်။

ဆွန်းမိုသည် အန်ရှီဝေကို ကြည့်လိုက်ပြီး ဘာပြန်ပြောရမှန်းမသိပါ။ သူမဝတ်ထားသည့် ဝတ်ရုံရှည်သည် သန့်ရှင်းစွာ လျှော်ဖွတ်ထားသော်လည်း အနေအထားကို ကြည့်လိုက်ရင် နှစ်အနည်းငယ် ကြာအောင် ဝတ်ထားမှန်း သိသာသည်။

ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်အတွက် ဒါက အလွန်ညစ်ပတ်တယ်လို့ ပြောနိုင်သည်။

"ဟုတ်လား။ အေးအေးဆေးဆေး အနားယူပြီး အစားစားတိုင်း အသားထည့်စားမယ်။ ဘာပဲဖြစ်ဖြစ် အားလုံးက ဂုန်းဆင်းပဲဟာကို"

ထိုစကားကိုပြောပြီးနောက် ဆွန်းမိုသည် အဝတ်အစားကို ကိုင်လိုက်ကာ "တ ခြားပြောစရာ မရှိတော့ရင် ငါသွားတော့မယ်"

"ဒါပါဘဲ"

အန်ရှီဝေက "ကျုံလင် ဆွန်းမိုကို ရုံးခန်းထဲ လိုက်ပို့လိုက်ပြီး တခြားဆရာတွေနဲ့ ရင်းနှီးအောင် မိတ်ဆက်ပေးလိုက်ပါ"

"သွားရအောင်"

ကျုံလင်သည် ဆွန်းမိုကို သေအောင်လည်ပင်း ညှစ်သတ်ချင်စိတ် ပေါက်နေသည်။ အစားစားတိုင်း အသားနှင့်စားမယ် ဟုတ်လား။ အစ်မကြီး အသားမစားရတာ တော်တော်ကြာနေပြီ။ သူမနေ့စဉ် စားသောက်တာက အရမ်းကို ရိုးရှင်းပါသည်။

ဆွန်းမိုတို့ ထွက်သွားပြီးနောက် အန်ရှီဝေသည် ထိုင်ခုံတွင် ထိုင်လိုက်ကာ အပြင်က အသံကိုနားစွင့်နေသည်။

"လစာက ဘယ်နေ့ ထုတ်ပေးမှာလဲ၊ နောက်ကျတတ်လား"

"ကျောင်းသားတွေကို ထမင်းစားဖို့ ကန်တင်းခေါ်လာရင် သူတို့စားတာကိုရော လွတ်ငြိမ်းခွင့်ပေးလား။ မရဘူးလား။ တစ်ဝက်လျှော့ဈေးရလား"

"အလကားကျွေးတဲ့ အစားက ကန့်သတ်ချက် မလုပ်ထားဘူး မှတ်လား"

ဆွန်းမို အသံသည်သာယာသည်။ နွေးထွေးသော ခံစားချက်ကို ဖြစ်နိုင်တုန်း ရှိသော်လည်း အခု သူပြောနေသည့် စကားများသည် ရိုက်ပေါက်ဖြစ်နေသည်။

အန်ရှီဝေသည် ကျုံလင် ဘယ်လောက်တောင် ဒေါသထွက်နေမလဲဆိုတာ တွေးလိုက်မိသည်။

"နှစ်အနည်းငယ် ကြာပြီးသောအခါ ဆွန်းမို အများကြီး ပြောင်းသွားလိမ့်မယ်လို့ မထင်ထားဘူး။ တော်တော် လှျာစောင်းထက်တဲ့ကောင်ပဲ"

အန်ရှီဝေ ပြုံးလိုက်မိသည်။ လွန်ခဲ့သော ရက်အနည်းငယ်က ပင်ပန်းမှုများလည်း သက်သာသွားသည်။ ကြယ်လေးပွင့်မြတ်ဆရာ ယူရုံပိုနှင့် ဆွန်းမိုအတွက် တိုက်ပွဲဝင်ခဲ့သည့် အကြောင်းကို သူမပြန်သတိရသွားသည်။

"ကျောင်းသားငါးယောက်ကို ခေါ်နိုင်တယ်ဆိုတော့ ၊ မင်းကတစ်ခုခုပဲ။

မင်းကမတူတဲ့ တောက်ပမှုမျိုး နောက်တစ်ခေါက်လောက် လုပ်ပြပါအုံးလား”

အန်ရှီဝေသည် တိုးတိုးလေးပြောပြီး အလုပ်ပြန်လုပ်နေလိုက်သည်။ ခြောက်လပဲ ကျန်တော့သည်။

ဗဟိုပြည်နယ် အကယ်ဒမီ၏ အခြေအနေသည် အလွန်ကို ဆိုးရွားနေခဲ့သည်။ အဆုံးအရှုံးတော့ မခံနိုင်ပါ။ ဒီနှစ်လိဂ်မှာ အဆင့်ကောင်းကောင်းမရရင် ကျောင်းသည် နာမည်ကြီး ကျောင်းစာရင်းထဲက အထုတ်ခံရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုဖြစ်သွားရင် ပြန်ရုန်း မထနိုင်တော့ပါ။

....

ဗဟိုပြည်နယ်က ဆရာ၊ ဆရာမများအချင်းချင်း အပြန်အလှန်ဖလှယ်ကြပြီး တိုးတက်လာကာ အချင်းချင်း အကူအညီပေးကြရန် မျှော်လင့်ထားပါသည်။ ထို့ကြောင့် ရုံးခန်းကြီးကြီး လုပ်ထားသည်။

ရုံးခန်းတစ်ခုထဲတွင် ကြယ်နှစ်ပွင့် မြတ်ဆရာက စပြီး အသစ်ခန့်ထားသော ဆရာများအထိ ရှိကြမည်ဖြစ်သည်။

သို့သော်လည်း ကြယ်သုံးပွင့် မြတ်ဆရာများတော့ မပါပါ သူတို့အားလုံးတွင် ကိုယ်ပိုင်ရုံးခန်းများ ရှိကြသည်။

“ဒီမှာ ဘယ်ဘက်က စားပွဲက မင်းအတွက်ပဲ။ အဆင်မပြေတာရှိရင် တခြားဆရာတွေကို မေးလို့ရတယ်”

ထိုသို့ပြောပြီးနောက် ကျံုလင် ပြန်ထွက်သွားသည်။ သူသာဒီမှာ ဆက်နေရင် စိတ်မထိန်းနိုင်ဘဲ ဆွန်းမိုကို တစ်ခုခုလုပ်လိုက်မိမှာ

ကြောက်သည်။ ဒီကောင်ပါးစပ်က တော်တော်ဆိုးသည်။

ဒီနေ့အသစ်ရောက်လာမည့် ဆရာတစ်ယောက်ရှိတာ ဆရာတွေသိကြသည်။

ဒါကြောင့် အသံကြားရာကို လှမ်းကြည့်လိုက်သည်။

ဆွန်းမိုက ဝင်လာရင်း သူ့ရဲ့ သွားရှစ်ချောင်းလောက် ပေါ်အောင် ပြုံးလိုက်ပြီး ဖော်ရွေစွာဖြင့် “မင်္ဂလာပါ ဆရာတို့။ ကျေးဇူးပြုပြီး စောင့်ရှောက်ပါအုံး”

ဆွန်းမိုသည် သူပြုံးသည့် အခါတိုင်း သွားဘယ်နှစ်ချောင်း ပေါ်လည်းဆိုတာ ပေတံနှင့်တိုင်းပြီး လေ့ကျင့်ထားသည်။ မနက်နှင့်ည သွားတိုက်သည့် အခါတိုင်း နှစ်အနည်းငယ်ကြာအောင် နေ့တိုင်း လေ့ကျင့်ခဲ့သည်။

ရုံးခန်းထဲတွင် စုစုပေါင်းစားပွဲ ဆယ်လုံးရှိပြီး သူတို့ကို အုပ်စုနှစ်စုခွဲကာ မျက်နှာခြင်းဆိုင် ဖွဲ့ထားသည်။ ဆရာများသည် အားလုံး

တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်းဆိုင် ပုံစံဖြင့် ထိုင်ကြရသည်။

ဆွန်းမိုသည် မျက်နှာတင်းနေသည့် လင်ကျုံကို မြင်လိုက်သည်။ သူတို့နှစ်ယောက်သည် ချန်လုံ ကိစ္စနှင့် ပက်သက်ပြီး စကားများရန် ဖြစ်ထားခဲ့ကြသည်။ ထိုကြောင့် တင်းမာသော ဆက်ဆံရေးရှိနေသည်။

လင်ကျုံသည် ဆွန်းမိုကို ခေါင်းမာစွာတည့်တည့် စိုက်ကြည့်နေသည်။

"အလုပ်ဖိအားက မလွယ်ဘူးဘဲ"

ဆွန်းမို စိတ်ထဲ က အော်ဟစ်လိုက်သည်။ ဒါပေမယ့် တခြားလုပ်ဖော် ကိုင်ဘက်တွေနှင့် အဆင်ပြေအောင် သူမာနချပြီး ဆက်ဆံသင့်လား။ ဒါလည်း မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူ့စားပွဲကိုသာ တည့်တည့်လျှောက်သွားလိုက်သည်။

“ဆရာကူက ဒီမှာထိုင်မှာလို့ ထင်ထားတာ”

ကျန်ရုံနဲက စိတ်ပျက်လက်ပျက်နှင့် မေးစေ့ကို ကိုင်ကာရေရွတ်လိုက်သည်။ ကူရှုပ်ရှင်းနဲ့ ပက်သက်ပြီး မည့်သည့် စိတ်ခံစားချက်မှ

မရှိသော်လည်း လှပသည့် လုပ်ဖော်ကိုင်ဖက်နှင့် တွဲလုပ်ရတာက ခံစားချက် ပိုကောင်းသည်။

အသက်နှစ်ဆယ်ကျော်ပြီး နဖူးထောင့်တွင် အမွှေးများရှိနေသော လူငယ်တစ်ယောက်က ထိုစကားကို ကြားပြီး ဆွန်းမိုကို ကြည့်သည့်အခါ စိတ်ပျက်သည့် ပုံစံပေါ်နေသည်။

"မင်းက......"

ဆံပင် အဖြူနဲ့ အဘိုးကြီးက စပြီးမေးလိုက်သည်။

"ဆွန်းမို"

ဆွန်းမိုက   ပြန်ပြောလိုက်သည်။

"အမ်"

အဘိုးအို၏ အပြုံးသည် ရုတ်တရက် တင်းမာလာပြီး ပတ်ဝန်းကျင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သူ့ပုံစံက ဘာကိုဆိုလိုမှန်း သိသာနေသည်။ (သူများနားကြားမှားတာလား။ ကျောင်းခေါင်းဆောင်တွေများ မှားနေတာလား)

(ဆွန်းမိုက မိန်းမချူစားတဲ့ ကောင် မဟုတ်လား)

"ဆရာပန်၊ ပြီးခဲ့သည့် ရက်ပိုင်းက မြေးနဲ့တွေ့ဖို့ အိမ်ပြန်နေတာဆိုတော့ ဒါကို မင်းသိလိုက်မှာ မဟုတ်ဘူး။ ဒီတစ်ကြိမ်မှာ ကျောင်းသားငါးယောက်ကို ခေါ်နိုင်တဲ့ အစမ်းခန့်ဆရာက လေးယောက်ပဲ ရှိတယ်"

ကျုံရှန်ရီက ပြုံးပြီးပြောလိုက်သည်။ ဆွန်းမိုသည် စာမေးပွဲ အောင်မြင်ခဲ့တာ သေချာသည်။

"လေး"

ပန်ရီက သူ့လက်ချောင်းတွေကို ရေတွက်နေသည်။ "အဲဒါ မှားနေတာလား။ မရီဒန် အကယ်ဒမီက

ကျောင်းအုပ်ကြီးအန် ခေါ်ခဲ့သည့် ကူရှုပ်ရှင်းနှင့် နာမည်ကျော်ကျောင်းက နောက်ထပ် သုံးယောက်ရှိသည်ကို သတိထားလိုက်မိသည်။

ပန်ရီသည် ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။ ဒီလူသည် နာမည်ကျော် ကျောင်းက မဟုတ်နိုင်ပါ။

"ချင်ဖန်က ထွက်သွားပြီ"

ကျုံရှန်ရီက နောက်ဆုံးရ သတင်းများကို အမြဲလိုလိုကြားနေရသည်။

"အမ်၊ ဘာကြောင့်လဲ သူက ကျောင်းအုပ်ကြီးအန် ကိုယ်တိုင် အမဲလိုက်ထားတာ မဟုတ်ဘူးလား။ မတော်တဆ ထိခိုက်မှု ဖြစ်သွားလို့လား"

ပန်ရီ အလွန်အံ့သြနေသည်။

ကျောင်းတွင် ဒုကျောင်းအုပ်နှစ်ဦးဖြစ်သည့် ကျန်ဟန်ဖူ, ဝမ်ဆုတို့ အဖွဲ့နှင့် ကျောင်းအုပ်ကြီး အန်ရှီဝေ ဦးဆောင်သော အဖွဲ့ ဆိုပြီး သုံးဖွဲ့ရှိသည်။ အန်ရှီဝေ အဖွဲ့သည် ထိုထဲတွင် အားအနည်းဆုံးဖြစ်သည်။ ထိုကြောင့် သူမသည် အဖွဲ့၏ အင်အားတိုးချဲ့လိုသောကြောင့် လူရှာရန်

ကိုယ်တိုင်ကိုယ်ကျ သွားခဲ့သည်။ ချင်ဖန် နှုတ်ထွက်သွားမည်လို့ သူ မထင်ထားခဲ့ပါ။

"သူက ပြိုင်ပွဲမှာ ရှုံးနိမ့်သွားပြီး ဆက်နေဖို့ ရှက်သွားတာလေ"

ကျုံရှန်ရီသည် စကားပြောကောင်းသူ ဖြစ်သည်။

"သူဘယ်သူ့ကို ရှုံးသွားတာလဲ"

ပန်ရီ သိချင်နေသည်။ ဆရာများကြားတွင် ကွဲလွဲမှုများရှိခြင်းက ပုံမှန်ဖြစ်သည်။ ဒါကို ဘယ်လိုလုပ်ကြလဲ။ ကြွက်စုတ်များလို မလုပ်ဘဲ

စိန်ခေါ်ယှဉ်ပြိုင်နိုင်သည်။ ဒါကြောင့်လည်း အဆင့်အတန်း ချို့တဲ့သည့် ပြိုင်ဘက်များကို ချေမှုန်းရတာ ဆရာများ နှစ်သက်ကြသည်။

“အဲဒီလူက မင်းအရှေ့မှာဘဲ ရပ်နေတယ်လေ”

ကျုံရှန်ရီက ပြောလိုက်သည်။

ပန်ရီက ဆွန်းမိုကို ကြည့်လိုက်ပြီး “အမ်၊ အဲဒါက တကယ်လား”

အမှန်တိုင်းပြောရရင် သူ့စကားသည် နည်းနည်း ရိုင်းသွားသည်။ သို့သော်လည်း ပန်ရီသည် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်

ဖြစ်သောကြောင့် အခုမှအလုပ်ဝင်သည့် ဆရာတစ်ယောက်၏ သဘောထားကို ဂရုမစိုက်တော့ပါ။

ဆွန်းမိုလည်း ချင်ဖန် နှုတ်ထွက်သွားကြောင်းကို သိပြီး နည်းနည်းအံ့သြသွားသည်။

နဖူးမှာ အမွှေးထွက်နေသော . ရိဂျီမင်၏ နှုတ်ခမ်းများ တုန်နေသည်။ ဒီလိုအမှိုက်ကောင်ရဲ့ အောင်မြင်မှုကို ဂုဏ်ပြုပေးရမှာလား။

"ဆွန်းမို မင်းရဲ့ ထိုင်ခုံက ဒီမှာ" အသက်သုံးဆယ်ကျော် ဆံပင်အတိုနှင့် အမျိုးသမီးက ပြုံးပြီး ဆွန်းမိုကို လှမ်းအော် ပြောလိုက်သည်။

"မင်းမသိတာ ဒါမှမဟုတ် နားမလည်တာရှိရင် မေးလို့ရတယ်"

"ကျေးဇူးတင်ပါတယ်၊ အစ်မ"

ဆွန်းမိုသည် ဆံပင်အတိုနှင့် အမျိုးသမီး၏ နာမည်ကို မေးချင်နေသည်။

"ငါက ရှာယွန် လို့ခေါ်တယ်။ ငါ့ကို အစ်မရှာ ဒါမှမဟုတ် ဆရာရှာလို့ ခေါ်လို့ရတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အဆင်ပြေတယ်"

ရှာယွန် သည် ဖော်ရွေပါသည်။

"အစ်မ ရှာ"

ဒီလိုခေါ်တာက ပိုပြီး ရင်းနှီးစေပါသည်။ ဆွန်းမိုသည် ဒီနေရာကိုရောက်လာပြီး ကျောင်း၏ အုပ်စုများကြားက ရှုပ်ထွေးသော ဆက်ဆံရေးများကို မသိခဲ့ပါ။ သို့သော်လည်း ဒါကို ကြည့်ခြင်းအားဖြင့် ရှာယွန်သည် အန်ရှီဝေ၏ အဖွဲ့က ဖြစ်နိုင်သည်။

ဆယ်မိနစ် သို့မဟုတ် ထိုထက်ပိုပြီး ရုံးတွင်းပတ်ဝန်းကျင်နှင့် ရင်းနှီးအောင်နေပြီး ဆွန်းမို ထွက်လာလိုက်သည်။

သူ၏ လုပ်ဖော်ကိုင်ဖက်များနှင့် ပထမဆုံး တွေ့ဆုံခြင်းသည် ပျော်စရာမကောင်းခဲ့သော်လည်း ဆွန်းမို စိတ်မဝင်စားပါ။

ဒီနေရာသည် အလယ်ကမ္ဘာ ပြည်နယ်ကိုးခု ဖြစ်သည်။ ဆရာများသည် အခြားသူများ၏ လေးစားမှုကို လိုချင်ပါက သူတို့တွင် အားကိုးနိုင်သော မြတ်ဆရာအရှိန်အဝါ

ဘယ်လောက်ရှိသလဲနှင့် ကျောင်းသား ဘယ်လောက်များများ တိမ်စိမ်းအဆင့်ကို ဝင်နိုင်လည်းဆိုသည့် အချက်ပင ် ဖြစ်သည်။

တကယ်လို့ သာမန်ဆရာများသည် သူတော်စင်ဂိတ်၏ မြတ်ဆရာစာမေးပွဲကို မအောင်မြင်ဘဲ ကြယ်ပွင့်များကို မရခဲ့ပါက သူတို့၏ လမ်းညွှန်ချက်သည် ဘယ်လောက်ပဲ ကောင်းကောင်း အခြား ကြယ်ပွင့်ဆရာများလို အသိအမှတ်ပြုမှုနှင့် လေးစားမှုကို ရနိုင်မည် မဟုတ်ပါ။

“ ဒီလောက်အေးစက်စက် ဆက်ဆံခံရတာတောင် မင်းစိတ်ဆိုးတဲ့ ပုံ မပေါက်ပါလား’

စနစ်က အံ့သြစွာ မေးလိုက်သည်။

“လေးစားမှုဆိုတာ လူတစ်ယောက်ရဲ့ လုပ်ဆောင်ချက်ကနေရတာ တောင်းဆိုလို့ မရဘူး။ စိတ်မပူနဲ့ ငါသူတို့ကို မတူတဲ့ တောက်ပမှုကို ပြပေးလိုက်မှာပါ”

ဆွန်းမို စိတ်ထဲတွင် ရတနာ သေတ္တာဆီကို ရောက်နေသဖြင့် သူကံတက်လာစေရန် လုချီဟွာကို

လိုက်ရှာခဲ့သည်။ ဘယ်လို ပစ္စည်းကောင်းတွေ ရမလဲဆိုတာ သူသိချင်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၇၄)။ ။ အခြားအလုပ်အကိုင် ရခြင်း။

လုချီဟွာသည် သူ့ရဲ့ဘောကြောင်ပြီး တခြားသူများနှင့် မဆက်ဆံဖြစ်အောင်

အမြဲကြိုးစားတတ်သည်။ ထိုကြောင့် သူမ ရှိနေနိုင်သည့် နေရာက နည်းနည်းလေးသာ ရှိနေသည်။

အဆောင်၊ စားဖိုဆောင်နှင့် စာကြည့်တိုက်အပြင် သူမတစ်ယောက်တည်း နေထိုင်နိုင်သည့် ဂိုဒေါင်တစ်ခုသာဖြစ်သည်။

လီကုန်၏ နေရာလေးသည် သူမလေ့ကျင့်ရန်နှင့် ကျင့်ကြံရန် အတွက် အသုံးပြုသည့် လုချီဟွာ၏ သီးသန့်နေရာလေး ဖြစ်လာသည်။

ဆွန်းမိုရောက်လာသည့် အခါ သဘော်သီးမိန်းကလေးသည် ခါးရေးလေ့ကျင့်နေတာကို တွေ့လိုက်ရသည်။

သူမသည် မောဟိုက်နေပြီး တစ်ကိုယ်လုံး ချွေးများနှင့် စိုရွှဲနေသည်။ သို့သော်လည်း သူမသည် အနားယူမည့် ပုံမပေါက်ပါ။

ဆွန်းမို ခေါင်းညိတ်လိုက်မိသည်။ လုချီဟွာ၏ အလားလာသည် အလွန်နိမ့်ကျသော်လည်း ကြိုးစားအားထုတ်မှုနှင့် အာရုံစိုက်မှုသည် ချီးကျူးစရာကောင်းသည်။

"ဆရာဆွန်း"

လုချီဟွာသည် ဆွန်းမိုကို တွေ့လိုက်သည်နှင့် ချက်ခြင်းရပ်လိုက်ကာ ပြေးလာသည်။ သူမ၏ ကြီးမားသော မျက်လုံးများသည် လခြမ်းနှစ်ခု လို ကွေးသွားသည်။

"မင်းရဲ့ အခန်းဖော်တွေနဲ့ရော ဘယ်လိုလဲ"

ဆွန်းမိုက သူ့ကို သကြားလုံးတစ်လုံးပေးလိုက်သည်။ လုချီဟွာ ယူလိုက်ပြီးနောက် သူမခေါင်းကိုပွတ် လိုက်သည်။

လုချီဟွာသည် သကြားလုံး အခွံကိုချွတ်ကာ မစားဘဲ ဆွန်းမိုကို ပြန်ခွံ့ကျွေးလိုက်သည်။

“မင်းပဲစားပါ၊ ငါက အချိုမကြိုက်ဘူး”

ဆွန်းမိုသည် သူမနှင့် စကားပြောနေရင်း စနစ်ကို ဖွင့်ဖို့ပြောလိုက်သည်။

ငွေရောင် ရတနာသေတ္တာသည် သူ့ရှေ့တွင် ပေါ်လာပြီး အလင်းရောင် ပျောက်ကွယ်သွားသည်နှင့် ရွှေရောင်တစ်လက်လက် တောက်ပနေသော စာအုပ်တစ်အုပ် ကျန်နေခဲ့သည်။

“စွမ်းရည်စာအုပ်”

ဆွန်းမိုသည် ဝမ်းသာပီတိဖြစ်ပြီး “ငါ့ရဲ့ သဘော်သီးကောင်မလေးက ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးပဲ” ဟု အော်ဟစ်ပစ်လိုက်ချင်သည်။ သူသည် သူမခေါင်းကို ဆက်ပွတ်နေရင် နောက်ထပ် စွမ်းရည်စာအုပ်တစ်အုပ် ပေါ်လာနိုင်သေးလားလို့ တွေးနေသည်။

ဒင်

“ဂုဏ်ယူပါတယ်။ ‘ဝိညာဉ်စုဆောင်းခြင်းတက်တူး’ ရေးဆွဲခြင်းနည်းပညာ မဟာအဆင့် ကျွမ်းကျင်မှုကို ရရှိပါသည်။”

စနစ်၏ ဂုဏ်ပြုသံက ထွက်လာသည်။

"ဟား ဟား'

ဆွန်းမိုက ရယ်မောလိုက်သည်။ ဒါက ထူးခြားသည့် မဟာအဆင့်ကျွမ်းကျင်မှု တစ်ခုဖြစ်သည်။ ဒီအရာက အလွန်ကို ကောင်းမွန်ပါသည်။

လုချီဟွာသည် ဆွန်းမိုကို ခိုးကြောင်ခိုးဝှက် ကြည့်နေပါသည်။ (ဆရာဘာဖြစ်ပြန်ပြီလဲ။ ဘာလို့ ပြုံးရွှင်နေတာလဲ။ ပိုက်ဆံများ ထပ်ကောက်ရပြန်ပြီလား။ မဟုတ်ပါဘူး။ ဆရာက

ဒီလောက်အဆင့် မနိမ့်ပါဘူး။ သူကကောက်ရရင်တောင် ပိုက်ဆံကို ပိုင်ရှင်ဆီ ပြန်ပေးလိုက်မှာပါ)

"အလုပ်ကြိုးစားတာ ကောင်းတယ်ဆိုပေမယ့် လုံလောက်အောင် အနားယူဖို့တော့ လိုတယ်။ အရမ်းကြီး အလွန်အကျွံ မလုပ်နဲ့"

ဆွန်းမိုသည် သူမကို ညွှန်ကြားပြီးနောက် စာကြည့်တိုက်ကို သွားကာ အချက်အလက်အချို့ကို ရယူခဲ့သည်။ ဒီခန္တာကိုယ်ပိုင်ရှင်သည် ဝိညာဉ်တက်တူးစာများနှင့် ပက်သက်ပြီး

ဗဟုသုတအချို့ ရှိသော်လည်း မလုံလောက်ပါ။ သူက ပိုပြီးအသေးစိတ် အချက်အလက်များကို လေ့လာဖို့လိုသေးသည်။

ဆွန်းမိုသည် ဝိညာဉ်တကက်တူးနှင့် ပက်သက်သော စာအုပ်များကိုရှာဖွေပြီး အခြေခံကနေ စတင်ပြီး ဖတ်ရှုလိုက်သည်။

ဝိညာဉ်တကက်တူးများသည် ဝိညာဉ်ချီများ ပါဝင်သော ထူးခြားသည့် မှင်များကို အသုံးပြုပြီး ရေးဆွဲသောပုံများဖြစ်သည်။ သူတို့ကို

အသက်သွင်းလိုက်ပြီးနောက် အမျိုးမျိုးသော အကျိုးသက်ရောက်မှုများကို လုပ်နိုင်သည်။

ဥပမာ - ဝိညာဉ်စုစည်းခြင်း တက်တူးသည် ဝိညာဉ်ချီမျာကို စုဆောင်းနိုင်သော ပုံကြမ်းဖြစ်သည်။ ပုံကြမ်းကို အသက်သွင်းပြီးနောက် ပတ်ဝန်းကျင်ရှိ ဝိညာဉ်ချီများအား သူတို့အထဲကို စုတ်ယူသွားမည် ဖြစ်သည်။

မီးလုံးလေးကို အသက်သွင်း လိုက်ပြီးနောက် မီးလုံးကြီးတစ်လုံး လွှတ်ထုတ်နိုင်ပုံနှင့် တူသည်။

ဝိညာဉ်တက်တူးကို ရေးဆွဲရာတွင် အသုံးပြုသည့်မှင်တွင် ဝိညာဉ်ချီ ပါဝင်ရမည်ဖြစ်သည်။ ထို့ကြောင့် လူတို့သည် ရက်စက်ကြမ်းကြုတ်သောသားရဲများ၊ ဆေးဖက်ဝင် အပင်များနှင့် ဝိညာဉ်ချီပါဝင်သော အခြားအရာများမှ လက်ဆက်သောသွေးနှင့် အရိုးအမှုန့်များကို မကြာခဏ အသုံးပြုကြသည်။

မှော်ဆေးပညာ ဆရာများ၊ လက်နက်ပန်းတိမ်ဆရာများ၊ သားရဲသခင်များ၊ ဆေးတောင်သူများ၊ ဝိညာဉ်တက်တူးသခင်များနှင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာဝန်များ အားလုံးသည် အတော်လေးကို ရေပန်းစားသည့် လုပ်ကိုင်သူများဖြစ်သည်။

ဘာကြောင့်ဆို သူတို့က ဒီအလုပ်ကို လုပ်ကိုင်နိုင်ဖို့ လိုအပ်ချက်ကလည်းများပြီး အရေးအကြီးဆုံးက သူတို့သည် ဝင်ငွေရှာနိုင်ကြသည်။

သူတို့အားလုံးထဲတွင် မှော်ဆေးပညာ နှင့် လက်နက်ပန်းတိမ်သည် ရေပန်းအစားဆုံးဖြစ်သည်။ မြတ်ဆရာမဟုတ်သော ကျင့်ကြံသူများလည်း ထိုနယ်ပယ်နှစ်ခုကို လေ့လာကြသည်။

မှော်ဆေးများနှင့် လက်နက်များသည် ကျင့်ကြံသူတို့ဘဝအတွက် လိုအပ်သော အရာများဖြစ်သည်။ မှော်ဆေးပြားများသည် အဆင့်တစ်ဆင့် တိုးတက်စေရန်၊ ဒဏ်ရာများကို ကုသရန်၊ စိတ်ဓါတ်ခွန်အားကို ပြန်လည်မြှင့်တင်ပေးရန်နှင့် အခြားအရာများစွာကို ကူညီပေးနိုင်သည်။ မှော်ဆေးပြားများကို မရောင်းဘဲ ကိုယ့်အတွက် ချန်ထားခဲ့ရင်တောင်မှ သူတို့ကိုယ်တိုင် သန့်စင်ထားသဖြင့် တခြားနေရာမှာ ဝယ်တာထက် အနည်းဆုံးတော့ ဈေးသက်သာသည်။

လက်နက်များအနေဖြင့် ဝိညာဉ်လက်နက်ဒါမှမဟုတ် သူတော်စင်လက်နက်ကို အတုလုပ်လိုက်ရင်တောင် ချမ်းသာချင်သည့်လူများက လုပ်ကြံကြလိမ့်မည်။

လက်ရှိခန္တာကိုယ်ပိုင်ရှင်သည် မှော်ဆေးပညာကိုနောက်ထပ် အလုပ်အကိုင်တစ်ခုအဖြစ် ရွေးချယ်ကာလေ့လာခဲ့သော်လည်း အခြေခံအဆင့်သာရှိသေးသည်။ အလုပ်သင်အဖြစ် လုပ်ရင်တောင်တခြားသူတွေက မလေးစားနိုင်သေးပါ။

ဝိညာဉ်တက်တူး သခင်များသည် မှော်ဆေးပညာရှင်နှင့် လက်နက်ပန်းထိမ် သခင်တို့လောက် ရေပန်းစားခြင်း မရှိသော်လည်း သူလည်း မဆိုးပါဘူး။

ဆွန်းမိုသည် ဝိညာဉ်တက်တူး စာလုံးများကို နားလည်နိုင်ရန် စာအုပ်များကို ဆက်ပြီး ဖတ်နေသည်။

သုံးနာရီလောက်ကြာတော့ စနစ်က မကျေမနပ်ဖြစ်လာသည်။ “မင်း သင်မှာလား မသင်ဘူးလား”

စနစ်အတွက်တော့ အရှက်ရစရာပါ။

“စနစ်က ပေးတဲ့ ကျွမ်းကျင်မှုက အမှိုက် မဟုတ်ဘူး ဆိုတာ မင်းသိထားစမ်းပါ။ မင်းတန်ဖိုး ထားသင့်တယ်”

ဆွန်းမိုက စနစ်၏ နှောက်ယှက်နေမှုကို လျစ်လျူရှုထားသည်။ ထို့နောက် အနီးအနားကို ကြည့်လိုက်ရာ တစ်ယောက်မှ မတွေ့သဖြင့် မဟာအဆင့် ကျွမ်းကျင်သည့် ‘ဝိညာဉ်စုဆောင်းခြင်း တက်တူး’ ရေးဆွဲခြင်းနည်းပညာ စာအုပ်ကို ထုတ်ကာ သူ့လက်ဖဝါးဖြင့် ရိုက်လိုက်သည်။

ဖောင်း

စွမ်းရည်စာအုပ်သည် ပိုးစုန်းကြူးများ ကဲ့သို့ ရွှေရောင်အလင်းတန်းအဖြစ် ပြိုကွဲသွားပြီး ဆွန်းမို နဖူးဆီကို တိုးဝင်လာသည်။ တစ်စက်မှ မကျန်အောင် ပျောက်ကွယ်သွားသည်။

ဗဟုသုတများစွာသည် ဆွန်းမို စိတ်ထဲတွင် ချက်ခြင်းပေါက်ဖွားလာပြီး ခေါင်းတစ်ခုလုံး နာကျင်ကိုက်ခဲလာသည်။

သို့သော်လည်း ဖြစ်စဉ်က မကြာလိုက်ပါ။ ဆယ်စက္ကန့် ဒါမှမဟုတ် ထိုထက်နည်းသော

အချိန်တွင် အသိပညာများသည် ကြေညက်သွားပြီး ပရော်ဖက်ရှင်နယ် ဗန်းစကားများနှင့် အယူအဆများ သူ့စိတ်ထဲတွင် ရှင်းလင်းသွားသည်။

ဆွန်းမိုသည် သူတို့ပြောနေတာကို သဘာဝကျကျ သိနေဖို့ မလိုပါဘူး။

တစ်နှင့်တစ်ပေါင်းရင် ဘာရသနည်းဆိုသည့် မေးခွန်းကို ကြည့်လိုက်တာနှင့်တူသည်။ မစဉ်းစားပဲနဲ့ နှစ်ဆိုတာကို ဖြေနိုင်ပါသည်။ ဒါဟာရိုးရှင်းသလို အလိုလို သိလာသည်။

ဆွန်းမိုသည် ဝိညာဉ်စုဆောင်းခြင်း တက်တူးရေးဆွဲခြင်းနည်းပညာနှင့် ပက်သက်သော အချက်အလက်အားလုံးကို တွေးတောပြီး သူ၏ အမူအရာသည် မယုံနိုင်သည့် ဟန်ပေါက်လာသည်။ ကျင့်ကြံသူတစ်ယောက်သည် ဝိညာဉ်တက်တူးများကို ဝယ်မည်ဆိုပါက သူတို့ ပထမဆုံးဝယ်ရမည့် အရာက ဝိညာဉ်စုဆောင်းခြင်း တက်တူးဖြစ်သည်။

ထိုအရာက သူ၏ အမည်အတိုင်း ဝိညာဉ်ချီများကို စုဆောင်းနိုင်သည်။

ကျင့်ကြံမှုတွင် သူတို့ တရားထိုင်ခြင်း၊ လေ့ကျင့်ခြင်း နဲ့ တခြားအဆင့်များကို ချိုးဖောက်ပြီး အဆင့်တက်ရန်အတွက ် ဝိညာဉ်ချီများကို လိုအပ်သည်။ ဝိညာဉ်ချီသည် အလယ်အမ္ဘှာတွင် ရှိသော ကျင့်ကြံသူများ အားလုံး၏ အဓိကလိုအပ်ချက်ဖြစ်သည်။

ကျင့်ကြံခြင်း လမ်းစဉ်သည် ဝိညာဉ်ချီများကို စုတ်ယူသော လုပ်ငန်းစဉ်ဖြစ်သည်။

“အို ဟုတ်ပြီ ငါက တကယ့်ကို အတော်ဆုံးပဲ”

စနစ်က သူ့ကိုယ်သူ အရမ်းဂုဏ်ယူနေသည်။

"ဒါဆို ငါ့ ပန်းချီရေးဆွဲတဲ့ အဆင့်က အဆင့်ဘယ်လောက်ရှိလဲ"

ဆွန်းမိုက စနစ်၏ မေးခွန်းများကို ပြန်မဖြေခဲ့မိသောကြောင့် စနစ်ကို ခဏလောက် လွတ်ပေးထားလိုက်သည်။

"ဗဟိုပြည်နယ်အကယ်ဒမီတွင် တတိယအဆင့်၊ ချင်လင်မြို့တွင် သတ္တမမြောက်၊ ဗဟိုပြည်နယ်တစ်ခုလုံးတွင် အဆင့်၂၆" စနစ်က ပြန်ဖြေသည်။

"ကျောင်းမှာတောင် ထိပ်ဆုံး မဟုတ်သေးဘူးလား။ ဒါတောင် မင်းကိုယ်မင်း အကောင်းဆုံးလို့ ပြောရဲသေးတယ်"

ဆွန်းမိုက နောက်လိုက်သည်။ သူတကယ်ကို စိတ်ချမ်းသာနေသည်။

"အဲဒါက မိုက်တာဘဲ။ မင်းက ဝိညာဉ်စုဆောင်းခြင်း တက်တူးကို အခုမှ ရထားတာလေ ဒီအဆင့်သတ်မှတ်ချက်ကို မင်းက မကျေနပ်နိုင်သေးဘူးလား။ မင်းအရှေ့က အဆင့်သတ်မှတ်ချက်ရှိတဲ့ သူတွေက

ဝိညာဉ်တက်တူး စာတွေကို အထူးပြု ထားသူတွေလေ။ ဆယ်နှစ်၊ နှစ် နှစ်ဆယ်ကျော် ဒါမှမဟုတ်ရင် သူတို့ရဲ့ ဘဝသက်တမ်း တစ်ဝက်လောက်ကို လေ့လာထားကြတာ။ ဘာလို့သူတို့နဲ့ ယှဉ်နေရတာလဲ”

ဆွန်းမိုက ဖြစ်နိုင်ခြေကို ခန့်မှန်းပြီးသော်လည်း မနေနိုင်ဘဲ မေးလိုက်ခြင်းဖြစ်သည်။

“အသက်ကန့်သတ် ထားရင်ကော ။ ငါက အသက်၃၀အောက်မှာ ဆိုရင်ကော။ ငါ့ရဲ့

ပုံဆွဲခြင်းနည်းပညာ အရည်ချင်းက ဘယ်လောက် အဆင့်ရှိနိုင်လဲ”

ဆွန်းမိုသည် အခုဆို အသက်၂၀ ဖြစ်ပြီး သူသည် မျှော်လင့်ချက်တော့ အများကြီး မမှန်းထားပါ။ သူထက်ဆယ်နှစ်လောက်ကြီးသည့် လူတွေထက်တော့ ပိုကောင်းချင်သည်။

“ အကယ်ဒမီတွင် အဆင့်တစ်၊ ချင်လင်မြို့တွင် ဒုတိယ၊ ဗဟိုပြည်နယ်မှာဆိုရင် အဆင့် ၅ပဲ”

စနစ်က ဖုံးကွယ်ထားခြင်းမရှိဘဲ ပြန်ဖြေလိုက်သည်။

"ချင်လင်မြို့ရဲ့ ဒုတိယဘဲလား"

ဆွန်းမိုက နှုတ်ခမ်းကိုကွေးကာ မေးလိုက်သည်။

"ကျေနပ်လိုက်တော့။ မင်းက ဝိညာဉ်တက်တူးလေး တစ်ခုတောင် မဆွဲရသေးဘူး"

စနစ်သာမျက်လုံးရှိရင် ဆွန်းမိုကို အကြိမ်တစ်ရာလောက်တောင် လှန်ကြည့်မိနိုင်သည်။

"ငါရဲ့အဆင့်ကို တက်အောင် ဘယ်လိုလုပ်ရမလဲ"

ဆွန်းမိုက မကျေမနပ်နှင့် မေးလိုက်သည်။ အနည်းဆုံးတော့ ချင်လင်မြို့တွင် နံပါတ်တစ် ဖြစ်ချင်သည်။

"လေ့ကျင့်ခြင်းက ကျွမ်းကျင်ခြင်းပဲ"

စနစ်ပြန်ဖြေတာက အကောင်းဆုံး အဖြေဖြစ်သည်။

"ဒါဆို ငါ ခဏလောက်တော့ အလုပ်ကြိုးစားရတော့မှာပေါ့"

ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာရန် နောက်ထပ် အသက်မွေးဝမ်းကြောင်း

အလုပ်အကိုင်တစ်ခုကို တတ်ကျွမ်းရန် လိုအပ်သည်။

မူလပိုင်ရှင်၏ သနားစရာကောင်းသော မော်ဆေးပညာ အရည်အချင်းကို ဆွန်းမို တိုးတက်အောင် လေ့ကျင့်မည်ဆိုပါက အချိန်တော်တော်ပေးရမည်။ သို့သော်လည်း ထိုအရာများသည် ဝိညာဉ်စာများနှင့် ကွဲပြားသည်။

ဆွန်းမိုသည် ဝိညာဉ်စုဆောင်းခြင်း တက်တူး နည်းစနစ်ကို မဟာအဆင့် ကျွမ်းကျင်နေပြီ

ဖြစ်သည်။ ကြည့်ရတာ တန်ဖိုးရှိသည့် အတွေ့အကြုံ တစ်ခုဖြစ်လာ မည်ထင်သည်။

သာမန်လူများသည် ထိုအဆင့်ကျွမ်းကျင်မှုကို ရရန် ဆယ်နှစ်လောက် အချိန်ယူရမည်။ ထိုကြောင့်ဆွန်းမိုကို ဝိညာဉ်တက်တူးတွင် အခြေခံအဆင့်ရှိသေးတယ်လို့ ယူဆနိုင်သည်။

သူကတော့ နည်းနည်းကြိုးစားဖို့ပဲလိုပြီး မှန်မှန်လေး တိုးတက်လာမည် ဖြစ်သည်။

ဒါအပြင် ငွေရှာဖို့အတွက် ဝိညာဉ်စုဆောင်းခြင်း တက်တူးကို သုံးနိုင်သေးသည်။

ဆွန်းမိုသည် ပန်းချီကို မြင့်မားစွာ ကျွမ်းကျင်သည်။ သူ့ဆီက ထွက်လာသည့် အနုပညာလက်ရာတွေက အရည်အသွေး ကောင်းမှာတော့ သေချာသည်။ ဒါပေမယ့် ဘယ်လို သုံးရမှာလဲ။

ဘယ်ခေတ်မှာမဆို လူနည်းစုကသာ အနုပညာကို တန်ဖိုးထားပြီး စုဆောင်းဖို့ ငွေသုံးချင်ကြသည်။ အနုပညာရှင်များသည် အသက်ရှင်ချိန်တွင် ဆင်းရဲနွမ်းပါးစွာ ဖြတ်သန်းရပြီး ထိုအနုပညာရှင် သေဆုံးပြီး နှစ်ပေါင်းတစ်ရာလောက်ကျမှ ရှေးဟောင်း အနုပညာလက်ရာလို့ တန်ဖိုးထားပြီး

ဈေးနှုန်းများက အဆမတန် မြင့်တက်သွားသည်။ ဒါက ပန်းချီဆရာနှင့် ဘာဆိုင်တော့မှာလဲ။

ဝိညာဉ် စုဆောင်းခြင်း တက်တူးကမှ ပိုကောင်းသေးသည်။ ပုံဆွဲပြီးရင် သူတို့ကို ပိုက်ဆံနဲ့ ရောင်းနိုင်သည်။

“တော်ပြီ ငါ့မှာ မေးစရာ မရှိတော့ဘူး၊ နားလို့ရပြီ စနစ်”

ဆွန်းမိုက သူ့အိတ်ကပ်ထဲက အတောင်ပံနှင့် ပျံထွက်ချင်နေသည့် ပိုက်ဆံများကို မြင်ယောင်ပြီး ညည်းတွားနေသည်။ လုချီဟွာကို ထောက်ပံ့ပေးနိုင်ဖို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချိန်သိပ်မလိုဘူးလို့ ထင်ခဲ့တာပါ။ ဒါ့အပြင်မနက်စာကို ကြက်ဥ တစ်လုံးလောက် ပိုထည့်စားပြီး နောက်ထပ်တစ်လုံး လှူဒါန်းနိုင်အောင်ပါ။

ဒင်

"တာဝန်ထုတ်ပြန်ခြင်း။ တစ်လအတွင်း ဝိညာဉ်တက်တူး တစ်ထောင်ပြည့်အောင် ရေးဆွဲပါ။ ဆုလာဒ် - အနက်ရောင် ရတနာ သေတ္တာတစ်လုံး။ တာဝန်မအောင်မြင်ပါက ကျွမ်းကျင်မှု အဆင့်ကျသွားမည်"

တကယ်လို့ တာဝန်ကို ပြီးမြောက်အောင် မလုပ်နိုင်ပါက ပုံဆွဲခြင်း ကျွမ်းကျင်မှုအဆင့်သည် အခြေခံအဆင့်ထိ ကျသွားမည်။ သူသေသည်အထိ ငိုလို့တောင် မပြီးနိုင်ဖြစ်သွားမည်။ အပြစ်ပေးမည့် တာဝန်ကို ထုတ်ပြန်ခဲ့သော်လည်း ဆွန်းမိုသည် ဝိညာဉ်တကော်တူးကို ရေးဆွဲဖို့ အချိန်မရှိပါ။ ဘာကြောင့်ဆို ပထမဆုံး အကြိမ် လူထုဟောပြောရန် အချိန်က ကျရောက်လာပြီ ဖြစ်သည်။ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရန်လိုအပ်ပြီး သူ၏

ပထမဆုံးအလုပ်အတွက် ကောင်းမွန်သော စတင်မှု ဖြစ်ရန်လိုအပ်သည်။

ဆွန်းမိုသည် အန်ရှီဝေနှင့် စေ့စပ်ထားသောကြောင့် လူများက သူ့ကိုမကြိုက်ဘဲ ဖြစ်နေကြမည်ကို ဆွန်းမိုသိနေသည်။

လူထုဟောပြောပွဲ၏ ပထမ အပိုင်းတွင် အမေးအဖြေ အပိုင်းက ပါရှိနေသည်။ အဲဒီအချိန်ရောက်ရင် သူ့ကို ခက်ခဲအောင် လုပ်မည့်သူတွေ အများကြီးရှိမှာ သေချာနေသည်။

"ဟွန်နို ငါ့ကို မင်းတို့မြင်ချင်တဲ့ ပုံစံအတိုင်း တွေ့ရမှာ မဟုတ်ဘူး"

ဆွန်းမိုက ပြတ်ပြတ်သားသား ကျုံးဝါးလိုက်သည်။ အမှတ်(၂) အထက်တန်းကျောင်းတွင်လည်း တောခွေးနက်ကြီးလို့ နာမည်ပြောင် ရခဲ့ဖူးသည်။ သူ့ကို တိုက်ခိုက်ချင်သည်ဆိုပါက သူကလည်း ပြန်တိုက်ခိုက်မည့် တောခွေးနက် တစ်ကောင်ပါပဲ။ တွေးပြီး သူ့ကိုယ်သူတောင် ပြန်ကြောက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး

စာစဉ် - ၅

အခန်း(၇၅) - ပထမဆုံးအကြိမ် လူထုသင်ခန်းစာ ပို့ချခြင်း။

ဒု-ကျောင်းအုပ်ကြီး ရုံးခန်းထဲတွင်-

"ဘယ်လို ပြင်ဆင်ထားလဲ"

ကျန်ဟန်ဖူက စာရွက်ကိုပေါ့ပေါ့ပါးပါး လှန်ကြည့်ရင်း လက်ဖက်ရည် သောက်နေသည်။

"မနက်ဖြန် လူထုဟောပြောပွဲပြီးရင် ဆွန်းမိုဘဝက ဗဟိုပြည်နယ်အကယ်ဒမီမှာ သင်ကြားရေးဘဝ အဆုံးသတ် ဖြစ်သွားစေရမယ်လို့ ကျွန်တော် အာမခံပါတယ်"

ဖန်ဇိုဝမ်က နှုတ်ခမ်းကွေးသွားအောင် ပြုံးပြီး ပြောလိုက်သည်။ ကျန်ဟန်ဖူက ဘယ်သူလဲဆိုတာ နာမည်တပ်ပြီး မမေးလိုက်ပေမယ့် ဒီနေရာမှာ သူ့ကိုပြောနေတယ်ဆိုတာ ဖန်ဇိုဝမ် နားလည်သည်။

သို့သော်လည်း ဒုကျောင်းအုပ်ကြီးသည် ပြင်းပြင်းထန်ထန် လက်စားခြေချင်နေသည် မဟုတ်ပါလား။

"အရမ်းကောင်းတယ်"

ကျန်ဟန်ဖူက ခေါင်းညိတ်ကာ ပြောလိုက်သည်။ "ကြယ်တစ်ပွင့် မြတ်ဆရာ တစ်ယောက်ဖြစ်ဖို့

မင်းအကြာကြီးတော့ ရပ်မနေဖူးမှတ်လား။ မင်းသော ကြယ်တစ်ပွင့် မြတ်ဆရာအဆင့်ကို မတက်နိုင်ရင် မင်းကို ရာထူးတိုးပေးရတာ အဆင်မပြေဘူး”

သူ့စကားသည်လည်း ဗဟိုပြည်နယ် အကယ်ဒမီတွင် အကြွင်းမဲ့ မဖြစ်သေးပါ။ အန်ရှီဝေနှင့် ဝမ်ဆုတို့ ရှိနေပြီး သူအလုပ်လုပ်ရသည့် အခါ ကန့်သတ်ချက်ရှိနေသည်။

ထိုအကြောင်းကို စဉ်းစားလိုက်မိပြီး ကျန်ဟန်ဖူ စိတ်ပျက်သွားသည်။ သူအားစိန်ခေါ်ရဲသော ဆွန်းမိုကို ဖယ်ရှားပစ်ရန် ပိုပြီးတော့တောင်

တွန်းအားဖြစ်လာသည်။ သူ့ကိုစော်ကားမိရင် ဘယ်လောက်တောင် ကြောက်စရာကောင်းပြီး အန္တရာယ်ရှိတယ်ဆိုတာ တခြားဆရာတွေကို နမူနာပြရမည်။

ဒေါက် ဒေါက်

တံခါးခေါက်ပြီး ဂေါင်ပန် ဝင်လာသည်။

"ဒါဆိုလည်း ကျွန်တော်သွားလိုက်အုံးမယ်"

ဖန်ဇိုဝမ်က ထိုအခွင့်အရေးကို ယူပြီး ထကာ ထွက်သွားသည်။

"ထိုင်ပါ"

ကျန်ဟန်ဖူသည် သူကိုယ်တိုင် ခေါ်ယူထားသော ဒီဆရာအပေါ်ကိုတော့ ယဉ်ကျေးစွာ ဆက်ဆံသည်။ သူသည် ပြုံးနေပြီးလက်ထောက် အမျိုးသမီးကို လက်ဖက်ရည်တစ်ခွက် ဖျော်ခိုင်းလိုက်သည်။

"ဘာလို့ ငါ့ဆီလာတာလဲ"

ဂေါင်ပန်က မာနကြီးသည်။ သူ့အရည်အချင်းက သူ့ယုံကြည်ချက်နှင့် တူတယ်လို့ ထင်ပြီး ဘာမှအားနာခြင်း မဖြစ်မိပါ။ ကျန်ဟန်ဖူကိုလည်း မပြုံးပြပါဘူး။

"ငါ့ရဲ့ လူထုဟောပြောပွဲကို မနက်ဖြန်နာရီလောက် စပေးနိုင်မယ်လို့ထင်တယ်"

ကျန်ဟန်ဖူက မျက်မှောင်ကြုတ် သွားသည်။

"ဆွန်းမိုနဲ့ ညှိလိုက်ရမလား"

ဂေါင်ပန်က အရေးကြီးသည်။ ဆွန်းမို၏ ပထမဆုံး လူထုဟောပြောပွဲအတွက် ကျောင်းက ကြေငြာထားပြီးနေပြီ ဖြစ်သည်။

ဆွန်းမိုသည် အန်ရှိဝေနှင့် စေ့စပ်ထားသည့်သူ ဖြစ်သည့်အတွက် နာမည်ကြီး နေပြီး သတင်းက လျှင်မြန်စွာ ပျံ့နှံ့သွားသည်။ အနည်းဆုံးတော့

ဆရာတွေ အားလုံးသိပြီး အဖွဲ့ ဖွဲ့ကာ တက်ရောက်ဖို့ ကြံစည်နေသည့် သူတွေတောင် အများကြီး ရှိသည်။

"ဆွန်းမိုနဲ့ ညှိရမယ်။ သူက မင်းရဲ့ ပြိုင်ဘက်ဖြစ်ထိုက်လို့လား"

ကျန်ဟန်ဖူက ပြန်မေးလိုက်သည်။

"ဟား ဟား"

ဂေါင်ပန်က ကျယ်လောင်စွာ ရယ်နေလိုက်ပြီး လက်ဖက်ရည်သောက်လိုက်သည်။

"ဒါဆို မင်းက ဘယ်လိုထင်လဲ"

ကျန်ဟန်ဖူက ပြုံးကာ ထပ်မေးလိုက်သည်။

(လူအိုကြီးက ငါ့ကို ခြိမ်းခြောက်နေတာလား)

ဂေါင်ပန်စိတ်ထဲက ကျိန်ဆဲလိုက်သည်။ သို့သော်လည်း သူ့ကို ကျောထောက်နောက်ခံ ယူထားသောကြောင့် သူ့အမိန့်ကို မလွန်ဆန်နိုင်ကြောင်း သူသိသည်။ ထိုကြောင့် ခေါင်းညိတ်လိုက်သည်။

တကယ်တော့ ဂေါင်ပန်က သူ၏ ပထမဆုံး လူထုပဟာပြောပွဲကို ကူရှုပ်ရှင်းနှင့် တစ်ချိန်တည်း စီစဉ်ချင်တာပါ။ ထို့နောက်သူသည် သူမထက်

သာလွန်ကြောင်းကို သက်သေပြရန် သူ့အတန်းကို လူဆက်တိုက်ဝင်ရောက်လာသည့် အရေအတွက်ကို ပြလိုက်မည်။

လူထုဟောပြောပွဲကို တက်ရောက်သည့် ပရိတ်သတ် အရေအတွက်သည် ဆရာများကြားက ပြိုင်ဆိုင်နိုင်သည့် ညွှန်းကိန်း တစ်ခုလည်းဖြစ်သည်။ သူတို့၏ လူထုဟောပြောတွေ အားလုံးလူပြည့်နေပါက ကျောင်း၏ အဓိကတွန်းအားဖြစ်လာပြီး ဂရုတစိုက် ပျိုးထောင်ပေးကြလိမ့်မည်။

"အရမ်းကောင်းတယ်။ လူ ၃၀၀ဆံ့နိုင်တဲ့ ဟောပြောခန်းမ တစ်ခုကို မင်းအတွက် စီစဉ်ပေးမယ်"

ကျန်ဟန်ဖူက ပြုံးကာ ပြောလိုက်သည်။

....

သဲများက လက်ချောင်းကြားက ကျသွားသလို သုံးရက်သည် လျှင်မြန်စွာနှင့် ကုန်ဆုံးသွားသည်။

မနက်ခင်းနေရောင်သည် အိပ်ခန်းတစ်ခုလုံး ထိန်လင်းသည့်အချိန်တွင် ဆွန်းမို နိုးလာသည်။

လျှော်ဖွပ်ထားသော အပြာရောင် ဝတ်ရုံရှည်ကို ဝတ်ဆင်လိုက်သည်။

"အရမ်းလှတာပဲ"

လိုဒီက အော်ပြောလိုက်မိသည်။

ဝတ်စုံသည် ချည်သားဖြင့် ပြုလုပ်ထားပြီး ရိုးရှင်းသော ဒီဇိုင်းဖြစ်သည်။ လှပတယ်လို့ မပြောနိုင်ပါဘူး။ သို့သော်လည်း ဗဟိုပြည်နယ် အကယ်ဒမီ၏ တရားဝင် ဆရာတစ်ယောက်ကို ကိုယ်စားပြုသည်။ ဒါကအလွန်ကို အရေးပါ ပါသည်။

လိုဒီသည် ဆွန်းမို ရင်ဘက်ပေါ်က ကျောင်းတံဆိပ်ကို ကြည့်ပြီး သူ့ကံကြမ္မာကို ညည်းတွား နေပါသည်။ ဆရာဝတ်ရုံရှည်ကို ဘယ်အချိန်ကျမှ ဝတ်နိုင်မည်ကို သူမသိသေးပါ။

ကျန်းရှန်သည် စောင်အောက်တွင် လှဲနေသည်။ လိုဒီ၏စကားကို ကြားလိုက်ရင် သေးငယ်သော အပေါက်ဟကာ ချောင်းကြည့် လိုက်မိသည်။ ထို့နောက်တွင် အလွန်မိုက်တယ်လို့ ထင်လိုက်သည်။

သူသည် ဒီအဆောင်တွင် တစ်ဦးတည်းသော ဆရာဖြစ်မည့်သူလို့ ထင်ထားခဲ့တာပါ။ ဆွန်းမိုက သူ့ကို အနိုင်ယူ သွားလိမ့်မယ်လို့ ထင်တောင်မထင်ထားခဲ့ပါဘူး။ သူတို့ကြားက ကွာခြားသွားမှုကို လုံး၀ လက်မခံနိုင်ဖြစ်နေသည်။ သူနှင့် နတ်ဘုရားမလေးကြားက ကလေးယူဖို့ အကြောင်းတွေးနေစဉ် ဆွန်းမိုက နတ်ဘုရားမလေးကို ပွေ့ဖက်နမ်းရှုံ့ နေသလိုပါပဲ။

ဆွန်းမိုက သူ့ကော်လံကို သပ်လိုက်ချိန်တွင် ကျန်းရှန် မျက်လုံး မှိတ်လိုက်သည်။

ဆွန်းမိုသည် အဝတ်အစားကို ကော့ပျံ့အောင်လုပ်လိုက်ချိန်တွင် ကျန်းရှန်၏ နှုတ်ခမ်းများ တွန့်သွားသည်။

ဆွန်းမို၏ အပြုအမူများသည် ကျန်းရှန်၏ မျက်လုံးထဲတွင် သူ၏ ချစ်လှစွာသော နတ်ဘုရာမလေး၏ ပါးစပ်ထဲကို လျှာ ထိုးထည့်နေသလို အငမ်းမရ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

ကျန်းရှန်၏စိတ်ထဲတွင် အကျိုးအကြောင်း ဆင်ခြင်နိုင်သေးလို့ပါ မဟုတ်ပါက ဆွန်းမိုခေါင်းကို ပြေးပြီးထိုးချင်နေသည်။

လိုဒီကတော့ စိတ်ရှုပ်ထွေးနေပြီး တွေဝေနေသည်။ ဆွန်းမိုထွက်သွားတာကို မြင်လိုက်ရင် “ဆွန်း.........ဆရာဆွန်း’

“ကိစ္စရှိလို့လား”

ဆွန်းမိုက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"ကျုပ်......ဝက်ထမင်းချက်ပြီးပြီ စမ်းကြည့်ချင်လား"

လိုဒီသည် ထိုသို့ပြောလိုက်ပြီး အူကြောင်ကြောင် ဖြစ်သွားသည်။ သို့သော်လည်း ပထမဆုံးအကြိမ် အရောင်းသမားလိုပါပဲ ။ အစတစ်ခွန်းကို ပြောလိုက်ပြီးနောက် နောက်ပိုင်း အဆင်ပြေချောမွေ့လာသည်။ လိုဒီကနောက်ပိုင်းကို သွက်လက်စွာ ပြောလိုက်သည်။

"ဟင်းချိုလည်း ချက်ထားပြီးပြီ ဝက်သားကို ဟင်းရည်ထဲလည်း ထည့်ထားတယ်။

အရသာတော်တော်ကောင်းတယ်။ ဆရာ ကျုံရှန်ရီ ကတော့ တော်တော်ကြိုက်တယ်”

“အင် ကျေးဇူးတင်ပါတယ်။ မနက်စာကို အရမ်းအဆီများတာတွေ မစားချင်ဘူး”

ဆွန်းမို ငြင်းလိုက်သည်။

လိုဒီက တံခါးပိတ်သွားတာကို မြင်မှ သက်ပြင်းချလိုက်သည်။ သူသည် ဆက်ဆံရေး ပြန်ကောင်းရန် ပထမဆုံး ခြေလှမ်းတော့ လှမ်းခဲ့ပြီ။ ယွမ်ဖန်လုပ်ခဲ့သလို ဆွန်းမိုကို

မစော်ကားခဲ့မိတာ ကျေးဇူးတင်ရမည်။ မဟုတ်ရင် သူ့ အခုဆို အခြားအဆောင်ကို ပြောင်းနေရမည်။

"ငဖားကောင်"

ကျန်းရှန်က တိတ်တိတ်လေးဆဲလိုက်သည်။ ထို့နောက် ကုတင်ပေါ်တွင် ခြေနှင့် လက်များပျော့ကျသွားကာ မျက်နှာကျက်ကို မော့ကြည့်နေသည်။

သူ့စိတ်ထဲတွင် လှပသော နတ်ဘုရားမ မျက်နှာလေးပေါ်လာသည်။ သို့သော်လည်း

အခုချိန်တွင် ဆွန်းမို၏ ရှုံမှုန်းစရာ တံတွေးများပြည့်နေသည်။

....

သင်ကြားရေး အဆောက်အအုံကို ဝင်လာပြီးနောက် ချီရှန်ကျားက ပဥ္စမ အကြိမ်မြောက် "မြန်မြန်လုပ်။ ငါတို့နောက်ကျရင် ထိုင်စရာနေရာ ရှိတော့မှာ မဟုတ်ဘူး"

"ဘာတွေ အလျှင်လိုနေတာလဲ ၊ ဆွန်းမိုက နာမည်ကြီး မဟုတ်ပါဘူး။ သူရဲ့ လူထု

ဟောပြောပွဲကို ကျောင်းသား ၂၀လောက်ရှိရင် ကံကောင်း”

ကျန်ရှီက သမ်းရင်း ပြန်ပြောသည်။ သူသည် ဆွန်းမို၏ ရှေ့ဟောင်း နဂါးဖမ်းသည့်လက်ကို ထပ်မံ တွေ့ကြုံလိုသောကြောင့် ထောက်ခံသည့် အကြောင်း ပြရန် ရောက်လာခြင်းဖြစ်သည်။

“ မင်းတို့ကြောငြောချက်ကို တွေ့ပြီးသွားပြီလား။ ဆရာဂေါင်ပန်ရဲ့ လူထုဟောပြောပွဲကိုလည်း ဒီနေ့ပဲလုပ်မှာ။ ငါတို့ အရင်သွားနားထောင်ရအောင်။

သူသာ ငါတို့ကို သဘာဝကျရင် သူတပြည့်ဖြစ်လာနိုင်တယ်”

ဝမ်ဟောင်က အကြံပြုလိုက်သည်။

သူ၏ အရည်ချင်းက မြတ်ဆရာတစ်ယောက်၏ တပြည့်ဖြစ်မလာနိုင်ပါ။ ထို့ကြောင့် ဒုတိယအကောင်းဆုံးကို သွားရမည်။ ဒါ့အပြင် ဂေါင်ပန်သည် လျှောင်ပြည်နယ် အနောက်ဘက်ကမ်းရိုးတန်း စစ်ကျောင်းက ဘွဲ့ရတစ်ယောက်ဖြစ်ပြီး ထိုကျောင်းသည်

နာမည်ကျော် ကျောင်းကိုးကျောင်းထဲက တစ်ကျောင်းဖြစ်သည်။ သူက အရမ်းကို တော်ပါသည်။

"ငါတော့ မသွားဘူး"

သူကဆွန်းမိုကိုပဲ ထောက်ခံမည်။

"ငါ ဘာမဆို အဆင်ပြေတယ်"

ကျန်ရှီက စိတ်ထဲ မထားပါ။

ဝမ်ဟောင်က မျက်လုံးများကို မှေးလိုက်ပြီး "ဒါဆို ဆရာ ဂေါင်ပန်ရဲ့ အချက်အလက်တွေကို ငါသွားရှာမယ်"

ထိုသို့ပြောပြီးနောက် ဝမ်ဟောင် ပြေးထွက်သွားသည်။

"အခွင့်အရေးကို ဖမ်းဆုပ်နိုင်တဲ့ လူမှသာ အောင်မြင်နိုင်တာ။ ဆွန်းမို နာမည်ကြီးနေတာက အပျက်သဘောဆောင်နေတယ်။ လူတိုင်းက သူ့ကို မိန်းမချူစားနေတဲ့ကောင်လို့ ခေါ်နေကြတယ်"

ဝမ်ဟောင်က တိုးတိုးလေးပြောလိုက်သည်။ ဆွန်းမို လူထုဟောပြောပွဲကို သွားနားထောင်သည့် လူတွေက သူ့ကို ဟာသလုပ်ချင်လို့ပဲ ဖြစ်မည်။

တခြားအချိန်တွေဆိုရင် သူ့ကို ထောက်ခံကြောင်း ပြမှာပါ။ သို့သော်လည်း ဆရာဂေါင်ပန်လည်း ဒီနေ့ ဟောပြောပွဲတစ်ခုကျင်းပနေသည်။ ထိုနေရာကို သွားပြီး သေချာပေါက် ကံစမ်းရမည်။

အနောက်မြောက်ထောင့်ရှိ သင်ကြားရေး အဆောက်အအုံ တတိယထပ်_

ချီရွှန်ကျားတို့ရောက်တော့ တော်တော်လေးကို နောက်ကျနေပါသည်။ ထို့ကြောင့် သူသည် အလွန်လှုျင်မြန်စွာ လျှောက်လာခဲ့သည်။ အခန်းထဲကို ဝင်လိုက်သည်နှင့်

တစ်ချက်ကြည့်လိုက်ပြီး လည်ပင်းကျုံ့သွားပြီး ပြန်ထွက်သွားချင်လာသည်။

ဖုန်း

ချီရှန်ကျားနောက်က လိုက်လာသော ကျန်ရှီက ဝင်တိုက်လိုက်မိသည်။

"ဘာဖြစ်လို့လဲ"

ကျန်ရှီ၏ စကားတောင် မဆုံးဘဲ အသံတော်တော် ပျော့သွားသည်။ ဟောပြောပွဲခန်းမထဲတွင် ဆရာ ဆယ် ယောက်ကျော်လောက် ထိုင်နေကြသည်။

"ဘာကြီးလဲ"

ကျန်ရှီ အံ့သြနေသည်။ နောက်ဆုံးအတန်းကို ကြည့်လိုက်ရင် ကျောင်းအုပ်ဆရာမကြီး အန်ရှီဝေ ပင်ရှိနေတာကို တွေ့လိုက်ရသည်။ သူမ နဲ့နှစ်ပေအကွာတွင် ကျောင်း၏နာမည်အကြီးဆုံး ကြယ်သုံးပွင့် မြတ်ဆရာမ ဂျိမဲဂျဲလည်း ထိုင်နေသည်။

"ဘာလို့ဆရာတွေ ဒီလောက်တောင် အများကြီးလာတာလဲ"

ချီရွန်ကျားက တိုးတိုးလေး မေးလိုက်သည်။

"ငါဘယ်လိုသိမှာလဲ"

ကျန်ရှိက မျက်လုံးကြီး ပြူးပြီး ပြန်ဖြေလိုက်သည်။ သို့သော်လည်း ကုန်သည်မိသားစုတွင် ကြီးပြင်းလာပြီး ဖခင်၏ သင်ကြားမှုနှင့် လူရည်လည်မှုကြောင့် ဒီဆရာများသည် ဆွန်းမိုအား ဒုက္ခပေးဖို့ ဒီမှာရောက်နေတာကို နားလည်လိုက်သည်။ အဲဒါက ဖြစ်နိုင်သည်။ အန်ရှိဝေသည် ကျောင်းက အမျိုးသားဆရာများနှင့် ကျောင်းသားများအတွက် နတ်ဘုရားမဖြစ်သည်။ သို့သော်လည်း သူမသည်

ရုတ်တရက် ဆွန်းမိုနှင့် စေ့စပ်လိုက်သည်။ သေချာပေါက် လူတိုင်းက မကြိုက်နိုင်ပါ။

ပထမအကြိမ် လူထုဟောပြောပွဲတွင် အမေးအဖြေကဏ္ဍတစ်ခုရှိသည်။ ဒါက ဆွန်းမိုကို ခက်ခဲအောင်လုပ်နိုင်သည့် အချက်ဖြစ်သည်။ သူတို့ ဒီအခွင့်အရေးကို လက်လွှတ်ခံနိုင်ပါ။

"ဒါက ဆွန်းမိုအတွက်ပဲ"

ကျန်ရှီက ချီရွန်ကျား လက်ကိုဆွဲပြီး ထိုင်ခုံရှာလိုက်သည်။

ချီရွန်ကျားလည်း စိတ်ထဲ အဆင်မပြေပါ။

အခြားကျောင်းသား ဆယ်ယောက်ကျော်က ဝိုင်းရံထားသည့် အသက် ၁၆နှစ်အရွယ် လူငယ်တစ်ယောက်ဝင်လာတာကို မြင်လိုက်ရင် ပိုပြီးတောင် တုန်လှုပ်သွားသည်။

"ဇောင်ယန်က ဘာလို့ ဒီကိုလာတာလဲ"

ချီရှန်ကျား အရမ်းကို စိုးရိမ်နေသည်။ ဒီကျောင်းသားက ကျောင်းမှာ နာမည်ကြီးပါတယ်။ သူ့အဖေက ချင်လင်မြို့က အချမ်းသာဆုံး ဆယ်ယောက်ထဲက ကုန်သည် တစ်ယောက်ဖြစ်ပြီး ထိုနောက်ခံကြောင့် မောက်မာလေ့ရှိသည်။

သူတစ်ပါးကို ဒုက္ခရောက်အောင် လုပ်ပြီး အပျော်ရှာတတ်သူဖြစ်သည်။

အရင်က ဇောင်ယန်ကို အပြစ်တင်ရှုတ်ချခဲ့သည့် ဆရာတစ်ယောက်ရှိခဲ့ဖူးသည်။ ထိုဆရာသည် ဆိုးရွားစွာ အနိုင်ကျင့်ခံရပြီး အလုပ်က နှုတ်ထွက်သွားသည်။

ဇောင်ယန်သည် စောက်ကျင့် မကောင်းသော်လည်း ခူလျိုယန်က သူ့ကိုသဘောကျသည်။ ခူလျိုယန်သည်

ကြယ်နှစ်ပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်နေသည်။

အတန်းချိန် နီးလာသည်နှင့် အမျိုးမျိုး ကျောင်းသားများဆက်တိုက် ဝင်လာကြသည်။ နောက်တန်းမှာထိုင်နေသည့် ဆရာများကိုတွေ့ပြီး ကျောင်းသားတိုင်း အံ့သြသွားသည်။ အပြင်ကို ပြန်ထွက် ဒါမှမဟုတ် မြန်မြန်ထိုင်ဖို့ လုပ်ကြသည်။

ကျန်ရှိ ရေတွက်လိုက်တော့ ၁၀၀ကျော် လောက်ရှိသည်။

ဒီအထဲက အများစုက ကျောင်းသားလူငယ်တွေပါ။ ဆွန်းမိုသည် အန်ရှီဝေနှင့် စေ့စပ်ထားတာကိုလည်း မသိကြပါဘူး။ ပျင်းသောကြောင့် အတန်းထဲတွင် ဘယ်လိုတွေ့ကြုံရမလည်းဆိုတာ သိရအောင် လာကြခြင်းဖြစ်သည်။

ကျန်ရုံနဲ ဝင်လာချိန်မှာတော့ သူအကြီးအကျယ်ကို လန့်သွားသည်။ ဘာလို့ လူတွေဒီလောက်တောင် များနေတာလဲ။ သင်တန်းသား တစ်ဝက်လောက်က

ဆရာတွေလာတာကို မြင်လိုက်ရင် ရယ်လိုက်သည်။

ဆွန်းမိုတော့ ဒုက္ခရောက်တော့မည်။

“ ဘာရပ်လုပ်နေတာလဲ၊ ဝင်တော့လေ”

ကျန်ရှုံနဲ့နောက်က အသံတစ်သံ ထွက်ပေါ်လာသည်။ သူသည် ပြုံးလိုက်ပြီး အနောက်ကို အမြန်ဆုတ်ပေးလိုက်သည်။ တစ်ချိန်တည်းမှာပင် နှုတ်ဆက်စကားပါ ပြောလိုက်သည်။

“မင်္ဂလာပါ ကျောင်းအုပ်ကြီး ကျန်”

ကျန်ရုံနဲသည် လည်တဲ့သူဖြစ်ပြီး စကားမှာ (ဒု) ဆိုသောစာသားကို ဖြုတ်ပြောလိုက်သည်။

"အင်း'

ကျန်ဟန်ဖူ ဟောခန်းမထဲကို ဝင်လိုက်သည်နှင့် ဆရာနဲ့ဆရာမများက သူ့ကို ချက်ခြင်း နှုတ်ဆက်ကြသည်။ သူတို့ထဲက ဆယ်ယောက်ကျော်ဆိုရင် အရိုအသေပေးဖို့ ထလာကြသည်။

ကျန်ရုံနဲ ခေါင်းခါလိုက်မိသည်။ ကျန်ရုံနဲက အစမ်းခန့်ဆရာများ အစည်းအဝေးတွင် ဆွန်းမိုက

ကျန်ဟန်ဖူကို ဘယ်လိုတိုက်ခိုက်ခဲ့တာလည်း ဆိုတာကို မြင်ဖူးထားပြီး ဖန်ဇိုဝမ်နှင့် ပြိုင်ပွဲကိုလည်း သဘောတူထားကြောင်းကို သိသည်။

ဒီနေ့ကျန်ဟန်ဖူ ရောက်လာသည်မှာ ဆွန်းမို၏ သင်ကြားရေးစွမ်းရည်ကို အသိအမှတ်ပြုဖို့ မဖြစ်နိုင်ပါ။

....

"လူတွေအများကြီးပဲ ၊ အဆင်ပြေပါ့မလား"

လုချီဟွာက တံခါးနောက်တွင် ပုန်းနေပြီး မျက်လုံးတစ်ဝက်နှင့်သာ ချောင်းကြည့်နေသည်။

“အဟွန့် အဟွန့် ။ ငါတို့ဆရာတော့ အခြေအနေကောင်းမဲ့ ပုံမပေါ်ဘူး”

ထန်ထန်ယုထန်က ပါးစပ်ကို လက်ကိုင်ပုဝါနှင့် အုပ်ပြီး ရယ်မောကာ ပြောလိုက်သည်။

ရှန်ယွန်ပေါင်သည် ချန်လုံကို စိုက်ကြည့်ရင်း ငွေရောင်လှံတံကို သုတ်နေသည်။ သူတို့လေးယောက်ထဲမှာ မျက်နှာကို တက်တူးထိုးထားသည့် ပညာသင်ဘက် ညီလေးက

သူ့ကို အကြီးမားဆုံး ခြိမ်းခြောက်နိုင်တယ်လို့ သူထင်နေသည်။

ချန်လုံကတော့ ဘာမှမပြောဘဲ ကြမ်းပြင်ပေါ်တွင် ထိုင်ကာ (ဝိညာဉ်တက်တူးကားချပ်) ကိုဖတ်နေသည်။

လီဇီချီကတော့ နည်းနည်း ကူကယ်ရာမဲ့သည့် ခံစားချက်ဖြင့် သူမနဖူးကို ဖိနေသည်။ ဆရာခေါ်လာသည့် ဒီကောင်တွေက ဘယ်လိုကောင်တွေလဲ။

လုချီဟွာသည် သရဲဘောကြောင်ပြီး ခန္ဓာကိုယ် ပြုပြင်ခြင်းအဆင့်ကို မတက်ရောက်နိုင်သေးသည့်သူ ဖြစ်သည်။ ထန်ထန်ယုထန်သည် အလွန်ဖျားနေပြီး သေခါနီး လူပုံပေါက်နေသည်။ ချန်လုံသည် ခန္ဓာကိုယ် တစ်ခုလုံးတွင် စုတ်ပြတ်နေသည့် ဝိညာဉ်တက်တူးများနှင့် ပြည့်နေပြီး ကျင့်ကြံမှုမတိုးတက် နိုင်တော့ပါ။ ဦးနှောက် ကြွက်သားနှင့် ပြည့်နေသည့် ကောင်ကလည်း အချိန်တိုင်း ရန်ဖြစ်ဖို့ချောင်းနေသည်။

“ဆရာဆွန်း ဒီမှာ”

လုချီဟွာက အောင်ပြောလိုက်သည်။

သူတို့ငါးယောက်လည်း ဆွန်းမိုက သူတို့ကို လက်ခံထားသည့် အစဉ်လိုက်တိုင်း ချက်ခြင်း တန်းစီလိုက်ကြသည်။

အတန်းမစခင် ကျောင်းသားများသည် အတန်းလိုက်စီကာ ဆရာကို နှုတ်ဆက်ကြသည်။ ဒါက ကျောင်းတိုင်းတွင် ကျင့်သုံးသော စည်းကမ်းဖြစ်သည်။

ဒါပေမယ့် ဆရာက ဒီလိုမလုပ်ဖို့ တောင်းဆိုရင် ကင်းလွတ်ခွင့်ရှိသည်။

အခန်း(၇၆) - ပွဲဦးထွက်။

ဂေါ်ပန်သည် စင်ပေါ်တွင် ရပ်နေကာ လူသုံးရာလောက်ဆံ့သော ဟောပြောခန်းမကို ကြည့်လိုက်သည်။ ထိုအချိန်မှာ ခန်းမထဲတွင် လူနှစ်ရာလောက်ထိုင်နေသည်။ ဒါမြင်လိုက်ရင် သူသည် မာနကြီးသည့် အပြုံးကို ပြုံးလိုက်မိသည်။

"ကျန်ဟန်ဖူ မင်းမြင်လား။ နာမည်ကျော်ကျောင်းက ဘွဲ့ရတစ်ယောက်ရဲ့ ဆွဲဆောင်မှုပဲ။ ဆွန်းမိုက ငါနဲ့ ဘယ်လိုပြိုင်နိုင်မှာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂေါင်ပန်၏စိတ်ထဲတွင် အထင်သေး စိတ်များ ဖြစ်နေသည်။

ဆွန်းမိုကို အနိုင်ယူဖို့အတွက် သူ့ကို အသုံးချလိုက်ခြင်းသည် အရေးမပါသည့် လူတစ်ယောက်အတွက် အရည်အချင်းအား အလဟာသ ဖြုန်းတီးလိုက်တာပဲ။ သူ၏ ပြိုင်ဘက်သည် လျှိုမှုဘိုင်သာ ဖြစ်သင့်သည်။

ကူရှုပ်ရှင်းလား။

ကျန်းလန်လား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်မကောင်းဘူး။ ဂေါင်ပန်၏ မျက်လုံးထဲမှာတောင် မရှိပါဘူး။

“လူထုပြောပြောတဲ့အချိန် တစ်ဝက်တောင် မရောက်သေးဘဲ ဆွန်းမို အတန်းကကျောင်းသားတွေ ငါ့အတန်းကို နားထောင်ဖို့ ပြေးလာကြလိမ့်မယ်”

ခေါင်းလောင်းသံကို ကြားလိုက်ရတာနှင့် ဂေါင်ပန်သည် လည်ချောင်းရှင်းလိုက်ပြီး ပထမဆုံး သင်ခန်းစာ စဖို့ ပြင်ဆင်လိုက်သည်။

ဒါက ဒီကမ္ဘာမှာ သူနာမည်ကြီးလာဖို့အတွက် အစပင်ဖြစ်သည်။

....

“မင်္ဂလာပါဆရာ”

လီဇီချီ၏ ဦးဆောင်မှုအောက်တွင် ကျောင်းသားငါးယောက်စလုံးက သူတို့၏အသံများ ထုတ်ဖော်လိုက်ပြီး ဦးညွတ်ကာ နှုတ်ဆက်လိုက်ကြသည်။

ထိုမြင်ကွင်းကိုမြင်လိုက်သော အစမ်းခန့် ဆရာများလည်း မနာလိုဖြစ်သွားကြသည်။ သူတို့ကတော့ ဒီလိုမျိုး ဘယ်အချိန်ကြမှ ဖြစ်လာမှာလဲ။

ဆွန်းမိုက ပြုံးပြီး ကျောင်းသားတစ်ယောက်ပြီး တစ်ယောက်ကို ကြည့်လိုက်သည်။

ရောဂါသည် ထန်ထန်ယုထန်၊ ချန်လုံ မျက်နှာမှာတက်တူးနှင့် ဖြစ်သော်ငြားလည်း သူ၏တိုက်ရိုက်တပြည့်ဖြစ်သောကြောင့် ကြည့်ရင်း စိတ်ချမ်းသာနေသည်။

ဆွန်းမို၏ စရိုက်က ကျောင်းသားတစ်ယောက်ကို သူလက်ခံနိုင်တာနဲ့ နှလုံးသားနှင့်အပြည့် သင်ကြားပေးတတ်သည်။ ဒါကြောင့်လည်း ဆွန်းမိုတွင် ရည်းစားရှာဖို့ အချိန်မရှိခဲ့တာပါ။

အမှတ်(၂) အထက်တန်းကျောင်းသည် စီနီယာ အထက်တန်းကျောင်းတစ်ကျောင်း ဖြစ်သောကြောင့် ဆွန်းမို၏ အလုပ်အကိုင်က ကောင်းတယ်လို့ သတ်မှတ်နိုင်ပါသည်။ ဒါကြောင့်လည်း သူ့ကို အမျိုးသမီးများနှင့် မိတ်ဆက်ပေးကြသော်လည်း ဆွန်းမိုက အချိန်မပေးနိုင်သောကြောင့် အားလုံးကို ငြင်းပယ်ခဲ့သည်။

ဒင်

“ကျောင်းသားငါးယောက်ကို စုဆောင်းနိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါတယ်။ အခု

ကျောင်းသားများ၏ အရည်အချင်းအရ သင့်ကို အနက်ရောင် ရတနာသေတ္တာတစ်လုံး ဆုချီးမြှင့်သည်။ အလုပ်ဆက်ကြိုးစားပါ"

စနစ်ကအသံထွက်ပေါ်လာပြီး တချိန်တည်းမှာပဲ ဆွန်းမို အရှေ့တွင် အနက်ရောင်တောက်ပနေသည့် ရတနာသေတ္တာတစ်လုံး ပေါ်လာသည်။

"ဒါကဘယ်လိုဖြစ်တာလဲ ။ အနည်းဆုံး ငွေရောင်သေတ္တာတော့ ဖြစ်ရမှာ မဟုတ်ဘူလား"

ဆွန်းမိုကြောင်သွားသည်။ စနစ်၏ အကဲဖြတ်မှု တစ်ခုခု မှားယွင်းနေတာလား။

"မင်းက ဘယ်လိုအိပ်မက်မျိုး မက်နေတာလဲ။ မင်းရဲ့ ကျောင်းသားငါးယောက်စလုံးက ချို့ယွင်းချက်တွေနဲ့ ကြီးပဲ"

"လီဇီချီ၊ ရှန်ယွန်ပေါင်၊ ထန်ထန်ယုထန်တို့ အားလုံးက အလားလာ မြင့်သည့် တန်းဖိုးတွေရှိတယ် ဆိုပေမယ့်လည်း လီဇီချီသည် လှုပ်ရှားမှုစွမ်းရည်က တော်တော်ဆိုးတယ်။ ကျင့်ကြံမှုလမ်းကြောင်းမှာ လက်တွေ့ မဖြစ်နိုင်ဘူး။ သူမ၏ တစ်သက်တာမှာ သွေးလောင်ကျွမ်းခြင်း အဆင့်ကိုရောက်ရင် ကံကောင်း"

"ကိုယ်ခံပညာကို အလေးထားသည့် အလယ်ကမ္ဘာတွင် လီဇီချီကို အသုံး မဝင်ဘူးလို့တောင် သတ်မှတ်နိုင်တယ်။ တခြားနေရာမှာ ထူးချွန်လည်း အသက်ရှည် အဆင့်ကိုမတက်နိုင်ဘဲ နှစ်တစ်ရာလောက် အသက်ရှင်တာ ဘာလုပ်လို့ရမှာလဲ"

"ဒါဆိုလည်း သူတို့ကိုခေါ်တဲ့ တာဝန်ကို ဘာကြောင့်မင်းက ပေးသေးလဲ"

ဆွန်းမိုက မေးခွန်းထုတ်လိုက်သည်။

"ဒါက မင်းအတွက် စမ်းသပ်မှုပဲ"

စနစ်က ပြန်ရှင်းပြပြီးနောက် ဆက်ပြောသည်။

“ရှန်ယွန်ပေါင်က တိုက်ပွဲအတွက် အရမ်းသင့်တော်ပေမယ့် သူ့ဦးနှောက်က ကြွက်သားတွေနဲ့ ပြည့်နေတယ်။ ဒီအားနည်းချက်ကို မပြောင်းလဲနိုင်ရင်တော့ သူမြန်မြန်သေမှာဘဲ”

“ထန်ထန်ယုထန်လည်း စောစောလစ်မှာပဲ” စနစ်က ဘာလာဘာလာနှင့် အပြစ်အများကြီး ပြောသော်လည်း လုချီဟွာနှင့် ချန်လုံတို့လို အသုံးမကျသည့် လူများအတွက် သူတို့၏

အလားအလာတန်ဖိုးက အရမ်းကို နှိမ့်ကျနေသောကြောင့် ထည့်တောင်မပြောခဲ့ပါ။

“ငါကတော့ သူတို့အားလုံး တော်တော် ကောင်းတယ်လို့ ထင်တာပဲ”

ဆွန်းမိုက ပြန်ပြီး စောဒကတက်သည်။

“မင်းက ပြိုင်ဘက်ကင်းဆရာကြီး စနစ်ကို ရထားပေမယ့်။ ဒီလိုမျိုး စံနှုန်းနဲ့မကိုက်ညီတဲ့ ကျောင်းသားငါးယောက်ကို လက်ခံထားတာ မရှက်ဘူးလား”

စနစ်ကလည်း ပြင်းပြင်းထန်ထန် တုန့်ပြန်သည်။

ဆွန်းမိုက အနည်းဆုံး အလားလာတန်ဖိုးမြင့်သည့် လူသုံးယောက်တောင် မနဲစုစည်းထားနိုင်တာက ပြိုင်ဘက်ကင်းဆရာကြီးစနစ်အဖို့ အရှက်ရစရာပါ။

"တော်ပြီ တော်ပြီ တော်ပြီ မင်းကိုစိတ်မဆိုးခင် မြန်မြန်ထွက်သွားတော့"

ဆွန်းမိုက စနစ်ကို ပြောချင်စိတ်မရှိတော့ဘဲ နှင်ထုတ်နေသည်။ သူက သဘော်သီး ကောင်မလေးဆီကိုသွားကာ ခေါင်းကို ပုတ်လိုက်ပြီး " သင်ခန်းစာ အတွက်သွားကြစို့"

"ဆရာ ဂရုစိုက်ပါ"

လုချီဟွာကလည်း ဆွန်းမိုကို စိတ်ပူစွာ သတိပေးလိုက်သည်။

“ ဆရာ ကောင်းကောင်းလုပ်နိုင်ပါစေ”

လီဇီချီကတော့ လက်ကို ဝှေ့ယမ်းပြီး ပြောလိုက်သည်။

ကျန်သည့်သုံးယောက်ကတော့ လမ်းမှာ တွေ့ရတဲ့ လူတွေလိုပါပဲ။

ဆွန်းမိုလည်း ဒါကိုလက်ခံပါသည်။ နောက်မှ ရောက်လာသော ကျောင်းသားများသည် သူတို့နှင့်

မရင်းနှီးသည့်ဆရာကို စတင်ကိုးကွယ်ဖို့ဆိုတာ မဖြစ်နိုင်ပါ။

သို့သော်လည်း ဆွန်းမိုကတော့ စိတ်ဓါတ်မကျပါ။ သူတို့သည် တစ်နေ့တွင် သူ၏သင်ကြားမှု စွမ်းရည်ကို လက်ခံလာပြီး သူ့ကို လေးစားလာကြမည်။

“ရတနာသေတ္တာကို ဖွင့်လိုက်’

ပြောပြီးနောက် ရတနာသေတ္တာ ပွင့်လာသည်။ လင်းလက်တောက်ပလာပြီး ဆေးထုပ်ကြီး တစ်ထုပ်ကို ချန်ထားခဲ့သည်။

"စိတ်မကောင်းစရာ ရှေးခေတ်ဝေလငါးဆီလည်း မဟုတ်ဘူး"

ဆွန်းမိုက နှုတ်ခမ်းစူကာ ပြောသည်။

ဒေါင်၊ ဒေါင်၊ ဒေါင်

ခေါင်းလောင်းသံက ကျယ်လောင်စွာ မြည်လာသည်။

မနက် ၉ နာရီ....

ဆွန်းမိုက ချက်ခြင်း မဝင်သေးဘဲ အပြင်တွင်ရပ်နေကာ မျက်စိမှိတ်ပြီး တစ်ကနေသုံးဆယ်အထိ ရေတွက်နေသည်။

ရွှတ်

ဆွန်းမို အခန်းထဲကို ဝင်လိုက်ရင် အကြည့်အားလုံးက စူစူရှရှနှင့် စိုက်ကြည့်နေကြသည်။

ဆွန်းမိုသည် ခြေလှမ်းများ အနည်းငယ်ယိုင်သွားခြင်း တွန့်ဆုတ်သွားခြင်းများ မဖြစ်ပဲ တည်ငြိမ်သော အသွင်ကို ထိန်းကာ စင်ပေါ်သို့ရောက်အောင် သွားပြီး ရပ်နေသည်။

“ဆရာနှင့် ဆရာမအပေါင်းတို့ မင်္ဂလာပါ ခင်ဗျာ။ ကျွန်တော်က ဆွန်းမိုပါ။ ဒါက ကျွန်တော်ရဲ့ ပထမဆုံး လူထုသင်ခန်းစာ ဖြစ်ပြီး ကျွန်တော်ရဲ့

သင်ကြားမှုဆိုင်ရာ သဘောတရားများကို အသေးစိတ်ရှင်းပြသွားမှာ ဖြစ်ပါတယ်”

ဆွန်းမိုက စပြီးပြောလိုက်သည်။ သူ၏ ကြည်လင်ပြတ်သားသောအသံက တစ်ခန်းလုံးကို လွှမ်းခြုံသွားသည်။

နောက်ဆုံးအတန်းတွင် ထိုင်နေသော ဂျီမဲဂျဲက ဆွန်းမိုကို လှပသော မျက်လုံးများဖြင့် စိုက်ကြည့်ကာ စိတ်ထဲက ချီးကျူးလိုက်သည်။

ဆွန်းမို၏ ခံယူချက်သည် အပြစ်အနာအဆာ ကင်းလွန်းသည်။ မယုံနိုင်စရာကောင်းလောက်အောင် နည်းနည်းလေးမှ စိတ်အနှောက်အယှက် မဖြစ်နေပါ။

သူသည် အရမ်းကို ကြောက်ဖို့ကောင်းလောက်အောင် စိတ်ဖိအားကို တွန်းလှန်နိုင်သည်။

“ငါတို့ဆရာရဲ့ ပုံရိပ်နှင့် စိတ်နေစိတ်ထားက အရမ်းကောင်းတာပဲ”

လီဇီချီက ပြုံးရင်းပြောသည်။

ဆွန်းမို၏ ခန္ဓာကိုယ်ပေါ်က အပြာရောင်ဝတ်ရုံနှင့် အရမ်းကို လိုက်ဖက်လှပြီး တက်ကြွလန်းဆန်းနေသော ပုံပေါက်နေ ပါသည်။ နွေရာသီထဲမှာ လေအေး တိုက်လိုက် သလိုပါပဲ။

"ဆရာ ကြိုးစားထား"

ချီရှန်ကျားကတော့ စိတ်ထဲကနေ အားပေးနေသည်။ သို့သော်လည်း စိတ်ထဲက သူ့စကားများဆုံးသွားသည့် အချိန်တွင် စူးရှသောအသံနှင့် စကားများက

ဆွန်းမိုစကားပြောနေတာကို အနေ့ှာက်အယှက် ပေးလာသည်။

"ဆရာဆွန်း နောက်ကျနေပြီ"

ဟာ

လူအားလုံးက အသံထွက်လာသည့် စာသင်ခန်း ဘယ်ဘက်ခြမ်းကို လှမ်းကြည့်လိုက်သည်။

ဇောင်ယန်က ပြုံးပြုံးစစ မျက်နှာပေးနှင့် သူ့ကို အာရုံစိုက်ပြီး ကြည့်နေတာကို သဘောကျကာ "ဆရာ နောက်ကျနေပြီ"

“မဟုတ်သေးဘူး၊ မဟုတ်သေးဘူး။ ဒီဓောင်ယန်က တကယ်ကို ပြဿနာရှာနေတာပဲ”

ချီရှန်ကျား စိတ်ပူသွားသည်။

အစမ်းခန့်ဆရာတချို့နှင့် အထူးသဖြင့် အနောက်တန်းတွင် ပုန်းနေသော ကျန်းရှန်ကတော့ ဝမ်းသာနေသည်။ ဓောင်ယန်ကို ခုန်ထကာ လက်ခုပ်တီးပြီး အားတောင် ပေးလိုက်ချင်သေးသည်။

ဆွန်းမိုက ခေါင်းကို နည်းနည်းလှည့်ကာ ကြည့်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖောင်ယန်၊ အသက် ၁၆နှစ် ဝိညာဉ်ပြုပြင်ခြင်း အဆင့်ကျင့်ကြံသူ၊ စုံမှတ် ခြောက်ခုဖွင့်ပြီး။

ကြံ့ခိုင်မှု -၁၁- လုံလောက်အောင် အသုံးပြုပါက စက်ဘီးတောင် မလိုပါ။

ဉာဏ်ရည် - ၁၃- လိမ္မာပါးနပ်သော ဉာဏ်ရည်နှင့် ပြည့်စုံသော်လည်း မှန်ကန်သော နေရာများတွင် အသုံးမချဘဲ လူတွေကို ဒုက္ခပေးသော နေရာတွင် အသုံးချနေသည်။

သွက်လက်ခြင်း - အရှိန်က အားကောင်းသော်လည်း အသုံးမကျပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆန္ဒ - ၁၀- ကြောက်စရာကောင်းသည်။

ခံနိုင်ရည် - ၈- ယဉ်ကျေးမှုကို နားမလည်ပဲ သူတစ်ပါး နာမည်ပျက်အောင် လုပ်ရတာကို သဘောကျသည်။

....

အလားအလာ - ပျမ်းမျှ။

မှတ်ချက် ။ မောက်မာပြီး မာနကြီးသည်။ သူသည် အခြားသူများကို အနိုင်ကျင့်ပြီး လူများကို အပျော်သဘောနှင့် လှည့်စား အရှက်ခွဲရတာကို သဘောကျသည်။ နည်းနည်း မိုက်ရိုင်းသည်။

စနစ်၏ အကဲဖြတ်မှုကိုကြည့်ကာ ဆွန်းမိုလည်း ဇောင်ယန်၏ စိတ်ဓါတ်ကို နားလည်သွားသည်။

ကျောင်းတစ်ကျောင်းတွင် ဆိုးသောကလေးများက အမြဲရှိကြသည်။ ဇောင်ယန်လိုမျိုး ကျောင်းသားများသည် အခြားသူများကို အနိုင်ကျင့်ကာ စိတ်လှုပ်ရှားမှုကို ရရှိအောင် ကြိုးစားတတ်ကြသည်။

လူတိုင်း၏ အကြည့်က ဆွန်းမိုဆီကို ပြန်ရောက်သွားပြီး ဆွန်းမိုက ဘယ်လို ဖြေမလဲ ဆိုတာကို စောင့်ကြည့်နေကြသည်။

"ဒါက ငါ့ပါရမီပဲ "

ဆွန်းမိုက ပြောလိုက်သည်။

ထိုစကားကို ကြားလိုက်ရင် တစ်ခန်းလုံးသည် အပူပိုင်းဒေသက ဟာရီကိန်း မုန်တိုင်းတိုက်ခိုက်သလို လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ လူတိုင်းလဲ အံ့ဩနေကြသည်။

"ဆွန်းမို ရူးနေတာလား"

လိုဒီလည်း ကြောင်သွားသည်။ ဘာလို့ဒီစကားကို ပြောတာလည်း။ ထင်ထားသည့်အတိုင်းပဲ

ကျောင်းသားတချို့၏ အော်ဟစ်နေသံများကို ကြားနေရသည်။

"ဒီဆရာက ဘယ်လောက် အထင်ကြီးနေတာလဲ"

"သူ့ကိုယ်သူ တော်တော်ပြည့်ဝနေပြီလို့ ထင်နေတာလား"

"သူ့ရဲ့ တုန့်ပြန်မှုက ကြောက်စရာကြီး"

စာသင်ခန်းတစ်ခုလုံး ဆူညံနေသည်။

"အမ်"

ဂျိမ်ဂျဲကတော့ ဆွန်းမိုတစ်ယောက် နောက်ထပ်ဘယ်လို ထပ်ပြီးတုန့်ပြန်မလဲ ဆိုတာကို အလွန်သိချင်နေသည်။

ဖန်ဇိုဝမ်က ရယ်မောနေသည်။ ဆွန်းမိုကို ဒုက္ခပေးဖို့ သူတောင် မလိုပါဘူး။ ဆွန်းမိုက သူ့ဒုက္ခသူ ရှာနေသည်။

"ဒီကောင် တမင်သက်သက် လုပ်နေတာ" ချီရွှန်ကျားက ဖောင်ယန်ကို ဒေါသတကြီး စိုက်ကြည့်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗဟိုပြည်နယ်အကယ်ဒမီက တချို့ဆရာများသည် အတန်းမစခင် မိနစ်အနည်းငယ်ကြိုလာ တတ်ကြသည်။ သူတို့သည် အချိန်တိကျသည့် နာမည်ကောင်းကို လိုချင်ကြသည်။ တခြားသူများကတော့ ခေါင်းလောင်းမြည်အောင် စောင့်ပြီး ကျောင်းသားများ ငြိမ်သွားသည့်အချိန် တစ်မိနစ်နှစ်မိနစ်လောက်နေမှ စာသင်ခန်းကို ဝင်တတ်ကြသည်။

ဆွန်းမိုသည် စက္ကန့်ပိုင်းမျှ သာနောက်ကျသည်။ ဒါကို နောက်ကျတယ်လို့တောင်ပြောလို့ မရပါဘူး။

ကျောင်းသားအသစ်များက အခြေအနေကို နားမလည်ကြသော်လည်း ဆရာများကတော့ နားလည်သည်။ ဒါက ဆွန်းမို၏ စင်မြင့်ဖြစ်သည်။ ဒါကြောင့် မကူညီကြပါ။

“အစ်မကြီး မင်းငါ့ကို ဒီလိုမြင်ကွင်း ကြည့်စေချင်တာလား”

ကျုံလင်က အန်ရှီဝေ ဘေးတွင် ထိုင်နေကာ ပေါ့ပေါ့ပါးပါး ရယ်ပြီးပြောလိုက်သည်။ သူမကိုသာ အစ်မကြီးက ဆွဲမခေါ်လာခဲ့ရင် ဒီကိုလာပြီး သက်သက်အချိန် မဖြုန်းချင်ပါ။

"တိတ်တိတ်လေးနေပါ"

အန်ရှီဝေက ညွှန်ကြားလိုက်သည်။ သူမသည် ဆွန်းမိုကို ကြည့်ကာ ပိုပြီး သိချင်လာသည်။ ဆွန်းမိုက ဘယ်လိုတုံ့ပြန်မလဲဆိုတာ သူမ သိချင်နေသည်။

ကျောင်းမှာ ဆရာတွေ တစ်မိနစ်၊ နှစ်မိနစ်လောက် နောက်ကျတာက ပြဿနာတော့မဟုတ်ပါ။ ဒါပေမယ့်လည်း ဇောင်ယန်က မေးခွန်းထုတ်လိုက်သဖြင့် ဆွန်းမိုက ရှင်းပြရမည်။

သူ၏ ပထမဆုံး လူထုဟောပြောပွဲမှာ တောင်းပန်လိုက်မည်ဆိုပါက သူ့နာမည်ကို

ထိခိုက်သွားမည်။ နောင်တစ်ချိန်တွင် ပျံ့နှံ့သွားပါက သူ၏ဂုဏ်သိက္ခာကို ဆိုးဆိုးဝါးဝါး ထိခိုက်သွားနိုင်သည်။ နောက်ဆုံးကျရင် အချိန်မလေးစားတတ်သည့် ဆရာတစ်ယောက် ဖြစ်သွားမည်။

“မတောင်းပန်ရင်လဲ” ဖောင်ယန်က သူ့အမှားကိုတောင် ဝန်မခံတတ်ဘူးဆိုပြီး ဆွန်းမို၏ ကိုယ်ကျင့်တရားကို ဆက်ကာဆက်ကာ မေးခွန်းထုတ်နေနိုင်သည်။ ဖောင်ယန်သည် ဆွန်းမို၏ အလုပ်ကျင့်ဝတ်ကိုပင် မေးခွန်းထုတ်နိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီကိစ္စသာ ပြန့်သွားပါက ဆွန်းမိုသည် အလုပ်ကျင့်ဝတ် ကင်းမဲ့နေသော ဆရာတစ်ယောက်လို့ ကျောင်းသားတွေက မြင်သွားနိုင်သည်။ နောက်ဆိုရင် သူ့၏လုထုပြောပြောပွဲကို ဘယ်သူမှ မတက်ဘဲ ဖြစ်သွားနိုင်သည်။

အမြဲနောက်ကျတတ်သည့် ဆရာကို ဘယ်ကျောင်းသားမှ မလိုချင်ကြပါ။ ဒါက အမှန်တရား ဖြစ်သည်။

ဆွန်းမိုက ဒီလိုပြန်ပြီး တုံ့ပြန်လိုက်လိမ့်မယ်လို့ အန်ရှီဝေ မတွေးထားခဲ့မိပါ။ ဒါကလည်း သူ့ကိုယ်ရည်ကိုယ်သွေးကို ပြနေခြင်း ဖြစ်သည်။

"မင်းက ပါရမီရှင်လို့ ပြောလိုက်တာလား"

ဇောင်ယန်က အပြစ်ကင်းသည့် အမူအရာဖြင့် မေးလိုက်ပြီး စာသင်ခန်းထဲက အာရုံကို ရယူလိုက်သည်။

ဆရာများ အားလုံးကလည်း ဆွန်းမို ဘယ်လို ထပ်ပြီးဖြေလိုက်မလဲဆိုတာကို သိချင်နေကြသည်။

သူတို့ကိုယ်တိုင်ဆိုလဲ ဇောင်ယန်ရဲ့ မေးခွန်းက ဖြေဖို့ ခက်လှသည်။

လီဇီချီ၏ နှလုံးခုန်သံ မြန်လာသည်။ တကယ်လို့ ဆွန်းမိုက "ငါဟုတ်တယ်" လို့ ဖြေလိုက်ရင် နာမည်ပျက်သွားမှာ သေချာနေသည်။

ဇောင်ယန်ကထပ်ပြီး ဒီလောက်အရည်ချင်းရှိနေလည်း ဘာလို့ နာမည်ကျော်ကျောင်းကို ဝင်ခွင့် မရတာလည်းဆိုပြီး ဆက်မေးခွန်း ထုတ်နိုင်သည်။

ဒီလိုအမေးခံလိုက်ရပါက ပြင်းထန်လွန်းသဖြင့် ဆွန်းမို သွေးအန် သွားနိုင်သည်။

တစ်ကယ်လို့ ဆွန်းမိုက "ငါမဟုတ်ဘူးလို့" ဖြေလိုက်ရင်လည်း အရင်ကအဖြေနှင့် ဆန့်ကျင်ဘက် ဖြစ်သွားမည်။ ဒါဆိုဇောင်ယန်က အရည်အချင်းမရှိဘဲ ဘာလို့နောက်ကျတာလည်း ဆိုပြီး ဆက်ကာ မေးနိုင်သည်။

လီဇီချီက ဆွန်းမိုအတွက် အဖြေကို ဦးနှောက်တဆက်ဆက် တုန်နေအောင် စဉ်းစားနေသည့်အချိန်တွင် တစ်ယောက်ယောက်က

သူမအဝတ်အစားကို လာဆွဲနေသည်။ သူမလှည့်ကြည့်လိုက်တော့ လုချီဟွာက စိုးရိမ်နေသည့် မျက်နှာနှင့် ကြည့်နေသည်။

"ငါက အခုဆို အသက်နှစ်ဆယ်ရှိပြီ။ ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတစ်ယောက်လဲ ဖြစ်နေပြီ"

ဆွန်းမိုက ဘယ်သူမှ မထင်ထားသည့် ပုံစံနှင့် တုံ့ပြန်လိုက်သည်။ သူသည် တစ်ချက်တောင် စိုးရိမ်စိတ်မရှိပါ။ သူ့ကိုကြည့်ရတာ အရသာရှိသော ပန်ကိတ်ကို စားရင်း နွေရာသီ၏ နေဝင်ချိန်အလှကို

အေးအေးလူလူ ထိုင်ခံစားနေသည့် လူတစ်ယောက် လိုပါပဲ။

“ဟားဟား၊ ဒါက မင်းရဲ့ပါရမီလား။ ငါသာဆိုရင် အသက်နှစ်ဆယ်မှာ ဂျိရှာသင်ကြားရေးနန်းတော် ၊ဒါမှ မဟုတ်ရင်လဲ ဆန်းကြယ်ကောင်းကင် အကယ်ဒမီမှာ ဆရာတောင် ဖြစ်နေနိုင်တယ်။ ငါ့ရဲ့ အောင်မြင်မှုက မင်းထက် ပိုမြင့်မားမှာ သေချာတယ်”

ဇောင်ယန်က လှောင်ကာ ပြောလိုက်တယ်။ မလုပ်နိုင်ဘူးဆိုတာ သူသိပေမယ့် ဘယ်သူမှလည်း

မေးခွန်းမထုတ်ရဲဘူးဆိုတာ သူသိသည်။ ပြီးတော့ ဒါက အနာဂတ်ကျမှ ဖြစ်လာမည့် ကိစ္စဖြစ်သည်။

“ဟုတ်လို့လား”

ဆွန်းမိုက ရယ်ရင်းမေးလိုက်သည်။ “ငါက မင်းအသက်အရွယ်မှာဆိုရင် ဝိညာဉ်ပြုပြင်ခြင်းအဆင့်ကို ကျော်ပြီး ဆုံမှတ် ၂၆ ခုတောင် ဖွင့်ပြီးပြီ။ ပြင်းထန်မိုးရေ ဓါးသိုင်းကိုလဲ ကျွမ်းကျင်နေပြီ။ ကိုယ်တိုင်သင်ကြားခြင်း မြတ်ဆရာအရှိန်အဝါကိုလဲ ရနေပြီး

ဆရာတစ်ယောက်ဖြစ်လာဖို့ အလားအလာတောင်ရှိနေပြီ၊ မင်းကရောဘယ်လိုလဲ”

ဖောင်ယန် ရုတ်တရုတ် စကားမပြောနိုင်ဖြစ်သွားသည်။

အခန်း(၇၇) - ဒါက ငါ့ရဲ့စင်။

စာသင်ခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပြီး ပြတင်းပေါက်အပြင်ဘက်ရှိ သစ်ပင်များပေါ်က ပုစဉ်းရင်ကွဲများ၏ တွားသွားသံများကိုပင် ကြားနေရသည်။

ဆန်းမိုသည် စင်မြင့်ပေါ်တွင် ရပ်နေကာ ခေါင်ယန်ကို တည့်တည့်စိုက်ကြည့်ရင်း မေးဆက်ပြီး မေးပါအုံးဆိုသည့် အမူအရာကို လုပ်ပြလိုက်သည်။

ဇောင်ယန်သည် ရှက်ပြီး သေချင်စိတ်တောင် ပေါက်လာသည်။ ဆွန်းမိုကို ဘယ်လိုဆက်ပြီး မေးခွန်း မေးရမှာလဲ။

ဘာကြောင့်ဆို သူတို့နှစ်ယောက်လုံး အသက်ဆယ့်ခြောက်နှစ်အရွယ်တွင် အောင်မြင်ခဲ့သည့် တခြားအရာတွေ ထားလိုက်ပါအုံး သူတို့ရောက်ရှိနေသော ကျင့်ကြံခြင်းအဆင့်ပင် ကွာခြားနေပါပြီ။ ဇောင်ယန်သည် ဆွန်းမိုနှင့် နှိုင်းယှဉ်လိုက်ပါက သူ၏အောင်မြင်မှုက ထုတ်ပြောဖို့တောင် မတန်တော့ပါဘူး။

"ဘယ်လောက်တောင် ကောင်းလိုက်သလဲ"

ဆွန်းမို၏ တန်ပြန်တိုက်စစ်သည် ပြင်းထန်လွန်းသဖြင့် ဂျိမဲဂျဲက လက်ခုပ်တီးပြီး အားပေးချင်လာသည်။

ဂျိမဲဂျဲသည် အနောက်ဖက်တွင် ရောက်နေသောကြောင့် ဧောင်ယန်၏မျက်နှာကို မမြင်ရသော်လည်း ဒီကောင့်မျက်နှာ ဝမ်းချုပ်နေသလို ဖြစ်နေမှာကိုတော့ ခန့်မှန်းနိုင်သည်။

"ဒါပေမယ့် ဧောင်ယန်က သူ့ထက်နိမ့်ကျတယ်ဆိုတာကို ဘယ်လိုသိတာလဲ။

တကယ်လို့များ ဓောင်ယန်၏ အရည်ချင်းက သူ့ထက်သာနေရင် ဘယ်လိုလုပ်မလဲ။ ဒါဆိုရင်သူ၏ တန်ပြန်တိုက်စစ်သည် အသုံးမဝင်တော့ဘဲ သူတောင် ဆက်တိုက်ဆိုသလို အတိုက်ခံလိုက် ရနိုင်သည်” ဂျိမ်ဂျဲသည် ခဏလောက်ကြာတော့ ဓောင်ယန်က ပြဿနာရှာတတ်သောကျောင်းသားဖြစ်ပြီး ကျင့်ကြံခြင်းကို ဝါသနာ မပါနိုင်တာကို စဉ်းစား လိုက်မိသည်။ ဒါကြောင့်လည်း သူ့အောင်မြင်မှုက ဆိုးဝါးနေသည်။

ဒါပေမယ့် ဒါကလည်း ဖြစ်စဉ် အမှန်မဟုတ်ပါ။ ဆွန်းမိုက နတ်ဘုရားမျက်စိကိုသုံးပြီး ဇောင်ယန်၏ အချက်အလက်များကို သိရှိနေခဲ့သည်။

ဇောင်ယန်၏ အနားတွင် လူဆိုးကောင်လေးများတစ်ဖွဲ့သည် ရက်စက်သည့် အပြုံးများ ပြုံးနေခဲ့ကြသည်။ သူတို့က ဆွန်းမို ဘယ်လိုအရှုံးဖြစ်သွားမလဲ ဆိုတာကို စောင့်ကြည့် နေခဲ့ကြသည်။

ဇောင်ယန်သည် ချင်လင်မြို့သူဌေးကြီးတစ်ဦး၏ အချစ်ဆုံးသားဖြစ်ကာ ငယ်စဉ်ကတည်းက

မြှောက်ပင့်မှုကိုခံခဲ့ရပြီး သူတစ်ပါးကို အပြစ်ရှာကာ အရှက်ခွဲရတာကို သဘောကျလာခဲ့သည်။

ဇောင်ယန်သည် လူဆိုးတစ်ယောက်ဖြစ်သော်လည်း မာနကြီးသောသူတစ်ယောက် ဖြစ်သည်။ သူ၏လှည့်ကွက်များကြောင့်လည်း ဆရာများသည် အခက်တွေ့ကာ စကားမပြောနိုင်သော ခါးသီးမှုများကို တွေ့ကြုံနေရသည်။

ဒီနေ့တော့ ဆွန်းမို၏ ပထမဆုံးလူထုဟောပြောပွဲတွင် ဇောင်ယန်က

ပွဲဦးထွက်ကို ဖျက်ဆီးပြီး တစ်သက်တာမမေ့နိုင်သည့် အမှတ်တရတစ်ခုကို ပေးချင်ခဲ့သည်။ ဒါပေမယ့် အခုတော့ သူသာ ရှုံးနိမ့်မှုတွေနဲ့ တွေ့ကြုံသွားရသည်။

လူဆိုးလေးတွေလည်း မရယ်နိုင်ကြတော့ပါဘူး။

"ထိုင်စမ်းပါ"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"အ အင်း"

ဇောင်ယန်လည်း ထိုင်ချလိုက်ကာ လက်နှစ်ဖက်ကို တင်းတင်းကြပ်ကြပ် ဖက်ထားရင်း သူ့အရှေ့က ကြမ်းပြင်ကိုသာ စိုက်ကြည့်နေသည်။

သူကသာ တစ်ပါးသူ၏ အားနည်းချက်ကို ပက်ပက်စက်စက် ဝေဖန်ပြီး လှောင်ပြောင်ခဲ့ဖူးသည်။ တစ်ခါမှ ဒီလို မခံခဲ့ ဖူးပါဘူး။

ဒါဟာတကယ်ကို ပထမဆုံးအကြိမ်ပါ။

ထို့အပြင် ဆရာခူလျိုရန်က ဆွန်းမိုကို အဆုံးသတ်ရန် အရိပ်အမြွက် ပြောခဲ့သည်။ ဒီကိစ္စကိုသာ ကောင်းကောင်း မကိုင်တွယ်နိုင်ခဲ့ရင် သူလဲ ပါသွားနိုင်သည်။ မဟုတ်ဘူး၊ မဖြစ်ရဘူး။ သူတခြား နည်းဗျူဟာကို စဉ်းစားရမည်။

"ဆရာဆွန်းကတော့ အံ့မခန်းပဲ"

ချီရွှန်ကျားသည် အလွန်စိတ်လှုပ်ရှားနေသည်။ ဆရာဆွန်းက အမှားရှာသူကြီးကို တကယ် အနိုင်ယူသွားခဲ့သည်။

ဒင်

ချီရွှန်ကျား၏ လေးစားအထင်ကြီးမှု +၁၅

ချီရွှန်ကျားနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး (၄၂၈/၁၀၀၀)

"ဆရာ လုပ်နိုင်သွားပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာလည်း လီဇီချီ၏ အဝတ်စကို တင်းတင်းဆုပ်ကိုင်ထားပြီး စိတ်လှုပ်ရှားကာ ပါးပြင်များ နီရဲနေသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု - +၁၀

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး (၂၅၃/၁၀၀၀)

"စိတ်ရှုပ်မခံနဲ့"

လီဇီချီလည်း ဆွန်းမ၏ အခြေအနေကို ပြေလည်အောင် ကူညီပေးနိုင်ရန် သူမဦးနှောက်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြစ်ညှစ်စဉ်းစားနေခဲ့တယ် ဆိုတာကိုတောင် မေ့သွားသည်။

အကြောင်းကြားချက် နှစ်ခုကိုရပြီးနောက် ဆွန်းမိုလည်း ဆွံ့အသွားသည်။ (ရိုးသားတဲ့ကောင်လေးနှင့် သဘော်သီးမိန်ကလေးက အမှတ်ထုတ်နှုန်း တော်တော်မြင့်လွန်းနေသည်။ ငါက စောက်ပြစ် ပြန်ရှာရုံ သက်သက်ပဲလေ။ ဘာလို့ ဒီလောက်လေးစားနေရတာလဲ)

ဒါပေမယ့် သူတို့က လေးစားအထင်ကြီးမှု အမှတ်အများကြီး ထောက်ပံ့ပေးခဲ့သည်။ လူတွေက နားမလည်နိုင်ရင် ပိုအထင်ကြီးလေ ပါလား။

လူတိုင်းက စာသင်ခန်းထဲတွင် ပုံမှန်အခြေအနေကို ပြန်ရောက်ပြီလို့ တွေးလိုက်သည့်အခါ ဆရာတစ်ယောက်က ဆွန်းမိုကို ရုတ်တရက် ထမေးလိုက်သည်။

"ငါက မင်းအသက်အရွယ်မှာ ဝိညာဉ်ပြုပြင်ခြင်းအဆင့်ကို ရောက်နေပြီး ဆုံမှတ် ၃၁ခုကိုလည်း ဖွင့်နိုင်ခဲ့တယ်"

ရွှတ်စ်

လူတိုင်းက ဝိုင်းကြည့်လိုက်ကြသည်။

ဖန်ချင်က မောက်မာစွာကြည့်ပြီး မေးနေသည်။ (ကျောင်းအုပ်ကြီးအန်နှင့် စေ့စပ်ထားလည်း ဘာဖြစ်လဲ။ မင်းရဲ့အတွင်းစိတ် အခြေအနေကို ဖြို့ခွဲပြီး မင်းကိုရက်ရက်စက်စက် ချနင်းပြမယ်)

ဆွန်းမိုကတော့ စိတ်မပူဘဲ နတ်ဘုရားမျက်စိနဲ့ လှမ်းကြည့်လိုက်သည်။

ဖန်ချင် - အသက် (၃၅)နှစ် အတွေ့အကြုံရှိသောဆရာ ဖြစ်သော်လည်း ကြယ်ပွင့် အဆင့်ကို မရရှိခဲ့ပါ။

ကြံ့ခိုင်မှု - ၂၃ - အလယ်အလတ်။

....

အလားအလာ - ပျမ်းမျှ။

မှတ်ချက် - သူက သူ့ကိုယ်သူ ယုံကြည်မှု အားနည်းနေသည်။ အသက် ၂၅ နှစ်ကတည်းက ကျင့်ကြံမှု အဆင့် မတိုးတက်တော့ပါ။ အနာဂတ်တွင် ထပ်ပြီး အောင်မြင်မှုတွေကို ရဖို့ မဖြစ်နိုင်တော့ပါ။

ဆွန်းမိုက ကြည့်လိုက်ပြီး လိုအပ်သည့် အချက်အလက်များကို မြန်မြန်မှတ်ထားလိုက်သည်။

"အို ဟုတ်ပြီ အဲဒီအချိန်တုန်းက ငါလဲ ပြင်းထန်မိုး ခါးကျင့်စဉ်ကို ကျင့်ကြံနေပြီး ဆရာက သူ့ဆီမှာ ကျင့်ကြံဖို့တောင် မလိုတော့ဘူးလို့ ပြောခဲ့တယ်။ ဒါပေမယ့်လဲ ငါကကံကောင်းပြီး မြေကြီးအဆင့် ကျင့်ကြံခြင်း ကျင့်စဉ်တစ်ခုကို ရခဲ့တယ်"

ဖန်ချင်က နှုတ်ခမ်းထောင့်တွင် ပြုံးနေပြီး မောက်မာသည့် အသံနှင့် ပြောလိုက်သည်။

ဆွန်းမိုက ရယ်လိုက်ပြီး " အို ဟုတ်လား။ ဒါဆို အသက်နှစ်ဆယ်တုန်းကရော ဘယ်လိုလဲ"

"ဟားဟား ကျောင်းအုပ်ဆရာကြီး ကျန်ဟန်ဖူ ကိုယ်တိုင် ဖိတ်ခေါ်ခဲ့တယ်"

ဖန်ချင်က ကျေနပ်နေသည့် မျက်နှာနှင့် ပြောလိုက်သည်။

"ဒါဆိုရင် မင်း အဲဒီအချိန်မှာ တရားဝင် အလုပ်ဝင်ရပြီလား"

ဆွန်းမိုက ဆက်ပြီးမေးလိုက်သည်။

"အဲ"

ဒီတစ်ကြိမ်တော့ ဖန်ချင်၏အပြုံးများ ပျောက်ကွယ်သွားသည်။

တကယ်လည်း သူ တရားဝင်ဆရာ မဖြစ်ခဲ့ပါဘူး။ အစမ်းခန့်ဆရာအားလုံးသည် အလုပ်သင်ကာလကို တစ်နှစ်ဖြတ်သန်းရသည်။ ဖန်ချင်၏ အရည်အချင်းက ကောင်းတယ်ဆိုပေမဲ့လည်း သူ့အတွက် ခြွင်းချက်ပေးရလောက်အောင် အထိတော့ မထူးချွန်ပါ။

"မင်းရဲ့ ပုံစံကိုကြည့်ရတာ မလုပ်နိုင်ခဲ့ဘူးနဲ့ တူတယ်"

ဆွန်းမိုက ရယ်ရင်းပြောလိုက်သည်။ "အင်း..၊ ငါကတော့ အခုဒီမှာ တရားဝင် ဆရာဖြစ်နေပြီ မင်းကို အလုပ်ခန့်စာ ပြပေးရမလား"

'မင်း.....'

ဖန်ချင် ဒေါသအရမ်းထွက်နေပြီး ရင်ဘက်များ မြင့်တုံ နိမ့်တုံ ဖြစ်နေသည်။ ကံကောင်းတာက သူသည် ဖြတ်ထိုးဉာဏ်ကောင်းပြီး ဆက်လက်ငြင်းခုံဖို့ စကားများကို စဉ်းစား နိုင်လိုက်သည်။

“ မင်းတို့တွေပဲ ကံကောင်းပါတယ်ကွာ။ ငါတို့တုန်းက ဒီလိုမျိုး ကျောင်းသားတွေကို ခေါ်နိုင်ရင် အလုပ်ရမယ့် အခွင့်အရေး မရှိခဲ့ဘူး”

“ကံကောင်းတယ်”

ဆွန်းမို၏ လေသံ တင်းမာလာသည်။

“ငါတို့ အသုတ်မှာ အစမ်းခန့်ဆရာ စုစုပေါင်း ၂၀၀ ကျော်တယ်။ နောက်ဆုံးမှာ ၄ယောက်ပဲ အောင်မြင်ခဲ့တယ်”

“ လူပေါင်း ၂၀၀ကျော် ပါတဲ့ စမ်းသပ်မှုတစ်ခုမှာ အောင်မြင်တာ အရေးမပါဘူးလား။ မင်းမျက်လုံး

တွေကို ဖွင့်ကြည့်လိုက် ငါနဲ့တစ်ဖွဲ့တည်းဖြစ်တဲ့ ကျန်းလန်နဲ့ ဝေါင်ပန်တို့လဲ ရှိသေးတယ်။ သူတို့ နှစ်ယောက်လုံးက နာမည်ကျော်ကျောင်းက ဘွဲ့ရတွေဘဲ။ ပြီးတော့ ကူရှုပ်ရှင်း သူမလဲ မရီဒန် အကယ်ဒမီက ဂုဏ်ထူးဆောင်ဘွဲ့ရပဲ။ မင်းပြော ပုံအရ ငါကတော်ရုံတန်ရုံဆိုရင် သူတို့လဲ အတူတူဘဲ မဟုတ်လား။ အဲဒီတော့ အရှုံးသမား ၂၀၀ကျော်က မင်းပြောတဲ့ ပုံအရဆိုရင် စောက်သုံးကို မကျဘူးပေါ့”

“ပြီးတော့ မင်းက ငါ့ရဲ့အရည်ချင်းကို မေးခွန်းထုတ်တယ်ဆိုတော့လဲ ပြောပြရတာပေါ့

ကျောင်းသားစုဆောင်းရေးပွဲမှာ ချင်ဖန်ကိုလဲ အနိုင်ယူခဲ့တယ်”

“ချင်ဖန်ဆိုတာ ဘယ်သူလဲ ဂျိရှားသင်ကြား ရေးနန်းတော်က ဘွဲ့ရတစ်ယောက်ဘဲ။ ကျောင်းအုပ်ကြီးကိုယ်တိုင် သူ့ကို ခေါ်ခဲ့တာ။ သူ့ကိုရော အသုံးမကျတဲ့သူလို့ မင်းထင်လား”

ဆွန်းမိုက ဒီလူ သနားစရာ ကောင်းသွားလောက်အောင်ကို မေးခွန်း အဆက်မပြတ်မေးလိုက်သည်။

“မဟုတ်ဘူး။ ငါဆိုလိုတာ ဒီလို မဟုတ်ဘူး”

ဖန်ချင်သည် ကြိုးစားပြီး ရှင်းပြချင်သော်လဲ ဘယ်ကစပြောရမလည်း မသိဖြစ်နေသည်။ သူသည် စိတ်ရှုပ်နေပြီး ဆွန်းမိုကို ဘယ်လိုပြန်ပြီး အပြစ်တင်ရမလည်းဆိုတာ အကြောင်းပြချက်ရှာမရ ဖြစ်နေသည်။

"ဒါဆို ဘာကို ပြောချင်တာလဲ"

ဆွန်းမိုက ချက်ခြင်းပြန်မေးလိုက်သည်။

"အနောက်ပေါက်ကနေ လက်ဆောင်ပေးပြီး ငါတို့ဝင်ရမလား။ အဆက်အသွယ်ကို အသုံးပြုပြီး

ငါတို့ တင်ပါးကို ရောင်းပြီး အလုပ်ခန့်စာရနိုင်မလား။ စဉ်းစားနော် ငါတို့ကမိန်းကလေး မဟုတ်ဘူး"

ဆွန်းမို၏ ရယ်စရာကောင်းသော စကားများကြောင့် ကျောင်းသားနဲ့ ဆရာအများအပြား ရယ်လိုက်ကြသည်။ ဒါပေမယ့်လည်း ရယ်လိုက်ပြီးမှ ဆွန်းမိုတွင် ဆရာတစ်ယောက် ဖြစ်လာဖို့ အရည်အချင်း ရှိတယ်ဆိုတာ သတိထားလိုက်မိကြသည်။

"ဘယ်လောက်ကြောက်ဖို့ကောင်းတဲ့ စကားတွေလဲ"

ကူရှုပ်ရှင်း ခေါင်းခါလိုက်မိသည်။ ဖန်ချင်သည် ဒီအသက်အရွယ်တောင်ရောက်နေပြီး အများကြီး မအောင်မြင်တာလည်း မထူးဆန်းတော့ပါဘူး။ ဆရာတစ်ယောက် အနေနဲ့ သူ့မှာ ထူးချွန်သည့် စကားပြော စွမ်းရည်တောင် မရှိပါဘူး။ ဟောပြောပွဲတွေကို လိုက်လျောညီထွေဖြစ်အောင် ဘယ်လို လုပ်မလဲ။

ဖန်ချင်သည် စိတ်ထဲကနေ ဆက်တိုက် ကျန်ဟန်ဖူကို ကျိန်ဆဲနေသည်။ ဒါပေမယ့်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက စကားပြောတော်တော်ကောင်းတယ်ဆိုတာတော့ လက်ခံလိုက်ရသည်။

" ကောင်းပြီ မင်းအခုထိုင်လို့ရပြီ"

ဖန်ချင်လည်း မျက်စိပျက်မျက်နှာပျက်နှင့် ထိုင်ခုံပေါ် ပြန်ထိုင်ချလိုက်သည်။

အမှန်တိုင်းပြောရရင် မျက်နှာကိုတောင် ခွာချထားချင်သည်။ သူ့အားဝေဖန်နေကြသည့် ပတ်ဝန်းကျင်က ကျောင်းသားများ၏ စကားကို ကြားရရင် သတ်သေချင်စိတ်တောင် ပေါက်လာသည်။

ဒါပေမယ့်လည်း မတတ်နိုင်ပါ။ သူ နောက်ဆုတ်လိုက်ပြီး အခွင့်အရေးကိုပဲ စောင့်နေရတော့မည်။ မဟုတ်ပါက ဆွန်းမိုအတွက် အနင်းခံ ကျောက်တုံးတစ်တုံး ဖြစ်တော့မည်။

ကျောင်းသားများကတော့ တိုးတိုး၊ တိုးတိုးနှင့် ပြောနေကြသည်။

ရောက်နေကြသည့် အစမ်းခန့်ဆရာများလည်း အရှုံးသမားဆိုသည့် စကားကြောင့် ရှက်နေကြသည်။

ဖောင်း ဖောင်း ဖောင်း

ရတ်တရတ် လက်ခုပ်သံ ထွက်လာသည်။

ဖန်ချင် ဒေါသတကြီးဖြစ်လာသည်။ (ငါ့မျက်နှာကို ဖြတ်ရိုက်ချင်နေတာလား။) ဒါပေမယ့် သူလှည့်ကြည့်လိုက်ရင် မျက်နှာတောင့်သွားသည်။

လက်ခုပ်တီးအားပေးနေသည့်သူမှာ ကြယ်သုံးပွင့် မြတ်ဆရာ ဂျိမ်ဂျဲ ဖြစ်နေသည်။ လဖြူရောင် ဝတ်ရုံရှည်သည် ကျောင်းတွင်းရှိ သူမရာထူးနှင့် မြတ်ဆရာအသိုင်းအဝိုင်းကို ကိုယ်စားပြုသည်။

ထိုမြင်ကွင်းကြောင့် ဆရာများလဲ အာရုံပြောင်းသွားပြီး လက်ခုပ်သြဘာသံများ မဆဲနိုင်အောင် ဖြစ်သွားသည်။

ဆွန်းမို၏ ပထမဆုံး လူထုဟောပြောပွဲကို ရောက်လာသည့် ဆရာများအနက် အချို့မှာ ကြားနေများ ဖြစ်ကြသည်။ သူတို့ပျင်းနေသဖြင့် ဒီနေရာကို ရောက်ရှိလာကြသည်။ အန်ရှီဝေနှင့် စေ့စပ်ထားသည့်သူက ဘယ်လိုမျိုးလဲဆိုတာ သိချင်လို့ လာကြည့်ကြသည်။

ထိုအချိန်တွင် တီးလိုက်သည့် လက်ခုပ်သံများက ဆွန်းမို၏ အရည်အချင်းကို အသိအမှတ် ပြုလိုက်တယ်လို့တောင် ယူဆနိုင်သည်။

သူ၏ ဖြတ်ထိုးညာဏ်နှင့် လိုက်လျောညီထွေမှုရှိခြင်း၊ သွက်လက်သော အာဝဇ္ဇာန်ရှင်ခြင်းတို့က ဟန်ဆောင်လို့ မရပါ။ ဒါ့အပြင် ကျောင်းသားများ၏ တုံ့ပြန်သောပုံစံကို ကြည့်လိုက်ရုံဖြင့် ဆွန်းမိုသည် အဖွင့်ပိုင်းကိုတော့ အောင်မြင်သွားပြီလို့ ပြောနိုင်သည်။

"ဘယ်လောက်တောင် ကြောက်ဖို့ကောင်းလိုက်လဲ၊ ဟင်"

ကျန်ရုံနဲက နှုတ်ခမ်းစူပြီး သေသေချာချာ စဉ်းစားနေသည်။ ဆွန်းမိုသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်လျောင်အကယ်ဒမီက ဘွဲ့ရတစ်ယောက်ဖြစ်လို့သာ သူကအန်ရှီဝေနှင့် မထိုက်တန်ဘူးလို့ ပြောနေကြခြင်း ဖြစ်သည်။

အန်ရှီဝေက ဘယ်လိုလူမျိုးလဲ။

သူမသည် နာမည်ကျော်ကျေ◌ျ◌ာင်း ကိုးကျောင်း အနက်က တစ်ကျောင်းဖြစ်သည့် ဆန်းကြယ်ကောင်းကင်အကယ်ဒမီက ဂုဏ်ထူးဆောင် ဘွဲ့ရတစ်ယောက်ဖြစ်ပြီး နှစ်ပေါင်းတစ်ရာတွင် တစ်ယောက်သာတွေ့နိုင်သည့် ပါရမီအရှင်အဖြစ် ကျော်ကြားနေသူ ဖြစ်သည်။

သူမသည် မိန်းမလှလေးများ အဆင့်တွင် အဆင့်(၇) ချိတ်သည့် သူလည်းဖြစ်နေသေးသည်။

တကယ်လို့ ပြည်နယ်ကိုးခုတွင် သူမလိုမျိုး အရည်ချင်းရှိသူကို ရှာဖွေပါက သုံးယောက်ထက် မပိုနိုင်ပါ။

ဒီလိုမျိုး နိုင်ငံသိ၊ ကမ္ဘာသိ ကျော်ကြားသောအမျိုးသမီးနှင့် သာမန်အမျိုးသားတစ်ယောက် ပေါင်းစည်းကြတာကို ဘယ်သူကလက်ခံနိုင်မှာလဲ။

လူတိုင်း၏အမြင်တွင် နာမည်ကြီးအမျိုးသမီးနှင့် စေ့စပ်တဲ့သူသည် ချမ်းသာပြီးသြဇာကြီးသည့် မိသားစုက သားတစ်ယောက်သာ ဖြစ်သင့်သည်။ ဒါမှမဟုတ်ရင်လည်း သူမနှင့် အဆင့်တန်းခြင်းတူပြီး သူမနှင့်သင့်တော်သော လိုက်ဖက်မှုဖြစ်နိုင်ရန် အနည်းဆုံး ကျော်ကြားသော အမျိုးသားတစ်ယောက်တော့ ဖြစ်သင့်သည်။

ဆွန်းမို ဘယ်လိုမျိုး လူလဲ။

ဆွန်းမိုကို မြင်တာနှင့် လူတိုင်းက အခြားအလင်းကို သာမြင်ကြသည်။ သူတို့က သူ၏

အမှားအမျိုးမျိုး အပြစ်အမျိုးမျိုးကိုသာ ရှာဖွေကြမည်။ ဆွန်းမိုကို တစ်ခုတည်းနှင့် မလုံလောက်ဘဲ ပုံကြီးချဲ့ ပြောနေကြမည်။

တကယ်တော့ ဆွန်းမိုသည် အန်ရှိဝေနှင့် မသင့်တော်သော်လည်း တခြားသာမန်သူတွေနှင့် ယှဉ်လိုက်ရင် တော်တော့်ကို တော်တယ်လို့ ပြောနိုင်သည်။ သူသာ တကယ့်ကို အသုံးမကျသည့်သူဖြစ်ခဲ့ရင် ဆွန်လျောင် အကယ်ဒမီကိုတောင် မဝင်နိုင်ပါဘူး။

"တကယ်ကို ကြောက်စရာကောင်းသည့် ငြင်းခုံမှုဘဲ"

ကူရှုပ်ရှင်းသည် ဆွန်းမို၏ ဖြတ်ထိုးဉာဏ်နှင့် လျှင်မြန်သောတုံ့ပြန်မှုကို နည်းနည်းသဘောကျ သွားသည်။ ဆွန်းမိုသည် သူ၏ တန်ဖိုး မြင့်တင်ရန် သူမ၏ဂုဏ်သတင်းကိုတောင် ချေးငှားခဲ့သေးသည်။

"စောက်သုံးကို မကျဘူး"

ကျန်းရှန်ကတော့ ဖန်ချင်ကို ကြည့်ပြီး ဒေါသထွက်နေသည်။ (ဒီကောင် လွန်ခဲ့တဲ့ နှစ်တွေကို ခွေးတစ်ကောင်လို ဖြတ်သန်းခဲ့တာလား။

စကားတိုက်ပွဲမှာ ဆွန်းမိုကို ဘယ်လိုတောင် ရှုံးနိမ့်သွားရတာလဲ)

ဆွန်းမိုက ကေ ျ းဇူးတင်သည့်ပုံစံဖြင့် ဂျိမ်ဂျဲကို ခေါင်ညိတ်ပြလိုက်သည်။ သူ့လုပ်ရပ်က သေးငယ်သောကြောင့် ဘယ်သူကမှ သတိမထားလိုက်မိပါ။ အဲဒီနောက်မှာတော့ ချက်ခြင်းပဲ

“ ဒီကြားဖြတ် အကျဉ်းချုပ်က ပြီးသွားပြီ၊ မိတ်ဆက်အစီအစဉ်ကို ဆက်သွားကြရအောင်”

ဆွန်းမိုသည် မြတ်ဆရာကြီးများက ထရပ်ပြီး သူ့ကိုနှုတ်ဖြင့် စကားထိုးစစ်ဆင်လာမှာကို ကြောက်နေပါသည်။ သူနှင့် အရင်တုန်းက ရန်ဖြစ်ခဲ့ဖူးသည့် ခူလျိုရန်နှင့် ဖန်ဇိုဝမ်လည်း ရှိနေသည်။

ဖန်ချင်နှင့် ယှဉ်လိုက်ပါက ဒီနှစ်ယောက်သည် ဆရာကြီးများ ဖြစ်သည်။

ရိုးသားစွာပြောရရင် သူ၏ မူလကိုယ်ပိုင် အရည်ချင်းသည် ပျမ်းမျှထက် သာလွန်သော်လည်း မဆိုးဘူးလို့သာ သတ်မှတ်နိုင်သည်။ သို့သော်လည်း

ပါရမီရှင်အဆင့်နှင့်တော့ ဝေးလွန်းသည်။ မဟုတ်ခဲ့ပါက ရေနစ်ခါနီး အချိန်မှ 'တန်ဖိုးဖြတ်မရသော အကြံပြုချက် မြတ်ဆရာဝါအရှိန်အဝါကို ဉာဏ်အလင်းရရုံ မျှသာ ရှိခဲ့မည် မဟုတ်ပါ။

စကားစစ်ထိုးတာက ဘာကောင်းကျိုးရှိလို့လဲ။ ဆရာတစ်ယောက်အတွက်အရေးအပါဆုံးက သင်ကြားရေးစွမ်းရည်ပဲ။

ဖန်ချင်လည်း စိတ်ပျက်နေသည်။ ဆွန်းမို၏ စကားပြောစွမ်းရည်ကို ခမ်းနားထည်ဝါသည့်

အလှဆင်မှုလို့သာ သတ်မှတ်နိုင်သည်။ နောက်ဆုံးတော့ ကျောင်းသားတွေကို နည်းပြပေးနိုင်ခြင်း၊ သင်ကြားပေးနိုင်ခြင်း အပေါ်မှာသာ မူတည်သည်။ ကျောင်းသားများသည် ဒီပထမအကြိမ် လှုထုဟောပြောပွဲက တိုးတက်လာသည်ဖြစ်စေ မတိုးတက်လာသည်ဖြစ်စေ ဒါကစာမေးပွဲ စတင်ရုံသာ ရှိသေးသည်။

လီဇီချီ ပတ်ဝန်းကျင်ကို လေ့လာလိုက်ရင် အရင်ကထက် ကျောင်းသားများ ပိုပြီးစိတ်ဝင်စားနေကြတာကို တွေ့လိုက်ရသည်။

အခန်း(၇၈) - ဆရာဆွန်း

ဘယ်လောက်ထူးချွန်လဲဆိုတာ ရှင်တို့

မသိကြသေးပါဘူး။

သင်ခန်းစာ စတင်နေပါပြီ။

ဂေါင်ပန်က သူ့ကိုယ်သူ မိတ်ဆက်လိုက်ပြီး သူဘွဲ့ရထားသည့် ဂျိရှားသင်ကြားရေး နန်းတော်အကြောင်းကို ပြောလိုက်ရင် တစ်ခန်းလုံး ဆူညံသွားသည်။

ငယ်ရွယ်သောကျောင်းသားများက သဘောကျသော အကြည့်တွေနှင့် ကြည့်နေကြတာကို မြင်လိုက်ရင် ဂေါင်ပန်၏ အပြင်ပိုင်းက တည်ငြိမ်နေသော်လည်း ဘဝင်မြင့်သည့်စိတ်များ မြင့်တက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ကျန်ဟန်ဖူ မြင်လား။ ဒါက နာမည်ကျော် ကျောင်းကဘွဲ့ရတစ်ယောက်ရဲ့ လွှမ်းမိုးမှုဘဲ။ ဘာလို့များ ငါ့ကို ဆွန်းမိုနဲ့ ယှဉ်ခိုင်းရတာလဲ မင်းငါ့တန်ဖိုးကိုတောင် နားမလည်သေးဘူး။)

ဂေါင်ပန်သည် တည်ငြိမ်သော်လည်း ကောက်ကျစ်တတ်သည့် စိတ်ထားရှိသည်။ သူ၏ ပြိုင်ဘက်မှာ လျှို့မူဘိုင်နှင့် ကူရှုပ်ရှင်းသာ ဖြစ်သည်။

ဘယ်လိုပဲတွက်ပါစေ။ သူ့ပြိုင်ဘက်က ဆွန်းမိုတော့ မဖြစ်လာနိုင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူအယောက် ၃၀၀လောက်ဆံ့သည့် ဟောခန်းမတွင် လူ၂၀၀ ကျော်လောက် ပြည့်နေသည်။ ဒါကြောင့်လည်း ဂေါင်ပန်သည် ယုံကြည်ပြီး မောက်မာလာသည်။ ဆွန်းမိုသာဆိုရင် သုံးနှစ်လောက် ကြိုးစားရင်တောင် ဒီလောက်လူအများကြီး မရနိုင်ပါဘူး။

....

အခြားသော ဟောခန်းမတစ်ခုတွင်လည်း တူညီသော လေထုက ဖြစ်နေသည်။

အချို့သောကျောင်းသားများကတော့ အတင်းအဖြင်းများနှင့် ကောလာဟလများကို စိတ်မဝင်စားကြပါ။ ဒါကြောင့်လည်း ဆွန်းမိုက အန်ရှီဝေနှင့် စေ့စပ်ထားတာကိုလည်း သူတို့ မသိသလို အဆိုးမြင်သတင်းများကိုလည်း သူတို့ မသိကြပါ။

ဟောပြောပွဲကို နားထောင်ဖို့နှင့် ဆွန်းမို အဆင့်အတန်းကို ကြည့်ဖို့ လာခဲ့ကြတာ ဖြစ်သည်။

ဟောပြောပွဲအတွင်းတွင် ဆွန်းမိုသည် ဇောင်ယန်၏ တမင်ကပ်သပ်ပြီး မေးလိုက်သည့် မေးခွန်းကို ဖြေရှင်းလိုက်ရုံသာမက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တခြားဆရာတစ်ယောက်ကိုလည်း ပြန်မပြောနိုင်လောက်အောင် စကားစစ်ထိုးခဲ့သည်။ သူသည် ထူးချွန်ကြောင်းကို လက်တွေ့ကျကျ ပြသနိုင်ခဲ့သည်။

သူ၏ သင်ကြားမှုစွမ်းရည်ကို ဖယ်ထားလိုက်အံ့ အနည်းဆုံးတော့ ဆွန်းမိုသည် စင်မြင့်ပေါ်တွင် တည်ငြိမ်စွာ နေနိုင်သည်။ ဒီလို ယုံကြည်မှုမျိုးနှင့် အေးဆေးတည်ငြိမ်သော စိတ်ဓါတ်က ကူးစက်သွားစေနိုင်သည်။

သူ၏ပြီးပြည့်စုံသော လုပ်ဆောင်မှုများက ကျောင်းသားများကို ခဏတော့ဆွဲဆောင်ထားနိုင်သည်။ ဒါကြောင့်လည်း သူတို့ဆက်ပြီးနားထောင်ချင်စိတ် ဖြစ်ပေါ်လာသည်။

"ကျွန်တော်က ဘာသာရပ်သုံးခုမှာ ထူးချွန်ပါတယ်။ ပထမက ဝိညာဉ်တတ်တူး၊ ဒုတိယက ဆေးပညာ၊ တတိယအနေနဲ့ကတော့ ရိုးရာပန်းချီပညာပါ"

ဆွန်းမို ပြောပြီးတာနှင့် မှတ်ချက်တွေက ပွဲတင်သံထပ်နေသည်။

“ဆေးပညာဆိုတာ ဘာကိုပြောတာလဲ”

“ဒီဝေါဟာရကို သိပ်မရင်းနှီးဘူး”

“ အရင်ကတည်းက မရှိတာလား။ စည်းမျဉ်းအသစ်လား”

ကျောင်းသားတွေ မပြောနှင့် ဆရာတွေတောင် စိတ်ရှုပ်ထွေးနေပြီး ဆွန်းမိုက ဘာတွေလှည့်စားဖို့ ကြံနေလည်း ဆိုပြီး ကြည့်လိုက်ကြသည်။

“ဆေးပညာဆိုတာနဲ့ လူတိုင်းက ပဟေဠိ ဖြစ်နေပုံရတယ်။ ရှင်းပြပါရစေ။ ဒါက ကျွန်တော်

အတွေ့အကြုံတချို့နဲ့ ပေါင်းစပ်လိုက်ရင် ကျင့်ကြံမှုမှာ ကြီးကြီးမားမားအထောက်အကူ ဖြစ်လာမှာပါ”

ဆွန်းမို ရှင်းပြလိုက်သည့်အခါ အားလုံး မှင်တက်နေကြသည်။

“မင်းက သက်သက်မဲ့ ရှုပ်ထွေးအောင် လုပ်ချင်နေတာပဲ”

ခူလျိုရန်က လှောင်ပြောင်လိုက်သည်။ (မင်းက မြတ်ဆရာတစ်ယောက်တောင် မဟုတ်သေးဘဲ စည်းမျဉ်းအသစ် ထုတ်ချင်နေတာလား။ ဟဟပဲ

ရမယ်။ ဝက်ထီးကနေ မျောက်တစ်ကောင် မွေးလိုက်တာလို့ ပြောသလို ဖြစ်နေမယ်”

“ဆရာဆွန်း ဒါက ပထမဆုံးအကြိမ် လူထုဟောပြောပွဲပါ။ ရှုပ်ထွေးအောင် အလုပ်ပါနဲ့”

အောက်ကနေ ဆရာမတစ်ယောက်က အော်ပြောလိုက်သည်။

“အားလုံးပဲ စိတ်ရှည်ရှည်နှင့် ရှင်းပြတာကို နားထောင်ပေးပါ”

ဆွန်းမိုက သူ့လက်ဖဝါးကို အောက်သို့ချလိုက်ပြီး လူတိုင်းကို တိတ်တိတ်နေဖို့ ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆိုလိုတာ ဆေးသိပ္ပံနှင့် ကျင့်ကြံခြင်းကို ပေါင်းစပ်ထားတာပဲ"

"လူတိုင်းက ကျင့်ကြံသူတွေပါ။ ကျင့်ကြံရာမှာ အပြင်းအထန် ကြိုးစားအားထုတ်လိုက်ရုံနဲ့ အဆင့်မြင့်နယ်ပယ်ကို တက်နိုင်မယ်လို့ အားလုံးက ထင်နေတာလား"

ဆွန်းမိုက မေးခွန်းထုတ်လိုက်သည်။

"မင်း အပိုတွေ မပြောနဲ့။ စားသောက်တဲ့အချိန်ရယ် အနားယူတဲ့အချိန်မှာ ကျင့်ကြံဖို့ဆိုတာ

မဖြစ်နိုင်ဘူး” ဇေါင်ယန်က ဆွန်းမိုကို လှောင်ပြောင်နေပြန်သည်။

“ဟုတ်ပါတယ်။ ကျင့်ကြံတဲ့ အချိန်တွင်းမှာ ဘာစားတယ်။ ဘယ်လောက်စားတယ်။ အိပ်ချိန်နဲတာတွေက မင်းတို့ရဲ့ ကျန်းမာရေးနှင့် ကျင့်ကြံခြင်း ရလာဒ်ကတွေကို ထိခိုက်စေနိုင်တယ်” ဆွန်းမိုက ရှင်းပြသည်။

ကေျ ာင်းသားများကတော့ အံ့သြနေသည်။ ဆန့်ကျင်ဘက်အနေနှင့် ဆွန်းမိုပြောသည့်

စကားများကို ဆရာများကတော့ မျက်မှောင်ကြုတ်ကာ စဉ်းစားနေကြသည်။

"ကျင့်ကြံခြင်းက တရားအားထုတ်နေရုံနဲ့ မရဘူး။ ကျင့်ကြံခြင်း မလုပ်မီ သွေးပူအောင်လုပ်ခြင်း၊ ကျင့်ကြံပြီးနောက် ထိန်းသိမ်းခြင်း၊ ရုတ်တရတ်ကျင့်ကြံခြင်း.... အားလုံးကိုလည်း ထည့်သွင်း စဉ်းစားရပါမယ်"

ဆွန်းမိုက ဆေးဘက်ဆိုင်ရာ ဒဿနများကို ဆက်ပြီးရှင်းပြနေသည်။

တကယ်တော့ အားကစားဆေးပညာကို ဝိညာဉ်ချီဗားရှင်း အဖြစ်ပြောင်းထားပါသည်။ ဆွန်းမိုနေထိုင်ခဲ့သည့် ကမ္ဘာတွင် အားကစားဆေးပညာဆိုတာ သုတေသနလုပ်ပြီးမှ ပေါ်လာသော စည်းမျဉ်းများ ဖြစ်သည်။

အရင်တုန်းကဆိုရင် အားကစား သမားတိုင်းဟာ ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ကြသည်။ အခုဆိုရင်တော့ သိပ္ပံနည်းကျ အစားအသောက်နှင့် ဝိတ်ထိန်းခြင်း လေ့ကျင့်ရေးနှင့်

ပြန်လည်ထူထောင်ရေးဆိုင်ရာ အသိပညာများ ရှိနေပြီဖြစ်သည်။

ဘာကြောင့် ကစားသမားတွေ ထိခိုက်ဒဏ်ရာရတာလဲ၊ ဘာကြောင့် ပြန်လည်နလန်ထူသည့်အချိန်တို တောင်းရတာလဲ၊ ဘာကြောင့် ကစားသမားများသည် အကောင်းဆုံးစွမ်းရည်ကို ဆယ်နှစ်ကျော်လောက် ထိန်းသိမ်းနိုင်တာလဲ ၊ ဒါက အားကစားဆေးပညာဆိုင်ရာ အချက်အလက်တွေ ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်၊ ရီးယဲလ်မက်ထရစ်နှင့် ဘာစီလိုနာတို့လို ထိပ်တန်း အသင်းများတွင် သူတို့အားလုံး ပရော်ဖက်ရှင်နယ် ဆရာဝန်တွေ၊ အာဟာရဗေဒ ပညာရှင်တွေ၊ ကုထုံးသမားတွေ၊ ကြံ့ခိုင်ရေးနည်းပြတွေ ထားကြပါသည်။ ဒီလူတွေက သူတို့၏ ထိပ်တန်း ဘောလုံးကစားသမားများကို အကောင်းဆုံးအနေအထားမှာ အမြဲတမ်းရှိနေအောင် လေ့ကျင့်ရေး အစီအစဉ်များ ဆွဲပေးကြပါသည်။

“ကျင့်ကြံခြင်းက ကျင့်ကြံသူတစ်ယောက် တစ်ဘဝလုံး လုပ်ရမည့် အရေးကြီးသည့်

ကိစ္စဖြစ်တယ်။ ဒါကြောင့်လည်း ကျင့်ကြံခြင်း အနေအထားကို လိုက်ပြီး ပြောင်းလဲရမယ်။ ပြီးတော့ ဆေးဘက်ဆိုင်ရာ ပညာကို လိုက်စားပြီး ကျင့်ကြံသူရဲ့ အခြေအနေကို အကောင်းဆုံးဖြစ်အောင် အမြဲထိန်းသိမ်းထားဖို့ လိုတယ်”

ဆွန်းမိုက ရှင်းပြလိုက်သည်။

ကျောင်းသားများကတော့ တုန်လှုပ်နေဆဲဖြစ်ပြီး တချို့ဆရာများက ရုတ်တရုတ် နားလည်လာသည့် ပုံများဖြစ်နေကြသည်။

“ဒါဆို ဒါပေါ့”

ကျန်ရုံနဲ့လည်း ခေါင်းညိတ်လိုက်သည်။ နှစ်စဉ်နှစ်တိုင်း ပြိုင်ပွဲ မစတင်ခင် ကျောင်းသားများကို အစားအသောက်နှင့် အနားယူဖို့ သူစီစဉ်ခဲ့ရသည်။

ဆရာတော်တော်များများလည်း ဒါအားလုံးကို လုပ်နေကြပေမယ့် အရင်ဆရာ၏ အတွေ့အကြုံကို အားကိုးနေကြသည်။ ကျောင်းသားများအတွက် အကျိုးရှိတာကို သူတို့ သိကြသော်လည်း ဒီနည်းဗျူဟာ၏ မူလဇစ်မြစ်ကို ဆရာအများစုက စဉ်းစားရန် မကြိုးစားခဲ့ကြပါ။

အခုတော့ ဆွန်းမို၏ ကောက်ချက်ကြောင့် သူတို့ လျှင်မြန်စွာ ဉာဏ်အလင်းရသွားကြသည်။

ဂျီမဲဂျဲလဲ အံသြသွားသည်။ (ဆွန်းမိုကို ကြည့်ရတာ ထင်သလောက် မရိုးရှင်းဘူးပဲ)

ကူရှုပ်ရှင်း၏ လှပသော မျက်လုံးများ တောက်ပလာသည်။ ဆွန်းမိုက သူမကို နောက်တစ်ကြိမ် အံ့အောသင့်သွား စေသည်။

“တိုးတိုးနေကြပါ၊ ဆရာဆွန်း ပြောနေတာကို မနှောက်ယှက်နဲ့”

ကျုံရှန်ရီက ရုတ်တရတ် ထပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘာဖြစ်တာလဲဟ"

ဘေးနားက ကျန်ရုံနဲ့က အလန့်တကြား ထခုန်လိုက်သည်။ သို့သော်လည်း လျှင်မြန်စွာ စာသင်ခန်း တိတ်ဆိတ်နေတာကို သူသဘောပေါက်သွားပြီး ဆရာများကို လိုက်ကြည့်လိုက်ရင် ဆွန်းမို ဆက်ပြောမည့်အကြောင်းအရာကို နားထောင်ရန် စောင့်ဆိုင်း နေကြတာကို တွေ့လိုက်ရသည်။

"ဆရာဆွန်း အရမ်းတော်တာပဲ"

ဆရာတွေတောင် စိတ်ဝင်းစားနေကြတာကို မြင်လိုက်ရင် လုချီဟွာက လီဇီချီ၏ အဝတ်အစားကို စိတ်လှုပ်ရှားစွာ ဆွဲကိုင်ရင်း ပြောလိုက်သည်။

"ဒါမှ တို့ဆရာကွ"

လီဇီချီလည်း ဂုဏ်ယူနေပါသည်။

ရှန်ယွန်ပေါင်ကတော့ မျက်လုံးမှိတ်ပြီး ငြိမ်သက်နေသည်။ ထိုအချိန်တွင် ချန်လုံက တစ်ခုခု တွေးနေပုံရပြီး ထန်ထန်ယုထန်က နားရွက်များကို ပွတ်ကာ ဆွန်းမိုကို တုန်လှုပ်စွာကြည့်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ကျွန်တော်က ပိုပြီး ရိုးရှင်းတဲ့ စကားတွေကို သုံးပြီး ပြောပါ့မယ် ကျင့်ကြံသူကို လက်နက်တစ်ခုလို သဘောထားလိုက်။ လက်နက်တစ်ခုကို ထက်မြက်နေရန် မကြာခဏသွေးပြီး ထိန်းသိမ်းထားဖို့လိုတယ်။ လူ့ခန္ဓာကိုယ်က ပိုပြီးသန့်စင်သည့် တည်ဆောက်ပုံဖြစ်တာကြောင့် သဘာဝနှင့် လိုက်လျောညီထွေစွာ ထိန်းသိမ်းဖို့ လိုအပ်တယ်။ ဆေးပညာက လူတိုင်း၏ ကျန်းမာရေးကို ဘယ်လိုထိန်းသိမ်းရမလဲ ၊ အချိန်တိုင်းမှာ အကောင်းဆုံး အနေအထားဖြစ်နေအောင် သင်ကြားပေးမှာပါ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တကယ်လို့ ဆွန်းမိုသာ ရှေ့ဟောင်းအနှိပ်ပညာကို မရခဲ့ပါက ထိုစည်းမျဉ်းများကို ထုတ်ဖော် မပြောရဲပါ။

ဘာကြောင့်ဆို ဒီသဘောတရားမှာ လူဖွဲ့စည်းပုံကို အခြေခံအုတ်မြစ်ယူထားပြီး အသေးစိတ်နားလည်နိုင်မှ ဖြစ်လိမ့်မည်။

"ကောင်းပြီ ဒီနေ့က ပထမဆုံး လူထုဟောပြောပွဲ ဖြစ်တာကြောင့် အရမ်းကြီး ပရော်ဖက်ရှင်နယ်ဆန်သည့် အကြောင်းတွေကိုတော့ မပြောတော့ပါဘူး၊ လူတိုင်းက ဆေးပညာနဲ့ ပက်သက်တဲ့ ဟောပြောပွဲကို လာတက်နိုင်ပါတယ်"

ဆွန်းမိုက လူတိုင်းစိတ်ဝင်စားနေသည့် အချိန်တွင် တိုင်ပင်ကိုက် ရပ်ပစ်လိုက်သည်။

ဆက်ပြောလေ!

ရတ်တရတ် ဆရာတွေ၏ မကျေနပ်သံများ ထွက်လာကြသည်။ ဘောင်းဘီချွတ်ပြီးမှ ဘာလို့ ရပ်လိုက်တာလဲ။

ဆွန်းမိုက ဝိညာဉ်တက်တူးနှင့် ရိုးရာပန်းချီများအကြောင်းကို ဆက်ပြီး ပြောပြနေသည်။ ထို့နောက် သူသည် မီးသွေးဘောပင်ကိုယူကာ ကျောက်သင်ပုန်းပေါ်တွင် ကိုယ်တိုင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပုံတူပန်းချီကားကိုဆွဲကာ ဇာတ်ကောင်ရေးဆွဲခြင်း နည်းပညာကို ပြသခဲ့သည်။

လူထုဟောပြောပွဲ၏ အနှစ်သာရမှာ ကျောင်းသားများက ဆရာကို စိတ်ဝင်စားလာစေရန် ဖြစ်သည်။ ထို့နောက် ကျောင်းသားများသည် ဆရာ၏ အတန်းများကို လိုက်တက်ကြမည်။ ဒါကြောင့်လည်း သူတို့ကို ထူးချွန်မှုသာ ပြပေးရန်လိုသည်။

နာရီဝက်ကြာသွားပြီးနောက်......

ဂျိမ်ဂျဲ စာသင်ခန်းထဲကို လှည့်ပတ်ကြည့်လိုက်ရင် ကျောင်းသားများ စိတ်အားထက်သန်စွာ

နားထောင်နေကြတာကို တွေ့လိုက်ရသည်။ သူအံ့ဩမဆုံး ဖြစ်နေသည်။ ဆွန်းမို၏ ပုံစံကလည်း ဆရာအသစ်တစ်ယောက်လို့တောင် မထင်ရပါဘူး။

"မွေးကတည်းက ဆရာလုပ်ဖို့မွေးလာတာလား"

ဂျိမဲဂျဲသည် သံသယစိတ်ဖြင့် ဆွန်းမိုကို ပိုစိတ်ဝင်စားလာသည်။

ဒင်

ဂျိမဲဂျဲ၏ လေးစားအထင်ကြီးမှု - +၁

ဂျိမဲဂျဲနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၄/၁၀၀)

"ဘယ်လိုလဲ"

အန်ရှီဝေက သူမ၏ အမျိုးသမီးလက်ထောက်ကို မေးလိုက်သည်။

ကျုံလင် တိတ်ဆိတ်နေသည်။ ဆွန်းမို၏ လုပ်ဆောင်မှုများက အပြစ်ရှာစရာမရှိဘဲ လူသစ်တစ်ယောက်နဲ့တောင် မတူပါဘူး။ သူသည် သင်ကြားရေးနည်းစနစ်ကို အတွေ့အကြုံရှိသည့်ပုံပေါက်နေသည်။

" သူသီးသန့် လေ့ကျင့်ထားတာ ဖြစ်မယ်"

အန်ရှီဝေ ခန့်မှန်းလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု - +၁

အန်ရှီဝေနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - မူလ(၅/၁၀၀)

စာသင်ခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်လိုက်ပြီး လီဇီချီကတော့ ဂုဏ်ယူနေသည်။

“ဟွန့် မင်းတို့က ဆရာဆွန်း ဘယ်လောက်ထူးချွန်လဲ ဆိုတာကို နားမလည်သေးပါဘူး”

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု - +၅

လီဇီချီနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး (၁၃၁/၁၀၀)

စနစ်က အကြောင်းကြားချက်သုံးခုကို နားထောင်ပြီး ဆွန်းမို သက်ပြင်းချလိုက်သည်။ သူတို့ဆီက လေးစားအထင်ကြီးမှု အမှတ်ကို ရခဲ့လို့ ဒီပဟောပြောပွဲက တော်တော်ကို ကောင်းခဲ့တယ်လို့ သတ်မှတ်နိုင်သည်။

သို့သော်လည်း လေးစားအထင်ကြီးမှု အမှတ်များသည် နဲလွန်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သေချာတာက မိန်းမတစ်ယောက်ကို အနိုင်ယူဖို့ဆိုတာ လွယ်တဲ့အလုပ် မဟုတ်ပါဘူး။

“ ကောင်းပြီ။ မေးခွန်းမေးဖို့ အချိန်ရောက်ပြီ။ မေးချင်တဲ့လူ လက်ထောင်ပြပါ”

ဒါကလည်းကျောင်းက သတ်မှတ်ထားသော လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ သူရှောင်လွှဲလို့ မရပါဘူး။

ဆွန်းမိုက ဖန်ဇိုဝမ်အတွက် ခက်ခဲသည့် မေးခွန်းတွေကို မေးဖို့ အချိန်ကောင်းဆိုတာ သိပေမယ့် သူဘယ်လို မေးခွန်းတွေကို ပြင်ဆင်ထားလဲဆိုတာ သူမသိပါဘူး။

ချီရှန်ကျားလည်း ဒီအချိန်ကို စောင့်နေတာ ဖြစ်ပါသည်။ ဘယ်သူမှ မမေးမှာကို သူကြောက်နေတာပါ။ တကယ်လို့ တစ်ယောက်မှ မေးခွန်းမမေးခဲ့ပါက စာသင်ခန်းတစ်ခုလုံး တိတ်ဆိတ်သွားပြီး ဆရာဆွန်းကို အရှက်ရသွားစေနိုင်သည်။ ဒါကြောင့် လက်ကို ချက်ခြင်းထောင်လိုက်သည်။

ဒါပေမယ့်လည်း သူ့ထက် မြန်သည့်သူက ရှိနေသေးသည်။

ဆွန်းမို၏ အသံဆုံးသွားသည်နှင့် ကျောင်းသားတစ်ဝက်ကျော်က လက်ထောင်လိုက်ကြသည်။ ခဏလောက်ကြာတော့ လက်များသည် တောအုပ်ကြီးတစ်ခုလို ပေါ်လာသည်။

“အို ဘုရားရေ”

လို့ဒီ အရမ်းထိတ်လန့်သွားပြီး လျှာတောင်ကိုက်မိမတတ် ဖြစ်သွားသည်။ မဖြစ်နိုင်မှန်း သိလို့သာ ၊ မဟုတ်လို့က ဒီကျောင်းသားတွေကို ဆွန်းမို ဌားထားတဲ့ ကျောင်းသားတွေလို့ သူထင်လိုက်မိမှာပါ။

"ဒီလောက်လူအများကြီး မေးခွန်းတွေကို မေးနေတာ ဘာက အခက်အခဲဆုံးလဲ။ မေးခွန်းတိုင်းကို ဖြေနိုင်မှ ထူးချွန်တယ်လို့ သတ်မှတ်လို့ ရမှာ။ မဟုတ်ရင် ပိုတောင် အရှက်ကွဲသွားအုံးမယ်"

ဖန်ဇိုဝမ်က ပြဿနာတက်အောင် မေးဖို့ သူ့ကျောင်းသားများကို ဝင်မေးခိုင်းဖို့တောင် မစီစဉ်ရသေးဘူး။ ဆွန်းမိုက လမ်းဖွင့်မေးခွန်းကို မေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အတွေ့အကြုံရှိသည့် ဆရာများအတွက်တော့ မထူးဆန်းတော့ပါ။ ဒီလိုအခြေအနေမျိုး ဖြစ်လာမယ်ဆိုတာ သူတို့သိပြီးသားပါ။

ပညာရေး၏ ဆောင်ပုဒ်က လူတွေကို မခွဲခြားနဲ့ဟု ပြောကြသော်လည်း တကယ်တမ်းတော့ ထူးချွန်သည့်ကျောင်းသားများကို အမြဲတမ်း ဦးစားပေး တတ်ကြသည်။

ဘာကြောင့် လူတိုင်းက တပြည့်မွေးရင် ထူးချွန်သည့် တပြည့်များကို လိုချင်ကြတာလဲ။

သူတို့က သင်ကြားပေးရတာ လွယ်ကူပြီး အလွယ်တကူ အောင်မြင်နိုင်ကြသည်။ တော်ရုံတန်ရုံကျောင်းသားများကို ခေါ်ယူလိုက်တာက ကိုယ့်ပြဿနာကိုယ် ရှာလိုက်သလို ဖြစ်သွားနိုင်သည်။

တော်သည့်ကျောင်းသားများနှင့် သာမန်ကျောင်းသားများကို တန်းတူရည်တူ ဆက်ဆံတတ်သည့် ဆရာများရှိပေမယ့်လည်း အချိုးအစားက အများကြီး မရှိပါဘူး။

ထိုကဲ့သို့ အဖြစ်အပျက်များ ကြောင့်လည်း ကျောင်းတော်တော်များများတွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတစ်ဝက်နီးပါးလောက်က ဆရာတင်နိုင်ခြင်းမရှိသည့် အခြေအနေကို ဖြစ်သွားစေခဲ့သည်။ ထိုကျောင်းသားများသည် ဗဟုသုတ ဆည်းပူးလိုပါက ဒါမှမဟုတ် လမ်းညွှန်မှုကို လိုချင်ပါက လူထုဟောပြောပွဲကိုသာ အားကိုးရသည်။

ကံကောင်းလို့ ဆရာများနှင့် သီးသန့်မေးမြန်းခွင့်ရလိုက်ပါက သူတို့ အဖြေများကို ရသွားနိုင်သည်။ အချိန်တိုင်းတွင် မေးခွန်းတိုင်းကို ဆရာတွေနိုင်နင်းအောင် မဖြေပေး နိုင်ကြပါ။

ဆွန်းမိုလည်း နတ်ဘုရားမျက်စိကို အသက်သွင်းကာ ကြည့်လိုက်ပြီး ဝမ်ဂေါင်လို့ခေါ်သည့် ကျောင်းသားတစ်ယောက်ကို ညွှန်ပြလိုက်သည်။

" မင်း ဘာမေးချင်တာလဲ"

ဝမ်ဂေါင်သည် မတ်တပ်ရပ်ကာ တံတွေးကို မျိုချလိုက်သည်။ "ငါ...ငါက ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်ငါးကို ရောက်နေတာ တစ်နှစ်ခွဲလောက်ရှိပြီ ဘာကြောင့် အဆင့် ဆက်မတက်နိုင်တာလဲလို့ သိချင်တာပါ"

အခန်း(၇၉) - မင်းချက်တာပြုတ်တာကို သင်ယူသင့်တယ်လို့ ငါထင်တယ်။

ဟောခန်းမတစ်ခုလုံး တိတ်ဆိတ်သွားသည်။

ကျောင်းသားတွေကလဲ လေးလေးနက်နက် နားထောင် နေကြသည်။ ဆွန်းမို၏အဖြေက သူတို့အတွက်လည်း အသုံးတည့် နိုင်သည်။

ဆရာတွေကလည်း ဆွန်းမိုကို လေ့လာဖို့ စောင့်ကြည့် နေကြသည်။

လက်ရှိအနေအထားကို ကြည့်လိုက်ပါက ဆွန်းမို၏ သင်ခန်းစာ ပထမပိုင်းကတော့ မဆိုးပါဘူး။ သို့သော်လည်း ဆရာတစ်ယောက်ထူးချွန်လား ၊ မထူးချွန်လားဆိုတာကို ထိုအချက်လောက်နှင့် ပြောဖို့ မလုံလောက်ပါဘူး။ ကျောင်းသားတွေကို လက်တွေ့ လမ်းညွှန်နိုင်သည့် အရည်အချင်း ရှိဖို့လည်း လိုအပ်သေးသည်။

“ သီအိုရီသာသိပြီး လက်တွေ့ မလုပ်တတ်တဲ့ ဂေါက်ကြောင် တစ်ယောက် မဟုတ်ဘူးလို့တော့ မျှော်လင့်တာဘဲ”

ကျုံ့ရှန်ရီက သက်ပြင်းချရင်း ပြောလိုက်သည်။

ဆွန်းမိုက ဝမ်ဂေါင်ဆိုသည့် ပိန်းပါးပါးကောင်လေးကို စိုက်ကြည့်လိုက်ရင် သူ့ကိုယ်မှ အချက်အလက်များ ပေါ်လာသည်။

ဝမ်ဂေါင် - အသက် ၁၂နှစ်။

ခန္ဓာကိုယ်ပြုပြင်ခြင်း ဆင့်၄မအဆင့်။

ကြွံခိုင်မှု - ၉ - ဟင်းချက်နေစဉ်နှင့် အိုးကိုမွှေသည့်အခါမှသာ ခွန်အားက ထွက်လာတတ်သည်။

ဉာဏ်ရည် - ၅- သုံးလို့ရပါသည်။

သွက်လက်မှု - ၃- တောင့်တင်းနေသည်။

ခံနိုင်ရည် - ၉ - အဆုံးမရှိသည့် အရင်းအမြစ်တစ်ခုဖြစ်သည်။

အလားအလာ - ပျမ်းမျှ

မှတ်ချက် ။ ။ ဟင်းချက်ရတာကို ဝါသနာပါသည်။ ကျင့်ကြံသူတစ်ယောက်ထက် စားဖိုမှူးလုပ်တာ ပိုသင့်တော်သည်။

....

ဆွန်းမိုသည် အောက်ကို ငုံ့ကြည့်လိုက်ပြီး စကားပြောရတာ ခက်သွားသည်။ ဒေတာအားလုံးသည် ထူးထူးခြားခြား မီးမောင်းထိုးပြထားတာ မရှိပါဘူး။ ဒါပေမယ့် မှတ်ချက်က ဘာကြီးလဲ။

ဆွန်းမိုသည် ဝမ်ဂေါင်၏ လက်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ထင်ထားသည့်အတိုင်းပင် အဆစ်များ ကြီးနေပြီး စားဖိုမှူးချုပ်နှင့် သင့်တော်နေသည်။

ဝမ်ဂေါင်သည် ဆွန်းမို၏ စိုက်ကြည့်ခြင်းခံလိုက်ရပြီး စိတ်ထဲ အနေကျဉ်းကြပ်လာကာ တံတွေးကို မျိုချလိုက်သည်။

ဆွန်းမိုသည် စင်ပေါ်ကဆင်းလာကာ ဝမ်ဂေါင်ဆီကို သွားလိုက်သည်။ ထို့နောက် ဝမ်ဂေါင်၏ ကြွက်သားများကို စစ်ဆေးရန်လက်ကို အောက်သို့ချလိုက်သည်။

ဆွန်းမိုသည် မဟာအဆင့်ကျွမ်းကျင်မှုနှင့် ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို သုံးလိုက်ပြီး စစ်ဆေးလိုက်ရာ ဝမ်ဂေါင်ကြွက်သားများ

အခြေအနေကို စက္ကန့် အနည်းငယ်အတွင်း သိလိုက်သည်။ သို့သော်လည်း တခြားသူများအမြင်တွင် တန်ဖိုးရှိစေရန် အချိန်နည်းနည်းဆွဲလိုက်ပြီး လမ်းညွှန်မှု တန်ဖိုးကို မြှင့်လိုက်သည်။

ခေါင်းဆောင်တစ်ချို့က ရလာဒ်တွေကို ဂရုမစိုက်ဘူးဆိုတာကို သိထားရမည်။ သူတို့ကြည့်သည့် ပထမဆုံးအချက်က သင့်အမူအရာလေးနက်နေလား မနေဘူးလားဆိုတာပဲ။ ဆွန်းမိုသာ

စက္ကန့်အနည်းငယ်အတွင်းသာ လုပ်ခဲ့ပါက ပေါ့ပျက်ပျက်သာ လုပ်ဆောင်တယ်လို့ သတ်မှတ်ခံရနိုင်သည်။

"တစ်နှစ်ခွဲလောက် မင်း ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်မှာ ရပ်နေရတာက မင်းလေ့ကျင့်တာ မလုံလောက်သေးလို့ဘဲ"

ဆွန်းမိုက ရှင်းပြလိုက်သည်။

"အမ်"

ဝမ်ဂေါင်နှင့် သူ့အခန်းဖော်နှစ်ယောက်စလုံး ကြောင်သွားပြီး အော်လိုက်သည်။

ဟောပြောခန်းမ အနောက်တွင်ထိုင်နေသော ဆရာဆယ်ယောက်ကျော်လည်း ထိုစကားကို ကြားလိုက်ရင် မျက်မှောင် ကြုတ်သွားသည်။ အစမ်းခန့်ဆရာများလည်း မနေနိုင်ဘဲ အချင်းချင်း တီးတိုး ဆွေးနွေးနေကြသည်။

"တကယ်ကြီးလား"

"သူက ကျောင်းသားရဲ့ ကြွက်သားကို တစ်မိနစ်ယောက် ဒီအတိုင်းကိုင်လိုက်တာနဲ့ ဘာကြောင့်လဲဆိုတာ သိသွားတာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မြတ်ဆရာတစ်ယောက်တောင် ဒီလောက်ယုံကြည်မှုရှိမှာ မဟုတ်ဘူး။ ဒါတောင် သူကကျောင်းသားရဲ့ အခြေခံ အခြေအနေကိုတောင် မမေးဘဲ အဖြေတန်း ထုတ်ပေးလိုက်သေးတယ်"

တခြားဆရာတွေလည်း သံသယဖြစ်နေကြတာ မထူးဆန်းပါဘူး။ ခုနက ဆွန်းမို၏ စစ်ဆေးမှုနဲ့ လမ်းညွှန်မှုက ပေါ့ပျက်ပျက် နိုင်လွန်းသည်။

"ဟီး" (တီးတိုးသံများ)

ဖန်ဇိုဝမ်လည်း ပျော်သွားသည်။ သူလုပ်ဖို့တောင် မလိုတော့ပါဘူး။

"ကျင့်ကြံသည့် အချိန်ကိုတိုးပြီး ပြင်းထန်တဲ့ လေ့ကျင့်မှုကို လုပ်ပါ"

ဆွန်းမိုက အကြံပေးလိုက်သည်။

"ဆရာ၊ သူက ကျင့်ကြံဖို့ အချိန်တွေ အများကြီးပေးပြီးသွားပြီ"

ဝမ်ဂေါင်ကတော့ တစ်ခုခုပြောချင်နေပေမယ့် တုံ့ဆိုင်းနေသည်။ ဒါပေမယ့် သူ၏ အခန်းအဖော်ကတော့ သူနှင့်ရင်းနှီးနေတာကြောင့် သည်းမခံနိုင်ဘဲ ဝင်ပြောပေးလိုက်သည်။

"ကျင့်ကြံချိန်ကို ဒီထက်ကြာအောင်လုပ်လိုက်ရင် သူ့ခန္ဓာကိုယ်ကို ထိခိုက်သွားနိုင်တယ်"

"တစ်နေ့ကို ခုနှစ်နာရီလောက် ကျင့်ကြံတာကို မင်းတို့အသက်အရွယ်အတွက် အများကြီး ဖြစ်နေတာလား။ ဒါပေမယ့် ခုနှစ်နာရီက မင်းအတွက် မလုံလောက်ဘူး။ မင်းက ခံနိုင်ရည်အား ပိုကောင်းတယ်။ ဒါကြောင့် မင်းရဲ့ ကျင့်ကြံချိန်နဲ့ ပြင်းထန်မှုကို တိုးမြှင့်လိုက်ပါ"

ဆွန်းမိုက ရှင်းပြလိုက်သည်။

"ခံနိုင်ရည် အားကောင်းတာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီနေရာကို ရောက်နေသော ဆရာများနှင့် ကျောင်းသားအားလုံး ဝမ်ဂေါင်ကို ကြည့်လိုက်ကြသည်။ တချို့ လူတွေကတော့ ကဲ့ရဲ့နေကြသည်။ (ကျောင်းသားက ဒီလောက်ပိန်နေတာကို ဘယ်မျက်စိနှင့် ဘယ်လိုကြည့်ပြီး ပြောလိုက်တာလဲ)

သို့သော် ဝမ်ဟောင်ကတော့ သရဲ၊ တစ္ဆေကို မြင်လိုက်ရသလို ထအော်သည်။

"ဘယ်လိုသိတာလဲ"

နည်းနည်းထုံထိုင်းသော ကျောင်းသားများက ဘာဖြစ်နေလဲ မသိကြသေးပါ။ တုံ့ပြန်မှုမြန်သည့် ကျောင်းသားများကတော့ ဆွန်းမိုကို ကြည့်လိုက်ပြီး သူတို့ တုန်လှုပ်နေကြသည်။

" ဝမ်ဂေါင်ကို နောက်ကလိုက်ကြည့်ခဲ့တာလား"

သူ့အခန်းဖော်လည်း အဖြေကို ရှာတွေ့သွားပုံရသည်။

"ဒီလောက်လေးနာတာကို ပျင်းနေတာလား"

ဆွန်းမိုလည်း စကားမပြောနိုင် ဖြစ်နေသည်။ ဒီနေရာမှာ မဟုတ်ပါက ချီးဦးနှောက်လို့ ခေါ်လိုက်ချင်သည်။

“ မင်,....မင်းက သူ့ကြွက်သားကို ခဏလောက်စစ်ဆေးလိုက်တာနဲ့ သူလေ့ကျင့်တဲ့ ပြင်းထန်မှု အဆင့်ကို သိနိုင်တာလား”

အခန်းအဖော်၏ အဖြေကို သိသွားပေမယ့်လည်း အဖြေကို မယုံကြည်နိုင်သေးပါ။

ဒီလောက်နာကျင်ကိုက်ခဲခြင်းက ဆွန်းမိုအတွက် ရယ်စရာကောင်းနေသော်လည်း ဘယ်သူကမှ

မရယ်ကြပါ။ အားလုံးက မျက်လုံးကြီးပြူးပြီး ဝိုင်းကြည့်နေကြသည်။

"မင်းအတွက် လေ့ကျင့်ရေး အစီအစဉ်တစ်ခု လုပ်ပေးလိုက်မယ်။ အနဲဆုံး တစ်လလောက်ဆိုရင် မင်း အဆင့်တက်သွား လိမ့်မယ်။ တကယ်လို့အဲဒီအချိန်မှာ မင်းမအောင်မြင်သေးရင် ငါ့ကိုလာရှာ"

ဆွန်းမိုက ဘောပင်ကိုကိုင်ကာ စာရွက်ပေါ်တွင် ရေးပေးလိုက်ပြီး စင်ပေါ်ကို ပြန်တက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှေ့ဆုံးတန်းက ကျောင်းသားများသည် လိုက်ကြည့်နေကာ ချက်ခြင်း ထရပ်လိုက်ကြသည်။

ဆရာအာလုံးလဲ တိတ်ဆိတ်နေသည်။

“ ဆွန်းမိုက သူ့ကိုယ်သူ တော်တော်ယုံကြည်နေတဲ့ပုံဘဲ”

ကျန်ရုံနဲက ပြောလိုက်သည်။ သူသာဆိုရင် ဒီလိုယုံကြည်ချက်ရှိသည့် စကားမျိုးလုံးဝကို မပြောပါဘူး။ ထိုကျောင်းသားသာ အဲဒီအချိန်တွင် မအောင်မြင်ခဲ့ပါက သူ့သိက္ခာကို တော်တော်လေး ထိခိုက်သွားနိုင်သည်။

“လူငယ်တွေကတော့ တော်တော်ကို ယုံကြည်ချက် အားကောင်းတာပဲ”

ကျုံ့ရှန်ရီသည် ဆွန်းမို၏ သတ္တိကို အမှန်ပဲ သဘောကျသွားသည်။

“ငါသိတယ်၊ ဆွန်းမိုက သူရဲ့ ပထမဆုံး လူထုဟောပြောပွဲမှာ တစ်ချက်တည်းနဲ့ ပေါက်သွားအောင် ကြွားလုံးထုတ်နေတာ။ ဒါပေမယ့် ကျောင်းသားက သူ့အစီအစဉ်ကို လိုက်နာပြီး တစ်လကြာသွားလို့ အဆင့်မတက်နိုင်ရင် ကော”

ကျုံ့လင်က မေးခွန်းထုတ်လိုက်သည်။

အန်ရှီဝေက ပြန်ပြီးငြင်းမလို့ လုပ်လိုက်သည့်အချိန်မှာဘဲ အနည်းငယ်ဝေးသည့်နေရာတွင် ထိုင်နေသောဂျိမဲဂျဲက " ကျောင်းသားက မလုပ်နိုင်ဘူးဆိုတာ မင်ဘယ်လိုသိတာလဲ"

" မေးစရာလိုသေးလို့လား၊ ဆွန်းမိုက ကြွက်သားကို ခဏလေးကိုင်လိုက်ရုံနဲ့ လေ့ကျင့်ရေးအစီအစဉ်တွေ ဘာတွေတောင်ထုတ်လို့။ သူ့ရဲ့ညွှံ့ဖြင်းတဲ့ အရည်ချင်းက ရှင်းရှင်းလင်းလင်း ပြဿနာ တက်လာနိုင်တယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီနေရာကိုရောက်နေသော ဆရာအချို့လည်း ဖြစ်နိုင်ခြေကို ဦးနှောက် ဖျစ်ညှစ်ပြီး စဉ်စားနေသည်။ တချို့ကလည်း စိတ်ကူးယဉ်ဆန်သည့် ဖြစ်နိုင်ခြေ တချို့ စဉ်းစားနေကြသည်။

ဝမ်ဟောင်သည် ဆွန်းမို ဌားထားသော လူဖြစ်နေမလား။

ဒါပေမယ့်လည်း ကျုံလင်၏ အမြင်ကို သဘောမတူကြပါ။ သူတို့အားလုံး ကြယ်သုံးပွင့် မြတ်ဆရာဂျိမ်ဂျဲကို ရင်ဆိုင်သွားရ နိုင်သည်။ သူမနှင့် ဘယ်သူမှ အချင်း မများချင်ကြပါ။

"ကျုံလင် အရောင်တွေဆိုးပြီး လူများကို မကြည့်ပါနဲ့။ ပြီးတော့ မင်းရဲ့ အမြင်တစ်ခုတည်းနဲ့ သူများတွေကို မဆုံးဖြတ်သင့်ဘူး။ ဆွန်းမို ဘယ်လောက်ထူးချွန်လဲဆိုတာ မင်း မသိနိုင်သေးပါဘူး"

ဂျိမ်ဂျဲက ပြောလိုက်သည်။

ကျုံလင်သည် အန်ရှီဝေ၏ အမျိုးသမီးလက်ထောက် ဖြစ်နေလို့ ပြောလိုက်ခြင်း ဖြစ်သည်။ မဟုတ်ပါက အဖက်ပင်လုပ်မည် မဟုတ်ပါ။

"နားလည်ပါပြီ"

ကျုံးလင်က ပြန်မပြောရဲပေမယ့် စိတ်ထဲကတော့ လက်မခံနိုင်ပါ။ တစ်လကြာပြီးနောက် ဝမ်ဂေါင်ကိုရှာပြီး သူမ မမှားကြောင်း သက်သေပြရန်အတွက် အဖြစ်မှန်ကို ဖွပြီး ဆွန်းမို မျက်နှာကို ဖြတ်ရိုက်ပစ်မည်။

"သရုပ်ဆောင်ဌားတာလား"

ကျန်းရှန်သည် လှောင်ပြောင်လိုက်မိပြီး အရင်က အဖြစ်အပျက်ကို ပြန်တွေးလိုက်မိသည်။ (ဆွန်းမို စောင့်နေပါ။ အချိန်အကြာကြီး မင်း မလိမ်နိုင်ပါဘူး။

တစ်လကြာပြီးတဲ့ အခါမင်းရဲ့ ဂုဏ်သတင်း ပျက်ဆီးသွားလိမ့်မယ်)

ဖန်ဇိုဝမ်ကတော့ ခေါင်းခါလိုက်မိသည်။ ဒီလိုလူမျိုးနှင့် ဖက်ပြိုင်ရခြင်းက အဆင့်အတန်းကို ကျစေသည်။

ဖန်ဇိုဝမ်၏ အမြင်အရဆို။ ကျောင်းသားတစ်ယောက်၏ ကြွက်သားကို စစ်ဆေးလိုက်ရုံနှင့် ကျောင်းသား၏ လေ့ကျင့် အဆင့်ကို ပြောပြနိုင်သော ဆရာများကို ကြားတောင် မကြားဖူးပါ။ ရှိခဲ့ရင် ထိုဆရာများသည် အလွန်ကို

နည်းပါးပြီး နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော မြတ်ဆရာများ ဖြစ်နိုင်သည်။ အနည်းဆုံးတော့ ကျောင်းသားထောင်ပေါင်းများစွာ ကြုံခဲ့ဖူးလိမ့်မည်။

ဆွန်းမိုက ဘာအခြေခံရှိလို့လဲ။

သူက အရမ်း ငယ်သေးသည်။ ဆွန်းမို မြင်ဖူးကြုံဖူးသည့် ကျောင်းသားအရေအတွက်သည် သူကြုံဖူးသည့် ကျောင်းသားအရေအတွက်ရဲ့ ဆယ်ပုံတစ်ပုံတောင် မရှိနိုင်ပါ။

"ယှူလိုက် အစီအစဉ်တိုင်း ကျင့်ကြံပါ"

ဆွန်းမိုက ဝမ်ဂေါင်ကို စာရွက်ပေးလိုက်သည်။

အများအားဖြင့်တော့ ရုပ်ပိုင်းဆိုင်ရာကို ကြည့်ပြီး ကြံ့ခိုင်ခြင်း ရှိမရှိကို ဆုံးဖြတ်ကြသည်။ ဒါပေမယ့် အမှန်တိုင်းပြောရရင် သူတို့ အသေအချာ မသိခင် သိပ္ပံနည်းကျ စစ်ဆေးမှုများ ပြုလုပ်ရပါသည်။

ဂိမ်းတစ်ခုလုံးတွင် အဆက်မပြတ်ပြေးလွှားနိုင်သော ကစားသမားလိုပင် သူတို့၏ပုံစံကို ထိန်းသိမ်းနိုင်ဖို့ ပြင်းထန်သောလေ့ကျင့်မှုကို လိုအပ်ပါသည်။

ဆွန်းမိုကတော့ ရှေ့ပဟောင်းအနှိပ်နည်းစနစ်ကြောင့် လူတို့၏

ခန္တာကိုယ်အသေးစိတ်ကို သိနိုင်ပြီး နတ်ဘုရားမျက်လုံး၏ ပံ့ပိုးမှုဖြင့်။ ဒီအစီအစဉ်က သေချာပေါက်အလုပ်ဖြစ်မှာကို သိနေသည်။

ဝမ်ဂေါင်၏ အရည်အချင်းက တော်တော်ကောင်းပါသည်။ ကြိုးစားမှုနဲ့ လေ့ကျင့်သည့် ပမာဏသာ နည်းပါးနေတာဖြစ်သည်။ ပမာဏပြည့်မှီသည်နှင့် သူသည် သေချာပေါက် အဆင့်တက်သွားနိုင်သည်။

သူ့ဘေးက အခန်းဖော်ကတော့ သူ့ကို လည်ပင်းညှစ်ချင်သည့် မျက်လုံးနှင့် ကြည့်နေသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

တခြားသူတွေက ဝမ်ဂေါင်ကို သရုပ်ဆောင် ဌားထားတယ်လို့ ထင်နေကြပေမယ့် ဝမ်ဂေါင် ကိုယ်တိုင်ကတော့ဒီကိစ္စက မဟုတ်ဘူး ဆိုတာကို သိပါသည်။ ဒါကသူ၏ တကယ့် စိတ်ရင်းဖြစ်သည်။ ဆွန်းမိုက တကယ်ထူးချွန်တယ်လို့လည်း ထင်ပါသည်။

ရိုးရိုးသားသားပြောရရင် ဝမ်ဂေါင်သည် တစ်ရက်ကို ခုနှစ်နာရီ ကျင့်ကြံသော်လည်း ပင်ပန်းတယ်လို့ မခံစားရပါ။ ကျင့်ကြံခြင်းကို

တိုးမြှင့်လို၍ အရင်က ဆရာတစ်ယောက်ကို အကူအညီတောင်းခဲ့သည့် အချိန်က သတ်မှတ်ပေးလိုက်သည့် နာရီအရေအတွက်ကို ပြန်စဉ်းစား လိုက်မိသည်။ ဒါ့အပြင် တခြားကျောင်းသားများသည် တစ်ရက်ကို ခြောက်နာရီအထိသာ ကျင့်ကြံကြသည်။ ခုနှစ်နာရီ လေ့ကျင့်လိုက်ပါက ကြွက်သားတွေ ပျက်စီးသွားပြီး အိပ်ရာပေါ် လဲသွားမှာကို စိုးရိမ်နေကြသည်။ ထို့ကြောင့် သူလဲ လေ့ကျင့်မှုပမာဏကို အလျှင်လိုပြီး မတိုးရဲခဲ့ပါ။

ဝမ်ဂေါင်လည်း ခေါင်းကိုငုံ့လိုက်ကာ စာရွက်ကို ဖတ်လိုက်သည်။ အစီအစဉ်အရ တစ်ရက်ကို ရှစ်နာရီ လေ့ကျင့်ရမည်။ တစ်ရက်ကို လေ့ကျင့်ချိန် ရှစ်နာရီ ဖြစ်လာသောကြောင့် အံ့ဩသွားမိသည်။

"ဆရာဆွန်းက အရည်ချင်း တချို့တော့ ရှိတယ်ထင်တယ်"

ဝမ်ဂေါင်က တိုးတိုးလေးပြောလိုက်သည်။

ဒင်

ဝမ်ဂေါင်၏ လေးစားအထင်ကြီးမှု - +၁၀

ဝမ်ဂေါင်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ (၁၀/၁၀၀)

“တကယ်တမ်းပြောရရင် ကျင့်ကြံသူအစား မင်းက စားဖိုမှူးတစ်ယောက် ဖြစ်သင့်တယ်လို့ ငါထင်တယ်။ အခွင့်ရေးရှိရင် မင်းကိုယ်တိုင် ချက်ပြုတ်ထားတဲ့ ဟင်းလျာတွေကို ငါ့ကို မြည်းခွင့်ပေး ပေါ့ကွာ”

ထိုသို့ပြောလိုက်ပြီးနောက် ဝမ်ဂေါင်၏ပခုံးကို ပုတ်လိုက်ပြီး ထိုင်နိုင်ကြောင်းပြောလိုက်သည်။

ထိုနောက် သူကဆက်ပြီး “ မေးချင်တဲ့ လူတွေက လက်မြှောက်လိုက်ပါ”

"အမ်"

ဝမ်ဂေါင်လည်း အံ့ဩသင့်နေသည့် မျက်နှာနှင့် ထိုင်လိုက်သည်။ ပြီးတော့ ဆွန်းမိုကို စိုက်ကြည့်နေမိသည်။ ဆွန်းမိုက သူ့ဟင်းချက် ဝါသနာပါတာကို ဘယ်လိုသိတာလဲ။

ဝမ်ဂေါင်သည် စားဖိုမှူး မျိုးရိုးက ဖြစ်သည်။ သူ့အဖေကို အရှုံးအမှုံးလေးစားပြီး သူ့အဖေ၏ အမွေကို ဆက်ခံလိုစိတ် ရှိသည်။ သို့သော် သူ့အဖေက လုပ်ဖော်ကိုင်ဖက်များကြားတွင် ထင်ပေါ်လာစေရန် သူ့ကို ကျင့်ကြံသူတစ်ယောက်သာ ဖြစ်စေချင်သည်။

ဝမ်ဂေါင်သည် ဒီကိစ္စအား ဘယ်သူကိုမှ မပြောခဲ့ဖူးပါဘူး။

ဒါကိုတွေးမိပြီး ဝမ်ဂေါင် မထိန်းသိမ်းနိုင်လောက်အောင် စိတ်လှုပ်ရှားသွားသည်။ “ ဆရာဆွန်းရဲ့လက်တွေက ငါ့ရဲ့ကြွက်သားတွေကို စစ်ဆေးလိုက်ရုံနဲ့ ငါ့ရည်မှန်းချက်တွေကိုတောင် သိနိုင်တာလား”

ထို့ကြောင့် ဆွန်းမိုကို ပိုပြီးလေးစားအထင်ကြီးသွားသည်။

ဒင်

ဝမ်ဂေါင်၏ လေးစားအထင်ကြီးမှု - +၂၀

ဝမ်ဂေါင်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် မူလ(၃၀/၁၀၀)

ကျောင်းသားများ၏ အတွေးများသည် ဖြူစင်ပါသည်။ ဝမ်ဂေါင်သည် ဥားရမ်းထားသော သရုပ်ဆောင် ဖြစ်နိုင်ကြောင်းလည်း သူတို့ မစဉ်းစားမိပါ။ ဆွန်းမိုအပေါ်ကို ဘယ်လောက်တောင် ကျေးဇူးတင်နေလဲဆိုတာကို မြင်လိုက်ပြီး အားလုံး လက်ထောင် နေကြသည်။

"ဒီကကျောင်းသား မင်းမှာ ဘာပြဿနာရှိနေတာလဲ"

ဆွန်းမို ကျောင်းသားကောင်လေး တစ်ယောက်ကို လက်ညှိုးထိုးပြီး မေးလိုက်သည်။

"ကျုပ်နာမည် ဇောင်ကျုံပါ။ ငါ...........ငါက ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်ဆဌမမှာ သုံးလတောင် ကြာနေပြီ။ ငါ့ရဲ့လေ့ကျင့်မှု ပမာဏက မလုံလောက်သေးလို့လား"

ဇောင်ကျုံက သက်ပြင်းချရင်း မေးလိုက်သည်။

ဆွန်းမိုသည် ဖောင်ကျုံဘေးကို သွားကာ ကြွက်သားများကို ကိုင်တွယ်လိုက်သည်။

“သူကဒါကိုပဲ ဆက်လုပ်နေတာလား”

ဆရာတော်တော်များများလည်း ဆွံ့အနေကြသည်။

“ကျောင်းအုပ်ကြီးအန်၊ ဆွန်းမိုသာ အရင်အတိုင်းပဲ လမ်းညွှန်မှုကိုပေးရင် သူ့ကို စုံစမ်းစစ်ဆေးဖို့ တစ်ယောက်ယောက်ကို လွှတ်လိုက်မယ်”

ကျန်ဟန်ဖူက ရုတ်တရက် တင်းမာသည့် လေသံနှင့် ပြောလိုက်သည်။

ပတ်ဝန်းကျင်တွင် ဆရာအချို့က အသက်အောင့်ထားပြီး တချို့ကတော့ ဆွန်းမို၏ ကံဆိုးမှုအတွက် ဝမ်းသာနေကြသည်။ ဆွန်မိုက သရုပ်ဆောင်ရန် ကျောင်းသားတွေကို ဌားထားတယ်လို့ ဒုကျောင်းအုပ်ကြီးကျန်က သံသယဝင်နေသည်။

ဒါသာမှန်ခဲ့ရင် ဆွန်းမိုကတော့ ပြီးသွားပါပြီ။ သူ့အကြောင်းကို သူတော်စင်ဂိုတ်ဆီ စာပို့လိုက်တာနဲ့ တစ်သက်လုံး ဆရာလုပ်ခွင့် ဆုံးရှုံးသွားနိုင်သည်။

“ဘာကိုပြောချင်တာလဲ”

အန်ရှီဝေက ပြန်မေးလိုက်သည်။

"မင်းက ဘယ်လိုထင်လဲ၊ ကျောင်းသားတစ်ယောက်ရဲ့ ကြွက်သားတွကို ခဏလေးစစ်ဆေးလိုက်ရုံနဲ့ ကျောင်းသားရဲ့ အခြေအနေတွေကို ဘယ်လိုပြောနိုင်မှာလဲ သူ့ကို မြတ်ဆရာတစ်ယောက်လို့ မင်းထင်နေတာလား"

ကျန်ဟန်ဖူသည် အန်ရှီဝေ၏ သိက္ခာကို ထိခိုက်စေရန် ရည်ရွယ်ပြီး ပြတ်ပြတ်သားသား ပြောလိုက်သည်။ သူမက အမှိုက်တစ်စကို ရွေးချယ်ထားကြောင်း လူတိုင်းကိုသိသွား စေချင်သည်။

"ဖြောင့်နေတဲ့ ခြေထောက်က ကောက်နေတဲ့ ဖိနပ်ကို မကြောက်ဘူး။ ငါ ဆွန်းမိုကိုယုံတယ်"

အန်ရှီဝေက ဆွန်းမိုကို အပြည့်အဝ ထောက်ခံလိုက်သည်။

"မင်းရဲ့ ယုံကြည်မှုက ဘာအဓိပ္ပာယ်မှ မရှိဘူး။ အရေးကြီးတာက လူတိုင်းရဲ့ ယုံကြည်မှုဘဲ။ ဆွန်းမိုက အခု ငါတို့ကျောင်းမှာ ဆရာလုပ်နေတယ်ဆိုတာကို မင်းနားလည်ထားရမယ်။ သူသာ အရှုပ်အရှင်း တစ်ခုခုလုပ်လိုက်ရင် ငါတို့ ဗဟိုပြည်နယ်အကယ်ဒမီလဲ နာမည် ပျက်ရလိမ့်မယ်"

ကျန်ဟန်ဖူသည် အလွန်ကို ပေါက်ကွဲနေသည့် ပုံစံဖြင့် ပြောလိုက်သည်။

"ဘာကို တိုက်ခိုက်နေတာလဲ။ ဆက်ကြည့်နေရုံနဲ့ အဖြေကို မသိနိုင်ဘူလား"

ဂျိမဲဂျဲက ကြားဖြတ်ပြီး ဝင်ပြောလိုက်သည်။

အခန်း(၈၀) -
လေးစားအထင်ကြီးမှုအမှတ်များ
ရိတ်သိမ်းခြင်း။

ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်ဖြစ်သည့် ဂျိမ်ဂျဲ၏ စကားများကိုတော့ အလေးအနက် ထားရသည်။

ကျန်ဟန်ဖူလည်း ဒေါသများကို ထိန်းလိုက်ပြီး ရှုးရှဲရှုးရှဲနဲ့ နှာမှုတ်နေသည်။ (ဆွန်းမို

မင်းကိုမိသွားရင် ငါဘယ်လိုပြောမလဲ ဆိုတာ စောင့်ကြည့်စမ်းပါ)

"စိတ်လျှော့"

ဆွန်းမိုက ဖောင်ကျုံ၏ လက်မောင်းများကို အားစိုက်ထုတ်ပြီး ဖိလိုက်သည်။ ဒီကောင်လေး၏ ကြွက်သားများက အရမ်းကိုတောင့်တင်းနေပြီး ရေခဲရိုက်ထားသည့် ငါးခူတစ်ကောင်လို ဖြစ်နေသည်။ သူတော်တော် စိတ်လှုပ်ရှားနေသည်။

အဖြေမရှိပါ။ ဆရာပေါင်းများစွာက ကြည့်နေသဖြင့် ဖောင်ကျုံလည်း ဘယ်လိုမှ

စိတ်ကိုငြိမ်အောင် လုပ်လို့ မရ ဖြစ်နေသည်။ ဒါကလည်း သူ့ဘဝ၏ အထွတ်အထိပ် ဖြစ်နိုင်သည်ဟု ထင်နေမိသည်။

ဆွန်းမို က နတ်ဘုရားမျက်စိကို သုံးလိုက်သည်။

....

ဆွန်းမိုက အချက်အလက်များကို အမြန် ဖတ်လိုက်သည်။ ထို့နောက် အကြောင်းအရင်းကို မဖော်ထုတ်မီ ရှေ့ဟောင်းအနှိပ်ပညာကို ထုတ်သုံးလိုက်သည်။

"ပြီးခဲ့တဲ့ သုံးလလောက်ကတည်းက တစ်ကိုယ်လုံး နာကျင် ကိုက်ခဲနေပြီလား"

ဆွန်းမိုက လက်ကို မခွာဘဲ မေးလိုက်သည်။

"ဟုတ်ပါတယ်"

ထိုစကားကို ကြားပြီးနောက် မူလက လေးလံထိုင်းမှိုင်းနေသော ဖေါင်ကျုံသည် စိတ်လှုပ်ရှားသွားကာ ပျော်ရွှင်သော ပုံဖြစ်လာသည်။

ဆရာဆွန်းက တကယ်တော်တာပဲ။ သူ၏ကြွက်သားများကို ထိလိုက်ရုံနှင့် သူရဲ့

အခြေအနေကို တကယ်သိတာပဲ။ သူ့ပြဿနာကိုလည်း ဖြေရှင်းပေး နိုင်လောက်သည်။

"တခြားကျင့်ကြံခြင်း နည်းလမ်းကို ပြောင်းလိုက်ပါ။ အခု မင်းအသုံးပြုနေတဲ့ ကျင့်စဉ်က မင်းတရား ထိုင်လိုက်တဲ့အခါ ဝိညာဉ်ချီအများကြီး စုတ်ယူနိုင်တယ်။ ဒါပေမယ့် မင်းရဲ့ စွမ်းအင်လမ်းကြောင်းက ဒီဒဏ်ကို မခံနိုင်သေးဘူး ဖြစ်နေတယ်။ ဒါကြောင့် အခုဆို မင်းရဲ့ စွမ်းအင်လမ်းကြောင်းက ဒဏ်ရာရနေပြီ"

ဆွန်းမိုက ရှင်းပြသည်။

“အမ်”

ဇောင်ကျုံ တုန်လှုပ်သွားသည်။ ဒါဆိုဒါက ပြဿနာဖြစ်လာတဲ့ အကြောင်းအရင်းပေါ့။ သူသည် အဖြစ်အပျက်များကို ပြန်စဉ်းစားလိုက်ပြီးနောက် မှန်နေတယ်ဆိုတာကို တွေ့လိုက်ရသည်။

“လွန်ခဲ့တဲ့ လေးလလောက်တုန်းက အဆင့်သတ်မှတ်ချက် မရှိတဲ့ မြေကြီးအဆင့် တရားထိုင်ခြင်း ကျင့်စဉ်ကို ရခဲ့တယ်။ အဲဒီအချိန်ကစပြီး ကျင့်ကြံခဲ့တယ်။ လွန်ခဲ့တဲ့ သုံးလလောက်ကစပြီး ရင်ဘတ်နှင့် ဒန်တယ်က

နာကျင်လာတယ်။ အဲ့ဒီနေရာတွေကနေ အပ်ထိုး ခံနေရသလိုပဲ”

သူ့ခန္ဓာကိုယ်နှင့် သက်ဆိုင်နေသဖြင့် ခေါင်ကျုံလည်း ဘယ်အရာကိုမှ မဖုံးကွယ်ထားရဲဘဲ ပြောပြလိုက်သည်။

ခေါင်ကျုံ၏ စကားကိုကြားပြီး ကျောင်းသားအားလုံးလည်း အံ့အောသင့်သွားသည်။ ဆွန်းမိုကို စိုက်ကြည့်နေသည့် သူတို့၏ အကြည့်များလည်း တောက်ပလာသည်။ ဘယ်လောက်တောင် တော်လိုက်သလဲ။

ဆရာတွေကတော့ စိတ်ရှုပ်ကုန်သည်။ ဆွန်းမိုက သူတို့ကို လှည့်စားနေတာလား။ တကယ့် အရည်ချင်းဘဲ ရှိနေတာလား။

“ မင်းရဲ့ အရင်က ကျင့်စဉ်ကို ပြန်ပြောင်းလိုက်ပါ။ အဲဒါကလည်း တော်တော်ကောင်းပါတယ်”

ဆွန်းမိုက ပြောတာက သဘာဝကျပါသည်။

“ဒါ.......ဒါပေမယ့်”

ဖောင်ကျုံ၏စိတ်ထဲတွင် လွန်ဆွဲနေပြီး ဆံပင်ကို ကုတ်လိုက်သည်။

"အဲဒါကလေ မြေကြီး အထွတ်အထိပ်ကျင့်စဉ်ဖြစ်ပြီး စွမ်းအားလည်း တော်တော်ကြီးတယ်။ အဲဒါကို ငါသုံးနိုင်ဖို့အတွက် နည်းလမ်း မရှိဘူးလား"

" မင်းက မသန်မစွမ်း ဖြစ်ချင်နေတာလား။ မင်းဝိညာဉ်ပြုပြင်ခြင်း အဆင့်ထိရောက်အောင် စောင့်လိုက်ပါ"

ဆွန်းမိုက လေးလေးနက်နက် ပြန်ဖြေပေးလိုက်သည်။ ကျင့်ကြံသည့် ကိစ္စများသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သတိကြီးကြီး ထားရမည့် ကိစ္စများဖြစ်သည်။ မှားသွားပါက ဘဝပါ ပျက်သွားနိုင်သည်။

ထိုနေရာတွင်ရှိသော ဆရာနှင့် ကျောင်းသားများသည် ဖောင်ကျုံ၏ ဒွိဟဖြစ်နေသော စိတ်ခံစားချက်ကို နားလည်ကြပါသည်။ ကျင့်ကြံခြင်း ကျင့်စဉ်ပိုကောင်းလေလေ မြန်မြန် တိုးတက်နိုင်လေ ဖြစ်ပါသည်။ ပုံမှန်အတိုင်းကို ကျင့်ကြံနိုင်မည် ဖြစ်သည်။

သို့သော်လည်း လူကိုယ်ခန္ဓာက ခံနိုင်ရည်ရှိဖို့ လိုသေးသည်။

“ အရင် ကျင့်ကြံနေတဲ့ ကျင့်စဉ်ကို ပြန်ပြောင်းလိုက်ရင် ဖြစ်နိုင်ပါအုံးမလား”

ဧောင်ကျုံက လေးလေးနက်နက် မေးလိုက်သည်။

“မရဘူး။ မင်းရဲ့ စွမ်းအင်လမ်းကြောင်းတစ်ခုလုံးက တော်တော်ကို ဒဏ်ရာရနေပြီ။ ဒီတစ်လလုံးတော့ ကျင့်ကြံဖို့ မစဉ်းစားနဲ့အုံး”

ဆွန်းမိုက ထပ်ခါထပ်ခါ သတိပေးလိုက်သည်။

“အကြာကြီးပဲ”

ဧောင်ကျိုလည်း စိတ်ပျက် သွားသည်။ ကျင့်ကြံခြင်းသည် ရေစီးကြောင်းပေါ်က လှေနှင့်တူသည်။ တစ်လလုံး မကျင့်ကြံရတာက ကြီးမားလွန်းသည်။

“ဆရာဆွန်း ဒါကိုဖြေရှင်းဖို့ တခြားနည်းလမ်း မရှိတော့ဘူးလား”

“ငါ့ရဲ့ ရှေ့ဟောင်းနဂါးဖမ်းသည့် လက်ကိုသုံးရင်တော့ ဖြေရှင်းလို့ရတယ်။ မင်းကြိုးစား ကြည့်ချင်လို့လား”

ဆွန်းမိုက မေးလိုက်သည်။ တကယ်တမ်းလဲ သူလုပ်ပေး နိုင်ပါသည်။ သို့သော်လည်း ကျောင်းသား၏ ခွင့်ပြုချက်မရမီ သူက ဂရုမစိုက်ဘဲနဲ့ ရှေ့ဟောင်းနဂါးဖမ်းသည့်လက်ကို မသုံးနိုင်ပါ။

"ရှေ့ဟောင်းနဂါးဖမ်းသည့်လက်" ဆိုသည့် နာမည်ကို ကြားလိုက်ရင် တီးတိုးသံများ ထွက်လာသည်။

"အရမ်းကို စွမ်းအားကြီးမဲ့ ပုံပဲဟော့"

ကျန်ရုံနဲက လျှောင်လိုက်သည်။

“ရှေ့ဟောင်းနဂါးဖမ်းသည့်လက်က နောက်ဆုံးတော့ ပေါ်လာတော့မှာပါလား”

ချီရွန်ကျားက စိတ်လှုပ်ရှားပြီး ရှေ့ကို ခုန်ထွက်လာသည်။ ရှေ့ဟောင်းနဂါးဖမ်းသည့်လက်၏ အကျိုးကျေးဇူးကို ခံစားဖူးသူ တစ်ယောက်အနေနှင့် ဒီနည်းစနစ်က ဘယ်လောက်တောင် အစွမ်းထက်လည်းဆိုတာကို သူသိသည်။ ဒါကြောင့်လည်း ဇောင်ကျုံကို အားကျသည့် မျက်လုံးများနှင့် ကြည့်လိုက်မိသည်။

“ လုပ်ချင်ပါတယ်”

ဇောင်ကျုံက ပြတ်ပြတ်သားသား ပြန်အဖြေပေးလိုက်သည်။ ဒီလိုအရေးကြီးသည့် အချိန်မှာ ဆွန်းမိုက သူ့အနာဂတ်နှင့် ပက်သက်ပြီး မနောက်ပြောင်ဘူးဆိုတာ သူယုံကြည်သည်။ ဆွန်းမိုက ဒါကို ဖြစ်နိုင်တယ်လို့ ပြောလာခဲ့ရင် ဆွန်းမိုမှာ ယုံကြည်ချက် ၉၀ ရာခိုင်းနှုန်းလောက်ရှိလို့ပဲ ဖြစ်မည်။

ထိုအချက်မှနေ၍ ဇောင်ကျုံ၏ ဉာဏ်ရည်ကို စနစ်က ကျပန်းထုတ်ပေးတာ မဟုတ်ဘဲ အသေအချာ အကဲဖြတ်ပေးလိုက်တာကို သိနိုင်သည်။

ဧောင်ကျုံသည် သေးငယ်သော နည်းများဖြင့် ဉာဏ်ကောင်းသည်။

ဆွန်းမိုလည်း ညာလက်ကို ဧောင်ကျုံ၏ ပခုံးပေါ်မှာ တင်လိုက်သည်။ ထိုနောက် သူသည် အားစိုက်ထုတ်ကာ ညှစ်လိုက်သည်။

"အား"

ဧောင်ကျုံ ချက်ခြင်းကို ထအော်သည်။ ဝေဒနာက နာကျင်လွန်းလို့ ချွေးသီးများတောင် ထွက်လာသည်။

ဟောပြောခန်းမတစ်ခုလုံး တိတ်ဆိတ်သွားသည်။ လူတိုင်းသည် ဆွန်းမို၏ လုပ်ရပ်တိုင်းကို အာရုံစိုက်ကာ စောင့်ကြည့် နေကြသည်။

ပြတင်းပေါက်နားက သစ်ပင်ပေါ်တွင် ရှိနေသော ပုစဉ်းရင်ကွဲများလည်း ဇောင်ကျုံ၏ အသံကြောင့် ပျံထွက်ပြေးသွားကြသည်။

“ဆရာ အရမ်းနာတယ်။ နာတယ်”

ဇော်ကျုံ အော်ဟစ်နေသည်။ တွန့်လိမ်နေပြီး တုန်နေသည်။ နာကျင်မှုက ဆိုးဝါးလွန်းပြီး

တစ်ယောက်ယောက်က သူ့ခန္ဓာကိုယ်ထဲက အရွတ်တွေကို ထုတ်ယူနေသလိုပါပဲ။

“ တောင့်ခံထားပါ”

ဆွန်းမိုက ဟောက်လိုက်သည်။ သူ့လက်များသည် ဖောင်ကျုံ၏ ခန္ဓာကိုယ်အနှံ့ကို လျှင်မြန်စွာ လှည့်ပတ်ပြီးနှိပ်နေသည်။

အိုက်စ်

သူ့ကိုကြည့်ရတာ အရမ်းမိုက်နေတယ်။ မဟုတ်လား။ ခြေဖဝါးအနှိပ်ဆိုင်မှာ လုပ်နေသည့်

ညီမလေးနှင့် မှားချင်နေပြီမှတ်လား။ ဒါကတော်တော်ကို ရှက်စရာကောင်းတယ်။

အာလာဒင်ထဲက ဂျင်းနီက သူ၏ပစ်မှတ်ကို အရင်လို နှိပ်ပေးမှာလားဆိုတာကို သူလည်းမသိပါ။

သို့သော် ဆွန်းမိုက နှိမ့်ကျတယ်လို့ မခံစားရပါ။ အထူးသဖြင့် အနှိပ်ပညာကို ကျွမ်းကျင်သော ဆရာအချို့က ထိုကဲ့သို့ မြင်ကြပါသည်။ ဆွန်းမိုသုံးနေသည့် ပညာရပ်က ပင်မသုံးခု၊ အကိုင်းအခွဲ ခြောက်ခုနှင့် မသက်ဆိုင်သည့် နည်းစနစ်ဖြစ်နေသောကြောင့် သူတို့ စိတ်လှုပ်ရှားနေကြသည်။

"ဆွန်းမို မင်းဘယ်လောက်ကြာကြာ နှိပ်နေမှာလဲ စာသင်ချိန်ပြီးတဲ့အထိ လူတိုင်းက စောင့်မကြည့်နိုင်ဘူးကွ"

မိနစ်အနည်းငယ်ကြာရင် ကျန်းရှန်က ညည်းတွားလိုက်သည်။ သို့သော်လည်း သူပြောလိုက်သည့် အချိန်မှာပင် ပတ်ဝန်းကျင်က ဝိညာဉ်ချီများက မြင့်တက်လာပြီး ဖောင်ကျုံ အနားတွင် စုဝေး လာသည်။

ကနဦး နာကျင်မှုများ ပျောက်လာသည့်အခါ ဖော်ပြလို့ မရသည့် ဇိမ်က ထွက်လာသည်။ ဒါကြောင့် ခေါင်ကျုံလည်း မှင်တက်နေသည်။ ရုတ်တရက် သူမူးသွားသည်။ ထိုအချိန်မှာပဲ ပါးနှစ်ဖက် ပူလောင်လာသည်။ ဆွန်းမို၏ ဒေါသအသံကိုလည်း ကြားလိုက်ရသည်။

“ မင်း အာရုံစိုက်ပြီး အဆင့်တက်ဖို့ လုပ်ပါ”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

“အမ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖောင်ကျုံ၏ မျက်စိထောင့်ကနေ မျက်ရည်များ စီးကျလာသည်။ သူ့မျက်နှာတွင် ယုံကြည်မှုများလည်း ပေါ်လာသည်။(အောင်မြင်မှု၊ အဆင့်တက်ရမယ်။ မရပ်လိုက်ပါနဲ့ ၊ နေရထိုင်ရတာ ကောင်းလွန်းလို့ပါ။)

ဆွန်းမို၏ လည်ပတ်မှုစနစ်က တော်တော့်ကို သန်မာလွန်းသည်။ ဖောင်ကျုံ၏ စွမ်းအင်လမ်းကြောင်းများနှင့် သွေးကြောများကို ရှင်းလင်းပေးပြီးနောက် ဝိညာဉ်ချီများက သူ့ကိုယ်ထဲကို တိုက်ရိုက်ဝင်လာကြသည်။

ရက်တရက်

ဓားခြောင်းကျုံကိုယ်ထဲကနေ ဝိညာဉ်ချီများသည် ဟာရီကိန်း မုန်တိုင်းတစ်ခုလို ပေါက်ကွဲထွက်လာသည်။ အရှိန်ပြင်းလွန်းသောကြောင့် မြေပေါ်က ဖုန်များပါ လွင့်ပျံလာသည်။

မြင်ကွင်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။ လူတိုင်းကလည်း ဓားခြောင်းကျုံကို ဝိုင်းကြည့်နေကြသည်။

သူတို့၏ စိတ်ထဲတွင် အတွေးများစွာ ရှိနေကြပေမည့် ဘယ်ကနေစပြီးပြောရမှန်း မသိအောင်ဖြစ် နေကြသည်။ ကျုံရှန်ရီ ကတော့

စိတ်ပျက်ဖို့ ကောင်းလောက်အောင် အော်ဟစ်နေပါသည်။

" ငါလို........မ.......အ......လ ။ သူကဒီလိုပဲ အဆင့်တက် သွားတာလား"

အရမ်းကိုစိတ်လှုပ်ရှားနေသောကြောင့် ကျုံရှန်ရီသည် ယုတ်ညံ့သည့် စကားလုံးများကို လွှတ်ကနဲ ထွက်သွားမိသည်။

ကျန်ရုံနဲ၏ နှုတ်ခမ်းများတုန်နေသည်။ နှုတ်ခမ်းကို လှမ်းဖတ်ကြည့်လိုက်ပါက (မ.......အ........လ.....) ဆိုတာကို ကြားနိုင်ပါသည်။

ဓောင်ကျုံ တဖြည်းဖြည်းနှင့် သတိပြန်ရလာသည်။ “အ ငါဘယ်မှာလဲ ဘယ်ရောက်နေတာလဲ”

“ ဓောင်ကျုံ မင်းအခုပဲ အဆင့်တက်သွားတာလေ ။ဘာလို့ ဆရာဆွန်းကို ကျေးဇူးမတင်သေးတာလဲ”

ဘေးက ကျောင်းသားတစ်ယောက်က ဝင်ပြောလိုက်သည်။ သူတို့အကြည့်က အားကျမှုတွေနှင့် ပြည့်နေသည်။ တခြားကျောင်းသားတွေလည်း ထိုအတိုင်းပဲ ကြည့်နေကြသည်။

" ဒီကောင် ဖောင်ကျို ကံကောင်းလွန်းတယ်။ စောစောက ဆွန်းမိုကို မေးဖို့ အခွင့်အရေးမရလိုက်တာ စိတ်မကောင်းစရာဘဲ"

"ငါအဆင့်တက်သွားတာလား၊ ဘယ်လို ဖြစ်နိုင်မှာလဲ"

ဖောင်ကျိုသည် စိတ်ထဲက တိုးတိုးရေရွတ်ပြီးနောက် သူတစ်ခုခု ပြောင်းလဲနေတာကို သတိထား လိုက်မိသည်။ သူ့အခြေအနေသည် ပိုကောင်းလာသည်။ အမြင်နှင့်

အကြားအာရုံသည် ပိုကောင်းလာရုံသာမက သူ့ကိုယ်လည်း ပိုပြီးပေါ့ပါးလာသည်။

ဒါက အဆင့်တက်သွားသည့် ခံစားချက်ဘဲ။

“ဆ.....ဆရာဆွန်း”

ဇောင်ကျုံက အံ့အောသင့်နေသည့် မျက်နှာနှင့် ပြောလိုက်သော်လည်း စကားက ထစ်နေသည်။ သူဘယ်လိုလုပ် အဆင့်တက်နိုင် သွားတာလဲ။

“မင်းက အဆင့်တက်သွားပေမယ့် မင်းရဲ့ စွမ်းအင်လမ်းကြောင်းမှာ ပြဿနာတချို့ ရှိနေတုန်းပဲ။ မင်းပြန်ပြီး မကျင့်ကြံခင်

အနည်းဆုံးတစ်ပတ်လောက်တော့ နားသင့်တယ်” ဆွန်းမိုက ဇောင်ကျို၏ပခုံးကို ပုတ်ကာ ပြောလိုက်သည်။

ဇောင်ကျိုသည် သစ်သားရုပ်လို ထိုင်နေမိသည်။ သူ့မျက်နှာမှာ အံ့အောသင့်မှုတွေနှင့် ပြည့်နေသည်။

(ရှေ့ဟောင်းနဂါးဖမ်းသည့်လက်က အံ့မခန်းဘဲ)

ချီရှန်ကျားက သူ့လက်သီးတွေကို လေထဲတွင် ဝှေ့ယမ်းကာ စိတ်ထဲကနေ ကြွေးကြော်လိုက်သည်။

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု +၃၀

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချို့ရှန်ကျားနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး(၄၅၈/၁၀၀၀)

"ဆရာက အံ့မခန်းပဲ"

"ဆရာက အံ့မခန်းပဲ"

လုချီဟွာနှင့် လီဇီချီတို့သည် လက်မောင်းတန်းကာ ခုန်ပေါက် နေကြသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု - +၃၀

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာနှင့် လေးစားအထင်ကြီးမှု -ရင်းနီး (၂၈၃/၁၀၀၀)

“ဟွန့်က ဒါက ပုံမှန်ပဲလေ”

လီဇီချီက ဟောခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်လိုက်သည်။ (ဘယ်သူက ငါ့ဆရာ အရည်ချင်းကို သံသယရှိနေသေးလဲ။ အခုအားလုံး ယုံကြပြီလား)

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁၅

လီဇီချီနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ရင်းနီး (၁၄၆/၁၀၀၀)

"ဆွန်းမိုကို ဆရာတင်ဖို့ အခွင့်အရေးငါ့မှာ ရှိသေးလား"

ကျန်ရှီက လေးသံတိုးတိုးလေးဖြင့် ချီရွှန်ကျားကို ကပ်ပြီး မေးလိုက်သည်။

"မပြောတတ်ဘူး။ ဒါပေမယ့် ဟောပြောပွဲ ပြီးသွားရင်တော့ မင်းမှာ ပြိုင်ဘက်များ မှာကတော့ သေချာတယ်"

ချီရွှန်ကျားကတော့ အပြုံးကြီးကြီးကို ပြုံးနေသည်။

ကျန်ရှီလည်း ခေါင်းတဆက်ဆက်ငြိမ့်ကာ လန့်ဖြန့်သွားသည်။

ဒင်

ကျန်ရှိ၏ လေးစားအထင်ကြီးမှု - +၁၀

ကျန်ရှိနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်မူလ(၅၁/၁၀၀)

စနစ်၏ သတိပေးချက်များ ထွက်လာရင် ဆွန်းမိုလည်း တော်တော်ကို စိတ်ချမ်းသာ သွားသည်။ ဒီကနေတစ်ဆင့် ကျောင်းသားများ၏ အတွေးနှင့်အမြင်ကို တိုင်းတာနိုင်သည်။

သဘော်သီးမိန်းကလေးနှင့် ရိုးသားသော ချီရွန်ကျားကိုတော့ သူအမြဲတမ်း သဘောကျသည်။

လီဇီချီကလည်း သူ့ကိုသဘောကျပေမယ့် ဆင်ခြင်တုံတရား ရှိသေးသည်။ ကျန်ရှိကတော့ လူစုလူဝေး နောက်ကို လိုက်တတ်သည့် သူပါ။ သူ့ကို ဂရုစိုက်စရာ မလိုပါဘူး။

ကျန်တပြည့်သုံးယောက်နှင့် ပက်သက်ရင်တော့ ဘာထူးခြားမှုမှ မရှိပါဘူး။

ဆွန်းမို အမှတ်တမဲ့ လှည့်ကြည့်လိုက်ရင်

ရှန်ယွန်ပေါင်က စိတ်အေးလက်အေး မျက်လုံးမှိတ်ထားသည်။ သူ့ဘေးတွင် ထန်ထန်ယုထန်ကတော့ ဆွန်းမိုကြည့်နေတာကို

မြင်လိုက်ရင် ပြန်ပြုံးပြသည်။ ချန်လုံကတော့ ခေါင်းကြီး ငုံ့ထားသည်။

ဒင်

ချန်လုံ၏ လေးစားအထင်ကြီးမှု +၅

ချန်လုံနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် မူလ(၁၀/၁၀၀)

ဆွန်းမို ဆွံ့အနေသည်။ ပမာဏက မများပေမယ့် ဘာမှမရတာနှင့် ယှဉ်ရင်တော့ တော်သေးသည်။

ဟောပြောပွဲခန်းမထဲတွင် အသံတွေနှင့် ဆူညံနေသည်။ ကျောင်းသားများနှင့် ဆရာများသည်

ဆွန်းမို၏ ရှေ့ဟောင်းနဂါးဖမ်းသည့် လက်အကြောင်းကို ဆွေးနွေးနေကြသည်။

အထူးသဖြင့် သူတို့၏ စွမ်းအင်လမ်းကြောင်းနှင့် ပက်သက်ပြီး ပြဿနာဖြစ်နေတာ သိနေသည့် ကျောင်းသားများ ဖြစ်သည်။ သူတို့အားလုံးသည် သင်ခန်းစာပြီးသည်နှင့် ဆွန်းမိုနှင့်တိုင်ပင်ရန် စီစဉ်ထားသည်။

“ဒု-ကျောင်းအုပ်ကျန်၊ အခုဘယ်လိုလဲ၊ ဆွန်းမိုကို စုံစမ်းချင်သေးလား”

အန်ရှီဝေက ရုတ်တရုတ် ထပြီး မေးလိုက်သည်။

"အမ်"

ကျန်ဟန်ဖူ ပြာဝေသွားသည်။ ဒီကောင်ဆွန်းမို ကံကောင်းလွန်းနေတယ်။ ဒီလို အစွမ်းထက်သည့် အနှိပ်ပညာကို ဘယ်မှာသွားပြီး သင်ခဲ့တာလည်း မသိပါဘူးကွာ။ ဘယ်လောက်တောင် ဒေါသထွက်ဖို့ ကောင်းလိုက်လဲ။

"နှာမှုတ်တယ်ဆိုတာ ဒါပေါ့"

အန်ရှီဝေက ထူးဆန်းသည့် အကြည့်နှင့် ကြည့်ကာ ခေါင်းခါပြီး ပြောလိုက်သည်။

ဂျိမ်ဂျဲကတော့ မထိန်းနိုင်ဘဲ ရယ်လိုက်မိသည်။ ကျောင်းအုပ်ကြီးအန်မှာလည်း ကလေးဆန်သည့် တစ်ခြားအခြမ်း ရှိနေသေးတာဘဲ။

ကျန်ဟန်ဖူကတော့ မကြားချင်ယောင်ဆောင်နေလိုက်သည်။ သူ့အနေနဲ့ ဆွန်းမို အရှက်ကွဲတာကို မမြင်ချင်ရင် ထထွက်သွားတာ ကြာနေပါပြီ။ ဒါပေမယ့်လည်း သူထပ်ပြီး မစောင့်နိုင်တော့ပါ။ သူက ဖန်ဇိုဝမ်ကို ပြင်းပြင်းထန်ထန် စိုက်ကြည့်လိုက်ပြီး စဖို့ အချက်ပြလိုက်သည်။

" ကျုံလင်   ၊ ဆွန်းမိုက ငါ့နဲ့ မထိုက်တန်ဘူး၊ ငါ့အတွက် အရမ်းမတရားဘူးလို့ မင်းမြင်နေတာ ငါသိပါတယ်။ အဲဒါကြောင့်လဲ ဆွန်းမိုကို ရန်လိုတဲ့စိတ်နဲ့ အမြဲတမ်းကြည့်နေတယ် ဆိုတာလည်း သိတယ်။ ဒါပေမယ့် မင်းသူ့ကို မနာလိုမုန်းတီးတဲ့ စိတ်နဲ့ထပ်မကြည့်တော့ဘူး လို့တော့ ငါမျှော်လင့်တာပဲ"

ထို့နောက် သူမက အသံကိုတိုးပြီး "ဆွန်းမိုကို နားလည်ပေးလိုက်ပါ"

ကျုံ့လင် ငြိမ်ကျသွားသည်။ ဆွန်းမို၏ ထက်မြက်မှုကို ငြင်းဆန်ရန် သူမ ဆင်ခြေရှာမရ ဖြစ်နေသည်။ သူသည် ထိုကျောင်းသားကို အဆင့်တက်နိုင်အောင် လက်တစ်စုံကို အသုံးပြုပြီး ကူညီခဲ့သည်။ ဒါက ချဲ့ကားထားတာ မဟုတ်ပါဘူး။

အခန်း(၈၁) - လက်နှင့် အကြိမ်တစ်ရာ ကူးခဲ့ပါ။

“သရုပ်ဆောင်ဒွားထားတာ။ သေချာပေါက် သရုပ်ဆောင်ဒွားထားတာ”

ကျန်းရှန် တိုးတိုး ရေရွတ်နေသည်။

ပါးစပ်ကသာ ရွတ်နေသော်လည်း စိတ်ထဲက ကျောင်းသားတစ်ယောက်ကိုမှ မဒွားထားမှန်း

သူသိနေသည်။ ဒါကို သူဘယ်လိုပဲ လက်မခံပါစေ ဆွန်းမို သန်မာသည့်အချက်ဖြစ်နေသည်။

ထိုအချက်ကို လက်ခံလိုက်သည်နှင့် ကျန်းရှန်၏ သာလွန်မှုသည် လုံးဝကို ကြွေမွသွားပြီ ဖြစ်သည်။ သူသည် လိုဒီကို တွန်းဖယ်လိုက်ပြီး ဟောပြောပွဲ အနောက်ဖက်ကနေ တုန်လှုပ်ခြောက်ခြားစွာ ပြေးထွက်သွားသည်။

သူဆက်ကြည့်နေလို့ မရတော့ပါဘူး။ မဟုတ်ပါက သူ၏ မနာလိုမှုတွေ ပေါက်ကွဲ ထွက်လာတော့မည်။

သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ဖြစ်သွားပြီး ဆွန်းမိုကို အနိုင်ယူဖို့ စင်ပေါ်ကို ပြေးတက် သွားမိနိုင်သည်။

ဆရာတွေလည်း ဆွန်းမိုဆီကိုသာ အာရုံရောက်နေကြသောကြောင့် ကျန်းရှန်ကို ဘယ်သူမှ သတိမထားမိကြပါ။ ဝမ်ဂေါင်ကို ကုသပေးလိုက်စဉ်က ဖြစ်ပေါ်လာသည့် လှုပ်လှုပ်ရှားရှား အခြေနေထက်ဆိုရင် အခုက ငြိမ်သက်နေပါသည်။

မရှူးပါက ဆွန်းမိုတွင် စစ်မှန်သော အရည်ချင်းရှိတယ်ဆိုတာ သူတို့ သိကြမှာပါ။

ဆွန်းမိုက သရုပ်ဆောင်ဖို့ ဌားထားတယ်ဆိုရင်တောင် မိနစ်အနည်းငယ် အနှိပ်ခံပြီးမှ အဆင့်တက်အောင် စီစဥ်ထားနိုင်ဆဲပါ။ ထိုကဲ့သို့သော အရည်ချင်းမျိုးကို နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသည့် အနှိပ်ဆရာတွေတောင် မလုပ်နိုင်ကြပါဘူး။

“ရှေ့ပောင်းနဂါးဖမ်းသည့်လက် က အတိကျဆိုရင်ဘာလဲ”

“သူတော်စင်အဆင့် ကျင့်ကြံခြင်း နည်းစနစ် ဖြစ်နေမလား”

ဆရာတွေက ဆွေးနွေးနေကြသော်လည်း ဘယ်သူကမှ ဆွန်းမို၏ အရည်အချင်းနှင့် ပက်သက်ပြီး သံသယမရှိတော့ပါ။

ဆွန်းမိုကတော့ ဒီရလာဒ်အတွက် အရမ်းကို ကျေနပ် နေပါသည်။ ဒါပေမယ့် အမှန်တရားကတော့ ဆွန်းမိုက ကျောင်းသားတွေ၏ အခြေအနေကို နတ်ဘုရားမျက်စိနှင့် ကြည့်ထားပြီးသား ဖြစ်နေသည်။

သူရွေးချယ်လိုက်သည့် ကျောင်းသားများသည် သူတို့၏ ကိုယ်တွင်းတွင် ပြဿနာများရှိနေကာ ဆွန်းမို

လက်ရှိပိုင်ဆိုင်ထားသည့် ကျွမ်းကျင်မှုနှင့် ဖြေရှင်းနိုင်သည့် ကျောင်းသားများသာ ဖြစ်နေသည်။

ကျန်ဟန်ဖူနှင့် ဂျိမဲဂျဲတို့ အပါအဝင် ဒီနေရာမှာ ရှိနေသော ဆရာများက ထိုအချက်ကို မသိကြသဖြင့် ဆွန်းမိုက ကျပန်းရွေးချယ်လိုက်တယ်လို့ ထင်နေကြသည်။ ဒါကြောင့်လည်း ဆွန်းမို၏ အောင်မြင်မှုကို ပိုလို့တောင် တုန်လှုပ်နေကြသည်။

ထိုင်နေသော ဇောင်ကျုံသည် နောက်ဆုံးတွင် အာရုံများကို ပြန်လည်ရရှိလာပြီး သူဘာဖြစ်သွားလဲ ဆိုတာကို နားလည်လိုက်သည်။

"တကယ်ကို အဆင့်တက်သွားတာလား"

ပတ်ဝန်းကျင်က ကျောင်းသားများကတော့ သူ့ကို မနာလိုသည့် အကြည့်နှင့် ကြည့်နေကြသည်။ ခေါင်ကျုံ၏ စိတ်ထဲတွင် ဆွန်းမိုကို ကျေးဇူးတင်ခြင်းနှင့် စိတ်လှုပ်ရှားခြင်းများသာ ပြည့်နေသည်။

အရင်တုန်းကတော့ ပျင်းနေသဖြင့် ဆရာသစ်တစ်ယောက်၏ လူထုဟောပြောပွဲလို့ ကြားလိုက်ပြီး ထွက်လာခြင်း ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ကယ်တမ်း အကျိုးရှိလိမ့်မယ်လို့တော့ မတွေးထားခဲ့ပါဘူး။

“ ငါ အကြိမ်ပေါင်းများစွာ အကျိုးရှိခဲ့တာပဲ”

ဖောင်ကျုံက သွားပေါ်လာအောင် ပြုံးလိုက်သည်။

ဒင်

ဖောင်ကျုံ၏ လေးစားအထင်ကြီးမှု - +၄၀

ဖောင်ကျုံနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် မူလ(၄၀/၁၀၀)

သူထက်ပင်သာပြီး အဆင့်တက်သွားသည့် ဓားချင်းကျူကို တွေ့လိုက်ရသဖြင့် ဝမ်ဂေါင်သည် စိတ်ဓါတ်ကျသွားပြီး ငိုချင်စိတ် ပေါက်လာသည်။ ဘာဖြစ်လို့သူက ကံမကောင်းရတာလဲ။

"ဆရာဆွန်း၏ ရှေ့ပေါင်းနဂါးဖမ်းသည့်လက်နှင့် အနှိပ်ခံလိုက်ရရင် ဘယ်လောက်ကောင်း လိုက်မလဲ"

ဟောပြောပွဲပြီးရင် ဝမ်ဂေါင်သည် ဆွန်းမိုထံက လမ်းညွှန်မှုကို တောင်းခံရန် ဆုံးဖြတ်လိုက်သည်။ ပထမအကြိမ်နှင့်မရရင် ဒုတိယအကြိမ်ကြိုးစားမယ်။ ဒုတိယ အကြိမ်မရရင် တတိယအကြိမ်ပေါ့။

ဘယ်လိုပဲဖြစ်နေပါစေ

ရှေ့ပောင်းနဂါးဖမ်းသည့်လက်ရဲ့ အစွမ်းကို ကြုံဖူးအောင် လုပ်ရမယ်။

"မြန်မြန်ကြည့်လိုက်"

လီဇီချီက လုချီဟွာ၏ လက်မောင်းကို ဆွဲပြီး ပြောလိုက်သည်။

လုချီဟွာ ကြည့်လိုက်ရင် ကြောက်ဖို့ ကောင်းလောက်အောင်ကို ဟောပြောခန်းမ ပြတင်ပေါက်အပြင်ဘက်တွင် ကျောင်းသားများ

စုဝေးနေတာကို မြင်လိုက်ရသည်။ အိမ်မြှောင်တွေလို ပြတင်းပေါက်ကနေ ဖက်တွယ်ပြီး ကြည့်နေကြသည်။

"ဟော့ မဖိနဲ့"

ထိုကျောင်းသားများသည် ဝိညာဉ်ချီ အတက်အကျကို ခံစားမိပြီး ဒီနေရာကို ပြေးလာကြခြင်း ဖြစ်သည်။

"နောက်တစ်ယောက်မေးပါ"

ဆွန်းမိုက ပြောလိုက်သည်။ ဒါပေမယ့် သူပြောလိုက်တုန်းမှာဘဲ ဟောပြောခန်းမ

အနောက်တံခါးက ဘုန်းကနဲ ပွင့်ကျလာသည်။ ကျောင်းသားများက ပြိုလဲ ကျနေသည်။

“ ပြောနေတယ်နော် ပိနေပြီ”

ကျောင်းသားတစ်ယောက်က အော်ပြောနေသည်။

“ မင်းတို့က သင်ခန်းစာနားထောင်ဖို့ ဆိုရင် ထိုင်ခုံရှာပြီး ထိုင်ကြ”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

ကျောင်းသားကိုကြည့်ရတာ ပွက်ပွက်ဆူနေသည့် ရေအိုးထဲက ပုရွတ်ဆိတ်တွေလို ဖြစ်နေကြသည်။ ထိုင်ခုံနေရာကို အမြန်ပြေးသွားကာ ထိုင်ခုံများ

လုနေကြသည်။ သူတို့သည် အစောပိုင်းက ဆွန်းမို၏ လုပ်ဆောင်ချက်များကို မြင်ခဲ့ကြသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် လွတ်နေသော ထိုင်ခုံများ ပြည့်သွားသည်။ တချို့ကျောင်းသားတွေကတော့ ဟောပြောပွဲခန်းမထဲတွင် စိတ်ဓါတ်ကျသည့် အကြည့်တွေနှင့် မတ်တပ်ရပ် နေကြသည်။

ဆရာတွေ၏ မျက်လုံးထဲတွင် မနာလိုမှုများ ပေါ်လာသည်။ ဒါကဆွန်းမိုရဲ့ ပထမဆုံး

လူထုပေါ်ပြောပွဲလေ၊ ထိုင်ခုံတွေတောင် ပြည့်နေပြီလား။

တကယ်ကြီးကို မိုက်တယ်ကွာ။

ကျန်ရုံနဲ့သည် ကျန်ဟန်ဖူကို တစ်ချက် ခိုးကြည့်လိုက်သည်။ ဒုကျောင်းအုပ်ကြီး၏ အမူအယာ မပြောင်းလဲသော်လည်း စိတ်ထဲတွင် ပေါက်ကွဲနေမှာကိုတော့ သူခန့်မှန်းမိသည်။

“သွားပြီး အနောက်မှာ ရပ်နေလိုက်ကြ”

ဆွန်းမို၏ အသံက တည်ငြိမ်အေးချမ်းနေပြီး မောက်မာခြင်းလည်း မရှိပါ။ သူ့အတွက်တော့

အခုဖြစ်ပျက်နေတာက အရေးမပါသည့် ကိစ္စတစ်ခုလိုပါပဲ။

ဂျိမ်ဂျဲက ဒီလိုမျိုး တည်ငြိမ်နေတာကို မြင်လိုက်ရင် သဘာကျစွာ ခေါင်းညိတ်လိုက်မိသည်။

"နောက်တစ်ယောက်...."

ဆွန်းမို စကာကိုဆုံးအောင်တောင် မပြောရသေးခင် ကျောင်းသားများအားလုံး လက်ထောင် နေကြသည်။ ကြည့်ရတာ တောအုပ်ထဲက သစ်ပင်တွေလို ဖြစ်နေသည်။

“ မင်းက အဆင့်တက်ပြီးပြီလေ။ ဘာလို့ လက်ထောင်နေတာလဲ”

ခေါင်ကျုံ၏ ပတ်ပတ်လည်က လူများက သူလက်ထောင်လိုက်တာကို မြင်ပြီး မကျေမနပ်နှင့် ပြောလိုက်သည်။

(ဒီမှာတောင် လူတွေ ဒီလောက်များနေတာ မင်းကလက်ထောင် ထားတုန်းလား။ ဖယ်ပေးလို့ မရဘူးလား)

ဝမ်ဂေါင်လည်း လက်ထောင်ထားတာကို မြင်နေရသောကြောင့် ဇောင်ကျုံက မကြားချင်ယောင်ဆောင် နေလိုက်သည်။

ဖန်ဇိုဝမ်က သူတပြည့်တွေကို ကြည့်လိုက်ပြီး လှုပ်ရှားဖို့ အချက်ပြလိုက်သည်။

ဒွန်ဂူက ခေါင်းညိတ်လိုက်သည်။ ထို့နောက် မတ်တပ်ရပ်ကာ "ဆရာဆွန်း၊ ငါ့မင်းကို တိုင်ပင်ချင်တာ တစ်ခုရှိတယ်။ ဘာတွေက ဝိညာဉ်ချီ စုတ်ယူမှုနှင့် ဆက်စပ်နေတာလဲ ဆိုတာကို မေးချင်တာပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားအားလုံးကတော့ ဒွန်ဝူကို စိုက်ကြည့်နေကြသည်။ စည်းကမ်း မလိုက်နာဘဲ ကြားဖြတ်မေးသည့် ကောင်ကြောင့် မကျေမနပ်ဖြစ်နေကြသည်။

ဆွန်းမိုက ချက်ခြင်း ပြန်မပြောဘဲ ။ အဲဒီအစားမေးလိုက်သည့် လူငယ်လေးကို ရိုးရိုးလေးသာ စိုက်ကြည့်နေသည်။

ဒွန်ဝူ - ၁၆ နှစ်။

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၉) စတုတ္တနှစ်ကျောင်းသား။

အချက်အလက်များအပြင် အနီရောင်စာလုံးများနှင့် မှတ်ချက်တစ်ခုလည်း ပေါ်လာသည်။

မှတ်ချက် ။။ ဖန်ဇိုဝမ်၏ တိုက်ရိုက်တပြည့်။

"မျှော်လင့်ထားသလိုပါပဲ၊ လှုပ်ရှားပြီပေါ့"

ဆွန်းမိုက နှုတ်ခမ်း ကွေးလိုက်သည်။

"ဆရာဆွန်း"

ဒွန်ဝူက လှမ်းခေါ်လိုက်သည်။ မျက်နှာမှာ လေးစားမှုနှင့် ပြည့်နေသော်လည်း စိတ်ထဲတွင် ပြဿနာ ရှာဖို့ ကြံစည်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမေးခွန်းသည် ဆရာဖန်က ပြင်ပေးထားသည့် မေးခွန်း ဖြစ်သည်။ ဆွန်းမို ဖြေလိုက်တာနှင့် နောက်ထပ်မေးခွန်းတေ ဆက်တိုက် ထွက်လာမှာပါ။ ဆွန်းမို မသေမခြင်း ချိတ်ဆက်ပြီး ဆက်မေးနေလို့ ရသည်။

ဖန်ဇိုဝမ်သည် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော စစ်ပြန်တစ်ယောက် ဖြစ်သည်။ ခက်ခဲသည့် မေးခွန်းတချို့ကို ပြင်ဆင်ပြီး ထောက်ချောက်ဆင်ရန် သူ့အတွက် မခက်လှပါ။

“မင်းရဲ့ မေးခွန်းကို မဖြေခင် ငါ့မှာ ပြောစရာရှိတယ်။ မင်းရဲ့ ပြဿနာကို အမြန်ဖြေရှင်းချင်တဲ့စိတ်ကို နားလည်ပေးနိုင်တယ်။ ဒါပေမယ့် မင်းက စည်းမျဉ်းတွေကို ဂရုမစိုက်ဘဲ ဖြတ်မေးလိုက်တော့ မေးခွန်းမေးဖို့ လက်ထောင်နေတဲ့ တခြားကျောင်းသားတွေရဲ့ ခံစားချက်ကို မစဉ်းစားတော့ဘူးလား”

ဆွန်းမို၏ လေသံက ဖော်ရွေခြင်း မရှိတော့ပါ။ “ဒီလိုလုပ်လိုက်လို့ မေးခွန်းမေးလိုတဲ့

ကျောင်းသားတွေရဲ့ အခွင့်အရေး လုယူခံလိုက်ရတဲ့ ခံစားချက်ကိုရော ထည့်စဉ်းစားပြီးပြီလား”

ဒွန်ဝူက ရှင်းပြချင်ပေမယ့် ဆွန်းမိုက ဖြတ်ပြောလိုက် ပြန်သည်။

“ဒီက ဆံပင်တိုတိုနဲ့ တစ်ယောက်က မေးခွန်း မေးချင်နေတာ၊ မင်းကကြားဖြတ်လိုက်တော့ သူ့ရဲ့ခွန်အား တိုးတက်နိုင်တဲ့ အခွင့်အရေး ဆုံးရှုံးသွားပြီ”

ဆွန်းမိုက ထိုသို့ ပြောလိုက်တာနဲ့ ဆံပင်တိုတိုနှင့်ကျောင်းသားက ဒွန်ဝူကို ဒေါသတကြီး

စိုက်ကြည့်လာသည်။ သူ့အခွင့်အရေးကို ဖြုတ်လုခံလိုက် ရတာမဟုတ်လား။

အခြား ကျောင်းသားများကလည်း ဒွန်ဝူကို ရန်လိုသည့်အကြည့်နှင့် စိုက်ကြည့်လာသည်။ (မင်းက ဘာကောင်မို့လို့ စည်းကမ်းတွေကို မလိုက်နာတာလဲ)

“ငါ........ငါ.............”

ဒွန်ဝူ လန့်သွားသည်။ သူက စကားထစ်နေပြီး ဖန်ဇိုဝမ်ကို လှမ်းကြည့်လိုက်မိသည်။

“အရှုံး”

ဖန်ဇိုဝမ် ကျိန်ဆဲလိုက်သည်။ (ငါ့ကိုကြည့်ရင် မင်းကို ဒီလိုလုပ်ဖို့ ငါပြောလိုက်တာ လူတိုင်း သိကုန်မှာပေါ့)

“ကောင်းပြီလေ၊ မင်းကို အခုဘဲ လမ်းညွှန် ပေးလိုက်မယ်။ မင်းရဲ့ကြွက်သား ကြံ့ခိုင်မှုကို ကြည့်ရတာ စတုတ္တနှစ် ကျောင်းသားဖြစ်ရမယ်’

ဆွန်းမိုက သတိမထားသလို ဆက်ပြောနေသည်။

“ဟုတ်”

ဒွန်ဝူက ခေါင်းညိတ်လိုက်သည်။

ထိုကျောင်းသားက စတုတ္ထနှစ်ကျောင်းသား ဖြစ်တယ်ဆိုတာ ဆရာအနည်းငယ်လောက်ပဲ ပြောနိုင်ပါသည်။ ဆွန်းမို သုံးသပ်ချက်သည် အစွမ်းထက်လွန်းသည်။

“စတုတ္ထနှစ်ကျောင်းသား မင်းက ပထမနှစ်ကျောင်းသားတွေတောင် သိနိုင်တဲ့ အခြေခံမေးခွန်းတွေကို ဘာကြောင့်မေးနေတာလဲ။ မင်းက အရူးလား”

ဆွန်းမိုက ရုတ်တရက် အော်ပြောလိုက်သည်။ ဖန်ဇိုဝမ်၏ တိုက်ရိုက်တပြည့်။ ကျိန်းသေပေါက် မေးခွန်းမှာ ထောင်ချောက်ရှိနေမှာပဲ။

အစောပိုင်းကပြောခဲ့သည့် စကားများက အခြားကျောင်းသားများကို ဒွန်ဝူက သူတို့၏ အခွင့်အရေးများကို လုသွားတယ်လို့ မြင်အောင် အုတ်မြစ်ချခဲ့ခြင်း ဖြစ်သည်။ ဒါကြောင့်လည်း ဒွန်ဝူသည် မြားများစွာ၏ ပစ်မှတ် ဖြစ်နေပါပြီ။ သူ၏ ဆူပူကျိန်းမောင်းမှုက လွန်တယ်လို့ ဘယ်သူကမှ

မထင်ကြတော့ဘဲ ဒွန်ဝူ အဆူခံနေရသဖြင့် ဝမ်းသာနေကြသည်။

"အမ်"

ဒွန်ဝူအပါအဝင်၊ ကျောင်းသားများနဲ့ ဆရာများ အံ့ဩသွားသည်။ ဆရာဆွန်းက ဘာလို့ ရုတ်တရက်ကြီး ဒေါသကြီး လာတာလဲ။

"ငါမရူးဘူး။ ငါက ခန္တာကိုယ်ပြုပြင်ခြင်း အဆင့်(၉) ကိုရောက်နေပြီ"

လူငယ်တစ်ယောက်က သူ့ကို အထင်သေးတာ ဘယ်လို ခံနိုင်မှာလဲ။ ဒါ့အပြင် ဆရာတွေ၊

ကျောင်းသားတွေနှင့် လူအများကြီးရဲ့ အရှေ့မှာပါ။ ထို့ကြောင့် ချက်ခြင်း ငြင်းချက် ထုတ်လိုက်သည်။

“ဒါဆို မင်းကငါ့ကို ဟာသလုပ်ဖို့ မေးခွန်းထုတ်နေတာလား”

ဆွန်းမို က မေးခွန်းထုတ်လိုက်သည်။

“အ၊ မဟုတ်ဘူး၊ မဟုတ်ပါဘူး”

ဒွန်ဝူက ဖြေရှင်းဖို့ ကြိုးစားနေသည်။ ဆွန်းမိုကို ဖန်ဇိုဝမ်ကြောင့် ရန်ငြိုးဖွဲ့ခဲ့သော်လည်း ထိုကဲ့သို့ အပြစ်တင်ခြင်းကိုတော့ လက်မခံရဲပါ။

ပြည်နယ်ကိုးခုရှိ နိုင်ငံများတွင် ဆရာများကို ရိုသေရသည့် ထုံးစံရှိသည်။ ကျောင်းသားတစ်ယောက်က ဆရာကို ဟာသလုပ်ဖို့ သတ္တိရှိပါက အဲ့ဒီကျောင်းသားကို နှင်ထုတ်ကြမှာပါ။

"ဒါဆို မင်းက လူမိုက်ဘဲ။ ဝိညာဉ်ချီ မိတ်ဆက်စာအုပ်ကို အကြိမ်တစ်ရာ ကူးလာခဲ့"

ဆွန်းမို မကျေမနပ် ဖြစ်နေသည်။ ဒါကြောင့် သူ့လေသံက မာနေသည်။

"အ"

ဒွန်ဝူကြောင် နေသည်။ ဖန်ဇိုဝမ်ကို လှမ်းကြည့်လိုက်သည်။

အဖြေကလည်း မရှိပါ။ (ဝိညာဉ်ချီ မိတ်ဆက်စာအုပ်သည် အလွန်ကိုထူသော စာအုပ်ဖြစ်သည်။ စာအုပ်ကို အကြိမ်တစ်ရာ ကူးရပါက လက်တောင်ပြုတ်ထွက် သွားနိုင်သည်။)

"ငါပြောတာ မင်းမကြားဘူးလား" ဆွန်းမိုက မေးလိုက်သည်။ " ထွက်သွား၊ စာအုပ်ကို ကူးလာခဲ့"

"အို"

ဖန်ဇိုဝမ်က သူ့အတွက် မပြောပေးတာကို မြင်လိုက်ရင် ဒွန်ဝူသည် ခေါင်းကိုငုံ့ကာ ပြေးထွက်သွားသည်။

"ဝိုး၊ ငါတို့ဆရာက အရမ်းတော်တာပဲ"

လီဇီချီသည် ဒွန်ဝူနှင့် ဖန်ဇိုဝမ်တို့ကို ကြည့်လိုက်ပြီး ဘာဖြစ်နေလည်းဆိုတာကို နားလည်လိုက်သည်။ ဒါကြောင့် မထိန်းနိုင်ဘဲ ရယ်လိုက်မိသည်။

ဒီတစ်ခေါက်တော့ ထန်ထန်ယုထန်လည်း ရယ်နေသည်။

ဆရာနှင့် ကျောင်းသားများ အများစုသည် နောက်ကွယ်ကအကြောင်းအရာကို မမြင်နိုင်သော်လည်း စူးရှသည့် မျက်လုံးအနည်းငယ်ကတော့ အားလုံးကို မြင်နေသည်။

"မိုက်တယ်"

ဂျိမ်ဂျဲက တိတ်တိတ်လေး ငေးကြည့်နေသည်။ ဒီကောင်ဆွန်းမိုသည် ထက်မြတ်ပြီး အဓိက အချက်မှာ လမ်းညွှန်ချက် နှစ်ခုအောင်မြင်ပြီးနောက် ဘယ်သူက သူ့မှာအရည်ချင်း မရှိဘူးလို့ ပြောရဲမှာလဲ။

ထို့ကြောင့် ဆွန်းမိုက ဒွန်ဝူကို ဟောပြောခန်းထဲက နှင်ထုတ်လိုက်ရင်တောင် ဘယ်သူကမှ မေးခွန်းမဖြေနိုင်လို့ မောင်းထုတ်လိုက်တာလို့ မတွေးမိကြပါ။

ဒင်

ဂျိမ်ဂျဲ၏ လေးစားအထင်ကြီးမှု +၁

ဂျိမ်ဂျဲနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၅/၁၀၀)

စနစ်က သတိပေးချက်ကို ကြားလိုက်ပြီးနောက် ဆွန်းမိုသည် ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်၏

အမြင်သည် ဘယ်လောက်အရေးကြီးတယ်ဆိုတာ စိတ်ထဲက မှတ်ထားလိုက်သည်။ အရင်ကတည်းက သူ၏လုပ်ဆောင်မှုက ကောင်းနေသော်လည်း ဂျိမ်ဂျဲဆီက လေးစားအထင်ကြီးမှုအမှတ် ၁ သာ ရနိုင်ခဲ့သည်။ ဘယ်လောက်တောင် တွန့်တိုလဲ။

အန်ရှီဝေသည် ဆွန်းမိုကိုကြည့်ရင်း အမှတ်တရများထဲတွင် နစ်မြုပ်နေသည်။ ငယ်ကျွမ်းဆွေလေးက မျက်နှာနှစ်ဖက် ဖြစ်နေပြီလား။ ဖန်ဇိုဝမ်၏ ပထမဆုံး ကစားကွက်ကို လွယ်လွယ်လေးနှင့် ဖျက်ပစ်လိုက်သည်။

"..”

ဖန်ဇိုဝမ်လည်း ကြောင်နေသည်။ သူဘာလုပ်သင့်လဲ။ ဆွန်းမိုက ဒွန်ဝူကို မေးခွန်းတောင် မေးခွင့်မပေးဘူးလို့ ထင်တောင် မထင်ထားခဲ့ပါ။

ဆွန်းမိုသည် ကျောင်းသားများထဲက ဖန်ဇိုဝမ်၏ တိုက်ရိုက်တပည့်တွေကို လိုက်ရှာခဲ့သည်။

ဖန်ဇိုဝမ်သည် ကြယ်တစ်ပွင့် မြတ်ဆရာဖြစ်သောကြောင့် ဆွန်းမိုကို စမ်းသပ်ရန် သူကိုယ်တိုင်တော့ ထမလုပ်နိုင်တာကို ခန့်မှန်းထားသည်။

တကယ်လို့ ဆွန်းမိုကို ရှုံးသွားပါက သူ့မျက်နှာ ပျက်သွားလိမ့်မည်။ သူသာ အနိုင်ရဖို့ဘဲ မျှော်လင့်ရသည်။ ဖန်ဇိုဝမ်သည် သူ့ကိုယ်စားဆွန်းမိုကို ဒုက္ခပေးရန် တပြည့်များကို ခိုင်းထားဖို့ ၈ဂနှင့် ၉၀ ရာခိုင်နှုန်းလောက် သေချာသည်။

ဆွန်းမို၏ အကြည့်များသည် ကျောင်းသားတစ်ယောက်ဆီကို ရောက်သွားသည်။ ရုတ်တရတ် သူ့မျက်လုံးများ တောက်လာသည်။ (ကောင်းလိုက်တာ ၊ဖန်ဇိုဝမ် မင်းကို နောက်တစ်ကြိမ် မျက်နှာပျက်အောင် လုပ်ရမယ်)

အခန်း(၈၂) - အမှန်တကယ်ကို ထုနှက်သူ။

"နောက်တစ်ယောက်"

ဆွန်းမိုကပြောပြီး ဟောပြောပွဲခန်းမထဲကို လျှောက်လာသည်။

ကျောင်းသားများသည် လက်ထောင်ကာ အရွေးခံရရန် မျှော်လင့်ချက်များနှင့် ကြည့်နေကြသည်။

"ကျောင်းသား မင်းနာမည် ဘယ်လိုခေါ်လဲ"

ဆွန်းမိုသည် တတိယတန်းတွင် ထိုင်နေသော အမျိုးသားကျောင်းသားကို လက်ညှိုးထိုးပြီး မေးလိုက်သည်။ သူသည် အရမ်းကို ချောမောပြီး ဇင်ယော်တောင် မျက်ခုံးများနှင့် ဖြစ်သည်။

"ဟားဟား"

ဖန်ဇိုဝမ်က မနေနိုင်ဘဲ စတင်ရယ်မောလိုက်မိသည်။ ဆွန်းမို၏ ကံက နည်းနည်းတော့ဆိုးနေသည်။ မဟုတ်ပါလား။ သူရွေးချယ်လိုက်သည့်ကျောင်းသား နောက်တစ်ယောက်ကလည်း သူ၏တိုက်ရိုက်တပြည့်ထဲက ကျောင်းသားတစ်ယောက်ဖြစ်သည်။

"ဒီတစ်ခါ မင်းအသက်ရှင် နိုင်ပါ့ အုံးမလား"

ဖန်ဇိုဝမ်သည် ပွဲကြီးပွဲကောင်းတစ်ခုကိုစောင့်ကြည့်ရန် အေးစက်စက်နှင့် ရယ်မောနေသည်။

"ဖန်ဒင်"

ခါးခါးကြားထိုးထားသော ကျောင်းသားက မတ်တပ်ထရပ် လိုက်သည်။

“ မင်းမှာ ကိုယ်ပိုင်ဆရာရှိလား”

ဆွန်းမိုက မေးသည်။

ဖန်ဒင်၏ ချောမောလှပသော မျက်ခုံးများ တွန့်သွားသည်။ သူက ရှိပါတယ်လို့ ဖြေလိုက်ရင် ဘာလို့ မင်းဆရာနှင့် ပြန်မတိုင်ပင်တာလဲလို့ ပြန်ဖြေလိုက်မှာကို သူစိုးရိမ်နေသည်။ “မင်းသူ့ကို မယုံဘူးလား။ ဒါမှမဟုတ် ငါ့ကို ပြဿနာ

လာရှာတာလား” စတာတွေကိုလဲ မေးလိုက်မှာ စိုးရိမ်နေသည်။

ခုနတုန်းကလဲ သူ၏ပညာသင်ဘက် ညီလေးသည် ခန်းမထဲကနှင်ထုတ်ခံရပြီး ဝိညာဉ်ချိ မိတ်ဆက်ခြင်းစာအုပ်ကို အကြိမ်တစ်ရာတောင် ကူးရေးခိုင်းခံ လိုက်ရသည်။ သူ့ပညာသင်ဘက်ညီလေးလို ဆိုးရွားသောလမ်းကို မလျှောက်ချင်ပါ။

ဒါပမယ့်လည်း ဒီမေးခွန်းကို လိမ်ပြီး မဖြေဝံ့ပါ။ သူ့ကိုယ်သူ ထိန်းလိုက်ပြီး “ဟုတ်ကဲ့” ဟု ပြန်ဖြေလိုက်သည်။

ဖန်ဇိုဝမ်၏ အပြုံးများ ပျောက်ကွယ်သွားသည်။ ဒီကောင် ဆွန်းမိုဘာလို့ သူ့ကစားကွက်အတိုင်း မကစားတာလဲ။ ဘာရည်ရွယ်ချက်နှင့် ကျောင်းသားရဲ့ ဆရာကို မေးတာလဲ။

ကံကောင်းတာက ဖန်ဒင်သည် အရေးကြီးသော အချက်ကိုကျော်ပြီး လိမ္မာ ပါးနပ်စွာ ဖြေသွားသည်။ ဖန်ဇိုဝမ်၏ နာမည်ကို ထုတ်မပြောခဲ့ပါဘူး။

"အို ဘယ်သူများပါလိမ့်"

ဆွန်းမိုက ဆက်မေးလိုက်သည်။

ဒီတစ်ခေါက်တော့ ဖန်ဒင် ညစ်ပတ်ဖို့ နည်းလမ်းမရှိတော့ပါဘူး။ လေးစားမှုအပြည့်နှင့်

"ဆရာ ဖန်ဇိုဝမ်"

"အော်"

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။

အနောက်ဘက်တွင် ထိုင်နေသော ဆရာများလည်း ဖန်ဇိုဝမ်ကို တစ်ချက် လှည့်ကြည့်လိုက်ပြီး ဆွန်းမိုကို ပြန်ကြည့်နေကြသည်။

အစမ်းခန့်ဆရာတွေ့ဆုံပွဲတွင် ဆွန်းမိုနှင့် ဖန်ဇိုဝမ်ကြားက တိုက်ပွဲအကြောင်းကို လူတိုင်း ကြားခဲ့သည်။ မြတ်ဆရာတစ်ယောက်၏ တိုက်ရိုက်တပြည့်ဖြစ်သော ဖန်ဒင်သည် ဆရာသစ်တစ်ယောက်၏ လှူထုဟောပြောပွဲကို ရောက်လာရသည့် နောက်ကွယ်က အကြောင်းကို အားလုံးနားလည်သွားသည်။ တကယ်လို့

ကိုယ်ပိုင်ဆရာ၏ ညွှန်ကြားချက်မရှိဘဲ ဖန်ဒင်က ဒီကိုရောက်နေပါတယ်လို့ပြောရင် ဘယ်သူမှ မယုံပါဘူး။

အခုပြဿနာက ဆွန်းမိုက စိန်ခေါ်တာကို လက်ခံမှာလား၊ လက်မခံဘူးလား။

“ဒါဆို မင်းကငါ့ကို မေးနေတာ။ မင်းရဲ့ဆရာက မလုပ်နိုင်ဘူး ထင်လို့လား”

ဟောပြောခန်းမထဲကလေထု လေးလံလာသည်။ အားလုံးကလည်း ဆွန်းမို ဘာဆက်လုပ်မလဲ ဆိုတာကို စောင့်ကြည့် နေကြသည်။

"ဆရာဖန် သူ့မေးခွန်းကို ငါဖြေလိုက်ရင် စိတ်မဆိုးဘူး မှတ်လား"

ဆွန်းမိုကပြုံးပြီး ဖန်ဇိုဝမ်ကို စိုက်ကြည့်ကာ မေးလိုက်သည်။

ပုံမှန်ဆိုပါက ကျောင်းသားတစ်ယောက်တွင် ကိုယ်ပိုင်ဆရာရှိပါက ကျောင်းသားများသည် သူတို့၏ ကိုယ်ပိုင်ဆရာ နားမလည်သည့် နယ်ပယ်ကိုလဲ နောက်ဆရာတစ်ယောက်နှင့် အလွယ်တကူ မတိုင်ပင်ကြပါ။

ဒါက မလေးစားသည့် သဘောကို သက်ရောက်နေပါသည်။

"စိတ်မရှိပါဘူး"

ဖန်ဇိုဝမ်က မြတ်ဆရာတစ်ယောက် အသွင်ဖြင့် ပြုံးကာ ပြန်ပြောသည်။

ဆွန်းမို၏ စိတ်ရင်းက တကယ်ကိုကောင်းသည်။

" ဘယ်လောက်တောင် သတ္တိရှိ လိုက်သလဲ"

ကျန်ရုံနဲလို တခြားသူကို လွယ်လွယ်နှင့် အထင်မကြီးတတ်သည့် လူတစ်ယောက်တောင် ဆွန်းမိုကို ချီးကျူးလိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

ကျန်ရုံနဲ့၏ လေးစားအထင်ကြီးမှု +၁

ကျန်ရုံနဲ့နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်

မူလ(၁/၁၀၀)

“ဒီလူငယ်က တကယ်ကို ရဲရင့်တာပဲ”

ကျုံရှန်ရီလဲ ဆွန်းမိုကို ချီးကျူးလိုက်သည်။

ဒင်

ကျုံရှန်ရီ၏ လေးစားအထင်ကြီးမှု - +၁

ကျုံရှန်ရီနှင့် လေးစားအထင်ကြီးမှုအမှတ် - မူလ(၁/၁၀၀)

ဖန်ဒင်သည် ဖန်ဇိုဝမ်၏ တပြည့်ဖြစ်သောကြောင့် သူ့မေးခွန်းသည် မရိုးရှင်းနိုင်ပါ။ သို့သော်လည်း ဆွန်းမိုက စိန်ခေါ်မှုကို လက်ခံလိုက်ပြီ ဖြစ်သည်။ သူ့ရဲ့ သတ္တိကတော့ ချီးကျူးဖို့ကောင်းသည်။

"အခုတလော ငါတရားထိုင်ရင် စိတ်တွေ ရှုပ်ထွေးနေတယ်။ ငါ့အတွေးတွေကို ရှင်းလင်းပြီး စိတ်အေးချမ်းမယ့် နည်းလမ်း မရှိဘူးလား။ ဘာကြောင့် ဖြစ်နေတာလဲဆိုတာကို ငါလည်းမသိဘူး"

ဖန်ဒင်က တိုင်ပင်လိုက်သည်။

(မင်းရဲ့ အနှိပ်နည်းစနစ်က သိပ်အစွမ်းထက်နေတယ်။ ဟုတ်လား။ ဒါက ဝိညာဉ်ပြုပြင်ခြင်းအဆင့်နဲ့ သက်ဆိုင်တဲ့ မေးခွန်းကွ။ မင်းရဲ့ အနှိပ်နည်းစနစ်က စိတ်ပိုင်းဆိုင်ရာတော့ သက်ရောက်မှု မရှိနိုင်ပါဘူးကွာ)

ဆွန်းမိုက တိုက်ရိုက် ပြန်မဖြေဘဲ ဖန်ဒင်ကို စိုက်ကြည့်နေသည်။ (မင်းရဲ့ မေးခွန်းကလဲ ခက်ခဲမယ်ဆိုတာ သိပြီးသားပါ။ ဒါပေမယ့် ငါကလည်း ပြန်ဖြေဖို့ အစီအစဉ် မရှိပါဘူး။)

“ဆရာ”

ဖန်ဒင်သည် ထိုကဲ့သို့စိုက်ကြည့် ခံရရင် နည်းနည်း ကြောက်လန့်သွားသည်။ ဆွန်းမိုလက်က သူ့ပခုံးပေါ်ကိုတင်လိုက်ရင် ရှောင်ထွက်လိုက်မိသည်။

“ဟား ဟား ဒီကောင့်ကိုကြည့်ရတာ အဖြေမသိဘူးထင်တယ်”

ကျန်ဟန်ဖူနှင့် သူ့အဖွဲ့ဝင်များက ပျော်နေကြသည်။

"ဒီကကျောင်းသား မင်း ဆောင်ကြာမြိုင်တွေကို သွားနေသ၍ မင်းရဲ့ အတွေးကို ငြိမ်သက်အောင် လုပ်လို့ မရဘူး"

ဆွန်းမိုက တည်တည်ငြိမ်ငြိမ်နှင့် ပြောလိုက်သော်လည်း သူ့စကားကြောင့် ဟောခန်းမ တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဘာကြီးတုန်း"

"ဟားဟား၊ ငါရယ်မိပြီး သေတော့မှာဘဲ။ ဒီလိုမျိုး အဖြေကို ကြားရတာ ပထမဆုံးဘဲ"

"ဒါက အလုပ်ဖြစ်လို့လား"

ခန်းမထဲရှိလူတိုင်းသည် ဆွန်းမို၏ လမ်းညွှန်ချက်ကို ကြားလိုက်ပြီး ဘယ်လို ပြန်ပြောရမလည်း မသိတော့ပါ။

“သူက မိုက်မဲလွန်းတယ်။ ဒါက လူထုပဟောပြောပွဲလေ။ ဆွန်းမိုက ဘာလို့ ဒီလို ပြောလိုက်တာလဲ”

ဆရာတချို့က ပြင်းပြင်းထန်ထန်နှင့် ခါးခါးသီးသီး ဝေဖန်နေကြသည်။

ဖန်ဒင်လည်း ဒေါသထွက်သွားသည်။ "ဒီလိုမျိုး တစ်ခါမှ မလုပ်ဖူးဘူး" ရှင်းပြနေရင်း မျက်နှာနီလာသည်။

"အဓိပ္ပာယ်မရှိတဲ့စကားတွေ ရပ်လိုက်ပါတော့။ ငါ ဘယ်တော့မှ ပြည့်တန်ဆာဆီကို မသွားဘူး"

အလယ်ကမ္ဘာရှိ ပြည်နယ်ကိုးခုသည် ရှေ့ခေတ်တရုတ်ပြည်နှင့် ယဥ်ကျေးမှုတူသော်လည်း အပျော်ရှာရန် ပြည့်တန်ဆာ ခန်းများကို ယောကျာ်းများ လာတာက မမှားယွင်းပါ။ ကျောင်းသားများကိုတော့ တားမြစ်ထားသည်။

ဒီလိုလုပ်လိုက်မယ်ဆိုရင် ကြီးထွားသည့် အရွယ်တွင်ရှိနေသော ကျောင်းသားများသည် သူတို့ကိုယ်ထဲက အနှစ်သာရများကို ထိခိုက်စေပြီး သူတို့၏ ကျင့်ကြံမှုကိုပါ ထိခိုက် လာနိုင်သည်။ အချစ်ကိစ္စတွေကို စွဲလမ်းလာသည့်အတွက် သူတို့၏ စိတ်ဆန္ဒတွေလည်း ယိုယွင်းလာနိုင်သည်။

"ဟုတ်လား။ ဘယ်လိုလုပ် ကာလသားရောဂါ ရတာလဲ"

ဆွန်းမိုက မေးလိုက်သည်။

ဖန်ဒင်၏ အချက်လက်အမျိုးမျိုးကို သူတွေ့နေရသည်။ ဖန်ဒင်သည် လွန်ခဲ့သည့် ငါးလကတည်းက ကာလသားရောဂါကို ကူးစက်ခံထားရတယ် ဆိုသည့် မှတ်ချက်များက တန်းစီနေပါသည်။ ဒါကသူ၏ ချီနှင့် သွေးများ လှုံ့ဆော်မှုများကို ကျဆင်းသွားစေသည်။

ထိုရောဂါသည် အလွန်ကို ကူးစက်နိုင်ကာ ညစ်ညမ်းသော ရောဂါဖြစ်သည်။

ဟာ

ခန်းမတစ်ခုလုံး ဟာရီကိန်း မုန်တိုင်းတိုက်ခက်သွားသလို ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။

ဆရာတွေက မျက်မှောင်ကြုတ်နေပြီး ကျောင်းသားတွေက မှင်တက် နေကြသည်။

ဒီမေးခွန်းက အရမ်းလေးနက်သည့် မေးခွန်း ဖြစ်သည်။ ထိုအတိုင်း အမှန်ဖြစ်ပါက ဖန်ဒင်သည် ကျောင်းထုတ်ခံရမှာ သေချာသည်။

ဖန်ဒင်၏ ဆရာဖြစ်သည့် ဖန်ဇိုဝမ်လည်း သည်းမခံနိုင်တော့ဘဲ ထိုင်ခုံက ခုန်ထလာသည်။

"ဆရာဆွန်း ၊ မင်းမှာ သက်သေရှိလား။ ဘာလို့အဓိပ္ပာယ်မရှိတဲ့ စကားတွေကို ပြောရတာလဲ"

ဖန်ဇိုဝမ်က ဆွန်းမိုကို စိုက်ကြည့်ရင်း ပြောလိုက်သည်။ ဖန်ဒင်၏ လုပ်ဆောင်ချက်များသည် ဖန်ဇိုဝမ်၏ အမိန့်ကြောင့်သာ ဖြစ်သည်။ ဆွန်းမိုက ဒါကို မကျေနပ်လို့ လုပ်နေတာ ဖြစ်နိုင်သည်။

ဖန်ဒင်သည် ချောမောပြီး ထူးခြားသည့် နောက်ခံရှိကာ ဖန်ဇိုဝမ်ကိုလဲ အရမ်းကို လေးစားသည့်သူ ဖြစ်သည်။

အရေးကြီးဆုံးအချက်ကတော့ ထူးချွန်ထက်မြက်ပြီး သူ့လက်အောက်တွင် အထက်တန်းစား ကျောင်းသားဖြစ်သည်။ အခုတော့ ဖန်ဒင်သည် ဆွန်းမို၏ ကဲ့ရဲ့ခြင်းကို ခံနေရသည်။ ဖန်ဇိုဝမ်အတွက်ကတော့ သူ၏ ကိုယ်ပိုင်ရတနာတစ်ခု စွန်းထင်းသွားတာကို မြင်နေရသလို ဖြစ်နေသည်။ ဘယ်သူက လက်ခံနိုင်မှာလဲ။ ခုချိန်မှာ ဆွန်းမို ခေါင်းကိုဖြတ်ဖို့ကလွဲပြီး ဘာမှကို မလိုချင်ဘူး။

"ပဉ္စမတန်း ကျောင်းသားတစ်စုလုံးမှာ စွမ်းအားတွေ ၊ ပါရမီတွေ ထည့်မတွက်ရင်တောင်

သူက ထိပ်ဆုံးအဆင့်မှာ ရှိတာ သိလားကွ။ သူ့ကို လိုက်ကြိုက်နေတဲ့ မိန်းကလေးတွေက ၁၀၀ မပြည့်ဘူးဆိုရင်တောင် ၁၀ ယောက်တော့ ကျော်တယ်။ မိန်းမတွေရဲ့ ဆွဲဆောင်ခြင်းကို မခံနိုင်ရင်တောင် ပြည့်တန်ဆာတွေဆီကို သွားစရာမလိုဘူးကွ”

ဖန်ဇိုဝမ်က လှောင်ပြီး ပြန်ပြောနေသည်။

ဖန်ဇိုဝမ်၏ အမြင်အရ ဖန်ဒင်သာ လိုချင်ပါက သူ၏အကျီကို တစ်ထည်ပြီးတစ်ထည် မပြောင်းနိုင်ခင် ရည်းစားကတော့ တစ်ယောက်ပြီး တစ်ယောက်

ပြောင်းနိုင်သည်။ ပြည့်တန်ဆာခန်းလို နေရာမျိုးကို ဘာကြောင့် သွားရမှာလဲ။

"ဆရာဖန်၊ သူ့မှာ ကာလသားရောဂါ ရှိမရှိ ရိုးရိုးလေး မေးလိုက်လို့ မရဘူးလား"

ဆွန်းမိုက နှုတ်ခမ်းကိုတွန့်ကာ ပြောလိုက်သည်။

" ဖန်ဒင်၊ သူ့ကိုဖြေလိုက်" ဖန်ဇိုဝမ်က ဟောက်လိုက်သည်။

"ဆရာဆွန်း၊ မင်းတို့တစ်မိသားစုလုံးသာ ကားလသားရောဂါရှိတာ၊ မင်းမှာသာ ကာလသားရောဂါရှိတာ" ဖန်ဒင်က အော်လိုက်သည်။

လေထုထဲတွင် တင်းမာမှုများ ပြည့်လာသည်။

"အို၊ ဆရာဆွန်းက သတိမထားလိုက်ဘူးဘဲ။ သူ့မှာ ဘုရားပေးတဲ့လက် ရှိနေတယ်လို့ ထင်နေတာလား။ နည်းနည်းလောက် ကိုင်လိုက်ရုံနှင့် ကျောင်းသားမှာ ရောဂါ ရှိမရှိ သိတယ်လို့ ထင်နေတာလား။ ဒါဆိုရင် ဘာလို့ ဆရာဝန်တွေ လိုအုံးမှာလဲ"

ကျန်ရှီက ခေါင်းယမ်းကာ ပြောလိုက်သည်။ ဆွန်းမိုသည် အစောပိုင်းတုန်းက အဆင်ပြေချောမွေ့လွန်းလို့ သတိလက် လွှတ်သွားတာလား။

ဆရာအများစုကလည်း ထိုကဲ့သို့ တွေးနေကြသည်။ တကယ်ဆို ဆရာဝန်တစ်ယောက်တောင် လူနာရဲ့ သွေးခုန်နှုန်းကိုစစ်၊ နှလုံးခုန်သံကို နားထောင်။ ဘယ်လိုခံစားနေရလဲ မေးခွန်းထုတ်ပြီး နည်းလမ်းတွေနှင့် စစ်ဆေးရအုံးမှာပါ။

“မင်းက လက်မခံချင်ဘူးပေါ့။ ဒါမှမဟုတ် မင်းကိုယ်တိုင် မသိတာလား။ လာပါ။ ဒီမှာ ဆေးပညာကျွမ်းကျင်တဲ့ ဆရာတွေလဲ ရှိတယ်။ တခါတည်း စစ်ကြည့်လိုက်ပေါ့”

ဆွန်းမိုက အနောက်ဘက်တွင် ထိုင်နေသော ဆရာတွေကို စိုက်ကြည့် နေသည်။

ဆေးပညာကျွမ်းကျင်သော ဆရာတချို့ရှိသော်လည်း ငြိမ်နေကြသည်။ ဖန်ဒင်ကို စစ်ဆေးလိုက်ပါက ဖန်ဇိုဝမ်ကို မလေးစားရာ ရောက်သွား နိုင်သည်။

"ဆွန်းမို မင်းလွန် မလာနဲ့နော်"

ဖန်ဇိုဝမ်က ဒေါသကြီး အော်ဟစ်လိုက်သည်။

"သူသာ လိပ်ပြာလုံရင် စစ်ဆေးတာကို ဘာလို့ ကြောက်နေမှာလဲ"

ဆွန်းမိုက ပခုံးတွန့်ကာ ပြန်ပြော လိုက်သည်။

“သူတို့စစ်ဆေးတာ ဖန်ဒင်မှာ ကာလသားရောဂါမရှိဘူး ဆိုရင် မင်းဘယ်လို လုပ်မှာလဲ။” ဖန်ဇိုဝမ်က ဆက်ပြီး “ကာလသားရောဂါရှိတဲ့ ပြည့်တန်ဆာမတစ်ယောက်ကို ရှာပြီး မင်းနဲ့ အိပ်ခိုင်းမယ်”

“လုပ်လိုက်လေ”

ဆွန်းမိုက တည်ငြိမ်စွာ ပြန်ဖြေလိုက်သည်။

သို့သော်လည်း ဒီနေရာကို ရောက်နေသည့် ဆရာများကတော့ မတည်ငြိမ်နိုင်ပါ။ ဆွန်းမိုက မရက်စက်လွန်းဘူးလား။ အခုလည်း ကာလသားရောဂါအကြောင်းကို ပြောနေကြသည်။ ကာလသားရောဂါကို ကုလို့မရသည့် ရောဂါလို့ သတ်မှတ်ထားသည်။ အရေးကြီးဆုံးအချက်က ရောဂါကူးစက်ခံရတာက အရမ်းကို ရှက်ဖို့ကောင်းသည်။

"ငါတို့ ဘာလုပ်သင့်လဲ"

လုချီဟွာ အရမ်းကို စိုးရိမ်နေသည်။ လီဇီချီလက်ကိုလည်း တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။

လီဇီချီ၏ အမူအရာလည်း လေးလံနေသည်။

"ဘာပဲဖြစ်ဖြစ်၊ ငါတို့က ဆရာ့ကိုဘဲ ယုံကြည်ရအောင်"

"ငါရောဘဲ"

"ဆရာကျုံ၊ မင်းရဲ့ ဒုတိယအလုပ်အကိုင်က ဆရာဝန် မဟုတ်ဘူးလား။ ဖန်ဒင်ကို လာစစ်ကြည့်ပေးပါ"

ဖန်ဇိုဝမ်က ထိုသို့ပြောလိုက်ပြီး ဖန်ဒင်ကို တစ်ချက် ကြည့်လိုက်သည်။

"မကြောက်နဲ့ ၊ မင်းအရှက်ရတာကို အတိုးနဲ့ ပြန်ပေးမယ်လို့ငါ ကတိပေးတယ်"

ကျုံရှန်ရီသည် အသက်ကြီးပြီး ခန့်ပါသည်။ သူ့မျက်နှာက အမြဲတန်းပြုံးနေပြီး မြင်ရသည့် သူတိုင်းက သဘောကျကြသည်။ အခုတော့သူ့ကို နာမည်တပ်ပြီး ပြောလိုက်သဖြင့် သူ့မှာ လုပ်ချင်စိတ်မရှိလည်း အားမနာတော့ပါဘူး။

"ဆရာကျုံ ၊ အားနာစရာ မလိုပါဘူး"

ကျန်ဟန်ဖူက တိုက်တွန်းလိုက်သည်။

အန်ရှီဝေကတော့ ဆွန်းမိုကို စိုက်ကြည့်ရင်း တစ်ခုခု ပြောချင်နေသည်။ သို့သော်လည်း ဆွန်းမိုက ခေါင်းကို အနည်းငယ် ခါယမ်းကာ စကားတချို့ ပြန်ပြောတာကို တွေ့လိုက်ရသည်။

"စိတ်မပူနဲ့"

သူတို့သည် ငယ်စဉ်ကတည်းက ချစ်သူများဖြစ်သောကြောင့် ဆွန်းမိုက ဘာကိုပြောချင်လဲ ဆိုတာကို သူမသိလိုက်သည်။ ဆွန်းမိုကို ကြည့်ရတာ ယုံကြည်ချက် ရှိနေသည်။

ဒါကြောင့် သူမလည်းဆွန်းမိုကို ယုံကြည်ဖို့ ဆုံးဖြတ်လိုက်သည်။

ကျုံရှုန်ရီက ဖန်ဒင်ကို ခေါ်ပြီး အိမ်သာဘက်ကို ထွက်သွားသည်။ နောက်ထပ်ဆရာ နှစ်ယောက်ကလည်း သက်သေအဖြစ် လိုက်သွားသည်။

ဖန်ဇိုဝမ်ကတော့ ဆွန်းမိုကို ဒေါသတကြီး စိုက်ကြည့်နေသည်။ သူသည် ကျုံရှုန်ရီ၏ စစ်ဆေးချက် မထွက်လာသေးခင်ကိုပင် ဆွန်းမိုကို လည်ပင်းညှစ် သတ်ချင်နေသည်။

"မင်းကို ကျောင်းကနှင်ထုတ်ပြီး မင်းကိုယ်မင်း ပြန်မကယ်နိုင်အောင်ကို လုပ်ပစ်မယ်"

ဖန်ဇိုဝမ်က သူ့ကိုယ်သူ ကတိပေးလိုက်သည်။

စစ်ဆေးတာက အချိန်မကြာလိုက်ပါဘူး။ ငါးမိနစ်လောက်ကြာပြီးနောက် သူတို့လေးယောက် ပြန်ရောက်လာကြသည်။

"ဆရာကျုံ ရလာဒ်တွေကို ပြောပါအုံး"

ဖန်ဇိုဝမ် စိတ်လောနေသည်။

ဆရာကျုံကတော့ တံတွေးတစ်ချက် မြိုချလိုက်သည်။

“ပြောလိုက်ပါ”

ကျန်ဟန်ဖူက တိုက်တွန်းလိုက်သည်။

“ဘယ်လို အခြေပဲဖြစ်ဖြစ် အမှန်တိုင်း ပြောလိုက်။ သူတို့ရဲ့နာမည်ကို ဂရုစိုက်စရာ မလိုဘူး။ သူတို့က သတ္တိရှိရှိပြောရဲရင် အကျိုးဆက်ကို ရင်ဆိုင်ဖို့လည်း သတ္တိရှိမှာပါ”

ကျန်ဟန်ဖူသည် ‘သူတို့’ လို့ သုံးလိုက်သော်လည်း ဆွန်းမိုကိုရည်ညွှန်းမှန်း လူတိုင်း နားလည်သည်။

“ဒီ......ဒီ........”

ကျုံ့ရှန်ရီသည် ဖန်ဇိုဝမ်ကို တစ်ချက်ကြည့်လိုက်သည်။ သူတစ်ခုခုကို ပြောချင်သော်လည်း အားနာနေသည်။

"ဆရာကျုံ့ မင်းရဲ့ လုပ်ဖော်ကိုင်ဖက်ကြောင့် လိမ်တော့ မပြောသင့်ဘူးနော်။ ပြီးတော့ မေးခွန်းထုတ်တဲ့ ကျောင်းသားကလဲ ဒီမှာဘဲ။ သူ့ကိုစစ်ဆေးဖို့ နောက်ဆရာဝန်တစ်ယောက်ကို ရှာလို့ရတယ်"

ဆွန်းမိုက သတိပေးလိုက်သည်။

ဆွန်းမိုက အခြေအနေအားလုံးကို ရှင်းရှင်းလင်းလင်း ပြောထားတော့ ကျုံ့ရှန်ရီက ဘာလုပ်နိုင်အုံး မှာလဲ။ သူက ဖန်ဒင်ကို စိုက်ကြည့်ရင်း သက်ပြင်းချပြီး “ ဒီလူငယ်က ကာလသားရောဂါ ကူးစက်ခံထားရတယ်။ သုံးလလောက်တော့ရှိပြီ”

ဟာ

လူတိုင်း အံ့အောသွားသည်။ ရုတ်တရုတ် အကြည့်ပေါင်းရာကျော်က ဖန်ဒင်ကို လှမ်းကြည့် လိုက်ကြသည်။ “သုံးလလောက်တော့ရှိပြီ” အဲဒါက အရေးမကြီးတော့ပါဘူး။

"ကာလသားရောဂါ" ဆိုသည့် စကားက တကယ်တူနှင့် ထုလိုက်သည်နှင့် တူသည်။ အားလုံးကို ဖျက်ဆီးလိုက်ပါပြီ။

"မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး" ဖန်ဇိုဝမ် စိတ်ပူလာသည်။ သူ့မျက်လုံးက သွေးမျက်ရည်ကျလာရင်း " ဖန်ဒင်က ငါ့ရဲ့ အတော်ဆုံးကျောင်းသားလေ။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ မင်းအဓိပ္ပာယ်မရှိတာ ပြောနေတာ"

ကျံုးရှန်ရီသည် အဘိုးကြီးတစ်ယောက်ဖြစ်သော်လည်း

သူ့ဂုဏ်သိက္ခာကို အများရှေ့တွင် သံသယစကား အပြောခံလိုက်ရတော့ ဘယ်လို လက်ခံနိုင်မှာလဲ။

"ဆရာဖန်၊ မင်းကငါ့ကို မယုံရင် မင်းရဲ့ကျောင်းသားကို နောက်တစ်ယောက်နဲ့ စစ်ဆေးခိုင်းလို့ ရတယ်"

ကျုံးရှန်ရှီက အေးစက်စက်နှင့် ပြန်ပြောလိုက်သည်။ (ငါရဲ့ ဆေးပညာအရည်အချင်းကို သံသယဝင်တာလား။ ငါက ငါ့ဂုဏ်ကို မထိန်းသိမ်းဘူးလို့ မင်းထင်နေတာလား)

အခန်း(၈၃) - နတ်ဘုရား လက်။

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။ ငါ့မှာ ကာလသားရောဂါ ကူးစက်ခံထားရတာ မဖြစ်နိုင်ဘူး"

နဂိုက ငြိမ်သက်နေသော ဖန်ဒင်၏ မျက်နှာတွင် မယုံကြည်နိုင်မှုများပေါ်လာပြီး အော်ဟာစ်နေသည်။ ဒီကိစ္စသာ အမှန်ဖြစ်ပါက သူဘဝက ပြီးသွားပါပြီ။

ကျန်ဟန်ဖူ မျက်နှာလည်း ရုတ်တရက်ပျက်သွားသည်။

" အမှန်လား။ လိမ်နေတာလား"

ကျုံရှန်ရီ ပြန်လာတာကိုမြင်ရင် ကျန်ရုံနဲက မေးလိုက်သည်။

"အမှန်ပဲ။ ဒါပေမယ့် ဆွန်းမိုကိုတော့ တော်တယ်လို့ ပြောရမှာဘဲ။ သူက ဖန်ဒင်ကို ကိုင်လိုက်ရုံနဲ့ ဖန်ဒင်၏ အခြေနေကို သုံးသပ်နိုင်တာဘဲ"

ကျုံ့ရှုန်ရီသည် ဆွန်းမိုကို အံ့အောသင့်သည့် အကြည့်နှင့် တစ်ချက်ကြည့်လိုက်ရင်း ပြောလိုက်သည်။ ဘယ်လိုသိလည်း ဆိုတာကို စဉ်းစားလို့မရ ဖြစ်နေသည်။ ဆွန်းမိုမှာ နတ်ဘုရားလက်တစ်စုံ ရှိနေတာလား။

ဟောပြောပွဲခန်းမတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ မထိန်းနိုင် ဖြစ်နေသည်။

“တိတ်ကြပါ”

ဂျီမဲဂျဲက တန်ဖိုးဖြတ်မရသည့် အကြံပြုချက် မြတ်ဆရာ အရှိန်အဝါကို သုံးပြီး ပြောလိုက်သည်။

ရွှေအိုရောင်အလင်းများက ခန်းမတစ်ခုလုံးကို လင်းထိန်သွားသည်။ ထိုအရှိန်အဝါက ကျောင်းသားများကို ချက်ခြင်း တိတ်ဆိတ်သွားအောင် လုပ်လိုက်သည်။

ဒီမြတ်ဆရာအရှိန်အဝါက မြတ်ဆရာများ၏ စကားနှင့်ဩဇာအား အရမ်းကို လွှမ်းမိုးနိုင်စွမ်း ရှိစေသည်။

သာမန်ဆရာတွေလည်း သူတို့၏ တပြည့်များကို အားပေးရန် သုံးတတ်ကြပါသည်။ သို့သော် ဂျိမဲဂျဲတို့ အဆင့်တွင် စကားလုံးတစ်လုံးသာ လိုအပ်သည်။

သူမကဆူပူနေရင်း တန်ဖိုးဖြတ်မရသော မြတ်ဆရာအရှိန်အဝါကို သုံးလိုက်ပါက အကျိုးသက်ရောက်မှုက ပြင်းထန် သွားနိုင်သည်။

ဆွန်းမို လျော့ရနေသည်။ သူလည်း အလင်းများနှင့် ထိတွေ့မိသည်။ အခုတော့ သူပြောချင်သည့်စကားများ ပါးစပ်က မထွက်လာတော့ဘဲ စိတ်ထဲတွင် 'တိတ်ကြပါ' စကားများပဲ ကြားနေရသည်။

" ဘယ်လောင်တောင် အထင်ကြီးဖို့ ကောင်းလိုက်လဲ"

ဆွန်းမို စိတ်ထဲကနေ ချီးကျူးလိုက်သည်။ ဒါက ကြယ်သုံးပွင့်အဆင့် မြတ်ဆရာတစ်ယောက်၏ ခွန်အား ဖြစ်သည်။

'ဖန်ဒင် မင်းပြည့်တန်ဆာခန်းကို သွားဖူးလား" ဂျိမ်ဂျဲက မေးလိုက်သည်။

ဖုန်း

ဖန်ဒန် မဖြေခင် ဒူးထောက် လိုက်သည်။

သူကို ဂျိမ်ဂျဲ မေးလိုက်ပါပြီ။ သူမ၏ကော်လံဘေးနားတွင် ရွှေချည်ကြိုးသုံးချောင်း မြင်လိုက်သည့်အခါ သူ မလိမ်ရဲတော့ပါ။

မြတ်ဆရာတစ်ယောက်ကို လိမ်ပြောမိပါက အပြစ်ပိုကြီးသွားမည်။

"ပြောစမ်း"

ခုံသမားဓိအနေနှင့် ဂျိမ်ဂျဲကလုပ်သည့်အခါ ဘယ်သူမှ ဝင်မပြောရဲပါ။

"ဟုတ်.. ဟုတ်ပါတယ်"

ဖန်ဒင်သည် ခေါင်းကိုငုံ့လိုက်ကာ တိုးတိုးလေး ဖြေလိုက်သည်။ သို့သော်လည်း ခန်းမဘယ်လောက်ကြီးကြီး လူတိုင်ကြား လိုက်သည်။

"ဖန်ဒင်!"

ဖန်ဇိုဝမ်က အော်လိုက်သည်။ ဒေါသကြောင့် ချောင်းဆိုးကာ သွေးတောင်ထွက် လာသည်။

သူလည်း မြတ်ဆရာတစ်ယောက်ဖြစ်သောကြောင့် ဂျိမဲဂျဲ၏ တန်ဖိုးဖြတ်မရသော အကြံပြုချက် မြတ်ဆရာအရှိန်အဝါကို ခုခံနိုင်ပါသည်။ သူ့အပေါ်သက်ရောက်မှုက သိပ်ပြီး မများပါဘူး။

ဖန်ဇိုဝမ်သည် ဒေါသထွက်ပြီး စိတ်ပျက်နေသည်။ (မင်းကွာ နည်းနည်းတော့ ဉာဏ်ရှိရမှာကွာ၊ မင်းရဲ့ အရည်အချင်းနဲ့ ရည်းစာဖြစ်ချင်နေတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိန်းကလေးတွေများ အများကြီးဘဲ။ ဘာလို့ ပြည့်တန်ဆာခန်းကိုမှ သွားရတာလဲ။)

ကျန်ရုံနဲသည် ဖန်ဇိုဝမ်ကို ကြည့်ပြီး ခေါင်းခါ လိုက်မိသည်။

ယောကျ်ားတွေဘာလို့ ပြည့်တန်ဆာခန်းသွားတာလဲ။ အဲဒီမှာက မထင်မှတ်ထားသည့် ပျော်ရွှင်မှုကို တွေ့နိုင်တယ်။

အမျိုးသမီးများ၏ ဆွဲဆောင်မှုသည် သူ့ရဲ့ကောင်းများ၏ သင်္ချိုင်း ဖြစ်သည်။ ဒါက လူငယ်တစ်ယောက် မြှပ်နှံရန် လွယ်ကူသည်။

“ဆရာ၊ ငါ မှားသွားတယ်....မှား သွား တယ်”

ဖန်ဒင်က ငိုရင်း ပြောနေသည်။ သူသည် ကျောင်ထုတ်ခံရမှာကို ကြောက်ပြီး မြေကြီးပေါ်တွင် လူးလိမ့်ရင်း ငိုနေသည်။

ကျောင်းသားများကို ပြည့်တန်ဆာအိမ်သွားခြင်းကို တားမြစ်အမိန့်များ ထုတ်ပြန်ထားသည်။

တားမြစ်အမိန့်ကို ဖောက်ဖျက်လိုက်ပါက ကျောင်းက နှင်ထုတ်ခံရမည် ဖြစ်သည်။

“ဖန်ဒင် မင်းခေါင်းငုံ့နိုင်ပြီ။ မနက်ဖြန် ကျောင်းက မင်းရဲ့ ပြစ်ဒဏ်ကို ကြေငြာ ပေးလိမ့်မယ်”

ဂျိမ်ဂျဲသည် ဘာမှလည်း မမေးတော့ပါ။ ဖန်ဇိုဝမ်နှင့် ဖန်ဒင်၏ သိက္ခာသည် သူနှင့်မဆိုင်ပါ။ ဒါပေမယ့် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဂုဏ်သတင်းကိုတော့ ဂရုစိုက်သည်။

ပြည့်တန်ဆာအိမ်ကို သွားပြီး ကာလသားရောဂါရလာသည့် ကျောင်းသား ဒီကိစ္စသာ ပျံ့နှံ့သွားပါက ကျောင်း၏နာမည်နှင့် ဂုဏ်သိက္ခာ ထိခိုက်မှာ သေချာသည်။

“မင်း......”

ဖန်ဇိုဝမ် ဘာကိုပြန်ပြော ရမှန်း မသိတော့ပါ။ မြတ်ဆရာတစ်ယောက် အနေနှင့် သူ့ဉာဏ်ရည်က မဆိုးပါဘူး။ ကျုံရှန်ရီလည်း လိမ်မပြောနိုင်ပါ။ ဒါပမယ့် သူအလေးအနက်ထား တန်ဖိုးထားသည့် ကျောင်းသားက တကယ့်ကို စိတ်ပျက်ဖို့ကောင်းသော အလုပ်ကို လုပ်ခဲ့သည်။

"ဆရာ , ကျွန်တော် ကျောင်းက မထွက်ချင်ဘူး"

ဖန်ဒင် တုန်လှုပ် နေသည်။ နှင်ထုတ်ခံလိုက်ရပါက သူ့မှတ်တမ်းတွင် အမဲစက် ထင်သွားတော့မည်။ တစ်ကျောင်းကျောင်းမှာ တက်ချင်ရင်တောင်

ငြင်းပယ်ခံရမှာပါ။ ဒါကြောင့် သူ့အနာဂတ် မပျက်ဆီးစေရန် အနည်းဆုံးတော့ ကျောင်းကနေ ရောဂါကြောင့် ထွက်ရသည့် လက်မှတ်မျိုး လိုချင်သည်။

“စိတ်လျှော့နေပါ။ သူ့ကို စိတ်ငြိမ်သွားအောင် ဝိုင်းကူညီပေးကြပါအုံး”

ဖန်ဒင်နားက ကျောင်းသားက ကြည့်ရင်း ပြောလိုက်သည်။

ရှုတ်စ်

ဒါပေမယ့် ဘေးနားက ကျောင်းသားတွေ ချက်ခြင်းကို ပြန်ဆုတ်သွားကြသည်။ သူတို့ဟာ ငတုံးတွေ မဟုတ်ဘူး။ ဖန်ဒင်က ကာလသားရောဂါ ကူးစက်ခံထားရသည့် သူဖြစ်သည်။

အထူးသဖြင့် သူ့နားက အမျိုးသမီး ကျောင်းသူလေးဆို ပိုဆိုးသည်။ အခုချိန်တော့ သူမမျက်နှာတွင် ကြောက်ရွံ့ခြင်းများ ပြည့်နေသည်။ သူမသည် တုန်ရင်နေပြီး စကားတစ်ခွန်းမှ မပြောနိုင် ဖြစ်နေသည်။

“မင်းက ဖန်ဒင်နဲ့ရင်းနှီးတဲ့ ဆက်ဆံရေး မရှိသ၍ မင်းကိုကူးစက်မှာ မဟုတ်ဘူး”

ဆွန်းမိုက နှစ်သိမ့် လိုက်သည်။

“မရှိပါဘူး မရှိပါဘူး”

ကျောင်းသူလေးက ကမန်းကတန်း ပြန်ပြောသည်။

ဖန်ဒင်ကတော့ ဒေါသထွက်ပြီး မျက်နှာတစ်ခုလုံး စိမ်းသွားသည်။

“ဒု-ကျောင်းအုပ်ကြီး ကျွန် မင်းညွှန်ကြားချင်တာများ ရှိလား”

အန်ရှီဝေက မေးလိုက်သည်။

“လူလိမ်၊ မင်း ကျောင်းထုတ်ခံရမယ်”

လိမ္မာပါးနပ်သော ဂျီမဲဂျဲနှင့် ယှဉ်လိုက်ရင် ကျန်ဟန်ဖူသည် ရက်စက်ကြမ်းကြုတ်သူ ဖြစ်သည်။ ဒီလိုမျိုး အမှိုက်ကို ကျောင်းက ဘာကြောင့် သိမ်းထားရမှာလဲ။ ထို့အပြင် သူ့မှာ ကာလသားရောဂါလည်း ရှိနေတယ်။ ကျောင်းမှာဆက်ထားလို့ မရပါဘူး။

ဖန်ဒင်က ရှန်းကန်ချင်နေတုန်းပါပဲ။ ဒါပေမယ့် ကျောင်းလုံခြုံရေးများက ဆွဲခေါ်သွားကြသည်။

"ဆရာ၊ ကူပါဦး"

စကြီန်တစ်လျှောက်တွင် ဖန်ဒင်၏ မချိမဆန့် အော်သံများသာ ကျန်နေခဲ့သည်။ လူများကလည်း ဝိုင်းကြည့်နေကြသည်။

ဖန်ဇိုဝမ်သည် ဒေါသကို မထိန်းနိုင်တော့ဘဲ ထိုင်ခုံကို ပြန်သွားကာ ထိုင်လိုက်သည်။ အခု ငါမထွက်သွားသင့်သေးဘူးလို့ ကိုယ့်ကိုယ်ကို ပြန်ပြောနေသည်။ ဆွန်းမိုရဲ့ ချို့ယွင်းချက်ကို ရှာပြီး ပြင်းပြင်းထန်ထန်ကို ထိုးနှက်ရမည်။ ဒါမှသာ သူ့ဒေါသတွေကို ဖြေဖျောက်နိုင်မည်။

“ ကျောင်းသားတွေကို မျက်စိဖွင့်ပေးတဲ့ ဆရာဖန် ဘယ်လိုဖြစ်တာလဲ”

ဆွန်းမိုက   လှောင်နေသည်။

“ဒီလူကတော့ သူစိတ်နှင့်သူ လွယ်လွယ်နဲ့ မပြီးချင်တာ သေချာတယ်”

ကျန်ရုံနဲ ဒါကိုမြင်တော့နည်းနည်း အူမြူးသွားပြီး ဖန်ဇိုဝမ်ကို တစ်ချက်ကြည့်လိုက်သည်။ ဖန်ဇိုဝမ်သည် ဒေါသကြောင့် ပေါက်ကွဲချင်နေသော်လည်း သည်းခံရုံကလွဲပြီး ဘာမှမလုပ်နိုင် ဖြစ်နေသည်။ သူတပြည့်မှာ ပြဿနာ မရှိဘူးလို့

ဘယ်လိုယုံကြည်ချက်နှင့် ပြောခဲ့တာလဲ။ အခုတော့ အခြေအနေကို ပြန်လှည့်ဖို့ လမ်းစမရှိတော့ဘဲ မျက်နှာသာ ပြင်းပြင်းထန် ရိုက်နှက်ခံ နေရသည်။

"ဆွန်းမို ဒီလိုကိစ္စတွေကို ဆက်ပြီး စောင်းမနေပါနဲ့ မင်းရဲ့ ဟောပြောပွဲ ကိုသာဆက်လုပ်ပါ"

ကျန်ဟန်ဖူက ဖန်ဇိုဝမ်အတွက် ခေါင်းစဉ်ပြောင်းသွားအောင် ဝင်ပြောလိုက်သည်။

"ဆရာကတော့ အံမွခန်းဘဲ"

လုချီဟွာ အရမ်းကို စိတ်လှုပ်ရှားနေသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာ၏ လေးစားအထင်ကြီးမှု - +၁၅

လုချီဟွာနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် -ရင်းနှီး (၂၉၈/၁၀၀၀)

“စောစောက ပြောပါတယ်။ ဆရာဆွန်း ဒီလိုပြောလိုက်တာက သူ့မှာ ယုံကြည်ချက်ရှိနေလို့ပေါ့”

လီဇီချီ ကျေနပ်သွားသည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု - +၁၀

လီဇီချီနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် - ရင်းနှီး (၁၅၆/၁၀၀၀)

“အံ့မခန်း ဘဲဟော့။ သူ့လက်က ဘာဖြစ်တာလဲ။ ဖန်ဒင်ကို ခဏလောက် ကိုင်လိုက်ရုံနဲ့ ဖန်ဒင်အခြေအနေကို ဘယ်လိုသိသွားတာလဲ”

ကျန်ရှီ မှင်တက်နေသည်။

ကျန်ရှီ ၏ လေးစားအထင်ကြီးမှု - +၅

ကျန်ရှီနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ (၅၆/၁၀၀၀)

"သူ့လက်တွေက နတ်ဘုရားလက်တွေပဲ၊ သူကဘာမဆို လုပ်နိုင်တယ်"

ချီရှန်ကျားက သဘောကျစွာ သက်ပြင်းချနေသည်။

ဒင်

ချီရှန်ကျား ၏ လေးစားအထင်ကြီးမှု - +၂၀

ချီရှန်ကျားနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး (၄၇၈/၁၀၀၀)

စနစ်၏ တစ်ခုပြီးတစ်ခုထွက်လာသည့် သတိပေးချက်တွေက ဆွန်းမို၏ အတွေးကို ချိုးဖျက်ပစ်လိုက်ကြသည်။

"စနစ် နောက်ပိုင်းကျရင် ဒီလိုမျိုး သတိပေးချက်တွေကို ခဏခဏ မပို့ပါနဲ့လား"

ဆွန်းမိုက နားကိုကိုင်ရင်း ပြောလိုက်သည်။ နောက်ပိုင်း အတန်းတစ်တန်းကို သင်ပါက ဒီလိုမျိုး အကြိမ်ပေါင်းများစွာဆိုရင် ပြဿနာပါ။ စနစ်၏သတိပေးချက်က ဆက်တိုက်မြည်နေပါက ဘယ်လိုလုပ် အာရုံစိုက်နိုင်မှာလဲ။

"လေးစားအထင်ကြီးမှုအမှတ်ကို စုဆောင်းရတာလည်း ပျော်ရွှင်ခြင်းကို အားပေးနည်းတစ်မျိုးဘဲ"

စနစ်က ရှင်းပြသည်။

"ငါနားတော့လည်ပါတယ်။ ဒါပေမယ့် ဆူညံလွန်းတယ်ကွာ"
ဆွန်းမို ဆက်တိုက် ပြောနေသည်။

"ဟုတ်ပြီ အရေးကြီးတဲ့ လေးစားအထင်ကြီးမှု အမှတ်တွေကို တစ်ခါတည်း ဖော်ပြပေးမယ်။

အရေးမကြီးတဲ့ ဟာတွေကိုတော့ စုပြီးမှ ဖော်ပြပေးမယ်”

စနစ်က တုံ့ပြန်လိုက်တယ်။

“ဒါမှ အမှန်ဘဲ။ ပိုင်ရှင်၏ ဆန္ဒကို မဆန့်ကျင်တာက စနစ်ကောင်းလေးရဲ့ လက္ခဏာပေါ့ကွာ” ဆွန်းမို စင်နားကို ပြန်သွားရင်ဖြင့် လူတိုင်းက ကြည့်နေကြသည်။

“မေးခွန်းမေးတဲ့အပိုင်းကို ဆက်လုပ်ကြတာပေါ့။ မေးချင်တဲ့လူတွေက လက်ထောင်ပြပါ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားအားလုံး လေထဲကို လက်များတစ်ပြိုင်နက် ထောင်လိုက်ကြသည်။ သူတို့ အရင်ကထက်တောင် ပိုရှုးသွပ်လာသည်။

ဆွန်းမို၏ လက်ကို တစ်ချက်တစ်ချက်ကြည့်ရင်း ဆရာတွေ အချင်းချင်း ပြောဆိုနေကြသည်။ သူ့လက်နဂါးဖမ်းသည့်လက်က တကယ်ကို စွမ်းတာလား။

သင်ခန်းစာပြီးရင် ကျောင်းစာကြည့်တိုက်ကိုသွားကာ ကျင့်ကြံချင်းကျင့်စဉ် အမျိုးအစားတွေကို ပြန်စစ်ကြရန် ဆုံးဖြတ် လိုက်ကြသည်။

"စိတ်ဝင်စားစရာပဲ"

ဂျိမ်ဂျဲကတော့ ဆွန်းမိုကို ပို ပိုပြီး စိတ်ဝင်စားလာသည်။ နှိပ်ခဲ့သည့် အခိုက်အတန့်လေးကိုလည်း မမေ့သေးပါဘူး။ တကယ်ကို အဆင်ပြေခဲ့သည်။

ဇောင်ယန်သည် လက်ကိုမြှောက်ရင်း ဆွန်းမိုကို စိုက်ကြည့်နေကာ မကျေနပ်သည့်စိတ်က ဒီရေအလား တိုးလာနေသည်။

"ဒီကလူတွေက အမှိုက်တွေချည်းပဲ"

ဆွန်းမိုကို တစ်ယောက်မှ ပြဿနာ မပေးနိုင်တာကို ထားလိုက်အုံး

မေးခွန်းမေးသည့်လူတိုင်းက ဆွန်းမိုကို ဂုဏ်တက်အောင် လုပ်ပေးနေသလို ဖြစ်နေကြသည်။ ဒီအတိုင်းသာ ဆက်သွားပါက ဆွ္ွန်းမို၏ ပထမဆုံး လူထုဟောပြောပွဲသည် ပြီးပြည့်စုံသွားတော့မည်။

(မဟုတ်ဘူး။ ဘယ်လိုမှကို မဖြစ်စေရဘူး)

(ငါဖေခါင်ယန်ကသာ တခြားလူတွေကို ကစားလာတာ။ မင်းက ငါ့ကိုစိတ်ဆိုးအောင်လုပ်ပြီး အေးအေးဆေးနေမယ်လို့ မစဉ်းစားနဲ့)

ဖေခါင်ယန်သည် ဆွန်းမိုကသူ့ကို ပြင်းထန်စွာ ဆူပူကျိန်းမောင်းခဲ့သည့် မြင်ကွင်းကို မမေ့နိုင်ပါ။

ဒါကြောင့် သူကပြုံးကာ လေးလေးစားစား အသံနှင့် အော်လိုက်သည်။

“ဆရာ၊ မင်းရဲ့ လုပ်ဆောင်ချက်တွေက ပြည့်စုံလွန်းတယ်။ မင်းကိုသာ ကိုးကွယ်သင့်တယ်လို့ ငါတော့ထင်တယ်”

ဧောင်ယန်သည် မတ်တပ်ရပ်ကာ ရှုံးသွပ်စွာ ချီးကျူးနေသည်။

ကျောင်းသားများကလည်း လက်ခုပ်တီးပြီး အားပေး နေကြသည်။

ဆွန်းမိုသည် ဇောင်ယန်ကို ကြည့်လိုက်သည်။ ဒီကောင့်နှလုံးသားထဲမှာ ကောင်းသည့်စိတ် တစ်စက်လေးတောင် မရှိမှန်း ဆွန်းမို သိသည်။

“ဆရာ ၊ မင်းကို မေးချင်တဲ့ မေးခွန်းလေးတွေရှိတယ်”

ဒွန်ဂူထက်စာရင် ဇောင်ယန်က ပိုထက်မြတ်သည်။ မေးခွန်းမမေးခင် ဆွန်းမိုကို မြှောက်ပြီး မှင်တက်နေအောင် လုပ်နေသည်။ လုပ်ငန်းစဉ်တစ်ခုလုံးကတော့ အဆင်ပြေပြေချောချော မွေ့မွေ့ ဖြစ်သွားခဲ့သည်။

ဘယ်ဆရာမဆို၊ ဒီလိုမျိုး အထင်ကြီးလေးစားသည့် လူတစ်ယောက်ထံက မေးခွန်းကို ငြင်းပယ်ဖို့ ခက်လှသည်။

"ပြောပါ"

ခေါင်းယန်မှာ ကောင်းသည့် ရယ်ရွှယ်ချက်မရှိတာကို ဆွန်းမိုကသိသော်လည်း မကြောက်ဘဲ ခေါင်ယန်ပြဿနာ ရှာနေတာကို စောင့်ကြည့် နေလိုက်သည်။ သွေးကဘာကြောင့် အနီရောင် ရှိလည်းဆိုတာကိုသိအောင် လုပ်ပေးလိုက်မယ်။

"မင်းရဲ့ ရှေ့ဟောင်းနဂါးဖမ်းသည့်လက်အစွမ်းကိုတော့ မြင်ပြီးသွားပြီ။ အဲဒါကလည်း အရမ်းကို စွမ်းပါတယ်။ လူတွေက မင်းကို နတ်ဘုရားလက်လို့ခေါ်ကြတာက ချဲ့ကားတာတော့ မဟုတ်ပါဘူး"

ဖောင်ယန်က ရယ်ရင်း ပြောလိုက်သည်။

ကျောင်းသားတွေကတော့ သူ့ကို ကြည့်ပြီး တိုးတိုးလေး ပြောနေကြသည်။ ကျောင်းသားတစ်ယောက်၏ ကြွက်သားကို ကိုင်တွယ်ကာ ထိုကျောင်းသား၏ အခြေအနေကို

ဆွန်းမို နားလည်နိုင်မှုသည် ကောင်းတယ်လို့ သူတို့လည်း ခံစားရပါသည်။

ဒါပေမယ့် ဖောင်ယန်စကားတွေက ဆွန်းမိုကို အားနည်းချက် ဖြစ်သွားစေတယ်ဆိုတာကိုတော့ သူတို့မသိကြပါဘူး။ ပိုမြင့်လေလေ အကျနာလေလေပါပဲ။ သာမန်ဆရာတစ်ယောက်က ဒီလို ကျော်ကြားမှုကို ဖြေရှင်းနိုင်ပါ့မလား။

“မင်က ကျောင်းအုပ်ကြီးအန်နဲ့ စေ့စပ်ထားတဲ့ သူဆိုတာ ငါတို့သိတယ်။ မင်းမှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နတ်ဘုရားလက်အပြင် ကျောင်းသားအုပ်ကြီးအန် သဘောကျတဲ့ အရည်အချင်းက ဘာရှိသေးလဲ”

ဇောင်ယန်က ဆွန်းမိုကို မျက်တောင်တစ်ချက်တောင် မခတ်ဘဲ သဘောကျသည့်အကြည့်နှင့် စိုက်ကြည့်ရင်း မေးလိုက်သည်။ စိတ်ထဲကတော့ အေးစက်စက်နှင့် ရယ်နေသည်။

(ဟမ်၊ မင်းရဲ့အရည်အချင်းကို ပြသဖို့ အခွင့်အရေး ပေးနေတာလေ။ မင်းမှာ ဖက်တွယ်ထားစရာ ရှိလိမ့်မယ်လို့တော့ ငါမထင်ဘူး)

အန်ရှီဝေသည် ကျောင်းက အမျိုးသားထုကြီးအတွက် နတ်သမီးလို့တောင် သတ်မှတ်နိုင်သည်။ ထိုကိစ္စကြောင့်လည်း ဆွန်းမိုကို မကျေမနပ် ဖြစ်နေကြသည်။ ဆွန်းမိုသာ ထောင်ချောက်ထဲကို ရောက်သွားသည်နှင့် နောက်ထပ်အချက်များက ထွက်လာပါလိမ့်မည်။ အမျိုးသားဆရာတွေ ဒေါသထွက်လာမှာတော့ သေချာသည်။

ဒီတစ်ကြိမ် ဆွန်းမို ပြဿနာ မဖြစ်အောင်လုပ်နိုင်ရင် ငါ့ မျိုးရိုးနာမည်ကို ဆွန်းလို့ ပြောင်းပစ်လိုက်မယ်။

ခန်းမထဲက ကျောင်းသားများကတော့ ဒါကို ကြားပြီး တုန်လှုပ်သွားကြသည်။

"ဘာ၊ ကျောင်းအုပ်ကြီး အန်နဲ့ စေ့စပ်ထားတဲ့လူလား"

"သူနဲ့ နည်းနည်းလေးတောင် မထိုက်တန်ဘူးလို့ ငါထင်တယ်"

စီနီယာတွေမပြောနှင့် ကျောင်းသားအသစ်တွေတောင် အန်ရှီဝေ၏ ကြောက်စရာနောက်ခံကို သိကြပါသည်။ ဆွန်းမိုက သူမနှင့် စေ့စပ်ထားတဲ့ လူဖြစ်ကြောင်းကို ရုတ်တရက်သိလိုက်ရရင် တုန်လှုပ် သွားကြသည်။

"ဒီ ဇောင်ယန်က တစ်ကယ်လည်တာပဲ"

ကျန်ရုံနဲ၏နှုတ်ခမ်းများ တုန်သွားသည်။ ဇောင်ယန်၏ စကားများက ဆွန်းမိုကို ချီးကျူးနေသည့် ပုံပေါက်နေသော်လည်း နောက်ကွယ်တွင် ဓါးထည့်ထားသည်။ ဒါကိုဆွန်းမို

ဘယ်လိုကိုင်တွယ်မလဲဆိုတာက ဘယ်သူမှ မခန့်မှန်းနိုင်ကြပါဘူး။

တကယ်လို့ သူသာ သင့်တော်သောအဖြေကို မပေးနိုင်ပါက အမျိုးသားထုကြီး၏ ရန်သူ ဖြစ်သွားနိုင်သည်။

အခန်း(၈၄) - မြတ်ဆရာအရှိန်အဝါနှင့် ပေါက်ကွဲထွက်လာသော ဂုဏ်သိက္ခာ။

"ဒီအတွက်ကို ငါကဘာမှ ပြောစရာမရှိဘူး။ ငါ့ရဲ့ သင်ခန်းစာတွေကို နောက်ထပ်လာတက်လိုက် ဒါဆို မင်းက ငါ့ရဲ့ ထူးခြားမှုတွေကို သိလာလိမ့်မယ်"

ဆွန်းမိုသည် ဒီလောက်လွယ်သည့် ထောင်ချောက်လောက်ကို ဂရုမစိုက်ပါ။

"ဒါက ကြွားပြောတာ မဟုတ်ဘူးလား။ ဟောပြောပွဲ တစ်ခုရဲ့ ကျောင်းသားဦးရေက ဆရာတစ်ယောက်ရဲ့ သင်ကြားနိုင်စွမ်းကို စစ်ဆေးတဲ့ စံနှုန်းတစ်ခုလို့ ငါကြားဖူးတယ်။ ဆရာတွေရဲ့ လစာအပေါ်ကိုလည်း အကျိုးသက်ရောက်တယ်။ နောက်ထပ်အကြိမ် နည်းနည်းလောက်လာဖို့ ငါ့ကိုခေါ်တာက မင်း နာမည်ကြီးချင်လို့ ငါ့ကို အသုံးချချင်နေတာလား"

"စကားတွေကို အမှန်တရားကသာ အောင်ပွဲခံနိုင်တယ်။ မင်းသာ အတန်းလာတက်လိုက်ရင်

မင်းရဲ့စောက်သုံးမကျတဲ့ နေရာတွေကို မင်းသိနိုင်တာပေါ့ကွာ”

ထိုစကားကို ပြောပြီးနောက် ဆွန်းမို၏ အသံ တိတ်သွားသည်။

သို့သော် သူ့စကားများသည် ဂျိမ်ဂျဲနှင့် အန်ရှီဝေတို့လို လူများ၏ နားထဲတွင် နောက်ထပ်အဓိပ္ပာယ်များ ရှိနေသည်။

ဆွန်းမိုက ဇောင်ယန်၏ စိတ်ကိုဆွပေးရန် တမင်သက်သက်နှိမ် ပြောလိုက်သည်။ ဇောင်ယန်ကို ဒေါသထွက်ပြီး တည်ငြိမ်မှုကို

ပျောက်သွားစေချင်သည်။ ဒါဆိုရင် ဖောင်ယန်၏ အားနည်းချက်တွေ သေချာပေါက် ထွက်လာလိမ့်မည်။

လူငယ်များသည် သူတို့ကိုယ်သူတို့ အထင်ကြီးကြပါသည်။ ဖောင်ယန်သည် ဆွန်းမိုက သူ့အား စောက်သုံးမကျသောနေရာတွင်ရှိတယ်လို့ ပြောလိုက်သည်နှင့် ချက်ခြင်းပင် မခံမရပ်နိုင်အောင် ဒေါသထွက်လာသည်။

“ စိတ်မကောင်းပါဘူး။ ငါ့မှာ မင်းရဲ့အတန်းကို လာတက်ဖို့ အချိန်မရှိဘူး၊ ငါ့ဆရာက ကြယ်နှစ်ပွင့်

အဆင့်မြတ်ဆရာ ခူလျိုရန်ပဲ။ ငါ့ကို ပါရမီရှင်တစ်ယောက်လို့လဲ ချီးကျူးဖူးတယ်”

ထိုစကားကို ပြောပြီးနောက် ပတ်ဝန်းကျင်တွင် အားကျသည့် အသံများထွက်လာသည်။

ကျောင်းသားများ၏ မျက်လုံးထဲက မနာလိုမှုများကို ကြည့်လိုက်ပြီး ဖောင်ယန် ကျေနပ်သွားသည်။ “အဲ့ဒါအပြင် ငါ့အဖေက ငါ့အတွက် နောက်ထပ်ကြယ်နှစ်ပွင့်အဆင့် မြတ်ဆရာတစ်ယောက်ကိုလည်း ကျူရှင်ဆရာ အဖြစ်

ဌားပေးထားသေးတယ်။ ဒါကြောင့် မင်းရဲ့ သင်ခန်းစာတွေကို လာနားထောင်ဖို့ အချိန်မရှိဘူး"

ဖောင်ယန်စကားများ၏ ဆိုလိုရင်းက ရှင်းလှပါသည်။

(မင်းရဲ့သင်ကြားရေးစွမ်းရည်ကို ငါ့ရဲ့ ကြယ်နှစ်ပွင့်အဆင့် မြတ်ဆရာနှစ်ယောက်နှင့် လာယှဉ်ချင် နေတာလား)

ခန်းမတစ်ခုလုံးတွင် အားကျသည့် အသံများ ထွက်ပေါ်နေသည်။

"ထင်ထားသလိုပဲ ဓောင်မျိုးနွယ်က တော်တော်ချမ်းသာတာပဲ"

"ပြောဖို့ လိုသေးလို့လား။ သူ့အဖေက ချင်လင်မြို့က သူဌေးကြီးလေ။ သူတို့ထမင်းစားတဲ့ ပန်းကန်တွေက ရွှေနဲ့ လုပ်ထားတယ်လို့တော့ ပြောကြတာဘဲ"

"ဓောင်ယန်က ပါရမီရှင်ဖြစ်ပြီး သူ့ကိုသင်ပေးဖို့ ဆရာတွေလည်းရှိတယ်။ ဖြစ်နိုင်ခြေမှ အများကြီး။ ဒီတစ်သက်တော့ သူ့ကို မှီအောင်မလိုက်နိုင်လောက်တော့ ပါဘူးကွာ"

ကျောင်းသားတွေသည် စိတ်ပျက်လက်ပျက်နှင့် ဆွေးနွေး နေကြသည်။ ဇောင်ယန်က မရေတွက်နိုင်သည့် အရင်းအမြစ်တွေနှင့် ပညာရေးကို သင်ယူနိုင်သည်။ ဒါက အရမ်းကိုဇိမ်ကျ ပါသည်။

“ဒါဆို မင်းက ဆရာခူလျိုရန်ကို မယုံဘူးလို့ ပြောချင်တာလား”

ဆွန်းမိုက မေးလိုက်သည်။

“အဓိပ္ပာယ်မရှိတာ မပြောပါနဲ့ ဆရာခူလျိုရန်ဆိုတာ ငါလေးစားရတဲ့ဆရာဘဲ”

ဇောင်ယန်က ကမန်းတန်း ဖြေရှင်းသည်။

ဘာဟာသလဲ။ ခူလျိုရန်က အခုဟောပြောခန်းမ အနောက်ဘက်တွင် ထိုင်နေပါသည်။ ဆွန်းမိုရဲ့စကားကို ကြားလိုက်ပြီးနောက် ဇောင်ယန်တော့ ကံမကောင်းနိုင်တော့တာ သေချာသည်။

"မင်းမှာ ဆရာခူလျိုရန်ရဲ့ လမ်းညွှန်ချက် ရှိပြီးသားဆိုရင် ဘာလို့ နောက်ထပ်ဆရာ ဌားတာလဲ"

ဆွန်းမို က ထပ်မေးသည်။

"ဘာဖြစ်လို့လဲဆိုတော့..........."

တော်တော်ကြာသည်အထိ ဓောင်ယန် ဘာပြန်ဖြေရမလည်းမသိ ဖြစ်နေသည်။ အမှန်တိုင်းဖြေလို့ မရတာလည်း သူသိသည်။ သူသာအဲဒီလို လုပ်လိုက်ပါက ဆရာခူကို စော်ကားသလို ဖြစ်သွားမည်။

သူတို့လို ချမ်းသာသည့် မျိုးနွယ်စုများက သူတို့ မျိုးဆက်ကို ဆက်ပြီး လက်ခံမည့်သူများ ဖြစ်သည်။ ဒါကြောင့် သူတို့သည် ပြင်းပြင်းထန်ထန် ပျိုးထောင်ပေးခြင်းကို ခံကြရသည်။ သူတို့မှာ ဘယ်လိုလုပ်ပြီး ဆရာတစ်ယောက်တည်း ရှိမှာလဲ။

ဘယ်လိုပဲပြောပြော ခူလျိုရန်သည် ဇောင်ယန်၏ မေးခွန်းကို အချိန်တိုင်းပြန်ဖြေဖို့ မဖြစ်နိုင်ပါ။ သူက ကျောင်းသားတစ်ယောက်တည်းကို အချိန်ပြည့် အချိန်မပေးနိုင်ပါ။ ဒါကြောင့် ဇောင်ယန်အတွက် သီးသန့်ဆရာ လိုအပ်ပါသည်။

ဒါဆိုရင်တော့ အားလုံးအဆင်ပြေသွားမယ့် အဖြေဘဲ။

"ဘာကြောင့်လဲဆိုတော့"

ဆွန်းမိုက ဇောင်ယန်ကို စဉ်းစားချိန်မပေး ဘဲ ဆက်မေးလိုက်သည်။ ဇောင်ယန်ကို အမှားလုပ်မိအောင် ဖိအားပေးနေခဲ့သည်။

"မင်းအဖေက မင်းအတွက် သီးသန့်ဆရာ ထားပေးတယ်ဆိုတာ ဆရာခူလျိုရုန်ကို မယုံလို့ပေါ့။ ခုနကလဲ မင်းပြောတုန်းက ကြယ်နှစ်ပွင့်မြတ်ဆရာနဲ့ ကျူရှင်သင်နေတယ်ဆိုပြီး ဂုဏ်ယူပြောလိုက်တာကို ဒီကလူတွေ ကြားတယ်"

ဆွန်းမိုဓ၏ အသံက တင်းမာလာသည်။

"မင်း အီးပေါက်နေတာတွေ ရပ်လိုက်တော့။ အဲဒါ အမှန်မဟုတ်ဘူး"

ဖောင်ယန်က လန့်ပြီး ပြောထည့် လိုက်သည်။ သူ့မှာ ဆရာနှစ်ယောက်ရှိတယ်လို့ ပြောလိုက်တာက သူ့နောက်ခံကို အထင်ကြီးလာအောင် လို့ပါ။ ဆွန်းမိုကို သူဆရာတွေနှင့် မယှဉ်နိုင်ဘူးဆိုတာ သိသွားစေချင်တာပါ။ ဒါပေမယ့် ဆွန်းမိုက ဒီအချက်ကိုနင်းပြီး တိုက်ခိုက်လာမယ်လို့ ဘယ်သူက ထင်မှာလဲ။

"ဒီကောင်တော့ ပြီးသွားပြီ"

ဓောင်ယန်က ဆွန်းမိုကို အီးပေါက်နေတာ ရပ်လိုက်တော့လို့ ပြောလိုက်သည့် စကားကို ကြားရရင် လီဇီချီက ဆွန်းမိုတော့ လူသတ်ပွဲကို စတော့မယ်ဆိုတာ သိလိုက်သည်။

"ဓောင်ယန်"

"မင်းဘယ်သူကို အီးပေါက်နေတာ ရပ်လိုက်တော့လို့ ပြောတာလဲ"

ဆွန်းမိုက အော်မေးလိုက်သည်။

ခန်းမတစ်ခုလုံး ဆွန်းမို၏ အော်သံကလွှဲရင် တိတ်ဆိတ်သွားသည်။

“ဒါက ဆရာတွေကိုဆက်ဆံတဲ့ မင်းရဲ့ အပြုအမူလား။ အခုတောင်းပန်စမ်း”

ဆန်းမိုက ဆူဆဲ လိုက်သည်။

ပတ်ဝန်းကျင်က ကျောင်းသားများကလည်း ဖောင်ယန်ကို ကြည့်လိုက်ကြသည် ။ သူသည် အားလုံး၏ အာရုံစိုက်ရာ ဖြစ်လာသည်။

“မတ်တပ်ရပ်ပြီး အခုတောင်းပန်စမ်း”

ဆွန်းမို လေသံက မာသထက်မာ လာသည်။

“မင်းက ဘာကောင်လဲဆိုတာ ငါဂရုမစိုက်ဘူး။ မင်းအမှားလုပ်ရင် တောင်းပန်ရမယ်”

"ငါ....ငါ..."

ဖောင်ယန်သည် ဆွန်းမိုကို ကြည့်နေသည်။ တစ်ဖက်လူက အထက်ဆီးဆန်သည့် လေသံနှင့် ပြင်းထန်သောလေသံကြောင့် ဖောင်ယန်လည်း မကျေမနပ် ဖြစ်နေသည်။ သူက ခေါင်းမော့ပြီး

"ငါ မမှားဘူး"

ကျောင်းသားတွေလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ သူတို့အားလုံး ဖောင်ယန်ကို ထိတ်လန့်စွာ ကြည့်လိုက်သည်။

"မင်းက ငါ့ကို ဘာလုပ်နိုင်မှာလဲ။ အများဆုံး ဒီခန်းမထဲကပဲ မင်းငါ့ကို နှင်ထုတ်လို့ရမယ်။ ဘယ်လိုပဲပြောပြော ငါက မင်းရဲ့တပြည့် မဟုတ်ဘူး။ မင်းငါ့ကို့ ဆုံးမချင်ရင်တောင် မင်းမှာ အခွင့်အရေး မရှိဘူး"

ဒါကိုတွေးမိပြီး ဧောင်ယန် စိတ်အေးသွားသည်။

(တောင်းပန်ဖို့လား အိပ်မက်တောင်မမက်နဲ့ ဒီအဖေရဲ့မျက်နှာက မင်းရဲ့မျက်နှာထက် တန်ဖိုးကြီးတယ်ကွ)

ဒါ့အပြင် သူသည် ပါရမီရှင်တစ်ယောက်၏ သားဖြစ်သောကြောင့် ဒီနေရာတွင် အာဏာရှင်တစ်ယောက်လို့ ပြောလို့ရသည်။ သူသာ တောင်းပန်လိုက်ပါက သတင်းပျံ့သွားရင် မျက်နှာပျက်ရမည်။

ဒါ့အပြင် ဆွန်းမိုကလည်း သူ့ကို မကိုင်တွယ်နိုင်ပါက သူလဲ နာမည် ပျက်သွားမည်။ နောက်ပိုင်းကျရင် ကျောင်းသားတစ်ယောက်ကိုတောင် မကိုင်တွယ်နိုင်ဘူးဆိုတာ လူတိုင်းသိသွားမည်။

"ဒီကောင် ကောက်ကျစ်လွန်းတယ်"

ချီရှန်ကျားသည် ပေါက်ကွဲနေပြီး ဖောင်ယန်ကို တိုက်ခိုက်ရန် ပြေးသွား ချင်နေသည်။

"ငါသူ့ကို သတ်ချင်လာပြီ"

လုချီဟွာလည်း ပေါက်ကွဲပြီး ပြောလာသည်။

"စိတ်မပူနဲ့ ငါတို့ဆရာကို စော်ကားပြီးရင် ဒီကောင့်အတွက် မလွယ်လောက်ဘူး"

လီဇီချီက အသံတိုးတိုးလေးနှင့် ထုတ်ဖော်လိုက်သည်။

"မင်းက ငါ့ကို မတောင်းပန်တာ သေချာလား"

ဆွန်းမိုက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။ ဒေါသ အရမ်းထွက်နေပေမယ့်လည်း စိတ်ထဲမှာတော့ ရယ်နေမိသည်။

(အေး မင်းတောင်းပန်မှာကို ငါကကြောက်တာ။ မင်းသာ တောင်းပန်လိုက်ရင် ငါက ပွင့်ပွင့်လင်းလင်း ဘယ်လိုဆုံးမ ရမှာလဲ)

"အဓိပ္ပာယ်မရှိတဲ့ စကားတွေ ရပ်လိုက်တော့"

ဆွန်းမိုကလည်း သူ့ကိုစော်ကားနေပြီ ဖြစ်သောကြောင့် ယဉ်ကျေးစရာ မလိုတော့ပါ။

ဖောင်ယန်က မတ်တပ်ရပ်လိုက်ပြီး ခန်းမထဲက ထွက်သွားမလို့ လုပ်လိုက်သည်။ သူ့ဆရာသည် ကြယ်နှစ်ပွင့် မြတ်ဆရာခူလျိုရန်ဖြစ်ပြီး သူ့အဖေသည် အလွန်းကြီးမားသည့် လုပ်ငန်းရှင် ဖောင်ယွမ်ကျား ဖြစ်သည်။ ဒါကို ဆွန်းမိုက ကြိမ်းမောင်းလိုက်တော့ ဘယ်လိုဖြစ်သွား မလဲ၊ သူ့ကိုကျောင်းက နှင်ထုတ်မှာလား။

သူ့အဖေက ဗဟိုပြည်နယ် အကယ်ဒမီကို ကူဖို့ နှစ်စဉ် ငွေအမြောက်အများ ပေးထားသည်။ သူ့ကို

ထုတ်ပစ်လိုက်ရင် ငွေတစ်ကျပ်တစ်ပြားတောင် အိပ်မက် မက်မနေနဲ့။

" မင်းတို့က ဘာလို့ ရပ်နေကြတာလဲ ၊ သွားကြစို့"

ဇောင်ယန်က သူ့သူငယ်ချင်းတွေကိုပါ ခေါ်လိုက်သည်။

ထိုကျောင်းသားများအတွက် ဇောင်ယန်သည် အုပ်စု ဗိုလ်ဖြစ်သည်။ သူတို့ မိဘများသည် ဇောင်မျိုးနွယ်အတွက် အလုပ်ရုံတွင် လုပ်ရင်လုပ်၊ မဟုတ်ပါက သူတို့သည် ဇောင်မျိုးနွယ်၏ သစ္စာရှိ ကျွန်များ ဖြစ်သည်။ ဇောင်ယန် ဘယ်လိုပဲမှားမှား

ဖောင်ယန်ကို အံတုလိုက်ပါက သူ့မိသားစုများ အားလုံး ဒုက္ခရောက်သွား လိမ့်မည်။ ဒါကြောင့် သူတို့အားလုံးလည်း မတ်တပ်ရပ်လိုက်ပြီး ဖောင်ယန်နောက်ကို လိုက်ကြသည်။

"ဟွန့်"

ဖောင်ယန်က ဆွန်းမိုကို စိုက်ကြည့်လိုက်သည်။

(မင်းမှာ အရည်အချင်းရှိရင် ငါ့ကို လာကိုက်လေ။)

ဆွန်းမိုက ဖောင်ယန်ကို မတားလိုက်ပါဘူး။ ထိုအစားလက်ကို မြှောက်ပြီး လက်ညှိုးသာ ထိုးပြလိုက်သည်။

ဖောင်း

ဆွန်းမို လက်ချောင်းမှ ရွှေရောင် အလင်းတန်းများ ထွက်လာသည်။ မီးခြစ်ကျောက်က ထွက်လာသည့် မီးပွားတွေလိုပါပဲ။ ရွှေရောင်အလင်းများသည် တဖျတ်ဖျတ်တောက်ပကာ ရွှေမြွေးအဖြစ်သို့ ပြောင်းသွားပြီ ဓောင်ယန်ဆီကို ပြေးဝင်သွားသည်။

ရှူတ်စ်

"အား"

ဓောင်ယန်၏ သူငယ်ချင်းများက သတိပေးလိုက်သော်လည်း ရွှေမြွေးက ဓောင်ယန်၏

စိတ်ထဲကို ရောက်သွားပြီ ဖြစ်သည်။ ခေါင်းက နောက်ကိုတစ်ချက် ယိုင်သွားသည်။

သူ့ဦးခေါင်းက ပုံမှန်ပြန်ဖြစ်သွားသည့် အချိန်တွင် ဓောင်ယန် မျက်လုံးများ မှိုင်းနေသည်။ သူတို့ က ပြာကဲ့သို့ဖြော့တော့တော့နှင့် ဖြစ်နေပြီး ပါးစပ်ကလည်း လှုနားမလည်နိုင်သည့် အသံများ ထွက်နေသည်။ သူသည်ဒီနေရာမှာ ရပ်နေမှန်းကို သိသည့် ပုံမရှိတော့ပါ။

“ ဒါက မြတ်ဆရာ အရှိန်အဝါဘဲ”

ချီရှန်ကျားက စိတ်လှုပ်ရှားစွာ အော်ဟစ်လိုက်သည်။

“အ ...သတိလစ်ခြင်းနှင့် အသုံးမကျခြင်း”

ဆွန်းမိုကို ကြည့်ရင်း ခေါင်ယန်သူငယ်ချင်းများ နောက်ကို ဆုတ်လိုက်မိသည်။ ဒါကြီးက အသုံးမကျခြင်းနှင့်သတိလစ်ခြင်း မြတ်ဆရာအရှိန်အဝါ ဖြစ်သည်။ ထိုဟာနှင့် အရိုက်ခံလိုက်ရပါက ခဏတာ အရူးတစ်ယောက် ဖြစ်သွားမည်။

ဇောင်ယန်၏ ရုပ်ရည်သည် ချောမောကာ ယုံကြည်မှုရှိသော်လည်း အခု ပါးစပ်တွင် သရေများ စိုရွဲနေကာ တံတွေးများက အဝတ်အစားများအပေါ်ပါ စိုရွဲနေသည်။ တကယ်ကို အရူးတစ်ယောက် လိုပါပဲ။

"မင်းတို့ အားလုံး ထွက်သွားချင်သေးတာလား"

ဆွန်းမိုက မေးလိုက်သည်။

ဇောင်ယန်သူငယ်ချင်းများ တုန်သွားကြသည်။ သူတို့သည် ဆွန်းမိုနှင့် မျက်လုံးခြင်းဆုံအောင်တောင် မကြည့်ရဲဘဲ ထိုင်ခုံသို့ ပြန်သွား ထိုင်လိုက်ကြသည်။

ကျောင်းသားများသည် စိတ်လှုပ်ရှားနေသည့် မျက်နှာနှင့် အချင်းချင်း ပြောဆို နေကြသည်။

ကျောင်းလူမိုက်ကြီး ဇောင်ယန်သည် ကျောင်းတွင် အရမ်းကို နာမည်ကြီးသည်။ အတန်းကြီးသမားတွေက သူတို့ အနိုင်ကျင့်မခံရရင်တောင် တခြားသူကို အနိုင်ကျင့်နေတာတော့ မြင်ဖူးကြသည်။ အနိုင်ကျင့်ခံရသူများသည် တကယ်ကို သနားဖို့ကောင်းသည်။ ဒါကြောင့်လဲ ကျောင်းသားများသည် သူ၏ ပစ်မှတ်ထားခံရမည်ကို ကြောက်ကြသည်။

ဇောင်ယန်က ဆွန်းမိုကို ကျိန်ဆဲတာ မြင်လိုက်ရင် တော်တော်လွန်နေပြီလို့တော့ တွေးလိုက်ကြသည်။ ဒါပေမယ့်လည်း ဆွန်းမိုက မြတ်ဆရာအရှိန်အဝါကို ထုတ်သုံးလိုက်မယ်လို့တော့ သူတို့ မထင်ထားကြပါ။

အရိုးသားဆုံးပြောရရင် တကယ့်ကို အထင်ကြီးစရာပါ။

ထိုအချိန်တွင် အစမ်းခန့်ဆရာများ အားလုံးလည်း စင်ပေါ်တွင် ရပ်နေကာ မြတ်ဆရာအရှိန်အဝါကို ထုတ်လွှင့်သည့် လူတစ်ယောက်ထက် ဘာမှကို မဖြစ်ချင်တော့ပါ။

"ဆရာက အရမ်းတော်တာပဲ"

လုချီဟွာက စိတ်လှုပ်ရှားစွာ ချီးကျူးလိုက်သည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု - +၂၀

လုချီဟွာနှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက်ရင်းနှီး (၃၁၈/၁၀၀၀)

"အင်း၊ ဆွန်းမိုတော့ ဒုက္ခအကြီးအကျယ်ရောက်တော့မှာဘဲ"

ကျန်ရုံနဲ့သည် အန်ရှီဝေကို မကြည့်မီ ကျန်ဟန်ဖူကို တစ်ချက် ကြည့်လိုက်သည်။ ကျောင်းအများစုတွင် အခွင့်ထူးခံကျောင်းသားများက ရှိတတ်ကြသည်။ ဒီလိုကျောင်းသားတွေကို သာမန်နည်းအတိုင်း ဆက်ဆံလို့မရပါဘူး။

ဇောင်ယန်သည် ထိုကျောင်းသားများထဲက တစ်ယောက်ဖြစ်နေသည်။

"ကျောင်းအုပ်ကြီးအန်၊ ဆရာဆွန်းရဲ့ ဒီမြတ်ဆရာအရှိန်အဝါက တကယ့်ကို စေတနာပါတာဘဲ"

ကျန်ဟန်ဖူက ချီးကျူးလိုက်သည်။

ကျန်ဟန်ဖူက ရွှဲ့စောင်းပြောနေမှန်း သိသောကြောင့် အန်ရှီဝေကတော့ ဘာမှ ပြန်မပြောလိုက်ပါဘူး။

ဂျိမဲဂျဲကတော့ ဆွန်းမိုကို လေ့လာနေခဲ့ပါသည်။ ဖေါင်ယန် ပထမမေးခွန်းကို မေးလိုက်ကတည်းက ဆွန်းမိုက ဒါကို သုံးဖို့ စီစဉ်နေတာ ဖြစ်နိုင်သည်။

အကြံသမားကြီးဘဲ။

တကယ်တန်းတော့ ဆွန်းမိုသည် ဆရာအတွေ့အကြုံ ခြောက်နှစ်လောက်ရှိသည့် လူပါ။

ဇောင်ယန်လိုမျိုး လူငယ်များသည် သူတို့မျက်နှာကို အရမ်းတန်ဖိုးထားမှန်း သိပါသည်။ သူတို့သည် များသောအားဖြင့် အချည်းအနှီး မာနကြီးကြပြီး အလွန်မောက်မာ တတ်ကြသည်။ အခုတော့ ဇောင်ယန်သည် အရိုက်မခံဘဲ တောင်းပန်ချင်ပါတယ် ဆိုရင်တောင် မဖြစ်နိုင်တော့ပါ။ ဒါကြောင့် ဆွန်းမိုသည် သည်းခံနေလိုက်ပြီး ဇောင်ယန် ကျိန်ဆဲလာအောင် အတင်းအကြပ် ဖိအားပေးခဲ့သည်။ ထိုအချက်ကိုနင်းကာ ပွင့်ပွင့်လင်းလင်း သင်ခန်းစာ ပေးချင်ခဲ့သည်။

“ကျောင်းသားတစ်ယောက်ကို ကြံစည်တာ မကောင်းဘူးမှတ်လား “

စနစ်ကို မေးလိုက်သည်။

“ဒီလိုကျောင်းသားတွေကို တတ်နိုင်သလောက် မြန်မြန် မမောင်းထုတ်ရင် ကျောင်းက တခြားကျောင်းသားတွေကို ဒုက္ခပေးလာလိမ့်မယ်”

စနစ်ကတော့ ဆွန်းမို လုပ်ဆောင်ချက်ကို အပြည့်အဝ ထောက်ခံနေသည်။

နတ်ဘုရားမျက်စိကို ဖွင့်လိုက်ပြီးနောက် ဆွန်းမိုသည် ဖောင်ယန်၏ အချက်အလက်အမျိုးမျိုးကို မြင်နေခဲ့ပါသည်။

စနစ်က "ဒီကောင်က အမှိုက်ပဲ။ တခြားကျောင်းသားတွေ စိတ်အေးလက်အေး စာပြန်လုပ်နိုင်အောင် ဒီကောင်ကို ကျောင်းက အမြန်မောင်းထုတ်ပါ" ဆိုပြီး စနစ်က မှတ်ချက် အတိုလေး ရေးထားသည်။

ဆွန်းမိုလည်း ထိုကဲ့သို့ အကြွင်နာတရားကင်းမဲ့သည့် မှတ်ချက်ကို ပထမဆုံး

မြင်ဖူးတာပါ။ ဇောင်ယန်က သူ့ကို တမင်တကာ ပစ်မှတ်ထားနေမှန်း သိလိုက်တာနဲ့ ဆွန်းမိုကသူ့ကို သင်ခန်းစာပေးဖို့ ဆုံးဖြတ်လိုက်သည်။

ဒင်

"ဂုဏ်ယူပါတယ်၊ လေးစားအထင်ကြီးမှုအမှတ် - +၃၅၆ ကိုရရှိခဲ့သည်"

ရုတ်တရက် စနစ်၏ သတိပေးချက် ထွက်လာသဖြင့် ဆွန်းမိုလန့်ပြီး ခုန်လိုက်မိသည်။ အထူးသဖြင့် ကြောက်စရာကောင်းသည့်

အမှတ်အရေအတွက်ကို သိလိုက်တဲ့အချိန် ဖြစ်သည်။ သူတော်တော်ကို လန့်သွားခဲ့သည်။

"အမှတ်တွေများလှချည်လား"

"ဖောင်ယန်ကို မကြိုက်တဲ့လူက စုစုပေါင်း ၇၃ ယောက် ရှိတယ်။ ပျမ်းမျှအားဖြင့်တစ်ယောက်ကို ၃ မှတ်ဆိုရင်တောင် ပြည့်နေပြီလေ။"

စနစ်က ရှင်းပြလိုက်သည်။

ဆွန်းမိုက အဲဒီလို ကျောင်းမှာ သင်ခန်းစာ တစ်ခုပေးလိုက်တာကြောင့် ကျောင်းသားများ၏ စိတ်ထဲတွင် သူရဲကောင်းတစ်ယောက် ဖြစ်သွားသည်။

ဒါကြောင့်လည်း အထင်ကြီးမှုနှင့် လေးစားမှုများ ဖြစ်လာကြသည်။

“ဒါနဲ့ ငါစုဆောင်းထားတဲ့ လေးစားအထင်ကြီးမှု အမှတ်တွေက တစ်ထောင်ကျော်နေပြီ မဟုတ်လား။ ဆွန်းမိုသည် ဒီရက်ပိုင်းတွင် အလုပ်များနေသောကြောင့် မမေးဖြစ်ခဲ့ပါ။ “ငါ့ရဲ့ အောင်မြင်ခြင်းဆုလာဒ်တွေ ဘယ်မှာလဲ၊ အလွဲသုံးစားလုပ်လိုက်ပြီ လား “

အခန်း(၈၅) - ဗဟိုပြည်နယ်မှာ

အကောင်းဆုံးဘဲ။

ဂေါင်ပန်သည်   မြေဖြူခဲတစ်ခဲနှင့်

ကျောက်သင်ပုန်းပေါ်တွင် ပညာတတ် စကားလုံးတွေ

ရေးနေသည်။ သူရေးလိုက်သည့် စာလုံးတိုင်းက ဝိုင်းစက်နေပြီး အံ့ဝင်ခွင့်ကျ ဖြစ်နေသည်။

"ဟားဟား ငါဘာတွေ ရေးတာလည်းဆိုတာ ဖယ်ထားလိုက်အုံး၊ ဒီလိုလှပတဲ့ လက်ရေးနဲ့တင် ကျောင်းသားတွေ အံ့အော သွားနိုင်တယ်"

ဂေါင်ပန် ကျေနပ်နေသည်။

ဒီလို အကျိုးသက်ရောက်မှုရှိအောင်လဲ သူသည် စာလုံးများကို အကြိမ်ပေါင်းတစ်ထောင်ကျော်လောက် တိတ်တိတ်လေး ရေးကျင့် ခဲ့ရသည်။

ကျောင်းသားများသည် တကယ်ကို စိတ်ဝင်စားနေကြသော်လည်း စာသင်ခန်း အပြင်ဘက်က ဆူညံနေသည့်အသံများကြောင့် ရုတ်ရုတ် ရုတ်ရုတ် ဖြစ်သွားသည်။

"ဘာဖြစ်နေတာလဲ"

"ငါလည်းမသိဘူး၊ ဒါပေမယ့် တော်တော်တော့ ရုတ်ရုတ်သဲသဲ ဖြစ်နေတဲ့ ပုံပဲ"

"ငါတို့ သွားကြည့် ကြမလား"

လူငယ်များအားလုံး စပ်စု ချင်နေကြသည်။ ထိုအတွေးများက ပေါ်လာသည်နှင့်

တားလို့မရတော့ပါ။ ဒါကြောင့် ကျောင်းသားတချို့ နောက်ကနေ တိတ်တိတ်လေး ထွက်သွားကြသည်။

ဂေါင်ပန်သည် ကျောက်သင်ပုန်း တစ်ဝက်လောက်ရေးပြီး နောက်ကို လှည့်ကြည့်လိုက်ရင် သူကြောင်သွားသည်။

အစတုန်းက ကျောင်းသား ၂၀၀ ကျော်လောက် ရှိနေသေးသည်။ အခုတော့ ၁၀၀ လောက်ပဲ ကျန်တော့သည်။ ထိုင်ခုံတော်တော်များများလည်း လွတ် သွားကြသည်။

ဂေါင်ပန်လည်း သူ့ကိုသူ သံသယ ဝင်လာသည်။ သူကောင်းကောင်း မလုပ်နိုင်ခဲ့လို့လား။ ငြိမ်ပြီး စဉ်းစားနေသည်။

(မဟုတ်ဘူး။ ငါမလုံလောက်တောင် မဟုတ်ဘူး။ ထွက်သွားတဲ့ ကျောင်းသားတွေက ငါဘယ်လောက်ထူးချွန်းလဲ ဆိုတာ နာမလည်နိုင်ကြတာ။)

"ကောင်းပြီ ဆက်သင်ကြရအောင်"

အဆင်ပြေပါသေးသည်။ သူ့ရဲ့ ဟောပြောပွဲကို ကျောင်းသား ၁၀၀ လောက်လာတယ်ဆိုရင်ကို

အဆင်ပြေပါသည်။ အတန်းပြီးရင် အတန်းက ဘယ်လောက်ကောင်းတယ်ဆိုကြောင်း ပျံ့သွားမှာပါ။ သိပ်မကြာခင် နောက်ထပ်ကျောင်းသားတွေ ရောက်လာကြနိုင်သည်။

ဆွန်းမိုဘက်မှာရော ကျောင်းသားဘယ်လောက် လာကြသေးလဲ။

စိတ်မကောင်းပါဘူး။ ဆွန်းမိုကို သူ့ပြိုင်ဘက် အနေနှင့် တစ်ခါမှတောင် တွေးကြည့်လို့ မရခဲ့ပါဘူး။

“သူငါ့လောက်တော့ များမှာ မဟုတ်ဘူး”

ဂေါင်ပန် အရမ်းကို ယုံကြည်နေခဲ့သည်။

....

ဒင်

“ဂုဏ်ယူပါတယ်။ သင်သည် လေးစားအထင်ကြီးမှု အမှတ် တစ်ထောင် စုဆောင်းခြင်းကို ပြည့်သွားပါပြီ။ ဆုလာဒ် - အနက်ရောင် ရတနာသေတ္တာ တစ်လုံး။ ဆက်ကြိုးစားပါ”

စနစ်၏ ထုံးစံအတိုင်း အေးအေးဆေးဆေး ကြေငြာနေသည်။

အနက်ရောင် ရတနာသေတ္တာသည် ဆွန်းမို အရှေ့တွင် ပေါ်လာသည်။

"သိမ်းထားလိုက်ပါ"

ဆွန်းမိုသည် အိမ်ဖော်တစ်ယောက်ကို အမိန့်ပေးသလို စနစ်ကို ပြောလိုက်သည်။ အနက်ရောင် ရတနာ သေတ္တာ ဖြစ်ရင်တောင် သူ့စကားကို မလေးမစား ဖြစ်မနေပါ။ ထိုသေတ္တာသည် ကံကြမ္မာ ရတနာသေတ္တာထက် ရတနာပစ္စည်း ရနိုင်ခြေ ပိုများသည်။

သို့သော်လည်း နောက်ထပ်ဆုတစ်ခုကိုရရန် အမှတ် (၁၀၀၀၀၀) စုဆောင်းရမည် ဖြစ်သည်။ ဒါက တစ်လနှစ်လ လောက် ကြာနိုင်သည်။

"အခုငါ့မှာ လေးစားအထင်ကြီးမှု အမှတ် ဘယ်လောက်တောင် ရပြီလဲ"

ဆွန်းမိုက မေးလိုက်သည်။

"၁၇၈၀"

တိုတိုတုတ်တုတ်ပဲ စနစ်က ဖြေသည်။

တကယ်လို့ အတန်းထဲမှာသာ မဟုတ်ခဲ့ရင် ဆွန်းမို ကျွမ်းထိုးလိုက်ပြီး လေတောင် ချွန်လိုက်အုံးမည်။

"အမှတ်တစ်ထောင်တန် လကြွယ် သစ်သီး ကိုဝယ်လိုက်ရင် ကျင့်ကြံခြင်း အဆင့်တစ်ဆင့် မြင့်တက်သွားမည်"

မှတ်ချက် ။ ထိုအသီးသည် သွေးလောင်ကျွမ်းခြင်းအဆင့် ကိုသာ အထူးအကျိုး သက်ရောက်နိုင်သည်။

ဆွန်းမို၏ ကျင့်ကြံခြင်းအဆင့်သည် အစမ်းခန့်ဆရာများအကြားတွင် အလယ်အလတ် အဆင့်သာ ရှိသည်။ ဒါပေမယ့်လည်း အဆင်ပြေပါသည်။ နောက်ထပ် လကြယ်သစ်သီး နည်းနည်းလောက်ထပ်စားလိုက်ပါက လိုက်မှီ သွားမှာပါ။

"ပျော်လိုက်တာ"

ဆွန်းမို လက်တွေလှုပ်ယမ်း နေမိသည်။ ဒါကို ဖောင်ယန်၏ သူငယ်ချင်းတွေက ကြည့်ပြီး အရမ်းကို လန့်နေကြသည်။ ထိုနှစ်ယောက်သည် စားပွဲခုံအောက်ကို ဝင်ပုန်း လိုက်ကြသည်။ သူတို့ထက်ပိုပြီး သူရဲဘောကြောင်သည့် သုံးယောက်က ချက်ခြင်းပဲ ခြေဖျားထောက်လိုက်ပြီး ကျယ်လောင်စွာအော်ပြီး တောင်းပန် နေကြသည်။

"ဆရာ၊ ငါတို့ မှားသွားပါတယ်"

အဖြေလည်းမရှိပါ။ သူတို့ တော်တော်ကို ကြောက်နေပါသည်။

“စည်းကမ်းကို မလိုက်နာရင် ‘သတိလစ်ခြင်းနှင့် အသုံးမကျခြင်းမြတ်ဆရာအရှိန်အဝါ’ သေလိုက်ချင်တာပဲ”

လူငယ်များသည် သူတို့၏ အရှက်ကို ဂရုစိုက်ကြသည်။ အရှူးတစ်ယောက်လိုဖြစ်သွားပြီး လူအုပ်ကြီးရဲ့ ဝိုင်းကြည့်ခြင်းကို ဘယ်သူမှ မခံချင်ပါဘူး။

“ထိုင်နေပါ”

ဆွန်းမိုက ထိုသို့ပြောလိုက်ရင် ခန်းမတစ်ခုလုံး တိတ်ဆိတ်သွားပြီး ထိုင်လိုက်ကြသည်။

အရင်ခေတ်ထက်စာရင် အခုကျောင်းသားတွေက ထက်မြက် လာကြသည်။ တအိအိနှင့် ထိုင်နေကြသော ကျောင်းသားများသည် အသံပင် တစ်စက်တောင် မထွက်ကြပါ။

ဒါကိုက မြတ်ဆရာအရှိန်အဝါ၏ ဟန့်တားခြင်းပင် ဖြစ်သည်။ (မင်းက နားမထောင်ချင်ဘူးလားရတယ်။ ရော့ အသုံးမကျခြင်းနှင့် သတိလစ်ခြင်း မြတ်ဆရာအရှိန် အဝါ၊ ရသွားမယ်ယုံလား)

အစမ်းခန့်ဆရာများသည် အရမ်းကိုအားကျ နေကြသည်။ ဆွန်းမိုက မြတ်ဆရာအရှိန်အဝါကို

ကိုင်ထားသဖြင့် ပြဿနာရှာရဲသည့် ကျောင်းသားများ မရှိတော့ပါ။

"ငါ့ကို သံသယရှိတဲ့ကျောင်းသားတွေ ဆက်ပြီး မေးခွန်း ထုတ်နိုင်တယ်"

ဆွန်းမိုက ခန်းမတစ်ခုလုံးကို စကာန်ဖတ်ရင်း ပြောလိုက်သည်။

ကျောင်းသားများသည် ဆွန်းမိုနှင့် မျက်လုံးခြင်း ဆုံအောင်တောင် မကြည့်ကြပါ။ သူ၏ အကြည့်က ရောက်သွားတိုင်း ကျောင်းသားတွေက အဲဒါကို

ရှောင်ဖို့ ကြိုးစားနေကြသည်။ မဟုတ်ပါကလည်း အချိုသာဆုံး ပြုံးပြ နေကြသည်။

အစမ်းခန့်ဆရာများသည် အရမ်း မနာလို ဖြစ်လာပြီး ညစာ စားချင်စိတ်တောင် ပျောက်လာကြသည်။

ဆွန်းမို၏အကြည့်သည် ကျောင်းသားတွေကို ကျော်ပြီး ကျန်ဟန်ဖူဆီ ရောက်နေသည်။

ဒါကိုမြင်တော့ ဂျိမ်ဂျဲသည် မနေနိုင်ဘဲ ချီးကျူးလိုက်သည်။ (တော်တာ်ရဲတဲ့ ကောင်ဘဲ။ မင်းက အခုမှ အလုပ်ဝင်ခါစ ဆရာပေါက်စလေး။

ကြီးကျယ်ခမ်းနားပြီး အာဏာရှိတဲ့ ကျန်ဟန်ဖူကို လိုက်ပေါင်းမည့်အစား စိန်တောင် ခေါ်နေလိုက်သေးတယ်)

သူ့မှာ သတ္တိရှိတယ်။

ဒင်

ဂျိမဲဂျဲ၏ လေးစားအထင်ကြီးမှု +၁

ဂျိမဲဂျဲနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ (၆/၁၀၀)

ဖန်ဇိုဝမ်၏ မျက်နှာညိုးသွားပြီး လက်သီးကို တင်းတင်း ဆုပ်ထားသည်။ သူနှင့်ဆွန်းမိုကြားတွင်

စိတ်ခေါ်မှုတစ်ခုရှိသည်။ ဆွန်းမိုက သူ့ပစ်မှတ်ဘဲဖြစ်သည်။ ဒါပေမယ့် ဆွန်းမိုက သူ့ကို တစ်ချက်တောင် လှည့်မကြည့်ခဲ့ပါဘူး။

ဒါက ဘာကိုဆိုလိုတာလဲ။

သူက ကျန်ဟန်ဖူ၏ လက်ပါးစေဖြစ်သောကြောင့် သူနှင့် ပြိုင်ဘက်ဖြစ်ရန် မထိုက်တန်ပါ။

"ဒါက ရက်စက်တာဘဲ"

ဖန်ဇိုဝမ် ဘယ်လောက်စိတ်ဓါတ် ခိုင်မာပါစေ။ ဒီလို လျစ်လျူရှုတာကိုတော့ မခံနိုင်ပါ။ အစောပိုင်းက

ဆွန်းမိုကို ပြဿနာရှာခဲ့သည့် ဖန်ချင်သည် ပြဿနာရှာရန် မတ်တပ်ရပ်လာ ပြန်သည်။

"ဆရာဆွန်း၊ ငါ့မှာ မေးစရာရှိတယ်"

ဖန်ချင်၏ လေသံသည် အေးစက်နေသည်။ ဆွန်းမို၏ လူထူပဟောပြောပွဲက ပြီးပြည့်စုံ သွားပုံရသည်။ ဒါကို သူလက်မခံနိုင်ပါ။ တကယ်လို့ ဆွန်းမိုသာ နာမည်ကြီးလာပါက သူသည် ဆွန်းမို၏ ခြေနင်းတုံး ဖြစ်သွားတော့မည်။ ဒါကြောင့် ဆွန်းမိုကို ထိုးနှက်ပေးရမည်။

ဖန်ချင်သည် ဆွန်းမိုကို ကြည့်ပြီးမှ ရှက်သွားသည်။ သူ့မေးခွန်းကို ရှောင်သွားမှာလဲ စိုးရိမ်နေသည်။ ဒါကြောင့် ဆွန်းမို ဘာမှမပြောရသေးခင် ထပ်ပြောလိုက်သည်။

“ဘာဖြစ်လို့လဲ။ မင်းကြောက်နေတာတော့ မဟုတ်ပါဘူးနော်”

ခန်းမထဲက လေထုသည် ချက်ခြင်းကို တင်းမာလာသည်။

“ကျေးဇူးပြုပြီး ဆက်ပြောပါ”

ဆွန်းမိုက သူ့လက်ကို မြှောက်လိုက်ပြီး ဖန်ချင်ကို ဆက်ပြောရန် အချက်ပြလိုက်သည်။

“ကျောင်းသားတွေကို ရွေးချယ်ဖို့ မင်းဘယ်လို သုံးသပ်ခဲ့တာလဲ”

ဖန်ချင်လည်း မတတ်နိုင်ဘဲ အရှက်မရှိ မေးလိုက်သည်။

“ဗဟိုပြည်နယ်ရဲ့ အကောင်းဆုံး”

ဆွန်းမိုက အေးအေးဆေးဆေး ပြောလိုက်သည်။

ဟာ

ဆွန်းမို၏ စကားကိုကြားလိုက်ပြီး လူအုပ်ကြီးသည် ရင်တထိတ်ထိတ်နှင့် အသံထွက်လာသည်။ အထူးသဖြင့် ဆရာများအားလုံး ကြောင်သွားကြသည်။ (ဒါက မင်းရဲ့ ပထမဆုံး လူထုဟောပြောပွဲလေ ၊ဒါကို မင်းကဒီလို ကြွားရဲတာလား)

"စောက်ထင်ကြီးလွန်းတယ်"

"အပိုတွေ"

"ဒါပေမယ့် ဆရာတစ်ယောက်မှာ ဒီလို ယုံကြည်ချက်မရှိရင် ကျောင်းသားကို ဘယ်လို သင်မှာလဲ"

“ဒါက ၊ဒါပေါ့။ ဗဟိုပြည်နယ်အကယ်ဒမီမှာ ယုံကြည်ချက် တစ်ရာ ရာခိုင်နှုန်းရှိရင် မင်းတစ်ယောက်တည်းက ကိုးဆယ့်ကိုး ရာခိုင်နှုန်း ယူထားတယ်ထင်တယ်”

ဆရာများက အချင်းချင်းပြောဆိုနေကြပြီး အများစုက အနုတ်သဘောကို သက်ရောက်နေသည်။ ဆွန်းမိုသည် မောက်မာလွန်းသည်။ သာမန်သူတော်စင်တောင် ဒီလို စကားမျိုး မပြောရဲဘူး။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတစ်ယောက်ရဲ့ အရည်အချင်းနှင့် အလားအလာဆိုတာ နှစ်ပေါင်းများစွာကြာပြီးမှ အပြည့်အဝသိနိုင်သည့် အရာဖြစ်သည်။ တစ်ခုခုမမှားဘူးလို့ ဘယ်သူပြောရဲမှာလဲ။

"ဟဲဟဲ အနည်းဆုံးတော့ ဆွန်းမို မင်း ကန့်သတ်ချက်ကိုသိပြီး ချင်လင်မှာ အကောင်းဆုံးလို့ မပြောဘူးဘဲ"

ဖန်ချင်သည် ဝမ်းသာအားရနှင့် ရယ်ပြီး ပြောနေသည်။ ဆွန်းမိုသည်လူတိုင်း၏ ကဲ့ရဲ့ခြင်း ပစ်မှတ် ဖြစ်လာတော့မည်။

ဆွန်းမိုကတော့ ဖန်ချင်ကို စိုက်ကြည့်ရင်း အေးစက်စက် အပြုံးတစ်ခု ပေါ်လာသည်။

"ဒီက ဆရာ၊ မင်းရဲ့နားလည်နိုင်စွမ်းက ညံ့ဖြင်းလွန်းတယ်။ ပြန်သွားပြီး စာများများ ဖတ်နေတာက ပိုကောင်းလိမ့်မယ်။ ငါဆိုလိုတာက ဗဟိုပြည်နယ်ကို ပြောတာ။ ဗဟိုပြည်နယ် အကယ်ဒမီတစ်ခုတည်း မဟုတ်ဘူး"

ဒါကတော့ မှားယွင်းစရာ မရှိတော့ပါဘူး။

အေးခဲနေသည့် ခြောက်လေတိုက်လိုက်သလို ချက်ခြင်းကို တိတ်ကျသွားသည်။

ဆွန်းမိုသည် သူတို့ ထင်ထားသည်ထက် ပိုမောက်မာနေသည်။ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ အကောင်းဆုံးတောင် မဟုတ်ဘဲ ပြည်နယ်ကိုးခုတွင် ဒုတိယလူဦးရေ အများဆုံးနှင့် တတိယအကြီးဆုံးဖြစ်သည့် ဗဟိုပြည်နယ်ရဲ့ အကောင်းဆုံးလို့ ပြောနေသည်။

အန်ရှီဝေသည် ဆွန်းမိုကို မသိတော့သလိုတောင် ဖြစ်နေသည်။ ငယ်ငယ်တုန်းက သူ့နောက်ကို အမြီးတစ်ခု လိုက်နေတတ်သည့် ကောင်လေးက လေထုထဲမှာ ဖုံးပေါက်ကွဲသလိုကို ကြီးထွားလာသည်။

"တောက်"

ဂျီမဲဂျဲသည် ဆွန်းမိုကိုကြည့်လိုက်ရင် ဆွန်းမိုသည် စိတ်ကျဉ်းကျပ်ခြင်းနှင့် တုန်လှုပ်နေခြင်း မရှိတာကို သတိထားလိုက်မိသည်။ သူ့ကိုကြည့်ရတာ ယုံကြည်မှု အပြည့် ရှိနေသည်။

တကယ်လည်း ဆွန်းမို ယုံကြည်သည်။ သူ့တွင် မဟာအဆင့် နတ်ဘုရားမျက်စိကို ပိုင်ဆိုင်ထားပြီး တစ်စုံတစ်ယောက်၏ ဘယ်လို အရည်အချင်းကိုမဆို

ဖုံးကွယ်ထားသည့် စွမ်းရည်မျိုးစုံကိုတောင် မြင်နိုင်သည်။

(ကူရှုပ်ရှင်း ဘာကြည့်နေတာလဲ၊ ငါ့မင်းကို ပြောနေတာ။ မင်း နာကျင်တာ တပ်မက်တတ်တာလဲ သိတယ်)

အခုချိန်တွင် မဟာအဆင့်သာ ရှိသေးသည်။ သူသည် အချိန်အနည်းငယ်သာ ကြာပါက ရတနာသေတ္တာများကိုဖွင့်ပြီး ဘိုးဘေးအဆင့် ဒါမှမဟုတ်ရင် ဒဏ္ဍာရီ အဆင့်တောင် တက်သွားနိုင်သည်။ ထိုအချိန်တွင်

နတ်ဘုရားမျက်စိသည် ပိုပြီးတော့တောင် အံ့ညြဖို့ကောင်း လာအုံးမည်။

ကူရှုပ်ရှင်းသည် မရီဒန်အကယ်ဒမီက ထိပ်တန်းအဆင့် ကျောင်းသားတစ်ယောက်ဖြစ်ခဲ့သည်။ လူအများက မျှော်လင့်ထားသည့်အတိုင်း ပါရမီရှင်တစ်ဦး ဖြစ်လာပြီး သူမတွင် ယုံကြည်မှုများနှင့် မာနများရှိသည်။ မသိစိတ်က ထရပ်ကာ ဆွန်းမိုကို ချေပချင်သော်လည်း ဆွန်းမို၏ အကြည့်ကို

မြင်လိုက်ရင် သူမ၏ ခန္ဓာကိုယ်တောင့်တင်း သွားသည်။

ဘယ်လိုအကြည့်မျိုးလဲ။

ရှင်းလင်းသည်။ နက်နဲသည်။ ယုံကြည်မှုရှိသည်။ မာနကြီးသည်။ အရာရာကို မြင်နိုင်သည်။

အိုငါ

ဆွန်းမိုက သူမကို အမှိုက်တစ်စလို ကြည့်နေတာကို မြင်လိုက်ရင် ကူရှပ်ရှင်းသည် သူမခန္ဓာကိုယ်က အဝတ်အစားတွေ အားလုံးကို ဖယ်ပြီးကြည့်နေသလို ခံစားလိုက်ရပြီး

တွန့်လိမ်လိုက်ကာ ကာကွယ်လိုက်သည်။ လှျို့ဝှက်ချက်တွေ အားလုံးကို ဖော်ထုတ်ခံလိုက်ရသလိုပါပဲ။

“ဒီကောင် တကယ့်ကို မောက်မာလွန်းတယ်။ ဒီလို မောက်မာတဲ့ အကြည့်တွေနဲ့ ဘယ်သူမှ ငါ့ကို မကြည့်ရဲခဲ့ဘူး။ မင်းမှာ ဘာအခွင့်အရေးရှိလို့ ငါ့ကို အမှိုက်လို လာကြည့်နေတာလဲ”

ကူရှုပ်ရှင်းသည် ပါရမီရှင်တစ်ယောက်အနေနှင့် လူတိုင်း၏ လေးစားအားကျခြင်းကိုသာ ခံခဲ့ရဖူးသည်။ သူမစိတ်တွေ တုန်လှုပ်နေသည်။ ဒါပေမယ့် သူမကို

ဒီလို အကြည့်မျိုးနဲ့ ကြည့်ခံရတာကို ဘာလို့ ထူးဆန်းတဲ့ ခံစားချက်တွေ ဖြစ်လာတာလဲ။

"ဆရာတော့ ဒီလိုပြောလိုက်လို့ ပြဿနာတက်တော့မှာဘဲ"

လီဇီချီ စိတ်ပူသွားသည်။

မြတ်ဆရာများအားလုံးသည် ဂုဏ်ယူတတ်ကြသည်။ ဆွန်းမို၏မောက်မာမှုက ရန်ဘက်တွေကို ဆွဲဆောင် သွားနိုင်သည်။

အင် အင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက အားတက်သရော ခေါင်းညိတ်ထောက်ခံသည်။

တစ်ချိန်လုံး ဂရုမစိုက်သည့် ထန်ထန်ယုထန်ကတော့ စိတ်ဝင်စားသည့် ပုံပေါ်လာသည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှုအမှတ် - +၁

ထန်ထန်ယုထန်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ (၂/၁၀၀)

ရုတ်တရုတ် သတိပေးချက်ကြောင့် ဆွန်းမို အံ့အောသွားသည်။ ရိုးသားသည့် ချီရှန်ကျားတောင် ဒီစကားကို ကြားပြီးထောက်ခံခြင်း မလုပ်ခဲ့ပါဘူး။ ဒါပေမယ့် ထန်ထန်ယုထန်ကတော့ လေးစားအထင်ကြီးမှုအမှတ် ပေးခဲ့သည်။

"ဒီကောင်က တကယ့်ကို အမိုက်စားဘဲ"

ဆွန်းမိုက နောင်တွင် ဒီကျောင်းသားကို ပိုပြီး သတိထားရမယ်လို့ ဆုံးဖြတ်လိုက်သည်။

ပတ်ဝန်းကျင်တွင် ရုတ်ရုတ်သဲသဲ ဖြစ်နေတာကို ဆွန်းမိုက သတိတောင် မထားမိပါ။ ဒီကာလမှာ သူ့ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိန်းမချူစားကောင်လို့ နှိမ့်ချနေပြီး သံသယတွေနှင့် အထင်သေးအမြင်သေး ဆက်ဆံခံနေရသည့် အချိန်ဖြစ်သည်။ ဆွန်းမို အတွက် လုံလောက်ပါသည်။

ဒါက အခွင့်ရေးကောင်းဘဲ ။ ဆွန်းမိုက ဒီစိတ်ပျက်မှုတွေကို ခြေဖျက်ဖို့ ဆုံးဖြတ်လိုက်သည်။

(ဒီလို ပြောလို့ စိတ်ပျက်နေကြတာလား)

(လာစမ်းပါ ငါ့ရဲ့ သုံးသပ်မှုကို စိန်ခေါ်ကြစမ်းပါ။ နတ်ဘုရားမျက်စိကို ပိုင်ဆိုင်ထားသည့် ဆွန်းမိုကို စိန်ခေါ်လိုက်ပါက စိန်ခေါ်လိုက်သည့်သူအတွက် ငရဲ ဖြစ်သွားမည်။)

"မင်းရဲ့ သုံးသပ်ချက်က ဗဟိုပြည်နယ်မှာ အကောင်းဆုံးလို့ ပြောနေတာလား။ ဒါဆို နဖူးမှာ 'အမှိုက်' လို့ရေးထားတဲ့ ကောင်လေးကို ဘာလို့ မင်းတပြည့်အဖြစ် ရွေးထားတာလဲ ပြောကြည့်စမ်းပါအုံး"

ဖန်ချင်က ပြုံးပြီးမေးလိုက်သည်။ (ဆွန်းမို၊ ဒါကို မင်းဘယ်လို ကိုင်တွယ်မလဲ ကြည့်ရအောင်)

အသက်မပြည့်ချိန်တွင် ကိုယ်ပေါ်ကို တက်တူးထိုးခြင်းကို ကျင့်ကြံသူအများ မလုပ်ကြပါ။ သူတို့ ခန္ဓာကိုယ် ကြီးထွားလာသည်နှင့်

တက်တူးပုံများပြောင်းသွားကာ အကျိုးသက်ရောက်မှု မရှိနိုင်တော့ပါ။

တက်တူးပုံဆွဲခြင်းသည် အမှားမခံသော ကိစ္စတစ်ခုဖြစ်သည်။ ဒါကြောင့်နဖူးတွင် 'အမှိုက်' လို့အရေးခံထားရသည့် ကောင်လေးသည် တချိန်က ပါရမီရှင် ဖြစ်နေရင်တောင် အခုတော့ အမှိုက်တစ်စသာဖြစ်သည်။

အခန်း(၈၆) - နောက်တစ်ကြိမ် တောခွေးနက်ကြီး ဆွန်း။

ဒါကိုကြားလိုက်တော့ ချန်လုံ မျက်နှာ ပျက်သွားသည်။ သူ့နဖူးကို ဖုံးဖို့လက်ကို မြှောက်လိုက်မိသည်။

ဝိညာဉ်တက်တူး မဆင်မခြင် ရေးဆွဲထားသည့်သူထက် လူသစ်များကတောင်

ပိုကောင်းသေးသည်။ ဒါကြောင့်လည်း ချန်လုံ၏ ပုံစံကို တွေ့ပြီး လူတိုင်း အံ့အောသွားကြခြင်း ဖြစ်သည်။

ဘယ်လောက်တောင် အကြင်နာတရားမဲ့သည့် သူက တပြည့်၏ နဖူးပေါ်မှာ အမှိုက်ဆိုသည့် တက်တူးကို ရေးဆွဲခဲ့တာလဲ။

ချန်လုံက ပခုံးကိုကျုံ့ကာ သူ့ကိုယ်သူ ဖုံးကွယ်ဖို့ ကြိုးစားနေတာကို မြင်လိုက်ရင် ဆွန်းမို ဒေါသ ပေါက်ကွဲလာသည်။ သူက ဖန်ချင်ကို ပြင်းပြင်းထန်ထန် စိုက်ကြည့်နေသည်။

"မြတ်ဆရာတစ်ယောက် အနေနဲ့ မင်းမှာ ကြယ်ဘယ်နှစ်လုံးရှိလဲဆိုတာ မေးပါရစေ"

ဆွန်းမိုက ခပ်ရိုင်းရိုင်း မေးလိုက်သည်။ (မင်းမှာ ပြဿနာရှိရင် ငါ့ဆီကို လာခဲ့ ။ ဘာလို့ ငါတပြည့်ကို ဆွဲထည့်တာလဲ)

ချန်လုံ အားငယ်နေမှာကို တွေးကြည့်နိုင်သည်။ ထူးဆန်းသည့်အကြည့်နှင့် လူအများကလည်း ကြည့်နေကြသည်။

"အာ"

ဖန်ချင် ဆွံ့အနေသည်။ သူ့မှာ ကြယ်မှမရှိတာ။

ကြယ်မရှိသည့် ကျောင်းဆရာတော်တော်များများလည်း ရှိပါသည်။ သို့သော်လည်း လူရာပေါင်းများစွာ စုဝေးနေသည့် အချိန်တွင် အမေးခံလိုက်ရတာက တော်တော်ရှက်ဖို့ကောင်းပါသည်။

“ဘာလို့ အ နေတာလဲ ကြည့်ရတာ ကြယ်တစ်လုံးတောင် မရှိဘူးထင်တယ်”

ဆွန်းမိုက လှောင်လိုက်သည်။

"ငါ...ငါမနှစ်က ဆယ်မှတ်ဘဲ လိုခဲ့တာ။ ဒီနှစ်သူတော်စင်ဂိတ် စာမေးပွဲမှာ မြတ်ဆရာအတွက် အောင်လက်မှတ်ကို ရမှာ"

ဖန်ချင်က ပြန်ရှင်းပြသည်။

"ဒါဆို မင်းမှာ ကျောင်းသား ဘယ်နှစ်ယောက်ရှိလဲ"

ဆွန်းမိုကလည်း အေးစက်သည့် အကြည့်နှင့် ဆက်မေးလိုက်သည်။

"ဆယ့်တစ်"

သူ့ကျောင်းသားအရေအတွက်ကို ပြောရသည့်အခါ ဖန်ချင် ဂုဏ်ယူနေမိပါသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်က သူသည် ထူးချွန်သည့် ကျောင်းသားတချို့ကို လက်ခံနိုင်ခဲ့သည်။ သူ၏အရည်ချင်းက သာမန်ဖြစ်သော်လည်း သူ့တွင် တိုက်ရိုက်တပြည့်များ ရှိနေဆဲဖြစ်သည်။

"ဒါက တော်တော်များတာပဲ"

ဆွန်းမိုက ချီးကျူးလိုက်သည်။

"လက်ခံနိုင်စရာ ဘဲ"

ဖန်ချင်သည်သူ့ကို အားကျနေသည့် လူရှိမရှိ လျှင်မြန်စွာလှည့်ပတ် ကြည့်လိုက်သည်။

"သူတို့ထဲမှာ တိမ်စိမ်းအဆင့် ဘယ်နှစ်ယောက်ပါလဲ"

ဆွန်းမိုက ဆက်မေးသည်။

ဒီမေးခွန်းကို ကြားတော့ ဖန်ချင် မျက်နှာပျက်သွားပြီး " ဆွန်းမို မင်းကအရူးလား၊ ဒါမှမဟုတ် ငထုံတစ်ယောက်လို လုပ်နေတာလား။ တိမ်စိမ်းအဆင့်က ဝင်ဖို့ အရမ်းလွယ်တယ်လို့ မင်းထင်နေတာလား"

"ဘာလို့ မလွယ်တာလဲ ကျောင်းအုပ်ကြီး အန်နဲ့ ဆရာဂျိမဲဂျဲ နှစ်ယောက်စလုံးမှာ တိမ်စိမ်းအဆင့်ဝင်တဲ့ ကျောင်းသားတွေ အများကြီး ရှိတယ်။ ဆရာလျှိုမူဘိုင်တောင် တစ်ခုရှိသေးတယ်။ ဘာလို့ မင်းရဲ့တပြည့်တွေက မလုပ်နိုင်ကြတာလဲ" ဆွန်းမိုက မေးသည်။

"မေးခွန်းတွေကိုရှောင်ဖို့ ဆင်ခြေလုပ်မနေနဲ့။ ငါက အခု မင်းကိုမေးနေတာ" ဖန်ချင်က မျက်နှာငယ်လေးနှင့် ပြန်ပြောသည်။ ငါ့တပြည့်တွေက သူတို့နဲ့ ဘယ်လို ယှဉ်နိုင်မှာလဲ။

"သူတို့ရဲ့ အရည်အချင်းက အရမ်းညံ့နေလို့လား။ သူတို့ရဲ့ အရည်အချင်းက ညံ့နေရင်လည်း ဘာလို့ မင်းက ခေါ်နေသေးတာလဲ။ မင်းရဲ့ သုံးသပ်ချက်များ မှားနေတာလား"

ဆွန်းမို၏ စကားလုံးတိုင်းသည် ရှင်းလင်းပြီး ပစ်မှတ်ကို ထိနေသည်။ "ဒါမှမဟုတ် မင်းက သူတို့ကို သင်ပေးဖို့ အရည်အချင်း မရှိတာလား"

"ဆွန်းမို လျှာလေးနဲ့ လျှောက်ပြောတာက လွဲရင် မင်းကော ဘာလုပ်တတ်လို့လဲ" ဖန်ချင်က ပြန်ပြီး အပြစ်တင်သည်။ ဆွန်းမို၏ မေးခွန်းတွေကို

သူမဖြေနိုင်တော့ပါ။ သူ့တပြည့်တွေရဲ့ အရည်အချင်းကို ညံ့တယ်လို့ ပြောရမှာလား။ ဒါဆိုနောင်တွင် ဆရာနှင့် တပြည့်ဆက်ဆံရေး အေးစက်သွားမည်။

သူ့ရဲ့ သင်ကြားနိုင်စွမ်းညံ့တယ်လို့ ဝန်ခံရမှာလား။ သူအဲဒီလောက် မပွင့်လင်းနိုင်ပါ။

“မင်းက အသက်လေးဆယ် ရောက်နေတဲ့ ဆရာတစ်ယောက်။ ဒါပေမယ့် မြတ်ဆရာတစ်ယောက်တော့ မဟုတ်ဘူး။

ဘယ်လိုအရည်အချင်းနဲ့ ငါ့ရဲ့ ကျောင်းသားရွေးတဲ့ သုံးသပ်ချက်ကို သံသယ ဝင်နိုင်တာလဲ”

ဆွန်းမိုက တုံ့ပြန်လိုက်သည်။

ဖန်ချင်သာ ချန်လုံကို ဆွဲမထည့်ပါက ဆွန်းမို ဒီလောက် သဘောထားမဆိုးပါ။

“ဘယ်သူက လေးဆယ်လဲ။ မင်းမိသားစုသာ လေးဆယ်ဖြစ်နေလိုက်။ ငါက ဒီနှစ်မှာ သုံးဆယ့်ငါးပဲ ရှိသေးတယ်။ ငါက အကောင်းဆုံးဖြစ်နေတုန်းပဲ” ဖန်ချင်က ပြန်ငြင်းသည်။

“မင်းအသက်လေးဆယ် မဟုတ်တာကို ဖယ်လိုက်ရင်တောင် မင်းက အသက်ကြီးပြီး အောင်မြင်မှု မရသေးတာ မရှက်ဘူးလား”

ဆွန်းမိုက ရှုံ့ချလိုက်သည်။ “ငါသာ မင်းနေရာမှာဆို အိမ်မှာနေပြီး စာသင်ဖို့ မြှပ်နှံထားမှာ ကျိန်းသေတယ်။ အခြားတစ်ယောက်အတန်းကို ကြည့်ဖို့ ထွက်လာတာ ။ မင်းအရမ်းပျင်းနေလို့လား”

“မင်း…………………”

ဖန်ချင် မျက်နှာကြီးနီ နေသည်။ သူသည်ဆွန်းမိုကို လက်ညှိုးထိုးထားသော်လည်း ဒေါသကြောင့် လက်တွေတုန်နေသည်။

"အလှည့်ကျရင် မန္တစတမ်းလေ။ ဘာတွေ ဖြစ်တာလဲ" ဂျိမဲဂျဲက ပြောပြီးရယ်နေသည်။

အန်ရှီဝေလည်း မျက်မှောင်ကြုတ်ပြီး ဖန်ချင်အပေါ် တော်တော်အထင်သေး သွားသည်။ ဆရာတွေကြားက ပြိုင်ဆိုင်မှုက ပုံမှန်ဖြစ်ပေမယ့် ဘာလို့ ကျောင်းသားကို ဆွဲသွင်းတာလဲ။

"မင်း…မင်း..မင်း..မင်းနဲ့ ဘာဖြစ်နေတာလဲ။ အသက်ကဖြင့် ၄၀တောင် ရောက်နေပြီ မြတ်ဆရာတောင် မဖြစ်သေးဘူး၊ ကျောင်းသား ၁၁ယောက်လောက် သင်နိုင်တာကို ဂုဏ်ယူနေသေးတယ်။ အရေးအကြီးဆုံးက မင်းမှာ အောင်မြင်မှု ပြနိုင်ဖို့မရှိဘူး။ မင်းက သာတယ်ဆိုတဲ့ ခံစားချက်က ဘယ်လိုရလာတာလဲ။ မင်းက ဘာကိုအားကိုးပြီး ငါ့ကို မေးခွန်းထုတ် ရဲတာလဲ"

"မင်းရဲ့ တပြည့်တွေအတွက် ငါ့ရဲ့ နှလုံးသားထဲကတောင် နာကျင်နေမိတယ်။ သူတို့ရဲ့

ဆရာက သူ့ကိုယ်သူတောင် တိုးတက်အောင် မလုပ်နိုင်ဘူး။ ငါသာမင်းနေရာမှာဆို ငါ့ဆရာက ဘယ်အဆင့်မှာလဲမေးလာရင် လိမ်သင့်လား၊ အမှန်တိုင်း ပြောသင့်လားဆိုတာတောင် မတွေးတတ်တော့ဘူး”

“အမှန်တိုင်းပြောလိုက်ရင်လည်း သူများတွေက လှောင်ရယ် ကြအုံးမယ်။ ဘာလုပ်သင့်လဲ ပြန်လာပြီး ချောင်ထဲမှာ ထိုင်ငိုနေသင့်လား”

ဆွန်းမိုက ရှုံ့ချလိုက်သည်။

"ဆင်းတော့၊ မင်းရဲ့ မေးခွန်းတွေကို ငါမဖြေချင်တော့ဘူး"

ခန်းမတစ်ခုလုံး တိတ်ဆိတ်နေသည်။

ကျောင်းသားများ အားလုံးလည်း ဆွန်းမိုကို မျက်လုံးကြီး ပြူးပြီး ပါးစပ် အဟောင်းသားနှင့် ငေးကြည့်နေကြသည်။ ဆယ်နှစ်လောက် ဆရာလုပ်ခဲ့သည့် စီနီယာဆရာတစ်ယောက်ကို ပါးစပ်နှင့် သတ်ခဲ့တယ်ဆိုတာ မယုံနိုင်အောင် ဖြစ်နေကြသည်။

အရေးကြီးဆုံးက သူထောက်ပြခဲ့တာတွေ အားလုံးကလည်း အဓိပ္ပာယ် ရှိနေသည်။

သူတို့၏ ဆရာက မြတ်ဆရာတစ်ယောက်ဆိုပါက ကျောင်းသားတွေ ဂုဏ်ယူနေကြမည်။ သူတို့တွေ ထွက်သွားသည့်အခါ ကြွားနိုင်ရုံသာမက တခြားသူတွေထက်လည်း အသံကျယ်နိုင်မည်။

အားနည်းလွန်းသည့် ဆရာတစ်ယောက်အောက်တွင် သင်ကြားရတာထက် မြတ်ဆရာတစ်ယောက် လက်အောက်တွင် လူတိုင်း ပညာသင်ကြားချင် ကြသည်။

ကြွယ်တွေအများကြီးရှိနေဖို့ မလိုပါဘူး တစ်ပွင့်ဆိုရင်တောင် လုံလောက်ပါသည်။

ဖောက်

ဖန်ချင် ပြန်ပြီးခွန်းတုန့်ပြန် မပြောနိုင်တော့ပါ။ တစ်ကိုယ်လုံးက တုန်နေကာ မျက်နှာကဖြူနေပြီး နှုတ်ခမ်းများလည်း တုန်နေကာ ပါးစပ်ကသွေးတွေ ထွက်ကျလာသည်။
စိတ်ပျက်ခြင်းများနှင့် အားငယ်စိတ်တွေသာ စိတ်ထဲတွင် ပြည့်နှက်နေသည်။

ဖန်ချင်သည် ဒီလိုကိစ္စများကို အရင်က ကြုံဖူးခဲ့သည်။ ဒီလောက် စောက်ရူက်ကွဲလိမ့်မယ်လို့ ဘယ်ဆရာက ထင်ထား ကြမှာလဲ။

သူတော်စင်ဂိတ်က ကျင်းပသည့် စာမေးပွဲတွင် စည်းမျဉ်းတစ်ခုရှိသည်။ ဒါက စာမေးပွဲကြေး ပေးသွင်းရသည်။

ဖန်ချင်သည် စာမေးပွဲကို ကိုးကြိမ်ဆက်တိုက် ဖြေဆိုခဲ့သည်။ တစ်ကြိမ်စီတွင် ပေးသွင်းရသော စာမေးပွဲကြေးများ မြင့်မြင့်လာခဲ့သည်။ သူပေးသွင်းရသည့် ငွေအတွက် သူ့နှလုံးသားက

နာကျင်သော်လည်း သူလက်မလျှော့ခဲ့ပါ။ ဘာကြောင့်ဆို သူ့တပြည့်များ ထွက်သွားကြသည့်အခါ ဂုဏ်ယူနိုင်အောင် မြတ်ဆရာဘွဲ့ကို လိုချင်နေခဲ့သည်။

ထိုဒဏ်ရာကိုမှ ဆွန်းမိုက ဓါးနှင့်ခွဲပြီး ဆားနှင့် ပက်လိုက်သဖြင့် သွေးစိမ်း များထွက်လာသည်။

ဖန်ချင် ဆက်လက်ငြင်းခုံနေချင်စိတ်လည်း မရှိတော့ပါ။ သူ့ဘေးနားက လူတွေကိုတွန်းဖယ်ကာ ခန်းမထဲက တုန်ယင်စွာ ထွက်သွားသည်။ ခပ်ဝေးဝေးလျှောက်သွားပြီးနောက် လဲကျသွားသည်။

“အ ငါ့ဆရာ မူးလဲသွားပြီ”

ကျောင်းသားတစ်ယောက်က ငိုရင်း အော်ဟစ်လိုက်သည်။ ကံကောင်းစွာဖြင့် ထိုနေရာတွင် ဆေးပညာကျွမ်းကျင်သော မြတ်ဆရာတစ်ယောက် ရှိနေခဲ့သည်။ အဲဒီဆရာက ဆေးကုဖို့ အမြန်ထွက်သွားသည်။

ခန်းမတစ်ခုလုံး တိတ်ဆိတ်နေတုန်းပါ။ ဒါပေမယ့်လည်း လူတိုင်း၏ စိတ်ထဲတွင် တုန်လှုပ်နေသည်။

ဆွန်းမို၏ လျှာသည် တကယ့်ကို အဆိပ်ပြင်းလွန်းပါသည်။ သူပြောလိုက်သည့် စကားလုံးတိုင်းက နှလုံးသားထဲကို အပ်နှင့်ထိုးနေသလိုပါပဲ။

ဖန်ချင်သည် အရမ်းကို သနားစရာကောင်းနေခဲ့သည်။ သူက ကြိတ်ဆုံကိုမှ ခေါင်းထိုးထည့်လိုက်မိသည်။

"ဆရာကတော့ အံ့သြစရာဘဲ"

လုချီဟွာ တိုးတိုးလေးပြောသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှုအမှတ် -+၂၀

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး (၃၃၈/၁၀၀၀)

ချန်လုံကတော့ အမူအယာ မပြောင်းလဲဘဲ လေးစားအထင်ကြီးမှုအမှတ်များ ပေးလာခဲ့သည်။

ဒင်

ချန်လုံ၏ လေးစားအထင်ကြီးမှုအမှတ် -+၃၀

ချန်လုံနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ (၇၀/၁၀၀)

"ဒီလိုပဲ ဖြစ်သွားမယ်ဆိုတာ ငါသိတယ်"

လီဇီချီ အတွက်တော့ မထူးဆန်းပါ။ ဆွန်းမို မနိုင်သွားရင်သာ ထူးဆန်းသွားမည်။

ဖန်ချင် ကိစ္စပြီးသွားသည်နှင့် ဆွန်းမိုကို ပြဿနာရှာချင်နေသည့် ဆရာများ အသံတိတ်သွားသည်။ သူ့လျှာက ထက်မြတ်လွန်းသဖြင့် အနိုင်ယူဖို့ မဖြစ်နိုင်ပါ။

"ဆွန်းမိုကို တောခွေးနက်ကြီး လို့ပဲ ခေါ်သင့်တယ်"

“အမှန်ပဲ၊ သူကရိုးရိုးခွေးတောင်မဟုတ်ဘူး၊ ခွေးရူး။ တစ်ယောက်ယောက်ကို စကိုက်လိုက်ပြီဆိုရင် အဆုံးမသတ်တော့ဘူး”

“သူက ကြိုးပျက်ပြီး လွတ်လာတဲ့ တောခွေးနက်ကြီးလိုပဲ အရမ်းကို ကြောက်စရာကောင်းတယ်”

ကျန်ဟန်ဖူအဖွဲ့က ဆရာများသည် ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။ ဆွန်းမိုက ဒုကျောင်းအုပ်ကြီး ကျန်ကို စော်ကားခဲ့သောကြောင့် သူတို့က ပြဿနာရှာဖို့ စီစဉ်ခဲ့တာ ဖြစ်သည်။ ဒါကလဲ ဒုကျောင်းအုပ်ကြီး

စိတ်ထဲတွင် မှတ်ချက်ကောင်းများ ရနိုင်အောင်ဖြစ်သည်။ အခုချိန်မှာတော့ ဘယ်သူမှ အသံမထွက်ရဲပါ။

ဆွန်းမိုက အချိန်ကို တွက်လိုက်ပြီး မကြာခင် အတန်းပြီးတော့မယ် ဆိုတာ သိလိုက်သည်။ သူဘာဆက်ပြောသင့်လဲ။ သူ့ရဲ့ လူထုဟောပြောပွဲမှာ ကျော်ကြားလာအောင် လုပ်သင့်သည်။ ဒါပေမယ့်လည်းဆွန်းမို အသံမထွက်ရသေးခင် စကားသံတစ်ခု ပေါ်လာသည်။

"ဖန်ချင်က မေးပိုင်ခွင့်မရှိဘူးဆိုပေမယ့် ငါတော့ ရှိမဟုတ်လား"

ဖန်ဇိုဝမ်က ဆွန်းမိုကို ကြည့်ပြီး ပြောလိုက်သည်။ ကြယ်တစ်ပွင့်မြတ်ဆရာတစ်ယောက် အနေဖြင့် ဆွန်းမိုကို မေးပိုင်ခွင့်ရှိသည်။ ဒါပေမယ့်လည်း သူစိတ်မထိန်းနိုင် ဖြစ်နေသည်။

ဆွန်းမိုကို ဒုက္ခပေးရန် နည်းလမ်းနှစ်ခု ပြင်ဆင်ခဲ့သည်။ ဒွန်ဝူသည် မေးခွန်းတောင် မေးခွင့်မရလိုက်ပါ။ ဖန်ဒင်က ပိုဆိုးသည်။ ကျောင်းတောင် အထုတ်ခံရတော့မည်။ သူ့တပြည့်တွေထဲမှာ ဖန်ဒင်ကို

သဘောအကျဆုံးပါ။ ဖန်ဒင်ကို တိမ်စိမ်းအဆင့်တွင် ပါဝင်နိုင်မယ်လို့ မျှော်လင့်ထားသော်လည်း အခုတော့ အားလုံး ပြီးဆုံးသွားပြီ။

ဖန်ဇိုဝမ်၏ ကျောင်းသားများသည် တစ်ယောက်မှ တိမ်စိမ်းအဆင့်ကို မဝင်သေးတာကြောင့် သူသည် ကြယ်နှစ်ပွင့် မြတ်ဆရာ မဖြစ်နိုင်သေးပါ။ အခုတော့ ဆွန်းမိုက တိမ်စိမ်းအဆင့် ကို ဝင်နိုင်ခြေများသည့် ကျောင်းသားကို ဖျက်ဆီးပစ်လိုက်ပါပြီ။ ဒါက ဖုန်ဇိုဝမ်၏ ကြယ်ရနိုင်သည့် လမ်းကြောင်းကို လုံးဝ ဖြတ်တောက်လိုက်သလိုပဲ။

ဆရာတစ်ယောက်အတွက်တော့ မိဘကို သတ်လိုက်သလိုမျိုး ကြီးမားတဲ့ ရန်ပွဲ တစ်ခုပါပဲ။

သူဒီနေ့မှ ဆွန်းမိုကို ချမနင်းနိုင်ရင် စိတ်ထဲက အစိုင်အခဲကို ဘယ်တော့မှ မခြေဖျက် နိုင်တော့ပါ။

“အို ကြယ်တစ်ပွင့် မြတ်ဆရာဖန်ပေါ့ ။ ကျေးဇူးပြုပြီး ဆက်မေးပါ”

ဆွန်းမိုကလည်း ဒါကို စောင့်နေခဲ့တာပါ။

“ သူတို့က ဘာကိုယုံကြည်လို့ မင်းကို ဆရာတင်ကြတာလဲ။ ဒါဆိုရင် မေးပါရစေအုံး။ မင်းက

သူတို့ကို တပြည့်အဖြစ် ဆွဲဆောင်နိုင်ဖို့ ဘာထူးခြားချက်တွေရှိလဲ”

ဖန်ဇိုဝမ်က ဆွန်းမိုကို လမ်းညွှန်ချက်တောင်းခံသည့် လေသံနှင့် မေးလိုက်သည်။

မနီးမဝေးတွင် ထိုင်နေသော ကူရှုပ်ရှင်းဆီက အေးစက်သည့် သက်ပြင်းချသံ ပေါ်လာသည်။ ဒီမေးခွန်းက ဆွန်းမို အားသာချက် မြင်နိုင်အောင် မေးသလို ထင်ရပေမယ့် နောက်မှာ ဒေါသတွေကို ဖုံးကွယ်ထားပါသည်။

တကယ်လို့ ဆွန်းမိုသာတစ်ခုခု ပြန်ပြောလိုက်လျှင်။ ဖန်ဇိုဝမ်က ဆွန်းမိုကို ဆွံ့အသွားသည့် အထိ ပစ်မှတ်ထား တိုက်ခိုက်တော့မှာ ဖြစ်သည်။ ဆွန်းမို၏ ခွန်အားက တကယ်တန်းတွင် အသုံးမဝင်တာကို သက်သေပြလိုက်သလို ဖြစ်သွားနိုင်သည်။

ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ကို ဘယ်တော့မှ မထီမဲ့မြင် မလုပ်လိုက်ပါနှင့် သူတို့မှာ အတိုင်းအတာ တစ်ခုတော့ စွမ်းရည်ရှိကြပါသည်။

“ဖန်ဇိုဝမ်က ဆွန်းမိုကို သူကျွမ်းကျင်သည့်နယ်ပယ်မှာ တိုက်ခိုက်ဖို့ စီစဉ်နေပြီ”

ကျုံရှန်ရီက သက်ပြင်းချရင်း ပြောလိုက်သည်။ “ငါတို့ အားလုံးက ဆရာတွေလေ။ တစ်ယောက်ကိုတစ်ယောက် ညှာတာလို့ မရတော့ဘူးလား”

“မင်းရဲ့ အတော်ဆုံး ကျောင်းသားတစ်ယောက်ကို တစ်ယောက်ယောက်က ဖျက်ဆီးခဲ့ရင် မင်းရော သည်းခံနိုင်မလား”

ကျုံ့ရှန်ရီသည် ဒီအရာက ပုံမှန်ပဲလို့ ထင်သည်။

“ငါက ဘာထူးချွန်တာလဲ” ဆွန်းမို ပြုံးပြီးပြောရင်း ခန်းမထဲကို လှည့်ပတ်ကြည့်လိုက်သည်။ “ဆရာဖန် တပြည့်တွေလည်းရှိနေတယ်။ မဟုတ်လား။ ငါမြင်ရအောင် မတ်တပ်ရပ်ခိုင်း လိုက်ပါလား”

“မတ်တပ်ရပ်လိုက်ကြပါ”

ဖန်ဇိုဝမ်က ပြောလိုက်သည်။

ကျောင်းသားဆယ့်နှစ်ယောက် ဆွန်းမိုကို အကြည့်စိမ်းနှင့် ကြည့်ကာ ချက်ခြင်းထရပ်လိုက်သည်။

ဖန်ဇိုဝမ်နှင့် ဆွန်းမိုကြားက ပြဿနာကို ကြားပြီးပါပြီ ဒါကြောင့်လည်း သူတို့ ဆရာကို အားပေးဖို့ လာခဲ့ကြတာဖြစ်သည်။

ဆွန်းမိုက တိုးတိုးလေးရယ်ရင်း အမျိုးသမီးကျောင်းသူလေး တစ်ယောက်ဆီကို လျှောက်သွားလိုက်သည်။ "မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဆွန်းမို ဘာလုပ်နေတာလဲ"

ကူရှုပ်ရှင်းက မျက်မှောင်ကြုတ်ရင်း ဖြစ်နိုင်ခြေကို တွေးနေသည်။

"သူက ဒီကျောင်းသူကို လမ်းညွှန်ပေးချင်နေတာလား"

ဒါက သူ၏ သင်ကြားရေးစွမ်းရည်ကို သက်သေပြဖို့ အကောင်းဆုံး နည်းလမ်းပါ။ ခက်ခဲ လွန်းသည်။ ဒီကျောင်းသား ဆယ်ယောက် ကျော်သည် ဖန်ဇိုဝမ်၏ တိုက်ရိုက်တပြည့်ဖြစ်သောကြောင့် ဆွန်းမိုကို ရန်လိုနေကြသည်။

ကျန်ဟန်ဖူက ပြုံးလိုက်မိသည်။ ဒီကောင် ဆွန်းမိုက မာနကြီးလွန်းသည်။ သူ့ကိုယ်သူ ထိန်းလိုက်နိုင်ရင် ကျောင်းမှာ နောက်ထပ်ရက်

နည်းနည်းလောက် ပိုနေနိုင်သေးသည်။ အခုတော့ ဖန်ဇိုဝမ်ကို ဒေါသထွက်အောင်လုပ်ပြီး သူတို့ ပုဂ္ဂိုလ်ရေး ဖြစ်သွားကြပြီ။

ဆွန်းမိုအတွက်တော့ တ‌ော့တာ ပါပဲ။

ဆရာတွေ အားလုံးလည်း ထိုကဲ့သို့ တွေးနေကြသည်။ ဆွန်းမို၏ လုပ်ဆောင်ချက်က တော်တော်လေး ထူးချွန်ခဲ့တာမှန်သော်လည်း ကြယ်တစ်ပွင့်မြတ်ဆရာ တစ်ယောက်ကို ယှဉ်ဖို့က မဖြစ်နိုင်ပါ။

အခန်း(၈၇) - အစွမ်းပြရမည့် အချိန်။

ဂေါင်ပန်သည် ငါးမိနစ်လောက် မျက်မှောင်ကြုတ်နေမိသည်။ အပြင်မှာဘာလို့ ဒီလောက်တောင် ဆူညံနေတာလဲ။ ဆရာတစ်ယောက်

မူးလဲသွားတယ်လို့ အော်သံကိုလည်း ကြားလိုက်ရသည်။

ဒါပေမယ့် ဂေါင်ပန်သည် ထိုကိစ္စများကို ဂရုမစိုက်ပါ။ စာသင်ခန်းထဲမှာ ကျန်ခဲ့သည့် ကျောင်းသားဆယ်ယောက်ကို ကြည့်ပြီး ဒေါသထွက်ကာ ဆူပူကျိန်းမောင်းချင်နေသည်။

"သင်ခန်းစာပြီးရင် ကူရှုပ်ရှင်းကို သတိပေးရအုံးမယ်။ စာသင်ခန်း အဆောက်အအုံထဲမှာ ဆူညံနေတာကို

တားခိုင်းရမယ်။ ကျူးလွန်သူတွေကို ပြင်းပြင်းထန်ထန် အပြစ်ပေးရမယ်”

ဂေါင်ပန်သည် လှုပ်လှုပ်ရှားရှား ဖြစ်နေသည့် ကျောင်းသားများကို ကြည့်ပြီး စိတ်ဓါတ်ကျလာသည်။ အပြင်မှာ ဒီလောက်ရုတ်ရုတ်သဲသဲ ဖြစ်နေတာကို သူတို့က သွားကြည့် ချင်နေကြသည်။ (သူတို့ ဒီအခွင့်အရေးကို တန်းဖိုးထားပြီး ငါ့ဟောပြောပွဲကို နားထောင်သင့်တယ်ဆိုတာ မသိကြဘူးလား)

ဒါပေမယ့် သူ၏ ပထမဆုံး လူထုဟောပြောပွဲကို တက်ရောက်သည့် လူအရေအတွက်သည်

ကူရှုပ်ရှင်းထက် မသာနိုင်မှာကိုတော့ စိုးရိမ်နေသည်။ ဆွန်းမိုနှင့် ကျန်းရှန်ကို အနိုင်ယူဖို့က ဘာအခိပ္ပာယ်လဲ။

....

“ချင်ယုံ” မိန်းကလေးက ပြန်ဖြေသည်။ သူမ၏ တုန့်ပြန်မှုက သဘာဝကျပြီး အထိန်းအကွပ်မရှိပါ။

“ကျင့်ကြံခြင်း အဆင့် က”

ဆွန်းမိုက မေးနေပေမယ့်လည်း အဖြေကို သူသိပြီးသားပါ။ နတ်ဘုရား မျက်စိမှတစ်ဆင့် သူသည် ချင်ယုံ၏ အချက်အလက်များကို တွေ့နေရပါသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသက် ၁၅နှစ် -

ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၉)

ကြံ့ခိုင်မှု - သူမသည် မိန်မကြမ်းလေး မဟုတ်သော်လည်း ။ နွားတစ်ကောင်ကို လက်သီး တစ်ချက်တည်းနှင့် သတ်နိုင်သည်။

ဉာဏ်ရည် - ၇ - ပျမ်းမျှထက်သာလွန်သည်။

သွက်လက်မှု - ဒါက သူမရဲ့ အားသာချက်ပါ။

ဆန္ဒ -၃ - စိုးရိမ်စိတ်များနေသည်။

အလားလာ - တန်ဖိုး မြင့်

မှတ်ချက်။ သူမသည် ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်ကိုတက်ဖို့ သုံးကြိမ်တိုင်တိုင် ကြိုးစားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ပါ။ ဒါကြောင့် သူမစိတ်ထဲတွင် ကြောက်ရွံ့မှုကြီး စွဲကျန်နေသည်။

တကယ်လို့ သူမကို ဒီအကြပ်အတည်းက အချိန်မီ ထွက်ခွာနိုင်အောင် မလေ့ကျင့်ပေးပါက သူမ၏ အနာဂတ်တစ်ခုလုံး ပျောက်ကွယ်သွားတော့မည်။

"ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၉)"

ချင်ယုံက ပြောလိုက်သည်နှင့် ပတ်ဝန်းကျင်က အာမေဋိတ် အသံများ ထွက်လာသည်။ သူမ၏ ဘေးနားကို တစ်ချက်ကြည့်လိုက်ရုံဖြင့် အားကျနေသည့် အကြည့်များကို မြင်နိုင်သည်။ သို့သော်လည်း သူမသည် ဒီအဆင့်တွင် နှစ်ဝက်နီးပါးလောက် ပိတ်မိနေသောကြောင့် ဂုဏ်ယူစရာ လုံးဝ မရှိပါ။

ချင်ယုံမှာ စိတ်ပိုင်းဆိုင်ရာ ဖိအားတွေ အများကြီး ရှိနေပြီးသားပါ၊ ထပ်ပြီး ကျရှုံးခဲ့ပါက သူမဘာလုပ်ရမှာလဲ။

"အင်း"

ဆွန်းမိုကတော့ ကျင့်ကြံခြင်းနှင့် ဆိုင်သည့် မေးခွန်းများကို ကျပန်းမေးနေခဲ့သည်။

ချင်ယုံသည် ဖန်ဇိုဝမ်၏ တိုက်ရိုက်တပြည့်ဖြစ်ရန် တကယ့်ကို ထိုက်တန်လှပါသည်။ သူမ၏ အလားလာတန်ဖိုး မြင့်ရုံသာမက ဆွန်းမိုမေးသည့် မေးခွန်းများကို ရှင်းလင်းပြတ်သားစွာနဲ့ စနစ်တကျ ဖြေနိုင်ပါသည်။

"အဟန့်"

ဖန်ဇိုဝမ်ကတော့ ဂုဏ်ယူနေသည်။ (ငါ့ကျောင်းသားကို တိုက်ခိုက်ဖို့ ပစ်မှတ်ရှာနေတာလား။ အိပ်မက် မက်နေလိုက်)

“ဝိညာဉ် ပြုပြင်ခြင်း နယ်ပယ်ကို တက်ဖို့ ဘာကြောင့် မကြိုးစားသေးတာလဲ ။ မင်းသာ ၁၅နှစ်နဲ့ ဝိညာဉ် ပြုပြင်ခြင်းနယ်ပယ်ကို တက်နိုင်ခဲ့ရင် ဒါဟာ အံ့သြစရာကောင်းတဲ့ အောင်မြင်မှု ဖြစ်လာလိမ့်မယ်”

ဆွန်းမိုသည် ဒီအကြောင်းကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်နေသည်။

သူသည် ကျောင်းသားများ၏ အချက်အလက်များကို အရင်ကတည်းက လေ့လာထားသည်။ ဖန်ဇိုဝမ်၏ တိုက်ရိုက်တပြည့်များ အနီးအနားတွင် ရှိမရှိ အထူးကို အာရုံစိုက်ထားခဲ့သည်။

ဖန်ဇိုဝမ်က ခက်ခဲသည့်မေးခွန်းများကို မေးလာနိုင်ပြီး သူ့ကျောင်းသားများက သူ့ရထားကို စီးမည့်သူများ ဖြစ်လာနိုင်သည်။ ဒါကြောင့် ဆွန်းမိုကလည်း ကျောင်းသားဆယ်ယောက်ကျော်၏ မှတ်ချက်များကိုကြည့်ပြီး ဘယ်လို တုန့်ပြန်ရင် ကောင်းမလဲ ဆိုတာကို စဉ်းစားနေခဲ့သည်။

အခုတော့ အခွင့်အရေး ရောက်လာပါပြီ။

ချင်ယုံ၏ မျက်နှာ ညှိုးငယ်သွားသည်။ ဆွန်းမို၏ ဆိုလိုရင်းကို သူမ နားလည်သည်။ တကယ်လို့ သူမသာ အောင်မြင်သွားပါက ဆရာဖန်က သူ့ကို တန်ဖိုးထားလိမ့်မည်။ နည်းပြပေးတာဘဲ ဖြစ်ဖြစ်၊ အရင်းအမြစ်ဘဲ ဖြစ်ဖြစ် အားလုံး သူမအပေါ်ကို ပုံအောထားလိမ့်မည်။ သို့သော်လည်း သူမက သုံးကြိမ်တိုင်တိုင် ကျဆုံးခဲ့သည်။

ဒါက ဆရာ၏ စိတ်ရှည်မှုကို ကုန်ဆုံးသွားစေခဲ့သည်။

ပထမအကြိမ် ကျဆုံးသည့် အချိန်မှာ ဆရာက နှစ်သိမ့်ပေးခဲ့သည်။ ဒါပေမယ့် ဒုတိယအကြိမ် ကျဆုံးသည့် အခါမှာတော့ ဆရာ စိတ်ပျက်လာသည်။

တတိယအကြိမ်မှာတော့ အကျိုးဆက်တွေကို လက်မခံရဲလို့ ဆရာကို မပြောရဲခဲ့ပါ။

သူတို့အားလုံးသည် ဆရာတစ်ယောက်တည်း၏ ကျောင်းသားများဖြစ်သော်လည်း ကွာခြားမှုများ ရှိနေသည်။ ထူးချွန်သည့် ကျောင်းသားကတော့ ဦးစားပေးဆက်ဆံမှုကို အမြဲခံယူ ရလိမ့်မည်။

သူမ၏ ကျရှုံးမှုများသည် သူမ အဆင့်အတန်း နိမ့်ကြောင်းကို ပြသနေသည်။

ဖန်ဇိုဝမ်သည် ဘက်မလိုက်သော်လည်း ချင်ယုံအပေါ်ကိုထားသည့် အလေးထားမှုများကတော့ ထုံးစံအတိုင်း လျော့ကျသွားသည်။

“ မင်းသုံးခါလောက် ကျရှုံးခဲ့ပြီးပြီ မဟုတ်လား”

ဆွန်းမိုက ချင်ယုံ ပခုံးကိုကိုင်ကာ ပြောလိုက်သည်။

“သုံးကြိမ်” ဆိုသည့် စကားကိုကြားလိုက်ရင် ချင်ယုံသည် အမြီးနင်းခံရသည့် ကြောင်တစ်ကောင်လို

တုန်တက်သွားသည်။ တစ်ကိုယ်လုံးရှိ အမွေးများ ထောင်တက်သွားပြီး အော်ဟစ်လိုက်သည်။

"မဟုတ်ဘူး၊ ငါမလုပ်ခဲ့ဘူး"

ချင်ယုံက အကြိမ်အရေအတွက် ငြင်းဆန်ရန် ကြိုးစားလိုက်သည်။

"နှစ်ကြိမ်ပဲ၊ နှစ်ကြိမ်ပဲ"

ထိုစကားကို ပြောနေသည့် အချိန်တွင် ဖန်ဇိုဝမ်ကို တစ်ချက်ခိုးကြည့် လိုက်မိသည်။ သူမ၏ အကြည့်တွင် ကြောက်လန့်မှုများ ပြည့်နေပြီး သူမသေလောက်အောင် ကြောက်နေမိပါသည်။

ချင်ယုံ၏ ပြင်းထန်သော တုံ့ပြန်မှုကို မြင်လိုက်ပြီး ဆရာတချို့က ဆွန်းမို၏ သုံးသပ်ချက် မှန်ကြောင်း ခန့်မှန်းမိကြသည်။

“ ပထမအကြိမ်က လွန်ခဲ့သော ခုနှစ်လလောက်က၊ ဒုတိယက လွန်ခဲ့တဲ့ ၅လလောက်ကဖြစ်ပြီး တတိယအကြိမ်က လွန်ခဲ့တဲ့ နှစ်လလောက်ပေါ့” ဆွန်းမိုက ပြတ်ပြတ်သားသား ပြောလိုက်သည်။

ချင်ယုံသည် ပါးစပ်ကြီး အဟောင်းသားနှင့် ဆွန်းမိုကို ငေးကြည့်နေသည်။ (သူဘယ်လိုသိတာလဲ)

သူပြောခဲ့သည့် အချိန်တွေက လုံးဝ မမှားပါဘူး။ ဒါပေမယ့်လည်း တုန်တုန်ယင်ယင်နှင့် စငြင်းလိုက်သည်။

“မဟုတ်ဘူး၊ ငါမလုပ်ခဲ့ဘူး။ မင်းအဓိပ္ပာယ်မရှိတာတွေ ပြောနေတာဘဲ” ချင်ယုံက တောင်းတသည့် အကြည့်နှင့် ဖန်ဇိုဝမ်ကို ကြည့်လိုက်ပြီး

“ဆရာ သူပြောတာ မယုံနဲ့”

“ဆွန်းမို ပြီးပြီလား” ဖန်ဇိုဝမ်က မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

ဆွန်းမိုကတော့ ဖန်ဇိုဝမ်ကို လှည့်တောင်မကြည့်ခဲ့ပါဘူး။ အဲဒီအစား ချင်ယုံ၏ ပခုံးကိုဆုပ်ကိုင်လိုက်ပြီး သူမမျက်လုံးတွေကို စိုက်ကြည့်ကာ “ ငါကိုကြည့်စမ်း” လို့ အော်လိုက်သည်။

ချင်ယုံလည်း မသိစိတ်ကနေ ဆွန်းမိုကိုကြောက်ရွံ့သည့် အကြည့်နှင့် ကြည့်လိုက်မိသည်။ တစ်ချိန်တည်းမှာပင် လေးစားသည့် အရိပ်အယောင်လဲ ပေါ်လာသည်။

ဆွန်းမိုသည်မှန်ကန်စွာ သုံးသပ်နိုင်တာကြောင့် ချင်ယုံ စိတ်ထဲ တုန်လှုပ်သွားပြီး လေးစားမိသွားသည်။

ဒါကို သူ့ဆရာတောင် မလုပ်နိုင်ပါဘူး။

"ချင်ယုံ၊ လူတိုင်းရဲ့ ကျင့်ကြံမှုက အဆင်ပြေချောမွေ့နေမှာ မဟုတ်ဘူး။ သူတော်စင် အဆင့်ရောက်သွားတဲ့ သူတောင် လဲကျသွားလိုက် ပြန်ထလိုက်နဲ့ အကြိမ်ကြိမ် ကြိုးစားခဲ့ရတာ"

"ချင်ယုံ၊ ငါတို့ ကျင့်ကြံတဲ့သူတွေက ရှုံးနိမ့်မှာကို မကြောက်ရဘူး။ ပြန်ထ မလာနိုင်မှာကို ဘဲ ကြောက်ရတာ"

"အဆင့်တက်ဖို့ ကြိုးစားတာ ကျရှုံးတယ် မဟုတ်လား။ ဆက်ပြီးကြိုးစား။ စတုတ္ထအကြိမ် ဒါမှမဟုတ် ပဉ္စမအကြိမ် ဒါဆိုလည်း ဘာဖြစ်လဲ။ မင်းက ငယ်သေးတယ်။ မင်းနဲ့ ရွယ်တူတော်တော်များများက ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့် (၅) ဒါမှမဟုတ် အဆင့် (၆) မှာ ရုန်းကန် နေရတုန်းဘဲ"

ဆွန်းမို၏ အသံက ပြောရင်းပြောရင်း ကျယ်လောင်လာသည်။

ချင်ယုံ၏ မျက်လုံးများက စိုးရိမ်နေမှုများလဲ ပျောက်ကွယ်လာသည်။ သူမ မျက်လုံးထဲတွင် ခွန်အားတချို့ ပြန်ရလာသည်။ (ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့် သက်တူရွယ်တူတွေထက် ပိုမြင့်နေပြီ။ ဒါက အကြိမ်နည်းနည်းလောက်ပဲ ကျရှုံးတာ)

"ချင်ယုံ မင်းငယ်ရွယ်တဲ့အချိန်ကနေ အခုချိန်ထိ ဘယ်လို ဖြတ်သန်းခဲ့လဲ ပြန်စဉ်းစားပါ။ မင်း

မိဘတွေနှင့် ဆရာတွေရဲ့ ချီးကျူးမှုကို ဘယ်လောက်တောင် ခံခဲ့ရပြီးပြီလဲ။ ကျောင်းသားတွေက ဘယ်လောက်တောင် အားကျခဲ့ရလဲ”

ဆွန်းမိုစကားတွေက နှလုံးသားကနေ ထွက်ကျလာသည်။ သူမ၏ အလားလာကို ကြည့်လိုက်ရင် သူမကို ပါရမီရှင် အဖြစ်သတ်မှတ်ဖို့ ထိုက်တန်သည်။

ဆရာတစ်ယောက်အနေနှင့် ဆွန်းမိုသည် ထူးချွန်သည့် ကျောင်းသားတစ်ယောက်

ကျဆုံးသွားမှာကို လက်မခံနိုင်ပါ။ ထို့ကြောင့် ဆွန်းမိုသည် ဖန်ဇိုဝမ်၏ ကျောင်းသားဖြစ်နေရင်တောင် သူသည် ကောင်မလေးကို ပြန်ပြီး ဆွဲဆောင်ပေးနိုင်မယ်လို့ မျှော်လင့်နေသည်။

ချင်ယုံ၏ မျက်လုံးများ ပြန်တောက်ပလာပြီး သူမ၏အကြည့်များတွင် ယုံကြည်မှုများနှင့် မာနများ ပြန်ထွက် ပေါ်လာသည်။

(ဟုတ်တယ်။ ငါ့တစ်ဘဝလုံး ချီးမွမ်းခြင်းတွေနဲ့ဘဲ ပြည့်လာတာ။ ဝိညာဉ်ပြုပြင်ခြင်း အဆင့်ကို တက်ဖို့ဘဲ ကျရှုံးခဲ့တာ။ ငါက ဘာကို ကြောက်နေရမှာလဲ)

"ချင်ယီ၊ မင်းနောက်ကိုကြည့်လိုက်။ မင်းထပ်နိမ့်တဲ့သူတွေက မင်းကိုလိုက်မှီတော့မယ်။ မင်းက သူတို့ ကျော်တက်သွားတာကို ခံချင်နေတာလား"

ဆွန်းမိုက အော်ပြီး ပြောလိုက်သည်။ စာသင်ခန်းတစ်ခုလုံး ပွဲတင်သံတွေနှင့် ပြည့်နေသည်။

တစ်ချိန်တည်းမှာပင် ဆွန်းမို ခန္တာကိုယ်ပေါ်မှ ရွှေအလင်းတန်းတွေ ထွက်ပေါ်လာသည်။

ရွှေရောင်အလင်းတန်းက ဖြာထွက်လာပြီး ခန်းမ တစ်ခုလုံး ဖုံးသွားသည်။

"တန်ဖိုးဖြတ်မရသော အကြံပြုချက်"

တက်ရောက်လာသည့် ကျောင်းသားများနှင့် ဆရာများလည်း တုန်လှုပ်သွားသည်။

ဒါက မြတ်ဆရာအရှိန်အဝါပါ။

ထိုအလင်းအရောင်များသည် ချင်ယုံကိုယ်ပေါ်ကို ကျရောက်သွားသည်။ သူမခန္တာကိုယ် ပတ်လည်တွင်

ထူထပ်သော ရွှေရောင်အလင်းတန်းများနှင့် ဖုံးအုပ်နေသည်။ သူမကတော့ ဒါကို သတိမထားမိပါ။

သူမစိတ်ထဲတွင် ဆွန်းမိုကိုကြည့်ပြီး စိတ်အားထက်သန်မှု တစ်ခုသာ ရှိနေသည်။

“မဟုတ်ဘူး။ ငါက အရည်အချင်းရှိတယ်။ ငါ့ကို ဘယ်သူကမှ မကျော်တက်စေရဘူး”

ဖောင်း

သူမ ဆုံးဖြတ်ချက်ချလိုက်သည်နှင့် သူမ ခန္ဓာကိုယ်မှ ဝိညာဉ်ချီများ ပေါက်ကွဲ ထွက်လာသည်။

ထို့နောက် နေရာအနှံ့မှ ဝိညာဉ်ချီများ အရှုးအမူး ရောက်ရှိလာကြသည်။

"ဘာဖြစ်တာလဲ"

"အဆင့်တက်နေတာ၊ အမှန်ပဲ၊ အဆင့်တက်နေတာဟော့"

"ဘုရားရေ။ ဒီအချိန်မှာ သူမတကယ်ဘဲ အဆင့်တက်နေတာလား"

ကျောင်းသားအားလုံး တုန်လှုပ်နေကြသည်။

"တော်လိုက်တဲ့ ငါ့ရည်းစားလေး"

ကူရှုပ်ရှင်းတောင် နည်းနည်းလန့်သွားသည်။ ဆွန်းမို ဒီလိုနည်းနှင့် ပြန်တိုက်လိမ့်မယ်လို့ မထင်ထားခဲ့ပါ။ (ဒါကို သူတစ်လျှောက်လုံး တွက်ချက်နေတာလား။ ဒါမှမဟုတ် မတော်တဆလား)

လုချီဟွာကတော့ လီဇီချီ၏ အဝတ်အစားများကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။ သူမသည် အရမ်းစိတ်ပူနေကာ မကြည့်ရဲဘဲ မျက်လုံးမှိတ်ထားသည်။

ဖန်ဇိုဝမ်၏ မျက်ခုံးများ တွန့်လာသည်။

သူ၏ စိတ်တွေ ရှုပ်ထွေးနေသည်။ သူ့ကျောင်းသူလေးကို အောင်မြင်စေချင်ပေမယ့်၊ မဖြစ်ပါစေနဲ့။

ဘာကြောင့်ဆို သူမ စိတ်ပိုင်းဆိုင်ရာ ဝိညာဉ်ပြုပြင်ခြင်းနယ်ပယ်ကို ရောက်သွားတာနှင့် ဆွန်းမိုကို ကျေးဇူးတင်ရတော့မည်။

သို့သော်လည်း စက္ကန့် အနည်းငယ်ကြာပြီးနောက် ထိုအတွေးကို စွန့်လွှတ်လိုက်သည်။ သူ့မျက်လုံးထဲတွင် စိတ်ပူခြင်းနှင့် နောင်တများသာ ရှိနေသည်။ “ချင်ယံ့ကို ပိုပြီး ဂရုစိုက်ခဲ့သင့်တာ”

ဆွန်းမိုက တည်ငြိမ်သော အမူအရာနှင့် ဘေးနားတွင် ရှိနေသည်။ သူလုပ်စရာရှိတာကို လုပ်ခဲ့ပြီးပြီ။ အခုတော့ ရလာဒ်ကို စောင့်ကြည့်ဖို့ဘဲ ကျန်တော့သည်။

ချင်ယုံသည် မြင့်မားသော အလားအလာ ရှိသူဖြစ်သည်။ ဆက်တိုက် အဆင့်တက်တာကို ကျရှုံးခဲ့သော်လည်း သူမ၏စုဆောင်းမှုက လုံလောက်နေပါပြီ။ သူမ ပျောက်ဆုံးနေသည့် အရာက မှန်ကန်သော စိတ်အခြေအနေ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်ပြုပြင်ခြင်းနယ်ပယ်လို့ ခေါ်ဆိုရတာက လူတစ်ယောက် အလိုဆန္ဒကို ချုပ်ခြယ်ထားသောကြောင့် ဖြစ်သည်။ ပြင်ပက အရာများနှင့် မရောထွေးဘဲ ဖွဲ့လို့လနှင့် အားကောင်းသော စိတ်ဝိညာဉ် ရှိသင့်သည်။

ချင်ယုံသည် ကိုယ်ရေးကိုယ်တာ အကျိုးအမြတ်များဆုံးရှုံးမှာ စိုးသောကြောင့် မအောင်မြင်ခဲ့ပါ။ အခုတော့ သူမသည် ဆွန်းမို၏ မိန့်ခွန်းနှင့် “တန်ဖိုးဖြတ်မရသော အကြံပြုချက်” မြတ်ဆရာအရှိန်အဝါ၏ အကူအညီကို ရရှိလိုက်သည်။

အခုချိန်တွင် ဆန္ဒ ၁၀ ပြည့်သွားကာ စိုးရိမ် စရာ မရှိတော့ပါ။

ဖောင်း ဖောင်း ဖောင်း

ချင်ယုံ တစ်ဝိုက်တွင် ဝိညာဉ်ချီများ ပေါက်ကွဲ လွင့်ပျံ့နေသည်။ မြေပေါ်က ဖုန်များနှင့် လူတိုင်း၏ အဝတ်အစားများ လွင့်လာသည်။

ခန်းမတစ်ခုလုံး၏ အကြည့်များသည် ချင်ယုံဆီကို ရောက်နေသည်။

ဒီမိန်မကလေးက နွေရာသီက လတ်ဆတ်သော ပန်းကလေးတစ်ပွင့် လိုပါဘဲ။ သူမသည် အသက် ၁၅

နှစ်နှင့် ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်ကို ဝင်ရောက်သွားပြီ။

"ငါ အောင်မြင်ပြီ"

ချင်ယုံသည် ဝမ်းသာမျက်ရည်များကျလာကာ ဆွန်းမိုကို ကြည့်လိုက်သည်။ ထို့နောက် ခြေထောက်နှစ်ဖက်လုံး မြေပေါ်တွင် ရပ်ကာ လေးနက်သည့် အမူအရာနှင့် ဆွန်းမိုကို ဦးညွှတ်လိုက်သည်။

"ဆရာဆွန်း၊ ကျေးဇူးတင်ပါတယ်"

ကောင်မလေး၏ အသံသည် ပြတင်းပေါက်က ကြားနေရသည့် ငှက်ကလေးတစ်ကောင်၏ အသံလို ချိုလှပါသည်။

ချင်ယုံ၏ ဝတ်ပြုမှုတွင် ကျေးဇူးတရား၊ လေးစားခြင်းနှင့် ပြည့်နေတာကို လူတိုင်း ပြောနိုင်သည်။

ထိုမြင်ကွင်းကို ကြည့်လိုက်ပြီး ဆွန်းမိုကို ခွေးပေါက်တစ်ကောင်လို အပိုင်းပိုင်း ခွဲပစ်လိုသော ပုံပေါက်နေသည့် ဖန်ဇိုဝမ်သည်

မကျေမနပ်ဖြစ်လာသည်။ အခုတော့ သူက နိမ့်ကျသည့် လူတစ်ယောက်လို ဖြစ်သွားသည်။

(ငါရှုံးသွားပြီ)

(တဆင့်ပြီး တဆင့် ရှုံးခဲ့တာပဲ)

ချီရွှန်ကျားက သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ထအော်လိုက်သည်။

"ဆရာဆွန်းက ဘယ်လောက် ကြောက်စရာကောင်းလဲ"

အခန်း(၈၈) - လေးစားအထင်ကြီးမှုအမှတ်လှိုင်း။

အောင်ပုဟစ်အားပေးနေသည့် အသံကိုကြားတော့ လုချီဟွာ မျက်လုံး ဖွင့်ကြည့်လိုက်သည်။ ချင်ယုံက ဆွန်းမိုကို လေးစားနေသည့် မျက်နှာနှင့် ကြည့်နေတာကို တွေ့လိုက်ရသည်။

“ငါက ဘာမှလုပ်ခဲ့တာ မဟုတ်ပါဘူး။ မင်းက တကယ့်အရည်အချင်းရှိလို့ အောင်မြင်ခဲ့တာပါ” ဆွန်းမိုက ချီးကျူးလိုက်သည်။

ဆွန်းမို မျက်နှာပေါ်က အပြုံးသည် နေရောင်ခြည်လို နွေးထွေးမှုကို ပေးနေသည်။ သူ့ကို

ချဉ်းကပ်လာသူများ၏ စိတ်ထဲတွင် နွေးထွေးမှုများ ဖြစ်လာနိုင်ပါသည်။

ဒီစကားကို ကြားတော့ ကျောင်းသားများသည် ဆွန်းမိုကို ပိုပြီး အထင်ကြီး လာကြသည်။

ချင်ယုံသည် ဆွန်းမို အားပေးမှုကြောင့် ဝိညာဉ်ပြုပြင်ခြင်းနယ်ပယ်ကို တက်ရောက် နိုင်ခဲ့တာဖြစ်သည်။ သူ၏ 'တန်ဖိုးဖြတ်မရသော အကြံပြုချက်' မြတ်ဆရာအရှိန်အဝါ၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်သော်လည်း

ဆွန်းမိုက ဂုဏ်မဖော်ခဲ့ပါ။ အဲဒီအစား ချင်ယုံ၏ အရည်အချင်းကိုသာ အသိအမှတ် ပြုနေသည်။

"ကျေးဇူးတင်ပါတယ်"

ချင်ယုံသည် လွန်ခဲ့သည့် တစ်နှစ်ကျော်က အဖြစ်အပျက်များကို ပြန်စဉ်းစားရင်း စိတ်ထဲ မွန်းကျပ်လာသည်။

သူမ အဆင့်တက်နိုင်ခဲ့သည့်တိုင် ထိတ်လန့်မှု၊ စိတ်ပျက်မှု၊ ကြောက်ရွံ့မှုနှင့် ကို့ကိုယ်ကို သံသယစိတ်များ ရောထွေး နေခဲ့သည်။ စိတ်ထဲတွင်

တိမ်မည်းများက တနေကုန် မပျောက်သွားဘဲနှင့် ရှိနေခဲ့သည်။

ချင်ယုံသည် စိတ်ခံစားချက်ကို နားလည်ပေးနိုင်မည့် သူတစ်ယောက်လောက်ကို လိုချင်နေခဲ့သည်။

အခုတော့ တိမ်မည်းကြီး မရှိတော့ပါဘူး။

ချောမောသည့်မျက်နှာနှင့် ထူးခြားသည့်စတိုင်ရှိသည့် ဆွန်းမိုက သူမ၏ ပင်ကိုယ်အရည်အချင်းကို သဘောကျသည့် မျက်လုံးများနှင့် ကြည့်နေသဖြင့် ချင်ယုံသည်

ဂုဏ်ယူလိုက်မိသလို တစ်ချိန်တည်းမှာဘဲ ရှက်ရွံ့စိတ်များ ပေါ်လာသည်။

"ဆရာ ဆွန်း ကျေးဇူးတင်ပါတယ်"

ချင်ယုံက မျက်ရည်များကို သုတ်လိုက်ရင်း နောက်တစ်ကြိမ် ဦးညွတ်လိုက်သည်။ ထို့နောက် ဖန်ဇိုဝမ် ဘက်ကိုလှည့်လိုက်ကာ ချက်ခြင်း ဒူးထောက်လိုက်ပြီး "ဆရာ တောင်းပန်ပါတယ်" "သူမက ဘာလို့တောင်းပန်တာလဲ"

ကျောင်းသားတော်တော်များများက နားမလည်နိုင် ဖြစ်သွားကြသည်။

သို့သော်လည်း ဆရာများကတော့ အားကျသည့် မျက်လုံးများဖြင့် ကြည့်နေကြသည်။ ဖန်ဇိုဝမ် ဘယ်လောက်တောင်တော်တဲ့ ကျောင်းသားကို ရ ထားလဲ။

ဆွန်းမို၏ မြတ်ဆရာအရှိန်အဝါ အောက်တွင် ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်ကို တက်ရောက်သွားတာကြောင့် ချင်ယုံက တောင်းပန်လိုက်သည်။ ဖန်ဇိုဝမ်အတွက်တော့ အရှက်ရမှုတစ်ခုလို့ သတ်မှတ်နိုင်သည်။

တပြည့်တစ်ယောက်အနေနှင့် ဆရာကို အရှက်ကွဲအောင် ဘယ်တော့မှ မလုပ်သင့်ပါ။ ဒါကြောင့်လဲ ချင်ယုံက တောင်းပန်ဖို့ ဒူးထောက်လိုက်သည်။

"ထပါ"

ဖန်ဇိုဝမ်က ချင်ယုံ၏ ပခုံးကို ထူမလိုက်ပြီး ရှက်နေသည့် လေသံနှင့် ပြောလိုက်သည်။

"မင်းကို ဂရုစိုက်မှုနဲ့ စိုးရိမ်မှု ပေးခဲ့တာ ငါပဲလေ။ ဒီပြဿနာကို ငါသာ စောစောသိခဲ့မယ်ဆိုရင် မင်း

ဝိညာဉ်ပြုပြင်ခြင်းနယ်ပယ်ကို သုံးလလောက်စောပြီး ဝင်သွားနိုင်မှာ”

“ဆရာ”

ချင်ယုံသည် လန့်ပြီး ပါးစပ်ကို လက်နှင့် အုပ်လိုက်မိသည်။ အမြဲတမ်း တင်းကျပ်တတ်သည့် ဆရာသည် ဒီလိုစကားမျိုး ပြောလိမ့်မယ်လို့ မထင်ထားခဲ့ပါ။

“ဆရာဆွန်း ၊ ငါရှုံးသွားပြီ”

“ကျေးဇူးတင်ပါတယ်”

ဖန်ဇိုဝမ်က ဆွန်းမိုကို ကြည့်ရင်းပြောလိုက်သည်။

ဟာ...

ဖန်ဇိုဝမ်၏ ကြေငြာချက်ကို ကြားတော့ လူတိုင်း အံ့အောသင့် သွားသည်။ အထူးသဖြင့် အစမ်းခန့်ဆရာများ၏ မျက်နှာတွင် ချက်ခြင်းကို သဘောကျလေးစားသည့် ပုံများပေါ်လာသည်။

ဖန်ဇိုဝမ်သည် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သည်။ ဆွန်းမိုကရော ဘယ်သူတုန်း။ မကြာခင်ကမှ အလုပ်ရခဲ့သည့် ဆရာသစ်တစ်ယောက်။ ဒါက သူ၏ ပထမဆုံး လူထုဟောပြောပွဲ။

လူတိုင်း မထင်ထားသော မြင်ကွင်းဖြစ်သည့် မြတ်ဆရာတစ်ယောက်က ရှုံးနိမ့်ကြောင်းကို ကိုယ်တိုင် ဝန်ခံသွားသည်။ ဒါက ဘယ်လောက်တောင် အံ့သြစရာ ကောင်းလိုက်သလဲ။ နှစ်ပေါင်းများစွာကြာအောင် လူတိုင်း ပြောနေနိုင်သည်။

ဒါကို ဆွန်းမိုလည်း မမျှော်လင့်ထားပါဘူး။ ဖန်ဇိုဝမ်က ထပ်ပြီး ပြင်းထန်သည့် တိုက်ခိုက်မှုတွေ လုပ်အုံးမယ်လို့ တွေးထား ခဲ့တာပါ။ ဖန်ဇိုဝမ်က ရှုံးနိမ့်မှုဒဏ်ကို ဒီလောက်ခံနိုင်ရည် ရှိမယ်လို့ သူလည်း

မထင်ထားခဲ့ပါဘူး။ သူ့မှာလဲ ကြီးကျယ်ခမ်းနားသည့် နှလုံးသား ရှိပါသည်။

ရုတ်တရက် ဆွန်းမိုသည် ဖန်ဇိုဝမ်ကို မုန်းတီးခြင်း မရှိတော့ပါ။ ခုနတုန်းက ပြင်ဆင်ထားသည့် စိတ်ဝိညာဉ်ပုံသွင်းခြင်းလည်း သုံးဖို့ မလိုတော့ပါဘူး။

ဒါကလဲ ကောင်းပါသည်။ ဒီစွမ်းရည်ကို နောက်တစ်ကြိမ်အထိ
လှျိုု့ဝှက်ထားနိုင်သေးတာပေါ့။

"ငါလဲ ဘာမှ ထူးထူးခြားခြား မလုပ်ခဲ့ရပါဘူး" ဒီလိုအချိန်တွင် ပိုနှိမ့်ချရမည်ကို ဆွန်းမို နားလည်သည်။

"ဆရာဆွန်း၊ မင်းရဲ့ အနာဂတ် အောင်မြင်မှုအတွက် ကြိုပြီးဂုဏ်ပြုထားမယ်"

"မင်းတို့ကောင်တွေ သွားကြစို့"

ဖန်ဇိုဝမ်က စကားပြောပြီး သူ့တပြည့်တွေကို လှမ်းခေါ်လိုက်သည်။ သူတံခါးဝကို ရောက်ခါနီးတွင် "အလောင်းအစား ရှုံးသွားတဲ့အတွက် ငါ

လင်ပြည်နယ်က စပျစ်ဝိုင် (၃) ပုံးကို မင်းရုံးခန်းထဲ ပို့ပေးလိုက်မယ်”

ဖန်ဇိုဝမ် ထွက်သွားသည်နှင့် ခန်းမတစ်ခုလုံး တိတ်ဆိတ်သွားသည်။

ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ကိုတောင် ရှုံးနိမ့်ကြောင်း ဝန်ခံသွားအောင် လုပ်လိုက်နိုင်သည့် ဆရာအသစ် ဆွန်းမိုကိုသာ ဝိုင်းကြည့် နေကြသည်။

“ဘာလို့ အဲ့မှာရပ်နေတဲ့သူက ငါ မဖြစ်ရတာလဲ”

အစမ်းခန့်ဆရာများအားလုံး ထိုကဲ့သို့ အတွေး ဝင်နေကြသည်။ ဒါပေမယ့်လည်း သိပ်မကြာခင်

ခံစားချက်တွေက စိတ်ပျက်မှုနှင့် အားငယ်မှု အဖြစ် ပြောင်းသွားသည်။ ထိုနေရာတွင် ရပ်နိုင်သော်လည်း ဆွန်းမို အဆင့်ကို ရောက်ဖို့တော့ မဖြစ်နိုင်ပါ။

သူက မိန်းမ တစ်ယောက်ကို ချူစားသည့်သူ မဖြစ်နိုင်ပါ။ တကယ့်ကို အရည်အချင်းရှိသည့် သူဖြစ်သည်။

"ငါပြောသားပဲ၊ ကျောင်းအုပ်ကြီးအန်လို မိန်းမတစ်ယောက်ကို ကျပ်မပြည့်တဲ့ ပုံနဲ့ ဘယ်လိုရမှာလဲ"

လိုဒီက သူ့ကိုယ်သူရယ်ရင်း ပြောလိုက်သည်။ စိတ်မကောင်းစရာက ဆွန်းမိုနှင့် အခန်းဖော် ဖြစ်ခဲ့သော်လည်း ရင်းနှီးအောင် မကြိုးစားခဲ့မိပါ။

အခုချိန်မှ ပြင်ရင် အချိန်မှီ သေးလားမသိဘူး။

ဖျောင်း

ဖျောင်း ဖျောင်း

ဖျောင်း ဖျောင်း ဖျောင်း

လက်ခုပ်သံများ ပွဲတင်ထပ်လာသည်။ နေရာအနှံ့က လက်ခုပ်သံများ၊

စိတ်အားထက်သန်သည့် လက်ခုပ်သံများ တခန်းလုံး ပြည့်လျှံသွားသည်။

……………………………………

ဂေါင်ပန်၏ လူထုဟောပြောပွဲတွင်

“ဘာဖြစ်နေတာလဲ။ ဝိညာဉ်ချီ အတက်အကျလဲ ဖြစ်နေပြီး လက်ခုပ်သံကလည်း ဆူညံနေတာပဲ”

“ဘယ်လောက်တောင် စိတ်လှုပ်ရှား စရာ ကောင်းနေလို့လဲ။ မဖြစ်ဘူး။ သွားကြည့်ရအောင်”

“ငါတို့လည်းလိုက်မယ်။ ငါတို့လည်းလိုက်မယ်”

ကျောင်းသားတွေ ဆက်ပြီး မနေနိုင်ကြတော့ပါဘူး။ ခါးကိုကုန်းပြီး စာသင်ခန်း အနောက်ကနေ တိတ်တိတ်လေး ထွက်သွားကြသည်။

ဂေါင်ပန်လည်း ကျောက်သင်ပုန်းပေါ်တွင် စာကိုရေးပြီး နောက်လှည့်ကြည့်လိုက်တော့ ကြောင်သွားသည်။

စာသင်ခန်း တစ်ခုလုံးတွင် ကျောင်းသားလေးယောက်သာ ရှိတော့သည်။ သူတို့ကလည်း သူ၏ တိုက်ရိုက်တပြည့်များ ဖြစ်နေသည်။

ဝိညာဉ်ချီ အတက်အကျကြောင့် ခန်းမထဲက ကျောင်းသားများ ထွက်သွားပြီး အများကြီး မကျန်တော့ပါဘူး။ ဒါပေမယ့် လက်ခုပ်သံများ ထွက်လာပြီးနောက် ကျန်သည့် ကျောင်းသားများလည်း ပျောက်သွားကြသည်။

“မ….အ…..လ….”

ဂေါင်ပန်သည် ဆရာတစ်ယောက်၏ အပြုအမူကို ထိန်းသိမ်းရမည် သိသော်လည်း သည်းမခံနိုင်တော့ပါ။

အားလုံး ပျက်စီးသွားပြီ။

သူ့ရဲ့ ပထမဆုံးလူထုဟောပြောပွဲ ပျက်စီးသွားပြီ။

"အပြင်မှာ ဘာဖြစ်နေတာလဲ။ ဘာလို့ ဗဟိုပြည်နယ်အကယ်ဒမီ ပတ်ဝန်းကျင်က ဒီလောက် ပျက်စီးနေတာလဲ"

ဂေါင်ပန် ငြီးတွားလိုက်ပြီး ဒီကျောင်းကိုလာဖို့ ရွေးချယ်မိတာကို နောင်တရလာသည်။

ကျောင်းသားလေးယောက်လည်း လန့်ပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။

နောက်ဆုံးတွင် ကျောင်းသားလေးတစ်ယောက်က " အပြင်မှာ ဒီလောက်ရုတ်ရုတ်သဲသဲ ဖြစ်နေတာကို

ဘာလို့ တစ်ချက်သွားမကြည့်တာလဲ။ တစ်ခုခု ဖြစ်နေရင် ငါတို့ ကူညီနိုင်တာပေါ့”

“မင်းလည်း လူစည်တဲ့ နေရာကိုသွား ချင်နေတာလား”

ဂေါင်ပန်သည် ကျောင်းသားလေး၏ ရည်ရွယ်ချက်ကိုသိနေသည်။ “သင်ခန်းစာသာ ဆက်လုပ်ပါ”

ဂေါင်ပန် အံကြိတ်ကာ ဟန်ဆောင်ပြီး ပြောလိုက်သော်လည်း သူ့စိတ်တစ်ခုလုံး ဒေါသတွေနှင့် ပြည့်နေသည်။ ထို့ကြောင့် သူ၏

သင်ခန်းစာများကို ချိတ်ဆက်တွေးနေသော အတွေးများ ပြတ်သွားသည်။

သူသည် အသက်မွေးဝမ်းကြောင်း လမ်းမကို ပထမဆုံးခြေလှမ်း လိုက်သည့်အချိန်တွင် ခြေဖဝါးက ညောင်းနေခဲ့ပါပြီ။ ငါ...လို ,,,, ခဏနေအုံး ငါ့မှာ တပြည့်ငါးယောက်ရှိတာ မဟုတ်ဘူးလား။

ဂေါင်ပန်သည် ခန်းမထဲကို လှည့်ကြည့်လိုက်ရင် သူတို့ထဲက လေးယောက်သာ ရှိနေတာကို တွေ့လိုက်သည်။

“မ..အ...လ.....ဖူချောင် ဘယ်မှာလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂေါင်ပန် မထိန်းနိုင်တော့ဘဲ ပေါက်ကွဲသွားသည်။ (ငါက မင်းရဲ့ဆရာလေ။ ငါ့သင်ခန်းစာကိုတောင် နားမထောင်နိုင်ဘူးဆိုတော့၊ နောက်မှ မင်းအသားကို ဖြတ်ပစ်မယ်)

....

....

လက်ခုပ်သံများက အချိန်တော်တော်ကြာအောင် အဆက်မပြတ် ထွက်ပေါ်နေခဲ့သည်။

အခုအချိန်တွင် ကျောင်းသား တော်တော်များများလည်း ဆွန်းမို ဟောပြောပွဲကို

ကြည့်ရန် စုဝေးနေကြသည်။ ကျောင်းသားနှစ်ယောက် ဆက်တိုက် အဆင့်တက်သွားတာကြောင့် ကျောင်းသားများကို ဆွဲဆောင်နိုင်သည့် ဝိညာဉ်ချီ အတက်အကျသည် နှစ်ကြိမ် ဖြစ်သွားခဲ့သည်။

ကျောင်းသားတချို့က အဖြစ်အပျက်ကို သိပြီးနောက် ဝမ်းနည်းနေကြသည်။ ဘာကြောင့် အတန်းထဲမှာ ခုံယူဖို့ စောစော မလာခဲ့မိတာလဲ။

"ဆရာက အရမ်းတော်တာဘဲ ၊ ဆရာက အရမ်းတော်တာဘဲ"

လုချီဟွာက သူ့လက်ကလေးများဖြင့် စိတ်လှုပ်ရှားစွာ အဆက်မပြတ် လက်ခုပ်တီးရင်း ထိုစကားကို အကြိမ်ကြိမ် ပြောနေသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၃၀

လချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး (၃၆၈/၁၀၀၀)

“ဒါပုံမှန်ပဲလေ။ ဒီရလာဒ် ထွက်လာမယ်ဆိုတာ ငါသိပြီးသားပဲ”

လီဇီချီသည် ဆွန်းမိုကို စိုက်ကြည့်ရင်း မှန်ကန်သည့်ဆရာကို ရွေးချယ်နိုင်ခဲ့သည့်အတွက် သူ့ကိုယ်သူ ဂုဏ်ယူမိနေသည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၂၀

လီဇီချီနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - ရင်းနှီး (၁၇၆/၁၀၀၀)

စနစ်ကသတိပေးချက် ထွက်လာသည်နှင့် သူ့တပြည့်ငါးယောက်ကို လှည့်ကြည့်လိုက်မိသည်။

သူတို့က ပထမတန်းမှာ ထိုင်ပြီး သူ့ကို ကြည့်နေကြသည်။

ဆွန်းမို ကြည့်နေတာကို သတိထားလိုက်မိရင် ထန်ထန်ယုထန်က ပြုံးပြသည်။ ရှန်ယွန်ပေါင်ကတော့ ဂနာမငြိမ်ဘဲ ခုံနှင့်လက်ကို ခေါက်နေပြီး ကျင့်ကြံဖို့အတွက် ထွက်သွားချင်နေသည့် ပုံပေါက်နေသည်။

ဆွန်းမိုကြည့်တာကို မြင်ရင် ချန်လုံက ပြုံးပြလိုက်သည်။

ချန်လုံ +၅ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ (၇၅/၁၀၀)

ဆွန်းမို မျက်ခုံးလှုပ်သွားသည်။ ဒီကျောင်းသားသုံးယောက်က ဆက်ဆံရတာ မလွယ်ပါဘူး။

ထန်ထန်ယုထန်သည် အသက်ဆယ့်လေးနှစ်သာ ရှိသေးသော်လည်း သူ့ကို သာမန်ကျောင်းသားတစ်ယောက်လို တွေးလို့ မရပါ။ လေးစားအထင်ကြီးမှုအမှတ် ရှန်ယွန်ပေါင်ဆီက မရနိုင်တာကိုဆွန်းမို ကြိုပြီး တွေးပြီးသားပါ။

သူက တိုက်ခိုက်ရေးသမားဖြစ်သည်။ ကျင့်ကြံခြင်း၊ နှင့် တိုက်ခိုက်ခြင်းကလွဲရင် ဘာမှ စိတ်မဝင်စားပါ။ ဒါပေမယ့် ချန်လုံက ဘာလို့ ဒီလောက်ထူးဆန်းတာလဲ။

(ငါက မင်းကိုကြည့်မိတာနဲ့ လေးစားအထင်ကြီးမှုအမှတ် ဘာလို့ထွက်လာတာလဲ။ ငါ့ရဲ့ ထက်မြက်တဲ့ လုပ်ဆောင်ချက်ကြောင့် မဟုတ်ဘူးလား။ ဘာလို့လဲ)

“ဒု- ကျောင်းအုပ်ကြီးကျန် ဆွန်းမို စွမ်းဆောင်ရည်ကို မင်းဘယ်လိုထင်လဲ”

အန်ရှီဝေက မေးလိုက်သည်။

“အမ်”

ကျန်ဟန်ဖူသည် အလွန်ရုပ်ဆိုးသော အမူအရာနှင့် အေးစက်စက် ပြန်အော်သည်။ ဖန်ဇိုဝမ်ကလည်း တကယ်ကို အသုံးမကျပါ။ ဆွန်းမိုကိုတောင် နိုင်အောင် မတိုက်ခိုက်နိုင်ဘူး။

ကျန်ဟန်ဖူ၏ ပုံစံကိုကြည့်ရင်း အန်ရှီဝေ စိတ်ထဲတွင် ပျော်နေသည်။ စိတ်ထဲက နာကြည်းမှုတွေအတွက် ထွက်ပေါက်တစ်ခု ရခဲ့သည်။

ဒင်

အန်ရှီဝေဆီမှ လေးစားအထင်ကြီးမှုအမှတ် +၁၀၊ မူလ (၁၅/၁၀၀)

စေ့စပ်ထားသည့် သူထံမှ လေးစားအထင်ကြီးမှုအမှတ်များ ရပြီးနောက် ဆွန်းမို၏ နှုတ်ခမ်းများ ပြုံးသွားသည်။ နောက်ဆုံးတော့ +၁ မဟုတ်တော့ပါဘူး။

လူထုဟောပြောပွဲ မပြီးခင် ဆွန်းမို တစ်ခုခုပြောဖို့ လုပ်လိုက်သည့်အချိန်တွင် လေးစားအထင်ကြီးမှု အမှတ်များ လှိုင်းလုံးကြီးတစ်ခုလို အောက်ဖက်သို့

စီးကျလာသော ရေတံခွန်တစ်ခုလို ဆွန်းမို၏ ဘယ်ဘက်မျက်လုံး ဖုံးသွားသည်။

“ဂုဏ်ယူပါတယ်။ မင်းစုစုပေါင်း လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း +၅၂၆ အမှတ်ကို ရရှိလိုက်ပါသည်။”

“ဒီလာက်များတဲ့ လေးစားအထင်ကြီးမှုအမှတ်တွေ အများစုက ကျောင်းသားနှစ်ယောက်ကို အဆင့်တက်အောင် ကူညီပေးခဲ့တဲ့ မင်းရဲ့ အရည်အချင်းတွေကို ကျောင်းသားတွေက အသိအမှတ်ပြုတာကြောင့် ဖြစ်တယ်။

တစ်ချိန်တည်းမှာဘဲ ဆရာအနည်းငယ်က မင်းကိုသဘောကျပြီး လေးစားအထင်ကြီးမှုအမှတ် (၁၀) မှတ်ဆီ ပေးခဲ့တယ်”

“ငါက အရမ်းထူးချွန်လို့ သူတို့ လေးစားအထင်ကြီးမှုအမှတ် ဆယ်မှတ်ထက်ပိုပြီး ပေးခဲ့တာလား”

ဆွန်းမို အံ့အောသွားသည်။

“မင်းကျေနပ်သင့်တယ်။ ဆရာတွေက ကို့ကိုယ်ကို ဂုဏ်ယူတတ်သည့် သတ္တဝါတွေဖြစ်ပြီး အထူးသဖြင့် မြတ်ဆရာတွေဘဲ။ ပုံမှန်အားဖြင့် သူတို့က

ဘယ်သူ့ကိုမှ လွယ်လွယ်နှင့် အထင်မကြီးတတ်ကြဘူး။ ဖန်ဇိုဝမ်ကိုကြည့်လိုက် သူက အရှုံးပေးခဲ့သော်လည်း လေးစားအထင်ကြီးမှု အမှတ်ပေးခဲ့လား။ လုံးဝဘဲ”

စနစ်က ပြန်ပြောသည်။

“ဆွန်းမို၊ မြတ်ဆရာအယောက်တစ်ရာကို မင်းအနိုင်ယူခဲ့ရင်တောင် မြတ်ဆရာတစ်ယောက်ရဲ့ ချီးကျူးမှုကို တော့ မရနိုင်ဘူး ဆိုတာ သိထားပါ”

“ငါမယုံဘူး”

ဆွန်းမိုက မကျေမနပ်နှင့် ထိုစကားပြောလိုက်သည့် အချိန်တွင် စနစ်က အကြောင်းကြားချက် ထွက်လာသည်။

ဒင်

“တာဝန်ကြေငြာခြင်း - တစ်နှစ်အတွင်း ဆရာတစ်ယောက်၏ ကြည်ညိုလေးစားမှုကို ရအောင်ယူပါ။ ဆုလာဒ် - စိန်ရတနာသေတ္တာ တစ်လုံး။ မအောင်မြင်ပါက ရက်စက်သည့် ပြစ်ဒဏ်ပေးမည်။”

“ဒီလောက်ရက်စက်တော့မှာလား”

ဆွန်းမို ဆွံ့အနေသည်။ ထိုဆုက စိန်ရတနာသေတ္တာတစ်လုံး ဆိုတာကို မြင်လိုက်ရင် စနစ်က လိမ်နေတာ မဟုတ်ကြောင်း ဆွန်းမို သိလိုက်သည်။ ဆရာတစ်ယောက်ရဲ့ ကြည်ညိုလေးစားမှုကို ခံရဖို့ဆိုတာ တကယ်ကို ခက်ခဲပါသည်။

ဆွန်းမိုက စနစ်မမှားဘူးဆိုတာ သိပါသည်။ ကူရှုပ်ရှင်းက လေးစားအထင်ကြီးမှု အမှတ်များကို မပေးခဲ့သလို ဂျီမဲဂျဲကလည်း မပေးခဲ့ပါ။

စနစ်က

"ငါသာ တကယ်ရက်စက်ရင် မင်းကို မြတ်ဆရာတစ်ယောက်ရဲ့ ကြည်ညိုလေးစားမှုလို့ ပြောမှာပေါ့"

စနစ်က အေးစက်စွာပြောလိုက်သည်။ (မင်းအတွက် ငါ့မျက်နှာကို သိမ်းထားပြီးသားပါ)

"ဒီလိုမလုပ်ပါနဲ့ ပျော်စရာလေးတွေ တွေးကြည့်လိုက်ပါ။ ဘာလို့ဆို ငါအောင်မြင်အောင် မလုပ်နိုင်မှာ စိုးရိမ်တယ်"

ဆွန်းမိုက အသက်ကို ခပ်လေးလေးရှူရင်း ပြောလိုက်သည်။

သူ့တွင် လေးစားအထင်ကြီးမှုအမှတ် ၂၀၀၀ကျော်နေပါပြီ။ တကယ်ကို အများကြီးပါ။ ဆွန်းမိုသည် သူ့ကိုယ်သူ သူဌေးကြီးတစ်ယောက်လို ခံစားနေရသည်။ နောက်ကျမှ လကြွယ်သစ်သီး ဝယ်ရန် လုပ်ရမည်။

ဒါပေမယ့်လည်း ဆွန်းမိုမှာ ပြောစရာရှိနေသေးသည်။

ဆွန်းမိုသည် စင်ပေါ်ကို ပြန်တက်ကာလူတိုင်းကို ကြည့်လိုက်ရင်း မေးလိုက်သည်။

"ဘယ်သူ့ငါ့ကို သံသယ ရှိသေးလဲ။ ရှိရင် အခု မတ်တပ်ရပ်ပြီး မေးလို့ရတယ်"

ဆွန်းမို၏ အသံကြောင့် ခန်းမ တစ်ခုလုံး တိတ်ဆိတ်သွားသည်။

အခန်း(၈၉) - ငါမင်းကို အမှတ်အပြည့်ပေးတယ်၊ ဘာမှထည့်မတွက်ဘဲ ဂုဏ်ယူလိုက်စမ်းပါ။

ဆွန်းမိုက ဆရာတွေကို ရည်ရွယ်ပြီး မေးလိုက်ကြောင်းကို ကျောင်းသားတွေသိပါသည်။ ထို့ကြောင့် သူတို့သည် ဆရာတွေဘက်ကို လှည့်ကြည့်လိုက်ကြသည်။

အစမ်းခန့်ဆရာများလဲ အချင်းချင်း အကြည့်ခြင်း ဖလှယ်ပြီး ကူရှုပ်ရှင်းကို လှမ်းကြည့်လိုက်သည်။

မေးခွန်းထုတ်ရမယ်။

နောက်နေတာလား။ ဆွန်းမိုမှာ မြတ်ဆရာအရှိန်အဝါနှစ်ခု ရှိနေသည်။ သူသည် သူတော်စင်ဂိတ်က မြတ်ဆရာ စာမေးပွဲကို ဖြေဆိုနိုင်ရန် နောက်ထပ် တစ်ခုသာလိုတော့သည်။

သူ့အဆင့်က ကျန်တဲ့သူတွေထက်သာ သွားပါပြီ။ ကူရှုပ်ရှင်းနှင့် နောက်ထပ် သုံးယောက်သာ သူ့ကို ယှဉ်နိုင်တော့မည်။

မဟုတ်ပါဘူး။ လေးယောက် မဟုတ်ဘူး။ သုံးယောက်ပါ။ ဂျိရှား သင်ကြားရေးနန်းတော်က ချင်ဖန်က ရှုံးနေပြီးသားပါ။

ကူရှုပ်ရှင်းလည်း လူတိုင်းစောင့်ကြည့်တာ ခံလိုက်ရပြီး မျက်မှောင်ကြုတ်လိုက်မိသည်။ "ဆွန်းမို ဒီလောက်ဆိုတော်သင့်နေပြီ ကျန်တဲ့လူတွေရဲ့ မျက်နှာကို အထာ မထားတော့ဘူးလား"

ဆွန်းမို၏ လုပ်ဆောင်ချက်က တော်တော်ကို ကောင်းနေပါသည်။ ဉာဏ်မမှီသည့် သူတွေတောင်

ဆွန်းမို၏ တိုက်ခိုက်မှုကနေ ဝေးဝေး ရှောင်နေသင့်တယ်ဆိုတာ သိနေကြသည်။

ကူရှူပ်ရှင်းက ဘာမှ မတုန့်ပြန်တာကိုမြင်တော့ စီနီယာ ဆရာများကို ကြည့်လိုက်ကြသည်။

စီနီယာဆရာများလည်း ထိုသူတွေ၏ အကြည့်ကို မသိချင်ယောင်ဆောင်ကာ လက်ခုပ် ဆက်တီး နေကြသည်။

ကျန်ဟန်ဖူအဖွဲ့က ဆရာများလည်း ဆွန်းမိုကို ဒေါသထွက်နေကြသော်လည်း သူတို့ ပြဿနာ ဖန်တီးသင့်သည့် အချိန်မဟုတ်တာကို

လက်ခံထားသည်။ ဆွန်းမိုမှာ အရည်အချင်း တချို့ ရှိပုံရသည်။ ကြိုတင်ပြင်ဆင်ထားခြင်းမရှိဘဲ ပြဿနာရှာလိုက်ပါက သူတို့သာ ဒုက္ခရောက် သွားနိုင်သည်။

ဆွန်းမိုက ပြုံးပြီး ကျန်ဟန်ဖူကို လှမ်းကြည့်နေသည်။ “ဒု-ကျောင်းအုပ်ကြီးကျန်၊ မင်းရဲ့ အဆင့်အတန်းကို နှိမ့်ချပြီး ငါ့ရဲ့ဟောပြောပွဲကိုတောင် လာပေးတာပဲ။ မင်းနည်းနည်းလောက် မေးခွန်း မမေးချင်ဘူးလား”

ကျောင်းသားများသည် ကျောင်းစီမံခန့်ခွဲရေး အဖွဲ့များကြားက ကွဲလွဲမှုများကို မသိသော်လည်း စီနီယာ ဆရာများကတော့ အချင်းချင်း တိုးတိုးနှင့် ပြောနေကြသည်။

"သူ မာနကြီးလွန်းတယ်"

ကျန်ရုံနဲ က မှတ်ချက်ပေးနေသည်။

"အမှန်ပဲ၊ ကျန်ဟန်ဖူကတော့ သေသည်အထိ သူ့ကိုမုန်းသွားတော့မယ်။ သူတို့နှစ်ယောက်ကြားက ဆက်ဆံရေးက ပြန်ပြင်လို့ မရတော့ဘူး"

ကျုံရှန်ရီက သက်ပြင်းချရင်း ပြောလိုက်သည်။

ဒီလို ပွတ်တိုက်မှုတွေကို အမုန်းဆုံးပဲ။ လူတိုင်းသင်ကြားရေးကိုသာ အာရုံစိုက်ပြီး အတူတကွ အလုပ်လုပ်ကြရင် ဘယ်လောက် ကောင်းလိုက်မလဲ။

ဆွန်းမိုက လမ်းညွှန်ချက်တောင်းသလို လုပ်နေသော်လည်း တကယ်က ပြောင်ပြောင်တင်းတင်း လျှောင်ပြောင်နေခြင်း ဖြစ်သည်။ (ငါ့ကို ရှူးအောင်လုပ်ဖို့ ရောက်နေတာ မဟုတ်လား)

(မင်းအခု မရယ်နိုင်တော့မှတ်ဘူးလား)

ဖျောင်း................

ကျန်ဟန်ဖူထိုင်နေသည့် ထိုင်ခုံ ပေါက်ကွဲသွားသည်။ (ဒီခွေးမသား ငါ့ကို လှောင်ရဲတယ် ဟုတ်လား)

"မင်းမှာ မေးခွန်းမရှိဘူးလား။ မင်းဒီလောက်နဲ့ ကျေနပ်သွားမယ်လို့ ငါမထင်လိုက်ဘူး"

ဆွန်းမိုက နောက်နေသည်။

ကျန်ဟန်ဖူ ပြုံလဲနေတာကို မြင်ပြီး ကျုံလင်လည်း ပြုံးပျော်မဆုံး ဖြစ်နေသည်။ ဒါပေမယ့် ဆွန်းမို ဖြစ်နေတာကြောင့် နည်းနည်းတော့ စိတ်မကောင်းဖြစ်မိသည်။

"ဆွန်းမို၊ မင်းအခုမှ တရားဝင်ဆရာဖြစ်လာတာတောင် အရမ်းကို တော်နေပြီ။ မင်းချင်လင်မြို့ရဲ့ နံပါတ်တစ် မြတ်ဆရာတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ငါယုံကြည်တယ်။ ငါ့ကို စိတ်ပျက်အောင် မလုပ်နဲ့ "

ဒု-ကျောင်းအုပ်ကြီးကျန် က ဆွန်းမိုကို ချီးကျူးလိုက်တာကိုမြင်ရင် ကျန်သည့် အစမ်းခန့်ဆရာများက အားကျသည့်အကြည့်နှင့် ကြည့်နေကြသည်။

ဆွန်းမိုတော့ ဒုက္ခကြီးကြီး ရောက်တော့မယ်ဆိုတာ စီနီယာ ဆရာများပဲ သိကြသည်။

ကလောင် ကလောင် ကလောင်။

ခေါင်းလောင်းသံမြည်လာပြီး အတန်းချိန်လည်းပြီးသွားပြီ။

"ဒီနေ့ လူထုဟောပြောပွဲကတော့ ဒီမှာဘဲ ပြီးသွားပါပြီ။ ကျွန်တော့် အတန်းကိုလာရောက် နားထောင်ပေးကြတဲ့ ဆရာတွေအားလုံးကို ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက သူအကြိမ်ကြိမ် လေ့ကျင့်ထားသည့် ဖော်ရွေသော အပြုံးနှင့် ပြောလိုက်သည်။

"လာမည့် တနင်္လာနေ့က စပြီး တရားဝင် စတင်သင်ကြားတော့မှာပါ။ စိတ်ဝင်စားသည့် ဘယ်သူမဆို လာရောက်လေ့လာနိုင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်"

ဖြောင်း ဖြောင်း ဖြောင်း

အားနာလို့တီးသည့် လက်ခုပ်သံများ မဟုတ်ဘဲ အမှန်တကယ်ကို ကျေနပ်အားရလို့ ထွက်လာသည့် လက်ခုပ်သံများ ဖြစ်သည်။

"ဆရာဆွန်းက အတော်ဆုံးဘဲ"

"ဆရာဆွန်း မေးစရာရှိလို့ မင်းလမ်းညွှန်ချက်ကို တောင်းခံလို့ရမလား"

"ဆရာဆွန်း၊ ကျွန်တော်ရဲ့ ကျင့်ကြံခြင်း အခြေအနေက အခုတလော အဆင်မပြေဖြစ်နေတယ်။ အားပေးဖို့ တန်ဖိုးဖြတ်မရသော အကြံပြုချက်

မြတ်ဆရာအရှိန်အဝါကို သုံးပေးလို့ ရမလား” ဆရာမရှိသောကျောင်းသားများအတွက် ၊ သူတို့တိုးတက်လိုပါက ဖြစ်နိုင်သည့် အခွင့်အရေးအားလုံးကို ဆုပ်ကိုင်ထားနိုင်ဖို့ လိုသည်။ ဒါကြောင့်လည်း ဆွန်းမိုက အတန်းပြီးဆုံးကြောင်း ကြေငြာလိုက်တာနှင့် ချက်ခြင်းလူစုလူဝေး ဖြစ်လာသည်။

“မတိုးကြပါနဲ့ တန်းစီကြပါ။ ဒီလိုမှမဟုတ်ရင် ရုတ်ရုတ်သဲသဲ ဖြစ်နေပြီး မင်းတို့ကို ဘယ်သူမှ အဖြေပေးလို့ရမှာ မဟုတ်ဘူး”

လီဇီချီက ချက်ခြင်းကို စနစ်တကျ ထိန်းသိမ်းရန် ခုန်ထွက်သွားသည်။

ဒါပေမယ့် ကျောင်းသားများက လီဇီချီကို တစ်ချက်သာ ကြည့်ကြပြီး ဘယ်သူမှ ဂရုမစိုက်ကြပါ။

"တိုက်ပွဲရှူး…အာ"

လီဇီချီ က "ရှန်ယွန်ပေါင် ထိန်းသိမ်းရအောင် မြန်မြန်လာ"

"သူတို့တွေကို ရိုက်လိုက်ရမလား"

ရှန်ယွန်ပေါင် မျက်လုံးအရောင်တောက်လာပြီး လုံ့ကိုကိုင်လိုက်သည်။

"မဟုတ်ဘူး" လီဇီချီလည်း သူမလက်ကို ကူကယ်ရာမဲ့ ဖွေ့ယမ်း ပြလိုက်သည်။

"မေ့လိုက်တော့ မင်းလာစရာမလိုတော့ဘူး"

လီဇီချီ လှည့်ပတ်ရှာလိုက်သည်။

ထန်ထန်ယုထန်ကို ထားလိုက်ပါ။ သူက လက်ကိုင်ပုဝါနှင့် ပါးစပ်ကို အုပ်ကာ ချောင်းဆိုးနေသည်။ အချိန်မရွေး သေသွားမည့်ပုံပေါက်နေသည်။ ချန်လုံကတော့ သူ့ကိုတွေ့လိုက်တာနှင့် အေးစက်သွားနိုင်သည့်ပုံစံဖြစ်နေသည်။ ကြည့်ရတာ အလောင်းတစ်ကောင်

လမ်လျှောက်နေသလို ပါပဲ။ လုချီဟွာကြတော့ ရင်သားကြီးတာကလွဲရင် ဘာအသုံးဝင်မှာလဲ။

“တော်ပြီ နောက်ဆရာရဲ့ အတန်းချိန်ကို ထိခိုက်အောင် မလုပ်ကြနဲ့ ။ ပြီးတော့ ငါက ဗဟိုပြည်နယ်အကယ်ဒမီက ဆရာဖြစ်နေပြီ နောက်ပိုင်း မင်းတို့တွေ ငါ့ကို အချိန်မရွေးလာမေး လို့ ရတယ်”

ဆွန်းမို ရှေ့လို့တောင် မရဖြစ်နေသည်။ ကျောင်းသားများက သူ့ကို ဝိုင်းကာ ဆက်ပြော

နေကြသည်။ အခြေအနေတွေက ဖရိုဖရဲ ဖြစ်နေပြီး ဘယ်သူ့ကိုမှလည်း လမ်းညွှန်ချက် မပေးနိုင် ဖြစ်နေသည်။

ခန်းမထဲက ထွက်နေကြသည့် အစမ်းခန့်ဆရာများလည်း ထိုမြင်ကွင်းကို မြင်ပြီး သရေယိုကာ အားကျနေကြသည်။

“ငါလည်း ငါ့ကို လမ်းညွှန်ချက်တောင်းနေတဲ့ ကျောင်းသားတွေနဲ့ ဝိုင်းဝိုင်းလည် နေချင်လိုက်တာ”

“ဒါနဲ့ လိုဒီ မင်းလည်း ဆွန်လျောင် အကယ်ဒမီက ဘွဲ့ရခဲ့တာကို ငါမှတ်မိတယ်။ မင်းက ဆွန်းမိုရဲ့

ကျောင်းနေဖက်လား။ သူ့ရဲ့ ရှေးဟောင်း နဂါးဖမ်းသည့်လက်က ဘယ်လိုလဲဆိုတာသိလား"

ရုပ်နည်းနည်းဆိုးသော အစမ်းခန့်ဆရာက မေးသည်။ အနီးနားက အစမ်းခန့်ဆရာများလည်း ခေါင်းကိုညိတ်လိုက်ပြီး လိုဒီကို ဝိုင်းကြည့်လိုက်ကြရင်း သူတို့မျက်လုံးများ အရောင်တောက်လာသည်။

လိုဒီလည်း ထိတ်လန့်သွားပြီး "ငါမသိဘူး။ အရင်တုန်းကလည်း မကြားမိဘူး"

“ဟော့ မင်းသိထားတဲ့ သတင်းကို အားလုံးသိအောင် မျှဝေပေးပါ။ မင်းအတွက်ဘဲ သိမ်းမထားနဲ့”

ရုပ်ဆိုးသောလူက လိုဒီ၏ ပခုံးကို ဆွဲကိုင်ရင်း မေးနေသည်။

“ငါတကယ် မသိတာပါ”

လိုဒီ မျက်ရည်ကျလုနီးပါး ဖြစ်နေသည်။ လူတိုင်းက သူ့ကို တစ်ကိုယ်ကောင်း ဆန်သည့်ကောင်လို့ အထင်လွဲသွားမှာလည်း စိုးရိမ်နေသည်။

“ငါနဲ့ ဆွန်းမိုက မရင်းနှီးဘူး”

လိုဒီက ဘာမှမသိတာကိုမြင်တော့ အစမ်းခန့်ဆရာများလည်း သူ့ကို လက်သုတ်ပဝါ တစ်ထည်လို လျစ်လျူရှုသွားကြသည်။ တချို့နေရာမှာ စကားဝိုင်လေးများကတော့ ရှိနေကြသေးသည်။

“ဆွန်းမိုက ချင်ယုံရဲ့ ကြွက်သားတွေကို ထိလိုက်ရုံနှင့် အဆင့်တက်တာ ကျရှုံးတာနဲ့ ဘယ်နှစ်ကြိမ် မအောင်မြင်လည်းဆိုတာကိုပါ သိသွားတယ်။ ထူဆန်းလိုက်တာ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"သူမ ဘယ်နှစ်ကြိမ် ကျရှုံးသွားလဲဆိုတာကိုတောင် အတိအကျ သိနေတယ်၊"

"ရှေးဟောင်းနဂါးဖမ်းသည့် လက်လား။ နာမည်က တော်တော်ကို လွှမ်းမိုးတာပဲ"

"ဆွန်းမိုရဲ့ လက်တွေကို နတ်ဘုရားလက်လို့ ပြောနိုင်လား"

မြတ်ဆရာကြီးများ၏ ကမ္ဘာတွင် အများစုသည် ကျောင်းသားများကို ရွေးချယ်ရာတွင် သူတို့၏ အတွေ့အကြုံနှင့် သုံးသပ်ချက်များကို

အားကိုးကြသည်။

လပေါင်းများစောင့်ကြည့်တတ်သည့် အခါလည်းရှိသည်။ ဒါ့ပေမယ့်လည်း အလွန်ကို နည်းပါးသည့် မြွတ်ဆရာများကသာ သူတို့၏ လက်များကို အားကိုးကာ ကျောင်းသားတွေ၏ အရည်အချင်းကို သိနိုင်ကြသည်။

မြွတ်ဆရာကြီးများကမ္ဘာတွင် ထိုရှားပါး မြွတ်ဆရာများ၏ လက်ကို ‘နတ်ဘုရားလက်များ’ လို့ လူအများက အသိအမှတ် ပြုထားသည်။

ဆွန်းမိုက နတ်ဘုရားလက်ကို ပိုင်ဆိုင်နိုင်နေနိုင်သည့် အချက်ကိုတွေးလိုက်မိပြီး လူတိုင်းချက်ခြင်းကို မနာလို ဖြစ်လာကြသည်။

ကျံုလင်က စကြိုန်တွင် အန်ရှီဝေ ရပ်နေတာကို မြင်လိုက်ပြီး “ အစ်မကြီး မသွားသေးဘူးလား”

“ ဆွန်းမိုကို စောင့်နေတာ”

အန်ရှီဝေသည် သူ၏ အမျိုးသမီးလက်ထောက်နှင့် ဆွန်းမိုကိုလည်း ဆက်ဆံရေးကောင်းစေချင်သည်။ ဒါကြောင့် သူမကို ကြည့်လိုက်ပြီး “ ထမင်းအတူတူစားကြမလား”

" ငါ ဗိုက်မဆာသေးဘူး"

ကျုံလင်က ငြင်းလိုက်သသည်။ " ဒီနေ့ ဆွန်းမို၏ လုပ်ဆောင်ချက်တွေက အံ့မခန်းဖြစ်တယ်ဆိုတာ ငါဝန်ခံပါတယ်။ မင်းအတွက် ပွဲကောင်းတစ်ခုဖြစ်ရင်တောင် လျှိုမှုဘိုင်ကို လိုက်မှီဖို့လိုသေးတယ်။ ကူရှုပ်ရှင်း၊ ဂေါင်ပန်နဲ့ ကျန်းရှန်တို့ကို ကျော်ဖြတ်နိုင်မလားဆိုတာ စောင့်ကြည့်ရအုံးမယ်"

ထိုသို့ပြောပြီး ကျုံလင် လှည့်ထွက်သွားသည်။

ဒါပေမယ့်လည်း သူမစိတ်ထဲတွင် ဆွန်းမို၏ အရည်အချင်းကို အသိအမှတ်ပြုခဲ့သည်။ ဗဟိုပြည်နယ်အကယ်ဒမီတွင် ဆယ်စုနှစ်တစ်ခုအတွင်း ဒီလောက် အံ့အောဖွယ်ကောင်းသည့် ပထမဆုံး လူထုဟောပြောပွဲကို ဘယ်ဆရာမှ မလုပ်ပြနိုင်ခဲ့ပါ။

လျိုမူဘိုင်၏ ပထမဆုံး ဟောပြောပွဲက ထက်မြက်ခဲ့သော်လည်း ဒီလောက်တော့ ကြီးကျယ်မခမ်းနားခဲ့ပါ။

"လင်လင်က အရမ်းကို ခေါင်းမာတာပဲ။ အလယ်ကမ္ဘာ ပြည်နယ်ကိုးခုမှာ မင်းနဲ့ ကောင်းကောင်းလိုက်ဖက်မယ့် ယောကျ်ား အများကြီးမရှိတော့ဘူး"

ဂျိမဲဂျဲက ခေါင်းခါရင်း ပြောလိုက်သည်။

အန်ရှီဝေလည်း ဒီအကြောင်းကို မဆွေးနွေးချင်သောကြောင့် စကားလမ်းကြောင်းကို ပြောင်းလိုက်သည်။ " ဆွန်းမိုရဲ့ ပထမဆုံးရှုံးအတွက် မင်းဘယ်လောက်အမှတ်ပေးလဲ "

“ အမှတ်ပြည့်ပေါ့။ အမှတ်နဲလို့ကိုမရတာ။ သူကဘာကိုမှ ထည့်မတွက်ဘဲကို ဂုဏ်ယူလို့ရတယ် ”

ဂျီမဲဂျဲက ပြုံးရင်း ပြောလိုက်သည်။

ဆွန်းမို၏ လုပ်ဆောင်ချက်ကို တော်တော်လေး သဘောကျပါသည်။ သူ၏ နှုတ်က ပြန်ပက်တဲ့နေရာမှာပဲဖြစ်ဖြစ်၊ လိုက်လျောညီထွေသည့် နေရာမှာဖြစ်ဖြစ်၊ ကျွမ်းကျင်မှုမှာဖြစ်ဖြစ် သူ အပြည့်အဝကို လုပ်ဆောင်နိုင်ခဲ့သည်။ ဒါကြောင့်လည်း အတန်းထဲမှာ

လွှတ်လပ်ပြီး အချုပ်အနှောင်ကင်းကင်း ရပ်တည်နိုင်ခဲ့တာပါ။

"မင်းသူ့ကို အမြင့်ကြီး မြင့်လိုက်တာဘဲ"

အန်ရှီဝေ အံ့အောသွားသည်။ ဂျိမ်ဂျဲနှင့် ရင်းနှီးသည့် သူငယ်ချင်းများ ဖြစ်သောကြောင့် သူမ အမြင့်ကြီး မျှော်မှန်းထားကြောင်း အန်ရှီဝေ ခန့်မှန်းမိသည်။

"ရိုးရိုးသားသား ပြောရရင် စင်ပေါ်တက်တာ ပထမဆုံး မဟုတ်ဘူးလို့တောင် ထင်မိတယ်။ သူ ရင်းနှီးတဲ့ပုံဘဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိမ်ဂျဲ မစဉ်းစားတတ်အောင် ဖြစ်နေသည်။ လူတစ်ယောက်က အကြိမ်ပေါင်းများစွာ လေ့ကျင့်ထားရင်တောင် ဒီလိုမျိုး အကျိုးသက်ရောက်မှု မရနိုင်ပါ။ ပြောရရင် ဆွန်းမိုသည် ဆရာဖြစ်ဖို့ မွေးလာတာ ဖြစ်နိုင်သည်။

ဆွန်းမို ခန်းမထဲက ထွက်လာသည်။

ကျောင်းသားတစ်ယောက်၏ မေးခွန်းကို ပြန်ဖြေပေးနေသော ကူရှုပ်ရှင်းလည်း ခပ်မြန်မြန်ဖြတ်ပြီး ဆွန်းမိုကို လှမ်းခေါ်လိုက်သည်။

"ဆရာဆွန်း"

ကူရှုပ်ရှင်း လှမ်းအော်လိုက်သည်။ သူမသည် ဆွန်းမိုနှင့် ထမင်းအတူစားဖို့ ပြင်ဆင်နေတာပါ။

ဆွန်းမိုသည် အန်ရှီဝေနှင့် စေ့စပ်ထားသောကြောင့် သူမတို့သည် တစ်ဖွဲ့တည်းလို့ ပြောနိုင်သည်။ ဒါကြောင့်လည်း မဟာမိတ် ဆက်ဆံရေးကို ထူထောင်ချင်သည်။ အမှန်ပဲ ဒါမှ ရှေးဟောင်းနဂါးဖမ်းသည့်လက် အကြောင်းကို ဆွေးနွေးတာ ပိုကောင်းမည်။

အန်ရှီဝေနှင့် ဂျီမဲဂျဲတို့လည်း လျှောက်လာကြသည်။

"ကျောင်းအုပ်ကြီးအန်၊ ဆရာဂျို"

ကူရှုပ်ရှင်းက နှုတ်ဆက်လိုက်သည်။

" ဟင် ကျောင်းအုပ်ကြီးအန်၊ ဆရာဂျို"

ဆွန်းမို မျက်စိ နည်းနည်းကွယ်သွားသလို ထင်လိုက်မိသည်။ ဒီသုံးယောက်စလုံးက ချောမောလှပ လှသည့် မိန်းမတွေဖြစ်လို့ အတူတူမြင်ရတာ စိတ်ထိန်းဖို့ ခက်လှသည်။

"ဆွန်းမို ထမင်းအတူတူ စားမလား"

ကြွယ်သုံးပွင့် မြတ်ဆရာတစ်ယောက်အနေဖြင့် ဂျိမ်ဂျဲသည် အချိန်တော်တော်ကြာအောင် ဖိနှိမ်ထားသည့် ထုံးစံများကို ဂရုမစိုက်ပါ။

ကူရှုပ်ရှင်း၏ မျက်လုံးထဲတွင် အံ့အောသင့်သည့် အရိပ်များ ဖြတ်ပြေးသွားသည်။ ဂျိမ်ဂျဲက ဆွန်းမိုကို ထမင်းစားဖို့ ဖိတ်နေတာလား။ သူ့အပေါ်ဘယ်လောက်တောင် အလေးထားနေတာလဲ။

ကူရှုပ်ရှင်းကတော့ အရှုံးပေါ်သွားသည်။ ဂျိမ်ဂျဲက သူမကိုဖြတ် ရိုက်လိုက်သလိုပင် ခံစားလိုက်ရသည်။

"တောင်းပန်ပါတယ်။ ငါ့မှာအချိန်မရှိဘူး"

ဆွန်းမိုက ပခုံးနှစ်ဖက်ကို တွန့်ရင်း ပြန်ဖြေလိုက်သည်။

"အမ်"

ကူရှုပ်ရှင်း ကြောင်သွားပြီး " မင်းက ငကြောင်လား " ကြယ်သုံးပွင့်အဆင့် မြတ်ဆရာတစ်ယောက်က ထမင်းစားဖို့ စ ဖိတ်တာကို ငြင်းလိုက်တယ်။ ဂျိမဲဂျဲ၏ အဆင့်အတန်းအရ သူမကသာ သူများဖိတ်ခေါ်တာကို ငြင်းရသည့် သူဖြစ်သည်။

ထိုဖိတ်သည့် လူများကလည်း ဩဇာကြီးသည့် ပုဂ္ဂိုလ်များဖြစ်ကြသည်။

ဂျိမဲဂျဲလည်း နည်းနည်း အံ့အားသင့်သွားသည်။

“ တခြားပြောစရာရှိသေးလား၊ မရှိရင် ငါသွားတော့မယ် ”

ဆွန်းမို တကယ်ကို အလုပ်များနေတာပါ။ စနစ်က တာဝန် အသေးအဖြစ် တစ်လအတွင်း ဝိညာဉ်တက်တူး တစ်ထောင်ကို ရေးဆွဲရန် တာဝန်ပေးထားသေးသည်။ မပြီးခဲ့ပါက အပြစ်ပေးခံရပြီး သူ၏ ကျွမ်းကျင်မှုအဆင့်

ပြန်ကျသွားလိမ့်မည်။ အဲဒါက အသက်မွေးဝမ်းကြောင်းအတွက် အားကိုးလို့ရသည့် အရာဖြစ်နေလို့ သူ့ရဲ့ အချိန်တွေကို ဘယ်လို ဖြုန်းတီးနိုင်မှာလဲ။

မိန်းမလှလေးသုံးယောက်လုံးသည် သူတို့အတွက် ဟင်းချက်ပေးချင်သည့် သူများနှင့်သာ တွေ့ဖူးသည်။ ဒါပေမယ့် အခုတော့ ဆွန်းမိုက ထူးထူးခြားခြား တုန့်ပြန်လိုက်သောကြောင့် သူတို့ ဘယ်လို ပြန်ပြီး တုံ့ပြန်ရမလည်း မသိအောင် ဖြစ်နေကြသည်။

“အိုး ဒီခံစားချက်က ထူးဆန်းတာပဲ”

အခန်း(၉၀) - ရက်ရောသော ဆုလာဒ်များ။

"ငါတို့ဆရာကတော့ ထူးဆန်းတာပဲ"

နောက်ကလိုက်လာသော လီဇီချီသည် ဆွန်းမိုကို အထင်ကြီးစရာကောင်းတယ်လို့ ထင်သည်။ ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်၏ ဖိတ်ကြားချက်ကိုတောင် ငြင်းပယ်ခဲ့သည်။ ခွေးချီးစားသည့်လူတောင် သိထားရမှာက သူ့နေရာမှာ တခြားဆရာဆိုပါက ဖိတ်ခေါ်တာကို ချက်ခြင်းလက်ခံ လိုက်ကြမည်။ ဒါ့အပြင် သူတို့မျက်နှာများကို အတတ်နိုင်ဆုံး ချိုသာအောင် ပြုံးထား ကြလိမ့်မည်။

ဒင်

လီဇီချီ -+၁၀၊ လေစားအထင်ကြီးမှု ဆက်သွယ်ချက် ရင်းနှီး (၁၈၆/၁၀၀၀)

လုချီဟွာကတော့ မျက်တောင် တဖျတ်ဖျတ် ခတ်ကာကြည့်နေသည်။ လောက၏ စည်းမျဉ်းများကို နားမလည်ပါ။ ဒါကြောင့်လည်း ဆွန်းမိုက တခြားဆရာတစ်ယောက်၏ ဖိတ်ကြားချက်ကို လက်မခံတာက ထူးဆန်းတယ်လို့ သူမ မထင်ပါ။

ချန်လုံကတော့ ဒါကို ဂရုမစိုက်ဘဲ ခေါင်းညိတ်ပြလိုက်သည်။ ထန်ထန်ယုထန်ကတော့ လက်ကိုနောက်ပစ်ထားပြီး ပတ်ဝန်းကျင်က

လူလေးယောက်ကို လေ့လာနေသည်။ ဆွန်းမိုက ပြောင်းပြန်စိတ်ပညာကို အသုံးချနေတာလား။

ရှန်ယွန်ပေါင်ကတော့

တိုက်ခိုက်ဖို့သာ အချိန်တိုင်းတွေးနေသည်။

"ဆရာ ကျွန်တော် ရန်ပွဲ လိုက်ရှာလိုက်အုံးမယ်"

ရှန်ယွန်ပေါင်သည် ထိုစကားပြောပြီး ဆွန်းမို တုန့်ပြန်တာကိုတောင် မစောင့်ဘဲ ထွက်သွားသည်။

ဒါကိုကြားလိုက်တော့ လီဇီချီသည် သူမ၏ နဖူးကို ပွတ်လိုက်မိသည်။ ဆွန်းမို၏ တိုက်ရိုက်တပြည့်ငါးယောက်တွင် ရှန်ယွန်ပေါင်သည်

အရည်အချင်း အမြင့်ဆုံးအဖြစ် အားလုံးက အသိအမှတ်ပြုထားသည်။ ဒါပေမယ့် သူ့ရဲ့ IQကတော့ မမြင့်တာ သေချာသည်။

(ကျောင်းအုပ်ဆရာကြီးနှင့် ကြယ်သုံးပွင့်အဆင့် မြတ်ဆရာတို့ အရှေ့မှာ ရန်သွားဖြစ်မယ်လို့ တကယ်ကြီး ပြောလိုက်တာလား။ ကျောင်းက စည်းကမ်းတွေကို ဘယ်လိုလုပ်မလဲ။ ပိုလိမ္မာပါးနပ်စွာ လှုံ့သိုင်း သွားကျင့်အုံးမယ်လို့ ပြောလို့ မရဘူးလား)

“...”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုလည်း ပြန်မပြောနိုင်ပါ။ (ငါ့ကို ဘယ်လိုပြန်ဖြေစေချင်တာလဲ ဟ)

ဆွန်းမို ၊ ရှန်ယွန်ပေါင်အကြောင်း နားလည်မှုအရ သွားပြီး မတိုက်ဖို့ ပြောလို့လည်း မရနိုင်ပါ။ ရှန်ယွန်ပေါင်သာ လူအများရှေ့တွင် သူ့စကားကို နားမထောင်ပါက သူသာ အရှက်ကွဲ ရလိမ့်မည်။ ကျောင်းအုပ်ကြီးနှင့် အခြားသူများအရှေ့တွင် ဆွန်းမို တစ်ခွန်းမှ မပြောလိုက်ပါကလည်း သူ၏ သင်ကြားရေးကို သံသယ ဖြစ်လာနိုင်သည်။

ကျောင်းသားက တိုက်မယ်ပြောနေတာကို ဆရာက ဂရုမစိုက်တာလား။

ထင်ထားသည့်အတိုင်းပင် မိန်းမလှသုံးယောက်သည် ဆွန်းမို၏ အဖြေကို စောင့်ကြည့်နေကြသည်။

အထူးသဖြင့် ကူရှုပ်ရှင်းအတွက်တော့ ဒါက အရမ်းကောင်းသည်။ သူမက ရှုံးပွဲကို စောင့်ကြည့်သည့် မျက်နှာပေး ဖြစ်နေသည်။

“သွားပါ။ တိုက်ဖို့ အကြီးတန်းက တစ်ယောက်ယောက်ကို သွားရှာ”

ဆွန်းမိုကတည်တည်ငြိမ်ငြိမ်နှင့် ပြောလိုက်သည်။ "ပြီးတော့ မနက်ကျရင် အတန်းကို တရားဝင် စမယ်။ မနက် ၈ နာရီ စာသင်ခန်း အဝင်ဝမှာ စုဝေးကြပါ"

"အငယ်တန်းနှစ်က ကျောင်းသားတွေကို မရှာတာသေချာတယ်။ ငါသူတို့ကို သတ်လိုက်မိမှာ ကြောက်တယ်"

ရှန်ယွန်ပေါင်က သူမှန်တယ်ထင်တာကို ပြောလိုက်သည်။

စီနီယာတန်းကျောင်းသားတချို့က ဖြတ်သန်းသွားလာရင်း ထိုစကားကို ကြားလိုက်ကာ

ရှန်ယွန်ပေါင်ကို မလိုလားသည့် အကြည့်နှင့် ကြည့်ရန် ခေါင်းကိုလှည့်လိုက်ကြသည်။ ဘာမှကို မေးစရာမလိုပါ။ သိပ်မကြာခင်ကမှ ကျောင်းကို ဝင်လာသည့် ကျောင်းသားပဲ ဖြစ်ရမည်။ ကောင်းကင်နှင့် မြေကြီး ဘယ်လောက်ကြီးလည်းဆိုတာ ဒီကောင် မသိသေးဘူး။

နှစ်စဉ်နှစ်တိုင်းကို့ကိုယ်ကို အထင်ကြီးတတ်သည့် ကျောင်းသားများက ရှိစမြဲပါ။ သူတို့သည် စီနီယာကျောင်းသားကြီးများ၏ သင်ခန်းစာ

တစ်ခုခုလောက်ရပြီးနောက် သူထင်သလောက် ပါရမီရှင် မဖြစ်သေးဘူးဆိုတာ သိသွားတတ်ကြသည်။ သူတို့က ဂေါ်ဖီထုတ်တွေပဲ ဖြစ်သည်။

"ဘာမှထွေထွေထူထူး မရှိတော့ဘူး၊ မင်းတို့ သွားလို့ရပြီ"

ဆွန်းမိုက ကျန်သည့် တပြည့်များကို ညွှန်ကြားလိုက်သည်။

လုချီဟွာနှင့် လီဇီချီကတော့ ရပ်နေကြပြီး ထန်ထန်ယုထန်နှင့် ချန်လုံကတော့ ထွက်သွားကြသည်။

"မင်းတို့မှာ တခြားပြောစရာမရှိရင်တော့ ငါသွားတော့မယ်"

ဆွန်းမို မသိစိတ်ကြောင့် လက်ကိုမြှောက်ပြီး နာရီကို ကြည့်လိုက်သည်။ စိတ်မကောင်းစရာက သူ့လက်ကောက်ဝတ်က ဗလာကျင်းနေသည်။ သူလတိုင်းငွေသွင်းပြီး ဝယ်ခဲ့သည့် လက်ပတ်နာရီလည်း မရှိတော့ဘူး။

"ဆရာ"

လီဇီချီက ဆွန်းမိုအင်္ကျီကို တိတ်တိတ်လေးဆွဲကိုင်ရင်း ခေါ်လိုက်သည်။ သူမက

ပြုံးပြီး “ ဆရာဂျိမဲဂျဲက ကြယ်သုံးပွင့်အဆင့်မြတ်ဆရာလေ၊ ချင်လင်မြို့မှာလည်း နာမည်ကြီးတယ်”

လီဇီချီ၏ အဓိပ္ပာယ်က ရှင်းပါသည်။ ဂျိမဲဂျဲသည် ဗဟိုပြည်နယ်အကယ်ဒမီ ဆရာကြီးတွေထဲက တစ်ယောက်ဖြစ်သည်။ အပေါ်ယံတွင် ဂျိမဲဂျဲကို ချီးကျူးနေသော်လည်း ဆွန်းမိုက သူမနှင့် ကောင်းမွန်သော ဆက်ဆံရေးကို တည်ထောင်နိုင်ပါက သူ၏ ဆရာလမ်းစဉ်သည် ချောမွေ့သွားနိုင်ကြောင်းကို ပြောနေသည်။

ဒီမြင်ကွင်းကို ကြည့်ပြီး ကူရှုပ်ရှင်း အားကျသလို ဖြစ်သွားသည်။ လီဇီချီတွင် တကယ့်ကို ဖြူစင်သောနှလုံးသားနှင့် စိတ်ဓါတ်များ ရှိနေသည်။ သူမက ဆွန်းမိုကို လျစ်လျူရှုခြင်း မလုပ်ဖို့ သတိပေးနေသည်။

"လီဇီချီက ဆွန်းမို၏ ဘာအချက်ကြောင့် ဆရာတင်ဖို့ စိတ်ပိုင်းဖြတ်သွားတာလဲ ဆိုတာ သိချင်လိုက်တာ"

လီဇီချီ၏ နောက်ခံအသိုင်းအဝိုင်းကို တွေးပြီး ကူရှုပ်ရှင်း မနာလို ဖြစ်လာမိသည်။ ဒါပေမယ့်လည်း

ခဏကြာတော့ သူမပြုံးလိုက်မိသည်။ လီဇီချီက တကယ်ကိုတော်ပါတယ်။ ဒါပေမယ့်သူမ ဆရာလုပ်ဖို့ကတော့ မလွယ်ပါဘူး။

အနည်းဆုံးတော့ သူမအဒေါ်က လွယ်လွယ်နှင့် သဘောမတူနိုင်ပါဘူး။

ဂျီမဲဂျဲသည် အခုချိန်မတိုင်ခင် တစ်ခါမှ အငြင်းမခံခဲ့ဖူးပါ။ ဒါကြောင့်လည်း ငြင်းပယ်ခံလိုက်ရပြီးနောက် သူမ၏ တုံ့ပြန်မှုများ ပျောက်ဆုံးနေသည်။ သူမ ပါးစပ်ပိတ်နေဖို့သာ ဆုံးဖြတ်လိုက်သည်။

ဆွန်းမို၏ လုပ်ဆောင်ချက်ကို သဘောကျတာနှင့် အနိုပ်လည်းခံချင်သောကြောင့် ဆွန်းမိုနှင့်အတူတူ ထမင်စားဖို့ ဖိတ်ခေါ်ခဲ့သည်။ သူ့ကို တိုက်ရိုက်မေးရမှာ ရှက်နေလို့ဖြစ်သည်။

ထမင်းစားသည့်အချိန်ကြမှ မေးဖို့စဉ်းစားထားသည်။ စိတ်မကောင်းစရာက အခုတော့ ထိုသို့လုပ်ရန် နည်းလမ်းမရှိတော့ပါ။

အန်ရှီဝေကတော့ ဆွန်းမိုကို ကျန်ပ်ဟန်ဖူအကြောင်း သတိပေးချင်နေသည်။ အဲဒီလူက စိတ်ဓာတ်ကျဉ်းသည်။ အခုအချိန်တွင်

ဒီလောက်ကြီးမားသည့် ထိုးနှက်ချက်ကို ခံလိုက်ရသောကြောင့် ကျန်ဟန်ဖူက မေ့ပစ်လိုက်မည် မဟုတ်ပါ။

သို့သော်လည်း ဆရာများနှင့် ကျောင်းသားများအရှေ့တွင် ထိုအကြောင်းကို ပြောလို့မရပါ။ ဒါကြောင့်သူမလည်း နှုတ်ဆိတ်နေရန် ဆုံးဖြတ်လိုက်သည်။

ကူရှုပ်ရှင်းသည် ဖန်ဇိုဝမ်က ဆွန်မိုကို အခက်အခဲဖြစ်အောင်လုပ်ဖို့ မျှော်လင့်ခဲ့ပြီး ဆွန်းမို မဖြေရှင်းနိုင်သည့်အချိန်တွင် သူမ၏ ထက်မြက်မှုကို

ပြသရန် ပြင်ဆင်ထားခဲ့သည်။ ဒါပေမယ့် ဆွန်းမို၏ စွမ်းဆောင်ရည်က အရမ်းကို စွဲမက်ဖွယ်ကောင်းမယ်လို့ သူမ မထင်ထားခဲ့ပါ။ ဒါကြောင့်သူမလည်း မတ်တပ်ရပ်ဖို့ အခွင့်အရေး မရခဲ့ပါ။

"ဂျီမဲဂျဲတောင် ငြင်းပယ်ခံရတယ်ဆိုတော့ ငါမေးလိုက်ရင်လည်း ငြင်းပယ်ခံရမှာဘဲ"

ကူရှုပ်ရှင်းက ဆွန်းမိုကို နောက်တစ်ခါမှပဲ ထမင်းစားဖိတ်ရန် ဆုံးဖြတ်လိုက်သည်။ ရှေ့ဟောင်း

နဂါးဖမ်းသည့်လက်က ဘယ်လိုမျိုးလဲဆိုတာ တကယ် သိချင်နေသေးသည်။

မိန်မလှလေးသုံးယောက် တစ်ယောက်နှင့် တစ်ယောက် မတူသည့် အတွေးကို တွေးနေကြသည်။ သူတို့ဘာပြန်ပြောရမလည်း မစဉ်းစားရသေးခင် ဆွန်းမို ထွက်သွားတာကို မြင်လိုက်ရသည်။ တကယ်ကို တုံ့ဆိုင်း မနေဘဲထွက်သွားသည်။

လုချီဟွာက ချက်ခြင်းဘဲ နောက်ကလိုက်သွားသည်။

“အမ်”

ကူရှုပ်ရှင်းလည်း ကြောင်နေသည်။ (တစ်ခါတည်း ထွက်သွားတာလား)

"ဆရာ"

လီဇီချီသည် ကူရှုပ်ရှင်းနှင့် အခြားနှစ်ယောက်ကို ဦးညွှတ်လိုက်ပြီး ဆွန်းမိုနောက်ကို လိုက်သွားသည်။

"အန်ရှီဝေ မင်းရဲ့ ခင်ပွန်းလောင်းက တကယ့်ကို အရည်အချင်းရှိတာပဲ"

ဂျီမဲဂျဲက ဆွန်းမိုနောက်ကျောကို စိုက်ကြည့်ရင်း ပြောလိုက်သည်။ သူအရင်က လုပ်ခဲ့သည့် လုပ်ဆောင်ချက်များကို တွေးလိုက်ပြီး ဗဟိုပြည်နယ်

အကယ်ဒမီတော့ ဒီနှစ်တွင် ကြီးမားသည့် လှိုင်းတစ်ခုတော့ ကြုံဆိုနေပုံရသည်။

....

လေပြင်းက တိုက်ခတ်လိုက်ရင် တရုတ်စကားဝါပင်က လှုပ်ယမ်းသွားပြီး သူ့အရိပ်လည်း လှုပ်ရှားသွားသည်။

“စနစ် ငါ့လုပ်ဆောင်ချက်က လက်ခံနိုင်တဲ့ဘောင်ထဲ ရှိရဲ့လား”

ဆွန်းမို စိတ်ထဲကနေ မေးလိုက်သည်။

“အရမ်း အရမ်းကို ကောင်းပါတယ်”

စနစ်က ပြန်ပြောပြီးနောက် သတိပေးချက် ထွက်လာသည်။

ဒင်

"ဂုဏ်ယူပါတယ်.။ သင်သည် ပထမဆုံးလူထု ဟောပြောပွဲတွင် ဒုက္ခပေးသည့် ကျောင်းသားနှင့် ဆရာများကို အောင်မြင်စွာ ကိုယ်တွယ် နိုင်ခဲ့သည်။ ပွဲဦးထွက်လှသည့် အတွက်

ဆုလာဒ် - ရွှေရောင် ရတနာသေတ္တာတစ်လုံး။"

ဒင်

"ဖန်ဇိုဝမ်ကို အနိုင်ယူခဲ့သည့် အတွက်

ဆုလာဒ် - ငွေရောင်ရတနာသေတ္တာတစ်လုံး”

အရင်ဦးဆုံး တောက်ပသည့်ရွှေရောင်ရတနာသေတ္တာ ပေါ်လာပြီးနောက် ငွေရောင်ရတနာသေတ္တာလည်း ပေါ်လာသည်။ သူတို့အလင်းရောင်များက တောက်ပလွန်းသဖြင့် မျက်စိတောင် ကျိန်းသွားသည်။

ဆွန်းမိုသည် စနစ်၏ သတိပေးချက်ကို နားထောင်ရင်း ကျေနပ်နေသော်လည်း မျက်မှောင်ကြုတ်သွားမိသည်။

"တစ်ခုခုတော့မှားနေပြီ။ ငါ့ရဲ့ ပွဲဦးထွက် ပြီးပြည့်စုံမှုအတွက် စိန်သေတ္တာတစ်လုံး မဟုတ်ဘူးလား"

"ဘာလို့လဲဆိုတော့ မင်းအထင်ကြီးနေမှာ ကြောက်လို့ပဲဟေ့"

စနစ်ကလည်း ပွင့်ပွင့်လင်းလင်း ပြန်ပြောသည်။

ချက်ခြင်းပင်

မ......အ.......လ.....တစ်သောင်းကျော် ဆွန်းမို စိတ်ထဲက ထွက်လာသည်။ သူ့နောက်မှာ ကျောင်းသားနှစ်ယောက်က လိုက်နေဆဲဖြစ်လို့သာ

သူ့ပုံရိပ်ကို သတိထားနေရတာကြောင့် မဟုတ်ရင် ပါးစပ်က ထုတ်ဆဲလိုက်ချင်သည်။

လေးစားအထင်ကြီးခြင်းအမှတ် တစ်ထောင်ကို စုဆောင်းနိုင်သည့်အတွက် ဆွန်းမိုတွင် အနက်ရောင်ရတနာသေတ္တာ သုံးလုံး ရှိနေသည်။

အခုသူ့မှာ ထိပ်တန်းအဆင့် ရတနာသေတ္တာတွေ ရှိနေလည်း ထိပ်တန်းဆုက ဝေးနေအုံးမှာလား။

ဒါကြောင့် ဆွန်းမိုက လုချီဟွာ ခေါင်းကို ပွတ်လိုက်ပြီး စိတ်ထဲကနေ ဖွင့်လို့ ပြောလိုက်သည်။

ရွှေရောင် ရတနာသေတ္တာကို ဖွင့်လိုက်ပါ။

"တောက်"

ဆွန်းမိုထပ်ပြီး သည်းမခံနိုင်တော့ပါဘူး။ "ငါဖွင့်ချင်တာက အနက်ရောင် သေတ္တာလေ'

ဆွန်းမိုသည် ဂိမ်းကစားသည့်အခါ အနိမ့်ဆုံးအဆင့် ရတနာသေတ္တာကနေ စပြီးဖွင့်လေ့ရှိပါသည်။ သူ၏ကံဆိုးမှုတွေကို အရင်အသုံးချပြီးမှ အကောင်းဆုံး ရတနာသေတ္တာကို ဖွင့်မှာပါ။

ဒါက အယူသီးတာဖြစ်ပေမယ့် ဆွန်းမိုကတော့ တော်တော်အသုံးဝင်တယ်လို့ ထင်သည်။

လက်တွေ့မှာ အသုံးမဝင်ရင်တောင် စိတ်တော့ ချမ်းသာသည်။ အခုတော့ စနစ်က တန်ဖိုးအရှိဆုံး ရွှေရောင် ရတနာသေတ္တာကို တိုက်ရိုက် ဖွင့်လိုက်သည်။

"တောင်းပန်ပါတယ်။ စိတ်ဖတ်တာလွဲ သွားတယ်" စနစ်က ဖြေရှင်းသည်။

ဆွန်းမိုစိတ်ထဲတွင် မ...အ.....လ....များ ပြည့်နေသည်။

"ကျေးဇူးပြုပြီး အပြုအမူကို ပြင်လိုက်ပါ။ စနစ်က အရမ်းတင်းကျပ်တယ်နော်။ မင်းဆက်ပြီး ဆဲနေရင်

မင်း အတွက် ပြစ်ဒဏ်ထွက်လာတော့မယ်” စနစ်က သတိပေးလိုက်သည်။

“စနစ် မင်းက စိတ်ဖတ်တာကို မသိရင် မသိဘူး ပြောပါလား”

အခုဒီကောင် အကြွားသန်မှန်း ဆွန်းမို သဘောပေါက်သွားသည်။

ရွှေရောင်အလင်းတန်းများ မှိန်သွားပြီး စုတ်ပျက်သတ်နေသည့် မြေပုံတစ်ချပ်ကို ချန်ထားခဲ့သည်။ မြေပုံ၏ ပုံစံအရ ရှေ့ဟောင်းမြေပုံလို့သာ ဆွန်းမို ပြောနိုင်သည်။

ဒင်

“ဂုဏ်ယူပါတယ်။ သင်သည် အပိုင်းပိုင်းခွဲထားသည့် မြေပုံ အစိတ်အပိုင်းတစ်ခုကို ရရှိပါသည်။ ဒီမြေပုံသည် အချို့သော မြေပြင် အနေအထားကို ပြသပေးသည်။ အရာအားလုံး ရှင်းရှင်းလင်းလင်း မြင်ချင်ရင်တော့ အစိတ်ပိုင်း ငါးခုစလုံးကို ပေါင်းပြီးကြည့်ပါ။”

မြေပုံသည် သားရေပြားနှင့်လုပ်ထားပြီး ကိုင်တွယ်လို့ ကောင်းပါသည်။ ဒါပေမယ့် မြေပုံပေါ်က

အကြောင်းအရာများက မှုန်ဝါးပြီး မရှင်းမလင်း ဖြစ်နေပါသည်။

“Dragon Ball လို့များ ကိုယ့်ကိုကို သတ်မှတ်နေတာလား”

ဆွန်းမို စိတ်ဓါတ် ကျသွားသည်။

အရင်တုန်းကလည်း အစိတ်စိတ်အမွှာမွှာ မြေပုံတစ်ခု ရခဲ့ဖူးသည်။ အခုဆိုရင် သူ့မှာ မြေပုံ အစိတ်အပိုင်း နှစ်ခုရှိနေပါပြီ။

သို့သော်လည်း ကံတရားပေါ် မူတည်နေပြီး ဒီလိုအရာမျိုးက စိတ်မချရပါ။ တတိယအပိုင်းကို သူဘယ်အချိန်ကြမှ ရမလဲ မသိပါ။

အခိကတော့ မြေပုံငါးခုစလုံး ရခဲ့ရင်တောင် အဲဒီမြေပုံက သူသွားဖို့ မဖြစ်နိုင်သည့်နေရာကို ပြနေရင် ဘယ်လိုလုပ်မလဲ။ ဒါမှမဟုတ် အန္တရာယ် အရမ်းများနေရင်ရော။ သူဘာလုပ်ရမှာလဲ။

ရိုးရိုးသားသားပြောရရင် ရွှေရောင်ရတနာသေတ္တာဆီက မြေပုံအစိတ်အပိုင်းတစ်ခုကို ရလိုက်သည့်အတွက်

နည်းနည်းတော့ စိတ်ပျက်သွားသည်။ ဒါကြောင့် ဒီတစ်ကြိမ်တွင် လုချီဟွာ ခေါင်းပေါ်ကို လက်အကြာကြီး တင်ထားလိုက်သည်။

"အမ်?'

လုချီဟွာက ဆွန်းမိုကို ကြောင်တောင်တောင်နှင့် ကြည့်နေသည်။

(အနက်ရောင် ရတနာသေတ္တာကို ဖွင့်ချင်တယ်။ ဒီတစ်ခါ မမှားနဲ့တော့) စနစ်ကို သတိပေးလိုက်သည်။

အနက်ရောင်အလင်းတန်း တောက်ပလာပြီး ပျောက်ကွယ်သွားသည်နှင့် သစ်ကြားသီးအရွယ် အသီးတစ်လုံးသာ ကျန်ခဲ့သည်။

အသီး၏ အရောင်သည် အဖြူရောင်ဖြစ်ပြီး မျက်နှာတစ်ဖက်တွင် ကြယ်ပုံများရှိပြီး နောက်တစ်ဖက်တွင် လခြမ်းပုံတစ်ခုရှိသည်။ အသီးက အလင်းများ တောက်ပနေပြီး သူ့မျက်လုံးရှေ့တွင် လွင့်မျောနေသည်။

ဒင်

“လကြွယ်သစ်သီး တစ်လုံးရရှိခဲ့သည့်အတွက် ဂုဏ်ယူပါတယ်။ ဒီအသီးသည် ကြွယ်နှင့်လ၏ အနှစ်သာရများကို စုတ်ယူပြီး အနှစ်တစ်ရာကြာမှသာ မှည့်သည်။ စားသုံးလိုက်ပါက သင့်ခန္ဓာကိုယ်ကို သန့်စင်ရန်၊ သွေးများကို သန့်စင်ရန်နှင့် ၎င်းတို့မှာရှိသည့် အညစ်အကြေးများကို ဖယ်ရှားရန် လနှင့်ကြွယ်စွမ်းအားကိုသုံးပြီး အသုံးပြုနိုင်သည်။ အဲဒီနောက်မှာတော့ မင်းရဲ့သွေးတွေထဲမှာ လနှင့်ကြွယ်ရဲ့ သန့်စင်တဲ့ စွမ်းအားတွေ ရှိနေလိမ့်မယ်”

"ဒီလို အသီးက သွေးလောင်ကျွမ်းခြင်းနယ်ပယ်က လူတွေအတွက် အလိုအပ်ဆုံး သဘာဝ ဝိညာဉ်ဆေးတစ်မျိုးပဲ" စနစ်က ရှင်းပြသည်။

လူသားတွေက စိုက်ပျိုးကြတာ မဟုတ်ဘဲ ကမ္ဘာကြီး၏ သဘာဝအတိုင်း ကြီးထွားလာသော ဆေးဘက်ဝင်သည့် အရာများကို သဘာဝဝိညာဉ်ဆေးလို့ ခေါ်ကြသည်။

"ဘယ်လောက်လှလိုက်လဲ"

ဆွန်းမို ပျော်သွားသည်။ လကြွယ်သစ်သီးတစ်လုံးကို စနစ်ဆိုင်တွင် အမှတ်တစ်ထောင်ဖြင့် ရောင်းချပါသည်။

စမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ အကျိုးသက်ရောက်မှု ကောင်းပါက စနစ်ဆိုင်က နောက်တစ်လုံး ထပ်ဝယ်လို့ရသည်။ ဘယ်လိုပဲပြောပြော သူ့မှာ လေးစားအထင်ကြီးမှု အမှတ်၂၀၀၀ ကျော်ရှိနေသည်။ ဒီလောက်တော့ သူတတ်နိုင်တာပေါ့။

ပိုင်ရှင်က ပစ်မှတ်အား စေတနာကောင်း ထားခြင်း၊ အထင်ကြီးခံရခြင်း၊ ကြောက်ရွံ့ခြင်း၊ လေးစားခြင်း၊ ကိုးကွယ်ခြင်းနှင့် ဖော်ရွေခြင်းဆိုင်ရာ ခံစားချက်များကြောင့် လေးစားအထင်ကြီးမှု အမှတ်များကို ရနိုင်သည်။

ကြိုက်သည့်အချက်ကတော့ အမှတ်များကို စနစ်ကုန်စုံဆိုင်တွင် ငွေကြေးအဖြစ်သုံး လို့ရခြင်း ဖြစ်သည်။ ၎င်းက စွမ်းရည်စာအုပ်များ၊ အမျိုးမျိုးသော ကျင့်ကြံခြင်းကျင့်စဉ်များ၊ မြေပုံများ၊ ဆေးဝါးများ၊

လက်နက်များ၊ အိမ်မွေးတိရစ္ဆာန်များ အကန့်အသတ်မရှိ ဝယ်နိုင်သည်။

တစ်ချိန်တည်းမှာပင် ပိုင်ရှင်သည် တူညီသော ပစ်မှတ်က အမှတ်များ ပိုပြီး များများရလေလေ ပိုင်ရှင်နှင့် ပစ်မှတ်ကြား ဆက်ဆံရေးကလည်း နက်ရှိုင်းလာလေလေ ဖြစ်သည်။

ထိုဆက်ဆံရေးကို ဂုဏ်ဒြပ်ချိတ်ဆက်ခြင်းလို့ ခေါ်ကြပြီး အဆင့်သတ်မှတ်ချက်အဖြစ် မသိ၊ မူလ၊ ရင်းနှီး၊ လေးစား၊ ရိုသေ၊ ကိုးကွယ်ဆိုပြီး အမှတ်များကို အခြေခံပြီး တွက်ချက်နိုင်သည်။

ဆွန်းမိုက လူနှစ်ယောက်ကြား ဆက်ဆံရေးသည် ကိုးကွယ်သည့်အဆင့်ကို ရောက်သွားပါက ဘယ်လိုဖြစ်လာနိုင်လည်းဆိုတာ စနစ်ကို မေးခဲ့ပေမယ့် စနစ်က ပြန်မဖြေခဲ့ပါ။ ဆွန်းမိုက ၎င်းတွင် ကြီးမားသော အကျိုးရှိမယ်လို့ ခံစားမိသည်။

“အမ်”

ဆွန်းမိုက လုချီဟွာ ခေါင်းကို ထပ်မံထိလိုက်သည်နှင့် လီဇီချီ နှုတ်ခမ်းများတွန့်သွားပြီး နည်းနည်း စိတ်ညစ်သွားသည်။

ဆွန်းမိုသည် လီဇီချီ၏ တုန့်ပြန်မှုကို မြင်သော်လည်း သူမခေါင်းကို ပွတ်ရန် လက်ကို မလှမ်းခဲ့ပါ။

သူ့မှာ မဖွင့်ရသေးသည့်ရွှေရောင် ရတနာသေတ္တာ တစ်လုံးရှိနေသေးသည်။ ဒါ့အတွက်လည်း အဖြေ မရှိပါ။ (မင်းက ရင်သားသေးတယ်၊ ထိလိုက်မိရင် ငါကံဆိုးသွားလိမ့်မယ်)

စာစဉ် (၇)

အခန်း (၉၁) - ဆွန်းမိုသည် အနက်ရောင်ရတနာသေတ္တာမှ လကြွယ်သစ်သီးတစ်လုံး ရလိုက်သည့်အတွက် အမြတ်ထွက်သွားသည်။

ရတနာသေတ္တာ နောက်တစ်လုံး..

ငွေရောင်ရတနာသေတ္တာသည် တောက်ပနေသည်။ ဖွင့်လိုက်ပြီးနောက် ရတနာသေတ္တာ၏ အရောင် မမှိန်သေးခင်မှာပင်

ဆွန်းမိုသည်   ကြေးရောင်တောက်ပနေသာ အရာဝတ္ထုတစ်ခုကို မြင်နေရသည်။

အချိန်တံဆိပ်တစ်ခုလား။

ဒင်

" အချိန်တံဆိပ် တစ်ခုကို ရရှိလိုက်သည့် အတွက် ဂုဏ်ယူပါတယ်။ ၎င်းကို အသုံးပြုပြီးနောက် သင်သည် ဆယ်နှစ်စာ အတွေ့အကြုံနှင့် တူညီသော ကျွမ်းကျင်မှု တစ်ခုကိုမြှင့်တင်ပေးနိုင်ပါသည်"

စနစ်က ပြောသည်။

အချိန်တံဆိပ်ကို ကျောက်စိမ်း အမျိုးအစားနှင့် ပြုလုပ်ထားသည်။ ထိုအရာသည် ကြေးဝါရောင်တောက်နေပြီး မာဂျောင် ကြွေပြားနှင့်လည်း တူသည်။ ‘ဆယ်’ ဟုသော စာလုံးကို ထွင်းထုထားသည်။

ဆွန်းမိုသည် လေချွန်လိုက်မိပြီး လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။

တကယ်ကို လုချီဟွာက ကံကောင်းစေသည်။

“သေချာပေါက် ငါ့ရဲ့ ကံကောင်းစေတဲ့ ကြယ်ကလေးဘဲ”

ဆွန်းမို အရမ်းပျော်နေသည်။ ဒါက သူအလိုချင်ဆုံး အရာဖြစ်သည်။

ဝက်များက မစင်ကို မကြောက်သလို လူများကလည်း ကျော်ကြားဖို့ကို မကြောက်ပါ။ ဒါက အရင်ကတည်းက တည်ရှိခဲ့သည့် ဒဿန ဖြစ်သည်။ ဒီနေ့ သူ့ရဲ့ ပထမဆုံး ဟောပြောပွဲမှာ ဆွန်းမို က သူ့ကိုယ်သူ မီးမှောင်း ထိုးပြနိုင်ခဲ့တယ်လို့ ပြောနိုင်သည်။ ဒါပေမယ့်လည်း ဒါက နောက်ကွယ်ကနေ အန္တရာယ်တွေကို ခေါ်လာသည်။

ကျန်ဟန်ဖူ၏ ရန်လိုမှုကို ဖယ်ထားလိုက်အုံး အစမ်းခန့်ဆရာများကလည်း မနာလိုစိတ်ကြောင့် ရန်လိုလာနိုင်သည်။ သူ့ကိုစိန်ခေါ်ဖို့ အခွင့်အရေး ရှစ်ဆယ်နှင့် ကိုးဆယ် ရာခိုင်နှုန်းလောက် သေချာသည်။

အစမ်းခန့်ဆရာများသည် အမြင့်တက်ချင်ရင် ဘာလုပ်ကြမှာလဲ။ သူတို့ ခြေနင်းကျောက်ကို ရှာကြလိမ့်မည်။

အခုအချိန်တွင် ဆွန်းမိုက အကျော်ကြားဆုံးနှင့် အကောင်းဆုံး ခြေနင်းကျောက် ဖြစ်နေသည်။

သူ့ကိုသာ နှိမ်နင်းအောင်မြင်လိုက်ရင် တစ်ပွဲတည်းနှင့် ကျော်ကြားလာရုံသာမက ကျန်ဟန်ဖူ၏ အသိအမှတ်ပြုမှုကိုလည်း ရနိုင်သည်။

ဒါကြောင့် ဆွန်းမိုကို အစမ်းခန့်ဆရာများက သေချာပေါက် ပြဿနာ ရှာလာနိုင်သည်။ အခုအချိန်တွင် ခွန်အားတိုးတက်ဖို့ သေချာပေါက် လိုအပ်နေသည်။

ဆရာတစ်ယောက်ဖြစ်ချင်ရင်တော့ အထိအခိုက် ခံနိုင်မှဖြစ်မည်။ မြတ်ဆရာတစ်ယောက်ဆိုရင် ပိုတောင် ဆိုးနိုင်သေးသည်။

ခိုင်ခံ့သော ကျင့်ကြံခြင်း အခြေခံနှင့် ခွန်းအားတိုးတက်အောင်လုပ်ပြီး တခြားအသက်မွေး ဝမ်းကြောင်း ပညာများကိုလည်း လေ့လာရသည်။ ဒီအချက်ကို ကြည့်လိုက်ရုံဖြင့် မြတ်ဆရာများသည် ဘယ်လောက်တောင် အားစိုက်ထုတ်ရလည်း ဆိုတာကို သိနိုင်သည်။

ဆွန်းမို၏ ကျင့်ကြံခြင်း အဆင့်သည် အစမ်းခန့် ဆရာများကြားတွင် ပျမ်းမျှအောက်သာ ရှိနေသည်။ တိုက်ပွဲ စွမ်းရည်နှင့် ပက်သက်လာရင်လည်း မလုံလောက်သေးပါ။

အရင်က ကျင့်ကြံထားသည့် ကျင့်စဉ်ကလည်း ပြင်းထန်မိုး ခါးကျင့်စဉ်သာ ဖြစ်နေသည်။

ဒါက အကြမ်းဖြင်း ပြောရရင် ကျင့်ကြံခြင်းနယ်ပယ် ကျယ်ပြန့်လွန်းလှသည်။ သာမန်စံနှုန်းရှိသည့် အစမ်းခန့်ဆရာများကို ရင်ဆိုင်ရသည့် အခါ သူဆယ်ကြိမ်ထက်မနည်း ရပ်တည်နိုင်လိမ့်မည် ဒါမှမဟုတ် ကံကောင်းမှသာ ဆက်တိုက် နိုင်နိုင်သည်။ ကူရှုပ်ရှင်းလို၊ ဒါမှမဟုတ် အနောက်ဘက်ကမ်းရိုးတန်း စစ်ကျောင်းက

ဂေါင်ပန်တို့နှင့် တိုက်ခိုက်ရမည်ဆိုပါက သူသေချာပေါက် ရှုံးနိမ့်သွားနိုင်သည်။

သဏ္ဍာန်မဲ့မြင့်မြတ်စကြ်ဝဠာ ကျင့်စဉ်သည် အဆင့်မရှိသူတော်စင် အဆင့်ကျင့်စဉ်ဖြစ်သည်။ သူ၏ အဓိက ရည်ရွယ်ချက်မှာ ကျင့်ကြံခြင်းကျင့်စဉ် တစ်ခုခြင်းစီ၏ ကောင်းသောအချက်နှင့် ဆိုးသောအချက်များကို သင်ယူနိုင်ပြီး ကျောင်းသားများကို အမျိုးမျိုးသော ကျင့်စဉ်များကို သင်ပေးနိုင်သည့်အပြင် တိုက်ခိုက်ရေးစွမ်းရည်လည်း အစွမ်းထက်တယ်လို့ သတ်မှတ်နိုင်သည်။

ဘယ်လိုပဲပြောပြော ကျင့်ကြံခြင်းကျင့်စဉ် အမျိုးအစားအားလုံးကို အတုယူနိုင်ပြီး သူတို့၏ တိုက်ပွဲဝင်စိတ်နှင့် ပုံစံများကို ရရှိနိုင်သည်။ ထိုအရာက အတုယောင်ဖြစ်ပြီး ကိုယ်ပိုင်စွမ်းအားလို့ မသတ်မှတ်နိုင်သော်လည်း သုံးစွဲသူကို အံ့အောသင့်ဖွယ် အလှည့်အပြောင်းတစ်ခုကို ဖန်တီးပေးနိုင်သည်။ အဲဒီတစ်ချက်နှင့်တင် လုံလောက်ပါသည်။ ဒါကလည်း သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာ ကျင့်စဉ်၏ အခြေခံစွမ်းရည်သာ ဖြစ်သေးသည်။ ကျင့်စဉ်ကို ကျွမ်းကျင်မှု အဆင့်ပိုမြင့်လာအောင် ကျင့်ကြံနိုင်ပါက

ဥပမာအားဖြင့် ပဉ္စမအဆင့်တွင် ပြိုင်ဘက်ကိုလုံးဝ အနိုင်ယူနိုင်ပေသည်။

ပြောချင်တာက ပြိုင်ဘက်က စတင်တိုက်ခိုက်လိုက်သည်နှင့် တူညီသော နည်းစနစ်ဖြင့် ပြီးပြည့်စုံစွာ တန်ပြန်တိုက်ခိုက်နိုင်သည်။

ဒါကိုတွေးမိပေမယ့်လည်း ဆွန်းမိုကတော့ အဆင်မပြေသေးပါ။ သူကချက်ခြင်း သဏ္ဌာန်မဲ့မြင့်မြတ်စကြ်ာဝဠာ ကျင့်စဉ်ကို ပဉ္စမအဆင့်ထိရောက်အောင် မမြှင့်တင်နိုင်သေးပါ။

ဒါပေမယ့်လည်း ဆွန်းမိုတွင် ရှုပ်ထွေးနေသော မေးခွန်းတစ်ခုရှိနေသည်။ ဆွန်းမို၏ ဖခင်သည် ဗဟိုပြည်နယ် အကယ်ဒမီက ပါရမီရှင်တစ်ယောက်ဖြစ်ပြီး အရင်ကျောင်းအုပ်ကြီးက သဘောကျခဲ့သည့် သူလည်းဖြစ်သည်။ မဟုတ်ပါက ကျောင်းအုပ်ကြီးသည် သူ၏ မြေးဖြစ်သူနှင့် ဆွန်းမိုကို ထိမ်းမြားပေးဖို့ မလုပ်ခဲ့နိုင်ပါ။

သဘောတရားအရဆို ပါရမီရှင်ကြီးသည် သူ့သားအတွက် အဆုံးစွန်ဆုံးသော ကျင့်စဉ် နှင့် စွမ်းရည် စာအုပ်တချို့ကို ထားပစ်ခဲ့ရမည်

မဟုတ်ပါလား။ နည်းစနစ်တွေက သူတော်စင်အဆင့် မရှိရင်တောင် အနည်းဆုံး ကောင်းကင် အဆင့်တော့ ရှိသင့်သည်။

ဆွန်းမိုလည်း စဉ်းစားမရဖြစ်နေပြီး သူ့ မူလကိုယ်ခန္ဓာကိုယ်၏ အဖေအဖြစ် သတ်မှတ်ဖို့အတွက် စောလွန်းနေသည်။

ကြေကွဲခြင်းမရှိရေကန်ကို မြင်လိုက်ရင် ဆွန်းမိုက လမ်းလျှောက်နေတာကို ရုတ်တရက် ရပ်လိုက်ပြီး မိန်းကလေးနှစ်ယောက်ကို ကြည့်လိုက်သည်။

“မင်းတို့တွေ သွားလေ့ကျင့် နေလို့ရတယ်၊ ငါလုပ်စရာရှိသေးလို့ အရင်သွားနှင့်မယ်”

“ဘာကိစ္စလဲ”

လီဇီချီက မျက်လုံးမှေးလိုက်ပြီး သိချင်စိတ်နှင့် မေးလိုက်သည်။ “လှျို့ဝှက်ချက်”

ဆွန်းမိုက ပြောပြီးသည်နှင့် လှည့်ထွက်သွားသည်။

“အာ”

လုချီဟွာက ဆွန်းမို အင်္ကျီကို ဖမ်းဆွဲရန် လက်ကို လှမ်းလိုက်မိသည်။ သူမ အနည်းငယ်စိတ်ပျက်ပြီး ကြောက်နေသည်။

လုချီဟွာက မရင်နှီးသည့် ကျောင်းဝန်းအတွင်းတွင် ဆွန်းမိုနောက်ကို လိုက်နေမှ လုံခြုံတယ်လို့ ခံစားရသည်။

"သွားရအောင်၊ ငါမင်းကို ကျောင်းဝန်းအတွင်း လိုက်ပြမယ်"

လီဇီချီက လုချီဟွာ ဆွန်းမိုကို မနှောက်ယှက်နိုင်အောင် သူမလက်ကို ဆွဲထားလိုက်သည်။

လူတိုင်းကိုယ်ပိုင် အချိန်လိုအပ်သည်။ ဆရာဆွန်းက သူများနောက်လိုက် မဖြစ်သ၍

ဘယ်ကိုသွားသွား အဆင်ပြေသည်။ တကယ်က တစ်ယောက်ယောက်၏ နောက်လိုက်ဆိုတာ အနာဂတ်မရှိခြင်းကို ဆိုလိုသည်။

“ မင်းလဲ လူသစ်ပဲ မဟုတ်ဘူးလား” လုချီဟွာက မေးသည်။

လီဇီချီက ကြောင်ပြီးကြည့်နေသည်။ (မင်းလဲ လူသစ်ပဲလေ။ မင်းကဘယ်လို ကျောင်းဝန်းကို ရင်းနီးမှာလဲ ။ ငါ့ကို အရူးလို လာလုပ်မနေနဲ့။)

“အရင်က ကျောင်းဝန်းထဲကို ခဏခဏ ရောက်ဖူးတယ်”

လီဇီချီက ဒီအတိုင်းဆင်ခြေပေးလိုက်သည်။

"အော်"

လုချီဟွာကလည်း ယုံကြည်စွာ ခေါင်းညိတ်ပြသည်။

"ငါသိပြီ"

"မင်း တကယ်ကြီး ယုံနေတာလား"

လီဇီချီလည်း ဆွံ့အနေသည်။ ယုန်တစ်ကောင်လို အပြစ်ကင်းနေသည့် လုချီဟွာကိုကြည့်ပြီး မှန်ကန်စွာ သင်ကြားပေးသင့်တယ်လို့ တွေးလိုက်သည်။ မဟုတ်ခဲ့ပါက ကမ္ဘာကြီး

ဘယ်လောက်ဆိုးတယ်ဆိုတာကို မသိဘဲ ပညာသင်ဘက် ညီမလေးကို ကောက်ကျစ်သည့် ဝံပုလွေများက လှည့်စားသွား နိုင်သည်။

ဆွန်းမိုသည် ဆရာဖြစ်လာပြီးနောက် ဆရာများအတွက် သီးသန့်ပေးသည့် အခန်းများကို သုံးနိုင်သည်။

ဥပမာဆိုရင် ကျင့်ကြံခြင်း အခန်းများ၊ အဲဒါက ကျောက်တုံးတွေ သတ္တုတွေနှင့် တိကျသေချာစွာ ဆောက်လုပ်ထားသည်။

ဆွန်းမိုသည် သူ၏ ဆရာတံဆိပ်ကို ထုတ်ကာ အုပ်ချုပ်ရေးမှူးကို ပေးပြီး ကျင့်ကြံခြင်း အခန်းထဲကို ဝင်သွားသည်။

ပြီးတာနဲ့ ချက်ခြင်းပဲ တံဆိပ်ပြားကို ချေမွလိုက်သည်။

ဖောင်း

ကြေးရောင်အလင်းတန်းများ ထွက်ပေါ်လာသည်။ ထိုအလင်းတန်းများသည် ဆွန်းမိုကိုယ်က သံလိုက်နှင့် ဆွဲလိုက်သလို အားလုံး ဝင်ရောက် ပျောက်ကွယ်သွားပြီး သူ့ကို

အစိမ်းရောင်တောက်ပနေသည့် အလင်းများ ဝန်းရံထားသည်။

“ စနစ် အရောင်ဆက်တင်ကို ပြောင်းလို့ မရဘူးလား”

ဆွန်းမို မေးလိုက်သည်။ သူအရင်က ကြုံဖူးပေမယ့် ဒီအရောင်ကို မကြိုက်ပါဘူး။

အစိမ်းအရင့်ရောင်သည် ယောက်ျားတိုင်းနီးပါး မကြိုက်သည့်အရောင်ဖြစ်သည်။ သူ့လို လုံးဝချောမောသည့် ကောင်လေးတောင် မရပါဘူး။

"လူတစ်ယောက်က ကောင်းကောင်းနေချင်ရင် အောက်ခံဘောင်းဘီတောင် အစိမ်းရောင် ဝတ်သင့်တယ်"

စနစ်က ပြန်ပြောသည်။

"မ...အ....လ... လိုက် ''

ဆွန်းမို ပေါက်ကွဲသွားသည်။ ဒါပေမယ့်လည်း ခဏကြာတော့ သူ့တစ်ကိုယ်လုံး ရေနွေးကန်ထဲတွင် စိမ်နေသလို ပူနွေးလာသည်။ မရေမတွက်နိုင်သည့် မြင်ကွင်းများ စိတ်ထဲတွင်ပေါ်လာသည်။

အချိန်က မြွားတစ်စင်းလို ဆယ်နှစ်ကို ကျော်ဖြတ်သွားသည်။

ဒင်

"ဂုဏ်ယူပါတယ်။ သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာ၏ မဖျက်ဆီးနိုင်သော ရွှေကိုယ်ထည်ကို မဟာအဆင့် ကျွမ်းကျင်မှုအထိ တတ်မြောက် သွားပါပြီ။ သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာ၏ ကောင်ပီကူးခြင်းကိုလည်း ကျွမ်းကျင် အဆင့်ထိ တတ်မြောက်သွားပါသည်။

စနစ်က တည်ငြိမ်သည့်အသံနှင့် ကြေငြာလိုက်သည်။

ဆွန်းမို သစ်သားဓါးကို ဆွဲထုတ်လိုက်ပြီး စိတ်ထဲက တိုးတက်လာသည့် အသိဉာဏ်များကို ပုံဖော်လိုက်သည်။

ဒါက သဏ္ဍာန်မဲ့မြင့်မြတ်စကြ်ဝဠာ တတိယအဆင့်မှ ရသော လျှို့ဝှက် နည်းစနစ်ဖြစ်သည်။

'ကော်ပီ' ၏ အဓိပ္ပာယ်မှာ ဆွန်းမိုသည် ပြိုင်ဘက်၏ လှုပ်ရှားမှုကို

တစ်ခါမှမတွေ့ဖူးသော်လည်း တစ်ကြိမ် တိုက်နေရုံနှင့် ၎င်းကို အပြည့်အဝ ကူးယူနိုင်သည်။ တတိယအဆင့်က ပြိုင်ဘက်၏လှုပ်ရှားမှုကို ကူးယူခွင့်ပြုထားသည်။

အတွေ့အကြုံရှိသည့် ပြိုင်ဘက်နှင့်သာ တွေ့ဆုံခဲ့ရပါက သူတို့ကြားက ခြားနားချက်ကို ချက်ခြင်း သိသွားနိုင်သည်။ ဆွန်းမို၏ လှုပ်ရှားမှုက အတုအယောင်သာဖြစ်ကြောင်းကို ပြိုင်ဘက်က သိနေနိုင်သည်။ ဒါပေမယ့် စတုတ္ထအဆင့် နတ်ဘုရားရည်ရွယ်ချက် အဆင့်ကို ရောက်ပါက

သူသည် ပြိုင်ဘက်ကျင့်စဉ်၏ လှုပ်ရှားမှုနှင့် တိုက်ခိုက်ရေး စိတ်ဝိညာဉ်ကို ကူးယူနိုင်မည်။

ပုံစံနှင့် စိတ်ဝိညာဉ် နှစ်ခုစလုံးကို ကူးယူလိုက်ပါက မူလပိုင်ရှင်တောင် ကွဲပြားမှုကို မသိနိုင်တော့ပါ။

ဆွန်းမိုသည် အချိန်တံဆိပ်ကို သုံးပြီး သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာ၏ တတိယအဆင့်ကို သင်နိုင်ခဲ့သော်လည်း သာယာနေပြီး တခြားသူများကို လျှော့မတွက်ရဲပါ။ အဲ့အစား သူ၏ ကျင့်ကြံခြင်းကျင့်စဉ်ကိုသာ ထပ်ခါထပ်ခါ လေ့ကျင့်နေခဲ့သည်။

ထပ်ခါတလဲလဲ လေ့ကျင့်ခြင်းအားဖြင့် ဆွန်မို၏ ကျင့်ကြံခြင်းနှင့် ကျွမ်းကျင်မှုသည် အဆင့်တစ်ခုထိ မြင့်တက်လာသည်။

ဒီကျင့်ကြံခြင်း ကျင့်စဉ်ကို ဖန်းတီးခဲ့သည့်လူက တကယ်ကို ထူးချွန်ထက်မြက်ကြောင်း မနေနိုင်ဘဲ တွေးလိုက်မိသည်။ ပြီးတော့ ကျင့်ကြံခြင်းကို သင်ယူသည့် လူကလည်း အလားတူ ထူးချွန်နေဖို့ လိုအပ်သည်။

ပထမ အဆင့်နှစ်ဆင့်အတွက် ထူးပြီး ပြောစရာမရှိသော်လည်း တတိယအဆင့်အတွက်ကမူ

မြင့်မားသည့် သုံးသပ်ချက် ရှိနေဖို့လိုသည်။ တကယ်လို့ ပြိုင်ဘက်၏ လှုပ်ရှားမှုကို အသေးစိတ်ခန့်မှန်းပြီး လှုပ်ရှားနိုင်ခြင်းမရှိပါက မကူးယူနိုင်ပါ။ သူ့မျက်လုံးထဲတွင် နွေးထွေးသော စီးကြောင်းကို ခံစားရပြီး ထိုအခိုက်အတန့်တွင် အရာအားလုံးကို ပိုပြီးရှင်းရှင်းလင်းလင်း မြင်လာကာ ကမ္ဘာကြီးကလည်း နှေးကွေးသလိုဖြစ်သွားမည်။

ဖုန်နှင့် အညစ်အကြေးများ လေထုထဲတွင် လွင့်မျောနေကြသည်။ ခြင်တစ်ကောင်ဖြတ်ပျံသွားရင်တောင် ဆွန်းမိုက ထိုခြင်ကောင်သည်

အတောင်ပံ ဘယ်နှစ်ချက် ခတ်ခဲ့လည်း ဆိုတာကိုတောင် မြင်နိုင်သည်။

ကူးယူခြင်း မလုပ်ရင် ကမ္ဘာကြီးက ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။

“ဘယ်လို ဆန်းသစ်တဲ့ ခံစားမှုလဲ”

ဆွန်းမို စိတ်ထဲက အကြိမ်ပေါင်းများစွာ ခံစားရင်း ချီးကျူးလိုက်သည်။ သူ့တွင် အချိန်တံဆိပ်သာ မရှိပါက တတိယအဆင့်ကိုရောက်ပြီး ကူးယူခြင်းကို သင်ယူရန် အချိန်တစ်နှစ် သို့မဟုတ် နှစ်နှစ်လောက် မြှုပ်နှံထားခြင်း မရှိဘဲ မလုပ်နိုင်ပါ။

သူခေါင်းယမ်းလိုက်ပြီး စိတ်ရှုပ်စရာများကို ဖယ်ထုတ်လိုက်သည်။ ထို့နောက်သူ့ကိုယ်ပေါ်က အရေပြားပေါ်တွင် ရွှေရောင်များတောက်လာပြီး ဖျက်ဆီးမရသော ရွှေကိုယ်ထည် ပေါ်လာသည်။

ဒီပုံစံက သူ့ကို တောက်ပပြီး ခန့်ညားသွားစေသည်။ ထို့နောက် ကျွမ်းကျင်မှု ပိုပြီးတိုးတက်လာစေရန် ကူးယူခြင်းကို နောက်တစ်ကြိမ် လုပ်လိုက်သည်။

ဆွန်းမိုသည် လကြွယ်သစ်သီးကို စားရန် အလျှင်မလိုပါ။ သူသည် သွေးလောင်ကျွမ်းခြင်း

နယ်ပယ်အကြောင်းကို တိကျစွာသိရှိရန် လေ့လာမှုများလုပ်ဖို့ ပြင်ဆင်ထားသည်။

တကယ်တော့ ဒါက ဆွန်းမို ပထမဆုံးအကြိမ် အဆင့် ချိုးဖြတ်တက်ဖို့ ကြိုးစားတာ ဖြစ်သည်။ မလုပ်ခင်ကြိုတင်ပြီး ပြင်ဆင်တတ်သည့် လူတစ်ယောက်အနေဖြင့် ဘယ်လို မတော်တဆမှုမျိုးမှ မကြုံချင်ပါ။

....

“ဆွန်းမို............................ငါမင်းဘဝကို လွယ်လွယ်လေး ဖြတ်သန်းခွင့် မပေးနိုင်ဘူး.....................”

ဂေါင်ပန်သည် ဘီလူးစီးနေသည့်မျက်နှာနှင့် ဖြစ်နေသည်။ သူအဆောင်တံခါးကို တွန်းဖွင့်လိုက်ပြီးနောက် လန့်သွားသည်။

လူလေးယောက်သာရှိသည့် အဆောင်အခန်းထဲတွင် အခုရှစ်ယောက်ရှိနေသည်။ ဂေါင်ပန်ပြန်ရောက်လာတာကို မြင်ရင်

တိုးတိုးတိတ်တိတ် ပြောနေကြသည့် လူများ ချက်ခြင်း ထရပ်လိုက်ကြသည်။

“ဆရာဂေါင်၊ ဂုဏ်ပြုပါတယ်”

သူတို့အားလုံးသည် အစမ်းခန့်ဆရာများ ဖြစ်ပြီး တစ်ယောက်ပြီးတစ်ယောက် ပြောနေကြသည်။

ကောင်းကင်ပေါ်က မျက်လုံးလို လူတိုင်းကို အထင်းသေးသည့်မျက်လုံးနှင့် ကြည့်တတ်သည့် ချင်ဖန်နှင့်နှိုင်းယှဉ်ရင် ဂေါင်ပန်က လူမှုဆက်ဆံရေး ပိုကောင်းသည်။

ဂေါင်ပန်သည် ခါတိုင်းဆိုရင် ဒီလူများနှင့် ရယ်ရယ်မောမော စကားပြောနေကြပါ။ ဒါပေမယ့် ဒီနေ့တော့ ပြောချင်စိတ်ကို မရှိတာပါ။

“ဆရာဂေါင်၊ ငါတို့အားလုံး ပိုက်ဆံ နည်းနည်းခြင်းဆီစုပြီး မင်းရဲ့ ပထမဆုံး လူထုဟောပြောပွဲအတွက် ဂုဏ်ပြုမလို့ မသေမျိုး အရက်သမားအင်းမှာ ထမင်းစားဖို့ ဖိတ်ခေါ်ချင်ပါတယ်” အစမ်းခန့်ဆရာတစ်ယောက်က ပြောလိုက်သည်။ သူသည် ဂေါင်ပန်၏ အခန်းဖော်လည်း ဖြစ်သည်။

သူသည်ပြောလိုက်ပြီးနောက် စိတ်ထဲတွင် အားကျစိတ်များ ပေါ်လာသည်။ သူတို့ကတော့ ရှေ့တွင် ဆရာဆိုသော စကားလုံးကိုထည့်သော်လည်း ရယ်စရာ ဖြစ်နေသည်။ အကြောင်းကတော့ တရားဝင် ဆရာအချင်းချင်း ဂုဏ်ပြုသောအားဖြင့် တစ်ယောက်ယောက်ကို ခေါ်ရာတွင် ဆရာဆိုသော စကားကို ပြောကြသည်။

"ငါ မအားဘူး"

'ပထမဆုံး လူထုဟောပြောပွဲ' ဆိုသည့် စကားကို ကြားလိုက်ရင် ဂေါင်ပန် မျက်နှာ

မည်းမှောင်သွားသည်။ ထို့နောက် ကုတင်ပေါ်ကို သွားကာ မှောက်အိပ်နေသည်။

အစမ်ခန့်ဆရာများလဲ စိတ်ပျက်သွားကြသည်။

"ဆရာဂေါင် ၊ ငါတို့ကို နည်းနည်းမျက်နှာသာပေးအုံး၊ ငါတို့လည်း မင်းနဲ့ အတူ အောင်ပွဲ ခံချင်တယ်။ ငါတို့က မင်းဆရာဖြစ်လာတာကို ဂုဏ်ပြုမလို့ ပိုက်ဆံစုပြီး လက်ဆောင်တောင် ပြင်ထားတယ်၊ လက်ဆောင်ကို မင်းသဘောကျမှာ သေချာတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစမ်းခန့် ဆရာတစ်ယောက်က ဖိတ်စာကိုထုတ်ပြီးပြောလိုက်ပြန်သည်။

"ဒီနေ့ ကျောင်းသားတွေ ဘယ်နှစ်ယောက်လာလဲ၊ ထိုင်ခုံတွေကော ပြည့်သွားတယ် မဟုတ်လား"

" ပြည့်တယ်၊ ဆရာဂေါင်က ငုံ့ကြည့်နေတာမှ မဟုတ်တာ ခန်းမထဲမှာ ကျောင်းသား စုဝေးနေမှာတော့ သေချာတယ်"

"ဘယ်လိုပဲ ဖြစ်ဖြစ် ကျောင်းသားတွေ အများကြီး သွားကြမှာတော့သေချာတယ်။

ကျောင်းခေါင်းဆောင် ဘယ်နှစ်ယောက်လာလဲ၊ ကျောင်းအုပ်ကြီးနဲ့ ကူရှုပ်ရှင်းကော ရောက်လာလား”

အစမ်းခန့် ဆရာများသည် ငွေမကုန်နိုင်သည့် ဂုဏ်စကားများကို ကျယ်လောင်စွာ ပြောဆိုနေကြသည်။

စာစဉ် (၇)

အခန်း (၉၂) - အစမ်းခန့်ဆရာများသည် ဒီနေ့တွင် သင်ကြားရေး လက်ထောက်ဖြစ်လာခဲ့ကြသည်။

ထို့အပြင် ဂေါင်ပန်အတွက်လည်း ကိုယ်တိုင်ကိုယ်ကျ လက်ဆောင်ပြင်ပေး နေကြသောကြောင့် ဘယ်သူမှ အပြင်ကို မသွားဖြစ်ခဲ့ကြပါဘူး။

သူတို့၏ အမြင်တွင် ဂေါင်ပန်အား ဗဟိုပြည်နယ် အကယ်ဒမီတွင် ဘယ်သူကမှ မနှောက်ယှက်နိုင်ပါ။

"ပါးစပ်ပိတ်ထား"

ဂေါင်ပန် အော်ထုတ်လိုက်သည့် အသံပျံ့သွားသည်။ သူ့အသံထဲတွင် စိတ်ဓါတ်ကျမှုများ ပါဝင်နေသည်။

အစမ်းခန့်ဆရာ အားလုံးလည်း ကြောင်သွားပြီး တစ်ယောက်နှင့် တစ်ယောက် ကြည့်လိုက်ကြသည်။ ဂေါင်ပန် ဘာဖြစ်နေတာလဲ။ သူအဆင်မပြေဘူးလား။

“ဆရာဂေါင်ပန် ဒီမှာရှိတဲ့ လူတွေက မင်းအတွက် ပွဲလုပ်ပေးချင်ကြတာပါ ငါတို့ရဲ့ စေတနာ..........”

အစမ်းခန့်ဆရာသည် စကားဆုံးအောင်တောင် မပြောလိုက်ရဘဲ ဂေါင်ပန်၏ ဖြတ်အော်တာကို ခံလိုက်ရသည်။

"ငါ မင်းပါးစပ်ကို ပိတ်ထားဖို့ ပြောထားတယ်နော်"

ဂေါင်ပန်က စောင်ကိုမြှောက်ကာ အစမ်းခန့်ဆရာကို ကြည့်ပြီး ပြောလိုက်သည်။

အခန်းထဲ တိတ်ဆိတ်သွားသည်။ အစမ်းခန့်ဆရာများ အားလုံးလည်း သူတို့ဘာအမှားလုပ်မိမှန်း မသိသဖြင့် ကြောင်နေကြသည်။

"အားလုံးပဲ လူစုခွဲရအောင် "

အစမ်းခန့်ဆရာတစ်ယောက်က တိုးတိုးလေး ပြောလိုက်သည်။

လူတိုင်းလည်း အကြာကြီး မနေရဲတော့ဘဲ ငှက်များ၊ ပျားများလို ထွက်သွားကြသည်။

လူလွတ်နေသည့် အခန်းကိုကြည့်ရင်း ဂေါင်ပန်လည်း စိတ်မထိန်းနိုင်တော့ဘဲ တွေ့သည့်အရာများကို ရိုက်ခွဲ ဖျက်ဆီးနေသည်။

(သွားပြီ)

(လုံး၀ကို ပြီးသွားပြီ)

မူလက ကောင်းမွန်သည့် လုပ်ဆောင်မှုကို ပြသချင်ခဲ့သည်။ ဒါပေမယ့်လည်း သူ၏ အသက်မွေးဝမ်းကြောင်းက ပထမခြေလှမ်းမှာတင် လဲကျသွားသည်။ မဟုတ်ဘူး။ ဒါက ရိုးရှင်းသည့် ကိစ္စမဟုတ်ဘူး။ ဆွန်းမိုက သူ့ခြေထောက်ကို တိုက်ရိုက် ရိုက်ချိုးလိုက်တာ။

ဆရာ အသစ်လေးယောက်ထဲမှာ သူသာ တက်ရောက်သည့် လူဦးရေ အနည်းဆုံး ဖြစ်သွားနိုင်သည်။ တကယ်တော့ သူ၏ တိုက်ရိုက် တပြည့်တစ်ယောက်တောင် ဆွန်းမို၏ ဟောပြောပွဲကို

ပြေးသွားခဲ့သည်။ ဒါက သူ့ ဟောပြောပွဲကို လုံးဝ ပျက်ဆီးသွားစေသည်။

ကျောင်းသားလေးယောက်ဆိုသော

ကိန်းဂဏန်းသည် သမိုင်းမှာ အနည်းဆုံး မဟုတ်သော်လည်း အောက်ခြေကတော့ သေချာသည်။

"ဆွန်းမို၊ သုံးလအတွင်းမှာ မင်းကို ခြေထောက်အောက် မနင်းနိုင်ရင် ငါ့မျိုးရိုးကို မင်းမျိုးရိုးနာမည် ပြောင်းလိုက်မယ်"

ဂေါင်ပန် စိတ်ထဲကနေ ကျိန်ဆိုနေသည်။

အစမ်းခန့်ဆရာများ အုပ်စုလည်း ထွက်လာပြီးမကြာခင် ဂေါင်ပန်စိတ်ဆိုးရသည့် အကြောင်းအရင်းကို သိသွားကြသည်။

ဆွန်းမိုကတော့ သူ့ဟောပြောပွဲကို ကျယ်လောင်စွာ ပြီးဆုံးခဲ့သည်။ ဟောပြောပွဲခန်းမသည် လူ ၃၀၀ ဆန့်သော်လည်း အပြည့်ရှိရုံသာမက ဟောပြောပွဲကို နားထောင်လိုသော ကျောင်းသားတချို့ စင်္ကြံန်တွင် ရပ်နေခဲ့ရသည်။

ထိုစံချိန်သည် ဗဟိုပြည်နယ်အကယ်ဒမီ၏ နှစ်တစ်ရာ စံချိန်ကို ကျော်တက်သွားသည်။

တက်ရောက်သည့် လူအရေအတွက်ကို တွက်ချက်ရန် တိကျသည့် နည်းလမ်းမရှိပါ။

....

အဆောင်ကို ပြန်သည့်လမ်းတွင် ကျန်ရှိသည် စိတ်လှုပ်ရှားပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

“အရမ်းမိုက်တယ် ဆရာဆွန်းရဲ့ ရှေ့ဟောင်းနဂါးဖမ်းသည့်လက်က အံ့မခန်းပဲ၊ တကယ်ကို နတ်ဘုရားလက်လို့ ပြောတာ ချဲ့ကားတာ မဟုတ်ဘူးပဲ”

ကျွန်ရှီစိတ်ထဲ၏ အောက်ခြေတွင် ပြင်းထန်စွာ နောင်တရနေခဲ့သည်။

တကယ်လို့ သူသာ သူ့ဖခင်ကိုခေါ်ပြီး ဆွန်းမိုဆီကို လက်ဆောင်တွေနှင့် အလည်အပတ်သွားခဲ့ရင် သူတို့၏ ဆက်ဆံရေး ကောင်းမွန်နေနိုင်ပြီး သူ့ကိုလည်း ရှေ့ဟောင်းနဂါးဖမ်းသည့်လက်နှင့် နှိပ်ပေးနေလောက်သည်။ အခုတော့ သူတို့က အသိအကျွမ်းလိုတောင် သတ်မှတ်လို့မရဘူး။ တစ်ကြိမ်သာ ဆုံးခဲ့ဖူးသည် မဟုတ်ပါလား။

"တောက် ၊ တကယ်တော့ ကို့ကိုယ်ကို ပဲ အပြစ်တင်ရမယ်"

ကျန်ရှီသည် အလွန်ကို စိတ်ဓါတ်ကျနေသည်။ ဆွန်းမို၏ တန်ဖိုးကိုလျှော့တွက်မိသည့် သူ့အပြစ်သာ ဖြစ်သည်။ ဆွန်းမိုလို အစမ်းခန့်ဆရာမျိုးသည် ဘယ်လို တန်ဖိုးမှ မရှိနိုင်ဘူးလို့ သူထင်ခဲ့သည်။

ဒါပေမယ့် ဆွန်းမိုသည် ဒီရက်ပိုင်းအတွင်း တရားဝင် ဆရာဖြစ်လာပြီး သူ၏ ပထမဆုံး လူထုဟောပြောပွဲသည်လည်း အရမ်းကို အောင်မြင်ခဲ့သည်။

ဟောပြောပွဲပြီးသည်နှင့် ဆွန်းမို၏ ရှေ့ဟောင်းနဂါးဖမ်းသည့်လက်ကို တောင်းဆိုကြမည့် ကျောင်းသား အရေအတွက် ပေါက်ကွဲထွက်လာမယ် ဆိုတာကို ကျန်ရှီ ကျိန်းသေပေါက် သိနေသည်။ ထိုအချိန်တွင် သူ အဲဒါနှင့် တွေ့ကြုံရဖို့ အရမ်းကို ခက်ခဲသည်။

“ဟာ, ငါဒါကို သည်းမခံနိုင်ဘူး”

ကျန်ရှီသည် သက်ပြင်းချရင်း သေလောက်အောင် ဝမ်းနည်းနေသည်။ တချိန်က သူ့မှာ ဆွန်းမိုနှင့် ဆက်ဆံရေးကောင်းအောင် တည်ဆောက်ဖို့

အခွင့်အရေး ရခဲ့သည်။ ဒါပေမယ့် သူ ဖမ်းမဆုပ်နိုင်ခဲ့ပါ။

"တကယ်ကို ချဲ့ကားနေတာလား"

ဝမ်ဟောင်က အသက်ပြင်းပြင်းရှူရင်း ရေရွတ်လိုက်သည်။ ဂေါင်ပန်၏ ဟောပြောပွဲကို သွားခဲ့သော်လဲ သူနောက်ကျသွားခဲ့သည်။

ဝမ်ဟောင် ရောက်လာသည့် အချိန်တွင် စကြံ်နမှာတောင် လူပြည့်နေသည်။ ဖန်ဇိုဝမ်က ကျောင်းသားဆယ်ယောက်ကျော်ကို ခေါ်ပြီး ထွက်လာတာကိုပဲ မြင်လိုက်သည်။

"ချဲ့ကားတာလား ဆရာဆွန်းက ကျောင်းသားနှစ်ယောက်ကို ဒီနေ့ပဲ အဆင့်တက်အောင် ကူညီပေးလိုက်တယ်။ ဖောင်ယန်ကို 'သတိလစ်ခြင်းနှင့် အသုံးမကျခြင်း' မြတ်ဆရာ အရှိန်အဝါနဲ့ သင်ခန်းစားပေးခဲ့တယ်။ နောက်ဆုံး ဒေါ်သထွက်ပြီး အတွေ့အကြုံရှိသည့် ဆရာတစ်ယောက်ကိုတောင် စကြိန်မှာ မူးလဲသွားအောင်တောင် မောင်းထုတ်ခဲ့တယ်ပေါ့ ၊ ငါ့ကိုပြောစမ်းပါအုံး၊ ဒီစကားတွေက ချဲ့ကားနေတာလား"

ကျန်ရှီက မျက်လုံးကြီးပြူးပြီး ပြန်ပြောလိုက်သည်။

"ဇောင်ယန်က ချင်လင်မြို့ရဲ့ အချမ်းသာဆုံး သူဌေးကြီးဆီက တိုက်ရိုက်ဆင်းတဲ့ ဗဟိုပြည်နယ်အကယ်ဒမီက အာဏာရှင်ကြီးလား" ဝမ်ဟောင်က လျှာကို ကိုက်ရင်းပြောလိုက်သည်။ လူထုဟောပြောပွဲတွင် ဆွန်းမိုသည် ဒီလောက်ကြီးမားသည့် ကိစ္စကို လုပ်လိမ့်မယ်လို့ သူ မထင်ထားခဲ့ပါ။

"အမှန်ပဲ ကြည့်ရတာကို တော်တော်ကြောက်ဖို့ကောင်းတယ်။ ဆွန်းမိုက သူ့အပေါ်ကို 'သတိလစ်ခြင်းနှင့်အသုံးမကျခြင်း' မြတ်ဆရာအရှိန်အဝါကို သုံးလိုက်တာနဲ့ အရူးတစ်ယောက်လိုဘဲ လျှောက်သွားနေပြီး နံရံတွေကိုတောင် ဝင်တိုက်နေတယ်။ ဒါကိုမြင်ပြီး ငါ့ရင်ထဲက ဒေါသတွေနဲ့ နာကြည်းချက်တွေတောင် တော်တော် ချေဖျက်သွားတယ်"

ကျန်ရှီက ကျယ်လောင်စွာ ရယ်မောရင်း ပြောနေသည်။

အရင်က သူသည်ဒုက္ခပေးခြင်းကို မခံခဲ့ရသော်လည်း သူ၏ သူငယ်ချင်းတွေကတော့ ကောင်းကောင်းခံစားခဲ့ရသည်။ ဒါကြောင့်လည်း ဇောင်ယန်က ဘယ်လောက် မာနကြီးပြီး ကြောက်စရာကောင်းလည်းဆိုတာ သူသိသည်။ သူလည်း ပစ်မှတ်ထားခံရမည်ကို ကြောက်ပြီး ဇောင်ယန်ကို အချိန်တိုင်း မဆုံမိအောင် ရှောင်နေခဲ့ရသည်။

"ဇောင်ယန် အပြစ်ပေးခံရတာကို မြင်ရတာနဲ့တင် တန်နေပြီ" ချီရှန်ကျားက ဖြတ်ပြောလိုက်သည်။

“အမှန်ပဲ”

ကျန်ရှီလည်း ထောက်ခံပြီးနောက် နည်းနည်း စိုးရိမ်လာသည်။ “ဒါပေမယ့် ခေါင်ယန်ကို လျှော့တွက်လို့ မရဘူး။ အရင်ကလည်း ဆရာတွေကို နှင်ထုတ်ခဲ့ဖူးတယ်”

“ဟွန့် ၊ ဆရာဆွန်းက သာမန်ဆရာမဟုတ်ဘူး၊ ခေါင်ယန်က သူ့ကို ပြဿနာရှာဖို့ သတ္တိရှိရင် ဆရာဆွန်းက သူ့ကို လူသားဆန်လာအောင် သင်ပေးလိမ့်မယ်”

အခုချိန်တွင် ချီရှန်ကျားသည် ဆွန်းမိုကို အဆုံးမရှိ လေးစားမှုနှင့် ပြည့်နေသည်။

ဒင်

ချီရှန်ကျား၏ လေးစားအထင်ကြီးမှုအမှတ် - +၁၅။

ရင်းနီး (၄၉၃/၁၀၀၀)

"ဟုတ်တယ်။ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း မြတ်ဆရာအရှိန်အဝါက သူ့ကို လူသားဆန်လာအောင် သင်ပေးလိမ့်မယ်"

ကျန်ရှီကလည်း လက်သီးဆုပ်ရင်း ပြောလိုက်သည်။ ထို့နောက် စိတ်ထဲတွင်

အတွေးတစ်ခုပေါ်လာသည်။ “ မင်းနဲ့ ဆရာဆွန်း ဆက်ဆံရေးက သိပ်မဆိုးဘူး၊ မှတ်လား၊ ငါတို့ သူ့ကို ဂုဏ်ပြုပွဲ လုပ်ပြီး ကျွေးမွေးရအောင်”

“သူ့ကို ထမင်းကျွေးဖို့က ဘယ်လောက် အရေးကြီးလို့လဲ”

ချီရွှန်ကျားက စိတ်ဓါတ်ကျစွာ ပြောလိုက်သည်။

“နည်းလမ်းမရှိရင်လည်း မေ့ထားလိုက်ပါကွာ၊ သူ့မှာ နတ်ဘုရားလက်ရှိတယ်ဆိုတာ ငါကိုယ်တိုင် သက်သေပြပေးချင်တယ်” ကျန်ရှီက ပြောလိုက်သည်။

တစ်ချိန်တည်းမှာပင် သက်ပြင်းချလိုက်ရင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ ပြောရကြေးဆိုရင် ငါမင်းကိုတောင် မကျေနပ်ဘူး။ မင်း အဆင့် (၅) ကိုတက်သွားတာ နတ်ဘုရားလက်ကြောင့် ဖြစ်ရမယ်။ ဆရာဆွန်းရဲ့ အနှိပ် ပြန်ခံရဖို့ နည်းလမ်းရှာရမယ်”

ဒင်

ကျန်ရှိ၏ လေးစားအထင်ကြီးမှုအမှတ် - +၂၅။ မူလ (၈၁/၁၀၀)

“တောက် ၊ ကျေးဇူးပြုပြီး ဒီအကြောင်း ထပ်မပြောကြပါနဲ့တော့ ၊ မင်းတို့ပိုပြောလေ၊ ငါ ပိုဝမ်းနည်းလာလေဘဲ”

ဝမ်ဟောင်ကတော့ ရင်ဘက်ကို တင်းတင်းဆုပ်ထားပြီး ဝမ်းနည်းနေသည်။ (ဂေါင်ပန်က တကယ်ကို သုံးလို့မရတဲ့ ကောင်ဘဲ) ဂေါင်ပန်ဟောပြောပွဲက ထွက်လာသည့်အခါ လူက ဆယ်ယောက်ပဲ ရှိပါတော့သည်။

ဝမ်ဟောင်သည် ဂေါင်ပန်နေရာက ဝင်စဉ်းစားပြီး တော်တော်ကို အဆင်မပြေသလို ခံစားလိုက်ရသည်။

ဂေါင်ပန် ဘယ်လိုခံစားနေရလည်းတော့ မသိဘူး။ ဆွန်းမိုနှင့် တစ်ရက်တည်း ပွဲလုပ်လိုက်သည့် အတွက်

မျက်နှာတော့တော်တော်လေး ပျက်သွားတာ သေချာသည်။

နောက်ကွယ်က အကြောင်းအရင်းကို မသိကြသည့် ကျောင်းသားတွေက သူ့ဟောပြောပွဲကို တက်လာပြီးနောက် ဆွန်းမိုကို နာမည်ကျော် ကျောင်းကိုးကျောင်းက ဘွဲ့ရတစ်ယောက်လို့ ထင်သွားကြသည်။ ဂေါင်ပန်က ဘယ်သူလဲ သူတို့မသိပါ။

ဒင်

ဝမ်ဟောင် လေးစားအထင်ကြီးမှုအမှတ် - +၁၅။ မူလ(၈၈/၁၀၀)

....

ဆွန်းမိုသည် သဏ္ဌာန်မဲ့မြင့်မြတ် စကြ်ာ၀ဠာကို ကျင့်ကြံနေသည့်အချိန်အတွင်း သတိပေးချက်ကိုရပြီး ကျောင်းသားသုံးယောက်ထံက လေးစားအထင်ကြီးမှုအမှတ်များကို ရလိုက်သည်။

သူသည်ကျန်ရှိနှင့် ဝမ်ဟောင်အကြောင်းကိုမေ့ထားလိုက်ပြီး ချီရွှန်ကျားကတော့ တကယ်ကို ကျောင်းသားကောင်း ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်နေ့တစ်နေ့ သူထံမှ ရရှိသော လေးစားအထင်ကြီးမှု အမှတ်များသည် သဘော်သီးကောင်မလေးနှင့် အတူတူလောက် ဖြစ်သည်။

ဆွန်းမိုသာ ဒီကျောင်းသားနှစ်ယောက်ကို ဘယ်သွားသွား ခေါ်သွားလိုက်ပါက လေးစားအထင်ကြီးမှု အမှတ်များ ရာနှင့်ချီပြီး ရနိုင်တယ်လို့ တွေးလိုက်မိသည်။ သူသာနည်းနည်း ပိုပြီး ကြိုးစားလိုက်ရင် လကြွယ်သစ်သီးကိုတောင် ဝယ်နိုင်လောက်သည်။

ဒါပေမယ့်လည်း ဆွန်းမိုသည်ထိုအကြောင်းကို တွေးရုံသာတွေးသည်။ သူ့တွင် ဆရာတစ်ဦး၏ မာနရှိသည်။ လေးစားအထင်ကြီးမှုအမှတ်ရရုံ သက်သက်ဖြင့် အသုံးချဖို့လောက်နဲ့တော့ တပြည့် လက်မခံပါ။

ဆွန်းမိုသည် ညနေ နေဝင်သည်အထိ ကျင့်ကြံပြီး ကန်တင်းတွင် ထမင်းစားပြီးနောက် အဆောင်ကို ပြန်လာလိုက်သည်။

“ဆရာဆွန်း”

ဝက်မွေးနှုတ်နေသော လိုဒီသည် ဆွန်းမိုကို မြင်လိုက်တာနှင့် ချက်ခြင်းထရပ်ကာ ပြုံးပြီးနှုတ်ဆက်လိုက်သည်။

"ဆရာ လိုဒီ"

တစ်ဖက်လူက ပြုံးနေရင် ဆွန်းမိုလည်း မရိုင်းတတ်ပါ။

"အဲဒီလို မခေါ်ပါနဲ့ ငါကတရားဝင် ဆရာမဟုတ်သေးပါဘူး"

တခြားအစမ်းခန့်ဆရာများက သူ့ကိုဒီလိုခေါ်ရင် လိုဒီ စိတ်မဝင်စားပါဘူး။ ဒါပေမယ့် တရားဝင်ဆရာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြစ်သွားသည့်ဆွန်းမိုက ဒီလိုခေါ်လိုက်ရင် ရှက်ဖို့ကောင်းတယ်လို့ လိုဒီ ထင်သည်။

ဆန်းမိုကတော့ စိတ်ထဲမရှိပါဘူး။

"ဆရာဆွန်း ညစာ စားပြီးပြီလား"

လိုဒီသည်ဆွန်းမို ပြန်မရောက်ခင် ဒီစကားကို ပြောဖို့ အကြိမ်ပေါင်းများစွာ လေ့ကျင့်ထားသော်လည်း ဆွန်းမိုကိုပြောဖို့ နည်းနည်းခက်နေသည်။

အခုတော့သူသည် ဆွန်းမို၏ နောက်လိုက်တစ်ယောက်လို ဆက်ဆံနေသည်။

"စားပြီးပြီ"

ဆွန်းမို စကားကို လိုရင်းတိုရှင်း သာ ပြောလိုက်သည်။

"အောင်"

သူက ဆွန်းမိုနှင့် ထမင်းအတူတူ စားဖို့ လုပ်နေခဲ့သည်။ သူ၏ဝက်သား ထမင်းကြော်က ဆွန်းမိုကို ဆွဲဆောင်နိုင်မယ်လို့ ထင်နေခဲ့သည်။ သူ၏ အသားစွပ်ပြုတ်က ဆွန်းမိုနှင့် ဆက်ဆံရေး ပြန်ကောင်းအောင် လုပ်ပေးနိုင်မယ်လို့ မျှော်လင့်ထားခဲ့ပါသည်။

ဆွန်းမိုက သူ့လွယ်အိတ်ထဲကို ဌားထားသည့် စာအုပ် သုံးအုပ် ထည့်လိုက်သည်။ ထို့နောက် ပြန်ထွက်မလို့ ပြင်ဆင်နေသည်။

"အရမ်းနောက်ကျနေပြီ။ အပြင်ပြန်ထွက်မလို့လား"

လိုဒီက စိတ်ပူစွာမေးလိုက်သည်။ ဆွန်းမိုကို ဝက်သားပေါင်းများ မပေးရသေးပါ။ ဒါကြောင့် သူသည် မြေအိုးတစ်လုံးကို အမြန်သွားယူလိုက်သည်။

"ငါ စာကြည့်တိုက်ကို သွားမှာ ညနက်နိုင်တယ်။ မင်းတို့ အိပ်ချိန်ကို အနှောက်အယှက် ဖြစ်နိုင်လို့ ကြိုတောင်းပန်ထားပါရစေ"

ဆွန်းမိုက ပြောပြီးတာနှင့် ထွက်သွားသည်။

ဒိုင်း

တံခါးကို ပိတ်ခဲ့သည်။

လိုဒီသည် အိုးကိုထမ်းကာ သူ့နေရာတွင် ဒီအတိုင်းရပ်နေမိသည်။ အချိန်တော်တော်ကြာသည်အထိ လျှောက်တွေး နေမိသည်။

ဆွန်းမို၏ သဘောထားက ဖော်ရွေတာလည်း မဟုတ်သလို အေးစက်တာလည်း မဟုတ်ပါဘူး။ အရင်တုန်းကတည်းက သူတို့သည် တစ်ယောက်နှင့် တစ်ယောက် စကားတွေ သိပ်ပြီး မပြောဖြစ်ခဲ့ကြပါဘူး။

တကယ်တော့ လိုဒီသည် ဆွန်းမို မောက်မာလာမယ်လို့ ထင်ထားခဲ့တာပါ။ ကြည့်ရတာ ဒီနေ့ဟောပြောပွဲက သူ့အတွက် ဂုဏ်ယူဖို့ မတန်သလိုပါပဲ။ ဒါပေမယ့် ဆွန်းမိုက လုံးဝ မာနမကြီးပါ။

ဒါ့ပြင် နောက်ကျနေသော်လည်း စာကြည့်တိုက်တွင် လေ့လာချင်နေသေးသည်။ လိုဒီသည် ဒီနေ့အဖြစ်အပျက်ကြောင့် သာယာနေသည့် အရိပ်အရောင်ကို ဆွန်းမိုဆီတွင် မတွေ့ရပါ။

"ဘယ်လောက် ရယ်စရာ ကောင်းလိုက်သလဲ၊ ကျန်းရှန်က ဒီလိုလူကို အထင်သေးခဲ့တာလား"

လိုဒီသည် ခေါင်းယမ်းကာ ပြုံးလိုက်မိသည်။

"ဆွန်းမိုက ကျန်းရှန်ကို လျစ်လျူရှုတုန်းက ကျန်းရှန်နှင့် ယွမ်ဖန်ကိုကြောက်လို့ ပြန်ပြီး ရန်မရှာတာလို့ ထင်ခဲ့မိတာ အခုလို ပုံစံကိုကြည့်ရတာ

ဆွန်းမိုက ကျန်းရှန်ကို အဖက်မလုပ်တာ ဖြစ်နိုင်တယ်။ ချင်ဖန်နှင့် ဂေါင်ပန်တောင် သူ့လက်ထဲ ခံလိုက်ရသေးတာပဲ။ ကျန်းရှန်ကို ဘာကြောင့် ထည့်တွက်မှာလဲ။

"မဟုတ်သေးဘူး။ ဆွန်းမိုက တရားဝင် ဆရာဖြစ်နေတာတောင် အလုပ်ကြိုးစားနေတုန်းပဲ။ ငါလည်း ဒီထက်ပိုပြီး အားထုတ်ဖို့လိုတယ်"

ဒင်

လိုဒီ - လေးစားအထင်ကြီးမှုအမှတ် +၁၀။ မူလ (၁၀/၁၀၀)

လိုဒီသည် မြေအိုးကို ချလိုက်ပြီး ဝိညာဥ်တက်တူး မိတ်ဆက်စာအုပ်ကို ထုပ်ယူလိုက်သည်။ အမွှေးနှုတ်ထားပြီးသား စားပွဲပေါ်က ဝက်ခြေထောက်တွေကို ကြည့်ပြီးတော့ အံ့ကြိတ်လိုက်သည်။ ထို့နောက် ဝက်သားပေါင်းများကို မြေကြီးပေါ် တွန်းချလိုက်သည်။

"အား,,,,,၊ ငါ့ရည်ရွယ်ချက်က အစားထိုး ဆရာတစ်ယောက်ဖြစ်လာပြီး မြတ်ဆရာတစ်ယောက်

ဖြစ်လာဖို့ပဲ။ ကျောင်းသားတွေက ငါ့ကို ချစ်ခင်လာပြီး လေးစားလာရမယ်၊ ငါက အသားပြုတ်သူမဟုတ်ဘူး”

လိုဒီ ရုတ်တရုတ် ကြွေးကြော်လိုက်သည်။ သူမျက်လုံးထောင့်ကလည်း မျက်ရည်တွေ စီးကျလာသည်။

ညအချိန် ကျောင်းဝန်အတွင်း................

ဆွန်းမိုသည် မူလကိုယ်ခန္ဓာပိုင်ရှင်ဆီက မှတ်ဉာဏ်များကို ရထားသော်လည်း သုတေသနနှင့် ပြင်ဆင်မှု လုပ်ထားခြင်းက အမှားမဖြစ်နိုင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မနက်ဖြန်တွင် တပြည့်ငါးယောက်ကို တရားဝင် သင်ကြားပို့ချရမည်။ ဆွန်းမိုက ကောင်းမွန်သည့် အစပြုခြင်းကို သာ လိုချင်သည်။

ဆရာတစ်ယောက်သည် ကျောင်းသား၏ ကြည်ညိုလေးစားမှုကို လိုချင်ရင် ဆူပူကြိမ်းမောင်းရုံနဲ့တော့ မရပါ။ အဲဒီအစား ဆရာ၏ သင်ကြားရေးစွမ်းရည်နှင့် ကျောင်းသားတွေကို သူတို့ဘာသာ တိုးတက်လာအောင် လမ်းညွှန်ပေးနိုင်ဖို့ လိုသည်။

စာစဉ် (၇)

အခန်း (၉၃)။ လူထု လမ်းညွှန်။

နံနက်ခင်းတွင်................

စိမ်းလန်းနေသည့် သစ်ပင်များကိုနေရာတိုင်းတွင် မြင်နေရသည်။

လုချီဟွာသည် စကြံ်နိတွင် တင်ပျဉ်ခွေထိုင်ကာ တရားထိုင်နေသည်။ တံခါးဖွင့်လိုက်သည့် အသံကိုကြားလိုက်ရင် မျက်လုံးဖွင့် ကြည့်လိုက်သည်။ ဆွန်းမိုကို တွေ့လိုက်ပြီး စိတ်လှုပ်ရှားသွားသည်။

“ မင်္ဂလာ နံနက်ခင်းပါ ဆရာဆွန်း”

လုချီဟွာက သူ့ကိုနှုတ်ဆက်နေသည်။

"မင်းက ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားဖြစ်နေပြီ၊ နေ့တိုင်းငါ့ကို စောင့်နေစရာ မလိုတော့ဘူး။" ဆွန်းမိုက မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။ "မင်းမှာ အချိန်ရှိရင်လည်း ဘာလို့ တခြားဟာတွေ မလုပ်တာလဲ"

"အာ"

ဆွန်းမို၏ မပျော်ရွှင်သည့် လေသံကိုကြားပြီး လုချီဟွာ ခေါင်းကိုငုံ့လိုက်သည်။ နည်းနည်း စိတ်ပျက်သွားပြီး သူမ၏ အင်္ကျီအရှေ့က အဝတ်စကို လက်နှစ်ဖက်နှင့် ဆွဲနေသည်။

"ငါအချိန်မဖြုန်းပါဘူး....တရားထိုင်နေပါတယ်"

ဆွန်းမိုသည် လုချီဟွာ၏ ဖြေရှင်းချက်ကိုကြားသော်လည်း ဂရုမစိုက်ပါ။ "ဒီကိုလာဖို့ အချိန်ယူလိုက်ရတာက အချိန်ဖြုန်း တာပဲ မဟုတ်ဘူးလား။ ဒီလိုမျိုး နှုတ်ဆက်ခြင်းကလည်း အဓိပ္ပာယ်မရှိဘူး"

လိုချီဟွာသည် ဆွန်းမိုနောက်က ရှိသေစွာ လိုက်သွားသည်။

"မင်းက တခြားသူတွေကို ဘယ်လိုဂရုစိုက်ရမလဲသိတဲ့ အိမ်ဖော်တစ်ယောက်လို

လုပ်မနေသင့်ဘူး။ အဲဒီအစား မင်းဖြစ်ချင်တဲ့ လူတစ်ယောက် ဖြစ်လာဖို့ ငါမျှော်လင့်တာ”

ဆွန်းမိုက အကြံပေးနေသည်။

လုချီဟွာလည်း သူ့အပေါ်တန်ဖိုးထားမှုကို သိလာပြီး စိတ်လှုပ်ရှားသွားသည်။ တကယ်လို့ တခြားဆရာတစ်ယောက် ဆိုပါက သူ့ကျောင်းသားက မနက်တိုင်း သူ့အိပ်ဆောင် အရှေ့တွင် စောင့်ပြီးနှုတ်ဆက်တာကို ဂုဏ်ယူနေပါမည်။ ဒါပေမယ့် ဆွန်းမိုကတော့ ဒါတွေကို မလိုချင်ပါဘူး။

လုချီဟွာ တိုးတက်လာဖို့အတွက်ပဲ အချိန်ပိုထား စေချင်နေသည်။ ဒါကြောင့်လည်း "တန်ဖိုးဖြတ်မရသည့် အကြံပြုချက်ကို ထည့်သွင်းပြီး ပြောလိုက်သည်"

မြတ်ဆရာအရှိန်အဝါ အလင်းတန်းများသည် လုချီဟွာ အပေါ်ကို ကျလာသည်။

"ငါဖြစ်ချင်တဲ့ လူဖြစ်လာပြီလား"

လုချီဟွာသည် ထိုစကားကို အကြိမ်ကြိမ် ရွတ်ပြီးနောက် သူမ မျက်လုံးများတွင် တောက်ပသည့် အရောင်များပေါ်လာသည်။ အမှန်ပဲ ။ သူမက

ကစားချင်လို့ ဗဟိုပြည်နယ်အကယ်ဒမီကို လာခဲ့တာ မဟုတ်ပါ။

“တကယ်ပြောတာပါ ဆရာ”

လုချီဟွာ မျက်လုံးများတွင် လေးစားမှုများနှင့် ပြည့်နေသည်။

ဒင်

လုချီဟွာ။ လေးစားအထင်ကြီးမှုအမှတ် -၂၀ ။ ရင်းနှီး(၃၈၈/၁၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြောင်းကြားချက်ကိုကြားပြီး ဆွန်းမိုလည်း ဆွံ့အနေသည်။ (ဒီလိုမျိုးလေးစားအထင်ကြီးမှု အမှတ်တွေပေးဖို့လိုလား။)

(ငါ့မှာ အမှတ်များလာလို့ ပျက်ဆီးသွားရင် ဘယ်လိုလုပ်မလဲ၊ ပြီးတော့ အနာဂတ်မှာ အမှတ်အများကြီး မရရင်လည်း စိတ်ပျက်သွားနိုင်တယ်)

အခြား အစမ်းခန့်ဆရာများလည်း ထွက်လာကြသည်။ တိုက်ဆိုင်စွာပင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာအရှိန်အဝါ ထုတ်လွှင့်နေတာကို တွေ့သွားကြသည်။

(မြတ်ဆရာ အရှိန်အဝါ)

(ဘယ်သူလဲ)

ဆွန်းမိုကို မြင်လိုက်တော့ အားလုံး သဘောပေါက်သွားသည်။ ပထမအကြိမ် လူထုဟောပြောပွဲ၏ ကောင်းကျိုးများက ပျံ့နှံ့နေပြီ ဖြစ်သည်။

....

ကန်တင်းထဲမှာ..............................

အစားအသောက် အနံ့က လေထုထဲ ပျံ့နှံ့နေသည်။

"ဆန်ပြုတ်တစ်ပွဲ၊ သတ်သတ်လွတ်မုန့် လေးလုံး၊ ကြက်ဥ တစ်လုံး၊ ဆားနယ်ထားသည့် ဟင်းသီးဟင်းရွက် တစ်ပန်းကန် "

ဆွန်းမိုက ဆရာတံဆိပ်ကို လုချီဟွာအား ပေးလိုက်ပြီး နေရာလွတ်ကို ရှာနေသည်။

"စားချင်တာကို ရွေးပါ "

လုချီဟွာလည်း ခေါင်းကိုညိတ်လိုက်ပြီး စားစရာ သွားယူသည်။

လုချီဟွာသည် တုံးအသော်လည်း အိမ်မှုကိစ္စများကို လျှင်လျှင်မြန်မြန်ကို ဆောင်ရွက်နိုင်သည်။ ခဏအတွင်းမှာပဲ စားစရာ ဗန်းနှစ်ဗန်းကို သယ်ပြီး ပြန်လာသည်။

ဆွန်းမိုက သူ့ဗန်းကိုယူလိုက်သည်။

“မင်း ပန်းကန်ထဲမှာ ဘာလို့ ကြက်ဥ မရှိတာလဲ”

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။ လုချီဟွာ၏ မနက်စာသည် သူနှင့် အတူတူဖြစ်သော်လည်း သူမတွင် မုန့်နှစ်ထုပ်သာရှိပြီး ကြက်ဥ တစ်လုံး မပါပါ။

“ ငါ.... ငါဗိုက်မဆာလို့” လုချီဟွာက ပြန်ပြောလိုက်သည်။

“သွားကြက်ဥ နှစ်လုံးဝယ်ပြီး စားလိုက်” ဆွန်းမိုက ညွှန်ကြားလိုက်သည်။

သဘော်သီးကောင်မလေးက တုပ်တုပ်ကို မလှုပ်ပါ။ ဆွန်းမိုက သူ့အတွက် သေချာပေါက် စိုက်ပေးမယ်ဆိုတာ သူမ သိပါသည်။

“မြန်မြန်သွား!”

ဆွန်းမိုကအမိန့်ပေးသည့် လေသံနှင့် ပြောလိုက်သည်။

"အ"

ထိုင်နေသည့် လုချီဟွာလည်း ချက်ခြင်းခုန်ထလာပြီး ထမင်းဆိုင် ကောင်တာကို ပြေးသွားသည်။

ဆွန်းမို ခေါင်းကိုယမ်းလိုက်မိသည်။ လုချီဟွာ၏ အတွေးကို သူနားလည်သည်။ နေ့တိုင်းသူက ရှင်းပေးတာဘဲ စားနေရတော့ သူမရှက်နေပါသည်။

အမှန်တိုင်းပြောရရင် ဆွန်းမိုက သူမကို အရမ်းချစ်ပါသည်။ ရိုးသားပြီး အလိုက်သိ လွန်းသည်။

လုချီဟွာသည် ကြက်ဥဝယ်ပြီး ပြန်လာပေမယ့် ချက်ခြင်းမစားသေးပါ။ သူမသည် ပိုကြီးသည့် ကြက်ဥကို အခွံခွာကာ ဆွန်းမို ဆန်ပြုတ်ထဲကို ထည့်ပေးသည်။

ဆွန်းမိုသည် အမှတ်(၂) အထက်တန်းကျောင်းမှာဆိုရင် ၊ ဒီလိုဘဝကို စိတ်ကူးလို့တောင် မရပါဘူး။ သူ၏မနက်စာသည် လမ်းဘေးမှ ပန်ကိတ်တစ်လုံး ဒါမှမဟုတ်လည်း တို့ဟူးပျော့ တစ်ပန်းကန်ကို ဝယ်ပြီး ပြီးသွားသည်။

လုပသည့် ရင်သားနှင့် ကောင်မလေးကို ဘေးကနေထိုင်ပြီး သူ့အတွက် ကြက်ဥ အခွံတွေ ခွာခိုင်းဖို့လား။

ဒါမျိုး အိပ်မက်ထဲမှာပဲ ရလိမ့်မယ်။

ဆွန်းမိုက ဒီနေ့ပို့ချရမည့် သင်ခန်းစာများအကြောင်းကို စဉ်းစားရင်း ဆန်ပြုတ်သောက်နေသည်။ သူသည် သူ့ကျောင်းသားများဆီက မထင်မှတ်ထားသည့် ရှုထောင့်က မေးလာခဲ့ရင် အဖြေထုတ်နိုင်ဖို့ စဉ်းစားနေသည်။

ဘေးနားက စားပွဲဝိုင်းတွင် ကျောင်းသား ငါးယောက်ထိုင်နေပါသည်။ သူတို့အုပ်စုသည် စကားစမြည် ပြောဆိုနေကြသည်။ ခဏကြာတော့ ပြောနေသည့် အကြောင်းအရာက ဆွန်းမို ဘက်ကို လှည့်သွားသည်။

“မင်းတို့တွေကြားပြီးပြီလား၊ ဒီနှစ်ငါ့တို့ကျောင်းက ခန့်လိုက်တဲ့ ဆရာသစ်တစ်ယောက်က ကိုင်တွယ်ရတာ တော်တော် ခက်တယ်တဲ့။ သူ့ရဲ့ ပထမဆုံး ဟောပြောပွဲမှာ ဇောင်ယန်ကို သင်ခန်းစာပေးလိုက်ပြီး

ကြွယ်တစ်ပွင့် မြတ်ဆရာနဲ့တောင် ငြင်းခုန်ခဲ့တယ်ဆိုပဲ” မျက်လုံးသေးသေးလေးနှင့် ကေျာင်းသားတစ်ယောက်က မှတ်ချက်ပေးလိုက်သည်။

“ ဧောင်ယန်ကို သင်ခန်းစာပေးတာလား။ ဧောင်ယန်ကို နည်းနည်းပါးပါးလောက် ဆူဖို့ကတော့ မခက်ပါဘူးကွာ”

ဒီတခါတော့ ဆန်ပြုတ်သောက်နေသည့် ပါးစပ်ကြီးကြီးနှင့် ကျောင်းသားက ကျယ်လောင်စွာ ပြောလိုက်သည်။

"သူက ဇောင်ယန်ကို ကြိမ်းမောင်းရုံတင်မကဘူး 'သတိလစ်ခြင်းနှင့် အသုံးမကျခြင်း' မြတ်ဆရာ အရှိန်အဝါကိုပါ သုံးလိုက်တာ" တခြားကျောင်းသား တစ်ယောက်က ဝင်ပြောသည်။ ဒီအကြောင်းကို သိလိုက်ရရင် ကျန်ကျောင်းသားသုံးယောက်လည်း အံ့အောသွားသည်။

" ဒါ အမှန်လား"

ပါးစပ်ကြီးကြီးနှင့်ကျောင်းသားက အံ့အောသင့်ပြီး " ဆရာအသစ်က ဇောင်ယန် အကြောင်းကို မသိတာ ဖြစ်နိုင်တယ်"

“ဂရုမစိုက်ဘူး၊ ဇောင်ယန် ကံဆိုးသွားတယ်လို့ ကြားရတာနဲ့တင် ဝမ်းသာတယ်”

နည်းနည်း မျက်စိစောင်းနေသည့်ကျောင်းသားက ပြုံးပြီးပြောလိုက်သည်။ သူ့ကိုကြည့်ရတာ တော်တော်ပျော်နေပါသည်။ ဒါကြောင့် ဒီနေ့ သူ့ဆန်ပြုတ်ထဲ ကြက်ဥ တစ်လုံး ထည့်ဖို့ ဆုံးဖြတ်လိုက်သည်။

ဇောင်ယန်သည် ကျောင်းအာဏာရှင် တစ်ယောက်လို တော်တော်လေး နာမည်ကြီး ပါသည်။

ဒီကျောင်းသားများသည် အရင်က ဇောင်ယန်၏ အနိုင်ကျင့်ခြင်းကို မခံခဲ့ရသော်လည်း ဇောင်ယန်၏ ဆိုးရွားမှုကို အားလုံးကြားဖူးကြသည်။

ဇောင်ယန်သည် ကျောင်းဝန်းအတွင်းတွင် ခွေးရူးတစ်ကောင်လို ဖြစ်နေပြီး အချိန်မရွေး သူကိုက်မှာကို ကြောက်နေရသည်။ အခုတော့ ခွေးရူးကို ထိန်းသိမ်းဖို့ တစ်ယောက်ပေါ်လာလို့ လူတိုင်း ပျော်နေကြသည်။

“ဂုဏ်ပြုဖို့ ကြက်ဥ တစ်လုံး သွားယူလိုက်အုံးမယ်”

ပါးစပ်ကြီးကြီး နှင့်ကျောင်းသားက မတ်တပ်ရပ်ရင်း ပြောလိုက်သည်။ သူနှင့် မွေးရပ်မြေတူသည့် အမျိုးသမီး သူငယ်ချင်းသည် ဇောင်ယန်၏ အနိုင်ကျင့်မှုကို အနည်းငယ် ခံခဲ့ရသည်။ သူမကို ကူညီချင်ပေမယ့် ဝင်မပါရဲခဲ့ပါ။

ဇောင်ယန်ကို စော်ကားလိုက်ရင် သူ့ကို သေသည်အထိ သေချာပေါက် လက်စားချေလိမ့်မည်။

နောက်တစ်ဝိုင်းက ကျောင်းသားများလည်း ဆွေးနွေးနေကြသည်။ သူတို့ကတော့ ဆွန်းမို၏ ရှေ့ဟောင်း နဂါးဖမ်းသည့် လက်အကြောင်း ဖြစ်သည်။

"ငါကြားတာကတော့ ချင်ယုံလို့ခေါ်တဲ့ ကျောင်းသူရဲ့ ကြွက်သားကို နည်းနည်းလောက်ကိုင်လိုက်ပြီး သူမရဲ့ ကျင့်ကြံခြင်းအဆင့် ၊ ဘယ်နှစ်ကြိမ် အဆင့်တက်ဖို့ လုပ်ခဲ့တာလဲ ကျူရှုံးခဲ့လဲ ဆိုတာကို ထုတ်ပြောနိုင်တယ်။ မင်းစဉ်းစားကြည့်စမ်း အံ့အောဖို့ မကောင်းဘူးလား"

"ချင်ယုံက ပိုက်ဆံယူပြီး သရုပ်ဆောင်နေတာကော မဖြစ်နိုင်ဘူးလား။ သူက

ကြွက်သားတွေကို ကိုင်လိုက်ရုံနှင့် ဒီအချက်အလက်တွေကို ဘယ်လိုလုပ် ပြောနိုင်မှာလဲ”

ထိုစကားကိုကြားပြီး လုချီဟွာ ချက်ခြင်းကို ဒေါသနည်းနည်း ထွက်လာသည်။ သူမသည် သူ့စိမ်းတွေကို ကြောက်တတ်သော်လည်း သူမ၏ လက်ချောင်းများကို အောက်ကို ချလိုက်ပြီး ရန်တွေ့မလို့ လုပ်လိုက်သည်။

“စားစရာရှိတာ စားပါ” ဆွန်းမိုက ပြောလိုက်သည်။

“အ” လုချီဟွာက နည်းနည်း မကျေနပ်ဖြစ်နေသည်။ ဒါပေမယ့်လည်း ဘေးဝိုင်းက တစ်ယောက်က ဝင်ပြောလိုက်သည့် စကားကို ကြားလိုက်ရင် သူမ ဝင်ပြောဖို့တောင် မလိုတော့ပါဘူး။

“ဒါက အမှန်ပဲ။ ငါကိုယ်တိုင် မြင်ခဲ့တယ်။ ချင်ယုံရဲ့ ဆရာ နဲ့ ဆရာဆွန်းတို့က သဘောထား ကွဲလွဲ နေကြတာ ဒါကို သူမက ဆရာဆွန်း အတွက် ငွေယူပြီး သရုပ်ဆောင်ပေးမယ်လို့ မင်းထင်လား”

"ဒါကြောင့်လဲ သူ့ကို နတ်ဘုရားလက်လို့ ခေါ်ကြတာ၊ သူ့လို ဆရာတိုင်းက လုပ်နိုင်ရင် ဘယ်ခေါ် မလဲ"

"နဂါးဖမ်းတဲ့လက်က တကယ်ကြီးကို ကြမ်းလွန်းတယ်၊ ငါ စမ်းကြည့်ချင်လိုက်တာ" ကျောင်းသားများ ဆွေးနွေးနေကြသည်။

အများစုကတော့ အပြုသဘော ဆောင်ကြပါသည်။ လုချီဟွာလည်း ဝမ်းသာအားရ ပြုံးလိုက်မိပြီး ဆန်ပြုတ်တောင် ပိုချိုလာတယ်လို့ ထင်လိုက်မိသည်။

"ဆရာဆွန်းမှာ ထူးချွန်တဲ့ အချက်တွေ အများကြီး ရှိတယ်ဆိုတာ နောင်ကျရင် မင်းတို့တွေ သိလာလိမ့်မယ်"

လုချီဟွာက စိတ်ထဲကနေ တိုးတိုးလေး ပြောလိုက်သည်။

"ဆရာဆွန်း"

ရုတ်တရက် အသံထွက်လာသဖြင့် ဆွန်းမို တွေးနေတာလည်း ရပ်သွားသည်။ လှည့်ကြည့်လိုက်ရင် ကျောင်းသားနှစ်ယောက်

ထမင်းဗန်းတွေကို သယ်ပြီး လာနေတာကို တွေ့လိုက်သည်။

မေးလိုက်သည့် သူကလည်း ဆွန်းမိုဆိုတာကို အတည်ပြုလိုက်ပြီးနောက် ကျောင်းသားနှစ်ယောက်လုံး အလျှင်အမြန် ဦးညွှတ်လိုက်ကြသည်။

"မင်္ဂလာနံနက်ခင်းပါ ဆရာဆွန်း"

ဆရာကိုနှုတ်ဆက်သည့် သူတို့အသံသည် ကျယ်လောင်ပြီး ယုံကြည်ချက် ရှိနေသည်။ ဒါကြောင့်

အနီးအနားက ကျောင်းသားများလည်း ကြားသွားကြသည်။

"အင်း ၊ တခြားသူတွေ ထမင်းစားနေတယ်၊ အနှောက်အယှက် မဖြစ်စေနဲ့"

ဆွန်းမိုက ကျောင်းသားနှစ်ယောက်ကို အရမ်းကြီး ယဉ်ကျေးနေစရာမလိုကြောင်း အချက်ပြလိုက်သည်။

"မနေ့က ဆရာရဲ့ လူထုဟောပြောပွဲကို တက်ပြီး တကယ်ကို အကျိုးရှိခဲ့ပါတယ်"

ဇောင်ဇို ဝမ်းသာနေသည်။

"ငါ့ရဲ့ သင်ခန်းစာက မင်းကို ကူညီနိုင်တယ်ဆိုတော့ ကောင်းတာပေါ့" ဆွန်းမိုက ပြုံးပြီး ပြန်ဖြေလိုက်သည်။

ဇောင်ဗို အသံသည် ကျယ်တာကြောင့် အနီးအနားကလူများ ကြည့်လာကြသည်။

"ဆရာဆွန်း, ငါ........"

ဇောင်ဗိုသည် ဆွန်းမိုကို မေးခွန်းတချို့ မေးချင်နေသော်လည်း မနက်စာ စားနေသည့် အချိန်ဖြစ်နေသည်။ သူမေးလိုက်ရင်လည်း ဆွန်းမိုကို နှောက်ယှက်သလို ဖြစ်သွားမှာလား။

တကယ်လို့သူသာ မမေးလိုက်ရင် နောက်ကျရင် အခွင့်အရေးမရတော့မှာကိုလည်း ကြောက်နေသည်။

"ထိုင်ပါ"

ဆွန်းမိုက အရမ်းကို နာလည်မှုရှိပါသည်။ ဖောင်ဇိုကို ထိုင်ဖို့ ညွှန်ပြလိုက်သည်။

ဆရာတစ်ယောက်အနေနှင့် ကျောင်းသားတွေနှင့် ကောင်းမွန်သော ဆက်ဆံရေးတည်ဆောက်ဖို့က အရေးကြီးတယ်ဆိုတာကို ဆွန်းမို ကောင်းကောင်း သဘောပေါက်သည်။ ပြီးတော့ ဒီနေရာက လူမြင်ကွင်းဖြစ်သည်။ တကယ်လို့

လေးစားအထင်ကြီးမှု အမှတ်အများကြီးကို ရမည့် အခွင့်အရေးအား လက်လွှတ်လိုက်ပါက သူ့ကိုယ်သူ အောင်မြင်မှု တံခါးဝကို ရောက်သည့် အခွင့်အရေးအား ကန်ထုတ်လိုက်သလို ဖြစ်သွားမည်။

ဇောင်ဇိုနှင့် သူ့သူငယ်ချင်းလည်း ကမန်းကတန်း ထိုင်လိုက်သည်။

ဆွန်းမိုက ဇွန်းကိုချလိုက်ပြီး ဇောင်ဇို ပခုံးကို ကိုင်မလို့ လက်ကို ဆန့်လိုက်သည်။ တစ်ချိန်တည်းမှာပင် နတ်ဘုရားမျက်စိကို အသက်သွင်းလိုက်သည်။

....

ဓောင်ဇို- အသက် ၁၆နှစ်၊

ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့် (၉)

ခွန်အား - ၇ - အသုံးပြုရန်လုံလောက်သည်။ ဒါပေမယ့် မကြာခင်က ဒဏ်ရာရပြီး အားနည်းနေသည်။

ဉာဏ်ရည် - ၆ - အသုံးပြုရန်လုံလောက်။

သွက်လက်ခြင်း - ၉- အသုံးပြုရန် လုံးဝကို လုံလောက်။

အလားအလာ - ပျမ်းမျှ

မှတ်ချက် - တော်ပြီး အလုပ်ကြိုးစားသည့် ကျောင်းသားဖြစ်သည်။ သင်ပေးရန် အခွင့်အရေးကို လက်လွှတ်မခံပါနဲ့။

....

ဇောင်ဇိုသည် အသက်ရဲရဲတောင် မရှုရဲပါ။ လူတောင် နည်းနည်းတောင့်နေသည်။

ပတ်ဝန်းကျင်က ကျောင်းသားများလည်း လှမ်းကြည့်နေကြသည်။ ဒီအချိန်အတွင်း စားသောက်ဆိုင် တစ်ဆိုင်လုံး တိတ်ဆိတ်နေသည်။

တိတ်ဆိတ်လွန်းသဖြင့် အပ်ပြုတ်ကျသံကိုတောင် ကြားနိုင်သည်။

“သိပ်မကြာခင်က အရမ်းကိုကြိုးစားပြီး လေ့ကျင့်ရေးလုပ်ထားလို့ မင်းကြွက်သားတွေ ဒဏ်ရာရထားတယ်။ မင်းရဲ့ ကျင့်ကြံချိန်ကို တစ်ရက် နာရီဝက်လောက် လျှော့လိုက်ပါ။ နောက်တစ်ခုက မင်းရဲ့ ဘယ်ဘက်လက်က လွန်ခဲ့တဲ့ ငါးလလောက်က ဒဏ်ရာရခဲ့တာ မဟုတ်လား။ ပြန်မကောင်းသေးတော့ သိပ်မသုံးမိအောင်နေ”

ဆွန်းမိုက သူထင်မြင်ချက်ကို ပြောလိုက်သည်။

မဟာအဆင့်ကို ရောက်နေသည့် ကြွက်သားပြုပြင်ခြင်းနည်းစနစ် က ကြောက်ဖို့ကောင်းလွန်းသည်။

“မင်း......ငါ့လက်ဒဏ်ရာ ရ နေတာကို ဘယ်လိုသိတာလဲ”

ဇောင်ဖို အလန့်တကြား မေးလိုက်သည်။

ဆွန်းမိုက သူ့ကို ကျင့်ကြံခြင်းအချိန်ကို နာရီဝက်လျှော့ဖို့ ပြောတုန်းက သူမယုံကြည်ခဲ့ပါဘူး။ သူ့လေ့ကျင့်ရေးက ပြင်းထန်လွန်းလို့ ပင်ပမ်းနေတယ်လို့ ထင်နေတာပါ။

တကယ်တမ်းတော့ သူလေ့ကျင့်ချိန်ကို လျှော့သင့်လား၊ တိုးသင့်လားဆိုတာ တွေးနေခဲ့သည်။ ဒါပေမယ့်လည်း ဆွန်းမို၏ နောက်ဆုံးသုံးသပ်ချက်ကို ကြားလိုက်ပြီး လန့်သွားသည်။

လွန်ခဲ့သည့် ငါးလလောက်က အခြားကျောင်းသားတစ်ဦးနှင့် ရန်ဖြစ်လို့ တိုက်ခိုက်ပြီး သူ့လက်မောင်း တကယ်ကို ဒဏ်ရာရခဲ့သည်။ ဒါကိုတောင် ဆွန်းမိုက သိနေသည်။ နတ်ဘုရားလက်က ထင်ထားသည့်အတိုင်းပါလား။

ဖုန်း

ဇောင်ဖိုသည် အမြန်ထကာ ဦးညွှတ်လိုက်သည်။

"ကျွန်တော် မှတ်ထားလိုက်ပါ့မယ်၊ ဆရာဆွန်းရဲ့ လမ်းညွှန်မှုအတွက် ကျေးဇူးတင်ပါတယ်"

ဒင်

ဇောင်ဖို။ လေးစားအထင်ကြီးမှုအမှတ် - +၂၀။ မူလ(၂၀/၁၀၀)

ထိုစကားကိုကြားပြီး ပတ်ဝန်းကျင်က လူများလည်း အံ့အောသွားပြီး အာမေဒိတ် အသံများ ထွက်လာသည်။ မျက်လုံးတိုင်းက ဆွန်းမိုကို ထိတ်လန့်စွာ စိုက်ကြည့်နေကြသည်။ ထို့နောက်

သူတို့အားလုံးသည် မတိုင်ပင်ဘဲ ဆွန်းမို၏ လက်နှစ်ချောင်းကို ကြည့်လိုက်မိကြသည်။

သူ့လက်ချောင်းလေးတွေက သေးသွယ်ပြီး ဖြောင့်တန်းနေသည်။ လက်သည်းတွေကိုလည်း သပ်သပ်ရပ်ရပ် ညှပ်ထားသည်။ သူ့လက်ကို ကြည့်ရတာ အနုပညာတစ်ခုကို ကြည့်နေရသလိုပါပဲ။

"သူ့မှာ တကယ်ပဲ နတ်ဘုရားလက်တစ်စုံ ရှိနေတာလား"

လူတိုင်း ဒီအတိုင်းတွေးမိနေကြသည်။

ဆွန်းမိုက ဇောင်ဇိုကို ပြန်ထိုင်ခိုင်းလိုက်သည်။ “မင်းရဲ့ကြွက်သားတွေက တဆင့် ငါပြောနိုင်တာက မင်း အရမ်းကြိုးစားတယ်ဆိုတာပဲ။ ဒီအတိုင်း ဆက်ကြိုးစားသွားရင်တော့ သုံးလအတွင်း ဝိညာဉ်ပြုပြင်ခြင်းနယ်ပယ်ကို တက်ရောက်သွားနိုင်တယ်”

“တကယ်လား”

ဇောင်ဇို အရမ်းကို အံ့အောနေသည်။ ခန္ဓာကိုယ်ပြုပြင်ခြင်း နယ်ပယ်ကနေ ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်ကို ကူပြောင်းခြင်းက

ကျင့်ကြံခြင်းတွင် အဓိကကျသည့် အဆင့်ဖြစ်သည်။ ဘယ်အချိန်မှာ တက်နိုင်တယ်ဆိုတာကို သိထားရင် သူ့စိတ်ပိုင်းဆိုင်ရာကို ကြိုတင်ပြီး ပြင်ဆင်ထားလို့ရသည်။

နယ်ပယ်အဆင့်တက်ခြင်းများသည် ရုတ်တရက် ထဖြစ်ပွားနိုင်သော အရာဖြစ်သည်။

ကျောင်းသားအချို့သည် သူတို့စိတ်ကို မပြင်ဆင်ထားရသေးတာကြောင့် ရုတ်တရက် အဆင့်တက်ခြင်းနှင့် ကြုံတွေ့ရသည့်အခါ လုံလောက်အောင် မပြင်ဆင်နိုင်ခဲ့ကြပါ။

"ဆက်ကြိုးစားပါ"

ဆွန်းမိုက မတ်တပ်ရပ်ရင်း ပြောလိုက်သည်။ သူဒီမှာသာ ဆက်နေမယ်ဆိုရင် သူ့အတန်း နောက်ကျသွားနိုင်သည်။

ဘယ်လို အကြောင်းပြချက်ဖြစ်ပါစေ။ သူ၏ တိုက်ရိုက်တပြည့်များအတွက် ပထမဆုံး ပို့ချခြင်းကို သူနောက်မကျသင့်ပါ။

လုချီဟွာလည်း ထမင်းဗန်းတွေကို အမြန်ဖယ်လိုက်သည်။

"ဆရာဆွန်း ဂရုစိုက်ပြီးသွားပါ"

ဖောင်ဖိုနှင့် သူ့ သူငယ်ချင်းလည်း အမြန်မတ်တပ် ထရပ်က နှုတ်ဆက်လိုက်ကြသည်။

ပတ်ဝန်းကျင်က ကျောင်းသားများလည်း ထရပ်ပြီး နှုတ်ဆက်ကြသည်။ သူတို့သည် ဘယ်မေးခွန်းကိုမှ မမေးကြသော်လည်း ဆွန်းမိုကို လေးစားသော အမူအရာများ ပြနေကြသည်။

ဆွန်းမိုသည် ဒီလို အခြေအနေမျိုးကို တစ်ခါမှ မကြုံခဲ့ရပါ။

ဒါက ပြည်နယ်ကိုးခုက ဆရာများ၏ အဆင့်အတန်းဖြစ်သည်။ တကယ်လို့ ကန်တင်းရှိ

ကျောင်းသားများသည် ကိုယ်တိုင်ကိုယ်ကျ မမြင်နိုင်ရင်တောင် မြတ်ဆရာတစ်ယောက် ထမင်းစားပြီး ထထွက်သွားပါက သူတို့ အရိုအသေ ပေးကြမည် ဖြစ်သည်။

"အားလုံးပဲ ပြန်ထိုင်ပြီး ဆက်စားကြပါ"

ဆွန်းမိုက ပေါ့ပေါ့ပါးပါး ပြောလိုက်သော်လည်း စိတ်လှုပ်ရှားနေသည်။ ဒီနေ့ သူ့အလုပ်အကိုင်၏ အရေးပါမှုကို သူပိုသိလာသည်။

(အမှန်ပေါ့ ကျောင်းသားတွေရဲ့ ရိုသေလေးစားမှုကို သူလည်း ထိန်းသိမ်းထားချင်ပါတယ်။)

“ မြတ်ဆရာတစ်ယောက် ထမင်းစားနေတာလား”

သူ့အစားကိုပဲ ငုံ့စားနေသည့် ဆရာတစ်ယောက်က မနေနိုင်ဘဲ လှမ်းကြည့်လိုက်မိသည်။

“ဆွန်းမို”

ရီဂျီမင် မျက်လုံးများမှေးသွားသည်။ သူနှင့်အတူ လုပ်ဖော်ကိုင်ဖက် အဖြစ်တရုံးတည်းတွင် တာဝန်ကျသည့် ဆွန်းမိုကို သဘောမကျပါဘူး။ အခု

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမြင်ကွင်းကို မြင်လိုက်ရတော့ ဆွန်းမိုကို မကျေမနပ်ဖြစ်သွားသည်။

(လူတိုင်းက ဆရာတွေပါ။ ဘာလို့ ဒီလောက်တောင် ရိုသေပြနေတာလဲ)

အစမ်းခန့်ဆရာတွေကတော့ ဒီလောက် အများကြီး မတွေးကြပါ။ ကျောင်းသားဆယ်ဂဏန်းလောက်က ဆွန်းမိုကို မတ်တပ်ရပ်ပြီး နှုတ်ဆက်လိုက်သည့် မြင်ကွင်းကို ကြည့်ပြီး အရမ်းကို အားကျနေကြသည်။

မနက်ခင်း နေရောင်အောက်မှာ လေထု အပူချိန်က မြင့်လာသည်။

ဆွန်းမိုသည် ကန်တင်းကထွက်လာသော်လည်း သိပ်တောင် မလျှောက်ရသေးခင် လူတစ်ယောက်က သူ့အရှေ့တွင် ပိတ်ရပ်လာသည်။

"ဆရာဆွန်း၊ ကျေးဇူးပြုပြီး ခဏလောက်နေပါအုံး"

လူငယ်တစ်ယောက်က ခြေလှမ်းကျဲကြီးများနှင့် လျှောက်လာပြီး ဆွန်းမို အရှေ့တွင် ပိတ်ရပ်ထားသည်။

"မင်းက............."

ဆွန်းမိုက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

“ဆရာဆွန်း၊ ငါ့နာမည်က မိုင်ရီပါ ဆရာဆွန်းမိုရဲ့ လမ်းညွှန်မှုကိုလိုချင်လို့ အထူးတလည် လာခဲ့တာပါ”

မိုင်ရီက လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ ဦးညွှတ်ပြီး ပြောလိုက်သည်။

“နောက်ကနေ တစ်ချိန်လုံးလိုက်နေတာလား”

မိုင်ရီက ယဉ်ကျေးစွာ နှုတ်ဆက်နေသော်လည်း သူ့ကို ခြေနင်းကျောက်တုံး လုပ်ချင်နေကြောင်းကို ဆွန်းမိုသိသည်။

ဒီကိစ္စကို ရှောင်လွှဲလို့ မရတာလည်း ဆွန်းမိုသိသည်။ ဒါပေမယ့် ဒီလောက်မြန်မြန်

ဆန်ဆန်ကြီး ဖြစ်လာလိမ့်မယ်လို့တော့ မထင်ထားခဲ့ပါ။

“ဆရာဆွန်း၊ မနေ့က လူထုဟောပြောပွဲကို သွားခဲ့တယ် ဟောပြောပွဲအပြီးမှာ မင်းရဲ့ အရည်အချင်းနဲ့ သင်ယူမှုကို သဘောကျမိတယ်။ ဖြစ်နိုင်တာက မင်းရဲ့ တိုက်ခိုက်ရေး စွမ်းရည်က တော်တော်ထူးခြားနိုင်တယ်၊ ဒါကြောင့် စမ်းကြည့်ချင်လို့ပါ”

ဆွန်းမိုကို တိုက်ခိုက်မည့် စကားပြောနေရင်း မိုင်ရီသည် လက်အိတ်ကိုဝတ်နေသည်။ ဆွန်းမိုက သူနှင့် တိုက်ခိုက်ဖို့ မငြင်းနိုင်အောင် လုပ်လိုက်သည်။

"သေချာလား"

ဆွန်းမိုကလည်း စိန်ခေါ်သူအားလုံးကို လက်ခံဖို့ ပြင်ဆင်ထားပြီးသားပါ။

မိုင်ရီ၏ မျက်လုံးများ ချက်ခြင်းကို တောက်ပလာပြီး " ဒီနေရာက တော်တော်ကျယ်တယ်။ လေ့ကျင့်ရေးကွင်းကို သွားစရာမလိုတော့ဘူး မင်းဘယ်လိုထင်လဲ "

ကန်တင်းကို မရောက်ခင် ကွင်းပြင်လေးတစ်ခုရှိသည်။ အရှေ့ကိုသာ ဆက်သွားပါက အဆောင်များနှင့် စာသင်ခန်းများကို သွားသည့် လမ်းမကြီးပေါ်ကို ရောက်နိုင်သည်။

အခုက မနက်စာ စားချိန်ဖြစ်သည်။ ဟိုဟိုဒီဒီ သွားနေကြသော ကျောင်းသားတွေ အများကြီး ရှိနေပါသည်။ ဆရာတချို့ကလည်း တိုက်ပွဲ ဖြစ်ပွားပါက ချက်ခြင်းလာကြည့်နိုင်သည်။

ပွဲကောင်းတစ်ပွဲကိုကြည့်ခြင်း၊ တခြားသူများ၏ တိုက်ခိုက်ခြင်းကို ကြည့်ခြင်းကလည်း လေ့ကျင့်ခြင်း တစ်မျိုးဖြစ်သည်။

"ကောင်းပြီ"

ဆွန်းမိုကတော့ စိတ်ထဲမရှိပါ။

စာစဉ် (၇)

အခန်း (၉၄) - ရန်သူတွေကို တကွက်တည်းနှင့် အနိုင်ယူခြင်း။

....

မိုင်ရီ- အသက် (၂၀)

သွေးလောင်ကျွမ်းခြင်း အဆင့်(၁)။

ခွန်အား - ၂၂- လူသစ်

ဉာဏ်ရည် - ၂၄ - ပုံမှန်

သွက်လက်မှု - ၂၃ နည်းနည်းနှေး

အလားလာ - ပျမ်းမျှ

မှတ်ချက်။ စိန်ခေါ်သူသည် ထူးခြားသည့်အားသာချက်များ မရှိသလို

အားနည်းချက်လည်းမရှိပါ။ သူ့လိုလူကို သာမန်လူစုဝေးတွင် တွေ့နိုင်သည့် သာမန်လူတစ်ယောက်သာ ဖြစ်သည်။

....

ဆွန်းမိုသည် နတ်ဘုရားမျက်စိကို သုံးကာ အချက်အလက်များ စစ်ဆေးလိုက်သည်။ လျှင်မြန်စွာ လေ့လာပြီးနောက် စိတ်ပျက်သွားသည်။

(ငါ့ကိုစိန်ခေါ်ဖို့ ပါရမီရှင် မရှိဘူးလား။ သာမန်လူတစ်ယောက်နဲ့တော့ မတိုက်ချင်ဘူး)

"စိန်ခေါ်သူကို လျှော့မတွက်လိုက်ပါနဲ့၊ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က မင်းနဲ့ အတူတူပဲ"

စနစ်က သတိပေးသည်။

"မင်းနားမလည်ပါဘူး"

ဆွန်းမိုက ခေါင်းယမ်းကာ စောဒက တက်နေသည်။

ဂိမ်းကစားသည့်အခါ အခက်အခဲဆုံး အဆင့်နှင့်သာ ကစားတတ်သည်။ ဆွန်းမိုက စိန်ခေါ်မှုများကို ကြိုက်သည်။

" ဆွန်းမို ၊ မင်းပြင်ဆင်ပြီးပြီလား"

ကျောင်းသားတွေက နောက်ကို ဆုတ်လိုက်ကြပြီး တိုက်ခိုက်ဖို့အတွက် နေရာလုပ်ပေးလိုက်သည်။ မိုင်ရီကတော့ စတိုက်ဖို့အတွက် စိတ်အားထက်သန်နေသည်။ တိုက်ပွဲပြီးရင် သူနာမည်ကြီး လာ တော့မည်။

“ မင်းကို ရဲတင်းပြီး တစ်ခုလောက်မေးပါရစေ၊ မင်းမှာ အဆုံးစွန်ဆုံးသောကျင့်စဉ်ရှိလား။ ဒါမှမဟုတ် ဘယ်သူမှမသိတဲ့ နည်းစနစ်ကော တတ်တာလား”

ဆွန်းမိုက မေးလိုက်သည်။

“ဘာလဲ၊ မင်းငါ့ကို အထင်သေးနေတာလား”

မိုင်ရီ မျက်နှာပျက်သွားသည်။ သူလေ့ကျင့်သည့် ကျင့်စဉ်က မြေကြီးအထွတ်အထိပ်အဆင့်ဖြစ်သည့် ရွှေနေမင်းလက်စွဲခါး ဖြစ်သည်။ သာမန်ကျင့်ကြံခြင်းကျင့်စဉ် မဟုတ်သော်လည်း မြင့်မားသည့် ကျင့်စဉ်လည်း မဟုတ်ပါဘူး။

နောက်ခံမရှိသော သာမန်ဆရာများသည် အမြင့်ဆုံးအဆင့် ကျင့်စဉ်များကို သင်ယူလိုပါက ရိုးရှင်းလွန်းပါသည်။ သူတို့က နှစ်ပေါင်းထောင်ကျော်ကြာလာသည့် နာမည်ကျော်ကျောင်း ဒါမှမဟုတ် ငွေကြေး

အမြောက်အမြားသုံးစွဲပြီး မင်းမျိုးမင်းနွယ်များဆီက ကျင့်စဉ်များကို ဝယ်ယူကြရသည်။ ဒါမှမဟုတ်ရင် ကျောင်းတော်ကြီးများကို ကြီးမားစွာ လှူဒါန်းပြီး ကျောင်းအုပ်ကြီးများ၏ အသိအမှတ်ပြုမှုကို ရရှိဖို့လိုသည်။

နောက်တစ်နည်းကတော့ အမှောင်တိုက်ကြီးဆီကို သွားပြီး လျှို့ဝှက်နယ်မြေများကို လေ့လာရမည်ဖြစ်သည်။ သူတို့ကံကောင်းခဲ့ရင်တော့ နှစ်ပေါင်းများစွာ ပျောက်ကွယ်နေသည့် ကျင့်စဉ်များကိုတွေ့နိုင်သည်။

“မဟုတ်ပါဘူး ၊ ငါက သိချင်ရုံ သက်သက်ပါ”

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေလိုက်သည်။ ရှေ့ဟောင်းလောကနတ်ကျင့်စဉ်ကို သုံးစရာ မလိုတော့ပါဘူး။ ဒီအခြေနေကို ဖြေရှင်းရန် သဏ္ဍာန်မဲ့ မြင့်မြတ်စကြ◌်◌ာဝဠာ ကျင့်စဉ် ရဲ့ ကူးယူခြင်းကို စမ်းသပ်ရမည်။

ကလှစ်

မိုင်ရီက သူ့ဓါးကို ဆွဲထုတ်လိုက်သည်။ ဓါးက လက်နှစ်ချောင်းလောက်ကျယ်ပြီး တစ်မီတာလောက် ရှည်ပါသည်။ သူဘွဲ့ရသည့်အချိန်မှာ သူ့အဖေက

နှစ်နှစ်လောက် စုဆောင်းထားသည့် ငွေကို သုံးပြီး ဝယ်ပေးထားခြင်း ဖြစ်သည်။

ဆွန်းမိုကတော့ သူ့ခါးကြားမှာ ထိုးထားသည် သစ်သားဓါးကို ဆွဲထုတ်လိုက်သည်။

"မင်း အဲဒါကို သုံးမှာလား" မိုင်ရီ မျက်မှောင်ကြုတ်ကာမေးသည်။

"စိတ်မပူပါနဲ့ ငါရှုံးရင် ဆင်ခြေမပေးပါဘူး"

ဆွန်မိုက မိုင်ရီ ဘာကို စိတ်ပူနေလည်းဆိုတာကို သိသည်။ ဒါကြောင့်လည်း ရှင်းပြလိုက်သည်။

“ဓါးနှင့်ဓါးသွားမှာ မျက်စိမပါဘူးနော်၊ တကယ့်ဓါးကို သုံးသင့်တယ် ” မိုင်ရီက ထပ်ပြီး သတိပေးသည်။

“မလိုပါဘူး”

ဆွန်းမိုက မိုင်ရီလက်ထဲက ဓါးကို စိုက်ကြည့်နေသည်။

အရည်အသွေးကောင်းပေမယ့် အဆင့်သတ်မှတ်ချက် မရှိသေးပါဘူး။

ထိုအချက်အလက်ကို မြင်ပြီး ဆွန်းမိုက မိုင်ရီကို အနိုင်ကျင့်သလိုများ ဖြစ်နေမလားလို့ တွေးလိုက်မိသည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် လက်နက်များ အဆင့်နိမ့်ကနေ အဆင့်မြင့်အထိ ဝိညာဉ်လက်နက်များ၊ သူတော်စင် လက်နက်များ၊ အလွန်းရှားပါးသည့် နတ်ဘုရားလက်နက်များအဖြစ် ခွဲခြားနိုင်သည်။

အဆင့်တစ်ခုစီတိုင်းကိုလည်း နိမ့်ကျ၊ ပျမ်းမျှ၊ သာလွန်နှင့် အဆင့်မြင့် ဆိုပြီး ထပ်မံ ခွဲခြားနိုင်သည်။

ဆွန်းမို လက်ထဲရှိသော သစ်သားဓါးသည် သတ္တုနှင့် မလုပ်ထားသော်လည်း ၎င်းသည် လျှောင်ပြည်နယ်မှ လက်နက်ဆရာကြီးများက သုံးနှစ်တိုင်အောင် အနက်ရောင်စန္ဒကူး သစ်သားနှင့် လုပ်ထားခြင်း ဖြစ်သည်။

ထိုသစ်သား အမျိုးအစားသည် သံမဏိနှင့် ညီမျှသည်။ ထို့အပြင် သူတို့သည် နံ့သာဖြူမွှေးရနံ့ကိုထုတ်လွှင့်ပြီး အိပ်မက်ဆိုးများ ကင်းစင်ခြင်း၊ စိတ်နှလုံးတည်ငြိမ်ခြင်းကို နှစ်ပေါင်းများစွာ တိုင်အောင် လုပ်ပေးနိုင်သည်။

ပြီးတော့ သစ်သားဓါးသည် ဝိညာဉ်လက်နက်တစ်ခုလည်းဖြစ်နေသည်။

“ဒါဆိုလည်း မယဉ်ကျေးတော့ဘူး”

မိုင်ရီသည် မစောင့်နိုင်အောင် ဖြစ်နေသည်။ သူက လေထဲတွင် ဓါးကို ဆန့်ထုတ်လိုက်ပြီး “ မိုင်ရီ၊ သွေးလောင်ကျွမ်းခြင်း အဆင့်(၁)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး”

ဆွန်းမို စကားသံများတိတ်သွားသည်နှင့် မိုင်ရီသည် လေးမှ ပြစ်လွှတ်လိုက်သောမြှားလို ဆွန်းမိုဆီကို တိုးဝင်သွားသည်။

ထိုအချိန်တွင် မိုင်ရီမျက်လုံးထဲတွင် ဆွန်းမိုတစ်ယောက်တည်းသာ ရှိတော့သည်။ ဘာမှမတွေးဘဲ အပြင်းထန်ဆုံး လူသတ်အကွက်ကို သာထုတ်လိုက်သည်။

ရွှေနေမင်း ဖျက်ဆီးခြင်း။

ဘောင်း

မိုင်ရီ၏ဓါးသည် ကြောက်ဖို့ကောင်းလောက်အောင်ကို ဆူညံသည့် အသံများ ထုတ်လွှင့်နေသည်။ တစ်ချိန်တည်းမှာပင် ဝိညာဉ်ချီများ စုစည်းလာပြီး

ရွှေရောင်တောက်လာသည်။ အချိန်အတိုင်းတာ တစ်ခုအထိ ပတ်ဝန်းကျင်တစ်ခုလုံး တောက်ပလာသည်။

မိုင်ရီသည် ဒီအကွက်ကို အကြိမ်ပေါင်းရာနှင့်ချီအောင် လေ့ကျင့်ခဲ့သည်။

“ငါတို့က ကျင့်ကြံခြင်းအဆင့်တူတယ်။ ပုံမှန်အတိုင်းတိုက်နေရင်တော့ ဆက်တိုက်ကို တိုက်နေမှ အောင်ပွဲရမှာ”

မိုင်ရီ နည်းနည်း ကျေနပ်နေသည်။ ဒီနေ့တိုက်ပွဲအတွက် မနေ့က နေ့လည်ကတည်းက

စပြီး စဉ်းစားနေခဲ့သည်။ သူသည် အံ့အောသင့်ဖွယ် ရန်သူကို တစ်ချက်တည်းနှင့် အနိုင်ယူချင်နေခဲ့သည်။

ဒါမှသာ အောင်ပွဲသည် လှပပြီး ကြည့်ရှုနေသည့် ကျောင်းသားများ၏ စိတ်ထဲတွင် နက်နက်ရှိုင်းရှိုင်း အထင်ကြီးမှုများ ကျန်ခဲ့မည်။

နေပါအုံး၊ ဘာလို့ ဆွန်းမို မျက်နှာမှာ ကြောက်သည့် အရိပ်ယောင် မရှိတာလဲ။

မိုင်ရီ၏ စိတ်ချက်ခြင်းကို လေးလံလာသည်။ သူတွက်ထားတာက ရတ်တရတ်

အတိုက်ခံလိုက်ရသည့်အခါ ဆွန်းမိုက လန့်နေရမည်။ ဒါပေမယ့် အခုအခြေအနေက ဘယ်လိုဖြစ်နေတာလဲ။

ဘာလို့ သူက တည်တည်ငြိမ်ငြိမ် ရပ်ကြည့်နေတာလဲ။

မိုင်ရီ၏ ဉာဏ်ရည်အရ ဆွန်းမိုသည် လန့်ပြီး ကြောင်ကြည့်နေတာတော့ မဖြစ်နိုင်ပါ။ သူ့အကွက်ကို မထုတ်လိုက်ခင် ကတည်းက ဆွန်းမိုသည် ကူးယူခြင်းကို ပစ်မှတ် လုပ်ထားပြီးသားဖြစ်သည်။ ဒါကြောင့် လည်း အခြားသူအများ အမြင်တွင် အလွန်ကို မြန်နေသော

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိုင်ရီခါးအကွက်သည် ဆွန်းမို၏ မျက်စိထဲတွင် နေးကွေးနေသည်။

ကမ္ဘာကြီးတစ်ခုလုံး နှေးသွားသလိုတောင် ဖြစ်နေသည်။ ဆွန်းမိုလည်း ပိုပြီး အာရုံစိုက်နိုင်လာပြီး ညင်သာသည့် အပြောင်းအလဲကိုတောင် မြင်နေရသည်။

ဆွန်းမိုသည် သစ်သားခါးကို ကိုင်ထားစဉ် သဏ္ဍာန်မဲ့ မြင့်မြတ်စကြြဝဠာကို အသက်သွင်းထားခဲ့သည်။

ရွှေနေမင်းဖျက်ဆီးခြင်း

ရွှတ်စ်

မိုင်ရီသည် ဆွန်းမိုဆီကို မရောက်ခင်မှာပင် သစ်သားဓါးကို မြင်လိုက်ရသည်။ ထိုအရာက သူ့ကို အကြီးအကျယ် လန့်သွားစေသည်။ သူ့စိတ်က ကာကွယ်လိုက်ချင်သော်လည်း.......................

ဘောင်း

သစ်သားဓါးရှည်နှင့်တိုက်မိပြီး မိုင်ရီသည် ကြီးမားသည့် ဓါးပျံတစ်ချောင်းလို လွင့်ထွက်သွားသည်။ ထိခိုက်ပြီးနောက်

ချောင်းဆိုးရင်း သွေးတွေထွက်ကျ လာသည်။ နောက်ကို တမ်လှမ်းခြင်း ပြန်ဆုတ်သွားသည်။

ဖုန်း

မိုင်ရီသည် လေးလံသည့် အိတ်တစ်လုံးလို မြေပေါ်သို့ လဲကျသွားသည်။ တစ်ကိုယ်လုံးလည်း ဖုန်မှုန့်တွေနှင့် ပေကျံနေသည်။

တိတ်ဆိတ်နေသည်။ ပရိတ်သတ်များသည် ဆွန်းမိုကို မကြည့်ခင် မိုင်ရီကို တစ်ချက်ကြည့်လိုက်မိသည်။ အချိန်တော်တော်ကြာသည် အထိ

အသံတစ်ချက်တောင် ထွက်မလာပါ။ တိုက်ပွဲထဲ နှစ်ယောက်စလုံးက သွေးလောင်ကျွမ်းခြင်း အဆင့်(၁)မှာပဲ လေ။

ဒီလူက မိုင်ရီကို တစ်ကွက်တည်းနှင့် ရိုက်ပစ်လိုက်နိုင်တာ ဘာကြောင့်လဲ။

အောက်နှစ်က ကျောင်းသားတချို့သည် လုံလောက်သည့် တိုက်ပွဲ အတွေ့အကြုံမရှိသောကြောင့် တိုက်ပွဲ အစောပိုင်း၏ အပြောင်းအလဲများကို မသုံးသပ်နိုင်သော်လည်း အတန်းကြီးသည့် ကျောင်းသားများကတော့

ဆွန်းမိုသည် မိုင်ရီနှင့် တူညီသည့် အကွက်ကို ထုတ်သုံးလိုက်တာကို မြင်လိုက်ရသည်။ ထိုအကွက်နှင့် ပက်သတ်ပြီး ဆွန်းမိုသည် မိုင်ရီနှင့်ယှဉ်ပါက ကျွမ်းကျင်မှုနှင့် ခွန်းအားပိုသာနေသည်။

ဒါကိုကြည့်ခြင်းအားဖြင့် ဆွန်မိုသည် ရွှေနေမင်းလက်စွဲဓါးကို အချိန်တော်တော်ကြာအောင် လေ့ကျင့်ထားကြောင်း ပြောနိုင်သည်။

ဆွန်းမိုလည်း သစ်သားဓါးကို ငုံ့ကြည့်ကာ ခုနတုန်းက အဖြစ်အပျက်ကို ပြန်စဉ်းစားနေသည်။

(ဒါဆို ဒါက ကူးယူတာပေါ့ ၊ တကယ်ကို အစွမ်းထက်လွန်းသည်။ ဒါကို သူတော်စင်အဆင့်ကျင့်စဉ်လို့ သတ်မှတ်တာ မထူးဆန်းတော့ပါဘူး။)

မိုင်ရီ၏ မျက်နှာ ဖြူဖျော့နေသည်။ ကြိုးစားပြီး မတ်တပ်ရပ်ချင်နေသည်။ ဒါပေမယ့်လည်း ခေါင်းကိုထိသွားပြီး လက်နှင့်ရင်ဘက်လည်း ထိခိုက်ထားသည်။ မခံနိုင်လောက်အောင်ကို နာကျင်နေသည်။ သူအားထုတ်လို့ကို မရဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုနှင့်ယှဉ်ရင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုက ပိုပြီး ပြင်းထန်နေသည်။

သူရှုံးခဲ့သည်။ ဒါတင်မဟုတ်ဘူး ရွှေနေမင်းလက်စွဲခါးကျင့်စဉ်မှာလည်း ရှုံးခဲ့သည်။

ဒါက သူ၏ အကျွမ်းဆုံး အကွက်တစ်ကွက်ဖြစ်သည်။ ဆွန်းမိုကို အနိုင်မယူနိုင်ခဲ့ပါဘူး။ ဒါကပဲ သူ၏သိုင်းစွမ်းရည်သည် ဆွန်းမိုထက် နိမ့်ကျနေကြောင်းကို မီးမောင်းထိုးပြနေသည်။

သက်ရောက်မှုက ပြင်းထန်လွန်းသည်။

"ငါ့ကို အနိုင်ပေးလို့ ကျေးဇူးတင်ပါတယ်"

ဆွန်းမိုသည် ထိုစကားပြောပြီးနောက် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ရင်း

"ငါ့ကို စိန်ခေါ်ချင်တဲ့ အစမ်းခန့်ဆရာ တချို့ရှိသေးတယ်ဆိုတာ ငါသိတယ်။ မင်းတို့ အခုထွက်လာပြီး စိန်ခေါ်လို့ ရပြီ" ဆွန်းမိုသည် တိုက်ခိုက်ရေးဂိမ်းများကို အရမ်းကြိုက်ပါသည်။ ဒီနေ့တော့ အမှန်တကယ် တိုက်ပွဲဝင်ဖို့ အခွင့်အရေးရလာပြီ ဒါက သူ့ကို အရမ်းစိတ်လှုပ်ရှားစေသည်။ ရန်သူများကို

အနိုင်ယူရန် ကျင့်ကြံခြင်းစွမ်းအားကို သုံးရတာလည်း စောက်ရမ်းမိုက်သည်။

(ဆင်ခြေတွေ ပေးနေစရာမလိုဘူး။ ငါတို့နှစ်ယောက်လုံး တစ်ယောက်နှင့်တစ်ယောက် မကျေနပ်ရင် ရန်ပွဲမှာ တိုက်လို့ရတယ်။ ဒီခံစားချက်က စောက်ရမ်းကို မိုက်တယ်)

ဘေးပတ်ဝန်းကျင်တွင် အသံများတိုးတိုးနှင့် ထွက်နေကြသော်လည်း တစ်ယောက်မှ ထွက်မလာကြသေးပါ။

ဆွန်းမိုသည် မိုင်ရီကို တစ်ကွက်တည်း အနိုင်ယူခဲ့သည်။ အမှန်တိုင်းပြောရရင် သူတို့လည်း နည်းနည်းတော့ လန့်သွားကြသည်။

"တစ်ယောက်မှ မရှိတော့ဘူးလား။ ဒါဆိုရင် ငါသွားတော့မယ်" ဆွန်းမိုက ပြောလိုက်သည်။

တစ်ယောက်ကတော့ သူ့စိတ်ကို သူ ထိန်းလိုက်ပြီးနောက် ထွက်လာသည်။

"ဆရာဆွန်း၊ ငါက လုခွန်၊ သွေးလောင်ကျွမ်းခြင်း အဆင့်(၁)။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

အရပ်ရှည်ရှည်နှင့် လူငယ်တစ်ယောက် သူ့နာမည်ကို ထုတ်ပြောရင်းထွက်လာသည်။ သူလည်း အစမ်းခန့် ဆရာတစ်ယောက်ပါ။

"ဆွန်းမို သေွးလောင်ကျွမ်းခြင်း အဆင့်(၁) ၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

ဆွန်းမိုလည်း ကူးယူခြင်း အခြေနေကို ထပ်မံ ဝင်ရောက်လိုက်သည်။

ကမ္ဘာကြီးက နှေးသွားပြန်သည်။

မိုင်ရီနှင့်ယှဉ်ရင် လုခွန်ကို ပိုပြီးသတိထားရသည်။ သူက ရုတ်တရတ် မတိုက်ခိုက်ပါ။ အဲဒီအစား သူက

ခါးကို ဆန့်တန်းထားကာ ဆွန်းမိုနှင့် ရင်ဆိုင်လိုက်သည်။

အချိန်တွေက တဖြည်းဖြည်း ကုန်လာသည်။ စောင့်ကြည့်နေသည့် ကျောင်းသားများလည်း စိတ်မရှည် ဖြစ်လာကြသည်။ အားလုံး သွေးဆူသည့် တိုက်ပွဲကိုသာ ကြည့်ချင်ကြသော်လည်း နှစ်ယောက်စလုံးက မတ်တပ်ရပ်ပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။ (သမီးရည်းစားများ ထင်နေကြတာလား) သူတို့ ဘာလုပ်နေကြတာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်းတို့နှစ်ယောက် ဖျော်ဖြေရေး အနုပညာတစ်ခု လုပ်ချင်ရင်လည်း ကျောင်းတံခါးဝမှာ လုပ်ကြပါလားဟ)

လုခွန်၏ နဖူးမှ ချွေးများ တစ်စက်ပြီး တစ်စက် ထွက်နေသည်။ လက်ရှိအနေအထားကို တစ်သက်လုံး ထိန်းထားလို့မရတာကို သူသိသော်လည်း တိုက်ဖို့ အခွင့်အရေး ရှာမရဖြစ်နေသည်။

ဘာကြောင့်လည်းမသိပေမဲ့ ဆွန်းမိုသည် ဒီအတိုင်း ပေါ့ပေါ့ပါးပါး ရပ်နေသော်လည်း သဘာဝနှင့် တသားတည်းလို့ မြင်နေရသည်။

ဆွန်းမိုရပ်နေသည့်ပုံတွင် အားနည်းချက်ရှာမရ ဖြစ်နေသည်။

ဒုက္ခအပေးဆုံးက ဆွန်းမို မျက်လုံးများဖြစ်သည်။ သူတို့ကို ကြည့်လိုက်သည့်အခါတိုင်း သူ့ကို ဖောက်မြင်နေတယ်လို့ ထင်နေသည်။

ဒီလိုခံစားချက်ကို တကယ်ပဲ သည်းမခံနိုင်တော့ဘူး။

ပရိတ်သတ်တွေကလည်း တဖြည်းဖြည်းနှင့် မကျေမနပ် ဖြစ်လာပြီး အော်သံတွေ ဆူညံလာသည်။ တချို့လူတွေကတော့ အော်ဟစ်နေကြသည်။

စိန်ခေါ်သူအနေနှင့် လုခွန်သည် ဖိအားအောက်ကို ပိုရောက်နေသည်။ ထပ်ပြီးတော့ မတိုက်ခိုက်သေးဘဲနေရင် လူတွေက သူ့ကို ငကြောက်လို့ ထင်တော့မည်။ ဒါဆိုရင် သူ့သြဇာ တချို့လည်း ဆုံးရှုံးသွားတော့မည်။

“တောက်၊ လာစမ်းကွာ”

လုခွန် အံကိုကြိတ်လိုက်ပြီး ဆွန်းမိုဆီကို ပြေးသွားလိုက်သည်။ အနားရောက်တော့ ဘယ်ဘက်ခြေထောက်က အနေအထားပြောင်းပြီး ဆွန်းမိုကို ညာဖက်ကနေ ချက်ခြင်း

တိုက်ခိုက်လိုက်သည်။ ထိုနောက်ဓါးနှင့် ပြင်းထန်စွာ ထိုးသွင်းလိုက်သည်။

လက်ိုပစ်ခြင်း

ရွှတ်စ်

ဓါးအရှည်သည် အဆပ်ပြင်းသည့် မြွေတစ်ကောင်နှင့် တူနေသည်။ ဆွန်းမို လည်ပင်းကို ထိုးလိုက်ပြီး ပုံရိပ်များစွာ ထွက်လာသည်။ ဒါပေမယ့်လည်း ဆွန်းမို လည်ပင်းကို မထိခင် သစ်သားက ထွက်လာသည်။

ဒန်

ဓါးရှည်ကို ကာလိုက်သည်။ ထို့နောက် သစ်သားဓါးသည် လုခွန် လည်ချောင်းဆီကို လျှပ်စီးလို ဝင်လာသည်။

"ဘာလဲ"

လုခွန် ဝိညာဉ်လွင့်ထွက်လုနီးပါး လန့်သွားသည်။ သစ်သားဓါးကို ကာကွယ်ဖို့ အချိန်မရှိတော့ဘူး။ သစ်သားဓါးသာ လည်ပင်းကို ဖောက်သွားလို့ကတော့ သေတော့မည်။

ရွှတ်စ်

သစ်သားခါးသည် လုခွန်၏ လည်ပင်းကို ထိလိုက်တာနှင့် ရပ်သွားသည်။

“မင်းရှုံးသွားပြီ”

ဆွန်းမိုက အေးအေးဆေးဆေး ပြောလိုက်သည်။ အသံက နားထောင်လို့ ကောင်းနေသည်။

ဂလု

လုခွန် တံတွေးတစ်ချက် မြိုချလိုက်သည်။ ထို့နောက် လည်ပင်းကို ထိပြီးရပ်နေသည့် သစ်သားခါးကို ကြည့်ကာ သက်ပြင်းချလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းက တကယ်ကို အစွမ်းထက်လွန်းတယ်"

လုခွန်သည် လပစ်ခြင်း အကွက်ကို အသေးစားအောင်မြင်ခြင်း အဆင့်ကို ရောက်နေပြီဖြစ်သည်။ ဒါပေမယ့်လည်း ဆွန်းမိုက တူညီသော အကွက်ကို ထုတ်လိုက်သည်နှင့် သူနှိမ့်ကျနေကြောင်းတွေ့လိုက်ရသည်။ အခုတော့ တိတ်တိတ်လေးသက်ပြင်းချကာ စိတ်ထဲက အရှုံးကို လက်ခံလိုက်ရသည်။

ဒင်

လုခွန် ။လေးစားအထင်ကြီးမှု +၅။ မူလ (၅/၁၀၀)

"မင်းလည်း မဆိုးပါဘူး"

ဆွန်းမိုက ပြုံးပြီး ပြန်ပြောလိုက်သည်။ ပတ်ဝန်းကျင်ကို မကြည့်ခင် ဓါးကို ဖယ်လိုက်ကာ

"နောက်တစ်ယောက်"

လူအုပ်ထဲက အစမ်းခန့်ဆရာများသည် သူတို့၏ ခွန်အားကို ပြန်ပြီးသုံးသပ်လာကြသည်။

အစောပိုင်းတုန်းကတော့ သူတို့ထက် ခြေတစ်လှမ်းပိုမြန်ပြီး လုခွန်က စိန်ခေါ်လိုက်တာကြောင့် သူတို့ နာမည်ကြီးဖို့ အခွင့်အရေးကို လုယူခံလိုက်ရပြီလို့တောင်

တွေးမိခဲ့ကြသေးသည်။ သိပ်မကြာလိုက်ပါဘူး ဆွန်းမိုက ပြင်းထန်စွာ ရိုက်ချလိုက်သည်။

ဆွန်းမိုက တစ်ယောက်ပြီးတစ်ယောက် ကျင့်ကြံခြင်း အဆင့်တူသော သူများကို တစ်ကွက်တည်းနှင့်သာ အနိုင်ယူခဲ့သည်။ ဒါက သူ့ရဲ့ ခွန်အားကို သက်သေပြလိုက်တာပါ။

မိုင်ရီနှင့် လုခွန်ကို ဆွန်းမိုက လွယ်လွယ်လေးနဲ့ နိုင်သွားတာပါ။

မနောက်ပါနဲ့။ ကျောင်းသားအများအပြားလည်း ကြည့်ရှုနေကြသည်။ သူတို့နှစ်ယောက်လိုတော့ အရုက်မကွဲချင်ဘူး။

ဒါဆို မိုင်ရီနှင့် လုခွန်တို့၏ သိုင်းစွမ်းရည်က ညံ့လွန်းနေတာလား။

လူတိုင်းသာ မျက်စိမကန်းနေဘူးဆိုရင် အစမ်းခန့်ဆရာနှစ်ယောက်၏ သိုင်းများသည် လျှင်မြန်ပြီး ချောမွေ့နေတာကို မြင်နိုင်သည်။ သူတို့ အလှ ျင်အမြန်ဆုံးနှင့် အပြင်းထန်ဆုံး တိုက်ခိုက်ခဲ့ကြသည်။ သူတို့၏ နောက်ဆုံး

လှျို့ဝှက် အကွက်တွေကိုတောင် ထုတ်သုံးခဲ့ကြသေးသည်။

ဒါပေမယ့်လည်း နှိမ့်ကျနေဆဲ ဖြစ်သည်။

ဒါက ဘာကိုဆိုလိုတာလဲ။

ဆွန်းမိုက တူညီီသော ကျင့်ကြံခြင်းအဆင့်တူသူများ၊ သွေးလောင်ကျွမ်းခြင်းအဆင့်(၁)ကသူများ အားလုံးကို အနိုင်ယူနိုင်နေပြီ ဖြစ်သည်။

စာစဉ်(ရ)

အခန်း(၉၅) - တိုက်ရိုက်တပြည့် ငါးယောက်။

“အဲ့ဒီ အကွက်နှစ်ခုလုံးမှာ ဆွန်းမို၏ လှုပ်ရှားမှုက ကောင်းလွန်းတယ်”

“အမှန်ပဲ။ နှစ်နှစ်၊ သုံးနှစ်လောက် လေ့ကျင့်ထားမှ ဒီလောက်ကျွမ်းကျင်နိုင်မှာ”

“အစမ်းခန့် ဆရာအစည်းအဝေးပွဲ ပြိီးတုန်းက ဖန်ချင်လည်း သူ့ကိုစိန် ခေါ်ပြီး ရှုံးသွားတာပဲ”

အစမ်းခန့်ဆရာများ အချင်းချင်း ဆွေးနွေးနေကြသည်။ စကားစမြည်းပြောဆိုနေရင်း ဆွန်းမိုအပေါ်ကိုထားသည့် သူတို့ အမြင်များ တိုးလာကြသည်။ ဆွန်းမိုဟာ လွယ်လွယ်နှင့် အနိုင်ရနိုင်သည့် ပြိုင်ဘက်မျိုး မဟုတ်တော့ပါဘူး။

သူတို့မှာ ယုံကြည်မှု အပြည့်အဝမရှိရင် မလုပ်တာ အကောင်းဆုံးပါပဲ။ မဟုတ်ခဲ့ပါက ဆွန်းမို၏ အနင်းခံ ကျောက်တုံး ဖြစ်သွားမည်။ အားလုံးလည်း ကျိုးကန်းသွားနိုင်သည် ။

လုချီဟွာလည်း လူအုပ်ကြားက ရပ်ကြည့်နေသည်။ ဆွန်းမိုကို စိန်ခေါ်ဖို့ တစ်ယောက်မှ မထွက်လာရဲတော့တာကို မြင်ရင် ဝမ်းသာအားရ လက်ခုပ်တီးလိုက်သည်။

"ဆရာဆွန်းက အရမ်းတော်တာပဲ"

ဒင်

လုချီဟွာ ။ လေးစားအထင်ကြီးမှု - +၃၀

လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် _ ရင်းနှီး (၄၁၈/၁၀၀၀)

တစ်ယောက်မှ မထွက်လာတော့တာကြောင့် ဆွန်းမိုလည်း သစ်သားခါးကို ပြန်သိမ်းလိုက်သည်။ သူက အေးဆေးတည်ငြိမ်သည့် အမူအရာဖြင့် "နောက်ကျရင် သွေးလောင်ကျွမ်းခြင်းအဆင့်(၁)က ကျင့်ကြံသူတွေ ငါ့ကို လာမရှာကြနဲ့။ အဲဒီအဆင့်က စိန်ခေါ်သူတွေကို လက်ခံတော့မှာ မဟုတ်ဘူး"

ဟာ

ချက်ခြင်းကို လူအုပ်ကြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ဆွန်းမို စကားတွေက တကယ်ကို မောက်မာလွန်းသည်။

သူ့စကားလုံးတွေက ရှင်းလွန်းသည်။ (မင်းတို့တစ်ယောက်မှ ငါ့အဆင့် မဟုတ်ဘူး။ ကိုယ့်အရှက်ကိုယ် လာမခွဲကြနဲ့လို့ ပြောနေခြင်းဖြစ်သည်။)

ဒါပေမယ့်လည်း သူတို့သည် မိုင်ရီနှင့် လုခွန်ကို လှည့်ကြည့်လိုက်ပြီးနောက် မကျေနပ်စိတ်များ ပျောက်သွားပြီး

တော်တော်ကို စိတ်ပျက်သွားကြသည်။

ဆွန်းမိုသည် တကယ်ကို မာနကြီးသော်လည်း ထိုသို့ မာနကြီးရန် အရည်အချင်းရှိနေသည်။

“သွေးလောင်ကျွမ်းခြင်း အဆင့်(၂)ကလူဆိုရင် ထွက်လာလို့ရတယ်”

ဆွန်းမိုကပဲ စပြီး စိန်ခေါ်လိုက်သည်။ သဏ္ဍာန်မဲ့မြင့်မြတ်စကြ်ာဝဠာကျင့်စဉ်၏ တတိယအဆင့်နည်းစနစ်ကို စမ်းသပ်ချင်တာအပြင် နောက်ထပ်ရည်ရွယ်ချက်နှစ်ခု ဆွန်းမိုမှာ ရှိနေသည်။

ပထမတစ်ချက်က ဒီနေရာက လူစည်ကားသည့်နေရာ ဖြစ်ပြီး ပရိတ်သတ် အများအပြားလည်းရှိနေသည်။ အနိုင်ရခဲ့ပါက သူ့နာမည်သည် လျှင်မြန်စွာ ပျံ့နှံ့သွားနိုင်သည်။

ကျော်ကြားမှုသည် လူတစ်ယောက်၏ အဆင်းအတန်းနှင့် ရာထူးအတွက် အကောင်းဆုံး သက်သေတစ်မျိုးဖြစ်သည်။ ကြီးမြတ်သည့် ကျော်ကြားသူကို တခြားသူများက လွယ်လွယ်ကူကူနှင့် မထီမဲ့မြင် မလုပ်ရဲပါ။

ဆွန်းမို၏ ပထမခြေလှမ်းမှာ သူ့ကို ဆန်ပျော့စားသည့်ကောင်လို့ ခေါ်နေကြသူများကို ပါးစပ်ပိတ်သွားစေရန် ဖြစ်သည်။

ဒုတိယအနေနှင့် ဒီလို ကျပန်းလာစိန်ခေါ်နေသည့် သူများကို တခါတည်းနှင့် အပြီးအပြတ် ဖြေရှင်းချင်သည်။ ထိုသို့လုပ်လိုက်ခြင်းဖြင့် အမှိုက်များ လာပြီး စိတ်အနှောက်အယှက် မပေးနိုင်အောင်ဖြစ်သည်။

ဆွန်းမို၏ ယုံကြည်ချက်က သတ်ရမယ်ဆိုရင်တောင် ပထမတန်းထူးချွန်သည့် သူများကိုပဲ သတ်မည်။

ဒါကြောင့်လည်း သွေးလောင်ကျွမ်းခြင်းအဆင့်(၂) က အစမ်းခန့်ဆရာများကို စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။ ဒီစကားကို ကြားတော့ အစမ်းခန့်ဆရာများ၏မျက်နှာတွေ ရှုံးတိုးရှက်တန်း ဖြစ်သွား ကြသည်။

အမှန်ပဲ။ သူတို့ထက် အဆင့်ပိုမြင့်သည်။ သူတို့အနိုင်ရဖို့ ဆုပဲတောင်းနိုင်မည်။ ဒါပေမယ့် သူတို့

ရှုံးခဲ့ပါက ဆွန်းမိုအတွက် အနင်းခံကျောက်တုံး ဖြစ်လာမည်။

"ချီဟွာ၊ သွားရမယ့် အချိန်ရောက်နေပြီ"

ဆွန်းမိုက လှမ်းအော်ခေါ်လိုက်သည်။ ထိုနောက်သူ့ အဝတ်အစားပေါ်က ဖုန်မှုန့်များကို ခါထုတ်လိုက်ပြီး ထွက်ခွာသွားသည်။

ဆွန်းမို လျှောက်လာတာကို မြင်ရင် အနီးအနားက ကျောင်းသားများသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချက်ခြင်းဦးညွှတ်လိုက်ပြီး လမ်းကြောင်း ဖွင့်ပေးလိုက်ကြသည်။

"အဲဒီ ဆရာက ဘယ်သူလဲ "

"နတ်ဘုရားလက်"

"နတ်ဘုရားလက်ဆိုတာ ဘာကြီးလဲ "

" မနေ့က အဖြစ်အပျက်ကို မကြားဘူးလား"

ကျောင်းသားများစတင်ပြီး ဆွေးနွေးနေကြသည်။ အဲဒီနောက်မှာတော့ ဆွန်းမို နာမည်ကို နေရာအနှံ့ကြား နေရသည်။

ဂေါင်ပန်သည် တည်ငြိမ်သည့် အပြုံးနှင့် ကန်တင်းကို လမ်းလျှောက်လာသည်။

သူသည် သွေးလောင်ကျွမ်းခြင်း တတိယအဆင့်ကို ရောက်နေပြီး ဆွန်းမိုထက်ကို နှစ်ဆင့် မြင့်ပါသည်။ ထိုကွာဟချက်က ကြီးမားလွန်းတာကြောင့် ဆွန်းမိုက သူ့ကိုသာ အမှီလိုက်ချင်ပါက တစ်နှစ်ပတ်လုံးကျင့်ကြံ ရုံအပြင် ဘာမှမလုပ်ဘဲ နေမှရမည်။

ကျင့်ကြံခြင်းသည် ကိုယ့်အကန့်အသတ်ကို စိန်ခေါ်နေရခြင်းဖြစ်သည်။ ဒါကြောင့်လည်း

ကျင့်ကြံခြင်းအဆင့် မြင့်လာလေလေ တိုးတက်ဖို့ ခက်လာလေလေ ဖြစ်သည်။

ဆရာများသည် ကျောင်းသားများကို လမ်းညွှန်ပြီးရင် နောက်ထပ် အသက်မွေးဝမ်းကြောင်း ပညာများကို လေ့လာရသောကြောင့် တခြားကျင့်ကြံသူများထက် ကျင့်ကြံချိန် နည်းပါးတတ်ကြသည်။ ဒါကြောင့်လည်း စစ်မှန်သော ကျင့်ကြံသူများထက် ကျင့်ကြံခြင်း အဆင့်တက်သည့် အရှိန်က နှေးကွေးသည်။

သူတော်စင်ဂိတ်က ထုတ်ဝေသော အချက်အလက်များအရ ဆရာများသည် သွေးလောင်ကျွမ်းခြင်းတွင် အဆင့်တစ်ခုမှ တစ်ခုကို တက်ရန် အချိန် နှစ်နှစ်လောက် ကြာကြသည်။

သူတော်စင်ဂိတ်၏ စံနှုန်းများအရ ဆရာတစ်ဦးသည် သွေးလောင်ကျွမ်းခြင်းအဆင့်ကို ပြီးပြည့်စုံစွာ အောင်မြင်ပြီး နတ်ဘုရား ခွန်အားအဆင့်ကို အောင်မြင်စွာ တက်ရောက်နိုင်ပါက ၎င်းကို တော်တော်လေး အံ့အောစရာကောင်းသော ရလဒ်လို့ သတ်မှတ်နိုင်သည်။

ထိုသို့ အရည်အချင်းရှိသည့် ဆရာများကို ကျော်ကြားသည့်ကျောင်းတိုင်းတွင် ကြီးကြီးမားမား တန်ဖိုးထားကာ ပျိုးထောင်ကြလိမ့်မည်။ သူတို့ကို အရေးကြီးသည့် တာဝန်များကိုလည်း ပေးအပ်တတ်ကြသည်။

ဒါပေမယ့် သိပ်မကြာခင် ဂေါင်ပန်၏ အပြုံးများ ပျောက်ကွယ်သွားသည်။ မနေ့က အရှက်တရားကိုလည်း ပြန်ပြီး သတိရလာသည်။ သူ့ရဲ့ လူထုဟောပြောပွဲတွင် ကျောင်းသား လေးယောက်သာ ရှိခဲ့သည်။

ဒါဟာသူ၏ ပထမဆုံး လူထုဟောပြောပွဲပါ ဘယ်လောက်တောင် စိတ်ပျက်ဖို့ ကောင်းသလဲ။ “ငါ့ရဲ့ အစီအစဉ်ကို အမြန်ဆုံး အကောင်အထည်ဖော်ပြီး ငါက ဗဟိုပြည်နယ် အကယ်ဒမီမှာ အကောင်းဆုံး ဆရာဆိုတာကို သိအောင်လုပ်ရမယ်၊ ဆွန်းမိုက ခွေးပေါက်လေးပါ”

ဒါကိုတွေးပြီး ဂေါင်ပန်သည် မနက်စာစားရန် တပြည့်များကို လိုက်ရှာခိုင်းလိုက်သည်။

....

ဒင်

"ဂုဏ်ယူပါတယ်။ မင်း စုစုပေါင်း လေးစားအထင်ကြီးမှု အမှတ် ၁၂၇ မှတ် ရခဲ့တယ်"

"ဟင် နည်းနည်းလေးလား"

ဆွန်းမို အံ့အောသွားသည်။ ဒီထပ်ပိုပြီးရမယ်လို့ မှန်ထားတာပါ။

"ဒါ နှစ်ငယ်တဲ့ ကျောင်းသားတွေလေ။ သူတို့ရဲ့ သုံးသပ်နိုင်စွမ်းက နိမ့်ကျတော့ မင်းရဲ့ လုပ်ဆောင်မှုကို အံ့အောပြီး အထင်ကြီးသွားတာ။ အတန်းကြီးတဲ့ ကျောင်းသားတွေဆီက အထင်ကြီးမှုကိုလိုချင်ရင်

ဒီထက်ကောင်းအောင် ပိုကြိုးစား သင့်တာပေါ့” စနစ်က ရှင်းပြသည်။

လီဇီချီ၊ ရှန်ယွန်ပေါင်နှင့် ချန်လုံတို့က ရောက်နေကြသည်။

ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်က သူညနှင့်ညီသော်လည်း စကားပြောကောင်းသည့် လီဇီချီက သူမ၏ ပညာသင်ဘက် မောင်လေးနှစ်ယောက်နှင့် ပိုပြီး ဆက်ဆံရေးကောင်းအောင် တည်ဆောက်ချင်

နေသည်။ ဒါကြောင့်လည်း သူမသည် သူတို့၏ လက်ရှိ ကျင့်ကြံခြင်း အခြေအနေကို စစ်ဆေးနေသည်။

ဒါပေမယ့်လည်း သူတို့ထဲက တစ်ယောက်က တိုက်ခိုက်ဖို့သာသိသည့် ဦးနှောက်မှာ ကြွက်သားနှင့် ပြည့်နေသည့်သူဖြစ်ပြီး နောက်တစ်ယောက်က ကြောင်တောင်တောင်နှင့် ထိုင်နေကာ စကားပြောမည့်ပုံစံ မရှိပါ။ ကြည့်ရတာ အေးစက်စက်နှင့် အလောင်းကောင် တစ်ကောင်လို ဖြစ်နေသည်။

လီဇီချီက သူတို့ကို မနှောက်ယှက်ချင်တော့ပါ။ ဒါကြောင့် သူမ ဘာမှ မပြောဘဲ နေလိုက်သည်။

“ဆရာဆွန်း”

ဆွန်းမို လမ်းလျှောက်လာကို မြင်ရင် လီဇီချီသည် ပြေးကြိုဖို့လုပ်လိုက်သည်။ ဒါပေမယ့်လည်း လှေကားက ဆင်းလိုက်တာနဲ့ ခြေချော်ပြီး တစ်ခါတည်း ပြုတ်ကျသွားသည်။

ဘုန်း

လီဇီချီ တင်ပါးနှင့် မြေကြီး မိတ်ဆက်သွားသည်။

ဘယ်လောက်တောင် နာလိုက် မလဲ။

လီဇီချီလည်း သူမ တင်ပါး ကွဲထွက်တော့မယ်လို့ ထင်လိုက်မိသည်။

"အာ ။ သွားပြီ ငါ့ရဲ့ အကြီးဆုံး ပညာသင်ဘက် အစ်မကြီးဆိုတဲ့ ပုံရိပ်တော့ ပျက်ဆီးပါပြီ"

"စီနီယာ အစ်မကြီး"

လုချီဟွာ ကြောက်လန့်တကြား အမြန်ပြေးသွားလိုက်သည်။

ရှန်ယွန်ပေါင်က လီဇီချီကို ကြည့်တောင် မကြည့်ပါဘူး။ ချန်လုံကတော့ နည်းနည်း

ပိုကောင်းသည်။ တစ်ချက်တော့ကြည့်လိုက်သေးသည် ။ ဒါပေမယ့် သူလည်း မကူညီပါဘူး။

ဆွန်းမို မျက်ခုံးပင့်လိုက်မိသည်။ သူ့ရဲ့ကျောင်းသားတွေက ကိုယ်ပိုင် စရိုက်တွေရှိနေကြသည်။ သူတို့ကို သင်ပေးရမှာ လွယ်သည့်ကိစ္စတော့ မဟုတ်ပါ။

“အမ် အားလုံး ရောက်နေကြပြီလား”

ထန်ထန်ယုထန်၏ အသံထွက်လာသည်။ လှူတိုင်းလှည့်ကြည့်လိုက်ရင် တည်တည်ငြိမ်ငြိမ် လမ်းလျှောက်လာတာကို မြင်လိုက်သည်။

သူက အဝင်အပေါက်အရှေ့တွင် ချိတ်ထားသော နေနာရီကို ညွှန်ပြရင်း ပြောလိုက်သည်။

“ငါနောက် မကျပါဘူးနော်။ အချိန်အတိအကျပဲ ရှိသေးတယ်”

ထန်ထန်ယုထန်က လှေကားခြေရင်းကို ရောက်လာသည်နှင့် ကြီးကျယ်ခမ်းနားသည့် ခေါင်းလောင်းသံလည်း ထွက်လာသည်။ မနက် ၈ နာရီ ထိုးလို့ ကျောင်းတက် ခေါင်းလောင်း မြည်လာသည်။

“ဒီကောင့်မှာ OCD ရှိတယ်လို့ လာမပြောနဲ့နော်”

ဆွန်းမို ခန့်မှန်းလိုက်မိသည်။ လက်ပတ်နာရီမရှိသည့် ဒီခေတ်တွင်တောင် အချိန်တိကျချင်စိတ် ပြင်းထန်လွန်းသည်။

လူတိုင်း ရောက်နေကြပြီ။ ဆွန်းမိုသည် သူ၏ ကျောင်းသားငါးယောက်ကို ဦးဆောင်ကာ လူသုံးဆယ်ခန့်ဆန့်သည့် စာသင်ခန်းကို ရှာလိုက်သည်။ ထို့နောက်ချင်လင်သို့ ရောက်ပြီးနောက် သူ၏ ပထဆုံး သင်ခန်းစာကို စလိုက်သည်။

"ငါ့နာမည်က ဆွန်းမို ဒီနေ့ကစပြီး မင်းတို့ရဲ့ အတန်းပိုင်ဆရာပဲ၊ ငါက အကောင်းဆုံး သင်ကြားပေးမယ်။ ငါမဖြေနိုင်တဲ့ မေးခွန်းတွေဆိုရင် ငါကိုယ်တိုင် မြတ်ဆရာတစ်ယောက်ကို ရှာပြီး ဆွေးနွေးပေးမယ်။ မင်းတို့ကလည်း တခြားဆရာကိုရှာပြီး မေးနိုင်တယ်။ အဲဒီအတွက် မင်းတို့ကို အပြစ်မတင်ဘူး"

ဆွန်းမိုက လိုရင်းကို တန်းသွားပြီး သူ၏ သင်ကြားရေး ဒဿနကို အရင် အသိပေးခဲ့သည်။

"ဆရာဆွန်း၊ တရက်စာ ဆရာဖြစ်လည်း တသက်လုံး အဖေပဲ။ ငါတို့က မေးခွန်းတွေကို ဖြေဖို့ တခြားဆရာတွေကို မရှာဘူး"

လီဇီချီက ကမန်းကတန်း အာမခံလိုက်သည်။

လုချီဟွာကလည်း အမြန်ခေါင်းညိတ် ထောက်ခံသည်။

အလယ်ကမ္ဘာတွင် ကျောင်းသားတစ်ဦးသည် တစ်ယောက်ယောက်ကို ဆရာတင်လိုက်ပါက သူတို့က လေးစားသည့် အနေဖြင့်

အခြားတစ်ယောက်ကို မေးခွန်းတွေ မေးမြန်းဆွေးနွေးကြမည် မဟုတ်ပါ။

သူတို့လုပ်ရင်တောင် သီးသန့် ဆွေးနွေးကြမည်ဖြစ်သည်။ ပွင့်ပွင့်လင်းလင်း လုပ်လိုက်ပါက ကိုယ့်ဆရာ၏ အရည်အချင်းကို သံသယ ဝင်သွား နိုင်သည်။

ဒါကြောင့်လည်း ချင်ယုံက ထိုနေ့က လူထုဟောပြောပွဲတွင် ဖန်ဇိုဝမ်အား တောင်းပန်ခဲ့ခြင်း ဖြစ်သည်။

"ငါပြောတာကို ပြီးအောင် အရင်စောင့်ပါအုံး"

ဆွန်းမိုက လီဇီချီကို ဖြတ်မပြောရန် လက်ပြရင်းပြောလိုက်သည်။ "ဒါတင်မကဘူး မင်းတို့အားလုံးက ပိုပြီးတော်တဲ့ ဆရာတစ်ယောက်ကို ရှာဖွေနိုင်ပြီး သူတို့က မင်းတို့ရဲ့ ဆရာ အဖြစ်ခံယူဖို့ ဆန္ဒရှိတဲ့နေ့ကျရင် မင်းတို့က ငါ့ကို ထားခဲ့နိုင်တယ်။ ငါကမင်းတို့ အားလုံးကို အပြစ်တင်မှာလဲ မဟုတ်သလို တားမှာလဲ မဟုတ်ဘူး"

လီဇီချီနှင့် လုချီဟွာ အံ့အောသင့်သွားသည်။ ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ။

" ဆရာ မင်းစကားတွေက လွန်သွားပြီ"

အအေးဆုံးနှင့် ရေခဲတုံးလို ဖြစ်နေသည့် ချန်လုံက အရင်ဆုံး တုန့်ပြန်လိုက်သည်။ "မင်းက ငါတို့ရဲ့ စရိုက်ကို သံသယဝင်နေတာလား။ မင်းကို ငါ့ဆရာအဖြစ် တင်ပြီးကတည်းက ဘယ်တော့မှ နောင်တရမှာ မဟုတ်ဘူး"

ထန်ထန်ယုထန်က ချန်လုံကို တချက်ကြည့်လိုက်ပြီးနောက် စဉ်းစားနေသည်။ သူသည် အခြားဆရာတစ်ယောက်ကို ဆရာတင်လိုသော်လည်း ထိုဆရာက သူ့ကိုလက်ခံမလား၊ လက်မခံဘူးလား ဆိုတာ

မသိသေးပါ။ ဒါပေမယ့်လည်း ဆွန်းမိုကို ကြည့်ရတာ နောက်နေသည့် ပုံစံ မဟုတ်ပါ။

ဒါက တကယ်ကို စိတ်ဝင်စားစရာဘဲ။

ဆွန်းမိုကို သူ၏ စိတ်ခါတ်တစ်ခုတည်း ကြည့်ရင်တောင် အရမ်းအံ့အောဖို့ ကောင်းနေသည်။ ဆွန်းမိုကလည်း နောက်ပြောင်နေတာ မဟုတ်ပါ။ သူသည် အလယ်ကမ္ဘာတွင် မွေးဖွားလာခဲ့တာလည်း မဟုတ်ပါ။ သူစိတ်ထဲက အရေးအကြီးဆုံး အချက်မှာ ကျောင်းသားများကို တိုးတက်ကြီးပွားအောင် လုပ်ပေးနိုင်သည့်သူသာ လေးစားထိုက်သူ

ဖြစ်လာနိုင်သည်။

"ငါလည်း ဒါကိုနှောင်တရမှာ မဟုတ်ဘူး" လီဇီချီကလည်း အာမခံလိုက်သည်။

"ငါရောပဲ" လုချီဟွာက လက်ကိုမြှောက်လိုက်ပြီး ဝင်ပြောသည်။

"ငါတစ်ခုလောက် ပြောလို့ရမလား" ရှန်ယွန်ပေါင်က မျက်မှောင်ကြုတ်ကာ မေးလာသည်။ ဒီကြောင်းအရာတွေက အချိန်ဖြုန်းနေသလိုပါပဲ။

"ဘယ်လို ယူဆရမှာလဲ "

ရှန်ယွန်ပေါင်၏ စရိုက်သည် ထိုကဲ့သို့ ဖြစ်မှန်း ဆွန်းမိုသိသည်။ ဒါကလည်း ဒီလို ခက်ထန်သည့်ကျောင်းသားကို ဆွဲဆောင်နိုင်ရန် စိန်ခေါ်မှုလည်း ဖြစ်သည်။

"တိုက်ပွဲ"

ရှန်ယွန်ပေါင်က တိုတိုနဲ့လိုရင်း ပြောလိုက်သည်။ သူက ဆွန်းမိုကို ကြည့်ပြီး တိုက်ခိုက်ချင်စိတ် ပြင်းပြလာသည်။

"ဆရာ၊ ငါတို့ ဘယ်လိုတိုက်ကြ မလဲ"

တော်သေးတာပေါ့ ရှန်ယွန်ပေါင်က သူ့ကို ဆရာလို့ မှတ်မိနေသေးသည်။ မဟုတ်ပါက သူပြောလိုက်သည့်ပုံက ဆွန်းမိုကို စိန်ခေါ်နေသလို ဖြစ်နေသည်။

"မင်းက ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်မှာဘဲ ရှိသေးတယ် ဆရာဆွန်းကို ဘယ်လိုနိုင်မှာလဲ "

လီဇီချီက ရှန်ယွန်ပေါင်ကို တုံးတယ်ထင်ပြီး အပြစ်တင်လိုက်သည်။

"ငါက မနိုင်တာနဲ့ မတိုက်ရတော့ဘူးလား"

ရှန်ယွန်ပေါင်ကလည်း ပြန်ပက်သည်။

"အမ်"

ဒီလိုထူးဆန်းသည့် သဘောတရားကို လီဇီချီ ဘယ်လို ပြန်ဖြေရမလဲ မသိတော့ပါ။ တကယ်ကို ဦးနှောက်ထဲမှာ ကြွက်သားပြည့်နေသည့် တိုက်ခိုက်ရေးသမား တစ်ယောက်ပဲ။ "ကျွန်တော်လေ့ကျင့်ထားတဲ့ ကျင့်ကြံခြင်း ကျင့်စဉ်က ဆန်းကြယ်သူတော်စင်အဆင့် မြက်ခင်းမီးတောက် ၊လေပြင်း လုံ့ကျင့်စဉ် ပါ"

ရှန်ယွန်ပေါင်က ဆွန်းမိုကို စိုက်ကြည့်ရင်း မောက်မာသည့် အသံနှင့် ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာငါတို့နှစ်ယောက်လုံး ဝိညာဉ်ချီကို မသုံးဘဲ လှုပ်ရှားမှု အကွက်ခြင်းဘဲ ပြိုင်ရဲလား"

ရှစ်

ကျင့်စဉ်၏ အဆင့်အတန်းကို ကြားလိုက်ရင် အမြဲတမ်း ခပ်ခွာခွာနှင့် တစ်ယောက်တည်းနေတတ်သည့် ချန်လုံတောင်လေးအေးတစ်ချက် ရိုက်လိုက်မိသည်။ ထိုနည်းလမ်းနှင့် တိုက်ခိုက် ပါက ရှန်ယွန်ပေါင် တကာယ်ကို အနိုင်ရဖို့ အခွင့်အရေး ရှိသည်။

စာစဉ်(၇)

အခန်း(၉၆) - သူတော်စင်အဆင့် ကျင့်စဉ်လား၊ ငါလည်းတစ်ခု သိတယ်။

"ရှန်ယွန်ပေါင် မင်းလေသံကို ဂရုစိုက်ပါ။ ကိုယ်ပိုင်ဆရာကို ဒီလို လေသံနဲ့ ပြောစရာလား" လီဇီချီ၏ လှပသော မျက်ခုံးများ တွန့်ကွေးနေသည်။ သူမသည် လှပသော ဖရဲသီးပုံစံ (မျက်နှာဝိုင်းလေး) မှာလည်း ဒေါသအရိပ်ကလေးများ ဖြတ်ပြေးနေသည်။

"ငါ့လေသံက ဘာဖြစ်လို့လဲ"

ရှန်ယွန်ပေါင်လည်း ကြောင်နေသည်။

"ရပြီ လီဇီချီ ဘာမှပြောစရာမလိုဘူး"

ဆွန်းမို စိတ်မဆိုးပါဘူး။ ရှန်ယွန်ပေါင်က တိုက်ပွဲစွဲလမ်းသူဖြစ်သည်။ သူ့ဦးနှောက်တွင် စိတ်ခံစားမှုဆိုင်ရာများအတွက် နေရာမရှိပါ။

"ဆရာ သင်ပေးပါအုံး"

ထန်ထန်ယုထန်လည်း ရှန်ယွန်ပေါင်၏ လုပ်ရပ်ကို သဘောမကျပါ။ တကယ်တော့ သူလည်း ကမ္ဘာကြီး မီးလောင်နေတာကို သဘောကျသည့် သူဖြစ်သည်။

ဒီတိုက်ပွဲကို သဘောမတူပါက သင်ကြားရေး စလို့ မဖြစ်နိုင်တာ ဆွန်းမို သိသည်။ ဒါ့အပြင် ရှန်ယွန်ပေါင်၏ ကျင့်စဉ်သည် ဆန်းကြယ် သူတော်စင် အဆင့်ဖြစ်နေသည်။

ကောင်းလိုက်တာ။ ရှေးဟောင်းလောကနတ် ကျင့်စဉ်ကို နောက်ဆုံးမှာတော့ ကောင်းကောင်း အသုံးချရတော့မည်။

ဗဟိုပြည်နယ် အကယ်ဒမီတွင် လေ့ကျင်ရေးအခန်းပါသော လေ့ကျင့်ရေး ဒိုကျို တစ်ခုရှိသည်။ ဆရာများနှင့် ကျောင်းသားများ၊

သူတို့၏ သင်ခန်းစာကို လက်တွေ့ သင်ကြားပို့ချနိုင်အောင် ဖြစ်သည်။

တစ်ခါတစ်လေ ကျင့်ကြံခြင်းကျင့်စဉ်နှင့် လမ်းညွှန်ချက်များသည် လျို့ဝှက်ထားဖို့ လိုအပ်တတ်ကြသည်။ လေ့ကျင့်ရေးအခန်းတံခါးကို

ပိတ်ထားလိုက်ပါက ကျင့်ကြံခြင်းကျင့်စဉ် ပေါက်ကြားသွားမှာကို စိုးရိမ်စရာ မလိုတော့ပါ။

အခုအချိန်တွင် ဆွန်းမိုသည် တရားဝင်ဆရာတစ်ယောက် ဖြစ်သည်။ ဒါကြောင့် လေ့ကျင့်ရေးအခန်းတစ်ခု အလွယ်တကူ ယူနိုင်သည်။

"စလို့ရပြီလား"

လေ့ကျင့်ရေး အခန်းထဲကို ဝင်လိုက်တာနဲ့ ရှန်ယွန်ပေါင်က လှံတံကို ဆွဲထုတ်လိုက်ပြီး လောလိုက်သည်။

" အချိန်မရွေး တိုက်နိုင်တယ်"

ဆွန်းမိုလည်း သစ်သားဓါးကို ဆွဲ ထုတ်လိုက်သည်။

လေ့ကျင့်ရေးအခန်းကို တစ်ကုဗမီတာရှိသော ကျောက်တုံးများနှင့် တည်ဆောက်ထားပြီး မျက်နှာပြင်တွင် လုံရာ ဓါးရာများနှင့် ပြည့်နေသည်။ ဒီနေရာကို ဟိုးအရင်ကတည်းက တည်ဆောက်ခဲ့တာလို့ ပြောကြသည်။

“ဆရာ၊ ကျွန်တော့် အကွက်ကိုကြည့်လိုက်အုံး”

ဘုန်း

ရှန်ယွန်ပေါင်သည် အမြှောက်ဆန်တစ်ခုနှင့် တူနေသည်။ သူသည် ဆွန်းမို လည်ပင်းဆီကို ချိန်ကာ လုံတံကို ပစ်သွင်းလာသည်။ ဒါပေမယ့်လည်း

လုံတံသည် ပစ်မှတ်ကို မထိမီ အချိန်ခဏလေး အတွင်းတွင် လမ်းကြောင်းပြောင်းကာ ဆွန်းမို မျက်နှာဆီကို ရောက်လာသည်။

ဆွန်းမိုက ဓါးနှင့် ရိုက်ချလိုက်သည်။

ဒန်

တခါတည်း ငွေရောင်လုံကိုလည်း တွန်းထုတ်လိုက်သည်။

ရှန်ယွန်ပေါင်သည် တစ်ကွက် မအောင်မြင်သော်လည်း စိတ်ဓါတ် မကျပါ။ ဆန့်ကျင်ဘက် အနေဖြင့် စိတ်တောင်

ပိုလှုပ်ရှားလာသည်။ ဘေးဘက်ကို ရှောင်လိုက်ပြီး တိုက်ခိုက်မှုကို ကာလိုက်သည်။ သူ့လုံသည် အဆိပ်ပါးစပ်က စကားလုံးများ ပစ်ထုတ်လိုက်သလို တည်ငြိမ်နေသည့် ဆွန်းမိုဆီကို ပစ်သွင်းလိုက်ပြန်သည်။

လုချီဟွာသည် စိုးရိမ်စိတ်ဖြင့် လီဇီချီ၏ အဝတ်များကို ခပ်တင်းတင်း ဆွဲထားသည်။

လီဇီချီလည်း ရှန်ယွန်ပေါင်က ဆန်းကြယ်သူတော်စင် အဆင့်ကျင့်စဉ်လို့ ပြောလိုက်ကတည်းက ဆွန်းမိုအတွက်

စိုးရိမ်နေသည်။ ဒါပေမယ့်လည်း ဆွန်းမိုက နေရာတောင်မရွှေ့ဘဲ ရှန်ယွန်ပေါင်၏ တိုက်ခိုက်မှုများကို ကျွမ်းကျင်လွယ်ကူစွာ ကိုင်တွယ်နေတာကို မြင်လိုက်မှ စိတ်အေးလာသည်။

ဒန် ဒန် ဒန်

လေ့ကျင့်ရေး အခန်းထဲတွင် လက်နက်ချင်းထိခိုက်သည့် အသံများ အဆက်မပြတ်ထွက်နေသည်။

"ငါတို့ ဆရာက အရမ်းတော်တာဘဲ"

လုချီဟွာ လေးလေးနက်နက်ပြောလိုက်သည်၊

လီဇီချီနှင့် အားလုံးကလည်း ပြန်မပြောကြသော်လည်း သဘောတူကြသည်။

ဒီလေ့ကျင့်မှုအပိုင်းတွင် နှစ်ယောက်စလုံးသည် သိုင်းကွက်များကိုသာ အသုံးပြုကြပြီးဝိညာဉ်ချီများကို အသုံးမပြုကြပါ။ ဆိုလိုချင်တာ ဆွန်းမိုက ဝိညာဉ်ချီများကို အသုံးပြုပြီး ရှန်ယွန်ပေါင်ကို ဖိနှိမ့်ထားခြင်း မရှိပါ။

ဒီလိုနည်းဖြင့် ကျင့်ကြံခြင်း အဆင့်အားသာချက်ကို လျှော့ချထားသည်။ အောင်ပွဲ၏ အဆုံးအဖြတ်သည် သူတို့၏ တိုက်ပွဲ အတွေ့အကြုံ၊ သုံးသပ်မှု၊ ခန္ဓာကိုယ်

အရည်အသွေးနှင့် သူတို့၏ လှုပ်ရှားမှုများဖြစ်လာသည်။

ဆန်းကြယ် သူတော်စင်အဆင့် ကျင့်စဉ်၏ လှုပ်ရှားမှုများသည် အမှန်တကယ်ကို နက်ရှိုင်းလှပါသည်။ ရှန်ယွန်ပေါင်၏ တိုက်ခိုက်မှုကလည်း တကယ်ကို ထူးချွန် ထက်မြတ်ပါသည်။ တချက်ကြည့်လိုက်ရုံဖြင့် ရှန်ယွန်ပေါင်သည် တိုက်ခိုက်ရေးကို ချစ်မြတ်နိုးပြီး ကျွမ်းကျင်သူတစ်ယောက် ဖြစ်ကြောင်း ပြောနိုင်သည်။

ဒါပေမယ့်လည်း သူနည်းနည်းလေးတောင် အသာမရဖြစ်နေသည်။ ဆွန်းမိုကို ခြေတစ်လှမ်းရွေ့သွားအောင်တောင် မလုပ်နိုင်သေးပါ။

ဆွန်းမိုသည် ရွေ့လို့မရသည့် တောင်တစ်လုံးလိုဖြစ်နေသည်။

"ဒါက မင်းရဲ့ ခွန်အား အကုန်ပဲလား" ဆွန်းမိုက မေးလိုက်သည်။

"မဟုတ်သေးဘူး" ရှန်ယွန်ပေါင်က ပြန်ပြောလိုက်ပြီးနောက် သူ့လုံ့သည်လည်း ရုတ်တရတ် တုန်လာပြီး ကြောက်စရာ

ကောင်းလောက်အောင် ဆွန်းမိုဆီကို တိုးဝင်သွားသည်။ ဆွန်းမို မျက်လုံးအတွင်းတွင် စူးရှတောက်ပသည့် လှံချက် ဆယ်ချက်ပေါ်လာသည်။

ချန် ချန် ချန်

ကျယ်လောင်သော ပဲ့တင်သံထွက်လာပြီး လေထုတောင် စုတ်ပြဲလာသည်။

ဆန်းကြယ် ပန်းပွင့်မိုး လှံ

“အာ”

လီဇီချီသည် စိုးရိမ်ပြီး ပါးစပ် ပိတ်လိုက်မိသည်။ သူမ အမြင်တွင် လုံချက်များ၏ အလင်းတန်းများသည် မိုးရေကဲ့သို့ ပျံ့နှံ့နေသည်။ သူတို့ကိုရှောင်နိုင်စရာ မရှိပါ။

“ဆွန်းမိုက ရှန်ယွန်ပေါင်ကို ဝှက်ဖဲ ထုတ်ပြလာအောင် ဖိအားပေးနေတာလား”

ထန်ထန်ယုထန်သည် မျက်လုံးမှေးကာ ဆွန်းမိုကို စိုက်ကြည့်နေသည်။

ချန်လုံသည် အသေးစိတ်တစ်ချက်တောင် မလွတ်သွားအောင် အသေအချာ စိုက်ကြည့်နေသည်။

ရှန်ယွန်ပေါင်၏ ဒီအကွက်သည် စိတ်ပျက်ဖို့ကောင်းလောက်အောင် ကြောက်ဖို့ကောင်းနေသည်။

သူသာဖြစ်ခဲ့ရင် ဘယ်လိုကာကွယ်မလဲ။

လုချီဟွာကတော့ မကြည့်ရဲတော့ပဲ မျက်လုံးမှိတ်လိုက်သည်။

ဒါပေမယ့်လည်း ဆွန်းမိုသည် ထန်ထန်ယုထန်တွက်ထားသလို မလုပ်ခဲ့ပါ။ သူက အရင်အတိုင်းတည်ငြိမ်နေပြီး လက်တစ်ချောင်းကိုအေးအေးဆေးဆေး ဆန့်ထုတ်လိုက်သည်။

ဒေါင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သစ်သားခါးသည် တောက်ပနေသည့် ငွေရောင်လုံ့ကို တိုက်ရိုက် ထိမှန်သွားသည်။ အဲဒီနောက်မှာ ဘာမှ မရှိတော့ပါ။ ရာပေါင်းများစွာသော လုံ့အရိပ်သည်လည်း ဟာရီကိန်း မုန်တိုင်းက စုတ်ယူလိုက်သလို ပျောက်ကွယ်သွားသည်။

ဆွန်းမို၏ ခြေထောက်က မြောက်တက်လာပြီး ရှန်ယွန်ပေါင် ဝမ်းဗိုက်ကို ထိမိသွားသည်။

ဘုန်း

ရှန်ယွန်ပေါင်က ခြေထောက်ကို မြှောက်ပြီး ကာကွယ်လိုက်ချင်သော်လည်း သူ၏ တဝက်တပျက် ရိုက်ချက်လည်း နှေးကွေးသွားပြီး ရပ်တန့်သွားသည်။

"ဒီ၊ ငါ သိုင်းပညာလမ်းကြောင်းကို စတက် ကတည်းက ငါ့ရဲ့ မြက်ခင်းမီးတောက် ၊လေပြင်း လုံ့ကျင့်စဉ်ကို တားနိုင်တဲ့ ငါးယောက်မြောက်လူပဲ"

ရှန်ယွန်ပေါင်က ဆွန်းမိုကို စိုက်ကြည့်ရင်း ပြောလိုက်သည်။ ထို့နောက် သူ့မျက်နှာတွင် ရှုံ့းသွပ်မှုများပေါ်လာပြီး

"ထပ်လာပြီ"

ထိုစကားပြောပြီးနောက် တိုက်ပွဲစွဲနေသူကြီးက နောက်တစ်ခေါက် တိုက်လာပြန်သည်။

"ကြည့်ရတာတော့၊ အားလုံးအဆင်ပြေသွားပြီ၊ ဆရာပဲ သေချာ ပေါက်နိုင်မှာ"

လီဇီချီ စိတ်အေးလက်အေး ဖြစ်သွားသည်။

လုချီဟွာလည်း လက်ကို ဖယ်လိုက်ပြီး ကြည့်လိုက်ရင် ရှန်ယွန်ပေါင်က ဆွန်းမိုကို အရှူးအမူး တိုက်ခိုက်နေတာကို မြင်လိုက်ရသည်။ ဆွန်းမိုကတော့ ပေါ့ပါးသွက်လက်စွာ အေးအေးဆေးဆေးပါပဲ။ သူသည် လုံး၀ အနှောက်

အယုက်ကင်းကင်းနှင့် ဆရာကြီး တစ်ယောက်၏ ပုံရိပ်ကို ထုတ်လွှင့်နေသည်။

"ရှန်ယွန်ပေါင်၊ ပြောရမယ်ဆိုရင် ဒီတခေါက် လူသစ်တွေထဲမှာ မင်းရဲ့အရည်အချင်းက ထိပ်ဆုံး သုံးယောက်ထဲမှာ ရှိတယ်လို့ ပြောလို့ရတယ်။ ဒါပေမယ့် မင်းကတော်တော်လေး သာမန်ဆန်တာပဲ "

ထန်ထန်ယုထန်က ရယ်ရင်းပြောနေသည်။

သူဘာလုပ်ဖို့ ကြိုးစားနေတာလဲ။

(ဆွန်းမိုက ရပ်နေပြီး တစ်ချက်တောင် မရွေ့သေးသလို ဆံပင်တစ်ချောင်းတောင် ထိခိုက်ခြင်း

မရှိသေးပါ။ ပါရမီရှင်တစ်ယောက်အနေနဲ့ မင်းကျော်ကြားနေတာ မှန်တာလား၊ မှားနေတာလား)

ချန်လုံ၏ မျက်နှာပေါ်တွင်လည်း နားမလည်နိုင်သည့် အရိပ်အယောင်များ ဖြတ်ပြေးနေသည်။ ဆွန်းမို၏ လှုပ်ရှားမှုများက ထူဆန်းတယ်လို့ ထင်မိသော်လည်း ၎င်းတို့ကို ဖောက်မမြင်နိုင်ဖြစ်နေသည်။

ရှန်ယွန်ပေါင်သည် ထန်ထန်ယုထန် ပြောတာကို မကြားလိုက်ပါ။ သူ့မျက်လုံးထဲတွင် ဆွန်းမိုတစ်ယောက်တည်းသာ ရှိနေသည်။

“ဘယ်လောက်တောင် ဖြူစင်လိုက်သလဲ”

ရှန်ယွန်ပေါင်မျက်လုံးထဲတွင် အာရုံစူးစိုက်ထားသည်ကို မြင်လိုက်ရင် ဆွန်းမို ချီးကျူးလိုက်မိသည်။ ဒီကောင်လေးက တိုက်ပွဲအတွက် အရာအားလုံးကို ပေးဆပ်ရဲသည်။

ထို့နောက်သူသည် သူ၏ နက်ရှိုင်းဆန်းကြယ်သည့် လှုပ်ရှားမှုကို တွေးမိပြီး သဏ္ဍာန်မဲ့ မြင့်မြတ်စကြဝ္ဍာကျင့်စဉ် အကြောင်းကို စိတ်လှုပ်ရှားစွာ တွေးနေမိသည်။

တတိယအဆင့် ကျွမ်းကျင်မှုဖြစ်သည့် ကူးယူခြင်းကို ထုတ်ဖော်လိုက်ပြီးနောက် ရှန်ယွန်ပေါင်၏ တိုက်ခိုက်မှု တစ်ခုစီတိုင်းက တိုက်ခိုက်မှု အစွမ်းသတ္တိများ၊ အတွင်းတွင် ဝှက်ထားသည့် ပုံစံကွဲများကို ကောင်းစွာ ဆုပ်ကိုင်နိုင်ခဲ့သည်။ သူတို့ အားလုံးကိုလည်း ခန့်မှန်းနိုင်ခဲ့သည်။ ဒါကြောင့်လည်း ရိုးရှင်းစွာပင် ရှန်ယွန်ပေါင်ကို တိုက်ခိုက်နိုင်ခဲ့သည်။

အစပိုင်းတွင် ဆွန်းမိုသည် နည်းနည်းစိုးရိမ်နေပြီး နတ်ဘုရားမျက်စိကို အသက်သွင်းသင့်လား

မသွင်းသင့်လား တွန့်ဆုတ်နေခဲ့သည်။ နောက်ဆုံးတော့လည်း သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာကျင့်စဉ်က မထင်မှတ်ထားလောက်အောင်ကို အစွမ်းထက်နေသည်။

စဉ်းစားကြည့်လေ ထင်ရှားလာလေဖြစ်သည်။ နောက်ဆုံးတော့လည်း ဆန်းကြယ် သူတော်စင်အဆင့် ကျင့်စဉ်တစ်ခုဖြစ်သည်။ ရှန်ယွန်ပေါင်းသုံးသည့် မြက်ခင်း မီးတောက် ၊လေပြင်း လှံကျင့်စဉ်နှင့် နှိုင်းယှဉ်ပါက ပိုပြီး လေးနက်ဆန်းကြယ်နေသည်။

ဆွန်းမိုသည် လက်ရှိတွင် သဏ္ဌာန်မဲ့မြင့်မြတ် စကြ်ာဝဋ္ဌာကျင့်စဉ်ကို ထုတ်သုံးနေကြောင်း ဘယ်သူမှ မပြောနိုင်ပါ။ သူကလည်း ပြောပြမည် မဟုတ်ပါ။ သူသည် ရှန်ယွန်ပေါင်၏ နောက်ထပ်အကွက်များကို မြင်ချင်သေးသည်။ သူသာ စတိုက်လိုက်ပါက ရှုံးနိမ့်သွားတာ ကြာရောပေါ့။

ရှန်ယွန်ပေါင်သည် ရုတ်တရက် အော်ဟစ်လိုက်ပြီး လှည့်ကာ ပြန်ပြေးသွားသည်။ ဒါပေမယ့် သူ့ဘေးနားကနေ ငွေရောင်လုံ က ထိုးဖောက်ထွက်လာသည်။

လမ်းကြောင်းအလယ်လောက် ရောက်သည်နှင့် ရုတ်တရက် ရွှေ့သွားသည်။

ပြိုင်ဘက်အမြင်ကို လက်နှင့် ဖုံးကွယ်ထားသောကြောင့် အံ့အောသင့်စရာ လျှို့ဝှက်တိုက်ခိုက်မှု တစ်ခုဖြစ်သည်။

ဒါတောင် ဆွန်းမိုက မြင်လိုက်သည်။ အရင်ကလိုပဲ ဓါးကို အေးအေးဆေးဆေး ဝှေ့ယမ်းလိုက်သည်။ သို့သော်လည်း သူ့သစ်သားဓါးက လုံ့ကိုမထိခင် ရှန်ယန်ပေါင်၏ နှုတ်ခမ်းတွင် အပြုံး တစ်ခု ပေါ်လာသည်။။

ဖုန်း

မထိခင်မှာဘဲ မီးတောက်တစ်ခု ပေါက်ကွဲထွက်လာသည်။ အနီးအနားကို ချက်ခြင်းပဲ မီးတောက်လောင်သွားသည်။

ဆွန်းမိုသာ နောက်ကို ပြန်မဆုတ်ပါက သူပါလောင်သွားလိမ့်မည်။

"အား"

လီဇီချီနှင့် လုချီဟွာတို့ ထအော်ကြသည်။

"ဆရာ၊ တောင်းပန်ပါတယ်"

ရှန်ယွန်ပေါင်သည် ဝိညာဉ်ချီ မသုံးရ လို့ဆိုသည့် စည်းကမ်းကြောင့် သူလည်း အသုံး မပြုခဲ့ပါ။ သူကိုယ်တိုင်တောင်းဆိုခဲ့သည့် စည်းကမ်းကို ချိုးဖောက်တယ်လို့ သတ်မှတ်နိုင်သည်။

သို့သော်လည်း ဒီအတိုင်း ရပ်တန့်လိုက်ရန် မာနကြီးမားလှသည့် သူ့နှလုံးသားက လက်မခံနိုင်ပါ။

ရှန်ယွန်ပေါင်သည် ဆွန်းမိုကို အနိုင်မယူနိုင်မှန်း သိပြီးသားပါ။ ဒါပေမယ့် သူ့ရဲ့ တိုက်ခိုက်မှုက ဆွန်းမိုကို ခြေတစ်လှမ်းတောင် နောက်ဆုတ်အောင် မလုပ်နိုင်တာကိုတော့ လက်မခံနိုင်ပါ။

ပေါက်ကွဲမှုကို အခွင့်အရေးယူကာ ဆွန်းမိုကို တိုက်ခိုက်ရန် ပြင်ဆင်ထားခဲ့သည်။ သို့သော်လည်း ဆွန်းမို လုပ်ရပ်ကြောင့် အံ့အောသင့်သွားသည်။

ဆွန်းမိုသည် နောက်ကို ပြန်မဆုတ်လိုက်တာကြောင့် မီးစွဲလောင်သွားသည်။

"ဆရာ"

လုချီဟွာနှင့် လီဇီချီတို့ နှစ်ယောက်စလုံး အရမ်းကို တုန်လှုပ်နေကြသည်။

"ဘယ်လောက်တောင် မျက်နှာ မပျက်ချင်တာလဲ"

ထန်ထန်ယုထန်လည်း ဆွံ့အနေသည်။ သူ့အမြင်အရ ဆွန်းမိုသည် ရှောင်တိမ်းဖို့ အချိန်ရှိပါသည်။ ဒါပေမယ့်လည်း ဆွန်းမိုက မျက်နှာမပျက်ချင်တာ ထင်ရှားသည်။ နောက်အခိုက်အတန့်တွင် ထန်ထန်ယုထန် ပိုပြီးတောင် အံ့အောသင့်သွားသည်။

ရွှတ်စ်

ဆွန်းမို သည် မီးတောက်ကို ကျော်ဖြတ်ကာ ပထမဆုံး အကြိမ် စတင်ပြီး တိုက်ခိုက်လိုက်သည်။

လှပသော ယန်

ရေနဂါး ကြွေးကြော်သံ

ဆွန်းမို၏ လှုပ်ရှားမှုသည် တဖျတ်ဖျတ် ဖြစ်လာပြီး အပြောင်းအလဲ မြန်လာကာ ကျက်သရေလည်း ရှိလာသည်။ သူသည် ရေလှိုင်းများကို အသုံးပြုပြီး မြင့်မြတ်သည့် ပုစံဖြင့် ရွေ့လျားလာသည့် မြစ်နတ်ဘုရားလို ဖြစ်နေသည်။ သစ်သားဓါးဆီကလည်း ဌက်အော်သံများ ထွက်လာသည်။

“ဘာ”

ထန်ထန်ယုထန်၏ မျက်လုံးများ ကျည်းမြောင်းသွားသည်။ ဆွန်းမို ဘာကြောင့်လုံးဝ ဒဏ်ရာ မရတာလဲ။ ခဏအကြာတွင် ဆွန်းမို၏ သိုင်းစွမ်းရည်က လုံးဝကို ဆွဲဆောင်သွားသည်။

“ဘယ်လိုနည်းစနစ်လဲ၊ ခမ်းခမ်းနားနားနှင့် ကြီးကျယ် ထည်ဝါလွန်းတယ်”

ထန်ထန်ယုထန်သည် အရင်က ကျင့်ကြံခြင်း ကျင့်စဉ်များစွာကို တွေ့ဖူးခဲ့သော်လည်း ဆွန်းမို၏ ထုတ်ဖော်လိုက်သည့် အကွက်ကိုတော့ လုံးဝ မသိပါ။

ဆွန်းမို၏ သစ်သားဓါးနှင့် လှံတံ ထိမိသွားသည်။

အမိန့် ဆယ့်ရှစ်ခု

ဖောင်း ဖောင်း ဖောင်း

တိုက်ခိုက်ပြီးရင်း တိုက်ခိုက်ရင်း ရုတ်တရက် မုန်းတိုင်းတစ်ခု တိုက်လာသလို ဖြစ်နေသည်။ ရှန်ယွန်ပေါင် လုံကိုတောင် ကောင်းကောင်း မကိုင်နိုင်တော့ပါဘူး။ ကြီးမားသည့် တိုက်ခိုက်မှုကြောင့် လုံကနေ တဆင့်အားများ စီးကူးလာပြီး လက်ညှိုးနှင့် လက်မကြားတွင် အက်ကြောင်း အနည်းငယ်ပေါ်လာသည်။

ဒါကိုလည်း ရှန်ယွန်ပေါင် ဂရုမစိုက်နိုင်ပါဘူး ဆွန်းမို၏ တိုက်ခိုက်မှုကို ခြေရာခံနိုင်ရန် မျက်လုံးကို တတ်နိုင်သလောက် ပြူးကျယ်ထားသည်။ တိုက်ခိုက်မှုတစ်ခုကိုတောင် ခုခံနိုင်ရင် ကံကောင်းနေပါပြီ။

ဒါပေမယ့်.........................

ရှင်းရှင်းလင်းလင်း မမြင်ရဘူး။

ရှင်းရှင်းလင်းလင်း မမြင်ရဘူး။

ရှင်းရှင်းလင်းလင်း မမြင်ရဘူး။

လုံးဝကို ရှင်းရှင်းလင်းလင်း မမြင်ရဘူး။

ရုတ်တရုတ်ဆို သစ်သားဓါးသည် ထူးထူးဆန်းဆန်း ပုံသဏ္ဍာန်နှင့် လမ်းကြောင်းပြောင်းသွားပြီး ကွေးညွတ်သွားကာ ရှန်ယွန်ပေါင်၏ အသံအိုးဆီကို ရောက်သွားသည်။ သို့သော်လည်း လမ်းကြောင်းမပြောင်းခင် တိုက်ခိုက်လိုက်သည့် ခွန်အားလျှော့ချခဲ့သည်။ ရှန်ယွန်ပေါင်၏ လည်ပင်းပေါ်တွင် ကြွက်ကိုက်သလို အသံထွက်လာသည်။

ဒီတိုက်ခိုက်မှုသည် ဥက်မွှေးတစ်ချောင်းလို ပေါ့ပါးသွားသည်။ ချစ်သူတစ်ယောက်က ပွေ့ဖက်လိုက်သလိုပါပဲ။

ဒါပေမယ့်လည်း ရှန်ယွန်ပေါင် မျက်နှာစိမ်းသွားသည်။ ဆွန်းမိုသာ အားထည့်လိုက်ပါက သူနှစ်ခါလောက် သေလို့ ရသည်။

အခြားကျောင်းသားလေးယောက်၏ အမြင်တွင် ရှန်ယွန်ပေါင်၏ တိုက်စစ်သည် လုံးဝကို ကြေမွသွားကာ ရှုံးနိမ့်နေပြီး အကြိမ်ကြိမ်

နောက်ဆုတ်နေခဲ့ရသည်။ သို့သော်လည်းဆွန်းမို မျက်လုံးထဲတွင် သစ်သားခါးက ရှန်ယွန်ပေါင်ကို ထိလိုက်တိုင်း ရှန်ယွန်ပေါင်ခေါင်းက ရွှေရောင်အလင်းများ ထွက်လာပြီး ရွှေရောင် စာမျက်နှာများအဖြစ်သို့ တဖြည်းဖြည်း ပြောင်းသွားသည်။

ထိုရွှေရောင် စာမျက်နှာများသည် လျှမ်းလျှမ်းတောက် လင်းထိန်နေပြီး လေထဲတွင် လွင့်မျောနေသည်။

ဆွန်းမိုသည် ရှေ့ဟောင်းလောကနတ်ကျင့်စဉ်ကို သုံးပြီး တိုက်ခိုက်ခဲ့တာကြောင့် တုန်လှုပ်ခြောက်ခြားဖွယ် တိုက်ခိုက်မှု မျိုးစုံသည် ရှန်ယွန်ပေါင် အပေါ်ကို ကျရောက်ခဲ့သည်။

ဒါပေမယ့်လည်းသူက ရှန်ယွန်ပေါင် မထိခိုက်အောင် ခွန်အားထိန်းချုပ်ထား ခဲ့သည်။ သူ့ရည်ရွယ်ချက်က ရှန်ယွန်ပေါင်၏ မြက်ခင်း မီးတောက် လေပြင်း လှံကျင့်စဉ်ကို ရယူရန်ဖြစ်သည်။

အစောပိုင်းက ရှန်ယွန်ပေါင် ရတ်တရတ် ဝိညာဉ်ချီ ထုတ်ပြီး သုံးစွဲလိုက်သည့် ခံစားချက်ကို ဆွန်းမို

နားလည်သည်။ ဒါကြောင့် စိတ်လည်းမဆိုးပါဘူး။ ဒါပေမယ့်လည်း ဖြစ်သင့်သည့် ပြစ်ဒဏ်ကို ပေးဆောင်ရမည်။

ရှန်ယွန်ပေါင်လို လူမျိုးကို စည်းကမ်းများ အကြောင်း ပြောလို့လည်း အသုံးမဝင်ပါ။ သူ့ကိုထိန်းချုပ်ချင်ပါက ခေါင်းကွဲလောက်အောင် ရိုက်နိုင်မှ ရမည်။

"ဖျက်ဆီးလို့မရသော ရွှေကိုယ်ထည်က အထင်ကြီးစရာပဲ"

ခုနတုန်းက ဆွန်းမိုသည် ဖျက်ဆီးလို့မရသော ရွှေကိုယ်ထည်ကိုသုံးကာ ပေါက်ကွဲမှုကို ထိပ်တိုက်ရင်ဆိုင်နိုင်ခဲ့သည်။

သူ စူးစမ်းချင်စိတ်လည်း ဖြစ်လာသည်။ ဒီသစ်သားရဲ့ ပိုင်ရှင်က ဘယ်လိုလူမျိုးလဲ။ ဘာကြောင့် ဗဟိုပြည်နယ် ဂိုဒေါင်ထဲမှာ စွန့်ပစ်ထားတာလဲ။

ဒီထဲမှာ လျှို့ဝှက်ချက်တော့ ရှိနိုင်သည်။

ရှန်ယွန်ပေါင်သည် ကြည့်ရတာ တော်တော် သနားဖို့ကောင်းနေသည်။ တန်ပြန်တိုက်စစ် ဆင်ချင်သော်လည်း လုံးဝ မလုပ်နိုင်ခဲ့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူပြန်တိုက်ဖို့ လုပ်လိုက်တိုင်း ဆွန်းမိုက သူ့အင်အားကို တိုးမြှင့်ပြီး ဆက်တိုက်ကို ဖိနှိမ့်ခဲ့သည်။

ဒီလိုမျိုး သုံးသပ်စွမ်းရည်ကြောင့်လည်း ရှန်ယွန်ပေါင် အံ့အောနေသည်။

"လူသားတစ်ယောက်အနေနဲ့ လုပ်နိုင်လို့လား"

ရှန်ယွန်ပေါင်ဆီတွင် အဲဒီအတွေးပေါ်လာသည်နှင့် ဆွန်းမိုလည်း စနစ်၏ သတိပေးသံကို ကြားလိုက်ရသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှန်ယွန်ပေါင်။ လေးစားအထင်ကြီးမှု +၂၀။ မှူလ(၂၁/၁၀၀)

စာစဉ်(၇)

အခန်း(၉၇) - လုံးဝကို အနိုင်ရခြင်း။

သူသည် ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု အမှတ်များကို ရရှိခဲ့ပြီး ရှန်ယွန်ပေါင်ကို သိမ်းသွင်းနိုင်ခဲ့ပြီလို့ သတ်မှတ်နိုင်သော်လည်း ဆွန်းမို တိုက်ခိုက်ခြင်းကို မရပ်လိုက်ပါ။

ဒီလို ခံနိုင်ရည်ရှိသည့် ပစ်မှတ်မျိုးကို တွေ့ဖို့ မလွယ်ပါ။

အခုသူတို့က လေ့ကျင့်ရေးအခန်းထဲတွင် ဖြစ်ပြီး ပရိတ်သတ်တွေကလည်း သူ့တပြည့်တွေဖြစ်သည်။ ဒါကြောင့်လည်း ဆွန်းမိုက သူ့ဝှက်ဖဲများ လူသိသွားမှာကို ကြောက်စရာမလိုပါ။ သူလည်းအားကုန်သုံးပြီး အဆုံးစွန်ဆုံးသော စွမ်းရည်ကို ထုတ်သုံးနေသည်။

ဒီခံစားချက်က ဂိမ်းထဲတွင် အားနည်းသော ပြိုင်ဘက်ကို အနိုင်ကျင့်သလိုတော့ ဖြစ်နေသည်။ ရိုးရိုးရှင်းရှင်း ပြောရရင် စောက်ရမ်းမိုက်သည်။

သူ့ပြိုင်ဘက်က တခြားကျောင်းသား တစ်ယောက်ဆိုရင် ဆွန်းမို ဒီလို မလုပ်ရဲပါ။ လီဇီချီ၊ လုချီဟွာနှင့် မကျန်းမာသည့် ထန်ထန်ယုထန်တို့ ဆိုပါက လုံးဝကို ပျက်စီးသွားနိုင်သည်။

ချန်လုံ ဆိုရင်တော့ နည်းနည်းလောက်

တောင့်ခံနိုင်ပြီး ရှန်ယွန်ပေါင် လောက်တော့ ကြာရှည်စွာ မထိန်းထားနိုင်ပါ။

ဒီကြွက်သားဦးနှောက်နှင့် ကျောင်းသားမှာ ကောင်းသည့်အချက် တစ်ချက်တော့ရှိသည်။ လုံးဝကို လက်မခံနိုင်ခြင်းပါ။ သူသည် ဒီလောက် အဖိအနှိမ့် ခံနေရတာတောင် အံကြိတ်ပြီး တိုက်ခိုက်ဖို့ အခွင့်အရေး ရှာနေသေးသည်။

သူ့ရဲ့ ခံယူချက်ကတော့ သန်မာလွန်းသည်။

ဒါကြောင့်လည်း ဆွန်းမိုက သက်တောင့်သက်သာနှင့် ဆက်ပြီး လေ့ကျင့်နေနိုင်သည်။

ရှေ့ဟောင်းလောကနတ်ကျင့်စဉ်သည်

သုံးလိုက်သည်နှင့် တဖြည်းဖြည်း ကြီးထွားလာသော အရာဖြစ်သည်။

ဆွန်းမိုက နောင်တွင် တိုက်ခိုက်ဖို့ အခွင့်အရေးနည်းလာနိုင်တယ်လို့ ခန့်မှန်းထားသည်။ ဒါကြောင့်လည်း ရှန်ယွန်ပေါင်ကို သူ၏သိုင်းပညာလေ့ကျင့်သည့် သစ်သား အရုပ်လို သဘောထားလိုက်သည်။

အမ်

ဒါပေမယ့်လည်း ရွှေ့လျားနိုင်သော သစ်သားအရုပ်တော့ ဖြစ်ပုံရသည်။

ထုံစံအတိုင်း ဆွန်းမိုသည် အစကအဆုံးထိ ဝိညာဉ်ချီကို ထုတ်မသုံးခဲ့ပါ။ သူသည် ရှန်ယွန်ပေါင်ကို အံ့အောဖို့ကောင်းသည့် လှုပ်ရှားမှုများကိုသာ သုံးပြီး ကျောင်းသားကိုလည်း မထိခိုက်အောင် ခွန်အားများကိုလည်း ထိန်းချုပ်ထားခဲ့သည်။

လှလိုက်တာ

လှလိုက်တာ

လှလိုက်တာ

လီဇီချီက စိတ်လိုလက်ရ ချီးကျူးနေသည်။ ထန်ထန်ယုထန်နှင့် ချန်လုံလည်း

ခေါင်းညိတ်လိုက်မိသည်။ ဆွန်းမို၏ ကိုယ်ခံပညာသည် သူ၏စွမ်းအားကို ဖယ်ထားလိုက်ရင်တောင် တင့်တယ်ခမ်းနားမှုက လူတိုင်းကို ထိတ်လန့်အံ့အောသွားစေဖို့ လုံလောက်သည်။

တိုက်ခိုက်သည့်ပုံစံက လှပသော အကနှင့်တူနေပြီး ကြည့်ရှုနေသည့်သူများကို ရသတစ်ခု ပေးစွမ်းနိုင်သည်။

ဒင်

လီဇီချီ လေးစားအထင်ကြီးမှု +၂၅။ မူလ (၄၄၁/၁၀၀၀)

ကျောင်းသားလေးယောက် မမြင်နိုင်တာက ရှန်ယွန်ပေါင်ကို သစ်သားဓါးထိလိုက်သည့် အချိန်တိုင်း သူ့ခေါင်းပေါ်တွင် ရွှေရောင် စာမျက်နှာများ ပေါ်လာသည်။

နောက်ဆုံးတော့လည်း ရှန်ယွန်ပေါင်၏ ခံစစ်သည် အဆက်မပြတ် အတိုက်ခံရပြီး ပျက်စီးသွားသည်။ ရွှေရောင်စာမျက်နှာများကလည်း လေချွန်သံများကို

ဖန်တီးပြီး ကြီးမားသည့် ငွေတံဆိပ်ခေါင်းများလို ပျံ့ဝဲနေကြသည်။

နောက်ထပ်နည်းနည်းလောက် ထပ်တိုက်လိုက်ပြီးနောက် ဆွန်းမိုလည်း ရပ်တန့်လိုက်သည်။

ထောင် ထောင် ထောင်

ရှန်ယွန်ပေါင်လည်း နောက်ကို ဆယ်လှမ်းကျော်လောက် အဆက်မပြတ် ဆုတ်လိုက်ရသည်။

"ကျေနပ်စရာပဲ"

ဆွန်းမိုသည် အလယ်ကမ္ဘာ ပြည်နယ်ကိုးခုက မူရင်းလူ မဟုတ်ပါ။ အရင်ကမ္ဘာတွင် အသက်နှစ်ဆယ်အထိ တစ်ခါမှ မတိုက်ခိုက်ခဲ့ဖူးပါ။ ဒါကြောင့်လည်း သူသည် ဒီခံစားချက်ကို စွဲလမ်းကာ ရုတ်တရက် မရပ်တန့်နိုင်ခဲ့ပါ။

တကယ်ကို မရပ်တန့်ချင်တာပါ။

ဒါပေမယ့်လည်း သူသာဆက်ပြီး တိုက်ခိုက်နေပါက ရှန်ယွန်ပေါင်က သူ့အရည်အချင်းကိုသူ သံသယဝင်သွားသည် အထိ နှိပ်စက်ခံရသလို ဖြစ်သွားမှာလည်း စိုးရိမ်နေသည်။

အဲဒီလို ဖြစ်သွားခဲ့ရင် ရှန်ယွန်ပေါင် ပြန်လည် ထူလာဖို့ မဖြစ်နိုင်သလောက် ဖြစ်သွားမည်။

ရှန်ယွန်ပေါင်လည်း စိတ်ထဲတွင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားပြီး ပြန်တိုက်ဖို့တောင် ခွန်အားမရှိတော့ပါ။ သူ့လက်တွေလည်း အဆက်မပြတ် တုန်ခါနေသည်။ ခဏလောက်ကြာတော့ ငွေရောင်လှံတံသည် မြေပေါ်သို့ လဲကျသွားသည်။

ရှန်ယွန်ပေါင်မျက်နှာလည်း ချက်ခြင်းကို မည်းမှောင်သွားသည်။

"ငါ့ရဲ့ သိုင်းလမ်းစဉ်ကို စလျှောက်လာ ကတည်းက ငါ့ရဲ့ငွေလှံ မြေပေါ်ကိုကျတာ ဒါပထမဆုံးပဲ"

ရှန်ယွန်ပေါင် မျက်နှာပေါ်တွင် စိတ်ပျက်မှုများ ဖြတ်ပြေးနေသည်။

လေထုက လေးလံနေသော်လည်း ထန်ထန်ယုထန်က "ငွေလှံဆိုတာ ဘာကြီးလဲ မင်းရဲ့လှံနာမည်လား" မနေနိုင်ဘဲ နောက်လိုက်သေးသည်။

"ဆရာ၊ ငါရှုံးသွားပြီ"

ရှန်ယွန်ပေါင်သည် ခါးကိုကွေးကာ ဦးညွှတ်ရင်း ပြောလိုက်သည်။ ထိုနောက် လှံကိုကောက်ကာ ချည်ထည်တစ်ထည်နှင့် ကြင်နာစွာ သုတ်နေသည်။ အံကိုကြိတ်ကာ စိတ်ခံစားချက်များကိုလည်း ထိန်ချုပ်ထားသည်။ သို့သော် ပါးပြင်ပေါ်ကို မျက်ရည်များ စီးကျလာသည်။

“မင်းတကယ်ကို ကောင်းကောင်းတိုက်ခဲ့တာပဲ”

ဆွန်းမိုက လျှောက်လာကာ ရှန်ယွန်ပေါင်၏ ပခုံးကို ကိုင်ရင်းပြောလိုက်သည်။ “ပြီးတော့ ငါက

မင်းထက် ခုနှစ် နှစ်လောက်လည်း ကြီးတယ်။ မင်းသာနိုင်သွားရင် ငါဘယ်လိုမျက်နှာနဲ့ နေရမှာလဲ ”

ဆွန်းမိုက နှစ်သိမ့်ပေးလိုက်သည်။

“အရှုံးက အရှုံးပဲ၊ ဆရာကျွန်တော့်ကို လာနှစ်သိမ့်ပေးစရာ မလိုပါဘူး”

ရှန်ယွန်ပေါင်က မျက်ရည်ကို သုတ်ရန် လက်ကိုမြှောက်ရင်း ပြောလိုက်သည်။

“ဆရာက အထင်ကြီးစရာပဲ”

ထန်ထန်ယုထန်က ဂုဏ်ပြုနေသည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှုအမှတ် +၅ ။ မူလ(၇/၁၀၀)

"တောက် ငါတွေးထားသလိုပဲ၊ ဒီကောင်က တကယ်တော်တဲ့ ငဖားကောင်ပဲ"

လီဇီချီက ထန်ထန်ယုထန်ကို ခိုးကြည့်ရင်း ရေရွတ်လိုက်သည်။

ချန်လုံက တစ်ခွန်းမှ မပြောသော်လည်း သူ့ဆီက လေးစားအထင်ကြီးမှု အမှတ်များကလည်း

မနည်းလှပါ။ လုချီဟွာလိုမျိုး ၂၅ မှတ်တောင်ဖြစ်နေသည်။

“ဆရာ၊ မင်းသုံးခဲ့တာက ဘာကျင့်စဉ်လဲ”

ထန်ထန်ယုထန်က ပြုံးရင်း မေးလိုက်သည်။

ကျန်သည့် ကျောင်းသားလေးယောက်လည်း ဆွန်းမိုကို ကြည့်လိုက်ကြသည်။ အထူးသဖြင့် ရှန်ယွန်ပေါင်ဖြစ်သည်။ ဆွန်းမိုကို ကြည့်ရုံသာမက နားရွက်တွေတောင် ထောင်နေသည်။ အစားစားဖို့ ချောင်းနေကာ ကြောင်ခြေသံကို

လှည့်ပတ်နားထောင်နေသည့် ကြွက်နှင့်တောင် တူနေသည်။

"မင်းတို့ အားလုံး ငါ့အဆင့်ကို ရောက်တာနဲ့ ပြောပြမယ်"

ဆွန်းမိုက သူတို့ကို စိတ်ဝင်စားအောင် လုပ်လိုက်သည်။

"ဟာ၊ ဒါက ဆရာသက်သက် ညစ်တာ"

ထန်ထန်ယုထန်က ရင်းနှီးသည့် လူတစ်ယောက်လို လုပ်လိုက်သည်။ သူ၏လေသံ နှင့် အသံတုန်း ၊အမူအရာများနှင့်

တခြားဆက်သွယ်ချက်အားလုံးက တကယ်လို့ကို ထင်ရစေသည်။

ဒါပေမယ့်လည်း ဆွန်းမိုက အရှုံးအလုပ်မခံပါ။ ဒီကောင်လေးသည် ကျောင်းသားငါးယောက်ထဲမှာ ဉာဏ်အများဆုံးဖြစ်သည်။ ပြီးတော့ သူ့ရဲ့ သရုပ်ဆောင် နိုင်စွမ်းကလည်း ပရိတ်သတ်များကို ရင်ခုန်သွားစေနိုင်သည်။

“ဒါက ဆန်းကြယ်သူတော်စင် အဆင့်ကျင့်စဉ် ဖြစ်နိုင်တယ်” ရှန်ယွန်ပေါင်က ရုတ်တရက် ထပြောလိုက်သည်။

ထန်ထန်ယုထန်၏ နှုတ်ခမ်းများ တုန်နေပြီး စိတ်ထဲက အောင်ဟစ်နေသည်။ (ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်က ဂေါ်ဖီထုပ်လို နေရာတိုင်းမှာ တွေ့နိုင်မယ်လို့ မင်းကထင်နေတာလား) သူသည် ဆွန်းမို၏ နောက်ခံသမိုင်းကြောင်းကို စုံစမ်းခဲ့သည်။

ဆွန်းမို၏ အဖေသည် ဗဟိုပြည်နယ် အကယ်ဒမီက ပါရမီရှင်ဖြစ်ပြီး အရင်ကျောင်းအုပ်ကြီး၏ အချစ်တော် တပြည့်လည်းဖြစ်သည်။ ဒါပေမယ့်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှောင်တိုက်ကြီးရှိ နေရာဟောင်းများက ပစ္စည်းများကို ရှာဖွေရန် ထွက်သွားပြီး ပျောက်ကွယ်သွားခဲ့သည်။

ယေဘုယျသဘောဆိုရင် ဆွန်းမို အဖေသည် သေသွားတာ ဖြစ်နိုင်သည်။

ဒီမတော်တဆမှုကြောင့် ဆွန်းမိုကို သူ၏ အကောင်းဆုံးကျင့်စဉ်ကို ပေးခဲ့ဖို့ မဖြစ်နိုင်ပါ။ ဒါဆိုရင် ဆွန်းမိုက ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်ကို ဘယ်လိုရနိုင်မှာလဲ၊

ဗဟိုပြည်နယ်အကယ်ဒမီတွင် ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်သည် ကျောင်း၏ အကောင်းဆုံး ရတနာဖြစ်သည်။ ဒါပေမယ့်လည်း မျိုးဆက်တစ်ခုမှာ ကျောင်းအုပ်ကြီးတစ်ယောက်သာ သင်ယူခွင့်ရှိသည်။ အန်ရှီဝေ၏ ဖခင်သည် ကျောင်းအုပ်ကြီး မဖြစ်ဖူးတာကြောင့် ၎င်းကိုလေ့လာဖို့ နေနေသာသာ မြင်တောင်မမြင်ဖူးပါ။

ဒါကြောင့်လည်း အန်ရှီဝေ၏ အဖိုးနှင့် အဖေသည် အရင်က စကားများရန်ဖြစ်ခဲ့ကြသည်။

ကြီးကြီးမားမား ရုတ်ရုတ်သဲသဲ ဖြစ်ခဲ့ပြီး ဒီအဖြစ်အပျက်က သင်ကြားရေးနယ်ပယ် တစ်ခုလုံးကိုတောင် ပျံ့နှံ့သွားခဲ့သည်။

"ဟုတ်တယ်"

ဒီတစ်ခါတော့ ဆွန်းမို ဝန်ခံလိုက်သည်။ ဘာမှသိပ်ပြီးတော့လည်း မထူးခြားပါဘူး။ သူ့မှာသာ အင်းအား လုံလောက်အောင် အစွမ်းထက်သည့် ဝှက်ဖဲတွေ မရှိပါက ဘယ်လိုလုပ် သူ့တပြည့်တွေက သူ့နောက်လိုက်ချင်မှာလဲ။

"ထင်ထားသလိုပဲ၊ ငါ ဆရာရဲ့ လှုပ်ရှားမှုတွေကို မမြင်နိုင်တာ မထူးဆန်းတော့ပါဘူး"

ရှန်ယွန်ပေါင်လည်း စိတ်သက်သာရာ ရသွားသည်။ ဘာမှလည်း စိတ်မကောင်းဖြစ်စရာ မလိုပါဘူး။ နောက်ပိုင်းတွင် လေ့ကျင့်ရေးကိုသာ ပိုအားစိုက်ပြီး အနိုင်ရသည် အထိ ရိုးရိုးရှင်းရှင်း တိုက်ပွဲဝင်သွားမည်။

"သူ့ကို ငါဆရာတင်လိုက်မိတာ ရတနာတစ်ခု ကောက်ရလိုက်တယ်လို့ ယူဆလိုက်ရမလား"

လီဇီချီက တွေးရင်း တိတ်တဆိတ်ကြည့်နေသည်။

ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်သည် အရေအတွက် အကန့်အသတ်နှင့်သာ ရှိသည်။ ဒါကြောင့် အဲဒီလိုမျိုးကျင့်စဉ်ကိုသိသည့် ဆရာနှင့် ဆုံရခြင်းသည် သူ့ အလွန်ကံကောင်းပါသည်။

“ဟီးဟီး”

ထန်ထန်ယုထန်ကတော့ တိုးတိုးလေးရယ်နေသည်။ သူက တိတ်တိတ်လေးတွေးနေသည် ‘ဆွန်းမိုက သိရင်တောင် ငါတို့ကို သင်ပေးမှာ မဟုတ်ဘူး’ ဒီလိုမျိုးအဆင့်ရှိသည့် ကျင့်ကြံခြင်းကျင့်စဉ်ကို

ငါတို့က သူ့တပြည့်ဖြစ်နေရင်တောင် ကြီးကြီးမားမား အကျိုးမပြုထားရင် အဲ့ဒါကို သင်ခွင့်ရမှာ မဟုတ်ဘူး။

ဘယ်လိုပဲပြောပြော အဲဒါက အရမ်းကို တန်ဖိုးကြီးပါသည်။

"မင်းက ဘာကြောင့်ရယ်နေတာလဲ"

ဆွန်းမိုက ရုတ်တရုတ် ထန်ထန်ယုထန်ဘက်ကို လှည့်ကြည့်ရင်း မေးလိုက်သည်။ ထန်ထန်ယုထန်က ချိန်ကိုက်ဗုံးဖြစ်တယ်လို့ စနစ်၏မှတ်ချက်ကိုလည်း ပြန်တွေးလိုက်မိသည်။ ဒါ့အပြင် စနစ်က ထန်ထန်ယုထန်အား အပေါ်ယံ အသိအမှတ်ပြုတာ

မဟုတ်ဘဲ သူ့နှလုံးသားအောက်ခြေကနေ အမှန်တကယ် အသိအမှတ်ပြုလာအောင် ပြုလုပ်ရန် တာဝန်ပေးထားသည်။

"မင်းရဲ့ ကျင့်ကြံခြင်းကျင့်စဉ်ကို အနာဂတ်မှာ သင်ယူခွင့်ရမှာ ဖြစ်လို့ ဝမ်းသာနေတာပါ"

ထန်ထန်ယုထန်က ရှင်းပြလိုက်သည်။

"အင်း"

ဆွန်းမိုကတော့ စိတ်ထဲကနေ ရယ်နေလိုက်မိသည်။ သူသည်

ထန်ထန်ယုထန်စကားကို နည်းနည်းလေးတောင် မယုံပါ။

"ချိန်ကိုက်ဗုံးရဲ့ အစွမ်းကို သတိထားမိပြီလား" စနစ်က လှောင်ပြောင်နေသည်။

" ဒါဆို ဘာလို့ အဓိပ္ပာယ်မရှိတဲ့ တာဝန်ကို ထုတ်ပေးသေးလဲ"

ဆွန်းမိုက နှုတ်ခမ်းများကို လှုပ်ယမ်းသွားသည် အထိ စောဒက ပြန်တက်လိုက်သည်။ ထန်ထန်ယုထန်၏ အပြုအမူက သူ့ကို အမှတ်(၂)

အထက်တန်းကျောင်းတုန်းက ပြဿနာရှာတတ်သည့် ကျောင်းသားများကို ပြန်ပြီးအမှတ်ရသွားစေသည်။

“ဟုတ်တယ် ၊ဒါက မင်းအတွက် ပြင်းထန်တဲ့ လေ့ကျင့်ခန်းပဲ။ သာမန်ဆရာတစ်ယောက်က မြတ်ဆရာတစ်ယောက် ဖြစ်လာနိုင်တယ်လို့ မင်းထင်နေတာလား။ မြတ်ဆရာဆိုတာဘာလဲ။ သူတို့က မဖြစ်နိုင်သည့် အရာကို ဖြစ်နိုင်ခြေရှိအောင် ပြောင်းလဲနိုင်တဲ့ လူတွေပဲ။ ဆွေးမြည့် နေတဲ့သစ်သားကို မော်ဆန်သည့်အရာဖြစ်အောင် ပြောင်းလဲပြီး ပါရမီရှင်တွေကို နှိမ်နှင်းတဲ့လူတွေပဲ”

စနစ်က ရှင်းပြသည်။

"မင်းက ပါရမီရှင်တစ်ယောက်ကို လိုလိုလားလားနှင့် ဦးညွှတ်ပြီး အသိအမှတ်ပြုလာအောင် လုပ်တာက မင်း မြတ်ဆရာတစ်ယောက် ဖြစ်ရင်တောင် ဂုဏ်ယူရမည့် အရာပဲ" စနစ်က ထပ်လောင်းပြောပြသည်။

"မင်းတို့သာ ကြိုးစားရင် ငါက မင်းတို့ကို သင်ပေးမယ်"

ဆွန်းမိုက ကိတ်မုန့်ကို ထုတ်ယူရင်း ပြောလိုက်သည်။ ဘာပဲဖြစ်ဖြစ် သူ့တပြည့်တွေကို

ကျင့်ကြံဖို့ လှုံ့ဆော်လာအောင် ဆုတစ်ခုတော့ သုံးရမည်။

သူ့တပြည့်ငါးယောက်၏ မျက်လုံးများ ချက်ခြင်းတောက်ပလာသည်။ အထူးသဖြင့် ရှန်ယွန်ပေါင်ဖြစ်သည်။ တံတွေးတွေကိုတောင် မြိုချနေရသည်။

(ဘယ်လိုပဲဖြစ်ဖြစ် ။ ငါတော့မယုံဘူး)

ထန်ထန်ယုထန်သည် ဆွန်းမိုစကားကို နည်းနည်းလေးတောင် မယုံပါဘူး။

“အော် ငါမှတ်မိပြီ”

လုချီဟွာက ရုတ်တရုတ် ထအော်လိုက်သည်။

"ဘာဖြစ်လို့လဲ" လီဇီချီက သူမအတွက် စိတ်ပူပြီး မေးလိုက်သည်။

"ဆရာ အရင်တုန်းက လေ့ကျင့်ခိုင်းတဲ့ ကျင့်စဉ်က ဒါပဲ မဟုတ်လား" လုချီဟွာက ထင်ကြေးပေးလိုက်သည်။

"မင်းက ဘယ်လိုထင်လဲ"

ဆွန်းမိုက ပြန်မေးလိုက်သည်။ ဒါက ရှေ့ဟောင်းလောကနတ်ကျင့်စဉ် မဟုတ်သော်လည်း အဲဒါက ဆန်းကြယ်သူတော်စင် အဆင့် ကျင့်စဉ် တစ်ခု ဖြစ်နေသေးသည်။

“ငါ.......ငါ.......”

လုချီဟွာ လည်း စိတ်လှုပ်ရှားနေသည်။ သူမသည် အရမ်းဉာဏ်မကောင်းသော်လည်း တချို့ကိုတော့ မှတ်မိနေသေးသည်။

“အဲဒါက ပထမအဆင့်ပဲ ကောင်းကောင်းလေ့ကျင့်ပါ”

ဆွန်းမိုက သူမခေါင်းကို ပွတ်ရင်းပြောလိုက်သည်။ သူသည် အရမ်းဖြူစင်သည့် ဒီကောင်မလေးကို တော်တော်သဘောကျသည်။

ထိုစကားကိုကြားလိုက်ရင် ထန်ထန်ယုထန်၏ မျက်နှာ အမူအရာလည်း ပြောင်းသွားသည်။ သူ ခန့်မှန်းချက်က မှားယွင်းနေတာလား။ ဆွန်းမိုသည် တကယ်ကို ရက်ရောပြီး မွန်မြတ်သည့် ဆရာကောင်းတစ်ယောက်လား။

သူစိတ်ထဲကအတိုင်းပြောရရင်၊ သူသာဆိုရင် ဒီလိုအဆင့် ကျင့်ကြံခြင်းကျင့်စဉ်ကို တခြားသူတွေကို သင်ပေးဖို့ တွန့်ဆုတ်နေမှာ သေချာသည်။

ဒင်

လုချီဟွာ။ လေးစားအထင်ကြီးမှု + ၃၀။ ရင်းနီး(၄၇၃/၁၀၀၀)

တကယ်တော့ ဆွန်းမိုသည် ဆန်းကြယ်အဆင့် ကျင့်စဉ်ကို သိပ်ပြီးအလေးမထားပါ။ သူ့မှာ နှစ်ခုတောင်ရှိသည်။ မဟုတ်သေးဘူး။ မြက်ခင်း မီးတောက် လေပြင်း လုံ ကျင့်စဉ်ကိုပါ ထည့်တွက်လိုက်ပါက သုံးခုတောင် ရှိသည်။ သူတစ်ယောက်တည်းသာ သိနေသော်လည်း သူ့တပြည့်တွေကို သင်ပေးဖို့ တွန့်ဆုတ်နေမည် မဟုတ်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ငါ့မှာသာ ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်သုံးခုတောင် ရှိတယ်လို့ ပြောလိုက်ရင် ကြောက်လန့်တကြား ထခုန်နေကြမည်။)

"နေပါအုံး"

(နှောင်တွင် ရှေ့ဟောင်းလောကနတ်ကျင့်စဉ်ဖြင့် အထွတ်အထိပ်ကျင့်စဉ်ကို သိသော သူများကို တိုက်ခိုက်ပါက သူတို့၏ ကျင့်စဉ်ကို ရပြီး တပြည့်များက ထပ်ပြီးသင်ယူနိုင်သေးသည်။)

(ဒါဆို ဘယ်လိုလုပ် သုံးခုတည်း ဖြစ်မှာလဲ)

အဲဒီအချိန်မတိုင်မီ သူကတော့ တိုက်ခိုက်ရေးစွမ်းရည်ကို တိုးတက်အောင် လုပ်ရမည်။ မဟုတ်ခဲ့ပါက တခြားသူများ သတ်တာကို ခံရပြီး အားလုံး ကုန်သွားမည်။

ဆွန်းမိုသည် လေထဲတွင် မျောလွင့်နေကြသည့် ရွှေရောင် စာမျက်နှာများကို ကြည့်လိုက်သည်။ သူတို့သည် အိမ်ပြန်လာသော ခိုများကဲ့သို့ ဆွန်းမိုဆီကို တိုးဝင်လာကြသည်။ ထို့နောက် သူတို့သည် အလိုအလျှောက် စာအုပ်အဖြစ် ပြောင်းသွားသည်။

စာအုပ်အဖုံးပေါ်တွင် ရွှေရောင် စာလုံးကြီးများဖြင့်

(မြက်ခင်း မီးတောက် လေပြင်း လုံ့ကျင့်စဉ်)

"မှတ်ချက်။ ။ မြက်ခင်း မီးတောက် လေပြင်း လုံ့ကျင့်စဉ်ဖြစ်သည်။ ဒါက အစိတ်စိတ်အပိုင်းပိုင်း ဖြစ်နေသော ဗားရှင်းဖြစ်သည်"

ဆွန်းမို နှုတ်ခမ်းများ တုန်သွားသည်။ ရှေ့ဟောင်းလောကနတ်ကျင့်စဉ်၏ ထိရောက်မှုက အရမ်းကိုနိမ့်နေသည်။ ကြည့်ရတာကတော့ အချိန်တံဆိပ်များကို ဝယ်ပြီး နတ်ဘုရားစွမ်းရည်ကို ကျွမ်းကျင်မှုတိုးတက်လာအောင် လုပ်ရတော့မည်။

မိရိုးဖလာနည်းအတိုင်း ကျင်ကြံရမှာလား။

စိတ်မကောင်းပါဘူး။ ဆွန်းမို ဒီလိုမျိုးလုပ်ဖို့ တစ်ခါမှတောင် တွေးမကြည့်ဖူးပါဘူး။

လီဇီချီသည် ထန်ထန်ယုထန်၏ အမူအရာကို သတိထားမိသွားသည်။ သူ့မျက်နှာမှာ မဖော်ပြပေမယ့် သူက ဆရာကို လှောင်နေပုံရသည်။ သူ့ကိုမောင်းထုတ်ဖို့ တစ်ခုခုလောက် စီစဉ်သင့်လား။

လီဇီချီနှင့် လုချီဟွာ သည် ဆွန်းမိုကို ရှုံးသွပ်သော ပရိတ်သတ်များဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် ရှန်ယွန်ပေါင်နှင့် တိုက်ခိုက်ရာတွင် ပြတ်ပြတ်သားသား အနိုင်ရလိုက်သောကြောင့် ရှန်ယွန်ပေါင်နှင့် ချန်လုံသည် ထပ်တိုးပြီး အထင်ကြီးလာကြသည်။ ဒါကြောင့်လည်း သင်ခန်းစာ၏ အငွေ့အသက်က ပိုပြီး သဟဇာတ ဖြစ်လာသည်။

လက်တွေ့ကတော့ ဒီလိုပါပဲ။ ဆရာတစ်ယောက်က အရည်အချင်းရှိလေ ကျောင်းသားတွေက ပိုယုံကြည်လေပဲ ဖြစ်သည်။

ဆွန်းမိုလည်း ဒီအခြေအနေကို မြင်ပြီး တော်တော်ကျေနပ်သွားသည်။ ထို့နောက် သူက သင်ခန်းစာကို စတင်သင်ကြားလိုက်သည်။

စာစဉ်(ရ)

အခန်း(၉၈) - ပန်းတိုင် အသေးတစ်ခု။

ဆွန်းမိုက လူတိုင်းကို ဝိုင်းဖွဲ့ပြီး ထိုင်ခိုင်းလိုက်သည်။

လီဇီချီက ဆွန်းမို ဘယ်ဘက်ဘေးက ထိုင်ခုံကို လုယူလိုက်သည်။ ပြည်နယ်ကိုးခုမှ နိုင်ငံများတွင်

လက်ဝဲဘက်ရှိနေရာသည် ဝူရှား ရှေးခေတ်ကာလများ လိုဖြစ်သည်။

ပညာသင်ဘက် အစ်မအကြီးဆုံးက ပထမ အဆင့်ဖြစ်သည်။

လုချီဟွာသည် ခေါင်းကိုင့်ကာ ဆွန်းမို ညာဘက်တွင်ထိုင်လိုက်ပြီး အကျီလက်များကို ဆုပ်ကိုင်ထားသည်။

သဘော်သီး မိန်းကလေးက ဘာမှပြန်မပြောပေမယ့် ဦးနှောက် ကြွက်သားပြည့်နေသည့် ရှန်ယွန်ပေါင်ကလွဲရင်

အားလုံးက သူမဘာကိုဆိုလိုချင်လည်း နားလည်သည်။ “ငါက ဆရာဘေးမှာပဲထိုင်မယ်၊ ဘာပဲဖြစ်ဖြစ် ဂရုမစိုက်ဘူး”

ချန်လုံနှင့် ရှန်ယွန်ပေါင် နှစ်ယောက်စလုံးက တွေ့သည့်နေရာကို ဝင်ထိုင်လိုက်သည်။ ထန်ထန်ယုန်ထန ်တစ်ယောက်တည်းကျန်ခဲ့ပြီး သူက ဆွန်းမိုနှင့် မျက်နှာချင်းဆိုင် ဖြစ်နေသည်။

“နောက်ကျရင် အားလုံးက ငါ့လက်အောက်မှာ အတူတကွ လေ့လာဖြစ်ကြမယ်။ တစ်ယောက်နဲ့

တစ်ယောက် သိသွားအောင် မိတ်ဆက်ပွဲလေး လုပ်ကြတာပေါ့”

ဆွန်းမိုက လှည့်ပတ်ပြီး လူတိုင်း၏ အမူအရာကို စောင့်ကြည့်လိုက်သည်။

လီဇီချီကလည်း တခြားသူတွေကို အကဲခတ်နေပါသည်။

“မင်းတို့ရဲ့ စိတ်ဝင်စားမှု၊ အထူးပြုမှုတွေနဲ့ မင်းတို့ရဲ့ အနာဂတ်ပန်းတိုင်ကို ဝေမျှလိုက်ရုံပဲ”

ဆွန်းမိုက လိုအပ်ချက်တွေကို လျှော့ချပေးလိုက်သည်။ ပထမဆုံး ဆုံကြသည့်

သူတွေကို အထိန်းအကွပ်မရှိ စကားပြောခိုင်းဖို့ဆိုရင် တော်တော်လေး စည်းရုံးနေရမည်။

"ငါက ပညာသင်ဘက် အမအကြီးဆုံးဆိုတော့ ငါအရင် လုပ်လိုက်မယ်"

လီဇီချီက လက်ကိုမြှောက်ရင်း ပြောလိုက်သည်။ "ငါက လီဇီချီ၊ အသက် ၁၃ နှစ်ပါ။ အရာအားလုံးကို သဘောကျပြီး အားလုံးကိုလည်း လေ့လာချင်တယ်။ ငါ့ရဲ့ ထူးခြားချက်က ပစ္စည်းတွေကို မှတ်မိနိုင်တယ်"

"အမ် ဒါက တိုက်ဆိုင်မှုပါ၊ ငါက စာတွေကိုလည်း မှတ်မိနိုင်တယ်"

"ဟီးဟီး"

လီဇီချီက စိတ်ထဲကတွေးနေသည်။ (ငါကတချက်ကြည့်လိုက်တာနဲ့ မှတ်မိနိုင်တယ်။ အဲဒါကို လုပ်နိုင်လား။ ငါးနှစ် ၊ ခြောက်နှစ်သား ကတည်းက ခန်းမ အကြီးကြီးထဲက စာအုပ်တစ်သန်းနီးပါးကို မှတ်မိနေပြီ)

သူမသည် ဖတ်ရုံတင် မဟုတ်ပါဘူး လုံးဝကို ကျက်ပြီး အလွတ်ကို မှတ်မိနေခဲ့သည်။

"ဆက်ပြောပါ"

ထန်ထန်ယုထန်သည် လီဇီချီမျက်လုံးထဲက ယုံကြည်ချက်ကို နားလည်သော်လည်း ငြင်းဆန်ခြင်းတော့ မလုပ်လိုက်ပါ။ နောက်ကျရင် သူတို့ သိနိုင်တာပဲလေ။

"ပန်းတိုင် "

လီဇီချီသည် မျက်မှောင်ကြုတ်ကာ ရေရွတ်လိုက်သည်။ ထို့နောက် ဆွန်းမိုကို တစ်ချက်ကြည့်လိုက်ပြီး " ငါက အလယ်ကမ္ဘာမှာ အကြီးဆုံး စာကြည့်တိုက်ကို တည်ဆောက်ချင်တယ်။

ပြည်နယ်ကိုးခုက စာအုပ်တိုင်းကို အဲဒီမှာ ရှာလို့ ရနိုင်ရမယ်”

အမှန်တိုင်းပြောရရင် ဒီရည်ရွယ်ချက်က အရမ်းကို အံ့အောဖို့ ကောင်းနေသည်။ ထန်ထန်ယုထန်နှင့် နောက်သုံးယောက်ကို ဖယ်ထားလိုက်အုံး ရှန်ယွန်ပေါင်တောင် လီဇီချီကို အာရုံစိုက်ပြီး စိုက်ကြည့်နေသည်။ ပထမဆုံး အကြိမ် နားမလည်နိုင်ဖြစ်နေသည်။

“ဒါက အရမ်းကိုကောင်းတဲ့ ပန်းတိုင်ပဲ”

ဆွန်းမိုက လက်ခုပ်တီးရင်း ပြောလိုက်သည်။

စာကြည့်တိုက်မှူးသည် ဒဏ္ဍာရီဆန်သော အလုပ်အကိုင် ဖြစ်သည်။

"ငါ့မှာ လေးနက်တဲ့ ပန်းတိုင် မရှိဘူးလို့ မထင်ဘူးလား" လီဇီချီက သံသယ စိတ်နှင့် မေးလိုက်သည်။

ပြည်နယ်ကိုးခုက လူများသည် ကျင့်ကြံခြင်းကိုသာ အာရုံစိုက်ပြီး စွမ်းအား အလွန်အကျွံ ရအောင်လုပ်ခြင်း။ နောက်တစ်ခုက သူတော်စင်တစ်ယောက် ဖြစ်လာအောင်

လုပ်ကြသည်။ ဒါမှလည်း သူတို့ ဘ၀ကို အလဟာသ အချိန်မဖြုန်းဘူးလို့ လက်ခံထားကြသည်။

လီဇီချီ၏ ပန်းတိုင်သည် ဒီကလူ့အဖွဲ့အစည်း၏ တန်ဖိုးများနှင့် သွေဖယ်နေသည်။

"ငါတော့ မထင်ပါဘူး"

ဆွန်းမိုက ပြုံးရင်းပြောလိုက်သည်။ "လူများလုပ်တာကို လိုက်လုပ်တာနှင့်ယှဉ်ရင် မင်းက ကိုယ်ပိုင် ပန်းတိုင်ရှိလို့ ငါလေးစားတယ်"

ဆွန်းမိုက လီဇီချီကို မနောက်ပဲ အတည်ပြောလိုက်သည်။

"ဟီးဟီး"

လီဇီချီလည်း အရမ်းပျော်သွားသည်။

တစ်ယောက် ယောက်က သူမကို ချီးကျူးတာ ပထမဆုံး အကြိမ်ပါပဲ၊ သူမသည် အရင်က သူမအဒေါ်နှင့် အဖေကို အိပ်မက် မျှဝေဖူးသော်လည်း သူတို့ မဆဲကြပေမယ့် သဘောတော့မကျကြပါ။

"နောက်တစ်ယောက်က လုချီဟွာ"

ဆွန်းမိုက ပြောသည်။

"ငါ..........ငါ................"

လုချီဟွာက ခြင်တစ်ကောင်လို အသံတိုးတိုးလေး ဖြစ်နေသည်။
တစ်ချက်ခေါင်းမော့ကြည့်လိုက်ပြီးနောက်
ပြန်ငုံ့သွားကာ ဆွန်းမိုနောက်မှာ ဝင်းပုန်းချင်လာသည်။

ဆွန်းမို ခေါင်းကိုယမ်းလိုက် မိသည်။ ဒီကောင်မလေးက ရှက်နေသည်။ ဒီလိုကာရိုက်တာနှင့် အနာဂတ်မှာ ဘယ်လိုရှင်သန်မှာလဲ။ အိမ်ထဲမှာဘဲ တစ်ချိန်လုံး ပုန်းနေတော့မှာလား။

“မင်းကိုယ်မင်းမှ မိတ်မဆက်နိုင်ရင် မင်းကို ငါ့အတောင်ပံ အောက်ကနေ မောင်းထုတ်လိုက်တော့မယ်”

ဆွန်းမိုက ခြိမ်းခြောက်လိုက်သည်။

“မဟုတ်ဘူး”

အပြစ်ကင်းသော လုချီဟွာသည်ဒါကို တကယ်ထင်သွားပြီး သူ့မျက်နှာတွင် စိုးရိမ်မှုများ ပေါ်လာသည်။ မျက်လုံးများက နီလာပြီး မျက်ရည်တွေတောင် ဝဲလာသည်။

“ဒါဆိုလည်း မင်းကိုယ်မင်း မိတ်ဆက်လိုက်ပါ”

ဆွန်းမိုက ထိုကဲ့သို့ စိတ်ပိုင်းဆိုင်ရာ အတားအဆီးများနှင့် ကြုံနေသော ကျောင်းသားများကို တွေ့ကြုံဖူးသည်။ ကျော်လွှားဖို့နည်းလမ်းက ပထမခြေလှမ်းပဲ ဖြစ်သည်။

"ငါ့............ကို လုချီဟွာလို့ ခေါ်တယ်"

သဘော်သီးကောင်မလေး၏ အသံက တိုးတိုးလေး။

"ပိုကျယ်အုံး"

ဆွန်းမိုက မျက်မှောင်ကြုတ် ကာပြောလိုက်သည်။

"ငါစိတ်ဝင်စားတာက ကြောင်တွေကို အစာကျွေးတာ၊ ငှက်တွေသီချင်းဆိုတာကို နားထောင်တာ ပြီးတော့ အပင်တွေနဲ့ စကားပြောဖို့ပါ"

လုချီဟွာ၏ စကားကြောင့်လူတိုင်း ကြောင်သွားသည်။ အလောင်းကောင်လို အေးစက်နေပြီး သူငယ်ချင်းမရှိသည့် ချန်လုံတောင် သူမကို သနားသွားသည်။

" မင်း အရမ်း အထီးမကျန်ဘူးလား။ ငါ့လိုလူတောင် သူငယ်ချင်းနှစ်ယောက်ရှိတယ်"

ရှန်ယွန်ပေါင်လည်း ဆွံ့အနေသည်။ "ဒါက အကျိုးရှိတယ်လို့ ထင်လား။ မင်းမှာ သူငယ်ချင်းမရှိဘူးလား။ အပင်တွေနဲ့ကစားတယ်။ ကြာလာရင် ပိုဆိုးလာပြီး ခွေးတွေ ကြောင်တွေတောင် မင်းကို မထီလေးစား လုပ်လာလိမ့်မယ်"

"သူတို့က မလုပ်ဘူး၊ ငါကျွေးတဲ့အစာကို ကြောင်တွေက ကြိုက်ကြတယ်"

လုချီဟွာက ပြန်ပြောပြီးနောက် သူမခေါင်းကို ပြန်ငုံ့ကာ သူမဒူးခေါင်းကို တင်းတင်းကျပ်ကျပ်

ဖက်ထားသည်။ သူမကိုကြည့်ရတာ အားပျက်သွားသလို ပါပဲ။

"မင်းရဲ့ ထူးခြားချက်က ဘာလဲ"

လီဇီချီက ဒီအခြေအနေက လွတ်မြောက်အောင် ကြိုးစားလိုက်သည်။

"တိရစ္ဆာန်လေးတွေနဲ့ စကားပြောဖို့......." လုချီဟွာက ပြန်ပြောလိုက်သည်။

ချန်လုံလည်း လက်ကိုမြှောက်လိုက်ပြီး လုချီဟွာကို နှစ်သိမ့်ဖို့ ပခုံးကို ပုတ်လိုက်ချင်သည်။ ဒါပေမယ့်လည်း ယောက်ျားလေးနှင့် မိန်ကလေး

မလုပ်သင့်ဖူးဆိုတာကို တွေးလိုက်မိပြီး လက်ကို ပြန်ချလိုက်သည်။

"ငါ့မှာ ကောင်းမွန်တဲ့ အချက်တွေလည်းရှိတယ်။ သူများ မကြားနိုင်တဲ့ အသံတွေကို ငါကြားနိုင်တယ်"

လုချီဟွာလည်း အထင်သေးခံရမှာကို စိုးရိမ်ပြီး သူမထူးချွန်သည့် အချက်ကို အပြင်းအထန် စဉ်းစားနေသည်။

"မင်းရဲ့ မမြင်ရတဲ့ သူငယ်ချင်းတွေကို ပြောတာလား"

ထန်ထန်ယုထန်က ရယ်ပြီးပြောလိုက်သည်။

လီဇီချီက နေမကောင်းသည့်ကောင်ကို ချက်ခြင်းစိုက်ကြည့်ပြီး ပါးစပ် ပိတ်ရန် သတိပေးလိုက်သည်။

"ဒါက အံ့အောစရာပဲ"

ဆွန်းမိုက သဘော်သီးကောင်မလေးရဲ့ ခေါင်းကို ပုတ်ပြီးပြောလိုက်သည်။

အားပေးခံလိုက်ရသည်နှင့် လုချီဟွာမျက်နှာတွင် အပြုံးတစ်ခု ပေါ်လာသည်။

"ငါ့ရဲ့ ပန်းတိုင်က ငါ့အဖေ ဂုဏ်ယူရတဲ့ လူတစ်ယောက် ဖြစ်လာအောင် လုပ်မလို့"

ထိုစကားကို လုချီဟွာက သူမအင်အား အားလုံးကို သုံးပြီး ပြောလိုက်ပုံရသည်။ သူမ၏ ပခုံးများလျော့သွားကာ ခေါင်းကို ငုံ့ပြီးဆွန်းမိုဆီကို တိတ်တိတ်လေး ကပ်လာသည်။

ဆွန်းမိုက လက်ခုပ်တီးလိုက်သည်။

ရှန်ယွန်ပေါင်၏ အလှည့်ဖြစ်ပြီး ဆွန်းမိုက သူ့ကို သတိပေးဖို့ မလိုပါ။

"ရှန်ယွန်ပေါင် အသက် ၁၄နှစ်။ တိုက်ပွဲကို ကြိုက်တယ်။ တိုက်ခိုက်ရတာကို ကျွမ်းကျင်တယ်။

ငါ့ရဲ့ အနာဂတ်ပန်းတိုင်ကတော့ ပြည်နယ်ကိုးခုမှာ နံပါတ်တစ် လုံသူတော်စင် ဖြစ်လာဖို့ဘဲ”

ရှန်ယွန်ပေါင် စကားက ရိုးရိုးရှင်းရှင်းနှင့် ရန်ဖြစ်တာကို ရှောင်သွားသည်။

“ဘာဖြစ်လို့ မင်းရဲ့ ပန်းတိုင်က တိုက်ပွဲ ဘုရင်ဖြစ်လာဖို့ မဟုတ်တာလဲ”

ထန်ထန်ယုထန်က နားမလည်လို့ မေးလိုက်သည်။

“ကွာခြားလို့လား။ ငါက တိုက်ပွဲ ဘုရင် ဖြစ်မလာရင် နံပါတ်တစ် လုံသူတော်စင်

ဖြစ်လာပါ့မလား” ရှန်ယွန်ပေါင်က ပြန်မေးလိုက်သည်။

(ကြွက်သားများသာရှိသည့် တိုက်ပွဲ စွဲလမ်းသူကြီးသည် ကြောက်ဖို့ကောင်းသည်။ တခြားသူက နောက်လို့တောင်မရပါ။)

လီဇီချီက ရှန်ယွန်ပေါင်ကိုသာ ထန်ထန်ယုထန်က မင်းကို နောက်ပြောင်နေတာလို့ ပြောလိုက်ရင် ခေါင်းကွဲသည့်အထိ ရိုက်မှာလားဆိုတာကိုတွေးရင်း နှုတ်ခမ်းကို စူလိုက်သည်။

ဖြစ်နိုင်ခြေလည်း တော်တော်များတယ်လို့ တွေးလိုက်မိသည်။

“မင်းအလှည့်”

ထန်ထန်ယုထန်၏ အကြောင်းအရာကို ချန်လုံဆီကို လမ်းကြောင်းပြောင်းလိုက်သည်။

“ချန်လုံ အသက် ၁၂ နှစ်”

အားလုံးသည် ချန်လုံက ထပ်ပြီး မိတ်ဆက်မှာကို စောင့်နေကြသည်။

အမှန်တိုင်းပြောရရင် သူ့နဖူးပေါ်က ‘အမှိုက်’ဆိုသော စာနှင့် သူ့ကိုယ်ပေါ်က

ပျက်စီးနေသည့် ဝိညာဉ်တက်တူးများနောက်ကွယ်တွင် ပုံပြင်တစ်ပုဒ် ရှိနေတာ သေချာသည်။

“ဆက်ပြောလေ” လီဇီချီက တိုက်တွန်းလိုက်သည်။

“ဒါပဲ”

ချန်လုံက ပြန်ဖြေသည်။

“ဟမ် ဒါပဲလား၊ မင်းရဲ့စိတ်ဝင်စားမှုကရော၊ မင်းရဲ့ ထူးခြားချက်ကရော”

ထန်ထန်ယုထန်လည်း ကြောင်သွားသည်။ (ယောကျ်ားလေးဖြစ်ပြီး အရမ်းတိုတာ မကောင်းဘူးလို့ မထင်ဘူးလား)

လီဇီချီလည်း သူမနဖူးကို ရိုက်လိုက်မိသည်။ ဒီလေးယောက်မြောက် ပညာသင်ဘက်မောင်လေးက ခေါင်းကို ရိုက်မိပြီးဦးနှောက်များ ပျက်နေတာလား။

"ထန်ထန် အခု မင်းအလှည့်ရောက်ပြီ" ဆွန်းမိုက ပြောလိုက်သည်။

"ထန်ထန်ယုထန် ထူးပြီးစိတ်ဝင်စားတာမရှိ။ ငါက တိုက်ပွဲကလွဲရင် အရာရာ ထူးချွန်တယ်။ ငါ့ရဲ့

လောလောဆယ် ရည်မှန်းချက်ကတော့ အသက် ၁၅နှစ်အထိ အသက်ရှင်ဖို့ပဲ”

ထန်ထန်ယုထန် သူ့ကိုယ်သူ မိတ်ဆက်သည့် စကားသည် အလွန်ရိုးရှင်းသော်လည်း နောက်ဆုံးစကားကြောင့် လေထု တစ်ခုလုံး ပြောင်းလဲသွားသည်။

“အမ်”

လုချီဟွာက တွက်လိုက်ပြီး “မင်းမှာ သက်တမ်းတစ်နှစ်ပဲ ကျန်တော့တယ်လို့ ပြောချင်တာလား”

"အမှန်ပဲ"

ထန်ထန်ယုထန်က ခေါင်းကို ညိတ်ကာ ပြန်ဖြေလိုက်သည်။

ထိုနေရာတွင် ဘယ်လိုဆက်ပြီး စကားစမြည်ပြောရမလဲ ဘယ်သူမှ မသိတော့ပါ။ လေထုကလည်း ပိုပြီး ပြင်းထန်လာသည်။

"ကံကောင်းရင် မင်းလုပ်နိုင်မှာပါ"

ရှန်ယွန်ပေါင်က အားပေးလိုက်သည်။

"စိတ်မပူပါနဲ့ ကျန်တဲ့လတွေကို ငါက ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းသွားမှာပါ"

ထန်ထန်ယုထန်က လက်မထောင်ရင်း ပြန်ဖြေလိုက်သည်။

“စနစ် ဒီကောင် နောက်နေတာလား”

ဆွန်းမိုက ထိုကဲ့သို့မေးလိုက်သည့် အချိန်တွင် နတ်ဘုရားမျက်စိကို တောင် သုံးလိုက်သေးသည်။

ထန်ထန်ယုထန် ၊

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၁)

ခွန်အား ၃-

ဖျားနာသူအနေနှင့် ဖြူဖျော့နေပြီး ခန္ဓာကိုယ် အားနည်းနေသည်။

ဥဇ္ဈာရည် - ၁၀ - မျောက်တွေနှင့် မကစားဘူး။

သွက်လက်ခြင်း - ၃ နှေးကွေးစွာနှင့် ပတ်ဝန်းကျင် ရှုခင်းများကြည့်နေနိုင်သည်။

ခံနိုင်ရည် - အရမ်းပင်ပန်းနေတယ်။ အိပ်ယာပေါ်မှာ မှိုတက်နေသလို ဖြစ်သွားနိုင်သည်။

ဆန္ဒ - ၉ ငါမသေနိုင်ဘူး။

....

အလားလာ တန်ဖိုး - အလွန်မြင့်သည်။

မှတ်ချက် - အသက်စွမ်းအားများ ဆက်တိုက်နည်းလာနေသည်။

"သူက လနည်းနည်းပဲအသက်ရှင်နိုင်တော့တယ်ဆိုတာ လိမ်နေတာပါ။ ဒါပေမယ့် တစ်နှစ် နှစ်နှစ်ထက်တော့ ပိုမရှည်နိုင်တော့ဘူး " စနစ်က ပြန်ဖြေလိုက်သည်။

"ဒီကိုလာအုံး" ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"ဘာလို့လဲ"

ထန်ထန်ယုထန်က မေးလိုက်ပေမယ့် သူ့ဉာဏ်ရည်အရ ဆွန်းမို ရှေ့ဟောင်းနဂါးဖမ်းသည့်လက်ကို အသုံးပြုဖို့ စီစဉ်နေတာကို တွေးလိုက်မိသည်။ အထိန်းအကွပ်မရှိသည့် လှိုင်းငယ်တစ်ခု သူ့နှလုံးသားထဲကို တိုးဝင်လာသည်။

ဖြစ်နိုင်ရင် ဘယ်သူက သေချင်မှာလဲ ။

ဆွန်းမိုသည် ထန်ထန်ယုထန်၏ ပခုံးပေါ်ကို လက်တင်ပြီးနောက် လျှောချလိုက်သည်။ ဆွန်းမိုက မဟာအဆင့် ကြွက်သားပြုပြင်ခြင်းနှင့်

ကျွမ်းကျင်အဆင့် လည်ပတ်ခြင်း နည်းစနစ်ကို အသုံးပြုပြီး အချက်အလက်များကို အလျင်အမြန် ရယူလိုက်သည်။

ဒီခန္ဓာကိုယ်က မှိုတက်နေသည့်ပေါင်မုန့်တစ်ဖဲ့လို တော်တော်ကြောက်ဖို့ ကောင်းနေသည်။

"မင်း လက်ရှိခန္ဓာကိုယ် အနေအထားက ကျင့်ကြံခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အလုပ်လုပ်ဖို့အတွက် အဆင်မပြေဘူး။ နေ့တိုင်း အေးအေးဆေးဆေး အိပ်နေရင် နည်းနည်းပိုပြီး အသက်ရှည်နိုင်တယ်"

"လှဲနေရမယ် ဒါဆိုဘဝက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ" ထန်ထန်ယုထန်က ကိုယ့်ကိုယ်ကို လှောင်ပြီးပြန်ပြောလိုက်သည်။

"ဆရာလည်း၊ ဘာမှ မတတ်နိုင်ဘူးလား"

လုချီဟွာက ထန်ထန်ယုထန်သည် အရမ်းကြောက်စရာ ကောင်းသော်လည်း သေတော့မယ်လို့ ကြားလိုက်တာနှင့် သနားနေမိသည်။

"တခြားနည်းလမ်းမရှိဘူး၊ သူ့ပြဿနာက သူ့သွေးထဲမှာ ဖြစ်နိုင်တယ်၊ ခန္ဓာကိုယ်က ငါ့ကို ထူးခြားတဲ့ ခံစားချက်တွေပေးနေတယ်"

ဆွန်းမို မျက်မှောင်ကြုတ်လိုက်မိသည်။ ရှေးခေတ်အနှိပ် နည်းစနစ်သည် ဒီတစ်ကြိမ်မှာတော့ အလုပ်မဖြစ်ဘဲ ထန်ထန်ယုထန်၏ ရောဂါလက္ခဏာကို ဖြေရှင်းပေးလို့ မရဖြစ်နေသည်။ အတတ်နိုင်ဆုံးကတော့ နာကျင်မှုကို လျှော့ချပေးလို့ပဲ ရမည်။

ထန်ထန်ယုထန်သည် တည်ငြိမ်နေသော်လည်း အချိန်တိုင်းတွင် နာကျင်မှုကို တောင့်ခံနေရကြောင်းကို ဆွန်းမို သိသည်။

သူ့ဆန္ဒက ၉ မှာရှိနေတာ အံ့အောစရာတော့ မဟုတ်ပါ။ ဒီလိုနည်းနှင့် နေ့တိုင်း အနှိပ်စက်ခံရပါက အာရုံကြောတွေ မပျက်စီးရင်တောင် တောင့်တင်းသွားနိုင်သည်။

ဆွန်းမို၏ အဖြေကို ကြားလိုက်ရတော့ ထန်ထန်ယုထန်၏ မျက်နှာတွင် အံ့အောသင့်နေသည့် အရိပ်အယောင်များ ဖြတ်ပြေးနေသည်။ ထို့နောက်

ဆွန်းမို၏ လက်ချောင်းများကို လှမ်းကြည့်လိုက်မိသည်။ သူတို့သည် ရှည်လျားသွယ်လျပြီး သန့်ရှင်းနေသည်။

တကယ် အရေးကြီးသည့်အချက်က သူတို့သည် လျှို့ဝှက်ဆန်းကြယ် နေသည်။

ထန်ထန်ယုထန်သည် ဆရာဝန်များစွာနှင့် ကုသမှုကို ခံယူခဲ့သော်လည်း အားလုံးက ဘာမှ မလုပ်ပေးနိုင်ကြပါ။ သူတို့ထဲက အများစုဆိုရင် ပြဿနာ၏ အရင်းအမြစ်ကိုတောင် ရှာမတွေ့ကြပဲ မှန်းဆချက်ကိုသာ လုပ်ပေးနိုင်ကြသည်။

ဒါပေမယ့်လည်း ဆွန်းမိုသည် ပြဿနာအရင်းအမြစ်ကို သိရှိရန် အနည်းငယ်မျှသာ ထိတွေ့ခဲ့သည်။ ဒါက ချဲ့ကားလွန်းတာ မဟုတ်ဘူးလား။

"သူ့မှာ တကယ်ကို နတ်ဘုရားလက် ရှိနေတာလား"

ထန်ထန်ယုထန် လေ့လာချင်စိတ် ပေါက်လာသည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု ။ +၁။ မူလ(၈/၁၀၀)

“ အရှုံးမပေးပါနဲ့ ၊ မင်းမှာ တကယ်လို့အခွင့်အရေးရှိရင် ဆေးသူတော်စင် ဆွန်းကို ရှာကြည့်လို့ရတယ်။ ရှားပါးရောဂါတွေကို စိတ်ဝင်စားပြီး အခကြေးငွေ မယူဘူးလို့ ကြားတယ်။ ဆေးဘက်ဆိုင်ရာ အကြံဉာဏ်ကိုလည်း အခမဲ့ ပေးလိမ့်မယ်”

လီဇီချီ က နှစ်သိမ့်လိုက်သည်။

“ငါလုပ်ခဲ့တယ်”

ထန်ထန်ယုထန်၏ စကားကို ကြားလိုက်ရင် လီဇီချီ လန့်သွားမိသည်။

(ငါက ဒီအတိုင်းပြောပြီး နှစ်သိမ့်ပေးနေတာလေ)

လီဇီချီ လည်း စိတ်မကောင်းဖြစ်ပြီး ဘာမှ ထပ်မပြောဖို့ ဆုံးဖြတ်လိုက်သည်။။။

ဆွ ွန်းမိုကလည်း ဆရာဝန် မဟုတ်လို့ ဒီလိုကိစ္စတွေကို မကူညီနိုင်ပါဘူး။ သနားရုံသာတတ်နိုင်သည်။ ထန်ထန်ယုထန်ကို နည်းနည်းလောက် နှစ်သိမ့်ပေးပြီး သင်ခန်းစာ ကို

ဆက်ရန် လုပ်လိုက်သည်။ ဒါပေမယ့်လည်း စနစ်က သတိပေးချက် ရုတ်တရက် ထွက်လာသည်။

စာစဉ်(ရ)

အခန်း(၉၉) - မဖြစ်နိုင်သော တာဝန်အသစ်။

ဒင်

"တာဝန်အသစ် - ကျောင်းသားငါးယောက်စလုံးကို တစ်လအတွင်းအဆင့်တစ်ခု တိုးတက်လာအောင် ကူညီပေးပါ။

ဆုလာဒ် - ငွေရောင်ရတနာသေတ္တာ ဖြစ်သည်။ ကျရှုံးပါက ထိုက်သင့်သော ပြစ်ဒဏ်ကို ပေးအပ်မည်။"

"မ....အ....လ...."

ဆွန်းမိုလည်း သည်းမခံနိုင်တော့ပဲ ပေါက်ကွဲလာသည်။ "အဆင့်တစ်ခုကို ဖြတ်ကျော်ရတာက အစားတစ်ခုစားသလို လွယ်တယ် ထင်နေတာလား။ ဗိုက်မဆာရင်တောင် အစားကို ပါးစပ်ထဲ ထည့်လို့ရသေးတယ်။ ကျင့်ကြံခြင်း အဆင့်တက်ဖို့ဆိုတာက အဆက်မပြတ်လေ့ကျင့်နေပြီး အရည်အသွေး ပြောင်းလဲဖို့လဲ လိုသေးတယ်"

"မြတ်ဆရာစကားနှင့် ပြောရရင် မဖြစ်နိုင်တာကို ဖြစ်နိုင်အောင်ပြောင်းလဲရမယ်။ ကျောင်းသားတွေက

ကျင့်ကြံခြင်းကို လွယ်လွယ်ကူကူ အဆင့်တက်နိုင်ရင် ဘာလို့ ဆရာတွေကို လိုနေအုံးမှာလဲ”

စနစ်ကလည်း သူ့တာဝန်ကို ဘယ်တော့မှ ပြန်ရုပ်သိမ်းမှာ မဟုတ်ပါ။

“ငါ့ကို ဒီလိုလှည့်ကွက်လာမလုပ်နဲ့ ”

ဆွန်းမိုသည် အလယ်ကမ္ဘာကို အခုမှရောက်ရှိလာပြီး ဒီနိုင်ငံက ငယ်မွေးခြံပေါက် မဟုတ်သော်လဲ စာကြည့်တိုက်တွင် အချိန်တော်တော်ကြာအောင် လေ့လာပြီးနောက်

ကျင့်ကြံခြင်းနှင့် ပက်သတ်ပြီး အသေးစိတ်နားလည်လာခဲ့သည်။

ကျင့်ကြံခြင်း အဆင့်တက်သည့် ကိစ္စများသည် အလျှင်စလို လုပ်လို့ မရပါ။ ဖွဲ၊ လုံ့လနှင့် အားစိုက်ထုတ်မှုရှိမှ အောင်မြင်နိုင်သည်။

ဒါ့အပြင် အမျိုးသမီးတစ်ယောက်၏ ရာသီစက်ဝန်းနှင့်မတူပဲ ဘယ်အချိန်မှ လာမယ်ဆိုတာကို ခန့်မှန်းလို့မရပါ။

"ငါမင်းကို သတိပေးရအုံးမယ်၊ သူတို့ကို အမြင့်ဆုံးအဆင့် ဆေးတိုက်ပြီး အဆင့်

မြှင့်တင်ပေးလိုက်ရင်... ဒါကို စနစ်က လှည့်စားတာလို့သတ်မှတ်ပြီး ဒီအချက်ကို တားမြစ်ထားတယ်။ တကယ်လို့ ရှာဖွေတွေ့ရှိပါက ပြင်းထန်သည့် ပြစ်ဒဏ်ချမှတ်ခံရမယ်” စနစ်က သတိပေးလိုက်သည်။

ဆွန်းမို မျက်လုံးပြူးသွားသည်။ အမြင့်ဆုံးအဆင့် မှော်ဆေးကို ဝယ်ဖို့တတ်နိုင်ရင်တောင် သူလည်းဒါမျိုး မလုပ်ပါဘူး။

ဘယ်လိုဆေးမဆို ဘေးထွက်ဆိုးကျိုး ရှိနိုင်တယ်လေ။ အခုအချိန်မှာ မသိသာရင်တောင်

ပိုမြင့်သည့် ကျင့်ကြံခြင်းနယ်ပယ်ကို ရောက်လာသည့်အခါ တနည်းမဟုတ် တနည်းနှင့် တွေ့ကြုံခံစားရနိုင်သည်။

နှစ်ထောင်ပေါင်းများစွာ ကြာလာပြီးနောက် အလယ်ကမ္ဘာရှိ လူများသည် ကျင့်ကြံခြင်းနှင့် ပက်သက်ပြီး နက်ရှိုင်းစွာ နားလည်သဘောပေါက်လာခဲ့ကြသည်။

အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာ မချထားပါက အနာဂတ်တွင် မြင့်မားသည့် နယ်ပယ်ကို

ရောက်သွားရင်တောင် အဆင့်ဖြတ်ကျော်ဖို့ ပိုခက်လာတတ်ကြပါသည်။

သေချာတာကတော့ သဘာဝအတိုင်း ကြီးထွားလာသည့် ဝိညာဉ်ဆေးတွေကတော့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ ဥပမာ အရင်က ဆွန်းမိုရခဲ့သည့် လကြယ်သစ်သီးလိုမျိုးဖြစ်သည်။

"ဆရာ"

ဆွန်းမို စကားရုတ်တရက် ရပ်သွားတာကို မြင်လိုက်ရင် လီဇီချီလည်း စိုးရိမ်ပြီး ခေါ်လိုက်သည်။

"ဆက်ပြောရအောင် ရှန်ယွန်ပေါင် ဒီကိုလာအုံး"

ဆွန်းမိုလည်း သူ့ကိုထိလိုက်ပြီးနောက် ကြောင်သွားသည်။

ဒီကောင်က သန်မာလွန်းတာကြောင့် ဒီထက်ပိုပြီး မသန်မာလာနိုင်တော့ပါဘူး။

သူ၏သွေးများသည် လျှပ်စီးကြောင်းလို စွမ်းအားပြည့်နေပြီး အရိုးများကလည်း သံမဏိလို မာကျောပါသည်။ သူ့ကိုယ်က ဆဲလ်တိုင်းကလည်း စွမ်းအားအပြည့်နှင့် လှည့်ပတ်နေသည်။

"အားလုံး ပုံမှန်ပဲလား" ရှန်ယွန်ပေါင်က မေးလိုက်သည်။

“မင်းခန္ဓာကိုယ်က တကယ်ကော လူခန္ဓာကိုယ်ပဲလား”

ထန်ထန်ယုထန်နှင့် ယှဉ်ကြည့်ရင် ရှန်ယွန်ပေါင်က အသက်ဝင်ပေါက်ကွဲနေသည့် မီးတောက်နှင့် တူနေသည်။

ရှန်ယွန်ပေါင်၏ အမူအရာ ပြောင်းသွားပြီး ထအော်လိုက်သည်။

“ငါက ဘာလို့ လူမဟုတ်ရမှာလဲ”

ရှန်ယွန်ပေါင်က ပြောနေရင်း ဆွန်းမိုလက်ကို ဖြည်ထုတ်လိုက်သည်။

“ရှန်ယွန်ပေါင် ဆရာက ဥပမာတစ်ခုအနေနဲ့ နှိုင်းယှဥ်ပြောလိုက်တာကို နားလည်လား”

လီဇီချီက ရှင်းသာရှင်းပြရသော်လည်း ရှန်ယွန်ပေါင် နားလည်လိမ့်မယ်လို့တော့ မထင်ပါ။

“နှိုင်းယှဥ်တယ်ဆိုတာ ဘယ်သူလဲ ”

ရှန်ယွန်ပေါင် တကယ်ကို မျက်မှောင်ကြုတ်နေသည်။ “ငါတို့က ဘာလို့ သူ့ကိုရိုက်ရမှာလဲ ”

လီဇီချီလည်း ပြန်မပြောတော့ပဲ သူမနဖူးကိုသာ ရိုက်လိုက်သည်။ ရှန်ယွန်ပေါင်သည် ဆွန်းမို၏ တိုက်ရိုက်တပြည့်များထဲတွင် စွမ်းရည်အမြင့်ဆုံးနှင့်

တိုက်ခိုက်စွမ်းရည် အပြင်းထန်ဆုံးဖြစ်နေသော်လည်း ဦးနှောက် အတုံးဆုံးလူ ဖြစ်နေမှာ သူမစိုးရိမ်နေသည်။

"အမ် နိုင်းယှဉ်ပြတယ်ဆိုတာ စကားပြောတဲ့ ပုံတစ်မျိုးလား ငါ့ကို တစ်ယောက်ယောက်လို့တော့ မပြောပါဘူးနော်"

လုချီဟွာလည်း ကြောင်နေသည်။

"ကောင်းပါပြီ လုချီဟွာနှင့် ရှန်ယွန်ပေါင်က သိပ်ပြီးကွာခြားပုံ မပေါ်ဘူး"

ဆွန်းမိုလည်း လုချီဟွာကို တစ်ချက်ကြည့်လိုက်မိသည်။ (သူ့ရဲ့

ဆရာလမ်းစဉ်ကတော့ သေချာပေါက် ခက်ခဲတော့မည်။) သူ့သွားတွေ မကျိုးခင်တော့ နားလည်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါသည်။

"မင်းရဲ့ လက်ရှိကျင့်ကြံမှုရဲ့ ပြင်းထန်မှုအရ ကျင့်ကြံတာက အဆင်ပြေမှာပါ"

ဆွန်းမိုလည်း ဘာမှထပ်ပြီး မှာကြားစရာ မလိုတော့ပါဘူး။

နောက်တစ်ယောက်ကတော့ ချန်လုံပါ။ ဆွန်းမိုက သူ့အနေအထား သိပ်မကောင်းတာကို

နားလည်ပြီးသားပါ။ ဒါပေမယ့်လည်း ကိုင်လိုက်ပြီးနောက်မှာ အံ့အောမဆုံးဖြစ်ရသည်။

တစ်ခုမှကို မကောင်းတာ။ ရိုးရိုးလေးပြောရရင် သုံးလို့ကို မရတာ။

ပျက်ဆီးနေသည့် ဝိညာဉ်တက်တူးများက ချန်လုံ၏ ဝိညာဉ်ချီစုတ်ယူမှုကို အနှောက်အယှက်ပေးနေသောကြောင့် သူ့ခန္ဓာကိုယ်သည် လေဆင်နှာမောင်းဆယ်ကြိမ်လောက် တိုက်ခံရပြီး ပျက်ဆီးနေသည့် မြေကွက်နှင့်တူနေသည်။

သူက အဆင့်တက်ချင်တယ်ဆိုရင် ဝိညာဉ်ချီကို စုပ်ယူနိုင်မှရမည်။

သာမန်ကျင့်ကြံသူတစ်ယောက်က ဝိညာဉ်ချီကို စုပ်ယူပြီးနောက် ဝိညာဉ်ချီများသည် ခန္ဓာကိုယ်အနှံ့ သွေးကြောတစ်လျှောက် စီးဆင်းသွားရမည်။ ဒါပေမယ့် ချန်လုံ အတွက်တော့ မဖြစ်နိုင်ပါ။ ဝိညာဉ်ချီက သူ့ကိုယ်ထဲကို စီးဝင်သွားတာနှင့် ဝိညာတက်တူးများက ဝင်နှောက်ယှက်ပြီး နောက်ပြန်စီးဆင်းသွား မည်ဖြစ်သည်။

ထို ဝိညာဉ်တက်တူးများသည် ကျောက်တန်းများနှင့် တူနေပြီး ဝိညာဉ်ချီ စီးကြောင်းများကို ဟန့်တားနေသည့် ဝိညာဉ်ချီ လမ်းကြောင်းများကို ဖြစ်ပေါ်စေသည်။

ဝိညာဉ်ချီများက ခန္ဓာကိုယ်အတွင်းကို ကြံ့သလို စီးဆင်းသွားသည့်အခါ ငတုံးတစ်ယောက်တောင် ဒါက ဘယ်လောက်ထိ ကြောက်ဖို့ကောင်းတဲ့ အကျိုးဆက်ကို ဖြစ်လာနိုင်မှန်း သိနိုင်သည်။

"ဆက်ပြီးအသက်ရှင်ချင်ရင် လောလောဆယ် ကျင့်ကြံမှုကို ရပ်ထားရမယ်"

ဆွန်းမိုက လေးနက်စွာ သတိပေးလိုက်သည်။

အဖြေကို သိပြီးသားဖြစ်သော်လည်း ဆွန်းမို ဆီက စကားကို ကြားလိုက်ရပြီး ချန်လုံ စိတ်ပျက်သွားသည်။ တကယ်ကို အသုံးမဝင်သည့် လူတစ်ယောက်ဖြစ်လာတော့မည်။

ဒါကိုစဉ်းစားရင်း ချန်လုံ ဝမ်းနည်းစွာ ပြုံးလိုက်ပြီး "မင်းငါ့ကို တပြည့်အဖြစ် လက်ခံခဲ့တာကို အရမ်းကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ငါ့လို အသုံးမကျတဲ့ သူက မင်းရဲ့ နာမည်ကိုပဲ

ထိခိုက်စေနိုင်တယ်။ မင်းငါ့ကို ဆက်နွှယ်မှုက မောင်းထုတ်လိုက်ပါလား”

ချန်လုံ စိတ်ဓါတ်နှင့် သူ့စွမ်းအားကျဆင်းလာတာကို မြင်ရင် ဆွန်းမိုက သူယုံကြည်မှုရှိနိုင်ရန် ကြင်နာသည့်စကားများနှင့် အကြံပေးလိုက်သည်။

“လက်မလျှော့နဲ့အုံး ၊ နည်းလမ်းတစ်ခုရှိသေးတယ်”

ဆွန်းမို စိတ်ထဲကတော့ တွေးနေမိသည်။ ဒီတစ်ခေါက်တာဝန်ကို မလုပ်နိုင်မှာ

သူကြောက်နေသည်။ ချန်လုံကို ကျင့်ကြံခိုင်းဖို့ မဖြစ်နိုင်ဘူး။ အဲဒါက သူ့ကို ဒုက္ခပေးလိမ့်မယ်။

ထန်ထန်ယုထန်က အသက်ရှင်ရတာတောင် ပင်ပန်းနေပြီ သူ့မှာ ဘယ်လို အဆင့်တက်ဖို့ ခွန်အားရှိမှာလဲ။ လီဇီချီနှင့် လုချီဟွာတို့သည်လည်း တစ်ယောက်က ပြေးခုန်ပစ်မှာ သုည ဖြစ်နေပြီး နောက်တစ်ယောက်က အလားလာတန်ဖိုး အလွန်ကိုနိမ့်နေသည်။ ဆွန်းမိုက ဒီလို ရလာဒ်တွေ ထွက်လာမှာကို သိပြီးသားပါ။

"ပြစ်ဒဏ်မကြောက်တောင် တာဝန်မအောင်မြင်မှာကိုတော့ ကြောက်တယ်"

ဆွန်းမိုက သူ့ကိုယ်သူ ရယ်နေသော်လည်း အရှုံးတော့ မပေးပါ။

နောက်ပိုင်းတွင် ကျောင်းသား ငါးယောက်ကို ကျင့်ကြံခြင်းနှင့် ပက်သက်ပြီး အခက်အခဲများ အတွေ့အကြုံများကို မေးခွင့် ပြုခဲ့သည်။

ဆွန်းမိုက သူတို့ မေးတာကို မဖြေနိုင်ခဲ့ရင် အရှက်မကွဲအောင် ပြင်ဆင်ထားသော်လည်း ချန်လုံက ပါးစပ်တောင် မဟပါဘူး။ လီဇီချီကလည်း ဆွန်းမိုကို

ခက်ခဲအောင်မလုပ်ပါဘူး။ လုချီဟွာကတော့ ဆွန်းမိုဘေးနားတွင် ရှိသေစွာ အမြီးတစ်ခုလိုနေနေသည်။

ထန်ထန်ယုထန်ကလည်း ချိန်ကိုက်ဗုံးလို့ မှတ်ချက်ပေးထားသော်လည်း သူဘာကို တွေးနေလဲဆိုတာ တစ်ယောက်မှ မသိနိုင်ပါ။ သူ့ပါးစပ်ကို ကွယ်ဖို့ လက်ကိုင်ပုဝါကို ကိုင်ထားကာ ချောင်းဆိုးတာကလွဲပြီး သူလည်း ဘာမှ မမေးခဲ့ပါ။

ကံကောင်းထောက်မစွာ ရှန်ယွန်ပေါင်က မေးခွန်းအများကြီး မေးသော်လည်း အားလုံးက အခြေခံ ဗဟုသုတများဖြစ်နေသည်။

ဘွဲ့လက်မှတ်အစစ်ကို ရထားသည့် ဘယ်ဘွဲ့ရမဆို ဖြေနိုင်သည့် မေးခွန်းများဖြစ်နေသည်။

“ဒါဆို ဒါပေါ့”

ရှန်ယွန်ပေါင်ကတော့ ရုတ်တရက် နားလည်သည့် စကားများကို ထပ်ခါထပ်ခါ ပြောနေသည်။

“မင်းက တောနက်ကြီးထဲမှာ နေတဲ့ လူရိုင်းလားဟ၊ ဒီလိုမေးခွန်းတွေက

လမ်းမကြီးပေါ်ကိုသွားပြီး ကျင့်ကြံခြင်းစာအုပ်နည်းနည်းလောက် ဝယ်ဖတ်လိုက်တာနဲ့ သိနိုင်တဲ့ မေးခွန်းတွေလေ”

လီဇီချီလည်း ဆွံ့အနေသည်။

ဒီလိုမေးခွန်းတွေကို သူမ ငါးနှစ်သားကတည်းက သိပြီးသားပါ။

ဒေါင် ဒေါင် ဒေါင်

နေ့လည်ကျောင်းဆင်းသည့် ခေါင်းလောင်း မြည်လာသည်။

“နောက်ဆုံးတော့လည်း အတန်းပြီးသွားပြီ”

လီချီဇီလည် စိတ်ထဲက ရှင်လန်းလာပြီး ခုန်ထလိုက်သည်။ "ဒီနေ့ ငါတို့ ပထမဆုံးအကြိမ် စုဝေးကြတာဆိုတော့ ထမင်းအတူတူ စားကြမလား"

ဆွန်းမိုကို ကြည့်ရတာ ချမ်းသာသည့် ပုံမပေါ်ပါ။ ဒါကြောင့်လည်း လီဇီချီက သူတို့ ထမင်းစားနေတုန်း ဘေလ်ကို တိတ်တိတ်လေး သွားယူရန် စဉ်းစားနေသည်။

"နောက်ကျရင် ငါတို့အတန်းချိန်ကို ဘယ်လိုစီစဉ်ပေးမှာ လဲ"

ထန်ထန်ယုထန်က ဆွန်းမိုကို လှမ်းကြည့်ရင်း မေးလိုက်သည်။

"ဒါကျောင်းက ငါ့အတွက် လုပ်ပေးထားတဲ့ အချိန်ဇယားပဲ"

ဆွန်းမိုကလည်း သူပြင်ဆင်လာသည့် အချိန်ဇယား ငါးခုကို ထုတ်ကာ တပြည့်ငါးယောက်ကို ပေးလိုက်သည်။

"စိတ်ဝင်စားရင် လာတက်ပါ လာမတက်လည်း ရတယ်။ ငါက ဒါကို တွန်းအားပေးမှာ မဟုတ်ဘူး။

ကျူတိုရီရယ်က သုံးရက်ကို တစ်ကြိမ်၊ တစ်လကို ဆယ်ကြိမ် ရှိမယ်။ အချိန်ဇယားကို ငါရေးပြီးပြီ”

“မင်းတို့တွေမှာ ဘယ်လို အကြောင်းပြချက်ပဲရှိရှိ ငါစိတ်မဝင်စားဘူး။ မင်းတို့ ကျူတိုရီရယ်မှာ ရှိကိုရှိရမယ်။ နေမကောင်းရင်တောင် တွားသွားပြီးလာခဲ့”

ဒီအကြောင်းကို ပြောလိုက်သည့် အချိန်တွင် ဆွန်းမိုလေသံက တင်းမာလာသည်။

အလေ့အထ ဖြစ်လာစေရန် အစကတည်းက စည်းကမ်းများ ချမှတ်ထားရမည်။ ဒီလိုမှမဟုတ်ပဲ

ကျောင်းသားပြင်းရိလာမှ ဆိုရင် ဆုံးမဖို့ ပိုခက်လိမ့်မည်။

"ဆရာ မင်းငါ့ကို တစ်ခုခုများ တားနေတာလား"

ထန်ထန်ယုထန်က မေးလိုက်သည်။

"မင်းကို အထူး ကုသပေးစေချင်တာလား" ဆွန်းမိုက ပြန်ဖြေလိုက်သည်။

'အာ"

ထန်ထန်ယုထန်လည်း ဒီစကားကြောင့် ကြောင်သွားသည်။ အမှန်တိုင်းပြောရရင် သူ့ကိုယ်သူ တန်ဖိုးထားပြီး တခြားသူက သနားလာမှာကို

ရှိရှာသည်။ ဆန့်ကျင်ဘက်အနေနှင့် ဆွန်းမို၏ စကားကြောင့်တော့ ပျော်ရွှင်သွားသည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှုအမှတ် +၅။ မူလ(၁၃/၁၀၀)

စနစ်၏ သတိပေးချက်ကို ကြားလိုက်တော့ ဆွန်းမို စကားမပြောနိုင် ဖြစ်သွားသည်။ ဒါကသူ့ကို လေးစားအထင်ကြီးမှုအမှတ်ကို ရစေခဲ့တာလား။ ဒီထန်ထန်ယုထန်က ကြောင်တောင်တောင်ပဲ။

"တကယ်လို့ မင်းတို့မှာ မေးစရာရှိရင် ငါ့ကို အချိန်မရွေးလာရှာလို့ ရတယ်"

ဆွန်းမိုက ကျောင်းသား ငါးယောက်ကို ကြည့်ရင်းပြောလိုက်သည်။ "ကျင့်ကြံမှု၊ ဘဝအကြောင်း၊ ဒါမှမဟုတ် စိတ်ခံစားချက်နှင့် ပက်သက်ရင်လည်း ဘာပဲဖြစ်ဖြစ်ငါက မင်းတို့ကို အဖြေတစ်ခုပေးနိုင်ဖို့ အကောင်းဆုံးကြိုးစားမယ်"

ပြည်နယ်ကိုးခုက နိုင်ငံအသီးသီးတွင် ကျောင်းသားက ဆရာတစ်ယောက်ကို

အသိအမှတ်ပြုပြီးနောက် သူတို့၏ မွေးစားအဖေလည်း ဖြစ်သွားသည်။

စာစဉ်(ရ)

အခန်း(၁၀၀) - လုပ်ဖော်ကိုင်ဖက်၏ အာမေဒိတ် အသံများ။

လီဇီချီလို ကျောင်းသားမျိုးသာမက သာမန်ကျောင်းသားများ အတွက်လည်း ဆရာတင်ခြင်းသည် အရေးကြီးသော ကိစ္စ ဖြစ်သည်။ ပါရမီရှင်တစ်ယာက်အတွက် ဆရာတင်ခြင်းသည် အရေးအကြီးဆုံး ကိစ္စဖြစ်ပြီး သတိထားပြီး ရွေးချယ်ရမည့် အရာလည်းဖြစ်သည်။

လီဇီချီ၏ဖခင်သည် လီဇီချီအတွက် အလယ်တန်း သူတော်စင်တစ်ပါးကို ဆရာအဖြစ် ရွေးချယ်ထားသော်လည်း လီဇီချီ၏ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်မှာ သုည ဖြစ်နေတာက စိတ်မကောင်းစရာပါ။ ကျင့်ကြံခြင်းလမ်းစဉ်တွင် သူမသည် စကားပြောနိုင်သော အနေအထားမရှိပါ။ ဒါကြောင့်လည်း သူမကို သူတော်စင်က သဘောမကျဘဲ ငြင်းပယ်ခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်မှစပြီး လီဇီချီသည် ဆရာတင်ရသည့် ကိစ္စကို စိတ်ဓါတ်ကျစ ပြုလာခဲ့သည်။

စိတ်အပန်းဖြေရန် ချင်လင်မြို့အပြင်ကိုသွားသည့်အချိန်တွင် ဆွန်းမိုနှင့်တွေ့ဆုံကာ 'မင်းနှလုံးသားကိုမင်းယုံရင် မိုးနှင့်လေတောင် ကြောက်စရာမလိုဘူး' ဆိုတဲ့စကားကြောင့် သူမကိုယ်သူမ ယုံကြည်မှုများပြန်တည်ဆောက်နိုင်ခဲ့သည်။

တန်ဖိုးဖြတ်မရသည့် အကြံပြုချက်က လီဇီချီ၏အုံ့မှိုင်းနေသောဘဝကို ချက်ခြင်းအလင်းပေးခဲ့ပြီးသူမကို ပြန်ပြုံးနိုင်စေခဲ့သည်။

လီဇီချီ၏ အဆင့်အတန်းအရ အလယ်တန်းသူတော်စင်ကို ဆရာမတင်နိုင်ခဲ့သော်လည်း

ကြယ်ကိုးပွင့် မြတ်ဆရာတစ်ယောက်ကို ဆရာတင်ဖို့က ခက်သည့် ကိစ္စ မဟုတ်ပါ။ ဒါမှမဟုတ်လည်း သူမစိတ်တိုင်းကျ ကြယ် ခြောက်ပွင့် ၊ ကြယ် ခုနှစ်ပွင့် မြတ်ဆရာတွေကို ရွေးနိုင်သော်လည်း ဆွန်းမိုကိုသာ လျှို့ဝှက်စွာ ရွေးချယ် ခဲ့သည်။

ဆွန်းမိုမှာ ကြယ်ဘယ်နှစ်လုံးရှိလို့လဲ။

တစ်လုံးတောင် မရှိပါဘူး။

ကံကောင်းထောက်မစွာ တရားဝင် ဆရာဖြစ်လာခဲ့သည်။ အစမ်းခန့်ဆရာအဖြစ်သာ

ဆက်ရှိနေမည်ဆိုပါက သူမအစ်ကိုကြီးက သူမခြေထောက်ကို ကျိုးသွားအောင် လာရိုက်နိုင်သည်။

ဆရာတင်သည့် ကိစ္စက ရေရှည်တော့ ဖုံးထားလို့မရပါ။ ဒါကြောင့် သူမသည် လျှင်မြန်စွာ ကျင့်ကြံပြီး အောင်မြင်မှုတချို့တော့ ရအောင်လုပ်ရမည်။

အဲဒီအချိန်တွင် သူမအဒေါ်က မေးခွန်းထုတ်ပါက ဆွန်းမိုသည် သူမကို အောင်မြင်အောင် ကူညီးပေးနိုင်သည့် ထူးချွန်သော

ဆရာတစ်ယောက်ဖြစ်ကြောင်း ယုံကြည်ချက်ရှိရှိနှင့် ပြန်ပြောနိုင်မည်။

အဲလိုနည်းဖြင့် ဆွန်းမိုကို သူမအဖေနှင့် အဒေါ်တို့က အသိအမှတ် ပြုကြလိမ့်မည်။

ဒါကြောင့်လည်း လီဇီချီသည် ကြွက်သားများနှင့် ရွှေလူသား၏ အနှိပ်ကို မခံချင်သော်လည်း သူမအဒေါ်နှင့် ညှိနှိုင်းနိုင်အောင် သူ့ကိုယ်ကို အနှိပ်ခံဖို့ ဆုံးဖြတ်လိုက်သည်။

“ကောင်းပြီ”

အသေးအဖွဲ့ကိစ္စပါ။ ဆွန်းမိုလည်း ကျောင်းသားများကို ဆက်တိုက်နှိပ်ဖို့ ပြင်နေတာ မဟုတ်ပါ။

"မနက်ဖြန် နေ့လည်ဆိုရင် ဘယ်လိုလဲ "

လီဇီချီက အချိန်တစ်ခု သတ်မှတ်လိုက်သည်။ ဆွန်းမိုနှိပ်သည့် ပုံစံက မြင်နေကျ အနှိပ်ပုံစံနှင့် ကွာခြားပါသည်။ ဒါကြောင့်သူမလည်း ကြိုတင်ပြင်ဆင်ထားဖို့ လိုသည်။

အနည်ဆုံးတော့ တိတ်ဆိတ် ငြိမ်သက်သည့် နေရာဖြစ်ဖို့လိုသည်။

"ရတယ်လေ"

ဆွန်းမိုက နေကိုမျှော်ကြည့်ရင်း ပြန်ဖြေလိုက်သည်။

"မင်းတို့ အရင်သွားစားနှင့်ကြ။ ငါသွားစရာရှိလို့ မလိုက်တော့ဘူး။ လုချီဟွာ ငါ့ရဲ့ ဆရာတံဆိပ်ကို မင်းနဲ့ အတူယူသွား မင်းစားချင်တာကို မှာစားလိုက်။ မင်းငါ့ ပိုက်ဆံကို ချွေတာ စရာမလိုဘူး"

"အင်း"

လုချီဟွာလည်း ခေါင်းညိတ်လိုက်သည်။

ဆွန်းမိုသည် မြန်မြန်ဆန်ဆန်နှင့် ထွက်သွားသောကြောင့် လီဇီချီ လည်း တခြားအကြံတွေတောင် မပြောလိုက်ရပဲ သက်ပြင်းချလိုက်သည်။ အားလုံးကို စားသောက်ပွဲလုပ်ဖို့ ကြေငြာတာမှာ ရှုံးနိမ့်သွားသည်။

....

လေးစားအထင်ကြီးမှု အမှတ် သုံးထောင်တန် စိန်သစ်သီး။

ဆွန်းမိုလည်း ဒီသစ်သီးက သူ့ကို အဆင့်ဘယ်လောက် မြှင့်တင်ပေးနိုင်မလဲ

သိချင်နေသည်။ ဒါကြောင့်လည်း ကြေးလှူသားတစ်ယောက်ကို တိုက်ခိုက်ကြည့်ပြီး သူ၏ တိုက်ခိုက်ရေးစွမ်းအားကို စမ်းသပ်ရန် ဒိုဂျိုကို သွားနေသည်။

နေ့လည်စာ ထမင်းစားချိန်ဆိုတော့ လူအများကြီး မရှိတော့ပါဘူး။

"မင်္ဂလာပါ ဆရာဆွန်း"

ဒူရှောင်က နှုတ်ဆက်လိုက်သည်။

"ဆရာဒူ"

ဆွန်းမိုကလည်း ဖော်ရွေသည့် အပြုံးနှင့် ပြန်နှုတ်ဆက်လိုက်သည်။ သူ့ကို အရင်က ခက်ခဲအောင်လုပ်ခဲ့သည် လုပ်ဖော်ကိုင်ဖက် မဟုတ်သ၍ ဆွန်းမို အဆင်ပြေသည်။

"ပတ်ဝန်းကျင်မှာ လူလည်းသိပ် မရှိတော့ဘူး ၊ မင်းရဲ့ ခွန်အားကို စမ်းသပ်ဖို့ လာတာလား"

ဒူရှောင်က လျှောက်သွားလိုက်သည်။

"ငါက ဆူညံတာကို မကြိုက်လို့ပါ"

ဆွန်းမိုက ပခုံးတွန့်ပြီး ဖြေလိုက်သည်။

အသက်နှစ်ဆယ်ကျော်ဝန်းကျင်လောက်သာ ရှိသည့် ထိုအမျိုးသမီးသည် အပြာရောင် ဆရာဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည်။ ဆွန်းမိုသည် ရုံးခန်းနှင့် ရင်းနှီးအောင် သွားခဲ့စဉ်က သူမကို တစ်ကြိမ်မြင်ဖူးသော်လည်း စကား မပြောဖြစ်ခဲ့ကြပါ။

“ငါလည်း ဆူညံသံတွေကို မကြိုက်ဘူး”

ဒူရှောင်က ရယ်ရင်းပြန်ပြောသည်။ “ငါ့ကြောင့်တော့ အနှောက်အယှက် မဖြစ်ဘူး မှတ်လား”

ဆွန်းမိုလည်း ပြုံးရုံသာ ပြုံးနေလိုက်သည်။ သူဘာပြောနိုင်မှာလဲ။

(မင်းကြောင့် အနှောက်အယှက်ဖြစ်တယ် ကျေးဇူးပြုပြီး ထွက်သွားပေးပါ။) ဒီလိုပြောလိုက်လို့ကတော့ သေချာပေါက် သူမ အာဃာတ ထားမှာသေချာသည်။ ပြီးတော့ လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးလည်း ပြီးသွားလိမ့်မည်။

သူမသည် ဗဟိုပြည်နယ်အကယ်ဒမီကို ရောက်လာပြီး အလုပ်လုပ်တာ

သုံးနှစ်တောင်ရှိနေပါပြီ။ သူမ EQညံ့တယ်ဆိုရင်တောင် ဒီနှစ်တွေမှာ ကျိန်းသေပေါက် တစ်ခုခုတော့ သင်ယူနေမှာပါ။

ဆွန်းမို၏ အမူအရာကိုတွေ့လိုက်ပြီး ဒူရှောင်က သူမထွက်သွားသင့်တယ်လို့ သိသော်လည်း ဆွန်းမို၏ နတ်ဘုရားလက်ကို မြင်ဖူးချင်နေသည်။

ဒူရှောင်သည် ဆွန်းမို၏ ပထမဆုံး လူထုဟောပြောပွဲကို မသွားဖြစ်ခဲ့သော်လည်း ရုံးခန်းထဲတွင် ကျုံရှန်ရီနှင့် ကျန်ရုံနဲတို့ကြောင့် သိလိုက်ရသည်။

ကျန်ရုံနဲ့တို့က တွတ်ထိုးနေခဲ့ကြသည် ။ အဲဒီနေ့က သူတို့ပြန်လာပြီး ဟောပြောပွဲတွင် ဖြစ်ခဲ့သမျှကို အသေးစိတ် ပြန်ပြောနေခဲ့သည်။

ဆွန်းမိုသည် ကျောင်းအာဏာရှင် ဓောင်ယန်ကို သင်ခန်းစာပေးပြီး ဖန်ဇိုဝမ်နှင့် စိန်ခေါ်ပွဲတွင်လည်း အနိုင်ရခဲ့သည်။ ဒုကျောင်းအုပ်ကြီး ကျန်ဟန်ဖူအကြောင်းကိုတော့ ဒူရှောင် စိတ်မဝင်စားပါဘူး။ ဆွန်းမို၏ နတ်ဘုရားလက်က ကြောက်ဖို့ကောင်းမကောင်းပဲ သူမသိချင်သည်။

ဒူရှောင်သည် အလုပ်လုပ်နေတာ သုံးနှစ်ရှိပြီး မြတ်ဆရာ အရှိန်အဝါသုံးခု ကိုလည်း နားလည်ထားသည်။ သူမ၏ နောက်ထပ် အသက်မွေးဝမ်းကြောင်းသည်လဲ စံနှုန်းတစ်ခုကို ရောက်နေပြီး ကြယ်တစ်ပွင့် မြတ်ဆရာစားမေးပွဲအတွက် ပြင်ဆင်နေပါသည်။

ဒီလိုစာမေးပွဲမျိုးသည် တစ်ကြိမ်တည်းနှင့် အောင်မြင်ရင် အကောင်းဆုံးပါဘဲ။

ကို့ကိုယ်ကို ယုံကြည်မှု ထည့်မတွက်ရင်တောင် ကိုယ်ရေးရာဇဝင် တော့ ကြည့်ကောင်းလာမည်။

အကြိမ်အနည်းငယ် ပြန်ဖြေခဲ့ရသည် ဆရာတွေကတော့ အရည်ချင်းစစ် လက်မှတ်ရရင်တောင် နာမည်ကျော်ကျောင်းတွေကို အဆင့်ကောင်းကောင်းဖြင့် မဝင်ရောက်နိုင်ပါ။

အဲဒါတွေမရှိရင် စံနှုန်းတွေ ကျသွားပါလိမ့်မည်။

ဒါက မြတ်ဆရာ အသိုင်းအဝိုင်းအတွင်း ပြောစရာမလိုသည့် စည်းမျဉ်း ဖြစ်သည်။ ဒါကြောင့်လည်း ဒူရှောင်သည် ဆွန်းမို၏ အစမ်းအသပ်ကို ခံကြည့်ချင်နေသည်။

ဒီလို ကိစ္စမျိုးက ချက်ခြင်းတောင်းဆိုလို့ မသင့်တော်ဘူးလေ။ တကယ်လို့များ အငြင်းခံလိုက်ရပါက တော်တော်လေး ရှက်ဖို့ကောင်းသည်။ ဒါကြောင့်လည်း ဆွန်းမို၏ စိတ်နေစိတ်ထားကို သိအောင် ခဏလောက် အပြန်အလှန် ဆက်ဆံရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ သူတို့သည် ကောင်းမွန်သည့် လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးကို တည်ဆောက်ပြီးနောက်မှ သူ့ကို တောင်းဆိုရင် ပိုလွယ်ကူနိုင်ပေသည် ။

ဆွန်းမိုသည် အသက်ကို ပြင်းပြင်းရှူလိုက်ကာ အင်အားကို သုံးပြီး ကြေးလူသား၏ ရင်ဘက်ကို လက်သီးနှင့် ထိုးလိုက်သည်။

ဒီကြေးလူသားကို အမှောင်တိုက်ကြီးမှာသာ ရရှိနိုင်သည့် သတ္တုနှင့် ပြုလုပ်ထားပြီး ရှေ့ဟောင်းနယ်မြေက တွေ့ရှိသည့် လျှို့ဝှက်နည်းပညာကို အတုခိုးပြီး လုပ်ထားခြင်းဖြစ်သည်။

ကျင့်ကြံသူများက ဒီကြေးလူသားများကို တိုက်ခိုက်ခြင်းဖြင့် သူတို့၏ တိုက်ခိုက်ရေးစွမ်းရည်ကို

သိရှိနိုင်သည်။ မှားယွင်းချက်တချို့တလေရှိနိုင်ပေမယ့် ကြီးကြီးမားမားတော့မဟုတ်ပါ။

ဒိုင်း

ကြေးလှူသား ကို ထိခိုက်မိသည့်အသံထွက်လာသော်လည်း တစ်လက်မတောင်မရွေ့သွားပါဘူး။

ဒူရှောင်သည် ကြေးလှူသားဝမ်းဗိုက်ကိုကြည့်နေသည်။ စက္ကန့်အနည်းငယ် ကြာပြီးနောက်

ရွှေမှုန်များသည် ပုံစံတစ်ခု ဖြစ်တည်လာပြီး ငြိမ်သွားသည်။

“၃၁၀”

ဒူရှောင် က ကိန်းဂဏာန်းတန်ဖိုးများကို အလွတ်ကျက်ထားသည်။ ၃၁၀ကို တွေ့လိုက်တာနဲ့ သူမသည် ထူးချွန်သည့်ကျောင်းသားတစ်ယောက်လို သာလွန်သည့် ခံစားချက်ကို ရလိုက်ပြီး စိတ်လည်းအေးသွားသည်။

“ပျမ်းမျှ စံနှုန်းအောက်”

ဒူရှောင် သွေးလောင်ကျွမ်းခြင်းအဆင့်(၁) ရှိစဉ်က သူမ၏ လက်သီးသည် ဒီထက်ပိုကြီးသော စွမ်းအားကို ထုတ်ပေးနိုင်ပါသည်။

ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့်တွင် အဆင့်ကိုးဆင့်ရှိပြီး တိုက်ခိုက်ရေးစွမ်းရည်သည် တစ်ဆင့်တိုင်း တဖြည်းဖြည်း တိုးတက်လာပြီး ၁၀၀ကို ကျော်သွားသည်။ ဒါကို ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်ထဲကို ဝင်ရောက်သွားတယ်လို့ သတ်မှတ်နိုင်သည်။ ဒီအဆင့်တွင် သတ်မှတ်ချက် ပုံသေမရှိတော့ပါ။ ဆုံမှတ် ၁၀၈ခုကို

ဖွင့်လိုက်နိုင်တာနှင့် သွေးလောင်ကျွမ်းခြင်းအဆင့်ကို ဝင်ရောက်နိုင်သည်။

ဝိညာဉ်ပြုပြင်ခြင်းနယ်ပယ်တွင် တိုက်ခိုက်ရေးစွမ်းအားသည် ၁၀၀-၃၀၀ ကြားဖြစ်သည်။ အဲဒီနောက်မှာတော့ သွေးလောင်ကျွမ်းခြင်းနယ်ပယ်ဖြစ်လာသည်။

သွေးလောင်ကျွမ်းခြင်းနယ်ပယ် အဆင့်(၁) အထွဋ်အထိတ် တိုက်ခိုက်ရေးစွမ်းအားမှာ ၄၀၀၊ ဒုတိယအဆင့်တွင် ၅၀၀ အစရှိသဖြင့် ဖြစ်သည်။ သွေးလောင်ကျွမ်းခြင်း အဆင့်ကျင့်ကြံသူများသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နတ်ဘုရားစွမ်းအားအဆင့်ကို ဝင်ရောက်ရန် သွေးကို ခုနှစ်ကြိမ် လောင်ကျွမ်းဖို့လိုသည်။

သွေးလောင်ကျွမ်းခြင်းနယ်ပယ်၏ အမြင့်ဆုံး တိုက်ခိုက်ရေးစွမ်းရည်မှာ ၁၀၀၀ ဖြစ်သည်။

ဆွန်းမိုသည် သူ၏ တိုက်ခိုက်ရေးစွမ်းရည် မြင့်မားမှာ မဟုတ်ကြောင်း သိသော်လည်း ဒီကိန်းဂဏန်းကို ကြည့်ကာ ရယ်နေမိသည်။ ဒါက သာမန်အဆင့်ပါဘဲ။

ဒါပေမယ့် ဒါက အရိုင်းဆန်သော စွမ်းအားအပေါ်တွင်သာ မူတည်သောကြောင့် ဆွန်းမို မအံ့အောပါ။

လက်သီးနည်းစနစ်ကို မပြောနဲ့ ဆွန်းမိုသည် ရိုးရှင်းသည့် ခန္ဓာကိုယ် ကြံ့ခိုင်ခြင်း နည်းစနစ်တောင် မသိပါ။

ရှုတ်စ်

ဆွန်းမိုသည် သစ်သားခါးကို ဆွဲထုတ်လိုက်ပြီးနောက် အစမ်းခန့်ဆရာနှစ်ယောက်နှင့် တိုက်ပွဲအကြောင်းကို

စဉ်းစားလိုက်သည်။ ထို လှုပ်ရှားမှုအတိုင်း ခုတ်ချလိုက်သည်။

ရွှေနေမင်း ဖျက်ဆီးခြင်း

ဒိုင်း

သစ်သားခါးက ကြေးလူသား၏ ရင်ဘက်ကို ခုတ်ထစ်သွားသည်။

ဆယ်စက္ကန့်ကြာပြီး ပုံစံတည်ငြိမ်သွားသည်။

“၃၃၀”

ဒူရှောင်သည် ဒီအကွက်ကို ရင်းနှီးသောကြောင့် နှုတ်ခမ်းကို ကွေးထားသည်။ ဒါက ရွှေနေမင်းလက်စွဲခါး မြေကြီးအဆင့် ကျင့်စဉ်ဖြစ်ပြီး စွမ်းအားကောင်းပါသည်။

အဓိက ခုတ်ချက်သည် အနိုင် သို့မဟုတ် အရှုံးကို ဆုံးဖြတ်သော ဝှက်ဖဲဖြစ်သည်။ အမှန်တိုင်းပြောရရင်တော့ ဆွန်းမို၏ တိုက်ခိုက်ရေး စွမ်းရည်က မကောင်းပါဘူး။

ဆွန်းမိုလည်း ခေါင်းကိုယမ်းလိုက်ပြီး လက်ကို ဆန့်ထုတ်လိုက်သည်။ ထို့ပနောက်ရှေ့ကိုရွှေ့ကာ သစ်သားဓါးဖြင့် ထိုးလိုက်သည်။

လက်ကိုပစ်ခြင်း

ဒင်

သစ်သားဓါးသည် ကြေးလူသား၏ အလယ်ကို ထိသွားသည်။

တည်ငြိမ်သွားပြီးနောက် အရင်ကထက်ပင် တန်းဖိုးနည်းသည့် ၃၂၆ ထွက်လာသည်။

"ဆရာဆွန်းရဲ့ ဒီအရည်အချင်းနှစ်ခုစလုံးက တော်တော်လေး ကောင်းပါတယ်။ မင်းပိုပြီး ရှေ့နေမင်းလက်စွဲခါးကို အဖွင့်နှင့်အပိတ် လုပ်ဆောင်မှုကို လေ့လာဖို့လိုသေးတယ်။ "အရှိန်နှင့် တုန့်ပြန်မှုနှစ်ခုလုံးက တထပ်တည်းကျနေရမယ်"

ဒူရှောင်က စေတနာကောင်းနှင့် အကြံပြုလိုက်သည်။

တိုက်ခိုက်မှုနှစ်ခုလုံးတွင် ဆွန်းမိုသည် အားအကုန်သုံးလိုက်တာကို သူမမြင်ရသည်။ သူ၏ အဓိကခွန်းအားမှာ စွမ်းအားဖြစ်ပါက

ကျင့်ကြံခြင်းကျင့်စဉ်ကို ပိုပြီး အာရုံစိုက် လေ့ကျင့်သင့်သည်။

ဆွန်းမိုက ဒီနှစ်ကွက်စလုံးကို ဒုတိယအကြိမ်သာ သုံးခြင်းဖြစ်ကြောင်းကိုတော့ ဒူရှောင် မသိပါဘူး။ လအနည်းငယ်ကြာအောင် လေ့ကျင့်လိုက်ပါက အဖျက်စွမ်းအား ပိုမြှင့်လာပါမည်။

ဆွန်းမိုကဒါကို ဘယ်တော့မှ လေ့ကျင်မှာ မဟုတ်ပါဘူး။ မထိုက်တန်ပါဘူး။

"နောက်အကွက်တွေကို စမ်းကြည့်ရအောင်"

ဆွန်းမိုသည်ဝေဖန်ခံရလို့ စိတ်မဆိုးပါဘူး။ သူက သဘောထားသေးသူလည်း မဟုတ်ပါဘူး။ ဒါက ဆရာများကြားက သာမန် ဆွေးနွေးမှုတစ်ခုသာ ဖြစ်သည်။

ဆွန်းမိုသည် အသက်ကို ခပ်ပြင်းပြင်းရှူလိုက်ပြီး အခြေအနေကို ထိန်းညှိလိုက်သည်။

ထို့နောက်ခါးကို မွှေ့ယမ်းကာ

အမိန့်ဆယ့်ရှစ်ခု

ဖောင်း ဖောင်း ဖောင်း

သစ်သားခါးသည့်ကြေးလူသားကို ပြင်းပြင်းထန်ထန် ထိမှန်သွားသည်။

ခဏလောက်ကြာတော့ ပေါက်ကွဲမှုများ ပျောက်သွားသည်။

ဆွန်းမိုသည် ခါးကို ဖွေ့ယမ်းလိုက်သည်နှင့် ဒူရှောင်၏ အမူအရာ ပြောင်းသွားသည်။ သူမသည် ဆရာတစ်ယောက်ဖြစ်သောကြောင့် ကောင်းမွန်သော သုံးသပ်နိုင်စွမ်းရှိသည်။ ဆွန်းမို၏ ခန့်ညားသော အမူအရာနှင့် သူ၏လှုပ်ရှားမှု ညွှန်းကိန်းသည် အရင်ကထက် နှစ်ဆင့်လောက် မြင့်လာသည်။

ဒါ့အပြင် အကွက်ကလည်း ကောင်းလွန်းနေသည်။

ဒူရှောင် အံ့အောနေသည်။ သူမတွေးနေမိသည်။ ဆွန်းမိုနှင့်တိုက်ခိုက်ရရင် ဒီအကွက်ကို ဘယ်လိုရှောင်မလဲ ဒါမှမဟုတ် ကာကွယ်မှာလား။

ထို့နောက်လှုပ်ရှားမှုများကို သူမ နားမလည်နိုင်တော့ကြောင်းကို သိလိုက်သည်။ သူမသည် ဒါကို နောက်တစ်ကြိမ် ထပ်ကြည့်ချင်သည်။

ပုံစံက တဖြည်းဖြည်း တည်ငြိမ်လာသည်။

'၃၆၀'

ဆွန်းမို မကျေမနပ်နှင့် ခေါင်းယမ်းလိုက်သည်။ ဒါက ရှေ့ဟောင်းလောကနတ်ကျင့်စဉ်၏ ကိန်းဂဏာန်းတန်ဖိုးဖြစ်သည်။ ဘာဖြစ်လို့ နည်းနေတာလဲ။

"ကျေနပ်လိုက်ပါကွာ။ ရှေ့ဟောင်း လောကနတ်ကျင့်စဉ် အဓိက အသုံးပြုပုံက ပြိုင်ဘက်ကျင့်စဉ်ကို မမြင်မချင်း တိုက်ဖို့ပဲ။ ဒါနဲ့တိုက်ဖို့ မဟုတ်ဘူး"

စနစ်က စကားမဲ့နေသည်။ ဆွန်းမိုက နတ်ကျင့်စဉ်ကို တကယ်ပဲ အထင်သေးနေတာလား။ ဘယ်လောက်တောင် မုန်းဖို့ကောင်းတဲ့ကောင်လဲ။

"ဘာကြောင့်ငါ့ကို တိုက်ပွဲမှာ တိုက်ဖို့ ကျင့်စဉ်အစုံ မပေးတာလဲ"

ဆွန်းမိုက ပိုလို့တောင် စကားမပြောနိုင်ဖြစ်နေသည်။ သဏ္ဍာန်မဲ့မြင့်မြတ်စကြြ်ာဝဠာသည် အဓိက က ကျောင်းသားတွေကို လေ့ကျင့်ပေးရန်ဖြစ်သည်။ တိုက်ပွဲအတွက် မသင့်တော်ပါ။

ဒါပေမယ့် သာမန်ဆရာများနှင့် ယှဉ်သုံးရင်တော့ လုံလောက်ပါသည်။ လျှို့မှုဘိုင်ကဲ့သို့ အရည်အချင်းရှိသူများနှင့် တွေ့သည့်အခါ တိုက်ပွဲသုံးသည့် ကျင့်စဉ်ကို သင်ယူတာကမှ ပိုကောင်းမယ်လို့ တွေးနေသည်။

“လေးစားအထင်ကြီးမှု အမှတ်တွေကို စုဆောင်းပြီး စတိုးဆိုင်မှာ ဝယ်ဖို့ ကြိုးစားရတော့မှာပေါ့”

စနစ်ကလည်း မိတ်ဆက်သည် “ ဒီမှာ မင်းလိုချင်တာ အကုန်ရှိတယ်။

ဘယ်လိုသူတော်စင်အဆင့် ကျင့်စဉ်တစ်စုံကိုမဆို လေးစားအထင်ကြီးမှုအမှတ် တစ်သိန်းလောက်တော့ ကုန်ကျမယ်”

“မင်းဘာလို့ ပေါက်ကရတွေ လာပြောနေတာလဲ” ဆွန်းမို မပျော်တော့ပါ။

ဆွန်းမိုက စနစ်နှင့် ပေါက်ကရ ပြောနေသည့်အချိန်တွင် ဘေးတွင်ရပ်နေသော ဒူရှောင်လည်း လုံးဝအံ့အောသင့်နေသည်။ ဘယ်လိုကျင့်ကြံခြင်း အမျိုးအစားလဲ၊ ဆွန်းမို၏

တိုက်ခိုက်ရေးစွမ်းအားကို ၃၆၀ ဖြစ်အောင် ဘယ်လိုတောင် လုပ်ပီးမြှင့်ပေးလိုက်တာလဲ။

ရွှေနေမင်းလက်စွဲဓါးကျင့်စဉ်သည် ဆန်းကြယ်မြေကြီးအဆင့်ဖြစ်သည်။ ဒါကြောင့် ကောင်းကင်အဆင့်က ဆင်းသက်လာသော လှုပ်ရှားမှုမျိုးဖြစ်သည်။ မဟုတ်ခဲ့ပါက သူ၏ တိုက်ခိုက်ရေးစွမ်းအားသည် ကြီးကြီးမားမား တိုးမြှင့်လာမည် မဟုတ်ပါ။

ဒူရှောင်သည် ဆရာတစ်ယောက် အနေနှင့် သီးသန့်စောင့်ထိန်းရမည့် ကျင့်ဝတ်မရှိပါက ဆွန်းမို၏

ကျင့်ကြံခြင်း ကျင့်စဉ်နာမည်ကို မေးလိုက်ချင်သည်။ သူမရဲ့စိတ်ထဲမှာ မနာလိုသည့် စိတ်ကလေးတောင် ပေါ်လာသည်။

ကျင့်ကြံခြင်းကျင့်စဉ်သည် တကယ်ကို ကြောက်ဖို့ကောင်းလွန်းသည်။ ဒါက လေ့ကျင့်သူ၏ တိုက်ခိုက်ရေးစွမ်းရည်ကို အပြည့်အဝ ထုတ်ပေးရုံသာမက ကြီးထွားနှုန်းကိုလည်း နှစ်ဆ တိုးမြှင့်နိုင်သည်။

"ဆရာဒူ ကျွန်တော် အနားယူလိုက်အုံးမယ်"

ဆွန်းမိုက ယဉ်ကျေးစွာ နှုတ်ဆက်လိုက်သည်။

“အင်း ဂရုစိုက်ပါ ဆရာဆွန်း”

ဒူရှောင်သည် ဆွန်းမိုထွက်သွားတာကို စောင့်ပြီးမှ စတင်ပြီး လေ့ကျင့်နေသည်။ ဆွန်းမိုသည် အရမ်းကို ကြောက်စရာကောင်းနေပြီ ဖြစ်သည်။ သူသည် သူမ၏ ကျင့်ကြံခြင်းအဆင့်ကို ရောက်လာပါက သူမကို ကျော်တက်သွားနိုင်သည်။

ရတ်တရတ် ဖိအား တစ်ခု ရလိုက်သည်။

ဒူရှောင် သူ့ကိုယ်သူ ကျိန်ဆိုလိုက်သည်။ အလုပ်ဝင်ခါစ ဆရာတစ်ယောက်၏ အမီလိုက်ခြင်းကို လုံးဝ မခံနိုင်ပါ။

....

ဆွန်းမိုသည် တရားထိုင်သည့် အခန်းကို ဌားလိုက်သည်။ တင်ပျဉ်ခွေထိုင်လိုက်ပြီးနောက် မျက်တောင်နှစ်ကြိမ် ခတ်လိုက်သည်။ သူသည် သိုလှောင်ခန်းကို ဖွင့်လိုက်ပြီး စိန်သစ်သီးကို ထုတ်လိုက်သည်။

"ဘယ်လိုစားရမှာလဲ၊ အစရင်ပြုတ်ရမှာလား"

ဆွန်းမိုသည် လက်ထဲတွင် စိန်သစ်သီးကို ကိုင်ထားပြီး ဖိအားဖြစ်နေသည်။ သူနည်းနည်းလည်း အံ့အောသင့်နေသည်။

အသီးသည် သစ်ကြားသီး အရွယ်ဖြစ်ပြီး မျက်နှာပြင်က မညီမညာနှင့် တော်တော်ရုပ်ဆိုးသည်။

ချစ်သူမရှိသော တကိုယ်ရည် တကာယ သမားတစ်ယောက် အနေနှင့် ဆွန်းမို၏ အချက်အပြုတ်က ဆိုးရွားလှသည်။ သူ့ရဲ့အကောင်းဆုံးဟင်းက ငါးနှင့် အသီးအရွက် ချဉ်ဟင်းဖြစ်သည်။

“အစိမ်းလိုက်မျိုချလိုက်” စနစ်က တိုတိုတုတ်တုတ် ပြောလိုက်သည်။

“သေချာလား”

ဆွန်းမိုသည် စိန်သစ်သီးကို ကိုင်ပြီး ကြောင်တောင်တောင်နှင့် ကြည့်နေသည်။ အကြီးကြီးပဲ။ လည်ပင်း ညှစ်သတ်လို့တောင်ရတယ်။

"သေချာတယ်"

စနစ်က စိတ်မရှည်သည့် လေသံနှင့် ပြန်ဖြေလာသည်။ "မင်းကို သတိမပေးလို့ အပြစ်မတင်နဲ့ ဒီအသီးက သက်တမ်းကုန်ဆုံးရက် ရှိတယ်။ စောစောစားလေ အာနိသင် ပိုကောင်းလေပဲ"

ဆွန်းမိုလည်း ခဏလောက်တွေဝေနေပြီး စနစ်ကို ယုံကြည်ရန် ဆုံးဖြတ်လိုက်သည်။ စိန်သစ်သီးကို

ပါးစပ်ထဲ အတင်းထိုးထဲ့လိုက်ပြီးနောက် အံ့အောသင့်နေသည်။

“ဝူ ဝူ ဝူ”

ဆွန်းမို တစ်ခုခု ပြောချင်သော်လည်း သူနိုင်တာက ‘ဝူ ဝူ အသံများသာ ဖြစ်နေသည်။ ပါးစပ်တစ်ခုလုံး ပြည့်နေပြီးရှင်းရှင်းလင်းလင်း စကားမပြောနိုင်ပါ။

“နေအုံး”

စနစ်သည် ဆွန်းမို၏ မေးခွန်းကို အခုမှ သဘောပေါက်သွားသည်။ ဒီအသီးက ဝါးလို့မရဘူးဆိုတာ မပြောလိုက်ရသေးဘူး။

"ဘာ မ......အ......လ"

ဆွန်းမို စိတ်ထဲက ကျိန်ဆဲနေသည်။

အရင်တုန်းက ဇာတ်ကားတစ်ကား ကြည့်ခဲ့ဖူးသည်။ ရုပ်ရှင်ကားထဲမှာ မင်းသမီးက ဆင်ဆာဖြတ်ထားသည့် အရာကို ပါးစပ်ထဲထည့်ငုံပြီး တံတွေးတွေနှင့် ပြည့်လျှံနေခဲ့သည်။

ငါဒါကို လုံးဝ သည်မခံနိုင်ဘူး,,,,,,,,,,,,,,,,,,,,,,

ဆွန်းမို စိန်သစ်သီးကို ပြန်အန်ထုတ်လို့ရခါနီးတွင် လျှပ်စီးလို အလျှင်နှင့် အရည်ပျော်သွားသည်။ ခရမ်းချဉ်သီးအစိမ်းကို စားလိုက်ရသလိုပါပဲ ။ ပါးစပ်ထဲမှာ ပြည့်သိပ်နေသည်။

ဂလု

ဆွန်းမို အတင်းမျိုချလိုက်သည်။

စက္ကန့်အနည်းငယ်ကြာပြီးနောက် ပူနွေးသော အရည်များသည် ဗိုက်ထဲကို စိမ့်ဝင်သွားပြီး အရိုးများဆီကို လျှင်မြန်စွာ ပျံ့နှံ့သွားသည်။

ဘုန်း ဘုန်း ဘုန်း

ဆွန်းမို ခန္ဓာကိုယ်မှ ဝိညာဉ်ချီများ ပေါက်ကွဲထွက်လာပြီး သူ့ခန္ဓာကိုယ်ရှေ့တွင် ရောမသတ္တဝါကြီး၏ ဦးခေါင်းခွံပေါ်လာသည်။

ချွန်ထက်သော သွားများနှင့် ပြည့်နေသည့် ပါးစပ်ကြီးက ပွင့်လာပြီး သမုဒ္ဒရာရေကို သောက်နေသည့် ဝေလငါးလို ပတ်ဝန်းကျင်က ဝိညာဉ်ချီများကို မျိုချနေသည်။

ဟူး ဟူး

ဝိညာဉ်ချီများသည် ရောမ သတ္တဝါကြီး၏ ပါးစပ်ကို ဖုံးလွှမ်းသွားသည်။

ဆွန်းမိုလည်း ဦးခေါင်းခွံကြီးကို ငေးကြည့်နေပြီး ဖြစ်ပျက်သမျှကို နားမလည်နိုင်အောင် ဖြစ်နေသည်။ ရုတ်တရက် ဦးခေါင်းခွံကြီးက ကောင်းကင်ကို မော့ကြည့်ပြီး အော်ဟစ်လိုက်သည်။ ထို့နောက်ဆွန်းမိုကို တစ်ချက်တည်း မျိုချလိုက်သည်။

ဆွန်းမို မျက်လုံးများ ရုတ်ချည်း အမေှာင်များ ဖုံးသွားသည်။ ထို့နောက် အသားကြိတ်စက်ထဲ ပစ်ထည့်ခံလိုက်ရသလို ဖြစ်သွားသည်။ သူ့ခန္ဓာကိုယ်ကို ညှစ်သည်။ ဆုပ်နယ်နေသည်။ ဆွဲဖြဲနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်မိနစ်လောက် ကြာပြီးနောက် ရောမ ဦးခေါင်းခွံကြီးသည် ကျယ်လောင်သော အသံနှင့် ပေါက်ကွဲထွက်သွားပြီး ဆွန်းမို ပုံစံ ပြန်ပေါ်လာသည်။

ထိုအချိန်တွင် ဆွန်းမို တစ်ကိုယ်လုံးကို ရွှေရောင်အလင်းတန်းများက ဖုံးလွှမ်းထားပြီး နတ်ဘုရား တစ်ပါးနှင့်တူနေသည်။

စာစဉ်(ရ)

အခန်း(၁၀၁) - စွမ်းရည်အားလုံး +၁။

ဝိညာဉ်ချီများသည် ပေါက်ကွဲနေပြီး ဖရိုဖရဲ ဖြစ်နေသည့် တိမ်တိုက်များလို ပျံ့ကျဲနေသည်။ ထို့နောက် ခေါင်းပေါ်ကို တိုင်ဖုန်း မုန်တိုင်း စုစည်းလာပြီး ဆွန်းမို ခန္ဓာကိုယ်ထဲကို စိမ့်ဝင်သွားသည်။

မိနစ်အနည်းငယ်ကြာပြီးနောက် အရာအားလုံး တိတ်ဆိတ်သွားသည်။

ဆွန်းမိုကိုယ်ပေါ်က ရွှေရောင် အလင်းတန်းများလည်း ပျောက်ကွယ်သွားသည်။

ဒင်

“ဂုဏ်ပြုပါတယ်။ စွမ်းရည်အားလုံး +၁”

စနစ်က ဆွန်းမိုကို ချီးကျူးလိုက်သော်လည်း သူ့အသံက ပြောင်စပ်စပ်ဖြစ်နေသည်။

ဆွန်းမို ဒါတွေကို ဂရုမစိုက်နိုင်ပါဘူး။ သူ့ခန္ဓာကိုယ်က အပြောင်းအလဲများကို အာရုံခံနေသည်။ သူ၏ အကြားအာရုံသည် ပိုပြီး ပြတ်သားလာသည်။ အပြင်မှာ တေးဆိုနေကြသည့် ငှက်အသံသည်လည်း သူ့အရင်က ကြားနေကြထက် ပိုကျယ်လာသည်။

အမြင်အာရုံလည်းပို တိုးတက်လာသည်။ ပြတင်းပေါက်က လှမ်းကြည့်လိုက်ရင် ပိုဝေးဝေး မြင်နိုင်လာသည်။ သူ၏ အနံ့ခံအာရုံကလည်း လေထဲက ဖုန်မှုန့်များကို ရှူရှိုက်မိနေပြီး နှာချေခြင် နေသည်။

“လေးစားအထင်ကြီးမှုအမှတ် ၃၀၀၀ တန်ဖိုးရှိတဲ့ စိန်သစ်သီးက တော်တော်ကို အဖိုးတန်တယ်။ မင်း စွမ်းရည်တွေ တိုးတက်လာတဲ့ အကျိုးကျေးဇူးကို တဖြည်းဖြည်း နဲ့ သိလာလိမ့်မယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် စနစ်ကို လျစ်လျူရှုလိုက်ပြီး တိုက်ခိုက်ရေး ဒိုဂျိုကို တန်းပြီးသွားနေသည်။

ထွက်သွားမလို့ လုပ်နေသည့် ဒူရှောင်သည် ဆွန်းမို ဝင်လာတာကို မြင်လိုက်ပြီး သူမ နည်းနည်း အံ့အောသွားသည်။ ဒါက ဘာလဲ။ နေ့လည်စာစားပြီး ကြေးအရုပ်ကို တိုက်ခိုက်အုံးမလို့လား။

ဆွန်းမို ဒီလောက်အထိ စိတ်အားထက်သန်နေမယ်လို့ သူမ မထင်ထားခဲ့မိပါဘူး။

ဒိုင်း

အသံကြီး တစ်ခု ထွက်လာသည်၊

ဒူရှောင် မျက်မှောင် ကြုတ်လိုက်သည်။ သက်ရောက်မှုအားက အရင်ကထက်ကို ပိုများနေသည်။ ဒါကြောင့် သူမလည်း ကြေးလူသား၏ ဝမ်းဗိုက်ကို သွားကြည့်လိုက်မိသည်။

“၃၂၀”

ဒူရှောင် ကြောင်သွားသည်။ ထမင်းစားပြီးတာနှင့် ဆွန်းမိုလက်သီးက ၁၀ချီ တက်လာတာလား။ ဟာသတစ်ခုပဲ ဖြစ်ရမယ် မဟုတ်လား။

ဒါ့အပြင် ဒီတိုက်ခိုက်မှုအတွက် ဆွန်းမို ကြိုတင်ပြင်ဆင်ထားခြင်း မရှိပါ။

ခုနတုန်းက သူ့အင်အားကို အပြည့်အဝ မသုံးခဲ့တာလား။

မဟုတ်ဘူး။ အဲဒါ မဖြစ်နိုင်ဘူး။ ဆွန်းမို တိုက်ခိုက်နေတာကို သူမ အစအဆုံး စောင့်ကြည့်ခဲ့တာပါ။ သူ အားမချန်ခဲ့ပါဘူး။

“ ဆရာဒူ၊ ထမင်းသွား မစားသေးဘူးလား။”

ဆွန်းမိုက ဒီလိုပြောလိုက်ပြီး သစ်သားခါးကို ထုတ်ယူလိုက်သည်။

ရွှေနေမင်း ဖျက်ဆီးခြင်း

ဒိုင်း

ဒူရှောင်၏ မျက်ခုံးများ တော်တော်ကြီးကို တွန့်သွားသည်။ ဒီတိုက်ခိုက်မှုအပေါ်ကို ဆွန်းမို၏ ထိန်းချုပ်မှုက တော်တော်ကြီးကို တိုးတက်လာသည်။

သူမလည်း မသိစိတ်က ကြေးလူသား၏ ဗိုက်ကို ကြည့်လိုက်မိသည်။

၃၄၅

ပေါက်ကွဲသံက မထူးဆန်းတော့ပါဘူး

"ငါလည်း အခုပဲ သွားမလို့ လုပ်နေတာ"

ဒူရှောင် ပြောပြီးနောက် ဆွန်းမိုက ဓါးနှင့် နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပြန်သည်။

လကို ပစ်ခြင်း

ဒိုင်း

သစ်သားဓါးက ကြေးလူသားကို ထိမှန်သွားသည်။

ဆွန်းမိုကို ပြန်ဖြေဖို့ အာရုံရောက်နေသဖြင့် ဒူရှောင်သည် တိုက်ခိုက်မှုကို မမြင်လိုက်လု နီးပါး ဖြစ်သွားသည်။

“မြန်လွန်းတယ်”

ဒူရှောင် စိတ်ထဲတွင် ထိုစကားပေါ်လာသည်။

ဆွန်းမိုက သူမကို စကားမပြောတော့ပါ။ သူ့ကိုယ်သူ ပြင်ဆင်ပြီး နောက်တစ်ကြိမ် တိုက်ခိုက်လိုက် ပြန်သည်။

အမိန့် ဆယ်ရှစ်ခု။

ဖောင်း ဖောင်း ဖောင်း

ထိခိုက်သံများသည် မီးရှူးမီးပန်းများ ပေါက်ကွဲနေသလို ဆက်တိုက်ပေါ်လာသည်။ အသံများကလည်း ပိုပြီး ပြင်းထန်နေသည်။

တကယ်လို့များ အကြားအာရုံ အားနည်းပါက ဆွန်းမိုက ကြေးလူသားကို ဘယ်နှစ်ချက်တိုက်ခိုက်လိုက်မှန်းတောင် မသိနိုင်ပါ။

ဒူရှောင်လည်း ကြေးလူသားဗိုက်ကို စိုက်ကြည့်နေသည်။ ပုံစံငြိမ်လာသည်နှင့် သူမရင်တလှပ်လှပ် တုန်လာသည်။

“၃၈၀”

ဒူရှောင် လုံး၀ကို လန့်နေသည်။

ဆွန်းမို ကမ္ဘာပေါ်မှာ ဘာတွေလုပ်ခဲ့တာလဲ။ နာရီဝက်လောက်ကြာခဲ့ပေမယ့် ဘာလို့ သူ့တိုက်ပွဲစွမ်းရည်က ဒီလောက် ပြင်းထန်လာတာလဲ။

ကျင့်ကြံသူတစ်ယောက် အတွက် တစ်ခုခုတိုးတက်လာတိုင်း သူတို့၏ ပြင်းထန်သော ကြိုးစားအားထုတ်မှုကို ထည့်စဉ်းစားရမည်။ လူတစ်ယောက်၏ တိုက်ပွဲစွမ်းရည်သည် သူတို့ ကိုယ်ခန္ဓာ၏ ကြံ့ခိုင်မှုနှင့် တိုက်ရိုက် အချိုးကျနေသည်။

အားကစားသမားများ၏ ခန္ဓာကိုယ် လုပ်ဆောင်ချက်သည် ရက်နည်းနည်းလောက် လေ့ကျင့်ခန်းလုပ်ဖို့ ပျက်ကွက်လိုက်တာနှင့် စွမ်းဆောင်ရည် ကျဆင်းသွားသလိုမျိုးပါ။ တိုက်ပွဲစွမ်းရည်သည်လည်း ထိုအချက်နှင့် အတူတူဖြစ်သည်။

"အဆင့်တက်သွားတာလား"

ဒူရှောင်သည် ဖြစ်နိုင်ခြေကို စဉ်းစားလိုက်သော်လည်း ခေါင်းယမ်းလိုက်မိသည်။ အဲ့ဒါ မဖြစ်နိုင်ဘူး။ ဆွန်းမိုသာ အဆင့်တက်လာပါက

ခွန်အားတိုးတက်လာပြီး သူ၏ တိုက်ပွဲ စွမ်းရည်သည် ၄၀၀ချီ ကိုရောက်နေရမည်။

"ငါအားလုံး စမ်းကြည့်ပြီးပြီ"

ဆွန်းမိုကတော့ သူ၏ လက်ရှိအခြေအနေကို တော်တော်ကျေနပ်နေသည်။ တကယ်လို့များ အပြင်လူသာမရှိပါက ရှေ့ဟောင်းလောကနတ်ကျင့်စဉ်ကို စမ်းကြည့်ချင်သေးသည်။

ဒူရှောင်၏ နှုတ်ခမ်းများ တဆက်ဆက် တုန်နေသည်။

(မင်းကဘယ်သူလဲ လာနှောက်နေတာလား)

ကျင့်ကြံခြင်း နယ်ပယ်တစ်ခုစီတိုင်းတွင် တိုက်ပွဲစွမ်းရည်မြင့်လေလေ တိုးတက်ရန် ခက်လေလေဖြစ်သည်။ စာမေးပွဲ စနစ်နှင့် အတူတူဖြစ်သည်။ တစ်ယောက်ယောက်က ပေါက်ကရမလုပ်သ၍ ကျရှုံးနေတာကနေ အောင်မှတ်ကို ရနိုင်သည်။ ဒါပေမယ့် အမှတ် ၉၀ ကနေ အမှတ်အပြည့် ရဖို့တော့ တော်တော်ခက်သည်။

အပိုအမှတ်တစ်ခုစီတိုင်းသည် ကျောင်းသားသင်ယူနိုင်စွမ်းကို စစ်ဆေးတာပဲ မဟုတ်တော့ပါဘူး။ သူတို့ ဘယ်လောက်စေ့စပ်သေချာသလဲ ၊ သူတို့၏ စိတ်အခြေနေ နှင့် အခြားအချက်အလက်များကိုပါ ထည့်သွင်း စဉ်းစားလာသည်။

ဆွန်းမိုသည် သစ်သားခါးကို ခါးတွင် ပြန်ချိတ်လိုက်ပြီး နတ်ဘုရားမျက်စိကို ဖွင့်လိုက်သည်။

ဒူရှောင် ။ အသက် ၂၄နှစ်

သွေးလောင်ကျွမ်းခြင်း အဆင့် (၅)

ကြံ့ခိုင်မှု -၂၄ ခွန်အားက မင်းအဆင့် မဟုတ်ဘူး။

ဉာဏ်ရည် -၂၄ သာမန်အဆင့်ထက် ကျော်လွန်သည်။

သွက်လက်မှု -၂၃ - အသင့်တင့်

ခံနိုင်ရည် - ၂၈

ဆန္ဒ - ၂၇ - သာမန်လယ်သမား မိသားစုမှ ဆင်းသက်လာပြီး ငယ်စဉ်ကတည်းက လေ့ကျင့်မှုသည် ခံနိုင်ရည်နှင့် စိတ်အားကို ထက်သန်စေခဲ့သည်။

....

အလားလာ - ပျမ်းမျှ

မှတ်ချက်။ ။ အလုပ်ကြိုးစားပြီး သည်းခံနိုင်သည့် မိန်းကလေးပါ။ သူမလိုချင်သည့် အောင်မြင်မှုကို သေချာပေါက်ရနိုင်သည်။ ရာသီလာတာ မကြာသေးသည့် အတွက် အနားယူသင့်သည်။

"တောက်"

ဆွန်းမိုသည် အချက်အလက် အမျိုးမျိုးနှင့် အဆင့်သတ်မှတ်ချက်ကို ကြည့်လိုက်ပြီး အံ့အောနေသည်။ သူတို့အားလုံးသည်လည်း အပြုသဘောဆောင်သော သုံးသပ်ချက်များ

ဖြစ်နေသည်။ ဒါ့အပြင် မှတ်ချက်များကြောင့်လည်း သူမအပေါ်ကို အထင်ကြီးသွားသည်။

ဆွန်းမိုသည် အလုပ်ကြိုးစားသည့် သူများကို သဘောကျသည်။

ဆွန်းမိုက ကြည့်နေသောကြောင့် ဒူရှောင် ရှက်သွားသည်။ သူမ မျက်နှာ နီရဲလာသည်။

ဒူရှောင်သည် သာမန်အမျိုးသမီးတစ်ယောက်အဖြစ် ၂၄ နှစ်လောက် နေထိုင်ခဲ့ပြီး တစ်စုံတစ်ယောက်ကို ဖက်တွယ်ရန်

မကြိုးစားဘဲ တကိုယ်ရည် တကာယသာ နေထိုင်ခဲ့သည်။

ဒါကြောင့်လည်း ဆွန်းမိုကြည့်နေသည့် ပုံစံမျိုးကို သူမ တစ်ခါမှ မကြုံခဲ့ဖူးပါဘူး။ (ခေါ်တော့အကြည့်) သူမသည် ဒါကို ကျင့်သားမရဘဲ သူမတစ်ကိုယ်လုံးကို မြင်နေရသလို ခံစားလိုက်ရသည်။

ကော်လံကို ဆုပ်ကိုင်ထားလိုက်မိသည်။

“မင်းနေမကောင်းဖြစ်နေတယ်။ မင်းကျင့်ကြံခြင်း၊ ဒါမှမဟုတ် တိုက်ခိုက်ရေးစွမ်းရည် စမ်းသပ်တာမျိုးတို့

မလုပ်နဲ့အုံး။ ရည်နည်းနည်းလောက် အနားယူလိုက်ပါ"

ဆွန်းမိုက သူ့အမြင်တွင် မဆိုးသောကြောင့် အကြံဉာဏ်တစ်ခု ပေးလိုက်သည်။ ရာသီလာချိန်မှာ ကျင့်ကြံတာက အကျိုးမရှိပါဘူး။

ဒါက လူသားများ ကြုံတွေ့နေကြဖြစ်သည်။ ဒီလိုအချိန်မျိုးမှာ ဆိုရင် အနားယူသင့်ပါသည်။ အတင်းအကြပ်လုပ်မယ်ဆိုရင် အစီအစဉ်နှင့်မတူဘဲ ကွဲပြားသွားနိုင်သည်။

"ဟင်'

ဒူရှောင်လည်း ကြောင်သွားပြီး ခြေထောက်ကို စိုက်လိုက်မိသည်။ သူမနေမကောင်း ဖြစ်နေတာကို ဘယ်လိုသိတာလဲ၊ သူ့မှာ နတ်ဘုရားလက်ရှိတယ် ဆိုတဲ့ ကောလဟာလများရှိသော်လည်း သူမကို မထိခဲ့ရသေးဘူးလေ။

ကြည့်လိုက်ရုံနဲ့ သူမခန္ဓာကိုယ် အနေအထားကို ပြောပြနိုင်တာလား။ ဒါဆို သိပ်ကြောက်ဖို့ ကောင်းသွားပြီ။

နေအုံး.........................

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရုတ်တရုတ် ဒူရှောင်သည် တစ်ခုခုကို တွေးလိုက်မိပြီး သူမမျက်နှာ နီရဲသွားသည်။ သူမက ရာသီလာနေလို့ နေလို့ထိုင်လို့မကောင်း ဖြစ်နေသည်။ ဆွန်းမိုက ဒီလိုပြောလိုက်ရုံနှင့် သူမအခြေအနေကို သိတယ်လို့တော့ မပြောနိုင်ပါဘူး။

(မဖြစ်နိုင်ဘူး။ မဖြစ်ရဘူး။ တစ်ချက်ကြည့်လိုက်ရုံနှင့် ရာသီလာနေတာကို ဘယ်လို သိနိုင်မှာလဲ။)

ဒူရှောင် ခေါင်းကိုယမ်းကာ ပြုံးလိုက်မိသည်။ ထို့နောက် သူမလက်ကို မြှောက်ကာ ရှုကြည့်လိုက်သည်။ သွေးနှံ့ရလို့လား။

ဒါလည်း မဖြစ်နိုင်ဘူး။ သူမသည် လွန်ခဲ့သည့် ရက်အနည်းငယ်ကတည်းက သူမ အတွင်းခံကို မကြာခဏ ပြောင်းနေခဲ့သည်။

ဒူရှောင်ပြန်သတိရလာတော့ ဆွန်းမိုက ထွက်သွားနှင့်ပါပြီ။ ဒီဆရာမ၏ အကြည့် ပျော့ပြောင်းနေပြီး ခဏမျှ တွန့်ဆုတ်သွားကာ နောက်ဆုံး ဆွန်းမိုနောက်ကို လိုက်သွားသည်။

“ဆရာဆွန်း၊ မင်းအားလား။ ငါတို့အတူတူ ထမင်းစားကြမလား”

ဒူရှောင်က ထိုသို့ပြောရင်း မျက်နှာ နီလာသည်။ သူမ အရင်ကတည်းက ဘယ်ယောကျ်ားလေး တစ်ယောက်ကိုမှ မဖိတ်ခဲ့ဖူးပါ။ ဒါကြောင့် သူမ နှလုံးသားများ တုန်နေသည်။

“တောင်းပန်ပါတယ် ပစ္စည်း ဝယ်စရာရှိလို့ ကျောင်းအပြင်ဘက်ကို ခဏသွားရအုံးမယ်။ နောက်နေ့ဆို အဆင်ပြေလား ”

ဆွန်းမိုက ငြင်းလိုက်သည်။

"အို"

ဒူရှောင် ဒီအဖြေကိုကြားတော့ နည်းနည်း အံ့အောသွားသည်။ ဒါပေမယ့်လည်း သူမ အတင်းအကျပ်တော့ မလုပ်ပါဘူး။

လမ်းအဆုံးကို ရောက်သည်နှင့် ဆွန်းမိုလည်း ပျောက်သွားသည်။

ဒူရှောင်ကတော့ မျက်မှောင်ကြုတ်ရင်း ရပ်နေခဲ့သည်။

ဆွန်းမိုက အမျိုးသမီးတစ်ယောက်ကို ချူစားတယ်လို့ ကောလဟာသ ထွက်နေခဲ့သည်။

သူပြသခဲ့သည့် စွမ်းရည်က မဆိုးပါဘူး။ သွေးလောင်ကျွမ်းခြင်း အဆင့်(၁)၏ သာမန်စံနှုန်း ဖြစ်နိုင်သည်။

မဟုတ်ဘူး။ သာမန် အထက်ပဲ ဖြစ်ရမည်။

သူ့ရဲ့ သင်ကြားရေးစွမ်းရည်နှင့် ပက်သက်လို့ကတော့ ထပ်ပြီးလေ့လာကြည့်ရအုံးမည်။ ဒါပေမယ့်လည်း ကျန်ရုံနဲ ပြောခဲ့သည် စကားများကို အခြခံစဉ်းစားရင် သူ့ရဲ့ ပထမဆုံးလူထုဟောပြောပွဲ အကျိုးသက်ရောက်မှုက အားမနည်းနိုင်ပါဘူး။

“ ဆွန်းမိုကို မိန်မချူစားတယ်လို့ ပြောနေကြတာက မမှန်နိုင်ဘူး” ဒူရှောင် သဘောကျသွားသည်။ အန်ရှီဝေသည် အရည်အချင်းနှင့် အလှအပ နှစ်ခုစလုံးတွင် ထူးချွန်သူဖြစ်ပြီး အလှအပတစ်ခုတည်းတောင် မိန်းမလှအဆင့်တွင် နံပါတ် (၇) ချိတ်သူဖြစ်သည်။ သူမနှင့် အသက်တူရွယ်တူထဲတွင် သူမထက် ထူးချွန်သည့် ယောက်ျားများကို လက်တစ်ဖက်နှင့်တောင် ရေတွက်နိုင်သည်။

အများအားဖြင့် ယောက်ျားများသည် ဇနီးသည်ထက် ပိုပြီး တာဝန်ယူသင့်သည်။ ဇနီးသည်က ယောက်ျားထက် ဝင်ငွေပိုရ၊ ပိုကောင်းသည့်အလုပ်နှင့် လူမှုရေးအဆင့်အတန်း ပိုမြင့်ပါက အဲဒီယောက်ျား ထူးချွန်နေရင်တောင် တခြားသူတွေ၏ ဝေဖန်ကဲ့ရဲ့ မှုကို ခံနေရဆဲဖြစ်သည်။ သူ့ကို အသုံးမကျဘူးလို့ သတ်မှတ်သည့်သူက ပိုများနိုင်သည်။

အဖြေလည်းမရှိပါ။ ဒါက ဒီကမ္ဘာကြီးရဲ့ လည်ပတ်ပုံပင် ဖြစ်နေသည်။

....

ဆွန်းမိုသည် ကန်တင်းက အမဲသားခေါက်ဆွဲ တစ်ပန်းကန်စားပြီး ကျောင်းအပြင်ကို ထွက်လာခဲ့သည်။ စနစ်က သူ့ကို တစ်လအတွင်း ဝိညာဉ်တက်တူး တစ်ထောင် ရေးဆွဲဖို့ တာဝန်ပေးထားသည်။ ဒါကြောင့် ပုံဆွဲသည့် ပစ္စည်းများ ဝယ်ဖို့ လိုနေသည်။

စာသင်ကျောင်းနားတွင် ဒီလို ပစ္စည်းတွေကို ရောင်းဖို့ ဆိုင်များရှိနိုင်သည်။

ဆွန်းမို အဝေးကြီး သွားစရာ မလိုခဲ့ပါဘူး။ ဗဟိုပြည်နယ်အကယ်ဒမီအရှေ့က လမ်းတွင် ဆိုင်များရှိနေသည်။ ဝိညာဉ်တက်တူး ဆိုင်တွေချည်းပဲ ခုနှစ်ဆိုင် ရှစ်ဆိုင်လောက်ရှိသည်။

ဆွန်းမိုလည်း ကြည့်လို့ အဆင်ပြေသည့် ဆိုင်တစ်ဆိုင်ကို ဝင်သွားလိုက်သည်။

"ဆရာ၊ ဘာဝယ်ချင်လို့လဲ၊ ကျွန်တော့်ဆိုင်မှာ အခုလေးဘဲ ဝိညာဉ်ချီ ပိုပြီး သယ်ယူနိုင်တဲ့ မှင် အမျိုးအစား အသစ်တစ်မျိုး ရောက်လာတယ်"

အသက်လေးဆယ်လောက်ရှိသည့် အမျိုးသား တစ်ယောက်သည် ဆွန်းမို၏ အဝတ်အစားများကို မြင်ပြီး ပြုံးလျှက် နှုတ်ဆက်လိုက်သည်။

(အပြာရောင် ဝတ်ရုံရှည် ဗဟိုပြည်နယ်အကယ်ဒမီက ဆရာ အဝတ်အစားပဲ။ ဒါပေမယ့် ဒီလူငယ်လေးကိုတော့ မမြင်ဖူးဘူး။ ဆရာသစ်တစ်ယောက်ပဲ ဖြစ်မယ်။)

“ဝိညာဉ်တက်တူး ရေးဆွဲတဲ့ကိရိယာ တစ်စုံလိုချင်လို့။ ငါ့ကို တစ်ချက်လောက် အကြံပေးပါအုံး”

သူ့တွင် 'Journey to the west' စာမူကို ရောင်းထားသည့် ငွေတစ်ထောင်ရှိသည်။ ပိုက်ဆံ အများကြီးရှိလို့လည်း ဒီလို ပြောရဲတာ။

"ဖောက်သည်ကြီးပဲ"

ဆိုင်ပိုင်ရှင်၏ မျက်လုံးများ အရောင်တောက်လာပြီး ပုံရေးဆွဲရန် အခြေခံ ပစ္စည်းသုံးမျိုးဖြစ်သည့် ဝိညာဉ်စုတ်တံ၊ ဝိညာဉ်စာရွက်နှင့် ဝိညာဉ်မှင် တို့လိုအပ်ပါသည်။

ဝိညာဉ်စုတ်တံများသည် များသောအားဖြင့် တိရစ္ဆာန်အရိုးများ၊ သတ္တုရိုင်းများ ဒါမှမဟုတ်

ဝိညာဉ်သစ်ပင်၏ ပင်စည်များက လုပ်ကြသည်။ အသုံးပြုသူများသည် ဝိညာဉ်တက်တူးကို ရေးဆွဲသည့်အခါ သူတို့၏ ဝိညာဉ်ချီများကို စာရွက်ပေါ်တွင် ဖြန့်ထားရပြီး ဝိညာဉ် စုတ်တံကို ဝိညာဉ်ချီများက ဖြတ်သန်းစီးဆင်းသွားသည်။ ဒါကြောင့် ဝိညာဉ်ချီ ဖြတ်သန်းစီးဆင်းမှုကို ခံနိုင်အောင် သန်မာရန်လိုပြီး ပျံ့လွင့် မှုကိုလည်း လျှော့ချပေးနိုင်ရမည်။

မှင်အတွက်ကျတော့ အရည်များဖြစ်သည့် ဝိညာဉ်သားရဲ၏သွေးများ၊ ဖန်တီးထားသော

ဒါမှမဟုတ် သဘာဝအတိုင်း ဖြစ်လာသည့် ဝိညာဉ်ချီများ ပါဝင်နေသည့် အရည်များ ၊ဝိညာဉ်ချီပါဝင်သော အပင်များ၏ အရည်များကို မှင်အဖြစ် သုံးကြသည်။

ဝိညာဉ်စာရွက်များကတော့ ဝိညာဉ်ချီများကို သိမ်းထားနိုင်သည့် စာရွက်များဖြစ်သည်။ သို့သော်လည်း စာရွက်ကိုချည်း မဆိုလိုပါ။

ကျောက်စိမ်းများ၊ အရိုးများ၊ သတ္တုများနှင့် အခြားအရာအားလုံးကို အသုံးပြုနိုင်သည်။ သို့သော်လည်း ထိုပစ္စည်းများပေါ်တွင်

ဝိညာဉ်တက်တူးများကို ရေးဆွဲရန် အလွန်ခက်သောကြောင့် အများစုက စာရွက်များပေါ်တွင်သာ ရေးဆွဲကြသည်။

"ဒီစုတ်တံက ဘယ်လောက်လဲ"

ဆွန်းမိုက ဝါးဖြင့်ပြုလုပ်ထားသော စုတ်တံကို ကြည့်ရင်းမေးလိုက်သည်။ အရမ်းကို အနုပညာဆန်ပါသည်။

"ငွေ ၅၀၀၀"

ဆိုင်ပိုင်ရှင်ကတော့ ပြုံးနေသည်။ အခုအချိန်တွင် ဆွန်းမိုသည် ဖောက်သည်ကြီးဖြစ်တာ

ပိုသေချာလာသည်။ (သူ့ကိုကြည့်လိုက်ရင် ရွေးလိုက်သည့် ပစ္စည်းတွေက အကုန် အကောင်းစားတွေကြီး ဖြစ်သည်။)

"ဟားဟား ၊ သွားပြီ"

ဆွန်းမိုသည် စုတ်တံကို ချကာ လှည့်ထွက်သွားသည်။ သူ့မှာ ငွေအမြောက်အများရှိနေပြီလို့ သူထင်ခဲ့တာပါ။ ဒါပေမယ့် သူ့ပိုက်ဆံက စုတ်တံအမွေးကို ဝယ်ဖို့တောင် တော်တော် အားစိုက်ထုတ် ရမည်။

စာစဉ်(ရ)

အခန်း(၁၀၂) - ဝိညာဉ်တက်တူး မဟာ။

"ဟင်"

အသက်လေးဆယ်ကျော်လူကြီး စိတ်ထဲတွင် အတွေးနှစ်ခု ဝင်လာသည်။ ဒီဆရာမှာ တကယ်ပိုက်ဆံမရှိတာလား။ ဒါမှမဟုတ် ဈေးဆစ်ချင်လို့ လှည့်ထွက်သွားတာလား။

သူ့အသက်ကိုကြည့်ရတာ နှစ်ဆယ် ဝန်းကျင်လောက်ပါ။ သူသိသလောက်ဆိုရင် ဒီအရွယ်လူများသည် သိပ်ဈေး မဆစ်တတ်ကြပါ။

ဆိုင်ရှင်၏ အကြည့်သည် ဆွန်းမို ခြေထောက်များဆီကို ရောက်သွားသည်။

တကယ်လို့သာ ဆွန်းမိုက ဈေးဆစ်ရန် ကြိုးစားနေပါက သူသည် ဆိုင်ရှင် ပြန်ခေါ်မည့် အချိန်ကို စောင့်နေပါမည်။

ဒါပေမယ့် သူမလုပ်ခဲ့ပါဘူး။

“ဒါဆို သူတကယ်ဆင်းရဲတာပဲ”

ဆိုင်ပိုင်ရှင်က စိတ်ဆိုးပေမယ့် သူရောင်းဖို့ ကြိုးစားချင်နေတုန်းပဲ။ သူ့ဆိုင်က ပစ္စည်းတစ်ခုတည်း ရောင်းလိုက်ရုံဖြင့် တစ်နှစ်ပတ်လုံး သူ့အသုံးစရိတ်ကို ထောက်ပံ့ပေးနိုင်သည့် ရှေးဟောင်းပစ္စည်း အရောင်းဆိုင်မျိုး မဟုတ်ပါဘူး။

ဝိညာဉ်တက်တူးအတွက် ပစ္စည်းများသည် အမြတ်အစွန်း နည်းပါးပြီး ရောင်းထွက်ဖို့လည်း ခက်လှသည်။

"ဆရာ၊ ဘာလို့ တခြားအစ္စည်းတွေကို မကြည့်တာလဲ။ ငါ့ထက် ပိုစုံတဲ့ ကိရိယာပစ္စည်းရောင်တဲ့ ဆိုင် ဒီလမ်းပေါ်မှာ သုံးဆိုင်ထက်မပိုဘူးဆိုတာ ငါပြောရဲတယ်"

ဆိုင်ရှင်က ပြုံးရင်း ပြောလိုက်သည်။

"ငါကလည်း ဒီဆိုင်က အကောင်းဆုံးဘဲလို့ ထင်ခဲ့တာ" ဆွန်းမိုက နောက်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းကဆရာတစ်ယောက် ဖြစ်နေပြီး ဆိုင်ပေါက်စေ့ လိုက်ကြည့်မလို့လား။ ငါပိုပြောလိုက်ရင် မင်းလိုက်ပြောမလို့လား"

မိမိရပ်တည်ချက်ကိုမြင့်အောင် သူများကို နှိမ့်ချပြောဆိုခြင်းကို ဆိုင်ရှင် မလုပ်ရဲပါ။ ဒါ့ပြင် ဒီဖောက်သည်က ဆရာတစ်ယောက် ဖြစ်နေသည်။

ဆရာဆိုရင် ကျောင်းသားတွေလည်း ရှိနိုင်သည်။ ဆရာတစ်ယောက် သူ့ဆိုင်က ပစ္စည်းကို ဝယ်လိုက်ရင် ကြေငြာပြီးသား ဖြစ်နိုင်သည်။

“မင်းက ဆရာဆိုတော့ ၂၀ရာခိုင်နှုန်း လျှော့ပေးလိုက်မယ်။ မင်း တစ်ထောင်ထက် ပိုဝယ်ရင် ၃၀ ရာခိုင်နှုန်းလျှော့ပေးမယ်”

ဆိုင်ရှင်က ပြုံးပြီးပြောလိုက်သည်။ သူ၏ စီးပွားရေးအမြင်က တော်တော် ကောင်းသည်။

“ငါဈေးနည်းတဲ့ ပစ္စည်းတွေလိုချင်တာ”

ဆွန်းမို မရှက်ပါ။ သူသည် ဝိညာဉ်တက်တူး တစ်ထောင်ပြည့်ဖို့သာ လိုအပ်ပြီး အသုံးပြုထားသော မှင်နှင့် ဝိညာဉ်စာရွက် အတွက် သတ်မှတ်ချက်များ မရှိပါ။

သူ့ရှူးနေမှသာ အရည်အသွေးမြင့်သည့် ပစ္စည်းဝယ်ဖို့ ငွေအမြောက်အများ သုံးစွဲလိမ့်မည်။

“မင်းအဲဒါက တကယ်သုံးရင် သုံးလို့ကောင်းမှာ မဟုတ်ဘူး။ ငါဝိညာဉ်စုတ်တံနည်းနည်း ထုတ်ပြမယ်။ ဒါတွေက ဈေးမကြီးဘူး။ အများဆုံး ၁၀၀လောက်ပဲ ရှိမယ်”

ဆိုင်ရှင်က စုတ်တံငါးချောင်းထုတ်ပြီး ဆွန်းမိုကို ပေးလိုက်သည်။

အားလုံးကို ဝါးနှင့် ပြုလုပ်ထားသည်။

ဆိုင်ရှင်သည် နှစ်ပေါင်းများစွာ ရောင်းလာသည့် အတွေ့အကြုံကြောင့် ဆွန်းမိုသည် ဒီလိုစုတ်တံအမျိုးအစားနှင့် သတ္တုအမျိုးအစားကို ကြိုက်ကြောင်းသိနေသည်။

ဆွန်းမိုက သူတို့ကို စမ်းကြည့်ချင်နေသည်။

ဆိုင်ပိုင်ရှင်က စာရွက်တစ်ရွက်ကို ထုတ်ပြီး စားပွဲပေါ်တင်ပေးလိုက်သည်။ ထို့နောက်သူ အရင်ကတည်းက သုံးနေသည့် မှင် ပုလင်းကို ဖွင့်ပေးလိုက်သည်။

"ဆရာ၊ ဒီမှာ စမ်းဆွဲကြည့်လို့ရတယ်"

ဆိုင်ပိုင်ရှင်က ဆွန်းမိုကို ပြောလိုက်သည်။

ဆွန်းမိုလည်း ဟိတ်ကြီးဟန်ကြီး လုပ်မနေဘဲ စားပွဲဘေးတွင်ရပ်ကာ သူအကောင်းဆုံးလို့ ထင်ပြီး ရွေးထားသည့် စုတ်တံကို ကောက်ယူကာ မှင်အိုးထဲကို နှစ်လိုက်ပြီးနောက် စုတ်တံဆီကို ဝိညာဉ်ချီ ပို့လိုက်သည်။ ထို့နောက် သူသည် ပထမဆုံး စုတ်ချက်ကို စာရွက်ပေါ်တွင် ရေးဆွဲလိုက်သည်။

မဟာအဆင့် ဝိညာဉ်စုစည်းခြင်း နည်းစနစ်ဖြင့် သူ့စိတ်ထဲတွင် ရှုပ်ထွေးသော ဝိညာဉ်တက်တူးပုံ ပေါ်လာသည်။ အလိုလိုရေးဆွဲလိုက်သည်။

ဆွန်းမိုသည် တွေးနေစရာကို မလိုဘဲနဲ့ ပြည့်စုံသော စုတ်ချက်များကို ရေးဆွဲနိုင် နေသည်။

"လှလိုက်တာ"

ဝိညာဉ်တက်တူး ဆိုင်ပိုင်ရှင်ဖြစ်သော အသက်လေးဆယ်လူကြီးသည် အရင်က ဝိညာဉ်တက်တူး အများအပြားကို မြင်ဖူးသော်လည်း ဆွန်းမို ရေးဆွဲနေတာကို မြင်လိုက်ရင်ဖြင့် မနေနိုင်ဘဲ ချီးကျူးလိုက်မိသည်။

ကျွမ်းကျင်သူတစ်ယောက်က လှုပ်ရှားမှုတစ်ခု ပြုလုပ်လိုက်သည့်အခါ ကျွမ်းကျင်မှု ရှိမရှိဆိုတာကို ကြည့်ရုံနှင့် သိသာသည်။

ဆွန်းမို၏ ကိုယ်ဟန်အနေအထားသည် ပေါ့ပါးသွက်လက်ပြီး ဆွဲဆောင်မှုရှိကာ ကြည့်ရတာ မျက်စိပသေဒသာ ဖြစ်နေသည်။ အချိန်ကြာကြာ လေ့ကျင့်ထားကြောင်းကို သိနေရသည်။

အမှန်တိုင်းပြောရရင် ဆွန်းမို အရင်က တစ်ခါမှ မလေ့ကျင့်ဖူးပါဘူး။ ဒါပေမယ့် မဟာအဆင့်ဆိုတာဘာလဲ။

နယ်ပယ်တစ်ခုတွင် ဆယ်စုနှစ်ပေါင်းများစွာ မြှုပ်နှံထားပြီး ကျွမ်းကျင်သူကို မဟာအဆင့်လို့သတ်မှတ်ရသည်။ သူတို့သည် အလွန့်အလွန်ကို ကျွမ်းကျင်ပိုင်နိုင်ကြပြီး သူတို့၏ အသိပညာဖြင့် တပြည့်များကို လက်ခံပြီးကိုယ်ပိုင် ကျောင်းတစ်ခုတောင် တည်ထောင်နိုင်ကြသည့် သူများဖြစ်သည်။

မဟာအဆင့်တစ်ယောက်၏ ကျွမ်းကျင်ပိုင်နိုင်မှုသည် ဒီနယ်ပယ်တွင် ထိပ်ဆုံးအဆင့် ရပ်တည်လုနီးပါး ဖြစ်နေသည်။ သူသာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီထက်နည်းနည်း ပိုတိုးတက်လာပါက ဘိုဘေးအဆင့်ကို ရောက်လိမ့်မည်။

ဆွန်းမိုသည် စုတ်ချက်နည်းနည်းကိုသာ ရေးဆွဲချင်ခဲ့သော်လည်း စတင်ရေးဆွဲပြီးကတည်းက ပီတိ ဖြစ်လာကာ မရပ်တန့်ချင်တော့ပါ။

ဆွန်းမိုလက်ရှိအခြေအနေသည် ခက်ခဲသည့် မေးခွန်းတိုင်းကို ပြဿနာ တစ်စုံတစ်ရာမရှိဘဲ ဖြေဆိုင်နိုင်သည့် လူလိုဖြစ်နေသည်။ ဒါကြောင့်လည်း ရပ်ချင်သည့် စိတ်မရှိတာပါ။

စုတ်ချက်တိုင်း

သဘာဝကျခြင်းနှင့် စနစ်ကျခြင်း

ကြည့်နူးစရာ

၁၅ မိနစ်လောက်ကြာတော့ ဝိညာဉ်စုစည်းခြင်း တက်တူး ပြီးသွားသည်။

နောက်ဆုံး စုတ်ချက်ကိုတော့ ဆွန်းမိုသည် စုတ်တံနှင့် ရိုက်လိုက်သည်။ "ဘောင်း" ဝိညာဉ်စုစည်းခြင်းတက်တူးသည် ရုတ်တရက် ရွှေရောင်တောက်လာသည်။

ပတ်ဝန်းကျင်ရှိ ဝိညာဉ်ချီများကလည်း ချက်ခြင်း ပျံ့ဝဲလာကြပြီး မျက်စိဖြင့်မြင်နိုင်သည့် အရှိန်နှင့်

ဆယ်မီတာကျော်ရှည်သည့် ဝဲကတော့တစ်ခု ဖြစ်လာသည်။

"ဒါ .....ဒါ..........."

ဆိုင်ရှင် လူကြီးလည်း လျှာကိုက်လုမတတ် အံ့အောနေသည်။

ဒီဝိညာဉ်စုစည်းခြင်း တက်တူးသည် အနည်းဆုံး အဆင့် (၅) တွင် ရှိနေသည်။

ဥပမာ သစ်သီးတစ်လုံးဆိုပါစို့ ။ အမျိုးအစားတူသည့် သစ်သီးများသည် အရည်အသွေးပေါ်ကို မူတည်ပြီး

ဈေးနှုန်းကွာခြားသွားသည်။ ဝိညာဉ်တက်တူးတွင်လည်း ထိုကဲ့သို့ သဘာဝများရှိသည်။

ဝိညာဉ်တက်တူးများကို အဆင့် (၉)ဆင့် ခွဲခြားထားပြီး အနိမ့်ဆုံးက အဆင့် (၁) ဖြစ်ပြီး အမြင့်ဆုံးက အဆင့်(၉) ဖြစ်သည်။

အဆင်(၁)ကနေ အဆင့်(၃) ဝိညာဉ်တက်တူးများသည် လမ်းဘေးဆိုင်တွင် ရောင်းချနေသည့် အရည်အသွေးနိမ့် ပစ္စည်းများဖြစ်သည်။ ဈေးကြီးလွန်းတယ်လို့

မသတ်မှတ်နိုင်ပါ။ ဒါပေမယ့် အဆင့်(၄)ကနေ အဆင့်(၆) အထိ ဝိညာဉ်တက်တူးများသည် သာမန်လူများ တတ်နိုင်သည့်အရာ မဟုတ်တော့ပါဘူး။ သူတို့တတ်နိုင်ရင်လည်း နည်းနည်း ချမ်းသာသည့် မိသားစုက ပဲ ဖြစ်မည်။

အဆင့်(၇)နှင့်အထက် ဝိညာဉ်တက်တူးများကတော့ ဈေးကွက်ထဲတွင် သိပ်မမြင်ရပါ။ ရှိပါကလည်း ၎င်းတို့သည် ဝိညာဉ်တက်တူး ဆိုင်ကြီးများတွင်သာ ရှိနိုင်သည်။ သူတို့ဈေးကလည်း တော်တော်ကြီးပါသည်။

တကယ်လို့ မိသားစုတွင် သတ္တုရိုင်း မိုင်းများ မရှိပါက ထိုကဲ့သို့ ဝိညာဉ်တက်တူးကို ဝယ်မည့်အကြောင်းကို မေ့ထားရမည်။

ဝိညာဉ်ချီစုစည်းခြင်း တက်တူးသည် အတွေ့အကြုံအများဆုံး အခြေခံ ဝိညာဉ်တက်တူး များထဲက တစ်ခုဖြစ်သည်။ သူတို့က ပတ်ဝန်းကျင် ခုနှစ်မီတာအတွင်းက ဝိညာဉ်ချီများကို စုဆောင်းပေးပြီး ဝိညာဉ်ချီများကို သိပ်သည်းနိုင်စေသည်။ ဒါကကျင့်ကြံသူများကို ပိုလွယ်လွယ်နှင့် အောင်မြင်စေနိုင်သည်။

ဆွန်းမိုရေးဆွဲခဲ့သည် ဝိညာဉ်တက်တူးသည် ပြီးဆုံးသည့်အချိန်တွင် ဝိညာဉ်ချီ ဝဲကတော့ကို ဖြစ်ပေါ်စေခဲ့သည်။ ဒါက ဝိညာဉ်ချီ စုစည်းခြင်းတက်တူးသည် အရမ်းမြန်သည့်နှုန်းနှင့် စုဆောင်းပြီး စုဆောင်းသည့် ပမာဏကလည်း များပြားလွန်းတယ်လို့ ဆိုလိုတာပါ။

ဂလု

ဆိုင်ရှင်သည် အံ့ကြိုက်ကာ မနေနိုင်ဘဲဆွန်းမိုကို လှေ့လာလိုက်မိသည်။

ဝိညာဉ်ချီဝဲကတော့သည် အဆင့်(၅) ဒါမှမဟုတ် ပိုမြင့်သည့် အဆင့်များတွင်သာ ဖြစ်ပေါ်တတ်သော ထူးခြားသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ထိုကဲ့သို့ ဝိညာဉ်ချီတက်တူးများသည် အနည်းဆုံး ငွေ ၅၀၀လောက်နှင့် ရောင်းချနိုင်သည်။

ဒင်

ဆိုင်ရှင်၏ လေးစားအထင်ကြီးမှု +၁၅။ မူလ(၁၅/၁၀၀)

“အဆင်ပြေရဲ့လား”

ဆွန်းမိုက သူ၏ ပထမဆုံးပြီးမြောက်သည့်အလုပ်ကို ကြည့်ပြီး စိတ်ထဲက ပျော်နေသည်။

သူ့ကို ဆိုင်ရှင်က လေးစားအထင်ကြီးမှု အမှတ်များ ပံ့ပိုးခဲ့သဖြင့် ဒါတော်တော်လေး ကောင်းနေမှန်း သူသိသည်။

“ဟုတ်တယ် တော်တော်ကိုကောင်းတယ်”

ဆိုင်ရှင်ကလည်း ချက်ခြင်း ချီးကျူးစကား ပြောလိုက်ပါသည်။ အားနာပါးနာနှင့်

ပြောခြင်းမဟုတ်ဘဲ ဆွန်းမိုကို တကယ်စိတ်ရင်းနဲ့ ချီးကျူးလိုက်သည်။

"ငါဒီ စုတ်တံကို ယူလိုက်မယ်။ မှင်တစ်ဗူးလောက် ပေးလို့ရမလား။ ဝိညာဉ်စာရွက်တွေလဲ ငါယူလိုက်မယ်။"

ဆွန်းမိုက ကိရိယာများကို ရွေးချယ်နေသည်။

"ဟင်"

ဆိုင်ရှင်လည်း အံ့အောသွားသည်။

"ဘာဖြစ်လို့လဲ" ဆွန်းမိုမျက်မှောင်ကြုတ်လိုက်သည်။

"လက်ကျန် ပစ္စည်းမရှိတော့လို့လား"

"မဟုတ်ဘူး..............အဲဒီလိုတော့ မဟုတ်ဘူး" ဆိုင်ရှင်က မှင်ကိုလက်ညှိုးထိုးပြပြီး စာရွက်ကို လှမ်းကြည့်လိုက်သည်။

"အဲဒါတွေကို မင်းသုံးမလို့လား"

"ငါပြောပြီးပြီလေ ငါယူမယ်လို့"

(အရည်အသွေးကောင်းတဲ့ ပစ္စည်းတွေကို ပြောင်းချင်ရင်တောင် ဝယ်နိုင်မှ ရမယ်"

"မင်းလိပ်စာကို ဘယ်လို မှတ်ထားရမလဲ"

ဆိုင်ရှင်က ပိုပြီးလေးလေးစားစား မေးလိုက်သည်။

"ဆွန်းမို"

ဘာမှ ဖုံးကွယ်ထားစရာ မရှိပါဘူး။

"ဆရာဆွန်း အမှန်တိုင်းပြောရရင် မင်းအရည်အချင်းနဲ့ ဒီစာရွက်တွေက မသင့်တော်ဘူး။ မဟုတ်သေးဘူး။ မင်းအရည်အချင်းကို ဖြုန်းသလို ဖြစ်နေတယ်"

ဆိုင်ရှင်က ဈေးအသက်သာဆုံး မဟုတ်သည့် စာရွက်တွေကို ထုတ်ပေးလိုက်သည်။ ဒါပေမယ့် ဈေးလည်း မကြီးပါဘူး။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် ဆိုင်ရှင်အတွက် နောက်တစ်ခေါက် ပြန်လာစေချင်သည့် ဖောက်သည် ဖြစ်နေသောကြောင့်ပါ။ မဟုတ်ခဲ့ပါက အညံ့ဆုံး စာရွက်ကို ထုတ်ပေးလိုက်ပါမည်။

အညံ့ဆုံးဆိုပြီးတော့ အထင်မသေးလိုက်နဲ့ ကျောင်းသားများအတွက် သူတို့သာမန်စာရေးသည့် စက္ကူအဖြူ ဖြစ်သည်။

အဖြေလည်းမရှိပါဘူး။ ဈေးအသက်သာဆုံး ဝိညာဉ်စာရွက်သည် အကြွေစေ့ ၂၀မှ ၃၀ လောက် တန်းဖိုးရှိသည်။

ဒီပိုက်ဆံက မုန့်ဖုူးနှစ်ဖုူး ဝယ်လို့ရသည်။ ဆိပ်ကမ်းမှာ ကုန်ထမ်းသည့် အလုပ်သမားတွေတောင် တစ်နေ့လုံး လုပ်ရင်တောင် ဒီလောက်ငွေကို မရနိုင်ပါဘူး။

“ငါ့မှာ ပိုက်ဆံမရှိဘူး”

“ဟာ၊ မင်းဆွဲထားတဲ့ ဝိညာဉ်တက်တူးက ဒီအဆင့်တောင်ရောက်နေပြီ မင်းက ပိုက်ဆံမရှိဘူးလို့ ပြောနေတုန်းလား။ မင်းတကယ်ပဲ.................”

ဆိုင်ရှင်လည်း ဘာပြောရမှန်း မသိအောင်ဖြစ်သွားသည်။ စားပွဲပေါ်က

ဝိညာဉ်တက်တူးကို မြင်လိုက်ရင် ဝမ်းနည်းပြီး ကိုယ့်ပါး ကိုယ် ပြန်ရိုက်ချင်လာသည်။

(တကယ်လို့ သူသာ စေတနာကောင်းပြီး ပိုမိုကောင်းမွန်သည့် မှင်နှင့် စာရွက်ကို ထုတ်ပေးလိုက်ပါက အဆင့်(၆) တက်တူးတောင် ဖြစ်ချင် ဖြစ်လာနိုင်သည်။

အဲဒီအဆင့် ဝိညာဉ်တက်တူးတစ်ခုကို ငွေတုံး တစ်ထောင်ဖြင့် အလွယ်တကူ ရောင်းချနိုင်သည်။

ဝိညာဉ်တက်တူး၏ အရည်အသွေးသည် ဝိညာဉ်တက်တူးသခင်၏ အဆင့်နဲ့

ဆက်သွယ်နေသည့်အပြင် အသုံးပြုထားသည့် ပစ္စည်းတွေနဲ့လည်း သက်ဆိုင်နေပါသည်။ အရှင်းဆုံးပြောရရင် သုံးထားသည့် ပစ္စည်းများက အရမ်းညံ့နေပါက ဘာအကျိုးသက်ရောက်မှုမှ ရှိမှာမဟုတ်ပါဘူး။

ဒါပေမယ့်လည်း အရမ်းငယ်သေးသည့် ဆရာတစ်ယောက်က ဒီလောက်အရည်အသွေးမြင့်သည့် တက်တူးကို ပေါ့ပေါ့ပါးပါးလေး ဆွဲနိုင်မယ်လို့ ဘယ်သူက ထင်မှာလဲ။

နေပါဦး

သူက ပေါ့ပေါ့ပါးပါး ဆွဲခဲ့တာလား၊

ထိုအချက်ကို တွေးတောရင်း ဆိုင်ရှင်၏အကြည့်တွင် အံ့အောနေသည့် အရိပ်အယောင်များ ဖြတ်ပြေးနေသည်။

ဆိုင်ရှင်သည် ဝိညာဉ်တက်တူးနှင့် သက်ဆိုင်သည့်နယ်ပယ်တွင် လုပ်နေခဲ့သောကြောင့် သူ့သားသည်လဲ ဝိညာဉ်တက်တူးကို ထိတွေ့ပြီး ကြီးပြင်းလာခဲ့သည်။ ဝိညာဉ်စုစည်းခြင်းတက်တူးတွင်

သေးငယ်သော အောင်မြင်မှုအဆင့်ကို ရောက်နေခဲ့သည်။

ဒါပေမယ့်လည်း တစ်ခုပြီးဖို့ တစ်နာရီနီးပါး ကြာပါသည်။

ဒီဆရာဆွန်းကတော့ အလွယ်တကူနှင့် ၁၅မိနစ်လောက်သာ အချိန်ယူခဲ့ရသည်။ သူ့သားထက် သုံးဆ ပိုမြန်နေသည်။ အရည်အသွေးကလည်း အရမ်းကောင်း..................

“ဒီလူရှုပ်ကလေးက ဝိညာဉ်တက်တူးမှာ တကယ်ကို အရည်အချင်းရှိတယ်လို့ ထင်ခဲ့တာ”

ဆိုင်ရှင် စိတ်ထဲမှာ ထိုးနှက်ချက်တွေနှင့်ပြည့်နေသည်။ သူ့သားသာ ဒီညပြန်လာရင် သူ့ဒေါသတွေကို ပုံချလိုက်မယ်လို့ တွေးနေသည်။

“မင်းက ငါ့ရဲ့ ဝိညာဉ်စုစည်းခြင်း တက်တူးကို ဝယ်ချင်နေတာလား”

ဆိုင်ရှင်၏ ရည်ရွယ်ချက်ကို ဆွန်းမိုနားလည်သည်။

“ရောင်းမှာလား။ ငါမင်းကို ဝိညာဉ်တက်တူးတစ်ခုအတွက် အကောင်းဆုံး ကိရိယာတွေကို ပေးနိုင်တယ်၊

ဒီလိုအရည်အသွေးရှိတဲ့ ဝိညာဉ်တက်တူး တစ်ခုစီအတွက် ငွေတုံး ၂၀၀ ပေးမယ်”

ဆိုင်ရှင်က ကမ်းလှမ်းလိုက်သည်။

“အတုံး ၂၀၀”

ဆွန်းမို နည်းနည်းအံ့အောသွားသည်။ သူက ဝိညာဉ်တက်တူးတစ်ခုကို ဒီလောက်ပိုက်ဆံရမယ်လို့ မထင်ထားပါ။

သူသည် Journey to the west ကိုရေးသားရန် ရက်အနည်းငယ်အတွင်း အခက်အခဲ များစွာ ရင်ဆိုင်ခဲ့ရသည်။ လူကြိုက်များလာရင်တောင် ဝင်ငွေ

၁၀၀၀၀ ကျော်သာရှိသေးသည်။ ဒါပမယ့် ငွေ ၂၀,၀၀၀ ကိုရရန် ဝိညာဉ်တက်တူး ၂၀၀ကိုသာ ရေးဆွဲရန်လိုသည်။

သူယူရမည်၊ အချိန်ကလည်း ရက်အနည်းငယ်ပဲလိုသည်။ ပြီးတော့ဒါက သူ့ကိုယ်ပိုင် အရည်အချင်းကို သုံးပြီး ရရှိသော ငွေဖြစ်သည်။

“ဆွန်းမို မင်းမေ့နေတာ တစ်ချက်ရှိတယ်၊ မင်းက ဝိညာဉ်စုစည်းခြင်းတက်တူးမှာ မဟာအဆင့်ရှိနေပြီ။ သာမန် ဝိညာဉ်တက်တူး သခင်တစ်ယောက်က ဒီအဆင့်ကိုရောက်ဖို့ အနည်းဆုံး အနှစ် (၂၀)

လောက်အချိန်ယူရမယ်။ မဟာအဆင့်ကို ရောက်လာရင် သူတို့နာမည်က ကြီးလာပြီး ပိုက်ဆံစုဆောင်းဖို့ ဝိညာဉ်စုစည်းခြင်း တက်တူးကို ဆွဲစရာ မလိုတော့ဘူး”

“မင်းပြောတာ မှန်တယ်” ဆွန်းမိုက ပြန်ပြောလိုက်သည်။

“ ဆရာဆွန်း မင်းရဲ့ ဝိညာဉ်စုဆောင်းခြင်း တက်တူးက အရမ်းကောင်းပြီး ပိုက်ဆံအများကြီးနဲ့ ရောင်းလို့ရပါတယ်။ ဒါပေမယ့် ဈေးကွက်က ကြီးကြီးမားမား မဟုတ်သလို

ကျောင်းသားအများကြီးကလည်း ဒီလောက်စျေးကြီးတဲ့ ဝိညာဉ်ချီစုဆောင်းခြင်း တက်တူးကို မတတ်နိုင်ဘူး” ဆိုင်ရှင် ရိုးရိုးသားသား ပြောပြလိုက်သည်။

“နည်းလွန်းတယ်” ဆွန်းမို ပြတ်ပြတ်သားသား ပြောလိုက်သည်။

“၂၅၀” ဆိုင်ရှင်က ပြန်ပြောသည်။

“မင်းက ငါ့ကို ငတုံးတစ်ယောက်လို ဆက်ဆံနေတာလား”

ဆွန်းမိုက မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။

“ငါမလုပ်ရဲပါဘူး။ မလုပ်ရဲပါဘူး”

ဆိုင်ရှင်က အမြန်တောင်းပန်လိုက်သည်။ ထို့နောက် အံကိုကြိတ်ကာ သွားကြားထဲက လေသံနှင့် ‘၃၀၀”

ဆွန်းမို ငြိမ်ကျသွားသည်။

“ဆရာဆွန်း ဈေးပိုပေးလိုက်ရင် အများကြီး မဝယ်နိုင်တော့ဘူး၊ ပြီးတော့ ကျွန်တော်ကပဲ ပစ္စည်းအားလုံးကို ခွဲထုတ်ပြီး ရောင်းချပေးရမှာ။ ကျွန်တော် ဒီကနေ ဘာမှရမှာ မဟုတ်ဘူး”

ဆိုင်ရှင်က ငိုပြသည်။ ဒီဈေးက တကယ်ကို အဆင်ပြေသည်။

"လျှောက်မေးမလို့ တခြားဝိညာဉ်တက်တူးဆိုင်ကို သွားလိုက်အုံးမယ်"

ဆွန်းမို ထွက်သွားချင်နေသည်။

စနစ်၏ စကားကိုကြားပြီးနောက် သူသည် မြတ်ဆရာတစ်ယောက် ဖြစ်လာမည့်သူ ဖြစ်ကြောင်းကို သိထားသည်။ သူ့ရည်ရွယ်ချက်က ကျောင်းသားအများကြီးကို သင်ပေးဖို့ ဖြစ်ပြီး ငွေအများကြီးရှာဖို့ မဟုတ်ပါဘူး။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကအဓိပ္ပာယ်ရှိသည်။ ကြီးမားသည့် သက်ရောက်မှုကို လုပ်ဆောင်ပြီး လုံ့သူတော်စင် တစ်ယောက်ကို ပျိုးထောင်ပေးခြင်းက ငွေအများကြီး ရှာခြင်းထက် ပိုအေးချမ်းသည်။ ပိုပြီး အဓိပ္ပာယ်ရှိတဲ့ အောင်မြင်မှုလည်း ဖြစ်သည်။

ဒါပေမယ့် သူတို့မှာ ငွေအများကြီးရှိတယ်လို့ ဘယ်ကပြောလို့လဲ။

အနည်းဆုံး ငွေတုံးတစ်ရာလောက် ဝင်ငွေရရင် သဘော်သီးမိန်းကလေးရဲ့ အစားအစာကို မြှင့်တင်ပေးနိုင်မည်။

"၃၃၀"

ဒီတစ်ခေါက်တော့ ဆိုင်ရှင်က ရိုးသားသည့် ကမ်းလှမ်းချက်ကို ပြောလိုက်သည်။

ဝင်ငွေနှင့်ယှဉ်ရင် ဆွန်းမိုနှင့် ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ဖို့ ဆုံးဖြတ်လိုက်သည်။ တကယ်လို့ သူ့သားက လှျို့ဝှက်ချက်တချို့ကို သင်ယူနိုင်ခဲ့ပါက ငွေရှာရတာထက် ပိုပြီးအရေးကြီးသည်။

"ကောင်းပြီ"

ဆွန်းမိုလည်း ကျေနပ်သွားသည်။

"ဆရာဆွန်း၊ ငါအရင်ပြောမယ်နော်။ ငါ့အတွက် ဝိညာဉ်တက်တူးအားလုံးက ဒီလိုအဆင့်ပဲ ဖြစ်ရမယ်နော်"

ထို့နောက် ဆိုင်ရှင်က " ချို့ယွင်းချက်ရှိသည့် ထုတ်ကုန်နှင့် မတော်တဆ ပျက်စီးသည့် အရေအတွက်က ၁ဂရာခိုင်နှုန်းအတွင်းပဲ ရှိရမယ်နော်" လှ ျင်မြန်စွာ ပြောလိုက်သည်။

"သေချာတာပေါ့"

ဆွန်းမိုကလည်း ဆိုင်ရှင်ကို လှည့်စားဖို့ အကြံအစည် မရှိပါဘူး။

ဆွန်းမိုက ဆင်ခြေမပေးဘဲ သဘောတူလိုက်မှ ဆိုင်ရှင်လည်း သက်ပြင်းချလိုက်သည်။ ဒီဆရာသည် ပေါင်းလို့သင်းလို့ လွယ်ကူသည်။ ဒါပေမယ့်လည်း ဆိုင်ပိုင်ရှင်က လက်ခုပ်တီးလိုက်ပြီး

“အ,,,’

ဆွန်းမိုကို စကားပြောရန် အားနာနေသည်။

“ဆက်ပြောပါ ” ဆွန်းမိုက တည်ငြိမ်စွာ ပြောလိုက်သည်။

“နောက်တစ်ခု ဆွဲပေးလို့ရမလား”

ဆိုင်ရှင်က ဒီလိုပြောလိုက်ရင်း ဆွန်းမိုကြိုက်သည့် စုတ်တံနှင့် အကောင်းဆုံးမှင်၊ စာရွက်တို့ကို ချက်ခြင်းထုတ်ယူလာသည်။ သူတို့ကို စားပွဲပေါ်မှာ သပ်သပ်ရပ်ရပ် ချပေးလိုက်သည်။

ဆွန်းမိုကတော့ စိတ်ထဲမရှိပါဘူး။ သူက စုတ်တံကောက်ယူလိုက်ပြီး စုတ်တံထဲကို ဝိညာဉ်ချီ ပို့လိုက်သည်။

“အိုး”

ဆိုင်ရှင် စိတ်လှုပ်ရှားသွားသည်။ (စိတ်ပိုင်းဆိုင်ရာပြင်ဆင်ဖို့ မလိုဘူးလား။

ဒီတစ်ခါသုံးမည့် ပစ္စည်းတွေက အရမ်းဈေးကြီးတယ်။ တစ်ခုခုမှားသွားရင် ငွေတစ်ရာကျော် အလကားဖြစ်တော့မှာပဲ)

ဒါပေမယ့် ဆွန်းမိုက ဝိညာဉ်တက်တူးကို ဆွဲလိုက်သည်နှင့် ဆိုင်ရှင်သည် စိတ်ပူဖို့ မလိုကြောင်းသိလိုက်သည်။

ပထမတစ်ခေါက်တုန်းကလိုပင် ဆွန်းမိုသည် ဝိညာဉ်တက်တူး ပြီးရန် ၁၅ မိနစ်သာ အချိန်ယူလိုက်သည်။ လုပ်ငန်းစဉ်တစ်ခုလုံးတွင်

ဆွန်းမိုသည် ရပ်တန့်ခြင်း ၊တွေးတောခြင်း လုံးဝမလုပ်ဘဲ စိတ်အေးလက်အေး ရှိနေသည်။

ဝိညာဉ်တက်တူး ရေးဆွဲတာကို ထမင်းစား၊ ရေသောက်သလို ဖြစ်နေသည်။

အသုံးပြုသည့် ပစ္စည်းများ ပိုကောင်းလာသည်နှင့် အမျှ ဝိညာဉ်ချီ ဝဲကတော့လည်း ပိုကြီးမားလာသည်။ ဝိညာဉ်ချီ သိပ်သည်းဆသည် အလွန်မြင့်မားသောကြောင့် ညအခါ ကောင်းကင်ပေါ်က ကြယ်များလို မှိတ်တုတ်မှိတ်တုတ် အလင်းစက်တချို့ တောက်ပနေသည်။

“လှလိုက်တာ”

“အရမ်းလှတာပဲ”

ဒါမှလွဲ၍ ဆိုင်ရှင် ချီးမွမ်းရမည့် စကားများကို ရှာမတွေ့ပါ။

ဒင်

ဆိုင်ရှင်၏ လေးစားအထင်ကြီးမှု +၂၁။ မူလ(၃၅/၁၀၀)

ဆွန်းမို စုတ်တံကို ချလိုက်သည်။

ဆိုင်ရှင်သည် စားပွဲပေါ်က ဝိညာဉ်တက်တူးကို မြင်လိုက်ပြီး သဘောကျလွန်းတာကြောင့် ကောက်ကိုင်မလို့ လုပ်လိုက်မိသည်။ ဒါပေမယ့် အမြန်ထိန်းလိုက်သည်။

ဒီဝိညာဉ်တက်တူး ညစ်ပတ်သွားမှာကို စိုးရိမ်နေသည်။

"အဆင့်(၆)၊ ဒါက အဆင့်(၆) ဝိညာဉ်တက်တူးပဲ။ အနည်းဆုံး ငွေ ၁၀၀၀ နဲ့ ရောင်းလို့ရတယ်"

ဆိုင်ရှင် အရမ်းကို တုန်လှုပ်နေသည်။

"ပြီးပြီ ငါ့ အတွက် ပစ္စည်းတွေကို အရင်ထုတ်ပိုးပေးပါ ငါ့မှာ လုပ်စရာရှိလို့ သွားဖို့လိုနေတယ်"

ဆွန်းမို အချိန်မဖြုန်းချင်တော့ပါ။

ဆိုင်ရှင်လည်း ဆွန်းမိုကို ခပ်ရိုင်းရိုင်း မဆက်ဆံရဲတော့ပါ။ သူက ဆိုင်မှာရှိသည့် ပစ္စည်းများထဲက အကောင်းဆုံး မှင်နှင့် စာရွက်တွေကို ထုတ်ပိုးပြီး ဆွန်းမို အရှေ့မှာ တင်ပေးလိုက်သည်။

"ငါ့မှာ ကြိုပေးစရာ ပိုက်ဆံ မရှိဘူး" ဆွန်းမိုက သတိပေးလိုက်သည်။

"ကြိုငွေ ပေးဖို့ မလိုပါဘူး" ဆိုင်ရှင်က ရက်ရောစွာပြောလိုက်သည်။

သူက စပေါ်ငွေ တောင်းလိုက်ချင်ပေမယ့် ဆွန်းမိုကို စော်ကားသလိုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။ ဒီလို အံ့အော စရာကောင်းတဲ့ ဝိညာဉ် တက်တူးသခင် တစ်ယောက်ကို တွေ့ဖို့ ခဲယဉ်းပါသည်။ တစ်ယောက်နဲ့ ဆုံခဲ့ရင်တောင် ဒီလို ပူးပေါင်းဆောင်ရွက်ဖို့ မဖြစ်နိုင်ပါဘူး။

ဒါကြောင့်လည်း ဆိုင်ရှင်က ဆွန်းမိုကို စိတ်ချမ်းသာအောင် ထားရမည်။

ဆွန်းမိုက ဗဟိုပြည်နယ် အကယ်ဒမီက ဆရာတစ်ယောက် ဖြစ်သောကြောင့် ဆိုင်ရှင် ထိုနေရာကို လှည့်ပတ်မေးလိုက်ရုံနှင့် သိနိုင်သည်။ ဆွန်းမိုက ထွက်ပြေးသွားရင်တောင် အကယ်ဒမီကတော့ ရှိနေမှာပါ။

ဆွန်းမိုလည်း ပစ္စည်းများကို ယူပြီး ထွက်လာလိုက်သည်။

ဆိုင်ရှင်သည် ဆွန်းမိုကို လိုက်ပို့ပေးပြီးနောက် ဆိုင်ကို အမြန်ပြန်ပြေးလာကာ ဝိညာဉ်တက်တူးကို

ဂရုတစိုက်ကြည့်ပြီး သဘောကျနေသည်။ ဒါက ရိုးရှင်းသည့် အနုပညာလက်ရာ တစ်ခုပါ။

ကျောင်းသားတစ်ယောက်သည် ဆိုင်ထဲ ဝင်လာပြီးနောက် လုံးလုံး မပျောက်သေးသည့် ဝိညာဉ်ချီ ဝဲကတော့ကို မြင်လိုက်ကာ သူ့မျက်လုံးတွေ တောက်ပလာပြီး ချက်ခြင်းပဲ ဝိညာဉ်တက်တူးကို ကြည့်လိုက်သည်။

“ငါဒီ ဝိညာဉ်တက်တူးကို ဝယ်လိုက်မယ်”

ကြည့်အုံး , ချမ်းသာတယ်ဆိုတာဒါပဲ။ သူတို့က ဈေးနှုန်းကို ဘယ်တော့မှ မသိချင်ဘူး။ လိုချင်ရင်ဝယ်လိုက်သည်။

ဆိုင်ရှင်က စိတ်ခံစားမှုကို မထိန်းနိုင်ဘဲ ဖြစ်နေသည်။

အရင်က ဒီလိုဖောက်သည်မျိုးဆိုရင် အပြုံးနှင့်သာ ဝန်ဆောင်မှု ပေးလေ့ရှိသည်။ ဒါပေမယ့် ဒီနေ့တော့ ဒီလို မလုပ်လိုက်ပါဘူး။

“တောင်းပန်ပါတယ် ဒါကို မရောင်းပါဘူး” ဆိုင်ရှင်က ငြင်းလိုက်သည်။

ဖန်ယန် စိတ်ရှုပ်သွားသည် ။ ဝိညာဉ်တက်တူးကို ကိုင်ကြည့်ဖို့ လက်ကို ဆန့်လိုက်သည်။

ခုနတုန်းက ဝိညာဉ်ချီ ဝဲကတော့ကိုသာ မြင်ခဲ့ရသည်။ ဒီအရာက ဝိညာဉ်စုစည်းခြင်း တက်တူးကောင်း တစ်ခုဖြစ်တယ်ဆိုတာတော့ သေချာသည်။ အခုအနီးကပ် ကြည့်လိုက်မှ အရင်က သတ်မှတ်ချက်သည် အပေါ်ယံ ဆန်လွန်းကြောင်း သိသွားသည်။

ဝိညာဉ်တက်တူးလိုင်းတစ်ခုစီက ဦးတည်ချက်၊ အစီအစဉ်နှင့် အထူအပါးက မျက်စိ ပဒေသာ

ဖြစ်လွန်းသည်။ ဖန်ယန်သာ ဒါကိုပိုင်ပါက သူ့ကို အသုံးမပြုဘဲ ဘောင်ခတ်ထားပြီး နံရံမှာ ချိတ်ထားလိုက်မည်။

"ငါ့သားသုံးဖို့ ဖယ်ထားတာ" ဆိုင်ရှင်က ပြတ်သားစွာပြောလိုက်သည်။ သူပိုက်ဆံရှာနေသည့် အကြောင်းက မိသားစုကို ထောက်ပံ့ဖို့နဲ့ သားဖြစ်သူကို ပျိုးထောင်ဖို့ ဖြစ်သည်။ အခုတော့ အရည်အသွေးမြင့်သည့် ဝိညာဉ်တက်တူး တွေ့လာတော့ သားဖြစ်သူကို ပေးရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်း............မင်း....................ဒီလောက်အဖိုးတန်သည့်အရာကို ဖြုန်းတီးနေတာလား "

ဖန်ယန် သေလုနီးပါး ဒေါသထွက်လာသည်။

(ဒီလိုလှပသည့် ဝိညာဉ်တက်တူးကို သုံးပစ်လိုက်မှာလား၊ ဒီလိုလုပ်လိုက်ရင် နတ်ဘုရားတွေ အပြစ်ပေးမယ်ဆိုတာ မသိဘူးလား)

ဒေါသထွက်နေသည့် ဖန်ယန်ကိုမြင်ပြီး ဆိုင်ရှင်လည်း လန့်သွားကာ နောက်ကိုဆုတ်လိုက်သည်။

ဒီလူက နှစ်မီတာကျော် ရှည်ပြီး ဗလလည်းတောင့်သည် ကြည့်လိုက်ရင် မျှော်စင်တစ်ခု ထောင်ထားသလိုပါပဲ။ ဒေါသဖြစ်ရင် ရန်သူကို အရှင်လတ်လတ် မျိုချမည့် ပုံမျိုးပါ။

"ဈေးပြောပါ " ဖန်ယန်က တိုက်တွန်းလိုက်သည်။

" မရောင်းဘူးလို့ ပြောပြီးပြီလေ"

ဆိုင်ရှင်က စာရွက်လိပ်ကို နောက်မှာ ဝှက်ထားပြီးပြောလိုက်သည်။ ဖန်ယန် လုသွားစိုးလို့ သတိထားပြီး စောင့်ကြည့်နေသည်။ "မင်းရဲ့ ယူနီဖောင်းကို ကြည့်ရတာ ဗဟိုပြည်နယ်

အကယ်ဒမီက မှန်းသိတယ်နော်။ မင်းဆက်ပြီး မဆင်မချင်လုပ်ရင် ကျောင်းအုပ်ကြီးအန်ကို တိုင်လိုက်မယ်”

ဆိုင်ပိုင်ရှင်က အရမ်းလည်ပါသည်။ ရောင်းမယ်လို့မပြောဘဲ ဖယ်ထားတယ်လို့ ပြောထားသည်။ ဒါဆို ဒီပစ္စည်းက အရမ်းနာမည်ကြီးသွားမည်။

“ဒီလိုအဆင့် တက်တူးမဟုတ်ရင် ငါကဘာလို့ ဝိညာဉ်စုဆောင်းခြင်းတက်တူး ဝယ်ရမှာလဲ”

ဖန်ယန်က ခေါင်းခါရင်း ပြောလိုက်သည်။

ဝိညာဉ်စုဆောင်းခြင်း တက်တူးသည် ကျင့်ကြံသူများကို ခန္ဓာကိုယ်ပြုပြင်ခြင်းနှင့် ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်အစောပိုင်းတွင်သာ အသုံးပြုနိုင်သည်။ အဆင့်ပိုမြင့်လာသည်နှင့် ဝိညာဉ်စုဆောင်းခြင်း တက်တူးသည် မလုံလောက်တော့ပါ။ အသက်အနည်းငယ် ရှူချိန်လောက်အထိသာ အသုံးခံတော့သည်။

ဖန်ယန် လိုချင်သည်မှာ ဒီဝိညာဉ်တက်တူးကို သဘောကျပြီး စုဆောင်းမှုအဖြစ် သိမ်းဆည်းထားချင်လို့ ဖြစ်သည်။

သုံးဖို့လား?

မဖြစ်သင့်ဘူး!

"စုဆောင်းဖို့အတွက်ပဲ"

ဆိုင်ရှင်လည်း လန့်ဖြန့်သွားပြန်သည်။ ထို့နောက် ဆွန်းမို ဝိညာဉ်တက်တူး ရေးဆွဲခဲ့သည့် အချိန်ကို ပြန်စဉ်းစားမိသွားသည်။ ဆွန်းမိုသာ ဒီထက် အလေးအနက်ထားခဲ့ရင် ဒီထက်ပိုကောင်းသည့် ဝိညာဉ် တက်တူးတောင် ဖြစ်လာနိုင်သေးသည်။

စာစဉ်(၈)

အခန်း(၁၀၃) - အောင်မြင်သည့်လူသာ လေးစားခံရသည်။

“ နောက်ရက်ကျရင် လာကြည့်လိုက်ပါ ငါမင်းအတွက် သိမ်းထားပေးမယ်”

ဆိုင်ရှင်လည်း ဒီလို ရက်ရောသည့် ဖောက်သည်မျိုးကို မဆုံးရှုံးချင်ပါဘူး။

" မင်းက နေ့တိုင်းရနိုင်တဲ့ နှမ်းဖက် မုန့်လို ကိတ်မုန့်လို ထင်နေတာလား၊ ဒီလို တက်တူး တစ်ခုကိုဆွဲဖို့ အချိန်ဘယ်လောက်ပေးရတယ် ထင်လဲ"

ဖန်ယန် ပေါက်ကွဲပြီး အော်ဟစ်လိုက်သည်။ သူလည်း ဝိညာဉ်တက်တူးကို လေ့လာနေသည့် လူဖြစ်သောကြောင့် ဒီလို ဝိညာဉ်တက်တူးကိုရေးဆွဲဖို့

အချိန်ဘယ်လောက်တောင် ပေးသင့်လည်း မဆုံးဖြတ်ရဲပါ။

ဆိုင်ပိုင်ရှင်၏ ပါးစပ် တစ်လှုပ်လှုပ်ဖြစ်နေပြီး ဆွန်းမိုက ဆယ့်ငါးမိနစ်နှင့် ဆွဲသွားကြောင်းကို ပြောမလို့ ပြင်လိုက်သေးသည်။

ဒါပေမယ့် ဆွန်းမိုက လူမဆန်အောင်တော်နေသည်။ ဒီသံမျှော်စင်ကြီးက သူ့ကို ဝိညာဉ်တကက်တူး နယ်ပယ်ကို အဓိကထားပြီး လေ့လာနေတာလို့ ပြောထားသည်။ သူက

ကောင်းတယ်လို့ မှတ်ချက်ပေးနေမှတော့ တကယ်ကို ကောင်းလို့ပဲဖြစ်မည်။

ဒင်

ဆိုင်ပိုင်ရှင်၏ လေးစားအထင်ကြီးမှု - +၁၅။ မူလ (၅၀/၁၀၀)

"ဒါတွေကို ပြင်ဆင်ပေးပါ"

ဖန်ယန်က ပစ္စည်းစာရင်းကို ဆိုင်ရှင်ထံ ပေးရင်းပြောလိုက်သည်။

အရင်က သူသည် ပစ္စည်းများကို အခြား ဝိညာဉ်တက်တူးဆိုင်က ဝယ်လေ့ရှိသည်။ ဒါပေမယ့်

ဒီနေ့ သူ၀ယ်နေကျဆိုင်က ပစ္စည်းပြတ်သွားပြီး သူကလည်း ပစ္စည်းများကို အရေးပေါ်လိုနေသည်။ ဒါကြောင့် ဒီဆိုင်ကို ရောက်လာခဲ့သည်။

ဆိုင်ရှင်ကလည်း ညွှန်ကြားချက်အတိုင်း အမြန်လုပ်ပေးလိုက်သည်။ ဖန်ယန်ကို ဆိုင်အပြင် လိုက်ပို့ပေးရင်း လက်မလွှတ်ချင်သောကြောင့် " နောက်ရက်ကျရင် လာကြည့်လိုက်ပါ၊ ၀ိညာဉ်တက်တူးတွေကို တွေ့စေရမယ်"

ဖန်ယန်လည်း ပြန်ပြောချင်စိတ်မရှိတော့ပါ။ ကြီးမြတ်သော ဝိညာဉ်တက်တူး ဆရာသခင်မှသာ ဒီလိုဝိညာဉ်တက်တူးကို ရေးဆွဲဖို့ ဖြစ်နိုင်မည်။

ဒီလို ဝိညာဉ်တက်တူး သခင်များကလည်း အရမ်းကို အလုပ်များတတ်ကြသည်။ ဝိညာဉ်တက်တူး ရေးဆွဲရတာလည်း ပင်ပန်းပါသည်။ တကယ်လို့ ဆရာသခင် အားပါကလည်း သူသည် ငွေပိုရနိုင်သည့် အံ့အောဖို့ကောင်းသည့် ဝိညာဉ်တက်တူးများကိုသာ ရေးဆွဲလိမ့်မည်။

....

လုချမ်ဂျီ၏ အိမ်သည် ကျောင်းဝန်းအပြင်ဘက် မီတာ ၂၀၀အကွာ ရှည်လျားသည့်လမ်းမကြီး၏ ဘေးတွင် တည်ရှိသည်။ နီးတာကြောင့်လည်း ညစာကို အိမ်ပြန်စားလေ့ရှိသည်။

ဒီနေ့ လုချမ်ဂျီ အိမ်ပြန်ရောက်တာနှင့် သူ့အဖေကသူ့ကို လက်ဆွဲပြီး စာကြည့်ခန်းထဲကို ခေါ်သွားသည်။

"ဘာဖြစ်လို့လဲ" လုချမ်ဂျီလည်း သူ့ဗိုက်ကို ပွတ်ရင်းကြောင်နေသည်။ သူသည်ဒီနေ့

အနံ့တခုကိုရနေပြီး ကြက်သားစွပ်ပြုတ်မှန်း ကျိန်သေပေါက် သိနေသည်။

"ဒီဝိညာဉ်တကော်တူးကို လာကြည့်စမ်းပါအုံး"

ဆိုင်ရှင်ကလည်း အဖိုးတန်ရတနာ ဖုံးအုပ်ထားသလို အုပ်ထားသည့် အနီရောင်အဝတ်စကို ဖယ်ရင်းပြောလိုက်သည်။ ဆွန်းမို ရေးဆွဲထားသည့် ဝိညာဉ်တကော်တူး ပေါ်လာသည်။

"လှလိုက်တာ" လုချမ်ဂျီ မျက်လုံးများ အရောင်တောက်လာသည်။ သူသည် စားပွဲရှေ့ကို

အလျှင်အမြန် ရောက်သွားပြီး သဘောကျစွာ ငုံ့ကြည့်နေသည်။ "ဒီဝိညာဉ်တက်တူး အစီအစဉ်ကို ကြည့်ပါအုံး ဘယ်လောက်လှအောင် ပုံဖော်ထားတဲ့ ဝိညာဉ်တက်တူးလဲ"

"ဒါက အဆင့်(၆) ပဲ" ဆိုင်ရှင်က ပြုံးရင်းပြောလိုက်သည်။

"ပိုက်ဆံအများကြီးပေးရမှာပေါ့၊ ဘယ်ကရခဲ့တာလဲ" လုချမ်ဂျီလည်း ဝိညာဉ်တက်တူးကို လေ့လာနေခဲ့သည်။ ဒါကြောင့်လည်း သူသည် ဝိညာဉ်တက်တူး၏

ထူးခြားချက်နှင့် အလှအပဆိုင်ရာ ရှုထောင့်များကို တန်ဖိုးထားသည်။

"ပိုက်ဆံမကုန်ဘူး၊ မင်းတို့ကျောင်းက ဆရာတစ်ယောက်ဆွဲခဲ့တာ"

ဆိုင်ရှင်က ရယ်မောရင်း ပြောလိုက်သည်။

"ငါတို့ကျောင်းက" လုချမ်ဂျီလည်း မျက်မှောင်ကြုတ်ကာ ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ကြည့်လိုက်သည်။ သူ သံသယ ဖြစ်နေသည်။

"ဒီလို ဝိညာဉ်တက်တူးကို ရေးဆွဲနိုင်တဲ့လူက ကျောင်းမှာ ဆယ်ယောက်ထက် မပိုနိုင်ဘူး၊ သူတို့အားလုံးကလည်း အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေကြီးပဲ ဘာကြောင့် ငါတို့ဆိုင်လေးကို လာတာလဲ"

"ငါတို့ ဆိုင်လေးက ဘာလိုချင်လို့လဲ"

သူ့သားဆီက ဒီစကားကိုကြားတော့ ဆိုင်ရှင် မပြောတော့ပါဘူး။ လုချမ်ဂျီ ခေါင်းကို ခေါက်လိုက်သည်။ " မင်းတိုးတက်ဖို့ ဒီဆိုင်ကို မှီခိုနေရတာ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ငါမှားသွားတာ" လုချမ်ဂျီသည် တော်တော်ဆာလောင်နေသော်လည်း ခွေးခြေခုံပေါ်မှာ ထိုင်နေပြီး ဝိညာဉ်တက်တူးကို လေးစားစွာ ကြည့်နေသည်။

"ဆွန်းမို ဆိုတဲ့ ဒီဆရာအကြောင်းကို ကြားဖူးလား"

သူ့သား စိတ်ထဲမှာ ရှိနေတာကို မြင်တော့ ဆိုင်ရှင်လည်းကျေနပ်သွားသည်။ သူ့သားသည် အရမ်းကြိုးစားသည်။ သူသည်သေချာပေါက် ဝိညာဉ်တက်တူးတွင် အောင်မြင်မှု ရလိမ့်မည်။

" ဟုတ်ပြီ ငါသူ့အကြောင်းကြားဖူးတယ်၊ သူက ငါ့တို့ကျောင်းမှာ လက်ရှိ ပေါ်ပြူလာဖြစ်နေတဲ့ အစမ်းခန့်ဆရာပဲ၊ ဘာဖြစ်လို့လဲ၊ သူ့အကြောင်း ကြားထားတာရှိလို့လား" လုချမ်ဂျီက မေးလိုက်သည်။

"အစမ်းခန့်ဆရာလား"

ဆိုင်ရှင်လည်း မျက်မှောင် ကြုတ်သွားသည်။

"မဟုတ်သေးဘူး၊ ပြီးခဲ့တဲ့ ရက်ပိုင်းကမှ တရားဝင် အလုပ်ခန့်လိုက်တယ်" လုချမ်ဂျီလည်း ဆွန်းမိုနှင့် ပက်သက်သည့် ကိစ္စများကို ပြန်စဉ်းစားလိုက်သည်။

“အမ်   မင်းတို့ကျောင်းမှာ အစမ်းခန့်ဆရာတွေက တရားဝင် အလုပ်မဝင်ခင် အစမ်းခန့် တစ်နှစ်လုပ်ရတာ မဟုတ်ဘူးလား”

ဆိုင်ရှင်သည် ဒီမှာ ဆိုင်ဖွင့်လာတာ အနှစ်နှစ်ဆယ်ကျော် ရှိနေပါပြီ။ ဒါကြောင့်လည်း သူသည် ဗဟိုပြည်နယ် အကယ်ဒမီက စည်းမျဉ်းများနှင့် တော်တော်လေး ရင်းနှီးနေသည်။

“ဆွန်းမိုက အရမ်းတော်တယ်၊ ကျောင်းသားစုဆောင်းရေးပွဲမှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားငါးယောက် လက်ခံနိုင်ခဲ့လို့ ခြွင်းချက်လုပ်ပြီး ဆရာအဖြစ်ကြိုတင် လက်ခံခဲ့တာ”

“ အို ငါသဘောပေါက်ပြီ”

ဆိုင်ရှင်ကတော့ မအံ့အောပါဘူး။ ဒါကြောင့်လည်း ဆွန်းမိုမှာ ကြောက်ဖို့ ကောင်းလောက်သည့် ဝိညာဉ်တက်တူး ဆွဲသည့် အရည်အချင်း ရှိနေတာဖြစ်မည်။ သေချာတာပေါ့၊ ကျောင်းသားအနည်းငယ် စုဆောင်းဖို့ဆိုတာ သူ့အတွက် ကိတ်မုန့် ဖွဲ့သလိုပဲ ဖြစ်နေမှာ။

“သူ့ရဲ့ ပထမဆုံး လူထုဟောပြောပွဲမှာ ရှေ့ဟောင်းနဂါးဖမ်းသည့် လက်ကြောင့် လူသိများလာတယ်၊ လူတိုင်းကလည်း သူ့မှာ နတ်ဘုရားလက်ရှိတယ်ဆိုပြီး သတ်မှတ်ထားကြတယ်၊ သူတို့အားလုံးကလည်း နတ်ဘုရားလက်နဲ့ အကိုင်ခံချင်နေကြတယ် ” လုချမ်ဂျီလည်း ဒီလိုလုပ်ချင်ပေမယ့် သူ့မှာ အခွင့်ရေးအများကြီး မရှိဘူးဆိုတာ သိနေသည်။

“ဟမ် ရှေ့ခေတ်က ဘာကိုဖမ်းတာလဲ၊ မင်းဘယ်အကြောင်း ပြောနေတာလဲ”

ဆိုင်ရှင်လည်း ကြောင်နေသည်။ သူ့သားက လူသားတစ်ယောက်အကြောင်း ပြောနေတာ မဖြစ်နိုင်ဘူးလို့ တွေးလိုက်မိသည်။

"ရှေးဟောင်းနဂါးဖမ်းသည့်လက်က ကျောင်းသားတွေကို ထိလိုက်ရုံနှင့် ကျောင်းသားရဲ့ ကျန်းမာရေး အခြေအနေကိုတန်းပြီး သိနိုင်တယ်၊ ဘယ်လောက်တောင် အံ့အောဖို့ ကောင်းလဲ"

လုချမ်ဂျီ စကားတောင် ဆုံးအောင် မပြောလိုက်ရဘဲ ဖြတ်ပြောခံလိုက်ရသည်။

“ငါပြောတာသူမဟုတ်ဘူး၊ ဝိညာဉ်တက်တူး ဆွဲတဲ့နေရာမှာ ထူးချွန်တဲ့ ဆွန်းမို ကိုပြောနေတာ”

ဆိုင်ရှင်က ခေါင်းခါရင်း ပြန်ပြောလိုက်သည်။

“ငါတို့ကျောင်းမှာ ဆွန်းမိုက တစ်ယောက်တည်းပဲ ရှိတယ်”

ဒီတစ်ခါတော့ လုချမ်ဂျီ ကြောင်သွားသည့် အလှည့်ဖြစ်သည်။ ဒါပေမယ့် သူတဖြည်းဖြည်း သဘောပေါက်လာပြီး စားပွဲပေါ်က ဝိညာဉ်တက်တူးကို ညွှန်ပြလိုက်သည်။ “ဒါက ဆရာဆွန်းမို ဆွဲထားတာလို့ ပြောတာလား”

"အင်း"

ဆိုင်ရှင် ခေါင်းညိတ်ပြလိုက်သည်။

"......" လုချမ်ဂျီက သူ့နဖူးကို ရိုက်လိုက်သည်။ "ခဏ ငါကိုင်ကြည့်လို့ ရမလား"

ထို့နောက် လုချမ်ဂျီ အကြည့်သည် ဝိညာဉ်တက်တူးဆီကို ရောက်သွားပြီး ဂရုတစိုက် ကြည့်ပြီး ရယ်လိုက်သည်။

"ငါ့ကို စမ်းသပ်နေတာလား"

ဆိုင်ရှင်လည်း ဘာကိုဆိုလိုလဲ မသိပါဘူး၊ (မင်းဘာတွေ စိတ်ကူးနေတာလဲ)

“အဖေ၊ ငါ့ကို အရှုးလုပ်ချင်နေတာလား ၊ ဒီဝိညာဉ်တက်တူးက ပြီးပြည့်စုံတဲ့ အညွှန်းကိန်းရှိနေပြီး အသေးစိတ် အချက်အလက်များကိုလည်း ရှင်းလင်းစွာ ပုံဖော်ထားတယ်၊ ဒီတက်တူးကို ဆွဲတဲ့ သူကအနည်းဆုံး ဝိညာဉ်တက်တူးနယ်ပယ်မှာ ဆယ်နှစ်လောက်တော့ အတွေ့အကြုံ ရှိနိုင်တယ် ၊ ဒါကြောင့်ဆွန်းမိုက ဘယ်လိုမှ မရေးဆွဲနိုင်ဘူး ၊ သူက အခုမှ အသက်နှစ်ဆယ်ပဲရှိသေးတာလေ ” လုချမ်ဂျီလည်း ပြောလိုက်သည်။

ပါမောက္ခ ဟိုယွမ်ချင်သည် ဝိညာဉ်တက်တူးနှင့် ပက်သက်ပြီး ဗဟိုပြည်နယ်အကယ်ဒမီတွင် အရမ်းကို နာမည်ကြီးသည်။ အတန်းမတက်ခင် ၂ နာရီလောက် ကတည်းက ထိုင်ခုံ ဦးထားရသည်။ မဟုတ်ခဲ့ပါက ထိုင်ခုံလုံးဝ မရှိတော့ပါ။ လုချမ်ဂျီသည် သင်ခန်းစာတစ်ခုမှ မလွတ်အောင် သူ့အတန်းကိုတက်ခဲ့သည်။ ဒါကြောင့် ဆရာ ဟိုယွမ်ချင် ရေးဆွဲသည့် ဝိညာဉ်စုဆောင်းခြင်းတက်တူးကို မြင်ဖူးပြီး နှိုင်းယှဉ်နိုင်သည်။

မပဟုတ်သေးဘူး။ ဒီလောက်ကို မကောင်းဘူး။

သူ့ရှေ့က တတ်တူးသည် အရမ်းကို လှနေသည်။

“ဒီနေ့ရောက်လာတဲ့ ဆွန်းမိုကလည်း အသက်နှစ်ဆယ်လောက်ပဲ ရှိသေးတယ်”

ဆိုင်ရှင် စကားပြောရင်း ရုတ်တရက် သဘောပေါက်လာသည်။ (ဒီအဆင့်အတန်းနှင့် ဝိညာဉ်တက်တူးက ဆရာငယ်တစ်ယောက်က ဖန်းတီးခဲ့တာပါ”

“သူ့အမေဝမ်းတွင်းကတည်းက ဝိညာဉ်တက်တူးကိုများ စဆွဲခဲ့တာလား”

ဆိုင်ရှင် လန့်သွားသည်။

ဒင်

ဆိုင်ရှင်၏ လေးစားအထင်ကြီးမှု +၂၅။ မူလ(၇၅/၁၀၀)

“အဖေ၊ မင်းတကယ်နောက်နေတာမဟုတ်ဘူးလား” လုချမ်ဂျီက မေးလိုက်သည်။

“ငါကမင်းကို ဘာကြောင့်နောက်ရမှာလဲ”

ဆိုင်ရှင်က သူ့သားက စိုက်ကြည့်ရင်း ပြောလိုက်သည်။ လုချမ်ဂျီလည်း အံ့အောသင့်သွားပြီး မယုံနိုင်အောင် ဖြစ်နေသည်။

ဆယ်နှစ်လောက်ကြိုးစားပြီး ဒီလိုအဆင့်မျိုး မရောက်မှာကို ကြောက်နေသည်။

"ဆွန်းမိုက ဒါကိုရေးဆွဲတာ တစ်နာရီတောင် မကြာဘူး၊ ဆိုင်ရှင်က ထပ်ပြောလိုက်သည်။

"အဖေ!" လုချမ်ဂျီ အော်လိုက်သည်။ ချက်ခြင်းပင် ဘဝကြီးက ပိုပြီး အဓိပ္ပာယ် မရှိသလို ဖြစ်လာသည်။

"ဆရာဆွန်းမိုက ဝိညာဉ်တက်တူးနယ်ပယ်မှာ တော်တော် မြင့်မားတဲ့ အဆင့်ကိုရောက်နေပြီ၊ ဒီဘာသာရပ်နဲ့ ပက်သက်ပြီး လူထုဟောပြောပွဲ လုပ်မှာသေချာတယ် ၊ မင်းလက်လွတ် မခံသင့်ဘူး"

ဆိုင်ရှင်က သူသားကို ပြောလိုက်သည်။

"ကျွန်တော် နားလည်ပြီ"

သူ့ကို သတိပေးစရာမလိုပါဘူး။ ဆွန်းမို၏ ဝိညာဉ်တက်တူးဆိုင်ရာ ဟောပြောပွဲကို သူသေချာပေါက် သွားနားထောင်မည်။

" ဆရာဆွန်းမိုကို လေးစားရမယ်နော်" ဆိုင်ရှင်က သတိပေးလိုက်သည်။

"ကျွန်တော်သိပါတယ်" လုချမ်ဂျီလည်း ပြောပြီးပြီးခြင်း စားပွဲပေါ်က ဝိညာဉ်စုဆောင်းခြင်း

တက်တူးကို ယူပြီးပြေးသွားသည်။ "အခု ဒါ ကျွန်တော် ဉ စ္စာပဲ"

"လူယုတ်မာလေး"

ဆိုင်ရှင်လည်း ဒေါသထွက်သွားသည်။ သူသည် အမွေးမှုန့်ကို လိုက်မရှာသော်လည်း သူ့သားကို လိုက်ရှာနေသည်။

"မင်းလုယူသွားရင် မင်းခြေထောက်ကို ရိုက်ချိုးပစ်မယ်"

ဖန်ယန်နှင့်သူ့သားတို့ သဘောထားကို မြင်ပြီး ဆိုင်ရှင်လည်း မသုံးတော့ဖို့ ဆုံးဖြတ်လိုက်ပြီး ဘောင်ခတ်ကာ စုဆောင်းထားလိုက်မည်။

....

ဆွန်းမိုလည်း ဝိညာဉ်တက်တူး တစ်ပုံရေးဆွဲလိုက်တာ ဒီလောက် ကြီးမားသည့် အကျိုးသက်ရောက်မှု ဖြစ်လာမယ်လို့ မထင်ထားခဲ့ပါဘူး။

စာကြည့်တိုက်သည် တိတ်ဆိတ်နေသော်လည်း ဆွန်းမို ဝိညာဉ်တက်တူးကို စဆွဲလိုက်သည်နှင့်

ဝိညာဉ်ချီကို စုတ်ယူဖို့ လေဆင်နှာမောင်း ဖြစ်လာနိုင်သည်။ ဒါဆို တခြားသူတွေကို စာကျက်ဖို့ အနှောက်အယှက် ဖြစ်သွားနိုင်သည်။

တကယ်လို့ သင်ကြားရေးအဆောက်အအုံကို သွားပြီး ရေးဆွဲနေရင်လည်း လူတွေက အသံကြားပြီး ရောက်လာနိုင်သည်။

ဆွန်းမိုက ဝိုင်းကြည့်ခံရတာကို သဘောမကျပါဘူး။ သူ့ကာရိုက်တာ အရ သူ့အသက်မွေးဝမ်းကြောင်းက ဆရာမဟုတ်ခဲ့ပါက

စာသင်ခန်းထဲမှာ လူဝိုင်းကြည့်ခံရတာကိုလည်း သဘောမကျပါဘူး၊ ဒါက စိတ်ပျက်ဖို့ကောင်းပါသည်။

အလားတူပဲ တရားအားထုတ်ခန်းထဲမှာ နေ့တစ်ဝက်ထက်ပို မနေနိုင်ပါဘူး။

အဆောင်မှာလဲ ကျန်းရှုန် မျက်နှာကို မကြည့်ချင်ပါဘူး။

“ကျောင်း အပြင်မှာဘဲ ဌားနေရင် ကောင်းမလား ”

ညစာစားသည့်အချိန်တွင် ဆွန်းမိုသည် ဒီမေးခွန်းကို လေးလေးနက်နက် စဉ်းစားနေသည်။

ကျောင်းတွင် ဆရာများနေရန် အဆောက်အဦး နှစ်လုံးရှိသည်။ ဒါပေမယ့်လည်း ဆွန်းမိုသည် အလုပ်ခန့်ခံခဲ့ရတာ မကြာသေးပါ။ သူ့ရဲ့ အတွေ့အကြုံ ပဲဖြစ်ဖြစ် ၊အောင်မြင်မှုဘဲ ဖြစ်ဖြစ် က အခန်းခွဲပေးရလောက်အောင် မဖြစ်သေးပါဘူး။

သူလိုချင်တာကို မရသ၍ ဘ၀က မအေးချမ်းနိုင်ပါဘူး။ သူ့ကို အကဲဖြတ်ပြီး ဆိုးဆိုး ရွားရွား အနိုင်ကျင့်သွားကြလိမ့်မည်။

ဆွန်းမိုသည် ညနက်မှ အဆောင်ကို ပြန်လာပြီး အိပ်လိုက်သည်။ စောစောပြန်ထကာ စာသင်ခန်းကို

ထွက်လာလိုက်သည်။ ဒီနေ့တွင် မနက်ပိုင်း သူ့ကျောင်းသား ငါးယောက်ကို သင်ကြားပြီး နေ့လည်ပိုင်းတွင် လူထုဟောပြောပွဲ လုပ်ရမည်။

ဆွန်းမို အဆောင်က ထွက်သွားပြီးမှ ကျန်းရှန်လည်း မျက်နှာကို ဖုံးထားသည့်စောင်ကို ဖယ်လိုက်သည်။ ဆွန်းမိုနှင့် အကြိမ်ကြိမ် အငြင်းအခုံ ဖြစ်ပြီးနောက် ဆွန်းမိုကို ရှောင်နေခဲ့တာ တော်တော်ကြာနေပါပြီ။

“ဘယ်လောက်တောင် မနာလို စိတ်များလိုက်သလဲ”

လိုဒီက သက်ပြင်းချရင်း ပြောလိုက်သည်။ တစ်ယောက်က သင်ခန်းစာ အစီအစဉ်ကို ယူပြီး ကျောင်းသားတွေကို သင်ကြားပေးနေပါသည်။ သူက ဝက်အမွေးနှုတ်ပြီး ဆရာတွေနှင့် ဆက်ဆံရေးကောင်းအောင် ကြိုးစားနေသည်။

"ဘာကို မနာလို ဖြစ်ရမှာလဲ ငါလည်းမကြာခင် ဆရာတစ်ယောက်ဖြစ်တော့မှာ" ကျန်းရှန်က ပြန်အော်လိုက်သည်။

"မကြာခင်၊ အစမ်းကာလ တစ်နှစ်က မကြာပါဘူး၊ ဖြည်းဖြည်းခြင်းစောင့်ပေါ့"

လိုဒီက သူ့ကိုနောက်လိုက်သည်။

"အမ်"

ကျန်းရှန်လည်း ဒေါပွသွားပြီး " မင်းဘာပြောလိုက်တာလဲ"

"ငါပြောတာက အစမ်းခန့်ကာလက တစ်နှစ်တောင် ရှိသေးတယ်လို့" လိုဒီက နောက်တစ်ကြိမ် ပြောလိုက်သည်။

"မင်း.................."

ကျန်းရှန် မျက်နှာ ပျက်သွားသည်။

"ဒီလူက အဆောင်ကို ရောက်ကတည်းက လူတိုင်းနဲ့ အဆင်ပြေအောင် မကြိုးစားပေမယ့် အမြဲတမ်းပြုံးနေပြီး စိတ်ထားကောင်းသလိုလို လုပ်နေတယ်။ သူက ငါ့ကို စိတ်ဆွဖို့ကြံနေတာလား"

လိုဒီကတော့ ဝက်အမွေးကိုသာ ငုံ့ပြီးဆက်နှုတ်နေသည်။ ကျန်းရှန် ဒေါသထွက်သလားဆိုတာလဲ မစိုးရိမ်ပါ။

ကျန်းရှန်သည်အရင်က ထူးချွန်ပြီး ကျောင်းကို ဝင်ရောက်ဖို့ အခွင့်အရေးရှိခဲ့သည်။ အခုတော့ ဆက်တိုက်ဆိုသလို ရှုံးနိမ့်နေသောကြောင့်

လိုဒီလည်း ဒီကောင်၏ အရည်အချင်း အစစ်အမှန်ကို နားလည်လာသည်။

လုပ်နိုင်မှာ မဟုတ်ဘူး။

ကျောင်းဝင်နိုင်ရန် လူတိုင်းက အခွင့်အရေးမတူကြပါဘူး ဒီကောင်ကို ဘာလို့ အဆင်ပြေအောင် ပေါင်းနေရမှာလဲ။ ပြီးတော့ ဒီကောင်က ဆွန်းမိုကိုလည်း စော်ကားထားသည်။

ကျန်းရှန်လည်း လိုဒီကို ကြည့်လိုက်ပြီး ယွမ်ဖန်ရှိစဉ်က ဆွန်းမိုသည် သူတို့သုံးယောက်၏ ဝိုင်းပယ်ခြင်းကို ခံခဲ့ရသည့်အကြောင်းကို

ပြန်စဉ်းစားလိုက်မိသည်။ အခုတော့ သူ့အလှည့် ဖြစ်လာပြီ။

အရှုံးသမားကတော့ အထင်သေး ခံရစမြဲ ဖြစ်သည်။

ဆွန်းမိုကတော့ သူ၏ စစ်မှန်သည့် အရည်အချင်းနှင့် လိုဒီ၏ အထင်ကြီးလေးစားမှုကို ရရှိခဲ့သည်။ လိုဒီစိတ်ထဲတွင် ကျန်းရှန်သည် ဘာကောင်မှ မဟုတ်တော့ပါ။

သူ့အဆင့်အတန်းသည် ဆိုးဝါးစွာ ကျဆင်းသွားပြီ။

လိုဒီနှင့် ကျန်းရှန်သည် ဆွန်းမိုကြောင့် စကားများခဲ့တာကို ဆွန်းမို မသိပါဘူး။ အခုတော့ သူ့နားထဲတွင် စနစ်၏ သတိပေးချက်များနှင့် ပြည့်နေသည်။

စာစဉ်(ရ)

အခန်း(၁၀၄) - ငါ လီဇီချီက ငွေပေးမယ်။

ဒင်

“ဂုဏ်ယူပါတယ်။ မင်းသည်ကျောင်းသား ၁၀ယောက်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကို ဖွင့်ခဲ့သည့်အတွက် “ဆရာပေါက်စ” တာဝန်ကို အောင်မြင်ခဲ့သည်။ ဆုလာဒ် အနက်ရောင် ရတနာသေတ္တာ တစ်လုံး။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ။”

ဆွန်းမို မျက်လုံးရှေ့တွင် အနက်ရောင် ရတနာသေတ္တာတစ်လုံးပေါ်လာသည်။

ဆွန်းမိုလည်း ချက်ခြင်းကို ရတနာသေတ္တာအား ဖွင့်ကြည့်ချင်စိတ် ပေါ်လာသော်လည်း သဘော်သီး မိန်းကလေးခေါင်းကို မပုတ်ဘဲ ဘယ်ရတနာသေတ္တာမှ မဖွင့်ချင်ပါဘူး။

မဟုတ်ခဲ့ပါက စိန်ရတနာသေတ္တာ ဖြစ်နေရင်တောင် ဆွန်းမို အမှိုက်လို ပစ္စည်းများသာ ရလာနိုင်သည်။

....

ဆွန်းမိုက လုချီဟွာကို အဆောင်အပြင်ဘက်မှာ မစောင့်ခိုင်းသော်လည်း လုချီဟွာသည် မနက်တိုင်း

အစောကြီးထပြီး ကျင့်ကြံနေဆဲပါ။ ထို့နောက် မနက်စာ စားပြီး စာသင်ဆောင်ရှေ့တွင် စောင့်နေခဲ့သည်။

"အမ် လုချီဟွာ စောလှချည်လား"

လီဇီချီသည် နေရောင်ကောင်းပြီး မြင်ကွင်းလည်းကောင်းသည့် လူသုံးဆယ်ဆန့် စာသင်ခန်းကို ရွေးချယ်ရန် ပြင်ဆင်ထားသောကြောင့် အစောကြီးရောက်လာခဲ့သည်။ ဒါက အနာဂတ်တွင်

လူတိုင်းအတွက် သင်ခန်းစာ များနားထောင်ကြမည့် နေရာဖြစ်သည်။

"ပညာသင်ဘက် အစ်မကြီး"

လှေကားထစ်ပေါ်တွင် ထိုင်နေသည့် လုချီဟွာ အမြန်ထရပ်ကာ ခေါင်းငုံ့ပြီး နှုတ်ဆက်လိုက်သည်။

"ပညာသင်ဘက် ညီမလေး"

လီဇီချီ၏ မျက်နှာတွင် ချက်ခြင်းကို အပြုံးပန်းတစ်ခု ပွင့်လာသည်။ ပညာသင်ဘက်အစ်မကြီးလို့ အခေါ်ခံရတာ စောက်ရမ်းမိုက်သည်။

"သွားကြစို့ ငါတို့ စာသင်ခန်း တစ်ခုရွေးရအောင်"

လုချီပွာလည်း ရှိသေစွာ နောက်ကလိုက်သွားသည်။

လီဇီချီသည် အမြော်အမြင်ကြီးစွာ ပထမထပ်ကနေ တတိယထပ်ကို ကျော်တက်သွားပြီး လေးထပ်မြောက်က အခန်းတိုင်းကို လိုက်ကြည့်နေသည်။

နာရီဝက်လောက်ကြာတော့ သူမစိတ်တိုင်းကျသည့် အခန်းသုံးခန်းကို တွေ့လိုက်သည်။

"ဘယ်အခန်းကောင်းတယ်လို့ ထင်လဲ"

လီဇီချီသည် ပြတင်းပေါက်ဘေးတွင် ရပ်နေကာ ကြောက်ရွံခြင်းမရှိ ရေကန်ကို ငေးကြည့်ရင်း မေးလိုက်သည်။ ဒီနေ့တွင် မိုးလေးတဖွဲဖွဲ ကျနေပြီး ကျောင်းဝန်းတစ်ခုလုံး ရေငွေ့များနှင့် ပြည့်နေသည်။

မြင်ကွင်းက ရေချိုးပြီးစ မိန်းကလေးက ကုတင်ဘေးတွင် အိပ်နေကာ လက်ထဲက စာလိပ်ကို ဖတ်ပြနေသည့် မြင်ကွင်းနှင့် တူနေသည်။ ဘယ်လောက်တောင် ကဗျာ ဆန်လိုက်သလဲ။

"ဒီတစ်ခု"

လုချီဟွာလည်း ဒီတစ်ခန်းကို ကြိုက်ပါသည်။

“ဒါဆိုလည်းဒါကို ရွေးလိုက်ရအောင်”

လီချီဇီလည်း ဆုံးဖြတ်ချက် ချလိုက်ပြီး ကျောက်သင်ပုန်းဆီကို လျှောက်သွားလိုက်သည်။

မြေဖြူတစ်ခဲကို ယူလိုက်ကာ “မနက်ရှစ်နာရီတွင် စာသင်ချိန်ရှိပါသည်၊ မင်းတို့နားလည်ပေးမယ်လို့ မျှော်လင့်ပါသည်”

အစိက အကယ်ဒမီအသီးသီးတွင် ဒီဓလေ့ကို သုံးကြသည့် အစဉ်အလာရှိပါသည်။ စာသင်ခန်းကို အသုံးပြုရန် လိုအပ်ပါက လက်ရှိသုံးနေသော

ကျောင်းသားများသိအောင် ကြိုတင်ပြီး သတိပေးကြသည်။

ဒီလိုမဟုတ်ပါက စာသင်ခန်းထဲတွင် ကိုယ်ဘာသာ လှေ့လာနေကြသည့် ကျောင်းသားများသည် အတန်းစတင်ချိန် နီးလာမှ ရုတ်တရက် ရောက်လာခဲ့ရင် သူတို့ကိုလည်း စိတ်အနှောက်အယှက် ဖြစ်စေသလို အရှိအသေ ကင်းမဲ့သလို ဖြစ်သွားနိုင်သည်။

စာသင်ခန်းထဲတွင် အရင်ကတည်းက ကျောင်းသား ဖယောက်ရှိနေခဲ့သည်။ လီဇီချီ

ရေးသားလိုက်သည့် စာကို တွေ့ပြီး သူတို့စာအုပ်တွေကို ကိုင်ကာ တခြားနေရာ ရှာရန် ပြင်လိုက်ကြသည်။

“အားလုံးကို ကျေးဇူးတင်ပါတယ်”

လီဇီချီလည်း သေချာစွာ ပြင်ဆင်လာခဲ့သည်။ တံခါးဝမှာ ရပ်နေပြီး မနက်က ဝယ်လာသည့် မုန့်များကို ကျေးဇူးတင်သည့် ပုံစံနှင့် ဝေပေးလိုက်သည်။

“အို ဒါက ဒါအိုဂျီက အော်စမန်တစ်ကိတ်မုန့်ပါလား ဘယ်လောက်တောင် ရက်ရောလိုက်သလဲ”

မုန့်ထုပ်စက္ကူပေါ်တွင် “ဒါအို’ ဆိုသည့် စာကို မြင်လိုက်သည့် ကျောင်းသားလည်း အံ့အောသွားသည်။

ဒါအိုဂျီဆိုင်က မုန့်များသည် ချင်လင်မြို့တွင် ကျော်ကြားပြီး အော်စမန်တစ်မုန့်များက ရေပန်းစားပါသည်။

ချမ်းသာသည့် မိသားစုက မိန်းကလေးပဲဖြစ်ဖြစ် ဆင်းရဲသည့် မိသားစုက မိန်းကလေးပဲ ဖြစ်ဖြစ် သူတို့အားလုံးက ကြိုက်ကြပါသည်။

ဈေးလည်း အရမ်းကြီးပါသည်။

သာမန်မိသားစုက မိန်ကလေးတစ်ယောက်သည် ထိုမုန့်ကိုစားရန် တစ်လလောက် မုန့်ဖိုး စုဆောင်းရမည်။

“ကျေးဇူးတင်ပါတယ်”

လီဇီချီသည်ပြုံးပြီး ဖော်ရွေသဖြင့် လူတိုင်း၏ စိတ်ထဲတွင် အများကြီး အထင်ကြီးသွားကြသည်။

စာသင်ခန်းလည်း လွတ်သွားသည်။

"ကောင်းပြီ အခုငါတို့နေရာပဲ" လီဇီချီ အရမ်ပျော်နေသည်။

"ကိတ်မုန့်နည်းနည်းကျန်သေးတယ် ငါတို့အတွက်ပဲ သိမ်းထားရအောင်"

"အင်း"

လုချီဟွာလည်း ခေါင်းညိတ်ပြလိုက်သည်။

ကျောင်းသားတစ်ယောက်ပြီး တစ်ယောက် ဝင်လာကြသော်လည်း ကျောက်သင်ပုန်းပေါ်တွင် ရေးထားသည့် စာကိုမြင်ပြီး ပြန်ထွက်သွားကြသည်။

ဒါပေမယ့် ကျောင်းသားသုံးယောက်ကတော့ ခြွင်းချက်ဖြစ်နေသည်။

ကျောက်သင်ပုန်းပေါ်က စာကိုမြင်သော်လည်း ဆက်ဝင်လာပြီး နောက်ဆုံးတန်းတွင် ဝင်ထိုင်နေကြသည်။ တိုးတိုးနှင့် စကားပြောနေကြသည်။

လီချီဇီလည်း မျက်မှောင်ကြုတ်ကာ ရှင်းပြမလို့ လုပ်လိုက်သည်။

"မလုပ်နဲ့"

လုချီဟွာက လက်ကို လှမ်းဆွဲလိုက်ပြီး လီဇီချီကို ခေါ်ထားလိုက်သည်။

“သူတို့ ခဏနေရင် ထွက်သွားလိမ့်မယ်”

“ငါလည်း မျှော်လင့်ပါတယ်”

လီဇီချီလည်း ချယ်သထားသော မျက်ခုံးကို အနည်းငယ်တွန့်ကာ အိတ်ဆောင်နာရီကို ခဏခဏ ထုတ်ကြည့်နေသည်။

ဒါကိုမြင်လိုက်ပြီး ဖူချောင် မျက်လုံးအရောင် တောက်လာသည်။ “မထင်ထားမိဘူး၊ ဒီကောင်မလေး တော်တော်ချမ်းသာတာပဲ

သူ့လက်ထဲက နာရီက အနောက်နိုင်ငံတွေက ထုတ်ကုန်ဖြစ်ပြီး စျေးအနည်းဆုံးတောင် ငွေသောင်းချီပြီး တန်တယ်”

“တကယ်လား”

ဇောင်ဝမ်တိုလည်း ခေါင်းကိုလှည့်ပြီး လီဇီချီကို ကြည့်လိုက်သည်။

အလယ်ကမ္ဘာ၏ အနောက်ဘက်တွင် အနာက်တိုင်းဒေသလို့ လူသိများသည့် တိုက်ကြီးတစ်တိုက်ရှိသည်။ ပြည်နယ်ကိုးခုက လူများက အနောက်နိုင်ငံလို့ ခေါ်ကြသည်။

ခြေလျှင်သွားမည်ဆိုပါက နှစ်ပေါင်းများစွာ ကြာသည်။ ဒါပေမယ့် လေ့ဖြင့်သွားမည်ဆိုပါက တစ်နှစ်ကျော်ကြာအောင် ရွက်လွှင့်ရမည်။

ထိုတိုက်ကြီးတွင် ရွှေရောင်ဆံပင်နှင့် မျက်လုံးအပြာရောင်ရှိသော လူသားတစ်မျိုး နေထိုင်ကြသည်။ စက်ယန္တယားနာရီလို့ အမည်ပေးထားသည့် အနောက်တိုင်း အိတ်ဆောင်နာရီတစ်မျိုးကို သူတို့က ထုတ်လုပ်ခဲ့သည်။

ဒီလို နာရီများသည် အချိန်တိကျစွာ ညွှန်ပြနိုင်ပြီး နေနာရီထက် အများကြီး ပိုအဆင်ပြေသည်။

လီဇီချီသည် အိတ်ဆောင်နာရီကို ကြည့်လိုက်ရင် ၈ နာရီ ထိုးဖို့ ငါးမိနစ်သာလိုတော့သည်။ သူမ မစောင်နိုင်တော့ဘဲ မုန့်များကိုယူကာ ကျောင်းသားယောကျ်ားလေး သုံးယောက်ဆီကို သွားလိုက်သည်။

“တောင်းပန်ပါတယ် ငါတို့ စာသင်ခန်း သုံးဖို့ ရှိလို့ပါ”

လီဇီချီသည် မုန့်များကိုပေးရင်း ပြုံးပြုံးရွှင်ရွှင် ပြောလိုက်သည်။

“ငါတို့ကို မနှောက်ယှက်ပါနဲ့၊ ငါတို့ အဖြေရှာဖို့ လုပ်နေတယ်”

ဇော်ဝမ်တိုက လီဇီချီကို ပါးစပ်ပိတ်ဖို့ အချက်ပြလိုက်သည်။

ဖူချောင်ကတော့ တစ်ချက်ကြည့်လိုက်သည်။

ဒါအိုဂျီမှ မုန့်များဖြစ်သည်။ ထိုမုန့်များသည် အရမ်းကိုဈေးကြီးပြီး သာမန်မိသားစု၏ နှစ်ရက်စာ သုံးရက်စာ အသုံးစရိတ်နှင့် ညီမျှသည်.

ဖူချောင်ပါးစပ်က တံတွေးများ ထွက်လာသော်လည်း စိတ်ထဲက မကျေမနပ်ဖြစ်လာသည်။

သူ့အမေသည် စောစောထပြီး အဝတ်လိုက်လျှော်ကာ နောက်ကျမှ အိမ်ပြန်ရသည်။ သူ့ကျောင်းလခ ပေးနိုင်ဖို့အတွက် နှစ်အနည်းငယ်ကြာအောင် အလုပ်ကြိုးစားပြီး လုပ်ခဲ့ရသည်။

အလုပ်သည်အရမ်း ပင်ပန်းပြီး အလုပ်တွေကို အချိန်မှီပြီးအောင် မလုပ်ပေးနိုင်ရင် သူဌေးက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုက်ဆံမပေးသည့်အတွက် ထမင်းမစားဘဲနှင့် လုပ်ခဲ့ရတာလည်း အကြိမ်ကြိမ်ပါ။

ဒါ့အပြင် ဆောင်းရာသီသည် အေးခဲလွန်းတာကြောင့် ရေတွင်းထဲက ရေတွေသည်အေးခဲနေပြီး လက်တွေတောင် ပြတ်ကျသွားမှာကို စိုးရိမ်ရသည်။ ဒါပေမယ့်လည်း အနားယူလိုက်ပါက သားအတွက် ကျောင်းလခ မပေးနိုင်မှာ စိုးသောကြောင့် အနားမယူခဲ့ရပါဘူး။

"ဘာလို့ မတရားတာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖူချောင်သည် လီဇီချီ လက်ကိုကြည့်လိုက်သည်။ သူတို့သည် သေးသွယ်ပြီး နူးညံ့နေပါသည်။ ဒီလက်တစ်စုံကို မြင်ဖူးသည့်လူတိုင်း ဆုပ်ကိုင်ထားချင်လောက်သည်။

ဒါပေမယ့် ဖူချောင်စိတ်ထဲတွင် ရှိရှာသည့် စိတ်များသာ ဖြစ်နေသည်။

ဒီလက်တစ်စုံက ငယ်ငယ်ကတည်းက လေးလံသည့် အလုပ်တွေကို တစ်ခါမှ မလုပ်ခဲ့ဖူးနိုင်ပါ။ အပ်နှင့် အဝတ်ချုပ်သည့် အလုပ်တွေကိုတောင် မလုပ်ခဲ့ဖူးတာ ဖြစ်နိုင်သည်။

လီဇီချီလည်း ဆက်မပြောတော့ဘဲ ဖောင်ဝမ်တို ဖြေရှင်းနေသည့် ပုစ္ဆာကို တစ်ချက်ကြည့်ရင်း စောင့်နေလိုက်သည်။

မည်သည့် အကယ်ဒမီတွင်မဆို သင်္ချာများသည် အခြေခံ အုတ်မြစ်ဖြစ်သည်။

ဥပမာ ပြောရရင် အင်ဂျင်နီယာ ဘာသာရပ်တွင် ပုံဆွဲရန် နှင့် မှော်ဆေးပညာတွင် ပါဝင် ပစ္စည်းများကို တွက်ချက်ရန် ခွဲဝေရန် အတွက် သင်္ချာကို လိုအပ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီလို ရိုးရှင်းတဲ့ ပုစ္ဆာကိုတောင် မဖြေရှင်းနိုင်ဘူးလား)

လီဇီချီလည်း မျက်မှောင်ကြုတ်လိုက်ရင်း အချိန်နှစ်မိနစ်လောက် ကြာသွားသည့် အချိန်တွင် သူမပြောရန် ပါးစပ်ကိုဖွင့်လိုက်သည်။

"တောင်းပန်ပါတယ်. ဒီသင်ခန်းစာက............"

လီဇီချီ စကားဆုံးအောင်တောင် မပြောလိုက်ရဘဲ ဖြတ်ပြောခံလိုက်ရသည်။

"ငါ့ကို မနှောက်ယှက်ဖို့ ပြောထားတယ်လေ"

ဇောင်ဝမ်တိုက ဒေါသတကြီး ပြန်ပြောလိုက်သည်။ "ငါ့ရဲ့ အတွေးပြတ်သွားပြီ"

"မင်းရဲ့ ဖြေရှင်းပုံကို ကြည့်လိုက်ရင် အဆင့်(၃)မှာကတည်းက မှားပြီးတွက်နေတာ ဒါကြောင့် နောက်အဆင့်တွေလည်း မှားနေတာ"

လီဇီချီ မနေနိုင်ဘဲ ပြောလိုက်သည်။ ဇောင်ဝမ်တို၏ ပုံစံကို ကြည့်လိုက်ရင် ဒီပြဿနာက သူ့အရည်အချင်းထက် ကျော်လွန်နေတာ သိသာသည်။ နောက်မနက်မိုးလင်းမှ

ဖြေရှင်းနိုင်ရင်တောင် ကံကောင်း။ လီဇီချီက အကြာကြီး မစောင့်နိုင်တော့ပါဘူး။

ဖောင်ဝမ်တိုသည် အဆင့်(၃)ကို လှမ်းကြည့်လိုက်ပြီး အားလုံးကို နောက်တစ်ခေါက် ပြန်တွက်လိုက်ရင် တကယ်ကို မှားပြီး တွက်ချက်ထားသောကြောင့် မျက်နှာပျက်သွားသည်။

“မင်းသုံးနေတဲ့ ဒီခွဲဝေမှုနည်းက မမှားဘူး ဒါပေမယ့် အချိန်ကုန်လွန်းတယ်၊ ထပ်ခါထပ်ခါနှုတ်သည့် နည်းကို ဘာလို့မသုံးတာလဲ၊ နောက်ဆုံးအဖြေက ၁၆ပဲ”

လီဇီချီက အကြံပေးလိုက်သည်။

"အလို"

လုချီဟွာလည်း လီဇီချီကို သဘောကျစွာ ကြည့်လိုက်သည်။ ပညာသင်ဘက် အစ်မကြီး၏ ဦးနှောက်က အရမ်းမိုက်သည်။

ဒီစကားကိုကြားပြီး ဖောင်ဝမ်တို၏ မျက်နှာပိုသုန်မှုန်လာသည်။ သူက စာအုပ်ကို စားပွဲပေါ်သို့ ကျယ်လောင်စွာ ပစ်ပေါက်လိုက်ပြီး လီဇီချီကို စိုက်ကြည့်လိုက်သည်။

“ဘာကိုပြောချင်တာလဲ မင်းရဲ့ သာလွန်မှုကို ပြချင်လို့လား ၊ မင်းလောက်သချ်ာ မတော်ဘူး။ ဒါပေမယ့်လည်း မင်းရဲ့ အကူအညီလည်း မလိုဘူး။ မင်းကဘာကောင်မို့လို့လဲ”

ဇောင်ဝမ်တိုက ဆက်တိုက်ကို အော်ဟစ် ကြိမ်းမောင်းနေသည်။

လီဇီချီကို မကျေနပ်တာအပြင် သူ့အရည်အချင်းကိုလည်း ဒေါသထွက်နေသည်။ လီဇီချီသည် သူနှင့် အသက်တူသော်လည်း သူ ၃ ရက်ကြာ အားးထုတ်ဖြေရှင်းနေရသည့် ပုစ္ဆာကို

အားထုတ်စရာမလိုဘဲ တွက်နိုင်နေသည်။ ဒီလိုခံစားချက်ကို လက်ခံဖို့ အရမ်းခက်နေသည်။

ဇောင်ဝမ်တိုက သူ့ကိုယ်သူ သင်္ချာတော်တယ်ဆိုပြီး ဂုဏ်ယူနေခဲ့သည်။ ရှုပ်ထွေးသော ပြဿနာများကို ဖြေရှင်းရန် အမြဲကြိုးစားနေခဲ့သည်။

သင်္ချာကလပ်က ကျောင်းသားများကို စိန်ခေါ်ရန် ဒီပုစ္ဆာကို တွက်နေခြင်းဖြစ်သည်။

ဒီလိုပြဿနာကို ဖြေရှင်းဖို့ ကြိုးစားနေသော်လည်း ရုတ်တရက်ကြီး အဖြေရလိုက်သောအခါ စိတ်ပျက်သွားသည်။

သူရှုံးသွားပြီ။

“ငါက မင်းကို စာသင်ခန်းကနေ ထွက်ပေးဖို့ တောင်းဆိုနေတာ ”

လီဇီချီလည်း ဒေါသကို ထိန်းပြီးပြောလိုက်သည်။

“ဘာလို့ထွက်သွားရမှာလဲ
မင်းမိသားစုပိုင်လို့လား”

ဧောင်ဝမ်တို့၏ အသံသည် တော်တော်ကျယ်ပါသည်။

"ငါစာရေးထား ပြီးသားလေ"

လီဇီချီက ကျောက်သင်ပုန်းကို ညွှန်ပြရင်း ပြောလိုက်သည်။

"ငါက ဒီစာသင်ခန်း နေရောင်အောက်မှာ စာကျက်ရတာ သဘောကျတယ်။ မင်းက ဒီစာသင်ခန်းကို သုံးချင်တာနဲ့ ငါက ထွက်သွားရမှာလား။ ဘာလို့လုပ်ရမှာလဲ"

ဧောင်ဝမ်တိုက ပြန်ပြောသည်။

ဒါက သက်သက်ဆင်ခြေ ပေးလိုက်ခြင်းဖြစ်သည်။ သူက တမင်ကို ပြဿနာရှာနေခြင်း ဖြစ်သည်။

"ပညာသင်ဘက်အစ်မကြီး၊ ဒါကိုမေ့ထားလိုက်ပါ ၊ နောက်ထပ် စာသင်ခန်း ရှာရအောင်"

လုချီဟွာသည် လူအော်သံကို အကြောက်ဆုံးဖြစ်သည်။ သူမက လီဇီချီနောက်မှာ ရပ်နေပြီး အဝတ်အစားကို ဆွဲနေသည်။

"ဒါဆိုလည်း ငါလျော်ကြေး နည်းနည်းပေးမယ်"

လီဇီချီက မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။ အထူးသဖြင့် လမ်းတစ်ဝက်မှ အရှုံးပေးရတာကို မုန်းသည်။

"ဒီကောင်မလေး တော်တော်ကို စိတ်ကြီးတာပဲ"

တခွန်းမှ ဝင်မပြောရသေးသည့် ဇောင်ဝမ်လီက လီဇီချီကို ခြေဆုံး ခေါင်းဆုံးကြည့်နေသည်။ ဘေးနားက အရပ်ပုသည့် မိန်းကလေးက ရင်သားကြီးသော်လည်း သူက မျက်နှာဝိုင်းလေးနှင့် ကောင်မလေးကို ပိုသဘောကျသည်။

ဇောင်ဝမ်တိုက ဘယ်လို ပြန်ချေပရမလဲ စဉ်းစားနေတုန်း ဖူချောင်က ပေါက်ကွဲနေသည်။

“လျော်ကြေးလား ချမ်းသာတာက ဘာအထင်ကြီးစရာရှိလို့လဲ, ၁၀၀၀ ပေးလိုက်ရင် ငါတို့ အခုထွက်သွားလိုက်မယ်”

ဖူချောင်သည် ချမ်းသာသည့် သူများကို အမုန်းဆုံးဖြစ်သည်။ ဒါကြောင့်လည်း အလွန်စျေးကြီးသည့် စျေးနှုန်းကို ပြောလိုက်သည်။

လီဇီချီသည် ပိုက်ဆံအိတ်ကို ဖွင့်လိုက်ပြီး မြင့်မြတ်သော တန်ဘဏ်က ချက်လက်မှတ်ကို စားပွဲပေါ်တင်ပေးလိုက်သည်။

ဟာ

“ဒါက တစ်ထောင်တန်တယ် ၊ အခုထွက်သွားလို့ရပြီ”

လီဇီချီက ပြောလိုက်သည်။ ဒီကျောင်းသားများသည် အကျင့်စရိုက်မကောင်းကြပါ။ ဒါကြောင့်လည်း

ဒေါ်သထွက်ကာ စားပွဲကို ရိုက်လိုက်ပြီး ချက်လက်မှတ်ကို ထုတ်ပေးလိုက်သည်။

ပိုက်ဆံက အရာအားလုံးကို ဖြေရှင်းလို့တော့ မရပါဘူး။

ဇောင်ဝမ်တိုနှင့် ကျန်သည့်လူအားလုံး အံ့အောသွားသည်။ လီဇီချီက ငွေတစ်ထောင်ကို တကယ်ထုတ်ပေးမယ်လို့ မထင်ထားကြပါဘူး။ “ပြည်တွင်းသူဌေးကြီး” စကားလုံးကို ချက်ခြင်း တွေးမိလိုက်ကြသည်။

ကျန်သည့်လူများက မတုန့်ပြန်ကြသော်လည်း ဖူချောင်က ခြေထောက်ကို ခါးထိသွားသလို ခုန်ထွက်သွားပြီး လက်တစ်ဖက်နှင့် ချက်လက်မှတ်ကို လွှင့်ပစ်လိုက်သည်။

စာစဉ်(၈)

အခန်း(၁၀၅) - ကာကွယ်တတ်သော ဆွန်းမို။

"မင်းရဲ့ နံစော်နေတဲ့ ပိုက်ဆံကို ဘယ်သူက ဂရုစိုက်လို့လဲ"

ဖူချောင်၏ မာနကို ထိခိုက်သွားသည်။ ဒါပေမယ့်လည်း ပိုက်ဆံအား အိတ်ကပ်ထဲကို ထည့်ချင်သည့် စိတ်ပေါက်လာသည့်အတွက်လည်း ကို့ကိုယ်ကို ကြောက်ရွံ့လာသည်။

ဖူချောင်သာ ဒီမှာမရှိပါက ဝမ်တိုနှင့် ဝမ်လီသည် ပိုက်ဆံကို တကယ်ယူသွားနိုင်သည်။

"မင်းဘာလို့ ဒီလောက် မောက်မာနေတာလဲ။ ငါတို့ဘာအမှားမှ မလုပ်ခဲ့ဘူး"

လုချီဟွာလည်း လီဇီချီနောက်မှာ ပုန်းနေပြီး ခေါင်းကိုဆန့်ထုတ်ကာ ရန်သူကို ဒေါသထွက်နေသည်။

"ငါတို့က ဘာမောက်မာလို့လဲ"

ဖူချောင်က သူမကို ဒေါသတကြီး စိုက်ကြည့်လိုက်သည်။

လုချီဟွာလည်း ကြောက်သွားပြီး လီဇီချီနောက်ကို လိုက်သွားသည်။ ဒါပေမယ့် သူ့ပညာသင်ဘက် အစ်မကြီးကို ထိုလူများနှင့် တစ်ယောက်တည်း ရင်ဆိုင်ဖို့ ခွင့်မပြုနိုင်ဘူး။ ဒါကိုတွေးလိုက်ပြီး

ထိတ်လန့်နေသည့် စိတ်ကို အပြင်းအထန် ခုခံလိုက်ကာ မတ်မတ်ရပ်လိုက် ပြန်သည်။

“မင်းတို့ ဒီလိုလုပ်တာ တော်တော် ညစ်ပတ်တာပဲ”

လုချီဟွာ၏ အသံတောင်တုန်လာသည်။

“ပြောမနေနဲ့တော့ သွားကြစို့”

လီဇီချီက လုချီဟွာကို ထိန်းလိုက်ပြီး ထွက်သွားရန် လှည့်လိုက်သည်။

ဇောင်ဝမ်တိုနှင့် အခြားနှစ်ယောက်၏ အမူအရာသည်လည်း ပြောင်းသွားသည်။ မိန်းကလေးတွေကို ဒီအတိုင်းသွားခွင့် မပေးနိုင်ဘူး။

မဟုတ်ပါက သူတို့၏ အစီအစဉ်ကို ဘယ်လို ဆက်လုပ်ရမှာလဲ။

လီဇီချီသည် အရမ်းကို ထက်မြက်သည်။ သူတို့ အမူအရာပြောင်းလဲသွားတာကို သတိပြုလိုက်မိပြီး ခြေလှမ်းကို ရပ်တန့်ရန် ဆုံးဖြတ်လိုက်သည်။

"မင်းတို့သုံးယောက်က ပြဿနာရှာချင်လို့ ရောက်နေတာလား"

လီဇီချီ၏ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည် သုညဆိုပေမယ့် သူမ မကြောက်တတ်ပါဘူး။ သူမ အရင်ကလည်း ဒုက္ခများစွာကို ရင်ဆိုင်ခဲ့ဖူးသည်။

ခုနတုန်းက ဒီသုံးယောက်ကို စမ်းသပ်ကြည့်ချင်လို့ ထွက်သွားမလို လုပ်ခဲ့သည်။

ပုံမှန်ဆိုရင် ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားအများစုသည် အလွန်ကို ယဉ်ကျေးကြသည်။

လီဇီချီသည် သူတို့ကို စကားကောင်းကောင်းပြောပြီး ပိုက်ဆံတွေတောင် ထုတ်ပေးခဲ့သေးသည်။

လီဇီချီ၏ ပုံစံနှင့် သူမ၏ စကားပြောပြေပြစ်မှုကြောင့် သူမကို

ခင်မင်ချင်သည့်သူ အများအပြားရှိနိုင်သည်။ ယောကျ်ားလေးမပြောနှင့် မိန်းကလေးတွေတောင် သူမတောင်းဆိုမှုကို မငြင်းနိုင်လောက်ပါ။

ဒါပေမယ့် ဒီလူသုံးယောက်သည် ထွက်မသွားသည့်အပြင် သူမကိုတောင် စိုက်ကြည့်နေသေးသည်။ ရှင်းနေပါပြီ။ သူမတို့ကို ပြဿနာရှာချင်လို့သာ ဒီကိုရောက်နေတာ ဖြစ်နိုင်သည်။

မဟုတ်သေးဘူး။ ဆရာဆွန်းမိုကြောင့် ဖြစ်နိုင်သည်။

ဖောင်ညီအစ်ကိုလည်း

မျက်မှောင်ကြုတ်သွားသည်။ ဒီချမ်းသာသာသည့် မိန်းကလေးသည် ဉာဏ်ကောင်းလွန်းသည်။ ဒါပေမယ့် ဖူချောင်က ကြောက်ရွံ့ လာကာ ငြင်းလိုက်သည်။

"ပြဿနာရှာတယ်ဆိုတာ ဘာကိုပြောတာလဲ ၊ ငါတို့က မင်းကိုတောင ် မသိဘူး"

ဒါကိုကြားပြီးနောက် လီဇီချီ တုန်လှုပ်သွားပြီး သူမ ခန့်မှန်းချက်က ပိုသေချာလာသည်။

"အရှုး"

ဇောင်ဝမ်တိုလည်း ဆွံ့အ နေသည်။ အခုချိန် အလုပ်သင့်ဆုံးက အကြောင်းအရာကို ပြောင်းလဲရန်နှင့် ဒါမှမဟုတ် မသိနားမလည်သည့် ပုံစံလုပ်ရမည် ဖြစ်သည်။ (မင်းက ငါတို့ကို ကာကွယ်ဖို့ ဘာကြောင့် အလျှင်လိုနေတာလဲ)

ဒါက ပိုဆိုးသွားအောင် လုပ်လိုက်တာ မဟုတ်ဘူးလား။

သူ၏ ပညာသင်ဘက်ညီကို ဒေါသထွက်သွားသည်။ ဒါပေမယ့်လည်း ကံကောင်းစွာ မှတ်ချက်ကောင်းကောင်း ရထားသည်။ သူက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိုက်ခိုက်တာကောင်းပြီး ညစ်ပတ်ပင်ပန်းသည့် အလုပ်အားလုံးကို လုပ်ပေးနိုင်သည်။

ဒီတစ်ခါလည်း ဒီလိုပါပဲ။ သူတို့သိုင်းညီအစ်ကိုများအား အစီအစဉ်ကို ပြောပြီးနောက် ဖူချောင်က ချက်ခြင်းကို သဘောတူခဲ့သည်။

လုချီဟွာ လန့်သွားသည်။ သူတို့က တမင်တကာကို ပစ်မှတ်ထားနေတာလား။ အခုဘာလုပ်သင့်လဲ။

တကယ်လို့သာ တိုက်ခိုက်လာပါက သူမနှင့် ပညာသင်ဘက်အစ်မကြီးတို့က ပြိုင်ဘက်များ မဟုတ်ပါ။ သူ့အစ်မကြီး ပြေးနိုင်အောင် သူတို့ခြေထောက်ကို ဖက်ထားလိုက်ရမလား။

မဟုတ်သေးဘူး။ ဒါက အလုပ်မဖြစ်ဘူး။ ရန်သူကသုံးယောက် ခြေထောက်က ခြောက်ချောင်း။ သူ့မှာက လက်နှစ်ဖက်သာရှိပြီး အားလုံးကို ဖက်ထားလို့မရဘူး။ ဒါ့အပြင် သူ့ပညာသင်ဘက်အစ်မကြီးက ပုံမှန်တိုင်း လမ်းလျှောက်ရင်တောင် ချော်လဲနေတာ။ လီဇီချီသာ

ပြေးသွားလို့ကတော့ ရှေ့သွားကို ပြန်လိုက်ရှာနေရမည်။

"ငါသွားပြီး အကူအညီတောင်းရမယ်၊ ဒါအမှန်ပဲ၊ ရှန်ယွန်ပေါင်နှင့် တခြားသူတွေ စာသင်ဆောင် အရှေ့မှာ ရှိနေနိုင်တယ်။ သူတို့သာ ဒီကိုရောက်လာရင် ပြဿနာက ပြေလည်သွားပြီ"

ဒါကို တွေးမိပြီး လုချီဟွာ ချက်ခြင်းကို ပြေးတော့သည်။

ဒါကိုမြင်တော့ ဖူချောင်က ချက်ခြင်းလိုက်မလို့ လုပ်လိုက်သည်။ လီဇီချီက သူ့လမ်းကို ပိတ်လိုက်သည်။

"ဆရာဆွန်းရဲ့ သုံးသပ်ချက်က ညံ့ဖျင်းတာပဲ သူ့တပြည့်တွေကလည်း ကြောက်တတ်လိုက်တာ လွန်ရော"

ဖူချောင်က လှောင်ပြောင်လိုက်သည်။

"ငါကြားလိုက်တာက မင်းက ပြဿနာရှာဖို့ ရောက်နေတာ မဟုတ်ဘူးဆို"

လီဇီချီက ပြန်လှောင်လိုက်သည်။

"အမ်"

ဖူချောင် တုန်သွားပြီး သူ့ကိုယ်သူ ပါးပြန်ရိုက်ချင်လာသည်။

သူကညာဏ်မကောင်းပေမယ့် ဒီသဘောတရားကိုတော့ နားလည်သည်။ သူတို့သာ သက်သက်ပြဿနာမရှာရင် ဒီမိန်းကလေးတွေက ဆွန်းမို၏ တပြည့်တွေဆိုတာ ဘယ်လိုသိနိုင်မှာလဲ။

....

လုချီဟွာလည်း တတ်နိုင်သမျှ မြန်မြန်ပြေးကာ စာသင်ဆောင် အပေါက်ဝကို ရောက်သွားသည်။

လမ်းမှာတွေ့သည့် ယောက်ျားလေးများကလည်း အံ့အောနေကြသည်။ ပြေးနေသောကြောင့် သူမသဘော်သီးများသည် ခုန်ပေါက်နေကြသည်။ ထင်ပေါ်လွန်းနေသည်။

ဒိုင်း

သူမအကျႌ ရင်ဘက်က ကြယ်သီးသည် ဖိအားကို မခံနိုင်ဘဲ ပြုတ်ထွက်သွားသည်။ အဖြူရောင်လေးများ ပေါ်လာသည်။

ကလောင် ကလောင် ကလောင်

စနာရီ ခေါင်းလောင်းသံ မြည်နေသည်။

လုချီဟွာနှင့် လီဇီချီ အတန်းကို မရောက်လာသေးတာကြောင့် ဆွန်းမို မျက်မှောင်ကြုတ်နေသည်။ ထန်ထန်ယုထန်ကို သူတို့ဘယ်သွားတာလဲ သိလားလို့ မေးလိုက်သည့်အချိန်တွင် လုချီဟွာသည် အတန်းထဲကို ပြေးဝင်လာသည်။

"ဆရာ ....တစ်ခုခု ဖြစ်နေပြီ"

ဆွန်းမိုသည် ရှေ့နှစ်လှမ်းတိုးလာကာ လုချီဟွာကို ဖမ်းလိုက်ပြီး သယ်ပြေးသွားသည်။

"ငါတို့ပါ ဝင်ပါလို့ရတဲ့ တိုက်ပွဲလား"

ချက်ခြင်း နောက်ကလိုက်လာသည့် ရှန်ယွန်ပေါင်လည်း မျက်လုံးအရောင်တောက်လာသည်။

"ငါတို့ဆရာ တုန့်ပြန်မှုကလည်း မြန်လိုက်တာ"

ထန်ထန်ယုထန်က ချီးကျူးလိုက်သည်။

ချန်လုံကလည်း ဘာမှမပြောပေမယ့် ထန်ထန်ယုထန် စကားကို နားလည်လိုက်သည်။ သာမန်လူသာဆိုရင် လုချီဟွာအား အဖြစ်အပျက် အတိအကျကို မေးလိမ့်မည်။ မဟုတ်ပါက သူတို့ဘာလုပ်ရမလဲ မသိဖြစ်နိုင်သည်။

ဒါပေမယ့် ဆွန်းမိုကတော့ လုချီဟွာကို သယ်ပြီး ချက်ခြင်းပြေးသွားသည်။

လုချီဟွာ ညွှန်ပြသည့်နေရာသည် သူ့ဦးတည်ချက်ဖြစ်တာ သေချာသည်။ ဆွန်းမိုလည်း သူမကိုချီပြီး ချက်ခြင်းပြေးလာသောကြောင့် လမ်းမှာသာ အဖြစ်အပျက်ကို နားထောင်နေခဲ့သည်။ ထိုသို့လုပ်ခြင်းက အချိန်များကို သက်သာစေသည်။

သိပ်မကြာခင် ဆွန်းမိုသည် စာသင်ခန်း အဝကို ရောက်လာသည်။

"အဆင်ပြေလား"

အခုလေးတင် ဆွန်းမိုရောက်လာသည့်အတွက် ဖောင်ဝမ်တို ပါးစပ်ကြီး ဟသွားသည်။

“မင်းစောက် ပါးစပ်ကို ပိတ်ထားစမ်း”

ဆွန်းမိုက အော်လိုက်သည်။

“မင်းကို တိုက်ခိုက်ခဲ့သေးလား”

လီဇီချီသည် မျက်လုံးရဲ နေသော်လည်း ကံကောင်းထောက်မစွာ တစုံတရာ ထိခိုက်ထားခြင်း မရှိပါ။

“ဟင့်အင့်”

လီဇီချီ ခေါင်းကို ယမ်းပြလိုက်သည်။ သူတို့သုံးယောက်က မတိုက်ခိုက်ခဲ့ပေမယ့် ဓားဝင်ဝမ်တိုက ရိုင်းရိုင်းစိုင်းစိုင်း ပြောခဲ့သည်။

"ဘာဖြစ်နေတာလဲ" ဆွန်းမိုက မေးလိုက်သည်။

"မင်း အပေါက်ကြီးကို ပိတ်ထားဖို့ ပြောထားတယ်နော်"

ဆွန်းမိုက ခေါင်းကိုလှည့်ပြီး ရက်စက်တတ်သည့် မျက်လုံးနှင့် ကြည့်ရင်း ပြောလိုက်သည်။

"မင်းဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားတစ်ယောက် ဖြစ်နေလို့

ကံကောင်းသွားတယ်။ မဟုတ်လို့ကတော့ သွားတွေကို တစ်ချောင်းခြင်း နှုတ်ပေးလိုက်မယ်”

ဆွန်းမို၏ သွားကြားထဲက လေသံကြောင့် ဓောင်ဝမ်တို တဆက်ဆက် တုန်နေသည်။ သူပြင်ဆင်ထားသည့် အကြောင်းပြချက်လည်း လည်ပင်းထဲတွင် ပျောက်သွားသည်။

“ဆရာက တကယ်ဖြဲတာပဲ”

လုချီဟွာလည်း စိတ်အေးသွားပြီး ဆွန်းမိုကို အားကိုးချင်စိတ်ပေါက်လာသည်။ သူမ၏ဆရာသည် သူမကို အဖြစ်အပျက် အကုန်မမေးဘဲ ဒီကို

ချက်ခြင်းတန်းပြေးလာသည်။ သူ၏ တပြည့်တွေကို အရမ်းဂရုစိုက်တတ်တာကို တွေ့လိုက်သည်။

ဒင်

လုချီဟွာ လေးစားအထင်ကြီးမှု +၁၀။ ရင်းနီး (၄၂၈/၁၀၀၀)

လီဇီချီ လည်း စကားကို မြန်မြန်နှင့် စကားလုံးအနည်းငယ်ဖြင့် အဖြစ်အပျက် အကုန်ရှင်းပြလိုက်သည်။

"ဒါက ငါ့ရဲ့ အပြစ်ပဲ"

ဆွန်းမို သက်ပြင်းချရင်း ပြောလိုက်သည်။ လီဇီချီ၏ အခြေအနေတစ်ခုလုံးကို အကျဉ်းချုပ်နားထောင်လိုက်ပြီး တခြားပါတီက သူ့ကိုပစ်မှတ်ထားနေခြင်း ဖြစ်သည်။ လီချီဇီက တရားခံဖြစ်သွားရသည်။

"ငါတို့က ဆရာတပြည့်တွေပဲ မင်းကိစ္စကလည်း ငါတို့ ကိစ္စပဲ"

လီဇီချီက ဆွန်းမို စကားကို လက်မခံပဲ ပြန်ငြင်းလိုက်သည်။ ဆွန်းမိုကြောင့် ဒီဒုက္ခထဲကို ဆွဲသွင်းခံလိုက်ရတယ်လို့ သူမတစ်ခါမှ မတွေးမိခဲ့ပါ။

"မင်းတို့ဆရာဘယ်မှာလဲ သူ့ကိုခေါ်လိုက်"

ဆွန်းမိုက ကျောင်းသားသုံးယောက်ကို တိုက်ရိုက်အမိန့်ပေးလိုက်သည်။

ဒီကျောင်းသား သုံးယောက်သည် ရွှဖို့ကောင်းသော်လည်း ဆွန်းမိုက ဆရာဖြစ်နေသည်။ သူတို့ကို မရိုက်ဘဲ ကြိမ်းမောင်းလိုက်လို့ပဲရသည်။ ဒါပေမယ့် သူတို့ဆရာဆိုရင်တော့ မတူသည့် ဇာတ်လမ်း တစ်ပုဒ်ဖြစ်သွားပြီ။ ဒီလောက် စဉ်းစားနေစရာမလိုပါ။

"ဒါက ငါတို့ ကိစ္စပါ"

ဖောင်ဝမ်တိုက ဆက်ပြီးတင်းခံနေသည်။

"ပိတ်ထားစမ်း"

ဆွန်းမိုက " ငါက စကားတွေထပ်ပြောရတာ အမုန်းဆုံးပဲ။ အခု မင်းတို့ဆရာကို မြန်မြန်သွားခေါ်လိုက်"

ဖူချောင်သည် ဆွန်းမို၏ ဖိအားကို မခံနိုင်တော့ဘဲ ဖောင်ဝမ်တို လက်ကို ဆွဲလိုက်ပြီး "ဆရာကို သွားရှာရအောင်"

"ဘာလို့ သူတို့ဆရာကို ခေါ်နေမှာလဲ ၊ ငါ သူတို့ကို အရင် ရိုက်လိုက်မယ်"

ရှန်ယွန်ပေါင်က လှံကိုင်ပြီး ဝင်လာသည်။

ထန်ထန်ယုထန်လည်း တံခါးဝတွင်ရပ်ပြီး ဆွန်းမိုကို ကြည့်ကာ လန့်နေသည်။ ဒေါသက တကယ် အစစ်ကြီးပါ။

"ဟိုဘက်မှာ သွားစောင့်နေ"

လီဇီချီ အဆင်ပြေသွားတာကို မြင်လိုက်တာနှင့် ဆွန်းမိုလည်း ထိုင်ပြီးစောင့်နေလိုက်သည်။

သိပ်မကြာခင် ဂေါင်ပန်လည်း ရောက်လာသည်။

"ဘာဖြစ်နေတာလဲ"

ဂေါင်ပန်က မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"မင်း မကျေနပ်ရင် ငါ့ဆီကို တိုက်ရိုက်လာ၊ ငါ့တပြည့်တွေကို လာမစော်ကားနဲ့ ၊ ငါတစ်ခုခု မလုပ်လိုက်မိဘူးလို့ အာမ မခံနိုင်ဘူး"

ဆွန်းမိုက ဒေါသတကြီးပြောလိုက်သည်။

"မင်းက ငါ့ကို ခြိမ်းခြောက်နေတာလား"

ဂေါင်ပန်လည်း ဒေါသအသံပါလာသည်။

"ဒီအဖေက ကြီးပြင်းလာတဲ့အထိ တစ်ခါမှ အရှက်ကွဲမခံခဲ့ ဖူးဘူးကွ"

"အေး မင်းကို ခြိမ်းခြောက်နေတာ"

ဆွန်းမိုကလည်း ပြန်ပြောလိုက်သည်။

"အမ်"

ထိုစကားကို ကြားလိုက်ရင် အုပ်စုနှစ်စုမှ ကျောင်းသားများလည်း ဆွန်းမိုကို ကြောင်ပြီး ကြည့်နေကြသည်။ (မင်းတိုက်ရိုက် ပြောလိုက်တာပဲလား။ မင်းတို့က လုပ်ဖော်ကိုင်ဖက်တွေလေ။ မင်းတို့နှစ်ယောက်စလုံးက ဝင်လာတဲ့ အသုတ်ခြင်းလည်း အတူတူပဲလေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုပြောလိုက်တော့ မျက်နှာတောင်မထောက်တော့ဘူးလား)

လီဇီချီ ၏ မျက်နှာတွင်အပြုံးတစ်ခုပေါ်လာသည်။

ဒါကဆရာရဲ့ ဂရုစိုက်မှုဘဲ။

ဒင်

လီဇီချီ ။လေးစားအထင်ကြီးမှု +၁၅ ။ ရင်းနှီး (၂၀၁/၁၀၀၀)

"ဆွန်းမိုဘာလို့ အရှုးလို လုပ်နေတာလဲ "

ဂေါင်ပန်လည်း ဆွန်းမိုကို မကျေမနပ်ဖြစ်နေသည်။

"မင်းတို့နှစ်ယောက် ဘာလုပ်နေကြတာလဲ"

လင်ကျန် ကမန်းကတန်း ပြေးလာသည်။

သူသည် တစ်နှစ်တာ ခေါင်းဆောင်ဖြစ်သောကြောင့် အဆောင်ကို မကြာခဏ လှည့်ပတ်ကြည့်လေ့ရှိသည်။

ဘေးနားက စာသင်ခန်းထဲတွင် စာသင်နေသည့် ဆရာတစ်ယောက်ရှိနေခဲ့သည်။ ရုတ်ရုတ်သဲသဲ

အသံကြားပြီး သူတပြည့်တွေကို လင်ကျန်အား ရှာရန် စေလွှတ်လိုက်သည်။

လင်ကျန်လည်း ကြားပြီးပြီးခြင်း ချက်ခြင်းလိုက်လာခဲ့သည်။

“ဘယ်လိုဖြေရှင်းချင်လဲ၊ သင်ကြားရေးလား၊ တိုက်ပွဲလား ၊ မင်းဖြစ်ချင်တာ ရွေးလိုက်”

ဆွန်းမိုက မေးစေ့ကို ပွတ်ရင်းပြောလိုက်သည်။

“ဟဲဟဲ ၊ မင်းက သင်ကြားရေးနှင့် တိုက်ပွဲအကြောင်းပြောနေတာလား၊ မင်းကို သတ်ပစ်လိုက်မိမှာကိုဘဲ ကြောက်တယ်”

ဆွန်းမိုနှင့် အစမ်းခန့်ဆရာ နှစ်ယောက်ကြားက တိုက်ပွဲကြည့်ခဲ့သည့်နေ့ကို ဂေါင်ပန် ပြန်စဉ်းစားလိုက်မိပြီး စိတ်ထဲတွင် သာလွန်သည့် ခံစားချက် ဖြစ်လာသည်။

"ဒါဆိုလည်း တိုက်ပွဲ ပုံစံနဲ့ ဖြေရှင်းကြတာပေါ့"

ဆွန်းမိုလည်း သစ်သားဓါးကို ဆွဲ ထုတ်လိုက်သည်။

"လူတိုင်းရပ်ကြစမ်း၊ ဘာဖြစ်တာလဲဆိုတာ အတိအကျ ငါ့ကို အရင်ပြောလို့ မရဘူးလား"

လင်ကျန်က သူတို့ကြားတွင် ဝင်ရပ်ရင်း ပြောလိုက်သည်။

“ခေါင်းဆောင် လင်ကျန် ဒီစာသင်ခန်းကြောင့် ပြဿနာ ဖြစ်ကြတာ”

ဇောင်ဝမ်တိုကလည်း အရေးကြီးသည့်အချက်များကို ရှောင်ရှားလိုသည့်အတွက် အမြန်ဝင်ပြောလိုက်သည်။

“ခေါင်းဆောင် လင်ကျန်..........”

လီဇီချီလည်း ရှင်းပြဖို့ ပြင်လိုက်သည်။

“မှန်တယ်၊ မှားတယ်ဆိုပြီး ရှင်းပြနေလို့လည်း အသုံးမဝင်ဘူး”

ဆွန်းမိုက လီဇီချီကို ရပ်ခိုင်းလိုက်သည်။

ဒါကိုကြားလိုက်ပြီး လီဇီချီလည်း မျက်ခုံးပင့်ကာ တိတ်ဆိတ်သွားသည်။

အဆုံးထိပြေင်းခုံကြရင် လင်ကျန်က ဂေါင်ပန်နှင့် သူ့တပြည့်တွေကို ဆူပူကောင်း ဆူပူပါလိမ့်မည်။ ဘာသုံးလို့ရမှာလဲ။ တစ်ဖက်က ပြသနာရှာချင်နေတာ တစ်ကြိမ်မအောင်မြင်ရင် နောက်တစ်ကြိမ် အမြဲရှိနေမှာပါ။ ။ ဒါကြောင့်လည်း အားလုံးကို တစ်ခါတည်း ဖြေရှင်းဖို့လိုသည်။

အမှန်ပဲ။ ဂေါင်ပန်ကို အခုတစ်ခါတည်း ချေမှုန်းရမည်။ ဒါမှ သူနှင့် သူတပြည့်တွေက နောင်ကို ဘယ်တော့မှ ထပ်ပြီး ဒုက္ခမပေးတော့မှာ။

“ငါတို့ မှန်တာ မှားတာ ဘာလို့ အသုံးမဝင်တာလဲ ”

လုချီဟွာက နားမလည်လို့မေးလိုက်သည်။

အစပိုင်းတွင် ဂေါင်ပန်သည် ဆွန်းမိုကို အထင်သေးရုံသာ သေးနေခဲ့သည်။ ဒီစကားကိုကြားလိုက်ပြီးမှ သူလည်း လေးလေးနက်နက် အကဲခတ်လိုက်သည်။

ခပ်ချောချောနှင့်လူက တော်တော်စိတ်အားထက်သန်နေတာပဲ။

သူ့အမြင်အရ ဆွန်းမိုဘယ်လို မိန်းမချူစားနိုင်ရတာလဲ။

ဂေါင်ပန်လည်း အရိုးထဲက မာနကြီးသည့်လူဖြစ်သည်။ တစ်ယောက်ယောက်က သူနှင့်ရှုပ်ချင်နေရင် သူတိုင်ဖို့ လူလိုက်မရှာနေပါဘူး။ သူ၏ရွေးချယ်မှုကတော့ နောက်တစ်ဖက်ကိုတွန်းလှန်လိုက်မည်။ သူ့ရန်သူများ နောင်တွင်

ပြဿနာ မရှာရဲအောင် ကြမ်းကြမ်းတမ်းတမ်း ရိုက်ပစ်လိုက်မည်။

"ဒါဆိုလည်း ပြိုင်ကျတာပေါ့"

ဇောင်ဝမ်တိုက သူ့အစီအစဉ်နှင့် ဝေးသွားမှာ စိုးရိမ်ပြီး

"ငါတို့ကျောင်းသားတွေကြောင့် ဖြစ်တာဆိုတော့ ငါတို့ကျောင်းသားတွေက တိုက်ခိုက်ပြီး အနိုင်အရှုံး ဆုံးဖြတ်ကြတာပေါ့"

ဂေါင်ပန်သည် ဇောင်ဝမ်တိုကို လှည့်ကြည့်လိုက်သည်။

ရှန်ယွန်ပေါင်က အရမ်းပျော်သွားသည်။ သူ့ခံယူချက်ကတော့ ကောင်းမွန်တဲ့ တိုက်ပွဲတစ်ခုနှင့် ဖြေရှင်းလို့ မရတဲ့ အရာမရှိဘူး။ ကောင်းတဲ့ တိုက်ပွဲနှင့် ဖြေရှင်းလို့မရရင် နောက်တစ်နည်းက နောက်တစ်ကြိမ် ရိုက်လိုက်ရုံပါဘဲ။

"အဓိပ္ပာယ်မရှိတာ" လင်ကျန်က ဒေါသတကြီး အော်လိုက်သည်။

"မင်းတို့အားလုံး ငါတို့ စိန်ခေါ်တာကိုလက်ခံ ရဲလား"

ဖူချောင်ကလည်း သူတို့၏ အစီအစဉ်ပျက်သွားမှာ စိုးရိမ်ပြီး လီဇီချီနှင့် အခြားသူများကို ဝင်ပြီး စိန်ခေါ်လိုက်သည်။

"ငါတို့လည်း မကြောက်ဘူး"

ပညာသင်ဘက်အစ်မကြီးအနေနှင့် လီဇီချီသည် ရာထူးတက်လာပြီး ပညာသင်ဘက်မောင်နှမများ ကိုယ်စားပြောလိုက်သည်။

"ကောင်းပြီ၊ သုံးပွဲမှာ နှစ်ပွဲ နိုင်တဲ့ဘက်က အနိုင်၊ နောက်တစ်လကြာရင် ပြိုင်ကွင်းမှာ တွေ့မယ်"

ဖူချောင်နှင့် သူ့နောက်လိုက်ကျောင်းသားများ အရင် ကတည်းက သဘောတူထားသည့် အတိုင်းပြောလိုက်သည်။

"လောင်းကြေးက ဘာလဲ"

ကမ္ဘာကြီး ပူလောင်နေတာကို မြင်ချင်သည့် ထန်ထန်ယုထန် ရုတ်တရတ် ဝင်ပြောလိုက်သည်။

"မင်းတို့အနိုင်ရရင် ငါတို့က လူသိရှင်ကြား တောင်းပန်မယ်၊ နောင်ကျမင်းတို့နဲ့ဆုံရင်လည်း ငါတို့ လေးစားမှုကိုပြဖို့ ခေါင်းငုံ့သွားမယ်"

ခေါင်ဝမ်တို ချောချောမောမော ပြောလိုက်သည်။ သူအရင်ကတည်းက ဒီအကြောင်းကို စဉ်းစားနေခဲ့သည်။

“ဒါပေမယ့် ငါတို့နိုင်ရင် မင်းတို့ဘက်က ဝေးဝေး ရှောင်နေပေးဖို့ဘဲ လိုတယ်”

ခေါင်ဝမ်တိုသည် လောင်ကြေးကို အရမ်းကြီး မမြှင့်ရဲပါ။ သူတို့ကြောက်လန့်သွားပြီး မပြိုင်ရင် ဘယ်လိုလုပ်မလဲ။

“မလိုပါဘူး ငါတို့ရှုံးသွားရင်လည်း မင်းတို့ကို တွေ့တိုင်း အရိုအသေပေးမယ် ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီက ဒေါသတကြီးပြောလိုက်သည်။ (မင်းတို့က သေချာပေါက်နိုင်မယ်လို့ ထင်နေတာလား။ မင်းတို့ ငါတို့အားလုံးကို တော်တော်အထင်သေးနေတာပဲ)

"အားလုံး ပါးစပ်ပိတ်ထား"

လင်ကျန်က ဟောက်လိုက်သည်။ အခုခေတ် ကျောင်းသားများသည် သူတို့ကစပြီး သူတို့ကပဲ စီစဉ်နေကြသည်။ ကိုင်တွယ်ဖို့ တော်တော်ခက်လာသည်။

"ဆရာဂေါင်၊ ဆရာဆွန်း၊ မင်းတို့ဘာမှ ဝင်မပြောကြတော့ဘဲ ရပ်ကြည့်ဖို့ဘဲကြံနေတာလား"

လင်ကျန်သည် စည်းကမ်းနှင့် ပက်သက်ပြီး အရမ်းတိကျသည်။ ဒါကြောင့် ဆွန်းမိုနှင့် ဂေါင်ပန်တို့ အခုမှ ကျောင်းကို ဝင်လာကြသော်လည်း သူတို့၏ မျိုးရိုးနာမည်ရှေ့တွင် ‘ဆရာ’ ထည့်ခေါ်ခဲ့သည်။ သူက စီနီယာကျသော်လည်း မထီမဲ့မြင် မလုပ်ခဲ့ပါ။

“ဆရာဆွန်း ကျောင်းသားတွေက ဒီလောက် အထိတောင် ရောက်လာမှတော့ ရပ်လိုက်လို့ သိပ်တော့ မကောင်းဘူး၊ မင်းဘယ်လိုလုပ်ချင်လဲ”

ဂေါင်ပန်ကလည်း ဆွန်းမိုကို ပြဿနာရှာဖို့ အစီအစဉ်ရှိနေပါသည်။ သူ့ကျောင်းသားတွေက

အရင်လုပ်ဆောင်ခဲ့တော့ သူကိုယ်တိုင်တောင် လုပ်စရာမလိုတော့ဘူး။

"လုပ်ကြတာပေါ့"

ဆွန်းမိုက အေးစက်စက်ရယ်ပြီး ပြောလိုက်သည်။ အမှတ်(၂) အထက်တန်းကျောင်းတွင် ကျောင်းသားတွေ၏ ရပ်တည်မှုကို စာမေးပွဲရလာဒ်တွေနှင့်ယှဉ်ပြီး ဆုံးဖြတ်ကြသည်။ ဒါပေမယ့် ဒီကမ္ဘာမှာတော့ တိုက်ခိုက်ရေးစွမ်းအားနှင့် ဆုံးဖြတ်သည်။

ဆွန်းမိုက အတွေအကြုံမရှိသော်လည်း မကြောက်ပါဘူး။ သူကဒါကို အနေးနှင့်အမြန် တွေ့ကြုံရမည်ဖြစ်သည်။

“ကောင်းပြီ ငါတို့ အောင်ပွဲခံ ဒိုဂျိုမှာ တစ်လပြည့်ရင် တွေ့ကြတာပေါ့”

ဂေါင်ပန်က ပြောပြီးသည်နှင့် လင်ကျန်ကို လှမ်းကြည့်လိုက်ပြီး

“တစ်နှစ်စာ ခေါင်းဆောင်ကို သက်သေလုပ်ပေးဖို့ တောင်းဆိုပါရစေ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အောင်ပွဲခံဒိုဂျိုသည် နှစ်ပေါင်းရာနှင့်ချီအောင် သမိုင်းကြောင်းရှိသည့် ဗဟိုပြည်နယ်အကယ်ဒမီက အားကစားကွင်းဖြစ်သည်။ တိုက်ခိုက်ရေး ဒါမှမဟုတ် ပြိုင်ပွဲများလုပ်ဖို့ အသုံးပြုသည်။

ကျောင်းကလည်း ကျောင်းသားတွေ ရှုံးပွဲမရှိ အောင်ပွဲခံမယ်လို့ ရည်ရွယ်ပြီး 'အောင်ပွဲခံ' လို့ အမည်ပေးထားခဲ့သည်။

"မင်းတို့ အားလုံးမကန့်ကွက်တာ သေချာလား"

လင်ကျန်က နောက်ဆုံးအကြိမ် မေးလိုက်သည်။ နှစ်ယောက်စလုံးက ခေါင်းညိတ်လိုက်ပြီး ကျောင်းသားတွေကို လှည့်ကြည့်လိုက်သည်။

"မင်းတို့ရဲ့ နှစ်တွေနဲ့ ကျင့်ကြံခြင်းအဆင့်တွေကို အစီအရင်ခံပါ"

အကယ်ဒမီများတွင် ပြိုင်ဆိုင်မှုများက ရိုးရှင်းလွန်းသည်။

ကျောင်းသားများ သီးသန့်တိုက်ခိုက်နေတာကို တွေ့ပါက ကျောင်းထုတ်ခံရမည် ဖြစ်သည်။

တကယ်လို့ ကျောင်းသားများ ပဋိပက္ခဖြစ်ပါက ကွင်းပြင်ပေါ်တွင် တိုက်ခိုက်ပြီး ဖြေရှင်းနိုင်သည်။

"ဇောင်ဝမ်တို ပထမနှစ် ။ ခန္တာကိုယ်ပြုပြင်ခြင်း အဆင့်(၂)။"

"ဇောင်ဝမ်လီ ပထမနှစ် ။ ခန္တာကိုယ်ပြုပြင်ခြင်း အဆင့်(၃)။"

"ဖူချောင် ပထမနှစ် ။ ခန္တာကိုယ်ပြုပြင်ခြင်း အဆင့်(၂)။"

ငါးယောက်ထဲတွင် ရှန်ယွန်ပေါင်သည် အဆွဲဆောင်နိုင်ဆုံး ဖြစ်နေသည်။

တိုက်တစ်ခုတည်းနှင့် ကျောင်ကြားလိုပါက လျှိုမှုဘိုင်တောင် သဘောကျသည့် ဒီပါရမီရှင်ကို စိန်ခေါ်ပြီး ရိုက်နှက်ရမည်။

"လီဇီချီ ပထမနှစ် ။ ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၁)။"

ပညာသင်ဘက်အစ်မအကြီးဆုံးဖြစ်သည့် လီဇီချီက ပထမဆုံး ပြောလိုက်သည်။ ပြီးတော့ သူမက ခေါင်ဝမ်တိုကို တည့်တည စိုက်ကြည့်နေသည်။ သူမ၏ ပစ်မှတ်က ဒီကောင်ဖြစ်ရမယ်လို့ ဆုံးဖြတ်လိုက်သည်။

"လုချီဟွာ...... ပထမနှစ် ။

ခန္ဓာကိုယ်......ပြုပြင်ခြင်း အဆင့်" လုချီဟွာက စကားထစ်နေသည်။

"ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့်က ဘယ်လောက်လဲ"

လင်ကျန်ကမျက်မှောင်ကြုတ်ကာမေးလိုက်သည်။

"ကိုယ်ခန္ဓာပြုပြင်ခြင်း နယ်ပယ်ကို မဖြတ်ရသေးဘူး"

လုချီဟွာသည် ထိုစကားပြောပြီး ဆွန်းမိုနောက်တွင် ပုန်းနေကာ စိတ်ဓါတ်ကျပြီး ရှက်ရွံ့သည့် အကြည့်နှင့် ကြည့်နေသည်။ သူမသည် ကိုယ်ခန္တာပြုပြင်ခြင်း အဆင့်ကိုပင် မတက်ရသေးပါ။ ရှက်ဖို့ကောင်းနေသည်။

ဇောင်ဝမ်တိုနှင့် တစ်ခြားနှစ်ယောက်ကလည်း လုချီဟွာကို ပြိုင်ဘက်အဖြစ် တစ်ခါမှ မသတ်မှတ်ထားပါဘူး။ အမှန်တိုင်းပြောရရင် လီဇီချီကိုတောင် ထည့်မတွက်ထားပါဘူး။ သူတို့က ရှန်ယွန်ပေါင်ကိုပဲ စိုက်ကြည့်နေသည်။

"ငါကိုမကြည့်နဲ့ ငါက ကွင်းထဲတောင် မဝင်ဘူး၊ မင်းတို့ကောင်တွေက ငါ့ပြိုင်ဘက်မဟုတ်ဘူး" ရှန်ယွန်ပေါင်သည် တိုက်ခိုက်ရတာကို ကြိုက်သော်လည်း ဒီလောက်အဆင့်နိမ့်သည့် သူများကို စိတ်မဝင်စားပါဘူး။

"မင်း.................."

ဖူချောင် ဒေါသထွက်သွားသည်။ ဒီလူက သူတို့ကို အထင်သေးနေသည်။

"ငါတို့တွေက အဆင့်ခုန်ကျော်ပြီး မင်းကို မနိုင်ဘူးဆိုတာ မင်းဘယ်လိုသိမလဲ"

ဇောင်ဝမ်လီက မေးခွန်းထုတ်လိုက်သည်။ ရှန်ယွန်ပေါင်သည် အဆင့်(၅) ဒါမှမဟုတ် ထိုထက် အဆင့်ပိုမြင့်သည့် သူတစ်ယောက်ဖြစ်ကြောင်း သေချာပေါက် ပြောနိုင်သည်။

"မင်းကလူကို ကဲ့ရဲ့တယ်ဟုတ်လား။ ငါ့လက်နှစ်ဖက်စလုံးကို အသုံးမပြုပဲနဲ့တောင် မင်းကို အသာလေးနိုင်တယ်"

ရှန်ယွန်ပေါင် ပေါ့ပေါ့ပါးပါး ရယ်ရင်း ပြောလိုက်သည်။

"ပေါက်ကရပြောမနေနဲ့တော့ မင်းရဲ့နှစ်နဲ့ ကျင့်ကြံခြင်းအဆင့်ကိုပြော"

လင်ကျန်က တိုက်တွန်းလိုက်သည်။

"ပေါင်လေး စည်းကမ်းအတိုင်း လုပ်လိုက်ပါ"

"ပေါင်လေးက ဘယ်သူလဲ"

ရှန်ယွန်ပေါင်က တိုးတိုးလေး ပြောလိုက်ပေမယ့် သူပြန်ပြီး စောဒက မတက်ချင်တော့ပါဘူး။ သူ့ရဲ့နှစ်နဲ့ ကျင့်ကြံခြင်းအဆင့်ကို ပြောဖို့ ဆုံးဖြတ်လိုက်သည်။

" ပထမနှစ် - ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၅)"

ပြည်နယ်ကိုးခုတွင် မကြေငြာထားသည့် စည်းကမ်းတစ်ခုရှိသည်။ ပြိုင်ဘက်နှစ်ခုကြား ရန်ပွဲအတွက် ကျင့်ကြံခြင်းသည် အဆင်းသုံးဆင့်ထက် မကျော်လွန်ရပါ။

"ထန်ထန်ယုထန် ပထမနှစ် ။ ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၁)။"

ထန်ထန်ယုထန် ပခုံးတွန့်ပြရင်း ပြောလိုက်သည်။

ထို့နောက် လူအားလုံးက ချန်လုံကို လှည့်ကြည့်လိုက်ကြသည်။ ထန်ထန်ယုထန်သည်

အရမ်းကို အားနည်းသောကြောင့် နိုင်သွားရင်တောင် ဂုဏ်ယူစရာမရှိပါ။

လူတိုင်း၏ အကြည့်များအောက်တွင် ချန်လုံသည် တိတ်ဆိတ်နေသည်။

လင်ကျန်က တိုက်တွန်းလိုက်သည့်အခါ ချင်လုံကပြောလိုက်သည်။

“ချန်လုံ”

ဘာမှ ထပ်မပြောတော့ပါဘူး။

လင်ကျန်သည် စောင့်ရတာ စိတ်မရှည်တော့ပါ။ လင်ကျန်က ထပ်လောလိုက်သည့်အခါ 'ပထမနှစ်' ဆိုသည့် စကားကလွဲရင် ဘာမှ မကြားတော့ပါ။

'……………...'

လူတိုင်းဆွံ့အ နေသည်။ လူတိုင်းက ဒီကောင့်နဖူးတွင် 'အမှိုက်' အစား မ………….အ……………လ….လို့ရေးလိုက်ရင် ပိုကောင်းမလားလို့ တွေးလိုက်ကြသည်။ လူတိုင်းက ရှုးတော့မလို ခံစားရပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိုက်တွန်းလိုက်သည့်အခါတွင် ချန်လုံက ထပ်ပြောလိုက်သည်။

"ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၉)"

ဟာ

ထိုစကားကို ကြားလိုက်ရင် လူတိုင်း စိတ်ထဲတွင် အံ့အောသည့်စိတ်များသာ ရှိတော့သည်။ ဒီကောင်လေးက ကျင့်ကြံခြင်း အမြင့်ဆုံး သူဖြစ်နေမယ်လို့ မထင်ထားခဲ့ပါ။

ဒါပေမယ့်လည်း ဒီအခြေအနေကြောင့် တိုက်ပွဲ ဝင်မပါနိုင်ပါ။

“မင်းတို့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို ငါမှတ်ထားလိုက်ပြီ နောက်တစ်လကြာရင် အောင်ပွဲခံဒိုဂျိုမှာတွေ့ကြမယ်။ ပွဲက မနက်ရှစ်နာရီ စမယ်။ နောက်ကျတဲ့ဘက်က အရှုံးလို့ သတ်မှတ်မယ်” လင်ကျန်လည်း စကားကို ခဏရပ်လိုက်ပြီး အဖွဲ့နှစ်ဖက်ကို တစ်ချက်ကြည့်လိုက်သည်။

“ပွဲမတိုင်ခင် မင်းတို့အဖွဲ့နှစ်ဖွဲ့ကြားက အငြင်းပွားမှု အားလုံးကို တားမြစ်တယ်။ မဟုတ်ပါက ကျောင်းစည်းကမ်းနဲ့ အပြစ်ပေးခံရမည်။ မင်းတို့အခုပဲ လူစုခွဲနိုင်ပြီ”

နှစ်ဖက်စလုံး ထွက်သွားကြသည်။ ဂေါင်ပန်သည် သူတို့နားတွင် ဘယ်သူမှ မရှိသော်လည်း ကြောက်ရွံခြင်းမရှိရေကန်နား ရောက်သည်အထိ စကားတစ်ခွန်းမှ မပြောခဲ့ပါ။ “ပြောစမ်းပါအုံး မင်းတို့ဘာလို့ ဆွန်းမိုကျောင်းသားကို သွားရန်စတာလဲ”

ဖြောင်း

ဇောင်ဝမ်တိုနှင့် အခြားနှစ်ယောက်စလုံး ဒူးထောက်လိုက်ကြသည်။

“ဆရာ ကျွန်တောက်တို့ကို အပြစ်ပေးပါ”

"ဘာကြောင့်လဲဆိုတာ အရင်ပြောပါ"

ဂေါင်ပန်က ဇောင်ဝမ်တိုကို ကြည့်ပြီးမေးလိုက်သည်။ ဒီကောင် စီစဉ်တာ ဖြစ်နိုင်သည်။

"အမှာင်တိုက်ကြီး သွားခွင့်ရမယ့် ပထမအသုတ် နေရာ ၅၀ စာအတွက် ကျွန်တော်တို့ ဒါကို လုပ်ခဲ့ပါတယ်"

ဇောင်ဝမ်တိုသည် ဘာမှလုပ်စရာမရှိအောင် ပျင်းနေရင်လည်း ဒီနေရာလွတ်အတွက်ကြောင့်သာ

မဟုတ်ရင်လီဇီချီနှင့် သူ့မနောက်လိုက်များကို ရန်စခဲ့မည်မဟုတ်ပါ။

အခန်း (၁၀၆) - လျှို့ဝှက်ဆန်းကြယ်သော အမှောင်တိုက်ကြီး။

အမှောင်တိုက်ကြီးသည် မခန့်မှန်းနိုင်လောက်အောင်ကို ထူးခြား ဆန်းကြယ်လှပါသည်။ အလယ်ကမ္ဘာကြီး၏ အလယ်ပိုင်း သဘာဝနှင့် ပတ်ဝန်းကျင် မတူညီသောကြောင့် တခြား ဘယ်နေရာမှာမှ မတွေ့နိုင်သည့် ထူးဆန်းသော သတ္တဝါများလည်း များစွာရှိသည်။

ထိုသတ္တဝါများ အပြင် အမှောင်တိုက်ကြီး၏ ဝိညာဉ်ချီဖိအား၊ သတ္တုရိုင်းအမျိုးအစားများနှင့် သဘာဝနိယာမများသည် အလယ်ကမ္ဘာနှင့် တော်တော်ကွာခြားပါသည်။ အရေးအကြီးဆုံးကတော့ အမှောင်တိုက်ကြီးတွင် စွန့်ပစ်ထားသည့် ရှေ့ဟောင်းနေရာ အများအပြား ရှိနေသည်။

ထိုအပျက်အစီးနေရာများသည် အလယ်ကမ္ဘာက လူများလုံးဝကို နားမလည်နိုင်သည့် နေရာများ ဖြစ်နေကြသည်။ ဘယ်အချိန်ကတည်းက ဘယ်လို တည်ရှိခဲ့ကြတာလဲ။

မပေါက်သေးဘူး။ ထိုနေရာတွင် ရှိနေသော ဘာသာစကားကို တောင် မဖတ်နိုင်ကြသေးပါဘူး။

အတ္တလန်တစ် သမုဒ္ဒရာတွင်ရှိနေသော ပျောက်ကွယ်နေသည့် ယဉ်ကျေးမှုနှင့် ဖျက်ဆီးခံခဲ့ရသော အယ်လ်ဒိုရာဒို လို ဖြစ်နေသည်။

မဖြေရှင်းနိုင်သည့် လျှို့ဝှက်ချက်များနှင့် ပြည့်နေသည်။

လက်ရှိ အလယ်ကမ္ဘာတွင်ရှိသော အသိပညာတွေ၊ နည်းပညာတွေ၊ ကျင့်ကြံခြင်း ကျင့်စဉ်တွေ၊ အလောင်းတွေ၊ ရှေးဟောင်းပစ္စည်းတွေ၊ အမှတ်တရ

ပစ္စည်းတွေကို ထိုနေရာမှ ရှေ့ဟောင်းအမွေအနှစ်အဖြစ် ရရှိလာကြခြင်း ဖြစ်သည်။

ထို အမွေအနှစ် ပစ္စည်းများကြောင့်လည်း အလယ်ကမ္ဘာ၏ ကျင့်ကြံခြင်းသည် ဒီလောက်အထိ တိုးတက်လာခြင်း ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းကျော်က အလယ်ကမ္ဘာမှ လူများနှင့် တန်လူမျိုးများသည် ရှေ့ဟောင်းတရုတ်ပြည်က လူများနှင့် တူသည်။ သူတို့၏ ဘဝသည် ခက်ခဲ ကြမ်းတမ်းပြီး

အသက်လည်း တိုကြသည်။ ဒါပေမယ့် အမှောင်တိုက်ကြီးကို မထင်မှတ်ဘဲ ရှာတွေ့ပြီး အမွေအနှစ်များကို ရရှိလာကာ အလယ်ကမ္ဘာက လူများသည် ရှေးခေတ် တရုတ်ပြည်နှင့် ကွဲပြားသော ယဉ်ကျေးမှုများ ပေါ်ပေါက်လာသည်။

ဒါပေမယ့်လည်း ထိုတိုက်ကြီးသည် အန္တရာယ်များလွန်းသောကြောင့် သူတော်စင်ဂိတ်က အမှောင်တိုက်ကြီးလို့ နာမည် ပေးထားခဲ့သည်။ သတိတစ်ချက်လစ်လိုက်တာနှင့် ကျင့်ကြံသူတွေတောင် သေသွားနိုင်သည်။

သို့သော်လည်း အမှောင်တိုက်ကြီးသည် မျှော်လင့်ချက် ရောင်ခြည်တစ်ခုလည်း ဖြစ်နေသေးသည်။ မသိသေးသော၊ မရှာဖွေရသေးသော လျှို့ဝှက်ဆန်းကြယ်သည့် နေရာများစွာ ရှိနေသေးသည်။

ထိုနေရာတွင် ထာဝရ အသက်ရှင်နိုင်သည့် လျှို့ဝှက်ချက်တွေတောင် ရှိတယ်လို့ ပြောကြသည်။

တစ်ယောက်ယောက်က အသေကောင်များကို သွန်းလောင်းပြီး ထိုနေရာတွင် နတ်ဘုရား ဖြစ်လာနိုင်တယ်လို့လည်း ပြောကြသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မရေမတွက်နိုင်သည့် နိုင်ငံသားများကြားတွင် မတူညီသည့် အိပ်မက်များ ရှိနေကြသည်။

ကျင့်ကြံသူများသည် ဘာကြောင့် အဆက်မပြတ်အားထုတ်ပြီး ဆင်းရဲ ဒုက္ခများကို ခံနေကြတာလဲ။

လူတွေကြားမှာ ချန်ပီယံ ဖြစ်ဖို့လား။ ပိုကောင်းတဲ့ ဘဝကို ရချင်လို့လား။

လူတော်တော်များများကတော့ ဒီအတိုင်း ဖြေရင်ဖြေကြမှာပါ။ ဒါပေမယ့် အဆုံးစွန်းထိ

လိုက်စားသူများကတော့ သူတို့၏ ကံကြမ္မာကို ထိန်းချုပ်ချင်ကြသည်။

ပြီးတော့ ကျင့်ကြံသူများကို အမှောင်တိုက်ကြီးကလည်း ဒီလိုအခွင့်အရေး ပေးနေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော် လောက်ကတည်းက အမှောင်တိုက်ကြီးကို ရှာဖွေတွေ့ရှိခဲ့သော်လည်း နည်းပညာ နိမ့်နေသေးသည့် အလယ်ကမ္ဘာက လူသားများအတွက် အမှောင်တိုက်ကြီးသည် လုံးဝကို

မစူးစမ်းရသေးသော အသုံးမချရသေးသော မြေကွက်လပ်ကြီး တစ်ခု ဖြစ်နေခဲ့သည်။

ပြောချင်တာက ဘယ်သူမဆို ထိုနေရာတွင် ရွှေ၊ ကျောက်မြတ်ရတနာများအပြင် သူတို့၏ ဘဝကိုပါ ပြောင်းလဲနိုင်သော အရာများကို တွေ့နိုင်သည်။

အမှောင်တိုက်ကြီးသည် လျှို့ဝှက်ဆန်းကြယ်လွန်းသောကြောင့် ဘယ်လိုသွားရမှာလဲ။

တယ်လီပို့ ဂိတ်များက တဆင့်သာ ဝင်ရောက်နိုင်သည်။

....

ထိုတိုက်ကြီးကို ပထမဆုံး လူငယ်တစ်စုက တွေ့ရှိခဲ့သည်။ ကျင့်ကြံရန်အတွက် နဂါးတောင်၊ စာကလေးတောင်ကို သွားသည့်အခါ ရှေ့လူမျိုးများ၏ အပျက်အစီးများကို ရှာတွေ့ခဲ့ကြသည်။

သူတို့လည်း စူးစမ်းလေ့လာပြီး တချို့မပျက်စီးသေးသည့် အဆောက်အဦးတွင်းသို့ ဝင်ကာအဖိုးတန် အရာများကို ရှာဖွေခဲ့ကြသည်။ နောက်ဆုံးတော့ အမှောင်တိုက်ကြီးကို တွေ့ရှိခဲ့ကြသည်။

ထိုအဆောက်အဦးကြီးသည် တကယ်တော့ တယ်လီပို့ တစ်ခု ဖြစ်နေသည်။

ထိုအကြောင်းကလည်း နောက်ဆုံးတွင် လူသိများလာခဲ့သည်။

ဒဏ္ဍာရီ ပုံပြင်တစ်ပုဒ်လို ဖြစ်နေခဲ့သည်။

ထိုလူငယ်တစ်စုသည် အမှောင်တိုက်ကြီးကို စွန့်စားသွားလာပြီး အန္တရာယ်များကိုလည်း ကြုံတွေ့ခဲ့ရသည်။ သူတို့ ရှင်သန်နိုင်ခဲ့ပြီး အမွေအနှစ် ပစ္စည်းများကိုလည်း ပြန်လည်ယူဆောင်နိုင်ခဲ့သည်။ ထိုနောက်ပိုင်းတွင်

သူတို့သည် သူတော်စင် ဂိတ်ကို တည်ထောင်ခဲ့ကြသည်။

ထိုအကြောင်းအရာများကို သိုးသားရေပေါ်တွင် ရေးထိုးထားပြီး သူတော်စင်ဂိတ် စာကြည့်တိုက်တွင် သိမ်းဆည်းထားသည်။ လူတိုင်းအလွယ်တကူနှင့် မကြည့်နိုင်ကြပါ။

အမြင့်ဆုံး လှျို့ဝှက်ချက်အဖြစ် သတ်မှတ်ထားခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငင်းကိုဖတ်ဖို့ အလယ်ကမ္ဘာတွင် အရည်အချင်းပြည့်မှီသောလူများကို လက်တစ်ဖက်တည်းနှင့် ရေတွက်နိုင်သည်။

....

သူတော်စင်ဂိုဏ်သည် နှစ်ထောင်ပေါင်းများစွာအတွင်း ငွေကြေးအမြောက်အများကို သုံးစွဲခဲ့သည်။ တယ်လီပို့ ထိန်းချုပ်နိုင်သည့် နည်းပညာကို မရခင် ကျင့်ကြံသူ ဘယ်လောက်များများ သေသွားးလည်းဆိုတာ မသိနိုင်တော့ပါဘူး။

ထိုတယ်လီပို့မှ တဆင့် ကျင့်ကြံသူများသည် အမှာင်တိုက်ကြီးကို ဝင်ရောက်နိုင်သည်။

ဒါပေမယ့်လည်း အမှောင်တိုက်ကြီးသည် အန္တရာယ်များနှင့် ပြည့်နေပြီး သေခြင်းတရားနှင့် ဒွန်တွဲနေသည်။ ဒါကြောင့်လည်း သူတော်စင်ဂိတ်က ဝင်ရောက်မည့် သူတို့၏ လိုအပ်ချက်များကို တင်းကျပ်ထားရသည်။

ပြည်နယ်ကိုးခုတွင် စာသင်ကျောင်းများကို အမြင့်ဆုံးအဆင့်၊ အေ အဆင့် ၊ ဘီ အဆင့် ၊ စီ အဆင့်

၊ နှင့် ဒီ အဆင့် ဆိုပြီး လူသိများသော အဆင့်ငါးခုကို ဘာကြောင့် ခွဲထားရတာလဲ။

သူတော်စင်ဂိတ်သည် အရည်အချင်းရှိသူများကို အကောင်းဆုံး ပျိုးထောင်ပေးပြီး နည်းဗျူဟာ အသစ်များကို သုတေသန လုပ်ချင်သောကြောင့် ဒီစနစ်ကို အကောင်အထည် ဖော်ထားခဲ့သည်။

ဒါက အဓိပ္ပာယ်ရှိသည်။ လူတိုင်းက အမှောင်တိုက်ကြီးကို ဝင်သွားပြီး မကောင်းသည့် လူများ အားလုံးသေသွားတာလည်း ဖြစ်နိုင်သည်။ ဒါပေမယ့် ဉာဏ်ကောင်းသည့် ပါရမီရှင်များလည်း

သေသွားရင်ကော။ ဒါဆို တကယ်ကို စိတ်ပျက်ဖို့ကောင်းသွားနိုင်သည်။

ဒါကြောင့်လဲ ဒီနည်း စနစ် ပေါ်လာခဲ့သည်။

ကျောင်း တစ်ကျောင်းက အဆင့်အတန်းပိုမြင့်လေ သူတို့အတွက် နေရာလွတ်က ပိုများလေဖြစ်သည်။

ထိုနေရာများက အမှောင်တိုက်ကြီးကို ဝင်ခွင့်ရသည့် နေရာများ ဖြစ်သည်။

နေရာစာရင်း ပိုရနိုင်ရန် ကျောင်းများအသီးသီးသည် သူတို့၏ ပညာရေးဆိုင်ရာ အဆောက်အဦးများ၊ ဆရာများ၏ စွမ်းရည်များ၊

အရည်အချင်း ရှိသည့် ကျောင်းသားများကို အဆင့်မြှင့်တင်ရန် အမြဲကြိုးစားနေခဲ့သည်။

ထိုကဲ့သို့ ပြိုင်ဆိုင်မှု ပြင်းထန်သည့် ပတ်ဝန်းကျင်အောက်တွင် ကျောင်းသားများလည်း ပညာအရည်အချင်း ပိုကောင်းမွန် လာကြမည်။ ဒါကြောင့် သူတို့သင်ကြားသည့် ကျောင်းသားများလဲ ပိုထူးချွန်လာကြမည်။

သူတော်စင်ဂိတ်သည် ကျောင်းသားများအတွက် ကောင်းမွန်သည့်လှေကားတစ်ခု ကို တည်ဆောက်ပေးရန် ကျောင်းအဆင့် သတ်မှတ်သည့်

စနစ်ကို အသုံးပြုခဲ့သည်။ အရည်အချင်းရှိသူများသည် အမှောင်တိုက်ကြီးကို ဝင်ရောက်ပါက သူတို့ အသက်ရှင်နိုင်ခြေ ပိုများသည်။

....

ဇောင်ဝမ်တို့၏ အကြောင်းပြချက်ကိုကြားပြီး ဂေါင်ပန်လည်း သူ၏ စိတ်အားထက်သန်မှုကို နားလည်သော်လည်း နည်းနည်းတော့ စိတ်ပျက်သွားသည်။

အမှန်တိုင်းပြောရရင် လူထုဟောပြောပွဲတွင် ဆွန်းမိုက ပိုအောင်မြင်သွားသောကြောင့်

သူ့ကျောင်းသားများက ဆွန်းမို ကျောင်းသားများကို ပြဿနာ သွားရှာခဲ့တာလို့ သူထင်နေခဲ့သည်။

အခုတော့ သူအတွေးလွ္ွန်နေပုံရသည်။

"ဆရာ"

ဂေါ်ပန်က စကားမပြောဘဲ တိတ်ဆိတ်နေသောကြောင့် ဇောင်ဝမ်တိုလည်း စိုးရိမ်သွားပြီး လှမ်းခေါ်လိုက်မိသည်။

"အမှောင်တိုက်ကြီးကို အရမ်းသွားချင်နေတဲ့ မင်းတို့ရဲ့ စိတ်ကို ငါနားလည်ပေးနိုင်တယ်။ ဒါပေမယ့် မင်းတို့က လုပ်ချင်သလို လုပ်နေပြီး ငါ့ကိုရော

လေးစား မှုရှိသေးရဲ့လား” ဂေါင်ပန်က ပြန်မေးလိုက်သည်။

‘ဆရာ၊ ငါတို့က အသုံးမကျတဲ့လူတွေပါ’

ကျောင်းသား သုံးယောက်သည် ခွင့်လွှတ်ပေးရန် ဒူးထောက် တောင်းပန်နေခဲ့ကြသည်။

“ဇောင်ဝမ်တို မင်းရဲ့ စိတ်ကူး ငါ့ကို ထပ်ပြောပြစမ်းပါအုံး”

ဂေါင်ပန်က ဆူပူကြိမ်းမောင်းခြင်း မလုပ်ခဲ့သော်လည်း ပြန်ထဖို့လည်း ခွင့်မပြုခဲ့ပါ။

သူတို့ကို နည်းနည်းလေးမှ ဒဏ်မပေးခဲ့ရင် အနာဂတ်မှာ ဘယ်လို ဆုံးမ မလဲ။

"ဗဟိုပြည်နယ်အကယ်ဒမီမှာ အစဉ်အလာ တစ်ခုရှိတယ်၊ သုံးလကြာရင် ထိပ်တန်းကျောင်းသား အယောက် ၅၀ ကို အမှောင်တိုက်ကြီးဆီကို သွားခွင့်ပေးလိမ့်မယ်"

ဇောင်ဝမ်တိုက အဲဒီအကြောင်းကို စုံစမ်းထားခဲ့သည်။

သုံးလဆိုတာ ခဏလေးပါ။ ကျောင်းသားသစ်များလည်း ကျောင်းကို

ဝင်ရောက်လာကြပြီး ကျောင်းတွင်း ပတ်ဝန်းကျင်နှင့် ရင်းနှီးအောင် လုပ်နေကြတုန်း ဖြစ်သည်။ တိုက်ပွဲများက တဆင့်လည်း ထိပ်တန်းကျောင်းသား များကို ရွေးချယ်ဖို့ မဖြစ်နိုင်ပါ။

ဒါကြောင့် ဆရာများက အကြံပြုသည့် ထိပ်တန်းကျောင်းသား ၅၀သာ သွားရောက်ခွင့် ရနိုင်သည်။

ကျောင်းသားတစ်ယောက်က ပိုပြီးထူးချွန်လေ ၊ သူတို့ကို သွားခွင့်ပေးဖို့ အကြံပြုနိုင်ခြေ များလေလေ ဖြစ်သည်။

ကျောင်းသားများက ဒီပြိုင်ပွဲတွင် သူတို့ထူးချွန်ကြောင်းကို ဘယ်လို မြန်မြန် ပြသမလဲ။

ထုံးစံအတိုင်း နာမည်ကြီးနေသည့် ကျောင်းသားတွေကို စိန်ခေါ်ပြီး အနိုင်ယူဖို့ပဲ ရှိသည်။

ဇောင်ဝမ်တိုက ဆွန်းမိုကို ပစ်မှတ်အဖြစ် ရွေးချယ်ထားသည်။

“ လူသစ်စုဆောင်းပွဲနှင့် ပထမဆုံး လူထုဟောပြောပွဲတွင် ဆွန်းမိုသည် လုံးဝကို မီးမှောင်းထိုးပြခဲ့ပြီး ထင်ပေါ် ကျော်ကြားလာခဲ့သည်။ ဒါ့အပြင်သူသည် အန်ရှီဝေနှင့်

စေ့စပ်ထားသောကြောင့် လက်ရှိတွင် လူတိုင်းနီးပါး သိနေသော ဆရာအသစ် တစ်ယောက်လည်း ဖြစ်သည်။

"သူလမ်းညွှန်နေတဲ့ ကျောင်းသားတွေကို ငါတို့ အနိုင်ယူလိုက်ရင် ငါတို့ရဲ့ နာမည်က တကျောင်းလုံးမှာ ကျော်ကြားလာလိမ့်မယ်။ ဒါက ကျော်ကြားဖို့ အမြန်ဆုံးနည်းပဲ "

ဇောင်ဝမ်တိုက စိတ်အားထက်သန်စွာ ပြောနေသည်။

ဂေါင်ပန်လည်း ခေါင်းညိတ်ပြီးထောက်ခံလိုက်မိသည်။ အဲဒီနေရာမှာဆိုရင် သူလည်း ဒီလိုပဲ လုပ်မှာပါ။ နာမည်ကြီးနေသည့် သူကို တစ်ပွဲတည်းနှင့် သတ်ပစ်လိုက်တာက နာမည်ကြီးဖို့ အလွယ်ဆုံးပဲ။

“ရှန်ယွန်ပေါင် ကျောင်းကို စရောက်တုန်းက လျိုမှုဘိုင်က သဘောကျခဲ့တဲ့ အတွက် တော်တော်လေး နာမည်ကြီးသွားတယ်။ ဒါပေမယ့် မကြာခင် သူ့ကို ကျော်တက်သွားနိုင်မှာပါ”

ဖောင်ဝမ်တို့၏ စကားလည်း ဆုံးသွားသည်။ သူစကားသံတွေထဲမှာ ယုံကြည်ချက် အပြည့်နှင့် ဖြစ်နေသည်။

"မင်တို့မှာ သေချာပေါက်နိုင်မယ့် ဝှက်ဖဲရှိလား"

ဂေါင်ပန်လည်း စိတ်မဆိုးတော့ပါ။ ဆရာတစ်ယောက်အနေနှင့် ကျောင်းသားတွေ၏ ရည်မှန်းချက်ကို လိုအပ်သည့် အချိန်များတွင် အားပေးထောက်ခံဖို့ လိုသည်။

ကျောင်းသားသုံးယောက်လည်း တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်နေကြသည်။

နောက်ဆုံးတွင် ဇောင်ဝမ်တိုက "ကို့ကိုယ်ကို ယုံကြည်တာကို ဝှက်ဖဲအဖြစ် သတ်မှတ်လို့ ရလား"

ဂေါင်ပန် ခေါင်းခါလိုက်ပြီး "မရဘူး"

"ဟီးဟီး။ ဒါဆိုလည်း ဆရာရဲ့ သင်ကြားရေး စွမ်းရည်အပေါ်မှာပဲ မူတည်တော့တယ်။ ဆရာက ကျွန်တော်တို့ရဲ့ ခွန်အားကို တစ်လအတွင်း တိုးတက်လာအောင် လုပ်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"

ဇေါင်ဝမ်တိုက လျှာသွက်အာသွက်နှင့် ပြောလိုက်ပြီး ဂေါင်ပန်ကိုလည်း မြှောက်ပင့်ပေးလိုက်သည်။

"ဟား ဟား"

ဂေါင်ပန်က ရယ်မောလိုက်သည်။ " မင်းတို့ငါ့ကို မြှောက်ပြောနေမှန်းငါသိတယ်။ ဒါပမယ့်လည်း မင်းတို့ကို ပြောပြရသေးတာပေါ့။ ငါက နာမည်ကျော် ကျောင်းကိုးကျောင်းထဲက တစ်ကျောင်းဖြစ်တဲ့ အနောက်ဘက်ကမ်းရိုးတန်း စစ်ကျောင်းက ဘွဲ့ရတစ်ယောက်ပါ။ ငါ့ရဲ့ ဆန်းကြယ် ရေခဲ

လုံ့ကျင့်စဉ်ကို သင်ပေးဖို့ကလည်း အချိန်က နည်းနေတယ်။ မင်းတို့သင်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ငါ့ရဲ့ အတွေ့အကြုံနဲ့ ဗျက်ဖဲ တစ်ခု ပြောပြရတာပေါ့”

ဖေါင်ဝမ်တိုနှင့် နောက်ထပ်နှစ်ယောက်လည်း ဂေါင်ပန်ကို ကြည့်နေရင်း မျက်လုံး အရောင်တောက်လာသည်။

“ငါ့ဆီမှာ မိသားစုက ပေးထားတဲ့ ခန္ဓာကိုယ် သန့်စင်တဲ့ နည်းစနစ်ရှိတယ်။ ဆေးဘက်ဆိုင်ရာ ရေချိုးခြင်းနဲ့ ပေါင်းလိုက်ရင် မင်းတို့ရဲ့

ကျင့်ကြံခြင်းအခြေခံကို တစ်လအတွင်း အဆင့်တစ်ဆင့် တိုးတက်လာနိုင်မယ်”

ဂေါင်ပန်က ဒီလိုပြောနေရင်း ဂုဏ်ယူနေမိသည်။

“တကယ်လား”

ဖူချောင် အရမ်းပျော်သွားသည်။

“ဒါဆို ငါတို့သေချာပေါက် အနိုင်ရတော့မယ်”

ဇောင်ဝမ်လီလည်း အရမ်းကို စိတ်လှုပ်ရှားနေသည်။ သူက ရှန်ယွန်ပေါင်၏ ခေါင်းကို ရိုက်ခွဲဖို့ မစောင့်နိုင်ကြောင်းကို ဒူးထောက် ဝန်ခံလိုက်သည်။

ဖောင်ဝမ်တို အမူအရာကတော့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။

"စိတ်မပူပါနဲ့ ငါ့ရဲ့ ခန္ဓာကိုယ် သန့်စင်ခြင်း နည်းစနစ်က အနိုပ်ပညာပါ။ မင်းတို့ရဲ့ အလားလာ ကို ညှစ်ထုတ်ဖို့ ငါ့က လျှို့ဝှက် နည်းစနစ်တွေကို မသုံးပါဘူး။ ဒါကြောင့် မင်းတို့အနာဂတ်အတွက် ဆိုးကျိုး ရှိမှာ မဟုတ်ပါဘူး။ ဆေးဘက်ဆိုင်ရာ ရေးချိုးတာကလည်း အတူတူပါပဲ။ အဲဒါတွေကို ငါ့တို့ မိသားစုက ကျင့်ကြံသူတွေလည်း နှစ်ပေါင်း ရာနဲ့ချီပြီး အသုံးပြုလာကြတာ"

“တောင်ပန်ပါတယ်၊ ကျွန်တော်အတွေးလွန်သွားတယ်” ဇောင်ဝမ်တိုက တောင်းပန်လိုက်သည်။

“မင်းတို့က ငါ့ရဲ့ တပြည့်ဖြစ်သလို ငါ့ရဲ့ အနာဂတ်လည်း ဖြစ်တယ်။ ငါက မင်းတို့ကို အလကား အဖြစ်မခံပါဘူးကွ”

ဂေါင်ပန်က အလေးထားပြီး ပြောလိုက်သည်။ သူသည် ဇောင်ဝမ်တိုနှင့် နှစ်ယောက်ကို အမှန်တိုင်း ပြောခဲ့တာပါ။ သူတို့၏ ဆရာ

အဖြစ်ခံယူထားသောကြောင့် ရှိသမျှပုံအောကာ အစွမ်းကုန် ပြုစုပျိုးထောင် ပေးမှာပါ။

အချင်းချင်း လှျို့ဝှက်ချက်ကို ဝေမျှလိုက်သဖြင့် ပိုပြီး နွေးထွေးလာကြသည်။

စကားစမြည် ပြောပြီးနောက်မှာတော့ ဆွေးနွေးသည့် အကြောင်းအရာက အမှောင်တိုက်ကြီးဆီကို ပြန်ရောက်သွားပြန်သည်။

“ဆရာ မင်းက အနာက်ဘက်ကမ်းရိုးတန်း စစ်ကျောင်းက ဘွဲ့ရတစ်ယောက်ဆိုတော့

အရင်တုန်းက အမှောင်တိုက်ကြီးဆီကို ရောက်ဖူးလား”

ဖူချောင်က မေးလိုက်သည်။ ကျောင်းသားသုံးယောက်စလုံး ဂေါင်ပန်ကို မျှော်လင့်တကြီး စိုက်ကြည့်နေကြသည်။ အမှောင်တိုက်ကြီးမှာ ဂေါင်ပန် ကြုံခဲ့သည့် အတွေ့အကြုံများကို နားထောင်ချင်နေကြသည်။

“ဘယ်လိုပြောရမလဲ ၊ ငါတို့ မသိနိုင်တဲ့ အရာတွေ ပြည့်နှက်နေတာပဲ လျှို့ဝှက်ဆန်းကြယ်လွန်းပြီး သေခြင်းတရားကလည်း နေရာတိုင်းမှာ

တွေ့နိုင်တယ်။ တချိန်တည်းမှာလည်း အခွင့်အရေးတွေလည်း ပြည့်နေတယ်။ အမှောင်တိုက်ကြီးမှာ အသက်ရှင်နိုင်ခဲ့တဲ့ လူတွေကို ကျွမ်းကျင်တဲ့ လူတွေလို့ သတ်မှတ်လို့ရတယ်”

ဂေါင်ပန်သည် ဆက်ပြီးမပြောခင် တချက်လောက် စဉ်းစားလိုက်သည်။

“ အမှန်တိုင်းပြောရရင် အမှောင်တိုက်ကြီး ဝင်ခွင့်နေရာအတွက် တိုက်ခိုက်ဖို့ တစ်ခါမှ မစဉ်းစားဖူးဘူး။ မင်းတို့အဲဒီကို ရောက်သွားတာနဲ့ သေဖို့ အခွင့်အရေးများသလိုပဲ”

“အမှောင်တိုက်ကြီးဆိုတာ အားနည်းတဲ့သူတွေကို ချနင်းတဲ့ နေရာဘဲ၊ ဟိုမှာ မင်းအခွင့်အရေးရရင်တောင် မင်းသန်မာလေ မင်းကို တန်ဖိုးထားလေပဲ”

“အမှာင်တိုက်ကြီးကလည်း အကျယ်ကြီးဆိုတာ မင်းတို့ သိထားရမယ်။ သူတော်စင်ဂိတ်က အားလုံးကို မထိန်းချုပ်ထားနိုင်ဘူး။ ဒါကြောင့်လည်း အမွေအနှစ်ပစ္စည်းတွေ၊ လျှို့ဝှက် ရတနာတွေ၊ အဖိုးတန်မှော်ဆေးတွေနှင့် ထူးခြားမျိုးစိတ်တွေကို

လုယူဖို့ အချင်းချင်း သတ်ဖြတ်တဲ့ မြင်းကွင်းမျိုးကိုလည်း မင်းတွေ့နိုင်တယ် ”

“အမှောင်တိုက်ကြီးကိုရောက်ရင် လူသစ်တိုင်း လိုက်နာရမည့် စည်းကမ်း တစ်ခုရှိတယ်။ ဘယ်တော့မှ တစ်ယောက်တည်းမသွားနဲ့ ၊ ဒါဆိုရင်တော့ မင်း သေဖို့ အခွင့်အရေး ၈၀ ကနေ ၉၀ ရာခိုင်နှုန်းလောက် သေချာတယ် ”

လူငယ်တွေက သွေးဆူလွယ်ပြီး တိုက်ချင်ခိုက်ချင်စိတ် များတတ်ကြသည်။

ဓောင်ဝမ်တိုနှင့် နှစ်ယောက်လည်း ဂေါင်ပန်ပြောသည့် အန္တရာယ်များအကြောင်းကို သေသေချာချာတော့ နားမလည်ကြပါ။

"အမွှေအနှစ်တွေ၊ လျှို့ဝှက်ရတနာတွေ၊ အဖိုးတန်ပစ္စည်းများ...................."

သူတို့စိတ်ကူးထဲတွင် အမှောင်တိုက်ကြီးဆီကိုသွားပြီး အဖိုးတန်ရတနာတွေနဲ့ ပြန်လာကြမည်။

စာစဉ် (၈)

အခန်း (၁၀၇) - အမှတ် သုည။

ဆွန်းမိုသည် ကျောင်းသားငါးယောက်ကို ခေါ်လာကာ နောက်ထပ် စာသင်ခန်း တစ်ခုကို ရှာဖွေခဲ့သည်။

"ဆရာ၊ ဆရာ၊ အခုဘယ်လိုလုပ်ကြမလဲ"

ဆွန်းမို စကားပြန်မပြောရသေးခင် လီဇီချီ၏ မျက်နှာသည် မျက်မှောင်ကြုတ်ထားကာ ခါးသီးသော ဖရဲသီး ပုံစံဖြစ်နေသည်။ သူမ စိတ်ထဲတွင် စိုးရိမ်စိတ်များနှင့် ပြည့်နေသည်။

"အမ်၊ ခုနတုန်းက မင်းပဲ ယုံကြည်ချက်ရှိနေတာ မဟုတ်ဘူးလား။ ဘာဖြစ်လို့ မင်းယုံကြည်ချက်က မြန်မြန်ဆန်ဆန် ပျောက်သွားတာလဲ"

ထန်ထန်ယုထန်က တအံ့တအော မေးလိုက်သည်။

"အမ်၊ ငါတို့က ဘယ်လိုပဲပြိုင်ပြိုင် အနိုင်ရမှာ သေချာတယ်။ ဒါပေမယ့် ငါ့ယုံကြည်တဲ့ အချက်ထဲမှာ တိုက်ခိုက်တာ မပါဘူး"

သူမက တချို့ အချက်တွေမှာ အားနည်းတဲ့အကြောင်းကို ဝန်ခံရမှာ တော်တော် ရှက်ဖို့ကောင်းနေသည်။ ဒါပေမယ့် ဆွန်းမိုသည် လီဇီချီ

အလေးစားဆုံးနှင့် အချစ်ဆုံး ဆရာဖြစ်သည်။ ဒါကြောင့် ထန်ထန်ယုထန် ပြောတာကို သူမ ဂရုမစိုက်ပါဘူး။

"ဆရာ ၊ အဖြေ မြန်မြန် စဉ်းစားပါအုံး"

လီဇီချီ ကတော့ သူမဆရာသည် ရှုံ့စရာကောင်းသည့် ဖောင်ဝမ်တိုကို အနိုင်ယူမည့်နည်းလမ်းကို သူမအတွက် သေချာပေါက် စဉ်းစားပေးနိုင်မယ်လို့ ယုံကြည်နေသည်။

"တော်တော် ခက်တာပဲ"

ဆွန်းမိုက လီဇီချီကို ပြန်ပြီးလှေ့လာနေသည်။

....

ကြံ့ခိုင်မှု - ၅- သာမန်စံနှုန်း၊ ကြက်တစ်ကောင်ကိုတော့ လက်ဗလာနှင့် ဖမ်းနိုင်သည်။

ဉာဏ်ရည် - ၁၀- လက်ရှိအဆင့်တွင် အမြင့်ဆုံး ။ လူတွေကို မျောက်လို့ သတ်မှတ်ထားနိုင်သည်။ သံသယမဖြစ်ပါနဲ့ သူတို့အားလုံးက မင်းအတွက် အမှိုက်တွေပါ။

သွက်လက်ခြင်း - ၁ - မင်းကို ညှံ့ဖျင်းတယ်ထင်မှာကြောက်လို့ ၁

မှတ်ပေးထားသည်။ အရင်ကတော့ ၀ မှတ်ပေးချင်တာ။

ဆန္ဒ - ၅- အလွန်ရိုးရှင်းပြီး ဖန်လုံအိမ်ထဲက ပန်းတစ်ပွင့်လို ဖြူစင်သည်။

ခံနိုင်ရည် - ၄ _ ပင်ပန်းမှာကြောက်ရင် မပြေးပါနဲ့။

အလားလာ တန်ဖိုး - အလွန်မြင့်မားသည်။

မှတ်ချက် - ရင်ဘက်ပြားသော်လည်း သူမ၏ အလားလာ အရမ်းမြင့်သည်။

မှတ်ချက်၂- တိုက်ခိုက်တာကို ရှောင်ပါ။ တိုက်ခိုက်တာကလွဲရင် တခြားအရည်အချင်းအားလုံး ထိပ်တန်းအဆင့်ဖြစ်သည်။

....

ထိုအချက်အလက်များကို ကြည့်ပြီးဆွန်းမို ဘယ်လို ပြေပြရမလဲ မသိဖြစ်နေသည်။

လီဇီချီသည် စာဖတ်ရတာကို ဝါသနာပါပြီး ဘာသာရပ်အမျိုးမျိုးကို လေ့လာရတာ သဘောကျသည်။ ဒါ့အပြင် သူမသည် အရမ်းလည်း မှတ်သားထားနိုင်သည်။ ဒါကြောင့်လည်း သူမက

အလယ်ကမ္ဘာတွင် အကြီးဆုံးဖြစ်သည့် စာကြည့်တိုက်ကို တည်ဆောက်ရန် အိပ်မက်မက်နေခြင်းဖြစ်သည်။

လေ့ကျင်ခန်းနှင့် ပက်သက်လို့ကတော့ အကြောလျှော့ရတာကိုတောင် မကြိုက်ပါ။

တကယ်လို့ ခေတ်သစ်တရုတ်ပြည်မှာဆိုင်ရင်တော့ ထိပ်တန်းကျောင်းသားလို့တောင် မသတ်မှတ်ဘဲ "ပညာရပ်ဆိုင်ရာ နတ်သမီး" လို့တောင် သတ်မှတ်ထားနိုင်သည်။ နောက်ထပ်

နှစ်နည်းနည်းလောက်ကြာရင် နိုဘယ်ဆုတွေ ဘာတွေတောင် ရနိုင်သည်။

ဒါပေမယ့်လည်း ပြည်နယ်ကိုးခုတွင် ဝိညာဉ်ချီရှိနေသောကြောင့် သိုင်းခွန်အားကိုသာ အဓိက သတ်မှတ်ထားကြသည်။ လီဇီချီ၏ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်သည် သုည ဖြစ်ပြီး ကျင့်ကြံခြင်းတိုးတက်နှုန်းက နှေးကွေးတာ သူမ၏ အားနည်းချက်ဖြစ်နေသည်။

လီဇီချီ၏ အဖေသည် ငွေများကို ပုံအောသုံးစွဲပြီး သူ့သမီးအတွက် သာမန်သူတော်စင်တစ်ယောက်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတင်နိုင်ရန် သူ၏ လူမှုရေး အဆက်အသွယ်အားလုံးကို ဘာကြောင့် အသုံးချရတာလဲ။

ဘာကြောင့်ဆို လီဇီချီသည် ကျင့်ကြံရေးလမ်းကြောင်းပေါ်တွင် တကယ်ကို အနာဂတ်မရှိသောကြောင့် ဖြစ်သည်။

နတ်ဘုရားခွန်အား အဆင့်ထက်တွင် သက်ရှည်အဆင့်ရှိသည်။ ထိုအဆင့်သည် သူ၏နာမည်အတိုင်း ကျင့်ကြံသူ၏ သက်တမ်းလည်း တိုးမြင့်လာမည် ဖြစ်သည်။

နဲ့သည့် သူများက နှစ်ဆယ်နှင့် တစ်ရာအထိ သက်တမ်းတိုးလာနိုင်ပြီး ပိုများသည့် လူများက နှစ်ပေါင်းရာနှင့်ချီအောင် တိုးတက်လာနိုင်သည်။ သက်တမ်းတစ်ထောင်ကျော်အောင် နေခဲ့သော သူတော်စင်တစ်ယောက် ရှိခဲ့ဖူးတယ်လို့လည်း သတင်းတွေ ထွက်နေခဲ့ဖူးသည်။ သူကအသက် ၁၀၀၀ ကျော်အထိ နေထိုင်ခဲ့သည်။

ထိုကဲ့သို့ သူတော်စင်များသည် တချို့မင်းဆက်ထက်တောင် သက်တမ်းကျော်လွန်သွားပြီ ဖြစ်သည်။ သူတို့၏ ဉာဏ်ရည်

နည်းနည်းနိမ့်ကျနေရင်တောင် သူတို့၏ အချိန်အတိုင်းအတာကြောင့် ရွေးချယ်လိုက်သည့် နယ်ပယ်တွင် ကြီးမားသော အောင်မြင်မှုကို ရဖို့ လုံလောက်ပါသည်။

လီဇီချီ၏ လက်ရှိအနေအထားအရ သူမသည် အစားအသောက်နှင့် ကျန်းမာရေးကို ဂရုစိုက်သော်လည်း အများဆုံး သက်တမ်း တစ်ရာအထိသာ နေနိုင်မည်ဖြစ်သည်။ စောစောသေမည့် တပြည့်ွ်ကို ပျိုးထောင်ရန်

အချိန်ပေးခြင်းသည် သူတော်စင်များအတွက်တော့ အချိန်ဖြုန်းနေသလို ဖြစ်သည်။

သာမန်သူတော်စင်အဆင့် ရောက်နေသည့် သူတို့သည် ကျော်ကြားမှုများနှင့် အာဏာတို့ကို တိမ်တိုက်များလို့သာ သဘောထားကြတော့သည်။ သူတို့ လေ့လာလိုက်စားမှုတွင်သာ အချိန်ကုန်နေကြတော့သည်။ အနည်းဆုံးတော့ သူတို့တပြည့့်််ထဲကနေ နောက်ထပ် သူတော်စင်တစ်ပါး ပေါ်လာဖို့သာ မျှော်လင့်ကြတော့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကြောင့်လည်း အလယ်ကမ္ဘာကြီးတွင် ကျင့်ကြံခြင်းအရှိန်နေးပြီး အခြေခံအားနည်းသည့် သူများကို အသုံးမကျသည့် သူအဖြစ်သာ သတ်မှတ်ကြသည်။

ဒီလိုလူတွေအတွက်လည်း အချိန်မပေးချင်ကြတော့ပါဘူး။

ဆွန်းမို စကားကိုကြားပြီး လီဇီချီ၏ မျက်လုံးများ ရဲလာသည်။ မျက်ဝန်းထဲကနေ မျက်ရည် စီးကျလာသော်လည်း အတင်းထိန်းထားလိုက်သည်။

“ဒါပေမယ့် မင်းအသက်ရှည်နယ်ပယ်ကို ရောက်အောင် ငါစဉ်းစားလို့ရတဲ့ နည်းအားလုံးကို လုပ်ပေးမယ်”

ဆွန်းမိုက ချစ်ခြင်းမေတ္တာများ ပြည့်နေသည့် မျက်လုံးတွေနှင့် ကြည့်လိုက်ပြီး လီဇီချီ၏ ခေါင်းကို ပုတ်လိုက်သည်။

"ပြည်နယ်ကိုးခုမှာ အကြီးဆုံးနှင့် အခမ်းနားဆုံး ဖြစ်တဲ့ စာကြည့်တိုက်ကို တည်ဆောက်ဖို့ မင်းမှာ အချိန်အလုံအလောက် ရစေရမယ်"

"ဆရာ"

ဆွန်းမို၏ နူညံ့ကြင်နာသောအသံနှင့် အလေးထား ကြင်နာသည့် မျက်လုံးတွေကိုကြည့်ပြီး လီဇီချီသည် စိတ်မထိန်းနိုင်ဘဲ ပါးပြင်ပေါ်ကို မျက်ရည်စီးကျလာသည်။

သူမကို ဘယ်သူမှ ဒီလို မပြောခဲ့ဖူးပါဘူး။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၂၃၁/၁၀၀၀)

“ဆရာက အရမ်းကြင်နာတတ်တာပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာ စိတ်ထဲ တော်တော်လေး ခံစားလိုက်မိသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၁၅။ ရင်းနှီး (၄၈၈/၁၀၀၀)

လုချီဟွာ၏ လေးစားအထင်ကြီးမှု အမှတ်များကို ရရှိပြီး ဆွန်းမိုလည်း နည်းနည်းရှက်သွားသည်။

(မင်းက ငါ့ရဲ့ အရှူးအမူး ပရိတ်သတ် တစ်ယောက်ဖြစ်နေပြီလား) ဆွန်းမိုသည် နောက်ထပ်သုံးယောက်ကို ကြည့်လိုက်သည်။

ရှန်ယွန်ပေါင်ကတော့ တိုက်ပွဲကလွဲရင် တခြားဘာကိုမှ စိတ်မဝင်စားဘဲ တရားသာထိုင်နေသည်။

ထန်ထန်ယုထန်ကတော့ ပြုံးနေပြီး ဒီလိုဆရာနှင့် တပြည့့်််ကြားက ရင်းနှီးနွေးထွေးသည့် ဆက်ဆံရေးကြောင့် နည်းနည်းတော့ စိတ်ထဲ ခံစားလိုက်ရသည်။ ဒါပေမယ့် သူ့စိတ်ကတော့ တစ်နေရာကို ရောက်နေသည်။

ချန်လုံကတော့ မျက်နှာသေနှင့် တိတ်ဆိတ်နေပြီး သူ့အရှေ့ကို စိုက်ကြည့်ပြီး မှိန်းနေသည်။

“အော်။ ဆရာနဲ့ ကျောင်းသားတွေရဲ့ လမ်းစဉ်က ရှည်လျားပြီး တာဝန်တွေ ပြည့်နေပါလား”

ဆွန်းမို နားလည်သွားသည်။ သူတို့အားလုံး တွေ့ဆုံခဲ့ကြတာ ရက်ပိုင်းသာ ရှိသေးသည်။ တပြည့်ဲ့်တွေက သူ့ကို အပြည့်အဝ မယုံကြည်ကြသေးဘဲ မကိုးကွယ်ကြသေးပါ။

ဒင်

ချန်လုံ၏ လေးစားအထင်ကြီးမှု +၁၀။ မူလ(၈၅/၁၀၀)

“အမ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က အကြောင်းကြားချက်ကိုရပြီး ချန်လုံကို တစ်ချက် လှမ်းကြည့်လိုက်မိသည်။

(ဘာကောင်လဲဟ။ မိနစ်အနည်းငယ်ကြာပြီးမှ လေးစားအထင်ကြီးမှုအမှတ် ထွက်လာတာလား)

ချန်လုံက သူများတွေထက် တုန့်ပြန်မှု နှေးနေတာလား။

ချန်လုံက အေးစက်သည့်ပုံ ရှိသော်လည်း တကယ်တော့ စိတ်ခံစားချက် အရမ်းများပြီး နှလုံးသားနွေးထွေးသည့် လူငယ်တစ်ယောက်ပါ။

" ဆရာ။ အခုပြဿနာ ဖြစ်နေတာက ရှန်ယွန်ပေါင်နဲ့ ချန်လုံတို့ရဲ့ ကျင့်ကြံခြင်းအဆင့်က မြင့်နေတော့ သူတို့ ဝင်တိုက်လို့ မရဘူး။ တစ်ပွဲကိုတော့ အကောင်းဆုံး ကြိုးစားပြီး တိုက်လို့ရသေးတယ်။ နောက်ထပ် နှစ်ပွဲကို ဘယ်လိုလုပ် မလဲ"

လီဇီချီက ဗျူဟာတွေကို စဉ်းစားနေပါသည်။

ထန်ထန်ယုထန်ကတော့ ဖျားနေပြီး နေ့တိုင်း ချောင်းဆိုးနေသည်။ လေတိုက်တာ ပြင်းသွားရင်တောင် လဲကျနိုင်သည်။ တကယ်လို့

သူ့ကိုသာ စင်ပေါ်ကို တက်ခိုင်းလိုက်ရင် သူများရိုက်တာချည်းပဲ ခံနေရနိုင်သည်။

လုချီဟွာကလည်း ခန္တာကိုယ် ပြုပြင်ခြင်းနယ်ပယ်ကို မဝင်ရသေးပါဘူး။ သူမကိုလည်း အသုံးမဝင်သည့် ကျောက်တစ်ခုလို့ ဆိုနိုင်သည်။

“ငါ စိတ်ပူရမယ့် ကိစ္စပါ”

ဆွန်းမိုက လီဇီချီကို မစိုးရိမ်စေချင်ပါဘူး။

“ဒီနှစ်ရက်အတွင်း မင်းနဲ့လုချီဟွာကို ကျင့်ကြံခြင်း ကျင့်စဉ်တစ်ခု သင်ပေးမယ်။ မင်းတို့ သေသေချာချာ လိုက်နာပြီး လေ့ကျင့်ကြ”

ဆွန်းမိုသည် သဏ္ဍာန်မဲ့ မြင့်မြတ်စကြြ်ာဝဠာကျင့်စဉ် ပထမအဆင့်ကို မိန်းကလေးနှစ်ယောက်အား သင်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

ဒီကျင့်စဉ်၏ ပထမအဆင့်က သူတို့၏ စွမ်းရည်များကို လှုံ့ဆော်ပေးပြီး သူတို့ခန္ဓာကိုယ်က

စွမ်းအားများ ပေါက်ကွဲထွက်လာကာ ခွန်အားများကို တိကျစွာ ထိန်းချုပ်နိုင်စေသည်။

ဆွန်းမိုက ဒါကိုစမ်းသပ်ပြီး လီဇီချီ၏ စွမ်းရည်ကို နှိုးဆော်ပြီး သူမ၏ ကိုယ်လက်လှုပ်ရှားခြင်း စွမ်းရည် တိုးတက်လာမလားဆိုတာ သိချင်နေသည်။ လုချီဟွာ၏ ခန္ဓာကိုယ် အရည်အသွေးက ဆိုးဝါးလွန်းပါသည်။ ဒီကျင့်စဉ်၏ ပထမအဆင့်ကျင့်စဉ်က သူမကို ကုသပေးမည့် မှန်ကန်သော ဆေးဖြစ်လာနိုင်မလား။

"အင်း"

ကောင်မလေး နှစ်ယောက်ကလည်း သူမတို့ နားလည်ကြောင်း ခေါင်းညိတ်ပြကြသည်။

“ငါက မျက်နှာလိုက်ပြီး မင်းတို့သုံးယောက်ကို မသင်ပေးတာ မဟုတ်ဘူး။ ထန်ထန်ယုထန်၊ မင်းခန္ဓာကိုယ်က အရမ်းကို အားနည်းနေတော့ နှိုးဆွနိုင်တဲ့ အလားအလာ မရှိသေးဘူး။ ဒီကျင့်စဉ်ကို သင်လိုက်ရင် စောစောသေသွားနိုင်တယ်”

ဆွန်းမိုက ရှင်းပြနေသည်။

“ရှန်ယွန်ပေါင်၊ မင်းကတော့ မြက်ခင်း မီးတောက်လေပြင်း လှံကျင့်စဉ်ကိုပဲ အားစိုက်ကျင့်သင့်တယ်။

အဲဒါကို အပြည့်အဝ မအောင်မြင်ခင် နောက်ထပ်ကျင့်စဉ်တစ်ခုကို မလေ့ကျင့်သင့်သေးဘူး။ မင်းနဲ့ငါ မနက်တိုင်း တိုက်ကြမယ်”

ဆွန်းမိုက ဒါတွေအားလုံး စဉ်းစားပြီးသားပါ။ သူက ရှန်ယွန်ပေါင် ကျင့်စဉ်၏ အားနည်းချက်ကို သိရအောင် သူနှင့်တိုက်ခိုက်ပေးပြီး သဏ္ဍာန်မဲ့ မြင့်မြတ်စကြဝဠာ ကျင့်စဉ်နှင့် ရှေ့ဟောင်းလောကနတ် ကျင့်စဉ်ကို အသုံးပြုမည်။

တချိန်တည်းမှာပင် ဆွန်းမိုက နတ်ဘုရားမျက်စိကို သုံးပြီး ရှန်ယွန်ပေါင်၏ ကျင့်စဉ်က ထပ်ပြီး တိုးတက်လာနိုင်ခြေ ရှိမရှိကို လေ့လာမည်။

တခြားအဆင့်နိမ့် တိုက်ခိုက်ရေး ကျင့်စဉ်များသာဖြစ်ပါက ရှန်ယွန်ပေါင်အတွက် ထပ်လေ့လာဖို့ ပြဿနာ မရှိပါ။ ဒါပေမယ့် ဆွန်းမိုကျင့်စဉ်က သဏ္ဍာန်မဲ့ မြင့်မြတ်စကြဝဠာ ကျင့်စဉ် ဖြစ်နေသည်။

ကျင့်ကြံသူများအတွက် ကျင့်စဉ်များသည် ဆွဲဆောင်မှုရှိသော အလှတရားများ ဖြစ်နေသည်။

တကယ်လို့နည်းနည်းလောက် လေ့လာမိပါက အဆုံးထိ ကျင့်ကြံ ကြလိမ့်မည်။ စိတ်ယားနေသည့်ဒဏ်ကို မခံနိုင်ကြပါ။

ရှန်ယွန်ပေါင်သာ ဆွဲဆောင်မှုထဲကို ကျရောက်သွားပါက သူ့မှာ အကျိုးထက် ဆုံးရှုံးမှုသာ ပိုများနိုင်သည်။ ဒီကျင့်စဉ်၏ ရည်ရွယ်ချက်မှာလည်း ကျောင်းသားများကို လမ်းပြဖို့ ရည်ရွယ်သည်။ မြက်ခင်း မီးတောက် လေပြင်း လုံ့ကျင့်စဉ်သာ ရှန်ယွန်ပေါင်အတွက် အသင့်တော်ဆုံးနှင့် အကိုက်ညီဆုံး ဖြစ်နေသည်။

"ချန်လုံ မင်းက အခုမှ ပြန်ကောင်းလာနေတုန်းပဲ ရှိသေးတယ်။ လောလောဆယ် မကျင့်ကြံနဲ့အုံး။ ပျက်စီးနေတဲ့ ဝိညာဉ်တက်တူးတွေက မင်းရဲ့ ချီလမ်းကြောင်းကို နှောက်ယှက် ရုံသာမက မင်းကိုလည်း အပြင်းအထန် နာကျင်စေနိုင်တယ်။ တကယ်လို့ ပျင်းနေရင် ဝိညာဉ်တက်တူးကို လေ့လာသင့်တယ်"

ဆွန်းမိုက အကြံပေးလိုက်သည်။

"ဟာင်း"

ချန်လုံ မျက်နှာ ညှိုးကျသွားသည်။ ဆွန်းမိုပြောတာက မှန်နေပေမယ့် သူ တွေဝေနေသည်။

"ချန်လုံ မင်းတွေဝေပြီး အချိန်ဖြုန်း မနေနဲ့။ မင်းရဲ့ ခံစားချက်ကို နာကျည်းချက် အနေနှင့် အသုံးချလိုက်စမ်းပါ။ မင်းရဲ့ကိုယ်ပေါ်က ဝိညာဉ်တက်တူး ပြန်ကောင်းလာမယ့် နည်းလမ်းကို ငါ အစွမ်းကုန်ရှာပေးမယ်"

ဆွန်းမိုက နှစ်သိမ့်ပေးသည်။

"အင်း"

ချန်လုံလည်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ။ ဒီနေ့ သင်ခန်းစာအတွက် ငါလည်း ဘာမှ ထပ်ပြီး မပြောတော့ဘူး။ မင်းတို့ကိုလည်း ခက်ခဲ့တဲ့ မေးခွန်းတွေ မေးမနေတော့ဘူး။ မင်းတို့ အနေအထားကို နားလည်အောင် ရှေ့ဟောင်း နဂါးဖမ်းသည့်လက်နဲ့ စစ်ဆေးမယ်"

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပုတ်ရင်း ပြောလိုက်သည်။

သူ ကျောင်းသားတစ်ယောက်ခြင်းစီနှင့် သင့်တော်ပြီး အံဝင် ခွင်ကျသည့် ကျင့်ကြံခြင်း အစီအစဉ်ကို ရေးဆွဲပေးရန် စီစဉ်နေသည်။

"ယုထန် လာခဲ့"

ဆွန်းမို အော်ခေါ်လိုက်သည်။ လုချီဟွာနှင့် လီဇီချီတို့က မိန်းကလေးတွေ ဖြစ်သောကြောင့် သီးသန့် စစ်ပေးရမည်။

" ဒီနှစ်ရက်အတွင်းမှာ ကျောင်းတစ်ကျောင်းလုံးက ငါ့တို့ဆရာရဲ့ နတ်ဘုရားလက် အကြောင်းကို

ပြောနေကြတယ်။ နောက်ဆုံးတော့ သူ့အစွမ်းကို သိရပြီပေါ့”

ထန်ထန်ယုထန် စိတ်လှုပ်ရှားနေသည်။

ထန်ထန်ယုထန် ပခုံးကို ကိုင်လိုက်ရင်း မျက်တောင်နှစ်ချက် ခတ်ကာ သိုလှောင်ခန်းကို ဆင့်ခေါ်လိုက်သည်။ မနက်က ရရှိခဲ့သည့် အနက်ရောင် ရတနာ သေတ္တာကို ထုတ်ယူလိုက်သည်။

“ဖွင့်”

အနက်ရောင် အလင်းတန်းများ လင်းထိန်လာပြီး ဆေးထုပ်တစ်ထုပ် ကျန်ခဲ့သည်။

ဒင်

"ဈေးမဆေးထုပ်ကြီးကို ရရှိသည့်အတွက် ဂုဏ်ယူပါတယ်။ အသုံးပြုပုံ လမ်းညွှန်ချက် - ရေချိုးနေစဉ် ရေထဲကို ထည့်လိုက်ဖို့ သာလိုအပ်သည်။ မကြာခဏ သုံးပေးပါက မင်းရဲ့ ခန္ဓာကိုယ်ကို သန်မာစေပြီး ဘီလူးတစ်ကောင်လို သန်မာစေနိုင်တယ်"

ဆွန်းမို မျက်နှာ မည်းသွားသည်။ ထိုပစ္စည်းက အကျိုးသက်ရောက်မှု တော်တော် ကောင်းသော်လည်း စတိုးဆိုင်တွင် အမှတ် ၁ဂဂသာ တန်သည်။

ထိုဈေးနှုန်းအရဆို ပစ္စည်းကောင်းလို့ သတ်မှတ်လို့ မရပါ။

ဆွန်းမို၏ အကြည့်များထန်ထန်ယုထန် ပေါ်ကို ရောက်သွားသည်။ မလုပ်တော့ဘူး။ နောင်တွင် ရတနာသေတ္တာများကိုဖွင့်သည့် အခါ လုချီဟွာကိုပဲ ထိတော့မည်။ မဟုတ်လို့ကတော့ သူ့ကံက ကျိန်းသေပေါက် ဆိုးဝါးနေသည်။

ဆွန်းမိုလို ကံဆိုးသည့်သူက လောကီနည်းလမ်းများကို အားမကိုးရင် ငိုနေမှ ပဲရမည်။

ဆွန်းမိုလည်း ကျောင်းသား သုံးယောက်ကို စစ်ဆေးပြီးနောက် အတန်းချိန်လည်း ပြီးသွားသည်။ ဒါကြောင့် ထွက်သွားလို့ ရကြောင်း ပြောလိုက်သည်။

သူတို့သုံးယောက် ထွက်သွားသည်နှင့် လီဇီချီက လက်ကိုမြှောက်လိုက်သည်။

"ဆရာ၊ ကျွန်မတို့ အဆင့်သင့် ဖြစ်နေပြီ။ နေ့လယ်စာမစားခင်လား ဒါမှမဟုတ် စားပြီးမှ စစ်ဆေးမှာလား"

ဆွန်းမိုလည်း ကောင်းကင်ကို မော့ကြည့်လိုက်သည်။ နေ့လည်စာ မစားခင် အချိန်နည်းနည်း ရသေးသည်။

"အရင်ဆုံး အနှိပ်နဲ့ စလိုက်ကြတာပေါ့"

ထို့နောက် လီဇီချီက ဆွန်းမိုနှင့် လုချီဟွာကို ကျောင်းဝန်း အပြင်ခေါ်ထုတ်လာသည်။

"ဘယ်သွားနေတာလဲ"

ဆွန်းမိုက အံ့အောပြီးမေးလိုက်သည်။ ဒါပမယ့် သိပ်မကြာခင် အဖြေ သိလိုက်ရသည်။

သုံးယောက်သား ကျောင်းကနေ လမ်းလျှောက်ပြီး ထက်လာကျသည်။ အနောက်ဘက် မီတာ သုံးရာ အကွာကို ရောက်သည်နှင့် ထောင့်ဘက် ဝင်သွားကြသည်။

ထိုနေရာက လူနေရပ်ကွက် ဖြစ်သည်။ အိမ်များ၏ အရွယ်အစား၊ အပြင်အဆင် နှင့် ဒီဇိုင်းများကြောင့် လူချမ်းသာ ရပ်ကွက်လို့ ပြောနိုင်သည်။

ကလောက်

လီဇီချီက ကြီးမားသည့် တံခါးကို တွန်းဖွင့်လိုက်ပြီး ဘေးတွင် ရပ်ကာ ဖိတ်ခေါ်လိုက်သည်။

"ဆရာ၊ ဝင်ပါ"

အမှန်တိုင်းပြောရရင် လုချီဟွာသာ မပါလာပါက ဆွန်းမို လီဇီချီ၏ အိမ်ထဲကို မဝင်ရဲပါ။

ဆရာတစ်ယောက်က ကျောင်းနှင့် အရမ်းနီးသည့် အိမ်ကို အမျိုးသမီးကျောင်းသူတစ်ယောက်နှင့်သာ ဝင်သွားလိုက်ရင်။ ဘာတွေဖြစ်နေမလဲဆိုတာ လူတိုင်း သံသယ ဝင်သွားနိုင်သည်။ ဒါအပြင် တစ်ယောက်ယောက်က အတင်းအဖျင်းပြောပြီး ကောလဟာလများ ပြန့်လာရင် တကယ့် ဒုက္ခ ဖြစ်လာမည်။

စာစဉ် (၈)

အခန်း (၁၀၈) - အတိတ်နှင့် ပစ္စုပ္ပန်ကြားက ခြားနားချက်။

ထိုအချိန်တွင် ဆွန်းမိုသည် တက္ကသိုလ်တက်သည့်နှစ်များက စနေ၊ တနင်္ဂနွေကို ရောက်လာသည်နှင့် ချမ်းသာသော

မိသားစုကလာသည့် သူငယ်ချင်းများက ကျောင်းအနီးအနားတွင် အခန်းတစ်ခုထားကာ သူတို့၏ ချစ်သူများနှင့် တစ်ရက်နှစ်ရက် အချစ်ကစားသည့် အကြောင်းကို ပြန်စဉ်းစားလိုက်မိသည်။

ထိုအချိန်တွင် ဆွန်းမိုကတော့ warcraft လောကထဲကို ရောက်နေပြီး ဂိမ်းကစားရန် ညလုံးပေါက် အင်တာနက်ဂိမ်းဆိုင်ကို သွားနေခဲ့သည်။ (လက်ရှိ မိုဘိုင်း လီးကျန့်လို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂိမ်းတစ်မျိုး) ချမ်းသာသည့် သူငယ်ချင်းများကိုလည်း တိတ်တိတ်လေး အားကျခဲ့မိသည်။

ထိုအချိန်တုန်းကတော့ အပြစ်ကင်းပြီး ဖြူစင်သည့် ဆွန်းမိုက စုံတွဲများသည် တစ်ယောက်နှင့် တစ်ယောက် လွမ်းဆွတ်ပြီး မခွဲနိုင်လို့ အချင်းချင်း ချိုမြိန်သည့် စကားများပြောရန် အတူတူ နေတာလို့ ထင်ခဲ့မိသည်။ ဘွဲ့ရပြီး အလုပ်ရမှသာ ၁၈ + ကားများကို အမှတ်တမဲ့ ကြည့်မိပြီး သူ့ သူငယ်ချင်းများ ဖောင်းဒိုင်းဖို့အတွက် တက်ကြွနေမှန်း သိခဲ့သည်။

အင်း ဒါကိုတွေးပြီး ဝမ်းနည်းလာသည်။

(FA) အမြဲတမ်း တစ်ယောက်တည်းသမားအနေနှင့် အချစ်၏ အမြင့်ဆုံး အဓိပ္ပာယ် ဖွင့်ဆိုချက်ကိုတောင် နားမလည်ခဲ့မိဘူး။

"ဆရာ"

လီဇီချီက ပေါ့ပေါ့ပါးပါး လှမ်းခေါ်လိုက်သည်။ ဆွန်းမိုကတော့ ကြောင်တက်တက် ဖြစ်နေသည်။

"အင်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ခြေဖျားထောက်ကာ တံခါးပေါက်ကို ဖြတ်လိုက်သည်။

ဒါက ဝင်ပေါက်သုံးပေါက် ပါသော ဇိမ်ဇံအိမ်ကြီး ဖြစ်သည်။ စပျစ်နွယ်ပင်များက စိမ်းလန်းစိုပြေနေပြီး အိမ်အပေါ်ကို တွယ်တက်နေသည်။

အလှဆင်ထားသည့် ဂိတ်တံခါးကို ဖြတ်လိုက်ရင် လာဟူ (သစ်ပင်အမျိုးအစားတစ်မျိုး) ဆယ်ခုကျော်ကို စိုက်ပျိုးထားသည့် ဝင်းတစ်ခုကို မြင်ရသည်။ လေပြေကလေးများ တိုက်လိုက်ရင် သစ်ပင် အရိပ်များ လှုပ်ရှားနေကြသည်။

လက်ဝဲဘက်တွင်တော့ မျက်နှာပြင်ပေါ်တွင် ကြာရွက်များ ကြာပန်းများ နှင့် ရေကန်တစ်ခု ရှိသည်။ အရိပ်ရဖို့ တောင်အတု တွေတောင် ရှိသေးသည်။

ဆွန်းမိုသည် စိမ်းစိုနေသော သစ်ပင်နှင့် ခေါင်းပေါ်က မြင့်မားသည့် မျက်နှာကျက်များကို လိုက်ကြည့်နေမိသည်။ ထူးကဲလှပသော ရှေ့ဟောင်း အလှတရားများဖြင့် ဆွန်းမို နှလုံးသား ကြည်နူးနေခဲ့သည်။

“ဆရာ ကျွန်မတို့ အရှေ့ ဆက်သွားကြတော့မှာလား”

လီဇီချီက ပြောလိုက်သည်။

ဒီအိမ်ကြီးကို လီဇီချီက သူ့အစေခံအိုကြီးကို မနေ့ကမှ ဝယ်ခိုင်းထားခြင်း ဖြစ်သည်။ အစေခံအချို့ကလည်း ညလုံးပေါက် သန့်ရှင်းရေး လုပ်ခဲ့ကြသည်။ အိပ်ယာနှင့် ခေါင်းအုံး အားလုံး အသစ်လဲ ထားပြီး နေ့စဉ်သုံး ပစ္စည်းများကိုတောင် ထပ်ဖြည့်ထားသေးသည်။

"အင်း"

ဆွန်းမိုလည်း ခေါင်းညိတ်ပြလိုက်ပြီး လီဇီချီနောက်က ဆက်လိုက်သွားသည်။

အခန်းများက သန့်ရှင်းနေသည်။ လေထုထဲတွင်လည်း စန္ဒကူး အနံ့များ သင်းပျံ့နေသည်။

"ငါတို့ အခု စကြတော့မလား"

သူမပြောလိုက်သည့်တိုင် အသံက နည်းနည်း တုန်နေသည်။ ဗလတွေမှာ အဆီလိမ်းထားသည့် ခန္ဓာကိုယ် တစ်ခုကို ရုတ်တရတ် စဉ်းစားလိုက်မိသည်။

"သွားပြီး ပြင်လိုက်ပါ"

ဆွန်းမိုက ကြေးဘေစင်ကို မ ရင်းပြောလိုက်သည်။

“ငါသွားပြီးတော့ ရေသန့် သွားထည့်လိုက်အုံးမယ်”

“ငါလုပ်လိုက်မယ်”

လုချီဟွာက ကြေးဘောစင်ကို ဝင်လုကာ ရေကန်ဆီကို ပြေးသွားသည်။

“လီဇီချီ အဆင်မပြေရင်လည်း မင်းဝတ်ထားလို့ရတယ်”

ဆွန်းမိုက လီဇီချီ စိတ်သက်သာသွားအောင် ပြောလိုက်သည်။

ဒီနေရာက ဗဟိုပြည်နယ် တန်နိုင်ငံဖြစ်သည်။ ဒီနေရာ၏ ဓလေ့က အရင်တရုတ်ပြည်နှင့်တူသည်။

ယောက်ျားနှင့် မိန်းမ နည်းနည်းလေးတောင် ခန္ဓာကိုယ်ကို ထိတွေ့ခွင့်မရှိပါ။ မလိုအပ်ပါက လက်ထက်တော့မည့် ယောက်ျားနှင့် မိန်းမတွေတောင်

ခန္ဓာကိုယ်ကို မထိတွေ့ကြပါဘူး။

အမျိုးသမီးတွေက လမ်းပေါ်ထွက်သည့်အခါ ချည်သား အဝတ်အစားများ ဒါမှမဟုတ်ရင်လည်း ဇိမ်ခံ ပိုးထည်များကို သူမတို့ ခန္ဓာကိုယ်နှင့် လိုက်အောင် လုံလုံခြုံခြုံ ဝတ်ထားကြသည်။

အတိုအပြတ် ဝတ်ထားသည့် မိန်းကလေးတွေကို တွေ့ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပါ။

"ရပါတယ်'

လီဇီချီက ခေါင်းကိုယမ်းရင်း ပြန်ပြောလိုက်သည်။ သူမအဒေါ်ကို နှိပ်ပေးဖို့အတွက် အနှိပ်ပညာကို သင်ယူခဲ့ဖူးပါသည်။ အနှိပ်ခံသည့် သူက အဝတ်ဝတ်ထားရင် အကျိုးသက်ရောက်မှု သိပ်ပြီး မထိရောက်နိုင်တာကို သူမ သိထားပါသည်။

"မင်းက ငါ့ဆရာပဲလေ။ သူစိမ်းလို ဆက်ဆံစရာမှ မလိုတာ"

လီဇီချီ ဖန်သားကြေးမုန်မှန်နောက်ကိုဝင်ပြီး အဝတ်အစား လဲနေသည့် အသံများကို ကြားနေရသည်။

"ဆရာ ရေရလာပြီ"

လုချီဟွာက ကြေးဘေစင်နှင့်အတူ ပြန်ရောက်လာသည်။

ဆွန်းမိုက ရှေ့ဟောင်းဝေလငါးဆီကို ထုတ်ယူပြီး ရေထဲကို မထည့်မီ အချိုးအစားကို ပြင်ဆင်နေသည်။

ပုလင်းအဖုံးကို ဖွင့်လိုက်သည်နှင့် ထူးဆန်းလှသော ရနံ့တစ်ခုက လွင့်ပျံ့လာသည်။ လုချီဟွာလည်း မနေနိုင်ဘဲ ရှူလိုက်မိသည်။

"ဆ....ဆရာ... အဆင်အသင့် ဖြစ်နေပြီ"

လီဇီချီအသံက တုန်ယင်ပြီး ထွက်လာသည်။

"ချီဟွာက ငါ့ အကူလုပ်ပါ"

အမှန်တော့ အကူ မလိုပါဘူး။ ဘယ်လိုပဲ ပြောပြော အမျိုးသမီး ကျောင်းသူတစ်ယောက်နှင့် တခန်းတည်း ရှိနေတာက မသင့်တော်ပါဘူး။ ဒါကြောင့်လည်း

သူ့အပြစ်ကင်းကြောင်းသက်သေပြနိုင်ရင် လုချီဖွာကို ခေါ်ထားလိုက်သည်။

အကာနောက်တွင် ဝါးကုတင် တစ်ခုရှိသည်။ လီဇီချီက ဘောင်းဘီတိုနှင့် အကျႌဖြူတစ်ထည် ကို ဝင်ဆင်ထားပြီး ကုတင်ဘေးတွင် ရပ်နေသည်။

"တက်လိုက်ပါ" ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"အင်း"

လီဇီချီက ကုတင်ပေါ်တွင် မှောက်အိပ်လိုက်သည်။ ဒါပေမယ့် သူမ တစ်ကိုယ်လုံး တုန်နေသည်။

ဆွန်းမိုက ရှေ့ဟောင်းဝေလငါးဆီ နည်းနည်းကို လီဇီချီ ကျောပေါ်သို့ လောင်းချလိုက်သည်။ ပြီးတော့ သူ့လက်တွေနှင့် ကျောကို ဖိချလိုက်သည်။

ရှုတ်စ်

လီဇီချီသည် တောကြောင်တစ်ကောင်လို အလန့်တကြား ဖြစ်နေသည်။ သူမ တစ်ကိုယ်လုံးတောင့်တင်းနေပြီး ဆံပင်တွေတောင် ထောင်တက်သွားလား ထင်ရသည်။

"စိတ်လျှော့ထားပါ"

ဆွန်းမိုက သူမကို ညင်သာစွာ နှိပ်ပေးနေသည်။ ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို စပြီး သုံးလိုက်သည်။

လီဇီချီ ကြောက်နေသဖြင့် အာရုံပြောင်းလာအောင် ဆွန်းမိုက စကားတွေပြောနေသည်။

“မင်းရဲ့ ကြွက်သားတွေက ကောင်းပါတယ်။ အားလုံးအဆိုးချည်း မဟုတ်ပါဘူး။ မင်းရဲ့ တုန့်ပြန်မှု အကြောတွေ အားနည်းနေလို့ မဟုတ်ရင် မင်းကို ကျင့်ကြံခြင်းလမ်းစဉ်မှာ တောက်ပလာနိုင်တဲ့ ကြယ်တစ်ပွင့်လို့ သတ်မှတ်နိုင်တယ်”

"အင်း'

လီဇီချီ၏ အဖေကလည်း သူမအခြေနေကို ကြည့်ရှုနိုင်ရင် မြတ်ဆရာတစ်ယောက် တော်တော်ကြာအောင် ရှာဖွေနေခဲ့သည်။ ဒါကလည်း မွေးရာပါ ဖြစ်နေခဲ့သည်။ တုန့်ပြန်မှု အာရုံကြောသည် မွေးကတည်းက ပါလာသည့်အရာဖြစ်သည်။ သူတို့ကို တိုးတက်လာအောင် မလုပ်နိုင်ခဲ့ပါဘူး။

"စိတ်ပျက် မနေပါနဲ့။ ငါက လည်ပတ်ခြင်းနည်းစနစ်ကို သိပါတယ်။ မင်းရဲ့

တုန့်ပြန်မှု အာရုံကြောကို တိုးတက်လာအောင် လုပ်ပေးနိုင်ပါတယ်”

ဆွန်းမိုက စိတ်ပျက်နေခြင်း ပျောက်ကွယ်သွားအောင် အမျိုးမျိုး ပြောပြနေခဲ့သည်။

“ဂျင်းနီ ဘာကြောင့် ထွက်မလာသေးတာလဲ”

ဘုန်း

ဝိညာဉ်ချီများကြွတက်လာပြီး ခရမ်းရောင် ခေါင်းပေါင်းနှင့် ဗလတောင့်တောင့် ဂျင်းနီ ပေါ်လာသည်။

ဒီတစ်ကြိမ်တော့ မင်းသားက ချက်ခြင်းသွား မနိုပ်ဘဲ၊ ကိုယ်ဟန်အမျိုးမျိုးပြောင်းကာ ဗလ ထုတ်ပြနေသည်။

“သွားနိုပ်တော့လေ” ဆွန်းမိုက တိုက်တွန်းလိုက်သည်။

“အင်း အင်း”

ဂျင်းနီက ခေါင်းညိတ်လိုက်သည်။ ထိုနောက်မှာတော့ လက်ချောင်းဆယ်ချောင်းကို ဖြန့်လိုက်ပြီး ဆွန်းမိုနှင့် ချိတ်ဆက်ရန် ဝိညာဉ်ချီများကို ထုတ်လွှတ်လိုက်သည်။

ဖောင်း

ဂျင်းနီက ဆွန်းမိုကို ပခုံးနှင့်တိုက်ကာ လီဇီချီဆီကို တွန်းလွှတ်လိုက်သည်။

"မ........အ.......လ."

ဆွန်းမိုလည်း ကြောင်သွားသည်။ လီဇီချီ၏ ကျောပေါ်ကို လဲကျသွားသည်။ ကံကောင်းထောက်မစွာ မြန်မြန်ပြန်ထလိုက်နိုင်သည်။

ဂျင်းနီကတော့ ဘာမှဆက်မလုပ်တော့ဘဲ ဆွန်းမိုကို ရုပ်သေးရုပ်လို ထိန်းချုပ်ထားသည်။

သူ့လက်ချောင်းများကို လှုပ်ရှားလိုက်သည့်အခါ ဆွန်းမို၏ လှုပ်ရှားမှုများသည် လီဇီချီ တကိုယ်လုံးအနှံ့ လိုက်နှိပ်နေသည်။

“အို အို မင်းဘာလုပ်နေတာလဲ”

ဆွန်းမို ဒေါကန်လာသည်။

ဘီလူးက လူသားတို့၏ စည်းမျဉ်းများကို ဂရုမစိုက်ပါဘူး။ သူတို့၏ အနှိပ်ပညာက ထူးခြားသည့် အကျိုးသက်ရောက်မှုရှိဖို့သာ လုပ်ဆောင်နေသည်။ (နေရာအကုန် ထိမိနေသည်)

“ရပ်၊ မြန်မြန်ရပ်” ဆွန်းမို အော်ဟစ်နေသည်။

"မင်းသူ့ကိုရပ်ခိုင်းလိုက်ရင် ဘယ်လို ဖြစ်သွားမလဲ။ မင်းပြီးအောင် ဆက်နှိပ်သင့်တယ်"

စနစ်က ပြောလာသည်။

"ဒီကောင် ရုတ်တရုတ် ဘာလို့ ငါ့ကို ဒီလို လုပ်တာလဲ"

ဆွန်းမို နားမလည်နိုင်လို့ မေးလိုက်သည်။

"မိန်းမတွေကို မနှိပ်ချင်လို့ပေါ့"

စနစ်က ပြန်ပြောပြသည်။ ဒါပေမယ့်လည်း ဒီအဖြေက ဆွန်းမိုကို လန့်သွားစေသည်။

"အ"

ဆွန်းမိုလည်း ပြန်လှည့်ကြည့်လိုက်မိသည်။ ဒီဂျင်းနီက ဒသနဆန်သည့်ပုံစံနှင့် လိင်တူချစ်သူဖြစ်နေမယ်လို့ ဘယ်သူက တွေးမိမှာလဲ။

"ဘာတွေ အင်း၊ အဲ လုပ်နေတာလဲ။ အာရုံစိုက်ပြီး သင်စမ်းပါ။ သူ့ကို အမြဲတမ်း မှီခိုနေလို့ မရဘူး။ ဟုတ်တယ်ဟုတ်။ မင်းကို တစ်ခုပြောရအုံးမယ်။ မိန်းမတွေနဲ့ သင့်လျော်တဲ့ ထိတွေ့မှုက မင်းတို့ရဲ့ ဆက်ဆံရေးကို တိုးတက်စေပြီး ပိုရင်းနှီး စေတယ်"

စနစ်က ဆက်ပြီး "အိုး မင်းက FAပဲ ဆိုတာ ငါမေ့သွားတယ်။ မင်းက မိန်းမတွေရဲ့ အကြောင်းကို နားမလည်ပါဘူး"

"ထွက်လာစမ်း ၊ အခုချက်ခြင်းထွက်လာစမ်း။ မင်းကို မသတ်ဘူးလို့ ကတိပေးတယ်"

ဆွန်းမို တော်တော် ပေါက်ကွဲသွားသည်။ (ဒီအဖေက အသက် ၃၀ ပြည့်ရင် မှော်ဆရာအနေနဲ့ပြောင်းပြီး မင်းကို မီးလုံးကြီးကြီးနဲ့ ပစ်သတ်မယ်)

လီဇီချီက ကုတင်ပေါ်တွင် မလှုပ်မယှက် လဲနေသည်။

ရှေ့ခေတ်အနှိပ်ပညာ အကျိုးသက်ရောက်မှု စလာသည်နှင့် နာကျင်ခြင်း၊ ယားယံခြင်းတို့ကို ခံစားရသော်လည်း နောက်ဆုံးတွင် သက်တောင့်သက်သာ ဖြစ်လာပြီး ဇိမ်ခံလို့ ကောင်းလာသည်။

ဆယ်မိနစ်လောက်ကြာတော့ နှိပ်လို့ ပြီးသွားသည်။

လီဇီချီလည်း ကုတင်ပေါ်တွင် ဆက်ပြီးလှဲနေသည်။ သူမ မျက်လုံးများက မျက်နှာကျက်ကို ကြည့်နေပြီး သူမ ဝိညာဉ်က တိမ်တွေပေါ်ကို ပျံဝဲနေတယ်လို့ ခံစားနေရသည်။

"သူမကို ကူညီပြီး သန့်ရှင်းရေး လုပ်ပေးလိုက်အုံး"

ဆွန်းမိုလည်း လက်ဆေးရန် ခြံဝင်းအတွင်းသို့ ထွက်လာခဲ့သည်။ ပြီးတော့ ခုံတန်းတွင် ထိုင်ကာ လီဇီချီအတွက် ကျင့်ကြံခြင်း အစီအစဉ်ကို ရေးဆွဲနေသည်။

လီဇီချီလည်း သတိပြန်ရလာပြီး သူမတကိုယ်လုံး စေးကပ်နေသလို ဖြစ်နေသည်။ သူမ ကုတင်ပေါ်ကို ငုံ့ကြည့်လိုက်တော့ လုချီဟွာက သုတ်ပေးနေတာကို မြင်လိုက်သည်။

"မင်း အရင် ရေချိုးမလား။ ဆရာရဲ့ ရှေ့ဟောင်းနဂါးဖမ်းသည့်လက်က တကယ်ကို အထင်ကြီးစရာပဲ။ မင်းခန္ဓာကိုယ်ထဲမှာရှိတဲ့ မသန့်စင်မှုကို ထုတ်ပေးလိုက်တယ်"

လုချီဟွာသည် တကယ်ကို ဖြူစင်လွန်းသည်။ သူမက လီဇီချီအား ဆွန်းမိုနှိပ်ပေးတာကို ညစ်ညမ်းသည့် အရာနှင့် ဆက်စပ်ပြီး မတွေးခဲ့ပါ။

လီဇီချီလည်း လက်ကိုမြှောက်ပြီး ရှုလိုက်သည်။ တွေးထားသလိုပဲ တော်တော်ကို အနံ့ဆိုးနေသည်။ ဒါပေမယ့် သူမတကိုယ်လုံးပေါ့ပါးနေပြီး လက်ရှိ အခြေအနေက တော်တော်ကို ကောင်းနေသည်။ အခုချက်ခြင်းကို စကားလုံး တစ်သိန်းလောက်ပါသည့် စာအုပ်တစ်အုပ်ကို အလွတ်ကျက်မှတ်နိုင်သည်။

"မင်းနှိပ်ပြီးမှပဲ ငါတို့ အတူတူချိုးလို့ ရတာပဲ"

လီဇီချီအား သန့်ရှင်း သပ်ရပ်သည့် အဝတ်အစားများကို ကူပြီး ဝတ်ပေးလိုက်သည်။ သူမသည် ဆွန်းမိုကို ခေါ်ရန် ထွက်သွားသည်။

ဆွန်းမိုက လုချီဟွာကို ကြည့်လိုက်မိပြီး မျက်လုံးမှိတ်ထားလိုက်ချင်သည်။ သဘော်သီးကောင်မလေးအတွက် လီဇီချီ ပြင်ပေးထားသည့် အဝတ်အစားက ကြည့်ရတာ အဆင်မပြေပါဘူး။

“နောင်ကျရင် ငါ့ကို ရပ်စောင့်နေစရာ မလိုဘူး။ တခါတည်း မှောက်အိပ်ပြီးတော့သာ စောင့်နေ” ဆွန်းမိုက အမိန့်ပေးလိုက်သည်။

“အင်း”

လုချီဟွာက ငါးခြောက်တစ်ကောင်လို ကွေးကောက်ပြီး လဲနေသည်။

ဒီတစ်ခါတော့ ဆွန်းမို မျက်စိမှိတ်ထားသည်။ လုချီဟွာက နည်းနည်းလေးလှုပ်လိုက်ရင် သူမ သဘော်သီ နှစ်လုံးက လှိုင်များထလာပြီး မြင်ရသူက ငေးကြည့်မိ နေနိုင်သည်။

“မဟုတ်တာတွေ မတွေးနဲ့ စိတ်လျှော့၊ စိတ်လျှော့”

ဆွန်းမို တိုးတိုးလေး ရွတ်နေသည်။

လီဇီချီကလည်း နှုတ်ခမ်းများတုန်လာပြီး ကောင်းကင်ကြီးက မတရားလိုက်တာလို့ တွေးနေသည်။ သူတို့ရဲ့ အရွယ်အစားက ဘာလို့ ဒီလောက်တောင် ကွာရတာလဲ။

ဆွန်းမိုလည်း အဝတ်စကို ခေါက်လိုက်ပြီး မျက်လုံးကို စည်းထားလိုက်သည်။

(အရမ်းကောင်တယ်။ ပွင့်လင်းမြင်သာမှု မရှိတော့ဘူး။ ဘာလို့ စောစော မတွေးခဲ့မိတာလဲ)

ဘယ်လိုပဲပြောပြော သူ့လက်ကိုတော့ ဂျင်းနီက ထိန်းချုပ်ထားသည်။ ဆွန်းမို ဘာမှ မမြင်ရလည်း သိပ်ပြီးတော့ မထူးပါဘူး။

ပုံမှန်ဆိုရင် မျက်လုံးပိတ်ထားပါက ရှေ့ဟောင်းအနှိပ်ပညာကို သင်ယူသည့်နေရာတွင် ကြံ့ကြာသွားနိုင်သည်။ ဆွန်းမိုအတွက်တော့ ဖြည်းဖြည်းခြင်း သင်ရလည်း ကိစ္စ မရှိတော့ပါဘူး။

“ဆရာ၊ ငါ့ရဲ့ ဖွဲ့စည်းပုံက ဘယ်လိုလဲ’

လုချီဟွာက ထထိုင်ရင်းမေးလိုက်သည်။ ဒီမေးခွန်းကို မေးလိုက်သည့်အခါ သူမသည် စိုးရိမ်နေပေမယ့် မျက်လုံးများမှာတော့ မျှော်လင့်ချက်အရောင်များတောက်နေသည်။

တခြားအတွေးကတော့ သူမသည် စာရွက်တစ်ရွက်လို ဖြူစင်လွန်းသည်။

ဆွန်းမိုလည်း တိတ်ဆိတ်သွားသည်။ ဘယ်လိုပြောသင့်လဲ။

လိုချီဟွာ၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံသည် တကယ်ကို ဆိုးရွားလွန်းကြောင်း မဟာအဆင့်

ကြွက်သားပြုပြင်ခြင်း နည်းစနစ်အရ ဆွန်းမိုသိနေသည်။ ခန္ဓာကိုယ် ပြုပြင်ခြင်းအဆင့်ကို သူမ မအောင်မြင်တာလည်း သိပ်ပြီးတော့ မထူးဆန်းတော့ပါဘူး။ အဆင့်တက်ချင်ရင်တော့ သူမသည် တခြားသူတွေထက် ဆယ်ဆလောက် ပိုကြိုးစားဖို့ လိုအပ်သည်။

စာစဉ် (၈)

အခန်း (၁၀၉) - ကျောင်း၏ အကောင်းဆုံးသော ကျင့်စဉ်။

"ကျင့်ကြံခြင်း ကျင့်စဉ် ၃၀ လောက် လေ့လာခဲ့ပြီးပြီ ၊ဟုတ်တယ်မလား"

ဆွန်းမိုက ခေါင်းစဉ်ပြောင်းလိုက်သည်။

"ငါ အမျိုးအစား ၈၀ ကျော်လောက် လေ့လာခဲ့ပြီးပြီ။ ဒါပမယ့် တခုမှ သေသေချာချာ မမှတ်မိဘူး"

လုချီဟွာက သူ့အတွက် အဆင့်မြေပြမည့် ကျင့်စဉ်တစ်ခုကို လိုချင်နေခဲ့သည်။ ဒါပမယ့် သူမဘယ်လိုပဲ ကြိုးစား အားထုတ်ပါစေ အရာမထင်ခဲ့ပါဘူး။

လီဇီချီသည် လုချီဟွာ ပြောသည့် အရေအတွက်ကိုကြားပြီး ထိတ်လန့်စွာ ကြည့်လိုက်မိသည်။ “ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့် မရောက်တာလည်း မပြောနဲ့လေ။ တချိန်တည်း ကျင့်စဉ်အများကြီးကို လျှောက်ကျင့် နေတာကိုး”

"မဟုတ်ဘူး။ ငါ့အဖေက ငါအရမ်းတုံးတယ်လို့ ပြောတယ်"

လုချီဟွာ၏ လေသံ ညှိုးကျသွားသည်။ အဖေဖြစ်သူ၏ စကားကိုကြားလိုက်သည့်အချိန်တွင် တစ်လလုံး ဖျားသွားခဲ့ပြီး စိတ်ဒဏ်ရာရခဲ့သည်။ တကယ်ကို သေလုနီးပါး ဖြစ်ခဲ့ရသည်။

လီဇီချီလည်း တိတ်ဆိတ်သွားသည်။ သူမ၏ ဉာဏ်ရည် အရ ဆွန်းမိုက တမင်သက်သက် အကြောင်းအရာ ပြောင်းလိုက်မှန်း သိသည်။

လုချီဟွာ၏ ကိုယ်ခန္ဓာ အနေထားက ဖွင့်ပြောဖို့ မကောင်းလောက်အောင်ကို ဆိုးရွားနေခဲ့သည်။

"စိတ်မပူပါနဲ့၊ ငါမင်းအတွက် တုန္နိုင်းမဲ့တဲ့ ကျင့်ကြံခြင်း ကျင့်စဉ်တစ်ခု ငါပေးမယ်။ အဲဒါကို သင်လိုက်တာနှင့် မင်းဟာ ကောင်းကင်အောက်မှာ ပြိုက်ဘက်ကင်း ဖြစ်လာလိမ့်မယ်"

ဆွန်းမိုက လုချီဟွာလို အလုပ်ကြိုးစားပြီး ဖြူစင်သည့် ကျောင်းသားမျိုးကို တကယ် သဘောကျပါသည်။ ဒါကြောင့် သူမ နာကျင် ဝမ်းနည်းနေတာကို မမြင်ချင်ပါဘူး။

"အမ်"

လုချီပျွာလည် ဝမ်းသာသွားပြီး ထထိုင်လိုက်သည်။ ဆွန်းမို လက်မောင်းကို အလျှင်စလို ဖက်လိုက်ပြီး "ဘယ်လောက် အစွမ်းထက်သလဲ" မေးလိုက်သည်။

ဆွန်းမိုက မျက်လုံး ဖုံးအုပ်ထားလို့ တော်သေးသည်။ ဒါပေမယ့်လည်း အဆင်မပြေသေးပါ။

သဘော်သီး မိန်ကလေးက ရုတ်တရုတ် ထထိုင်လိုက်သောကြောင့် သူမ၏

ကြီးကျယ်ခမ်းနားသော သဘော်သီးများက ဒေါသတကြီး လှုပ်ခပ်နေသည်။ တစ်ယောက်ယောက်သာ သူ့မရင်သားနှင့် ထိမိလိုက်ရင် မှုးဝေသွားနိုင်သည်။

လီဇီချီ၏ နှုတ်ခမ်းများလည်း စူနေပြီး မနာလို ဖြစ်လာသည်။

ဆွန်းမိုလည်း သူ့လက်မောင်းကို ဖိထားသည့် နူးညံ့လှသော အသားစိုင်နှစ်ခုကို ခံစားလိုက်မိသည်။ အစပိုင်းတုန်းကတော့ ဘာလဲဆိုတာ မသိပေမယ့် နောက်ကျတော့ သဘောပေါက်သွားသည်။

ဒါကြောင့်လည်း လက်ကိုဆန့်ထုတ်ကာ လုချီဖွာကို ညင်ညင်သာသာ တွန်းထုတ်လိုက်သည်။

“အတိအကျဆို ဘယ်လောက်တောင် အစွမ်းထက်လဲ”

လုချီဖွာကတော့ ဆွန်းမို၏ ရည်ရွယ်ချက်ကို နားမလည်ဘဲ လက်ကိုတောင် ပိုပြီး တင်းတင်းကျပ်ကျပ် ဖက်လာလိုက်သေးသည်။ ဒါ့အပြင် သူမလေသံကလည်း နူးညံ့နေသည်။

နောက်ဆုံးတော့ ဆွန်းမိုလည်း လက်လျှော့လိုက်ပြီး သူမကို ဖက်ထားခွင့်ပြုလိုက်သည်။

"ဆန်းကြွယ် သူတော်စင်အဆင့်"

"အား"

လုချီဟွာ အံ့အောသွားသည်။ လက်ရှိပြည်နယ်ကိုးခုတွင် အကောင်းဆုံးကျင့်စဉ်အဆင့်ဖြစ်သည်။ ၎င်းတို့ကို အမွေခံအဆင့်ရတနာလို့တောင် သတ်မှတ်နိုင်သည်။

လီဇီချီကတော့ ဆွန်းမို စကားကိုကြားပြီး ဆွန်းမိုကို စိုက်ကြည့်နေသည်။ သူမများ နားကြား မှားနေတာလား။ ဒီအဆင့်ကျင့်စဉ်ကို တန်အင်ပါယာ၏ အကောင်းဆုံးသော ကျင့်စဉ်လို့ သတ်မှတ်နိုင်သည်။

"ဘယ်လိုလဲ အစွမ်းထက်လား ၊ မထက်ဘူးလား" ဆွန်းမိုက နောက်လိုက်သည်။

"တကယ်အစွမ်းထက်ပေမယ့်၊ ငါနားမလည်နိုင်မှာကို ကြောက်တယ်.........."

လုချီဟွာက မျက်နှာလေး ညှိုးကျပြီးပြောလိုက်သည်။

"ငါက တုံးလွန်းတယ်"

"ကြိုးစားမှုက အားနည်းချက်တွေကို ဖာထေးနိုင်တယ်"

ဆွန်းမိုက လုချီဟွာ ခေါင်းကိုပုတ်မလို့ လက်ကို ဆန့်ထုတ်လိုက်သည်။ ဒါပေမယ့် မျက်လုံးအုပ်ထားသောကြောင့် လေထဲကိုသာ ရောက်သွားသည်။

ဒီတစ်ခါတော့ လုချီဟွာ ဉာဏ်ကောင်းသွားသည်။ သူမ ခေါင်းကို ထိအောင် ငုံ့ပေးလိုက်သည်။ ဒါ့အပြင် သူမ မျက်လုံးများကလည်း သဘောကျသလို မေးသွားသည်။

သူတို့နှစ်ယောက်ကြားက စကားပြောပုံကို ကြည့်ပြီး လီဇီချီက တစ်ခုခု မှားနေတယ်လို့ ထင်လိုက်မိသည်။

"ဆန်းကြယ် သူတော်စင်အဆင့် ကျင့်စဉ်' ဆိုသည့်စကားကို ကြားမှ အာရုံများ ပြန်ရလာသည်။

"အို ဘုရားသခင်။ အဲဒါက အလယ်ကမ္ဘာကြီးမှာ အကောင်းဆုံးသော ကျင့်စဉ်လေ။ ဆရာဆွန်းက လုချီဟွာကို တကယ်သင်ပေးတော့မှာလား။ လုချီဟွာ ပုံစံကလည်း..............."

(သူမ နားမလည်နိုင်မှာကို စိုးရိမ်နေပါတယ်။)

(ဘာသမဟုတ်ဘဲ တကယ်ပြောနေတာလား။ အကြွေစေ့တွေနှင့် ဝယ်လို့ရတဲ့ လမ်းဘေးက အမှိုက်လို ကျင့်စဉ် မဟုတ်ဘူးလေ အကောင်းဆုံးဆိုတဲ့ ကျင့်စဉ်အကြောင်း ပြောနေတာလေ)

(ဒါကို ဘယ်လိုလုပ် အေးအေးဆေးဆေး ပြောနေနိုင်တာလဲ)

"ဇီချီ မင်းလည်း သင်ယူရမယ်"

လီဇီချီက သူ့ကို ဘက်လိုက်တတ်တယ်လို့ မြင်သွားမှာလည်း ဆွန်းမို စိုးရိမ်ပါသည်။ ဒါကြောင့် ကမန်းကတန်း ပြောလိုက်သည်။

လီဇီချီလည်း ဘယ်လို ပြန်ပြီး ပြောရမှန်း မသိအောင် ဖြစ်သွားသည်။ သူမ၏ ဆွန်းမိုအပေါ် အမြင်နှင့်ခံယူချက်ကြောင့် ဆွန်းမို လိမ်ပြောတာ မဟုတ်မှန်း သိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့်လည်း တွေးကြည့်လိုက်ရင် နည်းနည်းများ ချဲ့ကားနေတာလား။

စိတ်ငြိမ်သွားအောင် ရေတစ်ခွက်လောက် သောက်သင့်တယ်လို့ တွေးလိုက်မိသည်။

“ကျင့်စဉ်နာမည်က ဘာလဲ”

လီဇီချီက သိချင်စိတ်နှင့် မေးလိုက်သည်။

“သဏ္ဍာန်မဲ့ မြင့်မြတ် စကြ်ြာဝဠာ ကျင့်စဉ်”

ဆွန်းမိုက ပေါ့ပေါ့လေး ပြောလိုက်ပေမယ့် ဘေးနားက ရေသောက်နေသည့် လီဇီချီကတော့ သောက်နေသည့်ရေပါ သီးသွားသည်။

ရင်တွေတောင် တုန်နေသည်။

"အဟွန့် အဟွန့် ၊ ဆရာ ဘာပြောလိုက်တာလဲ။ အဟွန့်..........နားကြားများ မှားသွားတာလား"

လီဇီချီ လည်း ချောင်းဆက်ဆိုးနေသည်။

" သဏ္ဍာန်မဲ့ မြင်မြတ်စကြ်ဝဠာကျင့်စဥ် အကြောင်းကို အရင်ကတည်းက ကြားဖူးနေတာလား"

ဆွန်းမိုလည်း သိချင်လာသည်။ လီဇီချီ ဒီလောက်အထိတောင် လန့်သွားကိုမြင်ရတော့ ဒီကျင့်စဥ် ဇစ်မြစ်ကို သူမ သိနေနိုင်သည်။

“အရင်ကတည်းက ကြားဖူးတယ်။ နာမည်သာ မှန်မယ်ဆိုရင် ကောင်းကင်ပေါ်ကို တက်ခြင်း အကယ်ဒမီရဲ့ အကောင်းဆုံးသော ကျင့်စဉ်ပဲ ဖြစ်မယ်။ အရည်အချင်းအရှိဆုံးနဲ ံ သစ္စာ အရှိဆုံးကျောင်းသားတွေသာ သင်ယူခွင့်ရှိတယ်” လီဇီချီက ရှင်းပြသည်။

ကောင်းကင်ပေါ်ကိုတက်ခြင်း အကယ်ဒမီသည် ဂျင်ပြည်နယ်တွင် ရှိသည်။ နာမည်ကျော်ကျောင်း ကိုးကျောင်းထဲမှာလည်း ထိပ်ဆုံးအဆင့် ဖြစ်သည်။

လူသိရှင်ကြား အသိအမှတ်ပြုထားသော သတ်မှတ်ချက်ဖြစ်သည်။

"ဒီကျင့်စဉ်ကို သစ္စာအရှိဆုံး ကျောင်းသားတွေကိုပဲ သင်ပေးခဲ့တာ။ ဒီလိုမဟုတ်ရင် ကျင့်စဉ်ကို သင်ပြီးကျောင်းကို သစ္စာဖောက်သွားရင် ဘယ်လိုလုပ်မလဲ"

လုချီဟွာကတော့ လီဇီချီ ပြောတာ မှားနေတယ်လို့ ထင်နေသည်။ လီဇီချီ ဒီနေရာအထိပြောလာပြီးသည့် အချိန်တွင် သူမဆရာကို တစ်ချက် ခိုးကြည့်လိုက်သည်။

(ဆရာဆွန်းက ဒါကို ဘယ်လိုသိတာလဲ။ သူက အဲဒီကျောင်းရဲ့ သစ္စာဖောက်များလား)

(မဟုတ်သေးဘူး။ ဆရာ အဲဒီလို လူစားမျိုး မဟုတ်ဘူး)

(ဒီကြားထဲမှာ လျှို့ဝှက်ချက် အကြီးကြီး တစ်ခုရှိနိုင်တယ်)

“ပြောချင်တာကို သိလား။ ကောင်းကင်ပေါ်ကိုတက်ခြင်း အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး ဖြစ်ဖို့ဆိုရင် ဒီကျင့်စဉ်ကို တတ်မြောက်ထားဖို့ လိုတယ်။ ဒါကြောင့်လည်း

သင်ကြားဖို့ အရည်ချင်းမှီတဲ့ ကျောင်းသားတွေ အားလုံးက ကောင်းကင်ပေါ်ကိုတက်ခြင်း အကယ်ဒမီရဲ့ ကျောင်းအုပ်လောင်းတွေပဲ”

လီဇီချီက တုန်လှုပ်နေသည့် အသံနှင့်ပြောလိုက်သည်။

ကောင်းကင်ပေါ်ကိုတက်ခြင်း အကယ်ဒမီရဲ့ ကျောင်းအုပ်လောင်းစာရင်းကို အသွင်းခံထားရသည့် သူများ၏ အရည်အချင်းက သံသယ ရှိစရာကို မလိုပါ။ ကျောင်းအုပ်ကြီး၏ သားဖြစ်ရင်တောင် အရည်အချင်း မပြည့်မှီပါက ဒီကျင့်စဉ်ကို သင်းကြားခွင့် မရပါ။

နေပါအုံး၊ ဆွန်းမိုက ကျောင်းအုပ်ကြီးရဲ့ တရားမဝင် သားများ ဖြစ်နေမလား။ သူက အသိအမှတ်မပြုချင်လို့ ဗဟိုပြည်နယ် အကယ်ဒမီကိုများ ရောက်လာတာလား။

ချက်ခြင်းဆိုသလို လီဇီချီစိတ်ထဲတွင် ဇာတ်လမ်း တပုဒ်ပေါ်လာသည်။

"ဆရာက ဒီကျင့်စဉ်ကို ဘယ်လိုလေ့လာခဲ့တာလဲ။ တစ်ယောက်ယောက်ကို ပုန်းကွယ်နေတာလား"

သူမစိတ်ထဲတွင် ဖြစ်နိုင်ခြေအားလုံးကို စဉ်းစားပြီးနောက် ဒီအဖြေက ယုတ္တိအရှိဆုံးလို့ တွေးလိုက်သည်။

ပြည်နယ်ကိုးခုက နိုင်ငံအသီးသီး၏ မှောင်ခိုဈေးကွက်တွင် လူတွေကို အန္တရာယ်ဖြစ်နိုင်တာနှင့် လိမ်လည်ဖို့ အတွက်အသုံးပြုသော ကျင့်စဉ်အတုများ အမျိုးမျိုးရှိသည်။

နှစ်စဉ်နှစ်တိုင်း သူတို့၏ ကံကိုစမ်းသပ်ချင်သော လူငယ်ပေါင်းများစွာ အလိမ်ခံနေကြရသည်။

“ငါကပဲ တုံးအနေတာလား”

ဆွန်းမို မျက်လုံးပြူးသွားသည်။

“အမှန်ပဲ၊ မင်းမဟုတ်ပါဘူး”

လီဇီချီ စိတ်ပျက်လက်ပျက်နှင့်သူမ ဆံပင်ပြန်ဆွဲနေလိုက်သည်။ သူမ မစဉ်းစားတတ်တော့ပါဘူး။

ဆွန်းမိုကတော့ သစ်သားဓါးနောက်ကွယ်က လူအကြောင်းကို ပိုပြီး သိချင်လာသည်။

“အေး။ ငါကတော့ ဆက်မတွေးတော့ဘူး။ ဆရာစကားက အမှန်ဆုံးပဲ” လုချီဟွာကတော့

စဉ်းစားရတာကို မုန်းသည်။ သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာကျင့်စဉ်ကို သူမသင်ယူနေသည့် ကာလပတ်လုံး ပိုပြီး သန်မာလာမည်။

နောက်တစ်ကြိမ် သူမအဖေနှင့် ပြန်တွေ့သည့်အချိန်တွင် သေချာပေါက် လက်ခံသွားရမည်။

ဒါကိုတွေးရင် ဆွန်းမိုလက်ကို ပိုပြီး တင်းတင်းကျပ်ကျပ် ဖက်လာခဲ့သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၅၀ ။ရင်းနှီး (၅၃၈/၁၀၀၀)

“ဆရာ၊ ငါတို့ကို တကယ်သင်ပေးမှာလား” လီဇီချီက မေးလိုက်သော်လည်း မယုံကြည်နိုင်သေးပါ။

“သဏ္ဍာန်မဲ့ မြင့်မြတ်စကြ◌်◌ာ၀ဍာ”

“ဒါက ဆန်းကြယ် သူတော်စင်အဆင့် ကျင်စဉ်တစ်ခုပဲ။ ဟုတ်တယ်မလား”

“ဒီအကြောင်းကို ဆက်မေးဖို့ လိုသေးလို့လား။”

ဆွန်းမိုက လုချီဟွာကို တွန်းထုတ်ရင်း ပြောလိုက်သည်။

"သေသေချာချာ ပြန်လှဲလိုက်ပါ။ နှိပ်နေတာ မပြီးသေးဘူး"

ဆွန်းမိုက ဒီကြောင်းကို ဆက်ပြောချင်စိတ် မရှိတော့သဖြင့် လီဇီချီက ဆက်ပြောဖို့ ခက်နေသည်။ ဒါပေမယ့် သူစိတ်ထဲက ခိုးလို့ခုလု ဖြစ်နေပြီး နှလုံးသားကို ကြောင်ကုတ်နေသလို ဖြစ်နေသည်။

"ဒါက ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်တစ်ခုလေ။ ပြီးတော့ ကောင်းကင်ပေါ်ကိုတက်ခြင်း အကာယ်ဒမီရဲ့ အကောင်းဆုံးသော ကျင့်စဉ်လေ။ ဒီသတင်းသာ

ပျံ့နှံ့သွားပါက ဘယ်လောက်တောင် တုန်လှုပ်သွားကြမလဲ”

ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်သည် အလွန်းကိုရှားပါးသည့် ရတနာဖြစ်နေမှန်း သိနေသည့် လီဇီချီကတော့ အရမ်းကို တုန်လှုပ်နေသည်။ ဆွန်းမိုအတွက်လဲ အစွမ်းထက်သည့် ကျင့်စဉ် တစ်ခုပါပဲ။

ဒါပေမယ့် တပြည့့်််တွေကို သင်ပေးရတာ ပြဿနာ မရှိပါဘူး။

သူ့တွင် ရှေ့ဟောင်းလောကနတ်ကျင့်စဉ် အစွမ်းကို ပိုင်ဆိုင်ထားသ၍ သူလိုချင်သလောက် ကျင့်စဉ်တွေကို ယူနေလို့ရသည်။ ဒါကြောင့်သူကတော့ တည်ငြိမ် အေးချမ်းနေသည်။

နှိပ်ပေးတာလည်း ပြီးသွားပြီ။ မိန်းကလေးနှစ်ယောက်စလုံး အဆင့်မတက်နိုင်သဖြင့် ဆွန်းမို စိတ်ဓါတ်ကျနေသည်။

"ငါ အခုအဆင်ပြေပါတယ်"

လုချီဟွာက လက်နှစ်ဖက်ကို ဆန့်လိုက်သဖြင့် ရင်ဘက်နေရာက ကျယ်သွားသည်။ သူ့မျက်နှာက ပျော်ရွှင်မှုတွေနှင့် ပြည့်နေသည်။

"ပစ္စည်းတွေ သိမ်းပြီး နေ့လည်စာ စားကြရအောင်"

ဆွန်းမို ဗိုက်ဆာလာသည်။

နေလည်စာ စားနေသည့်တစ်ချိန်လုံး လီဇီချီ စိတ်ပျက်နေသည်။ လုချီဟွာက ပန်းကန်ထဲက အစားအစာတွေကို ဆွန်းမို ပန်းကန်ထဲကိုပဲ ဆက်တိုက် ထည့်ပေးနေသည်။

"ဇီချီနှင့် ချီဟွာ နှစ်ယောက်စလုံး၊ နောင်ကျရင် ငါ့ကို အရမ်းကြီး ရိုသေနေစရာမလိုဘူး။ အရမ်းကို နေရခက်တယ်"

ဒင်

"တာဝန်အသစ်ထုတ်ပြန်ခြင်း။

ဂေါင်ပန်တပြည့်ွ်များနဲ့ တိုက်ပွဲမှာ မင်းကျောင်းသားတွေကို နိုင်အောင် ကူညီပေးပါ။ ရလာဒ်ပေါ်မူတည်ပြီး ဆုတွေပေးမယ်"

စနစ်က တာဝန်တစ်ခုကို ရုတ်တရက် ထုတ်ပြန်လာသည်။ ဆွန်းမိုလည်း လန့်သွားပြီး လက်ထဲက တူကို မျိုချလိုက်မိမလို ဖြစ်သွားသည်။

"စနစ် မင်းရုတ်တရက် အလန့်တကြားမလုပ်လို့ မရဘူးလား"

ဆွန်းမိုလည်း ငြီးတွားလိုက်သည်။ တာဝန်မအောင်မြင်ရင် ပြစ်ဒဏ်မပေးလို့ တော်သေးသည်။ အထူးသဖြင့် လုချီဟွာ ခန္ဓာကိုယ်အနေထားကို စစ်ဆေးပြီး ဒီတာဝန်က အရမ်းခက်လွန်းတယ်လို့ သူထင်မိသည်။

ကျောင်းသားတွေပြိုင်ကြသည့် ပွဲတွင် သေချာပေါက် ရှုံးနိုင်သည်။

ဒင်

"တာဝန် မအောင်မြင်ပါက ပြစ်ဒဏ် ကျခံရမည်"

"ငါ............လို............"

ဆွန်းမို ဒေါသအရမ်းထွက်လာပြီး ပန်းကန်ကို ရိုက်ခွဲ လိုက်မိသည်။ "စနစ် မင်းသက်သက်လုပ်တာမှတ်လား။ မင်းဒါကို ရည်ရွယ်ချက် ရှိရှိနှင့် လုပ်တာသေချာတယ်။

တစ်နေ့နေ့ မင်းကို အပြင်ဆွဲထုတ်ပြီး ရိုက်နိုင်အောင် လုပ်မယ်။ မ.........အ...............လ........”

ဆွန်းမိုလည်း ဆက်ပြီး စားချင်စိတ် မရှိတော့ပါဘူး။ နေ့လည်စာ စားပြီးတော့ ကျောင်းကိုမပြန်ပဲ လီဇီချီ အိမ်ကိုသာ သွားခဲ့သည်။

“ငါ အဆင့်တက်ဖို့ ကြိုးစားလိုက်အုံးမယ်။ ငါ့ကို လာမနှောက်ယှက်ကြနဲ့”

ဆွန်းမို အမိန့်ပေးလိုက်ပြီးနောက် သဏ္ဍာန်မဲ့ မြင့်မြတ်စကြ်ာဝဠာ ကျင့်စဉ် ပထမပိုင်းကို နှုတ်တိုက် ချပေးလိုက်သည်။

"ဒါကို သွားပြီးလေ့ကျင့်ကြ"

"ဒါ........ဒါ.............."

လီဇီချီ စိတ်လှုပ်ရှားနေသည်။ ရီစရာကောင်းတာက လုချီဟွာကတော့ အေးအေးဆေးဆေးပါပဲ။ တိတိကျကျ ပြောရရင် သူမဒါကို အလွတ်တောင် မကျက်ခဲ့ပါဘူး။

"မင်းတွေးနေတာ အမှန်ပဲ။ ဒါက သဏ္ဍာန်မဲ့မြင့်မြတ်စကြြ်ာဝဠာကျင့်စဉ် ပထမအဆင့်ပဲ။ ပထမအဆင့်ကိုတောင်

မကျွမ်းကျင်ဘူးဆိုရင် ဒုတိယ အဆင့်ကို မေ့ထားလိုက်တော့”

ဆွန်းမိုက သူတို့အား လုံ့ဆော်နိုင်ရန် ဒုတိယအဆင့်ကို ငါးစာအဖြစ် လုပ်ပြီး မသင်ပေးလိုက်ပါ။

“သေချာပေါက် ကြိုးစားမယ်”

လီဇီချီက သူမရင်ဘက်ကို ပုတ်လိုက်ပြီး ကျယ်လောင်စွာ အာမခံလိုက်သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး (၂၈၁/၁၀၀၀)

“အင်း”

ဆွန်းမို တိတ်တဆိတ် ခေါင်းညိတ်လိုက်သည်။

“ငါမှားသွားပြီး ။ မင်းက LCDတောင် မဟုတ်ဘူး။ လုံးဝကို ပြားနေတာပဲ။ တောကြက်ဥ လောက်ပဲ ရှိမယ်။ မင်းမှာရှိရင်တောင် ပိန်နေသေးတယ်”

ဆွန်းမိုက လေသာဆောင်ကို မသွားတော့ပဲ ခြံဝင်းအတွင်းမှာပဲ ထိုင်လိုက်ပြီး လကြယ်သစ်သီးကို

ထုတ်ယူလိုက်သည်။ ချက်ခြင်းမစားသေးပဲ စိတ်ငြိမ်သွားအောင် တရားထိုင်လိုက်သည်။

ဒါက ဒီလောကကို ရောက်လာပြီး ပထမဆုံးအကြိမ် အဆင့်တက်ဖို့ ကြိုးစားခြင်း ဖြစ်သည်။ အမြဲတမ်း သတိကြီးတတ်သော ဆွန်းမိုသည် သွေးလောင်ကျွမ်းခြင်း နယ်ပယ်နှင့် ပက်သက်ပြီး မှတ်ဉာဏ်တွေကို ပြန်စဉ်းစားနေသည်။

စိတ်ထဲတွင် သုံးကြိမ်တိုင်တိုင် ပြန်စဉ်းစားလိုက်ပြီးနောက် သူသတိမထားခဲ့သည့်

အချက်များကို ပြန်သုံးသပ်လိုက်ပြီး လကြွယ်သစ်သီးကို ပါးစပ်ထ ထည့်လိုက်သည်။

စာစဉ် (၈)

အခန်း (၁၁၀) - လနှင့်ကြယ် ခန္ဓာကိုယ်ကို ပုံသွင်းခြင်း၊ သွေးလောင်ကျွမ်းခြင်း အဆင့်(၂)။

လကြယ်သစ်သီး ပါးစပ်ထဲကို ရောက်သွားသည်နှင့် ကိုက်စားလိုက်သည်။ အစိမ်းရောင် ဖုံးအုပ်ထားသော သစ်သီး အူတိုင်က နည်းနည်း ကြမ်းတမ်းနေသည်။

ဒါပေမယ့် တံတွေးစိုလာသည့်အခါ လကြယ်သစ်သီးက အရည်ပျော်လာသည်။ ဆွန်းမိုလည်း ဗိုက်ထဲကို မျိုချလိုက်သည်။

ဆယ်စက္ကန့်လောက် ကြာပြီးနောက် ဆွန်းမို ဗိုက်ထဲတွင် လနှင့်ကြယ် အရောင်အဝါများ ထွက်ပေါ်လာသည်။ အဲဒီနောက်မှာတော့ သွေးကြောအတိုင်း စီးဆင်းသွားပြီး ခြေလက်လေးချောင်းနှင့် အရိုးဖွဲ့စည်းပုံတစ်ခုလုံးကို အားဖြည့်ပေးနေသည်။

အရောင်အဝါပမာဏက တိုးလာသည်နှင့်အမျှ စွမ်းအင်လမ်းကြောင်းကို အားဖြည့်ပေးပြီး တည်ငြိမ်သည့် ပတ်လမ်းတစ်ခု ဖြစ်လာသည်။

ဆွန်းမိုသည် မြေပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေကာ ဝိညာဉ်ချီကို ချိန်ညှိနေပြီး လနှင့်ကြယ် တွန်းအားအတိုင်း တူညီသည့်လားရာကို စီးဆင်းစေပြီး စွမ်းအင်လမ်းကြောင်းကို တစ်ပတ်ပြီး တစ်ပတ် လည်ပတ်နေသည်။

သိပ်မကြာခင် ဆွန်းမို တစ်ကိုယ်လုံး ပူတက်လာသည်။ အညစ်အကြေးနှင့် ချွေးများ ခန္ဓာကိုယ်ထဲက ထွက်လာကြသည်။ ချွေးစက်များ ချက်ခြင်း အငွေ့ပျံသွားသည်။

ရှဲ ရှဲ ရှဲ

အဖြူရောင် အခိုးအငွေ့များ တိုးဝင်လာသည်။

လကြွယ်သစ်သီး၏ အကျိုးသက်ရောက်မှုက တဖြည်းဖြည်း သိသာလာသည်။

ဆွန်းမိုသည် သူလုပ်ရမည့် အရာများအတွက် အမြဲတမ်း သတိကြီးကြီး ထားခဲ့ပါသည်။ လကြွယ်သစ်သီးကို ရပြီးနောက် စာကြည့်တိုက်ကို သွားကာ လကြွယ်သစ်သီးနှင့် ပက်သက်သမျှကို လေ့လာခဲ့သည်။

ဒါပေမယ့်လည်း ရုက္ခဗေဒ စာအုပ်တစ်ထောင်၊ မော်ဆေး စာအုပ်များနှင့် ထူးခြားဆန်းကြယ်သည့်

အပင်များအကြောင်း စာအုပ်များကို ရှာဖွေခဲ့သော်လည်း လကြွယ်သစ်သီးအကြောင်းကို ရှာမတွေ့ခဲ့ပါ။

တကယ်ကို ရိုးရှင်းသည့် မိတ်ဆက်စာလေး တစ်ကြောင်းတောင် ရှာမတွေ့ခဲ့ပါ။

ဆွန်းမိုက ပင်ကိုသဘာဝအရသာ ကြိုတင်ပြီးပြင်ဆင်ထားခြင်းဖြစ်ပြီး စနစ်က သူ့ကို မမှန်တာကို မပြောမှန်းလည်းသိသည်။ ဒါပမယ့် ဘာမှန်းမသိသည့် အသီးကို မစားရဲတာလည်း ပါသည်။

လုချီဟွာနှင့် လီဇီချီတို့သည် သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာကျင့်စဉ် ရရှိသွားသော်လည်း ချက်ခြင်းမကျင့်ကြံ ကြသေးပါ။ အဲဒီအစား သူမတို့သည် ခြံဝင်းတခါးအပြင်ဘက်ကနေ ဆွန်းမိုကို ချောင်းကြည့်နေကြသည်။

“ဆရာအဆင့်တက်သည့် ပုံစံက သူများတွေနှင့် မတူသလိုပဲနော်”

လုချီဟွာက တိုးတိုးလေးပြောလိုက်သည်။

“ရှူး”

လီဇီချီက လက်ညှိုးကို နှုတ်ခမ်းပေါ်တင်ပြီး တိတ်တိတ်လေးနေရန် အချက်ပြလိုက်သည်။

တခြားလူတော်တော်များများသည် သဏ္ဍာန်မဲ့ မြင့်မြတ်စကြ်ာဝဠာကျင့်စဉ်လိုမျိုး ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်ကို သေသည်တိုင်အောင် မမြင်ဖူးခဲ့ကြပါ။ တကယ်လို့ သူတို့ရရှိခဲ့ပါကလည်း ကောင်းကင်ပေါ်အထိ တိုးတက်သွားအောင် ချက်ခြင်း လေ့လာနေလိမ့်မည်။

ကောင်မလေးနှစ်ယောက်၏ အမူအရာသည် တုန်လှုပ်နေသည်။

ဆွန်းမို၏ ချွေးတွေက နီရဲလို့လာသည်။ အနီရောင်ချွေးများ အငွေ့ပျံသွားပြီး အနီရောင် တိမ်တိုက်များ ဖြစ်လာကြသည်။ ဒါပေမယ့်လည်း ၎င်းက ပျံ့လွင့်မသွားဘဲ ဆွန်းမို ခန္ဓာကိုယ်ကို ဝန်းရံထားကြသည်။

လုချီဟွာက စိုးရိမ်တကြီး လီဇီချီလက်ကို ဖမ်းဆွဲလိုက်ပြီး "ဆရာ အဆင့်တက်တာ ဘာလို့ ဒီလို ဖြစ်နေတာလဲ"

လီဇီချီလည်း အံ့အောနေသည်။ သူမ၏ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်က သူည

ဖြစ်သော်လည်း စာဖတ်ဝါသနာပါသူ ဖြစ်သောကြောင့် ရှေ့ဟောင်း စာပေများစွာကို လေ့လာခဲ့သည်။ ကျင့်ကြံခြင်းနှင့် ပက်သက်ပြီး နိယာမ အမျိုးမျိုးကိုလည်း အလွတ်ကျက်မှတ် ထားခဲ့သည်။

"သူမှော်ဆေးပြား စားထားလို့လား။ ဒါကလည်း မဖြစ်နိုင်ပါဘူး။ အမြင့်ဆုံးအဆင့် မှော်ဆေးတောင် ဘေးထွက်ဆိုးကျိုး တချို့ရှိတယ်။ အခု အဆင့်တက်ရင် လွယ်ချင်လွယ်နေလိမ့်မယ်။ ဒါပေမယ့် အနာဂတ်မှာ ကျင့်ကြံခြင်းနယ်ပယ်

အဆင့်တက်သည့်အချိန်ကျရင် မလွဲမသွေ ဒီဆိုးကျိုး ခံစားရမှာပဲ”

လီဇီချီက တိုးတိုးရေရွတ်လိုက်သည်။ ကျင့်ကြံသူများအနေဖြင့် ထစ်ဆို့မှုများ မကြုံပါက ဒါမှမဟုတ် နှစ်ပေါင်းများစွာ အဆင့်တက်ခြင်း မဖြစ်သ၍ သူတို့၏ ကိုယ်ပိုင် ကြိုးစားအားထုတ်မှု အပေါ်မှာသာ အားကိုးတတ်ကြသည်။ လုံးဝကို မဖြစ်နိုင်တော့သည့် အခြေ အနေရောက်မှပဲ မှော်ဆေးပြားကို စားသုံးကြသည်။

ဒါပေမယ့်လည်း ဆေးအားလုံးတွင် အဆိပ်က ၃၀ ရာခိုင်နှုန်းလောက် ပါဝင်တတ်ကြသည်။ မှော်ဆေးပြားများကို ဆက်တိုက်သောက်သုံးပါက အဆိပ်များ တဖြည်းဖြည်း စုစည်းလာပြီး ကျင့်ကြံသူကို ထိခိုက်စေနိုင်သည်။

ဆွန်းမို၏ အရည်အချင်းကြောင့် သွေးလောင်ကျွမ်းခြင်း နောက်တစ်ဆင့်ကို ထမင်းစားရေသောက်သလို လွယ်လွယ်ကူကူနှင့် တက်နိုင်လိမ့်မည်လို့ သူမ ယုံကြည်ထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြစ်နိုင်ခြေအားလုံးကို စဉ်းစားပြီးနောက် ဖြစ်နိုင်ခြေတစ်ခုပဲ ကျန်တော့သည်။ ဒါကဆွန်းမို သဘာဝ ဝိညာဉ်ဆေးကို သောက်သုံးခဲ့တာပဲ ဖြစ်နိုင်သည်။

သဘာဝဝိညာဉ်ဆေးဆိုတာက ဖန်တီးထားခြင်း မဟုတ်ပဲ သဘာဝအတိုင်း ကြီးထွားလာသည့် အရာများကို ဆိုလိုသည်။ ထိုဝိညာဉ်ဆေးများတွင် ဘေးထွက်ဆိုးကျိုးက မရှိသလောက် ဖြစ်သည်။

လီဇီချီစိတ်ထဲတွင် သွေးလောင်ကျွမ်းအဆင့်နှင့် သက်ဆိုင်သည့် ဝိညာဉ်ဆေးအမျိုးအစား ၁၈ မျိုး

ပေါ်လာသည်။ ဒါပေမယ့် စားပြီးလိုက်ရင် ဖြစ်လာမည့် လက္ခဏာများကို တွေးကြည့်လိုက်သည့်အခါမှာ တစ်ခုနှင့်မှ မကိုက်ညီတော့ပါ။

ဒါကြောင့် လီဇီချီလည်း စဉ်းစားမရ ဖြစ်နေသည်။

အနီရောင် အခိုးအငွေ့များ ပျံ့ဝဲလာသည်။ တချို့က နက္ခတ်တာရာများ၊ တချို့က လခြမ်းများအဖြစ် ပြောင်းသွားကြပြီး ဆွန်းမိုကို စက်ဝိုင်းပုံစံ လည့်ပတ်နေကြသည်။ တစ်ဝက်က တောက်ပနေသည့် လများဖြစ်နေပြီး ကျန်တစ်ဝက်က တောက်ပနေသည့် ကြယ်များဖြစ်နေကြသည်။

လကြွယ်သစ်သီးသည် အဖြူရောင်ဖြစ်ပြီး ကြွယ်နှင့် လများ၏ အဆီအနှစ်ကို စုတ်ယူကာ နှစ်တစ်ရာမှ တစ်ကြိမ် သီးလာနိုင်သည်။ ကြွယ်နှင့်လ၏ အဆီအနှစ်များကို စုတ်ယူထားသောကြောင့် သူ့ထဲတွင် ကြွယ်နှင့်လ၏ အစွမ်းများ ပါဝင်နေသည်။

ကျင့်ကြံသူက ထိုအသီးကို စားသုံးလိုက်ရင် သူတို့၏ အရိုန်အဝါက ခန္ဓာကိုယ်ထဲတွင် ပေါက်ကွဲထွက်လာပြီး ကြွယ်နှင့်လ

စွမ်းအားများကိုသုံးကာ ကိုယ်ထဲက အညစ်အကြေးများကို ဖယ်ထုတ်လာကြသည်။

ဆွန်းမို၏ အနီရောင် ချွေးများသည် သွေးနှင့်အညစ်အကြေး အရာနှောမှ ဖြစ်လာခြင်း ဖြစ်သည်။

ရုတ်တရက်

ဆွန်းမို ကိုယ်ထဲက ဝိညာဉ်ချီများပေါက်ကွဲထွက်လာသည်။

ဘုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လည်ပတ်နေကြသော လနှင့်ကြယ်များသည် နံနက်ခင်းမြူခိုးကဲ့သို့ နေရာအနှံ့ ပျံ့ကျဲသွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး အနီရောင် တောက်နေသည်။

အဆင့်တက်ခြင်း အောင်မြင်ပြီးနောက် ဆွန်းမိုသည် အသက်ရှူခြင်းကို ထိန်းညှိလိုက်သည်။

ဖြစ်စဉ်တစ်ခုလုံးက ၁၅မိနစ်တောင် မကြာခဲ့ပါ။ သူတွေးထားတာထက် အများကြီး လွယ်ကူနေသည်။

အမှန်တိုင်းပြောရရင်တော့ နည်းနည်းတောင် စိတ်ပျက်သွားသည်။ “ ဂုဏ်ပြုပါတယ် ဆရာ”

လီဇီချီက ဂုဏ်ပြုရင်း မျက်နှာသုတ်ပဝါနှင့် သုတ်ပေးနေသည်။

လုချီဟွာက ဆွန်းမို သူခန္ဓာကိုယ်ကို သန့်စင်နိုင်ရန် ရေဇလုံ တစ်ခု ယူလာခဲ့သည်။

"ဆရာ၊ ဘာလို့ ရေမချိုးတာလဲ"

လီဇီချီက အကြံပေးသည်။ ဆွန်းမို အဝတ်အစားကလည်း သွေးများထွက်နေသလို အနီရောင်အကွက်များ ရှိနေသည်။ သန့်ရှင်းရေးလုပ်လိုက်တာပဲ ပိုကောင်းပါတယ်။

"ငါရေနွေး သွားတည်လိုက်မယ်"

လုချီဟွာက ချက်ခြင်းထွက်ပြေးသွားသည်။

“အဲဒီလို လုပ်စရာမလိုဘူး”

ဆွန်းမိုသည် အရင်တုန်းက ရေချိုးရင် အအေးမိတတ်ပါသည်။ အခုတော့ သူ့ခန္ဓာကိုယ်က အရမ်းသန်မာလာပြီး ပြဿနာမရှိတော့ပါဘူး။ ရေတွင်းဆီကို လျှောက်သွားပြီး ရေတစ်ပုံး ခပ်လိုက်သည်။ ခေါင်းပေါ်ကနေစပြီး လောင်းချိုးလိုက်သည်။

ရေအေးများက အရေပြားပေါ်ကို ဖြတ်စီးသွားသည်နှင့် အပူများ ပျောက်သွားသည်။

"ကောင်းလိုက်တာ"

ဆွွန်းမိုက လည်ပင်းကို ဆန့်ပြီးပြောလိုက်သည်။

"ဆရာ နောက်ကျောကို သုတ်ပေးရမလား"

လီဇီချီက အဝတ်စတစ်ခုကို ကိုင်ပြီး ဘေနားတွင် လာရပ်လိုက်သည်။ ဆွန်းမို၏ တောင့်တင်းသော ကျောပြင်ကိုကြည့်ပြီး မျက်နှာ နီလာသည်။

ဆရာ့ကြွက်သားတွေက မိုက်လိုက်တာ။

လီဇီချီ နည်းနည်း ထိကြည့်ချင်လာသည်။

လီဇီချီ၏ ဘယ်ဘက်လက်က မျက်နှာသုတ်ပဝါကို ကိုင်ထားပြီး ညာဘက်လက် ဆွန်းမိုကျောကို ထိကြည့်လိုက်သည်။

ဆွန်းမို အလန့်တကြား ရှေ့ကို ခုန်ထွက်လိုက်သည်။

“အ’

လုချီဟွာက ခေါင်းကို မြန်မြန်ငုံ့လိုက်သည်။

လီဇီချီက အတားအဆီးမရှိ ရယ်မောနေသည်။ ဒီလို ရင်းနှီးသည့်လေထုကို တစ်ကယ်ကြိုက်ပါသည်။

ဆွန်းမိုလည်း သန့်ရှင်းရေးလုပ်လိုက်ပြီး လီဇီချီ ပြင်ဆင်ပေးထားသည့် အဝတ်အစားကို ဝတ်လိုက်သည်။

အဖြူရောင်ဝတ်ရုံရှည်၊ လက်နှင့်ကော်လံတွင် ရွှေချည်များထိုးထားပြီး ကျန်သည့်နေရာကတော့ ရှင်းလင်းနေပါသည်။ သန့်ရှင်းတောက်ပနေသည့် အဝတ်အစားကို ဝတ်လိုက်ပြီးနောက် ဆွန်းမိုကို ကြည့်ရတာ မြင့်မြတ်သည့်အရှိန်အဝါ ထွက်ပေါ်နေသည်။

"ဆရာက အရမ်းချောတာပဲ"

လုချီဟွာက မှတ်ချက်ပေးလိုက်သည်။

လီဇီချီက ဆွန်းမိုနောက်တွင် ရပ်နေပြီး ဆွန်းမို၏ ရှည်လျားသော ဆံပင်ကို ဖြီးပေးကာ ဆံထုံး ထိုးပေးနေသည်။

မုန်ထဲက ဆွန်းမို ပုံရိပ်ကိုကြည့်ပြီး လုချီဟွာ ပြောတာကို ထောက်ခံလိုက်သည်။ ဒါပေမယ့် ချောသည်ဆိုသည့် စကားလောက် နှင့် သူဆရာ၏ မြင့်မြတ်မှုကို ဖော်ပြဖို့ မလုံလောက်ပါ။

“နောင်ကျရင် ဒီလို အဝတ်အစားတွေကို မပြင်ထားနှင့် ဝတ်ဖို့လည်း အရည်အချင်း မရှိသေးဘူး”

ဆွန်းမိုက မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

ရွှေချည်ထိုးထားသော လရောင် ဝတ်ရုံရှည်သည် ကြယ်အဆင့်ရရှိထားသော မြတ်ဆရာများသာ ဝတ်ဆင်နိုင်သည့် အရာဖြစ်သည်။ သာမန်ဆရာတွေသာ ဝတ်လိုက်ရင် ဒုက္ခရှာသလို ဖြစ်သွားမည်။

"ဆရာက မကြာခင် အရည်အချင်း မှီသွားမယ်လို့ ယုံကြည်တယ်"

လုချီဟွာကတော့ ယုံကြည်စွာပြောလိုက်သည်။

"ထောက်ခံတယ်။ ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲ မတိုင်ခင် ဆရာက မြတ်ဆရာ အရှိန်အဝါတစ်ခုပဲ လိုတော့တာ။ အဲဒါသာ ရလိုက်ရင် ဆရာက သေချာပေါက် အောင်မြင်မယ်လို့ ယုံကြည်တယ်"

လီဇီချီကလည်းထောက်ခံလိုက်သည်။

"ဟီး ဟီး"

ဆွန်းမိုက ရယ်ပြီး ထုတ်ပြောပြဖို့ ဆုံးဖြတ်လိုက်သည်။

"တစ်ကယ်တော့ငါမှာ မြတ်ဆရာအရှိန်အဝါ သုံးခုရှိတယ်"

"အမ်"

လုချီဟွာနှင့် လီဇီချီတို့ နှစ်ယောက်စလုံး အံ့အောသင့်သွားသည်။ ထိုနောက် သူမတို့အကြည့်များသည့် သိချင်စိတ်နှင့် တောက်ပလာသည်။

"ဘယ်လိုမျိုးလည်း" လီဇီချီက မေးလိုက်သည်။ "ဘာလို့ မခန့်မှန်းကြည့်တာလည်း" ဆွန်းမိုက သူမတို့ ရင်ခုန်လာအောင် လုပ်လိုက်သည်။

"ဆရာ မြန်မြန် ပြောပြပါ"

လုချီဟွာက ဆွန်းမိုလက်ကို အတင်းဖက်ရင်း ပြောလိုက်သည်။ သူမသည် ပိုင်ရှင်ဆီက အစားလိုချင်လို့ ဝုန်းဒိုင်းကျဲနေသည့် ကြောင်တစ်ကောင်နှင့် တူနေသည်။

"အချိန်တန်ရင် ပြောပြမယ်"

"ဆရာက စိတ်ပုတ်တာပဲ"

လုချီဟွာက နှုတ်ခမ်းစူရင်း ပြောလိုက်သည်။

ဆွန်းမိုက လုချီဟွာခေါင်းကိုပုတ်လိုက်ရင်း လရောင်ဝတ်စုံဝတ်ထားသည့် သူ့ကိုသူ မှန်ထဲမှာ ပြန်ကြည့်လိုက်သည်။

နွေဦးရာသီတိုင်းတွင် ကြယ်တစ်ပွင့် မြတ်ဆရာစားမေးပွဲကို ကျင်းပလေ့ရှိပါသည်။ ရက်ကိုတွက်ကြည့်လိုက်ရင် ခုနှစ်လ၊ ရှစ်လလောက်တော့ လိုသေးသည်။ ပြင်ဆင်ဖို့ အချိန် လုံလောက်ပါသည်။

ဒါအပြင် ဆွန်းမိုလည်း ကြယ်တစ်ပွင့် စာမေးပွဲ ဘယ်လိုပဲဖြစ်ဖြစ် အောင်မြင်ဖို့ လိုအပ်နေသည်။ စနစ်က သူ့ကို တစ်နှစ်အတွင်း ကြယ်ပွင့် မြတ်ဆရာတစ်ယောက်ဖြစ်လာအောင် လုပ်ဖို့တာဝန်ပေးထားသည်။ ဒါကလည်း တစ်ခုတည်းသော အခွင့်အရေးပါ။

“ဆရာသာ ကြယ်တစ်ပွင့် မြတ်ဆရာ ဖြစ်လာရင် ငါတို့ကျောင်းဝန်းထဲမှာ ကြောက်စရာမလိုဘဲ လျှောက်သွားလို့ရပြီ”

လုချီဟွာ မျက်လုံးထဲတွင် မျှော်လင့်ချက်များနှင့် ပြည့်နေသည်။

ဖောင်း

လီဇီချီက လက်ကိုမြှောက်လိုက်ပြီ လုချီဟွာ နဖူးကို ပုတ်လိုက်သည်။

"ဘာတွေတွေးနေတာလဲ။ ဂဏန်းဖြစ်ချင်လို့လား"

လီဇီချီက နောက်လိုက်သည်။

"ငါ......ငါ ....အနိုင်ကျင့်တာ မခံချင်ဘူး"

သူမစကားတွေက အဆုံးထိမရောက်ဘဲ တဖြည်းဖြည်း ပျော့လာသည်။

“မင်းကို အနိုင်ကျင့်တဲ့လူတွေရှိလို့လား”

ဆွန်းမိုက မျက်မှောင်ကြုတ်ရင်း မေးလိုက်သည်။

“ဟင့်အင့်”

လုချီဟွာ ခပ်မြန်မြန် ခေါင်းယမ်းလိုက်သည်။

“ရှိတယ်ဆိုရင် ငါ့ကို သေချာပေါက် ပြောပြရမယ်”

ဆွန်းမိုက အလေးနက်ထားပြီး ပြောလိုက်သည်။ ဆရာတစ်ယောက်အနေနှင့် ကျောင်းဝန်းအတွင်း အနိုင်ကျင့်တာကို မုန်းသည်။

"ပြောရရင်...........ဆရာခုနတုန်းက သဘာဝ ဝိညာဉ်ဆေးကိုစားပြီ အဆင့်တက်လိုက်တာလား"

လီချီဇီက စိတ်ထဲတွင် စဉ်းစားမရဖြစ်နေသည့် မေးခွန်းကို မေးလိုက်သည်။

"အေး လကြယ် သစ်သီးကို စားခဲ့တာ"

ဆွန်းမိုက ဘာမှမဖုံးကွယ်ပဲ ပြောလိုက်သည်။

"လကြယ် သစ်သီး"

လီဇီချီ မျက်ခုံးပင့်လိုက်ပြီး "သေချာလား"

"ဒီသစ်သီးအကြောင်းကို မင်းသိတာလား"

ဆွန်းမို ပြန်မေးလိုက်သည်။

"ငါတို့ မျိုးနွယ်စု စာကြည့်တိုက်က တော်တော်လေးကို ကြီးတယ်။ လကြွယ်သစ်သီးက အမှောင်တိုက်ကြီးမှာဘဲ တွေ့ရတဲ့ သစ်သီးတစ်မျိုးဘဲ။ သူက သွေးလောင်ကျွမ်းခြင်း အဆင့်အတွက် အသင့်တော်ဆုံး သဘာဝ ဝိညာဉ်ဆေးပဲ"

လီဇီချီသည် အရင်ကတည်းက လကြွယ် သစ်သီးနှင့် ပက်သက်သည့် အကြောင်းများကို

အလွတ်ကျက်ခဲ့သည်။ စိတ်မကောင်းစရာက လကြယ်သစ်သီးသည် အမှောင်တိုက်ကြီးမှာသာ ရှိသောကြောင့် သူနှင့်ပက်သက်ပြီး မိတ်ဆက်စာလေးသာ ဖတ်လိုက်ရသည်။

"အမှောင်တိုက်ကြီး"

ဆွန်းမို မျက်မှောင်ကြုတ် လိုက်သည်။

"ဒီသစ်သီးက တအားကို ဈေးကြီးတယ်။ ပိုပြီးတိတိကျကျ ပြောရရင် အမှောင်တိုက်ကြီးက ပစ္စည်းအားလုံး ဈေးကြီးတယ်။ ငွေတွေ၊ရွှေတွေနှင့်

ဝယ်လို့မရဘူး။ တခြားအဖိုးတန် ပစ္စည်းတွေနှင့်ဘဲ အရောင်းအဝယ် လုပ်လို့ရတယ်”

လီဇီချီက ရှင်းပြသည်။

မိသားစုကြောင့်လည်း လီဇီချီသည် ဈေးကွက်တွင် မရှိနိုင်သော လျှို့ဝှက်စာအုပ်များကို ဖတ်ခွင့်ရခဲ့သည်။ သတ်မှတ်ထားသည့် အထောက်အထား ဒါမှမဟုတ် အဆင့်အတန်းရှိမှသာ ထိုစာအုပ်များကို ဖတ်လို့ရသည်။

“ဘယ်မှာ ဝယ်လို့ရလဲ”

ဆွန်းမို စပ်စုလိုက်သည်။

“လေလံအိမ်တွေနှင့် မှောင်ခိုဈေးကွက်မှာပဲ ဝယ်လို့ရတယ်”

လီဇီချီစကားက တိုရင်းလိုရင်း ရောက်သည်။

“ဒါပေမယ့် အမှောင်တိုက်ကြီးက ပစ္စည်းအားလုံးက အရမ်းကို ဆွဲဆောင်နိုင်တဲ့ အစွမ်းရှိတယ်။ ဈေးကြီးရုံတင် မဟုတ်ဘူး ဝယ်ဖို့လည်းခက်တယ်”

လီဇီချီသည် လူရည်လည်သည့် မိန်းကလေး ဖြစ်သည်။ ဆွန်းမို ဘယ်နေရာကနေ လကြယ်သစ်သီးကိုရခဲ့လဲဆိုတာ မေးချင်နေပါသည်။

မေးခဲ့ရင်လည်း သူ့ဆရာက ပြန်မဖြေမှာကို သိနေသည်။ ဒါကြောင့်လည်း လိမ္မာ ပါးနပ်စွာ မမေးဘဲနေဖို့ ဆုံးဖြတ်လိုက်သည်။

"မင်း စတိုးဆိုင်မှာ ဝယ်လို့ ရတဲ့ ပစ္စည်းတွေအကုန်လုံးက အရမ်းကောင်းတဲ့ ပစ္စည်းတွေပါလို့ မင်းကိုပြောသားပဲ"

စနစ် တော်တော်ကို ကျေနပ်နေသည်။ သူ့လေသံက ဘာကကောင်းလို့ ကောင်းမှန်းမသိသည့် ဆွန်းမိုကို မလေးစားသည့် ပုံပေါက်နေသည်။

ဆွန်းမိုကလည်း ဂရုမစိုက်ပါ။ မတ်တပ်ရပ်ပြီး လမ်းလျှောက်လိုက်သည်။

"ခြံထဲမှာပဲ စမ်းကြည့်လိုက်ရအောင်။ မင်းတို့နှစ်ယောက်စလုံးရဲ့ တိုက်ခိုက်ရေး အစွမ်းကို ကြည့်လိုက်ရအောင်" ဆွန်းမိုခြေထောက်များက ဂိတ်ကို ဖြတ်လိုက်သော အချိန်တွင် စနစ်၏ အကြောင်းကြားချက် မြည်လာသည်။

ဒင်

"တာဝန် အောင်မြင်သွားပြီ"

စာစဉ် (၈)

အခန်း (၁၁၁) - အစွမ်းအသစ် ရရှိခြင်း။

“ဒါပဲကျောင်းသားတို့ ။ နောက်သင်ခန်းစာကျမှ တွေ့ကြမယ်”

ကူရှပ်ရှင်းက ပြုံးပြီးပြောလိုက်သည်။ သူမ စာသင်ရမည့် အချိန်စာရင်းကို သွားယူရန် စာသင်ခန်းထဲက ထွက်လာခဲ့သည်။

သင်ကြားရေး အဆောက်အဦးဘက်ကနေ ကြေကွဲခြင်းမရှိရေကန်ဘက်သို့ ထွက်လာခဲ့သည်။ ပတ်ဝန်းကျင်တွင် လူရှိမရှိ တစ်ချက်ကြည့်လိုက်ပြီးနောက် သစ်ပင်ကို ပိတ်ကန်နေသည်။

"ကဲဟာ ကဲဟာ"

ကူရှုပ်ရှင်း မကျေနပ်ချက်များကို ဖွင့်ထုတ်နေလေသည်။

ထိုင်ခုံ ၃၀၀ ရှိသည့် ဟောပြောခန်းမထဲတွင် အပြည့်နီးပါးရှိနေပြီး ထိုင်ခုံ ၂၀လောက်သာ

လွတ်နေခဲ့သည်။ ပွဲပြီးသည့်အချိန်တွင်လည်း ကျောင်းသားတွေရဲ့ တုန့်ပြန်ချက်က အရမ်းကောင်းခဲ့ပါသည်။

ဟောပြောပွဲက လုံးဝကို ပြီးပြည့်စုံတယ်လို့တောင် ပြောလို့ရသည်။ သင်ကြားရေးလမ်းစဉ်၏ ပထမဆုံးခြေလှမ်းက လှပခဲ့တယ်လို့တောင် ပြောလို့ရသည်။

ဒါပေမယ့်လည်း ဆွန်းမိုပွဲက ပေါက်ကွဲထွက်နေသည့် တုန့်ပြန်မှုတွေကို

စဉ်းစားလိုက်မိပြီး စိတ်ခံစားချက် တော်တော်ကို ဆိုးရွားလာသည်။ ရှုံးလိုက်မှန်း သိလိုက်သည်။

ဒီနည်းလမ်းဖြင့် သူမ၏ ပထမဆုံးဟောပြောပွဲတွင် အမာခံ ပရိတ်သတ် ၅၀ လောက်ရနိုင်သည်။

အင်း ယောကျ်ားလေး ကျောင်းသားတွေ။

ဒါအတွက်လည်း အဖြေမရှိပါ။ ဟော်မုန်းတရှိန်ထိုး တိုးတက်လာသည့် ကျောင်းသားများအတွက်တော့ လှပသည့် အမျိုးသမီးဆရာမတွေရဲ့ ဆွဲဆောင်မှုကို ခံနိုင်ရည် မရှိကြပါဘူး။

ဒါကြောင့်လည်း ကူရှုပ်ရှင်း၏ ပွဲတွင် ဆွန်းမိုထက် လူ ၅၀ ကျော်လောက် ရှိဖို့ လိုအပ်သည်။ ဒါပေမယ့်လည်း ပွဲကိုတက်ရောက်လာသည့် ကျောင်းသားဦးရေက မှန်းချက်နှင့် နှမ်းထွက် မကိုက် ဖြစ်သွားခဲ့သည်။

ဆရာအသစ်လေးယောက်ထဲတွင် ဂေါင်ပန်သည် လူအနည်းဆုံး ဖြစ်သွားခဲ့သည်။ ကျန်းလန်ကတော့ ပုံမှန် ဖြစ်သည်။ ကူရှုပ်ရှင်းကိုတော့ တော်တယ်လို့ သတ်မှတ်နိုင်သည်။ သူမ၏ ဟောပြောပွဲကို လူတက်ရောက်နှုန်းက ဆယ်နှစ်အတွင်း ပထမလို့

ပြောနိုင်သည်။ ဒါပေမယ့် လူရိုင်းကောင် ဆွန်းမို ပေါ်လာမယ်လို့ ဘယ်သူက ထင်မှာလဲ။

"ဆွန်းမို မင်းက ငါ့ရဲ့စိန်ခေါ်သူဖြစ်လာလိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့မိဘူး"

ကမ္ဘာပေါ်မှာ မထင်မှတ်ထားတဲ့အရာတွေ အများကြီး ဖြစ်လာနိုင်ကြောင်းတွေးမိပြီး ပေါက်ကွဲစွာ အော်ဟာစ်

ပစ်လိုက်သည်။ ဒါပေမယ့်လည်း ဂေါင်ပန်၏ သနားစရာမှတ်တမ်းကို တွေးလိုက်မိပြီး ပြန်ဝမ်းသာသွားမိသည်။

"ဆွန်းမို ဒီတစ်ကြိမ်အောင်နိုင်သူက မင်းပေါ့လေ။ နောက်တစ်ကြိမ် အောင်နိုင်သူက ငါပဲ ဖြစ်ရမယ်"

ကူရှုပ်ရှင်းက ဝမ်းနည်းခြင်းမရှိရေကာန်ကို စိုက်ကြည့်ရင်း ရေရွတ်လိုက်သည်။ လာမည့်နွေဦးတွင် ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲကို ဖြေဆိုပြီး အောင်လက်မှတ်ကို ရအောင် ယူမည်။

"ဂုဏ်ပြုပါတယ်။ မင်းရဲ့ ပထမဆုံး လူထုဟောပြောပွဲက ကူရှုပ်ရှင်းနဲ့ ကျန်းလန်တို့လို ပြိုင်ဘက်သုံးယောက်ကို ကျော်တက်ပြီး

အနိုင်ယူခဲ့သည်။ ဆုလာဒ်- ငွေရတနာ သေတ္တာ တစ်လုံး”

တောက်ပနေသောငွေရောင် ရတနာသေတ္တာတစ်လုံး ဆွန်းမိုရှေ့တွင် ပေါ်လာသည်။

ဆွန်းမိုလည်း ခေါင်းညိတ်လိုက်ပြီး ကောင်းကင်ကို တစ်ချက် မော့ကြည့်လိုက်သည်။ နေလုံးကြီးက အနောက်ဘက်ကို တရွေ့ရွေ့သွားနေတာ ညနေစောင်းလုနီးပါး ဖြစ်နေသည်။

“ဆရာ”

လီဇီချီလည်း တွေဝေသွားခဲ့သည်။ ဆွန်းမိုက ဘာကြောင့် ရုတ်တရက် ရပ်သွားတာလဲ။

"ဘယ်သူ အရင်လာချင်လဲ"

ဆွန်းမိုက လုချီဟွာခေါင်းကို ရှစ်ကြိမ် ပုတ်လိုက်ရင်း ပြောလိုက်သည်။ ထို့နောက် စိတ်ထဲကနေ ဖွင့်လို့ ပြောလိုက်သည်။

ငွေရောင်ရတနာသေတ္တာလည်း ပွင့်လာပြီး ငွေရောင်အလင်းများ တောက်ပလာသည်။ ထိုအလင်းများ ပျောက်သွားပြီးနောက် စာအုပ် တစ်အုပ်ပေါ်လာသည်။

“စွမ်းရည် စာအုပ်”

ဆွမ်းမို မျက်လုံးများ အရောင်တောက်လာသည်။

ဒင်

“ သင်သည် ကျွမ်းကျင်အဆင့်ဖြင့် သွေးရှင်သန်ခြင်းနည်းစနစ်ကို ရရှိခဲ့သည့်အတွက် ဂုဏ်ပြုပါသည်။ ဒီနည်းစနစ်သည် ရှေ့ဟောင်းအနှိပ်ပညာ၏ အဓိက အကိုင်းအလက် လေးခုထဲက တစ်ခုဖြစ်ပြီး အဓိကရည်ရွယ်ချက်မှာ သွေးများကို သန့်စင်ပေးရန်ဖြစ်သည်။ သင်သည် ပစ်မှတ်၏ ဝိညာဉ်ချီ အရည်အသွေးနှင့် ပမာဏကို

မြှင့်တင်ပေးပြီး သွေးထဲက အဆိပ်အတောက်များနှင့် အညစ်အကြေးများကို ဖယ်ရှားပစ်နိုင်သည်။

စနစ်က ကြွင်နာတတ်သောအစ်မကြီး တစ်ယောက်လို ကြင်ကြင်နာနာ ရှင်းပြနေသည်။

“မင်းဟာက တကယ်ကို ခြေထောက်နှိပ်တဲ့ နည်းစနစ်ပဲ”

ဆွန်းမိုကလည်း လျှောင်ပြောင်လိုက်သည်။

ဒီလိုပြောလိုက်ပေမယ့် ဆွန်းမို တော်တော် ပျော်သွားပါသည်။ နှိပ်သည့်နည်းပညာကို ရက်တော်တော်ကြာ သုံးခဲ့ပြီးနောက်

လက်တွေ့ကျသော ကျွမ်းကျင်မှုတစ်ခုဖြစ်ကြောင်း ကို လက်ခံထားခဲ့သည်။

အမှန်တိုင်းပြောရရင် ရှေးခေတ်လောကနတ်၊ နတ်ဘုရားမျက်စိတို့နှင့် နှိုင်းယှဉ်ပါက ရှေ့ခေတ်အနိုပ်ပညာသည် လက်တွေ့အသုံးချရသည့် အပိုင်းတွင် ပိုပြီးကျယ်ကျယ်ပြန့်ပြန့် သုံးနိုင်သည်။ သာမန်လူများအတွက်ကို အကောင်းဆုံး အကျိုးသက်ရောက် မှုရှိသည်။

ဆွန်းမိုက နတ်ဘုရားမျက်စိကိုသုံးပြီး လူတစ်ယောက်၏ ရောဂါကို မြင်ကာ ထိုလူကို

အသိပေးလိုက်ရင်လည်း ဆွန်းမိုကို မယုံပဲ တံတွေးတောင် လှည့်ထွေးသွားနိုင်သည်။

တချို့ဆို ကုသရမှာကြောက်လို့ ဖုံးတောင်ကွယ်ထားကြသေးသည်။

ဆွန်းမိုသည် အနှိပ်နည်းပညာကို သုံးပေးလိုက်ပါက တဖက်က ပိုတောင် သက်သာသွားနိုင်သည်။ ဒီအကျိုးကျေးဇူးကို လက်တွေ့ ခံစားလိုက်ရသည့်သူတွေက ဆွန်းမိုကို ပိုပြီးဖော်ရွေလာပြီး လက်မထောင်ပြကြမှာ သေချာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူသားများသည် လောကပေါ်တွင် အတိကျဆုံးစနစ်နှင့် ဖွဲ့စည်းထားသည့် စက်များဖြစ်သည်။ သာမန် ဟင်းရွက်လှီးသည့် ဓါးတစ်ချောင်းတောင် အချိန်ကြာကြာသုံးချင်ပါက သေသေချာချာ ထိန်းသိမ်းထားဖို့ လိုသည်။ လူသားတွေရဲ့ ခန္ဓာကိုယ်ဆိုရင် ပြောမနေပါနဲ့ တော့။

အသက်ကြီးလာသည်နှင့် အမျှ တစ်ခုမဟုတ်တစ်ခုတော့ နေမကောင်းတတ်စမြဲ ဖြစ်သည်။

ဒါကြောင့်သူတို့ကို ပစ်မှတ်ထားပြီး ရှေ့ခေတ်အနိုပ်ပညာကို ဖန်းတီးခဲ့တာ ဖြစ်နိုင်သည်။ စွမ်းအင်လမ်းကြောင်း၊ ကြွက်သားများ၊ သွေးနှင့်အရိုး တည်ဆောက်ပုံနှင့် ထိုအရာများအားလုံးကို ရှေ့ခေတ်အနိုပ်ပညာက ထိန်းသိမ်းပေးနိုင်သည်။

"စနစ်ရေ...........အခုချိန်မှာ ငါက အရိုးနဲ့ ပက်သက်တဲ့ နည်းစနစ်မှာ အားနည်းနေတာတစ်ခုပဲ ကျန်တော့တယ်။ မင်းငါ့ကို တခါတည်းပေးလို့ရရင် ပေးပါလားကွာ။ ရှေ့ခေတ်အနိုပ်ပညာ အကိုင်အလက်လေးခုစလုံး စုံသွားအောင်လို့လေ"

ဆွန်းမိုက လောဘတော့ မကြီးပါဘူး။ တခြားအပိုင်းတွေအကုန်ရှိနေပြီး တစ်ခုပဲလိုတော့ နည်းနည်းစိတ်ထဲ မတင်မကျ ဖြစ်နေသည်။

"အများကြီး မစဉ်းစားနဲ့"

စနစ်ကလည်း တခါတည်း ပယ်ချလိုက်သည်။

"ချီးပဲ"

ဆွန်းမို နှုတ်ခမ်းများ လှုပ်သွားသည်။ "တော်ပြီ မင်းဆီက ဝယ်လို့မရဘူးလား"

ဆွန်းမို စတိုးဆိုင်ကို ဖွင့်ကြည့်လိုက်သည်။ အမြင့်ဆုံးနေရာတွင် စာအုပ်တစ်အုပ် ရှိနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

‘အရိုးအထိုင်ချခြင်း နည်းစနစ်” လို့ အဖုံးတွင်ရေးထားသည်။

လေးစားအထင်ကြီးမှုအမှတ် ၃၀၀၀။ လျှော့စျေးလည်း မရှိပါ။

ဆွန်းမိုမျက်နှာ ချက်ခြင်း မည်းသွားသည်။ ဆွန်းမို မတတ်နိုင်ပါ။ ဒါ့ပြင် ဒီစွမ်းရည်စာအုပ်သည် စ စခြင်းတွင် သုံးမရပါ။ စနစ်က ညှပ်ချဖို့ ကြိုးစားနေသည်။

"ပစ္စည်းတွေဝယ်ချင်ပြီး ဈေးမတတ်နိုင်တဲ့ ဆင်းရဲသား တစ်ယောက်ရဲ့ ခံစားချက်ကို သိလား။ အခုမင်းလိုပဲ"

စနစ်က လှောင်နေသည်။

ဆွန်းမို စနစ်ကို လျစ်လျူရှုလိုက်သည်။ သူကလှည့်ပြီး လုချီဟွာခေါင်းကို ပုတ်လိုက်သည်။

"ဟွန့် ငါ့မှာကံကောင်းစေတဲ့ သဘော်သီး မိန်းကလေးရှိတယ်။ မင်းစောင့်ကြည့်လိုက်ပါ။ ရက်နည်းနည်းကြာရင် ရတနာသေတ္တာထဲက "အရိုအထိုင်ချခြင်း နည်းစနစ်"ကို ဆွဲထုတ်ပြမယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိုက်ခိုက်မှုကလည်း စလာသည်။ ဒါပေမယ့်လည်း ငါးမိနစ်လောက်ကြာတော့ ပြီးသွားသည်။ ဆွန်းမိုပေါက်ကွဲလွန်းလို့ အံကို ကြိတ်ထားလိုက်မိသည်။

မိန်းကလေးနှစ်ယောက်သည် ငန်းတစ်ကောင်ကိုတောင် အနိုင်ယူဖို့ ခွန်အား မရှိဘူး။ စနစ်၏ သုံးသပ်မှုက မှန်နေသည်။ မိန်းကလေးနှစ်ယောက်သည် ကြက်များကိုသာချီနိုင်ပြီး လိုက်ဖမ်းဖို့တော့ ခွန်အား မရှိပါ။

လီဇီချီ၏ ပြဿနာက တုန့်ပြန်မှုအာရုံကြောများ အားနည်းနေသည်။

LCD တောကြက်ဥ မိန်းကလေးသည် ရန်သူ၏ လှုပ်ရှားမှုများကို ကြိုတင်ခန့်မှန်းနိုင်ပြီး မြင်နိုင်သော်လည်း တိုက်ခိုက်ခြင်း ဒါမှမဟုတ် ကာကွယ်ခြင်း မလုပ်နိုင်ပါ။

လီဇီချီ၏ အခြေအနေနှင့် ပက်သက်ရင် တော်တော်ရိုးရှင်းလွန်းသည်။ သူမက တုန့်ပြန်မှုကို လိုက်မမှီပါ။ ညီညာသော လမ်းပေါ်တွင် လမ်းလျှောက်ရင်း လဲကျတတ်သည့် မိန်းကလေးက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိုက်ပွဲတစ်ခုမှာ လက်နက်ဆွဲထုတ်ဖို့ဆိုတာ တော်တော်ကို ခက်ခဲလွန်းသည်။

လုချီဟွာ ပြဿနာကတော့ အလွန်တက်ကြွခြင်းမရှိဘဲ တဝက်တပျက်တွင် အမြဲတမ်း နှေးကွေးသွားသည်။ ဒါ့အပြင် လွယ်လွယ်လေးနှင့် ဒေါသထွက်လာပြီး စိတ်လွတ်သွားတတ်သည်။

ပြတ်ပြတ်သားသား ပြောရရင် စိတ်ပိုင်းဆိုင်ရာ အရည်အချင်း ညံ့ဖျင်းလွန်းသည်။ ဖိအားခံနိုင်ရည် သုညပါပဲ။

ဆွန်းမိုသည် ဒီလိုကျောင်းသားမျိုးကို အရင်ကလည်းမြင်ဖူးသည်။ သာမန်အချိန်တွင် မသိသာပေမယ့် စာမေးပွဲ အခန်းထဲကို ဝင်လိုက်ရင် စိတ်တွေ ကယောင်ခြောက်ခြား ဖြစ်လာလိမ့်မည်။

ပိုမိုပြင်ထန်းသည့်သူများက အသက်ရှူတောင် မဝဖြစ်လာနိုင်သည်။

ဒါက စိတ်ရောဂါ တမျိုးပါပဲ။

ဆွန်းမို နည်းနည်း ခေါင်းကိုက်သွားသည်။ ဒီမိန်းကလေးနှစ်ယောက် ရင်ဆိုင်နေရသည့် ပြဿနာကို ဘယ်လိုဖြေရှင်းရင် ကောင်းမလဲ။

"ဆရာ"

လီဇီချီ တိုးတိုးလေး ခေါ်လိုက်သည်။ သူ့ဆရာစိတ်ပျက်နေမယ်ဆိုတာ သူမသိသည်။

"အီး"

လုချီဟွာ မျက်လုံးကတော့ မျက်ရည်များ စီးကျလာသည်။

"ကမ္ဘာပေါ်မှာ လုံးဝပြည့်စုံတဲ့ လူဆိုတာ မရှိပါဘူး။ ပါရမီရှင်လို့အခေါ်ခံရတဲ့ လူတွေတောင် အားနည်းချက် တစ်ခုမဟုတ်တစ်ခုတော့ ရှိကြတာပဲ။ ဒါမှလည်း သဘာဝ တာအိုနှင့် ကိုက်ညီမှာပေါ့"

ကောင်းမလေးနှစ်ယောက် စိတ်မကောင်းလို့ ငိုနေတာကို မြင်တော့ ဆွန်းမိုက သူတို့ကို ညင်သာစွာ နှစ်သိမ့်လိုက်သည်။

'တန်ဖိုးဖြတ်မရသည့် အကြံပြုချက်ကိုလည်း သုံးထားသည်။

ဆွန်းမို ခန္ဓာကိုယ်က ရွှေရောင်တောက်ပနေပြီး လီဇီချီနှင့် လုချီဟွာကို ဖုံးလွှမ်းထားသည်။ လီဇီချီနှင့် ဆွန်းမိုက သူမတို့ကို နှစ်သိမ့်ပေးနေမှန်းသိပေမယ့် မြတ်ဆရာအရှိန်အဝါ၏ သက်ရောက်မှုအောက်တွင် သူမတို့အရမ်းကို ပျော်နေပါသေးသည်။ စိတ်ထဲက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်ဓါတ်ကျနေမှုများသည် နေဝင်ချိန်မှာ မိန်ဖျော့သွားသော တိမ်မည်းများလို ပျောက်ကွယ်သွားသည်။

“ညစာစားဖို့ ကျောင်းပြန်ကြရအောင်”

တနေ့တာ ကုန်သွားသော်လည်း ဆွန်းမိုမှာ မပြီးပြတ်သေးသည့် အလုပ်များ ရှိနေသေးသည်။ ဝိညာဉ်တက်တူးလည်း မဆွဲရသေးပါ။ မနက်ဖြန်သင်ခန်းစာအတွက် ပြင်ဆင်ပြီး သင်တန်းချိန်များကိုလည်း ကျက်ထားရအုံးမည်။

ဟောပြောချက်လုပ်မည့်အချိန်တွင် သတိမထားမိဘဲ အမှားမပါသွားအောင်လည်း လုပ်ရအုံးမည်။

ဆွန်းမိုစရိုက်ကတော့ အမြဲတမ်း ဒီလိုပဲ ဖြစ်သည်။ အလုပ်ပေါ်ကို အရမ်းအလေးအနက်ထားသည်။ ကျောင်းသားတွေက သူ့သင်ခန်းစာကို နားထောင်ဖို့အတွက် လာကြမှာဖြစ်သည်။ သူတို့ကို လမ်းပြဖို့အတွက် ၁၀၀ ရာခိုင်းနှုန်းအားထုတ်ပြီး နောက်ထပ် သင်ကြားနိုင်အောင်လည်း လုပ်ပေးရမည်။

ထမင်းစားပြီးနောက် သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက် လိုက်ကြသည်။

အဆောင်ကို ပြန်သည့်လမ်းတွင် ဆွန်းမိုသည် စွမ်းရည်စာအုပ်ကို အသုံးချလိုက်သည်။ ရွှေရောင်အလင်းတန်း တစ်ခုက သူ့စိတ်ထဲကို ဝင်လာပြီး ချက်ခြင်းကို ကျွမ်းကျင်လာခဲ့သည်။

"အသိပညာ ရလိုက်သည့် ခံစားချက်က အရမ်း မိုက်ပါတယ်"

နေ့သစ်ကိုလည်းရောက်ပြီး မိုးကောင်းကင်လည်း လင်းလာသည်။

ချီရှန်ကျားနှင့် သူ့ သူငယ်ချင်းနှစ်ယောက်လည်း စောစောထကာ မနက်စာစားပြီး ချက်ခြင်းပဲ စာသင်ဆောင် ကို ပြေးကြတော့သည်။

"ဒီနေ့ ငါ့ကိုယ်ခန္ဓာကိုယ်ကို စစ်ဆေးဖို့ ဆရာဆွန်းကို သေချာပေါက်သွားပြရမယ်"

ဝမ်ဟောင်သည် ဆွန်းမို၏ လူထုဟောပြောပွဲကို အရင်ကတည်းက လွဲချော်နေခဲ့သည်။

"ဒီနေ့ ဆရာဆွန်းရဲ့ လူထုဟောပြောပွဲမှာ ကျောင်းသား အရမ်းများနိုင်တယ်နော်"

ကျန်ရှီ အကောင်းမြင်စိတ် နည်းနေသည်။

"မင်းအတွေးလွန်နေပြီ။ ဆွန်းမိုရဲ့ နောက်ဆုံး လုပ်ဆောင်ချက်က ဘယ်လောက်ကောင်းနေပါစေ ။ သူက ဆရာ အသစ်တစ်ယောက်ပဲ။ ဟောပြောပွဲ ခေါင်းစဉ်က ဘာလဲ"

ဝမ်ဟောင် နာမည်ကို မမှတ်မိတော့ပါ။

"ကျင့်ကြံခြင်းဆေးပညာ"

ချီရွှန်ကျားက ပြောလိုက်သည်။

"ဟုတ်တယ်။ ဒါက ဆရာဆွန်းမို ဖန်တီးထားတဲ့ ဘာသာရပ် အသစ်ပဲ။ အတန်းကြီးကျောင်းသားတွေတောင် လာနားထောင်ကြလိမ့်မယ်"

ဝမ်ဟောင်ကတော့ တည်ငြိမ်နေသည်။

ပြည်နယ်ကိုးခုက နိုင်ငံအသီးသီးတွင် ပညာရေးလမ်းစဉ်သည် အခြေခံအားဖြင့်တော့ တူညီကြသည်။ အကြောင်းအရာအသစ်တစ်ခုကို တီထွင်ခဲ့တာလည်း နှစ်ပေါင်းများစွာ ကြာနေခဲ့ပြီ။ ဒါက မြတ်ဆရာများနှင့်

သာမန်သူတော်စင်များတောင် ပြီးပြတ်အောင် မလုပ်နိုင်ခဲ့သည့် အရာဖြစ်သည်။ ဆွန်းမိုက လုပ်ခဲ့သည်။

ဝမ်ဟောင်က သူတော့ မယုံကြည်ကြောင်း ထုတ်ပြောလိုက်သည်။

မကြာခင် သူတို့ သုံးယောက်လည်း စာသင်ခန်းထဲကို ရောက်သွားသည်။

တံခါးမပိတ်သေးပါ။ ဝမ်ဟောင်လည်း များပြားလှသော လူလှိုင်းကြီးကို ကြည့်ပြီး တခေါက် ပြန်ထွက်လာသည်။ စာသင်ခန်း တံခါးဝတွင်

ချိတ်ထားသော နံပါတ်ပြားကို တချက်ကြည့်လိုက်သည်။

“၃၀၂၊ မမှားဘူး။ ဒီနေရာပဲ”

ချီရှန်ကျားက အတည်ပြုလိုက်သည်။ သူလည်းမျက်မှောင် ကြုတ်လာသည်။

လူ ၅၀ဆန့်သည့်အခန်းက ကျယ်လှပါသည်။

“မနက် ဇနာရီ ထိုးတော့မယ်။ စာသင်မယ့်ဆရာလာတော့မှာမလို့ အရင်အချိန်က ညီလေး ညီမလေးတို့ရေ ငါတို့ကို အခန်းဖယ်ပေးလို့ ရမလား”

ဝမ်ဟောင်က ပြုံးပြီးအော်ပြောလိုက်သည်။ သူရဲ့ဉာဏ်ရည်အတွက်လည်း ဂုဏ်ယူနေသည်။

ကျောင်းသားများက တစ်ချက်လှည့်ကြည့်လိုက်သော်လည်း ဘယ်သူကမှ မလှုပ်ကြပါ။

ဝမ်းဟောင်က သူ့စကားများ ရှင်းရှင်းလင်းလင်း မကြားလို့လားဆိုပြီတော့ နောက်တစ်ခေါက်ထပ်အော်လိုက်သည်။

ဒီတစ်ခါလည်း ဘယ်သူမှ မလှုပ်ကြပါဘူး။

"တောက် မင်းတို့တွေ ယဉ်ကျေးမှုနည်းနည်းလေးတောင် မရှိဘူးလား"

ဝမ်ဟောင် မကျေမနပ်ဖြစ်လာသည်။ သူ၏ ညာဏ်ရည်ညာဏ်သွေးလည်း ကျရှုံးတော့မလို ဖြစ်သွားသည်။

"မအော်နဲ့တော့ ဒီလူတွေကလည်း နောက်တစ်ချိန်အတွက် ရောက်နေတာ"

တံခါးဝမှာ ရပ်နေသည့် လူငယ်တစ်ယောက်က ပြန်ပြောလိုက်သည်။ သူရောက်လာတုန်းကလည်း အော်ပြောခဲ့သေးသည်။ "ဘယ်လိုပဲ ဖြစ်ဖြစ် ငါက မင်းတို့ထက် အရင်ရောက်တာ။ အခုထွက်သွားမယ့် သူရှိရင် အရင်ဝင်ရမယ့်သူက ငါပဲ"

"အမ်"

ဝမ်ပေါင်က စကြဲ့န်ကို တချက်ကြည့်လိုက်ပြီး မေးလိုက်သည်။

"ဒီလူတွေရော နောက်အတန်းတက်ဖို့ ရောက်နေတာပဲလား"

"အမှန်ပဲ"

လူငယ်က အနောက်ဘက်ကို လက်ညှိုးထိုးပြီး

"ကျေးဇူးပြုပြီး နောက်ကတန်းစီပေးပါ"

"ဘာလဲဟ"

ဝမ်ဟောင်လည်း လမ်းပျောက်သွားသည်။ သူခန့်မှန်းကြည့်လိုက်တော့ လူ ၃၀လောက်ရှိသည်။ ဆွန်းမိုမှာ ဒီလို အရည်အချင်းရှိတာလား။

ဒီကျောင်းသားအများစုက ဆွန်းမို၏ ပထမဆုံးလူထုဟောပြောပွဲကို တက်ရောက်ခဲ့သည့်သူများ ဖြစ်သည်။ သူတို့သည် ဆွန်းမို၏ နတ်ဘုရားလက်ကို တော်တော်လေး စွဲလမ်းနေကြသည်။ ဒါကြောင့်လည်း ဆွန်းမို သင်ခန်းစာကို နှလုံးသားထဲက စိတ်ဝင်စားနေကြသည်။

အမှန်တော့ ကောလဟာလတွေကို ကြားပြီး ရောက်လာသည့် ကျောင်းသားတွေက ပိုတောင်များသေးသည်။ ဒါပေမယ့်လည်း စာသင်ခန်း ပြည့်ကျပ်နေတာကို တွေ့ပြီး ပြန်သွားကြသည်။

စာစဉ် (၈)

အခန်း (၁၁၂) - စာသင်ခန်း ပြောင်းခြင်းနှင့် ထိုင်ခုံလုကြခြင်း။

လွန်ခဲ့သည့် ရက်ပိုင်းတုန်းက ဒူရှောင်သည် ဆွန်းမိုကို တိုက်ခိုက်ရေး ဒိုဂျိုတွင် တိုက်ရေးအစွမ်း စမ်းသပ်နေတာကို တွေ့ခဲ့သည်။ အခုချိန်ထိ သူဘယ်လို လုပ်ခဲ့လဲ ဆိုတာကို စဉ်းစားလို့ မရသေးပါ။ ထမင်းတစ်နပ်စားပြီး တိုက်ခိုက်ရေးစွမ်းအား အဆမတန် မြင့်တက် လာခဲ့သည်။

ကျောင်းတွင်လည်း မကြာသေးခင်က သူ့အကြောင်း ကောလဟာလတွေနှင့် ပြည့်နေခဲ့သည်။ ဒါကြောင့် ဒူရှောင်သည် သူ့ကို စိတ်ဝင်စားလာသည်။

တိုက်ဆိုင်စွာပင် ဒီနေ့ ဒူရှောင် အတန်းချိန် မရှိပါ။ ဒါကြောင့်လည်း ဆွန်းမို သင်ခန်းစာကို နားထောင်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

သင်ကြားရေးအဆောက်အဦး ဝင်ပေါက်တွင် သူမနှင့် တရုံးထဲ လုပ်သည့် ဂေါင်ချမ်ကို တွေ့လိုက်သည်။ သူမက လက်ကိုဝှေ့ယမ်းလိုက်ပြီး

“ဆရာ ဂေါင်”

"ဆရာဒူ"

ဂေါင်ချမ်ကလည်းပြုံးပြီး ပြန်နှုတ်ဆက်သည်။

သူတို့နှစ်ယောက် စကားစမြည်ပြောပြီးနောက် တနေရာတည်းကိုပဲ သွားမည့်အကြောင်းကို သိလိုက်သည်။

" ဆရာဆွန်းရဲ့ လူထုဟောပြောပွဲ သွားမလို့လား"

ဆရာဒူက မေးလိုက်သည်။

"ဟုတ်တယ်။ နတ်ဘုရားလက်က တော်တော်နာမည်ကြီးနေတော့ ။ ဆရာဆွန်းဆီမှာ သင်ယူစရာများ ရှိမလားဆိုပြီး သွားကြည့်မလို့"

ဂေါင်ချမ်၏ သဘောထားက အလွန်နှိမ့်ချတတ်သည်။

သူသည် ဒူရှောင်ထက် တနှစ်စောပြီး ကျောင်းနှင့် လက်တွဲခဲ့သည်။ ဒီနှစ်နွေဦးရာသီတွင် ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲကို ဝင်ဖြေသော်လည်း မအောင်မြင်ခဲ့ပါ။ အဲဒီအချိန်ကစပြီး သူ့ပင်ကိုယ် စရိုက် ပြောင်းလဲသွားသည်။ အရင်တုန်းကတော့ အရမ်းကို မာနကြီးပြီး ယုံကြည်မှု အပြည့်နှင့် ဂုဏ်ယူနေတတ်သည်။ အခုတော့ ပိုပြီး

နှိမ့်ချလာသည်။ အနည်းဆုံးတော့ သူနှင့် စကားစမြည်ပြောရင်း ပိုပြီး ဖော်ရွေလာသည်။

"ဒူရှောင်။ မင်းက မြတ်ဆရာတစ်ယောက်ရဲ့ ဂုဏ်ပုဒ်ကို ရအောင်ယူရမယ်"

ဒူရှောင်က သူမကိုယ်သူမ စိတ်ထဲက သတိပေးနေခဲ့သည်။

ကျောင်းတွေက ဒီလိုပါပဲ။ အရည်အချင်းရှိမှပဲ ဂုဏ်ယူလို့ရသည့် အနေအထား ရှိမည်။ မဟုတ်ပါက တခြားသူတွေကို မျှော်ကြည့်နေရမည်။

သူတို့နှစ်ယောက် တတိယထပ်ကို ရောက်သွားသည်နှင့် စာသင်ခန်းတစ်ခု၏ စကြံန်တွင် ဆယ်နှင့်ချီသော လူစုလူဝေးကို တွေ့လိုက်ရသည်။

"ဒီနေ့ မြတ်ဆရာတစ်ယောက်ရဲ့ အတန်းများရှိလို့လား" ဂေါင်ချမ်က မျက်မှောင်ကြုတ်ရင် ပြောလိုက်သည်။ တကယ်လို့ မြတ်ဆရာ၏ အတန်းရှိပါက ဆွန်းမိုအတန်းကို မသွားတော့ဘဲ မြတ်ဆရာ၏ အတန်းကို ရွေးချယ်လိုက်မည်။ သင်ကြားသည့် ဘာသာရပ်က အရင်ကမလေ့လာဖူးသည့် အရာဖြစ်ရင်တောင်

သင်ကြားမှုပုံစံနှင့် နည်းစနစ်ကို လေ့လာနိုင်သည်။ သူ့အတွက်လည်း အကျိုးရှိသည်။

တစ်ကြိမ်ကျရှုံးပြီးနောက် အရင်ကထက် ပိုပြီးနိမ့်ချလာသလို ပိုလည်း ကြိုးစားလာသည်။

“ငါလည်း မသိဘူး”

ဒူရှောင်ကခေါင်းကိုယမ်းရင်း ပြန်ဖြေလိုက်သည်။ သူမလည်း မျက်မှောင်ကြုတ်နေသည်။ သူမသည် ကျောင်းမှာလုပ်လာတာ သုံးနှစ်ကျော်နေပါပြီ။ စာသင်ခန်းကိုလည်း အကြိမ်ပေါင်းများစွာ

လာခဲ့ပြီးပါပြီ။ ဒါကြောင့် စာသင်ခန်းများ၏ အခင်းအကျင်းကို အရမ်းရင်းနှီးနေခဲ့သည်။

စကြ်န်နားက အခန်းသည် ၃၀၂ ဖြစ်နိုင်သည်။ ဒါက ဆွန်းမို သင်ပေးရမည့် အခန်းပါ။

“နေပါအုံး ။ ၃၀၂ မဟုတ်ဘူးလား။ ဆရာဆွန်း သုံးမည့် အခန်းက ”

ဂေါင်ချမ်လည်း သဘောပေါက်ပြီး ပြောလိုက်သည်။ မျက်နှာတွင် တုန်လှုပ်ခြောက်ခြားမှုများ ပေါ်လာသည်။

သူ့တုန့်ပြန်မှုနှေးကွေးနေတာ မဟုတ်ပါဘူး။ ကျောင်းသားဦးရေက များလွန်း နေသောကြောင့် ဖြစ်သည်။ မြတ်ဆရာတစ်ယောက် သင်ကြားပို့ချမှသာ ဒီလို မြင်ကွင်းက တွေ့နိုင်သည်။ ဒါကြောင့်လည်း ဂေါင်ချမ်က ဆွန်းမိုနှင့် ချိတ်ဆက်ပြီး မစဉ်းစားခဲ့မိပါ။

သူ့အမြင်အရတော့ ဆရာအသစ်တစ်ယောက်ကို ကျောင်းသားဆယ်ယောက်လောက်
လာနားထောင်ပါက မဆိုးဘူးလို့ ပြောနိုင်သည်။

"အင်း"

ဒူရှောင် လည်း ခေါင်းညိတ်လိုက်သည်။

နှစ်ယောက်စလုံး တော်တော်နှင့် စကားမပြောဖြစ်ကြပါ။ သူတို့သည် ကြိုတင်တိုင်ပင်ထားခြင်း မရှိဘဲနှင့် စာသင်ခန်းနားကို မြန်မြန်လျှောက်သွားကြသည်။ အနား ရောက်လာသော်လည်း သူတို့အမြင်များက မပြောင်းလဲသွားပါ။ အဲဒီနောက်မှာတော့ အခန်းထဲကို ကြည့်လိုက်ပြီး သူတို့အမူအရာများ ပြောင်းသွားကြသည်။

"ဘယ်လိုဟာသလဲဟ။ တကယ်ကြီး အခန်းပြည့်နေတာလား"

ဂေါင်ချမ်လည်း တံခါးကို လှည့်ကြည့်လိုက်မိသည်။ နံပါတ် ၅၀နောက်မှာ ၃၀၂ ရေးထားသည်။ ကျောင်းသား ၅၀ ဆန့်သော အခန်း ၃၀၂ ဖြစ်ကြောင်း ညွှန်ပြနေသည်။

ဂေါင်ချမ်လည်း အခန်းကို လှည့်ပတ်ကြည့်လိုက်ပြီး ဘယ်လောက်ကျယ်တယ်ဆိုတာ ပြောနိုင်သည်။ ဒါပေမယ့် သူ ဝန်မခံချင်ပါ။ သူဝန်ခံလိုက်သည်နှင့် စိတ်ထဲတွင် မနာလို စိတ်များ ဖြစ်လာနိုင်သည်။

သူလည်းလေးနှစ်ကျော်လောက် သင်ခန်းစာများကို သင်ကြားပေးခဲ့ပြီး နာမည်တစ်ခု ရခဲ့သည်။ အခုချိန်အထိ သူ့အတန်းတွင် လူအများဆုံးက ၃၀သာ ဖြစ်သည်။ ဆွန်းမိုက သာလွန်နေပြီ ဖြစ်သည်။

မဟုတ်ဘူး။ မကျော်ရဘူး ။

ပြီးတော့ ဘာကြောင့် ကျောင်းသားတွေက စကြိန်မှာ စောင့်နေကြတာလဲ။

စာသင်ခန်း အပြင်ဘက်က ဆူညံနေသည့်အသံများကို ကြားပြီး အပြင်တွင်လည်း

စောင့်ဆိုင်းနေသည့် ကျောင်းသားများ ရှိသေးကြောင်း သတိရသွားပြီး စိတ်ဓါတ်ကျလာသည်။ လည်ပင်းတစ်ဝိုက်ကို ကြိုးနှင့်တူသည့် ဖိအားများရောက်လာသည်။ အဲဒီနောက် ကြိုးက တင်းကျပ်လာပြီး အသက်ရှုကျပ်လာသည်။

"ကျောင်းသားတွေ အများကြီးပဲ"

ဒူရှောင်လည်း စိတ်ခံစားချက်များကို ထိန်ချုပ်ထားသော်လည်း ခါးသီးသည့် အပြုံးကို ပြုံးလိုက်မိသည်။ ပါရမီရှင်ဆိုတာ ဒီလိုလား။

သူမအလုပ်လုပ်ခဲ့တာ သုံးနှစ်ကြာပါပြီ။ သူမအတန်းကို တက်ရောက်မှု ခန့်မှန်းခြေက ၄၇လောက်သာရှိသည်။ ဒီ ၄၇လောက်ကို ရောက်ဖို့ တစ်နှစ်ကျော်လောက် ရုန်းကန်ခဲ့ရသည်။

“ထိုင်ခုံတောင် မကျန်တော့ဘူး”

ဂေါင်ချမ်က ပခုံးတွန့်ပြီး ထွက်သွားဖို့ လုပ်လိုက်သည်။

“ငါ စာသင်ခန်း ပြောင်းခိုင်းဖို့ လက်ထောက် ကျုံလင်ကို သွားရှာလိုက်မယ်”

ဒူရှောင်က ပြောပြီး အမြန်ထွက်သွားသည်။

“အမ်”

ဂေါင်ချမ်လည်း ဒူရှောင် နောက်ကျောကို ကြည့်ရင်း နည်းနည်းအံ့အောနေသည်။ ဒီအမျိုးသမီးက ဖော်ရွေပြီး ဒီလောက်တောင် သဘောကောင်းတာလား။

လုပ်ဖော်ကိုင်ဖက်အနေနှင့် ဂေါင်ချမ်နှင့် ဒူရှောင်သည် တော်တော်လေး ရင်းနှီးတယ်လို့ တွေးလိုက်မိသည်။

အမျိုးသမီး၏ ရုပ်ရည်က သာမန်ဖြစ်ပေမယ့် တိုက်ပွဲဝင်စိတ်က အရမ်းကို ပြင်းထန်သည်။

ကြယ်တစ်ပွင့် မြတ်ဆရာအရည်ချင်း ရှိလာအောင် အမြဲတမ်း ကြိုးစားနေခဲ့သည်။ သူမသည် ဘယ်လုပ်ဖော်ကိုင်ဖက်၏ မိတ်ဆုံစားပွဲကိုမှ မလာသလို ဘယ်ဆရာနှင့်လည်း မိတ်ဖွဲ့ဖို့ မကြိုးစားခဲ့ပါ။

ရှင်းရှင်းပြောရရင် သူမသည် လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးကိုတောင် ဂရုမစိုက်တတ်သည့် အမျိုးသမီးပါ။ အခုတော့ ဆွန်းမိုအတွက် စာသင်ခန်းပြောင်းပေးဖို့ စပြီး လုပ်ပေးနေသည်။

“နတ်ဘုရားလက်ကြောင့်လား”

ဂေါင်ချမ် ခန့်မှန်းလိုက်သည်။ ဒီတစ်ချက်ပဲ ဖြစ်နိုင်သည်။

အန်ရှီဝေ၏ လက်ထောက်အနေနှင့် သူမသည် အရာအားလုံးကို လွှမ်းခြုံ ထားရသည်။ အလုပ်က မပင်ပန်းပေမယ့် အသေးစိတ် အချက်တွေကြောင့်တော့ သူမစိတ်ရှုပ်ရသည်။

ဘုန်း ဘုန်း

ဒူရှောင်က ရုံးခန်းတံခါးကို ခေါက်ပြီး တွန်းဖွင့်လိုက်သည်။

“ ဆရာဒူ ဘာလိုအပ်လို့လဲ”

ကျိုးလင်က နဖူးကို ဖိနေရင်း ပြောလိုက်သည်။

“ဆွန်းမို စာသင်ခန်းက ကျဉ်းနေပြီ ပိုကြီးတဲ့ စာသင်ခန်းကို ပြောင်းပေးဖို့ လိုနေတယ်”

ဒူရှောင်က လိုရင်းကို တခါတည်းပြောလိုက်သည်။

ကျိုးလင်လည်း နည်းနည်း အံ့အောသွားသည်။ ဒူရှောင်က ဒီကိစ္စကို ဘာကြောင့် စိတ်ပူနေတာလဲ နားမလည်ပါ။ ဒါပေမယ့် သူမက ရှင်းပြလိုက်သည်

“ကျောင်းအုပ်ကြီး အန်က သူ့အတွက် စာသင်ခန်းကို ပြောင်းထားပေးပြီးပြီ”

ဆွန်းမို၏ ပထမဆုံး လူထုဟောပြောပွဲတွင် ကျုံ့လင်သည် ဆွန်းမိုကို ကြည့်ရတာ အဆင်မပြေပေမယ့်လည်း ဆွန်းမို အရည်အချင်းရှိတာကိုတော့ လက်ခံခဲ့သည်။

အန်ရှီဝေက ပညာရေးဆိုင်ရာ အစီအစဉ်များကို ရေးဆွဲသည့်အခါလည်း ဆွန်းမိုအတွက် လူအယောက် ၅၀ ဆန့် စာသင်ခန်းကို အထူးရွေးချယ်ပေးခဲ့သည်။

ဒီလိုလုပ်လိုက်ခြင်းဖြင့် ဆွန်းမိုကို လေးစားကြောင်း ပြခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာအသစ်တစ်ယောက်က လူ၃ဂဆန့် စာသင်ခန်းကသာ စကြရသည်။ ပိုကြီးတဲ့ စာသင်ခန်းတစ်ခုကို စီစဉ်ပေးလိုက်ရင်လည်း ကျောင်းသားဦးရေက ဆယ်ဂဏန်းတောင် ကျော်ဖို့ မလွယ်ပါဘူး။

ဒူရှောင် နှုတ်ခမ်းကို ကိုက်လိုက်ပြီး အတိတ်ကို ပြန်တွေးလိုက်မိသည်။

လူ ၃ဂဆန့်သည့် စာသင်ခန်းတွင် သူမ၏ ပထမဆုံး စာသင်ချိန်မှာ ကျောင်းသားကိုးယောက်သာ ရောက်လာခဲ့သည်။ ဆယ်ဂဏန်းတောင် မပြည့်ခဲ့ပါ။

အတန်းပြီးသည်နှင့် ဒူရှောင်သည် အဆောင်တွင်ပုန်းကာ တော်တော်ကြာအောင် တစ်ယောက်တည်း ငိုနေခဲ့သည်။

"အင်.........ဝမ်းနည်းစရာတစ်ခုကိုတောင် ပြန်သတိရမိတယ်။" ဒူရှောင်က ခေါင်းခါလိုက်ပြီး မြန်မြန်ရှင်းပြလိုက်သည်။ " လူ၅၀ဆန့်တဲ့ အခန်းက မလုံလောက်တော့ဘူး။ ခုနတုန်းက အဲဒီက ဖြတ်သွားရင်း ကျောင်းသားတွေ အတန်းတက်ဖို့ စကြံ်နမှာ ရပ်စောင့်နေတာ တွေ့ခဲ့တယ်"

"အမ်"

ကျုံလင်လည်း အံ့အောသွားသည်။ (တကယ်ကြီးလား)

"စာသင်ချိန်နီးနေပြီ သူ့အတွက်အခန်း မြန်မြန်ပြောင်းပေးလိုက်ပါ။ ဆွန်းမိုသာ ဒီစံချိန်ကို ဆက်ထိန်းသိမ်းထားနိုင်ရင် ဗဟိုပြည်နယ်အကယ်ဒမီက ထူးချွန်တဲ့ ဆရာတစ်ယောက် ဖြစ်လာနိုင်တယ်"

ဒူရှောင် လျိုမူဘိုင်အကြောင်းကို တွေးလိုက်မိသည်။ သူစတင်ပြီး သင်ခန်းစာပေးတဲ့အချိန်ကစလို့ သူ့ရဲ့

မှတ်တမ်းကလည်း လူ၅ဂ ထက်မနည်းခဲ့ပါဘူး။ တော်တော်လေး အထင်ကြီးစရာ ကောင်းတယ်လို့ ထင်ခဲ့မိသည်။

"ငါသွားစီစဉ်လိုက်မယ်"

ကျုံလင်လည်း မတ်တပ်ရပ်ပြီး အခန်းထဲက မြန်မြန်ထွက်သွားသည်။

သူမ စာသင်ခန်း ၃ဂ၂ကို ရောက်သည့်အခါ ကျောင်းသားအများအပြား စုဝေးနေတာကို တွေ့လိုက်သည်။

"အစ်မကြီးရဲ့ သုံးသပ်ချက်က ငါ့ထက် ပိုတိကျတယ်"

ကျိုးလင်လည်း သက်ပြင်းချရင်း ပြောလိုက်သည်။ (ဆွန်းမို မင်းစံချိန်ကို ဆက်ထိန်းသိမ်း ထားနိုင်ဖို့ မျှော်လင့်ပါတယ်"

ကျိုးလင်လည်း စာသင်ခန်းထဲကို ဝင်ကာ လက်ခုပ်တီးလိုက်သည်။

" အားလုံးပဲ နားထောင်ပေးပါ။ ဆရာဆွန်းရဲ့ နောက်အတန်းက မကြာခင် စတော့မယ်။ ကျောင်းသားဦးရေ များလွန်းတာကြောင့် အခန်း ၃၀၈

ကို ပြောင်းလိုက်တယ်။ အားလုံးပဲ ကျေးဇူးပြုပြီးပြောင်း ပေးကြပါ”

ကျုံလင်လည်း ကြေငြာပြီး နေရာအပြောင်းအလဲကို ကျောက်သင်ပုန်းပေါ်တွင် နောက်ထပ် ရောက်လာသော ကျောင်းသားများ ဘယ်ကိုသွားရမလဲ သိနိုင်အောင် ရေးခဲ့သည်။

“ဝါး အခန်းတောင်ပြောင်းပေးလိုက်ပြီ။ ဆရာဆွန်းက သိပ်တော်တာပဲ”

ကျန်ရှီက ချီးကျူးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်ကျောင်းတွင်မဆို ဆရာတစ်ယောက်၏ အတန်းတက်ရောက်မှု မှတ်တမ်းက ဆရာ၏ လုပ်ဆောင်ချက်ပေါ်တွင် မူတည်သည်။ ဒီလိုအရာတွေက အတုလုပ်လို့ မရပါဘူး။

ဒင်

ကျန်ရှီ ၏ လေးစားအထင်ကြီးမှုအမှတ် +၁၅။ မူလ(၉၆/၁၀၀)

ချီရွှန်ကျား ၏ လေးစားအထင်ကြီးမှုအမှတ် +၂၀။ရင်းနှီး (၅၁၃/၁၀၀၀)

ဝမ်ပေါင်၏ တုန့်ပြန်မှုကတော့ ရှင်းလွန်းပါသည်။ ချက်ခြင်းကို အခန်းအသစ်ဆီပြေးသွားသည်။

"ဘာကိုစောင့်နေတာလဲ။ မြန်မြန်သွားပြီး ထိုင်ခုံယူရအောင်"

စကြိုန်ရှိ ကျောင်းသားများလည်း ဒီအတိုင်းပဲတုန့်ပြန်ကြသည်။ လူတိုင်းက အခန်း ၃၀၈ ပြေးသွားကြသဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။

"တောက် ဘာလို့ပြောင်းတာလဲ"

"ငါတို့က မနက် ဖနာရီကတည်းက နေရာဦးဖို့ ရောက်နေတာ။ နေရာပြောင်းဖို့ ပြောလိုက်တာလား။ ဒါဆို ငါတို့ စောင့်နေတာ အကျိုးမရှိတော့ဘူးပေါ့"

"အား မတွန်းကြနဲ့"

၃၀၂မှ ကျောင်းသားများသည် မီးလောင်နေသလို အလုအယှက် တိုးဝှေ့ ထွက်နေကြသည်။

ဒါကိုမြင်ပြီး ကျုံလင်လည်း အံ့အောသွားသည်။ ဆွန်းမို၏ ဆွဲဆောင်နိုင်အားသည် ဒီလောက်အထိ ပြင်းထန်နေမယ်လို့ မထင်ထားခဲ့ပါ။

'စာသင်ခန်းအသစ်ကို သွားကြတာပေါ့"

ဂေါင်ချမ်လည်း ခေါင်းခါရင်းပြောလိုက်သည်။

အားကျပြီး စိတ်ပျက်သလို ဖြစ်လာသည်။

ဆရာအသစ် တစ်ယောက်အတွက် လူသုံးဆယ်ဆန့်သည့် အခန်းကနေ လူငါးဆယ်ဆန့်သည့် အခန်းကိုပြောင်းဖို့ အနည်းဆုံး အချိန်က လနည်းနည်းတော့ ယူရမည်။

"အရင်တုန်းကတော့ ဆွန်းမိုကို ဆန့်ပျော့စားတဲ့ကောင်လို့ ပြောနေကြတာပါ။ ဘယ်လို ဟာသကြီးလဲ"

ဒူရှောင်က ရယ်ရင်းပြောလိုက်သည်။

ဆွန်းမိုက တပြည့်္င်ငါးယောက် လက်ခံနိုင်သည့် အချိန်တွင် အန်ရှီဝေ၏ နာမည်ကို သုံးခဲ့တယ်လို့ ပြောနေကြသေးသည်။ ဒါဆို အခုကရော။

အန်ရှီဝေက ကျောင်းသားများစွာကို စုစည်းပေးရန် မကူညီနိုင်ပါ။

ဆွန်းမိုကို ဘယ်လောက်တောင် အထင်ကြီးနေလဲဆိုတာ စဉ်းစားဖို့တောင် မလိုပါ။

ကျုံလင်လည်း ထိုစကားကို ကြားလိုက်ပြီး ပါးရိုက်ခံလိုက်သလို ပါးတောင် ပူလာသည်။

သူမလည်း ဆွန်းမိုကို သံသယဝင်ခဲ့သည့် လူများထဲက တစ်ယောက် ဖြစ်နေသည်။

"မြန်မြန်သွားရအောင် နောက်ကျရင် ထိုင်ခုံမရပဲ နေအုံးမယ်"

ဂေါင်ချမ်က တိုက်တွန်းလိုက်သည်။

ဆွန်းမိုလည်း သင်တန်း အချိန်စာရင်းကို ယူပြီး စာသင်ခန်းထဲကို ရောက်သည့်အခါ ကျောင်းသားတစ်ယောက်မှ မတွေ့ရသဖြင့် မျက်နှာမည်းသွားသည်။(မဖြစ်နိုင်ဘူး။ ကျောင်းသားတွေ ဘယ်မှာလဲ)

(သူတို့ အားလုံးများ ပြန်ပေးဆွဲခံလိုက်ရတာလား)

ဆွန်းမို ပထမဆုံးစဉ်းစားမိတာက သူ့ကို တစ်ယောက်ယောက်များ နှောက်နေတာလားပေါ့။ ဒါပေမယ့် ပထမတန်းတွင် ထိုင်နေသောကျုံလင်ကို မြင်လိုက်ရသည်။

“ဆရာဆွန်း ကျောင်းသားတွေ အရမ်းများနေတာကြောင့် ငါကူညီပြီး ပိုကြီးတဲ့ အခန်းကို ပြောင်းပေးလိုက်တယ်။ သူတို့က ၃၀၈မှာ ရှိတယ်” ကျုံလင်က ရှင်းပြလိုက်သည်။

“အို ကျေးဇူးပါဗျာ”

ဆွန်းမိုက ခေါင်းညိတ်ရင်း ပြန်ပြောလိုက်သည်။

"ကျေးဇူးတင်ဖို့ မလိုပါဘူး။ ငါက ငါ့အလုပ်ကို လုပ်နေတာ"

ကျိုလင်က လက်ကို ဆန့်ထုတ်လိုက်ပြီး "ဒါဆိုရင်လည်း ဆရာဆွန်းမိုကို ကြိုပြီး ဂုဏ်ပြုထားလိုက်မယ်။ ဟောပြောပွဲ စံချိန်ကို ထိန်ထားနိုင်မယ်လို့ထင်ပါတယ်"

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ထွက်မသွားခင် ကျုံလင်လက်ချောင်းတွေကို အသာအယာ ကိုင်ထားခဲ့သည်။

စာသင်ခန်း ၃၁၂ထဲတွင် ကျောင်းသားများ၏ စကားသံများ တိုးတိုးနှင့် ထွက်နေသည်။ ကျောင်းသားအားလုံးကလည်း တံခါးဝက ဝင်လာမည့် ဆွန်းမိုကို စိတ်အားထက်သန်စွာ စောင့်နေကြသည်။

"ချင်ယံု။ ဆရာဆွန်းရဲ့ နတ်ဘုရားလက်က တကယ်လား"

ကျောင်းသူတစ်ယောက်က မေးလိုက်သည်။ ချင်ယုံနှင့်တဆောင်တည်း အတူတူ နေပြီး ချင်ယုံနှင့် နည်းနည်းဆုံဖူးသည်။ တစ်ယောက်နှင့်တစ်ယောက်တော့ သိပ်ပြီး မရင်းနှီးကြပါ။ ဒီတစ်ခေါက် စာသင်ဖို့ရောက်လာတော့ ချင်ယုံကိုမြင်ပြီး သူမဘေးနားမှာ ဝင်ထိုင်ခဲ့သည်။

ဒါကိုကြားလိုက်သည့် ကျောင်းသားများကလည်း ပါးစပ်ပိတ်ထားလိုက်ပြီး အာရုံစိုက်ကာ နားထောင်နေကြသည်။

"ငါကြားရတာကတော့ မင်းကို ထိလိုက်ပြီး မင်းအဆင့်တက်တာ ဘယ်နှစ်ကြိမ် ကျရှုံးခဲ့လဲဆိုတာကိုတောင် သိတယ်ဆို"

နောက်ထပ်ကျောင်းသား တစ်ယောက်ကလည်း ဒီအချက်မှန် မမှန်ကို သိလို၍ မေးလိုက်သည်။

"ဒါတောင် မဟုတ်သေးဘူး။ အချိန်အတိအကျလည်း သိတယ်လို့ ပြောနေကြတယ်"

လူတိုင်းက အရမ်းကို သိချင်နေကြသည်။ ဒါတွေကတော့ ဒဏ္ဍာရီလာ

နတ်ဘုရားလက်အကြောင်းတွေပါ။ ခန္ဓာကိုယ်ကို ထိလိုက်ရုံနှင့် နတ်ဘုရားလက်ပိုင်ရှင်က သူတို့၏ အရိုးဖွဲ့စည်းပုံ ၊ အရည်အချင်း အပါအဝင် ကျောင်းသားနှင့် သက်ဆိုင်သည့် ဖွဲ့စည်းပုံကိုပါ သိနိုင်သည်။

ဒီနေ့တွင် ကျောင်းသားအများကြီး ရောက်နေသည့် အကြောင်းကလည်း ဆွန်းမို၏ နတ်ဘုရားလက်နှင့် အစစ်ဆေးခံပြီး သူတို့၏ အရည်အချင်းကို သိချင်နေကြသည်။ သူတို့အတွက်လည်း

အသင့်တော်ဆုံး သိုင်းပညာကျင့်စဉ်က ဘာလဲဆိုတာ သိချင်နေကြသည်။

အနီးအနားက ကျောင်းသားများကလဲ ချင်ယုံကို ဝိုင်းကြည့်ပြီး တိတ်ဆိတ်နေသောကြောင့် စာသင်ခန်းထဲက တခြားသူတွေလည်း တိတ်ဆိတ်နေတာကို သတိထားမိပြီး လူတိုင်း လှည့်ကြည့်ကြသည်။

ချင်ယုံသည် ဒီလောက် လူအများကြီး ဝိုင်းကြည့်တာကို တစ်ခါမှ မခံဖူးသောကြောင့် ဘယ်လိုပြန်ပြီး တုန့်ပြန်ရမလဲ မသိဖြစ်နေသည်။

စာစဥ် (၈)

အခန်း (၁၁၃) - လူအုပ်ကြီးကို ထိန်းခြင်း။

“တကယ်လား။ လိမ်တာလား”

ပထမဆုံးပြောလိုက်သည့် မိန်းကလေးက ချင်ယုံကို လက်ညှိုးထိုးရင်း မေးလိုက်သည်။

“အင်း အမှန်ပဲ” ချင်ယုံက ခေါင်းညိတ်ပြီး ပြောလိုက်သည်။

သူမဆရာ ဖန်ဇိုဝမ်နှင့် ဆွန်းမိုကြားက ဆက်ဆံရေး မကောင်းတာကို သူမသိပါသည်။ သူတို့ကြားက စိန်ခေါ်ပွဲမှာ သူမဆရာ ရှုံးနိမ့်ခဲ့သည်။ ဒါပေမယ့် ဆွန်းမိုက သူမကို စိတ်ပြုပြင်ခြင်းနယ်ပယ်ကို ရောက်အောင်လုပ်ပေးပြီး အဆင့်တက်အောင် ကူညီပေးခဲ့သည်။ ဒါက ကြင်နာမှု အကြွေးပါ။ ဒါကြောင့်လည်း သူမ အမှန်အတိုင်း ပြောလိုက်ပါသည်။

တကယ်လည်း အတန်းထဲကို ချင်ယုံရောက်နေတာက အကောင်းဆုံး သက်သေဖြစ်သည်။

တကယ်လို့ သူမသာ ဆွန်းမို၏ စွမ်းဆောင်ရည်ကို အသိအမှတ်မပြုပါက ဘာကြောင့် အတန်းထဲကို လာနေမှာလည်း။

အလယ်ကမ္ဘာကြီးတွင် ကျောင်းသားတစ်ယောက်သည် ဆရာတင်လိုက်ပါက ပုံမှန်အားဖြင့် သူတို့၏ ကျင့်ကြံခြင်းနှင့် ပက်သက်သည့် မေးခွန်းများကို တခြားဆရာများအား

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မမေးတတ်ကြပါ။ ဒါကလည်း သူတို့ကိုယ်ပိုင်ဆရာအပေါ် လေးစားမှု ဖြစ်သည်။ ဒါပေမယ့် သူတို့ဆရာက တစ်ခါမှ မလေ့လာဖူးသည့် နယ်ပယ်ကို မေးခွန်းထုတ်ရင်တော့ ပြဿနာမရှိပါ။

ဆရာတိုင်းကတော့ သူတို့ကျောင်းသား ပိုပြီး အသိဉာဏ်ရှာဖွေတာကို မတားမြစ်ကြပါ။

ဟာ

ဒီစကားကိုကြားတော့ အတန်းထဲရှိ လူတစ်ဝက်လောက်က ရုန်းရင်းဆန်ခတ်

ဖြစ်သွားသည်။ သူတို့ ဒီအတန်းကို ပိုပြီးတော့တောင် မျှော်လင့်လာကြသည်။

အန်ရှီဝေသည် အခန်း ၃၀၂ကို ရောက်သည့်အခါ ထောင့်ချိုးကနေ လမ်းလျှောက်လာသော ဆွန်းမိုကို တွေ့လိုက်သည်။

“ကောင်းကောင်း ပြင်ဆင်ထားရဲ့လား”

“မဆိုးပါဘူးဗျာ”

ဆွန်းမိုက ပြောပြီး ခေါင်းညိတ်လိုက်သည်။ ဒါကိုနှုတ်ဆက်တယ်လို့ သတ်မှတ်လို့ရသည်။ ပြီးတော့ အတန်းထဲကို ချက်ခြင်း ဝင်သွားသည်။

ဆွန်းမို၏ ပြောင်းလဲမှုက အရမ်းကောင်းတယ်လို့ အန်ရှီဝေ ထင်လိုက်မိသည်။ သူမ၏ ကလေးဘဝက ချစ်သူလေး မဟုတ်တော့ပါဘူး။

အန်ရှီဝေလည်း ပျံ့လွင့်နေသည့် စိတ်ကို ထိန်းပြီး ခေါင်းယမ်းကာ စာသင်ခန်းထဲကို ဝင်သွားလိုက်သည်။

သူမ ထိုင်ဖို့ ထိုင်ခုံများကို လိုက်ရှာရင်း ပျက်စီးနေသည့် ထိုင်ခုံသာ ကျန်တော့သည်။

ဒီအတန်းမှာ တကယ်ကို လူအများကြီးပဲ။

“ကျောင်းအုပ်ကြီး အန်”

ကျောင်းသားများက ကမန်းကတန်း ထပြီး နှုတ်ဆက်လိုက်ကြသည်။

"အားလုံးပဲ ကျေးဇူးပြုပြီး ထိုင်ကြပါ။ အတန်းက စနေပြီ"

အန်ရှီဝေက အရမ်း ယဉ်ကျေးနေဖို့ မလိုကြောင်း အမူအရာနှင့်ပြလိုက်ပြီး ပေါ့ပေါ့ပါးပါးထိုင်လိုက်ကာ ဆွန်းမိုကို စောင့်မျှော်နေသည်။

ဆွန်းမိုသည် ဖန်ဝူဂျီနှင့် လျှိုမူဘိုင်တို့လို စူပါးစတား ဆရာဖြစ်လာနိုင်သည်။

ထိုဆရာများသည် ရုပ်ချောကြကာ အေးချမ်းသည့် ပုံစံရှိသော်လည်း ခန္ဓာကိုယ်များကတော့ သန်မာကြသည်။ သူတို့ သင်ကြားသည့် ပုံစံများသည် ဆန်းသစ်နေပြီး ကျော်ကြားသော အမှတ်တံဆိပ်များ ဖြစ်လာကြသည်။ ဒါကြောင့်လည်း သူတို့အတန်းကို ကျပန်းကျောင်းသားများ ရောက်လာတတ်ကြသည်။

တချို့ကျောင်းသားများဆိုရင် သူတို့ကြိုက်သည့် ဆရာရဲ့ ဟောပြောချက်ကို နားထောင်ချင်လို့ အခြားအတန်းအထိတောင် လာတတ်ကြသည်။

အများအားဖြင့်တော့ အမျိုးသမီး ဆရာများ ဖြစ်နေတတ်သည်။

ဗဟိုပြည်နယ်အကယ်ဒမီက ကြယ် ၃ပွင့် မြတ်ဆရာ ဂျီမဲဂျဲက ဥ ပမာ ကောင်းဖြစ်သည်။ ကြယ် ၁ပွင့် မြတ်ဆရာ ၁၀ယောက် ထွက်သွားမှာကို အန်ရှီဝေ မကြောက်ပါ။ ဒါပေမယ့် ဂျီမဲဂျဲသာ ထွက်သွားဖို့ လုပ်ရင်တော့ သူမကို တားဖို့ နည်းလမ်းပေါင်းစုံ စဉ်းစားမှာ သေချာသည်။

ဂျီမဲဂျဲကြောင့် ဗဟိုပြည်နယ်အကယ်ဒမီက တစ်နှစ်ကို ကျောင်းသား ၅၀၀ လောက်ခေါ်နိုင်သည်။

လီဇီချီနှင့် နောက်ထပ်လေးယောက်က ပထမတန်းမှာ ထိုင်နေကြပါသည်။ ဆွန်းမိုကို မြင်လိုက်ရင် ချက်ခြင်း ထရပ်လိုက်ကြသည်။

ဆွန်းမိုကလည်း အခမ်းအနားတွင် မတ်တပ်ရပ်ဖို့ မလိုကြောင်း လက်မြှောက်ပြီး အချက်ပြလိုက်သည်။

အမှန်တိုင်းပြောရရင် သူ့ကျောင်းသားတွေက နေ့တိုင်း အရိုအသေပေးနေသဖြင့် အနေရခက်နေသည်။ တပြည့့်််တွေ၏ နှလုံးသားထဲမှာ လေးစားနေရင်ကို လုံလောက်သည်။

ကလောင် ကလောင် ကလောင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သာယာသော ခေါင်းလောင်းသံ ပေါ်လာသည်။ အတန်း စချိန် ရောက်ပါပြီ။

ဆွန်းမိုက စင်ပေါ်တွင် ရပ်နေပြီး တစ်ခန်းလုံးကို စူးစူးရဲရဲ ကြည့်ကာ ပြုံးလိုက်သည်။

“ကျောင်းသား၊ ကျောင်းသူများ ဒီနေ့ကစပြီး ကျင့်ကြံခြင်းဆေးပညာ ဆိုင်ရာ အသိပညာများကို သင်ကြားပို့ချသွားပါမယ်။ ဒီဘာသာရပ်နှင့် ပက်သက်ပြီး အကျဉ်းချုံး ပြောရရင် အဓိကရည်ရွယ်ချက်ကတော့ မင်းတို့ရဲ့ ခန္ဓာကိုယ် ဖွဲ့စည်းပုံကို နားလည်ပြီး လိုက်လျောညီထွေဖြစ်တဲ့

ကျင့်ကြံခြင်း အစီအစဉ်ကို မင်းဘာသာ ရေးဆွဲနိုင်အောင် သင်ကြားမှာ ဖြစ်တယ်”

ဆွန်းမိုသည် တန်နိုင်ငံ ချင်လင်မြို့တွင် သူ၏ ပထမဆုံး တရားဝင် သင်ခန်းစာကို စတင်ခဲ့သည်။

ဆွန်းမို၏ အသံတစ်ခုတည်းသာ ကြားနေရပြီး တစ်ခန်းလုံး တိတ်ဆိတ်နေသည်။ မျက်လုံး အစုံ တစ်ရာနီးပါးကလည်း ဆွန်းမိုကို စိုက်ကြည့်နေကြသည်။

ဆွန်းမိုသည် စင်ပေါ်တွင် စင်ကြောက်ခြင်းလည်း မရှိပါ။ သူ၏ နွေးထွေး ကြည်လင်သော

အသံကသာ တောအုပ်အတွင်း ဖြတ်စီးဆင်းနေသည့် စမ်းချောင်းတစ်ခုလို စီးဆင်းနေသည်။ သူ့ပို့ချချက်တွေက ရှင်းရှင်းလင်းလင်းနှင့် ကျောင်းသားအားလုံးနီးပါးရဲ့ နားထဲကို ဝင်သွားသည်။

ဒူရှောင် မျက်လုံးများ အရောင်တောက်လာသည်။ အရင်က ဘယ်လောက်တောင် လေ့ကျင့်ခဲ့လဲ။ သူ့အသံတစ်ခုနဲ့တင် ကျောင်းသားတွေကို ဆွဲဆောင်ဖို့ လုံလောက်တယ်။

ဆွန်းမို အသံက ကြီးကြီးမားမားပြောင်းလဲခြင်း မရှိသော်လည်း သူမအတန်းနှင့် နှိုင်းယှဉ်ပါက သင်ကြားရာတွင် သိမ်မွေ့မှု ကွာခြားနေသည်။

တချို့ဆရာများဆိုရင် ကြမ်းရင်ကြမ်း ဒါမှမဟုတ် အသံပြတ်များ ဖြစ်နေတတ်သောကြောင့် ကြာရှည်နားထောင်သည့် သူများကို အဆင်မပြေ ဖြစ်လာစေသည်။

တချို့ဆရာများ၏ အသံကတော့ သူတို့ပေးချင်သည့် အကြောင်းအရာများထဲတွင် ယစ်မူးသွားစေနိုင်သည်။

ဒင်

ဒူရှောင်၏ လေးစား အထင်ကြီးမှု +၅ ။မူလ (၅/၁၀၀)

“ကောင်းလိုက်တာ။ အရင်ကတည်းက လေ့ကျင့်ထားတာ ဖြစ်နိုင်တယ်”

ဂေါင်ချမ်၏ နှုတ်ခမ်းများ တုန့်သွားသည်။ အားကျမှု အချို့လည်း ဖြစ်လာသည်။ သူလည်း လေ့ကျင့်ခဲ့ပေမယ့် သက်ရောက်မှုက ဒီလောက် မကောင်းပါဘူး။ နောက်ဆုံးတော့လည်း လူတစ်ယောက်၏ အသံကြိုးက မွေးရာပါ

လက်ဆောင်ဖြစ်သည်။ စာသင်ချိန်တွင် ပုံမှန်မပတ်ပုတ်သည့် အသံနှင့် ပြောနေရတာကလည်း ပင်ပန်းလွန်းပါသည်။

ဒင်

ဂေါင်ချမ်၏ လေးစားအထင်ကြီးမှု +၁။ မူလ(၁/၁၀၀)

စနစ်၏ အကြောင်းကြားချက်ကို ရလာပြီး ဆွန်းမို စိတ်ထဲက ပြုံးလိုက်မိသည်။ ဒါက သူ့အသံကြောင့် ဆိုတာလည်း သူသိသည်။

ဆွန်းမိုသည် အသံအရှိန်အဟုန်၊ တုန်းအနှိမ့်အမြင့်နှင့် အဖိအဖော့တို့ကို အရင်ကတည်းက လေ့ကျင့်ဖူးသည်။ ဒါအတွက်လည်း သင်ထောက်ကူ ပစ္စည်းနှစ်ဆယ်ကျော်၊ ကိုးကားဖို့ ရုပ်ရှင်နှင့် အန်နီမေးရှင်းပေါင်းများစွာကို သီးသန့်ရှာဖွေပြီး စုဆောင်းခဲ့သည်။

အတန်းကတော့ ဆက်သွားနေသည်။ ကျင့်ကြံခြင်းဆေးပညာ၏ သဘောတရားကို မိတ်ဆက်ပြီးနောက် ဆွန်းမိုက ကျောက်သင်ပုန်းပေါ်တွင် ပုံတစ်ပုံကို ဆွဲလိုက်သည်။

ဟာ

စာသင်ခန်းထဲတွင် အော်သံတချို့ ပေါ်လာသည်။ ကျောင်းသား အများစုကလည်း ထိုပုံကို ထိတ်လန့်စွာ ကြည့်နေကြသည်။

အဝတ်မပါသည့် အမျိုးသားတစ်ယောက်၏ ပုံဖြစ်နေပြီး ကြွက်သားနှင့် သွေးကြောများကို အဓိကထား ဖော်ပြထားသည်။ ခန္ဓာကိုယ်ကို အလယ်ကနေ ဒေါင်လိုက် နှစ်ပိုင်းဖော်ပြထားသည်။ ဘယ်ဘက်က ပုံမှန်ဖြစ်ပြီး ညာဘက်က

ကြွက်သားခန္ဓာဗေဒ ဆိုင်ရာ အမြင်နှင့် ရေးဆွဲထားသည်။

"ဒီနေ့က ကြွက်သားတွေ အကြောင်းကို ရှင်းပြမယ်"

ဆွန်းမိုက ပြတ်ပြတ်သားသား အာမခံချက် ပေးလိုက်သည်။

ပုံကိုကြည့်ပြီး ဆွန်းမိုသည် အရင်းအမြစ်များကို ဖြုန်းတီးသလို ခံစားလိုက်ရသည်။ သူ့ရဲ့ မဟာအဆင့်ဆိုင်ရာ ပန်းချီ အရည်အချင်းကို

ခန္တာဗေဒအတွက် အသုံးပြုရလိမ့်မယ်လို့ မတွေးထားခဲ့ပါ။

ရိုးသားစွာပြောရရင် ဒီလိုပုံတွေ ရေးဆွဲရတာကို စိတ်မပျက်ဘူးလို့ ထင်ထားခဲ့ပေမယ့် နေ့ရထိုင်ရတော့ ခက်နေတုန်းပါပဲ။

“မဖြစ်သေးပါဘူး။ အချိန်ရရင် ငါမျက်လုံးကိုဆေးဖို့ ဟာတာနိုယွန်ရီ ဒါမှမဟုတ်လည်း ဆာတိုမီယုရီယ ပုံဆွဲရမယ်” (ဂျပန်ပွန်းစတားတွေပါ)

စဉ်းစားပြီး ဆွန်းမို ရယ်နေခဲ့သည်။ ပြီးတော့ ရေးဆွဲဖို့ ဝိညာဉ်တက်တူး ၉၀၀ ကျော် ကျန်သေးသည်။

အတန်းကတော့ စည်းချက်ကျလှစွာ ဆက်ပြီးသွားနေသည်။

ဆွန်းမိုက အချိန်ကို ကောင်းကောင်း အသုံးချနိုင်ခဲ့သည်။ ခဏလောက်ကြာတော့ ပို့ချချက်လည်း ပြီးဆုံးခဲ့သည်။

“အမေးအဖြေ ကဏ္ဍအတွက် ၁၅ မိနစ် အချိန်ပေးမယ်။ ခန္ဓာကိုယ်နှင့် သက်ဆိုင်သည့်

မေးခွန်းတွေဆိုရင် လွတ်လွတ်လပ်လပ် မေးလို့ရတယ်”

ဆွန်းမို စကားမဆုံးသေးခင် ကျောင်းသားများက အလောတကြီး လက်မြှောက်နေကြသည်။ လက်တွေကို ကြည့်လိုက်ရင် တောထဲက ကိုင်းပင်တွေလို တထောင်ထောင် ဖြစ်နေသည်။

“ဒီက ကျောင်းသား”

ဆွန်းမိုက စင်နားက တစ်ယောက်ကို လက်ညှိုးထိုးပြလိုက်သည်။

သူက ဘာဟိတ်ဟန်မှ ထုတ်မနေပါဘူး။ ဒါကြောင့်လည်း ကျောင်းသားနှင့် သူ့အကြားက ဆက်ဆံရေးက နီးလာသည်။

ဆွန်းမိုသည် စာသင်နေသည့်အချိန်တွင် ဘယ်တော့မှ ဟိတ်ဟန်ကြီးကြီး လုပ်မနေပါဘူး။ လိုက်လျောညီထွေပြီး ရင်းနှီးဖော်ရွေတဲ့ ချဉ်းကပ်ရတာ လွယ်တဲ့ လူပဲ ဖြစ်ချင်ပါတယ်။

ကျောင်းသားလည်း ထရပ်လိုက်ပြီး သူနှင့်တစ်မီတာသာ ဝေးသည့် ဆွန်းမိုကို

ကြည့်လိုက်သည်။ သူ့အသံက ထိတ်လန့်မှု နည်းနည်းဖြစ်နေသည်။

"ဆ....ဆရာက နတ်ဘုရားလက်တကယ်သိတာလား"

အတန်းထဲက ကျောင်းသားအားလုံးလည်း အာရုံစိုက် နားထောင်နေကြသည်။

"နောက်တစ်ကြိမ် မေးခွင့်ရတာ ဘယ်အချိန်ဖြစ်မလဲ မသိဘူးနော်။ ဒီအခွင့်အရေးကို ဒီမေးခွန်းအတွက် သုံးချင်တာ သေချာလား"

ဆွန်းမိုက ပြန်မေးလိုက်သည်။

"အမ်"

ကျောင်းသားလေးလည်း တွေဝေသွားသည်။ ဆွန်းမိုကို ခန္တာကိုယ် ဖွဲ့စည်းပုံ စစ်ဆေးခိုင်းလိုက်တာ ပိုမကောင်းဘူးလား။ ဒါကြောင့်လည်း မျက်နှာပျက်သွားသည်။

"ဆရာ၊ သူ့မေးခွန်းကို မဖြေနိုင်တာလား"

ဆွန်းမို၏ စိတ်ရင်းက မဆိုးတာကို ကျောင်းသားတချို့က မြင်ကြသည်။ ဒါကြောင့်လည်း ဆက်ပြီး ဖိအားပေး မေးလိုက်ကြသည်။

"ဟုတ်တယ်။ နတ်ဘုရားလက်ကိုတော့ မသိဘူး"

ဆွန်းမိုက ရယ်ရင်း ပြန်ဖြေလိုက်သည်။

"အို"

အတန်းထဲတွင် စိတ်ပျက်လက်ပျက် ညည်းတွားနေသည့် အသံများ ကြားနေရသည်။

"ဒါပေမယ့် ရှေ့ဟောင်းနဂါးဖမ်းသည့်နည်းကိုတော့ သိတယ်။ မင်းတို့ပြောပြောနေတဲ့ နတ်ဘုရားလက်နဲ့ အကျိုးသက်ရောက်မှု သိပ်မကွာပါဘူး"

"အာ"

စောစောက စိတ်ပျက်လက်ပျက် ဖြစ်နေသော ကျောင်းသားများ ရုတ်တရက် စိတ်လှုပ်ရှားလာကြပြန်သည်။ နည်းစနစ်၏ နာမည်ကိုက အရမ်း ကြမ်းကြုတ်လွန်းသည်။

"ဆွန်းမို၊ ဒီနည်းစနစ်ရဲ့ နာမည်က ရှေ့ခေတ် အနှိပ်ပညာလေ။ နတ်ဘုရားလက် ထက်လည်း ပိုအားကောင်းတယ်"

စနစ်က သတိပေးလိုက်သည်။

"မင်းကျောင်းသားတွေကို လိမ်နေတာလား"

“ဒီ နည်းစနစ်ရဲ့ နာမည်က ရယ်စရာကောင်းတယ်။ အမှန်တိုင်း ပြောလိုက်ဖို့ ငါ့မှာ မျက်နှာ မရှိဘူး”

ဆွန်းမို တိတ်တိတ်လေး စဉ်းစားနေသည်။ (အဲဒီလိုပြောလိုက်ရင် ငါ့ကို အနှိပ်သမားလေးလို့ ခေါ်ကြမှာပေါ့။ နောက်ကျရင် ကျောင်းသားတွေက ဆရာဆွန်းလို့မခေါ်တော့ပဲ အနှိပ်သည်လေး ဆွန်းလို့ ခေါ်ကြရင် ဒေါသထွက်ပြီး သေသွားနိုင်တယ်)

“ရပြီ နောက်တစ်ယောက်”

ဒီတစ်ခေါက်တော့ ကျောင်းသူလေးကို လက်ညှိုးထိုးပြလိုက်သည်။

"ဆရာ၊ ငါက ဘယ်လိုကျင့်ကြံခြင်း အမျိုးအစားနှင့် သင့်တော်လဲ"

ဒီကျောင်းသူသည် လူသစ်တစ်ယောက်ဖြစ်ပြီး မိသားစုနောက်ခံကလည်း သာမန်ပဲ ဖြစ်သည်။ ဒါကြောင့် မိသားစုဆီက အမွေရသည့် ကျင့်စဉ်မရှိဘဲ ကျောင်းစာကြည့်တိုက်ကို အားကိုးနေရသည်။

ဆွန်းမိုက လျှောက်လာပြီး ထိလိုက်သည်။

အမှန်ကတော့ သရုပ်ဆောင်နေခြင်း ဖြစ်သည်။ နတ်ဘုရား မျက်စိရှေ့တွင် သူမ၏ အချက်အလက်အားလုံးကို မြင်နေရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီပင် အသက် ၁၂နှစ်။

ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် (၁)

ကြံ့ခိုင်မှု - ၇ ။ ကြွက်သား ကောင်းကောင်း ဖွံ့ဖြိုးသည်။ ကြမ်းတမ်းသော လမ်းစဉ်ကို လျှောက်ဖို့ သင့်တော်သည်။

ဉာဏ်ရည် - ၅- သာမန်အဆင့်။ တစ်ခုခုကို ဖြေရှင်းဖို့ ခြေတွေလက်တွေကို သုံးလို့ရရင် ဦးနှေ့ာက်ကို အသုံးပြုမှာ မဟုတ်ပါ။

သွက်လက်မှု - ၄- နည်းနည်း နှေးကွေးသည်။

အလားလာ - သာမန်ထက် နည်းနည်းသာသည်။

မှတ်ချက် နည်းနည်းအလားလာ ရှိသည်။ သူ့ကို ပျိုးထောင်ဖို့ ကြိုးစားသင့်သည်။

"မင်းရဲ့ကြွက်သားတွေက အရမ်းသန်မာပြီး ကြံ့ခိုင်မှုလည်း အားကောင်းတယ်။ ခွန်အားကို အလေးပေးတဲ့ ကျင့်စဉ်မျိုးကို ရွေးချယ်သင့်တယ်။ လျှင်မြန်ဖို့လိုတဲ့ ကျင့်စဉ်မျိုးကို ရှောင်ပါ။ အဲဒါတွေဆို မင်းနဲ့ အဆင်မပြေဘူး"

ဆွန်းမိုက ပြောပြလိုက်သည်။

"အင်း"

လီပန်က သံသယ မဝင်ဘဲ စိတ်ထဲမှာ မှတ်ထားလိုက်သည်။ သူမက မိန်းကလေးဆိုပေမယ့် သူမရဲ့ လှုပ်ရှားမှုတွေက ဘယ်တုန်းကမှ မသွက်လက်ခဲ့ပါဘူး။ ဆန့်ကျင်ဘက်အနေနှင့် ရွယ်တူယောကျ်ားလေးတွေထက် ကာယကြံ့ခိုင်မှုက ပိုသန်မာသည်။

ဒင်

လီပန်၏ လေးစားအထင်ကြီးမှု +၅။မူလ(၅/၁၀၀)

နောက်ထပ်ကျောင်းသား နှစ်ယောက်ကလည်း သူတို့နှင့် သင့်တော်မည့် ကျင့်စဉ်အကြောင်းကိုသာ မေးခဲ့သည်။ ဆွန်းမိုကလည်း လွယ်လွယ်ကူကူနဲ့ ပြန်ဖြေပေးလိုက်သဖြင့် အားလုံး ကျေနပ်သွားကြသည်။

တချိန်လုံး စာသင်ခန်း ပတ်ဝန်းကျင်က အရမ်းကို လိုက်လျောညီထွေ ဖြစ်နေသည်။

“၁၅ မိနစ် အမေးအဖြေ ကဏ္ဍကပြီးသွားပြီဆိုတော့ အခုငါက မင်းတို့ကို သရုပ်ပြပေးမယ်”

ဆွန်းမိုက ဆက်ပြီး “ ငါကကျောင်းသားတွေကို ရှေ့ပေါင်းနဂါးဖမ်းသည့် လက်နဲ့ လက်တွေ့ သုံးပြီး သရုပ်ပြ ပေးမယ်”

ဝိုး

ကျောင်းသားတွေက တအံ့တအောနှင့် အော်ကြသည်။ ချက်ခြင်းပဲ လက်အားလုံးက လေထဲကို ရောက်လာသည်။ နောက်က ကျောင်းသားတွေကတော့ ဆွန်းမိုက မမြင်သွားမှာကို ကြောက်နေသည်။ ဒါကြောင့်သူတို့ မတ်တပ်ရပ်ပြီး ရှေ့တိုးလာသည်။

“အားလုံးပဲ ကျေးဇူးပြုပြီး ထိုင်ပေးကြပါ။ အတန်းစည်းကမ်းကို သတိထားပေးပါ။ တကယ်လို့ မလိုက်နာရင် ဒီမှာ နေခွင့်မရှိတော့ဘူး”

ဆွန်းမိုက သတိပေးလိုက်သည်။

ကျောင်းသားများလည်း ချက်ခြင်း ငြိမ်ကျသွားသည်။

ဆွန်းမိုက ကျောင်းသားတွေကို လှမ်းခြုံပြီး ကြည့်လိုက်သည်။ အကြည့်ခံနေရသည့် သူများကလည်း “ငါ့ကိုရွေးပါ” စိတ်ထဲက အော်နေကြသည်။

ဆွန်းမို၏ အကြည့်က နောက်ဆုံးတွင် ချင်ယုံ၏ ဘေးကို ရောက်သွားသည်။

“ဆရာ”

ထိုအချိန်တွင် ချင်ယုံလည်း လန့်နေသည်။

“ဒီက ကျောင်းသူလေး”

ဆွန်းမိုသည် ချင်ယုံဘေးက ကျောင်းသူလေးကို လက်ညှိုးထိုး ပြီး ပြောလိုက်သည်။

“အမ်”

ချင်ယုံ၏ အပြုံးများ ချက်ခြင်း ပျောက်ကွယ်သွားသည်။ ဆွန်းမိုက တခြားသူကိုရွေးရင် ဘာမှမဖြစ်ပေမယ့် ဘာလို့ သူမဘေးကလူကို ရွေးတာလဲ။

ကျောင်းသူ မတ်တပ်ရပ်တာကို မြင်လိုက်ရင် သူမ အပြော်တွေ တခြားဆီကို ရောက်သွားတယ်လို့ တွေးလိုက်မိသည်။ လုံး၀ကို အဆင်မပြေပါဘူး။

“ဆရာ”

ထိုကျောင်းသူလေးသည် လန့်သွားသော်လည်း စိတ်လှုပ်ရှားနေသည်။ တကယ်လို့

ရှေ့ဟောင်းနဂါးဖမ်းသည့်လက်က သူမ၏ အရည်အချင်းသည် သာမန်ပဲလို့ ဖော်ပြလိုက်ရင်ရော။ ဒါဆို သူမဘာလုပ်သင့်လဲ။

“ကျေးဇူးပြုပြီး စင်ပေါ်ကို တက်လာပေးပါ”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။ သူရဲ့ အစွမ်းကို နောက်တစ်ကြိမ် သရုပ်ပြဖို့ အချိန်ရောက်ပြီ။

စာစဉ် (၈)

အခန်း (၁၁၄) - နတ်ဘုရားလက်က သူ့ရဲ့ ကျော်ကြားမှုနှင့် ထိုက်တန်တယ်။

ရန်ဂျင် အသက် ၁၅နှစ်။

ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၅) အထွတ်အထိပ်။

ကြံ့ခိုင်မှု - ၆ လုံလောက်သည်။

ဉာဏ်ရည် - ၅ - အဆင့်မီရုံလေး

သွက်လက်မှု - ၈ - လူတွေကို တိုက်ခိုက်ပြီး ထွက်ပြေးနိုင်သည်။ ဘယ်သူမှ မလိုက်နိုင်ပါ။

ဆန္ဒ- ၄- လအတိုင်း ရက်နည်းနည်း လောက် စကားပြောချင်စိတ် ပျောက်နေတတ်သည်။

အလားလာ - သာမန်။

မှတ်ချက် - သာမန်သည် ခေတ်ရေစီးကြောင်း သတ်မှတ်ချက်ဖြစ်သည်။

ရန်ဂျင်သည် စင်ပေါ်က ခုံပေါ်တွင် ထိုင်လိုက်သည်။

“ မကြောက်နဲ့”

ဆွန်းမိုက သူမကို ကြည့်လိုက်ပြီး အချက်အလက်များ စစ်ဆေးနေသည်။ ထို့နောက် လက်ကိုဆန့်လိုက်ပြီး ဂုတ်ပေါ်ကို လက်တင်လိုက်ပြီး နှိပ်လိုက်သည်။

"အား"

တော်တော်ပြင်းထန်သည့် နာကျင်မှုသည် လည်ပင်းက ပေါ်လာသည်။ အဲဒီနောက်မှာတော့ တကိုယ်လုံးပြန့်သွားပြီး ရန်ဂျင်လည်း ထအော်လိုက်သည်။ တကိုယ်လုံး ခုန်ထွက်ပြီး ဆွန်းမိုလက်ထဲက ထွက်ပြေးချင်လာသည်။

ဆွန်းမိုကလည်း ဒါကို ကြိုတွက်ပြီးသားပါ။ သူမ ပခုံးကို သေသေချာချာ ဖိထားသည်။

"စိတ်လျှော့"

ဆွန်းမိုက သူမကို ပြန်ပြီး သတိပေးလိုက်သည်။ အသံတွင် လှောင်းမိုးမှုပါနေသည်။

"ဟင်။ သူမ ဘာလို့အော်တာလဲ။ လန့်ပြီးသေချင်သွားတယ်"

ကျောင်းသားတစ်ယောက်က တိုးတိုးလေး ပြောလိုက်သည်။ အနီးအနားက ကျောင်းသားများက သူ့ကို ချက်ခြင်း ဝိုင်းကြည့်နေကြသည်။

“တိတ်တိတ်နေစမ်း”

အတန်းကြီးသည့် ကျောင်းသားက သတိပေးလိုက်သည်။

စင်ပေါ်မှာတော့ ရန်ဂျင် တစ်ယောက်သည် လည်ပင်းနောက်တွင် ရက်စက်ကြမ်းကြုတ်သည့် သားရဲတစ်ကောင်က ကိုက်နေသလို ဖြစ်နေသည်။ သူမ ပါးစပ်က အင်း၊ အား အသံများထွက်နေကာ တကိုယ်လုံး တုန်နေသည်။ သူမဘဝတော့ နိဂုံးချုပ်တော့မယ်လို့ တွေးနေမိသည်။

“ မင်း ပူပြင်းသော နေမင်းကျင့်စဉ်ကို လေ့ကျင့်နေတာလား” ဆွန်းမိုက မေးလိုက်သည်။

“အား”

ရန်ဂျင် ထပ်အော်လိုက်ပြန်သည်။ ဒါပေမယ့် ဒီတစ်ကြိမ်တော့ နာကျင်လို့မဟုတ်ဘဲ လန့်သွားလို့ဖြစ်သည်။

သူမ၏ အဆောင်နေဖက် အခန်းဖော်များပင် သူမ ဘာကျင့်စဉ်ကို လေ့ကျင့်နေလည်း မသိကြပါ။ သူမ၏ အရင်းနှီးဆုံး သူငယ်ချင်း သုံးယောက်သာ သိကြသည်။

ဆွန်းမိုကတော့ သူမကို စက္ကန့်အနည်းငယ်သာ ထိလိုက်ပြီး သိနေသည်။

"ဒါ.......ဒါ..........ဒါက ကြောက်စရာကြီး"

ရန်ဂျင် ဆွန်းမိုကို လှည့်ကြည့်ချင်လာသည်။ ဒါကြောင့် ခေါင်းကို လှည့်လိုက်သည်။

"မလှုပ်နဲ့"

ဆွန်းမိုက တားလိုက်သည်။

"ဆရာ ....ဆရာ မင်းရဲ့လက်တွေက တကယ်ကို နတ်ဘုရားလက်တွေပဲ"

ရန်ဂျင်က ထိတ်လန့်ပြီး အော်လိုက်ပြန်သည်။

ဆွန်းမို၏ နတ်ဘုရားလက်နှင့် နှိပ်ပေးနေသည့်အကြောင်းကို တွေးမိပြီး အရမ်းကို စိတ်လှုပ်ရှားလာသည်။

ဒင်

ရန်ဂျင်၏ လေးစားအထင်ကြီးမှုအမှတ် +၂၀။ မူလ (၂၀/၁၀၀)။ ဆွန်းမိုလည်း ပြုံးလိုက်မိသည်။ ဒီကောင်မလေးက ကျေးဇူး သိတတ်တာပဲ။

ဟာ

ရန်ဂျင်၏ အာမေဒိတ်အသံကိုကြားပြီး တစ်ခန်းလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ဆွန်းမို စကားက မှန်နေပုံရသည်။

“ သူမရဲ့ ကြွက်သားကို ထိလိုက်တာနှင့် သူမရဲ့ ကျင့်စဉ်ကို သိနေတာလား။ ဒါက ထူးခြားဆန်းကြယ် မနေဘူးလား”

“တကယ်ကို ထူးခြား ဆန်းကြယ်လို့လည်း နတ်ဘုရားလက်လို့ နာမည်ပေးထားတာပေါ့”

“ ကောင်းလိုက်တာ”

ကျောင်းသားများသည် ရန်ဂျင်ကို စိတ်လှုပ်ရှားပြီး မနာလိုသည့် အကြည့်နှင့် ကြည့်နေကြသည်။ သူမ နေရာမှာ ချက်ခြင်းကို အစားထိုးလိုက်ချင် နေကြသည်။

"ဟွန့်၊ ဘာကိုတွက်နေကြတာလဲ။ သူမက ရှေ့ဟောင်းနဂါးဖမ်းသည့်လက်ရဲ့ ကွက်သား အမြှောင်းမြှောင်းနှင့် ဂျင်းနီကိုတောင် မြင်ဖူးသည်။ မင်းတို့တွေကတော့ ဘယ်တော့မှ မြင်နိုင်မှာ မဟုတ်ဘူး။

လီဇီချီ တိတ်တိတ်လေး ကျေနပ်နေသည်။ ဆွန်းမို၏ တိုက်ရိုက်တပြည့်ွ်ာ တစ်ယောက်အနေနှင့် သူမသည် ရှေ့ဟောင်းနဂါးဖမ်းသည့်လက်ကို အချိန်မရွေးတောင်းဆိုလို့ ရသည်။

"အင်း အင်း"

လုချီဟွာကလည်း အမြန်ထောက်ခံလိုက်သည်။

'ပူပြင်းသောနေမင်း' ကျင့်စဉ်က ရဲရင့်မှုနှင့် ကြမ်းတမ်းမှုပေါ်ကို အားပြုထားတယ်။ အမြင့်ဆုံး လေ့ကျင့်လိုက်ရင် ၁.၈ မီတာလောက်အထိ စက်ကွင်းက မြင့်လာနိုင်တယ်။ ဒါပေမယ့် မင်းရဲ့

စွမ်းအင်လမ်းကြောင်းက အထူးလဲ မဟုတ်သလို ခိုင်ခံ့မှုလည်း အားနည်းတယ်။ ဒါကြောင့် ကျင့်စဉ်က မင်းရဲ့ စွမ်းအင်လမ်းကြောင်းကို ဒဏ်ရာရသွားစေတယ်။ ဒါကြောင့်လည်း မင်းက အဆင့်(၆) အထွတ်အထိပ်ကနေ အဆင့်မတက်နိုင် ဖြစ်နေတာ”

ဆွန်းမိုက ရန်ဂျင်၏ အခြေအနေကို သုံးသပ်ပေးလိုက်သည်။

“အမ်။ အာ”

နှိပ်ပေးနေစဉ် ရန်ဂျင်ဆီက အသံများဆက်တိုက် ထွက်နေသည်။ ကျယ်လည်း ကျယ်လောင်လှသည်။

သူမတစ်ကိုယ်လုံး နာကျင်ကိုက်ခဲ့နေတာထက် သူမပိုပြီး တုန်လှုပ်သွားသည်။

အဆင့်(၆) အထွတ်အထိပ်မှာ ပိတ်မိနေတာကိုလည်း ဆွန်းမိုက သိနေတာလား။

နတ်ဘုရားလက်က တကယ်ကို အထင်ကြီးဖို့ကောင်းတာပဲ။

တကယ်လို့ သူမသာ အမျိုးသမီးတစ်ဦး၏ သိက္ခာကို မထိန်းထားရပါက အကျယ်ကြီး အော်ဟစ် ပစ်လိုက်ချင်သည်။ အော်ဟစ်လိုက်ရင် သူမပုံရိပ် လုံးဝကို ပြိုကျသွားမည်.

(ခဏလေး။ အဆင့်တက်တာထက် စွမ်းအင်လမ်းကြောင်းကို ပိုပြီးစိတ်ပူရမှာ)

ဒါကိုတွေးလိုက်မိပြီး ရန်ဂျင်က ကမန်းကတန်း မေးလိုက်သည်။

"ဆရာ။ ငါ..........ငါ..."

ရန်ဂျင် ပြီးအောင် မပြောရသေးခင် ဆွန်းမိုက ငြင်းလိုက်သည်။

" အဓိပ္ပာယ်မရှိတာတွေ တွေးမနေနဲ့ ။ မြန်မြန် မင်းရဲ့ ဝိညာဉ်ချီနှင့် စွမ်းအားတွေကို စုစည်းပြီး ကျင့်စဉ်ကို လည်ပတ်လိုက်။ လည်ပတ်သည့် အရှိန်ကို

သတိထား။ ဝိညာဉ်ချီအားလုံးကို စုပ်ယူပြီး အပြင်မထွက်သွားစေနဲ့”

ဆွန်းမိုက သတိပေးလိုက်ပြီး လက်ချောင်းတွေကလည်း ပိုမြန်လာပြီး ရန်ဂျင်တကိုယ်လုံးကို လှည့်ပတ်ပြီး နှိပ်နေသည်။ ဒါပေမယ့် သူ့ပုံစံက ကြည့်ရတာ ကျက်သရေ ရှိနေသည်။

ကျွမ်းကျင်အဆင့် လည်ပတ်မှုနည်းစနစ်က ဒီပြဿနာကို ကိုင်တွယ်ဖို့ လုံလောက်သည်။

“မင်းသူ့ရဲ့ နည်းစနစ်ကို သိလား”

ဂေါင်ချမ်က အသံကို နှိမ်ပြီး မေးလိုက်သည်။

ဒူရှောင်လဲ ခေါင်းကိုယမ်းလိုက်ပြီး အသေးစိတ်အချက်များ လွတ်သွားမှာ ကြောက်နေသကဲ့သို့ ဆွန်းမိုကို စိုက်ကြည့်နေသည်။ သူမ သင်ယူချင်နေသည်။

“ ဒါက အရမ်းအရမ်းကို ရှားပါးတဲ့ အနှိပ်နည်းစနစ် ဖြစ်မယ်” နှစ်တစ်ရာမှာတစ်ကြိမ် ပေါ်တတ်သော ပါရမီရှင် ဖြစ်သည်။ အန်ရှီဝေသည် ဒီမြင်ကွင်းကို ကြည့်ပြီးနောက် ရှေ့ပေါင်းနဂါးဖမ်းသည့်လက် အရမ်းကို

ရှားပါးသော အနှိပ် နည်းစနစ်ဖြစ်ကြောင်း သူမ နားလည်ခဲ့သည်။

သူမသိထားသည့် တခြားအနှိပ်နည်းစနစ်နှင့် နှိုင်းယှဉ်ပါက အကျိုးသက်ရောက်မှု ပိုပြင်းထန်ပါသည်။

စာသင်ခန်းထဲက လူတိုင်း၏အကြည့်သည် ရန်ဂျင်ဆီကို ရောက်နေပြီး တိတ်ဆိတ်နေကြသည်။ ရုတ်တရုတ် ရန်ဂျင်ဆီက ဝိညာဉ်ချီ ပေါက်ကွဲထွက်လာသည်။

ပတ်ဝန်းကျင်က ဝိညာဉ်ချီများလည်း ရန်ဂျင်ကိုယ်ထဲကို စိမ့်ဝင်လာသည်။

အခုချိန်တွင် ရန်ဂျင်သည် အနှိပ်ခံရတာ သက်တောင့်သက်သာ ရှိသောကြောင့် ပါးစပ်ထောင့်က သရေတောင် စီးကျနေသည်။ အစပိုင်းတွင် နာကျင်ခဲ့ပြီးနောက် မှိန်းသွားခဲ့သည်။

"ထပြီး အာရုံစိုက်စမ်း"

ဆွန်းမိုက အသံကိုမြှင့်ပြီး ပြောလိုက်သော်လည်း အသုံးမဝင်ပါ။

ကျောင်းသားများ၏ စိတ်ဆန္ဒများသည် ရှေ့ဟောင်းအနှိပ်ပညာ၏ သက်ရောက်မှု အောက်တွင် စိတ်ရှင်းရှင်းထားဖို့ ပုံမှန်အားဖြင့် မဖြစ်နိုင်ပါ။

ရန်ဂျင်သည် ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့်(၆) အထွတ်အထိပ်ကို ရောက်နေသူဖြစ်သောကြောင့် သူမ၏ စွမ်းအင်လမ်းကြောင်း ရှင်းလင်းသွားသည်နှင့် ဆွ ွန်းမို၏ နှိပ်ပေးမှုအောက်တွင် ဝိညာဉ်ချီများ စတင်ပြီး လည်ပတ်လာသည်။ ဝိညာဉ်ချီများ သူမကိုယ်ထဲကို စိမ့်ဝင်သွားသည့်အခါ...

“ သူမ အဆင့်တက်သွားတာလား”

အခန်းထဲက ကျောင်းသားအားလုံး အံ့အားသင့်နေကြသည်။

ဆွန်းမို၏ ပထမဆုံး လူထုဟောပြောပွဲတွင် ကျောင်းသားနှစ်ယောက် အဆင့်တက်အောင် ကူညီခဲ့သည့်အကြောင်းကို လူတိုင်းကြားဖူးကြသော်လည်း ကိုယ်တိုင်ကြုံလိုက်သည့်အခါ ပို၍တုန်လှုပ်သွားကြတာ သဘာဝပင် ဖြစ်သည်။

နတ်ဘုရားလက်ကတော့ သူ့ဂုဏ်သတင်းအတိုင်း ဖြစ်သည်။

နှစ်မိနစ်လောက်ကြာပြီးတော့ ဝိညာဉ်ချီ စုပ်ယူနေမှုများ အားနည်းသွားပြီး တဖြည်းဖြည်း ငြိမ်သက်သွားသည်။

ရန်ဂျင်လည်း တဖြည်းဖြည်း ပြန်နိုးလာသည်။

"ငါက ဘယ်သူလဲ။ ဘယ်မှာလဲ"

ရန်ဂျင်က ပတ်ဝန်းကျင်ကို တချက်ကြည့်လိုက်သည်။

"ငါဘာလုပ်နေတာလဲ။ အမ်။ ငါ့ခန္ဓာကိုယ်က ဘာလို့ ဒီလောက်သန်မာနေတာလဲ"

"မင်းအဆင့်တက်သွားလို့လေ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားအားလုံးက ဒီကံကောင်းသည့် မိန်းကလေးကို စိုက်ကြည့်ပြီးမနာလို ဖြစ်နေကြသည်။

ဆွန်းမိုလည်း ဘေးနားတွင် ရပ်နေကာ စာသင်ခန်းကို တစ်ချက် ခိုးကြည့်လိုက်သည်။ အကျိုးသက်ရောက်မှုကို မြင်ပြီး တော်တော် ကျေနပ်သွားသည်။

ဒီလိုဖြစ်အောင်လည်း သူလုပ်ခဲ့တာ ဖြစ်သည်။

တခြားသူများအမြင်တွင် ဆွန်းမိုက ကျောင်းသားတစ်ယောက်ကို ကျပန်းရွေးလိုက်တာလို့ ထင်နေကြသည်။ ဒါပေမယ့်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှန်တရားကတော့ သူပို့ချနေသည့် အချိန်အတွင်းတွင် ကျောင်းသားများ၏ အချက်အလက်များကို နတ်ဘုရားမျက်စိနှင့် လေ့လာနေခဲ့သည်။

ဒါကြောင့်လည်း စွမ်းအင်လမ်းကြောင်းတွင် ပြဿနာရှိနေသည့် ရန်ဂျန်ကို အထူး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဘာကြောင့် ဒီလိုလုပ်တာလဲ။

နတ်ဘုရားလက်၏ အစွမ်းထက်မှုကို ပြသဖို့ လိုသည်။

တကယ်လို့သာ ကျောင်းသားတစ်ယောက်ကို ကျပန်းရွေးချယ်ပြီး သူ့အကောင်းဆုံး ကြိုးစားကာ နိုပ်ပေးသော်လည်း အဲဒီကျောင်းသား အဆင့်မတက်သွားပါက အကျိုးသက်ရောက်မှု အရမ်းကောင်းနေရင်တောင် အခြား ကျောင်းသားများအတွက် ထူးခြားသွားမှာ မဟုတ်ပါ။ သက်ရောက်မှုဆိုတာကလည်း ကိုယ်တိုင်ခံစားမှ သိနိုင်သည်။

ဒီအဖြစ်အပျက်သည် အရာအားလုံးနှင့် သက်ဆိုင်နေသည်။ အဆင့်တက်သွားသော အောင်မြင်မှုနှင့် မတူနိုင်ပါ။

ပြဿနာဖြေရှင်းပြီးသည်နှင့် ကျောင်းသားက ကြီးကြီးမားမား တိုးတက်သွားဖို့ လိုအပ်သည်။

"ငါ.....အဆင့်တက်သွားတာလား"

နောက်ဆုံးတော့လည်း ရန်ဂျင် ပြန်ပြီးသတိရလာပြီး သူမဘာဖြစ်သွားလည်း ဆိုတာကို စဉ်းစားလို့ ရသွားသည်။

"ဟုတ်တယ်။ ဂုဏ်ပြုပါတယ်"

ဆွန်းမိုက ပြောလိုက်သည်။

“အာ .....ကျေးဇူးတင်ပါတယ် ဆရာ”

ရန်ဂျင် ချက်ခြင်းကို လေးကိုင်းလို ဖြစ်သွားအောင် ဦးညွှတ်လိုက်သည်။

ဖောက် ဖောက်

မျက်ရည်များက ပါးပြင်ကို ဖြတ်ပြီး မြေပေါ်ကို ကျသွားသည်။

ဖြောင်း ဖြောင်း

စာသင်ခန်း တစ်ခုလုံး လက်ခုပ်သံများနှင့် ပြည့်နေသည်။

ကျောင်းသားများသည် စိတ်ခံစားမှုကို မထိန်းနိုင်ဖြစ်နေသည့် ရန်ဂျင်ကို ကြည့်နေကြသည်။ ဒါပေမယ့် သူမ၏ခံစားချက်ကို နားလည်ပေးနိုင်သည်။

ကျင့်ကြံသူတွေ အကြောက်ဆုံးကဘာလဲ။ ထစ်ဆို့ခြင်းနှင့် ကြုံလာပြီး ကျင့်ကြံမှု ရပ်တန့်သွားမှာကို ကြောက်ကြသည်။ ထိုခံစားချက်သည် ကောလိပ်အဆင့် သချ်ာကို

တွက်နေရသည့် မူလတန်းကျောင်းသားနှင့် တူသည်။ မူလတန်းကျောင်းသားက ဘာလုပ်လို့ ဘာကိုင်ရမလည်း မသိဖြစ်နေသလိုပေါ့။

ထစ်ဆို့မှုတွေကြုံလာရင် ဘာလုပ်ကြမလဲ။

သူတို့သာ အခြေအနေကို သဘောပေါက်ရင်ပေါက် မပေါက်ပါက နားလည်တတ်ကျွမ်းသည့် ဆရာတစ်ယောက်ကို ရှာဖို့လိုအပ်သည်။ ပထမ ရွေးချယ်မှုကလည်းကျောင်းသား စိတ်ဓါတ်နှင့် အရည်အချင်းကို စမ်းသပ်နေသလို ဖြစ်နေသည်။ နောက်ရွေးချယ်မှုကတော့ ကျင့်ကြံခြင်းကို

ကောင်းကောင်းနားလည်သည့် ဆရာနှင့် တွေ့ကြုံဖို့ လိုအပ်သည်။

ကိုယ်ပိုင်ဆရာ မရှိသော ရန်ဂျင်လို ကျောင်းသားတွေအတွက် ထစ်ဆို့မှုနှင့် ရင်ဆိုင်ရခြင်းသည် ကြောက်ဖို့ အကောင်းဆုံး အရာဖြစ်သည်။ တကယ်လို့ ဆရာက ဖြေရှင်းပေးဖို့ ဆန္ဒရှိရင်တောင် သူမကျင့်ကြံနေသည့် တစ်ချိန်လုံး စောင့်ကြည့်ပေးဖို့ မဖြစ်နိုင်ပါ။ ဒါ့အပြင် မြတ်ဆရာတွေနှင့်ဆို ပြဿနာ မရှိနိုင်သော်လည်း သာမန်ဆရာများနှင့်ဆိုရင် သူတို့ရခဲ့သည် အဖြေက

မှားနေဖို့ ရာခိုင်နှုန်းများသည်။ မှားယွင်းသော လမ်းညွှန်ချက်ကိုလိုက်နာပြီး အဆင့်မတက်နိုင်ရင် တော်ပါသေးသည်။ ဒီလိုမဟုတ်ဘဲ နောက်ပြန်လှည့်လို့ မရလောက်သည်အထိ အကျိုးဆက်များ ဖြစ်ပေါ်လာပါက အခြေအနေ တော်တော်ဆိုးရွားသွားနိုင်တယ်။

ဒါကြောင့် မြတ်ဆရာမဟုတ်သည့် ဆရာများကလည်း ကျောင်းသားများ၏ ထစ်ဆို့မှုနှင့် ဆိုင်သည့် ပြဿနာများကို မဖြေကြပါ။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရန်ဂျင်၏ လေးစားအထင်ကြီးမှု +၅၀။ မူလ(၇၀/၁၀၀)

"အခုမင်းစိတ်အေးအေးထားလို့ ရပါပြီ။ ကျင့်စဉ်ပြောင်းဖို့တော့ မမေ့နဲ့"

ဆွန်းမိုက ရန်ဂျင်ကို ကျေနပ်စွာ စိုက်ကြည့်ရင်း ပြောလိုက်သည်။ ကျေးဇူးသိတတ်သည့် ဒီလိုကျောင်းသားမျိုးကို သဘောကျသည်။

"ဂုဏ်ပြုပါတယ်"

ရန်ဂျင် သူမနေရာကို ပြန်ရောက်သည်နှင့် ဘေးကကျောင်းသားများက ဝိုင်းပြီး ဂုဏ်ပြုလိုက်ကြသည်။

"ကျေးဇူးတင်ပါတယ်"

ရန်ဂျင်ကလည်း ကျေးဇူးတင်ကြောင်း ပြောရင်း ခေါင်းညိတ်ပြလိုက်သည်။

"အခုရော ဘယ်လို ထင်လဲ"

ရန်ဂျင် သူမထိုင်ခုံကို ထိုင်လိုက်ပြီးနောက် ချင်ယုံက မေးလိုက်သည်။

" အံ့အောဖို့ ကောင်းတယ်"

ရန်ဂျင် ပြန်စဉ်းစားလိုက်မိသည်။ အနှိပ်ခံရတာ အရမ်းကို သက်တောင်သက်သာ ရှိလှပါသည်။

"ဆရာက အရမ်းကို အထင်ကြီးဖို့ ကောင်းတာပဲ"

လုချီဟွာကပြုံးပြီး သူမဆရာအတွက် ဂုဏ်ယူနေသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၁၅။ ရင်းနှီး (၅၅၃/၁၀၀၀)

လီဇီချီက တစ်ခွန်းမှ မပြောသော်လည်း သူမဆီက ၁၀မှတ် ထွက်လာသည်။ ထန်ထန်ယုထန်နှင့်

နောက်ထပ်နှစ်ယောက်က စာသင်ရန် လာကြသော်လည်း မတုန်မလှုပ် ဖြစ်နေသည်။

ကလောင် ကလောင် ကလောင်

ခေါင်းလောင်းသံ မြည်လာသည်။

ဆွန်းမိုလည်း သူစာသင်တာကို အဆုံးသတ်လိုက်သည်။

"ကျောင်းသားတွေ ဒီနေ့အတန်းကတော့ ဒီမှာဘဲ နားမယ်"

"အာ။ ဒါပဲလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာ၊ ကျေးဇူးပြုပြီး ဆက်သင်ပေးပါ”

“ရှေ့ပေါင်းနဂါးဖမ်းသည့်လက်ကို မြင်ချင်သေးလို့ပါ”

ထက်မြတ်သည့် ကျောင်းသားများက လှမ်းအော်ကြသည်။ ဒါကြောင့်လည်း စာသင်ခန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။

“ဘာဖြစ်လို့ စာသင်ချိန် ဒီလောက် မြန်တာလဲ”

“ အချိန်က နည်းလိုက်တာ”

ဆွန်းမိုက သူ့ပစ္စည်းတွေကို သိမ်းပြီး စာသင်ခန်းထဲက ထွက်မလို့ လုပ်နေသည်။

ကျောင်းသားတွေ အချိန်တော်တော်ကြာအောင် ရုတ်ရုတ်သဲသဲ ဖြစ်နေပြီး သုံးပုံနှစ်ပုံကတော့ မတ်တပ်ရပ်ကာ လက်ခုပ်တီးပြီး ဆွန်းမိုကို နှုတ်ဆက်လိုက်ကြသည်။

ဒီမြင်ကွင်းကိုကြည့်ပြီး ဒူရှောင်နှင့် ဂေါင်ချမ်သည် အားကျပြီး ပါးစပ်ကြီးတွေ ဟနေကြသည်။

လက်ခုပ်တီးပြီး မတ်တပ်ရပ်ခြင်းသည် မြတ်ဆရာတစ်ယောက်သာရသော အကြီးဆုံး ဂုဏ်ပြုမှုဖြစ်သည်။ ပြောချင်တာက

ကျောင်းသားတွေက သူ့သင်ခန်းစာကို အသိအမှတ်ပြုကြသည်။

ဆွန်းမိုလည်း သူ၏ ပထမဆုံးအတန်းတွင် ဒီလောက် အကျိုးသက်ရောက်မှု ရှိမယ်လို့ မတွေးထားခဲ့ပါ။

ဟင်း..... နှိုင်းယှည်ကြည့်လိုက်ရင် တကယ်ကို စိတ်ပျက်စရာပါ။ ဂေါင်ချမ်နှင့် ဒူရှောင်တို့ နှစ်ယောက်စလုံး ဖိအားတွေ ရလာကြသည်။ သူတို့ အလုပ်ပိုကြိုးစားရင်ကြိုးစား မဟုတ်ပါက

လှေနှစ်ဖို့အတွက် ပင်လယ်ရေစီးကြောင်းထဲကို ရောက်သလို ဖြစ်သွားမည်။

အန်ရှီဝေလည်း မတ်တပ်ရပ်ပြီး လက်ခုပ်တီးလိုက်သည်။

"ဒီတစ်ခါတော့ ရတနာ တစ်ခု ကောက်ရပြီ ထင်တယ်"

အန်ရှီဝေ တိတ်တိတ်လေး ငေးကြည့်နေသည်။ ဆွန်းမို၏ ဟောပြောမှု စွမ်းရည်သည် ဒီလောက် ကောင်းမွန်ပြီး ဒီလောက် သက်ရောက်မှု အားကြီးလိမ့်မယ်လို့ မတွက်ထားခဲ့ပါ။

ဆွန်းမိုသည် အရမ်း ဥာဏ်ကောင်းသည်။ ကျောင်းသားအားလုံး၏ စိတ်ကို တိကျသေချာစွာ ဖမ်းဆုပ်ထားနိုင်ခဲ့သည်။

စာစဉ် (၈)

အခန်း (၁၁၅) - ကျောက်တွေ ရခြင်း။

ဘာကြောင့် ကျောင်းသားတွေ အတန်းကိုလာကြတာလဲ။

သူတို့သည် ဆရာတွေဆီက လမ်းညွှန်းချက်ကို ရယူပြီး တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ချင်ကြသည်။

ကျောင်းသားများသည် တခြားဆရာများ၏ သင်ခန်းစာများကို တက်ရောက်နားထောင်ရင်း ဉာဏ်အလင်းပွင့်ဖို့ အခွင့်အရေးရှိသော်လည်း ဆွန်းမို၏ ကျင့်ကြံခြင်းဆေးပညာရပ်လို ချက်ခြင်း ရလာဒ် မထွက်လာပါ။

တကယ်လို့သာ ဆွန်းမိုက အတန်းချိန်တိုင်းတွင် အဆင့်တက်နိုင်အောင် ကူညီလိုက်ပါက....။

မဟုတ်သေးဘူး ရက်နည်းနည်း ခြားရင်တစ်ခါ လုပ်ပေးလိုက်ရင် သူ့အတန်းကို တက်ရောက်သည့် အကျောင်းသားအရေအတွက် တန်နှင့်ချီပြီး တိုးလာလိမ့်မည်။

ဒူရှောင်နှင့် ဂေါင်ချမ်တို့သည် ထိုသို့တွေးရင်း အတန်းထဲက ထွက်ခွာသွားကြသည်။ ဘေးတွင်ရပ်နေသော အန်ရှီဝေကို မြင်လိုက်ရင်

"ကျောင်းအုပ်ကြီး အန်"

" ဆရာဒူ၊ ဆရာဂေါင် ။ မင်းတို့နှစ်ယောက် ဘယ်လိုထင်လဲ"

အန်ရှီဝေက မေးလိုက်သည်။

ဂေါင်ချမ်ကတော့ နှုတ်ပိတ်နေသည်။ သူသည် အန်ရှီဝေကို တိတ်တခိုး ချစ်သည်။ သူမကို လက်မထပ်နိုင်မှန်းသိပေမယ့်လည်း ချစ်သည့်စိတ်ကိုတော့ ထိန်းမရပါ။ ဒါကြောင့် အန်ရှီဝေရှေ့တွင် တခြားလူကို မချီးကျူးနိုင်ပါ။

"ဆွန်းမိုက ဒုတိယ လျှိုမှုဘိုင် ဖြစ်လာမလား"

ဆွန်းမိုက သူ့အတန်း၏ စံချိန်ကို ထိန်းသိမ်းနိုင်မလား မသိသဖြင့် ဒူရှောင်က မတင်မကျပြောလိုက်သည်။ စံချိန်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချိန်တိုလေးသာ ထိန်းနိုင်ပါက လျှို့မှုဘိုင်ကို ဘယ်တော့မှ မမှီနိုင်ပါ။

ဒီစကားကိုကြားတော့ ဂေါင်ချမ်က ဒူရှောင်ကို တစ်ချက်ကြည့်လိုက်မိသည်။

(ဒီလောက်ထိတောင် အမြင့်ကြီး ထင်နေတာလား။ မင်းက ဆွန်းမိုကိုများ ကြိုက်နေတာလား)

"အို"

အန်ရှီဝေလည်း အံ့အောသွားသည်။

“ကျွန်မပြောတာက သင်ကြားရေးစွမ်းရည် မဟုတ်ဘူး ကျော်ကြားမှုကို ပြောတာ”

ဒူရှောင်က စကားကို ထိန်းလိုက်သည်။

“ စဉ်းစားကြည့်ရင် ဆွန်းမို၏ နတ်ဘုရားလက်က ကျောင်းသားတစ်ယောက် ရဲ့ ကျန်းမာရေးကို တစ်ချက်ထိလိုက်ရုံနှင့် သိပြီး အဆင့်တက်နိုင်အောင် ကူညီနိုင်မယ်ဆိုရင်တော့ သူ့ရဲ့ စာသင်ခန်းတံခါး ပေါက်သွားသည်အထိ လုပ်နိုင်မှာ သေချာတယ်”

“နတ်ဘုရားလက်”

ဂေါင်ချမ်က ဒီစကားကို ကြားလိုက်ရင်

စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး နှလုံးသားထဲမှာ ပဋိပက္ခ ဖြစ်လာသည်။ ဆွန်းမိုကို မှီအောင်လိုက်ရမည့် အချိန်ဖြစ်သည်။ သူရဲ့ သင်ကြားရေးစွမ်းရည်က ဆွန်းမိုကို မမှီပါဘူး။

ဆွန်းမိုနှင့် ယှဉ်ပြိုင်ချင်သောကြောင့် ဆရာနှစ်ယောက်စလုံးသည် ဆွန်းမိုကို ချီးမြှောက်သည့် စကားများကို ထပ်မပြောတော့ပါ။ သူ့မှာ နတ်ဘုရားလက်ရှိနေရင်တောင် သူတို့ အရှုံးမပေးပါဘူး။

"မင်းတို့ရဲ့ ကြိုးစားမှုအတွက် ကျေးဇူးတင်ပါတယ်"

အန်ရှီဝေက ခေါင်းညိတ် အသိအမှတ်ပြုပြီး ထွက်သွားသည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု အမှတ် +၁၅ ။ မှုလ(၃၀/၁၀၀)

ရုံးခန်းတွင်းမှာ

အန်ရှီဝေသည် ကျုံလင်ကို တွေ့လိုက်သည်။

"ဆွန်းမိုကို စာသင်ခန်း ပြောင်းပေးလိုက်။ နောက်ကျရင် သူ့ရဲ့ ကျင့်ကြံခြင်း ဆေးပညာသင်ခန်းစာ အချိန်အားလုံး ဟောခန်းမထဲမှာ လုပ်ပေးလိုက်"

အန်ရှီဝေက ညွှန်ကြားလိုက်သည်။

"ဟင်" ကျုံလင်လည်း အံ့အောသွားသည်။

"ကျွန်မသူ့ကို လူ၁၀၀ဆန့် စာသင်ခန်းထဲကို ပြောင်းပေးလိုက်ပြီးပြီ။ ဒါတောင် မရသေးဘူးလား"

"မရသေးဘူး"

အန်ရှီဝေက ရယ်ရင်း

" သူ ခန်းမကြီးကို မသုံးရဖို့ပဲ မျှော်လင့်ပါတယ်။ ဒါဆိုရင် ဒုက္ခကြီးသွားမယ်"

ကျုံလင် အရမ်းကို ထိတ်လန့်သွားပြီး စကားမပြောနိုင်အောင် ဖြစ်သွားသည်။ ခန်းမကြီးသည် လူ၁၀၀၀လောက် ဆံ့သည်။ မြတ်ဆရာတွေ အနားမှာရှိမှာသာ သုံးနိုင်သည်။ ဒါအပြင် ကြယ်သုံးပွင့်နှင့် အထက် မြတ်ဆရာများသာ သုံးကြသည်။

ဆွန်းမိုက အခုအလုပ်ဝင်ပြီး သူ့မှာ ဒီလောက် အားပေးတဲ့ ပရိတ်သတ် ရှိနေပြီလား။

“ ဆွန်းမိုရဲ့ နတ်ဘုရားလက်က အရမ်းကြောက်ဖို့ကောင်းတယ်” အန်ရှီဝေက ပြောရင်း ကျုံလင် မျက်လုံးများကို ကြည့်နေသည်။

“ သင်ခန်းစာ ခန်းကို စီစဉ်ပေးလိုက်ပါ။ ဒီအတွက် ပြဿနာရှိလား”

သူမ၏ အမျိုးသမီးလက်ထောက်က ဆွန်းမိုကို သဘာမကျမှန်းသိနေသည်။

“ တက်ရောက်လာတဲ့ လူအရေအတွက်က ၁၀၀ကျော်ရင်တော့ ပြဿနာ မရှိပါဘူး”

ကျုံလင်က နှုတ်ခမ်းစူရင်းပြောလိုက်သည်။

ကျောင်းက ဆရာတွေကြားမှာ ရုံးတွင်းနိုင်ငံရေး ရှိတယ်ဆိုပေမယ့် လက်နက်ကိုင်ရုံးတွေလောက်တော့ မပြင်းထန်ပါဘူး။ ဆရာတွေက အတန်းတက်သည့် အရေအတွက်ကို ပြောပြီး ပြိုင်ဆိုင်ရတာကို သဘာကျကြသည်။

အန်ရှီဝေက ထွက်သွားသော်လည်း ကျုံလင်ကတော့ ထိတ်လန့်နေတုန်းပဲ။ ဆွန်းမိုက အခုမှ အလုပ်ဝင်ခါစရှိသေးသည်။ စာသင်ခန်းကို နှစ်ကြိမ် ပြောင်းပေးလိုက်ရသည်။ သူ့အတွက် လူ

၁၀၀ဆံ့ စာသင်ခန်းကို ပြောင်းပေးခဲ့ပြီး အခု လူ ၃၀၀ဆံ့သည့် အခန်းကို ထပ်ပြောင်းပေးရအုံးမည်။

လျိုမူဘိုင်ကရော ဘယ်လိုလူမျိုးလဲ။

တိမ်စိမ်းအဆင့် (၁၈)နှင့် ဖြူနက်အကယ်ဒမီက ဘွဲ့ရတစ်ယောက်ဖြစ်သည်။ သူသည် တတိယမြောက် အကောင်းဆုံး ဘွဲ့ရတစ်ယောက်ဖြစ်ပြီး ဓါးနည်းစနစ်အား အရမ်းကို ကျွမ်းကျင် ပိုင်နိုင်သည်။

လျိုမူဘိုင်သည် တခြားသူများထက် သာလွန်ကောင်းမွန်သည့် အရိုန်အဝါနှင့်

သင်ကြားခဲ့ပြီး တစ်လခွဲကြာမှာ စာသင်ခန်း ပြောင်းခဲ့သည်။

ဒါကလည်းဗဟိုပြည်နယ် အကယ်ဒမီ၏ အမြန်ဆုံး စံချိန်ဖြစ်သည်။ အခုတော့ ဆွန်းမိုက တစ်ရက်တည်းနှင့် စံချိန်ကို ရိုက်ချိုးလိုက်သည်။

ကျိုလင် မယုံနိုင်အောင်ကို ဖြစ်နေသည်။

"တောက်၊ ငါအခွင့်အရေးရှိတုန်းက မယူလိုက်မိဘူး"

ဝမ်ဟောင်သည် ပက်လက်ထိုင်ခုံတွင် ထိုင်နေရင်း စကားပြောလိုက် သက်ပြင်းချလိုက် လုပ်နေသည်။

ဒင်

ဝမ်ပောင်၏ လေးစားအထင်ကြီးမှု အမှတ် +၂၀။ ရင်းနီး (၁၀၈/၁၀၀)

"အေးကွာ"

ကျန်ရှိလည်း ခေါင်းညိတ်ထောက်ခံလိုက်ပြီး ချီရွှန်ကျားကို ကြည့်လိုက်သည်။ "ဒါပေမယ့် ချီရွှန်ကျားကတော့ အနစ်နာဆုံးပဲ"

ဆွန်းမိုသည် နတ်ဘုရားလက်ကြောင့် လူသိများလာပြီး သူ့ကို ဆရာတင်ချင်နေသည့် ကျောင်းသားများစွာ ရှိနေသည်။ ချီရွှန်ကျား၏

ပင်ကိုယ်အရည်အချင်းကြောင့် ဆွန်းမို၏ တိုက်ရိုက်တပြည့့့််ဖြစ်လာရန် ခက်နေသည်။

"ငါက ဘယ်လိုလုပ် ဒီလောက် သတ္တိရှိမှာလဲ။ ငါလိုလူတစ်ယောက်ကို လက်ခံလိုက်ရင် သူ့ရဲ့ အသက်မွေးဝမ်းကြောင်းမှာ အမဲစက် ဖြစ်လာလိမ့်မယ်"

ချီရွန်ကျားက သူ့အကြောင်းသူ ကောင်းကောင်းသိသည်။

ဒင်

ချီရွှန်ကျား၏ လေးစားအထင်ကြီးမှုအမှတ် +၃၀ ။ရင်းနှီး (၅၄၃/၁၀၀၀)

"ငါလည်း အရမ်းဝမ်းနည်းတာပဲ"

ဝမ်ဟောင် က အကျယ်ကြီးအော်ငိုနေသည်။

"ပြောမနေနဲ့။ မင်းထက်တောင် ငါက ပိုနောင်တရသေးတယ်"

ကျန်ရှီလည်း စိတ်ဓါတ်ပိုကျလာသည်။ တချိန်တုန်းက သူ့အရှေ့ရပ်နေတဲ့ ဆရာကောင်းတစ်ယောက်ကို သူမမြတ်နိုးခဲ့မိဘူး။ အခုသူမရှိတော့မှ နောင်တရဖို့ နောက်ကျနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အဲဒီအချိန်တွေကိုသာ တစ်ခေါက်လောက် ပြန်ရမယ်ဆိုရင် သူ့ပေါင်ကို တင်းတင်းဖက်ထားပြီး ဘယ်တော့မှ ပြန်မလွှတ်တော့ဘူး)

ဒင်

ကျန်ရှိ၏ လေးစားအထင်ကြီးမှုအမှတ်-+၅၀။ရင်းနီး (၁၄၆/၁၀၀၀)

ဆွန်းမို လှေကားက မဆင်းလာခင် လုချီဟွာက ဘောစင်ကိုသယ်ပြီး ဆွန်းမိုဆီကို သွားနေသည်။ ဘေးနားမှာ လီဇီချီက ပါလာသည်။

နောက်ထပ်သုံးယောက်ကတော့ ဘယ်ကို ထွက်သွားလည်းတောင် မသိရပါ။ ဒါကလည်း ဖြစ်ရိုးဖြစ်စဉ်လို ဖြစ်နေသည်။ လုချီဟွာနှင့် လီဇီချီသာ ဆွန်းမို အနားမှာ မရှိနေရင်သာ ထူးဆန်းနေမည်။

"ဆရာရဲ့ ပို့ချချက်က အရမ်းကောင်းတယ်" လီဇီချီက ဂုဏ်ယူစွာ လက်မထောင်ပြလိုက်သည်။

"အင်း"

ဆွန်းမိုကလည်း ပေါ့ပေါ့ပါးပါး ခေါင်းညိတ်ပြလိုက်သည်။ ဒီအချိန်တွင် အဆုံးမရှိ အကြောင်းကြားချက်များ ဆွန်းမိုနားထဲတွင်

မြည်နေသည်။ လေးစားအထင်းကြီးမှုအမှတ်များ အကြောင်းကိုကြားနေသည်။

"ဂုဏ်ပြုပါတယ်။ မင်းက လေးစားအထင်ကြီး မှုအမှတ်ပေါင်း ၉၃ မှတ်ရထားပါတယ်"

"မှတ်ချက်။ ဒါက ချီရွှန်ကျားနှင့် အဖွဲ့ရဲ့ အမှတ်များ မပါဘဲ မင်းကိုယ်တိုင်တောင် မသိသည့်ကျောင်းသားများရဲ့ လေးစားအထင်ကြီးမှု အမှတ်များဖြစ်တယ်"

ဆွန်းမို မျက်မှောင် ကြုတ်လိုက်သည်။

ဆွန်းမို ရေတွက်ကြည့်သလောက်ဆိုရင် လာသည့်လူက ၉၅ ယောက်လောက်ရှိတယ်။ ဒါကြောင့် ပျမ်းမျှအားဖြင့် တစ်မှတ်တောင် မရသည့် ကျောင်းသား ၂ယောက်ရှိသလိုဖြစ်နေသည်။

"၂မှတ်မဟုတ် ၁၁မှတ်ဖြစ်သင့်တာ"

စနစ်က ရှင်းပြသည်။

" မင်းရဲ့ သင်ကြားရေးစွမ်းရည်က မဆိုးလို့ ကျောင်းသားအများစုက အထင်ကြီးကြတယ်။ ဒါပေမယ့် အများစုက ရှေ့ဟောင်းအနှိပ်ပညာကြောင့် အံ့အော ထိတ်လန့်သွားကြတယ်"

ဆွန်းမို တိတ်ဆိတ်နေသည်။

"တချို့ကျောင်းသားတွေက နတ်ဘုရားလက်ကြံ့ဖူးချင်လို့ လာကြတာ။ သူတို့ကိုယ်တိုင် မကြုံဖူးရင်မင်းကို လေးစားအထင်ကြီးမှုအမှတ် မပေးတာသဘာဝပဲ"

စနစ်က လေးလေးနက်နက် သတိပေးလိုက်သည်။

"ကျောင်းသားတိုင်းက ကျေးဇူးသိတတ်တယ်လို့ မတွေးနဲ့။ ဒီကမ္ဘာကြီးမှာ သူတို့ရဲ့ ကျေးဇူးရှင်တောင် ပြန်ကန်ထုတ်တဲ့လူတွေအပြင် သူတို့အကျိုးအတွက်

နောက်ကျောကနေ ဓါးနဲ့ ထိုးချင်တဲ့သူတွေတောင် ရှိသေးတယ်”

“ဘာလဲ။ မင်းရဲ့ မာနကို မထိခိုက်ဘူးလား။ အခုစိတ်မချမ်းမသာ မဖြစ်ဘူးလား”

စနစ်က ဆွန်းမိုကို နောက်နေသည်။

“ဘာကြောင့် ငါ့မာနကို ထိခိုက်ရမှာလဲ။ မင်းက ငါ့ကိုလျှော့တွက်နေတာပဲ”

ဆွန်းမိုက ရယ်ရင်း “သူတို့က ငါ့ကို ဘယ်လိုဆက်ဆံလည်း ဂရုမစိုက်ဘူး။ သင်ကြားပေးတာက ငါ့အလုပ်ဖြစ်နေလို့

ငါတတ်နိုင်သလောက် အကောင်းဆုံး သင်ကြားပေးမယ်။ အနည်းဆုံးတော့ ငါ့လိပ်ပြာ ငါလုံတယ်”

ဒင်

“ပိုင်ရှင်မှာ သင်ကြားရေးလမ်းစဉ်နှင့် ပက်သက်ပြီး ကောင်းမွန်တဲ့ စိတ်နေစိတ်ထားရှိတာကြောင့် ဆုလာဒ်အနေနှင့် အနက်ရောင် ရတနာ သေတ္တာတစ်လုံး ပေးမယ်။ ကျေးဇူးပြုပြီး ဒီစိတ်ထားကို ဆက်ထိန်းသိမ်းထားပါ။

ကျောင်းသားအနည်းငယ်ကြောင့်

'လက်မလျှော့လိုက်ပါနဲ့'

ဆွန်းမို အရှေ့တွင် အနက်ရောင်ရတနာသေတ္တာ တစ်လုံးပေါ်လာသည်။

"စနစ်မင်းက ငါ့ကို အရမ်းကြိုက်နေတာလား"

"ဆရာတစ်ယောက်က ဆရာတစ်ယောက်ရဲ့ စိတ်နေစိတ်ထားရှိရမယ်" စနစ်က ပြောလိုက်ပြီး

"ငါ မင်းကို အရမ်းသဘောကျတယ်"

"ဂုဏ်ပြုပါတယ်။ ဝမ်ဟောင်၊ ကျန်ရှီတို့နဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က

ရင်းနီးအဆင့်ကို တိုးတက်လာပါပြီ။ ဆုလာဒ် - ကံကြမ္မာ ရတနာသေတ္တာ နှစ်လုံး”

ဆွန်းမိုအရှေ့တွင် အနီရောင် ရတနာသေတ္တာ နှစ်လုံးပေါ်လာသည်။ ရတနာသေတ္တာ၏ အပြင်ဘက်တွင် ‘ကံ’ ဆိုသော စာလုံးကြီး ရေးထိုးထားသည်။

“အော်ဟုတ်ပြီ။ ငါသာ နားကြားမမှားရင် ကျန်ရှိကလည်း လေးစားအထင်ကြီးမှုအမှတ် ၅၀ ပေးခဲ့တယ် ။ မဟုတ်လား။ ဘာလို့ ဒီလောက်များတာလဲ”

ဆွန်းမို နားမလည်လို့ မေးလိုက်သည်။

"မင်းက အရမ်းတော်တယ်လို့ ခံစားရပြီး မင်းကို ဆရာမတင်ခဲ့မိသည့်အတွက် နောင်တရပြီး ကံကြမ္မာကို ပြောင်းလဲနိုင်တဲ့ အခွင့်အရေး ဆုံးရှုံးသွားတယ်လို့ ခံစားနေရတယ်။ အလွန်နောင်တရနေလို့ လေးစားအထင်ကြီးမှု အမှတ် ၅၀ ထွက်လာတာ" စနစ်က ရှင်းပြလိုက်သည်။

" ငါသဘောပေါက်ပြီ"

ဆွန်းမို သူ့ကိုယ်သူ သဘောကျနေသည်။

"ဆရာ ဒါကမင်းအတွက် လက်ဆောင်"

လီဇီချီက သူမ ယူလာသည့် ဘောစင်ကို လွှဲပေးလိုက်သည်။

“ကျေးဇူးတင်ပါတယ်။ ဒါက ငွေဘုရင်မ အပင် မဟုတ်လား”

ဆွန်းမိုက ယူလိုက်ရင်း ပြောလိုက်သည်။ ဒီကမ္ဘာပေါ်တွင်လည်း ငွေဘုရင်မအပင် ရှိလိမ့်မယ်လို့ မထင်ထားခဲ့ပါ။

“ဟုတ်တယ်”

လီဇီချီက ခေါင်းညိတ်ရင်း ပြန်ဖြေလိုက်သည်။

“ကျေးဇူးပဲ”

ဆွန်းမိုက လီဇီချီ၏ ခေါင်းကိုကိုင်လိုက်ပြီး နူးညံ့စွာ ကြည့်လိုက်သည်။

"မင်းရဲ့ ကြွင်နာမှုကို စိတ်မပျက်ဖို့ မျှော်လင့်ပါတယ်"

"ရတနာသေတ္တာဖွင့်ချင်လား"

စနစ်က မေးလိုက်သည်။

"ဟုတ်တယ်"

ရတနာသေတ္တာဖွင့်ဖို့ မစောင့်နိုင်ပါ။

ရွတ်စ် ရွတ်စ် ရွတ်စ်

ကံကြမ္မာ ရတနာသေတ္တာ နှစ်လုံးနှင့် အနက်ရောင် ရတနာသေတ္တာ ပွင့်သွားသည်။

“မ.........အ..........လ”

ဆွန်းမို ရှူးသွပ်သွားသည်။ “မင်းဘာလုပ်လိုက်တာလဲ”

“မင်းပဲ ရတနာသေတ္တာကို ဖွင့်ဖို့ ပြောလိုက်တာ မဟုတ်ဘူးလား”

စနစ်ကမှားနေတယ်လို့ ခံစားနေရသည်။

“ငါ ပြောချင်တာက ငါ့ဘာမှကို မထိဘဲနဲ့ ရတနာသေတ္တာကို မဖွင့်ဘူး။

သဘော်သီးကောင်မလေး ခေါင်းကိုတောင်မထိ ရသေးဘူး”

ဆွန်းမို စိတ်ဓါတ်ကျသွားသည်။

“ဘာလို့ လုချီဟွာခေါင်းကို ထိရမှာလဲ။ တစ်ခုခု သက်ရောက်မှု ရှိလို့လား”

စနစ်က နားမလည်ပါ။ “ မင်းကို ဘာမှမပြောတော့ဘူး။ ရတနာသေတ္တာဖွင့်တာက လျှို့ဝှက်ဆန်းကြယ်တဲ့ ကံကောင်းခြင်းပေါ်ကို မှီခိုနေတာ။ မင်းကဘယ်လိုနားလည်မှာလဲ”

တကယ်လို့ဆွန်းမိုမှာသာ ဥရောပ ဧကရာဇ်တစ်ယောက်လို ကိုယ်လုံးကိုယ်ပေါက်ရှိပါက တစ်ယောက်ယောက်ခေါင်းကို ဖင်ကဲ့သို့ နာသွားအောင် ကန်ပစ်လိုက်ချင်သည်။ ဒါပေမယ့် လုချီဟွာခေါင်းကို ထိရတာက နူးညံ့လှသည့် ကြောင်တစ်ကောင်ကို ထိလိုက် ရသလိုပါပဲ။

တောက်ပမှုများပျောက်သွားပြီးနောက် အနက်ရောင် မြေကြီး သုံးတုံး ပေါ်လာသည်။

ဆွန်းမို ဆယ်စက္ကန့်လောက် ငြိမ်သွားပြီး “ဒါက အဆင့်မြင့်ဆုံး အဆင့် ပစ္စည်းတစ်မျိုးမျိုး ဖြစ်နိုင်လား”

"မဟုတ်ဘူး။ မင်းအတွေးလွန်နေတာ။ ဒါက မြေကြီးပဲ" စနစ်က ရှင်းပြသည်။

ဆွန်းမိုလည်းငြိမ်သွားပြီး "အထွတ်အထိပ်အဆင့် ပစ္စည်း ဖြစ်နိုင်လား"

"ပြောရမယ်ဆိုရင် ဒါက ရိုးရိုးမြေကြီးကလွဲရင် ဘာမှမဟုတ်ဘူး"

စနစ်၏ တုန့်ပြန်မှုက ပြင်းလွန်းသဖြင့် သွေးစိမ်းတောင် ထွက်သွား နိုင်သည်။

ဒင်

“ဂုဏ်ပြုပါတယ်။ မင်းက အမှောင်တိုက်ကြီးက အနက်ရောင် မြေခဲ သုံးခုကို လက်ခံရရှိပါသည်။”

“အမှောင်တိုက်ကြီးက အနက်ရောင်မြေခဲက ဘာကြီးလဲ။ လှတဲ့ နတ်သမီးလေးတွေ ထွက်လာနိုင်လို့လား။ ငါ့အတွက် လွှင့်ပစ်လိုက်စမ်းပါကွာ”

ဆွန်းမိုက အေးစက်စက် ညည်းလိုက်သည်။

“မင်းသဘောအတိုင်းပဲ”

စနစ်က ညွှန်ကြားသည့်အတိုင်း လုပ်လိုက်သည်။

“နေအုံး”

စနစ်၏ စကားဆုံးအောင် မစောင့်ဘဲ ဆွန်းမိုက တားလိုက်ပြန်သည်။

"မေ့လိုက်တော့ ။ သိမ်းထားလိုက်"

ဒီတစ်ခါ စနစ် စကားမပြောနိုင်သည့် အလှည့် ဖြစ်သွားသည်။

"အခုငါ့မှာ လေးစားအထင်ကြီးမှု အမှတ် ဘယ်လောက်တောင် ရှိနေပြီလဲ"

ဆွန်းမိုက မေးသည်။ ဒါကလူတိုင်းနှင့် ဆက်ဆံရေး ချိတ်ဆက်ထားရုံသာမက စနစ်ထဲက ဈေးဆိုင်တွင်လည်း ငွေကြေးအဖြစ်သုံးနိုင်သည်။

"၃၃၈၁" စနစ်က ဖြေသည်။

"သုံးထောင်ကျော်သွားပြီလား"

ဘယ်အပိုင်းမှာ သုံးရင်ကောင်းမလဲလို့ ဆွန်းမိုက မေးစေ့ ပွတ်ရင်း စဉ်းစားနေသည်။

စာစဉ် (၈)

အခန်း (၁၁၆) - အလွဲသုံးစား ကျောင်းသား မြတ်ဆရာအရှိန်အဝါ။

စနစ်ထဲက ဈေးဆိုင်ကို ဖွင့်လိုက်သည်။

သစ်သားစင်ပေါ်တွင် ပစ္စည်းဆယ်မျိုး ရှိနေသည်။

ဆွန်းမိုက အချိန်တံဆိပ်ကို ပထမဆုံးကြည့်လိုက်သည်။ ဒါက

အရမ်းကိုကောင်းသည့်အရာ ဖြစ်တယ်။ ဘယ်နည်းစနစ်ကိုမဆို ကျွမ်းကျင်မှု ညွှန်းကိန်း တိုးလာအောင် အချိန်တံဆိပ်ကို သုံးလို့ရသည်။

ကိုယ်ပိုင် ရထားလား။

စိတ်မကောင်းဘူး။ ဆွန်းမိုမှာ အချိန်လည်းမရှိဘူး။ အားလည်းမထုတ်ချင်ဘူး။

"ဒါက အရင်းအမြစ်ကို ကောင်းကောင်း အသုံးချတယ်လို့ခေါ်တယ်"

ဆွန်းမို ပိုက်ဆံကုန်ခါနီး စင်အပေါ်ဆုံးတွင် တင်ထားသည့် စွမ်းရည်စာအုပ်ကို တွေ့လိုက်သည်။

၎င်း၏ အသွင်အပြင်က ရိုးရှင်းနေပြီး တောက်ပသည့် အရောင်အဝါလည်း မရှိပါဘူး။ ဒါပေမယ့် အဖုံးပေါ်က စကားလုံးကြီးများက ဆွန်းမို မျက်စိကန်းလုမတတ် တောက်ပနေသည်။

အလွဲသုံးစားလုပ်သည့် ကျောင်းသားများ။

"မြတ်ဆရာအရှိန်အဝါလား"

ဆွန်းမို ရုတ်တရုတ်အံ့အောသွားသည်။ ဒါကို ပိုင်ဆိုင်ချင်သည့် စိတ်လည်း ပေါ်လာသည်။

အလယ်ကမ္ဘာ သူတော်စင်ဂိတ်က ထုတ်ပေးသော မြတ်ဆရာအဆင့်ကို ကြယ်အဆင့် ၉ခု

ခွဲခြားထားသည်။ ကြယ်အဆင့်တစ်ခုစီ တိုင်းတွင် တိကျသော မြတ်ဆရာအရှိန်အဝါ အရေအတွက် ရှိသည်။

တကယ်လို့ သူတော်စင် ပြန်ဝင်စားသည့် လူဖြစ်ရင်တောင် ဒီသတ်မှတ်ချက်ကို မပြည့်မှီပါက ကြယ်အဆင့်ကို ဘယ်တော့မှ မရနိုင်ပါ။

ကြယ်တစ်ပွင့် မြတ်ဆရာသည် အနည်းဆုံး မြတ်ဆရာ အရှိန်အဝါ သုံးခုလိုအပ်ပြီး နောက်ထပ် အသက်မွေးဝမ်းကြောင်းပညာ တစ်ခုလည်း ရှိဖို့ လိုအပ်သည်။

ကြယ်နှစ်ပွင့် အဆင့် မြတ်ဆရာကိုတော့ အနည်းဆုံး မြတ်ဆရာအရှိန်အဝါ ခြောက်ခုနှင့် အလုပ်အကိုင် ၂ခု အထူးပြုထားရန် လိုအပ်ပြီး ကျောင်းသားတစ်ယောက်က တိမ်စိမ်းအဆင့်ကို ဝင်နေရမည်။

ကြယ်သုံးပွင့် မြတ်ဆရာအတွက် အနည်းဆုံး မြတ်ဆရာအရှိန်အဝါ ကိုးခု လိုအပ်ပြီး အလုပ်အကိုင် ၃ ခုအထူးပြုရန် လိုအပ်သည်။ ကျင့်ကြံမှုအဆင့်ကလည်း အနည်းဆုံး နတ်ဘုရား စွမ်းအားအဆင့်ရှိရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာများသည် ကြယ်ပွင့်အဆင့် မြင့်လေလေ လူမှုအဆင့်အတန်းများ မြင့်မားလေဖြစ်သည်။

လူမှုတန်ဖိုးသည် မြတ်ဆရာတန်ဖိုးကို ကိုယ်စားပြုသည်။ ဥပမာဆိုရင် မရီဒန် အကယ်ဒမီက ကျောင်းအုပ်ကြီးချောင်သည် ကြယ်လေးပွင့် မြတ်ဆရာ ခေါ်ယူနိုင်ရန် ဒု-ကျောင်းအုပ်ကြီးရာထူးနှင့် ကျောင်း ဘဏ္ဍာငွေ တစ်စိတ်တစ်ပိုင်းကို ပေးခဲ့ရသည်။

“ မြတ်ဆရာအရှိန်အဝါက တကယ်ပဲ သင်ယူလို့ ရတာပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ခံစားချက်တွေနှင့် သက်ပြင်းချရင်း ပြောလိုက်သည်။

"ပြိုင်ဘက်ကင်းဆရာကြီး စနစ်က အနန္တ အစွမ်းနဲ့ ပြည့်စုံတယ်"

စနစ်ကိုကြည့်ရတာ ယုံကြည်မှုပြင်းထန်နေသည်။ ပြီးတော့ အချိန်မှီ သတိပေးလိုက်သည်။

"အလွဲသုံးစားလုပ်တဲ့ ကျောင်းသားတွေပေါ်လာပြီး ဆရာကလည်း သူ့အရည်အချင်းနဲ့ မထိန်းချုပ်နိုင်တော့ရင် သူတပြည့့်တွေနှင့် နောက်လိုက်တွေရဲ့ အချိန်ကို ဖြုန်းတီးတာပဲ"

"ဒါက ပစ်မှတ်ထားတဲ့ မြတ်ဆရာအရှိန်အဝါပဲ။ ဒါကိုသုံးလိုက်ရင် ပစ်မှတ် အချိန်အတိုင်းအတာ တစ်ခုထိအောင် မြတ်ဆရာအရှိန်အဝါနှင့် ဝိညာဉ်ချီကို မသုံးနိုင်တော့ဘူး။ တချိန်တည်းမှာပဲ သူတို့ သင်ယူထားတဲ့ အသိပညာတွေလည်း မေ့သွားပြီး ဘယ်ကျောင်းသားကိုမှ မသင်ပေးနိုင်တော့ဘူး"

ဒီမြတ်ဆရာအရှိန်အဝါ၏ စွမ်းအားကြီးသည့် သက်ရောက်မှုကို ကြားပြီး ဆွန်းမို မရှုနိုင်မကယ်နိုင် ဖြစ်သွားသည်။

ဝိညာဉ်ချီသည် ဗဟိုပြည်နယ်က ကျင့်ကြံသူအားလုံး၏ အခြေခံ အုတ်မြစ်ဖြစ်သည်။ ဝိညာဉ်ချီကို အသုံးမချနိုင်ရင် ကျင့်စဉ်ကို သုံးလို့ မရ ဖြစ်သွားမည်။ နတ်ဘုရားအစွမ်းကို သိရင်တောင် သုံးလို့ မရတော့ပါ။

"ဈေးက ဘယ်လောက်လဲ"

ဆွန်းမိုလည် ဈေးကို ချက်ခြင်းကြည့်လိုက်သည်။ ဒါပေမယ့် ပြစ်ဆဲချင်စိတ်သာ ပေါ်လာသည်။ လေးစားအထင်ကြီးမှု အမှတ် ၅၀,၀၀၀ ဖြစ်နေသည်။ ဘယ်လောက်တောင် လူလည်ကျတာလဲ။

"ဒီဈေးနှုန်းမျိုးကိုဘယ်သူက တတ်နိုင်မှာလဲ"

ဆွန်းမို စောဒကတက်လိုက်သည်။

"ဒါက ကိုယ်ဘာသာ ဉာဏ်အလင်းပွင့်ဖို့လိုတဲ့ မြတ်ဆရာအရှိန်အဝါပဲ။ လေးစားအထင်ကြီးမှုအမှတ် ၅၀၀၀နှင့်ရောင်းတာကို ဈေးကြီးနေတာလား။

သူတော်စင်ဂိတ်က တရားဝင်ထုတ်ပြန်ထားတဲ့ စံနှုန်းအရဆို မြတ်ဆရာအရှိန်အဝါတစ်ခုကို ရဖို့ သုံးနှစ်လောက်လိုတယ်။ ဒီလိုတွေးလိုက်ရင် ဈေးက မများပါဘူး၊ တန်တယ်လို့တောင် မထင်ဘူးလား"

ဆွန်းမိုလည်း စိတ်ထဲကနေ တွက်ချက်ကြည့်နေသည်။ အခုလတွင် မြတ်ဆရာအရှိန်အဝါကို ရရှိခဲ့ပြီး လေးစားအထင်ကြီးမှု အမှတ်ကလည်း ၃၀၀၀ ရရှိခဲ့သည်။ ဒီနှုန်းအရဆို အမှတ် ၅၀,၀၀၀ ရရန် တစ်နှစ်ခွဲသာ အချိန်လိုသည်။

ဒီလိုတွက်ချက် ကြည့်လိုက်တော့လည်း လက်ခံလို့ရသည်။

“ ဉာဏ်အလင်းပွင့်ဖို့က မသေချာပါဘူး။ မြတ်ဆရာအရှိန်အဝါတစ်ခုကို သုံးနှစ်နဲ့ ရမယ်လို့

ဘယ်မြွတ်ဆရာက အာမခံရဲလို့လဲ။ အခုတော့ မင်းမှာ လေးစားအထင်ကြီးမှုအမှတ်ရှိရင် အချိန်မရွေး ဝယ်လို့ရတယ်”

စနစ်က အရမ်း ဂုဏ်ယူနေသည်။

“နည်းနည်းတော့ ကြာနေသေးတယ်”

ဆွန်းမိုက လုချီဟွာကို တစ်ချက်ကြည့်လိုက်သည်။

(ငါ သဘော်ာသီးမိန်းကလေးကို ကျန်းမာပြီး သန်စွမ်းလာအောင် ပျိုးထောင်ရမယ်။ ဒါမှ ရတနာသေတ္တာထဲကနေ မြွတ်ဆရာ အရှိန်အဝါကိုရမှာ)

"ဆွန်းမို ဒါက ကျောင်းသားတွေကို သင်ကြားရေးမှာ အလုပ်ကြိုးစားဖို့ မင်းအတွက် တွန်းအားတစ်ခုလည်း ဖြစ်တယ်။ လွယ်လွယ်နဲ့ရရင် ဘယ်သူက တန်းဖိုးထားလို့လဲ"

စနစ်က ကျူရှင်ဆရာတစ်ယောက်လို လုပ်နေသည်။ ဆွန်းမိုကတော့ ဒီအခြေနေနဲ့ ပက်သက်ပြီး အဆင်မပြေနိုင်အောင် ဖြစ်နေသည်။

"ငါ့ရဲ့ ကံကြမ္မာ ရတနာသေတ္တာတွေ ဘယ်မှာလဲ"

ဆွန်းမိုက ဒါနှင့်ပက်သက်ပြီး မမေ့ပါဘူး။ စနစ်က သန်းခေါင်ကျော်တိုင်း ကံကြမ္မာ

ရတနာသေတ္တာတစ်လုံး ပေးသောကြောင့် သူတို့ကို အများကြီး စုဆောင်းထားနိုင်ခဲ့သည်။

"စုစုပေါင်း ၁၈လုံးရှိတယ်။ ဖွင့်ချင်လား"

စနစ်က မေးလိုက်သည်။

"ဒီပုံစံကမှ တော်သေးတယ်"

ဆွန်းမို သင်ခန်းစာ ရထားပါသည်။ သူ မဖွင့်ခင် လုချီဟွာကို ထိလိုက်သည်။

အနီရောင် တောက်လာပြီးမြေပေါ်တွင် စေးကပ်နေသော မြေကြီးခဲ လက်တစ်ဆုပ် ကျန်ခဲ့သည်။

တစ် နှစ် သုံး

တစ်ခု နှစ်ခု သုံးခု တစ်ဖြည်းဖြည်း တိုးပွားလာသည်။ ဆွန်းမို စိတ်ထဲတွင် မိုက်ရိုင်းသည့် စကားများက ဒီရေအလား တိုးလာသည်။

ထိုအချိန်တွင် အနက်ရောင် မှင်အလွှာက ဆွန်းမို အမြင်ထဲ ဝင်လာသည်။

ဒင်

"ပန်းပွင့်ဝိညာဉ်တက်တူးမှင်ကို လက်ခံရရှိပါသည်။ ဒီမှင်ကို အသုံးပြုလိုက်ပါက

ဝိညာဉ်တက်တူး၏ အစွမ်း ၁၀ ရာခိုင်နှုန်း တိုးတက်လာမည်”

“ကောင်းလိုက်တာ”

ဆွန်းမို ကျေနပ်သွားသည်။

“ဒီမှင်က ဘယ်ဈေးလဲ”

“ ၅၀၀ မီလီ လီတာကို အမှတ် ၁၀၀၀၊ တစ်ခုတည်း မရောင်းဘူး”

မရိုးသားသည့် စီပွားရေးသမားဆိုတာ ဘာလဲ ဆိုတာကို ဆွန်းမို နားလည်သွားသည်။

ဒါက မှင်လေ။ သတ္တု မဟုတ်ဘူး။ တခါတည်းအများကြီး ဘယ်သူဝယ်မှာလဲ။ ၅၀၀ မီလီလီတာ ဆိုရင်တောင် အများကြီး သုံးလို့ရတယ်။

လီဇီချီနှင့် လုချီဟွာလည်း တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။ ဆွန်းမို တစ်ခုခုကို တွေးတော နေပုံရသဖြင့် သူမတို့နှစ်ယောက် မနှောက်ယှက် ရဲကြပါ။

"မင်းတို့နှစ်ယောက် ငါ့နောက်ကိုပဲ လိုက်မနေကြနဲ့။ တခြားဆရာရဲ့ အတန်းကို သွားတက်။ ငါနောက်ထပ် သင်ခန်းစာ

ပြင်ဆင်နေချိန်မှာ မင်းတို့လည်း တစ်ခုခု သင်ယူနေသင့်တယ်”

လုချီဟွာကတော့ ခေါင်းလေးငုံ့ လက်နှစ်ဖက် နောက်ကျော ပစ်ထားကာ ခြေဖျားနှင့် စက်ဝိုင်းရေးနေသည်။ သူမက တခြားဆရာများ၏ အတန်းကို လုံးဝ မတက်ချင်ပါ။

“ ဒါဆို ငါတို့ သွားတော့မယ်”

လီဇီချီက လုချီဟွာ မဆွဲခေါ်ခင် လုချီဟွာက နည်းနည်းကန်ထားသဖြင့် အကြိမ်နည်းနည်းလောက် ဆွဲခေါ်လိုက်ရသည်။ ဆွန်းမိုလည်း ပန်းအိုးကို

ယူကာ ကောင်းကင်ကို တစ်ချက်ကြည့်လိုက်သည်။ မွန်းတည့်နေပြီဖြစ်သောကြောင့် လမ်းဘေးဆိုင်တွင် အမဲသားခေါက်ဆွဲ တစ်ပန်းကန် စားလိုက်သည်။ ပြီးတော့အဆောင်ကို မပြန်ဘဲ ကြေကွဲခြင်းမရှိ ရေကန်ဆီကို ထွက်လာလိုက်သည်။ လူနည်းသည့် မြက်ခင်းပြင်ပေါ်တွင် ထိုင်ကာ သင်ခန်းစာ အစီအစဉ်ကိုဖွင့်ပြီး သင်ကြားရေးပုံစံကို လေ့ကျင့်နေသည်။

သုံးကြိမ်လောက် အစအဆုံးလေ့ကျင့်ပြီး အမှား တစ်ခုမှ မရှိတာ သေချာအောင် စစ်လိုက်သည်။

မွန်းတည့်ချိန်..............

ပူပြင်းသည့် နွေရာသီနေရောင်အောက်တွင် အရိပ်အာဝါသ ကြီးမားသည့် သစ်ပင်များ မိုးထားပြီး အရိပ် ဖြန့်ကျက်ထားသည်။ ရေကန်ထဲက ရေပြင်ပေါ်ကို ဖြတ်တိုက်လာသည့် လေများကြောင့် နေရထိုင်ရတာ သက်တောင့်သက်သာဖြစ်ပြီး စိတ်အေးချမ်းနေသည်။

အရင်တုန်းကလို ဆိုရင်တော့ ဆွန်းမို တရေးတမော အိပ်လိုက်မိမှာ သေချာသည်။

အခုတော့ သူ့ကျန်းမာရေးနှင့် ခန္ဓာကိုယ်က အားအင်များနှင့် ပြည့်ဝနေသည်။

“ငါ ဘာလုပ်ရင် ကောင်းမလဲ”

နေခင်းဘက်ဖြစ်သောကြောင့် ရေကန်ဘက်တွင် လူနည်းနေသည်။ ဆွန်းမိုလည်း ကျောင်းဝန်းထဲတွင် နေရတာ ငြီးငွေ့ပြီး တိတ်ဆိတ်အေးချမ်းသည့် နေရာကို သဘောကျနေသည်။

ဝိညာဉ်တက်တူး ရေးဆွဲနေရင် ကောင်းမလား။

မှင်၊ မှင်ကျောက်၊ စုတ်တံနှင့် စာရွက်တွေကို ထုတ်လိုက်သည်။ ဒါပေမယ့် စားပွဲကလည်း မရှိဘူး။ မြင်ခင်းပေါ်ထိုင်ဆွဲလို့လည်း အဆင်မပြေဘူး။

ဆွန်းမို ဘယ်လိုလုပ်ရမလဲ ဆိုတာ လမ်းပျောက်နေသည်။ မဟုတ်ရင်လည်း လူသိရှင်ကြား နံရံတွေမှာ လျှောက်ဆွဲလိုက်ရမလား။

"ငါဘာ လုပ်သင့်လဲ"

ဆွန်းမို တွေးနေတုန်း နွေလေပြေညှင်းက တိုက်ခိုက်ပြီး ငွေဘုရင်မ အပင်ကအရွက်များ လှုပ်လာသည်။

ဒီမြင်ကွင်းကို ကြည့်ပြီး စိတ်ထဲမှာ အတွေးတစ်ခုဝင်လာကာ စိတ်လှုပ်ရှားသွားသည်။

“ဝိညာဉ်စုဆောင်းခြင်း တက်တူးကို အပင်တွေပေါ်မှာ ဆွဲလိုက်ရင် အကျိုးသက်မှု ရှိနိုင်လား”

တွေးလိုက်ပြီး မှင်နှင့် စုတ်တံကို ချက်ခြင်း ထုတ်ယူလိုက်သည်။ ၁ဂမီတာလောက်ဝေးသော

သစ်ပင်နှင့် ချုံပုတ်များဆီကို လျှောက်သွားကာ စိမ်းလန်းနေသည့် သစ်ရွက်တစ်ရွက်ပေါ်တွင် ရေးဆွဲလိုက်သည်။

သစ်ရွက်ကို ငြိမ်အောင် အထိုင်ချထားခြင်း မရှိသောကြောင့် လှုပ်ယမ်းနေပြီး ဆွန်းမို ပုံရေးဆွဲရတာ တော်တော်ခက်နေသည်။ ဒါပေမယ့် သူက ဝိညာဉ်တက်တူးရေးဆွဲခြင်းကို မဟာအဆင့်ကျွမ်းကျင်သည့် သူဖြစ်သည်။ ရေးဆွဲသည့်နှုန်းက စာရွက်ပေါ်တွင် ရေးဆွဲသည့်နှုန်းထက် နှေးသော်လည်း

ကျင့်သားရလာသည်။ တက်တူး၏ အသေးစိတ်အပိုင်းကတော့ လုံးဝပြောင်းလဲခြင်း မရှိပါဘူး။

နာရီဝက်လောက်ကြာတော့ ဝိညာဉ်စုဆောင်းခြင်း တက်တူးပုံ ပေါ်လာသည်။

ဝိညာဉ်ချီဝဲကတော့ မပြောနဲ့ ပုံမှန်ဝိညာဉ်ချီတွေတောင် မစုစည်းလာပါဘူး။ မအောင်မြင်ဘူး ဖြစ်သွားသည်။

"တကယ်ပဲ ဝိညာဉ်တက်တူးစာရွက် လိုသေးလို့လား"

ဆွန်းမိုက မျက်မှောင်ကြုတ်ရင်း နတ်ဘုရားမျက်စိကို သုံးပြီး သစ်ရွက်ကို ကြည့်လိုက်သည်။

"ကောင်းမြက် အပင်ပေါက် ။ ငါးနှစ်သား အပင်" သာမန်အပင်သာ ဖြစ်သောကြောင့် အချက်အလက်များက ရိုးရှင်းသည်။ ဒါပေမယ့် နတ်ဘုရားမျက်စိကို သုံးလိုက်သောကြောင့် တခြားအရာတွေကိုလည်း မြင်နိုင်သည်။

ဝိညာဉ်ချီ တည်ရှိနေသော ကမ္ဘာဖြစ်သောကြောင့် အပင်များတွင်လည်း ဝိညာဉ်ချီ စီးဆင်းသော လမ်းကြောင်းများ ရှိနေသည်။

ဝိညာဉ်စုဆောင်းခြင်းတက်တူး အကျိုးသက်ရောက်လာအောင် ဝိညာဉ်ချီ လည်ပတ်မှု လမ်းကြောင်းများကို ဖန်တီးရမည်။

ဆွန်းမိုလည်း မြေပေါ်တွင်ထိုင်ကာ စဉ်းစားနေသည်။

ဝိညာဉ်တက်တူး စာရွက်များသည် ကြားခံအဖြစ်သာ လုပ်ပေးကြပြီး ဝိညာဉ်ချီ မရှိပါ။

သူတို့၏ ရည်ရွယ်ချက်က ဝိညာဉ်ချီများ အဆင်ပြေပြေ ချောမွေ့စွာ စီးဆင်းနိုင်ရန် ဖြစ်သည်။ ဒါကို သာမန်စာရွက်နှင့် အစားထိုးလိုက်ပါက ဝိညာဉ်ချီ မစီးဆင်းနိုင်တော့ပဲ အလုပ်မဖြစ်ပါ။

ဒါကြောင့် အရွက်များပေါ်တွင် ဝိညာဉ်တက်တူး ရေးဆွဲတာကလည်း ဝိညာဉ်စာရွက်ပေါ်မှာ ရေးဆွဲတာနှင့် အတူတူ ဖြစ်ရမှာလေ။ ဘာလို့ အလုပ် မဖြစ်တာလဲ။

သူ့အရှေ့ကအရွက်ကတော့ ဒီအတိုင်းပဲ ရှိနေသည်။

ဘာကြောင့် မအောင်မြင်တာလဲ။

သေးငယ်သော ကောင်းမြက် အရွက်ပေါ်တွင် သွေးကြော စနစ်များ ရှိနေသည်။ ဒီသွေးကြောများက ဝိညာဉ်ချီ စီးဆင်းမှုကို အားနည်းစေခဲ့သည်။ ဒါက ဝိညာဉ်ချီများကို ဖယ်ထုတ်လိုက်တာနှင့် တူနေသည်။ ဆွန်းမိုရေးဆွဲလိုက်သည့် ဝိညာဉ်ချီလိုင်းများက ရောနှောသွားပြီး မူလ ဝိညာဉ်ချီ စုဝေးသည့် နေရာကို ပျက်စီးသွားစေခဲ့သည်။ ဒါကြောင့် အသက်မဝင်နိုင် ဖြစ်သွားရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကို တွေးမိပြီး ဆွန်းမို မျက်ခုံးများ တော်တော်ကွေးသွားသည်။

ဒီယူဆချက်အရဆို အရွက်များပေါ်တွင် ဘယ်ဝိညာဉ်တက်တူးမှ ရေးဆွဲလို့ မရသလို ဖြစ်နေသည်။ ဒီသွေးကြောများမှာရှိတဲ့ ဝိညာဉ်ချီများက ဝိညာဉ်တက်တူး မှုလပုံစံကို ဖျက်စီးနေသည်။

ဆွန်းမို မတ်တပ်ရပ်လိုက်ပြီး တင်ပါးမှာ ကပ်နေသည့် ဖုန်များကို ခါထုတ်လိုက်သည်။ သူလက်လျှော့လိုက်ချင်သော်လည်း

မလုပ်နိုင်ဖြစ်နေသည်။ ဝိညာဉ်စုဆောင်းခြင်း တက်တူးကို လေ့လာတုန်းက ပစ္စည်းအမျိုးအပြားကိုလည်း လေ့လာခဲ့ပြီး ရိုးရာပုံပြင်များကိုလည်း ဖတ်ခဲ့သည်။

ဘိုးဘေးအဆင့် ဆရာကြီးများက ဝိညာဉ်တက်တူးကို နေရာတိုင်းမှာ ရေးဆွဲနိုင်တယ်လို့ ပြောထားသည်။ ဒီပုံပြင်က အတုမဟုတ်ရင် ဘာလို့ မအောင်မြင်တာလဲ။

ဆွန်းမိုလည်း မတ်တပ်ရပ်နေရင်း ပြင်းပြင်းထန်ထန် စဉ်းစားနေသည်။ သူ အခြေခံ

အချက်တစ်ချက်ကိုမှ ပေါ့ပေါ့တန်တန် သဘောမထားဘဲ သတိထားဆင်ခြင်နေပြီး မူလအစကနေပြီး စဉ်းစားနေသည်။

ဝိညာဉ်စုဆောင်းခြင်းရဲ့ အဓိကအချက်က ဘာလဲ။

တကယ်လို့ သာမန်ဝိညာဉ်တက်တူးသခင်သာဆိုရင် နောက်ကွယ်က အကြောင်းများကို ကျော်သွားကြမည်။ ဆွန်းမိုကတော့ ဝိညာဉ်တက်တူးရေးဆွဲခြင်းကို မဟာအဆင့်ရထား သဖြင့် ကွဲပြားသွားသည်။ အကြိမ်ပေါင်းများစွာ

နောက်ယှက်နေသည့် အဆင့်ကို ထိန်းသိမ်းရင်း ပိုပြီးရင်းနှီးလာသလို ဖြစ်နေသည်။

မိနစ်နှစ်ဆယ်လောက် စဉ်းစားပြီးနောက် ဆွန်းမိုသည် စုတ်တံကို ယူကာ ကောင်းမြက် အရွက်၏ နောက်တစ်ပိုင်းကို ဆက်လက်ရေးဆွဲလိုက်သည်။ နောက်ဆုံးစုတ်ချက်မပြီးခင် ဝဲကတော့ မပေါ်လာသော်လည်း ဝိညာဉ်ချီများက စုရုံးလာသည်။ ဒီဝိညာဉ်စုဆောင်းခြင်း တက်တူးက အဆင့်မမြင့်သော်လည်း အကျိုးသက်ရောက်မှုတော့

ရှိနေပြီ။ ဒါကို အသက်သွင်းလိုက်ပါက သုံးလို့ရနေသည်။

" ဒီလိုဆို အလုပ်လုပ်တာပေါ့"

ကိုယ့်ယူဆချက် မမှားမှန်းသိသွားသည်နှင့် ဆွန်းမို ပြုံးလိုက်မိသည်။ နောက်ထပ်တစ်ရွက်ကို ယူလိုက်ပြီး ထပ်ရေးဆွဲလိုက်သည်။ ဒီတစ်ကြိမ် ပြီးသည့်အခါတွင်လည်း ဝိညာဉ်ချီ ဝဲကတော့ မပေါ်လာသေးပါ။

ဒါပေမယ့် စနစ်၏ အကြောင်းကြားချက် ထွက်လာသည်။

“ဒင်”

“ဂုဏ်ပြုပါတယ်။”

စာစဉ် (၈)

အခန်း (၁၁၇) - အဆင့် တစ် ဖြစ်လာခြင်း။

"ပိုင်ရှင်က ဝိညာဉ်စုဆောင်းခြင်းတက်တူး၏ အနှစ်သာရကို နားလည်သွားခဲ့သည့်အတွက် ဝိညာဉ်တက်တူးရေးဆွဲခြင်း ကျွမ်းကျင်မှုသည် ဘိုးဘေးအဆင့်နားကို ရောက်ရှိသွားပါပြီ။ ဆုလာဒ်- အနက်ရောင် ရတနာသေတ္တာတစ်လုံး။ ဆက်ပြီးကြိုးစားပါ။ မကြာခင် ဘိုးဘေးအဆင့်ကို ရောက်မယ်လို့ မျှော်လင့်ပါတယ်"

စနစ် ပြောလိုက်သည့် စကားကြောင့် ဆွန်းမို ကြောင်သွားသည်။

"ဘာပြောလိုက်တာလဲ။ ထပ်ပြောစမ်းပါအုံး"

ဆွန်းမို နားစွင့်ပြီး ဂရုတစိုက် နားထောင်လိုက်သည်။ အမှန်လား။ စနစ်က ဘိုးဘေအဆင့် ဖြစ်တော့မယ်လို့ ပြောလိုက်တာလား။

ဒီစကားက ဘာကိုဆိုလိုတာလဲ။ ဆွန်းမိုက ဘိုးဘေးအဆင့်ဖြစ်ဖို့ ခြေတစ်လှမ်းပဲ လိုတော့သည်။

"မင်း ငါ့ကို မနှောက်ပါဘူးနော်"

ဆွန်းမို မယုံကြည်နိုင် ဖြစ်နေသည်။

ဘိုးဘေးအဆင့်ဆိုတာ ဘာလဲ။

နယ်ပယ်တစ်ခုတွင် ထူးထူးခြားခြား အောင်မြင်ပြီး ကိုယ်ပိုင် ဂုဏ်တစ်ခု တည်ထောင်နိုင်သော အဆင့်ဖြစ်သည်။ သူနှင့် အဆင့်တူ နှစ်ယောက် သုံးယောက်သာ ရှိနိုင်တော့သည်။

"စနစ်က ဘယ်တော့မှ ဟာသ မလုပ်ဘူး"

စနစ်က ထိုစကား ပြောလိုက်ပြီးနောက် နယ်ပယ်တစ်ခုတွင် အထွတ်အထိပ်ကိုရောက်ပြီး ဘယ်သူမှ မယှဉ်နိုင်သောကြောင့် ဘိုးဘေးအဆင့်လို့ သတ်မှတ်ထားကြောင်းပါ ဆက်ပြောပြသည်။

"မင်းပြောချင်တာက အခုငါရဲ့ ဝိညာဉ်တက်တူးရေးဆွဲခြင်း နည်းစနစ်ကို ဘယ်သူမှ မယှဉ်နိုင်တော့ဘူးလို့ ပြောချင်တာလား"

ဆွန်းမိုက သူ့ကိုယ်သူ ရယ်ရင်းမေးလိုက်သည်။

"မင်းနဲ့ ဘိုးဘေးအဆင့်ကြားမှာ ကွာဟချက် ရှိသေးတယ်။ ဒါပေမယ့် မင်းအဆင့်ကိုတော့ မြှင့်ပေးလိုက်ပြီ။ ဒါကိုလိုက်နာပြီး ဘိုးဘေးအဆင့်ကို ရောက်အောင်ကြိုးစားပြီး တက်တူးတွေကို ဆက်ရေးဆွဲနေပါ"

စနစ်က ရှင်းပြလိုက်သည်။

"ဘာကြောင့်လဲ"

ဆွန်းမို နာမလည်နိုင်ဖြစ်နေသည်။ အခုအချိန်အထိ သူ စုစုပေါင်း ဝိညာဉ်တက်တူး ဆယ်ခုသာ ရေးဆွဲ ရသေးသည်။ ဒါက ဘိုးဘေးအဆင့်ကို ရောက်သွားတာလား။

"ဝိညာဉ်တက်တူးရဲ့ အနှစ်သာရကို နားလည်သွားလို့ မင်းရဲ့ ကျွမ်းကျင်မှု ညွှန်းကိန်းကို မြှင့်ပေးလိုက်တာ"

စနစ်က စိတ်ရှည်ရှည်နှင့် ဆက်ရှင်းပြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျောင်းသားတွေရဲ့ ပညာရေး ပြသနာနဲ့ အတူတူပဲ။ တချို့ကျောင်းသားတွေက သီအိုရီကို နားလည်အောင်မကြိုးစားပဲနဲ့ မျက်စိမှိတ်ပြီး လုပ်တတ်ကြတယ်။ အခေါက်တစ်ရာလောက် တွက်ပြီးလည်း နောက်ထပ်ပုံစံတူလာရင် အစက ပြန်တွက်ရတုန်းပဲ။ ကျောင်းသားနည်းနည်းလောက်သာ ပြဿနာနောက်ကွယ်က ယူဆချက်ကို ရှာတွေ့တတ်ကြတယ်။ ယူဆချက်ကို သိလိုက်တာနဲ့ အမျိုးစားတူတဲ့ ပြဿနာတိုင်း လွယ်လွယ်ကူကူ ရှင်းနိုင်သွားတာပေါ့"

"ဘာကြောင့် ၁+၁ = ၂ ဖြစ်လည်းဆိုတာ နားလည်သွားပြီ"

ခုနတုန်းက ကြိုးစားမှုကြောင့် ဆွန်းမိုသည် ဝိညာဉ်တက်တူးနောက်ကွယ်က သဘောတရားကို နားလည်သွားခဲ့သည်။

ဝိညာဉ်စုဆောင်းခြင်း တက်တူး၏ အစီအစဉ်ကို အောင်မြင်ရန် အရေးကြီးသည့်အချက်က ဝိညာဉ်ချီလည်ပတ်သည့် ဖွဲ့စည်းပုံကို နားလည်ဖို့ လိုသည်။ ဒီလည်ပတ်မှုမှာလည်း အဓိကအဆင့် နှစ်ဆင့် ရှိသည်။

ပထမအဆင့်က ဝိညာဉ်ချီ စုဆောင်းသည့် ဝင်ရိုးဖြစ်သည်။ ဒုတိယအဆင့်က ဝိညာဉ်ချီစုဆောင်းခြင်း ဝင်ရိုးကို ဝိညာဉ်ချီ စုဆောင်းနိုင်စွမ်း တိုးမြှင့်လာအောင် တိုးချဲ့ အစွမ်းပါသည့် ဝိညာဉ်တက်တူးတစ်ခုကို တည်ဆောက်ရမည်။

ဆွန်းမိုက ဝိညာဉ်စုဆောင်းခြင်းတက်တူးကို နားလည်လာအောင် ဝိညာဉ်ချီလိုင်းတိုင်း ဖျက်ဆီးခဲ့သည်။ အခုတော့ ဘယ်လိုင်းက

အရေကြီးပြီး ဘယ်လိုင်းက မလိုဘူးလဲ ဆိုတာကို နားလည်နေသည်။

ဝိညာဉ်တက်တူး၏ အဓိကဝင်ရိုးကို ကိုင်လိုက်လို့ မရပါ။ အနှောက်အယှက်ပေးနိုင်သည့် ဝိညာဉ်ချီဝင်ရောက်မှုက ကာကွယ်ရန် အရွက်၏ သွေးကြောစနစ်ကို ကိုင်တွယ်ရမည်။

ဒါပေမယ့် ဝိညာဉ်တတ်တူးဝင်ရိုး၏ အထောက်အပံ့ ဖွဲ့စည်းပုံကိုတော့ ကိုင်တွယ်လို့ရသည်။ ၎င်းကို ဝိညာဉ်ချီ

လည်ပတ်သည့် စနစ်တည်ဆောက်ရန် အရွက်၏ သွေးကြောနှင့် ချိတ်ဆက်ပေးလို့ ရသည်။

အပင်တစ်ပင်ပေါ်တွင် ဝိညာဉ်တက်တူး ရေးဆွဲရန် အရေးကြီးသည့်အချက်မှာ ဝိညာဉ်တက်တူး၏ ဝင်ရိုး ဖွဲ့စည်းပုံ ဖြစ်သည်။ မှန်ကန်သည့် နေရာကို ရွေးချယ်ဖို့ လိုသည်။

နတ်ဘုရားမျက်စိကို ပိုင်ဆိုင်သည့် ဆွန်းမိုအတွက် အရွက်တစ်ရွက်သည် လှပသည့် မိန်းမတစ်ယောက်ကို ကိုယ်လုံးတီး ကြည့်နေရသလိုပဲ ဖြစ်သည်။ ဒါကြောင့်

မှန်ကန်သည့်နေရာကို ရွေးချယ်ဖို့က ခက်ခဲသည့် အလုပ်မဟုတ်ပါ။

"ဒါက အမှန်ပဲ"

စနစ်က သက်ပြင်းချကာ စဉ်းစားလိုက်သည်။ ဆွန်းမိုတွင် ဝိညာဉ်တကက်တူးနှင့် ပက်သက်ပြီး ဒီလောက် ထူးချွန်သည့် အရည်အချင်း ရှိလိမ့်မယ်လို့ မထင်ထားခဲ့ပါ။

ဒီလောက်အချိန်တိုအတွင်းတွင် ဆွန်းမိုသည် ဝိညာဉ်စုဆောင်းခြင်း တကက်တူးနှင့် ပက်သက်ပြီး သဘောတရားကို နားလည်နိုင်ခဲ့သည်။ ဒါက

တင့်ကား ထုတ်လုပ်တာနှင့်တူသည်။ ဆွန်းမိုက တင့်ကား၏ အစိတ်အပိုင်းများကို စုစည်းရန် အသေးစိတ်ကြည့်နေသည့် အဆင့် မဟုတ်တော့ပါဘူး။ ကိုယ်တိုင် ဒီဇိုင်း ဆွဲနိုင်သည့် အဆင့်ကို ရောက်နေပါပြီ။ ဆွန်းမိုက ဝိညာဉ်စုဆောင်းခြင်း တကက်တူးကို ပိုမိုကောင်းမွန်အောင်လုပ်နိုင်ပြီး ပိုပြီး တွင်တွင် ကျယ်ကျယ် အသုံးပြုနိုင်နေပါပြီ။

ဆွန်းမိုက စုတ်တံကို ယူပြီး မှင်ထဲ နှစ်လိုက်သည်။ သူက ကောင်းမြက် အပင်၏ အစိတ်အပိုင်းတစ်ခုကို ရွေးပြီး ရေးဆွဲလိုက်သည်။

ဒီတစ်ခါတော့ သူ့အရှိန်က ပိုမြန်လာပြီး ဝိညာဉ်တက်တူး၏ မူလဖွဲ့စည်းပုံကိုပြောင်းကာ သူနားလည်ထားသည့် သဘောတရားအတိုင်း ဆွဲလိုက်သည်။

၁၅မိနစ်လောက် ကြာပြီးနောက် ဝိညာဉ်စုဆောင်းခြင်း တက်တူး ပြီးသွားသည်။

ဘုန်း

ကောင်းမြက် အပင်လှုပ်ယမ်းသွားပြီး အရွက်ပေါ်တွင် ပန်းသီးအရွယ် ဝိညာဉ်ချီ ဝဲကတော့ တစ်ခု ပေါ်လာသည်။

ဆွန်းမို ပြုံးလိုက်မိသည်။

ဒီဝိညာဉ်ချီ ဝဲကတော့ကြောင့် ဒီဝိညာဉ်တက်တူးသည် အနည်းဆုံး အဆင့်(၄) ၊ (၅)လို့ ပြောလို့ရသည်။ သူပျော်ရွှင်သွားသည့်အချက်က အောင်မြင်အောင် ရေးဆွဲနိုင်လို့ ဖြစ်သည်။ ဝိညာဉ်စုစည်းခြင်းတွင်

သူ့ယူဆချက်က မမှားကြောင်း သက်သေပြလိုက်သလို ဖြစ်သွားသည်။

“ဘယ်လောက်တောင် ကျေနပ်ဖို့ ကောင်းလိုက်သလဲ”

ဆွန်းမိုက လျှာကို ကိုက်လိုက်ပြီး ပြောလိုက်သည်။ အခုတော့ နေ့လည်အတန်းအတွက် ယုံကြည်ချက်ပိုရှိလာသည်။ စိတ်လှုပ်ရှားပြီး ဝိညာဉ်စုဆောင်းခြင်း တက်တူးများကို ဆက်တိုက် ရေးဆွဲနေလိုက်သည်။

အစပိုင်းတွင် ဆွန်းမိုသည် အရွက်များပေါ်တွင်သာ ရွေးချယ်ပြီး ဆွဲနေခဲ့သည်။ နောက်တော့ တွေ့သည့်

အရွက်ကို ရေးဆွဲနေသည်။ သူရေးဆွဲလို့ ပျက်စီးခဲ့သည့် ကောင်းမြက် အရွက်ပေါ်တောင် ရေးဆွဲခဲ့သည်။

အချိန်တွေက လျှင်လျှင်မြန်မြန် ကုန်သွားသည်။

ဆွန်းမိုလည်း အတန်းသွားဖို့ အချိန်ရောက်လာတာကို သတိထားလိုက်မိပြီး ကြည့်လိုက်ရင်ဖြင့် ဝိညာဉ်စုဆောင်းခြင်း တက်တူး ဆယ်ခုကျော်လောက်ကို ရေးဆွဲထားတာ တွေ့လိုက်သည်။

“အရမ်းကြာသွားတဲ့ပုံပဲ။ ဖင်တောင်နာနေပြီ”

ဆွန်းမိုလည်း ခန္ဓာကိုယ်ပေါ်က ဖုန်များကို ခါထုတ်လိုက်ပြီး စာသင်ဆောင်သို့ ထွက်လာလိုက်သည်။

"စနစ်ရေ။ အခု ငါ့ရဲ့ ဝိညာဉ်စုဆောင်းခြင်းတက်တူးရေးဆွဲတဲ့ အဆင့်က ဘယ်လောက်လဲ"

"ဗဟိုပြည်နယ် အကယ်ဒမီမှာ ပထမအဆင့်။ ချင်လင်မြို့မှာ ဒုတိယအဆင့်။ ဗဟိုပြည်နယ်မှာ အဆင့် (၇)"

စနစ်က ပြန်ဖြေလိုက်သည်။

“ဒီလောက် နိမ့်လား”

ဆွန်းမို မျက်မှောင် ကြုတ်လိုက်သည်။

“ဘာပဲဖြစ်ဖြစ် ငါက ဘိုးဘေးအဆင့်ဖြစ်တော့မယ်”

“ငါတို့ ဘယ်အချိန်မှာ ‘ဖြစ်တော့မယ်’ ဆိုတဲ့ စကားကို ဖယ်ထုတ်နိုင်မလဲ ဆိုတာ ကြည့်ရမှာပါ။ ဒါဆိုရင် မင်းက တကယ်ကို ဘိုးဘေးအဆင့် ရောက်ပြီ။ ငါတော့ မင်းကို အမြင့်ကြီး မှန်းထားတယ်”

စနစ်က ဆွန်းမိုကို ချီးကျူးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အသက်သုံးဆယ်အောက် အဆင့် သတ်မှတ်ချက်မှာရော ဘယ်လိုလဲ"

ထိုလူများသည် ဝိညာဉ်တက်တူးများကြားတွင် ဆယ်နှစ် ဒါမှမဟုတ် နှစ်သုံးဆယ်လောက် လေ့လာပြီး နှစ်မြှုပ်ထားကြသော အသက်ကြီးသည့် သူများ ဖြစ်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီနှင့် ချင်လင်မြို့မှာ အတော်ဆုံး။ ဗဟိုပြည်နယ်မှာတော့ နောက်တစ်ယောက်နဲ့ တွဲဘက်ပဲ"

“နောက်ထပ် ဘိုးဘေး ဖြစ်တော့မယ့် သူရှိနေတာလား”

ဆွန်းမို လန့်သွားသည်။

“ဒီကမ္ဘာကြီးမှာ အရည်အချင်း ရှိတဲ့လူ မရှားဘူး”

စနစ်က ရှင်းပြသည်။

“အင်း”

ဆွန်းမို ခုနတုန်းက တက်လာသည့် ကျေနပ်အားရမှုကို ပြန်ခံစားလိုက်သည်။ သူ၏ ကိုယ်ပိုင် ကျွမ်းကျင်မှုက မဟာအဆင့်ကို

မရောက်နေပါက ဒီဝိညာဉ်စုဆောင်းခြင်းတက်တူးကို ပုံဖော်နိုင်မည် မဟုတ်ပါ။ သူ့ပခုံး မတ်ပြီးလက်လျှောက်နိုင်ပါပြီ သူကလုံးဝကို အဆင့်တက်သွားပါပြီ။ (အဆင့် ၁ကွ)

ဆွန်းမိုသာ ဝိညာဉ်တက်တူးကို လုံးဝ ခွဲခြမ်း စိတ်ဖြာနိုင်ပါက အငြင်းပွားစရာမရှိ ဘိုးဘေးအဆင့် ဖြစ်လာလိမ့်မည်။

လုချမ်ဂျီသည် နေ့ခင်းတရေးတမောအိပ်ပြီးနောက် မျက်နှာသစ်ကာ စာသင်ဆောင်ကို

ထွက်လာလိုက်သည်။ ဒီနေ့ နေ့လည်ခင်းတွင် ဆွန်းမို၏ ဝိညာဉ်တက်တူးဆိုင်ရာ အတန်းရှိသည်။

သူ့မိသားစုသည် ဝိညာဉ်တက်တူးနှင့် ဆိုင်သည့် ထုတ်ကုန်များကို ရောင်းချသည့် ဆိုင်ဖွင့်ထားသောကြောင့် ငယ်စဉ်ကတည်းက ဝိညာဉ်တက်တူးတွေနှင့် ရင်းနှီးလာခဲ့ပြီး ဝိညာဉ်တက်တူး ဘာသာရပ်ကို အရမ်းနှစ်သက်ခဲ့သည်။ အခုဆိုရင် သူလေ့လာနေတာ ၁၀ နှစ်လောက်ရှိနေပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာအသစ်များသည် ဘာသာရပ်တစ်ခုကို စတင်သင်ကြားသည့်အခါ သင်ကြားရေး အစီအစဉ် တည်ငြိမ်စေရန် အခြေခံကသာ စပြီး သင်ကြသည်။

ဒါပေမယ့်လည်း ဒီသင်ကြားသည့် စနစ်တွင် အားနည်းချက် တစ်ခုရှိသည်။ အခြခံအုတ်မြစ်များကို အတန်းကြီးကျောင်းသားများက နာလည်ထားပြီးကြသည်။ ဒီဆရာများ၏ အတန်းကို ကျောင်းသားသစ်များသာ တက်ကြသည်။

ဒါပေမယ့်လည်း ကျောင်းသားသစ်များက ဘာကြောင့် ဆရာအသစ်များ၏ အတန်းကို ရွေးမှာလဲ။

နှစ်ပေါင်းများစွာ သင်ကြားပြီး အတွေ့အကြုံရှိသည့် ဆရာများ၏ အတန်းကိုသာ ရွေးချယ်ကြသည်။

ဆရာသစ်များကလည်း ထိုအကြောင်းအရာကို သိသော်လည်း ရွေးချယ်ခွင့် မရှိကြပါ။ မြင့်သည့်အဆင့်ကို သင်ကြားရန် ရွေးချယ်လိုက်ပါက သေချာပေါက် ကျောင်းသားများကို ဆုံးရှုံးသွားနိုင်သည်။ တကယ်လို့များ သူတို့၏ သင်ကြားမှု စွမ်းရည်များညံ့ဖျင်းပြီး အတန်းကြီးကျောင်းသားများကို မစွဲဆောင်နိုင်ပါက

ဒီဆုံးဖြတ်ချက်က လုံးဝကို မှားယွင်းသည့် ဆုံးဖြတ်ချက် ဖြစ်သွားမည်။

နိဂုံးချုပ် အနေဖြင့် ဆရာသစ်များအတွက် စတင်သင်ကြားရာတွင် ပြိုင်ဆိုင်မှု ဖိအားများလွန်းသည်။ သူတို့မှာ ခိုင်မာသည့်အခြေခံနှင့် ခိုင်မာသည့် သင်ကြားရေး စွမ်းရည်မရှိပါက သူတို့၏ သင်ခန်းစာများကို ကျောင်းသားများက မြန်မြန်ဆန်ဆန် ဥပက္ခာ လုပ်သွားကြမည်။

ဘယ်ကျောင်းတွင်မဆို ကျောင်းစီမံခန့်ခွဲရေးက အတန်းတစ်ခုကို တက်ရောက်သူ အရေအတွက် အနည်းဆုံးကို သတ်မှတ်ထားသည်။ သတ်မှတ် အရေအတွက်ထက် ကျဆင်းသွားပါက အတန်းကို ဖြတ်သိမ်းလိုက်ကြသည်။

လုချမ်ဂျီသည် ဆွန်းမို၏ အလားလာနှင့် ပက်သက်ပြီး ကောင်းသည့် အမြင်တော့ မရှိပါ။ အတန်းကို လာတက်သည့်သူ ၂၀ လောက်သာ ရှိမယ်လို့ ထင်ထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချမ်ဂျီသည် အခန်း ၂၀၉ကို ရောက်သည့်အခါ တန်းမဝင်ပဲ ချောင်းကြည့်လိုက်သည်။

(တောက် သနားစရာ ကောင်းလိုက်တာ။ လူ ၅ယောက်ပဲ ရှိတယ်)

ဆွန်းမို၏ ဝိညာဉ်စုဆောင်းခြင်း တက်တူးကို မမြင်ဘဲ အဖေ၏ စိတ်အားထက်သန်စွာ တိုက်တွန်းမှု တစ်ခုတည်းကြောင့်သာဆိုရင် ချက်ခြင်း လှည့်ထွက်သွားလိုက်မည်။

“အဖေများ လူမှားပြီး ပြောလိုက်တာလား”

လုချမ်ဂျီက စဉ်းစားလိုက်သည်။ စာသင်ခန်းထဲကိုဝင်ပြီး ခုံတစ်ခုမှာ ထိုင်လိုက်သည်။ ဒါပေမယ့်လည်း ခေါင်းကိုထောင်ပြီး ကျောက်သင်ပုန်းကို ကြည့်လိုက်ရင် အံ့အောသင့်သွားသည်။

“ဆရာဆွန်းမို၏ ဝိညာဉ်တက်တူး အတန်း စာသင်ခန်း ၂၈၁ သို့ ပြောင်းထားသည်”

လက်ရေးက တော်တော်လေးကို လှပါသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပုံမှန်သာဆိုရင် လုချမ်ဂျီက လှလိုက်တာလို့ အောင်လိုက်မိမည်။ ဒါပေမယ့် အခုတော့ လူ ၁၀၀ဆံ့ အခန်း၊ ကျောင်း၏ စီမံခန့်ခွဲရေးများ မှားနေတာလား။

အတန်းကြီး ကျောင်းသားတစ်ယောက် အနေဖြင့် လုချမ်ဂျီသည် ဆရာအသစ်တွေ၏ အတန်းတွေကို တက်ခဲ့ဖူးသည်။ အမှန်တိုင်းပြောရရင် တက်ရောက်သူ အားလုံးပေါင်းမှ ၂၀ ၊၃၀ လောက်ပဲရှိတယ်။

လုချမ်ဂျီသည် စိတ်ထဲတွင် မေးခွန်းအပြည့်နှင့် အခန်း ၂၀၁ကို အမြန်လာခဲ့သည်။ အထဲကို ကြည့်လိုက်တော့ လူ ၃၀ လောက်တွေ့လိုက်ရသည်။

ဆရာအသစ်တစ်ယောက် အနေနှင့်ဆိုရင် ဒီအရေအတွက်က တော်တော်များပါတယ်။

"အတန်းချိန်ရောက်နေပြီ တံခါးအပြင်မှာ ရပ်မနေကြနဲ့တော့"

သူ့အနောက်ကနေ အသံထွက်လာတာနှင့် လုချမ်ဂျီလည်း အခန်းထဲကို အမြန်ပြေးဝင်လိုက်သည်။

ပြီးတော့ ခေါင်းလှည့်ကြည့်လိုက်ရင် ဝင်လာသော လူငယ်တစ်ယောက်ကို တွေ့လိုက်ရသည်။ သူ့မျက်နှာက တမူထူးခြားပြီး အရမ်းငယ်သေးသည်။

သူရဲ့ အပြုံးကလည်း ရင်းနှီးနှစ်လိုဖွယ်ကောင်းနေသည်။

"ဆရာ"

လီဇီချီနှင့် ကျောင်းသားအနည်းငယ်က မတ်တပ်ရပ်ပြီး နှုတ်ဆက်လိုက်ကြသည်။

"ဝိညာဉ်တက်တူးကို စိတ်မဝင်စားသည့် သူတွေက တခြားဆရာတွေရဲ့ သင်ခန်းစာကို သွားတက်ကြပါ။ ငါနဲ့ လိုက်နေဖို့ မလိုဘူး" ဆွန်းမိုက လက်ကိုဝှေ့ယမ်းရင်း ပြောလိုက်သည်။

ဒါကိုကြားတော့။ ရှန်ယွန်ပေါင်က ချက်ခြင်းထရပ်ပြီး ထွက်သွားသည်။ ထန်ထန်ယုထန်လည်း ပခုံးတွန့်ပြီး ထွက်သွားသည်။

ချန်လုံကတော့ ခဏတုံ့ဆိုင်းသွားပြီး ဆွန်းမိုကို ဦးညွှတ်ကာ ထွက်သွားသည်။

"ဒီကောင် သုံးကောင်ကတော့"

လီဇီချီက သူမသွားကို ကြိတ်ရင်း ပြောလိုက်သည်။ ဆရာက ယဉ်ကျေးမှုအရ ပြောတာလေ။ ဒါကိုဘာလို့ အတည်ယူသွားတာလဲ။

ကလောင် ကလောင် ကလောင်

ကျောင်းတက် ခေါင်းလောင်းသံ မြည်လာသည်။

ဆွန်းမိုလည်း အချိန်ဆွဲ မနေတော့ဘဲ ခေါင်းလောင်းသံထွက်လာသည်နှင့် အဖွင့် စကားကို စပြောလိုက်သည်။

“ငါက ဆွန်းမိုပါ။ ဒီနေ့ကစပြီး ဝိညာဉ်တက်တူး ဘာသာရပ်ကို သင်ကြားပေးပါ့မယ်”

မနက်ပိုင်းအတန်းက အကြောင်းပြချက် သုံးချက်ကြောင့် လူပြည့်သွားခဲ့သည်။

ပထမအချက်က လူတိုင်းမကြားဖူးသည့် ဘာသာရပ် အသစ်ဖြစ်သောကြောင့်

စူးစမ်းချင်စိတ်နှင့် လာကြသည်။ ဒုတိယအချက်က သူတို့အားလုံးသည် ဆွန်းမို၏ နတ်ဘုရားလက်ကို စိတ်ဝင်စားနေကြသည်။ တတိယအချက်က အန်ရှီဝေနှင့် စေ့စပ်ထားသည့်သူက ဘယ်လို ပုံမျိုးလဲဆိုတာ သိချင်နေကြသည်။

ဝိညာဉ်တကက်တူး ဘာသာရပ်သည် မှော်ဆေးပညာနှင့် လက်နက်ပန်းထိမ်ပညာရပ် နောက်က ကျော်ကြားသော ဘာသာရပ်ဖြစ်သည်။ ဒါကြောင့်လည်း ဆရာတော်တော်များများက ပို့ချသော ဘာသာရပ် ဖြစ်သည်။

ကျောင်းသားများအတွက် ရွေးချယ်စရာ အရမ်းကို များနေသည်။ ဒါကြောင့်လည်း ဆွန်းမိုအတန်းကို တက်ရတာ အဓိပ္ပာယ် သိပ်မရှိသလို ဖြစ်နေသည်။

စာသင်ခန်းထဲမှာ လူ ၃၀ကျော်ရှိသည့်အထဲက သုံးပုံနှစ်ပုံ နီးပါးလောက်က တခြားရည်ရွယ်ချက်တွေ ရှိနေကြသည်။ ဆွန်းမို၏ သင်ခန်းစာကို နားထောင်ချင်တာ မဟုတ်ဘဲ အတန်းပြီးခါနီး ဆွန်းမိုကို ကျင့်ကြံခြင်းနှင့် ပက်သက်ပြီး မေးချင်လို့ လာခဲ့ကြသည်။

“ဒီနေ့အတန်းမှာ ငါက ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ဆွဲပြမယ်”

ဆွန်းမိုကလည်း ကျောင်းသားတွေ၏ ရည်ရွယ်ချက်ကို သိနေသည်။ ဒါကြောင့် သူကလည်း အဓိပ္ပာယ်မရှိသည့် စကားတွေနှင့် အချိန်ဖြုန်း မနေတော့ဘဲ စုတ်တံ၊ မှင် နှင့် စာရွက်တို့ကို ထုတ်ယူလိုက်သည်။ ပြီးတော့ ဝိညာဉ်စုဆောင်းခြင်း တက်တူးကို စဆွဲလိုက်သည်။

လုပ်ဆောင်ချက်ကသာ နောက်ဆုံးတွင် အရာအားလုံးကို သက်သေပြနိုင်သည်။

စာစဉ် (၈)

အခန်း (၁၁၈) - ဆရာကြီးအဆင့် လုပ်ဆောင်ချက်။

ဝိညာဉ်ချီသည် ကျင့်ကြံသူတိုင်းအတွက် မရှိမဖြစ်လိုအပ်သည်။ သိပ်သည်းမှု ပိုကောင်းလေ

ပိုထိရောက်လေ ဖြစ်သည်။ ပိုကောင်းသည့် ကျင့်ကြံခြင်းကို ဖြစ်ပေါ်စေနိုင်သည်။

ဒါကြောင့်လည်း ဝိညာဉ်စုဆောင်းခြင်းတက်တူးက အခြေခံအကျဆုံးများထဲက တစ်ခု ဖြစ်နေသည်။ ကျင့်ကြံသူတိုင်းက သုံးဖူးတယ်လို့ ပြောနိုင်သည်။

ဆယ်မီတာ အချင်းဝက် အတွင်းရှိသော ဝိညာဉ်ချီများသည် အပြင်ကထက် လေးဆ ဒါမှမဟုတ် ထိုထက် သိပ်သည်းဆ ပိုမြင့်မားသည်။

အမှန်တိုင်းပြောရရင် ဆွန်းမိုက ဝိညာဉ်တက်တူး ရေးဆွဲလိုက်တာကို မြင်လိုက်ရင် လူတိုင်း

နည်းနည်းတော့ စိတ်ပျက်သွားကြသည်။ ဒါကြီးက သာမန်ဆန်လွန်းပြီ ဆရာတိုင်း လုပ်နေကြသည်။ လုံးဝကို ဆန်းသစ်ခြင်း မရှိပါ။

ဒီလို မြင်ကွင်းမျိုးကို ဆရာအသစ်တွေ၏ အတန်းတွေမှာ လူတိုင်းက အကြိမ်ပေါင်းများစွာ မြင်ဖူးထားကြသည်။

လုချမ်ဂျီကတော့ ထိတ်ကနဲ ဖြစ်သွားသည်။ ဒီအတန်းကိုလာတာရက ဆွန်းမို ဝိညာဉ်တက်တူး ရေးဆွဲတာကို ကြည့်ချင်လို့ ဖြစ်သည်။

ဆွန်းမိုက စကားတစ်ခွန်းမှ မပြောဘဲ တခါတည်း ရေးဆွဲနေတာကို မြင်လိုက်ရင် လုချမ်ဂျီ၏ စိတ်ဝိညာဉ်တောင် လှုပ်ရှားသွားသည်။ ဆွန်းမိုကို စေ့စေ့ကြည့်နေရင်း တင်ပါးတောင် ထိုင်ခုံက ကြွတက်လာသည်။

ဆွန်းမိုက ရေးဆွဲနေသည့်တိုင်အောင် လုပ်ထုံးလုပ်နည်းများနှင့် သတိထားရမည့် အချက်များကိုလည်း ပြောသွားသည်။

ကျောင်းသားတွေလည်း နားထောင်ပြီး ပျင်းလာကြသည်။ အရင်က ဝိညာဉ်တက်တူး

လေ့လာထားသည့်သူတွေတောင် စိတ်အာရုံ ပျံ့လွင့်လာကြသည်။ ဒီအရာတွေအားလုံးက အခြေခံများထဲက အခြေခံများ ဖြစ်နေသောကြောင့် သူတို့အားလုံး သိနေခဲ့တာတောင် တော်တော် ကြာနေပြီ။

"ဝိညာဉ်စုဆောင်းခြင်းတကက်တူး တစ်ခုပြီးရန် အနည်းဆုံးအချိန် နာရီဝက်လောက်တော့ လိုသည်။ ဆရာဆွန်းက နာရီဝက်လောက်နှင့် ရှင်းပြဖို့တော့ မဖြစ်နိုင်ဘူး မဟုတ်လား"

" ဒါကြီးက ပျင်းဖို့ကောင်းလွန်းတယ်"

“ ဟုတ်တယ်။ ကျင့်ကြံခြင်းဆေးပညာ အတန်းကမှ ပိုပြီး စိတ်လှုပ်ရှားဖို့ ကောင်းသေးတယ်။ ဆရာဆွန်းက ဝိညာဉ်တက်တူးအတန်းကို မစဘဲ ကျင့်ကြံခြင်းဆေးပညာအတန်းကို အချိန်ပို သင်ပေးသင့်တယ်လို့ ကျွန်တော်တော့ ထင်တယ်”

ကျောင်းသားတွေလည်း စိတ်မရှည်တော့ဘဲ အချင်းချင်း တိုးတိုး တိုးတိုးနှင့် စကားတွေ ပြောနေကြသည်။ အမှန်တိုင်းပြောရရင် ငြီးငွေ့နေကြသည်။

“သင်ခန်းစာကို နားမထောင်ချင်ရင် အပြင်ထွက်သွားလို့ရတယ်။ စကားတွေပြောနေပြီး သူများကိုတော့ အနေှာက်အယှက် မလုပ်ပါနဲ့”

ဆွန်းမိုက သတိပေးလိုက်သည်။

ကျောင်းသားများလည်း ချက်ခြင်း လည်ပင်းပြန်တည့်ပြီး စကားများလည်း တိတ်သွားသည်။

ကျောင်းသားတချို့က အူကြောင်ကြောင်ဖြစ်နေကြပြီး တချို့က ကာတွန်းစာအုပ်ခိုးဖတ်နေကြသည်။ ဒီနေရာမှာတော့ ဘယ်ကျောင်းသားမှ မအိပ်ရဲပါ။

တခန်းလုံး အချိန်တော်တော်ကြာအောင် တိတ်ဆိတ်နေကြသည်။ ဆွန်းမို ပြောနေသည့် အသံသာ ကြားနေရသည်။

လုချမ်ဂျီလည်း အခြေခံ အသိပညာများကို ကြားပြီး ငြိုးငွေ့လာသည်။ ဒါပေမယ့်လည်း ဆွန်းမိုမျက်လုံးအောက် တတိယမြောက်အတန်းတွင် ထိုင်နေသောကြောင့် မငိုက်ရဲပါ။ သည်းခံပြီးသာ တောင့်ခံနေရသည်။

“တောက် ၁၅မိနစ်တောင် ကျော်သွားပြီ။ ဘာတွေနှိပ်စက်နေတာလဲ”

လုချီဂျီက ဆွန်းမို ပုံဆွဲတာ မြန်မြန်ပြီးပါစေလို့ ဆုတောင်းနေသည့်အချိန်တွင် စာသင်ခန်းထဲမှာ ဝိညာဉ်ချီများ မြင့်တက်လာသည်။

"ဘာဖြစ်တာလဲ"

ကိုယ်ပစ္စည်းနှင့်ကိုယ် အလုပ်ရှုပ်နေကြသော ကျောင်းသားများသည် တုန်လှုပ်ခြောက်ခြားသွားကာ ခေါင်း မော့ကြည့်လိုက်ကြသည်။ သူတို့ စာသင်ခန်း အပြင်ကို လှမ်းကြည့်လိုက်မိသည်။ ဒါပေမယ့် ဝိညာဉ်ချီများက စာသင်ခန်းထဲ ပြေးဝင်လာတာကို တွေ့လိုက်ကြသည်။

လူတိုင်း လည့်ပတ်ကြည့်နေကြပြီး စကားမပြောနိုင်အောင် အံ့အောနေကြသည်။

ဒါပဲ.............

လုချမ်ဂျီ မနေနိုင်ဘဲ အော်လိုက်မိသည်။ လည်ပင်းလည်း ဆန့်လာပြီး ခန္ဓာကိုယ်လည်း မတ်လာသည်။

"ဒါ...........ဝိညာဉ်ချီ ဝဲကတော့ပါလား။" ကြည့်လိုက်ရင် တစ်ပေလောက်မြင့်သော ဝိညာဉ်ချီ လေဆင်နှာမောင်းအသေးလေးကို မြင်နေရသည်။ ဝိညာဉ်ချီတက်တူးအကြောင်းကို လေ့လာထားသော

ကျောင်းသားများ၏ စိတ်ထဲတွင် အထိန်းအကွပ်မရှိ တုန်လှုပ်သွားသည်။

ဒါက ကြီးမားသော ဝိညာဉ်ချီ ဝဲကတော့ တစ်ခု ဖြစ်သည်။ ဒီဝိညာဉ်စုဆောင်းခြင်း တက်တူးသည် အနည်းဆုံး အဆင့် (၅) ရှိသည်။

ဆွန်းမိုက ၁၅မိနစ်လောက်သာ အချိန်ပေးခဲ့သည့် အကြောင်းကို ကျောင်းသားတစ်ယောက်က မှန်းလိုက်သည်။

“အို ကောင်းကင်ကြီး နည်းနည်း မမြန်လွန်းဘူးလား”

ဝိညာဉ်ချီတက်တူးက မြန်မြန်ဆွဲချင်တိုင်း ဆွဲလို့မရပါ။ စုတ်ချက်တစ်ချက် ဒါမှမဟုတ် ထောင့်ချိုးတစ်ခု မှားလိုက်တာနှင့် ဝိညာဉ်ချီတက်တူးက ပျက်ဆီးသွား နိုင်သည်။

ပျက်ဆီးသွားပါက ပစ္စည်းများနှင့် အချိန်ကို ဖြုန်းသလို ဖြစ်သွားမည်။

ဂလု

လုချမ်ဂျီ တံတွေးတစ်ချက် မြိုချလိုက်သည်။ ဒါက ဆွန်းမို၏ ပထမဆုံး ဝိညာဉ်တက်တူး သင်ခန်းစာဖြစ်ပြီး သူရေးဆွဲခဲ့သော ပထမဆုံး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်စုဆောင်းခြင်းတက်တူးလည်း ဖြစ်သည်။ ဘယ်သူကမှ ဒီလိုအမြန်နှုန်းနဲ့ မဆွဲရဲသလို ဆွဲလည်းမဆွဲနိုင်ပါ။

တစ်ခုခုမှားသွားရင် အရှက်ကွဲသွားနိုင်သည်။

ဆွန်းမိုက အခုချိန်မှာ ကျော်ကြားနေသည်။ လူလုပ်လိုက်သည့် အရာတိုင်းက အကန့်အသတ်မရှိ ပျံ့နှံ့သွားနိုင်သည်။ တကယ်လို့ သူသာ တစ်ကြိမ် ကျရှုံးခဲ့ရင် ထိုကိစ္စကို လူတိုင်းသိသွားအောင် ပျံ့နှံ့သွားနိုင်သည်။

ကြည့်ရတာ ဆွန်းမိုက အေးအေးချမ်းချမ်း နေချင်ပုံမရပါ။

“ ၁၅မိနစ်လောက်နှင့် ဝိညာဉ်တက်တူးရေဆွဲနိုင်ပြီး အဆင့်(၅)တောင်ဖြစ်နေသေးတယ်။ ဒါက လူသားတွေ တကယ်လုပ်နိုင်လို့လား”

လုချမ်ဂျီ စိတ်ထဲက ရေရွတ်နေမိသည်။

သူကိုယ်တိုင် တွေ့ခဲ့ရတာတောင် လုံချမ်ဂျီ မယုံချင်သေးပါ။ ဘာကြောင့်ဆို ဒါက မယုံနိုင်စရာ

ကောင်းနေသည်။ ပြီးတော့ ရှုံးနိမ့်သည့် ခံစားချက်လည်း ဝင်လာသည်။

ဝိညာဉ်တက်တူးကို လေ့လာခဲ့တာ ဆယ်နှစ်ကျော်နေခဲ့ပြီး သူရေးဆွဲထားသည့် ဝိညာဉ်တက်တူး အရေအတွက်က တစ်ထောင်ကျော်လောက်ရှိသည်။ ဒါပေမယ့် ဒီလိုမြန်နှုန်းနှင့် ဒီလိုအဆင့်ထိရောက်အောင် ဆွဲနိုင်လား။ စိတ်မကောင်းစရာပဲ တစ်ခါမှကို မတွေးခဲ့မိဘူး။

ဘာကြောင့်ဆို သူ့စိတ်ထဲတွင် မဖြစ်နိုင်ဘူးလို့ လက်ခံထားခဲ့သည်။

လုချမ်ဂျီက သူ့ကိုယ်သူ ဝိညဉ်တက်တူးတွင် အလွန်ထူးချွန်းတယ်လို့ ထင်ထားခဲ့သည်။ ပြီးတော့ မြတ်ဆရာ ဟီရမ်ဂျီကလည်း တခါ ချီးကျူးခဲ့ဖူးသည်။

ထိုမြတ်ဆရာသည် ဗဟိုပြည်နယ်အကယ်ဒမီတွင် ဝိညာဉ်တက်တူးနှင့် ပက်သက်လာရင် အထူးချွန်ဆုံး သုံးယောက်ထဲက တစ်ယောက်ဖြစ်သည်။ ဒါကြောင့်လည်း အဲဒီအချိန်ကစပြီး တခြားဆရာများ၏ ဝိညာဉ်တက်တူး သင်တန်းကို မသွားတော့ပါ။ အခုတော့ ဆရာသစ်တစ်ယောက်၏

အတန်းတွင် ဒီလောက်အထိ ထိုးနှက်ခံလိုက်ရမယ်လို့ မတွေးထားခဲ့ပါ။

လုချမ်ဂျီသည် နှုတ်ခမ်းကို ပွတ်လိုက်သည်။ သူစိတ်ထဲက လက်မခံချင်ပေမယ့် ဒီစံနှုန်းကို မရောက်နိုင်ဘူးဆိုတာ သူသိသည်။

ဝိညာဉ်တက်တူးက အခြေခံပိုကျလေလေ ဝိညာဉ်တက်တူးသခင်၏ အမြန်နှုန်းကို ပိုသိနိုင်လေလေပါပဲ။

“အဖေက လိမ်မပြောခဲ့ဘူး” လုချမ်ဂျီ သက်ပြင်းချရင်း ဝန်ခံလိုက်သည်။ အခုချိန်မှာတော့

အရမ်းကို ဝမ်းနည်းနေသည်။ ဘာလို့ ပထမတန်းမှာ မထိုင်ခဲ့ရတာလဲ။ တကယ်လို့ ဆရာဆွန်း ဆွဲတာကို စောစောက စောင့်ကြည့်နေခဲ့မယ်ဆိုရင်.....

ဒင်

လုချမ်ဂျီ၏ လေးစားအထင်ကြီးမှု - +၁၅ ။မူလ(၁၅/၁၀၀)

“အိုး တကယ်ကို စောင့်ကြည့်နေတဲ့ သူရှိနေတာလား”

ဆွန်းမို နည်းနည်းလန့်သွားသည်။ သူလည်း ကျောင်းသားများ၏ အပြုအမူကို

စောင့်ကြည့်နေခဲ့သည်။ အများစုကတော့ ဝိညာဉ်စုဆောင်းခြင်း တက်တူးအဆင့်ကြောင့် ထိတ်လန့်သွားခဲ့သည်။ အထဲက လေးနက်သည့် အဓိပ္ပာယ်ကို နားမလည်ကြပါဘူး။ ဒါပေမယ့် လုချမ်ဂျီက ရှင်းရှင်းလင်းလင်း သိနေတယ်။

လုချမ်ဂျီကတော့ သူကနိမ့်ကျနေမှန်းသိပြီး လေးစားအထင်ကြီးမှု အမှတ်ကို ထောက်ပံ့ပေးခဲ့သည်။

"ဆရာ့ပုံက တော်တော်ကောင်းတယ်။ မဟုတ်လား"

လုချီဟွာက လီဇီချီ၏ အကျီကို တိတ်တိတ်လေး ဆွဲပြီး မေးလိုက်သည်။ သူမက ဝိညာဉ်တကက်တူးအကြောင်းကို မသိပါဘူး။

“ တော်တော်ကောင်းရုံပဲ ဘယ်ဟုတ်မလဲ။ ဗဟိုပြည်နယ် အကယ်ဒမီတစ်ခုလုံးမှာ ငါတို့ ဆရာထက် သာတဲ့လူကို ရေတွက်ရင် လက်တစ်ဖက်တောင် မပြည့်နိုင်ဘူးလို့ ငါထင်တယ်”

လီဇီချီ၏ အသိဉာဏ်ထဲတွင် မှော်ဆေးပညာ၊ လက်နက်ဖန်တီးမှု၊ ဝိညာဉ်တကက်တူးနှင့် သားရဲထိန်းကျောင်းခြင်း အသိပညာများ ရှိနေသည်။

ဘာပဲဖြစ်ဖြစ် လီဇီချီက တိုက်ပွဲကလွဲရင် တခြား အရာအားလုံးကို နှစ်သက်သည်။ ဒါကြောင့်လည်း ဆွန်းမိုက ဘယ်လောင်တောင် အထင်ကြီးဖို့ ကောင်းလဲဆိုတာ သူမနားလည်သည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁၅ ။ ရင်းနှီး (၃၀၆/၁၀၀၀)

“အာ ကောင်းလွန်းတယ်”

လီဇီချီက လျှာကို သပ်ပြီး ပြောလိုက်သည်။

“နောက်ထပ်ငါက ဝိညာဉ်တက်တူးရဲ့ ဖွဲ့စည်းပုံကို ရှင်းပြမယ်”

ဆွန်းမိုက နံရံပေါ်တွင် စာရွက်ကို ချိတ်ဆွဲလိုက်သည်။

လုချမ်ဂျီသည် ပိုပိုပြီး စိတ်ဝင်စားလာသည်။ စိတ်မထိန်းနိုင်တော့ဘဲ သူ့ပစ္စည်းတွေကို ယူပြီး ပထမတန်းကို တခါတည်းသွားလိုက်သည်။

ဆွန်းမို ချက်ခြင်းကြည့်လိုက်သည်။

“ဆရာ”

ထိုင်လိုက်သော လုချမ်ဂျီက ထိတ်လန့်သည့်အပြုံးနှင့် ချက်ခြင်းပြန်ရပ်လိုက်သည်။ ဆွန်းမိုက သူ့ကို အတန်းထဲတွင် နေရာလျှောက်ပြောင်းနေတယ်လို့ မြင်သွားမှာစိုးရိမ်နေသည်။

ဒါပေမယ့် ဆွန်းမို ပို့ချမည့် သင်ခန်းစာကို တကြောင်းတောင် မလွတ်ချင်လို့ပါ။

"ထိုင်ပြီး နားထောင်ပါ"

ဆွန်းမိုက စတင်ပြီး ပို့ချလိုက်သည်။ သိပ်မကြာခင်က ဝိညာဉ်စုဆောင်းခြင်း၏

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနှစ်သာရကို သဘောပေါက်ခဲ့သောကြောင့် ပေါ့ပေါ့ဆဆ မပြောရဲဘဲ အခြေခံအကြောင်းအရာများကို လေးလေးနက်နက် ပြောပြနေသည်။ ဒါပေမယ့်လည်း ဝိညာဉ်တက်တူးရေးဆွဲခြင်း မဟာအဆင့် နားလည်ထားသောကြောင့် ကျောင်းသားတွေကို သင်ကြားပေးဖို့ လုံလောက်သည်။

ဒီကျောင်းသားအများစုက ဝိညာဉ်တက်တူးများကို လေ့လာရန် ဒီနေရာကို လာခဲ့ခြင်း ဖြစ်သည်။

ဒါကြောင့် ခဏလောက် နားထောင်ပြီး ငြိမ်းငွေ့လာကြသည်။

ဆွန်းမိုကလည် သူ့ရဲ့အားသာချက်များကို ကစားပြီး သင်တော်သည့် အချိန်ကိုရောက်တာနှင့် သင်ခန်းစာကို ခဏနားလိုက်သည်။

“ ငါနောက်ထပ် ဝိညာဉ်တက်တူး တစ်ခုကို ထပ်ဆွဲပြမယ်။ အားလုံး အာရုံစိုက်ပြီး ကြည့်ကြပါ”

ဆွန်းမိုက စုတ်တံကို ကိုင်လိုက်သည်။

“ဆရာ မဆွဲခင် နံရံမှာ ကပ်လို့ မရဘူးလား”

လုချမ်ဂျီက လက်ကိုမြှောက်ရင်း မေးလိုက်သည်။ ဒါက ဝိညာဉ်တက်တူး သခင်တစ်ယောက် ရေးဆွဲတာကို လေ့လာနိုင်သည့် အခွင့်အရေး ဖြစ်သည်။ ဒါကြောင့်လည်း သတ္တိရှိရှိ အကြံပြုလိုက်ခြင်း ဖြစ်သည်။

ဆွန်းမိုရဲ့ဘေးမှာရပ်ပြီး ကြည့်ရလောက်အောင် သူ့အဆင့်က မရှိသေးပါ။ “မင်းကလူမိုက်လား” နံရံမှာကပ်ပြီး ပုံဆွဲရင် ပိုခက်မှာပေါ့”

ဆွန်းမိုအား တောင်းဆိုလိုက်သည့် စကားကို ကြားပြီး ကျောင်းသားတချို့လည်း

ဒေါ်သထွက်လာကြသည်။ သူတို့က ဆွန်းမိုကို ခက်ခဲအောင် တမင်လုပ်နေတယ်လို့ ထင်သွားကြသည်။

"ပြဿနာရှာဖို့ ရောက်နေတာလား"

"မင်းနားမထောင်ချင်ရင် ထွက်သွား"

အရင်တုန်းက ဆွန်းမိုသည်တစ်ယောက်တည်း အထီးကျန်နေပြီး ဘယ်သူမှလည်း မကူညီကြပါ။ အခုတော့ကျောင်းသားတွေက ဆွန်းမိုကို စတင်ကူညီဖို့ ပြောလာကြသည်။ အားလုံးက ဆွန်းမိုကို သဘောကျကြသည်။

"မဟုတ်ဘူး။ မဟုတ်ဘူး။ ငါဒီလို ဆိုလိုတာ မဟုတ်ဘူး"

လုချမ်ဂျီလည်း ဆွန်းမိုက တစ်ချက်ခိုးကြည့်ရင်း စိတ်တိုလာသည်။ ဆွန်းမိုက သူ့ကို ဒေါသထွက်ပြီး နှင်ထုတ်မှာကို အရမ်းကြောက်နေသည်။

"တော်ပြီ။ အားလုံးရပ်လိုက်ကြတော့"

ဆွန်းမိုက အေးအေးဆေးဆေး ပြောလိုက်သည်။ နံရံပေါ်တွင် ဝိညာဉ်စာရွက်ကို ကပ်လိုက်သည်။ တကယ်လည်းစာရွက်ကို စားပွဲပေါ်တွင် ဆွဲရင် ဘယ်သူမှ မမြင်ရပါ။

“ကျေးဇူးတင်ပါတယ် ဆရာ”

လုချမ်ဂျီက မျက်ရည်ကျမတတ် ကျေးဇူးတင်နေသည်။

“ထိုင်ပြီး နားထောင်ပါ”

ဆွန်းမိုက ပြောပြီးသည်နှင့် စုတ်တံကို ကိုင်ပြီး စဆွဲလိုက်သည်။

စုတ်ချက်တိုင်းက ပေါ့ပါးပြီး ယုံကြည်ချက်နှင့် ပြည့်နေသည်။

“ဒါ…………….ဒါ..........”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချမ်ဂျီ အရမ်းကိုတုန်လှုပ်သွားပြီး ဘာပြောရမှန်း မသိတော့ပါ။

သူသိထားတာက ဝိညာဉ်တက်တူးကို ရေးဆွဲသည့်အခါ စုတ်ချက်တစ်ခုစီတိုင်းက အရမ်းကို သတိထားရသည်။ မှားသွားပါက ဝိညာဉ်တက်တူး ပျက်စီးသွားနိုင်သည်။ ဆွန်းမိုကတော့ အမှားလုပ်မိမှာ မကြောက်ဘဲ စုတ်ချက်တစ်ချက်တိုင်းကို အကျယ်ကြီးရေးဆွဲနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တက်တူးနှင့် အရမ်းရင်းနှီးသည့် ဝိညာဉ်တက်တူးသခင်တောင် ဒီလို မလုပ်ရဲလောက်ပါ။

တဖြည်းဖြည်းနှင့် လုချမ်ဂျီလည်း ပျံ့လွင့်နေသည့် စိတ်ကို ထိန်းနိုင်သွားသည်။ သူစိတ်ထဲက အတွေးများ အားလုံးကို ဖယ်ထုတ်လိုက်ပြီး ဆွန်းမို စုတ်ချက်တစ်ခုသာ ကျန်တော့သည်။ ဝိညာဉ်တက်တူး၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ ဘယ်လိုရေးဆွဲလဲဆိုတာပဲ ကျန်တော့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြည့်နေတုန်း မြင်လိုက် နားလည်လိုက် သလိုရှိသော်လည်း ဖမ်းမဆုတ်နိုင်ဘဲ ပျောက်ကွယ်သွားသည်။ သူ့ကိုယ်သူ စိတ်ပျက်နေမိတယ်။

ဒီခံစားချက်ကြီးက တော်တော်ကို စိတ်ပျက်ဖို့ ကောင်းတာပဲ။

အခြားကျောင်းသားများအမြင်၊ အများစုက ဝိညာဉ်တက်တူးကို မလေ့လာထားသောကြောင့် ဖြစ်စဉ်၏ ထူးခြားချက်ကို မသိနိုင်ကြပါ။ ဆွန်းမို၏ လှုပ်ရှားမှုများက ရိုးရှင်းပြီး သိမ်မွေ့လှသည်။

သူဆွဲနေတာ စောင့်ကြည့်ရတာကိုပင် ကြည့်နူးဖို့ကောင်းနေသည်။

"ဘယ်လောက်တောင် ယုံကြည်ပြီး ရဲရင့်လိုက်လဲ"

လုချီဟွာက သဘောကျစွာ သက်ပြင်ချရင်း ပြောလိုက်သည်။

"အင်"

လီဇီချီကလည်း ခေါင်းညိတ်ပြီး သဘောတူကြောင်း ပြလိုက်သည်။ ဒါပေမယ့် သူ့မျက်ခုံးတွေ တဖြည်းဖြည်း ကွေးလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်စုဆောင်းခြင်းတက်တူးကို ကြည့်ရတာ တခုခု မှားနေသလိုပဲ။ ဆရာ့ကို သတိပေးလိုက်သင့်လား။

ဆွန်းမိုက ဝိညာဉ်တက်တူးရေးဆွဲခြင်းတွင် မဟာအဆင့်ကို ရောက်နေသည့်သူ ဖြစ်သည်။ နည်းစနစ်များအခြေခံနှင့် အရည်အသွေးကို သူစိတ်ထဲရှိသလို ပြောင်းပြီးရေးဆွဲ နိုင်သည်။ အခုတော့ လုပ်ငန်းစဉ်လည်း ပိုမြန်လာသည်။ ဝိညာဉ်စုဆောင်ခြင်းတက်တူးကို ရေးဆွဲဖို့ ၁၀မိနစ်သာ အချိန်ယူလိုက်ရသည်။

ဘုန်း

ပတ်ဝန်းကျင်က ဝိညာဉ်ချီများ ရုတ်တရုတ် မြင့်တက်လာသည်။

ဝိညာဉ်ချီ ဝဲကတော့က စာရွက်ပေါ်တွင် ပေါ်လာသည်။

တတန်းလုံး အာမေဒိတ်သံများနှင့် ဆူညံနေသည်။

စကြဲ်န်ကို ဖြတ်သန်းသွားသည့် ကျောင်းသားများတောင် ရုတ်ရုတ်သဲသဲ အသံကို ကြားလိုက်ရသည်။

“ ပြီးသွားပြီလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“သေချာတာပေါ့။ ဝိညာဉ်ချီ ဝဲကတော့တောင် ရှိသေးတယ်။ ဝိညာဉ်စုဆောင်းခြင်း တက်တူး အဆင့်အရမ်းမြင့်တာ သေချာတယ်”

“ နည်းနည်း မမြန်လွန်းဘူးလား”

ကျောင်းသားများကလည်း ဆွန်းမိုသည် ဝိညာဉ်တက်တူးကို လေ့လာရာတွင် ဒီလောက်ကြီးမားသည့် အောင်မြင်မှု အဆင့်ကို ရောက်နေမှန်း မတွေးထားကြပါ။

ဖြောင်း ဖြောင်း

လုချမ်ဂျီက လက်ခုပ်တီးပြီး စိတ်လွတ်ကာ ထရပ်လိုက်သည်။ ဆွန်းမို၏ ကျွမ်းကျင်မှုက သူ့နှလုံးသားကို တုန်လှုပ်သွားစေသည်။

“ ဒီကောင်က ဘယ်လို ဖွားရမလဲ ကောင်းကောင်းသိတယ်”

ဒါကိုမြင်ပြီး တခြားကျောင်းသားများ ငြီးတွားလိုက်သည်။ သူတို့လည်း ထိုင်နေလို့ အဆင်မပြေတော့ဘူး။ ဒါကြောင့် မတ်တပ်ရပ်ပြီး လက်ခုပ်တီး လိုက်ကြသည်။

လုချမ်ဂျီကတော့ သူ့ကို သွားပုတ် လေလွင့်ပြောတာလည်း မသိပါဘူး။ အခုချိန် သူ့စိတ်ထဲတွင် ဆွန်းမို၏ ပုံဆွဲသည့် ပြကွက်များနှင့် ပြည့်နေသည်။ ရုတ်တရုတ် သဘောပေါက် လိုက်သော်လည်း သူမဆုပ်ကိုင်နိုင်ဘူး ဖြစ်နေသည်။ ဒီခံစားချက်ကြောင့် နာကျင်နေသည်။

ဒါကြောင့်လည်း လုချမ်ဂျီသည် ရုတ်တရုတ် ခေါင်းငုံ့ပြီး စားပွဲနှင့် တိုက်လိုက်သည်။

ဒိုင်း

ဒီအသံက လက်ခုပ်သံများကို ဖြတ်ပြီး ပေါ်လာသည်။

စာစဉ် (၈)

အခန်း (၁၁၉) - အံ့ဩခြင်း။

အကြည့်များစွာက လုချမ်ဂျီဆီကို ရောက်သွားသည်။ ဒီစောက်ရှူးကောင်က ဘာထဖြစ်တာလဲ။

လုချမ်ဂျီသည် စားပွဲနှင့် ခေါင်းကို တိုက်လိုက်ပြီးနောက်လည်း ရုတ်တရက် သဘောပေါက်မှုကို မဆုပ်ကိုင်နိုင်သေးပါ။ ပြင်းထန်သည့် နာကျင်မှုက သူ့အခန်းထဲမှာပဲ ရှိနေသေးကြောင်းကို ပြန်သတိရ သွားစေသည်။

သူ့အပြုအမူက ဆွန်းမိုကို စော်ကားသလိုဖြစ်သွားပြီး အတန်းတက်ဖို့ တားမြစ်လိုက်ရင် ဘယ်လို လုပ်မလဲ။

လုချီဂျီ၏ အဝတ်အစားများ ချက်ခြင်းကို ချွေးတွေ စိုလာသည်။ သူ အထစ်ထစ် အငေါ့ငေါ့

နှင့် ရှင်းပြနေသည်။ "ငါ.....ဆရာပုံဆွဲတာကို လိုက်ကြည့်ပြီး ရုတ်တရုတ် သဘောပေါက်......"

ဆွန်းမိုကတော့ လန့်နေသည့် ကျောင်းသားကို ကြည့်ပြီး စိတ်မဆိုးပါဘူး။ ပြီးတော့ သူက လေးစားအထင်ကြီးမှု အမှတ်တွေလည်း ပေးထားခဲ့သည်။ ပြောချင်တာက ဒီကျောင်းသားသည် သူ၏ သင်ကြားချက်တွေကို တကယ်ပဲ လိုက်သင်နေသည်။

လုချမ်ဂျီ အသက် ၁၅နှစ်။

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့် (၅)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြံ့ခိုင်မှု - ၆- တိုက်ခိုက်တာ မတော်ပါ။

ဉာဏ်ရည် - ၇- သာမန်အထက်။ အခါအားသင့်စွာ စိတ်ကူးစိတ်သန်းကောင်းများ ထွက်တတ်သည်။

သွက်လက်မှု - ၆- နေ့ခင်းဘက် တရေးတမော အိပ်ရတာ ကြိုက်သည်။

အလားလာ- ပျမ်းမျှ

မှတ်ချက်။ ။ ဝိညာဉ်တက်တူး လေ့လာရာတွင် တော်သည့် ပင်ကိုယ်အရည်ချင်း ရှိသည်။ ဒါကြောင့် သိုင်းပညာလမ်းစဉ်ကို စွန့်လွှတ်ဖို့စည်းရုံးနိုင်ရင် အကောင်းဆုံး ဖြစ်မည်။

....

လုချမ်ဂျီ၏ အချက်အလက်များကို ကြည့်လိုက်ပြီးနောက် ဆွန်းမိုက သူ့ကို ထိုင်ခိုင်း လိုက်သည်။

“ ရှင်းပြစရာမလိုဘူး။ ငါနားလည်တယ်”

“ကျေးဇူးတင်ပါတယ်။ ဆရာ”

လုချမ်ဂျီလည်း သက်ပြင်းချရင်း ဦးညွတ်ကာ ပြန်ထိုင်လိုက်သည်။ ဒီဆရာဆွန်းက လူကောင်းတစ်ယောက်ပဲ။

“ လူတိုင်းက ဝိညာဉ်တက်တူးကို လေ့လာဖို့ စိတ်ဝင်စားရင် ငါ့အတန်းကို လာတက်နိုင်တယ်”

ဆွန်းမိုလည်းပြုံးလိုက်ပြီး စာရွက်နှစ်ရွက်ကို ယူကာ ဝှေ့ယမ်း ပြလိုက်သည်။

“ဒါကို လိုချင်တဲ့သူတွေက လက်မြှောက်ပြပါ”

ရှွတ်စ်

လက်တွေအကုန်လုံး လေထဲကို ရောက်လာကြသည်။

လုချမ်ဂျီကတော့ ဆွန်းမိုက သူ့လက်ကို သတိထားမိ စေချင်သည်။

လုချီဟွာလည်း သူမ၏ ချောမောလှပသော လက်ကို မြှောက်လိုက်သည်။

“ မင်းဒီလိုမလုပ်နဲ့။ ဆရာက သူ့နာမည် နဲ့ ဂုဏ်သတင်း ကြီးလာအောင် လုပ်နေတာ ။ မင်းသွား မရှုပ်နဲ့”

လီဇီချီက ပြောရင်း လုချီဟွာ၏ လက်ကို အောက်ဆွဲချလိုက်သည်။

ဆွန်းမိုက သူတို့အတွက် ဒီလိုမျိုး ဝိညာဉ်တက်တူးများကို ၁၅ မိနစ်ဆိုရင် တစ်ခုထုတ်ပေး နိုင်ပါတယ်။ ဒီနေ့ လုချီဟွာက

လက်မမြှောက်ရင်တောင် သူတို့အတွက် ဆွန်းမိုက သေချာပေါက် ပေးလိမ့်မည်။ ဒါက ကျင့်ကြံခြင်းကို လှ ျင်မြန်လာအောင် လုပ်ပေးနိုင်ပါတယ်။

" အမှန်ပဲ"

လုချီဟွာလည်း ရုတ်တရက် သဘောပေါက်သွားသည်။

"ဒါက မင်းအတွက်"

ဆွန်းမိုက လုချမ်ဂျီဆီကို လျှောက်သွားပြီး စာရွက်တစ်ရွက်ကို ပေးလိုက်သည်။

“မင်းက ဝိညာဉ်တက်တူး လေ့လာတဲ့နေရာမှာ ပါရမီပါတယ်။ မဖြုန်းတီး ပစ်မိစေနဲ့”

“ကျေးဇူးတင်ပါတယ် ဆရာ”

လုချမ်ဂျီက အမြန်ထရပ်လိုက်ပြီး ဆွန်းမိုကို ကျေးဇူးတင်လိုက်သည်။ သူ့လက်က တန်ဖိုးကြီးသည့် လက်ဆောင်ကိုယူလိုက်ပြီး လောဘတကြီး စိုက်ကြည့်နေသည်။

ဒင်

လုချမ်ဂျီ၏ လေးစားအထင်ကြီးမှု +၂၅။ မူလ(၄၀/၁၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နောက်ထပ်စာရွက်ကိုတော့ ဝိညာဉ်တက်တူး ဘာသာရပ်ကို စိတ်ဝင်စားသည့် လူငယ်တစ်ယောက်ကို ပေးလိုက်သည်။ မရိုးသားသည့် ရည်ရွယ်ချက်နှင့် ရောက်လာသည့် ကျောင်းသားများကိုတော့ ဆွန်းမို မပေးချင်ပါ။

တခြားကျောင်းသားများကတော့ ဝမ်းနည်းသွားကြသည်။ သူတို့သာ ဒီဝိညာဉ်တက်တူးကို အပြင်တွင် ရောင်းချလိုက်ပါက ငွေအများကြီး ရနိုင်ပါသည်။

ထို့နောက်တော့ ကျောင်းဆင်းခေါင်းလောင်းသံမြည် လာသည်။

"ချစ်လှစွာသော ကျောင်းသားတို့ နောက်ထပ်သင်ခန်းစာ ရောက်မှ အားလုံးတွေ့ကြမယ်။ ဒီနေ့တော့ လုပ်စရာတွေ ရှိနေလို့ မေးခွန်းတွေ မဖြေတော့ဘူး"

ဆွန်းမိုက သူ့ပစ္စည်းတွေကို ယူပြီး ချက်ခြင်းထွက်သွားသည်။ စိတ်ထဲက ရှုပ်ထွေးသည့် အချက်အလက်တွေကို နားလည်အောင်လုပ်ဖို့ နေ့ခင်းဘက် အချိန်တွေကို သုံးနေရတုန်းပါပဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီစကားကိုကြားတော့ ကျောင်းသားများ စိတ်ပျက်သွားကြသည်။

"ဆရာဆွန်း ဒီလောက်အဆင့်မြင့်တဲ့ ဝိညာဉ်တက်တူး ရေးဆွဲတာကို မြင်တာနဲ့တင် တန်နေပါပြီကွာ"

ကျောင်းသားတချို့ကတော့ ရှင်လန်းတက်ကြွနေကြပြီး ဒီအတန်းကိုလာတက်တာ သူတို့၏အချိန်ကို ဖြုန်းသလို မဖြစ်ခဲ့ပါဘူး။ သူတို့ အကျိုးတောင် ရှိခဲ့ပါတယ်။

လုချမ်ဂျီလည်း ထိုင်ခုံပေါ်တွင်ထိုင်နေပြီး ဝိညာဉ်စုဆောင်းခြင်းတက်တူးအား ကမ္ဘာ့အလှဆုံး ရတနာတစ်ခုလို ကြည့်နေသည်။ သူမျက်လုံးတွေကို မလွှဲနိုင် ဖြစ်နေသည်။

"ကျောင်းသား- ဒီဝိညာဉ်စုဆောင်းခြင်း တက်တူးကို ရောင်းပေးနိုင်မလား"

မျက်နှာဝိုင်းဝိုင်းနှင့် ကျောင်းသားက လုချမ်ဂျီ၏ အတွေးကို နှောက်ယှက်လိုက်သည်။

"အမ်"

လုချမ်ဂျီက ခေါင်းယမ်းလိုက်သည်။

"မရောင်းဘူး"

"ငါ့ကို ငြင်းဖို့ အမြန်မလိုပါနဲ့ ၃၀၀ပေးမယ်"

ကျောင်းသားကလည်း လက်မလျှော့ပါဘူး။ သူ့လက်ကိုဆန့်လိုက်ပြီး "ငါ့နာမည်က ရန်ဂျင် သူငယ်ချင်းလုပ်ကြတာပေါ့"

ဒီနာမည်ကိုကြားလိုက်သည်နှင့် အတန်းက ထွက်မလို့လုပ်နေသည့် ကျောင်းသားများအားလုံး တုန်လှုပ်သွားကြပြီး မနာလိုစိတ်များ ပေါ်လာသည်။

ငွေတုံး ၃၀၀ ဒါက တစ်နှစ်စာ ကျောင်းစရိတ်အတွက် လုံလောက်ပါတယ်။

ဒါပေမယ့် ဒီအဆင့်မြင့် ဝိညာဉ်စုဆောင်းခြင်း တက်တူးက ဒီလောက်တန်လို့လား။

"မရောင်းဘူး"

လုချမ်ဂျီက ငြင်းလိုက်သည်။ စာရွက်တွေကို လိမ့်သိမ်းပြီး အပြင်ထွက်ဖို့ ပြင်ဆင်လိုက်သည်။

"ခဏနေပါအုံး။ ဈေးနှုန်း ညှိနှိုင်းလို့ ရပါတယ်။ ငွေတုံး ၃၅၀ ဆိုရင်ရော ဘယ်လိုလဲ။ မလုံလောက်သေးရင် ၄၀၀ ပေးမယ်။ နေအုံး။ ဒီလောက် မြန်မြန် ထွက်မသွားနဲ့လေ"

ရန်ဂျင်က လုချမ်ဂျီ နောက်ကလိုက်သွားပြီး တားမလို့ လက်ကို ဆန့်ထုတ်လိုက်သည်။

"ငွေတုံး ၅၀၀။ ငွေတုံး ၅၀၀ဆိုရင် ရောင်းသင့်နေပြီ မဟုတ်ဘူးလား"

ရန်ဂျင်က နာကျင်သည့် အမူအရာနှင့် ပြောလိုက်သည်။

ဒီဈေးကိုကြားလိုက်ရင် အနီးအနားက ကျောင်းသားများသည် ငွေတုံး ၅၀၀နှင့် လွဲချော်သွားသလို ခံစားလိုက်ရသည်။ သူတို့လည်း ခုနတုန်းက စာရွက်ရနိုင်ခြေ ရှိခဲ့ကြသည်။

ဆရာဆွန်းသာ စာရွက်ပေးမယ်မှန်းသိရင် သူတို့လည်း စာသင်ခန်းရဲ့ အရှေ့ဆုံးမှာ ထိုင်မှာပေါ့။

"ငွေတုံး ၅၀၀လား"

လုချမ်ဂျီက ရန်ဂျင်မျက်လုံးထဲမှာ လူလည်ကျသည့် အရိပ်ယောင်ကို တွေ့လိုက်သည်။ သူကလှောင်လိုက်ပြီး " မင်းဒီလောက် ငွေအများကြီး ပေးနေမှတော့ ဒီဝိညာဉ်စုဆောင်းခြင်း တက်တူးရဲ့ တန်ဖိုးကို ကောင်းကောင်းသိမှာပေါ့။ ငွေတုံး ၅၀၀နဲ့ လုံလောက်ပြီလို့ မင်းထင်လား"

"ကျောင်းသားအချင်းချင်းပဲကွာ။ ငါတို့ ဈေးညှိနှိုင်းလို့ ရပါတယ်"

ရန်ဂျင်လည်း လန့်သွားသည်။

"ဒါကိုကြည့်ပြီး အမြတ်တင်ရောင်းဖို့ စိတ်ကူးနေတာလား။ ငါတို့ မိသားစုက ဝိညာဉ်တက်တူးဆိုင်ဖွင့်ထားတယ်လို့ မင်းကိုပြောရတာ အားနာပါတယ်။ ဒီဝိညာဉ်စုဆောင်းခြင်း တက်တူးက အနည်းဆုံး အဆင့်(၆)မှာ ရှိတယ်။ မင်း

တကယ်ဝယ်ချင်တယ်ဆိုရင် ငွေတုံး တစ်ထောင်လောက် တန်တယ်”

လုချမ်ဂျီက ပြောလိုက်ရင် လူတွေလည်း အံ့ဩသင့်သွားသည်။

ဒုတိယစာရွက်ကို ဝေလီ ဆိုသော ကျောင်းသားက ရသွားခဲ့သည်။ အစပိုင်းတုန်းကတော့ စာရွက်ကို ယူလိုက်ပေမယ့်လည်း ဘာမှ ထူးထူးခြားခြား မခံစားမိပါဘူး။ ဒါပေမယ့် ဒီဈေးနှုန်းကို ကြားလိုက်ရင် စာရွက်ကို အမြန်သိမ်းလိုက်ပြီး စိတ်တွေတောင် တုန်နေသည်။

အဲဒီနောက်မှာတော့ စိတ်ထဲမှာ ကြောက်ရွံ့လာသည်။

ဒီဝိညာဉ်တကောင်တူးစာရွက် ပျက်စီးသွားရင် ငွေတုံး ၁၀၀၀၀လောက် ပျောက်ကွယ်သွားသလို ဖြစ်သွားနိုင်သည်။

“ အမြတ်ရဖို့ မစဉ်းစားမိဘူး။ ငါက သိမ်းထားချင်လို့” ရန်ဂျင်က ဝန်မခံပါဘူး။ ဒီအပြုအမူသာ ဆရာများဆီကို ပြန့်နှံ့သွားရင် သူ့နာမည် ပျက်သွားမှာ သေချာသည်။

ကျောင်းက ဆရာများသည် အတန်းချိန်တွင် ပစ္စည်းမျိုးစုံ ပေးလေ့ ရှိပါသည်။ ဒါပေမယ့် ဆရာတွေက သုံးဖို့သာ ပေးကြခြင်းဖြစ်ပြီး ငွေနှင့် ရောင်းချခြင်းကို လုံးဝ ခွင့်မပြုကြောင်း စာနဲ့ မရေးထားသော်လည်း ကျောင်းသားတွေက သိကြရသည်။

"မင်းဘာသာ သုံးမလို့လား"

လုချမ်ဂျီက ပြန်မေးလိုက်သည်။

"ဟုတ်တယ်။ ငါသုံးမလို့။ မင်းက တစ်ထောင်ဆိုလည်း တစ်ထောင်ပေါ့။ ငါဝယ်မယ်"

ရန်ဂျင် မျက်နှာတွင် စိတ်ညစ်သည့် ပုံပေါ်နေသော်လည်း စိတ်ထဲတွင် ကျိတ်ပြောနေသည်။ သူ့အဖေသည် လက်ဖက်ခြောက် ကုန်သည်ကြီး ဖြစ်သည်။ သူတို့မိသားစုပိုင်သည့် ဆိုင်ပေါင်း ဆယ်ဂဏန်းလောက်နှင့် စိုက်ခင်း ဧက ၁၀၀၀ ကျော်ရှိသည်။ ချမ်းသာသော မိသားစုက မျိုးဆက်လို့ ပြောလို့ရသည်။

ရန်ဂျင်၏ ကျင့်ကြံခြင်းကို အရင်းအမြစ်များအပေါ်တွင် မှီခိုနေပြီး မကြာခင်ကမှ ဝိညာဉ်စုဆောင်းခြင်း တက်တူးကို အသုံးပြုခဲ့သည်။

ဒါကြောင့်လည်း ဆွန်းမိုရေးဆွဲခဲ့သည့် ဝိညာဉ်စုဆောင်းခြင်း တက်တူးက ဘယ်လောက်တန်လဲဆိုတာ သူသိနေခဲ့သည်။

"ရောင်းရမယ်ဟုတ်လား။ မင်းငါ့ကို တစ်သောင်းပေးရင်တောင် မရောင်းနိုင်ဘူး"

လုချမ်ဂျီက အေးစက်စွာပြောလိုက်သည်။

"ဒါက အဓိပ္ပာယ် မရှိဘူး။ မင်းအရင်က ငွေတုံး တစ်သောင်းကို မြင်ဖူးလို့လား။ ငါပိုက်ဆံအများကြီး ပေးရင်တောင် မင်းတကယ်မရောင်းဘူးလား"

ရန်ဂျင် မျက်နှာ ပျက်သွားသည်။

တခြားကျောင်းသားများကလည်း ဒီပြသနာကို စောင့်ကြည့်နေပြီး ထွက်မသွားကြသေးပါ။ စောစောက စားပွဲကို ခေါင်းနှင့်တိုက်သည့်ကောင်က အပိုတွေ ပြောနေတယ်လို့လည်း ထင်နေကြသည်။

"ငွေတုံး တစ်သောင်းနဲ့ ရောင်းဖို့ ဖိအားပေးခံရင် ဘယ်သူမဆို စိတ်ဆိုးမှာပဲ"

"ငွေတုံး တစ်သောင်းပဲလား။ ဒီဝိညာဉ်စုဆောင်းခြင်းတက်တူးက ဘယ်လောက်တန်လဲဆိုတာ မင်းနားမလည်သေး

ပါဘူး” လုချမ်ဂျီက ရန်ဂျင်ကို စိုက်ကြည့်ရင်း ဘဝင်မြင့်လာသည်။

“ဒါဆိုလည်း မင်းကဘာလို့ တန်ဖိုးမထားတာလဲ။ မင်းမလုပ်နိုင်ဘဲနဲ့ လာမပြောနဲ့”

ရန်ဂျင်က ဒေါသထွက်လာပြီး ပြန်ပြောလိုက်သည်။

“ဆရာဆွန်းဆွဲခဲ့တဲ့ ဝိညာဉ်တက်တူးက လူတိုင်းမြင်နေကြ ဝိညာဉ်တက်တူး အမျိုးအစားနှင့် မတူဘူး။ ဒါက ရိုးရှင်းအောင် အဆင့်မြှင့်တင်ထားတဲ့ ဗားရှင်း

တစ်ခုပဲ။ သာမန်ဗားရှင်းနဲ့ နှိုင်းယှဉ်ရင် စုတ်ချက်ပိုနည်းတယ်”

လုချမ်ဂျီက ပြောနေရင်း စာရွက်ကို ဖွင့်လိုက်သည်။

“ဘာ”

“မင်းဘာတွေကို မျက်လုံးမှိတ်ပြီး လျှောက်ပြောနေတာလဲ။ အဲဒီလိုသာဆိုရင် ဝိညာဉ်တကက်တူးက ဘာလို့ အသက်ဝင်နေမှာလဲ”

“ ငါက ဝိညာဉ်စုဆောင်းခြင်းတကက်တူးကို တစ်ခါမှ မဆွဲခဲ့ဖူးဘူးလို့ မင်းထင်နေတာလား”

ဒါကအရမ်းကို မဖြစ်နိုင်တာကြောင့် အနီးအနားက ကျောင်းသားများ ပါးစပ်ကြီး အဟောင်းသား ဖြစ်နေကြသည်။

ဝိညာဉ်တက်တူးကို လေ့လာခဲ့ကြတာ နှစ်ထောင်ပေါင်းဆယ်နှင့်ချီမှ ဒီနေ့အဆင့်အထိ ရောက်လာ ခဲ့ခြင်းဖြစ်သည်။ ဒီလို အခြေခံ ဝိညာဉ်တက်တူး ဒီအဆင့်ထိ တိုးတက်လာအောင် အတွက် ဝိညာဉ်တက်တူးသခင်များ အကြိမ်ပေါင်းဘယ်လောက်တောင် ကြိုးစားခဲ့ရလဲဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး။

အခု လုချမ်ဂျီက ဘာပြောလိုက်တာလဲ။

ဆွန်းမိုက ဝိညာဉ်တက်တူးကို တိုးတက်လာအောင် လုပ်ပြီး စုတ်ချက် နည်းနည်းပဲ ရှိတာလား။ ဆွန်းမိုကို ဘိုးဘေးအဆင့် ဂန္တဝင် ပညာရှင်ကြီးလို့ ထင်နေတာလား။ မဖြစ်နိုင်ဘူး။ သူတစ်ယောက်တည်းဆိုရင် ဝိညာဉ်တက်တူးကို ဒီလောက်အဆင့်အထိ ရောက်အောင် လုပ်ဖို့ ဘယ်လို့မှ မဖြစ်နိုင်ဘူး။

နှစ်ပေါင်းများစွာ တိုးတက်လာပြီးနောက် အခြေခံ ဝိညာဉ်တက်တူးသည် ပြီးပြည့်စုံနေခဲ့သည်။ အခြေခံ

အဆင့်ကလူတောင် ရေးဆွဲနိုင်လောက်အောင် ရိုးရှင်းနေသော်လည်း အကျိုးသက်ရောက်မှုကတော့ ပြင်းထန်နေဆဲ ဖြစ်နေသည်။

လုချမ်ဂျီလည်း ဒီငတုံးတွေနှင့် စကားပြောဖို့ စိတ်မဝင်စားပါဘူး။ သူက ဝိညာဉ်တက်တူး စာရွက်ကို တစ်ခါတည်းဖွင့်လိုက်ပြီး နေရာ အနည်းငယ်ကို ညွှန်ပြလိုက်သည်။ ပြီးတာနှင့် ဝိညာဉ်တက်တူးစာရွက် ပျက်စီးသွားမှာ စိုးရိမ်သောကြောင့် စာရွက်ကို ပြန်လိမ့်သိမ်းလိုက်သည်။ မဟုတ်ဘူး အညစ်ပတ်တောင်

မခံနိုင်ဘူး။ တကယ်လို့သာ ညစ်ပတ်သွားပါက ဒေါသထွက်ပြီး သေသွားနိုင်သည်။

ဝိညာဉ်တက်တူးအကြောင်းကို နားလည်သော ကျောင်းသား အနည်းငယ်လည်း အံ့သြသွားကြသည်။ အဲဒီနောက်မှာတော့ သူတို့မျက်နှာတွင် အံ့သြမှုများနှင့် ပြည့်နေသည်။

"ကြည့်ရတာ တကယ်ကို စုတ်ချက်နည်းနည်းလေးပဲ"

"မဖြစ်နိုင်ဘူး။ မဟုတ်လား" ဆရာဆွန်းက ပုံဆွဲတဲ့ နည်းစနစ်ကို တကယ်

တိုးတက်ခဲ့တာလား။ ဒီကျောင်းသားများလည်း ချက်ခြင်းကို အပြင်းအထန် ငြင်းခုံနေကြသည်။

"မင်းအခု နားလည်ပြီလား"

ဒီဝိညာဉ်တက်တူးက ဝိညာဉ်တက်တူးလောကကြီးကို ရုန်းရင်းဆန်ခတ် ဖြစ်သွားစေနိုင်တယ်။

လုချမ်ဂျီကတော့ ဒီမြင်ကွင်းကို အလေးမထားသလို စိုက်ကြည့်နေသည်။

ရန်ဂျင်သည် အရမ်းဒေါသထွက်ပြီး လက်သီးတွေတောင် တဆတ်ဆတ်တုန်နေသည်။

လုချမ်ဂျီကို လက်သီးနှင့် ပြေးထိုးလိုက်ချင်သည်။ ဒါပေမယ့် လုပ်လို့ မဖြစ်ဘူးဆိုတာ သူနားလည်သည်။ လုချမ်ဂျီ၏ စကားများသည် ယုတ္တိရှိပြီး ဖောက်ခွဲထုတ်လိုက်သည့်သူက ကျောင်း၏ အပြစ်ပေးခြင်းကိုခံရမည့် ကံမကောင်းသည့်သူ ဖြစ်သွားနိုင်သည်။

"ဟွန့်"

လုချမ်ဂျီက လှည့်ထွက်သွားသည်။

"အာ ။ မသွားနဲ့အုံး။ ငါတို့ နောက်ထပ်ကြည့်ရအောင်"

ဝိညာဉ်တက်တူးအကြောင်း နားလည်သည့် ကျောင်းသားများ အနောက်က လိုက်လာရင် လုချမ်ဂျီလည်း ချက်ခြင်း အရှိန်မြှင့်လိုက်သည်။ တခြားလူများကတော့ ဝေလီ ဆီကို သွားဝိုင်းနေကြသည်။

"မင်းတို့ကောင်တွေ။ ဒီလိုမလုပ်နဲ့။ မင်းတို့ ငါ့ကို သေအောင်ရိုက်ရင်တောင် ဒီဝိညာဉ်တက်တူးကို ကြည့်ခွင့် မပေးဘူး"

စာသင်ခန်း အပြင်ဘက်မှာတော့ လီဇီချီက နံရံကို မှီပြီး လုချမ်ဂျီ ထွက်သွားတာကို ကြည့်နေသည်။

“ဆရာရဲ့ ဝိညာဉ်တက်တူးနယ်ပယ် အောင်မြင်မှုက တကယ့်ကို အံ့မခန်းပဲ”

လီဇီချီ မျက်နှာတွင် အံ့သြ ထိတ်လန့်မှုများနှင့် ပြည့်နေသည်။

“ပညာသင်ဘက် အမကြီး အရင်ကတည်းက နားလည်နေတာလား”

“အင်း”

လီဇီချီတွင် ဓါတ်ပုံ မှတ်ဉာဏ်ရှိပြီး သူမက အများကြီးကို မှတ်ထားနိုင်သည်။ ဒီလိုမျိုး ဝိညာဉ်တက်တူးက သူမစိတ်ထဲတွင် စွဲထင်နေသည်။

ဒါကြောင့်လည်း ဆွန်းမို ဒုတိယ ဝိညာဉ်တက်တူး ဆွဲနေစဉ် သုံးပုံတစ်ပုံကိုရောက်သည်နှင့် သူမက တခုခု လွဲချော်နေတာကို မြင်နိုင်ခဲ့သည်။ ထိုအချိန်တွင် သူမဆရာက မှားပြီး ရေးဆွဲနေတယ်လို့ ထင်ပြီး သေလုမျောပါး စိတ်ပူသွားခဲ့သေးသည်။

လီဇီချီက ဆွန်းမို၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပေးနိုင်အောင် သူမဘာလုပ်သင့်လဲ အပြေးအလွှား စဉ်းစားနေစဉ် ဝိညာဉ်တက်တူးပြီးသွားခဲ့ပြီး ဝိညာဉ်ချီ ဝဲကတော့တောင် ပေါ်လာခဲ့သေးသည်။ ဒါက

ဝိညာဉ်တက်တူး အဆင့်မနိမ့်ဘူးဆိုတာကို ဖော်ပြနေသည်။

ထိုအချိန်တွင် လီဇီချီ၏စိတ်တစ်ခုလုံး ပရမ်းပတာ ဖြစ်သွားသည်။ ဒါပေမယ့်လည်း သူမက ဉာဏ်ရည်ဉာဏ်သွေးမြင့်သည့် ပါရမီရှင်တစ်ယောက် ဖြစ်သောကြောင့် ခဏအကြာတွင် ဘာကြောင့်ဖြစ်တာလဲ ဆိုတာကို တွေးမိသွားသည်။

အတန်းပြီးဆုံးသွားသည်နှင့် ဆွန်းမိုနောက်ကို မလိုက်သွားဘဲ စာသင်ခန်းအပြင်ဘက်တွင် ရပ်စောင့်နေခဲ့သည်။ ဝိညာဉ်စုဆောင်းခြင်း

တက်တူးကို လေ့လာချင်သောကြောင့် တိတ်တိတ်လေး ဝယ်ဖို့ စဉ်းစားခဲ့သည်။ ဒါပေမယ့် လုချမ်ဂျီက ဝိညာဉ်တက်တူးနယ်ပယ်တွင် ပါရမီရှိမှန်း သိလိုက်ရသည်။ ဆွန်းမိုပေးခဲ့သည့် ဝိညာဉ်စုဆောင်းခြင်း တက်တူးကို တကယ် တန်ဖိုးထားနေကြောင်း မြင်လိုက်ရသည်။

"သွားကြ စို့"

လီဇီချီက ဝယ်လို့မရနိုင်တာကို သိသွားသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ၏ လေးစားအထင်ကြီးမှု အမှတ်+၃၀ ။ရင်းနှီး(၃၃၆/၁၀၀၀)

"ဒါတော့သေချာတယ်"

လုချီဟွာကတော့ သံသယမရှိ ယုံကြည်သည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၅၈၃/၁၀၀၀)

မှတ်ချက် (ပထမအတန်းတွင် အဆင့်တက်အောင် ကူညီခဲ့သော မိန်းကလေး ရန်ဂျင်နှင့် အခုယောက်ျားလေး ရန်ဂျင် မတူညီပါ။

ယောက်ျားလေး ရန်ဂျင်က ၃၃ လို့ အမိပ္ပာယ်ရပြီး မိန်းကလေး ရန်ဂျင်က ရှုခင်းလေးလို့ အဓိပ္ပာယ်ရသည်။

စာစဉ် (၈)

အခန်း (၁၂၀) - သေချင်စိတ်ပေါက်နေသည့် ပါရမီရှင်။

လီဇီချီနှင့် လုချီဟွာသည် သိပ်မကြာခင် ဆွန်းမိုနှင့် အဆက်အသွယ် ရသွားသည်။

"ညစာ ဘာစားချင်လဲ ငါကျွေးမယ်"

ဆွန်းမို စိတ်အခြေအနေ အရမ်းကောင်းနေသည်။ သူ၏ ဝိညာဉ်တက်တူးအတန်းကို လာတက်သည့် ကျောင်းသားအရေအတွက်က အများကြီး မဟုတ်သော်လည်း အကျိုးသက်ရောက်မှုကတော့ သံသယဝင်စရာမလိုအောင် အရမ်းကောင်းခဲ့သည်။ သူက လုချီဟွာ ခေါင်းကို ပုတ်လိုက်ပြီး စနစ်ထဲက ရတနာ သေတ္တာကို ဖွင့်လိုက်သည်။

တောက်ပမှုများ ပျောက်ကွယ်သွားပြီးနောက် ကြီးမားသည့် ဆေးထုပ်ကြီးတစ်ထုပ် ပေါ်လာသည်။

ဆွန်းမို နည်းနည်းတော့ စိတ်ပျက်သွားသည်။ “ဖက်ထုပ်” ဒါက လုချီဟွာ အရမ်းကြိုက်တဲ့ ဟင်းပါ။ ဒီနေ့တွင် သူမတို့ဆရာသည် အရမ်းကို အထင်ကြီးဖို့ ကောင်းခဲ့သည်။ ဂုဏ်ပြုပွဲ လုပ်ပေးသင့်သည်။ ဒါကြောင့် တစ်ခုခုတော့ ကောင်းကောင်းစားသင့်သည်။

လီဇီချီသည် တစ်ခုခုပြောချင်နေတာလည်း အားနာနေသည်။ သူမက ဆွန်းမိုကို ဝိညာဉ်စုဆောင်းခြင်း တက်တူးအကြောင်းနှင့် ပက်သက်ပြီး မေးချင်နေပေမယ့် သူမကြောင့် ဆွန်းမို

စိတ်ရှုပ်သွားမှာလည်း စိုးရိမ်နေသည်။ လူတိုင်းတွင် မပြောပြချင်သည့် လျှို့ဝှက်ချက်က ရှိတတ်ကြသည်။

"ဘာတွေ တွေးနေတာလဲ"

ဆွန်းမိုက လီဇီချီကို လှည့်ကြည့်ရင်း မေးလိုက်သည်။ "ငါက မင်းရဲ့ဆရာပါ။ မင်းမှာ ပြောစရာရှိနေရင် ငါ့ကို တခါတည်းပြောပါ။ ငါ့ကို အပြင်လူတစ်ယောက်လို လုပ်နေစရာမလိုဘူး"

ဆွန်းမို၏ နွေးထွေးသော စကားကို ကြားပြီး လီဇီချီ ပြုံးလိုက်မိသည်။ သူ့အပြုံးက

ပန်းပေါင်းတစ်ရာလောက် တစ်ခါတည်း ပွင့်လာသလိုပါပဲ။ ဟုတ်တယ်။ ဆွန်းမိုက သူမ၏ ကိုယ်ပိုင်ဆရာဖြစ်ပြီး သူက ရိုးရှင်းနွေးထွေးပြီး လူကြီးလူကောင်းဆန်ကာ သူမကို အပြစ်မတင်နိုင်ပါ။

"ဆရာ။ မင်းက ဒုတိယ ဝိညာဉ်စုဆောင်းခြင်း တက်တူးကို မွမ်းမံထားတာလား"

လီဇီချီက ဆွန်းမိုကို မေးလိုက်ပြီး စိုးရိမ်စိတ်နှင့် ဆွန်းမိုကို ကြည့်လိုက်သည်။

"ဟုတ်တယ်"

ဆွန်းမိုက ခေါင်းညိတ်ရင်း ပြန်ဖြေလိုက်သည်။

လီဇီချီက နောက်ထပ်စကားများကို စောင့်နေသော်လည်း ဆွန်းမိုက ထပ်ပြီးမပြောချင်တာကို တွေ့လိုက်ရသည်။ လုချီဟွာနှင့် အသားဖက်ထုပ်အကြောင်းကို ဆွေးနွေးနေသည်။ “ငါတို့လက်ဆက်တဲ့ အသီးအရွက်သုံးမျိုးကို မှာသင့်တယ်” (အာလူး၊ ငရုတ်သီး၊ ခရမ်းချဉ်သီး)

လုချီဟွာက အသားမကြိုက်ပါ။

“အသားမပါတဲ့ ဖက်ထုပ်က ဝိညာဉ်မရှိတဲ့ လူနဲ့ အတူတူပဲ”

ဆွန်းမိုက ဆက်ပြောနေသည်။

ဆွန်းမိုနှင့် လုချီဟွာတို့ ဟော့ပေါ့ အကြောင်းဆွေးနွေးနေတာကို မြင်လိုက်ရင် လီဇီချီ အံ့အောသွားသည်။ ဆွန်းမိုက သူမကို ပြန်ဖြေလိုက်သည့် စကားရိုးရှင်းသော်လည်း ဝိညာဉ်တက်တူးလောကကြီးကို တုန်လှုပ်သွားစေနိုင်တာ သေချာသည်။ ဒါက ဝိညာဉ်တက်တူးကို အဆင့်မြှင့်တင်ထားတာလေ။

(နောက်ပြီး ငါ့ရဲ့ ပညာသင်ဘက်ညီမလေးကလည်း

စိတ်ထားအရမ်းရိုးတယ်။ ငါတို့ဆရာက ကိစ္စအကြီးကြီး လုပ်ထားတာလေ။ ဒီထက်ပိုပြီး မအံ့အောသင့် ဘူးလား)

လီဇီချီ နည်းနည်းတွေဝေသွားသည်။ ဖက်ထုပ်တွေက ဝိညာဉ်စုဆောင်းခြင်းတက်တူးကို အဆင့်မြှင့်တင်တာထက် ပိုပြီးအရေးကြီးတာလား။

“ငါများ မှားနေတာလား”

ဆွန်းမိုက လီဇီချီ၏ ပုံမှန်မဟုတ်သော အပြုအမူများကို သတိထားမိပါသည်။

လီဇီချီက စပ်စုလိုက်သည်။

"ဘယ်လောက်ကြာအုံးမှာလဲ"

ဆွန်းမို မျက်မှောင် ကြုတ်သွားသည်။

"နေပါအုံး ၊ မင်းက ငါ ဝိညာဉ်တက်တူးကို မွမ်းမံထားတာလားလို့ ပြောတာလား"

ဆွန်းမို၏ပုံစံကိုကြည့်ပြီး လီဇီချီလည်း ထိတ်လန့်စွာ စိုက်ကြည့်နေသည်။ ဒီကိစ္စသာ တကယ်ဖြစ်ခဲ့ရင် သူမဆရာက အရမ်းကို အထင်ကြီးဖို့ မကောင်းဘူးလား။

"မင်းက ငါဆွဲတဲ့ ဒုတိယ ဝိညာဉ်တက်တူးကို ပြောချင်တာလား။ မင်းက အဲဒါကို မြင်နိုင်လား"

ဆွန်းမိုက ပြန်ပြီးမေးလိုက်သည်။ သူ ဖောက်မြင်သွားလို့လည်း စိတ်မဆိုးပါဘူး။

ပထမဆုံး ဝိညာဉ်တက်တူး ရေးဆွဲတုန်းက ပုံမှန်အတိုင်း ရေးဆွဲခဲ့သည်။ ဒါပေမယ့် ဒုတိယတစ်ခုမှာ ကျောင်းသားတွေ စိတ်မရှည်တော့မှာကို ကြောက်သွားသည်။

အရင်ကမ္ဘာတွင် ခြောက်နှစ်လောက် ဆရာလုပ်ခဲ့သည့် အတွေ့အကြုံအရ ကျောင်းသားတွေက ငြီးငွေ့ဖွယ်ကောင်းသည့် သင်ခန်းစာကို အကြောက်ဆုံး ဖြစ်သည်။

နေ့လည်စာစားပြီး လေ့ကျင့်သည့် အချိန်တွင် ဆွန်းမိုသည် ဉာဏ်အလင်းပွင့်ပြီး ဝိညာဉ်စုဆောင်ခြင်းတက်တူး၏ အနှစ်သာရကို ဆုပ်ကိုင်နိုင်ခဲ့သည်။ သူ့မှာ အရမ်းယုံကြည်ချက်ရှိနေပြီး ရေးဆွဲသည့်နှုန်းကို မြန်လာအောင် ဝိညာဉ်တက်တူးကို နည်းနည်းပြင်လိုက်သည်။

ဆွန်းမိုသည် ဒီဇိုင်းပိုင်းမှာ ဝိညာဉ်စုဆောင်းခြင်းတက်တူး၏ ဝင်ရိုးကို မပြောင်းခဲ့သော်လည်း လိုင်းတည်ဆောက်ခြင်း

တချို့ကို ပြောင်းလဲ ခဲ့သည်။ ထိုသို့ လုပ်လိုက်ခြင်းဖြင့် ဝိညာဉ်စုဆောင်းခြင်းတက်တူး ထိရောက်မှု နည်းနည်း လျော့ကျသွားသော်လည်း ရေးဆွဲသည့် နှုန်းက ပိုမြန်လာသည်။

လက်တွေ့ကျကျ စဉ်းစားရင်တော့ ဝိညာဉ်စုဆောင်းခြင်း တက်တူး၏ ထိအရောက်မှုက နိမ့်ကျသွားပြီး အဆင့်နိမ့်သည့် ထုတ်ကုန် တစ်ခုဖြစ်သွားသည်။ ကျောင်းသားတွေကတော့ ဘယ်လိုမြင်နိုင်မှာလဲ။

ဒါ့အပြင် ဆွန်းမိုက ပို့ချနေရင်း ဝိညာဉ်တက်တူးကို ရေးဆွဲနေခဲ့သည်။

လီဇီချီက ဒါကို မြင်နိုင်မယ်လို့ မထင်ထားခဲ့ပါဘူး။

“ဝိညာဉ်စာရွက်ကို ရတဲ့ ကျောင်းသားက မပြောနိုင်ဘူးလား”

လီဇီချီက ဆက်ပြောလိုက်သည်။ တချိန်တည်းမှာပဲ သူ့နှလုံးသားထဲက ပြောမပြနိုင်လောက်အောင် ထိတ်လန့်သွားသည်။ ဝိညာဉ်တက်တူးနယ်ပယ်တွင် သူမဆရာ၏

အောင်မြင်မှုက အတိအကျဆိုရင် ဘယ်အဆင့်တောင် ရောက်နေပြီလဲ။ သူဆန္ဒရှိတဲ့ အချိန်တိုင်း ပြင်နိုင်နေပြီလား။

"အမ်"

ဆွန်းမို မျက်ခုံးပင့်လိုက်သည်။ တကယ်လို့ တခြားတစ်ယောက်သာ အသုံးပြုလိုက်ပါက ပုံမှန်ထက် အားနည်းနေတာကို သိသွားနိုင်သည်။

"ဇီချီ။ ငါပေးလိုက်မယ်။ ငါ့ကို ကူညီပြီး ပြန်ဝယ်လာပေး"

အခု ဆွန်းမိုမှာ ပိုက်ဆံ မရှားပါဘူး။

"ဘာကြောင့်လဲ" လုချီဟွာကတော့ နားမလည်ပါ။

"ဒီဝိညာဉ်စုဆောင်းခြင်းတက်တူးရဲ့ ထိရောက်မှုက နည်းနည်းအားနည်းတယ်"

ဆွန်းမိုက ရှင်းပြလိုက်သည်။

"ထိရောက်မှု နည်းနည်း အားနည်းနေရင် ဘာကြောင့် ပြန်ဝယ်မှာလဲ"

လုချီဟွာကတော့ ခေါင်းခါလိုက်ပြီး သူမမျက်နှာပေါ်တွင် နားမလည်နိုင်သည့် အမူအရာများ ပေါ်နေသည်။

လီဇီချီကတော့ ဆွန်းမို စိုးရိမ်နေသည့် အကြောင်းကို နားလည်သည်။ သူမက စိတ်လိုလက်ရ နှစ်သိမ့်လိုက်သည်။

“ဆရာ ။ အတွေးလွန်နေတာပါ။ ထိရောက်မှုက ဘယ်လောက်နည်းနေပါစေ။ ဝိညာဉ်ချီ ဝဲကတော့ ထွက်လာတဲ့ ဝိညာဉ်တကိုတူးပဲလေ။ အနည်းဆုံးတော့ အဆင့်(၅) လောက်ရှိတယ်။ ပေါက်ဈေးနဲ့ဆိုရင် အနည်းဆုံး ၅၀၀ လောက်တော့ တန်တယ်။ တကယ်လို့ ထိရောက်မှု အားနည်းတယ်ဆိုရင်တောင် တခြား

ဝိညာဉ်ချီစုဆောင်းခြင်း တက်တူးတွေထက် မဆိုသလောက်လေးပဲ ညံ့မှာပါ။

"ဘာပဲပြောပြော ဆရာဆွဲတဲ့ ဝိညာဉ်စုဆောင်းခြင်း တက်တူးက အပြင်မှာ ရောင်းနေတဲ့ တက်တူးတွေထက် ပိုကောင်းတယ်"

လီဇီချီက ပြောလိုက်သည်။

"ဆရာ အဲဒီကျောင်းသားက ပြန်မရောင်းမှာ သေချာတယ်"

လုချီဟွာက လုချမ်ဂျီသည် လိုက်ဝယ်နေတာကို ငြင်းဆိုနေကြောင်း သူမ မြင်လိုက်သည့်

အခြေအနေကို ဆွန်းမိုအား အမြန်ပြောပြ လိုက်သည်။ လုချမ်ဂျီသည် တဖက်သားကိုတောင် လှောင်ပြောင်ခဲ့သေးသည်။

"အဲဒီကျောင်းသားက တကယ်လေးစားပြီး မင်းဆွဲထားတဲ့ ဝိညာဉ်တက်တူးကို သိမ်းထားချင်ပုံရတယ်"'

"ဆရာ၊ မင်းစိုးရိမ်နေစရာမလိုဘူး။ ကျောင်းသားတွေက တရာလောက်တန်တဲ့ ဝိညာဉ်တက်တူးရရင်တောင် ပျော်နေကြတာ" လီဇီချီက ပြောလိုက်သည်။

“ ဆရာ ဘာတွေပြောနေတာလဲ။ ဝိညာဉ်တက်တူးက လိုင်းသုံးကြောင်းကို ရိုးရှင်းအောင် ဆွဲခဲ့တာ မဟုတ်လား။ အနားသတ်လိုင်းခြောက်ကြောင်းကိုလည်း ရိုးရှင်းအောင် လုပ်ခဲ့တယ် မဟုတ်လား”

“ မင်းက ဒါကိုတောင် သိနေတာလား”

ဆွန်းမို အံ့သြသွားသည်။ တောကြက်ဥလေး လီဇီချီသည် အရမ်းဉာဏ်ကောင်းတာကို သူသိသော်လည်း ဒီလောက်အထိ ဉာဏ်ထက်မြတ်လိမ့်မယ်လို့တော့ မထင်ထားခဲ့ပါ။

ဝိညာဉ်စုဆောင်းခြင်းတက်တူးတွင် စုစုပေါင်းလိုင်း ၂၇ ခုပါသည်။ ကြည့်လိုက်ရုံနှင့် မတူသည့်အချက်များကို မပြောနိုင်ပါ။ တရုတ်စကားလုံးတွေကို စနစ်တကျ စီစဉ်ထားသလို ဖြစ်နေပြီး စာဖတ်တာကိုတော့ ထိခိုက်လောက်သည် အထိတော့ မဖြစ်ပါ။

"အဲဒါကို မသိနိုင်မှဘဲ ထူးဆန်းတာ မဟုတ်ဘူးလား"

ဆွန်းမိုလည်း ပြန်မပြောတော့ဘဲ လုချီဟွာဘက်ကို လှည့်လိုက်သည်။

"အမ်"

လုချီဟွာက ခေါင်းကို စောင်းလိုက်သည် ။ သူမ၏ စိတ်ထဲတွင် ဖက်ထုပ်အကြောင်းသာ ပြည့်နေသည်။ သူတို့နှစ်ယောက် ဘာပြောနေလဲ သူမ နားမလည်ပါ။

"တော်ပြီ။ အဲဒီအကြောင်း ဆက်မပြောနဲ့တော့။ ဘာစားချင် ကြသေးလဲ"

ဆွန်းမိုက ပွဲသေးလေး တစ်ခုလုပ်ချင်နေသည်။

" လက်ဆက်တဲ့ အသီးအရွက် သုံးမျိုး"

လုချီဟွာက ဆွန်းမိုဘက်ကို ရှေ့သွားပြီး အစာတောင်းနေသည့် ကြောင်လေးမျက်လုံးနှင့် ကြည့်လိုက်သည်။

လီဇီချီလည်း စကားမပြောနိုင်တော့ပါ။ သူမဆရာက ဒီလုပ်ရပ်ကို ဘယ်လောက်တောင် စွဲလမ်းနေပြီလဲ။

သူ့ပစ္စည်းအကြောင်းကို သိတဲ့လူတစ်ယောက်က အဲဒါကို မြင်လိုက်ရင် 'ဘုရားပေးတဲ့ ပါရမီရှင်' ဆိုပြီး လန့်အော်သွားနိုင်တယ်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ၏ လေးစားအထင်ကြီးမှု +၃၀။ရင်းနီး (၃၃၆/၁၀၀၀)

အရသာရှိသော ညစာကို ငွေတုံး ၅၀ ဖိုးလောက်စားပြီး လီဇီချီက အိမ်ကို ပြန်သွားကာ လုချီဟွာက အဆောင်ကို ပြန်သွားသည်။ ဆွန်းမိုကတော့ ပန်းအိုးကို ကိုင်ကာ ကြေကွဲခြင်းမရှိ ကန်ဘက်ကို ထွက်လာခဲ့သည်။

ဆွန်းမိုမှာ စိတ်ကူးတစ်ခု ရှိနေသည်။

ဝိညာဉ်ချီလိုင်းတွင် ပါဝင်သော ဝိညာဉ်ချီများကုန်သွားတာနှင့် ဝိညာဉ်တက်တူးများ

သုံးလို့ မရတော့ပါဘူး။ လူတစ်ယောက်က ဝိညာဉ်တက်တူးကို အသက်သွင်းနိုင်ရန် ဝိညာဉ်ချီလိုင်းတွင် ဝိညာဉ်ချီများ ရှိနေဖို့ လိုအပ်သည်။ သူတို့က မီးစလောင်ရန် စတင်သည့် ခလုတ်နှင့် တူသည်။

တကယ်လို့များ ဝိညာဉ်ချီလိုင်းတွင် ဝိညာဉ်ချီများ ရှိနေပါကဝိညာဉ်ချီလိုင်း မပျက်ဆီးသ၍ သုံးလို့ရနိုင်သည်။ ပုံမှန်ဆိုရင် ဝိညာဉ်မှင်တွင်ရှိသော ဝိညာဉ်ချီများသည် မကုန်ဘဲ မနေပါဘူး။ ဒီလိုဆိုတော့ ဝိညာဉ်မှင်နေရာမှာ ဘယ်လို အစားထိုးမလဲ။

အပင်တွေ ဆိုရင်ရော ဘယ်လိုလဲ။

ဆွန်မိုလက်ထဲက ငွေဘုရင်မအပင်တွင် ဝိညာဉ်ချီတွေက အကိုင်းထိအောင် ပျံ့နေသည်။ တကယ်လို့ သူက ဝိညာဉ်ချီ စုစည်းသည့်နေရာကို ပို့နိုင်မယ်ဆိုရင် အပင်မသေသ၍ ဝိညာဉ်ချီများ ထာဝရ မရှိနိုင်ဘူးလား။

ထိုသို့လုပ်လိုက်ခြင်းဖြင့် ဝိညာဉ်စုဆောင်းခြင်း တက်တူးကို အကြိမ်ကြိမ် သုံးနိုင်မည်။

ဒီအကြောင်းကို စဉ်းစားရင်း ရေကန်နားက အပင်အောက်တွင် ဆွန်းမို ညနေကတည်းက

ထိုင်နေခဲ့သည်။ ငွေဘုရင်မအပင်၏ အရွက်ပေါ်တွင် ဝိညာဉ်စုဆောင်ခြင်း တက်တူးကို စပြီး ရေးဆွဲလိုက်သည်။

ကံဆိုးတတ်သည့် လူတစ်ယောက်အနေနှင့် ဆွန်းမိုသည် အယူသီးတတ်သည်။ ဒီနေရာက ဉာဏ်အလင်းပွင့်ဖို့ အတွက် အထောက် အကူပေးနိုင်တယ်လို့ သူထင်သည်။ ဒါပေမယ့် နည်းနည်း မှောင်နေသည်။

ဒီနေ့က လရောင်လည်း နည်းနည်းလင်းနေသည်။ လရောင် ဖျော့ဖျော့၊ သွေးလောင်ကျွမ်းခြင်း အဆင့်(၂)၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နတ်ဘုရားမျက်စိ ဒီအရာများကြောင့် ဆွန်းမိုသည် မြင်ကွင်းကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။

ဆွန်းမိုက ခပ်လေးလေးနှင့် နာရီဝက်လောက် အချိန်ယူပြီး ဆွဲလိုက်သည်။

အစမှ အဆုံးထိ ဆွန်းမိုသည် နတ်ဘုရား မျက်စိကို ဖွင့်ထားခဲ့သည်။ အပင်၏ အကိုင်းများထဲက ဝိညာဉ်ချီကို စောင့်ကြည့်နေခဲ့သည်။

ဘုန်း

နောက်ဆုံးစုတ်ချက်ကို ရောက်လာသည်နှင့် ကျယ်လောင်သော အသံထွက်လာကာ

ပတ်ဝန်းကျင်က ဝိညာဉ်ချီများ တဟုန်ထိုး စီးဆင်းလာပြီး ဝိညာဉ်ချီ ဝဲကတော့ ဖြစ်လာသည်။

"အောင်မြင်ပြီကွ"

ဆွန်းမိုအရမ်း စိတ်လှုပ်ရှားသွားသည်။ ဆက်ဆွဲချင်စိတ် ပေါက်လာသည်။

တစ်ရွက်၊ နှစ်ရွက်၊ သုံးရွက်၊ ဝိညာဉ်ချီ ဝဲကတော့ တစ်ခု၊ နှစ်ခု၊ သုံးခု။

သူ့ရဲ့အရှိန်ကလည်း ပိုဆွဲလေ ပိုမြန်လေ ဖြစ်လာသည်။

ဒါပေမယ့်လည်း ခြောက်ရှက်မြောက်တွင် ဆွန်းမို မျက်မှောင် ကြုတ်လိုက်သည်။ ကြေကွဲခြင်းမရှိ ရေကန်၏ ကျောက်တုံးခင်းလမ်းမကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ကျောင်းသားတစ်ယောက်က သူ့ကို သတိမထားမိဘဲ လမ်းလျှောက် လာနေသည်။

ခြေသံတွေက ဆွန်းမို အာရုံကို အနှောက်အယှက် ပေးနေသည်။

"ချီး၊ အသဲကွဲနေတဲ့ ကောင်လား"

ဆွန်းမို နှုတ်ခမ်းများကွေးသွားသည်။ သူတက္ကသိုလ် တက်တုန်းကလည်း

တောအုပ်ဘေးတွေ ဒါမှမဟုတ် ရေကန်ဘေးတွေမှာ ထိုင်ငိုနေတတ်သည့် ကောင်တွေကို တခါတလေ မြင်ဖူးသည်။ အဲဒီအချိန်တုန်းကတော့ ဆွန်းမိုက ဒီကောင်တွေ တော်တော် အရှက် နည်းတာပဲလို့ တွေးခဲ့မိသေးသည်။ ငိုတာများ ဘာလို့ ပုန်နေကြသေးလဲပေါ့။ ဘာလို့ လူကို ကြောက်အောင် ခြောက်ကြတာလဲ။ တကယ်လို့များ ငိုနေသည့်မိန်းကလေးများကို သွားနှစ်သိမ့်ပေးလိုက်ပါက တစ်ရှူး တစ်ထုပ်သာ ကုန်သွားမည်။ သူ၏ တကိုယ်တည်းဘဝလည်း ကျွတ်ချင်ကျွတ်သွားမည်။

အခုတော့ ယောကျ်ားလေးတစ်ယောက်ပါ။ ဆွန်းမိုလည်း လှည့်မကြည့်တော့ပါဘူး။ ဝိညာဉ်စုဆောင်းခြင်းတက်တူးကိုသာ ဆက်ပြီး အာရုံစိုက် ရေးဆွဲနေလိုက်သည်။

ဆွန်းမို အလုပ်ပြီးသွားသည့်အချိန်တွင် ညလည်းနက်နေပြီ။ ကျောင်းဝန်းကလည်း သင်္ချိုင်းကုန်းလို တိတ်ဆိတ်နေသည်။ တခါတခါ သစ်ပင်များ ယိမ်းထိုးသွားကာ သရဲများလားလို့တောင် ထင်ရသည်။

ပင်ပန်းလိုက်တာ။

ဆွန်းမိုက ခါးဆန့်ပြီး အနားယူဖို့ လုပ်လိုက်သည်။ မျက်လုံးအညောင်းပြေအောင် အဝေးကို လှမ်းကြည့်လိုက်သည့်အချိန်မှာ ကျောင်းသားလေးကို တွေ့လိုက်ရသည်။ ဒီကောင် ထွက်မသွားသေးဘူးလား။

ဒီကောင်သည် ရေကန်ကို သုံးနာရီကြာအောင် လှည့်ပတ်သွားနေသည်။ အခုတော့ ကြေကွဲခြင်းမရှိ ရေကန် အစွန်းတွင်ရပ်နေပြီး ခန္ဓာကိုယ်က အရှေ့ကို ယိုင်လာသည်။

"တောက် သတ်သေမလို့ လုပ်နေတာလား"

ဆွန်းမို စိတ်ဓါတ်ကျသွားသည်။

သူတိတ်တိတ်လေး ချဉ်းကပ်သွားသည့်အချိန်တွင် ကျောင်းသားလည်း ပြင်ဆင်နေတာ ရပ်သွားသည်။ တချိန်တည်းမှာပဲ ဆွန်းမိုက မျက်စိ နာကျင်တာနှင့် ယောင်ရမ်းတာကို တောင့်ခံပြီး နတ်ဘုရားမျက်စိကို ဖွင့်လိုက်သည်။

အနီရောင် သတိပေးချက်ကြီး တစ်ခါတည်း တန်းပေါ်လာသည်။

“ဆန္ဒ - ၀- ကျိန်းသေ သတ်သေတော့မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို အောက်က အချက်အလက်များကို အားရုံစိုက်ပြီး ဖတ်လိုက်သည်။

အလားလာတန်ဖိုး - အရမ်းမြင့်မားသည်။

ဆွန်းမို ခဏလောက် စကားမပြောနိုင်ဖြစ်သွားသည်။ (မင်းအလားလာ တန်ဖိုး အရမ်းမြင့်တယ်လေ ဘာလို့ ကို့ကိုယ်ကို သတ်သေချင်ရတာလဲ။ မင်းရဲ့ ပင်ကိုယ်အရည်အချင်းကို ဖြုန်းသလို မဖြစ်ဘူးလား)

စာစဉ် (၉)

အခန်း (၁၂၁) - တိုက်ပွဲခန်းမ၏ အဆင့် ၁၀။

ချိုင်တန် ။ အသက် ၁၅ နှစ်။

ဝိညာဉ်ပြုပြင်ခြင်း အဆင့် ။

သွေးကြော စုံမှတ် ၃၂ခုကို ဖွင့်ပြီး။

ကြံ့ခိုင်မှု - ခွန်အားနှင့် ခန္ဓာကိုယ် ကိုက်ညီမှု ရှိသည်။

အဆီအပိုအလိုမရှိ။ အခုတော့ လုံးဝပြီးပြည့်စုံသည့် ခန္ဓာကိုယ် ဖွံ့စည်းပုံ ဖြစ်သည်။

ဉာဏ်ရည် ၁၅ ။ တိုက်ခိုက်ရေး ဉာဏ်ရည် မြင့်သည်။

သွက်လက်မှု ၁၈ ။ လှိုင်းလုံးများလို ဆက်တိုက် တိုက်ခိုက်နိုင်သည်။ ထာဝရ တိုက်ခိုက်နေတယ်လို့တောင် ထင်ရနိုင်သည်။

ခံနိုင်ရည် ၁၂။ အားနည်းချက် နည်းနည်း ဖြစ်နေသည်။ ဒါပေမယ့် ကုသရင် ပြန်ကောင်းနိုင်သည်။

ဆန္ဒ ၇ ။ လုံး၀ကို နည်းနေပြီ။

မှတ်ချက်။ တစ်ကိုယ်လုံးတွင် အဆိပ်နှင့် ပြည့်နေပြီး လက်ရှိတွင် လုံး၀ ပြိုကျလုနီးပါး ဖြစ်နေသည်။ သေခြင်း၏ ချောက်ကမ်းပါးကို လက်တစ်ကမ်းသာ လိုသည်။

မှတ်ချက်။ တအားကို ချစ်တတ်သူ။ လူသာ သေသွားမယ်။ အချစ်ကတော့ မသေသွားနိုင်ပါ။

....

အချက်အလက်တွေကို ကြည့်ရင်း ဆွန်းမို မျက်မှောင် ကြုတ်လိုက်မိသည်။ မျက်ခုံးနှစ်ခုကြား

တင်းကျပ်လွန်းသောကြောင့် ဂဏန်းတစ်ကောင် ရှိနေရင်တောင် ကြေညှပ်ပြီး သေသွားနိုင်သည်။

အဆိပ်လား။ ချိုင်တန် ဘယ်လို အဆိပ်မိသွားတာလဲ။ ဘာအဆိပ်သင့်နေတာလဲ။ သူ့ကိုယ်သူ မတော်တဆများ သောက်လိုက်မိတာလား။ ဒါမှမဟုတ် တစ်ယောက်ယောက် က သူ့ကို အဆိပ်ခတ်လိုက်တာလား။

ဆွန်းမို၏ စိတ်ထဲတွင် ရုတ်တရက် မေးခွန်းပေါင်းများစွာ ပေါ်လာသည်။ ဒါတွေကိုသာ

သတိမထားမိပါက နှောင်ကျရင် ဒုက္ခ ရောက်လာနိုင်သည်။

ချိုင်တန်ကတော့ ရေကန်ဘက်ကို မျက်နှာမူထားသည်။ သူ့ခန္ဓာကိုယ်က နောက်တစ်ကြိမ် တိုးသွားပြန်သည်။ ခြေထောက် နည်းနည်းလေးသာ ထပ်ရွှေ့လိုက်ပါက ရေထဲကို ကျသွားတော့မည်။

ဆွန်းမိုလည်း ဆက်ပြီး စောင့်ကြည့် မနေနိုင်တော့ပဲ။

“ မင်း သတ်သေချင်ရင်လည်း တခြားနေရာမှာ လုပ်လို့ မရဘူးလား။ မင်းရဲ့ ခန္ဓာကိုယ်ကြောင့် ရေကန် ညစ်ပတ်သွားလိမ့်မယ်”

ဆွန်းမို အသံက ည လေကို ဖြတ်ပြီး ချိုင်တန် ဆီကို ရောက်သွားသည်။

ချိုင်တန်၏ အမူအရာလည်း ပြောင်းသွားသည်။ ဟန်ချက်ကို ထိန်းလိုက်ပြီး ဘယ်ဘက်ကို လှည့်ကြည့်လိုက်သည်။

မိုးပြာရောင် ဆရာဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်က မိတာ ၃၀

အကွာအဝေးကနေ လျှောက်လာနေသည်။ သူက ရေကန်ကို တစ်ချက်လှမ်းကြည့်ရင်း ဆက်လာနေသည်။

“ တစ်ရက်လောက်နေရင် မင်းအလောင်းက ပုတ်ပွလာမယ်။ ပြီးတော့ အဝတ်အစားလည်း မရှိတော့ဘဲ ဖင်လည်း ပြောင်နေမယ်။ မင်းအလောင်းကိုတွေ့ဖို့တော့ နှစ်ရက်လောက် ကြာမှာပေါ့ကွာ။ မင်းအလောင်းက ပိုပြီးတော့တောင် ပုတ်ပွ လာအုံးမယ်။ အဲ့ချိန်ဆိုရင်တော့ မင်းမိဘတွေတောင် မင်း ကို မမှတ်မိနိုင်တော့ဘူး”

ဆွန်းမိုက လှောင်ပြီး ပြောလိုက်သည်။

ဒီလိုအချိန်မှာ တစ်ဖက်သားကို စကားအကောင်းတွေ သွားပြောနေလို့ အသုံးမဝင်ပါဘူး။ တစ်ဖက်သားကို လှောင်ပြောင်ပြီး စိတ်ပျက်အောင်ပြောမှသာ သူ့ကိုယ်သူ သတ်သေချင်နေသည့် စိတ်ကပျောက်သွားနိုင်သည်။ ချိုင်တန်လည်း မျက်ခုံး ပင့်လိုက်မိသည်။ ဆွန်းမို စကားများက တကယ်ဖြစ်လာနိုင်မှန်း သူသိသည်။ တကယ်လို့ သူသာ ပုတ်ပွပြီး ဖင်ကြီးပြောင်နေပါက တော်တော်ကို ကြည့်ရဆိုးနေမည်။

ဆွန်းမိုလည်း ကျောင်းသားကို တစ်ချက်ကြည့်လိုက်သည်။ တောက် တကယ်ချောတဲ့ ကောင်ပဲ။ မဟုတ်ဘူး။....စာသင်သား တစ်ယောက်နှင့်တောင် ပိုတူ နေသေးတယ်။

ကျောင်းသားသည် ပိန်ပိန်ပါးပါး ခန္ဓာကိုယ်ကို ဝတ်ရုံရှည် ပတ်ထားသည်။ သူ၏အနက်ရောင် ဆံပင်ရှည်များကို ချည်နှောင်ထားပြီး လက်ထဲတွင် စာလိပ် တစ်လိပ်ကို ကိုင်ထားသည်။ သူ့ရဲ့ပုံစံက နူးညံ့ပြီး ကြော့ရှင်းနေသည်။

" ကို့ကိုယ်ကို သတ်မသေပါဘူး ဗျာ"

ချိုင်တန်က ဖုံးကွယ်ဖို့ ကြိုးစားလိုက်သည်။ သူ့အရှေ့က လူသည် ဆရာတစ်ယောက်ဖြစ်ပြီး တကယ်လို့ သူသတ်သေတယ်ဆိုတာကိုသာ သိသွားရင် ပေါက်ကွဲသွားလိမ့်မည်။

“ မင်းက သေဖို့တော့ သတ္တိရှိပေမယ့် ဝန်ခံဖို့တော့ သတ္တိမရှိဘူးလား”

ဆွန်းမိုက အပြစ်တင်လိုက်သည်။

ချိုင်တန်သည် ပိုပြီးတော့တောင် မျက်မှောင်ကြုတ်သွားသည်။ စိတ်ထဲကတော့ အဆင်မပြေပေမယ့် ဘယ်လို ပြန်ပြောရမလဲ

မသိဘူး ဖြစ်နေသည်။ တစ်ဖက်လူနှင့် စကားပြော ငြင်းခုံရမှာကို အမုန်းဆုံး ဖြစ်သည်။ ဒါကြောင့် လှည့်ပြီး ကျောက်တုံးခင်းထားသည့် လမ်းကနေ ထွက်သွားဖို့သာ ရွေးချယ်လိုက်သည်။

“ အင်း။ မင်းရဲ့ ခန္ဓာကိုယ်ထဲမှာ ပြဿနာ တစ်ခုခု ရှိနေတယ်ဆိုရင်လည်း ဆရာဝန်သွား ရှာပါလား။ ဘာလို့ သတ်သေချင်နေရတာလဲ”

ဆွန်းမိုက အော်ပြောလိုက်သည်။

ချိုင်တန် တုန်လှုပ်သွားပြီး ခြေလှမ်းတွေတောင် ရပ်သွားသည်။ ပြီးတော့ ဆွန်းမိုကို လှည့်ကြည့်လိုက်မိသည်။

"မင်း ခန္ဓာကိုယ်ထဲမှာ ပြဿနာ ရှိနေတာကို မသိဘူးလို့ လာမပြောနဲ့နော်'

ဆွန်းမိုက တစ်ခါတည်းပြောလိုက်သည်။

ချိုင်တန်လည်း တိတ်ဆိတ်သွားသည်။ ပြီးခဲ့သည့် နှစ်ဝက်လောက်ကစပြီး ကျင့်ကြံခြင်းသည် တိုးတက်လာခြင်း မရှိတော့ပဲ ခန္ဓာကိုယ်မှာလည်း အားမရှိသလို ခံစားနေရသည်။ အစတုန်းကတော့

သူလည်း ဒါကို သတိမထား မိခဲ့ပါဘူး။ အလွန်အကျွံ ကျင့်ကြံလိုက်မိလို့ ဖြစ်နေတယ် ထင်နေခဲ့မိသည်။ ဒါကြောင့် ကျင့်ကြံချိန်တွေကို လျော့ချလိုက်ပြီး အစားအသောက်နှင့် အိပ်ချိန်တွေကို အာရုံစိုက် လာခဲ့သည်။

စိတ်ပျက်စရာ အကောင်းဆုံးကတော့ ဆရာဝန်တွေနှင့် တိုင်ပင်ခဲ့ပေမယ့် တစ်ယောက်ပြီး တစ်ယောက်သာ ဖြစ်သွားသည်။ ဆရာဝန်တွေ အားလုံးက ပင်ပန်းနွယ်နယ်မှုကြောင့်သာ ဖြစ်တာလို့ ပြောဆိုခဲ့ကြပြီး အနားယူဖို့သာ အကြံပေးခဲ့ကြသည်။

ဆရာဝန်တိုင်းဆီက တူညီနေသည့် အဖြေကို ရခဲ့ပြီးနောက် ချိုင်တန်လည်း လက်ခံလိုက်မိသည်။ ဒါကြောင့်လည်း ပိုအိပ်ပြီး ကျင့်ကြံချိန်ကိုလည်း တဝက်လောက် လျော့ချလိုက်သည်။ ဒါပေမယ့်လည်း အခြေအနေတွေက တိုးတက်လာခြင်း မရှိပါဘူး။

သူနှင့် ဖန်ရန်တို့အကြား ပိုမိုကွာဟ လာတာကို ကြည့်ရင်းကြည့်ရင်းနဲ့ စိုးရိမ်စိတ်တွေသာ တိုးလာခဲ့သည်။ စိုးရိမ်စိတ်ကြောင့် အရင်က ကျင့်ကြံချိန်အတိုင်း ပြန်ပြီး ကျင့်ကြံခဲ့သော်လည်း

စွမ်းအားနည်းပါးမှုကြောင့် ကျင့်ကြံခြင်း အခြေခံက ရပ်တန့်နေခဲ့သည်။

လွန်ခဲ့သည့် လဝက်က တိုက်ပွဲခန်းမစစ်ဆေးမှုတွင် ကျန်ရန်ဖေခင် လို့ခေါ်သည့် ကျောင်းသားတစ်ယောက်ကို ရှုံးနိမ့်ခဲ့ရသည်။

အရင်တုန်းကတော့ လူတွေက သူ၏ ကျော်ကြားမှုနှင့် ဂုဏ်သတင်းကို ချီးမြှောက်နေခဲ့ကြပြီး ကျန်ရန်ဖေခင်ထက် သာလွန်နေခဲ့သည်။ ထိုတိုက်ပွဲ

ပြီးသည့်နောက်မှာတော့ ကောလဟာလတွေ ထွက်လာပြီး လူတိုင်းက အထင်သေးနေခဲ့ကြသည်။

ဒါကလည်း အမှန်ပါပဲ။ ချိုင်တန်သာ တကယ်စွမ်းအားကြီးပါက ဘာလို့ ကျန်ရန်ဇောင်ကို ရှုံးမှာလဲ။ ချိုင်တန်သည် ကျောင်းကို စရောက်ကတည်းက တိုက်ပွဲခန်းမ စစ်ဆေးမှုတွင် ပြိုင်ဘက်ကို နိုင်ပြီး တိုက်ပွဲခန်းမ၏ အဖွဲ့ဝင် တစ်ယောက် ဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင် တိုက်ပွဲတိုင်းကို အနိုင်ယူကာ အဆင့် ၁၀ အထိ ရှုံးပွဲမရှိဘဲ တိုးတက်လာခဲ့သည်။

ချိုင်တန်ကသာ တခြားသူများကို အထင်သေးခဲ့ဖူးသည်။ သူ၏ တစ်ခုတည်းသော ပစ်မှတ်က တိုက်ပွဲခန်းရဲ့ နံပါတ် တစ်ဖြစ်သည့် ဖန်ရန် သာဖြစ်သည်။ ဒါပေမယ့်လည်း လွန်ခဲ့သည့် နှစ်ဝက်ကစပြီး တိုးတက်မှု အရှိန်အဟုန်က ရပ်တန့်သွားခဲ့သည်။ အဲဒီနောက်မှာတော့ ချိုင်တန်သည် တိုက်ပွဲခန်းမတွင် ရှုံးနိမ့်ခဲ့ပြီး သူ့သိက္ခာက အောက်ဆုံး အထိ ထိုးကျသွားခဲ့သည်။

ချိုင်တန်က ကျန်ရန်ဇောင်၏ အနင်းခံ ကျောက်တုံး တစ်တုံး ဖြစ်ခဲ့ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတိုင်းက ကျန်ရန်ဇောင်၏ အကြောင်းကိုသာ ဆွေးနွေးနေကြတော့သည်။ ကူရှုပ်ရှင်း၏ လမ်းညွှန်မှုဖြင့် ကျန်ရန်ဇောင်သည် တစ်နှစ်အတွင်း တိုက်ပွဲခန်းမ၏ ထိပ်ဆုံး သုံးယောက် ဖြစ်လာနိုင်တယ်လို့ ထင်ကြေးပေးနေကြသည်။

ချိုင်တန်ကိုတော့ မျက်နှာခြင်းဆိုင်ပြီး မပြောကြပေမယ့် နောက်ကွယ်တွင် လှောင်ပြောင်နေကြသည်။ ဒီကာလအတွင်းမှာ စောကားခံရသည့် စကားတွေကိုပဲ အကြိမ်ကြိမ် ကြားနေခဲ့ရသည်။

ဆရာတိုင်းက ချီးကျူးနေရသည့် ပါရမီရှင်တစ်ယောက်အဖြစ်မှ အရေးမပါတော့သည့် အမှိုက်တစ်ခု အဖြစ်သို့ ပြောင်းလဲသွားသည်။ ဒီနှစ်ဝက်အတွင်းမှာ ချိုင်တန်သည် ဝေဖန်မှုများစွာကိုလည်း ကြုံတွေ့ခဲ့ရသည်။

ဘယ်လိုပဲပြောပြော သူသည် ၁၅နှစ်သား ကလေးတစ်ယောက်သာ ဖြစ်သည်။ သိပ်လည်း မရင့်ကျက်သေးသလို စိတ်ခံယူချက်ကလည်း မခိုင်မာသေးပါ။ ဒီလို ပတ်ဝန်းကျင်၏

ဝေဖန်တိုက်ခိုက်မှုအောက်မှာ သူ့ကိုယ်သူ ပြန်တက်လာနိုင်မယ်လို့ ယုံကြည်ချက် မရှိတော့ပါ။

မနေ့ကလည်း သူ့ကောင်မလေးက သူ့ကိုအရမ်းနာကျင်စေသည့် စကားကို ပြောခဲ့သည်။

"ပါရမီရှင်တွေမှာ တောက်ပတဲ့ ကျက်သရေ ရှိသလို သာမန်သူတွေမှာလည်း သာမန်လူတွေရဲ့ ဘဝ ရှိတယ်"

ချိုင်တန်ကို သူ့ကောင်မလေးက ကောင်းစေချင်သည့် ရည်ရွယ်ချက်နှင့် ပြောမှန်း

ချိုင်တန် သိသည်။ ဒါပေမယ့် သူလက်မခံနိုင်ပါ။ သူ့ကို သာမန်လူတစ်ယောက် လို့ ပြောလိုက်သလို ဖြစ်နေသည်။

ချိုင်တန်သည် ပညာရှိတစ်ယောက်၏ အငွေ့အသက်ထုတ်လွှင့်နေပြီး လောကီရေးရာနှင့် ဝေးကွာနေသည့် ပုံစံဖြစ်နေသည်။ စိတ်ထဲတွင် အရမ်းမာနကြီးနေသည်။ သူက အကောင်းဆုံးဖြစ်ဖို့ မွေးဖွားလာခြင်း ဖြစ်သည်။ ဒါပေမယ့် အခုတော့ သာမန်လူတစ်ယောက်တဲ့လား။ သူက အကောင်းဆုံး မဖြစ်နိုင်ဘူးလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီနှစ်ဝက်အတွင်းတွင် ကောင်းကင်ကနေ ငရဲကို ပြုတ်ကျသွားသလို ဖြစ်နေသည်။ ချိုင်တန်က သူ့စိတ်ကိုသူ တင်းထား နိုင်ခဲ့သည်။ သူ့ကောင်မလေးကလည်း အမြဲတန်း ယုံကြည်ပြီး အားပေးနေတာကြောင့်လည်း စိတ်ပိုင်ဆိုင်းရာ မပျက်စီးဘဲ အမြင့်ဆုံးကို ပြန်တက်ပြီး ဖန်ရန်ကို စိန်ခေါ်အုံးမည်။

ဒါပေမယ့် အခုတော့ သူမ စကားပြောင်းသွားသည်။ သူက ပါရမီရှင် မဖြစ်နိုင်တော့ဘူးတဲ့လား..............

အဲ့အချိန်တွင် ချိုင်တန်၏ ကမ္ဘာတစ်ခုလုံး ပြိုကျပြီး အလင်းရောင် များပျောက်သွားသည်။

သေခြင်းတရားကသာ ထွက်ပေါက် ဖြစ်လာခဲ့သည်။

“ ငါ့..ငါ့ခန္ဓာကိုယ်က ဘာဖြစ်လို့လဲ”

ချိုင်တန်က တည်ငြိမ်အေးစက်ပြီ အလေးမထားသလို မေးလိုက်သည်။ ဒါပေမယ့်လည်း စကား အသံကတော့ တုန်နေသည်။

“ မင်း အဆိပ် မိနေပြီ”

ဆွန်းမို၏ စကားများက တိုရှင်းလိုရင်း ဖြစ်သည်။ ဒါပေမယ့် သူ့စကားတိုတိုလေးက ကြောက်ဖို့ကောင်းလောက်အောင် အကျိုးသက်ရောက်သွားသည်။

ချိုင်တန် မျက်လုံး ပြူးသွားသည်။ ပြီးတော့ မျက်လုံး ကျဉ်းသွားပြီး မျက်ခုံး ပြင်းပြင်းထန်ထန် တွန့်သွားသည်။ 'မျက်မှောင်ကြုတ်တယ်' ဆိုတဲ့စကားက ဒါ့ကြောင့်ဖြစ်လာတာ ဖြစ်နိုင်သည်။ သူ အရမ်းလည်း စိတ်ပူနေသည်။

ဆွန်းမို အများကြီး ဆက်မပြောတော့ပါ။ ဒီအမှန်တရားကို ချိုင်တန် လက်ခံလာနိုင်အောင် စောင့်နေလိုက်သည်။

အချိန် တော်တော်ကြာပြီးနောက်။

ချိုင်တန်သည် နောက်ဆုံးတွင် စကားစပြောလာသည်။ ဒါပေမယ့် သူ့အသံမှာ မယုံကြည်မှုများနှင့် ပြည့်နေသည်။ သူက ဆွန်းမိုကို ပြန်မေးလိုက်သည်။

“ ငါက ဘယ်လို အဆိပ်မိသွားတာလဲ”

“ငါလည်း မသိဘူး”

ဆွန်းမို၏ နှုတ်ခမ်းများ တွန့်သွားသည်။ ကယောင်ကတမ်းနဲ့ ဘာတွေလာမေးနေတာလဲ။ ငါက စုံထောက်ကွန်နန် မဟုတ်ဘူးလေ။ ဘယ်လိုသိမှာလဲ။ မှားတယ်။ ငါသာ စုံထောက်ကွန်နန်ဆိုရင် ဒီကျောင်းသား သေနေတာ ကြာလှပြီ။ (စုံထောက် ကွန်နန် ကာတွန်း ဇာတ်ကောင်)

ချိုင်တန်လည်း တိတ်ဆိတ်သွားသည်။ ဆွန်းမိုကို စိုက်ကြည့်ရင်း ချိုင်တန်၏ မျက်လုံးထဲတွင် သံသယနှင့် နာကျည်းချက်များ ပေါ်လာသည်။

“မင်းကို စစ်ဆေးဖို့ အရမ်းကျွမ်းကျင်တဲ့ ဆရာဝန်တစ်ယောက်လောက် ရှာသင့်တယ်။

ဆွန်းမိုက အကြံပေးလိုက်သည်။

“ငါ….”

ချိုင်တန်က ပြန်ပြောမလို့ လုပ်လိုက်သည့် အချိန်တွင် မိန်းကလေးတစ်ယောက်၏ အသံပေါ်လာပြီး သူတို့၏ စကားဝိုင်းလည်း ရပ်သွားသည်။

“ နင်ဒီရောက်နေမယ်လို့ ငါထင်သားပဲ”

ဆံပင်ရှည်ရှည်နှင့် ကောင်မလေးတစ်ယောက်သည် ပြေးလာရင်း အော်ပြောလိုက်သည်။ ချိုင်တန်၏ ရင်ခွင်ထဲကို တစ်ခါတည်း ပြေးဝင်လာပြီး တင်းတင်းကျပ်ကျပ် ဖက်ထားသည်။

"ဘာလုပ်ဖို့ စဉ်းစားနေတာလဲ"

ကောင်မလေးက အော်ပြောနေရင်း တစ်ကိုယ်လုံး တုန်နေသည်။ ချိုင်တန်က ကို့ကိုယ်ကို သတ်သေလိုက်မှာကို ကြောက်နေသည်။

ပုံမှန်ဆိုရင် နှစ်ယောက်အတူတူ ညစာစားပြီး စာကြည့်တိုက်ကိုသွားကာ စာပြန်နွေးကြသည်။ ဒါပေမယ့် ဒီနေ့တော့ ချိုင်တန်က နေမကောင်းလို့ အဆောင်ကို အရင်ပြန်ချင်တယ် ပြောသွားခဲ့သည်။

ရှမ်ယွင်လည်း ဒီနေ့ သူ့ရည်းစားက စိတ်ညစ်နေတာ သိသောကြောင့် ညစာစားပြီးတာနှင့် အဆောင်ကို ပြန်ခိုင်းလိုက်သည်။ ဒါပေမယ့်လည်း ချိုင်တန် ပြန်ရောက်မလာသေးကြောင်း ချိုင်တန်၏ အခန်းအဖော်က ပြောလာခဲ့သည်။

ရွှမ်ယွှင်လည်း စိတ်ပူလာပြီး ချိုင်တန်ကို အရူးတစ်ယောက်လို လိုက်ရှာနေခဲ့သည်။ ချိုင်တန်အတွက် ခက်ခဲလွန်းပြီး ပေါက်ကရအတွေးများ ဝင်လာမှာကို သူမ ကြောက်နေခဲ့သည်။

"ငါက လေကောင်းလေသန့်ရှူဖို့ ဒီကိုလာခဲ့တာ"

ချိုင်တန်က ရွှမ်ယွှင်ကို ဖက်ရင်း ပြောလိုက်သည်။ သူ့ကြောင့် စိုးရိမ်ပြီး တစ်ကိုယ်လုံး ချွေးတွေ စိုရွှဲနေတာကိုလည်း မြင်လိုက်သည်။ နွေးထွေးသည့် ခံစားချက်က သူ့နှလုံးသားထဲကို စီးဝင်လာသည်။

"မင်းကို စိတ်ပူအောင် လုပ်မိလို့ တောင်းပန်ပါတယ်"

ချိုင်တန်က တောင်းပန်ရင်း ရှမ်ယွင်၏ နှုတ်ခမ်းလေးကို နမ်းလိုက်သည်။

ရှမ်ယွင်ကလည်း ခပ်ရဲရဲ ပြန်တုံ့ပြန်သည်။

"တောက် ငါ...လို....."

ဆွန်းမိုလည်း ကြောင်အ နေသည်။ (ဟယ်လို့။ ငါဆရာက ဒီမှာ ရှိနေတုန်းလေ။ မင်းတို့တွေပဲ စောက်ရမ်း RO နေကြ။ ငါက ဆရာ မဟုတ်ရင်တောင်FA ဆိုပြီး လာမစော်ကားနဲ့)

သို့သော်လည်း တန်နိုင်ငံ၏ ချင်လင် ဓလေ့သည် အရင်ကမ္ဘာနှင့် မတူပဲ ကျောင်းဝင်းအတွင်းတွင် အချစ်ရေး ကိစ္စများကို တားမြစ်ထားသည်။

"ဘာမှ ပေါက်ကရ မလုပ်နဲ့တော့။ ဟုတ်ပြီလား"

ရှမ်ယွင်သည် ချိုင်တန်ကို တင်းတင်းကျပ်ကျပ် ဖက်ထားပြီး သူမ မျက်နှာကို ချိုင်တန်၏ ရင်ဘက်တွင် မှီထားသည်။

"ဘာတွေပဲရှိရှိ ၊ ငါက မင်းအတွက် အမြဲတမ်း ရှိနေမယ်"

"အင်း"

ချိုင်တန်က သူ့ခေါင်းကို နမ်းလိုက်သည်။ ပြီးတော့ သူတို့နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ဖက်ထားပြီး ကြေကွဲခြင်းမရှိ ရေကန်နားက လမ်းကြားထဲကို လျှောက်သွားကြသည်။

ဆွန်းမိုကတော့ ကိုယ်ပျောက်လူသားလို ခံစားလိုက်ရသည်။

"ထင်ထားသလိုပဲ။ တော်တော်ချစ်တတ်တဲ့ ကောင်ပဲ"

စနစ်က ခံစားချက်ပေါင်းများစွာနှင့် သက်ပြင်းချရင်း ပြောလိုက်သည်။ ဒီဖက်ခေတ်မှာ လူကောင်းတစ်ယောက် ရှာတွေ့ဖို့ တော်တော်ခဲရင်းသွားပြီ။ (စားပြီး နားမလည်ကောင်တွေပဲ များနေတယ်)

"ကောင်မလေးကလည်း တက်ကြွလွန်းပါတယ်ကွာ"

ဆွန်းမိုက ချိုင်တန်ကို သူ့မှာ ဘာကိစ္စပဲရှိရှိ သူ့ကောင်မလေးကတော့ မစွန့်ပစ်နိုင်ဘူးလို့ တွေးလိုက်မိသည်။

"ဘာလို့ သူ့ရောဂါကို မကူညီ လိုက်တာလဲ"

"ဘာ။ ငါက ဆရာဝန်မှ မဟုတ်တာ"

ဆွန်းမိုလည်း ခေါင်းကိုယမ်းရင် ခမ်းလှမ်းလှမ်းက စုံတွဲကို လှမ်းကြည့်လိုက်သည်။ " အခုသူက ငါ့နဲ့ စကားပြောချင်နေမယ်လို့ မင်းထင်လား"

"ဟင့်အင့်"

စနစ်က ပြန်ဖြေသည်။ ထက်မြတ်တဲ့ ဒီစုံတွဲကို သီးသန့် အချိန် ပေးလိုက်သည်။

" ငါပြန် အိပ်တော့မယ်"

ဆွန်းမို တကယ် ပင်ပန်းသလို ဖြစ်သွားသည်။ အနည်းဆုံးတော့ မနက်နိုးလာရင် ကြေကွဲခြင်းမရှိရေကန်မှာ အလောင်းတစ်လောင်း မြောနေမှာကို စိုးရိမ်စရာ မလိုတော့ဘူး။

ဒင်

“တာဝန် အသစ် ထုတ်ပြန်သည်။ မင်းရဲ့ ဝိညာဉ်တက်တူး အတန်းကို သုံးလအတွင်း တက်ရောက်သည့် ကျောင်းသားအရေအတွက် ၂၀၀ ဖြစ်အောင် လုပ်ပါ။

ဆုလာဒ်- အနက်ရောင် ရတနာ သေတ္တာ)

ဆွန်းမို စိတ်ဓါတ် ကျသွားသည်။ တကယ်လို့များ စနစ်တွင် ရုပ်ခန္ဓာရှိပါက ဆွဲထုတ်ပြီး ရေကန်ထဲတွင် ဖောင်းကားလာအောင် စိမ်ထားလိုက်ချင်သည်။

ညဘက်မှာတောင် တာဝန် အသစ် ထုတ်ပြန်ရလား။ ဒါဆို သူကဘယ်လို ကောင်းကောင်း အနားယူမလဲ။ ယဉ်ကျေးမှုတောင် မရှိဘူး။

လရောင်သည် တောက်ပနေပြီး အေးမြသော လရောင်က စုံတွဲ အပေါ်ကို ဖြာကျနေသည်။

ချိုင်တန်နှင့် ရှမ်ယွင် တို့သည် အဆောင်ကို မပြန်ကြတော့ပါ။ တောအုပ်လေးထဲမှာ ထိုင်ပြီး တစ်ယောက်နှင့် တစ်ယောက် ချစ်ခြင်းမေတ္တာ အကြောင်း စာဖွဲ့နေကြသည်။ (နောက် ပိုင်း ဆက်မပြန် ပေးတော့ဘူးနော်။ ချီဖတို့က မကြိုက်ဘူး မှတ်လား)

“ ဆရာက အရမ်းငယ်တယ်နော်။ အရင်ကလည်း တစ်ခါမှ မတွေ့ဖူးဘူး။ သူက ဘယ်သူလဲ သိလား”

ချိုင်တန်က ဆွန်းမို စကားကို ပြန်သတိရသွားပြီး မနေနိုင်ဘဲ မေးလိုက်သည်။

"ငါလည်း မသိဘူး"

ရွှမ်ယွင်က ခေါင်းခါရင်း ပြန်ဖြေသည်။

"ဆရာ အသစ်များလား"

ချိုင်တန်က မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။ သူ့အခြေအနေက မကောင်းသဖြင့် အပြင်ဘက်က ကိစ္စများနှင့် ကောလဟာလများကို ဂရုမစိုက်မိပါ။

"အင်း"

ချိုင်တန်ကို အနိုင်ယူခဲ့သည့် ဆရာအသစ် ကူရှုပ်ရှင်း၏ တပြည့် ကျန်ရန်ဖောင်

အကြောင်းကလွဲရင် ပြောစရာ မရှိသဖြင့် ဆက်မပြောတော့ပါ။

ဒီနာမည်ကို ပြောလိုက်ပါက ချိုင်တန် ပေါက်ကွဲသွားနိုင်သည်။

သူတို့နှစ်ယောက်လည်း တိတ်ဆိတ်သွားကြသည်။ ခဏလောက်ကြာတော့ စိတ်ရှုပ်နေသေးသည့် ချိုင်တန်က မနေနိုင်ဘဲ စကားတစ်ခု ထပြောလိုက်သည်။

“အဲဒီဆရာက ငါ့မှာ အဆိပ်မိနေတယ်လို့ ပြောတယ်”

စာစဉ် (၉)

အခန်း (၁၂၂) - ပါရမီရှင်၏ တီထွင်မှု။

"အဆိပ်"

ဒီစကားကိုကြားရင်ဖြင့် ရှမ်ယွှင် တုန်လှုပ်သွားသည်။ ပြီးတော့ ချိုင်တန်ကို ကြောက်ရွံ့သည့် မျက်နှာဖြင့် ကြည့်လိုက်သည်။

"မင်း ဘယ်လို အဆိပ်မိသွားတာလဲ"

“ ငါလည်း ဘယ်လိုသိမှာလဲ”

ချိုင်တန်က အသက်တစ်ချက် ရှူလိုက်ရင်း ပြောသည်။

“ဒါပေမယ့် အဆိပ်မိတဲ့ ပုံလည်း မပေါက်ဘူး။ မိခဲ့ရင် မင်းကိုယ်မှာ လက္ခဏာ ပြရမှာပေါ့။ မဟုတ်ဘူးလား”

ရှမ်ယွင်က ချိုင်တန်၏လက်ကို ထပ်ပြီး ဆုပ်ကိုင်ကာ ပြောလိုက်သည်။

“ဟုတ်တယ်နော်”

ချိုင်တန်၏ အမူအရာလည်း ညှိုးကျသွားသည်။ သူ့မှာ ပါရမီရှင် မဖြစ်နိုင်သည့် ပြဿနာ တစ်ခုတည်းသာ ရှိသည်။ အရင်တုန်းကဆိုရင် သူ၏ ကျင့်ကြံခြင်း အဆင့်သည် အရှိန်အဟုန်ပြင်းပြင်းနှင့် တိုးတက်လာပြီး သူ၏ အလားလာထက်တောင် ကျော်လွန်နေသည်။

"မင်း လက်မခံနိုင်သေးရင်လည်း နောက်တစ်ခေါက် စစ်ဆေးဖို့ ဆရာဝန် ဆီသွားကြတာပေါ့"

ရွှမ်ယွှင်က ပြန်ထိုင်လိုက်ပြီး ချိုင်တန်ကို တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်သည်။

"ဘာတွေပဲ ဖြစ်လာဖြစ်လာ မင်းအနားက မထွက်သွားဘူး"

"အင်း"

မှိန်ဖျော့ဖျော့ လရောင်အောက်တွင် သူတို့၏ အရိပ်များက ရှည်ထွက်နေသည်။

နောက်တစ်ရက်တွင် ဒုတိယအကြိမ် ကျင့်ကြံခြင်းဆေးပညာအတန်း ရှိသည်။

ရောက်လာသည့် ကျောင်းသားအရေအတွက်က တစ်ခန်းလုံး ပြည့်ကျပ်နေသည်။

ကျောင်းသားတွေအပြင် ဆရာလည်း အယောက် နှစ်ဆယ်ကျော်လောက် ရှိနေသည်။

ဆွန်းမိုက ငွေဘုရင်မ ပန်းအိုးကို ကိုင်ပြီး အတန်းထဲကို ဝင်သွားသည့် အခါ လူ ၃ဂဂဆံ့သည့် အခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။ ကျောင်းတက်ခေါင်းလောင်း မမြည်သေးတာကို သိထားရမည်။ ကျောင်းသားတွေ၏ အားလပ်ချိန်သာ ဖြစ်သေးသည်။ ဒါပေမယ့်လည်း ကျောင်းသားတွေက

စကားပြောနေတာကို ရပ်လိုက်ပြီး အပြည့်အဝ အာရုံစိုက်ထားသည်။ ဒါက ဆရာကို လေးစားသည့် လက္ခဏာ ဖြစ်သည်။

ပုံမှန်ဆိုရင် မြတ်ဆရာတွေကိုသာ လေးစားမှု ပြသလေ့ ရှိကြသည်။

ဒီအတွက်လည်း အဖြေက မရှိပါ။ မြတ်ဆရာတွေ၏ အတန်းသည် ဘယ်တော့မှ လူမနည်းပါ။ ဒါကြောင့်လည်း အလေးမထားသည့် ကျောင်းသားကို အတန်းအပြင်ထုတ်လိုက်ဖို့ ဝန်မလေးပါ။

ဆရာတွေကတော့ ဒီမြင်ကွင်းကို ကြည့်ပြီး ပျင်းနေကြသည်။

ဆွန်းမို၏ အတန်းက လူပြည့်နေသော်လည်း လေထုက ကောင်းပါသည်။ မြတ်ဆရာတစ်ယောက်၏ အတန်းလို ဖြစ်နေသည်။

ကလောင် ကလောင် ကလောင်

ကျောင်းတက်ခေါင်းလောင်း ထိုးလိုက်တာနှင့် ဆွန်းမိုလည်း အတန်းကို စလိုက်သည်။

ဖြစ်စဉ်တစ်ခုလုံးက နတ်ဘုရားမ၏ ခြေထောက်ကဲ့သို့ ချောမွေ့နေသည်။ (လိုးရှင်း

ကောင်းလို့ ဖြစ်မယ်။ မိုဟောကို ကိုတောင် သတိရသွားတယ်)

ဒါကြောင့် ဆရာများလည်း အံ့အောသင့်နေကြသည်။ ဆွန်းမိုက အလွန်ငယ်ရွယ်သည့် ဆရာအသစ်တစ်ယောက်ဖြစ်သည်။ ဒါပေမယ့်လည်း ဆရာ အတွေ့အကြုံ ငါးနှစ်လောက်ရှိသည့် ဆရာလားလို့ ထင်ရသည်။

သူ့ပုံစံက လုံး၀ ရှိန်နေခြင်း မရှိပါ။

သူ့စကားများ စီးဆင်းမှုကလည်း ထစ်ငေါ့နေခြင်း မရှိပါ။ အခန်းတစ်ခုလုံး အေးချမ်းသွားသည်။

ဆွန်းမိုကသာ အခန်းတစ်ခုလုံးကို အပြည့်အဝ ထိန်းချုပ်ထားသည်။

အတန်း၏ ပထမပိုင်းတွင် ကျောင်းသားများ၏ စိတ်နေစိတ်ထားက အဆင်ပြေနေသေးသည်။ ဒုတိယ အမေးအဖြေပိုင်းကို ရောက်လာသည်နှင့် ကျောင်းသားများ စိတ်လှုပ်ရှား လာကြပြီး သူတို့ စိတ်ကို ထိန်းထားနိုင်ဆဲ ဖြစ်နေသေးသည်။ တတိယအပိုင်း လက်တွေ့ပိုင်းကို ရောက်လာတော့

ကျောင်းသားများ ရှူးသွပ်သွားကြသည်။ ဆွန်းမို စကားမဆုံးခင်မှာ သူတို့ လက်တွေအားလုံးက လေထဲကို ရောက်နေသည်။ အဲဒီအချိန်မှာ ဆရာတွေလည်း လယ်တောအုပ်ထဲကို ရောက်နေသလို ဖြစ်နေသည်။

ကံကောင်းသည့်သူကတော့ ရင်တထိတ်ထိတ် ခုန်နေပြီး စိတ်လှုပ်ရှားနေသည်။ နတ်ဘုရားလက်၏ အံ့အောဖွယ်ကောင်းသော သက်ရောက်မှုကို ခံစားနိုင်ရန် စောင်းဆိုင်းနေသော်လည်း

အရွေးမခံလိုက်ရသည့် သူများက သက်ပြင်းချပြီး ဝမ်းနည်းနေကြသည်။

အတန်းကို ရောက်လာသည့် ကျောင်းသားအများစုသည် နတ်ဘုရားလက်ကြောင့် ဖြစ်သည်။ ဒါကြောင့်လည်း လူတိုင်းနီးပါး စိတ်ပျက်နေကြသည်။ အမျိုးသမီးကျောင်းသူ တစ်ယောက်ကို ရွေးချယ်လိုက်ပြီး ငါးမိနစ်လောက် နှိပ်ပေးလိုက်ရင် အဆင့်တက်သွားသည်။

ဒီအတန်းထဲက သုံးပုံ နှစ်ပုံ ကျော်လောက်သည် ဆွန်းမို၏ ပထမဆုံး လူထုဟောပြောပွဲကို

မြင်ဖူးကြသည့် သူများဖြစ်သည်။ ဒါပေမယ့်လည်း သူတို့ အလွန်ကို တုန်လှုပ်နေကြဆဲ ဖြစ်သည်။ အခုဆိုရင် ဆွန်းမိုကို သံသယဝင်သည့် ကျောင်းသားတစ်ယောက်မှ မရှိတော့ပါ။ ဆွန်းမို၏လက်ကို နတ်ဘုရားလက်ဟုခေါ်တာ မမှားပါ။

ဆရာတချို့၏ မျက်လုံးထဲတွင် မနာလိုမှုများ ပြည့်နေသည်။ ဆွန်းမို ကြီးထွားလာတာကို ဘယ်အရာကမှ မတားနိုင်တော့မှန်း သူတို့ သိနေသည်။

ဆွန်းမိုမှာ နတ်ဘုရားလက်ရှိနေသ၍ တတိယပိုင်း လက်တွေ့အပိုင်းကို ထားနေသ၍ ကျင့်ကြံခြင်းဆေးပညာ အတန်းသည် အမြဲတမ်း လူပြည့်ကျပ်နေမည်။ စာသင်ချိန်ပြီးသွားတာလည်း ကျောင်းသားတွေ မသိကြသေးပါဘူး။ သူတို့အားလုံးက အရှေ့ကိုတက်သွားပြီး ဆွန်းမို ပတ်ပတ်လည်တွင် မေးခွန်းတွေကို ဝိုင်းမေးနေကြသည်။

"တောင်းပန်ပါတယ်။ ငါ့ရဲ့ တိုက်ရိုက်တပြည့်တွေအတွက် အချိန်ပေးရအုံးမယ်။

မေးခွန်းမေးချင်တဲ့သူတွေက နောက်အတန်းမှာ မေးပေးကြပါ”

လူစုလူဝေးဖြစ်လာပါက တစ်ယောက်ကိုမှ အဖြေပေးလို့ မရတော့တာကို ဆွန်းမို သိနေသည်။ ဒီစကားကို ကြားလိုက်ရင်ဖြင့် ကျောင်းသားတွေ၏ မျက်နှာတွင် စိတ်ပျက်မှုများ ဖြတ်ပြေးသွားသည်။ သူတို့တွေသည် မနာလိုသည့် အကြည့်နဲ့ လီဇီချီနှင့် ကျောင်းသားလေးယောက်ကို ကြည့်နေကြသည်။ ဆွန်းမို၏ တိုက်ရိုက်တပြည့် ဖြစ်နေကြတာ အရမ်းကံကောင်းနေပါသည်။

"ဒါကို ယူလိုက်"

ဆွန်းမိုက ငွေရောင်ဘုရင်မ အပင်ကို လီဇီချီဆီကို လှမ်းပေးလိုက်သည်။

ဒင်

"ဂုဏ်ပြုပါတယ်။ စုစုပေါင်း လေးစားအထင်ကြီးမှုအမှတ်များ +၃၅၈မှတ်ကို ရရှိပါတယ်"

အကြောင်းကြားချက်ကို ရပြီးနောက် ဆွန်းမိုလည်း ပျော်သွားသည်။ ကျင့်ကြံခြင်းဆေးပညာအတန်းက အမြဲတန်း ထောက်ခံမှုကို ရနိုင်သည်။

ဒီလိုမျိုးသာ အမှတ်များကို စုဆောင်းနိုင်ပါက မကြာခင် အမှတ် ၅၀,၀၀၀ ပြည့်သွားမည်။ ဒါဆိုရင် “ အလွဲသုံးစား ကျောင်းသားမြတ်ဆရာအရှိန်အဝါ’ ကို ဝယ်ယူနိုင်တော့မည်။

ဗဟိုပြည်နယ်အကယ်ဒမီ ကျောင်းအချိန်စာရင်းအရ ငါးရက်သင်ပြီး နှစ်ရက်နားနိုင်သည်။ ဒါ့အပြင် နှစ်ကူးနှင့် ပွဲတော်ရက်များတွင်လည်း ကျောင်းပိတ်သည်။ ရည်ရွယ်ချက်မရှိသည့် ဆရာများက အေးအေးဆေးဆေး အနားယူနိုင်သည်။ ဒါပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လေ့လာ လိုက်စားသော ဆရာများကတော့ သူတို့အတွက် အားထုတ်နိုင်သည်။

မြတ်ဆရာတစ်ယောက်သည် ကြယ်တစ်ပွင့် တိုးမြှင့်လိုပါက သတ်မှတ်ထားသည့် အခြားအလုပ်အကိုင် အရေအတွက် လိုအပ်သည်။ တခြားအလုပ်အကိုင်များ၏ အရည်အချင်းကလည်း သူတော်စင်ဂိတ်က စစ်ဆေးသည့် မြတ်ဆရာစာမေးပွဲကို အောင်မြင်နိုင်ရမည်။

ပြီးတော့ အခြားအလုပ်ကိုင်နှင့် ပက်သက်သည့် စာမေးပွဲများသည်လည်း အမြဲတမ်းခက်ခဲသည်။

"အင်း"

လီဇီချီလည်း အပင်ကိုယူလိုက်ပြီး အရှေ့ကို ခြေလှမ်း နည်းနည်းလှမ်းလိုက်ပြီးနောက်မှာ မနေနိုင်ဘဲ မေးလိုက်သည်။

"မင်းတို့ ခံစားမိလား။ ခုနတုန်းက စာသင်ခန်းထက် ဝိညာဉ်ချီက နည်းနည်း ပိုသိပ်သည်းနေသလိုပဲ"

စကားပြောပြီးနောက် လီဇီချီသည် အပင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် လန့်အော်လိုက်သည်။

အစ္စရက်နှစ်ဆယ်ကျော်မှာ တကယ်ကြီးကို ဝိညာဉ်တက်တူး ရှိနေတာလား။

"တကယ်ပဲ"

ရှန်ယွန်ပေါင်က ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဒီ ငွေဘုရင်မ ပန်းအိုးကြောင့်လို့ ငါလည်း ခံစားရတယ်"

လုချီဟွာက တိုးတိုးလေး ဝင်ပြောလိုက်သည်။

ထန်ထန်ယုထန်ကတော့ ဘာမှ ဝင်မပြောပါ။ ဒါပေမယ့် လီဇီချီ လက်ထဲက ပန်းအိုးကို

တစ်ချက်လှမ်းကြည့်လိုက်သည်။ အရွက်ပေါ်က ဝိညာဉ်စုဆောင်းခြင်း တက်တူးကို မြင်လိုက်ပြီး အရမ်း တုန်လှုပ်သွားသည်။

"ဘာ၊ ဘယ်လို"

ထန်ထန်ယုထန်သည် ဆွန်းမို၏ နောက်ကျောကို လှမ်းကြည့်လိုက်သည်။

ဒီဝိညာဉ်စုဆောင်းခြင်းတက်တူး အားလုံးက သူရေးဆွဲထားတာများ ဖြစ်နေမလား။ ချန်လုံက ပျက်စီးနေသည့် ဝိညာဉ်တက်တူးများကြောင့်

ဝိညာဉ်ချီ အာရုံခံနိုင်မှု အနည်းဆုံး ဖြစ်နေသည်။ ဒါကြောင့် သူ့မျက်နှာက မှင်တက်နေသည်။

ဆွန်းမိုသည် လူ၃၀ ဆံ့သည့် စာသင်ခန်းလေးကို တွေ့လိုက်သည်။ သူ့ကျောင်းသားများကို ထိုင်ခိုင်းလိုက် ပြီးတော့ အပင်ကို ညွှန်ပြရင်း

“ လီဇီချီ ဒီပန်းအိုးက မင်းအတွက်ပဲ။ ဒီပန်းအိုးကို နေ့တိုင်း သယ်ပြီးသွားစေချင်တယ်”

“အာ ။ ဒါက ငါ့မင်းကို ပေးတဲ့ လက်ဆောင် မဟုတ်ဘူးလား”

လီဇီချီက ဆွန်းမို၏ ရည်ရွယ်ချက်ကို နားမလည်နိုင် ဖြစ်နေသည်။

"ဒီအပင်တွေက ပုံမှန်ဆိုရင် ဝိညာဉ်ချီ စုဆောင်းနိုင်ပေမယ့် အားနည်းတယ်။ ငါတို့ မခံစားနိုင်တဲ့ ပမာဏလောက်အထိကို နည်းတယ်။ ဝိညာဉ်စုဆောင်းခြင်းတက်တူးကို ရေးဆွဲပြီးတဲ့နောက်မှာတော့ ဝိညာဉ်ချီ စုဆောင်းနိုင်တဲ့ ပမာဏ ချက်ခြင်းတိုးလာတယ်။ ငါစမ်းသပ် ကြည့်ပြီးပြီ။ ဒီအပင်ရဲ့ သုံးမီတာ ပတ်လည်အတွင်းမှာ ဝိညာဉ်ချီရဲ့ သိပ်သည်းဆက

မြင့်နေတယ်။ ဒါကြောင့် ဒီအပင်ဘေးမှာ နေရင် မကျောင့်ကြံ့ရင်တောင် မင်းတို့ ခန္ဓာကိုယ်အတွက် အကျိုးရှိတယ်”

ဆွန်းမိုက ရှင်းပြသည်။

ကျောင်းသား ၅ယောက်စလုံး အံ့အော မှင်တက်နေကြသည်။ တိုက်ခိုက်ဖို့သာ စိတ်ဝင်စားသည့် ရှန်ယွန်ပေါင်လည်း ငွေရောင်ဘုရင်မ အပင်ကို အံ့အော မှင်တက်စွာ ကြည့်နေသည်။ ဝိညာဉ်ချီသည် ကျင့်ကြံခြင်း၏ အခြေခံ အုတ်မြစ်ဖြစ်သည်။ နှစ်ပေါင်းများစွာ

သုတေသနလုပ်ပြီး သိလာတာက လူတစ်ယောက်သည် ဝိညာဉ်ချီထူထပ်သည့် ပတ်ဝန်းကျင်တွင် နေပါက လူ၏ ခန္ဓာကိုယ်ကို ဝိညာဉ်ချီက အားဖြည့်နေပြီး ခန္ဓာကိုယ်က ကြီးထွားဖွံ့ဖြိုးလာရုံသာမက ပိုလည်း သန်မာလာသည်။ ကျင့်ကြံခြင်း အရှိန်လည်း တိုးတက်လာမည်။ ဒါကြောင့် ဝိညာဉ်ချီ ထူထပ်အောင် ဖန်တီးပေးနိုင်သော လှျို့ဝှက် ရတနာများကို တန်ဖိုးမဖြတ်နိုင်သည့် ရတနာများ အဖြစ်သတ်မှတ်ထားသည်။

ကျောင်းသား ၅ယောက်စလုံးသည် ဆွန်းမိုက အပင်တစ်ခုကို သုံးပြီး ဒီလို သက်ရောက်မှုဖြစ်အောင် ဖန်တီးနိုင်မယ်လို့ မတွေးထားမိပါ။

ဂလု

ရှန်ယွန်ပေါင် တံတွေး တစ်ချက်မြိုချလိုက်သည်။

“ဒါက မတရားခက်သင့်တယ်။ ဟုတ်တယ် မဟုတ်လား” မနေနိုင်ဘဲ မေးလိုက်သည်။

“မခက်ပါဘူး”

ဆွန်းမိုက အမှန်တိုင်းပြောလိုက်သည်။ သူ့ပုံစံသည် အေးအေးဆေးဆေး ပြောလိုက်သည့်ပုံပေါက်နေသည်။

(မခက်ဘူး ဟုတ်လား။ ဘာလို့ အရင်က ဘယ်သူမှ မလုပ်ကြတာလဲ)

“အား” လီဇီချီက ရုတ်တရက် ထအော်လိုက်သည်။

“ဘာမှားလို့လဲ”

လူတိုင်းက ဝိုင်းကြည့်လိုက်ကြသည်။

"မနေ့က ငွေဘုရင်မအပင်မှာ ဝိညာဉ်စုဆောင်းခြင်းတက်တူးတွေ မရှိသေးဘူး။ ဆရာ၊ တစ်ညလုံး ထိုင်ဆွဲလာတာလား"

လီဇီချီ၏ နှလုံးသားထဲ နာကျင် သွားသည်။

"အင်း သူတို့ကို ဆွဲတာ တစ်နာရီခွဲလောက်တော့ ကြာတယ်"

ဆွန်းမိုသည် ခန္ဓာကိုယ်ကို ဆန့်လိုက်သည်။ သူ ပင်ပန်းနေသော်လည်း အရမ်းကြီးတော့ မဟုတ်ပါ။ အဓိကအချက်ကတော့ အပင်၏ အကိုင်းများထဲက ဝိညာဉ်ချီ စီးဆင်းမှုကို စောင့်ကြည့်ရန်

နတ်ဘုရားမျက်စိကို တစ်ချိန်လုံး သုံးထားရသဖြင့် မျက်လုံးများ နာကျင်နေသည်။ ဒါက မျက်လုံးကို အရမ်း ထိခိုက်စေသည်။

ရှူး

ဝိညာဉ်တက်တူးအကြောင်းကို အများကြီးမသိသည့် ရှန်ယွန်ပေါင်ကလွဲရင် ကျန်သည့် လေးယောက်စလုံးလေအေးကို တစ်ချက် ရှူသွင်းလိုက်မိသည်။ ဒီအပင်မှာ အရွက် နှစ်ဆယ်ကျော်တောင် ရှိသည်။ ဒီလောက် ဝိညာဉ်တက်တူး အရေအတွက်ကို

သာမန်လူသာဆိုရင် နှစ်ရက် သုံးရက်လောက် အချိန်ပေးပြီး ရေးဆွဲရမည်။ ဒါပေမယ့် ဆွန်းမိုကတော့ ညတစ်ဝက်လောက်သာ အချိန်ပေးခဲ့သည်။ ချစ်ဖို့ကောင်းလောက်အောင် တုံးလှသည့် လုချီဟွာနှင့် ချန်လုံ ကလွဲရင် စေ့စပ်သေချာသည့် လီဇီချီနှင့် ထန်ထန်ယုထန်ကတော့ အရွက်ပေါ်က ဝိညာဉ်တက်တူးအားလုံးကို တစ်ကြိမ်တည်းနှင့် တွေ့ခဲ့သည်။ ဒါကဘာ အဓိပ္ပာယ်လဲ။ ဒါက ၁၀၀ ရာခိုင်နှုန်း အောင်မြင်သည့် နှုန်းဖြစ်သည်။ ရိုးရိုးသားသား ပြောရရင် အရမ်းကြောက်ဖို့

ကောင်းတယ်။ ဝိညာဉ်တက်တူးကို စာရွက်ပေါ်ဆွဲရတာထက် သစ်ရွက်ပေါ် ဆွဲရတာက အများကြီး ပိုခက်သည်။ တကယ်တန်းပြောရရင် ဆယ်ဆကို ကျော်သေးသည်။

မယုံကြည်နိုင်စရာပဲ။

“ မနေ့က ဝိညာဉ်တက်တူး အတန်းရဲ့ တုံ့ပြန်မှုက အရမ်းကောင်းလား” ထန်ထန်ယုထန်က လီဇီချီကို တိုးတိုးလေး မေးလိုက်သည်။ အမှန်တော့ သူ့ညာဏ်ရည်နှင့် အဖြေကို သိနေပါသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၂၀။ မူလ(၂၃/၁၀၀)

“ ဒါက ဖြစ်နေကြလေ”

လီဇီချီက သာမန်သာ ဖြစ်သလို ပြောလိုက်သည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၃၀ ။ ရင်းနှီး (၃၃၆/၁၀၀၀)

"မင်းတို့လေးယောက်က ကြိုက်တဲ့ အပင်အမျိုးအစား သွားဝယ်ပါ။ ငါက မင်းတို့ အပင်ပေါ်မှာ ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ရေးပေးမယ်"

ဆွန်းမိုက သတိပေးလိုက်သေးသည်။

" မင်းတို့ ဝယ်တဲ့ အပင်က ဝိညာဉ်ချီ ကြွယ်ဝတာကိုတော့ ရွေးပါ"

အပင်အမျိုးမျိုးတွင် မတူညီသော ဝိညာဉ်ချီ ပမာဏ ပါဝင်ကြသည်။ အပင်အမျိုးအစားတူရင်တောင်

ကြီးထွားသည့် ပတ်ဝန်းကျင်မတူရင် ဝိညာဉ်ချီ ပမာဏလည်း မတူညီပါ။

ဆွန်းမိုက အပင်ပေါ်တွင် ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ရေးဆွဲရင်တောင် ဝိညာဉ်ချီ အများကြီး ပါဝင်သည့် အပင်လိုအပ်သည်။ ပိုများလေ ပိုကောင်းလေ ဖြစ်သည်။

“ဝိညာဉ်ချီစုဆောင်းခြင်း ပန်းအိုး” လုချီဟွာ အံ့အောသွားသည်။

“ငါ့ရဲ့ နာမည်ပေးတဲ့ စွမ်းရည်က ဘယ်လိုလဲ” ဆွန်းမိုက ရယ်ရင်း မေးလိုက်သည်။

“ အရမ်းကောင်းတယ်” သူ၏ အရှုးပရိတ်သတ် လီဇီချီနှင့် လုချီဟွာကတော့ ခေါင်းညိတ်ထောက်ခံကြသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး (၆၁၃/၁၀၀၀)

ဆွန်းမိုသည် သင်ခန်းစာ အစီအစဉ်ဖိုင်ထဲက စာရွက် အပိုင်း လေးခုကို ထုတ်ပြီး တပြည့် ၅ယောက်ကို ပေးလိုက်သည်။

"ငါက မင်းတို့တစ်ယောက်ခြင်းစီတွက် လေ့ကျင့်ရေး အစီအစဉ် ဆွဲပေးထားတယ်။ ဒီအထဲက အချိန်အတိုင်း လိုက်နာပြီး လေ့ကျင့်ကြပါ။ ပိုလည်းမလုပ်နဲ့ လျှော့လည်း မလုပ်နဲ့။ တကယ်လို့ မေးခွန်းတစ်ခုခုရှိရင်လည်း ငါ့ကို အချိန်မရွေး လာမေးနိုင်တယ်" တပြည့်ငါးယောက်၏ အစီစဉ်များအား အလေးအနက်ထားပြီး မှာကြားနေသည်။ ထန်ထန်ယုထန်အတွက်တောင် မမေ့ထားပါဘူး။

ကျင့်ကြံခြင်းဆိုင်ရာ အတန်းအများကြီး ပြီးခဲ့တဲ့နောက်မှာ ဆွန်မို၏ နတ်ဘုရားလက်က သက်သေပြပြီးသွားပါပြီ။ သူ၏ လက်ညွှန်ချက်ကို ရခြင်းသည် ကံကောင်းလို့ ဖြစ်သည်။

"ငါ့ရဲ့ လေ့ကျင့်ချိန်က ပြင်းထန်လွန်းတယ်" ရှန်ယွန်ပေါင်က သူ့ရဲ့ စာရွက်ကို တစ်ချက်ကြည့်ပြီး ဦးရေပြားထုံသွားသည်။ သူ့လို တိုက်ခိုက်ရတာကို ဝါသနာပါပြီး ကျင့်ကြံရတာကို နှစ်သက်သည့် သူတောင် နည်းနည်းကြောက်သွားသည်။

“ စိတ်မပူနဲ့ မင်းရဲ့ ခန္ဓာကိုယ်က ခံနိုင်ရည်ရှိတယ်”

ဆွန်းမိုက နှစ်သိမ့် လိုက်သည်။

“ငါမင်းကို တကယ်လေးစားသွားပြီ”

ရှန်ယွန်ပေါင်က နှုတ်ခမ်းကို ကွေးရင်း ပြောလိုက်သည်။

ဒင်

ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု +၃၀။ မူလ (၆၁/၁၀၀)

ဒီအမှတ် ၃၀သည် ခုနတုန်းက ရှန်ယွန်ပေါင်ကို ဝိညာဉ်စုဆောင်းခြင်းတက်တူးကြောင့် အံ့အော တုန့်လှုပ်သွားတာနှင့် သူ့လေ့ကျင့်ရေး အတွက် စဉ်းစားပေးလို့ ဆွန်းမိုကို ကျေးဇူးတင်သွားတာ ဖြစ်သည်။

"ချန်လုံ မင်းက ကျင့်ကြံလို့ မရေးသေးဘူး။ ခဏလောက်တော့ စောင့်အုံး" ဆွန်းမိုက နဖူးပေါ်တွင် အမှိုက်ဆိုသည့် စာနှင့် ကောင်လေးကို ကြည့်ရင်း ပြောလိုက်သည်။

"အင်း"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တကယ်လို့ အရင်ကသာဆိုရင် ချန်လုံ စိတ်ပျက်သွားမည်။ အခုဆိုရင်တော့ သူ့မှာ ယုံကြည်ချက် ရှိနေပြီ။ ဝိညာဉ်တက်တူးလေ့လာရာတွင် သူ့ဆရာ အောင်မြင်နေသည့် အနေအထားကြောင့် သူ့ကို အမှန်တကယ် ကူသပေးနိုင်လောက်သည်။

ဒင်

ချန်လုံ၏ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် +၃၀။ ရင်းနှီး (၁၁၅/၁၀၀၀)

ဒင်

ချန်လုံနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်သည် ရင်းနှီး အဆင့်ကို ရောက်ရှိသွားသည်။ ဆက်ကြိုးစားပါ။

ဆုလာဒ် - အနက်ရောင် သေတ္တာတစ်လုံး

ဆွန်းမို အရှေ့တွင် အနက်ရောင် ရတနာ သေတ္တာတစ်လုံး ပေါ်လာသည်။

ဆွန်းမိုလည်း လုချီဟွာဆီကို လျှောက်သွားကာ ခေါင်းကို ပုတ်လိုက်သည်။

ကံကောင်းခြင်းတွေ တိုးလာလို့ ရတနာသေတ္တာကို ဖွင့်လိုက်သည်။

သူ့မြင်ကွင်းထဲတွင် ပန်းပွင့် ဝိညာဉ်တက်တူး မှင်ပုလင်း တစ်လုံး ပေါ်လာသည်။

“ ငါမရှုံးဘူး”

လောလောဆယ် ဆွန်းမို မျှော်လင့်ချက်က အရမ်းရိုးရှင်းသည်။ ဖွင့်လိုက်လို့ မြေခဲ မပေါ်လာရင် သူ မရှုံးပါ။

“ဆရာ လမ်းညွှန်ပေးပါအုံး”

ဆွန်းမို အားနေတာကို မြင်လိုက်ရင် ရှန်ယွန်ပေါင်က လက်မြှောက်ကာ အော်ပြီး တောင်းဆိုလိုက်သည်။ ပြီးခဲ့သည့် တိုက်ပွဲတွင်

ဆွန်းမို၏ အစွမ်းကို မြင်ခဲ့ပြီး အရမ်း အံ့အော တုန်လှုပ်သွားကာ အိပ်မက်ထဲမှာတောင် ဆွန်းမို အစွမ်းကို ထည့် မက်မိသည်။ အနိုင်ကျင့်ခံရရင်တောင် ဆွန်းမိုနှင့် တိုက်ချင်သေးသည်။

“ဒီနေ့တော့ မလုပ်တော့ဘူး။ မင်းကို ပါးစပ်ကနေပဲ လမ်းညွှန်ပေးနိုင်မယ်။ မင်းရဲ့ သိုင်းပညာအရည်အချင်းကို စစ်ဆေးချင်တယ်ဆိုရင် နောက်မှပဲ စီစဉ်ပေးမယ်”

ဆွန်းမိုက ငြင်းလိုက်သည်။(မင်းက လုပ်ချင်တဲ့ အချိန်တိုင်း လိုက်လုပ်ပေးနေရင် ငါ မျက်နှာ

ပျက်တာပေါ့။ ငါမင်းကို လေ့ကျင့်ပေးချင်တဲ့ အချိန်ကို ငါရွေးမယ်။ တကယ်လို့ လေ့ကျင့်ရင်လည်း တိုက်ခိုက်ရေး ဒိုဂျိုကို သွားနေရအုံးမယ်။ ဒါက ကရိကထ များလွန်းတယ်။)

"အမ်"

ခဏလောက်နေတော့ ရှန်ယွန်ပေါင် စိတ်ပျက်သွားသည်။ သူက ပုတ်သိုးနေသော ခရမ်းချဉ်သီးလို ညှိုးကျသွားသည်။ ဆွန်းမိုက ရှန်ယွန်ပေါင်အစား သူ့၏ ကံကောင်းမှုကိုသာ

ရေတွက်နေသင့်တယ်လို့ ခံစားရသည်။ တကယ်လို့ ရှန်ယွန်ပေါင်နှင့် အကြိမ်နည်းနည်းလောက် တိုက်ခိုက်လိုက်ရင် ရှေ့ဟောင်း လောကနတ်ကျင့်စဉ်ကြောင့် မြက်ခင်းမီးတောက် လေပြင်းလုံ ကျင့်စဉ်ကို ရနိုင်သည်။

ဒါကလည်း နောက်ပိုင်းမှာ ဖြစ်လာမည့် အရာဖြစ်သည်။

နေ့လည်စာကတော့ ရိုးရှင်းပါသည်။ ဆွန်းမိုက ချင်လင် ထမင်းကြော်ကို မှာလိုက်သည်။ ဒါက ရိုးရှင်းပြီး အရသာ ရှိတယ်။ နေ့လည်

ဝိညာဥ်တက်တူး အတန်းမှာတော့ ကျောင်းသားအရေအတွက် ကျင့်ကြံခြင်း ဆေးပညာ အတန်းထက် သိသိသာသာ လျော့နည်းသွားသည်။ ပထမအတန်းနှင့်လည်း အများကြီး ကွာခြားနေပြီး လူသုံးဆယ်လောက်သာ ရှိသည်။

ဆွန်းမိုလည်း စဉ်းစားကြည့်ပြီးနောက် သဘောပေါက်သွားသည်။

ဆွန်းမို၏ နတ်ဘုရားလက်ကို စမ်းသပ်ခွင့် မရနိုင်သလို မေးခွန်းလည်း မေးခွင့် မရှိသဖြင့် မရိုးသားသည့် စိတ်နှင့်ကျောင်းသားများက

မလာကြတော့ပါ။ ဝိညာဉ်တက်တူးဘာသာရပ်သည် ကျော်ကြားသော ဘာသာရပ် ဖြစ်နေသေးသည်။ ဒါကြောင့်လည်း ကျောင်းသားတိုင်းတွင် သူငယ်ချင်းအနည်းငယ်သာ ရှိသော်လည်း ပထမအတန်းတက်ပြီးနောက် ဆွန်းမို၏ ထူးဆန်းဆန်းကြယ်မှုများကို ဖြန့်ဝေခဲ့ကြသည်။ ဒါကြောင့်လည်း ဒီနေ့တွင် ကျောင်းသားအသစ်များ ရောက်လာကြပြီး သူတို့၏ ဗဟုသုတကို ကျယ်ပြန့်အောင် ပြင်ဆင်နေကြသည်။

ဆွန်းမိုက ကျောင်းသားနည်းသွားလည်း သူ၏ သင်ကြားမှုကို မလျော့ပေါ့ခဲ့ပါ။ သင်ခန်းစာကို စေ့စေ့စပ်စပ် သင်ကြားပေးနေခဲ့သည်။ အတန်းပြီးသည့်အခါ ကျောင်းသားများ၏ တုံ့ပြန်မှုကလည်း ကောင်းပါတယ်။ ကျောင်းသားတစ်ဝက်လောက်ကလည်း လက်ခုပ်တီးပြီး အားပေးခဲ့ကြသေးသည်။ လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း ၉၈ မှတ် ရရှိခဲ့သည်။ ဆွန်းမို မျက်နှာတွင် အပြုံးတစ်ခု ရှိနေသည်။ ဆွန်းမိုတွင် ယုံကြည်ချက်ရှိနေသော်လည်း စိတ်ထဲမှာတော့

ဗျာများနေသည်။ သူ၏ ပုံဆွဲစကေးက ကျွမ်းကျင်အဆင့်မှာရှိသော်လည်း နေ့တိုင်း ဒီပုံစံကြီးပဲ သင်နေပါက အဆင်မပြေတော့ပါ။

မန်ချူးရဲ့ တော်ဝင် စားပွဲ တစ်ခုလိုပါပဲ။ တစ်ခါတစ်လေစားရရင် အံ့အောဖို့ ကောင်းပါသည်။ ဒါပေမယ့် နေ့တိုင်းသာစားရပါက ရိုးသွားမည်။ ဒီအတွက်လည်း ဖြေရှင်းချက် မရှိပါ။ ဟင်းတစ်မျိုးထဲကိုသာ နေ့တိုင်းစားနေရပါက သေချင်စိတ်တောင် ပေါက်လာနိုင်သည်။

"စနစ်၊ စတိုးဆိုင်ထဲမှာ ရောင်းချဖို့ ဝိညာဉ်တတ်တူး နည်းစနစ်တွေရှိသေးလား"

ဆွန်းမိုက မေးသည်။

"ဒါပေါ့ ရှိတာပေါ့"

စနစ်က ပြန်ဖြေလိုက်ပြီးနောက် စတိုးဆိုင်သည် ဆွန်းမို ရှေ့တွင် ပေါ်လာပြီး ကုန်သွယ် စနစ်ကို ပြန်ဆန်းသစ်လိုက်သည်။

စင်ပေါ်တွင် လှည့်ထားသော စုစုပေါင်း စွမ်းရည် စာအုပ် သုံးအုပ်ရှိသည်။ မသိရင် ဆွန်းမိုကို သွေးဆောင်နေသလိုပါပဲ။

“ ဒီဝိညာဉ်တက်တူးက ခုခံကာကွယ်ရေးအမျိုးအစားကို အသက်သွင်းလိုက်ရင် အစိမ်းရောင် အကာအကွယ် တစ်ခုပေါ်လာပြီး အသုံးပြုတဲ့ ကျင့်ကြံသူကို ကာကွယ်ပေးလိမ့်မယ်”

ဆွန်းမိုက မှတ်ချက်ကို တစ်ချက်ကြည့်လိုက်သည်။ မနက်ခင်းတုန်းကတော့ လေးစားအထင်ကြီးမှုအမှတ် အများကြီးရှိလို့ ဝမ်းသာနေတုန်းရှိသေးတယ်။ အခုတော့ ဆင်းရဲသား တစ်ယောက်လိုဖြစ်နေသည်။ စနစ်ဆီကနေ

ဝယ်လို့ရနိုင်သည့် ကျွမ်းကျင်စာအုပ်သည် အရမ်းဈေးကြီးနေသည်။

"အကြွေးရောင်းလို့ ရမလား"

ဆွန်းမိုက မေးလိုက်သည်။

စာစဉ် (၉)

အခန်း (၁၂၃) - ကို့ကိုယ်ကိုတောင် မေ့သွားသည်အထိ ဝိညာဉ်တက်တူးရေးဆွဲခြင်းတွင် နစ်မြုပ်နေခြင်း။

"မင်းသွားအိပ်လိုက်ပါ။ မင်းလိုချင်တာမှန်သမျှ အိပ်မက်ထဲမှာ ယူလို့ရတယ်"

စနစ်က ရှင်းရှင်းလင်းလင်းကို ငြင်းလိုက်သည်။ (စတိုးဆိုင်က ပစ္စည်းလိုချင်လား။ သွားပြီး လေးစားအထင်ကြီးမှုအမှတ်ကို လုံလောက်အောင် ယူလာခဲ့)

ဖြုတ်လမ်းလိုက်ချင်တာလား။ ငရဲမဟုတ်ဘူး။

ဆွန်းမိုက ခပ်ရိုင်းရိုင်း လက်ခလယ် ထောင်ပြလိုက်သည်။

နောက်ရက်တွေမှာတော့ ။ ဆွန်းမိုက ပုံမှန်လေးပဲ ဖြတ်သန်းနေခဲ့သည်။ နေ့တိုင်း စာသင်ချိန်နှစ်ခုပြုလုပ်ပြီး တိုက်ရိုက်ကျောင်းသား ၅ယောက်ကိုလည်း လမ်းညွှန်မှု ပေးခဲ့သည်။ အဲဒါပြီးတော့မှဘဲ ကျောင်းသားတွေကို သွားချင်ရာ သွားခွင့်ပေးခဲ့သည်။

တခြားဆရာတွေ၏ သင်ခန်းစာကို စိတ်ဝင်စားပါကလည်း ဆွန်းမိုဆီမှာ ခွင့်တောင်းပြီး သွားနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှန်ယွန်ပေါင်ကတော့ တိုက်ခိုက်ဖို့သာ စိတ်အားထက်သန်နေသည်။ လီဇီချီနှင့် လုချီဟွာတို့ကတော့ ဆွန်းမို၏ အရှုံးအမူး ပရိတ်သတ်ဖြစ်နေသောကြောင့် တခြားဆရာများ၏ အတန်းကို မသွားကြပါ။ ထန်ထန်ယုထန်နှင့် ချန်လုံတို့ကတော့ အရင်က နည်းနည်းလေး ခွင့်တောင်းခဲ့သေးသည်။

ချန်လုံကတော့ သူ့ခန္ဓာကိုယ်တွင် ပျက်စီးနေသော ဝိညာဉ်တက်တူးများ ရှိနေသောကြောင့် ဝိညာဉ်တက်တူးများ အကြောင်းကို

လေ့လာချင်နေသည်။ ထန်ထန်ယုထန်ကတော့ အရာအားလုံးကို စိတ်ဝင်စားနေပြီး ဆုံးဖြတ်ချက်မချနိုင်ဘဲ အတန်းအားလုံး လိုက်တက်နေသည်။

အချိန်ကြာတာနှင့်အမျှ ဆွန်းမို၏ကျော်ကြားမှုသည်လည်း ပိုပြီး ကြီးထွားလာသည်။ အခုတော့ ဆန်ပျော့စားတဲ့ကောင်လို့ ဘယ်သူမှ မပြောကြတော့ပါဘူး။ အားလုံးက နတ်ဘုရားလက်အကြောင်းပဲ ပြောနေကြသည်။

ဆွန်းမို၏ ရွှေ့ပြောင်းနဂါးဖမ်းသည့်လက်သည် ရိုးရှင်းပြီး အထင်ကြီးဖို့ ကောင်းနေခဲ့သည်။

အတန်းတစ်ခုဆီတိုင်းတွင် ကျောင်းသား တစ်ယောက်ကတော့ အဆင့်တက်နေခဲ့သည်။

အောင်မြင်စွာ အဆင့်တက်ချင်လို့ ကျောင်းသားတွေသည် ဆရာတွေရဲ့ သင်ခန်းစာကို လာနားထောင်ကြသည်။ ဆွန်းမို အတန်း၏ လက်တွေ့ပိုင်းတွင် အောင်မြင်မှုကို လက်တွေ့ မြင်နေရသည်။

ဒါကြောင့်လည်း ဆွန်းမို၏ ကျင့်ကြံခြင်းဆေးပညာ အတန်းသည် အမြဲတမ်း လူပြည့်နေခဲ့သည်။ လူ ၃၀၀ ဆံ့သည့် စာသင်ခန်းတစ်ခုလုံးသည်

အတန်းမစခင် နာရီဝက်လောက်ကတည်းက လူပြည့်နေတတ်သည်။

အထူးသဖြင့် ဒီနှစ်ရက်အတွင်းဖြစ်သည်။ ကျောင်းသားများသည် ထိုင်ခုံ ဦးနိုင်ရန် တစ်နာရီလောက်ကြိုပြီး စာသင်ခန်းကို သွားကြသည်။

အရင်တုန်းကတော့ ကျောင်းသားများသည် သူတို့သူငယ်ချင်းအတွက် ထိုင်ခုံတွေပေါ်တွင် လွယ်အိတ်၊ စာအုပ်တွေကိုထားပြီး နေရာဦးတတ်ကြသည်။ ဒါကလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတိုင်း သဘောတူကြသည့် အရာဖြစ်သည်။

မြတ်ဆရာ၏ အတန်းများတွင် ထိုင်ခုံနေရာက တန်းဖိုးကြီးလွန်းသောကြောင့် ထိုအပြုအမူများက မသင့်တော်တော့ပါ။

အခု ဆွန်းမို အတန်းတွင်လည်း မသင့်တော်ပါ။

ဒီရက်ပိုင်းတွင် ထိုင်ခုံဦးသည့် ကိစ္စနှင့် ကျောင်းသားများ သုံးကြိမ်လောက်

ရန်ဖြစ်ထားကြသည်။ ဆွန်းမိုလည်း မနေနိုင်တော့ပဲ ပြင်းပြင်းထန်ထန် သတိပေးခဲ့သည်။

ကျောင်းသားတစ်ယောက်က နောက်တစ်ယောက်အတွက် ထိုင်ခုံဦးသည့် ကိစ္စကိုလည်း တားမြစ်ထား လိုက်သည်။

ဆွန်းမိုက မဟာအဆင့် ကြွက်သားပြုပြင်ခြင်း နည်းစနစ်၊ ကျွမ်းကျင် သွေးလည်ပတ်မှု နည်းစနစ်နှင့် ကျွမ်းကျင်အဆင့် သွေးရှင်သန်ခြင်း နည်းစနစ်တို့ကို ပိုင်ဆိုင်ထားသောကြောင့် သင်ပေးနိုင်သည့် အရာက အများကြီး ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့်လည်း လူတိုင်းက လက်တွေ့အပိုင်းကို ပိုသဘောကျနေဆဲ ဖြစ်သည်။

ဆွန်းမိုလည်း ဒီရက်ပိုင်းအတွင်း နတ်ဘုရားလက်၏ အစွမ်းကို အမြဲပြသခဲ့သည်။

အတန်းများသည် ဆွန်းမိုအတွက် လေးစားအထင်ကြီးမှု အမှတ်များကို အမဲလိုက်သည့် နေရာဖြစ်လာသည်။ ပုံမှန်ဆိုရင် အတန်းတစ်ခုပြီးတိုင်း လေးစားအထင်ကြီးမှုအမှတ် ၄၀၀ လောက်ရသည်။

ဒီအတန်းတွေက သူ့အတွက် တည်ငြိ်မ်သည့် အမှတ်အရင်းအမြစ်လို့တောင် သတ်မှတ်ထားသည်။

ဝိညာဉ်တက်တူး အတန်းကတော့ ဒီအတန်းနှင့် နှိုင်းယှဉ်ရင် ထိရောက်မှု အားနည်းသည်။

ဒီရက်ပိုင်းအတွင်း အများဆုံး တက်ရောက်သည့် ကျောင်းသားဦးရေမှာ ၆၀ သာဖြစ်သည်။ ဒါပမယ့်လည်း အချိန်ကြာလာသည်နှင့် အရေအတွက် ၅၀ ကနေ ၄၀ လောက်ထိ လျော့ကျသွားသည်။

ဒီအတွက်လည်း အဖြေမရှိပါ။ ဆွန်းမိုက ဘိုးဘေးအဆင့်ဖြင့် တက်တူးများကို

ရေးဆွဲပြနေသော်လည်း သင်ခန်းစာများက အပ်ကြောင်း ထပ်နေခဲ့သည်။

ဆွန်းမိုသည် ဝိညဉ်တကာ်တူးများ အကြောင်းကို ကိုယ်ဘာသာ လေ့လာခဲ့သော်လည်း ဟောပြောပွဲတစ်ခုကို ပို့ချရန် ဒီနယ်ပယ်တွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသည့် ဆရာများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျနေသည်။ ဝိညာဉ်တကာ်တူး ဘာသာရပ်သည် အရမ်းကို ရေပန်းစားနေပြီး ဆရာပေါင်းများစွာကလည်း သင်ကြား

ပို့ချနေကြသည် ။ ဒါကြောင့်လည်း ပြိုင်ဆိုင်မှု ပြင်းထန်သည်။

အခုတော့ ဆွန်းမိုသည် အတန်းတစ်ချိန်တွင် ဝိညာဉ်တက်တူး နှစ်ခု ရေးဆွဲပြီး လက်ဆောင်ပေးနေသောကြောင့် ပျမ်းမျှ တက်ရောက်သည့် ကျောင်းသားအရေအတွက်ကို အယောက် ၅၀တွင် ထိန်းထားနိုင်နေသည်။

ဒီလိုလုပ်နေတာက တခြားဆရာများဆီကို ရောက်သွားပါက မတရားသည့် နည်းလမ်းနှင့် ယှဉ်ပြိုင်နေတယ်လို့ ထင်သွားကြမည်။

ဆွန်းမို ရေးဆွဲထားသော ဝိညာဉ်တက်တူးများသည် အရမ်းကို အဆင့်အတန်းမြင့်ပြီး တစ်ခုကို ငွေတုံး ၅၀၀ လောက်တန်သည်။ အတန်းကို လာတက်သည့် ကျောင်းသားတိုင်း ငွေတုံး ၅၀၀ အထိ ရနိုင်သည့် အခွင့်အရေး ရှိနေသလို ဖြစ်နေသည်။

တကယ်လို့ ဝိညာဉ်တက်တူး မဟုတ်ခဲ့ပါက လူတွေက ကျောင်းခေါင်းဆောင်တွေဆီကို ဆွဲခေါ်သွားပြီး လူတက်ရောက်နှုန်းမြှင့်တင်ရန် ငွေကို သုံးနေပါတယ်ဆိုပြီး တိုင်ကြလိမ့်မည်။

ဆွန်းမိုက အားသည့်အချိန်တွင် သူ၏ တပြည့်များအတွက် ဝိညာဉ်စုဆောင်းခြင်းပန်းအိုးကို ရေးဆွဲပေးနေသည်။ ပထမအချက်က သူ့တာဝန် ပြီးသွားအောင်ဖြစ်ပြီး။ ဒုတိယအချက်က သူတို့ကို တွေ့ဆုံခြင်း လက်ဆောင် ပေးချင်လို့ ဖြစ်သည်။

ဆွန်းမိုက ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးကို တီထွင်ခဲ့သည်။ ဒီအပင်သည် ပြင်ပကမ္ဘာထက် ဝိညာဉ်ချီ ပိုသိပ်သည်းသည့် နယ်ပယ်တစ်ခုကို ဖန်တီးပေးနိုင်ပြီး အနည်းဆုံး ငါးဆလောက်

မြင့်သည်။ ကျင့်ကြံဖို့အတွက် အရမ်းအသုံးဝင်သည်။

ကျောင်းသားတွေက မကျင့်ကြံရင်တောင် ဒီလို ပတ်ဝန်းကျင်ထဲတွင် နေတာက အာဟာရကန်ထဲတွင် စိမ်နေသလို ဖြစ်နေသည်။ ကျောင်းသားတွေ၏ခန္ဓာကိုယ်ကို ဝိညာဉ်ချီတွေက အားဖြည့် ပေးနေမည်။

ဘယ်လိုပဲဖြစ်ဖြစ် နေထိုင်ခဲ့သည့် ဒီတစ်ပတ်အတွင်း ဆွန်းမိုသည် လေးစားအထင်ကြီးမှု အမှတ်ပေါင်း +၂၁၀၆ မှတ်ကို စုဆောင်းနိုင်ခဲ့ပြီး

အခုတော့ သူ့မှာ လေးစားအထင်ကြီးမှု အမှတ်ပေါင်း ၇,၀၀၀ ကျော်ရှိနေသည် ။ နောက်တစ်ပတ်ဆိုရင် အမှတ် ၁၀,၀၀၀ ပြည့်အောင်စုဆောင်းပြီး လိပ်နက်ဝိညာဉ်တက်တူး နည်းစနစ်ကို ဝယ်နိုင်မည်။ ဒါပေမယ့် ဆွန်းမိုကတော့ "အလွဲသုံးစားကျောင်းသား မြတ်ဆရာအရှိန်အဝါ'ကို ဝယ်ရန် အမှတ်တွေကို စုဆောင်းထားဖို့ ဆုံးဖြတ်ထားသည်။

လုချမ်ဂျီသည် အိမ်ကို မပြန်တာ တစ်ပတ်လောက် ရှိနေသည်။ ဆိုင်ရှင်လည်း

စိတ်ပူနေသည်။ ဒါကြောင့် ကျောင်းက အိပ်ဆောင်တွင် သားဖြစ်သူကို ရှာဖွေရန် ထွက်လာသည်။

"လုချမ်ဂျီလား။ စာကြည့်တိုက်ကို သွားတယ်"

ဆိုင်ပိုင်ရှင်နှင့် ရင်းနှီးနေသည့် လုချမ်ဂျီ၏ အခန်းဖော်က ပြောလိုက်သည်။

ဆိုင်ပိုင်ရှင်သည် ဗဟိုပြည်နယ် အကယ်ဒမီက စည်းကမ်းများကို နားလည်နေသည်။ ကျောင်းနှင့် မသက်ဆိုင်သောသူများက စာကြည့်တိုက်ကို ဝင်ခွင့် မရှိပါ။ ဒါကြောင့်လည်း အဆောင်

အဝင်ဝတွင်သာ သားဖြစ်သူကို စောင့်နေလိုက်သည်။

လရောင်ကတောက်ပပြီး သန်းခေါင်ယံ အချိန်ကို ရောက်တာတောင် သားဖြစ်သူက ပြန်မလာသေးပါ။ ဆိုင်ပိုင်ရှင်လည်း အံ့အောနေကာ ပိုပြီးစိတ်သောက ရောက်နေသည်။ သူ့သား ဘာဖြစ်နေတာလဲ။ တစ်ယောက်ယောက်ကိုများ ချစ်မိသွားတာလား။

လေ့လာခြင်း

သူ့သားက အရမ်းကြိုးစားပြီး စာကြည့်တိုက်ထဲတွင် အိပ်ဖို့၊ စားဖို့ကိုတောင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မေ့နေပြီး အသစ်အဆန်းများကို လေ့လာသင်ယူနေမယ်လို့ ဆိုင်ရှင်က မတွေးထားမိပါ။

နောက်ဆုံးတော့ သန်းခေါင်ယံအချိန်လည်း ကျော်သွားပါပြီ။

သူယူလာသည့် အစားအသောက်များက အေးသွားသဖြင့် ဆိုင်ရှင်လည်း အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒါပေမယ့် အဆောင်ပေါ်က ဆင်းလာသည့် အချိန်တွင် ပြန်လာသည့် သားဖြစ်သူကို မြင်လိုက်ရသည်။

"လုချမ်ဂျီ"

ဆိုင်ရှင်က လှမ်းခေါ်လိုက်သည်။

လုချမ်ဂျီက တစ်ချက်မှမကြားဘဲ ပါးစပ်က တစ်ခုခုကို တတွတ်တွတ် ရွတ်နေသည်။ သူက လှေကားကို တစ်ခါတည်း တက်လာသော်လည်း ပတ်ဝန်းကျင် ကိုမေ့နေပြီး သူ့အတွေးနှင့်သူရှိနေသည်။ လှေကားကို အမှတ်တမဲ့ ခလုတ်တိုက်လိုက်မိပြီး ကျယ်လောင်သော အသံထွက်လာကာ ပစ်လဲကျသွားသည်။

"သား............"

ဆိုင်ရှင်က အလန့်တကြား အော်ခေါ်လိုက်သည်။

လုချမ်ဂျီကတော့ အတွေးပျောက်ဆုံးနေဆဲဖြစ်သည်။ သူက မတ်တပ်ရပ်လိုက်ပြီး အပေါ်ကို ဆက်မတက်ခင် အဝတ်အစားက ဖုန်တွေကို ခါလိုက်သည်။

"သား........"

"လုချမ်ဂျီ"

ဆိုင်ရှင်က ဆက်တိုက် အော်ခေါ်နေသည်။ လက်ကိုဆန့်ထုတ်လိုက်ပြီး လုချမ်ဂျီ၏ လက်ကို

ဆုပ်ကိုင်ထားသည်။ အခုပုံစံကို ကြည့်ရတာ သူ့သားလေး တစ်ယောက်ယောက်ကို ချစ်မိနေတာလား။

"အာ အဖေ ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

လုချမ်ဂျီ ပြန်သတိရလာသည်။

သားဖြစ်သူ၏ ပုံစံကို ကြည့်ပြီး ဆိုင်ရှင် နှလုံးသား ကြေကွဲသွားသည်။ သားဖြစ်သူအတွက် တော်တော် စိတ်မကောင်းဖြစ်နေသည်။

လုချမ်းဂျီသည် ဆံပင်တွေ ရှုပ်ပွနေပြီး မျက်နှာကလည်း ညစ်ပတ်နေသည်။ တစ်ကိုယ်လုံးမှာလည်း ဂျေးညှော်တွေ ဖုံးလွှမ်းနေပြီး ညှင်းသိုးသိုး အနံ့ ထွက်နေသည်။ လုချမ်ဂျီသည် ရေမချိုးမိုးမချိုးဘဲနှင့် အနည်းဆုံး တစ်ပတ်လောက်ရှိနေပြီ။ ပိုပြီးခံစားရကာ မျက်လုံးတွေက နီရဲနေပြီး သွေးထွက်နေသည်။ မျက်နှာကလည်း ပင်ပန်းနွမ်းနယ်နေသည်။

"သားလေး မိန်းမတွေ မရှားပါဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆိုင်ရှင်စကားလည်း တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ သူ၏ လက်ရှိပုံစံအရ ဒီလိုစကားတွေ မပြောသင့်သေးပါ။

"ဘာ မိန်းမကောင်းလေးတွေလဲ"

လုချမ်ဂျီက မျက်ခုံးပင့်ရင်း ပြန်မေးသည်။

"အဖေ ။ ဘာမှမဟုတ်တော့ရင်လည်း အဆောင်ကို အရင် ပြန်လိုက်အုံးမယ်"

" ဆရာဆွန်းက ဘယ်လိုများလုပ်နိုင်တာလဲ။ စုတ်ချက်က နည်းနည်းလေးနှင့် ဝိညာဉ်တက်တူးက အလုပ်လုပ်နေတုန်းပဲ"

လုချမ်ဂျီ သဘောမပေါက်နိုင် ဖြစ်နေသည်။

"သား.........'

ဆိုင်ရှင်က နောက်တစ်ကြိမ် ထပ်အော်ခေါ်လိုက်ပြန်သည်။

လုချမ်ဂျီက အတွေးထဲရောက်နေပြီး မကြားလိုက်ပါ။

"ချမ်ဂျီ သတိထားအုံး ။ အိမ်အရင်ပြန်ရအောင်"

ဆိုင်ရှင်က သူ့သားကို ညင်ညင်သာသာ ဆုပ်ကိုင်ရင်း ပြောလိုက်သည်။ သူ့သားက

အခုဆိုရင် အရမ်းပိန်နေတယ်။ ဒီရက်ပိုင်း အစာတောင် မဝင်တော့ဘူးလား။

"မရဘူး။ အိမ်ပြန်တာက အချိန်ဖြုန်းသလိုပဲ"

လုချမ်ဂျီက ငြင်းလိုက်သည်။ စကားပြောပြီးနောက် ခေါင်းပြန်မော့သွားသည်။

"ခဏလောက်နေပါအုံးကွာ" ဆိုင်ရှင်က သားကို ဆက်ထိန်းထားသည်။

"အရင်ပြောပြပါအုံး။ ဘာတွေဖြစ်လဲ ဆိုတာ အသေအချာ ပြောပါအုံး"

"ဘာပြောတာလဲ"

လုချမ်ဂျီက မျက်မှောင် ကြုတ်ကာမေးလိုက်သည်။ သူစိတ်မရှည်တော့ပါ။

"အဖေ ။ ငါဆင်ခြင်သုံးသပ်နေတာကို မနှောက်ယှက်နဲ့ ဟုတ်ပြီလား"

"ဆင်ခြင်သုံးသပ်နေတယ်"

ဆိုင်ရှင်လည်း သူ့သားလက်ကို တစ်ချက်ကြည့်လိုက်ရင် ဝိညာဉ်တက်တူး စာအုပ်တချို့ကို ကိုင်ထားတာ တွေ့လိုက်သည်။ မဖြစ်နိုင်ဘူး မဟုတ်လား။ သူ့သား တကယ်ပဲ လေ့လာနေတာလား။

"အချစ်ကြောင့် ဘဝပျက်နေတာ မဟုတ်ဘူးလား"

"အမှန်ပဲ. ဆရာဆွန်းမို ဝိညာဉ်တက်တူးရေးဆွဲတာ အရမ်းကို အထင်ကြီးဖို့ကောင်းတယ်။ သူက အချိန်အများကြီး သက်သာအောင် ရိုးရှင်းအောင် လုပ်ခဲ့တာပဲ၊ ပထမကတော့ ဆရာဆွန်းရဲ့ ဝိညာဉ်စုဆောင်းခြင်း တက်တူးကို အမှတ်တရအဖြစ် သိမ်းထားမလို့ လုပ်လိုက်ပေမယ့် ငါ စမ်းသပ်ကြည့်ချင်လာတယ်။ ဒါပေမယ့် ငါစမ်းသပ်အသုံးပြုပြီးတဲ့ နောက်မှာ အခြားအဆင့်တူ

ဝိညာဉ်စုဆောင်းခြင်း တက်တူးတွေထက် အားနည်းနေတာကို တွေ့လိုက်တယ်"

ဝိညာဉ်တက်တူးအကြောင်းကို ပြောနေသည့် အခါမှာတော့ လုချမ်ဂျီသည် မရပ်မနား ပြောနေပြီး သူ့အစာအိမ်က ဗိုက်ဆာနေသည်။ ရှင်းပါတယ်၊ သူက စားဖို့မေ့နေတာဖြစ်သည်။

ဒါ

"ဆရာဆွန်းက ဆွန်းမိုလား"

ဆိုင်ရှင်က မေးလိုက်သည်။

"ဟုတ်"

လုချမ်ဂျီက ခေါင်းညိတ်လိုက်သည်။

“ဝိညာဉ်တက်တူး နယ်ပယ်မှာ သူရဲ့ အောင်မြင်မှုတွေက အရမ်းအဆင့်မြင့်နေပြီလား”

ဆိုင်ရှင်က ဆက်တိုက်မေးနေသည်။

“ အရမ်းမြင့်တယ်ဟုတ်လား။ ထူးထူးခြားခြားကို မြင့်နေတာ” ဆွန်းမိုအကြောင်းကို ပြောနေရင် လုချမ်ဂျီ၏ မျက်လုံး အရောင်တောက်နေသည်။ လေးစားမှုကို တွေ့နေရသည်။

“ ဝိညာဉ်စုဆောင်းခြင်းတက်တူးကို ရိုးရှင်းအောင် ပြန်မွမ်းမံထားတယ်။ မယုံနိုင်ဘူး မှတ်လား။ တကယ့်ကို ဉာဏ်ကြီးရှင်ပဲ”

ဆိုင်ရှင်လည်း နှုတ်ခမ်းတွေ တုန်နေပြီး ဘာပြောရမလည်း မသိတော့ပါ။

သူ့သားသည် ဝိညာဉ်တက်တူးနယ်ပယ်တွင် အရမ်းကို အရည်အချင်းရှိမှန်း သူသိသည်။ အရမ်းလည်း အားစိုက်ထုတ်သည်။ သူ့ဆိုင်မှာ ရောင်းသည့် ဝိညာဉ်တက်တူးအားလုံးသည်

သူ့သားက ရေးဆွဲခဲ့သည်။ ဖောက်သည်တွေကလည်း အရမ်းကို သဘောကျကြသည်။

သူသားကလည်း ဂုဏ်ယူနေခဲ့သည်။ ဗဟိုပြည်နယ် အကယ်ဒမီတွင် မြတ်ဆရာ ဟီရန်ဂျင် အတန်းတစ်ခုတည်းကိုသာ တက်ခဲ့သည်။ အခုတော့ ဆွန်းမိုကို အမှန်တကယ် ကိုးကွယ်နေသည်။

"ငါတွေ့ထားတာ တစ်ခုရှိသေးတယ်" လုချမ်ဂျီက အသံကို တိုးပြီးပြောလိုက်သည်။

"ဘာလဲ"

ဆိုင်ရှင်လည်း သိချင်စိတ်ကြောင့် စိတ်လှုပ်ရှားသွားသည်။

"ဆရာဆွန်းက အပင်ရဲ့ အရွက်တွေပေါ်မှာ ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ရေးဆွဲနိုင်တယ်"

လုချမ်ဂျီက ဒါကို အမှတ်တမဲ့ မြင်လိုက်သည်။

ဆွန်းမိုက အတန်းထဲကို သူနှင့် အတူပန်းအိုး တစ်ခု ယူလာခဲ့သည်။

"မဖြစ်နိုင်တာ"

ဆိုင်ရှင် ခေါင်းခါလိုက်မိသည်။ ဝိညာဉ်တက်တူး အရောင်းဆိုင်ကို ဖွင့်ထားသည့် ဆိုင်ရှင်တစ်ယောက်အနေနှင့် အပင်တစ်ပင်ပေါ်တွင် ဝိညာဉ်တက်တူးကို ရေးဆွဲရန် ဘယ်လောက်ခက်လည်းဆိုတာ သူသိသည်။

"အမှန်ပဲ။ ငါကိုယ်တိုင် မြင်ခဲ့တာ"

လုချမ်ဂျီက ခံစားချက်တွေနှင့် သက်ပြင်းချလိုက်သည်။

"ဆရာဆွန်းက အရည်အချင်းတွေနဲ့ ပြည့်နေတယ်"

ဒင်

လုချမ်ဂျီ၏လေးစားအထင်ကြီးမှုအမှတ် +၂၀။ မှုလ(၈၀/၁၀၀)

"တော်ပြီ ။ ဆက်မပြောတော့ဘူး။ အခုတော့ ဝိညာဉ်တက်တူး ရေးဆွဲဖို့ သွားတော့မယ်"

လုချမ်ဂျီလည်း အဆောင်ကို ပြန်လာခဲ့သည်။ သူက မှင်တွေကို သုံးပြီးကုန်သွားလို့သာ မဟုတ်ရင် စာကြည့်တိုက်က ပြန်လာမှာ မဟုတ်တော့ပါဘူး။

"အမ်။ မင်းမအိပ်တော့ဘူးလား" ဆိုင်ရှင်လည်း လန့်သွားသည်။

"အိပ်တယ်ဆိုတာ ဘာကိုပြောတာလဲ။ နည်းနည်းလောက် အားထုတ်လိုက်ရင် ဝိညာဉ်တက်တူးရဲ့ အနှစ်သာရကို မြင်ရတော့မယ်"

လုချမ်ဂျီက အသက်ရှူရင်း ပြောလိုက်သည်။

သားဖြစ်သူ လှေကားက တက်သွားကာ စကြာ်န်ကနေ ပျောက်သွားသည်အထိ ရပ်ကြည့်နေရင်း ဆိုင်ရှင်သည် အတွေးပေါင်း သောင်းခြောက်ထောင်နှင့် ကျန်ခဲ့သည်။ သူ့သားက ကြီးပြင်းလာပြီး ဝိညာဉ်တက်တူးကို လေ့လာဖို့အတွက် အမှန်တကယ်ကို လုပ်နေတာ မြင်တော့လည်း

ကျေနပ်မိသည်။ ဒါပေမယ့် သူ့သား ခန္တာကိုယ်က လိုက်မနိုင်မှာကို စိုးရိမ်နေသည်။

"ဆွန်းမိုရဲ့ ဝိညာဉ်တက်တူး သင်တန်းက တကယ်ကို ဆွဲဆောင်မှု ရှိနေတာလား"

ဆိုင်ရှင်က အခုတော့ စပ်စုချင်လာသည်။ သူက ဒီအတန်းကို မတက်နိုင်တာ တကယ် စိတ်ပျက်ဖို့ကောင်းသည်။

ဒင်

ဆိုင်ရှင်၏ လေးစားအထင်ကြီးမှုအမှတ် +၁၀။ မူလ(၈၅/၁၀၀)

ဆွန်းမို၏ ကျော်ကြားမှု ကြီးထွားလာတာနှင့်အမျှ မနေနိုင်တော့သည့် ပထမဆုံးလူသည် ကျန်ဟန်ဖူသာဖြစ်နေသည်။ ဒါကြောင့် ဂေါင်ပန်ကို လှမ်းခေါ်လိုက်သည်။ သူတို့ကြားက တိုက်ပွဲကလည်း နီးလာပြီ။

စာစဥ် (၉)

အခန်း (၁၂၄) - ဆွန်းမို၏ ထူးခြားချက်။

"အခုတော့ ဆွန်းမိုရဲ့ ကျင့်ကြံခြင်း ဆေးပညာအတန်းက အချိန်တိုင်း လူပြည့်နေတယ်"

ကျန်ဟာန်ဖူသည် စိတ်မကြည်သောကြောင့် အာလာပသလာပ နှုတ်ဆက်စကားတွေတောင် မပြောဘဲ လိုရင်းကို တန်းပြောလိုက်သည်။

ဂေါင်ပန်သည် နှုတ်ခမ်းကို ကိုက်လိုက်ပြီး လက်သီးကို တင်းတင်းဆုပ်ထားသည်။ သူ၏တိုက်ရိုက်တပြည့် ငါးယောက်ကို

အထူးလေ့ကျင့်ပေးရင်း အလုပ်ရှုပ်နေသော်လည်း ဆွန်းမို အကြောင်းကို ကြားနေရသည်။

ဒီအတွက်လည်း အဖြေမရှိပါ။ ဒီတစ်ပတ်လုံးမှာ ကျောင်းသားများနှင့် ဆရာများ အကြားတွင် ဆွန်းမို၏ အကြောင်းအရာက ရေပန်းအစားဆုံး ခေါင်းစဉ် ဖြစ်နေသည်။ အတန်းမှာဘဲဖြစ်ဖြစ်၊ ကန်တင်းမှာဘဲဖြစ်ဖြစ်၊ လမ်းလျှောက်နေရင်တောင် ကျောင်းသားတွေ ပြောနေသည့် ဆွန်းမိုအကြောင်းကို ကြားနေရသည်။

စာကြည့်တိုက်လို ဆူညံသံတွေ တားမြစ်ထားသည့်နေရာမှာဘဲ ဆွန်းမိုအကြောင်းကို မကြားရတော့တာ ဖြစ်နေသည်။

“ငါထပ်ဖြည့်ပြီး ပြောလိုက်အုံးမယ်။ လူပြည့်နေတယ်လို့ပြောတာ ၅ဂတွေ ၁ဂဂတော့ ဆံ့တဲ့ စာသင်ခန်းကိုပြောတာ မဟုတ်ဘူး။ စုစုပေါင်း လူ ၃ဂဂ ဆံ့တဲ့ အခန်းကိုပြောတာ”

ကျန်ဟန်ဖူက ဂေါင်ပန်ကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

"ဒီသဘောတရားက ဘာလဲ ဆိုတာသိလား။ မြတ်ဆရာတစ်ယောက်မဖြစ်ခင် ဘယ်ဆရာမှ မလုပ်နိုင်တဲ့ အောင်မြင်မှုပဲ"

အရိုးသားဆုံးပြောရရင် ဆွန်းမိုသာ အန်ရှီဝေ၏ ခင်ပွန်းလောင်း မဖြစ်ခဲ့ရင် ဆွန်းမိုကို သူဘေးနားမှာ ခေါ်ထားလိုက်မည်။ ဒီဆရာကြောင့် မြတ်ဆရာ အသိုင်းအဝိုင်းအတွင်းမှာ သူ၏ ဂုဏ်သိက္ခာ တက်လာနိုင်သည်။

"ကျောင်းအုပ်ကြီးကျန် ငါက မင်းဘာပြောချင်လည်းဆိုတာ သိတယ်။ ငါက

သူနဲ့ ပြိုင်ပွဲ လုပ်ထားပြီးသားပါ။ အခုချိန်မှာ ဖြစ်နေတာက သူနာမည်ပိုကြီးလေလေ ရှုံးနိမ့်သွားပြီးရင်လည်း အကျနာလေလေ ဖြစ်မှာပဲ”

ဂေါင်ပန်က သူ့ဒေါသတွေကို အတင်းမြိုသိပ်ပြီး ပြန်ဖြေလိုက်သည်။

အမှန်အတိုင်းပြောရရင် သူသည် ဆွန်းမိုကို အထင်သေးပြီး ကျန်းလန်နှင့် ကူရှုပ်ရှင်းတို့ တစ်ဝက်လောက်သော သဘောထားခဲ့သည်။ လျှိုမူဘိုင်သာလှ ျင် သူ၏ပြိုင်ဘက်ဖြစ်ဖို့ အရည်အချင်းရှိတယ်လို့ သတ်မှတ်ထားခဲ့သည်။

ဒါပေမယ့် အမှိုက်ကျောင်းက ဘွဲ့ရခဲ့သည့် ဆွန်းမိုက ဆရာအသစ်များကြားတွင် ရေပန်းအစားဆုံး ဖြစ်လာခဲ့ပြီး နာမည်ကျော်ကျောင်းက ဘွဲ့ရခဲ့သည့် သူကတော့ သူတို့သုံးယောက်၏ လောင်းရိပ်အောက်ကို ရောက်နေခဲ့သည်။

“ မင်းမှာ ယုံကြည်ချက် ရှိလို့လား”

ကျန်ဟန်ဖူကတော့ လုံးဝ မယုံကြည်ပါ။ ပထမလူထုဟောပြောပွဲမှာ ဆွန်းမိုကို နှိပ်ကွပ်မယ်လို့ ပြောခဲ့တာ ဘယ်သူလဲ။ နောက်ဆုံးတော့ သူ့ရဲ့

တပြည့်လေးယောက်ပဲ ကျန်ခဲ့တယ်။ လက်တစ်ဖက်တည်းနှင့်တောင် ရေတွက်လို့ရတယ်။ ဒါတင်မကသေးဘူး သူ့တပြည့်တစ်ယောက်တောင် ဆွန်းမို ဟောပြောပွဲသွားနားထောင လိုက်သေးတယ်။

ဆရာတွေက အပေါ်ယံမှာတော့ ဘာမှမပြောကြပေမယ့် နောက်ကွယ်မှာတော့ ဂေါင်ပန်ကို အထင်သေးနေကြသည်။ ဒီအချက်ကြောင့်လည်း ဂေါင်ပန်ကို

ကိုယ်တိုင်ကိုယ်ကျ လိုက်ခေါ်ခဲ့သည့် ကျန်ဟန်ဖူကိုလည်း မလေးမစား ဖြစ်လာကြသည်။

ဂေါင်ပန် ဘယ်လိုပဲလုပ်လုပ် ဆွန်းမိုထက် နိမ့်ကျတယ် ဆိုသည့်အချက်ကနေ မလွတ်တော့ပါဘူး။

ကျန်ဟန်ဖူသည် အရပ်အမောင်း ပုသူဖြစ်သည်။ ဒါကို တတိယတန်း ဒုကိ္ခတလို့လည်းခေါ်ကြသည်။ ဒါကြောင့်လည်း ဂုဏ်သိက္ခာနှင့် ပက်သက်လာရင် ကျန်ဟန်ဖူသည် ဆက်ဆက်ထိမခံ ဖြစ်နေသည်။

ဝေါင်ပန်သာ နာမည်ကျော်ကျောင်းက ဘွဲ့မရပဲ အရည်အချင်းတချို့သာ မရှိပါက ကျန်ဟာန်ဖူသည် အကြောင်းပြချက်ရှာပြီး ထုတ်ပစ်လိုက်ပြီ။

"ငါတို့ ကလန်ရဲ့ ခန္တာကိုယ်ပြုပြင်ခြင်း နည်းစနစ်နဲ့ ဆေးဘက်ဆိုင်ရာ ရေချိုးခြင်းက ကျောင်းသားတွေကို တစ်လအတွင်း ခုန်လွှား ခုန်ပေါက်ပြီး တိုးတက်နိုင်တယ်။ ပြီးတော့ ငါ့ရဲ့ သီးသန့်လမ်းညွှန်မှုနှင့်အတူ ဆွန်းမိုကို သေချာပေါက် ချေမှုန်း ပစ်နိုင်တယ်"

ဂေါင်ပန်သည် ယုံကြည်မှု အပြည့်နှင့် ဖြစ်နေသည်။

" ဒါဆိုရင် ကောင်းတာပေါ့"

ကျန်ဟန်ဖူလည်း ဂေါင်ပန်မျက်လုံးထဲက မာနနှင့် ယုံကြည်မှုကို မြင်မှ စိတ်အေးသွားသည်။ ဂေါင်ပန်သည် ဒေါသကို မြိုသိပ်ထားသလို မပေါ့လျှော့ရဲတာကိုလည်း သူသိသည်။

"ပြောစရာမရှိတော့ရင် ငါတပြည့်တွေကို သွားလေ့ကျင့်ပေးတော့မယ်"

ဂေါင်ပန်က မတ်တပ်ရပ်ပြီး နှုတ်ဆက်လိုက်သည်။

“ မင်းအတန်းမှာ ကျောင်းသားတက်ရောက်မှု မှတ်တမ်းကိုလည်း အရမ်းဆိုးဆိုးဝါးဝါးကြီး မဖြစ်စေနဲ့အုံး။ မင်းရဲ့အတန်းမှာ လာနားထောင်တဲ့ ကျောင်းသားအရေအတွက် နည်းနေတယ်။ ဆွန်းမိုကို လိုက်မှီဖို့ မလိုဘူး။ ဒါပေမယ့် အနည်းဆုံးတော့ ကူရှုပ်ရှင်းထက် မနည်းသင့်ဘူး။

ကျန်ဟန်ဖူက ဂေါင်ပန်ကို သတိပေးလိုက်သည်။ သူ့အသံမှာ အရမ်း မကျေနပ်တာကိုလည်း မြင်နေရသည်။

အရင်တုန်းကတော့ လျှောင်ပြည်နယ် အနောက်ကမ်းရိုးတန်း စစ်ကျောင်းက ဘွဲ့ရကို အရမ်း မျှော်လင့်နေခဲ့သည်။ ဒါပေမယ့် အခုတော့ သူ့သုံးသပ်ချက်က မှားယွင်းခဲ့တဲ့ ပုံပဲ။

"ကူရှုပ်ရှင်းလား။ ဘာလို့ ဆွန်းမိုကို အမှီလိုက်ဖို့ မတောင်းဆိုတာလဲ"

ဂေါင်ပန်လည်း စိတ်မချမ်းသာတော့ပါဘူး။ အနောက်ဘက် ကမ်းရိုးတန်းစစ်ကျောင်းက ကျောင်းသားများ၏ စရိုက်သည် ဒီအတိုင်းသာ ဖြစ်သည်။ သူတို့က ပွင့်ပွင့်လင်းလင်း သမားတွေဖြစ်ပြီး လှည့်ပတ် ဝေဖန်နေတာကို မကြိုက်ပါဘူး။

"မင်းက သူ့ကို မှီနိုင်မယ်လို့ ထင်နေတာလား"

ကျန်ဟန်ဖူ ပုံစံက ပိုတင်းမာလာသည်။

"ငါနိုင်သွားတာကို မင်းမြင်အောင် ပြမယ်"

ဂေါင်ပန်က ပြန်တုံ့ပြန် လိုက်သည်။

“ဟွန့် ။ ငါမင်းကိုပြောလိုက်မယ်။ ဒီတစ်သုတ် ဆရာအသစ်တွေထဲမှာ သင်ခန်းစာ ပို့ချတာနှင့် ပက်သက်ရင် ဆွန်းမိုက အထူးခြားဆုံး နံပါတ်တစ်လို့ပဲ ပြောရမယ်။ သူ့ရဲ့ နတ်ဘုရားလက်မပျက်သ၍ သူ့အတန်းက အမြဲတန်းလူပြည့်နေမှာပဲ။ နောက်ထပ် လနည်းနည်းသာကြာသွားရင် သူ့သင်ခန်းစာက ဗဟိုပြည်နယ် အကယ်ဒမီ ကိုယ်စားပြု သင်ခန်းစာ ဖြစ်လာလိမ့်မယ်။”

ကျန်ဟန်ဖူက ဂေါင်ပန် မျက်လုံးကို စိုက်ကြည့်ရင်း အကျယ်ကြီး အော်ပြောလိုက်သည်။

ဂေါင်ပန်၏ အမူအရာ ပြောင်းသွားသည်။ ကျန်ဟန်ဖူက ဆွန်းမိုကို ဒီလောက်အမြင့်ကြီး အကဲဖြတ်ထားမယ်လို့ မမျှော်လင့်ထားပါ။

ကိုယ်စားပြု သင်ခန်းစာဆိုတာ ဘာလဲ။

သူ့နာမည်အတိုင်း အကယ်ဒမီ၏ ထူးခြားသော လက္ခဏာနှင့် သန်မာမှုကို ကိုယ်စားပြုသော အကယ်ဒမီ သင်ခန်းစာ ဖြစ်သည်။ အခြားကျောင်းက ကိုယ်စားလှယ်များလာကြသည့်

အခါ ထိုကိုယ်စားလှယ်များနားထောင်ရန် ကျောင်းက စီစဉ်ပေးကြသည်။

ကျောင်းနှစ်ကျောင်း သင်ကြားရေး ဖလှယ်ကြသည့် အခါမှာလည်း ဆွန်းမိုက ဗဟိုပြည်နယ် အကယ်ဒမီကို ကိုယ်စားပြုပြီး အခြားကျောင်းကို သွားသင်ပြပေးရမည်။

အများအားဖြင့်ဆိုရင်တော့ ကိုယ်စားလှယ်သင်ခန်းစာများ အတွက် နေရာသည် အရမ်းကို ကျော်ကြားသည့် မြတ်ဆရာများနှင့်သာ သက်ဆိုင်သည်။ အခြားကျောင်းများအတွက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သင်ခန်းစာ လမ်းပြရမယ့် သူဖြစ်သည်။ ဒါကြောင့် ဆရာကလည်း အရမ်းကိုကောင်းမွန်သည့် သင်ကြားရေး စွမ်းရည် ရှိနေ ရမည်။

ကိုယ်စားပြုသင်ခန်းစာကို ပို့ချသည့်ဆရာသည် အကယ်ဒမီ တစ်ခုလုံးကို ကိုယ်စားပြုသည်။ တကယ်လို့သူသာ အရာအားလုံးကို အစားဖြေဖို့ လုံလောက်အောင် မသန်မာပါက အခြားကျောင်းကလူများကို ကျေနပ်အားရ သက်ပြင်းချအောင် မလုပ်နိုင်ခဲ့ရင် ရှက်ဖို့ကောင်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကူရှုပ်ရှင်းကလည်း အလုတရားတစ်ခုဖြစ်ပြီး ဒါကလည်း မွေးရာပါ အားသာချက် တစ်ခုပဲ။ သူ့မအတန်းတိုင်မှာ ယောကျ်ားလေးကျောင်းသား အနည်းဆုံး ၅ဝလောက်ရှိတယ်။ ပြီးတော့ သူ့မသင်ကြားရေးစွမ်းရည်ကလည်း မဆိုးဘူး ဒါကြောင့် တက်ရောက်မှု မှတ်တမ်းက တည်ငြိမ်နေပြီး အတန်းတိုင်းမှာ လူ ၁ဝဝလောက်ရှိတယ်။ တကယ်လို့သာ စက်ဆုပ်ဖွယ် ဆွဲန်းမိုသာ မရှိရင် သူ့မအောင်မြင်မှုကို ထူးချွန်တယ်လို့ သတ်မှတ်နိုင်ပြီး ဆယ်စုနှစ်အတွင်း ထိပ်တန်း ဆယ်ယောက် ထဲ ပါနိုင်တယ်"

ကျန်ဟန်ဖူက ဂေါင်ပန်၏ ခံစားချက်ကို ဂရုမစိုက်ဘဲ ဆက်ပြောနေခဲ့သည်။

"ကျန်းလန်တောင် သူမရဲ့အတန်းမှာ မင်းထက်စာရင် လူပိုများနေသေးတယ်။ အခု ငါဘာပြောချင်လဲဆိုတာ နားလည်ပြီလား"

ဂေါင်ပန် မျက်နှာတစ်ခုလုံး မည်းမှောင်သွားသည်။ သူ လက်မခံနိုင် ဖြစ်နေသည်။ တကယ်ကို သူက အောက်ဆုံးပဲလား။

"မင်းထွက်သွားလို့ရပြီ။ ဆွန်းမိုနဲ့ ပက်သက်ပြီး ငါလည်း မကျေနပ်သလို မင်းကိုလည်း

မတင်းကျပ်ဘူး။ မင်းရဲ့ အနာဂတ်အတွက်လည်း စိတ်ပူတယ်။ မင်းတို့နှစ်ယောက်ကြားက တိုက်ပွဲက မင်းရဲ့ လက်ရှိအခြေအနေကို ပြောင်းပြန်လှန်ပစ်ဖို့ အကောင်းဆုံး အနေအထားပဲ”

ဂေါင်ပန်သည် သူဘာယ်ကလာတယ်ဆိုတာ သဘောပေါက်ပြီး ပိုကြိုးစားမယ်လို့ ကျန်ဟာန်ဖူ ယုံကြည်သည်။

ဆွန်းမိုကို တတ်နိုင်သမျှ အမြန်ဆုံး ဖျက်ဆီးရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီကောင် မြှင့်တက်လာတဲ့ အရှိန်က အရမ်းမြန်လွန်းသည်။ အခုဆိုရင် ဘယ်သူကမှ ဆန့်ပျော့စားတဲ့ကောင်လို့ မပြောတော့ဘူး။ လူတိုင်းက သူ့ကို နတ်ဘုရားလက်လို့ ခေါ်နေကြပြီး ကောင်းတဲ့အရာတစ်ခုလို နာမည်ကြီးနေသည်။ ဆွန်းမို၏ ပုံရိပ် ဒီထက်ပိုပြီး ကြီးထွားလာခဲ့ရင် သူတောင် ကိုင်မလှုပ်နိုင်တော့ပဲ ဖြစ်တော့မည်။ ဆွန်းမိုကို လုံးဝ သတ်ဖို့ နည်းလမ်းမရှိတော့ပေမယ့် ကျန်ဟန်ဖူသာ သူ့ကို ဖိနှိပ်ချင်သေးပါက ကျန်ဟန်ဖူ ပိုကြီးမားသည့် အားစိုက်ထုတ်ရမည်။

ဆရာတစ်ယောက်၏ ယုံကြည်မှုသည် သူတို့၏ သင်ကြားရေး စွမ်းရည်ကနေလာသည်။

ဆွန်းမို၏ ပုံရိပ်တိုးတက်လာပြီးမှ ကျန်ဟာန်ဖူကျောင်းက ထုတ်လိုက်ရင်တောင် သူ့ကို ဖိတ်ခေါ်ချင်သည့် ကျောင်းတွေအများကြီး ရှိနေနိုင်သေးသည်။ ဒါကို ကျန်ဟာန်ဖူ မလိုချင်ပါ။

"ငါ့ကို သောက်ရှက်ခွဲတဲ့ကောင် ဘယ်ကောင်မှ ကောင်းကောင်း မနေစေရဘူး"

ဆွန်းမိုက လူသိရှင်ကြား ပြန်ငြင်းခဲ့သည့် အဖြစ်အပျက်ကိုတွေးမိပြီး ကျန်ဟာန်ဖူ

အလွန်ဒေါသထွက်လာကာ မျက်နှာပုပ်ပြီး အံ့ကြိတ်ထားသည်။

ပုံမှန်အတိုင်းဆိုရင် ဆွန်းမိုသည် အန်ရှီဝေက ဖိတ်ခေါ်ထားသည့်သူ ဖြစ်သည်။ သူနာမည် ပိုကြီးလေလေ အန်ရှီဝေ ဂုဏ်သိက္ခာ ပိုတက်လေလေ ဖြစ်နေသည်။ ထိုအချက်ကိုသာ ထည့်ပေါင်းလိုက်ပါက အန်ရှီဝေ၏ ရာထူး တည်ငြိမ် သွားနိုင်သည်။

ဂေါင်ပန်သည် အရမ်းရှက်နေသည့် ပုံစံဖြင့် ရုံးခန်းထဲက ထွက်လာသည်။

လမ်းနည်းနည်းလျှောက်ပြီးနောက် အနီးအနားက နံရံကို လက်သီးနှင့် ထိုးနေသည်။

ဘုန်း ဘုန်း ဘုန်း

အရမ်းနာကျင်သော်လည်း ဂရုမစိုက်ဘဲ ဆဲဆိုပြီး ထပ်ထိုးနေသည်။

“ ငါ...လို.......”

“ ငါ...လို.......”

“ ငါ...လို.......”

“ ငါ...လို.......”

ဂေါင်ပန်၏ ပုံစံသည် ကြောက်ဖို့ကောင်းလောက်အောင် မနာလိုမုန်းထားသည့် ပုံစံပေါက်နေသည်။ ဒီလို အရှက်မကွဲခဲ့တာ တော်တော်ကြာနေပြီ။ အခုချိန်မှာတော့ ဆွန်းမိုကို မုန်းတီးသည့် စိတ်က အမြင့်ဆုံးကို ရောက်နေသည်။

နံရံကို အကြိမ် အနည်းငယ် ထိုးလိုက်ပြီးနောက် ချက်ခြင်းပဲ အသက်ပြင်းပြင်းရှူကာ စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်သည်။ သူ့ဆရာက အရင်က ပြောခဲ့သည်။ တည်ငြိမ်မှုပျောက်ပြီး

စိတ်ခံစားချက်ကို မထိန်းနိုင်ပါက အဲဒီလူသည် သေချာပေါက် မအောင်မြင်နိုင်တော့ပါ။

ဂေါင်ပန်သည် ဉာဏ်ရည်နှင့် ပက်သက်ပြီး ပြဿနာ မရှိပါ။ ကျန်ဟန်ဖူနှင့် ပြောခဲ့သမျှကို ပြန်စဉ်းစားပြီး လမ်းလျှောက်သွားသည်။ ဒါပေမယ့် သိပ်မကြာခင် မျက်နှာပေါ်တွင် အပြုံး ပေါ်လာသည်။

ဂေါင်ပန် အေးစက်စက် ပြုံးလိုက်သည်။ ဆွန်းမိုနှင့် သူ့အတန်း ကွာဟချက်ကို ပြောရာတွင် ကျန်ဟန်ဖူက ဘာကြောင့်

နတ်ဘုရားလက်အကြောင်းကို ဖောင်းပေးပြီး ပြောတာလဲ။ ကျန်ဟန်ဖူက သူ့ဒေါသကို မီးမွှေးပေးပြီး ဆွန်းမို၏ နတ်ဘုရားလက်ကို ဖျက်ဆီးချင်နေတာ မဟုတ်လား။

နတ်ဘုရားလက်သာ မရှိပါက ဆွန်းမိုသည် အီးပေါလော တစ်ယောက်သာ ဖြစ်သည်။

“ငါ ဆွန်းမိုရဲ့ လက်ကို ဖျက်ဆီးပစ်ရမယ်။ မင်းကြောင့်တော့မဟုတ်ဘူး၊ ငါခံလိုက်ရတဲ့ အရှက်တရားကြောင့်ပါ”

သက်ဆိုင်သည့် ကျောင်းသားများ သုံးကြိမ်သုံးခါတိုက်ပြီးနောက် ဆွန်းမိုနှင့် တိုက်ဖို့ စိန်ခေါ်ရန် ဆုံးဖြတ်လိုက်သည်။ ဆွန်းမိုကိုသာ သေအောင် မရိုက်နိုင်ရင် အနောက်ဖက် ကမ်းရိုးတန်းစစ်ကျောင်းရဲ့ သံမဏိသွေး ဇစ်မြစ်ကို စွန့်လွှတ်ပစ်လိုက်မည်။

အရင်တုန်းကတော့ ချိုင်တန်သည် စောစောထကာ လေ့ကျင့်သည့် အလေ့အထ ရှိခဲ့သည်။ ဒါပေမယ့် လွန်ခဲ့သည့် နှစ်ဝက်ကစပြီး

အချိန်တိုင်း မောပန်းနေကာ နေမြင့်မှပဲ အိပ်ရာက နိုးတတ်တော့သည်။

လွန်ခဲ့သည့် ရက်ပိုင်းကတော့ ချိုင်တန်သည် ကို့ကိုယ်ကို သတ်သေမလို လုပ်နေစဉ် ချစ်သူ ရွှမ်ယွင် ရောက်လာပြီး သူနှင့် နီးကပ်အောင် အချက်ပြခဲ့သည်။ ဒါပေမယ့် ဒီနေ့တော့ သူ့ချစ်သူက အရေးကြီးသည့် ကိစ္စတစ်ခုခု လုပ်ရန် ရှိတယ်ဆိုကာ အရင်ထွက်သွားနှင့်သည်။

ချိုင်တန်လည်း ဘာမှ လုပ်စရာမရှိသလို သူ့ခန္ဓာကိုယ်ကလည်း နေမကောင်းသဖြင့်

ကျင့်ကြံဖို့ကလည်း မဖြစ်နိုင်ပါ။ ဒါကြောင့် ဆွန်းမို သင်ခန်းစာကို သွားနားထောင်ဖို့ ဆုံးဖြတ်လိုက်သည်။

သူ့အခန်းဖော်များသည် မိန်းကလေးတွေက အလှဆုံး အကြောင်းကနေ ဆွန်းမို၏နတ်ဘုရားလက် အကြောင်းကို ခေါင်းစဉ်ပြောင်းသွားသည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင်လည်း နတ်ဘုရားလက်ကို ချီးကျူးနေသည့် အကြောင်းက မွှန်ထူနေသည်။

ချိုင်တန်သည် စားချင်စိတ်မရှိသော်လည်း သင်ကြားရေးအဆောင်ကို မသွားခင်

ဆန်ပြုတ်တစ်ခွက်ကို သောက်လိုက်သေးသည်။ အဲဒီနောက်မှာတော့ ကြောငြာဘုတ်ကနေ ဆွန်းမို၏ အတန်းကို ရှာတွေ့သွားသည်။

"သူ့ရဲ့အတန်းက တကယ် ဟောခန်းမကြီးလား။ လူပြည့်နေပြီလား'

ဆွန်းမို၏ အတန်းကို ကျောင်းသားများစွာ တက်ရောက်ကြောင်း အခန်းဖော်ဆီကနေ ကြားခဲ့သော်လည်း အများကြီး မယုံခဲ့ပါ။ ကောလဟာသတို့၏ ထုံးစံအတိုင်း တတိယလူဆီကို ရောက်သွားပါက အမှန်တရားလုံးဝ

ပျောက်ကွယ်သွားတယ်လို့ ယုံကြည်ထားခဲ့သည်။ ချိုင်တန်လည်း ဟောခန်းထဲကို ရောက်သွားလျှင်ပဲ ဝင်သွားလိုက်သည်။ ဒါပေမယ့်လည်း သိပ်မကြာခင် ရပ်သွားပြီး သူ့မျက်နှာတွင် အလွန်အံ့အောသင့်နေသည့် အကြည့် ပေါ်လာသည်။

ဆွန်းမို အတန်းကို စဖို့ နာရီဝက်လောက် လိုသေးသော်လည်း ထိုင်ခုံက မရှိတော့ပါ။ ချိုင်တန်လည်း စကြိန်ထောင့်ကို ကြည့်လိုက်မိသည်။ အခုလောလောဆယ်တော့ လူဆယ်ယောက်ကျော်လောက်က တန်းစီနေသည်။

အခုတော့ သူနားလည်သွားပြီး သူတို့သည် ထိုင်ခုံများ လွတ်သွားမလားလို့ ကံစမ်းနေကြသည်။

"ဝိုး။ ကြည့်ရတာ သူက နည်းနည်းတော့ ထူးကဲမယ်"

ချိုင်တန်ကတော့ အံ့ဖွယ် တစ်ခု ဖြစ်နေသည်။ မြတ်ဆရာအတန်းတွင်သာ ကျောင်းသားများက ထိုင်ခုံစောင့်ဆိုင်း ကြရသည်။ တကယ်လို့ သူသာ အမှတ်မမှားပါက ဆွန်းမိုသည် ဆရာအသစ်တစ်ယောက်သာ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျောင်းအုပ်ကြီး အန် ဒီတစ်ကြိမ်တော့ ရတနာတစ်ခု ကောက်ရသွားပြီ ထင်တယ်"

ချိုင်တန်လည်း မခံနိုင်တော့ပဲ အခန်းထဲက ပြန်ဆုတ်လိုက်သည်။

အတန်းချိန် နီးလာတာနှင့် ကျောင်းသားများလည်း ပိုများလာသည်။ အသစ်ရောက်လာသော ကျောင်းသား တစ်ယောက် အခန်းထဲကို တစ်ခါတည်း ဝင်လာပြီး ကျောင်းသားတစ်ယောက်နှင့် ထိုင်ခုံ နေရာ လဲလိုက်သည်။

ဒီမြင်ကွင်းကို မြင်လိုက်တော့ ချိုင်တန်လည်း အံ့အော တုန်လှုပ်သွားသည်။

"ဆွန်းမိုရဲ့ အတန်းက ဒီလောက်အထိတောင် ရေပန်းစားနေပြီလား"

စောင့်ရခြင်းသည် အမြဲတန်း ရှိတတ်သည့် အမှန်တရား ဖြစ်သည်။ ချမ်းသာသည့် ကလန်က ကျောင်းသားများသည် တစ်နာရီလောက် ကြိုလာပြီး စောင့်ဆိုင်းချင်စိတ် မရှိကြပါ။ စရန်ငွေကြိုပေးပြီး နေရာ ဦးခိုင်းထားတတ်သည်။

သူတို့ရောက်လာမှ ကျန်သည့်ငွေကို ပေးကာ နေရာယူလိုက်ကြသည်။

ဆင်းရဲနွမ်းပါးသည့် ကျောင်းသားတချို့ကတော့ ဝင်ငွေတချို့အပေါ်ကို မှီခိုနေရသည်။

ဆွန်းမို၏ ကျင့်ကြံခြင်းဆေးပညာအတန်းသည် မဆိုးပါဘူး ဒါပေမယ့် ကျောင်းသားအားလုံးတော့ စိတ်မဝင်စားကြပါဘူး။

"ဘောပဲ"

"ဒါက လုံးဝ မတရားဘူး'

"ဟုတ်တယ်။ ငါတို့ဆိုရင် စောင့်နေတာ တစ်နာရီတောင် ရှိသွားပြီ။ အခုတော့ ငါက အရှုးလို့တောင် ခံစားရတယ်"

စကြံ်နှ်တွင် ရပ်နေသော ကျောင်းသားများသည် ရပ်နေရင်း ထိုချမ်းသာသည့် ကျောင်းသားကို စိုက်ကြည့်ကာ ကျိန်ဆဲနေကြသည်။

"ဆွန်းမိုရဲ့ သင်ခန်းစာတွေက အရမ်း ကောင်းနေလို့လား"

ချိုင်တန်လည်းအံ့အော တုန်လှုပ်သွားသည်။ ထိုင်ခုံနေရာ ရောင်းစားခြင်းသည် အရမ်းကို

ကျော်ကြားသော မြတ်ဆရာများ၏ အတန်းတွင်သာ တွေ့ရတတ်သည်။ ပုံမှန်ဆိုရင်တော့ မြတ်ဆရာရဲ့ ပုံရိပ်က ပိုကြီးလေ ထိုင်ခုံဈေးကလည်း ပိုကြီးလေဖြစ်သည်။

ချိုင်တန် မှင်တက်နေသည့် အချိန်တွင် စာသင်ခန်း အဝင်ဝတွင် ကျောင်းသား နှစ်ယောက် စကားများ ရန်ဖြစ်နေကြသည်။

ပိုက်ဆံကိုလက်ခံကာ ထိုင်ခုံ နေရာချိန်ပေးပြီး ထွက်လာသည့် ကျောင်းသားကို တစ်နာရီကျော်အောင် ရပ်စောင့်နေသည့်

ကျောင်းသားများက ဝိုင်းထားသည်။ အခုဆိုရင် သူတို့ အားလုံး အရမ်း ဒေါသထွက်နေကြသည်။

မှတ်ချက်။ ။ တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုတွင် အရပ် ၁၇၅ စင်တင်မီတာ အောက်နိမ့်သည့်သူကို တတိယတန်း ဒုက္ခတိလို့ ခေါ်ကြသည်။

စာစဉ် (၉)

အခန်း (၁၂၅) - နတ်ဘုရား ကောင်းချီး၊ ထူးခြားကောင်းမွန်သော အစွမ်း။

ဆွန်းမို လှေကားပေါ်ကို တက်လာလျှင် စကြံန်တွင် ရုတ်ရုတ် ရုတ်ရုတ်ဖြစ်နေသော ကျောင်းသား တစ်အုပ်ကိုတွေ့လိုက်သည်။

"ဆရာဆွန်း ရောက်လာပြီဟေ့"

ဘယ်သူက လှမ်းအော်လိုက်မှန်းမသိပေမယ့် အရင်က စကြ်ံန်တွင် ဆူညံနေသည့် အသံများ ရုတ်တရက် တိတ်ဆိတ်သွားသည်။ ရန်ပွဲတွင် ပါဝင်နေသောသူများလည်း ချက်ခြင်းရပ်လိုက်ပြီး နောက်ကို အမြန်ပြန် ဆုတ်သွားသည်။ အဲဒီအချိန်မှာ သူတို့ ရုတ်တရက် ထိန်းမနိုင် သိမ်းမရလောက်အောင် ကြောက်စိတ်ဝင်လာသည်။ သူတို့ကို ဆူဆဲကြိမ်းမောင်းပြီး အပြစ်ပေးမှာ မကြောက်သော်လည်း ဆွန်းမိုက သူ့အတန်းကို လာခွင့် ပိတ်ပင်လိုက်မှာကို ကြောက်ရွံ့နေကြသည်။

"ဘာတွေ ဖြစ်နေတာလဲ"

ဆွန်းမိုက ပန်းအိုးတစ်လုံးကို သယ်ကာလမ်းလျှောက်လာပြီး သူ့မျက်နှာတွင်လည်း ဒေါသတွေနှင့် ပြည့်နေသည်။ ကျောင်းသားတွေ ရန်ဖြစ်နေခြင်းသည် သူအမုန်းဆုံး အပြုအမူထဲက တစ်ခုဖြစ်သည်။

"ဆရာ။ ဒီကောင်က အတန်းအတွက် ထိုင်ခုံနေရာကို ရောင်းစားနေတယ်"

ကျောင်းသားတစ်ယောက်က ဒီကစ္စတွေကို ဖြေရှင်းပေးပြီး သူတို့ကို

အပြစ်မပေးစေချင်သောကြောင့် အမြန်ထွက်လာပြီး ရှင်းပြသည်။ တခြားကျောင်းသားတွေလည်း စပြောလာကြပြီး အပြစ်တင် ရှုံ့ချသံများနှင့် ချက်ခြင်း ဆူညံသွားသည်။

ဆွန်းမိုလည်း ရန်ဖြစ်ထားလို့ နှုတ်ခမ်းတွေ ယောင်ယမ်းနေသော ဆံပင်အတိုနှင့် ကျောင်းသားလေးကို တစ်ချက်ကြည့်လိုက်သည်။ ပတ်ဝန်းကျင်က ကျောင်းသားများကိုလည်း တစ်ချက် အာရုံစိုက် ကြည့်လိုက်လျှင် တရားနည်းလမ်းကျပြီး မခံမရပ်နိုင် ဖြစ်နေသည့် မျက်နှာများကို

မြင်လိုက်သည်။ ဆံပင်အတိုနှင့် ကျောင်းသားလေးက တကယ်ကို အရိုက်ခံသင့်တဲ့ ပုံပဲ။

“ဆရာ၊ ကျွန်တော် ထိုင်ခုံကို ပိုက်ဆံနဲ့ မရောင်းပါဘူး။ ကျွန်တော့် သူငယ်ချင်းကို ပေးချင်ယုံ သက်သက်ပါ”

အရိုက်ခံလိုက်ရသည့် ကျောင်းသားလေးကို လင်ချမ် လို့ခေါ်သည်။ သူ့နှုတ်ခမ်းတွေက ရောင်ရမ်းနေပြီး စကားတောင် ရှင်းရှင်းလင်းလင်း မပြောနိုင်တော့ပါဘူး။ ဒီလိုကိစ္စမျိုးအတွက်

သေတဲ့အထိ အရိုက်ခံရရင်တောင် ဝန်မခံနိုင်ပါဘူး။ ဘာပဲပြောပြော သက်သေ မရှိပါဘူး။

“ မင်းဘာလို့ ပေါက်ကရတွေ ပြောနေတာလဲ။ တစ်နာရီကျော်အောင် ထိုင်စောင့်ပြီး အတန်းစတော့မယ်ဆိုမှ ဘာကြောင့် ထ ထွက်သွားရတာလဲ”

တစ်ယောက်က ဝင်မေးလိုက်သည်။

“ငါ နေလို့ မကောင်းတော့လို့”

လင်ချမ်ကလည်း ချက်ခြင်း အကြောင်းပြချက် ပြန်ပေးသည်။

ဆွန်းမိုကတော့ နှုတ်ဆိတ်နေပြီး သူတို့နှစ်ယောက် ဆက်ငြင်းနေတာကို စောင့်ကြည့်နေသည်။ သူတို့၏ အမူအရာကို အကဲခတ်နေလိုက်သည်။ ကျောင်းသားတွေက ထိုင်ခုံရောင်းရလောက်သည်အထိ သူ့သင်ခန်းစာက ရေပန်းစားနေမယ်လို့ မထင်ထားမိပါဘူး။ နေရာပြန်ရောင်းချတာက ဒါ ပထမဆုံး အကြိမ်လို့ သတ်မှတ်ရမှာလား။

အမှန်တိုင်းပြောရလျှင် ဆွန်းမိုလည်း ဒီအပြုအမူက မတရားသလို ဖြစ်နေသဖြင့် တော်တော် မကျေမနပ် ဖြစ်နေသည်။

လင်ချမ် အသက် ၁၅နှစ်။ ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၅)

ကြံ့ခိုင်မှု ၇ ။ ခွန်အားက ထူးခြားချက် ဖြစ်သည်။

ဉာဏ်ရည် ၆။ နည်းနည်း ဉာဏ်ကောင်းသည်။

သွက်လက်မှု ၄။ မြန်မြန် မပြေးနိုင်ပါ။

ခံနိုင်ရည် ၉။ အကောင်းဆုံး အားသာချက်ပဲ။

အာလားလာ တန်ဖိုး ။ ပျမ်းမျှ။

မှတ်ချက် ။ ငွေအရမ်းကြိုက်သည်။ ငွေကြောင့်သာ ကျင့်ကြံနေခြင်းဖြစ်သည်။

မှတ်ချက် ။ မကြာခဏ လိမ်ပြီး ခိုးယူတတ်သည်။ ကံကိုယုံကြည်ပြီး လောင်းကစားလည်း လုပ်တတ်သည်။

လင်ချမ်၏ အချက်လက်ကို ကြည့်ပြီး ဆွန်းမိုလည်း မျက်မှောင် ကြုတ်သွားသည်။

ချိုင်တန်လည်း လူအုပ်ထဲတွင် ရပ်နေသည်။ ဆွန်းမိုကို မြင်ပြီး ကြက်သေ သေသွားသည်။

“တကယ်ပဲ သူလား”

အဲဒီနေ့က ကြေကွဲခြင်း မရှိရေကန်တွင် တကယ်ကို သတ်သေမလို့ လုပ်ခဲ့သည်။ ဒါပေမယ့် ဆရာငယ်လေး၏ စကားကြောင့် ခဏလက်လျှော့ခဲ့သည်။ ဒီ ဆရာအငယ်လေးက ဆွန်းမို ဖြစ်နေမယ်လို့ မမျှော်လင့်ထားပါ။

“မင်း အဆိပ် မိနေပြီ” ဒီစကားက ချိုင်တန် နားထဲတွင် ပြန်ပြီး ကြားယောင်လာသည်။ ချိုင်တန်က ဒါကို မေ့နေခဲ့သည်။ အဆိပ်မိဖို့ဆိုတာ ဘယ်လို ဖြစ်နိုင်မှာလဲ။ သူသည်

ကျောင်းကန်တင်းမှာသာ ထမင်းစားပြီး ကျောင်းက ရေကိုပဲ သောက်ခဲ့သည်။ တစ်ခါတစ်လေ သူ့ရည်းစားနှင့် သော်လည်းကောင်း သူငယ်ချင်းတွေနှင့် သော်လည်းကောင်း စားသောက်ဆိုင်တွင် ထွက်စားတတ်သည်။ အားလုံးကလည်း အဆင်ပြေနေသည်။

အဓိကအချက်ကတော့ ဆရာဝန်တွေ အများကြီးနှင့် စစ်ဆေးခဲ့ပြီးပါပြီ။ ဘယ်သူကမှ အဆိပ်ရှိတယ်လို့ မပြောခဲ့ကြပါ။ ချိုင်တန်လည်း ဆွန်းမိုကို မျက်ခုံးပင့်ပြီး ကြည့်လိုက်မိသည်။ သာမန်

ဆရာတစ်ယောက်က ပြောခဲ့ရင် ဟာသ တစ်ခုလို့ သတ်မှတ်လိုက်မည်။ ဒါပေမယ့် ပြောတဲ့သူက ဆွန်းမို ဖြစ်နေသည်။ ဒီကာလအတွင်း ဆွန်းမို၏ နတ်ဘုရားလက်အကြောင်း မကြားချင်မှအဆုံး နားပေါက်ကွဲလောက်သည်အထိ ကြားနေရသည်။

"တကယ်ပဲ အဆိပ်မိနေတာလား" ချိုင်တန် တွေဝေလာသည်။ ဒါပေမယ့် ဘာလို့ ဆရာဝန်တွေ အားလုံးက ဒီအချက်ကို မသိတာလဲ။

"အားလုံး တိတ်ကြပါ"

ဆွန်းမိုက လက်ကို မြှောက်လိုက်ပြီး အားလုံး တိတ်တိတ်နေကြရန် အချက် ပြလိုက်သည်။ စာသင်ခန်းနှင့် စကြႋန်တွင် ကျောင်းသား ရာဂဏန်း အနည်းငယ် ရှိသော်လည်း ဆွန်းမို၏ စကားတစ်ခွန်းကြောင့် တိတ်ဆိတ်သွားသည်။

ဆွန်းမို၏ လွှမ်းမိုးမှုကို မြင်ပြီး ချိုင်တန်လည်း လှျာကိုက်လိုက် မိသည်။ မြတ်ဆရာတွေသာ ဒီလိုမျိုး လွှမ်းမိုး နိုင်တာကို သိထားရမည်။ ပြီတော့ ဆွန်းမိုက ဆရာအသစ်တစ်ယောက်ပဲ ဖြစ်သေးသည်။

လိုဒီက ဝက်ပေါင်ခြောက် ဟင်းအိုးကို ကိုင်ရင်း လျှောက်လာနေသည်။ သူလည်း ဖြတ်သန်းရင်း ဒီမြင်ကွင်းကို အမှတ်တမဲ့ မြင်သွားပြီး ပြိုင်ဘက်ကင်း မနာလိုစိတ် ဖြစ်သွားသည်။

" မင်းက နေလို့ မကောင်းဘူး ပြောတယ်နော်"

ဆွန်းမိုက လင်ချမ်ကို ကြည့်ရင်း မေးလိုက်သည်။

"ဒီကောင်တော့ ကံဆိုးတော့မယ်"

ဒါကိုကြားတော့ လီဇီချီလည်း ရယ်မောပြီး ပြုံးလိုက်မိသည်။

“ဟုတ်တယ်။ သူသာလိမ်နေရင် သေချာပေါက် ကံဆိုးတော့မယ်”

လုချီဟွာလည်း ခေါင်းညိတ်ပြီး ပြောလိုက်သည်။ ငါတို့ ဆရာရဲ့ ရှေ့ဟောင်း နဂါးဖမ်းသည့်လက်က ဘယ်လိုအရာပဲ ဖြစ်ဖြစ် ထောက်လှမ်းနိုင်တာ ဒီကောင် မသိသေးဘူး။

“အမ်…ငါ……ငါ..”

လင်ချမ်သည် ဆွန်းမိုက နတ်ဘုရားလက်ကို ပိုင်သည့်အချက်အား ပြန်သတိရသွားသည်။ ဒါကြောင့်လည်း နည်းနည်း ရင်ဖိုသွားသည်။

သူသာ ထိုင်ခုံရောင်းခဲ့တယ်ဆိုတဲ့ အချက်ကို ဝန်ခံလိုက်ရင် သေချာပေါက် အပစ်ပေးခံရတော့မည်။ ဆွန်းမိုက နောင်ကျရင် သူ့အတန်းတက်ဖို့ ပိတ်ပင်လိုက်ရင် ဘယ်လို ငွေရှာရတော့မလဲ။ သူက စောစော နေရာဦးပြီး ပြန်ရောင်းလိုက်ရင် ငွေတုံး ၁၀ တုံး လောက်ရသည်။ ဒါက သူ့အဖေ လယ်ထဲမှာ နှစ်လလောက် လုပ်လို့ရသည့် ငွေနှင့် အတူတူ ပဲဖြစ်သည်။ ဒီရက်ပိုင်းအတွင်း ကြွယ်ဝမှု အရင်းအမြစ်ပေါ်ကို မှီခိုပြီး သူ့အစားအသောက်ကိုတောင် အဆင့်

မြှင့်တင်လိုက်သေးသည်။ မဟုတ်ခဲ့ရင် ညစာကို ဘယ်လိုသတ္တိနှင့် အသားဟင်း မှာစားနိုင်မှာလဲ။

“မင်းကို မေးနေတယ်လေ”

ကျောင်းသားတစ်ယောက်က ဝင်ပြောလိုက်သည်။

“ ငါ... .ငါ တကယ်နေလို့ မကောင်းဘူး”

ငွေကြောင့် လင်ချမ်သည် လိမ်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒါ့အပြင် အရင်ကလည်း နေမကောင်းဘူးလို့ ပြောထားခဲ့သည်။ ဆွန်းမိုက ဘယ်လို စစ်ဆေးပြီး ဒါကို သက်သေပြမှာလဲ။

ဆွန်းမိုက ရှေ့ပောင်း နဂါးဖမ်းသည့်လက်ကို သုံးလိုက်ရင် သူက ဆက်ပြီး နေမကောင်းဘူးလို့ ငြင်းနေလိုက်မည်။ သူလိမ်တာကို သက်သေပြဖို့ ဆရာဝန် ရှာမှာလား။ စိတ်မကောင်းဘူး ခေါင်းကိုက်တယ် လို့ ပြောလိုက်ရင် ဆရာဝန်တောင် ဘယ်လို သက်သေပြမှာလဲ။ ဒါဆိုရင် မေးခွန်းက အဆုံးသတ် မရဘဲ ဖြစ်သွားမည်။ ဒါကိုတွေးမိပြီး လင်ချမ်လည်း တော်တော် စိတ်အေးသွားသည်။

"ဆရာက မယုံရင် ဘာလို့ ရှေ့ပေါင်းနဂါး ဖမ်းသည့်လက်နဲ့ မစစ်ဆေးတာလဲ"

လင်ချမ်၏ စောက်ချိုးကို မြင်ပြီး ကျောင်းသားတွေ သေလုမတတ် ဒေါသ ထွက်နေသည်။ ဒီကောင်က တော်တော် ရှုံ့ဖို့ကောင်းသည်။

"ဟီး ဟီး"

ဆွန်းမိုက လင်ချမ် စကားကို နားမထောင်ပဲ

"မင်း အမှန်တိုင်း မပြောချင်တာ သေချာလား" နောက်တစ်ကြိမ် မေးလိုက်သည်။

“ဆရာ ကျွန်တော် မလိမ်ပါဘူး”

လင်ချမ်က မဟုတ်ပဲ စွပ်စွဲ ခံနေရသည့် ပုံလုပ်လိုက်သည်။ ဆွန်းမိုက သူ့ကို လစ်လျူရှုလိုက်ပြီး အဲဒီအစား စာသင်ခန်း အပေါက်ဝကိုသွားကာ စကားမပြောခင် အတွင်းကကျောင်းသားတွေကို တချက်ကြည့်လိုက်သည်။

“ထိုင်ခုံ ဝယ်ခဲ့တဲ့ ကျောင်းသားက ဘယ်သူလဲ။ အခု ထွက်လာရင် ဘာမှမလုပ်ဘူး။ ဒါပေမယ့် ဖုံးကွယ်ထားလို့ ငါအမှန်တရားတွေ့ရင်

ငါ့အတန်းတက်ဖို့ ပိတ်ပင်မှာ ဖြစ်သလို ကျောင်းကလည်း နှင်ထုတ် ပစ်ဖို့ အကြံပြုလိုက်မယ်”

ဆွန်းမိုအသံက ပြောနေရင်း တင်းမာလာသည်။

“အမ်”

လင်ချမ်လည်း မှင်တက်သွားသည်။ ဆွန်းမိုက ဒီလို ပြောမယ်လို့ မတွေးထားခဲ့မိဘူး။ ဝမ်လီ ဝန်မခံပါစေနဲ့ လို့ဆုတောင်းရင်း အခန်းထဲကို လှမ်းကြည့်လိုက်မိသည်။ ဒါပေမယ့် ဆုတောင်းတောင် မပြီးလိုက်ဘူး။ ဝမ်လီက ထွက်လာသည်။

"ဆရာ။ ကျွန်တော်မှားပါတယ်။ ထိုင်ခုံ မဝယ်ခဲ့သင့်ပါဘူး။ ဒါပေမယ့် ကျွန်တော်က သင်ခန်းစာ မလွတ်ချင်လို့ပါ"

ဝမ်လီက မတ်တပ်ရပ်ကာ ဆွန်းမိုကို စိုက်ကြည့်ပြီး ဝန်ခံလိုက်သည်။ စာသင်ခန်း တစ်ခုလုံးနှင့် စကြံ်န်တွင် ကျောင်းသား ရာဂဏန်း အနည်းငယ်ရှိနေသည်။ အခုအချိန်မှာ သူတို့အားလုံး အံ့အော မှင်တက်နေကြသည်။ ဆွန်းမိုက လင်ချမ်အား စစ်ဆေးရန် ရှေ့ဟောင်းနဂါးဖမ်းသည့် လက်ကို ဖော်ပြမယ်လို့ အားလုံးက

တွေးနေကြသည်။ ယေဘုယျအားဖြင့် လိမ်လား မလိမ်လား စစ်ဆေးဖို့ သူဒီလိုတောင်လုပ်ဖို့ မလိုပါဘူး။

သူ့စကား တစ်ခွန်းထဲနှင့် လင်ချမ် လိမ်နေတာကို သက်သေပြနိုင်ခဲ့သည်။

"အမ်"

လုချီဟွာ အံ့အော မှင်တက်နေသည်။ ဒီလိုလည်း အလုပ်ဖြစ်တာပဲလား။

"ဆရာက တကယ်ကို အထင်ကြီး စရာပဲ"

လီဇီချီက စိတ်ရင်းနဲ့ ချီးကျူးလိုက်သည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု အမှတ် +၁၅ ။ ရင်းနှီး (၄၀၂/၁,၀၀၀)

ဆွန်းမိုက ရှေ့ဟောင်း နဂါးဖမ်းသည့်လက်နှင့် ဖြေရှင်းခဲ့ရင်ရောဆိုသည့် အတွေးစီးကြောင်းထဲတွင် နစ်မြုပ်နေကြသည်။ လင်ချမ် ခန္ဓာကိုယ်တွင် ပြဿနာမရှိတာကို ဆွန်းမိုက တွေ့ခဲ့ရင်တောင် လင်ချမ်က ဝန်မခံသ၍ သက်သေပြဖို့ ဆရာဝန်ဘယ်လို ရှာမလဲ။ လင်ချမ်က လိမ်ညာနေကြောင်းကို နောက်ဆုံးမှာ ဆရာဝန်က

သက်သေပြလိုက်ရင်တော့ ဆွန်းမို၏ ကိုယ်ကျင့်စရိုက်မှာ အစရိပ်ထင်သွားမည်။ ဆရာနှင့် ကျောင်းသားကြား အငြင်းပွားလို့ နောက်ဆုံးမှာ ဘယ်သူပဲနိုင်နိုင် ဆရာရဲ့ နာမည်မှာ အနည်းနှင့် အများ ထိခိုက်နိုင်သည်။ ဆွန်းမိုက ပြဿနာကို ရိုးရှင်းပြီး ညာဏ်ကောင်းစွာ ကိုင်တွယ်လိုက်သည်။

စကားလေး တစ်ခွန်းတည်းနှင့် လင်ချမ်ကို ဝန်ခံဖို့ကလွဲပြီး ရွေးစရာမရှိအောင် လုပ်ခဲ့သည်။

လင်ချမ်က ပြဿနာ တစ်ခုကို မေ့နေခဲ့သည်။ သူက သင်ခန်းစာကို

ဂရုမစိုက်သော်လည်း သူ့ကိုငွေပေးခဲ့သည့် ကျောင်းသားကတော့ ဆွန်းမို သင်ခန်းစာကို တခြားသူများထက် ပိုနားထောင်ချင်တာ သေချာသည်။ ဘယ်လိုပဲ ပြောပြော သူရခဲ့သည့် ငွေသည် တစ်နေရာက ထွက်လာခြင်း ဖြစ်သည်။

ဆွန်းမို၏ စကားတစ်ခွန်းက ဝမ်လီကို ဝန်ခံခိုင်းဖို့ လုံလောက်သည်။ ဖုံးကွယ်ရမယ် ဟုတ်လား။ ဘာကြောင့် ငွေမက်သည့် လင်ချမ်အတွက် ဆွန်းမိုကို ဒီလို လုပ်ရမှာလဲ။

"တကယ်လို့ ငါ့သင်ခန်းစာကို နားထောင်ချင်ရင် စောစောလာပြီး ထိုင်စောင့်ပါ။ ဒီနေ့တော့ အတန်းထဲက ထွက်သွား"

ဆွန်းမို စကားမဆုံးသွားသည်နှင့် ဝမ်လီက မဟာ ခွင့်လွှတ်ခြင်း ရလိုက်သလို ခံစားလိုက်ရသည်။ သူက မရပ်မနား ဂတိတွေ ပေးနေသည်။

" နောင်ကျရင် သေချာပေါက် အစောကြီးလာပြီး ထိုင်စောင့်ပါမယ်"

ဆွန်းမိုက စကြဲန်ကို ပြန်လှျောက်လာ လိုက်သည်။ လင်ချမ် မျက်နှာက မိုးပြိုနေသလို ဖြစ်နေကာ အုံ့အောမှင်တက်နေသည်။ ပြီးတော့ ဒူးထောက်ကျသွားသည့် အသံအကျယ်ကြီး ထွက်လာသည်။

"ဆရာ။ ဆရာကျွန်တော်ကို အပြစ်ပေးပါ။ ဒါက အဆင်ပြေပါတယ်။ ဒါပေမယ့် ကျောင်းကတော့ နှင် မထုတ်လိုက်ပါနဲ့"

"အမှန်တိုင်း ဖွင့်ပြောတာက အမှားကိုသိပြီး နောင်တရလို့ ခွင့်လွှတ်စေချင်တာမှ မဟုတ်ပဲ။

ကျောင်းထုတ် မခံချင်လို့သာ လုပ်နေတာပဲ။ ဘာထပ်ပြီး ပြောချင်သေးလဲ” ဆွန်းမိုက သက်ပြင်းချရင်း မေးလိုက်သည်။

“ဆရာ ကျွန်တော်မှားပါတယ်” လင်ချမ်က အလေးအနက်ထားပြီး အနူးအညွတ် တောင်းပန်နေသည်။

“ငါ့ကို ကျောင်းက နှင်ထုတ်လို့မရဘူး။ ကျွန်တော်က ကျွန်တော်တို့ရွာမှာ နာမည်ကြီးကျောင်းကို ဝင်ခွင့်ရတဲ့ တစ်ဦးတည်းသော ကျောင်းသားပါ။ ကျွန်တော်က မိဘတွေရဲ့

ဂုဏ်ယူမှုလည်း ဖြစ်ပါတယ်။ ကျွန်တော်သာ အနှင်ထုတ်ခံလိုက်ရရင် သူတို့ ရင်ကွဲနာကျပြီး သေသွားနိုင်တယ်”

ဆွန်းမိုက ရှေ့လျှောက်လာပြီး လင်ချမ်၏ ပုခုံးကို ထိလိုက်သည်၊

“ဆရာ ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါနော်”

လင်ချမ်သည် သူ့မိဘများကို မကြာခဏ အကာအကွယ်အဖြစ် အသုံးပြုတတ်ပြီး အများအားဖြင့် လည်း ထိရောက်မှု ရှိသည်။

"ငါ့အမေက နေမကောင်းလို့ အိပ်ရာထဲကတောင် မထနိုင်ဘူး။ ဒီလိုဖြစ်သွားရင် သူမ ခံနိုင်ရည် ရှိမှာ မဟုတ်ဘူး"

"မင်းအမေကို ဒီလို ကြိမ်ဆဲတာ ကောင်းလား။ ဘာပဲဖြစ်ဖြစ် သူမက မင်းကို ဒုက္ခခံပြီး ၁၅နှစ်လောက် ပြုစုပျိုးထောင်လာတာလေ"

ဆွန်းမိုက လင်ချမ် ကို စိုက်ကြည့်ရင်း တော်တော်ကို စိတ်ပျက်လာသည်။

"အမ်"

လင်ချမ် လုံးဝကို အံ့အော မှင်တက်သွားသည်။ ဒီတစ်ခါတော့ သူ့ခန္ဓာကိုယ်က ချွေးများ ရေတံခွန်တစ်ခုလို စီးကျလာပြီး တစ်ကိုယ်လုံး ချွေးများနှင့် စိုရွှဲနေသည်။ (တစ်ခုခုတော့ မှားနေပြီ။ ဒီဆရာက ငါ့ကို လှည့်စားဖို့ ကြိုးစားနေတာပဲ ဖြစ်ရမယ်။ ဘယ်လိုလုပ် ငါ့အမေနေကောင်းတာကို သိမှာလဲ)

“ ဆရာ ကျွန်တော်အမေက တကယ်ကို အိပ်ရာထဲမှာ လဲနေတာ။ ကျွန်တော် မလိမ်ဘူး”

လင်ချမ်က အလျှော့မပေးဘဲ ခခယယနှင့် နှစ်ကြိမ်တောင် ပြောလိုက်သည်။

"တကယ်တော့ မင်းသာ အမှားကို ဝန်ခံလိုက်ရင် မင်းကို ကျောင်းထုတ်ဖို့ အစီအစဉ်မရှိဘူး။ ဘယ်လိုပဲပြောပြော ပညာသင်ဖို့ ဒီအထိလာတာ လွယ်တော့ မလွယ်ဘူး။ ဒါပေမယ့် အခုတော့ မင်းလိမ်နေတာကို သည်း မခံနိုင်တော့ဘူး"

ဆွန်းမို မျက်မှောင် တော်တော်ကြုတ်သွားသည်။

"ဒါကြောင့် မင်းရဲ့ မွေးရပ်မြေကိုသွားပြီး မင်းအမေကို သွားခေါ်ခိုင်းဖို့ တစ်ယောက်ယောက်ကို လွှတ်လိုက်မယ်။ အဲ့အခါကျမှ ဘာတွေဖြစ်လာမလည်း ကြည့်ကြတာပေါ့"

ဆွန်းမို ဆက်ပြောချင် စိတ်လည်း မရှိတော့ပါဘူး။

"ဆရာ ငါစီစဉ်လိုက်ရမလား"

လီဇီချီက စေတနာ ဝန်ထမ်း ဝင်လုပ်လိုက်သည်။

“ငါတို့ ကလန်က ရထားကို သုံးလိုက်ရင် သူ့အမေ ခရီးအရှည်ကြီး ထွက်လို့လည်း မပင်ပန်းပါဘူး”

“အင်း သက်ကြီး ရွယ်အိုတွေကို ကောင်းကောင်း ဂရုစိုက်ရမှာပေါ့”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

ဒါကိုကြားရင် လင်ချမ် တကယ်ကို ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ သူ့အမေသာ ဒီကြောင်းကို သိရင် တကယ်အသေသတ်မှာ။ နှင်ထုတ်ခံရတာထက် ပိုဆိုးသွားနိုင်သည်။

ဒါကြောင့်လည်း နောက်တစ်ကြိမ် မြေကြီးနှင့် ခေါင်း ပြင်းပြင်းထန်ထန်ထိအောင် အရိုအသေ ပေးလိုက်ပြီး

“ဆရာ။ ကျွန်တော်မှားပါတယ်။ အမေက လုံးဝမဖျားပါဘူး။ ဝမ်လီကို ထိုင်ခုံနေရာအတွက် ပိုက်ဆံနဲ့ ရောင်းခဲ့တာကို ဝန်ခံပါတယ်။ ကျောင်းကပဲ နှင်ထုတ်ပါ။ အမေကိုတော့ ကျေးဇူးပြုပြီး မပြောပါနဲ့” လင်ချမ်က တောင်းပန်လိုက်သည်။

ကျောင်းထုတ်ခံရပြီးရင်တောင် ချင်လင်မြို့ထဲတွင်

အလုပ်လုပ်နေလို့ ရသေးသည်။ ဘယ်လိုပဲပြောပြော သူ့အရည်အချင်းသည် သာမန်သာဖြစ်ပြီး ကျောင်းတက်နေတာက ပိုက်ဆံကုန်ရုံကလွဲရင် အဓိပ္ပာယ်လည်း မရှိပါ။ ဒါပေမယ့် သူ့အမေ ရောက်လာရင်တော့ တကယ်ပြီးသွား လိမ့်မည်။

ရှူး

ကြည့်ရှုနေသော လူအုပ်ကြီးသည် ထိုစကားကို ကြားလိုက်လျှင် လေအေးတစ်ချက် ရှူလိုက်မိသည်။ လင်ချမ်၏ အမေက နေကောင်းနေတယ်ဆိုတာကို ဆွန်းမိုက ဘယ်လို သေချာနေတာလဲ။

အဲဒီနောက်မှာ ဆွန်းမိုက စကားမပြောခင် လင်ချမ်၏ ပုခုံးကို ထိလိုက်တာ သတိရသွားသည်။

"အဲဒါ မဖြစ်နိုင်ဘူး မဟုတ်လား။" နတ်ဘုရားလက်တောင် ဒီလို အရာတွေ မပြောနိုင်ဘူးလေ"

"သူ ရမ်းချလိုက်တာ မဟုတ်ဘူးလား"

တကယ်လို့ လင်ချမ်၏ အမေသာ တကယ်နေမကောင်းပြီး အိပ်ရာပေါ်မှာ လဲနေတယ်ဆိုရင် ဆွန်းမိုသာ လူလွှတ်လိုက်ပါက

သူ့နာမည်ပျက်သွားမှာပေါ့ ကျောင်းသားတွေ ဆွေးနွေးနေကြသည်။ ဆွန်းမိုကို ကြည့်လိုက်သည့် သူတို့ အကြည့်တွင် မယုံကြည်နိုင်မှုတွေ၊ အံ့အောမှုတွေနှင့် ပြည့်နေသည်။

“ အို ကောင်းပြီ။ မင်းအခန်းဖော်ဆီက ခိုးထားတဲ့ ငွေတုံး ၂ တုံးကိုလည်း ကျောင်းမထွက်ခင် ပြန်ပေးဖို့ မမေ့နဲ့အုံး”

ဆွန်းမိုက အလေးပေးပြီးပြောလိုက်သည်။

“ဘာ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီစကားကို ကြားလိုက်ရင် ဟောပြောခန်းမတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ လင်ချမ်၏ မျက်နှာလည်း အရောင်ပျောက်သွားကာ မျက်နှာတစ်ခုလုံး သွေးဆုတ်သွားပြီး နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေသည်။ ငြင်းချင်ပေမယ့်လည်း စကားမပြောရဲတော့ပါ။ ဆွန်းမို၏ နတ်ဘုရားလက်က ကြောက်ဖို့ ကောင်းလွန်းသည်။

ဒင်

လင်ချမ်၏ လေးစားအထင်ကြီးမှု +၃၀။ မူလ (၃၀/၁၀၀)

ဆွန်းမိုကို ကြောက်ရွံ့ပြီး လေးစားအထင်ကြီးမှု အမှတ်များ ထွက်လာသည်။

လင်ချမ်၏ လက်ရှိပုံစံသည် အရင်နှင့် တခြားစီဖြစ်နေသည်။ ဒါကို နှိုင်းယှဉ်လိုက်ပါက ဆွန်းမိုပြောတာ မှန်နေလောက်သည်။ "နတ်ဘုရားကောင်းချီးပဲ။ အရမ်းထူးချွန်တဲ့ အရည်အချင်းပဲ" ဝန်းရံနေသည့် ကျောင်းသားများ၏ စောစောတုန်းက မျက်လုံးများ အရောင်မှိန်သွားပြီး

ထိုနေရာတွင် ထိတ်လန့်မှု အစား စိတ်အားထက်သန်မှုများ တိုးလာသည်။ နတ်ဘုရားလက်သည် ရှင်းရှင်းလင်းလင်း အပြတ်အသတ် စွမ်းလွန်းသည်။ သူတို့ကိုယ်တိုင် ခံစားကြည့်ချင်လာသည်။

ဒင်

"ဂုဏ်ပြုပါတယ်။ လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း +၅၂၅ မှတ် ရရှိပါတယ်။"

ချိုင်တန်လည်း ဆွန်းမို၏ နောက်ကျောကို ကြည့်နေရင်း လုံးဝကို အံ့အော

မှင်တက်နေသည်။ ထို့နောက် စိတ်ထဲတွင် အတွေးတစ်ခု ဝင်လာသည်။

"ငါ့အဆိပ် မိနေတာ ဖြစ်နိုင်တယ်"

ဒင်

ချိုင်တန်၏ လေးစားအထင်ကြီးမှု +၂၀ ။ မူလ (၂၀/၁၀၀)

ဆွန်းမိုလည်း စင်ပေါ်တက်ပြီး အခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်လိုက်ရင် ထိုင်ခုံ ၃၀၀ စလုံး ပြည့်နေသည်။

လင်ချမ်၏ ခိုးယူမှုကို ထုံးစံအတိုင်း နတ်ဘုရား မျက်စိနှင့်ကြည့်ပြီး တွေ့ခဲ့သည်။ ဒါပေမယ့် သူ၏စွမ်းရည်ကို ဖုံးကွယ်နိုင်ရန် လင်ချမ်၏ ပုခုံးကို ထိလိုက်ပြီး ရှေ့ဟောင်းနဂါးဖမ်းသည့် လက်ကြောင့်လို့ လူတိုင်း ထင်သွားအောင် လုပ်လိုက်သည်။

“အခု ထိုင်ခုံ ဝယ်ထားတဲ့ လူအားလုံး ထွက်သွားကြပါ”

ဆွန်းမိုပြောပြီးသည်နှင့် ဟောခန်းမတစ်ခုလုံး ရှန်းရင်းဆန်ခတ် ဖြစ်သွားသည်။ စက္ကန့်

အနည်းငယ် ကြာပြီးနောက် ကျောင်းသားဆယ်ယောက်ကျော် ထိုင်ခုံမှ ချက်ခြင်းထလိုက်သည်။ ဒါပေမယ့် ချက်ခြင်းမထွက်သွားကြပဲ ဆွန်းမိုအရှေ့ကို အရင်သွားလိုက်ပြီး ခေါင်းငုံ့ကာ တောင်းပန်စကားများ ပြောနေကြသည်။

“မင်းတို့ တောင်းပန်နေဖို့ မလိုဘူး။ တကယ်တော့ မင်းတို့ အမှားကြီးပဲ မဟုတ်ဘူး။ ကျောင်းတံခါးကနေ ထွက်လိုက်တာနဲ့ ငွေရှိခြင်းကလည်း အားသာချက် တစ်ခုပဲ”

ဆွန်းမိုက ထိုင်ခုံဝယ်ခဲ့သည် ကျောင်းသားများကို တစ်ချက်ကြည့်လိုက်ရင် အားလုံး ကျောင်းဝတ်စုံကို ဝတ်ဆင်ထားကြပေမယ့်။ သူတို့က ချမ်းသာသည့် မိသားစုက ကျောင်းသားများမှန်း သိနိုင်သည်။ ကျောင်းသားက ချမ်းသာရင် ထိုင်ခုံဦးခိုင်းဖို့ တစ်ယောက်ယောက်ကို ရှာနိုင်သည်။ ဒီလိုလုပ်ခြင်းဖြင့် ကျင့်ကြံဖို့ အချိန်တစ်နာရီ ပိုထွက်လာနိုင်သည်။ ဒါက ပိုက်ဆံသုံးတဲ့ လက်တွေ့ သဘောတရားတစ်ခုပါပဲ။

“ဒါပေမယ့် ဒီနေရာက ကျောင်းဖြစ်တယ်။ တရားမျှတမှုကို ဦးစားပေးတဲ့ နေရာဖြစ်တယ်။ ငါကတော့ ကျောင်းသားတိုင်းကို အခွင့်အရေးတူတူပဲ ပေးမယ်” ဆွန်းမိုက ခန်းမထဲက အခြား ကျောင်းသားများကိုပါ ကြည့်ရင်းပြောလိုက်သည်။

“ငါက တချို့ကို ပိုဦးစားပေးမှာ မဟုတ်သလို တခြားသူတွေကိုလည်း ခွဲခြား ဆက်ဆံမှာ မဟုတ်ဘူး”

ဖြောင်း ဖြောင်း ဖြောင်း

လက်ခုပ်သံများ ထွက်လာသည်။ ဆွန်းမိုက အားလုံး တိတ်တိတ်လေးနေကြရန် လက်မြှောက်ပြီး အချက်ပြလိုက်သည်။

"အမှန်တိုင်း ပြောရရင် ထိုင်ခုံဝယ်ဖို့ ပိုက်ဆံသုံးတဲ့ သူတွေကို မင်း အားမကျဘူးလား"

ဆွန်းမိုက မေးလိုက်သည်။

"အမှန်ပါပဲ။ အဲဒီအချိန်တုန်းက ငါလည်း ချမ်းသာရင် ဘယ်လောက်ကောင်းမလဲလို့ တွေးမိပါတယ်"

ကျောင်းသား တစ်ယောက်က အော်ပြီးပြောလိုက်သည်။

"ဒါဆိုရင်တော့ မင်းတို့ ပိုကြိုးစားဖို့ လိုတယ်။ ချမ်းသာတဲ့မိသားစုက ကလေးဖြစ်ဖို့တော့ နည်းလမ်းမရှိဘူး။ ဒါကြောင့် မင်းတို့ခြေထောက်ပေါ် မင်းတို့ ရပ်ပြီး ချမ်းသာတဲ့ လူတစ်ယောက် ဖြစ်လာအောင် လုပ်ရမယ်"

ဆွန်းမို စကားပြောနေတုန်း ခန္တာကိုယ်က ရွှေရောင် အလင်းတောက်ပလာသည်။ သူ့ဆီကနေ ဖြာထွက်လာသည့် ရွှေရောင် အလင်းတွေက

သူ့ကို ဝန်းရံပြီး မြင်ကွင်း တစ်ခုလုံး လုံးဝ ဖုံးလွှမ်းသွားသည်။

တန်ဖိုးဖြတ်မရသည့် အကြံပြုချက်က ချက်ခြင်း အသက်ဝင်လာသည်။ စာသင်ခန်းနှင့် စကြံန်က ကျောင်းသားများသည် လှုံ့ဆော်မှုအောက်တွင် ပိုပြီး ကြိုးစားချင်စိတ်များ ဖြစ်ပေါ်လာသည်။

“မြတ်ဆရာအရှိန်အဝါ” လိုဒီလည်း ခံစားချက်ပေါင်းများစွာနှင့် သက်ပြင်းချရင်း သူသယ်ထားသည့် ဝက်ထမင်းပေါင်းက ပိုမွှေးလာတယ်လို့ ထင်လိုက်မိသည်။ အမှန်ပဲ။

ကျောင်းမှာ နေနိုင်အောင် ပိုကြိုးစားရမယ်။ ဒါဆို ဘာကြောင့် ဒီနေ့မှာ ဝက်ထမင်းပေါင်း ပွဲငါးဆယ် မချက်နိုင်ရမှာလဲ။

ဒင်

လိုဒီ၏ လေးစားအထင်ကြီးမှု +၂၀။ မူလ(၃၀/၁၀၀)

"ဆရာက အရမ်းတော်တာပဲ"

လုချီဟွာလည်း ပျော်လွန်းလို့ လက်ခုပ်တီးတာ လက်ဖဝါးတွေတောင် နီရဲနေသည်။ သူမဆီက လေးစားအထင်ကြီးမှုအမှတ် +၃၀ တစ်ခါတည်း

ထွက်လာသည်။ ဆွန်းမို၏ အမာခံ ပရိတ်သတ်ကတော့ ထင်ထားသည့် အတိုင်းပါပဲ။

"ကောင်းပြီး အခုတော့ သင်ခန်းစာ စလိုက်ရအောင်"

မြတ်ဆရာအရှိန်အဝါ၏ သက်ရောက်မှုကြောင့် ဒီနေ့အတန်းသည် သိသိသာသာကို အကျိုးသက်ရောက်နေသည်။ ကျောင်းသားများသည် ၁၀၀ ရာခိုင်နှုန်း အာရုံစိုက်နေတာတောင် လင်ချမ်ကိစ္စကို တစ်ယောက်မှ မမေ့ကြပါ။ ဆွန်းမိုကကျောင်းကို ဘယ်လို သတင်းပို့မလဲ။

ကျောင်းက နှင်ထုတ်မလား။ ဆက်ထားပြီး စောင့်ကြည့်မလားဆိုတာ ကျောင်းခေါင်းဆောင်တွေပဲ ဆုံးဖြတ်ခွင့်ရှိသည်။

သူ့မှာက အကြံပြုပိုင်ခွင့်ပဲ ရှိသည်။

စာစဥ် (၉)

အခန်း (၁၂၆) - အစွမ်းရှိသူ တစ်ယောက်၏ ကြီးမားသော မာန။

အတန်းမစခင် ပြဿနာတွေ ဖြစ်နေကြသော်လည်း ထိုင်ခုံ နေရာလွတ်များ မရှိပါ။ ချိုင်တန်သည် မထွက်သွားခဲ့ပါ။ အဲဒီအစားသူသည် ဘေးက စာသင်ခန်းကနေ စောင့်နေလိုက်သည်။

ဆွန်းမို၏ စာသင်ချိန်ထဲကနေ ခဏနားပြီး သူ့ကို စစ်ဆေးပေးစေချင် ခဲ့သည်။ ဘယ်လိုပဲပြောပြော လူအများက အလေးထားရသည့်

ပါရမီရှင်တစ်ယောက်အဖြစ်ကနေ တစ်ယောက်မှ ဂရုမစိုက်သည့် သာမန်လူတစ်ယောက်အဖြစ်ကို လက်မခံနိုင်ပါ။

ဒါပေမယ့် သူ့အဆိပ်မိနေတာ သေချာလျှင် ဘာလုပ်သင့်လဲ။ အဆိပ်ခပ်တာ ဘယ်သူလဲ။

ရှုပ်ထွေးသည့် အတွေးများကြားတွင် နစ်မြောနေတုန်း ကျောင်းဆင်း ခေါင်းလောင်းသံမြည်လာသည်။ ချိုင်တန်လည်း ချက်ခြင်း ထွက်လာလိုက်သည်။ ဒါပေမယ့် သူ့အခန်းထဲက ထွက်လာလျှင် ဆွန်းမိုကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသား တစ်ရာကျော်လောက်က ဝိုင်းရံနေတာကို မြင်လိုက်သည်။

သူ့နားမှာ တစ်ယောက်တည်း အေးအေးဆေးဆေးမေးဖို့ နေနေသာသာ နေရာလွတ်လေး တစ်ခုတောင် မရှိပါဘူး။

“ ဆရာ ကျွန်တော်မေးစရာ ရှိလို့ပါ”

“ဆရာကျွန်တော့် စွမ်းအင်လမ်းကြောင်းမှာ ပြဿနာရှိနေတယ်လို့ ထင်ပါတယ်။ နတ်ဘုရားလက်ကို သုံးပြီး နှိပ်ပေးလို့ ရမလား”

"ဆရာ၊ ဆရာ ကျွန်တော့်ရဲ့ ကျင့်ကြံခြင်းမှာ အခက်အခဲ ကြုံနေရပါတယ်"

ဆွန်းမိုအား သူတို့မေးခွန်းကို ပြန်ဖြေစေချင်ကြသည့် ကျောင်းသားများက စက်သေနတ်နှင့် ပစ်သလို အဆက်မပြတ် မေးနေကြသည်။

"တိတ်တိတ် နေကြပါ"

ဆွန်းမိုက နဖူးကို ပွတ်ရင်း ပြောလိုက်သည်။

အတန်းချိန်ပြီးလို့ အနားယူချိန်မရအောင် အထိ နာမည်ကျော်နေတာလည်း မကောင်းပါဘူး။

ဒါကြောင့်တော့ စိတ်မရှည်ခြင်း စိတ်ဆိုးခြင်းတော့ မဖြစ်ပါ။

ဆရာတစ်ယောက်အနေနှင့် ကျောင်းသားတွေ လေ့လာခြင်းစိတ်ရှိလေ ပိုပျော်လေပါပဲ။

"ဆရာ၊ ဆရာ"

လင်ချမ်သည် ကျောင်းထုတ်မခံချင်သောကြောင့် စာသင်ခန်း အပြင်ဘက်တွင် တစ်ချိန်လုံး ဒူးထောက်နေခဲ့သည်။ ဆွန်းမိုက သနားညှာတာမှုသာ ဆွန်းမိုဆီကို သွားချင်ခဲ့သည်။

သို့သော်လည်း အတန်းချိန်သာ ပြီးသွားတယ်။ ဆွန်းမိုက ကျောင်းသားတွေကြားမှာ နစ်မြုပ်နေတုန်းပဲ။

လင်ချမ်လည်း သူပြန်ပြီး အဆင်ပြေအောင် လုပ်ဖို့ နည်းလမ်း မရှိတော့ပါ။ သူအံ့အော မှင်တက်နေခဲ့သည်။ သူမထွက်သွားခင် တံတွေးထွေး လိုက်သည်။

ဒီလိုစိတ်ပျက်ဖို့ ကောင်းတဲ့ ကျောင်းကို ဆက်မတက်တော့ဘူး။ အပြင်မှာ ပိုက်ဆံရှာတာပဲ ကောင်းတယ်။

အားလပ်ချိန် တစ်ခုလုံး ချိုင်တန် ဆွန်းမိုအနားကို ကပ်ဖို့ အခွင့်အရေး မရလိုက်ပါ။ အတန်းချိန် ပြန်စတာနှင့် ကျောင်းသားတွေ အားလုံး လူစုခွဲသွားသည်။

ဒါကလည်း ဗဟိုပြည်နယ်အကယ်ဒမီတွင် ပြောစရာမလိုသည့် စည်းကမ်းတစ်ခု ဖြစ်သည်။

ဆရာများသည်လည်း လူသားများဖြစ်ပြီး သူတို့ အနားယူဖို့ အချိန် လိုအပ်သည်။ ပြီးတော့ စကြ်ိန်တွင် အဆက်မပြတ် လူစုဝေးနေပါကလည်း

တခြားဆရာ၏ အတန်းကို အနှောက်အယှက် ဖြစ်နိုင်သည်။

"ချီရှန်ကျား"

ဆွန်းမိုက လှမ်းခေါ်လိုက်သည်။

သူငယ်ချင်းနှစ်ယောက်နှင့် ထွက်သွားမလို့ လုပ်နေသည့် ချီရှန်ကျားလည်း ချက်ခြင်း လှည့်ကြည့်သည်။ ပြီးတော့ ဆွန်းမိုဆီကို ပြေးလာသည်။

"မင်း လုပ်စရာ တစ်ခုခု ရှိနေလား"

ဆွန်းမိုက ပြုံးပြီး မေးလိုက်ရင်း ချီရွန်ကျား၏ ပုခုံးကို ဖိမလို့ လက်ကို ဆန့်လိုက်သည်။ ဒီလူငယ်သည် အရပ်ရှည်ပြီး Bruce Leeလို ပိန်သော ကြွက်သားများ ရှိသည်။ သွင်ပြင်လက္ခဏာလည်း ကောင်းနေသည်။ ကောင်းကောင်း လေ့ကျင့်နေပုံရသည်။

“မရှိပါဘူး”

ချီရွန်ကျားက ခေါင်းလျှင်မြန်စွာ ခါရင်း ပြန်ဖြေလိုက်သည်။

"ဒါဆို ကောင်းတာပေါ့။ ငါနဲ့ ရေချိုးဖို့ လိုက်ခဲ့"

"ရေချိုး"

ဆွန်းမိုသည် တစ်ပတ်ကျော်လောက် အလုပ်ရှုပ်နေပြီး နောက်ဆုံးတော့ အနားယူဖို့ အချိန်ရောက်လာပြီ။

"ဟမ်"

ချီရွှန်ကျား ကြောင်သွားသည်။ ဒါပေမယ့် နှလုံးသားထဲကနေ အံ့အော ဝမ်းသာမှုများ ထွက်ပေါ်လာသည်။

ဒင်

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု +၂၀ ။ရင်းနှီး (၆၇၁/၁၀၀၀)

စနစ်ဆီက အကြောင်းကြားချက် ကြားလိုက်တော့ ဆွန်းမို စကားမဲ့သွားသည်။ (ငါထင်ထားသလိုပါပဲ ကလေးရေ။ အတူရေချိုးဖို့ ဖိတ်လိုက်ရုံနှင့် လေးစားအထင်ကြီးမှု အမှတ် ထွက်လာတာပဲ)

ချီရှန်ကျားသည် တပါးသူ၏ ကျေးဇူးကို သိတတ်သူဖြစ်သည်။ သူ့ပေါ်ကောင်းရင် တစ်ဘဝလုံး ပြန်ကောင်းမည့် သူဖြစ်သည်။

မနီးမဝေးတွင် ရှိနေသော ဝမ်ဟောင်နှင့် ကျန်ရှီလည်း မနာလို ဖြစ်သွားပြီး မျက်လုံးတွေတောင် အစိမ်းရောင် ပြောင်းသွားသည်။ တခြားကျောင်းသားတွေလည်း အတူတူပါပဲ။ အားလုံးက ချီရွှန်ကျားကို မနာလိုသည့် အကြည့်နှင့် ဝိုင်းကြည့်နေကြသည်။

ဆရာဆွန်းနှင့် ရေအတူတူ ချိုးမှာလား။ ဒီအချိန်တွင်းမှာ ချီရွှန်ကျားတော့ သေချာပေါက် လမ်းညွှန်မှုကို ရနိုင်သည်။

ရှေ့ပေါင်းနဂါးဖမ်းသည့်လက်နှင့် မာဆက်တောင် ရနိုင်သေးသည်။

"လာဟေ့ သွားပြီး နှုတ်ဆက်ရအောင်"

ကျန်ရှီသည် ဝမ်ဟောင်ကို ဆွဲခေါ်ပြီး ရဲတင်းစွာ အပြေးအလွှား သွားကာ ဦးညွှတ်ပြီး

"ဆရာဆွန်း"

ဝမ်ဟောင်လည်း ရှေ့တစ်လှမ်းတိုးပြီး တစ်ဖန် ရပ်သွားပြန်သည်။

တစ်ပတ်သာရှိသေးသော်လည်း ဆွန်းမိုသည် အရင်ကလို အစမ်းခန့်ဆရာ မဟုတ်တော့ပါ။

ဗဟိုပြည်နယ် အကယ်ဒမီကနေ တရားဝင် အလုပ်ခန့်လိုက်သည့် နတ်ဘုရားလက်နှင့် တောက်ပနေသည့် အသစ်စက်စက် ဆရာဖြစ်နေပြီ။ အတန်းကြီးသည့် ကျောင်းသားတွေတောင် သူ့အတန်းအတွက် ထိုင်ခုံရဖို့ တိုက်ပွဲဝင်နေရသည်။

ဝမ်ဟောင်ရပ်လိုက်သည့် အကြောင်းမှာ သူလုပ်ရပ်ကြောင့် ဆွန်းမို ရုတ်တရက် စိတ်အနှောက်အယှက် ဖြစ်သွားမှာ စိုးရိမ်နေသည်။

“အင်း”

ဆွန်းမိုက ကျန်ရှီကို ခေါင်းညိတ်ပြလိုက်သည်။

"ရှန်ယွန်ပေါင်။ ထန်ထန်ယုထန်၊ ချန်လုံမင်းတို့သုံးယောက်လည်း မသွားကြနဲ့အုံး။ ရေချိုးဖို့ ငါနဲ့ လိုက်ခဲ့"

"ဆရာ ကျွန်တော် အရမ်းအလုပ်များနေတယ်"

ရှန်ယွန်ပေါင်က ခိုကိုးရာမဲ့သော ပုံပေါက်နေသည်။ (ရေချိုးလိုက်ရမယ်ဟုတ်လား။ အချိန်ဖြုန်းတာ မဟုတ်ဘူးလား။ ငါ ရန်ဖြစ်ရအုံးမယ်) ဘေးနားက

ကျောင်းသားတွေကတော့ ရှုန်ယွန်ပေါင်၏ အဖြေကို ကြားပြီး လည်ပင်းညှစ်သတ်ချင်စိတ် ပေါက်နေကြသည်။ သူဘယ်လောက်ကံထူးလည်း ဆိုတာ ဒီကောင် နားမလည်ဘူး။

"ဆရာ ငါတို့နှစ်ယောက်ကရော"

လုချီဟွာက ဆွန်းမိုကို မျက်လုံး ပေကလတ် ပေကလတ်နှင့် ကြည့်ပြီး မေးလိုက်သည်။

"မင်းတို့ကြိုက်တဲ့ မြတ်ဆရာ ဒါမှမဟုတ် မင်းတို့ ကြိုက်တဲ့ အတန်းကို သွားတက်နိုင်တယ်"

ဆေးထုပ်ကြီး၏ အာနိသင်ကို မသိသေးတာကြောင့် အရဲစွန့်ပြီး မိန်းကလေး နှစ်ယောက်ကို မပေးရဲသေးပါ။

"အ"

လုချီဟွာ နည်းနည်း စိတ်ပျက်သွားသည်။ ဆွန်းမိုနှင့် ခွဲပြီး မနေချင်ပါဘူး။

"သွားကြစို့"

ဆွန်းမို ခြေလှမ်း နည်းနည်းလျှောက်ပြီးနောက် ချန်လုံ ရောက်လာသည်။ ဆွန်းမိုထံမှ

သင်ထောက်ကူ ပစ္စည်းများကို ကူသယ်ပေးလိုက်သည်။

ဒါကို မြင်တော့ ချီရွှန်ကျား နဖူးကို ရိုက်လိုက်မိသည်။ သူတကယ်ကို အသုံးမကျတာပဲ။ ဆွန်းမို သဘောကျမယ့် နည်းကို ဘာကြောင့် မစဉ်းစားမိတာလဲ။

"ဘာလို့ ချီရွှန်ကျား ဖြစ်ရတာလဲ။ ငါတို့က သူ့လောက်တောင် အသုံးမကျဘူးလား"

ကျန်ရှိသည် ထွက်သွားသည့် အုပ်စုကို ကြည့်ပြီး ခံပြင်း ဒေါသထွက်နေသည်။

သူ့အရည်အချင်းကလည်း မဆိုးဘူးလို့ ထင်သည်။ လျှို့မှုဘိုင် မျက်လုံးထဲတောင် သဘောကျရသည့် ရှန်ယွှန်ပေါင်ကို မယှဉ်နိုင်ပေမယ့် အနည်းဆုံး အခြားသုံးယောက်ထက်တော့ သန်မာသေးသည်။

သူတို့ထဲက တစ်ယောက်က ရောဂါသည်၊ ချန်လုံက ပျက်စီးနေသည့် ဝိညာဉ်တက်တူးတွေနှင့် ပြည့်နေပြီး အနာဂတ်မရှိတော့သည့်ကောင်။ သူတို့မှာ အရည်အချင်းရှိတယ်ပဲထားလိုက် ချီရှွန်ကျားက ဘာလဲ။

သူနှင့် အခန်းဖော် သုံးနှစ်လောက်ဖြစ်ခဲ့သည့် ချီရွန်ကျားသည် ဘယ်လောင်တောင် ချာတူးလံ ဖွတ်ကျား ဖြစ်နေလည်း ဆိုတာ သိခဲ့သည်။ ဆွန်းမိုကြောင့် သာမဟုတ်ပါက ချီရွန်ကျားသည် ကျောင်းက ထွက်သွားပြီး သူ့ရွာကို ပြန်ကာ မြေပိုင်ရှင်တွေဆီမှာ နေ့စား လက်လုပ်လက်စား လုပ်နေရတာ ကြာနေလောက်ပြီ။

"ဟင်း ၊ ချီရွန်ကျားက ဆွန်းမို မကျော်ကြားလာခင် သိလိုက်ရလို့ပါကွာ"

ဝမ်ဟောင်က အံ့အောသင့်စွာ ပြောလိုက်သည်။

"အရိုးခံလူတွေမှာလည်း ကိုယ်ပိုင် ကောင်းမွန်တဲ့ ကြမ္မာ ရှိတာပဲ"

"လုံးဝ မတရားဘူး"

ကျန်ရှီက စိတ်မချမ်းမသာ ဖြစ်ကာ လက်သီး ထိုးထုတ်လိုက်သည်။

အဲဒီအချိန်တုန်းက ဘာကြောင့် ဆွန်းမိုကို မဆုပ်ကိုင်ခဲ့တာလဲ။ ဒီအတွက် သူ့ကိုလည်း အပြစ်တင်လို့ မရဘူး။ အစမ်းခန့်ဆရာသာ ဖြစ်သေးသည့် ဆွန်းမိုက နတ်ဘုရားလက် အဖြစ်ပြောင်းလဲသွားမယ်လို့ ဘယ်သူက သိလို့လဲ။

ဒင်

လင်ကျန် ရုံးခန်းထဲကို ရောက်သည့်အခါ အန်ရှီဝေနှင့် ဂျိမ်ဂဲ့တို့ ဆွေးနွေးနေတာကို ကြားလိုက်သည်။

“ခေါင်းဆောင် လင်၊ ကိစ္စ ရှိလို့လား”

အန်ရှီဝေက လင်ကျန်ကို ထိုင်ရန် လက်ညွှန်ပြရင်း မေးလိုက်သည်။

“ လင်ချမ်ဆိုတဲ့ ကျောင်းသား အကြောင်းပါ”

အန်ရှီဝေ အနားကိုကပ်ချင်သည့် တခြား ယောက်ျားလေးဆရာသာဆိုရင် ဒီလို အခွင့်အရေးကို

လက်လွတ်မခံဘဲ အန်ရှီဝေကို တိုက်ရိုက်ပြောမှာ သေချာသည်။ ဒါပေမယ့် ဆွန်းမိုကတော့ စိတ်ထဲတောင် မရှိပါဘူး။ သင်ကြားရေး အဆောင်ကို ကင်းလှည့်နေသော လင်ကျန်ကို မြင်လိုက်ရင် လင်ချမ်အကြောင်းကို ပြောခဲ့သည်။ လင်ချမ်ကို ကျောင်းက ထုတ်ပယ်မလား ဒါမှမဟုတ် ဆက်ထားမှာလား ဆိုတာက ကျောင်း၏ ဆုံးဖြတ်ချက်သာ ဖြစ်သည်။

"ဒါကို အတည်ပြု စစ်ဆေးပြီးပြီလား"

အန်ရှီဝေက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

“ဟုတ်”

အန်ရှီဝေ ဆီကို မလာခင်ကတည်းက လင်ကျန်သည် လင်ချမ်နှင့် ဝမ်လီကို မေးမြန်ခဲ့ပြီးပါပြီ။ သူခိုးအမှုနှင့် ပက်သက်ပြီးလည်း စုံစမ်း စစ်ဆေးခဲ့သည်။

“ဒီကိစ္စနဲ့ ပက်သက်ပြီး ခေါင်းဆောင် လင်က ဘယ်လိုမြင်လဲ”

အန်ရှီဝေက မေးလိုက်သည်။

“ထုတ်ပစ်ရပါမယ်။ လင်ချမ်က အများကြီး လိမ်ညာခဲ့တာတင်မဟုတ်ဘူး သူ့အမေက အသည်းအသန် ဖျားနေပါတယ်ဆိုပြီး အကြောင်းပြခဲ့ပါတယ်။ သူက တကယ်ကို အကျင့်ပျက်နေပါပြီ။ ပြီးတော့ စစ်ဆေးလိုက်တဲ့ အခါမှာလည်း သူ့အခန်းဖော်က ငွေပျောက်ခဲ့တာလည်း အမှန်ပဲ။ လင်ချမ် လုပ်ခဲ့တာ ဟုတ်မဟုတ် စစ်ဆေးနေတုန်းပဲ”

လင်ကျန်က အလေးအနက်ထားနေသည်။ သူက ကျောင်းစည်းကမ်းကို အလေးမြတ်ထားသည့်

သူဖြစ်လို့ ကျောင်းစည်းကမ်းနှင့် ပက်သက်လာရင် ရက်စက်တတ်သည့် သူဖြစ်သည်။ ကျောင်းသိက္ခာ ညှိုးနွမ်းလာအောင် လုပ်သည့် ဘယ်သူမဆို ထုတ်ပစ်ရမည်။

“ ဒါက အမှန်ဘဲ”

ဂျိမ်ဂျဲက သက်ပြင်းချရင်း ဝင်ပြောလိုက်သည်။ ခိုးယူခြင်းက လက်ခံသင့်သည့် ကိစ္စမဟုတ်ပါ။ ပြီးတော့ အခန်းဖော်ဆီက ခိုးယူတာလည်း ဖြစ်နေသည်။ ဒီလိုလုပ်တတ်သည့် ကျောင်းသားကို ဘယ်လိုလုပ်ရမှာလဲ။

လင်ကျန်က စုံစမ်းနေတာ မပြီးသေးပေမယ့် ဒီထုတ်ပြန်ချက်ကို သဘောတူပါသည်။

အခုအချိန် မတိုင်မီ ဆွန်းမိုသည် လင်ကျန်နာမည်ကို ကြားတောင်မကြားဖူးပါ။ ဒါပေမယ့် လင်ချမ် ငွေတုံး နှစ်တုံး ခိုးယူသည့် အကြောင်းကို ရုတ်တရက် ပြောခဲ့သည်။ ပမာဏကလည်း အတိအကျ ဖြစ်နေသည်။ ဒါက သူ့မှာ ယုံကြည်ချက် ကြီးကြီးမားမား ရှိနေလို့ပဲ ဖြစ်သည်။

“ ဒါဆို ဒီကိစ္စကို ကိုင်တွယ်ဖို့ မင်းကိုပဲ ဒုက္ခပေးရတော့မယ်”

ဒါကိုပြောပြီးတာနှင့် လင်ကျန်က ထွက်သွားရန် ရည်ရွယ်ချက် မရှိတာကို မြင်လိုက်ရင် အန်ရှီဝေ ခေါင်းခြောက်သွားသည်။

“နောက်တစ်ခု ရှိသေးလို့လား”

လင်ကျန်သည် မပြောခင် ချီတုံချတုံ ဖြစ်သွားသည်။

“ဆွန်းမိုမှာ နတ်ဘုရားလက် တကယ်ရှိတာလား”

ပုံမှန်ဆိုရင် သူ့အလုပ်ကလွဲပြီး ဘာမှ ဂရုမစိုက်တတ်သည့် လင်ကျန်က ဆွန်းမိုအကြောင်းကို ရုတ်တရက် စပ်စုလာတာ မြင်လိုက်ရင် အန်ရှီဝေလည်း အနည်းငယ် အံ့အောသွားမိသည်။

ငယ်ရည်းစားလေးက နာမည် ဒီလောက်တောင် ကြီးနေပြီလား။

“မြတ်ဆရာတချို့က နှစ်ပေါင်းများစွာ အတွေ့အကြုံကို အခြေခံပြီး ကျောင်းသားတွေရဲ့

အရည်အချင်းကို သူတို့လက်နဲ့ ထိလိုက်ရုံနဲ့ သုံးသပ်နိုင်တာကို ကျွန်တော်လည်းသိပါတယ်”

ဒါပေမယ့် ဆွန်းမို ကိစ္စမှာ အကန့်အသတ်က မရှိတော့ဘူး။ ကျောင်းသားတစ်ယောက်ခိုးလား မခိုးဘူးလားနှင့် သူ့မိဘတွေ အခြေအနေတောင် သိနိူင်နေတယ်။ ဒါကြီးက ချဲ့ကားလွန်းရာ မရောက်ဘူးလား။

လင်ကျန် မျက်နှာတွင် ဒွိဟ စိတ်နှင့် အရမ်းအံ့အောနေတာ ဖုံးမနိုင်ဖိမရ ပေါ်နေသည်။

"ဒါက ရှင်းရှင်းလင်းလင်း ကို အံ့ဖွယ်သရဲ ဖြစ်နေပြီ"

"ဒါကိုသိဖို့သူက တခြားနည်းလမ်းကို သုံးခဲ့တာ ဖြစ်နိုင်တယ်"

ဂျိမ်ဂျဲက ခန့်မှန်းလိုက်သည်။ ပြီးတော့ အန်ရှီဝေ၏ ဖြေရှင်းချက်ကို မျှော်လင့်ချက်ကြီးစွာ စောင့်နေလိုက်သည်။

" ငါလည်း မသိဘူး"

အန်ရှီဝေက ခေါင်းခါရင်း ပြန်ပြောလိုက်သည်။

“ ဒါဆို ကျောင်းအုပ်ကြီး ကျွန်တော်သွားတော့မယ်”

လင်ကျန်လည်း အဖြေ မရှိနိုင်မှန်း သိသဖြင့် ထွက်သွားလိုက်သည်။

“ ဘာပဲဖြစ်ဖြစ် ငါတို့ အကယ်ဒမီကတော့ ကျောက်မြတ်ရတနာ တစ်ခု ရလိုက်ပြီ” ဂျိမဲဂျဲက ရုတ်တရက် ကြွေးကြော်လိုက်သည်။

လှူပါး၀မောက်မာနိုင်သော ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် အနေနဲ့တောင် ဆွန်းမိုနှင့် ပက်သက်ဆက်နွယ်နေသည့် အကြောင်းကို

ကြားနေရသည်။ သူ့အတန်းကို တက်ရောက်သူကလည်း နှစ်ပေါင်းများစွာ အတွေ့အကြုံရှိနေသည့် စီနီယာ ဆရာကြီးများနှင့် ယှဉ်နိုင်နေပြီ။

ဒင်

ဂျိမ်ဂျဲ၏ လေးစားအထင်ကြီးမှု +၅။ မူလ(၁၁/၁၀၀)

“မရီဒန်အကယ်ဒမီက ကျောင်းအုပ်ကြီးလဲ ဆွန်းမိုနာမည်ကြားဖို့ သိပ်မကြာလောက်တော့ဘူး။ သူဒေါသထွက်ပြီး သွေးအန်လောက်တယ်”

အန်ရှီဝေက နောက်ပြောင်လိုက်သည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှုအမှတ် +၂၀။ မူလ (၅၅/၁၀၀)

ဆွေးနွေးမှုပြီးသည့် အခါ ဂျိမ်ဂျဲသည် အနားယူရန် သူမ ရုံးခန်းကို ပြန်သွားသည်။ သူမ၏ တောင့်တင်းနေသော လည်ပင်းကို ကိုင်လိုက်ရင် ကြေကွဲခြင်းမရှိရေကန်တွင် ဆွန်းမို နှိပ်ပေးသည့် အကြောင်းကို ပြန်စဉ်းစားလိုက်မိသည်။

"တကယ်ကို ခံစားလို့ ကောင်းတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိမ်ဂျဲ သည် ဆွန်းမိုကို သွားရှာရန် ဆုံးဖြတ်လိုက်သည်။

ဒါပေမယ့် အကြောင်းပြချက် တစ်ခုတော့ ပေးသင့်တယ် မဟုတ်လား။ အိုး ဟုတ်ပြီ။ ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်က ဆရာအသစ်တစ်ယောက်ရဲ့ အလုပ်နှင့် ဘဝအတွက် စိုးရိမ်တာ ပုံမှန်ပဲ။

ကျောင်းအုပ်ကြီး ရုံးခန်းတွင်...............

အန်ရှိဝေသည် ထရပ်ကာ ပြတင်းပေါက်ဆီကို လျှောက်သွားပြီး အကယ်ဒမီကို ငုံ့ကြည့်လိုက်သည်။

စိတ်ထဲမှာတော့ ကျော့ရှင်းပြီး ခန့်ညားသည့် အသွင်အပြင်ပေါ်လာသည်။

ထိုလူကြီးသည် ဆွန်းမို၏ ဖခင်ဖြစ်သည်။ သူမ အဖိုး အားအထားရဆုံး ပုဂ္ဂိုလ်လည်း ဖြစ်သည်။ သူမအဖိုးက ဗဟိုပြည်နယ် အကယ်ဒမီကို လွှဲပြောင်းပေးဖို့ စိတ်ကူးရှိခဲ့ပေမယ့် သူက အမှောင်တိုက်ကြီးတွင် သေဆုံးသွားခဲ့သည်။

"ဦးလေးဆွန်းက ဆွန်းမိုကို အမှောင် လျှို့ဝှက်ကျင့်စဉ်များ ပေးခဲ့တာလား"

အန်ရှီဝေက ခန့်မှန်းကြည့်သည်။ တစ်ယောက်ယောက်၏ လက်တစ်စုံက အခြားလူတစ်ယောက်၏ အရာအားလုံး သိနေမယ်လို့ သူမ မယုံကြည်ပါ။ ဆွန်းမိုမှာ သူမ မသိသည့် လျှို့ဝှက် နက်နဲသည့် ကျင့်စဉ်တစ်မျိုးမျိုးကို လေ့ကျင့်ထားတာပဲ ဖြစ်နိုင်သည်။

အမှောင်တိုက်ကြီးတွင် မယုံကြည်နိုင်စရာ စွမ်းရည်အမျိုးမျိုး ရှိသည်။ ဒါကို မြတ်ဆရာကြီးများက အမှောင်လျှို့ဝှက် ကျင့်စဉ်လို့ ခေါ်ကြသည်။

စာစဉ် (၉)

အခန်း (၁၂၇) - ဧရာမဆေးထုပ်ကြီး၏ အံ့ဖွယ်သရဲ အကျိုးသက်ရောက်မှု။

စနစ်၏ အကြောင်းကြားချက်ကို ကြားပြီး ဆွန်းမိုက အန်ရှီဝေဆီက လေးစားအထင်ကြီးမှု အမှတ်ရသလို ဂျိမဲဂျဲဆီကလည်း လေးစားအထင်ကြီးမှု အမှတ် ရခဲ့သည်။ ဒါက

လမ်းလျှောက်နေရင်း ဒေါ်လာ တစ်ရာ ကောက်ရလိုက်သလို ရုတ်တရက် အံ့အောသွားသည်။

သို့သော်လည်း

အချို့အလှည့်အပြောင်းများကြောင့် အခုတော့ သူ့တွင်လေးစားအထင်ကြီးမှု အမှတ်များ ၁၀,၀၀၀ နီးပါး ရနေပြီ။ ဒါကိုလည်း ခုနတုန်းကလို အံ့အောသင့်နေသည်။

"ချီရှန်ကျား ဒီနားမှာ အကောင်းဆုံး ရေချိုးခန်းက ဘယ်မှာလဲ"

ဆွန်းမိုတွင် ငွေမရှာတော့ပါ။ ဒါကြောင့် သူ့ကိုယ်သူ ကပ်စေးမနဲချင်တော့ပါ။

“အမ်”

ချီရွန်ကျား စကားထစ်သွားသည်။ သူသည် ဆင်းရဲသည့် မိသားစုမှလာသောကြောင့် ရေးအေးများနှင့်သာ ချိုးခဲ့သည်။ ကျောင်းက ရေချိုးခန်းကိုတောင် တစ်လမှ တစ်ခါသာ သွားလေ့ရှိသည်။ ဒါကြောင့်လည်း ကျောင်းအပြင်ဘက်က ရေချိုးခန်းများ အကြောင်းကို မသိပါဘူး။

“ ဟွာချင် ရေကူးကန်ကို သွားရအောင်။ သူတို့က အခန်းဆက် ရေချိုးခန်းဖြစ်ပြီး ဝန်ဆောင်မှုလည်း ကောင်းတယ်”

ထန်ထန်ယုထန်က ဝင်ပြောလိုက်သည်။ သူသည် ဖျားနာပြီး ပျော့ညံ့သည့် ခန္ဓာကိုယ်ကြောင့် သူ့ခန္ဓာကိုယ်ကို ကောင်းကောင်း ဂရုစိုက်ခဲ့သည်။ ဒါကြောင့်လည်း ဆေးဆိုင်တွေ၊ ရေချိုးခန်းတွေနှင့် လက်ဖက်ရည်ဆိုင်တွေကို
အရမ်းအကျွမ်းဝင်နေသည်။

အကောင်းဆုံးဆိုတဲ့ဟာကို မရှာဘဲ သက်တောင့်သက်သာ အဖြစ်ဆုံးကို ရှာခဲ့သည်။

"အေးမြတဲ့ နေရောင်အောက်မှာ ဟွာချင်ရေကူးကန်မှာ ကေရာဇ်မင်းမြတ်၏ ချီးမြှောက်မှုကို ခံရတယ်။ ရေပူစမ်း ခပ်မောမော သူမကလည်း ခပ်ချောချော"

ဆွန်မိုလည်း ချင်လင်တွင် ဒီနာမည်ကို ကြားရမယ်လို့ မထင်ထားခဲ့ပါ။ ဒီနေရာမှာ ကြင်ယာတော် ယွမ် မရှိသင့်ဘူး မဟုတ်လား။

"တောက် ဆရာ့ကဗျာက တော်တော်ကောင်းတာပဲ"

ထန်ထန်ယုထန် ရုတ်တရက် အံ့အောသွားသည်။ ဆွန်းမိုက စာပေကိုလည်း တော်တော် ကျွမ်းကျင်ပုံရသည်။

"အင်း"

ချန်လုံလည်း ခေါင်းညိတ် ထောက်ခံလိုက်သည်။ ရှန်ယွန်ပေါင်ကတော့ ဒါတွေကို ဂရုမစိုက်ဘဲ မြန်မြန်လုပ်ဖို့ လူတိုင်းကို တိုက်တွန်းလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရေချိုးတာက အချိန်ကို ဖြုန်းသလိုပဲ။ သူရန်ဖြစ်ဖို့ကို အတားအဆီး ဖြစ်နေသည်။

ကျောင်းကနေထွက်ပြီးနောက် ဘက်ဝဲဘက်ကို ချိုးကာ လမ်းနည်းနည်းလောက် ဖြတ်သွားကြသည်။ ၁၅မိနစ်လောက် လမ်းလျှောက်ပြီးနောက် လမ်းညာဘက်ခြမ်းတွင် သုံးထပ်ကျောက်အဆောက်အဦး တခုကို တွေ့လိုက်သည်။

ဆိုင်းဘုတ်ကို သစ်သားဖြင့်လုပ်ထားပြီး မှင်နက်ဖြင့် "ဟွာချင် ရေကူးကန်"

လို့ရေးထားသည်။ ဒီနေရာသည် နှစ်ပေါင်း တစ်ရာကျော်လောက် သက်တမ်း ရှိသည်။

ထန်ထန်ယုထန်သည် ဒီနေရာနှင့် အရမ်းရင်းနှီးနေသောကြောင့် လက်ဖက်ရည်တစ်အိုးနှင့် အဆာပြေမုန့်များကို တောင်းလိုက်ပြီး လူတိုင်းအတွက် ထိုင်ခုံ ယူပေးလိုက်သည်။ ကြိုတင်ပြင်ဆင်ထားလို့ရအောင် ကောင်တာဆီကို ထွက်သွားသည်။

ချီရွှန်ကျားက ထိုင်ခုံပေါ်တွင် နေမထိထိုင်မသာ ဖြစ်နေသည်။ ချန်လုံကတော့

အေးအေးဆေးဆေးပဲဖြစ်သည်။ ရှန်ယွန်ပေါင်ကတော့ တရားမထိုင်ခင် ရေနွေးတစ်ခွက်တောင် သောက်လိုက်သေးသည်။

"ဆရာ....ဆရာ ဒီရေချိုးခန်းက ဈေးကြီးနိုင်တယ်။ မဟုတ်လား"

ချီရွှန်ကျားသည် သူ့မှာ ပိုက်ဆံ မရှိသောကြောင့် စိုးရိမ်နေသည်။

သူက ညှော်သည်တွေကို ကြိုဆိုနေသည့် ပိုးသားအင်္ကျီပါးပါးလေးနှင့် ညှော်ကြို မိန်းကလေးကို ကြည့်လိုက်မိသည်။

သူတို့ဝတ်ထားသည့် အဝတ်အစားတွေက မိန်းကလေးတွေအား ကြီးကျယ်ခမ်းနားသည့် အသွင်အပြင်ကို ပုံဖော်နေသည်။

သူမတို့ လမ်းလျှောက်လိုက်ရင် ခါးနှင့် တင်ပါးတွေက လိမ်သွားပြီး နှစ်လိုဖွယ်ကောင်းနေသည်။

မိတ်ကပ်ပါးပါးလေးတွေနှင့် ချိုသာသော အသံများက အိမ်ကို ပြန်ရောက်သွားသလို ဖြစ်စေသည်။

"ဒီအတွက်တော့ စိတ်ပူမနေနဲ့ ငါစိုက်ပေးမှာပါ"

ဆွန်းမိုက ဒီလိုပြောလိုက်ပေမယ့် နည်းနည်းတော့ အံ့အောနေသည်။ ထန်ထန်ယုထန်က ဘာလဲ။ ဒါကရေချိုးခန်းကြီးပဲ မဟုတ်ဘူးလား။ အပိုဝန်ဆောင်မှုတွေ မရနိုင်ဘူး မဟုတ်လား။

ဥပမာဆိုရင် ယောကျ်ားလေးတွေရဲ့ ဖိုက်တင်းဘောကို နှိပ်ပေးတာမျိုး ဒီကောင်ကို ပြီးမှ မေးရမယ်။ တကယ်လို့ ရှိပါက ကျောင်းသားတွေကို မြန်မြန်ပြန်ခေါ်ပြီး ထွက်သွားမှပဲ ကောင်းမယ်။ ဈေးနှုန်းက အချက်တစ်ချက်ဖြစ်သော်လည်း ဒီလို

မျိုးနေရာကို ကျောင်းသားတွေကို ခေါ်လာမိပါက ပြဿနာ အကြီးကြီး တက်သွားမည်။

"ဆရာ ပြီးပြီ။ အရင်ဆုံး ငွေတုံး ၁၀၀ ကြိုပေးထားရမယ်။ တကယ်လို့ ပိုနေရင်လည်း ပြန်အမ်းပေးမယ်။ လိုရင်လည်း ထပ်ပေးရမယ်"

ထန်ထန်ယုထန်က အိမ်ထောင်ရှင် အမျိုးသမီး တစ်ယောက်နှင့် အတူ ပြန်လာသည်။

" ဒီက ဆရာရဲ့ နာမည်ကို မေးလို့ရမလား"

မိန်းမပျိုက ပြုံးပြီး ပြောလိုက်သည်။

"ကျွန်မနာမည်က ဟွာယုံပါ။ ဒီဆိုင်ရဲ့ သူဌေးပါ။ ငွေကြိုပေးထားစရာ မလိုပါဘူး။ ဆရာတို့ ကျသလောက်ကိုလည်း ၅၀ ရာခိုင်နှုန်း ဈေးလျှော့ပေးပါမယ်"

ဒီကမ္ဘာတွင် ဆရာတွေက အဆင့်အတန်းမြင့်လှသည်။ တကယ်လို့ ဆွန်းမိုသာ မြတ်ဆရာဆိုရင် ဆိုင်ရှင်က အလကားတောင် ဝန်ဆောင်မှု ပေးလိုက်အုံးမည်။

မြတ်ဆရာတွေက ဒီလိုငွေလောက်ကို ဂရုမစိုက်ပါဘူး။

ဟွာယုံစကားတွေက ဆွန်းမိုကို မျက်နှာသာပေးလိုက်တာလို့ သတ်မှတ်နိုင်သည်။

"ဆွန်းမို၊ ဗဟိုပြည်နယ် အကယ်ဒမီက ဆရာပါ"

ဆွန်းမိုလည်း အတွေးထဲမှ ပြန်နိုးလာသည်။

ဒီအမျိုးသမီးသည် ပိန်သွယ်သောခါးနှင့် ကြီးမားကော့ထွက်နေသည့်တင်းပါးကို ပေါ်လွင်အောင် တောက်ပသည့် အနီရောင် အင်္ကျီရှည်ကို ဝတ်ထားသည်။

ဟွာယုံ အသက် ၆၃နှစ်။ သွေးလောင်ကျွမ်းခြင်း အဆင့်။

ကြွံခိုင်မှု - ၂၇ ကောင်းကင်ကို ဖျက်ဆီးနိုင်သည့် ဘီလူးတစ်ကောင်၏ ခွန်အားမျိုး။ ကောင်းမွန်စွာ လေ့ကျင့်ထားသည့် သူမ၏ ခန္ဓာကိုယ်က လူပေါင်းများစွာကို လက်တစ်ဖက်တည်းနှင့်တောင် ဖမ်းဆုပ်ထားနိုင်သည်။

ဉာဏ်ရည်။ ၂၃ ။ အရမ်းထက်မြတ်ပြီး လူရည်လည်သည်။

သွက်လက်မှု ။ ၂၈။ ပိုစေရှင် အကုန်ကျွမ်းသည်။ မော်တော်ဆက်တာကို အကြိုက်ဆုံး။

ခံနိုင်ရည်။ ၂၃။ သတ်မှတ်ထားသည့် နေရာများတွင် ခံနိုင်ရည်တော်တော် ကောင်းပြီး ခံနိုင်ရည် ၂၈ လောက်အထိ ရှိသည်။ သာမန်လူ ဆယ်ယောက်လောက်က ဝိုင်းတိုက်သော်လည်း သူမ၏ ပြိုင်ဘက် မဟုတ်သေးပါ။

အလားအလာ - မြင့်မားသည်။

မှတ်ချက်။ သူမ၏ အရည်အချင်းနှင့် ရေချိုးခန်းကို စီမံခန့်ခွဲနေတာက သူမ၏ အရည်အချင်းကို ဖြုန်းတီးသလို ဖြစ်နေသည်။

မှတ်ချက် ။ ဒဏ်ရာဟောင်းများ ရှိပြီး မကြာခဏ လန့်နိုးတတ်သည်။

ခန္ဓာကိုယ်ကို ကောင်းမွန်စွာ လေ့ကျင့်ထားသော အမျိုးသမီး၏ အချက်အလက်ကို ကြည့်ပြီး ဆွန်းမို နည်းနည်းတော့ မှင်တက်သွားသည်။

သူမ၏ မြင့်မားသော အလားလာကြောင့် သွေးလောင်ကျွမ်းခြင်း အဆင့်ကို ရောက်နေတာ သိပ်တော့ မထူးဆန်းပါ။

"ဆရာဆွန်းက အရမ်းငယ်သေးပြီး အလားအလာကောင်းတာပဲ။ ဒီနှစ်မှ ခန့်ထားတဲ့ ဆရာအသစ်ထင်တယ်"

ဆွန်းမိုကို တိတ်တဆိတ်အကဲဖြတ် စစ်ဆေးရင်း သူမ၏ အနီရောင်ခြယ်ထားသော နှုတ်ခမ်းတွေနှင့် ချီးကျူးနေသည်။

"အင်း"

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။

“ ဒါက ဆရာဆွန်းရဲ့ တိုက်ရိုက် တပြည့်တွေလား”

ဟွာယုံက လှပသည့် မျက်လုံးရွဲကြီးနှင့် ကောင်လေးတွေကို စိုက်ကြည့်လိုက်ပြီး

“တကယ်ငယ်ပြီး အရည်အချင်း ရှိကြတာပဲ”

“အင်း။ ရေချိုးခန်း ပြင်ပြီးပြီလား”

ဆွန်းမိုက စိတ်မပါတပါနှင့် မေးလိုက်သည်။ သူသည် အာလာပ သလာပ ပြောနေရတာကို

စိတ်ပျက်သည်။ ပြန်လည်း မပြောချင်ပါ။ ဒါကြောင့် လိုရင်းကို သာ တန်းမေးလိုက်သည်။

“ဝန်ထမ်းတွေ ပြင်ဆင်နေပါတယ်။ ဆရာဆွန်း ခဏလောက် စောင့်ပေးပါ”

ဟွာယုံက ပြေလည်ရာ ပြေလည်ကြောင်း ပြောလိုက်ပြီး မျက်လုံးထဲတွင် အံ့အောင်သင့်သည့် အရိပ်များ ဖြတ်ပြေးသွားသည်။

စာသင်ကျောင်းနားတွင် ရေချိုးခန်း ဖွင့်ထားသောကြောင့် မကြာခဏ ဆရာနှင့် ကျောင်းသားများ ရောက်လာတတ်ကြသည်။

အခုမှ အလုပ်ဝင်သည့် ဆရာအသစ်တစ်ယောက်အနေနှင့် တိုက်ရိုက်တပြည့် ရနိုင်ခြေသုညပါ။

ဟွာယုံသည် လူမှုရေးအရသာ ပြောလိုက်ခြင်းဖြစ်ပြီး တကယ်ကို တိုက်ရိုက်တပြည့်ဖြစ်နေမယ်လို့ မထင်ထားပါ။ ဒါက မယုံနိုင်စရာကောင်းလွန်းသည်။

“ ကျွန်တော်တို့ လူနည်းစုပဲ လွတ်လွတ်လပ်လပ် သုံးလို့ရမယ် ရေချိုးခန်း မရှိဘူးလား”

“ငါတို့မှာ အဲဒါတွေ မရှိဘူး။ လူများများနဲ့ ရေချိုးရတာကို စိတ်ဝင်စားတဲ့ လူတွေပဲ လာကြတာ များတယ်”

ဟွာယုံက နောက်လိုက်သည်။

“ ငါက စိတ်ဝင်စားစရာတွေ မကြိုက်ဘူး”

ဆွန်းမိုက ပြန်ပြောလိုက်သည်။

“သူဌေးဟွာကို ဒုက္ခပေးရတော့မယ်။ မြန်မြန်လုပ်ပေးလို့ မရဘူးလား”

“ငါခုချက်ချင်း သွားစီစဉ် လိုက်ပါ့မယ်”

ဆွန်းမိုက စကားစမြည် မပြောချင်တာကို မြင်လိုက်ရင် ဟွာယုံက ပြုံးပြီး ထွက်သွားသည်။ သူမကလည်း မခေါ်ချင်သလို အေးစက်စက် လုပ်နေသည့်သူကို အောက်ကျပြီး မပြောနိုင်ပါ။ သူက အလုပ်ဝင်ခါစ ဆရာ အသစ်တစ်ယောက်သာ ဖြစ်ပြီး သူမကိုယ်တိုင်တောင် ဂရုစိုက်စရာ မလိုပါဘူး။

သက်သက် ဆွန်းမိုကို မျက်နှာသာပေးပြီး လာနှုတ်ဆက်ခြင်း ဖြစ်သည်။

ဟွာယုံက အဝေးကို လှုပ်လီလှုပ်လဲ့ လျှောက်သွားသည်။

ချီရွှန်ကျားက အကြည့်တစ်ချက်လောက်သာ ရောက်ပြီး မျက်နှာ ပြန်လွှဲလိုက်သော်လည်း မျက်နှာနီပြီး ရင်တုန်လာသည်။ ခန်းမထဲက ညွှဲ့ကြိုကောင်မလေးတွေက ဆွဲဆောင်မှု ရှိတယ်လို့ ထင်နေခဲ့တာ သူ့ငွေးက ပိုတောင် ဆွဲဆောင်နိုင်နေသည်။ ဝတ်ထားသည့် အဝတ်အစားတွေက တင်ပါး ကွဲထွက်သွားမလို ထင်ရသည်။ လမ်းလျှောက်လိုက်တိုင်း သူမ

တင်ပါးတွေက တုန်ခါသွားသည်။ နည်းနည်းလေးများ အားများသွားရင် အဝတ်အစားတွေကို ဖောက်ထွက်ပြီး ဖင်ပေါ်လာနိုင်သည်။

"ဆရာ သူမက မင်းကို အထင်သေးနေတယ်"

ထန်ထန်ယုထန်က စနောက်လိုက်သည်။

" ငါ့ကိုကြည့်ဖို့ သူမ လိုလို့လား"

ဆွန်းမိုက ထန်ထန်ယုထန်ကို ပြန်ကြည့်ရင်း ဖြေလိုက်သည်။

“ဒီရေချိုးခန်းက ကောင်းတာသေချာလား။ မတော်တရာ ဇာတ်ကွက် တွေ့လို့ကတော့ မင်းကို အပြစ်ပေးမှာနော်”

ဆွန်းမိုက အခြားကျောင်းသားတွေကို ကြင်နာစွာ ဆက်ဆံသော်လည်း ထန်ထန်ယုထန်ကိုတော့ ငကြောင်တစ်ကောင်လိုသာ ဆက်ဆံသည်။

လှပသောရှုခင်းများကို အမျိုးသမီးများနှင့် အတူ ရေချိုးရခြင်းထက် လှပသော ရှုခင်းများကို ခံစားပြီး သီချင်းနားထောင်ရင်း ဝိုင်သောက်ရတာကို ပိုသဘောကျသည်။

“အာ”

ဆွန်းမိုလည်း ရုတ်တရုတ် ကြောင်သွားသည်။ ဒါအမှန်ပဲ။ သူက အဆိုးမြင်လွန်းနေသည်။ ပြည်နယ်ကိုးခုရှိ နိုင်ငံများသည် ရှေ့ဟောင်း တရုတ်ပြည်နှင့်တူပြီး ပြည့်တန်ဆာများကို ဥပဒေဖြင့် အကာအကွယ်ပေးထားသည်။

ပိုက်ဆံထောင်ဂဏန်းလောက်မှ မကုန်ဘဲ ပြည့်တန်ဆာ တစ်ယောက်ကို တွေ့ဖို့ မဖြစ်နိုင်ပါ။

၇ မိနစ်လောက်မကြာသေးခင် ဝန်ထမ်းတစ်ယောက် ရောက်လာပြီး ဆွန်းမိုတို့အဖွဲ့ကို တတိယအထပ်သို့ ခေါ်သွားသည်။

ဒီအခန်းသည် ဘတ်စကတ်ဘောကွင်း တစ်ဝက်လောက်ရှိသည့် သီးသန့် အခန်းဖြစ်သည်။ အခန်းတံခါးကို ပိတ်ပြီးနောက် လွတ်လပ်တဲ့ ကမ္ဘာတစ်ခုလို ဖြစ်သွားသည်။ မြေပြင်ပေါ်က ကျောက်တုံးများကြားတွင် ရေကန်တစ်ခု ရှိနေပြီး အဖြူရောင် အခိုးအငွေ့များထွက်နေသည်။

“ ဆရာ ကျေးဇူးပြုပြီး အရင်ဝင်လိုက်ပါ”

ထန်ထန်ယုထန်က ချောင်းတစ်ချက်ဆိုးလိုက်ပြီး စိတ်ပျက်စွာ ရေကန်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

"ငါ့ခန္ဓာကိုယ်က နေလို့ မကောင်းလို့ မဝင်တော့ဘူး"

"မင်းအပေါ် မူတည်တယ်"

ဆွန်းမိုကတော့ စိတ်မဝင်စားပါဘူး။ အသင့်ယူလာသည့် ဆေးထုပ်ကြီးကို ယူလိုက်ပြီး ကန်ထဲကို ပစ်ထည့်လိုက်သည်။

ဖုတ်

ဆေးထုပ်က ရေထဲကို ကျသွားတာနှင့် ကြည်လင်နေသည့် ရေသည် ချက်ခြင်းကို သွေးတွေလို နီရဲလာသည်။ ပွက်ပွက် ဆူလာပြီး ပူစီဖောင်း ထလာသည်။ နည်းနည်းတောင် ကြောက်ဖို့ကောင်းသည်။

"ဆရာ အဲဒါက ဘာလဲ"

ချီရှန်ကျားက နည်းနည်း စိုးရိမ်ပြီး ပြောလိုက်သည်။

"ဆေးထုပ်ကြီး"

ဆွန်းမိုက အတွင်းခံ ဘောင်းဘီဘဲ ကျန်သည်အထိ ချွတ်လိုက်သည်။ ပြီးတော့ ရေထဲကို ဆင်းသွားလိုက်သည်။

သူက သွေးလောင်ကျွမ်းခြင်း အဆင့်(၂) ကိုရောက်နေပြီး သူ့ခန္ဓာကိုယ်ကလည်း စိန်သီးကြောင့် သန်မာနေကာ အာရုံခြောက်ပါးကလည်း ထက်မြတ်နေသည်။ ရေနှင့် အရေပြား ထိသွားသည့်အခါ သူ့အရေပြားကနေတစ်ဆင့် ဝိညာဉ်ချီတွေ စိမ့်ဝင်လာသလို ခံစားလိုက်ရသည်။

သူရေထဲကို ကျသွားသည်နှင့် ရေ ပွမ်းကနဲ မြည်သွားပြီး ရေလှိုင်းလည်း ထသွားသည်။ အရမ်းကို သက်တောင့် သက်သာ ဖြစ်လိုက်တာ။

ဖူး

ဆွန်းမိုက လေကို ရှူထုတ်လိုက်ပြီး ကန်ဘေးတွင် ထိုင်ချလိုက်သည်။

ရှန်ယွန်ပေါင်လည်း ရေထဲကို ရုတ်တရက်ဝင်လာပြီး အံ့အောသွားသည်။

“အာ။ ဒီရေက မဆိုးဘူး”

ချန်လုံက ခေါင်းညိတ်လိုက်သည်။ ချို့ရှန်ကျားကတော့ စိတ်ရှုပ်နေသည်။ ဆွန်းမိုကတော့ ဘာကိုမှ မခံစားရဘဲ ခေါင်းကို လှုပ်ယမ်းလိုက်မိသည်။ ရိုးလွန်းတာလည်း တော်တော်ဆိုးတယ်။ ပြီးတော့ ချန်လုံလည်း ရှိသေးသည်။ ရေကန်ထဲဝင်တာတောင် တစ်ကိုယ်လုံးသဘက် ပတ်ထားသေးသည်။ ဒါပေမယ့် လက်နှင့် ခြေထောက်ကို ကြည့်လိုက်ရင် တကိုယ်လုံး ဝိညာဉ်တက်တူး ဖုံးနေမှန်း သိသာသည်။

ဆေးထုပ်ကြီး၏ ဆေးဖက်ဝင်မှုသည် ရေထဲကို စိမ့်ဝင်လာသည်နှင့် အမျှ ရေတွေသည် သွေးတွေလို နီရဲလာပြီး လက်သီးဆုပ် အရွယ် ရေဝဲများ ဖြစ်လာသည်။ ရေဝဲကတော့တွေက ခန္ဓာကိုယ်ကို ရိုက်ခတ်နေပြီး နှိပ်ပေးသလို ဖြစ်နေသည်။

"ဆရာ၊ ဒီဆေးထုပ်ကို ဘယ်က ဝယ်လာတာလဲ"

ရှန်ယွန်ပေါင် နည်းနည်းလောက် ဝယ်ချင်စိတ် ပေါက်လာသည်။

"ငါကိုယ်တိုင် ဖော်စပ်ထားတာ"

ဆွန်းမိုက မျက်လုံးမှိတ်ပြီး ဇိမ်ယူလိုက်သည်။ ချင်လင်ကို ရောက်လာပြီး အချိန်တော်တော်ကြာသည်အထိ အနားယူနိုင်ခြင်း မရှိခဲ့ပါ။

"အို"

ဆွန်းမို ပြန်ဖြေလိုက်တာကို ကြားပြီး ရှန်ယွန်ပေါင်လည်း ဆက်မေးချင်စိတ် မရှိတော့ပါ။ တရားထိုင်ပြီး ဝိညာဉ်ချီသာ စုပ်ယူနေလိုက်သည်။ ဒီဝိညာဉ်ချီတွေက သိပ်သည်းပြီး နူးညံ့လှကြောင်းကို သူသဘောပေါက်သွားသည်။ ပျက်ဆီးနေသည့်

ဝိညာဉ်တက်တူးများကြောင့် အမြဲတမ်း စပ်ဖြင်းဖြင်း ဖြစ်နေတတ်ပြီး ပုံမှန်ဘဝကို မေ့နေသည့် ချန်လုံတောင် အရမ်းကို သက်တောင့်သက်သာ ဖြစ်နေသည်။ ရေထဲကို စိမ်လိုက်ပြီးနောက် နာကျင်မှုလည်း ပျောက်ကွယ်သွားသည်။ ငယ်ငယ်က သူ့အမေဖက်ထားလိုက်သလို နူးညံ့ ကြင်နာလှသည်။

"ဆရာ ဒီချိုးရေက ထူးခြားနေသလိုပဲ"

ငါးမိနစ်လောက်ကြာပြီးမှ ချီရှန်ကျားလည်း ချိုးရေက ထူးခြားနေတာကို သတိထားလိုက်မိသည်။

ဆွန်းမိုနှင့် တခြားနှစ်ယောက်ကလည်း တစ်ခွန်းမှ မပြောခဲ့ကြပါဘူး။

"ဒါက ထူးဆန်းလား"

ထန်ထန်ယုထန်လည်း သိချင်စိတ်ကြောင့် ရေချိုးကန်နားကို လျှောက်လာလိုက်သည်။ ရေထဲကို လက်နှစ်လိုက်ပြီး စမ်းသပ်လိုက်ရင် မီးတောင်ပေါက်ကွဲသလို မိုးထိအောင် ထိုးတက်သွားသလို ခံစားလိုက်ရသည်။

စာစဉ် (၉)

အခန်း (၁၂၈) - ကျေးဇူးပြုပြီး နောက်တစ်ခေါက်ကျရင် ခေါ်အုံးနော်။

ကန်ရေသည် ပေါက်ကွဲထွက်လာပြီး မျက်နှာကျက်ထိအောင် ၆ မီတာလောက် မြင့်တက်သွားသည်။ ပြီးတော့ ပြင်းထန်စွာ မိုးရွာချလိုက်သလို ပြန်ကျဆင်းလာသည်။

ဖောက် ဖောက်

အနီရောင် အခိုးအငွေ့တွေက နေရာတစ်ခုလုံးကို ပျံ့နှံ့သွားသည်။

ဆွန်းမိုနှင့် တခြားသူများ လုံးဝကို စိုရွှဲသွားသည်။ အဝတ်အစားများ ချွတ်ထားခဲ့ကြလို့သာ ကံကောင်းပြီး မစိုသွားခြင်း ဖြစ်သည်။

လူတိုင်း အံ့အော တုန်လှုပ်နေစဉ် ကန်ရေတွေနှင့် ရေစက်ကလေးများသည် တဖြည်းဖြည်းကျလာကာ ရေကန်အလယ်တွင် စုရုံးလာသည်။

ဝဲကြီး တစ်ခု ဖြစ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါတို့ ဘာလုပ်ကြမလဲ"

"အပြင်ထွက်သွားကြမလား"

ချီရွန်ကျားကအရမ်း စိတ်လှုပ်ရှားနေသည်။

"မင်းတို့ကောင်တွေ အရင်ထွက်သွားကြ"

စနစ်က ပေးသည့် ဆေးထုပ်ကြီးသည် ဘာပြဿနာမှ မရှိနိုင်သော်လည်း ဆွန်းမို လောင်းကြေး မထပ်ရဲပါ။ သူ့ကိုပဲ တစ်ခုခု ဖြစ်ရင် တော်သေးသည်။ ဒါပေမယ့် သူ့ကျောင်းသားတွေ ထိခိုက်သွားမှာတော့ စိုးရိမ်သည်။

ချီရှန်ကျားသည် ရိုးသားပြီး ဆွန်းမိုစကားကို အမြဲတမ်း နားထောင်တတ်သည်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ ဆွန်းမိုအနားမှာသာ နေဖို့ ဆုံးဖြတ်ခဲ့သည်။ ဒါကြောင့် ထွက်မသွားပဲ ဆွန်းမိုအနားကိုသာ လျှောက်သွားလိုက်သည်။

ရုတ်တရုတ်

ဘောင်း

ရေပန်းကြီး တစ်ခု ပေါက်ကွဲထွက်လာပြီး ဘီလူးတစ်ကောင် ပေါ်လာသည်။ ခန္ဓာကိုယ်

အပေါ်ပိုင်းတစ်ခုတည်းကို လေးမီတာကျော်နေပြီး မျက်နှာကျက်တောင် ထိလုထိခင် ဖြစ်နေသည်။

ဘီလူးကြီးက ပေါ်လာပြီး ဆွန်းမိုကို လက်သီးနှင့် ထိုးလိုက်သည်။

“ဝေးဝေး ဖယ်နေကြ”

ဆွန်းမိုက ချီရှွန်ကျားကို နောက်သို့ ဆွဲထုတ်လိုက်ပြီး ညာလက်သီး ထိုးထုတ်လိုက်သည်။

ဘုန်း

လက်သီးနှစ်ခု တိုက်မိသွားသည်။

ရေဘီလူးကြီး၏ လက်သီး ပြိုကွဲသွားပြီး ဆွန်းမို ခန္ဓာကိုယ်လည်း ရေ့တိုးနောက်ငင်ဖြစ်သွားသည်။ လက်သီးကြီးက အငွေ့ပျံသွားပြီး အနီရောင် အခိုးအငွေ့ တစ်ပုံတစ်ခေါင်းကြီး ဖြစ်လာကာ ဆွန်းမိုကို ဖုံးအုပ်သွားသည်။

ဒီတစ်ကြိမ်တော့ အခိုးအငွေ့များသည် ပျောက်ကွယ် မသွားဘဲ ချွေးပေါက်မှတဆင့် ဆွန်းမိုကိုယ်ထဲကို စိမ့်ဝင်သွားသည်။

ဝီး

ရေဘီလူးကြီး၏ လက်နောက်တစ်ဖက်က ရှန်ယွန်ပေါင်ကို ထုနှက်ဖို့အတွက် ရှန်ယွန်ပေါင်ဆီကို ပြေးဝင်သွားသည်။

"ကောင်းတယ် လာခဲ့စမ်း"

ချန်လုံကတော့ ရေကန်ထဲက ပြေးထွက်သွားပေမယ့် ရှန်ယွန်ပေါင်ကတော့ ထွက်မသွားခဲ့ပါဘူး။ ဒီတိုက်ခိုက်ရေး ဝါသနာအိုးကြီးက အရမ်းစိတ်လှုပ်ရှားနေပြီး ရေဘီလူးကြီးဆီကို ပြေးဝင်သွားသည်။

ဒီလိုရန်သူမျိုးကို တစ်ခါမှ မကြုံဖူးသေးဘူး။

ဘောင်း

ရှန်ယွန်ပေါင်သည် အရိုက်ခံရကာ လွင့်ထွက်သွားပြီး အနီရောင်အခိုးအငွေ့များ ပေါ်လာသည်။ ထို့နောက် ရှန်ယွန်ပေါင် ခန္ဓာကိုယ်ကို လုံး၀ ဖုံးအုပ်သွားသည်။

“ဘာကြီးလဲ”

မျက်နှာတစ်ခုလုံး စို့ရွဲနေသော ထန်ထန်ယုထန်လည်း ကြောင်အ သွားသည်။ (ဘာကြောင့် ရေချိုးခန်းထဲမှာ ပေါ်လာတာလဲ။

နေပါအုံး ဆရာဆွန်းမိုက ဆေးထုပ်ကြီး ပစ်ချခဲ့တာ မဟုတ်ဘူးလား။)

ဘယ်လိုဆေးထုပ်မျိုးက ဒါကြီးတွေ ထွက်လာတာလဲ။

“ အားလုံး လန့်မနေကြနဲ့။ မင်းတို့ အသတ်မခံရပါဘူး”

ဆွန်းမိုက အမြန်သတိပေးလိုက်သည်။ ရေဘီလူးကြီး၏ အချက်လက်ကို သူမြင်ပြီးပါပြီ။

“ ရောမ ဆေးထုပ်ကြီးရဲ့ အနှစ်သာရကနေ ဖြစ်ပေါ်လာတဲ့ သွေးရောင် ဘီလူးကြီးပဲ။ သူ့ရဲ့

ထိုးချက်တစ်ခုစီတိုင်းက ဆေးဘက်ဆိုင်ရာ အကျိုးအာနိသင်ကို လူ့ခန္ဓာကိုယ်ထဲ တစ်ခါတည်း ထည့်ပေးတယ်။ သူနဲ့ တိုက်ခိုက်လိုက်ရင် ခန္ဓာကိုယ်က လှုပ်ရှားပြီး သွေးတွေတက်ကြွလာကာ ဆေးဘက်ဆိုင်ရာ အာနိသင်ကို ၁၀၀ ရာခိုင်နှုန်း စုပ်ယူနိုင်စေတယ်”

“ ဆရာမင်းရဲ့ ဆေးထုပ်ကြီးက ကြောက်စရာကြီး။ ငါတို့က ရေချိုးဖို့ပဲလာတာလေ။ ငါတို့ အသက်ကို စွန့်ရမှာလား”

စကားအများကြီး မပြောတတ်သည့် ချန်လုံတစ်ယောက်ကတော့ ရတ်ပင်တွေ အများကြီး ရွတ်နေသည်။ ဒါက သူဘယ်လောက်တောင် စိတ်လှုပ်ရှားနေလည်း သိသာသည်။

"မင်း ဝမ်းသာရမှာ။ ဆေးထုပ်ကြီးဆိုတာ သူများတွေ တစ်ဘဝလုံး မမြင်နိုင်တဲ့ အရာပဲ"

ဆွန်းမိုက ဒီလို ပြောလိုက်ပေမယ့် သူကတော့ တော်တော်ဝမ်းနည်းနေသည်။ (ငါက အေးအေးဆေးဆေး အနားယူချင်ရုံလေးပါ။

သေခြင်း ရှင်ခြင်း လက်ရည်စမ်းပွဲထဲ ရောက်နေရသလို ဘာလို့ ဖြစ်နေရတာလဲ)

"အားရ ဖို့ကောင်းလိုက်တာ"

ရှန်ယွန်ပေါင်ကတော့ စောက်ရမ်း ပျော်နေသည်။ လွင့်ထွက်သွားပြီးတာနှင့် ချက်ခြင်းပဲ ဘီလူးကြီးဆီကို ဆက်ပြေးသွားသည်။ သူ့မှာ ဘာလက်နက်မှ မရှိလို့ လက်သီးတွေနှင့် တိုက်ခိုက်နေသည်။

တိုက်ခိုက်မှုတိုင်းမှာ များပြားလှသော အခိုးအငွေ့များ ထွက်နေသည်။ ဒါပေမယ့်လည်း

ဒီအခိုးအငွေ့တွေက လူ့ခန္ဓာကိုယ်ထဲကို လျှင်လျှင်မြန်မြန် ဝင်သွားသည်။

ထန်ထန်ယုထန်သည် မျက်ခုံးများ တော်တော်တွန့်နေသည်။ သူ့လည်ပင်း၊ မျက်နှာနှင့်လက်မောင်းတွေဆီကို အခိုးအငွေ့က စိမ့်ဝင်လာပြီး မကြုံစဖူး သက်တောင့်သက်သာ ဖြစ်နေသည်။

ခဏလောက်ကြာတော့ ထန်ထန်ယုထန်သည် အဝတ်အစားတွေကို ချွတ်ပြီး ရေကန်ထဲကို ခုန်ဆင်းလာသည်။ ဒါပေမယ့် သူရှက်သလို

ခံစားနေရသည်။ စောစောတုန်းကတော့ မချိုးတော့ပါဘူး ပြောခဲ့သေးသည်။

"ငါ.........ငါ............အဆင်ပြေမှာပါနော်"

ချီရှန်ကျားသည် ဘယ်ချိန်မဆို တိုက်ခိုက်နိုင်အောင် တိုက်ပွဲဝင် ကိုယ်နေကိုယ်ထား ယူထားသည်။

"သွားပြီး တရားထိုင်နေစမ်း"

ဆွန်းမိုသည် ဒီငတုံးကောင်၏ ပေါင်ကို ကန်ထုတ်လိုက်သည်။ ဒီကောင် တုံးအပြီး သေတဲ့အထိ တိုက်နေမှ ဒုက္ခ။

ချန်လုံကို ကြည့်လိုက်တော့ အငွေ့က ဘယ်လောက်တောင် အံ့အောဖို့ကောင်းလည်း သိလိုက်ပြီးနောက် ထောင့်တထောင့် ကိုရှာကာ တရားထိုင်နေသည်။

ချန်လုံသည် ဝိညာဉ်ချီများ စုပ်ယူသည့် အခါတိုင်း အရမ်းနာကျင်ရသော်လည်း ဒီဝိညာဉ်ချီနှင့် ကျတော့ အဆင်ပြေနေသည်။ နာကျင်ရမည့်အစား သက်တောင့်သက်သာ တောင် ဖြစ်နေသည်။

ရေဘီလူးသည် အခိုးအငွေ့လို ပြောင်းလဲလာတာနှင့် အမျှ မျက်စိနှင့် မြင်နိုင်လောက်သည့် အရှိန်နှင့် သေးငယ်သွားသည်။

ရှန်ယွန်ပေါင်သည် ငါးကြိမ်မြောက် လွင့်ထွက်လာပြီးနောက် ရုတ်တရက် ရပ်တန့်လိုက်သည်။ ထို့နောက် အမူအရာ ပြောင်းသွားပြီးချက်ခြင်း တရားထိုင်လိုက်သည်။

ဘုန်း ဘုန်း ဘုန်း

လေထဲတွင် ပျံ့နှံ့နေသော သွေးရောင် အခိုးအငွေ့များသည် ရှန်ယွန်ပေါင်နားတွင်

စုဝေးလာပြီး ပိုးအိမ်တစ်ခုလို ပြောင်းလဲသွားသည်။ သူ စုပ်ယူလိုက်တာကြောင့် ပိုးအိမ်လည်း တဖြည်းဖြည်း ပျောက်ကွယ်လာသည်။

ရှန်ယွန်ပေါင် အဆင်ပြေနေတာ မြင်မှ ဆွန်းမိုလည်း စိတ်အေးရသွားသည်။ သူလည်း နေရာတစ်ခုကို ရှာပြီး တင်ပလေခွေထိုင်ကာ သဏ္ဍာန်မဲ့ မြင့်မြတ်စကြာဝဠာ ကျင့်စဉ်ကို လည်ပတ်နေလိုက်သည်။

ထိုအချိန်တွင် ကျန်ခဲ့သည့် ဝိညာဉ်ချီများသည် စုဝေးလာပြီး သူ့အနားတွင် ပိုးအိမ်လို ဖြစ်လာသည်။

စုပ်ယူလိုက်သည့် ပမာဏက များလွန်းတာကြောင့် ရှန်ယွန်ပေါင် ဝိညာဉ်ချီ ပိုးအိမ်က တချို့ အစိတ်အပိုင်းများသည် သူ့ဆီကို ရောက်လာသည်။

ချန်လုံ ဂယောက်ဂယက် ဖြစ်နေသည်။ (ဒီလို ဖြစ်ရမှာလေ။ စုတ်ပျက်နေသည့် ခန္ဓာကိုယ်နှင့် ဝိညာဉ်ချီ မစုပ်ယူနိုင်လို့ ကြီးနိုင်ငယ်ညှင်း လုပ်နေကြတာလား။)

ဆွန်းမိုနှင့် ရှန်ယွန်ပေါင်တို့သည် စတင်ပြီး တရားထိုင်လိုက်တာနှင့် များပြားလှတဲ့ ဝိညာဉ်ချီများကို စုတ်ယူသွားပြီး ချန်လုံ၏နေရာမှာ သွေး ဝိညာဉ်ချီများ မရှိတော့ပါဘူး။ ချီရှန်ကျား၏ အရည်အချင်းက အားနည်းလွန်းနေသည်။ ပြီးသွားတဲ့အချိန်မှာတော့ နည်းနည်းလေးသာ အကျိုးရလိုက်သည်။ ဘာတွေဖြစ်နေလဲ၊ ဘာတွေလွဲသွားလဲ မသိတာကြောင့် သူကတော့ စိတ်မညစ်နေပါဘူး။

အဆိုးဆုံး ခံစားနေရသူကတော့ ထန်ထန်ယုထန် ဖြစ်နေသည်။ သူ တစ်ချက်လောက် တုံ့ဆိုင်းသွားသည့် အချိန်တွင် သွေးရောင် ဝိညာဉ်ချီက မရှိတော့ပါဘူး။ ဒါကိုသိပါက အဝတ်အစားတွေကို ပြတ်ပြတ်သားသား ချွတ်ပါတယ်။

နေပါအုံး။ ကန်ထဲမှာ ရေချိုးနေကြတုန်းပဲ ထန်ထန်ယုထန်လည်း အဝတ်အစားတွေကို မြန်မြန်ချွတ်ပြီး ရေထဲကို ခုန်ဆင်းလိုက်သည်။

အာ

အရေပြားနှင့် နီရဲနေသော ရေတို့ ထိလိုက်သည့် အခိုက်အတန့်မှာ အသက်ရှူမှားပြီး လေအေးတစ်ချက် မှုတ်ထုတ်ကာ သက်တောင့်သက်သာ ဖြစ်လွန်းလို့ သည်းညူလိုက်မိသည်။ ခံစားလို့ ကောင်းလိုက်တာ။

ဒေါက် ဒေါက် ဒေါက်

ဒေါက် ဒေါက် ဒေါက်

တံခါးခေါက်သံနှင့် ဟွာယုံ၏ စိုးရိမ်သော အသံ ထွက်လာသည်။

“ဆရာဆွန်း၊ မင်းတို့ အဆင်ပြေလား”

ဝန်ထမ်းတစ်ယောက်က ဒီအခန်းထဲကနေ ရုတ်ရုတ်သဲသဲနှင့် တိုက်ခိုက်နေသည့် အသံများ ကြားနေရတယ်လို့ သူမကို လာပြောခဲ့သည်။

ချီရှန်ကျားကတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် စိုးရိမ်နေသည်။ ချန်လုံက သွေးပိုးအိမ်နှစ်ခုကို ကြည့်လိုက်ပြီး ထန်ထန်ယုထန်ကို ကြည့်လိုက်သည်။ ဒါပေမယ့် ထန်ထန်ယုထန်က မသွားချင်တာကို ရှင်းရှင်းလင်းလင်း သိလိုက်သည်။ သူလည်းရွေးချယ်စရာမရှိတော့ဘဲ ထပြီး တံခါးဆီကို မြန်မြန် လျှောက်သွားသည်။

"ငါတို့ အဆင်ပြေပါတယ်" ချန်လုံက ပြောလိုက်သည်။

"တံခါး အရင်ဖွင့်" ဟွာယုံက ဖောကပ်ပြီး ပြောလိုက်သည်။

"ခဏနေအုံး ငါတို့ အဝတ်အစား ဝတ်လိုက်အုံးမယ်"

ချန်လုံက ဉာဏ်သုံးလိုက်သည်။ သူမကို ငြင်းလိုက်ပါက သူမသည် တံခါးကို ဖျက်ဝင်လာနိုင်သည်။ ဒါကြောင့် သူလည်း

အကြောင်းပြချက် တစ်ခုပေးပြီး အချိန်ဆွဲလိုက်သည်။

ထိုအချိန်တွင် ဆွန်းမိုနှင့် ရှန်ယွန်ပေါင်သည် သွေးပိုးအိမ်က ဝိညာဉ်ချီများကို စုပ်ယူလိုက်ပြီး နောက်ဆုံးတွင် လုံး၀ ပျောက်ကွယ်လုနီးပါး ဖြစ်လာသည်။

"ဆရာ သူ့ငွေးက ဒီရောက်နေတယ်"

ဆွန်းမို မျက်လုံးဖွင့်လိုက်တာကို မြင်လိုက်ရင် ချန်လုံက အမြန် အကြောင်းကြားလိုက်သည်။

"ငါ့ကိုကိုင်တွယ်ခွင့်ပြုပါ"

ထန်ထန်ယုထန်က ပြောလိုက်သည်။

သူသည် သုံးပုံတစ်ပုံလောက်သာ ကျန်တော့သည့် ရေကို ကြည့်ကာ ပုခုံးတွန့်ပြီး ရေကန် အပြင်ကိုထွက်သွားသည်။ တံခါးဖွင့်လိုက်တာနှင့် ဟွာယုံလည်း တဟုန်ထိုး ပြေးဝင်လာပြီး အနောက်ကနေ တုတ်ခိုင်သန်မာသည့် အစာင့်အကြပ် အနည်းငယ်လည်း လိုက်လာသည်။ အရန်အစီအစဉ် လုပ်လာတာ သေချာသည်။

ဟွာယုံလည်း အမြန်တစ်ချက်ကြည့်လိုက်ပြီး နှလုံးလှစ်ခနဲ ခုန်သွားသည်။

တစ်ယောက်ယောက်သေသွားပြီ ထင်ကာ “ဘယ်သူသေတာလဲ”

အခန်းထဲတွင် နီရဲနေသည့် အငွေ့အသက် နည်းနည်း ကျန်နေသေးသည်။ ဒါပေမယ့် ဒါကိုလည်း လစ်လျူရှုထားနိုင်သေးသည်။ အဓိက ကတော့ ရေကန်နှင့် ကြမ်းပြင်တွေ နီရဲနေသည်။ ရုတ်တရက်ကြည့်လိုက်ရင် သွေးတွေလို ပါပဲ။

“ဘယ်သူမှ မသေဘူး”

ထန်ထန်ယုထန်က အနောက်မှ လက်တွေကို ဆန့်ထုတ်ထားပြီး အစောင့်တွေကို မဝင်ခိုင်းဘဲနှင့် တားထားသည်။

“ငါတို့က ရေထဲမှာ ဆေးဖက်ဝင် အပင်တွေကို ထည့်ထားတာ”

“ဆေးဘက်ဝင် အပင်”

ဟွာယုံက မျက်မှောင်ကြုတ်ကာ ရေကန်ကို ကြည့်လိုက်သည်။ ပြီးတော့ သူတို့ အားလုံးကို အကဲခတ်လိုက်သည်။ အားလုံးက ပုံမှန်

အဆင်ပြေပြေနေပြီး ထိခိုက်ဒဏ်ရာ ရထားသည့်သူလည်း မရှိပါဘူး။

"သူ့ငွေး ကြမ်းပြင်ညစ်ပတ်သွားလို့ ငါအလျော်ပေးပါမယ်" ဆွန်းမိုက ငွေရှင်နေသည်။ စိတ်ထဲကို မထည့်ထားပါဘူး။

ဒါပေမယ့်လည်း အခန်းက အရမ်းကြီးတော့ မညစ်ပတ်နေပါဘူး။ ကြမ်းပြင်ပေါ်က အနီရောင်ကန်ရေတွေကလည်း ရေနှင့် ဆေးချလိုက်လို့ ရသည်။ ဒါတွေက သွေး မဟုတ်တာကြောင့် အခဲအပျစ်များ မဖြစ်ဘဲ မကျန်ခဲ့နိုင်ပါ။

ဟွာယုံ ပြန်မပြောရသေးခင်မှာ ရှန်ယွန်ပေါင်က ဝိညာဉ်ချီကို ပြင်းပြင်းထန်ထန် စုပ်ယူလိုက်သည်။ သူက ပတ်ဝန်းကျင်က ဝိညာဉ်ချီ အားလုံး နီးပါးကို စုပ်ယူလိုက်သည်။

"အဆင့်တက်နေတာလား"

ဟွာယုံက မသိမသာ မျက်မှောင်ကြုတ်သွားပြီး ပြုံးလိုက်သည်။

"ဂုဏ်ပြုပါတယ်။ ဆရာဆွန်း" ကြမ်းပြင်ပေါ်တွင် တင်ကျန်နေသည့် ရေကို ထိကြည့်လိုက်သည်။

ဒါကိုပြောပြီးနောက် ဟွာယုံက အစောင့်တွေကို အပြင် ပြန်ထွက်ခိုင်းလိုက်သည်။ သူမက ထိုင်ချလိုက်ပြီး

ဟွာယုံသည် သွေးလောင်ကျွမ်းခြင်း အဆင့် ဖြစ်တာကြောင့် သူမ၏ အာရုံခံနိုင်စွမ်းကလည်း ကောင်းမွန်နေသည်။ သူမအခန်းထဲကို ဝင်လာကတည်းက အခိုးအငွေ့ အကြွင်း အကျန်တွေက ပြောမပြနိုင်လောက်အောင် ထူးခြားသည့် ခံစားချက်ကို ပေးနေသည်။

ဒါက ဆိုးသည့် ခံစားချက်တော့ မဟုတ်ပါဘူး။

ရှန်ယွန်ပေါင်၏ အရည်အချင်းကြောင့် သူက အဆင့်တက်နေတာ မကျေနပ်နိုင်ပါ။ ပြီးတော့ သူစုပ်ယူခဲ့သည့် ဝိညာဉ်ချီ ပမာဏကလည်း အံ့အောတုန်လှုပ်ဖို့ ကောင်းသည်။

“ ဒီတပြည့်ကောင်လေးက ထူးထူးခြားခြား အရည်အချင်း ရှိနေတာပဲ”

ဟွာယုံလည်း ရုတ်တရုတ် အံ့အောသွားပြီး ရှန်ယွန်ပေါင်ကို ကြည့်နေသည့် အကြည့်များ တောက်ပလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အများအားဖြင့်တော့ အဆင့်တက်သည့်အခါ ဝိညာဉ်ချီ များများ စုပ်ယူလေ ပိုပြီး အရည်အချင်း ရှိလေပါပဲ။ ရှန်ယွှန်ပေါင်လို ကျောင်းသားမျိုးကို အရမ်းအံ့ဖို့ကောင်းသည့် အရာလို့ ယူဆနိုင်ပြီး ကျောင်းအုပ်ကြီးတွေတောင် စောင့်ကြည့်နေနိုင်သည်။ ကြီးကြီးမားမား ပြုစုပျိုးထောင်သင့်သော အရည်အချင်းမျိုး ဖြစ်သည်။

ဟွာယုံ၏ မျက်နှာတွင် သံသယများဖြင့် ပြည့်လာသည်။

ဒီလိုအံ့အောဖို့ကောင်းတဲ့ ကျောင်းသားကို တိုက်ရိုက်တပြည့် အဖြစ်ရထားသည့် သူကရော ဘယ်လို နောက်ခံမျိုး ရှိနေတာလဲ။

ဟွာယုံက ဆွန်းမိုတွင် ကြီးမြတ်သည့် သင်ကြားရေးစွမ်းရည် ရှိမယ်လို့ ဖြစ်နိုင်ခြေထဲမှာ ထည့်ကို မစဉ်းစားခဲ့မိပါ။ သူဘယ်လောက်ပဲ တော်နေပါစေ မြတ်ဆရာထက်တော့ မတော်နိုင်ပါ။

အရင်တုန်းက ဟွာယုံသည် နာမည်ကြီးကျောင်းကနေ ဘွဲ့ရခဲ့သည်။ ဒါကြောင့် ရှန်ယွန်ပေါင်လို ကျောင်းသားမျိုးကို

မြတ်ဆရာတွေတောင် လုကြမှာ ကျိန်းသေပေါက် သိနေသည်။

အခုမှ အလုပ်ဝင်တဲ့ ဆရာအသစ်မပြောနှင့် ကြယ်တစ်ပွင့် မြတ်ဆရာတွေတောင် အခွင့်အရေး မရနိုင်ပါ။

"ကြည့်ရတာ ဒီဆရာဆွန်းရဲ့ နောက်ခံကိုတော့ သိဖို့လိုပြီ"

ဒါကိုတွေးပြီး ဟွာယုံ၏ တင်းမာနေသောမျက်နှာက ပျော့ပြောင်းသွားသည်။

စီးပွားရေးလုပ်နေသည့် မိန်းမတစ်ယောက်အတွက် မစော်ကားနိုင်သော လူတချို့ကတော့ ရှိနေသည်။

ရေကန်ရေ အရောင်ပြောင်း နေတာကလွဲရင် ပျက်ဆီးမှုတော့ မရှိပါ။ ဒါတွေကလည်း ရေနှင့် ဆေးကြောလိုက်ရင် ပြန်ပြီး သန့်ရှင်းသွားနိုင်သည်။

မိနစ်အနည်းငယ်ကြာပြီးနောက် ရှန်ယွန်ပေါင်လည်း အဆင့်တက်နေတာ အောင်မြင်သွားသည်။

“ဂုဏ်ပြုပါတယ်”

ချီရှန်ကျားက အားကျနေသည့် မျက်လုံးနှင့် ဂုဏ်ပြုစကား ပြောလိုက်သည်။

“ဂုဏ်ပြုပါတယ်”

ချန်လုံက သူ့ဆရာ၏ ဆေးထုပ်က ဘယ်လောက်တောင် အံ့အောဖို့ကောင်းလည်း တွေးနေရင်း ပြောလိုက်သည်။ သူသာ ပျက်စီးနေသည့် ဝိညာဉ်တက်တူး မရှိဘူးဆိုရင် ဒီရေကိုချိုးပြီး အဆင့်တက်သွား နိုင်သည်။

ဒင်

ချန်လုံ ၏လေးစားအထင်ကြီးမှု +၁၅။ ရင်းနှီး (၁၆၀/၁၀၀၀)

“ဂုဏ်ပြုပါတယ်”

ထန်ထန်ယုထန်လည်း ရုတ်တရုတ် အံ့အောနေသည်။ ဒီဆေးထုပ်ကြီး၏ အကျိုးသက်ရောက်မှုက ခန့်မှန်းထားတာထက် ပိုပြီး ကောင်းမွန်နေသည်။

“ဆရာ မင်းရဲ့ ဆေးထုပ်က တကယ်ကို ထူးဆန်းတာပဲ”

ရှန်ယွန်ပေါင်က အရမ်းကို အံ့အောသင့်နေသည့် အကြည့်နှင့် ကြည့်ပြီး လက်မထောင်ပြလိုက်သည်။

“ငါလွန်ခဲ့တဲ့ သုံးရက်လောက်ကပဲ အဆင့်တက်ခဲ့တာ။ ဒီဆေးသာမရှိရင် ဒီလောက် မြန်မြန်ဆန်ဆန် အဆင့်တက်ဖို့ မဖြစ်နိုင်ဘူး’

ဒီစကားကိုကြားတော့ ဟွာယုံ၏ မျက်လုံးများ ဆတ်ခနဲ တုန်လှုပ်သွားသည်။ သူမ၏ အတွေ့အကြုံအရ ရှန်ယွန်ပေါင်သည် ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၆) ဒါမှမဟုတ် အဆင့်(၇)ကို ရောက်နေနိုင်သည်။

သုံးရက်အကြာတွင် အဆင့်ထပ်တက်နိုင်လောက်အောင် သူ့ရဲ့ အရည်အချင်းက ဘယ်လောက် ထူးဆန်းပြီး တော်နေမှာလဲ။

ပြီးတော့ ဒီရေကလည်း သာမန်မဟုတ်ဘူး။

စီးပွားရေးသမား တစ်ယောက်အနေနှင့် ဟွာယုံ၏ တုံ့ပြန်မှုသည် အရင်ဆုံး ဆေးထုပ်ကို ယူဖို့ လုပ်လိုက်သည်။ ဘာကိုပဲ သုံးရသုံးရ အရင်တော့ စမ်းကြည့်ရမည်။

“ ကြည့်ရတာ ဒီဆရာကို မက်လုံးတချို့တော့ ပေးရမယ်ထင်တယ်”

ဟွာယုံက အလေးအနက် စဉ်းစားနေသည်။

“ အမ်၊ ဆေးထုပ်က ဒီလောက်တောင် ထူးခြားတဲ့ အကျိုးသက်ရောက်မှု ရှိတာလား”

ရှန်ယွန်ပေါင်၏ စကားကို ကြားလိုက်တော့ ချီရှန်ကျားလည်း သူ့ခန္ဓာကိုယ်ကို ကိုင်လိုက်မိသည်။

“အင်း”

ရှန်ယွန်ပေါင်က ဝမ်းသာအားရ သေချာပေါက် ခေါင်းညိတ် ထောက်ခံလိုက်သည်။ ပြီးတော့

ဆွန်းမိုဆီကို လျှောက်သွားကာ အလေးအနက်ထားပြီး ဦးညွှတ် အရိုအသေ ပေးလိုက်ရင်း

“ကျေးဇူးတင်ပါတယ်။ ဆရာ”

ရှန်ယွန်ပေါင်သည် တိုက်ပွဲကိုသာ နှစ်ခြိုက်မြတ်နိုးပြီး သူ့အတွေးတွေ အားလုံးကလည်း တိုက်ပွဲနှင့်သာ ဆက်နွယ်နေသည်။ ဒါပေမယ့် သူက ငတုံး တစ်ယောက်တော့ မဟုတ်ဘဲ ကျေးဇူးတရားလည်း သိတတ်သေးသည်။

“ငါက မင်းရဲ့ ဆရာလေ။ ဒါက ငါလုပ်ပေးရမဲ့ အရာပဲ”

ဆွန်းမို လည်း တော်တော်ပျော်သွားသည်။ ရှန်ယွန်ပေါင်က အဆင့်တက်သွားသဖြင့် ကျောင်းသားတွေကို အဆင့်တက်အောင် လုပ်ရမည့် တာဝန်ရဲ့ ငါးပုံ တစ်ပုံတော့ ပြီးသွားပြီ။

"ဟဲဟဲ ဆရာနောက်တစ်ခါ ရေချိုးရင် ငါ့ကို ခေါ်ရမယ်နော်" ရှန်ယွန်ပေါင်က ထပ်ပြီး

"မင်းရဲ့ ဖိနပ်ကိုလည်း သယ်ပေးမယ်။ ကျောကုန်းကိုလည်း နှိပ်ပေးမယ်"

ဒီခံစားချက်က အရမ်းကို ဇိမ်ကျတယ်။ ရှန်ယွန်ပေါင်ကတော့ အရသာတွေ့နေသည်။

ဒင်

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး (၇၆၈/၁၀၀၀)

စနစ်ဆီက အကြောင်းကြားချက်ကို ရပြီး ဆွန်းမို မျက်ခုံး အနည်းငယ် လှုပ်သွားပြီး မနေနိုင်ဘဲ ချီရှန်ကျားကို တစ်ချက် ကြည့်လိုက်မိသည်။ ရိုးသားလွန်းသည့် ကောင်လေးသည် တကယ်ကို ကလေး စိတ်လေးပဲ။ သူ့ရဲ့ အလှူအတန်းကတော့ ကြောက်ဖို့ကောင်းလွန်းသည်။

ထန်ထန်ယုထန်၏ နှုတ်ခမ်း တုန်သွားသည်။ ခုနတုန်းက ဖင်ခေါင်း ကျယ်ခဲ့မိသည့်အတွက် နောင်တရနေသည်။ သူသာ စောစော ရေချိုးလိုက်မိရင် ကောင်းမှာပဲ။

"အင်း။ အတူတူလာကြတာပေါ့"

ဆွန်းမိုက စိတ်မရှိပါဘူး။ ရေကန်အကျယ်ကြီး ဖြစ်ပြီး လူတစ်ယောက်တိုးလာလည်း မထူးခြားပါဘူး။ ပြီးတော့ သူသာ ကြယ်နှစ်ပွင့် မြတ်ဆရာ တစ်ယောက်ဖြစ်ချင်ရင် တိမ်စိမ်း အဆင့်ကို ဝင်သည့် တပြည့် တစ်ယောက်လည်း လိုသည်။

ရှန်ယွန်ပေါင်ကို ကြည့်ရတာ ဒီအခွင့်အရေးကို အောင်မြင်နိုင်ခြေ အများဆုံး ဖြစ်နေသည်။ သူက တခြားသူတွေထက် ခြေတစ်လှမ်း လှမ်းလိုက်ရုံပါပဲ။

“ ဆရာဆွန်း ဒီအခန်း အခြေအနေအရ ဘာဖြစ်လို့ အခန်း မပြောင်းတာလဲ”

ဟွာယုံက ပြုံးပြီး မေးလိုက်သည်။ သူမ၏ မွေးစားသားကို ဒီကိုခေါ်လာပြီး စိမ်ခိုင်းမလို့ စဉ်းစားနေသည်။

"မလိုပါဘူး။ မင်းကောင်လေးတွေကိုသာ ရေဖြည့်ခိုင်းလိုက်ပါလား"

ဆွန်းမိုက ဘာမှ မပြောရသေးခင် ထန်ထန်ယုထန်က ဝင်ငြင်းလိုက်သည်။ ရေကငါးပုံ တစ်ပုံ ကျန်နေသေးသည်။ မဖြုန်းတီးနိုင်ပါ။

ထန်ထန်ယုထန်သည် ခုနတုန်းက အခွင့်အရေးကို ကောင်းကောင်း အသုံး မချလိုက်ရသည့် အတွက် တော်တော်ကို နှောင်တရနေသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၁၅။ မူလ(၃၀/၁၀၀)

ဆွန်းမိုလည်း ရောဂါသည်ကို တစ်ချက်ကြည့်လိုက်သည်။ သူ့ကို တန်ဆူဒါရီ လို့ သတ်မှတ်ရမှာလား။ မဟုတ်ဘူးလို့ ပြောပေးချင်ပေမယ့် သူ့ခန္ဓာကိုယ်က ဝန်ခံနေသည်။

"အ။ ဟုတ်ပြီ။ မင်းတို့ ရေချိုးပေးသမား လိုသေးလား"

ဟွာယုံကတော့ ဝမ်းနည်းနေသည်။

" ရေချိုး ပေးသမား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကိုကြားလိုက်ရင် ကျောင်းသားတွေအားလုံး ရယ်လိုက်ကြသည်။ ဘယ်ရေချိုးပေးသမားမှာ နတ်ဘုရားလက်ရှိလို့လဲ။ ဒါကိုတွေးလိုက်မိပြီး ဆွန်းမိုကို တမ်းတသည့် မျက်လုံးများဖြင့် ချက်ခြင်း လှမ်းကြည့်လိုက်ကြသည်။ ဦးနှောက်ကြွက်သားနှင့် ပြည့်နေပြီး တိုက်ခိုက်ဖို့သာ သိသည့် ရှန်ယွန်ပေါင်တောင် ခြွင်းချက် မဟုတ်ပါဘူး။

ဆွန်းမို နတ်ဘုရားလက်က ဘယ်လောက်ထူးဆန်းလဲဆိုတာ ဗဟိုပြည်နယ် အကယ်ဒမီမှာ မသိတဲ့လူ ရှိလို့လား။

စာစဥ် (၉)

အခန်း (၁၂၉) - ဝိညာဉ်ပြုပြင်ခြင်းအဆင့်၊ သွေးကြော ဆုံမှတ်ဖွင့်ပါ။

ဟွာယုံလည်း ဘာကြောင့်ရယ်နေလည်းဆိုတာ နားမလည်သဖြင့် စိတ်ရှုပ်သွားသည်။

"ရေနွေး မြန်မြန်ထည့် ပေးပါ"

ဆွန်းမိုက ခိုင်းလိုက်သည်။

ဟွာချင် ရေကူးကန် ဝန်ထမ်းများက ခြေကျင်လာပြီး ရေဖြည့်ပေးနေကြသည်။

ရေဖြည့်တာ ၁၀ မိနစ်တောင် မကြာလိုက်ပါဘူး။ ပြီးတော့ ညှော်သည်များ ချော်မလဲအောင် အနီးအနားက ကြမ်းပြင်တွေကိုပါ သန့်ရှင်းရေး လုပ်ခဲ့ကြသည်။

အရင်တုန်းကတော့ အလုပ်လုပ်ပြီး ပင်ပန်းတတ်ကြပါသည်။ ဒါပေမယ့် ဒီနေ့တော့ ထူးထူးဆန်းဆန်း မပင်ပန်းကြပါ။

အရမ်းကို သက်တောင့် သက်သာ ဖြစ်နေသည်။

“ တကယ်တော့ငါက လူသန်ကြီး တစ်ယောက်များ ဖြစ်နေမလား”

ဝန်ထမ်းများ မစဉ်းစား တတ်အောင် ဖြစ်နေကြသည်။

တကယ်ကတော့ ဆေးထုပ် ထည့်ထားခဲ့သည့် ရေကန် ပတ်ဝန်းကျင်တွင် ဝိညာဉ်ချီ အကြွင်းအကျန် ရှိနေသေးသည်။ ကျင့်ကြံသူတွေ အတွက်တော့ ဒီဝိညာဉ်ချီ ပမာဏက အသုံးမဝင်တော့ပါ။

ဒါပေမယ့်လည်း အစေခံများက သာမန်လူများသာ ဖြစ်သည်။ ဝိညာဉ်ချီ နည်းနည်းလေးပဲ ဖြစ်သော်လည်း သူတို့အတွက်တော့ နေလို့ထိုင်လို့

အရမ်းကောင်းနေသည်။ အခိက ဆေးအားနိသင်များ မကုန်ခန်းသေးရင် သူတို့ ရေကန်ထဲက ရေကို စိမ်ဖို့ မဖြစ်နိုင်ပါ။ မဟုတ်ခဲ့ပါက ဝိညာဉ်ချီများကြောင့် သူတို့၏ ခန္ဓာကိုယ်များ ပေါက်ကွဲပြီးသေသွားမည်။

" ဆရာ ငါမင်းကျောကို တိုက်ပေးမယ်" ရှန်ယွန်ပေါင် အရမ်းကို သဘောကောင်းနေပြီး အဆင့်တက်လာတာကို ပျော်နေသည်။ အဝတ်စ အဖြူတစ်ထည်ကိုယူကာ ဆွန်းမို ကျောကို တိုက်ပေးမလို့ လုပ်လိုက်သည်။ ချီရှန်ကျားကလည်း

ဆွန်းမိုကို ကူညီဖို့စီစဉ်ထားသော်လည်း ဒါကို မြင်လိုက်ပြီး အဝတ်စကို ပြန်ချထားလိုက်သည်။

"မလိုဘူး"

ဆွန်းမိုက အမြန်ငြင်းလိုက်သည်။ ရှန်ယွန်ပေါင်က သူ့ခွန်အားကို ဘယ်လိုထိန်းချုပ်ရမလဲ မသိတာ သေချာသည်။ သူ အရေခွံ မလန်ချင် သေးဘူး။

"ဆရာ။ ကျွန်တော်ကို မယုံဘူးလား"

ရှန်ယွန်ပေါင်က မျက်မှောင်ကြုတ်ရင်း မေးလိုက်သည်။

"မွေးရပ်မြေကို ပြန်တုန်းက ကီလို ၃၀၀ ၊၄၅၀ လောက်ရှိတဲ့ ဝက်ဝံကိုတောင် လက်ဗလာနဲ့ အရေခွံခွာခဲ့တာ။ စိတ်မပူပါနဲ့"

ရှန်ယွန်ပေါင်က ဆွန်းမို ပုခုံးပေါ်တွင် လက်တစ်ဖက်တင်ရင်း ရှေ့တိုးလာသည်။

"မလာနဲ့ ငါတကကယ်ကို အဆင်ပြေတယ်"

ဆွန်းမို မျက်နှာပျက်သွားပြီး ချက်ခြင်း ငြင်းလိုက်သည်။

"ခိ ခိ ဟား ဟား"

ထန်ထန်ယုထန်နှင့် ချန်လုံတို့ နှစ်ယောက်စလုံး ဆီက ရယ်သံများ ပေါက်ကွဲထွက်လာသည်။

ရှန်ယွန်ပေါင်၏ စရိုက်က အရှုံးကို လက်မခံတတ်ပါဘူး။ လုပ်ချင်လာရင် ရအောင်သာ လုပ်မည်။ ဆွန်းမို ငြင်းတာကိုလည်း ဂရုမစိုက်ဘဲ အဝတ်အစကို ကိုင်ပြီး ဆွန်းမိုကို တိုက်ပေးလိုက်သည်။ တခြားနည်းလမ်းတွေကို မတွေးမိဘဲ

တကယ်တော့ ဆွန်းမိုအတွက် တစ်ခုခု ပြန်လုပ်ပေးချင်နေသည်။ ကျန်တာတွေ မစဥ်းစားပဲ ကျောကို သာ နှိပ်ပေးချင်နေသည်။

"ချန်လုံ မှောက်အိပ်လိုက် ငါမင်းကို နှိပ်ပေးမယ်"

ဆွန်းမိုလည်း ရှန်ယွန်ပေါင်လက်က လွတ်အောင် အကြောင်းပြချက် တစ်ခု မြန်မြန်ရှာလိုက်သည်။

မလုပ်လို့လည်း မဖြစ်ဘူး။ ဒီကောင်က အားကြီးလွန်းတယ်။ သူ့ကိုသာ နပန်းသတ်ရရင် ဆွန်းမို မနိုင်နိုင်ပါ။

တကယ်ကို ကြီးမားသည့် ခွန်အား နှင့်မွေးဖွားလာသည့်ကောင်ပဲ။

ချန်လုံလည်း အချိန်ဆွဲမနေပဲ ရေကန်ဘေးတွင် အမြန်လှဲချလိုက်သည်။

ထန်ထန်ယုထန် နည်းနည်း မနာလိုဖြစ်သွားသည်။ ရှန်ယွန်ပေါင်ကို စိုက်ကြည့်ရင်း သူ့မျက်လုံးထဲတွင် မနာလို စိတ်များ ဖြတ်ပြေးသွားသည်။

ရှန်ယွန်ပေါင်က အသက်ဘယ်လောက် ရှိသေးလို့လဲ။

အသက် ၁၄နှစ်။ ဒါပေမယ့် အရပ်က ၁,၉ မီတာ ကပ်နေပြီ။ သူ့ကြွက်သားနှင့် အရိုးတည်ဆောက်ပုံက အပြစ်ပြောစရာမရှိအောင် ပြည့်စုံလွန်းသည်။ ချီရှန်ကျားက အရည်အချင်း မကောင်းသော်လည်း လေ့ကျင့်ထားသည့် ကြွက်သားတွေကိုတော့ ဂုဏ်ယူတတ်သည်။ ဒါပေမယ့် ရှန်ယွန်ပေါင်နှင့် နှိုင်းယှဉ်ပြီး ရေထဲတွင် ခန္ဓာကိုယ်ကို နှစ်ထားပြီး ခေါင်းတစ်လုံးသာ ဖော်ထားသည်။ တကယ်ကို စိတ် ကသိကအောက်ဖြစ်ဖို့ ကောင်းသည်။

ချီရှန်ကျားလည်း အပြင်တွင် ကိုယ့်ထက်သာတဲ့ သူတစ်ယောက်ကတော့ အမြဲရှိတယ်ဆိုတာ သဘောပေါက်သွားသည်။

"ဟော့ မင်းရဲ့ ကြွက်သားတွေက မဆိုးဘူး'

ရှန်ယွန်ပေါင်က ထန်ထန်ယုထန်ကို အရေးမစိုက်ဘဲ ချီရှန်ကျားဆီ လျှောက်လာပြီး ဘေးနားတွင် ထိုင်လိုက်သည်။

"အမ်"

ချီရှန်ကျားလည်း ရုတ်တရုတ် အံ့အောသွားပြီး ဘာပြောရမလည်း မသိဖြစ်သွားသည်။ သူက

စကားပြောလည်းညံ့၊ အရည်အချင်းကလည်း မကောင်း၊ နောက်ခံ အသိုင်းအဝိုင်းလည်း မရှိ ဒါကြောင့် အများအားဖြင့် လူတိုင်း မမြင်ကြသည့် တည်ရှိမှု တစ်ခုလို ဖြစ်နေခဲ့သည်။ ဒါကြောင့် ရှန်ယွန်ပေါင်လို ပါရမီရှင်တစ်ယောက်က ချဉ်းကပ်လာရင် ချက်ခြင်းကို စိတ်တထင့်ထင့် ဖြစ်လာသည်။

“နေ့လည် အားလား။ ငါတို့ တိုက်ကြမလား” ရှန်ယွန်ပေါင်က တိုက်ခိုက်ဖို့ တောင်းဆိုလိုက်သည်။

ချီရှန်ကျားလည်း ရုတ်တရက် လန့်သွားပြီး စကားထစ်ငေါ့သွားသည်။

"ငါ....ငါ မင်းကို မနိုင်ဘူး"

" ငါတို့ မတိုက်ကြည့်မခြင်း ဘယ်သူ သိမှာလဲ"

ရှန်ယွန်ပေါင် မျက်မှောင်ကြုတ်ရင်း နည်းနည်း မကျေမနပ်ဖြစ်သွားသည်။

"မင်းက ယောက်ျားဆိုရင် မနိုင်ရင်တောင် အလျှော့မပေးရဘူး။ မင်းစကားတွေက မာနကို မရှိဘူး။ ယောက်ျားဆိုတာ သူရဲဘော မကြောင်သင့်ဘူး"

ချီရှန်ကျား မျက်ရည် ကျလုမတတ်ဖြစ်နေသည့် အချိန်တွင် ဆွန်းမို ဘေးမှာ ဂျင်းနီပေါ်လာသည်။

"အာလာ"

အင်္ကျီလက်ပြတ်နှင့် ခရမ်းရောင် ခေါင်းပေါင်း ဝတ်ထားသည့် အိန္ဒိယ လူမျိုး တစ်ယောက်ပေါ်လာသည်။ ထုံးစံအတိုင်းပဲ ဗလတွေ ကြွားလုံး ထုတ်နေသည်။ ပြီးတာနှင့် ခုန်ပျံပြီး ချန်လုံ ခန္ဓာကိုယ်ကို တံတောင်နှင့် ထောင်းချလိုက်သည်။

ဘောင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချန်လုံလည်း မျက်လုံးပြူးသွားပြီး တံတွေးတစ်လုပ် ပန်းထွက်လာသည်။

"ဟော့ နည်းနည်းလောက် ညှာပါအုံး"

ဆွန်းမို တုန်လှုပ် ခြောက်ခြားသွားသည်။ နှိပ်နေတာလား။ လူသတ်နေတာလား၊

ဘီလူးကတော့ ဂရုမစိုက်ဘဲ "အားလာလား" ကြွေးကြော်ရင်း ချန်လုံ ခန္ဓာကိုယ်ကို လက်တွေ ခြေတွေသုံးပြီး ပုံစံအမျိုးမျိုးနှင့် နှိပ်နေသည်။

ထန်ထန်ယုထန်ကတော့ ငုတ်တုတ်ကြီး မေ့နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရင့်ကျက်နေသည့် လူတစ်ယောက်အနေနှင့် အပြောင်းအလဲ ကြီးကြီးမားမားကို တွေ့ရင်တောင် ရုတ်တရက် အံ့မအောတတ်တော့ဘူးလို့ သူ့ကိုယ်သူ ထင်နေခဲ့သည်။

ဒါပေမယ့် အခုချိန်မှာတော့ မျက်လုံးကြီး ပြူးပြီး ပါးစပ်ကြီး ဟနေတာများ ကြက်ဥတစ်လုံးတောင် ပစ်သွင်းလိုက်လို့ရသည်။

ဒီကောင်က ဘာကောင်ကြီးတုန်း။

ထန်ထန်ယုထန်လည်း မျက်ခုံးတွေ တုန်နေပြီး လက်ပိုက်ကာ ရပ်ကြည့်နေသော ဆွန်းမိုကို ကြည့်လိုက်သည်။

သူက မကြာခဏဆိုသလို ဖျားနာပြီး ကပ်ရောဂါတစ်ခုလို ဖြစ်နေတတ်သည်။ ဒါ့အပြင် ဆေးကုသမှုနှင့် ဆေးပညာ ကျွမ်းကျင်သည့် မိသားစုက ဆင်းသက်လာခဲ့သည်။ ဒါကြောင့်လည်း ထန်ထန်ယုထန်သည် ဆေးပညာစွမ်းရည်အမျိုးမျိုးနှင့် ရင်းနှီးနေခဲ့သည်။ ခန္ဓာကိုယ်ကို နှိပ်ပေးသည့် အလားတူ မာဆက်တွေကိုလည်း တွေ့ထိဖူးခဲ့သည်။

ဒါပေမယ့် အခြောက်တစ်ယောက် ဖြစ်ပေါ်လာနိုင်သည့် အနိုပ်ပညာကို တစ်ခါမှ မကြားဖူးခဲ့ပါ။

"ဒါက တမူထူးခြားတဲ့လှျို့ဝှက်နည်းစနစ်များ ဖြစ်နေမလား"

ထန်ထန်ယုထန် ခန့်မှန်းနေသည်။

" အို ဘုရားရေ။ ဒါက ဘာကြီးလဲ"

ရှန်ယွန်ပေါင် အတွေးကတော့ ရိုးရှင်းသည်။ ဂျင်းနီဘေးနားကို လှစ်ကနဲ ပြေးသွားပြီး မျက်လုံးကြီးပြူးပြီး စိုက်ကြည့်နေသည်။

ဘီလူးက တံတောင်ဆစ်ကို လွှဲလိုက်ရင် ရှန်ယွန်ပေါင်၏ နှာခေါင်းနှင့် အားပြင်းစွာ တိုက်မိသွားသည်။

ဒိုင်း

ရှန်ယွန်ပေါင် နောက်ယိုင်သွားသည်။

“အို ဘုရားရေ။ ဆရာ ဒါက ဘာကြီးလဲ”

ရှန်ယွန်ပေါင်သည် နှာခေါင်းက သွေးကို သုတ်လိုက်ပြီး သိချင်စိတ်ပြင်းပြစွာ မေးလိုက်သည်။ တချိန်တည်းမှာပဲ ငွေလုံးကို လှမ်းယူလိုက်သည်။ ဗလနှင့် အခြောက်ကြီးက တကယ်ကို

သန်မာလွန်းသည်။ တံတောင်ဆစ်လွဲလိုက်တာတောင် သတိ မထားလိုက်မိဘူး။

"ရှေ့ပေါင်းနဂါး ဖမ်းသည့်လက် "

ဆွန်းမိုက အေးအေးဆေးဆေးပဲ ပြောလိုက်သည်။ ချန်လုံကို နှိပ်ပေးနေသည့် ဂျင်းနီကို ကြည့်နေရင်း ရုတ်တရက် ကျေးဇူးတင်သည့် စိတ်ပေါ်လာသည်။

ဒီလို လိင်တူချစ်သူကြောင့်သာ မဟုတ်ရင် နှိပ်ပေးနေသည့်သူက သူဖြစ်နေမည်။ အနှိပ်ခံနေသည့်

လူက သူ့တပြည့် ဖြစ်နေလည်း အထင်ကြီးစရာ တစ်စက်မှ မကောင်းတော့ပါ။

မြတ်ဆရာဆိုတာက ချွေးတစ်စက်မှ မထွက်ဘဲ သိက္ခာရှိစွာ နူးနူးညံ့ညံ့လေး နေသင့်သည်။

ထန်ထန်ယုထန်လည်း အနီးကပ်ကြည့်ချင်လာသဖြင့် ခေါင်းကို တိုးလိုက်သည့်အချိန်တွင် ပတ်ဝန်းကျင်တစ်ခွင်က ဝိညာဉ်ချီများသည် ချန်လုံ ကိုယ်နားတစ်ဝိုက်ကို ကျယ်လှောင်သော အသံနှင့် စုဝေးလာသည်။

"ချန်လုံ"

ဆွန်းမိုက အော်ခေါ်လိုက်သည်။

"ဟုတ်"

ချန်လုံသည် ဂျင်းနီ၏ အနှိပ်တွေအောက်တွင် ဇိမ်ကျ ယစ်မူးနေပြီး မျက်လုံးတောင် မှေးနေခဲ့သည်။ ဒါပေမယ့်လည်း ဆွန်းမိုအော်ခေါ်လိုက်သည့် အသံကြောင့် ပြန်ပြီး စိတ်ကြည်လင်လာသည်။ ဆွန်းမို မရှင်းပြသေးခင်ကတည်း ချန်လုံသည် ဘာတွေ ဖြစ်လာလည်းဆိုတာ နားလည်နေသည်။ သူလည်းချက်ခြင်းကို စိတ်လျော့လိုက်ပြီး

အာရုံစုစည်းလိုက်ကာ ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်ကို ဝင်ရောက်ဖို့ ပြင်ဆင်လိုက်သည်။

ဒီမြင်ကွင်းကို မြင်လိုက်ပြီး ဆွန်းမို အံ့အောသင့်သွားခဲ့သည်။ အသက် ဆယ်နှစ်မတိုင်ခင် ပါရမီအရမ်းမြင့်တယ်လို့ တံဆိပ်ကပ်ထားရသည့်သူသည် မျှော်လင့်ထားသည့်အတိုင်းပါပဲ။ သူ့ခန္ဓာကိုယ်ပေါ်က ဝိညာဉ်တက်တူးများ မဖျက်ဆီးခံခဲ့ရပါက သေချာပေါက် ရွှေရောင်အနာဂတ်နှင့် တောက်ပနေနိုင်သည်။

"ငါတို့ ပိုရင်းနှီးလာမှဘဲ သူဘယ်လိုကြုံတွေ့ခဲ့ရလည်း ဆိုတာ မေးရမယ်"

ဆွန်းမို ချင့်ချိန် စဉ်းစားနေသည်။ ပြီးတော့ ဖန်ဇိုဝမ်၏ တပြည့် ချင်ယအုံကြောင်းကိုလည်း ပြန်စဉ်းစားလိုက်မိသည်။ သူမက အလားလာ မြင့်သော်လည်း ရှေ့ဟောင်းနဂါးဖမ်းသည့် လက်အောက်တွင် သူမ၏ အာရုံကို ချက်ခြင်း ပြန်ပြီး မစုစည်းနိုင်ခဲ့ဘူး။

ဆွန်းမိုက ချန်လုံကို ကြည့်လိုက်သည်။

သူ့ ဆန္ဒက ၈ တောင်ရောက်နေပြီ။

ချန်လုံ၏ ဆရာတစ်ယောက် အဖြစ်တော့ အောင်မြင်သွားပြီ။ ဒါကြောင့် အခုဆို သူ့မှာ ယုံကြည်ချက်ရှိလာပြီး နောင်ဆိုရင် သူ့ကိုယ်သူ သတ်သေမှာကို စိုးရိမ်စရာ မလိုတော့ဘူး။ ဒီရလာဒ်အရ သူရဲ့ စိတ်အခြေအနေ ပုံမှန် ပြန်ဖြစ်သွားပြီ။

ဘယ်လိုပဲပြောပြော ချန်လုံသည် ပါရမီရှင် တစ်ယောက်သာ ဖြစ်သည်။ သူ့ခန္ဓာကိုယ်က ဝိညာဉ်တကတူး ပျက်ဆီးသွားပေမယ့်

ငယ်ငယ်ကတည်းက ခံစားခဲ့ရသည့် စိတ်ခံစားချက်က မပျောက်သွားသေးပါ၊

ဒီအကြပ်အတည်းထဲက ရုန်းထွက်ပြီးရင် ပိုတောင် သန်မာလာအုံးမည်။

ဒေါက် ဒေါက် ဒေါက်

တံခါးခေါက်သံက ထွက်လာပြန်သည်။

အဆင့်တက်ရန် ကြိုးစားနေသည့် ချန်လုံ၏ ပတ်လည်တွင် ဝိညာဉ်ချီများ စုဝေးနေပြီး ရုတ်ရုတ်သဲသဲ ဆူဆူညံညံ ဖြစ်နေသည်။

ဝန်ထမ်းကလည်း ဘာတွေဖြစ်နေလည်း မသိလို့ သူဌေးကို သွား အကြောင်းကြားလိုက်သည်။

ဘုန်း ဘုန်း ဘုန်း

ဝိညာဉ်ချီများသည် ဆူနာမီ လှိုင်းများလို မြင့်တက်လာသည်။

ရေကန်ထဲက ရေတွေသည် ဝိညာဉ်ချီတွေကြောင့် လှိုင်းလုံးတွေ ထလာသည်။

"အား"

ချန်လုံက ချက်ခုံးကို တင်းတင်းကြုတ်ကာ ရုတ်တရုတ် အော်ဟစ်လိုက်သည်။

ကွဲအက်ပျက်ဆီးနေသည့် ဝိညာဉ်ချီတွေက သူ့ရဲ့ဝိညာဉ် စီးဆင်းမှုကို နှောက်ယှက် ဟန့်တားနေသည်။ သူ့ရဲ့ အဆင့်တက်မှုက တခြားသူများထက် အများကြီး ပိုခက်နေသည်။ ဒါ့အပြင် သူ့အရေပြားကလည်း ကွဲအက်လာပြီး သွေးတွေ စထွက်လာသည်။

ပြင်းထန်သည့် နာကျင်မှုတွေက လှိုင်းလုံးတွေလို အဆက်မပြတ်တိုးဝင်လာပြီး ဦးနှောက်ထဲထိတောင် ကျူးကျော်ဝင်ရောက်လာသည်။

“ငါထပ်ပြီးကျရှုံး အုံးမှာလား”

ချန်လုံက အရှုံးမပေးချင်သော်လည်း အရမ်းနာကျင်နေသည်။ အရင်က အဆင့်တက်ဖို့ ကြိုးစားသည့် အခါတိုင်း ဓါးနှင့် အခုတ်ခံနေရသလို နာကျင်လာသည်။

သူ့ကို ပါးကွက်သား ဆယ်ယောက်က ဓါးနှင့် ဝိုင်းခုတ်နေသလို အသားကြိတ်စက်ထဲ ရောက်နေသလို နာကျင် ခံစားနေရသည်။

ချန်လုံ၏ အမူအရာ ပျက်လာရင် ဆွန်းမိုက အော်ပြောလိုက်သည်။

"လူတွေက မင်းကို ဘယ်လို အထင်သေးကြလဲ၊ ဘယ်လို အရှက်ခွဲခဲ့လဲ။ မင်းကို ဘယ်လို အထင်သေး စက်ဆုပ်ရွံရှာ နေလည်းဆိုတာ ပြန်တွေးကြည့်စမ်း။ အခုသာ မင်းလက်လျှော့လိုက်ရင် သူတို့ ပိုပြီးပျော်သွားအောင် လုပ်ပေးလိုက်သလို ဖြစ်သွားမယ်။ ငါ့ကို ကြည့်စမ်း ငါပြောတာမှန်လား။ မင်းက အမှိုက်ဆိုပြီး မင်းကို ငြင်းခဲ့တဲ့ ဆရာတွေကို စဉ်းစားစမ်း။ သူတို့ရှေ့မှာ မားမား ရပ်ပြီး မင်းတို့ထင်နေတာ မှားတယ်ဆိုပြီး မပြောချင်ဘူးလား"

"ချန်လုံ အဆင့်တက်လိုက်ပါ။ ဖြတ်ကျော်ပြီးတာနဲ့ အရာအားလုံး အဆင်ပြေသွားလိမ့်မယ်"

ဆွန်းမို အော်ပြောနေရင်း ရွှေရောင် အလင်းတန်းများ တောက်ပစွာ ထွက်ပေါ်လာသည်။

တန်ဖိုးဖြတ်မရသော အကြံပြုချက် ထွက်ပေါ်လာသည်။

တစ်ကြိမ်လက်လျှော့ပြီးပါက ဒုတိယတစ်ကြိမ် လက်လျှော့ဖို့ လွယ်ကူသည်။ ဒီတစ်ကြိမ်တွင်တော့ ဆွန်းမိုက ဘေးမှာ ရှိနေသည်။ ဆွန်းမို စကားကို ကြားပြီး ရွှေရောင် အလင်းတွေနှင့်

ဆေးကြောခံလိုက်ရပြီး ချန်လုံ၏ ပူပြင်းခြောက်သွေ့နေသော စိတ်များသည် စိမ့်စမ်းရေနှင့် ဖြန်းပက်လိုက်သလို အားဖြစ်လာပြီး ခွန်အားတွေ ပြန်ပြည့်လာသည်။

“ ငါက အမှိုက် မဟုတ်ဘူး…………………….”

ချန်လုံက ဒေါသတကြီး အော်ဟစ်လိုက်ပြီး သူ့အမူအရာက ရက်စက်ကြမ်းကြုတ်လာသည်။

“မင်းတို့ကို ငါက အမှိုက်မဟုတ်တာ ပြမယ်”

ဒီအခန်းထဲမှာ ဒီလောက်ကြီးတဲ့ လှိုင်းလုံးတွေ ဘယ်လို ရှိနိုင်မှာလဲ။ သူမ မစောင့်နိုင်တော့ပါ။ ချက်ခြင်းပဲ ရိုက်ချိုး ပစ်လိုက်သည်။

ဘောင်း

သစ်သားတံခါး ပြိုကျသွားတာနှင့် တစ်ခန်းလုံး ရွှေရောင်အလင်းတွေ ပြည့်နေတာကို ဟွာယုံ မြင်လိုက်ရသည်။ သူမခန္ဓာကိုယ်နှင့် ထိလိုက်သည့်အခါ စိတ်လှုပ်ရှားလာပြီး အားမာန်များ ပြည့်လာသည်။

“မြတ်ဆရာ အရှိန်အဝါ လား”

ဟွာယုံသည် ဆွန်းမိုကို ချက်ခြင်းကြည့်လိုက်သည်။ သူမသည် သွေးလောင်ကျွမ်းခြင်း အဆင့်ကို ရောက်နေသောကြောင့် ဘာဖြစ်ပျက်နေလဲဆိုတာ ချက်ခြင်း နားလည်သွားသည်။ ဒါကြောင့်လည်း မျက်နှာပေါ်က ဒေါသများလည်း ပျောက်သွားသည်။

"ဝိညာဉ်ပြုပြင်ခြင်းအဆင့် သွေးကြောစုံမှတ်တွေ ပွင့်စမ်း..........."

ချန်လုံက အော်ဟစ်ကြွေးကြော်လိုက်သည်။ ညာလက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး သူ့နားထင်ကို ပြန်ထိုးလိုက်သည်။

ဘောင်း ဘောင်း ဘောင်း

ချန်လုံ နဖူးပေါ်က ဝိညာဉ်တက်တူး ပေါက်ကွဲထွက်လာသည်။ ဘောလုံးအရွယ် လောက်ရှိသည့် သွေးရောင် ဝိညာဉ်ချီများ ပန်းထွက်လာပြီး တဖြည်းဖြည်း လွင့်ပြယ်သွားသည်။

ဒီမြင်ကွင်းကိုကြည့်ပြီး ရှန်ယွန်ပေါင်နှင့် ချီရွှန်ကျားတို့ နှစ်ယောက်စလုံး၏

မျက်စိသူငယ်အိမ်များ ပြင်းထန်စွာ ကျုံ့သွားသည်။ အရမ်း ကြမ်းတယ်။ ဒီလက်သီးနှင့် ထိလိုက်လို့ကတော့ တကယ်သေသွားနိုင်သည်။

"အိုး။ ဒီကောင်ဘယ်သူတုန်း။ ငါ့ ပညာသင်ဘက်ညီလေးရဲ့ စိတ်ထဲမှာ လျှို့ဝှက်ချက်ကြီးကြီးမားမား ရှိလောက်တယ်"

"ဒီ လူ"

ချန်လုံ အဆင့်ချိုးဖောက်တက်ရောက်နေသောကြောင့် အံ့အောသွားခြင်းမဟုတ်ပဲ သူ့ခန္ဓာကိုယ်ပေါ်က အဝတ်စကွာကျ သွားပြီး

တစ်ကိုယ်လုံးတွင် ပျက်ဆီးနေသော ဝိညာဉ်တက်တူးများ ဖုံးနေတာကို မြင်လိုက်လျှင် ဟွာယုံ အံ့အော မှင်တက်သွားသည်။ အဝတ်စ ပြုတ်ကျသွားပြီးနောက် ဝိညာဉ်တက်တူး အကုန်ပေါ်လာသည်။

စာစဉ် (၉)

အခန်း (၁၃၀) - လျှို့ဝှက်ဆန်းကြယ်သည့် အရေးကြီး ပုဂ္ဂိုလ်တစ်ယောက်။

ရေချိုးခန်းထဲတွင် လေထုတစ်ခုလုံး အခိုးအငွေ့များက ဖုံးနေသည်။

ဟွာယုံနှင့် အတူတူ ဝင်လာသော အလုပ်သမားများသည် ချန်လုံကိုယ်တွင်

ဖုံးလွှမ်းနေသော ဝိညာဉ်တကောင်ကိုမကင်းမြင်ကြပြီ

ဖုံးလွှမ်းနေသာ ဝိညာဉ်တက်တူများကို မြင်လိုက်ရင် အရမ်းကို တုန်လှုပ် ကြောက်ရွံ့နေကြသည်။

အရွယ်ရောက်ပြီးသည့် လူတောင် ခန္တာကိုယ်ပေါ်တွင် ဝိညာဉ်တက်တူးရေးဆွဲရန် အရမ်းကို သတိထားကြသည်။ သူတို့နှင့် အရမ်းလိုက်ဖက်ပြီး အသုံးဝင်ဆုံးသော ဝိညာဉ်တက်တူးများကိုသာ ရွေးချယ်ကြသည်။ ပြီးတော့ ဝိညာဉ်တက်တူး ဆရာကြီးများကို ငွေဘယ်လောက်ကုန်ကုန် ဂရုမစိုက်ဘဲ ဌားရမ်း တတ်ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တက်တူးများ ပျက်ဆီးသွားပါက ပြန်လည်ပြုပြင်ရသည့် လုပ်ငန်းစဉ်သည် အရမ်းအရမ်းကို ခက်လွန်းသည်။ ပြီးတော့ သူသည် ၁၃နှစ် ၁၄နှစ်လောက်သာရှိသေးပြီး ဝိညာဉ်တက်တူးများကြောင့် ဒီလိုမျိုး နှိမ့်ကျသွားသည်။

သူက အကန့်အသတ်မရှိ ပါရမီရှင်တစ်ယောက် ဖြစ်ခဲ့ရင်တောင် အခုတော့ ဒုက္ခိတ တစ်ယောက်သာဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဟွာယုံက တိတ်တိတ်နေရန် လက်ဟန်အမူအရာ ပြလိုက်သည်။ တစ်ချက်နှစ်ချက်လောက် ကြည့်လိုက်ပြီးနောက် ဂရုမစိုက်တော့ချေ။ အဲဒီအစားဆွန်းမိုကို လှည့်ကြည့်လိုက်သည်။ သူက မြတ်ဆရာအရှိန်အဝါကို တကယ် ကောင်းကောင်း အသုံးချခဲ့သည်။ ဒါပေမယ့် ဘာကြောင့်များ နဖူးမှာ အမှိုက်လို့ရေးထားသည့် လူငယ်ကို တပြည့်အဖြစ် လက်ခံခဲ့တာလဲ။

ဒီလူငယ်မှာ အနာဂတ်မရှိတော့ကြောင်းကို တုံးအသည့် ဆရာတွေတောင် သိသည်။

ချန်လုံ အဆင့်တက်နေတာကို အနှောက်အယှက်မဖြစ်အောင် ဆွန်းမိုလည်း တိတ်တိတ်လေး နောက်ဆုတ်လိုက်သည်။ ဂျင်းနီလည်း ပျောက်ကွယ်သွားသည်။ ဟွာယုံတို့အုပ်စု ဝင်လာတာကို သူမြင်လိုက်ရင် သူ့အစ က တားချင်နေသေးသည်။

ဒါပေမယ့်လည်း ဒီလူများက ရုတ်ရုတ်သဲသဲ မလုပ်ကြပါ။ ဒါကြောင့်လည်း ဆွန်းမိုက ထွက်သွားဖို့ ပြောမနေတော့ဘူး။ တကယ်လို့

တစ်ခုခု အနှောက်အယှက်ဖြစ်သွားရင် ချန်လုံကို ထိခိုက်သွားနိုင်သည်။

ချန်လုံက လေးပြင်းပြင်း တချက်ရှူထုတ်လိုက်ပြီးနောက် အသက်ရှူနှုန်းကို ထိန်းချုပ်နေသည်။

ဟွာယုံလည်း ကျန်သည့်သူများကို အကဲခတ်ဖို့ အခွင့်အရေးရလိုက်သည်။

တစ်ယောက်က မကြာခဏ ချောင်းဆိုးနေသည့် ရောဂါသည်ဖြစ်ပြီး ရေချိုးပြီးသည့် တိုင်အောင် လက်ကိုင်ပုဝါနှင့် အကြိမ်ကြိမ် အုပ်နေရသေးသည်။

ကျန်သည့်နှစ်ယောက်ကတော့ အရွယ်ရောက်သည့် လူတွေနှင့်တောင် ယှဉ်လို့ရသည့် ဗလကြီးကြီးတွေနှင့် ကြောက်ဖို့ကောင်းနေသည်။ အားကစားလုပ်သော ခန္ဓာကိုယ်ကို တည်ဆောက်ပုံနှင့် လိုက်ဖက်မှု အရှိဆုံးကတော့ ဆွန်းမို ဖြစ်နေသည်။

ဆွန်းမို၏ ကြွက်သားများသည် သိသိသာသာကြီး ကြီးနေတာ မဟုတ်ပဲ ခန္ဓာကိုယ်၊ လက်နှင့်ခြေများတွင် အချိုးအစားကျလှသည်။ သူ့ခန္ဓာကိုယ်က တစ်ချက်လောက် ကြည့်မိလိုက်ရင်

စွဲဆောင်မှု အားကောင်းပြီး ထိကြည့်ချင်စရာ ကောင်းနေသည်။

ဟွာယုံကတော့ စိန်သစ်သီးစားထားလို့ ဒီလိုမျိုး ဖြစ်နေတာကို မသိပါဘူး။ အဲဒါရဲ့ ရည်ရွယ်ချက်ကလည်း လူခန္ဓာကိုယ်ကို ပြီးပြည့်စုံအောင် တိုးတက်လာဖို့ ဖြစ်သည်။

ရှန်ယွန်ပေါင်နှင့် ချီရှန်ကျားတို့ နှစ်ယောက်စလုံးတွင် ကြွက်သား အရမ်းများနေသည်။ သူတို့လည်း ကြည့်ရတာ အဆင်ပြေပြေမယ့် ကြမ်းတမ်းသည့် ပုံပေါက်နေသည်။ သူတို့ပုံစံက

ဆွန်းမို၏ ခန့်ညား ကျက်သရေ ရှိသော ပုံစံနှင့် တော်တော် ကွာခြားနေသည်။

ချန်လုံ မျက်လုံးဖွင့်လိုက်သည်။ ကြည့်လိုက်တာနှင့် တော်တော် ပျော်နေမှန်း သိသာသည်။ ဆွန်းမို အရှေ့ကို မြန်မြန်လျှောက်သွားကာ ဒူးထောက် အရိုအသေးပေးလိုက်သည်။

"ဆရာ ။ ကျေးဇူးတင်ပါတယ်"

ချန်လုံ၏ အသံက နှလုံးသား အောက်ခြေက ထွက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို၏ ရှေ့ဟောင်းနဂါးဖမ်းသည့်လက်မရှိလှ့ျင်၊ တန်ဖိုးဖြတ်မရသော အကြံပြုချက်မသုံးခဲ့လျှင် ဒီတစ်ကြိမ်လည်း အဆင့်တက်တာကျရှုံးနေအုံးမည်။

ဒင်

ချန်လုံ၏ လေးစားအထင်ကြီးမှု +၅၀ ။ရင်းနှီး (၂၄၀/၁၀၀၀)

“ငါက မင်းရဲ့ ဆရာပဲ။ လုပ်သင့်လုပ်ထိုက်တာကိုလုပ်ခဲ့တာပဲရှိတယ်”

ဆွန်းမိုက ချန်လုံကို မတ်တပ်ရပ်ဖို့ ကူညီပေးရင်း သူ၏ အချက်အလက်ကို စစ်ဆေးလိုက်သည်။

ချန်လုံ အသက် ၁၂နှစ်။ ဝိညာဉ်ပြုပြင်ခြင်းအဆင့် စုံမှတ်နှစ်ခု ဖွင့်ပြီး။

ကြွံခိုင်မှု ။ ၁၁။ လူတစ်ယောက်ကို သတ်ချင်ပါက သိပ်အားစိုက်စရာ မလိုပါ။

ဉာဏ်ရည်။ ၁၁။ ပြဿနာဖြေရှင်းရန် တကယ့်ဉာဏ်ရည်ကို သုံးလိုက်ပြီး

ကိန်းဂဏာန်းများကို တွက်ချက်ပါက တော်တော်ပျင်းနေနိုင်သည်။ တခြားသူများကို ကြေကွဲသွားအောင် လုပ်ဖို့ လုံလောက်သည်။

သွက်လက်မှု ။ ၁၁။ သာမန်။

ခံနိုင်ရည်။ ၁၃။ တသက်လုံးပြေးနေရင်တောင် မသေနိုင်သည့် သံမဏိလူသား။

ဆန္ဒ။ ၁၂။ လက်ရှိတွင် တော်တော် စိတ်အားထက်သန်နေသည်။ ဘဝကို စိတ်အားထက်သန်မှု အပြည့်နှင့် နောက်ထပ်ခြေလှမ်းဖို့ လုပ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလားအလာ ။ - နိမ့်ကျ။

မှန်ချက်။ မင်းပေါ် ပိုလေးစားလာသည်။ ကို့ကိုယ်ကို သတ်သေချင်စိတ်လည်း ပျောက်သွားပြီ။

....

ဆွန်းမို တော်တော်ကျေနပ်သွားသည်။ ချန်လုံသည် စကားနည်းပြီး ခံစားချက်မရှိသည့် ဖဲသမားတစ်ယောက်လို ခံစားချက်မရှိသည့် အလောင်းကောင်တစ်ကောင်လို ဖြစ်နေသော်လည်း ကျေးဇူးတင်ရကောင်းမှန်းတော့ သိသေးသည်။

အနည်းဆုံးတော့ ဖျားနာနေသည့် ထန်ထန်ယုထန် ထက်စာရင် သူက ပိုပြီးကျေးဇူးသိတတ်သေးသည်။

"ဂုဏ်ပြုပါတယ်"

ထန်ထန်ယုထန်က ဂုဏ်ပြုစကားပြောရင်း ချန်လုံကိုယ်ပေါ်က ပျက်ဆီးနေသည့် ဝိညာဉ်တက်တူးကို အနီးကပ်ကြည့်ချင်သောကြောင့် အနားကို တိုးလာသည်။ ဒါပေမယ့်လည်း ဆွန်းမိုက အဝတ်စကို ကောက်ယူပြီး ချန်လုံ ကိုယ်ပေါ်ကို ဖုံးပေးလိုက်သည်။ ဒီလုပ်ရပ်ကြောင့်

ချန်လုံဆီက လေးစားအထင်ကြီးမှုအမှတ် ၃၀ ထပ်ရလိုက်သည်။

စနစ်ဆီက အကြောင်းကြားချက်ကို ဆွန်းမို မအံ့အောတော့ပါ။ လူငယ်တစ်ယောက်က ဆက်ဆက်ထိမခံလေ သူတို့အပေါ် ကြင်နာမှုနှင့် နွေးထွေးမှုကို ပိုခံစားတက်လေလေ ဖြစ်သည်။

"နောက်တစ်ခေါက် တိုက်ကြစို့" ရှန်ယွန်ပေါင်က တိုက်တွန်းလိုက်သည်။ တိုက်ပွဲကတော့ သူ့စိတ်ထဲမှာ ဘယ်တော့မှ မမေ့ဘူး။

"ဂုဏ်ပြုပါတယ်"

ချီရွှန်ကျားကတော့ အရမ်းကို အားကျနေသည်။ သူ့နှုတ်ခမ်းက နည်းနည်း လုပ်သွားသည်။ ဆွန်းမိုကို တပြည့်အဖြစ်လက်ခံရန် တောင်းဆိုချင်သော်လည်း မလုပ်ရဲပါ။ လက်ရှိ အနေအထားပါ ဆုံးရှုံးသွားမှာကို ကြောက်သည်။

သူ့ရဲ့ အရည်အချင်းကလည်း အသုံးမကျပါ။ တကယ်လို့ ဆွန်းမိုက ဒီလိုကျောင်းသားမျိုးကို လက်ခံလိုက်ရင် အရှက်ကွဲသွားမှာလည်း စိုးရိမ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာဆွန်း။ မင်းရဲ့ ကျောင်းသားအဆင့် တက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဟွာယုံက မျက်နှာပေါ်တွင် အပြုံးတစ်ခုနှင့် လျှောက်လာသည်။

" ပြဿနာရှာနေသလို ဖြစ်နေတဲ့အတွက် တောင်းပန်ပါတယ်။ ဒီနေရာ ပြန်ပြင်ဖို့အတွက် လျော်ပေးပါ့မယ် စိတ်မပူပါနဲ့"

"ဆရာဆွန်းက အရမ်းအားနာနေတာပဲ။ ပိုက်ဆံဘယ်လောက်မှ မကုန်ပါဘူး။ စကားထဲတောင် ထည့်ပြောနေစရာ မလိုပါဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတစ်ယောက်ဖြစ်ဖို့ ခက်သည်။ ဒါပေမယ့် ကျောင်းသား နှလုံးသားထဲကနေ ရှိသေလေးစားတဲ့ ဆရာတစ်ယောက်ဖြစ်ဖို့ ပိုတောင် ခက်ခဲသည်။ ဒါကြောင့်လည်း ဆွန်းမိုက တကယ်ကို အထင်ကြီးလေးစားဖို့ ကောင်းသည်။

တံခါးပြင်တာ ဘယ်လောက်ကုန်မှာ မို့လို့လဲ။ အခုသာ ဆွန်းမိုနှင့် ဆက်ဆံရေးကောင်း တည်ဆောက်နိုင်လိုက်ရင် သူသာ မြတ်ဆရာ ဖြစ်သွားရင် ပိုကြီးမားသည့် အကျိုးပြန်ရနိုင်တယ်လို့ ထည့်စဉ်းစားလိုက်မိသည်။

"သူဌေးဟွာက တကယ်ကို သဘောထားကြီးတာပဲ"

ဆွန်းမိုက ယဉ်ယဉ်ကျေးကျေး ပြန်ပြောလိုက်သော်လည်း သူမကို သေချာစွာကြည့်ပြီး လေ့လာသုံးသပ်နေသည်။

အစောပိုင်းတုန်းက မြင်ရသည့် အချက်အလက်တွေအရ သူမသည် ဘဲဥပုံ မျက်နှာနှင့် ချောမောလှပပြီး ဆွဲဆောင်မှုရှိရုံသာမက သူမပုံစံကလည်း ရှုက်ကြီးဖိုငယ် အသွယ်သွယ်နှင့် ညှို့ဓါတ်ကောင်းလွန်းသည်။

တစ်ချက်ကြည့်လိုက်ရုံနှင့် တင်းတင်းရင်းရင်းနဲ့ ငယ်ရွယ်သည့် အိမ်ထောင်သည် တစ်ယောက်မှန်း သိသာသည်။

နည်းနည်းလေး ပုနေတာက အားနည်းချက်လေး ဖြစ်နေသည်။

ချန်လုံလည်း အဆင့်တက်ခဲ့ပြီ ဖြစ်သောကြောင့် စနစ်ကပေးထားသော တာဝန်ကို ငါးပုံနှစ်ပုံ ပြီးသွားပြီ။ တံခါးလည်း ပျက်စီးနေသောကြောင့် ဆွန်းမိုလည်း ရေဆက်ပြီး မချိုးချင်တော့ပါ။ ဒါကြောင့် သူ့လူအားလုံးကို ခေါ်ပြီး မထွက်သွားခင်

ခန္တာကိုယ် ဆေးကြောသန့်စင်နိုင်ရန် သီးသန့် အခန်းလေးတစ်ခုကို တောင်းဆိုလိုက်သည်။

“ ဆရာ ထွက်မသွားခင် ပြန်ဆေးကြောချင်လို့ သီးသန့် အခန်းတောင်းတယ်ဆိုတော့ သူ့မှာ အသန့်လွန်တဲ့ ရောဂါများ ရှိနေတာလား”

ရှန်ယွန်ပေါင် သိချင်လာသည်။

“ဖြစ်နိုင်တယ်”

ထန်ထွန်ယုထန်၏ နှုတ်ခမ်းများ တွန့်သွားသည်။ ဒီခေတ်ကြီးတွင် အမျိုးသားအားလုံးသည် ရေးချိုးခန်းကို လာသည့်အခါ ကြီးမားလှသည့် ဘုံ

ရေကန်မှာပဲ ချိုးကြသည်။ ရေကန်ကတက်လာပြီး နောက်တစ်ကြိမ် ရေပြန်ချိုးရင် သူတို့က အသန့်လွန်ရင်လွန် မဟုတ်ရင် ဖင်ခေါင်းကြယ်တာပဲ ဖြစ်နိုင်သည်။

ဆွန်းမိုတို့ အဖွဲ့ ထွက်သွားပြီးနောက် လူလတ်ပိုင်း အမျိုးသားကြီး တစ်ယောက်ရောက်လာသည်။ လှေကားထစ်ပေါ်ကိုတက်လာရင်း နှာခေါင်း အနံ့ခံနေသည်။

"ဘာအနံ့ပါလိမ့်"

လူလတ်ပိုင်း အမျိုးသားကြီးသည် မျက်မှောင်ကြုတ်ကာ အနံ့နောက်ကို လိုက်လာသည်။

"အာ။ ဖောက်သည်ကြီး။ ဒီလမ်းအစား တခြားလမ်းကို သွားပေးပါလား"

အလုပ်သမားတစ်ယောက်က ကျော်သွားသည်။ ဒါပေမယ့် မဝံ့မရဲနှင့် လက်ကိုဆန့်ပြီး တားလိုက်သည်။ ဒီလူလတ်ပိုင်း အမျိုးသားကြီး၏ အဝတ်အစားနှင့် အရှိန်အဝါကြောင့် အရမ်းကို အဆင့်အတန်းမြင့်သည့် လူမှန်း သိနေသည်။

လူလတ်ပိုင်းအမျိုးသားကြီး မျက်မှောင်ကြုတ်သွားသည်။ အားနှင့် တွန်းဖယ်လိုက်ပြီး အနံ့ရသည့်ဘက်ကို ဆက်လျှောက်သွားသည်။ ရေကန်နားကို ရောက်ရင် မျက်ခုံးတွန့်သွားသည်။

“ဖောက်သည်ကြီး သတိထားပါ။ ပေသွားနိုင်တယ်’

လောလောဆယ် အခန်းကို သန့်ရှင်းရေးလုပ်နေသည့် ဝန်ထမ်းက လှမ်းပြောသည်။

“ ခုနတုန်းက ဆေးဘက်ဆိုင်ရာ ရေချိုးခဲ့တာလား”

ရေကန်ထဲက အနီရောင် ဖျော့ဖျော့ဖြစ်နေသည့် ရေကိုကြည့်လိုက်ရင် နည်းနည်းညစ်ပတ်နေတာကို တွေ့လိုက်သည်။ သူခဏလောက် တွေဝေသွားပြီး ရေကိုထိရန် လက်ကိုဆန့်လိုက်သည်။

“အမ်။ ရေထဲမှာ ဝိညာဉ်ချီက အရမ်းထူထပ်နေတယ်။ မဟုတ်သေးဘူး။ ပုံမှန်လို သိပ်သည်းတာတောင် မဟုတ်ဘူး,,,,,,,,,’

လူလတ်ပိုင်း အမျိုးသားကြီး အံ့အော မှင်တက်နေသည်။ ကြည့်ရတာ ရေကန်ထဲရေသည် ခုနတုန်းက သုံးပြီးသား ဖြစ်နေသည်။

ဒီလိုသာဆိုရင် အရင် ဆေးဘက်ဝင်ရေချိုးခြင်းကို မလုပ်ရသေးခင် ဘယ်လောက်တောင် အကျိုးသက်ရောက်မှု အားကောင်းနေမလဲ။

“ဖောက်သည်ကြီး..ဒါ...ဒါ......”

ဝန်းထမ်းက ပြောရခက်နေသည်။

“ ငါပိုက်ဆံပေးမှာပါ”

လူလတ်ပိုင်းအမျိုးသားကြီးသည် ချင်လင်ကို အခုမှ ရောက်လာသော်လည်း ဒီနေရာက စည်းမျဉ်းများကို ရင်းနှီးနေသည်။ ဆေးဘက်ဆိုင်ရာ

ရေချိုးခြင်းများကို အပြင်လူများအတွက် မဖွင့်ပေးဘူးလို့ ထင်နေခဲ့သည်။

“ ငါ့အတွက် ငွေက ကိစ္စ မရှိဘူး။ စောစောတုန်းက ညော့်သည်တွေ သုံးသွားတဲ့ ဆေးထုတ်မျိုး ယူလာခဲ့”

ဝန်ထမ်းက ရှင်းပြလိုက်သည်။ ခုနတုန်းက ကြီးကြီးမားမား ရုတ်ရုတ်သဲသဲ ဖြစ်နေတာကို သူလည်း ကြားခဲ့သည်။

“အို။ ဒါဆိုရင် အဲဒီညော့်သည်တွေရဲ့ နာမည်ကို သိလား” လူလတ်ပိုင်း အမျိုးသားက

မေးလိုက်ပြီးမှာ ခေါင်းယမ်းလိုက်သည်။ "ထားလိုက်ပါတော့။ ငါပဲ မင်းတို့သူဌေးကို သွားမေးလိုက်မယ်"

သူဌေးဆီကို မသွားခင် လူလတ်ပိုင်းအမျိုးသားကြီး ရေထဲကို ခုန်ချလိုက်ပြီး ဒီရေနှင့် သာမန်ရေကြားက ကွာခြားချက်ကို ခရေစေ့တွင်းကျ သိအောင ် လေ့လာလိုက်သည်။

ဒီလိုကောင်းတဲ့ ပစ္စည်းကို တွေ့လိုက်ရလို့ ကတော့ သူခရီးထွက်လာရတာ တန်သွားပြီ။

သိပ်မကြာခင် ဟွာယုံနှင့် လူလတ်ပိုင်းအမျိုးသားကြီး တွေ့သွားသည်။

“ ဒီမှာ ရေချိုးရတာ ပြဿနာ ရှိလို့လား”

ဟွာယုံက မျက်မှောင်ကြုတ်ပြီး မေးသည်။

“ မရှိပါဘူး။ ငါက သိချင်လို့ပါ”

လူလတ်ပိုင်း အမျိုးသားကြီးက ခန်းမကြီးထဲတွင် ချိတ်ဆွဲထားသော ပန်းချီကားကို ကြည့်ရင်း ပြန်ပြောသည်။ အရမ်းကြည့်ရဆိုးသလို ခေါင်းယမ်း လိုက်မိသည်။

“တောင်းပန်ပါတယ်။ ငါလည်း မသိဘူး”

ဟွာယုံက ငြင်းလိုက်သည်။ လူလတ်ပိုင်းအမျိုးသားကြီးက ဆွန်းမိုကို ပြသနာသွားရှာရင် သူနှင့် သူမတို့ ဆက်ဆံရေး ထိခိုက်သွားနိုင်သည်။

အနည်းဆုံးတော့ ဆွန်းမို တန်ဖိုး ရှိလား၊ မရှိလား မသိသေးခင် မရောင်းစားချင်ပေ။

"မင်းမသိဘူး.."

လူလတ်ပိုင်း အမျိုးသားကြီးရယ်လိုက်ပြီး။

"တံခါးကလည်း ပျက်နေတယ်။ အခန်းထဲမှာ ဝိညာဉ်ချီ အတက်အကျကလည်း ပုံမှန်

ပြန်မဖြစ်သေးဘူး။ သေချာတာကတော့ လွန်ခဲ့တဲ့ ဆယ်မိနစ်လောက်က ပဲ အဆင့်တက်သွားတာဖြစ်မယ်။ နှစ်ယောက်လောက် ဖြစ်နိုင်တယ်”

ဒါကို ကြားလိုက်ရင် ဟွာယုံ ဆိုးဆိုးဝါးဝါး ထိတ်လန့်သွားသည်။ သူမက လူလတ်ပိုင်း အမျိုးသားကြီးကို စိုက်ကြည့်ရင်း

“မင်းဘယ်သူလဲ” မေးသည်။

ဝိညာဉ်အတက်အကျကို အာရုံခံနိုင်ပြီး အဆင့်ဘယ်နှစ်ယောက် တက်သွားလဲ အတိအကျ

ခန့်မှန်းနိုင်သည်။ ဒါက တော်တော်ကြောက်ဖို့ကောင်းနေသည်။

"ငါကလား သာမန်လူပါပဲ"

လူလတ်ပိုင်းကြီးသည် ခုနတုန်းက မေးခွန်းအတွက် စိတ်အေးသွားသည်။ ဒါကြောင့်လည်း ပေါ့ပေါ့ပါးပါး တုန့်ပြန်လိုက်သည်။ ပြီးတော့ ခုနတုန်းက မေးခွန်းကို ခေါင်းစဉ် ပြန်တည်လိုက်ပြီး " ဒီအဆင့်တက်မှု နှစ်ခုကြောင့် ရုတ်ရုတ်သဲသဲ ဖြစ်တာ မသေးလောက်ပါဘူး။ သူဌေးဖြစ်တဲ့ မင်းက မေးခွန်းသွား မမေးဘူးဆိုတာဘယ်လိုမှ

မဖြစ်နိုင်ဘူး။ ဒါကြောင့် မင်းက မသိဘူးပြောတာ ငါမယုံဘူး”

ဟွာယုံလည်း တိတ်ဆိတ်သွားသည်။ သူမက အကျိုး၊ အပြစ်များကို ချိန်ဆနေသည်။

စီပွားရေးသမား တစ်ယောက်အနေနှင့် သူမအရင်းအနှီး ထိခိုက်အောင် သဘာဝအတိုင်း မလုပ်တတ်ပါဘူး၊

လူလတ်ပိုင်း အမျိုးသားကြီးကတော့ လက်ချောင်းကို ပွတ်ရင်း စောင့်နေသည်။

ဖောက်

အဖြူရောင် မှော်ဆေးပြားတစ်ခု ဟွာယုံ အရှေ့က စားပွဲပေါ်ကို ပြုတ်ကျလာသည်။

ဆေး၏ မွှေးပျံ့လာ အနံ့အသက်ကိုရပြီး ရုတ်တရက် အံ့အောသင့်စွာ ထအော်လိုက်မိသည်။

"မူလပျိုးထောင်ခြင်း ဆေးပြား"

ဒီဆေး၏ နာမည်သည် "မူလပျိုးထောင်ခြင်း " ဆေးလို့ခေါ်ကြသည်။ ခန္ဓာကိုယ်ပြုပြင်ခြင်း နယ်ပယ်အတွက် အသုံးပြုကြသည်။ သုံးစွဲလိုက်သူ ကျင့်ကြံသူ၏ အခြေခံအုတ်မြစ်ကို တိုးကတ်လာစေပြီး ခန္ဓာကိုယ် ကြံ့ခိုင်မှုလည်း တိုးတက်လာသည်။

ဒေါ့ပြင်ကျင့်ကြံခြင်း အဆင့်ကိုလည်း တစ်ဆင့် တိုးတက်လာစေနိုင်သည်။

ဒီအချက် တစ်ချက်တည်းကနေ ဒီလူလတ်ပိုင်းအမျိုးသားကြီး၏ ခွန်အားသည် သာမန်မဟုတ်တာ သိသွားသည်။

ဒီဆေးပြားသည် အကြွမ်းဖြင်းအားဖြင့် တစ်သောင်းကျော်လောက် တန်သည်။ တကယ်လို့ မင်းမိသားစုက မိုင်းတွင်း မပိုင်ရင် ရိုးရိုးကျင့်ကြံတာပဲ ကောင်းသည်။

မူလပျိုးထောင်ခြင်းဆေးပြားသည် ကျင့်ကြံခြင်း အခြေခံအားနည်းသည့် သူများသုံးကြသည်။ ဟွာယုံလည်း အရင်တုန်းက တစ်လုံး စားခဲ့ဖူးသည်။ ဒါပေမယ့် သူမအရှေ့တွင် ရှိနေသော မူလပျိုးထောင်ခြင်း ဆေးပြားက အဆင့်အရမ်းမြင့်နေတာ ရှင်းရှင်းလင်းလင်း မြင်နေရသည်။

အနည်းဆုံး ကောင်းကင်အဆင့်အတွင် ရှိသည်။

မှော်ဆေးပြားများကို ပါဝင်ပစ္စည်း၊ ပေါင်းစပ်သည့် နည်းလမ်း၊ ကိရိယာများ၊ စွမ်းအင်လည်ပတ်သည့်

နည်းလမ်း စတာတို့ဖြင့် အဆင့် အမျိုးမျိုး ခွဲခြားထားသည်။

အဆင့်အတန်းပိုမြင့်လေ ဆေးအာနိသင်လေ ပိုကောင်းလေ ဖြစ်သည်။ သုံးစွဲလိုက်ပြီးနောက် ခန္ဓာကိုယ်ထဲတွင် ကျန်ခဲ့သည့် အဆိပ်ကလည်း နည်းလေဖြစ်သည်။

ဒီဆေးပြားသည် တကယ်ကို အဖိုးတန်လွန်းသည်။ သာမန်ကျင့်ကြံသူများသည် ပိုက်ဆံရှိပြီး အဆက်အသွယ် မရှိပါက ဝယ်လို့ မရနိုင်ပါ။

ပထမအချက် အဆက်အသွယ် မရှိခြင်း၊ ဒုတိယအချက်က စျေးအရမ်းကြီးနေခြင်း ကြောင့် လူတိုင်း မတတ်နိုင်သည့် အရာဖြစ်နေသည်။

"လေးစားရသော ညွှ်သည်ကြီး၊ မင်းနာမည်လေး သိလို့ ရမလား"

ဟွာယုံက ပိုပြီး လေးလေးစားစား ပြုမူလာသည်။ ဒီလို အဆင့်အတန်း မြင့်လှသည့် မှော်ဆေးပြားကိုတောင် အလေးမထားပဲ ဆုလာဒ်အဖြစ်ထုတ်ပေးနိုင်သည့် သူနှင့် အချင်းမများ ရဲပါ။

ပြီးတော့ သူစိတ်ထဲကနေလည်း သိချင်စိတ်များ ပေါ်လာသည်။ ဆွန်းမိုက ဘယ်လို ဆေးထုပ်မျိုး သုံးခဲ့တာလဲ။ ဘာလို့ ဒီလို အရေးကြီး ပုဂ္ဂိုလ်က အရမ်းစိတ်ဝင်စားနေတာလဲ။

စာစဉ် (၉)

အခန်း (၁၃၁) - မိန်းကလေးတွေက ပိုက်ဆံ အရမ်းမက်ရင် သေသွားတတ်သည်။

"ဖန်ဟိုရန်"

လူလက်ပိုင်း အမျိုးသားသည် နာမည်ပြော လိုက်ပြီးနောက် စိတ်မရှည်တော့ပဲ။

"မြန်မြန် ပြောတော့"

သူ့အသံက အမိန့်ပေးသံပေါက်နေပြီး တော်တော် စိတ်တိုစရာကောင်းသည်။ ဒါပေမယ့် ဟွာယုံသည် စိတ်မဆိုးရဲပါ။ အဆင့်အတန်းမြင့်သည့် သူများသည် တခြားသူများကို အမိန့်ပေးလေ့ရှိကြောင်း သူမသိနေသည်။

တဲ့တိုးပြောရရင် ဟွာယုံသည် ဒီလူနှင့် ပြဿနာ မဖြစ်ရဲပါ။

"အဲဒီလူက ဆွန်းမိုလို့ခေါ်တယ်။ ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတစ်ယောက်တော့ ထင်တာပဲ။ သူရေချိုးဖို့ ကျောင်းသား နည်းနည်းလေးနဲ့ ရောက်လာခဲ့တယ်။ ဒီကိုရောက်နေတဲ့ အချိန်မှာပဲ သူ့ကျောင်းသား နှစ်ယောက်က အဆင့်တက်သွားခဲ့တာပဲ"

ဟွားယုံတော့ တော်တော် စိတ်ချမ်းသာနေသည်။ သူမက သတင်းလေး နည်းနည်းလောက် ပြောလိုက်ရုံနှင့် ငွေတစ်သောင်းလောက်တန်သည့် မှော်ဆေးပြားကို ရလိုက်သည်။ ဒါက

အရင်းအနှီးနည်းနည်းလေးနှင့် အမြတ်အများကြီး ရတာပဲ။။

“ဗဟိုပြည်နည်အကယ်ဒမီလား။ အရင်ကျောင်းအုပ်ကြီးက သေသွားပြီ မဟုတ်ဘူးလား။ ဘာဖြစ်လို့ နာမည်ကြီးကျောင်းစာရင်းထဲကနေ မထွက်ရသေးတာလဲ”

ဖန်ဟိုရန်လည်း သိချင်လာသည်။

“ အခုလောလောဆယ်တော့ အရင်ကျောင်းအုပ်ကြီးရဲ့ မြေးမလေးက ကျောင်းကို ဆက်လက် ဦးဆောင်နေတယ်”

ဟွာယုံက ရှင်းပြသည်။

ချင်လင်တွင် အန်ရှီဝေ၏ တောက်ပမှုကို လူတိုင်းသိသည်။ သူမက အသက် ၃ဂအောက် တစ်ယောက်တည်းသော ကြယ်သုံးပွင့် မြတ်ဆရာဖြစ်သည်။ ဒီလိုမျိုး အရည်အချင်းရှိသည့် သူများက လက်တစ်ဖက်တည်းနှင့်တောင်

ရေတွက်လို့ရသည်။ အန်ရှီဝေကလည်း ဒီလိုမျိုးလူဖြစ်သည်။

“ ငါသိပြီ”

ဖန်ဟိုရန်လည်း ဆွန်းမိုကို တစ်ခါတည်း သွားရှာမည့် စိတ်ကူးကို စွန့်လွှတ်လိုက်သည်။

“ငါက အုပ်ချုပ်ရေးမှူး အိမ်မှာ ရှိနေမယ်။ နောင် ဆွန်းမို ရေလာချိုးရင် ချက်ခြင်း အကြောင်းလာကြားပါ”

ဖန်ဟိုရန်က အုပ်ချုပ်ရေးမှူး အိမ်မှာ တည်းခိုမှန်း သိလိုက်ရရင် ဟွားယုံ၏ မျက်နှာတွင်

ထိန်လန့်ချောက်ခြားမှုများ ဖြတ်ပြေးသွားသည်။ နည်းနည်းလေးတောင် မလေးမစား မလုပ်ရဲတော့ပဲ လိုက်နာလိုက်သည်။

"လေးစားရသော ညွှန့်သည်ကြီးက ဘာလုပ်ချင်လို့လဲ။ ငါမင်း နဲ့ လိုက်လုပ်ပေးမယ်လေ"

ချင်လင် ဘုရင်ခံသည် ဒီမြို့နှင့် ဒီခရိုင်တွင် လုပ်ပိုင်ခွင့် အရှိဆုံးနှင့် အာဏာအကြီးဆုံး အဓိက ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ အမိန့်တစ်ခုတည်းနှင့် ပြည်သူ

၁၀၀,၀၀၀ ကျော်တို့၏ သေခြင်းရှင်ခြင်းကို ဆုံးဖြတ်နိုင်သည်။

ချင်လင်ဘုရင်ခံ၏ လေးစားရတဲ့ ညော့သည် အဖြစ် လာတဲ့ ဖန်ဟိုရန်၏ အဆင့်အတန်းသည် သူမ ခန့်မှန်းထားတာထက် ပိုပြီး အဆင့်အတန်းမြင့်နေနိုင်သည်။

ဟွာယုံလည်း ဖန်ဟိုရန်နောက်ကို လိုက်သွားပြီး ခုနတုန်းက အခန်းတစ်ခုထဲကို ဝင်သွားကြသည်။ သူက ညစ်ပတ်နေတာကို ဂရုမစိုက်ဘဲ ရေထဲကို တစ်ခါတည်း ခုန်ချလိုက်သည်။ သူကလက်ခုပ်နှင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရေခပ်လိုက်ပြီး အနံ့ရှူကြည့်ယုံသာမက လျှာနှင့်တောင် တို့လိုက်သေးသည်။

"လေးစားရသော ညှော်သည်ကြီး"

ဟွားယုံ တော်တော်ကို တုန်လှုပ်သွားသည်။ တဖက်လူ၏ အပြုအမူက တော်တော်ကို ရှုံ့ဖို့ကောင်းနေသည်။ သူသာ တစ်ခုခုဖြစ်သွားခဲ့ရင် ပြဿနာက သူမ ခေါင်းပေါ်ကို ရောက်လာမှာ ကြောက်နေသည်။

အများအားဖြင့်တော့ ဆေးထုပ်များသည် ရေချိုးနေစဉ် ပြင်ပအတွက်သာ သုံးကြသည်။

မစားသုံးသင့်ပါ မကောင်းတာ တစ်ခုခု ဖြစ်သွားနိုင်သည်။

“ ဆူလိုက်တာ’

ဖန်ဟိုရန်က အနှောက်အယှက်ဖြစ်သွားပြီး ဒေါသအရမ်းထွက်နေသည်။

“မင်းတို့အားလုံး အခုထွက်သွား........”

ဟွာယုံလည်း ပြင်းပြင်းထန်ထန် ဆူပူ ကြိမ်းမောင်းခံလိုက်ရသည်။ ဒါပေမယ့်သူမသည် စီးပွားရေးသမားတစ်ယောက် ဖြစ်သောကြောင့် သည်းခံလိုက်ပြီး ပြုံးပြုံးရွှင်ရွှင်နှင့် ထွက်သွားသည်။

ဒါပေမယ့် သူမစိတ်ထဲတွင် ဆွန်းမို၏ ပုံရိပ်များ ပြည့်နေသည်။ ဒီလိုအရေးပါတဲ့ ပုဂ္ဂိုလ်ကြီးကတောင် ဝင်စိမ်နေတော့ သူ့ဆေးထုပ်က ဘယ်လောက်တောင် ထူးဆန်းနေလို့လဲ။

ကျောင်းကိုပြန်ရောက်တာနှင့် ဆွန်းမိုသည် ရှန်ယွန်ပေါင် တို့နှင့် လမ်းခွဲလိုက်သည်။

" စနစ်၊ ဆေးထုပ်ကြီးဖော်စပ်တဲ့ အညွှန်းကို ဈေးဆိုင်မှာ ဝယ်လို့ ရလား"

ဆွန်းမိုက မေးသည်။

"လေးစားအထင်ကြီးမှုအမှတ် ၅၀၀၀၀နှင့်ဆိုရင် ကြိုက်သလောက် ဝယ်လို့ရတယ်"

စနစ် က ပြန်ဖြေသည်။

"ဒီဈေးက မြတ်ဆရာအရှိန်အဝါနဲ့ အတူတူပဲ ဖြစ်နေပြီ"

ဆွန်မို လျှာသပ်လိုက်မိသည်။

"ဆိုင်မှာ အဓိကဖော်ပြထားတဲ့ ပစ္စည်းအများစုက ပိုတောင် ဈေးကြီးသေးတယ်"

စနစ်က ရှင်းပြသည်။ ဒီအထဲက တစ်ခုခုကို သင်ယူပြီးပါက တစ်ဘဝလုံး အကျိုးရှိပြီး

အသုံးချလို့ရသည်။ ဒါကြောင့်လည်း ဈေးကြီးသည်။

ပိုင်ရှင်ကတော့ ဘယ်လိုတန်ဖိုးထားရမလဲ ဆိုတာ သင်ရအုံးမယ်။

“မေ့လိုက်တော့။ လေးစားအထင်ကြီးမှုအမှတ် ၁၀၀ ကတော့ဈေးမကြီးပါဘူး။ ဒီဆေးထုပ်ကလည်း တစ်ပတ်တစ်ခါ ရေချိုးဖို့ အဆင်ပြေတယ်” ဆွန်းမိုလည်း ဆေးထုပ်ကြီး၏ ဆေးညွှန်းကို ယူဖို့ လက်လျှော့လိုက်သည်။

အဆောင်ကိုပြန်သွားပြီး ဝိညာဉ်တက်တူးရေးဆွဲသည့် ပစ္စည်းများနှင့် ပန်အိုးတို့ကို ယူလိုက်သည်။ ပြီးတာနှင့် ကြောက်ကွဲခြင်းမရှိ ရေကန်ဘက်ကို ထွက်လာပြီး သူ့တာဝန်တွေကို ဆက်လုပ်နေလိုက်သည်။

ကျွမ်းကျင်မှု တိုးတက်လာတာနှင့်အမျှ စိတ်ကူးအသစ်များလည်း ပေါ်လာသည်။

ဆွန်းမိုသည် သာမန်စိမ်းလန်း စိုပြေနေသည့် အပင်များအပေါ်တွင် ဝိညာဉ်တက်တူး

ရေးဆွဲနေရတာကို အားမရတော့ပါ။ ဒါကြောင့် နှင်းဆီ ပန်းအိုး ဝယ်ဖို့ ငွေအများကြီး သုံးလိုက်သည်။

ဆောင်းနှင်းဆီသည် အရွက်အများကြီး နှင့် အပင်ဖြစ်သည်။ ခန့်မှန်းခြေ အရွက်ပေါင်း ရာကျော်လောက်ရှိသည်။ ဒါကမှ အလှဆင်ဖို့ သင့်တော်သည်။

ဆွန်းမို တစ်ရွက်ခြင်းပေါ်တွင် ဝိညာဉ်စုဆောင်းခြင်းတက်တူးကို ရေးဆွဲရုံသာမက သူတို့အားလုံး၏ ဝိညာဉ်ချီများ ကိုလည်း

ချိတ်ဆက်ထားတဲ့ ဖွဲ့စည်းပုံကို တည်ဆောက်ကြည့်ချင်နေသည်။

ဆွန်းမို မတ်တပ်ရပ်ပြီး ခါးဆန့်လိုက်သည်။ ပြီးတော့ တိတ်ဆိတ်နေသည့် ကျောင်းဝန်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သူ စကား မပြောနိုင်သေးပါ။

ဘယ်လောက်ပဲ သန်မာသည့် ခန္ဓာကိုယ် ဖြစ်ပါစေ အစားစားပေးဖို့ လိုအပ်သည်။ အနည်းဆုံး ဗိုက်မဆာရင်တောင်မှ ပေါ့။ ဒါကြောင့်လည်း

အာရုံအားလုံးက အလုပ်ထဲရောက်နေပြီး အချိန်တွေကို မေ့သွားသည်။

“ကန်တင်းက ပိတ်နေလောက်ပြီ”

ဆွန်းမိုလည်း သူ့ပစ္စည်းတွေကို သိမ်းလိုက်ပြီး အစားအသောက် လိုက်ရှာဖို့ လုပ်လိုက်သည်။ လမ်းမကြီးကို လှမ်းကြည့်လိုက်သည့်အခါ လက်တွန်းလှည်းတစ်စီးကို ဆွဲလာသော မိန်းကလေးတစ်ယောက်ကို မြင်လိုက်သည်။

“သူက”

ဆွန်းမို မျက်လုံးတောက်ပလာသည်။ ဒီကောင်မလေးကို သိနေသည်။ ကျောင်းသားစုဆောင်းရေးပွဲ ပထမနေ့တုန်းက သူမနှင့် ဆုံခဲ့ပြီး ငွေတစ်သောင်းပေးရင် သူ့တပြည့်လုပ်နိုင်တယ်လို့ ပြောခဲ့သေးသည်။

မိန်းကလေးတွေက ပိုက်ဆံ အရမ်းမက်ရင် သေသွားတတ်သည်။

သို့သော် ကောင်မလေး၏ အဝတ်အစားကိုမြင်ပြီး ဆွန်းမို နားလည်သွားသည်။

သူမက အင်ဘိုင်ဝူပါ။ ဒီနာမည်လေးက ထူးထူးခြားခြားလေးနှင့် နားထောင်လို့ ကောင်းနေသည်။ သူမက တခြားဆယ်ကျော်သက် မိန်းကလေးများနှင့်မတူဘဲ ကြည့်ကောင်းအောင် ဆံပင် အရှည်လည်းမရှိသလို သပ်သပ်ရပ်ရပ်လည်း မဖီးလိမ်းထားပါ။ သူမက အရှည်ထားရမည့်အစား အတိုသာထားဖို့ ရွေးချယ်ခဲ့သည်။

ဒါကလည်း ထူးထူးခြားခြားတော့ မဟုတ်ပါ။ သူမက အလုပ်အရမ်းများပြီး ဘဝကလည်း ပင်ပန်းကြမ်းတမ်းလွန်းသည်။ ဆံပင်ရှည်ကို

ထိန်းသိမ်းဖို့လည်း အချိန်မရှိပါ။ ပြီးတော့ ဆံပင်က တိုရင် ဆပ်ပြာကုန်တာလည်း သက်သာသည်။

ဆပ်ပြာက ဈေးမကြီးပါဘူး။ ငွေဒင်္ဂါးအနည်းငယ်သာ ကုန်ကျသည်။ ဒါပေမယ့် အင်ဘိုင်ဝူအတွက်တော့ ဈေးကြီးနေသေးသည်။

သူမ၏ပုံစံက ပိန်ပါးကာ အလုပ်ကြမ်းသမားတစ်ယောက်လို ဖြစ်နေပြီး မျက်နှာကလည်း ဖြူဖတ်ဖြူရော်နှင့် ပင်ပမ်းနွမ်းနယ်နေသည့် ပုံပေါက်နေသည်။

ဒါပေမယ့် သူမအကြည့်တွေကတော့ စူးရှလွန်းသည်။ ရှင်းလင်းပြတ်သားကာ သူမကိုကြည့်လိုက်ရင် ဓါးအိမ်မပါသည့် ဓါးမြှောင်ကဲ့သို့ စူးရှတောက်ပနေသည်။

ဆွန်းမိုက သူမနောက်ကို လိုက်သွားသည်။ သူမက လက်တွန်းလှည်းကို ရပ်လိုက်ပြီး ကန်တင်းအနောက်ဘက် ဝင်သွားတာကို စောင့်ကြည့်နေလိုက်သည်။

အင်ဘိုင်ဝူက ဝင်သွားပြီး သူမထက်တောင် အရပ်ပိုရှည်နေသည့် အမှိုက်ပုံးကို ဘယ်လာသည်။

ပြီးတော့ လက်တွန်းလှည်းပေါ်ကို အမှိုက်ပုံးအား တွန်းတင်ပြီး လောင်းထည့်လိုက်သည်။

နံစော်ပုပ်သိုးနေသည့် အနံ့အသက်များ ထွက်လာသည်။

ဆွန်းမိုက နှာခေါင်းကို အုပ်လိုက်သည်။ ဒါပေမယ့် အင်ဘိုင်ဝူကတော့ ဝက်စာလို ဖြစ်နေသည့် အစားအသောက်ကို တစ်ချက်ကြည့်လိုက်ပြီး တံတွေးကို မြိုချနေသည်။ သူမ၏ ဗိုက်ကလဲ တုန်နေသည်။

"တောက်"

အင်းဘိုင်ဝူက ခြေထောက်ကိုမြှောက်ပြီး အမှိုက်ပုံးကို ပြင်းပြင်းထန်ထန် ကန်လိုက်သည်။

"ဒီလောက်အစားအစာ အများကြီးကို ဘာလို့ ဖြုန်းပစ်နေကြတာလဲ။ တစ်နေ့တစ်နေ့ကို လူဘယ်နှစ်ယောက် ငတ်နေလဲ မသိကြဘူး။

အဲဒီအထဲမှာ ခေါက်ဆွဲနှင့် အသားနည်းနည်း ကျန်နေသေးသည်။ ဒါပေမယ့် အင်ဘိုင်ဝူ အတွက် စားလို့ မရတော့ပါဘူး။

အင်ဘိုင်ဝူ ကန်တင်းကို သုံးကြိမ်ဝင်ပြီးနောက် လက်တွန်းလှည်းလည်း ပြည့်သွားသည်။ ပြီးတော့

ချင်လင်က အမှိုက်ပစ်သည့် နေရာကို လက်တွန်းလှည်း တွန်းသွားသည်။

အင်ဘိုင်ဝူသည် ဒီအလုပ်ကို လုပ်နေခဲ့တာ သုံးနှစ်လောက် ရှိနေပြီ။ အရင်တုန်းကတော့ သူ့မအဖေကို ကူလုပ်ပေးခဲ့ရပြီး။ သူ့မအဖေသည် လောင်းကစားအကြွေးတွေကြောင့် ခြေထောက်ကျိုးသွားပြီး လမ်းလျှောက်လို့ မရတော့ပါ။ ဒါကြောင့်လည်း အင်ဘိုင်ဝူသည် သူ့မတစ်ယောက်တည်းသာ လုပ်နေခဲ့ရသည်။

အရမ်းညစ်ပတ်သည့် စားကြွင်းစားကျန်တွေကို သယ်ယူနေရသည့် အလုပ်ဖြစ်သည်။ တကယ်လို့သာ သူမ နေ့တိုင်းမလုပ်ခဲ့ရင် ချင်လင်မြို့ ပတ်ဝန်းကျင် ပျက်ဆီးပြီး ကုန်သည်တွေနှင့် လမ်းသွားလမ်းလာတွေကို ကသိကအောက် ဖြစ်နေနိုင်သည်။

ဗဟိုပြည်နယ်အကယ်ဒမီတစ်ခုလုံးတွင် ကျောင်းသားတွေနှင့် ဆရာတွေကိုပေါင်းလိုက်ပါက လူပေါင်း တစ်သောင်းကျော်လောက်ရှိသည်။ ဒါကြောင့်လည်း နေ့စဉ် အမှိုက်အများအပြား

ထွက်နေသည်။ အင်ဘိုင်ဝူက အမှိုက်အားလုံးကို သိမ်းနိုင်ဖို့အတွက် ညလုံးပေါက် အချိန်ယူရသည်။

အမှိုက်တွန်းလှည်းကို တွန်းနေသည့် အင်ဘိုင်ဝူ၏ ပိန်ပိန်ပါးပါး ပုံရိပ်ကို ကြည့်လိုက်ရင် သူမဦးတည်ရာကို တရွေ့ရွေ့ သွားနေသည်။ ဆွန်းမိုလည်း သက်ပြင်းချလိုက်မိသည်။

အဝတ်ကြမ်းတွေနဲ့ လုပ်ထားသည့် အင်္ကျီကို ဝတ်ထားပြီး အကြိမ်ပေါင်းများစွာ လျှော်ဖွတ်ထားသောကြောင့် အရောင်တွေလည်း မှိန်နေပြီး အဖာအထေး ဆယ်ခုကျော်လောက်

ရှိသည်။ ဘယ်သူမှ သူမလောက် မဆင်းရဲနိုင်လောက်အောင်ကို ဆင်းရဲနေသည်။

ကျောင်းအပြင်ဘက်တွင် ညလုံးပေါက်ဖွင့်သည့် ဆိုင်သုံးဆိုင်ရှိသည်။ ဆွန်းမိုလည်း ဇီဇာကြောင်မနေတော့ဘဲ အလွယ်စားလို့ရသည့် အမဲသား ၁.၅ ဂရမ်အုပ်ထားသည့် ကိတ်မုန့်နှစ်လုံးကို ထုတ်ပေးရန် စားပွဲထိုးကို မှာလိုက်သည်။

ဆွန်းမိုက အဆောင်ကို မပြန်သေးပါဘူး။ အဲဒီအစား လမ်းဘေးက မြက်ခင်းပေါ်တွင်

ထိုင်နေလိုက်သည်။ သူက လရောင်အောက်တွင် ဝိညာဉ်တကော်တူးကို အာရုံစိုက် ရေးဆွဲနေရင်း ကန့်တင်းအနောက်ဘက်က အဝင်ပေါက်ကို သတိထား စောင့်ကြည့်နေသည်။

နာရီဝက်လောက်ကြာပြီးနောက် အင်ဘိုင်ဝူ ပြန်ရောက်လာသည်။ သူမ၏ ဖန်တရာ အဝတ်အစားတွေမှာလည်း ချွေးများနှင့် စိုရွှဲနေသည်။ သူမခြေလှမ်း လှမ်းလိုက်တိုင်း မြေပေါ်ကို ချွေးစက်များ တစ်ပေါက်ပေါက် ကျနေသည်။

နောက်တစ်ကြိမ် အလုပ်များပြီးနောက် အင်ဘိုင်ဝူ၏ လှည်းပေါ်တွင် စားကြွင်းစားကျန်တွေနှင့် ပြည့်နေပြန်သည်။

ထိုနောက်သူမသည် အမှိုက်ပစ်သည့်နေရာကို တစ်ခေါက် ပြန်ထွက်လာသည်။ ဒါပေမယ့်လည်း အဝေးကြီးကို လျှောက်မသွားခင် ရပ်လိုက်ပြီး မြက်ခင်းပေါ်ကို တစ်ခါတည်း လျှောက်သွားလိုက်သည်။

“မင်းကြည့်လို့ ဝပြီလား”

အင်းဘိုင်ဝူက ဒေါ်သထွက်နေသည့် ကျားတစ်ကောင်လို အသံနိမ့်ပြီး အော်ဟစ်လိုက်သည်။ ဆွန်းမိုအရှေ့ကို ရပ်လိုက်မိသည့်အခါ မိုးပြာရောင် ဆရာအဝတ်အစားကို သတိထားမိပြီး အမူအရာ ပြောင်းသွားသည်။

"အာ၊ ဘာကြောင့် ဆရာတစ်ယောက် ဖြစ်နေတာလဲ"

အင်ဘိုင်ဝူသည် မြန်မြန်ပြန်ပြီး ထွက်သွားချင်လာသည်။ ဒါပေမယ့် သူမ ထွက်သွားရင်

ကျောင်းကိုတိုင်လိုက်မှာလည်း စိုးရိမ်နေသည်။ ဒါဆို သူမ၏ အလုပ်ဆုံးရှုံးသွားနိုင်သည်။

"အရင်က မင်းကို စောင့်ကြည့်တဲ့ လူရှိလို့လား"

ဆွန်းမိုက စပ်စုလိုက်သည်။ အင်ဘိုင်ဝူ၏ စကားများအရ သူမဒီလိုမျိုးကြုံဖူးတာ ပထမဆုံးအကြိမ် မဖြစ်နိုင်ပါ။

အင်ဘိုင်ဝူက ပြန်မဖြေဘဲ လက်မှာ ထင်းခွဲသည့် ဓါးကို ကိုင်ထားလိုက်သည်။

ဒီသုံးနှစ်အတွင်းမှာ သူမကို စော်ကားချင်နေသည့် သူတွေ အများကြီး တွေ့ကြုံခဲ့ရသည်။

လမ်းဘေးမှာ အိပ်နေသည့် သူတောင်းစားတွေ၊ အချိန်ဖြုန်းနေသည့် လူမိုက်တွေ၊ ရှုံစရာကောင်းသည့် ကျောင်းက ဝန်ထမ်းနှစ်ယောက်၊ သူတို့အားလုံးက သူမကို အခွင့်အရေး ယူချင်နေကြသည်။ သူမသာ မရက်စက် မကြမ်းတမ်းခဲ့ရင် သူမကို မြက်ခင်းပေါ်ကို ဆွဲခေါ်သွားပြီး အဓမ္မပြုကျင့်ခံလိုက်ရမှာ ကျိန်းသေသည်။

ဆွန်းမိုလည်း မျက်ခုံးပင့်လိုက်ကာ ဒီအကြောင်းကို တွေးပြီး စိတ်လိုလက်ရ ခေါင်းညိတ် ထောက်ခံလိုက်သည်။ ညနက်သန်းခေါင်မှာ

အပြင်ထွက်လုပ်နေရသည့် မိန်းကလေး တစ်ယောက်အနေနှင့် သူမအတွက် ဘာမှ မဖြစ်လာဘူးဆိုရင်သာ ထူးဆန်းနေနိုင်သည်။

"အလုပ်တွေ အများကြီးလုပ်ပြီး ဗိုက်ဆာနေပြီ မဟုတ်လား"

ဆွန်းမိုက စက္ကူအိတ်ကို ထုတ်လိုက်သည်။

"ယူလိုက်ပါ။ ငါက ညစာ စားပြီးပြီ။ မင်းအတွက်လည်း ရှိသေးတယ်"

အင်ဘိုင်ဝူ၏ မျက်လုံး ကျဉ်းသွားသည်။ သူမအကြည့်တွင် စိတ်ရှုပ်ခြင်းများ ပေါ်လာသည်။ ပြီးတော့ ကြမ်းကြုတ်ရက်စက်လာသည်။

"ငါ့မှာ ခြေတွေလက်တွေ အကောင်းတိုင်း ရှိသေးတယ်။ မင်း သနားစရာမလိုဘူး"

ဒီစကားပြောလိုက်ပြီးသည်နှင့် အရှေ့ကိုထွက်လာကာ စက္ကူအိတ်ကို လုယူလိုက်သည်။

"အမ်"

ဆွန်းမိုလည်း ကြောင်သွားသည်။ (မင်းစကားကြောင့် မယူတော့ဘူး ထင်နေတာ)

"ဒါက ငါ့ရဲ့ ဂုဏ်သိက္ခာကိုစော်ကားတဲ့အတွက် မင်းဆီက လျှော်ကြေးပဲ"

အင်ဘိုင်ဝူက ဆွန်းမိုကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

"ဟီ ဟီ"

ဆွန်းမိုလည်း ပြုံးလိုက်မိသည်။ ဒီမိန်းကလေးက ညံ့ဖျင်းမယ်လို့ ထင်ရပေမယ့် ဉာဏ်များလွန်းသည်။ သူမက သူများအထင်သေးတာကိုလည်း မခံချင်သလို

အစားအသောက်ကိုလည်း လက်မလွှတ်ချင်ပါဘူး။ ဒါကြောင့် စာနာမှုမှ လျော့ကြေးဖြစ်အောင် အစားယူသည့် နည်းလမ်းကို ပြောင်းလိုက်သည်။

"မင်းအရင်က လူတွေနဲ့ တိုက်ခိုက်ခဲ့ဖူးလား" ဆွန်မိုက စပ်စုလိုက်သည်။

"ခုနတုန်းကလာပြီး ဘာလုပ်ဖို့ ကြံနေတာလဲ" အင်ဘိုင်ဝူက ဘာမှ ဆက်မပြောတော့ပဲ လက်တွန်းလှည်းဆီကို သွားကာ အလုပ် ဆက်လုပ်နေလိုက်သည်။

" မင်းတခြားသူတွေရဲ့ ငွေကို ခြိမ်းခြောက်ပြီး ယူလို့ ရလို့လား"

ဆွန်းမိုက သူမနောက်ကို လိုက်သွားပြီး ပြောလိုက်သည်။ သူမနှင့် အရင်တစ်ခေါက် ဆုံခဲ့တုန်းက ဆိုးဆိုးဝါးဝါး ပိုက်ဆံ လိုချင်နေသည်။

"မင်းဘာတွေကို ဂရုစိုက်နေတာလဲ"

အင်ဘိုင်ဝူက ဆွန်းမိုကို စိုက်ကြည့်လိုက်သည်။ ပြီးတော့ သူမအကြည့်တွေက ဆရာဝတ်ရုံ ဆီကိုရောက်သွားသည်။

"မင်းက ကျောင်းနဲ့ တရားဝင် အလုပ်မဝင်ရသေးဘူးဆိုရင် ဒီလိုဝတ်ထားလို့ ဒုက္ခရောက်လိမ့်မယ်"

"ငါက ဆရာတစ်ယောက်ပါ တရားလည်းဝင်ပါတယ်"

ဆွန်းမိုက ရယ်ရင်း ပြန်ဖြေလိုက်သည်။

"တရားဝင်လား"

ဒီစကားကို ကြားပြီးနောက် အင်ဘိုင်ဝူသည် ဆွန်းမိုကို ပထမဆုံးအကြိမ် အလေးအနက်ထားပြီး လှေ့လာလိုက်သည်။ နေပါအုံး။ ဘာလို့

ဒီလောက်ရင်းနှီးနေတာလဲ။ အရင်တုန်းက ကျောင်းသားစုဆောင်းရေးပွဲမှာ ဆုံခဲ့ဖူးတာလား။

စာစဉ် (၉)

အခန်း (၁၃၂) - အစားအစာ ပေးခြင်း။

“ငါတို့ အရင်က တွေ့ဖူးလား”

ဆွန်းမိုက အင်ဘိုင်ဝူကို ကြည့်လိုက်သည်။

သူမ၏ အချက်လက်များ ပေါ်လာပြီး တကယ်ကို ၇၇၇ လုံး ဖြစ်နေတုန်းပဲ။

အကျိုးအကြောင်းအရတော့ ဒီဂဏန်းတွေက တကယ်ကို ကောင်းမွန်ပါသည်။ ဒါပေမယ့် အလားအလာ တန်ဖိုးကတော့ နိမ့်ကျနေဆဲဖြစ်သည်။

အရေးကြီးတာက စနစ်က ထုတ်ပေးထားသည့် မှန်းချက်ဖြစ်သည်။ သူ့ခန္ဓာကိုယ်က ပြင်းထန်သည့် ချို့ယွင်းချက်များကြောင့် သူမကို တပြည့်အဖြစ်လက်မခံခိုင်းတာတောင် မဟုတ်ဘဲ သူနှင့်ဝေးဝေးနေရင် အကောင်းဆုံးလို့ ပြောထားသည်။

စနစ်ကတော့ မမှားနိုင်ပါ။ ကောင်မလေးက တကယ်ကို မီးခဲဖြစ်လို့ ရေးထားတာ ဖြစ်နိုင်သည်။

"ကောင်းပြီ။ မင်းငါ့ကို ဒီလိုဆက်ကြည့်နေရင် မင်းပေးဆပ်ရတော့မယ်"

အင်ဘိုင်ဝူက မျက်မှောက်ကြုတ်ရင်း ပြောလိုက်ပြီး လက်မှာလည်း ထင်းခုတ်ဓါးကို ပြန်ကိုင်ထားလိုက်သည်။ ဆွန်းမိုက သူ့ကို စောစောက ညစာပေးခဲ့တာ မဟုတ်ရင် ခြိမ်းခြောက်ပြီး ငွေညှစ်လိုက် အုံးမည်။ ခုနတုန်းက မြက်ခင်းပေါ်မှာ ရပ်လိုက်တာက ဆွန်းမိုသည်

ရှုံမုန်းစရာကောင်းသည့် ကျောင်းဝန်ထမ်းလို့ ထင်သွားခဲ့သည်။

တခြားအမျိုးသမီးတွေသာဆိုရင် သူတို့ကို ကြောက်ပြီး ထွက်ပြေးကြမှာ သေချာသည်။ အင်ဘိုင်ဝူကတော့ ဒီလို မလုပ်ပါဘူး။ ဒီလိုစောက်ကျင့်မကောင်းသည့် ကောင်တွေကို ခြိမ်းခြောက်ပြီး ငွေတောင်းနိုင်ဖို့ သူမအတွက် အခွင့်အရေးလေးဖြစ်သည်။

“ဘယ်လောက်လဲ”

“အငွေတုံး ၁၀၀”

အင်ဘိုင်ဝူကလည်း ပမာဏအများကြီးကို တစ်ခါတည်း ပြောလိုက်သည်။

“ ကောင်းပြီ”

အခုတော့ ဆွန်းမိုမှာ ပိုက်ဆံ မရှားပါဘူး။ ဆွန်းမိုက ငွေတုံး လက်တစ်ဆုပ်ကို ယူပြီး အင်ဘိုင်ဝူကို ပေးလိုက်သည်။

“ဒီနေ့ ငါက ပိုက်ဆံအများကြီး မယူလာမိတော့ ဒါကို အရင်ယူထားလိုက်”

အင်ဘိုင်ဝူလည်း အံ့ကြိတ်ပြီး ခဏလောက် တုံ့ဆိုင်းသွားသည်။ နောက်ဆုံးမှာတော့ လက်ကိုဆန့်ပြီး ငွေကို ယူလိုက်သည်။

“ အရမ်းကောင်းတယ်။ မင်းက ငွေကိုလက်ခံလိုက်ပြီ ဆိုတော့ ငါမင်းကို နည်းနည်းလောက် ကိုင်ကြည့်လို့ရလား”

ဆွန်းမိုအသံက တိုးလာသည်နှင့်အမျှ အင်ဘိုင်ဝူလည်း ရပ်တန့်သွားသည်။ သူမက တိုက်ခိုက်ခံလိုက်ရသည့် ဖြူးတစ်ကောင်နှင့်

တူနေသည်။ သူမ၏ အချွန်တွေက ဆွန်းမိုဆီကို ဦးတည်နေသည်။

"မင်းက သေချင်နေရင် ငါက ဆန္ဒကို ဖြည့်ပေးမယ်"

ထင်းခုတ်ဓါးက ထက်မြနေပြီး အချိန်မရွေး ခုတ်လို့ ရနေသည်။

"အထင်မလွဲနဲ့ ငါက မင်းခန္ဓာကိုယ်ကို စစ်ဆေးကြည့်မလို့"

ဆွန်းမို က ပုခုံးတွန့်ရင်း ပြောလိုက်သည်။

"ထွီး"

အင်ဘိုင်ဝူက တံထွေးတစ်ချက် ထွေးထုတ်လိုက်သည်။ မျက်နှာတွင်လည်း ရွံရှာမှုနှင့် ပြည့်နေသည်။

"အလကားလူ"

စောစောက ဆွန်းမို၏ လုပ်ဆောင်ချက်ကြောင့် ကောင်းမွန်နေသည့် အမြင်တွေလည်း အခုတော့ ပျောက်သွားသည်။ အရမ်းဆင်းရဲပြီး ဗိုက်ဆာနေသည့် မိန်မငယ်လေးကို အခွင့်အရေးယူခြင်နေသည့် တခြားလူယုတ်မာတွေနှင့် အတူတူပဲ။

“မင်းသေမှာ မကြောက်ရင် ငါ့နောက်ကို ဆက်လိုက်ခဲ့”

အင်ဘိုင်ဝူက ဆွန်းမိုကို စိုက်ကြည့်ရင်း ပြောလိုက်သည်။ ပြီးတော့ အလုပ်ဆက်လုပ်ရန် လက်တွန်းလှည်းကို ဆက်တွန်းသွားသည်။

ဆွန်းမိုလည်း မျက်ခုံး တွန့်လိုက်မိသည်။ အခုတော့ အထင်လွဲသွားပြီ။ ဆက်ရှင်းပြနေရင်လည်း သူမ မယုံကြည်နိုင်တော့ပါ။ ဒါပေမယ့် သူ့စိတ်ထဲမှာ ပေါက်ကွဲနေသည်။

အရင်က ဒီမိန်းကလေးကို စည်းရုံးဖို့ ပစ္စည်းတွေကို သုံးခဲ့တဲ့ ခွေးကောင်တွေ ရှိခဲ့နိုင်သည်။ မဟုတ်ပါက သူမသဘာထားက ဒီလို မဖြစ်နေနိုင်ပါ။

ရက်သတ်တစ်ပတ် အသစ်က ရောက်ရှိလာသည်။................................

အတန်းမစခင် ဆွန်းမိုက လုချီဟွာခေါင်းကို ပုတ်ရင်း အချိန်ကုန်နေခဲ့သည်။

“မင်းတို့ ဒီသင်ခန်းစာကို စိတ်မဝင်စားရင် လာတက်စရာ မလိုဘူး”

သူ့တပြည့်တွေ လေ့ကျင့်ဖို့ ရေးဆွဲပေးထားသည့်အစီအစဉ်အရ ကျင့်ကြံခြင်းဆေးပညာ အတန်းကို လာတက်စရာမလိုပါ။

"အမ်"

လုချီဟွာက ခေါင်းငုံ့လိုက်သည်။ သူမက အတန်းထဲတွင် ဆွန်းမို သင်ကြားပေးနေသည့် ပုံကို ကြည့်ရတာ သဘောကျနေသည်။

"ငါ နားလည်ပြီ"

လီဇီချီက ခေါင်းညိတ်လိုက်ပြီး လုချီဖွာကို ဆွဲခေါ်လိုက်သည်။ ဂေါင်ပန်၏ တပြည့်များနှင့် တိုက်ခိုက်ရန် အချိန်က လက်တကမ်းလောက်ပဲ လိုတော့သည်။ ဒီလိုအချိန်မှာ အချိန် မဖြုန်းနိုင်ပါ။

“ရတနာသေတ္တာ ဖွင့်လိုက်ကြစို့”

ဆွန်းမို အနက်ရောင် ရတနာ သေတ္တာကို ဖွင့်လိုက်သည်။

အလင်းရောင်တွေ ပျောက်သွားပြီးနောက် ဆေးထုပ်ကြီးတစ်ခု လွင့်မျော့ာနေသည်။

"ငါ မရှုံးဘူးပဲ"

ဆွန်းမို နှုတ်ခမ်းများ ကွေးသွားသည်။ ဘယ်လိုပဲပြောပြော ဒါက လေးစားအထင်ကြီးမှု အမှတ် ၁၀၀ တန်သည်။ မြေခဲ မဟုတ်သ၍ အဆင်ပြေသည်။

"ထားလိုက်ပါတော့"

ဆွန်းမို စိတ်ထဲကနေ ရေရွတ်လိုက်ပြီး စင်ပေါ်ကို လျှောက်သွားလိုက်သည်။

အတန်းကတော့ အရင်ကအတိုင်း ပြည့်နေသည်။ တကယ်တော့ ဆရာ နည်းနည်းတောင်

ရှိနေသေးသည်။ ဆွန်းမိုက ဒါကို သိပြီးသားပါ။ သူ့ခံစားချက်က ရှေ့ဟောင်း ရေတွင်းနှင့်တူနေပြီး ခံစားချက် အတက်အကျ မရှိပါ။ အတန်းပြီးသွားပြီးနောက် လေးစားအထင်ကြီးမှု အမှတ် ၅၁၂ မှတ်ရလိုက်သည်။ သိပ်မနည်းပေမယ့် မြတ်ဆရာအရှိန်အဝါကို ဝယ်ခြင်ပါက အမှတ်တွေ ခဏလောက်တော့ သိမ်းထားရအုံးမည်။

ညစာစားပြီးနောက် ဆွန်းမိုလည်း ကြေကွဲခြင်းမရှိရေကန်ကိုလာပြီး ဝိညာဉ်တက်တူး

ရေးဆွဲနေလိုက်သည်။ ညနက်လာသည့်အခါ အင်ဘိုင်ဝူလည်း ရောက်လာသည်။

ဒုတိယအခေါက်တွင် ဆွန်းမိုက သူမအတွက် ပြင်ဆင်ပေးထားသော အစားအစာများကို ယူပြီး သွားလိုက်သည်။ အင်ဘိုင်ဝူက ယဉ်ကျေးမှု မရှိပဲ ချက်ခြင်း ဆွဲယူပြီး စားလိုက်သည်။ နောက်သုံးရက်လောက် ကြာတော့ အင်ဘိုင်ဝူလည်း သည်းမခံနိုင်တော့ပါ။ သူမက စိတ်မရှည်တတ်သည့် မိန်းကလေး တစ်ယောက်ဖြစ်သည်။ အခုတော့ ဆွန်းမိုက သူမအတွက် ညစာ ကို

နေ့တိုင်းဝယ်ပေးနေသည်။ ဆွန်းမိုက ဘာကိုကြံစည်နေလဲ နားမလည်ပါ။ သူမ တကယ်ကို စိတ်ဒုက္ခရောက်နေသည်။ ငါးရက်မြောက်နေ့မှာတော့ အင်ဘိုင်ဝူက ထင်းခုတ်ဓါးကိုယူပြီး လွဲယမ်းရင်း မြက်ခင်းပေါ်ကို လျှောက်သွားလိုက်သည်။

“ ဘယ်မှာလဲ အစားသောက်က”

အင်ဘိုင်ဝူက မေးလိုက်သည်။

“ဒီမှာ”

ဆွန်းမိုက စက္ကူ အိတ်ကို ပေးလိုက်သည်။

"မင်းက ဒီလို ကြင်နာမှုတွေနှင့် စိတ်လှုပ်ရှားလာအောင် လုပ်နေတာဆိုရင် ရပ်လိုက်တော့။" အင်ဘိုင်ဝူက ဆွန်းမိုကို ကြည့်ရင်း ပြောလိုက်သည်။ သူမလေသံက ရိုင်းစိုင်းနေသည်။

"ငါက ဘာလို့ မင်းကို စိတ်လှုပ်ရှားအောင် လုပ်ရမှာလဲ"

ဆွန်းမိုက ပြန်မေးသည်။

"ဒါဆိုရင် မင်းက ဘာတွေးနေတာလဲ။ သူဌေးတွေက အပျော်မယားလိုချင်ရင် ဘယ်လို

ထောက်ပံ့လဲ။ မင်းမှာ ငွေတုံး တစ်သန်း မရှိရင် မေ့လိုက်တော့”

အင်ဘိုင်ဝူက ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည်။

“ဒါက မင်းကို ဖြတ်ထားတဲ့ ဈေးလား”

ဆွန်းမို အရမ်းသိချင်နေသည်။ သူက အင်ဘိုင်ဝူကို ရိုးရိုးလေးပဲ အစားအသောက်တွေကို ပေးနေခဲ့သည်။ လမ်းပေါ်က ခွေးတွေကြောင်တွေကို မြင်ရင် အစားကျွေးနေသလို ပါပဲ။ ဝါသနာပါလို့ လုပ်နေတာလဲ ဖြစ်နိုင်သည်။

"ငါတို့ ရွှေအကြောင်းပြောနေတာ"

အင်ဘိုင်ဝူက အကျယ်ကြီး ထေ့ငေါ့ ပြောလိုက်ပြီး ဆွန်းမိုကို အကဲခတ်နေသည်။ သူမ ပြောပြီးသည့်နောက် ဆွန်းမိုက လျှောင်ပြောင်ပြီး ထိကပါးရိကပါး လုပ်လာမယ်လို့ ကျိန်းသေပေါက် ကောက်ချက်ချထားခဲ့သည်။ ဒီဆရာ အငယ်လေးက အသေအချာ လေးလေးနက်နက် ဆင်ခြင်ကြည့်ရှုနေတာကို မြင်ပြီး သူမ နည်းနည်း ထိတ်လန့် သွားသည်။

သူမလည်း သိချင်လာပြီး အတင်းမေးလိုက်သည်။

“ မင်းဘာတွေးနေတာလဲ”

“အနာဂတ်မှာ မြွားနတ်ဘုရားမ ဖြစ်လာမယ့်သူအတွက် ရွှေတုံး တစ်သန်း သုံးသင့်လား တွေးနေတာ”

ဆွန်းမိုက မေးစေ့ကို ပွတ်ရင်းပြောသည်။

“မြွားနတ်ဘုရားမ။ ဘယ်သူလဲ”

အင်ဘိုင်ဝူက မျက်မှောင်ကြုတ်ရင်း မေးသည်။

"မင်းလေ"

ဆွန်းမိုက အင်ဘိုင်ဝူကို စိုက်ကြည့်နေသည်။ သူ့အာရုံထဲမှာတော့ မှတ်စု တစ်ခုက လွင့်မျောနေသည်။ စူးရှထက်မြတ်သော မျက်လုံးတစ်စုံ။ ထူးခြားထက်မြတ်သည့် လေးပစ်စွမ်းရည်။

အင်ဘိုင်ဝူလည်း ရင်ဘက်ကို လက်နှစ်ဖက်နှင့် ကာလိုက်ပြီးနောက်ကို ခြေနှစ်လှမ်း မြန်မြန် ပြန်ဆုတ်လိုက်သည်။ ဆွန်းမို တိုက်ခိုက်လာခဲ့ရင်

သူမကိုယ် သူမ ကာကွယ်နိုင်အောင် ထင်းခါးကို ပြန်ဆင်ထားသည်။

(ငါက လေးပစ်ကျွမ်းတယ်ဆိုတာ သူက ဘယ်လို သိနေတာလဲ)

အင်ဘိုင်ဝူ မသက်သာဖြစ်လာသည်။

ဒီမိန်းကလေး၏ ဘဝသည် ခါးသီးမှုများနှင့် ပြည့်နှက်နေသည်။ ညဘက်တွင် ကျောင်းဝန်းထဲက စားကြွင်းစားကျန်တွေကို သယ်ယူရပြီး နေ့ဘက်တွင် ပန်းထိမ်ဆိုင်တွင် အကူ အလုပ်သမား လုပ်ရသည်။

ပန်းထိမ်သည် ကြွက်သားများနှင့် ထွားကြိုင်းနေသည့် ယောက်ျားသားများလုပ်ကြသည့် အလုပ်မျိုး ဖြစ်သည်။ ဒါပေမယ့် ရှင်သန်နိုင်ဖို့အတွက် သူမသည် တောင့်ခံပြီး အကောင်းဆုံး လုပ်နေခဲ့သည်။

ချင်လင်သည် တောင်နိုင်ငံထဲက မြို့ကြီး တစ်မြို့ ဖြစ်သည်။ နေထိုင်စရိတ် အရမ်းကြီးတာကြောင့် ဒီမှာ နေထိုင်ဖို့ အတွက် မလွယ်ကူပါ။ သာမန်မိသားစုများသည် အသက်မွေးဝမ်းကြောင်း အတွက်ထင်းခုတ်

ရောင်းချရသည်။ ဒါကြောင့် တောင်ပေါ်ကိုတက်ပြီး ထင်းခုတ်ရသည့်နေ့ ရက်များက သူမအတွက် အပျော်ဆုံး နေ့ရက်များ ဖြစ်သည်။ သူမ ဗိုက်ဝစေရန် လိုက်လံ ရှာဖွေလို့ရသည်။ လေးနှင့် မြှား ဝယ်ဖို့ ပိုက်ဆံမရှိတာကြောင့် ကိုယ်ဘာသာ ပြုလုပ်ခဲ့ရသည်။ ဒါတွေအားလုံး သူမ အစားအသောက် လိုအပ်လို့ ဖြစ်သည်။ ပြီးတော့ သူမသည် လေးပစ်သည့် စွမ်းရည်ကို တော်တော်လေး ကောင်းသည့် အဆင့်ထိရောက်အောင် လေ့ကျင့်နိုင်ခဲ့သည်။

"မင်း ငါ့ကျောင်းသားဖြစ်ဖို့ စိတ်ဝင်စားလား"

ဆွန်းမိုက မေးလိုက်သည်။ စနစ်က အကဲဖြတ်ပေးတဲ့လူတစ်ယောက်ရဲ့ အလားအလာမြင့်သည်၊ နိမ့်သည် စတာတွေကို ဂရုမစိုက်ပါ။ ဆင်းရဲဒုက္ခနှင့် အခက်အခဲတွေကို ကြံ့ကြံ့ခံနိုင်သည့် ဒီလို မိန်းကလေးမျိုးကို သဘောကျသည်။ ဒီမိန်းကလေးက ပိုက်ဆံ အရမ်းကြိုက်ပေမယ့် ဒါက အသေးအမွှား ပြဿနာလေးပါ။

"မလုပ်ဘူး"

ဆွန်းမိုက သူမကို နောက်ပြောင်နေတယ်ထင်ပြီး ရှင်းရှင်းလင်းလင်း ငြင်းလိုက်သည်။ သူမ၏ ရည်ရွယ်ချက်က မြတ်ဆရာတစ်ယောက်ဆီမှာ တပြည့်ခံချင်သည်။

“မင်းက ငါ့ကို အထင်မကြီးတာလား”

ဆွန်းမိုက ရယ်ချင်လာမိသည်။

“အမှန်ပဲ ငါမြန်မြန် အောင်မြင်လာအောင် မြတ်ဆရာတစ်ယောက်ဆီမှာပဲ တပြည့်ခံချင်တယ်”

ညစာကို ငါးခါတောင်ကျွေးခဲ့သောကြောင့် ဆွန်းမိုကို အမှန်တိုင်း ပြောပြလိုက်သည်။

"မင်း မြတ်ဆရာတစ်ယောက်ကို ဆရာတင်မလို့ ဘယ်နှစ်ခါတောင် ကျရှုံးခဲ့ပြီးပြီလဲ"

ဆွန်းမိုက စပ်စုလိုက်သည်။

"၁၈ကြိမ်"

အင်ဘိုင်ဝူက အမှန်တိုင်းပြောသည်။ ရှုံးနိမ့်ခြင်းသည် အောင်မြင်မှုလမ်းကြောင်း၏ အမှတ်အသားတစ်ခုလို့ ယုံကြည်သောကြောင့် သိမ်ငယ်ခြင်း စိတ်မလုံခြင်း မဖြစ်ဘဲ ပြောလိုက်သည်။

"လက်လျှော့လိုက်ပါတော့။ ဆရာအသစ်တစ်ယောက်ကို ငါက ဆရာတင်မှာ မဟုတ်ဘူး"

အင်ဘိုင်ဝူက ဆွန်းမိုကို အကဲခတ်ရင်း ပြောလိုက်သည်။ သူမကို နောက်ယှက်ခဲ့သည့် သူများက ငယ်ငယ်တုန်းက တော်တော်ဆင်းရဲပြီး ပြည့်တန်ဆာအိမ်ကို သွားဖို့ နေနေသာသာ လမ်းပေါ်က ဖာအတွက် ငွေဒင်္ဂါးနည်းနည်းကို သုံးဖို့ တွန့်ဆုတ်နေနိုင်သည်။

ဒီလူကတော့ ကြည့်ရတာ ငယ်ရွယ်သည့် မိန်းကလေးများကို ကြိုက်သည့် စောက်ကျင့်မကောင်းသည့် သူနှင့် မတူပါ။

ဒါဆိုရင် ဖြစ်နိုင်ခြေက တစ်ခုပဲ ရှိတော့သည်။ သူက သူမကို တိုက်ရိုက်တပြည့် အဖြစ်လိုချင်နေသည်။ အမှန်အတိုင်းပြောရရင် အင်ဘိုင်ဝူသည်လည်း တစ်ယောက်ယောက်က အထင်ကြီးတာကို ပထမဆုံး ခံဖူးတာဖြစ်သည်။ သူမက အလွန်ခံစားလိုက်ရသော်လည်း သူ့ကိုတော့ ဆက်ငြင်းနေခဲ့သည်။

ဆရာအသစ် တစ်ယောက်နောက်ကို လိုက်ရတာက စာရွက်အလွတ် တစ်ခုပေါ်မှာ

စပြီးရေးဆွဲ ရသလိုပါပဲ။ အောင်မြင်ရင်တောင် နှေးလွန်းသည်။

"မင်းရဲ့ ညစာတွေအတွက် ကျေးဇူးတင်ပါတယ်။ ဒီနေ့ကစပြီး ဆက်ပေးနေဖို့ မလိုတော့ပါဘူး။ အရင်းအနှီး ရှုံးသွားတဲ့ အားစိုက်ထုတ်မှု တစ်ခုလို့ သတ်မှတ်လိုက်ပါ"

အင်ဘိုင်ဝူက လေးလေးစားစားနှင့် ပြောလိုက်သည်။ ပြောပြီးတာနှင့် လှည့်ထွက်သွားသည်။

"ဆွန်းမို၊ တပြည့်လက်ခံတဲ့ ကိစ္စနှင့် ပက်သက်ပြီး စနစ်ရဲ့ သုံးသပ်ချက်ကို လိုက်နာတာ အကောင်းဆုံးပဲ။ အင်ဘိုင်ဝူနဲ့ပက်သက်ပြီး အကြံပေးထားတဲ့ လမ်းကြောင်းအတိုင်း သေသေချာချာ လုပ်ပါ။"

စနစ်က ရုတ်တရက် သတိပေးသည်။

"ဟား ဟား"

ဆွန်းမို ပင်ကိုယ်စရိုက်အရ စနစ်၏ ထိန်းချုပ်မှု အောက်မှာမနေချင်ပါ။

စနစ်က သူ့ကို မြတ်ဆရာတစ်ယောက်ဖြစ်လာအောင် စောင့်ကြည့် ကူညီပေးနေတာပါ။ ဒါပေမယ့် အနာဂတ်မှာ ဘာဖြစ်လာနိုင်တယ်ဆိုတာ ဘယ်သူက အသေအချာ သိလို့လဲ။ ဒါကြောင့်လည်း သူက စနစ်ကို ဆန့်ကျင်ပြီး ဘာတွေဖြစ်လာမလဲ သိချင်နေသည်။

အင်ဘိုင်ဝူဆီကို ချဉ်းကပ်ပြီး တပြည့်အဖြစ် လက်ခံချင်တာကလည်း စနစ်ကို စစ်ဆေးလိုက်ခြင်းသာ ဖြစ်သည်။

အခြေခံအားဖြင့်လည်း အင်ဘိုင်ဝူကို သဘောကျသည်။ ပါရမီရှင်တစ်ယောက် ကောင်းကင်ပေါ်ကို ပျံတက်ဖို့ အခွင့်အရေးရှိရင် စားကြွင်းစားကျန် ပစ်နေတာကို သူ မမြင်ချင်ပါ။

ဆွန်းမိုလည်း ပိုးစာပင်ကိုမှီရင်း လကို ငေးကြည့်နေသည်။ နှစ်ဖက်စလုံးက သူတို့၏ ရပ်တည်ချက်ကို ရှင်းရှင်းလင်းလင်း ပြောထားခဲ့တာကြောင့် သူနောက်တစ်ကြိမ် ကြိုးစားလည်း ကိစ္စမရှိပါ။ ဒါပေမယ့် သူစောင့်နေတာ အချိန်သာ

တော်တော်ကြာသွားသည်။ အင်ဘိုင်ဝူက တတိယအခေါက် ပြန်မလာခဲ့ပါ။

"ဘာတွေ ဖြစ်နေတာလဲ'

ဆွန်းမိုလည်း မျက်မှောင်ကြုတ်ပြီး အင်ဘိုင်ဝူ ထွက်သွားသည့် ဘက်ကိုလိုက်သွားခဲ့သည်။

အင်ဘိုင်ဝူသည် လက်တွန်းလှည်းကို တွန်းနေတုန်း လမ်းတစ်ဝက်တွင် ရန်ချိုင်က သူ့မ လမ်းကြောင်းကို ပိတ်ထားသည်။

" မင်း လာခဲ့အုံး"

ရန်ချိုင်က ဗိုက်ကြီး လှုပ်တုတ်လှုပ်တုတ်နှင့် လမ်းလျှောက်ပြီး သူမ၏ မေးစေ့ကို လက်ညှိုးထိုးကာ အမိန့်ပေးလိုက်သည်။

"သွားပြီးတော့ စတိုခန်းထဲက ငါ့အတွက် အချက်အလက်အချို့ကို သွား ရှာလာခဲ့"

အင်ဘိုင်ဝူက မသွားချင်ပါဘူး။ ဒါပေမယ့် ရန်ချိုင်က ထောက်ပံ့ရေးဌာနရဲ့ ခေါင်းဆောင်ဖြစ်တာကို သူမ သိနေသည်။ ဗဟိုပြည်နယ်အကယ်ဒမီ၏ ထောက်ပံ့ရေး ဌာနတစ်ခုလုံးသည် သူ၏ ထိန်းချုပ်မှုအောက်တွင်

ရှိနေသည်။ သူ့ကိုငြင်းလိုက်ပါက ဒီအလုပ်ဆက်လုပ်ရမလားဆိုတာ စဉ်းစားစရာကို မလိုတော့ပါဘူး။

"ဘာကြောင်နေတာလဲ မြန်မြန်လာ"

ရန်ချိုင်က တိုက်တွန်းလိုက်သည်။

စတိုခန်းထဲတွင် မီးခွက်က အလင်းရောင်တစ်ခုသာ ရှိနေသည်။ ရန်ချိုင်က သူ့ဘေးနားက သေတ္တာကြီးတစ်လုံးကို ညွှန်ပြလိုက်သည်။ အင်ဘိုင်ဝူက သူ့ကို ဖြတ်လျှောက်လိုက်ရင် သူ့လက်က ထွက်လာပြီး

အင်ဘိုင်ဝူ ဖင်ကို လှမ်းကိုင်လိုက်သည်။ အင်ဘိုင်ဝူကလည်း ကာကွယ်ဖို့ စောင့်ကြည့်နေခဲ့သည်။ သူမခြေထောက်တွေနှင့် တွန်းထုတ်လိုက်ပြီး ရှောင်ထွက်လိုက်သည်။

"ဟီးဟီး"

ရန်ချိုင်က အေးစက်စက် ရယ်မောလိုက်သည်။ (မင်းက ပြေးလွတ်မယ် ထင်နေတာလား)

"မင်းအမေ နေကောင်းရဲ့လား"

ဒါကိုကြားလိုက်ရင် အင်ဘိုင်ဝူ အမူအရာပြောင်းသွားသည်။ လက်သည်းတွေကို အသားထဲစိုက်ဝင်သွားအောင် လက်သီး ဆုပ်လိုက်သည်။

"အဲဒီမှာ ကြောင်ပြီး ဘာရပ်လုပ်နေတာလဲ၊ မြန်မြန်သွားပြီး အလုပ်ဆက်လုပ်"

ရန်ချိုင်က ရင်ဘက်ရှေ့တွင် လက်ပိုက်ထားရင်း အင်ဘိုင်ဝူကို စားမယ်ဝါးမယ် အကြည့်နှင့် စောင့်ကြည့်နေသည်။

ဒီကောင်မလေးက ရင်ဘက်ပြားပေမယ့် ဖင်ကတင်းတင်းရင်းရင်း ရှိသည်။ ဘာမိတ်ကပ်မှ

မလိမ်းထားပေမယ့် သဘာဝ အလှလေး ဖြစ်သည်။ တကယ်ကို မျက်စိကျဖို့ ကောင်းတယ်။

ရန်ချိုင်က ဒီလို မိန်းကလေးမျိုးကို သဘောကျသည်။ သူမတို့ ရုန်းကန်နေတာကလည်း သူ့အတွက်တော့ ဖျော်ဖြေနေသလိုပါပဲ။

မိန်းမတွေနှင့် ပျော်ပါးဖို့ ပြည့်တန်ဆာ အိမ်ကို သွားမယ် ဟုတ်လား။ ဘာကြောင့် မယားငယ် ထားနေမှာလဲ။ ဒီလိုလုပ်တာ ဘာကောင်းလို့လဲ။ မခုခံတဲ့ မိန်းကလေးတွေက ရုပ်သေးရုပ်နဲ့

မကျွာပါဘူး။ ဒါကို တွေးပြီး အင်ဘိုင်ဝူ၏ ဖင်ကို ထိရန် လက်ကို ဆန့်ထုတ်လိုက်သည်။

ဖောင်း

အင်ဘိုင်ဝူက ရန်ချိုင်၏ လက်များကို ရိုက်ထုတ်လိုက်သည်။ သူမက ဖြူးတစ်ကောင်လို ဖြစ်လို့နေပြီး အမြန်ခုန်ဆုတ်ကာ သူ့ကို ရှောင်လိုက်သည်။

“ဟား ဟား”

ရန်ချိုင် သဘောကျနေသည်။ အင်ဘိုင်ဝူ ထိတ်လန့်ကြောက်ရွံ့နေသောပုံက တကယ် စိတ်လှုပ်ရှားစရာ အကောင်းဆုံးပဲ။

ဒါကြောင့်လည်းသူက အနီးကပ်လာပြီး သဘောကျစွာ စိုက်ကြည့်နေသည်။

“အင်ဘိုင်ဝူနော်။ မင်းဒီမှာ အလုပ်ရဖို့အတွက် မင်းအမေက ဘယ်လောက်ပေးခဲ့ရလဲ သိလား။ မင်းမသိဘူးလား။ ဒါဆို ငါပြောပြမယ်”

“ မင်း ပါးစပ် ပိတ်ထား”

အင်ဘိုင်ဝူက ရန်ချိုင်ကို စိုက်ကြည့်ရင်း အော်ဟစ်လိုက်သည်။

"ဟား ဟား။ အခု ကန်တင်းတစ်ဝိုက်မှာ ဘယ်သူမှ မရှိဘူး။ ဒီလို စတိုခန်းထဲမှာ မပြောနဲ့ ညနက်သန်းခေါင်မှာ ဘယ်သူက လာမယ်လို့ မင်းထင်နေတာလဲ"

ရန်ချိုင်က လှောင်ပြောင်နေသည်။ ဒီကောင်မလေးကို ဒီည ကျိန်းသေပေါက် စားရတော့မည်။

"ဌာနမှူးရန် ။ ကို့ကိုယ်ကို လေးစားပါအုံး"

အင်ဘိုင်ဝူက ထင်းခုတ်ဓါးကို ဆွဲထုတ်ပြီး လက်တွင် ကိုင်ထားလိုက်သည်။ ဒီလို အနှောက်အယှက်ပေးခံရတာ ပထမဆုံး အကြိမ် မဟုတ်တော့ပါဘူး။ အရင်အကြိမ်တွေတုန်းက ရန်ချိုင်သည် ကျောင်း၏ ပုံရိပ်ကို ကြောက်ရွံ့နေခဲ့ပြီး သူမကို အတင်းအကြပ်မလုပ်ရဲ ပါဘူး။ ဒါပေမယ့် အခုတော့ ဒီကောင်က မူးဖွတ်နေပြီး ဒါတွေကိုလည်း သိပ် ဂရုမစိုက်တော့ပါဘူး။

" မင်းသာ ငါ့ကို လိုက်လျှောလိုက်ရင် မင်းလိုချင်တာ မှန်သမျှကို ရမယ်။ စားကြွင်းစားကျန်ပစ်တာလို ပန်းထိမ်အကူ လုပ်တာလို ကြမ်းကြမ်းတန်းတန်း ပင်ပင်ပန်းပန်း လုပ်စရာမလိုတော့ဘူး။ မင်း ဗဟိုပြည်နယ်အကယ်ဒမီကို တက်ချင်ရင်တောင် ငါက ကူညီပေးလိုက်အုံးမယ်"

ဆွန်းမိုကို အချိန်မီ အလုပ်မထုတ်နိုင်ခဲ့သောကြောင့် ကျန်ဟန်ဖူက

ရန်ချိုင်ကို ခေါ်ပြီး ဆူပူ ကြိမ်းမောင်းကာ ပါးရိုက်ခဲ့သည်။

ရန်ချိုင် တော်တော်ကို စိတ်ဓါတ်ကျနေခဲ့သည်။ ဒါကြောင့် ဝမ်းနည်းမှုတွေကို မြိုချနိုင်အောင် အရက်သောက်ခဲ့သည်။ ပိုသောက်လေလေ ပိုပေါက်ကွဲလေလေ ဖြစ်လာသည်။ အန်ဘိုင်ဂူအကြောင်းကို စဉ်းစားလိုက်မိပြီး သူ့ခံစားချက်တွေကို ထွက်ပေါက်ပေးဖို့ ဆုံးဖြတ်ခဲ့သည်။

အမှုးသမားတွေမှာ ဘယ်လို ဆင်ခြင်တုံတရား ရှိမှာလဲ ။ အရက်သောက် မူးယစ်ပြီး ရဲလာသောကြောင့် ရန်ချိုင် ဒီကို ထွက်လာခဲ့သည်။

“ အရင်ကလည်း မင်းအမေနဲ့ အိပ်ဖူးတယ်။ မင်းကို အလုပ်ပေးခဲ့တဲ့ အပြင် မင်းအဖေကိုတောင် ငွေတုံး ၁၀၀ ပေးခဲ့သေးတယ်။ စဉ်းစားကြည့်စမ်း၊ မင်းငါ့ကို ငြင်းလိုက်လို့ အလုပ်ပြုတ်သွားရင် မင်းမိဘတွေက မင်းကို သေတဲ့ အထိ မရိုက်နိုင်ဘူးလား။ မင်းအမေရဲ့ စွန့်လွှတ်အနစ်နာ

ခံမှုကို အလကားဖြစ်အောင် လုပ်လိုက်သလို မဖြစ်ဘူးလား။”

ရန်ချိုင်က ယုတ်မာသော အပြုံးကို ပြုံးပြီး အင်ဘိုင်ဝူနားကို သွားကာ သူ့မရင်သားကို ကိုင်ချင်လာသည်။

ရွှတ်စ်

မီးတိုင်အလင်းအောက် ငွေရောင် အလင်းတစ်ချက် တောက်ပသွားသည်။

ရန်ချိုင် အေးခဲသွားသည်။ ပြီးတော့ လက်ကလည်း နာကျင်လာသည်။ ခေါင်းငုံ့ပြီး နောက်ကျောကို

ကြည့်လိုက်ရင် ကွဲထွက်နေပြီး သွေးတွေလည်း ထွက်ကျနေသည်။

“ငါသွေးတွေထွက်နေပြီ။ မင်း....မင်းက ငါ့ကို ခုတ်ရဲတာလား”

ရန်ချိုင်က ဒေါသတကြီး အော်ဟစ်လိုက်သည်။ အင်ဘိုင်ဝူကို ပါးရိုက်ရန် ပြေးသွားသည်။ အင်ဘိုင်ဝူက နောက်တစ်ကြိမ် ရှောင်လိုက်ပြီး တံခါးကို လှမ်းကြည့်လိုက်သည်။ သူမက ထိပ်တိုက်ရင်မဆိုင်နိုင်လို့ ထွက်သွားဖို့ ချောင်းလိုက်သည်။ သူမအဖေ ခြေထောက်

ချိန်နဲ့သွားပြီးနောက် သူမ၏ အလုပ်ကသာ အိမ်ရဲ့ အဓိက ဝင်ငွေ ဖြစ်လာခဲ့သည်။ သူမသာ အလုပ် ဆုံးရှုံးသွားပါက သူမအဖေက အမေ့ကို ခန္တာကိုယ် အတင်းအကြပ် ရောင်းစားခိုင်းမှာ သေချာသည်။ အင်ဘိုင်ဝူလည်း ခေါင်းငုံ့ပြီး တစ်ရှိန်ထိုး ထွက်ပြေးလိုက်သည်။ ဒါပေမယ့် ခြေလှမ်းနည်းနည်းလေးသာ လှမ်းလိုက်ရပြီး သူမလက်မောင်းကို ဖမ်းမိသွားသည်။

“ဟားဟား။ အခု မင်းဘယ်လိုပြေးမလဲ ကြည့်ချင်သေးတယ်”

ရန်ချိုင်က ခွက်ထိုးခွက်လှန် ရယ်လိုက်သည်။ အင်ဘိုင်ဝူလက်ထဲက ဓါးကို အဝေးရောက်အောင် ရိုက်ထုတ်လိုက်သည်။ ပြီးတော့ သူ၏ နံစော်နေသော ပါးစပ်နှင့် သူမ၏ မျက်နှာကို နမ်းလိုက်သည်။

" ငါ့ကို လွှတ်"

အင်ဘိုင်ဝူက အလန့်တကြား အော်ဟာစ်နေသည်။ သူမလက်သီးက ရန်ချိုင် ဗိုက်ထဲကို ကျုံ့ဝင်သွားသည်။

ရန်ချိုင်က နာကျင်စွာ အော်ဟစ်သည်။ ဒေါသထွက်လာပြီး အင်ဘိုင်ဝူ မျက်နှာကို ပါးနှစ်ချက်ဆင့် ရိုက်လိုက်သည်။ ဒီနှစ်ပိုင်းအတွင်း ရန်ချိုင် ကျင့်ကြံခြင်းကို စိတ်မဝင်စားပဲ မင်းသားတစ်ယောက်လို နေသော်လည်း အရင်တုန်းက ကျင့်ကြံထားသည့် အခြေခံ အုတ်မြစ်က ကျန်နေဆဲဖြစ်သည်။ အင်ဘိုင်ဝူက ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၂) သာရှိသေးပြီး ဘယ်လိုလုပ်သူ့ကို ယှဉ်နိုင်မှာလဲ။

ဖောင်း ဖောင်း

အင်ဘိုင်ဝူ ပါးဆက်တိုက် အရိုက်ခံလိုက်ရသည်။ ပါးစပ်ထောင့်မှ သွေးစီးကျလာသည်။

“မင်းက ငါ့ကို ငြင်းချင်နေတာလား”

ရန်ချိုင်က အေးစက်စက် ရယ်မောသည်။ သူက သူမ ဆံပင်ကို ဆွဲကိုင်လိုက်ပြီး သူမကို နမ်းဖို့ မျက်နှာ ကပ်လာသည်။

အင်ဘိုင်ဝူက အံ့ကြိတ်ရင်း မျက်ရည်ဝဲလာသည်။ ရန်ချိုင်၏ အနံ့အသက်ဆိုးဝါးသည့် ပါးစပ်က နီးကပ်လာသည်။ ညကောင်းကင်တွင် ဖြတ်ကနဲ

လင်းလာပြီး သစ်သားဓါး တစ်ချောင်းက ရုတ်တရုတ် ထွက်ပေါ်လာသည်။

ဖောင်း

သစ်သားဓါးက ရန်ချိုင် ပါးကို ရုတ်တရုတ် ထိုးဝင်သွားသည်။ ကြီးမားသည့် ခွန်အားကြောင့် လွင့်ထွက်သွားသည်။

ဘောင်း

ရန်ချိုင် အကြိမ်နည်းနည်း လိမ့်သွားသည်။ အင်ဘိုင်ဝူ လှည့်ကြည့်လိုက်ရင် ဝတ်ရုံပြာဝတ်ထားသည့် ဆရာငယ်တစ်ယောက်က

သူ့မဘေးတွင် ရပ်နေတာကို မြင်သည်။ သူ့စတိုင်က ကြီးမားသောတောင်တစ်ခုလို ဖြစ်နေပြီး ချောမောလှသည့် မျက်နှာတွင်လည်း ဒေါသအရိပ်များ ပြည့်နေသည်။

စာစဉ် (၉)

အခန်း (၁၃၃) - ဆန်ကုန်မြေလေးကို ဆုံးမခြင်း။

"လူယုတ်မာ"

ဆွန်းမို အော်ဟောက်လိုက်သည်။ သူ့နဖူးပေါ်က သွေးကြော ထောင်ထွက်နေသည်။ ဒီလောက် အရှက်တရား ကင်းမဲ့သည့် မြင်ကွင်းမျိုး ဗဟိုပြည်နယ်အကယ်ဒမီတွင် မြင်ရမယ်လို့ မထင်ထားခဲ့ပါ။

ရန်ချိုင်သည် လေအေးတစ်ချက်ရှူလိုက်ပြီး မြေပေါ်က ကုန်းရုန်းထသည်။ မျက်နှာပေါ်က နာကျင်မှုကြောင့် အမူးလည်း ပျောက်သွားသည်။

“ မ....အ......လ..... ငါဘယ်သူလဲ မင်းသိလား”

ရန်ချိုင်က ဒေါသတကြီး အော်ဟစ်သည်။

ဆွန်းမို နှုတ်ခမ်း တွန့်သွားသည်။ ရှေ့ကို ခြေလှမ်းသုံးလှမ်း လှမ်းလိုက်တာနှင့် ရန်ချိုင် အရှေ့ကို ရောက်သွားသည်။ ပြီးတော့ သစ်သားဓါးကို အားကုန်လွှဲပြီး ရန်ချိုင် မျက်နှာကို ရိုက်ချလိုက်သည်။

ဘောင်း

သစ်သားဓါးသည် ရန်ချိုင်မျက်နှာဆီကို အရှိန်နှင့် ပြေးဝင်သွားသည်။ သူ့ပါးစပ်က ပုံစံပြောင်းသွားပြီး သွေးတွေ တံထွေးတွေနှင့် သွားတစ်ဝက်လောက် ထွက်ကျလာသည်။ ထို့နောက်မှာတော့ ရန်ချိုင်၏

ခန္တာကိုယ်က တစ်ဆတ်ဆတ်တုန်သွားပြီး မြေပေါ်ကို ပြင်းထန်စွာ ပြုတ်ကျသွားသည်။ ကျယ်လောင်သော အသံလည်း ထွက်လာသည်။

ဖုန်မှုန့်များနှင့် မြေကြီးများ လွင့်ထွက်သွားသည်။

အားလားလား

ရန်ချိုင် အကျယ်ကြီး အော်ငိုလိုက်သည်။ နာကျင်လွန်းတာကြောင့် ဘောလုံးတစ်ခုလို ကွေးနေသည်။

ဆွန်းမိုက ရန်ချိုင်ကို လွှတ်မပေးထားပါဘူး။ သစ်သားဓါးနှင့် ညာလက်မောင်းကို ထပ်ရိုက်လိုက်သည်။

ခလောက်

အရိုးကွဲအက်သံ ထွက်လာသည်။ ရန်ချိုင်၏ လက်က မြင်နိုင်လောက်အောင် ကြေမွသွားသည်။

အင်ဘိုင်ဝူလည်း ထိတ်လန့်နေရာမှ ပြန်သတိရလာသည်။ ချက်ခြင်းပြေးလာပြီး ဆွန်းမို လက်ကို ဖမ်းဆွဲထားသည်။

"သူ့ကို မရိုက်နဲ့တော့။ သူကထောက်ပံ့ရေးဌာနက ဌာနမှူး။ ကျန်ဟန်ဖူရဲ့ လက်ပါးစေ။ မင်းသူ့ကို ရိုက်လိုက်ရင် ကျောင်းက နှင်ထုတ် ခံရလိမ့်မယ်"

ဆွန်းမို ရပ်သွားသည်။ အင်ဘိုင်ဝူကို စိတ်ရှုပ်ထွေးစွာ ကြည့်လိုက်ပြီး

"မင်းသူ့ကို မမုန်းဘူးလား"

"မင်းသူ့ကို ရိုက်လိုက်ရင် ပြဿနာ ပိုကြီးလာတာပဲ ရှိမယ်"

အင်ဘိုင်ဝူသည် ရန်ချိုင်ကို အပိုင်းပိုင်း ခွဲပြစ်ချင်နေသည်။ ဒါပေမယ့် သူမသာ

ဒီလိုလုပ်လိုက်ပါက ဆွန်းမိုကို ထိခိုက်သွားနိုင်သည်။

"မင်းအခု ထွက်သွားသင့်ပြီ။ ဒီကိစ္စကို ငါဆက်ပြီး ကိုင်တွယ်လိုက်မယ်"

"မင်းမှာ ဘာလုပ်ဖို့ အစီအစဉ်ရှိလဲ"

ဆွန်းမိုက စပ်စုလိုက်သည်။

"မင်းကို သေအောင် ခုံရုံးတိုင်မယ်....."

သူတို့စကားမဆုံးသေးခင်မှာ ရန်ချိုင် ဖြတ်အော်လိုက်တဲ့အသံ ထွက်လာသည်။ ဒါကြောင့်

ဆွန်းမိုက ခြေထောက်ကို မြှောက်ပြီး မျက်နှာကို ဆက်ကာဆက်ကာ ကန်နေလိုက်သည်။

ဘောင်း ဘုန်း ဒိုင်း ဖြောင်း

ဆွန်းမိုက ဒီနေ့ ဖိနပ်အမာ မဝတ်လာမိသည့်အတွက် နည်းနည်းနောင်တရနေသည်။

“အိုး အား ငါ့ကို မရိုက်ပါနဲ့တော့၊ ငါမှားပါတယ် “ ရန်ချိုင်က ခေါင်းအုပ်ပြီး တောင်းပန်နေသည်။

“ မင်း မြန်မြန်ထွက်သွားသင့်နေပြီ”

အင်ဘိုင်ဝူက အတင်းတိုက်တွန်းနေသည်။

ပြီးတာနှင့် သူမထင်းခုတ်ဓါးကို ယူလိုက်ပြီး ရန်ချိုင် ခေါင်းကို ရွယ်လိုက်ပြီး

“စောက်ပါးစပ် ပိတ်ထား။ မဟုတ်ရင် မင်းကို သေအောင် လှီးပစ်လိုက်မယ်”

အင်ဘိုင်ဝူ၏ ရဲရင့်မှုကြောင့် ဆွန်းမိုက သူမအား နောက်တစ်မျိုး ထပ်မြင်သွားသည်။

“မင်းသူ့ကို သတ်ဖို့ မစဉ်းစားဖူး မဟုတ်လား”

ဆွန်းမိုသည် အင်ဘိုင်ဝူ၏ တွန့်ဆုတ်နေမှုကို နားလည်သည်။ စိတ်ရှုပ်မှုများနှင့် ကြောက်ရွံ့မှုများကြောင့် မျက်နှာက ဖြူဖျော့နေပြီး

ချွေးစေးများလည်း ထွက်နေသည်။ ချွေးစေးတွေက အဝတ်အစားကို စိုစွတ်နေပြီး ခန္ဓာကိုယ်နှင့် ကပ်နေသည်။

“ ဆရာ ထားခဲ့လိုက်ပါ။ သိပ်ဂရုစိုက်မနေနဲ့”

အင်ဘိုင်ဝူက ဆွန်းမိုကို ဆက်ပြီး တိုက်တွန်းနေခဲ့သည်။

သူမ မိသားစုသည် လူ့အသိုင်းအဝိုင်း၏ အောက်ဆုံး အဆင့် ရောက်နေပြီး ရန်ချိုင်ကလည်း အငြိုးကြီးသော နှလုံးသားနှင့်လူ ဖြစ်သည်။

ဒီနေ့သူ့ကိုသာ သွားခွင့်ပေးလိုက်ရင် သူ့မိသားစု လုံး၀ ပျက်ဆီးသွားလိမ့်မည်။

ဒီအချက်တွေကြောင့် သူမက ရန်ချိုင်ကို လုံး၀ သတ်မိသွားနိုင်သည်။ ဘယ်လိုပဲပြောပြော ဒီလောက်ခံစားရတာ သူမအတွက် လုံလောက်နေပါပြီ။ တစ်ချိန်တည်းမှာပင် ရန်ချိုင်ကြောင့် အရှက်ရဖူးသည့် သူ့မိခင်အတွက်လည်း တရားမျှတမှုကို ရှာပေးနိုင်ခဲ့သည်။

"မင်းလက်တွေ ဒီလောက်တုန်နေတာ ဒီကောင့်ကို ဘယ်လို သတ်မှာလဲ"

ဆွန်းမိုက အင်ဘိုင်ဝူကို အကဲခတ်လိုက်ပြီး သူမ၏ လက်ရှိစိတ်အခြေအနေကို နားလည်သည်။ အရင်ကမ္ဘာမှာ ဆရာလုပ်ခဲ့တုန်းကလည်း နောက်ခံ အသိုင်းအဝိုင်းကြီးမားပြီး မောက်မာသော မိဘများနှင့် ကျောင်းသားများကို တွေ့ခဲ့ဖူးသည်။

သူတို့သည် အတန်းထဲက ကလေးတွေကို ရိုက်နှက်သော်လည်း ဘာမှမဖြစ်ပါ။ အနိုင်ကျင့်ခံရသည့် ကျောင်းသားများနှင့်

ကျောင်းသားရဲ့ မိဘတွေကိုတောင် ပြန်တောင်းပန်ခိုင်း သေးသည်။ ဒါဟာ အရမ်းကို အထက်စီးဆန်သည်။

ဒါကြောင့်လည်း ချမ်းသာမှုနှင့် အာဏာကို ကမ္ဘာကြီးရဲ့ ခိုင်မာသော စွမ်းအားလို့ သတ်မှတ်ထားကြသည်။ ဒါပေမယ့် လက်ရှိဒီကမ္ဘာမှာတော့ လူတစ်ယောက်၏ သိုင်း ခွန်အားကိုသာ အရေးကြီးတဲ့ အချက်လို့ သတ်မှတ်ထားသည်။ ဆွန်းမိုကတော့ အခု ဘာကိုမှ မကြောက်ပါဘူး။

“ ငါက ဒီကောင့်ကို ရိုက်တဲ့လူမို့လို့ ဘာမှစိုးရိမ်နေစရာမလိုဘူး။ ငါ ဒီကောင့်ကို အဆုံးသတ်ပေးလိုက်မယ်”

ဆွန်းမိုက ပြောနေရင်း ရန်ချိုင်ကို တစ်ချက် စောက်ကန်လိုက်သည်။

ရန်ချိုင်က ရုတ်တရုတ် ခုန်ထလာပြီး ဆွန်းမိုခေါင်းကို လက်သီးနှင့်ချိန်လိုက်သည်။ သူက ဝနေသောကြောင့်ဝိတ်ကများနေပြီး အဆီများနေတဲ့ အသားများက တုန်နေသည်။

“ငရဲကို သွားလိုက်”

ရန်ချိုင်က ဒေါသတကြီး အော်ဟစ်လိုက်သည်။ ဒီလက်သီးထဲတွင် ခွန်အား အားလုံးကို ထည့်သွင်းထားသည်။

ဆွန်းမိုက ဒါကို ကြိုတွက်ထားပြီးသားပါ။ လက်မြှောက်လိုက်ပြီး ဓါးကိုထုတ်ယူလိုက်သည်။

ရန်ချိုင်လက်သီးက ဆွန်းမိုကို ထိခံနီးတွင် ဆွန်းမိုသစ်သားဓါးက နောက်ကျမှ ထုတ်လွှတ်လိုက်သော်လည်း ပစ်မှတ်ကို အရင်ထိသွားသည်။ ရန်ချိုင်၏ လည်ချောင်းကို ထိုးဖောက်လာသည်။

"ဘာ"

ရန်ချိုင် မျက်လုံးများ တော်တော်ကျဉ်းမြောင်းသွားသည်။ တစ်ကိုယ်လုံး တောင့်တင်းသွားပြီး သေလုမတတ် ကြောက်သွားသည်။ ဒီတိုက်ခိုက်မှုသာ ထိမှန်လိုက်ပါက လည်ပင်အရိုး အစိတ်စိတ်အမွှာအမွှာ ဖြစ်သွားမည်။

ရန်ချိုင်သည် နောက်သို့ခုန်ဆုတ်ပြီး ရှောင်ဖို့ စိတ်ကူးလိုက်သည်။ သစ်သားဓါးက ရုတ်တရုတ်

ယုတ္တိမရှိစွာ လမ်းကြောင်းပြောင်းသွားပြီး ရင်ဘတ်ကို ရိုက်ချသွားသည်။

ဘောင်း

ရန်ချိုင်သည် ရိုက်ချက်ကြောင့် နောက်ဆုတ်သွားပြီး အသက်ရှူမရဖြစ်သွားသည်။ ဒါပေမယ့် အမှားခံလို့ မရသည့် အချိန်ရောက်နေတာ သူသိနေသည်။ သူ့ကိုယ်သူ ထိန်းပြီး ဆွန်းမိုနှင့်ထိပ်တိုက်တွေ့ဖို့ လုပ်လိုက်သည့်အချိန်တွင် သစ်သားဓါးက အရိပ်ယောင် ဆယ်ခု ခွဲထွက်လာသည်။

အမိန့်ဆယ့်ရှစ်ခု

ဖောင်း ဖောင်း ဖောင်း

တိုက်ချက်တစ်ခုစီက တစ်ခုထက် တစ်ခု ပိုမြန်လာပြီး ရန်ချိုင်ခန္ဓာကိုယ် တစ်ခုလုံး အနှံ့ ထိမှန်သွားသည်။ ဥပမာ ပြောရရင် ရင်ဘတ်၊ ပခုံး၊ လက်ကောင့်ဝတ်၊ ဗိုက်နှင့် ဒန်တယ်တွေကို ထိမှန်သွားသည်။

အား........

ရန်ချိုင် အော်ဟစ်လိုက်သည်။ နာကျင်လွန်းလို့ နဖူးမှ ချွေးစေးများ ထွက်လာသည်။ တစ်ကိုယ်လုံး

ထုံကျင်သွားသည်။ ဆွန်းမိုက သစ်သားဓါးနှင့် ထပ်တိုက်ခိုက်လာသည့် အခါ ဘာမှပြန်မလုပ်နိုင်ဘဲ ကြည့်နေခဲ့ရသည်။

ဆောင်းအရိပ်

ကောင်းကင်ပြာကို ဖြတ်သန်းခြင်း

ဘောင်း

ရန်ချိုင်သည် သားသတ်ရုံက အဝလွန်နေသည့် ဝက်တစ်ကောင်လို ဆယ်မီတာလောက် လွင့်ထွက်သွားသည်။ တစ်ကိုယ်လုံး တစ်ဆက်ဆက်

တုန်နေပြီး လက်ချောင်းလေးတောင် မလှုပ်နိုင်တော့ပါ။

ဘေးမှာရပ်နေသော အင်ဘိုင်ဂူ လုံးဝ ကြက်သေသေနေသည်။

ရန်ချိုင်သည် ကျင့်ကြံခြင်းကို မေ့ထားသော်လည်း သွေးလောင်ကျွမ်းခြင်း အဆင့်တွင် ရှိနေသေးသည်။

ဒါတောင် ဒီဆရာငယ်လေးက လုံးဝကို ဖိနှိပ်ထားခဲ့သည်။

ပြီးတော့သူသုံးခဲ့သည့် နည်းစနစ်က ရိုးရိုးရှင်းရှင်းနှင့် ကောင်းမွန်နေသည်။

အစမှအဆုံးအထိ ဆွန်းမိုက ခြေတစ်လှမ်းတောင် မရွှေ့ခဲ့ဘူး။ သူ့မျက်နှာကလည်း တည်ငြိမ်နေသည်။ ထပ်ပေါင်းပြောရရင် သူပြောဆိုနေသည့်ပုံကလည်း အေးချမ်းတည်ငြိမ်လှသည်။

“သူ့နာမည်က ရန်ချိုင်။ ကျောင်းက ထောက်ပံ့ရေးဌာနရဲ့ ဌာနမှူး”

အင်ဘိုင်ဝူက သေသေချာချာ မသိသေးဘူးထင်ပြီး ထပ်အော်ပြောလိုက်သည်။

“အင်း”

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။

“ပြီးတော့ရော”

“ပြီးတော့လား”

အင်ဘိုင်ဝူလည်း ကြောင်သွားသည်။ (နောက်ထပ်ပြောစရာလိုသေးလို့လား။ ရန်ချိုင်ရဲ့ ပုံရိပ်ကို သိပြီးရင် လုံလုံခြုံခြုံ ပုန်းနေသင့်တာ မဟုတ်ဘူးလား)

“သူက နည်းနည်းလေး စော်ကားရင်တောင် လက်စားခြေတတ်တဲ့ ကျန်ဟာန်ဖူရဲ့ နောက်လိုက်ခွေးတစ်ကောင်ပဲ။ သူတို့ကို စော်ကားမိရင် အဆုံးသတ်မကောင်းကြဘူး”

အင်ဘိုင်ဝူက ရှင်းပြနေရင်း ဆွန်းမိုအမူအရာကို ခိုးကြည့်လိုက်သည်။ ဒါပေမယ့် တစ်စက်မှ မပြောင်းသွားတာကို မြင်လိုက်ရသည်။

"အို ဒါဆို ဒီကောင်က ရန်ချိုင်ပေါ့"

ဆွန်းမို ရုတ်တရက် စိတ်ကူးရလိုက်သည်။ (ကျန်ဟန်ဖူရဲ့ ညွှန်ကြားချက်ကို လက်ခံပြီး ငါ့ကိုဒုက္ခပေးတာ ဒီကောင်ပေါ့။ ကြည့်ရတာ ရိုက်လိုက်တာ နည်းနည်းပေါ့သွားသလိုပဲ)

"ဆွန်း..............ဆွန်းမို မင်းက လက်အောက်ငယ်သားဖြစ်ပြီး အထက်လူကြီးကို

စော်ကားတယ်။ မင်းကိုပြုပြင်ပေးဖို့ ကျောင်းအုပ်ကြီးကျန်ကို ခေါ်ရမယ်”

ရန်ချိုင်က အော်ပြောသည်။

“မင်းက ဒီကနေ လမ်းလျှောက်ထွက်သွားနိုင်မယ်လို့ တွေးနေတာလား”

ဆွန်းမိုက ရယ်ရင်း ပြောလိုက်သည်။

ဒီစကားကိုကြားပြီး ရန်ချိုင်တစ်ကိုယ်လုံး အေးစက်သွားသည်။ ဒီကောင်က သူ့ကို သတ်ချင်နေတာလား။ ဒါပေမယ့် နောက်ကနေ

လမ်းလျှောက်လာသည့် ခြေသံများကို ကြားလိုက်ရသည်။

"ဘာတွေဖြစ်နေတာလဲ'

ညတိုင်း ကျောင်းကို လုံခြုံရေးတွေက ကင်းလှည့်ကြသည်။ ဆူညံသံများကို ကြားပြီး ဒီကို အမြန်ပြေးလာကြသည်။

"ဥာ.......ဥာနမှူးရန် ဘာလို့ ဒီလို ပုံ ဖြစ်နေတာလဲ"

လုံခြုံရေးများက ရန်ချိုင်ကို မြေပေါ်တွင် ဖုန်များသွေးများနှင့် လဲနေတာကို မြင်လိုက်သည်။

သူတို့အားလုံးလည်း အရမ်းခြောက်ခြားသွားပြီး ဆွန်းမိုနှင့် အင်ဘိုင်ဝူကို ဝိုင်းထားလိုက်သည်။

ဒါပေမယ့်လည်း ဆွန်းမိုက ကျောင်းဆရာဝတ်ရုံနှင့် ဖြစ်နေသောကြောင့် မတိုက်ခိုက်ကြသေးပါ။

"ငါ့ကိုချီပြီး အဝေးကို ခေါ်သွား" ရန်ချိုင်က ဆူပေါက်လိုက်သည်။ ဆွန်းမိုကို မကျေနပ်သည့်မျက်လုံးဖြင့် ကြည့်လိုက်ပြီး

"ဆွန်းမို မင်းအဆုံးသတ်ပြီ။ မင်းရဲ့သေခြင်းတရားကို စောင့်နေလိုက်"

လုံခြုံရေးများကလည်း မျက်မြင်တွင် သားကောင်ဖြစ်နေသည့် ရန်ချိုင်ကို ဆန့်ကျင်ရဲခြင်းမရှိပါ။ ကျူးလွန်သူကို မတိုက်ခိုက်ခိုင်းသ၍ သူတို့ကလည်း ကန့်ကွက်မနေတော့ပါ။

ရန်ချိုင်ကို ဆေးကုသဆောင်ကို ပို့လိုက်ပြီးမှ လုံခြုံရေးခေါင်းဆောင်လည်း သက်ပြင်းချလိုက်သည်။

“ဒီဆရာက ဘယ်သူလဲ၊ ရန်ချိုင်ကို တကယ် ရိုက်ချလိုက်တာပဲ။ ကျောင်းမှာ ဆက်မနေချင်တော့ဘူးလား”

လုံခြုံရေးတစ်ယောက်က မေးလိုက်သည်။

“ဆွန်းမို”

ခေါင်းဆောင်က ကျောင်းဥပဒေစိုးမိုးရေးကို တာဝန်ယူထားသောကြောင့် အစမ်းခန့် ဆရာအားလုံးနှင့် ဆုံဖူးသည်။

“ဘယ်သူ”

လုံခြုံရေးတွေလည်း အံ့အောသွားကြသည်။

“ဆွန်းမို၊ နတ်ဘုရားလက်။ ကျောင်းအုပ်ကြီးရဲ့ ခင်ပွန်းလောင်း။ ဒီနှစ်မှ ကျောင်းကခန့်လိုက်တဲ့ ဆရာအသစ်” ခေါင်းဆောင်က ဆွန်းမိုရဲ့ ဂုဏ်ပုဒ်တွေကို တစ်ခုပြီးတစ်ခု ရွတ်ပြလိုက်သည်။

“မင်းတို့က သူ့အကြောင်းကို မသိကြဘူးလား”

“ငါတို့ သိပါတယ်။ ဒီလူက ဒီလောက် ခေါင်းမာမယ် မထင်လို့ပါ”

လုံခြုံရေးများတွင် အတွေ့အကြုံအနည်းဆုံးလူက နှစ်နှစ်လောက် အလုပ်လုပ်ခဲ့သူ ဖြစ်သည်။ ဒါကြောင့်လည်း သူတို့အားလုံးက

ရန်ချိုင်အကြောင်းကို သိနေကြသည်။ ဆွန်းမိုအားအပြစ်ပေးဖို့ မတောင်းဆိုကတည်းက ရန်ချိုင် မှားယွင်းနေတာ သေချာသည်။

“ဘာပဲဖြစ်ဖြစ် စိတ်ဝင်စားဖို့ကောင်းတဲ့ နောက်ဆက်တွဲ ဇာတ်လမ်းတစ်ခုတော့ လာတော့မယ်”

ခေါင်းဆောင်က တံထွေး တစ်ချက်ထွေးလိုက်သည်။ တကယ်တော့ သူကလည်း ရန်ချိုင် ကို ကြည့်မရပါ။ ဒါပေမယ့် ရန်ချိုင်တွင်

ကျန်ဟန်ဖူက ကျောထောက်နောက်ခံပေးထားသောကြောင့် မဖြစ်နိုင်မှန်း သူသိနေသည်။

စတိုခန်းထဲတွင် ဆွန်းမိုနှင့် အင်ဘိုင်ဝူ တို့သာကျန်တော့သည်။ တိတ်ဆိတ်နေခဲ့သည်။ အင်ဘိုင်ဝူက

“မင်းငါ့ကို ငွေတုံးတစ်ထောင်ပေး” ပြောလိုက်သည်။

“အမ်”

ဆွန်းမိုလည်း အဖြေထုတ်မရ ဖြစ်သွားသည်။

"ရန်ချိုင်က ငါ့မိဘတွေကို အကြောင်းကြားပြီး မင်းကငါ့ကို မုဒိမ်းကျင့်မလို့ လုပ်တယ်ဆိုပြီး သက်သေထွက်ခိုင်းလိမ့်မယ်။ ငါမင်းအပေါ် အပုပ်မချချင်ဘူး။ ဒါကြောင့် ငါ့အမေကို ခေါ်ပြီး အတူတူ ထွက်ပြေးမလို့"

အင်ဘိုင်ဝူက ရှင်းပြသည်။

"ရန်ချိုင်ကို ဘာလို့ မဆန့်ကျင်တာလဲ"

ဆွန်းမိုက နားမလည်ဖြစ်နေသည်။

"ရန်ချိုင်က နောက်ခံ အရမ်းကောင်းပြီး ငါတို့တစ်မိသားစုလုံးကလည်း စားသောက်ဖို့အတွက်

သူ့ကို မှီခိုနေရတယ်။ သူ့ကိုစော်ကားလိုက်ရင် ငါတို့ပဲ ငတ်သွားမှာ”

အင်ဘိုင်ဝူက ကြေကွဲစွာ ပြုံးရင်း ပြောသည်။ သူမက အရမ်းကိုသတိထားပြီး ကျိုးကျိုးနွံနွံ နေခဲ့သော်လည်း ဒီလိုမျိုး အနှောက်အယှက်ပေးမှုကို ရှောင်လွှဲလို့ မရခဲ့ပါ။

ဒီရက်တွေမှာ ဘာကြောင့် အလုပ်ကြိုးစားခဲ့တာလဲ။ ဘယ်သူ့အတွက်ကြောင့်လဲ။

သူမအဖေရဲ့ခြေထောက် ချိုးနဲ့နေပြီး အလုပ်မလုပ်နိုင်တော့ပေ။ ဒီအလုပ်

ပြုတ်သွားရင်လည်း သေတဲ့အထိ အရိုက်ခံရမှာ ကျိန်းသေသည်။ ပြီးတော့သူမ အရမ်းငယ်နေပြီး မိန်းကလေးကလည်း ဖြစ်နေသေးသည်။ ဒီအလုပ်က ထွက်လိုက်ရင် သူမကို အလုပ်ခေါ်မယ့် နေရာ မရှိတော့ပါဘူး။

သူမအဖေက ဗိုက်ဆာလာရင် ဒေါသထွက်လာမှာ သေချာသည်။ အဲဒီအချိန်တွင် သူမအမေကို အတင်းအကျပ် ခန္ဓာကိုယ် ရောင်းစားခိုင်းနိုင်တယ်။ ဒါတင်မကသေးပဲ သူမကိုလည်း အသက် ၁၈နှစ်

၁၉နှစ်ရောက်တာနှင့် ပြည့်တန်ဆာအိမ်ကို ရောင်းချနိုင်သည်။

အင်ဘိုင်ဝူသည် လောင်းကစားစွဲနေသည့် သူ့အဖေအကြောင်းကို သိသည်။ သူက သေချာပေါက်လုပ်လိမ့်မည်။ ဒီလို စိတ်ကူးနေတာလည်း တော်တော်ကြာနေခဲ့ပြီ။

အသက် ၁၃နှစ်လောက်နှင့် မိန်းကလေးတစ်ယောက်က မျက်ခုံးကြီးတွန့်ပြီး ဖြူဖျော့နေသောမျက်နှာတွင် ပူပန် သောက

ရောက်နေတာကို မြင်ပြီး ဆွန်းမိုစိတ်ထဲ နာကျင်သွားသည်။

ဆွန်းမိုလည်း လက်ကိုမြှောက်လိုက်ပြီး အင်ဘိုင်ဝူ ခေါင်းပေါ်ကို တင်လိုက်သည်။

"မင်းအရမ်း ပင်ပန်းနေပြီလား"

ဆွန်းမို၏ နူးညံ့ကြင်နာသောအသံကို ကြားလိုက်ပြီး နွေဦးရောင်စဉ်များ သူမပေါ်ကို ကျလာသလိုဖြစ်သွားသည်။ အင်ဘိုင်ဝူသည် သူမနှလုံးသားက ဒီဝေဒနာကို လက်မခံနိုင်ဘဲ

ဖောင်း

ဆွန်းမိုလက်ကို ပုတ်ထုက်လိုက်သည်။ ခေါင်းကို ငုံ့လိုက်ပြီး “ မပင်ပန်းပါဘူး”

သူမသည် ပေကပ်ကပ်နိုင်သော ကောင်မလေးဖြစ်ပြီး လူများရှေ့တွင် သူမအားနည်းတာ ဝန်မခံနိုင်ပါ။

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၃၀ ။မူလ (၃၀/၁၀၀)

ဒီမိန်းကလေးက ဒီလောက် မာနကြီးမယ်လို့ မထင်ထားခဲ့ပါ။ ဒီလို အခြေအနေမျိုးတွင် သူမကို

ခေါ်ယူလိုက်ပါက သူမ လက်ခံမှာလား။ ငြင်းမှာလား။

စာစဥ် (၉)

အခန်း (၁၃၄) - ဆွန်းမိုကို စော်ကားမိရင် ဝေးဝေးနီးနီး ပျက်စီးနိုင်တယ်။

အချိန်ကိုက် မဖြစ်သေးတာကြောင့် အင်ဘိုင်ဝူကိုသာ စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒါကြောင့်လည်း သူတပြည့်အဖြစ် လက်ခံမည့် ကိစ္စကို ဆက်မပြောတော့ပေ။

“တော်ပြီ။ အများကြီး တွေးမနေနဲ့တော့။ ပြန်အိပ်လိုက်တော့။ နောက်ဆက်တွဲ

ဖြစ်လာမယ့်အရာတွေကိုလည်း စိုးရိမ်မနေနဲ့တော့ ငါတာဝန်ယူလိုက်မယ်”

ဆွန်းမိုလည်းသူ့မှာ ပါလာသည့် ငွေအားလုံးကို ထုတ်ပြီး အင်ဘိုင်ဝူကို ပေးလိုက်သည်။

“ယူလိုက်”

ဒီကောင်က ထောက်ပံ့ရေးဌာနရဲ့ ဌာနမှူး ၊မင်းက အခုမှ ဆရာအသစ်တစ်ယောက်ပဲ ဖြစ်သေးတယ် ၊ မင်းသူ့ကို ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး”

အင်ဘိုင်ဝူက အရမ်းစိတ်ပူနေသည်။ ဆွန်းမိုက မသေခဲ့ရင်တောင် အရေခွံတော့ အခွာခံရမယ်လို့ သူထင်နေသည်။

"ဒါကို မင်းစိတ်ပူ နေစရာမလိုဘူး"

ဆွန်းမိုက သူ့လက်ထဲတွင် ဗုက်ဖဲ တစ်ခုရှိသေးကြောင်း တွေးလိုက်သည်။ သူကလည်း ရန်ချိုင် သူ့ဆီကို လာဖို့စောင့်နေခဲ့တာ တော်တော်တောင် ကြာနေပြီ။

အင်ဘိုင်ဝူ၏ မျက်နှာတွင် သံသယ စိတ်များဝင်လာသည်။ နောက်ဆုံးတော့လည်း ခံစားချက်ကြီးစွာ ထွက်သွားသည်။

ဆွန်းမို ဒီနေရာတွင် ခဏရပ်နေခဲ့ပြီး ရန်ချိုင်ကို ဆန့်ကျင်မည့် နည်းလမ်းတွေကို စီနေခဲ့သည်။ ပြီးတော့ ကန်တင်းဘက်ကို ထွက်လာသည်။ ဒါပေမယ့်လည်း အပြင်ကို ရောက်သွားပြီးနောက် ကြောင်သွားသည်။

အင်ဘိုင်ဝူက အမှိုက်များကို ဆွဲထုတ်ပြီး လက်တွန်းလှည်းပေါ် တင်နေသည်။

"တကယ်ကို စိတ်ဓါတ်ခိုင်မာတာပဲ"

ဆွန်းမို တိုးတိုးလေး သက်ပြင်းချလိုက်သည်။ တခြားဘယ်မိန်းကလေးမဆို ဒီလို အကြမ်းဖက်သည့် ကိစ္စကို ကြုံခဲ့ပြီးပါက အသိစိတ်များ ပျောက်လုနီးပါး ဖြစ်နေနိုင်သည်။ ဒါပေမယ့် အင်ဘိုင်ဝူကတော့ အလုပ်လုပ်နေဆဲ ပါ။

အင်ဘိုင်ဝူလည်း ဒါကို မလုပ်ချင်ပါ။ ဆင်းရဲသားတစ်ယောက် အနေနှင့် ဒီနေ့အလုပ်မလုပ်ရင် ဒီနေ့ စားစရာမရှိဖြစ်သွားမည်။

ဘ၀က ရှိနေသေးသည်။

ထောက်ပံ့ရေးဌာနမှူး အရိုက်ခံရသည့် ကိစ္စက အဓိက ကိစ္စလို ဖြစ်နေသည်။ ပြီးတော့ တိုက်ခိုက်လိုက်သည့်သူကလည်း ကျောင်းအုပ်ကြီး၏ ခင်ပွန်းလောင်း ဆွန်းမို ဖြစ်နေသည်။

အဲဒီတုန်းက လုံခြုံရေးခြောက်ယောက်ကိုလည်း ဘယ်သူကိုမှ မပြောဖို့ မမှာလိုက်ပါဘူး။ ဒါကြောင့်လည်း နောက်တစ်နေ့ မနက်မှာ သူတို့က ဒီသတင်းကို ဖြန့်ဝေခဲ့ကြသည်။

နေ့တစ်ဝက်လောက်ကြာတော့ လူတိုင်းသိသွားသည်။

အခုအချိန်မှာတော့ ထောက်ပံ့ရေးဌာနတစ်ခုလုံး အရမ်းကို ဆူညံနေသည်။

သူတို့၏ ဌာနမှူးသည် ဒဏ်ရာရထားပြီး လက်ရှိတွင် ရှိမနေခဲ့ပါ။ အလုပ်သမားတို့၏ သဘာဝအတိုင်း အချောင်ခိုနေကြသည်။

“ ခေါင်း ပြင်းပြင်းထန်ထန် ထိခိုက်သွားတယ်လို့ ကြားတယ်။ တစ်ကိုယ်လုံးကလည်း ဝက်ပေါင်ခြောက်လို ယောက်ရမ်းနေတာပဲ”

ချမ်မူက စုံစမ်းပြီး လီကုန်ကို လှမ်းကြည့်လိုက်သည်။ လီကုန်က ဌာနမှူး၏ လူယုံ ဖြစ်သည်။ ဒါကြောင့် သူက သတင်းအသစ်ကို သိနေနိုင်သည်။

“ ဆွန်းမို ဒီတစ်ခါတော့သေချာပေါက် အဆုံးသတ်သွားပြီ”

လျူတုံက ဆွန်းမို၏ ကံမကောင်းအကြောင်းမလှသည့် ဖြစ်ရပ်ကို တွေးပြီး ပျော်ရွှင်နေသည်။

"မင်းအတွေးလွန်နေပြီ။ ဆွန်းမိုရဲ့ လက်ရှိကျော်ကြားမှုကို ကြည့်လိုက်အုံး။ နတ်ဘုရားလက်။ သူ့ရဲ့ နေ့တိုင်း ၂နာရီကြာတဲ့ အတန်းကလည်း အမြဲ လူပြည့်နေတယ်"

မျက်နှာဝိုင်းဝိုင်းနှင့် ထောက်ပံ့ရေးဌာနက အလုပ်သမားတစ်ယောက်က ထည့်ပြောလိုက်သည်။

ဒီစကားကိုကြားတော့ လူတိုင်း လေးစားသွားကြသည်။ ဆွန်းမိုက ဆန်ပျော့ကို စားရုံသာမက ရွှေပန်းကန်လည်း ကိုင်ထားသည်။

ဒီမှော်ဆန်သည့် နတ်ဘုရားလက်က ကျောင်းသားတွေရဲ့ ခန္ဓာကိုယ်ကို ထိလိုက်တာနှင့် သူတို့၏ အရိုး ဖွဲ့စည်းပုံ ခန္ဓာကိုယ် တည်ဆောက်ပုံတွေကို သိနိုင်သည်။ သဘာဝအရကို ဒီလက်တစ်စုံက ဆရာတစ်ယောက်လုပ်ဖို့ သင့်တော်သည်။

“ကေ◌ျ◌ာင်းအုပ်ကြီး အန်က ခင်ပွန်းလောင်း အဖြစ်ရွေးချယ်ခဲ့တာလည်း မထူးဆန်းပါဘူးကွာ”

တစ်ယောက်ကတော့ အမှန်တရားကို တွေ့ရှိသွားသည်။

ချမ်မူလည်း နောင်တရလျှက် သက်ပြင်းချလိုက်သည်။

"ဒါကြီးပဲတော့ မဟုတ်ဘူး ကောင်းကင်က မျက်နှာပေးချင်တယ်ဆို ဘာလဲ။ ဆွန်းမိုက နတ်ဘုရားလက်ကို ပိုင်ဆိုင်ထားရင်တောင် ကျန်ဟန်ဖူက သူ့ကို ဖြုတ်ချနိုင်ဖို့ လုပ်နေမှာပဲ"

လျူတုံက လှောင်ပြောင်လိုက်သည်။

ဒီစကားကိုတော့ ဘယ်သူမှ ပြန်မပြောပါဘူး။ လျူတုံက အန်ရှီဝေကို ကြိတ်ချစ်နေကြောင်း လူတိုင်းသိသည်။ ဒါကြောင့်လည်း ဆွန်းမိုကို

အရိုးထဲက မုန်းနေသည်။ ဆွန်းမိုကို အချိန်တိုင်း ဒုက္ခရောက်စေချင်နေသည်။

သူတို့က လျှူတို့ အပျင်းပြေသာ စကားပြောချင်း ဖြစ်တာကြောင့် ဘယ်သူကမှ သတောမတူကြပါဘူး။ ဘာအကျိုးမှလည်း မရှိပါဘူး။

"ကျောင်းအုပ်ကြီးအန်ရဲ့ အရည်အချင်းနဲ့ ပက်သက်ပြီးတော့ ဘာမှပြောစရာမရှိဘူး။ ကျောင်းသားတွေကို သင်ကြားပို့ချရာမှာလည်း အရမ်းတော်တယ်။ ကျောင်းကို စီမံခန့်ခွဲတာကတော့ အချိန်မလုံလောက်သေးတာပဲ ရှိတယ်"

လျူတုံက ခေါင်းယမ်ရင်း ပြောလိုက်သည်။

“ဒါဆို မင်းက ကျောင်းကို စီမံခန့်ခွဲပေးမယ်ပေါ့”

မျက်နှာဝိုင်းဝိုင်းနှင့် ဝန်ထမ်းက နောက်လိုက်သည်။

“ငါက ပိုကောင်းတယ်လို့ ပြောတာမဟုတ်ဘူး။ ဒါပေမယ့် ငါက ပိုကောင်းအောင် လုပ်နိုင်မယ် ထင်လို့ ပြောတာ”

လျူတုံကလည်း လေလုံးဝ မလျှော့ပါဘူး။ ကျောင်းကို စီမံခန့်ခွဲရတာထက် အန်ရှီဝေနှင့်

အိပ်ရရင် ပိုတောင်မိုက်အုံးမည်။ ခဏလောက်ကြာတော့ မျက်နှာပျက်သွားသည်။ အန်ရှီဝေလို မိန်းမမျိုးနှင့် သူအိပ်ဖို့ ဘယ်လို အခွင့်အရေးရှိမှာလဲ။ ဒါကိုတွေးပြီး ဆွန်းမိုကို ပိုမုန်းလာသည်။

မနာလိုမှု ပိုများလာသည်။

"ဆွန်းမိုကို အခု အခြေနေကောင်းနေတယ်လို့ မထင်လိုက်နဲ့ ရက်နည်းနည်းလောက်ကြာသွားရင် သူအဆုံးသတ်သွား လိမ့်မယ်"

လျူတုံ အသံ တိုးပြီး ပျောက်ကွယ်သွားသလို

ဒိုင်း

လီကုန်က သူ့လက်ဖက်ရည်ခွက်ကို စားပွဲပေါ် ပစ်ချလိုက်သည်။

“မင်းပြောတာ တော်သင့်နေပြီ”

“အမ်”

အလုပ်သမားစုကြီးလည်း မှင်တက်သွားသည်။ (ဘာကြောင့် မင်းက ရုတ်တရက် ပေါက်ကွဲနေတာလဲ။) အထူးသဖြင့် လျူတို့ အတွက်ဖြစ်သည်။ သူမယုံနိုင် ဖြစ်နေသည်။ လီကုန်နှင့် ဆွန်းမိုက မတည့်ကြတာ

မဟုတ်ဘူးလား။ လီကုန်က ဘာလို့ အခုမှ သူ့အတွက် ကာကွယ်ချင်နေတာလဲ။

" ဖားပြုတ်က ငန်းသားကို ကြိုက်တယ်။ ဘာလို့ မင်းစောက်ခွက်ကို မင်း ပြန်မကြည့်တာလဲ"

လီကုန်က လျှောင်ပြောင်လိုက်ပြီး မျက်လုံးမှိတ်ထားသည်။

(ဆွန်းမိုက မင်းဝေဖန်လို့ရတဲ့ အဆင့်မဟုတ်ဘူး။ ဘာကြီးလဲ။ ဒီအဖေသာ မကြာခင်က မကျင့်ကြံထားဖူးဆိုရင် မင်းလည ကွဲအောင် ရိုက်ပစ်တယ်)

အရင်တုန်းကတော့ ဆွန်းမိုက သူ့ခြေထောက်ကို ကုသပေးစေချင်သောကြောင့် အတင်း လေးစားနေရသည်။ ဒါပေမယ့် အခုချိန်မှာတော့ ဆွန်းမိုကို သဘောကျ လက်ခံလိုက်ပါတယ်။ လဝက်အတွင်းမှာ ဆွန်းမိုက ဗဟိုပြည်နယ်အကယ်ဒမီမှာ သူ့အနေအထားကို တည်ငြိမ်အောင် ထိန်းထားနိုင်ခဲ့သည်။ သူ့ရဲ့ လုပ်ဆောင်ချက်ကြောင့်လည်း လူတိုင်းက အံ့အောတုန်လှုပ်ပြီး လေးစားနေကြသည်။ နောက်ပြီးတော့ နတ်ဘုရားလက်,,,,

သူ့ခြေထောက်ကို ကုသပေးပြီးနောက် နောက်ထပ် မညှိုမျှင်းတော့မည့် အနာဂတ်ကြောင်းကို တွေးရင်း ပြည့်တန်ဆာအိမ်မှာလည်း အလုပ်ပြောင်း လုပ်စရာမလိုတော့ဘူး။ ဒါကြောင့် ဆွန်းမိုကို ပိုလေးစားလာသည်။

"ဆွန်းမိုကို စော်ကားတဲ့သူတွေက ဘာပဲဖြစ်ဖြစ် ပျက်ဆီးသွားလိမ့်မယ်"

လီကုန်က သင်းကွဲ ဝံပုလွေတစ်ကောင်လို ဖြစ်နေပြီး

လူတိုင်းက ဝိုင်ကြည့်နေကြသည်။ ပြီးတော့ လျှူတုံကို ကြည့်လိုက်သည်။

လျှူတုံကတော့ ခေါင်းငုံ့ပြီး ဒေါသကို ထိန်းနေသည်။ လီကုန်သည် ဌာနမှူး၏ နံပါတ်တစ် လက်ပါးစေဖြစ်ပြီး ကြီးကြပ်ရေးမှူးလည်း ဖြစ်နေသေးသည်။ လျှူတုံက လီကုန်ကို စော်ကားလို့ မရပါ။

“ဟွန့် မင်းတို့ အလုပ်ကိုပဲ ကောင်းကောင်းလုပ်။ မလိုအပ်တဲ့ အတင်းအဖျင်းပြောနေတာတွေကိုလည်း ရပ်လိုက်”

ဒေါက် ဒေါက် ဒေါက်

တံခါးခေါက်သံ ထွက်လာသည်။

လူတိုင်းလှည့်ကြည့်လိုက်ရင် ဆွန်းမိုကို မြင်လိုက်ရသည်။

အခုချိန်တွင် ရုံးခန်းထဲမှာ အလုပ်သမား ၁၂ယောက် ရှိနေသည်။ ငါးယောက်ကတော့ ထလိုက်ပြီး ခုနှစ်ယောက်က ဆက်ထိုင်နေသည်။

ဆွန်းမိုကို မြင်လိုက်ရင် လီကုန်၏ တည်ကြည်လေးနက်နေသော မျက်နှာ

ပျောက်သွားပြီး အပြုံးတစ်ခုပေါ်လာသည်။ သူက ဦးညွှတ်ပြီး သွား နှုတ်ဆက်ချင်နေသည်။

ဒါပေမယ့် ဆွန်းမိုက သူ့ကို တစ်ချက်သာ ကြည့်ခဲ့သည်။

လီကုန်လည်း ချက်ခြင်းထိန်းလိုက်ပြီး ဖော်ရွေသော မျက်နှာကနေ တည်ကြည်လေးနက်သည့် ပုံစံ ပြန်ဖြစ်သွားသည်။

လူ့အသိုင်းအဝိုင်း၏ မြေခွေးအိုကြီး တစ်ယောက်အနေနှင့် တကယ်ကို လည်လှသည်။

အမြင်နှင့်ဘယ်လို ဖတ်ရမလည်းဆိုတာ နားလည်နေရမည်။

"အား ဘယ်လောက်တောင် အန္တရာယ်များလိုက်လဲ" လီကုန်က ခွေးများကို တိတ်တိတ်လေး သုတ်လိုက်သည်။ ဆွန်းမိုက သူတို့ကြားက ဆက်ဆံရေးကို လျှို့ဝှက်ထားခြင်နေသည်။ ဒါကို သတိမထားမိဘဲ သူက အားတက်သရော နှုတ်ဆက်လိုက်ရင် သူသေချာပေါက် ခံစားသွားရမည်။

ချမ်မူနှင့် လီကုန်တို့ တစ်ယောက်နှင့်တစ်ယောက် နီးကပ်စွာ ရပ်နေခဲ့သည်။ ဒီအချက်လေးတွေကိုမြင်လိုက်သည့် အခါ ချမ်မူ တုန်လှုပ်ခြောက်ခြားသွားသည်။ လီကုန်က ဆွန်းမိုကို တကယ် ဦးညွတ်လိုက်ပြီလား။

ဒါက မဖြစ်နိုင်စရာပါ။ လီကုန်သည် ခြေထောက်ချိနဲ့နေသော်လည်း သူ့တွင် လှည့်ကွက်များစွာရှိနေတတ်သည်။ မဟုတ်ပါက ကြီးကြပ်ရေးမှူး တစ်ယောက်တောင် မဖြစ်လာနိုင်ပါ။

ရက်ပိုင်းအတွင်းမှာ တစ်ယောက်ယောက်ကို မင်းနောက်လိုက် ဖြစ်စေချင်ရင် အရင်ဆုံး မင်းကလည်း လုံလောက်တဲ့ အရည်အချင်း ရှိဖို့လိုသည်။

“ ခုနတုန်းက တစ်ယောက်ယောက်က ငါ့ကို ဝေဖန်နေတာ ကြားလိုက်တယ်”

ဆွန်းမိုက ရုံးခန်း ထဲကို လှည့်ပတ်ကြည့်လိုက်သည်။

“ မဟုတ်ပါဘူး။ ဆရာဆွန်း ၊ မင်းနားကြားမှားတာ ဖြစ်မယ်”

မျက်နှာ ဝိုင်းဝိုင်းနှင့် အလုပ်သမားက ပြုံးပြီး ခခယယ ပြောလိုက်သည်။

"ပါးစပ် ပိတ်ထား"

ဆွန်းမိုက ပိတ်ပြောလိုက်သည်။

"ဒီအတိုင်း ဆရာဆွန်းလို့ အလွယ်ခေါ်လို့ ရမလား"

"အမ်"

မျက်နှာဝိုင်းဝိုင်းနှင့် အလုပ်သမားလည်း ချက်ခြင်း နေရခက်သွားသည်။ နဂိုက မလေးမစား

လုပ်နေကြသည့် လူတွေလည်း ချက်ခြင်း စိုးရိမ်လာကြသည်။

အမှန်ပဲ ။ အခုတော့ ဆွန်းမိုက သူတို့ အကယ်ဒမီရဲ့ ထိပ်တန်း ဆရာအသစ်တစ်ယောက် ဖြစ်နေပြီ။ ထောက်ပံ့ရေးဌာန၏ အလုပ်သမားအနေဖြင့် ဆွန်းမိုရှေ့တွင် အသက်တောင် ခပ်ပြင်းပြင်း ရှူဖို့ အဆင့်အတန်း မရှိပါ။

“ငါ့ကို ခုနတုန်းက ဝေဖန်တာ ဘယ်သူလဲ”

ဆွန်းမို၏ အေးစက်သောအကြည့်များကြောင့် သူတို့ မျက်နှာတွင် စိုးရိမ်မှုများ ဖြတ်ပြေးနေသည်။

ဆွန်းမိုက ဒီကိုလာပြီး သူတို့အပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်ကြောင်း ပြချင် စိတ်မရှိပါဘူး။ ဒါပေမယ့် တချို့ လူတွေကတော့ မျက်နှာပေးလို့ မရပါ။ မင်းက ပိုပြုံးပြလေလေ သူတို့က စိတ်ပျော့တဲ့ကောင်လို့ တွေးလေလေ ဖြစ်နေသည်။

(စိတ်ပျော့ = အားနာတတ်သူ)

ရိုသေလေးစားခြင်း ကြင်နာသနားခြင်း တစ်ခုတည်း နှင့် မရနိုင်ပါ။ အာဏာနဲ့လည်း ချုပ်ကိုင်ထားရမည်။

လူတိုင်း၏ အကြည့်က လျှုတုံဆီကို ရောက်သွားသည်။

"ဆ... ဆရာ.... .ဆရာဆွန်း"

လျှုတုံ သည် ခုနတုန်းက နောက်ကွယ်ဖြစ်လို့သာ ပြောလိုက်ခြင်း ဖြစ်သည်။ ဒါပေမယ့် အခု ဆွန်းမိုအရှေ့ကို ရောက်နေတော့ မြေးတစ်ယောက်ထက်တောင် ပိုကျိုးနွံနေရသည်။ ဆွန်းမိုကို စော်ကားလို့မရပါ။ ဒီအတွက်လည်း လုပ်နိုင်တာ ဘာမှမရှိပါ။

လီကုန်တွင် ရန်ချိုင်ကျောထောက်နောက်ခံရှိသောကြောင့် ဆွန်းမိုကို စနောက်ရဲသည်။ ဒါပေမယ့် လျူတုံမှာတော့ တစ်ယောက်မှ မရှိပါ။

ဆွန်းမိုက လျူတုံဆီကို လျှောက်သွားပြီး ပုခုံးကို ပုတ်လိုက်သည်။

"ခုနတုန်းက ဘာပြောတာလဲ"

"ဘာမှ မဟုတ်ပါဘူး။ မင်းနားကြား မှားနေတာ ဖြစ်မယ်"

လျူတုံက ခေါင်းယမ်းပြီးနောက် အရှိအသေပေးကာ ပြောလိုက်သည်။

"မင်းခန္တာကိုယ်က သိပ်ကျန်းမာတဲ့ပုံမပေါ်ဘူး။ မင်း အရက် အရမ်းသောက်နေတာပဲ။ ဒီအတိုင်း ဆက်သောက်သွားရင် လတစ်ဝက်လောက်ကြာရင် မင်းလေဖြတ်လိမ့်မယ်"

ဆွန်းမိုက လျောင်ပြောင်လိုက်သည်။

"အမ်"

လျူတုံလည်း ကြောင်သွားသည်။ (ငါက လောဘရမ္မက်ကြီးပြီး ပြည့်တန်ဆာအိမ် ခဏခဏ

သွားပေမယ့် လေဖြတ်လောက်အောင် မဖြစ်သေးဘူး ။ မဟုတ်လား)

“မင်းကငါ့ကို မယုံဘူးလား။ မင်းလေဖြတ်တော့မယ်လို့ ငါပြောကတည်းက လတစ်ဝက်ကြာတာနဲ့ မင်းသေချာပေါက် လေဖြတ် လိမ့်မယ်”

ဆွန်းမိုက လျူတုံ ပုခုံးကို ပုတ်လိုက်ပြီးနောက် လှည့်ထွက်သွားသည်။

လျှူတို့ အဖျားတက်သလို တုန်တုန်ယင်ယင် ဖြစ်နေသည်။ သူအရင်က ကြားထားခဲ့သည့် ကောလဟာလတေ့ကို ပြန်စဉ်းစားနေသည်။

ဆွန်းမိုမှာ နတ်ဘုရားလက်ရှိသည်။ ကျောင်းသားတွေကို ထိလိုက်တိုင်း အဆင့်တက်သွားသည်။ ခုနတုန်းက ဆွန်းမိုက သူ့ပုခုံးကို ပုတ်ခဲ့သည်။ ဒါဆိုသူက လေဖြတ်တော့မှာလား။

လျှူတို့ အေးစက်သောချွေးများ စီးကျလာသည်။ ဒါပေမယ့် သူ့ပုခုံးက ပူနေသေးသည်။

ဟုတ်တယ်။ ဆွန်းမိုက သူ့ကို တစ်ခုခုလုပ်ခဲ့တာဖြစ်မယ်။

ဒါတွေးပြီး လျှုတုံမျက်နှာ ချက်ခြင်းကို သွေးပျက်သွားသည်။ သူသည် ချက်ခြင်း အရှေ့ကို ပြေးသွားပြီး မိုးခြိမ်းသံလို ကျယ်လောင်သည့်အသံနှင့် ဆွန်းမို အရှေ့တွင် ဒူးထောက်နေသည်။

"ဆရာဆွန်း ၊ ငါမှားသွားပါတယ်။ ငါ အဓိပ္ပာယ်မရှိတာတွေကို မပြောခဲ့သင့်ဘူး။ ငါ့ကို ခွင့်လွှတ်ပေးပါလား"

ဆွန်းမိုက ခေါင်းကို စောင်းကြည့်လိုက်သည်။ သူ့မျက်နှာတွင် မတွေးတတ်သည့် ပုံစံ ပေါ်လာသည်။

“အမ်။ မင်းဘာပြောနေတာလဲ ငါနားမလည်ဘူး”

“ဆရာဆွန်း၊ ငါတကယ်ကို အမှားလုပ်မိပါတယ်”

လျှူတုံက ပြောနေရင်း မျက်နှာကိုလည်း အကြိမ်ကြိမ် ပြန်ရိုက်နေသည်။ ကျယ်လောင်သော အသံလည်း ထွက်ပေါ်နေသည်။

“ဆရာဆွန်း၊ မင်းငါ့ကို မကျေနပ်သေးရင်လည်း ရိုက်ပါကွာ။ ငါ့ကို လေဖြတ်အောင်တော့ မလုပ်ပါနဲ့။

ငါ့မှာ ဂရုစိုက်ရမယ့် မိဘနဲ့ ကလေးတွေလည်း ရှိသေးတယ်”

ရုံးခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။ အခြားဝန်ထမ်းများ၏ မျက်နှာတွေလည်း ကြည့်ရဆိုးနေသည်။ နဂိုက ထိုင်နေသော ခုနှစ်ယောက်လည်း ထိတ်လန့်သည့်ပုံစံနှင့် ချက်ခြင်း ထရပ်လိုက်သည်။ ဒီမြင်ကွင်းကို မြင်ပြီး လီကုန်စိတ်ထဲက ရယ်လိုက်မိသည်။

(ဆရာဆွန်းရဲ့ ရှေ့မှာ မင်းတို့တွေ တကယ်ပဲ ထိုင်ရဲတယ်။ မင်းတို့ သတ္တိ တောင်တောင်ကောင်းတာပဲ)

"ငါ့လမ်းက ဖယ်စမ်း"

ဆွန်းမိုက လျှူတုံကို ကန်ထုတ်လိုက်သည်။

သူက လီကုန်ကို လာရှာခဲ့တာ ဖြစ်သည်။ တခြားအလုပ်သမားများက သူ့အကြောင်း ဆွေးနွေးနေမယ်လို့ မထင်ထားခဲ့ပါ။ သူဒေါသထွက်နေလား။ ဒါကကိစ္စမရှိပါ။ သူက လွှမ်းမိုးမှု နည်းနည်းလောက် ထုတ်ပြခဲ့သည်။

နောင်တွင် လီကုန်ကို အသုံးချဖို့ လိုသေးသည်။ ဒီလူက သူ့ကို သစ္စာမဖောက်ရဲအောင် အမှတ်တရလေးတွေ ပြပေးဖို့ လိုသည်။ ဒါပေမယ့်လည်း သူက အစိုးရိမ် လွန်နေပုံရသည်။

ဒင်

လီကုန်၏ လေးစားအထင်ကြီးမှု +30။ ရင်းနှီး (၁၂၆/၁၀၀၀)

ဒီတန်ဖိုးက မကြာခင်က ကြားလိုက်ရသည့် ကောလဟာလတွေနှင့် လက်ရှိ ခံစားချက်ကို

ပေါင်းပြီး ဖြစ်ပေါ်လာသည်။ အခုချိန်တွင် လီကုန်က ဆွန်းမိုကို လေးစားမှု အပြည့်ရှိသည်။

ဆွန်းမို ထွက်သွားသည်။

ဒါပေမယ့်လည်း အလုပ်သမားများ မထိုင်ရဲကြသေးပါ။ နည်းနည်းသတ္တိရှိသည့် မျက်နှာဝိုင်းဝိုင်းနှင့် အလုပ်သမားက တံခါးပေါက်ကို ပြေးပြီး ကြည့်လိုက်သည်။

“အပြင်မှာ ဘယ်သူမှ မရှိတော့ဘူး”

မျက်နှာဝိုင်းဝိုင်းနှင့် အလုပ်သမား၏ စကားလည်းပြီးရော အခန်းထဲက တင်မာနေသည့် လေထုလည်း ချက်ခြင်း လျော့ကျသွားသည်။

အားလုံး ထိုင်ခုံပေါ်တွင် ပြန်ထိုင်လိုက်ကြပေမယ့် ဘယ်သူမှ ဆွန်းမိုအကြောင်းကို မဆွေးနွေး ရဲတော့ပါ။ သူတို့သည် အခုချိန်အထိ ဒူးထောက်နေသော လျူတုံကိုကြည့်ပြီး မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေကြသည်။ ခဏလောက်ကြာတော့ ဒီကောင် ကံဆိုးလွန်းသည့် အဖြစ်အပျက်ကိုတွေးပြီး ရယ်နေကြသည်။

ကံကောင်းထောက်မစွာ ခုနတုန်းက ဆွန်းမိုမကောင်းကြောင်း မပြောခဲ့မိလို့။

သူတို့ကြောက်ရွံ့ တုန်လှုပ်နေကြတုန်းပါ။ အဲဒါက နတ်ဘုရားလက် ။ ဆွန်းမို လက်များအကြောင်း ကောလဟာလသည်လည်း တစ်ကျောင်းလုံး ပျံ့နှံ့သွားသည်။ ဆွန်းမိုက မင်း တစ်လခွဲကြာရင် လေဖြတ်မယ်လို့ ပြောပါက မင်းတစ်လခွဲရင် လေဖြတ်သွားမည်။

စာစဉ် (၉)

အခန်း (၁၃၅) - ငါ အင်ဘိုင်ဝူ ကံကြမ္မာကို အရှုံးမပေးဘူး။

ဆွန်းမိုက ဘာမှမပြောခဲ့ပေမယ့် အတွေ့အကြုံရှိသည့် မြေခွေးအိုကြီး တစ်ယောက်အနေနှင့် ဆွန်းမိုက သူ့ကိုလာရှာတယ်ဆိုတာ သိနေသည်။

ခဏလောက်စောင့်နေလိုက်ပြီး လီကုန် ထွက်လာလိုက်သည်။ ပြီးတော့ အနားယူတဲ့ အခန်းလုပ်ထားသည့် စတိုခန်းနေရာကို ပြေးသွားသည်။ ထင်ထားတဲ့အတိုင်းပဲ ဆွန်းမိုက စောင့်နေခဲ့သည်။

"ဆရာ ဆွန်း"

လီကုန်က အပြုံးနှင့်လျှောက်လာသည်။ သူသည် မြေခွေးအိုကြီးကနေ နောက်လိုက်ပုံစံ ပြောင်းသွားသည်။

" ငါတော့ ရန်ချိုင်ကို တစ်ဝက်လောက်သေအောင် ရိုက်ခဲ့တယ်"

ဆွန်းမိုသည် လီကုန် မျက်လုံးထဲက ခံစားချက် အပြောင်းအလဲကို စောင့်ကြည့်နေလိုက်သည်။

"ကောင်းတယ်"

လီကုန်က ချက်ခြင်း လက်မထောင်ပြသည်။

"ငါလည်းသူ့ကို ရိုက်ချင်နေတာ တော်တော်ကြာနေပြီ။ ဒီကောင်က တကယ်ကို ဆန်ကုန်မြေလေးပဲ"

"ဒီရက်ပိုင်းအတွင်းမှာ ရန်ချိုင်က ငါ့အကြောင်းကို ဒုကျောင်းအုပ်ကြီး ကျန်ဆီကို တိုင်လိုက်နိုင်တယ်။ ဒါကြောင့် လိုအပ်တဲ့ ပစ္စည်းတွေ ပြင်ဆင်ထားစေခြင်တယ်" ဆွန်းမိုက အမိန့်ပေးလိုက်သည်။

"ဟုတ်ကဲ့"

လီကုန်က ဆွန်းမိုကို တစ်ချက်လေး ငြိုငြင်အောင် မလုပ်ရဲပဲ အရိုသေပေး ထောက်ခံလိုက်သည်။ ဒါပမယ့် ဆွန်းမိုထွက်သွားခါနီးတွင်

“ငါ့ခြေထောက်အတွက် ကျတော့ရော”

မနေနိုင်ဘဲ မေးလိုက်သည်။

“ ငါက မကုသပေးနိုင်ဘူးလို့ မင်းထင်နေတာလား”

ဆွန်းမိုက ပြန်မေးလိုက်သည်။

“မ....မဟုတ်ဘူး။ ဒီလိုပြောချင်တာမဟုတ်ပါဘူး။”

လီကုန်က သူ့ခြေထောက်ကို ဘယ်အချိန်ကျမှ ကုသပေးမလဲ သိချင်နေသည်။ ဒါကိုမေးမလို့ လုပ်လိုက်သည့် အချိန်တွင် ဆွန်းမိုကို

စော်ကားသလို ဖြစ်သွားမှာလဲ ကြောက်ပြီး မမေးရဲ ဖြစ်နေသည်။

"လီကုန် မင်းခြေထောက်ကို ကုပေးဖို့က အသေးအဖွဲ့ ပဲ"

လီကုန်က ခေါင်းညိတ်လိုက်သည်။ ဒါပေမယ့် စိတ်ထဲကတော့ ငြီးထွားနေသည်။ (ငါက မသန်မစွမ်းတစ်ယောက်ပါ။ ဆယ်နှစ်ကျော်လောက် မသန်မစွမ်းဖြစ်ခဲ့တဲ့ လူတစ်ယောက်ရဲ့ ခံစားချက်ကိုဘယ်လို နားလည်မှာလဲ)

ဒါပေမယ့် စဉ်းစားကြည့်လိုက်တော့ ဆွန်းမို၏ နတ်ဘုရားလက်အတွက်တော့ သူ၏ ခြေထောက်က အသေးအမွှားပါ။

“ငါတို့ ရှေ့ကို မျှော်ကြည့်ရမယ်။ ဒီတစ်ကြိမ် ရန်ချိုင် ပြိုကျသွားရင် သူ့နေရာကို ဘယ်သူနဲ့ အစားထိုးမယ် ထင်လဲ”

“အမ်”

ကျောင်းတွင် အန်ရှီဝေ၊ ကျန်ဟန်ဖူ၊ ဝမ်စု တို့က အာဏာသုံးရပ် ဖြစ်သည်။ အကျိုးအမြတ်များသော

ထောက်ပံ့ရေးဌာနမှူးလို နေရာမျိုးကို သုံးယောက်စလုံးက မစွန့်လွှတ် နိုင်ကြပါ။

"မင်းအဲဒီ ရာထူး ရ စေရမယ်လို့ ငါအာမခံတယ်။ ပြီးတော့ မင်းကို ဒုဌာနမှူးတစ်ယောက် ဖြစ်လာအောင် ကူညီပေးနိုင်သေးတယ်"

ဆွန်းမိုက ဒါကို လျှောက်ပြောနေတာ မဟုတ်ပေ။

ကလေးတွေက ဘယ်သူမှန်တယ်၊ မှားတယ် နောက်လိုက်တတ်ပေမယ့် လူကြီးတွေကတော့ အကျိုးအမြတ် နောက်ကိုသာ လိုက်ကြသည်။

လီကုန်သည် လူကောင်းတစ်ယောက် မဟုတ်တာသေချာသော်လည်း သူ့မှာ အရည်အချင်းတချို့တော့ ရှိသေးသည်။ လီကုန်သည် ကြီးကြပ်ရေးမှူးတစ်ယောက်ဖြစ်ပြီး တခြား အလုပ်သမားတွေကိုလည်း ထိန်းထားနိုင်တာကို မြင်ခဲ့ရသည်။ ဒါကြောင့်လည်း သူ့မှာ လုံလောက်တဲ့ အရည်အချင်းရှိတယ်လို့ ဆွန်းမိုသိနေသည်။ လီကုန်ကို ဘေးမှာထားပြီး တခြားသူတွေကို ကိုက်ခိုင်းတာလည်း မဆိုးပါဘူး။

လီကုန်သည့် ဆရာတွေကို မစော်ကားနိုင်သော်လည်း သူတို့ကို စိတ်အနှောက်ယှက်ဖြစ်အောင် စိတ်ပျက်အောင်တော့ လုပ်နိုင်သည်။

လီကုန်သည် မျက်ခုံး ပင့်လိုက်မိပြီး ရင်လည်း တထိတ်ထိတ် ခုန်လာသည်။ ဒီလိုသာ တကယ်ဖြစ်ခဲ့ရင် သူ့အနာဂတ်ကလည်း အတိုင်းမသိ တောက်ပနေမည်။

"တကယ်လို့ မင်းက ကျန်ဟန်ဖူနောက်ကို လိုက်ခဲ့ရင် လက်ရှိနေအထားက

ဘယ်လောက်ကောင်းနေပါစေ လက်ရှိအောင်မြင်မှုက အမြင့်ဆုံးပဲ။ ဒါပေမယ့် ငါ့နောက်ကို လိုက်မယ်ဆိုရင် ဒီရာထူးက အစပဲ ရှိသေးတယ်”

ဆွန်းမိုက အနည်းငယ် ပြုံးရင်း ပြောလိုက်သည်။

လီကုန်သည် ပါးနပ်ပြီး ပြတ်သားသောသူ ဖြစ်သည်။ သူက အခွင့်အရေးကို မြင်လိုက်လျှင် တုံ့ဆိုင်းခြင်းမရှိပဲ တိုက်ရိုက် လျှောက်သွားတတ်သည်။

ဘုန်း

လီကုန်က ဒူးထောက်ပြီး သုံးကြိမ် အရိုအသေ ပေးသည်။

“ လူအိုကြီး လီရဲ့ တစ်ဘဝလုံးကို ဆရာဆွန်း အတွက်ပဲ ဖြစ်စေရပါ့မယ်”

လီကုန်က နဖူး ပွန်းသွားသည် အထိ အရိုအသေ ပေးလိုက်သည်။ ဒါပေမယ့် နာကျင်တယ်လို့ မခံစားရပါ။ အရမ်းကို စိတ်လှုပ်ရှားနေသည်။

ဆွန်းမိုက ဘာလုပ်နေတာလဲ။ အာဏာ သိမ်းချင်နေတာလား။ အန်ရှီဝေရဲ့ ခင်ပွန်းလောင်းလည်း ဖြစ်နေသေးသည်။

ဒီကျောင်းက အန်ကလန်က ဘိုးဘေးများ တည်ထောင်ထားခဲ့သောကြောင့် သူတို့ ကိုယ်ပိုင်လို့ ပြောလို့ရသည်။

ဆွန်းမိုသည် အန်ရှီဝေကို လက်ထက်လိုက်တာနှင့် ဆရာတစ်ယောက်သာ မဟုတ်တော့ပဲ ပိုင်ရှင်တစ်ဝက်လို့တောင် ပြောလို့ရသည်။ ကျောင်းက ကိစ္စတွေကို ဝင်ပြီး စွက်ဖက်နိုင်သည့် အရည်အချင်းလည်း ရှိလာမည်။

အခုချိန်မှာ တစ်ယောက်တည်း တိုက်ခိုက်နေသေးသည်။ တကယ်လို့သူသာ ဆွန်းမို

ဘေားမှာနေပြီး သူ့အင်ပါယာအတွက် ကူညီပြီး တိုက်ခိုက်ပေးလိုက်ရင် ပထမဆုံး လက်အောက်ခံဖြစ်လာမည်။ နောင်တစ်ချိန်တွင် ဆုလာဒ်များပေးသည့်အခါ ဌာနမှူးရာထူးလောက်ကတော့ ပြဿနာ မရှိပါ။ ကံကောင်းရင် ပိုမြင့်သည့် ရာထူးတောင် ရနိုင်သေးသည်။

"အရမ်းကောင်းတယ်"

ဆွန်းမိုက ထွက်မသွားခင် တစ်ခု ပြောလိုက်သည်။

“ငါမင်းရဲ့ လုပ်ဆောင်ချက်ကို မျှော်လင့်ထားမယ်။ မင်းက ရန်ချိုင် ကြိမ်းသေပေါက် အဆုံးသတ်သွားအောင် ပြင်ဆင်ထားပါ”

“စိတ်မပူပါနဲ့”

လီကုန်က ရင်ဘက်ကို ပုတ်ပြီး အာမခံလိုက်သည်။ နေရောင်က ဆွန်းမို အပေါ်ကို ဖြာကျနေသည်။ တစ်ကိုယ်လုံးကို ရွှေရောင်အလွှာနှင့် ဖုံးအုပ်ထားသလို ဖြစ်နေသည်။ မိုးပြာရောင် ဆရာဝတ်ရုံနှင့် ထည့်ပေါင်းလိုက်ရင် ဆွန်းမိုတစ်ကိုယ်လုံး ယုံကြည်မှုနှင့် ပြည့်နေသည်။

ဒါပေမယ့် သူက မျက်နှာ နှစ်ထပ်နှင့် မြေခွေးတစ်ကောင်လို့ ဘယ်သူက ထင်မှာလဲ။

"ဘယ်လောက်တောင် ကြောက်စရာကောင်းသလဲ"

လီကုန် ရုတ်တရက် ကြောက်ရွံ့တုန်လှုပ်သွားသည်။ သူအစက ဆွန်းမိုကို အန္တရာယ်မပေးတတ်သည့် လက်ပါးစေတစ်ယောက် ထင်နေခဲ့သည်။ သူက အရမ်းကိုလှပသည့် အန်ရှီဝေနှင့် လက်ထပ်ရုံသာမက ကျောင်းကိုပါ သိမ်းပိုက်ချင်နေသည်။

ရည်မှန်းချက်ကြီးပြီး ရက်စက်တတ်တဲ့ စရိုက်လည်းရှိကာ အရမ်းကြောက်ဖို့ကောင်းသည့် လူတစ်ယောက် ဖြစ်နေသည်။

အဲဒီအချိန်တုန်းက ရန်ချိုင်၏ အသိအမှတ်ပြုမှုကို ရအောင် ဆွန်းမိုကို ဖိနှိပ်နေခဲ့သည်။ ဒါကို ပြန်စဉ်းစားမိပြီး သူက ရယ်စရာကောင်းနေခဲ့သည်။

ဆွန်းမိုကို သတ်ဖို့ စိတ်ကူး မရှိခဲ့တာပဲ ကောင်းကင်နှင့် မြေကြီးအားကျေးဇူးတင်ရမယ်။

ဒါကိုတွေးပြီ လီကုန် တော်တော် ကံကောင်းသွားတယ်လို့ ထင်လိုက်သည်။ ဆွန်းမိုက

သူ့အပေါ်ကို ဘယ်လိုဆက်ဆံမလဲ တွေးနေရင်း ချွေးစေးများထွက်လာသည်။ နောင်ဆိုရင် ဆွန်းမိုရော တခြားလူအပေါ်မှာပါ မစော်ကားမိစေရန် သူ့ကိုယ်သူ သတိပေးနေသည်။

ဒင်

လီကုန်၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး (၁၆၆/၁၀၀၀)

"ဘာလဲဟ"

ဆွန်းမိုလည်း စနစ်ဆီက အကြောင်းကြားချက်ကို ကြားပြီး နည်းနည်းတွေဝေသွားသည်။

“အခု လီကုန်ရဲ့ စိတ်ထဲမှာ မင်းရဲ့ ပုံရိပ်က နတ်ဆိုးဘုရင်ကြီးပဲ”

စနစ်က ရယ်ရင်း ပြောသည်။

“ဒီလူရဲ့ ဦးနှောက်က ဘာနဲ့ လုပ်ထားတာလဲ”

ဆွန်းမိုလည်း မှင်တက်နေသည်။ လီကုန်ကို ခုနတုန်းက နောက်ဆုံးအချိန်ထိ လက်မလျှော့ရန်နှင့် အကောင်းဆုံးလုပ်ရန် မျှော်လင့်ချက်များ ပေးခဲ့ခြင်း ဖြစ်သည်။

သုံးရက်ကြာပြီးနောက်.......................

ပတ်တီးများပတ်ထားသော ရန်ချိုင်သည် အင်ဘိုင်ဝူတို့ အိမ်တွင် ပေါ်လာသည်။

အင်တိုင်က ခြေတစ်ပေါင်ကျိုးခုန်ကာ ပြုံးရင်းကြိုဆိုသည်။

"ဥာနမှူး ရန်။ ဘာလုပ်ပေးရမလဲ"

အင်တိုင်လည်း စကားဆုံးတာနှင့် ပါးဆယ်ချက် အရိုက်ခံလိုက်ရသည်။

ပါးစပ်ထောင့်က သွေးများ စီးကျလာသည်။ ဒါပေမယ့် အင်တိုင်က အီးတောင် မပေါက်ရဲပါဘူး။

တခါတည်း ဒူးထောက်ပြီး အရိုအသေပေးကာ တောင်းပန်နေသည်။

ဒီအတွက် လုပ်နိုင်တာလည်း မရှိဘူး။ ဒီလိုမျိုး အရေးကြီးသည့် ပုဂ္ဂိုလ်ကို မစော်ကားရဲပါ။ သူ့မိသားစု တစ်ခုလုံးက ရန်ချိုင်၏ ပေးစာကမ်းစာ အပေါ်တွင် မှီခို နေရသည်။

"အင်တိုင် မင်းသမီးကို ကောင်းကောင်း သင်ပေးထားတာပဲ"

ရန်ချိုင်က ကြိမ်ဆဲပြီး အင်တိုင်မျက်နှာကို တက်နင်း သည်။

" အဲဒီ အသုံးမကျတဲ့ ကောင်မလေး ဘယ်မှာလဲ။ သူ့ကို သေအောင် ရိုက်ပစ်မယ်"

အင်တိုင်က ဒေါသတကြီး လှည့်ရှာလိုက်သည်။ အမှန်တော့ ရန်ချိုင်က သူ့သမီးနှင့် အိပ်ချင်တာ အဆင်မပြေခဲ့မှန်း သူသိသည်။ ဒါကြောင့်လည်း ရန်ချိုင်က သူ့ဒေါသကို ဖောက်ခွဲ ထုတ်နေသည်။

သူ့သမီးကလည်း မိုက်သည်။ ရိန်ချိုင်နှင့်အတူ အိပ်လိုက်ရင် မသေတဲ့အပြင် ရန်ချိုင်၏ မယားငယ်တောင် ဖြစ်လာအုံးမည်။ ဒါဆိုရင် သူတို့မိသားစု တစ်ခုလုံး ဗိုက်ပြည့်ပြီး တစ်ဘဝလုံး

ကောင်းကောင်း မွန်မွန် နေနိုင်မည်။ ဒါက ပြည့်စုံမှု မဟုတ်ဘူးလား။

“မင်း.....လာခဲ့အုံး”

ရန်ချိုင်က အင်တိုင်ကို ဘေးနားခေါ်ပြီး သေသေချာချာ မှာကြားနေသည်။ အချိန်တစ်ခု ကြာပြီးနောက်

“ငါပြောတာ နားလည်လား”

“အင်း”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်တိုင်က ခေါင်းညိတ်လိုက်သည်။ တစ်ယောက်ယောက်ကို ချောက်တွန်းဖို့ မဟုတ်လား။ (ငါကောင်းကောင်း နားလည်ပါတယ်)

“သေချာလုပ်။ ဒီကိစ္စတွေပြီးရင် ကျောင်းမှာ မင်းအတွက် အေးအေးဆေးဆေး လုပ်လို့ရမယ့် အလုပ်တစ်ခု စီစဉ်ပေးမယ်”

မြင်းတစ်ကောင်ကို ကောင်းကောင်းပြေးစေချင်ရင် မုန်လာဥနီလို အစားအသောက် ကောင်းကောင်းတွေကျွေးပြီး ဆွဲဆောင်ရမယ်ဆိုတာ ရန်ချိုင် သိသည်။

"ဥာနမှူး ရန်ကို အရင်ကျေးဇူးတင်ထား လိုက်မယ်"

အင်တိုင်မှာ လူ့ကျင့်ဝတ် လုံးဝမရှိပါ။

"ဒီမှာ ငွေတုံး ၁၀၀၊ သုံးဖို့ အရင်ယူထားလိုက်"

ရန်ချိုင်က ပြောပြီး လှည့်ထွက်သွားသည်။ ဒီနေရာက လူဆင်းရဲ ရပ်ကွက်ဖြစ်ပြီး တော်တော်ညစ်ပတ်သည်။ တစ်စက္ကန့်တောင် ပိုမနေချင်ဘူး။

"ဥာနမှူး မင်းရဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်"

အင်တိုင်က အသံကျယ်ကြီးနဲ့ ပြောလိုက်ပြီး လမ်းအဝင်ဝအထိ လိုက်ပို့လိုက်သည်။ ပြီးတာနှင့် ပိုက်ဆံတွေကိုယူသွားပြီး ခပ်လောလောနှင့် လမ်းပေါ်က ပြည့်တန်ဆာမတွေကို သွားရှာသည်။

အကြီးအကျယ် လောင်းကစားသွားမလုပ်မိ အောင် ခံပြင်းမှုတွေကို ထွက်ပေါက်ပေးချင်နေသည်။

အင်တိုင်က ဒီနေ့နိုင်မယ်လို့ ထင်နေသည်။

ညဘက်တွင်..................

အင်ဘိုင်ဝူက အမဲသားကင် ၁.၅ ကီလိုဂရမ်ကိုသယ်ပြီး အိမ်ပြန်လာသည်။

ဒီနေ့ ပန်းထိမ်အလုပ်ပြီးသည်နှင့် သူမထွက်သွားတော့မယ်လို့ သူဌေးကို ပြောခဲ့သည်။

သူဌေးလည်း စိတ်မကောင်း ဖြစ်သွားသည်။ အင်ဘိုင်ဝူသည် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ ဒါပေမယ့်သူမ တူထုသည့် အခါ ယောကျ်ားတွေကို အရှုံးမပေးဘဲ ကြိုးစားပြီး လုပ်ကိုင်တတ်သည်။ အရင်ကလည်း တစ်ခါမှ လက်မလျှော့ခဲ့ပါ။ နေ့တိုင်း အလုပ်ပြီးသည့်အခါတိုင်း အဝတ်အစားတွေက ချွေးနှင့် ရွှဲစိုနေတတ်သည်။

အမှန်တိုင်းပြောရရင် ဒီလိုဒုက္ခတွေကို ကြွံကြွံခိုင်ရင်ဆိုင်နိုင်သည့် မိန်းကလေးမျိုးသည် ယောက်ျားလေးတွေအတွက် လက်တွဲဖော်ကောင်းပဲဖြစ်သည်။ တကယ်လို့များ သူမနောက်ခံက စောင့်ကျင့်မကောင်းပဲ စိတ်ပျက်စရာကောင်းသည့် မိဘတွေကြောင့်သာ မဟုတ်ခဲ့ရင် ပန်းပဲဆရာက ချွေးမတောင် တော်ချင်သည်။

“အင်း တော်တော်ကို သနားစရာကောင်းတာပဲ”

ပန်းပဲဆရာက သက်ပြင်းချရင်း ပြောလိုက်သည်။ အင်ဘိုင်ဝူရဲ့ မိသားစုက သူမကို ဆွဲချနေခဲ့သည်။

သူ့မှာလည်း ကောင်မလေးကို ပေးနိုင်သည့် အရာအများကြီး မရှိပါ။ ဒါကြောင့် အမဲသားတစ်တွဲကို လက်ဆောင် ဝယ်ပေးလိုက်သည်။

"အမေ"

အင်ဘိုင်ဝူက အိမ်တံခါးကို တွန်းဖွင့်လိုက်ရင်း ခြံဝန်းထဲတွင် ထိုင်နေသည့် သူမ အမေကို တွေ့လိုက်သည်။ ပိုက်ဆံကို ချွေတာခြင်တာကြောင့် မီးခွက်လည်း မရှိပါဘူး။ သူမအမေက လရောက်အောက်တွင် ပန်းထိုးသည့်အလုပ်ကို

လုပ်နေခဲ့သည်။ ဒါကိုမြင်လိုက်ရင် အင်ဘိုင်ဝူ၏ နှလုံးသား နာကျင်သွားသည်။

"ဝူအာ၊ ပြန်လာပြီလား"

အမျိုးသမီးက မျက်တွင်းတွေ ချောင်ကျနေသည်။ သူမခန္ဓာကိုယ်ကလည်း ပိန်နေပြီး အရိုးပေါ် အရေတင်သာ ဖြစ်နေသည်။ လွန်ခဲ့သည့်နှစ်တွေ သူမငယ်ရွယ် တုန်းကဆိုရင်၊ သူမကို ပန်းဘုရင်မလို့ လူသိများပြီး သူမအလှက ချင်လင်မြို့တွင် ကျော်ကြားခဲ့သည်။ သူမတီးခတ်ပြီး

သီချင်းဆိုတာကို နားထောင်ချင်ရင်တောင် ငွေထောင်ဂဏာန်း အနည်းငယ်လောက်ပေးရသည်။

"အမေကို ပြောတာဘယ်နှစ်ကြိမ်လောက် ရှိနေပြီလဲ။ အမေ့ခန္ဓာကိုယ်က ကောင်းကောင်းကျန်းမာတာ မဟုတ်ဘူး။ ဒီအလုပ်တွေ နားပါတော့။ ငါပိုက်ဆံရှာဖို့ အကောင်းဆုံး ကြိုးစားမယ်"

အင်ဘိုင်ဝူက အပ်နှင့်ချည်မျှင်ကို သိမ်းလိုက်ပြီး "ကြည့်အုံး ဒီနေ့ငါတို့မှာ အမဲသား ရှိတယ်"

“ဟင်း၊ အမေက အသုံးမကျတာပါ။ မင်းက အသက် ၁၃နှစ် တောင်ရှိနေပြီ ကျောင်းလည်း တက်သင့်နေပြီ”

သူမ၏ သိတတ်သော သမီးကလေးသည် အရမ်းကို အလုပ်လုပ်နေရသည်။ ပင်ပန်းနွမ်းနယ်နေသော မျက်နှာလေးကိုကြည့်ပြီး သူမ၏ နှလုံးသားထဲတွင် ဝမ်းနည်းနာကျင်နေသည်။ မျက်ရည်များလည်း စီးကျလာသည်။

“ဘာလို့ ကျောင်းတက်ရမှာလဲ။ ငါကကျောင်းမတက်ရင်တောင်

ကျောင်းတက်တဲ့လူတွေနှင့် ယှဉ်ရင် ပိုတောင် အထင်ကြီးဖို့ ကောင်းတုန်းပဲ”

အင်ဘိုင်ဂူ နှုတ်ခမ်း တွန့်သွားသည်။ သူမသည် သူမဘာသာကြိုးစားပြီး ဘယ်သူ၏ အကူအညီမှ မပါဘဲ ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့်ကို တက်ရောက်နိုင်ခဲ့သည်။

ဒါတောင် နေ့တိုင်းဝင်ငွေရအောင် အလုပ်လုပ်နေရလို့ ကျင့်ကြံဖို့ အချိန်ကောင်းကောင်း မပေးနိုင်ခဲ့ဘူး။ ဒါကြောင့် ခန္ဓာကိုယ်ပြုပြင်ခြင်း ဒုတိယအဆင့်တွင် သောင်တင်နေသည်။

"မင်းဘဝက ဒီလို မဖြစ်သင့်ဘူး"

အမေဖြစ်သူက သူမ သမီးကို ကြည့်ပြီး သက်ပြင်းချလိုက်သည်။

"ကျွန်မ ဘဝက ဘယ်လိုပဲဖြစ်ပါစေ အမေနဲ့သာ အတူတူ နေရရင် ကမ္ဘာပေါ်က ကလေးတွေအားလုံးထက် ကံအကောင်းဆုံးပဲ"

အင်ဘိုင်ဝူက သူမအမေကို မော့ကြည့်ရင်း ပြုံးပြီးပြောလိုက်သည်။

လရောင်က ဝမ်းနည်းလွမ်းဆွတ်ဖွယ် ကောင်းလောက်အောင် သူမကိုယ်ပေါ်ကို

ဖြာကျနေသည်။ အခုလက်ရှိတော့ ကဗျာဆန်နေပြီး ပန်းချီ ဆွဲဖို့တောင် ကောင်းနေသည်။ ဒါပေမဲ့လည်း ခဏလောက်ကြာတော့ နှလုံးသားထဲက နွေးထွေးမှုများနှင့် အေးချမ်းမှုများက ဖျက်ဆီးခံလိုက်ရသည်။

ဘုန်း

အရက်နံ့တထောင်းထောင်းထနေသော အင်တိုင်က တံခါးကို ကန်ဖွင့်သည်။ အင်ဘိုင်ဝူ အိမ်ပြန်ရောက်နေတာကို မြင်လိုက်ရင် ဘာမှမပြောပဲ သူမအနားကို ပြေးသွားသည်။ မီးဖိုက

အတံကိုကောက်ယူလိုက်ကာ တစ်ချက်ပြီးတစ်ချက် ရိုက်ချနေသည်။

"စောက်သုံးမကျတဲ့ သမီး။ အလုပ်ကောင်းကောင်းလုပ်ပါ ပြောထားရဲ့နဲ့ ဘာကြောင့် ရန်ချိုင်ကို စော်ကားတာလဲ"

အင်တိုင်က ဆူပူကြိမ်းမောင်းရင်း ခြေထောက်နှင့်လည်း ဆက်တိုက် ကန်နေသည်။

"သူက အရက်သောက်ပြီး ငါ့ကို မုဒိမ်းကျင့်ချင်နေတာ"

အင်ဘိုင်ဝူက ခေါင်းကို အုပ်ထားပြီး ပြန်အော်သည်။

ဒါကိုကြားတော့ အမေဖြစ်သူက မျက်ရည်များ ချက်ခြင်းကျလာသည်။

“စောက်သုံးမကျတဲ့ သမီး၊ ဘာလို့ သူ့အိပ်ရာပေါ်ကို တက်ဖို့ အခွင့်အရေးမယူခဲ့တာလဲ။ ဒီလောက်ကောင်းတဲ့ အခွင့်အရေးကို ဖြုန်းခဲ့တယ် ဟုတ်လား။”

အင်တိုင်လည်း သူသမီးက သူမျှော်လင့်ထားသလို လိုက်မလုပ်သည့်အတွက် ဒေါသတကြီး

ကြည့်လိုက်သည်။ ဒီနေ့ နေ့လည်တွင် ပါးရိုက်ခံလိုက်ရတာကိုလည်း ပြန်တွေးလိုက်မိပြီး ၃၀ ရာခိုင်နှုန်းလောက် ပိုအားထည့်လိုက်သည်။

" သူ့ကို မရိုက်နဲ့တော့"

အမေဖြစ်သူက အင်တိုင်အရှေ့ကို ပြေးလာကာ ပိတ်ရပ်သည်။

" စောင်သုံးမကျတဲ့ ခွေးမ"

အင်တိုင်က သူ့မိန်းမကို ပါးတန်းရိုက်လိုက်သည်။ အမေဖြစ်သူလည်း မြေပေါ်ကို ပစ်လဲကျသွားသည်။ ဒီမြင်ကွင်းကိုမြင်လိုက်သည့်အခါ အင်ဘိုင်ဝူလည်း

ဆက်ပြီးသည်းမခံနိုင်တော့ဘဲ သူမခန္ဓာကိုယ်နှင့် အင်တိုင်ကို ပစ်တိုက်လိုက်ပြီး

"ငါ့အမေကို မရိုက်နဲ့"

စာစဉ် (၁၀)

အခန်း (၁၃၆) - ငါ့အတွက် အိမ်ဆိုတာ အမေရှိတဲ့ နေရာပဲ ။

ညကလည်း တော်တော်နက်နေပြီး မိုးတွေရွာနေကာ ကောင်းကင်မှာ တိမ်မည်းများ လျှင်လျှင်မြန်မြန် ရွေ့လျားနေကြသည်။ အင်ဘိုင်ဝူသည် ထင်းတွေထားသည့် အခန်းထဲတွင် ဒူးနှစ်ဖက်ကို ပိုက်ထားပြီး ထိုင်နေသည်။ ပြတင်းပေါက်သေးသေးလေးက တစ်ဆင့် ရွေ့လျားနေသာ တိမ်မည်းတွေကို ငေးကြည့်နေသည်။

အရိုက်ခံထားရသောကြောင့် တစ်ကိုယ်လုံး အရမ်းကို နာကျင်ကိုက်ခဲနေသည်။ အင်ဘိုင်ဝူ ကြိတ်မှိတ် ခံစားနေသည်။ သူမအဖေက နှစ်ရက်သုံးရက်ကို တစ်ကြိမ် ရိုက်နေကြ ဖြစ်သည်။

အဖေက အရက်မူးတိုင်း ရိုက်သည်။ လောင်းကစားလို့ ရှုံးလာရင်လည်း ရိုက်သည်။ စိတ်ညစ်နေရင် ဒါမှမဟုတ် ဟင်းမကောင်းရင်လည်း ရိုက်သည်။

သူမငယ်ငယ်တုန်းက အဖေဖြစ်သူရိုက်ခဲ့သည့်နေ့ကို နက်နက်ရှိုင်းရှိုင်း

ခံစားခဲ့ရပြီး စိတ်ဒဏ်ရာ ဖြစ်နေသေးသည်။ အဲဒီနေ့ ပုံစံက ရန်ချိုင် မုဒိမ်းကျင့်ဖို့ ကြိုးစားတာထက် ပိုကြောက်စရာ ကောင်းသေးသည်။

ပုတ်သင်ညိုတစ်ကောင် သူ့မအနားက ဖြတ်သွားစဉ် ရှမ်းရှမ်း ရှမ်ရှပ်နှင့် အသံထွက်လာသည်။

ဂလူ ဂလူလူ

အင်ဘိုင်ဝူ ဗိုက်ကနေ အသံထွက်လာသည်။ ပုတ်သင်ညို ကြောက်လန့်ပြီးအဝေး ထွက်ပြေးတော့မည့်အချိန်တွင် လက်ကို

ဆန့်ပြီးဖမ်းလိုက်သည်။ ကြည့်တောင်မကြည့်ပဲ ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။

ကဂျွတ် ကဂျွတ်

အင်ဘိုင်ဝူက ပုတ်သင်ညိုကို ဝါးစားလိုက်သည်။ သူမပါးစပ်ထဲတွင် ခါးသက်သော အရသာ ထွက်လာသည်။ ဒါပေမယ့် သူမ အမူအရာက ထုံထိုင်းနေသည်။ သူမက ငိုရမလားမသိ ပြုံးရမလားမသိပေ။

ညစာကတော့ ထုံးစံအတိုင်း မစားရတော့ပေ။ အရင်အတွေ့ အကြုံတွေအရလည်း မနက်ဖြန် မနက်စာလည်း မကြိမ်းသေပါ။

မနက်စာ ကောင်းကောင်းစားဖို့မပြောနဲ့ တစ်ခုခုစားရဖို့တောင့် ကြုံတောင့်ကြုံခဲ ဖြစ်သည်။

ကချောင်း

မိုးတွေချိန်းကာ မိုးသက်မုန်တိုင်း ကျလာသည်။

မိုးစက်တွေက ပြတင်းပေါက်ကနေ ဖြတ်ပြီး သူမကိုယ်ပေါ်ကို လာစင်နေသည်။ ဒါပေမယ့် သူမက လှုပ်တောင် မလှုပ်ပါ။ သူမက

အသက်မရှိသည့် ကျောက်ရုပ်တစ်ခုလို တွေဝေထုံထိုင်းပြီး ထိုင်နေသည်။

ကလောက်

"ဒါကို စားလိုက်နော်"

သူမ အမေရဲ့ အသံထွက်လာသည်။

"အင်း"

အင်ဘိုင်ဝူသည် အဝတ်အိတ်ကို တင်းတင်းဆုပ်ကိုင်ထားသည်။ ဒါပေမယ့် သူမက တစ်စက်မှ တုံ့တုံ့ မလှုပ်ပါ။ အိမ်ကို အမြန်ပြန်သင့်ပြီ။

"အီး ဝူအာ။ ဘာဖြစ်လို့ အဝေး ထွက်မပြေးတာလဲ"

သူ့အမေက ပြောရင်း ငိုနေသည်။ သူ့သမီးလေးသည် ဒီလိုမျိုး နေ့တိုင်း ခံစားနေရတာကို သူမ မကြည့်ရက်တော့ပါ။ တစ်ခြားမိသားစုက သမီးလေးများသည် အဝတ်အစား ၊အသုံးအဆောင် အသစ်များကို သုံးစွဲနေကြပြီး သူမသမီးကတော့ ညတိုင်း အမှိုက်တွေကို သယ်နေရကာ နေ့ဘက် ပန်းပဲဖိုတွင်

အလုပ်ကြမ်း လုပ်နေရသည်။ ဒီလိုနှင့် သံသရာက ဘယ်တော့ ဆုံးမှာလဲ။

"အမေ။ မင်းကရော ဘာကြောင့် ငါနဲ့ မလိုက်တာလဲ"

အင်ဘိုင်ဝူက အကြံပေးသည်။ သူမအသံက တုန်ရီနေသည်။

"ငါ...ငါက သေတော့မယ့် လူဖြစ်နေပြီ။ ဘယ်ကို သွားရမှာလည်း" သူမ အမေက ဝမ်းနည်းကြေကွဲစွာ ပြုံးရင်းပြောလိုက်သည်။

"ထွက်သွားပါ။ မင်းကို ချစ်တဲ့ ယောကျ်ားတစ်ယောက်ကို ရှာပြီး မိသားစု တစ်ခု ထူထောင်လိုက်ပါ။ မင်းကို တည်ငြိမ်အေးချမ်းတဲ့ ဘဝလေး ရစေချင်တယ်"

"ငါမသွားဘူး"

အင်ဘိုင်ဝူက ပြောလိုက်ပြီးနောက် သူမ နှလုံးသားထဲက စကားတစ်ခွန်း ထပ်ပြောလိုက်သည်။

" ငါ့အတွက် အိမ်ဆိုတာ အမေရှိတဲ့ နေရာပဲ"

လေနှင့် မိုးက အရမ်း သည်းနေသည်။ အမေဖြစ်သူလည်း သမီး ဖြစ်သူကို မစည်းရုံးနိုင်ပဲ ထွက်သွားသည်။ ထင်းထားသည့် အခန်းထဲတွင် တစ်ညလောက် ပိတ်လှောင်နေရတာက အင်ဘိုင်ဝူ အတွက်တော့ တကယ့် ပျော်ရွှင်မှုပဲ။ သူမသည် အများအားဖြင့် ညဘက်တွင် အလုပ်လုပ်နေရလေ့ရှိပြီး မနက်မိုလင်းခါနီးမှ တစ်ရေး အိပ်ရသည်။

မနက်ခင်း................

အိမ်ဝန်းထဲတွင် ကြက်ဖတွန်နေသည်။

"အောင် အီးအီးအွတ်"

အင်တိုင်သည် ထင်းထားသည့် အခန်းတံခါးကို ဖွင့်လိုက်သည်။ အင်ဘိုင်ဝူထံကို မုန့်နှစ်ခု ပစ်ပေးလိုက်သည်။

"ဒီနေ့ အလုပ်သွားစရာ မလိုဘူး။ ဗဟိုပြည်နယ်အကယ်ဒမီကို သွားရမယ်။ ပြီးရင် ငါပြောတဲ့ အတိုင်းလုပ်။ တကယ်လို့ လွဲချော်သွားရင် မင်းနဲ့ မင်း အမေကို သတ်ပစ်မယ်"

မနက်ခင်း ကျုံ့ရှန်ရီ ရုံးခန်းသို့ ရောက်သောအခါ ကျန်ရုံနဲကပြောနေသည့် ဆွန်းမို အကြောင်းကို ကြားလိုက်ရသည်။ ပထမကတော့ သူလည်း စိတ်မဝင်စားပါဘူး။ ဒါပေမယ့် ရန်ချိုင်ကို ရိုက်လိုက်တယ်လို့ ကြားပြီးနောက် မနေနိုင်ဘဲ မေးလိုက်မိသည်။

“ဘာဖြစ်လို့လဲ”

ကျုံ့ရှန်ရီက စပ်စုလိုက်သည်။

“ ရန်ချိုင်က ဆွန်းမို အရိုက်ခံလိုက်ရတယ်”

ကျန်ရှိနေသည့် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သော်လည်း လိုက်ပြီးအတင်း ပြောတတ်ကာ ကောလဟာလများလည်း ဖြန့်ဝေတတ်သည်။

"ငါကြားတာကတော့ ဆွန်းမိုက မိန်းကလေးတစ်ယောက်ကို မုဒိမ်းကျင့်မလို့ လုပ်နေတာ ရန်ချိုင်က မြင်သွားလို့ဆို။ ဒါကို ဆွန်းမို ရှက်ရမ်းရမ်းပြီး ရန်ချိုင်ကို ရိုက်လိုက်တာတဲ့"

"ဘာလဲဟ"

ကျုံ့ရှန်ရီက တစ္ဆေတစ်ကောင်ကို မြင်သလို ဖြစ်သွားသည်။

"မင်းပြောတာ သေချာလို့လား"

"ငါလည်း မှားလား၊ မှန်လားတော့ မသိဘူး။ ငါကြားတဲ့ အတိုင်း ပြန်ပြောတာပဲ"

ကျန်ရုံနဲက ပုခုံးတွန့်လိုက်ပြီး "မှားတာလည်း ဖြစ်နိုင်တယ်"

ဒူရှောင်က ဆွန်းမိုနဲ့ ဆုံခဲ့သည့် အချိန်တွေကို ပြန်စဉ်းစားနေသည်။ သူ၏ ကိုယ်ကျင့်တရားက မဆိုးပါဘူး။ ဒါကြောင့်လည်း သူမက ကြားဖြတ်ပြီး

"အင်း"

ဒူရှောင်က သူမ ဆံပင်တွေကို ဖွာရင်းပြောလိုက်သည်။

" တကယ်လို့ ဆွန်းမိုက သူရဲ့ စိတ်ဆန္ဒကို မထိန်းနိုင်ရင် ပြည့်တန်ဆာတွေဆီကို သွားလို့ရတာပဲ။ ဘာကြောင့် အမှိုက်သယ်နေရတဲ့ ကောင်မလေးကို မုဒိမ်းကျင့်ပြီး သူ့နာမည်ကို ပျက်အောင်လုပ်မှာလဲ"

"သူက နှာဘူး များဖြစ်နေမလား"

ရီဂျီမင် က ဝင်ပြောလိုက်သည်။ ဆွန်းမို မကောင်းကြောင်းကို ကြားရတာ လက်ခုပ်တီးပြီး ပျော်လိုက်ချင်သေးသည်။

"သူ့ကို နာမည်ဖျက်ဖို့ ကြိုးစားနေတဲ့ သူများ ရှိနေလား"

ပန်ရီက မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။ အမြဲတမ်း ပါးစပ်ပိတ်နေတတ်သည့် အဘိုးကြီး ဟုတ်၊ မဟုတ် ရုံးခန်းထဲက လူနည်းနည်းက လှည့်ကြည့်လိုက်ကြသည်။ ဒီကိစ္စက ကျန်ဟာန်ဖူ

လက်စားချေဖို့စီစဉ်တာ ဖြစ်နိုင်ချေ ၈၀ ကနေ ၉၀ ရာခိုင်နှုန်းလောက် သေချာသည်။

(သူရဲ့ ကောက်ကျစ်တတ်သည့် အတွက်ကြောင့် ဖြစ်နိုင်တယ်)

ဂေါင်ပန်က စိတ်ထဲကနေ အော်ပြောလိုက်သည်။ တကယ်သူ့မှာသာ ဆွန်းမိုလို နတ်ဘုရားလက်ရှိပါက လက်ရှိ ဆွန်းမို ကျော်ကြားနေသလို သူလည်း အောင်မြင်နိုင်သည်။

ပုံမှန်ဆိုရင် သူလည်းကျောင်းသူတော့ နောက်ယှက်မှာ မဟုတ်ပဲ ချင်လင်မြို့က

အကောင်းဆုံး ပြည့်တန်ဆာအိမ်ကို သွားကာ နာမည်ကြီး ပြည့်တန်ဆာ ဆယ်ယောက်လောက်ကို ခေါ်ပြီး ကောင်းကောင်း ပျော်ပါးလိုက်မည်။

"ဆွန်းမိုနဲ့ ဂေါင်ပန်တို့ အကြားက ချိန်းဆိုမှုကိုလည်း ကြားတယ်။ အစကတော့ သူတို့ရဲ့ ကျောင်းသားတွေကို သင်ပြနိုင်စွမ်း မြင့်ရမယ်ထင်နေတာ။ အခုကြည့်ရတာတော့ အဲဒီအစီအစဉ် မဖြစ်လောက်တော့ဘူး"

ကျုံ့ရှန်ရီ တော်တော်ကို စိတ်ပျက်သွားသည်။

ဆွန်းမိုက ဒါကို ရှောင်လွဲလို့ မရနိုင်တော့ဘူး။ အပေါ့ဆုံး ပြစ်ဒဏ်ဆိုရင် ကျောင်းက နှင်ထုတ်ခံရပြီး ကြီးလေးသည့်ပြစ်ဒဏ်ဆိုပါက သူတော်စင်ဂိတ်ကို တိုင်ကြားပြီး တားမြစ်ခံရမည်။ သူဘယ်တော့မှ ဆရာလုပ်လို့ မရတော့ပါ။

"လျှောက်ပြောနေတာတွေကို ရပ်လိုက်တော့။ ဘာမှ ရှင်းရှင်းလင်းလင်း မသိရသေးခင် မျက်လုံးစုံမှိတ်ပြီး လျှောက် ခန့်မှန်း မနေနဲ့" ရှာယွန်က ဖြောင်းဖြလိုက်သည်။ သူမသည် အန်ရှီဝေ အဖွဲ့က ဖြစ်ပြီး ဆွန်းမိုနှင့်

ပက်သက်သည့် မကောင်းသတင်းများကိုလည်း မပျံ့သွားစေချင်ပါ။

"လူတိုင်းရဲ့ ပါးစပ်ကို လိုက်တားလို့ ရမှာလား"

ရီဂျီမင် ကတော့ သူရဲ့ ကံဆိုးသည့် အဖြစ်အပျက်အတွက် ဝမ်းသာနေသည်။

ကလောင်

တံခါး ပွင့်လာသည်။ အားလုံးလှည့်ကြည့်လိုက်ရင် ပန်းအိုးတစ်လုံး သယ်ပြီး ဝင်လာသည့် ဆွန်းမိုကို တွေ့လိုက်သည်။ အချိန်တစ်ခုလောက် ရုံးခန်း တစ်ခုလုံး တိတ်ဆိတ်သွားသည်။

“အားလုံး မင်္ဂလာပါ။”

ဆွန်းမိုကတော့ ပုံမှန်အတိုင်း နှုတ်ဆက်လိုက်သည်။

“ဆရာဆွန်း။ မင်္ဂလာပါ”

ဒူရှောင်က ပြုံးပြီး ပြန်နှုတ်ဆက်လိုက်သည်။

“ဆရာဆွန်းက နောက်ထပ် ပန်းအိုးတစ်အိုး ပြောင်းလိုက် ပြန်ပြီလား”

ဒူရှောင် သိချင်လာသည်။ ဒီတစ်ပတ်အတွင်း ဆွန်းမိုသည် နေ့တိုင်း ပန်းအိုး တစ်အိုးပြီး တစ်အိုး ပြောင်းပြီး ယူလာတတ်သည်။ ဒါက

ပန်းစိုက်ရတာကို သဘောကျလို့လား။ ဒါမှမဟုတ် ထူးဆန်းသည့် ဝါသနာလား။

"အင်း"

ဆွန်းမိုက သူ့အတန်းရဲ့ သင်ခန်းစာများကို ရေးဆွဲဖို့ ဒီကိုလာခဲ့သည်။ သင်ခန်းစာ အစီအစဉ်များကို နေ့တိုင်း လျှောက်သယ်သွားရတာလည်း ကရိကထ များလွန်းသည်။ ဒါကြောင့်လည်း ရုံးခန်းထဲတွင် ထားခဲ့သည်။ နောက်ပိုင်းရက်တွေကြာလာရင် သူအားလုံးကို မှတ်မိသွားမည်။

ပြီးတာနှင့် ဆွန်းမိုက ပြန်ထွက်သွားသည်။ ရှာယွန် က အခြားတစ်သူများကို တစ်ချက်ကြည့်လိုက်သည်။ ပြီးတာနှင့် အကြာကြီးစောင့်မနေတော့ပဲ ဆွန်းမိုနောက်ကို လိုက်သွားလိုက်သည်။

"ဆရာဆွန်း"

"ဘာ ဖြစ်လို့လဲ"

ဆွန်းမိုလည်း အသက်သုံးဆယ်ကျော် ဆံပင်အတိုနှင့် အစ်မကြီးကို တော်တော်လေး အထင်ကြီးသွားသည်။ သူမသည် ကျွမ်းကျင်သူ

တစ်ယောက်သာမက နွေးထွေးသော နှလုံးသားနှင့် မတရားတာကို မြင်ရင် ရပ်မကြည့်နေ တတ်ပါ။

"ဒီလိုကိစ္စမျိုးကြုံလာရင် အလျှင်စလို မလုပ်တာ အကောင်းဆုံးပဲ။ တကယ်လို့ လိုအပ်ရင်လည်း ကျောင်းအုပ်ကြီး အန်ကို ရှာသင့်တယ်"

ရှာယွန်က နည်းနည်းလောက် ထပ်ပြောချင်သော်လည်း လင်ကျန် ကြားဖြတ်ဝင်လာပြီး

“ ဆရာဆွန်း။ ငါမင်းကို လိုက်ရှာနေတာ။ ကျေးဇူးပြုပြီး ငါနဲ့ ကျောင်းအုပ်ကြီး ရုံးခန်းကို လိုက်ခဲ့ပေးပါ”

လင်ကျန်၏ လေးထောင့် စပ်စပ်မျက်နှာသည် လေးနက်နေပြီး အသံတိုးတိုးလေးနဲ့ ပြောလိုက်သည်။

“ကောင်းပါပြီ”

ဆွန်းမိုသည် ရှာယွန်အား ခေါင်းညိတ်ပြလိုက်ပြီး လင်ကျန်နှင့် အတူတူ လိုက်သွားသည်။ လင်ကျန်က အရှေ့၊ သူက အနောက်က

လိုက်သွားသည်။ လူရှင်းသည့် နေရာကို ရောက်တာနဲ့ လင်ကျန်က

“ မင်းက အခုလောလောဆယ် ထင်ပေါ်နေတယ်။ မင်းဂုဏ်သတင်းတိုးတက်လာဖို့လည်း အခွင့်အရေးကောင်းပဲ။ ဘာဖြစ်လို့ ဒီလို ပြဿနာ ဖြစ်လာတာလဲ”

“ရန်ချိုင်ကို မေးသင့်တယ်”

ဆွန်းမို ကန့်တော်ခမ်းကို မဲ့ပြီး ပြန်ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ငါကတော့ မင်းကို နာမည်ဖျက်နေတယ် ထင်တာပဲ။ မင်းရဲ့ ဉာဏ်ရည်ဉာဏ်သွေးအရ သူတို့ ထောင်ချောက်ထဲ မရောက်သွားဘူး မှတ်လား။ အမှန်တိုင်းပြောရရင် မင်းက မာနကြီးပြီး ကိုယ့်ကိုယ်ကို ယုံကြည်ချက်လည်းရှိတယ်။ မင်းလို ဘယ်သူမှ မလုပ်နိုင်ဘူးလို့တောင် ထင်တယ်။ မင်းရဲ့ နတ်ဘုရားလက်က တကယ် အထင်ကြီးဖို့ ကောင်းတယ်ဆိုတာလည်း ဝန်ခံတယ်။ ဒါပေမယ့် မင်း လူမှုရေး လှည့်ကွက်တွေ မသိရင် နောက်ပိုင်း ကြီးကြီးမားမား ကျဆင်းသွားနိုင်တယ်”

လင်ကျန်က စေတနာထားပြီး အလေးအနက် ပြောနေသည်။

"အမ်"

ဆွန်းမိုလည်း အရမ်း အံ့အောသင့်သွားသည်။ အခုက ဘယ်လေတွေ တိုက်နေတာလဲ။ လင်ကျန်က ချန်လုံ ကိစ္စနှင့်ပက်သက်ပြီး ဆွန်းမို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့တာကို တကယ်ပဲ မေ့ထားနိုင်တာလား။ သူ့ရဲ့စကားကြောင့်လည်း ဆွန်းမိုအပေါ်တွင် အမြင့်ကြီး မှန်းထားမှန်း သိသာသည်။

“မင်းစိတ်ထဲမှာ ဘယ်လိုမြင်လဲ”

လင်ကျန် နားမလည်နိုင် ဖြစ်သွားသည်။

“သက်သေမရှိဘူး။ ဒါပေမယ့် ငါ့မှာ အပြစ်မရှိဘူးဆို ယုံလား”

ဆွန်းမိုက သိချင်လို့ မေးလိုက်သည်။

“ရန်ချိုင်က လူသားတွေအတွက် ချီးထုတ်ပါကွာ”

လင်ကျန်၏ စကားလုံးက တိုတိုနှင့် အဓိပ္ပာယ် ကျယ်ပြန့်သည်။ သူက လူတိုင်းနှင့် လိုက်လျောညီထွေသည့် သူဖြစ်သည်။ မတူညီသည့်

ကိစ္စများကို မတူညီသည့် ရှုထောင့်က ကြည့်တတ်သည့် ပရိုဖက်ရှင်နယ် စိတ်ထားမျိုးရှိသည်။ ဆွန်းမိုကို သူ မကြိုက်သော်လည်း မမုန်းပါ။

"သူက လူယုတ်မာမှန်းသိနေရင် ဘာလို့ အလုပ်မထုတ်သေးတာလဲ"

ဆွန်းမိုက ဆက်မေးသည်။

"ဆရာဆွန်း ၊ မင်းက သူတော်စင် ဒါမှမဟုတ် ဧကရာဇ်တစ်ယောက် ဖြစ်နေရင်တောင် မင်းစိတ်ထဲရှိတဲ့အတိုင်း အရာအားလုံးကို လုပ်လို့

မရဘူး။ သူတော်စင်နှင့် ကေရာဇ်တွေတောင် သူတို့ ပစ်မှတ်ရဲ့ ပတ်ဝန်းကျင်ကို ထည့်တွက်ရတယ်။ ကျောင်းအုပ်ကြီး အန်က ရန်ချိုင်ကို အလုပ်ထုတ်ပစ်ချင်တယ်။ ဒါပေမယ့် ရန်ချိုင်ကို ကျောထောက်နောက်ခံပေးထားတာက ကျန်ဟာန်ဖူပဲ”

လင်ကျန်က ဒါကိုလည်း မဖုံးကွယ်ထားပါ။

ဗဟိုပြည်နယ်အကယ်ဒမီတွင် အာဏာ သုံးရပ်ရှိနေသည်။ သူမ ဘာပဲလုပ်ချင်ချင် ပြန်ချိန်နေရသည်။

ဆွန်းမိုအတွက်တော့ မထူးဆန်းတော့ပါ။ အရင်ကလည်း သမိုင်းကြောင်းတွေ အများကြီး ဖတ်ဖူးသည်။ ဥပမာ ဝမ်ပေါင် အာဏာသိမ်းမှု၊ အန်အာရှီ ဥပဒေ ပြောင်းလဲခြင်း၊ ကျုံဇီချန် အစိုးရအသစ်။ သူတို့အားလုံးသည် နာမည်ကြီး ပုဂ္ဂိုလ်များ ဖြစ်ပေမယ့် ဘယ်လို အဆုံးသတ်ခဲ့လဲ။ အားလုံး အတိုက်အခံတွေကြောင့် ကျရှုံးခဲ့ရသည်။

အပြောင်းအလဲတိုင်းကို အကျိုးအမြတ် လိုချင်သည့် လူတစ်ခုကတော့ ပိတ်ပင်နေတတ်ကြသည်။

ကျန်ဟန်ဖူ၏ ချမ်းသာမှုနှင့် အာဏာကြောင့် လင်ကျန် စိတ်မယိုင်ခဲ့ပါ။ သူ၏ ဖြောင့်မတ်သော စိတ်ဓါတ်ကြောင့် ဖြစ်သည်။

ကျောင်းအုပ်ကြီး ရုံးခန်းကို ရောက်လာကြသည်။

လင်ကျန်သည် ဆွန်းမိုကို ကူကယ်ရာမဲ့ တစ်ချက်ကြည့်လိုက်ပြီးမှ တံခါးဖွင့်လိုက်သည်။

ဆွန်းမိုကို မကြိုက်သော်လည်း ဒီကောင့်တွင် နတ်ဘုရားလက် ရှိနေသည်။ ချင်လင်တစ်ဝိုက်တွင် သူကျော်ကြားနေသ၍ သူက ကျောင်းသားအသစ် အများကြီး ကို ဆွဲဆောင်နိုင်သည်။ အခုတော့ ဆွန်းမိုက ကျော်ကြားသည့် အဆင့်တောင်မရောက်သေးပဲ အဝေးကို မောင်းထုတ်ခံရတော့မည်။

ဒီတစ်ကြိမ်တော့ ရန်ချိုင် သေချာအောင် ပြင်ဆင်လာခဲ့သည်။ ဆွန်းမို အဆုံးသတ်သွားတာတောင် ဖြစ်နိုင်သည်။

ဆွန်းမိုက ကျောင်းအုပ်ကြီး ရုံးခန်းထဲကို လျှောက်ဝင်လာသည်။ ကျောင်းခေါင်းဆောင် ခြောက်ယောက်ကို မြင်လိုက်ရသည်။ လရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည့် လူလတ်ပိုင်း အမျိုးသားကြီးက အထင်ရှားဆုံး ဖြစ်နေသည်။ သူက မုတ်ဆိတ် အရှည်နှင့် ဆံပင်ရှည်ကို ကျောက်စိမ်းကြိုး ချည်နှောင်ထားသည်။ သူ့လှုပ်ရှားမှုတိုင်းသည် ပညာတတ်တစ်ယောက်၏ အငွေ့အသက် ဖြစ်ပေါ်နေသည်။

သူက ဝမ်ဆုကလွဲရင် တခြားသူ မဟုတ်ပါဘူး။ ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ဖြစ်သလို ကျောင်းရဲ့ ဆရာကြီးတွေထဲက တစ်ယောက် ဖြစ်သည်။

သူ့ရဲ့ အဖွဲ့ထဲက ဆရာများသည် ကျန်ဟန်ဖူ အဖွဲ့ကလို တွေ့သမျှ စုဆောင်းထားသည့် ကြောင်ချီး၊ ဆန်ကုန်မြေလေး၊ လူယုတ်မာများ မဟုတ်ပါ။

ဒါပေမယ့် အဲဒီဆရာများသည် ချမ်းသာမှုနှင့် အာဏာနောက်လိုက်တာ မဟုတ်ပဲ အနန်ရှိဝေက

ကျောင်းကို ကောင်းကောင်း မအုပ်ချုပ်နိုင်ဘူး ယူဆလို့သာဖြစ်သည်။ ဒါကြောင့်လည်း ဝမ်ဆုကို ထောက်ခံခဲ့ကြသည်။ ခုနက ပုဂ္ဂိုလ်များအပြင် နောက်ထပ်လူနှစ်ယောက်လည်း ထိုင်နေကြသည်။ တစ်ယောက် က အင်ဘိုင်ဝူ ဖြစ်ပြီး နောက်တစ်ယောကက် သူမအဖေ လောင်းကစားစွဲနေပြီး ခြေထောက်မသန်သည့် အင်တိုင် ဖြစ်သည်။

ရန်ချိုင်က တစ်ကိုယ်လုံးပတ်တီးအပြည့်နှင့် ထိုင်ခုံပေါ် ထိုင်နေပြီး ညည်းတွားနေသည်။

ဆွန်းမို ဝင်လာတာကို မြင်လိုက်ရင် သူ့မျက်လုံးတွေက ကောက်ကျစ်ပြီး နာကြည်းမုန်းတီးမှုတွေနှင့် တောက်ပလာသည်။ ပြီးတော့ အင်တိုင်ကို တစ်ချက်ကြည့်လိုက်သည်။

" ဒီခွေးမသားပဲ"

ဆွန်းမိုက ပစ်မှတ်ဖြစ်ကြောင်း သိလိုက်ပြီးနောက် အင်တိုင်သည် ချက်ခြင်းပြေးလာပြီး အော်ဟစ်လိုက်သည်။

"ဒါဆို မင်းက ငါ့သမီးကို မုဒိမ်းကျင့်တဲ့ လူယုတ်မာပေါ့။ ငါမင်းကို ရိုက်မယ်"

စာစဉ် (၁၀)

အခန်း (၁၃၇) - နာမည်ကြီး ဆရာ။

အင်တိုင်က ဒေါသတကြီး အော်ဟစ်ပြောဆိုသည်။ လက်တစ်ဖက်က ဆွန်းမို အင်္ကျီ ကော်လံကို လှမ်းဆွဲပြီးနောက်တစ်ဖက်က ဆွန်းမို ဆံပင်ကို ဆွဲလိုက်သည်။ ဒါကလည်း ရန်ချိုင်က သူ့ကို ဒီလိုလုပ်ဖို့ မှာထားသည်။ သူက ဆွန်းမို အရှက်လုံးဝကွဲသွားအောင် လုပ်ရမည်။

ဆွန်းမိုလည်း မျက်မှောင် ကြုတ်သွားသည်။ သူကဒီကောင့်ကို ရပ်သွားအောင် လုပ်ဖို့ လုပ်လိုက်သည့်အခါတွင် ကျယ်လောင်သည့် အသံနှစ်ခု ထွက်လာသည်။

"ရပ်စမ်း"

ဝမ်ဆုအသံသည် မကျယ်ပါ။ ဒါပေမယ့် ဩဇာတိက္ကမနှင့် ပြည့်စုံသည်။

သူ့အတွက် ကျောင်း၏ ဂုဏ်သိက္ခာသည် အရမ်းအရေးကြီးသည်။ ဆရာတစ်ယောက်ကို အရှက်ခွဲတာက ကျောင်းရဲ့ ဂုဏ်သိက္ခာကို

ချုနင်းလိုက်တာနှင့် အတူတူပဲ ဖြစ်သည်။ တကယ်လို့ ဆွန်းမိုက အမှားလုပ်မိရင်တောင် ကျောင်းက ဆုံးဖြတ်ချက်မချခင် စုံစမ်းစစ်ဆေးရအုံးမည်။ အပြင်လူများကိုလည်း ဆွန်းမိုအား အရှက်ခွဲခွင့် မပေးနိုင်ပါ။

အန်ရှီဝေက တည်ကြည်လေးနက်သည့် အမူအရာနဲ့ မတ်တပ်ရပ်လိုက်သည်။ ဆွန်းမို၏ ကိုယ်ကျင့်တရားကို ယုံသည်။ ဒါကြောင့် သူ့အား လူရမ်းကားက ဒီလိုမျိုး လုပ်နေတာ လုံးဝ လက်မခံနိုင်ပါ။

ဒီလူရမ်းကားက ဆွန်းမိုကို ဒဏ်ရာရအောင် မလုပ်နိုင်တာလည်း သိသည်။ ဒီလိုမျိုး အလုပ်ခံရပါက ခွေးကိုက်ခံရ သလို ဖြစ်သွားမည်။ ဒဏ်ရာမရနိုင်သော်လည်း ဒီလိုမျိုး ကြုံတွေ့လိုက်ရပါက နှစ်ပတ်ကျော်လောက် ရွံရှာ စိတ်ပျက် သွားနိုင်သည်။

အင်တိုင်သည် လူ့အသိုင်းအဝိုင်း၏ အဆင့်အတန်း အနိမ့်ဆုံး စရိုက်နှင့် လူဖြစ်သည်။ ကြယ်သုံးပွင့်မြတ်ဆရာနှင့် ကြယ်လေးပွင့် မြတ်ဆရာများက တန်ဖိုးဖြတ်မရသော အကြံပြုချက်

မြတ်ဆရာအရှိန်အဝါကို မသုံးခဲ့သော်လည်း စိမ့်ထွက်လာသော အရှိန်အဝါများက အင်တိုင်ကို အလိုလို အနေကျုံ့သွားစေသည်။

ဆွန်းမိုလည်း ဒီအခွင့်အရေးကို အသုံးချကာ ခြေနှစ်လှမ်း ဆုတ်လိုက်သည်။ အင်တိုင် မျက်လုံးများက ရွှေ့သွားပြီး ရန်ချိုင်ကို တစ်ချက်ကြည့်လိုက်သည်။

ရန်ချိုင်က မမြင်ချင် ဟန်ဆောင်လိုက်သည်။ ဘယ်လိုဟာသလဲ။ အန်ရှီဝေနှင့် ဝမ်ဆုက ငတုံးမဟုတ်သည့် အချက်ကို ဖယ်ထားလိုက်အုံး

အခြားကျောင်းခေါင်းဆောင် တွေရှိနေသေးသည်။ အားလုံးက ရန်ချိုင်ကို စိုက်ကြည့်နေကြသည်။ တကယ်လို့ ရန်ချိုင်က အမှုအရာနှင့် ဆက်သွယ်လိုက်ရင် သူတို့ တွေ့သွားမည်။

အင်တိုင်သည် လူပျင်းဖြင်း တစ်ယောက်သာ ဖြစ်သည်။ လောင်းကစားအကြွေးကြောင့် ခြေတစ်ဖက် ပျက်ဆီးသွားပြီးကတည်းက လုံးဝကို လူရမ်းကား တစ်ယောက် ဖြစ်လာခဲ့သည်။ ရန်ချိုင် ပေးထားသည့် ကတိကိုစဉ်းစားရင်း

အံ့ကြိတ်ကာ ရဲရဲတင်းတင်း အော်ဟစ်ပြောဆိုလိုက်သည်။

"ဗဟိုပြည်နယ်အကယ်ဒမီက နာမည်ကြီးကျောင်းဖြစ်ပြီး နာမည်ကျော်ကျောင်းကိုးခုရဲ့ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်တယ်။ ဘာမှားလို့လဲ။ အခု မင်းတို့တွေက မုဒိမ်းကောင်ကို ဘယ်လောက်အတိုင်းအတာအထိ အကာအကွယ် ပေးနေမှာလဲ"

အင်တိုင်က မေးခွန်းထုတ်လိုက်သည်။ အရင်ကတော့ ဝမ်ဆုကို ကြည့်နေခဲ့သည်။

တစ်ဖက်လူ၏ အကြည့်စူးစူးများအောက်မှာ အနေကျုံ့ပြီး အန်ရှီဝေ ဖက်ကို ချက်ခြင်း လှည့်ကြည့်လိုက်သည်။

"ဆွန်းမိုကို စစ်ဆေးလိုက်လို့ အပြစ်ရှိကြောင်း တွေ့ခဲ့ရင် သူ့ကို ပြင်းပြင်းထန်ထန် အပြစ်ပေးမယ်" အန်ရှီဝေက အင်တိုင်ကို ကြည့်ရင်းပြောလိုက်သည်။

"ဒါပေမယ့်.... မင်းက ဆရာတစ်ယောက်ကို နာမည်ပျက်အောင် လိမ်ပြောနေတဲ့ သက်သေတွေ့ရင်

နာမည်ကြီးကျောင်းရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် စော်ကားတဲ့ အကြွေးက သွေးစိမ်းရှင်ရှင် ဘယ်လိုထွက်သွားမယ်ဆိုတာ မင်းရှင်းရှင်းလင်းလင်း သိသွားလိမ့်မယ်”

အန်ရှီဝေ၏ ပြင်းထန်သော သတိပေးချက်ကို ကြားလိုက်ရင် အင်တိုင်လည်း ကြောက်လန့်သွားပြီး ဆံပင်တွေတောင် ထောင်တက်သွားသည်။ နည်းနည်းလည်း တုန်ရင်နေသည်။ ပြီးတော့ သူက ချင်လင်တွင် ဆယ်နှစ်ကျော်လောက် နေထိုင်ခဲ့သူဖြစ်သည်။ ဘာကြောင့်

ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဒဏ္ဍာရီ ပုံပြင်ကိုမသိရမှာလည်း။

"ကျောင်းအုပ်ကြီး အန်။ မင်းက တစ်ကယ်ကို ဟိတ်ဟန်ကောင်းတာပဲ။ သူက အမှန်တရားကို လိုချင်လို့လာတဲ့ သာမန် ပြည်သူ တစ်ယောက်ပါပဲ။ ဘာကြောင့် သူ့ကို ကြောက်သွားအောင် ခြိမ်းခြောက်နေတာလည်း"

ကျန်ဟန်ဖူက ပြောပြီး အန်ရှီဝေကို ဝေဖန်လိုက်သည်။

"ငါက ငါတို့ကျောင်းရဲ့ ကျော်ကြားမှုနှင့် ဂုဏ်သိက္ခာကို ဘယ်သူမှ စော်ကားလို့မရဘူးဆိုတဲ့ အမှန်တရားကို မေ့သွားစိုးလို့ ကြေငြာတာ"

အန်ရှီဝေလည်း ကျန်ဟန်ဖူကို စိုက်ကြည့်ရင်း တော်တော်မုန်းတီးသွားသည်။ (မင်းက မကောင်းတဲ့ နည်းလမ်း အမျိုးမျိုးကို သုံးနိုင်ပေမယ့် ဘာကြောင့် ဒီလောက် ယုတ်ညံ့တဲ့ နည်းကို သုံးရတာလည်း)

တစ်ကယ်လို့ နောက်ဆုံးမှာ ဆွန်းမိုကို နှင်ထုတ်နိုင်ပြီး ကောလဟာလ ပြန့်သွားပါက ကျောင်းရဲ့ ဂုဏ်သိက္ခာလည်း အဆုံးသတ် သွားမည်။

ဆရာတစ်ယောက်က မုဒိမ်းကျင့်ခဲ့တဲ့ကျောင်းကို ဘယ်ကျောင်းသားက လာတက်ချင်တော့မှာလည်း။

ကျန်ဟန်ဖူ မျက်မှောင် ကြုတ်သွားသည်။ သူလည်းဒီကျောင်းတွင် အနှစ်သုံးဆယ်ကျော် လုပ်လာခဲ့သောကြောင့် ကျောင်းရဲ့ ဂုဏ်သိက္ခာကို အကြိမ်ကြိမ် ကာကွယ်ခဲ့ဖူးသည်။

ရန်ချိုင် ဒီကိစ္စကို ပြောပြခဲ့တုန်းက သူလည်း ချက်ခြင်းကို ထိန်းမနိုင်သိမ်းမရ ဒေါသထွက်ခဲ့သည်။ ဒါပေမယ့်လည်းအဖြစ်အပျက်တွေက အကုန်ဖြစ်ပြီးနေပြီ။ ရန်ချိုင်ကို ဆူပူ

ကြိမ်းမောင်းနေလည်း ဘာအသုံးဝင်တော့မှာလည်း။ အစီအစဉ်အတိုင်းပဲ ရှေ့ဆက်ကာ အကြီးအမားဆုံး အကျိုးအမြတ်ရအောင် အကောင်းဆုံး လုပ်ခဲ့ရသည်။

ဒါကိုတွေးရင်း ကျန်ဟန်ဖူက အင်ဘိုင်ဝူကို လှည့်ကြည့်လိုက်သည်။

"မင်းတစ်ခုခု ပြောသင့်တယ်။ ဘယ်သူက မင်းကို မုဒိမ်းကျင့်ခဲ့တာလဲ"

ကျောင်းခေါင်းဆောင် အားလုံးလည်း အင်ဘိုင်ဝူကို လှည့်ကြည့်ကြသည်။

ခုနတုန်းကတော့ ဒီထိုင်ခုံပေါ်မှာ ထိုင်နေသည့် မိန်းကလေးကို လူတိုင်း မေ့နေကြသည်။ သူမလည်းမေးခွန်းကို ကြားပြီးနောက် ဆွန်းမိုကို တစ်ချက်ကြည့်ပြီး ခေါင်း ပြန်ငုံ့လိုက်သည်။

ရုံးခန်းထဲ လေထု အခြေအနေက စိတ်ဖိစီးနေပြီး လူတိုင်းလည်း အနေရခက်နေသည်။

"မြန်မြန် ပြောစမ်း" ကျန်ဟန်ဖူက ဒေါသနှင့် ပြောလိုက်သည်။

"ဟေ့ သူမက ၁၃နှစ်အရွယ် မိန်းကလေးတစ်ယောက်လေ။ မင်းအပြုအမူကို သတိထားအုံး"

ဆွန်းမိုက မကျေမနပ်နှင့် ကျန်ဟန်ဖူကို ဝေဖန်လိုက်သည်။

ဒီစကားကိုကြားပြီး ဝမ်ဆုလည်း ဆွန်းမိုကို ရုတ်တရက်အံ့အားသင့်စွာ ငေးကြည့်လိုက်သည်။ မကြာခင်ကမှ ထင်ပေါ်လာသည့် ဒီဆရာအသစ်ကို အလေးအနက်ထားပြီး အကဲခတ်လိုက်သည်။ ကိုယ်နေဟန် ဖြောင့်မတ်ပြီး မျက်နှာက

ယောက်ျား ပီသသည်။ ဒီလိုမျိုး ကိစ္စနှင့် ကြုံတွေ့နေရတာတောင် ခြောက်ခြားခြင်း ကြောက်လန့်ခြင်း တစ်စက်မရှိပဲ တည်ငြိမ်နေသည်။ မိုးပြာရောင် ဆရာဝတ်ရုံသည် ကြည့်မကောင်းပါ။ ဒါပေမယ့် သူဝတ်လိုက်သည့်အခါ တမူထူးခြားပြီး ကျက်သရေ ရှိနေသည်။

သူ့ရဲ့ သင်ကြားနိုင်စွမ်းကို မေ့ထားလိုက်အုံး သူ့ရဲ့ ပုံစံနှင့် အပြောအဆိုက ဝမ်ဆုကို ခေါင်းတညိတ်ညိတ်ဖြစ်ဖို့ လုံလောက်နေသည်။

ဆရာတစ်ယောက်၏ အသွင်အပြင်က အရေးမကြီးပါ။ သူတို့မှာ အရည်အချင်းရှိရင် လုံလောက်သည်။ တကယ်လို့ ဆရာတစ်ယောက်က ကြည့်ကောင်းပြီး ထူးထူးခြားခြား ချောမောပါက ကျောင်းသားများသည် အလွယ်တစ်ကူ အမြင်ကောင်းနိုင်သည်။ ဒီလိုမျိုးဆရာများက နာမည်ကြီးဆရာများ ဖြစ်လာနိုင်သည်။

နာမည်ကြီးဆရာဆိုတာ ဘာလဲ။

ဒါကလည်း ဝမ်ဆု အကြံ ပြုထားသည့် အယူအဆဖြစ်သည်။ လေ့လာရတာက

အရမ်းပျင်းဖို့ကောင်းသည်။ လူငယ်တွေ သူတို့ကိုယ်သူတို့ မထိန်းချုပ်နိုင်တာ မပြောနှင့် လူကြီးတွေတောင် ပျင်းရိလာနိုင်သည်။

သင်ကြားဖို့ နှိုးဆော်တဲ့ ဆရာတစ်ယောက်က ဘာလုပ်သင့်လဲ။

ပထမဆုံး ရုပ်ရည်ကြည့်ကောင်းမယ်၊ အပြောအဆို ၊ အနေအထိုင် ၊အရည်အချင်းရှိတဲ့ ဆရာငယ်တစ်ယောက်ကို ရွေးချယ်ပြီး နာမည်ကြီး ဆရာတစ်ယောက် ဖြစ်အောင် ပုံဖော်ရမည်။ ပြီးတာနှင့် နာမည်ကြီးဆရာက သူ့ရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကိုယ်ပိုင်ဆွဲဆောင်မှုနှင့် လက်တွေ့လုပ်ဆောင်ချက်ကို အသုံးပြုပြီး ကျောင်းသားတွေကို ဩဇာလွှမ်းမိုးအောင် လုပ်ရမယ်။

တဲ့တိုးပြောရရင် နာမည်ကြီးဆရာက စံပြ တစ်ယောက် ပေါ့။

လူငယ်တော်တော်များများက ကြယ်ပွင့်တွေကို ချစ်မြတ်နိုးကြတယ်။ ဘာကြောင့် ဒီလို ဖြစ်တာလဲ။ သူတို့ ရင်ထဲက စံပြလူလို ဖြစ်ချင်ကြတာလား။

အန်ရှီဝေက နာမည်ကြီး ဆရာတစ်ယောက် ဖြစ်ဖို့ အချက်အလက်တွေနှင့် လုံးဝကို ကိုက်ညီသည်။ သူမကြောင့် ဗဟိုပြည်နယ် အကယ်ဒမီကို သုံးနှစ်အတွင်း ယောကျ်ားလေး ကျောင်းသားတွေ ပိုဝင်လာကြသည်။

အခုသူတို့မှာ ယောကျ်ားလေး နာမည်ကြီးဆရာ ရှားပါးနေသည်။

"အို ဟုတ်ပြီ။ နတ်ဘုရားလက်ရှိတာက ရောင်းကောင်းမယ့် အချက်ပဲ"

ဝမ်ဆု စဉ်းစားချင့်ချိန် နေသည်။

ဒီရက်တွေမှာ အမှောင်တိုက်ကြီးဆီကို သွားနေခဲ့ပြီး မနေ့ကမှ ပြန်ရောက်လာခဲ့သည်။ ပထမတုန်းကတော့ ဆွန်းမိုနှင့် တွေ့ဖို့လုပ်နေ ခဲ့သည်။ ဒီလိုမျိုး ဖြစ်လာမယ်လို့လည်း မထင်ထားပါ။

ဒင်

ဝမ်ဆု၏ လေးစားအထင်ကြီးမှု +၁။ မူလ(၁/၁၀၀)

ဆွန်းမိုက လက်ရှိပြဿနာကို ဘယ်လို ဖြေရှင်းရမလည်းဆိုတာ အကြံထုတ်နေသည်။ ရုတ်တရက် စနစ်ဆီက အကြောင်းကြားသည့်

အသံထွက်လာသည်။ ဆွန်းမို လန့်ခုန်မိ မတတ်ဖြစ်သွားသည်။

"ဘာလဲဟ"

ဆွန်းမိုလည်း ဝမ်ဆုကို လှမ်းကြည့်လိုက်မိသည်။ (မင်းက ကျောင်းမှာ အာဏာရှိတဲ့ ဆရာကြီး မဟုတ်ဘူးလား။ ဘာကြောင့် ငါ့ကို ရုတ်တရက် အထင်ကြီးလာတာလဲဟ)

(မင်းက ငါ့ထက် ကျွန်ဟန်ဖူကို ပိုသတ်ချင်နေတာလား) ဆွန်းမို

လှမ်းကြည့်နေတာကို သတိထားမိပြီး ဝမ်ဆု ခေါင်းညိတ်ပြီး ပြုံးပြလိုက်သည်။

“ငါ....လိုး........”

ဆွန်းမို စအိုတွန့် သွားသည်။(ဒီကောင် ဘာဖြစ်ချင်တာလဲ။ ငါ့ခန္ဓာကိုယ်ကိုတော့ စိတ်ဝင်စားလို့ မရဘူးနော်)

ဆွန်းမိုလည်း ဒီနေရာက ယဉ်ကျေးမှုအကြောင်းကို ပိုလေ့လာပြီးနောက် ဗဟိုပြည်နယ်က နေရာတိုင်းတွင် ဖာသည်များ အမှိုက်လို ပေါများနေတာကို

သိထားသည်။ ဖာတန်းတွင် မိန်းကလေးများ သာမက ယောက်ျားလေးလည်း ရှိသည်။

မျက်နှာတွင် မိတ်ကပ်လိမ်ထားသည့် ထိုယောက်ျားလေးများသည် ပြတင်းပေါက်တွင် ရပ်ပြီး လမ်းပေါ်က လူများကို သူတို့နှင့် လာကစားရန် လက်ဖော့ယမ်း ခေါ်ကြသည်။

ဒီမြင်ကွင်းကို မျက်စိလျှင်သည့် အန်ရှီဝေလည်းမြင်ပြီး နည်းနည်း အံ့အောသွားသည်။ ဝမ်ဆုသည် သူ့ကိုယ်သူ အရမ်းအထင်ကြီးပြီး ဘဝင်မြင့်ကာ

တခြားသူကိုလည်း အထင်သေးတတ်သည်။ ဒါကြောင့်လည်း ဆရာအသစ်များအပေါ်တွင် သူ့သတ်မှတ်ချက် အရမ်းမြင့်လွန်းသည်။

" ဆွန်းမို ငါက ဒုကျောင်းအုပ်ကြီး တစ်ယောက် မင်းရဲ့ အပြုအမူတွေက ပိုလေးစားသင့်တယ်။ မင်းနားလည်အောင် ဘယ်လိုပြောရမလဲ"

ကျန်ဟန်ဖူက စိတ်ဆိုး မာန်ဆိုးပြောလိုက်သည်။

"အား၊ ဒု--ကျောင်းအုပ်ကြီး။ ငါ လန့်လိုက်တာ"

ဆွန်းမိုက မဲ့ရင်း ပြောသည်။ တောက်၊ ဒီခွေးခေါင်းကို ရိုက်ချင်လိုက်တာနော်။

"စကားများနေတာ ရပ်လိုက်တော့။ ရှက်ဖို့ကောင်းတယ်"

ဝမ်ဆုက ကျန်ဟန်ဖူ မျက်နှာကို မျက်မှောင်ကြုတ်ကြည့်ပြီး ပိတ်ပြောလိုက်သည်။ ဒီလူကို တော်တော် ကြည့်မရပါ။ ကျန်ဟန်ဖူသည် အာဏာနှင့် အခွင့်အရေး မက်လား ရသေးတယ်။ ဘယ်လိုပဲပြောပြော ယောက်ျားတိုင်းနီးပါး

အာဏာမက်တာပဲ။ ဒါပေမယ့် ဒီကောင်သုံးသည့် နည်းလမ်းက ယုတ်ညံ့ပြီး အောက်တန်းကျသည်။

"အမ်"

ကျန်ဟန်ဖူ စိတ်ပျက်သွားသည်။ ဆွန်းမို၏ အရည်အချင်းကို နှစ်သက်ကာ စတင်ပြီး သဘောကျနေမှန်း သူသိနေသည်။ ဒါကြောင့် ကျန်ဟန်ဖူသည် စောက်သုံးမကျသည့် ဂေါင်ပန်ကို စတင်ပြီး စိတ်ပျက်လာသည်။

တကယ်လို့ ဂေါင်ပန်က ပထမဆုံး လူထုဟောပြောပွဲတွင် ဆွန်းမိုကိုသာ ဖိနှိပ်နိုင်ခဲ့ရင် ဒီလိုမျိုး ပြဿနာလည်း ဖြစ်လာစရာ မရှိပါ။

"ကျောင်းသားလေး မကြောက်နဲ့ ဘာတွေကြုံခဲ့ရလည်းဆိုတာ ပြောပါ။ ငါမင်းအတွက် တရားမျှတအောင် လုပ်ပေးမယ်"

ဝမ်ဆုက ကြင်နာစွာ မေးလိုက်သည်။

အင်ဘိုင်ဝူက ခေါင်းငုံ့နေပြီး စကားလည်း မပြောပါ။

“အသုံးမကျတဲ့ သမီး။ မင်းကို မြတ်ဆရာတစ်ယောက်က မေးနေတယ်လေ။ ဘာလို့ ဒီလိုလုပ်နေတာလဲ”

အင်တိုင်က သူ့သမီးဘေးနား ရောက်အောင် လျှောက်သွားသည်။ ချက်ခြင်းလက်မြှောက်ပြီး ပါးနှစ်ချက် ရိုက်ချလိုက်သည်။

ဖြောင်း ဖြောင်း

အန်ရှီဝေနှင့် ဆွန်းမိုတို့နှစ်ယောက်စလုံး မျက်နှာ မှုန်ကုတ်လာသည်။

“ ပြောလိုက်.....”

အင်တိုင်က အော်ပြောလိုက်ပြီး လက်မြှောက်ကာ ထပ်ရိုက်မလို့ လုပ်သည်။

ဆွန်းမိုက ကြည့်မနေနိုင်တော့ပဲ ခုန်ထွက်သွားပြီး အင်တိုင် လက်ကို ဖမ်းထားလိုက်သည်။

“စောက်သုံးမကျတဲ့ကောင်ကသာ ကိုယ့်သမီးကို ကိုယ် ကုလားမနိုင်ရခိုင်မဲ့ပြီး ရိုက်တာကွ “

ဆွန်းမိုက အင်တိုင်ကို ကြည့်ပြီး ပြောသည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၃၀ ။ရင်းနှီး (၉၅/၁၀၀)

အင်တိုင်၏ လက်ကောက်ဝတ်ကို ဖမ်းထားရင်း ဆွန်းမိုက တန်ဖိုးဖြတ်မရသည့် အကြံပြုချက် မြွတ်ဆရာအရှိန်အဝါကို သုံးလိုက်သည်။ ရွှေရောင် အလင်းက တောက်ပလာပြီး အင်တိုင်ကို ဖုံးလွှမ်းသွားသည်။ သူ့ စိတ်ထဲကနေ အရမ်းစိတ်မလုံပြီး အပြစ်ရှိသလို ခံစားလာရသည်။

"ငါ....ငါက လူတောင်မဟုတ်ဘူး"

အင်တိုင်က ပြောပြီး သူမျက်နှာကို သူ ရိုက်ချလိုက်သည်။

ဖောင်း

ပါးရိုက်လိုက်သည့် အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ဆွန်းမိုက နှုတ်ခမ်း မဲ့ လိုက်သည်။ တန်ဖိုးဖြတ်မရသည့် အကြံပြုချက်က အရမ်းအားကောင်းသည်။ လူတစ်ယောက်၏ စိတ်အခြေအနေကို လုံးလုံး လွှမ်းမိုးနိုင်သည်။ ဒါက ခဏတစ်ဖြုတ်ဆိုပေမယ့် အရမ်းကို ကြောက်စရာကောင်းနေသည်။

ပုံမှန်အခြေအနေမှာဆိုရင် အင်တိုင်သည် အရှက်မရှိသည့် ဆန်ကုန်မြေလေးတစ်ယောက်

ဖြစ်သည်။ သူ့ဘဝတစ်လျှောက်လုံးလည်း အပြစ်ရှိတယ်လို့ ခံစား ရမှာ မဟုတ်ပါ။

သူ့အဖေ၏ ပုံစံကို မြင်ပြီး အင်ဘိုင်ဝူလည်း အရမ်းအံ့အောသင့်နေသည်။

"အဖေက ငါ့ကို တောင်းပန်နေတာလား"

အင်ဘိုင်ဝူသည် ပါးစပ်အုပ်ပြီး ခန္ဓာကိုယ်ကလည်း အဆက်မပြတ် တုန်နေသည်။ သူမ မငိုမိအောင် ထိန်းနေရသည်။

ဒီစကားကို သူမတစ်ဘဝလုံး မကြားရတော့ဘူး ထင်ထားတာ။ ဒါပေမယ့် အမေ့ကို ပိုပြောသင့်သည်။

အင်ဘိုင်ဝူ စကားတစ်ခွန်းမှ မပြောနိုင်ဘဲ မငိုမိအောင် ထိန်းကြိုးစားနေရတာ မြင်လိုက်ရင် ဆွန်းမိုက သူမ ခေါင်းကို ပုတ်လိုက်သည်။

အင်ဘိုင်ဝူ ခန္ဓာကိုယ် တုန်ယင်နေသည်။ ခေါင်းကို ငုံ့ပြီး ဆွန်းမိုလက်ကို ရှောင်လိုက်သည်။

ဆွန်းမိုက သိပ်မတွေးနေပါ။ ဒီကောင်မလေး စိတ်ဆိုးနေလို့ ထင်ထားခဲ့ပေမယ့် စနစ်ဆီက ကြောင်းကြားချက် ထွက်လာသည်။

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၃၀ ။မှုလ(၆၀/၁၀၀)

ဆွန်းမို၏ တန်ဖိုးဖြတ်မရသော အကြံပြုချက် မြတ်ဆရာအရှိန်အဝါကြောင့် ရုံးခန်းထဲက လေထုအခြေအနေလည်း ပြောင်းသွားသည်။

အခုအချိန်တွင် မိဘနှင့် သားသမီးကြားက ချစ်ခြင်းမေတ္တာများသာ ထင်ဟပ်နေသည်။

ရန်ချိုင်သည် တိုးတက်နေသည့် အခြေအနေကို မြင်ပြီး ကြက်သေသေနေသည်။ (တစ်ခုခုတော့ မှားနေပြီ။ ဆွန်းမိုကို နာမည်ပျက်အောင် လုပ်ခိုင်းတာလေ။ ဘာကြောင့် ဝမ်းနည်းပန်းနည်း လုပ်နေတာလဲ)

ဒါကြောင့် သူအော်ပြောလိုက်သည်။

“ အင်တိုင်။ မင်း သမီးကို ချစ်တယ်ဆိုရင် သူ့အတွက် တရား မျှတမှုရှာပေးလေ”

ရန်ချိုင်က သူ့ဘက်မှာပဲ တရားမျှတမှု ရှိသလို အော်လိုက်သည်။

ဆွန်းမိုသည် ရန်ချိုင်ကို ကြည့်ရင်း ရှုံ့ရှာပြီး ပျို့အန်ချင်လာသည်။ ဒီကောင်ကတော့ အရှက်မဲ့တဲ့နေရာမှာ ပြိုင်ဘက်ကင်းပဲ။

ဒီနေ့မှ ဒီကောင့်ကို တစ်စစီ မလုပ်ရရင် ဒေါသကြောင့် အိပ်လို့တောင် ရမှာ မဟုတ်ဘူး။

စာစဉ် (၁၀)

အခန်း (၁၃၈) - သံလက်သီး ပြစ်ဒဏ်။

"ဆွန်းမို မင်း အပြစ်ရှိတယ်ဆိုတာ ဝန်ခံလား။" ရန်ချိုင်က အော်ပြောသည်။

"ဆရာတစ်ယောက်ဖြစ်ပြီး မိန်းကလေးကို ကြံစည်တာ မင်းမရှက်ဘူးလား"

ဆွန်းမိုကတော့ အေးအေးဆေးဆေးပဲ။ အင်ဘိုင်ဝူ ဘေးမှာတောင် ထိုင်နေသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ဟန်ဖူက မျက်ခုံးပင့်ပြီး နဖူးတောင် တွန့်သွားသည်။ သူတိုစီစဉ်ထားသည့် ဗျူဟာကွက်များ အစီအစဉ်အတိုင်း မဖြစ်ခဲ့ရင် ဆွန်းမိုကို ကိုင်တွယ်ဖို့ ခဲရင်းသွားနိုင်သည်။ ပြီးတော့ မြတ်ဆရာအရှိန်အဝါကိုလည်း အချိန်ကိုက် သုံးသွားသည်။

အား။ ဘာကြောင့် အထင်ကြီးဖို့ကောင်းတဲ့ဆရာက အန်ရှီဝေ ခင်ပွန်းလောင်း ဖြစ်နေရတာလဲ။

ကျန်ဟန်ဖူက ဆွန်းမိုအား ဖျက်ဆီးရမှာ ရုတ်တရုတ် နှမြောလာသည်။ ဒါပေမယ့် ဗဟိုပြည်နယ်အကယ်ဒမီတွင် သူ့လမ်းကို လာပိတ်တဲ့သူတိုင်း သေရမည်။

“ပြောစမ်း။ ဘာကြောက်နေတာလဲ။ မင်း ဝန်ခံဖို့ သတ္တိမရှိဘူးလား”

ရန်ချိုင် က ဆွန်းမိုကို အလေးသုံးဆယ် တိုက်တွန်းနေသည်။

ဒါပေမယ့် ဆွန်းမို ဘာမှလုပ်စရာ မလိုလိုက်ပါ။ နှုတ်ဆိတ်နေသည့် အင်ဘိုင်ဝူက ထရပ်ပြီး ရန်ချိုင်ရှေ့တွင် ပိတ်ရပ်လိုက်သည်။

ဒီအနေအထားကိုကြည့်လိုက်ရုံဖြင့် သူမစိတ်ထဲတွင် ရန်ချိုင်ကြောင့် ဆွန်းမိုကို မထိခိုက်စေချင်တာ သိသာနေသည်။

"အမ်"

ဒီမြင်ကွင်းကို မြင်လိုက်ပြီး လူတိုင်း အံ့အောသင့်သွားသည်။ ဆွန်းမို အမှုဆင်ခံရတယ်လို့ တွေးမိသွားကြသည်။

ဆွန်မိုက သူအပြစ်ကင်းကြောင်း ဘယ်လို သက်သေပြမလဲလို့ လူတိုင်းတွေးနေသည့်အချိန်တွင် ဒီကောင်မလေးက ဆွန်းမို အတွက် ရပ်တည်လိုက်သည်။

ဆွန်းမိုကို ကာကွယ်ပေးချင်တာလည်း သိသာနေသည်။

“အသုံးမကျတဲ့သမီး။ မင်းဘာလုပ်ဖို့ ကြိုးစားနေတာလဲ၊ အမှိုက်မ”

အင်တိုင်က လက်မြှောက်ပြီး အင်ဘိုင်ဝူကို ပါး ရိုက်ချလိုက်သည်။ ပြီးတော့

ဆွန်းမိုကို လက်ညှိုးထိုးပြီး ဆက်လက်ကြိမ်းမောင်းသည်။

"လူယုတ်မာ။ မင်းကလုပ်ပြီး ဝန်မခံဘူးလား။ မင်းယောကျ်ားရော ဟုတ်ရဲ့လား"

"တော်သင့်ပြီ"

အင်ဘိုင်ဝူက အင်တိုင်ကို ပြန်ကြည့်ပြီး အော်လိုက်သည်။ သူမ၏ အသံက ပြာနေပြီး အကူညီမဲ့ခြင်း၊ အရှက်ရခြင်းများ ပြည့်နေသည်။

"အဖေ။ ကျေးဇူးပြုပြီး ဒီလောက်နဲ့ ပြန်ပါတော့"

"အမ်"

အင်တိုင်က လန့်ပြီးခုန်မိသွားသည်။ ဘယ်လောက်ပဲ ပြင်းထန်အောင် အရိုက်ခံနေရပါစေ ငယ်ငယ်ကတည်းက အခုအချိန်အထိ ပြန်မပြောရဲခဲ့ပါ။ ဒါကြောင့်လည်း သူမအော်သံကို ကြားလိုက်ရင် လန့်ဖြတ်သွားသည်။

ခဏကြာတော့ ရုက်ပြီး ဒေါသထွက်လာသည်။

သူတို့သည် ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းခေါင်းဆောင်များနှင့် မြတ်ဆရာများ

အရှေ့ကို ရောက်နေကြသည်။ ဒါတောင်သူက သမီးပြန်အောင်တာကို ခံလိုက်ရသည်။

အင်တိုင်သည် လုံးဝမရှက်ဘဲ မနေနိုင်ပါ။ အရှက်တရားက ပေါက်ကွဲလာပြီး ဆင်ခြင်တုံတရားလည်း ပျောက်သွားသည်။ အခုအချိန်တွင် သူသည် ခြေထောက်ကျိုးနေသည့် တောခွေးတစ်ကောင်နှင့် တူနေသည်။

"မင်းဘာလုပ်တာလဲ။ အာခံချင်တာလား"

အင်တိုင်က အင်ဘိုင်ဝူ မျက်နှာကို ဖြတ်ရိုက်လိုက်သည်။ အရမ်းအားပြင်းတာကြောင့်

ပါးစပ်ထောင့်က ကွဲထွက်ပြီးသွေးများ စီးကျလာသည်။

အင်ဘိုင်ဝူက နာကျင်သော်လည်း မငိုပါ။ သူမက သူမအဖေကို ဒီအတိုင်းသာပြန်ကြည့်ရင်း အလေးအနက်ထားပြီး ဖြောင်းဖြနေသည်။

"အဖေ၊ ငါတို့ ပြန်ရအောင်"

ဆွန်းမိုက သူမကို ကယ်တင်ခဲ့သည်။ သူ့ကိုချောက်ချလိုက်ရင် သူမက တိရစ္ဆာန်နှင့် ဘာကွာတော့မှာလဲ။ သူမဘဝက ခွေးတစ်ကောင်လို

စုတ်ပျက်ချင် စုတ်ပျက်နေမယ် ဒါပေမယ့် တိရစ္ဆာန်တော့ မဟုတ်ဘူး။

"မင်းက ဒီလို ပြောရဲသေးတာလား"

အင်တိုင်က ခြေထောက်နှင့် အင်ဘိုင်ဝူ ဗိုက်ကို ကန်လိုက်သည့်အခါ သူမ လဲကျသွားသည်။

ပိန်ညှောင်နေသည့် အင်ဘိုင်ဝူက ဘယ်လို ခံနိုင်မှာလဲ။ သူမသည် ဘောလုံးတစ်လုံးလို ကွေးကောက်နေပြီး ဗိုက်ကို ဖိထားသည်။ နာကျင်လွန်းတာကြောင့် အော်ဟစ်နေသည်။

"ရပ်လိုက်စမ်း"

အန်ရှီဝေက တားမြစ်လိုက်သည်။ သူမဆက်ပြီး ရပ်မကြည့်နိုင်တော့ပါ။ သူမက ရုံးစားပွဲကို ပတ်လာပြီး တားလိုက်သည်။

ဒီစောက်သုံးမကျသော ယောက်ျားသည် အိမ်ထောင်ဦးစီးဖြစ်ကာ ငွေလည်း မရှာနိုင် မိသားစုကို မထောက်ပံ့ပေးနိုင်။ လူ့အသိုင်းအဝိုင်းတွင် အောက်တန်းစားအဆင့် ဖြစ်နေပြီး အိမ်ပြန်ရောက်တိုင်း မိန်းမနှင့် သမီးအပေါ်ကိုသာ ဒေါသပုံချသူဖြစ်နိုင်သည်။

ဒါပေမယ့် ဆွန်းမို၏ လှုပ်ရှားမှုက အန်ရှီဝေထက် ပိုမြန်နေသည်။ ကျောင်းသား၏ အဖေကို မထိနဲ့ မထိနဲ့ဆိုပြီး ပြောရင်း ရေရွတ်နေခဲ့သည်။ ဒါပေမယ့် အခုတော့ ဘယ်လိုမှ သည်းမခံနိုင်တော့ပါ။

ဒီကောင် အင်တိုင် တကယ်ကို ဆန်ကုန်မြေလေး။

ဆွန်းမိုသည် ထိုင်ခုံက ခုန်ဆင်းလာပြီး ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားခဲ့သည်။

ပြီးတာနှင့် လက်ကို မြှောက်ပြီး ပါးရိုက်ချလိုက်သည်။

ဖောင်း ဖောင်း ဖောင်း

ပါးရိုက်နေသည့်အသံများ အဆက်မပြတ်ထွက်နေသည်။

"ဆွန်းမို၊ မင်းဘာလုပ်နေတာလဲ။ မင်ရှက်ရမ်းရမ်းပြီး ရိုက်နေတာလား"

ရန်ချိုင်က အော်ပြောနေသည်။

" ဘယ်သူမှ မတားကြဘူးလား"

ကျောင်းခေါင်းဆောင်များလည်း လူသားများသာ ဖြစ်သည်။ အင်တိုင်က အားနည်းသည့် မိန်ကလေးကို ဒီလို ဆက်ဆံတာမြင်ပြီး မကျေမနပ် ဖြစ်နေကြသည်။ ဒါပေမယ့် သူတို့ ဆရာများဖြစ်နေကြသောကြောင့် လိုက်နာရမည့် ကျင့်ဝတ်များ ရှိနေသည်။

တကယ်လို့ ဒီသတင်းသာ ပျံ့နှံ့သွားရင် သာမန်လူတစ်ယောက်သာ ဖြစ်သည့် ကျောင်းသားမိဘကို အနိုင်ကျင့်သလို ဖြစ်သွားမည်။ သူတို့ရဲ့ ဂုဏ်သိက္ခာလည်း ထိခိုက်သွားမည်။

ဒါ့အပြင် အခြားအဖွဲ့က သူတော်စင်ဂိတ်ကို သွားပြီးတိုင်လိုက်ပါ က သူတို့ကို စစ်ဆေးလာလိမ့်မည်။ ပွင့်ပွင့်လင်းလင်း ပြောရရင် အရမ်း စိတ်အနှောက်အယှက် ဖြစ်ရမည်။

ဒါပေမယ့် ဆွန်းမိုကတော့ ဂရုမစိုက်ပါ။

သူ၏ ပါးရိုက်မှုအောက်တွင် အင်တိုင် အလုံးအလဲ ပါးရိုက်ခံနေရသည်။ သွားတွေလည်း ကျိုးပြီး ပါးစပ်က သွေးနှင့် သွားတွေ ရောပြီး ထွက်ကျလာသည်။ မျက်နှာလည်း သိသိသာသာ

ရောင်လာသည်။ ကြည့်ရတာကို ကြောက်ဖို့ကောင်းသည်။

"ကောင်းပြီ။ သူ့ကို ဆက်ရိုက်။ ပြီးတာနဲ့ ငါ အင်တိုင်ကို သူတော်စင်ဂိတ်ခေါ်သွားပြီး မင်းကိုတိုင်မယ်။ ဆရာထပ်လုပ်ဖို့ စဉ်းတောင်မစားနဲ့'

ရန်ချိုင်က မျက်နှာ မဲ့ရွဲ့ပြီး ပြောလိုက်သည်။ ဒါကြောင့်လည်း လူငယ်တွေက စိတ်ခံစားချက်ကို ကောင်းကောင်း မထိန်းချုပ်နိုင်ဘူး ပြောကြတာပေါ့။ ပုရွတ်ဆိတ်သာသာ အင်တိုင်လို လူက

မြတ်ဆရာကိုတော့ မစော်ကားရဲပါ။ ဒါပေမယ့် သူ့နောက်မှာ အဓိက ပုဂ္ဂိုလ်က ရပ်တည်ပေးလိုက်ရင် ထက်မြတဲ့ ဓါးတစ်ချောင်းတော့ ဖြစ်သွားမယ်။ မှန်မှန်ကန်ကန် သုံးလိုက်ပါက လူနည်းနည်းလောက်တော့ သတ်လို့ရတယ်။

"ထပ်မရိုက်နဲ့တော့"

အင်ဘိုင်ဝူက ဆွန်းမိုလက်ကို ဖက်ထားသည်။ ဘယ်လိုပဲပြောပြော အရိုက်ခံရသည့် သူက သူ့မအဖေဖြစ်နေသည်။

“ဘေးမှာ သွားပြီး အနားယူလိုက်”

ဆွန်းမိုက သူမကို ညင်သာစွာ တွန်းလိုက်သည်။ အင်တိုင်ကိုလည်း ဆက်မရိုက်တော့ပါ။ အဲဒီအစား မောဟိုက်စွာ အသက်ရှူရင်း ရန်ချိုင်ဆီကို လျှောက်သွားသည်။

ဆွန်းမိုကို ကြည့်လိုက်ရင် ရက်စက်သော သားရဲတစ်ကောင်နှင့်တူနေသည်။ ဆွန်းမို၏ သားရဲတစ်ကောင်လိုရက်စက်သည့် အကြည့်ကို မြင်လိုက်ရင်ဖြင့် ရန်ချိုင် ကြောက်လန့်ပြီး

ဆံပင်များထောင်လာသည်။ ဒီကောင်က လူအများကြီးရှေ့မှာလည်း ရိုက်ချင်ရိုက်မှာ။

ဒါပေမယ့် ဒါက ကျောင်းအုပ်ကြီး ရုံးခန်းလည်းဖြစ်ပြီး ကျောင်းက ဆရာတွေ အများကြီးလည်း ရှိနေသည်။ သူ့ကိုသာ ဆွန်းမို ရိုက်ခဲ့ရင် ဆွန်းမို အဆုံးသတ် မကောင်းနိုင်ပါ။

ရန်ချိုင်က သူရဲ့အတွေးခေါ်ကို ယုံကြည်နေသည်။ သူ ထပ်ပြီး မကြောက်တော့ပါပဲ ဆွန်းမိုကို စပြီး

အောင်ဟစ်လိုက်သည့်အခါ လက်ကြီးတစ်ချောင်းက ပါးပေါ်ရောက်လာသည်။

ဖောင်း

ဒီတစ်ကြိမ်တော့ ဆွန်းမိုက အတိုင်းထက်အလွန် အားထည့်ထားသည်။

ရန်ချိုင်၏ မျက်နှာကို တားရစ်၏ လက်နှင့် ရိုက်လိုက်သလိုပါပဲ ခေါင်းတစ်ခြမ်း ချက်ခြင်းလည်ထွက်သွားပြီး ထုံကျင်နေသည်။ နားကလည်း အသံတွေ အကျယ်ကြီးကြားနေရသည်။

ကြယ်တွေလတွေ ကလည်း လှည့်ပတ်နေပြီး မှုးဝေသွားသည်။ (တားရစ် - ဒိုင်နိုဆော မျိုးနွယ်ဝင်)

ဆွန်းမိုက လက်ပြောင်းလိုက်ပြီး ပါးနောက်တစ်ချက် ထပ်ရိုက်သည်။

ဖောင်း

ရန်ချိုင် ခေါင်းလည်ထွက်သွားသည်။ လူတိုင်းက အသံကို ကြားလိုက်ရင် သူလည်ပင်းတော့ သွားပြီ လို့ သတ်မှတ်လိုက်ကြသည်။ အက်ကွဲသံနှင့်အတူ သွားတွေကျိုး သွားသည်။ တံတွေးတွေနှင့် ရောပြီး ထွက်ကျလာကာ မြေပြင်တစ်ခုလုံး ပေကျံသွားသည်။

ကျန်ဟန်ဖူ ခေါင်းငုံ့ပြီး မြေပေါ်က သွေးနှင့်ရောနေသည့် သွားများကို ကြည့်လိုက်သည်။ ပြီးတော့ ခေါင်းစောင်းပြီး ဆွန်းမိုကို ကြည့်လိုက်သည်။

မမှားပါဘူး။ ဆွန်းမိုက ရန်ချိုင်ကိုရိုက်နေတာပဲ။ သူ့အမြင် မမှားဘူး။

တခြားကျောင်းခေါင်းဆောင်တွေလည်း အံ့အော မှင်တက်နေသည်။ ဒီဆွန်းမိုက ဒီလောက် ခေါင်းမာတာလား။ သူက ကျောင်းအုပ်ကြီး

ရုံးခန်းထဲမှာ ထောက်ပံ့ရေး ဌာနမှူးကို ရိုက်နေတာလား။ သူရူးသွားပြီလား။

ရန်ချိုင်အတွက် ကံကောင်းထောက်မစွာ သူ့ကို မုန်းနေသည့်သူက များနေသည်။ ဘယ်သူမှလည်း ဆွန်းမိုကို မတားကြပါ။

"ဆွန်း..............."

ရန်ချိုင်က ပြန်အော်လိုက်သည်။ သူသည် ဒေါသကြောင့် ဒဏ်ရာရနေသည့် သားရဲတစ်ကောင်လို ဖြစ်နေသည်။ ဒါပေမယ့် "မို"တောင်

ပြောခွင့်မရလိုက်ပါ။ ပါးနောက်တစ်ချက် အရိုက်ခံလိုက်ရပြီး အသံလည်း ပျောက်သွားသည်။

ရွံ့ဖို့ကောင်းပြီး စောက်ရှက်မရှိသည့် ဒီကောင် အရိုက်ခံနေရတာကို မြင်ပြီး အင်ဘိုင်ဝူ စိတ်ထဲမှာ ပိုပို အားရ ကျေနပ်လာသည်။

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၃၀ ။မူလ(၉၀/၁၀၀)

အင်တိုင် အရမ်းသွေးပျက်နေပြီ။ လည်ပင်းကို ကျုံ့ထားပြီး ကြမ်းပြင်မှာ ဒူးထောက်ကာ

ခေါင်းက ဝပ်နေသည်။ ဒီအချိန်မှာ အလိုချင်ဆုံးဆုတောင်းက လိပ်ပဲဖြစ်ချင်တော့သည်။

ရန်ချိုင်၏ မျက်လုံး ဒေါသကြောင့် ပြူးထွက်နေသည်။ ဝိညာဉ်ချီကို စုဆောင်းပြီး ဆွန်းမိုခေါင်းကို ချိန်ကာ လက်သီး ထိုးလိုက်သည်။

ဟူး

ပြင်းထန်သောလက်သီးက လေလိုပဲမြန်လှသည်။

“သတိထား...........”

အန်ရှီဝေက အော်လိုက်သည်။

ဆွန်းမို သဏ္ဌာန်မဲ့ မြင့်မြတ် စကြ်ြဝဠာ တတိယအဆင့် ကူးယူခြင်းကို ဖွင့်ထားခဲ့တာ တော်တော်ကြာနေပြီ။ သူ့မျက်လုံးထဲတွင် ရန်ချိုင်လက်သီးက ကလေး လေးဘက်တွားသလို ဖြစ်နေသည်။

"ဆန်ကုန်မြေလေး"

ဆွန်းမိုက ဆဲဆိုလိုက်သည်။ ခွန်အား အကုန်လုံးကို စုစည်းပြီး လက်သီး ထိုးထုတ်လိုက်သည်။

ဖောင်း

လက်သီးနှစ်ခု တိုက်မိသွားသည်။

ဆွန်းမိုလက်သီးက ခွန်အားအကုန်လုံး စုစည်းထားနိုင်ခဲ့ပြီး ရန်ချိုင်ကတော့ တစ်ဝက်လောက်ပဲ စုစည်းနိုင်ခဲ့သည်။ ဒါကြောင့် ထိပ်တိုက် ထိတွေ့မှုတွင် ဆိုးကျိုး သိသိသာသာ ခံစားလိုက်ရသည်။

ကလောက်

လက်သီးပေါ်က အရိုးများ အက်ကွဲသံ ထွက်လာသည်။

"အာ.................."

ရန်ချိုင်အော်လိုက်သည်။ ဒါပေမယ့် အားရအောင်တောင် မအော်နိုင်ရှာ။

ဆွန်းမိုက ပါးစပ်ကို ချိန်ပြီး နောက်ထပ် လက်သီးတစ်လုံး ကျွေးလိုက်သည်။

ဘောင်း

ဝတုတ်တုတ် ရန်ချိုင်တစ်ယောက် အသားလုံးတစ်ခုလို လွင့်ထွက်သွားသည်။

ဘောင်း ဘောင်း ဘောင်း

ထိခိုက်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ဆွန်းမိုက ရန်ချိုင် မျက်နှာကို ပိတ်ကန်ကာ မျက်နှာကိုနင်းထားသည်။ သွားတွေအားလုံး မြေပေါ်ကို လည်ဆင်းသွားကာ ရန်ချိုင် နှာခေါင်းလည်း ကျိုးသွားသည်။ သွေးစိမ်းတွေက ရေတံခွန်လို စီးကျလာကာ မြေကြီး ဗွက်ပေါက်သွားသည်။

ရန်ချိုင်က မတ်တပ်ရပ်ဖို့ ကြိုးစားလိုက်သည်။ သို့ပေမယ့် နံရိုးကို ဖြတ်ကန်ခံလိုက်ရသည်။

တစ်ကိုယ်လုံးတုန်သွားပြီး အားတွေလည်း ပျောက်ကုန်သည်။ ဖက်တောင် မတက်နိုင်တော့ဘူး။

"ဒီကောင် အရမ်းရက်စက်တယ်"

ရန်ချိုင်အား ဆွန်းမိုက လှည့်ပတ်ရိုက်နေတာကို မြင်ပြီး ကျောင်းခေါင်းဆောင်များ၏ နှုတ်ခမ်းများ တုန်နေသည်။

ဒီတစ်ကြိမ်တော့ ရန်ချိုင်သည် အနည်းဆုံး တစ်နှစ်ခွဲလောက် အိပ်ရာပေါ်တွင် နားရနိုင်သည်။ အိပ်ရာပေါ်က ဆင်းဖို့ မစဉ်းစားနဲ့တော့။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေက အရင်နေရာမှာပဲ ရပ်နေပြီး ပြတင်းပေါက် အပြင်ဘက်ကို ငေးကြည့်နေသည်။ ဘာမှ မမြင်ချင် ယောင် ဆောင်နေသည်။ ဒါပေမယ့် မျက်လုံးထောင့်ကနေ ရန်ချိုင် မျက်နှာပေါ်က နာကျင်မှုကို မြင်နေရကာ စိတ်ထဲကနေ သဘောကျနေမိသည်။

ငယ်ချစ်လေးကတော့ ငယ်ငယ်တုန်းထက်စာရင် စိတ်ထား ပိုရင့်ကျက် သန်မာလာသည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁၅ ။ရင်းနီး (၁၂၀/၁၀၀၀)

"မင်းက ခွေးရူးလား။ ဘာကြောင့်တွေ့တဲ့လူတိုင်းကို လိုက်ကိုက်နေတာလဲ"

ကျန်ဟန်ဖူက ဆဲဆိုလိုက်သည်။ ရှေ့ကို ခြေလှမ်းတိုးပြီး ဆွန်းမို ခေါင်းကို လှမ်းထိုးသည်။ ဒု-ကျောင်းအုပ်တစ်ယောက် အနေနှင့် ဒီလိုလုပ်လိုက်တာ သူ့အဆင့်အတန်းနှင့် မသင့်တော်ပေ။ ဒါပေမယ့် သူသာ နောက်ထပ် တစ်ကြိမ်လောက်သာ အချိန်ဆွဲလိုက်ရင် ရန်ချိုင်

တကာယ်ကို ကိုယ်အင်္ဂါချို့တဲ့ပြီး မသန်မစွမ်း ဖြစ်တော့မည်။

လျှပ်စီးလို လျှင်မြန်လှသည်။

အန်ရှီဝေ မျက်နှာပျက်သွားသည်။ ဆွန်းမိုအတွက် ဒီတိုက်ခိုက်မှုကို ကာကွယ်ပေးဖို့ အရှေ့တိုးလိုက်သည်။

ကျန်ဟန်ဖူသည် နတ်ဘုရားခွန်အားအဆင့် ဖြစ်သည်။ ဆွန်းမိုကို လုံးဝ ဖိနှိမ့် နိုင်သည်။ ငယ်ချစ်လေးကို လုံးဝ အထိအခိုက် မခံနိုင်ပါ။

ဝမ်ဆုလည်း လှုပ်ရှားခဲ့သည်။ သူနှင့် အန်ရှီဝေက ဗဟိုပြည်နယ် အကယ်ဒမီကို ထိန်းချုပ်နိုင်အောင် ယှဉ်ပြိုင်နေကြသည်။ ဒါက ဆွန်းမိုနှင့် ဘာမှမဆိုင်ပါ။ ဆရာကောင်းတစ်ယောက် အရိုက်ခံရမှာကို ကြည့်မနေနိုင်ပါ။

“ဟွန့်”

ကျန်ဟန်ဖူက အေးစက်စက် နှာမှုတ်လိုက်သည်။ ဒီကလည်း ဒီတိုက်ခိုက်မှု နှစ်ခုကို သတိထားနေခဲ့သောကြောင့် လက်သီး အရှိန်ကို ပိုမြှင့်လိုက်သည်။ ဒီနေ့ ဆွန်းမိုကို သေချာပေါက်

ထိုးရမည်။ ပြီးတော့ သူတို့မျက်စိရှေ့တွင် လုပ်ပြချင်သည်။ ဒါပေမယ့် နောက်တစ်ဆင့်မှာတော့ ကျန်ဟန်ဖူ အမူအရာ ပြောင်းသွားသည်။

ဘာဖြစ်လည်းမသိပေမယ့် ကျန်ဟန်ဖူ အမြင်တွင် ရုတ်တရက် မီးပွားများ မြင်လိုက်ရသည်။ ဆွန်းမိုလက်ထဲတွင် သစ်သားခါးက အဆင်သင့်ရှိနေပြီး လက်ရှိအချိန်မှာ ကျန်ဟန်ဖူ ခေါင်းကို ခုတ်ပိုင်းလာသည်။

“မြန်လိုက်တာ”

အချိန်ခဏလေးအတွင်းမှာ ဆွန်းမိုက ဒီတိုက်ခိုက်မှုကို အားစိုက်ထုတ်ခဲ့သည်။ ကျန်ဟန်ဖူသာ ထိမှန်သွားရင် ထိခိုက်ဒဏ်ရာ နည်းနည်းလေးပဲ ရမှာမဟုတ်ဘူး ခေါင်းဟက်တက်ကွဲပြီး သွေးတွေအများကြီး စီးကျလာနိုင်သည်။

သူတို့နှစ်ယောက် အကြည့်ဆုံသွားသည်။

ဆွန်းမိုအကြည့်တွင် လုံးဝ မကြောက်နေတာကို ကျန်ဟန်ဖူ မြင်လိုက်ရသည်။ သူ့ကိုတောင် အထင်သေးပြီး လှောင်ပြောင်နေသေးသည်။

"ဒီကောင်ငါ့ကို မလေးမစား လုပ်နေတယ်"

ဆွန်းမိုကြောင့် သေလုနီးပါး ဒေါသထွက်နေသည်။ ဆွန်းမိုကို လက်သီးတစ်ချက်တည်းနဲ့ အသေသတ်ပစ်ချင်လာသည်။ ဒါကလည်း အောင်မြင်ဖို့ မဖြစ်နိုင်ပါ။ သစ်သားဓါးကို ကာကွယ်ရန်အတွက် ထိုးနက်နေသည့်လက်သီးကို လှုပ်ရှားမှု ပြောင်းပြီး ကာကွယ်လိုက်ရသည်။

ဒီအတွက်လည်း လုပ်နိုင်တာမရှိဘူး၊ ဆွန်းမိုကို သတ်ချင်ရင် ကြီးကြီးမားမား ပြန်ပေးဆပ်လိုက်ရမည်။

သူ့မျက်နှာကို အရမ်း အလေးအနက်ထားသည့် ကျန်ဟန်ဖူအတွက် ဒါကို လုံးဝလက်မခံနိုင်ပါ။

စာစဥ်(၁၀)

အခန်း (၁၃၉) - တရားမျှတမှုက နောက်ကျတတ်ပေမယ့် ဘယ်တော့မှတော့ မပျောက်သွားဘူး။

ဘောင်း

သစ်သားခါးနှင့် လက်သီးတို့ တိုက်မိပြီး လူချင်း ကွဲသွားသည်။ ကျန်ဟန်ဖူက ထပ်တိုက်မလို့ လုပ်လိုက်သည်။ ဒါပေမယ့် အန်ရှီဝေက သူတို့နှစ်ယောက်ကြားကို ရောက်နေပြီ။ သူမရဲ့ အရိုန်အဝါတစ်ခုလုံး လင်းထွက်လာသည်။

"ဒုကျောင်းအုပ်ကြီးကျန် မင်း အရူးလုပ်တာ တော်သင့်ပြီ"

ကျောင်းခေါင်းဆောင်များလည်း စပြီး သတိဝင်လာသည်။ သူတို့က အန်ရှီဝေကို

အမြဲတမ်း သွက်လက်ပြီး ရည်မွန်သော ကြောင့် အထင်ကြီးခဲ့ကြသည်။ စကားများရန်ဖြစ်ဖို့ နေနေသာသာ စကားတောင် ကျယ်ကျယ် မပြောခဲ့ပါ။ ဒါပေမယ့် အခုတော့ ကျန်ဟန်ဖူကို အောင်ဟာစ်နေသည်။ ကြည့်ရတာတော့ သူမခင်ပွန်းလောင်းကို စိတ်ထဲတွင် တော်တော် အလေးထားနေပုံရှိသည်။ (သူ့ရဲ့ ခွန်အားကလည်း မဆိုးဘူး။ ဒီထက်ပိုတာက အခြေနေတစ်ခုကို ရုတ်တရက် သုံးသပ်နိုင်စွမ်း အရမ်း ထူးချွန်းလွန်းသည်။ အရမ်းကြီးမားသည့် ဖိအားကို တောင့်ခံနိုင်သော ကြီးမားသည့် နှလုံးသား

ရှိနေသည်။) ဝမ်ဆုကတော့ ကျန်ဟန်ဖူကို ဂရုတောင် မစိုက်ပဲ ဆွန်းမိုကို ကြည့်နေသည်။ ပိုကြည့်လေလေ ပိုသဘောကျလေလေ ဖြစ်နေသည်။ ကျန်ဟန်ဖူ တိုက်ခိုက်တုန်းကလည်း ထိတ်ထိတ်ပြာပြာ မဖြစ်သွားပါ။ တည်တည်ငြိမ်ငြိမ်သာ ခုခံခဲ့သည်။ သူနာကိုယ်နာ အနေထားကို မလိုချင်သည့် ကျန်ဟန်ဖူ၏ စိတ်ကိုလည်း ကောင်းကောင်း နားလည်သည်။ ပြီးတော့ ပြတ်သားစွာ တိုက်ခိုက်ခဲ့သည်။

ဒီလိုမျိုး စိတ်ဓါတ်နှင့် ရဲရင့်မှုက တော်တော်လေး လေးစားဖို့ ကောင်းသည်။

ကျန်ဟန်ဖူသည် နတ်ဘုရားခွန်အားအဆင့်ကို ရောက်နေတာလည်း မေ့ထားလို့ မရပါ။ သူ့ရဲ့ သုံးသပ်ချက်က လွဲချော်သွားရင် ဒဏ်ရာရပြီး သေသွားနိုင်သည်။

ဝမ်ဆုကတော့ ဆွန်းမိုကို သူရဲ့ မြတ်ဆရာအဖွဲ့ထဲ ဆွဲခေါ်ရင် ကောင်းမလား စဉ်းစားနေသည်။

ဒင်

ဝမ်ဆု၏ လေးစားအထင်ကြီးမှု +၂ ။မူလ(၃/၁၀၀)

ဆွန်းမိုက ဝမ်ဆုကို လှမ်းကြည့်လိုက်သည်။ (ဘာကြောင့် ဒီလူက လေးစားအထင်ကြီးမှု အမှတ်တွေ ပေးနေတာလဲ။ အန်ရှီဝေရဲ့ ၁၅မှတ်က မှ ဟုတ်တုတ်တုတ်)

"ကျောင်းအုပ်ကြီးအန်။ ပြဿနာကြောင့် ပြဿနာ ဖြစ်လာတာ မဟုတ်ဘူးလား။ ဆွန်းမို ရန်ချိုင်ကို ရိုက်နေတုန်းမှာ ဘာလို့ မတားတာလဲ"

ကျန်ဟန်ဖူက မေးခွန်းပြန်ထုတ်နေသည်။

" သူလုပ်လိုက်တာက ရုတ်တရက် ဆန်လွန်းတယ်"

အန်ရှီဝေက တွေ့ကရာ ဆင်ခြေပေးလိုက်သည်။

“ဒုကျောင်းအုပ် ဝမ်။ မင်းကရော ဘယ်လိုထင်လဲ”

ကျန်ဟန်ဖူ ဝမ်ဆုကို လှည့်မေးသည်။

“ ဆွန်းမို။ မင်းဘာပြောချင်လဲ”

ဝမ်ဆုက မေးလိုက်သည်။ ကျောင်းခေါင်းဆောင်များလည်း ဆွန်းမိုကို လှမ်းကြည့်နေသည်။ ကျန်ဟန်ဖူက ဒေါသတကြီးနဲ့ ဆွန်းမိုကို ကြမ်းကြမ်းတမ်းတမ်း အလျှော့မပေးပဲ

တိုက်ခိုက် ချင်နေသည်။ ဒီတစ်ခါတော့ ကြည့်ကောင်းတော့မှာပဲ။

“ ရန်ချိုင်လို လူယုတ်မာက ဗဟိုပြည်နယ်အကယ်ဒမီမှာ ကြာကြာရှိလေလေ ကျောင်းကို ပျက်ဆီးခြင်းတွေ များများ ယူလာလေလေ ပဲဖြစ်နေမှာ။ သူ့ကို ချက်ခြင်း အလုပ်ထုတ်ပစ်ပြီး ကျောင်းရန်ပုံငွေ အလွဲသုံး လုပ်နေတာကို စစ်ဆေးစေချင်တယ်။ တခါတည်း လုပ်ပိုင်ခွင့်နဲ့ အာဏာကို အသုံးချပြီး လာဒ်စားနေတဲ့ ကိစ္စတွေကိုလည်း

စစ်ဆေးပေးစေချင်တယ်။ ပြီးတော့ လုပ်ပိုင်ခွင့်နဲ့ အာဏာကို အလွဲသုံးစားလုပ်ပြီး ကျောင်းသူတွေနဲ့ ဆရာမတွေကို စိတ်ဆင်းရဲအောင် ဆိုးဆိုးဝါးဝါး အနှောက်အယှက်ပေးနေတဲ့ ကိစ္စတွေကိုလည်း စစ်ဆေးပေးပါ”

ဆွန်းမိုက ပြောရင်းပြောရင်း အသံကျယ်လာသည်။

ရှူး

ဒီစကားကိုကြားလိုက်ရင် ကျောင်းခေါင်းဆောင်များလည်း သွားတွေ ရွစိရွစိ

ဖြစ်လာသည်။ ဒီကောင် အကြင်နာ မဲ့တာပဲ။ ဒီကောင် ဟန်ဆောင် မျက်နှာဖုံးတွေ အကုန်လုံး ဖြုတ်ပစ်ဖို့ ကြံနေတာပဲ။ ရက်စက်ပေမယ့်လည်း အသုံးမဝင်ဘူး။ ရန်ချိုင်ကို အဆုံးမသတ်ချင်တဲ့လူ ဘယ်သူရှိလို့လဲ။ လူတွေ ကြိုးစားခဲ့ကြပေမယ့် သူ့ကို အလုပ်ထုတ်ဖို့ မလုံလောက်ခဲ့ဘူး။

ရန်ချိုင်ခေါင်းက အရိုက်ခံထားရပြီး ဝက်ခေါင်း ဖြစ်နေသည်။ ခုနတုန်းကတော့ ဝမ်းနည်းကြေကွဲစွာ ညည်းညူနေသည်။ ဆွန်းမိုရဲ့

စကားကိုကြားပြီးတဲ့အချိန်မှာ သူ့အကြောင်းကိုသူ ရိုက်ကြီးတငင် အသံပြာကြီးနှင့် အော်ဟစ်နေသည်။

“ ကျောင်းအတွက် ငါ့ဘဝ အနှစ်နှစ်ဆယ်လောက်ကို ပေးဆပ်ခဲ့တယ်။ ငါ့ရဲ့ အကောင်းဆုံးငယ်ရွယ်တဲ့ အချိန်တွေကို ကျောင်းအတွက်ပဲ မြှုပ်နှံ ခဲ့ရတယ်။ ဒါတောင် မင်းက စွပ်စွဲ နေသေးတာလား။ ကျောင်းအုပ်ကြီး အန် ၊ ဆွန်းမိုကို အလုပ်ထုတ်ပစ်ဖို့ တောင်းဆိုပါတယ်။ မဟုတ်ခဲ့ရင်တောင် သူ့ကို ကောင်းကောင်း အပြစ်ဒဏ် ပေးပေးပါ။ မဟုတ်လို့ကတော့

မင်းရဲ့ဘက်လိုက်မှုကြောင့် ကျောင်းကို ပေးဆပ်ခဲ့တဲ့ ငါ့ရဲ့ နှလုံးသားအိုကြီး ကျောင်းကို စိတ်ကုန်သွားလိမ့်မယ်”

ရန်ချိုင် က အပြစ်ရှာ ဝေဖန်နေသည်။

ကျန်ဟန်ဖူက ပါးစပ် ပိတ်ထားသည်။ ဆွန်းမိုလို လူနှင့် ငြင်းခုံနေရင် သူ့အဆင့်အတန်း ထိခိုက်သည်။

ဆွန်းမိုကို ကိုင်တွယ်ဖို့ သူရဲ့ နောက်လိုက်ခွေးနဲ့တင် လုံလောက်သည်။

“အိုး မနေ့ညက ကောင်မလေးကို မုဒိမ်းကျင့်ဖို့ကြိုးစားပြီး မောက်မာနေတာ သိပ်တော့ မဆန်းဘူးပဲ။ မင်းက ကျောင်းမှာ နှစ်ပေါင်းများစွာလုပ်ခဲ့တဲ့ အိုးဆားဗစ်ကြီး ဖြစ်နေလို့ ဘာမှမဖြစ်နိုင်ဘူးဆိုပြီးတော့ ယုံကြည်နေတာပဲ”

ဆွန်းမိုက အခုမှပဲ နားလည်သလိုလို ကြည့်လိုက်သည်။ ကျောင်းခေါင်းဆောင်များလည်း ကသိကအောက် ဖြစ်သွားကြသည်။ ဆွန်းမိုက သူတို့ကို မပြောပေမယ့်လည်း သွယ်ဝိုက်ပြီး ပြောနေသလို ဖြစ်နေသည်။

"ငါမလုပ်ဖူးကွ။ မင်းဘာတွေ ပေါက်ကရ ပြောနေတာလဲ။ မင်းသာ ကောင်မလေးကို မုဒိမ်းကျင့်တဲ့ လူယုတ်မာ"

ရန်ချိုင်က ပြန်ငြင်းပြီး စကားကတ်ပြောနေသည်။ ပြီးတော့ အင်တိုင်ကို ဒေါသတကြီး အော်ပြောလိုက်သည်။

"မင်းက သေနေတာလား။ မင်းသမီးအတွက် တရားမျှတမှု မလိုချင်တော့ဘူးလား။ ဘယ်လိုကောင်လဲ"

" မြန်မြန်ပြောလိုက်စမ်း" အင်တိုင်က အင်ဘိုင်ဝူကို ရက်စက်သည့် အကြည့်နဲ့ လှည့်ပြောလိုက်သည်။

"ငါ့ကို မုဒိမ်းကျင့်ဖို့ လုပ်တာ ရန်ချိုင်ပဲ။ ငါ့ကို အကြိမ်ကြိမ် နှောက်ယှက်နေတယ်"

အင်ဘိုင်ဝူက ပြောလိုက်သည်။ ဒီစကားကိုပြောလိုက်ပြီးသည့် အခါမှာ နေရောင်ခြည်လာရင် နှင်းတွေပျောက်သွားသလို သူမစိတ်ထဲက တုန်လှုပ်ခြောက်ခြားမှုများ ပျောက်သွားသည်။ ဟုတ်တယ်။

ဘယ်လောက်ကြာကြာ မြို့သိပ်ထားအုံးမှာလဲ။ သေရမယ်ဆိုရင်တောင် ဒီလိုစိတ်ပျက်စရာတွေကို ထပ်ပြီး သည်းမခံတော့ဘူး။ ပြီးတော့ ဆွန်းမိုကိုလည်း အမှုဆင်ခံရပြီး နာမည်မှာ အမည်းစက် မထင်သွားစေချင်ဘူး။

"မင်း ဘာတွေပြောနေတာလဲ"

အင်တိုင် စိတ်ပူကြောက်ရွံ့လာသည်။ ရန်ချိုင်ကို မကြည့်ရဲတော့ဘဲ လေးဘက်ထောက် တွားသွားလာပြီး အင်ဘိုင်ဝူကို ရိုက်မလို့ လုပ်လိုက်သည်။ ရန်ချိုင်က ငရဲကတက်တဲ့ သရဲ

တစ်ကောင်ပဲ။ သူ့ကိုစော်ကားပြီးရင် ဘယ်လို ဇတ်သိမ်းကောင်းတော့မှာလဲ။

"ရန်ချိုင်။ မင်းမှာ ပြောစရာ ရှိသေးလား"

အန်ရှီဝေက မေးလိုက်သည်။

တစ်ချိန်တည်းမှာပင် အန်ရှီဝေ စိတ်ထဲ အဆက်မပြတ် နာကျင်လာသည်။ ဆွန်းမို က ပုဂ္ဂိုလ်ရေး ဆွဲဆောင်အား ကြီးမားလွန်းသည်။ ဒီမှာရှိနေသည့် လူတိုင်းက လူ့အသိုင်းအဝိုင်းအကြောင်းကို နှောကြေနေသည်။ အင်ဘိုင်ဝူက ဘာဆိုဘာမှ မပြောနိုင်သည့်

ရုပ်သေးရုပ် တစ်ခုမှန်း လူတိုင်း သိသည်။ သူမအဖေကြိုး ဆွဲသည့်အတိုင်းသာ လိုက် က ရတဲ့ သူဖြစ်သည်။ ဒါပေမယ့် အခုတော့ မတ်တပ်ရပ်ပြီး ပြန်ပြောနေသည်။

ဒါကလည်း ဆွန်းမိုကို ကာကွယ်ချင်လို့ဖြစ်သည်။

အိမ်ကို ပြန်ရောက်သွားသည့် အခါ မသေရင်တောင် ကျိုးနဲ့သွားတဲ့အထိ အရိုက်ခံရနိုင်သည်။

“ဆွန်းမိုက ဒီကောင်မလေး ကို မက်လုံးပေးပြီး လိမ်ခိုင်းတာ”

ရန်ချိုင် ဘယ်တော့မှ ဝန်မခံနိုင်ပါ။ ဘယ်လိုပဲပြောပြော ဘယ်သူမှ သက်သေမပြနိုင်ပါ။

ကျန်ဟန်ဖူ မျက်နှာ ပိုပြီး မှုန်ကုတ်ကုတ် ဖြစ်လာသည်။ အခုတော့ နစ်နာသူက ဆွန်းမို မဟုတ်ဘူးလို့ ပြောလိုက်ပြီ။ ဒီကောင့်ကို ကိုင်တွယ်လို့ မရတော့ဘူး။ ဒီအတိုင်း ဆက်သွားရင် မသေချာ မရေရာ ပြီးတော့မည်။

ဒေါက် ဒေါက် ဒေါက်

တံခါးခေါက်သံ ထွက်လာသည်။

“ဘယ်သူလဲ”

“ကျွန်တော်ပါ။ ထောက်ပံ့ရေးဌာန က လီကုန်ပါ”

ဒီအသံကို ကြားလိုက်ရင် ရန်ချိုင် ပျော်ရွှင်သည့် အမူအရာ ပြောင်းသွားကာ အမြန်လှမ်းခေါ်လိုက်သည်။

"သူ့ကို မြန်မြန် ပေးဝင်လိုက်ပါ။ ဆွန်းမို အမှားလုပ်ထားတဲ့ သက်သေတွေ့လာလို့ ဖြစ်မယ်"

အင်ဘိုင်ဝူက သူ မုဒိမ်းကျင့်ဖို့ ကြိုးစားတာကို အတည်ပြုလိုက်သည့်အချိန်တွင် ရန်ချိုင် ခြေတွေ လက်တွေ အေးစက်သွားသည်။ ပြီးတော့ ဒီထဲမှာလည်း ငတုံး တစ်ကောင်မှ မပါပေ။ ဒါပေမယ့် ကံကောင်းတယ်။ လီကုန် ရောက်လာပြီး သူ့ကို ဒီအကျပ်အတည်းကနေ ဆွဲထုတ်နိုင်လောက်တယ်။

"ငါ့ရဲ့ နံပါတ်တစ် နောက်လိုက်ကတော့ ထင်ထားတဲ့ အတိုင်းပဲ။ တကယ်ကို အချိန်ကိုက် ရောက်လာနိုင်တယ်"

ရန်ချိုင်က သူ့ကိုယ်သူ အားရနေသည်။ ဆွန်းမိုကို ဂရုမစိုက်သည့် အကြည့်နှင့် ကြည့်လိုက်သည်။ မဟုတ်တာတွေ လုပ်သည့်အခါတိုင်း လီကုန်က အားကိုးရသည်။ ဒီလိုအနေအထားမှာ ရောက်လာတယ်ဆိုတော့ ဆွန်းမိုကို ကိုင်တွယ်ဖို့ တစ်ခုခု ရခဲ့တာ သေချာသည်။

(ဒီကစ္စပြီးရင်တော့ လီကုန်ကို ကောင်းကောင်း ဆုချရမယ်)

(ဒါဆို အင်ဘိုင်ဝူကိုရော။ သူ့ဒဏ်ရာ ပြန်သက်လာမှ။ မဟုတ်သေးဘူး။ ဒီညပဲ လုပ်မယ်။ သူ့မိဘတွေရှေ့မှာ သေချာပေါက် သူမနှင့် အိပ်ရမယ်။)

ရန်ချိုင် ယုတ်ယုတ်မာမာ ကြံစည်နေသည်။

လင်ကျန်က တံခါးဖွင့်ပေးလိုက်သည်။ လီကုန်က မသန်မစွမ်းသည့်ခြေနဲ့ ထော့နင်းထော့နင်း ဖြစ်နေပြီး

ခေါင်းငုံ့ထားသည်။ ပြီတော့ တစ်ခါတည်း ဒူးထောက်လိုက်သည်။

"ကျောင်းအုပ်ကြီးအန်၊ ဒုကျောင်းအုပ်ကြီးများ၊ လူတစ်ယောက်ကို တိုင်ချင်လို့ပါ။ ဗဟိုပြည်အကယ်ဒမီကို အရှက်ရအောင် လုပ်တဲ့ကောင်ပါ"

လီကုန်က စကားပြောနေရင်း ထူထဲသော အရာဝတ္ထုတစ်ခုကိုယူပြီး ခေါင်းထက်မြင့်အောင် မ တင်ထားသည်။

“အဲဒီကောင်က ဘယ်သူလဲ။ မင်းမှာ သက်သေရှိလား။ ဒီလိုမျိုး သိုးမဲမျိုးကို ငါတို့ လုံးဝ လက်မခံဘူး”

ရန်ချိုင် မျက်နှာကို ကြည့်လိုက်ရင် ဖြောင့်မတ်ပြီး မကောင်းဆိုးဝါး နဂါးကို တိုက်ခိုက်တဲ့ သူရဲကောင်းလို ရဲရင့်နေသည်။ ဒါပေမယ့် လီကုန်လက်ထဲက သက်သေပစ္စည်းတွေကို ကြည့်ပြီး ကြောင်တောင်တောင် ဖြစ်သွားသည်။

ဆွန်မိုက ဒီရောက်တာ တစ်လတောင် မရှိသေးဘူး။ ဒီလောက် အမှား များနေလား။

ရန်ချိုင်ရဲ့ စကားကို ကြားလိုက်ရင် ဆွန်းမို မနေနိုင်ဘဲ လှည့်ကြည့်လိုက်မိသည်။

ရန်ချိုင် က အေးစက်စက် အော်မေးလိုက်သည်။ မျက်နှာကို ကြည့်လိုက်ရင် ကျေနပ်မှုများနှင့် ပြည့်နေသည်။ (မင်းဘာကြည့်နေတာလဲ။ မင်း မကြာခင်သေတော့မယ်)

“မင်းတိုင်ချင်တာ ဘယ်သူလဲ”

အန်ရှီဝေက မျက်ခုံးပင့်ပြီး မေးလိုက်သည်။

"ရန်ချိုင်ပါ"

လီကုန်က အကျယ်ကြီး အော်ပြောလိုက်သည်။ လူတိုင်းက သေသေချာချာ မကြားလိုက်သလို ဖြစ်နေသည်။ အထူးသဖြင့် ရန်ချိုင် ဖြစ်သည်။ ကျေနပ်နေသည့် မျက်နှာကနေ အရမ်းအံ့အောနေသည့် မျက်နှာဖြစ်သွားသည်။

"ငါ နားကြား မှားတာလား"

ရန်ချိုင်က လီကုန်ကို ကြည့်လိုက်သည်။ မမှားပါဘူး။ လူမသိသင့်သည့် မသတိစရာ

စီးပွားရေးများကို သူ့အတွက် ၇-နှစ် ၈-နှစ်လောက် လုပ်ပေးခဲ့သည့် နောက်လိုက်ပါ။

“ ထောက်ပံ့ရေးဌာနက ရန်ချိုင်ပါ။ သူ့ကိုတိုင်ချင်လို့ပါ”

လီကုန်က ဆက်ပြီး ဒူးထောက်နေသည်။

ခေါင်းဆောင်များက သူတို့ခေါင်းကို လှည့်ပြီး လှမ်းကြည့်လိုက်ကြသည်။

ရန်ချိုင် မျက်နှာတစ်ခုလုံး ရဲရဲနီနေသည်။ ပြီးတော့ ဖြူဖျော့ လာသည်။

“မင်းဘာတွေ ပြောနေတာလဲ။ မင်းရူးနေလား။ တစ်ယောက်ယောက်က ဒီစောက်ရူးကို ဆွဲထုတ်လိုက်ကြပါ”

ရန်ချိုင် အထိန်းအကွပ် မရှိကြောက်ရွံ့နေသည်။ လီကုန်က သူ့နောက်လိုက် အဖြစ် နှစ်အများကြီး လုပ်ခဲ့သည်။ ဒါကြောင့်လည်း သူ့လျှို့ဝှက်ချက်တွေ အများကြီး သိနေသည်။ လီကုန်သာ အထုတ်ဖြည်လိုက်ရင် သူအဆုံးသတ်သွားပြီ။

ဒီလို မဖြစ်သင့်ဘူး။ လီကုန်လည်း စိတ်ပါလက်ပါ လုပ်ခဲ့တာပဲ။ တကယ်လို့ လီကုန် ဖော်ထုတ်လိုက်ရင် သူလည်း အဆုံးသတ်မှာပဲ။

"ပါးစပ် ပိတ်ထား"

လင်ကျန်က ဒေါသတကြီး ပိတ်အော်လိုက်သည်။ ပြီးတော့ ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။ ဒါတိုက်ဆိုင်တာ မဖြစ်နိုင်ဘူး။ လီကုန်က ရန်ချိုင်ကို သစ္စာ ဖောက်သွားအောင် ဆွန်းမို ဘယ်လိုလုပ်လိုက်တာလဲ။

အမဲလိုက်ခွေးကြောင့် သေရမှာကြောက်နေသည့် ယုန်လို လီကုန်လည်း သူ့ကို အသုံးပြုပြီး ဆွန်းမို စွန့်ပစ်သွားမှာကို စိုးရိမ်နေသည်။ ဒါကြောင့်လည်း ရန်ချိုင်နှင့် ပက်သက်တဲ့ မကောင်းတဲ့ သဘောဆောင်သည့် အချက်အလက်အားလုံး စုဆောင်းနေခဲ့တာ တော်တော်တောင် ကြာနေပြီ။ အချက်အလက်တွေက သူကိုယ်တိုင် ဝင်ပါစရာမလိုပဲ ရန်ချိုင်ကို အလုပ်ထုတ်ပစ်ဖို့ လုံလောက်နေပြီ။

အန်ရှီဝေက သက်သေပစ္စည်းများကို ယူပြီး ကျန်ဟန်ဖူနှင့် ဝမ်ဆုတို့ကို လွှဲပေးလိုက်သည်။

တစ်ခန်းလုံး တိတ်ဆိတ်နေပြီး စာရွက်လှန်နေသည့် အသံများသာ ထပ်နေသည်။ ရန်ချိုင်မျက်လုံးများ ချာချာ လည်နေသည်။ နဖူးမှာလည်း ထူထဲသော ချွေးစေးတွေ ထွက်နေသည်။ သူ အဆက်မပြတ် သုတ်နေသော်လည်း မကုန်နိုင် ဖြစ်နေသည်။

ဖောက်

ဝမ်ဆုက ရန်ချိုင်အရှေ့ကို သက်သေပစ္စည်း လွှင့်ပစ်လိုက်သည်။

"ဘာထပ်ပြော ချင်သေးလဲ"

"ငါ လုပ်ကြံခံရတာ" ရန်ချိုင်က ငြင်းဆိုနေသည်။ ရန်ချိုင်သည် သူ့ဆရာ ကျန်ဟန်ဖူကို ကယ်တင်ပေးဖို့ မျှော်ကြည့်လိုက်သည်။

"မင်းမှာ နောက်ထပ် သက်သေရှိသေးလား" ကျန်ဟန်ဖူက ငတုံး မဟုတ်ပါ။ ဒါကြောင့်လည်း ရန်ချိုင်ကို ချက်ခြင်း မကာကွယ်ပေးခဲ့ပါ။

အဲဒီအစား လီကုန်ကို မေးခွန်းထပ်မေးလိုက်သည်။

"ဟုတ်"

လီကုန် တံတွေးတစ်ချက် မြိုချလိုက်ရင်း အိပ်ကပ်ထဲက အသံဖမ်းကျောက်တုံး ၃ခု ထုတ်ယူလိုက်သည်။

"ဒါတွေမှာ ရန်ချိုင်ရဲ့ မကောင်းဆိုးဝါး အပြုအမူတွေကို အသံဖမ်းထားပါတယ်။ ဆရာတို့ ဆရာမတို့ နားထောင်ကြည့်လိုက်ရင် သူ

ဘယ်လောက် ယုတ်မာလဲဆိုတာ သိသွားပါလိမ့်မယ်”

လင်ကျန်က အသံဖမ်း ကျောက်တုံးကို လှမ်းယူလိုက်သည်။ အဲဒီထဲက တစ်ခုကို ဝိညာဉ်ချီ ထည့်သွင်းလိုက်သည်။

“ အစီရင်ခံစာထဲမှာ ဒီနှစ် ကျောင်းဝန်း ပြင်ဆင်စရိတ်ကို ၃၀ ရာခိုင်နှုန်း ထပ်ထည့် လိုက်”

“အမြင့်ကနေပြုတ်ကျပြီး ဒဏ်ရာရသွားတဲ့ ဝန်ထမ်းကို ဘယ်လိုလုပ်မှာလဲ”

"ဘာတွေ ရှုပ်နေတာလဲ။ ဒဏ်ရာအတွက် လျှော်ကြေးပေးမယ့် ကိစ္စကို ရွှေ့ထားလိုက် "

"ဘာ"

"ဘယ်သူက လာပြီး ပြဿနာရှာမှာမို့လို့ ကြောက်နေတာလဲ"

"သေအောင် မရိုက်ဘဲ ခွေးကို မလွှတ်ပေးရဘူးကွ"

"အဲဒီကောင်မလေးရဲ့ မိဘတွေက ဘယ်မှာလဲ စုံစမ်းပြီးပြီလား "

အသံဖမ်းကျောက်တုံးက ထွက်လာသည့် စကားများက နားထောင်လေလေ ပိုစိတ်ပျက်စရာကောင်းလာလေလေ ဖြစ်လာသည်။

သူတော်စင်တစ်ယောက်တောင် နားထောင်လိုက်ရင် ဒေါသခုန်ပေါက်ပြီး ထွက်လာနိုင်သည်။ ရန်ချိုင်က သူပြောခဲ့သည့် စကားဖြစ်သောကြောင့် ကြောက်ရွံ့ပြီး တုန်ယင်လာသည်။

“ဆက်နားထောင်ဖို့ လိုသေးလား”

အသံဖမ်း ကျောက်တုံးတစ်တုံးကို နားထောင်ပြီးနောက် အန်ရှီဝေက ကျန်ဟန်ဖူကို ကြည့်ရင်းမေးလိုက်သည်။ သူမ စိတ်ထဲမှာ အရမ်းအရမ်း ပျော်ရွှင်နေသည်။ ဒီတစ်ကြိမ်တော့ ရန်ချိုင် အဆုံးသတ်ဖို့ သေချာသွားပြီ။

"ဟွန့် ဒီကိစ္စကို ပြတ်ပြတ်သားသား ကိုင်တွယ်ရမယ်"

ကျန်ဟန်ဖူ အေးစက်စက် အော်ပြောလိုက်သည်။ ရန်ချိုင် ဆယ်ခါပြန်လောက် သေဖို့

လုံလောက်နေပြီ။ ငါကဘယ်လို ကယ်ရမလဲ၊ ရန်ချိုင်နှင့် အတူတူ ချီးတွင်းထဲ မခုန်ချနိုင်ပါ။

ဒီစကားကို ကြားလိုက်တော့ ရန်ချိုင် အဖျားတက်သလို တုန်ယင်သွားသည်။

"အမှိုက်ကောင် ။ ငါ့ကို လာမပြောနဲ့"

ကျန်ဟန်ဖူက ဆဲဆိုလိုက်ပြီး လက်ကို ရိုက်ချလိုက်သည်။

ရွှတ်စ်

ရန်ချိုင် ပါးစပ်ကို လေပြင်းများ ရိုက်ခတ်သွားသည်။ မေးစေ့ကွဲသွားပြီး လျှာပါ

ဒဏ်ရာရသွားသည်။ ရန်ချိုင် စကားထပ်မပြောနိုင်တော့ပါ။

"ရက်စက်လိုက်တာ"

ဆွန်းမို ကျန်ဟန်ဖူကို ကြည့်လိုက်သည်။ ရန်ချိုင်က စိတ်ဓါတ်ကျကာ သူနဲ့ ပတ်သက်ပြီး ဖွင့်မပြောနိုင်အောင် လုပ်လိုက်မှန်း ဆွန်းမို သိနေသည်။

"အာ. အ"

ရန်ချိုင် ဆီက သနားစရာကောင်းလောက်အောင် ညည်းသံများ အဆက်မပြတ်ထွက်နေသည်။

ကျန်ဟန်ဖူကို ဒေါသတကြီး စိုက်ကြည့်နေပြီးမှ လီကုန်ကို လှည့်ကြည့်လိုက်သည်။ သူ့ကို သစ္စာရှိသည့် နောက်လိုက်က ဘာကြောင့် လှည့်ကိုက်လည်း စဉ်းစားလို့မရ ဖြစ်နေသည်။

ရန်ချိုင်၏ အကြည့်က လီကုန်၏ ချိနဲ့နေသည့် ခြေထောက်ဆီကို ရောက်သွားသည်။ ရုတ်တရက် နားလည်သွားသည်။ ဆွန်းမိုမှာ နတ်ဘုရားလက် ရှိနေသည်။ လီကုန်ကိုသာ ကုသပေးမယ်ဆိုရင် သူ့ကို လှည့်ကိုက်မှာပဲ။

တခြားအချက်ထက်စာရင် ဒီအချက်ပဲ။ ဆွန်းမိုက လီကုန်၏အားနည်းချက်ကို ကိုင်ထားသည်။

"ဘိုင်ဝူ မင်းမှာ မြဲသိပ်ထားရတဲ့ ခံစားချက်တွေရှိသေးလား။ မင်းအခု အားလုံးကို ဖောက်ခွဲ ထုတ်လို့ ရပြီ"

ဆွန်းမိုက ကြင်နာစွာပြုံးရင်း ပြောလိုက်သည်။

အင်ဘိုင်ဝူက ရန်ချိုင်ကို မျက်တောင်မခတ်ပဲ စိုက်ကြည့်နေသည်။ ဒီစကားကိုကြားရင် စိတ်မထိန်းနိုင်ဘဲ အော်ငိုမိသည်။

"တကယ်လုပ်လို့ရလား"

"ဒါပေါ့"

ဆွန်းမိုက နေရောင်လို တောက်ပစွာပြုံးရင်း ပြန်ဖြေသည်။

"တရားမျှတမှုက နောက်ကျတတ်ပေမယ့် ဘယ်တော့မှ မပျောက်ကွယ်ဘူး။ မင်းလည်း မြို့သိပ်ထားရတာ တော်တော်ကြာနေပြီ"

စိတ်မာပါတယ်ဆိုတဲ့ အင်ဘိုင်ဝူလည်း မထိန်းနိုင်ဘဲ အော်ငိုလိုက်မိသည်။

သူမလို နှိမ့်ကျသည့် လူအတွက် တရာမျှတမှုကို တောင်းဆိုပေးမယ့် လူရှိနေသေးသည်။

ဒါက တစ်ယောက်ယောက်ရဲ့ ကာကွယ်ပေးမှုကို ခံရတဲ့ ခံစားချက်ပေါ့။

ဒီ မကောင်းဆိုးဝါးကောင် တကယ်ပဲ ဝင်မွှေလည်ပြီး အပြစ်ဒဏ် ခံရတော့မှာပေါ့။

"ကျေးဇူးတင်ပါတယ်။ ဆရာဆွန်း"

အင်ဘိုင်ဝူက ပြောပြီးတာနှင့် ရန်ချိုင်ဆီကို ပြေးသွားကာ လက်သီးနှင့် ထိုးသည်။ ခြေထောက်နှင့် ကန်သည်။ ရိုက်သည်။

ဒီနှစ်များတစ်လျှောက်လုံး ကန်တင်းတွင် စားကြွင်းစားကျန်တွေကို လာသယ်တဲ့ အခါတိုင်း ဒီမကောင်းဆိုးဝါးက အကြိမ်ကြိမ် နှောက်ယှက်ပြီး လှောင်ပြောင်နေခဲ့သည်။ သူမ အလုပ်ရဖို့အတွက် သူ့အမေ ပေးဆပ်ရသည့် တန်ဖိုးကလည်း ကြီးမားလွန်းသည်။

“ တောင်း..... တောင်းပန်...”

ရန်ချိုင်က ဒဏ်ရာရနေသည့် လျှာနှင့် တောင်းပန်နေသည်။ ကောင်မလေးက ထိန်းမနိုင်သိမ်းမရ ရှိုက်နှက်နေသည်။ တကယ်လို့

ဆက်ရိုက်နေရင် သေတဲ့အထိ အရိုက်ခံရတော့မယ်။

တားမယ့် လူမရှိပါ။ ဒါက နစ်နာသူ၏ အခွင့်အရေး ပဲ။

ဒါပေမယ့် တဖြည်းဖြည်း အင်ဘိုင်ဝူ၏ ရိုက်ချက်များ နည်းလာသည်။ ထက်မရိုက်တော့ပါ။ မြေကြီးပေါ်မှာ မှောက်ပြီး ငိုရှိုက်နေသည်။

"အမေ၊ မြင်လား။ ဒီမကောင်းဆိုးဝါး နောက်ဆုံးတော့ အဆုံးသတ်သွားပြီ"

ဒီနေရာမှာ ရှိသည့်လူတိုင်းက အကြောင်းပြချက်တချို့ကြောင့် ကျန်ဟန်ဖူကို စိုက်ကြည့်နေကြသည်။ ဆွန်းမိုပြောလိုက်သည့် စကားကလည်း သူတို့စိတ်ထဲတွင် ပဲ့တင်သံထပ်နေသည်။

" တကယ် စကားပြောကောင်းတယ်"

ဝမ်ဆုက တိတ်တဆိတ် ငေးကြည့်နေသည်။ ဒီလူငယ်လေးက ဖြောင့်မတ်ပြီး ဂုဏ်သိက္ခာနှင့်ပြည့်စုံသည်။

"ဘာကြောင့် ငါ့ကို ကြည့်နေကြတာလဲ" ကျန်ဟန်ဖူက အော်ဟစ်လိုက်သည်။ အခုတော့

စိတ်ထဲတွင် ဒေါသတွေနှင့်ပြည့်နေသည်။ အသက်တောင် မရှူနိုင်ပါ။

နောက်ခံ မရှိတဲ့ ဆရာတစ်ယောက်ကို ကိုင်တွယ်ရုံပဲလေ။ ဘာတွေ ဒီလောက်ခက်နေတာလဲ။ အခုတော့ သူ့ အမဲလိုက်ခွေးတောင် ဆုံးရှုံးသွားပြီ။

" မင်း အပြစ်ရှိသလို မခံစား ရဘူးလား"

ဆွန်းမိုက ကောက်ခါငင်ခါ မေးလိုက်သည်။ ကျန်ဟန်ဖူနှင့် စကားပြောသည့် အခါတိုင်း ဆွန်းမို သည်းမခံတော့တာ လူတိုင်း

ကြားနေရသည်။ ကျောင်းခေါင်းဆောင်တွေ အတွက်တော့ ရိုးနေပြီ။ ဆွန်းမိုက သံခေါင်းထက် မာတာကို သက်သေပြပြီးသွားပြီ။

ဒီ အငြင်းပွားမှုတွင် ဆွန်းမိုကို ရှုံးနိမ့်သွားပြီး ကျန်ဟန်ဖူက ဆွန်းမိုကို မြင်ကိုး မမြင်ချင်တော့ပါ။ ဒါပေမယ့် သူထွက်သွားလို့ မရသေးဘူး။ ရန်ချိုင်က သူနဲ့ ပက်သက်ပြီး မပြောတာ သေချာအောင် လုပ်ရမည်။ လင်ကျန်ကတော့ အင်တိုင်နှင့် ရန်ချိုင်ကို ကိုယ်တိုင် ဖမ်းချင်နေသည်။

ဒီကိစ္စက ဗဟိုပြည်နယ် အကယ်ဒမီနှင့် ပက်သက်နေသည်။ ရန်ချိုင်မှာ အပြစ်ရှိကြောင်း သက်သေ ပြပြီးတာနဲ့ အန်ရှီဝေမှာ စိတ်ကြိုက် ကိုင်တွယ်ဖို့ လုပ်ပိုင်ခွင့်ရှိသည်။

ချင်လင် အစိုးရအဖွဲ့နှင့် သူတော်စင်ဂိတ်ကို အစီရင်ခံစာပေးရအုံးမည်။

“ဆရာလင်၊ ဒီကောင်တွေကို သတိထားပြီး အနီးကပ် စောင့်ကြည့်ထားပါ။ တစ်ယောက်ယောက်က နှုတ်ပိတ်ဖို့ သတ်ချင် သတ်လာနိုင်တယ်။ သူက လျှာပြတ်နေရင်တောင်

လက်ကတော့ စာရေးနိုင်သေးတယ်။ သူ့ရဲ့ ကြံ့ရာပါတွေကို အမြန်ဖော်ထုတ်ရမယ်”

ဆွန်းမို လျှောင်ပြောင်နေသည်။ စကားပြောနေရင်းလည်း ကျန်ဟန်ဖူကို ကြည့်နေသည်။ ဒါက ရှင်းရှင်းလင်းလင်းကို စိတ်ဆွနေတာပဲ။

ဝမ်ဆုကတော့ ဆွန်းမိုကို ပိုတောင် သဘောကျသွားသေးသည်။

“ငါ လုပ်မယ်”

လင်ကျန်က စိတ်လှုပ်ရှားနေသည့် မျက်နှာနှင့် ခေါင်းညိတ်ပြသည်။ ဒါက အဓိက အခွင့်အရေးပါ။ သူသာ ကောင်းကောင်းလုပ်နိုင်ခဲ့ရင် ကျန်ဟန်ဖူ အဖွဲ့ အားနည်းသွားမည်။

"ကျောင်းသား အင်ဘိုင်ဝူ ၊ မင်းကို ထိခိုက်ပြီး စိတ်ဒဏ်ရာတွေ ဖြစ်ခဲ့တဲ့အတွက် တောင်းပန်ပါတယ်"

အန်ရှီဝေ က အင်ဘိုင်ဝူ ဘေးနားသွားပြီး မတ်တပ်ရပ်ဖို့ ကူညီပေးလိုက်သည်။ ပြီးတာနှင့်

အလေးအနက်ထားပြီး အရိုသေပေးလိုက်သည်။ ရှက်ရွံ့ပြီး စိတ်မသက်မသာ ဖြစ်နေသည်။

သူမလုပ်ပိုင်ခွင့်က အရမ်းမများသလို ရန်ချိုင်ကိုလည်း မထိန်းချုပ်နိုင်ပါဘူး။ ဒါပေမယ့် ကို့ကိုယ်ကို အပြစ်တင်နေခဲ့သည်။

"ကျောင်းအုပ်ကြီး အန်"

အင်ဘိုင်ဝူက အလန့်တကြား ခေါင်းမြန်မြန် ညိတ်လိုက်သည်။

“ကျောင်းအုပ်ကြီး အန်။ သူမက အရမ်း နစ်နာနေတာ။ ကျောင်းက သူ့ကို လျှော်ကြေးပေးသင့်တယ်”

ဘယ်လိုပဲပြောပြော ဒီကိစ္စအတွက် နစ်နာသူက တောင်းဆိုရတာ အဆင်မပြေပါ။ ဒါကြောင့် ဆွန်းမိုက အင်ဘိုင်ဝူအစား မေးပေးလိုက်သည်။

စာစဉ်(၁၀)

အခန်း (၁၄၀) - ငါ့ရဲ့ မြတ်ဆရာအဖွဲ့ထဲ ဝင်ချင်လား။

"ငါ မင်းကို လျော်ကြေးငွေ ပေးမယ်။" အန်ရှီဝေက ရိုးသားသောအသံနှင့် ပြောလိုက်သည်။

"မင်းမှာ တခြားတောင်းဆိုစရာ ရှိရင်လည်း တောင်းဆိုလို့ ရတယ်"

"ငါဒီမှာ ကျောင်းတက်ချင်တယ်" အင်ဘိုင်ဝူက နှုတ်ခမ်းကိုက်ပြီး ပြောသည်။

"ဒါပေမယ့် ငါ့မှာ ပိုက်ဆံ မရှိဘူး"

"မင်းသာ ဆန္ဒရှိတယ်ဆိုရင် ဗဟိုပြည်နယ် အကယ်ဒမီက မင်းအတွက် တံခါး အမြဲဖွင့်ထားတယ်။ ကျောင်းလခလည်း အကြွေတစ်ပြားတောင် ပေးစရာမလိုဘူး"

အန်ရှီဝေက ချက်ခြင်း အာမခံလိုက်သည်။ ပြီးတော့ သူမစိတ်ထဲ ကြွေကွဲဝမ်းနည်းလာသည်။

လွန်ခဲ့သော နှစ်သုံးရာလောက်ကစပြီး ဗဟိုပြည်နယ် အကယ်ဒမီ၏ အဆင့်အတန်း

တဖြည်းဖြည်း ကျဆင်းလာခဲ့သည်။ အရင်ကတော့ ကျောင်းတက်ချင်ပါက သတ်မှတ်ထားသည့် အရည်အချင်း ပြည့်ဝနေရမည်။ ချမ်းသာရင်တောင် အမှတ်မမှီပါက ကျောင်းတက်ခွင့် မရှိပါ။

အခုတော့ ကျောင်းလခ ပေးနိုင်သည့်လူတိုင်း တက်ရောက်နိုင်သည်။

အင်ဘိုင်ဝူက ဒီအခြေနေကနေ သူမ ကြီးကြီးမားမား တိုးတက်လာနိုင်မယ် ထင်နေသည်။ ဒါပေမယ့်လည်း ချမ်းသာသူဆိုရင်တော့ ဒီလိုမျိုး မတောင်းဆိုပါ။

"ဒါဆို ဘယ်လိုလဲ။ တကယ်လို့ ကျင့်ကြံခြင်းနှင့် ပက်သက်ပြီး နားမလည်တာရှိရင်လည်း လာမေးလို့ရတယ်"

အန်ရှီဝေက ဒီကောင်မလေးအပေါ် အများကြီး အကြွေးတင်နေတယ်လို့ ခံစားနေရသည်။ ဒါကြောင့်လည်း ကတိတစ်ခု ထပ်တိုးပေးလိုက်သည်။

ဒီစကားကို ကြားလိုက်ရင် အင်ဘိုင်ဝူ မျက်လုံး အရောင်တောက်လာသည်။ အန်ရှီဝေ၏ တောက်ပသည့် နောက်ခံသမိုင်းကြောင်းကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရင်ကတည်းက ကြားဖူးသည်။ ပြီးတော့ အန်ရှီဝေက ကြယ်သုံးပွင့် မြတ်ဆရာလည်း ဖြစ်သည်။

မြတ်ဆရာတစ်ယောက်ရဲ့ အကူအညီက ရွှေတွေငွေတွေ ထက်တောင် တန်ဖိုးကြီးသေးသည်။

"ဒီလောက် ဒုက္ခခံနေ စရာမလိုပါဘူး"

ဝမ်ဆုက ကြားဖြတ်ပြောလိုက်သည်။ အင်ဘိုင်ဝူဆီကို လျှောက်လာပြီး

"ကျောင်းသားလေး ကြည့်ရတာတော့ မင်းအရည်အချင်းက မဆိုးဘူး။ ငါ့ဆီမှာ သင်ချင်လား"

သူစကားပြောပြီးတာနှင့် ရန်ချိုင်အကြောင်း ဆွေးနွေးနေသည့် ကျောင်းခေါင်းဆောင် အကုန်လုံး လှည့်ကြည့်လိုက်ကြသည်။ ပြီးတော့ အင်ဘိုင်ဝူကိုလည်း ကြည့်လိုက်မိသည်။

ဒီ မိန်းကလေးက ပါရမီရှင်လား။

ဝမ်ဆုက ကြယ်လေးပွင့် မြတ်ဆရာဆိုတာ မေ့ထားလို့ မရပါ။ သူ့သုံးသပ်ချက် က မမှားနိုင်ပါ။

မျက်လုံးပေါင်းများစွာ ဝိုင်းကြည့်နေကြတဲ့အတွက် အင်ဘိုင်ဝူလည်း ဘာလုပ်လို့ ဘာကိုင်ရမလဲ မသိဖြစ်နေသည်။ သူမရဲ့စိတ်တွေ ရှုပ်ထွေးနေကာ စိတ်လှုပ်ရှားနေသည်။ ကြောက်လန့်နေသည်။

စာကလေးတစ်ကောင်ကနေ ဖီးနစ်တစ်ကောင်ပြောင်းသွားပြီး ကောင်းကင်ပေါ်ကို ပျံတက်နိုင်တော့မှာလား။

"ဆရာဝမ်၊ မင်းက သူ့ကို တပြည့်ွ်ေ အဖြစ်လက်ခံမှာလား။ ဒါမှမဟုတ် အနားမှာပဲ သင်ခွင့်ပေးမှာလား"

ဆွန်းမိုက မေးသည်။

“ ဆရာဆွန်း၊ မင်းက ဒုကျောင်းအုပ်ကြီးဝမ်ကို ခက်ခဲအောင် လုပ်နေတာလား”

ဒီစကားကိုရင် ဝမ်ဆု အဖွဲ့က ကျောင်းခေါင်းဆောင်များ နည်းနည်း တင်းသွားသည်။

ကြွယ်ပွင့်ရှိတဲ့ ဆရာတိုင်းအတွက် တပြည့်ွှ်င် လက်ခံတာက အရေးကြီးသည့် ကိစ္စဖြစ်သည်။ သူတို့က လက်ခံလိုက်ရင်လည်း ကိုယ့်သွေးသားရင်းလို သဘောထားကြသည်။

မြတ်ဆရာတွေ လောကတွင် ပြောစရာမလိုသည့် စည်းကမ်းတစ်ခု ရှိသေးသည်။ ဒီစည်းကမ်းကလည်း မြတ်ဆရာအနားတွင် တစ်နှစ် နှစ်နှစ်လောက် သင်ယူပြီး ထူးချွန်ပါက အဲဒီကျောင်းသားသည် တိုက်ရိုက်တပြည့်္င် ဖြစ်လာနိုင်သည်။ သူတို့ လုပ်ဆောင်ချက် မကောင်းရင်တော့ အရင်အတိုင်းပဲ ရှိနေမည်။

ဝမ်ဆုက တခြားသူတွေကို စကားမပြောဖို့ လက်မြှောက် ပြလိုက်သည်။ ဆွန်းမိုကို

တစ်ချက်ကြည့်လိုက်ပြီး အင်ဘိုင်ဝူကို လှည့်ကြည့်လိုက်သည်။

"မင်းသာ စိတ်ရှိတယ်ဆိုရင် ငါ့ဘေးနားမှာလိုက်ပြီး နှစ်ဝက်လောက် အရင်သင်နိုင်တယ်"

ဝမ်ဆုက အလေးမထားပဲ ခပ်ပေါ့ပေါ့ ပြောလိုက်သည်။

သူ၏ လက်ရှိ ကြယ်ပွင့်အဆင့်အရ သူ့ကို ဆရာတင်ချင်ရင်တော့ အရမ်းထူးချွန်နေမှပဲ ရမယ်။ ဘာကြောင့်ကျောင်းသားကို အရင်ခေါ်နေရမှာလဲ။

အင်ဘိုင်ဝူက ခေါင်းငုံ့လိုက်သည်။ မျက်နှာတွင် စိတ်ပျက်သည့် ပုံစံပေါ်နေသည်။ ခဏလောက်ကြာတော့ ပုံမှန် ပြန်ဖြစ်သွားသည်။ သူမက ဆင်းရဲတဲ့မိသားစုက ဖြစ်ပြီး အရင်ကလည်း စာမသင်ဖူးပါ။ ဘယ်လို အရည်အချင်းရှိနေလို့ ကြယ်ပွင့် မြတ်ဆရာက သူ့အတွက်စည်းမျဉ်းကို ဖောက်ပေးမှာလဲ။ တစ်နှစ်ခွဲလောက် စောင့်ကြည့်မယ်လို့ ပြောတာကပင် ကံကောင်းနေပြီ။

“ ဘာတွေ တွန့်ဆုတ်နေသေးတာလဲ”

ကျောင်းသားခေါင်းဆောင် တစ်ယောက်က ဝင်ပြောလိုက်သည်။

“ ဒီလို အခွင့်အရေးရဖို့က ရှားတယ်။ လပြာသွားရင်တောင် နောက် တစ်ကြိမ် မရနိုင်ဘူး။ ဆရာဝမ်ရဲ့ တိုက်ရိုက်တပြည့်ံ့် မဖြစ်ရင်တောင် ဒီအချိန်အတွင်းမှာ ကြိုးကြိုးစားစား သင်ယူသင့်တယ်။ သာမန်ဆရာတစ်ယောက်ဆီမှာ သုံးနှစ်လောက် လုပ်ရတဲ့ အောင်မြင်မှုမျိုး ရနိုင်တယ်”

ဒီစကားက မှားတော့လည်း မမှားပါ။ မြတ်ဆရာတစ်ယောက်ဆီမှာ တစ်ခါလောက် လမ်းညွှန်ချက် ရလိုက်ရင် လမ်မှားရောက်နေခြင်းမှ အများကြီး ကာကွယ်နိုင်သည်။

“ကျောင်းသား အင်ဘိုင်ဝူ၊ မင်းငါ့ရဲ့ တပြည့့််လုပ်မလား”

ဆွန်းမိုက မေးလိုက်သည်။

စိတ်ရင်းဖြင့် ဆက်ပြောသည်။

“စောင့်ကြည့်ရေး ကာလလည်း မရှိဘူး။ မင်းသာလက်ခံရင် ငါ့ရဲ့ တပြည့်ွှ်အဖြစ် တစ်ခါတည်း ခေါ်သွားမယ်”

ကျောင်းခေါင်းဆောင်များလည်း ဆွန်းမိုကို လှည့်ပြီး အံ့အောသင့်သည့် မျက်နှာနှင့် စိုက်ကြည့်နေကြသည်။

“ဘာဖြစ်တာလဲ” ဆရာဝမ်ရဲ့ ကျောင်းသားကို လုယူဖို့ လုပ်နေတာလား။

ခုနကပြောခဲ့သည့် ဆရာက "ဆရာဆွန်း၊ ကျောင်းသားလက်ခံတဲ့ ကိစ္စမှာ အရင်လာတဲ့သူက အရင်ခေါ်ဖို့ လူတိုင်းလက်ခံ ထားတယ်"

သူ့အမြင်တွင် ဝမ်ဆုတောင် အထင်ကြီးသည့် အင်ဘိုင်ဝူသည် ပင်ကိုယ်အရည်အချင်း တော်တော်ကောင်းနေမယ်လို့ ဆွန်းမို တွေးနေတယ် ထင်လိုက်သည်။ ဒါကြောင့်လည်း ဆွန်းမိုက ရှေ့ထွက်လာပြီး ဝမ်ဆုဆီက လုယူတယ် ထင်နေကြသည်။

"ဆရာဆွန်း၊ တပြည့်ိုင်လက်ခံတဲ့ကိစ္စက ပေါ့ပေါ့လေး လုပ်လို့ မရဘူး။ ဒီကျောင်းသားကို မင်းတကယ် သဘောကျရင် ငါဘာမှ မပြောလိုဘူး။ အခုတော့ မင်းက ကံစမ်းချင်နေတယ်။ မင်းလက်လျော့ဖို့ အကြံပေးပါရစေ"

သင်ကြားရေး ဌာနမှူးဖြစ်သည့် ရန်ပိုက အလေးအနက်ပြောနေသည်။ ဆွန်းမိုကို တမင်တကာ ပြဿနာ ရှာနေတာလည်း မဟုတ်ဘူး။ ဒါက သူ လူတွေကို ဆက်ဆံနေကြ ပုံစံဖြစ်သည်။

အင်ဘိုင်ဝူလည်း ဆွန်းမိုကို လှည့်ကြည့်လိုက်သည်။ မျက်ရည်တွေပြည့်နေသည့် မျက်နှာတွင် စိတ်ရှုပ်ထွေးခြင်းများ ပြည့်နေသည်။

“တကယ်တော့ သူ့ကိုငါ အကြိမ်ကြိမ် မေးခဲ့ပြီးပြီ။ သူမက အခုထိ ပြန်မဖြေသေးတာ”

ဆွန်းမိုက ပုခုံးတွန့် ရင်း ပြောသည်။

အင်ဘိုင်ဝူ၏ အချက်အလက်ကို မြင်လိုက်ကတည်းက သူမကို တပြည့့််အဖြစ် လက်ခံချင်နေခဲ့သည်။ သူမရဲ့ ကြံုတွေ့မှုတွေကို

သိပြီးတဲ့နောက်မှာ ပိုတောင် လက်မလွှတ်ချင်တော့ဘူး။

ဆွန်းမိုက စိတ်ဓါတ်သန်မာသည့် လူမျိုးကို တကယ်သဘောကျသည်။ သူမ ဘဝ မှောင်မိုက်နေတာတောင် သူမနှလုံးသားက လင်းနေသေးသည်။ အရှုံးလည်း မပေးခဲ့ဘူး။ အရမ်းကိုရှားပါးပြီး တန်ဖိုးရှိသည့် စိတ်ဓါတ်မျိုး ဖြစ်သည်။

ကျောင်းခေါင်ဆောင်တွေလည်း ကြောင်သွားသည်။ (သူတို့က တစ်ယောက်ကို တစ်ယောက် အရင်ကတည်းက သိနေတာလား။)

"ဆွန်းမိုမှာ နတ်ဘုရားလက်ရှိတယ်"

အန်ရှီဝေ စကားတစ်ခွန်း ထပြောသည်။ ဒီစကားကို ကြားရင်တောင် ဆွန်းမိုက ဝမ်ဆု၏ ကျောင်းသားကို လုယူတယ်လို့ သံသယဝင်နေကြသေးသည်။ အခုတစ်လော ကျောင်းတစ်ဝိုက်တွင် ဆွန်းမို၏

နတ်ဘုရားလက်အကြောင်း ကောလဟာလတွေ ထွက်နေသည်။ ဒါဆို အမှန်ကြီးလား။

“ဆရာဆွန်း၊ ဒီကျောင်းသူလေးက ဘာထူးချွန်လို့လဲ”

ကျောင်းခေါင်းဆောင်တွေက စပ်စပ်စုစု မေးလိုက်သည်။

“သူမရဲ့ စရိုက်ကို သဘောကျတယ်။ ပြီးတော့ သူမရဲ့ အလုပ်ကြိုးစားတဲ့ စိတ်ရော။ သူမရဲ့အနာဂတ်ကို အကြီးကြီး မှန်းထားတယ်”

ဆွန်းမိုက အကြောင်းအရာသုံးခုကို တစ်ခါတည်း ပေါင်းပြောလိုက်သည်။

(ဘာဖြေတာလဲ။ တကယ်ပဲ တုံးတာလား။ ဒါမှမဟုတ် ဟန်ဆောင်နေတာလား)

ကျောင်းခေါင်းဆောင် တစ်ယောက်က ဒီကောင်မလေး ဘာထူးချွန်လဲ မေးခဲ့သည်။ ဆွန်းမိုက စကားသုံးခွန်းနှင့် အကုန်လုံး သိမ်းချသွားသည်။

အင်ဘိုင်ဝူက ဆွန်းမိုကို အလေးအနက်ထားပြီး ကြည့်လိုက်သည်။ မျက်လုံးထဲမှာ မျက်ရည်တွေက

ပြည့်လာပြီး နှလုံးသားတစ်ခုလုံး နွေးထွေးလာသည်။ သူ့ကိုအမေကလွဲရင် ဘယ်သူမှ မချီးကျူး ခဲ့ဖူးပါ။

ဒါက သူမ အသက်ဆယ့်သုံးနှစ် ရောက်သည်အထိ ဘဝမှာ ပထမဆုံးအကြိမ် အသိအမှတ်ပြုခံရခြင်းဖြစ်သည်။

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး (၁၂၀/၁၀၀၀)

ဝမ်ဆုက သူမကို လက်ခံမယ်ပြောပေမယ့်လည်း သိပ်အလေးမထားပါ။ ဆန့်ကျင်ဘက်အနေနှင့် ဆွန်းမိုက အလေးအနက်ထားပြီး လေ့လာနေသည်။

ဒါက ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက် ပုံစံ ဖြစ်သည်။ တစ်ခေါက်ဖိတ်ခေါ်လိုက်ရင်ကို လုံလောက်နေပြီ။ တစ်ကြိမ်ထက်ပိုပြီး ဖိတ်ခေါ်ရမှာလား။ အင်ဘိုင်ဝူက ဒါနဲ့တော့ မထိုက်တန်ပါဘူး။

ရုံးခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။

အင်ဘိုင်ဝူက ဝမ်ဆုကို ဆရာတင်လိုက်ရင် ဝိုင်းပြီး ဂုဏ်ပြုဖို့ စောင့်နေကြသည်။ ဘာ၊ ဒီကောင်မလေးက ဆွန်းမိုကို ရွေးမယ် ၊ဟုတ်လား။ ဟာသတွေ ရပ်လိုက်ပါတော့။ ငတုံးတစ်ကောင်တောင် ဘာရွေးရမလည်း သိတယ်။

အင်ဘိုင်ဝူ တွန့်ဆုတ်နေသည်။ သူမဘဝတွင် မြတ်ဆရာတစ်ယောက်ဆီမှာ တပြည့်္ခံဖို့နဲ့ သက်တူရွယ်တူများကြားတွင် ထင်ပေါ်ဖို့က သူမရဲ့ အကြီးအမားဆုံး ရည်မှန်းချက် ဖြစ်သည်။ ဒါဆိုရင် သူများတွေရဲ့ အနိုင်ကျင့် ခံရပြီး

အောက်ကျခံနေစရာလည်း မလိုတော့ဘူး။ နောက်ထပ်လည်း အငတ်ခံစရာ မလိုတော့ဘူး။

အင်ဘိုင်ဝူအတွက် အမှိုက်ပုံးထဲက အစာတွေ စားခဲ့ရတာ တကယ်ကို လုံလောက်နေပြီ။

အင်ဘိုင်ဝူက ဝမ်ဆုကို ကြည့်လိုက်သည်။ လရောင် အင်္ကျီ အဖြူကို ဝတ်ဆင်ထားပြီး အရမ်းကို ထူးကဲသာလွန်တဲ့ အငွေ့အသက် ရှိနေသည်။ သူက တကယ်ကို ယဉ်ကျေးတဲ့ ဟန်ပန်နဲ့ မြတ်ဆရာတစ်ယောက်ပါ။

သူက ဒီမှာ ရပ်နေပေမယ့် ကြည့်နေတဲ့သူက သူမ မဟုတ်ပါဘူး။ ဆွန်းမို ဖြစ်နေသည်။

သူမက ဆွန်းမိုကို လှည့်ကြည့်လိုက်တော့ ဝမ်ဆုရဲ့ အကြည့်ကို လျစ်လျူရှုထားပြီး သူမကို စိုက်ကြည့်နေသည်။ သူ့ရဲ့ အကြည့်တွေထဲမှာ သဘောကျမှုတွေ၊ မျှော်လင့်စောင့်စားမှုတွေ၊ ဝမ်းနည်း ဂရုဏာသက်မှုတွေ တွေ့နေရသည်။

အင်ဘိုင်ဝူက လက်ချောင်းတွေနှင့် ရင်ဘက်ကို ဆုပ်ကိုင်လိုက်မိသည်။ ဆွန်းမိုရဲ့ အကြည့်တွေကို မြင်ပြီးနောက် ဘာကြောင့်မှန်းမသိ ငိုချင်လာသည်။

"ငါ...ငါ...........ဆရာဆွန်းကို ရွေးတယ်"

အင်ဘိုင်ဝူက အရမ်းကြိုးစား အားစိုက်ပြီး စကားဆုံးအောင် ပြောနေရသည်။ သူမစိတ်တွေထဲမှာတော့ အပြင်းအထန် ရုန်းကန်နေရတုန်းပါ။ ဘာကြောင့် ဆွန်းမိုကို ရွေးချယ်ခဲ့တာလဲ။ ဉာဏ်ကောင်းတဲ့လူဆိုရင် ဝမ်ဆုနောက်ကို လိုက်ဖို့ ရွေးချယ် ရမှာလေ။ မဟုတ်ဘူးလား။

"အမ်"

ဒီစကားကို ကြားလိုက်ရင် ကျောင်းခေါင်းဆောင်များ မျက်နှာ မှုန်ကုတ်ကုတ် ဖြစ်နေသည်။ အချင်းချင်း အပြန်အလှန် ကြည့်လိုက်မိသည်။ ဒီကောင်မလေး အရမ်းစိတ်လှုပ်ရှားပြီး နာမည်များ မှားပြောနေတာလား။

“ဟီးဟီး။ အင်ဘိုင်ဝူ၊ နင်က အရမ်းဉာဏ်ကောင်းတယ်လို့ ကို့ကိုယ်ကို အမြဲကြွေးကြော်နေတာ မဟုတ်ဘူးလား။ အခုတော့

မင်းက ငတုံးတစ်ယောက်လို ရွေးချယ်လိုက်တယ်”

အင်ဘိုင်ဝူက သူ့ကိုယ်သူ လှောင်ပြောင်နေသည်။ ဒါပေမယ့် ခြေထောက်တွေကတော့ ဆက်ရွေ့နေသည်။ ဆွန်းမိုအရှေ့ကို ရောက်အောင်သွားပြီး ဒူးထောက်ကာ အရိုအသေသုံးခါပေးလိုက်သည်။

“ဆရာဆွန်း၊ ကျေးဇူးပြုပြီး ဒီကျောင်းသားကို လက်ခံပေးပါ”

အင်ဘိုင်ဝူ က နဖူးနှင့် မြေကြီးကို ထိလိုက်သည်။ သူမအသံကလည်း ရိုးသားမှုနှင့် ပြည့်နေသည်။

ရှူး....

ဒီမြင်ကွင်းကို ကြည့်ပြီး ကျောင်းခေါင်းဆောင်တွေလည်း ပါးစပ်ဟောင်းလောင်း ဖြစ်နေသည်။ ဒီကောင်မလေး ရှူးသွားတာလား။

“ အင်ဘိုင်ဝူ ဒါကို သေသေချာချာ စဉ်စားလို့ ပြီးပြီလား”

ရန်ပိုက မေးလိုက်သည်။

သူတော်တော် နှမြောနေသည်။ သူမသာ တကယ်ကို ပါရမီရှင် ဖြစ်ပါက ဝမ်ဆုကို ရွေးချယ်လိုက်ရင် ပိုမြင့်မားသည့် အဆင့်က စတင်နိုင်လိမ့်မည်။ ဒါပေမယ့် ဆွန်းမိုကို ရွေးချယ်လိုက်ရင် သူမရဲ့ အရည်အချင်း အရမ်းမြင့်နေရင်တောင် ဖြည်းဖြည်းချင်းပဲ တိုးတက်လာမည်။ ပြီးတော့ ဝမ်ဆုက ကျောင်းမှာ ဆရာကြီး တစ်ပါးလည်း ဖြစ်သေးသည်။ ဆွန်းမိုက အခုမှ ဆရာအသစ် တစ်ယောက်ပဲ ဖြစ်သေးသည်။ ဘဝမှာ ကြယ်သုံးပွင့်

မြတ်ဆရာတစ်ယောက် ဖြစ်လာမလား ၊ မဖြစ်ဘူးလား မသိရသေးပါ။

" ငါဆုံးဖြတ်ပြီးပြီ"

အင်ဘိုင်ဝူက ဆုံးဖြတ်ချက် ခိုင်မာသည့်သူဖြစ်သည်။ ဆုံးဖြတ်ပြီးရင် ဘာတွေပဲဖြစ်လာလာ နောက်မဆုတ်တတ်ပါ။

"ငါမင်းကို လမ်းပြဖို့ အကောင်းဆုံးလုပ်ပေးမယ်"

ဆွန်းမိုက အင်ဘိုင်ဝူကို ထဖို့ ကူညီပေးရင်း ပြောလိုက်သည်။

ဒင်

“ ခြောက်ယောက်မြောက် ကျောင်းသားခေါ်ယူနိုင်တဲ့ အတွက် ဂုဏ်ပြုပါတယ်။ အင်ဘိုင်ဝူနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ရင်းနှီးအဆင့်ကို ရောက်ရှိသွားသည့်အတွက် ငွေရောင် ရတနာသေတ္တာ တစ်လုံး ဆုလာဒ် အဖြစ်ရရှိသည်”

ငွေရောင် အလင်းတန်းတွေနှင့် တောက်ပနေသည့် ရတနာသေတ္တာတစ်လုံး ဆွန်းမို အရှေ့တွင် ပေါ်လာသည်။

"သွား တောင်းပန်လိုက်ပါ"

ဆွန်းမို က အင်ဘိုင်ဝူ ပုခုံးကို ညင်သာစွာ ပုတ်ရင်း ပြောသည်။

ဒီစကားကို ကြားရရင် အင်ဘိုင်ဝူ စိတ်ထဲတွင် နွေးထွေးသွားသည်။ သူ့ဆရာက သူ့အတွက် တကယ်ပဲ စိတ်ပူနေသည်။ သူမလည်း ဝမ်ဆုဆီကို လျှောက်သွားပြီး လေးလေးနက်နက် ဦးညွှတ် အရိုအသေ ပေးလိုက်သည်။

"တောင်းပန်ပါတယ်။ ဆရာရဲ့ မျှော်လင့်ချက်ကို ဖျက်ဆီးမိပြီ"

"တောင်းပန်စရာမလိုပါဘူး။ ဆွန်းမိုရဲ့ သင်ကြားမှုအောက်မှာ ကြီးကျယ်တဲ့ အောင်မြင်မှုတွေ ရနိုင်မယ်လို့ ငါမျှော်လင့်ပါတယ်"

ဝမ်ဆုက ကြင်နာမှု အပြည့်နှင့် ပြုံးလိုက်ပြီး ပြောလိုက်သည်။

ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်အနေနှင့် ဝမ်ဆုသည် တော်တော် သည်းခံနိုင်သည်။ တပြည့့််တစ်ယောက်လက်ခံသည့် ကိစ္စလောက်နှင့် ဆွန်းမိုကို စိတ်မဆိုးပါ။

"ကောင်းပြီ။ ငါတို့ ရန်ချိုင်ကို ဘယ်လို ဆက်လုပ်မလည်းဆိုတာ ဆွေးနွေးကြရအောင်"

အန်ရှီဝေလည်း သူမ စားပွဲခုံကို ပြန်လာပြီး ဆွန်းမိုကို တစ်ချက် ခိုးကြည့်လိုက်သည်။ သူမ၏ ငယ်ချစ်လေးက လူတိုင်းကို အမြင်သစ်တစ်ခု ပေးခဲ့သည်။ သူလုပ်လိုက်တိုင်းလည်း အမြဲ အံ့အားသင့်နေရသည်။

အမှန်တိုင်း ပြောရရင် အင်တိုင်နှင့် သူ့သမီး ရောက်လာတုန်းက ဆွန်းမိုကို အမှုဆင် မခံရအောင်ကာကွယ်ဖို့ သူမ ဦးနှောက် ကို

အစွမ်းကုန် ဖြစ်ညှစ် စဉ်းစားနေခဲ့ရသည်။ ဒါပေမယ့် သူ့မှာ ဒီလို ဗုက်ဖဲရှိနေမယ်လို့လည်း မတွေးထားခဲ့မိပါ။

ဒီကောင် လီကုန်က သေချာပေါက် ရန်ချိုင်ရဲ့ ယုံကြည်စိတ်ချရတဲ့ နောက်လိုက်ပါ။ ရန်ချိုင်က သစ္စာဖောက်မယ်လို့လည်း ဘယ်သူမှ မထင်နိုင်ပါ။

"ဘာတွေဆွေးနွေး နေအုံးမှာလဲ။ စည်းမျဉ်းအတိုင်း ပြင်းပြင်းထန်ထန် အပြစ်ပေးလိုက်ပေါ့"

ရန်ပိုက အကြံပြုသည်။ သူက ဒီအခွင့်အရေးကိုသုံးပြီး ကျောင်းရဲ့ အမှိုက်တွေကို ရှင်းပစ်ချင်နေသည်။ ဒါဆိုရင် ယုတ်မာသည့် ကျန်ဟန်ဖူလက်ကနေ ပိုပြီး လွတ်မြောက်လာမည်။ တကယ်လို့ သူက အာဏာရယ် လုပ်ပိုင်ခွင့်ရယ် အသုံးချလာလည်း ကိစ္စမရှိဘူး။ သူ့လက်အောက်ငယ်သားက ကျောင်းသူတစ်ယောက်ကို မုဒိမ်းကျင့်ဖို့ လုပ်နေတာ။ ဒါတောင်သံသယမရှိရင် မ....အ......လ လိုက်။

“ဒါဆိုလည်း နှုတ်ဆက်ခဲ့ပါတယ်”

ဆွန်းမိုက လှည့်ထွက်သွားသည်။ ဒီအစည်းအဝေးကို ဝင်ပါဖို့ သူအဆင့်မမှီသေးပါ။ ဒါပေမယ့် ဒီမှာ ထိုင်နိုင်ဖို့ သိပ်မကြာတော့ဘူးလို့ သူယုံသည်။

"ခဏနေအုံး"

ဝမ်ဆုက တားလိုက်သည်။

"ဆရာဆွန်း မင်းငါ့ရဲ့ မြတ်ဆရာအဖွဲ့ထဲ ပါမလား"

ရုံးခန်းတစ်ခုလုံး ရုတ်တရက် တိတ်ဆိတ်သွားသည်။

ကျောင်းခေါင်းဆောင်များသည် လူ့အသိုင်းအဝိုင်းတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သောကြောင့် သူတို့စိတ်များအရမ်းကို ရင့်ကျက် တည်ငြိမ် နေကြသည်။ ဒါပေမယ့် ဒီတစ်ခါတော့ ဝမ်ဆုကို စိုက်ကြည့်ရင်း အံ့အော မှင်တက်နေသည်။

ဒါက ဘယ်လို ဇာတ်လမ်းမျိုးလဲ။

ဝမ်ဆုက အခုမှ ဆွန်းမိုကို ပထမဆုံး တွေ့ဖူးတာ မဟုတ်ဖူးလား။ ဘာကြောင့် သူ့ကို

စည်းရုံးချင်နေတာလဲ။ ဒီကောင်လေးမှာ သူတို့မမြင်နိုင်တဲ့ အရည်အချင်း ရှိနေတာလား။

စာစဉ်(၁၀)

အခန်း (၁၄၁) - ခြောက်ယောက်မြောက် တပြည့်ပွင့်။

အန်ရှီဝေ ပုံစံက သူ့အစာ အလုပ်ခံရမှာ သိနေသည့် တောကြောင်တစ်ကောင်လို ဖြစ်နေသည်။ သူမတစ်ကိုယ်လုံး ရုတ်တရက် တောင့်တင်းလာပြီး ဆံပင်များလည်း ထောင်လာသည်။

အင်ဘိုင်ဝူက ဆွဲန်းမိုကို ကြည့်လိုက်တော့ ဆွဲန်းမိုအမူအရာက ဘာမှမပြောင်းလဲဘဲ

ကန်တင်းတွင် အဒေါ်ကြီးက မနက်စာ ဘာစားမလဲ အမေးခံရသလို လုပ်နေသည်။

ကြယ်လေးပွင့်အဆင့် မြတ်ဆရာတစ်ယောက် ဖိတ်ခေါ်တယ်ဆိုတာ မေ့ထားလို့ မရပါ။

ဗဟိုပြယ်နယ်တစ်ခုလုံးတွင် ဒီလို အထူးတောက်ပသည့် သူများကို ရေတွက်ရင် လက်ဆယ်ချောင်းတောင် မပြည့်ပါ။

“တောင်းပန်ပါတယ်”

ဆွန်းမိုက လိမ္မာပါးနပ်စွာ ငြင်းဆိုလိုက်သည်။

“အို ဘုရားရေ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက တွေဝေမနေပဲ ချက်ခြင်း ငြင်းပစ်လိုက်သည်။ ဒါကိုမြင်လိုက်ရင် ကျောင်းခေါင်းဆောင်များ ပိုပြီးလို့တောင် တုန်လှုပ်သွားသည်။

ဆရာအများစုသည် ကြယ်လေးပွင့် မြတ်ဆရာ၏ အဖွဲ့ထဲကို ဝင်ချင်နေကြသည်။ မတောင်းဆိုရဲလို့သာ ငြိမ်နေကြသည်။ အရမ်းလည်း အဆင့်အတန်း မြင့်သွားနိုင်သည်။

တခြား အကျိုးအမြတ် အကြောင်းတော့ မပြောတော့ဘူး။ တကယ်လို့ ဆွန်းမိုသာ

အဖွဲ့ထဲကို ဝင်သွားခဲ့ရင် ကျန်ဟန်ဖူက ဆွန်းမိုကို ထိဖို့ နှစ်ခါပြန် စဉ်းစားရမည်။ ကျန်ဟန်ဖူက တရားဝင်နည်းလမ်းတွေကိုသာ သုံးနိုင်ပြီး ကောက်ကျစ်သည့် လှည့်ကွက်တွေ သုံးလို့ မရတော့ဘူး။ မဟုတ်ပါက ကြယ်လေးပွင့် မြွတ်ဆရာ၏ ဒေါသက ကျန်ဟန်ဖူ အတွက် လုံလောက်သွားမည်။ ဆွန်းမို၏ အဖြေကို ကြားမှပဲ အန်ရှီဝေလည်း တိတ်တခိုး သက်ပြင်းချလိုက်သည်။

"အကြောင်းပြချက် ပြောပြနိုင်မလား"

ဝမ်ဆု အကျိုးအကြောင်း သိချင်နေသည်။ အငြင်းခံရလို့လည်း ဒေါသထွက်ခြင်း၊ မကျေနပ်ခြင်း တစ်ချက်တောင် မဖြစ်ပါ။ ဒီအချက်ကြောင့်လည်း ဆွန်းမိုကို ပိုပြီးတော့တောင် သဘောကျလာသေးသည်။ ဒီဆုံးဖြတ်ချက်ကို ကြည့်ရုံဖြင့် ရုပ်ဝတ္ထုတွေကို မမက်မောရုံသာမက သူ့ကိုယ်သူ သိမ်ငယ်နေခြင်းလည်း မရှိပါ။ အေးချမ်းတည်ငြိမ်သည့် စိတ်မျိုးသာ ရှိနေသည်။

မြတ်ဆရာတစ်ယောက် မဖြစ်သေးပေမယ့် မြတ်ဆရာတစ်ယောက်ရဲ့ အပြုအမူတော့ ရှိနေပြီ။

"ငါ အကန့်အသတ် မခံချင်ဘူး"

ဆွန်းမိုက စူတူတူ မျက်နှာပေးနှင့် ပြန်ဖြေသည်။ အခုလက်ရှိဘဝက အရမ်းလွတ်လပ်တက်ကြွနေသည်။ ဘာကြောင့် အထိန်းချုပ်ခံဖို့ ဆရာကြီးတစ်ယောက် ရှာနေမှာလဲ။

ဝမ်ဆု အနေအထားက အလွန်ခံ့ညားသွားပြီး ဆွန်းမိုက သူ့ကိုတွေ့လိုက်တာနဲ့ အရမ်းကို ရိုသေ ပြနေရမည်။ မဟုတ်ဖူးလား။ သေချာပေါက် ဝမ်ဆုကို ခဏခဏ နှုတ်ဆက်နေရမည်။

သူ့ဘဝမှာ အဲဒီလိုတွေ လိုက်လုပ်ဖို့ အချိန်တွေ ပိုမနေပါ။

ဒီအဖြေကို ကြားလိုက်ပြီးနောက် ကျောင်းခေါင်းဆောင်များ သံသယ ဝင်လာသည်။ ပြီးတော့ အန်ရှီဝေကို လှမ်းကြည့်လိုက်သည်။ ဆွန်းမိုက သူမကြောင့် ငြင်းတာလား။ ဘယ်လိုပဲပြောပြော ကျောင်းအုပ်ကြီး နှစ်ယောက်စလုံးက ပြိုင်ဘက်တွေ ဖြစ်နေသည်။

ဒီလူတွေ လျှောက်တွေးနေတာ သနားစရာပဲ။ ဆွန်းမို ဆုံးဖြတ်ချက် တစ်ခုလုံးတွင် အန်ရှီဝေနှင့် ပက်သက်ပြီး တစ်ချက်မှ မပါပေ။

"လွတ်လွတ်လပ်လပ် နေချင်လို့ ။ ဒါက ဇိမ်ခံတယ်လို့ မထင်ဘူးလား"

ဝမ်ဆုက တစ်ဟားဟား ရယ်ပြီး ဆွန်းမိုဆီကို လျှောက်သွားကာ ပုခုံး ပုတ်လိုက်သည်။

"မင်း စိတ်ပြောင်းသွားရင် အချိန်မရွေးငါ့ကို လာရှာလို့ ရတယ်"

ဒင်

ဝမ်ဆု၏ လေးစားအထင်ကြီးမှု +၅ ။ရင်းနှီး (၈/၁၀၀)

ရှူး.................

ဒီစကားကြောင့် လူအုပ်ကြီး စိတ်မထိန်းနိုင်အောင် ဖြစ်သွားသည်။ ဝမ်ဆုက အမှန်တကယ် သဘောကျနေ တာပဲ။

"သေချာတာပေါ့"

ဆွန်းမိုလည်း ခေါင်းညိတ်လိုက်ပြီး အင်ဘိုင်ဝူနှင့် အတူ ထွက်သွားသည်။ လူတိုင်းစကားတစ်ခွန်းမှ မပြောပဲ ဆွန်းမို နောက်ကျော

ငေးကြည့်နေကြသည်။ ပြီးတော့အတွေးထဲ နစ်နေကြသည်။

"သူ တကယ် ငြင်းသွားတာပဲ"

ရန်ပိုက ညာဏ်မမီသည့်အသံနှင့် ပြောလိုက်သည်။ ဒါကို ကြည့်ရတာ ရုပ်ဆိုးတဲ့ မိန်းမက အရုပ်ချောတဲ့ကောင်ကို ငြင်းလိုက်တာ မြင်နေရသလိုပဲ။

"ဟား ဟား"

အန်ရှီဝေက အကြောင်းပြချက် မရှိ ရယ်မောလိုက်သည်။ လူတိုင်းလည်း ကြောင်နေသည်။

ဆွန်းမိုက နတ်ဘုရားလက်ရဲ့ အလားအလာတောင် မပြရသေးခင် စည်းရုံးခဲ့သည့် ယူရုံပို အကြောင်း ပြန်စဉ်းစားနေသည်။

ဒါကိုလည်း ဆွန်းမိုက ငြင်းခဲ့တာပဲ။

"တော်ပြီ။ ငါတို့ အလာပသလာပ စကားတွေကို ရပ်ပြီး ရန်ချိုင်ကိစ္စကို ဘယ်လို လုပ်ရမလည်း ဆွေးနွေးရအောင်" ဝမ်ဆုက အားလုံးကို လှည့်ကြည့်ရင်း ပြောလိုက်သည်။

"ကျန်ဟန်ဖူကို အခုပြန်လာဖို့ သွားခေါ်လိုက်" လင်ကျန်က ရန်ချိုင်ကို အဝေးခေါ်ထုတ်သွားပြီး

မကြောင်ခင်မှာ ကျန်ဟန်ဖူကလည်း သူတွေ့ဖို့လိုတယ်ဆိုပြီး အကြောင်းပြချက်ပေးကာ ထွက်သွားသည်။ အခုထိ ပြန်မလာသေးပါ။

စကြံ့န်တွင်...................

အင်ဘိုင်ဝူ စိတ်ထဲတွင် အတွေးများနေသည်။

"မင်းမှာ မေးချင်တာရှိရင် လွတ်လွတ်လပ်လပ် မေးလို့ရတယ်။ အခုငါက မင်းဆရာပဲ"

ဆွန်းမိုလည်း အရှိန်လျှော့လိုက်သည်။

"ဘာကြောင့် မြတ်ဆရာကို ငြင်းလိုက်တာလဲ"

အင်ဘိုင်ဝူ ယေယ်စဥ်ကတည်းက ရခဲ့သည့် အတွေ့အကြုံကြောင့် သူမသည် တဲ့တိုးဆန်ပြီး ကွေ့ဝိုက်မနေပါ။

"လွတ်လပ်မှုကြောင့်လို့ ပြောပြီးပြီလေ"

ဆွန်းမိုက ရှင်းပြသည်။

"လွတ်လပ်ချင်လို့"

အင်ဘိုင်ဝူ လိုက်မမှီ ဖြစ်နေသည်။

"လွတ်လပ်တယ်ဆိုတာ မင်းလုပ်ချင်တာ လုပ်လို့ရတယ်။ မင်းနေချင်တဲ့ဘဝမှာ နေလို့ရတယ် ပြောတာ။ ဆရာဝမ် ပြောတာလည်း

မမှားဘူး။ တကယ်တော့ ကမ္ဘာကြီးက ဇိမ်ခံဖို့ အကောင်းဆုံးပဲ”

တကယ်လို့ ဆွန်းမိုမှာသာ အရည်အချင်းမရှိခဲ့ရင် လွတ်လပ်တယ်ဆိုတာ မပြောနဲ့ အလုပ်ကအထုတ်ခံရပြီး ကျောင်းကပါ မောင်းထုတ်ခံနေရမည်။ အခုချိန်လောက်ဆို လမ်းပေါ်မှာ အလုပ်လိုက်ရှာနေ ရလောက်ပြီ။

အင်ဘိုင်ဝူ ဒီစကားကို တိုးတိုးလေး ဖြည်းညင်းစွာ လိုက်ရွတ်နေသည်။ သူမရဲ့ အကြည့်တွေကလည်း တောက်ပလာသည်။

"မင်းကရော ဘာကြောင့် အလုပ်ကြိုးစားနေတာလဲ"

"ကောင်းကောင်းစားရဖို့၊ ကောင်းကောင်း ဝတ်ရဖို့ပြီတော့ လူတွေလည်း အထင်မသေးအောင်လို့"

ဒါက အမှန်တရားဖြစ်သည်။

အင်ဘိုင်ဝူက ပွင့်ပွင့်လင်းလင်း ပြောလိုက်ရင် ဆွန်းမို စကားတောင် မပြောနိုင်တော့ပါ။

"ဆရာ။ မင်းကရောဘာယ်လိုလဲ"

အင်ဘိုင်ဝူက မျက်လုံးအကျယ်ကြီး ဖွင့်ပြီး မေးလိုက်သည်။ ဆွန်းမိုနှင့် ဆွေးနွေးစရာ

အကြောင်းတွေ အများရှိနေတယ်လို့ ဘာကြောင့် ခံစားနေရလည်း သူမ မသိပါ။

“ ငါကလူတွေကို စော်ကားရင်တောင် ဘာမှပြန်မလုပ်နိုင်ဘဲ မကျေမနပ် ဖြစ်နေရတဲ့အထိ ကြိုးစားမယ်”

ဆွန်းမိုက ရယ်ရင်း ပြန်ဖြေလိုက်သည်။

“အမ်”

အင်ဘိုင်ဝူ ကြောင်သွားသည်။ (ဘာအဖြေကြီးလဲ။ ဆရာရဲ့ မကောင်းဆိုးဝါး စိတ်များ ထွက်လာတာလား)

ရန်ချိုင် အပြုအမူက အရှက်ကင်းမဲ့လှပြီး လူတိုင်းကလည်း ဒေါသထွက်နေခဲ့ကြသည်။ သူ့ကို ဘယ်လိုလုပ်ရမလည်းဆိုတာ ဆုံးဖြတ်ဖို့ ၁၀ မိနစ်တောင် မလိုခဲ့ပါဘူး။

သူ့ရဲ့ အပြစ်တွေ အားလုံး စစ်ဆေးပြီး ခိုးယူထားတဲ့ ပစ္စည်းတွေကို သိမ်းကာ ထပ်ဆောင်း ဒဏ်ငွေ ရိုက်လိုက်သည်။ ပြီးတာနှင့် အမှာင်တိုက်ကြီးဆီ နှင်ထုတ်လိုက်ပြီး တစ်ဘဝလုံး မိုင်းတွင်းထဲမှာ

အလုပ်လုပ်ခိုင်းလိုက်သည်။ အလယ်ကမ္ဘာကိုလည်း ပြန်လာခွင့် မရှိတော့ဘူး။

ဒီအခွင့်အရေးကို အသုံးချပြီး အန်ရှီဝေနှင့် ဝမ်ဆု သဘောတူညီချက် ယူလိုက်သည်။ ကျန်ဟန်ဖူကို ဖြုတ်ချရန်နှင့် လုပ်ပိုင်ခွင့်များ နည်းလာအောင် အတူတူ ပူးပေါင်း လုပ်ဆောင်ကြမည်။

ကျန်ဟန်ဖူကိုသာ ဆက်ပြီး ညစ်ပတ်ကောက်ကျစ်သည့် အလုပ်များ လုပ်ခွင့် ပေးထားလိုက်ရင် သူ့ကို ကျောင်းက မထုတ်ခင် ကျောင်းဂုဏ်သိက္ခာက အရင်ပျက်ဆီးသွားမည်။

အစည်းအဝေးလည်း ပြီးသွားပြီ။

ရုံးခန်းကထွက်လာတာနဲ့ ရန်ပိုက ဝမ်ဆုနောက်ကို မှီအောင် လိုက်သွားသည်။

"ဆရာဝမ်၊ တစ်ခုလောက် မေးချင်လို့။ ကောင်မလေးဆီက ဘာမြင်လို့လဲ"

တခြားကျောင်း ခေါင်းဆောင်တွေလည်း လှမ်းကြည့်နေကြသည်။ သူတို့လည်း ဒီစကားဝိုင်းကို စိတ်ဝင်စားနေသည်။

"သူ့ရဲ့ ပင်ကိုယ်စရိုက်ကို သဘောကျလို့"

ဝမ်ဆုက ရှင်းပြသည်။ ဒါပေမယ့် အမှန်အတိုင်တော့ မဟုတ်ပါ။ ဒီမိန်းကလေးက သူ့ကို ထူးခြားချက်တဲ့ ခံစားချက် ပေးနေသည်။ လွန်ခဲ့သော ဆယ်နှစ်လောက်က အမှာင်တိုက်ကြီးတွင်လည်း ဒီလိုမျိုး ခံစားချက်ကို ရခဲ့သည်။ မှတ်ဉာဏ်တွေထဲမှာ လောလောလတ်လတ် ရှိနေသေးသည်။

အဲဒီ အချိန်မှာ ဝမ်ဆုအတွက် သေခြင်းက လွတ်မြောက်ဖို့ ဖြစ်ခဲ့သည်။ သူသာ

ကံမကောင်းခဲ့ရင် အမှာင်တိုက်ကြီးမှာ ရှိတဲ့ အပင်တွေရဲ့ မြေဩဇာ ဖြစ်နေလောက်ပြီ။

ဒင်

“အန်ရှီဝေနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က ရင်းနှီးအဆင့်ကို ရောက်ရှိသွားတဲ့အတွက် ဂုဏ်ပြုပါတယ်။

ဆုလာဒ် - အနက်ရောင် ရတနာ သေတ္တာ တစ်လုံး”

စနစ်၏ သတိပေးချက်က နားထဲမှာ ပဲ့တင်သံ ထပ်နေသည်။

ဆွန်းမို ရတနာသေတ္တာကို သိမ်းလိုက်ပြီး အင်ဘိုင်ဝူ မိသားစု အကြောင်းကို မေးလိုက်သည်။ သူမမှာ အမေ ရှိသေးတယ်လို့ သိလိုက်ပြီး အဆောင်ပြန်ကာ ငွေတုံး ၅၀၀ ယူပြီး သူမကို ပေးလိုက်သည်။

"ယူလိုက်။ တခြားအိမ်မှာဌားပြီး မင်းအမေနဲ့ အထိုင်ချလိုက်ပါ။ လောလောဆယ်တော့ မင်းအဖေနဲ့ မဆက်သွယ်နဲ့ အုံး"

ဆွန်းမိုက လောင်းကစား သမားတွေအကြောင်းကို ကောင်းကောင်း သိနေသည်။ ပိုက်ဆံမရှိတဲ့

အချိန်ကျရင် သူတို့ပြောင်းလဲပါမယ်လို့ အထပ်ထပ် ကတိပေးမယ်။ တချို့ဆို ယုံကြည်လာအောင် လက်တောင် ဖြတ်ပြကြသေးတယ်။ သူတို့ထဲက အများစုက နောက်ဆုံးတော့ လောင်းကစားဝိုင်းပဲ ပြန်ရောက်သွားတာပဲ။

အင်ဘိုင်ဝူနှင့် သူ့အမေသာ ဒီကောင်နောက် ဆက်လိုက်နေမယ်ဆိုရင် သူတို့ပဲ ဘဝပျက်သွားမယ်။

"အင်း"

အင်ဘိုင်ဝူ က ချက်ခြင်း ပဲ လက်နှစ်ဖက်နှင့် ယူလိုက်သည်။ ဘာမှလည်း မရှက်နေဘူး။

ဆွန်းမို ပြုံးလိုက်မိသည်။ ဒီမိန်းကလေးရဲ့ ပြတ်သားတဲ့ စရိုက်ကို တော်တော် သဘောကျနေသည်။ မနေနိုင်ဘဲ အင်ဘိုင်ဝူ ခေါင်းကို ပုတ်မလို့ လက်ဆန့်လိုက်သည်။

အင်ဘိုင်ဝူက ခေါင်းငုံ့ရှောင် လိုက်သည်။

“ ကဲသွားတော့။ မင်း မိသားစုကိစ္စတွေ လုပ်ဖို့ အချိန်သုံးရက်ပေးမယ်။ ပြီးမှပဲ မင်းကို တရားဝင် သင်ကြားပေးတော့မယ်”

ဆွန်းမိုက စကားပြောပြီးတာနှင့် လုချီဟွာကို လိုက်ရှာလိုက်သည်။ သူ့ရဲ့ ကံကောင်းခြင်း ကြယ်လေးမရှိဘဲ ရတနာသေတ္တာ ဖွင့်လို့ မရဘူး။

အင်ဘိုင်ဝူက ခါးကို ဇဂဒီဂရီ လောက်ကွေးအောင် အရိုအသေပေးရင်း ကျန်ခဲ့သည်။ ငါးမိနစ်လောက် ကြာပြီးနောက် သူမ ခါးကို ပြန်မတ်လိုက်ရင်ဖြင့် ဆွန်းမိုက လမ်းအဆုံးမှာ ပျောက်ကွယ်သွားပြီ။

နေ့လည်ခင်းနေရောင်ကြောင့်လည်း မျက်လုံးတွေ စူးရှနေသည်။

ဒါပေမယ့်လည်း အင်ဘိုင်ဝူ နေရောင်ကို လက်ဖြင့်ကာပြီး ဆက်ကြည့်နေခဲ့သည်။ ကောင်းကင်ပြာပြာကြီးက တိမ်တွေနှင့် အရမ်းလှနေတယ်ဆိုတာ ပထမဆုံး အနေနဲ့ သတိထားလိုက်မိသည်။

"ကျေးဇူးတင်ပါတယ်။ ဆရာ"

အင်ဘိုင်ဝူက တိုးတိုးလေး ရေရွတ်လိုက်ပြီး မျက်ရည်တွေ စီးကျလာသည်။ သူမက မျှော်လင့်ချက်တွေအကုန် စွန့်လွှတ်ပြီး ကို့ကိုယ်ကို သတ်သေဖို့တောင် စဉ်းစားနေခဲ့သည်။ ဒါပေမယ့်

ရန်ချိုင်ကို ထုတ်ပစ်ဖို့ ဆွန်းမိုမှာ အကြံအစည် ရှိနေမယ်ဆိုတာ သူမ မတွေးထားမိပေ။

ပြီးတော့ သူမ အဖေ လက်ကလွှတ်ပြီး ကျောင်းလခ တစ်ပြားမှပေးစရာ မလိုဘဲ ကျောင်းတောင် တက်ရအုံးမည်။ အိပ်မက် မက်နေတယ်လို့တောင် ထင်နေမိသည်။

ဒိုင်း။

အင်ဘိုင်ဝူသည် ဘေးနားက တရုတ်စကားဝါပင်ကို ရုတ်တရုတ်ထိုးချလိုက်သည်။ သူမ ပုံစံကလည်း ဆုံးဖြတ်ချက် ပြတ်သားသည့် ပုံပေါက်နေသည်။

ဒါက ကောင်းကင်ဘုံကပေးတဲ့ အခွင့်အရေးပဲ။ သူမမှာ အခွင့်အရေးရလာပြီ ဒီအခွင့်အရေးတွေ အားလုံးကို ရယူပြီး ကောင်းကောင်း ကြိုးစား ရမယ်။

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု ၁၀၀။ ရင်းနှီး (၂၃၀/၁,၀၀၀)

....

ရုတ်တရက် အသံမြည်လာပြီး ဆွန်းမိုလည်း လန့်ဖျန့်သွားသည်။ အမှတ်တွေ များလှချည်လား။

“ မင်းက အင်ဘိုင်ဝူရဲ့ ကံတရားကို ပြောင်းပေးလိုက်တယ်လေ။ ဒါက မင်းနဲ့ထိုက်တန်တဲ့ ဆုလာဒ်ပဲ”

စနစ်က ရှင်းပြသည်။

ဒင်

“ ကျောင်းသားတစ်ယောက်ကို ကယ်တင်ပြီး ကို့ဘဝ ကိုယ် ယုံကြည်မှုရှိအောင် လုပ်ပေးခဲ့တဲ့အတွက် “ကျောင်းသားတစ်ယောက်ကို ကယ်တင်ခြင်း” တာဝန်

အောင်မြင်သွားပြီ။

ဆုလာဒ် - ရွှေရောင် ရတနာ သေတ္တာ တစ်လုံး”

ဒါက တကယ့်ကို မမျှော်လင့်ထားတဲ့ အပျော်ပဲ။

ဆွန်းမိုက အင်ဘိုင်ဝူ မတရားခံနေတာကို ကူညီပေးခဲ့သည်။ တပြည့််တစ်ယောက်ထဲနဲ့ ရတနာ သေတ္တာသုံးလုံး ရမယ်လို့ မထင်ထားခဲ့ပါ။ ပြီးတော့ ရန်ချိုင်ကိုလည်း ဖယ်ထုတ်နိုင်ခဲ့ပြီး ကျန်ဟန်ဖူကိုလည်း ပေါက်ကွဲနေအောင် လုပ်နိုင်ခဲ့သည်။

တကယ်ကို အရှုံးအမူး ရိတ်သိမ်းခြင်းပဲပေါ့။

လုချီဟွာသည် နေ့လည်စာ စားပြီး အနားယူနေကြ စတိုခန်းကို ပြန်ပြေးလာကာ စတင်ပြီးလေ့ကျင့် နေခဲ့သည်။ ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်ကိုလည်း ဘယ်သူမှ မသိသွားစေချင်ပါ။

ဆွန်းမိုက သူမကို တွေ့လိုက်သည့်အခါ လုချီဟွာသည် အရမ်းပင်ပန်းနေပြီး မောဟိုက်နေသည်။ တစ်ကိုယ်လုံး ချွေးများနှင့် ရွှဲနေပြီး အဝတ်အစားတွေတောင် ကပ်ရပ်နေသည်။

“ဆရာ”

ဆွန်းမိုကို မြင်လိုက်ရင် လုချီဟွာသည် ခွေးပေါက်လေးတစ်ကောင်လို ပျော်ရွှင်သွားပြီး ချက်ခြင်းပြေးသွားသည်။

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။ စိတ်ထဲကနေ ရတနာသေတ္တာကို ဖွင့်ဖို့ စနစ်ကို ခိုင်းလိုက်သည်။

စူးရှတောက်ပသည့် အလင်းရောင် ပျောက်သွားပြီးနောက် စွမ်းရည်စာအုပ် တစ်အုပ် ကျန်ခဲ့သည်။

"လိပ်နက် ဝိညာဉ်တက်တူး ရေးဆွဲခြင်းနည်းစနစ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့်က ကျွမ်းကျင်။ ။ ကာကွယ်ရေးဝိညာဉ်တက်တူး အမျိုးအစားလက်အောက်တွင်ရှိတဲ့ ဝိညာဉ်တက်တူး အမျိုးအစားပဲ။ အသက်သွင်းလိုက်တာနဲ့ ကြီးမားတဲ့ လိပ်နက်အခွံပေါ်လာပြီး ပြင်ဘက်ရဲ့ တိုက်ခိုက်မှုတွေကို ကာကွယ်ပေးလိမ့်မယ်"

"ဘယ်လောက်တောင် မိုက်လိုက်သလဲ"

ဆွန်းမို အရမ်းစိတ်လှုပ်ရှားနေသည်။ သဘော်သီးမိန်းကလေးက တကယ်ကို လပ်ကီးပဲ။ တကယ်ပဲ အနက်ရောင် ရတနာသေတ္တာထဲက လိပ်နက် ဝိညာဉ်တက်တူးကို ရလိုက်သည်။

ကံမကောင်းတာက ကျွမ်းကျင်မှုအဆင့် နည်းနည်း နိမ့်နေပြီး ကျွမ်းကျင်အဆင့်သာ ရှိသေးသည်။ မဟာအဆင့်ရောက်အောင် လေ့ကျင့်ဖို့ အချိန်တော်တော် ပေးရအုံးမယ်။

"ဒါလည်း မဆိုးပါဘူး"

ဆွန်းမို အရမ်းအူမြူးနေပြီး ချက်ချင်း စမ်းကြည့် ချင်နေသည်။ ဝိညာဉ်တက်တူးက သူ့ အိပ်ကပ်ထဲ ရောက်နေပြီ။ “လိပ်နက် ကိုပဲ အရင်တိုက်လိုက်အုံး။ ပြီးမှ မင်းကို အရင်သတ်မယ်” လို့ လျှောက်အော်လိုက် ချင်သည်။

ဒါပေမယ့် နှစ်-ခြေ လုံတံကိုကိုင်ပြီး တိုက်ခိုက်တတ်သည့် ရှန်ယွန်ပေါင်လိုလူမျိုး အော်မှ ပိုကြည့်ကောင်းပြီး ပိုမာန်ပါမယ်။ သေချာပေါက် ရှန်ယွန်ပေါင်ဆီက စတိုင်ကို သင်ရမယ်။

စိတ်တွေ ဟိုရောက်ဒီရောက် ဖြစ်နေသဖြင့် ရတနာသေတ္တာကို ထပ်မဖွင့်ခင် လုချီဟွာ ခေါင်းကို ထပ်ပုတ်လိုက်သည်။

မှတ်ချက် နှစ်-ခြေ ဆိုသည်မှာ တရုတ်လိုအား ဖြင့် ကျန်လို့ သတ်မှတ်သည်။ တစ်-ကျန်ကို ခန့်မှန်းခြေ ၁၁ပေ ၉ လက်မလောက် ရှိသည်။

စာစဉ်(၁၀)

အခန်း (၁၄၂) - စိတ်ဝိညာဉ်   ပုံသွင်းခြင်း။

ရင်းနှီးနေသော   အလင်းရောင်များ

ပျောက်ကွယ်သွားပြီး   မျက်နှာပြင်မှာ

ရုပ်ကြွစာလုံးဖြင့် ရေးထားသော မာဂျေဂျောင်ကြွေပြား ကျန်ခဲ့သည်။ သုခုမ အနုပညာ ဟန်ပန်နှင့် ပြည့်နေသည်။

“ အချိန်တံဆိပ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“ဝိုး”

ဆွန်းမို လေချွန်လိုက်သည်။ သူအလိုချင်ဆုံးအရာကို သူရပြီ။ မြတ်ဆရာအရှိန်အဝါကို ဝယ်ဖို့အတွက် အမှတ်မစုဆောင်းရရင် သူရဲ့ စွမ်းရည်အားလုံး

ကို ဘိုးဘေးအဆင့်ရောက်အောင် အချိန်တံဆိပ် ဝယ်ပြီး အဆင့်မြှင့်လိုက်မည်။

ဘယ်လောက် အဆင့်မြှင့်ချင်လည်း မြှင့်ချင်သလောက် ကုန်ကျနိုင်သည်။

ဝိညာဉ်စုဆောင်းခြင်း တက်တူးနှင့် သဏ္ဍာန်မဲ့မြင့်မြတ် စကြ်ာဝဠာ ကျင့်စဉ်ကို မဟာအဆင့် ရောက်ပြီးနောက် ကျွမ်းကျင်အဆင့်ဆိုတာနဲ့ မတင်းတိမ်နိုင်တော့ပါ။

မတတ်နိုင်တော့ဘူး ဖင်ခေါင်းကျယ်နေပြီ။(ဘဝင်မြင့်ပြီး အောက်ခြေလွတ်တာကို ဆိုလိုသည်။ ချိဖများ အတွေးလွန်မှာစိုးလို့ မှတ်ချက်ရေးသည်။)

"အမ်"

လုချီဟွာကတော့ မျက်နှာ စူပုတ်နေသည်။ သူ့ကို ဆရာက အမြဲတမ်း ခေါင်းပုတ်နေတာ မကြိုက်ပေ။ သူမက တော်တော် တုံးနေလို့လား။ ထက်မြတ်လာအောင် ခေါင်းအမြဲပုတ်ပေးနေတာလား။

"ဟုတ်တယ်။ ဒါဖြစ်နိုင်တယ်။ ဆရာရဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက် အရမ်းစွမ်းတယ်"

လုချီဟွာလည်း အမှန်တရားကို ရှာတွေ့ပြီး မျက်ရည်တောင် ကျချင်လာသည်။ ဒါပေမယ့် ခေါင်းကို ပုတ်တဲ့အချိန်မှာ ဘာကြောင့် နည်းနည်လေးတောင် မခံစားမိတာလဲ။

(ငါကများ အရမ်း ညံ့နေလို့လား)

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၁၅။ ရင်းနှီး (၆၅၈/၁,၀၀၀)

ဝမ်းသာအားရဖြစ်နေသော ဆွန်းမိုလည်း သတိပေးချက်ကြားလိုက်ရင် တအံ့တအောနဲ့ လုချီဟွာကို ငေးကြည့်လိုက်မိသည်။ (ဒီတစ်ခေါက်ကရော ဘယ်လိုဖြစ်ရတာတုန်း)

(ငါ့ရဲ့ အမာခံ ပရိတ်သတ်လေးဆိုတာ သိပါတယ်။ ဒီလောက်ကြီးကတော့ နည်းနည်းများ များနေသလားလို့။ မင်းသာဆက်လုပ်နေရင် ငါဘဝင်မြင့် သွားတော့မယ်)

"ဟီး ဟီး"

လုချီဟွာကတော့ ဘေးကိုစောင်းပြီး တောက်ပစွာ ပြုံးနေသည်။ နွေရာသီမှာ လက်ဆတ်နေသော ပန်းတစ်ပွင့် ဖြစ်လာသလိုပါပဲ။ ဒါပေမယ့် သူမက ချက်ခြင်း တည်ကြည်သွားသည်။

“ ဆရာ။ ငါ သေချာပေါက် ကြိုးစားမယ် မင်းကို အရှက်မရစေရဘူး”

“အမ်”

ဆွန်းမိုလည်း အခွင့်အရေးယူပြီး ကံကောင်းသော ကြယ်လေးကို နောက်တစ်ခေါက် ထပ်ပုတ်လိုက်သည်။

လုချီဟွာက ဒီအခြေအနေကိုသုံးပြီး လက်ဖဝါးကို ခေါင်းနှင့် ပြန်ပွတ်လိုက်သည်။

နောက်ဆုံးတော့ ရှုံးပွဲရဲ့အလေးထားရမယ့် အချိန်ရောက်လာပြီ။ ရွှေရောင် ရတနာ သေတ္တာ။

တောက်ပမှုများ လွင့်ပျယ်သွားပြီး ရွှေအိုရောင် အလင်းများကြားတွင် စွမ်းရည် စာအုပ်တစ်အုပ် လွင့်မျောနေသည်။

“မဟာအဆင့် အခြေခံအနှိပ်ပညာကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ရှေ့ဟောင်းအနှိပ်ပညာရဲ့ အခြေခံ ဖြစ်တယ်။

ကျင့်ကြံခြင်း မလုပ်ခင်နှင့် လုပ်ပြီးတဲ့အချိန်မှာ သွေးပူအောင်နဲ့ ထိန်းသိမ်းဖို့ လုပ်နိုင်တယ်”

ဆွန်းမိုသည် အရင်ကလည်း ကြွက်သားပြုပြင်ခြင်းနဲ့ လည်ပတ်ခြင်း နည်းစနစ်ကို ရထားသည်။ ဒါတွေ အားလုံးက ခန္ဓာကိုယ်ရဲ့ တချို့နေရာတွေကိုသာ သတ်မှတ်ပြီး နှိပ်လို့ရသည်။ အခြေခံ အနှိပ်ပညာကတော့ ဘယ်နေရာမဆို နှိပ်နိုင်ပြီး ရှေ့ဟောင်းအနှိပ်ပညာကို ဖြည့်စွက်ပေးနိုင်သည်။

“အိုးသွားပြီ။ ငါတော့ တကယ်ကို ခြေထောက် အနှိပ်သမားလေး ဖြစ်နေပြီ”

ဆွန်းမို စကားမပြောနိုင်တော့ပါ။ စွမ်းရည်စာအုပ်က အရမ်းကောင်းပြီး အသုံးဝင်သော်လည်း ကြွားရတာ တော်တော်ကို စိတ်မသက်မသာ ဖြစ်ရသည်။

ကောင်းကင်ရဲ့ အရောင်ကို ကြည့်လိုက်သည်။ နေ့ခင်းဘက် အတန်းချိန်ရောက်ဖို့ စောနေသေးသည်။

“ချီဟွာ မလေ့ကျင့်နဲ့တော့။ ဇီချီ အိမ်ကို သွားကြစို့”

ဆွန်းမိုက ဦးဆောင်ပြီး ထွက်လာသည်။ အခြေခံအနှိပ်ပညာကို အဆင့်သင့်ဖြစ်နေအောင် လမ်းတွင် လေ့လာ လာခဲ့သည်။

လီဇီချီက ဒီအိမ်ကို ဝယ်ထားတာ တော်တော်ကြာနေပြီ။ ဆွန်းမိုက လူရှုပ်သည့် အဆောင် မှာ နေရမှန်းသိပြီး ကြိုက်တဲ့အချိန်လာနိုင်အောင် သော့တစ်ချောင်း ပေးထားသည်။

ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတွေအတွက် ငွေမရှားပါ။ ဒါကြောင့်လည်း ကျောင်းနားတွင်

သူတို့ပိုင်သည့် အိမ်တွေ အများကြီး ရှိသည်။ လီဇီချီ ဝယ်ထားသည့် အိမ်က စျေးအကြီးဆုံး မဟုတ်သော်လည်း တရားထိုင်ဖို့နဲ့ ကျင့်ကြံဖို့အတွက် သင့်တော်တဲ့ ပတ်ဝန်းကျင် ရှိသည်။ ဒါကြောင့်လည်း ဆွန်းမို အနှောက်အယှက်ဖြစ်မှာကို သူမ မစိုးရိမ်ပါ။

ဆွန်းမို၏ ကျင့်ကြံခြင်း ကျင့်စဉ်က လျှို့ဝှက်ထားဖို့ လိုအပ်သည်။ မဟုတ်ပါက လီဇီချီ၏ တွေးခေါ်ပုံနှင့် အစေခံတွေ အများကြီးခေါ်ထားဖို့ စီစဉ်နေလောက်ပြီ။

"ပြင်ဆင်ထားလိုက်တော့"

ဆွန်းမိုက ခိုင်းလိုက်သည်။

အရှေ့ လေသာဆောင်တွင်................

ခဏကြာတော့ လုချီပွှာသည် အကျီလက်ပြတ်၊ ဘောင်းဘီတိုနှင့် ရောက်လာသည်။

ဒါပေမယ့် ဆွန်းမိုကတော့ မမြင်နိုင်ပါ။ အရင်တစ်ခေါက်လိုပဲ မျက်လုံးကို အဝတ်နက် စည်းထားသည်။

" ဆရာ၊ ဘာလို့ အဝတ်လဲခိုင်းတာလဲ"

သူမ နားမလည်နိုင် ဖြစ်နေသည်။

"အခမ်းနားတစ်မျိုးမျိုး လုပ်မလို့လား"

"လှဲလိုက်"

ဆွန်းမိုက ပြန်မဖြေနေတော့ပါ။ သဘော်သီးတွေကြောင့် သူ့ကိုယ်သူ မထိန်းနိုင်မှာ စိုးရိမ်နေသည်။

လုချီဟွာလည်း ဝါးကုတင်ပေါ်တွင် ကျကျနန လှဲလိုက်သည်။

ဆွန်းမိုသည် ဒီတစ်ခေါက်တော့ ရှေ့ဟောင်းဝေလငါးဆီကို ရေနဲ့ ရောမနေတော့ပဲ

သူမကိုယ်ပေါ်ကို တစ်ခါတည်း လောင်းချလိုက်သည်။ ပြီးတော့ အခြေခံအနှိပ်ပညာနှင့် စနှိပ်လိုက်သည်။

ဆွန်းမို၏ လက်ဆယ်ချောင်းက လုချီဟွာ ပုခုံးကို ပွတ်တိုက်နေသည်။

“ငါ နည်းနည်းများ ဝနေလား”

လုချီဟွာ နည်းနည်း စိုးရိမ်သွားသည်။ အခုတလော နေ့တိုင်း အဝစားပြီး နည်းနည်း ဝလာတယ်လို့ ခံစားရသည်။

သူ စိတ်ပျက်သွားရင် ဘယ်လိုလုပ်မလဲ။

ဒါပေမယ့်လည်း ဆွန်းမိုက နှိပ်ဖို့သာ အာရုံစိုက်နေပြီး ကျန်တာတွေ သတိမထားမိပါ။

မိနစ်အနည်းငယ် ကြာပြီးနောက် လုချီဟွာ ရေငုတ်လာသည်။ တစ်ကိုယ်လုံးလည်း ချွေးတွေနှင့် ဖုံးလွှမ်းနေသည်။ ကြီးမားသော အိုးတစ်လုံးထဲတွင် ထည့်ပြုတ်ခံနေသလို ဖြစ်နေသည်။

ရှေ့ဟောင်းဝေလငါးဆီ၏ အနှစ်သာရက လုချီဟွာ ကိုယ်ထဲကို စိမ့်ဝင်လာသည်။ အခြေခံ အနှိပ်ပညာနှင့် ပေါင်းစပ်ပြီး သူမရဲ့

အရည်အချင်းက တဖြည်းဖြည်း တိုးတက်လာသည်။

ဆွန်းမို သူ့ဘာသာသူနှိပ်ပေးရင်း တစ်နာရီသာ ကြာသွားသည် ဂျင်းနီကတော့ ပေါ်မလာပါ။

ဆွန်းမိုက လက်မညောင်းသော်လည်း စိတ်ပျက်နေသည်။

“အခုတော့ တကယ်ကို ခြေထောက် အနှိပ်သမားလေး လုပ်နေရပြီ”

လုချီဟွာ၏ ခြေထောက်ကို နှိပ်ပေးနေသည့် အချိန်တွင် ဆွန်းမို ငိုချင်သော်လည်း မျက်ရည်

မထွက်လာပေ။ မတတ်နိုင်ဘူး ခြေထောက်က သွေးကြောဆုံမှတ်တွေကို နှိပ်ပေးဖို့ လိုသေးသည်။

နောက်ဆုံးတော့ နှိပ်ကွက်တစ်ခုလုံးလည်း ပြီးသွားသည်။

လုချီဟွာကတော့ ဖိမ်ကျပြီး အိပ်ပျော်တာ တော်တော် ကြာနေပြီ။ သရေတွေက လည်ပင်းမှတစ်ဆင့် ကြမ်းပြင်ပေါ်တောင် စီးကျနေသည်။

"ထအုံး"

လုချီဟွာ၏ ဟောက်သံကို ကြားရင် ဆွန်းမို တော်တော်တင်းသွားပြီး ပါးကို ပုတ်လိုက်သည်။

"ဖုတ်"

ပုတ်ခတ်သံက ပီပီသသ ထွက်လာသည်။

အူး

လုချီဟွာ ထထိုင်ပြီး မျက်လုံးပွတ်ကာ ပတ်ဝန်းကျင်ကို အူကြောင်ကြောင်နဲ့ လိုက်ကြည့်နေသည်။

"ထမင်းစားချိန်ရောက်ပြီလား။ ငါမဆာသေးဘူး။ နောက်မှ လိုက်ခဲ့မယ်"

ဆွန်းမို နောက်တစ်ချက် ရိုက်မလို့ တွေဝေနေသည့်အချိန်တွင် လုချီဟွာ ကုတင်ပေါ်က ရုတ်တရက် ခုန်ဆင်းလိုက်သည်။ စိတ်လောပြီး လုပ်လိုက်သဖြင့် ဝါးကုတင်နဲ့ တိုက်မိကာ အရမ်းနာသွားသည်။ မျက်နှာလည်း ရှုံ့မဲ့နေသည်။

“ဆရာ......ကျွန်....ကျွန်မ”

လုချီဟွာ အစိုးရိမ်လွန်ပြီး ငိုချင်လာသည်။ ဆရာကတော့ ကူညီ နှိပ်ပေးနေတယ်။ သူမကတော့ အိပ်မောတောင် ကျလို့။ ကြည့်ရတာ သေချင်နေပြီ ထင်တယ်။

“ရတယ်။ ပစ္စည်းတွေ သိမ်းပြီး ရေချိုးလိုက်”

ဆွန်းမို နောက်လှည့်လိုက်ပြီး မျက်လုံးမှာ စည်းထားသည့် အဝတ်စကို ဖြည်လိုက်သည်။ ပြီးတော့ ခြံဝင်းထဲကိုသွားပြီး အချိန်တံဆိပ်ကို ထုတ်ယူကာ အပိုင်းပိုင်း ခွဲလိုက်သည်။

ကြေးစိမ်းရောင် အလင်းများဖြာထွက်လာပြီး ဆွန်းမို တစ်ကိုယ်လုံးကို ဖုံးသွားသည်။

ခက်ခဲနက်နဲပြီး လျှို့ဝှက်ဆန်းကြယ်သည့် ပုံရိပ်တချို့က ဆွန်းမိုခေါင်းထဲတွင် စီးမျောနေသည်။ သူတို့အားလုံးကို ကျေညက်သွားအောင် မှတ်မိ

နားလည် သဘောပေါက်သွားသည်။ မှတ်ဉာဏ်နဲ့ အသိစိတ်ထဲတွင် အလိုလို ပေါင်းစပ်သွားပြီး သူ၏ အစိတ်အပိုင်းတစ်ခုလို ဖြစ်လာသည်။

ဒင်

“ သဏ္ဍာန်မဲ့မြင့်မြတ် စကြ်ြာဝဠာကျင့်စဉ်ကို ၁၀နှစ်လေ့ကျင့်ရမယ့် ကျွမ်းကျင်မှုမျိုးကို ရရှိသွားပါပြီ။ တတိယအဆင့် မိတ္တာူကို မဟာအဆင့်ကျွမ်းကျင်သွားပြီး စတုတ္ထအဆင့် စိတ်ဝိညာဉ်ရည်ရွယ်ချက်ကို ကျွမ်းကျင်အဆင့် ရောက်ရှိသွားတဲ့အတွက် ဂုဏ်ပြုပါတယ်”

ဆွန်းမိုသည် အဲဒီနေရာမှာပဲ ရပ်နေပြီး စတုတ္ထအဆင့်ရဲ့ အနှစ်ချုပ်ကို ကောင်းကောင်း သဘောကျနေသည်။

ဝိညာဉ်ရည်ရွယ်ချက်လို့ခေါ်သလို ပြိုင်ဘက်၏ အတတ်ပညာပိုင်း ကျွမ်းကျင်မှုကို အတုခိုးနိုင်ရုံသာမက တိုက်ပွဲဝင်စိတ်ကိုလည်း ခိုးယူနိုင်နေပြီ။

လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်လို အရာမျိုးက အတုယူဖို့ တော်တော်ခက်တယ်ဆိုတာ မေ့ထားလို့မရပါ။

ဒါမျိုးက လက်ရေးလှရေးခြင်းနဲ့ တူသော်လည်း ရေးတဲ့လူမတူရင် ထွက်လာသည့် ပုံကလည်း မတူနိုင်ပေ။ ကျင့်ကြံခြင်းကလည်း အဲဒီအတိုင်း ဖြစ်သည်။

ဒီစိတ်ဝိညာဉ် ရည်ရွယ်ချက်မျိုးက ပြိုင်ဘက်၏ စိတ်ဝိညာဉ်ကို ဖြစ်နိုင်သလောက် မှုရင်းနှင့် တူနိုင်သည်။

အရှင်းဆုံးပြောရရင် ဆွန်းမိုက အခုမှကျင့်ကြံခြင်းကို စကျင့်သည့်

လူသစ်လေးများသာမက လုံ့သူတော်စင် ဒါမှမဟုတ် ခါးသူရဲကောင်းများကိုလည်း အတုခိုးနိုင်သည်။

စိတ်ဝိညာဉ်နဲ့ အသွင်သဏ္ဌာန်ကို အတုခိုးမှလည်း ကျောင်းသားတွေကို ထိရောက်အောင် ပြန်သင်ပေးနိုင်မည်။

လုချီဟွာသည် သိမ်းဆည်းပြီးတာနဲ့ ကျောင်းကို ချက်ခြင်းမပြန်ပဲ ခြံဝင်းထဲမှာပဲနေ နေသေးသည်။ ပြီးတော့ သဏ္ဌာန်မဲ့မြင့်မြတ် စကြဝဠာကို စပြီး လေ့ကျင့်နေသည်။ တကယ်ကို အလေးအနက်ထားသည့် ရှိုးဖဲသမားတစ်ယောက်လို

အမူအရာကင်းမဲ့နေပြီး မျက်နှာလေးက တည်ကြည်လေးနက်နေသည်။

"မင်း စိတ်နေစိတ်ထား မမှန်သေးဘူး။ ကျင့်ကြံတာကို ပျော်ရွှင်ပုံနဲ့ပဲ ကျင့်ကြံသင့်တယ်"

ဆွန်းမိုက ဆုံးမလိုက်သည်။

"အို"

လုချီဟွာ ခေါင်းကုတ်နေသည်။

"ဒါကို ဘယ်လို အပျော်သဘောလုပ်မှာလဲ"

"မင်းလေ့ကျင့်နေတဲ့ အခါမှာ ရပ်တန့်ချင်စိတ် မရှိအောင် ကို ပျော်နေရမယ်"

ဆွန်းမိုက ရှင်းပြသည်။

လုချီဟွာက ပါးစပ်ကို ဟပြီး ပြုံးတဲ့ပုံစံ လုပ်လိုက်သည်။ ပြီးတော့ လှုပ်ရှားမှုအမျိုးမျိုး သိုင်းဟန် အမျိုးမျိုးကို ဆက်လေ့ကျင့်နေသည်။

ဆွန်းမို ဆွံ့အနေသည်။ လုချီဟွာ ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်ကို မတက်ရောက်နိုင်တာက စိတ်ဖိအား အရမ်းများနေတယ်လို့ ထင်ထားခဲ့သည်။

အသက်ဆယ့်သုံးနှစ်ကျော်လို့မှ မလုပ်နိုင်ခဲ့ရင် ကျင့်ကြံဖို့မဖြစ်နိုင်တဲ့ သာမန်လူတစ်ယောက်လို့ သတ်မှတ်ရတော့မည်။ ကျောင်းကလည်း ထွက်ပေးရမည်။

“ရပြီ။ လေ့ကျင့်တာ ရပ်လိုက်တော့။ အခုကစားရအောင်’

ဆွန်းမိုက လုချီဟွာကို ရပ်ခိုင်းလိုက်သည်။ သစ်သားဓါးကို ဆွဲထုတ်ပြီး ခြံဝင်းအလယ်တွင် လေးထောက်ကွက် အကြီးကြီး ဆွဲလိုက်သည်။

“စိန်ပြေးလိုက်တိုင်း ကစားရအောင်။ တကယ်လို့သုံးမိနစ် အတွင်းမှာ မင်းကို ဖမ်းနိုင်ရင် ငါက အနိုင်ရပြီး မင်းကို အပြစ်ပေးမယ်။ မင်းကို မဖမ်းနိုင်ခဲ့ရင် မင်းက အနိုင်ရပြီး ငါ့ကို အပြစ်ပေးပေါ့”

“မ.....မဟုတ်သေးဘူး။ ဆရာကို ဘယ်လို အပြစ်ပေးနိုင်မှာလဲ”

လုချီဟွာက ချက်ခြင်း ခေါင်းယမ်းလိုက်သည်။

“ အပြစ်ပေးတယ်ဆိုတာက ဥပမာ မင်းကို ညစာဝယ်ဖို့ ကူညီပေးတာမျိုး ဘာမဆို ခိုင်းလို့ရတယ်”

ဆွန်းမိုက ရှင်းပြသည်။

“မေးခွန်းမေးလို့ ရမလား”

လုချီဟွာက ဆွန်းမိုကို ပေကလတ် ပေကလတ်ကြည့်ပြီး မေးသည်။ ဆရာရဲ့ အတိတ်အကြောင်း အရမ်း သိချင်နေသည်။

“ရတယ်”

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

"ဒါဆို မြန်မြန် လုပ်လိုက်ရအောင်" လုချီဟွာက လက်သီးတင်းတင်းဆုပ်ပြီး တစ်ခုခုကို စိုက်ကြည့်နေသည်။ အရမ်းအာရုံစိုက်ထားပြီး သုံးမိနစ်အတွင်း အမိမခံဖို့ သူမကိုယ်သူမ သတိပေးနေသည်။

ဆွန်းမိုက လှမ်းဖမ်းသည်။

ရွှတ်စ်

လုချီဟွာက လမ်းသွားလမ်းလာများကို ကြောက်လန့်ပြီး ထွက်ပြေးတော့မဲ့ တောကြောင်တစ်ကောင်လို ဖြစ်နေသည်။ ချက်ခြင်း

ဝေ့ကာထွက်ပြေးသည်။ ဆွန်းမို မျက်လုံး အရောင်တောက်လာသည်။ သူမ လှုပ်ရှားမှုက အရမ်း သွက်လက်ပေါ့ပါးပြီး ကျင့်ကြံနေသည့် အချိန်ထက် အချိတ်အဆက် မိနေသည်။ တကယ့်တိုက်ခိုက်ရေးသမား အမျိုးအစားလား။

စာစဉ်(၁၀)

အခန်း (၁၄၃) - နောက်တစ်ကြိမ်နာမည် ထပ်ကြီးခြင်း။

သူတို့နှစ်ယောက် စိန်ပြေးလိုက်တမ်း စကစားထဲက လုချီဟွာ ပြေးလို့လွတ်အောင် အရှိန်လျှော့ပေးထားခဲ့သည်။

လီဇီချီသာဆိုရင် သူမကို လွယ်အောင် လုပ်ပေးနေမှန်း သိနေလောက်ပြီ။ ဒါပေမယ့်လည်း တုံးအတယ်လို့ ပြောရမလား မသိအောင် ဖြူစင်သည့်လုချီဟွာကတော့ ဘာမှမသိဘဲ ကစားပွဲထဲတွင် အာရုံဝင်စားနေသည်။

ဆွန်းမိုရဲ့ လှုို့ဝှက်ချက်အမျိုးမျိုးကို မေးနိုင်အောင် စိတ်တစ်ခုလုံးကို ကစားပွဲထဲတွင် အာရုံနှစ်ထားသည်။

၃မိနစ်ကြာပြီးနောက် ဆွန်းမို ရှုံးသွားသည်။

“ဆရာ၊ ဆရာ”

လုချီဟွာက လက်အမြန်ထောင်လိုက်ပြီး

“အခုမေးလို့ရလား”

“အင်း”

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

“အာ....ငါက အရမ်းအသုံးမကျနေလား”

လုချီဖွာက မေးလိုက်ပြီး စိုးရိမ်တဲ့ အကြည့်နဲ့ ကြည့်နေသည်။ သူမကို စိတ်မထိခိုက်အောင် ဆွန်းမိုလိမ်လိုက်မှာလည်း စိုးရိမ်နေသည်။ ဒါကြောင့် စကားတစ်ခွန်း ထပ်ပြောလိုက်သည်။

“အမှန်တိုင်းတော့ ပြောရမယ်နော်”

" လီဇီချီကို ရော ညံ့တယ်လို့ထင်လား"

ဆွန်းမိုက ပြန်မေးလိုက်သည်။

"အကြီးဆုံး အစ်မကြီးက ဘယ်လိုလုပ် ညံ့ဖျင်းမှာလည်း။ တစ်ခါမှတောင် မမြင်ဖူးတဲ့

မှတ်ဉာဏ်မျိုး သူ့မှာရှိတယ်။ စိတ်ထဲကနေတောင် အတွက်အချက် ပြဿနာတွေကို ဖြေရှင်းနိုင်သေးတယ်"

လုချီဟွာကတော့ လီဇီချီကို နှလုံးသား အောက်ခြေထဲကနေ ကြိုက်တဲ့ အမာခံ ပရိတ်သတ် ဖြစ်နေပြီ။ သူမလည်း အဲဒီလို အရမ်း ဖြစ်ချင်နေသည်။

"ဒါပေမယ့် သူရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်ကို သိတယ်နော်"

ဆွန်းမိုက လက်ဖဝါးကို ဖြန့်ထုတ်ရင်း မေးလိုက်သည်။

"အာ"

လုချီဟွာ ခေါင်းကုတ်နေသည်။ (ကိုယ်လက်လှုပ်ရှားမှုစွမ်းရည်ကို ထည့်တွက်ရင် သူ့ထက်တောင် ဆိုးနေသေးတယ်။)

" လူတစ်ယောက်ကို အကဲဖြတ်ရင် ညံ့ဖျင်းလား၊ မညံ့ဖျင်းတာလား ရိုးရိုးရှင်းရှင်းလေး သုံးသပ်လို့ မရဘူး။ လူတိုင်းက သစ်သားကောင်း တစ်ခုဖြစ်နိုင်တယ်လို့ ငါတော့ ယုံကြည်တယ်။

သေသေချာချာထုဆစ်ပြီး ပွတ်တိုက် ပေးနေသ၍ တိုင်တစ်ခုတော့ ဖြစ်လာမှာပဲ"

ဆွန်းမိုက နေရောင်ခြည်လို နွေးထွေးသည့် အပြုံးနှင့် ပြောလိုက်သည်။

“အင်”

ဒင်

လုချီဟွာ၏လေးစားအထင်ကြီးမှု+၂၀ ။ရင်းနှီး (၆၇၈/၁၀၀၀)

စနစ်ဆီက သတိပေးချက်ထွက်လာရင် ဆွန်းမိုလည်း ဆွံ့အသွားသည်။ ဒီနေရာမှာ လီဇီချီ

သာဆိုရင် သူ့ရဲ့ဟုတ်သယောင်ယောင် စကားတွေကို ယုံလိမ့်မည် မဟုတ်ပေ။ ဒါပေမယ့် အပြစ်ကင်းစင်သော လုချီဟွာကတော့ သူ့ကိုယုံကြည်ရုံသာမက လေးစားအထင်ကြီးမှု အမှတ်တွေတောင် ထုတ်ပေးလိုက်ပေသည်။

ဒီလိုယုံကြည်နေလို့လည်း သူမကိုသာ တစ်ခုခု ဖြစ်မြောက်လာအောင် မလုပ်ပေးနိုင်ခဲ့ရင် ကျန်သည့် ဘဝတစ်လျှောက်လုံး အပြစ်ရှိသည့် စိတ်နှင့် နေသွားရတော့မည်။

“ထပ်ကစားရအောင်”

လုချီဟွာ အသက်ပြင်းပြင်း ရှူရင်း ပြောနေသည်။ ဆွန်းမိုရဲ့ လျှို့ဝှက်ချက်တွေကို နောက်ထပ် တူးဖော်ဖို့ စိတ်အား ထက်သန်နေသည်။ စိန်ပြေးလိုက်တမ်း ဆက်ကစားနေကြသည်။ ဆွန်းမိုလည်း အရှိန်ကို တဖြည်းဖြည်း မြှင့်တင်လာသည်။ တကယ်က လုချီဟွာရဲ့ ဖြစ်နိုင်ချေ အလားလာကို ညှစ်ထုတ်ပေးနိုင်အောင် ကြိုးစားနေပြီး ပိုပြီးမြန်လာသည် လှုပ်ရှားမှုကလည်း ပိုပြီး ပါးနပ်လာသည်။

ရေနွေးတစ်အိုးကျက်လောက်တွင် လုချီဟွာ သတိမထားလိုက်မိဘဲ အကန့်အသတ်အထိ ရောက်အောင် ဆွဲထုတ်လာနေသည်။

ဆွန်းမိုကတော့ လုချီဟွာ၏ ပြဿနာကို ပိုပို သတိထားမိလာသည်။ သူမဦးနှောက်က ကျင့်ကြံခြင်းအတွက် ကောင်းကောင်း အလုပ်မလုပ်ပေ။

ကျင့်ကြံနေသည့် တစ်လျှောက်လုံး ရိုးရိုးတန်းတန်းသာ လေ့ကျင့်နေခဲ့သည်။

သူမ အရမ်းကြိုးစားတယ် ဆိုပေမယ့်လည်း ကျင့်ကြံခြင်း၏ အရေးပါတဲ့ အချက်ကို မဖမ်းဆုပ်နိုင်ခဲ့ပေ။

ဒါကလဲကျောင်းသားတွေ ပညာရေးမှာ ကြုံနေကြ ပြဿနာ မျိုးပါ။ ထက်မြတ်သည့် ကျောင်းသားတွေကတော့ တစ်ခါလောက် ရှင်းပြလိုက်ရုံနှင့် သီအိုရီကို နားလည်သွားပြီး ဆင်တူရိုးမှား ပြဿနာမျိုးဆိုရင် ဖြေရှင်းနိုင်သွားသည်။ ဒါပေမယ့် အားနည်းသည့် ကျောင်းသားများကတော့ အစအဆုံး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြန်ပြန်လုပ်နေရပြီး အချိန်အများကြီး ဖြုန်းလည်း ဘာကြောင့်ဆိုတာ နားမလည်နိုင်ကြပေ။

လုချီဟွာလည်း အလားတူဖြစ်နေသည်။ အချိန်တော်တော်ကြာအောင် ကျင့်ကြံနေခဲ့သော်လည်း တိုးတက်လာခြင်း မရှိပါ။ တကယ်တော့ သူမနောက်တောင် လျော့ကျသွားတယ် ပြောရင် မင်းယုံမလား။ ကျင့်ကြံခြင်းမှာလည်း မထိရောက်သလို လက်တွေ့ အသုံးချမှုမှာလည်း အသုံးမဝင် ပေ။

ဒါကြောင့်လည်း ဆွန်းမိုက နည်းစနစ်ကို ပြောင်းလိုက်ပြီး လုချီဟွာ၏ အကန့်အသတ်ကို ကျော်လွှားနိုင်အောင် စိန်ပြေးလိုက်တမ်း ကစား ခဲ့သည်။

တစ်နာရီကြာပြီးနောက် ....

လုချီဟွာ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေပြီး အဝတ်အစားတွေလည်း ကပ်နေသည်။

"ထပ်.....ထပ်ကစားရအောင်"

လုချီဟွာက နဖူးပေါ်က ချွေးကို သုတ်ရင်း ပြောနေသည်။ ဒီနေ့ ဆွန်းမို ရဲ့ လျှို့ဝှက်ချက်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နည်းနည်းလေးလောက် သိရအောင် အစွမ်းကုန် ကြိုးစားနေသည်။

ဖုန်း

ဆွန်းမို လန့်ဖြန့်သွားသည်။

လုချီဟွာက ဆွန်းမိုကို အမြန်နှုန်းသုံးပြီး ဘယ်လိုဖမ်းရင် ကောင်းမလဲဆိုတာကို ဦးနှောက်တစ်ခုလုံးသုံးပြီး တွက်ချက်နေခဲ့သည်။ ဒါပေမယ့် ဒီတစ်ခါတော့ ခြေလှမ်းနည်းနည်းလေးသာ လှမ်းရသေးတယ် သူမ ရုတ်တရက် ကြက်သေသေ သွားသည်။ သူမ မျက်နှာမှာလည်းဒွိဟ

စိတ်တွေနှင့် ပြည့်နေသည်။ ခေါင်းကိုမော့လိုက်ပြီး လှမ်းကြည့်နေသည်။

သူမပတ်လည်တွင် ဝိညာဉ်ချီများ စုစည်းလာပြီး လေဆင်နှာမောင်း တစ်ခုလို ဖြစ်လာသည်။

"ဆ............ဆရာ"

လုချီဟွာ တစ်ကိုယ်လုံး ခပ်တောင့်တောင့်ကြီး ဖြစ်နေသည်။

" အရူးလို ရပ်မနေနဲ့။ သဏ္ဌာန်မဲ့မြင့်မြတ်စကြ်ာဝဠာ ကျင့်စဉ်ကို မြန်မြန် လှည့်ပတ်လိုက်"

ဆွန်းမိုက   တိုက်တွန်းနေသည်။

"ဟုတ်"

လုချီဟွာလည်း ခိုင်းတဲ့အတိုင်း လုပ်လိုက်သည်။

ဝိညာဉ်ချီတွေက ပိုစုစည်းလာပြီး ပိုလည်း သိပ်သည်းလာသည်။ လက်သည်းခွံ အရွယ် မီးပွားတွေလည်း တဖျတ်ဖျတ် တောက်ပလာသည်။ ကြည့်လိုက်ရင် ညအခါမှာ ကြယ်တွေပြည့်နေတဲ့ ကောင်းကင်လို ဖြစ်နေသည်။ အဆုံးမှာ လုချီဟွာ ကိုယ်ထဲကို စိမ့်ဝင်သွားသည်။

"အင်း။ လုချီဟွာကတော့ ချစ်စရာ တေုံးလေး ဖြစ်နေတာပဲ"

ဆွန်းမိုလည်း ဆွံ့အနေသည်။ လုချီဟွာတစ်ယောက်က အဆင့်တက်သည့်အခါ ဝိညာဉ်ချီ လေဆင်နှာမောင်း ဖြစ်ပေါ်လာတတ်တဲ့ ဖြစ်စဉ်ကိုလည်း မသိပေ။

ငါးမိနစ်ကြာပြီးနောက်.......................

ဆွန်းမို အမူအရာ ပြောင်းလာသည်။ ဝိညာဉ်ချီ လေဆင်နှာမောင်းက မပျောက်သွားသေးပဲ လုချီဟွာ ကိုယ်ထဲကို အရှူးအမူး တိုးဝင်နေသည်။ ဒီလိုမျိုး

စုပ်ယူနှုန်းက ကျင့်ကြံသူ အများစုထက်ကို ကျော်လွန်နေပြီ။

၁၀ မိနစ်လောက် ကြာလည်း မပြီးသေးပါ။

ဆွန်းမို ချက်ခုံးတော်တော် တွန့်လာသည်။

မှတ်တမ်းများအရဆိုရင် အဆင့်တက်သည့် ဖြစ်စဉ်က ကြာစရာ အကြောင်း မရှိပါ။ အမှန်မှာတော့ ဒီဖြစ်စဉ်က ကျင့်ကြံသူရဲ့ အရည်အချင်းနဲ့ ဆက်နွယ်နေသည်။

ပိုပြီး အရည်အချင်းကောင်းလေ ဖြစ်စဉ် ဖြစ်တဲ့အချိန်ကလည်း ပိုကြာလေ ဖြစ်သည်။

၅မိနစ်ဆိုတာ ပါရမီရှင်တစ်ယောက် ရဲ့ စံနှုန်းပဲ။ ဒါပေမယ့် လုချီဟွာက ဘယ်လောက်တောင် ကြာအုံးမှာလဲ။ ၁ဝ မိနစ်လည်း ကျော်နေပြီ။

“ဆရာ.................................”

လုချီဟွာ တုန်တုန်ယင်ယင်နဲ့ အော်ခေါ်နေသည်။ ကျင့်စဉ် လည်ပတ်တာ အဆင်မပြေလို့လား။ သူ မထိန်းချုပ်နိုင်လို့လား။ သူမ အရမ်း စိတ်ရှုပ်ထွေးပြီး ကြောက်လန့်နေသည်။

မဟုတ်သေးဘူး။. သူသေရတော့မှာလား။

“ဘာမှမ ဖြစ်ဘူး”

ဆွန်းမိုက နှစ်သိမ့်ပေးရင်း နတ်ဘုရားများကိုကို အသက်သွင်းလိုက်သည်။ လုချီဟွာ အခြေအနေက ထူးခြားနေသည်။ သူမက တွင်းနက်ကြီး တစ်ခုလို ဖြစ်နေပြီး ဝိညာဉ်ချီများက အရှိန်အဟုန်ပြင်းပြင်း တိုးဝင်နေသည်။ အဆင့်တက်သည့် ဖြစ်စဉ်ကလည်း အရမ်းကြာနေပြီ။ ဝိညာဉ်ချီ အတက်အကျကလည်း အရမ်းများနေပြီး ပတ်ဝန်းကျင် အိမ်နီးနားချင်းများ၏ အာရုံကို စွဲဆောင်နေသည်။ တံခါး အပြင်ဘက်တွင် လမ်းလျှောက်သံများနှင့် စကားပြောသံ ကြားနေရသည်။ စိတ်မရှည်သည့်

လူငယ်တချို့က နံရံကို ဖက်တက်ပြီး ချောင်းကြည့်နေကြသည်။

"စိတ်လျှော့ထား၊ ဘာမှ စိတ်မပျက်နဲ့"

ဆွန်းမို နှစ်သိမ့်ပေးနေသည်။ ဒါပေမယ့်လည်း အသုံး မဝင်ပေ။

လုချီဟွာ ပိုစိုးရိမ်လာတာနှင့်အမျှ နှလုံးခုန်နှုန်းတွေ မြန်လာသည်။ ဝိညာဉ်ချီ လေဆင်နှာမောင်းလည်း သက်ရောက်တာ ပိုပြင်းထန်လာသည်။ ဆွန်းမိုက နတ်ဘုရားမျက်စိကို ဖွင့်ထားသောကြောင့် ဝိညာဉ်ချီများက ရေကာတာ ကျိုးပေါက်သလို

အရှိန်အဟုန် ပြင်းပြင်းနှင့် လုချီဟွာကိုယ်ထဲ တိုးဝင်နေတာကို မြင်နေရသည်။

(ဒီလို ဆက်ဖြစ်နေရင် သူမတော့ ပြင်းထန် တန်ပြန်သက်ရောက်မှုကို ခံရတော့မှာပဲ)

ဆွန်းမို စိုးရိမ်နေသည်။ ဒါပေမယ့် လုချီဟွာ မသိအောင် တည်ငြိမ်သည့် ပုံစံ ဖမ်းထားသည်။

"မင်းမေးခွန်း မေးချင်တယ်ဆိုရင် အခုစပြီး မေးလို့ ရပြီ၊ ဒါပေမယ့် တစ်ခုပဲ ရမယ်"

"အမ်။ တကယ်လား။ သေသေချာချာ စဉ်းစားလိုက်အုံးမယ်"

အပြစ်ကင်းသော လုချီဟွာ တစ်ယောက် ချက်ခြင်းပဲ အာရုံ ပြောင်းသွားသည်။

ဒီမြင်ကွင်းကို ကြည့်ပြီး ဆွန်းမိုလည်း ဆွံ့အနေသည်။ ဒီကောင်မလေးခေါင်းက အာရုံကြော ထူတယ်လို့ ပြောရမလား။ ဒါမှမဟုတ် တုံးလွန်းတယ်ပဲ ပြောရမလား။

ကံကောင်းထောက်မစွာ လုချီဟွာ အာရုံ ပျံ့လွင့်သွားလို့ စိတ်ပူပန်နေတာနဲ့ ကြောက်လန့်နေတာလည်း လျော့ကျသွားသည်။

ဝိညာဉ်ချီတွေလည်း အားနည်းလာပြီး နောက်ဆုံးမှာ လုံးဝ ပျောက်သွားသည်။

“ ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့်ကို ဝင်ရောက်နိုင်ခဲ့လို့ ဂုဏ်ပြုပါတယ် “

ဆွန်းမိုက ဂုဏ်ပြုစကား ပြောရင်း နတ်ဘုရားမျက်စိနှင့် လုချီဟွာ ခန္ဓာကိုယ်ကို လေ့လာနေသည်။ လုချီဟွာက အခုလေးတင် ဝိညာဉ်ချီအများကြီး စုပ်ယူခဲ့သည်။ ဒါပေမယ့် ခန္ဓာကိုယ်ထဲမှာ တစ်စက်မှ မတွေ့ဘူးဖြစ်နေသည်။

“ဘာကြီးလဲ”

ဆွန်းမို မှုန်ကုတ်သွားသည်။

"ဘာ။ ဒီလိုပ ဲ အဆင့်တက်သွားတာလား"

လုချီဟွာထိတ်လန့်ပြီး မှင်တက်နေသည်။ အရင်က တစ်ခါမှလည်း အဆင့်မတက်ဖူး ခဲ့သောကြောင့် ဒီလိုအခြေအနေနှင့် စိမ်းနေသည်။

"အင်း"

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။ ဆွန်းမိုဆီက အတည်ပြုပေးလိုက်သည်။ သူမ အပျော်မျက်ရည်များ ကျလာပြီး ခံစားချက် စကားတစ်ခွန်းလည်း ထွက်လာသည်။

“ ကျေးဇူးတင်ပါတယ်။ ဆရာ”

လုချီဟွာက အော်ဟစ်လိုက်ပြီး အရှေ့ကို ယိုင်ကျလာသည်။ ဆွန်းမိုက လှမ်းဖမ်းထားလိုက်ရသည်။

သူမ စိတ်မထိန်းနိုင်အောင်ကို စိတ်လှုပ်ရှားနေသည်။ အခုလိုအခိုက်အတန့်ကို ရဖို့ စောင့်နေရတာ ဘယ်လောက်ကြာနေပြီလဲ။

တခြားလူတွေကတော့ သူမ သည်းခံခဲ့ရတဲ့ စိတ်ဖိအားကို နားမလည်နိုင်ပေ။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး (၇၇၈/၁,၀၀၀)

လုချီဟွာ တစ်ယောက် ကျင့်ကြံခြင်းလမ်းစဉ်ကို လျှောက်လှမ်းဖို့ ယုံကြည်ချက် ပြန်ရသွားတာနဲ့ နှိုင်းယှဉ်ရင် ဒီအမှတ်က ဘာမှမပြောလောက်ပေ။ သူမက သာမန်လူတစ်ယောက်သာဖြစ်ပြီး သူ့အဖေ ဂုဏ်ယူရအောင်လည်း မလုပ်နိုင်တော့ဘူးလို့ အမြဲစဉ်းစားနေခဲ့သည်။

"ငါသေချာပေါက် ဒီထက်ပိုပြီး ကြိုးစားသွားမယ်"

လုချီဟွာ လက်သီးလေးကို ဖော့ယမ်းရင်း ပြောလိုက်သည်။ ဆွန်းမိုနောက်ကိုလိုက်ပြီး သင်ကြားခံရတာက တစ်ကယ်မှန်တဲ့ ဆုံးဖြတ်ချက်ဖြစ်နေပြီ။

နောက်တစ်ရက် လည်း ပြန်စပြီ.....................................

ကျန်ရုံနဲ့သည် အတင်းပြောရတာလောက် ကျန်တာကို စိတ်မဝင်စားပေ။ ဒါကြောင့်လည်း အတန်းချိန်ပြီးလို့ ပြန်ရောက်လာတာနှင့် နောက်ဆုံးရ သတင်းများကို ဖောက်သည် ချလိုက်သည်။

“ရန်ချိုင် ဆုံးသွားပြီ”

ဒီသတင်းကို ကြားလိုက်ရင် အလုပ်ကိုယ်စီ ရှုပ်နေကြသော ဆရာ၊ ဆရာမများအားလုံး လှည့်ကြည့်လိုက်ကြသည်။

“ ပြစ်ဒဏ်ကနေ လွတ်မြောက်အောင် ကို့ကိုယ်ကို သတ်သေသွားတယ် ကြားတာပဲ”

ကျန်ရုံနဲသည် ဖော်ရွှေပြီး မာန မကြီးတတ်ပေ။ ဒါကြောင့် သူ့ရဲ့ လူမှုရေး အသိုင်းအဝိုင်းက ကျယ်ပြန့်သည်။

"ကို့ကိုယ်ကို သတ်သေတယ် ဟုတ်လား။ ငါတော့မယုံဘူး။ ရန်ချိုင်က သေရမှာ အရမ်းကြောက်တတ်တာ လူတိုင်း သိနေတာပဲ။ ဘာကြောင့် ကို့ကိုယ်ကို သတ်သေနိုင်မှာလဲ" ရှာယွန်က မဲ့ပြီး ပြောလိုက်သည်။ သူမ အမြင်အရဆိုရင် ကျန်ဟာန်ဖူက သူ့ကို ဖော်ထုတ်လိုက်မှာ ကြောက်ပြီး နှုတ်ပိတ်လိုက်တာ ဖြစ်နိုင်သေးတယ်။

" သူအသက်ရှင်နေသ၍ ပိုတောင် စိတ်ပျက်စရာ ကောင်းနေအုံးမယ်။ ပြစ်ဒဏ်အနေနဲ့ သူ့ကို

အမှောင်တိုက်ကြီးဆီ မောင်းထုတ်ပြီး မိုင်းတူးခိုင်းမယ်။ ပြီးတော့ တစ်သက်လုံးလည်း လွတ်ငြိမ်းချမ်းသာခွင့် မရှိဘူးလို့ ကြားတာပဲ”

ပန်ရီက ဖြတ်ပြောသည်။

ရှာယွန်ကတော့ ဒီလူနှင့် ငြင်းခုန်ရမှာ စိတ်မပါပေ။ ပွင့်ပွင့်လင်းလင်းသာ ပြောလိုက်ရရင် တအားတစ်ယူသန်ဆန်ပြီး တစ်သက်လုံး ကြယ်တစ်ပွင့် မြတ်ဆရာအဆင့်က မတက်နိုင်ရင်တောင် မထူးဆန်းပေ။

ဂေါင်ချမ်နှင့် ဒူရှောင်တို့က ခေါင်းကြီးငုံ့ပြီး နားထောင်နေသည်။ တစ်ခွန်းမှလည်း ဝင်မပြောပါ။ ဒါက အထက်လူကြီးများကြားက တိုက်ပွဲဖြစ်ပြီး သူတို့အမြင်ကို ဝင်မပြောသင့်ပါ။ တကယ်လို့ သူတို့အမြင်က တဖက်ဖက်ကို ရောက်သွားရင် ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်နေမည်။

“ ပြောကြေးဆိုကြေးဆိုရင် ဆွန်းမိုကလည်း ဖြုံလောက်တယ်။ ဒီလိုအခြေအနေမျိုးက တောင် ပြန်ထွက်လာနိုင်တယ်”

ကျုံ့ရှန်ရီ၏ စိတ်ထဲတွင် အတွေးတွေနှင့် ပြည့်နေသည်။

ရန်ချိုင်က ထောက်ပံ့ရေးဌာန၏ ဌာနမှူးဖြစ်သဖြင့် အခြေခံအရ ကျုံ့ရှန်ရီနဲ့ ရင်းနှီးသည်။

အကြင်နာမဲ့ခြင်းနှင့် ပြဿနာကို ကောက်ကျစ်စွာ လှည့်ဖျားပြီး ကိုင်တွယ်ခြင်းကလည်း သူ့ရဲ့ အမှတ်တံဆိပ် ဖြစ်သည်။ ကျန်ဟာန်ဖူ အပေါ်ကိုလည်း အရမ်းသစ္စာရှိပြီး သူ့ကို ကူညီကာ ဆရာတချို့ကို ဒုက္ခပေး ခဲ့ဖူးသည်။ ဒါပေမယ့် သူ့နည်းလမ်းတွေက မြန်ဆန်ပြီး

သေသပ်လွန်းသောကြောင့် သံသယရှိတောင် သက်သေမရှိလိုက်ပေ။ ဒီတစ်ကြိမ်တော့ ဆွန်းမိုနှင့် ဆုံပြီး ဆွန်းမိုက ပြန်နှပ်ချတာခံလိုက်ရသည်။ တကယ်ကို လျှော့တွက်လို့ မရပေ။

ဒင်

ကျုံရှန်ရီ၏ လေးစားအထင်ကြီးမှု +၂၀ ။ မှူလ(၃၆/၁၀၀)

“ ထောက်ပံ့ရေးဌာနမှ ဝန်ထမ်းတစ်ယောက်က ရန်ချိုင်ရဲ့ မကောင်းဆိုးဝါး လုပ်ရပ်တွေကို မကြည့်နိုင်တော့လို့ တိုင်ခဲ့တယ်ကြားတာပဲ။

ဒါကြောင့်လည်း သက်သေတွေ လျှို့ဝှက်စုဆောင်းပြီး ဒီအခွင့်အရေးကို အသုံးချခဲ့တာ”

ကျန်ရုံနဲ့က ပြောလိုက်ပြီး လူတိုင်းရဲ့ အမူအရာကို စောင့်ကြည့်နေသည်။

ပန်ရီကတော့ နားထောင်ပြီး လုံးဝကို လက်ခံသွားသည်။ ဆန့်ကျင်ဘက်အနေနှင့် ရှာယွန်ကတော့ လျောင်ပြုံး ပြုံးနေသည်။ သူမကိုကြည့်ရတာ အတွင်းကျကျ သိထားပုံရသည်။

အဲဒီအထဲမှာ ရှောင်ဟိုကတော့ စိတ်မလုံသည့်ပုံပေါ်နေသည်။

ရှောင်ဟိုသည် အသက် ၅၀လောက်ရှိတဲ့ မိန်းမတစ်ယောက် ဖြစ်ပြီး သင်ကြားရေးအပေါ်လည်း စိတ်မဝင်စားတော့ပေ။ သူမစိတ်ထဲတွင် အသက်ရှည်လာအောင် သက်ရှည်နယ်ပယ်ကို ဝင်ရောက်ဖို့ အတွေးနှင့်သာ ပြည့်နှက်နေသည်။

အမှန်ပဲပေါ့။ ရက်နည်းနည်း လောက်ပိုအသက်မရှင်ချင်တဲ့လူ ဘယ်သူရှိလဲ။

အထူးသဖြင့် မိန်းမတွေပဲ။ သက်ရှည်နယ်ပယ်ထဲကို စောစော ဝင်နိုင်လေ အိုမင်းရင့်ရော်မှု နှုန်းကလည်း နှေးလာလေ ဖြစ်သည်။

“ဘာပဲဖြစ်ဖြစ် ဒီတစ်ကြိမ်တော့ ကျန်ဟန်ဖူ တော်တော် အရှက်ကွဲသွားမှာ သေချာတယ်”

ရှာယွန်က တိုးတိုးလေး ရေရွတ်နေပြီး ဆွန်းမိုကို ထမင်းဖိတ်ကျွေးရင် ကောင်းမလား စဉ်းစားနေသည်။ သူ့မှာ နတ်ဘုရားလက်အပြင်

လူမသိသေးတဲ့ အခြား အရည်အချင်းတွေ ရှိနေပုံပဲ။

ထောက်ပံ့ရေးဌာနမှ ဝန်ထမ်းက ရန်ချိုင်ကို ပြန်တိုင်တာလည်း ဆွန်းမိုရဲ့ နည်းဗျူဟာ ဖြစ်နိုင်သည်။ မဟုတ်ခဲ့ပါက ဘယ်သူက အားအားယားယား ကိုယ့်အထက်လူကြီး ပြန်တိုင်နေမှာလဲ။

လူငယ်တစ်ယောက်ဆိုရင် သွေးပူပြီး လုပ်တာ ဖြစ်နိုင်ပေမယ့် လီကုန်လို လူ့အသိုင်းအဝိုင်းတွင် နှစ်ပေါင်းများစွာ ကျင့်လည်ခဲ့တဲ့ လူက

လုပ်တယ်ဆိုရင်တော့ သူ့အတွက် အကျိုးမရှိပဲ မလုပ်နိုင်ပေ။

“ငါ့မှာ နောက်ထပ် စိတ်ဝင်စားစရာ သတင်းတစ်ပုဒ် ရှိသေးတယ်”

ကျန်ရုံနဲက လူတိုင်း စိတ်ဝင်စားလာအောင် စောင့်လိုက်သည်။

“ဘာလဲ။ ဆရာကျန် မြန်မြန် ပြောပြပါ”

ဂေါင်ချမ်က အပြုံးမျက်နှာနှင့် စကားပွဲကို ဝင်ထောက်ပေးလိုက်သည်။

“ဒီကျောင်းအုပ်ကြီးဝမ်က ဆွန်းမိုကို သူ့အဖွဲ့ထဲ ခေါ်ဖို့ ကြိုးစားခဲ့သေးတယ်။”

ဝေါင်ချမ် လှမ်းကြည့်လိုက်မိသည်။ ကျန်ရုံနဲ၊ ဒီလူတော့ တော်တော် ချစ်ဖို့ကောင်းနေပြီ ဘာတွေ လျှောက်တွေးနေတာလဲ။ နောက်တစ်ကြိမ်ကျမှ နည်းနည်း ထောက်ပေးလိုက်အုံးမယ်။ ပြီးတော့ သူ့ဘေးမှာ ထိုင်နေတဲ့ ရီဂျင်မင်ကို လှမ်းကြည့်လိုက်သည်။ ဒီလူက စားပွဲနောက်တွင် တစ်ချန်လုံး ထိုင်ပြီး အတင်းအဖျင်းကို စိတ်မဝင်စားသလို လုပ်နေသည်။ ဒါပေမယ့် ဝမ်ဆုက

ဆွန်းမိုကို ဖိတ်ခေါ်တယ်လို့ ကြားလိုက်ရင် ချက်ခြင်းခေါင်းထောင်ပြီး ကြည့်လာသည်။ သူ့ မျက်ခုံးတွေကလည်း ချက်ခြင်း ကြုတ်သွားသည်။

“ဟုတ်လို့လား “

ကျုံးရှန်ရီ တော်တော် အံ့အောသွားသည်။

“မဖြစ်နိုင်ပါဘူး။ ဆွန်းမိုက တော်ရင်တောင် နာမည်ကျော် ကျောင်းက ဘွဲ့ရ မဟုတ်ဘူး။ ဝမ်ဆုလို အရမ်းမာနကြီးပြီး သူရဲ့ လူမှုရေးပုံရိပ်ကို မြှင့်တင်ဖို့ ကြိုးစားနေတဲ့လူက ဘာလို့ သူ့ကို သဘောကျမှာလည်း”

ပန်ရီက မယုံကြည်ကြောင်း ထပြောသည်။

ဗဟိုပြည်နယ်အကယ်ဒမီတစ်ခုလုံးတွင် ဝမ်ဆုက ဆရာနှင့်ကျောင်းသားတွေအပေါ်မှာ အရမ်း မျှော်လင့်ချက်ကြီးတာ လူတိုင်းသိတယ်။ သူသာ မင်းပေါ်ကို မျှော်လင့်ချက်ကြီးကြီးထားပြီး မင်းကိုသဘောကျရင် မင်းကလုပ်ဖော်ကိုင်ဖက်ကြား သေချာပေါက် ထူးချွန် နေလို့ပဲ။ အမှန်လည်း ဝမ်ဆု နာမည်ကြီးလာသည့်တစ်လျှောက်တွင် သူ့သုံးသပ်ချက် တစ်ခါ မှမမှားဖူးသေးပါ။

“ဆရာပန် ဘယ်ခေတ်မှာ ကျန်နေခဲ့တာလည်း။ ဆရာတွေကို သူတို့ရဲ့နောက်ခံနဲ့ အကဲဖြတ်တုန်းလား။”

ရှားယွန်လည်း မနေနိုင်တော့ပဲ ပန်ရီကို ဝေဖန်လိုက်သည်။

သူမက ပန်ရီထက် ၂၄နှစ်နီးပါး ငယ်ရင်တောင် သူတို့အားလုံးက ကြယ်တစ်ပွင့် မြတ်ဆရာများဖြစ်ပြီး အားလုံး အဆင့်အတူတူပဲ။ ဘယ်သူမှလည်း ပိုမသာနေပါ။ ဒါ့အပြင် ပန်ရီက လက်တွေ့အမှန်တရားရဲ့ အဝေးမှာထိုင်နေသည်။

သူရဲ့ပုံစံက ရှားယွန်မျက်လုံးထဲတွင် ရှက်ဖို့ကောင်းနေသည်။ ဆွန်းမိုက အန်ရှီဝေရဲ့ ခင်ပွန်းလောင်းလည်း ဖြစ်နေသေးသည်။ သူမတို့ကို တစ်ဖွဲ့တည်းလို့ သတ်မှတ်လို့ ရသည်။ ဒါကြောင့် ဆွန်းမိုဘက်က ကာကွယ်ပေးရမည်။

"ဆရာရှား ၊ ဘွဲ့ရတွေကြားမှာ ကွားခြားချက်မရှိရင် ဘာလို့ နာမည်ကျော် ကျောင်းက ဘွဲ့ရတွေက အလုပ်ရဖို့ ပိုလွယ်နေတာလည်း။ ထပ်ပြောရရင် လစာတွေ၊ အခြားခံစားခွင့်တွေလည်း ပိုသာတယ်"

ပန်ရီက ချက်ခြင်း ပြန်ပြောသည်။ အဲဒီအချိန်မှာ သူ့ရဲ့ မျက်နှာတွင် မောက်မာမှု တစ်စွန်းတစ်စကို မြင်နေရသည်။ ဘာကြောင့်ဆို သူကလည်း နဂါးနှိမ်နင်းခြင်း အကယ်ဒမီက ဘွဲ့ရတစ်ယောက် ဖြစ်နေသည်။ လူတိုင်း ပါးစပ်မဲ့သွားပြီး သူနဲ့ ပြန်ငြင်းဖို့လည်း စိတ်မပါကြပေ။ ဆရာပန်က ကံကောင်းရင် ကံကောင်း မဟုတ်ပါက နောက်ဖက်ပေါက်ကနေ လက်ဆောင်ပေးပြီး ဘွဲ့ရခဲ့တာပဲ ဖြစ်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူတို့သာ အဆင့်မတက်နိုင်ပဲ ကြယ်တစ်ပွင့် မြတ်ဆရာအဆင့်တွင် နှစ်ပေါင်း သုံးဆယ်လောက် ပိတ်မိနေခဲ့ရင် နာမည်ကျော်ကျောင်းက ဘွဲ့ရတစ်ယောက်ပါလို့ ထုတ်မကြွားရဲပါ။

ဘိုးဘေးတွေတောင် အရှက်ရသွားနိုင်တယ်။

ရီဂျီမင်က

“ဒီကျောင်းအုပ်ကြီး ဝမ်က ဆွန်းမိုကို သဘောကျတာ မဖြစ်နိုင်ဘူးလို့ ငါထင်တယ်။

သူ့ရဲ့ကျောင်းသားတွေက သူနာမည်ကြီးလာအောင် ကြွားလုံးထုတ်နေပဲ ဖြစ်မယ်”

“ ၃ လကြာရင် ကျောင်းသား အယောက် ၅၀ကို ရွေးပြီး အမှောင်တိုက်ကြီးကို စေလွှတ်လိမ့်မယ်။ ဆွန်မိုသာ နာမည်ကျော်ကြားလာလေ သူတို့ အရွေးခံရဖို့ အခွင့်အရေးများလာလေ ဖြစ်လာမှာပဲ။ ဒါက သူတို့ အရွေးခံရအောင် သုံးတဲ့ နည်းလမ်း ဖြစ်နိုင်တယ်။”

ဂေါင်ချမ်နှင့် ဒူရှောင် မျက်မှောင် ကြုတ်သွားသည်။ ဒီကောင် တော်တော် စောက်ကျင့် မကောင်းတာပဲ။

"ဆရာရီ ဘာဖြစ်လို့ မဟုတ်တာတွေ ပြောနေတာလဲ"

ရှာယွန်က မကျေမနပ် ဝင်ပြောသည်။

"အို ဘယ်လို မမှန်တာလဲ"

ရီဂျီမင်သည် ကျန်ဟန်ဖူ အဖွဲ့ကဖြစ်ပြီး သဘာဝအတိုင်း ရှာယွန်၏ သဘောထားကို ဂရုမစိုက်ပေ။ သူက

“ ဒုကျောင်းအုပ်ကြီး ဝမ်ရဲ့ မြတ်ဆရာအဖွဲ့ထဲမှာ အနိမ့်ဆုံးအဖွဲ့ဝင်က ကြယ်နှစ်ပွင့် မြတ်ဆရာအဆင့်ဆိုတာ မမေ့နဲ့။ ဆွန်းမိုမှာ ကြယ်ဘယ်နှစ်လုံး ရှိလို့လဲ”

ဒီမေးခွန်းက ပြန်ဖြေဖို့ တော်တော် ဘေးကြပ်နံကြပ် နိုင်လှသည်။

ဒါပေမယ့် ရှာယွန်ကလည်း ပေါ့သေးသေး မဟုတ်ပေ။

"ဆွန်းမိုမှာ ကြယ်တစ်လုံးမှ မရှိဘူး။ ဒါပေမယ့် နတ်ဘုရားလက်ရှိတယ်။ အဲဒါက ကြယ်နှစ်ပွင့် မြတ်ဆရာထက်တောင် ရှားနေသေးတယ်"

ဒီစကားကိုကြားပြီး ရီဂျီမင်သည် ထမင်းအလောတကြီး စားပြီး နင်နေသလို အသက်ရှူမဝ ဖြစ်သွားသည်။ ဘယ်လို ငြင်းရမှာလဲ။ နတ်ဘုရားလက်က အစစ်လား အတုလားတောင် မပြောတတ်ပေ။

နောက်နေတာ ရပ်လိုက်တော့။ ဗဟိုပြည်နယ်က ဆရာတွေနဲ့ ကျောင်းသားတိုင်းက အဲဒါရဲ့

စစ်မှန်မှုကို သိကြသည်။ ဆွန်းမို၏ ကျင့်ကြံခြင်း ဆေးပညာအတန်းကလည်း အချိန်တိုင်း လှုပေါက်ကွဲထွက်နေသည်။

အတန်းမစခင် ၂ နာရီလောက်ကြိုပြီး ထိုင်ခုံ နေရာမဦးပါက အတန်းတက်ဖို့တောင် မဖြစ်နိုင်ပါ။

ကြယ် ၂ပွင့်နှင့် အထက်ရှိသည့် ဆရာများ သင်ကြားမှသာ ဒီလိုဖြစ်ဖို့ ဖြစ်နိုင်တာလည်း မေ့ထားလို့ မရပေ။ ကြယ်တစ်ပွင့် မြတ်ဆရာများတောင် ဒီလို အခြေအနေမျိုး မဖြစ်နိုင်ပါ။

ဒါကိုတွေးပြီး ရီဂျီမင် ပိုတောင် ပေါက်ကွဲလာသည်။

နတ်ဘုရားတွေ မတရားဘူး။ သူ့လို တော်တဲ့သူကျတော့ ဘာလို့ နတ်ဘုရားလက် မပေးတာလဲ။ ဘာကြောင့် ဆွန်းမိုလို လူကို ပေးရတာလဲ။

သူ့ကိုသာ ပေးခဲ့ရင် ပို ကောင်းမှာ သေချာသည်။

ရီဂျီမင် ဘယ်လို ပြန်ပြီးတုန့်ပြန်ရမလဲ မသေချာ မရေရာဖြစ်နေတာ မြင်လိုက်ရင်

ရှာယွန် ကျေနပ်သွားသည်။ ဘေးတွင်ရပ်နေသော ဂေါင်ချမ်နှင့် ဒူရှောင်တို့က ပါးစပ်ကြီးတွေ ဟနေကြသည်။

ရီဂျီမင်၏ စောက်ကြွားကြွား ပုံစံကို မျက်မုန်းကျိုးနေကြသည်။

"ဒါဆို ဆွန်းမိုက လက်ခံလိုက်လား"

ကျုံရှန်ရီက လုပ်ဖော်ကိုင်ဖက် အချင်းချင်း စကားများနေတာ မမြင်ချင်တာနှင့် စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"သူ မလုပ်ခဲ့ဘူး"

ကျန်ရုံနဲ့က ခေါင်းခါရင်း ပြန်ဖြေလိုက်သည်။

"ဟားဟား"

ရီဂျီမင်က ချက်ခြင်း ထရယ်လိုက်သည်။

"ငါသိနေတယ်လေ။ အလိမ်အညာတွေပဲ ဖြစ်မယ်ဆိုတာ"

"ဘာကို အလိမ်အညာလဲ"

ရှာယွန်က ပြန်ပြောသည်။ သူမက ကြက်နှစ်ဖွား ဖြစ်သည်။ အမျိုးသမီးတစ်ယောက် ဖြစ်သော်လည်း ရည်မှန်းချက်ကြီးကာ ဆက်ဆက်ထိမခံ ပေ။

“ ဒါက ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ရဲ့ ဖိတ်ကြားချက်လေ ။ မင်းဆိုရင်ရော ငြင်းမှာလား”

ရီဂျီမင်က တိုးတိုးလေး ရေရွတ်လိုက်သည်။

“ဆွန်းမိုက ငြင်းခဲ့တယ်ပြောနေကတည်းက ဒီကောင် လုပ်ကြံဇာတ် ဖန်တီးထားတာပဲ ဖြစ်မယ်။ တကယ်လို့ ဝမ်ဆုသာ ဖိတ်ခေါ်ခဲ့ရင် ဒူးထောက်ပြီး မြန်မြန်လက်ခံဖို့ ပြောနေမှာ”

လူတိုင်းကလည်း အဲဒီနေရာက ဝင်ပြီး စဉ်းစားကြည့်နေသည်။ သူတို့ကိုသာ ကြယ်လေးပွင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတစ်ယောက်က ဖိတ်ခေါ်ခဲ့ရင် ချက်ခြင်းလက်ခံလိုက်မည်။

အဲဒီလိုအဆင့် မြတ်ဆရာအဖွဲ့ကို ဝင်လိုက်ရပါက အကျိုးအမြတ် အများကြီး ရနိုင်သည်။ ပထမဆုံးအနေနဲ့ နာမည် ချက်ခြင်း ကြီးလာလိမ့်မည်။ ဒုတိယအချက်အနေနှင့် အရင်းအမြစ်တွေ ဝယ်ယူရတာ လွယ်ကူသွားမည်။ တကယ်လို့ မင်းမှာ ဆရာကြီးကြီးတစ်ယောက် နှင့် အဖွဲ့ရှိနေရင် အရာအားလုံး လွယ်ကူသွားနိုင်တယ်။

အမှောင်တိုက်ကြီးမှာ ရှေ့ဟောင်းအမွေအနှစ်တွေ ရှာရင်လည်း ဒီလို အဖွဲ့ရှိနေတာက ထွက်နှုန်းအများကြီး တိုးလာစေနိုင်သည်။

“ ဆွန်းမို ငြင်းလိုက်လို့လည်း သူ့ရဲ့ ထူးခြားမှုက လူတွေကြားမှာ ထင်ရှားနေတာပေါ့”

ရှာယွန်က အခိုင်အမာ ပြောနေသည်။

“ကြွားလုံးထုတ်ပြီး ထင်ရှားနေတယ် ပြောချင်တာလား”

ရီဂျီမင်က လှောင်ပြောင်နေသည်။

"ဟေ့ ။ စကားမများကြနဲ့တော့။ မှန်တာပဲဖြစ်ဖြစ် ၊မှားတာပဲဖြစ်ဖြစ် ဆရာလင် ပြန်လာရင် အားလုံး သိရမှာပဲ"

ကျုံရှုန်ရီက အခြေအနေ တည်ငြိမ်သွားအောင် ကြိုးစားနေသည်။

ကလောက်

တံခါး ဖွင့်လိုက်သည့် အသံထွက်လာသည်။ လင်ကျန်က မျက်ကွင်းတွေညိုပြီး ပြန်လာသည်။ ငရဲကနေ စကားပြောပြီးပြန်လာသလိုပဲ။

"အမ်"

တစ်ခန်းလုံးက ဝိုင်းကြည့်နေတာ မြင်လိုက်ရင် လင်ကျန်လည်း ဟထားသည့် ပါးစပ်ကို မြန်မြန်ပိတ်လိုက်ပြီး လျှာနှင့် သွားတွေကို လိုက်ပွတ်နေသည်။

မနက်စာစားတုန်းက ငရုတ်သီးမှုန့်ထည့်စားခဲ့တယ်။ သွားမှာ ငရုတ်သီးဖတ်များ ကပ်နေလို့လား။

“ဆရာလင် ။ မင်းတော့ အချိန်ကိုက် ရောက်လာတာပဲ။ အာလုံးက ဆွန်းမိုအကြောင်း

ပြောနေကြတာ။ ဆွန်းမိုကို ဆရာဝမ်က ဖိတ်ကြားခဲ့သေးလား။

ဆရာ ပန်က စပ်စုလိုက်သည်။

စာစဉ်(၁၀)

အခန်း (၁၄၄) - အိုးထိန်း ဆရာ။

"ဟုတ်တယ်"

လင်ကျန်က ရိုးရိုးရှင်းရှင်းလေး ပြန်ဖြေလိုက်သည်။ ဒါပေမယ့် ကြားလိုက်ရတဲ့သူတွေ နားထဲတွင် ကုန်းပြင်ကြီးတစ်ခုလုံး မိုးကြိုးပစ်ချလိုက်သကဲ့သို့ ဖြစ်သွားပြီး လူတိုင်း အံ့အောတုန်လှုပ်သွားသည်။

ရီဂျီမင်မျက်နှာက သူ့ကောင်မလေးနှင့် ဆွန်းမို ခိုးပြီး ပေါင်းနေတာ မြင်လိုက်ရသလို အရမ့်အံ့အောနေသည်။ စိတ်ထဲကနေ

"ဘယ်လိုဖြစ်နိုင်မှာလဲ" ရေရွတ်လိုက်မိသည်။

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

လင်ကျန်က ကြောင်သွားပြီး ပြန်မေးလိုက်သည်။

"ဆွန်းမို......သူ"

ရီဂျီမင်က မသဲမကွဲ 'သူ' တစ်လုံးတည်းသာ ရွတ်ပြီး စကားဆုံးအောင် ဆက်မပြောနိုင်တော့ပေ။

စိတ်ထဲမှာတော့ စိတ်ကူးမျိုးစုံကို နေရာချကြည့်နေသည်။

ဥပမာ ဆွန်းမိုက ဝမ်ဆုရဲ့ တရားမဝင်သားလား။

ဥပမာ ဆွန်းမိုက ဝမ်ဆုကို တင်ပါးရောင်းခဲ့တာလား။

"ဆွန်းမိုက ဘာ.."

ရှာယွန်က လျောင်ပြောင်လိုက်သည်။

ဆွန်းမိုကို ထောက်ခံချက်အကြောင်း ပြောဖြစ်နေသည့် အကြောင်းပြချက် အများစုက

တစ်ဖွဲ့တည်း ဖြစ်နေလို့ အသိအမှတ်ပြုပြီး ပြောပေးနေခြင်း ဖြစ်သည်။ အမှန်တိုင်းပြောရလျှင် ဆွန်းမိုက ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ရဲ့ ဖိတ်ကြားချက်ကို အမှန်တကယ် ငြင်းခဲ့မယ်လို့ သူမ မယုံကြည်ခဲ့ပေ။

တကယ်လို့ သူ့နေရာမှာသာဆိုရင် သူမကိုခေါ်ယူတာ သေချာစေရန် ရှိသမျှ အကုန်ပုံအော ပေးလိုက်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် အခုတော့ ဆွန်းမိုက ဝမ်ဆုကို အမှန်တကယ်ပြင်းခဲ့ကြောင်း လင်ကျန်က အတည်ပြု ပေးခဲ့သည်။

(ဘာတွေခေါင်းမာနေတာလဲ။ အန်ရှီဝေကြောင့် ဒီလို လုပ်တာလား)

ရှာယွန်၏မျက်နှာမှာ အရမ်းအံ့အောနေပြီး သိချင်စိတ်များလည်း ဖြတ်ပြေးနေသည်။ ဆွန်းမိုကို နေ့လည်စာ တတ်နိုင်သလောက် မြန်မြန် ဖိတ်ကျွေးမယ်လို့ ဆုံးဖြတ်လိုက်သည်။

ရှာယွန်က မေးခွန်းထုတ်လိုက်သဖြင့် ရီဂျီမင် ကသိကအောက် ဖြစ်သွားသည်။ ပြန်ပြီး ချေပရအောင်လည်း ကြောင်းပြချက် ရှာမတွေ့သဖြင့် တရှုးရှုးနဲ့ နှာမှုတ်ပြီး ပြန်ထိုင်ချလိုက်ရသည်။

"ပြန်တွေးကြည့်လိုက်ရင် ဆွန်းမိုမှာ အခွင့်အရေး ရှိနေသေးတာပဲ"

ကျုံရှုန်ရီက သက်ပြင်းချလိုက်ပြီး

" အလုပ်ခန့်ခဲ့တဲ့ ဆရာလေးယောက်မှာ ဆွန်းမို အဆိုးဆုံးပါ။ အခုတော့ သူက အကောင်းဆုံး ဖြစ်နေတယ်"

"ဒါက အကောင်းဆုံး ကြီးပဲ မဟုတ်သေးဘူး။ ဒီရာစုနှစ် လူသစ်တွေထဲမှာလည်း ထိပ်ဆုံးက ဖြစ်နေတယ်"

ကျန်ရုံနဲ အရမ်း စိတ်လှုပ်ရှားလာသည်။

လူတိုင်း တိတ်ဆိတ်သွားကြသည်။ ဆွန်းမိုရဲ့ ပထမဆုံး လူထုဟောပြောပွဲမှာ တက်ရောက်သူ အရေအတွက် က ရာစုနှစ်စံချိန် ချိုးသွားမှန်း လူတိုင်း သိနေကြသည်။

တချို့လူတွေကတော့ တစ်ခါကောင်းသာ ဖြစ်မယ်လို့ခန့်မှန်းပြီး ရှုံးပွဲကောင်းကောင်းကြည့်ဖို့

စောင့်နေခဲ့သည်။ တစ်လသာခွဲသွားတယ် ဆွန်းမိုရဲ့ ကျင့်ကြံခြင်းဆေးပညာအတန်းက ပိုပြီးတော့တောင် ရေပန်းစားလာသေးသည်။

ဒီလိုသာ နောက်ထပ်တစ်လလောက် ရေပန်းစားနေသေးရင် ဆွန်းမိုရဲ့အတန်းသည် ဗဟိုပြည်နယ်အကယ်ဒမီ ကိုယ်စားပြု သင်ခန်းစာ ဖြစ်လာမယ့် အခွင့်အရေး ရှိနေပြီ။

ကိုယ်စားလှယ် သင်ခန်းစာဆိုတာ ဘာလဲ။ အကယ်ဒမီတစ်ခုနှင့် တစ်ခု လေးစားပြီး ဖလှယ်ထိုက်သော သင်ခန်းစာများ ဖြစ်သည်။

ဆွန်းမိုရဲ့ ကျင့်ကြံခြင်းဆေးပညာ သင်ခန်းစာက ဆက်ပြီး ရေပန်းစားနေရင် ချဲ့ကားပြောတာ မဟုတ်တော့ပဲ ဗဟိုပြည်နယ်အကယ်ဒမီ၏ အထူးပြုဘာသာရပ်တွေထဲက တစ်ခု ဖြစ်လာတော့မည်။

ဒီအကြောင်းတွေးရင်း အသုံးမကျသည့် ဆရာပန်တစ်ယောက် မနာလို ဖြစ်လာသည်။

“ဟွန့် ဆွန်းမိုက နတ်ဘုရားလက် အားကိုး ရှိနေလို့ပါ။ ဒါကလည်း ကောင်းကင်ကပေးထားတဲ့ အရည်အချင်းဖြစ်ပြီး အထင်ကြီး စရာမရှိပါဘူး”

ရီဂျီမင်က ဆင်ခြေပေးလိုက်သည်။

"နတ်ဘုရားလက်သာ မရှိရင် သူလိုကိုယ်လို လူတစ်ယောက်ပဲ"

"ဆွန်းမိုရဲ့ ဝိညာဉ်တက်တူး သင်ခန်းစာလည်း မဆိုးပါဘူး။ လူ၅၀ လောက် ပုံမှန်လာတက်နေတယ်လို့ ကြားတယ်"

ဒူရှောင်က ဆွန်းမိုကို စိတ်ဝင်စားပြီး အကြောင်းသိအောင် ကြိုးစားထားခဲ့သည်။

"ဟားဟား။ ဆွန်းမိုက ဝိညာဉ်တက်တူး အတန်းမှာ ဘာတွေပြောနေလဲ သိလား။

အတန်းကသာ ဆယ်ချိန်ကျော်လာတယ်။ သူက ဝိညာဉ်စုဆောင်းခြင်း ဝိညာဉ်တက်တူး အကြောင်းကနေ မတက်သေးဘူး။ တကယ့်ကို ဟာသပဲ”

ရီဂျီမင်က အထင်သေးသလို ပြောနေသည်။

“ သူသာ နာမည်မကြီးရင် ဘယ်သူက ဒီလောက်ပျင်းဖို့ကောင်းတဲ့ ဝိညာဉ်စုဆောင်းခြင်း တက်တူး သွားသင်နေမှာလဲ။ ပြီးတော့ နေ့တိုင်း အကြောင်းအရာတစ်ခု သင်နေတယ်။

ဒီကျောင်းသားတွေမှ မငြီးငွေ့ရင် ဘယ်သူတွေ ငြီးငွေ့မှာလဲ”

ဒီတစ်ကြိမ်တော့ ရှာယွန်လည်း ပြန်ပြီး မချေပနိုင်တော့ပေ။

“ ငါလည်း ဒီအကြောင်းနဲ့ ပက်သက်ပြီး ဘာပြောရမလဲ မသိတော့ဘူး။ အဲဒါက အခြေခံမှ တကယ့် အခြေခံအကျဆုံးပဲ”

ကလောက်

တံခါးပွင့်လာသည်။ ဆွန်းမို ဝင်လာသည်ကို တွေ့လိုက်ရသည်။ တခြားအရာတွေထက်စာရင် သူ့သယ်လာတဲ့ ပန်းအိုးက ထင်းနေသည်။

"ဆရာဆွန်း၊ အတန်းပြီးပြီလား"

ဒူရှောင်က နှုတ်ဆက်လိုက်သည်။

ဂေါင်ချမ်ကတော့ ဘာမှမပြောပဲ ပြုံးပြီး ခေါင်းညိတ်ပြသည်။

"အမ်။ မင်းတို့ရော။ နေ့ခင်းဘက် အတန်း မရှိဘူးလား"

ဆွန်းမိုက သူတို့နှစ်ယောက်စလုံးကို တကယ့် လုပ်ဖော်ကိုင်ဖက် အရင်းတွေလို လှိုက်လှိုက်လှဲလှဲ ပြန်ပြုံးပြလိုက်သည်။ သူဒီကို ပထမဆုံး အကြိမ်ရောက်တုန်းကလည်း သူတို့နှစ်ယောက်ဆီက လေးစားအထင်ကြီးမှု အမှတ်တွေ ရခဲ့သေးသည်။

ပြောချင်တာက အနည်းဆုံးတော့ သူ့အပေါ် အမုန်း မရှိပေ။

“ငါတို့ က ပြီးပြီ”

ဒူရှောင်က ခါးသီးအပြုံးကို ထိန်းသိမ်းပြီး ပြောလိုက်သည်။

"ငါတို့က အတန်းပြီးရင် ကျောင်းသားတွေ ဝိုင်းဝိုင်းလည်တဲ့ မင်းလောက် မထူးချွန်ဘူးလေ။ ဒါကြောင့်လည်း စောစော ပြန်ရောက်နေတာပေါ့"

"အမှန်ပဲဟေ့၊ မင်းမှာ လျှို့ဝှက်ချက်လေးတွေ ရှိရင်လည်း ငါတို့ကိုမျှအုံး"

ဝေါင်ပန်က ခြိမ်းခြောက်သလို ပြောလိုက်သော်လည်း တကယ်ကို အကြံအဉာဏ် တောင်းခံနေသည်။ သူတို့ခြင်းက မရင်းနှီးတော့ နည်းနည်း ကသိကအောက်တော့ ဖြစ်နေသည်။

ကြည့်ရတာတော့ ဆွန်းမိုကို ထမင်းလိုက်ကျွေးဖို့ လိုနေပြီထင်တယ်။ ယောက်ျားတွေက အရက်အတူတူ သောက်နေရင်း မြန်မြန်ရင်းနှီးလာ တတ်ကြတာ သဘာဝပင်ဖြစ်သည်။

“ဟွန့် ငဖေးကောင်”

ရီဂျီမင်က တိုးတိုးလေး ရေရွတ်လိုက်သည်။ ဒူရှောင်နှင့် ဂေါင်ချမ်တို့ နှစ်ယောက်စလုံးက စီနီယာတစ်ယောက်လေသံနှင့်မပြောပဲ ဆွန်းမိုကို လေးလေးစားစားပြောနေတာ မြင်ရင် သူတို့နှင့်

အတူတူ ရုံးခန်း မျှသုံးရနေတာကိုတောင် သိက္ခာကျသလို ထင်လာသည်။

"ဆရာဆွန်း၊ ဂေါင်ပန်နဲ့ မင်း ပွဲတစ်ခု သဘောတူထားတယ်လို့ ကြားတယ်။ ဒါကလည်း တစ်ပတ်လောက်ပဲ လိုတော့တယ်။ မင်းပြင်ဆင်နေတာရော အဆင်ပြေရဲ့လား"

ကျန်ရုံနဲ့က အတင်းပြောထားသဖြင့် ကောင်းကောင်း ဆက်ဆံနေသည်။

"အဆင်ပြေပါတယ်"

ဆွန်းမိုကတော့ ဒီအကြောင်းကို မေ့တောင်မေ့နေပြီ။ သူ့အတွေးတွေက လီဇီချီနှင့် လုချီဟွာကို အဆင့်တက်အောင် ဘယ်လို လုပ်ပေးရင် ကောင်းမလဲဆိုတာနဲ့ ပြည့်နေသည်။

ကျန်ရုံနဲက ဒီအဖြေလောက်နဲ့ မကျေနပ်ပေ။ သူပိုသိအောင် ကြိုးစားမလို့ လုပ်နေသည့်အချိန်တွင် တံခါးက နောက်တစ်ကြိမ် ပွင့်လာပြန်သည်။

“ဆရာမ ဂျိ”

နှုတ်ဆက်သံတွေ အများကြီးပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျင့်ကြံခြင်းကိုပဲ အာရုံစိုက်တတ်သော ရှောင်ဟိုတောင် မတ်တပ်ရပ်ပြီး ပြုံးပြနေသည်။

မြတ်ဆရာတို့ကမ္ဘာတွင် အသက်အရွယ်က အရေးမပါပေ။ ကြယ်ပိုများသည့်သူက ဆရာ ဖြစ်သည်။

ဂျိမ်ဂျဲသည် ကြယ်သုံးပွင့် မြတ်ဆရာ တစ်ယောက်ဖြစ်ပြီး အရမ်းလည်း ဗဟုသုတ ကြွယ်ဝသည်။ တခြားဆရာများသည် ကျင့်ကြံခြင်းနဲ့ လေ့လာခြင်းတို့တွင် မမျှော်လင့်ထားသည့် ပြဿနာများနှင့် ကြုံတွေ့နိုင်ခြေ မြင့်မားတတ်သည်။

သူတို့သာ သူမနှင့် ဆက်ဆံရေးကောင်းအောင် ထိန်းထားနိုင်ပါက သူမဆီကို ချည်းကပ်ပြီး လမ်းညွှန်ချက် တောင်းဖို့ လွယ်ကူနိုင်သည်။

တကယ်လို့ သူမဆီက အကူအညီ မရနိုင်ရင်တောင် သူမအဆင့်အတန်းနှင့် သန်မာမှုက လေးစားဖို့ လုံလောက်နေပြီ။

ဂျိမ်ဂျဲက ပြုံးပြီး တုံ့ပြန်လိုက်သည်။ ပြီးတာနှင့် ဆွန်းမိုကို ပြုံးပြီး ကြည့်လိုက်သည်။

"အချိန်အားလား။ မင်းကို ဒုက္ခ ခဏလောက်ပေးလို့ ရမလား"

ဒါကိုကြားလိုက်ရင် လူတိုင်း နည်းနည်းတော့ အံ့အောသွားသည်။ ဂျိမဲဂျဲက ဘာကြောင့်ဆွန်းမိုကို ရှာတာလဲ။ နတ်ဘုရားလက်ကြောင့်လား။ သူတို့ မနာလို ဖြစ်လာသည်။

ဆွန်းမိုက နတ်ဘုရာလက်အားကိုးဖြင့် မြတ်ဆရာများစွာနဲ့ ဆက်ဆံရေး ကောင်းနေသည်။ သူသာ ဒီအဆက်အသွယ်တွေကို ဆက်ထိန်းထားနိုင်ရင် အရမ်းကို အထင်ကြီးဖို့ ကောင်းနေပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကိုတွေးရင်းနဲ့ ကျင့်ကြံခြင်းကိုသာ အရူးအမူးဖြစ်နေတဲ့ ရှောင်ဟို၊ အေးစက်စက်နေတတ်သည့် ပန်ရီတောင် ဆွန်းမိုကို ထမင်းစား ဖိတ်မလို့ စီစဉ်နေကြပြီ။

သူနှင့် ဆက်ဆံရေးကောင်းရင်လည်း မဆိုးပါဘူး။

(မဟုတ်တော့ဘူး။ ငါလက်မြန်မှ ဖြစ်တော့မယ်)

ဂေါင်ချမ်က ငပါး ပါ။ တခြားဆရာတွေ အတွေးထဲ နစ်မြုပ်နေတာကို မြင်ရင် သူတို့ ဘာစဉ်းစားနေလဲဆိုတာ အနည်းနှင့် အများ

ခန့်မှန်းနိုင်သည်။ အခုအချိန်ကတော့ ရုံးခန်းတစ်ခုထဲမှာ လုပ်ဖော်ကိုင်ဖက်ကြားက ပြိုင်ပွဲ စ ပါပြီ။ တကယ်လို့ တခြားရုံးခန်းက ဆရာတွေပါ ဆွန်းမိုကို လာရှာကြရင် ဂေါင်ချမ်၏ အဆင့်အတန်းအရ ဆွန်းမိုနဲ့ ထမင်းစားဖို့အခွင့်အရေး တစ်သက်လုံး မရနိုင်ပဲ ထာဝရစောင့်နေသူ ဖြစ်သွားမယ်။

ဒီလိုတွေးရင်း ဆွန်းမိုကို ကြည့်သည့် ဂေါင်ချမ်၏ အကြည့်တွေက ပိုရင်းနှီးလာသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂေါင်ချမ်၏ လေးစားအထင်ကြီးမှု +၁၀။မှုလ(၁၇/၁၀၀)

“ဆရာ ဂျို။ မင်းက တကယ် အတည်ကြီး လုပ်နေတာပဲ”

ဆွန်းမိုက ယဉ်ကျေးပြီးတောက်ပသည့် အပြုံးနဲ့ ပြောလိုက်သည်။ အရင်ကလည်း သဘာဝကျကျ ပြုံးတတ်အောင် လေ့ကျင့်ထားသည်။

“ဒါဆိုလည်း ငါ့ရုံးခန်းကို လိုက်ခဲ့ဖို့ ဒုက္ခပေးရတော့မှာပဲ။”

ဒါကိုပြောပြီး။ ဂျိမ်ဂျဲက ရုံးခန်းထဲက အရင်ထွက်လိုက်သည်။ ဒါပေမယ့် ဆွန်းမိုကို စောင့်ပြီး ဘေးချင်းကပ် အတူတူ လျှောက်သွားသည်။

ရီဂျီမင်က စိတ်မဝင်စားသလို အေးစက်စက်နေလိုက်သည်။ ဒါပေမယ့် မနာလိုစိတ်ကြောင့် ရင်ဘက်တစ်ခုလုံး ပေါက်ကွဲလုမတတ် ဖြစ်နေသည်။

ရီဂျီမင်က အချစ်ရေးတွင် သစ္စာ မရှိပါ။ အန်ရှီဝေကို ကြိုက်နေသလို တစ်ချိန်တည်းမှာ

ဂျိမ်ဂျဲကိုလည်း ကြိုက်နေသည်။ တစ်ခါတစ်ခါ ဂျိမ်ဂျဲ၏ ရင်သားကို ခိုးကြောင်ခိုးဝှက် ခိုးကြည့်ပြီး တစ်နေ့လုံး ကျေနပ် နေတတ်သည်။

သူ့ရဲ့ နတ်ဘုရားမလေးက ဆွန်းမိုကို ချိုသာစွာ ပြုံးနေတာကို မြင်ရင် မခံမရပ်နိုင်အောင် ဖြစ်လာသည်။

သူက ဗဟိုပြည်နယ်အကယ်ဒမီတွင် ဆရာလုပ်လာတာ ငါးနှစ်လောက်ရှိနေပြီ ဒါပေမယ့် နတ်ဘုရားမလေး ဂျိရဲ့ ရုံးခန်းကို မရောက်ဖူးသေးပါ။ ဒီကောင် ဆွန်းမိုကတော့ ဆရာဖြစ်လာတာ

တစ်လတောင်မရှိသေးဘူး ငါ ရီဂျီမင်ကို ဒေါသထွက်ပြီး ရူးလာအောင် လုပ်နေပြီ။

"နတ်ဘုရားလက်ရှိတာ ဘယ်လောက် မိုက်လဲ"

ရီဂျီမင် လက်မခံနိုင် ဖြစ်နေသည်။

"တောက်။ နတ်ဘုရားလက်တစ်ခုရှိတာနဲ့ လုပ်ချင်တိုင်း လုပ်လို့ ရနေပြီ"

ကျုံရှန်ရီ မမျိုသိပ်နိုင်အောင် ဖြစ်နေသည်။

သူ့လို ကြယ်တစ်ပွင့် မြတ်ဆရာတောင် ဂျီမဲဂျဲနှင့် ဆက်ဆံရေးကောင်းဖို့ မလွယ်ပေ။

ဒါကိုကြားတော့ ရီဂျီမင် ချက်ခြင်း မျက်နှာအိုသွားသည်။ သူက ပြုံးလိုက်ပြီး

“ အိုးထိန်းဆရာဆိုတဲ့ ဆွန်းမိုရဲ့ ကောလဟာလအကြောင်း ကြားဖူးလား”

တစ်ယောက်ယောက် အကြောင်းကို နောက်ကွယ်မှာပြောရင် ကိုယ်ကျင့်တရား မကောင်းသလို ဖြစ်မှန်း သူသိသည်။ ဒါပေမယ့် သူ မထိန်းနိုင်တော့ပေ။ တစ်နည်းတစ်ဖုံသာ ထွက်ပေါက်မရခဲ့ရင် သူစိတ်လွတ်သွားတော့မည်။

ဘယ်သူမှ ဆက်မပြောကြတော့ပါ။ သူတို့အားလုံး ဆွန်းမိုစားပွဲပေါ်မှာ တင်ထားတဲ့ ပန်းအိုးဆီကို အကြည့်ရောက်သွားသည်။

သူတို့ကျောင်းသားတွေက ဆရာကိုပေးတဲ့ လက်ဆောင်ပစ္စည်း အမျိုးအစားတွေ အများကြီး ရှိသည်။ ပန်းအိုးကလည်း အဲဒါတွေထဲက တစ်ခုပါ။ ဆွန်းမိုလို ဘေးမှာ တပြည့့်််တွေကို ပန်းအိုး တစ်ချိန်လုံးကိုင်ခိုင်းထားတဲ့ သူတော့ မရှိပါ။

အိုးတစ်လုံးက အနည်းဆုံး ၂.၅ ကီလိုဂရမ်တော့ လေးသည်။ ပြီးတော့ ကိုင်ရတာလည်း မလွယ်ပါ။

တစ်ယောက်ကတော့ ဆွန်းမိုသည် နောင်တွင် တပြည့်ွ့်တွေကို ဆုံးမရတာ လွယ်ကူအောင် သူ့နေရာ သူသိစေရန် လုပ်ခိုင်းထားတယ်လို့ ခန့်မှန်းလိုက်သည်။ အများစုကတော့ ဆွန်းမိုက စိတ်ပျက်စရာကောင်းတယ်လို့ မြင်နေကြသည်။

တချို့ကတော့ ဆွန်းမိုရဲ့ အလေ့အကျင့်လို့ ပြောနေသည်။ သူက ပန်းအိုးကို ကိုင်နိုင်သလောက် ကံတွေတက်နေပြီး ပြိုင်ဘက်ကို အနိုင်ယူနိုင်မယ်ပေါ့။ ဆွန်းမိုနှင့် ဂေါင်ပန်တို့ကြားက ပြိုင်ပွဲ အကြောင်းကလည်း

တောမီးလို ပျံ့နေသည်။ ဆွန်းမိုရဲ့ ကပ်သီးကပ်ဖဲ့နိုင်တဲ့ စရိုက်ရယ် ပန်းအိုးကိစ္စပါ ထပ်ပေါင်းလိုက်ရင် ဆွန်းမိုကို လူ့ဂွစာလို့ မြင်နေကြသည်။

လူ့အသိုင်းအဝိုင်းတွင် အတွေ့အကြုံ များစွာရှိပြီး သုံးသပ်ချက်ကို ကောင်းကောင်း လေ့ကျင့်ထားတဲ့ လူတွေကတော့ ဒီကောလဟာလသည် ကျန်ဟာန်ဖူ အဖွဲ့ ကထွက်လာတယ်လို့ ခန့်မှန်းနေကြသည်။

ဘယ်လိုပဲပြောပြော ဆွန်းမိုက အန်ရှီဝေ၏ ခင်ပွန်းလောင်း။ သူ ဂုဏ်တက်လာတာနှင့်အမျှ အန်ရှီဝေလည်း ပိုလွှမ်းမိုးလာ နိုင်မည်။

နတ်ဘုရားလက်ကလည်း ပြိုင်ဘက်ကင်း အရည်အချင်း တစ်ခုဖြစ်နေသည်။ တကယ်လို့ ဆွန်းမိုမှာသာ ထူးဆန်းသော စရိုက်နှင့် အလေ့အကျင့်ရှိနေတယ်ဆိုရင် သူက ခပ်စိမ်းစိမ်းနေတတ်တယ်လို့ ကျောင်းသားတွေ မြင်သွားနိုင်သည်။

ဆွန်းမိုကြောင့် အန်ရှီဝေသည် ကျန်ဟန်ဖူ၏ ဆိုးဝါးသော ထောင်ချောက်ထဲကနေ ရုန်းထွက်နိုင်မယ်လို့ ဘယ်သူမှ မတွေးထားခဲ့မိပါ။

ကျန်ဟန်ဖူ၏ သစ္စာရှိ နောက်လိုက် တစ်ယောက်တောင် ဖယ်ထုတ်ခံလိုက်ရသည်။

ထောက်ပံ့ရေး ဌာနမှူးရာထူးက နေရာကောင်းဖြစ်ပြီး အန်ရှီဝေကလည်း ထိန်းချုပ်ထားလိုက်ပြီ။ သံသယရှိစရာမလိုအောင် သူမရဲ့ လွှမ်းမိုးမှုက ကြီးထွားလာတော့မည်။

“ ပန်းအိုးကို ကိုင်တဲ့ ဆွန်းမိုရဲ့ အယူအဆက အသုံးမဝင်ပါဘူး။ အောင်မြင်မယ်၊ မအောင်မြင်ဘူးဆိုတာက သူ့ရဲ့ သင်ကြားရေး စွမ်းရည်နဲ့လည်း ဆိုင်သေးတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရီဂျီမင်က အထင်သေးသလို မဲ့ရွဲ့ပြီးပြောနေသည်။

ဟတ်ချိုး

ဆွန်းမို သည် ဂျိမဲဂျဲနောက်ကနေ ရုံးခန်းထဲကို ဝင်ရင်း အကြီးအကျယ် နှာချေလိုက်မိသည်။ ပြီးတော့ အားကျ လာသည်။ ဒီနေရာက တကယ် ကျယ်တာပဲ။ ပတ်လည် ၁၅၀ မီတာလောက်ရှိမယ်။ ဒီနေရာတစ်ခုလုံးက ဂျိမဲဂျဲ အပိုင်ပါ။

ဒါပေမယ့် ပတ်ဝန်းကျင်ကို တစ်ချက်လောက် လိုက်ကြည့်ပြီးတော့ ဆွန်းမို စိတ်မသက်မသာ ဖြစ်ပြီး မျက်နှာမှုန်ကုတ်လာသည်။

စာစဉ်(၁၀)

အခန်း (၁၄၅) - အသေးစိတ် မှျဝေခြင်း။

လူအများစုကတော့ ပညာတတ်တစ်ယောက်ရဲ့ အငွေ့အသက် ပေါ်လွင်အောင်နှင့် သူတို့ရဲ့ ပုံရိပ်ကို ပိုပြီး အထင်ကြီးလာအောင် ရုံးခန်းထဲတွင်

စာအုပ်စင် ဒါမှမဟုတ် အနုပညာပစ္စည်းများကို ထားတတ်ကြသည်။

ဒါပေမယ့် ဂျိမ်ဂျဲ ရုံးခန်းကတော့ အဲဒီလို မဟုတ်ပေ။ အရိုး အရွယ်အစားအမျိုးမျိုး၊ ရက်စက်ကြမ်းကြုတ်သော သားရဲအရိုးကနေ ဘာမှန်းမသိသည့် အရိုးတွေအထိ အမျိုးမျိုး ချိတ်ဆွဲ ပြသထားသည်။

"ဘယ်လို ထူးထူးဆန်းဆန်း ဝါသနာ ကြီးလဲ"

နတ်ဘုရားမျက်စိကနေတစ်ဆင့် ဆွန်းမိုသည် ဂျိမ်ဂျဲ အရိုးတွေ နှစ်သက်တာ သိပေမယ့်

ဒီလောက်အတိုင်းအတာအထိ ဖြစ်နေမယ် မထင်ထားပေ။

ဘယ်လို ကြယ်သုံးပွင့် မြတ်ဆရာ ရုံးခန်းလဲ။ ဆွန်းမိုတော့ ပြတိုက်ပဲ ရောက်နေသလိုလို ကြောက်စရာ အိမ်ကြီးပဲ ရောက်နေသလိုလို ဖြစ်နေသည်။

အများစုကတော့ ထိုင်ခုံရှေ့မှာ ကော်ဖီစားပွဲ ထားလေ့ရှိပြီး ဧည့်သည်လာရင် လက်ဖက်ရည်သောက်ရင်း စကားစမြည် ပြောတတ်ကြသည်။ ဒီနေရာမှာတော့ အဲဒီလို

အခင်းအကျင်း မရှိပေ။ အဲဒီအစား ရက်စက်ကြမ်းကြုတ်သည့် သားရဲအရိုးစုကြီး ရှိနေသည်။ ပြီးတော့ ဂျိမ်ဂျိကလည်း အရိုးကို ကျကျနန အထိုင် ခ ျထားသေးသည်။

အရိုးဆီကနေ ထင်ရှားပြတ်သားသည့် ပုံသဏ္ဌာန်နှင့် ရက်စက်ကြမ်းကြုတ်သည့် အငွေ့အသက်ကို တောင် ရနေသည်။ အသက်ရှင်နေတုန်း ဘယ်လောက်တောင် ဗိုလ်ကျစိုးမိုးခဲ့မလဲ ဆိုတာ စိတ်ကူးနှင့် ပုံဖော်ကြည့်နေမိသည်။

ဘယ်လိုပဲ ဗိုလ်ကျစိုးမိုးခဲ့ပါစေ အရိုးစုကိုတော့ ဒီနေရာမှာ ထားဖို့ မသင့်တော်ပေ။ တခြားညှော့သည်တွေက အရိုးကိုကြည့်ပြီး ဘယ်လိုစိတ်နဲ့များ လက်ဖက်ရည် သောက်ကြမလဲ။

"မင်းဘယ်လိုထင်လဲ။ ဒါက ဗီနိုဆောရစ် အရိုးလေ။ အမှောင်တိုက်ကြီးရဲ့ ရှေ့ဟောင်းရုပ်ကြွင်းတွေထဲက ရှာတွေ့ခဲ့တာ"

ဂျိမ်ဂျဲကတော့ ဝင့်ကြွားစွာ ပြောနေသည်။

"လှတာပေါ့"

ဆွန်းမိုက ဒီစကားအပြင် ဘာပြောနိုင်မှာလဲ။

"တကယ်လှတယ် မှတ်လား"

ဂျိမ်ဂျဲက ပြောရင်းဆိုရင်း လျှောက်သွားသည်။

" အမှောင်တိုက်ကြီးတစ်ခုလုံးမှာ ဒီလို အရိုးတစ်စုံစာ အပြည့် နောက်ထပ်တစ်စုံကို မင်းရှာလို့ မတွေ့နိုင်တော့ဘူး။ ဒီမှာကြည့်အုံး"

ဂျိမ်ဂျဲ ကပြောနေရင်း အရိုး လည်ပင်းပိုင်းကို လက်နှင့် ထိုးပြနေသည်။

"ပင်မကျောရိုး သုံးဆစ်မြောက်မှာ နည်းနည်း ကွဲအက်နေတယ်။ ပိုသန်မာတဲ့ သားရဲတစ်ကောင်ရဲ့ အကိုက်ခံထားရမယ်။ အသက်ရှင်လှ ျက်

သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့ခဲ့ရပြီး နစ်မြုပ်ခဲ့တာ ဖြစ်နိုင်တယ်”

“ဟီး ဟီး”

ဆွန်းမိုက တခြားဘာလုပ်ပြရမှာလဲ။ ပြုံးပဲ ပြလိုက်သည်။

ဂျိမ်ဂျဲ က သူ့ကိုခေါ်ပြီး နတ်ဘုရားလက်အကြောင်း ပြောမယ်ထင်နေခဲ့မိသည်။ ဒီလှတပတ ဆရာမနဲ့ ဆက်ဆံရေးကောင်းအောင် ဘယ်လိုလုပ်ရမလဲ

တွေးနေခဲ့သေးသည်။ ဒါပေမယ့် တစ်ချိန်လုံး အရိုးတွေ အကြောင်းသာ ပြောနေတော့သည်။

ဂျိမ်ဂျဲ က တော်တော်လှပပြီး တစ်ကမ္ဘာလုံးက ယောကျ်ားတွေရဲ့ အကြည့်ကိုတောင် ဆွဲဆောင်နိုင်လောက်သည်။

ကျောင်းထဲမှာ သူမဖြတ်လျှောက်သွားသည့် အခါတိုင်း လှည့်ကြည့်တတ်ကြသည်။ ကြယ်သုံးပွင့် မြတ်ဆရာဖြစ်နေလို့ ကံကောင်းနေတာ လူအများကလည်း မစော်ကားရဲကြပေ။ မဟုတ်ပါက နေ့တိုင်း ချစ်ခွင့် လာပန်သည့် ယောကျ်ားတွေနဲ့

စာသင်ဆောင်ကနေ ဂိတ်ဝအထိ လှူပြည့်နေလောက်သည်။

ဂျိမ်ဂျဲ က ရှေ့ဟောင်းသုတေသန လုပ်ရတာကို ကြိုက်သည်။ အထူးသဖြင့် အရိုးအမျိုးအစား အားလုံးနဲ့ ပက်သက်ရင်ပေါ့။ အရိုးများက မလိမ်တတ်ပဲ လူတွေထက် ပိုပြီပေါင်းလို့သင်းလို့ လွယ်တယ်လို့လည်း သူမ ထင်သည်။

ဒါကြောင့်လည်း ဒီအကြောင်းအရာနှင့် ပက်သက်ပြီး ပြောသည့် အခါတိုင်း နှုတ်ပိတ်ပြီး နားထောင်နေတတ်သည်။

"မင်း ဘယ်လိုထင်လဲ"

စကားတွေ အများကြီးပြောပြီးနောက် ဂျိမ်ဂျဲ က ဆွန်းမိုကို လှည့်ကြည့်ရင်း မေးလိုက်သည်။

ဆွန်းမိုက မျက်လုံး မှိတ်ထားလိုက်ချင်သည်။ ဒါပေမယ့် စိတ်ထဲက ညည်းညူနေရင်တောင် အလေးအနက်ထားသည့် ပုံဖမ်းလိုက်သည်။ စမ်းသပ်မှုတစ်ခုလို့ပဲ သတ်မှတ်လိုက်မယ်။

တစ်ယောက်နှင့် တစ်ယောက် ပိုရင်းနှီးလာပြီး ဆက်ဆံရေးကောင်းလာအောင် နှစ်ယောက်စလုံး

စိတ်ဝင်စားသည့် အကြောင်းအရာက မရှိမဖြစ်လိုအပ်မှန်း ဆွန်းမို သိနေသည်။

ဟုတ်တယ်။ အခုချိန်က ဂျိမ်ဂျဲ အမြင်ကောင်းလာအောင်လုပ်ဖို့ အခွင့်အရေး ကောင်းပဲ။ မြင်မြင်ခြင်း အထင်ကြီးသွားပါက နောက်ပိုင်း တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံဖို့ လွယ်ကူသည်။

ဂျိမ်ဂျဲက ဆွန်းမိုအပေါ် မြင်မြင်ခြင်း အထင်ကြီးခဲ့တာကို ဆွန်းမို မသိပါ။ ဒါကလည်း သူ့အမှားတော့ မဟုတ်ပေ။ မဟုတ်ပါက သူမ

အမှတ်တနိုး စုဆောင်းထားသည့် ပစ္စည်းတွေထားတဲ့နေရာမှာ ရပ်နေစရာ အကြောင်းကို မရှိပေ။

"ငါ ခန့်မှန်းကြည့်ရမယ်ဆိုရင် ဒီ ဗီနိုဆောရစ် က စပီနိုဆောရစ်ရဲ့ အကိုက်ခံရလို့ အသက်ရှူကြပ်ပြီး သေခဲ့တာ ဖြစ်မယ်"

ဆွန်းမိုက အရမ်းကို အရေးကြီးသည့် ပညာရေးဆိုင်ရာမေးခွန်းကို ဖြေသလို အလေးအနက်ထားပြီး ပြန်ဖြေလိုက်သည်။

"အမ်"

ဂျိမ်ဂျဲ ဆွံ့အသွားသည်။ သူမက "မင်းဘယ်လိုထင်လဲ' ဆိုတာကို ဒီအတိုင်း စကားထောက်အနေနဲ့သာ မေးလိုက်ခြင်း ဖြစ်သည်။

လူအနည်းငယ် လောက်ကသာ အရိုးစုဆောင်း ရတာကို ဝါသနာ ပါကြသည်။ ဆွန်းမို ငယ်ငယ်တုန်းက အမှောင်တိုက်ကြီးကို ရောက်ခဲ့တယ်ဆိုရင်တောင် အကြိမ်အရေအတွက် မများနိုင်ပါ။ ဒီယူဆချက်အရ လွန်ခဲ့သော နှစ်ပေါင်းများစွာက မျိုးသုန်းပျောက်ကွယ် သွားခဲ့သည့် ဒီမျိုးစိတ်များအကြောင်းကို သိနေစရာ

အကြောင်းလည်း မရှိပါ။ ဒါကြောင့်လည်း သူက ပညာတတ်ဆန်ဆန် ခန့်မှန်းနိုင်မယ်လို့ ဂျီမဲဂျဲ မထင်ထားမိပေ။

ဒီအချိန်မှာ ဂျီမဲဂျဲက ဆွန်းမိုပေါ် အမြင်တော်တော် ကောင်းလာသည်။ နောက်ဆုံးတော့လည်း အရိုးကြိုက်တဲ့သူတွေက ယုံကြည်ထိုက်တာပဲ။

"ဆရာမဂျီရော ဘယ်လိုထင်လဲ"

ဆွန်းမိုက မေးလိုက်သည်။

အကြောင်းအရာ ဖလှယ်ခြင်းကလည်း ဆက်ဆံရေးအတွက် အရေးကြီးသည့် သော့ချက်ဖြစ်သည်။ ဆွန်းမို လုပ်နေရတဲ့ အကြောင်းကလည်း ဂျိမ်ဂျဲက သူမ အတားအဆီးတွေကို လျှော့ချကာ ပိုပြီး ပွင့်လင်းလာအောင် ဖြစ်သည်။

ဒီစကားကိုကြားလိုက်ရင် ဂျိမ်ဂျဲ စိတ်ထဲက သံသယ စိတ်တွေလည်း ပျောက်သွားပြီး ချက်ခြင်းပဲ အရိုးသုတေသန တစ်ယောက်လို ဖြစ်သွားသည်။

"အသက်ရှူကြပ်ပြီး သေတာလား။ မဖြစ်နိုင်ဘူး။ ငါတော့ တာရမ်နိုဆောရစ်က သေအောင် ကိုက်သတ်သွားတယ်လို့ ခံစားရတယ်။ လည်ပင်းက အကိုက်ရာကို ကြည့်လိုက်ပါလား။ တာရမ်နိုဆောရစ်ရဲ့ သွားရာနဲ့ ကိုက်ညီနေတယ်"

"ပုံမှန်အားဖြင့်။ ငါပြောချင်တာက၊ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ဖို့ဆိုရင် မြေအောက်မှာ မြှုပ်ဝင်ပြီး သဘာဝတရားရဲ့ အပြောင်းအလဲကို ခံရဖို့လိုတယ်။ တာရမ်နိုဆောရစ် သတ်ခဲ့တာဆိုရင် ဘာလို့ သူနဲ့ အတူတူ မသေသွားတာလဲ။

တာရမ်နိုဆောရစ် ရဲ့ ရုပ်ပိုင်းဆိုင်ရာအရဆို ဒါကို သယ်သွားဖို့က ပြဿနာ မရှိဘူး”

ကျောက်ဖြစ်ရုပ်ကြွင်းဆိုတဲ့ အသုံးအနှုန်းနဲ့ ပက်သက်ပြီး ဂျိမ်ဂျဲ စိတ်ရှုပ်ထွေးနေတာကို မြင်လိုက်ရင် အလယ်ကမ္ဘာတွင် ဒီယူဆချက်များ ရှိနေကြောင်းကို ဆွန်းမို နားလည်သွားသည်။

“ဆက်ပြောပါအုံး”

ဂျိမ်ဂျဲ က တိုက်တွန်းလိုက်သည်။

“ စပီနိုဆောရစ်က ရက်စက်ကြမ်းကြုတ်တဲ့ သားရဲဆိုပေမယ့် အကောင်သေးတယ်။ ဒါပေမယ့်

သွားတွေက ကြီးပြီး အံ့အောဖို့ ကောင်းလောက်အောင် ကိုက်နိုင်စွမ်းရှိတယ်။ အရမ်းကို ဆာလောင်နေတဲ့ စပီနိုဆောရစ်က ဗီနိုဆောရစ်ကို ခိုးပြီး တိုက်ခိုက်လိမ့်မယ်။ ဒါပေမယ့် ရုတ်တရုတ် သဘာဝ ဘေးအန္တာရာယ်ကျလာတော့ ခန္တာကိုယ်ကလည်းသေးပြီး ခွန်အားကလည်းငယ်တော့ သူနဲ့ အတူ မသယ်သွားနိုင်ပဲ တစ်ကောင်တည်း ကိုယ်လွတ်ရုန်း ထွက်ပြေးသွားတာ ဖြစ်နိုင်တယ်”

ဆွန်းမိုက ခွဲခြမ်း စိတ်ဖြာ ပြလိုက်သည်။

"ငါ့ရဲ့ သုံးသပ်ချက်မှန်တယ်ဆိုရင် မင်း ဗီနိုဆောရစ် အရိုးစုကို တွေ့တုန်းက သူတစ်ခုတည်းပဲ ရှိရမယ်"

ဂျိမ်ဂျဲ လည်း ခေါင်းကိုလှည့်လိုက်ပြီး ဆွန်းမိုကို အလေးအနက်ထား အကဲဖြတ်နေသည်။

"အမှန်ပဲ။ ဒီအရိုးစုပဲ ရှိခဲ့တယ်'

"တာရမ်နိုဆောရစ်က ကြမ်းကြုတ်တယ်ဆိုပေမယ့် သူတို့အရမ်းနှေးကွေးတာလည်း သိထားရမယ်။

သဘာဝ ဘေးအန္တရာယ်ကျလာရင် ပြေးမလွတ်လောက်ဘူး”

ဆွန်းမိုက တခြား သက်သေများကို ဖွင့်ပြောသည်။

“အဲဒီလိုသာဆိုရင် တာရမ်နိုဆောရစ်က ဗီနိုဆောရစ်ကို သူနဲ့အတူ သယ်သွားပြီး သူတို့က အတူတူသေခဲ့ရမှာ ဒါကြောင့် အရိုးက တစ်စုံတည်း မဖြစ်သင့်ဘူး”

“ဒါက ဖြစ်နိုင်တယ်”

ဂျိမ်ဂျဲလည်း လေးလေးနက်နက် စဉ်းစားနေသည်။ ဒီအကြောင်းကို ပိုစဉ်းစားလေလေ ဆွန်းမိုပြောတာက မှန်တယ်လို့ သူမ ခံစားရလေလေပါပဲ။

ဆွန်းမိုက အမူအရာ မပြောင်းပါ။ ဒါပေမယ့် စိတ်ထဲကတော့ ကျိတ်ပြုံးနေသည်။ နတ်ဘုရားမျက်စိအောက်မှာ ဒီအရိုးနှင့် ပက်သက်ပြီး အချက်အလက်အားလုံး မြင်နေရသည်။ လည်ပင်းက အကိုက်ရာ၊ ဘယ်လို သေဆုံးခဲ့လည်းဆိုတာတောင် ခြွင်းချက် မဟုတ်ပေ။

ဆွန်းမို၏ ကောက်ချက်ချ စွမ်းရည်ကလည်း မဆိုးပါ။ ဒီအချက်အလက်တွေကို အခြေခံပြီး ဗီနိုဆောရစ် သေဆုံးခြင်း ဖြစ်စဉ်ကို ပြန်လည်စုစည်းနိုင်ခဲ့သည်။

ခဏလောက်ကြာတော့ ဂျိမဲဂျဲလည်း အပြုံးတွေကိုသိမ်းပြီး ဗီနိုဆောရစ်၏ ကျောရိုးကို လက်နှင့် ပွတ်သပ်လိုက်မိသည်။ သူမ ယောက်ျားရဲ့ မျက်နှာကို ပွတ်သက်နေသလို နူးညံ့လှသည်။

"မင်းရဲ့ ခွဲခြမ်းစိတ်ဖြာမှုက မှန်နိုင်တယ်"

ဂျိမဲဂျဲ က ချီးကျူးလိုက်သည်။

ဒင်

ဂျိမ်ဂျဲ ၏လေးစားအထင်ကြီးမှုအမှတ် +၃၀။ မူလ(၃၁/၁၀၀)

စနစ်ဆီက အကြောင်းကြားချက်ကို ရပြီးဆွန်းမို အံ့အောသွားသည်။ မနေနိုင်ဘဲ လှတပတ ဆရာမကို အကဲခတ်လိုက်မိသည်။ (အရိုးတွေကို ဘယ်လောက်တောင် ကြိုက်တာလဲ)

(ငါ့ရဲ့ ပထမဆုံး လူထုဟောပြောပွဲမှာတောင် လေးစားအထင်ကြီးမှု အမှတ် တစ်မှတ်ပဲ ပေးခဲ့တယ်။ ဒါပေမယ့် အရိုးတစ်ခု သေဆုံးခြင်း

ဖြစ်စဉ်ကိုတော့ အမှတ် ၃၀တောင် ပေးခဲ့တယ်။ နည်းနည်းများ ပုံကြီးမချဲ့လွန်းဘူးလား။)

“ထိုင်ပါ”

ဒီစကားပြောပြီးနောက် ဂျိမ်ဂျဲ လက်ဖက်ရည်ပြင်ဆင်ရန ် လှည့်သွားသည်။

“ငါ့မှာ အနောက်နိုင်ငံက လက်ဖက်ခြောက်နဲ့ တောင်ဖက်က တောင်လက်ဖတ်ခြောက်ရှိတယ်။ ဘယ်ဟာကို ကြိုက်လဲ ”

“ဘာမဆိုရတယ်”

ဆွန်းမိုက စိတ်မဝင်စားပါ။

ဒါက ဂျိမ်ဂျဲရဲ့ အမြင့်ဆုံးသော ညှော်ဝတ်ပြုမှုဆိုတာလည်း သူ မသိပေ။

ဂျိမ်ဂျဲရဲ့ လက်ဖက်ခြောက်တွေက အရည်အသွေး မြင့်လှသည်။ သာမန်လူများလာရင် ရေတစ်ခွက်ပဲ သောက်ရသည်။ ဒါက ဂျိမ်ဂျဲ ကပ်စီးနဲလို့ မဟုတ်ပါ။ ကြယ်သုံးပွင့် မြတ်ဆရာ အဆင့်အတန်းအရ သူမ လက်ဖက်ရည် ငှဲ့ပေးသည့်သူသည် သူမနှင့် အဆင့်တူရင်တူ မဟုတ်ပါက သူမက သဘောကျပြီး အထင်ကြီးလေးစားသူသာ ဖြစ်သည်။

ဆွန်းမို ကိစ္စမှာတော့ ဂျိမ်ဂျဲက ကိုယ်တိုင် လက်ဖက်ရည် ငှဲ့ပေးရုံသာမက သူသောက်ချင်သည့် အရာကိုတောင် မေးနေသည်။ ဒါကတော့ နောက်တစ်ဆင့် ဖြစ်သွားပြီ။

ဗဟိုပြည်နယ် အကယ်ဒမီတစ်ခုလုံးတွင် အန်ရှီဝေသာ ဒီလို ဂရုစိုက်မှုမျိုးကို ရနိုင်သည်။ ကြယ်လေးပွင့် မြတ်ဆရာ ဝမ်ဆုတောင် နားထား။

"ဒါဆိုလည်း ဘာလက်တီးပေါ့"

ဂျိမ်ဂျဲ ကပဲ ဆုံးဖြတ်လိုက်သည်။

ဂျိမ်ဂျဲ၏ အသံသည် အရင်လို မဟုတ်တော့ပဲ ရင်းနှီးလာသည်။ ဒါကို ကြားလိုက်ရင် ဆွန်းမို ကြိတ်ပြီးလက်သီး ဆုပ်လိုက်သည်။

(ဟားဟား ဒေါ်လာ တစ်ထောင်ဖိုးလောက်သုံးခဲ့ရတဲ့ စိတ်ပညာ စာအုပ်တွေ နောက်ဆုံးတော့ အသုံးဝင်ပြီကွ)

ဂျိမ်ဂျဲ က လက်ဖက်ရည် ကျိုနေသည်။

ဒါပေမယ့် ဆွန်းမို ပါးစပ်တွေ တစ်လှုပ်လှုပ် ဖြစ်နေသည်။ ဂျိမ်ဂျဲက တော်တော်လေးကို လှသည်။ ဒါပေမယ့် သူမရဲ့ စိတ်ဝင်စားမှုက

ကြောက်စရာကြီး။ ဗီနိုဆောရစ်အရိုးကို ပွတ်သပ်နေတုန်းက ဘယ်လောက် နူးညံ့နေလည်းတွေးမိပြီး ဂျိမ်ဂျဲသာ ယောက်ျားတွေကို ထိတွေ့နေရင် သူမစိတ်ထဲမှာ သဘာကျသည့် အရိုးလို့များတွေးနေမလား။

"သတိထား။ ပူတယ်"

ဂျိမ်ဂျဲက ဆွန်းမိုကို လက်ဖက်ရည်ခွက်ပေးရင်း သေသေချာချာ သတိပေးလိုက်သေးသည်။ ပြီးတော့ လက်ဖက်ရည်တစ်ခွက်ကို ကိုင်ထားပြီး လက်တစ်ဖက်က လက်နောက်ပစ်ကာ ဘေးနားမှာ

ရပ်နေသည်။ ဆွန်းမိုကို သဘောကျသည့် အကြည့်နှင့် အကဲခတ်နေရင်း ဘလက်တီးကို သောက်နေသည်။

(ဘုရားရေ။ သူမ တကယ်ပဲ ငါ့အရိုးကို ကြည့်နေတာလား)

ဆွန်းမိုက ဖြစ်ညှစ်ပြီး ပြုံးပြလိုက်သည်။

"ရန်ချိုင်တော့ ဆုံးသွားပြီ"

ဂျိမ်ဂျဲ က အကြောင်းအရာ တစ်ခုကို ပြောလိုက်သည်။

“ကျန်ဟန်ဖူ အမုန်းဆုံးကတော့ သေချာပေါက် မင်းပဲ ဖြစ်နေမှာ။ မင်းကို လက်စားချေဖို့ အရူးအမူး လုပ်လာမှာ သေချာတယ်”

ဆွန်းမိုက လက်ဖက်ရည် သောက်လိုက်သည်။

ဂျိမဲဂျဲက ဆွန်းမိုရဲ့ သတ္တိကို စိတ်ထဲကနေ တိတ်တိတ်လေး ချီးကျူးနေသည်။ တခြားဆရာအသစ် တွေသာဆိုရင် အမှန်တကယ် အာဏာရှိသည့် ဒုကျောင်းအုပ်တစ်ယောက်ရဲ့ အမုန်းကိုခံရပြီး မစားနိုင် မအိပ်နိုင် ဖြစ်နေလောက်ပြီ။

"မင်းကိုယ်တိုင် ကိုင်တွယ်နေစရာ မလိုပါဘူး။ ကို့ကိုယ်ကိုလည်း အရမ်းကြီး ဖိအားပေးမနေနဲ့"

ဂျိမ်ဂျဲက ရှင်းရှင်းလင်းလင်း မပြောသော်လည်း အန်ရှီဝေကို ရှာပြီး အကူအညီတောင်းနိုင်ကြောင်း သွယ်ဝိုက်ပြီး ပြောနေသည်။

ဒါကလည်း အန်ရှီဝေရဲ့ ဆန္ဒပါ။

အန်ရှီဝေသည် သူမရဲ့ ငယ်သူငယ်ချင်းလေးက ရုတ်တရက် မိုက်ရူးရဲ ဆန်လာတာကို သတိထားမိသည်။

အင်ဘိုင်ဝူ ကိစ္စမှာဆိုရင်လည်း သူ့နေရာမှာ တစ်ခြားလူသာဆိုရင် သူမကိုသာ အရင်ရှာလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုကတော့ သူ့ဆုံးဖြတ်ချက်နှင့် သူ ကောင်းကောင်းလုပ်ခဲ့သည်။

ကျန်ဟန်ဖူ ထိုးနှက်ခံရပြီး ဆွန်းမိုက အမြင်အသစ်ပေးလို့လည်း အန်ရှီဝေ ကျေနပ်ခဲ့ရသည်။ ဒါပေမယ့် စိတ်မကောင်းလည်း ဖြစ်နေသည်။

ဆွန်းမိုက အရင်တုန်းကလို သူမနောက်ကို လိုက်မည့် အမြီး တစ်ခု မဟုတ်တော့ပေ။

သူမအပေါ်လည်း နည်းနည်း အေးစက်လာပြီး အရေးလည်း မစိုက်တော့ပေ။

စာစဉ်(၁၀)

အခန်း (၁၄၆) - ရင်းရင်းနှီးနှီး ဆက်ဆံခြင်း။

"အင်း"

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။ ဂျိမ်ဂျဲက ကြင်နာသည့်ဆန္ဒနဲ့ ပြောနေမှန်း သူသိသည်။

တစ်ယောက်ကိုတစ်ယောက် အသုံးချနေရပါက သူတို့ကြားကဆက်ဆံရေး ပိုဆိုးဝါးလာနိုင်ပြီး အမြင်လည်း စောင်းလာနိုင်သည်။ ဆွန်းမိုသည် ကျောထောက်နောက်ခံကို လိုချင်သော်လည်း လုံးဝမလိုအပ်ပဲနဲ့တော့ အကူအညီ မတောင်းပါ။

“ဂေါင်ပန်နဲ့ မင်း ပွဲရှိတယ်ဆို”

ဂျီမဲဂျဲ က မေးလိုက်သည်။

“ဟုတ်တယ်’

ဂေါင်ပန်၏ကျောင်းသား ဇောင်ဝမ်တိုက ပိုက်ဆံအကုန်ကျခံပြီး ပွဲကို လူကြည့်များအောင် စီစဉ်ထားမှန်းတော့ ဆွန်းမို မသိပါ။

ဇောင်ဝမ်တိုက နာမည်ကြီးလာအောင်နှင့် ထိုအခွင့်ရေးကို အသုံးချပြီး သုံးလအတွင်း အမှာင်တိုက်ကြီးကို သွားနိုင်ရန် ကြံစည်နေသည်။ သူက အနိုင်ရရုံသာမက သူ့ရဲ့ဂုဏ်သတင်းကို မြှင့်တက်လာအောင် တည်ဆောက်ချင်နေသည်။

ဆွန်းမိုကတော့ နှုတ်ဆိတ်နေပြီး လက်ဖက်ရည်ကိုသာ

ဖြည်းဖြည်းခြင်းသောက်နေသည်။ ဂျိမ်ဂျဲ လည်း ပြောစရာစကား မရှိတော့ပေ။ သူမအရင်တုန်းက တခြားလူတွေနှင့် ဆက်ဆံသည့်အခါ သူတို့က ရင်တမမ ဖြစ်ရင်ဖြစ် မဟုတ်ပါက ကြယ်သုံးပွင့် မြတ်ဆရာ မကြိုက်တဲ့ အပြုအမူကို လုပ်မိမှာစိုးရိမ်ပြီး ပတ်ဝန်းကျင်လေထု အေးစက်စက် ဖြစ်နေတတ်သည်။ ပြီးတော့ သူမ စိတ်ဝင်စားနိုင်သည့် အကြောင်းအရာကို ပြောဖို့လည်း စဉ်းစားနေတတ်သည်။

ဒီလူကတော့ လက်ဖက်ရည်တောင် အေးအေးဆေးဆေး သောက်နေလိုက်သေး။

"ငါပဲ ဆွဲဆောင်မှု မရှိတော့လို့လား"

ဂျိမ်ဂျဲ နည်းနည်း ကမောက်ကမ ဖြစ်နေသည်။ ဆွန်းမိုက ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်ရဲ့ အဆင့်အတန်းကို ဂရုမစိုက်ရင်တောင် အနည်းဆုံး သူမက မိန်းမလှလေး တစ်ယောက်လေ။

သူများကသာ သူမကို ဆွဲဆောင်ဖို့ ကြိုးစားလေ့ရှိသည်။ ဆွန်းမိုရဲ့ အေးစက်စက်

ဆက်ဆံမှုကို ကြုံတွေ့ရပြီးနောက် ဂျီမဲဂျဲ သူမရဲ့ ဆွဲဆောင်နိုင်စွမ်းကို သံသယ ဝင်လာသည်။

တကယ်တော့ ဂျီမဲဂျဲတစ်ယောက် အတွေးလွန်နေခြင်းပါ။

ဆွန်းမိုက သူတော်စင်တစ်ယောက် မဟုတ်သလို စိတ်ခံစားမှုများနဲ့ ဆန္ဒများလည်း ရှိပါသည်။ အိမ်ပြန်ရောက်ရင် တစ်ခါတစ်လေ ဇတ်ကားများကို ဒေါင်းပြီး အာသာဖြေလေ့ရှိပါသည်။ ဒါပေမယ့် တန်နိုင်ငံ ချင်လင်ကို ရောက်လာပြီးနောက် အာသာဖြေတဲ့ပုံစံ မရှိခဲ့ပေ။ ပြီးတော့ သူကအခု

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သွေးလောင်ကျွမ်းခြင်းအဆင့်(၂) ကိုရောက်ပြီး ရုပ်ပိုင်းဆိုင်ရာ ဒီလောက်သန်မာနေတာ မိန်းမတစ်ယောက်အကြောင်းကို မစဉ်းစားဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။

ဆွန်းမိုက သူ့စည်းကမ်းနှင့်သူရှိသည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် ပြည့်တန်ဆာ လုပ်ငန်းများကို တရားဝင် ခွင့်ပြုထားသည်။ တချို့ဆို နန်းတွင်းသူတွေဖြစ်ပြီး၊ တချို့က ချမ်းသာသည့် မိသားစုက ဆင်းသက်လာသည်။ ပညာလည်း ကောင်းကောင်းတတ်ကြသည်။

ဆွန်းမိုက ရုတ်တရုတ် နယ်မြေ အသစ်တစ်ခုကို ရောက်လာခဲ့ရသည်။ ဒီနေရာမှာ လည်ပတ်စရာတွေ၊ ကဗျာနားထောင်တာတွေ၊ စိတ်ဖျော်ဖြေဖို့ နည်းတွေ အစုံလည်းရှိနေသည်။ အရေးကြီးဆုံးက သူ့မှာ ငွေချို့တဲ့ပြီး အစာင့်များ ဖမ်းဆီးခံနေရမှာကို စိုးရိမ် မနေချင်ပေ။

"သူကအာရုံ လွှင့်နေတာလား"

ဆွန်းမို အာရုံပျံ့လွှင့်နေတာကို သေသေချာချာ မြင်လိုက်ရတော့ ဂျိမဲဂျဲ၏ အနီရောင် နှုတ်ခမ်း စူလာပြီး နည်းနည်း မကျေမနပ် ဖြစ်သွားသည်။

(အရမ်းလှတဲ့ ငါတစ်ယောက်လုံး မင်းအရှေ့မှာ ရှိနေတာကို မင်းက အာရုံ လွှင့်ပျံ့နေတုန်းလား)

ဒါကြောင့် ဂျိမဲဂျဲက လက်ဖက်ရည်အိုးကို ကောက်မလိုက်ပြီး ဆွန်းမို လက်ဖက်ရည်ခွက်ထဲကို ဖြည့်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက အနည်းငယ်မတ်ပြီး ဦးညွှတ်အရိုအသေ ပေးလိုက်သည်။

ဆွန်းမိုက ဒီအခွင့်အရေးကိုယူပြီး သူမကို နည်းနည်းလေးမှ ခိုးမကြည့်ခဲ့တာ မြင်လိုက်ရင်

ဂျိမ်ဂျဲ မှုန်ကုတ်ကုတ် ဖြစ်လာသည်။ အန်ရှီဝေအတွက်လည်း နည်းနည်းစိတ်ပူလာသည်။ ဆွန်းမိုက ခြောက်နေတာလား။

"ဆွန်းမို မင်းကို ကြည့်ရတာ တော်တော်ယုံကြည်ချက်ရှိနေတဲ့ပုံပဲ။ ဒါဆိုလည်း ငါဆက်မပြောတော့ဘူး"

ဂျိမ်ဂျဲက လက်ဖက်ရည် သောက်လိုက်သည်။ ပထမတုန်းကတော့ ဆွန်းမိုကို ဘယ်လို ပြဿနာပဲရှိရှိ ဒါမှမဟုတ် သင်ကြားရေးမှာ

အခက်အခဲ တစ်ခုခုရှိပါက လာမေးနိုင်တယ် ပြောမလို့ပါ။

"ဆရာမဂျိက စိတ်ပူပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ယဥ်ယဥ်ကျေးကျေး ပြန်ပြောပြီးနောက် ရုတ်တရက် လုချီဖွာ ပြဿနာကို တွေးလိုက်မိသည်။

"ဆရာမဂျိ ၊ တစ်ယောက်ယောက် က အဆင့်တက်နေတုန်း ဝိညာဥ်ချီကို ၁၀မိနစ်ထက် ပိုစုပ်ယူတာ ဖြစ်နိုင်လား"

"မဖြစ်နိုင်ဘူး။ သေချာပေါက် ခန္ဓာကိုယ် ပေါက်ကွဲပြီး သေသွားလိမ့်မယ်"

ဂျိမ်ဂျဲက မျက်လုံးလေး မှေးရင်း ဆွန်းမိုကို ကြည့်ကာ တွေးလိုက်သည်။

(နောက်ဆုံးတော့လည်း စကားစမြည်ပြောဖို့ ကြိုးစားလာပြီပေါ့) ဒါပေမယ့် ဒီမေးခွန်းကတော့ တကယ်ကို ပွဲလွှန်းတယ်။ ဒါက အခြေခံ ဗဟုသုတ ပဲလေ။

"အမ်"

ဆွန်းမိုက အတွေးထဲ မျောနေပြန်သည်။ ဒါဆို လုချီဟွာက ဘယ်လို ဖြစ်သွားတာလဲ။ အရေးအကြီးဆုံးက ဝိညာဉ်ချီအများကြီး စုပ်ယူခဲ့သော်လည်း ခန္ဓာကိုယ်ထဲတွင် ရှိမနေပါ။ ဒါဆို ဒီဝိညာဉ်ချီတွေက ဘယ်ရောက် သွားတာလဲ။

ဆွန်းမို နောက်တစ်ခေါက် စိတ်ပျံ့လွင့် နေတာကိုမြင်ရင် ဂျိမဲဂျဲ ဆွံ့အ မှင်တက်ပြီး နည်းနည်းလည်း စိတ်ကသိကအောက် ဖြစ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူမနှင့်ဆွေးနွေးဖို့ အကြောင်းအရာများ စဉ်းစားနေတာလား။

သူမ ငယ်ငယ်ကတည်း ဒီလိုမျိုး တစ်ခါမှ မကြုံခဲ့ဖူးပေ။

မေ့လိုက်တော့ လက်ဖက်ရည်သောက်တာပဲ ကောင်းတယ်။

စကားသံလည်း တိတ်ဆိတ်နေသည်။ ၁၅ မိနစ်ကြာပြီးနောက်.............

ဆွန်းမို အသိပြန်ဝင်လာရင်ဖြင့် ဂျိမ်ဂျဲက အရိုးတစ်ခုကို အဝတ်စနှင့် သေသေချာချာ ဆေးကြောနေတာကို တွေ့လိုက်ရသည်။

နည်းနည်း ကြောက်ဖို့ ကောင်းလိုက်တာ။

ဆွန်းမို နှုတ်ခမ်းထောင့် နည်းနည်းလှုပ်သွားသည်။ ဂျိမ်ဂျဲက အလုပ်အကိုင် မှားလုပ်နေတယ်လို့လည်း ထင်လိုက်မိသည်။

“ဆရာမဂျိ မင်းလည်ပင်းက အဆင် မပြေသေးဘူးလား”

ဆွန်းမိုလည်း နတ်ဘုရားမျက်စိကို သုံးပြီး အခွင့်အရေးယူကာ စစ်ဆေးလိုက်သည်။

'အသက် ၃ဂနှစ်။ ချိုသည့်အစားအသောက်များကို ကြိုက်သည်။ အရိုးစုဆောင်းရတာကို ဝါသနာပါပြီး အထူးသဖြင့် ရက်စက်ကြမ်းကြုတ်သည့် သားရဲရဲ့ အရိုးကို ပိုသဘောကျသည်။ ပြဿနာအတွေအများကြီး ကိုင်တွယ်နေတာနဲ့ အချိန်ကုန်နေပြီး လည်ပင်းကျောရိုးနှင့် ပက်သက်တဲ့ ပြဿနာ တချို့ရှိနေသည်။'

'အလားအလာ တန်ဖိုး - အရမ်းမြင့်'

'မှတ်ချက်။ ဂျိမ်ဂျဲ ခန္တာကိုယ်၏ အနှစ်သာရက ရင်သားပဲ'

'မှတ်ချက်။ အချစ်အရသာနဲ့ ကင်းဝေးနေတာ သုံးနှစ်လောက်ရှိပြီ ဒါကြောင့်လည်း တစ်ခါတစ်လေ အရိုးတွေကိုသုံးပြီး တစ်ကိုယ်ရည် အာသာဖြေတတ်တယ်'

,,,,,,,,,,,,,,,,,,,,

ဆွန်းမို ဆက်ဖတ်နေရင်း ရုတ်တရက် မျက်လုံးကန်းလောက်အောင် တောက်ပနေသည့် အနီရောင် မှတ်ချက်ကို မြင်လိုက်သည်။

အကြောင်းအရာကလည်း အရမ်းအံ့အောဖို့ ကောင်းနေသည်။

"စနစ်ရေ ဒီ တစ်ကိုယ်ရေအဘာသာဖြေတာက ငါတွေးတဲ့ အရာလား"

ဆွန်းမိုက မေးလိုက်သည်။

"အေး မင်းတွေးနေတဲ့ ဟာပဲ"

စနစ်က လိုရင်းတိုရှင်း ပြန်ဖြေသည်။

ဂျိမ်ဂျဲကို ကြည့်နေသည့် ဆွန်းမိုရဲ့ အကြည့်များက ကြောက်ရွံ့မှုနှင့် ပြည့်လာသည်။ ဘုရားရေ။ ဒါက တကယ်ကို ထူးဆန်းတာပဲ။

သူက ဆေးပညာ လေ့လာထားတဲ့လူလို အရိုးအမျိုးမျိုးအကြောင်းကို ကောင်းကောင်း မသိပေမယ့် သခ္ခားသီးနေရာမှာ သုံးလို့ရတဲ့ အရိုးမျိုးကို သူမတွေ့မိပါ။

"နည်းနည်းတော့ နာမှာပေါ့"

(နောက်ဆုံးတော့ မြွတ်ဆရာကို ဆွဲဆောင်ချင်နေပြီပေါ့ ။)

"အဲဒါကို လုပ်ပေး ရမလား"

ဆွန်းမိုက ထပြီး ပြုံးလိုက်သည်။ ဒါပေမယ့် အရမ်းကို စိတ်အားထက်သန်နေသည့် ပုံလည်း

မလုပ်ထားပေ။ သူ့ကို ဖေဖားတစ်ကောင်လို့ မမြင်စေချင်ပါ။

“ဒါဆိုလည်း ဆရာဆွန်းကိုပဲ ဒုက္ခပေးရတော့မယ်”

ဂျိမ်ဂျဲ က ခါးဆန့်ရင်း ပြန်ဖြေသည်။

ဆွန်းမိုက ဂျိမ်ဂျဲနောက်ကို လျှောက်သွားသည်။ ဒီဆရာမရဲ့ လုပသည့် ဆံပင်အနက်တွေကို ဖယ်လိုက်သည့်အခါ ဖြောင့်တန်းသွယ်လျနေသည့် လည်ပင်းက ချက်ခြင်းပေါ်လာသည်။ စာတွေထဲမှာ လုပတဲ့ လည်ပင်းတွေကို ငွေနှင်းဖြူရောင်

ငန်းလည်ပင်းနဲ့ တင်စားကြတာလည်း သိပ်တော့ မဆန်းပေ။ ဂျိမ်ဂျဲက လည်ပင်းနည်းနည်းငုံ့ထားပြီး ဆံပင်ကိုလည်း လက်နှင့်ဖယ်ပေးထားသည်။ သူမရဲ့ လရောင် အဝတ်အဖြူကို ထည့်ပေါင်းလိုက်ရင် ဒီမြင်ကွင်းက လှပတဲ့ ပန်းချီကားတစ်ချပ်လိုပါပဲ။ လှပခြင်း အပြင် ဂျိမ်ဂျဲသည် ခမ်းနားကြီးမြတ်တဲ့ ပုံစံနှင့် မြတ်ဆရာတစ်ယောက်လည်း ဖြစ်နေသည်။ ဒါက ဒဏ္ဍာရီတစ်ခုလိုပါပဲ။

ဖောက်

ဆွန်းမိုက ဂျိမ်ဂျဲ လည်ပင်းအနောက်ကို ညာလက်တင်ပြီး လက်ချောင်းတွေကို အားထည့်လိုက်သည်။

"ဆွန်း................အ"

ဂျိမ်ဂျဲက စကားပြောမလို့ ပါးစပ်ဖွင့်လိုက်သည်။ ဒါပေမယ့် စကားသံကနေ ညည်းညူသံ ပြောင်းသွားသည်။ လည်ပင်းကို ခွေးလင်းတ အကိုက်ခံရတဲ့ ငန်းတစ်ကောင်လို တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

"စိတ်လျှော့ထား"

ဆွန်းမို ဒီလိုပြောလိုက်ပြီး အခြေခံ အနှိပ်ပညာကိုသုံးကာ လည်ပင်းကို စနှိပ်လိုက်သည်။

နည်းနည်းလောက် နှိပ်ပြီးနောက် ဂျိမ်ဂျဲက ဇိမ်ကျစွာ မျက်လုံး မှိတ်သွားသည်။ အသံထွက်လို့မရဘူး ဒါက အရမ်း ရှက်ဖို့ကောင်းနေမယ်။ ပါးစပ်ကို တင်းတင်းစေ့ထားသည်။ ဒါပေမယ့်လည်း ညည်းညူသံများက ထွက်နေသေးသည်။

"အ....အီး......အ.အ" (ရှိုက်သံနှင့် ဖတ်ရန်)

မတူညီသော မျိုးစိတ်အမျိုးမျိုးတို့၏ အရိုးတို့ဖြင့် ခြောက်ခြား ဖို့ကောင်းနေတဲ့ ရုံးခန်းသည် အခုတော့ နှစ်သက်ဖို့ကောင်းသည့် အရောင်အဝါ အငွေ့အသက်တို့ဖြင့် ဖုံးလွှမ်းနေသည်။

ဆွန်းမိုတော့ တကယ်ငိုချင်နေပြီ။ တံခါးကိုလည်း လှမ်းလှမ်းကြည့်နေမိသည်။ တကယ်လို့ တံခါးအပြင်ဘက်က တစ်ယောက်ယောက် ကြားသွားရင် ဒါကို ဘယ်လိုထင်မလဲ။

သူသည်းမခံနိုင်တော့ပေ။ ဂျိမဲဂျဲ ရဲ့ ပုံစံကလည်း တကယ့်ကို အံ့အောစရာလေး။

ညည်းညူသံတွေကလည်း ဖြည့်စွက်နေသည်။ သူခက်ခက်ခဲခဲ ထိန်းချုပ်နေရသည်။ အား...မဟုတ်သေးဘူး။ ပိုအားထည့်လိုက်ရမလား။

အရှိန်ကို သုံးဆမြန်လိုက်ရုံသာမက အားကိုလည်း သုံးဆ ထည့်လိုက်သည်။

သူ့မှာ ရွေးချယ်စရာ မရှိပေ။ ဒါကြောင့် ဖိအားကို '၃.၁၄၁၅၉' အထိရောက် ထုတ်လိုက်သည်။ ဆွန်းမိုက တိုးတိုးလေး နံပါတ်စဉ်တွေပါ ရွတ်နေသည်။ ဂျိမ်ဂျဲ ကတော့ ဇိမ်ကျနေပြီး ကြွက်သားများနှင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်အတားအဆီးများကို ဖြေလျှော့ချလိုက်သည်။ သူမငယ်ငယ်တုန်းက တိမ်ဥ ယျာဉ်ရေကန်ကို ပျော်ပွဲစားထွက်ခဲ့တဲ့ မြင်ကွင်းတွေကို ပြန်မြင်ယောင်လာသည်။

အဲဒီနေ့က ပုစဉ်းရင်ကွဲတွေက ကျယ်လောင်စွာ အော်နေပြီး မြက်ခင်းစိမ်းစိမ်းတွေကလည်း ယိမ်းနွဲ့နေကြသည်။ ရေကန်က ကြည်လင်နေပြီး ကောင်းကင်မှာလည်း တိမ်ဖြူဖြူတွေနဲ့ ပြည့်နေသည်။

သူမအမေကိုယ်တိုင် ချုပ်ပေးထားသည့် လှပတဲ့ သရဖူလေးကို ဝတ်ဆင်ထားသည့် မိန်မငယ်လေးတစ်ယောက် အော်ဟစ်ရယ်မောနေကာ လိပ်ပြာဖမ်းတံနှင့် လိပ်ပြာနောက်ကို ပြေးလိုက်နေသည်။

မျက်လုံးမှိတ်ထားသော ဂျိမဲဂျဲ တစ်ယောက် အပူအပင်ကင်းတဲ့ ကလေးဘဝလေးထဲတွင် နစ်မြုပ်နေပြီး မျက်နှာမှာလည်း အပြုံးအရိပ်တွေ စွန်းနေသည်။ တစ်ခါတစ်ခါ နှုတ်ခမ်းက ကော့ကော့ထွက်လာသည်။

ဆွန်းမိုတော့ ခက်ခက်ခဲခဲ ထိန်းချုပ်နေရသည်။ လုံးဝကို ဇိမ်ကျနေသော ဂျိမဲဂျဲ က ခန္ဓာကိုယ်ကို လျှော့ချပြီး သူ့အပေါ်ကို ယိုင်ကျလာသည်။

နွေရာသီကလည်းဖြစ် နှစ်ယောက်စလုံး အဝတ်အစားတွေကလည်း ပါးပါးလေး။

"ဆရာမ ဂျိ"

ဆွန်းမိုက လှမ်းအော်သည်။

ဂျိမဲဂျဲ က အူကြောင်ကြောင် တစ်ချက်ကြည့်လိုက်ပြီး သူ့ကို လုံးဝ လျစ်လျူရှုထားသည်။

"သွားပြီ။ ငါတော့လုံးဝ အနိုင်သည် ဖြစ်ပြီ"

ဆွန်းမို ငိုချင်သလိုလို ဖြစ်နေသည်။ ဂျိမ်ဂျဲ အရမ်းလှနေတာကိုပဲ ကျေးဇူးတင်ရမည်။ တကယ်လို့ ရုပ်ဆိုးဆိုးသာ ဆိုရင် သမ္မတ ဖြစ်နေရင်တောင် ကန်ထုတ်ပြီး ဂျာမန် ပါးရိုက်ပြိုင်ပွဲ လို လုပ်ပစ်လိုက်မည်။

သုံးမိနစ်ကြာပြီးနောက်.........................

စနစ်ဆီက အကြောင်းကြားချက် ထွက်လာသည်။

ဒင်

“ဂျိမ်ဂျဲ ရဲ့ ပင်ပန်းနွမ်းလျှမှုကို နာရီ ၄၀၀ စာ ဖယ်ထုတ်ပေးလိုက်ပြီ”

ဆွန်းမို ရပ်လိုက်သည်။ ပြီးတော့ ဂျိမ်ဂျဲ ပုခုံးကို ကိုင်ပြီး နည်းနည်းကွာသွားအောင် တွန်းလိုက်သည်။

“အမ်။ ဘာလို့ ရပ်လိုက်တာလဲ”

ဂျိမ်ဂျဲ က ခန္တာကိုယ်လှည့်ပြီး မေးလိုက်သည်။ သူမအတွက်တော့ မလုံလောက်သေးပေ။

“အနှိပ်ခံတယ်ဆိုတာက အဆင့်ဆင့်လုပ်ရတယ်။ တခါတည်းနဲ့ လည်ပင်းကို အပြီးပျောက်အောင်

ကုပေးလို့ မရဘူး။ ဆက်ပြီးနှိပ်နေရင်လည်း ထပ်ပြီးအကျိုး မရှိနိုင်တော့ဘူး”

ဆွန်းမိုက ရှင်းပြသည်။

အမှန်တော့ ဒါက ပုံမှန် အနှိပ်ပညာတွေအတွက်ပါ။ ဆွန်းမို မှာက ရှေးဟောင်းအနှိပ်ပညာ ဖြစ်သည်။ ဂျိမ်ဂျဲ၏ လည်ပင်းပြဿနာကို အမြစ်ပြတ်အောင် လုပ်ပေးဖို့ ပြဿနာ မရှိပေ။ ဒါပေမယ့် ဘာကြောင့် သူက လုပ်ရမှာလဲ။

ဆွန်းမိုပြောတာ မှန်တယ်ဆိုတာ ဂျိမ်ဂျဲ သိသည်။ လည်ပင်းလှုပ်ကြည့်ရင်း ဆွန်းမိုကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျေးဇူးတင်မိပေမယ့် စိတ်ပျက်လက်ပျက် ဖြစ်နေတုန်းပဲ။

ဆွန်းမိုနှိပ်ပေးတာက အရမ်းဖိမ်ကျပြီး လည်ပင်း နေလို့ထိုင်လို့ ကောင်းနေသည်။

ဆွန်းမိုက အနှိပ်သမားမဟုတ်တာ စိတ်မကောင်းစရာပဲ။ မဟုတ်ပါက ငွေဘယ်လောက်ကုန်ကုန် သူ့ရဲ့ ဝန်ဆောင်မှုကို ဌားရမ်းလိုက်အုံးမည်။ တစ်ပတ်ကို နှစ်ကြိမ် သုံးကြိမ်လောက်ဆိုရင်တောင် အဆင်ပြေနေပါပြီ။

"ရပါတယ်"

ဆွန်းမိုက ရေချိုးခန်းကို လက်ညှိုးထိုးရင်း

“သုံးလို့ရမလား”

ကြယ်သုံးပွင့်

မြတ်ဆရာတစ်ယောက်၏ရုံးခန်းသည် တကယ်ကို ဇိပ်ကျသည်။ နေရာကျယ်ရုံသာမက ရေချိုးခန်းတောင်ပါသေးတယ်။

“ရပါတယ်။ သွားသုံးပါ”

ဂျိမ်ဂျဲ က သူမကိုယ်သူမ တွေးလိုက်သည်။ (ငါ့ခန္ဓာကိုယ်ကပဲ ညစ်ပတ်လို့လား။ ဘာကြောင့်လက်ဆေးမှာလဲ)

ဒါပေမယ့် ခဏာနေတော့ သူမ တစ်ကိုယ်လုံးချွေးစေးတွေနဲ့ စေးကပ်နေတာ သတိထားလိုက်မိသည်။

"သူပြန်သွားရင် ငါလည်း ရေချိုးအုံးမှပဲ"

ဂျိမ်ဂျဲ အပြင်းကြော

ဆန့်လိုက်သည်။ ကြည့်ရတာ ချစ်ဖို့ကောင်းနေသည်။ ဒါပေမယ့် ချက်ခြင်းပဲ စိတ်ရှုပ်သွားပြီး ဆွန်းမိုကို ရပ်တန့်ဖို့ လှမ်းအော်လိုက်သည်။

"ခဏာနေအုံး"

အရမ်းနောက်ကျသွားပြီ။ ဆွန်းမိုက ရေချိုးခန်းထဲကိုတောင် ရောက်နေပြီ။

"သွားပြီ"

ဂျိမ်ဂျဲ က နဖူးကို လက်နဲ့ ပုတ်လိုက်သည်။ အရှက်တော့ ကွဲပါပြီ။

စာစဉ်(၁၀)

အခန်း (၁၄၇) - ရေပန်းစားတဲ့ ပစ္စည်း။

ရေချိုးခန်းထဲတွင် ပစ္စည်းများတင်ရန် လက်တန်းပါသော သစ်သား ခုံတစ်ခုရှိသည်။ ၎င်းအပေါ်တွင် ချည်သား ပုဝါတစ်ခု၊ ပုစဉ်းရင်ကွဲတောင်ပံလို ပါးလွှာသည့် ပိုးသားဘောင်းဘီတို တစ်ထည် ရှိနေသည်။

ဆွန်းမိုလည်း လက်ဆေးပြီးနောက် လက်ကိုခြောက်အောင်သုတ်ရန် သစ်သားစင်ပေါ်က လက်ကိုင်ပုဝါကို ယူရန် လက်လှမ်းလိုက်သည်။ အဲဒီအချိန်မှာ ဘောင်းဘီတိုကို မြင်ပြီး

ကြောင်သွားသည်။ ပြီးတော့ အတွင်းခံ ဘောင်းဘီဆိုတာ သဘောပေါက်သွားသည်။

အဲဒါက အတွင်းခံ ဘောင်းဘီဖြစ်သော်လည်း ပြည်နယ်ကိုးခုရှိ လူများကတော့ အမျိုးမျိုး ခေါ်ကြသည်။

“ ဂျိမ်ဂျဲရဲ့ ပုံစံက ဉာဏ်ပညာနှင့်ပြည့်စုံပြီး သိက္ခာရှိမယ့် ပုံပါ။ သူမက တော်တော် စိတ်သန်တဲ့ပုံပဲ”

ဆွန်းမိုလည်း ရုတ်တရုတ် အံ့အောသွားသည်။

ဂျိမ်ဂျဲက ပါးလွှာပြီး ထိုးဖောက်မြင်ရတဲ့ အတွင်းခံဘောင်းဘီကိုသာ သူမရဲ့ တင်ပါးကြီးပေါ်တွင် ဝတ်ဆင်ထားပါက လှုပ်လိုက်လို့ နည်းနည်းလောက် အားပြင်းသွားတာနဲ့ ပေါက်ကွဲထွက်လာမှာကို မြင်ယောင်နေမိသည်။

တကယ်တော့ ဆွန်းမိုက ဂျိမ်ဂျဲကို အထင်လွဲနေတာဖြစ်သည်။ ချင်လင်မြို့သည် တောင်ပိုင်းတွင်ရှိပြီး နွေရာသီကလည်း အလွန်ပူသည်။ အမျိုးသမီးများ ရာသီလာသည့် အခါမှာ အရမ်းကို နေရထိုင်ရခက်လှသည်။

ဒါကြောင့်လည်း လေဝင်လေထွက်ကောင်းသည့် အတွင်းခံ ဘောင်းဘီများကို ဝတ်ဆင်တတ်ကြသည်။

အမှန်တိုင်းပြောရရင် ဂျီမဲဂျဲ ချမ်းသာလို့သာ တတ်နိုင်ခြင်း ဖြစ်သည်။ သာမန်မိသားစုက အမျိုးသမီးများသည် ဒီလို အတွင်းခံများကို ဝတ်ဖို့ မတတ်နိုင်ကြပေ။ တစ်ထည်ရဲ့ ဈေးနှုန်းက သာမန်မိသားစုများ၏ တစ်လစာ အသုံးစရိတ်လောက် ရှိသည်။

"မလျှော်ရသေးဘူးလား ဟ"

အတွင်းခံဘောင်းဘီပေါ်က ဈေးကွက်များကို မြင်ပြီး ဆွန်းမို မဲ့ရွဲ့သွားသည်။ ရေချိုးခန်းထဲက ထွက်လာသည်။ ပြီးတော့ ဂျိမဲဂျဲကို နှုတ်ဆက်လိုက်သည်။

“ ဆရာမဂျိ သင်ခန်းစာအတွက် ပြင်ဆင်စရာလေး ရှိသေးလို့ အခုပဲ သွားတော့မယ်”

“အေးအေး သွားလေ”

ဂျိမဲဂျဲက ဆွန်းမိုကို နေ့လည်စာ ကျွေးချင်နေခဲ့သည်။ ဒါပေမယ့် အခုတော့ ဒီလိုလုပ်ချင်စိတ် မရှိတော့ပေ။ ဆွန်းမို

ထွက်သွားပြီးနောက် တံခါးကို အမြန်သော့ခတ်လိုက်ပြီး ရေချိုးခန်းကို ပြေးသွားလိုက်သည်။ အတွင်းခံဘောင်းဘီကို ဆွဲယူကာ ဘောလုံးလို လိမ့်လိုက်ပြီး အိတ်တစ်ခုထဲသို့ ထည့်လိုက်သည်။

"မြင်သွားရမယ်။ ဒီအတွင်းခံကိုမြင်ပြီး စာရိတ္တပျက်တဲ့ မိန်းမတစ်ယောက်လို့ ထင်သွားမှာလား"

ဂျိမဲဂျဲ နည်းနည်း စိတ်ပူသွားသည်။

သူမက နေထိုင်မှု ဂုဏ်သိက္ခာကို အများကြီး ဂရုစိုက်ခဲ့သည်။ ပြီးတော့ အတွင်းခံကိုလည်း မကြာခဏ လဲဝတ်တတ်သည်။ အဝတ်လျှော်တာလား။ သူမ မလုပ်ပေ။ ဒါကို လုပ်ပေးတဲ့ အမျိုးသမီး ဝန်ထမ်း ရှိသည်။

ပုံမှန်ဆိုရင်လည်း ဂျိမ်ဂျဲ၏ ရုံးခန်းကို အမျိုးသားများ လာလေ့မရှိပါ။ အမျိုးသမီးများ လာရင်လည်း ရေချိုးခန်းကို သုံးရတာ အဆင်မပြေပါ။ ဒါကြောင့်လည်း အဝတ်အစားတွေ

ဂရုမစိုက်ပဲ ဒီအတိုင်းသာ ထားလိုက်မိသည်။ ဒီနေ့ ဆွန်းမိုတွေ့လိမ့်မယ်လို့လည်း မထင်ထားမိပါ။

"တောက်။ နောက်တစ်ခါတော့ သတိထားရမယ်"

ဂျီမဲဂျဲ သက်ပြင်းချလိုက်သည်။ ဆွန်းမိုရဲ့ နတ်ဘုရားလက်က အရမ်းအထင်ကြီးဖို့ ကောင်းသည်။ အနှိပ်ခံပြီးနောက် လည်ပင်းက တော်တော်နေလို့ထိုင်လို့ ကောင်းသည်။ ဒါကြောင့်လည်း နောက်ထပ် နည်းနည်းလောက်

အနိုပ်ခံချင်နေသေးသည်။ ဆိုလိုတာက ဆွန်းမိုကနိုပ်ပြီးရင် လက်ဆေးရမည်။

"အင်း။ အိမ်သာကိုလည်း သန့်ရှင်းရေးလုပ်ရမယ်။ မဟုတ်သေးဘူး။ အခုကစပြီး တစ်ခန်းလုံး တစ်နေ့နှစ်ကြိမ် သန့်ရှင်းရေး လုပ်ခိုင်းရမယ်။ အမွှေးနံ့သာတွေလည်း ထည့်ထားရမယ်"

ဂျိမ်ဂျဲက ဒီနေ့ အမျိုးသမီး အစေခံလာရင် ဒါတွေအားလုံးလုပ်ခိုင်းဖို့ စဉ်းစားနေသည်။

တစ်ခန်းလုံးကို လစ်ဟာမှု မရှိအောင် လှည့်ပတ်စစ်ဆေးပြီးနောက် ခုနတုန်းကထိုင်ခဲ့သည့်

ထိုင်ခုံကို ပြန်သွား ထိုင်လိုက်သည်။ ပြီးတော့ အစောပိုင်းတုန်းက ဆွန်းမိုနှိပ်ပေးခဲ့သည့် ခံစားချက်ကို ပြန် အမှတ်ရနေသည်။

“တောက် အန်ရှီဝေတော့ ကံကောင်းလိုက်တာ။ နေ့တိုင်း၊ ညတိုင်း ဆွန်းမို နှိပ်ပေးတာကို ခံစားနေရမှာပေါ့”

ဂျီမဲဂျဲ ကောက်ခါငင်ခါ မနာလို စိတ်လေး ဖြစ်သွားမိသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိမ်ဂျဲ၏လေးစား အထင်ကြီးမှု +၂၀။မှုလ(၅၁/၁၀၀)

အကြောင်းကြားချက် ထွက်လာသည့်အချိန်တွင် ဆွန်းမိုက စကြ်ိန်မှာပဲ ရှိသေးသည်။ သူ ပြုံးလိုက်ပြီး တော်တော်လေး ကျေနပ်နေသည်။ ဒီခရီးမှာ လေးစားအထင်ကြီးမှုအမှတ် ၅၀တောင် ရခဲ့သည်။ ဒါကိုကြည့်ခြင်းအားဖြင့် သူက ဂျိမ်ဂျဲ၏ အမြင်တွင် မဆိုးလောက်ပါ။

"ဆက်ကြိုးစားပြီး မိတ်ဆွေများအောင် လုပ်ရမယ်"

ဆွန်းမိုက ရည်မှန်းချက် အသေးတစ်ခု ချမှတ်လိုက်သည်။

ရုံးခန်းထဲတွင်.......................

ကျန်ရုံနဲက သဘာဝအတိုင်း အတင်းတုပ်နေရမှ နေသာသည်။ အချိန် တော်တော်ကြာအောင် အလုပ်လုပ်ပြီးနောက်

"ဟော့။ ဆရာမဂျီ က ဆွန်းမိုကို ရှာတာ ဘာကြောင့်လို့ မင်းတို့ထင်လဲ"

"မေးစရာကို မလိုဘူး။ နတ်ဘုရားလက်ကို စမ်းကြည့်ချင်လို့ပေါ့"

ဒူရှောင်က တောက်တစ်ခေါက်ခေါက် ဖြစ်နေသည်။ သူမလည်း စမ်းကြည့်ချင်သော်လဲ သူမအဆင့်က နိမ့်နေသည်။ တောင်းဆိုလိုက်ရင်လည်း အငြင်းခံလိုက်ရမှာ စိုးရိမ်သည်။

ဒါကိုကြားလိုက်ရင် ရီဂျီမင် လက်ထဲက စုတ်တံကို အားနှင့်ညှစ်လိုက်သည်။ စုတ်တံတောင် ကျိုးလုနီးပါး ဖြစ်နေသည်။ ဆွန်းမိုက ဂျီမဲဂျဲ၏ ကြီးမားသော ရင်သားကို ပုံစံမျိုးစုံနှင့်

လျှောက်ကိုင်နေတဲ့ပုံကို မျက်လုံးထဲ မြင်ယောင်လာပြီး မနာလို ဖြစ်နေသည်။

“ နတ်ဘုရားလက်လား။ အဲဒါက အရမ်း ထူးဆန်းလို့လား”

ရှောင်ဟိုက မှုန်ကုတ်ကုတ်နဲ့ မေးလိုက်သည်။

“သူ့ရဲ့ ကျင့်ကြံခြင်းဆေးပညာအတန်းစ ကတည်းက တစ်နေ့ကို ကျောင်းသားတစ်ယောက်တော့ အနည်းဆုံး အဆင့်တက်နေတယ်”

ဒီစကားကို ပြောပြီးနောက် ရီဂျီမင်၏ မျက်နှာတွင် မနာလိုစိတ်များ ဖုံးမရ ဖိမရ ပေါ်လာသည်။ ဆွန်းမိုက အရမ်း နာမည်ကြီးလာနေသည်။ လာမယ့်နှစ် ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲအထိ အမှားအယွင်းသာမရှိပါက ဗဟိုပြည်နယ်အကယ်ဒမီ၏ အမှတ်သင်္ကေတများထဲက တစ်ခု ဖြစ်လာနိုင်သည်။ အဲအချိန်ကျရင် သူ့နာမည်ကို တစ်မြို့လုံးကလည်း သိလာတော့မည်။

“နည်းနည်းပုံကြီးချဲ့ရာ မရောက်ဘူးလား”

ရှောင်ဟို အံ့အောသင့်နေသည်။

"ဒါက...."

ရှာယွန်က သူရှိနေသည့် နေရာမှာပဲ အသက်ပြင်းပြင်းရှူကာ မျက်မှောင်ကြုတ်နေသည်။

"မင်းတို့ ခံစားမိလား။ ရုံးခန်းထဲက ဝိညာဉ်ချီတွေ ပိုပြီး သိပ်သည်းနေသလိုပဲ"

"ဆွန်းမိုမှာ နတ်ဘုရားလက်အားကိုးရှိနေလို့ပါ။ သူ့ရဲ့ ဝိညာဉ်တက်တူးအတန်းကိုလည်း ကြည့်လိုက်အုံး။ ဒါကတော်တော်ကို

စိတ်ပျက်ဖို့ကောင်းတယ်။ နေ့တိုင်း ဝိညာဉ်စုဆောင်းခြင်းတက်တူး အကြောင်းပဲ သင်တဲ့လူကို တစ်ခါမှ မတွေ့ခဲ့ဖူးဘူး”

ရီဂျီမင်က တဂျီဂျီ ပြောနေသည်။

ကျန်ရုံနဲက အာရုံစိုက် သတိထားလိုက်ပြီး အံ့အောသင့်သည့် အမူအရာ ပေါက်ကွဲထွက်လာသည်။

“အေး။ မင်းပြောတာ အမှန်ပဲ။ ဝိညာဉ်ချီတွေ ပိုပြီး သိပ်သည်းလာနေတယ်။ ဘာဖြစ်နေတာလဲ”

ရှောင်ဟိုက ကျင့်ကြံခြင်းနယ်ပယ် အမြင့်ဆုံးဖြစ်သလို အသန်မာဆုံးလည်း ဖြစ်သည်။ သူမလည်း သဘောပေါက်နားလည်အောင် ကြိုးစားရင်း ဆွန်းမို စားပွဲပေါ်ကို ကြည့်လိုက်သည်။ ရှာယွန်နဲ့ ကျန်ရုံနဲတို့လည်း လှမ်းကြည့်လိုက်ကြသည်။

"ဘာမှ မရှိပါဘူး"

ကျန်ရုံနဲကတော့ အံ့အောနေသည်။ သူကဝေးနေသဖြင့် ရှင်းရှင်းလင်းလင်း မမြင်ရပါ။ ဒါပေမယ့် ဆွန်းမိုနေရာနှင့် မျက်နှာခြင်းဆိုင်တွင်

ထိုင်နေသော ရှာယွန်က မျက်မှောင်ကြုတ်နေသည်။ သူမ ရှေ့ကို တိုးကြည့်နေသည်။ ရုတ်တရုတ် အလန့်တကြား ထအော်သည်။

"အမ်"

ရှာယွန် လုံးဝကို အံ့အောမှင်တက်နေသည်။ အပင်၏ သစ်ကြားသီးအရွယ် အရွက်တိုင်းတွင် ဝိညာဉ်တက်တူးတစ်ခုစီ ရေးဆွဲထားသည်။

"ဒါ....ဒါက.. လုံးဝကို မဖြစ်နိုင်ဘူး......."

"ဘာဖြစ်လို့လဲ"

ဂေါင်ချမ်နှင့် ဒူရှောင်လည်း အနားတိုးလာသည်။ အရွက်ပေါ်က ဝိညာဉ်တက်တူးများကို သတိထားမိသွားပြီး နှစ်ယောက်စလုံး ထအော်လိုက်ကြသည်။

"ဘာ..................."

ဂေါင်ချမ်ကတော့ နယ်မြေအသစ်တစ်ခု ရှာတွေ့သွားသလိုကို ထအော်နေသည်။

"ဒါက အစစ်လား"

ကျင့်ကြံခြင်းကလွဲရင် ဘာမှ စိတ်မဝင်စားသည့် ရှောင်ဟိုတောင် ရောက်လာသည်။ ဘိုးဘေးအဆင့်

ကျွမ်းကျင်သူကလွဲရင် သာမန်သူများက အရွက်ပေါ်တွင် ဝိညာဉ်တက်တူးရေးဆွဲဖို့ မဖြစ်နိုင်ပေ။ ဒါကြောင့် သူမလည်း ဒီကြောင်းကို ပိုသိချင်လာသည်။

ရီဂျီမင်သည် ဒီနယ်ပယ်တွင် ကျွမ်းကျင်သူဖြစ်သည်။ ဒါကြောင့် ဂေါင်ချမ်စကားကို ကြားလိုက်ရင် ခြေလှမ်းကျဲကြီးဖြင့် ပြေးလာကာ စားပွဲပေါ်ကို တက်လိုက်သည်။ လက်ညှိုးနဲ့ အရွက်ကို ဂရုတစိုက် တို့ကြည့် ပြီး

“ဒါက အစစ်အမှန်ပဲ”

ရီဂျီမင် မျက်လုံးကြီးပြူးပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေသည်။

"ငါလည်း မကန်းပါဘူး"

ဂေါင်ချမ်လည်း ဆွံ့အနေသည်။

"ဘယ်လို ဝိညာဉ်တက်တူးတွေလဲ"

ကျန်ရုံနဲ၏ အတင်းအဖြင်းပြောတတ်သည့် ဗီဇက ထကြွလာသည်။

အကန်စကားလုံးတွေ နှုတ်ဆိတ်နေပြီး ရီဂျီမင်ကို ဝိုင်းကြည့်လိုက်ကြသည်။ သူက ကျွမ်းကျင်သူဖြစ်သည်။

ရီဂျီမင်၏ အသံက လေးနက်နေသည်။ ဒါပေမယ့် သူ့အမူအရာတွင် လေးနက်ခြင်း၊ စိတ်လှုပ်ရှားခြင်းတို့ ဖြတ်ခနဲ ဖြတ်ခနဲ ပေါ်နေသည်။ ဝိညာဉ်တက်တူး သခင်တစ်ယောက်အနေနှင့် ဒီလိုမျိုး ဝိညာဉ်တက်တူးတွေကို မြင်နေရတာ ဝမ်းသာကြည်နူးနေသည်။

“ဝယ်မယ်။ ဘယ်လောက်ပဲ ကုန်ကုန်။ ငါဝယ်ကိုဝယ်မယ်”

ရီဂျီမင် စိတ်ထဲတွေးနေခဲ့သည်။

ဒီလို ဝိညာဉ်တက်တူးပါသည့် ပန်းအိုးမျိုးက အရမ်းရှားပြီး အဖိုးတန်လွန်းသည်။ ဆွန်းမိုလို အမှိုက်ကောင်နဲ့ လုံးဝ မတန်ပါ။ တကယ်လို့သူသာ ဒီဝိညာဉ်တက်တူးတွေကို ဘေးမှာထားပြီး လေ့လာနေမယ်ဆိုရင် သူ့ရဲ့ ဝိညာဉ်တက်တူး အရည်အချင်း သိသိသာသာ တိုးတက်လာမည်။

"ငါလည်း ကြည့်ပါရစေအုံး"

ပန်ရီလည်း သိချင်စိတ်နှင့် လက်လှမ်းလိုက်သည်။

ဖောင်း

ရီဂျီမင်သည် မသိစိတ်ရဲ့ စေ့ဆော်မှုကြောင့် ပန်ရီ လက်ကို ဖြတ်ရိုက်လိုက်ကာ အပြစ်တင်သည့် အကြည့်နဲ့ လှမ်းကြည့်လိုက်သည်။ သူ့ရည်ရွယ်ချက်က ထင်ရှားနေသည်။ (ဒီလောက်အဖိုးတန်တဲ့ ပန်းအိုး မတော်တဆ ပြုတ်ကျသွားရင် ဘယ်လိုလုပ်မလဲ။)

"ဆရာရီ ။ ဒါက ဘာလုပ်တာလဲ"

ပန်ရီက မျက်နှာ မှုန်ကုတ်ကုတ်နှင့် မေးလိုက်သည်။

"အမ်၊ တောင်းပန်ပါတယ်၊ တမင်လုပ်လိုက်တာ မဟုတ်ဘူး"

ရီဂျီမင်လည်း နောင်တရနေသည်၊ တကယ်ကို စိတ်ပူလို့ပါ၊ ပြီးတော့ တခြားနည်းလမ်းလည်း မရှိခဲ့ပါ၊ ဒီလူတွေ ဝိညာဉ်တက်တူးအကြောင်းကို မသိသလို တန်ဖိုးလည်း နားမလည်ကြပေ၊ တကယ်လို့ ပျက်ဆီးသွားရင် ဘယ်လို လုပ်မလဲ၊

"ဝိညာဉ်စုဆောင်းခြင်း တက်တူး ဖြစ်နိုင်တယ်၊ အပင်နဲ့ နီးလာလေ ဝိညာဉ်ချီက ပိုပြီးသိပ်သည်းလာတယ်"

ရှောင်ဟိုက အာရုံခံမိသည်။ သူမလည်း ဒီအပင်ကို ဝယ်ဖို့ စိတ်ကူးနေသည်။

ဝိညာဉ်ချီသည် သဘာဝစွမ်းအား၏ ပုံစံတစ်မျိုးဖြစ်သည်။ ကျင့်ကြံသူများသာ ဝိညာဉ်ချီထူထပ်သည့် နေရာတွင် အချိန်တိုင်းနေမယ်ဆိုရင် အချိန်ကြာလာတာနှင့်အမျှ ခန္ဓာကိုယ်ထဲကို တိတ်တဆိတ်ဝင်လာပြီး အားဖြည့်ပေးနေမည်။ ခန္ဓာကိုယ်လည်း ပိုပြီး ကြံ့ခိုင်လာမည်။ ကျင့်ကြံသူတွေအတွက် အကျိုးအမြတ်ကတော့ ပြောလို့ မကုန်နိုင်ပေ။

ဒါကြောင့်လည်း ဝိညာဉ်ချီကို သိပ်သည်းနိုင်တဲ့ လျှို့ဝှက်ရတနာများသည် အရမ်းကို ဈေးကြီးလွန်းသည်။ ဒါတောင် ဝယ်ချင်တဲ့သူကများပြီး ရောင်းချင်သူက မရှိသလောက် ဖြစ်နေသည်။

“ဘယ်နေရာကနေ ဆွန်းမို ရလာတာလဲ”

ကျန်ရုံနဲ တကယ် သိချင်နေသည်။ သူလည်းတစ်ခုလောက် ဝယ်ချင်နေသည်။

ဒူရှောင်က ဖြစ်နိုင်ခြေတစ်ခုကို တွေးမိပြီး မနေနိုင်ဘဲ ထုတ်မေးလိုက်သည်။

"ဟော့။ ဆွန်းမို ကိုယ်တိုင်ဆွဲထားတာ ဖြစ်နေမလား"

'မဖြစ်နိုင်ဘူး"

ဒူရှောင် စကားမဆုံးခင် ရီဂျီမင်က ဖြတ်အော်သည်။

"အပင်ပေါ်မှာ ဝိညာဉ်တက်တူးဆွဲရတာ ဘယ်လောက် ခက်လဲ သိလား"

ရီဂျီမင်က ဒူရှောင်ကို စိုက်ကြည့်ရင်း မေးသည်။

" ဒါမျိုးက ဘိုးဘေးအဆင့်ကျွမ်းကျင်မှပဲ လုပ်နိုင်တာ။ ဆွန်းမိုကလား။ နောက်ထပ်နှစ် ၁၀၀ ပေးရင်တောင် ဖြစ်လာစရာ အကြောင်း မရှိဘူး"

"ဒါပေမယ့် ဆွန်းမိုက ဒီပန်းအိုးကို လွှန်ခဲ့တဲ့ ရက်ပိုင်းကတည်းက လျှောက်သယ်ပြီး သွားနေတာ။ သူ့တပြည့်ွ်င်ါးယောက်ကိုလည်း တစ်ယောက် တစ်အိုးစီပေးထားသေးတယ်။ မင်းကတောင် အိုးထိန်းဆရာလို့ မပြောခဲ့ဘူးလား"

ဒူရှောင်က ဝင်ထောက်သည်။

“မင်းလို ငနုံတစ်ယောက်နဲ့ ပြန်မပြောဘူး။ ဒီအတိုင်းပဲထားလိုက်။ ငါတို့ကျောင်းမှာ ဝိညာဉ်တက်တူးနဲ့ ပက်သက်ရင် မြတ်ဆရာ ဟီရန်ဂျီက အတော်ဆုံးပဲ။ တကယ်လို့ သူက အပင်ပေါ်မှာ ဝိညာဉ်တက်တူး တစ်ဝက်လောက် အောင်မြင်အောင် ဆွဲနိုင်ရင်ကို မဆိုးဘူးလို့ ပြောလို့ရတယ် ”

ရီဂျီမင်က ကြီးမြတ်သည့်ရတနာတစ်ခု ရထားသလို ပန်းအိုးကို စိုက်ကြည့်နေသည်။

"ဒီမှာ ကြည့်လိုက်။ အရွက်သုံးဆယ် လောက်ရှိတယ်။ သူတို့အားလုံးပေါ်မှာ ဝိညာဉ်တက်တူး ရေးဆွဲထားတယ်။ မအောင်မြင်တာလည်း တစ်ခုမှမရှိဘူး။ ဒီလိုအောင်မြင်ဖို့အတွက် ဘယ်လောက်တောင် ကြီးမြတ်ပြီး ဆန်းကြယ်နေရမလဲ မသိဘူး။ ချင်လင်တစ်မြို့လုံးမှာ ဒီလိုလုပ်နိုင်တဲ့ ဝိညာဉ်တက်တူးသခင် တစ်ယောက်မှ မရှိဘူးဆိုတာ ငါအာမခံရဲတယ် "

လူတိုင်းက အပင်ကို လေ့လာကြည့်လိုက်ရင် အရွက်တိုင်းမှာ ဝိညာဉ်တကက်တူးရှိနေတာ တွေ့လိုက်ရသည်။ ပြီးတော့ ဝိညာဉ်တကက်တူးအကြောင်း တစ်စက်မှ မသိသည့် အပျော်တမ်းလေ့လာသည့် သူများတောင် သူတို့ရဲ့ လှုပမှုကို သဘောကျနေသည်။

ကာတွန်းစာအုပ်ကို ဖတ်ရသလိုပါပဲ။ နည်းစနစ်အမျိုးမျိုးနှင့် ပညာရပ်ဆိုင်ရာ ဝေါဟာရများကို မသိရင်တောင် လှလှပပ

ရေးဆွဲထားသည့် ဇာတ်ကောင်တွေကို ကြည့်ပြီး သဘောကျ တတ်ကြသည်။

ရီဂျီမင်က ဒီပန်းအိုးရဲ့ အံ့အောမှု အဖုံဖုံကို ဆက်ပြောနေသည်။ လိုချင်တပ်မက်မှုကလည်း မျက်လုံးထဲကတောင် လျှံကျနေသည်။ ဆွန်းမို ပြန်ရောက်လာတာနှင့် မြန်မြန်ဝယ်ဖို့ ကမ်းလှမ်းရမည်။ မဟုတ်ပါက ရှောင်ဟိုနဲ့ တခြားသူတွေ လုယူသွားမည်။

ကလောက်

ဆွန်းမို တံခါးဖွင့်လိုက်သည်။

“ဆရာဆွန်း၊ တစ်ခုလောက်မေးပါရစေ။ ဒီအပင်ကို ရောင်းနိုင်မလား ”

“ဆရာဆွန်း။ မင်းဈေးဖွင့်လိုက်။ ဒီပန်းအိုးကို ငါဝယ်မယ်”

ရှောင်ဟိုနဲ့ ကျန်ရုံနဲ နှစ်ယောက်စလုံး ပြောလိုက်သည်။

“ငတုံး နှစ်ကောင်”

ရီဂျီမင် စိတ်ထဲကနေ ကျိန်ဆဲလိုက်သည်။ ဆွန်းမိုက ဒီပန်းအိုးရဲ့ အကျိုးအမြတ်တွေ မသိတာလည်း ဖြစ်နိုင်တယ်။ (မင်းတို့

ပြိုင်ဆိုင်နေတဲ့ ပုံစံနဲ့ ဘယ်လို အမြတ်ရှိတော့မှာလဲ)

ကြည့်ရတာတော့ ဒီနေ့ ငွေအများကြီး သုံးရတော့မည်။

“ဆရာ။ ဆရာရီရဲ့ အကဲဖြတ်မှုအရ ဒီအပင်က အရမ်း ထူးဆန်းတယ်”

ရှာယွန်က ကြားဖြတ်ပြောသည်။ တကယ်လို့ ရောင်းရင်တောင် အမြတ်ရအောင်လုပ်ဖို့ လျှို့ဝှက်ပြီး သတိပေးလိုက်သည်။

ဆွန်းမို မျက်ခုံးပင့်သွားသည်။

"ဆရာဆွန်း။ ဒီပန်းအိုးကို ဘယ်က ရခဲ့တာလဲ"

ပန်ရီက သိချင်နေသည်။

ရွှတ်စ်

လူတိုင်း ဆွန်းမိုကို ဝိုင်းကြည့်လိုက်သည်။ ရီဂျီမင်ဆိုရင် ချက်ခြင်းပြေးပြီး ဆွန်းမို ပါးစပ်ကို လက်နဲ့တောင် ဆွဲဖွင့်ချင်နေသည်။

စာစဉ်(၁၀)

အခန်း (၁၄၈) - မိုးထိုးအောင် မြင့်တက်ခြင်း။

"ဝယ်ခဲ့တာ"

ဆွန်းမိုက ပြန်ဖြေလိုက်သည်။ ဖုံးကွယ်ထားစရာ အကြောင်းလည်း မရှိပေ။

"မင်းဝယ်ခဲ့တာလား"

ရီဂျီမင်က မျက်မှောင်ကြုတ်ပြီး ဆွန်းမိုကို အကဲခတ်နေသည်။ ဒီကောင် ဒီလောက်ချမ်းသာပါ့မလား။ ဒီပန်းအိုးက ဈေးအရမ်းမကြီးဘူးဆိုရင်တောင် ဈေးတော့ မသက်သာနိုင်ပါ။

"ဘယ်နေရာက ဝယ်ခဲ့တာလဲ"

ရှောင်ဟိုက မေးလိုက်သည်။

" ကျောင်းတံခါးကနေ ညာဘက်ကိုသွားလိုက်။ လမ်းနဲနဲလောက်ကျော်သွားရင် ပန်းဆိုင်ကို တွေ့လိမ့်မယ်"

ဆရာများ ဒါမှမဟုတ် အခန်းဖော်များက မွေးနေ့လုပ်ကြရင် ပန်းစည်း ဒါမှမဟုတ် ဆက်နွယ်သည့် ပစ္စည်းများကို ပေးတတ်ကြသည်။ ဒါကြောင့်လည်း ကျောင်းဂိတ်နားတွင် ပန်းဆိုင်တွေ အများကြီး ရှိနေသည်။

ဆွန်းမိုက ဒီအပင်ကို ကြံ့ရာကျပန်း ဝယ်ခဲ့သည်။

"ဆရာဆွန်း၊ မင်းမပြောပြချင်ရင်လည်း မေ့လိုက်ပေါ့။ ဘာလို့ ငါတို့ကို အရှုးလုပ်တာလဲ"

ရှောင်ဟို မျက်နှာပျက်သွားသည်။ သူမက ကြယ်နှစ်ပွင့်မြတ်ဆရာလည်းဖြစ်ပြီး နတ်ဘုရားခွန်အား နယ်ပယ်ကိုလည်း ရောက်နေပြီ။ ဒါကြောင့်လည်း ဆွန်းမိုလို ဆရာအသစ်တွေထက် ပိုသာတယ်ဆိုတဲ့ အတွေးရှိသည်။

ဆွန်းမိုကို ပြောတဲ့သူမအသံက အေးစက်နေသည်။

"ကျွန်တော် အမှန်တိုင်းပြောတာပဲ။ မင်းတို့ဘာသာ မယုံဘဲ ဘာလို့ ငါ့ကို လာအပြစ်တင်နေတာလဲ"

ဆွန်းမိုကချက်ခြင်း ပြန်ချေပသည်။

"နောင်ကျရင် မင်းရဲ့ အထင်ကြီးနေတဲ့ ပါးစပ်ကို ထိန်ထား"

ရှူး...

ဆွန်းမိုက ရှောင်ဟိုကို ပြန်ချေပလိုက်သည့် စကားကိုကြားရင် လူတိုင်း အံ့အောထိတ်လန့်သွားသည်။ ဆွန်းမိုကို မျက်လုံးကြီးပြူးပြီး ပါးစပ်ကြီး အဟောင်းသားနှင့် ကြည့်နေကြသည်။ ဒီကောင်က ပါးစပ်ကြမ်းပြီး စောက်ရမ်း မောက်မာတယ်ဆိုတာ ကြားဖူးနေတာတော့ ကြာပါပြီ။ ဒါပေမယ့် သူရဲ့ ရင့်သီးတဲ့ အခြမ်းကို ပြလိုက်သည့်အခါ တော်တော် ကြမ်းတမ်းလွန်းတယ်။ လူတွေပြောတာ တကယ်မှန်တာပဲ။

ကျန်ရုံနဲ့ နှုတ်ခမ်းများ တုန်သွားတယ်။ သူက ထူးချွန်တဲ့ ကြယ်တစ်ပွင့်အဆင့် မြတ်ဆရာဖြစ်နေရင်တောင် ရှောင်ဟိုကို ဒီလိုပုံစံနဲ့ ပြန်မပြောရဲပါ။ ဘာဖြစ်လို့ဆို ဒီလိုလုပ်ရတာ မတန်ပေ။

ဂေါင်ချမ်နဲ့ ဒူရှောင်လည်းဆွန်းမိုကို ကြည့်နေရင်း တော်တော် စိတ်ရှုပ်ထွေးသွားသည်။ ဒါပေမယ့်လည်း နောက်ဆုံးတော့ ဆွန်းမိုကို အားကျလာသည်။ သူတို့လည်း တစ်ခါလောက်တော့ မောက်မောက်မာမာ လုပ်ကြည့်ချင်သည်။

ဒီရုံးခန်းထဲမှာ ရှောင်ဟိုက အသက်ကြီးပြီး အဆင့်မြင့်တယ်ဆိုကာ ဂေါင်ချမ်နှင့် ဒူရှောင်တို့ကို မကြာခဏ အပြစ်တင်ဆုံးမလေ့ရှိသည်။ သူတို့လည်း မလွန်ဆန်နိုင်ပဲ ပြုံးနေခဲ့ရသည်။

"မင်းဘာပြောလိုက်တာလဲ"

ရှောင်ဟိုက တက်ကြွတဲ့ ကြက်ဖတစ်ကောင်လို ရန်လိုတဲ့ အကြည့်နဲ့ ကြည့်လာသည်။

"တော်ပြီ။ တော်ပြီ။ ဒီလိုဘာမှမဟုတ်တဲ့ ကိစ္စတွေနဲ့ စကားများမနေကြနဲ့တော့"

ရှာယွန်က အခြေအနေကို အမြန်ပြန်ပြေလည်အောင် ကြိုးစားလိုက်ပြီး အကြောင်းအရာကိုလည်း ပြောင်းလိုက်သည်။

“ဆရာဆွန်း။ ဒီအပင်ပေါ်ရှိတဲ့ ဟာတွေက ဝိညာဉ်စုဆောင်းခြင်း တက်တူးတွေလား”

“ဟုတ်တယ်”

ဆွန်းမိုက ဒီအစ်မကြီးအပေါ်တော့ သဘောထားကောင်းပါသည်။

ဆွန်းမိုရဲ့ သေချာတဲ့ အဖြေကိုကြားပြီး ရှာယွန် ပြုံးလိုက်သည်။ ပြီးတော့ လှည့်ပတ်ပြီး မေးကြည့်လိုက်သည်။

“ဆွဲတဲ့ လူက မင်းတော့ မဟုတ်ပါဘူးနော်”

“ငါဆွဲခဲ့တာ”

ဆွန်းမို ဒါကို သေချာပေါက် မငြင်းပါ။

ကျောင်းမှာက လေးစားခံရမလား။ နှိမ့်ချခံရမလားဆိုတာ အရည်အချင်းနဲ့ပဲ ဆိုင်သည်။ ဆွန်းမိုသာ ပိုထူးချွန်လေ သူ့ကို ပိုလေးစားလေပဲ ဖြစ်သည်။

“မဖြစ်နိုင်ဘူး”

ရီဂျီမင်ဟာ သူတောင်းစားက သူကြိတ်ကြွေနေတဲ့ နတ်ဘုရားမလေးအား အမဲစက်စွန်းအောင် လုပ်နေသလို အော်ဟစ်နေသည်။

“အရွက်တွေပေါ်မှာ ဝိညာဉ်စုဆောင်းခြင်းတက်တူး ရေးဆွဲရတာ ဘယ်လောက်ခက်လဲ သိလား။ မင်းက ဆွဲတယ်၊ ဟုတ်လား။ မင်းကြွားတာ အရမ်းများသွားပြီး”

“ အေးလေ ငါသိတယ်လေ”

ရီဂျီမင် တော်တော် စိတ်တိုနေရတာ မြင်နေရရင် ဆွန်းမို ပြုံးလိုက်မိသည်။

“ အခက်အခဲ တချို့တော့ ရှိတာ အမှန်ပဲ။ ဒါပေမယ့် နည်းနည်းလောက် လေ့ကျင့်လိုက်ရင် အဆင်ပြေပါတယ်။”

“ လေ့ကျင့်တဲ့ အကြိမ်အရေအတွက်နဲ့ ပက်သက်ပြီး သိချင်သေးလား”

ဆွန်းမိုက ဝိညာဉ်တက်တူး လေ့လာခြင်းကို အရှက်ခွဲနေတယ်လို့ ရီဂျီမင် မြင်နေသည်။

"မင်းက မျက်ကန်း တစ္ဆေ မကြောက်ပဲ။ မင်းသာ တခြားသူတွေကို လျှောက်ပြောနေရင် ဗဟိုပြည်နယ် တစ်ခုလုံးက ဝိညာဉ်တက်တူး သခင်တွေတော့ အော်ရယ်နေကြ မှာပဲ။ ဒီလို သာမန် အခြေခံ ဗဟုသုတတွေတောင် မရှိတဲ့ မင်းလိုလူက ဘယ်လို ဆရာလုပ်မှာလဲ"

ရီဂျီမင် ဒေါသမထွက်ပဲ မနေနိုင်ပေ။ ဆွန်းမိုက အန်ရှီဝေ၏ ခင်ပွန်းလောင်း ဖြစ်နေသည်။ နတ်ဘုရားလက်လည်း ရှိနေပြီး အတန်းတက်ရောက်သူ စံချိန်လည်း ချိုးနေပြီ။

ဒီသုံးချက်နဲ့တင် ရီဂျီမင်အတွက် ဆွန်းမိုခေါင်းကို ရိုက်ခွဲပစ်ဖို့ လုံလောက်နေပြီ။ အခုဆိုရင် ဆွန်းမိုက သူအချစ်ဆုံး ဘာသာရပ်ကို နာမည် ဖျက်နေပြီ။

ရီဂျီမင် ဒီနယ်ပယ်တွင် အနှစ် ၂၈လောက် ပေးဆပ်ထားခဲ့သည်။ ဒီပန်းအိုးကို တွေ့လိုက်တော့ သူ အံ့အော မှင်တက်သွားခဲ့ရသည်။

နောက်ထပ် ၁၀နှစ် အချိန်ပေးလည်း ဒီအဆင့်ကို မရောက်နိုင်ကြောင်း သူ့ကိုယ်သူ သိနေသည်။ ဒါကြောင့် ဆွန်းမိုက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီဝိညာဉ်တက်တူး ရေဆွဲခဲ့တဲ့လူလို့ ပြောရတာ ယုံရမှာလား။ စဉ်းစားလေ။ သူ့ကိုယ်သူ ဝိညာဉ်တက်တူး ဘိုးဘေး ပြန်ဝင်စားတယ် ထင်နေလား။

ဆွန်းမိုစကားကိုသာ ယုံရမယ်ဆိုရင် ကမ္ဘာကြီးက အမြင်များ ပျက်ဆီးသွားလောက်သည်။ ပြီးတော့ အရမ်းကိုပြင်းထန်တဲ့ သိမ်ငယ်စိတ်လည်း ဝင်လာမည်။ သူကြိုးစားခဲ့တဲ့ အနှစ် ၂၀စလုံးက အချိန်ဖြုန်းနေခဲ့သလို ဖြစ်သွားမှာပေါ့။

“ဆရာရီ။ မင်းရဲ့ သဘောထားကိုလည်း သိချင်တယ်”

ဆွန်းမို မျက်နှာ မှုန်ကုတ်လာသည်။ ကြမ်းတမ်းတဲ့ လေသံနှင့် ပြောလိုက်သည်။

“မင်းမလုပ်နိုင်တိုင်း သူများကို မလုပ်နိုင်ဘူး မထင်နဲ့”

“ဒါဆို ငါ့အတွက် တစ်ပုံ ဆွဲပြ”

ရီဂျီမင်က ပြန်အော်သည်။

“မင်းခိုင်းတိုင်း ငါလုပ်ရအောင် မင်းကိုယ်မင်း ဘာထင်နေလဲ”

ဆွန်းမိုက လျှောင်ပြောင် ကဲ့ရဲ့ လိုက်သည်။

သူမကြောက်ပါဘူး။ မဟုတ်ပါက လူတိုင်းက သူ့ကို အနိုင်ကျင့်လို့ရတယ်လို့ ထင်သွားကြမည်။ သူ့ကို မဆန့်ကျင်ရန် သတိထားမိသွားအောင် လျှာသွက်အာသွက် ဖြစ်ကြောင်း ထုတ်ပြထားရမည်။

ရီဂျီမင်က ဆက်ပြီး တိုက်ပွဲဝင်ချင်သော်လည်း စိတ်ရင်းကောင်းတဲ့ ကျုံရှန်ရီက နောက်ကို ပြန်ဆွဲလိုက်သည်။

"တော်သင့်ပြီ။ ရပ်လိုက်တော့"

"ဆရာဆွန်း၊ ဘာကြောင့် ဆွဲခဲ့တာလဲ"

ဂေါင်ချမ်က ဆွန်းမိုကို အရမ်းယုံကြည်ချင်နေသည်။ အမှန်တိုင်းပြောရရင် ဒီလိုကိစ္စမျိုးကို လိမ်မိပါက အရမ်း ရှက်ဖို့ကောင်းသွားမည်။ ဒါပေမယ့် ဒီလိုအရာမျိုး ဖော်ထုတ်ခံလိုက်ရပါက သူ့အတွက်တောင် ပိုကောင်းနေသေးသည်။

"ငါ့တပြည့်ွှင်တွေ ရုပ်ပိုင်းဆိုင်ရာ တိုးတက်အောင်"

ဆွန်းမို တုန့်ပြန်မှုက သဘာဝကျသလို မြင်ရသော်လည်း လူတိုင်း အံ့အော ထိတ်လန့်သွားသည်။

“မင်း……မင်း ပြောတာက မင်းတပြည့့်််တွေကို ပေးထားတဲ့ ပန်းအိုးတိုင်းမှာ ဝိညာဉ် စုဆောင်းခြင်း တက်တူး ရှိနေတာပေါ့”

ပန်ရီ အံ့အော မှင်တက်နေသည်။

“ဒါပေါ့။ မဟုတ်ရင် ဘယ်သူက အားအားယားယား ပန်းအိုး လျှောက်ကိုင်သွားနေမှာလဲ။ ပင်ပန်းက ပင်ပန်းနဲ့”

ဆွန်းမိုက ရယ်ပြီး ပြန်ဖြေသည်။

ကျန်တဲ့လူတွေကတော့ မပြုံးနိုင်ကြပါ။ တရုံးလုံး တိတ်ဆိတ်သွားသည်။

ရှောင်ဟိုတောင် မျက်ခုံးတင်းတင်းကျပ်ကျပ် တွန့်ထားမိသည်။

ရီဂျီမင် မျက်နှာကတော့ မှိန်သွားပြီး ဖြူဖျော့လာသည်။ ပန်းအိုးတစ်အိုးဆိုရင် တိုက်ဆိုင်မှုလို့ ပြောနိုင်သေးတယ်။ ဒီအရေအတွက်ကျတော့ ကျောက်တုံးမှာ ရေးဆွဲထားသလို ထင်ရှားနေပြီ။ ဆွန်းမိုက

ဝိညာဉ်တက်တူး နယ်ပယ်မှာ ဒီလောက်တောင် နက်ရှိုင်း ဆန်းကြယ်နေပြီလား။ မယုံနိုင်စရာပဲ။

လူတိုင်းလည်း ပြောစရာစကား မဲ့နေပြီး ဆွန်းမိုကို အကဲခတ်သည့် မျက်လုံးနဲ့ စိုက်ကြည့်နေကြသည်။ အထူးသဖြင့် ဒီအပင်ကနေ မရေတွက်နိုင်အောင် ရနိုင်တဲ့ အကျိုးအမြတ်တွေကို တွေးပြီး နှလုံးသားတစ်ခုလုံး အရမ်းယားကျိကျိ ဖြစ်နေကြသည်။

"ဟဲဟဲ။ ဆရာဆွန်း၊ မင်းက ရေးဆွဲတဲ့လူ ဖြစ်နေတော့ ပိုတောင် အဆင်ပြေသွားတယ်။ ငါ့ကိုတစ်ပင်လောက် ရောင်းပါလား"

ပန်ရီက ပြောလိုက်သည်။

"မရောင်းဘူး"

ဆွန်းမိုက ပြတ်ပြတ်သားသား ငြင်းဆိုလိုက်သည်။

"အမ်"

ပန်ရီ စိတ်မကောင်းဖြစ်ပြီး မေးချင်နေသည်။

(လူအချင်းချင်း ဘယ်လိုဆက်ဆံရမလဲ ဆိုတာရော သိရဲ့လား။ မင်းက ခံစားချက်မရှိတဲ့လူလား)

“ဆရာဆွန်းက အပေါ်ပေါ်မှာ ဝိညာဉ်စုဆောင်းခြင်းတက်တူး ရေးဆွဲရတာ အရမ်းခက်လို့ မရောင်းချင်တာမှတ်လား”

ဒီတစ်ကြိမ်တော့ ဂေါင်ချမ်က ပြန်ပြေလည်အောင် ကြိုးစားလိုက်သည်။ သူ့ရဲ့ အဆင့်က မမြင့်ပေမယ့် ဆွန်းမိုနဲ့ ဆက်ဆံရေးကောင်းအောင် ရှေ့ဆက်လှမ်းနေသည်။

ဒင်

ဂေါင်ချမ်၏ လေးစားအထင်ကြီးမှု +၂၀။ မူလ(၂၇/၁၀၀)

"ငဖားကောင်"

ပန်ရီက ဂေါင်ချမ်ကိုကြည့်ပြီး ရေရွတ်လိုက်သည်။

" မခက်ပါဘူး"

သူ့အတွက် ပြောပေးနေသဖြင့် ဆွန်းမိုက ရိုင်းရိုင်းစိုင်းစိုင်း ပြန်မပြောချင်ပေ။ ဒါပေမယ့် သူက သရုပ်ဖော်ခြင်းနည်းစနစ်တွင် ဘိုးဘေး

အဆင့်နိမ့်ပါး ရောက်နေသောကြောင့် ရေးဆွဲရန် တကယ်လည်း မခက်ပါ။

ကျန်ရုံနဲ့နဲ့ ရှာယွန်တို့နှစ်ယောက် စဉ်းစားဉာဏ်မြန်သော လူများဖြစ်ပြီး အရေးပါသည့် အချက်ကို တွေးမိလိုက်ကြသည်။ ဆွန်းမို ဗဟိုပြည်နယ်အကယ်ဒမီကို လာတုန်းက ဘာမှ မယူလာခဲ့ပါ။ ပန်းအိုး ကိစ္စကလည်း ဒီရက်ပိုင်းမှ ပေါ်လာခြင်းဖြစ်သည်။ ဒီလိုဆို ဆွန်းမိုက အပင်ပေါ်မှာ ဝိညာဉ်တကော်တူးရေးဆွဲဖို့

တစ်ရက် ဒါမှမဟုတ် တစ်ရက်နီးပါးလောက်ပဲ လိုတာပေါ့။

“သူက တကယ့်ကို ပါရမီရှင်ပဲ”

ဆွန်းမိုကို ကြည့်သည့် အကြည့်များလည်း ပြောင်းသွားသည်။ ထပ်ဆောင်းပြီးတောင် အထင်ကြီးလာသည်။

ဒါက လူတစ်ယောက်ရဲ့ လုပ်နိုင်စွမ်းက လာတဲ့ လေးစားမှုပဲ။

သူတို့နှစ်ယောက်က သူတို့ရဲ့ တွေ့ရှိချက်ကို မြို့သိပ်ထားလိုက်သည်။ အဲဒီအစား ဆွန်းမိုကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သီးသန့်ရှာပြီး သူတို့အတွက် အပင်ဝယ်လို့ ရနိုင်မလားဆိုတာ စဉ်းစားနေသည်။

ဒင်

ကျန်ရုံနဲ့၏ လေးစားအထင်ကြီးမှု +၂၀။ မူလ(၂၁/၁၀၀)

ရှာယွန်၏ လေးစားအထင်ကြီးမှု +၃၀။မူလ(၃၀/၁၀၀)

“ ၃၀ များလှချည်လား”

ရှာယွန်ဆီက လေးစားအထင်ကြီးမှု အမှတ်သည် များနေသောကြောင့် ဆွန်းမို အံ့အောသွားသည်။

(မများလွန်းဘူးလား။ သူတို့တွေ့တာ ၁ဂရက် မပြည့်သေးပဲ သူ့ရဲ့ ပရိတ်သတ ် ဖြစ်နေပြီလား)

“ရှာယွန်က မင်းနဲ့ အဖွဲ့ခွဲ အတူတူပဲ။ နတ်ဘုရားလက်ရယ်၊ ဝိညာဉ်တက်တူး ကျွမ်းကျင်မှုရယ် ထပ်ပေါင်းပြီး မင်းကို ပါရမီရှင်တစ်ယောက်လို့ မြင်နေတယ်။ မင်းကိုလည်း မျက်နှာသာပေး စေချင်နေတယ်။ ဒီလို လေးစားအထင်ကြီးမှု အမှတ်အများကြီးပေးတာ သဘာဝပဲ”

စနစ်က ရှင်းပြသည်။

"ငါနားလည်ပြီ"

ဆွန်းမိုလည်း သင်ထောက်ကူပစ္စည်းများနှင့် ပန်းအိုးကို ကောက်ကိုင်ကာ ရုံးခန်းထဲက ထွက်လာသည်။

ရီဂျီမင်လည်း မသိစိတ်ရဲ့ နှိုးဆော်ချက်ကြောင့် အပင်ကို လက်လှမ်းလိုက်မိသည်။

ဒိုင်း

ဆွန်းမိုက ထွက်သွားပြီး တံခါး ပိတ်ခဲ့သည်။ ဒါပေမယ့် လူတိုင်းကတော့ ဆွန်းမို စားပွဲနားမှာ စိတ်ရှုပ်ထွေးစွာ ရပ်နေကြတုန်းပဲ။

"ဆွန်းမိုက မိုးထိုးအောင် မြင့်တက်လာတော့မယ်"

ကျန်ရုံနဲ့ အရမ်းကို စိတ်လှုပ်ရှားနေသည်။

"ရပ်တန့်လို့ကိုမရဘူး။ ရပ်တန့်လို့ကိုမရဘူး။ အခုခေတ်လူငယ်တွေက ကြောက်ဖို့ကောင်းလိုက်တာ"

ကျုံရှန်ရီ စိတ်ခံစားချက် ပေါင်းများစွာနှင့် ခေါင်းယမ်းလိုက်မိသည်။ တချိန်တည်းမှာပဲ လူအိုကြီးဖြစ်တဲ့သူက နှစ်ပေါင်းစွာ အချိန်ဖြုန်းပြီး အသုံးမကျသလို ခံစားနေရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

၁၃၆

ကျုံးရှန်ရီ၏

လေးစားအထင်ကြီးမှု+၁၅။မူလ(၁၆/၁၀၀)

ဒူရှောင်က ရီကျီမင်ကို တစ်ချက်ခိုးကြည့်လိုက်သည်။ အမြဲတမ်းမောက်မာပြီး တခြားသူကို အထင်သေးတတ်တဲ့ ဒီလူရဲ့ ရှုံးနိမ့်ပြီး သွေးဆုတ်နေတဲ့ မျက်နှာကို ကြည့်ရင်း ရယ်ချင်နေသည်။

ရီကျီမင် အခုဘာပြောအုံးမှာလဲ။ ဆွန်းမိုက ဝိညာဉ်စုဆောင်းခြင်း တက်တူးကိုပဲ ဆွဲနိုင်တာလား။

သူက ပေါက်စလေးလား။ အပင်ပေါ်မှာ ဝိညာဉ်စုဆောင်းခြင်းတက်တူး ရေးဆွဲနိုင်ရုံနဲ့တင် စင်ပေါ်မှာနေဖို့ အခွင့်အရေး ရှိနေပြီ။

ပြီးတော့ သူ့ရဲ့ ဝိညာဉ်စုဆောင်းခြင်း တက်တူးကလည်း အရမ်းကောင်းမွန်နေတယ်။ တခြား ဝိညာဉ်တက်တူးတွေလည်း မဆိုးနိုင်ပါဘူး။

ဒင်

ဒူရှောင်၏ လေးစားအထင်ကြီးမှု +၃၀။မူလ(၄၀/၁၀၀)

ဒီတစ်ခေါက်တော့ ဒူရှောင်ရဲ့ ခန့်မှန်းချက် လွဲသွားပြီ။ ဝိညာဉ်စုဆောင်ခြင်းတက်တူးအပြင် ဆွန်းမိုသည် လိပ်နက်ဝိညာဉ်တက်တူးကို သိရုံသာ သိသေးသည်။ တစ်ခါမှတောင် ဆွဲကြည့်ဖို့ မကြိုးစားရသေးပါ။

ရီဂျီမင်သည် ယိမ်းထိုးစွာ တံခါးဆီကို လျှောက်သွားနေသည်။ တကယ်လို့သူသာ ဒီမှာဆက်နေမယ်ဆိုရင် စိတ်ကမောက် ကမဖြစ်ပြီး သေနိုင်သည်။ သူထွက်သွားခါနီး ရှာယွန်၏ စကားကို ကြားဖြစ်အောင ကြားလိုက်သေးသည်။

“ရီဂျီမင်ပြောတာတော့ ဒီအပင်က အရမ်းအံ့အောဖို့ ကောင်းတယ်တဲ့။ ဒီလိုဆိုရင် ဆွန်းမိုက ဝိညာဉ်စုဆောင်းခြင်း တက်တူးနယ်ပယ်မှာ နက်နဲပြီး မခန့်မှန်းနိုင်တဲ့ အဆင့်ကို ရောက်နေပြီပေါ့”

ကျုံရှန်ရီက နှုတ်ခမ်း တဆတ်ဆတ်တုန်နေပြီး

“မြတ်ဆရာ ဟီရန်ဂျီကို နိုင်မနိုင်မသိပေမယ့် ရီဂျီမင်ကို အသာလေး အနိုင်ယူနိုင်တာတော့ သေချာပေါက် ပြောရဲတယ်”

ရီဂျီမင်သည် မျှော်လင့်ချက် အကုန်လုံး ပျက်ဆီးသွားသလို ချက်ခြင်းမူးနောက်လာသည်။ ရင်ဘက်ကလည်း တဆစ်ဆစ် နာကျင်လာသည်။ စောက်ရမ်း အရှက်ကွဲသွားပြီ။

....

အင်ဘိုင်ဝူသည် ငယ်ငယ်ကတည်းက ကိုယ့်အားကိုယ် ကိုးခဲ့ရသည်။ ဒါကြောင့်လည်း ကိစ္စများကို လျှင်မြန်စွာ လုပ်နိုင်ခဲ့သည်။ သူမကနှစ်ရက်အတွင်း အားလုံးစီစဉ်ပြီး ကျောင်းကို သတင်းလာပို့ခဲ့သည်။

“မင်းတို့ အားလုံးကို မိတ်ဆက်ပေးမယ်။ ဒါက ငါ့ရဲ့ ခြောက်ယောက်မြောက် တပြည့့််။ မင်းတို့ရဲ့ အငယ်ဆုံး သိုင်းညီမလေးပဲ”

ဆွန်းမိုက သူမကို လူတိုင်းနှင့် မိတ်ဆက်ပေးသည်။

“ မင်္ဂလာပါ။ အငယ်ဆုံး သိုင်းညီမလေး”

သိုင်းအစ်မကြီးတစ်ယောက်အနေနဲ့ လီဇီချိုက အရင် နှုတ်ဆက်လိုက်သည်။

ရှန်ယွန်ပေါင်က အင်ဘိုင်ဝူကို တစ်ချက်လှည့်ကြည့်လိုက်ပြီး အာရုံက အဝေးရောက်သွားသည်။ ချန်လုံက ခေါင်းညိတ်ပြသည်။ ထန်ထန်ယုထန်က အတည်ပေါက်ကြီး အကဲခတ်နေသည်။

“ဆရာ။ ရန်ချိုင်ကို ကျောင်းအုပ်ကြီး ရုံးခန်းထဲမှာ သေလုနီးပါး ရိုက်ခဲ့တာ သူ့ကြောင့်ပေါ့”

ထန်ထန်ယုထန်က အမြဲတမ်း ဆက်ဆံရေး ကျဲတောက်တောက်ပါ။

အင်ဘိုင်ဝူက မကျေမနပ်နှင့် ကြည့်လိုက်သည်။ သူမက တစ်ခွန်းမှ မပြောသော်လည်း သူမရဲ့အဓိပ္ပာယ်က ရှင်းနေသည်။ (ငါနဲ့ ပြဿနာရှိလား။ စကားပြောမနေနဲ့ လာတိုက်ရအောင်)

အင်ဘိုင်ဝူက နေမကောင်းတာတွေ ဘာတွေ ဂရုမစိုက်နေပါ။

လုချီဟွာက နှုတ်ဆက်ချင်သော်လည်း နောက်ပိုင်း ပုံစံကိုတွေးပြီး ကြောက်လန့်သွားကာ ဆွန်းမိုနောက်မှာ ပုန်းနေလိုက်သည်။

"တော်ပြီ။ အခု အားလုံးက မိသားစုဖြစ်သွားကြပြီ။ ရန်ဖြစ်မနေကြနဲ့တော့"

လီဇီချီက သူတို့အားလုံးကို နှစ်သိမ့်ဖို့ ကြိုးစားလိုက်သည်။ ဒါပေမယ့် စိတ်ထဲကနေ ကြေကွဲစွာ သက်ပြင်းမှုတ်ထုတ်လိုက်မိသည်။ သူတို့ဆရာကတော့ နောက်ထပ် ပြဿနာ ကျောင်းသားတစ်ယောက်ကို သွားခေါ်လာခဲ့တယ်။ သူမက ရှန်ယွန်ပေါင် ထက်တောင် ခေါင်းမာနိုင်သေးသည်။

သင်ကြားရေး သင်ခန်းစာမှာတော့ အခက်အခဲမရှိပေ။ ဆွန်းမိုက သူတို့ မေးခွန်းကို ဖြေပေးဖို့ပဲ လိုခဲ့ပြီး သူတို့ဘာသာ ကျင့်ကြံခိုင်းထားသည်။

အတန်းပြီးတော့ သူ့ဆီကို လီဇီချီက ပြုံးပြီး ရောက်လာသည်။

"ဆရာ၊ ဆရာ၊ ငါဘာလို့ အရမ်းပျော်နေလည်းဆိုတာ ခန့်မှန်းကြည့်"

" မင်းအဆင့်တက်သွားပြီးလား"

ဆွန်းမိုက ပြုံးရင်း မေးလိုက်သည်။ ခန့်မှန်းစရာ လိုသေးလို့လား။ နတ်ဘုရားမျက်စိနှင့် ကြည့်လိုက်ရုံနဲ့ သိနေသည်။

ဒင်

တစ်ပြိုင်နက် စနစ်ဆီက သတိပေးချက်လည်း ထွက်လာသည်။

စာစဉ်(၁၀)

အခန်း (၁၄၉) - တခြားလူရဲ့ ကိုယ်တိုင်ပေးဆပ်ခြင်း။

“လေးစားအထင်ကြီးမှုအမှတ် ၁၀,၀၀၀ ကိုရောက်ရှိသွားပြီး ‘မြတ်ဆရာလမ်းစဉ်မှာ ခြေလှမ်းတစ်ခု’ အောင်မြင်သွားသည့် အတွက် ဂုဏ်ပြုပါတယ်။ ဆုလာဒ် ကြေးရတနာသေတ္တာတစ်လုံး”

ဆွန်းမို့အရှေ့တွင် ကြေးရောင်တောက်ပနေသည့် ရတနာသေတ္တာတစ်လုံး ရှိနေသည်။

“ဆရာက ပျော်ဖို့လည်း မကောင်းဘူး။ ဘာဖြစ်လို့တစ်ကြိမ်တည်းနဲ့ မှန်အောင် ခန့်မှန်းရတာလဲ”

လီဇီချီက မကျေမနပ်နဲ့ နှုတ်ခမ်းထော်နေသည်။ ဒါပေမယ့် သူမ၏ နှုတ်ခမ်းထောင့်တွင် အပျော်အရိပ်များ မြင်နေရသည်။

လီဇီချီ၏ ကိုယ်လက်လှုပ်ရှားမှု အရည်အချင်း ညံ့ဖျင်းသဖြင့် ကျင့်ကြံခြင်း တိုးတက်မှုကလည်း နှေးကွေးနေခဲ့သည်။ ဒါပေမယ့် သဏ္ဍာန်မဲ့ မြင့်မြတ်စကြဝဠာ ကျင့်စဉ်ကို စတင်လေ့လာပြီးနောက် သူမရဲ့ အလားလာတွေကို လှုံ့ဆော်ပြီး သူမရဲ့ ဖွဲ့စည်းပုံ ဖြစ်နိုင်သမျှ အမြင့်ဆုံးရောက်လာတယ်လို့ ခံစားရသည်။

အမှန်ပဲ။ ရှေ့ဟောင်းအနှိပ်ပညာက အများကြီး အကူအညီ ပေးခဲ့သည်။ ဆွန်းမိုက ကိုယ်တိုင်ကိုယ်ကျ နှိပ်ပေးခဲ့သဖြင့် ဂျင်းနီလောက် အကျိုးသက်ရောက်မှု မရှိသော်လည်း လီဇီချီကို ကြီးကြီးမားမား တိုးတက်လာစေခဲ့သည်။

"ဟီ ဟီ"

ဆွန်းမိုက အတိတ်နိမိတ်ကောင်းအောင် လုချီဟွာ ခေါင်းကို ရှစ်ကြိမ်တိတိ ပုတ်လိုက်သည်။

ဖွင့်

ဆွန်းမိုက စိတ်ထဲကနေ ရေရွတ်ပြီး ရတနာသေတ္တာကို ဖွင့်ခိုင်းလိုက်သည်။ ကြေးရောင်အလင်းတန်းများ ပျောက်သွားပြီး မာဂဂျောင်ကြွေပြားက လေထဲတွင် လွင့်မျောနေသည်။

ဆွန်းမို နှုတ်ခမ်းများ ကွေးလာသည်။ အကျယ်ကြီး အော်ဟစ်ပြီး အောင်ပွဲ ခံချင်နေသည်။

“ငါရဲ့ ကံကောင်းခြင်း မိန်းကလေးကွ ဘာမှတ်လဲ ”

“လက်မလျှော့နဲ့”

ဆွန်းမိုက   ညွှန်ကြားလိုက်သည်။

“ ငါ ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်ကိုရောက်အောင် အစွမ်းကုန် ကြိုးစားသွားမယ်”

လီဇီချီ အရမ်းကို ယုံကြည်မှု ရှိနေသည်။ ငါက သေတဲ့အထိ အသက်ရှည်နယ်ပယ်ကို မရောက်နိုင်တော့ဘူးလို့ ဘယ်သူက ပြောချင်သေးလဲ။

“ဒါဆိုလည်း ကြိုးစားပေါ့”

“အင်း”

ဆွန်းမိုက ဘေးမှာရပ်နေသော အင်ဘိုင်ဝူကို ကြည့်လိုက်သည်။

"လူတိုင်းက ပေါင်းလို့ သင်းလို့လွယ်ပါတယ်။ အရမ်းကြီး ထိန်းချုပ်ထားစရာ မလိုဘူး"

"အင်း"

အင်ဘိုင်ဝူက ခေါင်းညိတ်ပြလိုက်သည်။

လီဇီချီက ချမ်းသာပြီး ဩဇာကြီးတဲ့ မိသားစုက လာတယ်ဆိုတာ သေချာနေသည်။ သူမက ချမ်းသာရုံသာမက ပင်ကိုယ်စရိုက်နဲ့ အနေအထိုင် အပြုအမူတွေကလည်း အရမ်းကောင်းမွန်နေသည်။

ရာစုနှစ်ပေါင်းများစွာ အမွေဆက်ခံခဲ့သည့် မင်းမျိုးမင်းနွယ် မဟုတ်ခဲ့ရင် သူမလိုမျိုး မိန်းကလေးတစ်ယောက်ကို ပြုစုပျိုးထောင်ပေးဖို့ မဖြစ်နိုင်ပေ။

အမှန်တိုင်းပြောရရင် အင်ဘိုင်ဝူ နည်းနည်း မကျေမနပ်ဖြစ်ပြီး မနာလိုလည်း ဖြစ်မိသည်။ သူတို့တွေဟာ ဘာကြောင့် မွေးလာကတည်းက ချမ်းသာ ပျော်ရွှင်နေရတာလဲ။

လုချီဟွာနှင့် ပက်သက်ပြီး အပေါ်ယံလေးစားသလို ရှိနေသော်လည်း စိတ်ထဲက အထင်သေးသလို

ဖြစ်နေသည်။ သူမသည် သရဲဘောကြောင်တဲ့ သူများကို အထင်မကြီး တတ်ပေ။

ကြောက်တတ်ပြီး သရဲဘောကြောင်တဲ့ သူတောင် ဝိညာဉ်ချီ စုစည်းပြီး အဆင့်တက်နိုင်ရင် သူမသာဆို ဒဏ္ဍာရီ အဆင့်အထိတောင် ရောက်သွားအုံးမည်။ ၁၃ နှစ်ကြာအောင် ကြမ်းတမ်းခက်ခဲခဲ့တဲ့ ဘဝက အင်ဘိုင်ဝူကို ကြောက်ရွံ့ပြီး သရဲဘောကြောင်တာက သုံးမရကြောင်း သဘောပေါက်စေခဲ့သည်။ ဗိုက်ဝချင်ရင်တော့ တိုက်ခိုက်ရမှာပဲ။

"အားနည်းလိုက်တာ"

အင်ဘိုင်ဝူ တိုးတိုးလေး ရေရွတ်လိုက်သည်။

လက်ချောင်းတွေတောင် အတိုအရှည် မတူကြသလို ကမ္ဘာကြီးကလည်း ဘယ်တော့မှ မမျှတခဲ့ပေ။ ဒါကြောင့်လည်း အင်ဘိုင်ဝူက ဆွန်းမို သဘောအကျဆုံး တပြည့်ံ့ဖြစ်ချင်နေသည်။ ဒါဆိုရင် ပိုပြီး ဂရုစိုက်ခံရပြီး အရင်းအမြစ်များလည်း ပိုရမည်။ ပြီးတော့ ဒီလမ်းကြောင်းပေါ်တွင် လီဇီချီကို အကြီးအမားဆုံး ရန်သူတစ်ယောက်လို မြင်မိသည်။

ဆွန်းမိုက မိန်းကလေး သုံးယောက်ကို ကျောင်းအပြင်ဘက်ရှိ အိမ်ကိုခေါ်သွားပြီး ဝန်ဆောင်မှုပေးမလို့ စီစဉ်ခဲ့သည်။

အရှေ့အခန်းမှာ.................................

လီဇီချီက အနှိပ်ခံရင် ဝတ်ဖို့ အဝတ်အစား အပို တစ်စုံကို ထုတ်ပေးနေသည်။

"ဘိုင်ဝူ မင်းက အရပ်အရှမ်းရှည်တာပဲ။ အခုတော့ဒါဝတ်ထားလိုက်။ နောက်တစ်ခေါက်မှပဲ မင်းနဲ့တော်တဲ့ အဝတ်အစားတွေ စီစဉ်ပေးထားမယ်"

လီဇီချီက ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပြောလိုက်သည်။

“မ.....မလိုဘူး”

အင်ဘိုင်ဝူ နည်းနည်းလေး စိတ်လှုပ်ရှားနေသည်။ ဘယ်သူကမှ သူ မကောင်းဘဲ ပြန်မကောင်းခဲ့ဖူးပါ။

“ ငါက အမအကြီးအဆုံးပါ။ တွေ့ဆုံခြင်း လက်ဆောင်ပေါ့”

လီဇီချီကို အရပ်ပုတယ်လို့ မပြောနိုင်ဘဲ သေးသွယ်ပြီး ကျော့ရှင်းတယ်လို့ သတ်မှတ်နိုင်သည်။

ဒါပေမယ့် အင်ဘိုင်ဝူဘေးနားတွင် ရပ်လိုက်ရင် ပုသလို ဖြစ်နေသည်။

ဒီမိန်းကလေးက အချိန်တော်တော်ကြာ အလုပ်ကြမ်းတွေ လုပ်ခဲ့ရလို့ အရပ်ရှည်ပြီး ကြွက်သားတွေ ရှိနေတာလည်း ဖြစ်နိုင်သည်။ သူမက လက်တံခြေတံတွေ ရှည်ပြီး လှလည်း လှသည်။

အင်း

ဒီကောင်မလေး စူပါ မော်ဒယ် လုပ်လို့ရတယ်။ သွယ်လျတဲ့ ခြေနှစ်ချောင်းက ရက်စက်ကြမ်းကြုတ်တဲ့

သားရဲတွေကို သတ်နိုင်သလို ယောကျ်ားတွေကို ကြွေဆင်းသွားအောင် လုပ်ဖို့လည်း လုံလောက်နေသည်။

လီဇီချီသည် မကြာခင်က အနှိပ်ခံတဲ့ အဝတ်အစားတွေ ချုပ်ရန် အထည်ချုပ်ကို ရှာဖွေခဲ့သည်။ ဒီဇိုင်းက ရိုးရှင်းသည်။ ဘောင်းဘီတိုတစ်ထည်နှင့် အကျႌလက်ပြတ်တစ်ထည်သာ ဖြစ်သော်လည်း သုံးထားတဲ့ ပစ္စည်းက အရည်အသွေးမြင့်ပြီး လက်ရာကလည်း သေသပ်ကောင်းမွန်လှသည်။

တစ်ထည်ကို ငွေ ၁၀၀ ကျော်လောက် ကုန်ကျခဲ့သည်။

အင်ဘိုင်ဝူလည်း လက်ခံရုံအပြင် မတတ်နိုင်ပါ။ ဒါပေမယ့် သူမကိုင်လိုက်ရင် ပစ္စည်းက အရမ်းနူးညံ့နေတာကို ခံစားမိပြီး နောက်တစ်ကြိမ် အသားမကျ ဖြစ်လာသည်။

ကိုင်ကြည့်လိုက်ရုံနှင့် အရည်အသွေးမြင့်မှန်း သိသာနေသည်။ တကယ်လို့ ညစ်ပတ်သွားရင် ဘယ်လို ဖြစ်လာမလဲ။

သူမထက်စာရင် လုချီဟွာက ကရိကထ နည်းသည်။ လီဇီချီက ဝတ်လို့ပြောရင် သူမဝတ်လိုက်မည်။ ဘယ်လိုပဲပြောပြော အစ်မကြီးရဲ့ စကားကို မလွန်ဆန်ချင်ပေ။

"မြန်မြန် ဝတ်ကြ"

လီဇီချီက လောလိုက်သည်။

"ဆရာကို အကြာကြီးစောင့်နေရအောင် မလုပ်နဲ့"

နောက်ဆုံးတော့လည်း အင်ဘိုင်ဝူ အဝတ်အစားကို ဝတ်လိုက်သည်။ ဒါပေမယ့်

သူမမျက်နှာက ပြုတ်ထားတဲ့ ပုဇွန်ပြုတ် တစ်ကောင်လို နီမြန်းလာသည်။

“ဘာဖြစ်လို့လဲ”

လုချီဟွာ ဦးနှောက်ခြောက်သွားသည်။ ဒီကောင်မလေး အရမ်းလှတာကိုလည်း သတိထားမိသည်။ မျက်နှာက အနည်းငယ် ဖြူဖျော့နေသော်လည်း ဆူးရှိတဲ့နှင်းဆီပန်းလို ပင်ကိုယ်စရိုက် ရှိသည်။

“အထည်လေးက ချည်သားလေး”

အင်ဘိုင်ဝူသည် ကသိကအောက် ဖြစ်ခြင်းနဲ့ ရှက်ခြင်းကို တစ်ပြိုင်နက် ခံစားနေရသည်။

“ ငါတို့ရဲ့ အရင်အဝတ်အစားတွေနဲ့ ဆိုရင် နှိပ်ပေးတဲ့အခါ ထိရောက်မှု အားနည်းသွားလိမ့်မယ်”

လုချီဟွာကတော့ မျက်လုံး မှေးပြီး ကြည့်နေသည်။

“ငါ..ငါ အနှိပ်မခံလို့ မရဘူးလား”

ဆရာကို လူစိမ်းတစ်ယောက်လို မမြင်သင့်ပေ။ အင်ဘိုင်ဝူ ဒါတောင် မသိသေးဘူး။ သူမကို ဆွန်းမိုက ခေါ်လာသော်လည်း ဒါကိုမလုပ်ခင်

အနည်းဆုံး ဆယ်ရက်ကနေ တစ်လခွဲလောက်တော့ အချိန်ယူသင့်သည်။

"အမ်။ ဒီအခွင့်အရေးကို စွန့်လွှတ်ချင်တယ်၊ ဟုတ်လား"

လုချီဟွာ အရမ်းအံ့အောနေသည်။

လုချီဟွာ၏ပုံစံကို မြင်ရင် အင်ဘိုင်ဝူ ဦးနှောက်ခြောက်သွားသည်။ ဒါကနိုပ်တာပဲလေ။ ဘာကို အရေးကြီးခွင်ကျယ် ဖြစ်နေတာလဲ။ လမ်းပေါ်က အနှိပ်ခန်းကိုသွားရင် ဝန်ဆောင်ခကို အကြွေ နည်းနည်းလောက်နဲ့ ရတယ်လေ။

အင်ဘိုင်ဝူ၏ အမူအရာ အရ ဆွန်းမိုရဲ့ကြီးမြတ်တဲ့ ကျော်ကြားမှုအကြောင်း မသိသေးမှန်း လီဇီချီ သဘောပေါက်သွားသည်။ ဒါကြောင့်လည်း စိတ်ရှည်ရှည်နဲ့ ရှင်းပြပေးလိုက်သည်။

“ငါတို့ ဆရာရဲ့ ရှေ့ဟောင်းနဂါးဖမ်းသည့်လက်က အရမ်းကို အထင်ကြီးဖို့ ကောင်းတယ်။ နတ်ဘုရားလက်လို့ လူသိများတယ်”

“ဟုတ်တယ်။ ဆရာရဲ့ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းဆိုရင် ကျောင်းသားတွေ အမြဲပေါက်ကွဲ ထွက်နေတယ်။ နှစ်နာရီလောက်

ကြိုမသွားရင် အတန်းမှာ နေရာ မရနိုင်တော့ဘူး။”

လုချီဟွာကတော့ စုတ်တသတ်သတ်နှင့် ပြုံးလိုက်ပြီး

“ငါတို့ကတော့စောစော အိပ်ရာထစရာ မလိုဘူး။ ဆရာရဲ့ တိုက်ရိုက်တပြည့့်တွေဆိုတော့ ငါတို့အတွက် ထိုင်ခုံက သေချာပေါက် ရှိတယ်”

ဒါကျောင်းတိုင်းတွင် ပြောစရာမလိုသည့် စည်းကမ်း တစ်ခု ဖြစ်သည်။ အများအားဖြင့် ပထမအတန်းက ထိုင်ခုံကို သင်းကြားသည့် ဆရာရဲ့

တိုက်ရိုက်တပြည့််များအတွက်
ချန်ထားပေးကြသည်။

"နတ်ဘုရားလက်......"

အင်ဘိုင်ဝူလည်း ရုတ်တရတ် အံ့အောသွားပြီး ပါးစပ်လေးလည်း ဟောင်းလောင်း ဖြစ်နေသည်။

(ငါ ရတနာ တစ်ခု ကောက်ရခဲ့တာပေါ့)

အင်ဘိုင်ဝူသည် ဆင်းရဲတဲ့ နောက်ခံက ဆင်းသက်လာပြီး အမြဲတမ်း ဗိုက်ဝဖို့ အတွက် နပန်းလုံးနေခဲ့ရသည်။ ပြီးတော့ ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသူလည်း

မဟုတ်ပါ။ ညဘက်တွင် စားကြွင်းစားကျန်တွေ သိမ်းဆည်းနေရတာနဲ့ ဆွန်းမိုရဲ့ ကျော်ကြားမှုကိုလည်း မသိပါ။

“ငါတို့ ဆရာက အခုမှ အလုပ်ဝင်တာ မဟုတ်ဘူးလား”

အင်ဘိုင်ဝူက မေးလိုက်သည်။

“ ဒါကြောင့်လည်း တက်ရောက်တဲ့ ကျောင်းသားဦးရေက ငါတို့ဆရာ ဘယ်လောက်တော်လဲ ပြနေတာပေါ့”

လုချီဟွာ ကတော့ဂုဏ်ယူနေသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး (၇၅၈/၁,၀၀၀)

“သဘော်သီးကောင်မလေးကတော့ လုံးဝကို မင်းရဲ့ အမာခံ ပရိတ်သတ်ဖြစ်သွားပြီပဲ”

စနစ်လည်း ဆွံ့အနေသည်။ လုချီဟွာက အခြားနှစ်ယောက်နဲ့ စကားစမြည်သာ ပြောနေပြီး လမ်းညွှန်မှုကိုလည်း မရသေးပါ၊ ဒါမှမဟုတ် တိုးတက်မှုတစ်ခုမှလည်း မဖြစ်သေးပါ၊ ဒါတောင် လေးစားအထင်ကြီးမှု အမှတ် ထွက်လာသေးသည်။

ဆွန်းမိုတော့ ဒီတပြည့့််ကို လက်ခံလိုက်တာ တကယ်ကို အမြတ်ထွက်နေသည်။

ဆွန်းမိုကတော့ စနစ်ကို ဂရုမစိုက်နိုင်ပေ။ အချိန်တံဆိပ်ကို သုံးပြီး ဘယ်စွမ်းရည်ကို အဆင့်မြင့်တင်ရင် ကောင်းမလဲ ဆိုတာနဲ့ လုံးပန်းနေသည်။

ဆွန်းမိုက ရှေ့ဟောင်းအနှိပ်ပညာနှင့် အခြားအုပ်စုသုံးခုအကြောင်းကို ထည့်မစဉ်းစားခဲ့ပေ။ အခုလောလောဆယ်တော့ လုံလောက်နေသေးသည်။ ဝိညာဉ်တက်တူးကလည်း မလိုအပ်သေးပါ။

သဏ္ဌာန်မဲ့မြင့်မြတ်ကျင့်စဉ်နှင့်
ရှေ့ဟောင်းလောကနတ်ကျင့်စဉ်သာ
ကျန်တော့သည်။ ဟုတ်တယ်။
ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်ကို အဆင့် (၄) ရောက်နေတာ လုံလောက်တယ်ဆိုပေမဲ့ အဆင့်(၅) တခြားလူရဲ့ ပေးဆပ်ခြင်းက အရမ်းဆွဲဆောင်နေသည်။

ဒီအဆင့်က သူ့နာမည်အတိုင်း ပြိုင်ဘက်ရဲ့ လှုပ်ရှားမှုတစ်ခုလုံးနဲ့ သူတို့ရဲ့ ကျွမ်းကျင်လှသည့်

လှျို့ဝှက်စကေးတွေကို နှိုက်နှိုက်ချွတ်ချွတ်နားလည်ပြီး ပြန်တိုက်ခိုက်နိုင်သည်။

ရန်သူရဲ့ တိုက်ခိုက်မှုက ပြင်းထန်လွန်းပြီး ဆွန်းမိုလက်ခံနိုင်တဲ့ ပမာဏထက်ကျော်လွန်သွားရင်တော့ သူလည်း ထိခိုက်သွားနိုင်သည်။ ဥပမာ - ဆွန်းမိုက နတ်ဘုရားခွန်အား အဆင့်ကလူနဲ့ တိုက်ခိုက်မယ်ဆိုရင် ပြည့်ပြည့်ဝဝ လှုပ်ရှားနိုင်သော်လည်း ကာတော့ မကာကွယ်နိုင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် သူ့ထက် တစ်ဆင့်၊ နှစ်ဆင့် မြင့်တဲ့လူကိုတော့ ထည့်စဉ်းစားစရာတောင် မလိုပေ။

သို့သော်လည်း ဆွန်းမိုက ရှေ့ဟောင်း လောကနတ်ကျင့်စဉ်ကို မြှင့်တင်ချင်သည်။ ဂေါင်ပန်နှင့် ထိပ်တိုက်ရင်ဆိုင်ဖို့ကလည်း ရက်တွေ အများကြီး လိုသေးသည်။

ဂေါင်ပန်တွင် ဆန်းကြယ်ရေခဲလှံဆိုတဲ့ ကျင့်စဉ်ရှိနေတာကိုလည်း ကြားထားသည်။ ဆွန်းမိုဒါကို တကယ် သင်ယူချင်နေသည်။

"မေ့လိုက်စမ်းပါ။ လုံခြုံအောင် သဏ္ဍာန်မဲ့မြင့်မြတ်စကြ်ဝဠာ ကျင့်စဉ်ကို အဆင့်မြှင့်တာပဲ ကောင်းမယ်"

အနောက်ဘက်ကမ်းရိုးတန်း စစ်ကျောင်းကဘွဲ့ရခဲ့တဲ့ ဂေါင်ပန် ပုံရိပ်ကိုတွေးပြီး သူလုံခြုံအောင် ကစားဖို့ပဲ ဆုံးဖြတ်လိုက်သည်။ အချိန်တံဆိပ်ကို ဖြိုခွဲလိုက်သည်။

ကြေးဝါရောင်များ ပျောက်သွားပြီး ကြယ်ရောင်အလင်းတန်းများက ဆွန်းမို နဖူးထဲကို

တိုးဝင်လာသည်။ များပြားလှတဲ့ အချက်လက်များက သူ့ဦးနှောက်ထဲကို တိုးဝင်နေသည်။

အစိမ်းရောင် အလင်းတန်းများက သူ့ကို ချက်ခြင်း ဝန်းရံလာသဖြင့် ဆွန်းမို ကျိန်ဆဲချင်လာသည်။

ဒင်

"သဏ္ဌာန်မဲ့ မြင့်မြတ်စကြ်ာဝဋ္ဌာ ကျင့်စဉ်ကိုဆယ်နှစ်ကြာအောင် လေ့ကျင့်ထားတဲ့ ကျွမ်းကျင်မှုကို ရရှိသွားပါပြီ။ ဂုဏ်ပြုပါတယ်။ အဆင့်(၄) မိတ္တာကူးယူခြင်းက ကျွမ်းကျင်မှု ညွှန်းကိန်း မဟာအဆင့်ကို ရောက်ရှိသွားပါပြီ။

အဆင့်(၅) တခြားလူရဲ့ ပေးဆပ်ခြင်းကို ကျွမ်းကျင်အဆင့်ထိ ရောက်အောင် မြှင့်တင်ပေးထားပါတယ်”

ဆွန်းမိုက အသိပညာများနဲ့ အတွေ့အကြုံများကို သေချာစွာ နားလည် သဘောပေါက်သွားသည်။

မိန်းကလေး သုံးယောက်လည်း အခန်းထဲက ထွက်လာသည်။ ဆွန်းမိုက စဉ်းစားခန်း ဝင်နေတာကို မြင်လိုက်ရင် အနှောက်အယှက်ဖြစ်အောင် မလုပ်ရဲကြပါ။

သူတို့သည် တစ်ဖက်တစ်ချက်စီတွင် တိတ်တိတ်လေး ရပ်နေကြသည်။

အင်ဘိုင်ဝူက အရမ်းရှက်နေသည်။ လက်နှစ်ဖက်ကို ရင်ဘက်ပေါ်ကာထားပြီး မျက်နှာကလည်း နီရဲနေသည်။

"မင်းတို့တွေ ပြင်ဆင်ပြီးသွားပြီလား"

ကောင်မလေးတွေ ခေါင်းညိတ်ပြတာမြင်တော့ ဆွန်းမို ပြုံးလိုက်မိသည်။

“အရမ်းကြီး ယဉ်ကျေးနေစရာမလိုဘူး။ မင်းတို့ကောင်မလေးတွေ ငါ့ကို အစ်ကိုကြီး တစ်ယောက်လို သဘောထားနိုင်တယ်”

အနောက်ဖက်အခန်းကို ပြည့်စုံတဲ့ အနှိပ်ခန်းတစ်ခု ဖြစ်အောင် ပြင်ဆင်ထားသည်။ လီဇီချီက အလုပ်လုပ်သည့်အခါ စေ့စပ်သေချာ လွန်းသည်။

“ဇီချီ၊ မင်းအရင်လာချင်လား”

ဆွန်းမိုက မေးလိုက်သည်။

“ သိုင်းညီမလေး ဘိုင်ဝူကို အရင်သွားခိုင်းလိုက်ပါ”

လီဇီချီက ရိုရိုသေသေ ပြန်ပြောသည်။

ပြောလိုက်သော စကားကြောင့် လီဇီချီ အပေါ် အင်ဘိုင်ဝူ ရတ်တရတ် အမြင်ကောင်းသွားသည်။ အစာပိုင်းတုန်းက ပြိုင်ဘက်တစ်ယောက်လို ဆက်ဆံခဲ့မိသဖြင့် စိတ်မကောင်း ဖြစ်သွားသည်။

သူမမှာ လူကြီးလူကောင်း စိတ်ထားရှိပြီး သူမပေတံနဲ့သူမ နေသည်။

“ဒါဆိုလည်း ဘိုင်ဝူ အရင်လာလိုက်”

ဆွန်းမိုလည်း ဒီတပြည့်ွ်ရဲ့ အရည်အချင်းကို သိချင်နေသည်။

စာစဉ်(၁၀)

အခန်း (၁၅၀) - အံ့အောဖွယ် အရည်အချင်း။

ဆွန်းမိုက အင်ဘိုင်ဝူ၏ ခန္ဓာကိုယ်ကို စစ်ဆေးဖို့ လိုအပ်သောကြောင့် မျက်လုံးကို အဝတ်စနှင့် မစည်းထားပါ။ ဒါပေမယ့်လည်း မလိုအပ်ဘဲ စစ်ဆေးခြင်း မလုပ်ခဲ့ပေ။

ဆွန်းမိုက ထိန်းထိန်းသိမ်းသိမ်းနှင့် ကျင့်ဝတ်တွေကို စောင့်ထိန်းကာ အင်ဘိုင်ဝူ၏ ပုခုံးကို နှိပ်လိုက်ပြီး အားနည်းနည်း ထည့်လိုက်သည်။ အင်ဘိုင်ဝူ လည်ပင်းက တင်းကျပ်သွားပြီး တစ်ကိုယ်လုံးလည်း တောင့်တင်းလာသည်။ ဆွန်းမို

အမှုအရာပြောင်းသွားတာ မြင်လိုက်ရင် ပိုပြီးတောင် စိုးရိမ် ကြောက်ရွံ့လာသည်။

"Clhရဲ့ အရည်အချင်းတွေက အရမ်း အသုံးမကျဖြစ်နေရင် ဘယ်လို ဖြစ်လာမလဲ"

အင်ဘိုင်ဝူ စိတ်ပူလာသည်။ အိပ်ခန်းထဲကနေ ပြန်ထွက်လာကတည်းက ဆွန်းမိုရဲ့ နတ်ဘုရားလက်က ဘယ်လောက် ဆန်းကြယ်လည်းဆိုတာ သိနေခဲ့သည်။။ သူမကို အမှိုက်လို့သာ မြင်ခဲ့ရင် သူမဘာဝတော့ သွားပါပြီ။

ဒါကြောင့်လည်း ဒီအချိန်မှာ အင်ဘိုင်ဝူ အရမ်းစိုးရိမ်နေသည်။ အရမ်းကို ကြောက်လန့်နေပြီး ရင်ဘက်ထဲကနေ နှလုံးခုန်ထွက်မလားတောင် ထင်နေရသည်။

"ဆရာ။ ဘယ်လိုလဲ"

လီဇီချီလည်း အရမ်း စိတ်ဝင်စားနေသည်။

"ဘိုင်ဝူရဲ့ အရည်အချင်းက အရမ်းထူးချွန်တယ်။ ရှန်ယွန်ပေါင်နဲ့ နှိုင်းယှဉ်လို့ ရတယ်"

ဆွန်းမိုက ဖုံးကွယ်ထားခြင်း မရှိသလို အင်ဘိုင်ဝူအတွက်လည်း အဖြူရောင် မုသား

မဟုတ်ပါ။ အင်ဘိုင်ဝူရဲ့ အရည်အချင်းက သံသယ ဖြစ်စရာမလိုအောင် ထူးချွန်နေသည်။

"ဝိုး"

ဒါကိုကြားလိုက်တော့ ကောင်မလေးနှစ်ယောက် ချက်ခြင်း အသံထွက်သွားသည်။ လုချီဟွာက အားကျသည့် အကြည့်နဲ့ အင်ဘိုင်ဝူကို ကြည့်နေသည်။

"နည်းနည်းလောက် ကိုင်ကြည့်လို့ရမလား"

လုချီဟွာက တိုးတိုးလေး မေးသည်။

"ရှန်ယွန်ပေါင်က ဘယ်သူလဲ"

အင်ဘိုင်ဝူက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။ တိုက်ပွဲ စွဲလမ်းသူကြီးရဲ့ နာမည်ကို သူမ လုံးဝ မမှတ်မိပါ။

“မင်းရဲ့ တတိယမြောက် ပညာသင်ဘက် အစ်ကို။ ကျောင်းသား စုဆောင်းရေးပွဲမှာ လျိုမူဘိုင်တောင် တော်တော် အထင်ကြီးခဲ့ရတဲ့ အရည်အချင်းမျိုး ရှိတယ်။” လီဇီချီကန့်တ်ခမ်း စူပြီးပြောနေသည်။

“ဒါပေမယ့် သူက ကြွက်သားတွေနဲ့ ပြည့်နေပြီး တချိန်လုံး တိုက်ခိုက်ဖို့ပဲ ချောင်းနေတတ်တယ်”

လျှိုမှုဘိုင်တောင် သဘောကျရတဲ့ ရှန်ယွန်ပေါင်နဲ့ နှိုင်းယှဉ်နိုင်တယ်လို့ ကြားလိုက်ရမှပဲ သူမရဲ့ လက်ရှိအခြေအနေကို အကြမ်းဖြင်း နားလည်သွားသည်။ စိတ်လည်း အေးသွားရသည်။

"ထိကြည့်လို့ရလား"

လုချီဟွာက အင်ဘိုင်ဝူ လက်မောင်းကို ထိလုနီးပါး လက်ညှိုးညွှန်ရင်း မေးလိုက်ပြန်သည်။ သူမက တို့ကနဲဆိတ်ကနဲ လုပ်နေသည်။ အင်ဘိုင်ဝူရဲ့ ခွင့်ပြုချက်မရှိဘဲ မကိုင်ရဲသောကြောင့် ဟန်မျှသာ လုပ်ပြီး တကယ် မထိရဲပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အင်း”

အင်ဘိုင်ဝူက သိမ်မွေ့ပြီး အားငယ်သော အကြည့်နဲ့ ကြည့်နေသည့် လုချီဟွာကို ဘယ်လို စိတ်မျိုးနဲ့ ငြင်းရက်မှာလဲ။

ဟီးဟီး

လုချီဟွာလည်း ပျော်သွားပြီး အင်ဘိုင်ဝူရဲ့ ကြွက်သားတွေကို ဂရုတစိုက် ထိကြည့်နေသည်။

“ဆရာ။ အရည်အချင်းရှိတဲ့ ကျောင်းသား နောက်တစ်ယောက်ကို ထပ်ရလို့ ဂုဏ်ပြုပါတယ်”

လီဇီချီသည် ဆွန်းမိုအတွက် အမှန်တကယ်ကို ပျော်ရွှင်နေသည်။

ဆွန်းမိုရဲ့ ကျောင်းသားငါးယောက်ထဲတွင် သူမက ရုပ်ပိုင်းဆိုင်ရာ အားနည်းပြီး တိမ်စိမ်းအဆင့်ကို မဝင်နိုင်တာလည်း သူမကိုယ်သူမ သိနေသည်။

လုချီဟွာကျတော့ တုံးအပြီး အရည်အချင်းလည်း နည်းသည်။ ဒါကြောင့် သူမမှာ အခွင့်အရေး မရှိပေ။ နေမကောင်းနေတဲ့ ထန်ထန်ယုထန်က အချိန်မရွေး သေမလိုဖြစ်နေပြီး ကျင့်ကြံဖို့တောင် ပြဿနာဖြစ်နေသည်။

ချန်လုံကျတော့လည်း အရင်က ပါရမီရှင်ဖြစ်ပေမယ့် အခုတော့ သုံးမရဖြစ်နေသည်။ ဘိုးဘေးအဆင့် ဝိညာဉ်တက်တူးသခင် တစ်ယောက်က သူ့ခန္ဓာကိုယ်ပေါ်မှာရှိတဲ့ ဝိညာဉ်တက်တူးတွေကို ပြန်မပြင်ပေးသ၍ သူလည်း အခွင့်အရေး မရှိပါ။

ရှန်ယွန်ပေါင် တစ်ယောက်တည်းသာ တိမ်စိမ်းအဆင့်ကို ဝင်နိုင်သည့် ကျောင်းသားဖြစ်နေသည်။

တကယ်လို့ ဆွန်းမိုက ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်ချင်တယ်ဆိုရင် သူ့လက်အောက်မှာ တိမ်စိမ်းအဆင့်ကို ဝင်သည့်ကျောင်းသား အနည်းဆုံးတစ်ယောက်တော့ ရှိရမည်။ ရှန်ယွန်ပေါင်က ပါရမီရှင်ဖြစ်ပေမယ့် ကျဆုံးနိုင်ခြေလည်း ရှိသည်။

နောက်ထပ် အင်ဘိုင်ဝူကို ထပ်ပေါင်းလိုက်ပါက အခွင့်အရေး ပိုများလာပြီ။

“ဆရာ ။ မင်းက အသက်အငယ်ဆုံး ကြယ်နှစ်ပွင့် မြတ်ဆရာ စံချိန်ကို ချိုးဖျက်ရမယ်”

“ဟဲဟဲ”

ဆွန်းမိုလည်း ရယ်နေသည်။ သူလည်းရတနာတစ်ခု ကောက်ရခဲ့တယ်လို့ ထင်နေသည်။ စားကြွင်းစားကျန်တွေကို လိုက်ကောက်နေပြီး ပန်းပဲဖိုမှာ လုပ်နေရတဲ့ ဒီမိန်းကလေးက ဒီလောက် အရည်အချင်း ကောင်းနေမယ်လို့ သူလည်း မထင်ထားခဲ့ပါ။

“ပိုင်ရှင်။ သိပ်လည်း ဝမ်းသာစော မနေနဲ့အုံး။ စနစ်ရဲ့ သတိပေးချက်က ဘယ်တော့မှ မမှားဘူး။”

စနစ်က ထပ်သတိပေးသည်။

ဆွန်းမို မျက်နှာ မှုန်ကုတ်သွားပြီး နတ်ဘုရားမျက်စိကို အသက်သွင်းလိုက်သည်။

ကြွံခိုင်မှု ။ ၇ ။ လူ ၁၀၀လောက်ကို မနားတမ်း တိုက်ခိုက်ပြီး သတ်ဖြတ်နိုင်သည်။

ဉာဏ်ရည် ။ ၇။ ဉာဏ်ရည်နဲ့ အလှ့အပ နှစ်မျိုးစလုံးရှိသော်လည်း အများအားဖြင့် တိုက်ခိုက်ပြီး ပြဿနာ ဖြေရှင်းတတ်သည်။

သွက်လက်မှု။ ၇။ ထွက်ပြေးနေတဲ့ ယုန်တစ်ကောင်လို လျှင်မြန်ပြီး ကညာတစ်ပါးလို တိုက်ခိုက်နိုင်သည်။ ပြီးပြည့်စုံသည့် လိုက်ဖက်မှုပဲ။

ခံနိုင်ရည်။ ၇ ။ ဘဝင်မြင့်သွားမှာ စိုးရိမ်ပြီး အမှတ်အပြည့်မပေးထားပါ။

ဆန္ဒ ။ ၇။ အရှုံးကို လက်မခံတတ်သည့် ခေါင်းမာတဲ့ ပင်ကိုယ်စရိုက် ရှိသည်။ တကယ်က ၈ ဖြစ်သင့်သော်လည်း ကြည့်ကောင်းအောင် ၇ သတ်မှတ်ပေးထားသည်။

အချက်အလက်အားလုံးက အရင်အတိုင်းပါပဲ။ အားလုံးက ၇ ဖြစ်နေပြီး တစ်စက်တောင် မနည်းပါ။

" ဘာချို့ယွင်းချက်ကြီး ရှိလို့လဲ"

မှတ်ချက်ကိုကြည့်ပြီး ဆွန်းမို မျက်နှာ မှုန်ကုတ်နေသည်။ အခုသူ့တွင် ရှေ့ပေါင်းအနိုပ်ပညာနဲ့ ကိုင်းခွဲကြီး ၃ခု ရှိနေသော်လည်း ပြဿနာကို တိတိကျကျ ရှာမတွေ့သေးပါ။

"ငါက နာနီလည်း မဟုတ်သလို ဆရာဝန်လည်း မဟုတ်ဘူး။ ဒါက မင်း

စိုးရိမ်ရမယ့် ပြဿနာလေ။ မင်း သူမကို ခေါ်လာပြီးကတည်းက ခံနိုင်ရည်ရှိဖို့ ပြင်ဆင်ထားသင့်တယ်”

စနစ်က လျှို့ဝှက်ဆန်းကြယ်သလို လုပ်နေသည်။

“ငါက ခံနိုင်ရည် မရှိဘူးလို့ မင်းထင်နေတာလား။ ဖန်တီးမှုဆိုတာ အနုပညာ တစ်ခုပဲ”

ဆွန်းမိုလည်း မျက်လုံးမှိတ်လိုက်ပြီး စနစ်ကို မေ့ထားလိုက်သည်။

အင်ဘိုင်ဝူ အရည်အချင်းက ရှန်ယွန်ပေါင် အရည်အချင်းနဲ့တောင် ယှဉ်နိုင်သည်။ သူမကို ကောင်းကောင်း မြေတောင်မြှောက်ပေးလိုက်မယ်ဆိုရင် သူ့ရဲ့ အဖွဲ့ထဲမှာ နောက်ထပ် လေးသခင်တစ်ယောက် ထပ်ရှိလာမယ်။ ဆွန်းမို သေချာပေါက် လောင်းကြေးထပ်လိုက်မည်။

"တော်ပြီ။ စကားစတွေကို ဖြတ်လိုက်တော့။ လုချီဟွာက ရေသွားယူ။ ဘိုင်ဝူက အရင်သွားမယ်။ ငါမင်းကို နှိပ်ပေးမယ်"

ဆွန်းမိုက ခိုင်းလိုက်သည်။

သိပ်မကြာခင်.......

ဆွန်းမိုလက်က အင်ဘိုင်ဝူ ခန္ဓာကိုယ်ပေါ် ရောက်နေပြီ။ ဘယ်လောက်တောင် အရည်အချင်း ကောင်းလိုက်သလဲ။ ရှေ့ဟောင်း အနိုပ်ပညာရဲ့ သုံးပုံတစ်ပုံတောင် မရောက်သေးခင် သူမက အဆင့်တက်ဖို့ အစပျိုးလာပြီ။

ဝိညာဉ်ချီတွေက ဒီရေလှိုင်းတွေလို ဖွေးဖွေးလှုပ်အောင် ကြွတက်လာသည်။

လီဇီချီနှင့် လုချီဟွာတို့ နှစ်ယောက်စလုံး ရုတ်တရက်ကို အံ့အော မှင်တက်နေသည်။

သုံးမိနစ်လောက်ကြာပြီးနောက် အင်ဘိုင်ဝူ အောင်မြင်စွာ အဆင့်တက်သွားသည်။ သူမ အားရပါးရ မပျော်ရွှင်သေးပဲ ချက်ခြင်း ဒူးထောက်ပြီး ဆွန်းမိုကို အရိုအသေ ၃ကြိမ် ပေးလိုက်သည်။

ဒိုင်း ဒိုင်း ဒိုင်း

အင်ဘိုင်ဝူက ပြင်းပြင်းထန်ထန် အရိုအသေ ပေးနေသောကြောင့် ထုံးကျောက် ကြမ်းပြင်တောင် အက်ကွဲသွားမလား ထင်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာ။ သင့်ရဲ့ ကြီးမြတ်တဲ့ မျက်နှာသာပေးမှုကို ကျေးဇူးတင်ပါတယ်"

အင်ဘိုင်ဝူ ကျေးဇူးတင စကားပြောနေရင်း မျက်ရည်စီးကျလာသည်။

လောင်းကစားသမားအဖေရဲ့ လက်ထဲက တကယ်ရော လွတ်ခဲ့ရဲ့လားဆိုတာ လွန်ခဲ့တဲ့ နှစ်ရက်လောက်အထိ တွေဝေနေခဲ့သည်။

အခက်အခဲတွေက လွတ်မြောက်အောင် သေစရာ မလိုတော့ဘူးလား။ အခုတော့ ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့် (၃)ကိုရောက်ပြီ နောက်ဆုံးတော့ သူမ

ဘဝ အမှန်တကယ်ပြောင်းလဲတာ သေချာသွားပြီ။ အခုဆိုရင် သူမနေချင်တဲ့ ဘဝနဲ့ နေနိုင်ပြီး အရွယ်ရောက်ရင်လည်း ပြည့်တန်ဆာအိမ်မှာ အရောင်းစား မခံရတော့ဘူး။

ဘေးအိမ်တွင် နေထိုင်သည့် သားသတ်သမား ဖောင်ကလည်း သူမနှင့် လက်ထပ်ဖို့ အကြိမ်အနည်းငယ် ကြိုးစားခဲ့သည်။ တင်တောင်းသည့် လက်ဆောင်က နည်းနေလို့ မဟုတ်ရင် သူ့အဖေ ရောင်းစားခဲ့တာ ကြာနေလောက်ပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၁၀၀ ။ ရင်းနှီး (၂၂၀/၁,၀၀၀)

"ဘာလို့ ဒီလောက်များတာလဲ"

ဆွန်းမို တုန်လှုပ်ခြောက်ခြားနေသည်။ ဒါက စနစ်ကို လက်ခံရရှိပြီးတဲ့နောက် အများဆုံးရတဲ့ အမှတ်ဖြစ်နေသည်။ အမာခံပရိတ်သတ် လုချီဟွာနှင့် ရိုးသားလှပါတယ်ဆိုတဲ့ ချီရွန်ကျားတောင် ဒီလောက် မလှူဒါန်းခဲ့ပါ။

" မင်းက သူမဆရာလေ။ သူမကိုလည်း ဘဝအသစ်တစ်ခုပေးခဲ့တယ်။ ဘာလို့ ဒီလောက် အလန့်တကြားဖြစ်နေတာလဲ"

စနစ်က ရှင်းပြလိုက်သည်။

ဆွန်းမိုကြောင့်သာ မဟုတ်ခဲ့ရင် အင်ဘိုင်ဝူရဲ့ဘဝက အမှောင်မဲဆုံးနဲ့ အခက်အခဲဆုံး ဖြစ်နေမည်။ လက်ရှိ အနေအထားက သူမအတွက်တော့ ကောင်းကင်ဘုံပါပဲ။

ချီရှန်ကျား ဘဝက ဒီလောက်တော့ စိတ်ပျက်အားငယ်စရာ မဖြစ်သေးပါ။

ကျောင်းကထွက်ရရင် အလုပ်ပဲသွားလုပ်ရလို့ နည်းနည်းပိုပင်ပန်းမယ်။ ခက်ခဲမယ်။ ဒါပေမယ့် သူ့အစားအသောက်တော့ စားနိုင်သေးသည်။

ဒါပေမယ့် အင်ဘိုင်ဝူ အတွက်ကျတော့ရော။ သူမရဲ့ အရင်ဘဝက ငရဲတစ်ခုလိုပါပဲ။

"ဘိုင်ဝူ မင်းက မြွားပစ်မှာ အရမ်းအလားအလာ ရှိတယ်။ ဒါပေမယ့် ငါက အဲဒီဘာသာရပ်နဲ့ မရင်းနှီးဘူး။ ဒီတော့ မင်းဘာသာ မင်း အရင်ကြိုးစားထားလိုက်။ ငါလည်းဖြစ်နိုင်သမျှ မြန်မြန် လေ့လာလိုက်မယ်"

ဆွန်းမိုက ရိုးသားစွာ ပြောပြလိုက်သည်။

"ဆရာ။ ငါလေးပြစ်ရတာ မကြိုက်ဘူး။ ငါ ဓါးကို လေ့ကျင့်ချင်တယ်"

အင်ဘိုင်ဂူ ပြောနေသည့်အချိန်တွင် မျက်လုံးထဲ၌ မျှော်လင့်ခြင်း၊ တမ်းတခြင်းများနဲ့ ပြည့်နေသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက နေထိုင်ခဲ့သည့် လေဒီ ဂူဆန်သည် သူမ ဓါးသွားနှင့် ကသည့်အခါ အရပ်လေးမျက်နှာကို ဆွဲဆောင်နိုင်သည်။ ဒါကြောင့်လည်း တစ်သက်လုံး ဆင်းရဲ

ပင်ပန်းကြီးစွာ ဖြတ်သန်းလာရတဲ့ ဒီကောင်မလေးက အဲဒီ အမျိုးသမီးလို ဖြစ်ချင်နေသည်။

"ခါး၊ လက်နက်တို့ရဲ့ ဘုရင်။ ငါလည်းကြိုက်တယ်"

လီဇီချီကလည်း ပြုံးပြီး ပြောလိုက်သည်။

အင်ဘိုင်ဝူက ပါးစပ်ကိုဟပြီး တစ်ခုခု ပြောချင်နေသည်။

(မင်းမှားနေပြီ။ ငါက လေဒီဂူဆန်လို ခါးအက ကျွမ်းကျင်ပြီး နာမည်ကြီးလာရင် ငါက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသက်မွေးဝမ်းကြောင်းအတွက် စိတ်ပူစရာ မလိုတော့ဘူးလေ)

(နည်းနည်းလေး ပိုကြိုးစားပြီး ကိုယ့်အတွက် နာမည်ရလာရင် ငါ့ကလေးတွေလည်း ဒီအရည်အချင်းနဲ့ အသက်ရှင်နိုင်မှာပေါ့။ အနည်းဆုံးတော့ ကျောင်းမှာ အမှိုက်သိမ်းစရာ မလိုဘူး။ ပန်းပဲဖိုမှာ တူတွေလည်း ထုနေစရာ မလိုတော့ဘူး။)

ဒါပေမယ့် လီဇီချီက သူ့ကို အထင်သေးမှာ စိုးရိမ်ပြီး အင်ဘိုင်ဝူကို ထုတ်မပြောဖြစ်ခဲ့ပါ။

“ခါးကျင့်စဉ်လား။ ငါ ပြင်းထန်မိုး ခါးကျင့်စဉ်တော့သိတယ်။ ဒါပေမယ့် အဲဒါက အဆင့်အရမ်း နိမ့်တယ်။ ငါ တတ်နိုင်သမျှ ခါးကျင့်စဉ်နဲ့ ပက်သက်တဲ့ စာအုပ်တွေ ရှာလိုက်ပါ့မယ်”

ဆွန်းမိုက အင်ဘိုင်ဝူကို နှစ်သိမ့်ပေးနေရင်း ချင်လင်မြို့ထဲတွင် အံ့အောဖို့ ကောင်းတဲ့ ခါးသမားများ ရှိနေမလားဆိုတာ စဉ်းစားနေသည်။ ရှိလို့ကတော့ ဆွန်းမိုသည် အဲဒီလူကို ရှာပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိုက်ခိုက်ပစ်ပြီး ရှေ့ဟောင်းလောကနတ် ကျင့်စဉ်ကို သုံးပြီး ကူးယူလိုက်မယ်။

ဆွန်းမိုက လျှိုမှုဘိုင်ကို ရုတ်တရက် တွေးမိသွားသည်။ သူက ဓါးပညာတွင် အလွန်ကျွမ်းကျင်ပြီး အဆင့်အတန်းမြင့်ကြောင်းကို ဗဟိုပြည်နယ် အကယ်ဒမီက လူတိုင်း သိကြသည်။ သွားစမ်းကြည့်ရင် ကောင်းမလား။

ဒီလိုနဲ့ပဲ တစ်လက ကုန်လွန်သွားသည်။

လူသစ်များလည်း ပတ်ဝန်းကျင်အသစ်နဲ့ တဖြည်းဖြည်း အသားကျလာသည်။ နောင်တရစရာ မရှိအောင်ကို ဘဝက အေးချမ်းနေခဲ့သည်။

ဒါပေမယ့် ဒီနေ့တော့ ငြိမ်းချမ်းရေး ပြိုကွဲသွားပြီ။

ဆွန်လျောင် အကယ်ဒမီက ဘွဲ့ရပြီး အန်ရှီဝေနှင့် စေ့စပ်ထားသည့် ဆွန်းမိုက အနောက်ဘက် ကမ်းရိုးတန်း စစ်ကျောင်းက ဘွဲ့ရ ဂေါင်ပန်နဲ့ တွေ့ဆုံမယ့် ပွဲရှိသည်။

ဒီအကြောင်းက ကျောင်းတစ်ခုလုံးကို တောမီးလို ပျံ့နှံ့နေသည်။ ကျောင်းသားများသည် မနက် စနာရီမထိုးခင် တိုက်ခိုက်ရေး ဒိုဂျိုကို ဦးတည်သွားနေကြပြီး နေရာကောင်းရအောင် ကြိုးစားနေကြသည်။

ဒီလို ရန်ပွဲကို ကြည့်ဖို့ အတန်းကြီးကျောင်းသား တော်တော်များများတောင် ရောက်လာကြသည်။

သူတို့နှစ်ယောက်ရဲ့ နာမည်ကလည်း အရမ်းကြီးနေသည်။

“ဘယ်သူနိုင်မယ် ထင်လဲ”

"ဆရာဂေါင်ပဲပေါ့။ သူက နာမည်ကျော် ကျောင်းကိုးခုထဲက ဘွဲ့ရခဲ့တာ။ သူက နိမ့်ကျစရာ အကြောင်းကို မရှိဘူး"

"ဒါပေမယ့် ဆွန်းမိုမှာလည်း နတ်ဘုရားလက်ရှိတယ်"

ကျောင်းကနေရာတိုင်းမှာ၊ အဆောင်တွေမှာ၊ စာသင်ခန်းတွေထဲမှာ ဒီအကြောင်းပဲ ဆွေးနွေးနေကြသည်။

ဧောင်ဝမ်တိုသည် လမ်းမှာတွေ့တဲ့သူများက သူ့တို့ကို လက်ညှိုးထိုးပြီး ဆွေးနွေးနေကြတာ

ကြားရင် ပြုံးလိုက်မိသည်။ အရမ်းကို ကျေနပ်နေသည်။ သူလိုချင်တာနဲ့ ကွက်တိပဲ။

"သိုင်းအစ်ကိုကြီး ငါတို့ ရှုံးသွားရင် ဘယ်လိုဖြစ်သွားမလဲ။ ငါတို့ ဘယ်လို ပြောရမလဲ"

ဖူချောင် အရမ်း သွေးလန့်နေသည်။ အခြေအနေတွေက ပိုဆိုးလာပြီး ပိုပြင်းထန်နေသည်။ သူတို့သာ ရှုံးသွားခဲ့ရင် ဆွန်းမိုနဲ့ သူ့ကျောင်းသားများ ပိုအကျိုးရှိသွားမည်။

"ငါတို့ က ဘယ်လိုရှုံးနိုင်မှာလဲ။ ပြီးခဲ့တဲ့ တစ်လလုံးလုံး လေ့ကျင့်ခဲ့တာကို အတုယောင်လို့ မင်းထင်နေတာလား"

ဇောင်ဝမ်တိုက အပြစ်တင်လိုက်သည်။ ကို့ကိုယ်ကို ယုံကြည်မှုနည်းနည်းလေးတောင် မရှိရင် ဘာလို့ ပြိုင်နေတော့မှာလဲ။ အရှုံးပေးလိုက်ရုံပဲ ရှိတော့မည်.

ဖူချောင် မျက်နှာလည်း ပြန်တင်းမာလာပြီး ယုံကြည်မှုများ ပြန်ရလာသည်။ လွန်ခဲ့တဲ့ လက

လုံးဝ အချောင်မခိုခဲ့ပါ။ နေ့တိုင်း ပြင်းပြင်းထန်ထန် ကြိုးစားခဲ့သည်။

ဆရာဂေါင်ကလည်း အရည်အချင်းရှိပြီး သူရဲ့ တိုးတက်မှုကို ရိုးရိုးမျက်လုံးနဲ့ ကြည့်ရင်တောင် မြင်နေရသည်။ ဒါတင်မကသေးဘူး။ သူတို့ကိုလည်း ထူးဆန်းတဲ့ ခန္ဓာကိုယ်ပြုပြင်ခြင်း နည်းစနစ် တွေသုံးပြီး အဆင့်တက်အောင်လည်း ကူညီပေးခဲ့သည်။

သူတို့ရဲ့ အောင်ပွဲက ကျောက်တုံးလိုပဲ ခိုင်မာနေပြီ။

“ စိုးရိမ်မနေနဲ့။ ငါတို့ အမှောင်တိုက်ကြီးကို သွားရဖို့ ကျိန်းသေနေပြီ”

ဖောင်ဝမ်တိုကတော့ ယုံကြည်မှု အပြည့်နှင့် ဖြစ်နေသည်။ နှစ်ယောက်ခြင်း တိုက်ပွဲပြီးရင် ကျော်ကြားလာပြီး ဘဝကလည်း အထွဋ်အထိပ် ထိရောက်အောင် တိုးတက်လာတော့မည်။

အို.... ဟုတ်ပြီ ပြိုင်ဘက်ကို အနိုင်ယူမယ်။ ပြီးတော့ ဒီအခွင့်ရေးကိုသုံးပြီး လှတပတ ကောင်မလေး တစ်ယောက်လောက် ရှာရမယ်။

သူက အရွယ်မရောက်သေးလို့ လူပျိုဘဝကို အဆုံးအရှုံးမခံနိုင်သော်လည်း လက်ကိုင်၊ ပါးနမ်း၊ ကစ်ဆင်လောက်တော့ ဆွဲလို့ ရသေးသည်။

ဒါကိုတွေးပြီး ဇောင်ဝမ်တိုသည် ခုချက်ခြင်းပဲ အောင်ပွဲခံခြင်းပြိုင်ကွင်းထဲကို ပြေးဝင်သွားကာ ရှန်ယွန်ပေါင် ခေါင်းကို ရိုက်ချင်လာသည်။

မှတ်ချက်။ ။ လေဒီဂူဆန်သည် ဒူဖူ ကဗျာမှ ဖော်ပြထားခြင်းဖြစ်သည်။ ကေရာဇ် ရှောင်ဇုန်၏ နန်းတွင်း အမျိုးသမီး ဓါးအကသမားဖြစ်သည်။ သူ့ခေတ်သူ့ခါတွင် အအောင်မြင်ဆုံး ဖြစ်နိုင်သည်။

အခန်း (၁၅၁) - အောင်ပွဲခံ ဒိုဂျိုက တိုက်ပွဲ။

ဗဟိုပြည်နယ်အကယ်ဒမီရှိ အောင်ပွဲခံဒိုဂျိုသည် လူပေါင်း ၈,၀၀၀ ဆံ့သည့် ကွင်းကြီးဖြစ်သည်။ တည်ရှိနေခဲ့တာလည်း ရာစုနှစ် အနည်းငယ် ရှိနေပါပြီ။

အကြိမ်ပေါင်း မရေတွက်နိုင်အောင်လည်း ပြန်ပြင်ခဲ့ပြီးပြီ။ အပြင်ပန်းက ကြည့်လိုက်ရင် အလွန်ရှေးဆန်ပြီး ထိခိုက်ရာတွေနဲ့ ဒီဘက်ခေတ်နှင့်တောင် မလိုက်ဖက်တော့ပေ။

ဒါပေမယ့်လည်း မြင်သူတိုင်းက အထင်သေးတဲ့ စိတ် မဝင်လာပဲ အဲဒီအစား အကောင်းဆိုးလောကဓံတရားကို ကြုံကြုံခံကာ စိတ်ကူးယဉ်ဆန်တဲ့ စွန့်စားခန်းကြီး တစ်ခုလို မြင်ယောင်လာပြီးနှုတ်ကတောင် ထုတ်ဖော် ချီးကျူး မိတတ်ကြသည်။

ကျန်ရှိကတော့ ဒီနေရာကို ရောက်တာ ပထမဆုံးအကြိမ် မဟုတ်တော့ပေ။ ဒါကြောင့်လည်း သူ့အတွက်တော့ မထူးဆန်းနေပါ။

“ တိုက်ပွဲ ပြီးသွားရင် ဘယ်သူနိုင်မယ် ထင်လဲ”

“ဆရာဆွန်း”

ချီရှန်ကျားကတော့ တွေဝေခြင်းမရှိဘဲ ချက်ခြင်း ပြန်ဖြေလာသည်။

“ ဂေါင်ပန်က ဖိအားပေးတဲ့သူ မဖြစ်နိုင်ဘူးလား။ ငါကြားတာကတော့ သူ့မှာ တမူထူးတဲ့ ခန္ဓာကိုယ်ပြုပြင်တဲ့ နည်းစနစ်ရှိပြီး ခန္ဓာကိုယ်ရဲ့ အလားအလာကို လှုံ့ဆော်ပေးနိုင်တယ်။ အရမ်းလဲ အားကောင်းတယ် ဆိုပဲ”

ဝမ်ဟောင်က သတင်းကို ဖြန့်ဝေလိုက်သည်။

“တကယ်လား”

ကျန်ရှိလည်း အံ့အောမှင်တက်သွားသည်။

“ အမှန်ပေါ့။ သူ့ကျောင်းသားတွေ အကုန်လုံးလဲ အဆင့် (၁) ဆင့် တက်သွားတယ်။ အခုဆို စင်ပေါ်ကနေ ဆရာဆွန်းရဲ့ အမှိုက် ကျောင်းသားတွေကို စောင့်နေလောက်ပြီ။ သူတို့က ကျော်ကြားလာဖို့ အချိန်တွက်ပြီး တိုက်ပွဲကို စောင့်နေတာ”

ဂေါင်ပန်၏ တပြည့်တစ်ယောက်သည် သူနှင တစ်ရွာထဲသားချင်း ဖြစ်သည်။ ဒါကြောင့် အတွင်းသတင်းကို သိနေသည်။

"ဂရုမစိုက်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဆရာဆွန်းပဲ သေချာပေါက် နိုင်သွားလိမ့်မယ်"

ဆွန်းမို၏ အသည်းစွဲ အမာခံ ပရိတ်သတ်တစ်ယောက်အနေနှင့် ချီရှန်ကျားကတော့ ခြွင်းချက်မရှိယုံကြည်နေသည်။

သူတို့သုံးယောက် စောစော ရောက်လာပေမယ့် ထိုင်ခုံတစ်ဝက်လောက်က လူပြည့်နေပြီ။

"ဒီမှာပဲ ထိုင်ရအောင်"

ဝမ်ဟောင်က အရှေ့ခုံတန်းအနီးတွင် ထိုင်နေတဲ့ ခပ်လှလှ မိန်းကလေး ဖယောက်ကိုတွေ့လိုက်ပြီး ချက်ခြင်း ရွှေ့သွားသည်။

"ဆရာတွေလည်း အများကြီးပဲ"

ကျန်ရှိသည် သူ့ထိုင်ခုံအရှေ့က အားကစားကွင်းကို လေ့လာ ဆန်းစစ်လိုက်သည်။ မြောက်ဘက်က ပွဲကြည့်စင်ကို ဆရာများအတွက် သီးသန့်ဖယ်ထားပေးသည်။ တိုက်ပွဲကြည့်နေတဲ့ ဆရာပရိတ်သတ်များကို ကျောင်းသားများက

မေးခွန်းမေးပြီး မနှောက်ယှက်နိုင်အောင် လုပ်ထားခြင်း ဖြစ်သည်။

ချီရှန်ကျားကတော့ ဒါကိုလည်း စိတ်မဝင်စားပါ။ အောက်က ကွင်းကြီးကို ငေးကြည့်နေပြီး စိတ်ထဲတွင် အတွေးများ အတောမသတ်နိုင် ဖြစ်နေသည်။ (ဘယ်အချိန်ကျမှ ဒီနေရာမှာရပ်ပြီး ပါရမီရှင်တစ်ယောက်နဲ့ တိုက်ခွင့်ရမှာလဲ)

“ အငယ်တွေတိုက်တဲ့ တိုက်ပွဲကို ဘာလို့ ကြည့်ရမှာလဲ”

ရှမ်ယွင်က စောဒက တက်လိုက်သည်။ ချိုင်တန်ဆွဲမခေါ်လာပါက ဒီလိုတိုက်ပွဲမျိုးကို ဘယ်တော့မှ လာမကြည့်ပေ။

"သူတို့အားလုံးက ခန္တာကိုယ်ပြုပြင်ခြင်း သာမန်အဆင့်က ကျောင်းသားလေးတွေပဲ။ သူတို့ ဘာများလုပ်ပြနိုင်မှာလဲ။ ကြက်ပေါက်လေးတွေလို ပုတ်ခတ်ပုတ်ခတ် ဖြစ်နေမှာပေါ့"

"ငါ့ကို အဖော်လိုက် လုပ်ပေးတယ်လို့ သဘောထားလိုက်။ အိုကေ"

ချိုင်တန်က ကြင်နာတဲ့လေသံနှင့် နှစ်သိမ့်လိုက်သည်။ သူက ဆွန်းမိုကို ကြည့်ချင်နေသည်။

"ဟုတ်ပါပြီ"

ရှမ်ယွင်က သူ့ကို စိတ်မှာ အများကြီး ရှိပုံရသည်။

"ဆရာကူ။ ဒီမှာလာထိုင်"

"ဆရာကူ။ မင်္ဂလာပါ"

"ဆရာကူ။ ဘယ်လိုလဲ"

ကူရှုပ်ရှင်း ဝင်လာကို မြင်ရင် အမျိုးသားဆရာများက ထရပ်ကြပြီး အဝေးကနေ လှမ်းနှုတ်ဆက်နေကြသည်။ အတူတူ ထိုင်ဖို့တောင် ဖိတ်ခေါ်နေကြသည်။

ကူရှုပ်ရှင်းကလည်း တစ်ယောက်ကိုမှ လျစ်လျူမရှုမိအောင် ပြန်ဖြေနေသည်။ ပြီးတာနှင့် ဂျိမဲဂျဲဆီကို တစ်ခါတည်း လျှောက်သွားပြီး နှုတ်ဆက်လိုက်သည်။

“ဆရာဂျိ။ ကျောင်းအုပ်ကြီး အန်ရော မလာဘူးလား”

ကူရှုပ်ရှင်းက ဂျိမ်ဂျဲနဲ့ စကားစမြည်ပြောလို့ရအောင် အန်ရှီဝေကို ခေါင်းစဉ်တင်လိုက်သည်။

"မကြာခင် ရောက်လာလိမ့်မယ်"

ဂျိမ်ဂျဲကတော့ စကားစမြည်ပြောဖို့ စိတ်မပါပေ။ အဲဒီအစား သူမလက်ထဲတွင် စာအုပ်ကိုင်ထားပြီး အရိုးပုံစံအမျိုးမျိုးကို မီသွေးခဲတံနှင့် ရေးဆွဲနေသည်။

ကူရှုပ်ရှင်းလည်း အဆင်ပြေအောင် ဂျိမ်ဂျဲဘေးတွင် ဝင်ထိုက်လိုက်လျှင်

ဂျိမ်ဂျဲစာအုပ်ပေါ်မှာ ဆွန်းမို နာမည်ကို တွေ့လိုက်မိသည်။

"ဂျိမ်ဂျဲက စိတ်ပျံ့လွင့်နေတာလဲ မဟုတ်နိုင်ပါဘူး။ ဆွန်းမို အကြောင်းကို တွေးနေရင်း မသိစိတ်ကြောင့်များ ရေးမိတာလား"

ကူရှုပ်ရှင်း အရမ်းအံ့အောသွားသည်။ သူတို့နှစ်ယောက် အရင်ကတည်းက အရမ်းရင်းရင်းနှီးနှီး ဆက်ဆံနေပြီး အရမ်းလည်း စိတ်ချမ်းသာနေတဲ့ပုံပဲ။

(တောက်။ ဆွန်းမိုက ဒီအမျိုးသမီးကိုလဲ ဖမ်းဆွဲထားတဲ့ ပုံပဲ)

အောင်ပွဲခံ ဒိုဂျို၏ နားနေခန်းထဲတွင်......................

ဒိုင်း....

လုချီဟွာက တံခါးကို တွန်းဖွင့်ပြီး ဟောဟဲဟောဟဲနဲ့ ပြေးဝင်လာသည်။

“ဒီမှာ.....ဒီမှာ လူတ ွေ အများကြီးပဲ”

လုချီဟွာက အသံတုန်တုန်နဲ့ ပြောလိုက်သည်။ ခုံ ၈ဝဝဝရှိတာ သုံးပုံ တစ်ပုံက ပြည့်နေပြီ။

ပုံမှန်ဆိုရင် ထိပ်ဆုံးကျောင်းသား ၁၀ယောက် တိုက်ခိုက်ကြမှသာ ပရိတ်သတ်များတတ်သည်။

"သူတို့က ဆရာ့ကို လာကြည့်တာပဲ ဖြစ်ရမယ်'

ထန်ထန်ယုထန်က တဟားဟားအော်ရယ်ရင်း

"ဆရာ။ နောက်မှ သူတို့ကို စိတ်မပျက်စေနဲ့နော်"

"ဟမ်။ မင်းက စင်ပေါ် မတက်ဘူးလား"

လုချီဟွာ မျက်နှာ မှုန်ကုတ်ကုတ်နဲ့ မေးလိုက်သည်။

“အမ်၊ ငါ့ကိုလဲကြည့်ပါအုံး။ ဘာလုပ်နိုင်မှာမို့လို့လဲ”

ထန်ထန်ယုထန်က လက်ကိုင်ပုဝါကို ယူကာ ပါးစပ်ကို အုပ်ရင်း ပြန်ဖြေသည်။

လက်ကိုင်ပုဝါမှာပေါ်မှာ သွေးစက်တချို့ကို အင်ဘိုင်ဝူ မြင်လိုက်သည်။ ဒါက သွေးချောင်းဆိုးနေတာပဲ။

“ပြီးတော့ ငါက ဦးနှောက်သုံးပြီးပဲ အသက်ရှင်တယ်။ တိုက်တာခိုက်တာက ငါ့ရဲ့ နယ်ပယ် မဟုတ်ဘူး”

ထန်ထန်ယုထန်က ဆွန်းမိုကို ကြည့်ရင်း ပြောလိုက်သည်။

"ဒါဆို ငါတို့ အခုဘယ်လို လုပ်ရမှာလဲ"

လုချီဟွာ စိတ်ပူလာသည်။

"ချန်လုံကလဲ ကျင့်ကြံခြင်းအဆင့် အရမ်းမြင့်နေလို့ စင်ပေါ်တက်လို့ မရဘူး။ ရှန်ယွန်ပေါင်ကို သွားခိုင်းလိုက်ရင်လဲ ငါတို့ကို စောက်ပြစ်တင်အုံးမယ်"

"ဆရာ၊ ဘယ်လိုပဲဖြစ်ဖြစ် အဆင့်နိမ့်တဲ့ သာမန်ကောင်တွေနဲ့ မတိုက်ဘူး"

ရှန်ယွန်ပေါင်က သူရဲ့ လုံအိတ်ကို ပွေ့ဖက်ပြီး ဘေးဘက်တွင် တင်ပျဉ်ခွေကာ တရားထိုင်နေခဲ့သည်။

လုချီဟွာ၏ စကားကို ကြားတော့ ဆွန်းမို မျက်နှာကို လှမ်းကြည့်ပြီး ပြောလိုက်သည်။ ဒါက သူ့ဘဝရဲ့ ခံယူချက်ပဲ။ အဆင့်နိမ့်တဲ့ကောင်တွေနဲ့ မတိုက်သလို ။အားနည်းသူကိုလည်း ဘယ်တော့မှ မသတ်ဘူး။

"လုံလောက်ပြီ။ ငါတို့ အင်ဘိုင်ဝူကိုပဲ စင်ပေါ်တက်ခိုင်း ရတော့မယ်"

လီဇီချီက စိတ်ပျက်လက်ပျက်နဲ့ ပြောလိုက်သည်။ ဒီနှစ်ကောင်က တော်တော် ကပ်သီးကပ်ဖဲ့နိုင်နေသည်။

"ငါသွားမယ်"

ဆွန်းမိုက သဘောမတူသော်လည်း အင်ဘိုင်ဝူက အလေးအနက် ခေါင်းညိတ်ပြီး လက်ခံလိုက်သည်။ သူ့အတွက်လည်းဖြစ်စေ ဒါမှမဟုတ် ဆရာကို ဒီအခက်အခဲက လွတ်မြောက်အောင် ကူညီရင်း ကျေးဇူးကြွေးလဲကျေစေ၊ သူမကတော့ ဒီတိုက်ပွဲကို တိုက်ကို တိုက်ရမည်။

"ဒါတော့ မဖြစ်နိုင်ဘူး။ ဆရာဆီကလဲ လမ်းညွှန်မှု တစ်ခုတောင် မရသေးဘူး။ မင်းလေ့ကျင့်ခဲ့တာကလဲ သူများဆီက ခိုးကြည့်ထားတဲ့ ဟာတွေ။ မင်းတက်သွားရင် သွားပြီး အသေခံသလို ဖြစ်နေမယ်"

လီဇီချီက သူသည် ပညာသင်ဘက်အမ အကြီးဆုံးဖြစ်သဖြင့် အင်ဘိုင်ဝူကို စောင့်ရှောက်ရန် တာဝန်ရှိတယ်လို့ ခံယူထားသည်။

အမှန်အတိုင်းပြောရလျှင် အင်ဘိုင်ဝူက ကျင့်ကြံတဲ့ အကြောင်းကို ကြားခဲ့တုန်းက သူမ အရမ်းကို

အံ့အော တုန်လှုပ်ခဲ့ရသည်။ ဒီမိန်းကလေးက သူများလေ့ကျင့်နေတာကို ခိုးကြည့်ပြီး မပြည့်စုံတဲ့ ကျင့်ကြံခြင်းကျင့်စဉ်ကို အားကိုးကာ ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၂) အထိရောက်အောင် ကြိုးစားနိုင်ခဲ့သည်။ တကယ်လို့ သူမကိုသာ မြတ်ဆရာတစ်ယောက်က လမ်းညွှန်ပေးလိုက်ရင် မိုးထိအောင် မြင့်တက်သွားနိုင်သည်။

အမှန်ပဲ။ အင်ဘိုင်ဝူအဖေက လောင်းကစားဆွဲပြီး အလုပ်လည်းမလုပ်ပေ။ သူ့အမေကလည်း အရမ်းနေထိုင်မကောင်းပဲ ကာယအားကိုးပြီး

မလုပ်နိုင်ပါ။ ပန်းထိုးတဲ့ အလုပ်ကိုတောင် လုပ်လို့ နာရီများစွာကြာသွားရင် နှာခေါင်းသွေးယိုလာသည်။ ဒါကြောင့်လည်း မိသားစုတစ်ခုလုံး တာဝန်သည် အင်ဘိုင်ဝူ ပခုံးပေါ်ကို ရောက်လာခဲ့ရသည်။

လွန်ခဲ့တဲ့ နှစ် နှစ်စလုံး အင်ဘိုင်ဝူက တစ်မိသားစုလုံးကို ရှာကျွေးခဲ့တယ်လို့တောင် ပြောနိုင်သည်။ ဒီအတွက်လည်း စောစောထပြီး အိမ်ကိုနောက်ကျမှ ပြန်တဲ့အထိ အလုပ်မနားတမ်း လုပ်ခဲ့ရသည်။

ဒီလိုမျိုး ကိုယ်ရောစိတ်ပါ ပင်ပန်းရတဲ့ ဖိအားအောက်တွင် ကျင့်ကြံဖို့လည်း အချိန်အများကြီး မပေးနိုင်ခဲ့ပါ။ ဒါတောင် ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၂) ထိရောက်အောင် လုပ်နိုင်ခဲ့သေးသည်။ ဒါကိုတွေးကြည့်လိုက်ရုံဖြင့် ဘယ်လောက်တောင် ထူးထူးခြားခြား အရည်အချင်း ရှိလည်း သိနိုင်သည်။

"ဟုတ်တယ်။ မင်းမှာ တိုက်ပွဲ အတွေ့အကြုံလဲ မရှိဘူး"

လုချီဟွာက စေတနာနဲ့ အကြံပေးလိုက်သည်။

အင်ဘိုင်ဝူကတော့ ဆွန်းမိုကို လှမ်းကြည့်လိုက်သည်။

"ထန်ထန်။ မင်းတကယ်ပဲ စင်ပေါ် မတက်ဘူးလား"

ဆွန်းမိုက မေးလိုက်သည်။

" မင်းအတွက် အရေးကြီးတယ် ဆိုရင်တော့ ငါတက်နိုင်လောက်ပါတယ်"

ထန်ထန်ယုထန်က ပြုံးတုံ့တုံ့နဲ့ ပြန်ဖြေသည်။ ဆွန်းမိုက အနူးအညွတ် တောင်းဆိုလာအောင် ထန်ထန်ယုထန် တမင်သက်သက် ငြင်းဆိုလိုက်သည်။

ဒီလိုလုပ်ခြင်းဖြင့် သူရဲ့ ပျောက်ဆုံးနေတဲ့ ယုံကြည်မှု ပြန်ရလာနိုင်သည်။

ဘယ်လိုပဲပြောပြော နောက်ဆုံးတော့ ထန်ထန်ယုထန်ပဲ စင်ပေါ်ကို သွားရမည်။ ဆွန်းမိုကို ဆန့်ကျင်တာက အချင်းချင်း ပြဿနာသာဖြစ်ပြီး ဂေါင်ပန်၏ တပြည့်များကို တိုက်တာက အဖွဲ့ရဲ့ ဂုဏ်သိက္ခာ ဖြစ်သည်။ ဘယ်လိုပဲဖြစ်ပါစေ ထန်ထန်ယုထန်သည် ဆွန်းမိုကို ဆရာတင်ထားသည်။ ဒါကြောင့်လည်း သူ့ရဲ့အဖွဲ့ကိုတော့ မရှုံးစေချင်ပါ။

"အိုး ။ မင်းမလုပ်နိုင်ရင်လဲ ငါ အတင်းအကျပ် မလုပ်တော့ပါဘူး"

ဆွန်းမိုက မိန်းကလေး သုံးယောက်ဖက်ကို လှည့်ကြည့်လိုက်သည်။

"မင်းတို့အားလုံး တိုက်ပွဲ အတွက် ပြင်ဆင်ထားကြ"

"အမ်"

ဆွန်းမိုက သူ့ကို အရေးမလုပ်တာမြင်ရင် ထန်ထန်ယုထန်လည်း ကြောင်အသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်းဘာတွေ တွေးနေတာလဲ။ မိန်းကလေးသုံးယောက်ကို တကယ်ပဲ လွှတ်လိုက်တော့မှာလား)

(မင်းက တကယ်ရက်စက်တဲ့ ဆရာပဲ။ မင်းအခု ငါ့ကို လာတောင်းဆိုတာကမှ ပိုကောင်းအုံးမယ်။ ကြည့်လိုက်ရင်သာ လူနာတစ်ယောက်လို့ မြင်ရပေမယ့် ဦးနှောက်ကို အားကိုးပြီး တိုက်လို့ရတယ်။ တကယ်လို့ သုံးကြိမ်စလုံး လွှတ်လိုက်ရင်တောင် ငါပဲနိုင်မှာ)

မိန်းကလေး သုံးယောက်စလုံး လေးနက်တည်ကြည်တဲ့ အမူအရာနဲ့ ခေါင်းညိတ်လိုက်သည်။

“မင်းတို့တွေက ကျင့်ကြံသူ တစ်ယောက်လုပ်ဖို့ ရွေးချယ်ထားပြီးပြီဆိုတော့ တိုက်ပွဲက အနေးနဲ့ အမြန် ကြုံတွေ့လာရမှာပဲ။ ဒီနေ့တိုက်ပွဲ ကွင်းပြင်ထဲမှာ အံ့အောဖို့ကောင်းလောက်အောင် ပရိတ်သတ်အများကြီးရှိနေတယ်။ မင်းတို့ရဲ့ ပြိုင်ဘက်ကလဲ မင်းတို့ထက် မညံ့လောက်ဘူး။ ဒါက မင်းတို့ဘဝရဲ့ ပထမဆုံး တိုက်ပွဲပဲ။

အမြဲတမ်းလဲ အမှတ်ရနေမယ့် အရာလည်း ဖြစ်တယ်။”

ဆွန်းမို ပြုံးလိုက်ပြီး

“ငါတို့ ရှုံးခဲ့ရင်တော့ နာကျင်စရာ အမှတ်တရတွေပဲ ကျန်ခဲ့မယ်”

ထန်ထန်ယုထန်က ဝင်ဖြတ်ပြောလိုက်သည်။

“မင်းရဲ့ စောက်ပေါက်ကို ပိတ်ထားလို့ မရဘူးလား”

အင်ဘိုင်ဝူက မျက်နှာ မှုန်ကုတ်သွားပြီး ပြန်အော်ဟစ် ဆဲဆိုလိုက်သည်။ သူမက

အမြဲခေါင်းမာပြီး အရှုံးကိုလည်း လက်မခံနိုင်ပါ။ ဒါကြောင့်လည်း ထန်ထန်ယုထန်ရဲ့ စိတ်ပျက်စရာစကားကို ကြားလိုက်ရင် အရမ်းဒေါသထွက်လာသည်။

"အာ"

ထန်ထန်ယုထန်လည်း အင်ဘိုင်ဝူက ပြန်အော်မယ်မထင်ထားသဖြင့် မပြုံးချင်ပြုံးချင် ပြုံးပြလိုက်သည်။

"ဘယ်လိုပဲပြောပြော ငါက မင်းရဲ့ ပညာသင်ဘက် အစ်ကိုလေ။ နည်းနည်းလောက် လေးစားပေးလို့ မရဘူးလား"

" အော် တုံးအပြီး ပြောတိုင်းယုံတတ်တဲ့ ကလေးလေးပါလား။ လေးစားမှုဆိုတာ အရည်အချင်းကလာတာ ဂုဏ်ပုဒ်တွေက မလာဘူး။ ပြီးတော့ တိုက်ပွဲကြီးတောင် မစရသေးဘူး။ မင်းပြောတဲ့ စကားတွေကလဲကွာ။ မင်းဆီက ရဲဘော်ရဲဘက်စိတ်တောင် မမြင်မိပါလား။ ပညာသင်ဘက် အကိုကြီး"

အင်ဘိုင်ဝူက ရှူးရှူးရှဲရှဲနဲ့ ကြိမ်းမောင်းနေသည်။ သူမ ပါးစပ်က သက်ညှာထောက်ထားမှုကို မတွေ့ရပေ။

ထန်ထန်ယုထန်ရဲ့ မျက်နှာ အိုးဖင်လို မည်းနက်လာသည်။ ဒါပေမယ့်လည်း သူမ ပြောတာ မမှားပါ။ တကယ်လို့ စစ်ပွဲထဲသာ ဖြစ်ပါက ဒီလိုပြောလိုက်မိရင် ခေါင်းဖြတ် ခံနေရလောက်ပြီ။

“တော်ပြီ။ တခြားတွေ တွေးမနေနဲ့တော့။ စိတ်အေးအေးသာထား”

ဆွန်းမိုက တိုက်ပွဲမစခင် သွေးပူလေ့ကျင့်ခန်းအနေနဲ့ စနှိပ်ပေးလိုက်သည်။

ဒီမြင်ကွင်းကိုမြင်တော့ ချန်လုံလည်း မျက်နှာမှုန်ကုတ်နေပြီး တစ်ခုခု အကြံပေးချင်နေသည်။ ဒါပေမယ့်လည်း ဘယ်ကစပြောရမလည်း မသိပေ။ ဒါကြောင့် ခေါင်းကိုလှည့်ပြီး ထန်ထန်ယုထန်ကိုသာ ဘုကြည့် ကြည့်နေသည်။

ထန်ထန်ယုထန်လည်း နှုတ်ခမ်းထော်လာပြီး ခံပြင်းဒေါသထွက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်းတို့တွေ ဘယ်လိုနိုင်အောင် လုပ်မလည်းဆိုတာ ကြည့်ကြတာပေါ့)

ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်သုည လီဇီချီ၊ ရယ်စရာကောင်းလောက်အောင် တုံးအတဲ့ လုချီဟွာ၊ ကိုယ်ပိုင်ကျောင်းတစ်ခါမှ မတက်ဖူးဘဲ ပုံမှန်မဟုတ်တဲ့ လမ်းစဉ်လျှောက်ထားတဲ့ အင်ဘိုင်ဝူ ။ ဒီလိုမျိုးပွဲထွက်စာရင်းနဲ့ နိုင်လိမ့်မယ် အားကြီးကြီး။ ဟာသပဲ ရမယ်။

အခန်းထဲက ပတ်ဝန်းကျင် လေထုက သက်တောင့်သက်သာ ဖြစ်နေပါသည်။

မိန်းကလေးသုံးယောက်ကို စိတ်မပူနေအောင် ဆွန်းမိုက စိတ်ဝင်စားစရာ အကြောင်းတွေ အမျိုးမျိုး ဆက်ပြောပြနေသည်။

ဒေါင် ဒေါင် ဒေါင်

အောင်ပွဲခံ ဒိုဂျိုက အောင်မြင်ခြင်း ခေါင်းလောင်းသံ ထွက်လာသည်။ ဒါက နှစ်သင်းစလုံးကို ကွင်းထဲဝင်ဖို့ အချက်ပြသံလည်း ဖြစ်သည်။

ရွှတ်စ်

မိန်းကလေး သုံးယောက်စလုံး ဆွန်းမိုကို ချက်ခြင်းလှမ်းကြည့်လိုက်သည်။

“သွားကြစို့။ ပထမဆုံး အောင်ပွဲ ခံမယ့် အချိန်ရောက်လာပြီ”

ဆွန်းမိုက လက်ကို ဆန့်ထုတ်လိုက်ပြီး မိန်ကလေးသုံးယောက်စလုံးရဲ့ ခေါင်းကို တစ်ယောက်ပြီးတစ်ယောက် ပုတ်ပေးလိုက်သည်။

“သွားကြ။ ပရိတ်သတ် ထောင်ကျော်ရဲ့ အရှေ့မှာ အောင်ပွဲခံရင် သူ့ရဲကောင်းစတိုင် ပိုစ့်ပေးဖို့ မမေ့နဲ့အုံး”

ဆွန်းမိုက သူ့ရဲ့ အသင်းကို ဦးဆောင်ပြီး နံရံနှင့် ခုံတန်းကြား လျှောက်လမ်းက ထွက်လာသည်။

နေမင်းကြီးကလည်း ပိုပြီး သန်မာလာသလို ကြီးမားသော ဆူညံသံများလည်း နားထဲဝင်လာသည်။

လီဗီချီနှင့် ကျန်တဲ့လူများသည် ပရိတ်သတ် စင်ဘက်ကို လှမ်းကြည့်လိုက်ပြီး မထိန်းနိုင်မသိမ်းနိုင် စိတ်လှုပ်ရှားလာသည်။ ဘယ်နေရာကြည့်ကြည့် လူတွေနဲ့ ပြည့်နေသည်။ အနည်းဆုံး ၃၀၀၀၊ ၄၀၀၀ လောက်ရှိမည်။

"အား...."

လုချီဟွာက လူအများကြီးကို မြင်ကာ နည်းနည်း ကြောက်သွားပြီး ဆွန်းမိုအကျီစကို ဆွဲ ညှစ်ထားသည်။

ဒီနေရာမှာရှိတဲ့ မြေပြင်ပုံစံက ရှေ့ဟောင်းရောမမြို့က တိုက်ပွဲကွင်းပြင်နဲ့ တူနေသည်။ ပွဲကြည့်စင်ပေါ်က ပရိတ်သတ်များသည် အောက်ကိုငုံ့ကြည့်ကာ တိုက်ပွဲ အရသာ ခံစားနိုင်သည်။

အောင်ပွဲခံ ဒိုဂျို၏အလယ်တွင် ဘောလုံးကွင်း တစ်ဝက်လောက် ၅မီတာပတ်လည်ရှိတဲ့ လေးထောင့်ပုံစံ ကွင်းတစ်ခုရှိသည်။ အခုချိန်မှာတော့ ဒိုင်လူကြီးလုပ်မဲ့ လင်ကျန်က ကွင်းပြင်ပေါ်မှာ ရပ်နေသည်။

“နှစ်ဖက်စလုံးက ဆရာတွေနဲ့ တိုက်ပွဲဝင်ကြမယ့် ကျောင်းသားတွေက စင်ပေါ်ကို တက်လာပေးကြပါ”

အခန်း (၁၅၂) - စိတ်ဝိညာဉ်ပုံသွင်းခြင်း မြတ်ဆရာအရှိန်အဝါ။

ဆရာနှစ်ယောက်စလုံးက တိုက်ပွဲဝင်ကြမည့်သူတို့ရဲ့ကျောင်းသား သုံးယောက်ကိုခေါ်ပြီး တိုက်ပွဲကွင်းပြင်ထဲကို ဝင်လာတာမြင်လိုက်လျှင် အရင်က အော်ဟာစ်အားပေးနေသော
အောင်ပွဲခံဒိုဂျိုတစ်ခုလုံးက
ပရိတ်သတ်များငြိမ်ကျသွားပြီး အသံများလည်း တိတ်ဆိတ်သွားသည်။

လူတိုင်းလည်း ဆွန်းမိုနောက်က မိန်းကလေးသုံးယောက်ကိုကြည့်ပြီး ခေါင်းခြောက်သွားသည်။

ဘာဖြစ်နေတာလဲ။ ဘာလို့ အားလုံးက မိန်းကလေးတွေပဲ ဖြစ်နေတာလဲ။

လုံသိုင်းအရမ်းတော်တဲ့ ရှန်ယွန်ပေါင်က ဘယ်မှာလဲ။ ဘာလို့ မပေါ်လာတာလဲ။

အရင်ကတော့ တိုက်ပွဲ ၃ကြိမ်တွင် အနည်းဆုံး တစ်ပွဲတော့ စိတ်လှုပ်ဖို့ကောင်းတဲ့ တိုက်ပွဲ ဖြစ်လာမယ့်လို့ လူတိုင်းက တွေးနေခဲ့ကြသည်။ ဒါပေမယ့် အခုတော့ စိတ်ပျက်သွားကြသည်။ ဂေါင်ပန်ဘက်မှာက ယောက်ျားလေး ၃ယောက် ဖြစ်နေသည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် ကျား၊မ တန်းတူ အခွင့်အရေး မရှိသေးပါ။ ပြီးတော့ ကျင့်ကြံခြင်းနယ်ပယ်တွင် မိန်းကလေးတွေနှင့် ယောကျ်ားလေးတွေက အဆင့်တစ်ခုတည်း တူနေရင်တောင် မိန်းကလေးတွေက ပိုအားနည်းကြသည်။ ဒါကလည်း ဖွဲ့စည်းပုံနှင့် ဇီဝကမ္မဖြစ်စဉ် ကွာခြားချက်ကြောင့်လည်း ဖြစ်သည်။

ယောကျ်ားလေးတွေက လတိုင်း ရက်အနည်းငယ်လောက် သွေးဆင်းရင် သူတို့ သည်းမခံနိုင်မှာ သေချာသည်။

"ဆွန်းမိုရဲ့ ရွေးချယ်မှုကတော့ အရမ်းစိတ်ဝင်စားဖို့ ကောင်းနေပြီ။"

ဂျိမဲဂျဲက အန်ရှီဝေ ရောက်လာတာ မြင်လိုက်လျှင် မနေနိုင်ဘဲ ဆွန်းမိုနဲ့ ပက်သက်ပြီး နောက်လိုက်သည်။

"အမ်"

အန်ရှီဝေလည်း ဘေးတွင် ဝင်ထိုင်လိုက်ပြီး အရောင်ချယ်ထားသော မျက်ခုံးများ တွန့်နေပြီ။ ကွင်းထဲတွင် လီဇီချီလည်း ရှိနေတာ မြင်လိုက်ရင် ပိုတောင် စိတ်ပူလာသေးသည်။

လီဇီချီရဲ့ ခိုင်မာတောင့်တင်းတဲ့ နောက်ခံကြောင့် ကြယ်ပွင့်အဆင့်ရှိတဲ့ မြတ်ဆရာတွေတောင် သူမရဲ့ ပကတိအခြေအနေကို တိတိကျကျ မစုံစမ်းနိုင်ကြပါ။

ဒါကြောင့်လည်း အန်ရှီဝေကလွဲရင် ဘယ်သူမှ သူမရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်

အကြောင်းကို မသိကြပေ။ သူမရဲ့ ဆရာဖြစ်တဲ့ အလယ်အလတ် သူတော်စင်ကို ဆရာလာတင်တဲ့အချိန်မှာ ငြင်းလိုက်လို့ သူမလည်း သိခဲ့ရသည်။

လီဇီချီကို စင်ပေါ်ပေးတက်လိုက်တာ နည်းနည်း စွန့်စားရာ မကျဘူးလား။ တကယ်လို့သူမသာ ဒဏ်ရာရသွားပါက သူမရဲ့ အဒေါ်က ငုတ်တုတ်ထိုင်ကြည့်နေမှာ မဟုတ်ပေ။

"ဆရာဆွန်း ဘာလုပ်နေတာလဲ။ ဘာကြောင့် မိန်းကလေးသုံးယောက်ကို တိုက်ပွဲဝင်ဖို့ ရွေးတာလဲ"

ကျန်ရှိလည်း အရမ်းအံ့အောနေသည်။ သူ့အတွက် အရာအားလုံး အဆင်ပြေချောမွေ့နေလို့ ဘဝင်မြင့်သွားတာလား။ ချီရှန်ကျားကတော့ လက်သီးတင်းတင်း ဆုပ်ထားပြီး မျက်လုံးနှစ်လုံးကလည်း လီဇီချီနှင့် မိန်းကလေးနှစ်ယောက်ဆီက မခွာပဲ

မျက်တောင်မခတ်ပဲ စိုက်ကြည့်နေသည်။ အရမ်းလည်း စိတ်ပူနေသည်။

ကွင်းထဲမှာ............................

ဂေါင်ပန်၏ အမူအရာ ချက်ခြင်း ပြောင်းသွားသည်။

'ဆရာဆွန်း၊ ဘာသဘောလဲ။ ငါ့ကို အထင်သေးနေတာလား”

ဂေါင်ပန်က မေးခွန်းထုတ်နေသည်။

ဓောင်ဝမ်တိုနှင့် ကျန်တဲ့ နှစ်ယောက်လည်း ခံပြင်းဒေါသထွက်နေသည့် ပုံပေါက်နေသည်။

သူတို့က ဒီပွဲမှာ ရှန်ယွန်ပေါင်ကို တိုက်ခိုက်ပြီး နာမည်ကြီးချင်တာ။ အခုတော့ ဘာလုပ်ရမှာလဲ။ ဘာအခွင့်အရေး ရှိတော့မှာလဲ။

တကယ်လို့ သူတို့နိုင်ရင်တောင် ဂုဏ်ယူစရာလည်း မရှိသလို ကံဆိုးရင် အလှောင်အပြောင်တောင် ခံရအုံးမည်။

"မင်းက ငါ့ရဲ့ ချစ်တပြည့် သုံးယောက်ကို အနိုင်ယူပြီးမှ စကားလာပြော ။ ဟုတ်လား"

ဆွန်းမိုကတော့ အေးအေးဆေးဆေး ပဲ။

"ကျောင်းသားတွေ မင်းတို့ရဲ့ ပြိုင်ဘက်ကို ရွေးပြီးပြီလား"

လင်ကျန်ကတော့ ဒိုင်တစ်ယောက်အနေနဲ့ ဝင်ရောက်စွက်ဖက်ခွင့်မရှိပါ။ ဒါကြောင့်လည်း လိုအပ်တဲ့ မေးခွန်းသာ မေးလိုက်သည်။

"ငါ သူ့ကို ရွေးတယ်"

လီဇီချီက ဖောင်ဝမ်တိုကို ချက်ခြင်း လက်ညှိုး ထိုးပြသည်။ အဲဒီကောင်သည် ပြဿနာရဲ့ နောက်ကွယ်က တရားခံဆိုတာ သေချာတယ်။

ဒါကြောင့်လည်း လီဇီချီက သူ့ကို ရိုက်ပစ်ပြီး လက်စားခြေ ခြင်နေသည်။

"မင်းတို့ အရင်ရွေးလိုက်"

အင်ဘိုင်ဝူအတွက်ကတော့ ဘယ်တစ်ယောက်ကိုပဲ ရိုက်ရရိုက်ရ အဆင်ပြေသည်။

"ငါ…………ငါ...................."

လုချီဟွာက ဇောင်ဝမ်လီနှင့် ဖူချောင်ကို ကြည့်လိုက်သည်။ ဖူချောင်က ပိုရက်စက်မယ်ထင်ပြီး

ဖောင်ဝမ်လီကိုသာ ရွေးဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။

" ငါက ဘိုင်ဝူ ထက်စာရင် ပညာသင်ဘက် အစ်မပဲ။ ရက်စက်တဲ့ ပြိုင်ဘက်ကို ရွေးပြီး အားနည်းတဲ့ကောင်ကို သူ့အတွက် ထားပေးလိုက်မယ်"

လုချီဟွာကတော့ လူတစ်ယောက်ကို ရှိန်စရာ လိုလား မလိုလားဆိုတာကို ရက်စက်တဲ့ ပုံစံနဲ့ သုံးသပ်သည်။

"ဒါဆိုရင်တော့ မင်းက ငါ့ရဲ့ ပြိုင်ဘက်ပဲ"

အင်ဘိုင်ဝူက ဇောင်ဝမ်လီကို ချက်ခြင်း စိုက်ကြည့်ပြီး ပြောလိုက်သည်။

“ ရှန်ယွန်ပေါင်က ဘယ်မှာလဲ။ တိုက်ဖို့ ကြောက်နေလို့လား”

ဇောင်ဝမ်တိုက အင်ဘိုင်ဝူကို လုံးဝနီးပါး မသိချင်ယောင်ဆောင်ထားပြီး စင်ပေါ်က ပြိုင်ဘက်အသင်းအတွက် သတ်မှတ်ထားတဲ့ အနားယူတဲ့နေရာကို လှမ်းကြည့်လိုက်သည်။

ထန်ထန်ယုထန်နှင့် ကျန်တဲ့လူများ ထိုင်နေတာကို မြင်လိုက်ရသည်။ ဒါပေမယ့် ရှန်ယွန်ပေါင်ကတော့

တိုက်ပွဲကို လုံးဝ စိတ်မဝင်စားပဲ တရားထိုင်နေသည်။

"ငါ............လို..................ငါ့ကိုဘယ်လောက် တောင် အထင်သေးနေတာလဲ"

ဇောင်ဝမ်တို၏ အဆုတ်များ ဒေါသကြောင့် ပေါက်ကွဲချင်လာသည်။

....

"ဆရာဆွန်းနှင့် ဆရာဂေါင်တို့ နှစ်ယောက်စလုံးက ကျောင်းရဲ့ ဆရာအသစ်တွေပဲ။ သူတို့နှစ်ယောက်ရဲ့ နောက်ကအကြောင်းတွေကို လူတိုင်း

ကြားဖူးကြတယ်ဆိုတော့ သူတို့ တပြည့်တွေကလဲ သေချာပေါက် ထူးချွန်မှာပဲ”

အောင်ပွဲခံဒိုဂျိုတွင် ကျယ်လောင်ပြီး ရှင်းလင်းတဲ့ အသံ ရုတ်တရက် ထွက်ပေါ်လာသည်။

အားလုံးက အသံလာရာ စင်ဘက်ကို လှည့်ကြည့်လိုက်ရင် ကျန်ဟန်ဖူကို မြင်လိုက်ရသည်။ သူက ပြုံးပြုံးရွှင်ရွှင်နဲ့ ဆရာအသစ်နှစ်ယောက်ကို ချီးကျူးနေသည်။

“ဒါက ဒီနှစ်ကျောင်းအတွက် ပထမဆုံး တရားဝင် တိုက်ပွဲလည်း ဖြစ်တယ်။ သူတို့အားလုံး

အစွမ်းကုန်အားထုတ်ပြီး ကြိုးကြိုးစားစား တိုက်ခိုက်လာအောင် လှုံ့ဆော်ပေးတဲ့အနေနဲ့ အနိုင်ရတဲ့အဖွဲ့ကို နောက်နှစ်လကြာရင် သွားရမယ့် အမှာင်တိုက်ကြီးကို သွားခွင့် ၃နေရာစာ ဆုပေးမယ်”

ကျန်ဟန်ဖူ ပြောပြီးသည်နှင့် ပရိတ်သတ်တွေဆီက ရုတ်တရုတ် အံ့အောသင့်သည့် အသံများထွက်လာသည်။ အငယ်တန်းက ကျောင်းသားတွေတောင် အမှာင်တိုက်ကြီးနဲ့ ပက်သက်တဲ့ ကောလဟာလတွေကို ကြားဖူးကြသည်။

ဒါကြောင့်လည်း တိုက်ပွဲ ကွင်းပြင်ကို အားကျတဲ့ အကြည့်နှင့် နောက်တစ်ခါ ပြန်ကြည့် လိုက်မိကြသည်။

အတန်ကြီး ကျောင်းသားတွေဆိုရင် ပြောမနေနဲ့တော့။ မနာလိုစိတ်ကြောင့် ရှုးတော့မလိုတောင် ဖြစ်နေကြသည်။

တကယ်လို့ တစ်ယောက်ယောက်များ ထူးဆန်း ဆန်းကြယ်တဲ့ ရတနာကို ရလိုက်ပါက ကျင့်ကြံခြင်းက တရှိန်ထိုး တိုးတက်လာနိုင်သည်။ တချို့ဆို အမှောင်တိုက်ကြီးက စိတ်ဝိညာဉ်သားရဲကို

ဖမ်းလာနိုင်ကြသည်။ အဲဒီအချိန်မှစပြီး သူတို့ရဲ့ တိုက်ခိုက်ရေး စွမ်းရည်ကလည်း ဆက်တိုက်ကို တိုးတက်လာနိုင်သည်။

ကောလဟာလအရဆို လူတစ်ယောက်က နတ်ဘုရားမြက်ရဲ့ ရိုးတံကို ရခဲ့သည်။ ပြီးတော့ စားလိုက်သည်။ စားပြီးတာနဲ့ ချက်ခြင်း ပေါက်ကွဲသွားပြီး အမှုန့်ဖြစ်သွားတယ် ပြောကြသည်။

ကျောင်းသားများ အမြင်မှာတော့ အမှောင်တိုက်ကြီးသည် ကျင့်ကြံခြင်းကို

ကောင်းကောင်းမသိခဲ့တဲ့ အချိန်က မိတ်ဆက်တဲ့နေရာ ဖြစ်သည်။ နေရာတိုင်းမှာ အခွင့်အရေးကောင်းတွေ ရှိနေသည်။ ဒီလို အကျိုးအမြတ်ရှိတဲ့နေရာကို မသွားချင်တဲ့ လူရှိလို့လား။

ဒါပေမယ့်လည်း သူတော်စင်ဂိတ်က ကျောင်းတွေကို ခွဲတမ်း သတ်မှတ်ပြီးချပေးထားခဲ့သည်။

ဒါကြောင့်လည်း အတန်းတိုင်းတွင် အရမ်းထူးချွန်တဲ့သူများသာ သွားဖို့ အရည်အချင်း

မိုကြသည်။ ဒါကြောင့်လည်း ဒီလိုအရေးပါတဲ့ နေရာကို လူတိုင်းက လုယူဖို့ ကြိုးစားနေကြရသည်။

မထင်မှတ်ပဲ ကျောင်းသားအသစ် သုံးယောက်ကတော့ မနာလိုပြီး သတ်ပစ်စရာ ကောင်းလောက်အောင်ကို လွယ်လွယ်လေးနဲ့နေရာ ရတော့မည်။

ဇောင်ဝမ်တိုနှင့် ကျန်တဲ့နှစ်ယောက်သည် အမျိုးသမီး ပြိုင်ဘက်များကိုတွေ့ပြီး တိုက်ပွဲဝင်ချင်စိတ် သိပ်မရှိကြတော့ပေ။ ဒါပေမယ့်

အခုတော့ ကျန်ဟန်ဖူရဲ့ ဆုလာဒ်ကို ကြားပြီး သူတို့သည် ကြက်သွေးများ ထိုးသွင်းလိုက်သလို ဖြစ်လာသည်။ သူတို့၏ အကြည့်များကလည်း လူသတ်ချင်စိတ်နဲ့ ပြည့်လာသည်။

သူတို့သုံးယောက် ဂေါင်ပန်ကို စော်ကားသလို ဖြစ်သွားမှာကို သိသိကြီးနဲ့ ဘာကြောင့် စွန့်စားခဲ့ကြတာလဲ။ ဒီနေရာအတွက် မဟုတ်ဘူးလား။ အခုသာ နိုင်သွားရင် နေရာရပြီ။ ပြိုင်ဘက်က ကလေးတစ်ယောက်ဖြစ်နေရင်တောင် မတိုက်ခိုက်ချင်စရာ မရှိပါ။

"ဒု-ကျောင်းအုပ်ကြီးကျန် ခွဲတမ်းနေရာနဲ့ ပက်သက်ပြီး တစ်ဖက်သတ် ဆုံးဖြတ်လို့ မရဘူး'

အန်ရှီဝေက မတ်တပ်ရပ်ပြီး ပြောင်းလိုက်သည်။

ကျန်ဟန်ဖူကတော့ တဟားဟားနဲ့ လှောင်ရယ်နေသည်။ သူ့ရဲ့ သဘောထားသည် ကျောင်းသားဘက်က တွေးပေးနေသလို ဖြစ်နေသည်။

"အခြားဆုအမျိုးအစား မင်းရွေးနိုင်တယ်"

အန်ရှီဝေကတော့ လုံးဝ သဘာမတူပေ။

ကျန်ဟန်ဖူသည် အန်ရှီဝေနဲ့ လက်တွဲ အလုပ်လုပ်တာ နှစ်ပေါင်းများစွာ ရှိနေပြီ။ သူမရဲ့ အမူအရာကို ကြည့်လိုက်တာနဲ့ ဒီအမျိုးသမီး ဘာကြောင့် ပြတ်ပြတ်သားသား ကန့်ကွက်နေသလဲ ဆိုတာ သိသည်။ သူကရော ဘာလို့လုပ်တာလဲ။ ဒီတစ်ကြိမ်က ဆွန်းမိုကို လုံးလုံး ရှင်းထုတ်ပစ်ဖို့ အချိတ်ဆက်မိမိ ဉာဏ်ဆင်ထားခြင်း ဖြစ်သည်။

“ဒီလိုဆိုရင်ကော ဘယ်လိုလဲ။ ငါက ဒုကျောင်းအုပ်ဆိုတော့ ငါ့မှာထောက်ခံလို့ရတဲ့

ခွဲတမ်း ၁၀နေရာရှိတယ်။ အဲ့ဒီအထဲကနေ ဆုအဖြစ် သုံးခု ထုတ်သုံးမယ်”

ကျန်ဟန်ဖူကတော့ အားလုံး ထုတ်ရင်းလိုက်ပြီ။ ပုံမှန်သာဆိုရင် ဒီခွဲတမ်းတွေကို လူတွေ အထင်ကြီး မျက်နှာသာ ပေးလာအောင် သုံးလိုက်မည်။

“ထားလိုက်တော့။ ပြန်ထိုင်ပါ”

အန်ရှီဝေတစ်ယောက် ချေပချက် ပျောက်နေတာကို မြင်လိုက်ရင် ဂျီမဲဂျဲက

သူမလက်မောင်းကို ကိုင်လိုက်ပြီး ပြန်ထိုင်ဖို့ ဆွဲချလိုက်သည်။

"ကျန်ဟန်ဖူက ဒီကိစ္စကို စိတ်ပိုင်းဖြတ်ထားတဲ့ပုံပဲ။ မင်းဆက်ငြင်းနေရင်လည်း ဘာမှ ထူးလာမှာ မဟုတ်ဘူး။ ပြီးတော့ ဆွန်းမိုရဲ့ တပြည့်တွေ ရှုံးမယ်လို့လည်း ဘယ်သူကသေချာပေါက် ပြောနိုင်လို့လဲ"

"အင်း,,,,,,,,,,မင်းမသိသေးပါဘူး"

အန်ရှီဝေက သက်ပြင်းချရင်း ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရင်က လီဇီချီနှင့် အင်ဘိုင်ဝူတို့ အကြောင်းကို စုံစမ်းထားဖူးသည်။ တစ်ယောက်က ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်သုည၊ နောက်တစ်ယောက်ကလည်း ကိုယ်ပိုင်ကျောင်းတော် တစ်ခါမှ မတက်ဖူးတဲ့ တခြားသူကျင့်ကြံတာကို ခိုးကြည့်ပြီး သင်ကြားခဲ့တဲ့သူ မရှိတဲ့ စိတ်ကူးတည့်ရာ လေ့ကျင့်ထားတဲ့လူ။ သူမ ဘာမဖြစ်ခဲ့တာကိုပဲ ကောင်းကင်ကြီးကို ကျေးဇူးတင်ရမည်။

လုချီဟွာကျတော့ရော အခန်းထဲက ထွက်လာကတည်းက ဆွန်းမိုနေခ်ာက်မှာ တစ်ချိန်လုံးလိုက်နေပြီး အင်္ကျီ အပေါ်ပိုင်းကို မလွတ်တမ်း ဆွဲထားသည်။ ဒီလို ကြောက်တတ်တဲ့ ပုံစံမျိုးနဲ့ ဘယ်လို နိုင်မှာလဲ။

“ နှစ်ဖက်စလုံး အနားယူတဲ့ နေရာ ပြန်သွားကြပါ။ သုံးမိနစ်ကြာပြီးရင် ပထမဆုံး တိုက်ပွဲ စမယ်”

“ဘာလို့ ချက်ခြင်း မစတာလဲ”

ဖူချောင်က သုန်သုန်မှုန်မှုန်နဲ့ ပြောလိုက်သည်။

“ငါတို့ ဘယ်လိုလုပ်မလဲ။ ဘယ်လို လုပ်ကြမလဲ”

အနားယူတဲ့ နေရာကို ရောက်တာနှင့် လုချီပွာကတော့ ခေါင်းကို လက်အုပ်ပြီး ထိုင်ရေရွတ်နေသည်။ သူမက မျက်နှာငယ်လေးနဲ့ စိုးရိမ်တုန်လှုပ်နေရှာသည်။ သူမက အရိုက်ခံရလို့ သေသွားလည်း ပြဿနာ မရှိပါ။ ဒါပေမယ့် သူမရှုံးခဲ့ရင် သူမရဲ့ဆရာ အရှက်ကွဲရလိမ့်မည်။

ဟားဟား ဟားဟား

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမြင်ကွင်းကို မြင်ပြီး ပရိတ်သတ်တွေ တသောသောနဲ့ ရယ်မဆုံးနိုင် ဖြစ်နေကြသည်။ ဒါပေမယ့် မလျှောင်ပြောင်ကြပါ။ သူတို့မျက်လုံးထဲတွင် ကလေးကလားဆန်ပြီး ချစ်ဖို့ကောင်း နေသည်။

လုချီဟွာကတော့ အမြဲတမ်း ခပ်တုံးတုံးနဲ့ ဘရုတ်သုတ်ခ ဖြစ်နေတတ်သည်။ သူတို့အနားယူတဲ့ နေရာကို ပရိတ်သတ်တွေ မြင်နိုင်တာ မေ့နေခဲ့သည်။

ရယ်သံတွေကြောင့် ခေါင်းမော့ကြည့်ပြီး လန့်ဖျန့်သွားသည်။ ကတိုက်ကရိုက် မတ်တပ်ရပ်ပြီး ဆွန်းမိုနောက်ကို ပြေးပုန်းလိုက်သည်။

"အို အ။ ငါတော့ ဆရာကို အရှက်ကွဲအောင် လုပ်မိပြန်ပြီ"

လုချီဟွာကတော့ စိတ်ပျက်ပြီး နံရံနှင့် ခေါင်းကိုသာ ပစ်တိုက်ချင်နေသည်။

အနားယူနေတဲ့ နောက်တစ်ဖက်ကလည်း ဒီမြင်ကွင်းကိုမြင်ပြီး စိတ်လှုပ်ရှားစွာ တစ်ယောက်နှင့် တစ်ယောက် အကြည့်ခြင်း ဖလှယ်လိုက်ကြသည်။

ဖူချောင်ရဲ့ ကံကောင်းမှုကို တွေးမိပြီး စိတ်ရှုပ်ထွေးစွာ သက်ပြင်း ချလိုက်ကြသည်။ သူ့လိုမျိုး ပြိုင်ဘက်မျိုးသာဆိုရင် အားထုတ်စရာတောင် မလိုဘူး။ အေးအေးဆေးဆေး အနိုင်ရနေပြီ။

“ ပညာသင်ဘက်ညီလေး ဖူ။ မင်းကို ကြိုပြီး ဂုဏ်ပြုထားလိုက်မယ်”

ဇောင်ဝမ်တိုက တဟားဟားနဲ့ ရယ်ပြီး ပြောလိုက်သည်။

“ဟား ဟား”

ဖူချောင်ကတော့ မထိန်းနိုင်မသိမ်းနိုင် အော်ရယ်နေသည်။

"မင်းစိတ်ကို ပြင်စမ်း။ ပြိုင်ဘက်က ကလေးဖြစ်နေရင်တောင် စင်ပေါ်ရောက်တာနဲ့ တိုက်ခိုက်ချင်စိတ်ကို နှစ်ဆလောက် တင်ထားစမ်း"

ဂေါင်ပန်က ဖူချောင်ကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

ရွှတ်စ်

တန်ဖိုးဖြတ်မရသော အကြံပြုချက်လည်း ထွက်လာသည်။

ရွှေရောင်အလင်းတန်းတွေက ရယ်မောနေတဲ့ ဖူချောင်ကို ဖုံးလွှမ်းသွားသည်။

ဖူချောင်လည်း တိုက်ချင်စိတ် ချက်ခြင်းပြည့်လာပြီး ခေါင်းညိတ် အရိပ်အခြေပေးလိုက်သည်။

“ငါ သူမကို ဖျက်ဆီး ပစ်မယ်”

“တောက် ဒီလောက်အထိ ရက်စက်မှရမှာလား။ မင်းတို့နိုင်မယ်ဆိုတာ သေချာနေပြီပဲ။ ဒါတောင် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို သုံးလိုက်သေးတယ်”

“ ဒါမှ ငါ့ရဲ့ တကယ် သဘောကျတဲ့ ဂေါင်ပန် ပဲ။ သူတော့ အစွမ်းကုန် ကြိုးစားနေပြီ”

“ဒီကောင်တော့ အလကား လက်မှတ်ရသလို တော်တော်ကံကောင်းတဲ့ ကောင်ပဲ”

ပရိတ်သတ်တွေလည်း မနေနိုင် မထိုင်နိုင်ဖြစ်ရာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနေကြသည်။ ဒါပေမယ့်လည်း သူတို့ ကြောင်အပြီး ပါးစပ် ပိတ်သွားသည်။ ဆွန်းမိုက ရုတ်တရက် လုချီဟွာရဲ့ ခေါင်းကို လက်သီးနဲ့ ထိုးချလိုက်သည်။

“အား”

အသည်းငယ်တဲ့ မိန်းကလေးတွေက အလန့်တကြား ထအော်ကြသည်။ ဆွန်းမို ဘာလုပ်တာတုန်း။

ရှုံးတော့မှာသိလို့ ရှက်ရမ်း ယမ်းနေတာလား။ ဒါပေမယ့် သိပ်မကြာခင် တမူထူးခြားနေတာကို မြင်လိုက်ရသည်။ ဆွန်းမိုလက်သီးက အဖြူရောင် အလင်း တဖျပ်ဖျပ် တောက်နေသည်။

လက်သီးချက်ကြောင့် လေအေးတွေတောင် ထွက်လာသည်။ ဆွန်းမိုရဲ့ ညာလက်သီးက

လုချီဟွာ နှာခေါင်းနဲ့ ထိလုထိခင်တွင် ရပ်သွားသည်။

လက်သီးပေါ်တွင် ဆွတ်ဆွတ်ဖြူနေသော အဖြူရောင်အလင်းထု ရှိနေသည်။ လက်သီးချက်ရပ်သွားတဲ့ အချိန်တွင် ရောင်ခြည်များ 'ဝုန်း'ဆိုပြီးပေါက်ကွဲလာပြီး လုချီဟွာ မျက်နှာကို ရိုက်ခတ်သွားသည်။

ရွှတ်စ်

လုချီဟွာ ခန္ဓာကိုယ် အနောက်ကို အနည်းငယ် ယိုင်သွားသည်။ ဒီစက္ကန့်ပိုင်းတွင်းမှာပင်

များပြားလှတဲ့ သိုင်းကွက်များ။ အတွေ့အကြုံတွေ၊ ယုံကြည်ချက်တွေ၊ တည်ငြိမ်မှုတွေ၊ ရန်လိုမှုတွေနှင့် အမျိုးမျိုး သောစိတ်ခံစားချက်တွေ ခေါင်းထဲမှာ ပေါက်ကွဲ ထွက်လာသည်။

အဖြူရောင်အလင်းတန်းက လုချီဟွာ ခန္ဓာကိုယ်ကို ဖြတ်ခနဲ ဖြတ်ကျော်သွားသည်။ ပြီးတာနဲ့ အရင်က ကြောက်လန့်တုန်ရီနေသော မိန်းကလေးက ချက်ခြင်း ငြိမ်ကျသွားသည်။

“အမ်။ ငါကဘာလို့ မကြောက်တော့တာလဲ”

လုချီဟွာက သူ့လက်ကိုသူ သံသယ မျက်လုံးတွေနဲ့ ကြည့်နေသည်။

"ပြီးတော့ ငါက ပိုပြီးသန်မာလာသလိုပဲ။ ဖူချောင်ကို အနိုင်ယူဖို့ဆိုတာ ကိတ်မုန့်ဖွဲ့သလိုပဲ နေမှာ"

"ဒါ...........ဒါက မြတ်ဆရာ အရှိန်အဝါလား"

လီဇီချီကတော့ ဇဝေဇဝါဖြစ်ပြီး ပါးစပ်ကို လက်ဖြင့် အုပ်ထားသည်။ ကြည့်ရတာတော့ မြတ်ဆရာအရှိန်အဝါနဲ့တူတယ်။ ဒါပေမယ့် သူမခေါင်းကို ဖြစ်ညှစ် စဉ်းစားနေသော်လည်း

အသက်သွင်းလိုက်တာနဲ့ ဒီလိုဖြစ်စဉ်မျိုး ဖြစ်တတ်သည့် မြတ်ဆရာ အရှိန်အဝါကို စဉ်းစားလို့ မရဖြစ်နေသည်။

ပွဲကြည့်စင်ပေါ်တွင်..............

အန်ရှီဝေနဲ့ ဂျိမဲဂျဲတို့ မှင်တက်စွာ ကြည့်နေကြသည်။

“ဒါက မြတ်ဆရာအရှိန်အဝါလား”

ကူရှုပ်ရှင်းရဲ့ မသဲမကွဲတဲ့ အသံလည်း ထွက်လာသည်။

အခန်း (၁၅၃) - နိုင်ပွဲ ၊ နိုင်ပွဲ ၊ နိုင်ပွဲ ။

"ဆရာ။ ဒါကဘာလဲ"

ထန်ထန်ယုထန်သည် ဆွန်းမိုကို လူစိမ်းတစ်ယောက်လို့တော့ မတွေးပေ။ သူ မသေချာမရေမရာ ဖြစ်လာရင် အမြဲမေးတတ်သည်။

"မြတ်ဆရာအရှိန်အဝါ"

ဆွန်းမိုက ခြုံငုံမိအောင် ပြန်ဖြေလိုက်သည်။

“ဝိုး၊ ဒါဆို ငါတို့ သေချာပေါက် နိုင်ရမယ်”

လုချီဟွာက လက်သီးကို တင်းတင်းဆုပ်ထားပြီး ယုံကြည်ချက် အပြည့်နဲ့ ဖြစ်နေသည်။ ပုံမှန်ဆိုရင် ရန်ဖြစ်နေတာ မြင်ရင်တောင် အရမ်းထိတ်လန့် တုန်လှုပ်နေတတ်သည်။ ဒါပေမယ့် အခုတော့ တည်တည်ငြိမ်ငြိမ်နဲ့ အိန္ဒြေ ရနေသည်။

အခုချိန် ဖူချောင်သာ သူမအရှေ့တွင် ရပ်နေရင် လေနဲ့ မှုတ်လိုက်လျှင်တောင် ချက်ခြင်း လဲကျသွားမယ်လို့ ထင်နေသည်။

“ အရမ်းတွေးမနေနဲ့။ အခု မင်းစိတ်ကို တည်ငြိမ်အောင် လုပ်ပြီး မင်းဦးနှောက်မှာ ထိုးသွင်းထားတဲ့ အရာတွေကို ထိန်းနိုင်အောင်လုပ်”

ဆွန်းမိုက လမ်းပြပေးနေသည့်.

ပုံမှန်နေ့သာဆိုရင် လုချီဟွာ မလုပ်နိုင်လောက်ပါ။ အရမ်းစိုးရိမ်ပြီး စိတ်တွေ ထွေပြားသွား နိုင်သည်။

ဒါပေမယ့် အခုတော့ စိတ်ဝိညာဉ်ပုံသွင်းခြင်းကို လုချီဟွာ ခေါင်းထဲ ထိုးသွင်းထားသောကြောင့် ၅ မိနစ်အတွင်းမှာ အရမ်းပြင်းထန်သော ဖိအားတွေကိုတောင် ခံနိုင်ရည် ရှိနေပြီ။

လုချီဟွာ၏ လက်ရှိပုံစံမှာ သူမကိုယ်တိုင်သာ ဖြစ်နေသေးသော်လည်း ကျင့်ကြံခြင်းကျင့်စဉ်နှင့် စိတ်ခံစားချက်တွေ၊ စိတ်ဓါတ်ရေးရာတွေက ဆွန်းမို အပိုင်လို့ ဆိုနိုင်သည်။

"အင်း"

လုချီဟွာသည် ခေါင်းညိတ်လိုက်ပြီး အရာအားလုံးကို နားလည်အောင် အလေးထားအာရုံစိုက် ကြိုးစားလိုက်သည်။ စီးဆင်းနေသည့် သတင်းအချက်အလက် တွေက အရမ်း များပြားနေရင်တောင် လုချီဟွာက အကုန်လုံးကို ခွဲခြမ်းသုံးသပ်နိုင်စွမ်း ရှိနေသည်။ ဒါတွေနဲ့ ရင်းနှီးနေသလို ဖြစ်နေသည်။

“ ၃ မိနစ်ရှိပြီ။ နှစ်ဘက်စလုံးက မင်းတို့ ကျောင်းသားတွေကို ကွင်းထဲ လွှတ်ပေးပါ”

လင်ကျန်က အချိန်ကို အာရုံစိုက်ပြီး ပြောလိုက်သည်။

ရှုတ်စ်

လုချီဟွာ မျက်လုံးပွင့်လာပြီး ဆွန်းမိုကို စိုက်ကြည့်လိုက်သည်။

"ဆရာ၊ ကျွန်မ အခုပဲ သွားတော့မယ်"

"သွား။ ပထမဆုံး အောင်ပွဲ ခံလိုက်"

ဒီတစ်ခါတော့ ဆွန်းမိုက လုချီဟွာ ခေါင်းကို မပုတ်လိုက်ပေ။ အဲဒီအစား သူမနောက်ကျောကို အားနှင့်ပုတ်လိုက်သည်။

“ မင်းအဖေကို ဂုဏ်မယူစေချင်ဘူးလား။ ဒီတိုက်ပွဲက မင်းမလုပ်ရသေးတဲ့ ပထမဆုံး ခြေလှမ်းပဲ”

ဝမ်း....

ဆွန်းမို ခန္ဓာကိုယ်မှ ရွှေရောင် အလင်းများ တောက်ပလာသည်။ ဖြာထွက်ပြီး လုချီဟွာ ကိုယ်ပေါ်ကို လွှမ်းခြုံသွားသည်။ အရမ်းယုံကြည်ချက် ရှိနေတဲ့ သဘော်သီးကောင်မလေးက အခုဆို ပိုတောင် ယုံကြည်ချက ် ပြင်းထန်လာသည်။

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်လား။

ဒီမြင်ကွင်းကို မြင်လိုက်ရင် ပရိတ်သတ်များ ရုတ်တရုတ်အံ့အောပြီး အော်ဟစ်ဆူညံသံများ ထွက်လာသည်။ ဒီဆရာနှစ်ယောက်တော့ အနိုင်ရဖို့ တကယ်ကြိုးစားနေတာပဲ။ ကျောင်းသားတွေ တက်ကြွလာဖို့အတွက်တောင် မြတ်ဆရာအရှိန်အဝါကို ထုတ်သုံးနေသည်။ ဒါက တိုက်ခိုက်ရေး စွမ်းရည်ကို အနည်းဆုံး ၁၀ ရာခိုင်နှုန်း တိုးတက်လာစေသည်။

ကျောင်းသားများ တိုက်ခိုက်သည့် အခါ ဆရာများကို ဘေးက ညွှန်ကြားခွင့်ပေးထားသဖြင့်

လင်ကျန်က မတားပေ။ ပြီးတော့ 'တန်ဖိုးဖြတ်မရသော အကြံပြုချက်' မြတ်ဆရာအရှိန်အဝါလို မြတ်ဆရာ အရှိန်အဝါများကို ကျောင်းသားများအပေါ်တွင် သုံးခွင့် ပေးထားသည်။

လုချီဟွာလည်း ခေါင်းညိတ်လိုက်ပြီး စင်ပေါ်ကို မြန်မြန်ဆန်ဆန် ပြေးတက်သွားသည်။ လေထဲ ကျွမ်းပစ်ကာ စင်ပေါ်ကို လှတပတလေး ရောက်သွားသည်။

သဘော်သီးအရွယ် ရင်သားတစ်စုံက နှိမ့်လိုက်မြင့်လိုက်နဲ့ လောကဓံတရားကို အံတုနေသည်။

ဖြောင်း ဖြောင်း ဖြောင်း

ချက်ခြင်းကို လက်ခုပ်သံများ ထွက်လာသည်။ ဒီကောင်မလေးက ချစ်ဖို့ကောင်းပြီး လှတပတလေးဖြစ်သည်။ ကွင်းထဲကို မျက်လုံးဖမ်းစားပြီး ဝင်လာသေးသည်။ ဒါကြောင့်လည်း ယောက်ျားလေးကျောင်းသားများက ဘက်လိုက်ပြီး အားပေးတာ ဓမ္မတာပင် ဖြစ်သည်။

ဖူချောင်လည်း စင်ပေါ်တွင် ရပ်နေပြီး မျက်မှောင်ကြုတ်နေသည်။

(ဒီကောင်မလေးကို အရမ်းကြောက်နေမယ်ထင်ထားတာ။ ဘာကြောင့် အခုလို ရတ်တရတ်ကြီး ယုံကြည်ချက်တွေ ရှိနေတာလဲ)

"နေအုံး။ သူမက ရှိုးပွဲလုပ်ခဲ့တာ ဖြစ်နေမလား"

ဖူချောင်ကတော့ ထောင်ချောက်ထဲ ရောက်သွားပြီလို့ ထင်နေသည်။

အကြောက်တရားတွေ ရုန်းကန်ထွက်လာသော်လည်း မြန်မြန်ဆန်ဆန်ပဲ ပြန်ထိန်းချုပ် နိုင်လိုက်သည်။

"ဘာမှ မဖြစ်ဘူး။ ငါပဲ သေချာပေါက် နိုင်ရမယ်"

အနားယူသည့်နေရာတွင် လီဇီချီက မျက်နှာမှုန်ကုတ်နေပြီး

" ဆရာ။ ဘာဖြစ်နေတာလဲ" ထိန်းမရပဲ တိုးတိုးလေးမေးလိုက်သည်။

ဘယ်လိုပဲဖြစ်ဖြစ် တောကြွက်ဥကလေးက လုချီဟွာနဲ့ တစ်လလောက် ရင်းရင်းနှီးနှီး နေခဲ့သည်။

ဒါကြောင့်လည်း လုချီဟွာရဲ့ ကာရိုက်တာ (စရိုက်လက္ခဏာ)နဲ့ ပက်သက်ပြီး အရမ်း ရင်းနှီးနေသည်။ ဒါပေမယ့် လက်ရှိ လုချီဟွာနဲ့တော့ မရင်းနှီးပါ။ လုချီဟွာကို သူမ မသိတဲ့ လူတစ်ယောက်လို့တောင် ထင်လာသည်။

လူတစ်ယောက်ရဲ့ ပင်ကိုယ်စရိုက်ဆိုတာ ငယ်စဥ်ကတည်းက လေ့လာခဲ့တဲ့ အသိပညာ၊ ဗဟုသုတနှင့် ကြုံတွေ့ရမှုများက ပျိုးထောင်လာခြင်း ဖြစ်သည်။ ဒါကြောင့်လည်း ရုတ်တရက်ကြီး

အကြီးအကျယ် ပြောင်းလဲဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါ။

"ငါက မြတ်ဆရာအရှိန်အဝါကို သုံးပြီး ကျင့်ကြံခြင်းကျင့်စဉ်၊ တိုက်ပွဲ အတွေ့အကြုံ၊ ယုံကြည်ချက်နဲ့ တည်ငြိမ်မှုတွေကို သူမခေါင်းထဲ ထည့်ပေးထားတယ်။"

ဆွန်းမိုက အရေးမကြီးသလို ပြောလိုက်သည်။ ဒါပေမယ့် လီဇီချီကတော့ ဒီစကားကို ကြားလျှင် ကောင်းကင်မှာ လျှပ်စီးလက်နေတဲ့ အသံကိုကြားလိုက်သလို ခံစားလိုက်ရသည်။

ခဏလောက်ကြာတဲ့အထိ သူတို့ ဘာဆက်ပြောရမလည်းမသိ၍ ဆက်မပြော ဖြစ်ကြပါ။

" အဲ့ဒီလို အရှိန်အဝါပေါ့" အင်ဘိုင်ဝူက အလန့်တကြား ထအော်သည်။

"ဘယ်လို ဖြစ်နိုင်မှာလဲ"

ထန်ထန်ယုထန်လည်း ခေါင်းယမ်းပြီး ဆွန်းမိုကို လှည့်ကြည့်လိုက်သည်။

"ဆရာ။ ဒါက အမှောင်လျှို့ဝှက်ကျင့်စဉ်လား။ ကျွန်တော်က ဆရာတစ်ယောက် မဟုတ်ပေမယ့် မြတ်ဆရာအရှိန်အဝါအမျိုးအစား တွေကို

ခွဲခြားနိုင်ပါသေးတယ်။ နတ်ဘုရားအစွမ်းလို့ ကျော်ကြားတဲ့ 'ဉာဏ်အလင်းထောက်ပံ့ခြင်း' တောင် ဒီလောက် ဖြုံဖို့ မကောင်းဘူး။

ချန်လုံနှင့် ရှန်ယွန်ပေါင်တို့လည်း မယုံသက်ာ ဖြစ်နေကြသည်။

အင်ဘိုင်ဝူလား။

သူမကတော့ ဒါတွေကိုတောင် မသိပါ။

"ငါဘာကြောင့် မင်းတို့ကို လိမ်ရမှာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ပြုံးလိုက်မိသည်။ (မင်းတို့က ဘယ်လိုသိမှာလဲ။ အဲဒါက ငါတစ်ယောက်တည်း ပိုင်တာလေ)

လီဇီချီက ဖြစ်နိုင်ခြေကို တွေးမိပြီး မျက်လုံးအရောင်တောက်လာသည်။

“ဆရာ။ ဒီမြတ်ဆရာအရှိန်အဝါက မင်းတစ်ယောက်တည်း ပိုင်တာလား”

“ဘာလို ဟာသ လုပ်နေတာလဲ”

ဆွန်းမို၏ အဖြေတောင် မစောင့်ဘဲ၊ ထန်ထန်ယုထန်နှင့် ချန်လုံက ဝင်ပေါက်လိုက်သည်။

မြွတ်ဆရာများကို ကြယ်တစ်ပွင့် ကနေ ကြယ်ကိုးပွင့်ဆိုပြီး အဆင့်ကိုးဆင့် ခွဲခြားထားသည်။ သူတို့အနက်မှ ကြယ်ကိုးပွင့် မြွတ်ဆရာများကို အလယ်အလတ်သူတော်စင်လို့ သတ်မှတ်ကြသည်။ ဒါပေမယ့် မြွတ်ဆရာ တော်တော်များများက သူတို့တစ်သက်တွင် ကြယ် ခုနှစ်ပွင့်ကို မကျော်နိုင်ကြပါ။

ဘာကြောင့်ဆို ကြယ်ရှစ်ပွင့်မြတ်ဆရာတစ်ယောက်ဖြစ်ရန် မြတ်ဆရာအရှိန်အဝါ အမျိုးအစား အသစ် လိုအပ်သည်။ ဆိုလိုတာက အလယ်ကမ္ဘာပြည်နယ်ကိုးခုတွင် တစ်ခါမှ မပေါ်ဖူးတဲ့ မြတ်ဆရာ အရှိန်အဝါ ဖြစ်ရမည်။

ဒါက ဘယ်လောက်တောင် ခက်လဲ။

ဥပမာပြောရလျှင် လီဝမ်ဂျင်သည် အခုဆိုရင် ကြယ်ခုနစ်ပွင့် မြတ်ဆရာဖြစ်နေတာ နှစ်ပေါင်း ၉၀၀တောင် ရှိနေပြီ။ ပဉ္စမတန်း ဘိုးဘေးအဆင့် ဂန္ဓာဝင်ဆရာကြီးလို့လည်း ကျော်ကြားသည်။ သူက

ဝိညာဉ်တတ်တူး၊ လက်နက်ပန်းပဲ၊ မှော်ဆေးပညာ၊ သားရဲသခင် နဲ့ ရုပ်သေးပညာ ဒီဘာသာရပ်ငါးခုတွင် အထွတ်အထိပ် အဆင့်ကို ရောက်နေပြီ။ ပြည်နယ်ကိုးခုတွင် တပြည့်များ မရေတွက်နိုင်လောက်အောင် ရှိသည်။

ဘယ်ပဲပြောပြော လီဝမ်ဂျင်သည် မြတ်ဆရာအရှိန်အဝါအသစ်ကို မရရှိတဲ့အတွက် ကြယ်ခုနှစ်ပွင့် မြတ်ဆရာတစ်ယောက်သာ ဖြစ်နေခဲ့သည်။ အလယ်အလတ် သူတော်စင်ဖြစ်ဖို့ တံခါးပေါက်တောင် မထိနိုင်ခဲ့ပါဘူး။

ဒါကအမှန်ပဲ။ ကြယ် ရှစ်ပွင့် မြတ်ဆရာကို အလယ်အလတ် သူတော်စင်ဖြစ်မဲ့ တံခါးဝလို့ သတ်မှတ်ကြသည်။ ဒီအဆင့်ကို ဖြတ်ကျော်နိုင်ဖို့ဆိုရင် အရမ်းလည်း အရည်အချင်းရှိရသလို အရမ်းလည်း ကံကောင်းဖို့ လိုသည်။

နှစ်ပေါင်းကိုးရာလောက် အတွေ့အကြုံရှိတဲ့ မြတ်ဆရာတစ်ယောက်တောင် ဉာဏ်အလင်းပွင့်ပြီး မြတ်ဆရာအရှိန်အဝါ အသစ် မရနိုင်တာကို

ဆွန်းမိုက တစ်ခုရပြီလို့ အခိုင်အမာ ပြောနေသည်။ လူတွေက ဘယ်လို ယုံကြည်နိုင်မှာလဲ။

လပေါ်ကိုသွားတုန်းက ပုရွတ်ဆိတ်တစ်ကောင် ကျန်ခဲ့တယ်လို့ ပြောသလိုဖြစ်နေပြီ ဘယ်လိုမှ မဖြစ်နိုင်ပါ။

"မင်းတို့ကောင်တွေက မင်းတို့ ဆရာကို အထင်သေးနေတာလား။" ဆွန်းမို ပြန်မေးလိုက်သည်။

"ဆရာ။ ဒါက မင်းကို အထင်သေးတာမဟုတ်ဘူး ။ဒါက............"

ထန်ထန်ယုထန်လဲ ဘာဆက်ပြောရမလည်း မသိတော့ပါ။

"ကျွန်မ ယုံတယ်"

လီဇီချီ အလေးအနက် ခေါင်းညိတ်ပြီး ထောက်ခံလိုက်သည်။ ဆွန်းမိုကို ယုံကြည်မှုပြည့်နေတဲ့ မျက်လုံးကြီးတွေနဲ့ ကြည့်လိုက်သည်။

"ငါတို့ဆရာက အတော်ဆုံးဆိုတာ ငါအမြဲသိနေတယ်"

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနီး (၅၀၂/၁,၀၀၀)

ထန်ထန်ယုထန်နဲ့ ကျန်တဲ့သူများက ပါးစပ်ပိတ်နေကြသည်။ ယုံကြည်ပေးရတာက ပြဿနာမရှိပါ။ ဒါကြီးက လုံး၀ မဖြစ်နိုင်ဘူးလေ။

"ဆရာ။ ဒီမြတ်ဆရာအရှိန်အ၀ါက ဘယ်လိုခေါ်လဲ။ စံသတ်မှတ်ချက်အရ မင်းက ပထမဆုံး ပိုင်တဲ့လူဆိုတော့ နာမည်ပေးခွင့်ရှိတယ်လေ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီက ဝမ်းသာအားရ အတည်ပေါက်ကြီး ကြည့်နေသည်။

“စိတ်ဝိညာဉ် ပုံသွင်းခြင်း”

ဆွန်းမိုက ပြုံးပြီး ပြန်ဖြေလိုက်သည်။

“ဘာလို့ စိတ်ဝိညာဉ် သန္ဓေတည်ခြင်းလို့ မခေါ်တာလဲ”

ထန်ထန်ယုထန် ခိုးပြီး မ ျက်လုံးပြူးသွားသည်။

(မင်းတို့က ယုံနေတာလား။ ဘယ်လိုပဲပြောပြော ငါတော့ မယုံဘူး)

'စောက်ရမ်းမိုက်တယ်"

လီဇီချီက ကျေနပ်သဘောကျစွာ ထအော်သည်။

ကွင်းထဲတွင်...................

လုချီဟွာတွင် လက်နက်တစ်ခုမှ မရှိတာကြောင့် တိုက်ပွဲ မစရသေးပါ။

"မင်းက ငါ့ကို အထင်သေးနေတာလား"

ဖူချောင် ဒေါသတကြီး ဖြစ်နေသည်။

"မင်းလက်နက် သွားယူ"

လုချီဟွာ၏ လက်ရှိပုံစံနှင့် စတိုင်က ဆွန်းမိုနဲ့ တကယ်တူနေသည်။

"ဆရာဆွန်း။ သူမကို လက်နက်တစ်ခု ပေးလိုက်ပါ"

လင်ကျန်က ဆွန်းမိုကို အော်ပြောလိုက်သည်။

ဆွန်းမိုက သစ်သားဓါးကို ဆွဲထုတ်ပြီး ပစ်ပေးလိုက်သည်။

"ချီဟွာ၊ ဖမ်းလိုက်"

ရွှတ်စ်

သစ်သားခါးက လေးနှင့် ပစ်လိုက်သော မြှားတစ်ချောင်းလို လုချီဟွာဆီကို ပြေးဝင်သွားသည်။

လုချီဟွာက လှည့်တောင်မကြည့်ပဲ ဖမ်းယူရန် လက်ကို ဆန့်ထုတ်လိုက်သည်။ ပြီးမှ စိတ်လှုပ်ရှား တက်ကြွလာသည်။ ဒါက ဆရာ့လက်နက်ပဲ ငါရှုံးလို့ မဖြစ်ဘူး။

ဖူချောင်က အလန့်တကြား ခုန်ဆုတ်လိုက်သည့်အချိန်တွင် လုချီဟွာကတော့ အတွေးလွန်နေသည်။ ဒီမိန်းကလေးက သစ်သားခါးကို

ဒီလိုတောင် ဖမ်းနိုင်သေးတယ်။ ဘယ်လောက်တောင် ထူးခြားလိုက်လဲ။

သစ်သားခါးက အရမ်းမြန်လွန်းသည်။ သူမ ဖမ်းနိုင်ခဲ့ရင်တောင် အနေအထား မှန်ပါ့မလားဆိုတာ မပြောနိုင်ပေ။

"ဖူချောင် ဒီမှာ ထိုင်ကြည့်နေတဲ့လူတွေ ၄,ဝဝဝလောက်ရှိတယ်"

ဝေါင်ပန်က စူးစူးဝါးဝါး လှမ်းအော်သည်။

(ဒီငတုံးကောင်ကတော့ ကြောက်လန့်နေပြီ။ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းက ညံ့လိုက်တာကွာ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုကလည်း ဒီလောက် ကောက်ကျစ်မယ်လို့ မထင်ထားမိဘူး။ သစ်သားခါးကို ပစ်ပေါက်ပြီး ဖူချောင် စိတ်ရှုပ်ထွေးနေအောင် စိတ်ဖိအားတွေ ပိုများလာအောင် လုပ်နေတယ်)

ဒါပေမယ့် ဆွန်းမိုကတော့ အဲဒီကစ္စကို တွေးတောင် မတွေးမိပါ။ စိတ်ဝိညာဉ်ပုံသွင်းခြင်းရဲ့ အကျိုးသက်ရောက်မှုက ဖူချောင်ကို အနိုင်ယူဖို့ လုံလောက်နေပြီ။

ဖူချောင်က ကွက်ကွက်ကွင်းကွင်းကို စိုက်ကြည့်နေပြီး သူ့ရဲ့အကြည့်တွေက တဖြည်းဖြည်း လေးနက်ပြီး ကြမ်းကြုတ်လာသည်။

(ဟုတ်တယ်။ ဒီမှာ ပရိတ်သတ် ၄,၀၀၀လောက် ရှိတယ်။ ငါလုံး၀ ရှုံးလို့မရဘူး။ မဟုတ်လို့ကတော့ အဟားခံသွားရမယ်။)

"နှစ်ဖက်စလုံး တစ်ဖက်နှင့်တစ်ဖက် နှုတ်ဆက်ကြပါ"

လင်ကျန်က နောက်ဆုတ်ရင်း ညာလက်ကို မြှောက်လိုက်သည်။

“ဖူချောင်။ ခန္တာကိုယ် ပြုပြင်ခြင်း အဆင့်(၃)။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး”

“လုချီဟွာ ။ ခန္တာကိုယ်ပြုပြင်ခြင်း အဆင့်(၁) ။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ”

နှစ်ဖက်စလုံးရဲ့ ကျင့်ကြံခြင်းအဆင့်ကို ကြားလိုက်လျှင် လူအုပ်ကြီးက ရုတ်တရက် ထအော်လိုက်သည်။ ဘာတွေ ဖြစ်နေတာလဲ။ ကျင့်ကြံခြင်း အဆင့်(၂)ဆင့်တောင်ကွာနေတာ ဆက်တိုက် ကြအုံးမလို့လား။ ဒါဆိုရင် လုချီဟွာ နိုင်ဖို့အခွင့်အရေးက မဖြစ်သလောက်ဘဲ။

ယေဘုယျအားဖြင့် သူမက ပါရမီရှင်ဖြစ်နေရင်တောင် ကျင့်ကြံခြင်း တစ်ဆင့်ပဲ ကျော်ပြီး တိုက်နိုင်မည်။

ကျင့်ကြံခြင်းအဆင့်ကို ကြားလိုက်လျှင် ဖူချောင် မျက်နှာ နီလာသည်။

"မင်းက ငါ့ကို အထင်သေးလှချည်လား"

ဂေါင်ပန်လည်းပဲ မျက်နှာမှုန်ကုတ်နေပြီး မနေနိုင်ဘဲ ဆွန်းမိုကို လှမ်းကြည့်လိုက်မိသည်။ ဆွန်းမိုက ဒီပွဲကို အရှုံးခံမယ် ထင်နေသည်။

ဒါကြောင့်လည်း ညံ့ဖြင်းတဲ့ ကျောင်းသားကို လွှတ်လိုက်တာ ဖြစ်မည်။

"အခု စတိုက်ကြတော့"

လင်ကျန်က ညာလက်ကို အောက်ဆွဲချလိုက်ပြီး တိုက်ပွဲစကြောင်း ကြေငြာလိုက်သည်။ သူကတော့ စည်းမျဉ်းတွေနှင့် စည်းကမ်းချက်များကိုသာ အခြေခံပြီး လုပ်တတ်သည်။ ဒါကြောင့်လည်း လုချီဟွာ၏ ကျင့်ကြံခြင်းအဆင့်ကို ကြားလည်း စိတ်ထဲ ဘယ်လိုမှ မနေပေ။

လုချီဟွာ၏ ပထမဗီဇမှာ ရှက်ရွံ့ပြီး ကြောက်တတ်ကာ နောက်ပြန်ဆုတ်လိုက်မည်။ ဒါပေမယ့် သူမစိတ်ထဲမှာ ဖျတ်ကနဲ ဖြစ်သွားပြီး တိုက်ချင်စိတ်များ ပြင်းပြင်းပြပြ ပေါက်ကွဲထွက်လာသည်။ ပြီးတော့ 'ကြမ်းကြမ်းတမ်းတမ်းတိုက်' စကားလုံးသာ နားထဲ အဆက်မပြတ် ကြားယောင်နေသည်။

ဖူချောင်ကတော့ ဒေါသစိတ်မွန်နေပြီး တိုက်ပွဲစတာကို သတိမထားလိုက်မိပါ။

ဒါကြောင့်လည်း လက်ဦးအောင် တိုက်မဲ့ အခွင့်အရေး ဆုံးရှုံးသွားသည်။

လုချီဟွာက ရှေ့ကို ကိုင်းလိုက်ပြီး တစ်ကယ်လုံးကို ညာခြေထောက်အပေါ် အားပြုလိုက်သည်။ သူမက မြေပေါ်မှာ အမြန်ပေးလိုက်ရင် ကြမ်းပြင်မှာ ပွတ်တိုက်သံတွေ ထွက်လာသည်။

လုချီဟွာက နတ်ဘုရားမတစ်ယောက်လို လျှင်မြန်ပြီး ပေါ့ပါးတဲ့ ခြေလှမ်းတွေနဲ့ ဖူချောင်အရှေ့မှာ ရုတ်တရုတ်ပေါ်လာပြီး သစ်သားဓါးကို ပေါ့ပေါ့ပါးပါး မြှောက်လိုက်သည်။

ကြွက်သွေးနက် နှုတ်ခမ်း.............

“ဘာ”

လူတိုင်းဆီက အံ့အားသင့်တဲ့ အသံထွက်လာသည်။ တချို့ကျောင်းသားတွေဆို မတ်တပ် ရပ်လိုက်မိကြသည်။ ဒီကောင်မလေးပုံစံက အရမ်ကြောက်တတ်ပါတယ်။ ဒါပေမယ့် ဘာကြောင့် လှုပ်ရှားမှုက အရမ်းမြန်ပြီး ကြောက်ဖို့ကောင်းနေတာလဲ။

ပြီးတော့ သူမရဲ့ အပြုအမူတွေကလည်း ချစ်ဖို့ကောင်းလွန်းသည်။ ဖူချောင်မှာလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရည်ချင်းတချို့ရှိသည်။ မဟုတ်တ်ပါက ဂေါင်ပန်က လက်ခံမှာ မဟုတ်ပေ။ လုချီဟွာရဲ့ လှုပ်ရှားမှုကိုမြင်ပြီး သူက ကာကွယ်ဖို့ လုပ်လိုက်သည်။ သူမရဲ့ လှုပ်ရှားမှုကို ထိန်းမယ်။ ပြီးတော့ သူမကို တစ်ချက်တည်းနဲ့ ရိုက်မယ်။ ဒါဆို လှပတဲ့ အောင်ပွဲ ဖြစ်ပြီပေါ့။ ဒါပေမယ့် လှုပ်တောင် မလှုပ်ရသေးခင် လည်ပင်းဆီကို ဓါးတစ်ချောင်း ပြေးဝင်လာသဖြင့် မျက်လုံး ပြာသွားသည်။

“မြန်လိုက်တာ”

ဖူချောင် ရင်ဖိုသွားသည်။ သူတော့ မြေပွေးတစ်ကောင်ရဲ့ ခိုးတိုက်တာ ခံလိုက်ရပြီ။ ထိုအခိုက်အတန့်လေးမှာပဲ ချက်ခြင်း ရွှေ့လိုက်ပြီး အန္တာရာယ်ကို ရှောင်တိမ်းလိုက်သည်။

'ချွန်ထက်တဲ့ဓါးသွားကို ရှောင်ပြီး ပြန်တိုက်ဖို့ အခွင့်အရေး ယူရမယ်'

ဖူချောင် စိတ်လျှော့လိုက်ပြီး တိုက်ပွဲဗျူဟာကိုစဉ်းစားလိုက်သည်။ ဒါပေမယ့်လည်း ပြိုင်ဘက်ရဲ့ ဓါးအရိပ်က ထူးဆန်းစွာ ဖော့ဝိုက်သွားပြီး လမ်းကြောင်းပျောက် သွားသည်။

ကောင်းကင်ကွန်ရက် သဲ။

နွေဦးမြစ်ရေ။

“ဘယ်လို လိုက်ကြည့်ရမှာတုန်း”

ဖူချောင်လည်း ချက်ခြင်း ခွန်အားကို ထိန်းလိုက်ပြီး စိတ်အေးအေးအောင် ထိန်းချုပ်လိုက်သည်။ ပြီးတော့ အသံကို နားစွင့်ထားသည်။ အဲဒီအချိန်မှာပဲ မျက်နှာရဲ့ ဘယ်ဘက်ကို ပြင်းထန်တဲ့ တိုက်ခိုက်မှုက ရုတ်တရုတ် တိုးဝင်လာသည်။

မျက်နှာကိုထိပြီးနောက် ဘေ့စ်ဘောရိုက်တံနဲ့ အားကုန် လွှဲရိုက်ခံလိုက်ရသလို ခံစားလိုက်မိသည်။

ဘောင်း

ဖူချောင်လည်း ဟန်ချက်ပျက်သွားပြီး ကျိုးပြတ်ကျသွားတဲ့ သဲအိတ်လို တစ်ကိုယ်လုံး ပစ်လဲကျသွားသည်။ ပြီးတော့ အဲဒီအချိန်မှာပဲ သစ်သားခါးနဲ့ တိုက်ခိုက်လိုက်သည့် 'ဝူး'ဆိုတဲ့ လေတိုးသံ နားထဲ ရောက်လာသည်။

ဒီအချက်ကနေပြီး လုချီဟွာရဲ့ တိုက်ခိုက်မှုတွေက မြန်ဆန် သွက်လက် လျှင်မြန်နေတာကို မြင်နေရသည်။

"ဘောပဲ"

ဖူချောင် ဒီလိုမျိုး အရိုက်ခံနေရတာကိုမြင်ရင် ဂေါင်ပန်ရဲ့ ပုံစံက တင်းမာလာပြီး အော်ဟစ်လိုက်သည်။

"ဖူချောင်....."

ဖူချောင်သာ မထနိုင်ရင် ဒီပွဲ ရှုံးပြီ။

"ငါ......လို......"

ဇောင်ဝမ်တိုနှင့် ဇောင်ဝမ်လီလည်း လန့်ဖြန့်သွားသည်။ လွယ်ကူတဲ့ နိုင်ပွဲကနေ ဘယ်လိုဖြစ်သွားတာလဲ။ ဒီကောင်မလေးရဲ့ တိုက်ခိုက်မှု စွမ်းရည်ကလည်း ကြောက်စရာကြီး။

တိုက်ခိုက်မှု နှစ်ခုသာ ဖလှယ်ရသေးသည်။ သူဆိုလည်း မခုခံနိုင်ဘူးဆိုတာ ဇောင်ဝမ်တို သိနေသည်။ ဇောင်ဝမ်လီဆိုရင် ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါပေမယ့်လည်း အားတော့ တော်တော်စိုက်ရမည်။

ဖူချောင်တော့ အမှန်တကယ်ကို ကန်ထုန်ခံရပြီ။

ဒီကောင်မလေးက တစ်ချက်တည်းနှင့် အနိုင်ပိုင်းနေသည်။ ဒါပေမယ့် သူမက ဖူချောင်ကို ပြန်ထိန်းဖို့ အခွင့်အရေး တစ်ချက်တောင် မပေးဘဲ နောက်တစ်ခါက် ထပ်တိုက် လိုက်ပြန်သည်။

အမိန့်ဆယ်ရှစ်ခု။

ဖောင်း ဖောင်း ဖောင်း

သစ်သားခါးက ဖူချောင်ရဲ့ ခန္ဓာကိုယ်ကို အဆက်မပြတ် ထိုးနှက်နေသည်။ ကြည့်ရတာ သစ်ခုတ်သမားက သစ်ပင်တစ်ပင်ကို ခုတ်နေသလိုပါပဲ။

သစ်သားခါးက အဆက်မပြတ် တိုက်ခိုက်နေသောကြောင့် တိုက်ပွဲ စင်မြင့်ပေါ်မှ ပြုတ်ကျပြီး 'ဝုန်း'ဆိုတဲ့ အသံအကျယ်ကြီး

ထွက်လာသည်။ ဖူချောင်လည်း မြေပေါ်မှာ လဲကျနေသည်။

မြေပေါ်မှာ ဖုန်တွေက အလုံးလိုက် မြူထနေသလို ဖြစ်နေသည်။ ဖူချောင်က လုံးဝကို သတိလစ်နေပြီး ခွေးသေတစ်ကောင်လို လဲနေသည်။

အောင်ပွဲခံ ဒိုဂျို တစ်ခုလုံး တိတ်ဆိတ်သွားပြီး အသံတစ်ချက်တောင် မထွက်တော့ပါ။

ရလဒ်က ချက်ခြင်းထွက်လာမယ်လို့ ဘယ်သူမှ မတွေးထားမိပါ။

မဟုတ်ဘူး။ စိတ်ကူးယဉ် နေတာမဟုတ်ရင် ကျင့်ကြံခြင်းအဆင့်မြင့်တဲ့လူက နိုင်ရမှာလေ။

"မင်းနိုင်တယ်"

'လုချီဟွာ မင်း လုပ်တာ အရမ်းကောင်းတယ်"

လီဇီချီက အော်ဟစ်နေသည်။

"အမ်၊ ငါနိုင်သွားတာလား"

လုချီဟွာက တိုက်ပွဲ ကွင်းပြင်အစွန်းတွင် ရပ်နေပြီး ကြက်သေ သေနေသည်။

(ငါနိုင်သွားပြီလား။ နောက်ပိုင်းမှာ သုံးမယ်လို့ ငါစီစဉ်ထားတာတွေကရော။ သူက ပြန်မလာရင် မစမ်းကြည့်ရတော့ဘူးပေါ့)

(ပြိုင်ဘက် တိုက်ခိုက်လာနိုင်တဲ့ပုံစံကို တုန့်ပြန်ဖို့ တိုက်ခိုက်နည်းငါးခုကိုတောင် စဉ်းစားထားတယ်လေ။ ဘာလို့ သူက မြန်မြန်ရှုံးသွားတာလဲ)

“ပထမအချီ လုချီဟွာ။ နိုင်ပွဲ”

လင်ကျန်က လုချီဟွာကို အံ့အောတဲ့ အကြည့်နဲ့ ကြည့်နေသော်လည်း အောင်ပွဲကြေငြာဖို့တော့

မမေ့ခဲ့ပါ။ တချိန်တည်းမှာပဲ ဖူချောင်ရဲ့ ဒဏ်ရာကို စစ်ဆေးပေးဖို့ စင်ပေါ်က ခုန်ချသွားသည်။

“အား။ ဒီကောင်က အားနည်းလိုက်တာ”

လုချီဟွာက သူတွေးထားတဲ့ ဗျူဟာတွေကို ဘယ်လိုလုပ်သင့်လည်း စဉ်းစားနေရင်း ဆံပင်ကို သပ်တင်လိုက်သည်။ (ဒါက ဖြုန်းတီးတာပဲ။ အသုံးမကျလိုက်တာ)

“ရပြီ။ မင်းဆင်းလို့ရပြီ။ ဂေါင်ပန်ရေ သူ့အဆင်မပြေဘူး ခေါင်းကို ပြင်းပြင်းထန်ထန်

ထိခိုက်သွားတော့ ပြန်သက်သာဖို့ အနားပေးထားရမယ်”

လင်ကျန်က အကြံပေးလိုက်သည်။

“ဒီကျင့်ကြံခြင်း ကျင့်စဉ်က စိတ်ဝင်စားစရာပဲ”

ဂျိမ်ဂျဲက အလေးအနက်ထားပြီး စဉ်းစားနေသည်။

“တိုက်ပွဲက ဒီအတိုင်းကြီးပြီးသွားတာလား”

ကူရှုပ်ရှင်း မကျေမနပ် ဖြစ်နေသည်။ ကျင့်ကြံခြင်းကျင့်စဉ်ကို နည်းနည်းလောက် ပိုလေ့လာချင်နေသေးသည်။

"ငါ....လို........ချက်ခြင်းမှောက်သွားတယ်"

ဝမ်ဟောင်က မျက်လုံးကြီးပြူးပြီး ပါးစပ်ကြီးအဟောင်းသားဖြစ်သွားသည်။

"ဖူချောင်ရဲ့ ကျင့်ကြံခြင်းအဆင့်က အတုလား။ လူအစား ခွေးခန္ဓာကိုယ်မှာ ကျင့်ကြံထားတာလား"

"ငါပြောပါတယ်။ ဆရာဆွန်းမိုက ကျောင်းသားတွေကို လမ်းညွှန်ပေးတဲ့နေရာမှာ အရမ်းတော်ပါတယ်လို့"

ချီရှန်ကျားကတော့ ဂုဏ်ယူနေသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချီရွှန်ကျား၏ လေးစားအထင်ကြီးမှု+၁၅။ ရင်းနီး (၈၆၃/၁,၀၀၀)

လုချီဟွာက စင်ပေါ်မှ ခုန်ချကာ အနားယူတဲ့နေရာကို ယိုင်တိယိုင်တိုင်နဲ့ ဖြည်းဖြည်းခြင်း ပြန်သွားသည်။ အရမ်းစိတ်လှုပ်ရှားနေပြီး ဆွန်းမိုအပေါ်ကို စိတ်ခြောက်ခြားစွာ လဲချလိုက်သည်။

“ဆရာ။ ဆရာ။ ငါနိုင်တယ်။ ငါတကယ်နိုင်သွားတယ်”

လုချီဟွာက ဆွန်းမို လည်ပင်းကိုဖက်ပြီး တရှုံ့ရှုံ့နဲ့ အပျော်မျက်ရည်တွေ ငိုချနေသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၈၈၈/၁,၀၀၀)

ဖြတ်သန်းခဲ့တဲ့ ၁၃နှစ်စလုံးတွင် ပြိုင်ဘက်ကို တိုက်ပွဲမှာ ပထမဆုံး နိုင်ဖူးတဲ့ အတွေ့အကြုံဖြစ်သည်။ ပြီးတော့ သူမက လှလှပပလေး အနိုင်ရခဲ့သည်။ ဒါကြောင့်လည်း

သူမဆီက လေးစားအထင်ကြီးမှုအမှတ်တွေ အများကြီး ထွက်လာသည်။

ထန်ထန်ယုထန်၊ ရှန်ယွန်ပေါင်နှင့် ချန်လုံတို့သုံးယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်မိသည်။ ဆွန်းမို ပြောခဲ့တဲ့ စိတ်ဝိညာဉ်ပုံသွင်းခြင်း မြတ်ဆရာအရှိန်အဝါက တကယ်အမှန် ဖြစ်နိုင်သည်။

လုချီဟွာ၏ အရည်အချင်းအကြောင်းကို သူမရဲ့ ပညာသင်ဘက် အကိုတွေလောက် ဘယ်သူမှ မသိနိုင်ပါ။ သူမဘယ်လောက်တောင် တုံးအ

သလဲဆိုတာ သူတို့သိသည်။ ဒါပေမယ့် အခုကြည့်ပါအုံး။

“တော်ပြီ။ ငါ့ကို အရင်လွှတ်အုံး။ အင်ဘိုင်ဝူကို ကူညီပေးရအုံးမယ်”

ဆွန်းမိုက လုချီဟွာရဲ့ နောက်ကျောကို ပုတ်ရင်း ပြောလိုက်သည်။

“အမ်”

ဆွန်းမိုအား ပိုလာဝက်ဝံလိုဖက်ထားတဲ့ လုချီဟွာက အမြန်လွှတ်လိုက်သည်။

"စိတ်ရှုပ်မနေနဲ့။ အခု တရားထိုင်ပြီး နှလုံးသွင်းထားလိုက်ပါ။" ဆွန်းမိုက ခိုင်းလိုက်သည်။

"ဆရာ"

အင်ဘိုင်ဝူက လေးလေးစားစားဖြင့်

"ငါရဲ့ ကိုယ်ပိုင် ခွန်အားနဲ့ပဲ တိုက်ပွဲဝင်ချင်တယ်"

ဒီစကားကိုကြားလိုက်လျှင် ဆွန်းမို ဒီကောင်မလေးကို ပိုသဘောကျသွားသည်။

“လုချီဟွာက တိုက်ပွဲအတွေ့အကြုံနဲ့ ကျင့်ကြံခြင်းကျင့်စဉ်ကို စဉ်းစားချင့်ချိန်နိုင်စွမ်း နည်းတယ်။ သူ့ကို တိုက်ပွဲအတွေ့အကြုံခံစားစေချင်လို့ ငါ့ရဲ့ တိုက်ပွဲ ကျွမ်းကျင်မှု အားလုံးကို ခေါင်းထဲထည့် ပေးလိုက်တာ”

ကျောင်းသားခြောက်ယောက်စလုံး အာရုံစိုက်ပြီး နားထောင်နေကြသည်။

“ဘိုင်ဝူရဲ့ အားနည်းချက်က ကျင့်ကြံခြင်း ကျင့်စဉ်ပဲ”

လုချီဟွာက တုံးအတဲ့အတွက် ဆွန်းမို ဒီလိုပဲ လုပ်ပေးနိုင်ခဲ့သည်။ ဒါပေမယ့် အင်ဘိုင်ဝူ အတွက်တော့ မလိုအပ်ပေ။ သူမရဲ့ အရည်အချင်းနဲ့ဆိုရင် ဒီတိုက်ပွဲမှာ သူမရဲ့ကိုယ်ပိုင် စတိုင်ကိုတောင် ရှာတွေ့ပြီး ဖွံ့ဖြိုးလာနိုင် သေးသည်။

စိတ်ဝိညာဉ်ပုံသွင်းခြင်းကို သုံးပြီး လုပ်ပေးလိုက်ရင် ဒီပွဲ လွယ်လွယ်နဲ့ နိုင်သွားနိုင်သည်။ သူမလည်း သူ့ရဲ့ တိုက်ပွဲ စတိုင် လွမ်းမိုး ခံသွားရမည်။

ဆွန်းမိုရဲ့ စကားကိုကြားလိုက်လျှင် တုံးအတဲ့ လုချီဟွာကလွဲရင် ကျန်တဲ့ကျောင်းသားတွေ အကုန်လုံး တော်တော် လေးစားသွားကြသည်။ အဲဒီအချိန်မှာဆိုရင် ဝေဖန်ရေးသမား ထန်ထန်ယုထန်တောင် အထင်ကြီးမဆုံးနိုင် ဖြစ်နေသည်။

ပရိတ်သတ်တွေ အများကြီး ရှိနေတာလဲ မေ့ထားလို့ မရပါ။ ဆွန်းမိုသာ ရှုံးသွားခဲ့ရင် သူ့ရဲ့ သိက္ခာကို ကြီးကြီးမားမား ထိခိုက်လာနိုင်သည်။ ဒါပေမယ့် သူကတော့ ဂရုမစိုက်ပေ။ သူက အင်ဘိုင်ဝူ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြီးထွား ဖွံ့ဖြိုးဖို့အတွက်သာ ပိုတန်ဖိုးထားနေသည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၂၀။မူလ(၅၀/၁၀၀)

“ ငါက မြင့်မြတ်တဲ့ ဆရာတစ်ယောက်ကို ရှာတွေ့ခဲ့တာပဲ”

ချန်လုံက သဘောကျစွာ ပြုံးနေသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချန်လုံ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၁၉၀/၁,၀၀၀)

“အထင်ကြီးစရာပဲ”

ရှန်ယွန်ပေါင်က လက်မထောင်ပြလိုက်သည်။

ဒင်

ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး (၁၃၁/၁,၀၀၀)

“ဆရာ”

အင်ဘိုင်ဝူက နှုတ်ခမ်းဝိုင်းသွားပြီး မျက်လုံးက မျက်ရည်ကျလာသည်။ သူမရဲ့ဆရာက သူမကို ဒီလောက် သဘောကျပြီး လုပ်ပေးမယ်လို့ မတွေးထားခဲ့မိပါ။

ဆွန်းမိုက အသက်ရှူထုတ်လိုက်ရင်း စွမ်းအားကို စုစည်းလိုက်သည်။ စိတ်ထဲကနေ သူ့ရဲ့ သဏ္ဍာန်မဲ့ မြင့်မြတ်စကြ်ာဝဠာ ကျင့်စဉ်ကို ပြန်စဉ်းစားလိုက်သည်။ လက်သီးမှာ အဖြူရောင် အလင်းတန်းများ ပေါ်လာရင် အင်ဘိုင်ဝူ မျက်နှာကို လက်သီးနှင့် ထိုးလိုက်သည်။

ဘုန်း

အင်ဘိုင်ဝူ၏ နှာခေါင်းအရှေ့တွင် ရပ်သွားသည်။ အဖြူရောင်အလင်းတန်းများက ရှိုက်ကနဲ ပေါက်ကွဲသွားပြီး အင်ဘိုင်ဝူ ခေါင်းထဲသို့ တိုးဝင်သွားသည်။

အင်ဘိုင်ဝူသည် မယုံနိုင်စရာ တွေ့ရသကဲ့သို့ မျက်လုံးများ ချက်ခြင်း ပြူးကျယ်သွားသည်။

အမှန်ပဲ။

သဏ္ဌာန်မဲ့မြင့်မြတ်စကြဝ္ဠာကျင့်စဉ်က သူမခေါင်းထဲမှာ လှည့်ပတ်ပြီး လည်ပတ်နေသည်။

ဒီလို နတ်ဘုရားအစွမ်းနဲ့ ကြုံတွေ့လိုက်ပြီး အရမ်းကို အံ့အော တုန်လှုပ်နေသည်။ တချိန်တည်းမှာပဲ ဆွန်းမိုကို လေးလေးနက်နက် ယုံကြည် ကိုးကွယ်လာသည်။

ဖုန်း....

အင်ဘိုင်ဝူက အဲဒီအနေရာမှာပဲ ချက်ခြင်း ဒူးထောက်လိုက်ပြီး ခေါင်းကို မြေကြီးနှင့် ထိကပ်လိုက်သည်။

“ချစ်ရတဲ့ဆရာ။ ငါ အင်ဘိုင်ဝူ တစ်ဘဝလုံး ဆရာအတွက်ပဲ ရှိပါ့မယ်”

အင်ဘိုင်ဝူဆီက ဟိန်းထွက်လာသော အသံသည် အောင်ပွဲခံ ဒိုဂျို တစ်ခုလုံး ပဲ့တင်သံ ထပ်သွားသည်။ ပရိတ်သတ်တွေဆီကလဲ အသံတွေ မဖုံးနိုင်မဖိနိုင် ထွက်လာသည်။

"ဘာဖြစ်နေတာလဲ။"

"သူမ ရှုံးနေတာလား"

"သူမက ရှိုးလုပ်နေတာလား"

ပရိတ်သတ်တွေက ဘာဖြစ်နေလဲဆိုတာ မစဉ်းစားမိကြပါ။ ဆရာတချို့ကတော့ မယုံသကော်ာ ဖြစ်နေကြသည်။ ဆွန်းမိုကပဲ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူနာမည်ကြီးလာအောင် သူ့ရဲ့တပြည့်ကို လုပ်ခိုင်းတာလား။ သူ့တပြည့်ကပဲ ဆွန်းမိုမျက်လုံးထဲမှာ အရေးပါလာအောင် စပြီး ဖွားတာလား။

အင်ဘိုင်ဝူကတော့ အများကြီး မတွေးပါ။ စိတ်တစ်ခုလုံး ကျေးဇူးတင်တဲ့စိတ်နဲ့ ပြည့်နေသည်။

(ဒါက ဆန်းကြယ်သူတော်စင်အဆင့် ကျင့်ကြံခြင်း ကျင့်စဉ်ပဲ။ ဒီလိုရတနာကိုရဖို့ လူဘယ်လောက် များများ တစ်သက်လုံး တောင်းတနေခဲ့ရလဲ)

(အိုဘုရားရေ) သူမဆရာအတွက် ဘာဆိုဘာမှ မလုပ်ပေးရသေးပါ။ ပုံမှန်ဆိုရင်တောင် ဆရာ့အတွက် ဆယ်စုနှစ်တစ်ခုလောက် သစ္စာရှိပြီး အရည်အချင်း မပြနိုင်ခဲ့ရင် ဒီလိုအခွင့်အရေးမျိုး ဘယ်တော့မှ မရနိုင်ပါ။ ဒီလိုမျက်နှာသာပေးမှုကို ဘယ်လို ပြန်ပေးဆပ် ရမလဲ။

ဖောက် ဖောက်။

အင်ဘိုင်ဝူမှာ စိတ်ဓါတ်ခိုင်မာတဲ့ ပင်ကိုယ်စရိုက်ရှိသည်။ သူ့ဌေးကပဲ ရိုက်ရိုက်၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုပ်ဖော်ကိုင်ဖက်ကပဲ အပြစ်တင်တင်၊ သူမလစာကိုပဲ ဖြတ်ဖြတ် လုံး၀ မငိုခဲ့ပါ။

ဒါပေမယ့် ဒီနှစ်ရက်အတွင်းမှာ ဆွန်းမိုကြောင့် အကြိမ်ကြိမ်ငိုခဲ့ရသည်။

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၁၀၀။ရင်းနှီး(၃၂၀/၁,၀၀၀)

"ထတော့။ ဒီလိုလုပ်စရာ မလိုဘူး"

ဆွန်းက အင်ဘိုင်ဝူကို ထူပေးရင်း ပြောလိုက်သည်။

“ငါတော့ မင်းကို ဒီကျင့်ကြံခြင်းကျင့်စဉ်ကို သင်ပေးပြီးပြီ။ မင်းက လေးပစ်တဲ့နေရာမှာ မွေးရာပါ အရည်အချင်းပါလာတယ်။ ဒါလေးတစ်ခုတော့ ပြောချင်တယ်”

“ဆရာ”

အင်ဘိုင်ဝူ တရှုံ့ရှုံ့နဲ့ ငိုချလိုက်သည်။ သူမရဲ့ အမေတောင် လောင်းကစားသမား သူ့အဖေ ရောင်းချဖို့ မလုပ်ခင်အထိ သူမအတွက် တစ်ခါမှ မပြောပေးခဲ့ဖူးပါ။

“မင်းရဲ့ ကိုယ်ပိုင်အနာဂတ်အတွက် အောင်ပွဲသွားယူလိုက်အုံး”

ဆွန်းမိုက အင်ဘိုင်ဂူ ပခုံးကို ပုတ်ရင်း ပြောလိုက်သည်။ ဒီမိန်းကလေးအတွက် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် သုံးပေးစရာ မလိုပါ။ ပင်ကိုယ်စရိုက်ကကို အဆုံးထိ တစ်ယောက်တည်း ရပ်တည်နိုင်သည်။ ဂေါင်ပန်က ဒါကိုမြင်လေ ဒေါသထွက်လေဖြစ်နေသည်။ (ဘာလို့ ရှုံးပွဲ လုပ်နေတာလဲ)

“ဆရာ၊ စိတ်မပူနဲ့။ ငါ သူမကို ချက်ခြင်း ရိုက်ပြီး ဒုတိယပွဲအတွက် အနိုင်ယူခဲ့မယ်”

ဇောင်ဝမ်လီက တိုက်ပွဲ စင်ပေါ်ကို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် လျှောက်သွားလိုက်သည်။

“အားပေးလိုက်အုံး”

ဒီစကားကြားတော့ ဂေါင်ပန် ပိုကျေနပ်သွားသည်။ သူတပြည့်တွေထဲမှာ ဒီတပြည့်ကို အရေးအကြီးဆုံး သတ်မှတ်ထားသည်။ သူ့ရဲ့ မွေးရာပါလက်ဆောင်က

ဂေါင်ပန်တောင် မနာလိုချင်စိတ် ဝင်လုနီးပါး ဖြစ်အောင် သိုင်းပညာအတွက် သင့်တော်လွန်းသည်။

“နှစ်ဖက်စလုံး တစ်ယောက်ကို တစ်ယောက် နှုတ်ဆက်ကြပါ”

လင်ကျန်က ညာလက်ကို မြှောက်ရင်း ပြောလိုက်သည်။

“အင်ဘိုင်ဝူ ခန္တာကိုယ်ပြုပြင်ခြင်း တတိယအဆင့် ကျေးဇူးပြုပြီး လမ်းညွှန်ပါအုံး”

အင်ဘိုင်ဝူ ဖြတ်ပြီးမိတ်ဆက်တာ ကြားလိုက်ရင် ဆွန်းမို ရယ်လိုက်မိသည်။ ဒါက ဒီကောင်မလေးရဲ့ ပင်ကိုယ်စရိုက် အတိအကျပဲ။ နှုတ်ဆက်ရင်တောင် ပြိုင်ဘက်ရဲ့ အကျော မခံဘူး။

ဆွန်းမိုသည် ကျောင်းသားကို တော်တော် ကျေနပ်အားရနေသည်။ သူမဆီက ရတဲ့ လေးစားအထင်ကြီးမှု အမှတ်ကို ကြည့်ရင်လည်း သူမရဲ့ ကျေးဇူးသိတတ်မှုကို သိနိုင်သည်။

"ဇောင်ဝမ်လီ ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့်(၄) ကျေးဇူးပြုပြီး လမ်းညွှန်ပေးအုံး"

ဖောင်ဝမ်လီ ပြောပြီးရင် လူအုပ်ကြီးဆီက အံ့အောတဲ့ အာမေဒိတ် အသံများထွက်လာသည်။ ဆွန်းမိုက ကျင့်ကြံခြင်းအဆင့်နိမ့်တဲ့ ကျောင်းသားကို ပဲထပ်လွှတ်တာလား။ ဒီလိုမျိုး ထပ်လုပ်ပြီး အနိုင်ယူချင်တာလား။

ဂေါင်ပန် ဒေါသပေါက်ကွဲတဲ့ ပုံပေါက်လာသည်။

(မ…အ…လ…..ဆွန်းမို)

"စတိုက်လို့ရပြီ"

လင်ကျန်စကားဆုံးတာနဲ့ ဖောင်ဝမ်လီက အင်ဘိုင်ဝူဆီကို မုန်တိုင်းတစ်ခုလို ပြေးဝင်သွားသည်။

သူ့လက်ထဲက ဓါးရှည်ကြီးကလဲ ပြင်းပြင်း ထန်ထန် ခုတ်ချလိုက်သည်။

ရွှတ်စ်

ပြင်းထန် လေလှိုင်း

ဒန်

အင်ဘိုင်ဝူကလည်း ဆွန်းမို သစ်သားဓါးကိုပဲ သုံးနေသည်။ တိုက်ခိုက်မှုတစ်ခုကို ကာကွယ်လိုက်ရင်

လက်ထဲက သစ်သားဓါး လွတ်ကျလုမတတ် ဖြစ်သွားသည်။

ပရိတ်သတ်တွေတောင် အသက်အောက် လိုက်မိသည်။ ဒီကောင် ဇောင်ဝမ်လီ တော်တော် ရက်စက်တာပဲ။

"သူမ ရှုံးတော့မယ်"

ဝမ်ဟောင်က သူ့ရဲ့ညာဖက်ကလေးနဲ့ အဖြေထုတ်နေသည်။

အခန်း (၁၅၄) - တစ်ပွဲထဲနဲ့ နာမည် တရှိန်ထိုး ကြီးလာသော မိန်းကလေးအဖွဲ့ ။

“ဆရာ။ ငါတို့ နိုင်ပါ့မလား။ ဒီကောင်ကို ကြည့်ရတာ တော်တော် သန်မာတယ်”

လုချီဟွာ နည်းနည်း စိတ်ပူနေသည်။

" ငြိမ်ငြိမ်လေးသာ ကြည့်စမ်းပါ" ဆွန်းမိုက ညွှန်ကြားလိုက်သည်။

တကယ်တမ်းတော့ သဏ္ဌာန်မဲ့ မြင့်မြတ်စကြဝဠာ ကျင့်စဉ်က တိုက်ခိုက်ဖို့အတွက် မသင့်တော်ပါ။ အစားထိုး သင်ကြားပြသဖို့အတွက်သာ သင့်တော်သည်။ ဆွန်းမိုက စိတ်ဝိညာဉ်ပုံသွင်းခြင်းကို မသုံးခဲ့သော်လည်း ရှေ့ဟောင်းလောကနတ် ကျင့်စဉ်ကို အင်ဘိုင်ဝူအား ပေးခဲ့သည်။ ဒီလိုလုပ်ဖို့လည်း တွေဝေနေစရာ အကြောင်းမရှိပါ။

ပြီးတော့ ဒီကျင့်စဉ်က ပြင်းထန်လွန်းပြီး ဇောင်ဝမ်လီကို တကွက်တည်းနဲ့တောင် အနိုင်ယူဖို့ လုံလောက်သည်။

ဒါပေမယ့် သဏ္ဌာန်မဲ့မြင့်မြတ်စကြြ်ာဝဠာ ကျင့်စဉ်ကို သုံးမယ်ဆိုရင်တော့ အများဆုံး ကူးယူနိုင်တာပဲ ဖြစ်မည်။ ဒါကလည်း သူမအတွက် ပြီးပြည့်စုံတဲ့ တိုက်ခိုက်ရေးစွမ်းရည်ကို စမ်းသပ်ခြင်းလည်း ဖြစ်နိုင်သည်။

ဆက်ပြီး တိုက်ခိုက်နေကြသည်။ ဇောင်ဝမ်လီရဲ့ တိုက်ခိုက်မှုတွေက ပိုပို မြန်လာသည်။

ငွေရောင်တောက်နေတဲ့ ဓါးဖျားအစွန်းက ငွေရောင်အရိပ်များ တလက်လက် တောက်နေပြီး အင်ဘိုင်ဝူကို ဖုံးလွှမ်းနေသည်။

"အဆင့်ကျော်ပြီး ငါနဲ့ တိုက်ချင်တာလား။ စိတ်ကူးယဉ်ချင်ရင် ပြန်အိပ်နေလိုက်"

ဓောင်ဝမ်လီက အေးစက်စက်နဲ့ လှောင်ပြောင်ထေ့ငေါ့နေသည်။

အင်ဘိုင်ဝူက အံတင်းတင်း ကြိတ်ထားသည်။ တစ်ခွန်းမှပြန်မပြောပဲ လက်တုန့်ပြန်နိုင်အောင် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။

"ဒီကောင်မလေးက တိုက်ပွဲ အတွေ့အကြုံ မရှိဘူးလား"

ကူရှုပ်ရှင်း အရမ်းအံ့အောနေသည်။ ဆွန်းမို ရူးသွားပြီလား။ ဘာဖြစ်လို့ လူသစ်လေးကို တိုက်ပွဲထဲ လွှတ်လိုက်တာလဲ။ တကယ်လို့ သူမရဲ့ စိတ်အခြေအနေထိခိုက်သွားပါက လနည်းနည်းလောက်နဲ့ ပြန်မကောင်းလာနိုင်ပေ။

ဒီထပ်များကံဆိုးခဲ့ရင် ဒီရှုံးနိမ့်မှုက သူမတစ်ဘဝလုံး နှလုံးသားထဲမှာ အရိပ်လို လိုက်နေမည်။

"ဘယ်လိုထင်လဲ"

အန်ရှီဝေက မေးလိုက်သည်။

"သူမရဲ့ တိုက်ခိုက်ရေး စိတ်ဓါတ်နဲ့ လှုပ်ရှားမှုတွေက မဆိုးပါဘူး။ တိုက်ပွဲအတွေ့အကြုံမရှိတာတော့ စိတ်ပျက်စရာပဲ။ ဒီချို့ယွင်းချက်ကလဲ ဆက်တိုက် တိုက်ခိုက်လာရင် ပျောက်သွားမှာပါ။ ဆွန်းမိုကတော့ ပျိုးပင်ကောင်းတစ်ခု ရှာတွေ့တာပဲ။

ဘယ်လိုပဲပြောပြော ဂျိမ်ဂျဲရဲ့ သုံးသပ်မှုက သာမန်တော့ မဟုတ်ပါ။ သူမကတစ်မိနစ်သာ

စောင့်ကြည့်ခဲ့သော်လည်း အရာအားလုံးကို ရှင်းရှင်းလင်းလင်း မြင်နေသည်။

ဓောင်ဝမ်လီရဲ့ တိုက်ခိုက်မှုကလည်း အရမ်းကြောက်ဖို့ ကောင်းသည်။ သူ့ရဲ့ဖိအားကြောင့် အင်ဘိုင်ဝူက ခုခံကာကွယ်နေရင်း ရှိသမျှ အရာအားလုံး ပေါက်ကွဲ ထွက်လာသည်။ ဒါကြောင့်လည်း သူမရဲ့ အထင်ကြီးဖို့ကောင်းတဲ့ ဖွဲ့စည်းပုံကို လူတိုင်း မြင်သာနေသည်။

သူမသာ သာမန်ကျောင်းသား တစ်ယောက်သာ ဖြစ်ခဲ့ရင် ရှုံးနိမ့်နေတာ တော်တော် တောင်ကြာနေပြီ။

ဂျိမဲဂျဲရဲ့သုံးသပ်ချက်ကို ကြားပြီး ကူရှုပ်ရှင်း ကြောင်နေသည်။ ပြီးတော့ အန်ရှီဝေ ခေါင်းလှုပ်ရုံလောက်လေး ညွှတ်ပြလိုက်တာကို မြင်လိုက်လျှင် တုန်လှုပ်သွားသည်။ အန်ရှီဝေကလည်း ဒီကောင်မလေးရဲ့ပုံရိပ်ကို သိလောက်သည်။ အင်ဘိုင်ဝူသည် အရင်က ပန်းပဲဖိုနှင့် အမှိုက်တွေကို သယ်ဆောင်သူ လုပ်ခဲ့ဖူးသည်။ ဒါကြောင့်လည်း

ကူရှုပ်ရှင်းက နှံ့နစ်နေတဲ့ ပတ္တာမြားလို့ မထင်ခဲ့မိပါ။

သူ့ရဲ့ ပညာသင်ဘက်ညီလေးက တစ်ဆင့်ပြီးတစ်ဆင့် အညွှာအတာ မဲ့စွာ အဆုံးသတ်လာတာကို မြင်လျှင် ဧောင်ဝမ်တို ပြုံးလိုက်သည်။

"သူ့ရဲ့ အနိုင်ကတော့ သေချာသွားပြီ"

ဂေါင်ပန်ရဲ့ မျက်ခုံးများလည်း ပြေလျော့လာသည်။ မြွတ်ဆရာတစ်ယောက်လို ယုံကြည်ချက်ရှိတဲ့ စတိုင်ဖမ်းပြီး ထိုင်ခုံမှာ ထိုင်ချလိုက်သည်။

ပြိ်ုးတော့ ပွဲကြည့်စင်ဘက်ကို တစ်ချက် ခိုးကြည့်လိုက်သည်။

ဆရာတွေ အများကြီး ရှိနေသောကြောင့် တည်တည်ငြိမ်ငြိမ် လုပ်ပြရမည့် အခွင့်အရေးကို လက်လွှတ်မခံနိုင်ပါ။

တိုက်ပွဲထဲမှာတော့.....................

ဇောင်ဝမ်လီ တဖြည်းဖြည်းနဲ့ စိတ်ရှုပ်လာသည်။ သူ သိသိသာသာကြီး အားသာနေပါရဲ့နဲ့ ဘာဖြစ်လို့ မနိုင်သေးတာလဲ။

သူမက ပင်လယ်ပြင်တွင် ရွက်လွှင့်နေသော လှေငယ်လေးလို ဖြစ်နေသည်။ မုန်တိုင်း(သူ့တိုက်ခိုက်မှု) ဘယ်လောက်ပြင်းပြင်း သူမကတော့ ရှေ့နောက် ပြင်းပြင်းထန်ထန် ယိုင်ထိုးရင် ယိုင်ထိုးနေမယ် လုံးဝတော့ မပြိုလဲနိုင်ပေ။

မဟုတ်သေးပါဘူး။ တကယ်တော့ သူမက သူမရဲ့ ဟန်ချက်ကို ရှာနေခဲ့သည်။

"ပိုပြင်းတဲ့ တိုက်ခိုက်မှု လုပ်ဖို့တော့ လိုပြီ"

ဇောင်ဝမ်လီလည်း ပါရမီရှင်တစ်ယောက်ပါ။ သူ၏ ထက်မြတ်တဲ့ အာရုံခံစားမှုက အင်ဘိုင်ဝူရဲ့ အပြောင်းအလဲကို သတိထားမိနေသည်။ သူမက လုံးဝ လက်တုန့်မပြန်ပဲ ကာကွယ်ဖို့သာ အာရုံစိုက်ထားသည်။

အင်ဘိုင်ဝူက ဇောင်ဝမ်လီကို စိုက်ကြည့်ရင်း သူမကိုယ်သူမ စိတ်ငြိမ်ငြိမ်ထားရန် ပြန်ပြောနေသည်။

အင်ဘိုင်ဝူ၏ ပင်ကိုယ်စရိုက်အရ တဲ့တိုးဆန်ပြီး ခေါင်းမာတတ်သည်။ အမြဲတမ်းပဲ ကာကွယ်သူ

လုပ်မှာလား။ မဟုတ်ဘူး။ ဒါကလုံး၀ သူမ စတိုင် မဟုတ်ဘူး။ ပြန်တုံ့ပြန်ဖို့ အကြိမ်ရေ နည်းနည်းကြိုးစားခဲ့ပြီးနောက် သူမရဲ့ခွန်အားက မလုံလောက်သေးဘူးဆိုတာ သိလိုက်သည်။ ဒီအချက်ကြောင့်လည်း အင်ဘိုင်ဝူက ခုခံကာကွယ်ဖို့သာ အလုံးစုံ အာရုံစိုက်ထားခဲ့သည်။ တိုက်ခိုက်ဖို့အတွက် စိတ်ပူမနေဘဲ ကူးယူခြင်း အစွမ်းနဲ့ ဇောင်ဝမ်လီကို စေ့စေ့စပ်စပ် စောင့်ကြည့်နေခဲ့သည်။

ဒါကြောင့်လည်း လူတွေကပြောတာပေါ့။ ထူးချွန်တဲ့ ပါရမီရှင်တွေက သာမန်လူတွေကို အမြဲတမ်းပဲ စိတ်ဓါတ်ကျအောင် လုပ်တတ်တယ်။

အစမှအဆုံးအထိ အင်ဘိုင်ဝူသည် သန်မာတဲ့ ပြိုင်ဘက်နဲ့ ရင်ဆိုင်နေရတာတောင် တစ်စက်ကလေးမှ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း မရှိပေ။ တစ်ဖက်လူကို ဘယ်လို ချေမှုန်းရမလဲဆိုတဲ့ အတွေးသာ ရှိနေသည်။

ကူးယူခြင်း အစွမ်း ထပ်ပေါင်းလိုက်ခြင်းကလဲ အင်ဘိုင်ဝူကို တည်ငြိမ်သွားစေပြီး လက်ရှိ

တိုက်ပွဲအခြေအနေကို နားလည်မှု အသစ် အသစ်တွေ ထပ်ဖြစ်ပေါ်လာစေသည်။

စစ်တုရင်ကစားသလို ဘေးကကြည့်နေတဲ့ ပရိတ်သတ်များထက် ကစားပွဲကို ပိုပြီး တိတိကျကျ မြင်နေသလို ဖြစ်နေသည်။ အခုတော့ ဖြစ်စဉ်တို့၏ ထုံးစံအတိုင်း သူမရဲ့ အာရုံတွေက နောက်တစ်ဆင့်ကို မြင့်တက်လာပြီး တိုက်ပွဲကို ဘေးကကြည့်နေတဲ့ ပရိတ်သတ်တစ်ယောက်အမြင်ကို အစားထိုး ခံစားနိုင်လာသည်။

ဖော်ဝမ်လီလည်း ပိုပိုပြီး စိုးရိမ်လာသည်။ သူက ဒီအောက်တန်းစား ပြိုင်ဘက် မိန်းမနဲ့ တိုက်ခိုက်နေရသည်။ ဒါတောင် သူမကို အနိုင်မယူနိုင်သေးပါ။ တော်တော်ကို ရှက်ဖို့ ကောင်းနေပြီ။

ဆရာအမျိုးကြီးကလည်း စောင့်ကြည့်နေတဲ့ အချက်ကို ထည့်တွေးလိုက်ရင် ဖောင်ဝမ်လီသည် တစ်ပွဲတည်းနဲ့ နာမည်ကြီးလာအောင် စွန့်စားဖို့ ဆုံးဖြတ်လိုက်သည်။

လှုပ်ရှားမှုတစ်ခုကို အကောင်အထည်ဖော်လိုက်သည်။

ပင်လယ်ထဲက ထွက်လာတဲ့ နဂါးဒေါသ။

ဓါးလမ်းကြောင်းက အောက်ကနေ အပေါ်ဖြစ်သည်။ သူက အင်ဘိုင်ဝူရဲ့ မေးစေ့ကို ထိုးဖောက်မလို လုပ်လိုက်သည်။

မေးရိုးချိုး ကိုယ်ဟန်။

ရွှတ်စ်

ဒီတိုက်ခိုက်မှု အရှိန်က လျှင်မြန်လှပြီး လေထုကိုတောင် ပွတ်တိုက်မှု ဖြစ်သွားစေသည်။

ဒါကလည်း ဧောင်ဝမ်လီရဲ့ အကောင်းဆုံးသော တိုက်ကွက်ဖြစ်သည်။ ပုံမှန်အတိုင်းပြောရလျှင် ဓါးရှည်ကဲ့သို့ လက်နက်မျိုးသည် ထိုးဖောက်တာနဲ့ ယှဥ်ရင် လွှဲခုတ်တာက ပိုအဆင်ပြေသည်။ အကောင်းဆုံး တိုက်ကွက်လို့ ပြောတဲ့အတိုင်း ပြိုင်ဘက်ကို အငိုက်ဖမ်း အမြင်မှားအောင်လုပ်ပြီး မထင်မှတ်ထားတဲ့ ရှုထောင့် ကတိုက်ခိုက်မလို့ ဖြစ်သည်။

ဓါးက လျှပ်စီးလို အလျှင်နဲ့ ထိုးဖောက်လာသည်။ လျှင်မြန်သော အရှိန်ကြောင့် ထွက်ပေါ်လာတဲ့

လေပြင်းများက အင်ဘိုင်ဝူ မျက်နှာကို ရိုက်ခတ်လာသော်လည်း အင်ဘိုင်ဝူ တစ်စက်တောင် ထိတ်လန့်ခြင်း မဖြစ်ပါ။ ဆန့်ကျင်ဘက်အနေနဲ့ သူ့မျက်နှာက ဝမ်းသာသည့် ပုံပေါက်သွားသည်။

"ဒီအခွင့်အရေးကို စောင့်နေတာ"

အင်ဘိုင်ဝူက ရုတ်တရက် ဖြစ်ပေါ်လာသော တိုက်ခိုက်ချင်စိတ်ကို ထိန်းထားပြီး စောင့်နေသေးသည်။

"သူ့အရမ်း စိတ်လောနေပြီ"

ဂျိမ်ဂျဲ ခေါင်းခါလိုက်သည်။ ဒီကောင်လေးရဲ့ အရည်အချင်းက မဆိုးပါဘူး။ ဒါပေမယ့် စိတ်ဓါတ်ပိုင်းကျတော့ လိုအပ်နေသေးသည်။ ဒီတိုက်ပွဲတွင် မိန်းကလေးက အပြည့်အဝ အာရုံစိုက်ထားနိုင်ပြီး ယောကျ်ားလေးက အတွေးလွန်နေသည်။

ရှွတ်စ်

ဓါးရှည်က လေချွန်သံပေးပြီး အင်ဘိုင်ဝူရဲ့ မေးစေ့နားကို ချက်ခြင်း ရောက်လာသည်။

"အာ.........."

လူအုပ်ထဲမှ လူသစ်လေးတွေက အလန့်တကြား အော်လိုက်ကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် မိန်းကလေးရဲ့ မေးရိုးတော့ ထိုးခွဲ ခံရတော့မည်။

“ သနားစရာပဲ”

ဇောင်ဝမ်တိုက စိတ်ရှုပ်ထွေးစွာ ကြည့်နေသည်။

“ဒါလဲကောင်းတာပဲ။ ဆက်တိုက်နေရင် သူမရှုံးတော့မယ်”

“တိတ်စမ်း”

ဂေါင်ပန်က ဒေါသတကြီး အော်ငေါက်လိုက်သည်။ သူ့ရဲ့ ပုံစံကလည်း မှုန်ကုတ်နေသည်။ သူ၏

ထက်မြတ်တဲ့ အရည်အချင်းကြောင့် မကောင်းတဲ့ အနံ့အသက်ကို ခံစားမိနေသည်။

"သေစမ်း"

ဇောင်ဝမ်လီ၏ မျက်လုံးများ အရမ်း ကျဉ်းသွားသည်။ ပြိုင်ဘက်ရဲ့ တုန့်ပြန်မှုက နည်းနည်း မမြန်လွန်းဘူးလား။ တွေးထားခဲ့သလိုပဲ သူ့ရဲ့ အစွမ်းကို ကောင်းကောင်းထုတ်နိုင်ဖို့ အချိန်လုံလုံလောက်လောက် မပေးခဲ့မိပါ။ အရမ်း အနိုင်လိုချင်နေခဲ့သည်။

(ကိစ္စမရှိဘူး။ နောက်တစ်ချက်နဲ့ အနိုင်ယူမယ်)

ဇော်ဝမ်လီက အကွက်ကို ပြောင်းပြီး နောက်တစ်ခေါက်တိုက်မလို့ လုပ်နေတဲ့အချိန်တွင် ပြိုင်ဘက်က ရှေ့ကိုပြေးထွက်လာပြီး လက်ထဲက သစ်သားဓါးနဲ့ ခုတ်ချလိုက်သည်။ ဒါကို မြင်လိုက်ရသည်။

"အမ်။ ဒီအကွက်ကို ရင်းနှီးနေသလိုပဲ။ နေပါအုံး ဒါက ပင်လယ်ထဲကထွက်လာတဲ့ နဂါးဒေါသ မဟုတ်ဘူးလား"

သူ့ရဲ့အကောင်းဆုံးသော တိုက်ကွက်ဖြစ်တာကြောင့် ဒါနဲ့ပက်သက်ပြီး

ကောင်းကောင်းသိနေသည်။ သူမရဲ့ အနေအထား၊ ရှုထောင့်၊ ကြောက်ဖို့ကောင်းတဲ့ အရှိန်.... ဒါက ရှောင်တိမ်းဖို့ မရတာ သေချာနေပြီ။

တွေးထားတဲ့အတိုင်းပဲ ဓောင်ဝမ်လီ နောက်ဆုတ်ချင်သော်လည်း သစ်သားဓါးက ရောက်လာပြီ။

မေးရိုးကျိုးသော ကိုယ်ဟန်။

ဖြောင်း

သစ်သားခါးက ဖောင်ဝမ်လီမေးစေ့ဆီကို စိတ်ပျက်စရာ ကောင်းလောက်အောင် ပြင်းထန်တဲ့ အင်းအားနဲ့ ထိမှန်သွားသည်။

ဖောင်ဝမ်လီလည်း မျက်နှာပျက်သွားပြီး ဆတ်ကနဲ လန်တက်သွားသည်။

ရွတ်စ်

သစ်သားခါးရဲ့ လမ်းကြောင်းက ပြောင်းသွားသော်လည်း ကြီးမားလှတဲ့ စွမ်းအားက ကျန်နေသေးပြီး ဖောင်ဝမ်လီ ချက်ခြင်းကို လွင့်ထွက်သွားသည်။ ဖောင်ဝမ်လီသည်

ကျိုးပြတ်သွားတဲ့ ကြိုးတစ်ချောင်းလို လေထဲကနေ ဆယ်မီတာလောက် လွင့်ထွက်သွားပြီး အရိုန်ပြင်းပြင်းနဲ့ မြေပေါ်ကို ဝုန်းကနဲ ကျသွားသည်။

လင်ကျန်က ပြေးဝင်လာသည်။

အင်ဘိုင်ဝူသည် တစ်ချက်တည်းနဲ့ အနိုင်ရသွားသော်လည်း တစ်စက်တောင် စိတ်လှုပ်ရှားခြင်း မရှိပေ။ သစ်သားဓါးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားပြီး လင်ကျန်ကို ကြည့်လိုက်သည်။

သူမက စော်ကားလိုခြင်း မဟုတ်ပေ။ ဒါက အလိုလို ကာကွယ်တတ်တဲ့ တုန့်ပြန်မှု တစ်ခုဖြစ်သည်။

“ ငါက တိုက်ခိုက်တာကို ဝင်မတားခဲ့ရင် မင်းရဲ့ခါးက သူ့ကို သတ်မိသွားလိမ့်မယ်”

လင်ကျန်က တည်တည်ငြိမ်ငြိမ် ရှင်းပြနေသော်လည်း စိတ်ထဲကတော့ တုန်လှုပ် ချောက်ခြားနေသည်။ ဒီကောင်မလေးက သူ့ကိုယ်သူလဲ ရက်စက်နိုင်သည်။

ဇောင်ဝမ်လီက ဓါးနဲ့ တိုက်ခိုက်တဲ့အချိန်တွင် အချိန်ကိုက် ဖြစ်မနေပါ။ အင်ဘိုင်ဝူရဲ့ ပေါက်ကွဲထွက်လာတဲ့ အမြန်နှုန်းနဲ့ဆိုရင် ဇောင်ဝမ်လီ တိုက်ခိုက်တာကို လွတ်အောင်ရှောင်ဖို့ အချိန်လုံလောက်သည်။ ဒါပေမယ့်လည်း သူမ မရှောင်ခဲ့ပေ။။

အဲဒီအစား အန္တရာယ်အများဆုံး တိုက်ပွဲနည်းဗျူဟာကို ရွေးချယ်ခဲ့သည်။ ဇောင်ဝမ်လီရဲ့ တိုက်ခိုက်မှုက ထိလုထိခင် ဖြစ်ခါနီးမှ ခေါင်းစောင်းပြီး ရှောင်ခဲ့သည်။

သူရဲ့တိုက်ခိုက်မှုဆုံးသွားပြီး နောက်တစ်ကွက် မတိုက်နိုင်ခင် သူမက ရှိသမျှခွန်းအား အကုန်သုံးပြီး တိုက်ခိုက်ခဲ့သည်။

ဇောင်ဝမ်လီရဲ့ ခန္ဓာကိုယ်က အရှေ့ကို အရှိန်အဟုန်နဲ့ ဆက်ရွေ့နေပြီး ရှောင်ဖို့အတွက် အခွင့်အရေး မရလိုက်ပါ။ ဒါကြောင့်လည်း ဇောင်ဝမ်လီရဲ့ ခေါင်းက အင်ဘိုင်ဝူ ဓါးအတွက် လက်ဆောင်တစ်ခု ဖြစ်ခဲ့ရသည်။

ဒီအချက်ကိုတွေးမိပြီး လင်ကျန်က ဆွန်းမိုရဲ့ ကံကောင်းမှုကို မနာလို ဖြစ်လာသည်။ ဆွန်းမို

ကြုံရာကျပန်း ကယ်တင်လိုက်တဲ့ မိန်းကလေးက တိုက်ခိုက်ရေး ပါရမီရှင ် ဖြစ်နေသည်။

"တကယ်တော့ မင်းဒီလို စွန့်စားစရာတောင် မလိုဘူး။ မင်းရဲ့ ပေါက်ကွဲအားကောင်းပုံနဲ့ဆို သူတိုက်ခိုက်တာကို ရှောင်ပြီး ပြန်တိုက်ဖို့ အချိန်ရှိတယ်"

လင်ကျန်က သူဘက်ကစပြီး လမ်းညွှန်ပေးလိုက်သည်။

"ငါနိုင်ပြီလား"

အင်ဘိုင်ဝူအတွက် မထူးခြားသော်လည်း ဒီနေရာမှာ ရှိနေကြတဲ့ ကျောင်းသားတွေကတော့ အံ့အော မှင်တက်နေကြသည်။

ဒီနှစ်ရဲ့ခေါင်းဆောင် လင်ကျန်က ပုံမှန်ဆိုရင် မျက်နှာက အမြဲတမ်း တင်းမာနေပြီး ဆူပူကြိမ်းမောင်းနေကြပါ။ ဒါပေမယ့် အခုတော့ ဒီကောင်မလေးကို နူးညံ့တဲ့ လေသံနဲ့ လမ်းညွှန်ပေးနေသည်။

ဒီနှစ်ရဲ့ ခေါင်းဆောင် သံမဏိ မျက်နှာရော ဟုတ်ရဲ့လား။

လင်ကျန်က မာနကြီးခွင့်ရှိတဲ့ ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ဆိုတာ မေ့ထားလို့မရပါ။ ပြီးတော့ အင်ဘိုင်ဝူကလဲ သူ့ရဲ့ တိုက်ရိုက် တပြည့် မဟုတ်ပါ။ သူကတောင် စပြီး လမ်းညွှန် ပေးလိုက်သေးတယ်။ ဒါဆိုရင် သူမကို အမှန်တကယ် သဘောကျနေတာပေါ့။

"ငါ...ငါ မသေသေးဘူးလား"

ဇောင်ဝမ်လီက သူ့ရဲ့ မေးစေ့ကို ပြန်ကိုင်ထားပြီး ခုနက အဖြစ်အပျက်တွေကြောင့် ကယောင်ခြောက်ခြား ဖြစ်နေသည်။ သူမက

ရုတ်တရုတ် တိုက်ခိုက်လိုက်တဲ့ အချိန်တွင် သေပြီလို့ တွေးထားလိုက်သည်။

"ဒုတိယမြောက် တိုက်ပွဲမှာ အင်ဘိုင်ဝူက အနိုင်ရတယ်"

လင်ကျန်က ကြေငြာလိုက်သည်။

ဖြောင်း ဖြောင်း ဖြောင်း

ပရိတ်သတ်များက စပြီး လက်ခုပ်တီးလိုက်ကြသည်။ ပထမပွဲထက်စာရင် ဒီတိုက်ပွဲက ပို အန္တာရာယ် များသည်။

"ဆွန်းမိုတော့ ရတနာ တစ်ခု ကောက်ရလိုက်ပြီ"

ဂျိမ်ဂျဲက လက်ခုပ်တီးရင်း ချီးကျူးလိုက်သည်။

" အမှန်ပဲ"

အန်ရှီဝေကတော့ ဆွန်းမိုအတွက် ပျော်ရွှင်နေသည်။ တစ်ချိန်တည်းမှာပဲ ရန်ချိုင်က အင်ဘိုင်ဝူကို ဖျက်ဆီးလိုက်ရင် ဘာတွေ ဆက်ဖြစ်လာမလည်း ဆိုတာ တွေးပြီး နည်းနည်းတောင် ကြောက်သွားသည်။

ပါရမီရှင်တစ်ယောက်ကို ဖျက်ဆီးမိတော့ မလို့နည်းနည်းပဲ လိုသွားသည်။

ဒီအချက်ကိုတွေးရင်း အန်ရှီဝေက ကျန်ဟန်ဖူကို လှည့်ကြည့်လိုက်သည်။

အခုတော့ ကျန်ဟန်ဖူ မျက်နှာသည် မီးသွေးခဲလို မည်းမှောင်နေသည်။ ဒီနေရာသာ လူမြင်ကွင်း မဟုတ်ပါက ဂေါင်ပန်ခေါင်းကို သွေးထွက်အောင် ဆူဆဲအော်ဟောက် နေမိမည်။

(မင်းက တကယ့်ကို နှစ်ချီဆက် ရှုံးခဲ့တာပဲ။ ဒါတောင် မရှက်တတ်သေးရင် မင်းကို

ခေါင်းအမဲလိုက်ခဲ့တဲ့ ငါကပဲ စောက်ရှက်မရှိတာပေါ့ကွာ)

“ငါ့ရဲ့ သုံးသပ်ချက်က ဒီလောက်တောင်ဆိုးနေပြီလား”

ကျန်ဟန်ဖူသည် သူ့ရဲ့ သုံးသပ်နိုင်စွမ်းကို ပထမဆုံးအကြိမ် သံသယ ဝင်လာသည်။ ပြီးတော့ အင်ဘိုင်ဝူကို လှမ်းကြည့်လိုက်ပြီး ပိုတောင်မကျေမနပ် ဖြစ်လာသည်။ သူ့ရဲ့ သုံးသပ်နိုင်စွမ်းအရ ဒီကောင်မလေးရဲ့ အရည်အချင်းက မဆိုးဘူးဆိုတာ သိနေသည်။

ဘာဖြစ်လို့ ဒီလို ပါရမီရှင်က သူ့ရဲ့တပြည့် မဖြစ်ရတာလဲ။

မြောက်ဘက်က ပွဲကြည့်စင်ပေါ်တွင် ဆရာများကလည်း စိတ်အားထက်သန်စွာ ဆွေးနွေးနေကြသည်။ အင်ဘိုင်ဝူက ဘယ်လောက် အလားအလာထိတောင် တိုးတတ်လာမှာလဲ။ စိတ်မကောင်းစရာပဲ။ တိုက်ပွဲက တိုလွန်းတော့ ကောင်းကောင်း မသုံးသပ်လိုက်ရဘူး။

ဒါပေမယ့် သူမက ရဲ့ရင့်တဲ့ လူတစ်ယောက်ဆိုတာ သေချာပေါက် ပြောနိုင်သည်။ သာမန်လူ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ယောက်သာဆိုရင် ပြန်တိုက်နိုင်ဖို့အတွက် သေလုနီးပါး မပေးဆပ်နိုင်ပါ။ သူမကတော့ တိုက်ပွဲမှာ အနိုင်ရဖို့ ဘာမဆို ပေးဆပ်နိုင်တဲ့ လူမျိုးဖြစ်သည်။ ဘာကြောင့်ဆို မင်းတို့ ဘဝကို တန်ဖိုးထားတာထက် သူမက ပိုတန်းဖိုးထားတယ်။

အန်ရှီဝေ ပြုံးလိုက်သည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု အမှတ် +၂၀။ ရင်းနှီး(၁၅၀/၁,၀၀၀)

“အရမ်းကောင်းတယ်။ အရမ်းတော်တာပဲ”

လုချီဟွာကတော့ ဝမ်းသာ အားရ ချီးကျူးနေသည်။ အပြုံးကြီးကြီး ပြုံးနေပြီး မျက်လုံးက လခြမ်းကွေး ဖြစ်နေသည်။

“ငါတို့ရဲ့ ဂျူနီယာ ညီမလေးအသစ်ကတော့ မိန်းမကြမ်းကြီးပဲဟော့”

ထန်ထန်ယုထန်က နောက်နေသည်။ ပြီးတော့ ရှန်ယွန်ပေါင်ကို တစ်ချက် ကြည့်လိုက်သည်။

ချန်လုံက ခေါင်းတဆက်ဆက ် ညိှတ်နေသည်။

ရှန်ယွန်ပေါင်ကတော့ နှုတ်ခမ်းကို လျှာနဲ့သပ်နေပြီး အင်ဘိုင်ဝူကိုသာ အာရုံစိုက်နေသည်။ ဒီလို ပြိုင်ဘက်မျိုးကို စောက်ရမ်း သဘောကျသည်။ သူမကို မြန်မြန်ကြီးထွားလာစေချင်ပြီး အနာဂတ်မှာ အချင်းချင်း သူနိုင်ကိုယ်နိုင် ပြိုင်တာကလွဲရင် ဘာမှမလိုချင်ပါ။

အင်ဘိုင်ဝူ ပြန်ရောက်လာရင် ဆွန်းမိုက ညာလက်မြှောက်လိုက်သည်။

အင်ဘိုင်ဝူကလည်း ပြန်လုပ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဟိုက်ဖိုက်" (High-five တစ်ခုခုကို အောင်မြင်အောင် လုပ်နိုင်လို့ အချင်းချင်း ဂုဏ်ပြုပြီးလက်ဖဝါး ရိုက်ခြင်း)

ဆွန်းမိုက ရယ်ပြီး ပြောလိုက်သည်။

အင်ဘိုင်ဝူကလည်း ခေါင်းညိတ်လိုက်ပြီး လက်ဖဝါးကို အပေါ် မြှောက်လိုက်သည်။

ဖြောင်း

လက်ဖဝါးခြင်း ထိတဲ့အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ငါလည်း လုပ်မယ်။ ငါလည်း လုပ်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာကလည်း ဟိုက်ဖိုက်လိုချင်ပြီး သားပိုက်ကောင်လို ခုန်ဆွခုန်ဆွ လုပ်နေသည်။

ဖြောင်း

အင်ဘိုင်ဝူက လုချီဟွာ ကျေနပ်အောင် လုပ်ပေးလိုက်သည်။ ပြီးတော့ ဆန်းမိုကို ကြည့်ပြီး အလေးအနက် ခေါင်းညိတ် အရိုအသေ ပေးလိုက်သည်။

“ဆရာ ကံကောင်းထောက်မစွာ ကျွန်မကြောင့် အရှက်မကွဲတော့ဘူး။ ကျွန်မ နိုင်ခဲ့တယ်”

“လုပ်တာ အရမ်းကောင်းတယ်”

အင်ဘိုင်ဂူ နောက်ဆုံးအချိန်မှာ စွန့်စားပြီး တိုက်ခိုက်ခဲ့တာအတွက် ဆွန်းမိုက ဘာမှပြော မနေတော့ပါ။ ဆွန်းမိုက အင်ဘိုင်ဂူ တိုက်ခိုက်တဲ့ ပုံစံကို နားလည်သည်။ ပြီးတော့ သူမကို အတင်းအကျပ် ပြောင်းခိုင်းဖို့လည်း မလိုပါ။ ခေါင်ဝမ်တိုက သူ့ညီကို ကူညီနေသည်။ သူ့ညီရဲ့စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ မျက်နှာကို ကြည့်ပြီး ဘယ်လို နှစ်သိမ့် ရမလဲ မသိပေ။

ဒါက ဗဟိုပြည်နယ် အကယ်ဒမီကို ဝင်ခွင့်ရပြီး သူ့အတွက် ပထမဆုံး တိုက်ပွဲပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှောင်တိုက်ကြီး ဝင်ခွင့် နေရာကို ဖယ်ထားလိုက်အုံး။ ပြိုင်ဘက်က ကျင့်ကြံခြင်းအခြေခံ နှိမ့်ကျတဲ့ မိန်းကလေး ဖြစ်နေပြီး ရှုံးတောင် ရှုံးလိုက်သေးသည်။

ဒီလိုမျိုးက စိတ်ပိုင်ဆိုင်ရာ သက်ရောက်မှုက တော်တော်ကြီးသည်။

ဘယ်လိုပဲပြောပြော ဖောင်ဝမ်လီ သူ့ကို ပါရမီရှင်လို့ အခေါ်ခံတဲ့ကိစ္စနဲ့ပက်သက်ပြီး ထပ်စဥ်းစားစရာတောင် မလိုတော့ပါ။

"အများကြီး တွေးမနေနဲ့။ မင်းရဲ့ခွန်အားက အားမနည်းပေမယ့် စိတ်ပိုင်းဆိုင်ရာက မပြည့်ဝသေးဘူးလေ။ မင်းမှာ အတွေ့အကြုံ ပိုများလာရင် မင်းအဆင်ပြေလာလိမ့်မယ်"

ဂေါ်ပန်က ဒေါသစိတ်ကို ထိန်းပြီး ဖောင်ဝမ်လီကို ကြွင်ကြွင်နာနာနဲ့ ပြောလိုက်သည်။ တကယ်တော့ ဂေါ်ပန်က ပြင်းပြင်းထန်ထန် အပြစ်တင်ချင်နေသည်။ ဒါပေမယ့် ကျန်ဟန်ဖူရဲ့ စိတ်ပျက်တဲ့ အကြည့်ကို မြင်လိုက်ပြီး ကျောင်းသားဘဝမှာ အရေးကြီးတဲ့ တိုက်ပွဲကို

သူရှုံးခဲ့ချိန်တုန်းက သူ့ရဲ့ဆရာ အပြစ်မတင်ခဲ့တာကို ပြန်သတိရသွားသည်။

ဖောင်ဝမ်လီကလည်း ပထမတုန်းက သူ့ကိုယ်သူ တော်တော် စိတ်ပျက်နေသည်။ ဒါပေမယ့် ဂေါင်ပန်ရဲ့ စကားကို ကြားလိုက်လျှင် မျက်လုံးက မျက်ရည်တွေ စီးကျလာသည်။

"ဆရာ...၊ ကျွန်တော် ရှုံးသွားတယ်"

"နောက်တစ်ကြိမ် နိုင်အောင်လုပ်"

ဂေါင်ပန်က ဖောင်ဝမ်လီရဲ့ ပုခုံးကို ပုတ်လိုက်သည်။

"မင်းက အသက် ၁၃နှစ်ပဲ ရှိသေးတယ်။ အနာဂတ်မှာ အခွင့်အရေးအများကြီး ရှိသေးတယ်"

ဇောင်ဝမ်တို့နှင့် တခြားသူတွေလည်း ဇောင်ဝမ်လီတော့ ပြင်းပြင်းထန်ထန် ဆဲဆို ကြိမ်းမောင်း ခံရတော့မယ် ထင်နေခဲ့သည်။ အမြဲတမ်း တင်းမာနေတတ်တဲ့ ဂေါင်ပန်က အားပေးစကား ပြောပေးမယ်လို့ မတွေးထားကြပါ။ သူတို့ လန့်ဖျန့်သွားကြသည်။

ဒါပေမယ့် နောက်ဆုံးတော့ နည်းနည်းအားရကျေနပ်သွားကြသည်။ ဒီဆရာနောက်ကို လိုက်ရတာ တကယ်မဆိုးပါဘူး။

"ဆွန်းမိုက နှစ်ပွဲဆက် အနိုင်ရသွားတယ်။ ဒီအကြိတ်အနယ်ယှဉ်ပြိုင်မှုမှာ ဆွန်းမိုက အနိုင်ရတယ်"

လင်ကျန်က ကြေငြာလိုက်သည်။

ဆွန်းမိုက သဘောတူထားတဲ့ အတိုင်း သုံးပွဲမှာ နှစ်ပွဲ အနိုင်ရသွားသည်။

"ဆရာလင် ။ ကျွန်တော် မတိုက်ရသေးဘူး"

ဇော်ဝမ်တို စိုးရိမ်စိတ်ကြီးလာသည်။ သူထင်ပေါ်မဲ့ အခွင့်အရေး လွဲချော်လို့ မဖြစ်ဘူး။ ဂေါင်ပန်ကို လှည့်ကြည့်လိုက်ပြီး

"ဆရာ............."

"ဆရာဆွန်း၊ သုံးကြိမ်မြောက် တိုက်ရဲလား"

ဂေါင်ပန်က ဆွန်းမိုကို ကြည့်ပြီး အော်ဟစ်လိုက်သည်။ အမှန်တိုင်းဆိုရင် ဇော်ဝမ်တို ကို ကူညီပြီး မပြောပေးချင်ပါ။ သူက နှစ်ပွဲရှုံးထားသည်။ ဝမ်တို နိုင်ရင်တောင် ဆွန်းမို အနိုင်ပဲ ဖြစ်နေအုံးမည်။ ဒါပေမယ့်

ဧောင်ဝမ်တိုသာ ရှုံးသွားခဲ့ရင် သူ့ရဲ့ သုံးသပ်မှုက ပိုတောင် အသုံးမကျ ဖြစ်သွားအုံးမည်။

အမှန်တိုင်းပြောရလျှင် လုချီဟွာနှင့် လီဇီချီတို့ လုပ်ဆောင်ချက်ကြောင့် ဆွန်းမိုပေါ် အထင်သေးတဲ့စိတ် လုံးဝပျောက်သွားပြီ။ ဧောင်ဝမ်တို ကျိန်းသေပေါက် အနိုင်ရမယ်လို့လည်း မယုံကြည်တော့ပါ။

ဒါပေမယ့် သူ့ တိုက်ရိုက်တပြည့်ရဲ့ မျက်လုံးကို ကြည့်လိုက်မိလျှင် သူ့တပည့်ရဲ့ တိုက်ခိုက်ချင်တဲ့ ဆန္ဒကို ဖြည့်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

“ဘာလို့ မတိုက် ရဲရမှာလဲ”

လီဇီချီက ပြန်တုန့်ပြန်လိုက်သည်။ ဆွန်းမိုက လှမ်းကြည့်လိုက်ရင်း

“ဆရာ။ ငါလည်းတိုက်ချင်တယ်”

“သေချာလား”

ဆွန်းမို မျက်မှောင် ကြုတ်သွားသည်။ လီဇီချီရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်က သုညဖြစ်သည်။ ဒါက သူမခန္ဓာကိုယ်ရဲ့ ပြဿနာဖြစ်ပြီး သူ့ရဲ့ အတွေအကြုံ ထည့်ပေးလိုက်ရင်တောင် အဖြေ

မဟုတ်ပေ။ သူမ အနိုင်ရဖို့လည်း တော်တော် ခက်ခဲသည်။

“ ဒါက အနေးနဲ့ အမြန် ကြုံရမှာပဲ။ ငါက သိုင်းပညာ အစ်မအကြီးဆုံးလဲ ဖြစ်တယ်။ ငါက စံပြ ဖြစ်ရမှာပေါ့ ။ မဟုတ်ဘူးလား”

လီဇီချီ အပြုံးချိုချိုလေးနဲ့

“ဆရာ..... မင်းရဲ့ မြင့်မြတ်တဲ့ နတ်ဘုရား အစွမ်းကို ပေးပါလား”

“အေးပါ”

ဆွန်းမိုလည်း ငြိမ်သက်သွားပြီး အာရုံစိုက်လိုက်သည်။ ပြီးတော့ စိတ်ဝိညာဉ်ပုံသွင်းခြင်းကို သုံးပြီး သူ့ရဲ့ ကျင့်ကြံခြင်းကျင့်စဉ်နှင့် လှုပ်ရှားကွက်တွေကို လီဇီချီ စိတ်ထဲ ထည့်ပေးလိုက်သည်။

လီဇီချီလည်း မျက်လုံးမှိတ်လိုက်ပြီး တိတ်တဆိတ် အာရုံခံနေသည်။ သူမက အခုဆိုရင် ဉာဏ်အလင်းပွင့်တဲ့ အခြေအနေကို ရောက်နေသည်။

“ဆွန်းမို ဘာလုပ်လိုက်တာလဲ။ သူ့လက်တဝိုက်က အဖြူရောင် အလင်းတန်းတွေကရော ဘာလဲ”

အန်ရှီဝေက ဂျိမဲဂျဲကို သိချင်စိတ်နဲ့ မေးလိုက်သည်။

“ဒါက မြတ်ဆရာအရှိန်အဝါ အမျိုးအစားအသစ် ဖြစ်နိုင်တယ်”

ဂျိမဲဂျဲက ခန့်မှန်းလိုက်သည်။

“ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ”

ကူရှုပ်ရှင်းက ချက်ခြင်း မယုံကြည်နိုင် ဖြစ်သွားသည်။

မြတ်ဆရာအများသည် မြတ်ဆရာအရှိန်အဝါကို နားလည်လာအောင် သင်ကြားပေးနေရင်းနဲ့ အတွေ့အကြုံတွေ၊ ထိုးထွင်း ဆင်ခြင်နိုင်စွမ်းတွေကို အဆက်မပြတ် စုဆောင်းနေရသည်။ ကျောင်းသားများများကို သင်ပေးလေလေ ပိုထိတွေ့လေလေ မြတ်ဆရာအရှိန်အဝါကို နားလည်ဖို့ အခွင့်အရေး ပိုများလေလေ ဖြစ်သည်။ သူက အခုမှ အလုပ်ဝင်တာလေ၊ ဘယ်လိုလုပ်

မြတ်ဆရာအရှိန်အဝါ အမျိုးအစားအသစ်ကို နားလည်မှာလဲ။

ဟာသပဲ။

ကူရှုပ်ရှင်းက ဆွန်းမိုအောင်မြင်တာကို ယုံလိုက်မဲ့ အစား ဒီကမ္ဘာပေါ်မှာ တစ်နေ့ရှေ့ဥ တစ်လုံး ဥပေးတဲ့ ငန်းတစ်ကောင် ရှိတယ်ဆိုတာကိုပဲ ယုံလိုက်မယ်။ ဒီလောက် ကံကောင်းရအောင် ကံကောင်းခြင်းနတ်သမီးရဲ့ သားမို့လို့လား။

ဒီကိစ္စက ဒီလောက်လွယ်ကူနေရင် ကြယ် ခုနှစ်ပွင့် မြတ်ဆရာအဆင့်မှာ သောင်တင်နေတဲ့ မြတ်ဆရာတွေ ဘာလို့ ဒီလောက်များနေမှာလဲ။

ဇောင်ဝမ်တို က စင်ပေါ်ကို တက်သွားသည်။ စိတ်မရှည်လို့ ယွကျိယွကျိ ဖြစ်နေသည်။

“ဆရာ ။ ဒီတိုက်ပွဲအတွက် သစ်သားဓါးလေး ဌားပါအုံး”

လီဇီချီသည် ဆွန်းမိုဆီက သစ်သားဓါးရလှျင် ပြေးလွှား ခုန်ပေါက်သွားသည်။ တိုက်ပွဲ

ကွင်းပြင်နားကို ရောက်လျှင် ခြေထောက်ကို အားပြုပြီး ခုန်တက်လိုက်သည်။

အမှန်တိုင်းပြောရရင် လှလှပပလေး ကျွမ်းပစ်ပြီး တက်လိုက်ချင်သေးသည်။ သူမရဲ့ ခန္ဓာကိုယ် အနေအထားကြောင့် အသုံးမကျတဲ့ အရာတွေ ပြုတ်ကျသွားမှာစိုးလို့သာ လက်လျှော့ ထားလိုက်သည်။

ဖောက်

စင်ပေါ်ကို ပုံမှန်လေး ဆင်းလိုက်သည်။ အဲဒီအရှိန်ကိုယူပြီး ရှေ့ကို လှမ်းလိုက်သည်။

ဒါပေမယ့် နောက်ဆုံးမှာ ညာခြေဖဝါးက ဘယ်ဘက် ခြေဖနောက်ကို မတော်တဆ တိုက်မိသွားသည်။

"အာ မဟုတ်ဘူး"

လီဇီချီ ငိုချင်ပေမယ့် မျက်ရည်က ထွက်မလာပေ။ သူမ အကောင်ဆုံး ကြိုးစားပြီး ဟန်ချက်ကို ပြန်ထိန်းလိုက်သည်။ ဒါကလည်း အသုံးမဝင်ပါ။ ဘုန်းကနဲ အသံနှင့် ဒိုက်ထိုးသလို အနေအထားနဲ့ အဆုံးသတ်သွားသည်။

"အား"

လုချီဟွာက အလန့်တကြား ထအော်လိုက်သည်။

"အိုဟို။ အခုတော့ပြီးသွားပြီ။ ငါတော့ ကိုယ့်အရှက်ကိုယ်ခွဲပြီ"

လီဇီချီ ဒေါသအရမ်းထွက်ပြီး လှည့်ပြေး လိုက်ချင်သည်။ ဒါပေမယ့်လည်း နောက်ဆုံးတော့ ပါးစပ်ကို အုပ်ပြီး မတ်တပ်ရပ်လိုက်ရသည်။ ထိတ်ထိတ်ပြာပြာ မျက်နှာနဲ့ ဖောင်ဝမ်တို ကို လှမ်းအော်လိုက်သည်။

“ စင်က တော်တော်ချောနေတယ်။ ငါကလည်းတကယ် အားကြီးတယ်”

“ သရုပ်ဆောင်နေတာတွေ ရပ်လိုက်တော့ ။ ငါက ဒီလို လှည့်ကွက်လေးတွေနဲ့ အညာမခံဘူး။ မင်းကို လျှော့တွက် စေချင်တာလား။ စိတ်မကောင်းဘူး၊ မင်းရဲ့ အကြံအားလုံး သိတယ်”

ဇောင်ဝမ်တို က အရမ်းသတိကြီးတဲ့ မျက်နှာ ဖြစ်နေသည်။ ခုနတုန်းက ရှက်တက်တက်နဲ့ ကောင်မလေးရဲ့ ခွန်အားကို တွေ့လိုက်ပြီးနောက် အရမ်းသတိထားနေသည်။ ပါရမီရှင်

ပုံစံပေါက်နေသော လီဇီချီနဲ့ မျက်နှာခြင်းဆိုင်ရလျှင် ပိုတောင် သတိကြီးလာသေးသည်။

“မင်းက တကယ်ပဲ လှည့်ကွက်ကို တွေ့သွားတာလား”

(စောက်တုံး)

လီဇီချီလည်း မျက်နှာကို ခပ်မြန်မြန်တည့်လိုက်ပြီး အလေးအနက်ထားတဲ့ ပုံဖမ်းလိုက်သည်။

“ကြည့်ရတာ မင်းက ကျွမ်းကျင်သူ ထင်တယ်။ ဒါဆိုလည်း အနိုင်အရှုံးကို ခွန်အားနဲ့ ဆုံးဖြတ်ကြတာပေါ့”

"အမ်။ တိုက်ပွဲ ဗျူဟာလား။ ငါက သူမကို မသန်မစွမ်းထင်နေတာ"

ပွဲကြည့်စင်ပေါ်တွင် ပရိတ်သတ်များ အသဲအသန် ဆွေးနွေးနေကြသည်။

ဒါကိုကြားမှပဲ။ လီဇီချီလည်း စိတ်အေးသွားသည်။ ကျရှုံးခြင်းကို လှည့်ကွက်အဖြစ် အမြင်ပြောင်းတာ အောင်မြင်သွားပြီ။

"အစ်မကြီးကတော့ အရမ်းအထင်ကြီးဖို့ ကောင်းတာပဲ။ စိတ်ကို ဘယ်လို လှည့်စားရမလဲ တကယ်သိတယ်"

လုချီဟွာကတော့ အရမ်းသဘောကျနေသည်။

ဆွန်းမိုလည်း ဆွံ့အနေသည်။ လီဇီချီက အရှက်မကွဲအောင် ရသလို လုပ်ခဲ့သည်။ ပြီးတော့ သူမရဲ့ သရုပ်ဆောင်မှုကလည်း အကယ်ဒမီ ဆုပေးလို့ ရနေပြီ။

"နှစ်ဖက်စလုံး တစ်ဖက်နဲ့ တစ်ဖက် နှုတ်ဆက်ပါ"

လင်ကျန်က လက်မြှောက်ရင်း ပြောလိုက်သည်။

"ဇောင်ဝမ်တို ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့် (၃) ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

"လီဇီချီ ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၂) ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

ပရိတ်သတ်စင်ဘက်ကနေ ရုတ်ရုတ်သဲသဲ အသံများ ထွက်လာသည်။ ကျင့်ကြံခြင်း အဆင့်မတူတဲ့ နောက်တစ်ပွဲ။

ကျောင်းသားတွေက ဆွန်းမိုကို ကြည့်လိုက်ကြသည်။ သူ့ရဲ့ လမ်းညွှန်မှုက အရမ်းအထင်ကြီးဖို့ ကောင်းနေပြီ။ ငယ်ရွယ်သော

ဆရာတချို့က ဆွန်းမိုကို ကြည့်ပြီး ဒီတစ်ခေါက် ရှုံးပါစေလို့ ကျိတ်ဆုတောင်းနေကြသည်။

ဒါကလည်း အဖြေမဟုတ်ပါ။ ငါတို့ကလည်း ဆရာပဲလေ။

(ဘာကြောင့် မင်းက ပိုထူးချွန်နေရတာလဲ။ မင်းရဲ့ တောက်ပမှုအောက်မှာ ငါတို့က ဘယ်လို တောက်ပရမှာလဲ)

"စတော့"

လင်ကျန်က တိုက်ပွဲ စတင်ကြောင်း ကြေငြာလိုက်သည်။ ပြီးတော့ ဆွန်းမိုကို တစ်ချက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂေါင်ပန်ကို တစ်ချက် ကြည့်လိုက်မိသည်။ ဒိုင်တစ်ယောက်အနေနဲ့ ဒီကျောင်းသားတွေရဲ့ ကျင့်ကြံခြင်းအဆင့်ကို သိထားသည်။ တစ်လအကြာတွင် အားလုံး ကျင့်ကြံခြင်း အဆင့်တစ်ဆင့်တိုးတက်အောင လုပ်နိုင်ခဲ့ကြသည်။

ဒီလို အောင်မြင်မှုက တကယ်ကို အထင်ကြီးဖို့ကောင်းသည်။

ဒီအခိပ္ပါယ်က ဆရာနှစ်ယောက်ရဲ့ လမ်းညွှန်မှုအောက်မှာ ကျောင်းသားတွေ မြန်မြန်ဆန်ဆန်ကို တိုးတက်လာကြသည်။

အခန်း (၁၅၅) - ငါ လီဇီချီ က အတော်ဆုံးပဲ။

တစ်မိနစ်သာ ကြာသွားသည်။ ဇောင်ဝမ်တိုနှင့် လီဇီချီတို့သည် တစ်ယောက်နှင့် တစ်ယောက် မျက်နှာခြင်းဆိုင်ပြီး အရင်အတိုင်းပဲ ရပ်လျှက်

ရှိနေကြသေးသည်။ တစ်စက်မှကို လှုပ်ရှားခြင်း မရှိပါ။

အရင်က တိတ်ဆိတ်နေတဲ့ ပရိတ်သတ်များဆီက တစ်ယောက်တစ်ပေါက် အသံများ ထွက်လာသည်။ နောက်ဆုံးတွင် ဇောင်ဝမ်တို ကို အော်ဟာစ်လှောင်ပြောင် သရော်သံများ ထွက်လာသည်။

သို့သော် ဆရာများကတော့ အမြင်မတူကြပါ။ တကယ်တော့ သူတို့က တိုက်ပွဲကို ပိုပြီးတော့တောင် စိတ်ဝင်စားလာကြသည်။

ဒါက ဥဇဏ်ရည်အားကိုးတဲ့ ကျင့်ကြံသူ နှစ်ယောက်ကြားက တိုက်ပွဲဖြစ်သည်။

ဥဇဏ်ရည်ကို အားကိုးတယ်ဆိုတာက ဒီလိုမျိုး ကျင့်ကြံသူများသည် ဦးနှောက်ကို အားကိုးကာ ပြိုင်ဘက်လှုပ်ရှားလာမယ့် တိုက်ခိုက်ရေး တိုက်ကွက်များကို ကြိုတင်ခန့်မှန်း တွက်ချက် လေ့ရှိသည်။ သူတို့ရဲ့ တိုက်ပွဲ နည်းဗျူဟာကိုလည်း ဖုံးကွယ်ထားမယ်။ ရှေ့ကို သုံးကွက်စာ ကြိုတွက်ပြီး တစ်လှမ်းချင်း ရွှေ့ရတဲ့ စစ်တုရင်ကစားတာနဲ့ ပိုတူသည်။

နောက်တစ်မျိုးက ရှန်ယွန်ပေါင်တို့လို အမာစား တိုက်ခိုက်ရေးသမား အမျိုးအစား ဖြစ်သည်။

“ငါကြိုတွက်ထားတဲ့အတိုင်းပဲ။ ဒီကောင်တော်တော် သွေးပျက်နေပြီ”

လီဇီချီ အပြင်ပန်းကသာ တည်ကြည် လေးနက်နေသော်လည်း စိတ်ထဲမှာတော့ စိတ်အေးလက်အေး ဖြစ်နေသည်။ ပြိုင်ဘက်အား ကြောက်လာအောင် အတည်ပေါက်ကြီးနဲ့ ခြောက်ချင်နေသည်။ သူမလို ကိုယ်လက်လှုပ်ရှားမှု စွမ်းရည် သုည ရှိတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့

များများလှုပ်ရှားရလေ ရှုံးလာဖို့ အခွင့်အရေးများလေလေဖြစ်သည်။ ဒါကြောင့်လည်း အသေရပ်ပြီး ပြိုင်ဘက်ကိုသာ စောင့်ကြည့်နေရသည်။ ဇောင်ဝမ်တို ကလည်း လီဇီချီကို တော်တော်သတိကြီးတာပဲ တွေးနေသည်။ ဒါကြောင့်လည်း မတိုက်ခင် စိတ်ထဲက မတူညီတဲ့ ရှုထောင့် အမျိုးမျိုးကို တွက်ချက်ကြည့်နေသည်။ တိုတောင်းတဲ့ အချိန်တိုအတွင်းမှာ လီဇီချီ ပြန်တိုက်ခိုက်လာနိုင်တဲ့ နည်းလမ်း ခုနှစ်မျိုး၊ ရှစ်မျိုးလောက် တွေးထားပြီးပြီ။ အတွေးလွန်သွားပြီး ခေါင်းတောင် နည်းနည်းမူးသွားသည်။

ဇော်ဝမ်တိုက စင်အောက်ဖက်ကို ခပ်မြန်မြန် တစ်ချက်ကြည့်လိုက်လျှင် သူထပ်စောင့်ဖို့ မဖြစ်နိုင်မှန်း သိလိုက်သည်။ ခြေထောက်ကို မြှောက်ကာ တိုက်ခိုက်ဖို့ ပြင်လိုက်သည်။

ဒါပေမယ့် အဲဒီအချိန်မှာပဲ ဇော်ဝမ်တိုသည် လီဇီချီရဲ့ အငွေ့အသက်ပြောင်းသွားတာကို ခံစားလိုက်မိသည်။ အထူးသဖြင့် သူမ မျက်လုံးတွေဖြစ်သည်။ သူမက အရာရာကို ထိုးဖောက် မြင်နိုင်သလို ခံစားနေရသည်။

ပရိတ်သတ်တွေလည်း စိတ်မရှည်နိုင်တော့ပဲ ပိုပို ဆူညံလာသည်။ ဆရာတွေ ဒီမှာရှိနေတယ် ဆိုတဲ့ အချက်တောင် မေ့ပြီး အော်ဟစ်နေကြသည်။

“တိုက်မှာလား မတိုက်ဘူးလား”

”ငကြောက်“

လီဇီချီကိုကျတော့ တစ်ယောက်မှ မလှောင်ပြောင်ကြပါ။ ဘယ်လိုပဲပြောပြော တောကြက်ဥလေးက လူတိုင်းသဘောကျ စေလောက်တဲ့ တမူထူးပြီး လှပသူလေး ဖြစ်သည်။

”ဘာလို့ ငါ့ကိုပဲ ဝိုင်းဆဲနေကြတာလဲ“ ဖောင်ဝမ်တိုက အရမ်းမတရားသလို ခံစားနေရသည်။ ဒေါသတွေ အရမ်းထွက်ပြီး နှာခေါင်း ရှုံ့ချေပွချေ ဖြစ်လာသည်။ အချိန်ထပ် ဆွဲလို့ မရနိုင်မှန်းလည်း သိနေသည်။ ဒါကြောင့် ခမ်ကြမ်းကြမ်း ထိုးထွက်လိုက်သည်။ အဲဒီအချိန်မှာပဲ လီဇီချီဆီက ထူးဆန်းတဲ့ အငွေ့အသက်က နောက်တစ်ကြိမ် ထွက်လာပြန်သည်။

”ဘာကြီးလဲ“

ဓောင်ဝမ်တိုက သူ့ရဲ့ အရှိန်ကိုနှေးသွားအောင် အတင်းထိန်းချုပ်လိုက်သည်။ တိုက်ခိုက်ဖို့ လက်တစ်ကမ်း ရောက်တဲ့အခါ အစမ်းတစ်ချက် လှမ်းခုတ်လိုက်သည်။

ဒင်

လီဇီချီက ခိုင်ခိုင်မာမာ ခုခံလိုက်သည်။

”ဒီကောင်ရဲ့ အာရုံ တော်တော်ထက်တာပဲ“

လီဇီချီလည်း ကြံ့ရ ကျပ်နေသည်။

လီဇီချီက ကူးယူခြင်းကို ထုတ်သုံးနေသဖြင့် ဓောင်ဝမ်တိုက ထူးထူးဆန်းဆန်း ခံစားနေရသည်။

ဒီအခြေခံနေအောက်တွင် လီဇီချီ မျက်လုံးထဲ၌ အရာအားလုံး နှေးကွေးသွားသည်။ သူ့ရဲ့ လှုပ်ရှားမှုတိုင်းကို ရှင်းရှင်းလင်းလင်း မြင်နေရပြီး နောက်ထပ် ဘာထပ်လုပ်မလဲဆိုတာကို ခန့်မှန်း နေနိုင်သည်။

ဒန် ဒန် ဒန်

လက်နက်ခြင်း အဆက်မပြတ် ထိခိုက်တဲ့ အသံများထွက်လာသည်။

“သူ့ရဲ့တိုက်ခိုက်မှုတွေကို တကယ်ပဲ ကာကွယ်ခဲ့တာလား”

လီဇီချီတစ်ယောက် အရမ်းဝမ်းသာပြီး မျက်ရည်ကျချင်လာသည်။ ကိုယ်လှုပ်ရှားမှုစွမ်းရည် သုည ဖြစ်နေတဲ့ မိန်းကလေးတစ်ယောက် အနေနဲ့ တစ်ဖက်လူရဲ့ တိုက်ခိုက်မှုကို မြင်နေရင်တောင် အားအများစုကတော့ တုန့်ပြန်ဖို့အတွက် လက်တွေခြေတွေက နောက်ကျနေတတ်သည်။

ဒါပေမယ့် အခုတော့ ကူးယူခြင်း အစွမ်းအောက်မှာ တစ်ကွက်လောက်ကို ကြိုတင်ပြီး ခန့်မှန်းနိုင်နေသည်။ ဒါကြောင့်လည်း သူမက အချိန်အများကြီး လျော့ချနိုင်သည်။ ဇောင်ဝမ်တို

ထပ်ပြီး သည်းမခံနိုင်တော့ပါ။ လီဇီချီရဲ့ သစ်သားဓါးတွင် အရမ်းစုတ်ယူအားကောင်းတဲ့ ဝဲတစ်ခုပါနေလား။ ဘယ်ရှုထောင့်ကနေပဲ တိုက်တိုက် သစ်သားဓါးကိုပဲ အမြဲသွားတိုက်မိနေသည်။

ဒီခံစားချက်ကြီးက တော်တော် ကြောက်ဖို့ကောင်းသည်။ အထူးသဖြင့် လီဇီချီ သိပ်မလှုပ်ရှားတဲ့ အချက်လည်းပါသည်။ ဒါကြောင့်လည်း ဧောင်ဝမ်တို က သူ့ရဲ့ ခွန်အားကို သံသယ စဝင်လာသည်။ လီဇီချီကတော့ အပင်ပန်းခံပြီး ရှောင်တိမ်းမနေတော့ဘဲ အဲဒီအစား

ခုခံနေလိုက်သည်။ သူတို့ရဲ့ တိုက်ပွဲက အကြိတ်အနယ် မဖြစ်တော့ပါ။ ဇောင်ဝမ်တို လည်း စိတ်ထဲရှိသမျှ ပုံစံမျိုးစုံ တိုက်ခိုက်လိုက်သည်။ အဲဒီတော့နောက်ပိုင်းမှာ ပိုသတိထားလာသည်။

"ဒီအတိုင်းဆက်သွားနေလို့ မရတော့ဘူး ဒီအတိုင်းဆက်တိုက်နေရင် ငါ့အားနည်းချက်ကို သိသွားတော့မယ်"

လီဇီချီရဲ့ မျက်နှာက သက်တောင့်သက်သာနဲ့ ယုံကြည်ချက်ရှိရှိ ပြုံးနေသည်။ စိတ်ထဲမှာတော့ ခွေးတစ်ကောင်လို ပျာယာခတ်နေသည်။ သူမက

တိုက်ပွဲ နည်းဗျူဟာပေါင်းစုံကို ထပ်စဉ်းစားနေပြီး ၁၀၀ ရာခိုင်နှုန်း အနိုင်ရနိုင်တဲ့ အခွင့်အရေးကို လိုချင်သောကြောင့် တစ်ခုပြီး တစ်ခု ပယ်ချနေခဲ့သည်။

”လီဇီချီ“

ဆွန်းမိုက အော်ပြောလိုက်သည်။

" မင်းအတွေးလွန်နေပြီသူက အဲဒီလောက် တန်လို့လား"

အော်ဟစ်သံသည် လီဇီချီ စိတ်ထဲတွင် ခေါင်းလောင်းသံတစ်ခုလို ကျယ်ကျယ်လောင်လောင်

ကြားလိုက်ရသည်။ အတွေးထဲကလည်း ပြန်နိုးလာသည်။ ဒါအမှန်ပဲ။ ပြိုင်ဘက်က ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၃)သာရှိပြီး ရှန်ယွန်ပေါင်လို ပါရမီရှင် မဟုတ်ပါ။ သူ့တိုက်ခိုက်မှု ၁ဂဂရာခိုင်နှုန်း သေချာနေစရာ မလိုပေ။ ဒါကိုတွေးပြီး စတင်တိုက်ခိုက် လိုက်သည်။

ရွှတ်စ်

သစ်သားဓါးက အရိပ်တွေ အများကြီး ဖျာထွက်လာသည်။

ဆောင်းဦးအရောင်

သူမ၏ ဆိုးဝါးတဲ့ အရည်အချင်းနဲ့ချိန်ပြီး သူမကိုယ် သူမလည်း အလွန်အကျွံလုပ်မိရာ မရောက်အောင် တိုက်ခိုက်မဲ့ သက်ရောက်မှု ဧရိယာကို ရွေးချယ်လိုက်သည်။ “

“ငါ မင်းကို သေချာပေါက် အနိုင်ယူမယ်”

ဆွန်းမိုရဲ့ ‘သူက တန်လို့လား’ ဆိုတဲ့စကားကို ကြားပြီး ဖောင်ဝမ်တို ဒေါသ အချောင်းချောင်း ထွက်လာသည်။ ထိပ်တိုက် ရင်ဆိုင်ဖို့

ဆုံးဖြတ်လိုက်သည်။ လီဇီချီ၏ ဆောင်ဦးအရောင် တိုက်ကွက်နဲ့ ထိပ်တိုက် ရင်ဆိုင်လိုက်သည်။

'အုံ့အောစရာ ကောင်းတဲ့ တိုက်ကွတ်ပဲ"

ဖောင်ဝမ်တို ဦးဆောင်ပြီး တိုက်ခိုက်ချင်နေသည်။ လက်တွေ့က ခက်ခဲ့နေသည်။ နောက်ကိုသာ ဆုတ်ပေးလိုက်ရသည်။

လီဇီချီက ခြေတစ်လှမ်းတိုးလိုက်ပြီး သစ်သားဓါးနဲ့ နောက်တစ်ကြိမ် ထပ်ခုတ်လိုက် ပြန်သည်။

ရွှေကျောက်စိမ်း ခေါင်ရန်းပန်း

ဇောင်ဝမ်တို၏ မျက်လုံးထဲတွင် ခါးအရိပ်တွေ အများကြီး မြင်နေရသည်။ ခေါင်ရန်းပန်းတစ်ခုလို့ မြင်နေရသည်။

ဇောင်ဝမ်တိုသည် ဒီသိုင်းကွက်ကို ဘယ်လိုချေဖျက် ရမလဲဆိုတာ စဉ်းစားလို့မရပေ။ ဒါကြောင့် နောက်ကို ထပ်ဆုတ်ပေးလိုက်ရပြန်သည်။

”နောက်ဆုတ်နေတာ ရပ်ပြီး ပြန်တိုက်စမ်း“ ဂေါင်ပန်က အော်ဟောက်လိုက်သည်။ ကျောင်းသားတွေ တိုက်ခိုက်နေတဲ့အခါ ဆရာတွေက ဘေးကနေ လမ်းညွှန်းပေးနိုင်သည်။ ဒါပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြိုင်ဘက်ရဲ့ အားသာချက် ၊ အားနည်းချက်တွေကိုတော့ လုံးဝ ပြောခွင့် မရှိပါ။

"ငါလည်း လုပ်ချင်တာပေါ့"

ဓောင်ဝမ်တိုက တိုးတိုးလေး ရေရွတ်လိုက်သည်။ ဒါကြောင့် တိုက်ခိုက်မဲ့ ဦးတည်ချက်ကို ပြောင်းလိုက်သည်။ ဒါပေမယ့် လီဇီချီ တိုက်ခိုက်တဲ့ သက်ရောက်မှု ဧရိယာ ကြီးမားလွန်းနေသည်။ လီဇီချီက ခြေတစ်လှမ်း ထပ်တိုးပြီး နောက်ထပ်တစ်ခါက် ထပ်တိုက်လိုက်ပြန်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမိန့် ဆယ့်ရှစ်ခု

ဖောက် ဖောက် ဖောက်

သစ်သားခါးရဲ့တိုက်ခိုက်မှုတွေက မိုးရွာနေသလို သဲကြီးမဲကြီး ကျဆင်းလာသည်။

ဒီအချိန်လေးအတွင်းမှာ သတိတစ်ချက် လွတ်သွားပြီး ဇောင်ဝမ်တို့ရဲ့ နောက်ကျောကို တစ်ချက်ထိသွားသည်။ နာကျင်လွန်းလို့ အံ့ကြိတ်ထားရသည်။

လီဇီချီကလည်း စတုတ္ထမြောက် ခြေလှမ်းကို တိုးလိုက်ပြီး စတုတ္ထမြောက် တိုက်စစ်ကို ဖွင့်လိုက်သည်။

နှေဦးမြစ်ရေ။

ဒီတစ်ခေါက်တိုက်ခိုက်မှု အပြီးမှာတော့ လီဇီချီရဲ့တိုက်ခိုက်မှု အရှိန်အဟုန် ချက်ခြင်း ရပ်သွားသည်။ အသက်ကို အမေ့ဝတကောနဲ့ ရှိုက်ရှိုက်ပြီး ပါးစပ်ဖြင့် ရှူနေရသည်။

"အခွင့်အရေးပဲ"

လီဇီချီရဲ့ လှပသော ဖရဲသီးပုံ မျက်နှာလေးက အလန့်တကြားဖြစ်လာပြီး ဘေးဘက်ကို ထိတ်ထိတ်ပြာပြာ ကြည့်လိုက်သည်။

"ဘယ်ဘက်ကို ရှောင်ချင်တာလား။ မင်းကို လုပ်ခွင့်မပေးဘူး"

ဇောင်ဝမ်တိုက ဟန်ချက်ကို ထိန်းလိုက်ပြီး လီဇီချီ ဆုတ်ခွာနိုင်တဲ့ လမ်းကြောင်းကို ခါးရှည်နဲ့ ပိတ်လိုက်သည်။ အဲဒီအချိန်မှာ လီဇီချီရဲ့ ပုံရိပ်က သူ့မြင်ကွင်းထဲကနေ တစ်စက်မှ မကျန်အောင် ပျောက်သွားသည်။

"ဘာ"

ဖောင်ဝမ်တို ရင်တဆက်ဆက် ခုန်လာသည်။ ရန်သူကို ခြေရာခံနိုင်လို ခံနိုင်ညား နားကို အာရုံစွင့်ထားသည်။ သို့သော်လည်း နားမလည်နိုင်တဲ့ ရှတ်ဆိုသံ ယဲ့ယဲ့ကြားပြီး ပိုတောင် ပျာယာခတ်သွားသည်။ ဘယ်လိုမှ စိတ်ငြိမ်အောင် ထိန်းလို့ မရတော့ပါ။

(ဘာလုပ်ရမလဲ။ ဘယ်နေရာကို ဆုတ်ရမလဲ။ သူမက ငါ့နောက်ကနေပြီး ငါနောက်ဆုတ်မှာကို

စောင့်နေရင်ရော။ ဒီလိုဆိုမှတော့ ရှေ့ဘဲ ပြေးလိုက်တော့မယ်)

ဧောင်ဝမ်တို နောက်မဆုတ်တော့ပါ။ အန္တာရာယ်များနိုင်လို့ အရှေ့ကိုသာ ပြေးဖို့ ရွေးချယ်လိုက်သည်။ သစ်သားဓါးက သူ့မျက်နှာဆီ ပြေးဝင်လာတာကို မြင်လိုက်ရသည်။

အရမ်းနီးလွန်းတယ်။ မရှောင်နိုင်တော့ပါ။

လကို ပစ်ခြင်း။

ဖောင်း

သစ်သားခါးက နှာခေါင်းထိပ်ကို ပြင်းပြင်းထန်ထန် ထိသွားသည်။

ဖောင်ဝမ်တိုသည် အဲဒီအရှိန်နဲ့ အနောက်ဘက်ကို "ဝုန်း"ကနဲ ပစ်လဲကျသွားသည်။ ကမ်းပေါ်ကို ပြစ်တင်လိုက်သော ငါးတစ်ကောင်လို တဆက်ဆက် တုန်နေသည်။ အသိမလွှတ်အောင် ထိန်းချုပ်ပြီး ပြန်ထဖို့ ကြိုးစားလိုက်သည်။ ဒါပေမယ့် နောက်ထပ် သစ်သားခါးချက်များက မျက်နှာကို အကြိမ်ကြိမ် လာရိုက်နေသည်။

ဖြောင်း ဘုန်း ဖြောင်း

နှာခေါင်းက သွေးတွေစီးကျ၊ မျက်လုံးတွေကရောင်၊ ဘာမှလည်း မမြင်ရတော့ပါ။

“တော်ပါတော့ တော်ပါတော့။ ရပြီ။ ရပြီ”

ဇောင်ဝမ်တို ခေါင်းကိုကာပြီး အော်ဟာစ်နေသည်။ သူ့ရဲ့ အရှုံးအတွက်လည်း မျက်နှာညိုးငယ်နေသည်။

“အို ငါနိုင်တာပေါ့”

လီဇီချီက ပျော်ရွှင်စွာ အော်ဟာစ်ပြီး ဆွန်းမိုဆီ ပြေးသွားသည်။

“ဆရာ၊ တွေ့လိုက်လား။ ငါနိုင်..........”

ဖောင်း

လီဇီချီ ခလုတ်တိုက်ပြီး ဖားတစ်ကောင်လို ကားကားလေး လဲကျသွားသည်။

"အား. ရုက်ဖို့ကောင်းလိုက်တာ။ အသက်တောင် မရှင်ချင်တော့ဘူး"

လီဇီချီ စိတ်ဓါတ်ကျပြီး ငိုချင်စိတ်ပေါက်လာသည်။ ဒါပေမယ့် စက္ကန့် အနည်းငယ်ကြာတော့ ပြန်ထရပ်လိုက်ပြီး မျက်နှာတည်လေးနဲ့ အဝတ်အစားပေါ်က ဖုန်မှုန့်တွေကို သုတ်လိုက်ရင်း လင်ကျန်ကို ကြည့်လိုက်သည်။

"ဆရာလင်၊ ဒီကွင်းက တော်တော်လေး ရှုပ်ပွနေတယ်။ သန့်ရှင်းရေးလုပ်ဖို့ မမေ့နဲ့။ ကျောက်တုံး သေးသေးလေးတွေကြောင့် ကျောင်းသားတချို့ ဒဏ်ရာ ရနိုင်တယ်"

လီဇီချီလည်း ပြောချင်တာပြောပြီး စင်ပေါ်က ဆင်းလာသည်။

သူမ ထပ်မပြေးရဲတော့ပေ။

"ကျောက်တုံးလေးတွေ"

လင်ကျန်လည်း အရမ်း အံ့အောနေသည်။ ကျောက်တုံးလေးတွေ ဘယ်ကရောက်လာတာလဲ။

"ခုနက လန့်ဖျန့်သွားတဲ့ပုံစံက ငါ့ကို တိုက်ခိုက်ဖို့လား"

ဧောင်ဝမ်တိုက မျက်လုံးနှင့် နှာခေါင်းကို အုပ်ထားရသည်။ သူစဉ်းစားလို့မရတဲ့ မေးခွန်းကို မေးလိုက်သည်။

"ဟုတ်တယ်"

လီဇီချီက ပြုံးလိုက်ရင်း

"ဘယ်လို့လဲ။ ငါသရုပ်ဆောင်တာ တကယ်တူတယ်မှတ်လား"

"ငါ ကြောင်သွားတယ်"

ဇောင်ဝမ်တိုက အရှုံးကို ဝန်ခံလိုက်သည်။ ဉာဏ်ရည်အမျိုးအစား ကျင့်ကြံသူအနေနဲ့ ရှန်ယွန်ပေါင်ရဲ့ တိုက်ခိုက်မှု စတိုင်က လှပမှု တစ်စက်မှ မရှိသလို ထင်သည်။ သူနှင့် လီဇီချီ တိုက်ပွဲကသာ အနုပညာ မြောက်သည်။

"ဆရာ၊ မင်းရဲ့ ကျင့်ကြံခြင်းကျင့်စဉ်က တကယ်မိုက်တယ်။" လီဇီချီက ချီးကျူးလိုက်သည်။ သူမနှလုံးသားထဲကလဲ တိုးတိုး ရေရွတ်နေသည်။

"ငါ့ကိုချီးကျူးပါ၊ မြန်မြန်ချီးကျူးလိုက်စမ်းပါ"

"မင်းကလည်း ကောင်းကောင်း အသုံးပြုလို့ပါ"

ဆွန်မိုက သူမခေါင်းကို ပုတ်ရင်း ပြောလိုက်သည်။

"မင်းရဲ့ ကျင့်ကြံခြင်း ကျင့်စဉ်သာမရှိရင် ငါမနိုင်လောက်ဘူး"

လီဇီချီက ခေါင်းခါပြီး ပြန်ပြောသည်။

"မင်းမှားတယ်။ မင်းက ပိုကောင်းအောင် တိုက်ခိုက်နိုင်လို့ မင်းနိုင်တာပေါ့"

ဆွန်းမိုက ပြုံးပြီးပြောလိုက်သည်။

" မင်းကို ငါ့ရဲ့ တိုက်ခိုက်ရေးအတွေ့အကြုံ၊ တိုက်ခိုက်တဲ့နည်းလမ်းတွေနဲ့ မင်းမှာလိုအပ်တဲ့

စိတ်ခံစားချက်တွေကို ဘာကြောင့် ထည့်မပေးလိုက်တာလဲ သိလား။ မင်းမှာက ဒီနည်းစနစ်တွေကို ဘယ်လိုသုံးရမလဲ ကောင်းကောင်း နားလည်ပြီး အနိုင်ရမဲ့ တိုက်ပွဲ နည်းဗျူဟာတွေကို ရေးဆွဲဖို့ လုံလောက်နေလို့ပဲ”

လီဇီချီလည်း တိတ်ဆိတ်သွားသည်။

“တကယ်လို့ မင်းက တခြားကျင့်ကြံခြင်းကျင့်စဉ် ကို သုံးလည်း နိုင်နေအုံးမှာပဲ။ မင်းက သူတို့ကို လေ့လာမယ်၊ အချက်အလက်တွေ ရယူမယ် ပြီးတော့ သူတို့ရဲ့

အားနည်းချက်တွေကို ရှင်းနှီးလာတာနဲ့ အဲဒါကို အခြေခံပြီး တိုက်ခိုက်ဖို့နည်းဗျူဟာ ရေးဆွဲမှာပဲလေ”

ဆွန်းမိုက ထပ်ပြီး

“မင်းရဲ့ တိုက်ခိုက်တဲ့ပုံစံက မခမ်းနားမထည်ဝါပေမယ့် မင်းရဲ့ လက်ထဲမှာ ထည့်ထားသလို အရာအားလုံးကို တည်တည်ငြိမ်ငြိမ်နဲ့ ထိန်းချုပ် နိုင်မယ်ဆိုတာ သေချာတယ်”

“ဆရာ မင်းပြောက်နေတာနဲ့ပဲ ငါတော့ ဘဝင်မြင့်မိတော့မယ်”

လီဇီချီ နည်းနည်း ရှက်သွားသည်။ ဒီအကဲဖြတ်မှုက အရမ်းမြင့်ပါသည်။ ဒါပေမယ့် သူမ ဆရာ့ဆီက ချီးကျူးမှုကို ရခဲ့လို့ တကယ်ပျော်နေသည်။ ပြီးတော့ စိတ်ဝိညာဉ်ပုံသွင်းခြင်းကလည်း တကယ်ကို အံ့အောဖို့ကောင်းသည်။

သူမက ဒီအကွက်တွေကို အရင်ကတည်းက ခက်ခက်ခဲခဲနဲ့ လေ့ကျင့်ထားခဲ့သလိုကို ကျွမ်းကျင်နေပြီး ကောင်းကောင်း အသုံးချနိုင်သည်။ တော်တော်လည်း သက်တောင့်သက်သာ ဖြစ်သည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၅၆၅/၁,၀၀၀)

ဆွန်းမိုက လီဇီချီနဲ့ အကြိမ်ရေနည်းနည်း လက်ရည်စမ်း ခဲ့ဖူးသည်။ အဲဒီအချိန်မှာ လီဇီချီက တိုက်ခိုက်နေရင်း လေးလေးနက်နက် ဆင်ခြင် သုံးသပ်တတ်တာကို သတိထားခဲ့မိသည်။ သူမရဲ့ တိုက်ခိုက်မှုအားလုံးက မြွေးတွေရဲ့ ပစ်မှတ်တစ်ခုလိုပါပဲ။

ခုနတုန်းကတိုက်ပွဲမှာလည်း လီဇီချီက သူ့ရဲ့ အားနည်းချက်ကို သူသိသည်။ ဇောင်ဝမ်တို စပြီးတိုက်ခိုက်လာအောင် ထောင်ချောက်တစ်ခု ဖန်တီးပေးခဲ့သည်။ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်က သုည ဖြစ်နေသဖြင့် ဝေးနေရင် ဘာမှ မလုပ်နိုင်ပါ။ ဒါပေမယ့် နီးနေရင်တော့ သူမရှုံးစရာ အကြောင်းကို မရှိပါ။ ဒါကြောင့်လည်း လကိုပစ်ခြင်းအကွက်နဲ့ ပြိုင်ဘက်ရဲ့ မျက်နှာကိုသာ ချိန်ပြီး ဆော်ပလော်တီးခဲ့သည်။

တခြားသူသာဆိုရင် ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်ကို ပိုင်ဆိုင်ထားရင် စိတ်လှုပ်ရှားပြီး သေချာပေါက် ရှိသမျှ အကွက်တွေ ထုတ်သုံးလိမ့်မည်။ လီဇီချီကတော့ အဲဒီလို မလုပ်ဘဲ တိုက်ခိုက်မှု တစ်ခုစီတိုင်းကို အောင်မြင်ဖို့ အမြင့်ဆုံးနှုန်းနဲ့ တိုက်ခိုက်ခဲ့သည်။

ဒီတိုက်ပွဲသည် ပျင်းစရာကောင်းတာကြောင့် ကျောင်းသားတွေ တော်တော်လေးငြီးငွေ့ နေကြသည်။ စိတ်လှုပ်ရှားဖို့လည်း မကောင်းပေ။ သို့သော်လဲ ဆရာတွေ အတွက်ကျတော့

ကွဲပြားခြားနားနေသည်။ လီဇီချီ အရမ်းထူးချွန်နေတာကို မြင်နေရသည်။

"ကုန်ပြီ။ အားလုံးကုန်ပြီ"

တိုက်ပွဲရလဒ်သည် ဂေါင်ပန်အတွက် ကြောက်စရာကောင်းနေသော်လည်း သူကတော့ ခါးခါးသီးသီးလည်း မပြုံးပါ။ စိတ်လည်း မပျက်ပါ။ ခေါင်ဝမ်တိုကို နှစ်သိမ့်ပေးပြီး ဆွန်းမိုကို အော်ပြောလိုက်သည်။

"ဆရာဆွန်း၊ ငါနဲ့ တိုက်ရဲလား"

အခန်း (၁၅၆) - လူသား မှော်ဆေးပြား။

"သုံးကြိမ်တိုက်တယ်။ သုံးကြိမ်စလုံး ကျောင်းသားတွေက ပြိုင်ဘက်တွေထက် ကျင့်ကြံခြင်း အဆင့်နိမ့်တယ်။ ဒါတောင် နိုင်သွားသေးတယ်"

ဝမ်ဟောင် လုံးဝကို အံ့အောမှင်တက်နေသည်။ ဆွန်းမိုကျောင်းသားတွေက ပါရမီရှင်ဖြစ်နေလို့ နိုင်သွားတယ် ဒီလိုမျိုး တစ်ယောက်ယောက်က လာပြောရင် သူမယုံပါ။ သူတို့ရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အောင်မြင်မှုအတွက် ဆွန်းမိုကို သေချာပေါက် ကြီးကြီးမားမား အသိအမှတ်ပြု သင့်တယ်။

“ ဆရာဆွန်းက အရမ်းတော်ပါတယ်လို့ ငါပြောနေတာ ဘယ်လောက်တောင် ကြာနေပြီလဲ”

ချီရှန်ကျား၏ အကြည့်ထဲတွင် ဆွန်းမိုကို ကိုးကွယ်မှုများဖြင့် ပြည့်နေသည်။

ဒင်

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု +၃၀။ရင်းနှီး(၇၉၈/၁,၀၀၀)

“မင်းကလည်း ကံကောင်းတဲ့ ကောင်ပါကွာ”

ကျန်ရှီနှင့် ဝမ်ဟောင် အကြည့်ခြင်း ဖလှယ်လိုက်သည်။ ပြီးတော့ ချီရွှန်ကျားလည်ပင်းရဲ့ ဘယ်နှင့်ညာကနေ ဖမ်းချုပ်လိုက်သည်။

"အမ်"

ချီရွှန်ကျား နားမလည်ပါ။

"ဆရာဆွန်းက တကယ်ပဲ ရေချိုးဖို့ခေါ်တာလား။ ပြောစမ်း.....။ မင်းကို ရိုက်သင့်လား ၊ မရိုက်သင့်ဘူးလား"

ကျန်ရှီက မနာလိုမှု အပြည့်နဲ့ ချီရှန်ကျားကို ကြည့်လိုက်သည်။ အခုလက်ရှိ ဆွန်းမိုကတော့ သေချာပေါက် ထိပ်ဆုံးကို တက်သွားတော့မည်။

နွေဦးကို ရောက်တာနဲ့ ကြယ်တစ်ပွင့်မြတ်ဆရာဖြစ်ဖို့ အရည်အချင်းပြည့်မှီနေလောက်သည်။ သူတို့ပတ်ပတ်လည်တွင် လူတွေအများကြီးရှိနေသည်။ ကျန်ရှီလည်း ဘာမှ ထပ်မပြောတော့ပါ။

"သူတို့ကို ဘယ်လိုထင်လဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချိုင်တန်က ဆွန်းမိုရဲ့ တပြည့်သုံးယောက်ကို လှေ့လာနေရင်း သူ့ရည်းစားကို မေးလိုက်သည်။

"မင်းနဲ့ယှဉ်ရင်တော့ နိမ့်ပါသေးတယ်"

ရှမ်ယွင် မျက်လုံးထဲတွင် ချိုင်တန်သာရှိသည်။ သူ့ချစ်သူကသာ အကောင်းဆုံးပဲ။

"လုချီဟွာက ထူးခြားတဲ့ ခံစားချက်ကို ပေးနေတယ်။ သူမက တိုက်ပွဲ မတိုက်ခင်နဲ့ တိုက်တဲ့အခါ မတူတဲ့ လူတစ်ယောက်လိုပဲ။ လီဇီချီကျတော့ အရမ်းဉာဏ်ကောင်းတယ်ဆိုပေမဲ့ ခန္ဓာကိုယ် ဟာန်ချက် ထိန်းတဲ့နေရာမှာ

အရမ်းအားနည်းလွန်းတယ်။ ငါသာ သူမ ပြိုင်ဘက်ဖြစ်မယ်ဆိုရင် သူမကို အနိုင်ယူဖို့နည်းလမ်း တစ်ရာကျော်လောက်ရှိတယ်။ ဒါပေမယ့် အင်ဘိုင်ဝူကတော့.................”

ငွေမက်တဲ့ အင်ဘိုင်ဝူကို သုံးသပ်တဲ့ အချိန်တွင် ချိုင်တန် တိတ်ဆိတ်သွားသည်။

“သူမက ဘာဖြစ်လို့လဲ”

ရွှမ်ယွှင် သိချင်လာသည်။

“ငါ့ထက်တောင် သန်မာတယ်”

ချိုင်တန် အကဲဖြတ်လိုက်သည်။

"ဘယ်လို ဖြစ်နိုင်မှာလဲ"

ရွှမ်ယှွင် တုန်လှုပ်သွားသည်။

"မင်းက ပါရမီရှင်လေ"

"ဟီးဟီး။ ငါပြောတာ အမှန်ပဲ။ သူမက သေချာပေါက် ငါ့ထက် သန်မာတယ်"

ချိုင်တန်က ခါးခါးသီးသီး ပြုံးလိုက်သည်။ လွန်ခဲ့သော နှစ်ဝက်အတွင်း ပါရမီရှင်တစ်ယောက် အဖြစ်ကနေ သာမန်သေမျိုးတစ်ယောက် အဖြစ်သို့ ပြုတ်ကျခဲ့သည်။ ဒါကို မေ့လုနီးပါး ဖြစ်သွားသည်။

သူက လူတိုင်းအတွက် ဟားစရာ ပြက်လုံး တစ်ခု ဖြစ်နေခဲ့သည်။

ရွှမ်ယွှင်လည်း ဘာပြောရမယ် မသိတော့ပါ။ ချိုင်တန်၏ လက်ကိုသာ တင်းတင်း ဆုပ်ကိုင်လိုက်သည်။

“ငါ ဆရာဆွန်းကို သွားရှာဖို့ စီစဉ်ထားတယ်။ ငါတကယ် အဆိပ်မိနေတာလဲ ဖြစ်နိုင်တယ်”

ဘာပြဿနာပဲ ဖြစ်ဖြစ် ချိုင်တန်က သူ့ရဲ့ ပြဿနာများကို သူ့ကောင်မလေးနဲ့ အမြဲတိုင်ပင် လေ့ရှိသည်။

" သွားကြတာပေါ့"

ရွှမ်ယွင်က သူ့လက်ကို ကိုင်လိုက်ပြီး

" မင်းဘယ်လိုပဲ ဖြစ်လာလာ ငါမင်းနဲ့ပဲ အမြဲတမ်း အတူတူ ရှိနေမယ်"

"သုံးကြိမ်စလုံး ရှုံးသွားပြီ။ ကျန်ဟန်ဖူတော့ ဒေါသထွက်ပြီး သေသွားမလား မသိဘူး"

ကူရှုပ်ရှင်း တော်တော် ကျေနပ်နေသလို တစ်ချိန်တည်းမှာလဲ မနာလို ဖြစ်နေသည်။ ဒီတိုက်ပွဲပြီးသွားရင် ဆွန်းမိုက ပိုပြီးတော့တောင် နာမည်ကြီးလာအုံးမည်။ သူမကသာ

လုပ်ဖော်ကိုင်ဖက်တွေ မော်ကြည့်ရတဲ့ တည်ရှိမှု တစ်ခု ဖြစ်သင့်သည်။ ဒါပေမယ့် အခုတော့ ဆွန်းမိုရဲ့ အရိပ်က လုံးဝကို လွှမ်းမိုးထားသည်။

“ဘယ်လိုထင်လဲ”

ဂျိမဲဂျဲက မေးလိုက်သည်။

“ဆွန်မိုက သူ့ကျောင်းသားတွေ အပေါ်မှာ အမှောင်လျှို့ဝှက်ကျင့်စဉ်တစ်ခု သုံးခဲ့တယ် ထင်တယ်”

အန်ရှီဝေက ခန့်မှန်းလိုက်သည်။

“ဘယ်လိုပဲပြောပြော သူသုံးတဲ့ နည်းစနစ်က တော်တော် အားကောင်းတာ သေချာတယ်”

ဂျိမဲဂျဲက တက်တက်ကြွကြွနဲ့

“မင်းရဲ့ခင်ပွန်းလောင်းပဲ တစ်ခါမှ မပြောခဲ့ဘူးလား” ကူရှုပ်ရှင်းလည်း ခိုးပြီးနားစွင့်နေသည်။ အန်ရှီဝေက ခေါင်းခါပြလိုက်သည်။

“ ပြောရမယ်ဆိုရင် ဆွန်းမိုအပေါ် မင်းရဲ့ ဆက်ဆံပုံကလည်း နည်းနည်း အေးစက်သလိုပဲ။ ဘယ်လိုပဲပြောပြော မင်းတို့က လက်ထက်ကြမယ့်

လူတွေပဲ။ သူ့ကို ပိုပြီး ဂရုစိုက်သင့်တယ် ထင်တာပဲ။ တစ်နေ့ မရီဒန်အကယ်ဒမီက ကျောင်းအုပ်ကြီးချောင်က အဝေးခေါ်သွားမှ ငိုနေရမယ်နော်”

ဂျိမ်ဂျဲက သတိပေးလိုက်သည်။ ထူးချွန်တဲ့ မြတ်ဆရာများသည် အမြဲတမ်း ရှားပါးပစ္စည်းတစ်ခု ဖြစ်နေသည်။ ဒါကြောင့်လည်း နာမည်ကြီးတဲ့ ကျောင်းတွေက ဖျက်ကနဲ လုယူတတ်ကြသည်။ ဆွန်းမိုရဲ့ လက်ရှိအရည်အချင်းတွေအရဆိုရင်

ကျောင်းအုပ်ကြီးချောင် လုယူဖို့ အချိန်တစ်ခုပဲ လိုတော့သည်။

အန်ရှီဝေတယောက်တော့ အတွေးထဲ နစ်မျောနေသည်။ သူမ ငယ်ငယ်တုန်းကလည်း လေ့လာဖို့နဲ့ အချိန်တွေ ကုန်နေခဲ့သည်။ ဘွဲ့ရပြီးတော့လည်း အဘိုးဖြစ်သူက သူတော်စင်အဆင့်တက်တာ ကျဆုံးပြီး ကိုမာဝင်သွားတာနဲ့ ကြုံနေသည်။

ဗဟိုပြည်နယ် အကယ်ဒမီကို သူမ ဘိုးဘေးတွေက တည်ထောင်ခဲ့ကြသည်။

သူမတို့ကလန်ရဲ့ တောက်ပတဲ့ သမိုင်းကြောင်း တစ်ခုလည်း ဖြစ်သည်။ ကျောင်းကို လုံးဝ လက်လွှတ် အဆုံးအရှုံး မခံနိုင်ပါ။ မဟုတ်ပါက သူမကလန်ရဲ့ အပြစ်သား တစ်ယောက် ဖြစ်သွားမည်။

ဒါ့အပြင် ကျောင်းမှာ ရှိနေတဲ့ ဌာနအသီးသီးက အလုပ်သမား ၁,၀၀၀ ကျော်အတွက်လဲ တာဝန်ရှိနေသည်။ ကျောင်းအပြင်ဘက်မှာဆိုလည်း သူတို့ကို မှီခို စားသောက်နေရတဲ့ လူပေါင်းများစွာ ရှိနေသည်။ ဥပမာဆို လယ်သမားတွေ၊ မီးသွေး

ရောင်းသမားတွေပေါ့။ ဗဟိုပြည်နယ် အကယ်ဒမီ ဈေးကွက်နှင့်ယှဉ်ပြီး ဈေးကောင်းကောင်း ပေးဝယ်နေတာကိုလည်း မေ့ထားလို့ မရပါ။

တကယ်လို့များ ကျောင်းသာ ပိတ်လိုက်ရလျှင် လူပေါင်းများစွာ အလုပ်ဆုံးရှုံးသွားပြီး ငတ်မွတ်သွားနိုင်သည်။

ဒါကြောင့် ချစ်ဖို့ မပြောနဲ့ အိမ်မွေးခွေးတစ်ကောင်ကိုတောင် ချစ်တဲ့ အတွေ့အကြုံ မရှိပေ။ သူမ အလုပ်အရမ်း ရှုပ်နေခဲ့သည်။ သူမအဘိုးရဲ့ ဆန္ဒကြောင့်

ဆွန်းမိုဆီကို စေ့စပ်စာ တစ်စောင် ရေးပြီး ပို့ပေးခဲ့သည်။ ဆွန်းမိုကို ဘယ်လို ဆက်ဆံရမလဲဆိုတာ တကယ်မသိပေ။ တကယ်တော့ ဆွန်းမိုက လက်ထပ်ချင်တဲ့ ရက်ပြောလာရင် ဒါမှမဟုတ် သူမကို ရင်းရင်းနှီးနှီး ဆက်ဆံလာရင် ငြိမ်ခံရမလား၊ ငြင်းရမလားဆိုတာကိုတောင် သူမ မသိခဲ့ပါ။

ဒီရှုပ်ထွေးတဲ့ ခံစားချက်ကြောင့်လည်း ဆွန်းမိုကို အမြဲရှောင် နေခဲ့မိသည်။

"မင်းမှာ ထူးချွန်တဲ့ အရည်အချင်းတွေရှိတယ်။ ဆန်းကြယ်ကောင်းကင်ဘုံ အကယ်ဒမီရဲ့ နှစ်တစ်ရာမှာ တစ်ယောက်တွေ့ရတဲ့ ပါရမီရှင်တစ်ယာက်ပဲ။ ပြီးတော့ မိန်းမလှလေးအဆင့်မှာလည်း အဆင့်(၇) ချိတ်တယ်။ ပြီးတော့ ယောကျ်ားတွေက တော်တော် လက်ဆော့တတ်တဲ့ ကောင်တွေ။ မိန်းမတစ်ယောက်ထဲကို ချစ်တာ ခပ်ရှားရှားပဲ။ တစ်ခုပေးလို့မှ တစ်ခုပြန်မရရင်တော့ နောက်မိန်းမတစ်ယောက်ကို ရှာတော့တာပဲ"

ဂျိမဲဂျဲက ဆရာကြီး လုပ်လိုက်သည်။

“အင်’

ဂျိမဲဂျဲရဲ့ စကားတွေမှန်တယ်လို့ အန်ရှီဝေ ခံစားရသည်။ ယောက်ျားတော်တော်များများကတော့ စိတ်ကစားတတ်တဲ့ လူပေါ်ကြော့တွေပါ။ ဒါ့အပြင် ဆွန်းမိုက အရမ်းချောပြီး နေရောင်လို နွေးထွေးတတ်သေးသည်။ ဆွန်းမို အရည်အချင်းကလဲ သာမန်ထက် လွန်ကဲနေသည်။ အမှန်တိုင်းပြောရလျှင် သူမကိုသာ ထမင်းစားဖို့ ဖိတ်လာရင် ငြင်းမိမှာ မဟုတ်ပေ။

အန်ရှီဝေ နည်းနည်း စိတ်ပူလာသည်။ သူမ ဒီလို အကြောင်းအရာတွေကို မကျွမ်းပါ။ ကံကောင်းထောက်မစွာ ဂေါင်ပန်အော်လိုက်လို့ လူတိုင်း၏ အာရုံများ ကွင်းထဲကို ပြန်ရောက်သွားသည်။ ကျောင်းသားတချို့ကတော့ ပွဲကြည့်စင်ပေါ်က ထွက်နေကြပြီ။ ဒါပေမယ့် ဒီမြင်ကွင်းကို မြင်လျှင် ကိုယ့်ထိုင်ခုံကိုယ် မြန်မြန်ပြန်သွားပြီး ထိုင်လိုက်ကြသည်။ ဆရာအချင်းချင်းသာ တိုက်လို့ကတော့ သေချာပေါက် ပွဲကောင်းပြီ။

ဆွန်းမိုကတော့ မျက်ခုံးကြီး ပင့်ထားပြီး သူ့ကို လျစ်လျူရှုထားသည်။

“ဇီချီ၊ ချီဟွာ မင်းတို့တွေ ရှေ့ဟောင်းလောကနတ်ကို သုံးတုန်းက သူတို့ခေါင်းပေါ်မှာ ရွှေရောင် စာရွက်လွင့်မျောနေတာကို တွေ့လား”

“စာရွက်”

လုချီဟွာ ခေါင်းကုတ်လိုက်သည်။

“ဘာစာရွက်တွေကို ပြောနေတာလဲ”

“မတွေ့မိဘူး”

သူမအရည်အချင်းနည်းတာကို တိတ်တိတ်လေး ပြန်စဉ်စားနေတဲ့ လီဇီချီက ခေါင်းခါရင်း ပြန်ဖြေသည်။ သူတို့က ကျင့်စဉ်ရဲ့အနှစ်သာရကို ဘာကြောင့် ထုတ်မသုံးနိုင်တာလဲ။ ပြီးတော့ သူမတိုက်ခိုက်မှုကြောင့် ထွက်လာတဲ့ စွမ်းအားတွေကို အခြေခံလျှင်တောင် ဒီကျင့်စဉ်က တော်တော် အစွမ်းထက်နေပြီ။ နောက်တစ်ဆင့်ကိုသာ အဆင့်မြှင့်လိုက်ရင် ဘယ်လောက်တောင် ကြောက်ဖို့ ကောင်းလာမလဲ။

"စနစ်၊ ဘာတွေ ဖြစ်နေတာလဲ"

ဆွန်းမိုက   မေးလိုက်သည်။

“ သူတို့ရဲ့ သွေးသားတွေက ရှေ့ဟောင်းလောကနတ် ကျင့်စဉ်ရဲ့အနှစ်သာရကို အသုံးမချနိုင်ဘူး။ ပြီးတော့ ဒီကျင့်စဉ်ရဲ့ အဓိကအချက်က တိုက်ခိုက်ဖို့ မဟုတ်ဘူးလို့ အရင်ကလည်း ပြောခဲ့ပြီးပြီ။ အဓိက အနှစ်သာရက ပြိုင်ဘက်တွေရဲ့ ကျင့်စဉ်ကို မှတ်ထားဖို့ပဲ။”

စနစ်က   ရှင်းပြသည်။

"ရှေ့ဟောင်းလောကနတ်ကျင့်စဉ်ကို ဒီနည်းနဲ့ သူတို့ကို သုံးခိုင်းတာက ကောင်းကင်ရဲ့ ရတနာကို ဖြုန်းတီးနေသလိုပဲ"

"နားလည်ပြီ။ မင်းအရင်သွားနားလို့ ရပြီ"

ဆွန်းမိုသည် လေးလံထိုင်းမှိုင်းစွာ ငေးမောနေသည်။ စနစ်က သူ့ကို ပိုင်ရှင်အဖြစ်ရွေးခဲ့တာ အကြောင်းပြချက် တစ်ခုခု ရှိနေသလိုပဲ။ အခုစိုးရိမ်နေရင်တောင် အသုံးမဝင်ပါ။ အခုတော့ သူက ရှေ့ကို တစ်လှမ်းပြီးတစ်လှမ်း လှမ်းနေရင်း အခြေနေကိုသာ သုံးသပ်နေရမည်။

ဆွန်းမို ငေးငေးငိုင်ငိုင်ဖြစ်နေတာကို မြင်ရလျှင် ဂေါင်ပန်က စင်ပေါ်ကို တစ်ခါတည်းခုန်တက်ပြီး ဆွန်းမိုကို နောက်တစ်ကြိမ် စိန်ခေါ်လိုက်သည်။

"ဆရာဆွန်း၊ အနောက်ဘက်ကမ်းရိုးတန်း စစ်ကျောင်းက ဘွဲ့ရ ငါ ဂေါင်ပန်က မင်းနဲ့လက်ရည် စမ်းချင်တယ်"

ဂေါင်ပန်က စိတ်ပိုင်းဆိုင်ရာ လှည့်ကွက်အနေနဲ့ 'အနောက်ဖက်ကမ်းရိုးတန်း စစ်ကျောင်း' ဆိုသောစကားကို ရည်ရွယ်ချက် ရှိရှိ ပြောလိုက်သည်။

ဆွန်းမို မတိုက်ရဲပါက နာမည်ကျော်ကျောင်းက ဘွဲ့ရတဲ့အတွက် ဂေါင်ပန်ကို ကြောက်နေတယ်လို့ ကျောင်းသားတွေ ထင်သွားမည်။ ပြီးတော့ ဆွန်းမိုအနေနဲ့လည်း နာမည်ကျော်ကျောင်းက ဘွဲ့ရတစ်ယောက်ကို အနိုင်ရပါက နောက်ထပ် ဂုဏ်တစ်ခု ထပ်ရသွားမည်။ သူ့ရဲ့ဂုဏ်သတင်းက ပိုပိုပြီးတော့တောင် ကြီးလာအုံးမည်။

“ဂေါင်ပန်၊ ဆရာတစ်ယောက်အတွက် တိုက်ခိုက်တာထက် သင်ကြားရေးစွမ်းရည်က ပိုအရေးကြီးတယ်။ ပထမဆုံးလူထုပဟောပွဲ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တက်ရောက်တဲ့ လူဦးရေနဲ့ ဇယားစီလိုက်ရင် မင်းအဆင့်လေးမှာပဲ ရှိတယ်။ ဒီနေ့စီစဉ်ထားတဲ့ တိုက်ပွဲမှာလဲ မင်းက သုံးကြိမ်စလုံးရှုံးထားတယ်။ ဒီအချက်အတွေနဲ့ကို ငါက နာမည်ကျော်ကျောင်းက ဘွဲ့ရတဲ့ မင်းထက် ပိုထူးချွန်မှန်း သိသာနေပြီ”

ဆွန်းမိုလည်း တကယ်စိတ်ဆိုးသွားပြီး ဂေါင်ပန်ကို နှုတ်ခမ်းတလန်ပန်းတလန်နဲ့ ပြန်ရန်တွေ့လိုက်သည်။ တဖက်လူ စိန်ခေါ်တိုင်း လိုက်တိုက်ပေးနေရရင် ဘယ်အချိန်မှ ပြီးတော့မှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂေါင်ပန်လည်း ချက်ခြင်း အရှက်ကွဲသွားပြီး မျက်နှာ နီသွားသည်။ ဆွန်းမိုပြောတာကို တစ်ချက်မှ ပြန်မငြင်းနိုင်လို့ ပိုတောင် ပေါက်ကွဲလာသည်။

(မဟုတ်သေးဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဒီတိုက်ပွဲကို တိုက်ဖြစ်အောင် တိုက်ရမယ်။ သူ့ စိတ်ပါလာအောင် မက်လုံးတစ်ခုခု ပြရမယ်)

အတွေးတစ်ခု ဂေါင်ပန်စိတ်ထဲတွင် ဖျတ်ကနဲ ပေါ်လာသည်။

“ငါ့ရဲ့ ဆန်းကြယ်ရေခဲလုံကျင့်စဉ် ဖြစ်တဲ့ ဆန်းကြယ်ကောင်းကင်အဆင့် ကျင့်ကြံခြင်းကျင့်စဉ်က တတ်မြောက်တဲ့လူ အကန့်အသတ်နဲ့ပဲရှိတယ်။ ဒါကို ငါကလောင်ကြေးတင်မယ်။ တကယ်လို့ ငါရှုံးရင် မင်းအပိုင်ပဲ”

ဟာ

ပွဲကြည့်စင်တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဆန်းကြယ်ကောင်းကင်အဆင့်

ဆိုတာနဲ့ တော်တော်လေး အထင်ကြီးဖို့ကောင်းနေပြီ။ ဂေါင်ပန်ကတော့ ရှိသမျှ ထုတ်ရင်းနေပြီ။

ရှန်ယွန်ပေါင် မျက်လုံးများကတော့ စိတ်လှုပ်ရှားစွာနဲ့ တောက်ပနေသည်။ သူ့ရဲ့လှံကိုယူပြီး ဆရာဆွန်းအတွက် တကယ်ကို ဝင်တိုက်ချင်နေသည်။ ဒါပေမယ့် သူ မနိုင်တာကို သိနေသည်။

"မဖြစ်နိုင်လို့ပါကွာ ငါ့ရဲ့ အချိန်တွေကို ကျင့်ကြံဖို့ ကောင်းကောင်းသုံးရမယ်"

ရှန်ယွန်ပေါင်က အားပေးအားမြှောက် လုပ်လိုက်သည်။

"ဆရာ၊ မင်းမှာယုံကြည်ချက်ရှိနေရင် ဘာလို့ လက်မခံသေးတာလဲ။ ဘယ်လိုပဲပြောပြော ဒါက ဆန်းကြယ်ကောင်းကင်အဆင့် ကျင့်စဉ်ပဲ မင်းလက်လွှတ်မခံဘူးမှတ်လား"

ထန်ထန်ယုထန်ကလည်း အကြံပေးနေသည်။

"ငါစိတ် မဝင်စားဘူး"

ဆွန်းမိုက တစ်ခါတည်း ငြင်းလိုက်သည်။

"ဟားဟား"

လုချီဟွာနဲ့ လီဇီချီတို့နှစ်ယောက်ကတော့ တခိခိနဲ့ ရယ်နေကြသည်။

ဆန်းကြယ်ကောင်းကင်အဆင့်ကျင့်စဉ်က တကယ် အထင်ကြီးဖို့ ကောင်းတယ် ဟုတ်လား။ ဆရာက ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်ကိုလည်းသိတယ်။ ဒါကိုလည်း ဂရုမစိုက်ဘဲ သူတို့ကိုတောင် တစ်ခါတည်း သင်ပေးလိုက်သေးတယ်။

ဆွန်းမို ငြင်းဆိုတာကို ကြားလိုက်လျှင် ဝေဖန်သံများ ထွက်လာသည်။

"သူကြောက်နေပြီ"

"ဒါက ဆန်းကြယ်ကောင်းကင်အဆင့် ကျင့်စဉ်လေကွာ။ ဆွန်းမိုက မနိုင်ရင်တောင် ကြိုးစားပြီး တိုက်သင့်တယ်။ ဂေါင်ပန်ကလဲ သူ့ကို လောင်းကြေးမတင်ခိုင်းထားဘူး။ လုံးဝ အရှုံးမရှိဘဲ အမြတ်ကျိန်းသေတဲ့ အလုပ်ဖြစ်နေပြီ"

" ဆွန်းမိုက ဆန်းကြယ်ရေခဲလုံကျင့်စဉ်ကို အထင်းသေးနေတာ ဖြစ်နေမလား"

"မင်း နောက်နေတာလား"

"ဒါက ဆန်းကြွယ်ကောင်းကင်အဆင့်။ ဆန်းကြွယ်မြေကြီးအဆင့်မဟုတ်ဘူး၊ ဒါက အဆင့်ကွာတယ်ကွ"

ပရိတ်သတ်တွေကတော့ ငြင်းခုံနေကြသည်။

အလယ်ကမ္ဘာတွင် ကျင့်စဉ်များကို သူတော်စင်၊ ကောင်းကင်၊ မြေကြီးဆိုပြီး အဆင့်ခွဲထားသည်။ အဆင့်တစ်ခုစီတိုင်းကိုလဲ နိမ့်ကျ၊ ပုံမှန်၊ သာလွန်နဲ့ ဆန်းကြွယ်ဆိုပြီး ထပ်ခွဲထားသည်။

ဆန်းကြယ်ကောင်းကင်အဆင့် ကျင့်စဉ်ဆိုရင် ဈေးကွက်ထဲမှာ ငွေတော်တော်အများကြီး ရအောင် ရောင်းလို့ရသည်။

ဂေါင်ပန်လည်း အံ့ကြိတ်ပြီး လောင်းကြေးတိုး လိုက်သည်။

“ငါ့မှာ နိမ့်ကျ သူတော်စင်အဆင့် သွေးဆေးတစ်ပြားရှိတယ်။ မင်းနိုင်ရင် မင်းအပိုင်ပဲ”

ဒါကိုပြောပြီး ဂေါင်ပန် ရင်ထဲ နာကျင်လာသည်။ ဒီမှော်ဆေးပြားက အဆင့်အမြင့်ဆုံး ဆေးဝါးလို့

သတ်မှတ်နိုင်ပြီး ပိုက်ဆံရှိတိုင်းလည်း ဝယ်လို့မရပါ။ ဒါတွေကို ပစ္စည်းချင်းပဲ လဲလှယ်လို့ရသည်။

နာမည်ကျော်ကျောင်း ကိုးကျောင်းသည် ဘွဲ့နှင်းအပ်ခြင်း လေ့ကျင့်ခန်းကို အမှောင်တိုက်ကြီးတွင်သာ ကျင်းပသည်။ ဒီမှော်ဆေးပြားသည် နာမည်ကြီးကျောင်းက တခြားဘွဲ့ရတစ်ယောက်ကို သတ်ပြီး ဂေါင်ပန် လုယူထားခြင်း ဖြစ်သည်။

ရွှတ်စ်

ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ အထူးသဖြင့် သွေးလောင်ကျွမ်း နယ်ပယ်မှာရှိတဲ့ ဆရာတွေဆို ပိုဆိုးသည်။ လိုချင်တပ်မက်စိတ်ပြင်းတဲ့ အကြည့်တွေနဲ့ ဂေါင်ပန်ကို လှမ်းကြည့်နေကြသည်။

သွေးဆေးပြားသည် သွေးလောင်ကျွမ်းခြင်း အဆင့်အတွက် အရမ်းသင့်တော်တဲ့ မှော်ဆေးပြားဖြစ်သည်။ တကယ်လို့ ထစ်ဆို့ခြင်းဖြစ်နေပါက တစ်ပြားစားလိုက်ရုံနဲ့ အဆင့်တက်သွားနိုင်သည်။

“ဒီကောင် ဂေါင်ပန်မှာ ပစ္စည်းကောင်းတွေ အများကြီး ရှိနေတာပဲ”

ဆရာတချို့တော့ မနာလ ို ဖြစ်နေသည်။

သူလိုတဲ့အရာကို ကြားလိုက်လျှင် ဆွန်းမို မျက်လုံးအရောင် တောက်လာသည်။ တိုက်ပွဲကွင်းပြင်ထဲကို လျှောက်လာရင်း

“ ကြည့်ရတာ ဆက်ငြင်းနေရင် ရိုင်းရာကျတော့မယ် ထင်တယ်” ဆွန်းမိုက လှောင်ပြောင်လိုက်သည်။

ဒီစကားကိုကြားလျှင် ဂေါင်ပန် မဲ့သွားပြီး နှလုံးသား ပိုပို နာကျင်လာသည်။ သူက ဒီဆေးပြားကို ထစ်ဆို့ကြန့်ကြာနိုင်သော နတ်ဘုရားခွန်အား နယ်ပယ်ကို ဝင်ရောက်မယ့် သွေးလောင်ကျွမ်းခြင်း အဆင့်(၇)ချိုးဖျက်မှ သုံးမယ်ဆိုပြီး ရည်ရွယ်သိမ်းထားခဲ့ရသည်။ အဲဒီလို လုပ်လိုက်ရင် တကြိမ်းတည်းနဲ့ အောင်မြင်နိုင်သည်။

“အာ မဟုတ်သေးဘူး။ ငါ မရှုံးဘူး။ အနောက်ဖက် ကမ်းရိုးတန်းစစ်ကျောင်းက

ထိပ်တန်းပါရမီရှင်ကွ။ ဒီလို ငါးခြောက်ကောင်ကို ဘယ်တော့မှ မရှုံးနိုင်ဘူး”

ဂေါင်ပန်က သူ့ကိုယ်သူအားပေးလိုက်သည်။

လင်ကျန်ကတော့ စင်ပေါ်က မဆင်းသေးဘဲ ဒီလောက်ကောင်းတဲ့ ပွဲကို ဒိုင်ဆက်လုပ်ဖို့ စင်ပေါ်မှာပဲ စောင့်နေလိုက်သည်။ ဂေါင်ပန်ကို မကြည့်ခင် ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။

“မင်း ဒီသွေးဆေးပြားကို လောင်းကြေးတင်မှာ သေချာလား”

“သေချာတယ်”

ဝေါင်ပန်သည် အနောက်ဖက် ကမ်းရိုးတန်းစစ်ကျောင်းက ဘွဲ့ရတစ်ယောက်ဖြစ်သလို ဆုံးဖြတ်ပြီးရင် နောက်မဆုတ်တတ်ပါ။

သွားလေရာကို ဆေပြားလျှောက်ယူပြီး သွားဖို့တော့ မဖြစ်နိုင်ပါ။ ဒါပေမယ့် မျက်မြင်သက်သေဖြစ်နိုင်တဲ့ ဆရာတွေ အများကြီးရှိနေသည်။ သူ့စကားကို ပြန်ရုတ်သိမ်းချင်ရင်တောင် မဖြစ်နိုင်ပါ။ မဟုတ်ပါက

ဆရာဆက်လုပ်ဖို့ သူ့အတွက် စဉ်းစားစရာ ဖြစ်လာနိုင်သည်။

" ဂေါင်ပန်။ ငါကအခွင့်အရေး ယူတယ်လို့ အပြောမခံနိုင်ဘူး။ တကယ်လို့ ငါရှုံးရင် ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်ကို သုံးပြီး မင်းကို အလကားနှိပ်ပေးမယ်။ မင်းရဲ့ကျင့်ကြံမှုအဆင့် တစ်နှစ်အတွင်း သုံးဆတက်လာစေရမယ်လို့ ငါအာမခံတယ်"

ဆွန်းမိုကလည်း လောင်းကြေးတင်လိုက်သည်။ ကျောင်းသားပဲဖြစ်ဖြစ် ဆရာပဲဖြစ်ဖြစ် ဒီစကားကို

ကြွားလိုက်လျှင် အရမ်း အံ့အော်တုန်လှုပ်ပြီး အာမေဒိတ် အသံများထွက်လာကြသည်။ ဆွန်းမိုကို တအံ့တဩနဲ့ ဝိုင်းကြည့်နေကြသည်။

နတ်ဘုရားလက်က စောက်ရမ်းအထင်ကြီးဖို့ ကောင်းနေပြီ။

သွေးဆေးပြားလို ဆေးမျိုးသည် စျေးအရမ်းကြီးပြီး အရည်သွေးမြင့်တဲ့ ပစ္စည်းတို့ ထုံးစံအတိုင်း အရမ်းလည်း ရှားသည်။ ကျင့်ကြံသူ အများစုအတွက် တစ်ဘဝလုံးမှာ တစ်လုံးရဖို့တောင် မဖြစ်နိုင်ပါ။ 'နတ်ဘုရားလက်' ကတော့

ကွဲပြားသွားပြီ။ ဆွန်းမိုရှိနေသ၍ ကြိုက်တဲ့အချိန် အကူအညီတောင်းလို့ ရသည်။

တစ်နှစ်အတွင်း ကျင့်ကြံခြင်းအဆင့်ကို သုံးဆ မြင့်တက်လာတယ် ဟုတ်လား။ ဒီအချိန်တွင် သွေးလောင်ကျွမ်းခြင်းအဆင့်မှာရှိတဲ့ ဆရာတွေရဲ့ မျက်လုံးထဲတွင် ဆွန်းမိုကို လူသားမှော်ဆေးပြားလို့ မြင်လာသည်။ နတ်ဘုရားခွန်းအားအဆင့်က ဆရာတွေတောင် ဆွန်းမိုကို ထမင်းဖိတ်ကျွေးပြီး ဆက်ဆံရေးကောင်းအောင်လုပ်ဖို့ စဉ်းစားနေကြပြီ။

ဒါပေမယ့် ထုံးစံအတိုင်း ဆွန်းမိုရဲ့ နတ်ဘုရားလက်က တကယ်ရော ကြောက်ဖို့ကောင်းလားဆိုတာ အရင်သေချာအောင် လုပ်ရမည်။

(ဒီလူယုတ်မာကတော့ သူ့ရဲ့နတ်ဘုရားလက်ကို ထပ်ပြီး အမွန်းတင် နေပြန်ပြီ။ ဂေါင်ပန်၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းသူ့ကို ရိုက်ချိုးပြစ်ရမယ်)

ကျန်ဟန်ဖူ မျက်နှာ ပျက်သွားပြီး ဆွန်းမိုကို အပိုင်းပိုင်း စုတ်ဖြဲ ပစ်ချင်လာသည်။ ဒီအတွက်လည်း ဘာမှ မလုပ်နိုင်ပါ။ ဒီကောင်

ပိုနာမည်ကြီးလာတာနဲ့အမျှ အန်ရှီဝေရာထူးလည်း ပိုတည်ငြိမ်လာနေသည်။

"ငါတို့ဆရာကတော့ တကယ်တော်တာပဲ"

အင်ဘိုင်ဂူ အရမ်းအံ့အော မှင်တက်နေသည်။ သူမက ဆွန်းမိုမှာ နတ်ဘုရားလက် ပိုင်ဆိုင်ထားတဲ့အကြောင်းကို သိသော်လည်း လူသစ်တစ်ယောက်သာ ဖြစ်နေပြီး ကျင့်ကြံခြင်းအကြောင်းကိုလည်း အများကြီး မသိပါ။

ဒီနေရာမှာရှိနေတဲ့ လူတိုင်းရဲ့ မျက်နှာမှာ ကျင့်ကြံခြင်းအဆင့် ချိုးဖျက်ပြီး နောက်တစ်ဆင့်ကို တက်ဖို့ ပြင်းပြင်းပြပြဓောကပ်နေပြီး ရေငတ်သလို ဖြစ်ပျက်နေကြတာကို ပထမဆုံးအကြိမ် ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။

“ငါတို့ဆရာရဲ့ နတ်ဘုရားလက်နဲ့ အဆင့်မြှင့်တင်ပေးတဲ့ အခွင့်အရေးကို လက်လွှတ်မခံသင့်ဘူးနော်”

ထန်ထန်ယုထန် နှုတ်ခမ်းကွေးနေသည်။ လူအုပ်ကြီးရဲ့ တုန့်ပြန်မှုအတွက်တော့

ထူးဆန်းမနေပါ။ ကျင့်ကြံခြင်းအဆင့်ပိုမြှင့်လေ အခြေခံကလဲ ပိုအားကောင်းလာနိုင်သည်။

(ဘာ၊ မင်းက မသန်မာချင်ဘူး။ ဟုတ်လား။ ဒါဆိုရင် အသက်ကော ပိုမရှည်ချင်ဘူးလား။ နတ်ဘုရားခွန်အားအဆင့်ကနေ သက်ရှည်အဆင့်ကို ချိုးဖြတ်နိုင်ရင် မင်းရဲ့ သက်တမ်းက နှစ်ပေါင်းများစွာလား၊ နှစ်ထောင်ကျော်သွားတာတောင် ဖြစ်နိုင်တယ်)

ကေရာဇ်တွေ၊ ဘုရင်တွေ၊ ဗိုလ်ချုပ်တွေ၊ ဝန်ကြီးတွေ၊ ကုန်ကုန်ပြောရရင်

သာမန်ပြည်သူတွေတောင် ထာဝရ အသက်ရှင်ချင်ကြသည်။ မဟုတ်ရင်လည်း အနည်းဆုံးတော့ အသက်ရှည်ချင်ကြသည်။ ဆွန်းမိုရဲ့ နတ်ဘုရားလက်က သက်ရှည်အဆင့် ဝင်ရောက်ဖို့လိုတဲ့ အချိန်ကို လျှော့ချပေးနိုင်သည်။ အချင်းချင်း ဆွေးနွေးနေတဲ့အသံများ၊ စူးစူးရှရှ အကြည့်များကို မြင်နေရ ၊ကြားနေရပြီး ဆွန်းမို တော်တော် ကျေနပ်သွားသည်။ ဒါသူလိုချင်တဲ့ သက်ရောက်မှုပဲ။

လူတစ်ယောက် နာမည်ကြီးလာလေ သူ့ကိုနှောက်ယှက်ဖို့ နောက်ဆက်တွဲကို ပိုပြီး စဉ်းစားရလေပဲ ဖြစ်သည်။

အခုလိုဆိုရင် ကျန်ဟန်ဖူ သူ့ကို အလုပ်ထုတ်ပစ်မဲ့ ကိစ္စအတွက် စဉ်စားစရာတောင် မလိုတော့ပေ။ နောက်တစ်ချက် နောက်ခံတောင့်တင်းလာတာနဲ့ ကျန်ဟန်ဖူကို ကိုင်တွယ်ဖို့တောင် အကူအညီ ဖြစ်လာနိုင်သေးသည်။ ပုံမှန်ဆိုရင် ကျင့်ကြံသူတစ်ယောက်ရဲ့ အဆင့်ကို တစ်နှစ်အတွင်း သုံးဆတက်လာနိုင်တယ်လို့ပြောတာ နည်းနည်း

ချဲ့ကားရာတော့ ရောက်နေသည်။ ဒါပေမယ့် မှန်လား၊ မှားလားဆိုတာ ဘယ်သူမှ မသိပေ။

"မင်းတို့နှစ်ယောက်မှာ ကန့်ကွက်စရာ မရှိရင် အချင်းချင်းစပြီးတော့ နှုတ်ဆက်လိုက်ကြ"

လင်ကျန် လက်ကိုမြှောက်ရင်း မနေနိုင်ဘဲ ဆွန်းမိုကို တစ်ချက်ကြည့် လိုက်မိသည်။ ဂေါင်ပန်အကြောင်းကတော့ ဘာမှ ပြောစရာမလိုပါ။ အနောက်ဖက်ကမ်းရိုးတန်း စစ်ကျောင်းက ဘွဲ့ရတယ်၊ တိုက်ခိုက်ရေးစွမ်းရည်က သေချာပေါက် အရမ်းမြင့်နေနိုင်သည်။ ဒါပေမယ့် ဆွန်းမိုကရော။

ဆွန်းမိုရဲ့ သင်ကြားရေးစွမ်းရည်ကို မြင်ဖူးသူတိုင်းက သူ့ရဲ့ သင်ကြားရေးစွမ်းရည် အမှန်တကယ် ထူးချွန်မှန်း သိကြသည်။ တကယ်လို့များ တိုက်ခိုက်ရေးစွမ်းရည်ပါ ထူးချွန်နေရင် ဗဟိုပြည်နယ်အကယ်ဒမီတော့ ရတနာ တစ်ခုကောက်ရပြီ။

"ဒါဆိုရင် ငါတို့ဗဟိုပြည်နယ်အကယ်ဒမီ အတွက် ဒုတိယလျှို့မှူဘိုင်များ ဖြစ်လာမလား"

လင်ကျန် မျှော်လင့်ချက် တချို့ မြင်ယောင်လာသည်။ ဆွန်းမိုနဲ့ သူ့ကြားမှာ

ပဋ္ဌိပက္ခရှိပေမယ့် ကျောင်းအပေါ် သူ့ခံစားချက်ကတော့ ရိုးသားသည်။ သူလည်းပဲ ကျောင်းကို ပိုသန်မာလာပြီး နာမည်ကျော်ကျောင်း ကိုးကျောင်းထဲကတစ်ခု ပြန်ဖြစ်စေချင်သည်။

"ဂေါင်ပန် ၊သွေးလောင်ကျွမ်းခြင်း အဆင့်(၃)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

ဂေါင်ပန်က လုံ့ကို လက်တစ်ဖက်က ဖေ့ရမ်းရင်း ပြောလိုက်သည်။

"ဆွန်းမို............"

ဆွန်းမိုက သူ့နာမည်ပဲ ပြောလိုက်ရသေးသည်။ စနစ်ဆီက သတိပေးချက်က ကြားဖြတ်မြည်လာသဖြင့် စိတ်အနှောက်အယှက် ဖြစ်သွားသည်။

"ဒင်"

"ဂုဏ်ပြုပါတယ်"

အခန်း (၁၅၇) - သူ့တုတ်နဲ့သူ ပြန်ရိုက်ခြင်း။

"ဂုဏ်ပြုပါတယ် မင်းရဲ့ကျောင်းသားတွေက ဂေါင်ပန်ရဲ့ ကျောင်းသားတွေထက် ကျင့်ကြံခြင်း

အဆင့်နိမ့်တာတောင် အားလုံးကို အနိုင်ရသွားတဲ့အတွက်

ဆုလာဒ် -ငွေရောင် ရတနာ သေတ္တာ တလုံး”

“တာဝန်အသစ် ထုတ်ပြန်လိုက်သည်။ မင်းကလဲ အလားတူ ဂေါင်ပန်ကို အဆင့်ကျော်ပြီး တိုက်နိုင်ခဲ့ရင် ငွေရတနာသေတ္တာကို ရွှေရောင် ရတနာ သေတ္တာနဲ့ အစားထိုး ပေးလိုက်မယ်။ ထပ်ပြောရရင် မင်းရမယ့် ဆုလဒ်က အနည်းဆုံး လေးစားအထင်ကြီးမှု အမှတ် ၁,၀၀၀ လောက် တန်မယ်”

“ဆရာဆွန်း”

လင်ကျန် မျက်မှောင် ကြုတ်ပြီး ခေါ်လိုက်သည်။ ဆွန်းမို ဘာကြောင့် ငြိမ်ကျသွားလည်းဆိုတာ စဉ်းစားမရ ဖြစ်နေသည်။ ဆွန်းမို ကြောက်နေတာ ဖြစ်နေမလား။

"ငါ့အတွေး များသွားလို့ တောင်းပန်ပါတယ်"

ဂေါင်ပန်က တဟားဟားနဲ့ အော်ရယ်လိုက်သည်။

"ဆရာဆွန်း။ စိတ်ဓါတ် စစ်ဆင်ရေး လာမလုပ်နဲ့။ ငါ့အပေါ် အသုံးမဝင်ဘူး။ အလျှော့မပေးတမ်း ပြောရရင် ငါတို့ အနောက်ဘက်ကမ်းရိုးတန်း စစ်ကျောင်းက အဲဒါနဲ့ ပက်သက်ပြီး အရမ်းကျော်ကြားတယ်"

ဂေါင်ပန်က အေးစက်စက်နဲ့ ‘ဟွန့်’ ကနဲ အသံပြုလိုက်သည်။ ဒီလို ကလေးအကွက်လောက်တော့ ကြောက်စရာ အကြောင်းကို မရှိပါ။

ဆွန်းမိုကတော့ ပခုံးတွန့်လိုက်သည်။ သူ အမှန်တိုင်းပြောတာကို ဘယ်သူမှ မယုံကြပါ။ (ငါကပဲ လူလိမ်လား။ ဘယ်လိုပဲပြောပြော အရေးအကြီးဆုံးက ဒီကောင်ကို နိုင်ပြီး ရတနာ သေတ္တာ ရဖို့ပဲ)

“ဆွန်းမို သွေးလောင်ကျွမ်းခြင်း ဒုတိယအဆင့်။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ ”

ဆွန်းမိုရဲ့ကျင့်ကြံခြင်းအဆင့်ကို ကြားလိုက်လျှင် ကျောင်းသားများ တွန့်သွားကြသည်။ ဆွန်းမိုရဲ့ ကျော်ကြားမှုနဲ့ဆို ကျင့်ကြံခြင်း အဆင့်က မနိမ့်နေဘူးလား။ ဒါပေမယ့် ဆရာတွေကတော့ ဆွန်းမိုသည် (ဒီ)အဆင့် ဆွန်လျောင် အကယ်ဒမီက ကျောင်း ဆင်းတစ်ယောက်မှန်း သိကြသည်။ သူ့အရည်အချင်းကလည်း အကန့်အသတ် ရှိနေသည်။ သူ့ရဲ့ သင်ကြားရေး အရည်ချင်းနဲ့ ရှေ့ဟောင်း နဂါးဖမ်းတဲ့လက်က တော်တော်ကို အထင်ကြီးဖို့ ကောင်းသည်။ ဒီအတွက်လည်း အချိန်တော်တော် ပေးခဲ့ရမည်။။။ ဒါကြောင့်လဲ ကျင့်ကြံဖို့ အချိန်မပေးနိုင်ဘဲ ကျင့်ကြံခြင်း အဆင့်

နိမ့်ကျန်နေခဲ့တာ ဖြစ်မည်။ ဒါက လက်ခံပေးလို့ရသည်။

ဘယ်ကျောင်းမှာမဆို အစမှာတော့ ကျောင်းသားတွေ အရမ်းကြိုးစားရသည်။ဒါပေမယ့် တစ်ယောက်ယောက်က ကိုယ်တိုင်နားလည်ခြင်း အရှိန်အဝါကို နားလည်လိုက်တာနဲ့ မြတ်ဆရာတစ်ယောက်ဖြစ်ဖို့ အရည်အချင်း ရှိသွားပြီလို့ သတ်မှတ်လို့ ရသည်။ ဒီလို ပါရမီရှင်တစ်ယောက် ပေါ်လာတာနဲ့ ကျောင်း ကလည်း သေချာပေါက် သူ့ကို ပြုစုပျိုးထောင်ပေးလိမ့်မည်။

သူတို့ အရည်ချင်းကလဲ မညံ့ဖျင်းနိုင်ပါ။ နောက်ဆုံးတွင် သူတို့သည် ကျောင်းသင်ကြားရေး အင်အားစုရဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်လာကြမည်။

"စတိုက်တော့"

လင်ကျန်က ကြော်ငြာပြီး ကွင်းပြင်ထောင့်ကို အမြန်ဆုတ်လိုက်သည်။

သူ့အသံတိုးသွားတာနဲ့ ဂေါင်ပန်သည် အမြှောက်က ပစ်လွှတ်လိုက်သလို ဆွန်းမိုဆီကို တရှိန်ထိုး ပြေးဝင်သွားသည်။ သူ့လက်ထဲက သံမဏိ လုံတံသည် မြွေတစ်ကောင် ပေါက်လိုက်သကဲ့သို့

ပြေးထွက်လာပြီး လျှင်မြန်သော အရှိန်နဲ့ တိုးဝင်လာသည်။

ချီ ချီ ချီ

လုံထိပ်က နှင်းပွင့်တွေလို ထိုးဖောက်ထွက်လာပြီး ဆွန်းမိုရှောင်ပုန်းလို့မရအောင် ချက်ချင်း ဝန်းရံသွားသည်။

နှင်းပွင့်လုံ။ ကြွေခြင်း မျိုးစုံ။

ဒါက ဂေါင်ပန်ရဲ့ တိုက်ခိုက်ရေး ဗျူဟာပါ။ ကြီးမားတဲ့ ခွန်အားနဲ့ ပြင်းပြင်းထန်ထန်တိုက်မယ်၊ ပြိုင်ဘက်ကို စင်ထောင့်ဆုတ်သွားအောင်

အတင်းအကြပ် လုပ်မည်။ ဒီလိုလုပ်လိုက်ရင် ပြိုင်ဘက်ရဲ့ ရှောင်နိုင်တဲ့ နေရာ ကျဉ်းသွားမည်။

သို့သော်လည်း ဂေါင်ပန် အတွက်အချက်မှားသွားပြီ။ ဆွန်းမိုက ခြေလှမ်းတစ်လှမ်းတောင် မဆုတ်ခဲ့ပါ။ သူ့လက်ထဲက သစ်သားဓါးနဲ့ အရိပ်တွေအများကြီး ကွဲထွက်လာတဲ့အထိ ပြန်ခုတ်နေသည်။ ကြည့်လိုက်ရင် ကောင်းကင်တစ်ခုလုံးကိုတောင် ဖုံးလွှမ်းနိုင်တဲ့ နတ်ဘုရားရဲ့ လက်တစ်ချောင်းက နှင်းပွင့်တွေအားလုံးကို ဖယ်ထုတ်နေသလို ဖြစ်နေသည်။

"စိတ်ဝင်စားစရာပဲ"

ဂေါင်ပန်သည် တိုက်ခိုက်ရေးဗျူဟာ ကျဆုံးသွားသော်လည်း စိတ်မပျက်ပေ။ သူ့ရဲ့ လှံရှည်က တုန်ခါလာပြီး ဆွန်းမိုရဲ့ နှလုံးနေရာကို ထိုးသွင်းလိုက်သည်။

ချီ

အရင်လိုပဲ ဆွန်းမို မရှောင်ပါ။ လက်ကောက်ဝတ်ကို လှန်လိုက်ပြီး လှံချက်ကို ကြားဖြတ် ကာကွယ်လိုက်သည်။ ဒီအရှိန်အဟုန်တန့်သွားတဲ့ အခွင့်အရေးကို ယူလိုက်ပြီး ဂေါင်ပန်မျက်နှာကို လက်သီးတစ်လုံး ထိုးသွင်းလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘုန်း

လက်သီးနှစ်လုံး တိုက်မိသွားပြီး သူတို့ရဲ့ ခန္ဓာကိုယ်တွေ တုန်ခါသွားသည်။ ဒီအချက်ကနေ သူတို့လက်သီးနောက်ကွယ်က စွမ်းအား ဘယ်လောက်ပြင်းထန်လဲဆိုတာ တွေ့နေရသည်။

ဖြောင်း ဖြောင်း ဖြောင်း

ပွဲကြည့်စင်ဘက်ကနေ လက်ခုပ်သြဘာသံတွေ ထွက်လာသည်။

တစ်လက်မ ပိုရှည်လေ တစ်လက်မ ပိုအားကောင်းလေပဲ။

တစ်လက်မ နီးရင် တစ်လက်မ အန္တာရာယ်များလေပဲ။

ဆွန်းမိုက ဝင်လုံးလိုက်ပြီး ဂေါင်ပန်ရဲ့ အားသာချက်ကို စိန်ခေါ်လိုက်သည်။ ဒါကပြောဖို့လွယ်ပေမယ့် လုပ်ဖို့ အရမ်းခက်သည်။ ဂေါင်ပန်ရဲ့ တိုက်ခိုက်မှုတွေက ထက်မြတ်ပြီး ရက်စက်လွန်းသည်။ ကို့ကိုယ်ကို ယုံကြည်မှုနှင့် သတ္တိမလုံလောက်ပါက ဂေါင်ပန်နဲ့ ထပ်တိုက်ရင်ဆိုင်ဖို့ မဖြစ်နိုင်ပါ။

ဂေါင်ပန်ကလည်း လုံးဝ လန့်ဖြန့ ်ခြင်း မရှိပါ။ မျက်စိတစ်မှိတ်အတွင်းမှာ လုံ့ရှည်ကို ချက်ခြင်း ပြန်ဆွဲယူလိုက်သည်။ ပြီးတော့ ပင်လယ်ထဲကနေ

နဂါးတစ်ကောင် ထိုးထွက်လာသလို ညာလက်သီးနဲ့ ညာဘက်ကနေ ဆွန်းမို အရှိုက်ကို ထိုးလိုက်သည်။

"အမ်၊ သူလုံ့မသုံးတော့ဘူးလား"

လုချီဟွာက လိုက်မမှီပါ။ သူက အကြောင်းပြချက်ကို စဉ်းစားနေတုန်း ဂေါင်ပန်ရဲ့ လုံ့က ဘယ်ဘက်ကနေ ဆွန်းမိုရဲ့ ဗိုက်ဆီ ရုတ်တရတ် တိုးဝင်လာတာ တွေ့လိုက်ရသည်။

"တောက်၊ ဘယ်လို နည်းစနစ်လဲ"

ရှန်ယွန်ပေါင်ဆီက ကျိန်ဆဲသံ လွှတ်ခနဲ ထွက်သွားသည်။ ဂေါင်ပန် လုံ့ကျင့်စဉ်က

သွက်လက်လျှင်မြန်လှပြီး အသက်ရှင်နေတဲ့ မြွေတစ်ကောင်နဲ့ တူနေသည်။

ဒင်

ဆွန်းမိုကတော့ တည်တည်ငြိမ်ငြိမ်ပဲ။ သစ်သားဓါးနဲ့ တိုက်ခိုက်လာတဲ့နေရာကို ကာကွယ်လိုက်သည်။

ဖောင်း ဖောင်း

ဆွန်းမိုနဲ့ ဂေါင်ပန်တို့သည် လက်သီးအချင်းချင်း ၊ဓါးနဲ့လှံ အချင်းချင်း ဆုံသွားသည်။

ဟာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပရိတ်သတ်များ လေအေးတစ်ချက်ရှူထုတ်လိုက်မိသည်။ တစ်လက်မပိုနီးရင် တစ်လက်မပို အန္တရာယ်များတယ်လို့ ဘယ်သူပြောနိုင်တော့မှာလဲ။ ဂေါင်ပန်လုံကခါးမြှောင်တစ်ချောင်းလို တိုက်ခိုက်နိုင်သည်။ တကယ့်ကို အံ့ဖွယ်ပဲ။

ဒါပေမယ့် ဆွန်းမိုကလဲ အထင်ကြီးဖို့ကောင်းသည်။ ဒီလိုတိုက်ခိုက်မှုကို တခြားသူသာဆိုရင် တည်ငြိမ်မှုပျောက်သွားလောက်ပြီ။ ဆွန်းမိုက ဒီလိုတိုက်ခိုက်လာမှာကို ကြိုတွက်ထားသကဲ့သို့ အထိရောက်ဆုံးနည်းနဲ့ ပြန်တိုက်ခိုက်ခဲ့သည်။

ဖောင်း...

ဂေါင်ပန်က လုံကို ဆုပ်ကိုင်ကာ လေထဲကို ခုန်တက်လိုက်ပြီး ဒူးနဲ့ ဆွန်းမို ဗိုက်ကို တိုက်သည်။ လုံကလည်း တိုးဝင်လာသည်။

ဆွန်းမို နောက်ဆုတ်ပေးလိုက်သည်။

ဖောင်း

တိုက်ခိုက်ပြီးတဲ့ အချိန်တွင် ဂေါင်ပန်က မြေပေါ်ကို ပြန်ရောက်နေပြီ။ ဒီအရှိန်ကိုဌားပြီး လုံတံနဲ့အတူ ဂျာဂျာလည်အောင် လှည့်ပြီး ဆွန်းမိုဆီကို အားပြင်းတဲ့ တိုက်ခိုက်မှုတစ်ခုလုပ်လိုက်သည်။

နှင်းလေဆင်နှာမောင်း

ဟူး..

လေပြင်းတွေ ထွက်လာသည်။ လုံရှည် လည်ပတ်တာမြန်လှပြီး မျက်လုံးနဲ့ မြင်နိုင်လောက်တဲ့ အကွေးအရိပ်ကလေး ထွက်နေသည်။

ဆွန်းမို ဘေးစောင်းကြည့်လိုက်လျှင် လှံတံက သူ့နှာခေါင်းဆီကို ပြေးဝင်လာတာ တွေ့လိုက်ရသည်။ ကာကွယ်ဖို့အတွက် ဓါးကိုလှည့်ရင်း ဓါးကို ဒေါင်လိုက် ထောင်လိုက်သည်။

ဒင်

ဂေါင်ပန်က လုံလမ်းကြောင်းပြောင်းပြီး ဆွန်းမိုကို ခါးဖြတ် ဖော့တိုက်လိုက်သည်။ သို့သော်လဲ ဆွန်းမိုက တစ်လှမ်းကြိုလှမ်းပြီး ကာကွယ်ထားသည်။

ဒန် ဒန် ဒန်

လက်နက်ခြင်းထိပ်တိုက် ထိနေကြသည်။ တစ်ယောက်မှလည်း ပြန်မဆုတ်ကြပါ။

ပွဲကြည့်စင်ပေါ်က လူပေါင်းများစွာသည် စင်ပေါ်ကို တစ်ခုခု လွတ်သွားမှာ ကြောက်နေသလို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြပြီး ငြိမ်ကျသွားသည်။ ဒီတိုက်ပွဲက ထူးခြားနိုင်တယ်လို့

လူတိုင်းက တွေးထားကြသော်လည်း ဒီလောက် ဆွဲဆောင်နိုင်မယ်လို့ မထင်ထားခဲ့ပါ။

ဂေါင်ပန်ရဲ့ တိုက်ခိုက်ရေးဗျူဟာက လက်တန်းတုန့်ပြန်နိုင်ပြီး ကျင့်စဉ်က လှည့်ကွက်တွေနဲ့ ပြည့်နေသည်။ နာမည်ကျော်ကျောင်းက ကျောင်းဆင်းတစ်ယောက်ဆိုတဲ့ ကျော်ကြားမှုနဲ့ တကယ်ကို ထိုက်တန်သည်။ သို့သော်လည်း ဆွန်းမိုကို ကြည့်လိုက်ရင် သူရဲ့ စွမ်းဆောင်မှုက ပိုပြီးတော့တောင် အံ့မခန်း ဖြစ်နေသည်။

ဆွန်းမိုက ဂေါင်ပန်ရဲ့ တိုက်ခိုက်မှုအားလုံးကို လွှမ်းမိုးမှုရှိရှိ ပိတ်ဆို့ထားသည်။ ဘယ်လောက်တောင် အထင်ကြီးဖို့ ကောင်းလိုက်သလဲ။

ဒန် ဒန် ဒန်

လှံနှင့်ဓါးတို့ အဆက်မပြတ် ထိတွေ့နေပြီး အသံတွေကလည်း ထွက်ပေါ်နေသည်။

ဂေါင်ပန်က ဆွန်းမိုကို ငါးမိနစ်စလုံး တိုက်ခိုက်ခဲ့သော်လည်း ဆံပင်တစ်ချောင်းတောင် ထိခိုက်အောင် မလုပ်နိုင်ခဲ့ပေ။

အခုချိန်တွင် ဆွန်းမိုက မရွှေ့မပြောင်းနိုင်တဲ့ တောင်ကြီးတစ်လုံးလို ဖြစ်နေသည်။

"ဆရာက အရမ်းတော်တာပဲ"

လုချီဟွာသည်စိတ်ပူနေခဲ့ပေမယ့် အခုတော့ စိတ်ပူနေရာကနေ စိတ်လှုပ်ရှားလာသည်။ လီဇီချီ အကျီစကို ပျော်ပျော်ရွှင်ရွှင် လှမ်းကိုင်လိုက်သည်။

ပွဲကြည့်စင်ပေါ်က ကူရှုပ်ရှင်းရဲ့ မျက်နှာတော့ လေးလံထိုင်းမှိုင်းနေသည်။ ဆွန်းမိုက သူမ ခန့်မှန်းထားတာထက် အများကြီး ပိုသန်မာနေသည်။ ပြီတော့ သူက သက်တောင့်သက်သာနဲ့ ကျွမ်းကျွမ်းကျင်ကျင် ကိုယ်တွယ်နေတာကို ကြည့်ရလျှင် ခွန်အားအပြည့်တောင် မသုံးရသေးတဲ့ပုံပဲ။

“ မင်းရဲ့ တိုက်ကွက်တွေက နှစ်ခါထပ်နေပြီ”

ဆွန်းမိုက နှုတ်ခမ်းတွန့်လိုက်ပြီး ပြောသည်။

“မင်းရဲ့ အကောင်းဆုံး တိုက်ကွက်ကို သုံးရင်သုံးတော့ မဟုတ်ရင် နိုင်ဖို့ မစဉ်းစားနဲ့တော့”

“ဟွန့် မင်းက ငါ့ရဲ့ အကောင်းဆုံး အကွက်ကို ထုတ်သုံးဖို့ မတန်သေးဘူး”

ဂေါင်ပန်က ပြန်လှောင်လိုက်သည်။ သို့သော်လည်း စိတ်မှာ ကြေကွဲနေပြီ။ ဘာကြောင့် ဆွန်းမိုက ဒီလောက် အစွမ်းထက်နေတာလဲ။ ဂေါင်ပန်တစ်ယောက် ဘယ်လို အကွက်ပဲသုံးသုံး ဆွန်းမိုက ကာကွယ်လိုက် ရှောင်လိုက် လုပ်နေသည်။

ဒီလိုအခြေအနေက တော်တော် စိတ်ဓါတ်ကျဖို့ကောင်းနေပြီ။ 'ကူးယူခြင်း'၏ အကျိုးသက်ရောက်မှုအောင်မြင်ကာ ဆွန်းမိုက ဂေါင်ပန်ရဲ့ လှုပ်ရှားမှုအားလုံးကို ရှင်းရှင်းလင်းလင်းမြင်နေရသည်။ နတ်ဘုရားမျက်စိကြောင့်လဲ ဂေါင်ပန်ရဲ့ အားသာချက်နဲ့ အားနည်းချက်တွေကို သိနေသည်။ ခွဲခြမ်းစိတ်ဖြာမှု တချို့လုပ်ပြီး နောက်ပိုင်း တိုက်ပွဲဗျူဟာကို နားလည်လာသည်။

ဂေါင်ပန်က ပြင်းထန်တဲ့ တိုက်ခိုက်ခြင်းကို အသားပေးသူဖြစ်ပြီး လှည့်ကွက်အချို့လည်း ရောနှောသုံးစွဲတတ်သည်။

"အို။ ဒါပဲလား ။ ဒါဆို ငါစတိုက်တော့မယ်"

ဆွန်းမိုက လှံချက်ကို နောက်တစ်ခေါက် ကာကွယ်လိုက်ပြီး ပုံစံပြောင်းလိုက်သည်။ သစ်သားဓါးက အဆိပ်ရှိတဲ့ မြွေတစ်ကောင်လို ဖောက်ထွက်လာသည်။

လကိုပစ်ခြင်း

ရှုတ်စ်

ဂေါင်ပန် မျက်လုံးကျဉ်းသွားသည်။ လှံကို မ လိုက်ပြီး ဓါးချက်ကို ဖယ်ဖို့ လုပ်လိုက်သည်။ ဆွန်းမိုက အကွက် ပြောင်းလိုက်သည်။

ကြက်သွေးရောင် နှုတ်ခမ်း

ခါးက လုံကို ဝှေ့ဝိုက်ပြီး ဂေါင်ပန် မေးစေ့ဆီကို ဝင်လာသည်။

ဂေါင်ပန် ရင်ခုန်သံတွေ ဆူညံလာသည်။ နောက်ဆုတ်ဖို့ ကြိုးစားလိုက်သည်။ ဒါပမယ့် ခါးလမ်းကြောင်းက နောက်တစ်ကြိမ် ထပ်ပြောင်းသွားပြန်သည်။ ရုတ်ခြည်းပြောင်းလဲပြီး ဂေါင်ပန်ခေါင်းကို ဦးတည်လာသည်။ အလှည့်အပြောင်းက လျှင်မြန်လှသဖြင့် ဂေါင်ပန် လိုက်မမှီတော့ပါ။

ဂေါင်ပန် မျက်နှာပျက်သွားပြီး အရှိန်အပြည့်နဲ့ ပြန်ဆုတ်လိုက်သည်။

ထောက် ထောက် ထောက်

စုစုပေါင်း ခုနှစ်လှမ်းတိတိ နောက်ဆုတ်လိုက်သော်လည်း နဖူးက နည်းနည်း မှန်သွားသေးသည်။ သွေးခြေဉ_သွားပြီ။

ဆွန်းမိုက အခွင့်အရေးယူပြီး ထပ်မလိုက်ခဲ့ပါ။ အဲဒီအစား အရင်နေရာမှာပဲ ရပ်နေပြီး ပြုံးကာ မေးလိုက်သည်။

"မင်းဆက်တိုက်ချင်သေးလား"

ဂေါင်ပန် ချက်ခြင်းပဲ မျက်နှာ နီသွားသည်။ ဆွန်းမိုက သူ့ကို အထင်သေးနေသည်။

(မဟုတ်ဘူး..........။ မဖြစ်ရဘူး။ ငါ့ရဲ့ အကောင်းဆုံးအကွက်ကို သုံးရမယ်)

"မိုင်တစ်ရာ နှင်းကြောင်း"

ချီ ချီ ချီ

လုံ့ရိပ်ပေါင်းများစွာ ပေါက်ကွဲထွက်လာသည်။ ကြည့်လိုက်ရင် စိတ်ဝိညာဉ်မြေခွေးများ နှင်းတောထဲမှာ လှစ်ကနဲ ပြေးနေတာနဲ့ ဆင်တူသည်။ ခြေရာ ကောက်ကြောင်း မဲ့နေသည်။

ဒီအကွက်ကို မြင်လိုက်လျှင် ဆွန်းမို အာရုံစူးစိုက်လိုက်သည်။ လုံ့အရိပ်၏ လမ်းကြောင်းများကို အာရုံစိုက်နေရင်း မျက်လုံးပြူးနေသည်။ ပြီးတာနဲ့ သဏ္ဍာန်မဲ့

မြင့်မြတ်စကြဝ္ဍာ အဆင့်လေးကို ထုတ်လွှင့်လိုက်သည်။

သူ့တုတ်နဲ့သူ့ကို ပြန်ရိုက်ခြင်း

ပွဲကြည့်စင်ပေါ်က ဆရာများလည်း ချက်ခြင်း အာရုံစိုက်လာကြသည်။ ဂေါင်ပန်က သူ့ရဲ့ အကောင်းဆုံးအကွက်ကို ထုတ်သုံးတော့မည်။ ဒါက တိုက်ပွဲ အဆုံးအဖြတ်လဲ ဖြစ်လာနိုင်သည်။

မိုင်တစ်ရာ နှင်းကြောင်းကို သုံးလိုက်ရင် သူ့ကိုယ်သူ ဖုံးသွားပြီး ဆွန်းမိုအနားမှာ ရုတ်တရုတ် ပြန်ပေါ်လာသည်။ ထူးခြားဆန်းကြယ်တဲ့ လှံချက်ကို

ထုတ်ဖော်လာသည်။ ဒါကလည်း သူ့ အကောင်းဆုံးအကွက်ရဲ့ အနှစ်သာရ ဖြစ်သည်။

မိုင်တစ်ရာနှင်းကြောင်းသည် လူသတ်အကွက်လို့ ထင်ရသော်လည်း အဆုံးသတ် တိုက်ချက်မဟုတ်ပါ။ ပြိုင်ဘက်ရဲ့ အမြင်ကို ဖုံးကွယ်ပြီး အာရုံကို လှည့်စားဖို့ ပစ်မှတ်ထားသည်။

နောက်ဆုံးတိုက်ချက်မှာ ဂေါင်ပန်ထုတ်သုံးလိုက်တဲ့ ထူးခြားဆန်းကြယ် လှံချက်ဖြစ်သည်။ ဒါက ဆွန်းမိုရဲ့ နှလုံးကို ဦးတည်လာနေသည်။

(ဆွန်းမို၊ မင်းအရမ်းအားကောင်းတယ်ဆိုတာ ငါဝန်ခံပါတယ်။ ဒါပေမယ့် ဒီပွဲရဲ့ အနိုင်က ငါ့ဟာပဲ)

လှံချက်က လိုရာမရောက်ခင် ရုတ်တရက် လှံအရိပ်များက တွန့်လိမ်ပြီး ပုံပျက်လာသည်။ ဒါတွေအားလုံး ဆွန်းမိုရဲ့ သစ်သားဓါးဆီကို ရွေ့လျားသွားသည်။

သစ်သားဓါးက အရာအားလုံးကို စုတ်ယူနိုင်တဲ့ တွင်းနက်ကြီး တစ်ခုနဲ့ တူနေသည်။ ဆွန်းမိုရဲ့ နှလုံးကို ထိုးဖောက်ဖို့လာတဲ့ လှံတံတောင် ခြွင်းချက် မဟုတ်ပေ။ သစ်သားဓါးရဲ့ စုတ်ယူတဲ့ အစွမ်းကြောင့် လှံထိပ်ဖျား သူ့အလိုလို ရွေ့လာသည်။

ဒင်

လုံ့ရှည်က သစ်သားဓါးကို ပြေးတိုက်မိသွားသည်။

“ဘာလဲ”

ဂေါင်ပန် ဆိုးဆိုးဝါးဝါး တုန်လှုပ်နေသည်။ သို့သော်လဲ သူစိုးရိမ်နေတဲ့အချိန်တွင် ဆွန်းမိုက ကောင်းကင်ယံကိုတောင် ဖုံးလွှမ်းနေတဲ့ ကိုယ်ပိုင် လုံ့ရိပ်တွေ ပြည့်နေတဲ့ သစ်သားဓါးနဲ့ ခုတ်ချလာသည်။

“ဒါ.....ဒါ....”

သူ့ရဲ့ မိုင်တစ်ရာနှင်းကြောင်း မဟုတ်ဘူးလား။ ဆွန်းမို ဘယ်လိုသိနေတာလဲ။ ပြီးတော့

သူ့နက်လက်က သစ်သားခါးလေ။ ဘယ်လိုလုပ် လှံကျင့်စဉ်ကို သုံးနိုင်ရတာလဲ။

“ဆွန်းမိုက တိုက်ခိုက်ရေး ပါရမီရှင်လား”

ဂေါင်ပန်သည် ကြိုးပြတ်သွားတဲ့ စွန်တစ်ခုလို မြေပေါ်မကျခင် မီတာ နှစ်ဆယ်လောက် လွင့်ထွက်သွားသည်။

“ဆရာ..................”

ဧောင်ဝမ်တိုနှင့် သူ့ရဲ့အဖွဲ့ အထိတ်တလန့်နဲ့ အော်လိုက်ကြသည်။ ကူညီဖို့ချက်ခြင်း ပြေးထွက်လာကြသည်။

ဖူး

ဂေါင်ပန် ချောင်းဆိုးရင်း သွေးတွေ ထွက်ကျနေသည်။ နံရိုးတချို့ ကျိုးသွားပြီး ရင်ဘက်လည်း သိသိသာသာ ချိုင့်ဝင်နေသည်။ ဒါပေမယ့် ရုပ်ပိုင်းဆိုင်ရာထက် စိတ်ထဲက ပိုနာကျင်နေသည်။

သူတကယ်ပဲ ရှုံးသွားပြီ။

ပြီးတော့ ရှုံးနိမ့်မှုကို အကြွင်းမဲ့ လက်ခံလိုက်ရသည်။

အခန်း (၁၅၈) - ရတနာသေတ္တာသုံးလုံး၊ ဆုလဒ်အများအပြား။

"ဒီလို ပြီးသွားတာလား"

ကျောင်းသားများ ကြောင်အမ်းအမ်း ဖြစ်နေကြသည်။ သူတို့က အတွေ့အကြုံနဲ့ပြီး မိုးကောင်းကင် ဘယ်လောက်ကြီးလည်းဆိုတာ မသိသလို ဖြစ်နေသည်။ ဂေါင်ပန်က တိုက်ခိုက်မှုကြီး တစ်ခုလုပ်လိုက်တာ မြင်လိုက်လျှင် မကြာခင် တိုက်ပွဲ အထွတ်အထိပ်ကို ရောက်လာမယ်လို့ ထင်နေကြသည်။ သို့သော်လည်း ဆွန်းမို နိုင်သွားမယ်လို့တော့ မတွေးထားကြပါ။

မဟုတ်ဘူး။ ဒါက မရိုးရှင်းဘူး။ ဂေါင်ပန်က သွေးချောင်းတောင်ဆိုးနေပြီး နံရိုးတချို့လည်း ကျိုးသွားသည်။ သူ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခဲ့သည်။

" ဆရာဆွန်းနိုင်အောင် ဘယ်လိုလုပ်ခဲ့တာလဲ"

ဝမ်ဟောင်က အံ့အော မှင်တက်နေတဲ့ မျက်နှာနဲ့ ဖြစ်နေသည်။

"ငါလည်း ရှင်းရှင်းလင်းလင်း မမြင်လိုက်ရဘူး"

ကျန်းရှန် လုံးဝကို နလပိန်းတုံး ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချီရှန်ကျားကတော့ မတ်တပ်ရပ်ပြီး အော်ဟစ်နေသည်။

“ဆရာဆွန်း။ အရမ်းတော်တယ်”

ဒါပေမယ့် မတရားအော်ဟစ်နေလို့ အသံဝင်ကုန်သည်။

ရွှတ်စ်

ကျန်ရှီရှဲ့ ဝမ်ဟောင် လှည့်ကြည့်နေလိုက်သည်။

(အား။ မင်းကငဖားကောင် တစ်ကောင်ဖြစ်နေမယ်လို့ လုံးဝ မထင်ထားမိဘူး။)

"ဘာ မှားလို့လဲ"

ချီရှန်ကျားကတော့ သူ့ကိုဘာကြောင့် ကြည့်နေလဲဆိုတာ နားမလည်သလို ဘယ်သူ့ကိုမှလဲ ဖားဖို့ မကြိုးစားခဲ့ပါ။

ဒင်

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု +၃၀။ရင်းနှီး(၈၉၃/၁,၀၀၀)

ဟီး ဟီး

ကျန်ရှိနဲ့ ဝမ်ဟောင်တို့ မျက်နှာလည်း စပ်ဖြီးဖြီး ဖြစ်လာသည်။

"နောက်ပြီးတော့"

ကျန်ရှိက ဝမ်ဟောင်ကို တစ်ချက်ကြည့်လိုက်သည်။

"ဘာလုပ်ရမှာလဲ။ ပွက်လောရိုက်အောင် လုပ်လိုက်ကြစို့"

ဝမ်ဟောင်လည်း စကားဆုံးတာနဲ့ ထရပ်လိုက်ပြီး ချီရွှန်ကျားထက်တောင် ကျယ်အောင်စွာ အော်လိုက်သည်။

"ဆရာဆွန်းက အတော်ဆုံးပဲ"

"ထွက်သွားရအောင်။ ထပ်မကြည့်ချင်တော့ဘူး"

ရွှမ်ယွှင်လည်း ကြောင်သွားသည်။

“ထပ်ကြည့်စရာ မလိုတော့ဘူး။ ဆရာဆွန်းက မရှုံးနိမ့်နိုင်တော့ဘူး”

ချိုင်တန်သည် ဂေါင်ပန်ရဲ့ တိုက်ပွဲဗျူဟာကို ရှင်းရှင်းလင်းလင်း နားလည်နိုင်သော ကျောင်းသား အနည်းစုထဲက တစ်ယောက်ဖြစ်သည်။ ဒါကြောင့်လည်း ဆွန်းမိုကို ကြည်ညိုလေးစား လာခဲ့သည်။ ဒီဆရာက သင်ကြားစွမ်းရည် ကောင်းရုံသာမက တိုက်ခိုက်ရေးစွမ်းရည်ကလဲ ကြောက်ဖို့ ကောင်းလောက်အောင် မြင့်မားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

ချိုင်တန်၏ လေးစားအထင်ကြီးမှု +၁၅။မှူလ(၃၅/၁၀၀)

မြောက်ဖက် ပွဲကြည့်စင်ပေါ်မှာတော့ ဆရာတွေ၊ ဆရာမတွေ တုန်လှုပ်နေတဲ့ မျက်နှာနဲ့ ဒီတိုက်ပွဲအကြောင်းကို ဆွေးနွေးနေကြသည်။ သူတို့လည်း ဂေါင်ပန်ရဲ့ အကောင်းဆုံးတိုက်ကွက်ကို ထုတ်သုံးလိုက်တဲ့ အချိန်တွင် နိုင်သွားပြီလို့ ထင်ခဲ့ကြသည်။ သို့သော်လည်း အောင်နိုင်သူက ဘယ်သူမှ မထင်ထားတဲ့ ဆွန်းမို ဖြစ်နေသည်။

“ ဒီအကွက်က ဘာဖြစ်သွားတာလဲ။ ဘာကြောင့် ဂေါင်ပန်ရဲ့ တိုက်ခိုက်မှု တန်ပြန်သွားတာလဲ”

“မင်းဘာကို တန်ပြန်တယ် ပြောနေတာလဲ။ ဆွန်းမိုက သေချာပေါက် အကွက်အတူတူ သုံးသွားတာ”

“ဂေါင်ပန်ရဲ့ ဆန်းကြယ်ရေခဲလုံ့ကျင့်စဉ်ကို လောင်းကြေးတင်တုန်းက ဆွန်းမိုလက်မခံတာလည်း မဆန်းတော့ဘူး။ ဆွန်းမို အရင်ကတည်းက လေ့လာထားတာ ဖြစ်နိုင်တယ်။ ပြီးတော့

ဓါးကိုသုံးပြီး လုံကျင့်စဉ်ကိုသုံးနိုင်တယ် ဘယ်လောက်တောင် အထင်ကြီးဖို့ ကောင်းလဲ”

“ငါတော့ ဆွန်းမိုကို အကြံသမားလို့ပဲ ပြောချင်တယ်။ သူက ဂေါင်ပန် အကာအကွယ်မဲ့နေတဲ့အချိန်မှ သစ်သားဓါးနဲ့ လုံကျင့်စဉ်ကိုသုံးခဲ့တာ။ ဂေါင်ပန် မတရားသဖြင့် ရှုံးသွားတာပဲ”

မှတ်ချက်အမျိုးမျိုး ဖြစ်နေသော်လည်း ဘယ်သူမှတော့ ဆွန်းမိုက ဆန့်ပျော့စားကောင်လို့ မခေါ်ကြပေ။ ဆွန်းမိုရဲ့ ခွန်အားက အထင်ကြီးဖို့

ကောင်းသော်လည်း အန်ရှီဝေနဲ့ တော့ မထိုက်တန်သေးပါ။ ဒါပေမယ့် လူအများကြီးကို နှိပ်ကွပ်ဖို့တော့ သူ့အတွက် ပြဿနာ မရှိနိုင်ပါ။ လူတိုင်း ကူရှုပ်ရှင်းကို အလိုလို လှည့်ကြည့်မိသွားသည်။

အင်း ဆွန်းမိုနဲ့ တသုတ်ထဲ ဖြစ်ရတာ တော်တော်ဖိအား များတာပဲ။ ကြယ်တစ်ပွင့်မြတ်ဆရာ စာမေးပွဲကို မအောင်သေးတဲ့ လုပ်သက်ရင့် ဆရာတွေဆို ပိုတောင် ဖိအား များနေကြသေးသည်။

ဆွန်းမိုသာ ကြယ်တစ်ပွင့် မြတ်ဆရာအဆင့်ကို သူတို့ထက် အရင်ရသွားပါက ဘယ်လောက်တောင် စောက်ရှက်ကွဲလိုက်မလဲ။

“ဒါက အဲဒါများဖြစ်နေမလား..”

အန်ရှီဝေ အံ့အော တုန်လှုပ်နေသည်။ အဖြေရှာရန် ဂျီမဲဂျဲကို ကြည့်လိုက်သည်။

“မြင်တော့မြင်ရတာပဲ။ ဒါပေမယ့် ဒီလိုပုံစံမဖြစ်သင့်ဘူး။ ဒါက ကောင်းကင်ဘုံမြင့်တက်ခြင်း အကာယ်ဒမီရဲ့

မြင့်မြတ်တဲ့စွမ်းရည် တစ်ခုလေ။ ဆွန်းမို တတ်နေဖို့မဖြစ်နိုင်ဘူး”

ဂျိမဲဂျဲလည်း နားမလည်နိုင်အောင် ဖြစ်နေသည်။ ကြွယ်သုံးပွင့် မြတ်ဆရာတစ်ယောက်အနေနဲ့ သူ့တုတ်နဲ့သူ့ကို ပြန်ရိုက်ခြင်း နည်းစနစ်ကို အရင်ကတည်းက မြင်ဖူးသည်။ ဒါပေမယ့် ကောင်းကင်ပေါ် မြင့်တက်ခြင်း အကယ်ဒမီက ထူးချွန်တဲ့ ပါရမီရှင်များသာ သင်ကြားဖို့ အခွင့်အရေး ရှိကြသည်။ ဒါကြောင့် ဆွန်းမိုက ဒါကိုလေ့လာဖို့ အရည်အချင်း မမှီပါ။

"မင်းတို့ ဘာတွေပြောနေတာလဲ"

ကူရှုပ်ရှင်း ကြောင်တောင်တောင် ဖြစ်နေသည်။

"ဆွန်းမိုက ဂေါင်ပန်ကို အနိုင်ယူဖို့ သုံးသွားတဲ့ အကွက်ကို ပြောနေတာလား"

"အမှာင်လျှို့ဝှက်ကျင့်စဉ်တစ်ခု ဖြစ်နိုင်တယ်။ မဟုတ်ဘူးလား"

ဂျိမ်ဂျဲက ခန့်မှန်းလိုက်သည်။

အန်ရှီဝေက တစ်ခွန်းမှ မပြောတော့ပါ။ ဆွန်းမိုကို နောက်တစ်ကြိမ် ပြန်ကြည့်ပြီး အလေးနက်ထား အကဲခတ်နေလိုက်သည်။ ပြီးတော့ သူတိုက်ခဲ့တဲ့

ဖြစ်စဉ်ကို ပြန်စဉ်းစားနေသည်။ ဒါက တကယ့်ကို သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာကျင့်စဉ်နဲ့ တူနေသည်။

"တိုက်ပွဲပြီးရင် ဆွန်းမိုရဲ့ ကျော်ကြားမှုက မြင့်လာအုံးမယ်။ အခုတော့ သူက ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ဒုတိယ လျှိုမှုဘိုင်ပဲ"

ကူရှပ်ရှင်းက မနာလိုတဲ့လေသံနဲ့ ပြောလိုက်သည်။ ဒီကောင်လေးက ရုတ်တရတ် မြင့်တက်လာမယ်လို့ ဘယ်သူက ထင်မှာလဲ။

ဂျိမ်ဂျဲက ပြုံးလိုက်ပြီး

"လျှိုမှုဘိုင်မဟုတ်ဘူး။ ဆွန်းမိုက ဆွန်းမိုပဲ"

"အမ်"

ကူရှုပ်ရှင်း ခေါင်းလှည့်ကြည့်လိုက် လျှင် တော်တော်သဘောကျနေသည့် မျက်နှာနဲ့ ဆွန်းမိုကို ကြည့်နေတဲ့ ဂျိမ်ဂျဲအား မြင်လိုက်ရသည်။ ဒါကြောင့်လည်း နည်းနည်းပိုပြီး မနာလို ဖြစ်သွားသည်။

ဒါတောင် သူမက ဆွန်းမိုကို လေးစားအထင်ကြီးမှုအမှတ် ပေးခဲ့ပါသေးသည်။

နာကျင်မှုကို ကြိုက်တဲ့လူကတော့ တွေးထားသလိုပဲ။ ဂျီမဲဂျဲနှင့် အန်ရှီဝေတို့ အမှတ်တွေအပြင် ဆွန်းမို လေးစားအထင်ကြီးမှု အမှတ် ၁၀၀ကျော် ရလိုက်သည်။

"အမှိုက်ပဲ"

ကျန်ပ်ဟန်ဖူ ဒေါသထွက်နေသည်။ ဆွန်းမိုကို တတ်နိုင်သမျှ မြန်မြန် ဖယ်ထုတ်ဖို့လိုနေပြီ။ မဟုတ်ပါက ဗဟိုပြည်နယ် အကယ်ဒမီ အာဏာသိမ်းမဲ့ လမ်းကြောင်းမှာ အကြီးမားဆုံး အတားအဆီးဖြစ်လာတော့မည်။

"ဆရာဆွန်း အရမ်းတော်တယ်"

"ဆရာက အရမ်းတော်တာပဲ"

လုချီဟွာက လီဇီချီ အဝတ်စကို ဆွဲထားရင်း ခုန်ပေါက် အားပေးနေသည်။ သူမဆီကလည်း လေးစားအထင်ကြီးမှု အမှတ် ၅၀ ရလိုက်သည်။

"သေချာတာပေါ့"

လီဇီချီလည်း ဆွန်းမိုက သူ့ရဲ့ ဆရာဖြစ်နေတဲ့ အတွက် ဂုဏ်ယူနေသည်။ အမာခံ ပရိတ်သတ်တစ်ယောက်အနေနဲ့ လေးစား အထင်ကြီးမှုအမှတ်တွေ ထုတ်ပေးခဲ့သည်။

“ငါတို့ဆရာရဲ့ တိုက်ခိုက်ရေးစွမ်းရည်က တော်တော်မြင့်တယ်ဟ”

ရှန်ယွန်ပေါင်ကတော့ မေးစေ့ကို ပွတ်ရင်း စိတ်အားထက်သန်နေသည်။

“ ငါသူနဲ့ ဝိုင်းတိုက်နေသလိုကို ခံစားရတယ်”

အင်ဘိုင်ဝူက ဆွန်းမိုကို ကြည့်လိုက်သည်။ သူမကို တခြားကျောင်းသားများက မနာလိုတဲ့ အကြည့်နဲ့ ကြည့်နေကြတာကို မြင်လိုက်သည်။

ဆွန်းမိုရဲ့ တိုက်ရိုက်တပြည့် တစ်ယောက်ဖြစ်နေလို့ ဒီလိုကြည့်နေမှန်း သူမ သိသည်။

“ တကယ်အထင်ကြီးဖို့ကောင်းတဲ့ ဆရာကို ဆရာတင်လိုက်မိမယ်လို့ မထင်ထားခဲ့မိဘူး။ ဟီးဟီး။ ရတနာကောက်ရတယ်လို့ပဲ သတ်မှတ်ရမယ်”

အင်ဘိုင်ဝူလည်း နည်းနည်းကျေနပ်နေသည်။

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု အမှတ်+၂၀။ရင်းနှီး(၃၇၀/၁,၀၀၀)

"ဆရာဂေါင်"

ဆွန်းမို တခါတည်း မပြန်ခဲ့ပါဘူး။ သူက ဂေါင်ပန်ဆီကို လျှောက်သွားပြီး စိုးရိမ်ကြောင်း ပြလိုက်သည်။ ဒါက အသက်လုတဲ့ တိုက်ပွဲ မဟုတ်ပါဘူး။ ဒါကြောင့်လည်း အခြေခံ ယဉ်ကျေးမှုကို ပြဖို့ လိုပါသည်။

"ဆ…ဆရာဆွန်း. ငါလောင်းကြေး ဖျက်တတ်တဲ့ သူမဟုတ်ဘူး။ ငါမင်းကို သွေးဆေးပြား ဖြစ်နိုင်သမျှ မြန်မြန် လွှဲပေးမှာပါ"

ဂေါင်ပန် သွေးတွေ အန်ထွက်နေပြီး မျက်နှာ အမူအယာက မြင်မကောင်း ရှုမကောင်း ဖြစ်နေသည်။

ထပ်ပြောနေစရာမလိုပါဘူး။ ဆွန်းမိုကြောင့် ကွင်းထဲက လွင့်ထွက်သွားကတည်းက သူ့ဒဏ်ရာကို ကုပေးဖို့ ဆရာနှစ်ယောက်ကို ပြောထားပြီးသားပါ။

“ဆရာဆွန်း၊ တကယ်ကောင်းတဲ့ တိုက်ခိုက်မှုပဲ”

လင်ကျန်က ချီးကျူးလိုက်သည်။

“ဗဟိုပြည်နယ်အကယ်ဒမီမှာ နောက်ဆုံးတော့ လျှိုမူဘိုင် နောက်တစ်ယောက် ရှိလာပြီပေါ့”

"ငါက ငါပဲ။ လျှိုမှုဘိုင်နဲ့ လာမနှိုင်းနဲ့"

ဆွန်းမိုက မှုန်ကုတ်ကုတ်နဲ့ ပြန်ပြောသည်။ လင်ကျန်က သူ့ကို ချီးကျူးနေမှန်းသိသော်လည်း လျှိုမှုဘိုင်နဲ့ နှိုင်းယှဉ်တာကို မကြိုက်ပါ။

ဆရာတချို့ကလည်း ဆွန်းမိုရဲ့ အောင်ပွဲအတွက် ဂုဏ်ပြုစကားပြောရင်း ဆွန်းမိုနဲ့ မိတ်ဖွဲ့ဖို့ လမ်းလျှောက်လာကြသည်။ ဒါမှလည်း နောင်တစ်ချိန်တွင် သူတို့ ရှေ့ပေါင်းနဂါးဖမ်းတဲ့လက်ကို ခံစားချင်ရင် လွယ်ကူမည် မဟုတ်ပါလား။

ဒီစကားကို ကြားလိုက်လျှင် သူတို့ အားလုံး အရမ်းအံ့အော သွားကြသည်။ ဆွန်းမိုကို ကြည့်ရတာ ရည်မှန်းချက် ကြီးကြီး ရှိပုံရသည်။

လျှိုမူဘိုင်နှင့် ဖန်ဝူဂျီတို့သည် ချင်လင်မြို့ရဲ့ နာမည်အကြီးဆုံး ဆရာကြီး နှစ်ယောက် ဖြစ်သည်။ တကယ်လို့ ဆရာအသစ်တစ်ယောက်ကို ဒုတိယလျှိုမူဘိုင်လို့ ခိုင်းနှိုင်းခံရပါက သူတို့ကို ချီးကျူးတယ်ဆိုပြီး သေချာပေါက် ကျေနပ်သွားကြမည်။ သို့သော်လည်း ဆွန်းမိုကတော့ လုံးဝကို မကြိုက်ပါ။

အဲဒီအစား အရှက်ရသလိုတောင် ခံစားရသည်။

“ငါကငါပဲ။ လျှိုမှုဘိုင်နဲ့ မခိုင်းနှိုင်းနဲ့” စကားက တော်တော် ရင့်သီးလွန်းသည်။

လင်ကျန်လည်း အငြင်းခံလိုက်ရပြီးနောက် နည်းနည်း မကျေမနပ်ဖြစ်သွားသော်လည်း လူငယ်တွေရဲ့ မာနကို နားလည်ပေးနိုင်သည်။ ဆွန်းမိုနဲ့ မိတ်ဆွေမဖြစ်နိုင်မှန်းသိ၍ လိမ္မာပါးနပ်စွာ နောက်ပြန်ဆုတ်လိုက်ပြီး ဂေါင်ပန်ကို စစ်ဆေးပေးဖို့ သွားလိုက်သည်။

ဂေါင်ပန်ရှုံးသွားပေမယ့်လည်း အထင်ကြီးနေတုန်းပါ။

“ ဆရာဆွန်း၊ မင်းရဲ့ နောက်ဆုံးလှုပ်ရှားမှုက အရမ်း အထင်ကြီးဖို့ ကောင်းတယ်”

“မင်းရဲ့ ကျောင်းသားသုံးယောက်စလုံးက မင်းကိုနာမည် ထပ်ရအောင် ကူညီပေးခဲ့တဲ့ အတွက် ဂုဏ်ပြုပါတယ်”

“ဆရာဆွန်း နောက်ပိုင်းအားရင် ထမင်းအတူတူ စားကြမလား။

ဆရာတွေက တစ်ယောက်တစ်ပေါက် ဆွန်းမိုကို ချီးကျူးစကား ပြောဆိုနေကြသည်။ ပိုရဲတင်းတဲ့သူများက နေ့လည်စာတို့ ညစာတို့ အတူတူစားဖို့တောင် ဖိတ်ခေါ်နေကြသည်။

“တောင်းပန်ပါတယ်။ ခုနတုန်းက တိုက်ပွဲအတွက် စိတ်ဓါတ်ခွန်အား တော်တော်ကုန်သွားတယ်။ နည်းနည်းပင်ပန်းနေလို့ အခုနားချင်ပြီ”

ဆွန်းမို ပြုံးရင်း ပြန်ဖြေသည်။

“နားလည်ပြီ။ နားလည်ပြီ”

ဆရာတွေက သူ့အတွက် လမ်းဖွင့်ပေးလိုက်သည်။

လုချီဟွာနှင့် လီဇီချီက ချက်ခြင်းပြေးလာပြီး ဘေးတစ်ဘက်တစ်ချက်ကနေ လက်မောင်းကို အသီးသီး ဖက်ထားလိုက်သည်။

"လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း ၃,၁၂၆ မှတ်ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

စနစ်ဆီက အကြောင်းကြားချက် ထွက်လာပြီး လေးစားအထင်ကြီးမှု အမှတ်စီးကြောင်းကြီး ဆွန်းမို၏ အာရုံမှာ ပေါ်လာသည်။

"အရမ်းများတာပဲ"

ဆွန်းမို အရမ်းအံ့အောသွားသည်။

"ဒါပေါ့။ မင်းနဲ့မင်းရဲ့ ကျောင်းသားသုံးယောက် တိုက်ပွဲကို ကြည့်ဖို့ လာတဲ့ လူက တစ်ထောင်ကျော်တယ်လေ"

စနစ်က ရှင်းပြလိုက်သည်။ တကယ်စဉ်းစားရင်တော့ ဒီပမာဏက မများပေ။ ပျမ်းမျှတွက်လိုက်ရင် လူတစ်ယောက်ကို သုံးမှတ်လောက်ပဲ ရှိသည်။

“အချိန်သတ်မှတ်ချက်နဲ့ ပေးတဲ့တာဝန်ကို ပြီးမြောက်သွားတဲ့ အတွက် ဂုဏ်ပြုပါတယ်။

ဆုလဒ် - ရွှေရောင် ရတနာသေတ္တာတစ်လုံး”

“လေးစားအထင်ကြီးမှုအမှတ် ၃,၀၀၀ ကျော်ကို တထိုင်တည်းရတဲ့တွက် ‘နာမည် မြှင့်တင်ခြင်း’ကို ပြီးမြောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ်- ကြေးရောင်ရတနာသေတ္တာ တစ်လုံး”

“ တိုက်ပွဲမှာ နာမည်ကျော်ကျောင်းကိုးကျောင်းထဲက ဘွဲ့ရတစ်ယောက်ကို အနိုင်ရတဲ့အတွက်

ဂုဏ်ပြုပါတယ်၊ ဆုလဒ်- ကံကြမ္မာ ရတနာသေတ္တာတစ်လုံး။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ”

တောက်ပတဲ့ အလင်းရောင်တွေနဲ့ ရတနာသေတ္တာ သုံးလုံးသည် ဆွန်းမို၏ အရှေ့တွင် ပေါ်လာသည်။ ပျော်လွန်းပြီး လေချွန်လိုက်မိသည်။ အမှတ်တမဲ့နဲ့ လေးစားအထင်ကြီးမှု အမှတ်အများကြီး ရနိုင်မဲ့ နည်းလမ်းကို တွေ့လိုက်သည်။ ဒါက တိုက်ပွဲ ဝင်ဖို့ပဲ ဖြစ်သည်။

အခု ပရိတ်သတ် ၁,၀၀၀ကျော်တွင် လေးစားအထင်ကြီးမှု အမှတ် ၃,၀၀၀ကျော် စုဆောင်းနိုင်ခဲ့သည်။ တကယ်လို့ ပရိတ်သတ် အရေအတွက် နှစ်ဆ၊ ဒါမှမဟုတ် သုံးဆဆိုရင်ရော။ လေးစားအထင်ကြီးမှုအမှတ် ၁၀,၀၀၀ကျော် တထိုင်တည်း မရနိုင်ဘူးလား။ ဒါက နည်းနည်းတော့ မဖြစ်နိုင်ပေမယ့်။ ငါးခြောက်တစ်ကောင်တောင် အိပ်မက် ရှိသေးတာပဲ မဟုတ်ဘူးလား။

ဆွန်းမို၏ တပြည့်ခြောက်ယောက်နဲ့ အနားတွင် စည်ကားနေပြီး အောင်ပွဲခံ ဒိုဂျိုကပေးထားတဲ့ အနားယူသည့် နေရာကို ပြန်သွားလိုက်သည်။ အခုသာ ထွက်သွားလိုက်ရင် ကျောင်းသားတွေနဲ့ ပိတ်မိနေမှာ သေချာသည်။ နည်းနည်းလေး ပိုစောင့်လိုက်လို့ ဘာမှ မဖြစ်ပေ။

“ဆရာ၊ စိတ်ဝိညာဉ်ပုံသွင်းခြင်း ငါ့ကို သုံးပေးလို့ရလား”

ထန်ထန်ယုထန်က သိချင်နေသည်။

"မင်းက အားနည်းလွန်းတော့ ဒီမြွတ်ဆရာ အရှိန်အဝါ သက်ရောက်မှုကို မင်းမခံ နိုင်လောက်ဘူး"

ဆွန်းမို ငြင်းဖို့ အကြောင်းပြချက် ရှာလိုက်သည်။ ဒီကောင်က တမူထူးပြီး တွေးတဲ့ကောင်။ သဘောတူလိုက်လို့ မဖြစ်ဘူး။

"ဟီး ဟီး"

ထန်ထန်ယုထန် နောင်တရနေသည်။ သူက စေတနာဝန်ထမ်းလုပ်ပြီး စင်ပေါ်ကို တက်ခဲ့သင့်သည်။ ဆွန်းမိုက သူ့ကို

အကူအညီတောင်းရုံကလွဲပြီး မလုပ်နိုင်တော့ဘူး ထင်ခဲ့သည်။ ကောင်းမလေးသုံးယောက်ကို လွှတ်ပြီး အောင်ပွဲယူနိုင်မယ်လို့ တွေးတောင် မတွေးထားမိပါ။

“ဆရာ ဒီပွဲရှုံးမယ်လို့တွေးတောင် မတွေးခဲ့ဘူးလား”

ချန်လုံက မေးလိုက်သည်။

“ရှုံးနိုင်မယ်လို့လဲ တွေးခဲ့မိတယ်။ ဒါပေမယ့် ဂုဏ်သိက္ခာနဲ့ တောက်ပမှုက ငါ့အတွက် ဘာမှမဟုတ်ဘူး။ လီဇီချီနဲ့ တခြားသူတွေ

တိုက်ပွဲအတွေ့အကြုံ ရဖို့က ပိုအရေးကြီးတယ်။ ဒီနေ့တိုက်ပွဲပြီးရင် သူတို့ကိုယ်သူတို့ ပိုယုံကြည်လာလိမ့်မယ်”

ဆွန်းမို လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။

လုချီဟွာက မျက်လုံးမှေးသွားပြီး အပြုံးချိုချိုလေး ပေါ်လာသည်။

“ကံကြမ္မာ ရတနာသေတ္တာကို ဖွင့်လိုက်”

ဆွန်းမိုက ခိုင်းလိုက်သည်။

အနီရောင် အလင်းတန်းများ ပျောက်ကွယ်သွားပြီးနောက် အနက်ရောင် မြေခဲ တစ်ခု ကျန်ခဲ့သည်။

"ဘယ်လို အတုအယောင်လဲ"

လက်ကိုမြှောက်ပြီး လုချီဟွာခေါင်းကို ဆက်တိုက် ပုတ်လိုက်သည်။ ကြေးရောင် ရတနာသေတ္တာကို မဖွင့်ခင် စုစုပေါင်း ရှစ်ကြိမ် တိတိရှိသည်။

ဒင်

"လကြယ်သစ်သီး တစ်လုံး ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

"မင်းတို့တွေ ငါ့ကို ထူးထူးခြားခြား ပြောစရာမရှိရင် ငါ့ကို ထားသွားကြတော့"

ဆွန်းမိုက သူတပြည့်ခြောက်ယောက်ကို ပြောလိုက်သည်။

ဆွန်းမို တော်တော် စိတ်ချမ်းသာနေသည်။ ဒီအသီးနဲ့ဆိုရင် အဆင့်ထပ်တက်လို့ရပြီ။ အနိုင်ရထားတဲ့ သွေးဆေးပြားနဲ့ဆိုရင် သွေးလောင်ကျွမ်းခြင်း အဆင့် (၄)ကိုတောင် ရောက်နိုင်သည်။

ကျင့်ကြံဖို့ အတွက် အချိန်ပေးရမယ်။ စိတ်မကောင်းဘူး။ ငါပျင်းတယ်။

"ဆရာ ငါတို့ တိုက်ပွဲ ခန်းမကိုသွားပြီး လက်ရည်စမ်းရအောင်"

ရှန်ယွန်ပေါင် ထပ်မစောင့်နိုင်တော့ပါ။

"မရဘူး။ မင်း စိတ်ဝိညာဉ်ပြုပြင်းခြင်း အဆင့်ကိုရောက်မှ မင်းနဲ့ ထပ်ပြီးလက်ရည်စမ်းမယ်"

ဆွန်းမိုက တိုက်ပွဲ စွဲလမ်းသူကြီးကို တွန်းအားထည့်ပေးလိုက်သည်။

ဒေါက် ဒေါက်

တစ်ယောက်ယောက်က တံခါးခေါက်လိုက်တဲ့ အသံထွက်လာသည်။

ချန်လုံက တံခါးနား ရှိနေသည်။ ဒါကြောင့်လဲ ဖွင့်ပေးလိုက်သည်။ ထို့နောက်မှာ ကူရှူပ်ရှင်း ဝင်လာသည်။ ဂျိမဲဂျဲနှင့် အန်ရှီဝေလည်း နောက်ကပါလာသည်။

ကူရှူပ်ရှင်းရဲ့ တောကြြက်ဥ အရွယ် ရင်သားကို ကြည့်လိုက်ရင်း ဆွန်းမို စိုးရိမ်လာသည်။ သူ့မှာ မဖွင့်ရသေးတဲ့ ရွှေရောင် ရတနာ သေတ္တာတစ်လုံး ရှိနေသေးသည်။ သို့သော်လဲ

အကြည့်ကဂျိမဲဂျဲဆီကို ရောက်သွားလျှင် စိတ်သက်သာရာ ရသွားသည်။ ဂျိမဲဂျဲ က ရင်သားကြီး ဂိုဏ်းကိုကိုယ်စားပြုနိုင်သည်။ သူမက ကျူရှုပ်ရှင်းကြောင့် ဖြစ်နိုင်တဲ့ ကံဆိုးမှုကို ဖြေဖျောက် ပေးနိုင်လောက်ပါတယ်လေ။

အန်ရှီဝေကျတော့ရော။ ချက်ခြင်း လှမ်းကြည့်လိုက်လျှင် ရင်သားက အသေးကြီးလည်း မဟုတ်သလို အကြီးကြီးလည်း မဟုတ်ပါ။ သူ့ရဲ့ ကံအတက်အကျကို မလွှမ်းမိုး နိုင်ကောင်းပါရဲ့။

“ဆရာဆွန်း၊ ဂုဏ်ပြုပါတယ်”

ကူရှပ်ရှင်းက ဂုဏ်ပြုစကား ပြောလိုက်သည်။

"ကျေးဇူးပါ"

ဆွန်းမိုက ပေါ့ပေါ့ပါးပါး ပြန်ဖြေရင်း လုချီဟွာ ခေါင်းကို ဆက်ပုတ်နေလိုက်သည်။ ပြီးတော့ စိတ်ထဲကနေ အကျယ်ကြီး အော်ပြောလိုက်သည်။

"မြင့်မြတ်လှတဲ့ သဘော်သီးမိန်းကလေးရဲ့ ရင်သားက ဒီကမ္ဘာမှာ မလုပ်နိုင်တဲ့ အရာမရှိဘူး။ ရွှေရောင် ရတနာသေတ္တာက ငါ့ကို ရှားပါးရတနာ တစ်ခုပေးစမ်း။ ဖွင့်....."

အခန်း (၁၅၉) - ရွှေရောင် ဆေးညွှန်း။

ရတနာသေတ္တာ ပွင့်လာရင်း ရွှေရောင် တဖျတ်ဖျတ် တောက်လာသည်။ အလင်းရောင် မှိန်သွားတာနဲ့ ထူထပ်သော ရွှေရောင် အလင်းတောက်ပနေတဲ့ သိုးသားရေ တစ်ခု ကျန်ခဲ့သည်။

သိုးသားရေသည် နည်းနည်းပျက်ဆီးနေပြီး သက်တမ်း တော်တော် ကြာနေပုံရသည်။

အဲဒါအပေါ်မှာ အနက်စာလုံးအများကြီး ရေးထိုးထားသည်။

ဆွန်းမို မျက်လုံး အရောင် တောက်လာသည်။ ကြည့်ရတာတော့ ဆေးညွှန်း တစ်ခုပဲ။

ဒင်

“ဆေးထုပ်ကြီးရဲ့ ဆေးညွှန်းကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒီဆေးထုပ်ကို ဆေးပင် ၂၇မျိုးနဲ့ပေါင်းစပ်ထားပြီး အထူးလျှို့ဝှက် နည်းစနစ်နဲ့ ဖော်စပ်ထားသည်။ ဆေးထုပ်နဲ့ ရေချိုးရင် သွေးတွေ အားဖြည့်မှုကြောင့် ကြွက်သားတွေ

သန်မာလာမယ်၊ ကိုယ်ခန္ဓာ သန်မာလာမယ်၊ ပင်ပန်းနွမ်းနယ်မှုတွေ ပြေပျောက်သွားမယ် အစရှိသဖြင့် အကျိုးကျေးဇူး အမျိုးမျိုးကို ရရှိနိုင်မယ်။ ဘီလူးကြီး တစ်ကောင်လို သန်မာလာမယ်”

စနစ်က ရှင်းပြသည်။

“ဒါပဲလား”

ဆွန်းမိုလည်း မမျှော်လင့်ထားတဲ့ သတင်း ကောင်းကြောင့် ရုတ်တရက် ဝမ်းသာနေသည်။ ဆေးထုပ်ကြီးကို တစ်ကြိမ်သာ သုံးခဲ့သော်လည်း

ဘယ်လောက် အကျိုးရှိတယ်ဆိုတာ မှတ်မိနေသေးသည်။

ပြီးခဲ့တဲ့ ရက်ပိုင်းတုန်းက စတိုးဆိုင်တွင် ဝယ်မလို့ ကြည့်ခဲ့သေးသည်။ ဒါပေမယ့် ဈေးအရမ်းကြီးလို့ မတတ်နိုင်ခဲ့ပါ။ သို့သော်လည်း ဒီနေ့တော့ ရတနာသေတ္တာထဲက ဆေးညွှန်းကို ရခဲ့ပြီ။

ဆွန်းမို သိုးသားရေကို စိတ်လောလောနဲ့ ကြည့်လိုက်သည်။ ပါဝင်ပစ္စည်းတွေကို မရင်းနှီးသော်လည်း ချက်ပြုတ်သလိုပဲ မရှုပ်ထွေးလှပါ။ အားလုံးကို လေ့လာလိုက်ရင်

မှော်ဆေးပညာ လူသစ်တစ်ယောက်တောင် ထုတ်လုပ်နိုင်သည်။

တစ်ခုတည်းသော ချို့ယွင်းချက် ဆေးပညာမဟာလို ဆေးထုပ်ကြီးက အကျိုးသက်ရောက်မှု မကောင်းနိုင်ပါ။ ဘယ်လိုပဲပြောပြော ဆေးပညာမဟာလိုတော့ ဆေးပင်အမျိုးမျိုး အကြောင်းကို နားမလည်နိုင်ပါ။

ဆေးပင်တွေက အတူတူဖြစ်သော်လည်း ဆေးပညာမဟာတောင် ဂရုတစိုက်ကိုင်တွယ်မှ

ထုပ်လုပ်ခြင်းပြီးဆုံးရင် သေချာပေါက် အကျိုးသက်ရောက်မှု အားကောင်းမှာ ဖြစ်သည်။

"ကျောင်းအုပ်ကြီး အန်"

"ဆရာမ ဂျိ"

ကျောင်းသားများက ချက်ခြင်း ထရပ်ပြီး လေးလေးစားစားနဲ့ နှုတ်ဆက်လိုက်ကြသည်။ ထန်ထန်ယုထန်လိုကောင်တောင် တော်တော် ရိုကျိုးနေသည်။ ဒီဆရာနှစ်ယောက်သည် ဗဟိုပြည်နယ် အကယ်ဒမီတွင် အရမ်းဂုဏ်သိက္ခာ ကောင်းတဲ့ ဆရာများ ဖြစ်သည်။

“ဆရာဆွန်း၊ ဂုဏ်ပြုပါတယ်”

ဂျိမ်ဂျဲက ပြုံးရင်း ချီးကျူးစကားပြောလိုက်သည်။

ဂျိမ်ဂျဲရဲ့ ရင်းရင်းနှီးနှီး ဆက်ဆံပုံကို မြင်လျှင် လီဇီချီနှင့် လုချီဟွာ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်သည်။ သူတို့နှစ်ယောက် အရမ်းလည်း ဂုဏ်ယူနေကြသည်။

(မင်းတို့ မြင်လား။ ငါတို့ဆရာရဲ့ အရည်အချင်းက အရမ်းထူးချွန်တယ်။ ကြယ်သုံးပွင့် မြတ်ဆရာတောင် သူနဲ့ ရင်းနှီးချင်နေတယ်)

ဒီလိုပြောတာက နည်းနည်း ချဲ့ကားရာ ရောက်နေသည်။ ဂျိမ်ဂျဲက တည်ကြည်မှု မနဲရင်တောင် ဆွန်းမို ပိုင်ဆိုင်ထားတဲ့ နတ်ဘုရားလက်တစ်ခုတည်းနဲ့ ဖော်ရွေနေရမည်။

သို့သော်လည်း အမာခံပရိတ်သတ်နှစ်ယောက်ကတော့ ဂရုမစိုက်ပါ။ ဘယ်လိုပဲပြောပြော ဆွန်းမိုကသာ သူတို့နှလုံးသားထဲတွင် အလေးစားဆုံး လူဖြစ်သည်။

"ဆွန်းမို ငါတွေးမိတာက ကျန်ဟန်ဖူက နိုင်တဲ့လူကို အမှောင်တိုက်ကြီး သွားခွင့် နေရာ သုံးခုပေးမယ်လို့ ပြောခဲ့တယ်။ ဒါကသူ့ အစီအစဉ်ရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်နိုင်တယ်"

အန်ရှီဝေက ဆွန်းမိုကို ကြည့်ရင်း သူမ အထင်ကို ပြောလိုက်သည်။

"ဒီလိုလုပ်လိုက်ရင် ဂေါင်ပန်ရဲ့ ကျောင်းသားတွေ အကောင်းဆုံး အားထုတ်လာအောင်လည်း လှုံ့ဆော်ပေးနိုင်သလို ပထမစီစဉ်ထားတုန်းက သာမန် ပြိုင်ပွဲတစ်ခု ဖြစ်ချင်ဖြစ်မယ့် ရောမ

ဆုနဲ့ဆိုရင် ရက်စက်ကြမ်းကြုတ်တဲ့ ပြိုင်ပွဲတစ်ခုဖြစ်လာမယ်။ ထိခိုက် ဒဏ်ရာရတာတွေလည်း ရှိလာမယ်။ ဒုတိယအချက်အနေနဲ့ကတော့ ဂေါင်ပန်အနိုင်ခဲ့ရင် ဒီနေရာလွတ်သုံးခုကို တရားမျှတစွာ ပေးနိုင်မယ်”

ကျန်ဟန်ဖူ လက်အောက်တွင် ဆရာတွေအများကြီး ရှိနေတာလည်း မေ့ထားလို့မရပါ။ အကြောင်းပြချက်ကောင်းကောင်းမရှိဘဲ ဂေါင်ပန်ကို သုံးနေရာစာ ပေးလိုက်ရင် ကျန်တဲ့ဆရာတွေ မကျေမနပ် ဖြစ်လာနိုင်သည်။

ထုံးစံအတိုင်းတော့ ဂေါင်ပန်က ဆွန်းမိုကို နိုင်ဖို့တော့ လိုတာပေါ့။ ဂေါင်ပန် ရှုံးသွားရင်လည်း ကျန်ဟန်ဖူ အရန်အစီအစဉ် လုပ်ထားနိုင်သည်။

အန်ရှီဝေ အသံက လေးလံထိုင်းမှိုင်းလာသည်။

"အဲဒါက အမှန်ပဲ။ အမှောင်တိုက်ကြီးမှာက စည်းမရှိဘူး။ ခွန်အားကသာ အာမခံချက်ပဲ"

ဂျိမဲဂျဲကလည်း ဖြစ်နိုင်ခြေကို ခန့်မှန်းလိုက်သည်။

အမှောင်တိုက်ကြီးတွင် တောတွင်း ဥပဒေသာ ရှိသည်။ လူသားတွေ စောင့်ထိန်းတဲ့

ကိုယ်ကျင့်တရားလည်း မရှိပါ။ ဒါကြောင့်လည်း လူသားတို့ရဲ့ မကောင်းတဲ့သဘာဝက အဆများစွာ ကျယ့်ပြန့်နေသည်။

လူတွေကိုသတ်ပြီး ရတနာလုတာက အဲဒီနေရာတွင် ဖြစ်ရိုးဖြစ်စဉ် တစ်ခုလို ဖြစ်နေသည်။ နှစ်ဖက်စလုံးက သဘောထားကွဲလွဲလိုက်တာနဲ့ လက်နက်ဆွဲထုတ်ပြီး ချက်ခြင်း ထတိုက်ကြတာ ပုံမှန်ပဲ။

“ပြီးတော့ရော”

ဆွန်းမိုက ပြန်မေးလိုက်သည်။

"ဒီ အခွင့်အရေးကို ငါလက်မလွှတ်သင့်ဘူး မဟုတ်လား"

အန်ရှီဝေနှင့် ကျန်တဲ့နှစ်ယောက်လည်း တိတ်ကြသွားသည်။ ဒါလည်း အမှန်ပဲ ဒီအခွင့်အရေးကို လက်လွှတ်ခံတဲ့ ကျောင်းသားတွေ မရှိပါဘူး။ များပြားလှတဲ့ရတနာတွေ မဆိုထားနဲ့ အမှောင်တိုက်ကြီးရဲ့ဝိညာဉ်ချီ တစ်ခုထဲနဲ့တောင် အလယ်ကမ္ဘာပြည်နယ်ကိုးခုထက် သုံးဆ ပိုများသည်။

အဲဒီနေရာမှာ ရက်နည်းနည်းလောက် နေလိုက်ရုံနဲ့ ခန္တာကိုယ်အတွက် ကောင်းကျိုးတွေ အများကြီး ရှိနိုင်သည်။

တကယ်လို့ သူ့ရဲ့တိုက်ရိုက်တပြည့်တွေက သွားရင် ဆွန်းမိုက ဘယ်လို ကျန်ခဲ့နိုင်မှာလဲ။

“အန္တာရာယ်များတာလား။ ဘာဖြစ်လို့ လက်မလျှော့တာလဲ”

လုချီဟွာ မျက်နှာ ဖြူဖျော့နေသည်။ ဆွန်းမို အသတ်ခံရမှာကို စိုးရိမ်နေသည်။

ထန်ထန်ယုထန်လည်း မူလ "ဘယ်လိုကြီးလဲ'လို့ ပြောလိုက်ချင်ပေမယ့် လီဇီချီကို ကြည့်ကာ ပါးစပ် ပိတ်လိုက်သည်။ အလှလေး သုံးပါးကလည်း ဆွန်းမိုကို စပြီး စိုက်ကြည့်နေကြသည်။ အဲ့ဒီအချက်ကနေ ဆွန်းမိုပေါ်ကို ခံစားချက်ကောင်းနေကြောင်း သိနိုင်သည်။ ဆွန်းမိုသာ သူမတို့ကို ထမင်းစားဖို့ ဖိတ်ခေါ်ရင် မငြင်းမှာ သေချာနေသည်။ သို့သော်လဲ ဆွန်းမိုကို ကြည့်ရတာ ဒါနဲ့ ပက်သက်ပြီး ရည်ရွယ်ချက် ရှိပုံမရပါ။

"မင်းတို့တွေပဲ ဆက်စကားပြောနှင့်ကြ။ ငါအရင်သွားတော့မယ်။ လီဇီချီက ငါနဲ့ လိုက်ခဲ့"

ဆွန်းမို အနည်းငယ် အလာပသလာပ ပြောပြီးနောက် ထွက်သွားဖို့ လုပ်နေသည်။

"ငါပြောချင်တာက ရှန်ယွန်ပေါင် တစ်ယောက်တည်း မဟုတ်ဘူး။ မင်းတို့သုံးယောက်စလုံး မင်းတို့ရဲ့ လေ့ကျင့်ခန်းတာဝန်ကို ပိုအရှိန်မြှင့်ဖို့ မမေ့နဲ့"

ဆွန်းမိုက သူ့တပြည့်တွေကို ညွှန်ကြားပြီး လှည့်ထွက်သွားသည်။ အန်ရှီဝေတို့ကို တစ်ချက်တောင် မကြည့်သွားခဲ့ပါ။

လီဇီချီက ဆွန်းမိုနောက်ကို အူယားဖားယား လိုက်သွားသည်။ လုချီဟွာက လိုက်ခွင့်မရှိတဲ့ ခွေးပေါက်လေးလို လုပ်နေသည်. ဆွန်းမိုက လိုက်ဖို့ မညွှန်ကြားထားတာတောင် စပြီးလိုက်မလို့ လုပ်လိုက်သည်။

“သူက တကယ်ပဲ ထွက်သွားတာလား”

ဒါကိုမြင်လျှင် ထန်ထန်ယုထန် ပြောစရာ စကားမရှိဖြစ်နေသည်။ အလှလေးသုံးယောက်ကို တစ်ချက်ခိုးကြည့်ပြီး ဆွန်းမိုကို အခြောက်လားလို့တောင် သံသယ ဝင်လာသည်။ ဒါမှမဟုတ်ရင် သူ့ဆရာက ပုံမှန် အရသာ မကြိုက်တာပဲ ဖြစ်မယ်။

ဒီလိုတော့ မဖြစ်သင့်ဘူးလေ။ လီဇီချီ ရင်သားက တောကြက်ဥ အရွယ်လောက်ပဲရှိတယ်လေ။ သူမ မျက်နှာကတော့ ဖရဲသီး ပုံစံနဲ့ ဆွဲဆောင်မှု အပြည့်ရှိသည်။ ပြီးတော့ သူမရဲ့ ဆွဲဆောင်မှု

အရှိဆုံးအချက်ကတော့ မြင့်မြတ်မယ်၊ ကို့ကိုယ်ကို ယုံကြည်မှု ရှိမယ်၊ ကျက်သရေ ရှိမယ်။ လီဇီချီက လူတိုင်းကို ပုံမှန်သာ မြင်တတ်သော်လည်း လူတိုင်းကတော့ သူမကိုမြင်လျှင် သူမထက် ခေါင်းတစ်ခြမ်းလောက် နိမ့်တယ်လို့ ခံစားရနိုင်သည်။

လုချီဟွာကျတော့ရော။ လှပတဲ့ ဘဲဥ ပုံစံမျက်နှာအပြင် ကြီးမားတဲ့ ရင်းသား ရှိမယ်။ ဒီလက်နက်ကြီးကလည်း လူတိုင်းရဲ့ အကြည့်ကို ဆွဲဆောင်ဖို့ လုံလောက်သည်။

မျှတမှု ၊ မျှတမှု က စွမ်းအားပဲ။

ရင်သားကြီးတာကို မကြိုက်တဲ့ ယောက်ျားတွေက ယုံကြည်စရာကို မရှိပါ။

အင်ဘိုင်ဝူကို ကြည့်ရအောင် သူမက ဆင်းရဲသူဖြစ်တဲ့အားလျော်စွာ ပိတ်စ အစပ်အဆက်တွေနဲ့ ချုပ်ထားတဲ့ အဝတ်တို့ကို ဝတ်ထားသော်လည်း လျှော်ဖွတ်ပြီး တောက်ပြောင်နေသည်။ စိတ်ဓါတ်ကြံ့ခိုင်တဲ့ အငွေ့အသက်နဲ့ ပြည့်နေသည်။ နှင်းခဲနှင့်

နှင်းတောထဲမှာ လွင့်မျောနေတဲ့ ဇီးပွင့်လို ခေါင်းမာတက်ကြွမှုကို ဖော်ပြနေသည်။

ထန်ထန်ယုထန်က အမှန်တိုင်းပြောရလျှင် တပြည့်ငါးယောက်ထဲတွင် အင်ဘိုင်ဝူကို အလေးစားဆုံးဖြစ်သည်။ တကယ်လို့ သူတို့သာ အမှောင်တိုက်ကြီးကို သွားခဲ့လို့ ဘေးဒုက္ခတစ်ခုနဲ့ ပိတ်မိနေခဲ့ရင် အရင်းဆုံးသေမဲ့သူက လုချီဟွာ ဖြစ်နိုင်သည်။ သူမ အရည်အချင်းနဲ့ စိတ်ပိုင်းဆိုင်ရာက ညံ့ဖြင်းလွန်းသည်။ သူမက

ကိုယ့်ရဲ့လုံခြုံရေးကို မေ့ထားပြီး တခြားသူကို ကယ်တင်ဖို့ သေချာပေါက် ကြိုးစားလိမ့်မည်။

ချန်လုံကတော့ ဒုတိယမြောက် သေမဲ့လူပဲ။ အပြင်ပိုင်းက အေးစက်တယ်လို့ ထင်ရပေမယ့် နှလုံးသားတစ်ခုလုံးက ကြင်နာမှုနဲ့ ပြည့်နေသည်။ ဒါကြောင့် တခြားသူကို ကယ်တင်နေရင်းနဲ့ သေနိုင်သည်။

ရှန်ယွန်ပေါင်ကတော့ ဘယ်အလှည့်မှာ သေမယ်ဆိုတာ မသိဘူး။ ဘယ်လောက်ကြာကြာ တိုက်နိုင်မလဲအပေါ် မူတည်မယ်။

ဒါပေမယ့် လီဇီချီကျတော့ တုန့်ပြန်မှုက အရမ်းဆိုးဝါးသော်လည်း သူမရဲ့ မြင့်မားတဲ့ ဉာဏ်ရည်က တချို့အရာတွေကို လျော့ပါးစေနိုင်ပြီး အသက်ရှင်မဲ့ အာမခံချက် နည်းနည်း မြင့်နိုင်သည်။ ဒါပေမယ့် နောင်ဆုံးအချိန်ထိ အသက်ရှင်နိုင်မှာကတော့ သေချာပေါက် အင်ဘိုင်ဝူပဲ။

ဆွန်းမို ပြတ်ပြတ်သားသား ထွက်သွားတာကြည့်ရင်း ကူရှုပ်ရှင်းလုံးဝ ဆွံ့အနေသည်။

(မင်းထွက်သွားတော့? ငါတို့က မင်းနဲ့ စကားပြောချင်လို့ ဒီရောက်နေတာ မသိဘူးလား)

လူတိုင်းက ခင်ချင်နေတဲ့သူမကို တစ်ဘဝလုံး အမှတ်တရဖြစ်အောင် လျစ်လျူရှုပြီးထွက်သွားတဲ့တစ်စုံတစ်ယောက်ကို ကြည့်ရတာလည်း စိတ်ဝင်စားဖို့ ကောင်းသားပဲ။

“ဟုတ်ပြီ။ သူ့တပြည့်တွေဆီကို ထုတ်လွှင့်လိုက်တဲ့ နို့အဖြူရောင် အလင်းတန်းက ဘာလဲဆိုတာ မမေးချင်ဘူးလား။ ဒါကလည်း တော်တော် အကျိုးရှိသွားတယ်”

ကူရှပ်ရှင်း သေမလောက် သိချင်နေသည်။ မြတ်ဆရာ အရှိန်အဝါမဟုတ်ရင်တောင် အမှောင်လျှို့ဝှက်ကျင့်စဉ် ဖြစ်သင့်တယ်။ ဒါကြီးက အရမ်းအစွမ်းထက်မှာ သေချာသည်။

“မင်းလုပ်မလား။ ဒါမှမဟုတ်ငါလုပ်ရမလား”

အန်ရှီဝေက ဂျိမ်ဂျဲကို တစ်ချက်ကြည့်ရင်း မေးလိုက်သည်။

“မင်းက ကျောင်းအုပ်လည်း ဖြစ်သလို ဆွန်းမိုနဲ့ စေ့စပ်ထားတဲ့သူဖြစ်လို့ မင်းလုပ်တာ ပိုကောင်းပါတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိမ်ဂျဲက ရိုးရိုးယဉ်ယဉ်လေးသာ ပြန်ပြောလိုက်သည်။

"ကောင်းပြီလေ။ ကျောင်းသားတွေ မင်းတို့မှာ မေးစရာရှိလား။ ငါဖြေပေးမယ်။

အန်ရှီဝေက ကျောင်းသားတွေကို ပြောလိုက်သည်။

တကယ်လို့ ဆွန်းမိုအတွက်သာ မဟုတ်ခဲ့ရင် အန်ရှီဝေ ဒီလိုမပြောပေ။ ကျောင်းသားတွေကို လမ်းမညွှန်ပေးချင်တာ မဟုတ်ပဲ အလုပ်အရမ်းများနေလို့ ဖြစ်သည်။

"ငါကတော့ အဆင်ပြေပါတယ်"

ထန်ထန်ယုထန်က ဘယ်လက်ကို ဝှေ့ယမ်းရင်း ထွက်သွားသည်။

"တောင်းပန်ပါတယ်။ ကျွန်တော့်ဆရာက ဆွန်းမိုပါ"

အင်ဘိုင်ဝူကလဲ တောင်းပန်လိုက်သည်။ ဒီအခိုက်အတန့်တွင် သူမခေါင်းသည် ဖိဆီးနေပြီး သူမအတွက် အကျိုးရှိအောင် ဘယ်လိုလုပ်ရမလဲ တွေးနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူမက အခုမှ ဆရာ အသိအမှတ်ပြုထားခြင်း ဖြစ်ပြီး အခုတခြားလူဆီက လမ်းညွှန်ချက်တောင်းခံနေရင် ဆွန်းမို စိတ်မဆိုးသော်လည်း ကြည့်မကောင်းတာ သေချာသည်။

ပြီးတော့ အရေးကြီးတဲ့အချက်က ဒီမြတ်ဆရာနှစ်ယောက်သည် ဆွန်းမိုကြောင့်သာ မေးခွန်းမေးဖို့ အခွင့်အရေး ပေးနေခြင်း ဖြစ်သည်။ သူမသာငြင်းလိုက်ရင် ဆရာရဲ့ မျက်လုံးထဲတွင် ပိုပြီး ထင်ရှားလာနိုင်သည်။

“ဘယ်လိုပဲဖြစ်ဖြစ် အန်ရှီဝေက ဆွန်းမိုရဲ့ ဇနီးလောင်းပဲ။ သူတို့လက်ထပ်ပြီးရင် ငါ့မှာ မေးဖို့ အခွင့်အရေး အပြည့်ရှိတယ်။ အား ဒီတစ်ခါတော့ အကျိုးအမြတ်အများကြီး ရခဲ့တာပဲ”

အင်ဘိုင်ဝူက တိတ်တိတ်လေး တွေးတောနေသည်။ ဆွန်းမိုက အန်ရှီဝေကို လက်ထပ်လိုက်တာနဲ့ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ပိုင်ရှင်တစ်ဝက်ပဲ။ သူ့ရဲ့တိုက်ရိုက်တပြည့် တယောက်အနေနဲ့ ငါအင်ဘိုင်ဝူက

အကျိုးအမြတ်တချို့တော့ ရမှာ သေချာတယ် ။ ဟုတ်တယ်ဟုတ်။

အခုတော့ အခြေနေတွေ ပြန်တည်ငြိမ်လာတာနဲ့ အင်ဘိုင်ဝူရဲ့ လောဘကြီးတဲ့စရိုက်က ပြန်ပေါ်လာသည်။ သူမသည် အရမ်းချမ်းသာချင်ပြီး အနည်းဆုံး မီလျံနာတစ်ယောက်တော့ ဖြစ်ချင်သည်။

“မင်းငါ့ကို တစ်ခေါက်လောက် တိုက်ပေးနိုင်မလား”

ရှန်ယွန်ပေါင် တအားတက်ကြွနေသည်။

“မရဘူး”

အန်ရှီဝေက ပြင်းလိုက်သည်။

ဒီစကားကို ကြားတော့ ရှန်ယွန်ပေါင် လှည့်ထွက်သွားသည်။ ဒီဆရာက သူနဲ့ မတိုက်ချင်တဲ့ ဆရာ ။ ဘာလို့သူ့အနားမှာ နေရအုံးမှာလဲ။

ချန်လုံတစ်ယောက်ပဲ ကျန်တော့သည်။ ကူရှုပ်ရှင်းလည်း မနေနိုင်တော့ဘဲ ကူပြီး မေးပေးလိုက်သည်။

“ကျောင်းအုပ်ကြီးကို တစ်ခုခု မမေးချင်ဘူးလား”

ချန်လုံလည်း ခေါင်းယမ်းပြီးထွက်သွားသည်။

"အမ်။ မင်းခေါင်းခါပြတယ်ဆိုတာ ဘာအဓိပ္ပါယ်လဲ"

ကူရှုပ်ရှင်းက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"''ငါ့ရဲ့ မေးခွန်းက ကြယ်သုံးပွင့် မြွတ်ဆရာတစ်ယောက် ဖြေရှင်းပေးနိုင်တဲ့ အရာ မဟုတ်ဘူး"

အန်ရှီဝေသော ဆွန်းမိုနဲ့ မစေ့စပ်ထားရင် ချန်လုံ၏ အေးစက်စက် နိုင်ပုံနဲ့ စကားတောင် ပြန်ပြော မှာမဟုတ်ပေ။

"ဘာ ဆွန်းမို လုပ်နိုင်လား"

ကူရှုပ်ရှင်းမဲ့သွားသည်။

" ကြယ်သုံးပွင့် မြတ်ဆရာထက်တော့ ပိုပြီး မတော်နိုင်ဘူး မဟုတ်လား"

"ဆရာဆွန်းမှာ ငါ့ရဲ့ ပြဿနာကို ဖြေရှင်းပေးဖို့ ဖြစ်နိုင်ခြေရှိတယ်"

ချန်လုံက ကူရှပ်ရှင်းကို ကြည့်ရင်း အလေးအနက် ပြောလိုက်သည်။

"ကြယ်သုံးပွင့် မြတ်ဆရာထက်ပိုအထင်ကြီးဖို့ ကောင်းနေတာလား။ မင်းသေချာပေါက် အောင်မြင်မှုရမယ်လို့ ယုံကြည်ပါတယ်"

ကျောင်းသားလေးယောက် ထွက်သွားကြသလို တစ်ယောက်မှလည်း မေးခွန်း မမေးခဲ့ပါ။

အန်ရှီဝေ တော်တော်ရှက်သွားသည်။ မြတ်ဆရာ ဖြစ်လာပြီးနောက် ဒီလိုမျိုး ပထမဆုံးကြုံဖူးတာပဲ။ ဂျိမ်ဂျဲလည်း နေရထိုင်ရ ခက်နေသည်။

“ကြည့်ရတာတော့ ဒီကျောင်းသားတွေ အကုန်လုံးက ဆွန်းမိုကို တော်တော်လေးစားသလိုပဲ”

ဂျိမဲဂျဲက ရယ်ရင်းပြောလိုက်သည်။

“အင်း”

အန်ရှီဝေလည်း ခေါင်းညိတ်လိုက်သည်။ ဆွန်းမိုမှာ ဒီလိုကျောင်းသားတွေ ရှိတဲ့အတွက် တကယ်ပျော်မိပါသည်။

အခုအချိန်မှာ ဆွန်းမိုက အရမ်းကျော်ကြားနေပြီ။ ဒါကြောင့်လဲ ကျောင်းသားတွေက သူဘယ်အချိန်မှ

အောင်ပွဲခံဒိုဂျိုက ထွက်လာမလဲ မသိသော်လဲ စောင့်နေကြဆဲ ဖြစ်သည်။

ကွင်းဦးတည်ထားတဲ့ ဂိတ်ပေါက် လေးခုရှိသည်။ ချိုင်တန်က လှည့်ပတ်ကြည့်လိုက်ရင် အရှေ့တံခါးတွင် ကျန်တဲ့ တံခါးတွေထက် လူနည်းနေတာကို မြင်လိုက်သည်။ ဒါကြောင့် သွားပြီး သူ့ရဲ့ ကံကိုစမ်းသပ်ဖို့ ဆုံးဖြတ်လိုက်သည်။ ရှမ်ယွှင်က ချိုင်တန်ကို လေသံတိုးတိုးလေးနဲ့ လှမ်းပြောသည်။ ဒါပေမယ့် ချိုင်တန် သတိမထားလိုက်မိဘူး။ ပြီးတာနှင့် သူ့ဘေးနားက

ကျောင်းသားဆယ်ယောက်ကျော် 'တဝုန်းဝုန်း'နဲ့ ဂိတ်တံခါးဆီကို ပြေးထွက်သွားတာ ရုတ်တရက် မြင်လိုက်ရသည်။

"မင်္ဂလာပါ ဆရာဆွန်း"

နှုတ်ဆက်သံကြားပြီးနောက် မေးခွန်းပေါင်းစုံမေးနေတဲ့ အသံတွေ ထွက်ပေါ်လာသည်။

"အခုမှ အလုပ်ဝင်တဲ့ ဆရာအသစ် မဟုတ်ဘူးလား"

ရွှမ်ယွှင်အဲ့အော တုန်လှုပ်နေသည်။ ဝါရင့်ဆရာတစ်ယောက်တောင် ဒီလို အလေးထားမှုမျိုး မရနိုင်ပါ။ ကြည့်စမ်းပါအုံး ကျောင်းသားတွေ ဘယ်လောက်တောင် လေးစားနေကြသလဲ။ ဆွန်းမို တစ်ခုမှ ပြန်မဖြေတာတောင် ဦးညွှတ် အရိုအသေ ပေးနေလိုက်ကြတာ။

"ငါခဏနေရင် လုပ်စရာ တခုရှိသေးတယ်။ ကျောင်းသားဆယ်ယောက်တော့ ဖြေပေးဖို့ အချိန်ရသေးတယ်"

ဆွန်းမို သူ့ရဲ့အခြေအနေနဲ့ ပက်သက်ပြီး ပြောလိုက်ရင်း လူအုပ်ကြီးကို တစ်ချက်ကြည့်လိုက်သည်။ မဟုတ်ပါက ဒီနေရာတွင် အနည်းဆုံးနှစ်နာရီ၊ သုံးနာရီလောက် ပိတ်မိနေနိုင်သည်။ ဒီအချိန်မှာ ကျောင်းသားတွေလည်း ချက်ခြင်း တုန့်ပြန်လာကြသည်။ တချို့က ရှေ့တိုးလာသည်။ တချို့က လက်မြှောက်ထားပြီး သူတို့ကို ဆွန်းမို သတိမထားမိမှာ တော်တော်ကြောက်နေကြသည်။ သူတို့ထဲက တချို့ကတော့ နောက်ပြန်ဆုတ်ကာ ဆွန်းမိုကို လေးစားတဲ့ အကြည့်နဲ့ ကြည့်နေကြပြီး

သူတို့က ဘယ်လောက်ငြိမ်သက်ပြီး လေးစားမှုရှိကြောင်း ပြနေကြသည်။

"ဒီမှာ လူတွေဝိုင်းနေလို့မရဘူး။ လူတိုင်း ငါးမီတာလောက် နောက်ပြန်ဆုတ်ပေးကြပါ။ ပြီးရင် ငါလက်ညှိုးထိုးလိုက်တဲ့သူကို မေးခွန်း ဖြေပေးမယ်"

ဆွန်းမိုက နာခံမှုရှိတဲ့ ကျောင်းသားတချို့ကို တွေ့လိုက်သည်။ သူတို့ရဲ့ ယဉ်ကျေးမှုနဲ့ နာခံမှုကြောင့် အခွင့်အရေး တချို့ပေးဖို့ ထိုက်တန်သည်။

"ငါတို့ ရှေ့တိုးရအောင်" ချိုင်တန် စိတ်ထဲတုန်လှုပ်ခြောက်ခြားပြီး အရှေ့တိုးနေသည်။

အခုတလော ဝိညာဉ်တက်တူး ရေးဆွဲတဲ့အပြင် အချိန်အများစုကို ဗဟုသုတ တိုးတက်အောင် စာကြည့်တိုက်တွင်သာ နေနေခဲ့သည်။ ကျောင်းသားက ခက်ခဲတဲ့ မေးခွန်းကိုမေးခဲ့ရင် မဖြေနိုင်တဲ့ နေ့ရှိလာမှာ ကြောက်နေသည်။ ဒါဆို တကယ် အရှက်ကွဲပြီ။ သို့သော်လည်း သူ့ပြင်ဆင်မှု အားလုံး အချည်းအနှီးသာ ဖြစ်သွားသည်။

ဆွန်းမိုရဲ့ နတ်ဘုရားလက်က တော်တော်ကျော်ကြားနေသည်။ လူတိုင်းကလည်း သူတို့ ခန္ဓာကိုယ်ဖွဲ့စည်းပုံနဲ့ ဆိုင်တဲ့အကြောင်း၊ ကျင့်ကြံခြင်း တစ်ဆို့မှုနဲ့ ဆိုင်တဲ့အကြောင်း။ ဘယ်လိုကျင့်ကြံခြင်း အမျိုးအစားနဲ့ သင့်တော်လဲ၊ ဘယ်လိုလက်နက်အသုံးပြုသင့်လဲ၊ သူတို့ရဲ့ အားနည်းချက်ကဘာလဲ။ အားသာချက်ကဘာလဲ ဒါမျိုးတွေပဲ မေးနေသည်။

ဒီလိုမေးခွန်းတွေက ရှေ့ဟောင်းအနှိပ်ပညာနှင့် နတ်ဘုရားမျက်စိနဲ့တောင် လုံးဝ ဖြေရှင်းနိုင်သည်။

ကျောင်းသားတွေလည်း အဖြေကို ရပြီးနောက် ဆွန်းမို ညွှန်ကြားတဲ့အတိုင်း လိုက်နာခဲ့ကြသည်။ ရက်နည်းနည်းကြာပြီးနောက် သူတို့ တိုးတက်လာတာကို တွေ့လိုက်ရသည်။ ဒါကြောင့်လည်း သူတို့ ဆွန်းမိုကို ပိုအထင်ကြီးလာပြီး ပိုလေးစားလာကြသည်။

ဆွန်းမိုသည် အခုလက်ရှိတွင် စနစ်ဆီက အကြောင်းကြားချက်တွေနဲ့ လေးစားအထင်ကြီးမှုအမှတ် ရနေသည်။ သို့သော်လည်း ဒီကျောင်းသားတွေသည်

လမ်းမှာဆုံခဲ့ရတဲ့ လူတစ်ယောက်လို အရေးမပါတော့ စနစ်က တစ်ဦးခြင်း အမည် မဖော်ပြတော့ပါ။

ဒီလိုမဟုတ်ပါက တစ်ယောက်ခြင်းစီနာမည်ပြောပြီး အမှတ်တွေပေးနေပါကလဲ ဆွန်းမို စိတ်တိုပြီး သေသွားနိုင်သည်။

ဒီလို လမ်းညွှန်တဲ့အဖြစ်အပျက်ကြောင့် ဆွန်းမိုရဲ့ ဂုဏ်သတင်းကလဲ ပိုပို ကြီးမားလာသည်။

ဒီနေ့ကျောင်းသားတွေလည်း အလားတူ မေးခွန်းတွေသာ မေးနေကြသည်။ ဒါကြောင့်

မေးခွန်းတစ်ခုဖြေဖို့သုံးမိနစ်သာ အချိန်ယူခဲ့ရသည်။ မေးခွန်းဆယ်ခုကို ဖြေပြီးတော့ ချိုင်တန်ကို လက်ညှိုးထိုးလိုက်သည်။

"ဒီကျောင်းသား။ မင်းမှာ မေးခွန်းရှိလား"

ကျောင်းသားတွေ လှမ်းကြည့်လိုက်ကြပြီး ဆွေးနွေးတဲ့ အသံများထွက်လာသည်။

"အဲဒါ ချိုင်တန်ပဲ"

ချိုင်တန်သည် ကျောင်းကိုစဝင်ကတည်းက တိုက်ပွဲခန်း စစ်ဆေးမှုကို အောင်မြင်ပြီး မရေမတွက်နိုင်တဲ့ လူများကို အနိုင်ယူခဲ့သည်။

ကျောင်းသားအသုတ်တစ်ခုရဲ့ အကောင်းဆုံးလို့ လူတိုင်းသိကြသည်။ အားလုံးခန့်မှန်းထားသလိုပဲ အမျိုးမျိုးသော အတန်းကြီးကျောင်းသားများကို အနိုင်ယူကာ အဆင့်(၁၀) အထိရောက်ခဲ့သည်။ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ဝက်က စပြီး ရုတ်တရက် အားနည်းလာသည်။

ပြီးတော့ လွန်ခဲ့တဲ့ လဝက်က တိုက်ပွဲ ခန်းမ စစ်ဆေးမှုတွင် ကျန်ရန်ဖေါင်ကို ရှုံးနိမ့်ခဲ့သည်။ လူတော်တော်များများကလဲ အတုယောင်

အရည်အချင်း၊ သူက အလကားပါလို့ ပြောခဲ့ကြသည်။

"ဆရာဆွန်း၊ ငါ့ခန္ဓာကိုယ်မှာ ဘာဖြစ်နေလဲဆိုတာ တိုင်ပင်ချင်လို့ပါ"

ချိုင်တန်က လေးလေးစားစား အရိုအသေပေးပြီး မေးလိုက်သည်။

"မင်းမေးခွန်းက လေးနက်တယ်။ ခဏလေးနဲ့ ဖြေရှင်းလို့ မရဘူး။ ငါ့နောက်လိုက်ခဲ့"

ချိုင်တန်ကို အသက်ရှင်သွေး နည်းစနစ် အသုံးပြုပေးလိုက်မယ်လို့ ဆုံးဖြတ်လိုက်သည်။

“ဆရာ၊ သူ့ ခန္ဓာကိုယ် ဘာဖြစ်နေလို့လဲ”

ရွှမ်ယွင်က သူ့ချစ်သူလက်ကို ဆွဲရင်း မေးလိုက်သည်။

“မင်းက ဒီမှာ ပြောစေချင်တာ သေချာလား”

ဆွန်းမိုက ပြန်မေးသည်။

ဆွန်းမိုရဲ့ စကားများကြောင့် လူတိုင်းလဲ သိချင်လာသည်။ ချိုင်တန် ပြဿနာရဲ့ နောက်ကွယ်မှာ လျှို့ဝှက်ချက် ရှိနေတာလား။

“အမ်”

ရွှမ်ယွှင်လဲ ဘယ်လို ပြန်ပြောရမလည်း မသိတော့ပါ။

"သွားရအောင်။ ငါ့မှာ အချိန်သိပ်မရှိဘူး"

ဆွန်းမို လောလိုက်သည်။

ဆွန်းမိုနဲ့ သူတို့နှစ်ယောက် ထွက်သွားတာ မြင်လိုက်ရင် ကျောင်းသားတွေလည်း ဆွေးနွေးရင်း ကျန်နေခဲ့သည်။

"ချိုင်တန်က အရည်အချင်းရှိတဲ့သူ မဟုတ်ဘူးလား" နောက်ကွယ်မှာ လျှို့ဝှက်ချက်တစ်ခုများ ရှိနေမလား"

"ဘာပဲဖြစ်ဖြစ် ချိုင်တန် ဒီတစ်ကြိမ်တော့ အကျိုးအများကြီး ရှိမှာ သေချာတယ်။ ဆရာဆွန်းရဲ့ နတ်ဘုရားလက်နဲ့ ကုပေးလိုက်ရင် ချိုင်တန် နောက်တစ်ကြိမ် ပြန်တက်လာနိုင်မှာပဲ"

ထင်မြင်ချက်များနေရာတိုင်း ပျံ့လွင့်နေသည်။ ကျောင်းသားအားလုံးကလည်း စပ်စုတဲ့ အကြည့်နဲ့ ကြည့်နေကြသည်။ ချိုင်တန်ရဲ့ အခြေအနေကို ပြောင်းပြန်လှန်ပြီး သူ့ဘဝ တောက်ပလာအောင် ပြောင်းပေးနိုင်မလား။

အခန်း (၁၆၀) - အစွမ်းထက် အသက်ရှင် သွေးနည်းစနစ်။

ကျောင်းနားက လီဇီချီ အိမ်ယာ။

ပတ်ဝန်းကျင်က တိတ်ဆိတ် ငြိမ်သက်နေသည်။

ချိုင်တန်သည် ဘောင်းဘီအတို ဝတ်ထားပြီး ဝါးကုတင်ပေါ်တွင် တင်ပလေခွေ ထိုင်နေသည်။ မျက်နှာအမူအရာကလည်း အဆက်မပြတ် ပြောင်းနေသည်။ သူ့မျက်နှာတွင် သူ့ကို ကုပေးနိုင်မလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ဆွန်းမိုများ

ကျရှုံးသွားမလား စိုးရိမ်စိတ်များ တလှည့်ဆီ ပြောင်းလဲနေသည်။

"ဆရာ.....ဆရာဆွန်း ငါ့ရဲ့အရည်အချင်းတွေက တကယ် ရှိတုန်းလား"

ချိုင်တန်က စိတ်ထဲတွင် တစ်ချိန်လုံး မြိုသိမ့်ထားရတဲ့ မေးခွန်းကို ထုတ်မေးလိုက်သည်။ အကြိမ်ပေါင်းများစွာ ကျဆုံးခဲ့တော့လည်း ယုံကြည်ချက် ထပ်မရှိတော့ပါ။

"သေချာတာပေါ့" ဆွန်းမိုလည်း ဖြေပြီး လက်ချောင်းထိပ်တွင် ချီကို စုစည်းလိုက်သည်။

ပြီးတော့ ချိုင်တန် နောက်ကျောကို လက်ညှိုးနဲ့ ထိုးလိုက်သည်။

ဖောက်

ချိုင်တန်ကိုယ်ထဲကို ဝိညာဉ်ချီကြိုးတစ်ချောင်း ချက်ခြင်း စီးဆင်းသွားသည်။

"အ"

ချိုင်တန် တချက် ညည်းလိုက်မိသည်။ လက်ချောင်းထိပ်နဲ့ ထိလိုက်တဲ့အခါ သွေးကြောက်သားတွေထဲကို သံချောင်းတစ်ချောင်း တိုးဝင်လာသလို ခံစားလိုက်ရင်း ဒါကတော့

အရမ်းနာကျင်လွန်းသည်။ သို့သော်လည်း အသက်နှစ်ရှိုက်လောက်ကြာရင် နာကျင်မှုကနေ ထုံကျင်မှုအဖြစ်သို့ ပြောင်းသွားသည်။ အခုအချိန်မှာတော့ ခန္ဓာကိုယ်ထဲတွင် တီကောင်တစ်ကောင် လူးလွန့်နေသလို ခံစားနေရသည်။ ဒီခံစားချက်က ဘယ်လိုကြီးမှန်း မသိအောင် ဖြစ်နေသည်။ ခန္ဓာကိုယ်တစ်ခုလုံး မလှုပ်ဘဲ မနေနိုင်အောင် ဖြစ်နေသည်။

"တောင့်ခံ။ လျှောက်မလှုပ် မိစေနဲ့။" ဆွန်းမိုက သတိပေးလိုက်သည်။ သူ့လက်တွေက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချိုင်တန်နောက်ကျောက မတူညီတဲ့ အမှတ်တွေကို လိုက်နှိပ်နေသည်။

အသက်ရှင်သွေးနည်းစနစ်သည် ကြွက်သားပြုပြင်ခြင်း နည်းစနစ်နဲ့ ကွာခြားသည်။ အဓိက အချက်မှာ လက်ချောင်းများကို အသုံးပြုရခြင်း ဖြစ်သည်။ သူ့လက်ချောင်းအားလုံးကို မတူညီတဲ့ထောင့်အမျိုးမျိုးကနေ အားထည့်ပြီး လိုချင်တဲ့နေရာကိုဝိညာဉ်ချီ ထည့်ပြီး ခန္ဓာကိုယ်ထဲက သွေးကြောဆုံမှတ်ကို ပစ်မှတ်ထားပြီး သွေးတွေကို သန့်စင်ပေးရသည်။

ဖောက် ဖောက် ဖောက် ဖောက် ဖောက်

ဆွန်းမိုက ချိုင်တန်ရဲ့ ခန္ဓာကိုယ်အနံ့ကို စန္ဒယားတီးသလို ဆက်တိုက် ပုတ်ခတ်နေသည်။ တခဏအတွင်းမှာပဲ သူ့လက်ချောင်းအရိပ်တွေကို မမြင်နိုင်လောက်အောင်အရှိန်နဲ့ လှုပ်ရှားနေသည်။

"သူတကယ် အဆိပ်မိနေတာလား"

ရှမ်ယွင်က သိချင်စိတ်နဲ့ မေးလိုက်သည်။

"တိတ်တိတ်နေ. ငါ့ကိုမနှောက်ယှက်နဲ့"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး မနေနိုင်ဘဲ ရှမ်ယွင်ကို တစ်ချက်ကြည့်လိုက်သည်။

(ဘယ်လိုပဲပြောပြော မင်းက အတန်းကြီးကျောင်းသားလေ။ ဒီလို အခြေခံအချက်တောင် မသိဘူးလား)

သာမန်သင်ခန်းစာတစ်ခု ပို့ချနေရင်တောင် ရှုမ်ယွင်က သူ့ကို ဖြတ်မပြောသင့်ပါ။ အခုလို ချိုင်တန်ကို အဆိပ်ထုတ်ပေးနေတဲ့ အချိန်ဆို ပိုဆိုးသည်။

သုံးမိနစ်ကြာပြီးနောက်........

ဆွန်းမို နဖူးက ချွေးတွေ ထွက်လာသည်။ အသက်ရှင်သွေးနည်းစနစ်သည် တည်ငြိမ်သော

ဝိညာဉ်ချီနဲ့ ပစ်မှတ်ထားတဲ့ သွေးကြောဆုံမှတ်ကို အရမ်းတိကျဖို့လိုသောကြောင့် အရမ်းအာရုံစိုက်ရသည်။ ဒါကြောင့်လည်း ဆွန်းမို အရမ်းအာရုံစိုက်နေဖို့ လိုအပ်နေသည်။ ပြီးတော့ သူ့ရဲ့ကျွမ်းကျင်မှုအဆင့်ကလဲကျွမ်းကျင် အဆင့်သာ ရှိသေးသည်။ ဒါကြောင့် ကြွက်သားပြုပြင်ခြင်း နည်းစနစ်ရဲ့ လည်ပတ်ခြင်း နည်းစနစ်ထက်စာရင် ပိုပင်ပန်းသည်။

လုချီဟွာ နှလုံးသားထဲ နာကျင်နေသည်။ လက်ကိုင်ပုဝါကို ထုတ်ကာ ဆွန်းမိုကို ချွေးများ

ကူသုတ်ပေးချင်နေသည်။ သို့သော်လည်း လီဇီချီက သူမကို တားထားသည်။

"ဆရာကို သွားနှောက်ယှက်မိလို့ မရဘူး"

လီဇီချီလည်း နှလုံးသားတစ်ခုလုံး တစစ်စစ်နဲ့ နာကျင်နေပါသည်။ သို့သော်လည်း ဆွန်းမို လက်ချောင်းက နည်းစနစ်ကို မြင်လိုက်လျှင် ပိုတောင် တုန်လှုပ်သွားသည်။ စာဖတ်ဝါသနာပါတဲ့ မိန်းကလေးတစ်ယောက်ဖြစ်တာနဲ့အတူ ဆေးပညာစာအုပ် အများကြီးဖတ်ဖူးသည်။

အဲဒီထဲက တချို့သည် အပ်စိုက်ကုထုံး အကြောင်းအမျိုးမျိုးကို ဖော်ပြထားသည်။ ဒါပေမယ့် အခုဆွန်းမို လက်ချောင်းအသုံးပြုနေတဲ့ ပုံစံသည် အပ်များနေရာတွင် လက်ချောင်းများကို အစားထိုးထားသလို ဖြစ်နေသည်။ လီဇီချီ ဒီလိုနည်းစနစ်မျိုးကို တစ်ခါမှ မဖတ်ဖူးခဲ့ပါ။

နောက်ဆုံးတွင် ချိုင်တန်ရဲ့ နားထင်ကြောပေါ်က သွေးကြောဆုံမှတ်ကို လက်ချောင်း ထိုးလိုက်သည်။ ဆွန်းမိုက လက်ချောင်းကို ပြန်နှုတ်လိုက်ပြီး

လက်ဖဝါးပြောင်းလိုက်ကာ ချိုင်တန်ရဲ့ နဖူးကို ခပ်ဆက်ဆက်လေး ပုတ်လိုက်သည်။

ဘောင်း

ဝိညာဉ်ချီအမြောက်များက လမ်းကြောင်းတစ်ခုဖြစ်လာပြီး သူ့နဖူးထဲကို ဝင်သွားသည်။

ချိုင်တန် ချက်ခြင်းကို တုန်ယင်လာသည်။

"အ အ အ.."

မိန်းကလေးသုံးယောက်က အလန့်တကြား အော်ဟစ်လိုက်ကြသည်။

ချိုင်တန် ကိုယ်ပေါ်ရှိ အရေပြားပေါ်တွင် အကွက်လေးများ ပေါ်လာလိုက် ပြောက်လာလိုက်နဲ့ လက်မ အရွယ်လောက် ဖြစ်လာပြီး ပျောက်ကွယ်သွားသည်။ ကြည့်ရတာတော့ သူ့အရေပြားအောက်တွင် မရေတွက်နိုင်သော ပိုးကောင်များ လျှောက်သွားနေသလို ဖြစ်နေသည်။ ကြည့်ရတာ အော်ဂလီဆန်ရုံသာမက အရမ်းလဲကြောက်ဖို့ ကောင်းနေသည်။

"ဆရာ...ဆရာဆွန်း"

ရွှမ်ယွှင် အရမ်းစိုးရိမ်နေသည်။ တခုခုဖြစ်သွားနိုင်တယ် မဟုတ်လား။

“မင်းနောက်တစ်ခေါက် ထပ်ပြောရင်ထွက်သွားတော့”

ဆွန်းမို မှုန်ကုတ်ကုတ်နဲ့ အော်လိုက်သည်။

တခဏလေးအတွင်းမှာ ချိုင်တန် ချွေးလုံးကြီးတွေထွက်ကျလာသည်။ အကြမ်းဖျင်း မိနစ်၂၀လောက်ကြာတော့ ချွေးတွေက နီဖျော့ဖျော့အရောင်ပြောင်းလာသည်။ အချိန်ကြာလာတာနဲ့အမျှ

အနီရောင်က ပိုပိုပြီးရင့်လာသည်။ နောက်ဆုံးတွင် ခရမ်းပုပ်ရောင် ဖြစ်သွားသည်။

လုချီဟွာကတော့ အလန့်တကြား ခုန်ထလိုက်သည်။ လီဇီချီရဲ့အကျႌကို လှမ်းဆွဲသည်။ သွေးရောင်က ကြည့်ရတာတော့မှားနေပြီ။

“လွှတ်ပေးလိုက်။ မင်းရဲ့ဝိညာဉ်ချီ ရှိသမျှအားလုံးလည်ပတ်လိုက်၊ ခန္ဓာကိုယ်တစ်ခုလုံး ဖြတ်သန်းစီးဆင်းပါစေ။ မင်းသတိလစ်သွားလို့တော့ မရဘူး”

ဆွန်းမိုက အလျှင်အမြန် ညွှန်ကြားပြီးနောက် အသက်ပြင်းပြင်း ရှူလိုက်ပြီး အသက်ရှင်သွေးနည်းစနစ်ကို နောက်တစ်ခေါက် ထပ်သုံးလိုက်သည်။

ချီ ချီ ချီ

ချိုင်တန်ရဲ့ ချွေးပေါက်တွေကနေ ခရမ်းပုပ်ရောင် အခိုးအငွေ့များ ထွက်လာသည်။ ပြီးတော့ မစင်အနံ့လိုလို နံလာသည်။

ရွှမ်ယွှင် မျက်လုံးတော်တော် ကျဉ်းသွားသည်။ အခုတော့ သူ့ချစ်သူရဲ့ သွေးထဲမှာ သေချာပေါက် ပြဿနာ ရှိနေပြီ။

နောက်ထပ် ၁၀မိနစ်ပြည့်သွားတာနဲ့ ဆွန်းမို နည်းစနစ်ကို ရပ်တန့်လိုက်သည်။ ရွှမ်ယွှင်ကို ညွှန်ကြားလိုက်သည်။

"သွားပြီး ရေနွေးတည်လိုက်။ ပြီးတာနဲ့ သူ့တစ်ကိုယ်လုံးကို သုတ်ပေး၊ သူ့ခန္ဓာကိုယ်က အခု ရေအေးထိလို့ မရဘူး"

စကားပြောပြီးတာနဲ့ ဆွန်းမို အနောက်ဖက် လေသာဆောင်ကို ထွက်လာလိုက်သည်။ အနားယူနေတုန်း သူသဘောကျတဲ့ ဆေးထုပ်ကြီးရဲ့ ဆေးညွှန်းကို ထုတ်ယူလိုက်သည်။

“ အပင်နဲ့ပက်သက်တဲ့ ဗဟုသုတ စာအုပ်တွေ ထပ်ဝယ်ရအုံးမှာလား”

ဆွန်းမို တွေဝေသွားသည်။

သူက အရမ်း သတိကြီးသည်။ စနစ်က သူ့ကို လိမ်ပြီးဆေးညွှန်း မပေးနိုင်တာကိုလည်း သိသည်။ ပေါင်းစပ်နေတုန်းမှာ ဘယ်လို အဖြစ်အပျက်များ

ဖြစ်လာမယ်ဆိုတာကို သူမသိပါ။ အပင်ဆိုင်ရာ ဗဟုသုတများကို လေ့လာပြီး သူ့မှာ အခြေခံရှိလျှင် သူပိုပြီး ယုံကြည်ချက် ရှိလာနိုင်သည်။

အရင်ကလည်း ဓါတုဗေဒ စမ်းသပ်မှုတွေ လုပ်ခဲ့ဖူးပါတယ်။ အစီအစဉ်တွေနဲ့ အဆင့်တွေကိုလိုက်နာရင်တောင် တခါတလေ ကျရှုံးနိုင်သည်။ သတိမထားမိတဲ့ အချက်ကလေးတွေကြောင့်လဲ ကျရှုံးနိုင်သည်။

ဓါတုဗေဒ စမ်းသပ်မှု မအောင်မြင်တာက တော်သေးသည်။ ဒါပေမယ့် ဆေးထုပ်ကတော့

တစ်ခုခု မှားသွားရင် လူတစ်ယောက်ရဲ့ ကျန်းမာရေးနဲ့ သက်ဆိုင်နေသည်။

ဒေါက် ဒေါက် ဒေါက်

တစ်ယောက်ယောက်က တံခါး လာခေါက်နေသည်။

"ဆရာဆွန်း"

ချိုင်တန်ရဲ့ အသံထွက်လာသည်။

"ဝင်ခဲ့လိုက်"

ကလောက်

တံခါးပွင့်လာသည်။

ချိုင်တန်နှင့် တခြားသူများလည်း တံခါးကို ကျော်ပြီး ဝင်လာကြသည်။ ထို့နောက် ချိုင်တန်သည် ဆွန်းမိုနဲ့ သုံးမီတာ အကွာကိုရောက်တာနဲ့ တစ်ခါတည်း ဒူးထောက်ချလိုက်ပြီး အရိုအသေပေးရင်း သူ့ရဲ့ ကျေးဇူးတင်မှုကို ဖော်ပြနေသည်။

ဘောင်း ဘောင်း ဘောင်း

စိတ်ရင်းနဲ့ သုံးကြိမ် အရိုအသေ ပေးလိုက်သည်။

"ဆရာ။ မင်းက ငါ့အတွက်တော့ ဒုတိယမိဘလိုပါပဲ။ မင်းကငါ့ရဲ့ ကျေးဇူးရှင်ကြီးပါ"

ချိုင်တန် ပြောရင်းပြောရင်း ငိုသံပါလာသည်။

ဒီနှစ်ဝက်အတွင်းမှာ သူ့ဘဝက နေ့တိုင်း အမှောင်ထဲမှာပဲ ရှင်သန်နေခဲ့ရသည်။ အရမ်းကို စိတ်ဓါတ်ကျနေပြီး နောက်ဆုံး သတ်သေမလို့တောင် ဆုံးဖြတ်ခဲ့သည်။

သူ့အရည်အချင်းတွေ ပျောက်ကုန်သည်။ အရင်က သူ့ကို လေးစားပြီး မျက်နှာလိုက်ခဲ့တဲ့ သူတွေက ပြောင်းလဲပြီး လှောင်ပြောင်နေခဲ့ကြသည်။ သူ့ကို

တိုက်ရိုက်တပြည့်အဖြစ်ခေါ်ချင်ခဲ့တဲ့ ဆရာတွေနှင့် မြတ်ဆရာတွေတောင် အဖက်မလုပ်ကြတော့ပါ။

ဒီကာလအတွင်းမှာ ချိုင်တန်သည် လူတွေရဲ့ အေးစက်မှုနှင့် နွေးထွေးမှုကို တကယ် ကြုံလိုက်ရသည်။ သူ့ရဲ့ကောင်မလေး တစ်ယောက်သာ သူ့ကိုနားလည်ပေးပြီး အနားမှာ ဆက်နေခဲ့သည်။

လူတိုင်း အာရုံစိုက်ခံရတဲ့ ပါရမီရှင်တစ်ယောက်ဘဝကနေ နတ်စင်ပေါ်က ပြုတ်ကျတဲ့ အဖြစ်အပျက်မျိုးကို လက်မခံနိုင်ပါ။

သူသေချင်ခဲ့သည်။ ဒါကြောင့်လည်း ဆွန်းမိုနှင့် ကြေကွဲခြင်းမရှိ ရေကန်နားတွင် တွေ့ဆုံခဲ့ရသည်။

ဆွန်းမိုရဲ့ နတ်ဘုရားလက်က တကယ်ကို အံ့ဖွယ်တစ်ပါးဖြစ်ကြောင်းလဲ သက်သေပြခဲ့ပြီ။ ချိုင်တန်ရဲ့ လက်ရှိအခြေအနေက နေလို့ ထိုင်လို့ ကောင်းနေသည်။

မကြာသေးခင်က ချိုင်တန်ရဲ့ ဝိညာဉ်ချီ စုပ်ယူနိုင်မှုနှုန်းသည် နဲသထက် နဲလာခဲ့သည်။ ဒါပေမယ့် အခုတော့ အရည်တွက် တိုးလာပြီ။

ဒါကသူ့ခန္ဓာကိုယ် ပိုကောင်းလာတာကို သိသာစေသည်။

"ဆရာ။ ငါ့ရဲ့တစ်ဘဝလုံး မင်းရဲ့ကြင်နာမှုကို ဘယ်တော့မှ မမေ့ဘူး"

ချိုင်တန် နောက်တစ်ကြိမ် အရိုအသေ ပေးလိုက်ပြန်သည်။

"မင်းထလို့ရပြီ"

ဆွန်းမို ပြုံးပြီးပြောလိုက်သည်။ ချိုင်တန်ဆီက ရတဲ့ လေးစားအထင်ကြီးမှုအမှတ်က

တဆင့် ဒီလူငယ်လေးက ကျေးဇူးတရား သိတတ်မှန်း သူသိခဲ့သည်။

နောက်တစ်ကြိမ် အရိုအသေ ပေးပြီးတော့ ချိုင်တန် ထရပ်လိုက်သည်။ သူတစ်ခုခု ပြောချင်သော်လည်း တွေဝေနေသည်။

“ ထိန်းချုပ်ထားဖို့ မလိုဘူး။ မင်းမေးချင်တာ မေးလို့ရတယ်”

ဆွန်းမို လူတိုင်းကို ထိုင်ဖို့ ညွှန်ပြလိုက်သော်လည်း ကျောင်းသားတစ်ယောက်မှ မထိုင်ရဲကြပါ။

“ဆရာဆွန်း၊ ငါဘယ်လိုအဆိပ်မိလဲ သိလား”

ချိုင်တန်က လေးလေးစားစား မေးလိုက်သည်။

အမှန်တိုင်းပြောရလျှင် အရင်က ဆရာများစွာ ခေါ်ယူချင်နေတဲ့ ပါရမီရှင်တစ်ယောက် ဖြစ်တာကြောင့် အရမ်းလည်း မာနကြီးခဲ့သည်။ ကိုယ့်ကိုယ်ကိုသာ ယုံကြည်ခဲ့သည်။

မျက်နှာပေါ်တွင် ဆရာတွေကို လေးစားတဲ့ပုံပေါက်သော်လဲ အပြင်ပန်းကသာဖြစ်ပြီး စိတ်ထဲကတော့ မပါပေ။ ဒါပေမယ့် အခုချိန်မှာတော့ ဆွန်းမိုရဲ့ တပြည့်တစ်ယောက်လို အပြုအမူနဲ့ အဖြေကို စောင့်နေခဲ့သည်။

“ဆရာက အရမ်းတော်တာပဲ”

ချိုင်တန်ရဲ့ ရိုသေလေးစားတဲ့ အပြုအမူကို ကြည့်ပြီး လုချီဟွာ တော်တော် ကျေနပ်နေသည်။

ဒင်

လုချီဟွာရဲ့ လေးစားအထင်ကြီးမှု +၁၅။ ရင်းနှီး(၉၄၂/၁,၀၀၀)

ရှမ်ယွင်နဲ့ လီဇီချီ နှစ်ယောက်စလုံး နားစွင့်ထားကြသည်။

“ဣန္ဒာ(ဆေးပင်တစ်မျိုး)”

ဆွန်းမိုက ချိုင်တန်နှင့် ရှမ်ယွင်တို့ နှစ်ယောက်ရဲ့အမှုအရာကို သေသေချာချာ စောင့်ကြည့်ရင်း ဖြေလိုက်သည်။

“ဣန္ဒာ”

ချိုင်တန်မျက်ခုံး ပင့်လိုက်သည်။

“အဲဒါက ဘာလဲ”

“အမှောင်တိုက်ကြီးမှာပဲ ကြီးထွားနိုင်တဲ့ ဆေးပင်တစ်မျိုးပဲ”

လီဇီချီက ပြန်ဖြေသည်။

လီဇီချီတစ်ယောက်သာ သိသည်။ အမှောင်တိုက်ကြီးနဲ့ ပက်သက်တဲ့ သတင်းတွေနဲ့ ပစ္စည်းတွေက အရမ်းကို နည်းပါးသည်။ သတင်းအချက်အလက်ကို ပိုပြီအသေးစိတ်သိချင်ပါက အရမ်းကြီးမားတဲ့ ဈေးနှုန်းကိုပေးဖို့ ပြင်ဆင်ထားရမည်။ တခါတလေ ဝယ်ချင်ရင်တောင် သတင်းအချက်အလက်တွေ မရှိတာလည်း ဖြစ်နိုင်သည်။

"လူတစ်ယောက်ရဲ့ သွေးထဲကို ပျော်ဝင်သွားရင် ဣန္ဒြာက သွေးရဲ့ ဝိညာဉ်ချီ ထိန်းထားနိုင်စွမ်းကို လျှော့ချလိုက်တယ်"

ဆွန်းမိုက ရှင်းပြလိုက်သည်။ ဝိညာဉ်ချီ ထိန်းသိမ်းနိုင်စွမ်းကျသွားတဲ့အခါ ကျင့်ကြံခြင်း တိုးတက်မှုလည်း သိသိသာသာ လျော့ကျသွားမည်။

"ဒါဆို ဒီလိုပေါ့"

ချိုင်တန ် ဉာဏ်အလင်းပေါက်သွားသည်။

"ဖြေဆေးရှိလား"

ရွှမ်ယွှင်ကမေးလိုက်သည်။

“ငါမသိဘူး”

ဆွန်းမိုလည်း ခေါင်းယမ်းလိုက်သည်။ ချိုင်တန်ကို နတ်ဘုရားမျက်စိနဲ့ လေ့လာလိုက်လို့သာ ဂ္ဂန္ထာအကြောင်းကို သိခဲ့ရသည်။ သို့သော်လည်း နတ်ဘုရားမျက်စိသည် မဟာအဆင့်သာ ရှိသေးပြီး အဖြေအားလုံး စာရင်း မထုတ်နိုင်သေးပါ။ ထိုကြောင့် ဆွန်းမိုသာ ချိုင်တန်ကို လုံးဝကုပေးချင်ရင် အခြားနည်းလမ်းများကို စဉ်းစားဖို့ လိုသည်။

“အို”

ရွှမ်ယွင် မျက်ခုံးများ တော်တော်ကြုတ်သွားသည်။

"မစိုးရိမ်နဲ့ ငါ့အခု ပြန်မကောင်းလာဘူးလား"

ချိုင်တန်က သူ့ကောင်မလေးလက်ကို ဆုပ်ကိုင်လိုက်ပြီး အသံတိုးတိုးနဲ့ နှစ်သိမ့်လိုက်သည်။

"ချိုင်တန် ဒီလောက်မြန်မြန် မပျော်နဲ့အုံး။ သွေးထဲက အဆိပ်တချို့ကိုပဲ သန့်စင်ပေးလိုက်ရသေးတယ်။ လုံးဝပျောက်အောင်

ကုသချင်တယ်ဆိုရင်တော့ နောက်ထပ် ခုနစ်ကြိမ် ရှစ်ကြိမ်လောက် ထပ်လုပ်ဖို့ လိုသေးတယ်"

ဆွန်းမိုက ရှင်းပြလိုက်သည်။

ချိုင်တန်လည်း တိတ်ဆိတ်သွားသည်။ နောက်ထပ် ဆွန်းမို ကုသပေးဖို့ ဘာပေးရမလဲ။ ပိုက်ဆံလား? သူက သာမန်လယ်သမား မိသားစုက လူငယ်တစ်ယောက်ဆိုတဲ့ အချက်ကို မေ့ထားလိုက်အုံး ချမ်းသာနေရင်တောင် ကုသစရိတ်ကို မတတ်နိုင်ပါ။

ချိုင်တန်က ဆရာဝန် အယောက်နှစ်ဆယ်ကျော်ဆီကို သွားခဲ့သည်။ တစ်ယောက်ကမှ သူနေမကောင်းတဲ့ အကြောင်းကို မပြောပြနိုင်ခဲ့ပါ။ ဆွန်းမိုကတော့ အလွယ်တကူ မြင်နိုင်ခဲ့သည်။ ဒီစွမ်းရည်တစ်ခုတည်းနဲ့တင် ဆွန်းမိုရဲ့ ထက်မြတ်မှုက ငွေနဲ့ပဲ ဖြေရှင်းလို့ရပါ့မလား။

ချိုင်တန်သည် အဆိပ်ကို ကုသချင်သည်။ ဆွန်းမိုကို ဒုက္ခလည်း မပေးရဲပါ။ ဒါကြောင့် သူ့စိတ်နဲ့သူ ဝိရောဓိဖြစ်လာသည်။

ဆွန်းမို ပြုံးလိုက်မိသည်။ ဒီကျောင်းသားက တခြားသူအတွက် တွေးပေးတတ်သည်။ တခြား တကိုယ်ကောင်းဆန်တဲ့ ကျောင်းသားသာဆိုရင် ချက်ခြင်း ဒူးထောက်ပြီး ကုသပေးဖို့ တောင်းဆိုနေကြမည်။ ချိုင်တန်ကတော့ ဆွန်းမို ဘက်ကနေ တွေးပေးခဲ့သည်။ သူ ပြန်ပြီးပေးနိုင်ပါ့မလားဆိုတာလည်း စဉ်းစားနေသည်။

"စိတ်မပူပါနဲ့ ငါက မင်းကိုလုံးဝ ပျောက်သွားအောင် ကုသပေးမှာပါ"

ဆွန်းမိုက ရှင်းပြသည်။

“အဆိပ်ကို ဖယ်ထုတ်တိုင်း မင်းသွေးတချို့ ဆုံးရှုံးပြီး ဝိညာဉ်ချီလည်း ပြင်းပြင်းထန်ထန် ဒဏ်ရာရနိုင်တယ်။ ဒါကြောင့် တစ်ခါတည်းနဲ့ အဆိပ်တွေ အကုန်ထုတ်လို့ မရဘူး”

ဒေါက်

ချိုင်တန် ဒူးထောက်လိုက်ပြန်သည်။ သူဘာပြောရမလဲ သူမသိတော့ပါ။ စိတ်ထဲက ဆုံးဖြတ်ချက်ချလိုက်သည်။ ဒီဘဝမှာတော့

ဆွန်းမိုခေါ်သံကိုပဲ ထာဝရ စောင့်နေမည်။ ဒါမှသာ ဆွန်းမိုရဲ့ ကျေးဇူးတရားကို ပြန်ဆပ်နိုင်မည်။

“ဆရာ၊ မင်းရဲ့ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်က တကယ့်ကို အံ့ဖွယ်ပဲ”

လီဇီချီ သက်ပြင်းချရင်း ပြောလိုက်သည်။ သူမ သိချင်စိတ်နဲ့ ပြည့်နေသည်။

“အဆိပ်အမျိုးအစားအားလုံးကို ဖြေရှင်းပေးနိုင်လား”

“မရဘူး။ သွေးနဲ့ ပက်သက်တာပဲ ရမယ်”

ဆွန်းမိုက ဘာမှ မဖုံးကွယ်ထားပါ။

"ဒါတောင် အရမ်းလေးစားဖို့ ကောင်းနေပြီ"

လီဇီချီ ကျေကျေနပ်နပ် သက်ပြင်းချလိုက်သည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၆၂၅/၁,၀၀၀)

ဒါကိုကြားတော့ ချိုင်တန် လေးအေးတစ်ချက် ရှူလိုက်မိသည်။ 'သူကံကောင်းလို့" လို့ တိတ်တိတ်လေး ရေရွတ်လိုက်မိသည်။

"လောလောဆယ်တော့ ဒီကိစ္စနဲ့ ပက်သက်ပြီး ကျောင်းကို သတင်းမပို့သေးဘူး။ ပြီးတော့

မင်းကလည်း စိတ်ဓါတ်ကျသလို စိတ်ပျက်နေသလို ဆက်ပြီး သရုပ်ဆောင်နေ”

ဆွန်းမို သတိပေးလိုက်သည်။

“ရန်သူ အမှတ်တမဲ့နဲ့ သတိမထားမိအောင်လဲ ဂရုစိုက်”

“ငါ နားလည်ပြီ”

ချိုင်တန် အံ့ကြိတ်လိုက်သည်။ (ငါ့ကို ဘယ်သူ အဆိပ်ခတ်တာလဲ။ ငါသိရင်တော့လား။ မင်းကို အသေသတ်မယ်)

“ကောင်းပြီ၊ မင်းပြန်နားလို့ရပြီ။ တစ်ပတ်ကြာရင်တော့ ငါ့ကို ပြန်လာရှာလိုက်။ ဒီနေရာအကြောင်းကိုလဲ ဘယ်သူမှ မပြောမိစေနဲ့”

ဆွန်းမိုက အမိန့်ပေးလိုက်သည်။

“ မှတ်ထားပါ့မယ်။ ဆရာဆွန်း”

ချိုင်တန်က ဦးညွှတ် အရိုအသေပေးလိုက်ပြီး ရွှမ်ယွှင်ကို ခေါ်ပြီး ထွက်သွားသည်။

“ဆရာ၊ ချိုင်တန် အဆိပ်မိတာကို ဘယ်လိုထင်လဲ။ သူ့အခန်းဖော် အဆပ်ခတ်တယ် ထင်လား”

လီဇီချီ မျက်လုံးက စုံထောက်တစ်ယောက်လို စူးရှနေသည်။

“သူ့အခန်းဖော်ထဲက တစ်ယောက်လုပ်လိုက်တာပဲ ဖြစ်နိုင်တယ်”

“ငါတော့ သူ့ရည်းစားလုပ်တာလို့ ထင်တယ်”

လုချီဟွာက ရုတ်တရက် ဝင်ပြောသည်။

“အို ဘာကြောင့်လဲ”

လီဇီချီက စပ်စုလိုက်သည်။

အခန်း (၁၆၁) - ဘိုးဘေးအဆင့်တက်ခြင်း၊ နံပါတ် (၁) အဆင့်။

“ဘာကြောင်းပြချက်မှ မရှိဘူး။ ဒီအတိုင်း ခံစားမိတာ။” လုချီဟွာက ခေါင်းခါရင်း စကားအဆုံးသတ်လိုက်သည်။

“သူမ မဖြစ်နိုင်ဘူးလေ၊ သူတို့က အရမ်းချစ်ကြတာ၊ ဘာကြောင့်သူမက သူ့ကို အဆိပ်ခတ်ရမှာလဲ”

"ငါတကယ်တော့ စောစောကမင်းပြောသလို ခန့်မှန်းမိတယ်" လီဇီချီ မျက်နှာညှိုးသွားသည်။ လုချီဟွာ ဉာဏ်ရည်နဲ့ အကြောင်းပြချက် တစ်ခု ကောက်ချက်ချနိုင်ရင်သာ ထူးဆန်းနေမည်။

"သူတို့ကို မေ့ထားလိုက်ပါ။ ချိုင်တန်က ငတုံး မဟုတ်ဘူး။ သူစဉ်းစားနေသမျှ အဖြေရှာတွေ့သွားလိမ့်မယ်"

ဆွန်းမိုက ဆေးထုပ်ကြီးရဲ့ဆေးညွှန်းကို လီဇီချီထံ ပေးလိုက်ရင်း

" ဒီဆေးပင်တွေကို မင်းရှာနိုင်မယ် ထင်လား"

"ဘာအတွက် ဆေးညွှန်းလဲ"

လီဇီချီ ယူလိုက်ပြီး ခပ်မြန်မြန် တစ်ချက်ကြည့်လိုက်သည်။ လုချီဟွာကလည်း စပ်စပ်စုစုနဲ့ ငုံ့ကြည့်လာသည်။ ပြီးတော့ လီဇီချီ မျက်နှာကို ကြည့်လိုက်သည်။

"ဆေးရေချိုးဖို့"

ဆွန်းမိုက ခပ်ရိုးရိုး ရှင်းပြလိုက်သည်။

"ဒီအထဲမှာ ဆေးပင် ၂၇မျိုးပါတယ်။ ၂၇မျိုးထဲမှာ ၁၉မျိုးက ပြည်နယ်ကိုးခုမှာ ဝယ်လို့ရတယ်။ ဒါပေမယ့် ဂျင်ဆင်း၊ ကမ်းကြာပန်း၊ အမယ်

၁၉မှာရှိတဲ့ မြက်ပေါ့ ကတော့ နည်းနည်းပိုခက်မယ်။ ဒီသုံးမျိုးက ဈေးကွက်ကဆိုင်တွေမှာ ရှိဖို့တောင် တော်တော် ရှားတယ်။ ရှိခဲ့ရင်လဲ အရမ်းဈေးကြီးရုံသာမက အရည်အသွေးလည်း မကောင်းနိုင်ဘူး”

လီဇီချီက ကျန်တဲ့ ၈ ခုကိုကြည့်ပြီး

“ကျန်တဲ့ ဆေးပင်တွေကတော့ အမှာင်တိုက်ကြီးမှာပဲ ရှိနိုင်တယ်။ အရင်ကြားဖူးပေမယ့် ဘယ်လိုသုံးရမလဲ မသိသလို သူတို့ရဲ့ အကျိုးသက်ရောက်မှုကိုလဲ မသိဘူး။

တကယ်လို့ မင်းဝယ်ချင်တယ်ဆိုရင် မှောင်ခိုဈေးကွက်မှာ ကံစမ်းလို့ရတယ်”

ဆွန်းမို မျက်မှောင်ကြုတ်လိုက်မိသည်။ အမှာင်တိုက်ကြီးက ပစ္စည်းဆိုရင် ဈေးကြီးတာ အာမခံလို့ရသည်။ ဆေးထုပ်ကြီးရဲ့ ပါဝင်ပစ္စည်းက တော်တော် ဈေးကြီးပါက စနစ်ထဲက စတိုးဆိုင်တွင် ဝယ်လို့ရသည်။

အမှန်တိုင်းပြောရလျှင် ကျင့်ကြံခြင်းဆေးပညာ အတန်းတစ်ခုစီတိုင်းမှာ လေးစားအထင်ကြီးမှု အမှတ်

၃၀၀ စီ ရိတ်သိမ်းလို့ရသည်။ ဒါက စနစ်ဆီက ဆေးထုပ်ကြီး ၃ ထုပ် ဝယ်ဖို့လုံလောက်သည်။

"ဆရာ။ ဒါနဲ့ပက်သက်ပြီး စိတ်ပူမနေနဲ့။ စုဆောင်းဖို့ ငါ့တာဝန်ထားလိုက်"

လီဇီချီ စေတနာ ဝန်ထမ်းလုပ်လိုက်သည်။ သူ့ဆရာက အလုပ်ကြီးကြီး လုပ်မယ့်သူဖြစ်သည်။ ဒီလိုမျိုး အသေးအဖွဲ့မျိုးနဲ့ စိတ်အနှောက်အယှက် မဖြစ်သင့်ပေ။ တပည့်အကြီးဆုံးအနေနဲ့ သူမ တာဝန်ယူရမည်။

"ကောင်းပြီလေ။ မင်းကိုပဲ ဒုက္ခပေးရတော့မယ်"

လီဇီချီရဲ့ စကားကို ကြားလိုက်လျှင် အနာဂတ်တွင် ဆေးထုပ်ကြီးဖော်စပ်မည့် အစီအစဉ်ကို ဆက်လုပ်ဖို့ ဆုံးဖြတ်လိုက်သည်။ သူကိုယ်တိုင်သုံးဖို့အတွက်ဆိုရင် စနစ်ထဲက စတိုးဆိုင်က ဝယ်နိုင်သည်။ ဒါပေမယ့် သူ့မှာတပြည့်ခြောက်ယောက် ရှိသေးသည်။ သူတို့အားလုံးနဲ့ အချိန်တိုင်း ရေအတူတူ ချိုးဖို့ မဖြစ်နိုင်ပါ။ ပြီးတော့ ယောကျ်ားလေးနဲ့ မိန်းကလေးတွေက လက်မထပ်ခင် ရုပ်ပိုင်းဆိုင်ရာ မထိတွေ့သင့်ပါ။ သူတို့ကို ရေအတူတူ ချိုးခိုင်းဖို့ကလည်း အမြင်မသင့်တော်ပါ။

ထို့အပြင် သူကိုယ်တိုင် အသုံးပြုပြီးနောက် ဆေးထုပ်ကြီးရဲ့ အကျိုးသက်ရောက်မှုက အရမ်းကောင်းတာကို တွေ့ရှိခဲ့သည်။ ထန်ထန်ယုထန်နှင့် ချန်လုံတို့တောင် ကြီးကြီးမားမား အကျိုးရှိခဲ့သည်။ ဒီလိုဆိုရင် လုချီဟွာနှင့် လီဇီချီတို့ဆိုရင် သေချာပေါက် ပိုပြီး အကျိုးသက်ရောက်မ ှု ကြီးမားနိုင်သည်။

"ဒါက ငါလုပ်သင့်တာပဲ" လီဇီချီက ပြုံးပြီးပြောလိုက်သည်။ သူမဆရာက ငွေအကြောင်း မပြောခဲ့ပါဘူး။ ပြောချင်တာက သူမကို

သူ့လူတစ်ယောက်လို့ သတ်မှတ်ထားပြီး လူစိမ်းတစ်ယောက်လို့ မသတ်မှတ်ထားချေ။

ပိုက်ဆံလား။ အခုချိန်တွင် ဆွန်းမိုမှာ ငွေချောင်းတစ်ရာသာ ရှိချင်ရှိမည်။ သူသာ နှိပ်လိုက်ပါက ငွေကို မလိုချင်ဘူးဆိုရင်တောင် ရနိုင်သည်။

သူက ဆေးထုပ်ကြီးကို ပြန်ရောင်းနေသ၍ ပိုက်ဆံကို အေးအေးဆေးဆေး ပြန်ရနိုင်သည်။

ဆေးလောကတွင် ပါဝင်ပစ္စည်းက ဈေးအကြီးဆုံး မဟုတ်ပါ။ ဒါက ဆေးညွှန်း ဖြစ်သည်။

ဆေးထုပ်ကြီးသည် အရမ်းအစွမ်းထက်သောကြောင့် ကြယ်သုံးပွင့် မြွတ်ဆရာတောင် ဆေးထုပ်ကြီးဝယ်ဖို့ အတွက် ငွေကို အထုပ်လိုက်လာလာ ပစ်ပေးနေမယ်လို့ ဆွန်းမို ယုံကြည်နေသည်။ သာမန်ဆရာတွေ ဝယ်ဖို့လား။ တောင်းပန်ပါတယ်။ ဆင်းရဲသားတွေ တစ်ချက်လောက် ဖယ်ပေးလို့ ရမလား။

သူတို့ အိမ်ယာကို ရောက်လာလျှင် ဆွန်းမိုက လီဇီချီနှင့် လုချီဟွာကို အပြည့်အဝ နှိပ်ပေးခဲ့သည်။

ဂျင်းနီ ထွက်လာပေမယ့် တစ်ချက်မှ မနှိပ်ဘဲ ဘေးမှာ လက်ပိုက်ပြီး ကြည့်နေခဲ့သည်။

ဆွန်းမိုကတော့ ဂျင်းနီကို အရှုံးတစ်ယောက်လို့သာ ထင်သည်။ တခြားယောက်ျားသာဆိုရင် လုချီပွဲကို နှိပ်ပေးခွင့်ရပါက ပေါက်စီတွေ ပေါက်ကွဲထွက်အောင် နှိပ်ပေးမှာ သေချာသည်။

ဒင်

"တစ်လအတွင်း ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ၁,၀၀၀ပြည့်အောင်

ရေးဆွဲနိုင်ခဲ့တယ့်အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ်- အနက်ရောင် ရတနာ သေတ္တာတစ်လုံး”

သတ္တုရတနာသေတ္တာတစ်လုံး မျက်စိရှေ့တွင် ပေါ်လာသည်။

ဆွန်းမိုက ခေါင်းငုံ့လိုက်ပြီး “ဘာမှားနေတာလဲ”

လုချီဟွာက ငါးခြောက်တစ်ကောင်လို ကုတင်ပေါ်တွင် လှဲနေသည်။ ကြီးမားပြီးလှပတဲ့ မျက်လုံးများကို မှိတ်ထားသည်။

“ဘာမှမဟုတ်ဘူး”

သူသည် ကံကောင်းတဲ့ ကြွယ်လေးကို ငါးမိနစ်လောက် နှိပ်ပေးခဲ့သည်။ သူ့ကံက အတိုင်းအတာ တစ်ခုအထိတော့ မြင့်တက်လာမယ်လို့ ဆွန်းမို ထင်နေသည်။ ဒါကြောင့်လည်း ရတနာသေတ္တာကိုဖွင့်မလို့ ဆုံးဖြတ်လိုက်သည်။

တောက်ပတဲ့ အလင်းရောင်များ ပျောက်သွားပြီးနောက် မာဂကျောင် လို အရာဝတ္ထုတစ်ခုပေါ်လာသည်။

ဒင်

"အချိန်တံဆိပ် (ကန့်သတ်ဗားရှင်း-ဝိညာဉ်တက်တူး) ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဝိညာဉ်တက်တူး ကျွမ်းကျင်မှု အဆင့်မြှင့်ဖို့သာ အသုံးပြုနိုင်တယ်"

"ကန့်သတ်ဗားရှင်းလည်း ရှိတာပဲလား"

ဆွန်းမိုလည်း အံ့အားသွားသည်။ သူ့ရဲ့ အနိုပ်ခန်းပြီးတာနဲ့ ကောင်မလေးနှစ်ယောက်ကို ရေသွားချိုးခိုင်းလိုက်သည်။ ထို့နောက် အချိန်တံဆိပ်ကို ယူကာ ချွေမွလိုက်သည်။

ဖောက်

အစိမ်းရောင် အလင်းတန်းများသည် မရပ်တန့်ခင် အတိုင်းအတာ တစ်ခုအထိ ဖြာထွက်လာသည်။ အဲဒီနောက်မှာတော့ စီးကြောင်းတစ်ခုအဖြစ်သို့ ပြောင်းသွားပြီး ဆွန်းမို နဖူးသို့ တိုးဝင်လာသည်။ ချက်ခြင်းဆိုသလို သူ့ခန္ဓာကိုယ်ကို အစိမ်းရောင် အလင်းတန်းများ ဖုံးအုပ်သွားသည်။

"စနစ်ရေ။ အခွင့်အရေးရလို့ကတော့ မင်းကို အစိမ်းရောင် ခေါင်းစွပ် ဝတ်ပေးမယ်(ဖာကောင်းလုပ်ထားတဲ့"

ဆွန်းမို စိတ်ထဲတွင် စနစ်ကို ဆန့်ကျင်ဖို့ နောက်တစ်ချက် မှတ်ထားလိုက်သည်။ အမျိုးသားများအတွက် အစိမ်းရောင်သည် သည်းမခံနိုင်သော အရောင်ဖြစ်သည်။ သို့သော်လည်း အကျိုးသက်ရောက်မှုက တော်တော်လေး ကောင်းသည်။ အစိမ်းရောင် အလင်းများသူ့စိတ်ထဲကို ဝင်လာတာနဲ့အမျှ အချက်အလက်အသစ်များ ပေါက်ကွဲထွက်လာပြီး သူ့ရဲ့ အသိပညာများ ဖြစ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ လိပ်နက်ဝိညာဉ်တက်တူးကို အချိန်ဆယ်နှစ်စာလောက် လေ့ကျင့်ပြီးသွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ အဆင့်ကလဲ ကျွမ်းကျင်အဆင့်မှ ဘိုးဘေးအဆင့်ကို တိုးတက်သွားပါပြီ”

စနစ်က ဂုဏ်ပြုနေသည်။

“ဘာ”

ဆွန်းမိုက သူပဲ နားကြားမှားတာလားလို့ လျှာကိုက်လိုက်မိသည်။

“ဘိုးဘေးအဆင့်”

စနစ်က ထပ်ပြောလိုက်သည်။

“ဒီတစ်ကြိမ်မှာ ကျွမ်းကျင်မှုအဆင့်က ဘာလို့ ဒီလောက် တိုးတက်လာတာလဲ”

ဆွန်းမို သိချင်လာသည်။ အရင်ကလည်း လိပ်နက်ဝိညာဉ်တက်တူးကို တစ်ခါတောင် မဆွဲခဲ့ဖူးပါ။ တကယ့်နောက်ကွယ်က အနှစ်သာရကို ရှာနိုင်ရင် အနာဂတ်တွင် ကျွမ်းကျင်မှု အရှူးအမူး တိုးတက်လာနိုင်သည်။

“မင်းက ဝိညာဉ်တက်တူးလေ့လာတဲ့နေရာမှာ မင်းရဲ့ ပင်ကိုယ်ပါရမီက အရမ်းကို

ထူးချွန်လွန်းလို့လေ။ ပြီးတော့ ဝိညာစုဆောင်းခြင်း တက်တူးနည်းစနစ်မှာလဲ ဘိုးဘေးအဆင့်နား ကပ်နေပြီလေ။ ဒါကြောင့် အချိန်တံဆိပ်ကို သုံးလိုက်တဲ့အချိန်မှ ကျွမ်းကျင်မှုအဆင့်က ကြီးကြီးမားမား တိုးတက်လာတာပေါ့”

စနစ်က ရှင်းပြသည်။

ပွင့်ပွင့်လင်းလင်းပြောရလျှင် အချိန်တံဆိပ်ကို သုံးလိုက်တာနှင့် ဆယ်နှစ်စာနဲ့ ညီမျှတဲ့ အတွေ့အကြုံတစ်ခုကို ပေးလိမ့်မည်။ ဒါပေမယ့် ကျွမ်းကျင်မှုအဆင့် ဘယ်လောက်တိုးတက်လာမလဲ

ဆိုတာက လူတစ်ယောက်ချင်းစီရဲ့ ပင်ကိုယ် အရည်အချင်းနဲ့သာ သက်ဆိုင်သည်။ နောက်တစ်ခုက အရမ်းတိုးလာတဲ့ သူရှိသလို နည်းနည်းပဲ တိုးတဲ့ လူလည်း ရှိနိုင်သည်။

"ဒါဆိုလည်း ငါ့ရဲ့ လိပ်နက်တကက်တူးရေးဆွဲတဲ့ အဆင့်က ဘယ်လောက်မှာ ရှိလဲ"

ဆွန်းမိုကလက်ကို လေထဲမှာ ဗွေ့ယမ်းရင်း တစ်ခုခု ဆွဲသလို လုပ်လိုက်သည်။

"မင်းက ဗဟိုပြည်နယ် အကယ်ဒမီမှာ အဆင့်(၁)၊ ချင်လင်မြို့မှာ အဆင့်(၁)။ ဗဟိုပြည်နယ်မှာတော့ နောက်ထပ်နှစ်ယောက်နဲ့အတူတူ အဆင့်(၁)"

စနစ်က ပြန်ဖြေပေးသည်။

အဆင့်(၁) သုံးယောက်တောင်ရှိတယ် ကြားလျှင် ဆွန်းမို ကျေကျေနပ်နပ်နဲ့ ပြုံးလိုက်မိသည်။ အမှောင်တိုက်ကြီးကို မသွားခင် ချင်လင်မြို့ရဲ့ နံပါတ် (၁) ဖြစ်လာခဲ့ပြီ။ ဒါက သူသည် ဒီဘာသာရပ်တွင် အမြင့်ဆုံး အာဏာရှိသူပဲ ဖြစ်သည်။ ထို့နောက်မှာတော့ ဆွန်းမို

စိတ်အေးသွားသလို သက်ပြင်းတစ်ချက်ချလိုက်သည်။ အမှန်တိုင်းပြောရလျှင် ဝိညာဉ်တက်တူးအတန်းတွင် အချိန်တိုင်း ဝိညာဉ်စုဆောင်းခြင်း တက်တူးအကြောင်းပဲ ပြောနေခဲ့ရသည်။ ကျောင်းသားတွေ စိတ်မပျက်ဘူးဆိုရင်တောင် သူ့ကိုယ်သူတော့ စိတ်တိုနေသည်။ အခုတော့ ထပ်ပြောပြဖို့ နောက်ထပ် ဝိညာဉ်တက်တူး အသစ်ရှိပြီ။

"စနစ် အသက် ၃၀ အောက်မှာ ဆိုရင်ကော" ဆွန်းမို က ဆက်မေးသည်။

"မ..အ...လ.."

စနစ်သည် ပီပီပြင်ပြင် ဆဲလုနီးပါး ဖြစ်သွားသည်။

" မင်းက အလုံးစုံ အဆင့်(၁) ဖြစ်နေပြီ။ ဒါတောင် အသက် (၃၀) အောက် သိချင်သေးတာလား။ မင်းရဲ့ ဖိုက်တင်းဘော ကွဲချင်နေတာလား"

"ငါ့ကို နည်းနည်းလောက် ချီးကျူးလိုက် ရင်သေသွားမှာ ကျနေတာပဲ"

စနစ်ဆီက နည်းနည်းလေးလောက် အခွင့်အရေးယူဖို့ တကယ် မလွယ်ပါ။

"ဆရာ ဘာတွေ ပြုံးနေတာလဲ"

လီဇီချီ ပြန်ရောက်လာသည်။ သူမက ရေးချိုးလိုက်ရုံဖြင့် အသားအရေက အလွန်ကြည်လင်ပြီး တောက်ပနေသည်။ ပြီး ရေစက်လေးတွေကိုလည်း တွေ့နေရသည်။

"ငါပိုပြီး သန်မာလာတယ်လို့ ခံစားရလို့ပါ"

ဆွန်းမိုသည ် စိတ်ထဲကနေလည်း

"စနစ် မင်းအနားယူလို့ရပြီ"

“ ဆရာ၊ ငါတို့ အမှောင်တိုက်ကြီးဆီကို မသွားခင် အချိန် ၂လပဲ ရတယ်။ ဘာတွေ ပြင်ဆင်ထားရမလဲ”

လုချီဟွာက မျှော်လင့်ချက် အပြည့်နဲ့ မေးလိုက်သည်။

“ ကျောင်းက ယူသွားရမယ့် ပစ္စည်းစာရင်း ထုတ်ပေးလိမ့်မယ်။ အဲဒီအချိန်ကျမှ စာရင်းကြည့်ပြီး ပြင်ဆင်ကြတာပေါ့။ ဒါပေမယ့် ဆေးဝါးလို ပစ္စည်းတွေကတော့ များများယူနိုင်ရင် အကောင်းဆုံးပဲ”

ငါ လီဇီချီက ဒါကို ပြင်ဆင်မှာပါ ရင်ဘက်ကို ယုံကြည့်ချက်ရှိရှိ ပုတ်လိုက်ပြီး

"ဆရာ။ စိတ်မပူနဲ့။ ငါ့ကို တာဝန်ပေးလိုက်"

သိုင်းအမအကြီးဆုံးအနေဖြင့် ဒီလိုအသေးအမွှား ကိစ္စတွေလောက်နဲ့ ဆရာကို အလုပ်မရှုပ်စေချင်ပါ။

"ဒါဆိုလည်း မင်းကိုပဲ ဒုက္ခပေးတော့မယ်"

ဆွန်းမိုက လီဇီချီ ခေါင်းကို ပွတ်လိုက်သည်။

"ဝိုး။ ဆရာနောက်ဆုံးတော့ ငါ့ခေါင်းကို ပွတ်ပြီဟေ့"

လီဇီချီ နည်းနည်းကျေနပ်သွားသည်။ ပြီးမှ စိုးရိမ်စိတ်နဲ့ ဆွန်းမို အမူအရာကို တစ်ချက် ခိုးကြည့်လိုက်သည်။ ငါ့ခေါင်းက လုချီဟွာခေါင်းထက် နိမ့်ကျနေမလား။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁၅။ရင်းနှီး(၆၄၀/၁,၀၀၀)

လုချီဟွာကတော့ ဘေးမှရပ်နေပြီး နှုတ်ခမ်းစူနေသည်။ အခုတော့ ဆွန်းမိုက သူမခေါင်းကို မပုတ်တော့ပါ။ နည်းနည်း စိတ်ပျက်သွားသည်။

ရန်နံ့ဗဟိုချက်ရိပ်သာက ချင်လင်မြို့ရဲ့ နာမည်အကြီးဆုံး ပြည့်တန်ဆာ အိမ်ကြီး သုံးခုထဲက တစ်ခုဖြစ်သည်။ အဲဒီနေရာက မိန်းမများသည် စိတ်အားထက်သန်လှပြီး ပွင့်ပွင့်လင်းလင်း ရှိသည်။ အရမ်းလဲ တဲ့တိုး ဆန်သည်။

ကဗျာ ရွတ်တာ၊ ပန်းချီတွေ ၊ရှုခင်းတွေ ချီးကျူးတာလား။ သူတို့ မသိဘူး။

အရက်သောက်မလား၊ သီချင်းဆိုမလား၊ ပွတ်သီးပွတ်သပ် ကမလား ဒါတွေကတော့ ဘာလာလာ ဒေါင်းပေးလို့ရသည်။ ဒါကြောင့်

မှူးမတ်တွေ ခဏခဏမလာကြရင်တောင် ချမ်းသာတဲ့ မိသားစုက သားသမီးတွေတော့ ဒီနေရာမှာ အချိန်ပြည့်နီးပါး ရှိတတ်ကြသည်။

အခုဆိုရင် ကောင်းကင်အခန်း (အထူးခန်း ၂) တွင် မိန်းမတစ်ယောက်ရဲ့ အော်ညည်းသံ တဖြည်းဖြည်း ကျယ်လာနေသည်။

ဒါနဲ့ဆိုရင် မမ စန်ချင် တံခါးခေါက်နေတာ သုံးကြိမ် ရှိပြီ။ နောက်ဆုံးတွင် ပန်းအိုးလွင့်လာပြီး သူမခေါင်း ကွဲလုမတတ် ဖြစ်သွားသည်။

ဘာမှလည်း မလုပ်နိုင်တော့ပါ။ သူမ လီတိုင်ကိုသာ ရှာချင်နေသည်။

“သခင်လေး ။ ငါ့ကို ကူညီပါအုံး။ သခင်လေး ခေါင်က ဒီအတိုင်း ဆက်ရိုက်နေရင် လီဟွာလေး သေသွားလိမ့်မယ်”

မမ စန်ချင်က ငိုယိုပြီး အော်ဟစ်နေသည်။

“ငါသွားကြည့်လိုက်အုံးမယ်”

လီတိုင်သည် အမျိုးသမီးနှစ်ယောက်ကို ဘယ်တစ်ယောက် ညာတစ်ယောက် ပွေ့ဖက်ထားသည်။ ဒီလမ်းမှာ သူနဲ့သိတဲ့လူတွေ့မှာလဲ

မကြောက်ပေ။ သူရဲ့လက်တွေက ရင်ဘက်တစ်ဝိုက်မှာ ကျင်လည်နေပြီး လမ်းမှာ ချစ်စရာကောင်းတဲ့ ကောင်မလေးတွေ တွေ့ရင်လည်း လက်ကရောက်ရောက် သွားသေးသည်။

သို့သော်လည်း မိန်းကလေးအများစုကတော့ ရှောင်ပြီး ပြုံးကာ ကြာအကြည့်နဲ့ ပြန်ကြည့်ခဲ့ကြသည်။

လီတိုင်သည် ရုပ်မချောသော်လည်း အဆင့်အတန်းက အရမ်းမြင့်သည်။ သူက

လက်ရှိတန်ကေရာဇ်ရဲ့ ညီတော်အငယ်ဆုံး လီဇီရှင်း၏ အထင်ရှားဆုံး အငယ်ဆုံးသား ဖြစ်သည်။

မင်းသားလေးတစ်ယောက်၏ ရွှေရောင်အရိုန်အဝါနဲ့ ဘာမှလုပ်စရာမလိုဘဲ သူ့ရင်ခွင်ပစ်ဝင်လာချင်တဲ့ မိန်းကလေး အများကြီး ရှိသည်။

ဒိုင်း

လီတိုင်က တံခါးကို ကန်ဖွင့်လိုက်သည်။

"ဘယ်ကောင်လဲ။ အသက်မရှင်ချင်တော့ဘူးလား"

"ဇောင်ယန် မင်းဘာတွေ အရူးထနေတာလဲ။" လီတိုင်က တစ်ချက် လှမ်းကြည့်လိုက်သည်။ လီဟွာဆိုတဲ့ မိန်းကလေးကတော့ ကြမ်းပြင်ပေါ်မှာ လဲနေသည်။ တစ်ချက်တောင် အသံမထွက်နိုင်တော့ပေ။ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြည့်နေသည်။ ကြည်လင်တဲ့ အသားအရေတောင် မရှိတော့ပါ။ အစက်အပြောက်နဲ့ ဒဏ်ရာများက တစ်ကိုယ်လုံးပြည့်နေပြီ။

"မင်းသားလေး"

ဇောင်ယန်သည် လီတိုင်ကို မြင်လိုက်ရင် ဒေါသမထွက်ရဲတော့ပါ။ စိတ်တိုတိုနဲ့ လဲနေတဲ့ မိန်းကလေးကို ပစ်ကန်လိုက်သည်။

"ဘာလို့ မထွက်သွားသေးတာလဲ။ ဘာတွေ အောက်တန်းကျအုံးမလို့လဲ"

"ငါကြားတာတော့ မင်းကို ဆရာအသစ်တစ်ယောက်က 'သတိလစ်ခြင်းနှင့် အသုံးမကျခြင်း' မြတ်ဆရာအရှိန်အဝါနဲ့ အပြစ်ပေးလိုက်လို့ စာသင်ချိန် တစ်လျှောက်လုံး အရူးလို ဖြစ်သွားတယ်ဆို။ ဒါအမှန်လား"

လီတိုင်က မေးလိုက်သည်။ သူက မရှိဒန်အကယ်ဒမီကဖြစ်သော်လည်း သူတို့ရဲ့ လူမှုရေးအသိုင်းအဝိုင်းက ကျဉ်းကျဉ်းလေးပါ။ တစ်ခုခုဖြစ်ပြီဆိုတာနဲ့ လျှင်လျှင်မြန်မြန် ပျံ့နှံ့သွားသည်။

ဇောင်ယန်သည် အရမ်းချမ်းသာတဲ့ အဖေအားကိုးနဲ့ အရမ်းမောက်မာတတ်သည်။ ဒီလို သင်ခန်းစာ အပေးခံလိုက်ရတယ်ကြားလျှင် လူတော်တော်များများက သူ့ရဲ့ ကံဆိုးမှုအတွက် ကျိတ်ဝမ်းသာနေကြသည်။

ဖောင်ယန်သည် ဒီစကားကိုကြားလျှင် ပန်းအိုးနဲ့ လီဟွာခေါင်းနောက်ကို ဘောင်းကနဲ မြည်အောင် ရိုက်ချလိုက်သည်။

လီဟွာ မျက်ဖြူလန် သွားသည်။ ခေါင်းကလည်း သွေးတွေ စီးကျလာသည်။ ဖောင်ယန်ကတော့ တစ်ချက်တောင် လှည့်မကြည့်ပါ။ စားပွဲကို ပြန်သွားပြီး စပျစ်ဝိုင်ခွက်ကိုယူကာ တစ်ငုံ သောက်လိုက်သည်။

"ငါ့ကို ဟာသလုပ်ဖို့ လာတာလား။ ငါက ခုနှစ်ရက်အတွင်း သူနာမည်ပျက်ပြီး ချင်လင်မြို့က ထွက်ပြေးရအောင် သေချာပေါက် လုပ်ပြမယ်"

ဖောင်ယန်သည် ငယ်ငယ်ကတည်းက ဒီလို ဒုက္ခမျိုး တစ်ခါမှ မခံစားဖူးပါ။

ဆွန်းမိုရဲ့ ပထမလူထုဟောပြောပွဲ ကိစ္စကြောင့် ဖောင်ယန် လက်စားချေခြင်နေသည်။ ဒါပေမယ့် သူ့အဖေ ဖောင်ယွမ်ကျား သိပြီး ဆယ်ရက်လောက် ခြေချုပ် ချထားခဲ့သည်။ ဖောင်ယွမ်ကျားသည် သူ့သား တခြားဆရာတစ်ယောက်ကို ရှုံးခဲ့တာအတွက်

စိတ်မဆိုးပါ။ အဲဒီအစား ဇောင်ယန်ရဲ့ ကျဆုံးမှုအတွက် ဒေါသထွက်နေခဲ့သည်။ သူက သူ့သားကို ဆယ်ရက်လောက် သွေးအေးအေးနဲ့ တွေးပြီး လက်စားချေဖို့ စီစဉ်စေချင်သည်။

ဆယ်ရက်အကြာတွင် ဇောင်ယန်သည် ဂေါင်ပန်နှင့် ဆွန်းမိုတို့ရဲ့ တိုက်ပွဲအကြောင်းကို ကံအားလျော်စွာ သိလိုက်ရသည်။ ဒါကြောင့် လက်စားချေမယ့် အစီအစဉ်ကို ခဏရွှေ့ဆိုင်းလိုက်ပြီး ဂေါင်ပန်ကို ရှုံးနိမ့်မယ့် ဆွန်းမိုကို လှောင်ပြောင်ဖို့ စောင့်နေခဲ့သည်။ ဒါပေမယ့် ဂေါင်ပန်က

အသုံးမကျဘူးဆိုတာ ဘယ်သူသိမှာလဲ။ ဂေါင်ပန်က ဆွန်းမိုကို မချေမှုန်းနိုင်ရုံသာမက ဆွန်းမို နာမည်ကြီးလာဖို့အတွက် ခြေနင်းတုံး ဖြစ်သွားသည်။ ဘယ်လောက်တောင် ကိုဗ်ရိုက်ကားယားနိုင်လိုက်လဲ။

ဒီအကြောင်းကိုတွေးရင်း ဇောင်ယန်သည် ဒေါသတွေထွက် အသည်းတွေနာလာသည်။ ဒါပေမယ့် အခုတော့ အရာအားလုံး အဆင်ပြေသွားပြီ။ သူ့အစီအစဉ်တွေကလည်း ဆက်လုပ်နေပြီ ဆွန်းမို ရက်ပိုင်းအတွင်း အဆုံးသတ် သွားလိမ့်မည်။

“ဟုတ်လား။ ဒါဆိုလဲ လူတိုင်းကို အပြစ်မလုပ်နဲ့ပေါ့။ မဟုတ်ဘူးလား”

လီတိုင်က လျောင်ပြောင်နေသည်။ သူမျက်လုံးမှေးသွားသည်။ ဇောင်ယန်ကို ဗဟိုပြည်နယ်အကယ်ဒမီတစ်ခုလုံး ပြောင်းဆန်အောင်လုပ်ပြီး ပြဿနာတွေ ပိုကြီးလာစေချင်သည်။ ဒါဆိုရင် မရီဒန်အကယ်ဒမီတစ်ခုပဲ တစ်ခုတည်းသောနာမည်ကျော်အဖြစ် ချင်လင်မြို့ပေါ်တွင် ကျန်ခဲ့မည်။

ကျန်ကလန်ရဲ့ ကြီးမားသော အိမ်တော်ကြီး.................

တတိယသခင်လေး ကျန်ကွမ်လင်သည် နိုင်ငံခြားတွင် သုံးနှစ်ကြာအောင် ကျောင်းတက်ပြီး ပြန်ရောက်နေသည်။ မိဘနှစ်ပါးလုံးကလည်း အရမ်းပျော်နေပြီး အစေခံတွေကို ငွေကြေးဆုလာဒ်များ ပေးနေရာ လူတိုင်း အရမ်းပျော်ရွှင်နေကြပြီး ပျော်ရွှင်မှု အငွေ့အသက်နဲ့ ဖုံးလွှမ်းနေသည်။

“အဖေ ၊ အဲဒီဆွန်းမိုက ဘာဖြစ်တာလဲ” ကျန်ကွမ်လင်သည် သူ့အမေနှင့် ခဏကြာအောင်

စကားပြောပြီး သူ့အဖေကို မေးရန် စိတ်လောစွာ အခန်းထဲကို လိုက်လာခဲ့သည်။

“မင်းကို ဘယ်လို သင်ပေးထားလဲ”

ကျန်ဟန်ဖူက သူ့ကို စိုက်ကြည့်နေသည်။

“ဘာတွေပဲဖြစ်လာလာ စိတ်အေးအေးထား ဒေါသနဲ့ မလုပ်နဲ့။ မင်းဒီသုံးနှစ်အတွင်း ဘာတွေလေ့လာနေတာလဲ။ ဒီပညာတွေ အကုန်လုံး အလကား ဖြစ်သွားပြီလား”

အဆူခံလိုက်ရသဖြင့် ကျန်ကွမ်လင် မျက်နှာ မည်းသွားသည်။ သို့သော်လည်း သူ့အဖေရဲ့

စိတ်ကိုသိသည်။ သူသာ ပြန်ငြင်းလိုက်ပါက ပိုးစိုးပက်စက် ထပ်အပြောခံရမည်။ ဒါကြောင့် သည်းခံနေလိုက်သည်။

၁၅မိနစ်ကြာပြီးနောက်....

ကျန်ဟန်ဖူက နောက်တစ်ကြိမ် ပြန်ပြောသည်။

“ မင်း ‘အေ’ အဆင့်ကျောင်းသုံးကျောင်းကို ခရီးထွက်ခဲ့တဲ့ ဒီသုံးနှစ်အတွင်းမှာ တစ်ခုခု မရခဲ့ဘူးလား”

ကျန်ဟန်ဖူက သူ့သားကို ကြည်နူးမှုအပြည့်နဲ့ စိုက်ကြည့်ရင်း မေးလိုက်သည်။

ကျန်ကွမ်လင်သည် ကိုယ်လုပ်တော်နဲ့ ရတဲ့သားဖြစ်သည်။ သူ့အမေက ကြည့်ကောင်းသည်။ ဒါကြောင့် သူကလဲ တော်တော်ချောသည်။ သူ့မျက်နှာက ကျန်ဟန်ဖူနဲ့မတူဘဲ အာလူးပုံ ဖြစ်သည်။ ကျန်ကွမ်လင်သည် အရပ်လည်း ရှည်ကာ ခန္ဓာကိုယ် အချိုးမျှတပြီး ရည်မွန်သော သခင်လေးတစ်ယောက်ရဲ့ ပုံရှိသည်။

အရေးအကြီးဆုံးအချက်က ကျန်ကွမ်လင်သည် ချောရုံသာမက ထူးခြားတဲ့ ကိုယ်နှုတ် အမူအရာ ရှိသည်။ ဒါကြောင့်လည်း ကျန်ဟန်ဖူက အမြင့်ကြီး

မှန်းထားပြီး နှလုံးသားတစ်ခုလုံးနဲ့ ပုံအောကာ ပြုစုပျိုးထောင် ပေးခဲ့တာဖြစ်သည်။

သူ့ရဲ့ အနှစ်သက်ဆုံးသား အရွယ်ရောက်လာတာနဲ့ ကျန်ဟန်ဖူသည် သူနဲ့ အရင်ကတည်းကသိတဲ့ ဩဇာကြီးသူများကို မျက်နှာသာပေးရန် မေတ္တာရပ်ခံကာ သူ့သားကို 'အော'အဆင့် ကျောင်းသုံးကျောင်းမှာ လေ့လာခွင့်ရအောင် လုပ်ပေးခဲ့သည်။

သူ့သားသည် လေ့လာသင်ကြားတာ ပြီးမြောက်ပြီး နောက်ဆုံး အိမ်ပြန်လာတယ်လို့ ယူဆနိုင်သည်။

ကျန်ကွမ်လင်က သူ့အဖေကို ဖြစ်ကြောင်းကုန်စင် အတိုချုပ်ပြီး ပြောပြလိုက်သည်။

“အို၊ ဆရာဝမ်က ဒီလိုပြောခဲ့တာလား”

ကျန်ဟန်ဖူ မျက်လုံးများ အရောင်တောက်လာသည်။ ဒီဆရာဝမ်သည် တောင်မြင့်ကြီးအကယ်ဒမီက ဒုကေ◌ျ◌ာင်းအုပ်လည်း ဖြစ်သလို ကြယ် ၅ပွင့် မြတ်ဆရာ တစ်ယောက်လည်း ဖြစ်သည်။ သူသည် ဝိညာတက်တူး နယ်ပယ်တွင် အလွန်မြင့်မားတဲ့ အောင်မြင်မှုကို ရထားပြီး

ဘိုးဘေးအဆင့် တစ်ဝက်ရောက်ပြီလို့ သတ်မှတ်နိုင်သည်။

ဗဟိုပြည်နယ်က ဆရာဟီလဲ မဆိုးပါဘူး။ ဒါပေမယ့် ဆရာဝမ်နဲ့ နှိုင်းယှဉ်ရင်တော့ တော်တော် နိမ့်ကျသည်။ မဟုတ်ရင် သူ့သားကို နိုင်ငံရပ်ခြား ပညာတွေထပ်သင်ဖို့ လွှတ်ခဲ့မှာ မဟုတ်ပေ။

“ဒါ အမှန်ပဲ”

ကျန်ကွမ်လင်သည် သူ့အကြောင်းပြောပြီးသွားတာနဲ့ အန်ရှီဝေအကြောင်း လှည့်သွားသည်။

"ဘာကြောင့် သူမက ရုတ်တရုတ် စေ့စပ်လိုက်တာလဲ။ တစ်ယောက်ယောက်က သူမကို အတင်းအကျပ် ဖိအားပေးပြီး လုပ်ခိုင်းတာလား"

အခန်း (၁၆၂) - ကျော်ကြားလို့ ခေါင်းကိုက်ရခြင်း။

"ဒီစိတ်ကူးကို တတ်နိုင်သမျှ စောစော စွန့်လွှတ်တာ အကောင်းဆုံးပဲ။ မင်းနဲ့ အန်ရှီဝေက မဖြစ်နိုင်ဘူး"

ကျန်ဟန်ဖူ မျက်မှောင်ကြုတ်နေသည်။(မင်းနဲ့ အန်ရှီဝေက ရန်သူဖြစ်သင့်တာလေ။ နောက်ဆုံးကွာ သူမရဲ့ ဝိညာဉ်တောင် ဆွဲထုတ်ပစ်ရင် ထုတ်ပစ်ရမယ်)

"အဖေက ဗဟိုပြည်နယ် အကာယ်ဒမီကို လိုချင်နေမှန်းသိပါတယ်။ ပြဿနာ မရှိပါဘူး။

အဖေ လုပ်ယူမယ့် ကိစ္စကိုလည်း ကူညီပေးမှာပါ။ ဒါပေမယ့် အန်ရှီဝေက ကျွန်တော် ဥစ္စာဖြစ်တယ်ဆိုတာတော့ အရင်ဆုံး ရှင်းရှင်းလင်းလင်း ပြောရမှာပဲ”

ကျန်ကွမ်လင် မျက်လုံး အရောင်တွေ တောက်နေသည်။ သူ့အဖေရဲ့ နောက်ကွယ်မှာ ကြီးမားတဲ့ ကေ◌ျ◌ာထောက်နောက်ခံ ရှိတယ် ဆိုတာလည်း သိသည်။ ဒီလူတွေကပဲ သူ့အဖေကို အရင်းအနှီးထုတ်ပေးပြီး ဒုကျောင်းအုပ်ကြီး ဖြစ်အောင် လုပ်ပေးခဲ့ကြသည်။

"တော်ပြီ။ ဒီကစ္စကို ဒီမှာပဲ ထားလိုက်ရအောင်။ ဒီကောင်ဆွန်းမိုကို လုပ်ရအုံးမယ်။ သူ့ကို သေတဲ့အထိ ဖျက်ဆီးတာ မလုပ်ရသေးခင် သူ့အကြောင်းကို အရင်စစ်ဆေးရမယ်"

ကျန်ကွမ်လင် ပုံစံက ရက်စက်ကြမ်းကြုတ်နေသည်။ အန်ရှီဝေက သူ့ အပိုင်ဖြစ်သည်။ သေချင်လို့ပဲ သူမကို ထိရဲတာ ဖြစ်မည်။

"မဆင်မခြင် မလုပ်နဲ့။ ငါ့မှာ အစီအစဉ်ရှိတယ်။ ဒီကောင် အများဆုံး အသက်ရှင်လှ သုံးလပေါ့"

ကျန်ဟန်ဖူ ဒေါသတကြီး ဝေဖန်လိုက်သည်။ သူ့သားကြောင့် သူ့အစီအစဉ် ပျက်သွားမှာ စိုးရိမ်သည်။

"ဘာ အစီအစဉ်လဲ"

ကျန်ကွမ်လင်က စပ်စုလိုက်သည်။

"မနေ့က ဂေါင်ပန်နဲ့ ဆွန်းမိုတို့ ရန်ဖြစ်ကြတယ်။ ငါက အနိုင်ရတဲ့ သူကို အမှောင်တိုက်ကြီး သွားခွင့် သုံးနေရာပေးမယ်လို့ ရည်ရွယ်ချက် ရှိရှိ ပြောခဲ့တယ်။ ငါက ဆွန်းမိုကို ဂေါင်ပန်က

ရှုံးသွားခဲ့သည် ရှိသော် အာမခံချက် ရှိအောင် လုပ်ထားလိုက်တယ်”

ကျန်ဟန်ဖူက ရှင်းပြလိုက်သည်။

“ဒါဆို ဒီကိစ္စက”

ကျန်ကွမ်လင်က အရမ်းဉာဏ်ကောင်းသည်။ သူ့အဖေ ထပ်ရှင်းပြစရာမလိုပါ။ သူနားလည်နေပြီ။ ဆွန်းမိုသာ အမှောင်တိုက်ကြီး ရောက်သွားရင် သူ့ကို အဆုံးသတ်ဖို့ နည်းလမ်း များစွာရှိသည်။

“မင်းပြန်လာတာ ကောင်းတယ်။ ကေ ျ ာင်းမှာမည့်တဲ့ ဆရာတွေ အများကြီး

ရှိတယ်။ ဒါပေမယ့် အများစုကို ဝမ်ဆု ခေါ်ထားပြီးပြီ။ ဒါက ငါတို့ရဲ့ အာဏာကို ခြေသုံးချောင်း ထောက်ကြောင်လို ဖြစ်သွားစေတယ်။ ဒီတစ်ကြိမ်တော့ မင်းလဲ အမှောင်တိုက်ကြီးကို သွားရမယ်။ ကောင်းကောင်းလုပ်ပြပြီး မင်းရဲ့ အရည်အချင်းကို ပြရမယ်”

ကျန်ဟန်ဖူသည် သူ့အဖွဲ့ရဲ့ သင်ကြားရေးစွမ်းရည်ကို သက်သေပြချင်နေသည်။ ဒါပေမယ့် သူ့မှာ အရမ်းထူးချွန်တဲ့ ဆရာများ မရှိပါ။ အခုတော့ သူအားကိုးရတဲ့ သားပြန်ရောက်လာပြီ။

သူ့သားရဲ့ ထက်မြတ်တဲ့ အရည်အချင်းကို ပြသချင်တာ သဘာဝပါပဲ။

"ပြဿနာ မရှိဘူး။ လျှိုမှူဘိုင်လို လူတောင် အချိန်မရွေး အနိုင်ကျင့်လိုက်လို့ရတယ်"

ကျန်ကွမ်လင်က လက်သီးတင်းတင်း ဆုပ်ပြီး ပြောလိုက်သည်။

"ချင်လင်မှာ ဘယ်သူက နံပါတ်တစ်ဆရာလဲ ဆိုတာ မင်းတို့ကို ပြမယ်"

နံနက်ခင်းတွင် နေရောင်က နွေးထွေးပြီး နူးညံ့နေသည်။

ဆွန်းမိုက ကိုယ်လက် ဆေးကြောပြီးနောက် ကန်တင်းတွင် မနက်စာ စားရန် ထွက်လာခဲ့သည်။ ကန်တင်း အဝင်ဝသို့ရောက်လျှင် ဖြတ်သန်းသွားလာနေသော ကျောင်းသားများသည် ချက်ခြင်း မတ်တပ်ရပ်လိုက်ကြပြီး လေးစားသော မျက်နှာနဲ့ နှုတ်ဆက်နေကြသည်။

“မင်္ဂလာမနက်ခင်းပါ။ ဆရာဆွန်း”

ဆွန်းမိုက ခေါင်းညိတ်ပြီး ကျောင်းသားတွေကို ပြန်တုန့်ပြန်လိုက်သည်။

ကန်တင်းထဲတွင် ကျောင်းသား အများကြီးရှိနေကြပြီး အများစုကတော့ ဆွန်းမိုနဲ့ ဆုံဖူးကြသည်။ တခါတလေဆို ကျောင်းသားများသည် ဆရာများနှင့်ဆုံရင် ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်ရသောကြောင့် ရှောင်တတ်ကြသည်။ ဒါပေမယ့် ဆွန်းမိုနဲ့ ဆုံတွေကြတဲ့အခါ သူ့ထက်ငါ အပြိုင်အဆိုင် နှုတ်ဆက်နေကြပြီး သူတို့ မျက်နှာကို မှတ်မိဖို့ မျှော်လင့်နေကြသည်။

ဆွန်းမိုသည် ကန်တင်းကို ဝင်လာကတည်းက ဆက်တိုက် ခေါင်းညိတ်ပြနေရသည်။ သူ

နည်းနည်းတော့ စိတ်အိုက်လာသည်။ ဒါပေမယ့် သူ့စိတ်ခံစားချက်ကို ထုတ်မပြနိုင်ပဲ ဆက်ပြီးတော့သာ ခေါင်းညိတ်နေရသည်။

"နောင်ဆိုလည်း ဒီလိုပဲ ဆက်တိုက်ဖြစ်နေတော့မှာလား"

ဆွန်းမို နည်းနည်း လန့်သွားသည်။

"ဆရာဆွန်း။ ဘာစားချင်လဲ။ ငါဝယ်ကျွေးမယ်လေ"

အတန်းကြီးတဲ့ ကျောင်းသူလေးတစ်ယောက်က အပြုံးချိုချိုလေးနဲ့ ဆွန်းမိုကို

ထမင်းဝယ်ကျွေးဖို့အခွင့်အရေး တောင်းနေသည်။ ဒါဆိုရင် ဘေးမှာထိုင်ကာ မေးစရာတွေမေးပြီး တိုင်ပင်လို့ရပြီ။

"ရပါတယ်"

ဆွန်းမိုက ပြောင်းလိုက်သည်။ တခြားကျောင်းသားများကလည်း ဒီလိုလိုက်လုပ်ဖို့ ကြိုးစားနေတာ တွေ့နေရသည်။

"ဒီဆရာက ဘယ်သူလဲ"

ဝန်ထမ်းလုပ်နေတဲ့ ကျောင်းသားတစ်ယောက်က သိချင်စိတ်ပြင်းပြလာသည်။ ဆရာတစ်ယောက်က

လေးစားဖို့ ကောင်းလား မကောင်းလားဆိုတာ တခြားကျောင်းသားတွေရဲ့ အပြုအမူကို မြင်ရုံနဲ့ သိနိုင်သည်။ ဆွန်းမိုလိုမျိုး ကျောင်းသားအများကြီး ဝိုင်းနှုတ်ဆက်ခံနေရတဲ့ ဆရာတစ်ယောက်သည် သေချာပေါက် ကျော်ကြားတဲ့ ဆရာသာ ဖြစ်မည်။

“သူက ဆွန်းမိုလေ။ ဆရာဆွန်း။ မင်းသူ့ကို တကယ် မသိဘူးလား”

တစ်ယောက်က ပြန်ဖြေလိုက်ပြီး မေးလိုက်တဲ့ ဝန်ထမ်းကျောင်းသားကို အံ့အောတကြီး ကြည့်နေသည်။ ဝန်ထမ်းလုပ်တဲ့ ကျောင်းသားက

တကယ်ကို မသိပါ။ သူက ကျောင်းသားအတုပဲ ဖြစ်မယ်။

"ဆွန်းမိုလား။ နတ်ဘုရားလက်လား"

ဝန်ထမ်းလုပ်တဲ့ ကျောင်းသားလည်း စိုက်ကြည့်နေသည်။ ထိုနောက်တော့ သူက တစ်ခုခုကို တိုင်ပင်ခွင့် ရှိမရှိသိနိုင်ရန် ဆွန်းမို ဆီကို အမြန်လျှောက်သွားသည်။

အောင်ပွဲခံဒိုဂျိုတွင် ဂေါင်ပန်ကို အနိုင်ရပြီးနောက် ဆွန်းမို မျက်နှာကို မမြင်ဖူးတဲ့ ဆရာတွေနှင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတွေ အများကြီးရှိနေသော်လည်း သူ့နာမည်ကိုတော့ လူတိုင်းသိကြသည်။

နောက်ဆုံးတော့ ငွေကုန်ကြေးကျ ခံပြီး ကြိုးစားခဲ့တဲ့ ဖောင်ဝမ်တိုရဲ့ အစီအစဉ်က ဆွန်းမိုအတွက် ဖြစ်သွားရှာသည်။

တကယ်လို့ ဆွန်းမို ရှုံးခဲ့ပါကလဲ အဆိုးဘက်ကို ဦးတည်သော ကောလဟာလတွေ အများကြီး ပြန့်သွားမှာ သေချာသည်။ ဒါပေမယ့် အနိုင်ရခဲ့တော့ ကောလဟာလအစား စိတ်ဝင်စားစရာ သတင်းတစ်ပုဒ် ဖြစ်လာသည်။

ဥပမာ တချို့လူတွေက ကျောင်းသားတွေအား တစ်ယောက်ကို ပန်းအိုး တစ်လုံးစီ သယ်ခိုင်းထားသဖြင့် ဆွန်းမို စရိုက် အူကြောင်ကြောင် နိုင်ပြီး ပေါင်းသင်းဆက်ဆံဖို့ ခက်တယ်လို့ ပြောကြသည်။

ပုရွတ်ဆိတ် ပြစ်ဒဏ်နဲ့ အိုးထိန်း ဆရာလို့လည်း ခေါ်ကြသည်။

ဒါပေမယ့် အခုတော့ ပန်းအိုးထဲမှာ သူ့ရဲ့ ကျောင်းသားတွေ ခန္ဓာကိုယ်သန်မာနိုင်တဲ့

လျှို့ဝှက်ချက်ရှိလို့ သယ်ခိုင်းထားတယ် ဖြစ်လာသည်။

"မင်းက ဆရာဆွန်းလား"

ကန်တင်းက အန်တီကြီးသည် ကျောင်းသားတွေ နှုတ်ဆက်နေသံကြားပြီး ဆွန်းမိုကို အလိုလို အကဲခတ်လိုက်မိသည်။

"အင်း"

ဆွန်းမိုက ခေါင်းညိတ်ပြလိုက်သည်။ ထိုနောက်မှာတော့ ကန်တင်းက အန်တီကြီးသည် မွှေးကြိုင်လှတဲ့ ဝက်ထမင်းကြော်ကို ယူလာပြီး သူ့ရဲ့

ထမင်းစား ပန်းကန်ထဲကို လာထည့်ပေးတာ တွေ့လိုက်ရသည်။

"ဒီဝက်ခြေထောက်က အဆီဆုံးဖြစ်ပြီး ဦးနှောက်အားဖြည့်ဖို့ အရမ်းကောင်းတယ်"

ကန်တင်းက အန်တီကြီးသည် အပြုံးကြီးကြီး ပြုံးထားသဖြင့် မျက်နှာတောင် တွန့်သွားသည်။ ထို့နောက်မှာတော့ သူမက အသံတိုးတိုးလေးဖြင့် "ဖန်ဇီဝမ် (မြတ်ဆရာ ဖန်)က နေ့တိုင်း ငါချက်တဲ့ ဝက်ခြေထောက်ကို စားချင်နေတာ။ ငါကလဲ သူ့အတွက် အကောင်းဆုံးကို ရွေးပေးလေ့ ရှိတယ်"

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ဘာပြောနိုင်မှာလဲ။ အန်တီကြီးရဲ့ စေတနာကောင်းကို မဖျက်ဆီးသင့်ဘူးလေ။

"အန်တီ။ အခုတလော မင်းရဲ့ ညာဖက်ပခုံးက တစ်ခုခု မဖြစ်ဘူးလား။ အားသိပ်မသုံးနဲ့ အလေးအပင်တွေလည်း မ မနဲ့။ အဆီတွေကိုလဲ လျှော့စား"

ဆွန်းမိုက အန်တီကြီးပြန်မထွက်သွားခင် လှမ်းသတိပေးလိုက်သည်။

ဒါတွေက နတ်ဘုရားမျက်စိနဲ့ မြင်ပြီးသာ ဖြစ်သည်။

"အမ်"

ကန်တင်းက အန်တီကြီးလည်း တုန်လှုပ်သွားသည်။ ပြီးတော့ စိတ်ထဲက ကျေနပ်မှု တစ်ခု ထွက်လာသည်။

လွန်ခဲ့တဲ့ ရက်ပိုင်းက ရေပုံးကို သယ်နေရင်း သူမ ပခုံးတွေ တောင့်တင်းနေခဲ့သည်။ ပြီးတော့ ဗိုက်ကလည်း မကြာခဏအောက်ပြီး ဝမ်းလည်း

ချုပ်နေသည်။ ဆွန်းမိုက နည်းနည်းလောက် ကြည့်လိုက်ရုံနဲ့ သိနိုင်မယ်လို့ မထင်ထားမိပါ။

" ဒါ....ဒါက နတ်ဘုရားဆန်လွန်းတယ်"

ကန်တင်းက အန်တီကြီးသည် အရမ်းအံ့အော တုန်လှုပ်နေသည်။ ထို့နောက်တော့ လေးစားပြီး ကြည်ညိုတဲ့ ခံစားချက်တွေ ပေါက်ကွဲထွက်လာသည်။

ဒင်

ကန်တင်းက အန်တီကြီး၏ လေးစားအထင်ကြီးမှု +၃၀။မူလ(၃၀/၁၀၀)

ဆွန်းမို အနားက ထွက်သွားရင် သူမရဲ့ လုပ်ဖော်ကိုက်ဖက်တွေ ဝိုင်းအုံလာသည်။

"ဘယ်လိုလဲ"

"ပြီးခဲ့တဲ့ ရက်ပိုင်းတုန်းက မင်းလက်မောင်းတွေ တောင့်တောင့်နေတာ ငါမှတ်မိပြီ"

"မင်း ဝက်ခြေထောက်ကို ခိုးစားခဲ့တာလား"

လုပ်ဖော်ကိုင်ဖက်တွေက အပြစ်ပြောနေကြသည်။

"လူလိမ်။ မင်းတို့သာ ခိုးစား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကန်တင်းက အန်တီကြီးက ပြန်ကျိန်ဆဲနေပေမယ့် နောက်လဝက်လောက်မှပဲ ပေါ့ပေါ့ပါးပါး ပြန်စားဖို့ ဆုံးဖြတ်လိုက်သည်။ ဝက်ခြေထောက်ကို ခိုးစားနေကြလို့လဲ ပိန်တဲ့ စားဖိုမှူး တစ်ယောက်မှ မရှိတာပေါ့။

အစားအသောက် ကောင်းကောင်းနားမှာနေပြီး နည်းနည်းလေးလောက် မစားမိရင် သူမကိုယ်သူမ မခွင့်လွှတ်နိုင် ဖြစ်သွားမည်။

ဆွန်းမို စားတဲ့ အစားအသောက်များသည် ခါတိုင်းထက်ကို သိသိသာသာ ပိုကောင်းပြီး ပိုများနေသည်။

ဒါကကျော်ကြားခြင်းရဲ့ အကျိုးကျေးဇူးပဲ။

ဆရာများသည် ကန်တင်းတွင် အခမဲ့ စားသောက်နိုင်သော်လည်း အစားသောက် ကောင်းတယ် မကောင်းဘူးဆိုတာ ချပေးတဲ့ ဝန်းထမ်းနဲ့ သက်ဆိုင်သည်။

ဥပမာ နှမ်းဖက် ကိတ်မှုန့်လိုပေါ့။ ကန်တင်းက အဒေါ်ကြီးက ဖြစ်သလို လုပ်ပေးလိုက်လို့ရသည်။

ဒါပေမယ့် ဆွန်းမိုက မှာရင်တော့ သူမ သေချာပေါက် အားထုတ်ပြီး သေသေချာချာ ဖုတ်ပေးလိုက်မှာ ကျိန်းသေသည်။

အိုဟုတ်ပြီ ဆွန်းမိုရဲ့ စားသောက်ခွင့်လက်မှတ်က လုချီဟွာ ဆီမှာဖြစ်သည်။ သဘောတရားအရဆိုလျှင် ဆွန်းမိုက သက်သေမပြနိုင်ရင် မနက်စာ အခမဲ့ စားခွင့် မရှိပါ။ သို့သော်လည်း ကန်တင်းက အန်တီကြီးတွေအားလုံးကတော့ ဒါကို ဂရုမစိုက်ပါ။

အန်တီကြီးတွေက သူ့ကို အထင်ကြီးပြီး လေးစားနေကြသည်။

ဆွန်းမိုက ပန်းကန်များကို သယ်ပြီး ထိုင်ဖို့ နေရာ လိုက်နေတဲ့အချိန်တွင် စနစ်ဆီက အကြောင်းကြားချက်တွေ အဆက်မပြတ် ထွက်လာနေသည်။ ဆွန်းမို အမှတ်အများကြီး ရခဲ့သည်။

ဒါတွေအားလုံးသည် ကန်တင်း ဝန်ထမ်းတွေ ဆီက ဖြစ်သည်။

သူတို့သည် ဗဟုသုတ အားနည်းကြသည်။ ဒါကြောင့်လည်း နတ်ဘုရားလက်ဆိုတာနဲ့ စောက်ရမ်း အထင်ကြီးနေကြပြီ။

ကန်တင်းမှာ အချိန်ဖြုန်းလိုက်ရုံနဲ့ လေးစားအထင်ကြီးမှု အမှတ် +၂၀၀ကျော် ရလိုက်သည်။

ဆွန်းမို နှုတ်ခမ်းများကွေးသွားသည်။ ကန်တင်းမှာ စိတ်အနှောက်အယှက်ဖြစ်တာကို မြင်ရပြီး နောက်ထပ် ထပ်မလာဖို့ ဆုံးဖြတ်ခဲ့မိသည်။ အခုတော့ ဆုံးဖြတ်ချက် ပြောင်းသွားပြန်သည်။

ဘယ်သူမဆို ကောက်ယူနိုင်တဲ့ လမ်းပေါ် အိပ်နေရင်း လေးစားအထင်ကြီးမှု ရနေသလိုပါပဲ။

ဆွန်းမို စိမ်ပြေနပြေ လမ်းလျှောက်ပြီး ထမင်းစားခန်းထဲကို ဝင်လိုက်ရင် အနီးအနားက ကျောင်းသားတွေ ချက်ခြင်း ထရပ်လိုက်ကြသည်။ ခန့်မှန်းခြေ သုံးဆယ်လောက ် ရှိမည်။

"ဆရာ ဆွန်း၊ ငါတို့နဲ့ လာထိုင်ပါလား"

"ဆရာဆွန်း၊ ကျေးဇူးပြုပြီး ကျွန်တော်တို့နဲ့ လာထိုင်ပါ"

"ဆရာဆွန်း"

ကျောင်းသားတွေက နွေးနွေးထွေးထွေးနဲ့ နှုတ်ဆက် နေကြသည်။ သူတို့အကြည့်တွေမှာသာ ချိတ်တွေရှိနေရင် ဆွန်းမိုပါသွားတာ ကြာလှပြီ။

“ဒီမှာပဲ ထိုင်တော့မယ်’

ဆွန်းမိုက ပြုံးနေလိုက်သည်။ စားပွဲတစ်ခုမှာ ပေါ့ပေါ့ပါးပါး ထိုင်လိုက်သည်။ လူမြင်ကွင်းဖြစ်သဖြင့် သူနာမည်ကြီးဖို့ အခွင့်အရေးလေးလဲ ဖြစ်သည်။ ဒါကြောင့်လည်း သူက အရမ်းဖော်ရွေပြီး ရင်းနှီးလွယ်ကြောင်း ပြသထားသည်။

ဒီလိုအချိန်မှာ ကျောင်းသားတွေကို သက်တူရွယ်တူလို ဆက်ဆံရမည်။ သူကအေးစက်လို့လည်း မရဘူး။ မာနကြီးလို့လည်း မရဘူး။

ခန့်မှန်းထားသလိုပါပဲ အရင်တုန်းက အရမ်းရိုန်နေတဲ့ ကျောင်းသားတွေသည် သူ့ရဲ့ဖော်ရွေမှုကို မြင်လာပြီး အရမ်းကောင်းမွန်တဲ့ ထင်မြင်ချက်တွေ ဖြစ်လာသည်။

“ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ မနက်စာက အရမ်းခမ်းနားနေတုန်းပဲ”

ဆွန်းမိုက ခပ်ပါးပါးလေး ပြုံးလိုက်သည်။ ဟားဟား အရင်တုန်းက စိတ်ပညာစာအုပ်တွေအတွက် ဒေါ်လာထောင်ဂဏန်းလောက် သုံးခဲ့တာ နောက်ဆုံးတော့ အသုံးဝင်လာပြီပေါ့ကွာ။

ကျောင်းသားတွေသည် လှည့်ကြည့်လှည့်ကြည့်နဲ့ ဖြစ်နေကြသည်။ သူတို့အားလုံး ဆွန်းမိုကို သူ့ခန္တာကိုယ်နဲ့ ပက်သက်ပြီး မေးခွန်းတွေ မေးချင်စိတ်နဲ့ နေမထိ ထိုင်မသာ ဖြစ်နေကြသည်။ တိုက်ရိုက်မေးလိုက်ရင်လည်း

ရိုင်းသလို ဖြစ်သွားမှာ စိုးရိမ်နေကြသည်။ ပြီးတော့ဒါက အစားစားချိန် ဖြစ်နေသည်။

"ကျောင်းသားတွေ နေ့တိုင်း ဆန်ပြုတ်ကြီးပဲ သောက်မနေနဲ့။ တခါတလေ အသားဟင်းနဲ့ စားသင့်တယ်။ အရသာ မကြိုက်ရင်တောင် နည်းနည်းတော့ စားသင့်တယ်"

"နားလည်ပါပြီ ဆရာ"

ကျောင်းသားတွေသည် ပါးစပ်ထဲမှာ ရှိတဲ့ အစာတွေကို မြန်မြန်မြိုချလိုက်ပြီး မတ်တပ်ရပ်ကာ လေးလေးစားစား အရိုအသေ ပေးလိုက်သည်။

ဒင်

ဝမ်လောင်၏ လေးစားအထင်ကြီးမှု အမှတ် +၂၀။မူလ(၂၀/၁၀၀)

တခြားကျောင်းသားတွေသည် ဝမ်လောင်ကို မနာလိုတဲ့ အကြည့်နဲ့ ကြည့်လိုက်ကြသည်။

“မင်းက အသားစားတာ အရမ်းများနေတယ်။ အသီးအရွက်တွေလဲ စားပေးအုံး”

“ ဝိတ်လည်း လျှော့အုံး”

“အထူးသဖြင့် မင်းရဲ့လက်မောင်းအတွက် အားစိုက် လေ့ကျင့်တာကို တိုးအုံး”

ဆွန်းမိုက စားရင်းသောက်ရင်း သူ့အနီးအနားက ကျောင်းသားတွေကို လမ်းညွှန်ပေးနေသည်။

"ဒီလိုလုပ်စရာမလိုဘူး။ ပြန်ထိုင်ပြီး ဆက်စားပါ"

ဆွန်းမိုက တအားကြီး ယဥ်ကျေးနေစရာ မလိုကြောင်း ထောက်ပြ လိုက်သည်။

အမှန်တော့ လူသားတစ်ယောက် ဖြစ်နေသ၍ အစားအသောက်နဲ့ပက်သက်ပြီး ပြဿနာ တချို့ ရှိတတ်သည်။ အရမ်းချမ်းသာတဲ့လူတွေနဲ့ အားကစားသမားတွေသာ အာဟာရဗေဒပညာရှင်ကို

ဌားရမ်းဖို့ တတ်နိုင်သည်။ လူတော်တော်များများကတော့ လွယ်လွယ်ကူကူနဲ့ စားချင်တာကို စားတတ်ကြသည်။

ပတ်ဝန်းကျင်က ကျောင်းသားတွေသည် ဒါကိုမြင်လျှင် လာချင်နေကြသည်။ ဒါပေမယ့် ဆွန်းမိုကို စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်မိမှာလည်း ကြောက်နေသည်။ အားလုံး အားကျစိတ်နှင့် သွားရည် ယိုနေကြသည်။

စားသောက်ခန်းထဲက အစမ်းခန့် ဆရာတစ်ချို့ကတော့ ရက်စက်လိုက်တာလို့

ခံစားနေကြရသည်။ သူတို့ကတော့ သင်ကြားရေး လက်ထောက်အဖြစ်နဲ့ နေ့တိုင်း တောက်တိုမယ်ရလုပ်ဖို့ ပြေးလွှားနေရသည်။ ကျောင်းမှာ ဆက်နေနိုင်ဖို့အတွက် အရမ်း ပင်းပန်းနေကြပြီ။ ဆွန်းမိုရဲ့ ဂုဏ်သတင်းကတော့ ကူရှုပ်ရှင်းထက်တောင် ကျော်လွန်ပြီး ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေသည်။ ဒီအသုတ်ရဲ့ ကြယ်ပွင့် ဖြစ်လာခဲ့သည်။

ဆွန်းမိုက ဒုတိယ လျှိုမူဘိုင် ဖြစ်လာဖို့ အချိန်တစ်ခုပဲ လိုတော့တယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

" လူအုပ်ကြီးသဘောကျအောင် အလကား အဓိပ္ပါယ်မရှိ လုပ်နေတယ်"

ရီဂျီမင်က အပေါ်ထပ်ကနေ ဆွန်းမိုကို လှမ်းကြည့်နေရင်း တုန်လှုပ်နေသည်။ စားသောက်ခန်း တစ်ဝက်လောက်ရဲ့ အကြည့်တွေက ဆွန်းမို ဆီကို ရောက်နေသည်။ မတွေ့ချင်ရင်တောင် မမြင်နိုင်မှ အဆုံး ဖြစ်နေသည်။

နည်းနည်းကြာတော့ ရီဂျီမင် ဒေါသထွက်ပြီး အစားစားချင်စိတ် ပျောက်သွားသည်။ လှည့်ပြီး လှေကားက ဆင်းသွားသည်။

ဆွန်းမိုလည်း မနက်စာ စားပြီးနောက် စားသောက်ခန်းက ထွက်လာသည်။ စုစုပေါင်း လေးစားအထင်ကြီးမှုအမှတ် +၅၂၁ ရလိုက်သည်။

"ဘာကြောင့် ဒီလောက် များနေတာလဲ"

ဆွန်းမို နည်းနည်း ထိတ်လန့်သွားသည်။

အခန်း (၁၆၃) - အငြိုးထားတဲ့ တိုက်ခိုက်မှု။

"အခုလောလောဆယ်တော့ မင်းက ဘာကောင်မှ မဟုတ်တော့ဘူးပေါ့။ ကျောင်းသားတွေကျတော့ မင်းဆီက လမ်းညွှန်ချက်ကိုရရင် ကံကောင်းခြင်း အမျိုးသမီးရဲ့ ကောင်းချီးကို ရလိုက်သလိုပဲ။ ဒါကြောင့်လဲ လေးစားအထင်ကြီးမှု အမှတ်တွေအများကြီး ရတာပေါ့"

စနစ်က ပြန်တုန့်ပြန်လိုက်သည်။

ဆွန်းမို နားလည်သွားပြီ။ မင်းနေမကောင်းလို့ ဆရာဝန်ဆီကို သွားသလိုပဲ နာမည်မကြီးတဲ့ ဆရာဝန်ဆို ရင်တုန်တာနဲ့ စိုးရိမ်ပူပန်တာကလွဲရင် ဆရာဝန်ကိုတော့ သိပ်လေးစားမိမှာ မဟုတ်ဘူး။ တကယ်လို့များ နာမည်ကြီးတဲ့ ဆရာဝန်ဖြစ်ခဲ့ရင်တော့ မသိစိတ်ထဲကနေ လေးစားပြီး တစ်ဖက်လူရဲ့ ရောဂါစစ်ဆေးတာကို ပိုယုံကြည်လာမည်။ ဒါက ကျော်ကြားမှုရဲ့ လွှမ်းမိုးမှုပဲ။

ဝိညာဉ်စုဆောင်းခြင်း တက်တူး ရေးဆွဲတဲ့ တာဝန်လည်း ပြီးသွားပြီ။ အခုလောလောဆယ်တော့

ဆွန်းမိုမှာ ထွေထွေထူးထူး လုပ်စရာမရှိဘဲ ပေါ့ပါးလွတ်လပ်နေသည်။ ဒါ့ပြင် သူ့ရဲ့ အသက်မွေးဝမ်းကြောင်းကလည်း တဖြည်းဖြည်း မြှင့်တက်လာသည်။ ဒါကြောင့်လည်း စိတ်ခံစားချက် အရမ်းကောင်းနေပြီး သီချင်းလေးတောင် ညည်းလိုက်ချင်သည်။

“ပစ်မှတ် တွေ့ပြီ”

လမ်းဘေးတွင် အဖာအစပ် အဝတ်အစားတွေ ဝတ်ထားတဲ့ အလုပ်သမား နှစ်ယောက်သည်

ဆွန်းမိုကို မြင်လိုက်တာနဲ့ လက်တွန်းလှည်းကို ချက်ခြင်း ဆွဲတင်လိုက်သည်။

လက်တွန်းလှည်းပေါ်တွင် အိုးကြီး နှစ်လုံးရှိနေသည်။ အိုးကြီးတွေက အဖုံး ပိတ်ထား တာတောင် အနံ့စူးစူး တွေ ရနေတုန်း ဖြစ်သည်။

ဆွန်းမိုလည်း အနံ့ရပြီး လက်တွန်းလှည်း လိမ့်လာတဲ့ အသံကို ကြားလိုက်ရင် ဘေးဘက်ကို လှည့်ကြည့်လိုက်မိသည်။ လှည့်ကြည့်လိုက်ရင် လက်တွန်းလှည်းရဲ့ အခြေနေကို တွေ့လိုက်ပြီး

အိုးထဲက အရာတွေ လွှင့်စင်လာမှာကို စိုးရိမ်သွားသည်။

"အမ်"

အလုပ်သမားနှစ်ယောက်ကို မြင်လိုက်ရင် မျက်မှောင် ကြုတ်လိုက်မိသည်။ (တစ်ခုခုမှားနေသလိုပဲ)

အလုပ်သမားနှစ်ယောက်သည် ဆွန်းမိုက လမ်းဘေးမှာ ရပ်ပြီး သူတို့ဘက်ကို ကြည့်နေတာ မြင်လိုက်လျှင် ချက်ခြင်း ရင်ဖိုသွားသည်။ သူတို့ ရည်ရွယ်ချက်ကို သိသွားပြီလား။

"မြန်မြန်"

အလုပ်သမားတစ်ယောက်က သူ့ရဲ့အဖော်ကို လောလိုက်သည်။ ထို့နောက်မှာတော့ လက်တွန်းလှည်းရဲ့ အရှိန် မြင့်လာသည်။

"ဆရာ"

လုချီဟွာ အသံထွက်လာသည်။

"မလာနဲ့…"

ဆွန်းမိုက ချက်ခြင်းပြန်အော်သည်။ ထို့နောက် သူဘေးဘက်ကို ရှောင်လိုက်သည်။ နောက်ဆုံးတော့ မှားယွင်းနေတဲ့အချက်ကို သတိထားလိုက်မိသည်။

အမှိုက်ပစ်ရတဲ့ အလုပ်သမားဆိုရင် ဘာကြောင့် အိုးနှစ်လုံး ပဲရှိမှာလဲ။ ဒီအိုးထဲမှာ ချီးတွေ သေးတွေ ဘယ်လောက်တောင် ပါလာမလဲ။

မကြာခင်ကမှ လူတော်တော်များများကို စော်ကားခဲ့မိသည်။ သူတို့ရဲ့ လမ်းကြောင်းမှာ အနှောက်အယှက် ဖြစ်နေနိုင်သည်။ တစ်ယောက်ယောက်တော့ သူ့ကို လက်စားချေခြင်နေပြီလို့ ဆွန်းမို တွေးလိုက်မိသည်။

"သွား"

ဆွန်းမို ရှောင်လိုက်တာကို မြင်လိုက်လျှင် အလုပ်သမားနှစ်ယောက်လည်း စိုးရိမ်သွားသည်။ သူတို့သူဌေးခိုင်းတဲ့ အတိုင်း မလုပ်နိုင်ပါက သေချာပေါက် အရိုက်ခံရတော့မည်။ ထပ်ပြောရရင် ငွေလည်း တစ်ပြားမှ မရနိုင်ပါ။ သူတို့နှစ်ယောက်သည် တစ်ယောက်တစ်အိုးစီ ချက်ခြင်း ကောက်မလိုက်ပြီး ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာကြသည်။

"ဟွန့်၊ ထင်ထားသလိုပဲ။ ငါ့အတွက် ရောက်နေကြတာပဲ"

ဆွန်းမို မျက်လုံးကျဉ်းသွားသည်။

"ဆွန်းမို၊ မင်းက ကျောင်းသားတွေကို လမ်းမှားအောင် လုပ်နေတဲ့ အမှိုက်ပဲ။ မင်းက ဆရာတစ်ယောက်တောင် မဖြစ်သင့်ဘူး"

သူတို့ အော်လိုက်ကြသည်။ အိုးနှစ်ခုကို ဖွင့်လိုက်ပြီး လောင်းချလိုက်သည်။

ပလွတ်...ပလက်....

သေးနှင့် မစင်တွေ စီးကျလာသည်။ ဆိုးဆိုး ရွားရွားအနံ့အသက်တွေ ထွက်လာသည်။

လုချီဟွာက 'အား'ကနဲ ထအော်သည်။

အနီးအနားမှာရှိတဲ့ ကျောင်းသားတွေလည်း ကြောင်သွားသည်။ ဘာဖြစ်နေတာလဲ။ ဆရာတစ်ယောက်အပေါ် တစ်ယောက်ယောက်က ယုတ်မာချင်နေတာလား။

လှသော ရန်

ရွှတ်စ်

ဆွန်းမိုက လျှင်မြန်စွာ ရှောင်လိုက်သည်။ သေးတစ်စက်၊ ချီးတစ်စက်တောင် မစင်ခဲ့ပေ။

“မြန်မြန်ပြေး”

ဆွန်းမိုကို အညစ်အကြေးဖြင့် ပက်တာ မအောင်မြင်တာနဲ့ အလုပ်သမားနှစ်ယောက်သည် အိုးကို ချက်ခြင်း လွှတ်ချပြီး ထွက်ပြေးသည်။

"မင်းတို့က ပြေးချင်တာလား"

ဆွန်းမိုက အေးစက်စက် အသံပြုလိုက်ပြီး ခါးမှာ ထိုးထားတဲ့ သစ်သားဓါးကို ယူပြီး ညာလက်နဲ့ လှမ်းပစ်လိုက်သည်။

ရွှတ်စ်

ဓါးက လျှပ်စီးကြောင်းတစ်ခုလို ပြေးထွက်သွားသည်။ ပစ်လိုက်သော ပစ်မှတ်ဆီကို

ရောက်သွားသည်။ အလုပ်သမားတစ်ယောက်ရဲ့ နောက်ကျောကို ဘုန်း ကနဲ ထိမိသွားသည်။

"ဘုန်း"

အလုပ်သမားက ရှေ့သို့ ဟက်ထိုး လဲကျသွားသည်။ အရမ်းနာကျင်နေပြီး အသက်ကောင်းကောင်း မရှုနိုင်ဘဲ ဘောလုံးလို ကွေးနေသည်။

နောက်ထပ် အလုပ်သမားက ရပ်လိုက်သည်။ လှည့်ပြီး သူ့အဖော်ကို ဆွဲသည်။ အဆုံးတွင်

သူ့အမြင်အာရုံထဲကို လက်သီးကြီးကြီးတစ်လုံး ရောက်လာပြီး နှာခေါင်းက မီးပွင့်သွားသည်။

ဘောင်း

ဒုတိယအလုပ်သမားလည်း နှာခေါင်းရိုးကျိုးပြီး မြေပေါ်ကို ခေါင်းစိုက်ကျသွားသည်။ သွေးတွေက အဆက်မပြတ် စီးကျလာသည်။

"ဆရာ........"

လုချီဟွာက ချက်ခြင်းပြေးလာပြီး ဆွန်းမိုကို စိုးရိမ်တကြီး ကြည့်သည်။

"အဆင်ပြေရဲ့လား"

“ငါက ဘာဖြစ်ရမှာလဲ”

ဆွန်းမိုက မခိုင်းဘဲ အနီးအနားက ကျောင်းသားတွေ ပြေးလာပြီ အလုပ်သမားတွေကို ဝိုင်ဖမ်းထားကြသည်။

“ငါ့ကို အညစ်အကြေးနဲ့ ပက်ဖို့ မင်းတို့ကို ဘယ်သူခိုင်းတာလဲ”

ဆွန်းမိုလည်း မျက်မှောင်ကြုတ်နေသည်။ ဒီလုပ်ရပ်က တော်တော် အောက်တန်းကျသည်။ သူတို့ မထိခိုက်သွားသော်လည်း လူတိုင်း

တော်တော်များများကို ဟားကွက် ရဖို့တော့ လုံလောက်သွားသည်။

ဒီအကြောင်းကိုတွေးရင်း သူ့ကို နောင်တစ်ချိန်တွင် နတ်ဘုရားလက်နဲ့ တွဲ မမှတ်မိဘဲ ‘ ချီးစား ဆရာ’ဆိုပြီး မှတ်မိနေရင် ဘယ်လိုလုပ်မလဲ။

“ဒီလိုလုပ်ဖို့ ငါတို့ကို ဘယ်သူမှ မခိုင်းဘူး။ မင်းက ကျောင်းသားတွေကို လမ်းမှားရောက်အောင် လုပ်နေတာ သည်းမခံနိုင်တော့လို့ မင်းကြောင့် ပျက်ဆီးသွားတဲ့ ကျောင်းသားတွေ အစား လျှော်ကြေး လာတောင်းတာ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလုပ်သမားက စကားကတ်ပြီး ပြန်ပြောလာသည်။

"အို မင်းပြောနေတဲ့ လမ်းမှားရောက်သွားတဲ့ ကျောင်းသားက ဘယ်သူလဲ"

ဆွန်းမို လမ်းလျှောက်လာသည်။ အလုပ်သမားက ပြန်ပြောမလို့ လုပ်လိုက်တဲ့အချိန်တွင် ပါးစပ်ကို ပိတ်ကန်သည်။

ဘောင်း

အလုပ်သမား ပါးစပ်က သွေးတွေ ချက်ခြင်း ထွက်လာသည်။ သူပြင်ဆင်ထားတဲ့ စကားလုံးတွေလဲ လည်ချောင်းထဲမှာ ပျောက်သွားသည်။

ဆွန်းမိုက မနားတမ်း ကန်နေသည်။

ဘောင်း ဘောင်း ဘောင်း

ဆွန်းမိုက မြေထောက်ကို မ မပြီး ပြင်းပြင်းထန်ထန် ဆက်ကန်နေသည်။ အလုပ်သမားအသံ ထွက်နေသမျှ ပါးစပ်ကို ကန်နေလိုက်သည်။ အကြိမ်ရေ တော်တော်များများ အကန်ခံရပြီးနောက် အလုပ်သမားလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်လိုနာခံရမလည်းဆိုတာ သင်ယူတတ်မြောက်သွားပြီး ဘောလုံးလို ကွေးကွေးလေး ဖြစ်နေသည်။

ကျောင်းသားတွေလဲ ဆွန်းမိုကိုကြည့်ပြီး အရမ်းအံ့အော ထိတ်လန့်နေသည်။

(ဆရာ၊ ဒီလောက်တောင် ရက်စက်ဖို့ လိုလို့လား)

အရိုက်မခံရသေးတဲ့ နောက်ထက် အလုပ်သမားတစ်ယောက်ကတော့ သူ့အဖော် အရိုက်ခံနေရတာကို ကြည့်ပြီး တဆက်ဆက်

တုန်နေသည်။ သူ့အဖော် အရိုးနည်းနည်းကျိုးသွားတာ သေချာနေပြီ။

“အခု မင်းတို့တွေ ကြောက်ပြီလား”

ဆွန်းမိုက ရပ်လိုက်သည်။ အနီးနားက ကျောင်းသားတွေကို လှည့်ကြည့်လိုက်သည်။

သူတို့အားလုံး ဆွံ့အနေကြသည်။

“မင်းတို့တွေ လူယုတ်မာနဲ့ ရင်ဆိုင်တဲ့အခါကြရင် သူတို့ထက် ပိုရက်စက်တတ်ရမယ်။ မင်းတို့ သူတို့ကို ခပ်ပြင်းပြင်းရိုက် နောင်လမ်းမှာတွေ့ရင် ရှောင်သွားအောင် ရိုက်”

ဆွန်းမိုက ပြဿနာနှင့်ကြုံလာလျှင် ဘယ်တော့မှ အလျှော့မပေးပါ။

“ဘယ်လိုပဲပြောပြော မင်းက ဆရာတစ်ယောက်ပဲလေ။ ဘယ်လိုလုပ် အကြောင်းပြချက်မရှိ သဘောတရားမရှိ ပရမ်းပတာတွေ ပြောနေတာလဲ”

နောက်ထပ်အလုပ်သမား တစ်ယောက်သည် ဆွန်းမို သူ့ဆီကို လျှောက်လာတာ မြင်လိုက်လျှင် အလန့်တကြားဖြစ်သွားသည်။ ဆွန်းမို သူ့ကိုယ်သူ

ထိန်းချုပ်နိုင်အောင် ကြိုးစားပြီး ဆရာတစ်ယောက်ရဲ့ အဆင့်အတန်း ပြောခဲ့သည်။

“ သဘောတရားနဲ့ ပြောရမယ်။ စိတ်မကောင်းဘူး။ ငါ့လက်သီးက အကြီးအကျယ်ဆုံး သဘောတရားပဲ”

ဆွန်းမို ပြောပြီးတာနဲ့ ညာခြေထောက်က အလုပ်သမား ဗိုက်ကို ရောက်နေပြီ။

အား..

အလုပ်သမားက အော်ဟစ်နေပြီး ပုဇွန်တစ်ကောင်လို ကွေးနေသည်။

ဒီစကားကို ကြားလိုက်လျှင် ကျောင်းသားတွေ အရမ်းအံ့အော တုန်လှုပ်နေကြသည်။ ဒါနည်းနည်းလေး အနိုင်ကျင့်သလို ဖြစ်မနေဘူးလား။ ဒါပေမယ့် သူတို့အော်ဟစ်နေတာက ကြည့်လို့တော့ ကောင်းသားပဲ။

“ငါ့ကို အမှန်တိုင်း ပြောစမ်း။ ဘယ်သူက ငါနဲ့ လာရှုပ်ချင်တာလဲ။ တကယ်တော့ အကြမ်းဖျင်းလောက် ခန့်မှန်းလို့ရနေပြီ။ မင်းတို့ပြောပြော မပြောပြော ၊ကိစ္စမရှိဘူး။

ငါစိတ်ကျေနပ်အောင်တော့ မင်းတို့ကို အရင်ရိုက်ရမှာပဲ”

ဆွန်းမိုက လျှောင်လိုက်ပြီး

“မင်းတို့တွေ ငါနဲ့ လာမရှုပ်ခင် ငါ့နောက်ကြောင်းရော စစ်ဆေးပြီးပြီလား”

အလုပ်သမားတို့ ထုံးစံတိုင်း မစစ်ဆေးခဲ့ကြပါ။ သူတို့သူဌေး ခိုင်းတဲ့အတိုင်းသာ လိုက်လုပ်ရတာမို့ အသုံးလည်း မဝင်ပါ။

အချိန် တစ်ခုကြာပြီးနောက်....

"တော်ပြီ။ ရိုက်လို့လည်း ဝပြီ။ အခု အစီအစဉ်ရဲ့ နောက်ဆုံးပိုင်းလေး လာပြီ။ မင်းတို့ထဲမှာ ဘယ်သူ မသန်မစွမ်း ဖြစ်ချင်လဲ။ လက်ဖြစ်ဖြစ် ၊ ခြေထောက် ဖြစ်ဖြစ် မင်းတို့ ကြိုက်တာ ရွေးကွာ။ ဒါမှမဟုတ် လက်ခြေ ငါးချောင်း ဟိုဟာလေးပါ အပါလေ။ လုပ်ပေးရမလား"

ဆွန်းမို မေးလိုက်သည်။

အလုပ်သမားနှစ်ယောက် မျက်နှာလဲ ဇီးရွက်လောက်သာ ကျန်တော့သည်။ ဒါက ဘာပြောချင်တာလဲ။

"မင်းတို့ရဲ့ ခွေးမျက်လုံးတွေ ကန်းနေတာလား။ ငါတို့ဆရာက ဗဟိုပြည်နယ်အကယ်ဒမီမှာ နတ်ဘုရားလက်ဆိုတဲ့ နာမည် တစ်လုံးနဲ့ နေတာကွ"

ဝန်ထမ်းလုပ်နေတဲ့ ကျောင်းသားလေး နာမည်က ဝမ်လောင်ပါ။ ဆွန်းမိုကို အဓိပ္ပါယ်ပါတဲ့ အကြည့်နဲ့ တစ်ချက်ကြည့်လိုက်ပြီး အော်ပြောလိုက်သည်။

"မင်းတို့ ဘယ်လက် မသန်စွမ်းချင်တယ်ပြောရင် သူကသေချာပေါက် လုပ်ပေးလိမ့်မယ် ညာလက်တော့ မဖြစ်စေရဘူး"

ဆွန်းမိုက ခြေထောက်ကို မလိုက်ပြီး အလုပ်သမားနှစ်ယောက်ရဲ့ ပခုံးပေါ်ကို ဖိလိုက်သည်။ သူတို့ လက်နှင့်ခြေထောက် လှုပ်လို့မရတော့တာ သိလိုက်ပြီး ချက်ခြင်း သွေးပျက်မတက် ကြောက်လာသည်။ သေးတွေလည်း ထွက်ကျလာပြီး ဘောင်းဘီတွေ ရွှဲကာ ပူလာသည်။

“သူတို့ကို ကျောင်းအဝင်ပေါက်မှာ သွား ပစ်ချထားလိုက်။ ပြီတော့ ဘယ်သူလာခေါ်ခေါ်

မထည့်ပေးရဘူးလို့ အစောင့်ကို ပြောလိုက်။ ဖြစ်လာသမျှ အကျိုးဆက်ကို ငါတာဝန်ယူတယ်”

ဆွန်းမို ပြောပြီးတာနဲ့ လှည့်ထွက်သွားသည်။

“ဆရာ၊ စိတ်မပူပါနဲ့။ ကျွန်တော်သေချာပေါက် လုပ်လိုက်ပါ့မယ်”

ဝမ်လောင် အပြောတောင်မစောင့်ဘဲ အခြားကျောင်းသားတွေ လုပြောလိုက်ကြသည်။ ဒီတာဝန်က လုပ်ပေးရတဲ့အလုပ်တစ်ခုပဲ ဖြစ်ပြီး တစ်ခုခုဖြစ်လာပါကလဲ တာဝန်ယူစရာ မလိုပါ။

ဒါကြောင့်လည်းသူက မြန်မြန်ဝင်ပြောပြီး ဖားလိုက်သည်။

"မလုပ်ပါနဲ့။ ငါတို့ ပြောပါ့မယ်"

ဆွန်းမိုထွက်သွားတာကို မြင်လိုက်လျှင် အလုပ်သမားနှစ်ယောက်စလုံး အရမ်းကြောက်ရွံ့ထိတ်လန့်သွားကြသည်။ အခုက နွေလည်ခေါင်ဖြစ်သည်။ ကျောင်းအဝင်ဝမှာ တစ်ရက်လောက် လှဲလောင်းနေရပါက မသေရင်တောင် အရေခွံတွေ လန်ထွက်သွားမည်။

"သနားစရာ ကောင်းလိုက်တာ။ မင်းတို့ဖြေဖို့အခွင့်အရေး မရှိတော့ဘူး"

ဆွန်းမို ပုံစံက ရက်စက်သွေးအေးတဲ့ ပုံပေါ်လာသည်။ ဒီနေ့ပြီးရင် ဘယ်လောက် ညစ်ပတ်တဲ့ လှည့်ကွက်ကို ကိုင်တွယ်ရမလည်း မသိပေ။ ဒါကြောင့်လည်း ပထမအကြိမ်ကို ပြင်းပြင်းထန်ထန် လက်တုန့်ပြန်ပြီး သူ့ကိုလာရှုပ်တဲ့လူတွေကို သေဖို့အတွက် အကောင်းဆုံး ပြင်ဆင်ထားသင့်ကြောင်း သတိပေးရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်ခေတ်ပဲဖြစ်ဖြစ် အပျော့က အမာကို ကြောက်ရသည်။ အမာက စိတ်လိုက်မာန်ပါ လုပ်တတ်တဲ့ သူကို ကြောက်ရသည်။ စိတ်လိုက်မာန်ပါလုပ်တတ်တဲ့ သူက အသက်ကို တန်ဖိုးမထားတဲ့သူလို ကြောက်ရသည်။ ပြဿနာလာရှာတဲ့သူတွေက သေမှာ မကြောက်ရင်တော့ ဆက်လုပ်ပေါ့။

ဆွန်းမိုသည် ဒီကမ္ဘာတွင် တစ်ကောင်ကြွက်ဖြစ်ပြီး ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်နှစ်ခုကိုလည်း ပိုင်ဆိုင်ထားသည်။ ဘာကို ကြောက်နေရမှာလဲ။

အလယ်ကမ္ဘာပြည်နယ်ကိုးခုတွင် မြတ်ဆရာတွေရဲ့ အဆင့်အတန်းက အရမ်းမြင့်သည်။

သူမကိုင်တွယ်နိုင်ရင်တောင် ဂျိမဲဂျဲ ရှိပါသေးတယ်။ ပြီးတော့ သူ့ကိုသဘောကျတဲ့ ယူရုံပိုလည်း ရှိသေးသည်။

သူ့အဆင့်အတန်းက သိပ်မမြင့်သော်လည်း ရှေ့ဟောင်းအနှိပ်ပညာ ဒါမှမဟုတ် ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်နှစ်ခုနဲ့ ဆိုရင် သူ့အတွက် လုံလောက်နေပြီ။

ထုံးစံအတိုင်းဆိုရင် အန်ရှီဝေလည်း အရည်အချင်း အချို့ရှိသည်။ သို့သော်လည်း သူနဲ့ စေ့စပ်ထားတဲ့သူဆီက အကူအညီတောင်းဖို့ စိတ်ကူးမရှိပါ။

“တောက်။ ဒီလောက် အောက်တန်းကျတဲ့ လှည့်ကွက်သုံးတယ်ဟုတ်လား။ ဒီအဖေမသိစေနဲ့ ။ သိလို့ကတော့ မင်းတို့ လဥ ကို မင်းတို့ဖင်ထဲ ပြန်ထည့်ပစ်မယ်”

ဆွန်းမိုက ဗျစ်တောက်ဗျစ်တောက်နဲ့ ရေရွတ်နေသည်။ လာမယ့် နွေဦးပေါက်တွင်

သူတော်စင်ဂိတ်က ကျင်းပမယ့် ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲကို ဝင်ဖြေဖို့ ဆုံးဖြတ်လိုက်သည်။ မြတ်ဆရာတစ်ယောက် ဖြစ်လာရင်တော့ သူ့ကို တခြားသူတွေ ရမ်းကား ခြိမ်းခြောက်လာသည့်တိုင်အောင် အောက်တန်းကျတဲ့ ကိစ္စတွေတော့ မတွေးလောက်တော့ပါ။

ဘေးက တောအုပ်လေးထဲတွင် ပုန်းနေသော ဖောင်ယန်သည် ဒီမြင်ကွင်းကို မြင်ပြီး ဒေါသအရမ်းထွက်ကာ တုန်တုန်ယင်ယင် ဖြစ်နေသည်။ ဒီအလုပ်သမား နှစ်ယောက် အသုံးကို

မကျဘူး။ ဒီလို အလုပ်လေးတောင် ကောင်းကောင်း မလုပ်နိုင်ဘူး။

ဒါပေမယ့် တော်ပါသေးတယ်။ သူ့မှာ နောက်ထပ် အစီအစဉ်တွေ ရှိနေသေးသည်။

နေလည်ခင်း။ စာသင်ခန်း (၃၀၁)......

လုချမ်ဂျီသည် စောကြီးကတည်းက ရောက်နေပြီး လောလောဆယ် ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ရေးဆွဲနေသည်။

ရုတ်တရက် 'ဘုန်း' ဆိုပြီ တံခါး စောက်ဖွင့်လာတဲ့ အသံထွက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတစ်စု ဝင်လာသည်။

“ဆရာဆွန်းရဲ့ ဝိညာဉ်တက်တူး အတန်းက အရမ်း စိတ်ဝင်စားဖို့ ကောင်းလား”

ယောကျ်ားလေး ကျောင်းသားတစ်ယောက် အပြုံးတု တစ်ခု ပြုံးပြီး မေးလိုက်သည်။

“မင်းတို့ ဘာလုပ်ချင်လို့လဲ”

လုချမ်ဂျီ မျက်နှာ မှုန်ကုတ်သွားသည်။

ယောကျ်ားလေး ကျောင်းသားက လမ်းလျှောက်လာပြီး လုချမ်ဂျီကို ပါးရိုက်လိုက်သည်။

ဖောင်း ဖောင်း

ရုတ်တရုတ် တစ်ဖက်သားက ဒီလိုနေရာတွင် တိုက်ခိုက်လာမယ် မထင်ထားသဖြင့် လုချမ်ဂျီ အံ့အောတုန်လှုပ်သွားသည်။

"ဒီအဖေ ပြောနေတဲ့ အချိန်မှာ ဝင်ပြောရအောင် မင်းက ဘာအရည်အချင်းရှိလို့လဲ"

ယောကျ်ားလေး ကျောင်းသားက ပြောနေရင်း လုချမ်ဂျီကို ထိုင်ခုံပေါ်က တွန်းချလိုက်သည်။

"ဟိုဖက်ကို ထွက်သွား"

"ဧောင်ယန်ပဲ"

ကျောင်းသားများ အရမ်းစိုးရိမ် ထိတ်လန့်နေကြသည်။ ဒီကောင်သည် ဖောင်ကလန်မှဖြစ်ပြီး ဖောင်ယန်ရဲ့ နံပါတ်တစ် လက်ပါးစေ တိုက်ခိုက်ရေးသမား ဖြစ်သည်။ အရင်ကလည်း ဖောင်ယန်အတွက် မကောင်းတဲ့ ကိစ္စတွေကို အများကြီး လုပ်ခဲ့ဖူးသည်။

"ငါတို့လဲ သင်ခန်းစာကို နားထောင်မလို့"

ကျောင်းသား ပြောပြီးရင် သူ့အဖော်များက ဖြန့်ကျက်ပြီး သင်ခန်းစာ နားထောင်လိုသော ကျောင်းသား များနားတွင် လိုက်ရပ်လိုက်ကြသည်။

သူတို့က တစ်ခုမှ မလုပ်သော်လည်း ခနဲ့တဲ့တဲ့ အပြုံးနဲ့ ပြုံးရင်း စိုက်ကြည့်နေကြသည်။

အကြည့်ခံရသော ကျောင်းသားများ စိတ်ထဲ တုန်လှုပ်လာသည်။ လုချမ်ဂျီကိုပဲ ဥပမာ ကြည့်ပါ။ ဖောင်ယန်၏ နာမည်ဆိုးကြောင့် ပြန်လက်တုန့်မပြန်မရဲပါ။

နောက်ဆုံးတွင် တစ်ယောက်ကတော့ ဖိအားကို မခံနိုင်တော့ဘဲ သူ့ပစ္စည်းတွေကို ပြန်သိမ်းရင်း အခန်းထဲက ထွက်သွားသည်။

အစရှိရင် နောက်လည်းရှိလာသည်။

ကျောင်းသား အရေအတွက် တဖြည်းဖြည်း နည်းလာသည်။ သို့သော်လည်း ခေါင်းမာတဲ့ ကျောင်းသားကတော့ တစ်ချက်မှ မရွေ့ပဲ ရှိနေသည်။ ဓောင်ယန် အုပ်စုက ကျောင်းသားသည် သူ့ကို ချက်ခြင်းပဲ ဝိုင်းကြည့်လိုက်ကြသည်။

“မင်းက သခင်လေး ဓောင်ကို တကယ်ပဲ ဆန့်ကျင်ခြင်နေတာလား။ မနက်ဖြန် မင်းသေလိမ့်မယ်လို့ ငါပြောတာယုံလား”

"သူ့အစားထဲကို ငါတို့သံချောင်းတွေ ပြုတ်ကျသွားရင် ဘယ်လိုလုပ်မလဲ။ သူစားလိုက်ရင် အစာအိမ်မှာ အပေါက်ဖြစ်သွားမလား"

"သူ့အစာထဲကို သံချောင်း ပြုတ်ကျမယ်။ ကထိကထမျှား ပါတယ်ကွာ။ ပါးစပ်ထဲ တစ်ခါတည်းထိုးထည့်လိုက် ပြီးနေတာပဲကို"

"မင်းတို့က လူမိုက်လား။ သူ့ပါးစပ်ထဲကို သံချောင်းတွေ ထိုးထည့်လိုက်ရင် လူတွေ ဘာပြောကြမလဲ။ ဒါက လူသတ်မှုကွ။ မင်းတို့ ခေါင်းဖြတ်ခံချင်လို့လား"

သူတို့ အနည်းငယ်ပြောပြီးနောက် ခေါင်းမာတဲ့ ကျောင်းသားလည်း ကြောက်လန့်လာပြီး မျက်နှာလည်း ဖြူဖျော့လာသည်။ သံချောင်းတွေကို ဘယ်လိုမျိုးခိုင်းနေလဲဆိုတာ မြင်ယောင်လာပြီး သူ့ပစ္စည်းတွေကို မြန်မြန် ကောက်သိမ်းပြီး အခန်းထဲက ထွက်သွားသည်။

'ဟားဟား'

လူလွတ်နေတဲ့ စာသင်ခန်းကို ကြည့်ပြီး ကျောင်းမှာ အနိုင်ကျင့်နေကြ အဖွဲ့သည် ကျေနပ်နေကြသည်။ သူတို့ရဲ့ သခင်လေးလည်း

ကျေနပ်လောက်ပြီ။ နောက်ကျလို့ ဆွန်းမို အခန်းထဲရောက်လာရင် ဘယ်လို ဖြစ်ပျက်သွားမလဲဆိုတာ တော်တော် စိတ်ဝင်စားဖို့ ကောင်းမှာပဲ။

အခန်း (၁၆၄) - ဆွန်းမိုရဲ့ ဒေါသ ကြမ်းကြမ်း။

ထန်ထန်ယုထန်၊ အင်ဘိုင်ဝူနှင့် ရှန်ယွန်ပေါင်တို့အားလုံးသည် ဝိညာဉ်တက်တူးလေ့လာဖို့ စိတ်မဝင်စားကြပါ။ ဆွန်းမိုဆီက ခွင့်ပြုချက်ရတာနဲ့ အတန်း ဆက်မတက်ကြတော့ပါ။

ချန်လုံကတော့ စိတ်အားထက်သန်ပေမယ့် ဆွန်းမို နေ့တိုင်းပဲ ဒီအခြေခံအကြောင်းပဲ ပြောနေတော့ တော်တော် ငြီးငွေ့နေသည်။ ဒါကြောင့်လည်း မြတ်ဆရာ ဟီရန်ဂျီ၏ ဝိညာဉ်တက်တူး အတန်းကိုသာ သွားတက်နေသည်။

လုချီဟွာကတော့ အမာခံ ပရိတ်သတ်ဖြစ်သည်။ ဒီဘာသာရပ်ကို စိတ်မဝင်စားသော်လည်း သူမဆရာ သင်တဲ့ အတန်းတိုင်းမှာ သူမ ရှိနေမည်။ မကြာခင်ကမှ လီဇီချီက အဝေးကို ခေါ်ထုတ်သွားသည်။

လီဇီချီကျတော့ လှုပ်လှုပ်ရှားရှား မလုပ်ရတဲ့ဘာသာရပ်တိုင်းကို စိတ်ဝင်စားသည်။ ပါရမီရှင်တစ်ယောက်အနေနဲ့လည်း ဆွန်းမိုရဲ့ ဝိညာဉ်စုဆောင်းခြင်းတက်တူးရဲ့ အနှစ်သာရကို နားလည်ခဲ့သည်။ ဝိညာဉ်ချီလေဆင်နှာမောင်း ထွက်လာအောင် တောင် ဆွဲနိုင်နေပြီ။ ဆိုလိုတာက သူမဆွဲသည့် ဝိညာဉ်တက်တူးသည် အနည်းဆုံး အဆင့် (၅) ရှိသည်။

သဘာဝအားဖြင့် သူမ ဝိညာဉ်တက်တူး တစ်ခုဆွဲတာ ဆွန်းမိုထက်တော့ သုံးဆပိုကြာသည်။

ဆွန်းမိုက ဝိညာဉ်စုဆောင်းခြင်းတက်တူးကို ဘိုးဘေးအဆင့်နားတောင် ရောက်နေပြီး လီဇီချီက အခုမှ စသင်ခါစ အဆင့်ဖြစ်သည်။ ဒါကြောင့် သူမရဲ့ ပင်ကိုယ် အရည်အချင်းက ဘယ်လောက်ထူးချွန်လည်း သိသာစေသည်။

အထက်ပါ အကြောင်းအရာများကြောင့် ဆွန်းမိုရဲ့ တိုက်ရိုက်တပြည့်များက ဝိညာဉ်တက်တူး အတန်းကို

မတက်ရောက် ဖြစ်ကြပါ။ အခုလောလောဆယ်တော့ ဆွန်းမိုအတွက် ကိန်းဂဏန်းတွေ မလိုအပ်တော့ပါ။

အတန်းတစ်ခုစီတိုင်း ပျမ်းမျှ လူ၅၀လောက်တော့ တက်ရောက်ကြသည်။ စနစ်ကပေးတဲ့ တာဝန်အရတော့ သုံးလအတွင်း တက်ရောက်သူ အရေအတွက် လူ ၂၀၀ ရှိရမည် ဖြစ်သည်။ တာဝန်ဆိုပေမယ့် မအောင်မြင်လဲ အပြစ်ဒဏ်မရှိပါ။ ဒါကြောင့် ဆွန်းမို စိတ်ပူစရာ အကြောင်း မရှိပါ။

အန်ရှီဝေကလည်း သူ့ရဲ့ ကျင့်ကြံခြင်း ဆေးပညာအတန်းကို ဗဟိုပြည်နယ်အကယ်ဒမီရဲ့

ကိုယ်စားပြု ဘာသာရပ်ဖြစ်လာအောင် စီစဉ်နေသည်။ တကယ်တော့ သူမသည် အရာရှိတချို့၊ မှူးမတ်တွေနှင့် လူ့အဖွဲ့အစည်းများ ထင်ပေါ်ကျော်ကြားတဲ့ လူတွေကို သူ့ရဲ့သင်ခန်းစာကို လာနားထောင်ခိုင်းဖို့တောင် ရည်ရွယ်ထားပြီး ဆွန်းမိုကို တစ်ချက်တည်းနဲ့ ပေါက်သွားအောင် (ကျော်ကြားသွားအောင်) လုပ်စေချင်နေသည်။

ဆွန်းမို စကြိန်ကနေ လျှောက်သွားနေရင်း သူ့အဝတ်အစားတွေကို သပ်ရပ်အောင် ပြုပြင်လိုက်သည်။ သူက အပြင်ပန်း အသွင်အပြင်ကို

အလေးထားပြီး အပြုံးတမ်းပြုံးနေတတ်သူလည်း ဖြစ်သည်။

ဒါပေမယ့် ဒီနေ့တော့ ဆွန်းမို အခန်းထဲကိုဝင်လိုက်ရင် မျက်နှာပေါ်က အပြုံးတွေရပ်သွားသည်။ လေးနက်သည့် အမူအရာက အစားထိုးလာသည်။

ဆွန်းမို နတ်ဘုရားမျက်စိ ဖွင့်လိုက်ပြီး ဒီကျောင်းသားတွေကို ချက်ခြင်း အသေးစိတ်လေ့လာလိုက်သည်။

“အမ်။ ဆရာအသစ်သင်ပေးတဲ့ အတန်းလား။ မင်းတို့ စာသင်ခန်း ရောနေတာလား”

“အို ။ ငါတို့ မှားသွားတာပဲ။ ဒီအစား အခန်း ၄၀၁ ပဲ သွားသင့်တယ်”

“သွားကြစို့။ မြတ်ဆရာတွေရဲ့ အတန်းပဲ တက်သင့်တယ်။ ဆရာအသစ်တစ်ယောက်ရဲ့ အဆင့်အတန်းက ပွဲလွန်းပါတယ်ကွာ။ သူ့စကားတွေကို နားထောင်မိရင် ငါတို့နားတွေပဲ နာကျင်ရမယ်”

ကျောင်းသားတချို့က ချက်ခြင်းပဲ ထရပ်ပြီး အရှေ့တံခါးကနေ ထွက်သွားကြသည်။

ဒါက တကယ် ရန်စနေတာပဲ။

ဖောင်ယန်က စကြ်န်တွင်ပေါ်လာပြီး ဆွန်းမိုရဲ့ ဖြစ်ပျက်သွားမယ့် မျက်နှာ အမူအရာကို ပြတင်းပေါက်ကနေ လှမ်းကြည့်ချင်နေသည်။

“ အဲဒီမှာ ရပ်နေအုံး”

ဆွန်းမို အော်ဟစ်လိုက်သည်။

“ဘာလဲ။ မင်းအတန်းကို ငါတို့မတက်ချင်ဘူး။ မင်းက အတင်းနေခိုင်းချင်နေတာလား”

ကျောင်းသားက မေးခွန်း ပြန်ထုတ်လာသည်။

ဆွန်းမိုက ဖောင်ယန့်လက်ပါးစေကို ပြန်မပြောပါဘူး။ မေးစေ့ချွန်ချွန်နဲ့ ကျောင်းသားကို လှမ်းကြည့်လိုက်သည်။

“မင်းကငါရဲ့ စံနှုန်းက နိမ့်ကျတယ်ဆိုတော့ ငါ့သင်ခန်းစာရဲ့ ဘယ်အပိုင်းမှာ ချို့ယွင်းနေတာလဲဆိုတာ မေးလို့ရမလား။”

“အမ်၊ မင်းရဲ့သင်ခန်းစာ တစ်ခုလုံးက အဆင့်အတန်း အရမ်းနိမ့်နေတာ။

တစ်ခြားသူတွေ့ရဲ့ထင်မြင်ချက်ကို
လက်မခံနိုင်တာလား။”

မေးစေ့ချွန်တဲ့ ကျောင်းသားက စကြံန်မှာရှိနေတဲ့ တစ်ခြားကျောင်းသားတွေကြားအောင် ရည်ရွယ်ချက်ရှိရှိနဲ့ အသံကျယ်ပြီး အော်ပြောလိုက်သည်။ သူက လူအုပ်ကြီး ဖြစ်လာစေချင်သည်။

ဒါကလည်း ဧောင်ယန် ခိုင်းထားခြင်းဖြစ်သည်။ သူတို့က ဆွန်းမိုကို လူမြင်ကွင်းမှာ အရှက်ကွဲအောင် လုပ်ရမည်။

“ရယ်စရာ ကောင်းလိုက်တာ”

ဆွန်းမိုက အဲဒီကျောင်းသားကို တစ်ခါတည်း လက်ညှိုးထိုးရင်း ပြောလိုက်သည်။

ဖောင်း

ရွှေရောင် အလင်းများက မီးခြစ်ကျောက်က ထွက်လာသလို ထွက်ပေါ်လာသည်။ ထို့နောက် ရွှေရောင် မြွေအဖြစ်ပြောင်းသွားပြီး မေးစေ့ချွန်တဲ့ ကျောင်းသားကို လှမ်း ပစ်လိုက်သည်။

ရှတ်စ်

ကျောင်းသားသည် ရှောင်ဖို့ အချိန်မရလိုက်ဘဲ ထိမှန်သွားသည်။ ထို့နောက် မျက်လုံးများ

မှိုင်းသွားသည်။ ပြီတော့ သရေတွေ တစ်တောက်တောက်ကျပြီး ဦးတည်ရာမဲ့ လျှောက်သွားနေသည်။

“ဆရာဆွန်း၊ မင်းက ကျောင်းသားတစ်ယောက်ကို ‘သတိလစ်ခြင်းနဲ့ အသုံးမကျခြင်း” မြတ်ဆရာအရှိန်အဝါ တကယ်သုံးလိုက်တာလား။ မင်းအကြောင်း သူတော်စင်ဂိတ်ကို သတင်းပို့ပြီး မင်းက ဆရာတစ်ယောက်လုပ်ဖို့ သတ်မှတ်ချက် မပြည့်မှီအောင် လုပ်ပစ်မယ်”

ကျုံခမ်က လှမ်းအော်သည်။

ဆွန်းမိုက တစ်ခွန်းပြန်မပြောဘဲ ကျုံခမ်အရှေ့ကို တိုက်ရိုက် လျှောက်သွားသည်။

ကျုံခမ်ကလည်းခေါင်းမော့ပြီး ဆွန်းမိုကို ဒေါသတကြီး စိုက်ကြည့်သည်။ တကယ်တော့ ဆွန်းမိုကို မဆန့်ကျင်ချင်ပါ။ ဒါပေမယ့်လည်း သူ့မှာ ရွေးချယ်စရာ မရှိပါ။ သူသည် ဇောင်ကလန်က ကျွန်တစ်ယောက်ရဲ့သားဖြစ်သည်။ သူကလည်း ဇောက်ယန်ရဲ့ နောက်လိုက်တစ်ယောက် လုပ်နေရသည်။ သူတို့မျိုးနွယ်စုတစ်ခုလုံးသည် ဇောင်ကလန် အတွက် ထာဝရ အစေခံသာဖြစ်သည်။

ငယ်ငယ်ကတည်းက သခင်လေးဇောင်က ဒီအတိုင်းပြောထားခဲ့ပြီး ဒီလိုပဲ လုပ်ခဲ့ရသည်။

ဖောင်း

ဆွန်းမိုက ကျုံခမ်မျက်နှာကို တစ်ခါတည်း ရိုက်ချလိုက်သည်။

“ ဘာကြောင့်ငါကို ရိုက်တာလဲ”

ကျုံခမ်က ပြန်အော်သည်။

ဒီအချိန်တွင် စကြိန်တစ်ခုလုံးတွင် ကျောင်းသားတွေ စုဝေး နေကြပြီ။ ဇောင်ယန်ကို မြင်လိုက်လျှင် ခပ်ဝေးဝေးမှာသာ

ရပ်နေလိုက်ကြသည်။ ဒါကြောင့်လည်း ထူးဆန်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်လာသည်။

အရှေ့တံခါးနှင့် အနောက်တံခါးတွင် ကျောင်းသားတွေ အများကြီး စုဝေးနေကြပြီး ဇောင်ယန်နဲ့ ငါးမီတာ ပတ်လည်တွင် ဘယ်သူမှ မရှိကြပါ။

“ငါက မင်းကို မရိုက်ပါဘူး။ မင်းကို ကူညီပြီး ကုပေးနေတာ”

ဆွန်းမို ပြောလည်းပြော နောက်တစ်ချက်လည်း ရိုက် လိုက်သည်။

ဖောင်း

ပါးရိုက်သံ အကျယ်ကြီး ထွက်လာသည်။

"မင်း......."

ကျုံ့ခမ်က စကားပြောချင်နေပေမယ့် ဆွန်းမိုရဲ့ လက်ဝါး နောက်တစ်ချက်ကြောင့် စကားလုံးတွေ လည်ချောင်းထဲ တစ်နေသည်။

"ကျုံ့ခမ်နှင့် သူ့အဖော်တွေ ဓောင်ယန်ကြောင့် ရောက်လာပြီး ဘယ်လောက်တောင် ပြဿနာရှာနေတာလဲ"

“အင်း။ ဧောင်ယန် သေချာပေါက် လက်စားချေမယ်ဆိုတာ ငါသိနေတယ်”

“ဒီကောင်က အရမ်းစိတ်ပျက်ဖို့ ကောင်းတာပဲ။ ငါတို့ကျောင်းမှာ ဒီလိုဆရာကောင်း တစ်ယောက်ရဖို့ မလွယ်ဘူး။ သူတို့က သူ့ကို ဘာဖြစ်စေချင်နေတာလဲ။ ဆွန်းမိုကို ဖယ်ထုတ်လိုက်ရင် ဆုံးရှုံးရမယ်သူက တခြားသူမဟုတ်ဘူး ငါတို့ပဲ ဖြစ်မှာ”

ကျောင်းသားတွေ ဆွေးနွေးနေကြသည်။ ဘာဖြစ်နေလည်းတော့ သူတို့လည်း မသိကြပါ။

သူတို့ ကျောင်းမှာ အနိုင်လိုက်ကျင့်တတ်တဲ့အဖွဲ့ကို မြင်လိုက်လျှင် ချက်ခြင်းပဲ ဆွန်းမိုဘက်က ရပ်တည်လိုက်ကြသည်။

ဒီလူတွေက ဇောင်ယန်ရဲ့ နောက်လိုက်တွေဖြစ်ပြီး သူတို့မလုပ်ဖူးတဲ့ မကောင်းမှုတွေ မရှိပါဘူး။

ငွေညှစ်မယ်၊ မိန်းကလေးတွေကို ဘရုတ်သုတ်ခ လုပ်မယ်၊ လူတွေကို ရိုက်မယ်၊ လူတွေကို ခွေးလိုဟောင်ခိုင်းမယ်၊ အုပ်စုဖွဲ့ပြီး သူတို့လုပ်ခဲ့တာတွေကို ပြန်ပြောမယ် ဒီလိုစိတ်ပျက်ဖို့ကောင်းတာတွေကို လုပ်နေကြပါ။

ကျောင်းသားတွေကို အနိုင်ကျင့်ရုံသာမက ဆရာအနည်းငယ်လည်း သူတို့ကြောင့် နာမည်ပျက်ခဲ့ရသည်။ အဲဒီဆရာတွေဆိုရင် ရွေးချယ်စရာမရှိဘဲ ကျောင်းက ထွက်သွားခဲ့ရသည်။

ပြောရရင် ဇောင်ယန်တို့အုပ်စုက လူတိုင်း မုန်းတီးနေကြတဲ့ အဖွဲ့ဖြစ်သည်။ သို့သော်လည်း သူတို့ကို ရန်ပြန်စဖို့မပြောနဲ့ သူတို့ကိုတောင် ပုန်းနေရသည်။

ဆွန်းမို လုပ်ဆောင်မှုကို မြင်တော့ ဖေခ်ဳယန် ပြုံးလိုက်သည်။ ဒါသူလိုချင်တဲ့ မြင်ကွင်း အတိအကျပဲ။

(ဆက်ရိုက်လိုက်စမ်းပါ။ မင်းပိုရက်စက်လေ သူတော်စင်ဂိတ်က မင်းစုံစမ်းစစ်ဆေးတဲ့အခါ မင်းအပြစ်ပိုကြီးလာလေပေါ့ကွာ။ အဲဒီအချိန်ကျရင် မင်းကျောင်းဆရာတောင် လုပ်လို့ မရစေရဘူး။)

သူတော်စင်ဂိတ်သည် ဒီကမ္ဘာပေါ်မှာတော့ ဆရာတွေကို အုပ်ချုပ်တဲ့ အဖွဲ့အစည်း ဖြစ်သည်။ မြတ်ဆရာတွေရဲ့ ကြယ်ပွင့်အဆင့်ကို အကဲဖြတ်ခြင်း၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတစ်ယောက်လုပ်ဖို့ အရည်အချင်း ပြည့်ခြင်း မပြည့်ခြင်းကို ဆုံးဖြတ်သည်။

အခုတော့ ဆွန်းမိုသည် လူတစ်ယောက်ကို အကြောင်းပြချက်မရှိ စည်းဝါးမရှိ ရိုက်နှက်နေသည်။ သူတော်စင်ဂိတ်ကသာ ဒါကို စစ်ဆေးလိုက်ရင် သူ့ရဲ့ အရည်ချင်းတွေကို ရုတ်သိမ်းလိုက်မည်။

သို့သော်လည်း ဆွန်းမိုသည် အရင်က သူအနိုင်ကျင့်ဖူးတဲ့ ဆရာတွေနဲ့ တော်တော်ကွာခြားသည်။

တခြားဆရာတွေဆိုရင် ဒီလိုအခက်အခဲနဲ့ ကြုံလာရင် အမြဲတမ်း ငြင်းခုံပြီး ပါးစပ်နှင့်သာ သဘောတရားတွေကိုသုံးပြီး ပြဿနာ ဖြေရှင်းတတ်သည်။ အမှန်တိုင်းပြောရလျှင် ဆရာတစ်ယောက်က ကျောင်းသားနှင့် ငြင်းခုံရင် နိုင်နိုင်ရှုံးရှုံး အရှက်ကွဲရသည်။ ဒါပေမယ့် ဆွန်းမိုကတော့ ဒီလိုမလုပ်ဘဲ တစ်ခါတည်း တိုက်ခိုက်ခဲ့သည်။

"ဆရာဆွန်းက တကယ် ဒေါသကြီးတာပဲ'

ကြည့်ရှုနေတဲ့ ကျောင်းသားတွေက မပွင့်တပွင့် ဆွေးနွေးနေကြသည်။ ကျုံ့ခမ် အရိုက်ခံနေရတာကို မြင်လျှင် သူတို့ရဲ့ ခံစားချက်တောင် တော်တော် သက်သာသလို ခံစားရသည်။ သူတို့က ကျောင်းမှာအနိုင်ကျင့်တတ်တဲ့ ကောင်တွေကို ရိုက်နေရသလိုမျိုးကို ဖြစ်နေသည်။

“ဒီအတန်းကို လာတက်တဲ့ ကျောင်းသားတွေ ဘာကြောင့် ရုတ်တရတ်ထွက်သွားရတာလဲဆိုတာ ရှင်းပြဖို့ အခွင့်အရေးပေးမယ်။ မဟုတ်လို့ကတော့

မင်းကိုကျောင်းထုတ်ဖို့ ကျောင်းအုပ်ကြီး အန်ကို တောင်းဆိုမယ်”

ဆွန်းမိုသည် ဒီကျောင်းသားတွေကို အေးစက်စက် စိုက်ကြည့်နေရင်း နည်းနည်းစိတ်တိုနေသည်။ ကျောင်းသားတစ်ယောက်ကို ထုတ်ပစ်ရတာက နည်းနည်းကထိကထ များသည်။ ဒီအတိုင်းဆက်သွားနေလို့ မဖြစ်တော့ဘူး။ တတ်နိုင်သမျှမြန်မြန် တက်ပြီး ဒုကျောင်းအုပ်ကြီး တစ်ယောက်ဖြစ်လာအောင် လုပ်ရမည်။

"ငါတို့က မသေမျိုး မဟုတ်ဘူးကွ။ မင်းအတန်းကို တခြားကျောင်းသားတွေ ဘာကြောင့် မတက်ချင်လဲဆိုတာ ငါတို့ ဘယ်လိုသိမှာလဲ"

တစ်ယောက်ကတော့ ဒေါသတကြီး ပြုမူလာပြန်သည်။

"ဆရာ။ သူတို့က မင်းအတန်းကို မတက်ဖို့ ခြိမ်းခြောက်တဲ့သူတွေပဲ"

ကျောင်းသားတစ်ယောက် လူအုပ်ထဲက လှမ်းအော်သည်။

" ဘယ်ကောင်ပြောတာလဲ"

ကျုံးခမ်က ချက်ခြင်းလှည့်ကြည့်သည်။ သူ့ရဲ့အကြည့်တွေက သွေးဆာလောင်နေတဲ့ ဝံပုလွေတစ်ကောင်လို ရက်စက်ကြမ်းကြုတ်နေသည်။

ဆွန်းမိုက ခြေထောက်မြှောက်ပြီး ကျုံးခမ်ကို ကန်လိုက်သည်။

ဘောင်း

ကျုံးခမ်က တိုက်ခိုက်ခံလိုက်ရပြီး ယိုင်ကျသွားသည်။ စားပွဲတချို့နဲ့တောင် တိုက်မိသွားသည်။

ဇောင်ယန်က စကားသံထွက်လာတဲ့ဘက်ကို ခေါင်းလှည့်ကြည့်လိုက်သည်။

ရှတ်စ်

ကျောင်းသားအုပ်ကြီးသည် အမဲလာလိုက်တဲ့ ဝံပုလွေကိုတွေ့လိုက်သလို အလန့်တကြား ဘေးဘက်ကို ချက်ခြင်း ရှောင်ထွက်သွားကြသည်။ ဇောင်ယန်က သူတို့ကို လှမ်းအော်လိုက်တဲ့သူနဲ့ ထင်ယောင်ထင်မှား ဖြစ်သွားမှာ ကြောက်နေကြသည်။

“ငါ့ကို ဖြတ်သွားခွင့်ပေးပါ”

ရုတ်ရုတ်သဲသဲ အသံကိုကြားလိုက်လျှင် လင်ကျန်သည် ပြေးလာခဲ့သည်။ ဖေါင်ယန်ကို အခင်းဖြစ်ပွားရာနေရာမှာ တွေ့လိုက်ရင် သူ့မျက်နှာ ချက်ခြင်းမည်းသွားသည်။

(ဘာလို့ ဒီခွေးမသားတွေပဲ ဖြစ်နေတာလဲ)

“ဒီတစ်ကြိမ်တော့ ငါနဲ့ ဘာမှမဆိုင်ဘူး။ ဆရာဆွန်းက ကျောင်းသားကို ရိုက်နေတာ”

ဖေါင်ယန်က ရယ်ရင်း ပြောလိုက်သည်။

"မင်းသူ့ကို သွားတားသင့်တယ်။ ငါတို့ရဲ့ ထူးချွန်တဲ့ဆရာတော့ သူတော်စင်ဂိုဏ်ကနေ အရည်အချင်း အဖယ်ခံရတော့မယ်"

"လူစုခွဲကြပါ။ လူအုပ်ကြီးလုပ်နေတာတွေ ရပ်လိုက်ပါ"

လင်ကျန်က ဒေါသတကြီး အော်ဟစ်လိုက်သည်။ စာသင်ခန်းထဲကို မြန်မြန်ဝင်သွားပြီး

"ဘာတွေဖြစ်နေတာလဲ"

"ခေါင်းဆောင်လင်၊ ငါတို့ကျောင်းရဲ့ လေထု သန့်ရှင်းသွားအောင် သန့်စင်ခြင်း

လုပ်ရမယ်လို့ထင်တယ်။ ဘယ်လို အမှိုက်တွေ စုနေလည်း မသိဘူး။ ဒါက ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ နာမည်ကို အရှက်ရစေတယ်”

ဆွန်းမို တော်တော်ပေါက်ကွဲနေသည်။ ကျောင်းတွင်း အကြမ်းဖက်ခြင်း ကို အမုန်းဆုံးပဲ။

ဆရာတစ်ယောက်အနေနဲ့ ကျောင်းသားတွေအတွက် သင်ကြားရေးကို အထောက်အကူပြုတဲ့ တိတ်ဆိတ်တဲ့ ပတ်ဝန်းကျင်ကိုသာ ဖန်တီးပေးချင်သည်။

အိပ်မက်ဆိုးကြီးအစား သူတို့ရဲ့ ငယ်ဘဝ အမှတ်တရာများကိုသာ ဖန်တီးပေးချင်သည်။

လင်ကျန်လည်း ငြိမ်ကျသွားသည်။ ကျောင်းရဲ့ လက်ရှိအခြေအနေကို သူလည်း လက်တွေ့ကျကျ သိသည်။ သူလည်း ဘာမှမလုပ်နိုင်ပေ။

"ခေါင်းဆောင်လင်။ ငါ့ကိုအကြောင်းပြချက်မရှိဘဲ ရိုက်တဲ့ကိစ္စအတွက် မကျေနပ်ဖူး"

ကျုံခမ်က လေးဘက်ထောက်သွားပြီး တိုင်လိုက်သည်။ နာကျည်းမှု ပြည့်နေတဲ့ မျက်လုံးနဲ့ ဆွန်းမိုကို လှမ်းကြည့်နေသေးသည်။

ဆွန်းမိုက လက်ညှိုး ထိုးလိုက်သည်။

ဖောက်

'သတိလစ်ခြင်းနှင့် အသုံးမကျခြင်း မြွတ်ဆရာအရှိန်အဝါ'

ကျုံ့ခမ် ရှောင်ဖို့ ကြိုးစားလိုက်သည်။ ဒါပေမယ့်လည်း အသုံးမဝင်ပါ။ ရွှေရောင်မြွားတိုက်ရိုက်ထိမှန်ပြီး အရူးတစ်ယောက်လို ဖြစ်သွားသည်။

"ခေါင်းဆောင်လင်၊ ဒီကျောင်းသားတွေကို အရင်ဆုံး အချုပ်ထဲ ထည့်ထားလိုက်ပါ။ ငါ

ကျောင်းအုပ်ကြီး အန်နဲ့ ဒုကျောင်းအုပ်ကြီး ဝမ်ကို သွားရှာပြီး အခြေအနေရှင်းပြလိုက်မယ်။ ဒီကောင်တွေကို ကျောင်းက နှင်ထုတ်ကို ထုတ်ပစ်ရမယ်”

ဆွန်းမိုက ဇောင်ယန်ကို တစ်ချက်ကြည့်လိုက်သည်။ ဒီမနက်က သူ့ကို ချီးအိုးနဲ့ ပက်ဖို့ကြိုးစားတဲ့ နောက်ကွယ်ကကြိုးကိုင်နေတာ ဒီကောင်ပဲ ဖြစ်မယ်။

“ကောင်းပြီ”

လင်ကျန်ကလည်း ဖေါင်ယန် ကျူးလွန်ခဲ့သည့် ယုတ်မာမှုတွေကို ခံစားနေခဲ့ရတာ တော်တော်ကြာနေပြီ။ ဆွန်းမိုက ဖေါင်ယန်ကို အဝေးမောင်းထုတ်ရင် ထုတ်ပစ်နိုင်လောက်သည်။

"ဆရာဆွန်း၊ ကျောင်းသားတွေကို ရိုက်ပြီး ကျိန်ဆဲတာ မင်းရဲ့ ဂုဏ်သိက္ခာအတွက် မကောင်းဘူးနော်။ ငါထင်တာတော့ မင်းမြန်မြန် တောင်းပန်လိုက်တာမှ ပိုကောင်းမယ်။ မဟုတ်ရင် သူတော်စင်ဂိုတ်ရဲ့ စစ်ဆေးသူရောက်လာမှဆို နောက်ကျသွားမယ်နော်"

ဇောင်ယန်က ဆွန်းမို ထွက်သွားတာကိုကြည့်ရင်း လှမ်းအော်လိုက်သည်။

"ကျွန်တော်သက်သေလုပ်ပေးလို့ရတယ်။ ဒီလူတွေက အရင်ပြဿနာရှာတာ။ ဆရာဆွန်းက စာသင်ခန်း စည်းမျဉ်းကို လိုက်နာခဲ့တာပဲ ရှိတယ်"

လုချမ်ဂျီက ထွက်ရပ်လိုက်သည်။ သူကလူငယ်ဖြစ်လို့ သွေးဆူနေသည်။ ဇောင်ယန် လက်စားချေမှာကို ကြောက်ပြီး ပါးစပ် မပိတ်နိုင်ပါ။

ဖောင်ယန်က ချက်ခြင်းလှည့်ကြည့်ပြီး ပြောလိုက်သည်။

“ ငါ မင်းကို မှတ်ထားမယ်”

“ ငတုံး။ ဒီနေရာက မင်းစကားပြောရမယ် နေရာမဟုတ်ဘူး’

ဆွန်းမိုက ဒေါသတကြီး ပြန်အော်သည်။

ဆူပူ ကြိမ်းမောင်းခံလိုက်ရသော်လည်း ဆွန်းမိုက သူ့ကို ကာကွယ်ဖို့ ကြိုးစားနေမှန်းလုချမ်ဂျီ သိသည်။ ဒါကြောင့်လည်း နှလုံးသားထဲတွင် ကျေးဇူးတင်စိတ်တောင် ဖြစ်လာသေးသည်။

ဒင်

လုချမ်ဂျီ၏လေးစား အထင်ကြီးမှု +၃၀။ရင်းနှီး(၂၁၀/၁,၀၀၀)

လင်ကျန်က ကျုံ့ခမ်နှင့် အခြားခြောက်ယောက်ကို အဝေးခေါ်သွားသည်။ ဒီကိစ္စက ပျံ့နှံ့သွားသည်။ ဧောင်ယန်ရဲ့စရိုက်အရဆို သူနှင့် ဆွန်းမိုကြားတွင် ပြန်ပြေလည်သွားစရာ အကြောင်း မရှိပေ။

သူ့အဖေက အရမ်းချမ်းသာတဲ့ သူဌေးကြီးဆိုတဲ့ အချက်ကိုမေ့ထားလိုက်အုံး သူ့ရဲ့ ကြွယ်၂ ပွင့် မြတ်ဆရာ ခူလျိုရန်သည် တစ်ခြားသူမဟုတ်ပါ။

ခူလျိုရန်သည် အရမ်းစိတ်သဘောထား သေးသိမ်သည်။

ဆွန်းမိုနှင့် ဖောင်ယန်တို့ နှစ်ယောက်စလုံး ထွက်သွားကြသော်လည်း ကျောင်းသားတွေ လူစုမကွဲကြသေးပါ။ သူတို့ရဲ့ ထင်မြင်ချက်များကို အကြိတ်အနယ် ဆွေးနွေးနေကြသည်။

“ ဆရာဆွန်းက ဖောင်ယန်ကို ကျောင်းက ထုတ်နိုင်ပါစေလို့ ငါတကယ် မျှော်လင့်တယ်”

“ အရမ်းခက်မယ် ထင်တယ်။ ငါတော့ ဆရာဆွန်းက ဒီလုပ်ရပ်ရဲ့ အကျိုးဆက်ကို မခံနိုင်မှာဘဲ ကြောက်တယ်”

“ဇောင်ယန်ရဲ့ နောက်ခံက အရမ်းအားကောင်းလွန်းတယ်။ မဟုတ်လို့ကတော့ ကျောင်းအုပ်ကြီးအန် သူ့ကို နှင်ထုတ်လိုက်တာဖြင့် တော်တော်တောင် ကြာနေပြီ”

ကျောင်းသားအများစုကတော့ ခံစားချက် မကောင်းကြပါ။ ဒီတစ်ကြိမ်တော့ ဆွန်းမို စတီးပြားကို ကန်မိသွားတာ ဖြစ်နိုင်သည်။

အခန်း (၁၆၅) - ဆရာကြီးတွေနဲ့ ကစားခြင်း။

ဒေါက် ဒေါက်

တံခါး ခေါက်တဲ့ အသံထွက်လာသည်။ စားပွဲခုံတွင်အလုပ်ရှုပ်နေသော အန်ရှီဝေတစ်ယောက် ခေါင်းထောင်လာသည်။ လက်ထဲတွင်ကိုင်ထားသော နှမ်းဖက်မုန့်ကို ပြန်ထုပ်ပိုးပြီး အံဆွဲထဲ ထည့်လိုက်သည်။ ပါးစပ်ထောင့်ကို သုတ်လိုက်ပြီး ထိုင်ခုံမှ ထရပ်လိုက်သည်။

"ကျေးဇူးပြုပြီး ဝင်ခဲ့ပါ"

ဝင်လာတဲ့သူက ဆွန်းမို ဖြစ်နေသဖြင့် အန်ရှီဝေ ရုတ်တရက် အံ့အောသွားပြီး ရင်ဖိုသွားသည်။

“ကျောင်းအုပ်ကြီး အန်”

ဆွန်းမိုက ပြောသည်။

“မိုမိုလေး၊ မင်းက ငါ့ကို အပြင်လူတစ်ယောက်လို သဘောထားနေတာလား။ အရင်တုန်းကလိုပဲ ရှီဝေ ဒါမှမဟုတ်လည်း အမအန်လို့ ခေါ်ပါလား”

ကျန်ဟန်ဖူက ဆွန်းမိုကို ထောက်ပံ့ရေးဌာနကို ပို့လိုက်တုန်းက အန်ရှီဝေ ဘာမှ မပြောခဲ့မိပါ။ သူမက တလကြာရင် ဆွန်းမိုကို ပြန်ခေါ်မလို့

စီစဉ်နေခဲ့သည်။ ဒါပေမယ့် ရက်ပိုင်းအတွင်း ဆွန်းမိုက ထူးထူးခြားခြား အပြုအမူနဲ့ တိုးတက်လာခဲ့သည်။

အန်ရှီဝေက ကူညီဖို့ ရည်ရွယ်ချက်ရှိခဲ့ပေမယ့် မလုပ်ပေးလိုက်ရပါ။ ဒါကြောင့်လည်း သူမ အမြဲတမ်း စိတ်မကောင်း ဖြစ်နေရသည်။

"ကျောင်းအုပ်ကြီး အန် ၊ ကျောင်းသားခေါင်းဆောင်ယန်ကို ဘာဖြစ်လို့ ကျောင်းမထုတ်တာလဲ"

ဆွန်းက မျက်နှာ မှုန်ကုတ်ကုတ်ဖြစ်နေပြီး အန်ရှီဝေနဲ့လည်း ငြင်းခုန်ချင်စိတ် မရှိပါ။

ဆွန်းမိုရဲ့ လေသံက အေးစက်နေပြီး သူ့ပုံစံကလည်း တင်းမာနေသည်။ အန်ရှီဝေ စိတ်ထဲ နေရခက်သွားသည်။ သို့သော်လည်း သူမက ဉာဏ်ရည်မြင့်သည့် ပါရမီရှင် တစ်ယောက်ဖြစ်သောကြောင့် ဆွန်းမိုစကား နောက်ကွယ်က အဓိပ္ပါယ်ကို ခံစားမိသည်။

"ဒီကျောင်းသားက မင်းကို ပြဿနာ ရှာလို့လား"

အန်ရှီဝေ စိတ်ပူသွားသည်။ ဆွန်းမိုကို ခေါင်းကနေ ခြေဆုံး အကဲခတ်လိုက်သည်။ တော်သေးတယ် ။ သူဘာမှ မဖြစ်လို့။

“မင်း ကျောင်းထုတ်သင့်တယ်။ ဒီလိုမျိုး ကျောင်းမှာ ဗိုလ်ကျနေတဲ့ကောင်က အမြဲတမ်း တခြားကျောင်းသားတွေကို ခြိမ်းခြောက်နေမှာပဲ”

ဆွန်းမိုက ပြတ်ပြတ်သားသား ပြောလိုက်သည်။

ကျောင်းသည် ဆင်စွယ် တစ်ခုလို အမှတ်တရ ဖြစ်သင့်သည်။ ဒီမှာနေရတာက မိုးရွာပြီးခါစ ရာသီဥတု သာယာသလို အေးချမ်းပြီး ကျောင်းသားများအတွက် အကောင်းဆုံး အမှတ်တရများသာ ရှိရမည်။

ဖောင်ယန်လိုမျိုး လူယုတ်မာတွေ ရှိနေပါက ကျောင်းသားတွေအတွက် နာကျင်မှုတွေနဲ့ စိတ်ဒဏ်ရာတွေပဲ ကျန်ခဲ့နိုင်သည်။

"ဆွန်းမို ၊ဒီကိစ္စပြီးသွားရင် ငါလုပ်ဖို့ စီစဉ်လိုက်မယ်။ ဒါပေမယ့် တချို့အရာတွေက ကိုယ်ဖြစ်ချင်တာနဲ့ ဆန့်ကျင့်ဘက်တွေလည်း ဖြစ်သွားတတ်တယ်"

အန်ရှီဝေက သက်ပြင်းချရင်း ပြောလိုက်သည်။

ဗဟိုပြည်နယ်အကယ်ဒမီကို အန်ကလန်က ဘိုးဘေးတွေ တည်ထောင်ခဲ့ကြသည်။

ကျောင်းအုပ်ကြီးတွေက အာဏာကို အပြည့်အဝချုပ်ကိုင်ပြီး လုပ်ပိုင်ခွင့် အလွဲသုံးစား မလုပ်နိုင်အောင် ကျောင်းရဲ့ လုပ်ပိုင်ခွင့်ကို အစကတည်းက သုံးပိုင်း ခွဲထားခဲ့သည်။ ဒါကြောင့် ဒုကျောင်းအုပ်ကြီးနှစ်ယောက်မှာလည်း လုပ်ပိုင်ခွင့် ရှိနေသည်။

အန်ရှီဝေ၏ အဘိုးသည် သူတော်စင်အဆင့်ကိုတက်တာ မအောင်မြင်ဘဲ ကိုမာဖြစ်ခဲ့ရသည်။ ဒီလိုခက်ခဲတဲ့ အချိန်မှာမှ အန်ရှီဝေက ကျောင်းကို ဦးဆောင်နေရသည်။

မြတ်ဆရာတစ်ယောက်အနေနဲ့ အန်ရှီဝေသည် ထုံးစံအတိုင်း သင်ကြားရေး အရည်အချင်း ကောင်းမွန်သည်။ သို့သော်လည်း တစ်ကျောင်းလုံးကို အုပ်ချုပ်ဖို့တော့ အရည်အချင်း မမှီသေးပါ။

အရင်တုန်းကတော့ ကျန်ဟန်ဖူသည် ကျောင်းအုပ်ဟောင်းကို အရမ်းရိုသေပြီး မျက်လုံးမှိတ် လိုက်နာခဲ့သည်။ ဒါပေမယ့် ကျောင်းအုပ်ဟောင်း ကိုမာဝင်သွားပြီးနောက် ဗိုလ်မှူးကြီး လီဇီရှင်းရဲ့ ထောက်ပံ့မှုနဲ့ လောဘကြီးလာသည်။ အန်ရှီဝေရဲ့

လက်ထောက် မလုပ်ချင်တော့ပဲ ကိုယ်တိုင် အာဏာလိုချင်လာသည်။

ကျန်ဟန်ဖူကိုယ်တိုင်ကလည်း အရည်အချင်းမရှိရင် အရင်ကျောင်းအုပ်ကြီးက အလေးထားခဲ့မှာ မဟုတ်ပေ။ အခုတော့ လီဇီရှင်းရဲ့ အကူအညီနဲ့ အာဏာ ဖြန့်ကျက်မှုက သိသိသာသာ မြင့်မားလာသည်။

ထုံးစံအတိုင်း ကျန်ဟန်ဖူလည်း ဖိအားများနေသည်။ ဒါကြောင့် သူက အမျိုးအစား

ခွဲခြားမနေတော့ဘဲ ရသလောက် သိမ်းသွင်းခဲ့သည်။ ဥပမာ ရန်ချိုင်လို ကောင်မျိုးတွေပေါ့။

အရင်တုန်းကတော့ အန်ရှီဝေသည် အရိုးခံလေးသာ ဖြစ်သည် ။ ကျောင်းတစ်ခုလုံး ပြည့်စုံကောင်းမွန်လာအောင် အကျင့်ဆိုးယုတ်တဲ့ ဆရာတွေ၊ အလုပ်သမားတွေ အားလုံးကို ဖယ်ထုတ်ချင်ခဲ့သည်။

ဒါပေမယ့် ဒီလိုလုပ်လိုက်တော့ ပျားအုံကို တုတ်နဲ့ထိုးသလို ဖြစ်သွားသည်။

အန်ရှီဝေရဲ့ အတွေးက ကလေး ဆန်လွန်းသည်။

ဘုရင့်နန်းတော်ထဲမှာတောင် လူကောင်း ရှိသလို လူကြီးလူကောင်း ဟန်ဆောင်ထားတဲ့ ကြောင်သူတော် ကြွက်သူခိုးတွေလည်း ရှိနေမှာပဲ။

အန်ရှီဝေတစ်ယောက် လူအမျိုးမျိုး၏ မတူညီတဲ့ သဘောသဘာဝကို နားလည်လာတဲ့ အချိန်တွင် လူတော်တော်များများကို ရန်စပြီးသား ဖြစ်နေပြီ။

မဟုတ်တာတွေ ခိုးလုပ်ထားတဲ့ ဆရာတွေ၊ အလုပ်သမားတွေသည် အလုပ်ထုတ်ခံရမှာ ကြောက်ပြီး ကျန်ဟန်ဖူ အဖွဲ့ထဲကို ရောက်သွားသည်။

ပြောနိုင်တာကတော့ လုပ်ငန်းအတွေ့အကြုံနည်းတဲ့ အန်ရှီဝေတစ်ယောက် အစမှာပဲ အကွက်ရွှေ့မှားသွားသည်။ ဒါကြောင့်လည်း ကျန်ဟန်ဖူအဖွဲ့က မြန်မြန်ဆန်ဆန် အင်းအားအများကြီး တိုးသွားသည်။

ဝမ်ဆုကတော့ ဇီဇာကြောင်တဲ့ စိတ်ရောဂါရှိသည်။ သူက စောက်ရမ်းကို ခြောက်ပြစ်ကင်းသဲလဲစင် ဖြစ်ချင်သည်။ အန်ရှီဝေရဲ့ တွင်းဆုံးကျ လုပ်ဆောင်ချက်ကိုလည်း တွေ့လိုက်ရော အရမ်းစိတ်ပျက်သွားသည်။

ဝမ်ဆုအတွက်တော့

ဗဟိုပြည်နယ်အကယ်ဒမီသည် သူရဲ့ ဒုတိယအိမ် ဖြစ်သည်။ သူ့ အိမ်ပြိုကျသွားမှာကို မမြင်ချင်ပါ။ အန်ရှိဝေအရည်အချင်းလောက်နဲ့ ဒီအိမ်ရှင် မဖြစ်သင့်ပါ။ ဒါကြောင့် သူ့ဘာသာ တသီးတခြား နေလိုက်သည်။

ကျန်ဟန်ဖူနှင့် အန်ရှိဝေကို ကျောင်းကောင်းကောင်း မအုပ်ချုပ်နိုင်ဘူး ထင်တဲ့လူတွေက ဝမ်ဆု အဖွဲ့ထဲကို ရောက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါက ကျောင်းအုပ်တစ်ယောက် ဆိုပေမယ့် ကျောင်းသားတစ်ယောက်ကို ကျောင်းထုတ်ဖို့ဆိုရင် ဒုကျောင်းအုပ်နှစ်ယောက်ရဲ့ လက်မှတ် လိုသေးတယ်"

အန်ရှီဝေက မချိပြုံး ပြုံးရင်း ပြောလိုက်သည်။

"ဇောင်ယန်အဖေက ချင်လင်မြို့ရဲ့ ထိပ်တန်း အချမ်းသာဆုံး ဆယ်ယောက်ထဲကတစ်ယောက်။ သူ့ရဲ့ ကိုယ်ပိုင်ဆရာကလည်း ကြယ်နှစ်ပွင့် မြတ်ဆရာ ခူလျိုရန်။ သူတို့နှစ်ယောက်စလုံးက ကျန်ဟန်ဖူ အတွက်တော့ အရေးပါတဲ့လူတွေပဲ ။

ကျန်ဟန်ဖူက ဇောင်ယန်ကို အမြဲတမ်း အကောင်းဆုံး ကာကွယ်ပေးထားတယ်”

ဘယ်လိုပဲပြောပြော ဆွန်းမိုသည် အရင်ကမ္ဘာတွင် တာဝန်ခံဆရာအဖြစ် ခြောက်နှစ်ယောက် လုပ်ခဲ့ဖူးသည်။ တချို့ကျောင်းသားတွေရဲ့ မိဘတွေက အရမ်းမောက်မာကြသည်။

ကျောင်းသားတစ်ယောက် အပြစ်ကျူးလွန်လိုက်ရင်တောင် သူတို့ရဲ့ မိဘအဆင့်အတန်းပေါ် မူတည်ပြီး အပြစ်ပေးကြရသည်။

"ငါ ကျန်ဟန်ဖူကို သတိပေးလိုက်မယ်။ ဒါတောင် ဖောင်ယန်က မင်းကို ဆက်ပြီး ပြဿနာရှာနေသေးရင် သူ့နဲ့ ဟန်ဆောင် ဆက်ဆံနေရတာကို ဖျက်ဆီးပစ်လိုက်မယ်"

အန်ရှီဝေက အမူအရာနဲ့ပါ ပြောလိုက်သည်။

"မင်းမှားနေပြီ။ အခု ပြဿနာဖြစ်နေတာက ငါနဲ့ထိပ်တိုက်တွေ့နေလို့ မဟုတ်ဘူး။ ဖောင်ယန်လိုကောင်က ကျောင်းအတွက် အကျိတ်အခဲ ဖြစ်နေလို့ ပြောနေတာ။ ငါတို့သာ မခွဲထုတ်ရင် ကျောင်းရဲ့ သင်ကြားရေး ပတ်ဝန်းကျင် ပိုပျက်ဆီးလာလိမ့်မယ်"

ဆွန်းမိုကတော့ ဘယ်လိုကိစ္စပဲဖြစ်ဖြစ် ခေါင်ယန်ကို ကျောင်းထုတ်ဖို့ ဆုံးဖြတ်ထားသည်။ ကျောင်းတွင်း အနိုင်ကျင့်ခြင်းနှင့် အိမ်မွေးခွေးတွေကို ချစ်တတ်တာက ဖြစ်နိုင်သမျှ မြန်မြန် ဖယ်ရှားပစ်ဖို့လိုသည်။ ဒါမဟုတ်ရင် ကျောင်းရဲ့ သင်ကြားရေး ပတ်ဝန်းကျင်ကို ထိခိုက်လာလိမ့်မည်။

ဆွန်းမိုရဲ့ စကားကို ကြားလိုက်လျှင် အန်ရှီဝေသည် ဆွန်းမိုကို တအံ့တအော စိုက်ကြည့်နေသည်။ ဆွန်းမိုက တကယ် စိတ်ရင်းနဲ့ ပြောနေမှန်း

သူမသိသည်။ အခြေအနေတွေကိုလည်း ကျောင်းသားရှုထောင့် ဖက်က ကြည့်ပေးနေသည်။

သူက ကျောင်းရဲ့ သင်ကြားရေး ပတ်ဝန်းကျင်ကို မြှင့်တင်ဖို့ အတွက်ဆိုရင် ကြယ်နှစ်ပွင့် မြတ်ဆရာသာမက ချင်လင်မြို့ရဲ့ ဆရာကြီးဆိုတဲ့ အကောင်တွေကိုတောင် စော်ကားရလဲ ဂရုမစိုက်ပေ။

ဒါကမှ ဆရာတစ်ယောက်ရဲ့ စိတ်ဓါတ်ပဲ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၂၀။ရင်းနှီး(၁၇၀/၁,၀၀၀)

စနစ်ဆီက အကြောင်းကြားချက်ကို ရလိုက်လျှင် အရင်က စိတ်ဓါတ်ကျနေသော ဆွန်းမိုလည်း ခံစားချက် ပြန်ကောင်းလာသည်။ အနည်းဆုံးတော့ အန်ရှီဝေသည် အိပ်မက်တွေရှိသေးတဲ့ ကျောင်းအုပ်ကြီး ဖြစ်နေသေးသည်။

အန်ရှီဝေသည် စားပွဲထဲက ဖောင်တစ်ခုကို ထုတ်ယူလိုက်သည်။ ဖောင်ယန်ကို ကျောင်းထုတ်ရတဲ့ အကြောင်းပြချက်ကိုရေးပြီး လက်မှတ်ထိုးလိုက်သည်။

"မင်းဘာပဲလုပ်လုပ် ငါလုံးဝ ထောက်ခံပေးမယ်"

အန်ရှီဝေလည်း ဒီတစ်ကြိမ်တော့ ငါးတွေသေပြီး ပိုက်တွေပြဲသွားတဲ့အထိ ရုန်းထွက်ဖို့ ဆုံးဖြတ်လိုက်သည်။ ဆွန်းမိုကတောင် ဒီလောက် သတ္တိရှိနေရင် သူမက ဘာကြောင့် ဖောင်မဖျက်ရဲရမှာလဲ။ (ဘုရင့်နောင် ဖောင်ဖျက်)

"မလိုပါဘူး။ ငါရှာတဲ့ ပြဿနာကို ငါ့ဘာသာ ဖြေရှင်းမယ်"

ဆွန်းမိုက ဖောင် (စာရွက်)ကို လှမ်းယူရင်း ပြောလိုက်သည်။

“ ဝမ်ဆုနှင့် ကျန်ဟန်ဖူကို ရှာပြီး လက်မှတ်ထိုးခိုင်းလိုက်မယ်”

“ခဏနေအုံး”

အန်ရှီဝေက လက်ကို ဆန့်ထုတ်လိုက်သော်လည်း တဝက်တပျက်နဲ့ နေးသွားသည်။ ဆွန်းမိုက ဖောင်ကို သိမ်းပြီးသွားပြီ။

“ဘာမှလုပ်စရာမရှိတော့ရင် ငါသွားတော့မယ်”

ဆွန်းမို လှည့်ထွက်သွားသည်။

"ကျန်ဟန်ဖူ နောက်ကွယ်က လူက လီဇီရှင်းပဲ။ မင်းသတိထားရမယ်။ သူက သူ့ရည်မှန်းချက်ပြည့်ဖို့ဆိုရင် ဘာမဆိုလုပ်မယ့် လူမျိုး"

အန်ရှီဝေက ဆွန်းမိုကို သတိပေးလိုက်သည်။

"လီဇီရှင်းလား။ တော်ဝင်မျိုးနွယ်ကလား"

ဆွန်းမို ခန့်မှန်းလိုက်သည်။ တန်နိုင်ငံရဲ့ ဘုရင်မျိုးနွယ်က 'လီ' ဖြစ်သည်။ ဒါကြောင့်လည်း မျိုးရိုးနာမည် 'လီ'သာဖြစ်ပါက တခြားသူများထက် အဆင့်အတန်း မြင့်နိုင်သည်။

"ဟုတ်တယ်။ ကေရာဇ်ရဲ့ ညီတော်ပဲ။ ချင်လင်မြို့ကို အပိုင်စားပေးထားတယ်။ သူက အရမ်းစိတ်အနှောက်အယှက်ပေးပြီး ဉာဏ်ကောင်းတဲ့ ရန်သူမျိုးပဲ"

အန်ရှီဝေက သက်ပြင်းချရင်း ပြောလိုက်သည်။ အရေးပါတဲ့ ပုဂ္ဂိုလ်သာ ကျုန်ဟန်ဖူနောက်မှာမရှိရင် သူ့အရည်အချင်းနဲ့ဆို ဒီလောက်အထိ မဖြစ်လာနိုင်ပါ။

"နားလည်ပြီ"

ဆွန်းမိုက တံခါးပိတ်ပြီး ထွက်သွားသည်။

အန်ရှီဝေသည် ဆွန်းမို ထွက်သွားတာကို ကြည့်နေရင်း အတွေးထဲမျောနေသည်။ ဗိုက်ဆာလို့ ဗိုက်က တဂွီဂွီအော်မှပဲ ပြန်သတိဝင်လာသည်။ စားလက်စ နှမ်းဖက်မုန့်ကို ပြန်ထုတ်စားလိုက်သည်။ သို့သော်လည်း အာရုံထွေပြားနေသေးသည်။

"မိုမိုလေးရေ။ ဒီတခေါက်လည်း နောက်ထပ် အမြင်တမျိုးပေးသေးတာပဲ"

အန်ရှီဝေလည်း သူတို့ငယ်ဘဝလေးကို ပြန်သတိရသွားသည်။ ထိုအချိန်က ဆွန်းမိုရဲ့

ပင်ကိုယ်အရည်အသွေးနဲ့ အခု ပင်ကိုယ်အရည်အသွေး လုံးဝ ကွာခြားသွားပြီ။

သူမကို အမြွတ်တနိုးနဲ့ အမအနှ်လို့ခေါ်ပြီး နောက်က လိုက်နေတတ်တဲ့ စိတ်ကူးထဲက လူငယ်လေး မဟုတ်တော့ပါ။ ကို့ကိုယ်ကို ယုံကြည်ချက်ရှိပြီး မာနကြီးကာ ရက်စက်တတ်တဲ့ လူတစ်ယောက်ဖြစ်လာပြီ။ သူစကားပြောတဲ့အခါ မရည်ရွယ်ဘဲ ခံ့ညားထည်ဝါလာပြီး သူ့ကို အထင်ကြီးသွားစေသည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၂၀။ ရင်းနှီး(၁၉၀/၁,၀၀၀)

ဝမ်ဆု ရုံးခန်းသည် အရမ်းသန့်ရှင်းပြီး ဖုန်တစ်စက်တောင် မရှိပါ။ ထိုင်ခုံအနည်းငယ်နှင့် သူ့စားပွဲပေါ်တွင် ရေနွေးအိုး တစ်လုံးသာရှိသည်။

“ မင်းက ဧောင်ယန်ကို ကျောင်းထုတ်ချင်တယ်”

ဝမ်ဆုက ဆွန်းမိုကို ကြည့်လိုက်သည်။

“သူ့နောက်ခံကိုရော သိလား”

“သိတယ်”

ဆွန်းမိုက ခေါင်းညိတ်ရင်း ပြန်ဖြေသည်။

ဝမ်ဆု မျက်လုံး အရောင်တောက်လာသည်။ သဘောကျစွာ ခေါင်းညိ့တ်လိုက်မိသည်။ ထို့နောက်တော့ သူက စုတ်တံကို ယူပြီး ဖောင်ပေါ်တွင် လက်မှတ်နဲ့ သူ့နာမည်ကို ထိုးပေးလိုက်သည်။

“ မင်းလုပ်နိုင်မယ်လို့ လုံးဝယုံကြည်တယ်။ ဒါပေမယ့် ဒီအတွက်တော့ တခုမှ မကူညီပေးဘူး”

ဒါမှလည်း ဇီဇာကြောင်တဲ့ ဝမ်ဆု ပီသသည်။ သူက စကားပြောရင်ဘယ်တော့မှ လိုရာဆွဲမပြောပါ။

ဆွန်းမိုကို တကယ်ပြည့်စုံလား မပြည့်စုံဘူးလား စမ်းသပ်ချင်နေသည်။

တကယ်လို့ ပြည့်စုံပါက ဝမ်ဆုသည် သူ့ကို သူ့ရဲ့ မြတ်ဆရာ အသိုင်းအဝိုင်းထဲ သေချာပေါက် ဆွဲခေါ်လိုက်မည်။

“ဆရာဝမ်။ ဘာပဲဖြစ်ဖြစ် အကူညီစောင့်ပြီးလုပ်နေရင် ဆွန်လျောင် အကယ်ဒမီမှာကတည်းက ငါအရိုးဆွေးနေတာ ကြာလှပေါ့”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ပြောလိုက်သည်။ ဒီကမ္ဘာကြီးမှာ ကယ်တင်ရှင်ဆိုတာ မရှိပါ။

"ကောင်းတယ်"

ဝမ်ဆု အလိုလို ထောက်ခံလိုက်မိသည်။ ဆွန်းမိုကို ကြည့်ရင်း ပိုဘောကျလာသည်။

ဒင်

ဝမ်ဆု၏ လေးစားအထင်ကြီးမှု +၁၅။ မူလ(၂၃/၁၀၀)

ဆွန်းမိုက မတ်တပ်ရပ်ပြီး ထွက်သွားသည်။ အစကနေ အဆုံးထိ သူ့အမူအရာက ထောင်လွှားတာလဲ မရှိသလို နှိမ့်ချတာမလဲ မရှိပါ။

ဝမ်ဆုက ထွက်သွားတဲ့ ဆွန်းမိုကို အကဲခတ်ရင်း ပိုပို သဘောကျလာသည်။ ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်အနေနဲ့ သူနဲ့ဆုံလိုက်ရင် တုန်လှုပ်သွားတဲ့လူ၊ သူ့ကို မျက်နှာလုပ်တဲ့လူ၊ သူ့ကိုလန့်တဲ့လူ တစ်ခုမဟုတ်တစ်ခုတော့ ဖြစ်သွားကြသည်။ ဆွန်းမိုကတော့ သူ့အရှေ့မှာ တည်တည်ငြိမ်ငြိမ်နဲ့

နေနိုင်တဲ့ ရှားပါးလူငယ်များထဲက တယောက်ဖြစ်သည်။

"အရမ်းထူးချွန်းတဲ့လူငယ်ပဲ"

ဆွန်းမိုက သူ့ကို အာရုံစိုက်လာအောင် တမင်သက်သက် မလုပ်ခဲ့တာလည်း သူသိသည်။ တကယ်ကို တည်ငြိမ်ခဲ့တာဖြစ်သည်။

သူ့ခွန်အားကို သူယုံကြည်သောကြောင့် တည်ငြိမ်နေခဲ့သည်။

သဏ္ဍာန်မဲ့မြင့်မြတ်စကြ်ဝဠာကျင့်စဉ်က ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့

မြင့်မြတ်ကျင့်စဉ် ဖြစ်သည်။ ဆွန်းမိုက ကျင့်ကြံနေခဲ့တာ အဆင့် (၅)ကိုတောင် ရောက်နေပြီ။ သူ့ရဲ့ ရှေးဟောင်းလောကနတ်ကျင့်စဉ်ကလည်း ပြိုင်ဘက်တွေရဲ့ ကျင့်ကြံခြင်းကျင့်စဉ်၊ အတွေ့အကြုံနှင့် အသိပညာတွေကို ဖော်ထုတ်နိုင်သည်။

ပြီးတော့ သူ့မှာ စိတ်ဝိညာဉ်ပုံသွင်းခြင်း၊ နတ်ဘုရားမျက်စိနှင့် ရှေးဟောင်းအနှိပ်ပညာလည်း ရှိနေသေးသည်။ ဒီအရည်အချင်းတွေကို ထပ်ပေါင်းပေးလိုက်ပါက ဆွန်းမိုရဲ့

ဆရာအလုပ်အကိုင်အတွက် ကျားကို အတောင်ပံတပ်ပေးသလို ဖြစ်သွားမည်။ ဘာကြောင့် ယုံကြည်ချက်ပျောက်ပြီး တုန်လှုပ်နေရမှာလဲ။

ဆွန်းမိုသည် ဝမ်ဆု ရုံးခန်းထဲက ထွက်လာပြီး ကျန်ဟန်ဖူ ရုံးခန်းကို တန်းသွားလိုက်သည်။

"ဝင်ခဲ့"

တံခါးခေါက်ပြီး ဆွန်းမို ဝင်လာတာကို ကျန်ဟန်ဖူ မြင်လိုက်လျှင် မျက်လုံး ကျဉ်းသွားသည်။ ဒီကောင် နောက်ဆုံးတော့ ငါ့ရဲ့ စွမ်းအားနဲ့အာဏာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်လောက်ကြီးတယ်ဆိုတာ သိပြီး ပြန်ပြေလည်ဖို့ မျှော်လင့်ပြီး ရောက်လာတာလား။

(နောက်ကျသွားပြီ။ ငါ့ကို လူသိရှင်ကြား အရှက်ခွဲရဲတဲ့ အတွက် မင်းပြန်ပေးဆပ်ရမယ်)

ဆွန်းမိုကို ဘယ်လိုအရှက်ခွဲရင် ကောင်းမလဲ တွေးနေတုန်း ဆွန်းမိုက သူ့အရှေ့မှာ ထိုင်ချလိုက်သည်။

"ခေါင်ယန်ကို ကျောင်းထုတ်ဖို့ အကြံပေးချင်တယ်။ ကျောင်းအုပ်ကြီးအန်နဲ့ ဒုကျောင်းအုပ်ကြီး ဝမ်

ကတော့လက်မှတ်ထိုးပြီးသွားပြီ။ ဒု-ကျောင်းအုပ်ကြီး ကျန်။ မင်း သူ့ကို ဆက်ကာကွယ်ပေးချင်သေးလား”

ဆွန်းမိုက မခန့်လေးစား ပြောလိုက်သည်။

“မိုက်ရိုင်းလိုက်တာ။ ငါ့ကို ဘယ်လိုပုံစံနဲ့ ပြောနေတာလဲ’

ကျန်ဟန်ဖူ သေလုနီးပါး ဒေါသထွက်လာသည်။ ဒီကောင် သူမုန်းတဲ့ ‘ဒု’ဆိုတဲ့စကားကို သက်သက် အလေးပေးပြီးပြောတာပဲ။

ပတ်ဝန်းကျင်မှာ ကြားနေရတဲ့ ကောလဟာလက အမှန်ပဲ။ ဒီကောင် ပါးစပ်တော်တော်ဆိုးတာပဲ။

ဆွန်းမိုကို တောခွေးနက်ကြီးဆွန်းလို့ သတ်မှတ်ကြသည်။

ပြီးတော့ ဆွန်းမိုရဲ့ ဒေါက်မကျိုးတဲ့ ပုံစံကို တော်တော် စောက်မြင်ကပ်သည်။

“မင်းက အသစ်ဝင်လာတဲ့ ဆရာသစ်တစ်ယောက်ပဲ။ ဒါတောင် ငါ့ကို မေးခွန်းထုတ်ချင်နေတာလား။ မင်းကိုယ်မင်း ဘာကောင် ထင်နေလဲ”

“ငါ့ကိုယ်ငါ မထိန်းနိုင်လို့ တောင်းပန်ပါတယ်။ မင်းကိုကြည့်တာလည်း ဘယ် အချက်နဲ့လေးစားရမလဲ

မသိလို့ပါ” ဆွန်းမို ပခုံးတွန့်ပြီး ပြန်ပြောသည်။ ကျန်ဟာန်ဖူမျက်လုံးကို အပြစ်ကင်းတဲ့ပုံနဲ့ ပြန်ကြည့်နေပြီး

“စိတ်ကြီးလိုက်တာ”

ကျန်ဟာန်ဖူ စားပွဲခုံကို လက်သီးနဲ့ထိုးချလိုက်သည်။ ဆွန်းမိုကို စိုက်ကြည့်ရင်း

“မင်းကို အထက်လူကြီးတွေလေးစားဖို့ သင်ပေးရအုံးမှာလား”

“စကားလမ်းကြောင်း မပြောင်းပါနဲ့။ ဇောင်ယန်လို လူယုတ်မာကို ချက်ခြင်းမောင်းထုတ်ပြီး

ကျောင်းဝန်းကို ငြိမ်းချမ်းပြီး သန့်ရှင်းလာအောင် ပြန်လုပ်ပေးရမယ်။”

ဆွန်းမိုက မခံမရပ်နိုင် ပြောလိုက်သည်။

“စကားလမ်းကြောင်း ပြောင်းတဲ့လူက မင်းပဲ”

ကျန်ဟန်ဖူက ပြန်အော်သည်။ သူ ငတုံး မဟုတ်ပါ။ ဒီလို လှည့်ကွက်လောက်နဲ့ သူ့ကို အရှုံးလာလုပ်ချင်နေသည်။

“ဇောင်ယန်အကြောင်းကရော။ မင်းသူ့ကို ကာကွယ်ပေးချင်တုန်းလား။ အန်ရှီဝေနဲ့

ဝမ်ဆုတို့နှစ်ယောက်စလုံးကတော့ လက်မှတ်ထိုးပြီးသွားပြီ”

ကျန်ဟန်ဖူက ထိုင်ဖို့ မပြောပေမယ့် ဆွန်းမိုက ထိုင်နေပြီ။ မတ်တပ်ရပ်နေရလောက်အောင် ငထုံ မဟုတ်ပါ။

ဆွန်းမို အရမ်းမောက်မာနေတာကို မြင်ပြီး ကျန်ဟန်ဖူ ဒေါသတွေထွက်ပြီး သွေးချောင်းတောင် ဆိုးသွားသည်။ ဆွန်းမို ခေါင်းကို အပိုင်းပိုင်းခွဲဖို့ထက် ဘာမှ မလုပ်ချင်ပေ။ “လက်မှတ်ထိုးတယ်ဟုတ်လား။ ဒီကောင်တွေအားလုံးက လူကောင်း

လုပ်ချင်နေကြတာပဲ။ ဘယ်လောက်တောင် ကြောင်သူတော်ကြွက်သူခိုး နိုင်လိုက်လဲ။ မင်းသိအောင် ပြောလိုက်မယ်။ ဇောင်ယန်ကို ကျောင်းထုတ်လိုက်ရင် ဗဟိုပြည်နယ် အကယ်ဒမီလည်း ပြီးသွားလိမ့်မယ်။ မဟုတ်ရင် ငါက ဒီလောက်ကြာကြာ သည်းခံနေမယ်လို့ မင်းထင်လား”

“မင်းပြောနေတဲ့ပုံစံက လူတိုင်းကပဲ မင်းကို အမှားလုပ်နေသလိုပဲ”

ဆွန်းမိုက မဲ့ရွဲ့ပြီး ပြန်ပြောသည်။

"ဆရာသစ်တစ်ယောက်က ဘာသိမှာလဲ ၊ ဒီက ထွက်သွားစမ်း "

ကျန်ဟန်ဖူကအော်ဟောက်ပြီး တံခါးကို ညွှန်ပြလိုက်သည်။

"ဒါဆို မင်းက လက်မှတ်မထိုးဖို့ ဆုံးဖြတ်တာလား"

ဆွန်းမို မျက်မှောင် ကြုတ်လိုက်သည်။

"မင်းအမေကို ငါထိုးမယ်" ကျန်ဟန်ဖူက တန်းဆဲသည်။ သူက ဖောင်ကို လှမ်းလုပြီး ပြန်ဆုတ်လိုက်သည်။

"ဖေခါင်ယန်က ကျောင်းအတွက် ဘယ်လောက်အရေးကြီးလဲဆိုတာ မင်းမသိဘူး။ မင်းလုပ်ရပ်တွေက တရားမျှတမှုလို့ မင်းက ထင်ချင်ထင်နေမယ်။ ဒါပေမယ့် ကျောင်းတစ်ခုလုံး ထိခိုက်သွားနိုင်တာ မင်းမသိဘူး။"

"ဟား ဟား"

ဆွန်းမိုက မတ်တပ်ပြီး ပြန်ထွက်သွားရင်း တဟားဟား အော်ရယ်သွားသည်။

ကျန်ဟန်ဖူက ပန်းအိုးကို ကောက်ကိုင်ပြီး တံခါးကို ပစ်ပေါက်လိုက်သည်။

ဒိုင်း

ခလွမ်း

ပန်းအိုး အပိုင်းပိုင်းကွဲသွားသည်။ ကျန်ဟန်ဖူ ဟောဟဲဟောဟဲနဲ့ အသက်ရှူနေရသည်။ ဆွန်းမို အမှာင်တိုက်ကြီးဆီရောက်အောင် စောင့်နေဖို့အတွက် စိတ်မရှည်ချင်တော့ပါ။ အဲဒီမှာ ဒီကောင် သေကိုသေရမယ်။

ကျန်ဟန်ဖူ လက်ဖက်ရည်ကိုယူပြီး တစ်ငုံသောက်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ခဏနေအုံး။ ဆွန်းမိုကို ကိုင်တွယ်တဲ့နည်းက အရမ်းကြမ်းလို့ မရဘူး။ ငါက ဇောင်ယန်ကို ကျောင်းမထုတ်ဘူးဆိုတာ သူသိတယ်။ ဒါဆိုဘာလို့ လာသေးတာလဲ)

(တောက်။ တောခွေးနက်ကြီး ဆွန်းက ငါ့ဒေါသထွက်အောင် သက်သက်လာလုပ်တာပဲ ဖြစ်မယ်။)

ကျန်ဟန်ဖူ ချက်ခြင်း သဘောပေါက်သွားသည်။

အမှန်ပဲ။ ဆွန်းမိုကလည်း ကျန်ဟန်ဖူ လက်မှတ်မထိုးမှာ သိနေသည်။ သူက

အကြောင်းပြချက် နှစ်ခုကြောင့် ဒီကိုလာခဲ့သည်။ ပထမအချက် ကျန်ဟန်ဖူစိတ်ထဲမှာ ဇောင်ယန်က ဘယ်လောက် အရေးပါလည်း သိချင်သည်။ ဒုတိယအချက် ကျန်ဟန်ဖူကို သက်သက် စိတ်အနှောက်အယှက်ပေးချင်လို့။

(မင်းကို မရိုက်နိုင်တဲ့ ငါ့ကိုယ် ငါ မုန်းတယ်)

ကျောင်းအုပ်ကြီး ဖြစ်ချင်နေတဲ့ ကျန်ဟန်ဖူ မျက်လုံးထဲတွင် ဆွန်းမိုကို သဘောမကျတာ တော်တော်ကြာနေသော်လည်း အခုနောက်ပိုင်းတွင် ဘာဆိုဘာမှ မလုပ်နိုင်ပါ။ ဒါကြောင့်လည်းဆွန်းမိုက

ဒီနေ့တွင် ကျန်ဟန်ဖူ ဒေါသထွက်အောင် ရသလောက်လုပ်ခဲ့သည်။ ဒီပုံအတိုင်းဆိုရင် နောက်နေ့တော့ ကျန်ဟန်ဖူတစ်ယောက် ဝမ်းခိုင်နေလောက်ပြီ။

အခန်း (၁၆၆) - ဆွန်းမို ဒီတစ်ကြိမ်တော့ သေချာပေါက်သွားပြီ။

ဒိုင်း

ကျန်ရုံရဲ တံခါးတွန်းဖွင့်ပြီး ရုံးခန်းထဲကို ပြေးဝင်လာသည်။ မထိုင်ခင် အော်ပြောလိုက်သေးသည်။

“မင်းတို့ ကြားပြီးပြီလား။ ဆွန်းမို နောက်တစ်ခေါက် ရုတ်ရုတ်သဲသဲဖြစ်အောင် လုပ်လိုက်ပြန်ပြီ။ “

"ဆရာကျန် လူတိုင်းလည်း ဒီကိစ္စပဲ ပြောနေတာ"

ဝေါင်ချန်က ပြုံးပြီး အချိန်မှီ ထောက်ပေးလိုက်သည်။ သူက ဆရာကျန် မျက်နှာပျက်ပြီး အနေမခက်စေချင်ပါ။

"အို၊ မင်းတို့ရော ဘယ်လိုထင်လဲ"

ကျန်ရုံနဲက ပြန်စပ်စုလိုက်ပြီး ဝေါင်ချန်ကို ခေါင်းညိတ်ပြလိုက်သည်။ ဒီကောင်လေး မဆိုးဘူး။ အရိပ်ပြရင် အကောင်ထင်တယ်။ ကျန်ရုံနဲမှာ သာ အခွင့်အရေးရှိရင် သူ့ကို ပိုဂရုစိုက်ပေးလိုက်အုံးမည်။

"ဆွန်းမို ဒီတစ်ကြိမ်တော့ သေချာပေါက်သွားပြီ"

ဂေါင်ချန်က ဆက်ပြောလိုက်သည်။

“အင်း....၊ ငယ်ရွယ်သူဆိုတော့လည်း စိတ်လက်မာန်ပါ ရှိတာပဲ”

ကျန်ရုံနဲ သက်ပြင်းချရင်း ပြောလိုက်သည်။ သူက ဆွန်းမိုအပေါ်ကို အမြင်မဆိုးပါဘူး။ ဆရာတစ်ယောက်အနေနဲ့ဆိုရင် ဇောင်ယန်နှင့်အဖွဲ့ကို ကျောင်းကထုတ်ပစ်ချင်တဲ့ ဆွန်းမိုကို သဘောကျသည်။ သို့သော်လည်း တစ်ယောက်ယောက်က သဘောကျရုံနဲ့ လုပ်လို့မရပါ။

ဆွန်းမိုရဲ့ အသက်မွေးဝမ်းကြောင်း အလုပ်အကိုင် တစ်ခုလုံး ပျက်ဆီးသွားနိုင်သည်။

"ဆရာဆွန်းတော့ ပြဿနာ အကြီးကြီးတက်ပြီ"

ကူရှုပ်ရှင်း မျက်မှောင်တော်တော်ကြုတ်နေသည်။

ရန်ချိုင်က ထောက်ပံ့ရေးဌာနက ဌာနမှူးဖြစ်သော်လည်း အမှန်တကယ် အာဏာရှိတာက ကျန်ဟန်ဖူ ဖြစ်သည်။ အန်ရှီဝေနှင့် ဝမ်ဆုတို့က သဘောတူညီချက် လုပ်ပြီးကိုင်တွယ်လိုက်ရင် ကျန်ဟန်ဖူက

လက်ခံနိုင်သေးသည်။ ပြီးတော့ သက်သေအထောက်ထားကလည်း ခိုင်မာသည်။

သို့သော်လည်း ဇောင်ယန်ကိစ္စကတော့ ကွဲပြားသည်။

ဇောင်ယန်အဖေက အရမ်းချမ်းသာတဲ့ ကုန်သည်ဖြစ်ပြီး ချင်လင်မြို့ရဲ့ အချမ်းသာဆုံး ဆယ်ယောက်ထဲပါသည်။ ပြီးတော့ ဩဇာကြီးမားတဲ့ ပုဂ္ဂိုလ်တွေနဲ့လည်း ရင်းနှီးသည်။ ဒါ့အပြင် သူ့ဆရာကလည်း ကြယ်နှစ်ပွင့်မြတ်ဆရာ ခူလျိုရန်

ဖြစ်နေသည်။ သူ့အဆင့်အတန်းက အရမ်းကို မြင့်နေသည်။

"ဆွန်းမိုက အခုတလော အရမ်းအဆင်ပြေနေလို့ ခေါင်းရောင်းတာလား"

ရီဂျီမင်က တဟားဟား ရယ်ရင်း ဝေဖန်လိုက်သည်။

ဆွန်းမိုက ကျောင်းသားစုဆောင်းရေးပွဲတွင် ချင်ဖန်ကို အနိုင်ယူပြီး တရားဝင်ဆရာ ဖြစ်လာခဲ့သည်။ ပထမဆုံး လူထုဟောပြောပွဲတက်ရောက်တဲ့ လူဦးရေကလည်း

ကူရှုပ်ရှင်းနှင့် အခြားနှစ်ယောက်ထက် သာလွန်ပြီး အနိုင်ယူခဲ့သည်။ ထောက်ပံ့ရေးဌာနက ရန်ချိုင်ကို ဖြုတ်ချပြီး ဂေါင်ပန်ကိုလည်း အနိုင်ယူခဲ့သည်။ ရီဂျီမင် တွေးလိုက်မိသည်။ သူသာဆွန်းမိုနေရာမှာဆိုလည်း နည်းနည်းတော့ အောက်ခြေ လွတ်မိမည်။

တစ်ယောက်တည်းတွေးပြီး နည်းနည်း မနာလိုဖြစ်လာသည်။

သို့သော်လည်း ဒီတစ်ကြိမ်တော့ ဆွန်းမို ဒုက္ခရောက်ပြီ။ ဆွန်းမိုသည် ဒီတစ်ပတ်အတွင်း ကျောင်းက ထွက်ပြေးရမယ်လို့ သူတွက်ဆထားသည်။

“ဒီတစ်ကြိမ်တော့ ဆွန်းမို မလွတ်မြောက်နိုင်တော့ဘူး”

ပန်ရီကလည်း လက်ဖက်ရည်သောက်ရင်း ပြောသည်။

“ ငါကတော့ လှည့်ဖို့ နေရာကျန်သေးတယ်လို့ ထင်တယ်”

ဒူရှောင်က သုံးသပ်သည်။

“ဘယ်လို လှည့်မှာလဲ။ အရင်က ဓောင်ယန်ကို ကျောင်းထုတ်ချင်ခဲ့တဲ့ ဆရာနှစ်ယောက်ကို

မေ့သွားပြီလား” ရီဂျီမင် အေးစက်စက် ရယ်ရင်း ပြန်ပြောသည်။

“ဇောင်ယန်အဖေက နှစ်စဉ် ကျောင်းကို ငွေပေါင်းများစွာ လှူနေတယ်ဆိုတာ မေ့နေလား။ ဇောင်ယန်ကို ကျောင်းထုတ်လိုက်ရင် ဒီငွေတွေလည်း ပျောက်သွားမယ်”

ပန်ရီ အရမ်း စိုးရိမ်နေသည်။ သူက အသက်လည်း ကြီးနေပြီ အဆင့်ကလည်း သူလိုကိုယ်လိုသာ ဖြစ်သည်။ ဗဟိုပြည်နယ်အကယ်ဒမီမရှိတဲ့ နေ့ရက်ကို တွေးလိုက်ရင် သူဘာလုပ်ရမှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသက်ကလည်း ခြောက်ဆယ်။ ငယ်ရွယ်တဲ့ ဆရာတွေနဲ့ယှဉ်ပြိုင်ဖို့ တခြားကျောင်းသွားရမလား။ တွေးလိုက်ရုံနဲ့ ယုံကြည်ချက်ပျောက်ပြီး ရှက်နေသည်။

"ငွေကြောင့် တရားမျှတမှု နောက်ဆုတ်ပေးရမယ်ပေါ့ "

ဒူရှောင်က ငယ်ရွယ်ပြီး သွေးဆူတုန်းပါ။

"ငါကတော့ ဆရာဆွန်းကို ထောက်ခံတယ်"

ဒင်

ဒူရှောင်၏ လေးစားအထင်ကြီးမှု +၃၀။ မူလ(၇၀/၁၀၀)

လူတိုင်းက ကြားလိုက်ရင် ဆက်မပြောချင်တော့ဘဲ တိတ်ဆိတ်သွားသည်။

ဂေါင်ချန်ကတော့ စုတ်တံကိုလှည့်နေပြီး ဆွန်းမိုကို အရမ်းသဘောကျနေသည်။

အမှန်တိုင်းပြောရလျှင် ဖေါင်ယန်လုပ်ခဲ့တဲ့ မကောင်းမှုတွေကို ကြားပြီး သူလည်း အရင်က ကျောင်းထုတ်ဖို့ လုပ်ချင်ခဲ့သည်။ သို့သော်လည်းဖေါင်ယန်ရဲ့ နောက်ခံကို ကြားပြီး လက်ရှောင် လိုက်ရသည်။

သူ့မှာ ရွေးချယ်စရာ မရှိပါ။ အဲဒီလို အဆင့်အတန်းကို သူထိပါးလို့ မရပါ။

ဂေါင်ချန်၏ တစ်မိသားစုလုံးက သူသည် ဘဝတွင်အောင်မြင်ပြီး ငွေရှာကောင်းကာ မိသားစုကို ထောက်ပံ့နိုင်မယ်လို့ မျှော်လင့်ထားကြသည်။ ဂေါင်ချန်သာ ဆရာမဖြစ်တော့ပါက အနှစ်နှစ်ဆယ်လောက် အပင်ပန်းခံ ကြိုးစားပြီး သွင်းထားခဲ့ရတဲ့ ကျောင်းလခတွေ အာလဟာသ ဖြစ်သွားမည်။

"ဆွန်းမို၊ ငါတော့ မကူညီနိုင်ဘူး။ မင်းအောင်မြင်မယ်လို့တော့ မျှော်လင့်ပါတယ်"

ဂေါင်ချန် တိုးတိုးရေရွတ်လိုက်သည်။

ဒင်

ဂေါင်ချန်၏ လေးစားအထင်ကြီးမှု +၃၀။ မူလ(၅၇/၁၀၀)

ပန်ရီလည်း ထိုင်ခုံပေါ်တွင် မှီပြီး ငယ်ဘဝအကြောင်းကို ပြန်စဉ်းစားနေသည်။ သူလည်းတက်ကြွခဲ့တဲ့ ဆရာတစ်ဦးဖြစ်ခဲ့သည်။ တရားမျှတမှုအတွက် မတိုက်ခိုက်ဘဲ ရာထူးနဲ့

အချည်နှောင်ခံထားရတဲ့ ဆရာများကို စက်ဆုပ်ရွံရှာခဲ့ဖူးသည်။ ဒါပေမယ့်အခုတော့ သူဘာလို့ ဒီလိုလူမျိုးကို မုန်းခဲ့တာလဲ ဖြစ်လာသည်။

"တောက် စောက်သုံးမကျတဲ့ လူ့အဖွဲ့အစည်း"

ပန်ရီ ခံစားချက်တွေ ဖြစ်နေသည်။ သူ မတ်တပ်ရပ်ပြီး ရုံးခန်းထဲက လက်ခံနိုင်တဲ့စိတ်နဲ့ ထွက်လာပြီး အတွေးတွေ ယောက်ယက်ခက်နေသည်။ ဆွန်းမိုကို ခေါင်ယန်အား အောင်အောင်မြင်မြင်နဲ့ ကျောင်းက

နှင်ထုတ်နိုင်စေချင်တယ်။ တချိန်တည်းမှာပဲ စပွန်ဆာပျောက်ပြီး လစာမရမှာလဲ စိုးရိမ်နေသည်။

ရီဂျီမင်လည်း အတွေးထဲ မျောနေသည်။ အရင်ကတည်းက ဆွန်းမိုကို ရွဲ့စောင်းကာ ပြောနေခဲ့သော်လည်း စိတ်ထဲက ခိုးပြီး အားကျကာ သဘောကျ နေခဲ့သည်။

“ဇောင်ယန်လိုကောင်ကို ကျောင်းက နှင်ထုတ်ကာ အားနည်းတဲ့ ကျောင်းသားတွေကို ကာကွယ်ပေးပြီး ဆရာတစ်ယောက်ရဲ့ တာဝန်ကို ကျေပွန်ချင်တဲ့စိတ် ရှိပါတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရီဂျီမင်သည် ဆွန်းမိုကို မကြိုက်သော်လည်း အမှား၊ အမှန်ကို ခွဲခြားနိုင်တဲ့ အသိစိတ်တော့ ရှိပါသေးသည်။

မျက်စိမကန်းသ၍ ဧောင်ယန်က ကျောင်းသားဆိုး ဆိုတာ သိကြမှာပဲ။ သို့သော်လည်း လက်တွေ့မှာတော့ လူတွေက ဘာပြန်ပြောမလဲ ။ ကလေးတွေကသာ အမှန်၊ အမှားကို ရှာသည်။ လူကြီးတွေကတော့ စိတ်ပဲဝင်စားသည်။

ဒင်

ရီဂျီမင်၏ လေးစားအထင်ကြီးမှု +၁၅။ မူလ(၁၅/၁၀၀)

"ဆရာဆွန်း ဒီတစ်ခေါက်တော့ သွားတော့မယ်"

"အမှန်ပဲ ခေါင်ယန်က အပြိုးကြီးတယ်။ သေချာပေါက် ဆရာဆွန်းကို အလွတ်ပေးမှာ မဟုတ်ဘူး"

"ဒါပေမယ့် ဆရာဆွန်းက အရမ်းသတ္တိရှိတယ်"

ကျောင်းသားအဆောင်တချို့မှာလည်း စိတ်ဆင်းရဲပြီး ညည်းညူနေကြသည်။

လူတိုင်းက ဖောင်ယန်ကို အမြန်မောင်းထုတ်စေချင်နေကြသည်။ ဒါပေမယ့်လည်း သူ့အဖေနှင့်ဆရာက အရမ်း အံ့အောဖို့ကောင်းသည်။ ဆရာတွေတောင် သူ့ကို စော်ကားဖို့မဖြစ်နိုင်ပါ။ ကျောင်းသားတွေဆို ပြောမနေနဲ့တော့။ ဘာ….. လူတိုင်းက အခွင့်အရေးအတူတူပဲ ဟုတ်လား။ မင်းသားတစ်ယောက် အပြစ်ကျူးလွန်ရင် သာမန်လူလိုမျိုး အပြစ်ပေးလို့လား။

ဘာတွေလိမ်အုံးမှာလဲ။ ဒါက လူသားတွေ မမွေးဖွားခင်ကတည်းက ဖြစ်တည်လာတဲ့

အခြေအနေပဲ။ ရှေ့ဦးလူသားအဖွဲ့အစည်းမှာတောင် သားကောင်ကို အမဲလိုက်နိုင်တဲ့လူကပဲ ပြောခွင့် ဆိုခွင့်ရှိသည်။

"ဘာလို့ မဖြစ်ရမှာလဲ။ ဖောင်ယန်ကို ကျောင်းထုတ်ပေးဖို့ အသနားခံစာ ရေးရအောင်"

တစ်ယောက်က စပြောလိုက်ရင် အဆောင်ထဲက လေထု အေးခဲသွားသည်။

တစ်ယောက်ကတော့ ပြောမလို့ နှုတ်ခမ်းလှုပ်လာသည်။ ဒါပေမယ့် ဘာမှမပြောတော့ပါ။ သို့သော် အခိပ္ပါယ်က

ရှင်းသည်။ (မင်းကိုယ်မင်း သေဒဏ်ပေးဖို့ ကြိုးစားနေတာလား။ ဇောင်ယန်သာ သိသွားရင် သေချာပေါက် မင်းကိုယ်မင်း သတ်သေချင်စိတ်ပေါက်လာအောင် လက်စားလာချေလိမ့်မယ်)

"ဒီကျောင်းက ငါတို့ကျောင်းပဲလေ။ ငါတို့အားလုံး ခုခံသင့်တယ်"

"ငါတော့ အိုကျန်ပြောတာ မှန်တယ်လို့ ထင်တယ်။ ဆွန်းမိုတောင် မကြောက်ဘဲ ဇောင်ယန်ကို ကျောင်းထုတ်ဖို့ သူ့အလုပ်အကိုင်တောင်

စွန့်ပစ်ခဲ့သေးတာပဲ။ ငါတို့က ဘာကြောက်နေရမှာလဲ။ မင်း ကျောင်းက ထွက်ရရင်လည်း နောက်တစ်ကျောင်းသွားလို့ရသေးတယ်။ ငါတို့ လုပ်ရအောင်”

ကျောင်းသားတွေအားလုံးက သွေးဆူတတ်တဲ့ လူငယ်လေးတွေပါ။ အရင်တုန်းကတော့ ဦးဆောင်မယ့်လူ မရှိဘူး။ အခုတော့ ဆွန်းမို ရှေ့ထွက်လာတာကို မြင်ပြီး မျှော်လင့်ချက်များ ပြန်မြင်နေရပြီ။

အရင်က ဖေါင်ယန်အနိုင်ကျင့်တာ ခံခဲ့ရတဲ့ ကျောင်းသားတချို့ကလည်း တိတ်တိတ်လေး စုဝေးကာ တိုင်စာများ စ ရေးလာကြသည်။ ဒီတစ်ကြိမ်မှာမှ ဖေါင်ယန်ကို ကျောင်းက နှင်မထုတ်နိုင်ရင် ဒီကျောင်း ဆက်တက်နေစရာကို မလိုတော့ပါ။

ယန်လီသည် လွန်ခဲ့တဲ့ လကစပြီး တော်တော် စိတ်ပျက်နေခဲ့သည်။

သူက အောက်တန်းစား ချီရှန်ကျားတစ်ယောက် အရမ်းလေ့ကျင့်ပြီး ခန္ဓာကိုယ် ပျက်ဆီးကာ

ကျောင်းကို ကျောခိုင်း ပျောက်ကွယ်သွားပြီး အောက်တန်းစား လူတစ်ယောက်လို အလုပ်လုပ်ရင်း အချိန်ကုန်ဆုံးသွားမယ်လို့ ထင်နေခဲ့သည်။ သို့သော်လည်း ချီရှန်ကျားက ကံကောင်းခြင်း ကြယ်ပွင့်နဲ့ မမျှော်လင့်ပဲ ဆုံတွေ့ခဲ့သည်။

ဒီကံကောင်းခြင်း ကြယ်ပွင့်က ဆွန်းမိုပဲ ဖြစ်သည်။

ဆွန်းမိုက နတ်ဘုရားလက်ကိုသုံးပြီး သူ့ကို ကုသပေးခဲ့ရုံသာမက

အဆင့်နှစ်ဆင့်တက်အောင်လည်း လုပ်ပေးပြီး သူ့ထက်နှစ်ဆင့်မြင့်တဲ့ ပိုင်ဝမ်လီကို နိုင်အောင်

လမ်းတောင် ညွှန်ပေးလိုက်သေးသည်။ ဒါကြောင့်လည်း ချီရှန်ကျား တိုက်ပွဲခန်းမကို ဝင်ခွင့်ရသွားသည်။

ဒါက ဗဟိုပြည်နယ် အကယ်ဒမီတွင် အကျော်ကြားဆုံး ကလပ် ဖြစ်သည်။ ချင်လင်မြို့မှာတောင် အရမ်း ဂုဏ်သိက္ခာကြီးမားသည်။ ကျောင်းသား တော်တော်များများက ဝင်ရောက်ချင်သော်လည်း မလုပ်နိုင်ကြပါ။ ယန်လီလည်းဝင်ချင်တဲ့ ဆန္ဒရှိသည်။ ဒါပေမယ့်

ချီရွန်ကျားက တကယ်လုပ်နိုင်ပြီး တရားဝင် အဖွဲ့ဝင်တောင် ဖြစ်လာသေးသည်။

ချီရွန်ကျားရဲ့ တိုက်ပွဲ ခန်းမ ကိုယ်စားပြု တံဆိပ်ကိုမြင်ပြီး ယန်လီရဲ့ မနာလိုစိတ်တွေ ပေါက်ကွဲထွက်လာသည်။

ဒီအချိန်တွင်း ချီရွန်ကျားရဲ့ ကံဇာတာကျပြီး ကံကောင်းမှုတွေ မြန်မြန်ပြန်ပျောက်သွားဖို့ မျှော်လင့်ခဲ့သည်။ သို့သော်လည်း အဲဒီလို မဖြစ်ခဲ့ပါ။ ချီရွန်ကျားကို ကူညီခဲ့တဲ့ဆွန်းမိုက ပိုတောင် ကျော်ကြားလာခဲ့သည်။

အရင်တုန်းကတော့ ချီရွှန်ကျားက ဘယ်သူမှ မမြင်နိုင်တဲ့ ဖြစ်တည်မှု တစ်ခုပါ။ ဒါပေမယ့် အခုတော့ သူက ဆွန်းမိုနဲ့ သိတယ်ဆိုပြီး ကျောင်းသား တွေက သူ့ကို အသုံးချပြီး ဆွန်းမိုဆီက လမ်းညွှန်မှု တောင်းချင်နေကြသည်။

ချီရွှန်ကျားက ရုတ်တရက် အရမ်းရေပန်းစားလာသည်။ ကျောင်းသားတွေက သစ်သီးတွေ လက်ဆောင်ပေးလိုက်၊ ထမင်းလိုက်ကျွေးလိုက် လုပ်ချင်နေကြသည်။

ချီရှန်ကျားကတော့ အားလုံးကို ငြင်းပယ်ခဲ့သည်။ ဒီလိုလုပ်လိုက်လို့လည်း အားလုံးက ရိုးသားတဲ့လူလို့ သတ်မှတ်သွားကြသည်။ နောက်ဆုံးတွင် သူ့မှာ သူငယ်ချင်း အများကြီး ရှိလာသည်။

ချီရှန်ကျားလို အမှိုက်အရည်အချင်းနဲ့ အဆင့်အတန်း နိမ့်တဲ့လူကို ဆွန်းမိုက ဘာကြောင့်များ အထင်ကြီးသွားတာလဲ ယန်လီ အချိန်ရှိသ၍ တွေးနေမိသည်။

ထိုနေ့က ကြေကွဲခြင်း မရှိရေကာန်တွင် ဆွန်းမိုနဲ့ဆုံတဲ့လူက သူမဟုတ်ဘဲ ဘာကြောင့်

ချီရှန်ကျား ဖြစ်နေရတာလဲ။ ဒါဆိုရင် သူလည်း မိုးထိုးအောင် မြင့်တက်လာနိုင်သည်။

ရန်လီသည် အရမ်းပေါက်ကွဲနေသောကြောင့် အခုနှစ်ပတ်အတွင်း ဝမ်းတောင် ချုပ်လာသည်။ သို့သော်လည်း ဒီနေ့တော့ နောက်တစ်ကြိမ် ပြန်ပြီး ပျော်ရွှင်ရပြီ။ ဆွန်းမိုက ဖောင်ယန်ကို စော်ကားလိုက်ပြီ။ ဒီကိစ္စကြောင့် ဆွန်းမို အထုတ်ခံရဖို့ အချိန်နည်းနည်းသာ လိုတော့သည်။

"ဆွန်းမိုရဲ့ အကူအညီမရှိရင် ချီရှန်ကျား ဘယ်လိုမြင့်တက်လာမလဲ ကြည့်ရတာပေါ့။

လူတော်ကနေ အောက်တန်းစား အမှိုက်ပဲ ပြန်ဖြစ်လာမယ်”

ယန်လီက သီချင်းတညည်းညည်းနဲ့ အဆောင်က အခန်းတံခါးကို တွန်းဖွင့်လိုက်တယ်ဆိုရင်ပဲ စိတ်ဆင်းရဲနေတဲ့ ပုံစံတွေနဲ့ထိုင်နေကြတဲ့ ချီရှန်ကျား၊ ကျန်ရှီနှင့် ဝမ်ဟောင်တို့ကို မြင်လိုက်သည်။ အခန်းရဲ့ လေထု တော်တော်ဆိုးနေသည်။ သို့သော်လည်း ယန်လီကတော့ အရမ်းပျော်နေသည်။ သူရဲ့ တေးညည်းသံက ပိုတောင် ကျယ်လာသေးသည်။

"မင်းတို့ကောင်တွေကြားပြီးပြီလား။ ဆွန်းမိုက ကျောင်းလူဆိုး ဇောင်ယန်ကို နှိပ်ကွက်နေပြီ"

ချီရှန်ကျားကို စိတ်ဆွချင်လို့ ယန်လီက တမင်သက်သက် ပြောလိုက်သည်။

သုံးယောက်စလုံးက တစ်ခွန်းမှ ပြန်မပြောကြပါ။

"ဇောင်ယန် အဖေနဲ့ ဆရာက တော်တော် အံ့အောဖို့ကောင်းတယ်နော်။ ဒီတစ်ကြိမ်တော့ ဆွန်းမို ဆရာအလုပ်က ပြုတ်ပြီ"

ယန်လီက မခံချင်အောင် ပြောနေသည်။

ချီရှန်ကျား ဒေါသတကြီး ထရပ်လိုက်ပြီး

"စောက်ပေါက်ပိတ်ထား"

"ကျွတ်ကျွတ်၊ မင်းငါ့ကို ဘာမှ မလုပ်နိုင်ပါဘူးကွာ"

ယန်လီက ခနဲ့တဲ့တဲ့ ပြုံးရင်း ပြန်ပြောသည်။

"အရင်တုန်းက ဆရာတချို့ ဘယ်လိုဖြစ်သွားလဲ တချက်လောက် တွေးကြည့်စမ်းပါအုံး။ ဖောင်ယန်က ဆွန်းမိုကို လွတ်ပေးမှာ မဟုတ်ဘူး'

ချီရှန်ကျားက ပေါက်ကရ စကားတွေပြောရင်း အချိန်မဖြုန်းတော့ပါ။ လက်သီးဆုပ်ပြီး ယန်လီဆီ ပြေးဝင်သွားသည်။

ယန်လီက အလေးနက်ထားပြီး ကြည့်လိုက်ကာ စိတ်လှုပ်ရှားနေသည်။

(မင်းကို ရိုက်ချင်နေတာ တော်တော်ကြာနေပြီ။ ဒီနေ့မင်းက အရင်စတာဆိုတော့ မင်းကို အိပ်ရာထဲက မထနိုင်အောင် ရိုက်လိုက်လည်း ဆရာတွေ ဘာမှလုပ်လို့ မရဘူး။ နောက်ဆုံး ကို့ကိုယ်ကို ကာကွယ်ခဲ့တာလို့ ပြောရင် ပြီးသွားပြီ)

ဒီလိုတွေးပြီး ယန်လီ ချက်ခြင်း ကီပုံစံ(မြင်းထိုင်)ထိုင်လိုက်သည် ။ ခွန်အားစုပြီး ပြင်းထန်တဲ့ လက်သီးထိုး ထုတ်လိုက်သည်။

ဘောင်း

လက်သီးနှစ်ခု ဆုံသွားသည်။ ယန်လီတစ်ယောက် ပြင်းထန်တဲ့ တွန်အားတစ်ခု ဝင်ဆောင့်တာ ခံလိုက်ရသည်။ ခြေတစ်လှမ်း နောက်ဆုတ်သွားသည်။ အရိုးကျိုးသွားသလို လက်သီး အရမ်းနာနေသည်။

"ဒီကောင့် ခွန်အားက ကြီးလိုက်တာ"

ယန်လီ တုန်လှုပ်နေသည်။ ဝိညာဉ်ချီ လည်ပတ်လိုက်သည်။ ဒီအချိန်မှာပဲ ချီရှွန်ကျားက ညာဘက်ကနေ တိုက်ခိုက်လာသည်။

"မြန်လိုက်တာ"

ယန်လီ လန့်ဖြန့်သွားသည်။ မျက်နှာကို လက်သီးကလဲ ထိသွားသည်။ လက်သီးအထိုးခံရပြီးနောက် ကုတင်ပေါ်ကို ပစ်လဲကျသွားသည်။

"ချီရှန်ကျား တော်တော့"

ကျန်ရှီနှင့် ဝမ်ပေါင်ပြေးလာပြီး ချီရှန်ကျားကို ဆွဲထားလိုက်သည်။

"ငါ့ကိုလွှတ်စမ်း။ ဒီကောင့်ကို သေအောင် ရိုက်မယ်"

ချီရှန်ကျား စောက်ရမ်း ပေါက်ကွဲနေပြီ။ ဆွန်းမိုက သူ့ကို အနာဂတ်ပေးထားပြီး သူလေးစားရတဲ့ စံပြပါ။ ဘယ်သူမှ အရှက်ခွဲလို့ မရဘူး။

ယန်လီ သတိပြန်လည်လာတဲ့ အချိန်တွင် ပါးစပ်က နွေးနေသည်။ မျက်နှာကိုထိလိုက်လျှင် လက်မှာသွေးတွေ ပေလာသည်။ နှာခေါင်းကလည်း အရမ်းနာကျင်လာသည်။ တုန်လှုပ်ခြောက်ခြားနေပြီး ဒေါသလည်း ထွက်နေသည်။ ချီရှန်ကျား ဘယ်လိုလုပ် ဒီလောက်သန်မာလာတာလဲ။ တစ်လတောင် မရှိသေးဘူး။

ဆွန်းမိုရဲ့ လမ်းညွှန်ချက်ကတော့ အံ့မခန်းပဲ။

"ချီရွှန်ကျား မင်းက ကျောင်းနေဖက်ကို ရိုက်တဲ့ကောင်ပဲ။ ဒါက ကျောင်းစည်းကမ်းကို ဖောက်နေပြီ။ ခေါင်းဆောင်ဆီ သတင်းပို့ပြီး မင်းကို ကျောင်းထုတ်ခိုင်းမယ်"

ချီရွှန်ကျားကို နိုင်လည်း မနိုင်ရော ကောက်ကျစ်တဲ့ လှည့်ကွက်ကို သုံးလိုက်သည်။

"ယန်လီ။ မင်းရောင့်တက်မလာနဲ့။ မင်းလည်း ဆရာဆွန်းရဲ့ နာမည်ကို ဆွန်းမိုလို့

တိုက်ရိုက်ခေါ်ကတည်းက ကျောင်းစည်းကမ်းချိုးဖောက်နေပြီ။ ချီရွှန်ကျားရိုက်တာ မှားလို့လား”

ကျန်ရှီက ဉာဏ်ကောင်းပြီး ရန်လီကို စကားမပြောနိုင်အောင် လုပ်လိုက်သည်။

“အန် ချီရွှန်ကျား မင်းစောက်ကြွားကြွား လုပ်ဖို့ အချိန်မရှိတော့ပါဘူးကွာ။ ဆွန်းမို ထွက်သွားလို့ လမ်းညွှန်မှု မရှိရင် မင်းက ဘာကောင်မှ မဟုတ်ဘူး”

ယန်လီက တဟားဟား အော်ရယ်ရင်း တံခါးဖွင့်ပြီး ထွက်သွားသည်။

“ဒေါသထွက်မနေနဲ့ ဆရာဆွန်းက အဆင်ပြေသွားလိမ့်မယ်”

ကျန်ရှိက ချီရွန်ကျားကို နှစ်သိမ့်လိုက်ပေမယ့် သူကိုယ်တိုင်ကတော့ ဆွန်းမို ဒီအခြေအနေက မလွတ်မြောက်နိုင်တော့ဘူးလို့ ထင်နေသည်။

ဝမ်ဟောင်ကတော့ ချီရွန်ကျားကို တအံ့တအော ကြည့်နေသည်။ ဒီကောင်အများကြီး တိုးတက်လာတယ်ဆိုတာသိပေမယ့် ဒီအလောက်အထိ ဖြစ်လာမယ်လို့တော့ မထင်ထားမိဘူး။ ယန်လီကို

လက်သီးတစ်ချက်တည်းနဲ့ အနိုင်ရသွားတယ်။ စဉ်စားကြည့်ပါအုံး။

ဒီအချိန်တွင်းမှာ ဆွန်းမိုနောက်ကိုလိုက်ပြီး ဆေးရေလဲချိုးရ ၊ ရှေ့ဟောင်းအနှိပ်ပညာနဲ့လည်း အနှိပ်ခံခဲ့ရသည်။ ဒါကြောင့်လည်း သူ့ခန္တာကိုယ်က အကောင်းဆုံး အနေအထားကို ရောက်နေသည်။ တိုက်ပွဲခန်းမတွင် နေ့တိုင်း ပါရမီရှင်တွေနဲ့ တိုက်ခိုက်နေခဲ့ရသည်။ အနိုင်ထက် အရှုံးက ပိုများသော်လည်း အများကြီး သင်ယူခဲ့ရသည်။

ဒီလောက်ကြိုးစားတဲ့ ချီရှန်ကျားက သာမန်ထက်တောင်နှိမ့်တဲ့ ယန်လီကို လက်သီးတစ်ချက်နဲ့ မနိုင်ရင် သူကြိုးစားသမျှ အလကားပဲပေါ့။

သူက အလားလာတန်ဖိုးနိမ့်သော်လည်း အမှိုက်တော့ မဟုတ်ပါ။

"အပြင်ခဏ သွားလိုက်အုံးမယ်"

ချီရှန်ကျားက သူ့သူငယ်ချင်းတွေကို တွန်းထုတ်လိုက်ပြီး အိပ်ယာအောက်က

အဝတ်အိတ်ကို ယူလိုက်သည်။ လက်ထဲမှာ ခဏကိုင်ထားပြီး လမ်းလျှောက်ထွက်သွားသည်။

“ချီရှန်ကျားက ဘာလုပ်မှာလဲ”

ကျန်ရှီ ကြောင်နေသည်။ သူ့ရဲ့အကြည့်တွေက ချီရှန်ကျားရဲ့ အဝတ်အိတ်ပေါ် ရောက်သွားသည်။

“ ဖောင်ယန်ကို သွားလုပ်ကြံမလို့လား။ မဖြစ်နိုင်ပါဘူး”

“သူလုပ်မယ် မထင်ဘူး။”

ဝမ်ဟောင်ကတော့ သိပ်မဖြစ်နိုင်ဘူး ထင်သည်။ ဆွန်းမိုက ချီရှန်ကျားရဲ့ အဖေ မဟုတ်ပါဘူး။

သူ့ဘဝကိုရင်းပြီး ဆွန်းမိုအတွက် ဖောင်ယန်ကို မသတ်လောက်ပါ။

ချီရွှန်ကျားက နွေခေါင်ခေါင်ရဲ့ ပူပြင်းသောလေကို ခပ်ပြင်းပြင်း ရှူလိုက်သည်။ ကြောက်ရွံ့မှုကြောင့် သူကိုယ်က နည်းနည်းတုန်နေသည်။

"ဖောင်ယန်သာသေသွားရင် ဆရာဆွန်း အဆင်ပြေလောက်ပါတယ်"

ချီရွှန်ကျားက ပြတ်သားသော အမူအရာနဲ့ ဓါးကို ဆုပ်ကိုင်လိုက်သည်။ ထို့နောက်တော့ ကျောင်းထဲမှာ လှည့်ပတ်ပြီး ဖောင်ယန်ကို လိုက်ရှာနေသည်။

ဓောင်ယန်လို စောက်ကျင့်မကောင်းတဲ့ကောင်က ဆရာဆွန်းကို ဖျက်ဆီးခွင့် လုံးဝ မပေးနိုင်ပါ။

"ဆရာဆွန်း ငါနဲ့အတူတူ လမ်းလျှောက်မလား"

ကူရှုပ်ရှင်းက စာသင်ခန်း တံခါးနားတွင် စောင့်နေသည်။ ဆွန်းမို ထွက်လာတာ မြင်လိုက်လျှင် လှမ်းနှုတ်ဆက်လိုက်သည်။

"သေချာတာပေါ့"

ဆွန်းမိုကတော့ စိတ်မရှိပါ။ သို့သော်လည်း ကူရှုပ်ရှင်းက သူ့ကို တစ်ခုခု ပြောချင်နေပုံရသည်။

"မင်းရဲ့ ကျင့်ကြံခြင်းဆေးပညာအတန်း လူမပြည့်တာ ပထမဆုံးအကြိမ် မဟုတ်လား"

ကူရှုပ်ရှင်းက လူသုံးဆယ်လောက် နည်းနေတာကို တွေ့လိုက်သည်။ အတန်းတက်တဲ့လူ များနေသေးသော်လည်း ဒါက မကောင်းတဲ့ လက္ခဏာပါ။

"ဟီးဟီး"

ဆွန်းမိုက ပြန်ရှင်းပြမနေပါ။ ဖောင်ယန်က အတန်းတက်တဲ့ လူတိုင်းကို သူ့ရန်သူလို့ ခြိမ်းခြောက်ထားသည်။

“ဘယ်လိုလုပ်မယ် စဉ်းစားထားလဲ’

ကူရှပ်ရှင်းက ဆွန်းမိုကို ကြည့်ပြီးမေးလိုက်လျှင် ဆွန်းမိုက အဆင်ပြေနေသေးသည်။ သူ့အမူအရာက ကြောက်ရွံ့ခြင်းမရှိသလို ပြဿနာကြီးလာမှာစိုးလို့ စိုးရိမ်ခြင်းလည်း မရှိပါ။ ပုံမှန်အတိုင်း တည်ငြိမ်နေသည်။

“ဇောင်ယန်ကို ကျောင်းထုတ်မယ်”

ဆွန်းမို ပြတ်ပြတ်သားသား ပြောလိုက်သည်။

“ငါကူညီနိုင်တာ တစ်ခုခုရှိရင် အားမနာနဲ့ ငါ့ကို ပြောပါ။”

ကူရှုပ်ရှင်း တွေဝေခြင်းမရှိဘဲ စိတ်ရင်းနဲ့ ပြောလိုက်သည်။

ဆွန်းမိုလည်း ရုတ်တရက် အံ့အောသွားပြီး သူမကို ကြည့်လိုက်သည်။

"မင်းမကြောက်ဘူးလား"

" ဩဇာကြီးတဲ့ မိသားစုက သခင်လေးနဲ့ ပြဿနာဖြစ်ရင် တစ်ခုခု ဖြစ်မှာမကြောက်တဲ့လူ ရှိလို့လား။ ဒါပေမယ့် ကြောက်တယ်ဆိုပြီး ဘာမှ မလုပ်ဘဲ နေလို့ မရဘူး"

ကူရှုပ်ရှင်းက ခပ်လှမ်းလှမ်းက ကြေကွဲခြင်းမရှိ ရေကာန်ကို ကြည့်ရင်း ပြောလိုက်သည်။

"ငါက ဆရာတစ်ယောက် ကျောင်းသားတွေကို ကူညီပေးဖို့ တာဝန်ရှိတယ်။ ငါကကြောက်နေရင် ဘယ်သူက ကျောင်းသားတွေကို ကာကွယ်ပေးမှာလဲ"

ကူရှုပ်ရှင်းက လှပြီးကြင်နာတတ်သည်။ ဒါကြောင့် ရေပန်းစားပြီး ယောကျ်ားလေး ဆရာတွေက ချဉ်းကပ်ရုံသာမက အမျိုးသမီးဆရာတွေလည်း သူမကို မနာလို မဖြစ်ကြပေ။ အနည်းဆုံးတော့ လူမြင်ကွင်းမှာ လူတိုင်းနဲ့ အဆင်ပြေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက အခုမှ အလုပ်ခန့်လိုက်သော ဆရာအသစ်များ အသုတ်တွင် ရေပန်းအစားဆုံးဖြစ်သော်လည်း လူမှုဆက်ဆံရေးတွင် ကူရှုပ်ရှင်းကို မယှဉ်နိုင်ပါ။

အရင်တုန်းကတော့ ကူရှုပ်ရှင်းက သူ့ကို အထင်သေးကောင်းသေးမည်။ ဒါပေမယ့်အခုတော့ သူမပြောင်းလဲသွားပြီလို့ သူယုံကြည်သည်။

"ဆရာကူ။ ဗဟိုပြည်နယ်အကယ်ဒမီကို ရောက်လာပြီးနောက် မင်းက ငါလေးစားရတဲ့ ပထမဆုံးဆရာပဲ။"

ဆွန်းမိုက ငါးချူပြုံး ပြုံးရင်း

“မင်း စိတ်မရှိရင် ငါတို့သူငယ်ချင်း လုပ်ကြမလား”

“မင်းငါ့ကို ကြောင်နေတာလား။” ကူရှုပ်ရှင်း မျက်လုံးပြူးသွားသည်။

“တောင်းပန်ပါတယ်။ အရမ်းချောတဲ့လူတွေကို ငါမကြိုက်ဘူး”

“အမ်”

ဆွန်းမိုလည်းရုတ်တရုတ် ကြောင်သွားသည်။ ကူရှုပ်ရှင်းက ဗလကြီးကြီးတွေကို ကြိုက်တာလား။ ဗလကြီးလေ အားပိုကောင်းလေဆိုတာ အမှန်ပဲ။

သူတို့ နှိပ်စက်ညှင်းပန်းပြီး ဒချိတဲ့အခါ ကူရှုပ်ရှင်း ပိုပျော်ရမှာတော့ အမှန်ပဲ။

ကူရှုပ်ရှင်းက ရုတ်တရုတ် တံတောင်ဆစ်ကို မြှောက်ပြီး ဆွန်းမို နံပါးကို ဝင်တိုက်လိုက်သည်။

ဖောင်း

အ

ဆွန်းမိုက ခါးကိုင်းပြီး အသံတိုးလေး ထွက်သွားသည်။

"မင်းဘာလုပ်တာလဲ"

“ငါလဲ မသိဘူး။ မင်းကို ရုတ်တရက် ရိုက်ချင်လာလို့”

ဆွန်းမိုရဲ့ ထူးထူးဆန်းဆန်း အကြည့်များက သူမရဲ့ လျှို့ဝှက်ချက်တွေကို သိနေသလို ခံစားရပြီး နှုတ်ခမ်းစူသွားသည်။ ဒါကမဖြစ်နိုင်ဘူး။ သူမရဲ့ အရင်းအနီးဆုံး မိန်းကလေး သူငယ်ချင်းတောင် မသိတဲ့ လှှိျု့ဝှက်ချက်ပဲ။

‘ဟီးဟီး”

ဆွန်းမို က ရုတ်တရက် လက်မြှောက်ပြီး ကူရှုပ်ရှင်းနဖူးကို ပုတ်လိုက်သည်။

"အမ်"

ကူရှုပ်ရှင်းလည်း မသိစိတ်ကြောင့် နဖူးကို ကိုင်လိုက်မိသည်။ ဘာကြောင့် ဆွန်းမိုက မိန်းကလေးတစ်ယောက်ကို အရမ်းရင်းနှီးနေသလို လုပ်နေတာလဲ။

"ဒါက လိင်ပိုင်းဆိုင်ရာ နှောက်ယှက်မှုနော်"

"အမှန်ပဲ ။ ငါနှောက်ယှက်တယ်'

ဆွန်းမိုက ယောင်ယောင်လေး ပြုံးပြီး လှည့်လိုက်သည်။

ကူရှုပ်ရှင်းလည်း ဘာဆက်ပြောရမယ် မသိတော့ပါ။ ကူရှုပ်ရှင်းက ဉာဏ်ကောင်းတဲ့ မိန်းကလေး ဖြစ်တာနဲ့အညီ ကြားထဲက အချိန်မှာ ဆွန်းမိုကို ခြိမ်းခြောက်ပြီး နတ်ဘုရားလက်နဲ့ နှိပ်ခိုင်းဖို့ ကြံစည် ထားခဲ့သည်။

ကူရှုပ်ရှင်းက ဆွန်းမိုကို ပြန်ငြင်းခုန်လာရန် ဖိအားပေးပြီး နောက်ဆုံးတွင် သူမကို နှောက်ယှက်မိပါတယ်လို့ ဝန်ခံလာအောင်လုပ်ဖို့ မျှော်လင့်ထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီမုန်းစရာကောင်းတဲ့လူက ဘာဖြစ်လို့ လူတိုင်းလုပ်သလို လိုက်မလုပ်တာလဲ)

“ဒီထက် ရိုင်းစိုင်းတဲ့ လုပ်ရပ်ကို လိုချင်သေးလား”

ဆွန်းမိုက ပြောရင်း သူ့အကြည့်တွေက တဖြည်းဖြည်းနဲ့ အောက်ကျလာပြီး ကူရှုပ်ရှင်းရဲ့ လည်ပင်း ၊ ပုခုံး ၊ ရင်သားဆီ ရောက်သွားသည်။

တောက် သေးသေးလေး။

ဝူစ်

ကူရှုပ်ရှင်းလည်း ချက်ခြင်းဆိုသလို လက်နှစ်ဖက်ကို ပိုက်ပြီး ရင်ဘက်ပေါ်

ဖုံးထားလိုက်ပြီး ကြွမ်းကြွမ်းတမ်းတမ်း စိမ်းစိမ်းဝါးဝါး ပြန်ကြည့်လိုက်သည်။

(ငါ့ကို တွန်းအားပေးနေတာလား။ မင်းနှုတ်ခမ်းထော်နေတာက ဘာအဓိပ္ပါယ်လဲ။ ငါ့ကို ရင်သားသေးသေးလေးဆိုပြီး ညည်းနေတာလား။ မင်းကိုပြောလိုက်မယ်။ ကြည့်ရင်သာ သေးနေတာ၊ ငါက တကယ်တော့ နို့သူခိုးကွ)

ဆွန်းမိုက ဟာသလုပ်မလို့ ပြန်လှည့်ကြည့်လိုက်ရင် ကူရှုပ်ရှင်းက နာကျင်မှုကို ကြိုက်တဲ့ အမျိုးအစားဆိုတာ ပြန်သတိရသွားသည်။

ဗရုတ်ကျခြင်စိတ်ပေါ်လာပြီး လက်က မျက်နှာဆီကို လှမ်းသွားသည်။

အိုး

ကူရှုပ်ရှင်း ချက်ခြင်း မှင်တက်သွားသည်။

(မရှောင်သင့်ဘူးလား။ ဒါမှမဟုတ် မရှောင်ရဘူးလား။ မဟုတ်ဘူး ။နေအုံး။ ရှောင်သင့်တယ်။ ဒါပေမယ့် သူမခြေထောက်တွေက သစ္စာဖောက်နေသည်။)

ဆွန်းမို လက်ချောင်းတွေက ကူရှုပ်ရှင်း နားတွေကို ပွတ်သွားသည်။ ဆံပင်ကို ထိမိသွားတာလည်း ဖြစ်နိုင်သည်။ ဒါပေမယ့် ဘာဖြစ်လဲ။

“ ခြင်ရှိတယ်လေ။ ငါက မင်းအတွက် မောင်းထုတ်ပေးလိုက်တာ”

ဆွန်းမိုက ဒီစကားပြောပြီးနောက် လှည့်ထွက်ပြီး အဝေးကို လျှောက်သွားသည်။

ကူရှုပ်ရှင်းက အဲဒီနေရာမှာပဲ မှင်တက်နေပြီး ခန္ဓာကိုယ်က အနည်းငယ် တုန်နေသည်။ ဆယ်စက္ကန့်လောက်ကြာပြီးနောက် ကူရှုပ်ရှင်း

အသက်အောက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက် ခိုးကြည့်လိုက်သည်။

“တော်သေးတာပေါ့။ ခုနတုန်းက တစ်ယောက်မှ မမြင်သွားလို့”

စိတ်သက်သာရသွားပြီးနောက် ကူရှုပ်ရှင်း နည်းနည်း စိတ်ပျက်သွားသည်။

(တောက်။ ဆွန်းမို ၊ ငါ့ကို ဘယ်လိုတောင် ပရောပရီ လုပ်သွားတာလဲ. စောင့်နေလိုက်စမ်းပါ။ ငါသေချာပေါက် မင်းကို လက်စားချေမယ်)

ဒီခံစားချက်က မဆိုးဘူးပဲ။ အထူးသဖြင့် ဆွန်းမိုလှည့်ပြီး ပြုံးလိုက်တဲ့ အချိန်ပေါ့။ သစ်ရွက်တွေကို ဖြတ်ပြီး ကျဆင်းလာတဲ့ နေရောင်တွေက သူ့မျက်နှာပေါ် ဖြာကျနေသည်။ ကျော်ကြားတဲ့ ပန်းချီဆရာတစ်ယောက်ရဲ့ ပန်းချီကားတစ်ချပ်လို ပနာသင့်လှသည်။

"ဆွန်းမို အပြုံးက တကယ်တောက်ပတာပဲ"

ကူရှုပ်ရှင်းက ဆွန်းမိုအပေါ် သဘောကျမှု တချို့ ရှိနေပြီ။ သူမသာ သူ့နေရာမှာဆို ဒီလောက် သက်တောင့် သက်သာ မရှိနိုင်ပါ။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၂၀။ မှုလ(၂၅/၁၀၀)

စနစ်ဆီက အကြောင်းကြားချက်ကို ကြားလိုက်ရင် ဆွန်းမို မနေနိုင်ဘဲ ကူရှုပ်ရှင်း လှမ်းပြီး အကဲခတ်လိုက်မိသည်။

(တကယ်ကို ညှင်းပန်းမှု ကြိုက်တဲ့လူပဲ) ကူရှုပ်ရှင်းက ဆွန်းမို ရုတ်တရက် လှည့်ကြည့်လာလျှင် ရှက်သလိုဖြစ်သွားပြီး ခေါင်းလှည့်လိုက်မိသည်။ သို့သော်လည်း သူမကိုယ်သူမ

ပျော့ညံ့တယ်လို့ခံစားရပြီး ဆွန်းမိုကို ဆိုးဆိုးဝါးဝါး ပြန်စိုက်ကြည့်မလို့ လှည့်လိုက်သည်။

"ဘာကြည့်တာလဲ"

ကူရှူပ်ရှင်းက လေးနက်တဲ့ အမူအရာနဲ့ အပြစ်တင်လိုက်သည်။ ဆွန်းမိုကို ကျော်သွားအောင် မြန်မြန်လျှောက်လိုက်သည်။ ဆယ်မီတာလောက် ကျော်အောင် လျှောက်သွားပြီး အရှိန်လျော့သွားသည်။

ကူရှူပ်ရှင်းရဲ့ အနောက်ဘက်မြင်ကွင်းကို သဘောကျနေတဲ့ ဆွန်းမိုက သူတို့ရဲ့ ဆက်ဆံရေးကို တိုးမြှင့်ဖို့ အချိန်ရောက်ပြီလို့ တွေးလိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြီးတော့ ချင်လင်ကို ရောက်လာပြီး တစ်ယောက်တည်းဖြစ်နေလို့ ဟော့ပေါ့တောင် မစားခဲ့ပါဘူး။

တစ်ယောက်တည်း ဟော့ပေါ့စားရတာနှင့် တစ်ယောက်တည်း မွေးနေ့လုပ်ရတာက အထီးကျန်ဆုံးဖြစ်သည်။

သို့သော်လည်း ဖွန်ကြောင်တဲ့ အတွေ့အကြုံက မရှိဖြစ်နေသည်။ (အတွေအကြုံမရှိလို့သာ တော်ပါသေးတယ်။ ရှိများ ရှိလို့ကတော့ ဟင်းဟင်း)

အန်ရှီဝေလား။ သူမနဲ့စေ့စပ်ထားတယ် ဆိုတာတောင် မေ့တော့တော့ပါ။

စာကြည့်တိုက်ထဲက အတူတူထွက်လာကြတဲ့ အစမ်းခန့် ဆရာအနည်းငယ်သည် ကူရှုပ်ရှင်းကို မြင်သွားကြသည်။

"ဟော့ကောင်တွေ၊ ကူရှုပ်ရှင်း၊ည ကူရှုပ်ရှင်း"

လုခုန်က ရေကန်ဘက်ကို ကြည့်ရန် လူတိုင်းကို အချက်ပြလိုက်သည်။

ကူရှုပ်ရှင်းက အလှအပနှင့် စိတ်သဘောထား နှစ်ခုစလုံး ကောင်းလှသည်။ မဟုတ်ပါကလည်း

မရီဒန် အကယ်ဒမီရဲ့ ထိပ်တန်းအလှမယ် ဖြစ်လာမှာ မဟုတ်ပါ။ ဒီအစမ်းခန့်ဆရာများက ကူရှုပ်ရှင်းနဲ့ ရည်းစားဖြစ်နေပြီလို့ တစ်ခါတစ်လ အိပ်မက် မက်နေကြသည်။

အစမ်းခန့်ဆရာများ၏ ညဖက် စကားပြောတဲ့ အကြောင်းအရာများက အလုပ်ကို မကျေနပ်တဲ့အကြောင်း၊ ဒါမှမဟုတ်ရင် အမျိုးသမီးများ အကြောင်းဖြစ်သည်။ ကူရှုပ်ရှင်း၊ ဂျိမ်ဂျဲနှင့် အန်ရှီဝေတို့က အပြောအများဆုံး မိန်းကလေး ခေါင်းစဉ်များ ဖြစ်သည်။

သုံးယောက်ထဲတွင် ကူရှုပ်ရှင်းကသာ သူတို့နဲ့ အနီးစပ်ဆုံး ဖြစ်သည်။ အန်ရှီဝေနှင့် ဂျီမဲဂျဲတို့နှစ်ယောက်စလုံးက ကြယ်သုံးပွင့် မြတ်ဆရာများဖြစ်ပြီး သူတို့ လက်လှမ်းမမှီတဲ့ ပန်းများဖြစ်သည်။

"မန်ရီ။ မင်းသူ့ကို ကြိုက်နေတာ မဟုတ်လား။ သွားဖွင့်ပြောလိုက်ပါလား"

တစ်ယောက်က စလိုက်သည်။

"ငါမလုပ်ရဲဘူး ထင်နေတာလား"

မေရီက လက်ခလှယ် ထောင်ပြရင်း ပြန်ဖြေသည်။

“ဒါဆိုလည်းသွား”

လုခုန်က မန်ရီကို တွန်းလွှတ်သည်။ သူတို့နှစ်ယောက်က ကန်တင်းတွင် ဆွန်းမိုကို ရှုံးပြီး သူငယ်ချင်းကောင်းများ ဖြစ်လာကြသည်။

“ဘယ်သူကကြောက်နေလို့လဲ’

မန်ရီက သူ့မှာ အခွင့်အများကြီး မရှိမုန်းသိသည်။ မစမ်းကြည့်ရင် ဘယ်သူက သေချာမှာလဲ။ ကူရှုပ်ရှင်းက သူ့ကို ကြိတ်ကြိုက်နေရင် ဘယ်လိုလုပ်မလဲ။

အစမ်းခန့်ဆရာများက တစ်ယောက်နဲ့တစ်ယောက် စနောက်ရင်း သူ့နောက်ကလိုက်ခဲ့ကြသည်။ သို့သော်လည်း သိပ်မလျှောက်လိုက်ရဘဲ သူက ရပ်တန့်သွားသည်။

“ဆရာကူက ပြုံးလိုက်ရင် ဘယ်လောက် ချစ်ဖို့ကောင်းလိုက်လဲ”

မန်ရီက ကူရှုပ်ရှင်း မျက်နှာကို ဘေးတစောင်းကြည့်ရင်း အချစ်စိတ်တွေ တဖွားဖွားပေါ်နေသည်။ အသက်ဝဝရှူပြီး တစ်လလောက် စဉ်းစားထားတဲ့ စကားတွေကို ပြန်စီရင်း

လျှောက်လာသည်။ သို့သော်လည်းခြေလှမ်း နှစ်လှမ်းနဲ့တစ်ဝက်တွင် ရပ်သွားသည်။

ပန်းခြံနောက်က ဆွန်းမိုတစ်ယောက် ဘွားကနဲ ပေါ်လာသည်။

အခန်း (၁၆၇) - သေခြင်းရဲ့ လက်တစ်ကမ်း။

သူတို့သည် ခုနတုန်းက ဆွန်းမိုကို သတိမထားမိလိုက်ကြပါ။ ဆွန်းမိုက မြက်ခင်းပေါ်တွင် ဖြစ်နေပြီး သူ့နေရာကလည်း ပန်းခြုံတွေနဲ့ ဖုံးကွယ်နေသည်။ အစမ်းခန့်ဆရာများက လျှောက်ကြည့်လိုက်ပေမယ့် တခြားအမျိုးသမီး ဆရာမများကို မတွေ့ရပါ။ ဒါဆို ကူရှုပ်ရှင်းက ဆွန်းမိုနဲ့စကားပြောနေတာ ပေါ့။

"ဒီကောင်ဆက်ပြီး လေကြောရှည်နေရင် နှုတ်သီး ဖြတ်ရိုက်မိတော့မယ်"

ပူပြင်းသော နွေလေပူပူအောက်တွင် ကူရှုပ်ရှင်းရဲ့ နူးညံ့သော အသံကို ကြားလိုက်ရသည်။

ကူရှုပ်ရှင်းက ဆွန်းမိုကျောကို လက်သီးဆုပ်ဆုပ်လေးများနဲ့ ခပ်ဖွဖွ ထုနေသည်။ ဒါကို မြင်လိုက်လျှင် မန်ရီ အရမ်း စိတ်အားငယ်သွားသည်။
သူတို့နှစ်ယောက်ကိုကြည့်ရတာ သမီးရည်းစားတွေ စနောက်နေကြသလို ဖြစ်နေသည်။

“ဆွ.....ဆွန်းမို”

လုခုန် ကြောင်သွားသည်။

"ဒီကောင်က အန်ရှီဝေနဲ့ စေ့စပ်ထားတာ မဟုတ်ဘူးလား။ ဘာလို့ ငါတို့နဲ့ လာလုနေတာလဲ။

မိန်းမလှလေးတွေ အများကြီးရှိပါတယ်၊ တစ်ယောက်ဆို လုံလောက်ပါတယ်ကွာ။ မင်းက အားလုံး လိုချင်နေတာလား။)

"သွားကြစို့"

လုခုန် လှည့်ထွက်သွားသည်။ ဆက်ကြည့်နေရင် ဆွန်းမိုကို ပြေးရိုက်မိတော့မည်။

ဆွန်းမိုနှင့် ကူရှုပ်ရှင်းကတော့ သာသာယာယာ စကားပြောနေကြသည်။ ဒါပေမယ့် စကားစမြည်သာ ဖြစ်သည်။ ကူရှုပ်ရှင်းက သူ့ကိုကြိုက်နေတယ်

ဒါမှမဟုတ် သူတို့မွေးလာမယ့် ကလေးနာမည်ကိုသာ ဆွန်းမိုစဉ်းစားနေမယ် ဆိုရင် သူလုံးဝရှုံးနေလို့ ပဲဖြစ်မည်။

အခုချိန်မတိုင်ခင်ထိ ကူရှုပ်ရှင်းက ဆွန်းမိုကို လုံးဝ အလေးအနက် မထားခဲ့ပေ။ ကျောင်းသားစုဆောင်းရေးပွဲပြီးမှသာ ဆွန်းမို အရည်အချင်းနဲ့ စွမ်းဆောင်ရည်များကို စပြီး သတိထားမိခဲ့သည်။ ဆွန်းမိုက သူ့မပြိုင်ဘက် ဖြစ်လာနိုင်တယ်လို့လည်း ခံစားမိသည်။ သို့သော်လည်း သူ့ကို သဘောကျဖို့က မဖြစ်နိုင်သေးပါ။

ကူရှုပ်ရှင်းသည် မရီဒန်အကယ်ဒမီက ထိပ်တန်းဘွဲ့ရ အလှလေးဖြစ်သောကြောင့် အရမ်းမာနကြီးသည်။ လျှိုမူဘိုင်က သူမကို လိုက်ကြိုက်ရင်တောင် တစ်ချက်လောက်ပဲ တွေးမိမည်။

ဆွန်းမိုကို လာရှာရတာကလည်း ဆရာမတစ်ယောက်အနေနဲ့ သူမရဲ့ အလုပ်တာဝန်ကို ကျေပွန်ချင်တဲ့ စိတ်ကြောင့်ဖြစ်သည်။ ဆွန်းမိုက ကျောင်းမှာ အနိုင်ကျင့်တတ်တဲ့ ဇော်ယန်ကို ကျောင်းကထုတ်ဖို့ မလုပ်ခဲ့ရင်တောင် သူမကလုပ်ဖို့ စဉ်းစားနေခဲ့သည်။ သို့သော်လည်း တွေးရုံနဲ့တောင် အရမ်းခက်ခဲနေတယ်လို့ သူခံစားရတယ်။

ဇောင်ကလန်ရဲ့ လွှမ်းမိုးမှုက အရမ်းအားကောင်းသည်။ ရာစုနှစ်အတွင်း စုဆောင်းထားတဲ့ အဆက်အသွယ်တွေကို ဖယ်ထားလိုက်အုံး ငွေနဲ့တောင် ဖို့သတ်လို့ရသည်။

ဒါပေမယ့် အခုတော့ ဆွန်းမိုက ရက်စက်ကြမ်းကြုတ်ပါတယ်ဆိုတဲ့ ကျား နှုတ်ခမ်းမွေးကိုမှ ဆွဲနှုတ်ထားသည်။ ဘယ်လောက်တောင် ရဲတင်းလိုက်သလဲ။

သူတို့စကားပြောပြီးနောက် ဆွန်မိုတွင် သူမကို အကူအညီတောင်းရန် ရည်ရွယ်ချက်မရှိဘဲ ဇောင်ကလန်ကို သူ့ဘာသာ သူရင်ဆိုင်ဖို့ စီစဉ်နေတာ တွေ့လိုက်သည်။ ဆွန်းမို၏ အကျင့်စာရိတ္တနဲ့

အလုပ်ကျင့်ဝတ် ပေါ်သူ့ရဲ့ အလေးထားမှု အရိပ်အမြွက် တွေ့လိုက်ရသည်။

ဒါမှ ယောကျ်ား။

ဆွန်းမိုရဲ့ နေ့လည်ပိုင်း ဝိညာဉ်တက်တူး အတန်းကို ကျောင်းသား ဆယ်ယောက်ကျော်ပဲ တက်ရောက်ခဲ့သည်။ လုချမ်ဂျီ တစ်ယောက်လည်း ပါဝင်သည်။

ပြီးတော့ တိုက်ပွဲကလွဲရင် ဘာမှစိတ်မဝင်စားတဲ့ ရှန်ယွန်ပေါင် အပါအဝင် ဆွန်းမိုရဲ့ တပြည့် ခြောက်ယောက်စလုံး ရှိနေသည်။

"ငါ တောင်းပန်ပါတယ်။ ဒီနေ့ အတန်း မရှိတော့ဘူး"

ဆွန်းမိုအတွက် ကျောင်းသား နည်းတာ များတာက ကိစ္စမရှိပါ။ အတန်းပြီးသွားရင် ဓောင်ယန်က စံပြအနေနဲ့ လက်စား လာချေသွားမှာသာ စိုးရိမ်နေသည်။

"ဆရာ၊ ငါတို့ မကြောက်ဘူး"

လုချမ်ဂျီက အော်ပြောသည်။

" အမှန်ပဲ။ ဓောင်ယန်ကို ကြောက်နေရင် လာတောင် လာခဲ့မှာ မဟုတ်ဘူး"

ကျောင်းသားတွေက အော်ပြောကြသည်။

“ဟားဟား သွေးဆူတဲ့ လူငယ်လေးတွေပဲ”

ဆွန်းမိုသည် စင်ပေါ်မှ ဆင်းလာကာ ကျောင်းသားတစ်ယောက်ဆီသွားပြီး ခေါင်းပွတ်လိုက်သည်။

“တော်ပြီ။ ငါမင်းတို့ကို အနားပေးလိုက်မယ် သွားပျော်ကြပါ။ ကျောင်းက အမှိုက်ရှင်းပြီးရင် မင်းတို့ ပြန်လာလို့ ရပြီ”

“ဆရာ၊ ခေါင်ယန်က ဘာကို ခေါင်းကြွနေတာလဲ။ ကျွန်တော် သေအောင်သွား ရိုက်လိုက် ရမလား”

ကျန်တဲ့ ကျောင်းသားအားလုံး ထွက်သွားပြီး သူတို့အဖွဲ့ပဲ ကျန်သည့်အချိန်တွင် ရှန်ယွန်ပေါင်က ထုတ်ပြောလိုက်သည်။

“သူ့ကိုသတ်ပြီး မင်းဘဝကို ပေးဆပ်မလို့လား”

လီဇီချီက ရှန်ယွန်ပေါင်ကို မျက်စောင်းထိုးပြီ ပြောလိုက်သည်။
ခေါင်းမှာကြွက်သားပြည့်တဲ့ကောင်က
ထင်ထားသလိုပဲ။

“လက်နဲ့ ဖြေရှင်းလို့ မရတဲ့ အရာမရှိဘူး ။ အေး တစ်ခေါက်နဲ့ မရရင် နောက်တစ်ခေါက် ထပ်ရိုက်မယ်”

ရှန်ယွန်ပေါင် က အတည်ပေါက်ကြီး ပြောလိုက်သည်။

“ဆရာ”

လုချီဟွာကတော့ မျက်လုံးတွေ နီရဲနေသည်။ သူ့ဆရာကို တစ်ခုမှ မကူညီနိုင်တဲ့အတွက် သူ့ကိုယ်သူ အပြစ်တင်နေသည်။ သို့သော်လည်း ဘယ်လောက်ကြာအောင် စဉ်းစားစဉ်းစား ဘာလမ်းစမှ မထွက်လာပါ။

ဟာ

“ငါက ဆရာကို ဘာမှမကူညီပေးနိုင်တဲ့ အရှုံးပဲ ‘’

“ဆရာ၊ မင်းတစ်ခုခု ခိုင်းချင်ရင် ငါတို့ကို ပြောပါ”

အင်ဘိုင်ဝူက ဒီလိုပြောလိုက်ပမယ့် အရာအားလုံး သက်ဆိုင်နေသည်။ သူမ ဆရာအတွက်ဆိုရင် ခါးတောင်ပဲ တက်ရတက်ရ၊ မီးပင်လယ်ပဲ ဖြတ်ရဖြတ်ရ သူမလုပ်မည်။

ချန်လုံကတော့ ဘာမှမပြောဘဲ 'အင်း' တစ်လုံးသာ ထွက်လာသည်။

" ငါ့ကိစ္စကို ငါဂရုစိုက်လိုက်မယ် မင်းတို့သာ ဇောင်ယန်ကြောင့် မထိခိုက်အောင် ကို့ကိုယ်ကို ဂရုစိုက်ကြ "

ဆွန်းမိုက လုချီဟွာကို ကြည့်လိုက်သည်။ "ဇီချီ မင်းမှာ

မိသားစု နောက်ခံရှိတော့ လုချီဖွာကို ဂရုစိုက်ပေးပါ”

“အင်း”

လီဇီချီ မျက်နှာလေး ညှိုးသွားသည်။

(ဇောင်ယန် မင်းတော်တော် တရားလွန်လာပြီနော်။ ငါလေးစားတဲ့ ဆရာကိုမှ ဘာလို့ လာထိခိုက်တာလဲ။ မင်းစောင့်နေလိုက် ။ ငါမင်းကို ခွင့်မလွှတ်ဘူး)

“ကောင်းပြီ မင်းတို့တွေအတန်းဆင်းလို့ ရပြီ “

ဒီရက်ပိုင်းအတွင်း ဝိညာဉ်တက်တူး အတန်းမရှိတာ လူတိုင်းကို ပြောချင်လို့ ဒီကိုလာခဲ့ခြင်းဖြစ်သည်။

ဒင်

"မင်းရဲ့ကျောင်းသားတွေအားလုံး တစ်လအတွင်း အဆင့်တက်သွားလို့ ဂုဏ်ပြုပါတယ်။ တာဝန်ပြီးမြောက်တဲ့အတွက် ဆုလာဒ် ငွေရောင် ရတနာ သေတ္တာ တစ်လုံး"

ရုတ်တရက် စနစ်ဆီက အကြောင်းကြားချက် ရောက်လာလျှင် ထန်ထန်ယုထန်ကို အံ့အောသင့်စွာ ကြည့်လိုက်မိသည်။ တာဝန်က မဖြစ်နိုင်တော့ဘူး

ဆိုပြီး လက်လျှော့ထားခဲ့သည်။ နောက်ဆုံးပြောရရင် ဒီ နေမကောင်းတဲ့ ကောင်လေးက ကျင့်ကြံဖို့ နေနေသာသာ အသက်ရှင်ရင်တော်ပြီလို့ တွေးထားခဲ့သည်။ အဆင့်တက်လိမ့်မယ်လို့ လုံးဝ မထင်ထားခဲ့ပါ။

‘ ဆရာ ငါ့မှာ ဒီကောင်လေးကို ကိုင်တွယ်နိုင်တဲ့ နည်းလမ်း ရှိတယ်”

ထန်ထန်ယုထန်က ဂုဏ်ယူစွာ တခစ်ခစ် ရယ်နေသည်။ (နောက်ဆုံးတော့ ငါ့အလှည့် ရောက်လာပြီ။ ငါက ဦးနှောက်ကိုပဲ အားကိုးတယ်လို့ အရင်ကတည်းက ပြောပေမယ့် မင်းတို့က မယုံကြဘူး။ ဒါပေမယ့် ဇောင်ယန်ကို ကိုင်တွယ်ပြီးရင်

ငါ့ဦးနှောက်က ဘယ်လောက်အသုံးဝင်လည်းဆိုတာ မင်းတို့ သိလာလိမ့်မယ်)

(တိုက်ခိုက်ရမယ်၊ သတ်ဖြတ်ရမယ်။ ဒါတွေက ကြမ်းလွန်းပါတယ်ကွာ)

ဒီလိုတွေးပြီး ထန်ထန်ယုထန်က တိုက်ခိုက်ရေးသမားကြီးကို တချက်ကြည့်လိုက်သည်။

"မင်း ဘယ်တုန်းက အဆင့်တက်သွားတာလဲ"

ဆွန်းမိုက မေးလိုက်သည်။

"အမ်"

ထန်ထန်ယုထန် အံ့အောသွားသည်။ ဒီမေးခွန်း မဟုတ်တာဘူးလေ။ (ဇောင်ယန်ကို ဘယ်လိုလုပ်မလဲ

မေးရမှာလေ။ ဘာလို့ ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို မေးနေတာလဲ)

အခြားသူများ ထန်ထန်ယုထန်ကို ကြည့်လိုက်သည်။ အထူးသဖြင့် အင်ဘိုင်ဝူပေါ့။ (ဒီကောင် မသေသေးဘူးလား။ ဒီလောက်ချောင်းဆိုး နေတာတောင် အဆင့်တက်သွားသေးတာလား။ နေမကောင်းချင်ယောင်များ ဆောင်နေတာလား)

ဆွန်းမိုက ထန်ထန်ယုထန် အဖြေကို စောင်မနေတော့ဘဲ သူ့လက်နဲ့ ထိလိုက်သည်။

"သုံးရက် ရှိပြီ"

ဆွန်းမို မျက်မှောင် ကြုတ်လိုက်သည်။

"အင်း" ထန်ထန်ယုထန်က ခေါင်းညိတ်လိုက်သည်။

"နတ်ဘုရားလက်က တကယ်ထူးဆန်းတယ်"

အင်ဘိုင်ဝူ ထအော်သည်။

ဒင်

အင်ဘိုင်ဝူ၏လေးစား အထင်ကြီးမှု +၃၀။ ရင်းနှီး(၄၀၀/၁,၀၀၀)

လီဇီချီနှင့် ကျန်တဲ့လူတွေက မြင်နေကြဖြစ်သည်။ ဆွန်းမိုရဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်က သူတို့အတွက် ပုံမှန်ပဲ။ ဒါကြောင့်လည်း အထိုင်တောင် မပျက်ပေ။

“ထပ်မကျင့်ကြံနဲ့တော့။ မင်းနောက်တစ်ကြိမ် ပြန်အားနည်းလာလိမ့်မယ်”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

“အမ်။ ဒါ မဖြစ်နိုင်ဘူး”

ထန်ထန်ယုထန်က ရုတ်တရုတ် ပြန်ပြောသည်။။

“တနေ့က မင်းတို့နဲ့ ဆေးရေချိုးပြီး ဒီရက်ပိုင်းအတွင်း တော်တော်နေလို့ ကောင်းတယ်။ အရမ်းကို သက်တောင့် သက်သာရှိတယ်’

“ မင်း ထင်ယောင် ထင်မှား ဖြစ်နေတာ။ မင်းကိုယ်ထဲ မှာ အဆိပ်တွေ အများကြီး ရှိနေတယ်။ အဲဒါတွေက ယာယီ ငြိမ်ကျသွားတာ။

ဆေးအာနိသင်ပျောက်သွားတာနဲ့ တန်ပြန်ပြီး မင်းပိုတောင် ခံရအုံးမယ်”

ထန်ထန်ယုထန် မျက်နှာမှုန်ကုတ်ကုတ်ဖြစ်နေသည်။ ဒီအဆိပ်တွေကို ဖယ်ထုတ်နိုင်မယ့် နည်းလမ်းတွေ့ပြီလို့ ထင်နေခဲ့သည်။

“မင်းခန္ဓာကိုယ်ထဲ ဘာဖြစ်နေလဲ မင်းသိလား” လီဇီချီက မေးလိုက်သည်။

ထန်ထန်ယုထန်က ခေါင်းခါလိုက်ပြီး ခဏငြိမ်ကျသွားသည်။ ပြီးတော့ ပြန်ပြောသည်။

“ကျင့်ကြံမှုကို မစွန့်လွှတ်နိုင်ဘူး”

ဒါအမှန်ပဲ၊ မကျင့်ကြံရင် မသန်မာနိုင်ပါ။ ဒါဆို သူက ဘယ်လို လက်စားချေရမှာလဲ

“မင်းဘဝ မင်းပဲ ဆုံးဖြတ်ပါ”

ဆွန်းမို လှည့်ထွက်သွားသည်။ သို့သော်လည်း စာသင်ခန်းထဲက မထွက်ရသေးခင် အသံတစ်ခုက ‘ဝုန်း’ကနဲ ထွက်လာသည်။

“ယုထန်”

ချန်လုံ က အကျယ်ကြီး အော်ခေါ်သည်။

ဆွန်းမို လှည့်ကြည့်လိုက်ရင် ထန်ထန်ယုထန် မြေပေါ်မှာလဲနေပြီ။ မျက်နှာက ဖြူဖျော့နေပြီး အဆက်မပြတ်နာကျင်လွန်းလို့ ဘောလုံး တစ်လုံးလို

ကွေးနေသည်။ ခဏလောက်ကြာတော့ မျက်နှာ ပြာလာသည်။

" ဖယ်ကြ"

ဆွန်းမိုက ခြေလှမ်းကျဲကြီးတွေနဲ့ ပြေးလာသည်။ ချန်လုံကို ထန်ထန်ယုထန် ကိုယ်နားက တွန်းဖယ်လိုက်သည်။

ဖောက် ဖောက် ဖောက်

ကျွမ်းကျင်အဆင့် အသက်ရှည်သွေး နည်းစနစ်ကို သုံးလိုက်သည်။ ဆွန်းမို လက်များက လျှပ်စီးလို လျှင်မြန်နေပြီး အရိပ်တွေအများကြီး ခွဲထွက်နေသည်။

ထန်ထန်ယုထန် ကိုယ်ထဲသို့ ဝိညာဉ်ချီများ လမ်းကြောင်းတစ်ခု ဖြစ်လာပြီး တိုးဝင်သွားသည်။

သိပ်မကြာခင် ထန်ထန်ယုထန် အရေပြားပေါ်တွင် ငါးသလဲထိုး ပုံစံအဖုများ ဖောင်းတက်လာပြီး ဦးတည်ရာမဲ့ လျှောက်သွားနေသည်။

"ထိရောက်သွားပြီ"

လုချီဟွာက သက်ပြင်းချရင်း ပြောလိုက်သည်။

ပြင်းပြင်းထန်ထန် တုန်ယင်နေသော ထန်ထန်ယုထန် တဖြည်းဖြည်း ငြိမ်ကျလာသည်။ သူ့ပုံစံက ပုံမှန် မဟုတ်တော့ဘဲ ချွေးတလုံးလုံး

ထွက်လာသည်။ ချက်ခြင်းပဲ ချွေးတွေ အငွေ့ပျံလာသည်။

"အားလုံး နောက်ဆုတ်ကြ"

ဆွန်းမို သတိပေးလိုက်သည်။

ခဏကြာတော့ ထန်ထန်ယုထန် ကိုယ်ထဲကနေ ခရမ်းပုပ်ရောင် အခိုးအငွေ့များ ထွက်လာသည်။

ရှန်ယွန်ပေါင်၊ ချန်လုံ၊ လုချီဟွာတို့က ချက်ခြင်း နှာခေါင်း အုပ်လိုက်သည်။

လီဇီချီကတော့ အနည်းငယ်နောက်ကျသွားပြီး တစ်ချက် ရှူလိုက်မိသည်။ ချက်ခြင်းပဲ မူးဝေလာပြီး အော့အန်ချင်လာသည်။ ကျေးဇူးတင်ရမှာက

အင်ဘိုင်ဝူက သူမကို ချက်ခြင်းပဲ ဖမ်းထိန်းလိုက်သည်။

“အော့”

လီဇီချီ မအောင့်နိုင်တော့ဘဲ အန်နေသည်။

“နောက်ထပ်ဆုတ်ပြီး ပြတင်းပေါက်တွေ ဖွင့်ကြ”

ထိုစကားအော်ပြောပြီး ဆွန်းမိုလည်း ချက်ခြင်းအသက်ရှူ ကျပ်လာသည်။

၁၅မိနစ်လောက်ကြာတော့ ကုသမှုလည်း ပြီးသွားသည်။ ထန်ထန်ယုထန်ကတော့ လက်ချောင်းတစ်ချောင်းတောင် မလှုပ်နိုင်တော့ဘဲ စားပွဲပေါ်တွင် လှဲနေသည်။

"မင်းကိုယ်ထဲမှာ ဘယ်လို အရာတွေ ရှိနေတာလဲ'

ရှန်ယွန်ပေါင်က မှုန်ကုတ်ကုတ်နဲ့ မေးလိုက်သည်။

"မင်းက နောက်ကျောခါးနဲ့ ထိုးမှာလား။ အဆိပ်သင့်မှာလား တစ်ခုခုပဲ"

ထန်ထန်ယုထန်က ဘာမှပြန်မပြောဘဲ ဆွန်းမိုကို ကျေးဇူးတင်ကြောင်းပြရန် ကုန်းရုန်းပြီး ထလိုက်သည်။

"အခုတော့ လှဲပြီး အနားယူနေပါ"

ဆွန်းမိုက ထန်ထန်ယုထန်ကို တားလိုက်သည်။

"ဆရာ"

ထန်ထန်ယုထန် စိတ်ရှုပ်ထွေးနေသည်။ ဆွန်းမိုရဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်က ဒီလိုလည်း ထိရောက်နိုင်တာလား။ “ အရမ်း မျှော်လင့်မနေနဲ့။ ငါက ခဏပဲ ထိန်းပြီး သက်သာအောင်လုပ်ပေးနိုင်တယ်။ မင်းကို မကယ်နိုင်ဘူး”

ဆွန်းမိုက ရှင်းပြသည်။

ရှေ့ဟောင်းအနှိပ်ပညာက အံ့အောဖို့ ကောင်းလောက်အောင် အကျိုးသက်ရောက်မှု ရှိသော်လည်း နှိပ်ပေးတဲ့ နည်းစနစ်တစ်ခုသာ ဖြစ်ပြီး သေရာမှ ပြန်ရှင်အောင် မလုပ်နိုင်ပါ။

"ဒါဆိုလည်း လုံလောက်နေပါပြီ"

ထန်ထန်ယုထန်က ပြုံးရင်းပြန်ပြောသည်။

"နှစ်တွေအများကြီး ကြာနေပြီ၊ တစ်ခါမှ ဒီလောက် နေလို့ မကောင်းခဲ့ဘူး"

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၂၃၁/၁,၀၀၀)

"ထန်ထန်ယုထန် မင်းစိတ်ထဲက မကျေနပ်ချက်တွေကို ဆက်လက်စုဆောင်းထားပြီး ဆုပ်ကိုင်ထားသ၍ မင်းခန္ဓာကိုယ်အတွက်

မကောင်းဘူး။ မင်း များများကျင့်ကြံလေ မင်း မြန်မြန်သေလေပဲ ဖြစ်လိမ့်မယ်”

ဆွန်းမိုက ထန်ထန်ယုထန်ကို စည်းရုံးဖို့ ကြိုးစားလိုက်သည်။ သို့သော်လည်း ဒီတစ်ကြိမ်တော့ နတ်ဘုရားမျက်စိက ထန်ထန်ယုထန်ရဲ့ ရောဂါနဲ့ ပက်သက်ပြီး မထုတ်ပြန်ပေးပါ။ လက်ရှိ နတ်ဘုရားမျက်စိရဲ့ ကျွမ်းကျင်မှုအဆင့်က ထန်ထန်ယုထန်ရဲ့ ခန္ဓာကိုယ် အခြေအနေကို နားလည် နိုင်စွမ်း မရှိသေးပါ။ သူက အနည်းဆုံး ဘိုးဘေး ဒါမှမဟုတ် ဒဏ္ဍာရီအဆင့် ရောက်မှပဲ လုပ်နိုင်မည်။

ဆွန်းမိုလည်း ထန်ထန်ယုထန်ကို စည်ရုံးနေတာ ရပ်လိုက်သည်။ လုချီဟွာရဲ့ ခေါင်းကို ထိလိုက်သည်။

ကံကောင်းသော ကြယ်လေးရဲ့ ထောက်ပံ့မှုကို ယူပြီး ငွေရောင် ရတနာသေတ္တာကို ဖွင့်လိုက်သည်။

အရည်အသွေးမြင့်တဲ့ ပစ္စည်းကောင်းကောင်းလေး ထွက်လာစမ်းပါ။

အခန်း (၁၆၈) - နတ်ဘုရားအစွမ်းရဲ့ အဆင့်ခြောက်။

အလင်းရောက်ပျောက်သွားပြီးနောက် အစိမ်းရောင် အချိန်တံဆိပ်တစ်ခုက ဆွန်းမိုအရှေ့တွင် ပေါ်လာသည်။

"သိမ်းထားလိုက်"

ဆွန်းမို အရမ်းစိတ်ချမ်းသာနေသည်။ သူက သူ့ရဲ့တပြည့်တွေကို လက်ပြန်နှုတ်ဆက်လိုက်ပြီး အချိန်တံဆိပ် အသုံးပြုဖို့ နေရာရှာရန် စီစဉ်လိုက်သည်။

လီဇီချီနှင့် လုချီဟွာက တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပြီး ဆွန်းမိုနောက်ကို ချက်ခြင်း ထလိုက်သွားသည်။

“ဆရာကိစ္စမှာ ဝင်မပါနဲ့”

ချန်လုံက ရုတ်တရက် ထပြောသည်။

ထန်ထန်ယုထန်ကတော့ ဘာမှ ပြန်မပြောပါ။ အရင်တုန်းကဆိုရင် အဆိပ်တစ်ခါ ကန်ထွက်လာတာနဲ့ ကို့ကိုယ်ကို သတ်သေချင်လောက်အောင် နာကျင်သည်။ သို့သော်လည်း ဒီတစ်ကြိမ်တော့ ဆွန်းမိုရဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက် အကူအညီနဲ့အများကြီး သက်သာ သွားသည်။

တခြားလူတွေကတော့ ထန်ထန်ယုထန် အရမ်းနာကျင်နေတယ်လို့ မြင်ကြသည်။ ဒါပေမယ့်

ဒါက အရင်နာကျင်မှုရဲ့ ၁၀ပုံ ၁ပုံပဲ ရှိသေးတယ်ဆိုတာ သူတို့ မသိကြပါ။

ဒီတစ်ချက်တည်းနဲ့တင် ဆွန်းမိုအပေါ် ကျေးဇူးအကြွေး တင်နေပြီ။

ထန်ထန်ယုထန်ရဲ့ စည်းမျဉ်းက ရန်ကြွေးလည်းကုန်အောင် ဆပ်ရမယ်၊ ကျေးဇူးကြွေးလည်း ကုန်အောင် ဆပ်ရမည်။

"ငါပြောတယ် ။ ဝင်မပါနဲ့နော်"

ချန်လုံရဲ့ မျက်နှာ အနေအထားက အေးစက်လာသည်။ သူက အများအားဖြင့်

အမှုအရာကင်းမဲ့ နေတတ်သည်။ ဒါပေမယ့်အခုတော့ လူသေကောင် မျက်နှာ ဖြစ်နေသည်။

"ဆရာက ခေါင်ယန်ကို ကိုင်တွယ်နိုင်မယ်လို့ မင်းထင်နေတာလား" ထန်ထန်ယုထန်က ပြန်မေးလိုက်သည်။

"သေချာတာပေါ့" ချန်လုံက ထန်ထန်ယုထန်ကို အေးစက်စက် ပြန်ကြည့်ရင်းပြောလိုက်သည်။ ထန်ထန်ယုထန်သည် သူ့အတွက်တော့ အရမ်းကို စိတ်ပျက်ဖို့ကောင်းနေသည်။ သူရဲ့နည်းလမ်းတွေက ခြောက်ခြားဖို့ကောင်းပြီး ပြင်းထန်လွန်းသည်။

ဆွန်းမိုရဲ့ အစီအစဉ်ကို ဖျက်ဆီးမိသွားရင် ဘယ်လိုလုပ်မလဲ။

"မင်းက ဆရာ့ကို အရမ်းယုံနေတာပဲ"

ထန်ထန်ယုထန် ရုတ်တရက် အံ့အောသွားသည်။ စကားနည်းတဲ့ ချန်လုံက ဆွန်းမိုကို အရမ်းကြီးအသိအမှတ်ပြု ထားလိမ့်မယ်လို့ မထင်ထားခဲ့ပါ။

ချန်လုံက ဘာမှပြန်မပြောဘဲ လှည့်ထွက်သွားသည်။

"ဆရာကျရှုံးသွားရင် ဘယ်လိုလုပ်မလဲ"

ထန်ထန်ယုထန်က မေးလိုက်သည်။

ချန်လုံ တစ်ချက်ရပ်သွားပြီး တံခါးကနေ ပျောက်သွားသည်။

"ဟီးဟီး၊ အခုတော့ ငါနားလည်ပြီ။ ဆွန်းမိုသာ ကျရှုံးသွားရင် ငါတို့ ဆရာဖြစ်ဖို့ မထိုက်တန်ဘူးပေါ့။ ဒီလိုလား"

ထန်ထန်ယုထန် ပြုံးလိုက်သည်။ သူက ချန်လုံရဲ့ အတွေးကို ဖော်ထုတ်နိုင်ခဲ့သည်။

ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူး ဖုံးနေတဲ့ ဒီလူငယ်က အနာဂတ် မရှိတော့ပါ။ ဒါကြောင့်လည်း

ဆရာတစ်ယောက် တင်ဖို့အတွက် အကြိမ်ကြိမ် အငြင်းခံနေခဲ့ရသည်။ ချန်လုံသည် သူ့ကို ခေါ်လာသည့် အတွက်လည်း ဆွန်းမိုကို ကျေးဇူးတင်သည်။

သို့သော်လည်း သူသည် တချိန်က ပါရမီရှင်တစ်ယောက်ဖြစ်ခဲ့ပြီး စိတ်ထဲမှာတော့ မာနကြီးနေဆဲဖြစ်သည်။ သူ့ဆရာက ဘာပဲလုပ်လုပ် အကောင်းဆုံးဖြစ်ရမယ်လို့ မျှော်လင့်ထားသည်။

ဒါကြောင့်လည်း ချန်လုံက ထန်ထန်ယုထန်ကို ဝင်မစွက်ဖက်ခိုင်းပါ။ ဆွန်းမိုက ဖေါင်ယန်ကို

ကိုင်တွယ်နိုင်မယ်လို့ ယုံကြည်သည်။ သူက ဆွန်းမိုကို စမ်းသပ်ကြည့်ချင်တာလဲ ပါသည်။

“ဟွန့်၊ မရင့်ကျက်သေးတဲ့ ကလေးပါကွာ” ထန်ထန်ယုထန်က နှုတ်ခမ်းထော်ပြီး ပြောလိုက်သည်။ ချန်လုံကတော့ သူ့မိဘက အမြဲတမ်း အကောင်းဆုံးဖြစ်နေရမယ်လို့ မျှော်လင့်တတ်တဲ့ ကလေးတစ်ယောက်လိုပါပဲ။

ဒီလိုစိတ်ထားမျိုးက တစ်ချက်ကလေး မှားသွားတာနဲ့ ယိုင်သွားတတ်သည်။ ချန်လုံ ကြုံတွေ့ခဲ့ရတာကို ပြန်စဉ်းစားကြည့်ရင်

အလိမ်ခံခဲ့ရတာ ဖြစ်ဖို့များသည်။ ထန်ထန်ယုထန် မနေနိုင်ဘဲ ပြုံးလိုက်မိသည်။ ဆွန်းမိုအတွက်တော့ ကူကယ်ရာမဲ့သလို ခံစားမိသည်။

(ဘယ်လိုတပြည့်မျိုးလဲဆိုတာ ကြည့်ပါအုံး)

တခြားမကြည့်နဲ့ သူက မျက်ကန်းတောတိုး စိတ်ဓါတ်နဲ့ရောဂါသည်၊ ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းမရှိတဲ့ ဒုက္ခိတ တစ်ယောက်၊ အချိန်တိုင်း ရန်ဖြစ်ချင်နေတဲ့ ဦးနှောက်ကြွက်သားနဲ့က တစ်ယောက်၊ နို့အုံကြီးပြီး ဦးနှောက်မသုံးတတ်တဲ့ ငတုံးက တစ်ကောင်၊ မျက်နှာသေနဲ့ အမြဲတမ်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်ဖောက်ပြန်တတ်တာက တစ်ယောက် ကောင်းရော။

အိုအမှန်ပဲ။ အင်ဘိုင်ဝူကရော ဘာထူးလဲ။ ငွေ မတရားမက်ပြီး အမြဲတမ်း အထီးကျန် ဆန်နေတယ်။

ကျွတ်ကျွတ်၊ တကယ်ကို ပြဿနာကောင်လေးတွေပဲ။

နောင်ကျရင်တော့ ဆွန်းမိုတစ်ယောက် ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ လည်နေတော့မယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာရေ။ မင်းတော့ ဘာလုပ်ဖို့ စိတ်ကူးနေတာလဲ"

လီဇီချီ သိတာကတော့ သူမချင်လင်မြို့ကို စရောက်တဲ့အချိန်ကတည်းက ဖောင်ယန်သည် တကယ့်ကို ရိုင်းရိုင်းစိုင်းစိုင်းကောင် ဖြစ်သည်။ လူချမ်းသာ အသိုင်းအဝိုင်းမှာလည်း စိတ်ထားယုတ်ညံ့ပြီး ပုံရိပ်တော်တော်ဆိုးနေသည်။

ဖောင်ယန်သည် မြတ်ဆရာများနဲ့တွေ့ရင် အပြုအမူကို ထိန်းချုပ်ထားပြီး ဆွန်းမိုလို ဆရာအသစ်များဆိုရင်တော့ လက်သီးပုန်းပြပြီး

ကောက်ကျစ်တတ်သည်။ ဒါကြောင့်လည်း ဆွန်းမိုနောက်ကို လိုက်ခဲ့ခြင်း ဖြစ်သည်။ ဇောင်ယန်က သူမကို မြင်လျှင်တော့ မဆင်မခြင် မလုပ်ရဲလောက်ပါ။

“ ခဏလောက်သွား ကျင့်ကြံကြ”

ဆွန်းမိုက အချိန်တံဆိပ်ကို သုံးဖို့ စီစဉ်နေသည်။ သို့သော်လဲ ဘယ်စွမ်းရည်ကို မြှင့်သင့်လဲ။

သဏ္ဌာန်မဲ့မြင့်မြတ်စကြြ်ာဝဠာကျင့်စဉ်ရဲ့ အဆင့်(၅) သူ့တုတ်နှင့် သူပြန်ရိုက်ခြင်း ဖြစ်သည်။ ဆွန်းမိုသည် တစ်ကြိမ်သာ အသုံးပြုခဲ့သော်လည်း

ဘယ်လောက်တောင် အစွမ်းထက်မှန်း သိခဲ့ပြီ။ ကောင်းကောင်း အသုံးချနိုင်ရင် ပြိုင်ဘက်ကို အငိုက်ဖမ်းပြီး အနိုင်ယူနိုင်သည်။ အဆင့်ခြောက်ဆိုရင် ပိုတောင် ထူးဆန်းအံ့းမည်။ သို့သော်လည်း ဆွန်းမိုက ရှေ့ဟောင်းလောကနတ်ကျင့်စဉ်ကို အဆင့်မြှင့် တင်ချင်နေသည်။

ဒီနတ်ဘုရားစွမ်းရည်က ပြိုင်ဘက်ကို ထိမိလိုက်တာနဲ့ ပြိုင်ဘက်ရဲ့ နည်းစနစ်ကို ထုတ်ယူနိုင်သည်။ သို့သော်လည်း အခြေခံအဆင့်သာ ရှိပြီး သိပ်အသုံးမဝင်သေးပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂေါ်ပန်ရဲ့ ဆန်းကြယ် ကောင်းကင်အဆင့် ကျင့်စဉ်ဖြစ်တဲ့ ဆန်းကြယ်ရေခဲလှံကျင့်စဉ်ကလည်း ဈေးကွက်ထဲမှာ ငွေပေါင်းများစွာ တန်ဖိုးရှိသည်။ ဒါ့အပြင် ဆွန်းမိုမှာ ဘိုးဘေးအဆင့်ကနေ ဆင်းသက်လာတဲ့ ရှေ့ဟောင်းအနှိပ်ပညာလည်း ရှိသေးသည်။ တနေ့ကတိုက်ပွဲတွင် ဆွန်းမိုတစ်ယောက် စာမျက်နှာအသစ်ခိုးယူနိုင်မယ့် အခွင့်အရေး လွဲချော်ခဲ့သည်။ အမှန်တကယ်တော့ ၁ရာခိုင်နှုန်းထက်တောင် နည်းသေးသည်။

ထိရောက်မှုက တော်တော်နည်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ဂေါင်ပန်ကို နောက်တစ်ခေါက်လောက် တိုက်ခိုက်မယ်ဆိုပြီး လိုက်ရှာလို့ ဖြစ်ပါ့မလား။ ဂေါင်ပန်က အကြိမ်ကြိမ်ရှုံးလို့ စိတ်ဓါတ်မကျရင်တောင် ဖလှယ်တဲ့ အရေအတွက်များလျှင် ဆွန်းမိုက တစ်ကြိမ်မဟုတ် တစ်ကြိမ်မှာ ရှုံးသွားနိုင်သည်။

မြတ်ဆရာတွေရဲ့ ကမ္ဘာတွင် ဆရာတွေကြားက ယှဉ်ပြိုင်မှုက သူတို့ရဲ့ သင်ကြားရေးစွမ်းရည်ကို အခြေခံသည်။ ဒါမှမဟုတ် သူတို့ရဲ့တပြည့် ဘယ်လောက် ထူးချွန်လည်း ကြည့်ကြသည်။

လုံးလုံးလျားလျား အဆင့်မမှီတော့မှသာ သူတို့အချင်းချင်း တိုက်ခိုက်တတ်ကြသည်။

နောက်တစ်ချက်အနေနဲ့ ဆရာတွေက သူတို့ရဲ့ ပုံရိပ်ကို အရမ်းတန်ဖိုးထားသည်။ တိုက်ခိုက်မယ်၊ သတ်ဖြတ်မယ်၊ ခက်ခက်ခဲခဲလုပ်မယ် ၊ ဒဏ်ရာတွေ ဖုံးထားမယ် ဒါတွေကို တတ်နိုင်သလောက် မလုပ်ကြပါ။

....

ဆွန်းမိုသည် အခုလောလောဆယ်မှ တရားဝင်ဆရာတစ်ယောက် ဖြစ်လာသော်လည်း

ဗဟိုပြည်နယ် အကယ်ဒမီတွင် နာမည်အကြီးဆုံး ဖြစ်နေပြီ။

ဒါကြောင့်လည်း လေ့ကျင့်ရေးဒိုဂျို အုပ်ချုပ်ရေးမှူးက ဆွန်းမိုကို မြင်လိုက်လျှင် ချက်ခြင်းပဲ အကောင်းဆုံး အသုံးဆောင်ပစ္စည်းနဲ့ အကြီးဆုံး လေ့ကျင့်ရေး အခန်းသော့ ထုတ်ပေးလိုက်သည်။

“ဆရာဆွန်း၊ မင်းအခန်းက ဒီမှာ”

အုပ်ချုပ်ရေးမှူးက သူ့ကိုသော့ပေးရင်း လက်မထောင်ပြသည်။ ဇောင်ယန်နှင့် ဆွန်းမိုကြားက

ပဋ္ဌိပက္ခကိုကြွားပြီး ဆွန်းမိုကို အရမ်းသဘောကျနေသည်။ သူက ဇောင်ယန်ကို မစော်ကားနိုင်သော်လည်း ဆွန်းမိုကိုတော့ မနေနိုင်ဘဲ အားပေးနေမိသည်။

ကျောင်းဝန်ထမ်းဟောင်း တစ်ယောက်အနေနဲ့ ကျောင်းကို သံယောဇဉ်ရှိပြီး ပိုမပျက်ဆီးလာစေချင်ပါ။

ဒင်

အုပ်ချုပ်ရေးမှူး၏ လေးစားအထင်ကြီးမှု +၂၀။ မူလ(၂၀/၁၀၀)

"ကျေးဇူးတင်ပါတယ်"

ဆွန်းမို ပြုံးရင်း ပြောလိုက်သည်။

လီဇီချီက သေ့ကို လက်ခံလိုက်ပြီး ရှေ့ကဦးဆောင်ကာ ဆွန်းမိုရဲ့ အမျိုးသမီး အစေခံတစ်ယောက်လို လုပ်နေသည်။

လေ့ကျင့်ရေး အခန်းတံခါးကို ဖွင့်လိုက်လျှင် လုချီဟွာက တအံ့တအော ထအော်သည်။

"ဒါ.....ဒါက အရမ်း ကောင်းတာပဲ"

လေ့ကျင့်ရေးအခန်းသည်

ဘတ်စကတ်ဘောကွင်းလောက်ရှိပြီး ကြမ်းပြင်ကို

ထုံးကျောက်ပြားများ ခင်းထားသည်။ သန့်ရှင်းလှပြီး ဖုန်တစ်စက်တောင် မရှိပါ။ မနီးမဝေး အနားယူတဲ့နေရာတွင် သစ်သား ကုတင်တစ်လုံး၊ စားပွဲနှင့် ထိုင်ခုံ များရှိသလို စုတ်တံ၊ မှင်နှင့်စာရွက်များပြင်ဆင်ထားသည်။

လုချီဟွာကတော့ ပတ်ပတ်လည် လျှောက်ပြေးပြီး စပ်စုနေသည်။ လက်ဆက်သော သစ်သီးဖျော်ရည်များလည်းရှိပြီး အရမ်းအရသာရှိတာကို လုချီဟွာ သတိထားလိုက်မိသည်။

“ရေချိုးခန်းတောင် ပါသေးတယ်ဟ”

လုချီဟွာက ရေကို စမ်းသပ်လိုက်သည်။ တကယ်ပူတာပဲ။

“ဒါက မြတ်ဆရာတွေသုံးတဲ့ လေ့ကျင့်ရေး အခန်း”

လီဇီချီက ပတ်ပတ်လည် ကြည့်ပြီး မြတ်ဆရာတွေသုံးတဲ့ အခန်းဖြစ်မယ်လို့ ခန့်မှန်းလိုက်သည်။

“အမ်၊ ဒါဆိုရင် တစ်ခုခုတော့ မှားနေပြီ။ ဆရာက မြတ်ဆရာတစ်ယောက် မဟုတ်သေးဘူးလေ”

လုချီဟွာ နည်းနည်းစိုးရိမ်သွားသည်။

"အုပ်ချုပ်ရေးမှူးကို ပြောလိုက်ရမလား"

လုချီဟွာက အရမ်းရိုသားပြီး ဒီလိုမျိုး အခွင့်အရေးများလည်း မယူတတ်ပေ။ အုပ်ချုပ်ရေးမှူးကို သူ့အမှားကြောင့် ကျောင်းခေါင်းဆောင်များဆီတွင် အပြစ်တင်ခံရမှာ သူမက စိတ်ပူနေသည်။

"မစိုးရိမ်နဲ့"

လီဇီချီ ရေတစ်ခွက်ကို အရသာခံသောက်ရင်း ပြောလိုက်သည်။ ပြဿနာမရှိလို့သာ ဆွန်းမိုကို ပေးတာပေါ့။

အုပ်ချုပ်ရေးမှူးက အများမလုပ်ပါ။ ဆွန်းမိုဆီမှာ မျက်နှာရဖို့ သူ့လုပ်ပိုင်ခွင့် အသုံးချလိုက်ခြင်း ဖြစ်သည်။

ဆွန်းမိုဆီမှာ နတ်ဘုရားလက် ပိုင်ဆိုင်ထားတာကို သိနေသည်။ သူတို့တစ်ဘဝလုံး တစ်ခါမှ နေမကောင်းမဖြစ်၊ ထိခိုက်ဒဏ်ရာ မရဘူးလို့ ဘယ်သူက အာမခံနိုင်လို့လဲ။ ဒါကြောင့်လည်း ဆွန်းမိုက သူတို့အတွက် အမြဲတမ်း လိုအပ်သည်။ ဆွန်းမိုနဲ့သာ ဆက်ဆံရေးကောင်းအောင်

လုပ်ထားခဲ့ပါက သူတို့အကူအညီလိုတဲ့ အခါကျရင် ချည်းကပ်ဖို့ လွယ်ကူမည်။

ဒါက အသိဉာဏ်ရှိပြီး သာမန် လူတို့ရဲ့ သဘာဝ ဖြစ်သည်။

“ငါမသောက်တော့ဘူး”

ဆွန်းမိုက တင်ပလေခွေထိုင်ရင်း ကောင်းကျိုးနဲ့ ဆိုးကျိုးများ သုံးသပ်နေသည်။

ဖေခင်ယန်ကို အခုလောလောဆယ် ရန်စထားပြီး သူတို့နှင့် တိုက်ခိုက်ရမှာ မလွဲမသေပါ။ နောက်တစ်လ ဒါမှမဟုတ် ဒီထက်ကြာပါက အမှောင်တိုက်ကြီးကို

သွားရအုံးမည်။ အဲဒီနေရာက အန္တာရာယ် အရမ်းများပြီး တောတွင်းဥ ပဒေ ကြီးစိုးသည်။ သူ့ရဲ့ကျောင်းသားတွေကို ကာကွယ်ပေးပြီး အသက်ရှင်နိုင်ခြ မြင့်မားချင်ရင်တော့ သူ အစွမ်းကြီးနေမှ ဖြစ်မည်။

“သဏ္ဍာန်မဲ့မြင့်မြတ် စကြြ်ာဝဠာကျင့်စဉ်ကို အဆင့်မြှင့်တာပဲ ပိုကောင်းမယ် ထင်တယ်”

နောက်ဆုံး ဆုံးဖြတ်ချက်ချလိုက်ပြီး အချိန်တံဆိပ်ကို တစ်ချက်ထဲ ရိုက်ခွဲလိုက်သည်။

ဖောင်း

ဝူးရှ် ဝူးရှ် ဝူးရှ်

ဆွန်းမို နဖူးကို အလင်းစက် ဝင်လာတာနဲ့ အမျှ သူ့စိတ်ထဲမှာ အရမ်းများသော အချက်အလက်များ ဖြစ်ပေါ်လာသည်။ ဒါတွေက သူ့ကို နည်းစနစ်အား ပိုမိုနက်ရှိုင်းစွာ နားလည်လာစေသည်။

အစိမ်းရောင် အလင်းတန်းအလွှာတစ်ခုက ဆွန်းမိုကို ဖုံးအုပ်သွားသည်။

“ဒါက သဏ္ဍာန်မဲ့မြင့်မြတ် စကြ်ာဝဠာကျင့်စဉ်ပဲလား”

လုချီဟွာတစ်ယောက် သိချင်လာသည်။

“ငါလည်း မသိဘူး”

လီဇီချီက ခေါင်းခါရင်း ပြန်ဖြေသည်။ နည်းနည်း စိတ်ရှုပ်နေသည်။

(ဆရာရဲ့ ကျင့်ကြံတဲ့ နည်းလမ်းက အရမ်းထူးခြားတယ်။ လျှို့ဝှက်ထားသင့်တာ။ လုချီဟွာနဲ့ ငါ့ကို ဘာမှ မဖုံးကွယ်ထားဘူး။ ဘယ်လောက်တောင် ယုံကြည်ပေးတာလဲ)

(ငါကပဲ နာလည်မှု ရှိရှိနဲ့ စပြီး ထွက်သွားပေးလိုက်ရမလား)

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ၏ လေးစားအထင်ကြီးမှု +၂၀။ ရင်းနှီး(၆၆၀/၁,၀၀၀)

"ဒီအရောင်ကြီးကို မုန်းတယ်"

လုချီဟွာက နှုတ်ခမ်းစူပြီး ပြောလိုက်သည်။ သူမရဲ့ရိုးရှင်းတဲ့ ဦးနှောက် ဆဲများကြောင့် လီဇီချီ တွေးတောဆင်ခြင်နေတဲ့ ပြဿနာကို မတွေးမိပါ။

လုချီဟွာ ဘာပြောတာလည်းဆိုတာ နားမလည်ခင် ခဏလောက်တော့ လီဇီချီ ကြောင်သွားသည်။ ပြီးမှ မနေနိုင်ဘဲ ပြုံးလိုက်မိပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာနဲ့လက်ထပ်ရင် ငါ့သေချာပေါက် ဦးထုပ်စိမ်း(၁)လုံး မဆောင်းခိုင်းဘူး"

"အား ၊ ဆရာနဲ့ လက်ထက်ချင်နေတာလား"

လုချီဟွာက ပါးစပ်ကို လက်နဲ့အုပ်ပြီး အရမ်းအံ့အောစွာ ကြည့်နေသည်။

"ငါ.....ငါပြောတာက" လီဇီချီ ဆက်မပြောနိုင် ဖြစ်နေသည်။

"ဒါက ဘီဖန်အနေနဲ့ ခိုင်းနှိုင်းပြီးပြောလိုက်တာ ။ နားလည်လား"

"ဘယ်က ဘီဖန်လဲ။ ဘာကြောင့် ဘီဖန်ကို ရိုက်မှာလဲ" လုချီဟွာက စိတ်ရှုပ်တဲ့ အမူအရာနဲ့ ခေါင်းခါလိုက်သည်။

"စကားလမ်းကြောင်း မပြောင်းနဲ့ အခု မင်းအကြောင်းပြောနေတာ"

"ကောင်းပြီ။ ဆရာနဲ့ လက်မထက်ဖူး ဟုတ်ပြီလား" လီဇီချီ ပြောပေးလိုက်သည်။

"မင်းသေချာလား"

လုချီဟွာက မေးသည်။

"ငါသေချာတယ် ဟော့။ စကားပြောတာရပ်တော့။ ဆရာကျင့်ကြံနေတာကို အနှောက်အယှက် ဖြစ်သွားမယ်"

လီဇီချီက သတိပေးလိုက်သည်။

လုချီဟွာက ကျေနပ်တဲ့ အပြုံးကိုပြုံးပြီး ရင်ဘက်ကို ပွတ်လိုက်သည်။

လီဇီချီက အရမ်းတော်သည်။ ဆရာအတွက်နဲ့ တိုက်ခိုက်ရင် သူမပဲ သေချာပေါက် ရှုံးနိုင်သည်။ သို့သော်လည်း ဒီစကားလေးတစ်ခုကြောင့် သူ စိတ်ချသွားပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အမှန်လဲ၊ ဆရာနဲ့ လက်ထက်ဖို့တစ်ခါမှ မတွေးဖူးဘူး။ အမ် ငါဘယ်တော့မှ မလုပ်ဘူး)

လုချီဟွာက စိတ်အေးသွားသလို သက်ပြင်းကြီး ချလိုက်တာ မြင်လိုက်လျှင် လီဇီချီ အံ့အောသွားသည်။

(ဒီပုံစံက ဘာလဲ။ နေပါအုံး။ ဒီချစ်စရာကောင်းတဲ့ငတုံးလေးကို ငါက စနောက်လို့တောင် မရဘူးလား)

ဆွန်းမိုဘက်မှာတော့ သူ့ကိုယ်ပေါ်က အစိမ်းရောင် အလင်းတွေ ပျောက်ကွယ်သွားပြီး စနစ်ဆီက အကြောင်းကြားချက် ထွက်လာသည်။

ဒင်

“သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာကျင့်စဉ်ရဲ့ အဆင့်(၅) ဖြစ်တဲ့ သူ့တုတ်နဲ့သူ့ရိုက်ခြင်း နည်းစနစ်က ကျွမ်းကျွင်မှုအဆင့် မဟာအဆင့်ကို ရောက်ရှိသွားပြီးနောက် အဆင့်(၆) စကြဝဠာ သဏ္ဍာန်မဲ့ ကိုယ်ပွားနည်းစနစ်က ကျွမ်းကျင်မှုအဆင့် အခြေခံအဆင့်ကို ရောက်ရှိသွားပါပြီ”

ဆွန်းမိုက ဒီစနစ် နောက်ကွယ်က နက်နဲဆန်းကြယ်သောအရာများကို

လေ့လာသုံးသပ်ပြီးနောက် သူ့မျက်နှာ တဖြည်းဖြည်း ပျက်လာသည်။

“ဘုရားရေ၊ ကိုယ်ပွားလား၊ ဘယ်မှာလဲ ကိုယ်ပွားက မင်းရောင်းစားလိုက်ပြီလား”

“ဒါက ဆွန်းကြယ်သူတော်စင်အဆင့် နည်းစနစ်လေ။ အဆင့်မြင့်လေလေ ကျင့်ကြံဖို့ ပိုခက်လေလေပဲ။ မင်းက ဆယ်နှစ်လောက်နဲ့ ဆို အခြေခံလောက်ပဲ ရောက်မယ်။ တကယ်လို့ ကိုယ်ပွားထုတ်ချင်ရင်တော့ အနည်းဆုံး ကျွမ်းကျင်အဆင့်လောက် ရမှ ဖြစ်မယ်”

စနစ်က ရှင်းပြသည်။

မှတ်ချက်။ ။(၁) ဟူသော စကားစုသည် အမျိုးသမီးတစ်ဦးက ချစ်သူသို့မဟုတ် ခင်ပွန်းကို ဖောက်ပြန်သည့်အခါ သုံးတဲ့စကားစုဖြစ်သည်။ ကြာခိုတာနှင့် အဓိပ္ပါယ်တူသည်။

မှတ်ချက်။ ။ ဘီဖန်သည် လီဇီချီ စကားပြောလိုက်သော အသံထွက်က စကားနားကြားမှားတတ်တဲ့ စကားစုဖြစ်သည်။ ဘရီဖင်_ ခိုင်းနှိုင်းတင်စားပြီး (ဥ_ပမာ) ပြောသည်။ ဒါကိုပဲ ဘီဖန်ကို ရိုက်တယ် ဖြစ်သွားသည်။

အခန်း (၁၆၉) - ပန်းပုလဲ လမ်းကြားမှာ ဝိုင်းပြီးတိုက်ခိုက်ခြင်း။

"မင်းအမေက ဖာသည်ပဲ"

ဆွန်းမို က ကျိန်ဆဲလိုက်သည်။

"ဘာလို့ စောစောက မပြောတာလဲ"

(ဒါဆို ငါကအချိန်တံဆိပ်တစ်ခု ဖြုန်းမိသွားပြီပေါ့။ ဒီအချိန်တံဆိပ်က ဒီလို ဖြစ်မယ်သိရင်

ရှေ့ဟောင်းလောကနတ်ကျင့်စဉ်ပဲ အဆင့်မြှင့်ပါတယ်)

“မင်းမှ မမေးတာ”

စနစ်လည်း သိပ်အဆင်မပြေတော့ပါ။

“ထွက်လာပါလား။ မင်ကိုသေအောင်မရိုက်ဘူး”

ဆွန်းမို တော်တော် ပေါက်ကွဲနေသည်။ (အခု ငါလာလုပ်ရမှာလဲ။ ဒီတိုင်းတော့ အဆုံးမခံနိုင်ဘူး။ လက်မခံနိုင်ဘူး)

သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာကျင့်စဉ်က အဆင့်ခြောက်ကို သေးငယ်သော အဆင့်အထိ

အောင်မြင်မှု ကိုယ်ပွားထုတ်နိုင်မည်။ မဟုတ်ပါက အသုံးမဝင်ပါ။

"စနစ်စတိုးဆိုင်ကနေ အချိန်တံဆိပ်ဝယ်ပြီး အဆင့်ခြောက်ကို ကြီးမားသောအောင်မြင်ခြင်း အဆင့်အထိ ရောက်အောင် အဆင့်မြှင့်ဖို့ အကြံပေးချင်တယ်"

စနစ်က အကြံပြုလိုက်သည်။

"အခုငါ့မှာ အမှတ်ဘယ်လောက်ရှိလဲ"

ဆွန်းမိုက မေးလိုက်သည်။

"၁၉,၈၂၇" စနစ်က ပြန်ဖြေသည်။

"ငါ့ကို အချိန်တံဆိပ်တစ်ခုပေး။ ဆယ်နှစ်နော်"

ဆွန်းမိုက မတွေဝေဘဲ ဆုံးဖြတ်လိုက်သည်။

ဒင်

"ဝယ်ယူမှုအောင်မြင်ပြီး အချိန်တံဆိပ်တစ်ခု ရရှိပါပြီ"

ကြေးဝါရောင်တံဆိပ်တစ်ခုသည် ဆွန်းမို အရှေ့တွင် ပေါ်လာသည်။ ယူပြီး ဖြိုခွဲလိုက်သည်။

မိနစ်အနည်းငယ်ကြာပြီး အကြောင်းကြားချက် တစ်ခု ထွက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျွမ်းကျင်ခြင်းအဆင့်၊ တော်-အဆင့်ကို ရောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆက်ကြိုးစားပါ"

ပြီးတော့ရော။ ဘာမှ ဆက်မရှိတော့ဘူး။

ဆွန်းမိုက သစ်သားဓါးကို ထုတ်ယူပြီး ကြမ်းပြင်ကို ခပ်ပြင်းပြင်း ခုတ်ချလိုက်သည်။

(ဘယ်မှာလဲ ကိုယ်ပွား။ မင်းစားလိုက်တာလား။ ဘာလို့ မထွက်လာသေးတာလဲ)

"ကိုယ်ပွားပေါ်ချင်ရင် ကျွမ်းကျင်မှုညွှန်းကိန်းကို ကျွမ်းကျင်အဆင့်အထိရောက်အောင် မြှင့်ရမယ့်ပုံပဲ"

စနစ်က သုံးသပ်လိုက်သည်။

"ငါ လို.......မ..သာ"

ဆွန်းမို ကျိန်ဆဲလိုက်သည်။

"ဆရာ ဘာဖြစ်နေတာလဲ'

လုချီဟွာက စိုးရိမ်ပြီး လီဇီချီ အကျီကို ခပ်တင်းတင်း ဖမ်းဆွဲလိုက်သည်။ ကျင့်ကြံတာ အဆင်မပြေလို့လား။

" ဆရာက ကျင့်ကြံနေတုန်းလား"

လီဇီချီက မဝံ့မရဲ မေးလိုက်သည်။ ထို့နောက် ရေတစ်ခွက်ကို ခပ်သွားပြီး

"ဆရာ။ စိတ်အေးအေးထား"

လီဇီချီ၏ နူးညံ့သော အသံကို ကြားလိုက်လျှင် ဆွန်းမို လှည့်ကြည့်လိုက်သည်။ လီဇီချီ၏ ကြောက်လန့်နေတဲ့ပုံစံကို မြင်လျှင် ကို့ကိုယ်ကို အပြစ်တင်မဆုံး ဖြစ်သွားသည်။ သူစိတ်တိုနေမှန်း သူ့ကိုယ်သူ သိလိုက်သည်။

တည်ငြိမ်မှုတွေ ပျောက်သွားပြီး ခံစားချက် မထိန်းနိုင် ဖြစ်သွားသည်။ ဒါကြောင့်

စိတ်ထိန်းနိုင်အောင် အသက်ခပ်ပြင်းပြင်း ရှူလိုက်သည်။

“ဟွန့်။ အချိန်တံဆိပ်နှစ်ပဲ မှတ်လား။ ငါတတ်နိုင်တယ်”

ဆွန်းမို လွှတ်ထွက်လာသည်။ (ဒီနေ့ငါ့ရဲ့ လေးစားအထင်ကြီးမှု အမှတ်တွေ အားလုံးကုန်သွားရင်တောင် သဏ္ဍာန်မဲ့စကြ်ာဝဠာကိုယ်ပွား မထုတ်နိုင်ဘူးဆိုတာ မယုံဘူး)

အဆိုးထဲက အဆိုးဖြစ်လာသော် တစ်လကြာရင် "အလွဲသုံးစားကျောင်းသား မြတ်ဆရာအရှိန်အဝါ' ကို မဝယ်နိုင်ရုံဘဲ ရှိမယ်။

ဒင်

"ဝယ်ယူမှု အောင်မြင်ပြီး အချိန်တံဆိပ်တစ်ခု ထပ်မံရရှိပါပြီ"

ဆွန်းမို တံဆိပ်ယူပြီး နောက်တစ်ခေါက် ထပ်သုံးတော့မယ့်အချိန်တွင် စနစ်ဆီက အချက်ပေးသံ ထွက်လာသည်။

“ မင်းဒေါသနဲ့ ဒေါသထွက်ခြင်းကို ထိန်းနိုင်တဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းက စိတ်ခံစားချက်ကို ထိန်းချုပ်ပြီး စိတ်ပိုင်းဆိုင်ရာ အခြေနေကို တိုးတက်စေခဲ့တယ်။ အထူးဆုအနေနဲ့ ဆုလာဒ်-အနက်ရောင် ရတနာသေတ္တာတစ်လုံး”

ဆွန်းမို အရှေ့တွင် အနက်ရောင် ရတနာ သေတ္တာ တစ်လုံး ပေါ်လာသည်။

“ဒီလိုမျိုးလဲ ရှိတာလား”

ဆွန်းမို ဆွံ့အနေသည်။

(ရိုက်ပြီးမှ အချိုကျွေးတာလား)

"ဆွန်းမို။ ဒီနည်းစနစ်က ကောင်းကင်ပေါ်ကို တက်ခြင်း အကယ်ဒမီရဲ့ အကောင်းဆုံး မြင့်မြတ်ကျင့်စဉ်ပဲ။ တကယ်လို့ ကျင့်ကြံရတာ လွယ်နေရင် ကျောင်းအုပ်ဖြစ်မယ့် လိုအပ်ချက်ထဲမှာတောင် ထည့်ထားမှာ မဟုတ်ဘူး"

စနစ်က ရှင်းပြသည်။

ကောင်းကင်ပေါ်ကိုတက်ခြင်းအကယ်ဒမီသည် ပြည်နယ်ကိုးခုရှိ နာမည်ကျော် ကျောင်းကိုးကျောင်းထဲမှာမှ ထိပ်ဆုံးက ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုကျောင်းရဲ့ အကောင်းဆုံး ကျင့်စဉ်ပါဆိုမှ ဘယ်လောက် အစွမ်းထက်မလဲ ထင်ရှားနေသည်။

နှစ်အနည်းငယ်ကြာအောင် မကျင့်ဘဲ ပစ်ထားလိုက်ပါက ပြန်မေ့သွားနိုင်သည်။

ဒါကြောင့်လည်း ဒီနည်းစနစ်ကို ကျွမ်းကျင်ပိုင်နိုင်အောင် တတ်မြောက်ကြတဲ့ လူများသည် အရမ်းထူးချွန်တဲ့ လူများဖြစ်သည်။ သူတို့ဘဝတွင်လည်း ကြီးကြီးမားမားအောင်မြင်ဖို့ ကံကြမ္မာက သတ်မှတ်ပြီးသွားပြီ ဖြစ်သည်။

အခုတော့ ဆွန်းမိုက လေးစားအထင်ကြီးမှုအမှတ်တံဆိပ် ထောင်ဂဏန်း အနည်းငယ်သုံးလိုက်ရုံဖြင့် အဆင့်ခြောက်ရဲ့ အဆင့်တစ်ခုကို ကျွမ်းကျင်နေပြီ။ ဘယ်လောက်တောင် ကြီးမားတဲ့ ဖြတ်လမ်းလဲ။

ကောင်းကင်ပေါ်ကိုတက်ခြင်း အကယ်ဒမီရဲ့ ပါရမီရှင်ဆိုတဲ့သူတွေသာ ဒါကိုသိရင် အံ့အောလွန်းပြီး သေသွားနိုင်သည်။

"ဒီနတ်ဘုရားကျင့်စဉ်က အဆင့်မြင့်လာတာနဲ့အမျှ ပိုခက်လာမှာလား"

ဆွန်းမို စိတ်ခံစားချက်များလည်း တည်ငြိမ်သွားပြီ။

“ဘယ်နည်းစနစ်မဆို နောက်ပိုင်းရောက်လေ ကျင့်ကြံဖို့ ပိုခက်လေပဲ။ ကျင့်ကြံသူက စိတ်ဓါတ်၊ အလုပ်ကျင့်ဝတ်၊ ဆန္ဒနဲ့ ပင်ကိုယ်စွမ်းရည် အပါဝင် စိတ်ခံစားချက် အားလုံးကို ထိန်းသိမ်းထားဖို့လိုတယ်”

စနစ်က ရှင်းပြသည်။

ဒါကလည်း ဒီကမ္ဘာကြီးရဲ့ အရာအားလုံးလည်ပတ်ပုံ ဖြစ်သည်။ တစ်ခုခုကို အခြေခံအဆင့်ရောက်အောင် လုပ်ဖို့ လွယ်ပေမယ့် မဟာအဆင့်ရောက်အောင် လုပ်ဖို့ကတော့ အရမ်းခက်သွားပြီ။ လူအနည်းစုသာ ရောက်နိုင်ပြီး

ကျန်တဲ့လူတွေကို ငုံ့ကြည့်နိုင်သော နေရာလည်းဖြစ်သည်။ ဒါမှမဟုတ်ရင်လည်း လမ်းတစ်လျှောက်လုံး နတ်ဘုရား အပြေးပြိုင်ပွဲတွေ၊ သူတော်စင် စစ်တုရင်ပွဲတွေ ၊ နတ်ဘုရား ဘောလုံးပွဲတွေနဲ့ ပြည့်နေလိမ့်မည်။

"ငါနားလည်ပြီ"

ဆွန်းမိုက ခေါင်းညိတ်ပြလိုက်ပြီး အချိန်တံဆိပ်ကို ဖြို့ခွဲလိုက်သည်။

ဒင်

“သဏ္ဍာန်မဲ့မြင်မြတ်စကြ်ာဝဠာကျင့်စဉ်ရဲ့ အဆင့်ခြောက်ကို ကျွမ်းကျင်အဆင့်ထိ ရောက်သွားပါပြီ”

ဆွန်းမိုက ဒီစကားကို မကြားလိုက်မိပါ။ အာရုံတွေအကုန်လုံးက အတွေးထဲ ရောက်နေသည်။ တချိန်တည်းမှာပဲ ကျင့်ကြံခြင်းကျင့်စဉ်ကို လည့်ပတ်လိုက်သည်။

နာကျင်မှုလှိုင်းက ထိုးတက်လာပြီး ဆွန်းမို အရမ်းနာကျင်လာသည်။

ရက်စက်ကြမ်းကြုတ်စွာ အားသုံးပြီး သူ့အရေပြားတွေကို ခွဲထုတ်နေသလို ဖြစ်နေသည်။

“အာ့”

လုချီဟွာ ထိတ်လန့်သွားပြီး ထအော်သည်။ ချက်ခြင်းပဲ လက်နဲ့ ပါးစပ်ပိတ်လိုက်သည်။ ဆွန်းမိုကို အနှောက်အယှက်ဖြစ်သွားမှာ စိုးရိမ်နေသည်။ အရမ်းကြောက်ပြီး ဘာလုပ်လို့ ဘာကိုင်ရမလည်းမသိ ဖြစ်နေသော်လည်း လီဇီချီကို အသနားခံသည့် အကြည့်နဲ့ ကြည့်လိုက်သည်။ သို့သော် တောကြက်ဥ_လည်း အရမ်းအံ့အော

တုန်လှုပ်နေသည်။ ဆရာက ဘယ်လိုကျင့်စဉ်ကို ကျင့်ကြံနေတာလဲ။ ဆွန်းမိုရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းအသီးသီးက အနီရောင်အခိုးအငွေ့များ တဖြည်းဖြည်းစိမ့်ထွက်လာသည်။
ထို့နောက်မြူခိုးတွေ ထူထဲလာပြီး တဖြည်းဖြည်း ပေါင်းစပ်လာသည်။

အချိန်ကြာလာတာနဲ့အမျှ အခိုးအငွေ့ကနေ ဆွန်းမိုရဲ့ အင်္ဂါရုပ်များ ရှင်းရှင်းလင်းလင်း ပုံပေါ်လာသည်။ ရုတ်တရုတ် မျက်လုံးဖွင့်လိုက်ရင် ရွှေရောင်အလင်းတန်းများက အရုပ်မျက်နှာ အနှံ့

ဖြာထွက်သွားသည်။ ထိုခဏမှာ အသက်ရှိနေသလို ဖြစ်လာပြီး နောက်ထပ်ခဏမှာတော့ မွဲခြောက်သွားပြီး အသက်မဲ့သလိုဖြစ်လာသည်။ လုံးဝပျောက်သွားသည်။

“ အမြင်မှားနေတာလား”

လီဇီချီ တိုးတိုးလေး ရေရွတ်လိုက်မိသည်။

ဆွန်းမိုဆီက အနီရောင်မြူခိုးတွေ မထွက်လာတော့ပေ။ အဲဒီအစား အနီရောင်နက်နက် အလွှာတစ်ခု ထွက်လာပြီး ကြီးမားတဲ့ လေဆင်နှာမောင်းလို စုပ်အား ပေါ်လာသည်။

ဆွန်းမိုကို ဖုံးလွှမ်းနေသော မြူခိုးတွေလည်း စတင်ပြိုကွဲလာပြီး ဆွန်းမိုခန္ဓာကိုယ်ထဲကို ဆွဲသွင်းလိုက်သည်။

ဟူး

ဆွန်းမို သက်ပြင်းကြီးကြီးတစ်ချက် ချလိုက်ပြီး မျက်လုံးပွင့်လာသည်။

“ဖူး.....၊ ဆရာအဆင်ပြေရဲ့လား”

လုချီဟွာက တဟုန်ထိုးပြေးလာပြီး ဆွန်းမိုကို ခုန်အုပ်လိုက်သည်။ သူမလက်နှစ်ချောင်းနဲ့ ဆွန်းမို

ခန္ဓာကိုယ်ကို လိုက်စမ်းပြီး ဒဏ်ရာ ရှိမရှိ စစ်ဆေးနေသည်။

"ငါအဆင်ပြေတယ်"

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပွတ်လိုက်သည်။ ဒီကောင်မလေးက သူ့ကို စိတ်ပူနေတာလည်း ခံစားမိသည်။ စိတ်ထဲလည်း နွေးထွေးသွားသည်။

အမှန်တိုင်းပြောရလျှင် ဒီကမ္ဘာကို ရောက်လာပြီးနောက် အပြင်လူတစ်ယောက်လို ခံစားမိသည်။ သူ့အကြောင်းကို ဘယ်သူမှလည်း မသိသလို ဘယ်သူမှလည်းစိတ်မဝင်စားပါ။ အခုတော့

သူ့အပေါ် တစ်ယောက်ယောက်က စိုးရိမ်တဲ့ ခံစားချက်ကို ရနေပြီ။

နောင်ကျရင် ဟော့ပေါ့သောက်ဖို့ လီဇီချီနှင့် လုချီဟွာကို ခေါ်သွားလို့ရပြီ။

"ဆရာ။ မင်းကျင့်ကြံနေတဲ့အချိန် မင်းကျင့်စဉ်က နည်းနည်းကြောက်ဖို့ ကောင်းတယ်နော်"

လီဇီချီက မျက်လုံးရဲနေသည်။ အမအကြီးဆုံးဆိုတဲ့ ပုံရိပ်ကို ထိန်းနေရလို့ပါ မဟုတ်ပါက ဖြစ်တောက် ဖြစ်တောက် ပြောရင်း ငိုနေလောက်ပြီ။

“ဒါက သဏ္ဌာန်မဲ့မြင့်မြတ်ကျင့်စဉ်ရဲ့ အဆင့်ခြောက်ပဲ ။ နောင်ဆိုရင် မင်းတို့လည်း ဖြတ်ကျော်ရမယ်”

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေသည်။ ဒီမိန်းကလေးနှစ်ယောက်ကို အဆင့်လေးအထိသာ သင်ပေးထားသည်။ ဒါကြောင့်လည်း သူမတို့ ဒီအကြောင်းကို မသိတာ ပုံမှန်ပဲ ဖြစ်သည်။

လီဇီချီ အသက်ရှူတောင်မှားသွားသည်။

“ဘာဖြစ်လို့လဲ ” လုချီဟွာကတော့ အူကြောင်ကြောင် ဖြစ်နေသည်။

"ဆရာ။ မင်းတကယ်ပဲ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ အကောင်းဆုံးကျင့်စဉ်ကို အဆင့်ခြောက်အထိ ရောက်နေပြီလား"

လီဇီချီက ဆွန်းမိုကို ဘီလူးတစ်ကောင် မြင်နေရသလိုမျိုး အကဲခတ်နေသည်။ (အသက်ဘယ်လောက်ရှိသေးလို့လဲ။ မင်းက နှစ်ဆယ်ပါ။ ဟုတ်တယ်ဟုတ်။ မင်းအမေဗိုက်ထဲမှာ ကတည်းက စကျင့်ရင်တောင် ဒီလောက်အထိ တိုးတက်လာဖို့ မဖြစ်နိုင်ဘူး။)

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ၏ လေးစားအထင်ကြီးမှု +၅၀။ရင်းနှီး(၇၁၀/၁,၀၀၀)

"အမ်၊ အရမ်းအထင်ကြီးနေပြီ။ ငါက အဆင့်(၁)တောင် မအောင်မြင်သေးဘူး"

အရမ်းအံ့အောသင့်နေတုန်း လုချီဟွာ ကတော့ သူမကိုယ်သူမ စိတ်မကောင်းဖြစ်ပြီး ခေါင်းကို လက်သီးနဲ့ ပြန်ထိုးလိုက်သည်။ တကယ်ကို အသုံးမကျတာပဲ။ သို့သော်လည်း ခဏနေတော့ နောက်တစ်ခေါက်ပြန်ပြီး စိတ်ချမ်းသာလာသည်။

"ဒါလည်း အဆင်ပြေတာပဲ ငါ့မှာ အံ့အောဖို့ကောင်းတဲ့ ဆရာရှိတယ်"

လုချီဟွာက ဆွန်းမိုလက်မောင်းကို ဂုဏ်ယူစွာကိုင်ထားပြီး အားပါးတရ ပြုံးနေသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၉၉၃/၁,၀၀၀)

"တော်ပြီ။ ငါသန့်ရှင်းရေး သွားလုပ်လိုက်အုံးမယ်။ ပြီးတော့ သွားပြီး အိုးနည်းနည်းလောက်သယ်ခဲ့ကြ" ဆွန်းမိုမှာ စုဆောင်းထားတဲ့ မြေဆီလွှာက

အိုးတစ်လုံးလောက် ရှိနေပြီ။ ဒါတွေနဲ့ ထူးဆန်းတဲ့ သစ်စေ့ကို စိုက်သင့်သည်။ မဟုတ်ရင်လည်း ဒီအတိုင်းထားနေရမယ်။

"ငါရေ သွားယူလိုက်မယ်'

"လုချီဟွာက ယုန်တစ်ကောင်လိုမျိုး ပျော်ပျော်ရွှင်ရွှင် ပြေးသွားသည်။

ဆွန်းမိုကလုချီဟွာ ပြေးသွားတာကို ကြည့်ရင်း ရထားတဲ့ အနက်ရောင် ရတနာသေတ္တာကို ဖွင့်လိုက်သည်။

ရှေ့ဟောင်းဝေလငါးဆီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မရှုံးသေးဘူး)

ဆွန်းမို ဘာမဆို လက်ခံနိုင်နေပြီ။ မြေကြီးသာမဟုတ်ရင် အကုန်အဆင်ပြေသည်။

ဆွန်းမိုက ကိုယ်ပွားထုတ်နေတဲ့ အချိန် ကောင်းကင်ပေါ်တက်ခြင်းအကယ်ဒမီရဲ့ အနောက်က တောင်ပေါ်တွင်.....................................

တစ်ယောက်တည်း အထီးကျန်စွာ ကျင့်ကြံနေသော အဘိုးအိုက မျက်လုံးဖွင့်ပြီး ချင်လင်ဘက်ကို လှမ်းကြည့်သည်။ မျက်နှာက အရမ်းပိန်နေပေမယ့် မျက်လုံးတွေက

တောက်ပနေသည်။ သူက မြေပြင်အတားအဆီးတွေကို ဖြတ်ပြီး မြင်နေသလိုပါပဲ။

အချိန်ခဏကြာတော့ အဘိုးအိုက လက်ညှိုးနဲ့ လက်မကို ပွတ်ဆွဲလိုက်သည်။

ဖောက်

ဝိညာဉ်ချီ အလုံးလေး ထွက်လာသည်။ ချက်ချင်းပဲ အရွယ်အစားပြောင်းသွားပြီး ဓါးပျံတစ်ချောင်းလို ပစ်လွှတ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးကတော့ ညှော်ခန်းထဲတွင် မတွေ့တာကြာပြီဖြစ်တဲ့ မိတ်ဆွေဟောင်းတစ်ယောက်နဲ့ စစ်တုရင်ကစားနေသည်။ ရုတ်တရက် လေထုကိုဖြစ်သန်းပြီး သူ့အရှေ့ကို ရောက်လာသော ဝိညာဉ်ချီခါးပုံကိုတွေ့လိုက်သည်။

ကျောင်းအုပ်ကြီးက ချက်ခြင်းပဲထရပ်ပြီး ခေါင်းညွှတ် အရိုအသေ ပေးလိုက်သည်။

ဖောက်စ်

ခါးပုံကျ ကျောင်းအုပ်ကြီး နဖူးထဲကိုဖောက်ဝင်သွားပြီး စိတ်ထဲမှာသတင်းစကား ပေါ်လာသည်။

"တောင်ဘက်ကိုခရီးထွက်ပြီး ငါတို့ကျောင်းက ပျောက်သွားတဲ့လျှို့ဝှက်ရတနာကို ပြန်ယူလာဖို့ ပိုင်လေးကိုပြောလိုက်" ကျောင်းအုပ်ကြီးကို ညွှန်ကြားလိုက်သည်။

အတွင်းရေးမှူးက အမိန့်ကို လက်ခံပြီးထွက်သွားသည်။ ထို့နောက်တော့

ကျောင်းအုပ်ကြီးက ထိုင်ပြီး စစ်တုရင်အရုပ်ကို ကိုင်လိုက်သော်လည်း ကစားချင်စိတ် မရှိတော့ပါ။

"သဏ္ဌာန်မဲ့မြင့်မြတ်စကြဝဠာက ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ အကောင်းဆုံးကျင့်စဉ်ပဲ ။ ဘယ်လိုလုပ် ပေါက်ကြားသွားတာလဲ။ ဒီကောင်က သစ္စာဖောက်များ ဖြစ်နေမလား"

ကျောင်းအုပ်ကြီးရဲ့ မျက်နှာ အမူအရာက တော်တော်ဆိုးဝါးနေသည်။ ဘယ်လိုပဲဖြစ်ဖြစ် သဏ္ဌာန်မဲ့မြင်မြတ်စကြဝဠာကျင့်စဉ်က

ပေါက်ကြားလို့မရပါ။ သင်ယူတဲ့ အပြင်လူဆိုရင် သေချာပေါက် သေရမယ်”

....

နွေဦး ပန်းစတိုးဆိုင်သည် ဗဟိုပြည်နယ်အကယ်ဒမီကနေ ဆယ်မိနစ်လောက် လမ်းလျှောက်သွားရသည်။ ဆိုင်က မကြီးသော်လည်းအထဲတွင် ပစ္စည်းစုံလှသည်။ ဒါ့အပြင် ဆိုင်ရှင် အမျိုးသမီးက ငယ်ပြီး လှသေးသည်။ သူမက ရှေ့ဖုံးခါးစည်းဝတ်ထားပြီး အလုပ်ရှုပ်နေတဲ့ပုံလေးကလည်း ကြည့်နူးစရာလေးပါ။

"ဆရာ။ မင်းသူ့အပေါ် မဟုတ်ကဟုတ်က တွေးနေတာ မဟုတ်လား"

လီဇီချီက တိုးတိုးလေး မေးသည်။

"ပေါက်ကရ မပြောနဲ့။ သူမက မုဆိုးမ၊ သူမသိက္ခာကို ဂရုစိုက်ရမယ်။ ဒီစကားသာ လူများကြားသွားရင် သူမ မြစ်ထဲကို ခုန်ချဖို့ပဲ ရှိတယ်"

ဆွန်းမိုက အိမ်ထောင်သည် အမျိုးသမီးလေးကို စိတ်မဝင်စားပါ။

"ဟီးဟီး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ ပြုံးလိုက်မိသည်။ (မင်းပြောတော့ စိတ်မဝင်စားဘူးဆို။ မုဆိုးမ ဖြစ်တာလည်း သိနေတာပဲ)

“ဆိုင်ရှင်။ လှပတဲ့ အမျိုးသမီးပုံဆွဲထားတဲ့တစ်ခုကို ငါယူချင်တယ်”

ဆွန်းမို တွေ့ကရာ ပန်းအိုးတစ်လုံး ထိုးပြလိုက်သည်။ အစ့ေက အပင်ပေါက်မလား မသိပေမယ့် နိမိတ်ကောင်းအောင် အိုးကောင်းကောင်းတစ်လုံး ဝယ်ပြီး ကြိုးစားချင်သည်။

"မြေဩဇာ ၁.၅ ကီလိုဂရမ် လည်းပေးပါ"

လှပတဲ့ မုဆိုးမလေးက အကုန်လုံးကို မြန်မြန်ဆန်ဆန်ထုတ်ပိုးပြီးဆိုင်ရှေ့ကို ထွက်လာသည်။ ပစ္စည်းပေးရင်း ပြုံးကာ

"နှုတ်ဆက်ပါတယ်။ ဆရာဆွန်း၊ နောက်တခါလဲ လာပါအုံး"

ဆွန်းမိုကလည်း ဆိုင်ရှင် အမျိုးသမီးကို လက်ဝှေ့ယမ်းပြနေသည်။ သူတို့ကို ကြည့်ရတာ အရမ်းရင်းနှီးနေသလိုပဲ။ ဒါကိုမြင်ပြီး လီဇီချီက နောင်ဆိုရင် သူမဆရာအတွက် ချင်လင်မြို့က

ကြွေအိုးတွေကို ရှာဝယ်ပေးဖို့ ဆုံးဖြတ်လိုက်သည်။ နောက်ထပ်နှစ်နည်းနည်းလောက် သူမဆရာလာဝယ်စရာမလိုအောင် မြေဩဇာ ကီလို ရာပေါင်းများစွာလည်း ဝယ်ရမယ်။

ဆွန်းမိုသည် အကြိမ် အနည်းငယ် အပြင်ထွက်လာပြီးနောက် ဖြတ်လမ်းတွေကို သိနေပြီ။ သူက မိန်းကလေးနှစ်ယောက်နဲ့ ပျော်ပျော်ရွှင်ရွှင် စကားပြောရင်း လေထုကလည်း အရမ်းသာယာနေသည်။ သို့သော် လမ်းကြားထဲကို ဝင်လိုက်တာနဲ့ မျက်မှောင်ကြုတ်သွားသည်။

လမ်းက မကျယ်သော်လည်း လူငါးယောက်လောက် တွဲသွားလို့တော့ရသည်။ လမ်းကို ကျောက်တုံးခင်းထားပြီး ဘေးတစ်ဖက်တစ်ချက်တွင် လူနေအိမ်များရှိသည်။ တချို့ သစ်တော်သီးပင်များက နံရံကို ကျော်ပြီး မိုးနေသည်။ နွေလေများတိုက်လိုက်ရင် သစ်တော်သီးပင်က ပန်းများ ကြွေကျနေသည်။

ဆွန်းမိုသည် သစ်သားဓါးကို ဆွဲထုတ်လိုက်သည်။

လမ်းအဆုံးတွင် သန်မာထွားကျိုင်းတဲ့ လူဆယ်ယောက်ပေါ်လာသည်။ လူတိုင်း ဓါးတိုများ

ဒါမှမဟုတ် သတ္တုတုတ်များကို အသီးသီး ကိုင်ထားကြသည်။ သူတို့က ရက်စက်ကြမ်းကြုတ်တဲ့ အမူအရာနဲ့ ဆွန်းမိုနှင့် မိန်းကလေး နှစ်ယောက်ကို ကြည့်နေသည်။

"ဆရာ"

လုချီဟွာ ရုတ်တရက် တုန်လှုပ်သွားပြီး ဆွန်းမို အင်္ကျီလက်စကို ဖမ်းဆွဲထားသည်။

"မကြောက်နဲ့"

လီဇီချီ တံတွေးမျိုချလိုက်သည်။ ဒီလူတွေကို ကြည့်ရတာ လာခြင်းမကောင်းတာတော့

သေချာသည်။ သူမအနောက်ကို တစ်ချက်လှည့်ကြည့်လိုက်လျှင် လဲလူဆယ်ယောက်ကျော်က လမ်းပိတ်ထားသည်။

"ငါ့နောက်လိုက်ခဲ့"

ဆွန်းမိုကခြေလှမ်းကို အရှိန်မြင့်လိုက်သည်။

"အို"

လီဇီချီကတော့ ခြေလှမ်း နည်းနည်းလေးသာ လှမ်းလိုက်ရပြီး ရုတ်တရက် လဲကျလုနီးပါး ယိုင်သွားသည်။ သူမရဲ့ရုပ်ပိုင်းဆိုင်ရာ တကယ်အားနည်းလွန်းသည်။

"ဒါက ဆိုးတာပဲ"

လီဇီချီလည်း အမူအရာပျက်သွားပြီး မသိစိတ်ကြောင့် ခေါင်းကို လက်နဲ့ ကာထားလိုက်သည်။ မကြာခဏလဲနေသောကြောင့် အလိုလို ကာကွယ်တတ်နေပြီ။

သို့သော်လည်း လီဇီချီ မလဲကျသွားပါ။ လက်ကြီးတစ်ခု အမြန်ရောက်လာပြီး သူမကို လက်မောင်းကနေ ကြက်ဥလေးတစ်လုံးကို ဖမ်းဆွဲထားသည်။

"အလျှင်မလိုနဲ့"

ဆွန်းမိုက နွေးထွေးစွာ နှစ်သိမ့်လိုက်သည်။

"ဆရာ။ ငါက မကောင်းတာပါ"

လီဇီချီ နှုတ်ခမ်းကိုက်လိုက်သည်။ ရန်သူတွေ မဝိုင်းခင် ထွက်ပြေးတာ အကောင်းဆုံးဖြစ်သည်။ အရှေ့ကလမ်းကို တိုက်ခိုက်ပြီးဖောက်ထွက်သင့်သည်။ ဆရာကလည်း ဒီဗျူဟာကို သေချာပေါက် စဉ်းစားမိလိမ့်မည်။ သူမက သိပေမယ့် လူက မလိုက်နိုင်ဖြစ်သွားသည်။ ဒါကြောင့်လည်း သူက ဒီအကြံအစည်ကို စွန့်လွှတ်လိုက်ရသည်။

"ဟားဟား။ မင်းဘာတွေ ပြောနေတာလဲ"

ဆွန်းမိုက သွားတွေပေါ်ကာ ပြုံးနေလိုက်သည်။ ထို့နောက် လက်သီးတစ်ချက် ထိုးလိုက်သည်။

ဖုန်း

ဖုန်မှုန့်တွေ လွင့်ထွက်လာသည်။

ဘေးက နံရံကျိုးသွားသည်။ ဆွန်းမိုက လီဇီချီကို တွန်းထည့်လိုက်သည်။

"လုချီဟွာ ။ ဝင်သွားတော့"

အဲဒီအချိန်မှာပဲ ထိုလူတွေက ခြေလှမ်းကျဲကြီးတွေနဲ့ ရောက်လာသည်။ သတ်မလို ဖြတ်မလို ပုံစံတွေဖြစ်နေကြသည်။ ပုံမှန် လမ်းဘေး လူဆိုးမဟုတ်တာ သေချာသည်။ သူတို့ကို ကြည့်ရတာ လမ်းကြားတွေမှာ တိုက်ခိုက်နေကြ ဖြစ်နိုင်သည်။

ဆွန်းမိုသည် လက်တစ်ဖက်က သစ်သားခါးကို ကိုင်ထားပြီးကျိုးကျနေသော နံရံအပေါက် ဝ တွင် ပိတ်ရပ်နေသည်။

ထွက်ပြေးရမယ်။ ဒါသူ့စတိုင်မဟုတ်ဘူး။ သို့သော်လည်း စိတ်မလျှော့ထားပါ။ အဲဒီလူတွေက သူ့ကို ပစ်မှတ်ထားပြီး အထူးလွှတ်လိုက်တာ ဖြစ်နိုင်သည်။ သူတို့မှာ သူ့အချက်အလက်တွေ သေချာပေါက် ရှိနိုင်သည်။ ဒီကိုလွှတ်လိုက်တဲ့သူက တော်တော်လေး အားကောင်းနေမည်။

“တောက် ။ လူကုန်ကူးတဲ့သူတွေက နေ့ခင်းကြောင်တောင်မှာတောင် မိန်းကလေးတွေကို ပြန်ပေးဆွဲရဲတယ်။ မင်းကို့ကိုယ်ကို ဂရိုစိုက်တာ ပိုကောင်းမယ်”

အဖွဲ့ခေါင်းဆောင် မျက်နှာမှာကင်းမြီးကောက် တက်တူးနဲ့သူက လှမ်းအော်ပြောသည်။ သူက ဦးဆောင်ပြီး ချီတက်လာသည်။

"တောက်"

ဆွန်းမို မဲ့လိုက်သည်။ တော်တော်ကောင်းတဲ့ကောင်ပဲ။ မဟုတ်တာလည်းလုပ်သေးတယ်။ သူတပါးကို နာမည်ပျက်အောင် အရင်ပြောနေတယ်။ သူတို့ပြောလိုက်ရင် တရားမျှတမှုအတွက် ရပ်နေသလိုပဲ။

အခန်း (၁၈၀) - မင်းက စောက်ဆန်းကြီး မဖြစ်လွန်းဘူးလား။

အသက်ရှုချိန် ၁၀ ရှိုက်စာ လောက်အတွင်း။ မျက်နှာမှာ ကင်းမြီးကောက်တက်တူးနဲ့လူသည် သူ့ရဲ့ နောက်လိုက်ဆယ်ယောက်နဲ့အတူ ချီတက်လာသည်။ သူမလှုပ်ရှားခင် သူ့လူနှစ်ယောက်က စာရွက်နဲ့ ထုပ်ထားတဲ့

အထုပ်နှစ်ထုပ်ကို အရှိန်ရှိန်ပြင်းပြင်း ပစ်ပေါက်ပြီး နောက်ပြန်ဆုပ်သွားသည်။

ဖောက်

စက္ကူထုပ်က တင်းတင်းကျပ်ကျပ် ချည်နှောင်ထားခြင်း မရှိပါ။ ဒါကြောင့်လည်း အားပြင်းပြင်းနဲ့ ပစ်ပေါက်လိုက်လျှင် ဆွန်းမိုကို ထိစရာမလိုဘဲ အထုပ်ပြည်လာသည်။ လေထဲမှာ အဖြူရောင် ထုံးမှုန့်တွေက ကျို့တို့ ကျဲတဲ ပျံ့လာပြီး သူ့ဆီကို လွင့်လာသည်။

ဆွန်းမိုက မျက်လုံးမှိတ်ထားပြီး စုတ်တံက မှင်တွေခါသလို လက်ထဲက ဓါးနဲ့ ခါယမ်းနေသည်။

ဆောင်းဦးအရောင်

ဝူစ်း

ပြင်းထန်သော လေစီးကြောင်း ပေါ်လာပြီး ထုံးမှုန့်များသည် ဆွန်းမိုဘက်ကို ရောက်လာရမယ့်အစား လူဆိုးတွေဘက် ပြန်လွင့်သွားသည်။

ထုံးမှုန့်တွေက သူတို့ကို လာစင်ပြီး လုံးဝ ဖုံးသွားသည်။ တဟွတ်ဟွတ်နဲ့ ချောင်းဆိုးနေကြသည်။

“အဟွတ် အဟွတ်”

”မင်းဘယ်လို ပစ်တာလဲ“

“ ရိုက် ကွာ   ငါ......လို.....”

ထိုအဖွဲ့သည် ချောင်းဆိုးနေပြီး တစ်ယောက်နဲ့ တစ်ယောက် ကျိန်ဆဲနေကြသည်။ ကြည့်ရတာ တော်တော် စိတ်ပျက်ဖို့ ကောင်းနေသည်။ ဆွန်းမိုက ပုလဲပန်း လမ်းကြား အနောက်ဘက်က လူအုပ်ကို လှည့်ကြည့်လိုက်ရင် မီတာ ၃၀ လောက် ဝေးနေသေးသည်။ ဒါကြောင့် ဆွန်းမိုက မျက်နှာမှာ

ကင်းမြီးကောက်တတ်တူးနဲ့ လူဆီကို ပြတ်ပြတ်သားသား ခုန်ဝင်သွားသည်။

လက်ထဲက သစ်သားဓါးကိုတော့ အဆက်မပြတ် ချာချာ လည် လှည့်ထားသည်။

အထုပ်နှစ်ထုပ်ပစ်ပေါက်တဲ့ လူနှစ်ယောက်က အတွေ့အကြုံများပုံရသည်။ သူတို့ထဲက တစ်ယောက်သည် လက်တစ်ဖက်က ဓါးတိုလေးကို ကိုင်ထားပြီး နောက်လက်တစ်ဖက်က မျက်နှာကို အုပ်ထားသည်။ ထိုအုပ်ထားတဲ့ လက်ချောင်းကြားက ဆွန်းမိုကို စောင့်ကြည့်နေသည်။

”လာနေပြီ“

ဆွန်းမို ခုန်ဝင်လာတာကို မြင်လျှင် အော်ဟစ်လိုက်သည်။ အမှုန့် တွေကိုလည်းအရှိန်တိုး ခါလိုက်သည်။

လူဆိုးဂိုဏ်းများ လမ်းပေါ်တွင် တိုက်ခိုက်သည့်အခါ ရက်စက်မှုက အရေးကြီးသည်။ ပစ်မှတ်ကို ထိန်းထားနိုင် သ၍ ပိုက်ထဲမိတဲ့ ငါးလို စိတ်တိုင်းကျ လုပ်နိုင်သည်။

သူတို့ရဲ့ နည်းဗျူဟာ အလုပ်မဖြစ်တာကတော့ သနားစရာပါ။ ထိုလူနှစ်ယောက် သစ်သားခါးကို

စောင့်ကြည့်ပြီး ရှောင်ဖို့ ပြင်လိုက်သည်။ သို့သော် နောက်ဆက်တွဲ တိုက်ခိုက်မှုက ပုံစံပြောင်းသွားသည်။ သူတို့ရဲ့ ပါးတွေ မတရား နာကျင်သွားပြီး လွင့်ထွက်သွားသည်။

သူ့လက်အောက်ငယ်သားနှစ်ယောက် လွင့်ထွက်လာတာ မြင်လိုက်လျှင် မျက်နှာမှာ ကင်းမြီးကောက် တက်တူးနဲ့ လူသည် ဒေါသအချောင်းချောင်းထွက်ပြီး သွေးတစ်လုပ် အန်ထွက်သွားသည်။ သူတို့ကသာ လမ်းပိတ်ပြီး ဒီလိုတိုက်ခိုက်ရမှာ မဟုတ်ဘူးလား။

သူ့လက်အောင်ငယ်သားတွေကို အန္တရာယ် မဖြစ်စေချင်ပါ။ ဒါပေမယ့် သူလက်အောက်ငယ်သားတွေက ဆွန်းမိုလက်ထဲက လွတ်လမ်းမမြင်တော့ပေ။ ကူညီဖို့ လုပ်လိုက်တဲ့ အချိန်တွင် သစ်သားခါးက ပြင်းပြင်းထန်ထန် တိုးဝင်လာသည်။

ကင်းမြီးကောက်လူသည် မျက်လုံးကျဉ်းသွားပြီး လက်အောက်ငယ်သားတွေကိုလည်း ဂရုမစိုက်နိုင်တော့ပါ။ ခေါင်းကို စောင်းကာရှောင်လိုက်သည်။ တချိန်တည်းမှာပဲ ခါးကို

လှည့်လိုက်ပြီး လက်ထဲက သတ္တုချောင်းနဲ့ ဆွန်းမိုခေါင်း ကို လှမ်းထိုးသည်။

‘ ရှောင်မလား ကြည့်ရသေးတာပေါ့’

ကင်းမြီးကောက်တက်တူးထိုးထားတဲ့ လူက ဆွန်းမိုကို စိုက်ကြည့်နေသည်။ ဒီလိုက်တိုက်ခိုက်တာက သူနာကိုယ်နာ အခြေအနေဖြစ်သည်။ ဆွန်းမို မရှောင်ခဲ့ရင် သူလည်း ထိသွားမည်။ ပြီးရင်တော့ သူ့လက်အောက်ငယ်သားတွေက လာပြီး ဆွန်းမိုကို ဝိုင်းပြီး ဆွမ်းကြီးလောင်းလိမ့်မည်။ ဆွန်းမိုသာ

ရှောင်ခဲ့ရင် ဒီအခွင့်အရေးကိုယူကာ ဆက်တိုက်တိုက်ခိုက်ပြီး ပြိုင်ဘက်ကို လုံးဝထိန်းချုပ်ထားလိုက်မည်။

”သူ့ကိုသတ်“

လူဆိုးတွေက အော်လိုက်သည်။ ရက်စက်တဲ့တိုက်ပွဲမှာ သူတို့ရဲ့ စိတ်အခြေအနေက အရေးပါသည်။ သူတို့ သွေးဆာနေဖို့ လိုသည်။

ဆွန်းမိုက နှုတ်ခမ်း မဲ့လိုက်သည်။

သူမရှောင်တော့ဘူး

”ရက်စက်တတ်တဲ့ လူပဲ“

ကင်းမြီးကောက်တက်တူးနဲ့လူသည်

ဆွန်းမိုမျက်နှာ အမူအရာကိုမြင်လိုက်လျှင် သူ့ကိုယ်သူ ကံမကောင်းမှန်း သိလိုက်ပြီ။ ဒါပြီးရင်တော့ ရက်ပိုင်းလောက် အိပ်ရာ မထနိုင်ဘဲ ဖြစ်အုံးမည်။ သို့သော်လည်း ဒီတစ်ခေါက်ဌားရမ်းတဲ့လူက အရမ်းရက်ရောတယ်လို့ သူ့ သူဌေးက ပြောထားသည်။ ဒါကြောင့်လည်း ဘယ်သူဒဏ်ရာရရ သူတို့ ဆေးဖိုး အများကြီး ရနိုင်သည်။ အရှုံးတော့ မရှိပါ။

ဒဏ်ရာနည်းနည်းပဲရရင်တောင် အကောင်းဆုံးပဲ။ မျက်နှာတက်တူးနဲ့လူက ရှောင်ဖို့ အကောင်းဆုံး ကြိုးစားလိုက်သည်။ သို့သော်လည်း အသုံးမဝင်ကြောင်း သူသိလိုက်သည်။

”အရမ်းမြန်တယ်“

ကင်းမြီးကောက်တတ်တူးနဲ့လူ အငိုက်မိသွားသည်။

ဆွန်းမိုရဲ့ခါးချက်က မြန်ရုံသာမက ကြောက်ဖို့ကောင်းလောက်အောင် တိကျလွန်းသည်။

ခဏာကြာတော့ ကင်းမြီးကောက် တတ်တူးနဲ့လူသည် အချောင်းပုံစံက ပါးစပ်ထဲကို အတင်းဖောက် ဝင်လာတယ်ဆိုတာ သိလိုက်သည်။

ရုတ်တရက် ဝင်စောင့်သည့်အားက များလွန်းလို့ သွားတွေ ကြွေကျကုန်သည်။

ဆွန်းမိုက ကောက်မပြီး လူအုပ်ထဲ အားပြင်းပြင်းနဲ့ ပစ်ပေါက်လိုက်သည်။ အနောက်က ပြေးတက်လာသော လူအုပ်ထဲကို ပစ်ကျသွားသည်။

”သူ့ငွေး“

လူအုပ်ကြီးက အော်ပြီး ဖမ်းဖို့ ကြိုးစားသည်။

ဆွန်းမို ရှေ့ကို လှမ်းတက်ပြီး ကင်းမြီးကောက်တက်တူးနဲ့လူ နောက်ကျောကို တိုက်ခိုက်လိုက်သည်။

ဘောင်း

ကင်းမြီးကောက် တက်တူးနဲ့လူက လွင့်ထွက်ပြီး လူသားဒိုင်းလို ဖြစ်နေသည်။

အလယ်တွင် သူတို့သူဌေးရှိနေသည်။ လူဆိုးတွေက သူတို့ သူဌေး ထိခိုက်သွားမှာစိုးရိမ်ပြီး လွတ်လပ်စွာ လှုပ်ရှားမရ ဖြစ်နေသည်။ ဆွန်းမိုကတော့ ဂရုစိုက်စရာမလိုပါ။ သစ်သားခါးကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အထက်အောက် အဆက်မပြတ် လှုပ်ရမ်းပြီး လူဆိုးတွေကို တိုက်ခိုက်နေသည်။

ဖောင်း ဘောင်း ဘုန်း

အား အီး အူး

တစ်ချက်ရိုက်လိုက်တိုင်း တစ်ယောက် ခေါင်းကွဲနေသည်။

ပုလဲပန်း လမ်းကြားကျဉ်းလေးထဲတွင် မချိမဆံ့ အော်သံတွေ ညည်းညူသံ တွေ အဆက်မပြတ်ထွက်နေသည်။

”ထိုးမှုန့် ပက်စမ်း“

လူအုပ်ကြီး အနောက်ကနေ တစ်ယောက်ယောက်က အလောတကြီး အော်ဟစ်လိုက်သည်။ ဒီအချိန်မှာ သူ့လူကိုယ့်လူ ခွဲမရဖြစ်နေသည်။

ထုံးကျောက် အမှုန့်ထုတ်ကို ကိုင်ထားသော လူဆိုးက သူ့လက်ထဲက အထုပ်ကို လာလုတဲ့ လက်တစ်ဖက်ကို တွေ့လိုက်ရသည်။

ဝူရ်

ဆွန်းမိုက စက္ကူထုပ်ကို ရုတ်တရုတ် လုယူလိုက်ပြီး မျက်နှာကို ဖြတ်ရိုက်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြောင်း

လူဆိုးရဲ့ မျက်နှာက ထုံးမှုန့်တွေနဲ့ ဖြူဖွေးသွားသည်။

”အားလုံး ဝိုင်းတိုက်ကြ“

လူအုပ်ကြီး နောက်ကနေ အော်လိုက်ပြန်သည်။ သို့သော်လည်း ခေါင်းလှည့်ကြည့်လိုက်ပြီး သူ့အဖော်တွေ ရှာလိုက်လျှင် အနားမှာ ဘယ်သူမှ မရှိတော့ပေ။ သူတစ်ယောက်တည်း ကျန်ခဲ့သည်။

ဝူရှ်

သစ်သားခါးက လည်ပင်းကို ပိုင်းချလာသည်။

အဲဒီ လှူဆိုးလည်း မျက်လုံးကြီး ပြူးပြီး လဲကျသွားသည်။

ဆွန်းမိုက လှည့်ပြီး လမ်းကြားအနောက် ဘက်က လှူဆိုးအုပ်ကြီးကို ကြည့်လိုက်သည်။

အရှိန်ပြင်းပြင်းနဲ့ ပြေးလာသော ခြေသံ ရုတ်တရုတ် ပျောက်သွားသည်။

လက်နက်ကိုင်ဆောင်ထားသော လှူဆယ်ယောက်ကျော်သည် လမ်းကြားတွင်ရပ်ကာ ခေါင်းက ဆံပင်မွေးတွေ ထောင်နေပြီ။ တိုက်ပွဲစတာ ဘယ်လောက်ကြာသေးလို့လဲ။ အသက်ရှူချိန်

၁၀ခါလား။ ဒါမှမဟုတ် နည်းနည်းပိုလား၊ ဒါပဲရှိသေးသည်။ ဒီကောင်က သူတို့ရဲ့ အဖော်တွေအားလုံးကို မှောက်သွားအောင် ဆော်ပလော်တီးလိုက်ပြီ။

မင်းက)စောက်ဆန်းကြီး မဖြစ်လွန်းဘူးလား(

အမှန်တိုင်းပြောရလျှင် သူတို့အုပ်စု ဒီထက် မြန်မြန်ပြေးလာလျှင် သူတို့ရဲ့အဖော်တွေ မလဲခင် ဆွန်းမိုကို နှစ်ဘက်ညှပ် တိုက်ခိုက်နိုင်သည်။ ဒါပေမယ့် သူတို့ခေါင်းဆောင် က ပထမအုပ်စုကို သူတို့မရောက်ခင် ဆွန်းမို စုတ်ပြတ်သွားအောင်

ဆော်ပလောတီးစေချင်တဲ့စိတ်နဲ့ အရှိန်ကိုထိန်းထားခဲ့သည်။ သူတို့အချင်းချင်း ကြိတ်ပြိုင်ဆိုင်မှုတွေ ရှိနေသည်။

ဒါပေမယ့် ပထမအုပ်စု ဒီလောက် မြန်မြန်ရှုံးသွားမယ်လို့ မထင်ထားခဲ့ပါ။

"သူ့ဌေး၊ ငါတို့ဘာလုပ်ကြမလဲ"

လူဆိုးတချို့ကတော့ လန့်ဖျန့်နေကြပြီ။ ဒီကောင်နဲ့ မယှဉ်နိုင်တာ သေချာနေသည်။

"မင်းတို့ကောင်တွေ ပြေးခွင့်မရှိဘူး"

ဆွန်းမိုက မြေပေါ်တွင် လဲနေသော လူအုပ်ကြီးကို ကျော်ဖြတ်လာသည်။ လည်ချောင်းထဲက ဖြစ်ညှစ်ပြီး နာကျင်လို့ ညည်းညူသံ ကြားလိုက်သည်။ ဒါကြောင့်လည်း ဆွန်းမိုက ခြေထောက်မြှောက်ပြီး မျက်နှာကို ပိတ်ကန်လိုက်သည်။

ဘောင်း

အဲဒီလူဆိုးလည်း ငြိမ်ကျသွားသည်။ နှာခေါင်းရိုးကျိုးသွားပြီး သွေးတွေထွက်လာကာ အဝတ်အစားတွေ စိုကုန်သည်။

ဂလု

ကျန်သည့် လူဆိုးများလည်း တံတွေးတစ်ချက် မြိုချလိုက်မိပြီး မျက်ခမ်းတွေ တဆက်ဆက်တုန်နေသည်။

ဒီကောင် တကယ် ရက်စက်တယ်ဟ

“ ပြောပါအုံး မင်းတို့က ဘယ်သူတွေလဲ ‘

ဆွန်းမို လမ်းလျှောက်လာပြီး မျက်နှာမှာ ကင်းမြီးကောက် တက်တူးနဲ့ လူမျက်နှာကို ဖြတ်ကန်နေတာလည်း သူတို့ မြင်နေရသည်။

ဒီအချိန်မှာတော့ ရက်စက်တဲ့ ဝက်ဝံတစ်ကောင်၏ ပစ်မှတ်ထားခံရသလို ခေါင်းတွေ ကျိန်းစပ်လာသည်။ ပေါက်ပေါက်ဆုပ်တွေလို ပျော့ညံ့သွားသည်။

ရေညှိဖုံးနေသည့်နံရံပေါ်က ခေါင်းနှစ်လုံး ထွက်လာသည်။

"ဆရာက အရမ်းတော်တာပဲ"

လုချီဟွာက လက်ခုပ်တီးချင်နေသည်။ သူမရဲ့ဆရာက ပုလဲပန်းလမ်းကြားထဲတွင် ခါးတွေ လက်နက်တွေ ကိုင်ထားတဲ့ လူဆိုးဆယ်ယောက်ကျော်ကို လျှင်လျှင်မြန်မြန်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနိုင်ယူပြီး လမ်းကြားထဲ မားမားမတ်မတ် ရပ်နေသည်။ ဒါက ကြည့်လို့ စောက်ရမ်း မိုက်တယ်။

နောက်တစ်ခေါက် ခိုးကြောင်ခိုးဝက်“ ”လုပ်လိုက်ပြန်ပြီ

လီဇီချီ အရမ်းစိတ်ဆိုးနေသည်။ ဒါက သေချာပေါက် ဖောင်ယန်ပဲ။ ဒီလိုနည်းနဲ့ ဆွန်းမို မထိခိုက်နိုင်ရင်တောင် အနည်းဆုံးတော့ စိတ်အနှောက်အယှက် ဖြစ်ရသည်။

နေ့တိုင်းသာ ဒီလို အနှောက်အယှက်ခံနေရရင် ဘယ်သူက ခံနိုင်မှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုမဖြစ်ရဘူး။ ဒီကောင် ဆက်ပြီး“ ”ပြဿနာရှာနေရင် ငါသတ်ပစ်မယ်

လီဇီချီတစ်ယောက် တွေးရင်းတွေးရင်း မျက်နှာတင်းမာလာသည်။

ဒီကိစ္စက လွယ်လွယ်နဲ့ မပြီးနိုင်ပါ။ ဇောင်ယန်ရဲ့ အဖေကို အပေါ်ယံကြည့်လိုက်ရင် လီဇီရှင်းနဲ့ သိပ်မရင်းနှီးသလိုဖြစ်ရင် ဖြစ်နေမည်။ တကယ်တမ်းကတော့ ဒီမင်းသားအတွက် အလုပ်လုပ်ပေးနေသည်။

ဇောင်ကလန်က ဒီဆယ်စုနှစ်အတွင်းမှာ ဒါမှမဟုတ် ပိုတဲ့နှစ်တွေမှာ ကြီးပွားတိုးတက်လာပြီး ချင်လင်မြို့ရဲ့ ကုန်သည်ကြီးဖြစ်လာတာကလည်း ဒီမင်းသား နောက်ခံပေးထားလို့ ဖြစ်သည်။

လီဇီချီက ခေါင်းအရမ်းကောင်းပြီး ပြဿနာတစ်ခုကို ရှုထောင့်ပေါင်းစုံကနေ လေးလေးနက်နက် ဆင်ခြင်တွေးတောနိုင်သည်။ နောက်ထပ်ဖြစ်နိုင်ခြေ တစ်ခုကိုလည်း စဉ်းစားလိုက်မိသည်။ ဇောင်ယန်ကသာ ဆွန်းမိုကို တမင်သက်သက် သွေးထိုးလှုံ့ဆော်နေရင် သူတို့ရဲ့

နောက်ဆုံး ရည်ရွယ်ချက်က ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဂုဏ်သိက္ခာကို ဖျက်ဆီးချင်လို့ပဲ။ ဒီလိုဆိုရင် နောက်ကွယ်မှာ ပိုကြီးတဲ့ အကြံအစည် ရှိနေနိုင်တယ်။

"ကြည့်လေ သူတို့က နောက်တစ်ခေါက် ရန်စလာပြန်ပြီ"

လီဇီချီ ပင့်သက်ရှိုက်လိုက်မိသည်။

ဒီလူဆိုးတွေက ကြောက်နေပြီး ထပ်လည်း မတိုက်ရဲတော့ပါ။ ဒါပေမယ့် ဆွန်းမိုက ဘယ်လို လွှတ်ပေးမှာလဲ သူတို့ဆီ ခုန်ဝင်လိုက်သည်။

"ကောင်းလေး မင်းကသေမိန့်ကျပြီသားပဲ"

လူဆိုးခေါင်းဆောင် ဒေါသတကြီးစိုက်ကြည့်ရင်း အော်ပြောသည်။ သို့သော်လည်း လှည့်ပြီး ထွက်ပြေးသည်။

ဆွန်းမိုက ပြေးလိုက်ပြီး သဏ္ဌာန်မဲ့မြင့်မြတ်စကြ်ြာဝဠာ ကျင့်စဉ်ကို သုံးလိုက်သည်။

ဝူစ်

ဆွန်းမိုခန္ဓာကိုယ်ထဲက ကြီးမားသော သွေးရောင်မြူခိုးများ လျှင်မြန်စွာ စိမ့်ထွက်လာသည်။ ပြီးတော့

ဆွန်းမို အရပ်နှင့်ပုံစံ အတိအကျ တူရုံသာမက အဝတ်အစားနဲ့သစ်သားဓါးတောင် ပါသေးသည်။

ဆွန်းမိုကခပ်မြင့်မြင့်ခုန်လိုက်ပြီး လူဆိုးများ၏ ခေါင်းနဲ့ပုခုံးများကို နင်းဖြတ်ပြီး ကျော်သွားသည်။ ထို့နောက် နောက်ကျွမ်းပစ်ကာ မြေပေါ်ကို ခုန်ဆင်းလိုက်သည်။ ဓါးကိုလွှဲ ခုတ်လိုက်သည်။

နွေးဦးမြစ်ရေ

ဖောက်

သစ်သားဓါးက လူဆိုးခေါင်းဆောင်ရဲ့ မျက်နှာကို ထိသွားကာ ခေါင်းကနေ ခြေဖျားအထိ

ချာချာလည်သွားသည်။ ထို့နောက် ဝုန်းကနဲဆိုတဲ့ ပေါက်ကွဲသံကြီးနဲ့အတူ နံရံကို တိုက်မိသွားသည်။

ဆွန်းမိုနှစ်ယောက်က အရှေ့ အနောက်ညှပ်ကာ အသားညှပ်ပေါင်မုန့်လို တိုက်ခိုက်ကြသည်။

“ဝိုး”

ဒီမြင်ကွင်းကို မြင်လိုက်လျှင် လုချီဟွာက နံရံပေါ်မှာထိုင်ပြီး လက်ခုပ်တီးကာ အားပေးနေသည်။

(ဒါက စောက်ရမ်းမိုက်တယ်။ ငါလည်း သင်ချင်တယ်)

ကိုယ်ပွားက သွက်လက်ပြီး ပေါ့ပေါ့ပါးပါး လှုပ်ရှားနေသည်။ အဲဒါက စိတ်ဝိညာဉ် ပိုင်ဆိုင်ထားသလို အသိစိတ်ရှိပြီး ရှောင်မယ်၊ ကာကွယ်မယ်၊ တိုက်ခိုက်ရုံသာမက ဆွန်းမိုသိသလောက် ကျင့်စဉ်မျိုးစုံကို သိနေသည်။

"ကောင်းကင်ပေါ်တက်ခြင်းအကယ်ဒမီရဲ့ အကောင်းဆုံးမြင့်မြတ်ကျင့်စဉ်ကတော့ မျှော်လင့်ထားသလိုပဲ"

လီဇီချီစိတ်ထဲ သဘောကျနေသည်။ ဒီလိုမျိုး အထွတ်အမြတ်ထားရမယ့် ကျင့်စဉ်ကို ဆွန်းမိုက

အကျိုးမဖက်ဘဲ သူမကို ပေးအပ်ခဲ့သည်။ ဒါကိုတွေးတောရင်း လီဇီချီ နှလုံးသားတစ်ခုလုံး ကျေးဇူးတင်ပြီး လေးစား မြတ်နိုးစိတ်များ ပြည့်နှက်လာသည်။

ဆွန်မိုလိုဆရာမျိုး ဒီဇမ္ဗူမှာ မရှိနိုင်ဘူး။

“ဆရာရဲ့ အရိပ်အောက်မှာ နေရတာ အရမ်းကံကောင်းတာပဲ”

လီဇီချီ အရမ်းကျေနပ်ပီတိဖြစ်ပြီး အဲဒီညက မြို့အပြင်မှာ ဆွန်းမိုနဲ့ ပထမဆုံး ဆုံခဲ့တဲ့အကြောင်းကို ပြန်စဉ်းစားနေမိသည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု+၅၀။ ရင်းနှီး(၇၆၀/၁,၀၀၀)

ဆွန်းမိုနှင့် ကိုယ်ပွားတို့က နှစ်ဖက် ညှပ်တိုက်ပြီး လူဆိုးတစ်အုပ်စုလုံးကို ရိုက်နှက်နေသည်။ ဆယ်မိနစ်တောင် မကြာလိုက်ပါ၊ သူတို့အားလုံးရှုံးပြီး မြေပေါ် မှောက်နေပြီ။

“ဆရာကွ”

လုချီဟွာက ဝမ်းသာအားရ နံရံပေါ်က ခုန်ဆင်းပြေးလာသည်။

လီဇီချီ တော်တော်နေးကွေးသည်။ သူမက လက်နှစ်ချောင်းနဲ့နံရံကို တွဲလောင်းခိုပြီး မြေပေါ်ကိုရောက်ခါနီးမှ လွှတ်ချလိုက်သည်။

အရမ်းသတိထားတာတောင် လီဇီချီတစ်ယောက် မြေကြီးပေါ်ရောက်တာနဲ့ နည်းနည်းယိုင်ပြီး ဟန်ချက်ပျက်မလို ဖြစ်သွားသေးသည်။

“ချီဟွာ၊ သတိထား”

လုချီဟွာကို လူဆိုးတွေ ဖမ်းပြီး ဓါးစာခံလုပ်လိုက်မှာ စိုးရိမ်လို့ လီဇီချီ လှမ်းသတိပေးလိုက်သည်။

ဆွန်းမိုတစ်ယောက် ဟောဟဲဟောဟဲနဲ့ ပါးစပ်က အသက်ရှူနေရသည်။ ထို့နောက် ကိုယ်ပွားက အနီရောင် အခိုးအငွေ့အဖြစ်သို့ ပြန်ပြောင်းသွားပြီး ဆွန်းမို ခန္ဓာကိုယ်ထဲကို ပြန်ဝင်လာသည်။

ဆွန်းမို သူ့ခန္ဓာကိုယ်ရဲ့ ခံစားချက်ကြောင့် ခေါင်းတစ်ချက် ခါယမ်းလိုက်မိသည်။ ဒီကိုယ်ပွားက အရမ်းအသုံးဝင်သော်လည်း ဝိညာဉ်ချီ အရမ်းကုန်သည်။

ဆယ်မိနစ်လောက်နဲ့ ဝိညာဉ်ချီ တစ်ဝက်လောက် ကုန်သွားသည်။ ဒါ့အပြင် အရမ်းပင်ပန်းနွမ်းနယ်ပြီး

ကျန်ခဲ့သည်။ အရမ်းလိုင်စိတ်ပြင်းထန်တဲ့ အမျိုးသမီးတစ်ယောက်နဲ့ လက်ထက်လိုက်ရသလို ပင်ပန်းလှသည်။

“ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့်က နိမ့်ပြီး ဝိညာဉ်ချီ နည်းတာပဲ ဖြစ်နိုင်တယ်။ သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာကိုယ်ပွားကို အကြာကြီး ထိန်းထားဖို့ ငါ့ရဲ့ စွမ်းရည်က မလုံလောက်သေးဘူး”

ဆွန်းမိုက အကြောင်းအရင်းကို ခန့်မှန်းလိုက်သည်။

ဒီ ဆန်းကြယ်သူတော်စင်အဆင့်ကျင့်စဉ်က လေ့လာဖို့ အရမ်းခက်သည်။ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ ကံကောင်းတဲ့ ပါရမီရှင်က ကံကောင်းထောက်မမှသာ အနည်းဆုံး အသက်ရှည်အဆင့် ဒါမှမဟုတ် ပိုမြင့်တဲ့ အဆင့်ရောက်မှသာ အဆင့်ခြောက်ကို ရောက်နိုင်မည်။

သူတို့ထဲမှာမှ အနိမ့်ဆုံးက နတ်ဘုရားစွမ်းအား အဆင့်(၆) ဒါမှမဟုတ် အဆင့် (၇) ဖြစ်နိုင်သည်။

ဒါကြောင့်လည်း သူတို့က စတင်သုံးတဲ့အချိန်တွင် ဝိညာဉ်ချီ မလုံလောက်တဲ့ ပြဿနာ မရှိနိုင်ပါ။

ဆွန်းမိုတစ်ယောက်တည်းသာ သွေးလောင်ကျွမ်းခြင်း အဆင့်(၂)နဲ့ သဏ္ဍာန်မဲ့မြင့်မြတ်စကြ်ဝဠာကိုယ်ပွားကို ထုတ်နိုင်တဲ့ တစ်ဦးတည်းသောသူ ဖြစ်သည်။

"ချီပျွာ ငါ့အတွက် ကျောက်ခဲ သွားရွေးခဲ့"

ဆွန်းမိုက ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။ အရမ်းကောင်းတယ်။ သူအခုတော့ အမေးကဏ္ဍကို စနိုင်ပြီ။

အခန်း (၁၅၁) - ပုလဲပန်းလမ်းကြားက လဲလျောင်းနေတဲ့သစ်သားများ။

ဆွန်းမိုရဲ့စကားကို ကြားလိုက်လျှင် သူတို့ရဲ့ညည်းညူသံများ ပိုကျယ်လာသည်။ ငတုံးတစ်ယောက်မှ မပါပေ။ ဆွန်းမိုက သူတို့တစ်ယောက်ခြင်းစီကို ကျောက်တုံးနဲ့ ပစ်ပေါက်တော့မှာ သိနေသည်။

“အင်း”

လုချီဟွာကလည်း ဆွန်းမိုစကားကို အရမ်းလိုက်နာသည်။ သူမက ချက်ခြင်းပြေးပြီး ကျောက်ခဲတစ်ခုကောက်ခါ ပြန်လာသည်။

“ဆရာ ဒီမှာ”

လုချီဟွာ လက်ထဲက အုန်သီးအရွယ် ကျောက်ခဲကိုကြည့်ပြီး ဆွန်းမို ကြောင်နေသည်။

(အရမ်းကြီးတယ်လေ။ ဘယ်လိုလုပ် လက်တစ်ဖက်တည်းနဲ့ ပစ်မှာလဲ)

ဒါက အရမ်းကြီးတယ်။ ဒါကြီးကို လက်တစ်ဖက်တည်းနဲ့ ကိုင်ထားရင် သူ့ပုံစံက ထူးဆန်းနေမှာပေါ့။ ဘယ်လိုအနေအထားပါလိမ့်။

"အမ်။ သေးလို့လား"

လုချီဟွာက ကျောက်တုံးကို ပစ်ချလိုက်ပြီး။ ဘယ်၊ညာ လှည့်ကာ ပိုပြီးတဲ့ကျောက်တုံး ရှာနေသည်။

ကျောက်တုံးကို ပစ်ချလိုက်တဲ့ 'ဝုန်း'ကနဲ အသံကျယ်ကြီးကြားလို့ လူဆိုးများ လှည့်ကြည့်လိုက်ရင် ရင်သားကြီးတဲ့ကောင်မလေးက နောက်ထပ်ပိုကြီးတဲ့ ကျောက်တုံးကို သယ်လာတာ

တွေ့လိုက်ရသည်။ သူတို့နှုတ်ခမ်းများ တဆက်ဆက်တုန်နေပြီး ညည်းညူသံတွေတောင် ပိုပျော့သွားသည်။

ဒီအချိန်တွင် လီဇီချီကအခြေအနေကို ကောင်းကောင်း နားလည်သည်။ သူမက လက်တစ်ဖက်တည်းနဲ့ ကိုင်လို့ရတဲ့အုတ်ခဲ အရွယ် ကျောက်ခဲတစ်လုံးကို ကောက်ပြီး ဆွန်းမိုကို ပေးလိုက်သည်။

“ဆရာ”

လီဇီချီက ကျောက်ခဲကို ပေးပြီးတာနဲ့ ခပ်ငယ်ငယ်လူဆိုးတစ်ယောက်ကို လက်ညှိုးထိုးပြပြီး

"ဆရာ၊ ဒီကောင်ကို ကြည့်ရတာ သေဖို့ တော်တော် ကြောက်တဲ့ပုံပဲ။ စစ်ဆေးဖို့ အကောင်းဆုံး ပစ်မှတ်ပဲ"

အကြံတောင် ပေးလိုက်သေးသည်။

ဒီလူဆိုးတွေက လီဇီချီကို အကြည့်စိမ်းတွေနဲ့ ကြည့်နေကြသည်။ အား ဒီကောင်မလေးရဲ့ တောကြက်ဥ_လို
ရင်ဘက်သေးသေးလေးရဲ့အောက်မှာ မည်းနက်ပြီး

ငါးပုပ်လို ပုပ်သိုးနေတဲ့ နှလုံးသားရှိတာ စောစောက ပြောပါလား။

(မင်းက ကျောက်တုံးပေးပြီး ဘယ်သူ့ကို စစ်ဆေးသင့်တယ် တက်တက်ကြွကြွ ရွေးပေးနေရအောင် မင်းက နတ်ဆိုးလား)

"ငါသေမှာ မကြောက်ဘူး"

လက်ညှိုးထိုးခံရတဲ့ လူဆိုးက ချက်ခြင်းထအော်သည်။ သူ့ရဲ့ သရဲဘောကြောင်မှုသာ ပျံ့သွားရင် ချီခုန်ဂေါင် က ကန်မထုတ်ရင်တောင် သူအဆင့်မတက်နိုင်တော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သာမန်အလုပ် လုပ်ရတာ ဘယ်လောက် ပင်ပန်းလဲ။ သူဌေးနောက်ကို လိုက်ပြီး ကုန်သည်တွေဆီကို ငွေညှစ်ရတာက ပိုကောင်းတယ်။ ငွေလည်းပိုရတယ်။

များများတိုက်လေ ဒဏ်ရာရဖို့ ပိုလွယ်တာက ထုံးစံပဲ။

ဒါပေမယ့် အဖြေကလည်း မရှိဘူး။ အခု ဒီကမ္ဘာကြီးရဲ့ လက်ရှိအနေအထားက လူမိုက်လုပ်တဲ့ အသက်မွေးဝမ်းကြောင်းမှာတောင် ပြိုင်ဆိုင်မှု ပြင်းထန်နေသည်။ ရှင်သန်ဖို့ လုံးဝ မလွယ်ဘူး။

“ခုနကတိုက်နေတုန်းမှာ မင်းက အကျယ်ကြီး လျှောက်လျှောက်အော်နေပေမယ့် နောက်ဆုတ်သွားတယ်။ ဒါတောင် မင်းက သေမှာမကြောက်ဘူး ပြောနေသေးတယ်”

လီဇီချီ မခန့်လေးစား ပြန်အော်သည်။

ရွှတ်စ်

လူဆိုးတိုင်းရဲ့ အကြည့်က နေရာပြောင်းသွားသည်။

လူဆိုးငယ်လေးက ငိုချင်ပေမယ့် မျက်ရည်မထွက်ပေ။ ဒီကောင်မလေးက မျက်လုံးလျှင်လိုက်တာ။

"ဟားဟား"

ဆွန်းမိုက 'တဟားဟား'ရယ်ရင်း သူ့ကိုယ်သူ မေးလိုက်သည်။ သို့သော်လည်း သူ့အသံကို လူတိုင်းကြားနေရသည်။

"ဘယ်သူ့ကို အရင်စစ်ဆေးရင် ကောင်းမလဲ"

အရင်က ညည်းညူသံနဲ့ ပြည့်နေသည့် လမ်းကြားလေးက ချက်ခြင်း တိတ်ဆိတ်သွားသည်။

လူဆိုးများက ဆွန်းမိုရဲ့ အကြည့်ကို ရှောင်လိုက်ပြီး လီဇီချီ ရွေးချယ်ပေးထားတဲ့ တစ်ယောက်ကို လှမ်းကြည့်နေကြသည်။

ရွေးချယ်စရာလိုသေးလို့လား။ ဒီနေ့အတွက် ပစ်မှတ်က ထင်ရှားနေပြီလေ။

ဆွန်းမိုလက်ထဲက ကျောက်တုံးကိုကြည့်ပြီး လူဆိုးလေးက အရမ်းထိတ်လန့်ကြောက်ရွံ့နေသည်။

(သွားပြီ။ ငါ့ကို စစ်ဆေးတော့မယ်။ ငါ အညှံ့ခံပြီး ဝန်ခံသင့်လား။ ဒါမှမဟုတ် ဝန်ခံပြီး အညှံ့ခံသင့်လား)

ထို့နောက်တော့ ဆွန်းမိုက မျက်နှာမှာ ကင်းမြီးကောက်တက်တူးနဲ့ လူရှေ့တွင် ဆောင့်ကြောင့်ထိုင်လိုက်သည်။

“…”

ကင်းမြီးကောက်ကတ်တူးနဲ့လူသည် စကာစပြောရုံသာ ရှိသေးသည်။ ဆွန်းမိုက ကျောက်တုံးနဲ့ သွားတွေကို ပိတ်ရိုက်ထည့်လိုက်သည်။

ဘောင်း ဘောင်း ဘောင်း

သွေးတွေ လက်လက်ဆက်ဆက် ကျလာသည်။ သွားတွေကလည်း နေရာတိုင်း ပြန့်ကျဲသွားသည်။

သူတို့အကိုကြီးက ဆိုးဆိုးဝါးဝါး အရိုက်ခံနေရပြီး သွားတွေ ကျွတ်ထွက်နေတာကို မြင်လိုက်လျှင် လူဆိုးများ ကြောက်လန့်ပြီး တဆက်တက် တုန်နေကြသည်။ ထို့နောက် ဆွန်းမိုကိုကြည့်တဲ့ သူတို့အကြည့်မှာလည်း ထိတ်လန့်ကြောက်ရွံ့မှုနဲ့ ပြည့်နေသည်။

ဒီဆရာက လူမိုက်လား သူတို့ကလူမိုက်လား။ ဘယ်သူက လူမိုက်လဲ။ ဘာကြောင့်ငါတို့ထက်တောင် ပိုရက်စက်နိုင်တာလဲ။

သူတို့ ငွေညှစ်တဲ့နည်းလမ်းကမှ ပိုကြွင်နာတတ်သေးတယ်လို့ သူတို့ ခံစားလိုက်မိသည်။ ဒါပေမယ့်လည်း သူတို့တော့ ကံမကောင်းတဲ့ ပစ်မှတ်ဘဝက လွတ်ပြီလို့ တွေးလိုက်မိသည်။

"တောင်းပန်ပါတယ်။ မင်းက စစ်ဆေးဖို့ အရည်အချင်း မမှီသေးဘူး"

ဆွန်းမိုကပုခုံးတွန့်ကာ ပြောလိုက်သည်။

ကင်မြီးကောက်တက်တူးနဲ့လူသည် သွေးချောင်းတွေ ဆိုးနေသည်။ (ငါ့မှာ အရည်အချင်းမမှီရင်လည်း ဘာလို့ ငါ့ကိုရိုက်တာလဲ)

လီဇီချီသည် မွန်မြတ်ယဉ်ကျေးသော မိန်းကလေးဖြစ်ပြီး ပညာတတ် ဆွေကြီးမျိုးကြီးထဲက ပေါက်ဖွားလာသူ ဖြစ်သည်။ သူမက ကျောင်းကောင်းကောင်းတက်ပြီး လူတွေကိုလည်း ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံတတ်သည်။ အရင်က ဒီလိုမျိုး မြင်ကွင်းကို တစ်ခါမှ မမြင်ဖူးပါ။ ဒါကြောင့်

နည်းနည်းစိတ်လှုပ်ရှားပြီး စပ်စုချင်စိတ်နဲ့ တက်ကြွနေသည်။

"စမ်းကြည့်ချင်လား"

ဆွန်းမိုက လီဇီချီ အမူအရာကို သတိထားမိလိုက်သည်။

"လုပ်လို့ရလား"

လီဇီချီ အနည်းငယ် တုန်လှုပ်သွားသည်။

"မင်းတို့က အမှာင်တိုက်ကြီးကို သွားရတော့မယ်။ တိုက်ပွဲလောက်ပဲ မပြောနဲ့ လူတောင် သတ်ပစ်ချင်သတ်ပစ်ရမယ့် အခြေအနေမျိုး

ကြုံလာနိုင်တယ်။ ဒါကြောင့် အခွင့်အရေး ရှိတုန်း ဒီလို အခြေအနေတွေနဲ့ ရင်းနှီးအောင်လုပ်ထားတာ ကောင်းတယ်”

ဆွန်းမိုက ကျောက်တုံး လွှဲပေးလိုက်သည်။

‘အမှောင်တိုက်ကြီး’၊’လူတွေကိုသတ်ရမယ်’ ဒီစကားကို ကြားလိုက်လျှင် လူဆိုးများက ဒီတစ်ကြိမ်တော့ ပြဿနာကြီးကြီးတက်ပြီလို့ တွေးလိုက်မိသည်။

သွေးစိမ်းတွေ စိုရွှဲနေတဲ့ ကျောက်တုံးကိုကြည့်ရင်း လီဇီချီက လက်လှမ်းပြီး ယူလိုက်သည်။

"ငါတို့က ချီခုန်ဂေါင်အဖွဲ့က၊ မင်း ငါတို့ကို စော်ကားလိုက်တာနဲ့ သေချာပေါက် သေလိမ့်မယ်"

ကျားဖြူတက်တူးထိုးထားတဲ့ လူဆိုးက ခြိမ်းခြောက်နေသေးသည်။

"အရမ်းကောင်းတယ်။ ရွေးစရာမလိုတော့ဘူး။ နောက်တစ်ယောက်က သူပဲ"

လီဇီချီက ကျောက်တုံးကိုကိုင်ရင်း လမ်းလျှောက်လာသည်။

အဲဒီလူဆိုးလည်း တွန့်သွားပြီး လေးဘက်တွားကာ ပြေးချင်လာသည်။ အစောပိုင်းတုန်းက ဆွန်းမိုသည်

အားကုန်မသုံးခဲ့သော်လည်း လူဆိုးများ ပြန်တုန့်ပြန်ဖို့အတွက် ခွန်အားမရှိအောင်တော့ လုံလောက်သည်။

"အမကြီး ခြေတွေလက်တွေကို ချုပ်ပေးထားရမလား"

လုချီဟွာက အမြန်ပြေးလာပြီး တက်တူးနဲ့လူကို ခေါင်းလှုပ်လို့ မရအောင် ချုပ်ထားလိုက်သည်။

"ကျေးဇူးတင်လိုက်တာကွယ်"

လီဇီချီက ပြောပြောဆိုဆိုနဲ့ ထုချလိုက်သည်။

ဒိုင်း

ကျောက်တုံးက လူဆိုးရဲ့ မျက်နှာကို ဖြတ်ပြီး တစ်ဖက်ကို ကျသွားသည်။

"အမ်"

လီဇီချီ မျက်နှာမည်းသွားသည်။ ရှက်ပြီး ပါးစပ်ပိတ်လိုက်မိသည်။ ကျောက်တုံးကို နောက်တစ်ခေါက် ပြန်ယူလိုက်သည်။

"လက်တစ်ဖက်ပဲ သုံး။ မင်းပိုလွယ်ချင်ရင် လက်တစ်ဖက်က ဆံပင်ဆွဲပြီး နောက်တစ်ဖက်နဲ့ထု"

ဆွန်းမိုက လမ်းညွှန်ပေးသည်။

"အင်း"

လီဇီချီက ခေါင်းညိတ်ပြီး သင်ပေးတဲ့အတိုင်း လိုက်လုပ်သည်။ လက်တစ်ဖက်က ဆံပင်ဆွဲပြီး နောက်တစ်ဖက်နဲ့ ထုချလိုက်သည်။

ဒိုင်း

"အား....."

လူဆိုးလည်း အော်ဟစ်နေသည်။

"ဆရာ အရမ်းတော်တာပဲ။ ဒီလိုထုရတာက ပိုတိကျတယ်"

လီဇီချီ အရမ်းစိတ်လှုပ်ရှားနေသည်။

"ကျောက်တုံးထုတဲ့အခါ နှာခေါင်းနဲ့ ပါးစပ်ကို ချိန်ပြီးထု။ အဲဒီနှစ်နေရာက ပိုနုနယ်ပြီး ဒဏ်ရာကြောင့်လည်း မသေနိုင်ဘူး။ မင်းကြာကြာ နှိပ်စက်လို့ ရတယ်"

ဆွန်းမိုမှာ နှိပ်စက်တဲ့အတွေအကြုံ မရှိပါဘူး။ လူဆိုးတွေကြောက်အောင် သက်သက် ဖွဲ့ခြောက်လိုက်သည်။

"ဟုတ်လား"

လီဇီချီက ဉာဏ်အလင်းရသလို ခံစားမိသည်။

“တခြားနည်းတွေ ရှိသေးလား။ သူတို့ဒဏ်ရာရနေတာကို ရှင်းရှင်းလင်းလင်း မမြင်ရအောင် အဲဒီလို ရိုက်ချင်တယ်”

“မင်းရိုက်ချင်တဲ့ နေရာကို အဝတ်စခံလိုက်။ အပေါ်ယံဒဏ်ရာမရဘဲ။ အတွင်းပဲကျေသွားမယ်ဆိုတာ ငါအာမခံတယ်”

ဆွန်းမိုက ရုပ်ရှင်ဇာတ်လမ်းထဲက တော်ကီတွေ သုံးလိုက်သည်။

ဆရာ၊ တပြည့် နှစ်ယောက် ဘယ်လိုနှိပ်စက်ရမလဲဆိုပြီး ဆွေးနွေးနေတာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြားလိုက်လျှင် အဲဒီလူဆိုးသည် အရမ်းကြောက်လာပြီး သေးထွက်ကျချင်လာသည်။

(မင်းတို့တွေက နတ်ဆိုးတွေလား)

အထူးသဖြင့် ဖရဲသီးပုံစံနဲ့ချစ်စရာ မျက်နှာပေးနဲ့ ကောင်မလေးပဲ ဖြစ်သည်။ သူမက အခုတော့ သူရိုက်တာ အခံနိုင်ဆုံးလူကို ရွေးဖို့ ကြိုးစားနေသည်။ လူဆိုးတွေ ဟန်ဆောင် ပန်ဆောင်တောင် မလုပ်နိုင်တော့ပေ။

“မေ့လိုက်တော့။ မင်းကိုပဲ ရွေးလိုက်မယ်”

လီဇီချီက တက်တူးထိုးထားတဲ့လူဆိုး အရှေ့မှာ ဆောင့်ကြောင့်ထိုင်လိုက်သည်။

"မ.......မရိုက်ပါနဲ့တော့။ ငါ့သူဌေးက ငါတို့ကို ဒီလိုလုပ်ခိုင်းတာ"

ထိုလူဆိုးက တောင်းတောင်းပန်ပန်နဲ့ ပြောနေသည်။ သူသာ ဆက်ရိုက်ခံရင် မသေရင်တောင် တကိုယ်လုံး ကျေမွသွားမည်။

"မင်းသူဌေးက ဘယ်သူလဲ "

"ချိခုန်ဂိုဏ်းရဲ့ ဆရာကြီး ဝူတိုင်"

တက်တူးနဲ့လူသည် သူ့ကံကြမ္မာကို လက်ခံလိုက်ပြီ။ အညံ့ခံလိုက်ပီမို့ နည်းနည်းထပ်ပြောရလည်း မထူးတော့ပါ။

“ဘာကြောင့်ငါတို့ကို ပြဿနာ လာရှာတာလဲ”

လီဇီချီက တက်တူးနဲ့ လူဆိုးကိုစိုက်ကြည့်ပြီး လိမ်နေတာ ဟုတ်လား မဟုတ်လား စောင့်ကြည့်နေသည်။

“ငါမသိဘူး။ ငါတို့ သူဌေးက ခိုင်းလို့ ခိုင်းတဲ့အတိုင်း လိုက်လုပ်ခဲ့တာ”

တက်တူးထိုးထားတဲ့လူဆိုးက စောဒက တက်လိုက်သေးသည်။

"မင်းတို့အကုန်လုံးကို ဒုက္ခပေးဖို့ ဘယ်တော့မှ မရည်ရွယ်ခဲ့ဘူး။ သူ့ကိုပဲ ဆံပင်ရိတ်ရမှာ"

"အမှန်ပဲ။ ငါတို့လို ကြွင်နာတတ်တဲ့ လူဆိုးမျိုးကို ဘယ်မှာတွေ့ဖူးလို့လဲ။ မျိုးတုန်းသွားတဲ့ မျိုးဆက်လို့တောင် ပြောလို့ရတယ်"

"ဒါက ခေါင်းရိတ်တာ။ မင်း ဟာသလုပ်နေတာလား"

"သက်ညှာပေးပါ။ ကျေးဇူးပြုပြီး"

လူဆိုးကြီးက ငိုယိုပြီး တောင်းပန်နေသည်။

"တိတ်စမ်း"

လီဇီချီက ဒေါသတကြီး အော်လိုက်သည်။ သူမ အရမ်းစိတ်ဆိုးနေသည်။ တကယ်လို့ သူမဆရာသာ အရိတ်ခံလိုက်ရရင် ကျောင်းသားတွေက ဘယ်လို မြင်မလဲ။ အတန်းကို ဘယ်လို သွားမလဲ။

ဆရာလို အလုပ်အကိုင်မျိုးအတွက် ဒီလို အရှက်ခွဲခြင်းက တော်တော် အောက်တန်းကျပြီး ဆိုးဝါးသည်။ ဆရာရဲ့ ခြေတွေ လက်တွေကို ချိုးလိုက်တာကမှ ပိုကောင်းသေးသည်။

ခပ်မြန်မြန်လာနေတဲ့ ခြေသံတွေနဲ့အတူ အော်သံလည်း ထွက်လာသည်။

သိပ်မကြာခင်။ ရဲတပ်ကြပ် ဆယ်ယောက် လမ်းကြားထဲကို ပြေးဝင်လာသည်။ လူပေါင်းများစွာ ဒဏ်ရာရပြီး လဲကျနေတာကို မြင်လိုက်လျှင် လက်နက်ဆွဲ ထုတ်လိုက်သည်။

“မြန်မြန် ဒီမှာဟေ့”

“မင်းတို့တွေ မလုပ်ကြနဲ့။ လက်နက်ချထား။”

လူလတ်ပိုင်း ရဲ အရာရှိတစ်ယောက်က လှမ်းအော်သည်။

"စစ်သူကြီး ကျန်။ ငါ့ကို ကယ်ပါအုံး"

"ဒီကောင်က လူကုန်ကူးတဲ့သူ။ မြန်မြန်ဖမ်းပါ။"

"ငါတို့က သူ့ကို သတ္တိရှိရှိ တားလို့ အရိုက်ခံလိုက်ရတယ်"

ကျန်တဲ့ လူဆိုးများကလည်း သေလုမျောပါးဖြစ်နေသလို ချက်ခြင်း ထည့်သည်းနေကြသည်။

"ဆရာ စိတ်မပူနဲ့ ငါ့တာဝန်ထားလိုက်"

လီဇီချီက ကျောက်တုံးကို ပစ်ချပြီး ပြုံးလိုက်သည်။ ထို့နောက်သူမသည် အကြီးမားဆုံးရန်သူကို

ရင်ဆိုင်နေရသလိုမျိုး ရဲတွေဆီကို လျှောက်သွားသည်။

"ဇီချီ"

ဆွန်းမို မျက်ခုံး ပင့်လိုက်မိသည်။

"အသေးအဖွဲ့လေးပါ"

ဆွန်းမိုကို စိုးရိမ်စရာမလိုဘူးဆိုတဲ့ ပုံစံ လီဇီချီက လုပ်ပြလိုက်သည်။

"စခန်းမှူးကျန် ၊ ဟုတ်တယ်မလား ဒီနေရာမှာ ပြည်သူ့လုံခြုံရေးအတွက် တာဝန်ရှိတဲ့သူဆိုတော့ တစ်ခုလောက်မေးပါရစေ ဘာကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နေ့ခင်းကြောင်တောင်မှာတောင် ဂိုဏ်းတစ်ခုက လူဆိုးတွေ အများကြီး သောင်းကျန်းနေရတာလဲ”

စခန်းမှူးကျန်သည် အလုပ်လုပ်ခဲ့တာ နှစ်ပေါင်းနှစ်ဆယ်လောက်ရှိပြီ။ ဒါကြောင့်လည်း မှူးမတ်တွေ အပါအဝင် လူအမျိုးအစားပေါင်းစုံကို တွေ့ဖူးသည်။ လီဇီချီရဲ့ စကားပြောပုံ ဆိုပုံကို မြင်လိုက်လျှင် ချက်ခြင်းပဲ ရင်တဒုတ်ဒုတ် ခုန်လာသည်။

(တောက် ဒီလူဆိုးတွေ ဒီလို အရေးပါတဲ့ လူကို ပစ်မှတ်ထားနေတာလား)

လီဇီချီ ဒဏ်ရာမရထားတာ မြင်လိုက်မှ နှလုံးခုန်နှုန်း ပုံမှန် ပြန်ဖြစ်သွားသည်။ အရေးပါတဲ့ လူအဆင်ပြေနေသ၍ လူဆိုးတွေ သေသွားလည်း ကိစ္စ မရှိပါ။

"ဒီမှာ ဘာဖြစ်နေတာလဲ"

စခန်းမှူး ကျန်က မေးလိုက်ပြီး လီဇီချီက ရွှေရောင် တံဆိပ်ပြားတစ်ခုကို ထုတ်လိုက်တာ မြင်လိုက်သည်။ ချက်ခြင်းပဲ လက်အောက်ငယ်သားတွေကို စအော်တော့သည်။

“ဒီကောင်တွေကို ဖမ်းပြီး သုံးရက်လောက်ချုပ်ထားလိုက်။ အစားလည်း မကျွေးနဲ့”

စခန်းမှူးကျန်က သနားစရာကောင်းလောက်အောင် နဖူးတစ်ခုလုံးချွေးတွေ ဖုံးနေသည်။ သူတာဝန်ယူထားတဲ့နေရာမှာ ဒီလိုကိစ္စတွေဖြစ်တာ အထက်လူကြီးသိသွားရင် သူ့ကလန်တစ်ခုလုံး ခေါင်းဖြတ်သတ်ခံရနိုင်သည်။ သူသေရင်တောင် အလောင်းပြန်တူးပြီး အပြစ်ပေးကြအုံးမည်။

"ငါတို့ ပြီးပြီ"

သူတိုနဲ့ရင်းနှီးတဲ့ စခန်းမှူးကျန် အမူအရာ ပြောင်းသွားတာကို မြင်လိုက်လျှင် သူတို့တော့ မစောင်ကားသင့်တဲ့လူကို စောင်ကားမိသွားပြီလို့ လူဆိုးတွေ သိလိုက်ပြီ။

"အရင် မဖမ်းနဲ့အုံး။ ငါတို့ စစ်ဆေးတာ မပြီးသေးဘူး"

လီဇီချီက စခန်းမှူးကို တားလိုက်သည်။ ပြီးတော့ ဆွန်းမိုဘက်ကို လှည့်လိုက်ပြီး

"ဆရာ သူတို့ကို ဘယ်လိုလုပ်ဖို့ စဉ်းစားထားလဲ"

"ဝူတိုင်က ဘယ်မှာနေလဲ"

ဆွန်းမိုက မေးလိုက်သည်။ ဒီကိစ္စ မပြီးသေးဘူး။ ဒီကောင်တွေကို တကယ်ကြောက်အောင်မလုပ်ခဲ့ရင် နောင်သူတို့ အပြင်ထွက်လာတာနဲ့ ဒုက္ခလာပေးအုံးမည်။

တစ်ယောက်မှ မပြောကြပါ။ သူတို့ရဲ့သူဌေးကို သစ္စာမဖောက်ချင်ပါ။

"မင်းပြောစမ်း"

ဆွန်းမို အငယ်ဆုံးလူဆိုးကို မရွေးခင် နတ်ဘုရားမျက်စိကို အသက်သွင်းထားခဲ့သည်။

ဒီလူအုပ်ထဲမှာ သူက အကြောက်ဆုံးဆိုတာ သိလိုက်သည်။

"အရှေ့လမ်းကြား"

ထိုလူဆိုးလေးသည် ငိုချင်သော်လည်း မျက်ရည်မထွက်ပေ။ (ဘာကြောင့် ငါ့ကိုမှ ရွေးတာလဲ)

"ကိစ္စမရှိဘူး ပြဿနာမရှိဘူး ကျေးဇူးပြုပြီးသူ့ကို လွှတ်ပေးလိုက်ပါ"

စခန်းမှူးက ပြောလိုက်သည်။ သူက လီဇီချီကို ကြည့်ပြီး ပြုံးရင်း

"မင်းတို့နောက်ကို လူတချို့ ထည့်ပေးလိုက်ရမလား"

ဒီလူငယ်ကိုကြည့်ရတာ မြင့်မြတ်တဲ့ အမျိုးသမီးလေးရဲ့ဆရာဖြစ်ပုံရတယ်။ သူမကလည်း တော်တော်လေးစားတယ်။ စခန်းမှူး ကျန်ကလည်း နှစ်ပေါင်းများစွာ လူ့အသိုင်းအဝိုင်းမှာ ကျင်လည်ခဲ့သောကြောင့် ဘာလုပ်ရမလဲဆိုတာ ချက်ခြင်းသိသည်။

"မလိုဘူး"

ဆွန်းမို သွားတိုက်ဖို့ စိတ်ပိုင်းဖြတ်ထားသည်။ ဒီလူတွေက သူတို့နောက်ကိုလိုက်ဖို့ ဘာကြောင့် လိုမှာလဲ။

(ဒီတပ်သားတွေက ဒီကမ္ဘာကြီးရဲ့ ရဲပဲ။ ပြည်သူတွေကို ကာကွယ်ဖို့ တာဝန်ရှိတယ်လေ။ ဘာကြောင့် ငါ့နောက်ကို လိုက်ချင်နေတာလဲ)

ဆွန်းမိုက လက်စားချေခြင်နေတာကို အတွေ့အကြုံရှိတဲ့ ရဲတစ်ယောက်အနေနဲ့ မသိဘူးဆိုတာ မယုံပါ။ ဒီလိုဆိုရင် လီဇီချီက ရဲတပ်သားအတွက် အရမ်းကြီးတဲ့ ခြိမ်းခြောက်မှုပဲ ဖြစ်နိုင်သည်။

ထို့နောက် စခန်းမှူးကျန်က လူဆိုးတွေကို ခေါ်ပြီး အဝေး ထွက်သွားသည်။

လီဇီချီနှင့် အခြားနှစ်ယောက်၏ မြင်ကွင်းက လွတ်မှ မျက်နှာမှာ ကင်းမြီးကောက်တက်တူးထိုးထားတဲ့ လူဆိုးက မေးလာသည်။

“ဒီကောင်မလေးက ဘာဖြစ်လို့လဲ”

အရင်က စခန်းမှူးကျန်ကို လက်ဆောင်များ ပေးခဲ့ဖူးသောကြောင့် မေးဖို့ သတ္တိရှိနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကင်းမြီးကောက်တက်တူးနဲ့ လူသည် လူရည်လည်သည်။ ဒီကောင်မလေးကြောင့်သာ မဟုတ်ရင် သူတို့ ဒုက္ခမရောက်နိုင်ပါ။

စခန်းမှူးကျန်က ပြုံးလိုက်သည်။ ကင်းမြီးကောက်တက်တူးနဲ့လူက သူတို့ဆက်ဆံရေး ပုံမှန်ပြန်ဖြစ်သွားပြီလို့ တွေးလိုက်တဲ့အချိန်တွင် ပါးရိုက်သံများ ထွက်လာသည်။

ဖောင်း ဖောင်း

ပါးရိုက်မှု နောက်ကွယ်က ခွန်းအားများသည် ဆွန်းမိုရိုက်တဲ့ ခွန်အားထက်တောင် ပိုပြင်းသေးသည်။

ကင်းမြီးကောက်တက်တူးနဲ့လူရဲ့ မျက်နှာသည် ကြည်မကောင်းအောင် ယောင်ကိုင်းသွားသည်။

စခန်းမှူးကျန်က ဆံပင်ဆွဲပြီး အေးစက်စက် သတိပေးလိုက်သည်။

“မင်းဆက်မမေးတာ ပိုကောင်းမယ်။ ဆက်မေးနေရင် မင်းခေါင်းပြတ်သွားနိုင်တယ်”

ဖူး

စခန်မှူးကျန်က ဆံပင်ကို ပြန်လွှတ်ပေးလိုက်ပြီး ဖမ်းဆွဲလိုက်တဲ့ အရှိန်နဲ့ ကျွတ်ထွက်လာတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လက်ထဲက ဆံပင်အနည်းငယ်ကို မှုတ်ထုတ်လိုက်သည်။

ဒီရက်စက်ကြမ်းကြုတ်တဲ့ မြင်ကွင်းကို မြင်လိုက်လျှင် ကျန်တဲ့လူဆိုးများ တဆတ်ဆတ်တုန်နေကြသည်။ ဆွန်းမိုကို ပြဿနာရှာတာ မအောင်မြင်ရင် အလွန်ဆုံး အရိုက်ပဲ ခံရမည်။ ဒီရဲကိုသာ ပြဿနာရှာလိုက်ရင် အနည်းဆုံး အရေခွံ ခွာခံရမည်။

"မြန်မြန်လျှောက်"

လီဇီချီက လောလိုက်သည်။ လုချီဟွာကတော့ ပေကလတ် ပေကလတ် ဖြစ်နေသည်။ နောက်ဆုံးတွင် သိချင်စိတ်ကို မထိန်းနိုင်ဘဲ

"အမကြီး ခုနတုန်းက ထုတ်ယူလိုက်တဲ့ အရာဘာလဲ။ ရဲတွေအားလုံးက ဒါကို မြင်လိုက်ရင် ဘာဖြစ်လို့ အရမ်းလေးစားနေကြတာလဲ."

"ငါ့ ဝမ်းကွဲအစ်ကိုရဲ့ တံဆိပ်ပါ။ သူ့ရာထူးက ရဲတွေအားလုံးကို ထိန်းချုပ်နိုင်တယ်လေ"

လီဇီချီက ဘာမှ မဖုံးကွယ်ထားပါ။

"ဝိုး။ ဒါဆိုရင် မင်းတို့ကလန်မှာ အရာရှိကြီးတွေ ရှိတာပေါ့"

လုချီဟွာက ထအော်သည်။

ကောင်မလေးနှစ်ယောက်က လူဆိုးလေးအား ရှေ့လမ်းကြားကို ခေါ်သွားရင်း စကားတွေပြောနေကြသည်။

"သွား တံခါးခေါက်လိုက်"

ဆွန်းမိုက ခိုင်းလိုက်သည်။ တံခါးပွင့်လာပြီး အိမ်ထဲက အမျိုးသမီးတစ်ယောက် ထွက်လာသည်။ သူမက အသက်နှစ်ဆယ်ကျော်လောက်ရှိပြီး

ရွှေငွေလက်ဝတ်ရတနာ အများအပြား ဝတ်ဆင်ထားသည်။ မျက်နှာကလည်း မောက်မာမှုတွေနဲ့ ဖုံးလွှမ်းနေသည်။

“အမ မီချောင်။ သူဌေးကို လာရှာတာပါ”

လူဆိုးက ဦးညွှတ် အရိုအသေ ပေးလိုက်ရင်း ပြောလိုက်သည်။

“ဒီလူ သုံးယောက်က ဘယ်သူလဲ”

ဒီအမျိုးသမီးက လီဇီချီနှင့် လုချီဟွာတို့ကို ကြည့်ပြီးချက်ခြင်း သတိဝင်လာသည်။ တစ်ယောက်ယောက်က ဝူတိုင်အတွက်

အသက်မပြည့်သေးတဲ့ ပြည့်တန်ဆာတွေ ပို့လိုက်တာလား။

“သူ.....သူတို့က အရေးကြီးတဲ့ လူတွေပဲ။ “

လူဆိုးက ရှင်းပြလိုက်သည်။

“ငါက ဗဟိုပြည်နယ် အကယ်ဒမီက ဆရာပဲ။ ငါက ဝူတိုင်ကို ဆွေးနွေးစရာလေးရှိလို့ လာရှာတာ”

ဆွန်းမိုက တံခါးတွန်းဖွင့်ရင်း စကားပြောလိုက်သည်။

ဒီလူငယ်က ဆရာဖြစ်တယ်ဆိုတဲ့ စကားကို ကြားလိုက်လျှင် အမျိုးသမီးရဲ့ သဘောထား

တိုးတက်လာသည်။ သူမက ဖယ်ပေးလိုက်သော်လည်း သံသယတချို့ ရှိနေသေးသည်။ ဝူတိုင်ရဲ့ အလုပ်သဘာဝက ကောက်ကျစ်ဆိုးသွမ်းသည်။ သူကဘာလို့ ဆရာတစ်ယောက်နဲ့ အဆက်အသွယ် ရှိနေရတာလဲ။

ဒီလူငယ်လေးက ဝူတိုင်ရဲ့ တရားမဝင်သားလား။

“ဝူတိုင်ဘယ်မှာလဲ”

ဆွန်းမို မျက်မှောင် ကြုတ်လိုက်သည်။ မိတ်ကပ်အနံ့က အရမ်းပြင်းနေသည်။ ဒီအမျိုးသမီးက ဝူတိုင်ရဲ့ မယားငယ်ပဲ။

"သူအိပ်နေတယ်"

ဆွန်းမိုရဲ့ ယောက်ျားပီသပြီး တည်ကြည်သော ပုံရိပ်ကို မြင်လိုက်လျှင် အမ မီချောင်က လက်ဆန့်ပြီး ဆွန်းမို တင်ပါးကို ညှစ်လိုက်သည်။ မိုးပြာရောင်ဝတ်ရုံရှည်က သူ့ရဲ့ အငွေ့အသက်ကို ပိုပြီး ကျက်သရေ ရှိစေသည်။

"အမ်"

ဆွန်းမိုက တအံ့တအော ခေါင်းလှည့် ကြည့်လိုက်သည်။

(ငါ့ကို လာဆွနေတာလား)

"ဒီဆရာရဲ့ ကြီးမြတ်တဲ့နာမည်ကို ရဲတင်းပြီး မေးလို့ရမလား"

အမ မီချောင်က ဆွန်းမိုကို မြှူဆွယ်ပြီး ကြည့်နေသည်။ သူမက မယားတစ်ယောက် ဖြစ်နေသော်လည်း ရည်မှန်းချက် ကြီးတဲ့သူဖြစ်သည်။ ဆွန်းမိုက ချင်လင်မြို့မှာ ကျော်ကြားလှတဲ့ ဗဟိုပြည်နယ်အကယ်ဒမီက လာတဲ့သူဖြစ်နေသည်။

အရင်ကလောက် ဂုဏ်သတင်းမကောင်းသော်လည်း ဆရာတွေရဲ့ အဆင့်အတန်းက မြင့်နေသေးသည်။ ချောမောတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာနောက်ကိုလိုက်ရတာက ဝူတိုင်ထက်စာရင် သေချာပေါက် ပိုကောင်းသည်။

ဒီလူငယ်ဆရာရဲ့ အငယ်အနှောင်းဖြစ်ဖြစ် ဒါမှမဟုတ် သူနဲ့တစ်ညတာ ဖြတ်သန်းရလည်း မဆိုးပါဘူး။

အမှန်တိုင်းပြောရလျှင် အမ မီချောင်သည် ဝူတိုင်လို အချစ်ကြောင်းနားမလည်ပဲ သတ်ဖို့ဖြတ်ဖို့ပဲ နားလည်တဲ့လူနဲ့ အတူတူနေနေရတာကို ငြီးငွေ့နေပြီ။ ဒါကြောင့်လည်း အချစ်ကို ငတ်မွတ်နေသည်။

ဒါကိုတွေးရင်း အမ မီချောင်က ဆွန်းမိုကို ပိုတောင်သဘောကျလာသည်။ မနေနိုင်ဘဲ ဆွန်းမို တင်ပါးကို နောက်တစ်ခေါက် ဆွဲညှစ်လိုက်သည်။

ဒီမြင်ကွင်းကို အနောက်မှာရှိနေတဲ့ လုချီဟွာက တိုက်တိုက်ဆိုင်ဆိုင် မြင်လိုက်သည်။

“အာ”

လုချီဟွာက အလန့်တကြား ထအော်သည်။ လီဇီချီရဲ့လက်မောင်းကို ဆွဲလိုက်ပြီး

“အ…အမကြီး၊ ဒီအမျိုးသမီးက ဆရာကို အလစ်တိုက်မလို့ ကြံနေတာလားမသိဘူး”

"ဟွန့် ။ အရှက်မရှိတဲ့ မိန်းမ"

လီဇီချီက မီချောင်ကို စိုက်ကြည့်နေသည်။ 'ဖာသည်မ' လို့ ပြောလိုက်ချင်သော်လည်း ပညာတတ်ပြီး ယဉ်ကျေးတဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ ဒီလိုမိုက်ရိုင်းတဲ့စကားကို ပြောမထွက်ဖြစ်နေသည်။

ဆွန်းမိုက အမ မီချောင်ကို လျစ်လျူရှုလိုက်ပြီး အကျယ်ကြီးအော်လိုက်သည်။

"ဝူတိုင် ထွက်လာစမ်း"

"ဘယ်ကောင်လဲ။ ဘာဖြစ်လို့ မင်းအဖေကို အော်ခေါ်နေတာလဲ"

ဆွန်းမိုဆီကို ကျယ်လောင်တဲ့ အော်သံတစ်ခုက ပြန်ရောက်လာသည်။ အဲဒီနောက် အပေါ်ပိုင်းဗလာကျင်းနေပြီး ဗိုက်ကို ကုတ်ကာ လူတစ်ယောက် ထွက်လာသည်။ ဒါကိုမြင်လိုက်လျှင် ဆွန်းမို မျက်မှောင် ကြုတ်သွားသည်။

"မင်းဘယ်သူလဲ"

ဝူတိုင်က မေးလိုက်သည်။ လီဇီချီနှင့် လုချီဟွာကို လှေ့လာပြီးနောက် သူမျက်လုံးက လုချီဟွာ

ရင်သားဆီကို ရောက်နေပြီး မျက်နှာမှာ အရှက်မရှိတဲ့ အပြုံးတစ်ခု ပေါ်လာသည်။

ဒီကြီးမားတဲ့ ရင်သားကို ထိမိလိုက်ပါက ခံစားလို့ တော်တော်ကောင်းမှာ သေချာသည်။

"ဆွန်းမို"

ဆွန်းမိုက သူ့နာမည်ကို ပြောလိုက်သည်။

"ဆွန်းမို..."

ဝူတိုင် ခဏလောက် စဉ်းစားပြီးမှ မျက်နှာပျက်သွားသည်။ တံခါးနားမှာ ချထားတဲ့သစ်သားတုတ်ကို ယူလိုက်သည်။

ဆွန်းမိုဆိုတာ ဧောင်ယန် သင်ခန်းစာပေးချင်တဲ့ ဆရာ ဟုတ်တယ်မလား။

လှပသောရန်

ဆွန်းမိုပုံရိပ်က ဖျက်ကနဲ ဝူတိုင်အရှေ့မှာ ပေါ်လာသည်။ သစ်သားဓါးကို ထုတ်ကာ ဝူတိုင်လက်မောင်းကို ချိန်ပြီး ခုတ်ချလိုက်သည်။

ဂလောက်

အား..........

ဝူတိုင် နာကျင်စွာ အော်လိုက်သည်။ သူ့ညာလက်က ဇဂဒီဂရီ တွဲလောင်းကျနေသည်။

“ဒီမှာ ဝူတိုင်ကို သတ်နေလို့ လာကြပါအုံး”

အမ မီချောင်က စူးစူးဝါးဝါး ထအော်သည်။

“ငါတို့ ဘာလုပ်ကြမလဲ။ သူ့ပါးစပ်ကို ပိတ်ကြမလား”

လုချီဟွာက သူရဲ့ အမကြီးကို ကြည့်လိုက်သည်။

“ညစ်ပတ်တယ်”

လီဇီချီက အထင်သေးစွာ ခေါင်းခါလိုက်သည်။ ထိုနောက် လူဆိုးလေးကို တစ်ချက်ကြည့်လိုက်သည်။

“ငါလုပ်လိုက်မယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီတစ်ခါတော့ သူလည်သွားပြီး စေတနာ ဝန်ထမ်းလုပ်လိုက်သည်။ အမ မီချောင်၏ အနောက်ဖက်ကနေ ပါးစပ်ကို အုပ်ပြီး ရင်ဘက်ကို ဖမ်းချုပ်လိုက်လျှင် လီဇီချီ မျက်နှာ မှုန်ကုတ်ကုတ် ဖြစ်သွားသည်။ ဒီလူဆိုးလည်း လူရမ်းကားပဲ။ သူတို့အားလုံး ဉာဏ်နည်းကြသည်။ ဝူတိုင်လည်း ကျယ်ကျယ်လောင်လောင်အော်နေပြီး သူအော်တာလား အမျိုးသမီးအော်တာလား မကွဲပြားပေ။

ဖောင်း

ဆွန်းမို သစ်သားဓါးကို ဝူတိုင်ရဲ့ ပါးစပ်ထဲ ထိုးထည့်လိုက်သည်။

ရှည်လျားပြီး ထူထဲတဲ့ အနက်ရောင် အရာကြီးက ဝူတိုင်ကို ချက်ခြင်း တိတ်သွားစေသည်။ တဖက်လူက အားများပြီး သူ့ရဲ့ လည်ချောင်းကို ထိုးဖောက်သွားမှာ ကြောက်နေသည်။

"ဧောင်ယန်က မင်းကို ခိုင်းတဲ့လူလား"

ဆွန်းမိုက မေးလိုက်သည်။

ဆွန်းမိုက သစ်သားဓါးကို ဆွဲထုတ်လိုက်ပြီး လည်ပင်းကို အလျားလိုက် ရိုက်လိုက်သည်။

ဘောင်း

ဝူတိုင် လဲကျသွားသည်။ ထိုနောက်မှာတော့ သူ့ရဲ့ ခြေတွေလက်တွေ လှုပ်လို့မရတော့တာကို အလန့်တကြား သိလိုက်ရသည်။

"မင်းငါ့ကို ပြဿနာ လာမရှာခင် ငါ့အကြောင်း စုံစမ်းခဲ့သေးလား ငါ့မှာ ရွှေ့ပြောင်းနဂါးဖမ်းတဲ့လက်ရှိတာ မကြားမိဘူးလား"

ဆွန်းမိုက သူ့ရဲ့ သစ်သားဓါးတွင် သွေးနဲ့တံတွေးတွေ ပေနေတာမြင်လိုက်လျှင် အော့နှလုံးနာသွားပြီး မှုန်ကုတ်ကုတ် ဖြစ်နေသည်။

ဝူတိုင်ရဲ့ အကျီနဲ့ခါးကို သုတ်မလို့ လုပ်လိုက်သည်။ ဒါပေမယ့် ဒီကောင်က ဘောင်းဘီတိုသာ ဝတ်ထားသည်။

"မင်းလာခဲ့"

ဆွန်းမိုက အော်ခေါ်လိုက်ရင် လူဆိုးလေးလည်း ချက်ခြင်း ရောက်လာသည်။ ထို့နောက် လူဆိုးလေးရဲ့ အကျီနဲ့ သစ်သားခါးကို သုတ်လိုက်သည်။

"ငါတို့ ဆရာက ကျောင်းမှာနာမည်ကြီးတယ်၊ နတ်ဘုရားလက်လို့လည်း ခေါ်ကြတယ်၊

သူကလေဖြတ်မယ်လို့ ပြောလိုက်ရင် မင်းတော့ သေချာပေါက် လေဖြတ်သွားပြီ”

လုချီဟွာက ကျေနပ်စွာ ကြွားလုံးထုတ်လိုက်သည်။

(ဒီလောက် မလိုပါဘူးကွာ။ ငါလည်းလူတွေကို ကျိုးပဲ့အောင် လုပ်ခဲ့တဲ့ကောင်ကွ။။ အခုတော့ ရေတိမ်မှာ ပုဇွန်တွေရဲ့ အနိုင်ကျင့်ခံနေရတဲ့ နဂါးတစ်ကောင်လို ဖြစ်နေပြီလား)

ဝူတိုင်က လုချီဟွာကို တစ်ချက်မှ ပြန်မချေပပဲ နှုတ်ဆိတ်နေသည်။

လီဇီချီက ဝူတိုင်အမူအရာကို ကြည့်လိုက်ပြီး ဒီကောင် ဂရုမစိုက်တာကို သိလိုက်သည်။ ဒါကြောင့်လည်း သူမ ထပ်ပြီး

“ငါတို့ ဆရာရဲ့ နတ်ဘုရားလက်က အရမ်းမှော်ဆန်တယ်၊ အပေါ်ယံကြည့်လိုက်ရင် ဘာမှမဖြစ်သလိုနဲ့ အတွင်းပိုင်းမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရနိုင်တယ်၊ မင်းမယုံရင်တော့ ကျန်တဲ့ မင်းဘဝတစ်လျှောက်လုံး အိပ်ရာထဲမှာပဲ လှဲနေဖို့ ပြင်ထား”

"ဘာကြောင့် အမှန်တရားကို ပြောနေမှာလဲ ငါလုံးဝ ဂရုမစိုက်ဘူး"

ဆွန်းမိုက ဝူတိုင်ကိုကြည့်ပြီး လှောင်ရယ် ရယ်လိုက်သည်။

"ငါက ဗဟိုပြည်နယ် အကယ်ဒမီက ဆရာတစ်ယောက်ပဲ။ လူဆိုးဂိုဏ်းက ငါ့ကို ရိုက်ဖို့ ကြိုးစားပြီး ဂတုံးတောင် တုံးချင်သေးတယ်။ ဒီကြောင်းပြချက်ကြောင့် ငါလက်တုံ့ပြန်ရင်တောင် မလွန်ဘူး ။ မှန်လား"

"ဒါအမှန်ပဲ"

လီဇီချီက ခေါင်းညိတ်ထောက်ခံသည်။

"ဒီလိုအခြေအနေမှာ ငါတို့ဆရာက သူ့ရဲ့ ဂုဏ်သိက္ခာနဲ့ နာမည်ကိုကာကွယ်ဖို့ ကိုယ်တိုင် လုပ်ပိုင်ခွင့် ရှိတယ်"

တောကြက်ဥလေးက သူတော်စင်ဂိတ်က ချမှတ်ထားတဲ့ စည်းမျဉ်းများ ကျက်မှတ်ထားတာ တော်တော်ကြာနေပြီ။ ဒါကြောင့်လည်း သူမက ဒီလူဆိုးတွေကို ခွင့်လွှတ်ဖို့ မစည်းရုံးခဲ့ပါ။ ဆရာတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ နာမည်ဆိုတာ

လုံး၀ စော်ကားလို့ မရတဲ့ အရာပါ။ ဒါကလည်း သံမဏိ စည်းမျဉ်း ဖြစ်သည်။

ထုံးစံအတိုင်းဆိုရင်တော့ ဆွန်းမိုရဲ့ လက်ရှိအဆင့်အတန်းနဲ့ မလုံလောက်သေးပါ။ သူသာ ကြယ်တစ်ပွင့်မြတ်ဆရာ အသိအမှတ်ပြု လက်မှတ်ရထားလျှင် ဓောင်ယန် ဒီလို လှည့်ကွက်မျိုးကို မသုံးရဲပါ။ သူက ဒီလို လှည့်ကွက်လုပ်ချင်ရင်တောင် ဒီလူဆိုးတွေ မကူညီရဲပါ။

သာမန်လူများက မြတ်ဆရာများကို စော်ကားဖို့ မဖြစ်နိုင်ပါ။

ဒါကိုကြားရင် ဝူတိုင်ရဲ့ အမူအရာ ပြောင်းသွားသည်။ သူက မျက်နှာကို အတတ်နိုင်ဆုံးပြုံးထားပြီး ထိတ်ထိတ်ပျာပျာ တောင်းပန်နေသည်။

“ ဆရာဆွန်း၊ ငါက အဆင့်အတန်းနိမ့်ပြီး ရွေးချယ်စရာ မရှိလို့ပါကွာ။ အထက်က ခိုင်းတဲ့အတိုင်း လုပ်ရလို့ပါကွာ။ မဟုတ်ရင် ငါတို့ တဂိုဏ်းလုံး ပျက်ဆီးသွားလိမ့်မယ်။ ကျေးဇူးပြုပြီး

သဘောထားကြီးကြီးထားပြီး ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးပါကွာ”

လူဆိုးလေးက အရမ်းအံ့အော တုန်လှုပ်နေသည်။ ဝူတိုင်ဆိုတာ သူ့ရဲ့ စံပြပါ။ ဝူတိုင်က ဘာမှလုပ်စရာမလိုဘဲ လမ်းလေးပတ်လျှောက်လိုက်ရုံနဲ့ လူတွေက သူ့ကိုဖားပြီး ပိုက်ဆံလာပေးကြသည်။

ဒါကလည်း ဒီလူငယ်လေးရဲ့ ရည်မှန်းချက်ဖြစ်သည်။ တနေ့ ဒီလိုမျိုး ဦးဆောင်နိုင်ပါစေလို့ ဆုတောင်းနေခဲ့သည်။

အခုတော့ သူရဲ့စံပြကြ ဒီလူငယ်လေးကို ဖားရန် မြေပေါ်မှာ ခွေးတစ်ကောင်လို လေးဖက်တွားနေသည်။

“မြတ်ဆရာအလုပ်အကိုင်က အရမ်းအထင်ကြီးဖို့ ကောင်းတာပဲ။ လူဆိုးလေးက တိတ်တိတ်လေး မှတ်ချက်ချလိုက်သည်။ သူ့ရဲ့ လောကအပေါ် အမြင်၊ အတွေးအခေါ်များသည် ရုတ်တရက် ကြီးမားသော သက်ရောက်မှု ဖြစ်သွားသည်။

ဒင်

ချင်အ၏ လေးစားအထင်ကြီးမှု +၅၀။ မူလ(၅၀/၁၀၀)

ဆွန်းမိုက ရယ်ပြီး ဝူတိုင်ခေါင်းကို ကန်လိုက်သည်။

"မင်းက အဆိုးနဲ့အကောင်းပြောပြီး ငါ့ကို သူတော်ကောင်းတရား သုံးစေချင်တာလား။ အဲဒီလို အရာမရှိဘူး ငါ့ရဲ့ကိုယ်ပိုင်စည်းမျဉ်းမှာ လူကြီးလူကောင်းဆိုရင် လက်စားချေတာ မိုးလင်းကနေ ညအထိ ကြာရမယ်"

"မင်း...မင်းက ဆရာမဟုတ်ဘူးလား"

ဆွန်းမိုက နောက်ပြောင်ပြီး ပြောနေတာ မဟုတ်မှန်းခံစားမိပြီး ဝူတိုင်တစ်ယောက် အရမ်း ထိတ်လန့်နေသည်။ ဆွန်းမိုရဲ့ ကန်ချက် အနည်းငယ်ကို ခံရပြီးနောက် သူ့လည်ပင်း လှုပ်လို့ မရတော့ပါ။ ဒါက ကြောက်စရာကောင်းတဲ့ နတ်ဘုရားလက်လား။

ဒင်

ဝူတိုင်၏ လေးစားအထင်ကြီးမှု +၃၀။ မူလ(၃၀/၁၀၀)

“ချင်အ။ ဒီလူကို အဝတ်အစားအားလုံးချွတ်ပြီး မီးဌက်လမ်း ဂိတ်တံခါး ဆိုင်းဘုတ်အောက်မှာ ဆွဲထားလိုက်”

ဆွန်းမိုက ခိုင်းလိုက်သည်။

“ငါ့နာမည် ဘယ်လိုသိတာလဲ။ မသိတာကိုတောင် ခန့်မှန်းနိုင်တာလား ဒါက ရှေ့ဖြစ်ဟော ဘုန်းကြီးတွေရဲ့ အရည်အချင်း မဟုတ်ဘူးလား” ချင်အ က တိတ်တိတ်လေး တွေးပြီးကောက်ချက်ချနေသည်။

ချင်အ အရမ်းတုန်လှုပ်နေပြီး သင်ကြားရေး အလုပ်အကိုင်ကို အမှန်တကယ် သဘောကျနေသည်။

အခန်း (၁၅၂) - တကယ့်ရည်ရွယ်ချက် ဖော်ထုတ်ခြင်း။

ဒင်

“ဆရာဆယ်ယောက်နဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကို ဖွင့်လိုက်လို့ ဂုဏ်ပြုပါတယ်။ ဆုလာဒ်- အနက်ရောင် ရတနာသေတ္တာ တစ်လုံး။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ”

ဆွန်းမိုက ဘေးနာမှာ ရှိနေတဲ့ လုချီဟွာကို ထိလိုက်သည်။ ထို့နောက် ရတနာ သေတ္တာကို

ဖွင့်လိုက်သည်။ အလင်းရောင်တွေ ပျောက်သွားလျှင် မှင်တစ်ပုလင်း ကျန်ခဲ့သည်။

ဒင်

"ပန်းဝိညာဉ်တက်တူး မှင်ကို ရရှိခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။

"မရှိုးသေးဘူး"

ဆွန်းမိုက မြေကြီးကို အိုးထဲထည့်လိုက်သည်။ ထို့နောက် အစေ့ကို ထည့်သည်။ မြေဩဇာ ထည့်လိုက်ပြီး ရေဖြန်းလိုက်သည်။ အစေ့က အပင်ပေါက်ပါ့မလား။

"ဆရာ၊ ဒါဘာအစေ့လဲ"

လုချီဟွာသည် အရှက်အကြောက်ကြီး သဖြင့် သူငယ်ချင်း မရှိရှာပါ။ ဒါကြောင့် အပင်တွေနဲ့ စကားပြောလေ့ ရှိပြီး အပင်များကို နှစ်သက်သဘောကျသည်။

သို့သော်လည်း ဒါက တန်ဖိုးမရှိတဲ့ အကြောင်းအရာ ဖြစ်နေသည်။ သူမက ဒီနယ်ပယ်မှာ အောင်မှုမြင်ရရင်တောင် လူ့အထင်ကြီးအောင် လုပ်ပြခွင့် မရနိုင်ပါ။ ဒါကြောင့်လည်းအပင်များကို လေ့လာခြင်းထက် ဘယ်လိုစိုက်မျိုးရမလည်းဆိုတာပဲ လေ့လာသင့်သည်။ အနည်းဆုံး ဆေးဖက်ဝင်အပင်တွေကို စိုက်ပြီး ရောင်းစားလို့ရသေးသည်။

"ငါလည်း မသိဘူး"

ဆွန်းမိုက ပုခုံးတွန့်ကာ ပြန်ဖြေလိုက်သည်။

"အိုး"

လုချီဟွာက ကြမ်းပေါ်တွင် ဆောင့်ကြောင့် ထိုင်ချလိုက်ပြီး လက်တစ်ဖက်က မေးစေ့ကိုင်ပြီး နောက်တစ်ဖက်က ပန်းအိုးကို ပွတ်ရင်း တိုးတိုးလေးပြောနေသည်။

"မင်းအပင် မြန်မြန်ပေါက်လာရမယ်နော် ဟုတ်ပြီလား။ နေရောင်ကလည်း နွေးတယ်။ စမ်းရေကလည်း အေးတယ်။ ဒါတွေကို မင်းအပင်ပေါက်လာမှ ခံစားလို့ရမှာ။ အချိန်တန်ရင်

မင်းကို တောထဲ ခေါ်သွားပြီး အခြား အပင်ညီအကိုတွေနဲ့ မိတ်ဆက်ပေးမယ်”

“……”

ရုတ်တရက် ဆွန်းမိုလည်း လုချီဟွာကို ကြည့်ပြီး တော်တော်သနား သွားသည်။ သို့သော်လည်း အပြစ်ကင်းပြီး ချစ်ဖို့ကောင်းတယ်လို့ ခံစားမိသည်။

“ဆရာ ငါနေ့တိုင်းလာပြီး ဒီအစေ့ကို ရေလောင်းပေးလို့ရမလား”

လုချီဟွာက ဆွန်းမိုကို မျက်လုံး ပေကလတ်နဲ့ အသနားခံပြီး မေးလိုက်သည်။

“ငါ မင်းကို ပေးလိုက်မယ်”

ဆွန်းမိုအတွက် ဒီဆုံးဖြတ်ချက်ချဖို့ တွေဝေစရာအကြောင်းမရှိပါ။ အပင်စိုက်ရတာလည်း စိတ်မဝင်စားသလို ရက်ပိုင်းလောက်ကြာရင်လည်း ဒီအကြောင်းကို မေ့သွားနိုင်သည်။ ဒါကြောင့် လုချီဟွာကို ထိန်းသိမ်း စောင့်ရှောက်ရအောင် ပေးလိုက်လို့ ကိစ္စမရှိပါ။

(ဒါပေမယ့် အစေ့က ဘာကြီးလဲ နာမည် မြန်မြန်ပေးလိုက်ရမလား)

“ငါယူရမယ်။ ဟုတ်လား’

လုချီဟွာ မျက်လုံးများ တောက်ပလာသည်။

“အင်း ။ ယူလိုက်”

ဆွန်းမိုကတော့ သူ့ရဲ့ကံကောင်းသော ကြယ်လေးကို အရမ်းရက်ရောနေသည်။

....

ညနေခင်းတွင်...........

ဆွန်းမို ဘာမှမဖြစ်သွားကြောင်း လက်အောက်ငယ်သားက ဇောင်ယန်ကို သတင်းပို့လာသည်။ လူဆိုးတွေက ဆွန်းမိုကို မရိုက်နိုင်မှန်း သိသော်လည်း နည်းနည်းတော့ မျှော်လင့်မိသည်။ ဆွန်းမိုလည်း မတော်တဆ မှောက်သွားနိုင်တာပဲ။ ဒါပေမယ့် တကယ့်

အမှန်တရားမှာတော့ ဆွန်းမိုက တည်တည်ငြိမ်ငြိမ်ပါပဲ။

"ဒါဆိုလဲ တစ်ခေါက်နဲ့ မရရင် နောက်တစ်ခါ ထုပ်လုပ်ကွာ၊ အဆုံး မရှိကို စိတ်အနှောက်အယှက်ပေးကြ"

ထို့နောက်မှာတော့ ဂိုဏ်းခေါင်းဆောင် အနည်းငယ်ကို သွားပြောခိုင်းလိုက်သည်။ ဆွန်းမိုနဲ့ သူ့တပည့်များ ကျောင်းကထွက်လာရင် ချီးတွေနဲ့ ပက် ဒါမှမဟုတ် ကတုံး ရိတ်ခိုင်းထားလိုက်မည်။ မျက်နှာပေါ်မှာတောင် စားလုံးတွေ ရေးခိုင်းလိုက်သေးသည်။

သို့သော်လည်း သိပ်မကြာခင် အဲဒီဂိုဏ်းတွေက လုပ်မပေးနိုင်ကြောင်း လက်အောက်ငယ်သားက ပြန်သတင်းပို့လာသည်။

"မလုပ်ဘူး ဟုတ်လား"

ဖောင်ယန်သည် ဒေါသထွက်လာပြီး ယူတန်ချီ နယ်မြေကို ချက်ခြင်း ပြေးသွားသည်။ လောင်းကစား အခန်းတံခါးကို ကန်ဖွင့်လိုက်သည်။

"သခင်လေး ဖောင်၊ ဒါကဘာလဲ"

ငယ်ရွယ်တဲ့ အချိန်တွေကို ဖြတ်ကျော်ခဲ့တဲ့ ယူတန်ချီက အပြုံးနဲ့ ပြောရင်း ထွက်လာသည်။

"မင်းကို ခိုင်းတဲ့ ကိစ္စ ဘာလို့ ငြင်းတာလဲ ငါသိချင်တယ်"

ဇောင်ယန်ရဲ့ ယုတ်မာသော စရိုက်က ပေါ်လာသည်။

"သခင်လေး ဇောင် ဆွန်းမိုကို ငါတို့ မစော်ကားနိုင်ဘူး၊ တခြားနေရာကနေ အကူအညီ ရှာတာ ပိုကောင်းမယ်"

ယူတန်ချီက နောက်ခံအသိုင်းအဝိုင်းအားကောင်းတဲ့ လူများနဲ့ အလုပ်လုပ် နေသောကြောင့် အဆက်မပြတ်တောင်းပန်နေခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လမ်းဂိတ်တံခါးအပေါက်ဝတွင် ဝူတိုင်တစ်ယောက် ကိုယ်တုံးလုံးနဲ့ ချိတ်ဆွဲခံထားရတဲ့ နောက်ကွယ်က အကြောင်းကိုလည်း သိထားသည်။ ဗဟိုပြည်နယ် အကယ်ဒမီက ဆွန်းမိုသည် အရမ်း ခေါင်းမာလွန်းသည်။ သာမန်လူများသည် အများအားဖြင့် လူဆိုးဂိုဏ်းများကို ကြောက်ကြသည်။ မြို့ပေါ်က လူကောင်းများနဲ့ လူဆိုးများ ပြဿနာ ဖြစ်ရင် လူကောင်းများ အမြဲတမ်းခံရသည်။ ဆွန်းမိုကိစ္စမှာတော့ ဒီကောင်က တော်တော် ရက်စက်လွန်းသည်။

ဒီလောက် အကြင်နာတရားမဲ့တဲ့လူကို မကြောက်တဲ့လူ ရှိလို့လား။

လူတိုင်းက ဝမ်းစာရှာစားဖို့ အတွက်ပဲ အပြင်ထွက်လာကြသည်။ ဘယ်သူမှ အကျိုးအမြတ်မရှိပဲ သူတို့ရဲ့ အသက်မွေးဝမ်းကြောင်း ပျက်စီးနိုင်တဲ့ အလုပ်မျိုးကို မလုပ်ချင်ကြပါ။

“ယူတန်ချီတောင် မစော်ကားရဲတဲ့လူ ရှိနေပြီလား”

ဇောင်ယန်က အထင်သေးသလိုလို လှောင်ရယ်ပြီး ပြောလိုက်သည်။

“သခင်လေးဇောင် ငါသက်သက် ကြွားပြောမိတာပါ။ ဆွန်းမိုလို လူမျိုးနဲ့ တကယ်တွေ့ရင် ငါကြောက်ပြီး အဝေးပြေးရမှာ”

ယူတန်ချီက ခါးခါးသီးသီး ပြန်ပြောသည်။

"မင်းပြောကြည့်လိုက် မင်းတောင်းသလောက် ငါပေးမယ်"

ဇောင်ယန်ကမေးလိုက်သည်။

"ငါလည်းလုပ်ချင်ပါတယ် ဒါပေမယ့် တကယ် မလုပ်နိုင်လို့ပါ"

ယူတန်ချီက ပြောရင်း သူ့လက်ကို ဖယ်ထုတ်လိုက်သည်။

"ရပြီ မင်းစောင့်နေလိုက်"

ဇောင်ယန်က ဒေါ်ကြီးမောကြီးနဲ့ တံခါး စောင့်ပိတ်ကာ ထွက်သွားသည်။

"သူဌေး ၊ ဒီကောင်အဖေက ချင်လင်မြို့ရဲ့ ကုန်သည်ကြီးနော် သူက ဩဇာကြီးတဲ့ လူတွေနဲ့လည်း သိတယ်လို့ကြားတယ်။ သူ့ကိုစော်ကားလိုက်တာ မကောင်းဘူး ထင်တယ်နော်"

လက်အောက်ငယ်သားတစ်ဦးက သူ့ကို လာပြီး စည်းရုံးနေသည်။

"တော်ပြီရပြီ ဒီရက်ပိုင်း အိမ်ထဲမှာပဲ နေတော့မယ်။ ငါက မစော်ကားနိုင်ရင်တောင် အနည်းဆုံး ပုန်းနေလို့ မရဘူးလား"

ထို့နောက် ယူတန်ချီက အထင်သေးအမြင်သေးနဲ့ ပြောလိုက်သည်။

"ဒီစောက်သုံးမကျတဲ့ကောင်ရဲ့ အဖေသာ ငတုံးဖြစ်နေရင် ဒီကောင် ဒီလို မဖြစ်နိုင်တဲ့ ကိစ္စမျိုး လာခိုင်းလို့ မရဘူး။ ဒါပေမယ့် ဆွန်းမိုကို စော်ကားလိုက်လို့ကတော့ နောက်တစ်နေ့ရောက်ရင် ဗီမီလီယမ် လမ်း ဂိတ်ဝမှာ ကျိန်သေပေါက် ကိုယ်တုံးလုံးနဲ့ တွဲလျှောင်း ဖြစ်နေမယ်"

ဒီကောင် ဆွန်းမိုက တကယ် လူမဆန်ဘူး။ ယူတန်ချီကရော ဘယ်လိုမျိုး လုပ်ခဲ့လဲ။ သူ့အကြွေးလိုက်တောင်းရင် အိမ်ကို ခွေးသွေးလောင်းတယ်။ ညနက်သန်းခေါင် အိမ်ထဲကို

မီးရှူးမီးပန်း ပစ်ထည့်မယ်။ လက်နဲ့ ခြေတွေ ရိုက်ချိုးမည်။ သို့သော်လည်း ဆွန်းမိုနဲ့ ယှဉ်လိုက်ရင် အဲဒါတွေက အသေးအမွှား ဖြစ်သွားပြီ။

ဂိုဏ်းထဲက လူတွေသည် မြို့သားတွေက သူတို့မျက်နှာကို တွေ့လိုက်တာနဲ့ ကြောက်သွားစေချင်သည်။ ဂိုဏ်းခေါင်းဆောင် တစ်ယောက်သာ ကိုယ်တုံးလုံးချွတ်ပြီး အချိတ်ခံထားရလို့ကတော့ အရှက်ကွဲပြီး ဟာသတစ်ပုဒ်ပဲ ဖြစ်လာမည်။

ဒါက အရေးအကြီးဆုံး အဓိက အချက် မဟုတ်သေးဘူး။ ဆွန်းမိုမှာ နတ်ဘုရားလက် ရှိနေသည်။ ဒါကိုသိဖို့ ယူတန်ချီ ထွေထွေထူးထူး

စုံစမ်းစရာတောင် မလိုပါ။ ကျောင်းနားက တွေ့တဲ့လူတစ်ယောက်ယောက်ကို မေးလိုက်တာနဲ့ ဆွန်းမိုရဲ့ နတ်ဘုရားလက်က ဘယ်လောက်ထူးဆန်းလည်း ဆိုတာ သိနိုင်သည်။ ဒါက အဆင့်တက်အောင်လည်း လုပ်ပေးနိုင်သလို ထိလိုက်ရုံနဲ့ အကြောသေအောင်လည်း လုပ်နိုင်သည်။

တော်တော့်ကို ထူးဆန်းသည်။ လူဆိုးဂိုဏ်းတွေသည် တိကျတဲ့ သုံးသပ်မှုနဲ့ မလိမ္မာ မပါးနပ်လို့ကတော့ သူ့တစ်ပါး ဝိုင်းခုတ်ခံလို့သေနေတာ ကြာလှပြီ။ ဆွန်းမို၏အစွမ်းကြောင့် သူသည် သိပ်မကြာခင် ဒါမှမဟုတ် နောက်ပိုင်းတွင် မြတ်ဆရာတစ်ယောက်

ဖြစ်လာနိုင်သည်။ ဒါလိုဆိုရင် ယူတန်ချီက ဘယ်လို စော်ကားရဲမှာလဲ ။

ဝူတိုင်ရဲ့ အခြေအနေကိုလည်း ကြည့်ပါအုံး။ အိမ်ပြန်ပို့ပြီးတာနဲ့ ငါးခြောက်တစ်ကောင်လို လုံးဝမလှုပ်နိုင်ဘဲ အိပ်ရာပေါ်တွင် လှဲနေရသည်။ ပြီးတော့ ဆီးတွေ ဝမ်းတွေ မထိန်းနိုင်ဘဲ ဘောင်းဘီ တွေတောင် ပေကျံနေသေးသည်၊

တသက်လုံး သေးတော၊ ချီးတောထဲ အိပ်နေရမယ်ဆိုတဲ့ အတွေးကို ဘယ်သူက မကြောက်မှာလဲ။

“ဆွန်းမိုက ကျောင်းဆရာပါ ဘာလို့ ဒီလောက် ရက်စက်နိုင်ရတာလဲ”

ယူတန်ချီ နားမလည်နိုင်အောင် ဖြစ်နေသည်။

ဒင်

ယူတန်ချီ၏ လေးစားအထင်ကြီးမှု +၃၀။ မူလ(၃၀/၁၀၀)။

“သူ့ဌေး၊ ယဉ်ကျေးတဲ့လူတွေက အရက်စက်ဆုံးလို့ ငါကြားဖူးတယ်”

နောက်လိုက်တစ်ယောက်က ပြန်ရှင်းပြသည်။

ဓောင်ယန်တစ်ယောက် ဂိုဏ်းသုံးခုကို ရောက်ခဲ့ပြီးပါပြီ။ တူညီတဲ့ အဖြေပဲ ရခဲ့သည်။ တချို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြတ်ပြတ်သားသား ငြင်းကြသည်။ တချို့က မတင်မကျ ပြောကြသည်။ သူတို့ သေချာပေါက် သွားမှာမဟုတ်ပေ။

“ဒါ ဆွန်းမိုကြောင့်ပဲ ဒီကောင် နာမည်ပျက်ပြီး မရပ်တည်နိုင်ဘဲနဲ့ ချင်လင်မြို့က ထွက်ပြေးရအောင် ငါသေချာပေါက် လုပ်ပြမယ်”

ဇောင်ယန်က မျက်လုံးအရမ်း တောက်ပနေပြီး အစီအစဉ်ကို စဉ်းစားနေသည်။

တနင်္လာနေ့၊ စာသင်ခန်း ၃၀၁..........................

ကျောင်းသားနှစ်ယောက်က ထိုင်ခုံဦးရန် အစောကြီး ရောက်လာသည်။ သို့သော်လည်း

အခန်းထဲကို ဝင်လိုက်သော် တံခါးနားတွင် ထိုင်နေသော ဇောင်ယန်ကို မြင်လိုက်ရသည်။ သူက လက်တစ်ဖက်နဲ့ ခေါင်းကို ထောက်ထားပြီး လှမ်းကြည့်နေသည်။

"မင်္ဂလာ နံနက်ခင်းပါကွာ"

ဇောင်ယန်က နှုတ်ဆက်လိုက်သည်။

"မ.....မင်္ဂလာနံနက်ခင်းပါ။"

နှုတ်ဆက်ခံလိုက်ရတဲ့ ကျောင်းသားတွေသည် အမူအရာ တောင့်တင်းပြီး စကားထစ်သွားကြသည်။

“ဆရာဆွန်း သင်ပေးတာ အရမ်းကောင်းတယ်နော်၊ မင်းတို့တွေ အာရုံစိုက်မှ ရမယ်”

ဇောင်ယန်က နှာခေါင်း ရှုံ့လျှက် မျက်နှာရှုံ့ပြီး ပြောသည်။

“ငါ့အခုမှပဲ အလုပ်ရှိသေးတာ သတိရသွားတယ်။ ဒီနေ့အတန်း မတက်တော့ဘူး”

ကျောင်းသားနှစ်ယောက်လည်း ကြောက်တတ်တဲ့ ယုန်လေးတွေလို ပြန်လှည့် ပြေးသွားသည်။

ဒီလို အဖြစ်အပျက်က တစ်မနက်လုံးဆက်တိုက် ဖြစ်နေသည်။ ကျောင်းသားအများစုက ဇောင်ယန်ကို

မစော်ကားရဲသဖြင့် ထွက်သွားကြသည်။ သို့သော်လည်း အခန်းထဲကို ဝင်ထိုင်နေတဲ့ ကျောင်းသားအနည်းစုတော့ ရှိနေသေးသည်။

ဇေခင်ယန်နဲ့ ဆွန်းမို တို့ကြားက ဆက်ဆံရေးက အရမ်းတင်းမာနေသည်။ ဒီသတင်းကလည်း တစ်ကျောင်းလုံး ပျံ့သွားသည်။ ဆွန်းမိုက အနိုင်ကျင့်တတ်တဲ့ ဇေခင်ယန်ကို ကျောင်းထုတ်နိုင်ပါစေလို့ တကျောင်းလုံး ဆုတောင်းနေကြသည်။

လီဇီချီ ရောက်လာသည်။ ဇေခင်ယန်ကို မြင်လိုက်လျှင် မျက်နှာတင်းပြီး

လမ်းလျှောက်လာသည်။ ပြီးတော့ ကြမ်းတမ်းသောလေသံနဲ့ မေးလိုက်သည်။

“မင်း မတော်သေးဘူးလား”

“ဘာမှားလို့လဲ”

ဖောင်ယန် စိတ်ရှုပ်သွားသည်။

“ ငါလည်း ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားတစ်ယောက်ပဲလေ။ အတန်းတက်လို့တောင် မရဘူးလား။။ ဒါဆို ငါကြိုပေးထားတဲ့ တနှစ်စာ ငွေတုံး တစ်သန်းကျော်က အလကား ဖြစ်သွားမှာပေါ့”

ဇောင်ယန်၏ မတန်တဆ စျေးကို ကြားလိုက်လျှင် တခြားကျောင်းသားများ အရမ်း အံ့အောသွားကြသည်။ ကျောင်းက ဇောင်ယန်ကို ကျောင်းမထုတ်တာလည်း မထူးဆန်းတော့ပါဘူး။ ဒါတွေ အားလုံးကပိုက်ဆံ အတွက်ပဲလေ။ ဇောင်ယန်ကတော့ စိတ်ထဲ ကြိတ် ပြုံးလိုက်သည်။ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ပြိုလဲပျက်စီးနိုင်တဲ့ ပျက်ကိန်းက သူ့လက်ထဲမှာပဲ ရှိသည်။

ကျွတ်ကျွတ်

နှစ်ပေါင်းတစ်ထောင်ကျော်လောက် သက်တမ်းရှိတဲ့ ကျောင်းကြီးရဲ့ ဂုဏ်သတင်းကို လက်တစ်ဖက်တည်းနဲ့ ဖျက်ဆီးလိုက်ရင်

ဒီခံစားချက်က တကယ် ပျော်ဖို့ကောင်းမည်။ ကြီးမားတဲ့ အောင်မြင်မှုလည်း ဖြစ်သွားမည်။

"လီဇီရှင်းက ဒီလိုလုပ်ဖို့ မင်းကို ခိုင်းတာလား"

လီဇီချီက ရုတ်တရက် ကောက်မေးလိုက်သည်။ "ဘာလီဇီရှင်းလဲ၊ မင်းဘာတွေ ပြောနေတာလည်း ငါမသိဘူး"

ဇောင်ယန် ခေါင်းခြောက်နေသည်။

"မင်းငါ့ကို အရူးလုပ်နေတာလား။ သူက မင်းအဖေကို နှစ်ပေါင်းများစွာ ငွေတွေအများကြီး ထောက်ပံ့နေတာ မဟုတ်ဘူးလား။ မဟုတ်ရင် မင်းတို့ ဒီလောက်တောင် မအောင်မြင်လာဘူး။

မင်းဒီလောက် မဟုတ်တာက ဟုတ်တာက လျှောက်လုပ်နေတာကို မင်းအဖေက တမင်လွှတ်ပေးထားတာ မှတ်လား။

လီဇီချီက ပိုတွေးလေလေ သူ့အတွေး ပိုမှန်တယ်လို့ ခံစားရလေလေ ဖြစ်နေသည်။

"သူက ငါနဲ့ တွဲလုပ်ပါ့မလား"

ဓောင်ယန်က တခစ်ခစ် ရယ်လိုက်သည်။ ခေါင်းလောင်းသံမြည်လာသဖြင့် လီဇီချီက ဓောင်ယန်ကို စိုက်ကြည့်ကာ သူ့ထိုင်ခုံဆီကို ပြန်သွားလိုက်သည်။ ဓောင်ယန်ရဲ့ နောက်ကွယ်က လီဇီရှင်းဆိုရင် ဒီကိစ္စက ပြဿနာ ရှိလာပြီ။

ချင်လင်က လီဇီရှင်း အပိုင်စားရထားသော နယ်မြေဖြစ်သည်။ သူအုပ်ချုပ်နေတာလည်း နှစ်ပေါင်းဆယ်နဲ့ ချီနေပြီး သူ့သြဇာက တော်တော်အမြစ်တွယ်နေသည်။

ဆွန်းမို ရောက်လာတဲ့အခါ လူသုံးရာဆန့်တဲ့ စာသင်ခန်းမှာ ကျောင်းသား ၁၀ကျော်ပဲ တွေ့လိုက်ရသည်။ သူစပြီး စာသင်ကတည်းက အတန်းလူနည်းတာ ပထမဆုံး အကြိမ်ပဲ ဖြစ်သည်။

ဇောင်ယန်ကတော့ ခေါင်းလှည့်ကြည့်ပြီး တော်တော် ကျေနပ်နေသည်။ (နောက်နှစ်ရက်ဆိုရင် ကျောင်းသားတစ်ယောက်မှ မလာနိုင်အောင် သေချာပေါက် လုပ်ပြမယ်။ ဒီလို နောက်ခံမရှိတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတွေကို ငါမကိုင်တွယ်နိုင်ရင် မင်းကို ဘယ်လိုလုပ် ကိုင်တွယ်မလဲ)

"ဇောင်ယန်"

ဆွန်းမို က သင်ထောက်ကူပစ္စည်းကို ချထားရင်း ဇောင်ယန်ကို စိုက်ကြည့်ပြီး ခေါ်လိုက်သည်။

"ထွက်သွား"

"ဘာဖြစ်လို့လဲ"

ဇောင်ယန် အံ့အောသွားသည်။

"မင်းငါ့အတန်း တက်ခွင့် မရှိဘူး"

ဆွန်းမိုက ရှင်းရှင်းလင်းလင်း ပြောလိုက်သည်။

" ငါ လက်မခံနိုင်ဘူး၊ မြတ်ဆရာတွေရဲ့ ကမ္ဘာမှာ ကျောင်းတွေရဲ့ နောက်ခံကိုကြည့်ပြီး မခွဲခြားရဘူးလို့ ပြောထားတယ်။ ငါက ညံ့နေရင်တောင် မင်းငါ့ကို အတန်းမတက်အောင် တားလို့ မရဘူး မဟုတ်ဘူးလား"

ဇောင်ယန်က ပြန်ချေပသည်။

"လူ့အမှိုက်တွေကြောင့် နာမည်ပျက်တယ်။ မင်းက ပြင်လို့မရအောင် မကောင်းတဲ့ လူယုတ်မာပဲ"

ဇောင်ယန်က မထိန်းသိမ်းနိုင်လောက်အောင် ဆန္ဒပြင်းပြနေမယ်လို့ ဆွန်းမို မထင်ထားခဲ့ပါ။

အရမ်းကောင်းတယ်။ စောင့်စရာ မလိုတော့ဘူး။ မင်းကို ဒီနေ့ ရအောင် ကျောင်းထုတ်မယ်။

"ဒါဆိုလည်း မင်းက ပိုသင်ပေးပြီး ငါ့ကိုကောင်းလာအောင် လုပ်ပေါ့"

ဇောင်ယန်က တခစ်ခစ်နဲ့ လူယုတ်မာတစ်ယောက်လို ပြုံးမူနေသည်။

"ဒါက မြတ်ဆရာတွေလုပ်တဲ့ အပြုအမူနဲ့ အမူအကျင့်တွေပဲ"

"ငါ မင်းနဲ့ ပေါက်ကရတွေ မပြောချင်ဘူး။ မင်းထွက်သွားဖို့ သုံးခါ ရေတွက်ပေးမယ်"

"တစ်"

"နှစ်"

ဇောင်ယန်က လက်ပိုက်ထားပြီး ထိုင်ခုံတွင်မှီလိုက်သည်။ ဆွန်းမိုကို တည်ငြိမ်စွာ ကြည့်နေသည်။

(ငါမသွားဘူး မင်းငါ့ကို ဘာလုပ်မလဲ ကြည့်ရအောင်)

"သုံး"

သုံးကြိမ်မြောက် ရေတွက်ပြီးနောက် ဆွန်းမိုလည်း ဘာမှ ပြောမနေတော့ဘဲ လက်ညှိုးထိုးလိုက်သည်။

ရွှတ်စ်

ရွှေရောင် အလင်းစက်ပေါ်လာသည်။

"ငါ...လို"

ဖောင်ယန် စိတ်ထဲတွင် စိတ်ခြောက်ခြားခြင်းနဲ့ ဒေါသများ ပြည့်လာသည်။ ဆွန်းမိုက 'သတိလစ်ခြင်းနဲ့ အသုံးမကျခြင်း' မြတ်ဆရာအရှိန်အဝါ သုံးလိမ့်မယ်လို့ မထင်ထားပါ။ သူရှောင်ချင်သည်။ ဒါပေမယ့် အချိန်မရလိုက်ပါ။

ရွှတ်စ်

အလင်းစက်က မြှားအဖြစ် ဖွဲ့စည်းသွားပြီး ဖောင်ယန်နဖူးဆီ ပစ်လွှတ်လိုက်သည်။ ဖောင်ယန် ချက်ခြင်းပဲ ပါးစပ်တွေစောင်းပြီး မျက်လုံးတွေ မှိန်သွားသည်။

"ကောင်းပြီ အတန်းစလိုက်ရအောင်"

ဆွန်းမိုက လက်ချောင်းကို ကွေးပြီး စားပွဲကို ခေါက်လိုက်သည်။

မိနစ်နှစ်ဆယ်လောက်ကြာတော့ ဇောင်ယန် အသိပြန်ဝင်လာသည်။ သူ့ကို ခိုးကြည့်နေတဲ့ ကျောင်းသားတွေက စကြ်ိန်တွင် ပြပွဲတစ်ခုကို ကြည့်သလို စုဝေးနေတာ မြင်လိုက်လျှင် ဇောင်ယန် အရမ်းကို ဒေါသပေါက်ကွဲသွားသည်။

"ဆွန်းမို၊ ကျောင်းသားတစ်ယောက်ကို အကြောင်းပြချက်မရှိဘဲ မြတ်ဆရာ အရှိန်အဝါသုံးပြီး

အပြစ်ပေးတယ်လို့ သူတော်စင်ဂိတ်မှာ သွားတိုင်မယ်။

မင်း....”

ဇောင်ယန် စကားဆုံးအောင် မပြောလိုက်ရပါ။ ဆွန်းမို လက်ချောင်းက လင်းလာပြန်သည်။

ဖောက်

နောက်တစ်စက္ကန့်နေတော့ ဇောင်ယန်တစ်ယောက် အရူးတစ်ယောက်လို ပြန်ဖြစ်သွားပြန်သည်။

မိနစ်နှစ်ဆယ်လောက်နေတော့ ဇောင်ယန် အသိပြန်ဝင်လာသည်။ ဒီတစ်ကြိမ်တော့ စောက်ရမ်း

မထိန်းနိုင် မသိမ်းနိုင် ဒေါသထွက်နေသည်။ ဆွန်းမိုကို ပြတ်ပြတ်သားသား မိုက်မိုက်ရိုင်းရိုင်း ပြန်ဆဲဖို့ လုပ်လိုက်သည်။ သို့သော်လည်း ဆွန်းမိုလက် မြင့်တက်လာပြီး နောက်တစ်ကြိမ် လင်းလာပြန်သည်။

ဖောက်

ဖောင်ယန်တစ်ယောက် စာသင်တဲ့ တစ်ချိန်လုံး အရူးတစ်ယောက်လို လျှောက်ပတ်သွားနေသည်။ နံရံနဲ့တိုက်မိရင်တောင် လမ်းကြောင်း မပြောင်းဘဲ ဆက်တိုက်နေသည်။

စာသင်ခန်းထဲမှာ ရှိတဲ့ကျောင်းသား အားလုံးနဲ့စကြိန်ကနေ ရပ်နေကြတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားအားလုံး စိတ်ထဲတွင် အတွေးတစ်ခုပဲ ရှိသည်။ ဆရာဆွန်းက တော်လိုက်တာ။

ဒင်

လေးစားအထင်ကြီးမှု အမှတ်ပေါင်း ၅၃၆မှတ်ကို ရရှိလိုက်သည်။

ဇောင်ယန်၏ နာမည်က ဆိုးဝါးလွန်းသဖြင့် သူ့ရဲ့ဆင်းရဲဒုက္ခကို ကြည့်ပြီး စိတ်လှုပ်ရှားလာကာ ဆွန်းမိုကို လေးစားအထင်ကြီးမှု အမှတ်အများကြီး ထောက်ပံ့ခဲ့သည်။ သူတို့အားလုံး ဒီတစ်ခေါက်တော့ ဆွန်းမို တကယ်ပြတ်သားတယ်လို့ မြင်ကြသည်။

(မင်းတို့နဲ့အဓိပ္ပါယ်မရှိ ငြင်းခုန် မနေဘူး.။ ‘သတိလစ်ခြင်းနဲ့အသုံးမကျခြင်း’ နဲ့ပဲ ပစ်လိုက်မယ်)

ဇောင်ယန်မှာ မွေးခြင်းတစ်ယောက် ရှိသည်။ ဒီအခြေအနေကို မြင်လိုက်လျှင် ကျန်ဟန်ဖူကို ချက်ခြင်းလိုက်ရှာနေသည်။ သိပ်တောင် မပြေးလိုက်ရပါ ထန်ထန်ယုထန်နှင့် ရှန်ယွန်ပေါင်က တားထားသည်။

“မင်းက တိုက်ခိုက်ရတာ မကြိုက်ဘူးမှတ်လား ငါ့တာဝန်ထားလိုက်”

ထန်ထန်ယုထန်က ပါးစပ်ကို အသံမထွက်ဘဲ ဟန်လုပ်ပြသည်။

"သူ့ကို ဘယ်လောက် အတိုင်းအတာထိ ရိုက်ပေးရမလဲ"

ရှန်ယွန်ပေါင်က စနောက်လိုက်သည်။ ပြီးတော့ ငွေလုံးကို လှည့်ပတ်ပြီး ရိုက်ချလိုက်ရင်ဖြင့် မချိမဆံ့ အော်ဟစ်သံများအတွဲလိုက် ပေါ်လာသည်။

အတန်းပြီးခါနီးတွင် ဖောင်ယန် ပြန်သတိဝင်လာသည်။ ဒီတစ်ခါ အသံတစ်ချက်တောင် မထွက်ရဲတော့ပါ။ စာသင်ခန်းတံခါးကို တန်းလျှောက်သွားပြီး တိုင်ကြားမလို့ စဉ်းစားလိုက်သည်။

"ကျောင်းကနေ မပြန်သေးနဲ့အုံး၊ အတန်းပြီးရင် ကျောင်းအုပ်ကြီး ရုံးခန်းသွားပြီး တကျောင်းလုံးကို အစည်အဝေးခေါ်ဖို့ ကျောင်းအုပ်ကြီး အန်ကို အဆိုပြုလိုက်မယ် မင်းကို ကျောင်းထုတ်မယ်"

ဆွန်းမိုက သူ့ကို အသိပေးလိုက်သည်။

ဆွန်းမိုစကားကို ကြားလိုက်လျှင် အနီးအနား ပတ်ဝန်းကျင်တွင် ရှိသော ကျောင်းသားများ အားလုံး အသက်ရှုမှားသွားသည်။

သူတကယ် ရည်ရွယ်ချက်ကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ပြီလား။ ငါ့ကို

ကျောင်းထုတ်မယ် ဟုတ်လား။ ဇောင်ယန်က လှောင်ပြုံး ပြုံးလိုက်သည်။

"မင်းက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးတောင် မဟုတ်သေးဘူး။ ဖြစ်ခဲ့ရင်တောင် မင်းမှာ ဒီလောက် လုပ်ပိုင်ခွင့် မရှိဘူး"

ဗဟိုပြည်နယ်အကယ်ဒမီတွင် ကျောင်းသား တစ်ယောက်ကို ကျောင်းထုတ်ဖို့အတွက် ကျောင်းအုပ်သုံးယောက်စလုံး၏ လက်မှတ်လိုကြောင်း ဇောင်ယန် သိနေသည်။ ကျန်ဟန်ဖူက သေချာပေါက် သူ့ဘက်တွင် ရှိနေမည်။ စိုးရိမ်စရာကို မရှိပါ။ ဒါကြောင့်လည်း

သက်တောင့်သက်သာနဲ့ ဆွန်းမိုကို ပျက်ရယ်ပြုနေသည်။

"ဒါဆိုလည်း တကျောင်းလုံး အစည်းအဝေးကျမှ ဆုံကြတာပေါ့"

ဆွန်းမိုပြောပြီးတာနဲ့ ခေါင်းလောင်းသံမြည်လာသည်။ သူ့ပစ္စည်းတွေကို သိမ်းလိုက်ပြီး အန်ရှီဝေကို ရှာဖို့ ထွက်သွားသည်။

သူထွက်သွားတဲ့အခါ ခန်းမတစ်လုံးမှာ ဆွေးနွေးနေတဲ့ အသံများ ပေါက်ကွဲထွက်လာသည်။

"ဒါကတကယ်လား ဆရာဆွန်းက ဇောင်ယန်ကို ကျောင်းထုတ်ချင်တာလား"

"သူ့မှာ လုပ်ပိုင်ခွင့်မရှိဘူး၊ ကျောင်းအုပ်ကြီး သုံးယောက်ပဲ ဆုံးဖြတ်ပိုင်ခွင့် ရှိတယ်"

"ဆရာဆွန်း အောင်မြင်ပါစေလို့ မျှော်လင့်တယ်"

ကျောင်းသားများက အချင်းချင်း ပြောဆိုနေကြပြီး မျှော်လင့်ခြင်း၊ စိတ်စောနေခြင်း၊ ပူပန်ခြင်းများ ခံစားနေရသည်။ အထူးသဖြင့် ဇောင်ယန် အနိုင်ကျင့်တာကို ခံခဲ့ရတဲ့ ကျောင်းသားများက မရပ်မနား ဆုတောင်းနေကြသည်။

အချိန်တွေက တဖြည်းဖြည်းနဲ့ ကုန်လာသည်။

"ငါ...လို......ဘာလို့ ခေါင်းလောင်း မမြည်သေးတာလဲ။ "

"ဒီအတိုင်းပဲ ပြီးသွားပြီလား"

"ဖြစ်နိုင်တယ် ဧောင်ယန်နောက်ခံက အရမ်းအားကောင်းတယ်။ လွယ်လွယ်နဲ့သာ ကျောင်းထုတ်လို့ရရင် ကျောင်းကထွက်သွားတာ ကြာရောပေါ့"

အတန်းကြီး ကျောင်းသားများသည် လူ့အသိုင်းအဝိုင်း ဆိုးယုတ်သော အခြမ်းကို မြင်ထားကြပြီး အနှုတ်သဘောဆောင်တဲ့ အမြင်သာ ရှိနေကြသည်။

ထိုအချိန်တွင် ခေါင်းလောင်းသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ စကားပြောနေတာလည်း ချက်ခြင်း ရပ်သွားသည်။

တစ်ကြိမ်

နှစ်ကြိမ်

သုံးကြိမ်

ဆယ့်နှစ်ကြိမ်။

စုစုပေါင်း ဆယ့်နှစ်ကြိမ်။ ဒါက တကျောင်းလုံး အစည်းအဝေးလုပ်ဖို့ အချက်ပေးနေပြီ။ ဆွန်းမို သူ့စကားတွေကို ပြန်မသိမ်းခဲ့ဘူး။ ဇောင်ယန်ကို တကယ်လုပ်တော့မယ်။

အခန်း (၁၇၃) - ပွဲသိမ်း၊ ဆွန်းမို မင်းရှုံးသွားပြီ။

ဗဟိုပြည်နယ်အယ်ဒမီတွင် တီးတဲ့ ခေါင်းလောင်းသံအရေအတွက် နဲ့ ခေါင်းလောင်းသံ တစ်ချက်နဲ့တစ်ချက်ကြား အကွာအဝေးကလဲ မတူညီတဲ့ အဓိပ္ပါယ်ကို ကိုယ်စားပြုသည်။

အသံတို ၁၂ ချက်က ကျောင်းတစ်ခုလုံး ချက်ခြင်း အစည်းအဝေး လုပ်မယ် လို့ဆိုလိုသည်။

ကျောင်းသားတွေက ဒီအသံကို ကြားလိုက်လျှင် ၁၅မိနစ်အတွင်း ကျောင်း၏ ကျက်သရေခန်းမဆောင်ကို အရောက်သွားပြီး တန်းစီနေရမည်။

အတန်းထဲတွင် စာသင်နေသော ကျောင်းသားများလည်း ချက်ခြင်းရပ်ပြီး အစည်းအဝေးကို လာရောက် ပူပေါင်းရမည် ဖြစ်သည်။

“ဘာဖြစ်လို့ တကျောင်းလုံး အစည်းအဝေးခေါ်တာလဲ မသိဘူး။ အရေးကြီးတာ တစ်ခုခု ဖြစ်သွားလို့လား”

ကျောင်းသားအုပ်စုတချို့က ကျောင်းကွင်းထဲမှာ ချက်ချင်းပေါ်လာပြီး ခန်းမဆောင်ကို ဦးတည်

သွားနေကြသည်။ သွားနေရင်းလည်း ဆွေးနွေးနေကြသည်။

ဖောင်ယန်သည် ကျောင်းတက်တာ တစ်နှစ်ပဲ ရှိသေးသော်လည်း သူ့ရဲ့ ကျောင်းတွင်း အနိုင်ကျင့်မှုကြောင့် အတန်းတွေကိုကျော်ပြီး ကျောင်းအတွင်း၌ ကျော်ကြားနေသည်။ သူ့ကို မမြင်ဖူးတဲ့သူသာ ရှိရင်ရှိမယ် မကြားဖူးတဲ့လူတော့ မရှိပါ။

အဲဒီလိုပဲ ဆွန်းမိုကလည်း အရမ်း ရေပန်းစားနေသော ဆရာအသစ်တစ်ယောက်ဖြစ်သည်။ သူ့ရဲ့ နတ်ဘုရားလက်အကြောင်း မသိတဲ့သူ တစ်ယောက်မှ

မရှိပါ။ သူတို့နှစ်ယောက်ကြားက ကောလဟာလကလည်း အရမ်းပျံ့နှံ့နေသည်။ လူတော်တော်များများကတော့ ဆွန်းမို အပေးအယူလုပ်လိုက်ပြီလို့ ပြောနေကြသည်။ ဇောင်ယန်ကို တောင်းပန်ဖို့အတွက် တကျောင်းလုံး အစည်းအဝေး ခေါ်လိုက်တာ ဖြစ်နိုင်သည်။

ဇောင်ယန်ရဲ့ နောက်ခံကြောင့် ဒီကောလဟာလက အတော်လေး ဖြစ်နိုင်ခြေ ရှိသည်။ ကျောင်းသားတော်တော်များများလည်း စိတ်ဆိုး နေကြသည်။

“ဆရာဆွန်းက အရမ်းထူးချွန်တာ ဘာဖြစ်လို့ ကျောင်းတွင်းအနိုင်ကျင့်တဲ့ကောင်ကို တောင်းပန်ရမှာလဲ”

အရင်က ဆွန်းမိုရဲ့ လမ်းညွှန်မှုကို ရဖူးတဲ့ ယန်ချင်ကတော့ ခံပြင်းဒေါသထွက်နေသည်။

ကျက်သရေခန်းမဆောင်သည် ဇဟိုပြည်နယ်အကယ်ဒမီရဲ့ သက်တမ်းအရှည်အကြာဆုံး အဆောက်အဦးဖြစ်ပြီး လူပေါင်း တစ်သောင်းလောက်ဆန့်သည်။ နာမည်အတိုင်းပဲ အရေးကြီးသော ပွဲလမ်းသဘင်များ၊ ကြီးကျယ် ခမ်းနားတဲ့ အမှတ်တရပွဲများ၊ ဆရာ ဒါမှမဟုတ် ကျောင်းသားတို့ကို ကြီးကျယ်ခမ်းနားစွာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂုဏ်ပြုတဲ့အခါ ကျောင်းသားတွေ ဆရာတွေ ရှေ့မှောက်မှာ ကြေငြာပေးသည့် နေရာလည်း ဖြစ်သည်။

တနှစ်စာ အတန်းခေါင်းဆောင်များလည်း ရောက်နေကြပြီး ကျောင်းသားများကို သူတို့ သွားရမည့် နေရာများကို လမ်းညွှန်ပေးနေသည်။ 'ဆူညံခြင်းမလုပ်ရ' ဆိုင်းဘုတ်တပ်ထားသော်လည်း လူတွေက အော်ဟစ်ပြောဆိုနေကြသဖြင့် ဆူညံနေသည်။

ခန်းမစင်ကြီး အနောက်ဘက်က အနားယူတဲ့ အခန်း တစ်ခန်းတွင်....................

ဆွန်းမိုက ထိုင်ခုံပေါ်ထိုင်ပြီး မျက်လုံးမှိတ်ထားကာ အနားယူနေသည်။

လုချီဟွာက ကင်းထောက်ထားတဲ့ သတင်းကို ပြောပြမလို့ ပြန်းပြေးလာသော်လဲ ဟောဟဲလိုက်နေပြီး ပါးစပ်နဲ့ အသက်ရှူနေရသည်။

"အပြင်မှာ လူ....လူတွေအများကြီးပဲ"

လုချီဟွာ အသံက ပူပန်မှုများနဲ့ ပြည့်နေသည်။ လူကများလွန်း သဖြင့် ပုရွတ်ဆိတ်အုံကြီးလို ဖြစ်နေသည်။ ဘယ်နေရာ ကြည့်ကြည့် မြင်နေရသည်။

"ဆရာ ။ ဒီတစ်ကြိမ် ဇောင်ယန်ကို ကျောင်းက မထုတ်နိုင်ရင် သွားပြီနော် တော်တော်ရှက်ဖို့ ကောင်းလိမ့်မယ်"

ဆွန်းမိုလုပ်တာ ရုတ်တရက် ဆန်လွန်းတယ်လို့ ထန်ထန်ယုထန် မြင်နေသည်။ အချိန်နည်းနည်းလောက် ပိုယူပြီး အနည်းဆုံးတော့ ဇောင်ယန်ရဲ့ မကောင်းတဲ့လုပ်ရပ် သက်သေနဲ့ မျက်မြင် သက်သေများ စုဆောင်း သင့်သည်။

"မထုတ်နိုင်ရင်လည်း ထွက်မပြေးမခြင်း ရိုက်ကွာ"

ရှန်ယွန်ပေါင်က လက်သီးကို ပွတ်ရင်း ပြောနေသည်။ သူ့အမြင်အရတော့ ဒီလောက်

အလုပ်ရှုပ်ခံနေစရာ မလိုပါ။ နေ့တိုင်း ဇောင်ယန် ကျောင်းလာတဲ့လမ်းမှာ ကျောင်းတက်တဲ့ အချိန် တစ်ခါ၊ ကျောင်းဆင်းတဲ့အချိန်တစ်ခါ ပိတ်ရိုက်လိုက်ရင် အဆင်ပြေနေပြီ။ အများဆုံး တစ်လလောက် ရိုက်လိုက်ရင် ဇောင်ယန် ကျောင်းလာမတက်ဖို့ သူ့အာမခံသည်။

ကူရှုပ်ရှင်းကလည်း ဆွန်းမိုကို အားပေးဖို့ အမြန်ပြေးလာခဲ့သည်။ သူမ ကူညီပေးနိုင်တာ တစ်ခုခု မရှိဘူးလားလို့ မေးချင်နေသည်။ ဇောင်ယန်လို ကျောင်းမှာအနိုင်ကျင့်တတ်တဲ့ ကျောင်းသားမျိုးကို ကျောင်းက ထုတ်ပစ်တာက သူမတာဝန် တစ်စိတ်တစ်ပိုင်းလို့ ထင်နေသည်။ သူမအနားကို

မရောက်ခင် ကျန်ဟန်ဖူ ဒေါသတကြီး ပြေးလာပြီး သူမကို ကျော်သွားသည်။

ဒိုင်း

အနားယူတဲ့ အခန်းတံခါး ကန်ဖွင့်ခံလိုက်ရသည်။ ကျန်ဟန်ဖူ မှုန်ကုတ်ကုတ်နဲ့ ပြေးဝင်သွားသည်။ ဆွန်းမိုကို မြင်လျှင် စူးစူးဝါးဝါး အော်ပြောလိုက်သည်။

“ဆွန်းမို၊ ဇောင်ယန်ကို ကျောင်းထုတ်ပိုင်ခွင့် ဘယ်သူပေးထားလဲ။ တကျောင်းလုံး အစည်းအဝေးကို မင်းခေါ်တာလား။ ဒုကျောင်းအုပ်ကြီးအနေနဲ့ ငါ့အမြင်ကို မင်းမေးခဲ့လား၊ မင်းငါ့ကို လေးစားမှု မရှိဘူးလား”

အခြားအနားယူခန်းတွင် ကြယ်တွေပါတဲ့ ဆရာတွေ ရှိနေသည်။ သူတို့ရဲ့ လေးစားစရာကောင်းတဲ့ အဆင့်အတန်းနဲ့ ခန်းမဆောင်ကြီးထဲမှာ ရပ်စောင့်နေဖို့ မသင့်တော်ပါ။ ဒါကြောင့်လည်း အနားယူနေပြီး အချင်းချင်း စကားပြောနေကြသည်။ ကျန်ဟန်ဖူရဲ့ အော်ဟစ်သံကို ကြားလိုက်လျှင် သူတို့အကြည့်များက အနားယူအခန်း တစ်ကို ရောက်သွားသည်။

ကူရှပ်ရှင်းက အနီးအနားကို တစ်ချက်ကြည့်လိုက်ပြီး အနားယူတဲ့အခန်းနားကို ချည်းကပ်သွားသည်။ အာရုံစိုက်ပြီး နားထောင်နေလိုက်သည်။

“မသိသေးဘူးလား၊ မင်းကို ဂရုမစိုက်လို့ပေါ့”

ဆွန်းမိုက ပုခုံးတွန့်ပြီး ပြန်ပြောသည်။

“ ဘာကြောင့်လည်းသိချင်လား။ မင်းကို ဘယ်နေရာက စပြီး လေးစားပေးရမှာလဲ”

ဒီနေရာကို ရောက်နေကြတဲ့ ဆရာတိုင်း အကြားအာရုံ မဆိုးကြပါ။ ဆွန်းမို အသံက မကျယ်သော်လည်း အခန်းတံခါးက မပိတ်ထားပါ။ ဒါကြောင့် လူတိုင်းကြားလိုက်လျှင် ပင့်သက်ရှိုက်လိုက်မိကြသည်။

ဆွန်းမိုက တကယ် ခေါင်းမာတာပဲ။

ကျန်ဟန်ဖူကို မျက်နှာချင်းဆိုင်ပြီး ဒီလိုစကား ပြောထွက်တယ်။

"တောက်။ မောက်မာလိုက်တာ။ ဒါပေမယ့် ငါသဘောကျတယ်"

ကူရှုပ်ရှင်း နှုတ်ခမ်း ဆက်ကနဲ တွန့်သွားသည်။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၂၀။ မူလ(၅၀/၁၀၀)

"မင်းဘာပြောတာလဲ.၊ ထပ်ပြောစမ်း"

ကျန်ဟန်ဖူ မျက်မှောင်ကြုတ်ပြီး ရှေ့ကို ခြေလှမ်းကျဲကြီးနဲ့ လျှောက်လိုက်သည်။

ခြေတိုလက်တိုနဲ့ အာလူးတစ်လုံးလို ဖြစ်နေသည်။ ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိနေလို့ စိတ်ပိုင်းဆိုင်ရာ လေးစားမှုကို အရမ်းတန်ဖိုးထားသည်။

ဆွန်းမို စကားတွေက တကယ် ဒေါသထွက်ဖို့ ကောင်းသည်။ ဒါကြောင့်လည်း ကျန်ဟန်ဖူ တစ်ယောက် ဒေါသအရမ်းထွက်နေပြီး ခြသေ့်တစ်ကောင်လို အဆက်မပြတ် ဟိန်းဟောက်နေသည်။

လီဇီချီ၊ ချန်လုံ၊ အင်ဘိုင်ဝူတို့က ဆွန်းမိုနားမှာ ချက်ခြင်း လာရပ်သည်။ သူတို့ရဲ့ ရည်ရွယ်ချက်က သိသာနေသည်။ သူတို့က ဆွန်းမိုနဲ့အတူ ရပ်တည်သွားကြမည်။ ရှန်ယွန်ပေါင်က

မလှုပ်ရှားခဲ့သော်လည်း ငွေရောင် လှံကို ကိုင်ထားပြီး အချိန်မရွေး တိုက်လို့ ရအောင် ပြင်ဆင်ထားသည်။

လုချီဟွာကတော့ ကြောက်လန့်နေတဲ့ ယုန်တစ်ကောင်လို ဆွဲန်းမိုနောက်မှာ ပုန်းနေပြီး အင်္ကျီလက်စကို တင်းတင်းဆုပ်ကိုင်ထားသည်။ ထို့နောက် အံ့ကိုကြိတ်ပြီး ခေါင်းထုတ်ကာ ကျန်ဟန်ဖူကို ကြည့်လိုက်သည်။

ထန်ထန်ယုထန်က ပါးစပ်တွန့်သွားသည်။ တကယ်လို့ ကျန်ဟန်ဖူမှာသာ မင်းသား လီဇီရှင်းရဲ့ ကျောထောက်နောက်ခံမရှိရင် အာဏာကို လက်ထဲ မဆုပ်ကိုင်ထားနိုင်ချေ။

ကျန်ဟန်ဖူမှာ စီမံခန့်ခွဲတဲ့ အရည်အချင်း အများကြီးရှိသော်လည်း ကျင်ကြံခြင်းအဆင့်က အရမ်းနိမ့်သည်။ သူ့ကို တစ်ခြားသူများက ထောက်ခံလာအောင် မဆွဲဆောင်နိုင်ပါ။ သူက ထောက်ပံ့ရေး တာဝန်နဲ့ ဒု- ကျောင်းအုပ်ကြီး လုပ်ရင် ဖြစ်နိုင်သေးသည်။ တစ်ကျောင်းလုံးကို ထိန်းချုပ်ပြီး ကျောင်းအုပ်ကြီး ဖြစ်ချင်နေတယ်ဆိုရင် အိပ်မက်သာ မက်နေလိုက်တော့။

"ဒု-ကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့ ငါ့အရှေ့မှာ ဝုန်းဒိုင်းကျဲပြနေတာလား။ မင်း လက်အောက်ကလို့ ထင်နေတာလား။

မင်းဝမ်းချုပ်နေတာလား။ ပါးစပ်ကလည်း နံလိုက်တာ”

ဆွန်းမိုက ပြောရင်းဆိုရင်း နှာခေါင်းကို လက်နဲ့ အုပ်လိုက်သည်။

အနားယူခန်း အပြင်ဘက်မှာရှိတဲ့ ဆရာတွေ မျက်လုံးကြီးပြူးပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေကြသည်။ ဆွန်းမို ပါးစပ် တကယ် ကြမ်းတာပဲ။ တောခွေးနက်ကြီး ဆွန်းကတော့ တွေးထားသလိုပါပဲ။ ဘယ်သူပဲ ဖြစ်ဖြစ် ကိုက်မှာပဲ။

“မ…အ….လ… မင်း”

ကျန်ဟန်ဖူ ထပ်သည်းမခံနိုင်တော့ဘဲ ဆွန်းမိုခေါင်းကို ရိုက်ဖို့ လက်ကိုမြှောက်လိုက်သည်။ သို့သော်လည်း အေးစက်နေတဲ့ အပြစ်တင်သံက သူ့လုပ်ရပ်ကို တားလိုက်သည်။

“ဒုကျောင်းအုပ်ကြီးကျန် မင်းဘာလုပ်ဖို့ ကြိုးစားနေတာလဲ’

အန်ရှီဝေ သွေးအေးရက်စက်တဲ့ ပုံစံနဲ့ ဆွန်းမိုဘေးတွင် တစ္ဆေတစ်ကောင်လို ပေါ်လာသည်။

“အံ့အောဖို့ ကောင်းလိုက်တာ”

လီဇီချီ ရုတ်တရက် အံ့အောသွားသည်။ လှုပ်ရှားမှု တစ်ခုတည်းနဲ့ အန်ရှီဝေ အရမ်းသန်မာမှန်း

သိသာနေသည်။ ပြီးတော့ ကျန်ဟန်ဖူကိုလည်း အကြောက်တရား ရှင်းရှင်းလင်းလင်း ပေးလိုက်နိုင်သည်။

(မင်းထပ်ပြီးလှုပ်လိုက်တာနဲ့ ငါသည်းမခံတော့ဘူး)

"အန်ရှီဝေ ဒီလိုလုပ်ဖို့ လှုံ့ဆော်လိုက်တာလား"

ကျန်ဟန်ဖူက ပြန်အော်သည်။ သူ့အမြင်တွင် ဆွန်းမိုလို အခုမှ အလုပ်ဝင်တဲ့ ဆရာတစ်ယောက်က သူ့ကို ပြန်ပြီး အာ မခံရဲပါ။ အန်ရှီဝေက ဒီလိုလုပ်ဖို့ သွေးထိုးပေးလိုက်တာပဲ ဖြစ်မည်။

အန်ရှီဝေက ပြန်ပြေမလို လုပ်လိုက်တဲ့အချိန်တွင် ဆွန်းမိုရဲ့ လက်ကြီးက သူ့ပုခုံးပေါ်ကို ရောက်လာတာ သိလိုက်သည်။ ထို့နောက် အားထည့်ပြီး အန်ရှီဝေကို ဘေးဖယ်လိုက်သည်။

"ခွင့်ပြုအုံး၊ မင်းငါ့ကို ကွယ်နေတာ "

ဆွန်းမိုက အန်ရှီဝေကို အဝေး ရွှေ့လိုက်သည်။

"အမ်"

အန်ရှီဝေလည်း ကြောင်သွားသည်။ တံခါးနောက်ကွယ်မှာ ပုန်းပြီး အနားယူတဲ့ အခန်းထဲကို ခိုးကြည့်နေတဲ့ ကူရှုပ်ရှင်းလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမြင်ကွင်းကို မြင်သွားသည်။ ဒီမြင်ကွင်းကို ကြည့်ကာ ငိုရမလား၊ ရယ်ရမလား မသိဖြစ်သွားသည်။

(လုပ်ပါဟ ဒါက မင်းရဲ့ နောက်ခံလေ၊ သူမက ရောက်နေပြီလို့ ပြောလို့ရတယ်။ ဒါကို တွန်းဖယ်လိုက်တာလား)

ကျန်ဟန်ဖူကို ကြည့်နေတဲ့ ဆွန်းမို မျက်လုံးထဲတွင် အလျှော့မပေးတဲ့ ရည်ရွယ်ချက်ကို တွေ့နေရသည်။ နာကျင်မှုကို တပ်မက်တဲ့ သူမလည်း နောက်ဆုံးတော့ နားလည်သွားသည်။ ဒီကောင်က မိန်းမနောက်မှာ တစ်စက္ကန့်တောင် မနေချင်ဘူးပဲ။

ဆွန်းမိုရဲ့ ထောင့်မကျိုးတဲ့ ပုံကိုမြင်လျှင် ကျန်ဟန်ဖူ ပိုတောင် ပေါက်ကွဲလာသည်။

"မင်းကိုယ်မင်း သိပ်အံ့အောဖို့ ကောင်းတယ် ထင်နေတာလား။ တရားမျှတမှု သံတမန်တစ်ယောက်လို့ ထင်နေတာလား။ ကျောင်းတွင်း အနိုင်ကျင့်မှုတွေကို ဖယ်ရှားပြီး ကျောင်းသားတွေကို ငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင် ပေးနိုင်မယ်လို့ ထင်နေတာလား"

"မင်းက တကယ့်ကို ဘဝင်မြင့်နေတာပဲ။ ငါကဘာကြောင့် သူ့ကို ကျောင်းမထုတ်လဲ မင်းစဉ်းစားဖူးလား။ ငါတို့လုပ်လို့ မရဘူး။ လုံးဝ လုပ်လို့ မရဘူး"

“ပြီးခဲ့တဲ့ နှစ်တွေရဲ့ ဘဏ္ဍာရေး အစီရင်ခံစာတွေ မင်းမြင်ဖူးလား။ ကျောင်းရဲ့ ဘဏ္ဍာရေး အခြေအနေက အနီရောင် အဆင့်ကို ရောက်နေတာ တော်တော်ကြာနေပြီ။ ဇောင်ယန်ရဲ့ အဖေက နှစ်တိုင်း ကျောင်းကို ငွေတုံး တစ်သန်းလှူဒါန်းနေတယ်။ အဲဒီပိုက်ဆံက ဘယ်လောက်များလည်း သိလား။ လူဘယ်နှစ်ယောက်ကို ထောက်ပံ့ နိုင်လည်း သိလား။ မင်းက ဇောင်ယန်ကို နှင်ထုတ်လိုက်လာတာနဲ့ နေ့လည်ဘက်ဆိုရင် မရီဒန် အကယ်ဒမီက ကျောင်းအုပ်ကြီး ချောင် ရောက်လာပြီး သူ့ကျောင်းကို ဖိတ်သွားမှာပဲ”

ကျန်ဟန်ဖူက သူ့ရဲ့ မကျေနပ်မှု ၊မုန်းတီးမှုများကို ဖောက်ထုတ်လိုက်သည်။

"တစ်......တစ်သန်းလား"

အင်ဘိုင်ဂူတစ်ယောက် မျက်လုံးနှင့် ပါးစပ်ကြီးများ ပြူးနေသည်။ အခုဆိုရင် အသက် ၁၃ နှစ်ရှိပြီ။ ဆွန်းမိုကြောင့်သာ မဟုတ်ရင် ငွေတုံး ထိကြည့်ဖို့ အခွင့်အရေး မရှိပေ။ သူမအတွက်ဆိုရင် မဟုတ်သေးဘူး၊ လူတော်တော် များများ အတွက်တောင် ဒီလောက်အမောက်က မိုးကောင်းကင်ကြီးလို ဖြစ်နေပြီ။

ဘိုးဘေးဘီဘင် အပါအဝင် မျိုးဆက် ၁၈ခုလောက် အလုပ်လုပ်ရင်တောင် ဒီလောက် ငွေပမာဏ မရနိုင်ပါ။

“မင်းရည်းစားက နေ့တိုင်း ဘာစားလဲ သိလား။ သူမက နှမ်းစေ့ကိတ်နဲ့ ဆားနယ်ထားတဲ့ အသီးအရွက်ပဲ စားရတယ်။ ဒီလို အစားအသောက်မျိုးက ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် စားသင့်လို့လား။ ပိုက်ဆံ ပိုချွေတာချင်လို့ မဟုတ်ဘူးလား”

ဒါကိုကြားလိုက်လျှင် အနားယူခန်း အပြင်ဘက် ဆရာတွေ၊ ဆရာမတွေ ဆွံ့အ ကုန်သည်။ ကျောင်းရဲ့

ဘဏ္ဍာရေး အခြေအနေမကောင်းမှန်းသိသည်။ ဒီလောက်အထိတော့ ဆိုးနေမယ် မထင်ထားခဲ့ပါ။

ကျန်ဟန်ဖူက စကားပြောကောင်းပြီး အာဘော် တော်တော်ကောင်းတယ်လို့ ဆွန်းမို စိတ်ထဲက အမှတ်ပေးလိုက်သည်။ ခေါင်းဆောင် တစ်ယောက်အနေနဲ့တော့ ထင်ထားသလိုပါပဲ။ အမှန်တရားကို ဝေဝါးသွားအောင် သိပ်အားစိုက်ထုတ်စရာမလိုဘဲ ခံစားမှုတွေကို အလယ်တကူ ပြောင်းနိုင်သည်။

ကျန်ဟန်ဖူက သူ့မှာ နာမည်ကောင်း မရှိမှန်း သိသည်။ ဒါကြောင့်လည်း သူ့အကြောင်း ပြောမယ့် အစား အန်ရှီဝေကို အစားထိုးပြီး သူမဘယ်လောက်

ခက်ခဲနေကြောင်း ဖော်ထုတ်ခဲ့သည်။ ချက်ခြင်းပဲ ကျောင်းရဲ့ ဘဏ္ဍာရေး အခက်အခဲကို ဖော်ထုတ်ပြီး ငွေတစ်သန်း အရေးပါပုံကို မီးမောင်း ထိုးပြခဲ့သည်။

"အန်ရှီဝေနဲ့ ဝမ်ဆုတို့ နှစ်ယောက်စလုံး စိတ်ကူးယဉ်သမားတွေပဲ။ လက်တွေ့မှာ စိတ်ကူးတွေက ဗိုက်မပြည့်ဘူး။ အသက်ရှင်ဖို့အတွက် လူဆိုရင် အစားစာ လိုအပ်တယ်"

ကျန်ဟန်ဖူက သူ့ရဲ့ ကျေးဇူးအကြောင်းကို တစ်စွန်းတစ်စမှ မပြောဘဲ လျောင်ပြုံးပြုံးလိုက်ပြီး

" ငါသာမကြိုးစားခဲ့ရင် ကျောင်းပြိုလဲသွားတာ တော်တော်ကြာနေပြီ။ ပြောစမ်းပါအုံး။ ဖောင်ယန်ကို

ကျောင်းထုတ်ချင်သေးလား။ ပြီးတော့ တခွန်းလောက် မေးပါရစေ။ သူ့အဖေ ထောက်ပံ့နေတဲ့ ငွေတစ်သန်းကို မင်းဖြည့်ပေးမှာလား”

ကျန်ဟန်ဖူ အေးစက်စက် နှာမှုတ်လိုက်ပြီး

“မင်းမလုပ်နိုင်ဘူးမလား။ ဒါဆိုရင်တော့ နောက်လကျရင် လူတိုင်း လစာ မရတော့ဘူး”

ဆွန်းမိုလည်း သူနဲ့ အမည်ခံ စေ့စပ်ထားတဲ့ အန်ရှီဝေကို လှမ်းကြည့်လိုက်သည်။ သူမက ပိန်ပါးကာဖြူဖျော့နေသည်။ သိသိသာသာကို ကျန်းမာရေးအတွက် အဆင်ပြေ မနေပါ။ ကျင့်ကြံသူတစ်ယောက်အနေနဲ့တောင်

သူမခန္တာကိုယ်က ဒီလိုဖြစ်နေရင် အရမ်းခက်ခဲတဲ့ ဘဝကို ဖြတ်သန်းနေရမည်။

ပြီးတော့ သူပြောတုန်းကလည်း အပြည့်အဝ ထောက်ခံကြောင်းပြခဲ့သည်။ ဒါကလည်း ကြီးမားတဲ့ စိတ်ခိုင်မာခြင်းပဲ။ ငွေးတုံးတစ်သန်းကျော်ဆိုတာ သေးငယ်တဲ့အမောက်မဟုတ်ပါ။ လူတွေကို တကယ် ပျက်ဆီးစေနိုင်သည်။

လူဆိုရင် အသက်ရှင်ဖို့အတွက် စားပေးရမည်။ လစာမရရင် ဆရာတွေအတွက် အဆင်ပြေနိုင်ပေမယ့် အလုပ်သမားတွေက သေချာပေါက် ကန့်ကွက်ကြလိမ့်မည်။ သူတို့အတွက် သူတို့

မတွေးရင်တောင် သူတို့ မိသားစု ဗိုက်ဝဖို့အတွက်တွေးရမည်။

"ကျောင်းမှာ ဆရာတွေအပြင် အလုပ်သမား ဘယ်နှစ်ယောက် ရှိလည်း သိလား။ ၂,၂၆၀ကွ။ မင်းတွက်ကြည့်ဖူးလား။ သူတို့ရဲ့ နောက်မှာ မှီခိုနေတဲ့ မိသားစုပေါင်း ၂,၂၆၀ ရှိတယ်။ သူတို့က မိသားစုကို အဓိက ထောက်ပံ့နေကြတာ။ လစာမပေးနိုင်ရင် ဒီမိသားစုတွေ ငတ်ကုန်မယ်"

တံခါးအပြင်တွင် ရပ်နေသော ကူရှုပ်ရှင်းလည်း ခေါင်းတွေ ကျိန်းလာသည်။ မိသားစုတစ်ခုတွင် အနည်းဆုံး လူ လေးငါးယောက်လောက် ရှိသည်။

တကယ်လို့များ ဒီမိသားစုအတွက် လစာမရရင် လူတိုင်း ငတ်မွတ်သွားကြမည်။

"အင်း"

ကူရှုပ်ရှင်း သက်ပြင်းလိုက်မိသည်။ ဒီတစ်ကြိမ်တွင် ဆွန်းမိုတစ်ယောက် ငွေတုံး တစ်သန်းအတွက် စပွန်ဆာ မရှာနိုင်ရင် ကျရှုံးသွားဖွယ် ရှိသည်။

အကြောင်းပြချက်မရှိဘဲ ဘယ်သူက ရှုးမိုက်ပြီး ဇဟိုပြည်နယ်အကယ်ဒမီကို ဒီလောက်ငွေတွေ လှူမှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နာမည်ကျော်ကျောင်း ကိုးကျောင်းထဲက တစ်ခုဖြစ်နေရင် သူဌေးကြီးတွေ၊ ကုန်သည်ကြီးတွေ၊ အရာရှိကြီးတွေနဲ့ အရေးပါအရာရောက်တဲ့ လူများ သေချာပေါက် လှူဒါန်းကြလိမ့်မည်။ ဒါဆိုရင် အန်ရှီဝေက သူတို့ထဲက ကြိုက်တာကို ရွေးချယ်လို့ရပြီ။

ငွေတစ်သန်းပေးရင်တောင် နာမည်ပျက်နေတဲ့ ကုန်သည်တွေကို ရွေးစရာမလိုတော့ပေ။ ဒါပေမယ့် အခုတော့ ဗဟိုပြည်နယ် အကယ်မီသည် ကျဆင်းနေသောကြောင့် ဒီလို လုပ်နိုင်တဲ့ အခြေနေ မရှိပါ။

"ဆရာဆွန်းက မဆင်မခြင် လုပ်လိုက်ပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ရည်ရွယ်ချက် ကောင်းပေမယ့် နည်းလမ်းက မှားနေတယ်”

“သူ ဆန္ဒစောလွန်းတယ်”

“ ဒါကြောင့်နဲ့ ငါတို့ ပိုက်ဆံတွေကို စွန့်လွှတ်ရမှာလား”

ဆရာ အချင်းချင်း ပြောဆိုလာကြသည်။ တချို့က ဆွန်းမို မှားနေတယ်လို့ ယူဆနေကြပြီး တချို့ကတော့ ဆွန်းမို မှန်တယ်လို့ ထင်သည်။ သို့သော်လည်း အများစုကတော့ ကျောင်းရဲ့ အခြေအနေ အမှန်ကို နားလည်ပြီး အရန်အစီအစဉ်လုပ်ထားဖို့ စဉ်းစားနေကြသည်၊

ကျောင်းမှာ ဆက်နေဖို့ အလားအလာ မရှိတော့ပါ။

အန်ရှီဝေ တံခါးဖက်ကို တစ်ချက်ကြည့်လိုက်ပြီး နှုတ်ခမ်း ကိုက်လိုက်သည်။ မျက်လုံးများလည်း နီလာသည်။

ကျန်ဟန်ဖူကတော့ သူမကို ထိုင်ခုံပေါ်က တွန်းချဖို့ သူ့ကိုယ်သူ ကျောင်းရဲ့ ကယ်တင်ရှင် အဖြစ်ပုံဖော်နေသည်။

ဒီနောက်ပိုင်းတွင် ကျောင်းမှာရှိနေတဲ့ လူတွေရဲ့ စိတ်ထဲမှာ စည်းလုံးမှုမရှိတော့ပါ၊

ပိုက်ဆံမရှိရင် ဘယ်သူက မင်းအတွက် အလုပ်လုပ်ပေးချင်မှာလဲ။ ကျန်ဟန်ဖူ ပြောခဲ့သလိုပဲ စိတ်ကူးတွေက ဗိုက်ပြည့်အောင် မလုပ်ပေးနိုင်ပါ။

“ ဘာကြောင့် စကား မပြောတော့တာလဲ။ ခုနတုန်းက မင်းအားရ ကျေနပ်နေတာတွေ ဘယ်ရောက်သွားပြီလဲ။

ကျန်ဟန်ဖူက စောက်ရမ်းကို အငေါ့ထူလွန်းသည်။

“ဒုကျောင်းအုပ်ကြီးကျန် မင်းပိုက်ဆံအတွက် စိတ်ပူနေစရာမလိုဘူး၊ အဲဒီတာဝန်ကို ငါယူလိုက်မယ်’

အန်ရှီဝေက ရှေ့တစ်လှမ်းတိုးလာရင်း ပြောလိုက်သည်။

"ဇောင်ယန်ကို ကျောင်းထုတ်ကို ထုတ်ရမယ်"

"ကောင်းပြီလေ။ သူ့ကို ထုတ်လိုက်ပေါ့။ ပိုက်ဆံမရှိရင် ဒီနှစ်လိဂ်ပြိုင်ပွဲမှာ သူတော်စင်ဂိတ်က ချပေးမယ့် အဆင့်ကို စောင့်စရာမလိုတော့ဘူး"

ကျန်ဟာန်ဖူက မဲ့ရွဲ့ပြီး

"မဟုတ်သေးပါဘူး။ အဆင့်တောင် မချပေးရသေးခင် ကျောင်းပိတ်သွားရလိမ့်မယ်"

သူတော်စင်ဂိတ်က နှစ်စဉ်နှစ်တိုင်း ကျောင်းကြီးများကို အဆင့် သတ်မှတ်ပေးသည်။

ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ဂုဏ်ပုဒ်ကို ဘာကြောင့် ဖြုတ်ပစ်ရမှာလဲ။ ဒါက ရလဒ်ဆိုးလို့ မဟုတ်ဘူး။ ကျောင်းရဲ့ ဘဏ္ဍာရေးအခြေအနေက အနီရောင်ပြနေလို့ပဲ။ သူတို့မှာ အခြေခံလည်ပတ်စရိတ်တောင် မရှိတော့ရင် ဘယ်လိုလုပ် သင်ခန်းစာတွေကို ဆက်သင်မှာလဲ။

"အဲဒီအတွက် ငါတာဝန်ယူမယ်"

အခုလောလောဆယ်တော့

အန်ရှီဝေတစ်ယောက် ဒါပဲ ပြောနိုင်သည်။ ဒီအခြေအနေကို ကယ်တင်ရန်အတွက် သူမမှာ အစီအစဉ် တကယ်ရှိသည်။ ဒါပေမယ့်လည်း ခြောက်လလောက်ကြာမှ အကျိုးသက်ရောက်မှု

ရှိမည်။ ဒါကြောင့်လည်း ဒီခြောက်လက အရမ်း အရေးကြီးနေသည်။

"ဟီးဟီး။ ငါနောက်တစ်ခု ပြောရအုံးမယ်။ ငါတို့ကျောင်းရဲ့ လက်ရှိ ဂုဏ်သတင်းအကြောင်းပါ။ ငါတို့တွေက မြတ်ဆရာတွေကို လုံးဝ မဖိတ်ခေါ်နိုင်သေးဘူး။ ဖောင်ယန်ကို နှင်ထုတ်လိုက်ရင် သူ့ဆရာ ခူလျိုရန်လည်း ချက်ခြင်း ထွက်သွားနိုင်တယ်။ သူနဲ့ ဆက်ဆံရေးကောင်းတဲ့ ဆရာတချို့ကိုတောင် အတူတူ ခေါ်သွားနိုင်သေးတယ်။ ဒီလိုဆုံးရှုံးမှုကို ဘယ်လို လုပ်ကြမလဲ"

ကျန်ဟန်ဖူကတော့ အကုန်ချသုံးလိုက်သည်။ ဒီအခွင့်အရေးကို အသုံးချပြီး ဒီနှစ်ယောက်ကို ရှုံ့ထဲ အပြည့်ချနင်းဖို့ ဆုံးဖြတ်လိုက်သည်။ ကျောင်းကဆရာတွေ အားလုံးအရှေ့မှာ အန်ရှီဝေက ကျောင်းကို မစီမံ မခန့်ခွဲနိုင်ဘူးဆိုတာ သက်သေပြလိုက်မည်။ ကျန်ဟန်ဖူ လက်ထောက်က အနားယူခန်းထဲကို ရောက်လာသည်။

"ဘာကိစ္စလဲ"

ကျန်ဟန်ဖူ စိတ်ဆိုးမာန်ဆိုးနဲ့ ဟောက်လိုက်သည်။ ဘာလို့ အခြေအနေကို နားမလည်တာလဲ။ သူဘာလုပ်နေလည်းဆိုတာ ဒီကောင် မမြင်ဘူးလား။

“ကျောင်းအုပ်ကြီး နာရီဝက်ရှိနေပြီ” လက်ထောက်က သူ့ကို သတိပေးလိုက်သည်။

နာရီဝက်အကြာတွင် ခေါင်းလောင်းထိုးပြီး တစ်ကျောင်းလုံး အစည်းဝေးက စ သင့်နေသည်။

“ငါသိပြီ”

ကျန်ဟန်ဖူက သူ့လက်ထောက်ကို ပြန်လွှတ်လိုက်ပြီး ဆွန်းမို စိုက်ကြည့်နေသည်။

“မင်းအမှားကို မင်းသိပြီလား။ မင်းလုပ်ချင်ရင် ဒီအခွင့်အရေးကို ယူပြီး ဇောင်ယန်ကို တောင်းပန်လိုက်”

“မင်းဘာပြောတယ်”

လီဇီချီ ဟုန်းကနဲ ဒေါသထွက်သွားသည်။

"ဘယ်သူ့ကိုတောင်းပန် ခိုင်းနေတာလဲ"

"ဟုတ်တယ်။ ငါတို့ ဆရာ မမှားဘူး"

လုချီဟွာလည်း အရမ်းစိတ်ဆိုးနေသည်။ ကျန်ဟန်ဖူကို ပြေးကိုက်ချင်သလို အံကြိတ်နေသည်။

တကယ်လို့ တခြားကျောင်းသားဆိုရင် သတိလစ်ခြင်းနဲ့ အသုံးမကျခြင်း မြတ်ဆရာ အရှိန်အဝါကို သုံးပြီး အပြစ်ပေးခိုင်းလိုက်မည်။ လီဇီချီ စိတ်ထဲက ပြောနေခြင်း ဖြစ်သည်

"ဘာပဲဖြစ်ဖြစ်လေ ဒီကိစ္စအတွက် မင်းမှာပဲ တာဝန် အပြည့်ရှိတယ်"

ဒီလိုပြောပြီး ကျန်ဟန်ဖူက လက်နောက်ပစ်ပြီး ထွက်သွားသည်။

အနားယူတဲ့ အခန်း တစ် သည် တိတ်ဆိတ်ပြီး ကျန်ခဲ့သည်။ ပြီးတော့ လေထုကလည်း အရမ်းတင်းမာနေသည်။

ချန်လုံ စိတ်ပူနေသည်။ ဒီတစ်ကြိမ်တော့ သူ့ဆရာက တကယ်ပြဿနာ ရင်ဆိုင်နေရသည်။

“ဆရာ၊ ငါ့မှာ လျှို့ဝှက်စုဆောင်းထားတာတွေ ရှိတယ်”

လီဇီချီ က အံကြိတ်ပြီး ပြောလိုက်သည်။ ဇောင်ယန်ကို ကျောင်းက နှင်မထုတ်ခဲ့ရင်

သူတို့ဆရာက တစ်ကျောင်းလုံး လှောင်စရာ ဖြစ်လာမည်။ ခေါင်ယန်ကို နှင်ထုတ်လိုက်ရင်လည်း စပွန်ဆာ ပျက်သွားပြီး ကျောင်းလည်း ပိတ်လိုက်ရမည်။ တကယ်ကို ထွက်ပေါက် မရှိတာပဲ။

"ဆရာ...ငါ...ငါ.." လုချီဟွာက နှစ်ကြိမ်လောက် တိုးတိုးလေးရေရွတ်ပြီး မျက်ရည်ကျလာသည်။

"အီး အီး ငါ့မှာပိုက်ဆံ မရှိဘူး"

(ဘာလို့ အများကြီး စားရတာလဲ။ ။ မနက်ဆိုရင် ကြက်ဥ တစ်လုံးလောက်ပဲ စားသင့်ဒါကို။ ဘာလို့ ပိုက်ဆံ မစုခဲ့တာလဲ)

အပြင်ဘက်တွင်ရှိနေသော ကူရှူပ်ရှင်းလည်း နံရံကိုမှီပြီး မျက်နှာကျက်ကို ကြည့်ကာ ဖြစ်ညှစ် စဉ်းစား ကြည့်နေသည်။ သူမသာ ဒီလို အခက်အခဲမျိုးကြုံလာရင် ဘာလုပ်မလဲ။ သူမရဲ့ ဉာဏ်ရည်၊ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းတွေနဲ့လည်း လုပ်စရာ တစ်ခုမှမရှိပါ။

“မိုမိုလေး ၊ မစိုးရိမ်နဲ့”

အန်ရှီဝေက နွေရာသီတွင် ပွင့်လန်းလာသော လီလီပန်းလို ပြုံးပြီး ပြောလိုက်သည်။

သူမက လျော့ကျနေတဲ့ ဆံပင်စတွေကို ဖယ်ပြီး ကြင်နာစွာ ပြုံးရင်း ဆွန်းမိုကို နှစ်သိမ့်လိုက်သည်။

"ဇောင်ယန်ကို မောင်းကို မောင်းထုတ်ရမယ်။ မင်းလုပ်စရာရှိတာ မြန်မြန်လုပ်ပြီး ဆရာတစ်ယောက်ရဲ့ တာဝန်ကို ထမ်းဆောင်လိုက်ပါ။ ဒါပေမယ့်........."

လီဇီချီကတော့ ရန်ပုံငွေနဲ့ ပက်သက်ပြီး သူတို့ဘယ်လို ဆက်လုပ်ကြမလည်း တွေးနေမိသည်။ အလုပ်သမားနဲ့ ဆရာတွေ တံခါးခေါက်ပြီး လာတောင်းတဲ့ အထိ စောင့်နေမှာလား။ ဒီလိုဆိုရင် နှစ်တစ်ထောင်လောက် တည်ရှိခဲ့တဲ့ ကျောင်းရဲ့ ဂုဏ်သိက္ခာလည်း ပြီးသွားပြီ။

"လွန်ခဲ့တဲ့ ရက်ပိုင်းအတွင်း ဇောင်ယန်က ဆရာတစ်ယောက်ဖြစ်တဲ့ မင်းရဲ့ဂုဏ်သိက္ခာကို

အကြိမ်ကြိမ်စော်ကားနေခဲ့တာလည်း ငါသိပါတယ်။ ဗဟိုပြည်နယ်အကယ်ဒမီမှာ ဆရာတစ်ယောက်ရဲ့ ပျော်ရွှင်မှုကို မရခဲ့တဲ့အတွက် ငါတောင်းပန်ပါတယ်” အန်ရှီဝေက ဦးညွှတ်ပြီး အရိုအသေ ပေးလိုက်သည်။

“မင်းက အရမ်း အလေးအနက်ထားနေတာပဲ”

ဆွန်းမို ပြုံးကာ အန်ရှီဝေကို ဖယ်ပြီး အဝေးကို ထွက်လာသည်။

“ဒါက အသေးအမွှားလေးပါ။ အခုတော့ သွားအဆုံးသတ်လိုက်အုံးမယ်”

“အသေးအမွှားလေး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထန်ထန်ယုထန်ကတော့ သူ့ဆရာကို မတရား စောက်ကြွားကြီးလို့ ထင်သွားပြီး စိတ်ထဲတောင် တောက်ခေါက်လိုက်မိသည်။

တခြားဆရာတွေလည်း ဒီစကားကို ကြားလိုက်ရင် နှုတ်ခမ်းများကွေးသွားသည်။ ဆွန်းမိုကတော့ လုပ်နိုင်တာထက် ပိုနေပြီလို့ ထင်နေကြသည်။ သို့သော်လည်း အတွေ့အကြုံမရှိတဲ့ လူငယ်လေးက ကျန်ဟန်ဖူကို မကျော်နိုင်တာ ပုံမှန်ပဲဖြစ်သည်။

သူတို့ရဲ့လမ်းစဉ်မှာ အခက်အခဲပေါင်း များစွာနဲ့ ဘယ်သူက ရှေ့ဆက်ချင်မှာလဲ။

“ငယ်တုန်းမှာ အခက်အခဲ တွေ့တာလည်း ကောင်းချီးတမျိုးပါ”

ပန်ရီက အသက်ဝါကိုပြပြီး ဆွန်းမိုကို နှစ်သိမ့်ဖို့ ကြိုးစားလိုက်သည်။

ဆွန်းမိုကတော့ ဂရုမစိုက်ဘဲ ခန်းမဆောင်ကို ဦးတည်နေတဲ့ စင်္ကြံအတိုင်း လျှောက်သွားသည်။

ပန်ရီ မျက်နှာပျက်သွားပြီး တည်ငြိမ်မှု ပျောက်သွားသည်။

“အင်း”

ဒူရှောင် သက်ပြင်းချလိုက်သည်။ ဒါက လက်တွေ့ဘဝပဲ။ ဆွန်းမို အနည်းငယ်

လျှောက်သွားပြီးနောက် ရုတ်တရက် ရပ်တန့်သွားသည်။ ခန်းမဆောင်ကို ဦးတည်နေသော စကြံန်ပေါ်တွင် ၁.၉မီတာလောက် အရပ်ရှည်သော ဝမ်ဆုက တောင်တစ်လုံးလို ရပ်နေသည်။

"ဆရာဆွန်း"

ဝမ်ဆု စကားပြောလိုက်သော အခိုက်အတန့်တွင် ခန်းမဆောင်အနောက်မှာ ဆွေးနွေးသူများ အားလုံး တိတ်ဆိတ်သွားသည်။

'ဆရာဆွန်း'ဆိုသော စကား နားထဲရောက်လာသဖြင့် ဝမ်ဆုကို တအံ့တဩ ကြည့်နေကြသည်။ ဘုရားရေ ဝမ်ဆုက

ဇီဇာကြောင်တာ ချင်လင်တစ်မြို့လုံးနဲ့ မရှိဒန်အကယ်ဒမီက ဆရာများတောင် သိကြသည်။ ဆရာများနှင့် ကျောင်းသားများအပေါ်တွင် အရမ်းမျှော်လင့်ထားပြီး သာမန်ထူးချွန်တဲ့ လူများဆိုရင် အဖက်တောင် မလုပ်ပါ။ သို့သော်လည်း အခုတော့ ဆွန်းမိုကို "ဆရာဆွန်း" လို့ခေါ်နေပါလား။

"ဟီးဟီး ။ ငါနားကြားမှာတာပဲ ဖြစ်မှာပါ"

ဆရာတချို့က တိုးတိုး ရေရွတ်လိုက်သည်။

"ဆရာ ဝမ်"

ဆွန်းမိုက ပြန်နှုတ်ဆက်လိုက်သည်။ ဒီဆရာက မဆိုးပါ။ ဝမ်ဆုက ဘာအမူအရာမှ ထုတ်မပြသလို ဘာမှလည်း ဆက်မပြောပါ။ တခါတည်း နောက်ပြန်လှည့်လိုက်ပြီး ဆွန်းမိုနှင့် အဝေးကို ထွက်သွားသည်။

ဆွန်းမိုလည်း ဆက်လျှောက်သွားသည်။

"ငါထင်ပါတယ်။ ဆရာဝမ်လို မာနကြီးတဲ့ ပုဂ္ဂိုလ်က ဘယ်လိုလုပ် ဆရာအသစ်ကို သဘောကျမှာလဲ"

"ဒါပေမယ့် ငါကြားတာကတော့ ဆွန်းမိုကို ခေါ်ဖို့ သူက အရင်ချည်းကပ်ခဲ့တယ်တဲ့"

"မင်း ကြားခဲ့တာ အမှားပဲ ဖြစ်မှာပါ"

"အမှန်ပဲ ဆွန်းမိုကို ခေါ်ယူဖို့ ကြိုးစားခဲ့ရင်တောင် အခု သူ့ရဲ့အလေးမထားတဲ့ ပုံစံအရဆို ဆွန်းမိုကို ထပ်လိုချင်ပုံ မရဘူး"

ဆွန်းမိုက ပြဿနာ အကြီးကြီး ရှာထားသည်။ ဝမ်ဆုအရင်က သူ့အပေါ် အမြင်ကောင်းရင်တောင် အခုတော့ပြောင်းလဲသွားပြီ လို့ထင်နေကြသည်။

ဝမ်ဆုသည် ဇီဇာကြောင်တဲ့သူ ဖြစ်သည်။

ဒီမြင်ကွင်းကို မြင်လိုက်လျှင် ရီဂျီမင်သည် အရမ်းပျော်ပြီး ခုန်ပေါက်ချင်လာသည်။ ဖြစ်နိုင်ရင်

ကိုယ်တုံးလုံးချွတ်ပြီး တိုင်ပတ်က လိုက်ချင်သည်။ ဆွန်းမို ပိုကြပ်တည်းလေလေ သူက ပိုပျော်လေလေပါပဲ။

“အင်း’

ဒူရှောင်ကတော့ ဆွန်းမိုအတွက် မကောင်းဘူးလို့ ခံစားရသည်။ ဆွန်းမိုက ကျောင်းသားအပေါ် စာနာထောက်ထားပေးခြင်း ဖြစ်သည်။ သူက ဘာမှားလို့လဲ။

ကြယ်တစ်ပွင့်မှ မရှိတဲ့ ဆရာများက အဆိုးဆုံးဖြစ်သည်။ သူတို့ တခြားကျောင်းကို

ဆက်သွယ်လို့ အောင်မြင်ခဲ့ရင်တောင် အရာအားလုံး အစက ပြန်စကြမည်။

"ဆရာတွေ၊ ဝင်ကြ"

ထိုသို့ပြောပြီး ဝမ်ဆုက ခန်းမဆောင်ထဲကို ဦးဆောင်ပြီး ဝင်သွားသည်။ ဆရာတွေလည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး စိတ်ထဲ အတွေးပေါင်းသောင်းခြောက်ထောင်နဲ့ ငြိမ်သက်ပြီး အနောက်က လိုက်သွားကြသည်။ ခန်းမဆောင်ထဲကို ဝင်ရောက်ပြီးနောက် ကိုယ့်နေရာမှာ ကိုယ်ထိုင်လိုက်ကြသည်။

အခြားအခန်းတစ်ခုတွင် ဖောင်ယန်က စောင့်နေရင်း စိတ်မရှည်တော့ပေ။ ကျန်ဟန်ဖူက တံခါးဖွင့်ပြီး ဝင်လာတာ မြင်လိုက်လျှင် သူက ချက်ခြင်းပဲ မေးလိုက်သည်။

"ဘယ်လိုလဲ"

ကျန်ဟန်ဖူ မျက်မှောင်ကြုတ်သွားသည်။ ဖောင်ယန်၏လေသံကို မကြိုက်ပါ။ သို့သော်လည်း ဖောင်ယန်အဖေနဲ့ ဆရာအကြောင်းကို တွေးပြီး သည်းခံလိုက်သည်။

"အဆင်ပြေသွားပြီ။ နောင်ကျရင် ဆွန်းမိုက မင်းကို တောင်းပန်လိမ့်မယ်"

ဖောင်ယန်မျက်လုံး တောက်ပသွားသည်။

“ သူက မင်းကို ကျောင်းထုတ်လိုက်ရင် ငွေတစ်သန်း ဘယ်က သွားရှာမှာလဲ။ မင်းကို အရမ်းမုန်းနေရင်တောင် အန်ရှီဝေအကျိုးတွက်တော့ ထည့်တွက်ရမှာပဲ။ သူက ကျောင်းပိတ်လိုက်ရမှာကို စောင့်ကြည့်နိုင်ပါ့မလား”

ကျန်ဟန်ဖူက အခုဆွန်းမိုသည် အန်ရှီဝေကို သူ့ဘဝထက် တန်ဖိုးထားတဲ့ အရင်ဆွန်းမိုနဲ့ အတူတူပဲလို့ထင်နေသည်။ ဒါကြောင့်လည်း ကျောင်း၏ အကျိုးအကြောင်းကိုကြည့်ပြီး သူသေချာပေါက် တောင်းပန်လိမ့်မည်။

"အရမ်းကောင်းတယ်။ ဒါပေမယ့် ငါတော့ သူတောင်းပန်ရုံနဲ့ မကျေနပ်ဘူး။ အလုပ်ပါ ထွက်သွားစေချင်တယ်"

ဇောင်ယန် ကောက်ကျစ်စွာ ပြုံးလိုက်သည်။

"သူက ငါ့ကို ကေ◌ျ◌ာင်းထုတ်ချင်နေတာဆိုတော့ ငါ့ကိုစော်ကားရင် ဘယ်လိုဖြစ်မလဲဆိုတာ သူသိသွားအောင် ပြရမှာပေါ့"

"ဇောင်ယန် ၊ မင်းရောင့်တက်မလာနဲ့"

ကျန်ဟန်ဖူက မျက်မှောင်ကြုတ်ပြီး အပြစ်တင်လိုက်သည်။ သူကိုယ်တိုင်လည်း ဆွန်းမိုကို ကျောင်းက မောင်းထုတ်ချင်သည်။ သို့သော်လည်း

ကျောင်းသားတစ်ယောက် ပြောရမယ့် အရာတော့ မဟုတ်ပါ။

"ဟီးဟီး"

ဇောင်ယန်က ဆိုးသော်လည်း တချို့အရာတွေကို လွန်လွန်ကျူးကျူး လုပ်လို့မရတာ သူသိသည်။ သူကကျောင်းကို ပမာမခန့်လုပ်ပြီး ကျောင်းရဲ့ သိက္ခာကို ဖျက်ဆီးဖို့ သူ့အဖေ ခိုင်းထားတဲ့ တာဝန်ကို အောင်မြင်သွားပြီးရင် မရီဒန်အကယ်ဒမီကို သွားရင်ကောင်းမလား။ မဟုတ်သေးဘူး။ ကောင်းကင်ပေါ်တက်ခြင်းအကယ်ဒမီကို သွားကြည့်သင့်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြည်နယ်ကိုးခုရဲ့ ထိပ်သီး ကျောင်းတစ်ခုကသာ သူ့အရည်အချင်းနဲ့ ထိုက်တန်သည်။

“ဘာမှမရှိတော့ရင် ငါခန်းမဆောင်ထဲကို သွားတော့မယ်”

ဖောင်ယန်မျက်လုံး ထပ်လှုပ်လာပြီး စိတ်ထဲမှာ မကောင်းတဲ့ အတွေးတစ်ခု ထပ်ဝင်လာသည်။ နောင်ကျရင် ဆွန်းမိုကို ဘယ်လို အရှက်ခွဲရင် ကောင်းမလဲ။ ဆွန်းမိုက ကျောင်းသားတွေနဲ့ ဆရာတွေရှေ့မှာ တောင်းပန်ရုံနဲ့တော့ လက်မခံနိုင်သေးဘူး။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်းရဲ့ဂုဏ်သိက္ခာကို ဖျက်ဆီးပြီး အကယ်ဒမီက ထွက်သွားအောင်လုပ်ရမယ်။
ဆရာတစ်ယောက်အဖြစ်လဲ ထပ်လုပ်လို့ မရစေရဘူး။)

ဒီလိုမှမဟုတ်ရင် ငါ့ဒေါသက ပျောက်မှာမဟုတ်ဘူး။

အခန်း (၁၇၄) - ဒီနေ့က စပြီး မင်းကို ကျောင်းထုတ်လိုက်ပြီ။

ကျက်သရေခန်းမဆောင်ထဲတွင် လူ ၅,၀၀၀ ကျော်လောက်ရှိနေသည်။ အမှောင်တိုက်ကြီးမှာ လေ့ကျင့်နေကြတဲ့ အတန်းကြီးကျောင်းသားတွေ နှင့် အပြင်ကိုရောက်နေကြတဲ့ ဆရာတချို့နဲ့ ကျောင်းသားတချို့ကလွဲရင် လူတိုင်း ရောက်နေကြသည်။

ကျောင်းခေါင်းဆောင်တွေအတွက် ထိုင်ခုံကိုတော့ စင်မြင့်အရှေ့တွင် အတန်းလိုက် စီထားသည်။

အန်ရှီဝေက အပြောနဲ့ရောင် မိုက်ခရိုဖုန်းကဲ့သို့ အသုံးပြုတဲ့ ပစ္စည်းကို ယူလိုက်သည်။ ဒါက ဝိညာဉ်ချီ

ထည့်သွင်းလိုက်ရင် လူတစ်ယောက်ရဲ့အသံ ခုနှစ်ဆ ရှစ်ဆလောက် ချဲ့ပေးနိုင်သည်။

"လူတိုင်း ငြိမ်ငြိမ်နေပေးကြပါ။ ဒီနေ့တစ်ကျောင်းလုံး အစည်းအဝေးကို ခေါ်လိုက်ရတဲ့ အကြောင်းကတော့ ငါတို့မှာ ကြေငြာစရာ တစ်ခုရှိလို့ပဲ"

ကျောင်းအုပ်ကြီးတစ်ယောက်အနေနဲ့ အန်ရှီဝေက ပထမဆုံး စကားပြောလိုက်သည်။ အခုတော့ သူမသည် ညှိနှိုင်းဖို့ မစဉ်းစားတော့သလို ဆွန်းမိုကို မတောင်းပန်ခိုင်းတော့ပါ။

ဆွန်းမိုက သူမရဲ့ ငယ်သူငယ်ချင်း ဖြစ်တယ်ဆိုတဲ့ အချက်ကို ဖယ်ထားလိုက်အုံး ပုံမှန်ဆရာတစ်ယောက် ဆိုရင်တောင် ကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့ သူမက ကာကွယ်ပေးရမည်။ ဒီလိုမှမလုပ်နိုင်ရင်လည်း ရာထူးက နှုတ်ထွက်လိုက်သင့်သည်။

"ငါပဲ တာဝန် အကုန်ယူလိုက်မယ်"

အန်ရှီဝေ စိတ်ထဲမှာ စွဲထင်နေသည်။ သူမက အသက်ပြင်းပြင်းရှူလိုက်ပြီး ပြောမလို့ လုပ်လိုက်တဲ့ အချိန်တွင် ဆွန်းမိုက လမ်းလျှောက်လာပြီး သူမလက်ထဲကနေ မိုက်ခရိုဖုန်းကို ယူသွားသည်။

ဟာ

ဆွန်းမိုရဲ့ မသင့်တော်သော လုပ်ရပ်ကိုမြင်လှျင် ကျောင်းသားများ အရမ်းအံ့အောသွားပြီး အာမေဒိတ်အသံများ ထွက်လာသည်။

“သူက ဘယ်သူလဲ”

“ဘာလို့ ရဲတင်းနေတာလဲ”

“ကျောင်းအုပ်ကြီးလက်ထဲက မိုက်ခရိုဖုန်းကို ဘာလို့ လုယူတာလဲ”

“ဆရာဆွန်းမိုလေ”

"အဲဒါ နတ်ဘုရား လက်လား"

ထိုကာလအတွင်းတွင် ဆွန်းမိုနာမည်က ကျောင်းတစ်ခုလုံး ပျံ့နှံ့နေသည်။ တကျောင်းလုံးက ကျောင်းသား သုံးပုံနှစ်ပုံကျော်လောက်က ဆွန်းမို နာမည်ကို ကြားဖူးသော်လည်း လူအနည်းစုသာ ဆွန်းမိုကို မြင်ဖူးသည်။

အခုတော့ လူတိုင်းက သူ့ကို မြင်နေရသည်။ ဒါကြောင့်လည်း သိချင်စိတ်နဲ့ အကဲခတ်နေကြသည်။

သူက နတ်ဘုရားလက်အပြင် ကျောင်းအုပ်ကြီးရဲ့ ခင်ပွန်းလောင်းလည်း ဖြစ်သည်။

လူတိုင်းက အန်ရှီဝေရဲ့ နောက်ကြောင်းကို သိကြသည်။ သူက ဆန်းကြယ်ကောင်းကင်အကယ်ဒမီရဲ့ နှစ်တစ်ရာတစ်ခါပေါ်တတ်တဲ့ ပါရမီရှင်တစ်ယောက်ဖြစ်သည်။

ထိပ်တန်းဘွဲ့ရတစ်ယောက် ဖြစ်သည့်အပြင် မိန်းမလှလေးအဆင့်မှာလည်း အဆင့်(၇) ချိတ်သည်။ ဒါ့ပြင် သူမရဲ့ အတောက်ပဆုံးအောင်မြင်မှုက သူတော်စင်ဂိတ်စာမေးပွဲကို အောင်မြင်ပြီး ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာတာပင်သည်။

ဒါကြောင့်လည်း အန်ရှီဝေကို ဗဟိုပြည်နယ် အကာယ်ဒမီရဲ့ အမှတ်သင်္ကေတလို့ ပြောနိုင်သည်။ ကျောင်းရဲ့ ဂုဏ်လည်း ဖြစ်သည်။

သူမလို တောက်ပနေတဲ့ ကျော်ကြားသူတစ်ယောက် ဖြစ်နေတဲ့အတွက် လူတိုင်းကလည်း သူမရဲ့ ခင်ပွန်းလောင်းကို စိတ်ဝင်စားနေကြသည်။ ဒါကြောင့် အတင်းအဖျင်းနှင့် ကောလဟာလများ ထွက်ပေါ်လာသည်။

အခုအချိန်တွင် ဆွန်းမိုသည် မိုးပြာရောင် ဆရာဝတ်ရုံရှည်ကို သန့်ရှင်းကျော့မော့စွာ

ဝတ်ထားသည်။ သူ့ခါးတွင် သစ်သားဓါးတစ်ချောင်း ချိတ်ဆွဲထားတာကလွဲရင် ဘာအသုံးအဆောင် ပစ္စည်းမှ မဝတ်ထားပါ။

ဆွန်းမို ပုံစံက ထင်ရှားပြီး ထူးခြားနေသည်။ နှုတ်ခမ်းတွေ စေ့ထားရင် သူတို့က ဖြောင့်တန်းနေပြီး စိတ်ဓါတ်ခိုင်မာမှုကို ခံစားရသည်။ သူ့မျက်လုံးတွေက ပိုတောင် ဖမ်းစားနိုင်သေးသည်။ သူတို့က တောင်ပတယ်၊ ကြယ်လင်တယ်၊ မာန်ပါပြီး ယုံကြည်မှု အပြည့် ရှိနေသည်။

"တောက်။ ဒီကောင် လူချောပဲ"

ပြုံင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အနည်းဆုံးတော့ ကျောင်းအုပ်ကြီး အန်နဲ့ လိုက်ဖက်ပါတယ်"

"သူ့အရည်အချင်းကလည်း လိုက်ဖက်ပါတယ်ကွာ။ သူ့မှာ နတ်ဘုရားလက်ရှိတယ်။ ငါကြားတာတော့ သူရဲ့ ကျင့်ကြံခြင်းဆေးပညာအတန်းကို နှစ်နာရီလောက် ကြိုမသွားရင် ထိုင်ခုံမရတော့ဘူးဆိုပဲ"

ကျောင်းသားများသည် အချင်းချင်း တိုးတိုးလေး ဆွေးနွေးနေကြသည်။

ဆွန်းမို အသွင်အပြင်က မြင်မြင်ခြင်း အထင်ကြီးဖို့ ကောင်းနေသည်။ ဒါကလည်း ရုပ်ချောခြင်းရဲ့ အားသာချက်ပဲ။ အရင်တုန်းကလိုပါပဲ။ လူတစ်ယောက်က အမြင့်ဆုံး မင်းမှုထမ်းရာထူး စာမေးပွဲကို အောင်မြင်ပြီး သူတို့၏ ရာထူးအသစ်ကို လက်ခံလိုက်တာနဲ့ အဲဒီလူရဲ့ ပုံစံ၊ စကားပြောပုံဆိုပုံ၊ လက်ရေးပုံစံနှင့် သူရဲ့ သုံးသပ်တဲ့ပုံစံတွေက စံတစ်ခု ဖြစ်လာတော့သည်။ သို့သော်လည်း အရေးအပါဆုံးကတော့ လူတစ်ယောက်ရဲ့ ပုံရိပ်ပါပဲ ။ ဒါကလည်း သူ့ရဲ့အသွင်အပြင်နဲ့ ရုပ်ရည်ကိုပဲ ရည်ညွှန်းနေသည်။

အရုပ်ဆိုးလို့ကတော့ စာမေးပွဲ အောင်ရင်တောင် ရာထူးကောင်းတစ်ခုရဖို့ မလွယ်ပါ။

ခေတ်သစ်လူ့အဖွဲ့အစည်းရဲ့ အင်တာဗျူးတွေမှာလည်း ကိုယ်စားလှယ်လောင်းတွေက ကြည့်ကောင်းအောင် ဝတ်စား ဆင်ယင်ကြရသည်။ ဒါမှမဟုတ် ကြည့်ပျော်ရှုပျော်အောင်တော့ လုပ်ရမည်။ အဲဒီလိုမှသာ အခွင့်လမ်းပိုမို ရရှိ နိုင်ပေသည်။

"ရုပ်ချောတာလား။ နောက်မှပဲ သေမင်း လက်မှတ်ပို့ပေးလိုက်မယ်"

သူ့ပတ်ဝန်းကျင်မှာ ဆွေးနွေးနေတာကို ကြားလိုက်လျှင် ဇောင်ယန်က ကြမ်းကြမ်းတမ်းတမ်း ပြောလိုက်သည်။

(ဒီကောင့်ကို အထီးကျန်သွားအောင် မလုပ်နိုင်ရင် သူ့မြေးလုပ်လိုက်မယ်)

“ငါက ဆွန်းမို။ ဒီနှစ်အသုတ်က ဆရာအသစ် တယောက်ဖြစ်တယ်။ ဒီနေ့ တစ်ကျောင်းလုံး အစည်းအဝေးကို လုပ်လိုက်ရတာက ကြောငြောစရာ တစ်ခုရှိလို့ပဲ”

ဆွန်းမိုက မိုက်ခရိုဖုန်းကိုင်ပြီး စတင်ကာ ပြောလိုက်သည်။

"ကျုံချမ်၊ ဇူရောင်၊ ဟွာရန်........"

ဆွန်းမိုက နာမည် ၂၈ ခုကို ဆက်တိုက်ခေါ်လိုက်သည်။

"အထက်ပါ ဖော်ပြခဲ့တဲ့ ကျောင်းသားတွေက တခြားကျောင်းသားတွေကို အနိုင်ကျင့်တယ်၊ ဆဲဆိုကြိမ်းမောင်းတယ်၊ ရိုက်နှက်တာတွေ လုပ်ခဲ့ကြတယ်။ အတန်းပြေးတယ်၊ သင်ကြားမှုကို မလုပ်ဘူး၊ ပြီးတော့

ဆရာတွေကိုလည်းရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှောက်ယှက်ကြတယ်။ ဆရာတွေက အကြိမ်ကြိမ် သတိပေးပါရဲ့နဲ့ မပြုပြင်ခဲ့ကြဘူး ။ ဒါကြောင့်ဒီကျောင်းသား ၂၈ ယောက်ကို ကျောင်းက ထုတ်ဖို့ ဆုံးဖြတ်လိုက်တယ်”

ဆွန်းမို စကားဆုံးသွားတာနဲ့ ပွက်လောရိုက်သွားသည်။

“ဒါတကယ်လား။ ကျုံချမ် ကျောင်းထုတ်ခံရတော့မှာပေါ့”

ကျုံချုမ်သည် ဖောင်ယန်၏ လက်အောက် ငယ်သားတစ်ယောက်အနေနဲ့ ကူညီပြီး ကျောင်းသားအများကြီးကို အနိုင်ကျင့်ခဲ့သည်။ ဒါကြောင့်လည်း နာမည်ဆိုးနဲ့ ကျော်ကြားသည်။ သူ့ကို နှင်ထုတ်တော့မယ်ဆိုတဲ့ စကားကို ကြားလိုက်လျှင် ကျောင်းသားအားလုံး စိတ်လှုပ်ရှားတဲ့ ပုံစံဖြစ်လာသည်။

အရှေ့မြောက်ထောင့်အရပ်တွင် စုဝေးနေကြတဲ့ ကျောင်းသားတွေကို ဝိုင်းကြည့်လိုက်ကြသည်။

"မလန့်ကြနဲ့။ မင်းတို့အတွက် မကြာခင် ပြန်တောင်းပေးမယ်"

ဇောင်ယန်က မခန့်လေးစားပုံစံနဲ့ တံတွေးတစ်ချက် ထွေးလိုက်သည်။

(မင်းက အရမ်းအံ့အောစရာ ကောင်းတယ်ဆို။ ဘာဖြစ်လို့ ကျောင်းထုတ်ခံရမယ့် စာရင်းထဲမှာ ငါ့နာမည် မပါတာလဲ)

"သခင်လေး ဇောင်၊ ကျောင်းမတက်ရလို့လည်း ဘာမှ မခံစားရဘူး ဒါက ပြဿနာ မရှိဘူး"

"အမှန်ပဲ ဘာကြောင့် ကျောင်းတက်ရမှာလဲ။ ဂိုဏ်းတချို့ထဲ ဝင်လိုက်တာကမှ ပိုကောင်းသေးတယ်။ နောက်နှစ်လောက်ဆိုရင် ဆရာကြီးတောင် ဖြစ်နေပြီ"

"သူတောင်းစား ဂိုဏ်းချုပ်လား"

"ကျောင်းထုတ်ခံရတဲ့ ကျောင်းသားတွေကို ကြည့်ရတာ ကြောက်တဲ့ ပုံလည်းမပေါ်ဘူး။ သူတို့နဲ့ မဆိုင်သလိုတောင် ဟီလာတိုက်နေသေးတယ်"

ဆွန်းမိုရဲ့ ကြေငြာချက်ကို ကြားလိုက်လျှင် တရားမျှတမှု အပြည့်ရှိတဲ့ ဆရာတချို့ကတော့ သက်ပြင်းချလိုက်မိသည်။

ဇောင်ယန်ကို ကျောင်းထုတ်မှာ မဟုတ်တော့ဘူး။

ဒီကောင်က ကျောင်းအတွက် အကြီးမားဆုံး အကျိတ်ပဲ။ ဇောင်ယန် ဒီအနားမှာရှိနေသ၍ နောက်ထပ် ငယ်သားလူစုကို အချိန်မရွေး ခေါ်နိုင်သည်။

"ဆရာဆွန်းလည်း ဇောင်ယန်ကို စော်ကားဖို့ မဖြစ်နိုင်တော့ဘူး ထင်တယ်"

ကျန်ရှိလည်း သက်ပြင်းချလိုက်သည်။

"ဒါပေမယ့် သူ မလုပ်နိုင်တာကို ငါနားလည်တယ်"

ဇောင်ယန်ကို ကျောင်းထုတ်တဲ့ ကိစ္စက အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ဒီလိုလုပ်ရဲတဲ့ အတွက် ဆရာဆွန်းက သတ္တိရှိတယ်လို့ ဝမ်ပေါင်က ခံစားရသည်။

"မဟုတ်ဘူး။ ဆရာဆွန်းက ညှို့နှိုင်းမှာ မဟုတ်ဘူးလို့ ငါလုံးဝ ယုံကြည်တယ်"

ချီရှန်ကျားက ဆွန်းမိုကို ကြည့်လိုက်သည်။ ဇောင်ယန် သေချာပေါက် ကျောင်းထုတ်ခံရမယ်လို့

သူယုံကြည်နေသည်။ ဖောင်ယန်နာမည်ကို မခေါ်ရသေးတာက သူ့အလှည့် မရောက်သေးလို့ ဖြစ်နိုင်သည်။

ဒင်

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၉၂၅/၁,၀၀၀)

ဒီလူရိုးလေးက ဆွန်းမိုကို အကြွင်းမဲ့ ယုံကြည်လေးစားပြီး အရမ်းလည်း စိတ်ချရကာ သစ္စာလည်း ရှိသည်။

"မင်းတို့ရော ဘယ်လိုထင်လဲ"

ထန်ထန်ယုထန်က မေးလိုက်သည်။

“ဘာပြောချင်တာလဲ။ ဖောင်ယန် ဒီနေ့ သေချာပေါက် အထုတ်ခံရလိမ့်မယ်”

လုချီဟွာက ချက်ခြင်းဝင်ပြောလိုက်သည်။

“ဆရာက ဒါကိုလုပ်ချင်ပြီဆိုရင် သေချာပေါက် လုပ်လိမ့်မယ်”

“ငါလည်း ထောက်ခံတယ်”

အင်ဘိုင်ဝူကလည်း ခေါင်းညိတ် ထောက်ခံသည်။

“ကလေး ဆန်လိုက်တာ”

ထန်ထန်ယုထန် မျက်လုံးပြူးသွားသည်။

(မင်းတို့က ဆွန်းမိုရဲ့ မိန်းကလေး ပရိတ်သတ်မှန်းသိပါတယ်။ မင်းတို့ဘာသာ မင်းတို့ တွေးကြည့်လို့ မရဘူးလား)

သို့သော်လည်း ထန်ထန်ယုထန်သည် လုချီဟွာရဲ့ ကြီးမားသော ရင်သားကြီးကို မြင်သောအခါ လက်ခံသွားသည်။

(ထင်ထားသလိုပဲ။ နို့အုံကြီးတဲ့ မိန်းကလေးတွေက ဦးနှောက်မရှိဘူး။ ဘာကြောင့် သူမတို့နဲ့ ဆွေးနွေးနေအုံးမှာလဲ)

"အစ်မကြီး မင်းဘယ်လိုထင်လဲ"

ထို့နောက် ထန်ထန်ယုထန်က လီဇီချီကို ကြည့်ပြီး မေးလိုက်သည်။

လီဇီချီက ထန်ထန်ယုထန်ကို လုံးဝ ဂရုမစိုက်ပေ။ သူမဘာများ လွတ်ခဲ့လည်းဆိုတာ ဦးနှောက်ကို ဖျစ်ညှစ်ပြီး စဉ်းစားနေသည်။ ဆရာဆွန်း၏စရိုက်အရ ညှိနှိုင်းဖို့ လုံးဝ မဖြစ်နိုင်ပါ။ ဒါဆိုရင် ရန်ပုံငွေ လိုအပ်ချက်ကို ဘယ်လို ဖြည့်ဆည်းမလဲ။

တချိန်တည်းမှာ လီဇီချီက အဖြေကိုလည်း တွေးနေသည်။ ဆရာဆွန်းသာ လိုအပ်ချက်ကို

မဖြည့်ဆည်းနိုင်ပါက သူမက တပည့်ကြီးတစ်ယောက် အနေနဲ့ အရှေ့ထွက်ဖို့ အချိန်တန်ပြီ။

"မင်းတို့မြင်လား။ သူကပဲ တရားမျှတမှု သံတမန်လိုလိုဘာလိုလို အသံကောင်းဟစ်ပြီး နောက်ဆုံးအချိန်အထိ အရှုံးမပေးသေးဘူး တွေ့လား"

ရီဂျီမင်က လှောင်ပြောင်ကဲ့ရဲ့ နေသည်။

ပုံရိပ် ကောင်းရင်တောင် လက်တွေ့မှာတော့ ထိချက်က ပြင်းထန်ပြီး အရှေ့သွားတွေတောင် ကျွတ်ထွက်နေလောက်ပြီ။ ။ ဘယ်လိုပဲဖြစ်ဖြစ်

နောက်ဆိုရင် သူ့ပုံရိပ်နဲ့ ပက်သက်ပြီး မပြောရဲတော့ဘူး။

ဒူရှောင်နှင့် ဂေါင်ချန်တို့ကတော့ တစ်ခွန်းမှ မပြောကြပါ။ သူတို့ အရမ်း ဝမ်းနည်းနေသည်။ ဇောင်ယန်ကို ဘယ်သူမှ မကိုင်တွယ်နိုင်တော့ပါ။

“လူသားများသည် ငြိမ်းချမ်းမှုကို လိုလားပြီး ဘေးအန္တရာယ်ကို ရှောင်ရှားတတ်သော သက်ရှိများသာဖြစ်တယ်”

ပန်ရီလည်း ခံစားချက်တွေ ဖြစ်နေပြီး တစ်ချိန်တည်းမှာပဲ စိတ်သက်သာရာ ရသွားသည်။

ခေါင်ယန်ကို မထုတ်ဖြစ်ခဲ့ရင် သူ့လစာ စိတ်ချရပြီ။ ဒါမှလည်း သူ့ဘဝကို အေးအေးဆေးဆေး ဖြတ်သန်းနိုင်မည်။

"ဟွန့်"

ခေါင်ယန်နာမည် မပါလာတာကို ကြားပြီးနောက် ကျန်ဟန်ဖူက သူ့မျက်နှာမည်းကြီးနဲ့ ဆွန်းမိုကို ကြည့်ပြီး အရမ်းကို အဖက်မတန်သလို ခံစားရသည်။ ဆွန်းမိုကို ပြိုင်ဘက် အဖြစ် မဆက်ဆံ ချင်တော့ပါ။

အခြား အကြောင်းပြချက်မရှိပေမယ့် ဆွန်းမိုနဲ့ မထိုက်တန်ပါ။

"တိတ်ကြပါ"

ဆွန်းမို အော်ဟစ်လိုက်သည်။

ခန်းမဆောင်တစ်ခုလုံး နောက်တစ်ကြိမ် ပြန်တိတ်ဆိတ် သွားသည်။ ဆွန်းမို ဆက်ပြီး

"အထက်ဖော်ပြပါ ကျောင်းသားများသည် အသက်မပြည့်သေးဘဲ တစ်ယောက်ယောက်ရဲ့ ခိုင်းစေမှုကြောင့်သာ သူတို့ အမှား ကျူးလွန်တာဖြစ်တဲ့ အတွက်ကြောင့် သူတို့ကို ကျောင်းကနှင်ထုတ်တဲ့ အပြစ်ဒဏ်သာ ပေးလိုက်သည်။ သူတို့သာ အရင်တုန်းက အနိုင်ကျင့်ခဲ့၊ စော်ကားခဲ့တဲ့

ကျောင်းသားတွေကို ပြန်တောင်းပန်ပြီး စိတ်ပိုင်းဆိုင်ရာ လျှော်ကြေး ပေးမယ်ဆိုရင် ကျောင်းက ဒီကိစ္စကို ဆက်ပြီး အရေး မယူတော့ဘူး”

“ဒါပေမယ့်။ နောက်ကျောင်းသားကတော့ ချွင်းချက် မရှိဘူး။ ဇောင်ယန် ဒီနေ့ကစပြီး မင်းကို ကျောင်းထုတ်လိုက်ပြီ”

ဆွန်းမို အသံက တည်ငြိမ်ပြီး ကျယ်လောင်ခြင်းလည်း မရှိပါ။ သို့သော်လည်း လေပြင်းမုန်တိုင်းကျသလို အာမေဒိတ်သံများကို သယ်ဆောင်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဟင် ဟာ အမ် ဝိုး ဟယ်

လူတစ်သောင်းလောက်ရှိတဲ့ ကျောင်းသားတွေ အကုန်လုံး ခေါင်းလှည့်ပြီး ဇောင်ယန်ကို ကြည့်လိုက်ကြသည်။ ပျော်ရွှင်စရာ တစ်ခုပါပဲ။

အရမ်ကို အံ့အောစရာ ကောင်းပါတယ်။

မယုံကြည်နိုင်သူတွေလည်း ရှိနေသည်။

ဆွန်းမိုကို လုံး၀ ဂရုမစိုက်ဘဲ အချင်းချင်း စကားပြောနေသော ကျုံချမ်တို့ အဖွဲ့လည်း ကြောင်သွားသည်။ သူတို့က မျက်လုံးကြီးတွေ ပြူးပြီး ပါးစပ် အဟောင်းသားနဲ့ဆွန်းမိုကို ကြည့်နေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီကောင် ရှုံးသွားတာလား။ သခင်လေးကို တကယ်ပဲ ကျောင်းထုတ်ရဲတာလား။

ဇောင်ယန်လည်း အံ့အော မှင်တက်နေသည်။ နားကြားမှားတာလားလို့ သံသယ ဝင်နေသည်။ သဘောတူထားတဲ့ တောင်းပန်မှုက ဘယ်မှာလဲ။ ဘာကြောင့် သူ့ကို ကျောင်းထုတ်တဲ့ကိစ္စက ဖြစ်လာတာလဲ။

ဝမ်ဆု မျက်လုံး အရောင်တောက်လာသည်။

စိတ်ထဲမှာ တရားမျှတမှု လိုလားတဲ့ ဆရာများလည်း မျက်လုံး အရောင်တောက်လာသည်။

ကျောင်းသားတွေအကုန်လုံးလည်း မျက်လုံး တောက်ပနေကြသည်။

“မင်းက ကျောင်းသားနဲ့ဆရာတွေကို ပြဿနာရှာဖို့ လူစုတယ်။ မင်းကြောင့် ကျောင်းသားတစ်ယောက် သေသွားတယ်၊ သုံးယောက် ဒဏ်ရာရတယ်၊ တစ်ယောက်က သတ်သေဖို့ ဖိအားပေးခံရတယ်၊ ဆရာသုံးယောက်ကိုလည်း နာမည်ပျက်အောင်လုပ်ပြီး

ကျောင်းက ထွက်ရအောင် လုပ်ခဲ့တယ်။ မင်းလုပ်ထားတဲ့ မကောင်းမှုကိုသာ စာရင်းပြုစုလိုက်ရင် စာရင်း အရှည်ကြီး ထွက်လာလိမ့်မယ်”

ဆွန်းမိုက ဖေါင်ယန်ကို တည့်တည့် စိုက်ကြည့်နေပြီး သူ့အသံကလည်း လေးနက်နေသည်။

“ဒါကြောင့် မင်းကို ကျောင်းထုတ်တာအပြင် တခြားကျောင်းသားတွေနဲ့ ဆရာတွေ အနိုင်ကျင့်မခံရအောင် နောက်ကျောင်းတစ်ကျောင်း တက်ခွင့်ကို တားမြစ်အမိန့် ချပေးဖို့ သူတော်စင်ဂိတ်ကို

အကြောင်းကြား တောင်းဆိုမယ်။ တချိန်တည်းမှာပဲ ဒဏ်ရာရမှုနဲ့ သေဆုံးမှု အပြစ်တွေကို စစ်ဆေးဖို့ ချင်လင် အုပ်ချုပ်ရေးရုံးကို တိုင်ကြားမယ်”

နောက်ဆုံး စကားတွေကို ကြားလိုက်လျှင် ဆရာအားလုံး လေအေးတစ်ချက် ရှူလိုက်မိသည်။

ဆွန်းမိုကို အထင်လွဲခဲ့ကြသည်။ သူက မညှိနှိုင်းရုံသာမက ဖောင်ယန်ကို ကျောင်းထုတ်ရုံနဲ့ မပြီးသွားပါ။ သူက ဖောင်ယန်ကို တရားဥပဒေအရ အရေးယူပြီး အပြစ်ပေးချင်နေသည်။

အချိန်ခဏလောက် တိတ်ဆိတ်သွားပြီး မိုးခြိမ်းသံလို လက်ခုပ်သံများ ထွက်လာသည်။

ကျောင်းသားအကုန်လုံး စိတ်အားထက်သန်စွာ လက်ခုပ်တီးနေကြသည်။ အထူးသဖြင့် ဓောင်ယန် အနိုင်ကျင့်တာ ခံခဲ့ရသည့် ကျောင်းသားများ ဖြစ်သည်။ သူတို့ ခွန်အားရှိသလောက် လက်ခုပ်တီးနေသဖြင့် လက်များရောက်လာကြသလို ခံစားရသည်။

“ဆရာဆွန်းက တကယ် ညြဇာရှိတယ်”

“ ဆရာဆွန်းက အံ့အော စရာပဲ”

"ဖောင်ယန် မစင် စားလိုက်"

ကျောင်းသားအကုန်လုံး ထိန်းမနိုင် သိမ်းမရ အော်ဟစ်နေကြသည်။ သူတို့ထဲမှ တချို့က စိတ်မထိန်းနိုင်ဘဲ ဖောင်ယန်ကို သူတို့ ခံစားချက်တွေ ထုတ်ထုတ်ပြောပြီး ဆဲဆိုနေကြသည်။ ဖောင်ယန် ကျောင်းထုတ်ခံရမည့် နေ့ကိုစောင့်နေတာ တော်တော်ကြာနေပြီ။ ခန်းမတစ်ခုလုံး အားပေးသံများ ထိန်းမနိုင် သိမ်းမရပေါ်လာကာ ပိုပိုပြီး ကျယ်လောင် ပေါက်ကွဲထွက်နေသည်။

"ဆွန်းမို........"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ဟန်ဖူ ဒေါသတကြီးထပြီး အော်ဟစ်လိုက်တဲ့အသံက လက်ခုပ်သံများနဲ့ အားပေးသံများကို ဖုံးသွားသည်။

ကျောင်းသားများသည် ဒုကျောင်းအုပ်ကြီး ကျန်ကို ကြည့်ပြီး အံ့အော မှင်တက်နေကြသည်။ ဘာတွေဖြစ်နေတာလဲ။ ကြိုမသိနိုင်တဲ့ အခြေအနေတွေ ရှိသေးတာလား။

“ဆွန်းမို”

ကျန်ဟန်ဖူ နောက်တစ်ခါ ထပ်အော်လိုက်သည်။ ဆွန်းမိုကို စိုက်ကြည့်ရင်း အရမ်းဒေါသထွက်ပြီး

တဆက်ဆက်တုန်နေသည်။ ဒီဆရာအသစ်က တကယ်ကို မောက်မာပြီး သူ့စကားကိုလည်း တခွန်းတောင် နားမထောင်ဘူး။

"ဘာဖြစ်လို့လဲ။ ဒု-ကျောင်းအုပ်ကြီးကျန်က ဖောင်ယန်ကိစ္စကို သဘော မတူလို့လား"

ဆွန်းမိုက မေးလိုက်သည်။

"မင်း................."

ကျန်ဟန်ဖူ ပြောချင်တဲ့စကားများကို ပြန်မြို့ချလိုက်ပြီး တော်တော် ကသိကအောက် ဖြစ်နေသည်။ သူဘာလုပ်လို့ ရတော့မှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖေါင်ယန်ကို ကျောင်းမထုတ်ဘူးလို့ ပြောရမှာလား။ ဒါဆိုရင် သူ့နာမည် ပျက်ဆီးသွားပြီ။

ဖေါင်ယန်ကိစ္စကို သီးသန့်ကိုင်တွယ်ပါက ဖုံးကွယ်ထားဖို့က ပြဿနာ မရှိဘူး။ နောက်ဆုံး ဘယ်သူမှ ဒီအကြောင်းကို မသိနိုင်ဘူး။ သို့သော်လည်း လူမြင်ကွင်းမှာ ဘယ်သူက လုပ်ရဲမှာလဲ။

ဖေါင်ယန်က တကယ်ကို ကျောင်းတွင်း အနိုင်ကျင့်သူဖြစ်သည်။ ကျောင်းသားတွေက အကျိုးအမြတ်တွေ ဘာတွေ စိတ်မဝင်စားပါ။ ဖေါင်ယန်ကို လူဆိုးတစ်ယောက်လို့ပဲ မြင်သည်။

ဒီကိစ္စကို ကာကွယ်တဲ့လူလည်း လူကောင်းလို့ မမြင်နိုင်တော့ပါ။

“ဘာမှမရှိဘူးဆိုလည်း ဒု-ကျောင်းအုပ်ကြီး ငါ့ကို မနှောက်ယှက်ဘဲ ကျေးဇူးပြုပြီး ပြန်ထိုင်ပေးပါလား”

ဆွန်းမိုက ‘ကျေးဇူး’ လို့ပြောလိုက်သော်လည်း သူ့အသံက လေးစားမှု လုံးဝ မရှိပါ။

“ခွိခွိ”

ကူရှုပ်ရှင်းတစ်ယောက် မထိန်းနိုင်ဘဲ ပြုံးလိုက်မိသည်။ တချိန်တည်းမှာပဲ ဆွန်းမိုကို လေးစားသွားသည်။ ကျန်ဟန်ဖူက ရန်ပုံငွေမရှိတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကိစ္စနဲ့ ဆွန်းမိုကို ဖိအားပေးခဲ့သည်။ သို့သော်လည်း ဆွန်းမိုက နေရာ အလှည့်ပြောင်းဖြစ်တာနဲ့ လူထုအားကို သုံးပြီး ကျန်ဟာန်ဖူကို ဖိအားပြန်ပေးသည်။

ဆရာတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ဂရုမစိုက်တဲ့ ဆရာရှိလို့လား။

ဒင်

ကူရှပ်ရှင်း၏ လေးစားအထင်ကြီးမှု +၃၀။ မူလ(၈၀/၁၀၀)

အခြေအနေကို အကဲခတ်ပြီးနောက် ကျန်ဟန်ဖူလည်း ပြန်ထိုင်လိုက်သည်။ အခုတော့ ဆရာအားလုံးရဲ့ အကြည့်က ခူလျိုရန်ဆီကို ရောက်သွားသည်။

ဒီလူက ဇောင်ယန်ရဲ့ ဆရာမဟုတ်ဘူးလား။ သူသေချာပေါက် ထပြောရမည်။ ဇောင်ယန်ကိုသာ ကျောင်းထုတ်လိုက်ရင် သူ့အရှက်ကွဲသွားလိမ့်မည်။

"ဆွန်းမို။ မင်းကဆရာအသစ်ပဲ။ ငါ့ကျောင်းသားကို ကျောင်းထုတ်ဖို့ မင်းမှာ ဘာအခွင့်အရေးရှိလို့လဲ"

ထင်ထားတဲ့အတိုင်းပဲ ခူလျိုရန်က ဆွန်းမိုကို မေးခွန်းထုတ်လာသည်။ သူ့အသံက ဒေါသသံပါနေသည်။ ဆွန်းမိုခေါင်းကို ချက်ခြင်းပဲ ပြေးရိုက်ခွဲချင်နေသည်။

“ပထမဆုံး ကျောင်းအုပ်ကြီးတွေရဲ့ လက်မှတ်ရထားတယ်။ ပြီးတော့လည်း ဖောင်ယန်က ကျောင်းစည်းကမ်းတွေကို ခဏခဏ ဖောက်ဖျက်နေတယ်။ ငါကလည်း မင်းကို မေးခွန်းထုတ်ပါရစေအုံး။ မင်းရဲ့တိုက်ရိုက်တပြည့်ကို သူဘာလုပ်ခဲ့လဲ ပြန်မမေးဘူးလား”

ဆွန်းမိုက ပြန်ချေပသည်။ မြန်ဆန်ရုံသာမက ရှင်းလင်းလွန်းသည်။

"ဆရာက အရမ်းလည်တာပဲ"

လီဇီချီ အရမ်းရယ်ချင်နေသည်။ အမှန်တော့ ကျန်ဟာန်ဖူရဲ့ လက်မှတ်ကို မရထားပါ။ သို့သော်လည်း ကျန်ဟာန်ဖူဝင်လာလို့ မရအောင် ကျောင်းအုပ်ကြီးတွေလို့ သုံးနှုန်းသွားသည်။ ခူလျိုရန်ရဲ့ နာမည်ကျတော့ တိုက်ရိုက်တပြည့်လို့ ဖော်ပြသွားသည်။

ဖောင်ယန်လို မကောင်းတဲ့ လူက သူ့အရိပ်အောက်မှာ သင်ကြားနေတဲ့အတွက် သူကလည်း မကောင်းဘူးလို့ လူတိုင်းမြင်သွားသည်။

"ကျောင်းစည်းကမ်း ဖောက်တာလား။ ဒါက ကောလဟာလတွေ မဟုတ်ဘူးလား"

ခူလျိုရန်က ပြန်မေးခွန်းထုတ်သည်။

"ကောလဟာလလား"

လီဇီချီက ဒေါသအချောင်းချောင်း ထွက်နေတဲ့ အမူအရာနဲ့ ခုန်ထွက်လာသည်။

“ဒီကောင်က လူဆိုးတွေဌားပြီး ငါ့ဆရာကို မစင်နဲ့ ပက်တယ်။ ဂိုဏ်းစတားကို ငါ့ဆရာရဲ့လမ်း ပိတ်ပြီး ဆရာ့ကို ခေါင်းတုံး ရိတ်ဖို့ လုပ်ခိုင်းတယ်။ ငါတို့ပါးစပ်နဲ့တောင် ဒီကောင်ကို ကိုက်ဖြဲလိုက်ချင်တယ်။ မင်းအတွက် သက်သေ အယောက်နှစ်ဆယ် အခုပဲ ခေါ်ပေးရမလား။ မင်းသူတို့ကို တွေ့ချင်လား”

ဆွန်းမိုက ငြင်းခုံဖို့ အဆင်မပြေပါဘူး။ ဒါကြောင့်လည်း လီဇီချီက တာဝန်ယူလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီစကားကို ကြားလိုက်လျှင် ဆရာတွေ မျက်မှောင်ကြုတ်သွားပြီး ပိုတောင် ရှုံ့ရှာသွားသည်။ အရင်ဘယ်ဘက်မှ မပါသော ဆရာများတောင် အခုတော့ ဖောင်ယန်ကို စိတ်ပျက်သွားကြသည်။

ဖောင်ယန်က အရမ်းဆိုးဝါးတဲ့ ဥပမာတောင် ဖြစ်နေပြီ။ တကယ်လို့ ပြင်းပြင်းထန်ထန် အပြစ်မပေးလိုက်ရင် နောင်တချိန်ကျရင် တခြားကျောင်းသားတွေကလည်း ဆရာတွေကို မစင်နဲ့ပက်၊ ကတုံး ရိတ် လာနိုင်သည်။

"ကျောင်းအုပ်ကြီးအန် သက်သေမရှိဘဲ စကားနဲ့ပဲ ပြောနေတယ်။ ဒီကိစ္စကို သေသေချာချာ စစ်ဆေးရမယ်။ ဒီလိုမဖြစ်ခင် ဖောင်ယန်ပြစ်ဒဏ်ကို ရုတ်သိမ်းပြီး ဆက်လေ့လာခိုင်းဖို့ အကြံပြုပါတယ်"

ခူလျိုရန်က အရမ်းလည်သည်။ အရေးကြီးတဲ့ အချက်ကို ရှောင်ထားလိုက်သည်။ နောင်တချိန်ကျလို့ ဖောင်ယန်ကျောင်းထုတ်ခံရရင်တောင် လူမြင်ကွင်းမှာ မဖြစ်စေရဘူး။ မဟုတ်ရင် သူ့သိက္ခာလည်း သက်ရောက်မှု ရှိလာနိုင်သည်။

ဇောင်ယန် မဟုတ်တာ လုပ်နေတာကိုလည်း သိနေသည်။ ဒါပေမယ့် သူ့အဖေမျက်နှာကို ထောက်ပြီး မျက်လုံးတစ်ဖက် မှိတ်ထားရသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့အဖေက နှစ်တိုင်း ငွေတွေ အများကြီး ပေးနေတာပဲလေ။

"ဆရာခူ ဒီနေရာမှာတင် ဇောင်ယန်ရဲ့ မကောင်းမှုအတွက် သက်သေတွေက ပြည့်စုံနေပြီ၊ မင်းအတွက် တစ်ယောက်ယောက် ခေါ်ထုတ်ပေးရမလား"

သူမ ဒီလိုပြောလိုက်တာနဲ့ ခူလျိုရန် နှင့် နောက်ပြန်လှည့်လို့မရအောင် စော်ကားလိုက်သလို ဖြစ်သွားမယ်ဆိုတာ အန်ရှီဝေသိသည်။ သို့သော်လည်း ဆွန်းမိုက ပိုထင်ပေါ်လာသည်။ ထုံးစံအတိုင်း ဆွန်းမိုကိုသာ ထောက်ပံ့ပေးရမည်။

"ဆွန်းမိုရဲ့ တဖက်သတ် စွပ်စွဲချက်တွေကိုပဲ ယုံနေမယ်ဆိုရင် ငါလဲထွက်မယ်"

ဒီလိုပြောပြီးနောက် ခူလျိုရန်က အန်ရှီဝေကို ကြည့်နေသည်။ သူက ကြယ်နှစ်ပွင့်

မြတ်ဆရာအဆင့်ကိုသုံးကာ ကျောင်းထုတ်ခြင်းကို ပြန်ရုတ်သိမ်းရန် ဖိအားပေးလိုက်သည်။

သို့သော်လည်း သူ အတွက်အချက် မှားသွားပြီ။

ပုံမှန်ဆို အန်ရှီဝေ ဆရာများနဲ့ စကားပြောရင် အမြဲတမ်း အရမ်းနူးညံ့ပြီး ကြင်နာတတ်သည်။ အခုတော့ သူမအသံက အရမ်းတင်းမာလာသည်။

"ဆရာခူ ဒါက တဖက်သတ် အမြင်မဟုတ်ဘူး၊ ဒီပြဿနာက ဇောင်ယန် ကျောင်းစည်းကမ်း ဖောက်ဖျက်တာလေးပဲဆိုပြီး မရိုးရှင်းတော့ဘူး၊ သူ့ရဲ့ ဆရာတစ်ယောက်အနေနဲ့ မင်းလမ်းညွှန်

မပေးခဲ့တဲ့အတွက် မင်းမှာလဲ တာဝန်တချို့ ရှိတယ်။ မင်းကိုယ်မင်း ပြန်သုံးသပ်ဖို့ လိုနေပြီ”

အန်ရှီဝေ ဒါကို ပြောချင်နေတာ တော်တော်ကြာနေပြီ။ သို့သော်လည်း ခူလျိုရန်က အရမ်းမောက်မာပြီး မာနကြီးတာကို သိနေသည်။ သူမပြောလိုက်တာနဲ့ သေချာပေါက် ထွက်သွားလိမ့်မည်။

လက်ရှိ ဗဟိုပြည်နယ် အကယ်ဒမီအခြေအနေက ကြွယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက်ကို ဆုံးရှုံးလို့

မဖြစ်ပါ။ ဒါကြောင့်လည်း တစ်ချိန်လုံး ဆုပ်ကိုင်ထားခဲ့သည်။ အခုတော့ ကိစ္စမရှိတော့ဘူး။

"ကောင်းတယ်။ ကောင်းတယ်"

ခူလျိုရန်က နှစ်ကြိမ်ဆက် ပြောပြီး ထွက်သွားသည်။ အရင်ကျောင်းအုပ်ကြီးရဲ့ အကူအညီနဲ့ အားပေးမှုကိုသာ ပြန်မဆပ်ရရင် ဒီလို မျှော်လင့်ချက် မရှိတဲ့ ကျောင်းမှာ ဆက်မနေချင်တော့ပါ။

ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက်အနေနဲ့ 'ဘီ'အဆင့်ကျောင်းနဲ့ ပိုမြင့်တဲ့ကျောင်းကို

သွားဖို့မလွယ်ကူသော်လည်း အခြားကျောင်းများကို လွတ်လွတ်လပ်လပ် သွားနိုင်သည်။

(အန်ရှီဝေ၊ မင်းရဲ့ ခင်ပွန်းလောင်းကို ကူညီလိုက်ပါ။ လိဂ်ပြိုင်ပွဲမှာ နောက်ဆုံးအဆင့်ရောက်လို့ မင်းတို့ရဲ့ကျောင်း နာမည်ကြီး အဆင့်ကနေ ဖယ်ထုတ်ခံရတာကို စောင့်ကြည့်နေမယ်)

ဆွန်းမိုက အန်ရှီဝေကို ကြည့်ရင်း စာနာသွားသည်။ အနည်းဆုံးတော့ အန်ရှီဝေရဲ့ လုပ်ဆောင်ချက်က ချီးကျူးဖို့ ကောင်းသည်။

"ဆွန်းမို၊ ငါ့လို လူကို ကျောင်းထုတ်ရဲတာလား"

ဇောင်ယန် နောက်ဆုံးတော့ အသိပြန်ဝင်လာသည်။ ဆရာအသစ်က သူ့ကို မတောင်းပန်ရုံသာမက ကျောင်းတောင် ထုတ်ပစ်ချင်နေသည်။

(ဒါက တော်တော် မကောင်းတာပဲ။ မင်းကိုယ်မင်း ဘယ်သူထင်နေတာလဲ)

ဇောင်ယန်က ဒီကြောင်းကို တွေးပြီးနောက် စင်ရှိရာကို ပြေးလာပြီး ခုန်တက်လိုက်သည်။ (ငါ့အဖေက ချင်လင်မြို့ရဲ့ ကုန်သည်ကြီး၊ မင်းငါ့ကို

ဘာလို့ ကျောင်းထုတ်ရဲတာလဲ။ မင်း စပွန်ဆာ မလိုချင်တော့ဘူးလား)

အင်ဘိုင်ဝူနှင့် လုချီဟွာ နှစ်ယောက်စလုံး သူတို့ဆရာကို ကာကွယ်ဖို့ အတွက် အဆင့်သင့်ဖြစ်နေသည်။

ဖေါင်ယန်တက်လာတဲ့ အချိန်မှာပဲ ဆွန်းမိုက လက်ညှိုး ထိုးလိုက်သည်။

'မင်း.......”

ဖေါင်ယန် ဒေါသအချောင်းချောင်း ထွက်နေသော်လည်း ထွက်ချိန်တောင် မရလိုက်ပါ။

ဆွန်းမိုက အရမ်း တည်ငြိမ်ပြီး လက်ချောင်းက ထွက်နေပြီ။

ဖောက်

မြတ်ဆရာအရှိန်အဝါ အသက်ဝင်လာပြီ။

ဖောင်ယန်နဖူးကို ရွှေရောင် မြွား ပစ်လွတ်လိုက်ရာ ပါးစပ်နှင့် မျက်လုံးများ ရွဲ့စောင်းသွားသည်။ စင်ပေါ်မှာ ဦးတည်ရာမဲ့ လျှောက်သွားနေသည်။

“သတိလစ်ခြင်းနဲ့ အသုံးမကျခြင်းလား”

ဆွန်းမိုကိုကြည့်ပြီး ကျောင်းသားများ အံ့အောသင့်နေတဲ့ အရိပ်အမြွတ် ထွက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမြွတ်ဆရာအရှိန်အဝါနဲ့ အပြစ်ပေးတာ အရမ်းကြောက်ဖို့ကောင်းတယ်။

ကူရှုပ်ရှင်း ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။ ဒီကောင် တုန့်ပြန်မှုက တကယ်မြန်လွန်းသည်။ သူမမှာလည်း အသုံးမကျခြင်းနဲ့ သတိလစ်ခြင်း မြွတ်ဆရာ ရှိပြီး သူမကလည်း ပစ်လွှတ်မလို့ ပြင်ဆင်ထားခဲ့သည်။ ဒီလိုမှမဟုတ်ရင် ဇောင်ယန်က ဘောကို ကန်လိုက်ရင် ဘယ်သူအတွက်မှ မကောင်းနိုင်ပါ။

ခဏာတာ တိတ်ဆိတ်သွားပြီး ကျက်သရေခန်းမဆောင်တစ်ခုလုံး မိုးခြိမ်းသလို လက်ခုပ်သံများနဲ့ ဖုံးလွှမ်းသွားသည်။

ကျောင်းအနိုင်ကျင့်သူကြီးကို နောက်ဆုံးတော့ ကျောင်းထုတ်လိုက်ပြီ။

နောက်ဆုံးတော့ အရင်တုန်းကလို သန့်ရှင်းတဲ့ နေ့ရက်တွေကို ပြန်ရလာတော့မည်။

အခန်း (၁၇၅) - မြတ်ဆရာ စွမ်းဆောင်မှု၊ ကြီးမားသော ဆုလာဒ်။

“ငါတော့ ဆွန်းမိုရဲ့သတ္တိကို လုံးဝ ထောက်ခံတယ်”

ဂေါင်ပန်က လက်ခုပ်တီးပြီး အော်ဟာစ်နေသည်။

ဇောင်ယန်လို အဆင့်အတန်းရှိတဲ့လူကို ကျောင်းထုတ်ပစ်ရတာ အရမ်းဒုက္ခများတဲ့ အရာဖြစ်သည်။ ထည့်စဉ်းစားရမည့် အချက်အများကြီး ရှိသည်။ သို့သော်လည်း ဆွန်းမိုက လုပ်ခဲ့ရုံသာမက

ကျောင်းသားနှင့် ဆရာ ၁၀,၀၀၀ နီးပါး အရှေ့တွင် လုပ်ခဲ့သည်။ သူက ဇောင်ယန်ကို အရူးတစ်ယောက်လို ဖြစ်အောင် အသုံးမကျခြင်းနဲ့သတိလစ်ခြင်း မြတ်ဆရာ အရှိန်အဝါကိုပါ သုံးလိုက်သေးသည်။

သစ်ပင်များက အခေါက်ထဲတွင် နေထိုင်သလို လူသားများကလည်း အရက်များနဲ့ နေထိုင်ကြသည်။ ဘယ်သူကမှ အရက် မကွဲချင်ကြပါ။

ဇောင်ယန်၏ အဖေသည် ချင်လင်မြို့ရဲ့ အချမ်းသာဆုံး သူဌေးကြီးများထဲက တစ်ယောက်ဖြစ်သည်။ ဒီလိုမျိုး ချမ်းသာတဲ့

ကုန်သည်မိသားစုက သူတို့မျက်နှာကို အရမ်းတန်ဖိုးထား လိမ့်မည်။ ဓောင်ယွမ်ကျား၏ သားက ကျောင်းကထွက်ချင်ထွက်သွားမည်။ ဒါပေမယ့် ဒီလိုမျိုး ကျောင်းထုတ်ခံရတဲ့ ပုံစံမျိုးနဲ့ မဟုတ်ပေ။ ဒါက မိသားစုရဲ့ နာမည်ကို အမည်းစက် ထင်သွားစေသည်။

သို့သော်လည်း ဒီလိုမျိုးမိသားစုများက အရမ်းစွမ်းအားကြီး ကြသည်။ ဗဟိုပြည်နယ်အကယ်ဒမီနှင့် အန်ရှိဝေကို

မစော်ကားနိုင်ရင်တောင် ဆွန်းမိုလောက်ကတော့ ပြဿနာ မရှိပါ။

"အင်း တကယ် မလိုဘူးပဲ"

ဒူရှောင်သည် ဆွန်းမိုအတွက် စိတ်ပူနေခဲ့သည်။ အခုတော့ ဆွန်းမိုကို ပိုတောင်လေးစားလာခဲ့သည်။ သူမသာ သူ့နေရာမှာဆိုရင် ဒီလိုမျိုး လုပ်ဖို့ သတ္တိမရှိပါ။

ဒင်

ဒူရှောင်၏ လေးစားအထင်ကြီးမှု +၂၅။ ရင်းနှီး(၁၁၅/၁,၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ ဒါကြောင့်လည်း မင်းတို့တွေက စိတ်ဓါတ်ပျော့ညံ့တဲ့ သူတွေ ဖြစ်နေတာ”

ကျန်ရုံနဲက နောက်ပြောင်ပြီး လက်ခုပ်တီးနေသည်။

ဂေါင်ချန် နှုတ်ခမ်း ထော်သွားပြီး တွေးလိုက်သည်။

(တရားမျှတဖို့အတွက် မားမားမတ်မတ် ရပ်တည်နေတဲ့လူက အားကြီးတဲ့ မင်းမဟုတ်ပါလား)

ဒီကျောင်းထုတ်တဲ့ကိစ္စမှာ ဆွန်းမိုက ကြယ်တစ်ပွင့် မြတ်ဆရာတွေထက် ပို သတ္တိရှိတယ်လို့ ပြောလို့ရသည်။

ဂေါင်ချန်လည်း စင်ပေါ်မှာ ရပ်နေတဲ့ ဆွန်းမိုကို အားကျတဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။ သူလည်း သူ့လိုလူ ဖြစ်ချင်သည်။

ဒင်

ဂေါင်ချန်၏ လေးစားအထင်ကြီးမှု +၃၀။ မူလ(၈၇/၁၀၀)

“ ဒီခတ်လူငယ်တွေကတော့ တကယ့်ကိုပဲ” ပန်ရီ သက်ပြင်းချလိုက်သည်။

ဖေါင်ယွမ်ကျားရဲ့ လှူဒါန်းငွေက ကျောင်းလစာ နှစ်လစာ ပေးလို့ရသည်။ သူဘာလုပ်သင့်လဲ။

“အင်း။ ထွက်ပေါက်တစ်ခုခု ရှာထားတာပဲ ပိုကောင်းမယ်”

ပန်ရီလည်း စင်အနောက်ဘက်ကို တစ်ချက်ကြည့်လိုက်သည်။ သူ့ရဲ့သာယာပြီး သက်တောင့်သက်သာ ဖြစ်နေတဲ့ နေ့ရက်တွေကို ဖျက်ဆီးလိုက်တဲ့အတွက် ဆွန်းမိုကို အရမ်းစိတ်ဆိုးနေသည်။ သို့သော်လည်း ဆရာတစ်ယောက်အနေနဲ့ လေးစားတဲ့ အရိပ်အယောင်တော့ ပြလိုက်သည်။

ဘယ်လိုပဲပြောပြော ဒါက မြတ်ဆရာတွေ သုံးတဲ့ ပုံစံပါပဲ။

"ဆရာရီ။ မင်းမြင်လား။ ဆွန်းမိုက လက်မလျှော့ခဲ့ဘူး။ သူက တရားမျှတမှု သံတမန်ပဲ"

ဒူရှောင်က ပြန်ခနဲ့လိုက်သည်။ ရီဂျီမင်က ဆွန်းမိုကို လှောင်ပြောင်နေတဲ့ အချိန်တွင် တော်တော် သည်းခံနေခဲ့ရသည်။ ရီဂျီမင် အမြဲတမ်း သူ့ကိုယ်သူပဲ ထိပ်တန်းပါရမီရှင်လို့ မြင်နေပြီး လူတိုင်းအပေါ် မောက်မာကာ မတူသလို မတန်သလို

ဆက်ဆံတတ်သည်။ သူ မလုပ်နိုင်ရင် တခြားသူလည်း မလုပ်နိုင်ဘူးလို့ ယူဆသူဖြစ်သည်။

သို့သော်လည်း ဒီတချီတော့ ဆွန်းမိုက သူ့ကို ပါးဖြတ်ရိုက်လိုက်သလိုပါပဲ။ ခေါင်းယန်ကို ကျောင်းထုတ်ရုံသာမက အရင်က ခေါင်းယန်ကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေကို စုစည်းပြီး သူတော်စင်ဂိုဏ်းနှင့် အုပ်ချုပ်ရေးရုံးကိုတောင် တိုင်ကြားဖို့ လုပ်ခဲ့သည်။

ရီဂျီမင် မျက်နှာ ရုတ်တရက် နီသွားသည်။ ဒူရှောင်က ကြယ်တစ်ပွင့် မြတ်ဆရာဖြစ်သောကြောင့်

စိတ်လိုက်မာန်ပါ ပြန်မပြောရဲဘဲ စိတ်ပျက်လက်ပျက်နဲ့ ထွက်သွားသည်။

"ဟွန့် ၊ စောင့်ကြည့်ရတာပေါ့။ ဖောင်ကလန်ကို စော်ကားလိုက်တဲ့အတွက် သူ့ရဲ့ ကောင်းမွန်တဲ့ နေ့ရက်တွေ အဆုံးသတ်သွားပြီ"

ရီဂျီမင် ကျိတ်ဆဲလိုက်တဲ့ တချိန်တည်းမှာပဲ မနာလို စိတ်ဝင်လာသည်။ ကျောင်းသားထောင်ပေါင်းများစွာက ပျော်ရွှင်မြူးထူးပြီး အားပါးတရ

လက်ခုပ်တီးအားပေးနေကြတဲ့ စင်ပေါ်က ဆရာက ဘာလို့ ငါ့မဟုတ်တာလဲ။

ဘယ်လိုပဲဖြစ်ဖြစ် အခုချိန်တော့ ဆွန်းမိုက နာမည်ကြီးနေပြီ။

"အန်ရှီဝေတော့ မှန်ကန်တဲ့ အရွေ့လုပ်လိုက်ပြီ။ သူ့ခင်ပွန်းလောင်းကြောင့် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ကစားပွဲ အလှည့်အပြောင်းကို ဖြစ်လာနိုင်တယ်"

ဒူရှောင်ကတော့ ဆွန်းမိုကို သဘောကျမှု အပြည့်နဲ့ ကြည့်နေသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒူရှောင်၏ လေးစားအထင်ကြီးမှု +၃၀။ မူလ(၆၀/၁၀၀)

" ဆရာဆွန်းက အံ့ဖွယ်ပဲ"

ချီရွှန်ကျား အရမ်းစိတ်လှုပ်ရှားနေသည်။ ကျန်ရှီရဲ့ ကျောပေါ် ခုန်တက်ပြီး လက်ဖျော့ယမ်းကာ အောင်ပွဲခံနေသည်။ နောက်ဆုံးတော့ ဖောင်ယန်တစ်ယောက် ကျောင်းသားတွေကို အနိုင်ကျင့်ပြီး အကောက်ကြံလို့ မရတော့ဘူး။

ဒင်

ချို့ရွန်ကျား၏ လေးစားအထင်ကြီးမှု +၁၀၀။ လေးစား(၁,၀၅၂/၁၀,၀၀၀)

လူရိုးသားလေးကတော့ ဆွန်းမိုကို သဘောကျတဲ့ အဆင့်ကတက်သွားပြီ။ ဆွန်းမို သာလုပ်ရင် ဘာမဆို ဖြစ်နိုင်တယ်လို့ ထင်နေသည်။

ကျန်ရှီနှင့် ဝမ်ဟောင်တို့ နှစ်ယောက်စလုံးသည် ပတ်ဝန်းကျင်က စိတ်လှုပ်ရှားနေကြတဲ့ ကျောင်းသားတွေကိုကြည့်ပြီး ပိုပြီးတော့တောင် ဝမ်းနည်းပူဆွေးမှု တိုးလာကြသည်။ ဆွန်းမိုနဲ့

ပထမဆုံး ဆုံတုန်းက သူ့အရိပ်အောက်မှာ နေခဲ့မိရင် အရမ်းကောင်းမှာပဲ။

ဒီလို အံ့အောစရာကောင်းတဲ့ ဆရာကို လက်လွှတ်လိုက်ရတာ ဘဝကံအတက်အကျသုံးခုထဲမှာ အကြီးမားဆုံး ဆုံးရှုံးမှုပဲ။

"မခံစားနိုင်တော့ဘူး။ ငါ့ရင်တွေ အရမ်းနာနေပြီ"

ကျန်ရှီ အရမ်း ဝမ်းနည်းနေသည်။

"ငါလည်း အတူတူ ပါပဲကွာ ။ အသက်ရှူလို့တောင် မရတော့ဘူး။"

ဝမ်ဟောင်က နှမြောတသသ ဖြစ်နေသည်။

ခါးသီးတဲ့ အမှုအရာတွေနဲ့ သူတို့နှစ်ယောက်က လေးစားအထင်ကြီးမှု အမှတ် ၁၀၀ ကျော် ထောက်ပံ့ခဲ့သည်။

ဆွန်းမိုက လက်ကိုမြှောက်ပြီး ပြန်ချလိုက်ကာ လူတိုင်းကို တိတ်တိတ်နေရန် အချက်ပေးလိုက်သည်။

ဒါကြောင့် ဆူညံနေသော ခန်းမဆောင်ကြီးတစ်ခုလုံး အပ်ပြုတ်ကျသံ

ကြားနိုင်လောက်အောင် တိတ်ဆိတ်သွားသည်။ ဒီလိုကြီးကျယ်တဲ့ အပြုအမူက မြတ်ဆရာ ကျုံးရှန်ရီကိုတောင် မနာလို ဖြစ်သွားစေသည်။

ဒီနေ့ကစပြီး ဗဟိုပြည်နယ် အကယ်ဒမီမှာ ဆွန်းမိုရဲ့ အဆင့်အတန်းက တဟုန်ထိုး ထိုးတက်လာတော့မည်။

"အရင်တုန်းက ဖောင်ယန် အနိုင်ကျင့်တာခံခဲ့ရတဲ့ ကျောင်းသားတိုင်း လာပြောလို့ရတယ်။ မင်းတို့ငွေညှစ်ခံရတာ ဒါမှမဟုတ် အရိုက်ခံရရင်လည်း လာပြောလို့ ရတယ်။ ဒီအချက်အလက်တွေကို

စုဆောင်းပြီးရင် ငါက မင်းတို့ကိုယ်စား ဇောင်ယန်အဖေဆီမှာ လျှော်ကြေး သွားတောင်းပေးမယ်”

ဆွန်းမိုက ပြောလိုက်သည်။

“ ဆရာဆွန်းက အရမ်းကောင်းတာပဲ”

“ အားလုံးအတွက် ကျေးဇူးတင်ပါတယ်။ ဆရာဆွန်း”

ဇောင်ယန် အနိုင်ကျင့်တာ ခံခဲ့ရတဲ့ ကျောင်းသားတွေ ထိန်းမနိုင်သိမ်းမရ အော်ဟာစ်နေကြသည်။

ဆွန်းမိုလည်း သူ့စကား ဆုံးသွားတာနဲ့ ရွေးချယ်စရာမရှိဘဲ တိတ်တိတ်နေဖို့ လက်မြှောက် လိုက်ရပြန်သည်။

ထို့နောက် ခန်းမဆောင်ကြီး နောက်တစ်ခေါက် တိတ်ဆိတ်သွားပြန်သည်။

“မင်းအမေက ဖာသည်ပဲ၊ ငါတို့အားလုံးလည်း ဆရာတွေပါပဲ၊ မင်းကဘာလို့ ဒီလောက် ထူးချွန်နေတာလဲ”

ဆရာတချို့ အထူးသဖြင့် တရားဝင်တောင် အလုပ်မဝင်ရသေးသော ဆရာများက အရမ်း

မနာလို ဖြစ်နေကြသည်။ မနာလိုစိတ်ကြောင့် မျက်လုံးတွေတောင် နီနေသည်။

ဆွန်းမို အမူအရာက တည်ကြည်ပြီး လေသံ အားပြင်းလာသည်။

"ဆွန်းမို။ မင်းက လုပ်ပိုင်ခွင့်ကို ကျော်ပြီး ပြောနေတာလား"

ကျောင်းခေါင်းဆောင်တစ်ယောက်က မကျေမနပ် ဖြစ်သွားသည်။ ဒီလိုကိစ္စတွေက အစည်းအဝေးမှာ ဆွေးနွေးပြီးမှ ကြေငြာသင့်သည်။ ဒီကိစ္စမှာ ဆွန်းမိုက သူ့သဘောနဲ့ သူလုပ်နေသည်။

"ငါ ဒါကို သဘောတူတယ်"

အန်ရှီဝေက ပြောလိုက်သည်။

ဒါကလည်း သူမ အစီအစဉ်ပဲ ဖြစ်သည်။ ဒီအရှိန်အဟုန်ကို ယူပြီး ကျောင်းတွင်း ပြုပြင်ပြောင်းလဲမှု နဲ့ လှုပ်ရှားမှုကို စတင်ချင်သည်။

"ကျောင်းအုပ်ကြီး အန်"

အဲဒီ ခေါင်းဆောင် သုန်မှုန်သွားသည်။ (မင်းက သဘောတူတယ်ဆိုတာ ဘာ အဓိပ္ပါယ်လဲ။ လူတိုင်းရဲ့ လုပ်ပိုင်ခွင့်တွေကို သိမ်းတော့မှာလား)

သို့သော်လည်း သူမေးခွန်း မထုတ်ရသေးခင် အေးစက်စက် အသံတစ်ခု ထွက်လာသည်။

"ပါးစပ် ပိတ်ထား"

ဝမ်ဆု ဒီလူကို တစ်ချက်တောင် မကြည့်ဘဲ အော်ဟာစ်လိုက်သည်။ လမ်းဘေးမှာ ဟောင်နေတဲ့ ခွေးတစ်ကောင်ကို မောင်းထုတ်လိုက် သလိုပါပဲ။ ဝမ်ဆုပုံစံက မခန့်လေးစား လုပ်လိုက်တဲ့ ပုံပေါက်နေသော်လည်း ကျောင်းခေါင်းဆောင်က တချက်တောင် ပြန်မပြောရဲပါ။ သူ ငြိမ်ကျသွားပြီး သူ့ဒေါသကို သူ ပြန်ထိန်းထားသည်။

သူ ဘာလုပ်ရမှာလဲ။ ဒါက ကြယ်လေးပွင့်မြတ် ဆရာတစ်ယောက် ရဲ့ လေးစားရတဲ့ အမိန့်လေ။

"ကျောင်းအုပ်ကြီး အန်နဲ့ ဒုကျောင်းအုပ်ကြီး ဝမ်တို့ ထပ်ဆောင်း ပြောချင်တာ ရှိသေးလား"

ဆွန်းမိုက ကျန်ဟန်ဖူ နာမည်ကို လုံးဝ ထည့်မပြောခဲ့ပါ။ ဒီကောင် ဒေါသထွက်ပြီး သေသွားလဲ အေးရော။

"မရှိဘူး"

ဆွန်းမိုက ဒီနေ့ စင်ပေါ်တွင် ဦးဆောင်နေသည်။ အန်ရှီဝေက သူ့ရဲ့ တောက်ပမှုကို မခိုးယူချင်ပါ။

"မရှိဘူး"

ဝမ်ဆုက အနည်းငယ်ပြုံးရင်း ပြန်ဖြေသည်။

"ငါတို့ အမြင်မှားတားလား မဟုတ်ဖူးမှတ်လား"

"ဆရာဝမ် ပြုံးနေတာလား"

"သူ့ကြည့်ရတာ ဆွန်းမိုကို တော်တော် သဘောကျနေတဲ့ ပုံပဲ"

ကျောင်းခေါင်းဆောင်များ ရုတ်တရုတ် အံ့အော သင့်ကုန်သည်။ ဝမ်ဆုက ဇီဇာကြောင်ပြီး တော်ရုံ တန်ရုံနဲ့ အသိအမှတ် မပြုတတ်ပေ။ ဒါကြောင့်လည်း ဗဟိုပြည်နယ် အကယ်ဒမီ တစ်ခုလုံးတွင် ဆရာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လက်တစ်ဆုပ်စာလောက်သာ သူ့ရဲ့ အပြုံးကို ရဖူးသည်။

"ကျောင်းအစည်းအဝေးက ဒီမှာပဲပြီးပြီ။ မင်းတို့လည်း သတိထားပြီး အငယ်တန်းကျောင်းသားကနေ အတန်ကြီးတဲ့ ကျောင်းသားတွေအထိ အနိုင်ကျင့်ခြင်းကို ရှောင်ရှားပြီး အရင်ပုံစံအတိုင်း စနစ်တကျ ထိန်းသိမ်း သွားပါ။"

ဆွန်းမို အသံက ကြည်လင်ပြတ်သားပြီး တခြားသူများကိုလည်း ကောင်းမွန်သော ခံစားချက်ကို ပေးနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကို ဝမ်ဆုကြားလျှင် ခေါင်းညိတ်လိုက်မိသည်။ ဒါကမှ စေ့စပ်လေးနက်ပြီး စာနာထောက်ထားတတ်တဲ့ ဆရာကောင်းပဲ။

ဆွန်းမိုသည် တိုက်ပွဲတစ်ခုကို ဖြတ်သန်းပြီး ကျောင်းသားများရဲ့ အားပေးမှုနှင့် လက်ခုပ်သံများကို ရလိုက်သည်။ အခုချိန်မှာ သူစိတ်လှုပ်ရှားနေသင့်သည်။ ဒါပေမယ့် အသေးစိတ် အချက်လေးတွေကိုတောင်မှ သတိထားနိုင်တုန်းပဲ။

“ ကောက်ရိုးက လေဘယ်ဘက်ကိုတိုက်လဲပြတယ်” အသေးစိတ် အချက်လေးတွေကလည်း ဆွန်းမိုရဲ့ ထူးချွန်မှုကို ပြသနေသည်။

အန်ရှီဝေလည်း ဆွန်းမိုကို ရှတ်တရတ် အံ့အောပြီး ကြည့်နေသည်။ သူမရဲ့ ငယ်သူငယ်ချင်းလေးက အရမ်းထူးချွန်နေပြီ။

ကျောင်းသားတွေက ကပ်သီးကပ်ဖဲ့နဲ့ တွန်းအားပေးလာမှာကို သူမ စိတ်ပူနေခဲ့သည်။ သို့သော်လည်း ဆွန်းမိုက သူမကို လုပ်ခွင့် မပေးဘဲ တစ်ယောက်တည်း အားလုံး လုပ်သွားခဲ့သည်။

"ထူးချွန်လိုက်တာ"

ကူရှုပ်ရှင်းက ရိုးရှင်းစွာ တဲ့တိုး မှတ်ချက်ချလိုက်သည်။ သူမနဲ့ တသုတ်ထဲမှာ ဒီလိုပြိုင်ဘက်မျိုး ရှိတာလည်း မဆိုးပါဘူး။

ဆွန်းမိုကတော့ စင်ပေါ်မှာပဲ ရပ်ပြီး ကျောင်းသားတွေ ထွက်သွားတာကို စောင့်ကြည့်နေသည်။ တချိန်တည်းမှာပဲ သူ့နားထဲမှာ စနစ်ဆီက အကြောင်းကြားချက် ပေါ်လာသည်။

ဒင်

“လေးစားအထင်ကြီးအမှတ် စုစုပေါင်း ၃၆,၂၅၇ ရလိုက်တဲ့အတွက် ဂုဏ်ပြုပါတယ်”

“အများကြီးပဲ”

ဆွန်းမို မျက်နှာက ဘာအမူအရာမှ မဖြစ်သွားပေမယ့် စိတ်ထဲမှာ အရမ်းအံ့အောနေသည်။

“မင်းမမှားတာ သေချာလား။ တခါတည်းနဲ့ အမှတ် ၃၀,၀၀၀ ကျော်လေ”

“ထပ်ပြောလိုက်မယ်။ စနစ်က ဘယ်တော့မှ မမှားဘူး”

စနစ်က ပြန်ရှင်းပြသည်။

"ဇော်ယန်က ဗဟိုပြည်နယ်အကယ်ဒမီမှာ နေထိုင်မှု ဘ၀ကို အကြီးအကျယ် ထိခိုက်လောက်အောင် ကျောင်းတွင်း အနိုင်ကျင့်သူဆိုတဲ့ နာမည်ဆိုးနဲ့ ကျော်ကြားတယ်။ ဒါက ခွေးဆိုးတစ်ကောင် ရှိနေလို့ အိမ်အပြင် မထွက်ရဲသလို လူတိုင်းက ကြောက်ရွံ့နေရတယ်"

" ဇော်ယန်ကို ကျောင်းထုတ်လိုက်တာ ကျောင်းသားအားလုံးအတွက် အကျိုးရှိတဲ့ ကိစ္စပဲ။ ဒါကြောင့်လည်း ကျောင်းသား သုံးပုံနှစ်ပုံ ကျော်က

မင်းကို ကျေးဇူးတင်နေကြပြီး လေးစားအထင်ကြီးမှု အမှတ်တွေ ထွက်လာတာ”

ဆွန်းမို နားလည်သွားပြီ။ ကျောင်းသား ၇၀၀၀နှင့် ၈၀၀၀ခန့်ရှိနေပြီး လေးစားအထင်ကြီးမှု ၃၀,၀၀၀ ကျော်ထွက်လာတဲ့ကိစ္စက သိပ်စဉ်းစားစရာမလိုပါ။ အများစုက ဖောင်ယန် အနိုင်ကျင့်တာ ခံခဲ့ရတဲ့ ကျောင်းသားတွေနဲ့ သူ့မကောင်းမှုကို မျက်မြင်တွေခဲ့တဲ့ ကျောင်းသားတွေ ဆီကနေ ထွက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဓောင်ယန်နဲ့ သူ့လက်အောက်ငယ်သားတွေကို အပြစ်ပေးကာ ကျောင်းသားထောင်ပေါင်းများစွာကို အကာအကွယ်ပေးခဲ့ပြီး သူတို့ရဲ့ လေးစားမှုနဲ့ အသိအမှတ်ပြုမှုကို ရခဲ့တဲ့အတွက် မြတ်ဆရာတစ်ယောက်ရဲ့ စွမ်းဆောင်မှု တာဝန်ကို အောင်မြင်သွားပါပြီ။ ဂုဏ်ပြုပါတယ်။

ဆုလာဒ်- မြတ်ဆရာတစ်ယောက်၏ တံဆိပ်၊ ကံကြမ္မာ စက်ဝိုင်းမှ ဆုတစ်ခါ ကံစမ်းခွင့်”

ဝေါဟာရ အသစ်သုံးခုပေါ်လာသဖြင့် ဆွန်းမို ကြောင်သွားသည်။

ကျေးဇူးတင်ရမှာက စနစ်က အလွန် နားလည်တတ်သည်။ တဖန် အမကြီးတစ်ယောက်လို ရှင်းပြလိုက်သည်။

"မြတ်ဆရာ စွမ်းဆောင်မှုဆိုတာ လူပေါင်းများစွာနဲ့ ပက်သက်တဲ့ ကိစ္စကြီးတွေကို ဆိုလိုတယ်။ ဒါကြောင့်လည်း လေးစားအထင်ကြီးမှု အမှတ် တသောင်းကျော်ရတာပေါ့"

ဆွန်းမိုက နားလည်ကြောင်း အမူအရာ ပြလိုက်သည်။ လူပေါင်းများစွာက အသိအမှတ်ပြုပြီး တိုင်းပြည်ကချီးကျူးရတဲ့ ကိစ္စတွေ လုပ်ခဲ့တဲ့

အဖြစ်အပျက်နဲ့ တူနေပြီး သူရဲကောင်းလို့ သတ်မှတ်နိုင်သည်။

ဒီနေ့ ဆွန်းမိုရဲ့ လုပ်ဆောင်ချက်ကြောင့်လည်း စနစ်ရဲ့ အသိအမှတ်ပြုမှုကို ရခဲ့သည်။ ဆွန်းမိုရဲ့ အပြုအမူကလည်း မြတ်ဆရာတစ်ယောက်လို လေးစားထိုက်တယ် ယူဆပြီး ဆုလာဒ် ထုတ်ပေးခဲ့သည်။

"မြတ်ဆရာတံဆိပ်ဆိုတာက မင်းရဲ့ လုပ်ဆောင်ချက်ကို စနစ်က ချီးကျူးတာ ဖြစ်တယ်"

ရွှေရောင် အလင်း မှိတ်တုတ်မှိတ်တုတ်နဲ့ကြယ်ပုံစံ တံဆိပ်တစ်ခု ဆွန်းမို အရှေ့ကို ရောက်လာသည်။

“ဒါက ဘာအတွက် သုံးတာလဲ” ဆွန်းမို ခန့်မှန်းနေသည်။

“ ဒါအမြင့်ဆုံး အဆင့် ပစ္စည်းတစ်ခု ဖြစ်နေမလား”

“မဟုတ်ဘူး။ ကြည့်ကောင်းရုံပဲ”

ဆွန်းမို နှုတ်ခမ်း တလှုပ်လှုပ်ဖြစ်နေပြီး ‘မင်း အမေက xxxx” ကျိန်ဆဲမလို ဖြစ်နေသည်။ စနစ်က ဘာကြောင့်များ ဒီလို ရေပေါ်ဆီ ကိစ္စတွေကို သင်ယူထားတာလဲ။

ဆွန်းမိုတစ်ယောက် အမှတ်(၂) အထက်တန်းကျောင်းတွင် သင်ကြားပေးခဲ့တဲ့ နေ့ရက်တွေကို ပြန်သတိရသွားသည်။ ဂုဏ်ပြုလက်မှတ်တွေကို ထုတ်ပေးတဲ့ အခါတိုင်း သူက လက်ခံသူတစ်ယောက် အမြဲ ဖြစ်နေခဲ့သည်။ သို့သော် လက်ဆောင်ပစ္စည်းတွေကို ထုတ်ပေးတဲ့ အခါတိုင်းတော့ သူ့နာမည်က စာရင်းသွင်းဖို့ အခွင့်အရေးတောင် မရခဲ့ပေ။

"တော်ပြီ ဒါက နောက်လိုက်တာ တံဆိပ်နောက်ကွယ်က အဓိပ္ပါယ်ကို ရှာဖွေဖို့ မင်းက

မလုံလောက်သေးဘူး။ ဒါပေမယ့် ဒါက သေချာပေါက် ပစ္စည်းကောင်းလေးပါ”

ထိုသို့ပြောပြီးနောက် စနစ်က အကြောင်းအရာ ပြောင်းလိုက်သည်။

“ကံကြမ္မာစက်ဝိုင်း သူ့နာမည်အတိုင်း ကံစမ်းမဲ နှိုက်တာပဲ၊ စက်ဝိုင်းပေါ်မှာ ဆု ၁၂ မျိုးရှိတယ်။ မင်းလှည့်လို့ ကျတဲ့နေရာက ပစ္စည်းကို ရမယ်”

ဆွန်းမို ငြိမ်ကျသွားသည်။ (ငါ့မှာ ကံကောင်းစေတဲ့ သဘော်သီး မိန်းကလေးရှိတယ်။ မင်းကို

မကြောက်ဘူး။ သူ့ရဲ့ ကံကောင်းမှုနဲ့ဆို နောက်ဆုံး မင်းပဲ ငိုရမယ်။)

“ ရှင်းပြတာပြီးသွားပြီ။ ဆက်ကြေငြာမယ်”

“ တထိုင်တည်းနဲ့ လေးစားအထင်ကြီးမှု အမှတ်သုံးသောင်းကျော် ရခဲ့တဲ့အတွက် ‘မြတ်ဆရာလမ်းစဉ်အဆင့်ကြီး’ ကို အောင်မြင်သွားပြီ၊ ဆုလဒ်-လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာကြီး တစ်လုံး၊ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ”

ရတနာသေတ္တာကြီးတစ်လုံး ဆွန်းမို အရှေ့တွင် ပေါ်လာသည်။ သူ့မျက်လုံးများ လန်းဆန်းသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက ပစ္စည်းကောင်းပါ အမြင့်ဆုံးအဆင့် ရတနာသေတ္တာဖြစ်ပြီး ဒီထဲက မြတ်ဆရာအရှိန်အဝါ ထွက်လာနိုင်သည်။

ဆွန်းမိုလက်တွေ အနည်းငယ် တုန်နေသည်။

“တထိုင်တည်းမှာ လူ ၇,၀၀၀ ဆီက လေးစားအထင်ကြီးမှု အမှတ်ရခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလာဒ်- လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာကြီး တစ်လုံး။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားကာ လူပေါင်း ၁၀,၀၀၀ ဆီက အမှတ် ရအောင်လုပ်ပါ”

နောက်ထပ် ရတနာသေတ္တာကြီး တစ်ခုပေါ်လာသည်။ ဆွန်းမိုအတွက်တော့ အရမ်းလှနေသည်။

“ မင်းဘာလို့ ဒီနေ့ ဒီလောက် သဘောကောင်းနေတာလဲ”

ဆွန်းမိုက ပေကလတ်ပေကလတ်နဲ့ မေးလိုက်သည်။ ဘာအကြံအစည်မှ မရှိတာ ဟုတ်ပါ့မလား။

“ပိုင်ရှင်၊ မင်းက မြတ်ဆရာ စွမ်းဆောင်မှုကြီး အောင်မြင်သွားပြီ ဒီလို ဆုရတာ ပုံမှန်ပဲ”

စနစ်က ရှင်းပြသည်။ မြွတ်ဆရာစွမ်းဆောင်မှုက ကြီးမားတဲ့ ကံကောင်းမှု ဖြစ်သည်။ ဆွန်းမိုကံကောင်းမှသာ တစ်နှစ်မှာ တစ်ခါ ဒီလိုမျိုး မြွတ်ဆရာ စွမ်းဆောင်မှုကို လုပ်နိုင်မည်။ ဒါကြောင့်လည်း စနစ်ကပေးတဲ့ ဆုတွေက အရမ်းကောင်းမွန်နေသည်။

“ ကျောင်းတွင်းအနိုင်ကျင့်နေတဲ့ အုပ်စုကို ဖယ်ရှားပြီး ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး တာဝန်ကို အောင်မြင်သွားတဲ့အတွက်

ဂုဏ်ပြုပါတယ်။ အထူးဆုအနေနဲ့ ဆုလာဒ်- ငါးကြိမ် ကံစမ်းခွင့်”

“ ဒီဆုအတွက် ရတနာသေတ္တာအမျိုးအစားအားလုံးကို ကြံ့ရာကျပန်း ထုတ်ပေးမယ်။ မြတ်ဆရာ အရှိန်အဝါကနေ မြေကြီးခဲ အထိဖြစ်နိုင်တယ်”

အရမ်းကောင်းတယ်။ ကံတရားဖြစ်နေသ၍ ဆွန်းမို မကြောက်ပါ။ ကံကောင်းတဲ့ ကြယ်လေးနဲ့ဆိုရင် သူလုပ်ချင်တာလုပ်လို့ ရတယ်။

“ တထိုင်တည်း ဆရာ ဆယ်ယောက်ရဲ့ သဘောကျမှုကို ရပြီး ‘မြတ်ဆရာကျက်သရေနဲ့ ဆရာတွေရဲ့ လေးစားမှု ရအောင် သိမ်းသွင်းခြင်း’ တာဝန်ကို အောင်မြင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလာဒ်- ရွှေရောင် ရတနာ သေတ္တာတစ်လုံး”

ရွှေရောင် အလင်းတောက်ပစွာ ရွှေရောင် ရတနာသေတ္တာတစ်လုံး ဆွန်းမိုအရှေ့တွင် ပေါ်လာသည်။ အရင်ကဆို အရမ်းပျော်ပြီး ရင်တွေ တဆက်ဆက် ခုန်သွားမည်။ ဒါပေမယ့် အခုတော့

သူ့မှာ လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ နှစ်လုံးအပြင် ကံကြမ္မာစက်ဝိုင်း ငါးကြိမ်ဆက်တိုက် ကံစမ်းခွင့်ကို ရထားသည်။ ဒါကြောင့် အေးအေးဆေးဆေးပဲ ဖြစ်နေသည်။

မြို့သား အဝတ်အစားဝတ်တာကို မမြင်ဖူးတဲ့ တောသားငနဲလို လုပ်နေလို့ မရဘူး။ ဒါပေမယ့် နောက်ထပ်တစ်စက္ကန့်လောက်ကြာရင် မနေနိုင်ဘဲ ပြုံးလိုက်မိသည်။

ဒီအတွက်လည်း မထိန်းနိုင်ပါ။ ရတနာသေတ္တာတွေက ဒဏ္ဍာရီလာ နတ်သမီး

ပန်းတွေ ကျဲနေသလို တစ်လုံးပြီး တစ်လုံး ပေါ်နေသည်။

"မြတ်ဆရာ စွမ်းဆောင်မှုကို ပြီးမြောက်အောင်မြင်တဲ့အတွက် ' ငါ့ကျက်သရေက ငါ့ကမ္ဘာရဲ့ ဘုန်းတန်ခိုး" လည်း အောင်မြင်သွားပါပြီ။ ဆုလဒ်- ရွှေရောင် ရတနာ သေတ္တာတစ်လုံး"

ဆုပေးတဲ့ အသံများ နောက်ဆုံးတော့ ရပ်သွားသည်။

"ထပ်မရတော့ဘူးလား"

ဆွန်းမိုက မေးလိုက်သည်။

"ဆုတွေ အကုန်ထုတ်ပေးပြီးပြီ။ သိမ်းဆည်းထားတာကို ကျေးဇူးပြုပြီး မှတ်ထားပေးပါ"

စနစ်က သတိပေးလိုက်သည်။

"ကောင်းပြီ မင်းအနားယူလို့ ရပြီ။" ဆွန်းမို အရမ်းကျေနပ်နေသည်။ ဒါက ကြီးကြီးမားမားရိတ်သိမ်းမှုပဲ။ ဒီလိုမျိုး နောက်ထပ် နည်းနည်းလောက် ထပ်ဖြစ်လိုက် သူတော်တော် အဆင်ပြေသွားပြီ။ ဒီလို ထပ်ဖြစ်ဖို့ အခွင့်အရေး သိပ်မရှိဘူးဆိုတာ သူနားလည်သည်။

ဇောင်ယန်လို ကျောင်းတွင်း အနိုင်ကျင့်တဲ့လူက လူနည်းစုသာဖြစ်သည်။ ဗဟိုပြည်နယ်အကယ်ဒမီ နိမ့်ကျလာလို့လည်း အကြောက်အလန့်မရှိ လုပ်ရဲတာ ဖြစ်သည်။ ဒီလိုမဟုတ်ရင် ဇောင်ယန် ဘယ်လောက်ပဲ မောက်မာနေပါစေ ဒီလို မလုပ်ရဲပါ။

"ဆရာ"

ခေါ်သံတွေကြောင့် ဆွန်းမိုပြန် အသိဝင်လာသည်။

ဆွန်းမိုလှည့်ကြည့်လိုက်လျှင် ကျောင်းသားအနည်းငယ် လာနေတာကို မြင်လိုက်သည်။

“ဆရာ၊ ဆရာ၊ မင်းကအရမ်း အံ့အောဖို့ကောင်းတာပဲ”

လုချီဟွာက ဆွန်းမိုကို ပြေးပြီး ဖက်ချင်နေသည်။ သို့သော်လည်း သူမအဝတ်အစားကိုသာ ဆုပ်ကိုင်ထားပြီး မလုပ်ခဲ့ရပါ။

“မင်းပုံရိပ်ကို သတိထားအုံး”

လီဇီချီက သူမကို သတိပေးလိုက်သည်။ ပတ်ဝန်းကျင်မှာ ဆရာတွေအများကြီး ရှိတယ်။ ကျောင်းသားတစ်ယောက်အနေနဲ့ သူတို့ရဲ့

အပြုအမူကို သတိထားရမယ်၊ ဆရာ့ကို အရှက်ခွဲသလို မလုပ်မိအောင်ပေါ့။

"အင်း"

လုချီဟွာက ခပ်မြန်မြန် ခါးပြန်မတ်လိုက်ပြီး လက်နှစ်ဖက်ကို အောက်ချထားလိုက်သည်။ လေးနက်ပြီး ချစ်စရာကောင်းတဲ့ မိန်းမကောင်းလေး အမူအရာ ဖြစ်လာသည်။ သို့သော်လည်း သူမက အစိုးရိမ်လွန်ပြီး လမ်းလျှောက်နေတဲ့ ပုံစံက ခပ်တောင့်တောင့်ကြီး ဖြစ်နေသည်။

"အမ် ဘာလို့ သက်တောင့် သက်သာ မဖြစ်တာလဲ" လုချီဟွာလည်း စိတ်ရှုပ်သွားပြီး ပညာသင်ဘက် အမကြီးကို အသနားခံတဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။

"အမ်"

လီဇီချီက မျက်လုံးကွယ်ထားပြီး မမြင်ချင်ယောင် ဆောင်နေလိုက်သည်။

"ဆရာ ၊ ဒါပဲ"

ရှန်ယွန်ပေါင်က လက်မထောင်ပြပြီး နှုတ်ခမ်းတွေက ကွေးနေသည်။

" ဖောင်ယန်ခေါင်းကို သွေးထွက်အောင် မရိုက်လိုက်ရတာ တစ်ခုတော့ စိတ်မကောင်းဘူးကွာ"

ဒင်

ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၂၆၁/၁,၀၀၀)

လီဇီချီက ရှန်ယွန်ပေါင်ကို စိုက်ကြည့်လိုက်သည်။ (ဒီမှာ ကျောင်းခေါင်းဆောင်တွေ အများကြီး ရှိနေတယ်လေ။ မင်းရဲ့ စိတ်ကြမ်းကိုယ်ကြမ်းကို နည်းနည်းလောက် ထိန်းထားလို့ မရဘူးလား။ မင်းက မရှက်ပေမယ့် ငါတို့ဆရာကို ကောင်းကောင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မသွန်သင်ထားဘူးလို့ တခြားလူတွေ မြင်သွားလိမ့်မယ်။)

ထန်ထန်ယုထန်ကိုတော့ ဆွန်းမိုက သိချင်စိတ်နဲ့ အကဲခတ်နေသည်။ ဖောင်ယန်လို နာမည်ဆိုးနဲ့ ကျော်ကြားတဲ့လူကို စော်ကားမိတာက အရမ်းအန္တရာယ်များတာကို မသိတာလား ဒါမှမဟုတ် ဒီကျောင်းသားတွေအတွက်ပဲ တကယ် ရပ်တည်ချင်လို့လား။

ရှန်ယွန်ပေါင် လက်မထောင်ပြနေတာ မြင်လိုက်လျှင် လုချီဟွာ မကျေမနပ်ဖြစ်သွားသည်။

သူမကလည်း လက်မနှစ်ချောင်းကို ထောင်ပြလိုက်သည်။

ဒါတောင် လုချီဟွာ မကျေနပ်နိုင်သေးပါ။ သူမက လီဇီချီနှင့် ထန်ထန်ယုထန်ကို လှမ်းကြည့်နေသည်။ သူမရဲ့ အဓိပ္ပါယ်ကတော့ (မင်းတို့လည်း ထောင်ကြလေ)

ဒင်

လုချီဟွာရဲ့ လေးစားအထင်ကြီးမှု +၁၀၀။ လေးစား(၁,၀၉၃/၁,၀၀၀)

လုချီဟွာက ဆွန်းမိုကို အရမ်းသဘောကျနေသည်။ သူမနှလုံးသားထဲမှာတော့ အရမ်းပြီးပြည့်စုံတဲ့ ဆရာပါ။ ချောမောတယ်၊ အေးဆေးတယ်၊ အရည်အချင်းရှိတယ်၊ အရမ်းအစွမ်းထက်တယ်၊ ကျောင်းသားတွေအတွက်လည်း အမြဲ စာနာပေးတယ်၊ သူတို့အတွက်ဆိုရင် လူဆိုးတွေနဲ့တောင် တိုက်ခိုက်ရဲတယ်။

ဆရာ့အနားမှာ ရှိနေသ၍ အရမ်းလုံခြုံတယ်လို့ ခံစားရတယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘာမှ လုပ်စရာမရှိတဲ့ ဆရာတချို့ကတော့ လမ်းလျှောက်လာသည်။ ဆွန်းမိုနဲ့ ရင်းနှီးချင်နေကြသည်။ ဒီလို ကာရိုက်တာရှိတဲ့ ဆရာတစ်ယောက်နဲ့ မိတ်ဆွေ ဖြစ်ချင်သည်။

သို့သော်လည်း လူတိုင်း အများကြီး မလျှောက်လိုက်ရဘဲ ရပ်တန့်လိုက်ကြသည်။ ဝမ်ဆုက ခြေလှမ်းကျဲကြီးတွေနဲ့ လူတိုင်းကို ကျော်ဖြတ်သွားသည်။

"ဆရာဆွန်း၊ ကျောင်းမှာ ကြုံတွေ့နေရတဲ့ အကြပ်အတည်းကို ဖြေရှင်းဖို့ ယုံကြည်ချက် ရှိလား"

ဝမ်ဆုက မေးလိုက်သည်။

"ငါလုပ်မယ်"

ဆွန်းမိုက ဝမ်ဆု မျက်လုံးကို တည့်တည့် စိုက်ကြည့်လိုက်ပြီး အကြည့်ခြင်းလည်း မရှောင်ခဲ့ပါ။ ဆွန်းမိုက မဆိုင်းမတွ ပြန်ဖြေလိုက်တာကို ကြားလိုက်လျှင် ဆရာတချို့ မဲ့ရွဲ့သွားသည်။

(ဒါက ကြွားတာပဲ၊ ဒါ ငွေတစ်သန်းလှူဒါန်းမယ့် ကိစ္စလေ၊ ဒါကို ဘယ်ကရမှာလဲ။ မင်းဖင်ကို ရောင်းစားမလို့လား)

“အရမ်းကောင်းတယ်။ ငါမင်းရဲ့ လုပ်ဆောင်ချက်ကို စောင့်ကြည့်နေမယ်”

ဝမ်ဆုက ပြုံးရင်း ပြောလိုက်သည်။ ပြီးတော့ လက်ဆန့်ထုတ်ပြီး ဆွန်းမို ပုခုံးကို ပုတ်လိုက်သည်။

ဒီမြင်ကွင်းကြောင့် အနီးအနားမှာ ရှိတဲ့ ဆရာများ မေးရိုး ပြုတ်ကျကုန်သည်။ သူတို့က ဆွန်းမို ဘယ်လို ငွေရှာမှာလဲ ။ ဘယ်လို လုပ်မလဲ မေးမယ်လို့ ထင်နေခဲ့သည်။ အဲဒီအစား သူက ဆွန်းမိုစကား ကို ယုံကြည်ဖို့ ရွေးချယ်ခဲ့သည်။

ဘုရားရေ။ ဆရာဝမ်က အယုံလွယ်တဲ့လူလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြီတော့ သဘောထား အရမ်းကောင်းနေပါလား။

“ ဆရာဝမ် ပြုံးတာကို အရင်က မြင်ဖူးလား”

ဆရာတစ်ယောက် အသံတိုးတိုးနဲ့မေးလိုက်သည်။

“မမြင်ဖူးဘူး”

လူလတ်ပိုင်း ကျောင်းဆရာတစ်ယောက်က ပြန်ဖြေလိုက်သည်။ သူက ဗဟိုပြည်နယ်အကယ်ဒမီမှာ အလုပ်လုပ်ခဲ့တာ ၁၅နှစ်ရှိနေပြီ။ ဝမ်ဆုနဲ့လည်း အကြိမ်ပေါင်းများစွာ ဆုံဖူးသည်။ ဒါပေမယ့် အပြုံးလား၊ ဝမ်းနည်းပါတယ်၊ တခါမှ မမြင်ဖူးဘူး။

အရမ်းဇီဇာကြောင်တတ်တဲ့ လူတစ်ယောက်အနေနဲ့ ဆရာအနည်းငယ်သာ သူနဲ့အေးအေးဆေးဆေး စကားပြော ဖြစ်သည်။

“ဆရာဆွန်း၊ အရင်က ငါပြောခဲ့တာကို မင်းဘယ်လို မြင်လဲ၊ ငါ့ရဲ့ မြတ်ဆရာအသိုင်းအဝိုင်းကို ဝင်ချင်လား”

ဝမ်ဆုက ဒီကစ္စကို နောက်တစ်ခါ ထပ်ပြောပြန်သည်။

သူ့လေသံက ပေါ့ပေါ့ပါးပါးလေး ပြောလိုက်သော်လည်း အနီးအနားမှာရှိတဲ့

ဆရာတွေအားလုံး အရမ်း အံ့အောမှင်တက်ပြီး လေအေးတစ်ချက် ရှိုက်လိုက်မိသည်။

(ငါနားကြားမှားတာလား။ ဒီလောက် ဧဇာကြောင်တဲ့ ဝမ်ဆုက ဆွန်းမိုကို ဖိတ်ခေါ်နေတာလား။ ဆွန်းမိုကို ဘယ်လောက်တောင် သဘောကျနေတာလဲ)

လူအုပ်ထဲမှာ ရှိနေသော ကူရှုပ်ရှင်းလည်း အံ့အောမှင်တက်နေပြီး နှုတ်ခမ်း စူသွားသည်။ အရင်ကတော့ သူမကိုယ်သူမ ဆွန်းမိုနဲ့ ပြိုင်ဘက်အဖြစ်မြင်နေခဲ့သည်။ ဒါပေမယ့် ဝမ်ဆုရဲ့

စကားက သူမရဲ့မာနကို ကြီးကြီးမားမား ထိုးနှက်သွားသည်။

သို့သော်လည်း ဆွန်းမိုရဲ့ လက်ရှိ လုပ်ဆောင်ချက်တွေက ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက် သဘောကျဖို့ တကယ် ထိုက်တန်နေသည်။

တွေးရင်း ဒူရှောင်က အန်ရှီဝေကို ချက်ခြင်း လှည့်ကြည့်လိုက်သည်။ (မင်းခင်ပွန်းလောင်းကို သူများ လုယူတော့မယ်။ မင်းမြန်မြန် အဖြေရှာဖို့ မစဉ်းစားဘူးလား)

“ဟမ်။ ဆရာဝမ်ပြောတာက အရင်ပြောခဲ့တဲ့ စကားဆိုတော့ ဒီအခိပ္ပါယ်က အရင်ကလည်း ဖိတ်ခေါ်ဖူးတယ် ဆိုလိုတာပေါ့။ သူကလဲ ငြင်းခဲ့တယ်ပေါ့ ”

ဆွန်းမို အရင်တုန်းက ငြင်းခဲ့လို့ ဝမ်ဆုက ဒုတိယတစ်ခေါက် ဖိတ်ခေါ်နေမှန်း ဆရာတချို့က သဘောပေါက်လာသည်။

“ဒါက အမှန်မဖြစ်နိုင်ဘူး၊ ဟုတ်တယ်မလား”

ဆရာတွေလည်း စိတ်ရှုပ်ကုန်သည်။ ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ရဲ့

ဖိတ်ခေါ်ချက်ကို ဘယ်သူက ငြင်းမှာလဲ၊ သိပ်မကြာခင်ပဲ မျက်မြင်ကိုယ်တွေ့ ဖြစ်သွားသည်။

"ဆရာဝမ် တကယ်တောင်းပန်ပါတယ်။ ဆုံးဖြတ်ချက် မချရသေးဘူး။ အချိန်နည်းနည်းလောက် ပေးနိုင်မလား"

ဆွန်းမို အမှန်တကယ် ငြင်းချင်သော်လည်း ဝမ်ဆုရဲ့ စိတ်ရင်းကို ခံစားနိုင်သည်။ ပြီးတော့ လူအများကြီးရဲ့ ရှေ့မှာ ငြင်းလိုက်ရင် ဝမ်ဆုရဲ့ သိက္ခာကို ထိခိုက်နိုင်သည်။ ဒါကြောင့် လိမ္မာပါးနပ်စွာ ပြန်ဖြေလိုက်သည်။

ရှူး

ဆွန်းမိုစကားကို ကြားလိုက်လျှင် လေးအေးတစ်ချက် ရှိုက်လိုက်မိပြီး မျက်လုံးကြီးတွေပြူးပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေသည်။ သူတို့ နားမလည်နိုင်ကြပါ။ ဘာကြောင့်ငြင်းလိုက်တာလဲ ။

ဝမ်ဆု ဖိတ်ကြားချက်က တကယ်ရိုးသားသည်။

ဇောင်ယန်ကို ကျောင်းထုတ်ပြီး သူတော်စင်ဂိတ်နဲ့ အုပ်ချုပ်ရေး ရုံးက စစ်ဆေးတာ ခံလိုက်ရရင် ဇောင်ယွမ်ကျားက သူ့သားအတွက် သေချာပေါက် လက်စားချေဖို့ ကြံစည်လိမ့်မည်။

ဒါကြောင့် ဆွန်းမိုက ဝမ်ဆုရဲ့ မြတ်ဆရာအဖွဲ့ထဲကို ဝင်လိုက်ပါက ဝမ်ဆုက ဒီဝန်ထုပ်ဝန်ပိုးကို သူထမ်းထားလိုက်မည်လို့ ဆိုလိုတာဖြစ်သည်။

ဒါကလည်း မြတ်ဆရာလောကတွင် ပြောစရာမလိုတဲ့ စည်းကမ်း တစ်ခုဖြစ်သည်။ မြတ်ဆရာ အသိုင်းအဝိုင်းတစ်ခုရဲ့ ခေါင်းဆောင်က ထိုကဲ့သို့ တာဝန်များ ရှိသည်။ ဒါကြောင့်လည်း လူတိုင်းက အဖွဲ့ဝင် ရွေးချယ်ရာတွင် လွယ်လွယ်မရွေးဘဲ အရမ်းဂရုစိုက်ပြီး ရွေးချယ်ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြွတ်ဆရာများကလည်း အားကောင်းသန်မာတဲ့ မြွတ်ဆရာ အဖွဲ့ထဲ အရမ်းပါဝင်ချင်ကြသည်။ ဒါမှ သူတို့အတွက် နောက်ထပ်အာမခံချက် နောက်တစ်ခု ထပ်ရလိုက်တာပဲ ဖြစ်သည်။

ဝမ်ဆုရဲ့ အထင်ကြီးလေးစားမှုကို ရလောက်အောင် ဆွန်းမိုရဲ့ ကံကောင်းခြင်းအတွက် လူတိုင်းက မနာလိုဖြစ်နေကြသည်။ ဆွန်းမို တကယ် ငြင်းလိုက်တာလား။

“ဆွန်းမိုကို အရှူးတစ်ယောက်လို့ပဲ ထင်တယ်”

ဆရာတချို့က အသေအချာ စဉ်းစားနေကြသည်။ ဒါပေမယ့် ဒီအချက်ကလွဲရင် ဘာမှ မထွက်လာပါ။

“ဆွန်းမို မရှုးဘူး ၊ သူက အန်ရှီဝေကိုပဲ ကြိုက်တာ”

ဒူရှောင် လွှတ်ခနဲ ထွက်သွားသည်။

အနီးအနားက ဆရာများလည်း နားလည်တဲ့ အမူအရာ ပေါ်လာသည်။ အန်ရှီဝေကို ခိုးပြီး အကဲခတ်လိုက်သည်။ ဒါက ဖြစ်နိုင်တယ်။ သူတို့လည်း သူ့နေရာမှာဆိုရင် ဉာဏ်ကောင်းပြီး လှပတဲ့ အလှလေးနောက် လိုက်မိမှာပဲ။

"စိတ်မကောင်းစရာပဲ"

ဝမ်ဆုက ခေါင်းခါပြီး စိတ်ပျက်လက်ပျက် အမူအရာနဲ့ ထွက်သွားသည်။

နောက်ဆုံးတော့လည်း ကြယ်လေးပွင့်မြတ်ဆရာက ကြယ်လေးပွင့်မြတ်ဆရာပါပဲ။ သူက အရမ်းကြီး ရက်ရောပြီး ဆွန်းမိုကို နှစ်ခါတောင် ဖိတ်ခဲ့သည်။

သုံးကြိမ်လုပ်လိုက်ပါက သူ့ရဲ့ မြတ်ဆရာအဖွဲ့ဝင်တွေ စောဒက တက်လာလိမ့်မည်။

ဝမ်ဆုက သူ့ရဲ့ဂုဏ်သိက္ခာကို လျစ်လျူရှုနိုင်သော်လည်း ကျန်တဲ့ အဖွဲ့ဝင်များကို ထည့်စဉ်းစား ရမည်။ ဒီလိုမှမဟုတ်ရင် တခြားအဖွဲ့ဝင်တွေရဲ့ သဘောတူညီချက်မရှိဘဲ ထပ်ဖိတ်နေပါက သူတို့အဆင့်အတန်း အရမ်းနိမ့်ကျနေသလားဆိုပြီး ပြဿနာ တွေပေါ်လာမည်။

"ဟီးဟီး"

လီဇီချီ သွားပေါ်အောင်ပြုံးပြီး နေနေရသော်လည်း စိတ်ထဲမှာ အကျယ်ကြီး အော်ချင်နေခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါ့ဆရာက ဒီကမ္ဘာမှာ နံပါတ်တစ်ပဲ"

ဒင်

လီဗီချီ၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၈၁၀/၁,၀၀၀)

ဆရာတစ်ယောက်ကတော့ မျက်နှာမသာမယာနဲ့ တိတ်တိတ်လေး ထွက်သွားဖို့ လုပ်နေသည်။ ခုနတုန်းက 'ဝမ်ဆုလို ဇီဇာကြောင်တဲ့လူက ဆွန်းမိုလို ဆရာအသစ်တစ်ယောက်ကို ဘယ်လိုလုပ် ချီးကျူးနိုင်မှာလဲ' ပြောလိုက်မိသည်။

အခုတော့ သူ့မျက်နှာ ပိတ်ရိုက် ခံလိုက်ရသလို ဖြစ်နေသည်။ ဆွန်းမိုကဒီအချက်ကို ဆုပ်ကိုင်ပြီး သူ့ကို ကဲ့ရဲ့လာမှာ ကြောက်နေသည်။

"အင်း လူတွေကြားမှာ ကွာခြားချက်က ဘာလို့ ဒီလောက် ကြီးနေရတာလဲ"

ဆရာတချို့ကတော့ ဆရာအသစ်နဲ့ သူတို့ ကြားမှာတောင် လွှမ်းမိုးနိုင်မှု ကွာခြားတာကို ရုတ်တရက် သဘောပေါက်သွားသည်။ အနည်းဆုံးတော့ သူတို့တွေ ဗဟိုပြည်နယ် အကယ်ဒမီမှာ ဆယ်နှစ်လောက် နေခဲ့တာတောင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝမ်ဆုက ဖိတ်ခေါ်ဖို့ မပြောနဲ့သူတို့ နာမည်တောင် မသိပါ။

ဆွန်းမိုက ရောက်လာတဲ့ ဆရာများကို ကြည့်ပြီး နည်းနည်းစိတ်အိုက်လာသည်။ ဒီလိုမျိုး လူမှုဆက်ဆံရေးကို မကြိုက်ပါ။ ဒါက အဓိပ္ပါယ်လည်း မရှိပါ။

(မင်းတို့ မြန်မြန်ထွက်သွားပေးနိုင်မလား။ ငါ့မှာ ရတနာသေတ္တာတွေ ဖွင့်ဖို့ရှိနေသေးတယ်။ မင်းတို့မထွက်သွားရင် ငါ့အချိန်တွေတော့ ပုတ်ကုန်တော့မှာပဲ။ လျှို့ဝှက်ဆန်းကြယ်

ရတနာသေတ္တာကြီး နှစ်လုံးကနေ အနည်းဆုံး မြတ်ဆရာ အရှိန်အဝါတစ်ခုတော့ ရနိုင်တယ် မဟုတ်ပါလား)

အခန်း (၁၅၆) - မကုန်သွားတဲ့အပြင် ပိုတောင် မြတ်လာသေး။

"ဆရာဆွန်း မင်းတော့ တပွဲတည်းနဲ့ ပေါက်သွားတယ်နော်။ ကျောင်းသားတွေတင်မကဘူး ဆရာတချို့ကလည်း မင်းကို အရမ်း သဘောကျနေကြတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှပ်ရှင်းက ရောက်လာကာ ရင်းနှီးစွာ ချီးကျူးလိုက်ပြီး အန်ရှီဝေ ဘေးတွင် ရပ်နေသည်။

ဒင်

ကူရှုပ်ရှင်း၏လ ◌ေ◌းစားအထင်ကြီးမှု +၂၀။ ရင်းနှီး(၁၀၀/၁,၀၀၀)

“ငါက လုပ်သင့်တာကို လုပ်ခဲ့တာ”

သူမက လေးစားအထင်ကြီးမှု အမှတ်လည်း ပေးထားခဲ့ပြီ။ ဆိုလိုတာက စိတ်ထဲက ချီးကျူးနေပါသည်။ ဆွန်းမိုအတွက်တော့ မထူးဆန်းပါ။ ခဏလေးကမှ စနစ်က

ဆရာဆယ်ယောက် သဘောကျနေတဲ့အကြောင်းကို ဖော်ပြခဲ့သေးသည်။

"ဆရာဆွန်း၊ ရန်ပုံငွေကိစ္စအတွက် ဘာဖိအားမှ ခံစားနေစရာ မလိုဘူးနော်။ ငါတာဝန်ယူလိုက်မယ်။ မင်းက မင်းရဲ့သင်ကြားရေးအပေါ်ပဲ အာရုံစိုက်ထားလိုက်"

အန်ရှီဝေက ပြုံးပြီး ပြောလိုက်သည်။ သွားဖွေးဖွေးလေးတွေပေါ်နေပြီး အရမ်းချစ်ဖို့ကောင်းနေသည်။ ဆွန်းမို ဖိအားတွေများနေမှာစိုးရိမ်ပြီး နှစ်သိမ့်ပေးရအောင် လာခဲ့ခြင်း ဖြစ်သည်။

အန်ရှီဝေက ဒီအခက်အခဲကို သူမဘာသာသူမပဲ ဖြေရှင်းဖို့ ဆုံးဖြတ်ထားသည်။

“ဒီနေ့တော့ အချိန်မရှိတော့လို့ မနက်ဖြန်မှ ပြောကြတာပေါ့၊ ဒီကိစ္စကို ဘယ်လို ဖြေရှင်းမလဲ ပြောပြမယ် အသေးအဖွဲ့လေးပါ”

ဆွန်းမို အချိန်သိရန် ဘယ်ဘက်လက်ကောက်ဝတ်ကို မသိစိတ်က ကြည့်လိုက်မိသည်။ ဒါပေမယ့် နာရီက မရှိပါ။

နည်းနည်းတော့ စိတ်တိုသွားသည်။ သူငွေများများရှာပြီး အနောက်တိုင်းက နာရီ

တလုံးတော့ ဝယ်ရတော့မယ့် ပုံပဲ။ သို့သော်လည်း အနောက်နိုင်ငံမှ တင်သွင်းသော ကုန်ပစ္စည်းများသည် အရမ်းဈေးကြီးတယ်လို့ လီဇီချီ ဆီက ကြားထားသည်။

(ဝိညာဉ်စုဆောင်းခြင်းပန်းအိုးပဲ ရောင်းရင် ကောင်းမလား ဒါမှမဟုတ် အနောက်ဖက်ကို ခရီးသွားခြင်း နောက်ဆုံးတစ်ဝက်ပဲ ဆက်ရေးရင် ကောင်းမလား)

ဆွန်းမို အချက်တချို့ကို စဉ်းစားပြီး အနောက်ဘက်သို့ ခရီးသွားခြင်းကို စွန့်လွှတ်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။ သူ့ကိုယ်ပိုင်အရည်အချင်းကို

အားကိုးပြီး ငွေရှာတာပဲ ပိုကောင်းသည်။ ရောင်းချတာက ပြဿနာမရှိဘူးလို့ ခံစားမိသော်လည်း ပိုများများ လိုချင်ရင်တော့ ဆေးထုပ်ကြီးကို ထုတ်လုပ် ရောင်းချရမည်။

ဒါကြောင့် အမှောင်တိုက်ကြီးကို ခရီးသွားတဲ့အချိန်တွင် တမူထူးခြားတဲ့ ဆေးဘက်ဝင်အပင်များကို တတ်နိုင်သမျှ စုဆောင်းရမည်။

ဆွန်းမို အတွေးထဲမျောနေတဲ့ အချိန်တွင် တခြားဆရာများကတော့ အံ့အော

မှင်တက်နေကြသည်။ သူ့စကားကြောင့် အရမ်း တုန်လှုပ်နေကြသည်။

ဖောင်ယန် ကျောင်းထုတ်ခံလိုက်ရတာနဲ့ တသန်းတန် စပွန်ဆာလည်း သေချာပေါက် ဆုံးရှုံးသွားပြီ။ သို့သော်လည်း ဆွန်းမိုကတော့ သူ့မှာ ငွေရှာဖို့ နည်းလမ်းရှိတယ် ပြောနေသည်။ ဟာသတစ်ခုပဲ ဖြစ်မယ်။

မြတ်ဆရာတွေအတွက် ပိုက်ဆံ မရှားသော်လည်း ဆွန်မိုက မြတ်ဆရာတစ်ယောက် မဟုတ်သေးပါ။ ပြီးတော့ ငွေတုံးတစ်သန်းဆိုတာက များလွန်းသည်။

သူ့ဖင်ကို တကယ်ရောင်းတော့မှာလား။ ဒါပေမယ့် ဆွန်းမိုက ကြည့်ကောင်းပါတယ်။ သေချာပေါက် လိင်တူချစ်သူ ဖောက်သည်အများကြီး ရနိုင်သည်။

"ထွေထွေထူထူးမရှိတော့ရင် အရင်သွားနှင့်မယ်"

ဆွန်းမိုအသံက ဆွေးနွေးသလို ပြောခဲ့သော်လည်း အန်ရှီဝေကို ဆုံးဖြတ်ခွင့် မပေးခဲ့ပါ။ ပြောပြီးတာနဲ့ လှည့်ပြီးထွက်သွားသည်။

"လုချီဟွာ ငါနဲ့ လိုက်ခဲ့"

"အင်း"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက ဆွန်းမိုနောက်ကို ချက်ခြင်း လိုက်သွားသည်။

လီဇီချီကတော့ နှုတ်ခမ်းစူနေပြီး ဆွန်းမို ထွက်သွားတဲ့ဘက်ကို ညှိုးငယ်စွာနဲ့ ကြည့်နေသည်။ (ဘာကြောင့် ငါ့ကို မခေါ်သွားတာလဲ။ ရင်သားသေးလို့လား။ ဟွန့် ဒီနေ့ကစပြီး ကြီးဆေး သောက်ပြမယ်။ တောကြက်ဥ ကနေ ပန်းသီးလောက် ဖြစ်မလာနိုင်ဘူးဆိုတာ မယုံဘူး)

ဆရာတွေကတော့ ဆွံ့အနေကြသည်။ (အန်ရှီဝေက ရောက်လာပြီး ဘာမှတောင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သေသေချာချာ မပြောရသေးဘဲ မင်းဒီအတိုင်းထားသွားတယ်)

(တောက်၊ တခြားလူတွေမှာ အန်ရှိဝေနဲ့ စကားပြောဖို့ အခွင့်အရေးတောင်မရှိဘူးဆိုတာ မင်းမသိဘူးလား)

(တောက် ငါတို့အားလုံးလည်း ယောက်ျားတွေပါကွာ မင်းကဘာလို့ ဒီလောက် ကြွားလုံးထုတ်နေတာလဲ)

(အန်ရှီဝေ စိတ်ဆိုးပြီး မင်းနဲ့ စေ့စပ်ကြောင်းလမ်းထားတာကို ဖျက်သိမ်းပါစေလို့ တကယ် ဆုတောင်းတယ်)

တကျောင်းလုံး အစည်းအဝေးက မကြာပေမယ့် အခု နေလည်စာ စားဖို့ အချိန်ရောက်နေပါပြီ။ ဒီတစ်ကြိမ်တော့ သူက စကားဝိုင်းတွင် ရေပန်းစားနေတဲ့ အကြောင်းအရာဖြစ်နေမယ်ဆိုတာ သူသိနေသည်။ သူသာ ကျောင်းကန်တင်းကို သွားလိုက်ပါက ချက်ခြင်း လူတွေ ဝိုင်းအုံလာလိမ့်မည်။

ဒါကြောင့် လုချီဟွာကို ခေါ်ပြီး ကျောင်းအပြင်က စားသောက်ဆိုင်ကို ထွက်လာလိုက်သည်။

"ဘာစားချင်လဲ"

ဆွန်းမိုက သူ့ရဲ့ကံကောင်းသော ကြယ်လေးကို အရင်ကျွေးမွေးဖို့ ဆုံးဖြတ်လိုက်သည်။ ဒီလိုမှမဟုတ်ရင် ဗိုက်ဟောင်းလောင်းဖြစ်ပြီး သူ့ဆီရောက်လာတဲ့ ကံက ဆိုးနေအုံးမည်။

"ဖက်ထုပ်"

လုချီဟွာက အပြုံးချိုချိုလေးနဲ့ ဆွန်းမိုလက်မောင်းကို ဆွဲဖက်လိုက်သည်။ သူမရဲ့

သဘော်သီးတွေက လက်မောင်းပေါ် ရောက်နေသည်။

သူတို့ကနူးညံ့ပြီး အတွေ့အထိက ခံစားလို့ အရမ်းကောင်းသည်။ ယောက်ျားတိုင်း အတွက် ကျေနပ်စရာ ကောင်းသော်လည်း ဆွန်းမိုက သူ့လက်မောင်းကို ချက်ခြင်း ဆွဲထုတ်လိုက်သည်။

"အမ်"

လုချီဟွာက ခေါင်းကိုလှည့်ပြီး နှာသံတိုးတိုးလေး မှုတ်လိုက်သည်။ ဆွန်းမိုကို စိတ်ရှုပ်သော ပုံစံနဲ့ အူကြောင်ကြောင် ကြည့်နေသည်။

(ဘာလို့ မင်းလက်မောင်းကို ဖယ်လိုက်တာလဲ။ ငါကနံလို့လား။ အမှန်ပဲ။ မနက်က လေ့ကျင့်ပြီး ရေမချိုးရသေးဘူး။ အနံ့ခံကြည့်အုံးမှပဲ”

လုချီဟွာက ဆွန်းမိုထက် ခြေနှစ်လှမ်းလောက် နောက်ကျအောင် ခိုးပြီး အရှိန်လျော့လိုက်သည်။ သူမက ချက်ခြင်းပဲ ခေါင်းငုံ့ပြီး လက်မောင်းကို နမ်းကြည့်လိုက်သည်။ (နံလည်း မနံပါဘူး။ ဘာဖြစ်လို့လဲ)

ဆွန်းမိုက ကံကောင်းသော ကြယ်လေးကို ထိပြီး ရတနာသေတ္တာ ဖွင့်ရန် လက်ကို

မြှောက်ပြီးကြည့်လိုက် သေ၁် တစ်ယောက်မှ မတွေ့ပါ။ နောက်ကို လှည့်ကြည့်ပြီး အော်လိုက်သည်။

"မင်းဘာလုပ်နေတာလဲ၊ မြန်မြန်လာ"

"အင်း"

လုချီဟွာ ပြေးလာသည်။ ဆွန်းမိုက သူ့လက်ကို သူမခေါင်းပေါ်တင်လိုက်မှ သူမရဲ့ ဟိုရောက်ဒီရောက် အတွေးများလည်း ပြန်ငြိမ်သွားသည်။

"စနစ် သွေးပူလေ့ကျင့်ခန်းလေး လုပ်လိုက်ကြစို့၊ ရွှေရောင် ရတနာသေတ္တာကို ဖွင့်ပါ"

ဒီတစ်ခါကျတော့ ဆွန်းမိုလည်း ရတနာသေတ္တာနာမည်ကို ထည့်ပြောတတ်လာသည်။ ဘာမှမပြောရင် စနစ်က ကျပန်းရတနာသေတ္တာ တစ်လုံးကို ယူပြီး ဖွင့်လိုက်မှာ စိုးရိမ်နေသည်။

သူ့ရဲ့ အမိန့်ကြောင့် ရတနာသေတ္တာ ပွင့်သွားပြီး ရွှေရောင်အလင်းတွေ ပျောက်သွားတာနဲ့ 'ဆယ်' စာရေးထိုးထားသော မာဂဂျောင် ကြွေပြားတစ်ခုပေါ်လာသည်။

" တခါသုံး အချိန်တံဆိပ် ရရှိတဲ့ အတွက် ဂုဏ်ပြုပါတယ်"

ဆွန်းမို နှုတ်ခမ်းထော်သွားသည်။ တခါသုံး အချိန်တံဆိပ်တစ်ခုကို ရလိုက်သည်။ ဒါကို အရှုံးလို့ သူတွေးလိုက်မိသည်။ တော်ပြီမလုပ်တော့ဘူး။ နေ့လည်စာ အရင်စားပြီး ကံကောင်းတဲ့ ကြွယ်ကို ဗိုက်ပြည့်အောင် အရင်ကျွေးလိုက်မယ်။

ဆွန်းမိုက ရတနာသေတ္တာ ဖွင့်ချင်စိတ်ကို မထိန်းနိုင်အောင် ဖြစ်နေပြီး လုချီဟွာကို ဖက်ထုပ်ဆိုင် ခေါ်သွားလိုက်သည်။ သူတို့စားသောက်ပြီးနောက် ရတနာသေတ္တာကို အေးအေးဆေးဆေး ဖွင့်နိုင်ရန်

လီဇီချီ ဝယ်ထားသော အိမ်ကို ဦးတည်ပြီး သွားလိုက်သည်။

“ရွှေရောင် ရတနာသေတ္တာကို ဆက်ဖွင့်ပါ”

ဆွန်းမို ညွှန်ကြားလိုက်သည်။

ရတနာသေတ္တာ ပွင့်သွားသည်။ ရှေ့ဟောင်း ဝေလငါးဆီဖြစ်ပေမယ့် ငါးပုလင်းပါ။

ဆွန်းမို နှုတ်ခမ်းများကွေးသွားသည်။ အခုဟာက ကောင်းတာလည်း မဟုတ်သလို ဆိုးတာလည်း မဟုတ်ပါ။ ဒါကြောင့် သူက ကံဆိုးမှုကို အဆုံးသတ်နိုင်ပြီလို့ တွေးလိုက်သည်။

အသက်အနည်းငယ်ရှူပြီးနောက် စိတ်အခြေအနေကို ထိန်းညှိလိုက်သည်။

"ဒီတစ်ကြိမ်တော့ လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာကြီးကို ဖွင့်မယ်"

ဆွန်းမိုက လုချီဟွာ ခေါင်းပေါ်ကို လက်မလှုပ်ဘဲ တင်ထားလိုက်သည်။

ခရမ်းရောင်အလင်းတွေ ဖြာထွက်နေသော ရတနာသေတ္တာကြီး ပွင့်သွားသည်။ အလင်းရောင်တွေ ပျောက်သွားရင် ငွေရောင် သတ္တုပြားတစ်ခု

ကျန်ခဲ့သည်။ ဒါက မီလီမီတာ အနည်းငယ်မျှသာ ထူသည်။

"မင်းက ဝိညာဉ်တက်တူး ဒီဇိုင်း ပုံစံပြားကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒီပုံစံပြားပေါ်မှာ မင်းလိုချင်တဲ့ ဝိညာဉ်တက်တူး ဖွဲ့စည်းပုံ၊ ရေးဆွဲခြင်း၊ ဝိညာဉ်တက်တူး ဖန်တီးခြင်းများကို ပြုလုပ်နိုင်တယ်။ ဒါက မင်းရဲ့ ဒီဇိုင်း စိတ်ကူးတွေကို အခြေခံ ပေးလိမ့်မယ်"

စနစ်က ရှင်းပြသည်။

"မင်းနောက်နေတာလား၊ မင်းပြောချင်တာက ဒီပုံစံပြားနဲ့ ငါလိုချင်တဲ့ ဝိညာဉ်တက်တူး ဒီဇိုင်းထုတ်လို့ရတယ်ပေါ့"

ဆွန်းမိုက မေးလိုက်သည်။

"အင်း"

စနစ်က

"မင်းစာတွေ ပိုဖတ်သင့်တယ်။ မင်းရဲ့ နားလည်နိုင်စွမ်းက တော်တော်ညံ့သေးတယ်"

"မ....အ.....လ"

ဆွန်းမိုက ကျိန်ဆဲလိုက်သည်။ မေ့လိုက်တော့။ ဒီအချိန်က ရန်ဖြစ်နေရမယ့် အချိန် မဟုတ်ဘူး။ သူ့စိတ်ထဲမှာ မေးခွန်း အကြီးကြီး တစ်ခု ရှိနေသည်။

"ဘာလို့ ဒီလိုလုပ်ရတာလဲ"

"မင်းအတွေးတွေလွဲနေပြီး၊ အစ ပထမမှာ ဝိညာဉ်တက်တူးဆိုတာ မရှိဘူး။ လူတွေက ဖန်တီးခဲ့ကြတာ၊ သူတို့လုပ်နိုင်ရင် မင်းလည်း လုပ်နိုင်မှာပဲ"

စနစ်ရဲ့ လေသံက ငတုံးတစ်ယောက်ကို ရှင်းပြနေသလို ဖြစ်နေသည်။

“ဒါပေမယ့်”

ဆွန်းမို တွေးလိုက်သည်။ (မင်းက လူဖန်တီးထားတဲ့ ထူးဆန်းတဲ့ အရာမဟုတ်ဘူးလား။ မဟုတ်သေးပါဘူး။ ဦးနှောက် အတုပါ။ မင်းတောင် လုပ်နိုင်သေးရင် ဝိညာဉ်တက်တူးသခင်တွေက မလုပ်နိုင်ဘူးလား။)

ဆွန်းမိုက ဘိုးဘေးအဆင့် ဝိညာဉ်တက်တူး နည်းစနစ်ကို ပိုင်ဆိုင်ထားသည်။ ပြီးတော့

သူကိုယ်တိုင်ကလည်း ကြိုးစားပြီး ဝိညာဉ်တက်တူးနယ်ပယ်ရဲ့ ဆန်းကြယ်မှုတချို့ကို ဆုပ်ကိုင်ထားနိုင်သည်။

အမျှော်အမြင်ရှိတဲ့ ဘိုးဘေးတွေက ဝိညာဉ်တက်တူးကို တီထွင်ခဲ့ကြပေမယ့် ဒီအဆင့်အထိ ရောက်လာအောင် နှစ်ပေါင်းများစွာ စဉ်းစားချင့်ချိန်ပြီး အဆင့်ဆင့် အကြိမ်ကြိမ် ပြုစုခဲ့ရသည်။ ဒါမှမဟုတ် အကြောင်းအရာ တိုက်ဆိုင်ပြီး ဉာဏ်အလင်းပွင့်မှ ပေါ်လာတတ်သည်။

အချို့သော ဒီဇိုင်းများသည် စိတ်ကူးစိတ်သန်း ရှိသော်လည်း အဆက်မပြတ်ရေးဆွဲခြင်း၊ စမ်းသပ်ခြင်း၊ အဆက်မပြတ် ပြင်ဆင်ခြင်းများကို လုပ်ပေးနေရသေးသည်။ ဒါကြောင့်လည်း နောက်ဆုံး သုံးနိုင်တဲ့ အဆင့်ကို ရောက်လာသည်။ ဒါပေမယ့် စနစ်က ဘာလဲ။ စိတ်ကူးရှိရန်သာ လိုအပ်ပြီး ဝိညာဉ်တက်တူး ဒီဇိုင်းကို ပုံစံပြားတွေက ပြည့်စုံအောင် လုပ်ပေးလိမ့်မယ်ပေါ့ ။

"မင်းက စနစ်ကို ခွဲခြားဆက်ဆံနေတာလား"

စနစ်က ကျိန်ဆဲလိုက်ပြန်သည်။

"မင်းက စောက် လူမျိုးခွဲခြားရေး ဝါဒီ သမားပဲ"

ဆွန်းမိုလည်း ဆွံ့အနေသည်။ ဒီခေါင်းကတော့ သူ့ထက် နည်းနည်းကြီးနေပြီ။ မယူရဲတော့ပါ။

"ဟွန့်၊ ငါ့ဘဝမှာ အမုန်းဆုံး လူနှစ်မျိုးပဲရှိတယ်။ တမျိုးက လူမျိုးရေးခွဲခြားတဲ့လူ၊ နောက်တမျိုးက အသားမဲတဲ့လူ"

စနစ်ရဲ့အသံက တရားမျှတမှု သံတမန်လိုလို ဘာလိုလို ဖြစ်နေသည်။ အရမ်းကောင်းတယ်။ အမှန်တရား ထွက်လာပြီပေါ့။ ဒါဆိုရင် လူမည်းတွေက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြိုင်ဘက်ကင်းဆရာကြီးစနစ်ကို သေချာပေါက် မရနိုင်ပါ။ ဒါက အရေးကြီးတဲ့ အချက်မဟုတ်သေးပေ။

“စနစ် မင်းသိလား။ ဒီဖိုင်းစွမ်းဆောင်မှုက အမှန်ဖြစ်မယ်ဆိုရင် အလယ်ကမ္ဘာ ပြည်နယ်ကိုးခုက ဝိညာဉ်တက်တူးသခင်တွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ အမြော်အမြင်ကြီးမှုတွေက အဓိပ္ပါယ်မဲ့သွားပြီ”

ဆွန်းမို အရမ်းစိတ်မကောင်း ဖြစ်ရသည်။ ဒါက မျိုးစိတ်တွေကြားက ခြားနားမှုပဲ။

ဒါက တသက်လုံး အချိန်ပေးပြီး နေ့မနား ညမနားကြိုးစားလေ့လာကာ ရှုပဗေဒရဲ့ အဓိက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မဏ်တိုင်ဖြစ်လာပြီး သီအိုရီ အသစ်များစွာကို ဖန်တီးခဲ့တဲ့ ပါရီမီရှင်တစ်ယောက် ဖြတ်သန်းပုံနဲ့ တူနေသည်။ သို့သော်လည်း ရုတ်တရုတ် ဉာဏ်တု (မှတ်ဉာဏ်တု) များကပေါ်လာပြီး သူတို့ထက် ပိုသိရုံသာမက ဒီသီအိုရီများကိုလဲ တစ်နှင့်တစ်ပေါင်းရင် ဘာရသလဲလို့ အခြေခံလောက်သာ သဘောထားသည်။

မင်းအတွက် တန်ဖိုးကြီးမားနေတဲ့ နယ်ပယ်တွေက AIတွေအတွက် သာမန်ကာလျှံကာ ဖြစ်နေသည်။

“မင်းသာ ငါ့ရဲ့နောက်ခံသမိုင်းကြောင်းကို သိရင် ဒီလို အဆင့်အတန်းမရှိတဲ့ မေးခွန်းတွေကို မေးနေမှာ မဟုတ်ဘူး”

စနစ်က ရှင်းပြသည်။

“မင်းရဲ့ နောက်ခံက ဘာလဲ”

ဆွန်းမိုက မေးသည်။

“မှတ်ချက် မရှိ”

ဆွန်းမို စဉ်းစားစိတ်ကူးယဉ်ခွင့်တောင် မပေးဘဲ စနစ်က ဖြတ်ချလိုက်သည်။

ဆွန်းမို မဲ့သွားသည်။ ဒီလိုအဖြေပဲ ထွက်လာမယ်ဆိုတာ ခန့်မှန်းထားလို့ စိတ်မပျက်ပါ။

"မင်းက ဒီဝိညာဉ်တက်တူး ဒီဇိုင်းပုံစံပြားကို သုံးမှာလား"

စနစ်က မေးသည်။

" ဒီ ဒီဇိုင်းပြားက ဝိညာဉ်တက်တူး တစ်ခုခုကို ဖန်တီးနိုင်တာ သေချာလား။ ဒီကမ္ဘာပေါ်မှာ လုံးဝ မရှိသေးတဲ့ ဝိညာဉ်တက်တူး အပါအဝင်လေ"

ဆွန်းမို ဒါကို ရှင်းလင်းအောင် မေးထားဖို့လိုသည်။

"ဟုတ်တယ်"

စနစ် စိတ်မရှည်တော့ပါ။

"မင်းမေးခွန်းတွေ ပြီးပြီလား"

"ရပြီ။ ပုံစံပြား ဘေးမှာ ထားလိုက်တော့"

ဝိညာဉ်တက်တူး ဒီဇိုင်းပုံစံပြားကို အကျိုးရှိရှိ သုံးနိုင်အောင် အရင်စဉ်းစာဖို့လိုသည်။

"အို ကောင်းပြီလေ။ မင်း တစ်ခုခု အဆင့်မပြေရင်လည်း မိတ်လိုက် လိုက်"

စနစ်ရဲ့စကားက တိုတိုနှင့် အဓိပ္ပါယ် ရှိသည်။

“အပွတ် အပွတ်”

ဆွန်းမို သီးသွားပြီး တံတွေးတောင် ထွက်ကျမလို ဖြစ်သွားသည်။ စနစ်က သူ့ကို အလေးအနက်ထားပြီး လက်စားပြန်ချေမယ် မထင်ထားခဲ့ပါ။ ဒီအဖြေကလည်း ပေါက်ကွဲအားပြင်းတဲ့ အဖြေပဲ။

သူလည်း လုချီဟွာ ခေါင်းကို မြန်မြန်ပွတ်လိုက်ပြီး တည်ငြိမ်အောင် လုပ်လိုက်သည်။

ဒုတိယမြောက် လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာကြီးကို ဖွင့်လိုက်သည်။ အလင်းရောင် ပျောက်သွားပြီးနောက် ရှေးကျသော သိုးသားရေ

တစ်ခု ကျန်ခဲ့သည်။ ရေထဲက ထုတ်ယူထားသလို စိုရွှဲနေသေးသည်။

“ လှပသော အလီဇာရဲ့ စမ်းရေ ဆေးညွှန်းကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒီဆေးညွှန်းက ဆွန်းကြယ်တဲ့ ဆေးတစ်မျိုးကို ဖန်တီးနိုင်တယ်။ ရေချိုးတဲ့အခါ အသုံးပြုလိုက်ရင် မင်းရဲ့ ကျန်းမာရေးတွေ ပြန်ကောင်းလာမယ်၊ စွမ်းအင် ပြန်ပြည့်လာမယ်၊ ထိခိုက်ဒဏ်ရာတွေ ပြေပျောက်လာမယ်၊ ရိုးရှင်းတဲ့ ရောဂါဝေဒနာတွေကိုလဲ ပျောက်ကင်းနိုင်တယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုရဲ့ နားလည်နိုင်စွမ်းကို စိတ်မချသောကြောင့် စနစ်က အသေးစိတ်ရှင်းပြလိုက်သည်။

“ ကယ်ဆယ်ရေး စမ်းရေ မဟုတ်ဘူးလား”

ဒီမိတ်ဆက်စကားကို ကြားလိုက်ရင် ဂိမ်းများတွင် တွေ့ရသော ကယ်ဆယ်ရေး စမ်းရေနဲ့ဆင်တူနေတာကို သတိထားလိုက်မိသည်။ ဒါကအရမ်းအသုံးဝင်တဲ့ ပစ္စည်းဖြစ်ပြီး ဆေးထုပ်ကြီးထက်တောင် ပိုအသုံးဝင်သေးသည်။

“မင်းနားလည် နိုင်တာပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က သဘောတူလိုက်သည်။

“ငါ့အတွက် သေသေချာချာ သိမ်းထားပေး”

ဆွန်းမို အလေးအနက် ညွှန်ကြားလိုက်သည်။ လိုအပ်သော ဆေးပင်များသည် အမှောင်တိုက်ကြီးမှာပဲ ရနိုင်ခြေ မြင့်မားသည်။ ကြည့်ရတာတော့ ပိုက်ဆံအများကြီး ချမ်းသာဖို့ လိုနေပြီ။ မဟုတ်လို့ကတော့ မတတ်နိုင်ပေ။

နောက်တစ်ခုက ဘာလဲ။

ကံကြမ္မာစက်ဝိုင်း ကံစမ်းခွင့် ငါးခါ။

မိနစ်အနည်းငယ်လောက် တွေဝေသွားပြီး ကံကြမ္မာ စက်ဝိုင်းကို ရွေးချယ်လိုက်သည်။ ခုနစ်ရောင် အလင်းများ တဖျတ်ဖျတ် တောက်ပလာပြီး မီတာ၁၀ကျော်အချင်းရှိတဲ့ စက်ဝိုင်းကြီးတစ်ခု သူ့ အရှေ့တွင်ပေါ်လာသည်။

စက်ဝိုင်းကို ၁၂ပိုင်းခွဲထားပြီး တစ်ခုခြင်းစီမှာ မတူတဲ့ ပုံတွေ ရေးဆွဲထားသည်။ ဒါတွေက ဆု ၁၂မျိုးကို ကိုယ်စားပြုနေသည်။ စက်ဝိုင်းရဲ့ အလယ်မှာ အနက်ရောင် မြှားတံတစ်ချောင်းရှိသည်။

“ဒီဂိမ်းက အရမ်းရှင်းပါတယ်။ မင်း စလို့ပြောလိုက်တာနဲ့ စက်ဝိုင်းကလည် သွားမယ်။ ရပ်သွားတဲ့အချိန်ကျရင် မြှားညွှန်ပြနေတဲ့ ပုံက မင်းရဲ့ ဆုပဲ”

စနစ်က မိတ်ဆက်ပေးသည်။

ဆွန်းမိုက နားလည်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။ ပြီးတော့ ဆုလာဒ်တွေကို ကြည့်လိုက်သည်။

ဆန်းကြယ်သူတော်စင်အဆင့် ကျင့်ကြံခြင်း ကျင့်စဉ်တစ်ခု

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာအရှိန်အဝါ တစ်ခု

အမှောင် လျှို့ဝှက်ကျင့်စဉ်တစ်ခု

အနက်ရောင် မြေကြီး အကြီးကြီးတစ်ခု

ဆယ်နှစ်စာ အချိန်တံဆိပ်

လကြယ်သစ်သီး

စိန်သစ်သီး။

နောက်တစ်ကြိမ် ကံစမ်းပါ။

ရှေ့ဟောင်းဝေလငါးဆီ

ဝိညာဉ်တက်တူး ဒီဇိုင်းပုံစံပြား။

ထူဆန်းသော အစေ့

"နောက်တစ်ကြိမ် ကံစမ်းပါ' ဒါက ဘာမှမရဘူးလို့ ပြောတာ မဟုတ်လား"

ဆွန်းမို အနည်းငယ် စိတ်ပူသွားသည်။

"အမှန်ပဲ"

စနစ်ရှင်းပြသည်။

"ကံကြမ္မာစက်ဝိုင်းဆိုတဲ့ နာမည်အတိုင်းပဲ ကံကောင်းခြင်းကို ပြိုင်တဲ့ ဂိမ်းပဲ။ မင်းကံကောင်းရင် အကောင်းဆုံး ဆုရမှာပေါ့ကွာ။ မင်းကံဆိုးရင်တော့ ဘာမှမရဘူးပေါ့"

"ငါ့ကိုယ်စား တစ်ယောက်ယောက်ကို လှည့်ခိုင်းလို့ မရဘူးလား"

ဆွန်းမိုက လုချီဟွာကို ထိလိုက်သည်။

"သွားအိပ်ပြီး အိပ်မက် မက်လိုက်ပါလား"

စနစ်က မသိချင်ယောင် ဆောင်ထားလိုက်သည်။

"ကံကောင်းတာက ငါ့မှာ ကံကောင်းတဲ့ ကြယ်လေးရှိတယ်။ ဒီလိုမှမဟုတ်ရင်တော့ ငါ့ရဲ့ကံဆိုးတဲ့ ခန္ဓာကိုယ်နဲ့ မြေကြီး ဒါမှမဟုတ် နောက်တစ်ကြိမ်ကံစမ်းပါ ဒါပဲ ကျနေမယ်"

စိတ်ငြိမ်သွားအောင် လုချီဟွာကို နောက်တစ်ကြိမ် ထိလိုက်သည်။

“မင်းစတော့မှာလား”

စနစ်က တိုက်တွန်းသည်။

ဆွန်းမိုကလည်း နေးကွေးလွန်းပါသည်။

“နေပါဦး”

ဆွန်းမို လက်နှစ်ဖက်ကို ပွတ်နေသည်။ ဆန်းကြယ်သူတော်စင်အဆင့်ကျင့်စဉ်ကို ရရင်တော့ အကောင်းဆုံးပဲ။ မြတ်ဆရာ အရှိန်အဝါဆိုလည်း

မဆိုးပါဘူး။ တန်းဖိုးခြင်းတူတဲ့ ဝိညာဉ်တက်တူးဒီဇိုင်း ပုံစံပြားလည်း ရှိသေးတယ်။

"ထူးဆန်းတဲ့ အစေ့နဲ့ အမှောင်လျှို့ဝှက်ကျင့်စဉ်ဆိုတာ ဘာလဲ ပြောပြနိုင်မလား"

"မင်းနိုင်သွားရင် သိလိမ့်မယ်"

စနစ်က ငြင်းလိုက်သည်။

"ငါက ပိုင်ရှင်ပါကွာ. နည်းနည်းလောက် မျက်နှာသာပေးလို့ မရဘူးလား"

ဆွန်းမို မကျေမနပ် ဖြစ်သွားသည်။

"ဟွန့်"

စနစ် တိုးတိုးလေးပြောလိုက်သည်။

"မြန်မြန်လုပ်လို့ မရဘူးလား"

"ချီဟွာ ငါ့ကိုလာဖက်ပေးပါလား" ဆွန်းမိုလည်း ခဏတွေဝေသွားပြီး ဆုံးဖြတ်ချက်ကြီးကြီးချလိုက်သည်။ ဘယ်လိုပဲပြောပြော ဒါကဆုလဒ် ကောင်းခြင်း၊ ဆိုးခြင်းကို သက်ရောက်နိုင်တယ်။

"အိုး"

လုချီဟွာက အရမ်း နားထောင်ပါသည်။ ဆွန်းမိုကို ပွေ့ဖက်ဖို့ မငြင်းဆန်ခဲ့သလို နည်းနည်းတောင် မျှော်လင့်မိသွားသည်။ သူမက လက်နှစ်ဖက်ကို ဆန့်တန်းပြီး ဆွန်းမိုကို ဖက်ထားလိုက်သည်။

"ကံကောင်းတဲ့ကြယ်လေးရေ၊ ငါ့ကို ကံကောင်းခြင်းတွေ ပေးပါ"

ဆွန်းမိုသည် ကျယ်လောင်စွာ အော်ဟာစ်လိုက်သည်။

"စတော့"

ကံကြမ္မာစက်ဝိုင်းက စတင်ပြီး လှည့်ပတ်နေသည်။ ဆွန်းမိုက လုချီဟွာကို မလွှတ်ထားပါဘူး။ သူက မျက်လုံးကြီးပြူးပြီး ငြိမ်သက်စွာ စောင့်ဆိုင်းရင်း ဆန်ကြယ်သူတော်စင်အဆင့်ကျင့်စဉ် အကြောင်းကို တွေးနေသည်။ ဒီလိုအချိန်မှာ ထူးဆန်းတဲ့နည်း တစ်ခုခုတော့သုံး ရမည်။

စက်ဝိုင်းလှည့်ပတ်မှုက တဖြည်းဖြည်းနှေးလာသည်။ နောက်တစ်ကြိမ် ကံစမ်းပါဆိုတဲ့ အကွက်ကို ဖြတ်သွားတိုင်း ဆွန်းမို

ရင်တထိတ်ထိတ် ခုန်နေသည်။ သူက အဲဒီနေရာ မြွားရပ်သွားမှာကို ကြောက်နေသည်။

"ကျင့်ကြံခြင်း ကျင့်စဉ်"

"ကျင့်ကြံခြင်း ကျင့်စဉ်"

""ကျင့်ကြံခြင်း ကျင့်စဉ်၊ တောက် မြတ်ဆရာ အရှိန်အဝါလည်း ရတယ်"

စောင့်ကြည့်နေရင်းနဲ့ အနက်ရောင်မြွားက အရမ်းနှေးကွေးလာသည်။ မြတ်ဆရာ အရှိန်အဝါ၊ အစွေ့၊ ဝေလငါးဆီ၊ မြေကြီး ဖြတ်သန်းသွားတာကို ကြည့်ရင်း ဆွန်းမို မရပ်မနား အော်ဟစ်နေသည်။

“ မြတ်ဆရာ အရှိန်အဝါကိုသာ ရမယ်ဆိုရင် တလလုံး သတ်သတ်လွတ်စားပါ့မယ်”

အခုချိန်မှာတော့ ဆွန်းမိုတစ်ယောက် မြတ်ဆရာအရှိန်အဝါ ဆုံးရှုံးလို့ နာကျင်ရမှာလောက် ကျန်တာကို ဂရုမစိုက်နိုင်တော့ပါ။

နောက်ဆုံးတော့ မြွားက မြတ်ဆရာအရှိန်အဝါရဲ့ အဆုံးသတ်စည်းလေးမှာ ရပ်သွားသည်။ မြေကြီး အကွက်ကိုရောက်ဖို့ နည်းနည်းလေးမှ တကယ်နည်းနည်းလေးပဲ လိုတော့သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မြတ်ဆရာအရှိန်အဝါကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

စနစ်က ဂုဏ်ပြုစကား ပြောပြီးနောက် ရွှေရောင်အလင်းတွေ တောက်ပနေသော စွမ်းရည်စာအုပ်က ကံကြမ္မာစက်ဝိုင်းရဲ့ အစိတ်အပိုင်းကနေ ခုန်ထွက်လာပြီး ဆွန်းမို အရှေ့မှာ ပေါလော မျောနေသည်။

ကြီးကျယ်ခမ်းနားသော စာများ ရိုက်နှိပ်ထားသည်။ ‘တစ်ရက်စာ ဆရာ၊ တစ်သက်တာ အဖေ’

မြတ်ဆရာအရှိန်အဝါကို မြင်လိုက်ရတော့ ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်ကို မရခဲ့တဲ့အတွက် အရမ်း ဝမ်းနည်းသွားသည်။ မြတ်ဆရာကမ္ဘာတွင် မြတ်ဆရာအရှိန်အဝါအများကြီး ရှိသည်။ ဒါ့ကြောင့် သူတော်စင်ဂိတ်က သူတို့ရဲ့ နားလည်ရခက်ခဲမှု၊ ရှားပါးမှု၊ စွမ်းအားတို့ကို အခြေခံကာ ခွဲခြားထားသည်။

ကျယ်ပြန့်သော လေ့လာခြင်း၊ မှတ်ဉာဏ်ကောင်းခြင်းနှင့် တန်ဖိုးဖြတ်မရသော အကြံပြုချက်တို့ကို ‘သာမာန် အရှိန်အဝါ’ လို့

သတ်မှတ်ထားသည်။ ဒါတွေက မြတ်ဆရာတိုင်း သုံးနှစ်ကနေ လေးနှစ်အတွင်း ရနိုင်ကြသည်။

ဆွန်းမို ပိုင်ဆိုင်ထားတဲ့ သတိလစ်ခြင်းနဲ့ အသုံမကျခြင်း သည် ကျယ်ပြန့်သော လေ့လာခြင်းနှင့် မှတ်ဉာဏ်ကောင်းတို့ထက် ပိုသာသော်လည်း မရှားပါးပါ။ စိတ်ဝိညာဉ်ပုံသွင်းခြင်းကတော့ ဆွန်းမိုအတွက် သီးသန့် ဖြစ်သည်။

ဒီ တစ်ရက်စာဆရာ တစ်သက်တာအဖေ ကတော့ အရမ်းရှားပါသည်။ ပြီးတော့ နားလည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သဘောပေါက်ခဲ့သော မြတ်ဆရာများအားလုံး အသက် ၁၀၀ ကျော်နေကြပါပြီ။

မြတ်ဆရာလောကတွင် မြတ်ဆရာအရှိန်အဝါကို ပုံစံတစ်မျိုးနဲ့ ရှာဖွေနိုင်ကြသည်။ ကျောင်းသားတွေနဲ့ ပိုထိတွေ့လေ၊ မြတ်ဆရာအရှိန်အဝါကို ပိုနားလည်နိုင်လေ ဖြစ်သည်။

မြတ်ဆရာအရှိန်အဝါသည် စိတ်ပိုင်းဆိုင်ရာ အဆင့်အတန်း တစ်ခုလိုပါပဲ။ ကိုယ်တိုင် တွေ့ကြုံဖြတ်သန်းပြီး မခံစားခဲ့ပါက ဒါတွေကို နားမလည်နိုင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာများသည် ကျောင်းသားများကို အပြစ်တင်ခြင်း၊ အကြံပေးခြင်း၊ ချီးကျူးခြင်း စသည့် အခြေအနေများကို ကြုံတွေ့ ရတတ်သည်။ ဒါကြောင့်လည်း သူတို့သည် စိတ်ပိုင်းဆိုင်ရာ အခြေအနေမျိုးစုံကို တွေ့ကြုံခံစားရပြီး တန်ဖိုးဖြတ်မရတဲ့ မြတ်ဆရာ အရှိန်အဝါကို နားလည်နိုင်ကြသည်။

'တစ်ရက်စာ ဆရာ၊ တစ်သက်တာ အဖေ' ကတော့

အပြစ်ပေးတဲ့ မြတ်ဆရာအရှိန်အဝါ ဖြစ်သည်။ မြတ်ဆရာက သုံးလိုက်တာနဲ့ ကျောင်းသားက

တအားလေးစားလာစေပြီး ကိုင်တွယ်ဖြေရှင်းနိုင်စေသည်။

ကျောင်းသားများအတွက် သေးငယ်သော အပင်စား သားကောင်များက ခြင်္သေ့ဘုရင်ကြီးနဲ့ မမျှော်လင့်ဘဲ ဆုံတွေ့ရသလို ခံစားရစေသည်။

ဒီလို အခြေနေနဲ့စိတ်ပိုင်းဆိုင်ရာ များသည် အခြေခံအားဖြင့်တော့ ဂုဏ်သိက္ခာမြင့်မားပြီး ကြီးကြီးမားမား လေးစားခံရသော မြတ်ဆရာများသာ နားလည်နိုင်ကြသည်။ အများအားဖြင့်လည်း ဒီလို

မြတ်ဆရာများသည် အသက်ခုနှစ်ဆယ်ကျော် နေတတ်ကြသည်။

မြတ်ဆရာများသည် ကျောင်းသားတစ်ယောက်ရဲ့ အဖေလို ဖြစ်လာခြင်းက အရမ်းထူးဆန်းသလို ခံစားရမည်။ သို့သော်လည်း ဒါက မလုံလောက်သေးဘဲ ကျောင်းသားကလည်း အဖေတစ်ယောက်လို နှလုံးသားထဲက လေးစားပြီး ဆက်ဆံရမည်။

ကျောင်းသား တော်တော်များများသည် ဆရာကို လေးစားဖို့ အသာထားအုံး ကိုယ်အဖေကိုယ်တောင်

မလေးစားတတ်ကြပါ။ ဒါကြောင့်လည်း မြတ်ဆရာအများစုကတော့ အပေါ်ယံသာ လေးစားခံရသည်။

ဒီအကြောင်းပြချက်ကြောင့် လူအများစုသည် ဒီမြတ်ဆရာအရှိန်အဝါကို စနောက်ပြီး အေးချမ်းမှုမှာ အနားယူခြင်း မြတ်ဆရာအရှိန်အဝါ လို့လည်း ခေါ်ကြသည်။ ဘာကြောင့်ဆို ဒီမြတ်ဆရာအရှိန်အဝါကို နားလည်သော မြတ်ဆရာအများစုသည် အေးအေးဆေးဆေး အနားယူဖို့ အချိန်အနည်းငယ်သာ လိုတော့သည်။ (သေတာကို ဆိုလိုသည်)

ဆွန်းမို အရမ်း ကျေနပ်သွားသည်။ ဒီမြတ်ဆရာအရှိန်အဝါသည် အရမ်းရှားတယ်လို့ သတ်မှတ်နိုင်ပြီး ပက်သက်မှုကလည်း အရမ်းမြင့်မားသည်။ သူက အသုံးမကျခြင်းနှင့် သတိလစ်ခြင်း မြတ်ဆရာအရှိန်အဝါကို သိသော်လည်း ကျောင်းသားတွေကို တချိန်လုံး အရှုံးဖြစ်အောင် လုပ်နေလို့မရပါ။

တကယ်လို့ အမှားသေးသေးလေးတွေ အတွက် အသုံးပြုမိပါက သူတော်စင်ဂိတ်ကို

အတိုင်ခံရနိုင်သည်။ သို့သော်လည်း တစ်ရက်စာဆရာ တစ်သက်တာအဖေ ကတော့ ပြဿနာမရှိပါ။

အချိန်မရွေးအသုံးပြုလို့ ရပြီး ကျောင်းသားလည်း မနစ်နာပေ။ ပြီးတော့ မြတ်ဆရာရဲ့ ဖိအားနှင့် သွန်သင်မှုကြောင့် ကျောင်းသားလဲ ရိုကျိုးသွားနိုင်သည်။

"ဆရာ"

လုချီဟွာ က မျက်တောင်ခတ်ပြီး မေးလိုက်သည်။

"အဟွတ် အဟွတ်"

ဆွန်းမို လုချီဟွာကို လွှတ်ပေးပြီး ခေါင်းပွတ်လိုက်မိသည်။ သူ့ရဲ့ကံကောင်းတဲ့ ကြွယ်လေးက သူ့ကို စိတ်မပျက်စေခဲ့ပါ။

"မှတ်ချက်- စနစ်ထဲကဈေးဆိုင်တွင် ဝယ်လို့ရနိုင်သော မြတ်ဆရာ အရှိန်အဝါများသည် သူတို့ရဲ့ ရှားပါးမှုပေါ် မူတည်ပြီး ဈေးနှုန်းအမျိုးမျိုး ရှိသည်။ ဥပမာ သင် ရထားသော မြတ်ဆရာအရှိန်အဝါသည် လေးစားအထင်ကြီးမှု အမှတ် ၂၀၀,၀၀၀ တန်ဖိုးရှိသည်"

စနစ်က ရှင်းပြလိုက်သည်။

ဆွန်းမိုလည်း ဆွံ့အသွားသည်။ ကြီးကြီးမားမား အောင်ပွဲခံလို့ရပြီ။

"အမှန်ပဲ လုပ်သင့်တယ်၊ ဒီလိုမှမဟုတ်ရင် ဒီအရှိန်အဝါကို မင်းနားလည်တဲ့ အချိန်ကျရင် အသက်က ၁၀၀ကျော်နေပြီ"

စနစ်က လောလိုက်သည်။

"တော်ပြီ။ မင်းမှာ ငါးကြိမ်ဆက်တိုက် ကံစမ်းခွင့်ကျန်သေးတယ်"

အခန်း (၁၇၇) - သွေးလောင်ကျွမ်းခြင်း

အဆင့်(၃)။

ငါးကြိမ်ဆက် ကံစမ်းခွင့် စတင်လိုက်တာနဲ့ ဆွန်းမို ထိန်းချုပ်မှုအောက်တွင် မရှိတော့ပါ။

ဆွန်းမို အရှေ့ကို ကျပန်း ရတနာသေတ္တာတစ်ခု ရောက်လာပြီး ပွင့်သွားသည်။ သို့သော်လည်း ဆွန်းမို ဆုလာဒ်ကို သဘောမကျရသေးခင် နောက်ထပ် ရတနာသေတ္တာတစ်လုံးရောက်လာပြီး နောက်တစ်ကြိမ် ပွင့်သွားပြန်သည်။

ဒီလိုမျိုး ငါးကြိမ်ဖြစ်ပြီး ဆွန်းမို အရှေ့တွင် ဆုလာဒ်လေးခု ပျံသန်းနေသည်။

တတိယအခေါက် သေတ္တာကတော့ 'နောက်တစ်ကြိမ် ကံစမ်းပါ' ဖြစ်ခဲ့သောကြောင့် မြေကြီးခဲတောင် မရခဲ့ပါ။

ဒါ့အပြင် အချိန်တံဆိပ်တစ်ခု၊ စုတ်ပြတ်နေတဲ့ မြေပုံ၊ လကြယ်သစ်သီးတစ်လုံးနှင့် ဆေးထုပ်ကြီး ၁၀ခု လည်း ရှိသေးသည်။

"အဆင်ပြေနေတုန်းပဲ"

ဆွန်းမို အရမ်းကျေနပ်သွားသည်။ မည်းမှောင်နေသောမြေကြီး ဒါမှမဟုတ် သုံးစားမရတဲ့အစေ့ မဟုတ်သ၍ သူကျေနပ်သည်။

အခုတော့ စုတ်ပြတ်နေသော မြေပုံ စုစုပေါင်း ၃ခု ရှိနေပြီ။ မြေပုံ အပြည့်အစုံကို ရရန်အတွက် နှစ်ပိုင်းသာ လိုတော့သည်။ သို့သော်လည်း ဒါတွေအားလုံးက ကံတရားအပေါ်တွင် မူတည်သည်။

အမှန်တိုင်းပြောရလျှင် ဆွန်းမိုအတွက် အဲဒါက မျှော်လင့်ချက်တချို့ရှိလာပြီပေါ့၊ ရတနာမြေပုံ ဆိုရင် ဘာလိုဖြစ်သွားမလဲ။

"ချီဟွာ သွားပြီးလေ့ကျင့်တော့။ ဆရာ အခု အနားယူလိုက်အုံးမယ်"

ဆွန်းမိုက အနာက်ဖက် အခန်းထဲကို ဝင်လာခဲ့သည်။

ရတနာသေတ္တာများကို ဖွင့်ပြီးတဲ့နောက် ဒါတွေကို အသုံးပြုရအုံးမည်။

ဆွန်းမို တစ်ရက်စာဆရာ တစ်သက်တာအဖေ ဆိုတဲ့ စွမ်းရည်စာအုပ်ကို ထုတ်လိုက်ပြီး လက်ထဲတွင် ချေမွလိုက်သည်။

ရွှေရောင်အလင်းစက်တွေက လွင့်ထွက်လာပြီး လေထဲမှာ ရပ်တန့်နေသည်။ ထို့နောက် စက္ကန့်အနည်းငယ်အကြာတွင် ဆွန်းမို နဖူးဆီကို

ပြေးဝင်လာသည်။ နဖူးထဲကိုဝင်သွားပြီး သူ့တစ်ကိုယ်လုံးကို ရွှေရောင် အလွှာက ဖုံးအုပ်သွားသည်။

မရေတွက်နိုင်အောင် များပြားပြီး ရှုပ်ထွေးတဲ့ အချက်အလက်တွေက ဆွန်းမို စိတ်ထဲမှာ ပေါ်လာကာ သူ့ကို ထပ်ဆောင်း နားလည်လာစေသည်။

ဒင်

"တစ်ရက်စာဆရာ တစ်သက်တာအဖေ မြတ်ဆရာအရှိန်အဝါကို နားလည်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့်က

အခြေခံအဆင့်။ အရှိန်အဝါကို အသုံးပြုပါက ဆယ်မိနစ်ကြာအောင် ထိန်းထားနိုင်ပြီး မီတာ ၅၀ ပတ်လည်ကို အကျိုးသက်ရောက်နိုင်မယ်”

ဖောက်

ရွှေရောင်အရှိန်အဝါက ဆွန်းမိုကို ဗဟိုပြုပြီး အရပ်မျက်နှာ အနှံ့ကို ပျံ့နှံ့သွားသည်။ ပြီးတော့ အရာအားလုံး ငြိမ်သက်သွားသည်။

ပြတင်းပေါက် အပြင်ဘက် ငွေလော်ရယ်အပင်ပေါ်တွင် စာကလေးနှစ်ကောင် တကျိကျိနဲ့ အော်နေကြသည်။ ဆွန်းမို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြွတ်ဆရာအရှိန်အဝါကို ထုတ်လွှင့်လိုက်တာနဲ့ စာကလေးနှစ်ကောင်သည် ထိတ်လန့် အံ့အောတဲ့ အရိပ်ယောင်ပေါ်လာပြီး တကျိကျိအော်သံလည်း ပျောက်သွားသည်။

"မဆိုးပါဘူး"

ဆွန်းမို ချီးကျူးလိုက်သည်။ ဒီမြွတ်ဆရာအရှိန်အဝါကို ကံဆိုးတဲ့ ဘယ်ခွေသားတော့ ဈေးဦးဖောက်မလဲဆိုတာ တွေးနေသည်။ ဒီလို အပြစ်ဒဏ်ကို ဘယ်တော့မှ အသုံးမပြုရဖို့လည်း ဆွန်းမို မျှော်လင့်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီတစ်ကြိမ်တော့ ဆွန်းမိုမှာ အချိန်တံဆိပ်နှစ်ခု ရှိနေသည်။

သဏ္ဌာန်မဲ့မြင့်မြတ်စကြ်ာဝဠာကလည်း အဆင့် (၆)ကို ရောက်နေပြီ။ ကျွမ်းကျင်မှု အဆင့်ကို မြှင့်တင်ချင်ရင်တော့ အချိန်တံဆိပ် အများကြီး အသုံးပြုရမည်။ ဒါကြောင့်လည်း ရှေ့ဟောင်း လောကနတ် ကျင့်စဉ်ကို အဆင့်မြှင့်တင်ဖို့ ရွေးချယ်လိုက်သည်။

ဒင်

"ရှေ့ဟောင်းလောကနတ်ကျင့်စဥ်ရဲ့ ကျွမ်းကျင်မှုညွှန်းကိန်းက အခြေခံအဆင့်ကနေ ကျွမ်းကျင် အဆင့်ကို တခါတည်း တိုးတက်လာတဲ့ အတွက် ဂုဏ်ပြုပါတယ်။ ကျေးဇူးပြုပြီး ဆက်ကြိုးစားပါ"

"မှတ်ချက် ဒီအဆင့်တွင် ကြံ့ရာကျပန်းအစား ကိုယ်လိုချင်သော ကျင့်ကြံခြင်း ကျင့်စဥ်ကို ပစ်မှတ်ထားနိုင်သည်။ ဒါ့အပြင် ရွေးချယ်ထားသော ကျင့်စဥ်ကို ထိချက် (၁၀၀) အတွင်း ထုတ်ယူနိုင်သည်"

စနစ်က ခံစားချက် မပါဘဲ ပြောလိုက်သော်လည်း သူဌေးကြီးတွေတောင် ဒီစကားကိုကြားလိုက်လျှင် ရုတ်တရုတ်အံ့အောကာ မျက်လုံးတွေ ပြူးပြီး ပါးစပ်အဟောင်းသား ဖြစ်နေနိုင်သည်။

ပြိုင်ဘက် ထိမှန်ရုံနဲ့ ကျင့်စဉ်ကို ထုတ်ယူနိုင်တဲ့ ကျင့်စဉ်လား။ ဒါက အရမ်း ကြောက်ဖို့ ကောင်းလွန်းသည်။

"ပြည့်စုံတယ်"

ဆွန်းမို လေတချွန်ချွန် ဖြစ်နေသည်။ တခုတည်းသော ပြဿနာက တိုက်ပွဲထဲမှာ

ပြိုင်ဘက်ကို အချက်တစ်ရာ ထိမှန်ဖို့ လိုနေသည်။ ဒါမှလည်း သူက ကျင့်စဉ် အပြည့်အစုံကို ထုတ်ယူနိုင်မည်။

ခဏလောက် အနားယူပြီး ဆွန်းမို ခြံဝန်းထဲမှာ ထိုင်လိုက်သည်။ သူက လကြွယ်သစ်သီးကို စားလိုက်ပြီး သဏ္ဌာန်မဲ့မြင့်မြတ်စကြ်ဝဠာ ကျင့်စဉ်ကို လည်ပတ်နေသည်။

သိပ်မကြာခင် ဆွန်းမိုကိုယ်ပေါ်တွင် အနီရောင် ချွေးထုကြီး တစ်လွှာ ပေါ်လာသည်။ ခဏနေတော့ အငွေ့ပျံလာကာ အနီရောင် အခိုးငွေ့များ

ဖြစ်လာသည်။ ဒီအခိုးအငွေ့တွေက ပျံ့နှံ့သွားရမည့်အစား ဆွန်းမို ပတ်လည်တွင် လှည့်ပတ်နေကြသည်။ တချို့က ကြယ်ပုံစံပြောင်းသွားပြီး တချို့က လခြမ်းလေးများ ဖြစ်သွားကြသည်။

လကြယ်သစ်သီးသည် လရောင်အောက်တွင် ရေချိုးပြီး လနှင့်ကြယ် အနှစ်သာရကိုစုတ်ယူကာ အနှစ် ၁၀၀၀မှ တခါ ရင့်မှည့်နိုင်သည်။ ဒါကြောင့်လည်း လကြယ်သစ်သီးတွင် လနှင့် ကြယ် စွမ်းအားများ ပါဝင်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုအတွက် လေထဲက ဝိညာဉ်ချီကို စုတ်ယူရန် မလိုပါ။ လကြွယ်သစ်သီးထဲတွင် ပါဝင်သော ဝိညာဉ်ချီများနဲ့တင် လုံလောက်နေပြီ။

မိနစ်အနည်းငယ်ကြာပြီးနောက် တဝုန်းဝုန်း ပေါက်ကွဲသံနဲ့အတူ ဆွန်းမို ခန္ဓာကိုယ်ထဲက ဝိညာဉ်ချီများ ပေါက်ကွဲထွက်လာသည်။ ကြွယ်နှင့် လခြမ်းများသည် ဆူနာမီလှိုင်းလုံးများလို အရပ်မျက်နှာ အနှံ့ပေါက်ကွဲထွက်သွားသည်။

ဝူးစ်

မြေပြင်က သွေးနီရောင် ချယ်ထားသလို ဖြစ်နေသည်။

သွေးလောင်ကျွမ်းခြင်း အဆင့်(၃) ကို အောင်မြင်စွာ အဆင့်တက်သွားပြီ။

ဆွန်းမို အသက်ရှူနှုန်းကို ထိန်းညှိလိုက်ရင် ညို့ညို့မှိုင်းမှိုင်း လေထု ဖြစ်ပေါ်လာသည်။ သူအသက်ရှူလိုက်ရင် လနှင့် ကြယ် စွမ်းအားများ ရောပါနေပြီး အသက်ရှူထုတ်လိုက်တိုင်း အနီရောင်များ ပေါ်နေသည်။

နေ့ခင်းဘက်ဖြစ်နေတာကို ကျေးဇူးတင်ရမည်။ ညဘက်မှာသာ တစ်ယောက်ယောက် မြင်သွားပါက သူတို့ ကြောက်လန့်ပြီး သေချာပေါက် သေသွားမည်။

"ဆရာ အဆင့်တက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

လုချီဟွာက လက်ထဲတွင် ရေခွက်ကို ကိုင်ပြီးပြေးလာသည်။ ပြီးတော့ ဆွန်းမိုကို ပေးလိုက်သည်။

" ဆရာ ရေချိုးမလား။ ငါရေနွေးသွားတည်လိုက်မယ်"

“မလိုဘူး၊ ငါရေအေးပဲ ချိုးလိုက်မယ်”

အခုဘဝတွင် ဆွန်းမို အကျေနပ်ဆုံးကတော့ သူ့ခန္ဓာကိုယ်ပဲ ဖြစ်သည်။ အရင်တုန်းက ကျန်းမာရေး အားနည်းသည်။ မီတာ ၁,၀၀၀လောက် ပြေးဖို့ ကြိုးစားလိုက်ရင် သေသွားနိုင်သည်။ ဒါပေမယ့် အခု အရမ်းသန်မာပြီး ကျန်းမာနေသည်။

နွားတစ်ကောင်ကို လက်သီးတစ်ချက်တည်းနဲ့ အေးအေးဆေးဆေး သတ်နိုင်သည်။ ၂၅၀ ကီလိုဂရမ်လောက်ရှိတဲ့ ဝက်ဝံနဲ့ အနီးကပ်တိုက်ခိုက်ရင်တောင် ပြဿနာ တစ်စုံတရာ

မရှိဘဲ အပေါ်စီးက တိုက်နိုင်သည်။ သစ်ပင်ပေါ် ပြေးတက်ပြီး သေမယ့်အချိန်ကို ထိုင်စောင့်နေစရာ မလိုပါ။

ကျင့်ကြံခြင်းသည် ကောင်းကင်နှင့် မြေကြီးက ဝိညာဉ်ချီကို ရယူပြီး ခန္ဓာကိုယ်ကို ပိုပြည့်စုံတဲ့ အခြေအနေဖြစ်အောင် လေ့ကျင့်ပြီး မသေနိုင်သောဘဝနှင့် ထာဝရ နုပျိုမှုကို ရယူချင်လို့ ဖြစ်သည်။

လုချီဟွာက ရေကန်ဆီကို ချက်ခြင်းပဲ ပြေးသွားပြီး ဆွန်းမိုအတွက် ရေသွားခပ်သည်။

ဆွန်းမို အရမ်းကို စေးကပ်နေသည်။ လကြယ်သစ်သီးကို စားလိုက်ပြီးနောက် ခန္ဓာကိုယ်ထဲက အညစ်အကြေးတွေကို ဖယ်ထုတ်လိုက်သဖြင့် အနာစိမ်းက ထွက်လာသော အနံ့အသက်တွေကဲ့သို့ နံလှသည်။

ဝုန်း

ဆွန်းမိုက ရေပုံးကို ကောက်ယူပြီး ရေအေးကို ခန္ဓာကိုယ်ပေါ် လောင်းချိုးလိုက်သည်။ ထို့နောက် ခေါင်းကို ပြင်းပြင်းထန်ထန် ခါလိုက်သည်။

အရမ်းကောင်းတယ်။

(ဘီယာနှင့် အသားကင်မရှိတာ သနားစရာ ကောင်းလိုက်တာ။ ဒီလောက်ကောင်းတဲ့ နွေရာသီကို ဖြုန်းတီးနေရသလိုပဲ။ ပတ်ပတ်လည်မှာ အသားထိုးထားတဲ့အတံတွေ ဝန်းရံထားလို့ကတော့ တော်တော် ပျော်ဖို့ ကောင်းမှာပဲ)

"ဆရာ့ ဗလတွေက အရမ်းကြည့်ကောင်းတာပဲ။ ထိကြည့်ချင်လိုက်တာ"

လုချီဟွာက ဘေးနားတွင် လက်ပိုက်ထားကာ သက်တောင့် သက်သာနဲ့ ရပ်ကြည့်နေသည်။

"မင်းဘာဖြစ်နေတာလဲ"

ဆွန်းမို မျက်မှောင် ကြုတ်သွားသည်။ လုချီဟွာက ခါတိုင်းထက် ပိုနီးကပ်နေသည်။

"ငါ...ငါလည်း မသိဘူး"

လုချီဟွာက အာရုံ ခြောက်ပါး ခံစားမှု အားကောင်းသည်။ ဆွန်းမိုက တစ်ရက်စာဆရာ တစ်သက်တာအဖေ မြတ်ဆရာအရှိန်အဝါကို နားလည်ထားမှန်းလည်း မသိပါ။ ဒါပေမယ့် ဆွန်းမိုဆီက စိမ့်ထွက်နေသော အရမ်းအံ့အောစရာကောင်းပြီး လေးနက်တည်ကြည်တဲ့ မြတ်ဆရာအရှိန်အဝါကို

အလိုလို ခံစားမိနေသည်။ ဒါက သူမအဖေလောက် ကြောက်စရာ မကောင်းသော်လည်း မသိစိတ်ကနေ ပြဿနာ မရှာရဲဘဲ ရိုကျိုးနေသော သဘောထားကို ဖြစ်စေသည်။

“ ပိုစိတ်လျှော့ထားပါ”

ဆွန်းမို စလိုက်သည်။

ဆွန်းမိုတို့ ညစာ စားပြီးနောက် ကျောင်းကို ပြန်လာကြသည်။ ဒီတစ်ကြိမ်တော့ သူ့ရရှိတဲ့ဆက်ဆံမှုက တော်တော် ပြောင်းလဲသွားသည်။

လမ်းမှာတွေ့သော ကျောင်းသားများက ဆွန်းမိုကို မြင်လျှင် ချက်ခြင်းဦးညွှတ်ပြီး အရိုအသေ ပေးနေကြသည်။

ဆွန်းမိုက ခေါင်းညိတ်ပြီး ပြန်နှုတ်ဆက်နေရသည်။ အဆောင်ကို ပြန်တဲ့ လမ်းတစ်လျှောက်တွင် လည်ပင်ရိုး ကျိုးမတတ်ပါပဲ။

ဒီအတွက်လည်း ဖြေရှင်းချက် မရှိပါ။ လမ်းမှာတွေ့တဲ့ ကျောင်းသားများက အရမ်းများနေသည်။ သူတို့အားလုံးကလည်း တူညီတဲ့ တုန့်ပြန်မှုကို လုပ်ကြသည်။

"ဘုရားဘုရား နောက်အမြဲတမ်း ဒီလို ဖြစ်နေတော့မှာလား"

ဆွန်းမို လည်ပင်းကျိုးတော့မလို ခံစားရပြီး သက်ပြင်းချလိုက်သည်။

"ဆရာ၊ မင်းက ကောင်းတဲ့ အလေးထားမှုကို ရနေတာတောင် ညည်းနေတုန်းလား။ တချို့ဆရာ တွေဆိုရင် ဒီလို အလေးထားမှုကို လိုချင်ရင်တောင် မရဘူး"

ဆွန်းမိုကိုသာ သူ့ရုံးခန်းထဲတွင် ဒီလိုပြောလိုက်လို့ကတော့ ဝိုင်းအရိုက်ခံရမှာ သေချာသည်။ သို့သော်လည်း သူက တကယ့်ကို တော်လွန်းသည်။ သူ့ကို ကျောင်းသားတွေ ဘယ်လောက်လေးစားနေလဲ ကြည့်ပါအုံး။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၃၀။ လေးစား(၁၂၉၃/၁၀.၀၀၀)

မနက်ခင်းတုန်းက တကျောင်းလုံး အစည်းအဝေးတွင် ကျောင်းတွင်း အနိုင်ကျင့်တဲ့

ဇေါင်ယန်တို့ တစ်အုပ်စုလုံးကို ကျောင်းထုတ်ဖို့ ဆွန်းမိုက ပြင်းထန်သော သဘောထားကို အသုံးပြုခဲ့သည်။ ဒါကြောင့်လည်း ဗဟိုပြည်နယ်အကယ်ဒမီမှာရှိတဲ့ ကျောင်းသားအားလုံးက ဆွန်းမိုအပေါ်ကို အမြင်တွေကောင်းပြီး အရမ်းလေးစားနေသည်။

ဇေါင်ယန်သည် အရမ်းဆိုးလွန်းသည်။ သူလုပ်ခဲ့တဲ့ မကောင်းမှုကို ထုတ်ပြောလိုက်ရုံနဲ့ တစ်ယောက်ယောက် ကြောက်သွားဖို့ လုံလောက်သည်။ အားလုံးက ကျောင်းထဲမှာ

နေထိုင်ကြသည်။ သူသာ ပစ်မှတ်ထားလိုက်ရင် ဘာဖြစ်သွားမလဲ။

အနီးအနားမှာ ခွေးဆိုးတစ်ကောင် ရှိနေသလိုပါပဲ။ အမြဲတမ်း သတိထားပြီး ရင်တမမ ဖြစ်နေရသည်။

သို့သော်လည်း လူတိုင်း သက်ပြင်းချနိုင်သွားသည်။ ကျောင်းတွင်းအနိုင်ကျင့်သော ဖောင်ယန်လည်း ဆွန်းမိုကြောင့် ကျောင်းထွက်သွားရပြီ။

သူရဲကောင်းဆိုတာက သန်မာတဲ့ ရန်သူများကို တိုက်ခိုက်ပြီး တရားမျှတမှုကို ရှာပေးသည်။ သူများမလုပ်နိုင်တာကို လုပ်ဆောင်တတ်တဲ့သူများ

ဖြစ်သည်။ မြတ်ဆရာတွေလည်း ဒီလိုပါပဲ။ သူတို့က မကောင်းမှုကို နှိမ်နင်းတယ်၊ တရားမျှတမှုကို ထိန်းသိမ်းတယ်၊ ကျောင်းပတ်ဝန်းကျင်ကို သန့်ရှင်းစေကာ ကျောင်းသားများကို ကာကွယ်ပေးသည်။

အစမ်းခန့် ဆရာတအုပ်လည်း ညစာစားပြီး အဆောင်ကို ပြန်လာကြသည်။

"ဆွန်းမိုက တကယ် အံ့အော ဖို့ကောင်းတယ်။ ဒီတစ်ခါတော့ သူ့ကိုတကယ် သဘောကျသွားပြီ"

လုခုန်က ပြောလိုက်သည်။

"ဒါအမှန်ပဲ ဒီတစ်ခေါက် အရေးပါတဲ့ လူတော်တော်များများကို ရန်စသလို ဖြစ်သွားပေမယ့် သူလုံးဝမကြောက်ဘူး။ သူ့ရဲ့သတ္တိနဲ့တင် ငါ့ မန်ရီတော့ သူ့ပရိတ်သတ် ဖြစ်သွားပြီ"

"စိတ်ပျက်စရာပဲ ကျောင်းသားစုဆောင်းရေးပွဲတုန်းက နည်းနည်းလောက်ပိုအားစိုက်ထုတ်လိုက်ရင် ဆွန်းမိုနဲ့အတူတူ အလုပ်ဝင်နေရလောက်ပြီ"

ဆွန်းမိုသည် ဓောင်ကလန်က လက်စားချေလာမယ့် လှိုင်းလုံးကို ကျော်လွှားနိုင်တာနဲ့

အနာဂတ်တွင် အောင်မြင်မှုရနိုင်သည်။ မြတ်ဆရာလောကတွင်လည်း သူ့နာမည်က ဖြန့်ကျက်လာလိမ့်မည်။ သူနဲ့အတူတူ အလုပ်ဝင်ခဲ့ပြီး တခြားသူကိုသာ ဒီကြောင်းပြောလိုက်ရင် ဂုဏ်ယူနေလို့ရသည်။

“ငါတို့တွေ ပိုက်ဆံစုပြီး သူက ဓောင်ယန်ကို နှင်ထုတ်လိုက်တဲ့ သတ္တိကို ဂုဏ်ပြုပွဲ လုပ်ပေးလိုက်ရင်ရော”

လုခုန်က အကြံပြုလိုက်သည်။

“လုပ်ကြမယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘာလို့ ပိုက်ဆံ စုနေမှာလဲ ၊ ငါအကုန် စိုက်ပေးမယ်"

"ဘာလဲ၊ မင်းက ငါတို့ကို အထင်သေးနေတာလား၊ လူတိုင်း ဝိုင်းထည့်မှ အဓိပ္ပါယ် ရှိမှာပေါ့"

အစမ်းခန့် ဆရာများ အချင်းချင်းစကား များနေကြသည်။ ဒါပေမယ့် လှေကားပေါ်တက်လိုက်ရင် ရုတ်တရက် အံ့အောပြီး အဲဒီနေရာမှာပဲ မှင်တက်နေကြသည်။

မီတာ ၁၀၀ရှည်သော စင်္ကြံန်လည်း ကျောင်းသားတွေနဲ့ ပြည့်နေသည်။

မန်ရီ တစ်ချက်လှမ်းကြည့်လိုက်ရင် အခုရောက်နေတဲ့ ကျောင်းသားက သေချာပေါက် ၃၀၀ ကျော်သည်။

ကျောင်းသားတွေက မတ်တပ်ရပ်တဲ့လူ ရပ်၊ ထိုင်တဲ့လူက ထိုင် အုပ်စုလေးတွေ ဖြစ်နေကြသည်။ ဆွန်းမိုအကြောင်း အားတက်သရော စကားစမြည် ပြောနေကြသည်။ သူတို့က အတန်းပေါင်းစုံက လာကြပြီး တစ်ယောက်နဲ့ တစ်ယောက်လည်း မသိကြပါ။ သို့သော်လည်း ဆွန်းမိုကြောင့် စုဝေးနေကြသည်။

ခြေသံကို ကြားလိုက်လျှင် အားလုံး လှည့်ကြည့်လိုက်ကြသည်။

ဒါက ရာပေါင်းများစွာရဲ့ အကြည့်ပါ။ အစမ်းခန့်ဆရာများက ဒီလို မကြုံဖူးကြပါ။ သူတို့လည်း ဆံပင်တွေ ထောင်ချင်သလိုဖြစ်လာပြီး မသိစိတ်ကြောင့် လှေကားကနေ ပြန်ဆင်းမိသွားသည်။

“သူတို့က ဆွန်းမိုကို စောင့်နေတာလား”

“သေချာတာပေါ့”

"အိုဘုရားရေ။ ဆွန်းမို တချက်တည်းနဲ့ နာမည်ကြီးလာတာပဲ"

အစမ်းခန့် ဆရာများ အရမ်းတုန်လှုပ်ခြောက်ခြားစွာ ရေရွတ်နေကြသည်။ အဲဒီအကြည့်တွေ အောက်ကနေပဲ အဆောင်ကို ပြန်ကြမလား ဒါမှမဟုတ် စာကြည့်တိုက်မှာပဲ သွားရှောင်နေရမလား တွေဝေသွားသည်။ လူတိုင်း တွေဝေနေတုန်း ဆွန်းမို ပြန်လာတာကို မြင်လိုက်သည်။

"ဆရာဆွန်း"

"ဆရာဆွန်း၊ အုံ့အောစရာပဲ"

အစမ်းခန့် ဆရာများ ချက်ခြင်းပြုံးပြီး နှုတ်ဆက်လိုက်ကြသည်။ တချို့က လက်မထောင်ပြနေကြသည်။

"ဆွန်းမို၊ လေ့ကားပေါ်မှာ ကျောင်းသားတွေ အများကြီးစောင့်နေတယ်"

လုခုန်က ဘေးနားကို လာပြီး လေ့ကားပေါ်တွင် လူရှိနေကြောင်း အမူအရာနဲ့ ပြလိုက်သည်။

အခန်း (၁၇၈) - ဆွန်းမို၏ ဩဇာတိက္ကမ။

ဆွန်းမို လှေကားပေါ်ကို တက်သွားသည်။

လှေကားပေါ် မတက်မီ ကျောင်းသားတွေက 'ဆရာဆွန်း လာနေပြီ' ဟုအော်လိုက်ကြသည်။ စကြ်ဳန်တစ်ခုလုံး တိတ်ဆိတ်သွားသည်။

သူတို့က ဆွန်းမိုကို ကြည့်နေပြီး ငြိမ်သက်စွာ နေနေကြသည်။ သူတို့စိတ်ထဲတွင် ကျေးဇူးတင်ကြောင်း ပြောချင်နေတဲ့စကားအများကြီး

ရှိနေပေမယ့် ဆွန်းမိုနဲ့လူချင်းတွေ့လိုက်တော့ စကားစ ရှာရခက်နေသည်။

သူတို့ရထားတဲ့ ကျေးဇူးကြွေးကလည်း 'ကျေးဇူးတင်ပါတယ်' တစ်ခွန်းတည်းနဲ့ မလုံလောက်ပါ။

"ပြန်သွားပြီး ကြိုးစားလေ့လာကြပါ။ မင်းတို့ မိဘတွေရဲ့ မျှော်လင့်ချက် မပျက်ဆီးစေနဲ့"

ဆွန်းမို တစ်ခွန်းတည်း ပြောပြီး စကြံန်အတိုင်း ဆက်လျှောက်သွားသည်။

သူလမ်းလျှောက်သွားတဲ့အခါ ကျောင်းသားတွေက စကြံ့န်နှစ်ဖက် ဘေးကပ်ပေးပြီး သူ့အတွက် လမ်းကြောင်း လုပ်ပေးထားသည်။ ကျောင်းသားများ ညီညီညာညာ ဦးညွတ် အရိုအသေပေးလိုက်ပြီး သံပြိုင်ဖြင့်

"ကျေးဇူးတင်ပါတယ် ဆရာ"

လင်းပင်က တောက်ပနေသော နေ့လည်ခင်းတွင် တိမ်းမည်းတွေနဲ့ ပြည့်နေတဲ့ အချိန်ကို ပြန်စဉ်းစားမိသွားသည်။ အဲဒီအချိန်တုန်းက ဇောင်ယန်နဲ့ သူ့အဖွဲ့သည် ကျောင်းအပြင်ဘက်

လမ်းကြားထဲတွင် ရပ်နေကြသည်။ သူ့ကို မတ်တပ်ရပ်ခိုင်းပြီး ပါးရိုက်ကြသည်။ ပါးရိုက်ခဲ့တဲ့ လူတိုင်းကိုလည်း 'ကျေးဇူးတင်ပါတယ်' ပြန်ပြောခဲ့ရသည်။ တကယ်လို့ အသံက တိုးသွားရင်လည်း ပေါင်ကြားကို အကန်ခံရသည်။

အဲဒီနေ့ကစပြီး သူကြိုက်တဲ့ ကောင်မလေးနဲ့ လင်းပင် စကား မပြောဖြစ်တော့ပါ။ သူက သူမကို စကားပြောလိုက်တိုင်း အရိုက်ခံရမှာ သိနေသည်။

သူ့ရဲ့ ပထမအချစ်က အချိန်မတန်ဘဲ အဆုံးသတ်ခဲ့ရသည်။

ဒင်

လင်းပင်၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၁၂၀/၁၀၀)

"ကျေးဇူးတင်ပါတယ်။ ဆရာ"

ဇိုဝီကလည်း လေးလေးနက်နက် အရိုသေပေးနေသည်။ ခါးက ၉၀ ဒီဂရီလောက် ကွေးနေသည်။

ဒီနေ့အထိ အိမ်သာထဲက အဖြစ်အပျက်ကို မမေ့သေးပါ။ ဖောင်ယန်က သူ့ညီအား အိမ်သာ တွင်းထဲ တွန်းချဖို့ အမိန့်ပေးနေပုံကို

မှတ်မိနေသေးသည်။ ဖောင်ယန်ရဲ့ ခိုင်းစေမှုနဲ့ ကျုံချမ်က လောက်ကောင်ကြီးတွေ သူ့ပါးစပ်ထဲ အတင်းထိုးထည့်ခဲ့တာကိုလည်း မမေ့ပါ။

ဇိုဝီက တစ်ခါမှ ဖောင်ယန်ကို မစော်ကားဖူးပါ။ သို့သော်လည်း ဖောင်ယန် စိတ်ဆိုးနေတဲ့ အချိန်နဲ့ ကြုံသွားပြီး သူ့ကို သဲအိတ်တစ်လုံးလို အသုံးပြုသွားသည်။

သူက သာမန်ဆင်းရဲတဲ့ လယ်သမားမိသားစုက ဖြစ်ပြီး ဖောင်ယန်က ဩဇာကြီးတဲ့ မိသားစုက ဆင်းသက်လာမှန်း ဇိုဝီ သိနေသည်။ ဖောင်ယန်ကို

စော်ကားဖို့ မဖြစ်နိုင်တာကြောင့် သူ့ကိုမြင်တာနဲ့ အမြဲရှောင်ပြီး သွားနေခဲ့ရသည်။

ဇောင်ယန်သည် သူကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေအတွက် တစ်ခါမှ အပြစ်ဒဏ် မခံခဲ့ရဖူးပါ။ ဒါကြောင့်ဇောင်ယန်က အမြဲတမ်း သောင်းကျန်းနေတယ်လို့ သူထင်နေခဲ့သည်။ ဆွန်းမိုလို ဆရာအသစ်တစ်ယောက်က ဇောင်ယန်ကို ဆန့်ကျင်ပြီး ကျောင်းထုတ်လိုက်မယ်လို့ ဘယ်သူက ခန့်မှန်းမိမှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကမှ ကျောင်းသားတွေကို ဂရုစိုက်တဲ့ မြတ်ဆရာ။

ဒင်

ဇိုဝိဇ၏လေးစား အထင်ကြီးမှု +၃၀။မူလ(၇၇/၁၀၀)

“ကျေးဇူးတင်ပါတယ် ဆရာ”

ယုယုက တိုးတိုးလေး ပြောလိုက်သည်။ တစ်နေ့မှာ ဆရာတစ်ယောက်ကခေါ်လို့ ဇောင်ယန်နဲ့ လက်ရည်စမ်း တိုက်ခိုက်ခဲ့ရသည်။ ဆရာ တိုက်ပွဲရပ်လိုက်တဲ့ အချိန်တွင် ဇောင်ယန်က တမင်သက်သက် သူ့မျက်လုံးကို ထိခိုက်အောင်

လုပ်ခဲ့သည်။ အခုထက်ထိ သူ့မျက်လုံးက ကောင်းကောင်း ကြည့်မရဘဲ မှုန်ဝါးနေခဲ့သည်။ သူ့ကို ဘယ်သူမှလည်း ပြန်မတောင်းပန်ကြပါ။

တိုက်ပွဲကို ဒိုင်လူကြီးလုပ်တဲ့ ဆရာကတော့ ဒါက မတော်တဆဖြစ်တယ်ဆိုပြီး အခိုင်အမာ ထွက်ဆိုနေသည်။ ယုယုရဲ့ပေါ့ဆမှုကြောင့်သာ ဖြစ်ပြီး ဇောင်ယန် အပြစ်မဟုတ်ခဲ့ပေ။

ယုယုလည်း ဇောင်ယန်မိသားစု အကြောင်းကို သိပြီး လက်စားချေဖို့ မဖြစ်နိုင်သဖြင့် သည်းခံနေခဲ့ရသည်။ အခုတော့ ဒီလူယုတ်မာကို

ဆုံးမမယ့် လူရှိပြီ။ အဲဒါကတော့ အခု သူ့အရှေ့မှာ ရှိနေတဲ့ ဆရာဆွန်းပဲ။

ဒင်

ယုယု၏လေးစား အထင်ကြီးမှု+၃၀။ မူလ(၈၅/၁၀၀)

ဆွန်းမိုနားထဲတွင် 'ကျေးဇူးတင်ပါတယ် ဆရာ' မရေတွက်နိုင်အောင် ကြားနေပြီး စကြဲန်တစ်ခုလုံးလည်း ပဲ့တင်သံ ထွက်နေသည်။ ဒီအသံတွေက အဆောင်တစ်ခုလုံးကို

ဖြတ်သန်းစီးဆင်းကာ ညအမှောင်ထဲ ရောက်မှ ပျောက်သွားသည်။

ဆွန်းမိုက သူတို့ကို ကျော်ဖြတ်သွားသော်လည်း အရိုသေပေးနေသော ကျောင်းသားများက ခါးပြန်မမတ်ကြသေးပါ။

“ အတိတ်က စိတ်ပျက်စရာတွေကို မေ့ပြီး ဘဝအသစ်ကို စလိုက်ပါ။ အံ့အောဖို့ကောင်းတဲ့အနာဂတ်က မင်းတို့ကို စောင့်နေပြီ။ နှိမ့်ချတဲ့လူတွေအားလုံးကို မင်းတို့က

ဂုဏ်ယူစရာကောင်းတဲ့ လူတစ်ယောက်ဆိုတာ ပြလိုက်ပါ”

တချိန်က အနိုင်ကျင့်ခံခဲ့ရတဲ့ ကျောင်းသားများတွင် အနည်းနဲ့ အများ စိတ်ပိုင်းဆိုင်ရာ ပြဿနာ ရှိနေနိုင်တယ်ဆို ဆွန်းမို သိနေသည်။ တချို့ဆို အဆိုးမြင်သူများ ဖြစ်လာကာ လူတွေနဲ့မဆက်ဆံကြတော့ပဲ အိမ်တွင်းပုန်း နေတတ်ကြသည်။

ဒါကြောင့်လည်း ကျောင်းသားများအား အတိတ်ကို မေ့နိုင်ပြီး အနာဂတ်မှာ အပြုံးတွေနဲ့ ပျော်ရွှင်စေချင်သည်။

ဝှမ်း...

ဆွန်းမို ခံစားချက် စိတ်ရင်းဖြစ်သောကြောင့် တန်ဖိုးဖြတ်မရသော အကြံပြုချက် မြတ်ဆရာအရှိန်အဝါ အသက်ဝင်လာသည်။

ဆွန်းမို ခန္ဓာကိုယ်က ရွှေရောင် အလင်းများ ဖြာထွက်လာပြီး စကြဝ်္ဠာတစ်ခုလုံးကို ပျံ့နှံ့သွားသည်။ ရွှေရောင်များက ပိုတောက်ပလာပြီး

ကျောင်းသားတွေကို ဖုံးလွှမ်းသွားသည်။ ကျောင်းသားများသည် လွတ်လပ်ခြင်း ရနံ့တွေပြည့်နေတဲ့ လှပသော နွေဦးနေ့ရက်များကဲ့သို့ ကမ္ဘာကြီးက ပိုမိုတောက်ပလာသည်ဟု ရုတ်တရက် ခံစားလာရသည်။

“အခုတော့ စောစော ပြန်ပြီး အနားယူလိုက်ပါ”

ဆွန်းမိုက စကားဆုံးတာနဲ့ အဆောင်အခန်းထဲကို ဝင်ပြီး တံခါး ပိတ်လိုက်သည်။

၃မိနစ်လောက်ကြာတော့ ကျောင်းသားတစ်ယောက်ပြီး တစ်ယောက် စပြီး

ပြန်သွား ကြသည်။ ဆွန်းမိုရဲ့ အေးချမ်းမှုကို အနှောက်အယှက်မဖြစ်ရအောင် ခြေလှမ်းကို အရှိန်လျှော့ကာ စကြံ်န်ကနေ ထွက်သွားကြသည်။

ကျောင်းသားတချို့ကတော့ ဆွန်းမိုကို ကိုယ်တိုင်ကိုယ်ကျ မြင်ခွင့် မရလိုက်ပါ။ သို့သော်လည်း သူတို့က ဆွန်းမို အခန်းကို ဖြတ်ကျော်ရတဲ့အခါ ဦးညွှတ်ပြီး အရိုအသေ ပေးခဲ့သည်။

ဒီမြင်ကွင်းမြင်လျှင် အစမ်းခန့် ဆရာတစ်အုပ်သည် အရမ်း အံ့အောတုန်လှုပ်နေကြသည်။

ဆွန်းမိုက မြတ်ဆရာတစ်ယောက် မဟုတ်သော်လည်း သူ့ရဲ့ လုပ်ရပ်ကြောင့် ကျောင်းသားတွေရဲ့ အသိအမှတ်ပြုမှုနှင့် ချစ်ခင်မှုကို ရရှိသွားပြီ ဖြစ်သည်။

“ငါလည်း ဆွန်းမိုလို ဖြစ်ချင်လိုက်တာ” မန်ရီ စိတ်ထဲက အရမ်းအားကျပြီး လက်သီးကို တင်းတင်းဆုပ်ထားလိုက် မိသည်။

“ ဆရာတစ်ယောက်ဖြစ်လာဖို့ဆိုတာ ငါ့ဘဝမှာ အကောင်းဆုံး ဆုံးဖြတ်ချက် တစ်ခုပဲ”

လုခုန်ကလည်း သူ့အနာဂတ်ကို စောင့်မျှော်နေသည်။ ကျောင်းသားတွေကို အခက်အခဲကနေ ရုန်းထွက်နိုင်အောင် ကူညီပေးပြီး သူတို့ကို ကြီးပွားအောင်မြင်ပြီး သူတို့ဘဝရဲ့ အထွတ်အထိပ်ကို ရောက်ရှိစေချင်သည်။

ကျောင်းသားတွေမရှိတော့တာ ကြာပေမယ့် အစမ်းခန့်ဆရာတွေက လှေကားပေါ်မှာ မလှုပ်ပဲ ရပ်မိနေကြတုန်းပါ။ သူတို့သည် အတွေးထဲမှာ နစ်မြောနေကြပြီး သူတို့ဘဝအတွေက် လမ်းကြောင်းကို ရုတ်တရက် တွေ့ရှိသွားကြသည်။

ဒင်

"လေးစားအထင်ကြီးမှု အမှတ် စုစုပေါင်း ၂,၁၃၈ ရလို့ ဂုဏ်ပြုပါတယ်"

စနစ်ရဲ့ အကြောင်းကြားချက် ထွက်လာသည်။

"အခုငါ့မှာ လေးစားအထင်ကြီးမှုအမှတ် ဘယ်လောက်ရှိပြီလဲ"

ဆွန်းမို မကျေနပ်နိုင်သေးပါ။ အရေးမပါသော အလုပ်တစ်ခု လုပ်ခဲ့ရသလိုပဲ ခံစားရသည်။

"၄၇,၉၁၅" စနစ်က အကြောင်းကြားသည်။ ဒါက တော်တော်လေး မျက်စိကျစရာ ကောင်းတဲ့ အမှတ်ပါ။

"ဟားဟား၊ ဒီမြွတ်ဆရာ အရှိန်အဝါကို ခဏလေးနဲ့ ဝယ်နိုင်ပြီ"

ဆွန်းမို အရမ်း ပျော်နေသည်။

နောက်တစ်နေ့..................

ဒီသက်ရောက်မှုက ဆွန်းမိုရဲ့ ကျင့်ကြံခြင်း ဆေးပညာအတန်းအပေါ်ကိုလည်း သက်ရောက်ပြီး လူတွေပြည့်နေရုံသာမက စကြံ်န်မှာလည်း ရပ်စောင့်နေတဲ့ ကျောင်းသားတွေ ပိုများလာသည်။

ဆွန်းမိုရောက်တာနဲ့ အားလုံးက တပုံစံတည်း အရိုအသေပေးကြသည်။

ဆွန်းမိုအပေါ် ဆရာတချို့ရဲ့ သဘောထားကလည်း တိုးတက်လာသည်။ သူတို့က စပြီး ခေါင်းညိတ်ပြတဲ့လူနဲ့ လက်မထောင်ပြတဲ့လူနဲ့ ဖြစ်နေကြသည်။

အမှန်ပဲ။ တချို့က စိတ်ရင်းနဲ့ ဖြစ်ပြီး တချို့ကတော့ ဖားဖို့ အတွက် ပြုလုပ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုကတော့ လေးစားအထင်ကြီးမှု အမှတ် ရရှိမှုအပေါ်မူတည်ပြီး သူတို့က စိတ်ရင်းနဲ့လား အပေါ်ယံလားဆိုတာ သိနေသည်။

အတန်းပြီးတဲ့အခါ အရမ်း ဝင်ငွေကောင်းတဲ့ အရင်းအမြစ်ကို ထိန်းသိမ်းကာ လေးစားအထင်ကြီးမှု အမှတ်ပေါင်း ၃၁၂ မှတ်ရလိုက်သည်။

ဆွန်းမိုက အဆင့်ဆင့် လုပ်ဆောင်ရတဲ့ သဘောတရားကို နားလည်နေခဲ့သည်။ ဒါကြောင့်လည်း ကျင့်ကြံခြင်းဆေးပညာ အတန်းအသစ်ကို မဖွင့်ခဲ့ပါ။

သူ့ရဲ့ တိုက်ရိုက် တပြည့် ခြောက်ယောက်ရဲ့ သင်ခန်းစာ ပြီးဆုံးသွားရင် လီဇီချီအား ကိစ္စတချို့

ဆွေးနွေးရန် အန်ရှီဝေကို သွားဖိတ်ခေါ်ခိုင်းလိုက်သည်။

နေ့ခင်းဘက်...............

“ဆရာဆွန်း၊ ငါလဲဆွေးနွေးဖို့ လိုက်လာလိုက်တယ်။ စိတ်မဆိုးဘူး မှတ်လား”

ကူရှုပ်ရှင်းက ဆွန်းမိုကို ချစ်စရာကောင်းသော အပြုံးလေးနဲ့ နှုတ်ဆက်လိုက်သည်။

လီဇီချီက ကျောင်းအုပ်ကြီး ရုံးခန်းရောက်သွားတဲ့ အချိန်တွင် ကူရှုပ်ရှင်းနှင့် အန်ရှီဝေတို့က တိုက်တိုက်ဆိုင်ဆိုင် ဆွေးနွေးနေကြသည်။

ဒါကြောင့်လည်း သူမက အပျော်သဘောဖြင့် လိုက်လာခဲ့သည်။

"ဆရာကူ၊ မလာ်ပါ။"

ဆွန်းမို အတွက်တော့ ဘာမှ မထူးခြားပါ။

"လီဇီချီ၊ သူတို့ကို အဲဒီနေရာ ခေါ်သွားလိုက်"

"အင်း"

လီဇီချီက အစေခံကိစ္စတွေနဲ့ ပက်သက်ပြီး မလုပ်ဖူးခဲ့သော်လည်း ငယ်စဉ်ကတည်းက သင်ကြားခဲ့ရတဲ့ ပညာရေးကြောင့် တခြားသူတွေကို ညှိ့ဝတ်ကျေပွန်စွာ ညှိ့ခံနိုင်သည်။

လုချီဟွာက

"ငါ..................ငါ ရေမချိုးဘူး"

သူက လူစိမ်းတွေကို ကြောက်တတ်သည် မဟုတ်လား။

"မရဘူး"

ဆွန်းမိုက လက်မခံပါ။ ဆေးထုပ်ကြီးက အရမ်းတန်ဖိုးရှိသည်။ အလဟဿ အဖြစ်မခံနိုင်ပါ။

ဆွန်းမိုက ဆေးထုပ်ကြီးရဲ့ အသုံးဝင်မှုကို ရှင်းပြပြီးနောက် လီဇီချီကို အရှေ့လေသာဆောင်အား

ဖြိုချပြီး အများသုံး ရေချိုးကန်ကြီး တည်ဆောက်ထားခိုင်းခဲ့သည်။

"ဒီလိုပူတဲ့နေ့မှာ ဘာကြောင့် ရေချိုးရမှာလဲ"

ကူရှုပ်ရှင်း အရမ်းအံ့အော မှင်တက်နေသည်။ ဆွန်းမိုရဲ့ ကိုယ်ကျင့်တရား အရည်အချင်းတွေကိုသာ မသိထားရင် ဒီကောင်က ရေချိုးနေတုန်း အန်ရှီဝေရဲ့ ခန္ဓာကိုယ်ကို ချောင်းကြည့်မလို့ လုပ်နေတယ် ထင်သွားမိမည်။

အသက်ကြီးတဲ့ မိန်းမ ၂ယောက်နှင့် မိန်းကလေး ၃ယောက်က ရေးချိုးကန် ဘေးတွင် ရပ်နေကြသည်။

လီဇီချီက အပူချိန်ကို စမ်းသပ်ကြည့်ပြီး ဆေးထုပ်ကြီးကို အထဲ ထည့်လိုက်သည်။

ဝူးစ်

သွေးအိတ်ပေါက်သွားသလို ရေမျက်နှာပြင်ပေါ်တွင် ပူစီဖောင်းထလာကာ ဆူပွက်သွားသည်။

"ဇီချီ၊ ငါတို့ကို ပြုတ်မလို့ လုပ်နေတာလား'

ကူရှုပ်ရှင်းက ဟာသပြောပြီး စပ်စုလိုက်သည်။

"အထဲကို ဘာထည့်လိုက်တာလဲ"

"ဆေးထုပ်ကြီး" လီဇီချီက ပြန်ရှင်းပြသည်။

"အခုလူတိုင်း ရေချိုးကန်ထဲ ဝင်လို့ ရပြီ"

လီဇီချီက စကားပြောပြီးနောက် ဆေးထုပ်ကြီးမှာ ပြဿနာမရှိကြောင်း သက်သေပြမလို့ ရေကန်ထဲ ဝင်လိုက်သည်။ သို့သော်လည်း ဒါက သူမအတွေးလွန်နေခြင်း ဖြစ်သည်။ အန်ရှီဝေနှင့် ကူရှုပ်ရှင်းက ဒီလိုအခြေအနေနဲ့ ရင်းနှီးနေပြီး ကြည့်လိုက်ရုံနဲ့ ပြဿနာမရှိမှန်း သိနေကြသည်။ ဒါ့အပြင် ဆွန်းမိုကလည်း သူတို့ကို ထိခိုက်အောင်

ဘယ်တော့မှ လုပ်မှာ မဟုတ်ပေ။ ဒါကြောင့် ရေချိုးကန်ထဲကို ချက်ခြင်း ဝင်သွားကြသည်။

"အင်း။ ရေချိုးရမယ့် အချိန်တော့ ရောက်ပြီ"

လုချီဟွာက တချက်ရှုံ့လိုက်သည်။ ဒီချိုးရေက ပစ္စည်းကောင်းတွေနဲ့ ပြုလုပ်ထားပြီး အရမ်းကောင်းမွန်မယ်လို့ အလိုလို ခံစားမိနေသည်။ ဒါကြောင့်လည်း ခြေသလုံးကို အားစိုက်ကာ ရေချိုးကန်ထဲကို ခုန်ချလိုက်သည်။

ဝုန်း

ချိုးရေတွေက အဘက်ဘက်ကို လွင့်စင်သွားသည်။ ထင်ထားသလိုပဲ ချိုးရေတွေက ဝိညာဉ်ချီနဲ့ ပြည့်နေသည်။ အရေပြားနဲ့ ထိလိုက်ရင် ငါးသေးသေးလေးတွေက တိုးဝင်နေသလို ဝိညာဉ်ချီများ စိမ့်ဝင်လာသည်။

"အရမ်း နေလို့ ကောင်းလိုက်တာ"

လုချီဟွာ စကား ပြောပြီးနောက် ကူရှုပ်ရှင်းရဲ့ အသံကို ကြားလိုက်ရသည်။ သူမက ဒီနေရာမှာ တစ်ယောက်တည်း မဟုတ်ကြောင်း ရုတ်တရုတ် ပြန်သတိရပြီး ထိတ်လန့်စ ပြုလာသည်။ ချက်ခြင်းကို

သူမခေါင်းကို ရေထဲ ပေါက်ကနဲ မြည်အောင် ငုံ့လိုက်သည်။

ဖလူး ဖလူး

လေပူဖောင်းများ ထွက်လာသည်။

"ဒီချိုးရေထဲမှာ ဝိညာဉ်ချီတွေ အရမ်းများမနေဘူးလား"

ကူရှုပ်ရှင်းက အန်ရှီဝေကို ကြည့်လိုက်လျှင် အရမ်းအံ့အောနေတဲ့ မျက်နှာကို တွေ့လိုက်သည်။

"အင်း"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေလည်း အရမ်းအံ့အော တုန်လှုပ်နေသည်။ ပါရမီရှင်တစ်ယောက်အနေနဲ့ သူမရဲ့ အာရုံခြောက်ပါး ခံစားမှုက အရမ်းအားကောင်းပြီး ဆေးထုပ်ကြီးရဲ့ ပြင်းထန်သော သက်ရောက်မှုကို ချက်ခြင်း ခံစားမိသည်။

ဆေးအာနိသင် ပျံ့နှံ့သွားပြီးနောက် လှိုင်းလုံးများစပေါ်လာသည်။ ခဏအကြာတွင် သူမတို့နဲ့ ဆန့်ကျင်ဘက် အရပ်ကနေ လှိုင်းလုံးလေး ထွက်ပေါ်လာသည်။ အနှိပ်ခံရသလို ခံစားရပြီး အရမ်းသက်တောင့်သက်သာ ဖြစ်နေသည်။

ကူရှုပ်ရှင်းက လက်ခုပ်ထဲ ရေထည့်ပြီး ပက်လိုက်သည်။

ဖလောက်

ရေပက်သံတိုးတိုးလေးက ပွဲတင်သံ ထွက်သွားသည်။ ချို့ယွင်းချက်တစ်ခုကို ပြောရလျှင် ရေအရောင်က အရမ်းနီလွန်းသည်။ ကြည့်လိုက်ရင် အလောင်းက စိမ့်ထွက်လာသော သွေးတွေလို ဖြစ်နေပြီး အရမ်းကြောက်ဖို့ ကောင်းလွန်းသည်။

"ဒီဆေးထုပ်ရဲ့ အာနိသင်က အရမ်းအားကောင်းလွန်းတယ်။ ဆရာ့ကို သွားမေးလိုက်အုံးမယ်"

လီဇီချီက ဆွန်းမို ပိုင်ဆိုင်တဲ့ ဆေးထုပ်ကြီးနဲ့ ရေချိုးရတာ စိတ်မသက်မသာ ဖြစ်နေသည်။

ကူရှုပ်ရှင်းက အန်ရှီဝေကို လှမ်းကြည့်လိုက်လျှင် သူမက မျက်လုံးမှိတ်ပြီး တရာထိုင်မလို့ လုပ်နေတာ တွေ့လိုက်သည်။

"တော်ပြီ။ လျစ်လျူရှုပြီး ရေပဲ ချိုးတော့မယ်'

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းလည်း လည်ပင်းဖုံးတဲ့အထိ ရေထဲ ထိုင်ချလိုက်သည်။ ဆွန်းမိုကို သူမပခုံးတောင် မြင်ခွင့် မပေးချင်ပါ။ (ကျွန်မက သန့်ရှင်းပြီး အကျင့်မပျက်တဲ့ အပျိုစင်ရှင့်။ ငါရဲ့ကိုယ်လုံးတီး ခန္ဓာကိုယ် ကို မြင်သွားရင် အနာဂတ်မှာ ဘယ်လို လက်ထက်ရမှာလဲ)

“ အနာဂတ်ငါ့ ယောကျ်ားကို စိတ်မပျက်စေရဘူး”

ကူရှုပ်ရှင်း ရေရွတ်လိုက်သည်။

အခန်း (၁၅၉) - ငါ့ကို သတ်ဖို့ ကြိုးစားနေတာလား။

အန်ရှီဝေက ဘာမှမဖြစ်သလို နေနေရသော်လည်း စိတ်ထဲမှာတော့ အရမ်း ထိတ်လန့်နေသည်။ (အား ဆွန်းမိုလာနေပြီ၊ သူ့ကိုတားလိုက် ရမလား)

(မဖြစ်သေးပါဘူး။ ငါတို့က စေ့စပ်ပြီးသား။ သူ့ကို ဒီလိုလုပ်လိုက်ရင် အရမ်းအေးစက်နေသလို ဖြစ်သွားမယ်)

(ဒါမှမဟုတ်။ ငါအခုပဲ ထွက်သွား လိုက်ရမလား)

(ဒါပေမယ့် ဒီချိုးရေက အရမ်း နေလို့ ကောင်းလွန်းတယ်။ ဒါစိမ်ပြီး လက်ချောင်းတောင် မလှုပ်ချင်တော့ဘူး)

ပွင့်ပွင့်လင်းလင်း ပြောရလျှင် ဆွန်းမိုက ချောမောသလို အရည်အချင်းလည်း ရှိသည်။ အခုလောလောဆယ် သူ့ရဲ့ လုပ်ဆောင်မှုတွေကလည်း အရမ်းထင်ပေါ်ပြီး မျက်စိ ပဒေသာ ဖြစ်လွန်းသည်။

အန်ရှီဝေက ဆွန်းမိုကို အသိအမှတ်ပြုပြီး သူမ အပိုင်လို့ သတ်မှတ်ထားသည်။ ဒီလိုမဟုတ်ပါက ရေချိုးဝတ်ရုံပတ်ပြီး ထွက်သွားလိမ့်မည်။

ခြံဝန်းထဲတွင် ဆွန်းမိုက သဏ္ဌာန်မဲ့မြင့်မြတ် စကြြ်ာဝဠာကျင့်စဉ်ကို ကျင့်ကြံနေသည်။

အချိန်တံဆိပ်ကိုသုံးပြီး အဆင့်တက်နိုင်သော်လည်း ကျင့်ကြံခြင်းက ပိုပြီး ထိခိုက်မှုနည်းသည်။

"ဆရာ၊ ငါတို့နဲ့ရေချိုးခန်းကို လိုက်ခဲ့ပေးအုံး"

လီဇီချီက ဆွန်းမိုလက်ကို ဆွဲပြီး ရေချိုးခန်းကို ခေါ်သွားသည်။

"အဓိပ္ပါယ် မရှိတာ"

ဆွန်းမိုက လီဇီချီ လက်ကို ခါချလိုက်သည်။

"ဆရာ၊ ကျောင်းအုပ်ကြီး အန်နဲ့ ပိုရင်းနှီးဖို့ အခွင့်အရေး ကောင်းပဲ"

လီဇီချီက တိုးတိုးလေး သတိပေးသည်။

လီဇီချီသည် ဆွန်းမိုရဲ့ အမာခံပရိတ်ဖြစ်သော်လည်း သူမမျက်လုံးထဲတွင် အန်ရှိဝေက တကယ်ထူးချွန်ပြီး သူမနဲ့ လိုက်ဖက်ဖို့အတွက် ဆွန်းမိုက နည်းနည်း နိမ့်ကျတယ်လို့ ခံစားမိသည်။ ဒါကြောင့် သူတို့ကြားက ခံစားချက်တွေ ကောင်းမွန်လာအောင် တတ်နိုင်သလောက် ထိတွေ့ဆက်ဆံဖို့ ကြိုးစားသင့်သည်။

"ဘာကြောင့် သူမနဲ့ ပိုရင်းနှီး ရမှာလဲ"

ဆွန်းမို အမေးနဲ့ တုန့်ပြန်သည်။

"အမ်"

လီဇီချီ ဒီမေးခွန်းကြောင့် ကြောင်သွားသည်။ (ယောကျ်ားတိုင်း ဒီလိုတွေးကြတာပဲလေ)

"မြန်မြန်သွားပြီး ရေချိုး အချိန်ကြာလာတာနဲ့ အမှုရေထဲမှာ ပျော်ဝင်နေတဲ့ ဆေးအာနိသင်တွေ ပျောက်သွားလိမ့်မယ်။ အလွန်ဆုံး မိနစ် ၃၀ လောက်အထိပဲ ရမယ်"

ဆွန်းမိုက တိုက်တွန်းလိုက်သည်။

လီဇီချီက ဆွန်းမိုကို ကြည့်လိုက်လျှင် သူ့ရဲ့ အကြည့်တွေထဲ အန်ရှီဝေအနားကပ်ချင်တဲ့ ရည်ရွယ်ချက် မရှိတာ သိသိသာသာ မြင်လိုက်ရသည်။ ဒါကြောင့် လီဇီချီ အရမ်းအံ့အောသွားသလို တစ်ချိန်တည်းမှာပဲ ကျေနပ်သွားသည်။

"ငါတို့ဆရာက တခြား ဖွန်ကြောင်တွေနဲ့ မတူဘူး"

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၂၀။ ရင်းနှီး(၈၃၀/၁,၀၀၀)

အချက်ပေးသံကို ကြားရင် ဆွန်းမိုက လီဇီချီကို အံ့အောနေတဲ့ မျက်နှာနဲ့ ကြည့်လိုက်သည်။ (ငါ က ဘာလုပ်လို့လဲ။ ဘာကြောင့် မင်းက လေးစားအထင်ကြီးမှု အမှတ်တွေ ရုတ်တရက် ထပေးတာလဲ)

(မင်းက ငါ့ကို ဒီလောက် လေးစားနေရင် ငါပဲ ဖိအားများမယ်)

"ဆရာ, ဆေးထုပ်ကြီးက အရမ်းတန်ဖိုးကြီးတယ် မဟုတ်လား၊ မင်းခဏလောက် မစိမ်ရင် အလကား မဖြစ်သွားဘူးလား"

လီဇီချီက ဆွန်းမိုလက်ကို ခပ်တင်းတင်း ဖမ်းဆုပ်ထားသည်။

"ပြီးတော့ ရေချိုးတာက ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်နဲ့ တွဲသုံးရင် အကျိုးသက်ရောက်မှု အကောင်းဆုံးပဲ ဖြစ်မှာ မဟုတ်လား၊ ဒါကြောင့် ငါတို့ကို ခဏလောက်နှိပ်ပေးဖို့ ဆရာ့ကို ဒုက္ခပေးရတော့မှာပဲ"

လီဇီချီက ဆင်ခြေတစ်ခု ရှာလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုနဲ့ အန်ရှီဝေ တို့ရဲ့ ဆက်ဆံရေးကို အဆင်ပြေ ချောမွေ့သွားစေချင်သည်။

"ဒါအမှန်ပဲ"

လီဇီချီက ခေါင်းညိတ်ပြီး ဆွန်းမိုလက်မောင်းကို ဖက်ထားသည်။ မလိုက်မချင်း ဆွဲခေါ်သွားမဲ့ ပုံပေါက်နေသည်။

ဆွန်းမိုလည်း ကူရာကယ်ရာ မဲ့နေသည်။ လီဇီချီက ပုံမှန်ဆို သိပ်အနှောက်အယှက် မပေးတတ်ပါ။ သူမကို အကြောင်းပြချက် ပေါင်းစုံပေးပြီး ငြင်းလိုက်လို့ ရသေးသည်။ ခုတော့...

တစ်မိနစ်လောက်ကြာရင် ဆွန်းမိုလည်း ရေချိုးဝတ်စုံ ဝတ်ပြီး ရေချိုးခန်းထဲကို ဝင်လာသည်။

အနီရောင် အခိုးအငွေ့တွေက လေထုထဲမှာ ပျံ့နှံ့နေပြီး အမြင်အာရုံကို အနှောက်အယှက် ဖြစ်နေသည်။ အန်ရှီဝေနှင့် ကူရှုပ်ရှင်းသည် ဆွန်းမိုက သူတို့ကို မမြင်နိုင်မှန်း သိသော်လည်း သူမတို့ ခန္ဓာကိုယ်ကို ရေထဲ ပိုနှစ်ထားလိုက်ကြသည်။ အခုတော့ သူမတို့ နှာခေါင်းသာ ရေထဲက ပေါ်နေတော့သည်။

"အမ်၊ ဆရာဘာလို့ အဲဒီမှာ ထိုင်နေတာလဲ။ မြန်မြန်လာခဲ့လေ"

လီဇီချီက ဆွန်းမိုအနာက်မှာ ရပ်ပြီး သူ့နောက်ကျောကို တွန်းဖို့ လုပ်လိုက်သည်။ ကြမ်းပြင်က ချောပြီး ဟန်ချက်ပျက်သွားကာ ရှေ့ကို ယိုင်ကျသွားသည်။ ကံကောင်းထောက်မစွာ ဆွန်းမိုက အရှေ့က ဖြစ်နေသည်။ သူမပါးက ဆွန်းမို နောက်ကျောနဲ့ကပ်သွားသည်။

အားလုံး ဝရုန်းသုန်ကား အခြေအနေ ဖြစ်နေသည်။

ဆွန်းမိုက ရေထဲကို ဆင်းလိုက်သော်လည်း မိန်ကလေး ၅ယောက်နဲ့ ဝေးတဲ့ ထောင့်တစ်ခုကိုသာ

ရွေးလိုက်သည်။ တကယ်တော့ သူက မျက်လုံးလည်း မှိတ်ထားပြီး ကြည့်လည်း မကြည့်နေပါဘူး။

“အာ၊ ငါတို့က နီးနေပြီ ငါ့ကို မြင်နေလား မသိဘူး”

ကူရှုပ်ရှင်းလည်း အနည်းငယ် ရင်ဖိုနေပြီး ခြေထောက်နှစ်ချောင်းကို ပူးကပ်ထားမိသည်။ နာကျင်မှုကို တက်မက်တဲ့ လူတစ်ယောက်အနေနဲ့ တချိန်တည်းမှာ စိုးရိမ်နေသလို တချိန်တည်းမှာပဲ ကျေနပ်နေသည်။

သို့သော်လည်း နောက်အခိုက်အတန့်တွင် ကူရှုပ်ရှင်း မကျေနပ်နိုင်တော့ပါ။

"ဟွန့်၊ တော်တော် လူကြီးလူကောင်းပီသနေ"

ကူရှပ်ရှင်း နှုတ်ခမ်းထော်နေသည်။

ရေချိုးခန်းထဲမှာ အခိုးအငွေ့တွေ အများကြီး ရှိနေသော်လည်း အရမ်းနီးနေသောကြောင့် ဖျတ်ကနဲ တစ်ချက် မြင်လိုက်ရသည်။ ဆွန်းမိုက မျက်လုံးမှိတ်ပြီး တရားထိုင်နေတာ မြင်လိုက်လျှင် နည်းနည်း စိတ်ပျက်သွားသည်။

(အားလုံးက ငါ့ကို အလှတရားလေးလို့ သတ်မှတ်ထားတယ်။ ဒါကို မင်းက

မျက်လုံးမှိတ်ထားတုန်းလား။ ငါ့ရဲ့ဆွဲဆောင်မှုကို မေးခွန်းထုတ်နေတာလား)

ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့ နှစ်ယောက်စလုံး စကားတစ်ခွန်းမှ မပြောဖြစ်သော်လည်း သူတို့ကြားက လေထုကတော့ ဂွတီးဂွကျ ဖြစ်နေသည်။ အန်ရှီဝေက ဆွန်းမိုထက် သုံးနှစ်ကြီးပြီး သူတို့အားလုံးထဲမှာလည်း အသက်အကြီးဆုံး ဖြစ်သည်။ အားလုံး သက်တောင့်သက်သာ ဖြစ်မယ့် အခြေအနေကို ဖန်တီးပေးဖို့ သူမမှာ တာဝန်ရှိတယ်လို့ ခံစားမိသည်။

အန်ရှီဝေက ကူရှပ်ရှင်းနှင့် ဆွန်းမိုတို့ကို အများကြီး မျှော်လင့်ထားသည်။ နောင်တချိန်ကျရင် ဗဟိုပြည်နယ်အကယ်ဒမီမှာ သူမရဲ့ ညာလက်ရုံးနှင့် ဘယ်လက်ရုံး ဖြစ်လာပြီး ကျောင်းရဲ့ အရေးကြီးသော တာဝန်များကို ထမ်းဆောင်ရမည်။ ဒါကြောင့်လည်း သူတို့နှစ်ယောက်ကြား ဆက်ဆံရေး သဟဇာတ ဖြစ်နေတာကို မြင်ချင်သည်။

"အဟွတ်"

အန်ရှီဝေက စကားပြောမလို့ ခေါင်းဟန့်လိုက်သည်။ ဒါပေမယ့် ရုတ်တရက်

ချိုးရေတွေက ပေါက်ကွဲထွက်လာပြီး ရေပန်းကပန်းထွက်လာသလို မိုးပေါ်ကို ထောင်တက်သွားသည်။

“ဘာဖြစ်တာလဲ”

ကူရှုပ်ရှင်းလည်း အန္တရာယ် အငွေ့အသက်ကို ခံစားမိပြီး ရေချိုးကန်ထဲမှာပဲ ရှောင်မလို့ အလိုလိုနောက်ခုန်ဆုတ်လိုက်မိသည်။

အန်ရှီဝေ၏ အမူအရာလည်း လေးနက်နေသည်။

“အား....”

လုချီဟွာက ကြောက်လန့်ပြီး သူမရဲ့ ဇဝနဉာဏ်အရ ချက်ခြင်းထအော်သည်။

သို့သော်လည်း အင်ဘိုင်ဝူ၏ တုန့်ပြန်မှုက အရမ်းလျှင်မြန်သည်။ ချက်ခြင်း ရေကန်ထဲက ခုန်ထွက်ပြီး အဝတ်လျှော်တုတ်ကို ကိုင်ထားလိုက်သည်။

ကာကွယ်မှုနှင့် တိုက်ခိုက်မှုကို ပေါင်းစပ်ထားတဲ့ တုန့်ပြန်မှုပဲ။ ဒါကိုကြည့်လိုက်လျှင် သူမလမ်းပေါ်မှာ ဘယ်လောက်တောင် တိုက်ပွဲနဲ့ တွေ့ကြုံခဲ့ရလည်း သိနိုင်သည်။

ဖလောက်စ်

ချိုးရေတွေက မျက်နှာကျက်လောက်အထိ လွင့်စင်လာပြီး ပြန်ကျလာတဲ့အခါ ၄မီတာ ရှည်တဲ့ ရေဘီလူးတစ်ကောင် ဖြစ်သွားသည်။

“မကြောက်ကြနဲ့ ၊ ဒါက ပုံမှန်ပဲ”

ဆွန်းမိုခေါင်းမှာ ချွေးတွေက ရေတံခွန်တစ်ခုလို စီးကျနေသည်။ သူလည်း ဒီချိုးရေကို တခါပဲ စိမ်ဖူးတဲ့အတွက် ဒီလိုအချိန်ရောက်ရင် ဘီလူးထွက်လာမယ်ဆိုတာ မေ့နေသည်။

“မင်းပြောစမ်း ဘယ်မိသားစုရဲ့ ချိုးရေက ဒီလို ဗလနဲ့ လူ ပေါ်လာလို့လဲ”

ကူရှုပ်ရှင်းက ဒေါသတကြီး အော်ပြောနေသည်။ ရောဘီလူးကြီးက လီဇီချီကို လက်သီးနဲ့ ထိုးလိုက်တာမြင်လိုက်လျှင် သူမရဲ့ ပူပန်မှုကို မထိန်းနိုင်တော့ပါ။

ကိုယ်လက်လှုပ်ရှားမှုစွမ်းရည် အားနည်းသူအနေနဲ့ ဒီမတော်တဆမှု စဖြစ်ကတည်းက သူမ လှုပ်လှုပ်ရှားရှား သိပ်မရှိပါ။ ဒါကြောင့်လည်း ရောဘီလူးကြီးနဲ့ အနီးဆုံးဖြစ်နေသည်။

“အား...”

ကူရှုပ်ရှင်းက မောက်မာစွာအော်ပြီး ခုန်ကန်လိုက်သည်။ သူမခန္ဓာကိုယ်ကို မြင်သွားမှာတွေ ဘာတွေလည်း ဂရုမစိုက်နိုင်တော့ပါ။ အသက်ကယ်တင်ဖို့က အရေးကြီးနေပြီ။

ဘုန်း

ရေဘီလူးကြီးရဲ့ လက်သီးကို ကန်မိပြီး အပိုင်းပိုင်းကွဲထွက်သွားသည်။ သွေးရောင် အခိုးအငွေ့ အများကြီးပေါ်လာသည်။ ဒါပေမယ့် မပျံ့နှံ့သွားပဲ ကူရှုပ်ရှင်း ခန္ဓာကိုယ် တဝိုက်ကို တိမ်တွေလို ဖုံးအုပ်နေသည်။

"အမ်"

ကူရှုပ်ရှင်းလည်း ဝိညာဉ်ချီများက အရေပြားကိုထိပြီး စိမ့်ဝင်နေတာကို ကြောင်ပြီး ငေးကြည့်နေသည်။

"ဆွန်းမို"

အန်ရှီဝေက သူမလက်ချောင်းများကို သုံးပြီး မြေပဲလုံးအရွယ်အစားလောက်ရှိတဲ့ ရေစက်များကို ပစ်လွှတ်နေသည်။ ရေဘီလူးကြီးရဲ့ ခန္ဓာကိုယ်တွင် အပေါက်ပေါက်များစွာဖြစ်သွားပြီး သွေးရောင်

အခိုးအငွေ့များသည် အလုံးလိုက် ပေါက်ကွဲထွက်လာသည်။

"ဒီအခိုးအငွေ့တွေက အကျိုးရှိတယ်။ မင်း ကျင့်စဉ်ကို မြန်မြန်လည်ပတ်ပြီး ဝိညာဉ်ချီတွေကို စုပ်ယူလိုက်"

ဆွန်းမိုက ပြောသည်။

နားလည်မှု မလွဲစေခြင်သောကြောင့် ဆွန်းမိုက တံခါးဘက်ကို လျှောက်သွားလိုက်သည်။ ဒါပေမယ့် လီဇီချီရဲ့ ခန္ဓာကိုယ်က ပုဇွန်တစ်ကောင်လို နီရဲလာပြီး အဆက်မပြတ် တုန်ယင်လာသည်။

ဒါကို မြင်လိုက်လျှင် ဆွန်းမိုလည်း လီဇီချီဆီကို အမြန်ပြန်ပြေးလာသည်။ လီဇီချီကို ရေကန်ထဲက မ ထုတ်လိုက်ပြီး ဘေးနားက ဝါးကုလားထိုင်ပေါ်တွင် တင်လိုက်သည်။ ပြီးတော့ ရှေ့ဟောင်းအနှိပ်ပညာကို သုံးပြီး သူမကို နှိပ်ပေးလိုက်သည်။

လီဇီချီ ခန္ဓာကိုယ်က ဝိညာဉ်ချီ အလွန်အကျွံစုပ်ယူပြီး အစာကြေအောင် မချေဖျက်နိုင်ပဲဖြစ်နေသည်။ ဒါကြောင့်လည်း ဒီအခြေအနေ ဖြစ်ပေါ်လာသည်။ ဝိညာဉ်ချီများကို

အချိန်မှီ မချေဖျက်နိုင်ပါက ဖိအားများပြီး ကြွက်သားနဲ့ အာရုံကြော စနစ်များ ထိခိုက်သွားနိုင်သည်။

အခြားတဖက်တွင် အင်ဘိုင်ဝူက အရမ်းရှားပါးသော အခြေအနေမှန်းသိပြီး တင်ပလေခွေကာ တရားထိုင်လိုက်သည်။ လုချီဟွာကတော့ စိုးရိမ်တကြီး ချက်ခြင်း ပြေးလာသည်။

“သူမ အဆင်ပြေလား”

ဆွန်းမိုကလည်း လုချီဟွာကို သွားပြီး တရားထိုင်စေချင်နေသည်။ ဒါပေမယ့် သူမကို

လှည့်ကြည့်လိုက်လျှင် ဘာမှလုပ်စရာမလိုဘဲ ဝိညာဉ်ချီများက သူမခန္ဓာကိုယ်ထဲ စီဆင်းနေတာကို မြင်လိုက်ရသည်။

ဆွန်းမိုလည်း ဆွံ့အ သွားသည်။ (မင်းရဲ့ အရမ်းနိမ့်ကျတဲ့ အလားအလာတန်ဖိုးက ဘယ်လိုဖြစ်သွားတာလဲ။ ဝိညာဉ်ချီ စုပ်ယူတဲ့နှုန်းက ကူရှူပ်ရှင်းထက်တောင် ပိုမြန်နေသေးတယ်။ ဒါပေမယ့် ဝိညာဉ်ချီတွေက ဘယ်ရောက်သွားတာလဲ)

အန်ရှီဝေသည် ကြယ်သုံးပွင့်မြတ်ဆရာ တစ်ယောက်ဖြစ်ပြီး အရင်ကလည်း ဒီလို

ထူးဆန်းအခြေအနေမျိုး အများကြီးကြုံဖူးသည်။ ဒါကြောင့် ဝိညာဉ်ချီ စုပ်ယူမနေတော့ဘဲ ဘီလူးကြီးကို တိုက်ခိုက်ပြီး သူမက ရေချိုးဝတ်ရုံကို သူမခန္ဓာကိုယ်ပေါ်တွင် ပတ်လိုက်သည်။

"ဘာဖြစ်နေတာလဲ၊ ဒီဘီလူးကြီးက ဘာလဲ"

အန်ရှီဝေ သုန်မှုန်နေသည်။

"ဘီလူးက ရေထဲကို ဆေးထုပ်ကြီးထည့်လိုက်လို့ ပေါ်လာတာ၊ ဒါကလည်း ဆေးရေချိုးနေသလိုပါပဲ။ မကြာခဏ စိမ်ပေးရင် သွေးလည်ပတ်မှု

အားကောင်းလာပြီး ဘီလူးတစ်ကောင်လို သန်မာလာလိမ့်မယ်”

ဆွန်းမိုက ရှင်းပြလိုက်သည်။

“ဘီလူးလို သန်မာလာမယ်..”

အန်ရှီဝေလည်း ဆွန်းမိုရဲ့ ရင်ဘက်ကြွက်သားများကို ကြည့်လိုက်မိသည်။ ပြီးနောက် မျက်ခုံးများ နောက်တစ်ကြိမ် တွန့်သွားသည်။ သူမ ရေချိုးခန်းထဲတွင် ပျံ့ကျဲနေသော ရေကွက်များကို မထိမိစေရန် အလိုလို ထိန်းလိုက်မိသည်။

အန်ရှီဝေက ကောင်းကောင်း ဝတ်စားဆင်ယင်ခြင်း မရှိဘဲ မျက်နှာဗလာ လူတွေကို တွေ့တတ်သော်လည်း သူမက မိန်းမတစ်ယောက်ဖြစ်လို့ လှပတဲ့ ပုံစံကို ကြိုက်နှစ်သက်သည်။ သူမက ဧရာမ ဘီလူးတစ်ကောင်လို အရုပ်ရှည်ကာ ဗလတွေနဲ့ ဖြစ်နေမယ့် ပုံစံကို တွေးမိပြီး.......................

“မင်းတွေးနေသလို မဖြစ်ပါဘူး”

ဆွန်းမိုက စနောက်ပြီး ရယ်လိုက်သည်။

“အိုး”

အန်ရှီဝေက မြေပေါ်ကို ခြေစောင့်လိုက်မိသည်။

ဆွန်းမိုက အရမ်းလျှင်မြန်လာသည်။ လီဇီချီကို သက်တောင့်သက်သာ ဖြစ်အောင် ကူညီပြီးနောက် ကူရှုပ်ရှင်း၏ ပတ်လည်တွင် ပြင်းထန်သော ဝိညာဉ်ချီများ ဝန်းရံနေတာကို မြင်လိုက်လျှင် ကူညီဖို့ ပြင်ဆင်နေသည်။

"သူမ အဆင့်တက်တော့မှာလား"

ဆွန်းမိုလည်း ရုတ်တရက် အံ့အောသွားပြီး နတ်ဘုရားမျက်စိကို ဖွင့်လိုက်သည်။

အန်ရှီဝေလည်း မျက်မှောင်ကြုတ်နေသည်။ ကူရှုပ်ရှင်းသည် သွေးလောင်ကျွမ်ခြင်း အဆင့်(၆)ကို ရောက်နေပေမယ့် ကြီးမြတ်သော စက်ဝိုင်းကို မကျင့်ကြံရသေးပါ။ သဘောတရားအရတော့ အဆင့်တက်ဖို့ မဖြစ်နိုင်သေးပါ။ သို့သော်လည်း မတော်တဆ ဆေးရေချိုးမိပြီး များပြားလှသော ဝိညာဉ်ချီကို စုပ်ယူ မိခဲ့သည်။ သူမက ဒီအခွင့်အရေးကို အသုံးချပြီး သွေးလောင်ကျွမ်းခြင်းအဆင့်(၇)ကို တက်ဖို့ ကြိုးစားနေသည်။

သူမရဲ့ စိတ်အခြေအနေနဲ့ စွမ်းအား မလုံလောက်သောကြောင့် သူမဘယ်လိုမှ အဆင့်မတက်နိုင်ပေ။ သို့သော်လည်း အန်ရှီဝေက ကူရှုပ်ရှင်း ဘယ်နေရာက လာလဲဆိုတာ နားလည်နေသည်။

ဆရာတစ်ယောက် ဖြစ်လာပြီးနောက် ကျောင်းသားများကို သင်ကြားပေးရတာအပြင် အခြားဘာသာရပ်များကိုလည်း ကျွမ်းကျင်အောင် လေ့လာနေရသည်။ ဒီလိုမဟုတ်ရင် သူတော်စင်ဂိတ်က စစ်ဆေးမှုကို မကျော်ဖြတ်နိုင်ဘဲ

ဖြစ်နေလိမ့်မည်။ ဒါကြောင့်လည်း ကျင့်ကြံဖို့အချိန်က အရမ်းနည်းလွန်းသည်။

တခြား သီးသန့်ကျင့်ကြံသူ များနဲ့ နှိုင်းယှဉ်ရင် မြတ်ဆရာများက ကျင့်ကြံခြင်း အဆင့် အားနည်းတတ်ကြသည်။ ဒါကြောင့်လည်း ဒီလိုမျိုးအခွင့်အရေးနဲ့ ကြုံလိုက်လျှင် ကူရှုပ်ရှင်းက သေချာပေါက် စွန့်စားရပေမည်။

ဒါပေမယ့် ဒီတစ်ကြိမ်တော့ သူမကံမကောင်းခဲ့ပါ။

အင်ဘိုင်ဝူနဲ့ လုချီဟွာတို့ကလည်း ဝိညာဉ်ချီ အမြောက်အများကို စုပ်ယူခဲ့ကြသဖြင့်

သူ့အဆင့်တက်ဖို့အတွက် ဝိညာဉ်ချီများ မလုံလောက်တော့ချေ။

"ဝိညာဉ်ချီကို ဖြစ်နိုင်တဲ့နည်းလမ်းနဲ့ မြန်မြန် ဖြည့်ပေးလို့ လိုနေပြီ"

အန်ရှီဝေသည် တွဲလျောင်းကျနေတဲ့ သူ့မ အဝတ်အစားဆီသို့ ပြေးသွားသည်။ အထဲမှာ မှော်ဆေးပြားတစ်ခု ရှိသည်။ သို့သော်လည်း ဆွန်းမိုက ကူရှုပ်ရှင်းဆီကို ပြေးသွားသဖြင့် သူ့မလုပ်စရာ မလိုတော့ပါ။

“မင်းကို စော်ကားသလို ဖြစ်သွားရင် တောင်းပန်ပါတယ်’

ဆွန်းမိုကပြောပြီးတာနဲ့ ကူရှုပ်ရှင်း တကိုယ်လုံးကို စနှိပ် လိုက်သည်။

စာစဉ်(၁၃)

အခန်း(၁၈၀) - အဆင့်တက်ဖို့ သူ ကူညီတော့လဲ လွယ်လိုက်တာ

ရေချိုးခန်းထဲတွင် အနီရောင် အခိုးအငွေ့များ လေထဲ တဝဲလည်လည် ဖြစ်နေကြသည်။

“အိုး၊ မဟုတ်သေးဘူး ၊ စိတ်မပူနဲ့”

ကူရှုပ်ရှင်းရဲ့ မျက်နှာ တစ်ခုလုံး သုန်မှုန်နေသည်။ ရေချိုးခန်းထဲတွင် ရှိသော ဝိညာဉ်ချီ သိပ်သည်းမှုက

အဆင့်တက်ဖို့အတွက် လုံလောက်သည်။ သို့သော်လည်း အင်ဘိုင်ဝူနှင့် လုချီဟွာတို့က အဆုံးမရှိတဲ့ တွင်းတစ်ခုလို စုပ်ယူသွားမယ်လို့ သူမ မထင်ထားခဲ့ပါ။

ကျင့်ကြံခြင်းတွင် ဉာဏ်ပညာနှင့် စိတ်အား ထက်သန်မှုတို့ထက် ကံကောင်းခြင်း လက်ဆောင်ကလည်း အရေးကြီးသေးသည်။ အမှန်တော့ ကျင့်ကြံခြင်း ဆိုတာ ပိုမိုသန်မာလာစေရန် ကောင်းကင်နဲ့ မြေကြီးဆီကနေ ဝိညာဉ်ချီများ အဆက်မပြတ် စုပ်ယူတဲ့ လုပ်ငန်းစဉ်ပဲ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက ပရိုဖက်ရှင်နယ် အားကစားသမား တစ်ယောက် ဖြစ်လာအောင် ကြိုးစားရတာနဲ့ တူသည်။ လူတစ်ယောက်မှာ အခြေခံ အုတ်မြစ်ကောင်းသာမရှိရင် သေအောင်ကြိုးစားလည်း ဆုတံဆိပ်တစ်ခု ရဖို့ မဖြစ်နိုင်ပါ။

ပရိုဖက်ရှင်နယ် တစ်ယောက်အနေနဲ့ အသက်မွေးချင်တယ်ဆိုရင်တော့ အစကတည်းက အခြေခံကောင်းအောင် လုပ်ထားသင့်သည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုမှာ ဆိုရင် လိုအပ်ချက်က ပိုတောင် မြင့်မားသေးသည်။

ပထမဦးဆုံး ဝိညာဉ်ချီကို တုန့်ပြန်နိုင်စွမ်း ရှိရမည်။ ဒုတိယအချက်က ဝိညာဉ်ချီ စုပ်ယူနေရမည်။ နောက်ဆုံးကတော့ တခြားကျင့်ကြံသူ ထက်စာရင် ပိုပြီး ဝိညာဉ်ချီတွေ စုပ်ယူနိုင်ရမည်။

အခုလို အဆင့်တက်ရောက်တာ ကျဆုံးမလို ဖြစ်နေတဲ့အချိန်မှာတောင် သူမ အားကျနေမိသည်။

အင်ဘိုင်ဝူက စားကြွင်းစားကျန်များ သယ်ယူပို့ဆောင်ပြီး အသက်ဆက်ခဲ့ရသည်။ သို့သော်လည်း သူမရဲ့ ဝိညာဉ်ချီ စုပ်ယူနိုင်တဲ့ နှုန်းက ကြောက်ဖို့ကောင်းသည်။ ကူရှုပ်ရှင်း

အသက် ၁၃ နှစ်အချိန်တုန်းကထက် နှစ်ဆ လောက
် ပိုမြန်နေသေးသည်။

ထိုနှစ်များတွင် ကုရှုပ်ရှင်းက ပါရမီရှင်တစ်ယောက် အဖြစ် သတ်မှတ်ခံနေရတဲ့ အချိန်ဖြစ်သည်။ ကျောင်းစတက် ကတည်းက မြတ်ဆရာ တော်တော်များများရဲ့ စောင့်ကြည့်လေ့လာခြင်း ခံခဲ့ရသည်။

"ဆွန်းမိုရဲ့ ကံကောင်းမှုကို ဘယ်သူမှ လိုက်မမှီပါဘူး။ အင်ဘိုင်ဝူလို မျိုးစေ့ကောင်းလေး ကိုတောင် ကောက်ရလိုက်သေး"

ဆရာတစ်ယောက်အနန်နဲ့ ကူရှုပ်ရှင်းလည်း ကျောင်းသားကောင်းများကို လိုချင်နေသည်။

လုချီဟွာကတော့ မေ့ထားလိုက်ပါ။ ကူရှုပ်ရှင်းက သူမနဲ့ပက်သက်ပြီး ဘာမှတ်ချက်မှ မပေးချင်ပေ။ သူမက ဝိညာဉ်ချီ ဘယ်လိုပုံစံနဲ့ စုပ်ယူနေနိုင်ပါစေ ကူရှုပ်ရှင်းစိတ်ထဲတွင် မတော်ဘူးလို့ ခံစားမိသည်။

"မဟုတ်သေးဘူး။ ငါက ဆရာတစ်ယောက်။ ငါ ကူရှုပ်ရှင်းရဲ့ သမိုင်းမှာလည်း အရှုံးဆိုတာ မရှိဖူးဘူး။ ငါက အရည်အချင်းရှိတဲ့သူ။ ဒီလောက် အတားအဆီးက ငါ့အတွက် ဘာမှ မဟုတ်ဘူး"

ကူရှပ်ရှင်းသည် အရှုံးကို လက်ခံတတ်တဲ့သူ မဟုတ်ပါ။ ဒါကြောင့်လည်း လျှာကို ကိုက်ပြီး အားထည့်လိုက်သည်။ ခဏကြာတော့ သွေးအရသာများ ပါးစပ်ထဲ ပြည့်သွားသည်။

ကူရှပ်ရှင်းသည် အားရှိသမျှ သုံးပြီး ကျင့်စဉ်ကို လည်ပတ်လိုက်သည်။ ဝိညာဉ်ချီကို အရူးအမူး စုပ်ယူဖို့ ကြိုးစားလိုက်သည်။ သို့သော် အင်ဘိုင်ဝူနဲ့ လုချီဟွာတို့ စုပ်ယူတဲ့ ဝိညာဉ်ချီက ပိုများနေသေးသည်။ အထူးသဖြင့် ဘာမှမလုပ်ဘဲ

ရပ်နေသည့် လုချီဟွာက တွင်းနက်ကြီး တစ်ခုလို စုပ်ယူနေသည်။

ဒါက လုံးဝကို ကြောက်ဖို့ ကောင်းလွန်းသည်။

သူမ အဆင့်တက်သည့် ဖြစ်စဉ် စပြီး ပျောက်ကွယ်မလို ဖြစ်လာသည်။ ဝိညာဉ်ချီသာ ထပ်ပြီး အားမဖြည့်နိုင်ပါက အဆင့်တက်ခြင်း ကျဆုံးတော့မည့် လက္ခဏာပဲ ဖြစ်သည်။

သို့သော်လည်း ထိုအချိန်တွင် လက်ဝါးကြီး တစ်ခုက သူမကျောကို ထိလာသည်။

ကူရှုပ်ရှင်းလည်း ရုတ်တရက် လန့်သွားပြီး ထအော်မိမလို ဖြစ်သွားသည်။ သူမက အသက်နှစ်ဆယ် ရောက်နေသော်လည်း အစွန်းအထင်းမရှိအောင် နေခဲ့တဲ့ မိန်းမဖြစ်သည်။ ဒီလိုမျိုး ထိဖို့ မပြောနဲ့ ယောကျာ်းလေး တစ်ယောက်နဲ့တောင် ရင်းရင်းနှီးနှီး မနေခဲ့ပါ။

ဒါအမှန်ပဲ။ အရင်ကလည်း မဆက်ဆံ ခဲ့ဖူးပါ။ သူမက သင်ယူလိုက် ကျင့်ကြံလိုက်နဲ့ အချိန်တွေ ကုန်နေခဲ့သည်။ မြတ်ဆရာတစ်ယောက် ဖြစ်လာဖို့ပဲ

ကြိုးစားနေခဲ့သည်။ ပင်ကိုယ် အသိစိတ်ကြောင့် လက်သီးနဲ့ထိုးမလို့ လက်မြှောက်လိုက်သည်။

ဖောက်

ဆွန်းမိုက ကူရှုပ်ရှင်း လက်ကောက်ဝတ်ကို ပုတ်လိုက်ပြီး အသံတိုးလေးနဲ့ ပြောလိုက်သည်။

"အာရုံ မပြန့်သွားစေနဲ့ ဝိညာဉ်ချီ ဆက်ပြီး စုပ်ယူနေလိုက်"

"ဟော့၊ ဘာလို့ ငါ့ကို လာပွတ်နေတာလဲ" ကူရှုပ်ရှင်း နှုတ်ခမ်းစူသွားပြီး စိတ်ထဲမှာလည်း ငြင်းဆန်ချင်နေသည်။

ဆွန်းမိုမှာလည်း ရွေးချယ်စရာ မရှိပါ။ ကူရှုပ်ရှင်းရဲ့ လက်ရှိအခြေအနေက အရမ်းအရေးကြီး နေပြီ ၊ ဒါကြောင့် လုပ်စရာရှိတာ လုပ်ပေးရမည်။

ကူရှုပ်ရှင်း ငြင်းဆန်ချင်သော်လည်း ခန္ဓာကိုယ်က နေလို့ထိုင်လို့ ကောင်းနေသည်။ ဆွန်းမိုရဲ့ လက်တွေက အရမ်း မှော်ဆန်တာပဲ။ အတောင်ပံ ဖြန့်ပြီး ကောင်းကင်ပေါ်မှာ ပျံသန်းနေရသလို ခံစားနေရသည်။ စိတ်ဝိညာဉ်တစ်ခုလုံး တုန်လှုပ်နေသည်။

အရမ်း ခံစားလို့ကောင်းတာပဲ။

ဒါက တကယ့်ကို ဇိမ်ရှိလိုက်တာ။

ကူရှုပ်ရှင်းတစ်ယောက် သူမအဖေနဲ့ အတူတူ တောင်ဘက်ကျွန်း သွားလည်တဲ့အချိန်ကို ပြန်သတိရလာသည်။ ကမ်းခြေမှာလှဲပြီး ပြာလဲ့နေသော ကောင်းကင်နဲ့ ပင်လယ်ကို ကြည့်ကာ အုန်းသီး အေးအေးလေး သောက်နေတဲ့ အချိန်မှာလို နစ်မျောနေသည်။

ပါးစပ်ထောင့်မှ သွားရေများ စီးကျလာသည်။ သူမ သတိမထားလိုက်မိဘဲ မျက်နှာမှာ အပြုံး

ရေးရေးလေး ပေါ်လာသည်။ ပျော့်ရွှင်စရာ အမှတ်တရထဲမှာ လုံးလုံး နစ်မြုပ်နေခဲ့ပြီ။

"ကူရှုပ်ရှင်း၊ သတိထားအုံး" ဆွန်းမိုက အော်သည်။

"ငါ့ကို လာနှောက်မယှက်နဲ့"

ကူရှုပ်ရှင်းက စိတ်တိုတိုနဲ့ ပြန်အော်သည်။

အန်ရှီဝေက မော့်ဆေးပြားကိုင်ပြီး ဘေးမှာ ရပ်နေသည်။ မျက်လုံးကြီးပြူးပြီး ပါးစပ်အဟောင်းသား ဖြစ်နေသည်။

(ဒါက ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်ရဲ့ သက်ရောက်မှုလား)

ကြောက်စရာကောင်းလိုက်တာ။

ကူရှုပ်ရှင်း တယောက် ပျော်ရွှင်လိုက်ပုံများ ဆင်ခြင်တုံတရားတောင် မေ့နေပြီ။ ဒါကို အန်ရှီဝေ မြင်နေရသည်။

(အထက်ပါ အဖြစ်အပျက်တွင် ကူရှုပ်ရှင်းတစ်ယောက် အဝတ်အစား မရှိပါ။။)

"မင်း.............."

ဆွန်းမိုလည်း စကားမပြောနိုင် ဖြစ်သွားသည်။ သို့သော်လည်း ကူရှုပ်ရှင်းနဲ့ သူရဲ့ကြားက ကြည်နူးစရာကောင်းတဲ့ အပြန်အလှန်အကျိုးပြုမှုကို

ပြန်မှတ်မိသွားသည်။ (လက်ရှိအခြေအနေ မပါတာ ကျနေတာပဲ။) သူ့ကို လေးစားအထင်ကြီးမှု အမှတ် ၁၀၀ ကျော် ပေးခဲ့ရုံသာမက သူမက သူတို့အဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ယောက်လို သဘောထားခဲ့သည်။ ဒါကြောင့်လည်း ဆွန်းမိုက သူမကို မျက်နှာသာပေးဖို့ ဆုံးဖြတ်လိုက်သည်။

"ဇီချီ၊ ငါ့ကို ရှေ့ဟောင်း ဝေလငါးဆီ ယူလာပေး"

ဆွန်းမိုက ခိုင်းလိုက်သည်။

"အင်း"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီက ခေါင်းညိတ်ပြီး ချက်ခြင်း ထွက်သွားသည်။ ခြေလှမ်း အနည်းငယ် ပြေးသွားပြီးနောက် ဖုန်းကနဲ လဲကျသွားသည်။

“အာ အား အား နာလိုက်တာ”

လီဇီချီတစ်ယောက် မြေပေါ်မှာ ခြေကားယား လက်ကားယား လဲကျနေသည်။ နာကျင်လွန်းလို့ မျက်ရည်ကျနေသည်။

“ငါသွားမယ်”

ရေချိုးကန်ထဲမှာ ရပ်နေတဲ့ လုချီဟွာက ခုန်ထွက်ပြီး သွားလိုက်သည်။

ဝုန်း

ရေအမြောက်အများ လွင့်စင်သွားသည်။

ဘန်း

လုချီဟွာလည်း ဘုန်းကနဲ လဲကျသွားသည်။ နေရာတိုင်းမှာ ရေတွေက များနေသည်။ ဒါကြောင့်လည်း ဟန်ချက်ပျက်ပြီး ချော်လဲသွားသည်။ ပစ်ကျတဲ့ အရှိန်နဲ့ လျှောပြီး လီဇီချီကို ဘုန်းကနဲ နေအောင် ဝင်တိုက်သည်။

ဘုန်း

ကောင်မလေးနှစ်ယောက် တစ်ယောက်ပေါ် တစ်ယောက် ထပ်နေကြသည်၊

ဆွန်းမို ပါးစပ် တဆက်ဆက်တုန်သွားသည်။ (ဒီကောင်မလေးတွေက ပျာယာခတ်လွန်းပါတယ်)

အင်ဘိုင်ဝူကိုပဲ အားကိုး ရတော့မည်။ သူမက တရားထိုင်တာ ရပ်လိုက်ပြီး ခြေလှမ်း အနည်းငယ် လျှောက်လိုက်သည်။ ထို့နောက် ဝါးကုတင်ဘေးတွင် ချထားသော ဝေလငါးဆီပုလင်းကို ယူကာ ဆွန်းမိုကို ပေးလိုက်သည်။

ဆွန်းမိုက အချိန်ဆွဲ မနေရဲပါ။ ပုလင်းအဖုံးကို သွားနဲ့ ကိုက်ဖွင့်လိုက်သည်။ ထို့နောက် ကူရှပ်ရှင်းကိုယ်ပေါ်ကို လောင်းချလိုက်သည်။ ချွဲကျိနေသော ဝေလငါးဆီများသည် သွေးရောင် ရေစက်များရှိနေတဲ့ ကူရှပ်ရှင်းရဲ့ လက်ရာမြောက်လှသော ခန္ဓာကိုယ် အနှံ့ စီးဆင်းသွားသည်။

ဟူး’

ဆွန်းမိုက အသက်ပြင်းပြင်း တချက်ရှူပြီး အခြေခံအနှိပ်ပညာကို စတင်လိုက်သည်။

အန်ရှီဝေက ဝေလင်းဆီပုလင်းကို တချက်လိုက်သည်။ အဖုံးပွင့်သွားပြီးနောက် ထူးဆန်းတဲ့ ရနံ့တစ်ခု လေထုထဲတွင် သင်းပျံ့လာသည်။ ရှုတ်တရက် ရှူလိုက်ရင် ခွန်အားများ တိုးလာသလို ခံစားရသည်။

"ဒါက ဘာလဲ"

အန်ရှီဝေလည်း ရုတ်တရက်လန့်ပြီး အံ့အောသင့်သွားသည်။ သူမ မျက်လုံးက ကောင်းတဲ့အရာမှန်း သိနေသည်။ ဆွန်းမို စနိုပ်လိုက်တာနဲ့ ရှေ့ဟောင်း ဝေလင်းဆီရဲ့ အာနိသင် စပြလာသည်။

ဒါ့အပြင် အလုံပိတ် အခန်းဖြစ်နေသဖြင့် အမွေးနံ့က ပိုပြင်းလာသည်။

ကလောက် ကလောက် ကလောက်

ဝေလငါးဆီ အမှုန်အမွှားတချို့ လေထဲ လွင့်စင်သွားသည်။ တချို့က အန်ရှီဝေနဲ့ ထိတွေ့သွားသည်။ သူမ မထိန်းနိုင်ဘဲ ခါးတွန့်သွားသည်။

"ဆေး အာနိသင် ပြင်းလိုက်တာ"

အန်ရှီဝေ ထိန့်လန့်သွားသည်။ ဒီလို မှော်ဆန်တဲ့ ဆေးကို ဆွန်းမို ဘယ်လို ရထားတာလဲ. သို့သော်လည်း

ပိုပြီး ထိတ်လန့်စေမယ့် အရာတွေက သူမကို စောင့်ကြိုနေသည်။

ဆွန်းမိုက အခြေခံ အနှိပ်ပညာမှာ မဟာအဆင့်ကို ရောက်နေပါပြီ။ ဒါကြောင့်လည်း သူအကောင်းဆုံးအာရုံ စိုက်ထုတ်လိုက်တာနဲ့ ဝိညာဉ်ချီတွေက တစ်မိနစ်အတွင်း ပြင်းထန်စွာ ထကြွလာသည်။

ဘောင်း ဘောင်း ဘောင်း

ဝိညာဉ်ချီတွေက အစိုင်အခဲဖြစ်လာပြီး တစ်ကိုယ်လုံး သံလွင်ဆီ လိမ်းထားသလို

တောက်ပြောင်တဲ့ ဗလကြီးနဲ့ လူတစ်ယောက် ပေါ်လာသည်။

ဝါး

ထုံးစံအတိုင်းပဲ ဂျင်းနီက ပေါ်လာတာနဲ့ ဗလ ညှစ်ပြနေသည်။

“ဒါ……ဒါ………..”

အန်ရှီဝေသည် သူမကိုယ်တိုင်တောင် မသိလိုက်ဘဲ ရင်သားကို ဖုံးအုပ်ထားပြီး သူမရဲ့ အကြည့်တွေမှာလည်း ထိတ်လန့်မှုနဲ့ ပြည့်နေသည်။

သူမမှာ အသိစိတ်ရှိနေသေးတာပဲ ကံကောင်းသည်။ မဟုတ်ပါက ဂျင်းနီကို သွားတိုက်ခိုက် မိလိမ့်မည်။

“ပြနေတာ ရပ်လိုက်တော့၊ အခြေအနေက အရေးကြီးနေတယ်၊ မြန်မြန်လုပ်ပါဟ”

ဆွန်းမိုက လောလိုက်သည်။

ဘီလူးက ကူရှပ်ရှင်းကို ကြည့်ပြီး နှုတ်ခမ်းထော်နေသည်။ ခေါင်းလှည့်ပြီး ကြမ်းပြင်ကို တံတွေး တစ်ချက်ထွေးလိုက်သည်။

အန်ရှီဝေ၊ အင်ဘိုင်ဝူ၊ လီဇီချီနှင့် လုချီဟွာ-မိန်းမတစ်ယောက်နဲ့ မိန်းကလေး သုံးယောက် စလုံး

အရမ်းအံ့အော မှင်တက်နေကြသည်။ ဂျင်းနီက ကူရှုပ်ရှင်းကို အထင်သေးနေတာလား။

ဒါမဖြစ်သင့်ဘူး။ ကူရှုပ်ရှူင်းက မရီဒန် အကယ်ဒမီရဲ့ ကျောင်းတွင်း ဘုရင်မလေ။ သူမရဲ့ ပုံရိပ်က အများသူငါ အလှနဲ့ ကိုက်ညီသည်။ ပြီးတော့ အရမ်းလည်း ညို့အားကောင်းပါသည်။

ကူရှုပ်ရှင်း ဒီမြင်ကွင်းကို မမြင်သွားတာ ကံကောင်းသွားသည်။ မဟုတ်လို့ကတော့ ဒီထူးထူးဆန်းဆန်း ဝတ်ထားတဲ့ကောင်ကို အသက်ထွက်သွားအောင် ရိုက်နေနိုင်သည်။

လူဗလကြီးကလည်း တကယ်ကို ထူးထူးဆန်းဆန်း ဝတ်ထားသည်။ အပေါ်ကနေ ခါးလောက် အထိကို အကျီလက်ပြတ်ဝတ်ထားပြီး ရင်ဘက်က ဟနေသည်။ ခန္ဓာကိုယ်အောက်ပိုင်းကတော့ ဝိညာဉ်ချီ ပုံစံ အမျှင်တန်းနေပြီး ဆွန်းမို လက်မောင်းနဲ့ ချိတ်ဆက်ထားသည်.

ဂျင်းနီကလည်း အန်ရှီဝေရဲ့ အကြည့်ကို သတိထားမိပြီး သူမဘက်ကို ချက်ခြင်းလှည့်လိုက်သည်။ လက်မောင်းနှစ်ဖက်ကို

မြှောက်ပြီး ဗလထုတ်ပြနေသည်။ တချိန်တည်းမှာပဲ သူ့ရဲ့ ဖြူဖွေးနေတဲ့ သွားနှစ်တန်း စလုံးပေါ်အောင် ပြုံးပြနေသည်။ အန်ရှီဝေက ချက်ခြင်း အဝေးကို ခေါင်းလှည့်လိုက်သည်။

(မကြည့်နိုင်ဘူး။ ထမင်းစားပျက်လိမ့်မယ်)

အန်ရှီဝေ အနည်းငယ် စိတ်ကသိကအောက် ဖြစ်နေသည်။

"ဟော့"

လုချီဟွာ ကတော့ အရမ်းဖော်ရွေသည်။ သူမက ချစ်စရာကောင်းအောင် ပြုံးပြီး ဂျင်းနီက လက်ပြ နှုတ်ဆက် နေသည်။

“ ဟိုင်း”

“ဟွာ ထွာ ထွာ”

ဂျင်းနီက ဗလည့်စ်ပြပြီး ပြန်နှုတ်ဆက်သည်။

ဘေးမှာရှိနေသော အင်ဘိုင်ဝူလည်း သူတို့ထဲက တစ်ယောက်ဖြစ်မှန်း သိသွားသည် ဒါကြောင့် သူမလက်ထဲက ဝါးတုတ်ကို တိတ်တိတ်လေး ပြန်ချလိုက်ပြီး ခြေထောက်နဲ့ ကန်ထုတ်လိုက်သည်။

“ဘာမှမလုပ်မိတာပဲ ကျေးဇူးတင်ရမယ်။ မဟုတ်လို့ကတော့ သူ့ကို ရန်စသလို ဖြစ်သွားမယ်”

အင်ဘိုင်ဝူ သက်ပြင်း ခိုးချလိုက်သည်။

အခြေအနေက အရမ်းကို ပရမ်းပတာ ဆန်နေသည်။ သို့သော်လည်း ကံကောင်းထောက်မစွာ ဂျင်းနီက သူ့တာဝန်ကို မမေ့ပါ။ ကိုယ်တိုင်ကိုယ်ကျ ဝင်မလုပ်ပေမယ့် သူ့လက်တွေက ဝိညာဉ်ချီ ထုတ်ပြီး ဆွန်းမိုကို ထိန်းချုပ်ထားသည်။ ဆွန်းမိုက ရုပ်သေးရုပ်လို ကူရှုပ်ရှင်းကို နှိပ်ပေးနေသည်။

ဘုန်း ဘုန်း ဘုန်း

ဝိညာဉ်ချီများက ပြင်းပြင်း ထန်ထန် မြင့်တက်လာပြီး ရေချိုးခန်းထဲမှာ စီးဆင်းသွားသည်။

ကူရှုပ်ရှင်း ခေါင်းပေါ်တွင် ဝိညာဉ်ချီ လေဆင်နှာမောင်း တစ်ခု စပေါ်လာသည်။

ဒါကိုမြင်လိုက်မှပဲ အန်ရှီဝေလည်း စိတ်အေးသွားသည်။ ကူရှုပ်ရှင်းသည် အန္တရာယ်အများဆုံး အခြေအနေက လွတ်မြောက်သွားပြီး အဆင့်တက်ဖို့ နောက်ဆုံးဖြစ်စဉ်ကို ဝင်ရောက်သွားပြီ ဖြစ်သည်။

ဒီအဆင့်မှာ ကူရှုပ်ရှင်းရဲ့ အရည်အချင်းအရ ကျရှုံးစရာအကြောင်းကို မရှိပါ။

သူမက တကယ့်ကို အရည်ချင်း ရှိပါသည်။ ဝိညာဉ်ချီများ သူမခန္ဓာကိုယ်ထဲကို ဝင်ရောက်သွားတာနဲ့ လက်ကို ဖွေ့ယမ်းပြီး နားထင်ကို ပြန်ထိုးလိုက်သည်။ နာကျင်မှုကို သုံးပြီး အသိစိတ်ပြန် ဝင်လာအောင် လုပ်လိုက်သည်။

ဂျင်းနီကို မြင်လိုက်လျှင် နာကျင်မှုကို တပ်မက်တဲ့သူမလည်း အလန့်တကြား ထခုန်သည်။ သို့သော်လည်း ချက်ခြင်း ရပ်လိုက်ပြီး

သွေးလောက်ကျွမ်းခြင်း အဆင့်(၇) တက်ရောက်ရန် ဝိညာဉ်ချီ စုဆောင်းဖို့ အာရုံစိုက်လိုက်သည်။

အန်ရှီဝေလည်း ဒီမှာရှိနေသည်။ သူမကို ဘယ်သူမှ နာကျင်အောင်လုပ်လို့ မရမှန်း ကူရှုပ်ရှင်း သိနေသည်။

အဲဒီအချိန်မှာပဲ နှိပ်ပေးတာလည်း ပြီးသွားသည်။

"ငါ အရင်သွားနှင့်မယ်"

ဆွန်းမိုက ထပ်မနေတော့ဘဲ ချက်ခြင်း ထွက်သွားလိုက်သည်။

ခြံဝန်းထဲတွင် လေများတိုက်ပြီး သစ်ရွက်များ လှုပ်ခတ်နေသည်။

ဆွန်းမိုသည် ရေတွင်းက ရေခပ်ပြီး လက်ဆေးလိုက်သည်။ ထို့နောက် ကောင်းကင်ပေါ်က ရွေ့လျားနေတဲ့ တိမ်တွေကို ငေးကြည့်နေသည်။ ခဏလောက် နေတော့ အနီရှိဝေနဲ့ ကျန်တဲ့သူများ ထွက်လာသည်။

“ဆရာဆွန်း၊ မင်းရဲ့ အကူအညီအတွက် တကယ်ကိုပဲ အရမ်းကျေးဇူးတင်ပါတယ်”

အဝတ်အစား လဲထားတဲ့ ကူရှုပ်ရှင်းက တန်းပြီး ကျေးဇူးတင်ကြောင်း ပြလိုက်သည်။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၁၅၀/၁,၀၀၀)

အန်ရှီဝေက အခုလေးတင် ဘာဖြစ်ပျက်ခဲ့လည်း ဆိုတာ ပြန်ပြောပြခဲ့သည်။ ဆွန်းမိုသာ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်နဲ့ အဆင့်တက်နိုင်အောင် အချိန်ကိုက် မကူညီနိုင်ခဲ့ရင် သူမ အခုတစ်ကြိမ်မှာ ကျရှုံးသွားနိုင်သည်။

သွေးလောင်ကျွမ်းခြင်း နယ်ပယ်မှာ တကြိမ်ကျရှုံးပါက ခန္ဓာကိုယ်ကိုလည်း ထိခိုက် ဒဏ်ရာရစေသည်။ ပြန်ကောင်းလာ ဖို့အတွက်

အနည်းဆုံး တစ်နှစ်ခွဲလောက် အချိန်ယူရသည်။ ပြီးတော့ လူတစ်ယောက်ရဲ့ ယုံကြည်မှုထိခိုက်သွားတဲ့ အချက်က အဆိုးဆုံး ဖြစ်သည်။

ကူရှုပ်ရှင်းသည် စတင်ကျင့်ကြံကတည်းက တခါမှ မကျရှုံးဖူးသေးတဲ့အချက်ကိုလည်း မေ့ထားလို့မရပါ။ ဆွန်းမိုကြောင့်သာ ပြည့်စုံတဲ့ မှတ်တမ်းကို ဆက်ထိန်းထားနိုင်ခဲ့သည်။

“ငါတို့အားလုံးက လုပ်ဖော်ကိုင်ဖက် တွေပါ။ မင်းအားနာ နေစရာ မလိုပါဘူး”

ဆွန်းမိုက လက်ဝှေ့ယမ်းပြီး ကူရှုပ်ရှင်းကို မေ့လိုက်ဖို့ အမူအရာ ပြလိုက်သည်။ သို့သော်လည်း အနည်းငယ်တော့ နေရထိုင်ရခက်နေသည်။

သူက အရေးပေါ်အခြေအနေမို့ ရွေးချယ်စရာ မရှိလို့သာ၊ မဟုတ်ပါက အလယ်ကမ္ဘာ ပြန်နယ်ကိုးခုတွင် လက်မထပ်ရသေးတဲ့ အမျိုးသမီးကို ယောကျ်ားတစ်ယောက်က ထိလိုက်ရင် ပြင်းပြင်းထန်ထန် သေချာပေါက် တရားစွဲ နိုင်သည်။

"ဆရာဆွန်း နောင်တစ်ချိန်ကျလို့ မင်းအကူအညီလိုရင် ကျေးဇူးပြုပြီး ငါ့ကို ပြောပါ"

ကူရှပ်ရှင်းက စိတ်ရင်းနဲ့ ပြောလိုက်သည်။ ဆွန်းမိုကို တချက်ကြည့်လိုက်လျှင် သူမကို ပုံမှန်အတိုင်းပဲကြည့်နေတာ မြင်လိုက် ရသည်။ အခုမှ သူမလည်း စိတ်ထဲ နေရထိုင်ရ အဆင်ပြေသွားသည်။

ယောက်ျား တစ်ယောက်ရဲ့ အပွတ်အသပ် အဆုပ်အနယ်ခံရပြီး ကူရှပ်ရှင်း စိတ်အခြေအနေက နည်းနည်းတော့ စိတ်လှုပ်ရှားနေသေးသည်။ သို့သော်လည်း အန်ရှီဝေနှင့် မိန်းကလေးသုံးယောက်တို့က ဘယ်လိုထင်နေမလဲ တွေးပြီး ပုံမှန်မဟုတ်တဲ့

ခံစားချက်ကနေ ထူးဆန်းတဲ့ ခံစားချက် ပေါ်လာသည်။

“နောက် တစ်ခေါက်လောက်တော့ ဆုံချင်သေးတယ်”

ဒီအတွေး ခေါင်းထဲ ဝင်လာတာနဲ့ အတွေးကို ရှင်းထုတ်ပစ်ဖို့ ခေါင်းကို မြန်မြန်ခါလိုက်သည်။ (ဒါက အမအန်ရဲ့ လူလေ။ ငါဘာတွေ တွေးနေတာလဲ)

အန်ရှီဝေကလည်း ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့ တစ်ယောက်နဲ့တစ်ယောက် နေရထိုင်ရ ခက်နေမယ်ဆိုတာ တွေးမိသည်။ ဒါကြောင့်သူမက

အကြောင်းပြချက် ရှာပြီး ကူရှပ်ရှင်းနဲ့ အတူတူ ထွက်သွားလိုက်သည်။

အန်ရှီဝေက မထွက်သွားခင် ဆွန်းမိုကို တစ်ချက် ကြည့်သွားသေးသည်။

"ဆရာ၊ ငါတို့အတူတူ ရေဆက်ချိုး ရအောင်"

လုချီဟွာ မျှော်လင့်ချက်ပြန့်နေတဲ့ မျက်လုံးတွေနဲ့ ဆွန်းမိုကို ဆွဲခေါ်နေသည်။

"ငါ ကျောင်းပြန်တော့မယ်"

ဆွန်းမိုက ပြတ်ပြတ်သားသား ငြင်းဆိုလိုက်သည်။

"ဘိုင်ဝူ၊ နောင်ကျရင် ငါ့ဆီက ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်ကို သင်ပြီး မင်းညီမတွေကို မင်းပဲ နှိပ်ပေးရမယ်"

လီဇီချီနဲ့ ကျန်တဲ့သူတွေ ဂရုမစိုက်ရင်တောင် ဆွန်းမိုက အတင်းအဖျင်းကို ရှောင်ဖို့ သတိထားရမည်။ လီဇီချီက သင်ယူနိုင်စွမ်း အရမ်းကောင်းသော်လည်း ခန္ဓာကိုယ်လှုပ်ရှားမှု စွမ်းရည်က အားနည်းလွန်းသည်။ လုချီဟွာကတော့ အတွေးရိုးပြီး သင်ယူတာ နှေးကွေးသည်။ ဒါကြောင့်လည်း အင်ဘိုင်ဝူကို လွဲပေးတာက အသင့်တော်ဆုံး ဖြစ်နေသည်။

"တကယ် လေ့လာရမှာလား"

အင်ဘိုင်ဝူ အရမ်းကို အံ့အောသင့်နေသည်။ ဒါက ဆွန်းမိုရဲ့ အကောင်းဆုံး ကျင့်စဉ်ပါ။ ပြီးတော့ အလှူငွေလည်း မပေးခဲ့သလို ဆွန်းမို အတွက်လည်း ဘာမှ မလုပ်ပေးရသေးဘူး။ ဒီလို ကျေးဇူးကို ပြန်ဆပ်နိုင်ပါ့မလား။

ဘယ်လိုပဲဖြစ်ဖြစ်လေ အင်ဘိုင်ဝူအတွက် ကောင်းမွန်တဲ့ ဓါးကျင့်စဉ်ကို မရှာရသေးပါ။ ဒါကြောင့် အင်ဘိုင်ဝူကို အရင့်လေ့ကျင့်ခွင့် ပေးလိုက်သည်။ နောင်တစ်ချိန် ကျင့်ကြံခြင်းမှာ တိုးတက်မှု တစ်ခုခု

မရှိခဲ့ရင် ဒီအနှိပ်ပညာနဲ့ သူမ မိသားစုနဲ့ သူမအတွက် အထောက်အပံ့ ရနိုင်သည်။

အင်ဘိုင်ဝူက ချက်ခြင်းပဲ ဒူးထောက်ပြီး အရိုအသေလေးကြိမ်တောင် ပေးလိုက်သည်။

ပေါက် ပေါက်

အင်ဘိုင်ဝူ ငိုနေသည်။ မျက်ရည်တွေ စီးကျလာပြီး ကြမ်းပြင်တောင် စိုကုန်သည်။ နှလုံးသားတစ်ခုလုံးနဲ့ ခံစားရပြီး ဆွန်းမိုရဲ့ ကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမလည်း တွေးနေမိသည်။

“ငါ အခုသွားတော့မယ်’

စနစ်ဆီက အချက်ပေးသံ ကြားလိုက်လျှင် ဆွန်းမို တံခါးမှ ချက်ခြင်း ထွက်သွားသည်။

ဒင်

"ဂုဏ်ပြုပါတယ်"

ရေချိုးခန်ထဲတွင် အနီရောင် အခိုးအငွေ့များ လေထဲ တဝဲဝဲ လည်နေကြသည်။

"အိုး။ မဟုတ်သေးဘူး ။ စိတ်မပူနဲ့"

ကူရှုပ်ရှင်းရဲ့ မျက်နှာ တစ်ခုလုံး သုန်မှုန်နေသည်။ ရေချိုးခန်းထဲတွင် ရှိသော ဝိညာဉ်ချီ သိပ်သည်းမှုက အဆင့်တက်ဖို့အတွက် လုံလောက်သည်။

သို့သော်လည်း အင်ဘိုင်ဝူနှင့် လုချီဟွာတို့က တွင်းဆုံးမရှိတဲ့ တွင်းတစ်ခုလို စုပ်ယူသွားမယ်လို့ သူမ မထင်ထားခဲ့ပါ။

ကျင့်ကြံခြင်းတွင် ဉာဏ်ပညာနှင့် စိတ်အားထက်သန်မှုတို့ထက် ကံကောင်းခြင်း လက်ဆောင်ကလည်း အရေးကြီးသေးသည်။ အမှန်တော့ ကျင့်ကြံခြင်း ဆိုတာ ပိုမိုသန်မာလာစေရန် ကောင်းကင်နဲ့ မြေကြီးဆီကနေ ဝိညာဉ်ချီများ အဆက်မပြတ် စုပ်ယူတဲ့ လုပ်ငန်းစဉ်ပဲ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက ပရိုဖက်ရှင်နယ် အာကာစားသမား တစ်ယောက် ဖြစ်လာအောင် ကြိုးစားရတာနဲ့ တူသည်။ လူတစ်ယောက်မှာ အခြေခံ အုတ်မြစ်ကောင်းသာမရှိရင် သေအောင် ကြိုးစားလည်း ဆုတံဆိပ်တခု ရဖို့ မဖြစ်နိုင်ပါ။

ပရိုဖက်ရှင်နယ်တစ်ယောက်အနေနဲ့ အသက်မွေးခြင်တယ် ဆိုရင်တော့ အစကတည်းက အခြေခံကောင်းအောင် လုပ်ထားသင့်သည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုမှာ ဆိုရင် လိုအပ်ချက်က ပိုတောင် မြင့်မားသေးသည်။

ပထမဦးဆုံး ဝိညာဉ်ချီကို တုန့်ပြန်နိုင်စွမ်း ရှိရမည်။ ဒုတိယအချက်က ဝိညာဉ်ချီ စုပ်ယူနေရမည်။ နောက်ဆုံးကတော့ တခြားကျင့်ကြံသူထက်စာရင် ပိုပြီး ဝိညာဉ်ချီတွေ စုပ်နိုင်ရမည်။

အခုလို အဆင့်တက်ရောက်တာ ကျဆုံးမလို ဖြစ်နေတဲ့အချိန်တောင် သူမ အားကျနေမိသည်။

အင်ဘိုင်ဝူက စားကြွင်းစားကျန်များ သယ်ယူပို့ဆောင်ပြီး အသက်ဆက်ခဲ့ရသည်။ သို့သော်လည်း သူမရဲ့ ဝိညာဉ်ချီ စုပ်ယူနိုင်တဲ့ နှုန်းက ကြောက်ဖို့ကောင်းသည်။ ကူရှပ်ရှင်း အသက် ၁၃

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နှစ်အချိန်တုန်းကထက် နှစ်ဆလောက် ပိုမြန်နေသေးသည်။

ထိုနှစ်များတွင် ကုရှုပ်ရှင်းက ပါရမီရှင်တစ်ယောက်အဖြစ် သတ်မှတ်ခံနေရတဲ့ အချိန်ဖြစ်သည်။ ကျောင်းစတက်ကတည်းက မြတ်ဆရာတော်တော်များများရဲ့ စောင့်ကြည့်လေ့လာခြင်းခံခဲ့ရသည်။

"ဆွန်းမိုရဲ့ ကံကောင်းမှုကို ဘယ်သူမှ လိုက်မမှီဘူး။ အင်ဘိုင်ဝူလို မျိုးစေ့ကောင်းလေးကိုတောင် ကောက်ရလိုက်သေး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတစ်ယောက်အနေနဲ့ ကူရှုပ်ရှင်းလည်း ကျောင်းသားကောင်းများကို လိုချင်သည်။

လုချီဟွာကတော့ မေ့ထားလိုက်ပါ။ ကူရှုပ်ရှင်းက သူမနဲ့ပက်သက်ပြီး ဘာမှတ်ချက်မှ မပေးချင်ပေ။ သူမက ဝိညာဉ်ချီ ဘယ်လိုပုံစံနဲ့ စုပ်ယူနေနိုင်ပါစေ ကူရှုပ်ရှင်းစိတ်ထဲတွင် မတော်ဘူးလို့ ခံစားမိသည်။

"မဟုတ်သေးဘူး။ ငါက ဆရာတစ်ယောက်။ ငါ ကူရှုပ်ရှင်းရဲ့ သမိုင်းမှာလည်း အရှုံးဆိုတာ မရှိဖူးဘူး။ ငါက အရည်အချင်းရှိတဲ့သူ။ ဒီလောက် အတားအဆီးက ငါ့အတွက် ဘာမှ မဟုတ်ဘူး"

ကူရှုပ်ရှင်းသည် အရှုံးကို လက်ခံတတ်တဲ့သူ မဟုတ်ပါ။ ဒါကြောင့်လည်း လျှာကို ကိုက်ပြီး အားထည့်လိုက်သည်။ ခဏကြာတော့ သွေးအရသာများ ပါးစပ်ထဲ ပြည့်သွားသည်။

ကူရှုပ်ရှင်းသည် အားရှိသမျှ သုံးပြီး ကျင့်စဉ်ကို လည်ပတ်လိုက်သည်။ ဝိညာဉ်ချီကို အရူးအမူး စုပ်ယူဖို့ ကြိုးစားလိုက်သည်။ သို့သော် အင်ဘိုင်ဝူနဲ့ လုချီဟွာတို့ စုပ်ယူတဲ့ ဝိညာဉ်ချီက ပိုများနေသေးသည်။ အထူးသဖြင့် ဘာမှမလုပ်ဘဲ ရပ်နေသည့် လုချီဟွာက တွင်းနက်ကြီး တစ်ခုလို စုပ်ယူနေသည်။

ဒါက လုံးဝကို ကြောက်ဖို့ ကောင်းလွန်းသည်။

သူမ အဆင့်တက်သည့် ဖြစ်စဉ် စပြီး ပျောက်ကွယ်သလို ဖြစ်လာသည်။ ဝိညာဉ်ချီသာ ထပ်ပြီး အားမဖြည့်နိုင်ပါက အဆင့်တက်ခြင်း ကျဆုံးတော့မည့် လက္ခဏာပဲ ဖြစ်သည်။

သို့သော်လည်း ထိုအချိန်တွင် လက်ဝါးကြီး တစ်ခုက သူမကျောကို ထိလာသည်။

ကူရှပ်ရှင်းလည်း ရုတ်တရုတ် လန့်သွားပြီး ထအော်မိလို ဖြစ်သွားသည်။ သူမက အသက်နှစ်ဆယ် ရောက်နေသော်လည်း အစွန်းအထင်းမရှိအောင်

နေခဲ့တဲ့ မိန်းမဖြစ်သည်။ ဒီလိုမျိုး ထိဖို့ မပြောနဲ့ ယောကျာ်းလေးတစ်ယောက်နဲ့တောင် ရင်းရင်းနီးနီး မနေခဲ့ပါ။

ဒါအမှန်ပဲ။ အရင်ကလည်း မဆက်ဆံ ခဲ့ဖူးပါ။ သူမက သင်ယူလိုက် ကျင့်ကြံလိုက်နဲ့ အချိန်တွေ ကုန်နေခဲ့သည်။ မြတ်ဆရာတစ်ယောက် ဖြစ်လာဖို့ ကြိုးစားနေခဲ့သည်။ ပင်ကိုယ် အသိစိတ်ကြောင့် လက်သီးထိုးမလို့ လက်မြှောက်လိုက်သည်။

ဖောက်

ဆွန်းမိုက ကူရှပ်ရှင်း လက်ကောက်ဝတ်ကို ပုတ်လိုက်ပြီး အသံတိုးလေးနဲ့ ပြောလိုက်သည်။

"အာရုံ မပြန့်သွားနဲ့။ ဝိညာဉ်ချီ ဆက်ပြီး စုပ်ယူနေလိုက်"

"ဟေ၊ ဘာလို့ ငါ့ကို လာပွတ်နေတာလဲ" ကူရှပ်ရှင်း နှုတ်ခမ်းစူသွားပြီး စိတ်ထဲမှာလည်း ငြင်းဆန်ချင်နေသည်။

ဆွန်းမိုမှာလည်း ရွေးချယ်စရာ မရှိပါ။ ကူရှပ်ရှင်းရဲ့ လက်ရှိအခြေအနေက အရမ်းအရေးကြီး နေပြီ၊ ဒါကြောင့် လုပ်စရာရှိတာ လုပ်ပေးရမည်။

ကူရှုပ်ရှင်း ငြင်းဆန်ချင်သော်လည်း ခန္ဓာကိုယ်က နေလို့ထိုင်လို့ ကောင်းနေသည်။ ဆွန်းမိုရဲ့ လက်တွေက အရမ်း မှော်ဆန် တာပဲ။ အတောင်ပံ ဖြန့်ပြီး ကောင်းကင်ပေါ်မှာ ပျံသန်းနေရသလို ခံစားနေရသည်။ စိတ်ဝိညာဉ်တစ်ခုလုံး တုန်လှုပ်နေသည်။

အရမ်း ခံစားလို့ကောင်းတာပဲ။

ဒါက တကယ်ကို ဇိမ်ရှိလိုက်တာ။

ကူရှုပ်ရှင်းတစ်ယောက် သူမအဖေနဲ့ အတူတူ တောင်ဘက်ကျွန်း သွားလည်ခဲ့တဲ့အချိန်ကို

ပြန်သတိရလာသည်။ ကမ်းခြေမှာလှဲပြီး ပြာလဲ့နေသော ကောင်းကင်နဲ့ ပင်လယ်ကို ကြည့်ကာ အုန်းသီး အေးအေးလေး သောက်နေတဲ့ အချိန်မှာ နစ်မျောနေသည်။

ပါးစပ်ထောင့်မှ သွားရေများ စီးကျလာသည်။ သူမ သတိမထားလိုက်မိဘဲ မျက်နှာမှာ အပြုံး ရေးရေးလေး ပေါ်လာသည်။ ပျော်ရွှင်စရာ အမှတ်တရထဲမှာ လုံးလုံး နစ်မြုပ်နေပြီ။

“ကူရှုပ်ရှင်း၊ သတိထားအုံး” ဆွန်းမိုက အော်သည်။

“ငါ့ကို လာနှောက်မယှက်နဲ့”

ကူရှုပ်ရှင်းက စိတ်တိုတိုနဲ့ ပြန်အော်သည်။

အန်ရှီဝေက မှော်ဆေးပြားကိုင်ပြီး ဘေးမှာ ရပ်နေသည်။ မျက်လုံးကြီးပြူးပြီး ပါးစပ်အဟောင်းသား ဖြစ်နေသည်။

(ဒါက ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်ရဲ့ သက်ရောက်မှုလား)

ကြောက်စရာ ကောင်းလိုက်တာ။

ကူရှုပ်ရှင်း တစ်ယောက် ပျော်ရွှင်လိုက်ပုံများ ဆင်ခြင်တုံတရားတောင် မေ့နေပြီ။ ဒါကို အန်ရှီဝေ မြင်နေရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အထက်ပါ အဖြစ်အပျက်တွေတွင် ကူရှူပ်ရှင်းတစ်ယောက် အဝတ်အစား မရှိပါ။။)

"မင်း............."

ဆွန်းမိုလည်း စကားမပြောနိုင် ဖြစ်သွားသည်။ သို့သော်လည်း ကူရှူပ်ရှင်းနဲ့ သူရဲ့ကြားက ကြည်နူးစရာကောင်းတဲ့ အပြန်အလှန်အကျိုးပြုမှုကို ပြန်မှတ်မိသွားသည်။ (လက်ရှိအခြေအနေ မပါတာ ကျနေတာပဲ။) သူ့ကို လေးစားအထင်ကြီးမှု အမှတ် ၁၀၀ ကျော် ပေးခဲ့ရုံသာမက သူမက သူတို့အဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ယောက်လို သဘောထားခဲ့သည်။

ဒါကြောင့်လည်း ဆွန်းမိုက သူမကို မျက်နှာသာပေးဖို့ ဆုံးဖြတ်လိုက်သည်။

"ဇီချီ၊ ငါ့ကို ရှေ့ဟောင်း ဝေလငါးဆီ ယူလာပေး"

ဆွန်းမိုက ခိုင်းလိုက်သည်။

"အင်း"

လီဇီချီက ခေါင်းညိတ်ပြီး ချက်ခြင်း ထွက်သွားသည်။ ခြေလှမ်း အနည်းငယ် ပြေးသွားပြီးနောက် ဖုန်းကနဲ လဲကျသွားသည်။

"အာ အား အား နာလိုက်တာ"

လီဇီချီတစ်ယောက် မြေပေါ်မှာ ခြေကားရား လက်ကားရား လဲကျနေသည်။ နာကျင်လွန်းလို့ မျက်ရည်ကျနေသည်။

“ငါသွားမယ်”

ရေချိုးကန်ထဲမှာ ရပ်နေတဲ့ လုချီဟွာက ခုန်ထွက်ပြီး သွားလိုက်သည်။

ဝုန်း

ရေအမြောက်အများ လွင့်စင်သွားသည်။

ဘုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာလည်း ဘုန်းကနဲ လဲကျသွားသည်။ နေရာတိုင်းမှာ ရေတွေက များနေသည်။ ဒါကြောင့်လည်း ဟန်ချက်ပျက်ပြီး ချော်လဲသွားသည်။ ပစ်ကျတဲ့ အရှိန်နဲ့ လျှောပြီး လီဇီချီကို ဘုန်းကနဲ နေအောင် ဝင်တိုက်သည်။

ဘုန်း

ကောင်မလေးနှစ်ယောက် တစ်ယောက်ပေါ် တစ်ယောက်ထပ်နေကြသည်၊

ဆွန်းမို ပါးစပ် တဆက်ဆက် တုန်သွားသည်။ (ဒီကောင်မလေးတွေက ပျာယာခတ်လွန်းပါတယ်)

အင်ဘိုင်ဝူကိုပဲ အားကိုး ရတော့မည်။ သူမက တရားထိုင်တာ ရပ်လိုက်ပြီး ခြေလှမ်း အနည်းငယ် လျှောက်လိုက်သည်။ ထို့နောက် ဝါးကုတင်ဘေးတွင် ချထားသော ဝေလငါးဆီပုလင်းကို ယူကာ ဆွန်းမိုကို ပေးလိုက်သည်။

ဆွန်းမိုက အချိန်ဆွဲ မနေရဲပါ။ ပုလင်းအဖုံးကို သွားနဲ့ ကိုက်ဖွင့်လိုက်သည်။ ထို့နောက် ကူရှုပ်ရှင်းကိုယ်ပေါ်ကို လောင်းချလိုက်သည်။ ချွဲကျိနေသော ဝေလငါးဆီများသည် သွေးရောင် ရေစက်များရှိနေတဲ့ ကူရှုပ်ရှင်းရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လက်ရာမြောက်လှသော ခန္တာကိုယ် အနှံ့ စီးဆင်းသွားသည်။

ဟူ'

ဆွန်းမိုက အသက်ပြင်းပြင်း တစ်ချက်ရှူပြီး အခြေခံအနှိပ်ပညာကို စတင်လိုက်သည်။

အန်ရှီဝေက ဝေလင်ါးဆီပုလင်းကို တစ်ချက်ကြည့်လိုက်သည်။ အဖုံးပွင့်သွားပြီးနောက် ထူးဆန်းတဲ့ ရနံ့တစ်ခု လေထုထဲ သင်းပျံ့လာသည်။ ရုတ်တရက် ရှူလိုက်ရင် ခွန်အားများ တိုးလာသလို ခံစားရသည်။

“ဒါက ဘာလဲ”

အန်ရှီဝေလည်း ရုတ်တရုတ် လန့်ပြီး အံ့အောသင့်သွားသည်။ သူမ မျက်လုံးက ကောင်းတဲ့ အရာမှန်း သိနေသည်။ ဆွန်းမို စနိုပ်လိုက်တာနဲ့ ရှေ့ဟောင်း ဝေလငါးဆီရဲ့ အာနိသင် စပြလာသည်။ ဒါ့အပြင် အလုံပိတ် အခန်းဖြစ်နေသဖြင့် အမွှေးနံ့က ပိုပြင်းလာသည်။

ကလောက် ကလောက် ကလောက်

ဝေလငါးဆီ အမှုန်အမွှားတချို့ လေထဲ လွင့်စင်သွားသည်။ တချို့က အန်ရှီဝေနဲ့ ထိတွေ့သွားသည်။ မထိန်းနိုင်ဘဲ ခါးတွန့်မိသွားသည်။

"ဆေး အာနိသင် ပြင်းလိုက်တာ"

အန်ရှီဝေ ထိတ်လန့်သွားသည်။ ဒီလို မှော်ဆန်တဲ့ ဆေးကို ဆွန်းမို ဘယ်လို ရထားတာလဲ. သို့သော်လည်း ပိုပြီး ထိတ်လန့်စေမယ့် အရာတွေက သူမကို စောင့်ကြိုနေသည်။

ဆွန်းမိုက အခြေခံ အနှိပ်ပညာမှာ မဟာအဆင့်ကို ရောက်နေပါပြီ။ ဒါကြောင့်လည်း သူအကောင်းဆုံး

အားစိုက်ထုတ်လိုက်တာနဲ့ ဝိညာဉ်ချီတွေက တစ်မိနစ်အတွင်း ပြင်းထန်စွာ ထကြွလာသည်။

ဘောင်း ဘောင်း ဘောင်း

ဝိညာဉ်ချီတွေက အစိုင်အခဲဖြစ်လာပြီး တစ်ကိုယ်လုံး သံလွင်ဆီ လိမ်းထားသလို တောက်ပြောင်တဲ့ ဗလတွေနဲ့ လူတစ်ယောက် ပေါ်လာသည်။

ဝါး

ထုံးစံအတိုင်းပဲ ဂျင်းနီက ပေါ်လာတာနဲ့ ဗလညှစ်ပြနေသည်။

“ဒါ......ဒါ...........”

အန်ရှီဝေသည် သူမကိုယ်တိုင်တောင် မသိလိုက်ဘဲ ရင်သားကို ဖုံးအုပ်ထားပြီး သူမရဲ့ အကြည့်တွေမှာလည်း ထိတ်လန့်မှုနဲ့ ပြည့်နေသည်။ သူမမှာ အသိစိတ်ရှိနေသေးတာပဲ ကံကောင်းသည်။ မဟုတ်ပါက ဂျင်းနီကို သွားတိုက်ခိုက် မိလိမ့်မည်။

“ပြနေတာ ရပ်လိုက်တော့။ အခြေအနေက အရေးကြီးနေတယ်။ မြန်မြန်လုပ်ပါဟ”

ဆွန်းမိုက လောလိုက်သည်။

ဘီလူးက ကူရှုပ်ရှင်းကို ကြည့်ပြီး နှုတ်ခမ်းထော်နေသည်။ ခေါင်းလှည့်ပြီး ကြမ်းပြင်ကို တံတွေး တစ်ချက်ထွေးလိုက်သည်။

အန်ရှီဝေ၊ အင်ဘိုင်ဝူ၊ လီဇီချီနှင့် လုချီဟွာ-မိန်းမတစ်ယောက်နဲ့ မိန်းကလေး သုံးယောက်စလုံး အရမ်းအံ့အော မှင်တက်နေကြသည်။ ဂျင်းနီက ကူရှုပ်ရှင်းကို အထင်သေးနေတာလား။

ဒါမဖြစ်သင့်ဘူး။ ကူရှုပ်ရှင်းက မရီဒန် အကယ်ဒမီရဲ့ ကျောင်းတွင်း ဘုရင်မလေ။ သူမရဲ့

ပုံရိပ်က အများသူငါ အလှနဲ့ ကိုက်ညီသည်။ ပြီးတော့ အရမ်းလည်း ညို့အားကောင်းပါသည်။

ကူရှုပ်ရှင်း ဒီမြင်ကွင်းကို မမြင်သွားတာ ကံကောင်းသွားသည်။ မဟုတ်လို့ကတော့ ဒီထူးထူးဆန်းဆန်း ဝတ်ထားတဲ့ကောင်ကို အသက်ထွက်သွားအောင် ရိုက်နေနိုင်သည်။

လူ့ဗလကြီးကလည်း တကာယ်ကို ထူးထူးဆန်းဆန်း ဝတ်ထားသည်။ အပေါ်ကနေ ခါးလောက် အထိကို အင်္ကျီလက်ပြတ်ဝတ်ထားပြီး ရင်ဘက်က ဟနေသည်။

ခန္ဓာကိုယ်အောက်ပိုင်းကတော့ ဝိညာဉ်ချီ ပုံစံ အမျှင်တန်းနေပြီး ဆွန်းမို လက်မောင်းနဲ့ ချိတ်ဆက်ထားသည်.

ဂျင်းနီကလည်း အန်ရှီဝေရဲ့ အကြည့်ကို သတိထားမိပြီး သူမဘက်ကို ချက်ခြင်းလှည့်လိုက်သည်။ လက်မောင်းနှစ်ဖက်ကို မြှောက်ပြီး ဗလထုတ်ပြနေသည်။ တချိန်တည်းမှာပဲ သူ့ရဲ့ ဖြူဖွေးနေတဲ့ သွားနှစ်တန်း စလုံးပေါ်အောင် ပြုံးပြနေသည်။ အန်ရှီဝေက ချက်ခြင်း အဝေးကို ခေါင်းလှည့်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မကြည့်နိုင်ဘူး။ ထမင်းစားပျက်လိမ့်မယ်)

အန်ရှီဝေ အနည်းငယ် စိတ် ကသိကအောက် ဖြစ်နေသည်။

"ဟော့"

လုချီဟွာ ကတော့ အရမ်းဖော်ရွေသည်။ သူမက ချစ်စရာကောင်းအောင် ပြုံးပြီး ဂျင်းနီကို လက်ပြ နှုတ်ဆက် နေသည်။

" ဟိုင်း"

"ဟွာ ထွာ ထွာ"

ဂျင်းနီက ဗလည္ဒစ်ပြပြီး ပြန်နှုတ်ဆက်သည်။

ဘေးမှာရှိနေသော အင်ဘိုင်ဝူလည်း သူတို့ထဲက တစ်ယောက်ဖြစ်မှန်း သိသွားသည် ဒါကြောင့် သူမလက်ထဲက ဝါးတုတ်ကို တိတ်တိတ်လေး ပြန်ချလိုက်ပြီး ခြေထောက်နဲ့ ကန်ထုတ်လိုက်သည်။

"ဘာမှမလုပ်မိတာပဲ ကျေးဇူးတင်ရမယ်။ မဟုတ်လို့ကတော့ သူ့ကို ရန်စသလို ဖြစ်သွားမယ်"

အင်ဘိုင်ဝူ သက်ပြင်း ခိုးချလိုက်သည်။

အခြေအနေက အရမ်းကို ပရမ်းပတာ ဆန်နေသည်။ သို့သော်လည်း ကံကောင်းထောက်မစွာ

ဂျင်းနီက သူ့တာဝန်ကို မမေ့ပါ။ ကိုယ်တိုင်ကိုယ်ကျ ဝင်မလုပ်ပေမယ့် သူ့လက်တွေက ဝိညာဉ်ချီ ထုတ်ပြီး ဆွန်းမိုကို ထိန်းချုပ်ထားသည်။ ဆွန်းမိုက ရုပ်သေးရုပ်လို ကူရှုပ်ရှင်းကို နှိပ်ပေးနေသည်။

ဘုန်း ဘုန်း ဘုန်း

ဝိညာဉ်ချီများက ပြင်းပြင်း ထန်ထန် မြင့်တက်လာပြီး ရေချိုးခန်းထဲကို စီးဆင်းသွားသည်။

ကူရှုပ်ရှင်း ခေါင်းပေါ်တွင် ဝိညာဉ်ချီ လေဆင်နှာမောင်း တစ်ခု စပေါ်လာသည်။

ဒါကိုမြင်လိုက်မှပဲ အန်ရီဝေလည်း စိတ်အေးသွားသည်။ ကူရှပ်ရှင်းသည် အန္တာရာယ်အများဆုံး အခြေအနေက လွတ်မြောက်သွားပြီး အဆင့်တက်ဖို့ နောက်ဆုံးဖြစ်စဉ်ကို ဝင်ရောက်သွားသည်။ ဒီအဆင့်မှာ ကူရှပ်ရှင်းရဲ့ အရည်အချင်းအရ ကျရှုံးစရာအကြောင်းကို မရှိပါ။

သူမက တကယ်ကို အရည်ချင်း ရှိပါသည်။ ဝိညာဉ်ချီများ သူမခန္ဓာကိုယ်ထဲကို ဝင်ရောက်သွားတာနဲ့ လက်ကို ဖွေ့ယမ်းပြီး နားထင်ကို

ပြန်ထိုးလိုက်သည်။ နာကျင်မှုကို သုံးပြီး အသိစိတ်ပြန်ဝင်လာအောင် လုပ်လိုက်သည်။

ဂျင်းနီကို မြင်လိုက်လျှင် နာကျင်မှုကို တပ်မက်တဲ့သူမလည်း အလန့်တကြား ထခုန်သည်။ သို့သော်လည်း ချက်ခြင်း ရပ်လိုက်ပြီး သွေးလောက်ကျွမ်းခြင်း အဆင့်(၇) တက်ရောက်ရန် ဝိညာဉ်ချီ စုဆောင်းဖို့ အာရုံစိုက်လိုက်သည်။

အန်ရှီဝေလည်း ဒီမှာရှိနေသည်။ သူမကို ဘယ်သူမှ နာကျင်အောင်လုပ်လို့ မရမှန်း ကူရှုပ်ရှင်း သိနေသည်။

အဲဒီအချိန်မှာပဲ နှိပ်ပေးတာလည်း ပြီးသွားသည်။

"ငါ အရင်သွားနှင့်မယ်"

ဆွန်းမိုက ထပ်မနေတော့ဘဲ ချက်ခြင်း ထွက်သွားသည်။

ခြံဝန်းထဲတွင် လေများတိုက်ပြီး သစ်ရွက်များ လှုပ်ခတ်နေသည်။

ဆွန်းမိုသည် ရေတွင်းက ရေခပ်ပြီး လက်ဆေးလိုက်သည်။ ထို့နောက် ကောင်းကင်ပေါ်က ရွေ့လျားနေတဲ့ တိမ်တွေကို ငေးကြည့်နေသည်။ ခဏလောက် နေတော့ အန်ရှီဝေနဲ့ ကျန်တဲ့သူများ ထွက်လာသည်။

"ဆရာဆွန်း၊ မင်းရဲ့ အကူအညီအတွက် တကယ်ကိုပဲ အရမ်းကျေးဇူးတင်ပါတယ်"

အဝတ်အစား လဲထားတဲ့ ကူရှုပ်ရှင်းက တန်းပြီး ကျေးဇူးတင်ကြောင်း ပြလိုက်သည်။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၁၅၀/၁,၀၀၀)

အန်ရှီဝေက အခုလေးတင် ဘာဖြစ်ပျက်ခဲ့လည်း ဆိုတာ ပြန်ပြောပြခဲ့သည်။ ဆွန်းမိုသာ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်နဲ့ သူမ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဆင့်တက်နိုင်အောင် အချိန်ကိုက် မကူညီနိုင်ခဲ့ရင် အခုတကြိမ်မှာ ကျရှုံးသွားနိုင်သည်။

သွေလောင်ကျွမ်းခြင်း နယ်ပယ်မှာ တကြိမ်ကျရှုံးပါက ခန္ဓာကိုယ်ကိုလည်း ထိခိုက် ဒဏ်ရာရစေသည်။ ပြန်ကောင်းလာဖို့အတွက် အနည်းဆုံး တစ်နှစ်ခွဲလောက် အချိန်ယူရသည်။ ပြီးတော့ လူတစ်ယောက်ရဲ့ ယုံကြည်မှု ထိခိုက်သွားတဲ့ အချက်က အဆိုးဆုံး ဖြစ်သည်။

ကူရှုပ်ရှင်းသည် စတင်ကျင့်ကြံကတည်းက တစ်ခါမှ မကျရှုံးဖူးသေးတဲ့အချက်ကိုလည်း

မေ့ထားလို့မရပါ။ ဆွန်းမိုကြောင့်သာ ပြည့်စုံတဲ့ မှတ်တမ်းကို ဆက်ထိန်းထားနိုင်ခဲ့သည်။

“ငါတို့အားလုံးက လုပ်ဖော်ကိုင်ဖက်တွေပါ။ မင်းအားနာ နေစရာ မလိုပါဘူး”

ဆွန်းမိုက လက်ဝှေ့ယမ်းပြီး ကူရှုပ်ရှင်းကို မေ့လိုက်ဖို့ အမူအရာ ပြလိုက်သည်။ သို့သော်လည်း အနည်းငယ်တော့ နေရထိုင်ရခက်နေသည်။

သူက အရေးပေါ်အခြေအနေမို့လို့ ရွေးချယ်စရာ မရှိလို့ ဆိုရင်တောင် အလယ်ကမ္ဘာ ပြန်နယ်ကိုးခုတွင် လက်မထပ်ရသေးတဲ့ အမျိုးသမီးကို

ယောကျ်ားတစ်ယောက်က ထိလိုက်ရင် ပြင်းပြင်းထန်ထန် သေချာပေါက် တရားစွဲ နိုင်သည်။

"ဆရာဆွန်း နောင်တချိန်ကျလို့ မင်းအကူအညီလိုရင် ကျေးဇူးပြုပြီး ငါ့ကို ပြောပါ"

ကူရှပ်ရှင်းက စိတ်ရင်းနဲ့ ပြောလိုက်သည်။ ဆွန်းမိုကို တချက်လိုက်လျှင် သူမကို ပုံမှန်အတိုင်းပဲကြည့်နေတာ မြင်လိုက်ရသည်။ အခုမှ သူမလည်း စိတ်ထဲ နေရထိုင်ရ အဆင်ပြေသွားသည်။

ယောက်ျား တစ်ယောက်ရဲ့ အပွတ်အသပ် အဆုပ်အနယ်ခံရပြီး ကူရှပ်ရှင်း စိတ်အခြေအနေက နည်းနည်းတော့ စိတ်လှုပ်ရှား နေသေးသည်။

သို့သော်လည်း အန်ရှီဝေနှင့် မိန်းကလေးသုံးယောက် တို့က ဘယ်လိုထင်နေမလဲ တွေးပြီး ပုံမှန်မဟုတ်တဲ့ ခံစားချက်ကနေ ထူးဆန်းတဲ့ ခံစားချက် ပေါ်လာသည်။

"နောက် တစ်ခေါက်လောက်တော့ ဆုံချင်သေးတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအတွေး ခေါင်းထဲ ဝင်လာတာနဲ့ အတွေးကို ရှင်းထုတ်ပစ်ဖို့ ခေါင်းကို မြန်မြန်ခါလိုက်သည်။ (ဒါက အမအန်ရဲ့ လူလေ။ ငါဘာတွေ တွေးနေတာလဲ)

အန်ရှီဝေကလည်း ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့ တစ်ယောက်နဲ့တစ်ယောက် နေရထိုင်ရ ခက်နေမယ်ဆိုတာ တွေးမိသည်။ ဒါကြောင့်သူမက အကြောင်းပြချက် ရှာပြီး ကူရှုပ်ရှင်းနဲ့ အတူတူ ထွက်သွားလိုက်သည်။

အန်ရှီဝေက မထွက်သွားခင် ဆွန်းမိုကို တစ်ချက် ကြည့်သွားသေးသည်။

"ဆရာ၊ ငါတို့အတူတူ ရေဆက်ချိုး ရအောင်"

လုချီဟွာ မျော်လင့်ချက်ပြည့်နေတဲ့ မျက်လုံးတွေနဲ့ ဆွန်းမိုကို ဆွဲခေါ်နေသည်။

"ငါ ကျောင်းပြန်တော့မယ်"

ဆွန်းမိုက ပြတ်ပြတ်သားသား ငြင်းဆိုလိုက်သည်။

"ဘိုင်ဝူ၊ နောင်ကျရင် ငါ့ဆီက ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်ကို သင်ပြီး မင်းအမတွေကို မင်းပဲ နှိပ်ပေးရမယ်"

လီဇီချီနဲ့ ကျန်တဲ့သူတွေက ဂရုမစိုက်ရင်တောင် ဆွန်းမိုက အတင်းအဖြင်းကို ရှောင်ဖို့ သတိထားရမည်။

လီဇီချီက သင်ယူနိုင်စွမ်း အရမ်းကောင်းသော်လည်း ခန္ဓာကိုယ်လှုပ်ရှားမှု စွမ်းရည်က အားနည်းလွန်းသည်။ လုချီဟွာကတော့ အတွေးရိုးပြီး သင်ယူတာ နှေးကွေးသည်။ ဒါကြောင့်လည်း အင်ဘိုင်ဝူကို လွှဲပေးတာက အသင့်တော်ဆုံး ဖြစ်နေသည်။

"တကယ် လေ့လာရမှာလား"

အင်ဘိုင်ဝူ အရမ်းကို အံ့အောသင့်နေသည်။ ဒါက ဆွန်းမိုရဲ့ အကောင်းဆုံး ကျင့်စဥ်ပါ။ ပြီးတော့ အလျှူငွေလည်း မပေးခဲ့သလို ဆွန်းမို အတွက်လည်း

ဘာမှ မလုပ်ပေးရသေးဘူး။ ဒီလို ကျေးဇူးကို ပြန်ဆပ်နိုင်ပါ့မလား။

ဘယ်လိုပဲဖြစ်ဖြစ်လေ အင်ဘိုင်ဝူအတွက် ကောင်းမွန်တဲ့ ခါးကျင့်စဉ်ကို မရှာရသေးပါ။ ဒါကြောင့် ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်ကို အရင်လေ့ကျင့်ခွင့် ပေးလိုက်မည်။ နောင်တချိန် ကျင့်ကြံခြင်းမှာ တိုးတက်မှု တစ်ခုခု မရှိခဲ့ရင် ဒီအနှိပ်ပညာနဲ့ သူမ မိသားစုအတွက် အထောက် အပံ့ ရနိုင်သည်။

အင်ဘိုင်ဝူက ချက်ခြင်းပဲ ဒူးထောက်ပြီး အရိုအသေ လေးကြိမ်တောင် ပေးလိုက်သည်။

ပေါက် ပေါက်

အင်ဘိုင်ဝူ ငိုနေသည်။ မျက်ရည်တွေ စီးကျလာပြီး ကြမ်းပြင်တောင် စိုကုန်သည်။ နှလုံးသားတစ်ခုလုံးနဲ့ ခံစားရပြီး ဆွန်းမိုရဲ့ ကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမလည်း တွေးနေမိသည်။

“ငါ အခုသွားတော့မယ်’

စနစ်ဆီက အချက်ပေးသံ ကြားလိုက်လျှင် ဆွန်းမို တံခါးမှ ချက်ခြင်း ထွက်သွားသည်။

ဒင်

“ဂုဏ်ပြုပါတယ်”

စာစဉ်(၁၃)

အခန်း(၁၈၁) - ကိုယ်တိုင် တီထွင်သော ဝိညာဉ်တက်တူး၊ ပြည့်စုံသော အယူအဆ။

"မင်းနဲ့ ကူရှုပ်ရှင်းကြား လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က ရင်းနှီး အဆင့်ကို တိုးတက်သွားပါပြီ။ ဆုလဒ်- အနက်ရောင် ရတနာသေတ္တာ တစ်လုံး၊ ကျေးဇူးပြုပြီး ဆက်ကြိုးစားပါ"

အနက်ရောင် တောက်ပနေသော ရတနာသေတ္တာ တစ်လုံး ဆွန်းမို အရှေ့တွင် ပေါ်လာသည်။

မနေ့ကလည်း ရတနာသေတ္တာ တချို့ သူဖွင့်ခဲ့သေးသည်။ သူ့ရဲ့ကံကောင်းမှုတွေ ကုန်ဆုံးပြီး ဒီနေ့ကံမကောင်းဘဲ ပစ္စည်းကောင်း တစ်ခုမှ

မရနိုင်မှာကို သူစိုးရိမ်နေသည်။ နောက်မှပဲ ဖွင့်ဖို့ ဆုံးဖြတ်လိုက်သည်။

ကျောင်းကို ပြန်သည့် လမ်းတွင် ဆွန်းမိုလည်းပျင်းလာသဖြင့် ဝိညာဉ်တက်တူး ဒီဇိုင်း ပုံစံပြားကို ထုတ်ယူလိုက်သည်။ ပုံစံပြားကို ကြည့်နေရင်း စိတ်ထဲတွင် စိတ်ကူး အမျိုးမျိုး ပေါ်လာသည်။

"စနစ်၊ ငါလိုချင်တဲ့ အယူအဆတွေကို တကယ်ပဲ ပုံဖော်နိုင်လား"

ပုံစံပြောင်းသည် ရေခဲရေတွင်စိမ်ထားသလို အထိအတွေ့ က အေးစက်လှသည်။

"ဟုတ်တယ်၊ ဝိညာဉ်တက်တူးကို အစကနေ အဆုံးထိ ပုံဖော်ဖို့ ၁၀ရာခိုင်နှုန်းတောင် အားစိုက်စရာ မလိုဘူး။ ပြီးတော့ ဝိညာဉ်တက်တူးရဲ့ စွမ်းအားကလည်း ဝိညာဉ်တက်တူးသခင်ရဲ့ ပုံဆွဲ အရည်အချင်းပေါ် မူတည်တယ်"

စနစ်က ရှင်းပြသည်။

"အခုတော့ ငါ ဒီဇိုင်းကို မိတ်ဆက်မယ်" ဆွန်းမိုက ချောင်းဟန့်ပြီး လည်ချောင်း ရှင်းလိုက်သည်။

"အသက်သွင်းလိုက်ရင် စက်ဝိုင်းပုံစံ လှျပ်စီးကြောင်း နယ်ပယ် ၁၆ခု ထုတ်ပေးတာ လိုချင်တယ်။ သူတို့က ငါ့ခန္ဓာကိုယ် ပတ်ပတ်လည်မှာ တည်ငြိမ်တဲ့ အကွာအဝေးနဲ့ လည်ပတ်နေရမယ်။ သူတို့ကို ထိန်းချုပ်ဖို့ ဝိညာဉ်ချီ အနည်းငယ်ပဲ လိုအပ်မယ်။

သူတို့က ငါနဲ့ မီတာ၀က် အကွာမှာ အရှိန် နှေးကွေးစွာ လည်ပတ်နေရမယ်။ တိုက်ပွဲဝင် အခြေအနေကို ရောက်တာနဲ့ လည်ပတ်တဲ့ အရှိန်က တဖြည်းဖြည်း မြန်လာပြီး ကာကွယ်ပေးတဲ့ ခံစစ်

ဧရိယာလည်း ကျယ်ပြန့်လာရမယ်။ ငါနဲ့ သုံးမီတာ အကွာမှာ ပုံမှန် မဟုတ်တဲ့ လမ်းကြောင်းတွေနဲ့ အဆက်ပြတ် လည်ပတ်နေရမယ်”

စနစ်လည်း ဆွံ့အ နေသည်။

(ဘယ်လို ဒီဇိုင်းဖြစ်ဖြစ် ရတယ်လို့ ပြောပေမယ့် ဒီလောက် ရှုပ်ယှက်ခတ်နေစရာ လိုလို့လား)

“မင်းလုပ်နိုင်လား ၊ မလုပ်နိုင်ဘူးလား”

ဆွန်းမို စိတ်ပူသွားသည်။

“ဆက်ပြော”

စနစ်အသံက တည်ငြိမ်နေသည်။ ဒီအချိန်ရောက်မှတော့ နောက်မဆုတ်တော့ ဘူးလေ။

"ရန်သူက တိုက်ခိုက်လာတဲ့ အချိန်ကျရင် ဒီလျှပ်စစ်နယ်ပယ်တွေက ရန်သူ့ခန္ဓာကိုယ်က ထွက်လာတဲ့ လျှပ်စစ်ဓါတ်တွေကို အလိုအလျောက် ခြေရာခံပြီး မြန်မြန်ဆန်ဆန်နဲ့ ရန်သူရဲ့ တိုက်ခိုက်မှုကို ကာကွယ်ပေးရမယ်။ ကာကွယ်တဲ့ ပုံစံကလည်း ရန်သူရဲ့ တိုက်ခိုက်မှုနဲ့ တခါတည်းထိမိပြီး ဦးတည်ရာ တစ်လျှောက်မှာ လျှပ်စီးတွေထွက်လာပြီး ရန်သူကို ပြန်တိုက်ခိုက်ရမယ်"

“ဒီဇိုင်းကို ဒီထက်ပိုရှုပ်ထွေးအောင် မလုပ်နိုင်တော့ဘူးလား”

စနစ် ဆံပင်ထောင်ချင် သွားသည်။ (ဒါကို ကာကွယ်မှုလို့ပဲ သတ်မှတ်နေတာလား။ ဒါက တခါတည်း ကာကွယ်ပြီး တိုက်ခိုက်တဲ့ ပုံစံလေ။ ဒါပေမယ့် ဒီအယူအဆက တကယ်မဆိုးဘူး။)

“ငါ့ကို အာရုံလာမစားနဲ့။ ထပ်ထည့်စရာ ရှိသေးတယ်”

ဆွန်းမိုက ဆက်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“လျှပ်စီးကြောင်းကို သုံးတဲ့သူကလည်း ထိန်းချုပ်နိုင်ရမယ်။ နယ်ပယ်တွေကလည်း ရန်သူကို ရှာဖွေမယ်။ ဝိညာဉ်ချီ ထည့်သွင်းပြီး အမြှောက်လို ပေါက်ကွဲအောင်လည်း ပစ်နိုင်ရမယ်။ ပေါက်ကွဲမှုကလည်း သုံးမီတာ ပတ်လည်ကို လုံးဝ ဖုံးလွှမ်းသွားပြီး လျှပ်စီးတွေလည်း ဖုံးလွှမ်းသွားရမယ်။

အမ်၊ နေအုံး ။ ပစ်လို့ ရတဲ့ အကွာအဝေးက အနည်းဆုံး မီတာ ၃၀ ရှိရမယ်”

ဆွန်းမို ပြောပြီးတာနဲ့ စနစ်လည်း တိတ်ဆိတ်သွားသည်။

(သိပ်တော့ မခက်လောက်ပါဘူး။ ဟုတ်တယ်မလား)

"စနစ်၊ စနစ် ၊ အသက်ရှင်သေးရင် တစ်ခုခု ပြန်ပြောပါအုံး"

စနစ်အတွက် အရမ်း ခက်သွားမလားလို့ ဆွန်းမို ရုတ်တရုတ် တွေးမိလိုက်သည်။

"ခရက်"

စနစ်ဆီက အင်းလိုက်သော အသံမပီမသ ထွက်လာသည်။ ပြီးတော့ ငိုချင်သလို ခံစားရသည်။

"မင်းဝိညာဉ်တက်တူး ဒီဇိုင်းပုံစံပြား ရသွားတာကို ငါနှောင်တရတယ်ကွာ။ မင်းက ဒီကမ္ဘာမှာ သေချာပေါက် ဒုက္ခအပေးနိုင်ဆုံး ဖောက်သည်ပဲ"

"ဟီးဟီး၊ မင်းသေချာပေါက် ဒုက္ခရောက်ပြီလား"

ဆွန်းမိုက စလိုက်သည်။

"မင်းက အရမ်းနုသေးတော့ တကယ် ပြဿနာများတဲ့ ထုတ်ကုန်ဆိုတာ ဘာလဲ မသိသေးပါဘူး၊ ပရိုဂရမ်မာတစ်ယောက်တောင် ရူးချင်စိတ်ပေါက်သွားနိုင်တဲ့ အရာတွေ ရှိသေးတယ်။ ဥပမာကွာ- မင်းဘဝရဲ့ အချစ်စိတ်ပေါ်လာတာနဲ့

အတူတူ ဖုန်းကာဗာ ဒီဇိုင်းပြောင်းတဲ့ အက်ပ် ဆွဲပေးပါ။ အထီးကျန်စိတ်ဝင်လာရင် အနီရောင်ပြမယ်၊ နွေးထွေးပြီး ကြင်နာတတ်တဲ့ လူတွေဆိုရင် အဝါရောင်၊ အပိုလေးတွေ တွဲတဲ့လူဆို အစိမ်းရောင်၊ ကြာကူလီဆို အစိမ်ဖျော့ ပြီးတော့ အရမ်းတောက်တဲ့ အရောင်တွေ သုံးဖို့လည်း ကျန်သေးတယ်”

စနေစ်လည်း ဆံပင်တွေထောင်ပြီး ခေါင်းတွေ ကျိန်းလာသည်။ ဆွန်းမို တောင်းဆိုချက်က တကယ်ရိုးရှင်းတယ်လို့ လက်ခံလိုက်မိသည်။

“ငါ့ရဲ့ ကြွင်နာသနားတတ်တဲ့ စိတ်ကို နားလည်ရင် ငါ့ကို မြန်မြန် ဒီဇိုင်း ထုတ်ပေးတော့”

ဆွန်းမိုက ပြောသည်။

“မင်းထပ်မထည့်ချင်တော့တာ သေချာလား။ ဒီဇိုင်းမှာ မင်းရဲ့ အချစ်ရေး အခြေအနေပေါ် မူတည်ပြီး အကိုးအကားလေးတစ်ခု ထပ်ထည့်ပေးမယ်လေ။ မင်းက တစ်ယောက်တည်း သမားဆိုရင် အနီရောင်၊ လက်ထပ်ထားရင် ရွှေရောင်၊ မင်း လမ်းခွဲခံရရင် အစိမ်းရောင်၊ မင်းက ကြောင်တောင်နှိုက်ရင် အစိမ်းရင့်ရောင် ၊ မတော်သေးဘူး မနှောက်ယှက်နဲ့ ၊

ဒီဇိုင်းရဲ့ အထူးခြားဆုံးအချက်ကတော့ မင်းစိတ်ထဲက ကောင်မလေး ဖောက်ပြန်နေတာကို သံစဉ်ကျကျလေး ထပ်ခါထပ်ခါ လွှင့်ပေးမယ်”

“လူယုတ်မာ”

ဆွန်းမိုက စနစ်ကို ခပ်ရိုင်းရိုင်း လက်ခလှယ် ထောက်ပြလိုက်သည်။

(မင်းဘာမင်းပဲ...ငါ...လို.....လိုက် ၊ ဟုတ်ပြီလား) အမှန်တိုင်းပြောရရင် ဆွန်းမိုလည်း ဒီဇိုင်းက တော်တော်ရှုပ်ထွေးတယ်လို့ ခံစားမိသည်။ စနစ်က ပုံစံအကြမ်းတည်ဖို့ အနည်းဆုံး ၁၀ ရက်ကနေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်လခွဲလောက် အချိန်ယူရလိမ့်မယ်လို့ ထင်နေသည်။

ဒါပေမယ့် အဆောင်ပြန်ရောက်ပြီး နေ့ခင်းဘက် တရေးတမောအိပ်ဖို့ ပြင်ဆင်နေတဲ့ အချိန်မှာပဲ စနစ်ဆီက အကြောင်းကြားချက် ထွက်လာပြီး ဝိညာဉ်တက်တူး ပြည့်စုံသွားပြီလို့ ပြောလာသည်။

"မင်းငါ့ကို အရူးလုပ်နေတာမလား"

ဆွန်းမို သံသယစိတ်တွေနဲ့ ပြည့်နေသည်။

ဆွန်းမို အမြင်အာရုံထဲတွင် ငွေရောင် ဒီဇိုင်းပုံစံပြား လွင့်မျောနေသည်။ ၃၆၀ ဒီဂရီ လှည့်ပတ်နေတာကို ကြည့်ပြီး ဆွန်းမို သဘောကျနေသည်။

“မင်းစမ်းကြည့်လိုက်ရင် မင်းသိလိမ့်မယ်”

စနစ်က ဆွန်းမိုကို သတိပေးလိုက်သည်။

“မင်း ဒီဇိုင်းဆွဲထားတဲ့ အရာဖြစ်လို့ မင်းလေ့လာလိုက်တာနဲ့ ကျွမ်းကျင်မှုအဆင့်က ကျွမ်းကျင်အဆင့်ကို တခါတည်း ရောက်သွားမယ်”

ဆွန်းမိုလည်း ဒီဇိုင်းပုံစံပြားကို ယူကာ လက်ထဲထည့်လိုက်သည်။ သို့သော်လည်း သူက

ချက်ခြင်း မလေ့လာသေးဘဲ ဝိညာဉ်တက်တူး လိုင်းများကို လေ့လာလိုက်သည်။

ဝိညာဉ်တက်တူး လိုင်းများ တစ်ထောင်ကျော်လောက် ရှိသည်။ အဲဒါတွေ ထူထပ်စွာ အဆင့်ဆင ထပ်ဆွဲထားပြီး ကြည့်လိုက်ရင် ရှုပ်ရှုပ်ထွေးထွေးနဲ့ ကြည့်လို့တော့ လှသည်။ သူတို့သည် ခေတ်မှီ ဒီဇိုင်းနာက ထွက်လာသလိုကို လှပနေသည်။

မသိရင် အရေမ်းကို ရှုပ်ထွေးလှတဲ့ လျှပ်စစ် ဆားကစ်ပြားကို မြင်ရသလို ခံစားမိသည်။ ဒီဇိုင်းက

သပ်ရပ်၊ သေသပ်၊ ရှင်းလင်းပြီး အနုပညာဆန်သည်။ အသေးစိတ် တစ်ခုစီတိုင်းတွင် သဘောတရားရဲ့ အငွေ့အသက်ကို မြင်နေရသည်။

ဆွန်းမိုက အလှအပကို အမျိုးအစားနှစ်မျိုးနဲ့ ခံစားမိသည်။ တမျိုးက မဟာအဆင့် ပန်းချီဆရာတစ်ယောက်ရဲ့ ကျက်သရေရှိလှတဲ့ ဆေးရောင်ချယ်သမှုတွင် အထူအပါး ၊ ရဲရင့်ပြီး လွတ်လပ်တဲ့ စုတ်ချက်တွေနဲ့ ရေးဖွဲ့ထားသလို ဖြစ်သည်။

ဥပမာ - သစ်ခွ နိဒါန်း ပြခန်းနှင့် မြစ်ကမ်းပါးတစ်လျှောက်က ချင်မင်း ပွဲတော် ပန်းချီကားတို့လို ဖြစ်သည်။

ဒုတိယတစ်ခုက စက်မှုတော်လှန်ရေး၏ အလွန် ခေတ်မီသောပုံစံ အလှတရားလို ဖြစ်နေသည်။ အကြီးဆုံး အရာဝတ္ထုက သိုလှောင်ကန်ကနေ အသေးဆုံး အရာဖြစ်တဲ့ စီပီယူ မိုက်ခရို ချစ်ပြားလို ဖြစ်သည်။

ဆွန်းမိုတွင် ဝိညာဉ်စုဆောင်းခြင်းတက်တူးနှင့် လိပ်နက် ဝိညာဉ်တက်တူးတို့ ပိုင်ဆိုင်ထားသည်။

တစ်ချက်ကြည့်လိုက်ရုံနဲ့ ဒီဝိညာဉ်တက်တူး နှစ်ခုက လူတွေ ဖန်တီးထားတယ်လို့ ပြောနိုင်သည်။ ဖန်တီးသူတွေရဲ့ စိတ်ကူးက ကောင်းကင်ပေါ်မှာ ဝဲပျံနေသော တမန်တော် တစ်ယောက်ကဲ့သို့ လွတ်လပ်ရမည်။ သတ္တိရှိရှိနဲ့ စူးစမ်းလေ့လာပြီး မသိတဲ့ အရာများကို ဖော်ထုတ်နိုင်ရမည်။ ဆွန်းမို နာမည်ပေးထားသော လျှပ်စီးဖြင့် ကာကွယ်ခြင်း ဝိညာဉ်တက်တူးသည် သေချာပေါက် ဉာဏ်ရည်တုရဲ့ ထုတ်ကုန်ဖြစ်သည်။ ဝိညာဉ်တက်တူးရဲ့ လိုင်းများနောက်ကွယ်တွင် တိကျရှင်းလင်းတဲ့ သဘောတရားများရှိသည်။

" အချိန်ထပ်ဖြုန်း မနေနဲ့တော့၊ မင်းလက်ရှိ ဉာဏ်ရည်လောက်နဲ့ လေ့လာရင် မကြာခဏကြည့်လို့လဲ ဘာမှ မဖြစ်လာဘူး"

စနစ်က ဆွန်းမိုကို သတိပေးလိုက်သည်။

"ငါနားမလည်နိုင်မှန်း ငါသိတယ်။ ဒါပေမယ့် မင်းဆွဲထားတဲ့ ဒီ ဒီဇိုင်းကို မြင်တော့ ငါ့အတွက် အတွေးအခေါ်အသစ်တွေ ပွင့်လာသလို ခံစားရတယ်"

ဆွန်းမို အာရုံစိုက်လွန်းလို့ မျက်ခုံးတွေက တွန့်ထားပြီး ပြန်ဖြေလိုက်သည်။

"အမ်"

စနစ် တုန်လှုပ်သွားသည်။ ထို့နောက် စိတ်ထဲမှာ နည်းနည်းယုံသွားသည်။ ဆွန်းမိုက တကယ်ပဲ လေ့လာနိုင်မယ့် အခွင့်အရေးကို လက်လွတ်မခံပါ။

အခုတော့ဆွန်းမိုသည် သတ္တမမျိုးဆက် လေယာဉ် ခေါင်းပေါ်ကနေ ဖျတ်ပျံသွားတာကို ရုတ်တရက် မြင်လိုက်ရတဲ့ ခြောက်ဆက်မြောက် လေယာဉ်ဒီဇိုင်း ပညာရှင်လို ဖြစ်နေသည်။ မျိုးဆက်သစ်လေယာဉ်၏ အတွင်းပိုင်း ဖွဲ့စည်းပုံကို လုံး၀ နားမလည်သော်လည်း အပြင်ပိုင်းကို မြင်ရုံနဲ့ ဉာဏ်ကွန့်မြူးမှု တစ်ပုံတစ်ခေါင်းကြီး ရသွားသလို ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြူခိုးတွေထဲမှာ လမ်းပျောက်နေတဲ့လူကို ရုတ်တရက် လက်တစ်ဖက်က ရောက်လာပြီး လမ်းအမှန်ပေါ်ကို ဆွဲတင်လိုက်သလိုပါပဲ။

ဆွန်းမို အတွေးကို မနှောက်ယှက်မိအောင် စနစ်က တိတ်ဆိတ်သွားသည်။

တစ်နာရီလောက်ကြာတော့ ဆွန်းမိုက ဒီဇိုင်းပုံစံပြားကို ခွဲချေလိုက်သည်။

ဖောက်

ငွေရောင် အလင်းတန်းတစ်ခု ဆွန်းမို နဖူးဆီ တိုးဝင်သွားသည်။

"အား"

ဆွန်းမို အရမ်းနာကျင်ပြီး ထအော်လိုက်သည်။ တစ်ကိုယ်လုံး ချွေးစေးတွေနဲ့ ဖုံးလွှမ်းနေသည်။ အဝတ်အစားတွေတောင် ချက်ချင်း စိုရွှဲသွားသည်။

စနစ်ကို လက်ခံရရှိပြီးနောက် ဆွန်းမို ဗဟုသုတပေါင်းများစွာကို သင်ယူခဲ့ဖူးသည်။ သို့သော်လည်း ဒီတစ်ကြိမ်က အနာကျင်ဆုံးပါ။

ပြန်မပျောက်သွားခင် ငါးမိနစ်စလုံး နာကျင်မှုကို အဆက်မပြတ် ခံစားနေခဲ့ရသည်။ အခုလက်ရှိတော့ ဆွန်းမိုသည် မြေပေါ်တွင် ခြေကားယား

လက်ကားယားနဲ့ သေခါနီး ငါးခူတစ်ကောင်လို လဲနေသည်။

ချွေးတွေက များလွန်းသဖြင့် ဗွက်တောင် ပေါက်သွားသည်။ အဝတ်အစားတွေကလည်း ရွှဲနစ်နေသည်။

ဒင်

"လျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တက်တူးကို သင်ယူပြီးသွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် ကျွမ်းကျင်အဆင့်"

"ဒါလည်း အသိပညာတစ်ခုအတွက် ပေးဆပ်မှုပေါ့"

စနစ်ရဲ့ လေသံက လေးနက်လှသည်။

နာကျင်မှုသည် အရင်းအမြစ်နှစ်ခုက ဆင်းသက်လာသည်။ တစ်ခုက အသိပညာတံဆိပ်က စီးဆင်းလာခြင်း ဖြစ်သည်။ ဒုတိယတစ်ခုကတော့ စနစ်က နှိုးဆော်လိုက်ခြင်း ဖြစ်သည်။ အသိပညာတစ်ခုက အဖိုးမဖြတ်နိုင်တာကို သိစေချင်ပြီး အသိပညာကို မြတ်နိုးစွာနဲ့ အသုံးချစေချင်လို့ ဖြစ်သည်။

ဆွန်းမိုသည် စားပွဲအရှေ့က ရေခရားကို ယူပြီး ရေတစ်ငုံသောက်လိုက်သည်။ ပြီးတော့ စက္ကူတချို့နဲ့ စုတ်တံကို ယူကာ လျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တက်တူးကို ရေဆွဲကျင့်နေသည်။

သူ့ရဲ့ကျွမ်းကျင်မှု အဆင့်က ကျွမ်းကျင်အဆင့်သာ ရှိသေးသောကြောင့် ပထမတစ်ကြိမ်ဆွဲရုံနဲ့ ကြည့်ကောင်းရှုကောင်းတဲ့ပုံ မပေါ်လာပါ။

နောက်တော့ တူးမြောင်းထဲ စီးဝင်တဲ့ရေလို အဆင်ချောလာသည်။

၄၅ မိနစ်ကြာပြီးနောက် ဝိညာဉ်တက်တူး ပြီးသွားသည်။

ဝိညာဉ်ချီ လေဆင်နှာမောင်း မဖြစ်လာသောကြောင့် ဆွန်းမိုက မကျေမနပ်နဲ့ ခေါင်းခါလိုက်သည်။ ဒါက ဝိညာဉ်တက်တူး အဆင့်မမြင့်တာကို ကိုယ်စားပြုနေသည်။

"အမ်၊ ဆွန်းမို ဒီနေ့အတန်းမရှိဘူးလား"

လိုဒီက သူချက်ပြုတ်ထားသော ဝက်ထမင်ပေါင်း ကုန်သွားသဖြင့် ပြန်လာသောအခါ ဆွန်းမို ရှိနေသေးကြောင်း တွေ့လိုက်သည်။ ဆွန်းမိုက

အချိန်အရမ်းတိကျသည်ဟု နာမည်ကြီးနေသဖြင့် မထိန်းသိမ်းနိုင်ဘဲ အရမ်းအံ့အောသွားသည်။

"ငါအခုပဲ သွားတော့မှာ"

ဆွန်းမိုက မတ်တပ်ရပ်ရင်း ပြောလိုက်သည်။

"အင်း မင်းအဆင်ပြေရဲ့လား"

ဆွန်းမို မျက်နှာက ဖြူဖျော့နေပြီး အဝတ်အစားတွေ တွန့်ကြေနေတာကို လိုဒီ သတိထားမိသွားသည်။ အရမ်း စိတ်မကောင်း ဖြစ်သွားသည်။

"ငါအဆင်ပြေပါတယ်'

ဆွန်းမိုက အမြဲတမ်း သူ့ရဲ့ အသွင်အပြင်ကို ဂရုစိုက်တတ်သည်။ ဒါကြောင့် ရေအနည်းငယ်ယူကာ မျက်နှာ သစ်လိုက်သည်။ သန့်ရှင်းပြီး ကော့ကျော့နေတဲ့ ဆရာဝတ်ရုံ အသစ်နဲ့ လဲဝတ်လိုက်သည်။

အတန်းသည် ပုံမှန်အတိုင်းသာ ဖြစ်သော်လည်း ကျောင်းသားအရေအတွက်က ၂၀၀ လောက်အထိ တိုးလာသည်။ အများစုက မိန်းကလေး ကျောင်းသူများ ဖြစ်သည်။ သူတို့က ဝိညာဉ်တက်တူးကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်မဝင်စားဘဲ ဆွန်းမိုကို တွေ့ချင်လို့ အတန်းလာတတ်ကြခြင်း ဖြစ်သည်။

အတန်းပြီးသွားတော့ ကျောင်းသားများ ဝိုင်းအုံလာသည်။

"တောင်းပန်ပါတယ်၊ ဒီနေ့တော့ ငါ့မှာ လုပ်စရာ ရှိနေလို့ မေးခွန်းတွေ ပြန်မဖြေပေးနိုင်တော့ဘူး"

ဆွန်းမိုက စက္ကူတချို့နှင့် မှင်ကိုယူပြီး ကျောင်းအပြင်ဘက်က နေအိမ်သို့ ထွက်လာသည်။ လျှပ်စီးကြောင်းကာကွယ်ခြင်း ဝိညာဉ်တက်တူးကို ဆက်ပြီး ရေးဆွဲကျင့်နေသဖြင့် ပိုကျွမ်းကျင်လာသည်။

သူက ခြောက်ခုမြောက် ဝိညာဉ်တက်တူး ဆွဲပြီးတဲ့အချိန်တွင် ဝိညာဉ်ချီ လေဆင်နှာမောင်း ပေါ်လာသည်။

အဲဒီနောက်တော့ ဆွန်းမိုလည်း ထပ်မဆွဲတော့ပါ။ ခြံဝင်းထဲကို သွားပြီး ဝိညာဉ်တက်တူးထဲကို ဝိညာဉ်ချီ ထည့်လိုက်သည်။

ဆူး

ဝိညာဉ်တက်တူးစာရွက် စုတ်ပြဲသွားပြီး လျှပ်စီးကြောင်း အနည်းငယ် တဖျတ်ဖျတ်

ခတ်လာသည်။ လိမ္မော်သီးအရွယ် လျှပ်စီး နယ်ပယ် သုံးခု ပေါ်လာပြီး သူ့ဘေးတွင် လည်ပတ်နေကြသည်။

" သေးလိုက်တာ"

ဆွန်းမို သုန်မှုန်သွားသည်။ တက်တူးထဲကို ထည့်သွင်းရသော ဝိညာဉ်ချီ ပမာဏကလည်း သူခန့်မှန်းထားတာထက် ပိုများနေသည်။

ရန်သူမရှိသောကြောင့် တက်တူး၏ ကာကွယ်မှု စွမ်းရည်ကို စမ်းသပ်လို့ မရဖြစ်နေသည်။ ဒါကြောင့် တိုက်ခိုက်ရေး စွမ်းရည်ကို စမ်းသပ်မယ်လို့

ဆုံးဖြတ်လိုက်သည်။ ခြံဝန်းထဲက တောင် အစွန်းကို တချက်ကြည့်လိုက်သည်။

ရွှတ်စ်

လျှပ်စီးစက်ဝန်းများထဲက တစ်ခု ပြေးထွက်သွားသည်။ တောင်အစွန်းဆီကို မရောက်ခင် ခန့်မှန်း ၂၅မီတာ အကွာတွင် ဖောက်ခွဲလိုက်သည်။

ဖောင်း

လျှပ်စီးစက်ဝန်း ဗဟိုကနေ လျှပ်စီးကြောင်းဆယ်ခု ထွက်လာပြီး ပတ်ဝန်းကျင် တစ်ခုလုံးကို

ဖုံးလွှမ်းသွားသည်။ သက်ရောက်မှုက ခန့်မှန်းခြေ ၅ မီတာ ပတ်လည်လောက် ရှိသည်။

ဆွန်းမိုက အချက်အလက်များကို မှတ်ထားပြီး ဆက်လက်ပြီး စမ်းသပ်လိုက်သည်။

တစ်စုံ၊ နှစ်စုံ၊ သုံးစုံ

ဆွန်းမိုက ဒီနေ့ သူဆွဲထားတဲ့ ဝိညာဉ်တက်တူး အကုန်လုံးကို စမ်းသပ်လိုက်ပြီးနောက် စည်းမျဉ်းတစ်ခုကို သိသွားသည်။ လျှပ်စီးနယ်ပယ် အရေအတွက်က ဝိညာဉ်တက်တူး အဆင့်နဲ့ သက်ဆိုင်နေသည်။

အဆင့်ပိုမြင့်လေ လျှပ်စီး နယ်ပယ်က ပိုများလေ ဖြစ်သည်။ ဒီနေ့ စမ်းသပ်မှုတွင် အဆင့်(၆) ဝိညာဉ်တက်တူးက လျှပ်စီးစက်ဝန်း(နယ်ပယ်) အများဆုံးကို ထုတ်ပေးခဲ့သည်။ စက်ဝန်း အရွယ်အစားကလည်း ပိုကြီးလာပြီး အုန်းသီး အရွယ်အစားလောက် ရှိသည်။

ဝိညာဉ်တက်တူး စာရွက် စုတ်ပြဲသွားပြီးနောက် လျှပ်စီး စက်ဝန်းများ ချက်ခြင်းပေါ်လာသည်။ ဝိညာဉ်ချီများ ပျံ့နှံ့လာတာနဲ့ အမျှ အနည်းဆုံး ၅ မိနစ်ကနေ အများဆုံး မိနစ် ၂၀ အထိ ကြာမြင့်သည်။

ကြာလေလေ ဝိညာဉ်ချီက ပိုပျောက်ကွယ်လာလေလေ ဖြစ်သည်။ လျှပ်စီး စက်ဝန်းရဲ့ အစွမ်းကလည်း လျော့နည်းလာလေ ဖြစ်သည်။

" မပြည့်စုံသေးဘူး"

ဆွန်းမို ခေါင်းခါလိုက်သည်။

"ဒါက မင်းရဲ့ကျွမ်းကျင်မှု အဆင့် အရမ်းနိမ့်လို့ပဲ ၊ မင်းသာ မဟာအဆင့် ရောက်သွားရင် လျှပ်စီးကာကွယ်ခြင်း တက်တူးရဲ့

အကျိုးသက်ရောက်မှု အပြည့်အဝကို ဖော်ထုတ်နိုင်လိမ့်မယ်”

စနစ်က ရှင်းပြသည်။

“ဘယ်လိုပဲ ဖြစ်ဖြစ် မင်းကိုတော့ ချီးကျူးရမှာပဲ။ ဒီအယူအဆက တိုက်ခိုက်ရေးနဲ့ ကာကွယ်ရေး ပေါင်းစပ်ထားလို့ တကယ် မဆိုးဘူး။ အထူးသဖြင့် မြက်တော ချုံတောထဲမှာ အသုံးဝင်မယ်။ ရုတ်တရုတ် ချုံခိုတိုက်ခိုက်ရင် ကာကွယ်လို့ ရတာပေါ့ ”

စာစဉ်(၁၃)

အခန်း(၁၈၂) - အမှောင် လျှို့ဝှက် ကျင့်စဉ်။

နေဝင်ရီတရော အလင်းရောင်ကြောင့် ကျောင်းအုပ်ကြီး ရုံးခန်းသည် လိမ္မော်ရောင် ပေါက်နေသည်။

အန်ရှီဝေ အနည်းငယ် ဗိုက်ဆာနေသည်။ အံဆွဲထဲက နှမ်းစေ့ ကိတ်မုန့်တစ်ခုကို ထုတ်ယူလိုက်သည်။

ကလောက်

တွန်းဖွင့်ခံရပြီး တံခါးပွင့်လာသည်။

"အမအန် ညစာ အတူတူ သွားစားရအောင်၊ ဟာ ဘာလို့ နှမ်းစေ့ကိတ်မုန့် ထပ်စားနေတာလဲ ၊ မင်းက ကျင့်ကြံသူတစ်ယောက်လေ ၊ မင်းသာ ဒီအဟာရ မပြည့်တဲ့ အစာတွေကို နေ့တိုင်းစားနေရင်

မင်းခန္ဓာကိုယ်က ခံနိုင်ရည် ရှိမှာ မဟုတ်ဘူး ၊ အကြိမ်ကြိမ် သတိပေးနေပါရဲ့နဲ့ ”

အန်ရှီဝေ နှမ်းစေ့ကိတ်မုန့်စားနေတာ မြင်လိုက်လျှင် ကူရှုပ်ရှင်းက ချက်ခြင်းပြေးလာပြီး လုယူလိုက်သည်။

“ငါဗိုက်မဆာဘူး”

အန်ရှီဝေက ပြန်ဖြေရှင်းသည်။

“မင်းက ဗိုက်မဆာရင် ဘာလို့ နှမ်းစေ့ကိတ်မုန့် စားနေမှာလဲ”

ကူရှုပ်ရှင်း နှုတ်ခမ်းတလှုပ်လှုပ် ဖြစ်နေသည်။

"မင်း အရည်အချင်းနဲ့ဆိုရင် နာမည်ကျော် ကျောင်းကိုးကျောင်းမှာ ဆရာလုပ်ဖို့ အရည်အချင်းမှီနေပြီး သူတို့ကလည်း မင်းကို ကောင်းကောင်း ဆက်ဆံမှာ ကျိန်းသေတယ်။ ဗဟိုပြည်နယ်အကယ်ဒမီအတွက် ဒီလောက် ပင်ပန်းဆင်းရဲခံဖို့ လိုလို့လား"

"ဒီကျောင်းက ငါတို့ဘိုးဘေးတွေ တည်ထောင်ခဲ့တဲ့ ကျောင်းပဲ၊ ငါ့လက်ထဲရောက်မှ ပျက်ဆီးသွားဖို့ ခွင့်မပြုနိုင်ဘူး"

အန်ရှီဝေက ခေါင်းခါရင်း ပြန်ပြောသည်။

"အမ အန်........."

ကူရှပ်ရှင်းလည်း သူမကို ဘယ်လို ဆက်ပြီး စည်းရုံး ရမလဲ မသိတော့ပါ။ အန်ရှီဝေက ကျောင်းစီမံခန့်ခွဲရတဲ့ ကိစ္စမျိုးကို မကြိုက်တာ သူမသိနေသည်။ သူမ ကျောင်းသားတွေကို သီးသန့်သင်ပေးပြီး လေ့လာရေးကျင့်စဉ်ကို သုတေသန လုပ်ချင်နေသည်။

အမှန်တိုင်းပြောရလျှင် ဒီသုံးနှစ်က အန်ရှီဝေအတွက် အချိန်ဖြုန်းနေသလို ဖြစ်နေသည်။

သူမသာ သင်ကြားရေးကိုပဲ အာရုံစိုက်ခဲ့ရင် ကြယ်လေးပွင့် မြတ်ဆရာ ဖြစ်နေပြီ။

ကျောင်းစီမံခန့်ခွဲတဲ့ ကိစ္စက အန်ရှီဝေရဲ့ အရည်အချင်းကို အလဟာသ ဖြစ်စေခဲ့သည်။

"ကောင်းတာလေး တစ်ခုခု သွားစားရအောင်"

အန်ရှီဝေက အလုပ်လုပ်ရင်း နောက်ထပ် နှမ်းစေ့ကိတ်မုန့်တစ်ခုကို ထုတ်စားနေတာ မြင်လိုက်လျှင် ကူရှုပ်ရှင်းက အန်ရှီဝေကို ထိုင်ခုံကနေ အဝေးသို့ တခါတည်း ဆွဲထုတ်လိုက်သည်။

"ငါ့မှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်"

အန်ရှီဝေလည်း ခိုကိုးရာမဲ့ ခံစားနေရသည်။ တစ်နှစ်ခွဲလောက်ကြာရင် သူမအစီအစဉ်က အကောင်ထည် ပေါ်လာတော့မည်။ အဲဒီအချိန်ရောက် ရင် ကျောင်းမှာလည်း ငွေရှိမည်။ တကယ်တော့ အဲဒီအချိန်ရောက်လျှင် ဘာမှစိုးရိမ်စရာမရှိတော့ဘဲ ဓောင်ယန်ကို ကျောင်းထုတ်ပြီး ကျန်ဟာန်ဖူနဲ့ ထိပ်တိုက် ရင်ဆိုင်ဖို့ ပြင်ဆင်နေသည်။

သို့သော်လည်း ဆွန်းမိုကြောင့် ကျန်ဟာန်ဖူနဲ့ ထိပ်တိုက်ရင်ဆိုင်မည့် အခြေအနေကို ခြောက်လလောက် အရှေ့တိုးလိုက်ရသည်။

ကံကောင်းတာက အန်ရှီဝေသည် တစ်ခုခုကို ဆုံးဖြတ်ပြီးပါက နောက်မဆုတ်တတ်သော လူမျိုး ဖြစ်သည်။ ဒါကြောင့်လည်း ခြောက်လလောက် ကုန်ကျစရိတ်တွေကို ချေတာပြီး တောင့်ခံနိုင်မယ်လို့ မျှော်လင့်နေသည်။

"ထမင်းအရင်စားရအောင်"

ကူရှုပ်ရှင်းက တအား တဇွတ်ထိုးဆန်သည်။ အန်ရှီဝေကို ဆရာတွေအတွက် သီးသန့်ကန်တင်းသို့ ဆွဲခေါ်သွားပြီး အစားအသောက် အစုံအလင် ဝယ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒီကြက်ပေါင်ကို မြည်းကြည့်ပါအုံး”

အန်ရှီဝေ ပန်းကန်ထဲ ဆူဖြိုးနေတဲ့ ကြက်ပေါင်ကို ထည့်ပေးလိုက်သည်။

“မင်းငါ့ကို အခက်တွေ့အောင် လုပ်နေတာလား”

ကြက်ပေါင်က ကြည့်လိုက်ရင် သူမလက်ထက်တောင် ပိုကြီးနေသည်။ အန်ရှီဝေလည်း ဘာမှပြန်မပြောနိုင် ဖြစ်နေသည်။

“မင်း ဗျစ်တောက်ဗျစ်တောက် ပြောနေတာတွေ ရပ်သင့်ပြီ၊ ပထမတုန်းက မင်းအတွက် ဝက်ထမင်းပေါင်း မှာမလိုပဲ”

ကူရှုပ်ရှင်းက အန်ရှီဝေကို အစားစာ ပိုထည့်ပေးလိုက်သည်။ ကျက်သရေရှိတဲ့ အလှလေး အန်ရှီဝေက ဝက်ပေါင်ကို ဆွဲဖြဲပြီးသာ စားရရင် သေချာပေါက် ကသိကအောက် ဖြစ်နေနိုင်သည်။

အန်ရှီဝေ ပြုံးလိုက်မိသည်။ သူမက တလုပ်စားလိုက်ပြီး စိတ်ထဲ နွေးထွေးသွားသည်။ ဒီလိုအချိန်မျိုးမှာ သူငယ်ချင်းတစ်ယောက်ရှိတာ တကယ်ကောင်းတာပဲ။

"ဟီး ဟီး"

ကူရှပ်ရှင်းလည်း ကျေနပ်သွားသည်။ အန်ရှီဝေ ပန်းကန်ထဲကို အစာများ ထပ်ထည့်ပေးနေသည်။ သူတို့နှစ်ယောက်သည် အထက်လူကြီးနဲ့ လက်အောက်ငယ်သား ဖြစ်သော်လည်း သီးသန့်ဆုံဖြစ်တဲ့အခါ သူငယ်ချင်းပေါင်း ပေါင်းဖြစ်ကြသည်။

ကူရှပ်ရှင်းက နာကျင်မှုကို တပ်မက်တဲ့လူ ဖြစ်သော်လည်း လူတွေကို အရမ်းစာနာ ပေးတတ်သူ ဖြစ်သည်။ အန်ရှီဝေ ဗိုက် ၇၀ ရာခိုင်နှုန်းပြည့်သွားတဲ့

အချိန်လောက်တွင် မမြို့သိပ် နိုင်ဘဲ မေးခွန်းတစ်ခု မေးလိုက်သည်။

"ဆွန်းမိုရဲ့ ရှေ့ပေါက်း နဂါးဖမ်းတဲ့လက်ကို မင်းရော နားလည်လား"

ကူရှုပ်ရှင်း အမှန်တကယ်ကို သိချင်နေသည်။ အဆင့်မတက်သွားခင် ဗလများနဲ့ အခြောက်ကိုမြင်ပြီး အရမ်းအံ့အော တုန်လှုပ်ခဲ့ရသေးသည်။

တကယ်ကို ကြောက်စရာကောင်းသည်။

သူမနဲ့ ၃ မီတာ အကွာတွင် ရပ်နေသော ဗလများနဲ့ လူအကြောင်းကို တွေးလိုက်မိတိုင်း ကူရှုပ်ရှင်း

စိတ်တစ်ခုလုံး တုန်လှုပ်ခြောက်ခြား ရသည်။ ဒီကောင်ပြေးလာပြီး သူမ တစ်ကိုယ်လုံးကို လိုက်ကိုင်နေရင် ဘယ်လိုလုပ်မလဲ ။

အား၊ ဒီဖြစ်နိုင်ခြေကို တွေးမိပြီး ကျူရှုပ်ရှင်း ရုတ်တရက် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ စားပွဲအောက်ရှိ ပေါင်ကြားက ကွက်လပ်ကိုလည်း တင်းတင်းစေ့လိုက်မိသည်။

“အဲဒါကို နားမလည်ဘူး”

အန်ရှီဝေက ခေါင်းခါရင်း ပြန်ဖြေသည်။ သူမက အနိုပ်ပညာများကို အကျွမ်းတဝင် မဖြစ်သော်လည်း

ပုံမှန် ဗဟုသုတတော့ ရှိသေးသည်။ အဖွဲ့ကြီး သုံးခုနှင့် ကိုင်းခွဲ ခြောက်ခုမှလွဲရင် လူ့ခန္ဓာကိုယ်ကို ကျန်းမာရေး ထိန်းသိမ်းတဲ့ ပုံစံခြင်းက ဆင်တူကြသည်။

ဒါပေမယ့် ဆွန်းမိုသုံးတဲ့ အနှိပ်နည်းစနစ်က လုပ်ပေးနိုင်ရုံသာမက ခန္ဓာကိုယ်ကိုပါ ပြောင်းလဲပေးနိုင်သည်။

အန်ရှီဝေရဲ့ သုံးသပ်ချက်က အရမ်းအထင်ကြီးဖို့ ကောင်းပါသည်။ ဆွန်းမိုက ကူရှုပ်ရှင်းကို နှိပ်ပေးနေတဲ့ အချိန်တွင် ကူရှုပ်ရှင်း ခန္ဓာကိုယ်မှာ အသက်စွမ်းအင်များ အပြည့်အဝ နိုးထနေပြီး

ပိုသန်မာလာကာ ပိုလဲ ပြည့်စုံလာနေတယ်ဆိုတာ သူမ ခံစားမိသည်။

"ဒါက အမှောင်လျှို့ဝှက် ကျင့်စဉ် ဖြစ်နေမယ်လို့ ငါ တော့ ထင်တာပဲ"

ကူရှုပ်ရှင်းက ခန့်မှန်းလိုက်သည်။

"အရင် ငါ မရီဒန် အကယ်ဒမီမှာ ရှိနေတုန်းကလည်း ကြယ်သုံးပွင့် မြွတ်ဆရာတစ်ယောက်ရဲ့ အမှောင်လျှို့ဝှက် အနှိပ်နည်းစနစ်ကို မြင်ဖူးတယ်။ အကြွမ်းအားဖြင့်

တစ်လခွဲလောက် အချိန်ယူရတယ်။ ဒါပေမယ့် ဆွန်းမိုရဲ့ အနှိပ်ပညာကိုတော့ လုံးဝ မယှဉ်နိုင်ဘူး”

“ဆရာရှီကို ပြောတာလား”

မရီဒန်အကယ်ဒမီသည် သူမ ပြိုင်ဘက်များထဲက တစ်ခုဖြစ်သောကြောင့် ထုံးစံအတိုင်း ဆရာရှီ မပြောနဲ့ အဲဒီက ဆရာများအကြောင်းကို အန်ရှီဝေ သိနေသည်။

“အမှန်ပဲ”

ကူရှုပ်ရှင်း ခေါင်းညိတ်လိုက်သည်။ ဆရာရှီရဲ့ အနှိပ်နည်းစနစ်ကလည်း အရမ်း အထင်ကြီးဖို့ ကောင်းသည်။ ကျောင်းအုပ်ကြီး ချောင်သာ

ပိုက်ဆံအများကြီး အကုန်ကျခံ မထိန်းသိမ်းထားခဲ့ရင် 'အေ' အဆင့်ကျောင်းများရဲ့ လုယူခြင်းကို ခံနေရပြီ။

" ဆရာရှီရဲ့ အနှိပ်ခံပြီးရင် ဘယ်လိုပြောရမလဲ....... အဲဒါက အရမ်းကောင်းတယ်။ ရွှံ့တွေ ဗွက်တွေထဲမှာ လူးပြီး ရေချိုးရသလိုပဲ အရမ်းလန်းဆန်းသွားတယ်။ အရမ်းဆာနေတဲ့ အချိန် အစာစားလိုက်ရသလိုပေါ့။ ဒါပေမယ့် ဆွန်းမိုနဲ့ ယှဉ်လိုက်ရင်တော့ အရမ်း ကွာခြားချက်ရှိ နေသေးတယ်"

ကူရှုပ်ရှင်း ပြန်စဉ်းစား မိသွားသည်။

ဆွန်းမိုရဲ့ လက်တစ်စုံက မှော်စွမ်းရည်တွေ ပိုင်ဆိုင်နေသလိုပါပဲ။ သူ့ခန္ဓာကိုယ်ကို ထိတွေ့လိုက်တာနဲ့ သက်တောင့်သက်သာ ဖြစ်လွန်းလို့ စိတ်ဝိညာဉ်တွေတောင် အော်ညည်းမိ မတတ်ပဲ။

သူမခန္ဓာကိုယ်ထဲက ဆဲလ်တွေသည် သဲကန္တာရထဲမှာ လအနည်းငယ် လမ်းပျောက်နေပြီး ပူလောင်မောပန်း ရေဆာနေတဲ့ အချိန် အိုအေစစ်ကို တွေ့လိုက်ရသလို ပျော်ရွှင်စွာ လှုပ်ရှားနေကြပြီး ရေအေးထဲကို ခုန်ဆင်းလိုက်ရသလို ခံစားမိသည်။

ဒီခံစားမှုက အရမ်းကိုထူးဆန်းပြီး ပြည့်ဝအောင်ဖော်ပြနိုင်ဖို့ စကားမရှိပါ။

"အမအန် မင်းကတော့ ကံကောင်းတာပဲ။ ဆွန်းမိုနဲ့ လက်ထပ်ပြီး ညတိုင်း နှိပ်ခိုင်းလို့ရတယ်၊ မလုပ်ပေးရင် ကုတင်ပေါ် အတက်မခံနဲ့"

ကူရှင်ရှင်းက စနောက်လိုက်သည်။

အန်ရှီဝေက ခေါင်းခါလိုက်မိသည်။ ဆွန်းမိုရဲ့ လက်ရှိပုံစံက ပထမဆုံး ဗဟိုပြည်နယ်ကို ရောက်လာတဲ့ အချိန်ထက်တောင် အေးစက်နေသေးသည်။

ထောက်ပံ့ရေးဌာနကို ရွှေ့ပြောင်းခံရတဲ့ အချိန်မှာ သူမ မကူညီလို့ စိတ်နာသွားတာလည်း ဖြစ်နိုင်သည်။ ဒါပေမယ့် လူတိုင်းက မေ့မေ့ပျောက်ပျောက်ဖြစ်မယ့် အချိန် တစ်လလောက်ကြာမှ ကူညီဖို့ စီစဉ်ထားခဲ့သည်။

သူမနဲ့ စေ့စပ်ထားတယ်ဆိုပြီး လူတိုင်းက စိတ်ဝင်စားပြီး စောင့်ကြည့် နေကြသောကြောင့် ဖြစ်သည်။

အခြားအကြောင်းပြချက်လည်း ရှိသေးသည်။ သူမက ကျန်ဟန်ဖူနဲ့ ထိပ်တိုက်ရင်ဆိုင်နေရသည်။

ကျန်ဟန်ဖူက ဆွန်းမိုကို ပစ်မှတ်ထားမှာ စိုးရိမ်နေသည်။ ထောက်ပံ့ရေးဌာနမှာ ရှိနေတာ ပိုကောင်းတယ်လို့ တွေးလိုက်မိသည်။ တိမ်မြုပ်နေခြင်းက မုန်တိုင်းကို ရှောင်နိုင်သည်။

အန်ရှီဝေက ဆွန်းမိုအပေါ် ပြောဆိုကြတာလည်း သိသည်။ သို့သော်လည်း ထောက်ပံ့ရေးဌာနမှာ ဒီလောက်ဆိုးဝါးနေမယ်လို့ မထင်ထားခဲ့ပါ။

အန်ရှီဝေကလည်း သူမရဲ့ မာနကြောင့် ဒီအထင်မှားမှုကို သူမဘက်က စပြီး မတောင်းပန်နိုင်ပါ။

“ဆွန်းမိုက တကယ့်ကို အထင်ကြီးဖို့ကောင်းတယ်”

ကူရှုပ်ရှင်း စိတ်လှုပ်ရှားစွာ သက်ပြင်းချလိုက်သည်။ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်က အစွမ်းထက်လွန်းသောကြောင့် အဆင့်မြင့်တဲ့ နည်းစနစ်ဖြစ်နိုင်သည်။ ဒါပေမယ့် သင်ကြားရေး အရည်အချင်းက ဆွန်းမိုရဲ့ ကိုယ်ပိုင်အစွမ်းနဲ့ သက်ဆိုင်နေသည်။

အရင်တုန်းက ဆွန်းမိုအတန်းကို ကူရှုပ်ရှင်း ခိုးတတ်ဖူးသည်။

ဆွန်းမိုက စင်ပေါ်မှာ ရပ်နေတဲ့အချိန်ဆို ပေါ့ပေါ့ပါးပါးနဲ့ ယုံကြည်မှုရှိတဲ့ အပြုံး အမြဲပြုံး ထားတတ်သည်။ သူက ကျော့ရှင်းပြီး မာန်တွေနဲ့ ပြည့်နေကာ သူ့ဆီက ထွက်လာတဲ့ အငွေ့အသက်ကလည်း ကျောင်းသားတွေကို အထင်မြင်ကောင်းစေသည်။

ကူရှုပ်ရှင်းလည်း ဆွန်းမို စတိုင် အတိုင်း ကူးချပြီး နှစ်တန်းသုံးတန်းလောက် သင်ဖူးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကျိုးသက်ရောက်မှုက တကယ်မဆိုးပါ။ ဒါပေမယ့် တတိယအတန်းပြီးတော့ ဆက်မသုံးတော့ပါ။

ပါရမီရှင် တစ်ယောက်အနေနဲ့ ကူရှုပ်ရှင်းမှာလည်း ကိုယ်ပိုင် မာနရှိသည်။ သူမက တမူထူးခြားသော ဆရာတစ်ယောက်သာ ဖြစ်ချင်သည်။ သူများကို အတုမခိုးချင်ပါ။ 'အို ကူရှုပ်ရှင်းလား ဆွန်းမို ပုံစံအတိုင်း သင်တတ်တဲ့ တစ်ယောက်ပေါ့ ' ဒီလိုမျိုး သူများနဲ့ ယှဉ်တွဲပြီး အမြင်မခံနိုင်ပါ။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းရဲ့ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၁၈၀/၁,၀၀၀)

"အင်း"

အန်ရှီဝေ ခေါင်းညိတ်လိုက်သည်။ ဆွန်းမိုက တကယ်အထင်ကြီးစရာ ကောင်းလာမယ်လို့ သူမ မထင်ထားခဲ့ပါ။ ဆွန်းမိုရဲ့ ကိုယ့်အကြောင်း မိတ်ဆက်စာကို ရတုန်းကလည်း အရာအားလုံး သာမန်ပဲ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ငါ့ကို ရုတ်တရက် အံ့အောသွားအောင် မင်းရဲ့ အရည်အချင်းကို ရည်ရွယ်ချက်ရှိရှိ သိမ်းထားခဲ့တာလား)

အန်ရှီဝေ ခန့်မှန်းလိုက်သည်။ ဒီအချက်မှ မဟုတ်ရင် ဘာဖြစ်အုံးမှာလဲ။

"ကျန်ဟန်ဖူတစ်ယောက် ဆွန်းမိုကြောင့် မအိပ်နိုင် မစားနိုင် ဖြစ်နေတယ် ကြားတယ်၊ ဒေါသကြောင့် သေတော့မယ်ဆိုပဲ"

ကူရှပ်ရှင်းကတော့ ကျန်ဟန်ဖူတစ်ယောက် အာလူးပုံစံ ဂင်တိုတိုနဲ့ ဒေါသထွက်နေမယ့်ပုံကို မြင်ယောင်ပြီး ကျေနပ်နေသည်။

"ဟုတ်လောက်မယ်"

အန်ရှီဝေလည်း ပြုံးလိုက်မိသည်။ ဒါတွေအားလုံးက ဆွန်းမိုကြောင့်ပါ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၂၂၀/၁,၀၀၀)

“အိုး ၊ ဆေးထုပ်ကြီးဆိုတာကို အရင်က ကြားဖူးလား”

ကူရှုပ်ရှင်း နောက်တစ်ခုကို စဉ်းစားမိသွားသည်။

“မကြားဖူးဘူး”

အန်ရှီဝေ မျက်ခုံး ပင့်ရင်း ပြန်ဖြေသည်။

“ဆွန်းမို မှောင်ခို ဈေးကွက်ထဲကနေ ရခဲ့တာ ဖြစ်နိုင်တယ်၊ ဒီကောင် တော်တော် ကံကောင်းတာပဲ”

ကူရှုပ်ရှင်း လေသံက အားကျမှုများနဲ့ ပြည့်နေသည်။

မှောင်ခိုဈေးကွက်မှာ ဈေးသည်တချို့သည် ပြည်နယ်ကိုးခုက လူများတစ်ခါမှ မဖြင်ဖူးတဲ့ ပစ္စည်းတွေကို အမှောင်တိုက်ကြီးကနေ မှောင်ခိုတင်သွင်း တတ်ကြသည်။ ဘယ်လိုသုံးရ မလဲဆိုတာလဲ ဘယ်သူမှ မသိကြပါ။ သို့သော်လည်း ဝယ်ချင်သူများက ရှိနေကြသည်။

ဒီပစ္စည်းများကို သုတေသန ပြုခြင်းဖြင့် လက်ရှိကျော်ကြားနေတဲ့ ကျင့်စဉ်များ၊ ဝိညာဉ်ချီ နည်းစနစ်များ၊ ဗဟုသုတများကို တွေ့ရှိခဲ့ကြသည်။

ဒီလို သုတေသနပြုခြင်းကို အလယ်ကမ္ဘာက လူများက ရှေ့ဟောင်း သုတေသီလို့ ခေါ်ကြသည်။

“ပန်းပဲ ဆရာက မျိုးဆက်သုံးဆက် ဆင်းရဲပြီး ရှေ့ဟောင်းသုတေသီတွေက တစ်ဘဝလုံး ပျက်စီးသွားနိုင်တယ်”

ဒီစကားကလည်း မမှားပါ။ ရှေ့ဟောင်းသုတေသီ လုပ်တဲ့ လူအများစုက စူးစမ်းလေ့လာရင်း ရှိသမျှအားလုံး ကုန်သွားတတ်ကြသည်။ တချို့ကတော့ နေခြင်းညခြင်း ချမ်းသာ သွားတတ်ကြသည်။

နဂါးနိမ်နင်းခြင်း အကာယ်ဒမီက တည်ထောင်သူသည် အထင်ရှားဆုံး ဥပမာ ဖြစ်သည်။ အရင်က သာမန် အလုပ်ကြမ်းသမား ဖြစ်သည်။ ဒါပေမယ့် မှောင်ခိုဈေးကွက်ကနေ မီးလောင်ပျက်ဆီးနေသော သစ်သား အရုပ်တစ်ခုကို ငွေကြေး အနည်းငယ်နဲ့ ဝယ်ခဲ့သည်။ အဲဒီအရုပ်ကနေ နဂါးနှိမ်နင်းခြင်း ကျမ်းစာကို ရပြီး မိုးထိအောင် ကျော်ကြားလာသည်။ သူက နှစ် နှစ်ဆယ်အတွင်း အမှောင်တိုက်ကြီးမှာ အတောက်ပဆုံး မြတ်ဆရာ တစ်ယောက် ဖြစ်လာခဲ့သည်။ နောက်ဆုံး သူတော်စင်အဆင့်ကို ဝင်ရောက်ပြီး နဂါးနှိမ်နင်းခြင်း

အကယ်ဒမီကို တည်ထောင်ခဲ့သည်။ သူ့နာမည်ကလဲ သမိုင်းတွင်ခဲ့သည်။

မှောင်ခိုဈေးကွက်မှာ ရောင်းတဲ့ ပစ္စည်းအများစုက အရမ်းဈေးမကြီးပါ။ ဒါကြောင့်လည်း ကံစမ်းတဲ့ လူများ ရှိနေကြသည်။

ဆွန်းမိုကလည်း ကံကောင်းသူများထဲက တစ်ယောက် ဖြစ်နိုင်သည်။

ကူရှုပ်ရှင်းက သူ့မေးစေ့ကို လက်တစ်ဖက်နဲ့ ထောက်ရင်း သုံးသပ်နေသည်။ သူမအသားအရေ အသက်ဆယ်နှစ် တုန်းကလိုမျိုး လန်းဆန်းပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြန်တောက်ပနေကာ ဆယ်ကျော်သက် တစ်ယောက်လို နုပျိုနေသည်။

ပြီးတော့ ရေချိုးပြီးကတည်းက သူမအခြေနေသည် အရမ်းကို ကောင်းမွန်နေသည်။ လျှိုမှုဘိုင်နဲ့ တိုက်ခိုက်ရင်တောင် သူမနိုင်မယ်လို့ ခံစားမိသည်။

"မင်းက အခုဆို သွေးလောင်ကျွမ်းခြင်း အဆင့်(၇)ကို ရောက်နေပြီ၊ နတ်ဘုရားစွမ်းအား နယ်ပယ်ကို ဝင်ရောက်ဖို့ ခြေတစ်လှမ်းပဲ လိုတော့တယ်"

အန်ရှီဝေ ဂုဏ်ပြုစကား ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"နောင်နှစ်မှာ နတ်ဘုရား စွမ်းအားနယ်ပယ်ကို ဝင်နိုင်အောင် အကောင်းဆုံးကြိုးစားမယ်"

ကူရှုပ်ရှင်းသည် စိတ်ဓါက်တအား တက်ကြွနေပြီး လက်သီးကို ဖော့ယမ်းလိုက်သည်။

သက်ရှည်အဆင့်ကို ဝင်ရောက်ပြီးရင် အိုမင်းမှုကလည်း နှေးကွေးသွားမည်။ မိန်းမတစ်ယောက်အတွက် ထာဝရ နုပျိုတာလောက် ဘယ်အရာက ဆွဲဆောင်နိုင်လို့လဲ။

ဘယ်အမျိုးသမီးကမှ အရေးအကြောင်းတွေကို မကြိုက်ပါဘူး။

"အစ်မအန်ရေ၊ ဆွန်းမိုက မင်းကို ရေချိုးဖို့လာရှာရင် ငါ့ကိုလဲ ခေါ်အုံးနော် "

ကူရှပ်ရှင်း နှုတ်ခမ်းများက ပြုံးနေသည်။ ပြီးတော့ ချစ်စရာကောင်းတဲ့ ပုံစံလုပ်ပြီး

"ဆွန်းမို ချိုးပြီးသားရေတော့ မချိုးခြင်ဘူးနော်"

အန်ရှီဝေလည်း ဆွံ့အ မှင်တက်နေသည်။ ကူရှပ်ရှင်းက နာကျင်မှုကို တပ်မက်တာ နည်းနည်း ရိပ်မိနေပြီး ဆွန်းမိုနဲ့ ရေအတူတူချိုးဖို့ မငြင်းဆန်သလို နည်းနည်းတောင် စိတ်လှုပ်ရှားနေသလိုပင်။

“ဒီလိုပဲ သတ်မှတ်ရအောင်၊ ရေချိုးတိုင်း မင်းရဲ့ ကျောကို ပွတ်ပေးမယ်လေ”

ကူရှုပ်ရှင်းက တခစ်ခစ်ရယ်ရင်းပြောသည်။

(တကယ်ပြောတာ၊ ငါသာ အသက် ၂၅နှစ်မတိုင်ခင် သက်ရှည်အဆင့်ကို ဝင်နိုင်မယ်ဆိုရင် ဆွန်းမိုရဲ့ ရေချိုးခန်းမှာ သူ့ရဲ့ အစေခံ လုပ်ပေးလိုက်မယ်၊ ဆောင်းရာသီဆိုရင် သူ့အိပ်ရာတောင် နွေးအောင် လုပ်ပေးလိုက်အုံးမယ်။)

(အမ်၊ လိင်ကိစ္စတော့ လာမမေးနဲ့၊ ငါ့သန့်ရှင်းမှုက အနာဂတ် ငါ့ခင်ပွန်းလောင်း အတွက်ပဲ)

ညစာ စားပြီးနောက် အန်ရှီဝေလည်း ရုံးခန်းကို ပြန်လာကာ အလုပ်ဆက်လုပ်နေလိုက်သည်။

သူမက ဒီခက်ခဲတဲ့ ခြောက်လကို ကျော်ဖြတ်နိုင်အောင် အစွမ်းကုန် ကြိုးစားနေသည်။ သို့သော်လည်း ဒါက အရမ်းကို ခက်ခဲလွန်းသည်။

သူ တစ်ညလုံး အလုပ် လုပ်နေမိသည်။ ဆွန်းမို တံခါးခေါက်တဲ့ အချိန်အထိ လုပ်နေတုန်းပါ။ ဆွန်းမို တံခါးခေါက်လိုက်မှ မိုးလင်းမှန်း သတိထားမိသည်။

စာစဉ်(၁၃)

အခန်း(၁၈၃) - ရာထူးတိုးခြင်း။

"မင်း တစ်ညလုံး မအိပ်ဘူးလား"

အန်ရှီဝေရဲ့ပင်ပန်းနွမ်းနယ်တဲ့ ပုံစံကို ကြည့်ပြီး ဆွန်းမို အနည်းငယ်တော့ အထင်ကြီးသွားသည်။ သူလည်း အမှတ်(၂) အခြေခံ အထက်တန်းကျောင်းမှာ လုပ်ခဲ့တုန်းက အလုပ်အရမ်း များခဲ့သည်။ ကျောင်းမှာ အလုပ်ဝင်ပြီး တာဝန်ခံဖြစ်လာတော့ ပိုတောင် အလုပ်များခဲ့သေးသည်။ သူလည်း တခါတလေ ညလုံးပေါက် အလုပ် လုပ်ဖြစ်သည်။

ထိုအချိန်တွင် မျက်လုံးများ ခဏခဏ ဝါးလာပြီး ခန္ဓာကိုယ်ကလည်း အရမ်းအားနည်း နေတတ်သည်။

ဒါပေမယ့် ဒီလိုမှ မလုပ်ရင်လည်း မရပါ။ သူက ကျေးလက်ဒေသမှ ဖြစ်ပြီး အားကိုးစရာ ချမ်းသာတဲ့ အဖေလည်း မရှိပါ။ တစ်ခုခုလိုချင်လျှင် သူကိုယ်တိုင် အားစိုက်ထုတ်မှပဲ ဖြစ်မည်။

ဒါကြောင့်လည်း ဆွန်းမိုက အန်ရှီဝေရဲ့ လက်ရှိ အခြေအနေကို နားလည်ပေးနိုင်သည်။ သူမမှာ အောင်မြင်ချင်တဲ့ စိတ်တစ်ခုတည်းသာ ရှိနေသည်။

“ငါလုပ်နိုင်ပါတယ်’

အန်ရှီဝေက ပြုံးရင်း ပြန်ဖြေသည်။ သူမက မတ်တပ်ရပ်ပြီး ဆွန်းမိုအတွက် လက်ဖက်ရည်တစ်ခွက ် ချပေးလိုက်သည်။

“မင်းလိုချင်တာ တစ်ခုခု ရှိလို့လား”

အန်ရှီဝေ နားလည်သည်၊ ထူးထူးခြားခြား ကိစ္စမရှိရင် ဆွန်းမိုက သူမကို လုံးဝ လာမရှာနိုင်ပါ။

ဆွန်းမို ကျောင်းကို စရောက်တုန်းကဆိုရင် သူ့ကိုယ်သူ ညံ့ဖျင်းတယ်လို့ ခံစားနေပြီး ရှက်ရွံ့နေတတ်သည်။ သူမကိုလည်း လာမရှာရဲခဲ့ပါ။ ဒါပေမယ့် အခုချိန်မှာတော့ ဘာပြောပြော

အင်းလုပ်တတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ပုံစံမျိုး လုံးဝ မရှိတော့ပါ။ သူ့ကိုယ်သူ အရမ်းယုံကြည်ချက် ရှိနေပေမယ့် သူမကို လာမရှာသေးပါ။

အမှန်တိုင်းပြောရလျှင် သူမ အနည်းငယ် ဝမ်းနည်းမိသည်။

"ကျောင်း အသုံးစရိတ်နဲ့ ပက်သက်တဲ့ ကိစ္စ ဆွေးနွေးဖို့ပါ"

ဆွန်းမိုက ထိုင်ခုံမှာ ထိုင်ပြီး လက်ဖက်ရည် တစ်ငုံ သောက်လိုက်သည်။

ထို့ ၊ အရသာကလည်း ညှံ့လိုက်တာ။ လက်ဖက်ခြောက်က ကြေးပြားအနည်းငယ်သာ ပေးရတဲ့ သာမန် လက်ဖက်ခြောက် ပဲဖြစ်နိုင်သည်။ လီကုန် ပေးတဲ့ လက်ဖက်ခြောက်တောင် ဒီဟာထက် ပိုကောင်းသေးသည်။

အန်ရှီဝေ၏ အဆင့်အတန်းနဲ့ ခွန်အားအရ ဒီလောက်ခြိုးခြံချွေတာနေတာ အမှန်တကယ်ကို မသင့်တော်ပါ၊ သူမနဲ့တစ်ခေတ်ထဲ သူမရဲ့ တစ်ဝက်လောက်တောင် မလှတဲ့ မိန်းကလေးတွေပင် သူတို့ဘဝအတွက် ဈေးဝယ်ထွက်မယ်၊ အားလပ်ရက်

တွေမှာ ခရီးသွားပြီး သူတို့ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနေကြသည်။

"မင်းမှာ အဖြေရှိလို့လား"

အန်ရီဝေ မေးသာ မေးလိုက်ရသော်လည်း ဆွန်းမိုမှာ အဖြေရှိမယ်လို့ မထင်မိပါ။ သူမ ငယ်ချစ်လေးရဲ့ နောက်ခံအသိုင်းအဝိုင်းအကြောင်းကို သေသေချာချာ သိနေသည်။

ငွေရာဂဏန်း ဒါမှမဟုတ် ထောင် ဂဏန်းဆိုရင် ဖြစ်နိုင်သေးသည်။ ဒါပေမယ့် ဒီထက်ပိုလာရင်

သူ့အတွက် မဖြစ်နိုင်တော့ပါ။ ဆွန်းမိုရဲ့ကလန်က မိုင်းတွင်းပိုင်တဲ့ အင်အားကြီး မျိုးနွယ်စု မဟုတ်ပါ။

"ဘယ်လောက် ဆိုးနေလဲ"

ဆွန်းမိုက အဖြေ ထုတ်ပြဖို့ အမြန်မလိုပါ။ အားနည်းချက်တွေ သိရအောင် အရင်မေးလိုက်သည်။

အန်ရှီဝေက အံဆွဲကို ဆွဲဖွင့်လိုက်ပြီး စာရွက်စာတန်း တစ်ထုပ်ကို ဆွန်းမို လက်ထဲ ပေးလိုက်သည်။ အများအားဖြင့်တော့ ကျောင်းဘဏ္ဍာရေးနဲ့ ဆိုင်တဲ့ စာရွက်စာတန်းများသည် ကျောင်းရဲ့ အဆင့်အမြင့်ဆုံး

ခေါင်းဆောင်များသာ ကြည့်ပိုင်ခွင့် ရှိသည်။ သို့သော်လည်း အန်ရှီဝေက တခါတည်း ဆွန်းမိုကို ပေးလိုက်သည်။

ဒါက သူမရဲ့ ယုံကြည်မှု ဖြစ်သလို စမ်းသပ်ချက်လည်း ဖြစ်သည်။

ဒီစာရွက် စာတန်းများသည် အရမ်းကို ရှုပ်ထွေးပါသည်။ အတွေ့အကြုံ မရှိပါက နားမလည်နိုင်ပါ။

အန်ရှီဝေက သူမ ထိုင်ခုံဆီ ပြန်သွားပြီး အလုပ်ဆက်လုပ် နေလိုက်သည်။ ဆွန်းမိုဒါကို

မနက်ပိုင်းနဲ့ ပြီးအောင်ဖတ်နိုင်ရင် မဆိုးဘူးလို့ သတ်မှတ်ရမည်။ သူ့ကို နားလည်ပေးလို့ ရသည်။

အရမ်းကြီး မမျှော်လင့် ထားတာ အကောင်းဆုံးပဲ။

ဆွန်းမို စာရွက်စာတန်းများကို လျှင်မြန်စွာ လှန်ကြည့်နေသည်။

စာရွက်စာတန်းများသည် ရှုပ်ထွေးလှသော်လည်း သူ့လို သချ်ာကို ပိုင်တဲ့လူအတွက် မခက်ခဲပါ။ ထပ်ပြောရလျှင် သူဆရာဖြစ်လာပြီးနောက် လစာက အရမ်းနည်းတာကို သဘောပေါက်သွားသည်။ လက်ထပ်ဖို့နဲ့ အိမ်ဝယ်ဖို့အတွက် စတော့ဈေးကွက်ကို

လေ့လာခဲ့ဖူးသည်။ သူက အန်ဝမ်းနှင့် အန်တူးကို လေ့လာခဲ့ပြီး သတင်းစာပေါ်က အပိုင်းသေးလေးတွေ၊ နံရံပေါ်က သတင်းစာ ဖြတ်ပိုင်းများတောင် လေ့လာခဲ့သည်။

ထိုအရာများက စာရွက်စာတန်းများထက် ပိုရှုပ်ထွေးသေးသည်။

ထုံးစံအတိုင်း အွန်လိုင်းပေါ်ကနေ သင်ကြားခဲ့တာ့ ဘဏ္ဍာရေးဆိုင်ရာ ဗဟုသုတများအပြင် ကျန်တာဘာမှ အသုံးမဝင်ခဲ့ပါ။ နောက်ဆုံးတော့ တစ်ပြားမှ

မဝင်ဘဲ သူ့ရဲ့ ဒေါ်လာ တစ်သောင်းတောင် စတော့ ဈေးကွက်ထဲ ပိတ်မိနေခဲ့သေးသည်။

အဲဒီအချိန်က စပြီး ဆွန်းမိုလည်း လက်လျှော့လိုက်သည်။ စိတ်အေးအေးထားပြီး တည်ငြိမ်တဲ့ လမ်းကြောင်းဖြစ်တဲ့ လက်လီ ရင်းနှီးမြှုပ်နှံသူ ဖြစ်လာကာ မရိတ်သိမ်းခင် ဈေးတက်လာအောင်သာ စောင့်ဆိုင်းနေခဲ့သည်။

နာရီဝက် ကြာပြီးနောက် ဆွန်းမို စာရွက်စာတန်းတွေကို ပြန်ချလိုက်သည်။

"ကျောင်းအုပ်ကြီး အန်"

"ဘယ်သူမှ မရှိရင် အန်ရှီဝေလို့ ခေါ်ပါလား၊ ဒါမှမဟုတ် မင်းမကြိုက်ရင်လည်း အရင်ကလို အမကြီး အန်လို့ ခေါ်လို့ရတယ် "

အန်ရှီဝေက ဆွန်းမိုကို စိုက်ကြည့်ရင်း ပြုံးနေသည်။ စိတ်ထဲမှာတော့ အနည်းငယ် စိတ်ပျက်သွားသည်။

(နာရီဝက်လောက်နဲ့ စိတ်မရှည်တော့ဘူးလား)

သူနားမလည် နိုင်တာက အဆင်ပြေသေးသည်။ ဒါပေမယ့် အားမစိုက်ထုတ်တာက နောက်ထပ် ပြဿနာ ဖြစ်လာပြီ။

“ကျောင်း ကုန်ကျစရိတ်က ဒီလောက် ကြီးစရာ မလိုပါဘူး၊ အဲ့ဒီလယ်သမားတွေက ဘာဖြစ်နေတာလဲ”

ဆွန်းမိုက မျက်မှောင် ကြုတ်လိုက်သည်။

“ သူတို့က ချင်လင်မြို့ အနီးအနားမှာရှိတဲ့ လယ်သမားတွေလေ ကျောင်းက စားနပ်ရိက္ခာနဲ့ အသီးအရွက်တွေကို အရင်ဝယ်ပြီး ကန်တင်းမှာ ပြန်ရောင်းချပေးတယ်၊ ဒုတိယအနေနဲ့ကတော့ ကျောင်းရဲ့ဂုဏ်သိက္ခာကို မြှင့်တင်ဖို့ပါ”

အန်ရှီဝေက စိတ်ရှည်ရှည်နဲ့ ရှင်းပြပေးသည်။

“သိပါတယ် ဒီလယ်ယာထွက်ကုန်တွေက ဘာလို့ ဒီလောက် ဈေးကြီးနေတာလဲ မေးနေတာ”

ဆွန်းမိုက မေးသည်။

“အမ် မင်း အရင်ကတည်းက စုံစမ်းထားတာလား ”

အန်ရှီဝေ သိချင်လာသည်။ ဆွန်းမိုက စာရွက်စာတန်းတွေကို ဖတ်ပြီး နာလည်တဲ့ ပုံစံမျိုး အန်ရှီဝေ မြင်နေရသည်။ ဒါပေမယ့် နာရီဝက်လောက်နဲ့ အကုန်လုံး နားလည်နိုင်ပါ့မလား။ နည်းနည်းတော့ အိုဗာ ဖြစ်နေပြီ။

“အရင်က မစုံစမ်းထားဘူး ၊ ဒါပေမယ့် ကျောင်းထဲမှာရော အပြင်မှာရော စားဖူးတယ်၊ ယန်ချမ်း ခေါက်ဆွဲ တစ်ပန်းကန် ဘယ်လောက် ကျလို့လဲ ၊ ကျောင်းကဝယ်တဲ့ ဈေးနှုန်းက ဈေးကွက်ပေါက်ဈေးထက် အများကြီး ပိုများတယ်”

ဆွန်းမို အရင်ကလည်း ကျောင်းထဲမှာရော အပြင်မှာရော ဝယ်စားဖူးသည်။ အစားသောက် ဈေးနှုန်းတွေက အကြမ်းဖျင်း တူနေရင် ပိုတဲ့ ငွေတွေက ဘယ်ကရောက်လာမှာလဲ ။

"ငါလည်း သိပါတယ် ၊ ဒါပေမယ့် ဈေးတွေ မြင့်နေခဲ့တာက ကြာနေပြီ ၊ ဝယ်တဲ့ဈေးကို ရုတ်တရက်ပြောင်းလိုက်ရင် လယ်သမားတွေက ပြဿနာ ရှာလာနိုင်တယ် ၊ ကျောင်းရဲ့ ဂုဏ်သိက္ခာလည်း အကြီးအကျယ် ထိခိုက်သွားနိုင်တယ် "

အန်ရှီဝေက မချိပြုံး ပြုံးရင်း ပြောလိုက်သည်။

ဆွန်းမိုကတော့ ဆွံ့အ နေသည်။ (ကျောင်းက ပိတ်သိမ်းရမလို ဖြစ်နေပြီ ဒါတောင် ကျောင်းဂုဏ်သိက္ခာကို စိုးရိမ်နေသေးတယ်။

ဒီလိုအချိန်မှာ ကျောင်းဆက်ပြီး လည်ပတ်နိုင်ဖို့ တစ်ခုခု စတေးရမှာ မဟုတ်ဘူးလား)

ဒါပေမယ့် လယ်သမားတွေ ပြဿနာလာရှာရင် ဒါက အရမ်း အလုပ်ရှုပ်နိုင်သည်။

ဗဟိုပြည်နယ်အကယ်ဒမီက လယ်သမားတွေဆီကနေ ဒီဈေးနှုန်းနဲ့ ဝယ်နေခဲ့တာ နှစ်ပေါင်း ဆယ်နဲ့ ချီနေခဲ့ပြီ ၊ အန်ရှီဝေက ရုတ်တရက် ဈေးလျှော့ခဲ့ရင် ဘယ်သူမှ လက်မခံနိုင်ကြပါ။

"ဒါက ငါတို့ ဘာမှ မလုပ်နိုင်ဘူး။ ဒါပေမယ့် မင်းစိတ်မပူပါနဲ့၊ ဒီကြပ်တည်းတဲ့ ခြောက်လကို

ဖြတ်ကျော်ပြီးရင် ငါတို့ကျောင်းမှာ ငွေရှိလာလိမ့်မယ် ၊ ဒါကို ဆရာတွေက နားလည်ပေးမယ်လို့ ငါယုံကြည်တယ်”

တကယ်တော့ ဆရာတွေက ဘယ်လိုပုံစံနဲ့ တုံ့ပြန်လာမလည်းဆိုတာ အန်ရှီဝေလည်း မသေချာပါ ၊ ကို့ကိုယ်ကို နှစ်သိမ့်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

“ မင်း တစ်ခုခုလုပ်ဖို့ စဉ်းစားရင် အဆိုးဆုံးကို တွေးထားတာ အကောင်းဆုံးပဲ ဒါမှ အကောင်းဆုံး ပြင်ဆင်ထားနိုင်လိမ့်မယ်”

ဆွန်းမို လေသံက တဖြည်းဖြည်း လေးနက်လာသည်။

"ဆရာတွေ လစာ နောက်ကျတာကလည်း ကျောင်းသိက္ခာ မကျဘူးလား"

အန်ရှီဝေ အမူအရာ မည်းမှောင်သွားသည်။

"ကျောင်းအသုံးစရိတ် ပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးနိုင်တယ်၊ ဒါပေမယ့် အခြေအနေတစ်ခုတော့ ရှိတယ်"

ဆွန်းမိုကလည်း အန်ရှီဝေ အမူအရာကို သတိထားမိပြီး လိုရင်း တန်းပြောလိုက်သည်။

"ငါ ထောက်ပံ့ရေး ဌာနမှူး လုပ်ချင်တယ်"

"ဘာ"

အန်ရှီဝေ အံ့အောသွားသည်။ သူမက မှင်တက်နေတဲ့ အကြည့်နဲ့ ဆွန်းမိုကို စိုက်ကြည့်နေသည်။

(နောက်နေတာလား ၊ မင်းက ဘယ်လောက်ရှိသေးလို့လဲ။ ဘာကြောင့် ထောက်ပံ့ရေး ဌာနမှူး လုပ်မှာလဲ)

(ဒီရာထူးက ကျောင်းအတွက် ဘယ်လောက် အရေးပါလဲ မသိဘူးလား။ တကယ်လို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မင်းမလုပ်နိုင်ရင် ကျောင်းရဲ့ပုံမှန်လည်ပတ်မှု ထိခိုက်သွားနိုင်တယ်။)

"မင်း နားကြားမမှားဘူး ၊ ငါထောက်ပံ့ရေး ဌာနမှူး လုပ်ချင်တယ် မင်းတို့ ဒီလိုဆက်သွားနေရင် ကျောင်းတကယ် ပြီးသွားလိမ့်မယ်"

ဆွန်းမို ပုံစံ ကလည်း အလျှော့မပေးပါ။ (ဒီအဖေက ပြဿနာ ဖြေရှင်းပေးချင်တဲ့စိတ်ရှိလို့ သက်ဆိုင်တဲ့ ရာထူးတစ်ခုယူတာ သဘာဝကျပါတယ်)

တကယ်တော့ အန်ရှီဝေကို လက်ထပ်လိုက်ရင် သူကလည်း ဒီနာမည်ကြီးကျောင်းရဲ့ ပိုင်ရှင်တစ်ဝက် ဖြစ်လာမည်။

အရမ်းကြီးတဲ့ ခန်းဝင်ပစ္စည်းပဲ။

ဒီလိုဆိုရင် ကျောင်းရော အလှကလေးရော ရလိုက်တာပဲ။ ချမ်းသာပြီး လှပတဲ့ အမျိုးသမီးနဲ့ လက်ထပ်ပြီး သူက စီအီးအို ဖြစ်လာမည်။ သူ့ဘဝကလည်း အထွင့်အထိပ်ကို ချက်ခြင်း ရောက်သွားမည်။ ဒါပေမယ့် တစ်ယောက်ယောက်က

သူ့ကျောင်းကို ရှုပ်ယှက်ခက်အောင် လုပ်လာရင် ဘယ်သူက သည်းခံနိုင်မှာလဲ။

အန်ရှီဝေက ငြင်းချင်နေသော်လည်း ဆွန်းမိုက သူမကို ကူညီဖို့ ကြိုးစားနေမှန်းသိတော့ ခက်နေသည်။ ဒါကြောင့်ပဲ ဆွန်းမို စိတ်ထိခိုက်သွားမှာ ကြောက်ပြီး မျက်နှာ ပူပူနဲ့ပြောလိုက်သည်။

သို့သော်လည်း ကျောင်းမှာ သင်ကြားခြင်းနဲ့ စီမံခန့်ခွဲရတာက မတူညီပါ။

“ငါက အရမ်းငယ်ပြီး အတွေ့အကြုံမရှိတာလဲ ငါသိတယ် ၊ ရုတ်တရက် ထောက်ပံ့ရေး ဌာနမှူး

ဖြစ်သွားရင် လူတွေ မေးခွန်းထုတ်လာမှာ သေချာတယ်၊ ဒါကြောင့် ဒုဌာနမှူးနဲ့ အဆင်ပြေတယ်။ အခုလောလောဆယ် ဌာနမှူးကလည်း အထုတ်ခံထားရတယ်မို့လား”

ဆွန်းမိုက သူ့အခြေနေတွေကို ပြောပြလိုက်သည်။

“ငါက သူ့ကို ထိန်းထားနိုင်ရင် ငါ့အလုပ် မပြုတ်တော့ဘူးပေါ့”

အန်ရှိဝေလည်း မကြာခင်က လီကုန် ဘက်ပြောင်းသွားတဲ့ ကိစ္စကို ပြန်သတိရသွားသည်။

ဆွန်းမိုမှာ ထောက်ပံ့ရေးဌာနကို ထိန်းချုပ်ဖို့ နည်းလမ်း ရှိနိုင်သည်။

“မင်းလည်း အရင်က ဆေးထုပ်ကြီး အာနိသင်ကို စမ်းကြည့်ဖူးတာပဲ ၊ ဘယ်လိုထင်လဲ”

ဆွန်းမိုက သူ့ဂှက်ဖဲတွေကို စပြီး သုံးလိုက်သည်။

“ဒါက ထူးထူးခြားခြားကို အထင်ကြီးဖို့ကောင်းတယ်”

အန်ရှီဝေက အရမ်းဉာဏ်ကောင်းပါသည်။ ဆွန်းမို ဆိုလိုရင်းကို ချက်ခြင်း သဘောပေါက်သွားသည်။

မျက်နှာမှာလည်း တုန်လှုပ်ချောက်ခြားတဲ့ အမူအရာ ပေါ်လာသည်။

"ရောင်းချင်လို့လား"

"ဗဟိုပြည်နယ် အကယ်ဒမီကို ရောင်းချင်တယ်၊ ရောင်းချခွင့် ငါပေးမယ်၊ ကျောင်းကဖ၆၀ ရာခိုင်နှုန်းယူ ငါက ၄၀ ရာခိုင်နှုန်းယူမယ်၊ ဒါပေမယ့် အပြန်အလှန်အနေနဲ့ ငါက ထောက်ပံ့ရေး ဌာနမှူး ဖြစ်ချင်တယ်"

ဆွန်းမိုက ဆေးထုပ်ကြီး ဆေးညွှန်းကို ရကတည်းက အမြတ်အစွန်းအများကြီး ရအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ စဉ်းစားနေခဲ့သည်။

ကျင့်ကြံသူတွေအတွက် ကျင့်ကြံဖို့ အရင်းအမြစ်အများကြီး လိုအပ်သည်။ မှော်ဆေးပြား၊ ကာကွယ်ဖို့နဲ့ တိုက်ခိုက်ဖို့အတွက် လက်နက်များ၊ လျှို့ဝှက် ရတနာတွေ ဒါတွေအားလုံးက ငွေလိုအပ်သည်။

ဆွန်းမိုကလည်း ဆေးထုပ်ကြီးကို လမ်းပေါ်မှာ ထိုင်ရောင်းဖို့ မဖြစ်နိုင်ပါ။ မရောင်းရနိုင်တဲ့ အချက်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖယ်ထားလိုက်အုံး လူလိမ်ဆိုပြီး စွပ်ဆွဲ ခံရနိုင်သည်။ ဆွန်းမိုလည်း အရှက်ကွဲ ရမည်။

ဗဟိုပြည်နယ်အကယ်ဒမီကို နောက်ခံယူပြီး ကျောင်းနာမည်ကို သုံးလိုက်ပါက ချက်ခြင်း ဈေးကွက်ပွင့်သွားမည်။ ဘယ်လိုပဲပြောပြော ဗဟိုပြည်နယ်အကယ်ဒမီသည် တချိန်က နာမည်ကျော်ကျောင်း တစ်ခု ဖြစ်ခဲ့ဖူးသည်။

ဆေးထုတ်ကြီး ရောင်းတဲ့အခါ ကြော်ငြာဖို့အတွက်လည်း စိုးရိမ်စရာ မလိုတော့ပါ။

ကျောင်းရဲ့ လျှို့ဝှက် ဆေးညွှန်းလို့ ပြောလိုက်ရုံနဲ့ ဝယ်သူတွေက စမ်းဝယ်ကြည့်ကြမှာ သေချာသည်။

တကြိမ်လောက်ပဲ စမ်းသုံးကြည့်ဖို့ လိုသည်။ ဆေးထုတ်ကြီးရဲ့ တုန်လှုပ်ခြောက်ခြားဖွယ် အာနိသင်ကို မြင်လိုက်ရင် ဒီကုန်ပစ္စည်းက လုံးဝပေါက်သွားပြီး ဈေးကွက်မှာ သေချာပေါက် နာမည်အကြီးဆုံး ဖြစ်သွားမည်။

"ဒီလို အစွမ်းထက်တဲ့ ဆေးညွှန်းဆိုတာ မရောင်းရဘူး"

အန်ရှီဝေ မျက်မှောင်ကြုတ်နေသည်။ ဆွန်းမိုက သူမရဲ့ ငယ်ကျွမ်းဆွေဖြစ်သောကြောင့် သူမ သတိပေးသင့်တယ်လို့ ထင်သည်။

"မနေ့က ရေချိုးပြီး ငါ့ရဲ့ ဖွဲ့စည်းပုံက ပိုကောင်း ၊ ပိုသန်မာလာတယ်လို့ ခံစားရတယ်။ တကယ်လို့ နေ့တိုင်းသာ ဆေးရေနဲ့ချိုးလိုက်ရင် အဆင့်တက်ဖို့ လိုအပ်တဲ့ အချိန်တွေကို သိသိသာသာ လျှော့ချသွားလိမ့်မယ်။ ဒီလို ဆေးညွှန်းမျိုးက မျိုးဆက်ပေါင်းများစွာကို လက်လွှဲပေးသင့်တယ်။

ဒါက မျိုးနွယ်တစ်ခု တိုးတက်လာနိုင်တဲ့ ရွှေဆေးညွှန်းပဲ”

“ပြီးတော့”

ဆွန်းမိုက ပြန်မေးလိုက်သည်။

“အန် ငါပြောတာကို နားမလည်ဘူးလား”

အန်ရှီဝေလည်း မစဉ်းစားတတ်အောင်ဖြစ်နေသည်။

“ ဒီလို အဖိုးတန်တဲ့ ဆေးညွှန်းက မရောင်းချဘဲမင်း သားတွေ သမီးတွေကို လက်ဆင့်ကမ်း အမွေပေးရမှာ”

“ဟား ဟား”

ဆွန်းမို သဘောကျစွာ ရယ်လိုက်သည်။ ပြည်နယ်ကိုးခုက လူတွေရဲ့ စိတ်ဓါတ်က အရင် ရှေ့ဟောင်း တရုတ်ပြည်နဲ့ အတူတူပါပဲ။ ဆေးညွှန်းလို အရာမျိုးကို မိသားစုထဲက အမျိုးသားများထံသာ လွှဲပေးကြသည်။ မပေါက်ကြားသွားအောင် အရမ်း အလေးအနက်ထားပြီး ကာကွယ် တတ်ကြသည်။

သားစဉ်မြေးဆက်ကလည်း ဒါကို ထိန်းသိမ်းထားပြီး ငွေနဲ့ မရောင်းစားရပါ။ ဒါက အရမ်းကို သိက္ခာမရှိတဲ့ လုပ်ရပ်လို့

သတိမှတ်ကြသည်။ အိမ်နီးနားချင်းတွေတောင် အထင်သေးပြီး အလကား အသုံးမကျတဲ့ လူလို ဆက်ဆံကြလိမ့်မည်။

"မင်းက ရယ်နေသေးတာလား၊ ဒီဆေးညွှန်းကို အလကား ရခဲ့ရင်တောင် မင်းဒီလို ဖျက်ဆီးပစ်လို့ မရဘူး ၊ ဒီကိစ္စလည်း ထပ်မပြောနဲ့တော့"

အန်ရှီဝေရဲ့ လေသံက တင်းမာလာသည်။

"ဒါဆိုလည်း မင်းကိုပဲ ရောင်းရင် ကောင်းမလား"

ဆွန်းမိုက စကားကို ပုံစံပြောင်းပြီး ပြောလိုက်သည်။

"မရဘူး'

အန်ရှီဝေက ခေါင်းခါလိုက်သည်။

"ဒီလို ဆေးညွှန်းတွေက အမျိုးသားတွေပဲ ထိန်းသိမ်းရမယ်၊ အမျိုးသမီးတွေ မဟုတ်ဘူးလို့ ပြောထားပြီးသား၊ ဇနီးသည် သမီးနဲ့ တူညီတယ်။ သူတို့နှစ်ယောက် စလုံးကို အပြင်လူလို့ ခေါ်တယ်။ ဒီတော့ ငါက ဆေးညွှန်းအကြောင်းကို ဘာကြောင့် သိနေရအုံးမှာလဲ''

ဆွန်းမိုလည်း စကားမပြောနိုင် ဖြစ်နေသည်။ ဒီစကားကို ကြားပါက အန်ရှီဝေ ဝမ်းသာ သွားမယ်လို့

သူထင်နေခဲ့သည်။ ဒီလို ပြန်ပြောလာမယ်လို့ သူမထင်ထားခဲ့ပါ။ ဒါကလည်း အကျင့်စာရိတ္တကောင်းပြီး နွေးထွေးတဲ့ ဇနီးတစ်ယောက်ရဲ့ အမှတ်အသားပဲ။

တကယ်တော့ ဒီလောကတွင် ဇနီး ဒါမှမဟုတ် မယားငယ်က ယောကျ်ားကလန်ရဲ့ တမူထူးခြားတဲ့ ဆေးညွှန်းကို ငမ်းငမ်းတက် လိုချင်ပါက သေတဲ့အထိ အရိုက်ခံရရင်တောင် အာဏာပိုင်တွေက တစ်ခွန်းမှ ဝင်ပြောမည် မဟုတ်ပါ။

“ကြောက်စရာကောင်းတဲ့ ပဒေသရာဇ် အတွေးအခေါ်တွေပဲ”

ချမ်းသာဖို့ သိပ်မလွယ်ဘူးဆိုတာ ဆွန်းမိုလည်း ရုတ်တရက် သိသွားသည်။

“မင်းရဲ့ လက်တွေ့မကျတဲ့ အတွေးတွေကို သိမ်းထားပြီး စာသင်ဖို့ပဲ အာရုံစိုက်ပါ။ စရိတ်ပြဿနာကို ငါပဲ ဖြေရှင်းလိုက်ပါ့မယ်”

အန်ရှီဝေက ဆွန်းမိုကို နှစ်သိမ့်လိုက်သည်။

“ ငါ့မှာ ဒီထက်ပိုကောင်းတဲ့ ဆေးညွှန်းရှိတယ်ဆိုရင် ဘာပြောမလဲ”

အခုချိန်က လုပ်ပိုင်ခွင့်နဲ့ အာဏာအတွက် အကောင်းဆုံး အချိန်ဖြစ်နေသည်။ ဆွန်းမိုက ဒီအခွင့်အရေးကို လက်လွှတ် မခံချင်ပါ။

"အမ်"

အန်ရှီဝေ လန့်ဖြန့် သွားသည်။ သူမရဲ့ လှပတဲ့ မျက်လုံးများလည်း ပြူးကျယ်လာသည်။ တကယ်လို့ သူမသာ အကျင့်သီလ ကောင်းတဲ့ မိန်းမ မဟုတ်ရင် အော်ကြီး ဟစ်ကျယ်နဲ့ "ငါ့ကို လာပြီး ဗရုတ်ကျနေတာလား" လို့မေးလိုက်မိမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆေးထုပ်ကြီးရဲ့ အာနိသင်ကို မျက်မြင်တွေ့ခဲ့ပြီးပြီ။

(မိသားစုရဲ့ နံပါတ်တစ် အမွေပစ္စည်းအဖြစ် သတ်မှတ်ဖို့ လုံးဝ ထိုက်တန်တယ်။ အခုတော့ ဒီထက်ပိုကောင်းတဲ့ ဆေးညွှန်းရှိတယ်လို့ ပြောနေပါလား)

(ဆွန်လျောင် အကယ်ဒမီမှာတုန်းက စာမသင်ဘဲ မိုင်းတွေကြီး ပတ်တူးနေတာလား)

“ငါ့မှာ တကယ် ရှိသေးတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ပုခုံးတွန့်လိုက်သည်။ သူက ကယ်ဆယ်ရေး စမ်းရေကို တခါမှ မသုံးကြည့်ရသေးသော်လည်း ဆေးထုပ်ကြီးထက် ပိုတန်ဖိုးကြီး မှန်းသိသည်။

ဆေးထုပ်ကြီးက ခန္ဓာကိုယ်ကို အာဟာရဖြည့်ပေးပြီး သန်မာလာပေမယ့် မရှိမဖြစ်လိုအပ်တဲ့ အရာတော့ မဟုတ်ပါ။ နောက်တစ်ခု ဝိညာဉ်ချီနှင့် သွေးတွေကို ပြည့်လည်ဖြည့်တင်းပေးနိုင်မည့် ပြန်လည်ထူထောင်ခြင်း ဆေးထုပ်ပါ။ ဒါက သေချာပေါက် မရှိမဖြစ် ပစ္စည်း တစ်ခုပါ။

ပိုက်ဆံရှိနေသေးသ၍ ကျင့်ကြံသူတိုင်းက ကယ်ဆယ်ရေးဆေးတွေကို ဝယ်နေကြမည်။ တကယ်လိုအပ်လာတဲ့အချိန်တွင် သူတို့အသက်ကို ကယ်တင်နိုင်သောကြောင့် ဖြစ်သည်။

ကျား၊ မ ရှုထောင့်က ကြည့်ရင်လည်း အရင်ခေတ်ကတည်းက အမျိုးသမီးများသည် အလှအပကို အမျိုးသားများထက် ပိုတန်ဖိုးထားကြသည်။ ကယ်ဆယ်ရေး စမ်းရေက သွေးနှင့် ဝိညာဉ်ချီများကို ပြန်လည်ဖြည့်ဆည်းနိုင်သဖြင့် အလှအပအတွက်လည်း

အသုံးဝင်သည်။ ဒါကြောင့် လှပချင်သော မိန်းမများကို ဆွဲဆောင်နိုင်လိမ့်မည်။ ဘယ်လိုပဲပြောပြော ဆေးထုပ်ကြီးက ဆင့်ခေါ်တဲ့ ဘီလူးထက် ဆွဲဆောင်မှု ရှိတာ သေချာသည်။

ဒီတချက်တည်းနဲ့တင် ရောင်းချပါက ကယ်ဆယ်ရေးစမ်းရေက ဆေးထုပ်ကြီးထက် ဈေးငါးဆလောက် ပိုရနိုင်သည်။ မဟုတ်ပါက ကယ်ဆယ်ရေး စမ်းရေရဲ့ အထင်ကြီးဖို့ကောင်းတဲ့ အချက်ကို ဘယ်လို ပြသရမှာလဲ ။

“သေချာလား”

အန်ရှီဝေက မေးသည်။

"သေချာတာပေါ့"

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေသည်။

"ဆေးထုပ်ကြီးက ရောင်းချရင် ပိုက်ဆံအများကြီး မရနိုင်ဘူးလို့ ငါ့ကို မပြောနဲ့နော်"

"ငါဒီလိုမျိုး မထိန်းချုပ်ထားတတ်ဘူး"

အန်ရှီဝေက မျက်လုံးပြူးပြီး ပြန်ပြောသည်။ ဒီလိုသူမရဲ့ အပြုအမူလေးက သူမပုံစံနဲ့ ပေါင်းစပ်လိုက်ရင် အရမ်းကို ဆွဲဆောင်မှု အားကောင်းနေသည်။

"မင်းကို တစ်ခုတော့ သတိပေးရမယ်။ ဒီဆေးညွှန်းကို အခြေခံပြီး အကြီးစား ထုတ်လုပ်မယ်ဆိုရင် ဒါနဲ့ ထိတွေ့မယ့် လူကများနိုင်တယ်၊ ဆေးညွှန်းကို တင်းတင်းကျပ်ကျပ် ကာကွယ်ထားရင်တောင် တဖက်လူက အချိန်တစ်ခုထိ အသုံးပြုပြီး လေ့လာနေရင် နှစ်အနည်းငယ်ကြာတာနဲ့ သူတို့လည်း ဆေးညွှန်းကို ရသွားနိုင်တယ်နော်။ အဲဒီအချိန်ရောက်ရင် သားစဉ်မြေးဆက်အတွက် အမွေ ချန်ထားခဲ့ချင်ရင်တောင် မဖြစ်နိုင်တော့ဘူးနော်"

အန်ရှီဝေက အကြံပြုလိုက်သည်။

ဒီလောကမှာ ကုန်ထုတ်တဲ့ နည်းလမ်းများက အလုပ်ရုံအဆင့်မှာ ရပ်တန့်နေသည်။ ဒီလိုလျှို့ဝှက်တဲ့ ထုတ်လုပ်မှုအတွက် သူတို့မိသားစုထဲက အမာခံလုပ်သား ရွေးချယ်ရင်တောင် မပေါက်ကြားဖို့အတွက် အာမခံချက် မရှိပါ၊

သူမနှင့် ဆွန်းမို နှစ်ယောက်စလုံးကလည်း မြတ်ဆရာ ဖြစ်ချင်ကြသည်။ ဒီဆေးညွှန်းကို ထိန်းသိမ်းဖို့အတွက် အချိန်မရှိပါ။

“ပေါက်ကြားသွားလဲ အဆင်ပြေပါတယ်”

ဆွန်းမိုက စိတ်ထဲ မထားပါ။ သူ့အတွက် ပိုက်ဆံနည်းနည်းလောက်ရရင်ကို အဆင်ပြေပါသည်။ သူကလည်း ထိရောက်မှုရှိနိုင်လို့ တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ဆေးထုပ်ကြီးကို ဆွန်းမို ကိုယ်တိုင် မဖော်စပ်မှာ ကျိန်းသေသည်။ ဒီလိုလုပ်ဖို့လည်း သူတစ်ပါးကို အားကိုး ရမည်။ သူ့အနားမှာလည်း လုပ်နိုင်တဲ့လူ တစ်ယောက်မှ မရှိသောကြောင့် ရောင်းချဖို့အတွက် အန်ရှီဝေကို ဆက်သွယ်ခဲ့ရသည်။ ရလဒ်ကို စောင့်ကြည့်ဖို့ပဲ လိုသည်။

"မင်းတကယ်ကို ရက်ရောတာပဲ"

အန်ရှီဝေ နှလုံးသား ရုတ်တရက် ဝမ်းနည်းမိသွားသည်။. သူမက ဆွန်းမိုရဲ့ ဇနီးလောင်းပါ။ မထင်မှတ်ထားတဲ့ ကိစ္စတွေသာ ဖြစ်မလာခဲ့ရင် သူတို့ ငါးနှစ်အတွင်းလက်ထပ် ဖြစ်ကြမည်။ အဲဒီအချိန်ရောက်လို့ သားလေးမွေးလာရင် သူ့အတွက် အမွေဖြစ်လာမည်။ အခုတော့ ကျောင်းစရိတ် ကာမိအောင် ရောင်းချရတော့မည်။

"ဒါတွေအားလုံးက ငါအသုံးမကျလို့ဘဲ"

အန်ရှီဝေ တစ်ယောက် သူ့ကိုယ်သူ အပြစ်တင်နေသည်။ တချိန်တည်းမှာ ဆွန်းမိုကို ကျေးဇူးတင်တဲ့ အရိပ်ယောင်လည်း ပေါ်လာသည်။ သူမအတွက်သာ မဟုတ်ခဲ့ရင် ဒီလို တန်ဖိုးကြီးတဲ့ ဆေးညွှန်းကို မထုတ်ရောင်းဘူးလို့ ယုံကြည်နေသည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၂၇၀/၁,၀၀၀)

စနစ်ဆီက အကြောင်းကြားချက်ရပြီး အန်ရှီဝေ မျက်နှာပေါ်က ကျေးဇူးတင်တဲ့ အရိပ်အယောင်ကို

မြင်လျှင် အန်ရှီဝေတစ်ယောက် အတွေးလွန်နေပြီး ဆိုတာ ဆွန်းမို သိလိုက်ပြီ။ သူက ဆေးထုပ်ကြီးကို ငွေရယ် အာဏာရယ်နဲ့ လဲချင်သလို သူအသုံးပြုဖို့အတွက်လည်း အဆင်သင့် လိုချင်သည်။ တချက်တည်းနဲ့ ငှက်သုံးကောင် ပစ်ချင်ရုံပါ။

"မင်းမှာ ကန့်ကွက်စရာ မရှိတော့ရင် ဆရာဝမ်ကို အတည်ပြုဖို့ ခေါ်လိုက်ရအောင်"

ဆွန်းမိုက လောလိုက်သည်။

အန်ရှီဝေနဲ့ ဝမ်ဆုက သဘောတူလိုက်ရင် ကျန်ဟန်ဖူ တစ်ယောက် စားပွဲ ရိုက်ချိုးရုံအပြင် ဘာမှ

မလုပ်နိုင်ပါ။ ဆွန်းမို ထောက်ပံ့ရေး ဌာနမှူး ဖြစ်လာမှာကို တားဖို့ နည်းလမ်းလဲ မရှိတော့ပါ။

သိပ်မကြာခင် ဝမ်ဆု ရောက်လာသည်။

"ဘာကိစ္စ ရှိလို့လဲ"

အခုလက်ရှိတွင် ဝမ်ဆုက မှော်ဆေးဖော်စပ်နည်းအသစ်ကို စမ်းသပ်နေသည်။ အခုတော့ သူ့အနှောက်အယှက် ဖြစ်နေသည်။ ထုံးစံအတိုင်းပဲ စိတ်အခြေအနေ သိပ်မကောင်းပါ။

အန်ရှီဝေက ဆွန်းမို တောင်းဆိုမှုကို အထပ်ထပ်အခါခါ ရှင်းပြလိုက်သည်။

"ကန့်ကွက် စရာမရှိပါဘူး"

ဝမ်ဆုက လုံးဝ မတွေဝေသလို ဆေးညွှန်အကြောင်းလည်း မမေးပါ။ ဆွန်းမိုကို ရင်းရင်းနှီးနှီးကြည့်ပြီး ပုခုံးပုတ်လိုက်သည်။

"ကောင်းကောင်း လုပ်ကွာ"

"ဒါပဲလား"

ဆွန်းမို အရမ်းအံ့အောသင့်နေသည်။

"အင်း၊ ဝမ်ဆု စိတ်က ဒီလိုပဲ။ လူတစ်ယောက်ကို သဘောကျသွားပြီဆိုရင် ခြွင်းချက် မရှိ ယုံကြည်ပေးလိမ့်မယ် ၊ မင်းအကြိမ်ကြိမ် ကျရှုံးပြီး

နောက်ဆုံးအချိန်ထိ တိုင်အောင် ယုံကြည်ပေးအုံးမှာပဲ။ အဲဒါပြီးရင်တော့ မင်းကို စွန့်လွှတ်လိုက်ပြီပဲ ”

အန်ရှီဝေ ရှင်းပြလိုက်သည်။ သူမလည်း အရင်ကကြုံဖူးသည်။

ဆွန်းမိုလည်း ခိုးပြီး လက်ဖျားခါလိုက်သည်။ ဒီလို ထူးဆန်းတဲ့ ကျောင်းအုပ်ကြီး သုံးယောက်နဲ့ ကျောင်း မပြိုကျသေးတာပဲ ထူးဆန်းနေပြီ။

ဝမ်ဆုက အရမ်း စိတ်ကူးယဉ်ဆန်သည်။ ကျောင်း စီမံဖို့လည်း စိတ်မဝင်စားဘူး။ အန်ရှီဝေကို

သဘောမကျဘဲ သူမလက်ထဲမှာ ကျောင်းပြိုကျသွားမှာ စိုးရိမ်ပြီး ဒုကျောင်းအုပ် ဖြစ်လာခြင်း ဖြစ်သည်။

တကိုယ်ကောင်းဆန်တဲ့ ကျန်ဟန်ဖူကတော့ အကြီးတန်း စီမံခန့်ခွဲမှုမှာ ဗီလိန်တစ်ယောက်ပဲ။ သူ့လုပ်ရပ်ကြောင့်ဖြစ်လာမယ့် အကျိုးဆက်ကို လည်း စိတ်မဝင်စားဘူး။ အာဏာသိမ်းပြီး ချမ်းသာဖို့ပဲ တွေးနေသည်။

ကျန်ဟန်ဖူ အနေနဲ့ အန်ရှီဝေကို ကန်ထုတ်ပြီး ကျောင်းအုပ်ကြီး ဖြစ်လာလျှင် သူက ဖီးနစ်ဌက်

သေဆုံးပြီး ပြန်မွေးဖွားလာသလို ကျောင်းကို ပြန်အသက်သွင်းမည်။ ထို့နောက် နာမည်ကျော် ကျောင်းကိုးကျောင်း အဆင့်ပြန်ရောက်လာအောင် လုပ်မည်။

တကယ်လို့ သူ အာဏာမသိမ်းနိုင်ရင် ကျောင်းက ဆုတ်ယုတ်ရုံမကလို့ ပျက်ဆီးပဲသွားသွား သူစိတ်မဝင်စားဘူး။

ဒိုင်း

တံခါးက ရုတ်တရုတ် ပွင့်လာသည်။ ဆွန်းမို လှည့်ကြည့်လျှင် ဝမ်ဆုကို မြင်လိုက်သည်။

"ခုနတုန်းက မင်းကို ပြောစရာ ကျန်ခဲ့လို့"

ဆွန်းမိုကို စိုက်ကြည့်ရင်း လေးနက်တဲ့ လေသံနဲ့ ပြောလိုက်သည်။

"အမှောင်တိုက်ကြီး ခရီးစဉ်အတွက် မရှိဒန်အကာယ်ဒမီကလည်း မြတ်ဆရာ အဖွဲ့တစ်ဖွဲ့ စေလွှတ်မယ်လို့ ငါသတင်းကြားထားတယ်။ ဒီအဖွဲ့ထဲမှာ ကြယ်သုံးပွင့် မြတ်ဆရာတွေမပါပေမယ့် ဖန်ဝူဂျီ ပါလိမ့်မယ်။ မင်း သတိထားဖို့လိုတယ်"

"ဘာပြောချင်တာလဲ"

ဆွန်းမို နားမလည် ဖြစ်သွားသည်။

"မရီဒန် အကယ်ဒမီက ငါတို့ကို အဆုံးသတ်ပြီး ချင်လင်မြို့ရဲ့ နံပါတ်တစ်ကျောင်းဖြစ်ချင်နေတာ ဒါကြောင့် ငါ့တို့ကျောင်းလုပ်နိုင်တာထက် အမြဲတမ်း ပိုကောင်းအောင်လုပ်ဖို့ ဆုံးဖြတ်ထားတယ်"

အန်ရှီဝေက ရှင်းပြသည်။

"နှစ်တိုင်း 'ဒီ' အဆင့် ပြိုင်ပွဲမှာ နှစ်ကျော့ ရှိတယ်။ ပထမအကျော့ကတော့ အဓိက ပွဲပဲ။ ထုံးစံအတိုင်းစစ်ဆေးမှုတွေက ဆက်တိုက်လုပ်ပြီး ကြိုရွေးထားတဲ့ ထိပ်တန်းကျောင်းသားတွေက ကျောင်းကို ကိုယ်စားပြုပြီး ပြိုင်ရမယ်။

ဒုတိယအကျော့က လူသစ်တွေအတွက်ပဲ။ ဒုတိယအကျော့အတွက် ကျောင်းသားအသစ်တွေပဲ ကိုယ်စားပြု ဝင်ပြိုင်လို့ရတယ်”

“အထူးချွန်ဆုံးကျောင်းသားတွေက နာမည်ကြိုထွက်နေတတ်တယ်။ သူတို့ထဲက တစ်ဝက်ဒါမှမဟုတ်အားလုံးက အမှောင်တိုက်ကြီးမှာ သေဆုံးခဲ့ရင်တော့ ငါတို့ကျောင်းရဲ့ ပြိုင်ပွဲ ဒုတိယအကျော့ ရလဒ်က စုတ်ပြတ်နေမှာ သေချာတယ်။ အဲဒီအချိန်ဆိုရင် ငါတို့က ‘ဒီ’

အဆင့်ပြိုင်ပွဲမှာ ရှုံးပြီး နာမည်ကြီး ကျောင်းစာရင်းကလည်း ဖယ်ရှားခံရမယ်”

“ ဒီလောက် ရက်စက်တာလား”

ဆွန်းမို မျက်မှောင် ကြုတ်နေသည်။ ဒီလို ရက်စက်ကြမ်းကြုတ်တဲ့ အတွေ့အကြုံမျိုး သူ မကြုံဖူးသေးပါ။

“အမှောင်တိုက်ကြီးမှာ အားနဲ့သူက အားကြီးသူအတွက် အစာပဲ၊ သူတော်စင်ဂိုဏ်းရဲ့ စည်းမျဉ်းကလည်း မြို့ပေါ်မှာသာ သက်ရောက်တယ်။ အပြင်ဘက် တောထဲကို ရောက်သွားတာနဲ့

သူတော်စင်ဂိုဏ်းရဲ့ စည်းကမ်း ထိန်းသိမ်းရေး အဖွဲ့က မရှိတော့ဘူး ၊ လုပ်ချင်တာ လုပ်လို့ ရတယ်”

ဝမ်ဆုက ပြောလိုက်သည်။

“သူတော်စင်ဂိုဏ်းက ပြိုင်ပွဲအတွက် ကျောင်းတွေရဲ့ ရက်စက်မှုကို ကြားထဲကနေ မစောင့်ကြည့်ဘူးလား”

ဆွန်းမိုက မေးလိုက်သည်။

“ဆရာဆွန်း၊ ကျင့်ကြံခြင်းဆိုတာ အခြေခံအားဖြင့် ကောင်းကင်နဲ့ မြေကြီးကို ဆန့်ကျင်တာပဲ။ မင်းက တခြားသူကို တိုက်ခိုက်ရပြီး ကျင့်ကြံခြင်းအဆင့်မြင့်လေ အရင်းအမြစ်ကလည်း

ပိုလိုလေပဲ။ ဒါပေမယ့် သဘာဝကြီးကပေးတဲ့ အရင်းအမြစ်က အကန့်အသတ်နဲ့ပဲ ရှိတယ်။ ဒါဆိုဘာလုပ်ကြမယ် ထင်လဲ ၊ ဒီလိုဆိုရင် ငါက မင်းတို့ဆီကပဲ လုယူရမှာပေါ့”

ဝမ်ဆုက ဆွန်းမိုကို ကြည့်ပြီး လေးလေးနက်နက် သတိပေးလိုက်သည်။

“အားကြီးသူကပဲ သနားကြင်နာမှုကို ပြနိုင်တယ်ဆိုတာ သတိရပါ”

ဆွန်းမို စိတ်ထဲတွင် ဝမ်ဆုက ယဉ်ကျေးပြီး ကြင်နာတတ်တဲ့ လူကြီးလူကောင်းလို့

သတိမှတ်ထားသည်။ ဝမ်ဆုက ဒီလို စကားမျိုး ပြောလာလိမ့်မယ်လို့ မထင်ထားခဲ့ပါ။ သူ့ရဲ့စကားတိုင်းက သွေးနံ့တွေနဲ့ ဖုံးနေသည်။

ဆွန်းမိုက ခေါင်းလှည့်ပြီး ဘေးက အန်ရှီဝေကို တစ်ချက်ကြည့်လိုက်သည်။ သူမက အေးအေးဆေးဆေးပဲ ရပ်ကြည့်နေသည်။

ဒါကအမှန်ပဲ ၊ ကျင့်ကြံသူများအတွက် အမှောင်တိုက်ကြီးမှာ လေ့ကျင့်တာက ခြသေ့် အမဲလိုက်ထွက်တာနဲ့ ဆင်တူသည်။ အားနည်းသော

သိုးငယ်များကို သတ်စားတာက ထုံးစံ တစ်ခုလို ဖြစ်နေသည်။ ဒါကလည်း ဘာမှ မထူးဆန်းပါ။

ရှုံးတဲ့လူ ဒါမှမဟုတ်သေတဲ့လူက လုံလောက် မသန်မာတဲ့ သူ့ကိုယ်သူပဲ အပြစ်တင်ရမည်။ ခြသေ့်တွေက သားကောင်ရဲ့ အတွေးကို ဂရုစိုက်လို့လား။ အခြားခြသေ့်များကိုသာ အားရုံစိုက်ပြီး မပြိုင်ခင် မောင်းထုတ်ရန် ကြိုးစားကြသည်။

“ဖန်ဝူဂျီက လျို့မူဘိုင်လိုကျော်ကြားတဲ့ ပါရမီရှင် မြတ်ဆရာတစ်ယောက်ပဲ ၊ သူက အုပ်စုတစ်ခုကို

ဦးဆောင်ဖို့ အရည်အချင်း ရှိနေပြီ။ ဒီတစ်ကြိမ် သူထွက်လာတာနဲ့ မင်းကို သေချာပေါက် ပစ်မှတ်ထားလိမ့်မယ်”

အန်ရှီဝေ မျက်ခုံး ပင့်သွားသည်။ အမှောင်တိုက်ကြီး သွားမယ့် ခရီးစဉ်ကို ဖျက်သိမ်းလိုက်ရမလား။ နောက်နေတာ ရပ်လိုက်။ ကျောင်းသားအားလုံးကလည်း ဒီခရီးစဉ်အတွက် မျှော်လင့်ချက် အပြည့်နဲ့ စောင့်နေကြသည်။ ဖျက်သိမ်းလိုက်တာနဲ့ ဗဟိုပြည်နယ် အကယ်ဒမီက မရီဒန်အကယ်ဒမီကို ကြောက်သလို ဖြစ်သွားမည်။

"ကောင်းကောင်းလုပ်ခဲ့၊ မင်း ဖန်ဝူဂျီ လက်က လွတ်အောင်ရှောင်ပြီး လုံလုံခြုံခြုံနဲ့ ပြန်လာမယ်လို့ ငါမျှော်လင့်တယ်'

ဝမ်ဆုက မျှော်လင့်ချက် များစွာဖြင့် ဆွန်းမိုကို စိုက်ကြည့်လိုက်သည်။

ဆွန်းမိုနှုတ်ခမ်း တလှုပ်လှုပ် ဖြစ်သွားသည်။ ဝမ်ဆုရဲ့စိတ်ထဲမှာ သူက ဖန်ဝူဂျီထက် ညံ့ဖျင်းနေတာလား။ ဒါကြောင့် ဘေးကင်းအောင် ပြန်လာနိုင်ရင် သတင်းကောင်း တစ်ခုလို့ သတ်မှတ်ထားတာလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဟွန့်၊ ဒီကောင် ငါ့ကိုလာပြီး ပြဿနာမရှာမိစေနဲ့ မဟုတ်လို့ကတော့ သတ်ပစ်လိုက်မယ်)

အန်ရှီဝေလည်း စိုးရိမ်နေသည်။ ဖန်ဝူဂျီက အရမ်းအထင်ကြီးဖို့ ကောင်းသည်။ သူကသာ ဗဟိုပြည်နယ်အကယ်ဒမီကို အဆုံးသတ်ချင်ပါက သူ့အတွက် ပြဿနာ မဟုတ်ပါ။

"မင်းငါ့ကို စော်ကားနေတာလား"

ဆွန်းမို မျက်နှာ သုန်မှုန်နေသည်။

အန်ရှီဝေလည်း အမူအရာပြောင်းသွားပြီး

"တောင်းပန်ပါတယ်၊ ငါဆိုလိုတာ ဒီလို မဟုတ်ဘူး"

ဒါပေမယ့် အန်ရှီဝေက ဆွန်းမိုအတွက် တကယ် စိုးရိမ်နေပါသည်။ ဒီလိုအခြေအနေမှာ ဆွန်းမိုကို တားလို့ မရနိုင်ပါ။ လျိုမူဘိုင် ကသာ အဖွဲ့ကို ဦးဆောင်တာ အကောင်းဆုံး ဖြစ်မည်။

"ဒါက ဆေးထုပ်ကြီးရဲ့ ဆေးညွှန်း၊ ပါဝင်ပစ္စည်းနဲ့ အခြားလုပ်ငန်းတွေကို မင်းလက်ထဲပဲ အပ်ထားခဲ့တော့မယ်"

ဆွန်းမိုက စာများပါသော စာရွက်တစ်ရွက်ကို အန်ရှီဝေအား ပေးလိုက်သည်။

အန်ရှီဝေက မယူခဲ့ပါ။ ဒီလိုလုပ်လိုက်ရင် ဆွန်းမို နောင်တရခွင့် မရှိတော့ပါ။

"ယူပါ"

ဆွန်းမိုက အန်ရှီဝေလက်ထဲ တန်းထည့်ပေးလိုက်သည်။

"ငါ ထောက်ပံ့ရေးဌာနမှူး ဖြစ်လာတာနဲ့ ပက်သက်ပြီး ကျန်ဟန်ဖူကို သတိတရနဲ့ အကြောင်းကြားပေးပါအုံး။ ဒေါသတွေထွက်ပြီး

ဦးနှောက် သွေးကြော ပျက်သွားပါစေလို့ ငါတကယ် ဆုတောင်းတယ်။ မဟုတ်ရင်လည်း သူ့ကို သင်ခန်းစာ ပေးရမှာပေါ့”

အန်ရှီဝေ အရမ်းအံ့အောနေသည်။ (မင်းရဲ့ အာဃာတက နည်းနည်း မပြင်းဘူးလား၊ အရင်က ဘာလို့ သတိမထားမိခဲ့တာလဲ ၊ ဘာပဲ ဖြစ်ဖြစ်.........ငါကြိုက်ပါတယ်)

ဆွန်းမို ထွက်သွားတာနဲ့ အန်ရှီဝေလည်း သူမထိုင်ခုံဆီ ပြန်သွားလိုက်သည်။ သူမ စိတ်တစ်ခုလုံး တုန်လှုပ် ခြောက်ခြားစွာနဲ့ ဆေးညွှန်းကို

နောက်တစ်ခေါက် ပြန်ဖတ်လိုက်သည်။ အဲဒီနောက်မှာတော့ သူမစိတ်ထဲက ဖိအားတွေလည်း လျော့ကျသွားသည်။ သူမ ပုခုံးပေါ်က ဝန်ထုတ်ဝန်ပိုးတွေလည်း ပေါ့ပါးလာသလို ခံစားရသည်။

အန်ရှီဝေလည်း သူမအဘိုး၏ လက်ထပ်ဖို့စေ့စပ်တဲ့ ဆုံးဖြတ်ချက်က ပါရမီရှင်တစ်ယောက်ရဲ့ ဆုံးဖြတ်ချက်လို့ ရုတ်တရုတ် ခံစားလိုက်မိသည်။ အဲဒီတုန်းက ဆုံးဖြတ်ချက်ဟာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခု ဗဟိုပြည်နယ်အကယ်ဒမီကို ကယ်တင်နိုင်တဲ့ ဆုံးဖြတ်ချက် ဖြစ်လာပြီ။

အနည်းဆုံးတော့ ဆွန်းမိုက ကျန်ဟန်ဖူကို ကူနှိမ်နင်းပေးပြီး ကျောင်းရဲ့ ပြဿနာကိုတောင် ဖြေရှင်းပေးခဲ့သည်။

ဆေးထုပ်ကြီးတွေက ရောင်းအား မကောင်းနိုင်ဘူး ဟုတ်လား။

တောင်းပန်ပါတယ်။ ခြေထောက်သုံးပြီး စဉ်းစားရင်တောင် မဖြစ်နိုင်မှန်း သူမ သိသည်။

“မရီဒန် အကယ်ဒမီရေ လာခဲ့စမ်းပါ ၊ ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီက ဘယ်လို စိတ်ခေါ်မှုကိုမှ မကြောက်ဘူး ”

အန်ရှီဝေလည်း သူမ နဖူးကို ဖိပြီး အလုပ်ဆက်လုပ်နေသည်။ ဒီနှစ် လိဂ်ပြိုင်ပွဲက ဗဟိုပြည်နယ်အကယ်ဒမီ ပြန် ထ ကြွလာမယ့် အချိန်ပဲ။

ဆွန်နီးမို ရုံးခန်းထဲက ထွက်လာလျှင် သစ်ပင်ကိုမှီပြီး ရပ်နေသော ယူရုံပိုက လက်ဝှေ့ယမ်း ပြနေတာကို မြင်လိုက်သည်။

စာစဉ်(၁၃)

အခန်း(၁၈၄) - အမှောင် မွန်းစတား အစာ ချက်ပြုတ်နည်း။

နေရောင်က ထူထဲစွာ အုပ်မိုးထားသော သစ်ရွက်တွေကိုဖြတ်ပြီး ကျဆင်းနေသည်။

“ဟော့”

ယူရုံပိုက အပြုံးလေးနဲ့

"မင်းက ခဏလေးနဲ့ နာမည်ကြီးလာတာပဲ"

"ဆရာ ယူ"

ဆွန်းမိုကလည်း သွားပေါ်အောင် ပြုံးပြလိုက်သည်။ ယူရုံပိုက သူ့ကို အစောဆုံး သဘောကျတဲ့ မြတ်ဆရာ ဖြစ်သည်။ သူကလည်း ယူရုံပို အပေါ်တွင် အမြင်ကောင်းပါသည်။ ယူရုံပိုသည် အတင်းအကျပ် ဖိအားမပေးတတ်ပဲ နားလည် ပေးတတ်သော သူမျိုးဖြစ်သည်။ တကယ်လို့ အရင်ကမ္ဘာမှာသာဆိုရင် အသားကင်စားရင်း ဘဝအကြောင်း ပြောဖို့ ဖိတ်ခေါ်မိလိမ့်မည်။

ယူရုံပိုက ဆွန်းမို ဘေးနားသို့လျှောက်လာပြီး တစ်ခွန်းမှ မပြောဘဲ ကြည့်နေသည်။ သူ့မျက်နှာမှာ စိတ်ဆိုးတဲ့ ပုံပေါ်လာပြီး ဆွန်းမို ရင်ဘတ်ကို လက်သီးနဲ့ ရွယ်လိုက်သည်။

“ငါအခုတော့ နောင်တတွေနဲ့ ပြည့်နေပြီ၊ အဲ့ဒီတုန်းက အလျော့မပေးခဲ့သင့်ဘူး၊ ဘယ်လောက်ပဲ ပေးရပေးရ မင်းကို ဒွွဲ ကောင်းကောင်းနဲ့ ဖိတ်ခေါ်သင့်တာ”

ယူရုံပိုသည် မရီဒန်အကယ်ဒမီက ကျောင်းအုပ်ကြီး ချောင်အတွက် အမဲလိုက်ပေးရတဲ့ သူဖြစ်သည်။

ကျောင်းအုပ်ကြီး ချောင်ကလည်း ယူရုံပိုကို အရမ်းမျှော်လင့်ထားသည်။

သူတို့ကလည်း လူသားများဖြစ်သောကြောင့် သူတို့ကြားထဲတွင် အကျိုးအမြတ် ပတ်သက်မှု ရှိလိမ့်မည်။ ယူရုံပို အလုပ်ဝင်ပြီးနောက် သူနဲ့ အတူ သူ့ရဲ့ မြတ်ဆရာ အသိုင်းအဝိုင်းကိုလည်း ခေါ်လာခဲ့သည်။ ထုံးစံအတိုင်းပဲ သူ့ရဲ့ အဖွဲ့ဝင်တွေကလည်း အကျိုးအမြတ် တချို့တော့ ရကြသည်။ ဒီအကျိုးအမြတ် ခံစားခဲ့ရတဲ့

သူများကလည်း လက်မရှောင်ဘဲ ပြန်လုပ်ပေးချင်နေကြသည်။

ယူရုံပိုလည်း ဒီပြဿနာတွေကို ဖြေရှင်းရင်းနဲ့ ဒီရက်ပိုင်း အချိန်တွေ ကုန်နေခဲ့သည်။ ဒီလူတွေကို မကိုင်တွယ်နိုင်ရင် ဒုကျောင်းအုပ်ကြီး အဖြစ် အလုပ်စလုပ်လို့ကို ရမှာ မဟုတ်ဘူး။

ဒါကြောင့်လည်း ယူရုံပို အရမ်းအလုပ်များနေခဲ့သည်။ သို့သော်လည်း ဆွန်းမိုကို အရမ်း သဘောကျသောကြောင့် ဆွန်းမိုအခြေအနေကို သိရအောင် လူတစ်ယောက်

လွှတ်ထားခဲ့သည်။ ကျောင်းသားစုဆောင်းရေးပွဲမှာ ချင်ဖန်ကို အနိုင်ယူပြီး ကျောင်းသား ၅ယောက်ကို အောင်မြင်အောင် စည်းရုံးနိုင်ခဲ့ခြင်း၊ ဒီအသုတ်၏အရွေးခံ ဆရာလေးယောက်ထဲက တစ်ယောက် ဖြစ်လာခြင်းအပေါ် သူ မအံ့အော မိပါ။

သူ့အမြင်အရ ဒါက ဖြစ်ကိုဖြစ်လာမယ့် ကိစ္စပါ။ ပွဲထိုင်ကြည့် နေရင်ကို လုံလောက်သည်။ လက်ခုပ်တီးစရာတောင် မလိုပါဘူး။

ဒါပေမယ့် နောက်ပိုင်း တိုးတက်လာမှုကတော့ သဘောကျ ကျေနပ်စွာ သက်ပြင်းချယူ ရသည်။

ဆွန်းမို သင်ခန်းစာ အသစ်တစ်ခုကို ဖန်တီးခဲ့ပြီး ဒီသင်ခန်းစာကလည်း အရမ်း ရေပန်းစားနေသည်။ အတန်းစတယ်ဆိုရင်ပဲ လူ ၃၀၀ ဆန့်တဲ့ ဟောခန်း အပြည့် ဖြစ်နေပြီ။ ဒါတောင် မလုံလောက်သေးပါ။

သာမန်ဆရာတွေက အလုပ်စလုပ်တဲ့အခါ လူ ၃၀ ဆန့် အခန်း၊ ပြီးမှ ၅၀နဲ့ ၁၀၀ ဒီလိုနဲ့ပဲ ကျော်ကြားမှုကို စုဆောင်းကာ တဖြည်းဖြည်း တက်ကြရသည်။

ပုံမှန်ဆိုရင် မြတ်ဆရာ ဖြစ်လာမှပဲ လူ ၃၀၀ ဆန့် အခန်းက သုံးဖို့ လိုမည်။ သို့သော်လည်း ဆွန်းမိုက သာမန်ဆရာဘဝနဲ့ အောင်မြင်နေပြီ။

“မင်းမှာ နတ်ဘုရား လက်ရှိမှန်းသိရင် မင်းကို သတိမေ့အောင် ရိုက်ပြီး မရီဒန်အကယ်ဒမီကို ထမ်းသွားပါတယ်ကွာ ”

ယူရုံပိုက သက်ပြင်းချရင်း ပြောသည်။

ခုချိန်တော့ ဆွန်းမိုက နာမည်ကြီးနေပြီ။ ယူရုံပိုသာ အခုခေါင်းဖြတ် အမဲလိုက်ချင်တယ်ဆိုရင် အခက်အခဲ အတားအဆီး အများကြီးကို ကျော်ဖြတ်ရမည်။ အန်ရှီဝေက မိန်းမတစ်ယောက်ဖြစ်ပြီး မိန်းမလှအဆင့်မှာတောင်

ပါတဲ့ အလုပလေး ဖြစ်သည်။ ဒီကိစ္စမှာတော့ သူမမှာ အားသာချက် အများကြီး ရှိနေသည်။

"ဟီးဟီး"

ဆွန်းမိုလည်း ယူရုံပိုဘက်က အခင်အမင် မပျက် ရှိနေတာကို မြင်လိုက်လျှင် နည်းနည်းတော့ အားနာသွားသည်။

ယူရုံပိုက ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သလို သူက အရမ်းပွင့်လင်းပြီး အချက်ကျကျ ပြောတတ်သူပါ။ သို့သော်လည်း ယူရုံပိုက သည်းမခံတတ်တဲ့ ပုံစံပဲလုပ်နေတတ်သည်။

အထူးသဖြင့် သူ့ရဲ့ လေးထောင့်ကျကျ မျက်နှာနဲ့ လိုက်ဖက်ပါသည်။ ပြဿနာ ရှာတဲ့ ကျောင်းသားတွေကို ပြောစရာမလိုဘဲ မျက်နှာ ပြလိုက်ရုံနဲ့ ကြောက်သွား နိုင်သည်။

ဒါပေမယ့် ယူရုံပိုက ဟာသလည်း ပြောတတ်တာလား။

“ နောက်ခံအသိုင်းအဝိုင်း အရမ်းကောင်းတဲ့ ကျောင်းမှာ မင်းကို အနိုင်ကျင့်တဲ့လူတွေကို သတ္တိရှိရှိနဲ့ ရင်ဆိုင်ပြီး အရည်အချင်းပြလိုက်တော့ ပိုတောင် သဘောကျမိသေးတယ်”

ယူရုံပိုက စကားပြောပြီးနောက် အားထည့်ပြီး ဆွန်းမို ပုခုံးကို လှမ်းဆွဲလိုက်သည်။

အားနည်းပေမယ့် အားကြီးသူနဲ့ ရင်ဆိုင်တွေ့နေရတာတောင် ရင်ဆိုင်ဖို့ ပြတ်ပြတ်သားသား ရွေးချယ်ရဲတဲ့ ဒီလို အပြုအမူက တကယ်ကို လေးစားဖို့ကောင်းသည်။

ဆွန်းမိုက မြတ်ဆရာတစ်ယောက် မဟုတ်သေးသော်လည်း သူ့ရဲ့ ကိုယ်ကျင့်တရားက မြတ်ဆရာတစ်ယောက်ဖြစ်ဖို့ ထိုက်တန်နေပြီ။

ဒင်

ယူရုံပိုရဲ့ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၁၃၆/၁,၀၀၀)

စနစ်ဆီက အကြောင်းကြားချက်ကို ရလိုက်လျှင် ဆွန်းမို အနည်းငယ် ကြောက်သွားသည်။ သူက အရေးမပါတာ တစ်ခုလုပ်လိုက်ပေမယ့် ယူရုံပိုက အရမ်းအထင်ကြီးနေသည်။

"ဆရာ ယူက အရမ်း ချီးကျူးနေပြန်ပြီ'

ဆွန်းမိုက နှိမ့်ချစွာ ပြန်ပြောလိုက်သည်။

“အမ်၊ ယောက်ျား တစ်ယောက်ပဲကို ရှက်မနေပါနဲ့၊ မင်းရဲ့ အောင်မြင်မှုပဲ လက်ခံစမ်းပါ။ အရမ်းကြီး အိုဗာတင်း လုပ်မနေနဲ့”

ယူရုံပိုရဲ့ က ပွင့်ပွင့်လင်းလင်း သမားဖြစ်သည်။ ဟန်ဆောင်ပန်ဆောင်နဲ့ ယဉ်ကျေးပြရတာကို မကြိုက်ပါ။

“ကျေးဇူးတင်ပါတယ်၊ ဆရာ ယူ”

ဆွန်းမိုလည်း ခံစားချက်နဲ့ သက်ပြင်းချလိုက်မိသည်။ ယူရုံပိုလို လူမျိုးနဲ့ တကယ်ကို သူငယ်ချင်း လုပ်သင့်သည်။

တကယ်တော့ ဓောင်ယန်ကျောင်းထုတ်ခံရပြီးနောက် ဓောင်ယွမ်ကျား ဆီကို ချက်ခြင်းပဲ လူတစ်ယောက် လွှတ်ကာ သတိပေးထားခဲ့သည်။ ဒါကို ဆွန်းမို မသိပါ။

ဓောင်ယွမ်ကျားက ဆွန်းမိုကို စိတ်ဆိုးပြီး လက်စားချေ ချင်လည်း ပြဿနာ မရှိပါ။ ဒါပေမယ့် တရားဝင် ပွင့်ပွင့်လင်းလင်း တော့ ဖြစ်ရမည်။ ဆွန်းမို ဂုဏ်သိက္ခာကျအောင် ဓောင်ယွမ်ကျားက အောက်တန်းကျတဲ့ နည်းလမ်း သုံးနေတာကို တွေ့လိုက်လျှင်တော့ ယူရုံပိုကို ရက်စက်တယ်

လာမပြောပါနဲ့။ ဇောင်ယွမ်ကျားက အချမ်းသာဆုံး ကုန်သည်ဖြစ်နေရင်တောင် သူကလည်း ကြယ်လေးပွင့် မြတ်ဆရာ တစ်ယောက် အနေနဲ့ တရားမျှတမှုကို ရှာဖွေ လုပ်ရလိမ့်မည်။

နှစ်ယောက်သား စကားတပြောပြောနဲ့ ကျောင်းဝန်း အပြင်ကိုတောင် ရောက်လာခဲ့ကြသည်။ ဒါပေမယ့် သိပ်မကြာခင် ယူရှုံပိုရဲ့ မျက်နှာ အနေအထားက လေးနက်လာသည်။

“ဆရာယူ မင်း ပြောလိုက်လို့ နောက်ဆုံး စည်းကျော်သွားမယ်ဆိုရင် မပြောဘဲနေတာ ကောင်းပါတယ်”

ဆွန်းမိုက အရမ်း စဉ်းစားတတ်သည်။ ယူရုံပိုက ‘မင်း နတ်ဘုရားလက်ရှိမှန်း ငါသိရင် မင်းကို မေ့အောင်ရိုက်ပြီး မရီဒန်အကယ်ဒမီကို ခေါ်သွားပါတယ်’ ဆိုတဲ့ ပြောတဲ့စကားကို ကြားလိုက်လျှင် ယူရုံပို ဒီတစ်ခါ ရောက်လာတာ ခေါင်းဖြတ်အမဲလိုက်ဖို့ မဟုတ်ဘဲ နောက်ကွယ်မှာ

တခြား အကြောင်းပြချက် ရှိနေမယ်ဆိုတာ ဆွန်းမို သိလိုက်သည်။

"ငါက မရီဒန်အကယ်ဒမီရဲ့ ဒုကျောင်းအုပ်ကြီးပဲ၊ ကျောင်း နာမည်ပျက်သွားအောင် ဘာမှ မလုပ်ဘူး။ ဒါပေမယ့် မင်းကလည်း ငါ့ရဲ့ သူငယ်ချင်းကောင်းပဲ။ သီးသန့်ပြောရရင် မင်း ထိခိုက်နစ်နာသွားတာမျိုး မဖြစ်စေချင်ဘူး။ မင်းက ရင့်ကျက်လာရင် ချင်လင်မြို့ရဲ့ နံပါတ်တစ် မြတ်ဆရာ တစ်ယောက် ဖြစ်လာနိုင်တယ်။ အခုတော့ မင်းကို မသေစေချင်ဘူး"

ယူရုံပိုက သက်ပြင်းချရင်း ပြောလိုက်သည်။

"ငါ နားလည်ပြီ"

ဆွန်းမိုလည်း ဘာကိုဆိုတာလဲ အကြမ်းဖျင်း ခန့်မှန်း မိသည်။

"ငါပြောတာ နားထောင်ပါ။ မင်း...."

ယူရုံပို တွေဝေသွားသည်။

"မင်း အမှောင်တိုက်ကြီးသွားဖို့ နေရာ ရထားရင် လက်လျှော့လိုက်တာ အကောင်းဆုံးပဲ' လို့ ပြောလိုက်ချင်သည်။

ဆွန်းမိုက ဖြတ်ပြောလိုက်သည်။

“ဆရာယူ၊ ပြောစရာ မလိုတော့ဘူး၊ မင်း စေတနာကို ငါ နားလည်တယ်”

ဆွန်းမိုက ရယ်ရင်း ပြန်ပြောသည်။

ဆွန်းမိုက (နွေရာသီမှာ အေးမြလန်းဆန်းသော လေပြေလို) ပြုံးလိုက်တာ မြင်လိုက်လျှင် ယူရုံပိုလည်း တဟားဟားနဲ့ အကျယ်ကြီး အော်ရယ်လိုက်သည်။

ဆွန်းမိုက သူ့ကို ကျင့်ဝတ် မဖောက်စေချင်ပါ။ ဆွန်းမိုရဲ့ အပြုအမူကို မြင်လိုက်လျှင် ဒီခရီးစဉ်က အလဟသတော့ မဖြစ်ပါဘူး။

ဆွန်းမိုက သိခဲ့ရင်တောင် နောက်ပြန်ဆုတ်ဖို့ ရွေးချယ်မှာလား။

“မင်းကို လျှော့တွက်မိတာပဲ၊ ဖန်ဝူဂျီကရော ဘာလုပ်နိုင်မှာလဲ”

ဆွန်းမိုက အံ့အောစရာ တစ်ခု ဖန်တီးနိုင်မယ်လို့ ယူရုံပို စိတ်ထဲက တွေးနေမိသည်။ တကယ်တော့ ဒီလူငယ်ကို အရမ်းသဘောကျနေသည်။

“ဆရာယူ၊ မင်းအားနေရင် ငါတို့ နေလည်စာ အတူတူ စားကြမလား”

ဆွန်းမိုက သူ့စိတ်ရင်းကို ဖော်ပြဖို့ အစားအသောက်နဲ့ ညှိခံချင်သည်။

“ဒီတစ်ခေါက် မေ့ထားလိုက်ပါ၊ မင်း အမှောင်တိုက်ကြီးမှာ အောင်ပွဲခံပြီး လိဂ်ပြိုင်ပွဲမှာ ဗဟိုပြည်နယ် အကယ်ဒမီကို ‘စီ’အဆင့်ရောက်အောင် လုပ်ပြီးမှပဲ မင်း အစား ငါပဲကျွေးပါ့မယ်”

ယူရုံပိုက ဆွန်းမိုကို မျက်နှာသာ မပေးချင်တာ မဟုတ်ပါ။ သူတကယ် အလုပ်ရှုပ်နေသည်။

“ဒါဆိုလည်း မင်းရဲ့ မင်္ဂလာရှိတဲ့ စကားအတွက်ပဲ ကျေးဇူးတင်လိုက်တော့မယ်”

ဆွန်းမိုက လက်နှစ်ဘက်ကို ဆုပ်ပြီး ကျေးဇူးတင်ကြောင်း ပြလိုက်သည်။

ယူရုံပိုက မြန်မြန်လာပြီး မြန်မြန် ပြန်သွားသည်။ ဆွန်းမိုနဲ့ သူ့ကြားမှာ အားနာစရာ မလိုပါ။ သူတို့နှစ်ယောက်က နှစ်ပေါင်းများစွာ ခင်မင်လာတဲ့ မိတ်ဆွေကောင်းတွေလို အရမ်း ရင်းနှီးနေကြပြီ။

သူ့ရဲ့ ကောင်းမွန်တဲ့ ရည်ရွယ်ချက်ရှိရင်ပဲ ဆွန်းမိုအတွက် လုံလောက်နေပါပြီ။

"ဖန်ဝူဂျီလား"

ဆွန်းမို မျက်လုံးမှေးသွားသည်။ ဖိအားလည်း ခံစားမိသည်။ လူတစ်ယောက်ရဲ့ နာမည်က သစ်ပင်ရဲ့ အရိပ်လိုပါပဲ။ ဖန်ဝူဂျီလို ပါရမီရှင် မြွတ်ဆရာအသစ်တွေက အခု ဆရာလက်သစ်ဖြစ်လာတဲ့ ဂေါင်ပန်နှင့် ချင်ဖန်တို့ထက်စာရင် အဆပေါင်းများစွာ ပိုအထင်ကြီးဖို့ ကောင်းသည်။

ဒင်

“တာဝန်ထုတ်ပြန်ခြင်း။ ။ ကျောင်းသား ၅ယောက်ကို အမှောင်တိုက်ကြီး ခရီးစဉ်မှာ

ဦးဆောင်ပြီး ဘေးကင်အောင် ပြန်ခေါ်ခဲ့ပါ။ တာဝန်ရဲ့ အောင်မြင်မှုအပေါ်မူတည်ပြီး ဆုပေးမယ်”

အရမ်းကောင်းတယ်။ ဆွန်းမို အခုတောင် ထသွားလိုက်ချင်သေး။

ဒင်

“လုချီဟွာနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က လေးစားအဆင့်ကို ရောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ လေးစားအဆင့်ကို ပထမဆုံး ရောက်သွားတဲ့အတွက်

ဆုလဒ်- လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ တစ်လုံး”

ခရမ်းရောင် ရတနာသေတ္တာကြီးက ဆွန်းမို အရှေ့တွင် ပေါ်လာသည်။ အဲဒါက အရမ်းဈေးကြီးတဲ့ အစာတစ်ခုလို တောက်ပနေပြီး လိုချင်တပ်မက် စိတ်ကို နှိုးဆော်နေသည်။

ဒါကို ဘယ်သူက တောင့်ခံနိုင်မှာလဲ။ ဒါကြောင့်လည်း ဆွန်းမိုက မင်္ဂလာရှိသော ပစ္စည်းကို ကြည့်ရအောင် ရှေ့တိုးသွားသည်။

"အိုး ဟုတ်ပြီ၊ ငါနဲ့ လေးစားအထင်ကြီးမှု ချိတ်ဆက်ထားတဲ့ လူတော်တော်များများလည်း 'ရင်းနှီး' အဆင့်ကို ရောက်နေပြီ ဆုလဒ်က ဘယ်မှာလဲ"

ဆွန်းမိုက မေးလိုက်သည်။

" အမှားအယွင်း မရှိကြောင်း စနစ်က အတည်ပြုပြီးရင် ဆုထပ်ပေးမယ်"

စနစ်က ရှင်းပြသည်။ အရမ်းတင်းကျပ်ပါသည်။ ဆွန်းမိုကို ဆုကြေး အပိုလည်း မပေးသလို လျှော့လည်း မပေးပါ။

ဆွန်းမို စတိုခန်းရှိရာသို့ထွက်လာခဲ့သည်။

အတန်းမရှိတဲ့ အချိန်တွေဆို လုချီဟွာက စတိုခန်းလေးမှာပဲ နေပြီး ကျင့်ကြံနေတတ်သည်။ အမြဲတမ်း ဒီလိုပုံစံပဲ နေခဲ့သည်။ ဒီအချက်ကို သိသွားရင် လူတွေက သူမကို အထင်ကြီး သွားစေနိုင်သည်။ ဒါပေမယ့် သူမက အရမ်း မတိုးတက်လာတာကတော့ သနားစရာကောင်းသည်။

"ဆက်ကြိုးစားပါ"

ဆွန်းမိုက လုချီဟွာကို အားပေးရင်း ခေါင်းပုတ်လိုက်သည်။ အနက်ရောင် ရတနာကို ရွေးပြီး ဖွင့်လိုက်သည်။

အစိမ်းရောင် တောက်ပနေသော စာအုပ်က ဆွန်းမိုအရှေ့တွင် ပေါလောမျောနေသည်။ အစိမ်းရောင် အလင်းက အရမ်း တောက်ပသောကြောင့် အနက်ရောင် ရတနာသေတ္တာ မမှိန်ခင် မြင်နေရသည်။

ဒင်

"အပင်စွယ်စုံကျမ်းကြီးရဲ့ ဗဟုသုတ တစ်စိတ်တစ်ပိုင်းကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ အမှောင်တိုက်ကြီးမှ အပင်အမျိုးအစား ၁ဝဝရဲ့ အချက်အလက်ကို ရရှိသွားပါပြီ"

"မှတ်ချက်- ဒါကို အသုံးပြုပြီးနောက် အပင်အမျိုးအစားပေါင်း ၁ဝဝရဲ့ အချက်အလက် အပြည့်အစုံကို ချက်ခြင်း ရရှိမယ်။ သုတေသန မလုပ်ရသေးတဲ့ အပင်အမျိုးအစား ဒါမှမဟုတ် လက်ရှိ မှတ်တမ်း မပြုစုရသေးဘဲ သီးခြားဖြစ်နေတဲ့ အပင်အမျိုးအစားတွေလည်း ပါဝင်တယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မှတ်ချက်- ရရှိမည့် အပင်အမျိုးအစား စာရင်းသည် ကြုံရာ ကျပန်းသာ ဖြစ်သည်။ သင်သိချင်သော အပင်အမျိုးအစားကို ရွေးချယ်လို့မရပါ”

ဆွန်မိုအတွက် စနစ်ရဲ့ အသံက ကောင်းကင်ဘုံက ဆင်းသက်လာတဲ့ သံစဉ်တစ်ခုလိုပါပဲ အပျော်လွန်ပြီး ထ ကချင်စိတ်တောင် ပေါက်လာသည်။

ဆွန်းမို အလိုချင်ဆုံးက ဘာလဲ။

အသိပညာ၊ တန်းဖိုးဖြတ်မရတဲ့ အသိပညာ။

ဒုတိယ အလိုချင်ဆုံးကတော့ ကျင့်ကြံခြင်းနှင့် လေ့လာခြင်းကို အချိန်ကုန် သက်သာစေတဲ့ အချိန်တံဆိပ်ပဲ။

"ငါ့ရဲ့ သဘော်သီး မိန်းကလေးကတော့ အရမ်းမိုက်တယ်"

ဆွန်းမိုက လုချီဟွာ ခေါင်းကိုပွတ်လိုက်သည်။ သူက လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာကို ဖွင့်ဖို့ သူ့ရဲ့ အကောင်းဆုံး တိုက်ပွဲဝင် ဗျူဟာ ဖြစ်တဲ့ လုချီဟွာကို ဖက်ချင်ပေမယ့် မလုပ်ရဲပါ။ ပြီးတော့ လောကီနည်းလမ်းအရ အကောင်းဆုံးအကွက်ကို

ထုတ်သုံးလေ ထိရောက်မှုက နည်းလေပဲ ဖြစ်သည်။ သူနောက်တစ်ကြိမ် ကံကြမ္မာ စက်ဝိုင်းကို ရမှပဲ သုံးတော့မည်။ ထို့နောက် လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာကို ပုံမှန်အတိုင်း ဖွင့်လိုက်သည်။

ခရမ်းရောင်အလင်းတန်းများ ပျောက်သွားပြီး မွှေးရနံ့သင်းလှသော သီးသားရေ တစ်ချပ် ကျန်ခဲ့သည်။

“အမှောင် မွန်းစတား အစာချက်နည်း တစ်ခုဖြစ်တဲ့ မွှေးကြိုင်လှသော ဂဏန်းဘာဂါ အစပ် ချက်နည်းကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

"မှတ်ချက်။ ။ မွေးကြိုင်လှသော ဂဏန်းဘာဂါ အစပ်ကို နည်းလမ်းအတိုင်း ချက်ပြီး ပူနေတုန်း စားလိုက်ရင် စိတ်ကြမ်းကိုယ်ကြမ်း ဖြစ်လာနိုင်သည်။ ဒါပေမယ့် အပြန်အလှန်အနေနဲ့ စားသုံးသူရဲ့ တိုက်ခိုက်ရေး ခွန်အား တိုးတက်လာမည်။ အကျိုးသက်ရောက်မှု အနည်းဆုံး ၃ မိနစ်ခံသော်လည်း တစ်ဦးခြင်း အပေါ်မူတည်ပြီး သက်ရောက်မှု ကွာခြားနိုင်တယ်"

"မှတ်ချက် - များများစားလေ ဒေါသပိုကြီးလေ ဖြစ်လာနိုင်တယ်။ တိုက်ခိုက်ရေး စွမ်းရည်လည်း

ပိုတိုးတက်လာမယ်။ ဒါပေမယ့် တစ်ထိုင်တည်း ငါးလုံးထက် ပိုမစားမိစေနဲ့။ ဒါဆိုရင် အသိစိတ်လွတ်သွားပြီး ဒေါသစိတ်ထဲ နှစ်မြုပ်သွားလိမ့်မယ်”

ဒီအစာရဲ့ မိတ်ဆက်စကားကို ကြားပြီး ဆွန်းမိုသည် ကွန်ပျူတာ ဂိမ်းထဲက ရှူးသွပ် ဆေးရည်နဲ့ အကျိုးအာနိသင် ဆင်တူနေတယ်လို့ ခံစားမိသည်။ သောက်ပြီး ဒေါသကြီးတတ်ပေမယ့် ခုခံနိုင်စွမ်း တိုးတက်လာသည်။ ဒါက ဖျော်ရည်နေရာမှာ အစာဖြစ်နေတာပဲ ကွာသည်။

"ချီဟွာ ဆက်လေ့ကျင့်လိုက်အုံး၊ ငါလုပ်စရာရှိလို့ အရင်သွားတော့မယ်"

ဆွန်းမို စတိုခန်းထဲက ထွက်လာခဲ့သည်။ ပတ်ဝန်းကျင်ကို တစ်ချက်လှည့်ကြည့်ကာ တစ်ယောက်မှ မရှိတာ အတည်ပြုပြီးနောက် စွယ်စုံကျမ်းကို ထုတ်ချေလိုက်သည်။

ဖောက်

အစိမ်းရောင် အလင်းတန်းများ ပေါ်လာပြီး သူ့စိတ်ထဲ လွင့်မျောနေကြသည်။

ချမ်းအေးတဲ့ ခံစားမှုက တကိုယ်လုံး ပျံ့နှံ့သွားသည်။

ဆွန်းမို ဆွံ့အနေသည်။ အချိန်တံဆိပ်က အစိမ်းရောင် အလင်းထက် ဒီအရာရဲ့ အစိမ်းရောင်အလင်းက ပိုသိမ့်သည်းနေသည်။ အစိမ်းရောင် တောက်လွန်းလို့ စိတ်ထဲ အထိတ်တလန့် ဖြစ်သွားသည်။

ဒီလို ပစ္စည်းတွေ သုံးတိုင်း အစိမ်းရောင် ဖြစ်လာအောင် ဖန်တီးခဲ့တဲ့ကောင်က ဘယ်သူလည်းဆိုတာ သိချင်လာသည်။ ဒါက

တော်တော် စိတ်ပျက်ဖို့ကောင်းသည်။ သူသာ စနစ်ဆိုရင် ဒီနောက်ခံ အရောင်ကို သေချာပေါက် ဖျက်ဆီး ပစ်လိုက်မည်။

(မင်းက ပိုင်ရှင်ရဲ့ ခေါင်းတစ်ခုလုံးကို အစိမ်းရောင် အုပ်ထားတာ ဘာသဘောလဲ။ မင်းဘာပြောချင်နေတာလဲ)

စာစဉ်(၁၃)

အခန်း(၁၈၅) - တိုက်ပွဲခန်းမရဲ့ အဆင့်(၁) ရောက်လာခြင်း။

ဒင်

“ အပင်စွယ်စုံကျမ်းကြီးကို လေ့လာခဲ့တဲ့အတွက်ဂုဏ်ပြုပါတယ်။ မင်းရဲ့ကျွမ်းကျင်မှုအဆင့်က

အခုလေးတင် လေ့လာထားတဲ့ အပင်အမျိုးစားပေါင်း(၁၀၀) ကို ကျွမ်းကျင် အဆင့်ရောက်နေပြီ”

စနစ်ဆီက အကြောင်းကြားချက် ထွက်လာပြီးနောက် ဆွန်းမို စိတ်ထဲတွင် အပင်တစ်ခု ပေါ်လာသည်။ သူနဲ့ပက်သက်တဲ့ အသေးစိတ်အချက်အလက်လည်း မြင်နေရသည်။ မှတ်စုများကို ဖတ်လိုက်ပြီးနောက် အပင်လည်း ပျောက်သွားသည်။ ပြီးတော့ အပင်အသစ်တစ်ခု ထပ်ပေါ်လာပြန်သည်။

ဒီအဖြစ်အပျက်တွေက ဆက်တိုက် ဖြစ်နေပြီး ဆွန်းမိုခေါင်းထဲကို သမုဒ္ဒရာထဲက ဒီရေလိုမျိုး ဆက်တိုက် တိုးဝင်နေသည်။ သူ့ရဲ့ ဦးနှောက်ဆဲလ်များထဲသို့ တိုးဝင်သွားပြီး အဲ့ဒီနေရာမှာပဲ နက်နဲသော အသိပညာများ ပေါက်ဖွားလာသည်။

တစ်မိနစ်အတွင်းမှာ ဆွန်းမိုက အပင်အမျိုးအစား ၁၀၀ရဲ့ အချက်အလက် အကုန်လုံးကို လေ့လာခဲ့သည်။ အစေ့အဆင့်ကနေ ပေါက်ဖွားလာပြီး အသီး သီးတဲ့ အဆင့် အရွက်များကြွေကာ ညှိုးနွမ်း

ချို့တဲ့လာတဲ့အဆင့်ထိ ဆွန်းမိုက ကိုယ်တိုင် ကြီးထွားလာသကဲ့သို့ သူတို့ တစ်ခုခြင်းစီကို အရမ်းရင်းနှီးသွားသည်။

"အရမ်း မိုက်တယ်" ဆွန်းမိုက မျက်လုံးမှိတ်ပြီး ကျေကျေနပ်နပ် ခံစားနေသည်။ ထို့နောက် အသိပညာများ လက်ဆတ်နေတုန်း ထပ်ပြီး အဖန်ဖန် တလဲလဲ ပြန်စဉ်းစားနေသည်။ သူတို့အားလုံးကို စိတ်ထဲတွင် လုံး၀ ဆုပ်ကိုင်မိသွားသည်။

"အရမ်းကြိုးစားတဲ့ ပိုင်ရှင်ပဲ"

စနစ်လည်း မခံချင်အောင် ဖြစ်သွားသည်။

အရင်ပိုင်ရှင်တွေ အကုန်လုံးနီးပါးက စနစ်ဆီက အသိပညာများကို လွယ်လွယ်ကူကူ ရရှိပြီး ကျေနပ်နှစ်သိမ့်နေကြသည်။ စနစ် စတိုးဆိုင်က အသိပညာ ဗဟုသုတများကို ဝယ်ရန် တာဝန်တွေ ပြီးမြောက်ဖို့အတွက်ပဲ အာရုံစိုက်ထားကြသည်။ ဒါပေမယ့် ဗဟုသုတများ ရပြီးနောက် နက်နက်ရှိုင်းရှိုင်း နားလည်သွားအောင် လေ့လာဖို့ စိတ်မဝင်စားကြပါ။ သူတို့က ကျွမ်းကျင်မှုအဆင့်မြှင့်တင်ရန် အချိန်တံဆိပ်များကိုသာ အားကိုး ကြသည်။

အမှန်ဆိုလည်း အသိပညာများကို ဒီလို ဖြတ်လမ်းနည်းနဲ့ ဆုပ်ကိုင်နိုင်နေရင် ဘယ်သူကများ အမိုက်ခံပြီး အချိန်ကုန်ခံ အားထုတ် လေ့လာနေမှာလဲ။

ဒါပေမယ့် ဆွန်းမိုကတော့ ထိုသို့မဟုတ်ပါဘူး။ ဒါကို သူ့ဘာသာ နားလည်နိုင်ပေမယ့် စနစ်အတွက်ကတော့ သူ့ကို စော်ကားနေသလို ဖြစ်နေသည်။ ဆွန်းမိုကတော့ သူကိုယ်တိုင် သင်ယူပြီး ပြန်နွေးတဲ့ အသိပညာသာလျှင် သူနဲ့ သက်ဆိုင်တယ်လို့ ခံစားနေသေးသည်။

ဆွန်းမို လမ်းလျှောက်ရင်း အချက်အလက်များကို ကျက်မှတ်နေသည်။ သူက ဒါတွေကို စိုက်ကြည့်လိုက်ရုံနဲ့ ချက်ခြင်းမှတ်မိတဲ့ အထိ ရင်းနှီးလာသည်။ ဒါတွေကို လုံးဝ စဉ်းစားစရာ မလိုတော့ပေ။

ဒင်

“ ပိုင်ရှင်က အလုပ်အရမ်း ကြိုးစားပြီး နက်နက်ရှိုင်းရှိုင်း မှတ်မိတဲ့အထိ ကျက်မှတ်နိုင်ခဲ့သောကြောင့် ကျွမ်းကျင့်မှုအဆင့်ကို မဟာအဆင့်အထိ တိုးမြှင့် ပေးလိုက်သည်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က ကြေငြာသည်။

“ဒီလို လုပ်လို့ရတာပဲလား”

ဆွန်းမိုလည်း ဆွံ့အ နေသည်။

“ကြိုးစားသူတိုင်းက ထိုက်တန်တာ တစ်ခုခုတော့ ပြန်ရတတ်ပါတယ်”

စနစ်က စိတ်ခွန်အား အားဆေးတစ်ခွက် တိုက်ကျွေးလိုက်သည်။

(စာရေးသူရဲ့ မှတ်ချက်။ ။ ဆရာဖေမြင့်ကတော့ chicken soup for the soul ကို နှလုံးသား အာဟာရလို့ ဘာသာပြန်ထားပါတယ်)

"ဟဲဟဲ၊ ဒါဆိုလည်း ကျေးဇူးပဲ"

ဆွန်းမိုအတွက်တော့ ဘာမှ မထူးခြားပါ။ ဒါက စွမ်းရည် တစ်ခု မဟုတ်လို့ အဆင့်နှစ်ခုကွာ သွားလည်း ကွာခြားချက် ကြီးကြီး မားမား မရှိပါ။ ဘယ်လိုပဲပြောပြော ဒီဇဟုသုတကို လေ့လာရုံဖြင့် အပင်ဗေဒ အခြေခံ အဆင့် အောင်မြင်ပြီလို့ ထည့်တွက်လို့ရသည်။

ဒါက မဟာအဆင့်ဆိုတော့ သူတို့နှစ်ခုကို နှိုင်းယှဉ်ပြီး ရင်းနှီးသွားသည်။ အပင်တစ်ခုကို သင်ခန်းစာ တစ်ခုနှုန်းနဲ့ နေ့တိုင်း သင်ရင်တောင်

သုံးလလောက် ထိန်းထားလို့ရသည်။ ဒါပေမယ့် ဒါနဲ့ မလုံလောက်သေးဘူး။ သူ အပင် ၁၀၀ လေ့လာပြီးမှပဲ အတန်းစ ဖို့ စဉ်းစားလိုက်သည်။ အနာဂတ် သင်ခန်းစာများ အကြောင်းကို တွေးပြီး ဆွန်းမိုက အမှောင်မွန်းစတား အစာ ချက်နည်းကို ယူလိုက်ပြီး ချက်ခြင်လက်ငင်းပဲ ချေမွလိုက်သည်။

ဖောက်

အစိမ်းရောင် အစား အနီရောင် အလင်းတန်း တောက်ပလာသည်။ တချိန်တည်းမှာပဲ ချက်ပြုတ်ထားတဲ့ အသား မွှေးရနံ့ကလဲ လေထဲကို

ပျံ့နှံ့လာသည်။ ဆွန်းမိုတောင် ဗိုက်ဆာသွားပြီး သရေကျချင်လာသည်။

ဒင်

“ အစာချက်ပြုတ်ခြင်း နည်းစနစ်ကို သင်ယူပြီးသွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းရဲ့ ကျွမ်းကျင်အဆင့်က မလုံလောက်သေးတဲ့ အတွက် ပါဝင်ပစ္စည်းတွေကို ကိုင်တွယ်နေရင်း သေသွားနိုင်တယ်ဆိုတာ ကျေးဇူးပြုပြီး သတိထားပေးပါ”

“မှတ်ချက်- ဒီချက်ပြုတ်ခြင်း နည်းစနစ်သည် ပါဝင်ပစ္စည်းများကို ချက်ပြုတ်တဲ့ လုပ်ငန်းစဉ်သာမက ဂဏန်းကို ဘယ်လို ဖမ်းပြီး ဘယ်လို သတ်ရမလဲဆိုတဲ့ ပြင်ဆင်မှု အဆင့်ဆင့်ပါ ပါဝင်တယ်”

စနစ်က အနည်းငယ် ဂုဏ်ဆာနေတဲ့ လေသံနဲ့ ပြောလိုက်သည်။ ဒါက ရှင်းရှင်းလင်းလင်းကို လမ်းညွှန်ပေးထားသည်။ ဆွန်းမို မျက်နှာတွင် အလိုမကျတဲ့ ပုံပေါ်လာပြီး ချီးကျူးချင် စိတ်လည်း မရှိတော့ပါ။။။

ဆွန်းမိုက စနစ်ကို အမြဲနဲ့ ကိုင်ပြီး ဆဲလိုက်သည်။ ပါးစပ်ကကို ထုတ်ဆဲချင်စိတ် ပေါက်လာသည်။

“ဒါပေမယ့် ဒီဂဏာန်းဘာဂါက အာနိသင်ရှိပြီး အရသာလည်း အရမ်းကောင်းတယ်”

စနစ်က အာမခံနေသည်။

“မင်းက ဉာဏ်ရည်တု မဟုတ်ဘူးလား၊ မင်းမှာ ပါးစပ် မပါဘူး မဟုတ်လား၊ အရသာ ရှိတာ မရှိတာ ဘယ်လိုသိလဲ”

ဆွန်းမိုက စနောက်လိုက်သည်။

“လူယုတ်မာ”

စနစ် အရမ်း ဒေါသထွက်နေသော်လည်း ကောင်းကောင်း ပြန်ပြောနိုင်သေးသည်။

"ငါ့ကို ဉာဏ်ရည်တုလို့ မခေါ်နဲ့"

"ကောင်းပြီလေ၊ ဉာဏ်ရည်တု"

ဆွန်းမို နားလည်ကြောင်း အမူအရာ ပြလိုက်သည်။

ဒီပိုင်ရှင်ရဲ့ ပါးစပ် တော်တော်ဆိုးသည်။ သူ့ရဲ့ လုပ်ပိုင်ခွင့်ကို မကန့်သတ်ထားလို့ကတော့ စနစ်က သေချာပေါက် ဆွန်းမိုကို သေအောင် လျှပ်စီးစာ ကျွေးလိုက်နိုင်သည်။

"အိုးဟုတ်ပြီ၊ မင်းမှာ နာမည်ရှိလား"

ဆွန်းမို ရုတ်တရုတ် တစ်ခုခု တွေးမိလိုက်သည်။

“မင်းကို စနစ်လို့ ဆက်ခေါ်နေရင် စိမ်းရာကျနေမယ်”

“ဟွန့်၊ ငါ့နာမည် သိရလောက်အောင် မင်းက အဆင့်မရှိသေးဘူး”

စနစ်ကလည်း မောက်မာစွာ ပြန်ပြောသည်။

“ထွက်လာခဲ့စမ်းပါ၊ မင်းကို မသတ်ဘူးလို့ ကတိပေးတယ်”

ဆွန်းမို သူ့လက်ရုံးစကို ဆွဲတင်လိုက်သည်။

ဆွန်းမိုက ချက်နည်းရှိပြီး အချက်အပြုတ် နည်းစနစ်ကို လေ့လာချင်ပေမယ့် သူ့မှာ ပါဝင်ပစ္စည်း မရှိသေးတာကို သတိထားလိုက် မိသည်။ ဂဏန်းအစပ်ဘာဂါအတွက် လိုအပ်တဲ့ ပါဝင်ပစ္စည်းတွေက မရှုပ်ထွေးပါဘူး။ ပါဝင် ပစ္စည်းက ခြောက်မျိုးသာ ဖြစ်ပြီး အဓိက က ကျောက်ဂဏန်း ဖြစ်သည်။ ဒါက အမှောင်တိုက်ကြီး တချို့နေရာတွေမှာသာ ရှင်သန်ကြတဲ့ သက်ရှိတစ်မျိုး ဖြစ်သည်။ အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် မရှိပါ။

"စားချင်စိတ်ကို လာဆွနေတာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အာသာပြင်းပြစိတ်ကို ဖြေဖျောက်ဖို့ ပိုက်ဆံသုံးချင်ရင်တောင် အလယ်ကမ္ဘာမှာ ကျောက်ဂဏာန်းကို ဝယ်လို့ မရပါ။

အမှာင်တိုက်ကြီး သွားမှပဲ ဖမ်းဖို့ ကြိုးစားနိုင်မယ့် ပုံပေါက်နေသည်။ အမှန်တိုင်းပြောရလျှင် ခုခံနိုင်စွမ်းကို မြှင့်တင်ပေးနိုင်တဲ့ အာနိသင်ကတော့ တကယ် အသုံးဝင်သည်။

ကျန်ကလန်ရဲ့ အိမ်တော်မှာ သူတို့သခင်က ဒေါသထွက်ပြီး သေအောင်ရိုက်မှာကို အစေခံများ ကြောက်ရွံ့နေကြသည်။

"ရယ်စရာကောင်းလိုက်တာ'

"မဖြစ်သင့်လိုက်တာ"

ကျန်ဟန်ဖူက သူလေ့လာနေတဲ့ အရာတွေကို ရိုက်ခွဲနေသည်။ သူ မြတ်နိုးတန်ဖိုးထားတဲ့ ပန်းအိုးတောင် ဒီကပ်ဆိုးက မလွတ်မြောက်ခဲ့ပါဘူး ။

"အဖေ၊ စိတ်ထိန်းအုံး"

ကျန်ကွမ်လင်က သူ့အဖေကို သတိပေးနေသည်။

"ဒီတစ်ကြိမ် အမှောင်တိုက်ကြီးကို သူနဲ့ အတူတူသွားရင်း မင်းသူ့ကို အဆုံးသတ်ခဲ့လိုက်၊ အရက်စက်ဆုံး နည်းလမ်း သုံးပြီးကို သတ်ခဲ့လိုက်"

ကျန်ဟန်ဖူက အော်ဟစ် ကျိန်းမောင်းနေသည်။ ဖောင်ကလန်က အဓိက အင်အား ဖြစ်သည်။ သူတို့ကိုသာ အဆင်ပြေအောင်သုံးနိုင်ရင် ကျောင်းရဲ့ အင်အားကိုလည်း အသုံးချနိုင်မည်။ ဒါပေမယ့် အခုတော့ ဖောင်ယန်က ကျောင်းထုတ်ခံလိုက်ရပြီ။ မရီဒန်အကယ်ဒမီအတွက် မလွယ်သွားဘူးလား။ ဆွန်းမိုက ဖောင်ယန်ကို အပြစ်ပေးချင်နေသေးတာလား။ တကယ့် ငနုံပဲ။ လီဇီရှင်း အဆက်အသွယ်နဲ့ဆိုရင် ဖောင်ယန်ကို သူ့အဖေက ကာကွယ်နိုင်သည်။ သူတို့ကို ခေါ်ဖို့ကျောင်းတွေ အကုန်လုံးက ကြိုးစားတိုက်ခိုက်နေကြမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်နှစ်ကို စပွန်ဆာ တစ်သန်းပုံမှန်ရနေတာ မလိုချင်တဲ့ ကျောင်းအုပ် ရှိလို့လား။

ဒါတွေက အသေးအမွှား ကိစ္စတွေပါ။ အဓိကအချက်ကတော့ ဆွန်းမိုကြောင့် ဆက်တိုက်ရှုံးနေရလို့ပဲ ဖြစ်သည်။ မင်းသား လီဇီရှင်းသာ ဒီအကြောင်း သိသွားရင် အရမ်းဒေါသထွက်နေမှာ သေချာသည်။ ကျန်ဟန်ဖူရဲ့ အရည်အချင်းကိုလည်း သံသယ ဝင်လာမည်။ မင်းသား လီဇီရှင်းသာ ဆက်မထောက်ပံ့တော့ရင် ဗဟိုပြည်နယ်

အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးရာထူးကို အိပ်မက်တောင် မက်လို့ရမှာ မဟုတ်တော့ပေ။

"အဖေ၊ မင်းအရမ်း အစိုးရိမ်လွန်နေပြီ ၊ သူက သေသေ မသေသေ ငါတို့လမ်းမှာ အတားအဆီး ဖြစ်မလာနိုင်ပါဘူး "

ကျန်ကွမ်လင်ကတော့ ဆေးဆေးတည်ငြိမ်တဲ့ အမူအရာ ဖြစ်နေသည်။ သူ့အမြင်အရဆိုရင် ဆွန်းမိုက အာရုံစိုက်ဖို့တောင် မတန်ပါ။

ကျန်ဟန်ဖူက အေးစက်စက် ရယ်မောလိုက်သည်။ (နောက်လကျရင် ငါက ဆရာတွေကို

လျှို့ဝှက်စည်းရုံးပြီး လစာ တောင်းခိုင်းလိုက်မယ်။ အဲဒီအချိန်ရောက်မှ အန်ရှိဝေက လာပြီး ဒူးထောက် တောင်းပန်မလား ၊ မတောင်းပန်ဘူးလားဆိုတာပဲ ကြည့်တော့မယ်)

“ကျောင်းအုပ်ကြီး ကျန်၊ ကျောင်းအုပ်ကြီး ကျန်၊ ကိစ္စကြီးကြီး တစ်ခုတော့ ဖြစ်နေပြီ ”

သူ့လက်ထောက်က အလန့်တကြား ပြေးဝင်လာသည်။

“ဘာဖြစ်လို့လဲ”

ကျန်ဟန်ဖူလဲ မျက်မှောင်ကြုတ်နေပြီး မကောင်းတဲ့ အငွေ့အသက်ကို ရနေသည်။

"ဆွန်းမိုက ထောက်ပံ့ရေးဌာနရဲ့ ဒုဌာနမှူးဖြစ်ကြောင်း ကျောင်းက ကြေငြာချက် ထုတ်လိုက်ပြီ။"

လက်ထောက်က တင်ပြလိုက်သည်။

"ဘာ" ကျန်ကွမ်လင်က တအံ့တအော ထရပ်လိုက်သည်။

"အန်ရှီဝေ ရှုံးသွားပြီလား ၊ ဒါပေမယ့် ဝမ်ဆုကရော သူမရဲ့ မိုက်မဲတဲ့ ဆုံးဖြတ်ချက်ကို

ထောက်ခံနေတာလား ၊ ဆွန်းမိုက ကျောင်းမှာ အလုပ်ဝင်တာ ၂လပဲ ရှိသေးတဲ့ ဆရာအသစ် တစ်ယောက်လေ ၊ သူက ထောက်ပံ့ရေးဌာနရဲ့ ဒုဌာနမှူး ဖြစ်လာပြီလား ၊ သူတို့က ကျောင်းကို ဖျက်ဆီးချင်နေတာလား”

လက်ထောက်က မချိပြုံး ပြုံးရင်း ပြောလိုက်သည်။ သူလည်း အရင်က သတင်းအမှားလို့ ထင်နေခဲ့သည်။ ဒါပေမယ့် ကျောင်းကနေ လူသိရှင်ကြား ကြေငြာချက်ထွက်လာပြီး ဆွန်းမိုနာမည်ကို အဖြူ အနက်နဲ့ ဖော်ပြထားသည်။

"ဝမ်ဆုက ကျောင်းစီမံခန့်ခွဲရေးအကြောင်း ဘာမှမသိဘူး ဒါပေမယ့် ဆွန်းမိုကို အရမ်းသဘောကျနေတယ် ၊ အန်ရှီဝေက သဘောတူရင်တောင် သူက သေချာပေါက် သဘောမတူနိုင်ဘူး "

ဒီအချိန်မှာ ကျန်ဟန်ဖူ ဒေါသ မထွက်နိုင်တော့ပါ၊ သူက လေးလံတဲ့ အကြည့်တွေနဲ့ သူ့လက်ထောက်ကို ကြည့်လိုက်ပြီး

“ ထောက်ပံ့ရေးဌာနရဲ့ လက်ရှိခေါင်းဆောင်ကရော ဘယ်လိုလဲ ၊ သူက ပြောင်းသွားပြီလား”

“အင်း”

လက်ထောက်က ခေါင်းညိတ်လိုက်သည်။ ဒီလိုအဆင့်မြင့်ရာထူး အပြောင်းအလဲကို ကျောင်းက လူသိရှင်ကြား ကြေငြာချက် ထုတ်လေ့ရှိသည်။ ဒီလိုလုပ်မှလည်း စားပွဲအောက် ခြယ်လှယ်ခြင်း(လာဘ်ထိုးခြင်း) မရှိတာကို ကိုယ်စားပြုနိုင်သည်။

"ဖူး"

ကျန်ဖုန်ဖူ ဒေါသအမြှောင်းမြှောင်း ထွက်ပြီး တံတွေးအန် ထွက်သွားသည်။ အန်ရှီဝေက ဆွန်းမိုကို ဒုဌာနမှူးရာထူးသာ ပေးခဲ့သော်လည်း ဌာနမှူးက အလုပ်ထွက်သွားသဖြင့် ဆွန်းမို တစ်ယောက်တည်းကသာ အပြည့်အဝ ချုပ်ကိုင်မယ်လို့ အဓိပ္ပါယ် သက်ရောက်နေပြီ။ အန်ရှီဝေက ဆွန်းမိုကို ၁၀၀ ရာခိုင်နှုန်း ယုံကြည်ကြောင်းလည်း ဖော်ပြနေသည်။

သူ့အလုပ်အကိုင် အစပိုင်းနဲ့ ဒီလောက်အရေးကြီးတဲ့ ရာထူးကို ရယူနိုင်ခဲ့သော လူယုတ်မာ အကြောင်းတွေးရင်း ကျန်ကွမ်လင် အရမ်းမနာလို ဖြစ်လာပြီး မျက်လုံးတွေ နီလာသည်။ ဒါကို လက်မခံနိုင်ဘူး။ (ဒီကောင့်ကို ပညာပေးရမယ်)

"သူရာထူးကို လက်ခံရတဲ့ အကြောင်းရင်းကို ကြေငြာလား"

ကျန်ဟန်ဖူက မေးလိုက်သည်။

"ဟုတ်ကဲ့၊ ဆွန်းမိုက ကျောင်းအသုံးစရိတ် ပြဿနာကို ဖြေရှင်းပေးလိုက်တယ်၊ ဒီလို ထူးချွန်တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရည်အချင်းကြောင့်လည်း ကျောင်းခေါင်းဆောင်တွေအားလုံးက သူ့ကို ဒီရာထူးလက်ခံဖို့ ခွင့်ပြုပေးလိုက်ကြတယ်”

လက်ထောက်က ပြန်ရှင်းပြသည်။

လူသိရှင်ကြား ကြေငြာချက်တွင် အကြောင်းပြချက် ပေးထားသည်။ အကြောင်းပြချက် မှားနေရင်တောင် ကျောင်းက ထုတ်ပြန်ပေးထားတဲ့ အရာဖြစ်သည်။ ဒါက ဂုဏ်သိက္ခာရဲ့ ပြဿနာပါ။

“ဘယ်လို ငထိုင်အတွေလဲ ၊ ဆွန်းမိုက ငွေကြေးပြဿနာကို ဘယ်လို ဖြေရှင်း နိုင်မှာလဲ ၊ မိုင်းတစ်ခု ရှာတွေ့ထားလို့လား”

ကျန်ဟန်ဖူ ဒေါသူပုန် ထနေသည်။

ငွေတစ်သန်း ဝင်ငွေပြခြင်းပါ။ ဆွန်းမိုက သူ့ဖင်ကို ရောင်းစားရင်တောင် ဒီလောက် ငွေမရနိုင်ပါ။

လက်ထောက်လည်း ခေါင်းခါလိုက်သည်။ တကယ်မဖြစ်နိုင်ဘူးလို့ သူလဲ ခံစားရသည်။ ငွေရလွယ်နေရင် လူတိုင်း သန်းကြွယ် သူဌေး ဖြစ်နေကြမည်။

“ရပြီ၊ မင်းသွားတော့ ”

ကျန်ဟန်ဖူက ဒီကိစ္စကို ငြင်းခုန်ရန် အန်ရှီဝေကို လိုက်ရှာချင်နေသည်။ ဒါပေမယ့် အတွေးကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုအတွက် အမှောင်တိုက်ကြီး ခရီးစဉ်က တစ်ခြမ်း ခရီးစဉ်ပဲ ဖြစ်သည်။ အသက်ရှင်ရက် ပြန်လာစရာ အကြောင်းမရှိပါ။ ဒါကြောင့်လည်း ဆွန်းမိုအကြောင်း တွေးပြီး တံတွေး ဖြုန်းတီးနေစရာ မလိုပါ။

ဆွန်းမိုရဲ့ ဝိညာဉ်တက်တူး အတန်းတက်ရောက်နှုန်းက မကြာခင်ကပဲ အယောက် ၁၀၀ စံချိန်ကို ချိုးဖျက်ခဲ့သည်။ ဒါကလည်း ဇောင်ယန်ကို ကျောင်းနှင်ထုတ်လိုက်တဲ့ အကျိုးဖြစ်သည်။

လုချမ်ဂျီသည် စာသင်ခန်း အပြင်ဘက်ကို ရောက်လျှင် စကြံ့န်ပြတင်းပေါက်ကနေ စာသင်ခန်းထဲကို မြင်နေရသည်။

“ဘာဖြစ်နေတာလဲ” လုချမ်ဂျီ မျက်နှာ မှုန်ကုတ်နေသည်။ သူစာသင်ခန်းထဲကို ဝင်လိုက်တာနဲ့

ကြောင်သွားသည်။ အရွယ်ရောက်နေတဲ့ လူနှစ်ယောက်ကို မြင်လိုက်သည်။ သေချာပေါက် ဆရာတွေပါ။

သူတို့ထဲက တစ်ယောက်ကို မသိပေမယ့် နောက်တစ်ယောက် ကတော့ ရီဂျီမင်မှန်း သိလိုက်သည်။

လုချမ်ဂျီသည် ရီဂျီမင်အတန်းကို အရင်က တက်ဖူးသည်။ ဘယ်လိုပြောရမလဲ ။ သာမန်ပဲ ပြောရမည်။ သူသင်ကြားတဲ့ ပုံစံကဆန်းသစ်မှု မရှိဘဲ ကျောင်းသား အကြိုက်နဲ့ လွဲနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရီဂျီမင် အတန်းကို နှစ်ကြိမ် သွားတက်ဖူးပြီး ထပ်မတက်ဖို့ ဆုံးဖြတ်ခဲ့သည်။

ထုံးစံအတိုင်းပဲ ရီဂျီမင်လို ဆရာမျိုးက ကျောင်းသားရဲ့ အာရုံစိုက်မှုကို ဆွဲဆောင်ဖို့ မလုံလောက်ပါ။ အားလုံးက ပထမတန်းမှာ ထိုင်နေတဲ့ ကျောင်းသားကို ဝိုင်းကြည့်နေကြသည်။ ဒီကောင် အရပ်ရှည်ပြီး နှစ်မီတာထက် ကျော်သေးသည်။ ဒါ့ပြင် အနှိုင်းမဲ့ ဗလတွေနဲ့ ပြည့်နေသည်။ ထိုင်နေတာကို ကြည့်ရတာတောင် ကျောက်ရုပ်ကြီး (စာရေးသူ မှတ်ချက်။ pagodaလို့ရေးထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောက်ရုပ်လို့သာ ဘာသာပြန်လိုက်တယ်) လိုဖြစ်နေပြီး သူ့နောက်ကျောက လူတွေရဲ့ အမြင်ကို ပိတ်ဆို့ထားသည်။

"ဖန်ယန်"

လုချမ်ဂျီ အရမ်းအံ့အော သင့်သွားသည်။ ဒီလူငယ်က တိုက်ပွဲခန်းမရဲ့ အဆင့်(၁)ပါ။ သူ့ကို ရှုံးပွဲမရှိ ဖန်ယန်လို့လည်း ခေါ်ကြသည်။ ကျောင်းတက်ပြီး ခုနှစ် နှစ်သာ ကြာသွားသည် တစ်ပွဲမှ မရှုံးသေးပါ။ ဒါကြောင့်လည်း အံ့အောဖွယ် ဂုဏ်သတင်းကို ရသွားသည်။

ဖန်ယန်နာမည်က လူတိုင်းအတွက် မိုးကြိုး ပစ်လိုက်သလိုပါပဲ။ အရမ်းလည်း လူသိများသည်။ အရင်တုန်းကတော့ ကျောင်းသားတွေက စိန်ခေါ်ပြီး တပွဲတည်းနဲ့ နာမည်ကြီး သူ့ကို အနိုင်ယူချင်ခဲ့ကြသည်။ သို့သော် နာမည်ကြီးချင်တဲ့သူများက မသေရုံတမယ် အရိုက်ခံရပြီး ဘယ်သူမှ ထပ်စိန်မခေါ်ရဲ ကြတော့ပါ။

အမှန်တိုင်းပြောရလျှင် သာမန်လူတစ်ယောက်ဆို ဖန်ယန်ရဲ့ ကိုယ်လုံးကိုယ်ပေါက်ကို မြင်ရုံနဲ့ ကြောက်ဒူးတုန်နေနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သုံးသပ်မှုအားနည်းတဲ့ ဆရာတွေတောင် ဗလတွေနဲ့ ဒီကောင်ရဲ့ နတ်ဘုရားလို သံကိုယ်ခန္ဓာကို မြင်ရုံနဲ့ အရည်ချင်းရှိတဲ့သူလို့ ပြောနိုင်ပါသည်။ စိတ်မကောင်းစရာက ဖန်ယန်သည် ကျင့်ကြံရတာကို မကြိုက်ပါ။ အဲဒီအစား ဝိညာဉ်တတ်တူး လေ့လာရတာကို အရမ်းနှစ်သက်သည်။ သို့သော်လည်း အရမ်းဇီဇာကြောင်ပြီး အများအားဖြင့် မြတ်ဆရာ ဟီရန်ဂျီရဲ့ အတန်းကိုသာ တက်ရောက်လေ့ရှိသည်။

ဒါပေမယ့် ဒီနေ့တော့ ဆွန်းမိုရဲ့ အတန်းကို ရောက်လာပါပြီ။

"ဟီးဟီး"

ဖန်ယန်သာ ဆွန်းမိုက ဝိညာဉ်စုဆောင်ခြင်း တက်တူး တမျိုးထဲသာ သင်ပေးတယ်ဆိုတာ သိသွားရင် ဘယ်လို အမူအရာဖြစ်သွားမလဲဆိုတာ လုချမ်ဂျီ တွေးလိုက်မိသည်။

စိတ်ပျက်သွားမလား။

လုချမ်ဂျီ နှုတ်ခမ်းများ တွန့်သွားသည်။ သို့သော်လည်း ဖန်ယန် စိတ်ပျက်ခြင်း

မပျက်ခြင်းက သူနဲ့ ဘာမှမဆိုင်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဆရာဆွန်းသာ အကောင်းဆုံး ဖြစ်တယ်ဆိုတာကို သူသိနေရင် လုံလောက်သည်။

ဆွန်းမိုက ရိုးရှင်းသော ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ပေါ့ပေါ့ပါးပါးလေး ရေးဆွဲနိုင်သည်။ လုချမ်ဂျီတစ်ယောက် တစ်လကျော်အောင် အသေအလဲကြိုးစားသော်လည်း အတွင်းထဲက သဘောတရား အယူအဆကို နားမလည်နိုင်သေးတာက စိတ်ပျက်ဖို့တောင် ကောင်းနေပြီ။

လုချမ်ဂျီက ဆွန်းမိုကို အကူအညီ တောင်းချင်သော်လည်း ဆွန်းမိုက အခုတလော အလုပ်အရမ်းရှုပ်နေတာကို သိနေသည်။ ဒါကြောင့်လည်း ဆွန်းမိုကို အနှောက်အယှက် မပေးဖို့ ဆုံးဖြတ်လိုက်သည်။

ဖန်ယန်က ထိုင်ခုံပေါ်တွင် ထိုင်နေပြီး ဝိညာဉ်တက်တူး သရုပ်ဖော် စာအုပ်ထဲကို စိတ်တစ်ခုလုံး နစ်မြုပ်ထားသည်။ ဒီတစ်ခေါက်က လေ့လာကြည့်ဖို့ လာခဲ့သည်။ ဝိညာဉ်တက်တူးနယ်ပယ်တွင် ဆွန်းမို

အဆင့်အတန်းက ဘယ်လောက် မြင့်မားနေပါစေ အနှစ်နှစ်ဆယ်ကျော်လောက် သင်ကြားပို့ချခဲ့သော မြတ်ဆရာ ဟီရန်ဂျီထက်တော့ ပိုမကောင်းနိုင်ပါ။

ဖန်ယန်ရဲ့ အဓိက ရည်ရွယ်ချက်မှာ ဆွန်းမိုကို လူကိုယ်တိုင် မြင်ဖူးချင်လို့ ဖြစ်သည်။ ကျောင်းလူဆိုးကြီး ဇောင်ယန်က ဖန်ယန်ကို စုဆောင်းဖို့ တစ်ခါ ကြိုးစားခဲ့ဖူးသည်။ ဒါပေမယ့် ဖန်ယန်က ငြင်းပယ်ခဲ့သည်။

ဒီကိစ္စကြောင့် ဇောင်ယန်က ဖန်ယန်ကို အကြိမ်ပေါင်းများစွာ ဒုက္ခပေးခဲ့သည်။ ဖန်ယန်က

တခါမှ ဆိုးကျိုး မခံစားခဲ့ရသော်လည်း ဒီကောင်ရဲ့ နောက်ခံအသိုင်းအဝိုင်းက အရမ်းအထင်ကြီးဖို့ ကောင်းတယ်ဆိုတာ သိနေသည်။ ဇောင်ယန်ရဲ့ ပစ်မှတ်ထားခံရတာက တော်တော်လေး စိတ်ကသိကအောက် ဖြစ်ရသည်။ ဒါပေမယ့် ဆွန်းမိုက ဇောင်ယန်ကို ကျောင်းထုတ်ပစ်လိုက်သည်။ ဘယ်လောက်တောင် ကြမ်းတမ်းလိုက်လဲ။

ဖန်ယန်က ဒီလိုမျိုး ယောကျ်ား ပီသတဲ့လူမျိုးကို သဘောကျသည်။ သို့သော်လည်း ဆွန်းမို

အတန်းထဲကို ဝင်ပြီးနောက် အနည်းငယ် နောင်တရနေသည်။

ပိန် လွန်းတယ်။ မဟုတ်သေးဘူး။ ဆွန်းမို အငွေ့အသက်က ဖြူစင်ပြီး အေးချမ်းလွန်းသည်။ တကယ့် ယောကျ်ားနဲ့ မတူဘူး ဖန်ယန်အတွက်တော့ ကြွက်သားများက အလှတရားရဲ့ အဓိပ္ပါယ် ဖြစ်သည်။ ကြွက်သားမရှိတဲ့လူများကို ယုံကြည်စရာ အကြောင်း မရှိပါ။ တကယ်တော့ ဆွန်းမိုက စိန်သစ်သီးကို စားသုံးခဲ့သည်။ ဒါက သူ့ရဲ့ အလားအလာကို

နှိုးဆော်ပေးပြီး ကြွက်သားနဲ့အဆီရဲ့ အချိုးကို ထိန်းညှိပေးကာ ဖန်ယန်ထက်စာရင် ပိုကြည့်ကောင်းနေသေးသည်။

ဖန်ယန်က ဘီလူးတစ်ကောင်လို အရပ်ရှည်ပြီး ကြီးမားပါသည်။ ဆွန်းမို ဝင်လာသည့်အခါ ဖန်ယန်ကို ချက်ခြင်း မြင်လိုက်သည်။ နတ်ဘုရားမျက်စိကို အသက်သွင်းလိုက်လျှင် မျက်လုံးများ အရောင်တောက်လာသည်။

ဖန်ယန်။ အသက် ၁၈နှစ်။

သွေးလောင်ကျွမ်းခြင်း နယ်ပယ်။

ကြွံခိုင်မှု -၂၉- လေပြင်း မိုးပြင်းများလို၊ မိုးကြိုးတစ်ခုလို ကြောက်ဖို့ကောင်းသည်။ သူဖြတ်သန်းသွားတဲ့ နေရာတိုင်း ဖျက်စီးခြင်းနဲ့ ပျက်ဆီးခြင်းပဲ ကျန်ခဲ့မည်။

ဉာဏ်ရည် - ၂၆- သူ့ရဲ့ ပုံပန်းကို ကြည့်ပြီး သူ့ဦးနှောက်ကို အထင်သေးလိုက်ရင် ကြီးမားတဲ့ အားနည်းချက်ဖြစ်သွားမည်။

ခံနိုင်ရည် - ၂၈ - ထာဝရ လှုပ်ရှားနေတဲ့ စက်။ ပြိုင်ဘက်ကို အလောင်းကောင် မဖြစ်မခြင်း ဆက်တိုက် တိုက်ခိုက်နေလို့ ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သွက်လက်ခြင်း - ၂၆ ထွက်ပြေးနေတဲ့ ယုန်တစ်ကောင်နဲ့ မယှဉ်နိုင်ပေမယ့် ရက်စက်ကြမ်းကြုတ်တဲ့ သားရဲတစ်ကောင် အမဲလိုက်ထွက်လာသလို အချိန်တိုလေး အတွင်းမှာ အရမ်းကြောက်ဖို့ ကောင်းပြီး အမြန်နှုန်းနဲ့ တိုက်ခိုက်နိုင်သည်။

ဆန္ဒ - ၂၂- သာမန်။ ရက်စက်ကြမ်းကြုတ်တဲ့ ယောကျာ်းတစ်ယောက်မှာ နူးညံ့ကြင်နာတတ်တဲ့ အသဲနှလုံးရှိမယ်လို့ မထင်ထားမိဘူး။

အလားအလာ တန်ဖိုး - အရမ်းမြင့်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိုးကောင်းကင်အောက်မှာ အကောင်းဆုံး ခန္ဓာကိုယ် ဖွံ့စည်းပုံကို ပိုင်ဆိုင်ထားသော်လည်း ကျင့်ကြံခြင်းကို မကြိုက်ပါ။ မင်းအရည်အချင်းတွေကို ဖြုန်းတီးနေတာပဲ။

မှတ်ချက်။ ။ ဝိညာဉ်တက်တူးလေ့လာခြင်းကို အရမ်းနှစ်သက်သည်။ ပြည်နယ်ကိုးခုရဲ့ နံပါတ်တစ် ဝိညာဉ်တက်တူးသခင်တစ်ယောက် ဖြစ်ချင်တဲ့ ရည်ရွယ်ချက် ရှိသည်။

မှတ်ချက်။ ။ တိုက်ခိုက်နေစဉ်အတွင်း ကြမ်းတမ်းပြီး ဒေါသထွက်လွယ်သည်။

ဆင်ခြင်သုံးသပ်နိုင်စွမ်း ဆုံးရှုံးသွားတတ်သည်။ ဒါက ပြဿနာကြီးဖြစ်လို့ တခြားသူနဲ့ ပြဿနာဖြစ်တာကို ရှောင်ရှားပါ။

"ဒါဆို မင်းက ဖန်ယန်ပေါ့'

ဒီ ကျောက်ရုပ်ကြီးနဲ့တူတဲ့ ဗလခပ်တောင့်တောင့်နဲ့ လူငယ်လေးရဲ့ အချက်အလက်ကို ကြည့်ပြီး ဖန်ယန် ဖြစ်နေတာ မဆန်းပါ။ တိုက်ပွဲခန်းမမှာ နံပါတ်တစ်ဖြစ်နေတဲ့သူက ဘယ်လိုလုပ် သာမန်လူ ဖြစ်နေမှာလဲ။

စာစဉ်(၁၃)

အခန်း(၁၈၆) - စုတ်တံယူပြီး ဘာကြောင့် လာမဆွဲတာလဲ။

"မင်္ဂလာပါ ကျောင်းသားတို့"

ဆွန်းမိုက စင်ပေါ်ကိုတက်ပြီး တခြားအတွေးထဲ နစ်မြုပ်နေကြတဲ့ ကျောင်းသားတွေကို နှုတ်ဆက်လိုက်သည်။ ပါရမီရှင် အားလုံးတွင် ထူးခြားတဲ့ ကိုယ်ရည်ကိုယ်သွေးများ ရှိကြသည်။

ရှန်ယွန်ပေါင်က တိုက်ခိုက်ရတာကို စွဲလမ်းသူ ဖြစ်သည်။ ကူရှုပ်ရှင်းက နာကျင်ခြင်းကို တပ်မက်သူ ဖြစ်သည်။ ဂျိမဲဂျဲက အရိုးစုဆောင်းရတာကို ဝါသနာ ပါသည်။ လီဇီချီက ကျင့်ကြံခြင်းမှလွဲရင် ကျန်တာအားလုံးသင်ယူဖို့ ဝါသနာ ပါသည်။ လူတိုင်း ဒီလို တမူထူးခြားတဲ့ စရိုက်များ ရှိနေတတ်ကြသည်။

လူအများအတွက် လေ့လာသင်ယူခြင်းက ပျင်းဖို့ကောင်းသော်လည်း လီဇီချီအတွက်ကတော့ ပျော်ဖို့ကောင်းတဲ့ ကိစ္စ ဖြစ်နေသည်။ အချိန်ရသ၍ သူ့ခေါင်းက စာအုပ်တွေကြား နစ်မြုပ်နေတတ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီက အပင်ပေါ်မှာ ဝိညာဉ်စုဆောင်းခြင်း တက်တူး စ စမ်းပြီး ဆွဲနေပြီလို့ လုချီဟွာကို ပြောနေတာ ဆွန်းမိုကြား ဖူးသည်။ လီဇီချီမှာ နတ်ဘုရားမျက်စိ မရှိသဖြင့် အပင်ပေါ်က ဝိညာဉ်ချီ စီးဆင်းမှုကို မတွေ့နိုင်ပါ။ ဒါကြောင့် သူမ ဝိညာဉ်ချီ စုဆောင်းခြင်းပန်းအိုးကို ဖန်တီးရတာ ဆွန်းမိုထက် ပိုခက်ခဲသည်။

ဆွန်းမိုရဲ့နှုတ်ဆက်စကားကို ကြားပြီးနောက် သူ့အတန်းကို ပုံမှန် လာတက်တဲ့ ကျောင်းသား တချို့က ပြန်ပြီး နှုတ်ဆက်ကြသည်။

“မင်္ဂလာပါ ဆရာ”

ဒီကျောင်းသားတွေရဲ့ အသံက ကျယ်လွန်းသောကြောင့် ရီဂျီမင်နဲ့ ကျန်ကွမ်လင်တို့ ဆိုးဆိုးဝါးဝါး လန့်ဖြန့်သွားသည်။

“ငါ....လို...”

ရီဂျီမင် လန့်ဖြန့်ပြီး ထဆဲလိုက်မိသည်။ သူ့အတံက အဆူးပေါ် တက်ထိုင်မိနေသလိုပါပဲ။ ထို့နောက် စိတ်ထဲတွင် မနာလိုစိတ် ပေါက်ဖွားလာသည်။ ဆွန်းမိုရဲ့ ဂုဏ်သိက္ခာက ဒီအလောက်အထိ မြင့်မားနေမယ်လို့ မထင်ထားခဲ့ပါ။

“ဒါ.......ဒါ...”

ကျန်ကွမ်လင်လည်း အရမ်းအံ့အောင်နေမိသည်။ အများအားဖြင့်တော့ ကျောင်းသားများသည် မြတ်ဆရာတစ်ယောက်လိုမျိုး သင်ကြားတာကောင်းတဲ့ ဆရာကို မတ်တပ်ရပ်ပြီး နှုတ်ဆက်ရုံသာ ရှိကြသည်။ ဒီပုံစံက မြတ်ဆရာတစ်ယောက် ဗဟုသုတ ဖြန့်ဝေပေးလို့ ကျောင်းသားတွေက လေးစားမှုနှင့် ကျေးဇူးတင်ကြောင်း ပြတဲ့ ပုံစံ ဖြစ်နေပြီ။ သူသာ

အမှတ်မမှားရင် ဆွန်းမို အလုပ်ဝင်တာ နှစ်လပဲ ရှိအုံးမည်။

ဖန်ယန်က အရှေ့ဆုံးအတန်းမှာ ထိုင်နေသဖြင့် သူ့နောက်က အခြေအနေတွေကို မမြင်လိုက်ရပါ။ နှုတ်ဆက်လိုက်တဲ့ အသံကို ကြားလျှင် နောက်ကိုလှည့်ကြည့်ပြီး အရမ်းကို အံ့အောတုန်လှုပ်နေသည်။ ကျောင်းသားတစ်ဝက်ကျော်က တကယ် ထပြီး နှုတ်ဆက်နေတာလား။

ဒီလက္ခဏာက သူတို့နှလုံးသားထဲတွင် ဆွန့်မိုက အရမ်းအဆင့်အတန်းမြင့်ပြီး လေးစားနေတာ

သိသာထင်ရှားသည်။ အရမ်းကြည့်ကောင်းတဲ့ ဆရာတစ်ယောက် အနေနဲ့တော့ အနည်းငယ် ယုံကြည်ပေးဖို့ ထိုက်တန်ပါသည်။

"အင်း သူ့မှာ ဗလနည်းနည်းလောက် ပိုရှိရင် ဘယ်လောက် ကောင်းလိုက်မလဲ"

ဖန်ယန်လည်း နည်းနည်း စိတ်မကောင်း ဖြစ်သွားသည်။

ကျောင်းသားတွေက နှုတ်ဆက်ပြီးတာနဲ့ ပြန်ထိုင်လိုက်ကြသည်။ အဲဒီအစား ဖန်ယန်ကတော့ မတ်တပ်ရပ်ပြီး ကျန်နေခဲ့သည်။

အဲဒီအချိန်မှာ ကျောင်းသားတွေကတော့ တောင်ထိပ်ဖျားကို မြင်နေရသလို ဖြစ်နေသည်။ ကောင်းကင်ကြီး တစ်ခုလုံးတောင် မမြင်ရအောင် ဖြစ်နေသည်။ ဘယ်သူမှလည်း သူ့ကို ဖိအားမပေးကြပါ။ ဒါက အစွမ်း ထက်လွန်းသည်။

ဖန်ယန် မတ်တပ်ရပ်ရင်း ခြေထောက်ကို နည်းနည်းခွာလိုက်သည်။ လက်နှစ်ဖက် နောက်ပစ်ပြီး ဆွန်းမိုကို တည့်တည့်ကြည့်ကာ အသံကျယ်ကြီးနဲ့ ရှင်းရှင်းလင်းလင်း အော်လိုက်သည်။

“ဆရာဆွန်း၊ မင်္ဂလာပါ”

ဟာ ဟင်

အခန်းတစ်ခုလုံးကို လေပြင်းဖြတ်တိုက်သွားသလိုမျိုး ပြတင်းပေါက်တွေတောင် တဒက်ဒက်နဲ့တုန်နေသည်။

ကျောင်းသားတွေလည်း အံ့အောနေသည်။ (ဒီလောက် အသံအကျယ်ကြီးနဲ့ အော်စရာလို လို့လား ၊ မင်းကြောင့် ငါတို့ နားစည်တောင် ကွဲတော့မယ်)

“ရပြီ၊ ကျေးဇူးပြုပြီး ထိုင်ပေးပါ” ဆွန်းမိုကဘယ်လက်ကို ဝှေ့ယမ်းပြရင်း ပြောလိုက်သည်။

"အရမ်းကြီး ယဉ်ကျေးနေစရာမလိုဘူး၊ အရင်ကလည်း ပြောခဲ့ပြီးပြီ ၊ မင်းတို့ အရင်အတိုင်းပဲ နေကြပါ"

"ဝါး၊ ဖန်ယန် စတိုင်က ထင်ပေါ်လိုက်တာ အရင်တုန်းက ဆရာဆွန်း သတိထားမိအောင် ဒီနည်းလမ်းကို ဘာကြောင့် မတွေးမိခဲ့ရတာလဲ"

"မင်း အတွေးလွန်ပြီ ၊ ဖန်ယန်ရဲ့ ကျော်ကြားမှုအရဆို ဆရာဆွန်း စိတ်ထဲမှာ အရည်အချင်းကို ချစ်တဲ့စိတ်နဲ့ ပြောင်းဆန်နေလောက်ပြီ ၊ ဖန်ယန်ကို

ရှေ့ပြောင်းနဂါး ဖမ်းတဲ့လက်နဲ့ နှိပ်ပေးဖို့ သူကပဲ သေချာပေါက် စပြောလိမ့်မယ်”

“ထွီး မင်းပြောတာနဲ့ ဆရာဆွန်းရဲ့ ကာရိုက်တာက အကျင့်စာရိတ္တမရှိသလို ဖြစ်နေပြီ၊ ကျော်ကြားမှုအရ ပြောကြေးဆိုရင် ဆရာဆွန်းရဲ့ ရှေ့ပြောင်း နဂါးဖမ်းတဲ့လက်က တိုက်ပွဲခန်းမ အဆင့် (၁)ဆိုတဲ့ ကျော်ကြားမှုထက် နိမ့်ကျစရာ အကြောင်းကို မရှိဘူး”

ကျောင်းသားတွေက မပွင့်တပွင့် ကိုယ်ထင်ရာကိုယ် ပြောနေကြသည်။

ဖန်ယန်က နားပါးသဖြင့် သူ့နောက်က တိုးတိုးလေး ဆွေးနွေးနေတာကို ကြားလိုက်သည်။ သူ့အသိပြန်မဝင်ခင် ရုတ်တရုတ် အနည်းငယ် လန့်သွားသည်။ ဆွန်းမိုဆီက အာရုံစိုက်မှုရအောင် သက်သက် ဖားနေတယ်လို့ တခြားကျောင်းသားတွေက သူ့ကို ထင်နေကြသည်။

"ဟီး ဟီး"

ဖန်ယန်က ရယ်လိုက်ပြီး သူတို့ကို မေ့ထားလိုက်သည်။ သူက ခန္ဓာကိုယ်ကြီးသလို စိတ်ထားလည်း ကြီးပါသည်။ ဒီလို အသေးအဖွဲ့ကို

ဂရုမစိုက်ဘဲ သဘောထား အရမ်းကြီးပါသည်။ ဒီလိုမျိုး အတင်းဖျင်းတွေကို ဘာကြောင့် ဒေါသထွက်နေရမှာလဲ။

"ဒီနေ့ ဝိညာဉ်စုဆောင်ခြင်း တက်တူးအကြောင်း ပြောပြမယ်"

ဆွန်းမိုက အတန်းကို စတင်လိုက်သည်။

"ထင်ထားသလိုပဲ၊ ဒါပဲ ရှိသေးတယ်"

"မင်းရှုံးပြီ မြန်မြန်ပေး"

"ဆရာဆွန်းက တခြား ဝိညာဉ်တက်တူး အမျိုးအစားကို မသိတာလား"

ဆွန်းမို ကျော်ကြားလာတာနဲ့ အမျှ သူ့အတန်းမှာ ဝိညာဉ်စုဆောင်းခြင်း တက်တူးတစ်ခုပဲ သင်တဲ့ အကြောင်းကလည်း လူပြောများလာသည်။ ဆွန်းမိုက ဘယ်အချိန်ရောက်မှ တခြားဝိညာဉ်တက်တူး အကြောင်း သင်မယ်ဆိုတာနဲ့ ပက်သက်ပြီး လောင်းကြေးတွေတောင် ပေါ်လာသည်။

ဝိညာဉ်တက်တူးလေ့လာရာတွင် ပါရမီပါလာတဲ့ ကျောင်းသားတချို့ကတော့ ဒီနယ်ပယ်မှာ ဆွန်းမိုရဲ့ အောင်မြင်မှုကို သိနေကြသည်။ ဒီလို ရိုးရှင်းတဲ့ ဝိညာဉ်တက်တူးက သာမန်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တက်တူးသခင်တွေ ရေးဆွဲနိုင်တဲ့ အရာမျိုး မဟုတ်ပါ။

ထုံးစံအတိုင်းပဲ ကျောင်းသားတချို့သည် အရမ်းကြည်ညိုလေးစားကာ တစ်ယောက်နဲ့ တစ်ယောက် မတိုင်ပင်ထားဘဲ ဒီကိစ္စကို လျှို့ဝှက်ထားရန် အားလုံးအတူတူ လုပ်မိနေကြသည်။

"လျှို့ဝှက်ချက်ကို ဘာလို့ တခြားသူကို ပြောရမှာလဲ" ဟု တွေးနေကြသည်။ မင်းကို ပြောလိုက်ရင် မိုးကုတ်စက်ဝိုင်းလောက် အထိ

မြင့်တက် မလာနိုင်ဘူးလား။ ဒါဆိုရင် ငါ့ရဲ့ သာလွန်မှုကို ဘယ်လို ထိန်းသိမ်း မလဲ”

ဒီနယ်ပယ်မှာ ဆွန်းမိုရဲ့ အောင်မြင်မှုအကြောင်းသာ သတင်းပျံ့နှံ့သွားရင် တခြားကျောင်းသားတွေ ချက်ခြင်းဝိုင်းအုံ လာနိုင်သည်။ အဲဒီအချိန်ကျရင် စောစောလာပြီး ထိုင်ခုံ ဦးနေရမည်။ ဘာဖြစ်လို့ သူတို့ ဒုက္ခ သူတို့ ရှာရ မှာလဲ။

‘တကယ် ဖြစ်လာတော့မယ်”

ရီဂျီမင်က တည့်တည့်ထိုင်ကာ မျက်လုံးကြီး ပြူးပြီး ဆွန်းမို အမှားလုပ်မဲ့ အချိန်ကို စောင့်နေသည်။

ဆွန်းမိုက ဝိညာဉ်တက်တူး စာရွက်ကို ကျောက်သင်ပုန်းပေါ်တွင် ကပ်လိုက်သည်။ စုတ်တံကို ယူပြီး မှင်ထဲ နှစ်လိုက်သည်။ သူ့ပုံက အေးဆေးပြီး ယုံကြည်ချက် အပြည့်ရှိနေသည်။ ကြောက်ရွံ့ ထိတ်လန့်တဲ့ လက္ခဏာ လုံးဝ မရှိပါ။

ရီဂျီမင်နဲ့ ကျန်ကွမ်လင်တို့ မှင်တက်နေသည်။ တကယ်ကြီးလား။ အမှား လုပ်မိမှာ မကြောက်ဘူးလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ခုသိထားရမှာက ဝိညာဉ်တက်တူးသည် လိုင်းလေးတစ်ခု ပုံမမှန်လိုက်တာနဲ့ ဝိညာဉ်တက်တူး တစ်ခုလုံး ပျက်ဆီး သွားနိုင်သည်။ သို့သော်လည်း ဆွန်းမိုကတော့ သက်တောင့်သက်သာနဲ့ ပန်းသီးတစ်လုံး အခွံခွာနေသလိုပါပဲ။

“ ဟွန့် လူရှေ့မှာ သက်သက် ဟန်ဆောင်နေတယ်”

ရီဂျီမင် အေးစက်စက် နှာခေါင်း ရှုံ့လိုက်သည်။

(မင်းကိုယ်မင်း မြတ်ဆရာ ဟီရန်ဂျီလို့ ထင်နေတာလား ၊ မင်းကျရှုံးသွားရင် လူအုပ်ကြီးကို ဘယ်လိုကိုင်တွယ်မလဲဆိုတာ စောင့်ကြည့်နေမယ်။)

"အရမ်း ယုံကြည်တာလား"

ဖန်ယန် အရမ်းအံ့အောသင့် နေသည်။

ငါးမိနစ်ကြာပြီးနောက် စာသင်ခန်းထဲမှာ ရင်သက်ရှုမော ရလောက်အောင် ဝိညာဉ်ချီများ ၊ ဝိညာဉ်ချီ အသံများ ၊ ပွဲတင်သံ ထပ်လာပြီး စင်ပေါ်သို့ စီးဆင်းသွားသည်။ ထို့နောက် ဝိညာဉ်တက်တူး စာရွက်ပေါ်တွင် ဝိညာဉ်ချီ လေဆင်နှာမောင်း ထင်ထင်ရှားရှား ပေါ်လာသည်။

ရီဂျီမင် အံ့အောတုန်လှုပ်ပြီး မျက်လုံးကို ပွတ်ကာ ကြည့်နေသည်။ ရှုံးနိမ့်မှုက ဘယ်မှာလဲ ။ ဝိညာဉ်ချီ လေဆင်နှာမောင်းက ဘာကြောင့် ပေါ်လာရတာလဲ။

ဒီဖြစ်စဉ်ဖြစ်ပေါ်လာတဲ့အတွက် ဆွန်းမို ရေးဆွဲထားတဲ့ ဝိညာဉ်တကက်တူးက အနည်းဆုံး အဆင့်(၅) ကိုရောက်နေပြီ။ ဈေးကွက်မှာဆိုရင် ငွေတုံး ၅၀၀လောက်နဲ့ အလွယ်တကူ ရောင်းလို့ရသည်။

ကျန်ကွမ်လင်လည်း အံ့အော မှင်တက်နေသည်။ သူ ထပ်ကြည့်တယ်။

တောက်။ စောက်ရမ်း မြန်နေတာလား။

ဖန်ယန်မျက်နှာပေါ်က အံ့အောမှင်တက်မှုသည် မပျောက်ကွယ်သွားဘဲ ထိတ်လန့်တုန်လှုပ်မှု အဖြစ်သို့ ထပ်ပြောင်းလဲသွားသည်။ မျက်လုံးကြီး ပြူးပြီး စာရွက်ကို လေ့လာမလို့ ခန္တာကိုယ်က အရှေ့ကို ကိုင်းသွားသည်။ ဆွန်းမိုက အရမ်းကောင်းမွန်လွန်းတဲ့ ဝိညာဉ်တက်တူးရေးဆွဲတဲ့ ပစ္စည်းတွေကို သုံးပြီး ရေးဆွဲခဲ့တာလား။

"ဟီး ဟီး"

ဆွန်းမို အတန်းကို မကြာခဏ ပုံမှန် တက်ရောက်နေကြတဲ့ ကျောင်းသားများက ဘယ်၊ ညာကို လှည့်ကာ လူသစ်များရဲ့ အမူအရာကို သဘောကျနေကြသည်။ ထင်ထားသလိုပဲ အားလုံး အရမ်းအံ့အောနေကြသည်။

ထို့နောက် အကြည့်တွေ အားလုံး ဆရာနှစ်ယောက်ပေါ် ရောက်သွားသည်။

“အားလုံး ပြန်ထိုင်ကြပါ။ ဒါက ပုံမှန်ပဲ”

အနောက်ဖက်ကနေ အစအနောက်သန်တဲ့ ကျောင်းသားတစ်ယောက်က အော်ပြောလိုက်သည်။

ဆွန်းမိုက နေ့တိုင်း အတန်းတိုင်းတွင် ဝိညာဉ်စုဆောင်းခြင်း တက်တူးတစ်ခုထဲ အကြောင်းပဲ ပြောတတ်သော်လည်း သူ့ရဲ့ ရေးဆွဲနှုန်းက အရမ်းမြန်ပြီး ပြေပြစ်တာကိုတော့ လူတိုင်း လက်ခံရသည်။

ဒီနေရာမှာတော့ သူက ဗဟိုပြည်နယ် တစ်ခုလုံးမှာ သေချာပေါက် နံပါတ် (၁) ပဲ။

"ဟီးဟီး၊ မင်းရှုံးသွားပြီ ၊ ဒီနေ့ ဆရာဆွန်း (၆) မိနစ် ကြာတယ်"

"အင်း၊ ဆရာဆွန်း လုံးဝ မကြိုးစားဘူး"

ကျောင်းသားနှစ်ယောက် အချင်းချင်း တွတ်ထိုးနေတဲ့ အသံက ကျန်ကွမ်လင်နဲ့ ရီဂျီမင်တို့ နားထဲဝင်လာလျှင် ကင်းမြီးကောက် အကိုက်ခံရသလို ခံစားလာရသည်။ စိတ်လှုပ်ရှားပြီး ထခုန်မိ မတတ် ဖြစ်သွားသည်။

"ဘာ၊ သူတို့က ဆွန်းမို ဒီထက် ပိုမြန်အောင် ဆွဲနိုင်တယ်လို့ ပြောနေကြတာလား"

ဝိညာဉ်တက်တူးနယ်ပယ်ကို အာရုံစိုက်လေ့လာ ထားသော ကျန်ကွမ်လင်လဲ အရမ်းကို အံ့အော တုန်လှုပ်နေသည်။ သူ့ရဲ့ မြင့်မားသော

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဉာဏ်ရည်ကြောင့် ဒီနယ်ပယ်တွင် သူ့ရဲ့ စွမ်းဆောင်မှုကလည်း အရမ်းကို အထင်ကြီးစရာ ကောင်းပါတယ်။

တကယ်လို့ ရှိသမျှ ဖြစ်ညှစ်ထုတ်ပြီး ဆွဲမယ်ဆိုရင် ဝိညာဉ်တက်တူး တစ်ခုကို ၁၅ မိနစ်နဲ့ ပြီးနိုင်သည်။ ဆွန်းမို အခုလက်ရှိဆွဲလိုက်တဲ့ အဆင့်ကို ရောက်ဖို့လား ဒါက မဖြစ်နိုင်ဘူး။

အမြန်ဆွဲလိုက်ပါက ဝိညာဉ်တက်တူး လိုင်း တိကျမှု ကျသွားပြီး အောင်မြင်နိုင်တဲ့ နှုန်းလည်း ထိုးဆင်းသွားမည်။ အမှားအယွင်း မရှိရင်ကို

မဆိုးပါဘူး။ ဘယ်သူက ဝိညာဉ်တက်တူးကို အမြန်နှုန်းနဲ့ ပြိုင်ဆွဲနေလို့လဲ။

ကျန်ကွမ်လင် နှလုံးသား တလျှောက်တွင် ရှုံးနိမ့်မှုများ ပျံ့နှံ့လာသည်။ သူက ဝိညာဉ်တက်တူးနယ်ပယ်တွင် သူ့ အရည်အချင်းကို သူ အမြဲတမ်း ဂုဏ်ယူနေခဲ့သည်။ ဒါပေမယ့် အခုတော့ ဆွန်းမိုက အားလုံးကို ဖျက်ဆီးပစ်လိုက်ပြီ။

"တောက်"

ကျန်ကွမ်လင် ဒီအတန်းကို လာခဲ့မိတဲ့ သူ့ဆုံးဖြတ်ချက်ကို သူ နှောင်တရကာ ကို့ကိုယ်ကို

ကျိန်ဆဲလိုက်သည်။ သို့သော်လည်း နောက်ပိုင်းတွင် ကျောက်သင်ပုန်းပေါ်က ဝိညာဉ်စုဆောင်းခြင်း တက်တူးကို အာရုံစိုက်ပြီး ကြည့်လိုက်သည်။

ဝိညာဉ်စုဆောင်းခြင်းတက်တူးသည် အရမ်း ရိုးရှင်းသောကြောင့် ကျန်ကွမ်လင် အရင်က အာရုံစိုက်ပြီး မကြည့်ခဲ့ပေ။ အခု အာရုံစိုက်နေရင်း တစ်ခုခု မှားနေတယ်လို့ ခံစားလာရသည်။

"အမ်၊ လိုင်းတွေရဲ့ ဦးတည်ရာက နည်းနည်း ကွဲပြားနေတယ်"

ကျန်ကွမ်လင်လည်း ပါရမီရှင် တစ်ယောက် ဖြစ်သောကြောင့် မကြာခင် ထူးဆန်းတဲ့ အရာကို တွေ့သွားသည်။

“တိုက်ဆိုင်မှုပဲ ၊ ဒါက တိုက်ဆိုင်မှုပဲ ဖြစ်မယ်’

ရီဂျီမင်က ခေါင်းတယမ်းယမ်း ဖြစ်နေသည်။ ဒါပေမယ့် ဆွန်းမိုရဲ့ ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးအကြောင်း ပြန်တွေးမိပြီး မျက်နှာပေါ်တွင် ခါးသီးတဲ့ အပြုံး တစ်ခု ပေါ်လာသည်။

လုချမ်ဂျီက အာရုံပျံ့လွင့်ခြင်း မရှိအောင် ထိန်းထားပြီး ဝိညာဉ်တက်တူးကိုပဲ အပြည့်အဝ

အာရုံစိုက်ထားသည်။ ဒီတက်တူးကို စွဲလမ်းတဲ့ အကြည့်နဲ့ ကြည့်နေပြီး သူ့ခေါင်းထဲမှာ မှတ်မိအောင် ကြိုးစားနေသည်။ သူ့လက်ကလဲ တက်တူးလိုင်းအတိုင်း လေထဲမှာ အလိုလို လိုက်ဆွဲကြည့်နေမိသည်။

လုချမ်ဂျီကို ကြည့်ရင်း ဆွန်းမို အရမ်းကျေနပ်နေသည်။ တကယ့်ကို မျိုးစေ့ကောင်းပဲ။ ဒါ့အပြင် အတန်းတိုင်းကိုလည်း လာတက်ပြီး ဇောင်ယန်နဲ့ ရင်ဆိုင်ပြီး သတ္တိရှိရှိ ရပ်တည်ခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိုက်ပွဲခန်းမက နံပါတ်(၁) ဆိုတဲ့သူကို တချက်ကြည့်ပြီး ခေါင်းယမ်းလိုက်မိသည်။

(ကျင့်ကြံခြင်းကို အာရုံစိုက်ထားတာပဲ ပိုကောင်းမယ်။ ဝိညာဉ်တက်တူးလေ့လာတဲ့ အရာမျိုးက မင်းနဲ့ မသင့်တော်ဘူး၊)

“ကောင်းပြီ ၊ ဝိညာဉ်စုဆောင်းခြင်း တက်တူးရေးဆွဲတဲ့နေရာမှာ သတိထားသင့်တဲ့ အဓိက အချက်တွေကို ပြောပြမယ်”

ဆွန်းမို အသံတိုးသွားတာနဲ့ ရီဂျီမင်က ဖြတ်ပြောလိုက်သည်။

"ဆရာဆွန်း၊ မင်းရဲ့ ပုံဆွဲနည်းကတော့ တကယ် ချီးကျူးစရာပဲ၊ ဒါပေမယ့် ငါတို့ရဲ့ ကောင်းကင်ကြီး အမြင်ကျယ်သွားအောင် နောက်ထပ် ဝိညာဉ်တက်တူး တမျိုးကို ဆွဲပြပါလား"

ရီဂျီမင်က ရိုးရိုးသားသား သင်ယူချင်စိတ် ပြင်းပြတဲ့ပုံစံနဲ့ ပြုံးပြီး ပြောလိုက်သည်။

ဒီတစ်ခါက်တော့ သူ့ကို ကျိန်းသေပေါက် ဒုက္ခရောက်အောင် လုပ်ရမည်။ ဝိညာဉ်စုဆောင်းခြင်း တက်တူးမှာ အပြစ်မရှာနိုင်ရင် နောက်ထပ် ရှုထောင့် တစ်ခုက ရှာရမည်။

"မဆွဲဘူး"

ဆွန်းမိုက ဒီကောင့်အပေါ် လုံးဝ စေတနာ မရှိပါ။ ဒါကြောင့်လည်း တန်းပြီး ငြင်းလိုက်သည်။

"အမ်"

ရီဂျီမင် ကြောင်သွားသည်။ မျက်နှာလည်း ပျက်သွားသည်။ ဆရာတွေကြားမှာ ပြဿနာရှိရင်တောင် လူမြင်ကွင်းတွင် ဖုံးကွယ်ထားတတ်ကြသည်။ ဒါပေမယ့် ဆွန်းမို အရမ်းကောင်းတယ်၊ မျက်နှာ လုံးဝ မထောက်ဘူးပေါ့။

“တောင်းပန်တယ်၊ ငါ့ရဲ့ ပင်ကိုယ်စရိုက်က တဲ့တိုးဆန်တယ်၊ ဝေ့လည်ကြောင်ပတ်တွေ မလုပ်တတ်ဘူး”

ဆွန်းမိုက သွားတွေပေါ်အောင် ပြုံးရင်း ပြောလိုက်သည်။

“ဖူး’

လုချမ်ဂျီ မနေနိုင်ဘဲ ပြုံးမိသွားသည်။ ဆရာဆွန်းက အဆိပ်ပြင်းတယ်။ (မင်းရဲ့ ပင်ကိုယ်စရိုက်က တကယ် တဲ့တိုးပဲဆိုတာ ရီဂျီမင်က တဆင့် ခံစားမိတယ်)

"ဆရာဆွန်း၊ ဝိညာဉ်စုဆောင်းခြင်း တက်တူးအကြောင်းပဲ ဘယ်လိုဆွဲရမလဲ ပြောမနေနဲ့"

ရီဂျီမင်က ဆွန်းမိုကို လှောင်ပြောင်လိုက်သည်။ ဒီလိုလုပ်ဖို့ အစီအစဉ်မရှိပါဘူး။ ဒါပေမယ့် ဆွန်းမိုက သူ့မျက်နှာကို လုံး၀ မထောက်ခဲ့ပါ။ တကယ်လို့ဆွန်းမိုကိုသာ အရှက်ကွဲအောင် မလုပ်နိုင်ခဲ့ပါက ကျန်ကွမ်လင်က သူ့အဖေကို ပြန်ပြောလိုက်ရင် ဒုကျောင်းအုပ်ကြီး ကျန်၏ မျက်လုံးထဲတွင် အဆင့်က တော်တော် ကျသွားနိုင်သည်။

"ငါသိချင်လဲ သိမယ်၊ မသိချင်လဲ မသိဘူး၊ မင်းနဲ့ ဘာဆိုင်လို့လဲ"

ဆွန်းမို မျက်နှာ သုန်မှုန်နေပြီ။

"ဆရာဆွန်း၊ နေ့တိုင်း တူညီတဲ့ ဝိညာဉ်တက်တူး တစ်မျိုးထဲပဲ ဆွဲနေတာ ကျောင်းသားရဲ့ အချိန်တွေကို ဖြုန်းပစ်သလို မဖြစ်ဘူးလား။ ပြီးတော့ ဒီလို အခြေခံ ဝိညာဉ်တက်တူးကရော ဘာအဓိပ္ပါယ် ရှိလို့လဲ"

"ငါပြောပြရင်တောင် မင်းက နာမလည်နိုင်ပါဘူးကွာ"

ဆွန်းမိုက မဲ့ပြီး ပြန်ပြောလိုက်သည်။

"မင်း စောက်ထင်ကြီးနေတာပဲ"

ရီဂျီမင် ပေါက်ကွဲ ထွက်လာသည်။

"ငါလည်း ဝိညာဉ်တက်တူး နယ်ပယ်ကို အခုမှ လေ့လာနေတာပဲ ဘာကြောင့် နားမလည်နိုင်ရမှာလဲ"

"ဆရာ၊ ပြောနေတာရပ်ပြီး စင်ပေါ်မှာ ဘာကြောင့် ဝိညာဉ်စုဆောင်းခြင်း တက်တူး မဆွဲတာလဲ၊ ဆရာဆွန်းမိုကို အနိုင်ယူပြီးမှ ဆက်ပြောပေါ့"

ကျောင်းသားတစ်ယောက်က ရှုံးပွဲ ကောင်းကောင်း ကြည့်ရအောင် တိုက်တွန်းလိုက်သည်။

"စင်ပေါ်တက် စင်ပေါ်တက်"

"ဆရာ၊ ငကြောက် မဖြစ်စေနဲ့"

"မင်းလုပ်နိုင်ပါတယ်"

ကျောင်းသားအားလုံးက အတူတူ အော်ဟစ်ပြီး အားပေးနေကြသည်။ ရီဂျီမင် လက်မခံနိုင်လောက်အောင် ပေါက်ကွဲလာသည်။ သို့သော်လည်း သူ့အဆင့်ကို သူသိသောကြောင့် အရမ်း ကူကယ်ရာမဲ့ ဖြစ်နေသည်။ ဝိညာဉ်စုဆောင်းခြင်း တက်တူး ရေးဆွဲရမယ်ဆိုရင် ဆွန်းမိုကို သေချာပေါက် မနိုင် နိုင်ပါ။

“ ငါတို့ကရန်သူတွေလို့ ဘာကြောင့် ရုတ်တရတ် ခံစားမိတာလဲ”

ဆွန်းမို စိတ်ထဲမှာ နည်းနည်းလေးတောင် အလျှော့မပေးချင်တော့ပါ။ သူ စုတ်တံကိုယူပြီး ရီဂျီမင်ဆီကို လျှောက်သွားလိုက်သည်။

“လာလေ မင်းစုတ်တံယူပြီး ဘာကြောင့် မဆွဲတာလဲ”

.

စာစဉ်(၁၃)

အခန်း(၁၈၇) - မင်းနားလည်လား၊ နားမလည်ရင်လည်း ပါးစပ်ပိတ်ထား။

ရီဂျီမင် မျက်နှာက ရေနွေးအိုးထဲက ဂဏန်းလို ချက်ခြင်း နီရဲသွားသည်။ ဆွန်းမိုလက်ထဲက စုတ်တံကို ယူလိုက်သည်။ သူ့မျက်လုံးတွေက အရှက်ကွဲမှာကြောက်ပြီး ထိန်းမနိုင် သိမ်းမရ ဒေါသတွေနဲ့ ပြည့်နေသည်။

သူက စုတ်တံကို ယူပြီး သူ့ရဲ့ တောက်ပမှုကို ပြကာ ဝိညာဉ်စုဆောင်းခြင်း တက်တူးကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြည့်စုံကောင်းမွန်အောင် ဆွဲပြီး ဆွန်းမို မျက်နှာကို ရက်ရက်စက်စက် ရိုက်ပစ်လိုက်ချင်သည်။

သို့သော်လည်း သူ မတရားကြီး မျှော်လင့်ရင်တောင် ဆွန်းမိုကို နိုင်ဖို့ မဖြစ်နိုင်ပါ။

အခုတော့ ရီဂျီမင်တစ်ယောက် အရမ်း နောင်တရနေသည်။ ဒီနှစ်တွေမှာ ဘာကြောင့် ပိုမကြိုးစားမိတာလဲ။ နည်းနည်းလောက် ပိုကြိုးစားမိရင် အခုချိန်မှာ အရှက် မကွဲတော့ဘူး။

အချုပ်အားဖြင့်ပြောရင် သူ့မှာအင်အား မလုံလောက်သေးပါ။

"ဆရာဆွန်း၊ ငါတို့အားလုံးက လုပ်ဖော်ကိုင်ဖက်တွေပဲလေ၊ သူ့ကို ဒီလောက်အထိ အနိုင်မကျင့်သင့်ဘူး၊ ဟုတ်တယ်မလား"

ရီဂျီမင်တစ်ယောက် ဒုက္ခက လွတ်မြောက်အောင် ကူညီချင်စိတ်နဲ့ ကျန်ကွမ်လင်က ဖြတ်ပြောလိုက်သည်။ သူတို့သည် စခန်းတစ်ခုတည်းမှဖြစ်ပြီး တစ်ယောက်နှင့် တစ်ယောက်လည်း အရမ်းရင်းနှီးနေကြသည်။

"အို၊ မင်းက အစားဝင်ဆွဲပေးချင်လို့လား"

ဆွန်းမိုက ရုတ်ရုတ် သဘောပေါက်သွားတဲ့ အမူအရာလုပ်ပြီး ကျန်ကွမ်လင်ဆီ စုတ်တံ ပေးလိုက်သည်။

“ မ...အ....လ..”

ကျန်ကွမ်လင် အမူအရာတောင့်သွားပြီး စိတ်ထဲက ကျိန်ဆဲလိုက်သည်။

(ဘယ်တုန်းက ကူဆွဲပေးမယ် ပြောလို့လဲ) သို့သော် သူက ရီဂျီမင်ထက် ဖြတ်ထိုးဉာဏ် ပိုကောင်းသည်။

“ဒါက ဆရာဆွန်းရဲ့ အကောင်းဆုံး အတန်းပဲ၊ ပိုင်ရှင်ထက် ကျော်လုပ်တာ မကောင်းပါဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့စကားရဲ့ အဓိပ္ပါယ်က အရမ်းအထင်ကြီးဖို့ကောင်းသည်။ သူသာ တကယ်ဆွဲလိုက်ရင် ဆွန်းမို အရှက်ရသွားနိုင်တယ်။ ဒါကြောင့် လျော့လိုက်တယ်ပေါ့။

"ဟီးဟီး"

ဆွန်းမိုက တိုးတိုးလေး ရယ်ရင်း နတ်ဘုရားမျက်စိကို ဖွင့်လိုက်သည်။

ကျန်ကွမ်လင်- ၂၅ နှစ်၊

သွေးလောင်ကျွမ်းခြင်း အဆင့်(၅)၊

ကျန်ဟန်ဖူ၏ သား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလုပ်အကိုင်- ကြယ်တစ်ပွင့် မြတ်ဆရာ၊ လက်ရှိ မြတ်ဆရာအရှိန်အဝါလေးခု ပိုင်ဆိုင်ထားပြီး ဝိညာဉ်တက်တူး လေ့လာတဲ့ နေရာမှာ အရမ်းပါရမီ မြင့်တယ်။

ကြံ့ခိုင်မှု - ၂၅ သာမန်အထက်။

ဉာဏ်ရည် - ၂၆ - ဦးနှောက် ကောင်းကောင်းဖွံ့ဖြိုးပြီး ရင့်ကျက်သည်။ ပိုမြင့်တဲ့ ပညာရေးတွေကို လေ့လာရာမှာ အရမ်းထူးချွန်သည်။

သွက်လက်မှု - ၂၈ - အရှိန်က အရမ်းမြန်သည်။

ခံနိုင်ရည် - ၂၃ - နည်းနည်း နိမ့်ကျ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆန္ဒ - ၂၃ - ကျေနပ်ရောင့်ရဲလွယ်ပြီး စိတ်ခံစားချက်အတိုင်း လုပ်တတ်သည်။ အရင်က တစ်ခါမှ ထိခိုက်နစ်နာအောင် မလုပ်ဖူးပါ။ ကာလတစ်ခုထိ စောင့်ကြည့်သင့်သည်။

အလားအလာတန်ဖိုး - မြင့်မား။

မှတ်ချက် ။ ။ အားလုံး ခြုံပြောရလျှင် တော်တော်လေး ထူးချွန်တဲ့ ဆရာတစ်ယောက်ပါ။

ကျန်ကွမ်လင်ရဲ့ ချောမောပြီး ယဉ်ကျေးပျူငှာတဲ့ ပုံစံကို ကြည့်ကာ ရုပ်ဆိုးဆိုး အာလူးပုံမျက်နှာနဲ့ ကျန်ဟန်ဖူက ဒီလိုသားမျိုးကို ဘယ်လိုမွေးလာလဲ

သိချင်လာသည်။ (အိမ်နီးနားချင်း ကောင်းမှုကြောင့်လား။)

ကျန်ကွမ်လင်လို ယောကျ်ားလေးက ကျောင်းသားသာဆိုရင် သူ့ရဲ့ ချမ်းသာ ကြွယ်ဝတဲ့ နောက်ခံရယ်၊ သူ့ရဲ့ ယဉ်ကျေးပျူငှာမှုရယ် လေ့လာမှုရယ်ကြောင့် ကျောင်းတွင်း ဘုရင် ဖြစ်လာနိုင်သည်။ ဆရာတွေလည်း အမြင့်ကြီးမှန်းပြီး ကောင်မလေးတွေကလည်း သူ့ကို အရမ်းချစ်ကြလိမ့်မည်။ နေ့တိုင်း မေတ္တာစာ လက်ခံရလွန်းလို့ လက်တောင် ပျော့ကျသွားနိုင်သည်။

သူအလုပ်လုပ်ရင်လဲ အရာရာတိုင်းက အဆင်ပြေချောမွေ့နေနိုင်သည်။ အထက်လူကြီးရဲ့ စေတနာကောင်းကို ရရှိပြီး လုပ်ဖော်ကိုင်ဖက်များ ချစ်ခင်နိုင်သည်။ သူ့ရဲ့ စိတ်ဓါတ်ရေးရာပိုင်း ဆိုင်ရာ နိမ့်ကျနေရင်တောင်ပေါ့လေ။

သူဘာလုပ်သင့်လဲ ၊ ဆွန်းမို ရုတ်တရတ် မနာလိုစိတ်လေး ဝင်လာမိသည်။

ဆွန်းမိုလည်း ဒီလိုမျိုး ဘဝအောင်နိုင်သူ ဖြစ်ရတာကို အရမ်းသဘောကျပါသည်။

"မင်းရဲ့ မျိုးရိုးနာမည်က ဝမ်လား အတင့်ရဲပြီး မေးပါရစေ"

"မဟုတ်ဘူး"

ကျန်ကွမ်လင်က ခေါင်းစဉ် ပြောင်းလိုက်သည်။

"ဆရာဆွန်း၊ ကျေးဇူးပြုပြီး အတန်းကို ဆက်သင်ပါ၊ ကျောင်းသားတွေ အားလုံးကလည်း မင်းရဲ့ ဆွဲဆောင်မှုရှိတဲ့ သင်ကြားမှုကို စောင့်နေကြတယ်"

ကျန်ကွမ်လင်က ပြေလည်ချင်တဲ့ ဆန္ဒရှိနေသောကြောင့် ဆွန်းမိုကလည်း ဆက်ပြီး

ဖိအားပေးနေလို့ မကောင်းတော့ပါ။ မဟုတ်ပါက ဒီသတင်းသာ မတော်တဆ ပျံ့နှံ့သွားခဲ့ရင် သူက အရမ်းမျက်နှာပြောင်တိုက်ပြီး လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာ လေးစားမှု မရှိဘူးလို့ ပြောကြလိမ့်မည်။

“အပျွန်း”

ဆွန်းမိုက လည်ချောင်း ရှင်းလိုက်ပြီး စာသင်ခန်းထဲကို တစ်ချက် ဝေ့ကြည့်လိုက်သည်။ ထိုနောက် ရီဂျီမင်အပေါ် အကြည့်က ရောက်သွားသည်။

“ဆရာရီကလည်း ငါ့ရဲ့ အခြား ဝိညာဉ်တက်တူး နည်းစနစ်ကို ကြည့်ချင်တယ်ပြောတော့ ငါ့ရဲ့ မပြည့်ဝတဲ့ အရည်အချင်းနဲ့ ပြသပေးပါ့မယ်”

“ဘာ ၊ ဆရာဆွန်းက တခြား ဝိညာဉ်တက်တူးဆွဲနည်းလဲ သိသေးတာလား”

“ငါတို့ ဒီနေ့လာတာ အမြတ်ထွက်သွားပြီ”

“ဟားဟား၊ မင်းရှုံးပြီ မြန်မြန်ပေးတော့”

ဆွန်းမိုကို စိုက်ကြည့်ရင်း ကျောင်းသားများ ရင်ခုန်နေကြသည်။ ဘယ်သူကတော့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုက်ဆံပေးရတော့မလည်း ဆိုပြီးလဲ စိတ်လှုပ်ရှားနေကြသည်။

ဆွန်းမိုက စင်ပေါ်တွင် ရပ်နေရင်း အတွေးထဲ နစ်မျောနေသည်။

ဘာပုံဆွဲရမလဲ။

လိပ်နက် ဝိညာဉ်တကောင်တူးလား၊ မဟုတ်ဘူး၊ ဒါကို ဆွဲလို့မဖြစ်ဘူး၊ အမှောင်တိုက်ကြီးကို ရောက်သွားရင် ကျန်ဟန်ဖူ လူတွေက သူ့ကို တိုက်ခိုက်လာနိုင်သည်။ အဲဒီအချိန်ကျရင် ကာကွယ်ရေးအမျိုးအစားဖြစ်တဲ့ လိပ်နက်

ဝိညာဉ်တက်တူးက ဝှက်ဖဲအနေနဲ့ အသုံးဝင်လာနိုင်သည်။ ဒီအချိန် ပေါက်ကြားသွားလို့ မရသေးဘူး။

ဒီလိုဆိုရင် လျှပ်စီး ကာကွယ်ခြင်း ဝိညာဉ်တက်တူးပဲ ကျန်တော့မည်။ ဒါကလည်း သူကိုယ်တိုင် ဒီဇိုင်း ထုတ်ထားတဲ့ အရာဖြစ်သည်။ အလယ်ကမ္ဘာ ပြန်နယ်ကိုးခုက ဘယ်သူမှ မသိသေးပါ။ ဒါကို ဆွဲလိုက်ရင် ပေါက်ကြားသွားမှာ စိုးရိမ်စရာ မလိုပေ။

ဆွန်းမို ငုတ်တုတ်မေ့နေတာကို မြင်လိုက်လျှင် ရီဂျီမင်က သူခန့်မှန်းတာ မှန်သွားပြီလို့ တွေးနေသည်။ ဆွန်းမိုက အခြားဝိညာဉ်တက်တူး နည်းစနစ်တွင် သေချာပေါက် မကျွမ်းကျင်နိုင်လောက်ဘူး၊ ဒါကြောင့် သူလည်း မထိန်းနိုင်ဘဲ နောက်တစ်ချက် ပစ်သွင်းလိုက်သည်။

"ဆရာ ဆွန်း၊ ပုံဆွဲပါတော့၊ လူတိုင်းက စောင့်နေကြတယ်"

ဆွန်းမိုက ရီဂျီမင်ကို လှည့်ပြီး တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်

ကျောက်သင်ပုန်းဖက်ကို မျက်နှာမူပြီးနောက် ဝိညာဉ်တက်တူး စာရွက်ပေါ်တွင် စုတ်ချက် တစ်ချက် တင်လိုက်သည်။

စာသင်ခန်း တစ်ခုလုံး ရုတ်တရက် တိတ်ဆိတ်ကျသွားသည်။ လူတိုင်းက မျက်လုံးအကျယ်ကြီး ဖွင့်ထားပြီး ဆွန်းမိုရဲ့ စုတ်ချက်တိုင်းကို စောင့်ကြည့်နေကြသည်။

ပရိတ်သတ်အားလုံး တဖြည်းဖြည်း မျက်မှောင်ကြုတ်လာသည်။

ဆွန်းမိုအတန်းကို လာတက်ကြသော ကျောင်းသားများသည် အနည်းဆုံး ဝိညာဉ်တက်တူး ဘာသာရပ်ကို နည်းနည်း သိထားကြသည်။ သူတို့ မဆွဲနိုင်ရင်တောင် ဝိညာဉ်တက်တူး အမျိုးအစား အမျိုးမျိုးကိုတော့ အလွတ် ကျက်မှတ်ထားကြသည်။

ဝိညာဉ်တက်တူး အမျိုးအစား ၅၀၀ အလွတ်ကျက်မှတ်နိုင်ပါက အခြေခံ လို့သတ်မှတ်ပြီး အမျိုးအစား ၁,၀၀၀ ကျက်မှတ်နိုင်ပါက အရည်အချင်း ပြည့်မှီတယ်လို့ သတ်မှတ်ကြသည်။ စာအုပ်ကို အကြိမ် ၁၀၀ ဖတ်ပါက တချို့အချက်အလက်တွေကို

နားလည်တယ်လို့ ဆိုရိုးစကားလည်း ရှိသေးသည်။ သူတို့က အလွတ်မကျက်မှတ်ထားခဲ့ရင်တောင် ဒါတွေကို မသိဘူးဆိုရင် ပုံကို အောင်မြင်အောင် ဘယ်လိုဆွဲမလဲ။

ဒါပေမယ့် အခုတော့ ကျောင်းသားများ အူကြောင်ကြောင် မျက်နှာပေးနဲ့ ငေးကြည့်နေကြသည်။ ဆွန်းမို ဘာဆွဲနေလည်းဆိုတာ လုံးဝ မသိပါ။

"မင်းတို့ကောင်တွေ သိလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ ဝိညာဉ်တက်တူးလိုင်းက အရမ်း ရှုပ်ထွေးတာပဲ၊ ဖီးနစ် သေဆုံးပြီး မွေးဖွားခြင်း ဖြစ်ရမယ် ၊ ဟုတ်တယ်ဟုတ်”

“မင်းဘာတွေက ပေါက်ကရပြောနေတာလဲ၊ ဖီးနစ် သေဆုံးပြီး မွေးဖွားခြင်းက လိုင်းတွေကို ဒီပုံစံနဲ့ ဆွဲထားစရာလား ၊အသုံးမကျလိုက်တာ”

ကျောင်းသားများ စဉ်းစားပြီး အဖြေရှာမရဖြစ်နေသည်။ ထို့နောက် ရီဂျီမင်နဲ့ ကျန်ကွမ်လင်ကို လှည့်ကြည့်လိုက်ကြသည်။ ဒီဆရာနှစ်ယောက်ကတော့ သိသင့်သည်။

"ဆရာ၊ ဆရာဆွန်း ဆွဲနေတဲ့တက်တူးက ဘာလဲ"

ကျောင်းသားတစ်ယောက်က သတ္တိမွေးပြီး ထမေးလိုက်သည်။ သူ အရမ်းသိချင်နေသည်။

"တိတ်တိတ်နေစမ်း၊ ဆရာဆွန်းကို အနှောက်အယှက် မဖြစ်စေနဲ့"

ကျန်ကွမ်လင်က ဆူလိုက်သည်။ ဒါပေမယ့် သူ့အသံက မညင်သာပါ။ ဘာဝိညာဉ်တက်တူးမှန်းမသိလို့ အရှက်ကွဲတဲ့အဖြစ်က ရှောင်ရှားနိုင်အောင် ဆွန်းမိုကို လန့်ပြီး အမှား လုပ်မိသွားစေချင်နေသည်။

“ လေ့လာရင်း ညနက်သန်းခေါင် အချိန်ရောက်ရင်တောင် ဆီမီးကို သုံးပြီး လေ့လာခဲ့တယ်၊ ဒါကြောင့်လည်း အသက် ၂၅ နှစ်နဲ့ အန်ထရိုပတ်အဆင့်ကို ကြိုရောက်နေပြီ”

ကျန်ကွမ်လင်က သူသိထားတဲ့ ဝိညာဉ်တက်တူးအမျိုးအစားများကို တစ်ခုပြီးတစ်ခု ဦးနှောက်တစ်ခုလုံး ထုံကျင်ကိုက်ခဲလာတဲ့ အထိ စဉ်းစားနေသည်။ သို့သော်လည်း ဆွန်းမို ဆွဲနေတဲ့ တက်တူးနဲ့ တစ်ခုမှ မတူပါ။ ထို့နောက် သူ့စိတ်ထဲတွင်

ကြောက်စရာ ကောင်းတဲ့ အတွေး တစ်ခုပေါ်လာသည်။

"မဟုတ်ဘူး၊ ဒါက လုံး၀ မဖြစ်နိုင်ဘူး၊ ဆွန်းမိုအသက်က အခုမှ ဘယ်လောက် ရှိသေးလို့လဲ ၊ ဘယ်လို လုပ်ပြီး ဝိညာဉ်တက်တူး အသစ်တစ်ခုကို ဖန်တီး နိုင်မှာလဲ"

ကျန်ကွမ်လင်က သူ့ကိုယ်သူ လှောင်ပြုံး ပြုံးလိုက်သည်။ သူတကယ်ကို တုံးအတာပဲ။ ဘယ်လိုလုပ် ဒီအတွေး ပေါ်လာရတာလဲ။ ဝိညာဉ်တက်တူး ဘိုးဘေးတောင် အလွန်ဆုံးမှ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တက်တူးကို မွန်းမံတာပဲ လုပ်နိုင်မည်။ တမူထူးခြားတဲ့ ဝိညာဉ်တက်တူးကို ဖန်တီးရတာ အရမ်းခက်ခဲလွန်းပါသည်။

"တောက်"

ရီဂျီမင် စိတ်ဓါတ် ကျနေသည်။ ခုနလေးတင် အရှုံးပေးဖို့ စဉ်းစားခဲ့သည်။ စိတ်ထဲကနေ ကျိန်ဆဲရင်း ဆွန်းမို ကျရှုံးသွားဖို့ ဆုတောင်းနေသည်။

ဝိညာဉ်တက်တူး ပြီးခါနီးတွင် စာသင်ခန်းတစ်ခုလုံး နောက်တစ်ကြိမ် တိတ်ဆိတ်သွားပြန်သည်။ ဘယ်လို ဝိညာဉ်တက်တူးလဲဆိုတာ ကျောင်းသားများ

မသိပေမယ့် အဲဒါက အရမ်းလှပြီး တစ်စက္ကန့်လောက်တောင် အကြည့် မလွှဲချင်ပါ။

တက်တူးလိုင်းတွေ၊ အစီအစဉ်တွေ၊ ဖွဲ့စည်းပုံတစ်ခုလုံးက နတ်ဘုရားရဲ့ ကောင်းချီးပါပဲ။ အဲဒါက ပြောမပြနိုင်လောက်အောင်ကို ထူးခြားနေသည်။ ဘယ်လိုပဲပြောပြော ကြည့်ခွင့်ရနေတာကိုက စိတ်ချမ်းသာဖို့ ကောင်းနေသည်။

အလယ်ကမ္ဘာပြည်နယ်ကိုးခုမှာ ပဒေသရာဇ်တစ်ပိုင်း လူ့အဖွဲ့အစည်း အဖြစ်ပဲ

ရှိနေသေးသောကြောင့် ကုန်ထုတ်စွမ်းအားမှာ ဆိုးဝါးစွာ ချို့တဲ့နေခဲ့သည်။ ဒါကြောင့်လည်း ခေတ်မီဒီဇိုင်း အလှအပတွေကို နားမလည်ကြသေးပါ။

လျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တက်တူးကို စနစ်ကဒီဇိုင်းဆွဲထားခြင်း ဖြစ်သည်။ တက်တူးလိုင်းများ၏ အစီအစဉ်တစ်ခုလုံးက အစွဲအလမ်းကြီး (အစိုးရိမ်လွန်)တဲ့ စိတ်ရောဂါသမားတွေတောင် ကြည့်လိုက်ရင် သက်တောင့်သက်သာ ခံစားရစေမည်။

ဝုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက စုတ်ချက်ကို သိမ်းလိုက်တာနဲ့ စာသင်ခန်းထဲက ဝိညာဉ်ချီတွေ တဟုန်ထိုး ထကြွလာပြီး ဝိညာဉ်တက်တူး စာရွက်ဆီကို စီးဆင်းသွားကာ ဝိညာဉ်ချီ လေဆင်နှာမောင်း ဖြစ်ပေါ်လာသည်။

ဒီမြင်ကွင်းသည် ဝိညာဉ်တက်တူး ပြည့်စုံတာကို ရည်ညွှန်းရုံသာမက အဆင့်အတန်း အရမ်းမြင့်တာကိုလည်း ကိုယ်စားပြုသည်။

ရီဂျီမင် စာသင်ခန်း တံခါးဝကို လှမ်းကြည့်လိုက်ပြီး ရုတ်တရက် ထွက်ပြေးချင်စိတ်များ ပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အင်း… စောက်သုံးမကျတဲ့ ဦးနှောက်၊ ဘာဖြစ်လို့ ဆွန်းမို အတန်းကိုလာပြီး ပြဿနာ ရှာရတာလဲ)

ဝိညာဉ်ချီ လေဆင်နှာမောင်း ပျောက်ကွယ်သွားသော်လည်း ကျောင်းသားများ အသံတစ်စက်မှ မထွက်နိုင်ကြသေးပါ။ ဒီဝိညာဉ်တက်တူး ဖွဲ့စည်းပုံသည် အရင်က သူတို့လေ့လာဖူးသော ဝိညာဉ်တက်တူးများနဲ့ လုံးဝမတူဘဲ ကွာခြားနေတာကို သူတို့ မြင်နေရသည်။

“လှလိုက်တာ”

ဖန်ယန်က စားပွဲခုံကို ဖြန်းကနဲ နေအောင် ရိုက်လိုက်ပြီး စောက်ရမ်း သဘောကျစွာ အော်လိုက်သည်။

ဖြန်း

အသံက အရမ်းကျယ်လောင်သောကြောင့် ကျောင်းသားများ လန့်ဖြန့်ပြီး ဝိညာဉ်လွင့်မတတ် ဖြစ်သွားသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖန်ယန်၏ လေးစားအထင်ကြီးမှု +၃၀။ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၃၀/၁၀၀)

ပြည့်စုံတယ်။

အပြစ်ပြောစရာကို မရှိဘူး။

လုချမ်ဂျီက သူ့ကိုယ်သူ ပြန်ရေရွတ်ပြနေသည်။ သူ့ခန္ဓာကိုယ်ကလည်း ထိုင်ခုံကနေ လွတ်လုနီးပါး ရှေ့ကိုင်းနေသည်။ သူကိုယ်တိုင် ဝိညာဉ်တက်တူး စာရွက်နားကိုသွားပြီး အနီးကပ် စေ့စေ့စပ်စပ် လေ့လာချင်စိတ်ကလွဲရင် ဘာမှမလိုချင်ပါ။

“တကယ် လှတာပဲ”

“ဘယ်လို ခံစားချက်ကြီးမှန်း မသိဘူး ၊ ဒါပေမယ့် ကြည့်လို့တော့ အရမ်းအဆင်ပြေတယ်”

“ဘာကြောင့်မှန်းမသိပေမယ့် ဝိညာဉ်တက်တူးကို ကြည့်လိုက်ရင် အတွေးတွေ ရုတ်တရုတ် ရှင်းသွားပြီး စိတ်ထဲမှာလဲ ပေါ့ပါးသွားတယ်၊ သေသွားရင်တောင် နောင်တမရှိတော့သလို ခံစားနေရတယ်”

ကျောင်းသားအားလုံး သူတို့အမြင်ကို ပြောဆိုနေကြသည်။

“ဆရာဆွန်း၊ ဒါက ဘာဝိညာဉ်တက်တူးလဲ”

ဖန်ယန်က စပ်စုလိုက်သည်။

ရွှတ်စ်

ကျောင်းသားများလည်း ဆွန်းမိုကို တစ်ခါတည်း စိုက်ကြည့်နေကြပြီး အဖြေကို စောင့်နေကြသည်။

"ဆရာရီ၊ ဒီဝိညာဉ်တက်တူးကို အတန်းနဲ့ဘာကြောင့် မိတ်မဆက်ပေးတာလဲ"

ဆွန်းမို ဖြတ်ပြောလိုက်သည်။

ကျောင်းသား အကုန်လုံးရဲ့ အကြည့်တွေက ရီဂျီမင်ဆီကို ရောက်သွားလျှင် စားပွဲခုံအောက်မှာ

ဝင်ပုန်းချင်စိတ် ပေါက်လာသည်။ ရှက်ဖို့ကောင်းလိုက်တာ။

သူလည်း ဆွန်းမို ဘယ်လိုဟာ ဆွဲနေလည်း မေးချင်နေသည်။ ဒါပေမယ့် ဝိညာဉ်ချီလေဆင်နှာမောင်း က ဒီဝိညာဉ်တက်တူး အောင်မြင်ကြောင်း ညွှန်ပြနေသည်။

“ဟားဟား ၊ မင်းနားမလည်ဘူးလား”

ဆွန်းမိုက ထပ်မေးသည်။

ရီဂျီမင် တိတ်ဆိတ်နေသည်။

“အေး မင်းနားမလည်ရင်လဲ နောင်ငါ့အတန်းကို လာတက်ရင် ပါးစပ်ပိတ်ထား”

ဆွန်းမို တေးမှတ်ထားတာ တချို့ရှိနေသေးသည်။ ဒါပေမယ့် အတန်းဆက်သင်ဖို့ ရှိနေသေးသောကြောင့် နှမျောစွာ လွှတ်ပေးလိုက်သည်။

ရီဂျီမင်လည်း ထပ်နေစရာ အရှက်ကကုန်နေပြီ ဖြစ်သဖြင့် ခုချက်ချင်း ထရပ်ပြီး စာသင်ခန်း အပြင်ကို လမ်းလျှောက် ထွက်သွားသည်။

ကျန်ကွမ်လင်က ဆွန်းမို ပြောလာမယ့် အဖြေကို စောင့်နေသည်။ ဆွန်းမိုက ဒီဝိညာဉ်တက်တူးကို

ဖယ်လိုက်ပြီး အရင်ဝိညာဉ်စုဆောင်းခြင်းတက်တူးအကြောင်းကို နောက်တစ်ခါ ထပ်ပြောနေသည်။ ကျန်ကွမ်လင် သေလုနီးပါး ဒေါသထွက်လာသည်။

(ဝိညာဉ်စုဆောင်းခြင်း တက်တူးက မင်းမိန်းမလား၊ ဘာလို့ နေ့တိုင်း ဒီအကြောင်းပဲ ပြောနေရတာလဲ)

"ဆရာ၊ ဒါက မင်းကိုယ်တိုင် ဖန်တီးထားတဲ့ ဝိညာဉ်တက်တူးလား"

လူချမ်ဂျီက ခန့်မှန်းလိုက်သည်။ အရင်က ဆူညံနေသော စာသင်ခန်းသည် နောက်တစ်ကြိမ် ပြန်တိတ်ဆိတ်သွားသည်။ အားလုံးက ဆွန်းမိုကို လှည့်ကြည့်လိုက်ကြသည်။

"ဟားဟား၊ ဘာလဲ"

ဆွန်းမိုက လက်ကိုမြှောက်ပြီး နှုတ်ခမ်းပေါ် လက်ညှိုး တင်လိုက်သည်။

"မပြောနိုင်ဘူး"

"ဆရာ၊ မင်းကနတ်ဆိုးလား၊ ငါတို့ကို မစားနိုင်အောင် မလုပ်ပါနဲ့ အဖြေပြောပြပါ"

ကျောင်းသားများက စားပွဲခုံကို ဖိပြီး ဆွန်းမိုကို အော်ဟစ် တောင်းဆိုနေကြသည်။ သို့သော်လည်း စာသင်ခန်းထဲက အငွေ့အသက်က လိုက်ဖက်ညီနေသည်။ ဆရာဆွန်းက နောက်ထပ် ဝိညာဉ်တကာတူး ဆွဲတတ်ကြောင်း သက်သေပြသွားပြီ။

"လူထူးလူဆန်း"

ကျောင်းသားများက ဆွန်းမို၏ ပင်ကိုယ်စရိုက်နဲ့ ပက်သက်ပြီးပဲ ခန့်မှန်း နိုင်တော့သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချမ်ဂျီ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၂၄၀/၁,၀၀၀)

ကျန်ကွမ်လင်လည်း စိုးရိမ်တကြီး နားစွင့်ထားသည်။ ဆွန်းမိုရဲ့ ဆံပင်ကို ကိုင်ပြီး အတင်းအကြပ် မေးချင်စိတ်တောင် ပေါက်လာသည်။ မေးချင်ပေမယ့် လုပ်လို့ မရပါဘူး။ သူကမေးလိုက်လျှင် အဖြေမသိကြောင်း ဝန်ခံသလို ဖြစ်သွားမည်။

(အေး၊ ဒါဆိုလည်း အတန်းပြီးအောင် စောင့်မယ်)

ထို့နောက်မှာတော့ အချိန်ကုန်တာ အရမ်းနှေးတယ်လို့ ခံစားလာရသည်။

ကျောင်းဆင်းခေါင်းလောင်း မြည်လာတော့မှ ကျန်ကွမ်လင်လည်း အာရုဏ်တက်လာသလို ခံစားလိုက်ရသည်။

“နောက်ဆုံးတော့လည်း အတန်းပြီးသွားပြီ”

ကျန်ကွမ်လင် တင်ပါးများ ထိုင်ရာမှ ဖြေးဖြေးခြင်း ကြွလာသည်။ ဆွန်းမိုက သူ့မေးခွန်းကို မငြင်းနိုင်အောင် ဘယ်လိုပြောရင် ကောင်းမလဲ စဉ်းစားနေသည်။

“အမ်၊ ငါဒီနေ့တော့ နည်းနည်း ပိုပြောမယ်”

အမှန်တော့ ဆွန်းမိုမှာ ပြောစရာ မရှိပါ။ ကျန်ကွမ်လင်ကို ကြည့်မရလို့ သက်သက်လုပ်လိုက်သည်။ (ငါ့ သင်ခန်းစာကို နားမထောင်ချင်ဘူး မဟုတ်လား၊ ဒါဆိုလည်း နည်းနည်း ပိုနားထောင်ရအောင် လုပ်ပေးမယ်)

"သင်ခန်းစာကို ဆွဲဆန့်လိုက်ရင် မင်းစိတ်ရှည်သေးလား ၊ မရှည်ဘူးလား သိရတာပေါ့"

ဆွန်းမိုက အတန်းပြီးဆုံးကြောင်း ကြေငြာလိုက်တာနဲ့ ကျန်ကွမ်လင်က လမ်းလျှောက်မလို လုပ်လိုက်သည်။ ဒါပေမယ့်

ဆွန်းမိုနား ကျောင်းသားတွေ ဝိုင်းအုံပြီး မေးခွန်းမေးနေတာ တွေ့လိုက်ရသည်။

ဆွန်းမိုရဲ့ကျော်ကြားမှုက ကြောက်ဖို့ကောင်းတဲ့ အတိုင်းအတာအထိ မြင့်မားနေပြီ။ ကိုယ်တိုင်ကိုယ်ကျ လိုက်မေးနေစရာ မလိုတော့ပါ။ ကျန်ကွမ်လင်လည်း ခြေလှမ်းလျှော့ချလိုက်ပြီး နားစွင့်ရင်း ဆွန်းမိုအဖြေကို ကြားရအောင် ကြိုးစားနေသည်။

"ဆရာဆွန်း၊ ဒီဝိညာဉ်တကက်တူးက ဘာလဲ"

ဖန်ယန်က ဆွန်းမိုအရှေ့တွင် ကျောက်ရုပ်ကြီးလို ဖြစ်နေသည်။ သူ့မျက်လုံးတွေက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြေးခေါင်လောင်းလို ဝိုင်းစက်နေပြီး အာသာဆန္ဒပြင်းပြစွာ သိချင်စိတ်များနဲ့ ပြည့်နေသည်။ နည်းနည်းလဲ တုန်လှုပ်ခြောက်ခြား နေသည်။

လုချမ်ဂျီလည်း ဖန်ယန် တင်ပါးကို အလိုလို ကြည့်မိသွားသည်။ (အမြီးသာ ရှိနေရင် တယှမ်းယှမ်း ဖြစ်နေနိုင်သည်။)

စာစဉ်(၁၃)

အခန်း(၁၈၈) - ဝိညာဉ်တက်တူး ဆက်လေ့လာဖို့ ဆုံးဖြတ်ထားတယ်၊ ငါ့ဆုံးဖြတ်ချက်က နှစ် ၁၀၀ကြာရင်တောင် မပြောင်းလဲဘူး။

ကျန်ကွမ်လင်သည် သူ့အာရုံအားလုံးကို စုစည်းထားပြီး စကားလုံးတစ်လုံးတောင် လွတ်သွားမှာ ကြောက်နေသည်။

"ငါခဏတော့ လျှို့ဝှက်ထားအုံးမယ်"

ဆွန်းမိုကရယ်ရင်း ပြန်ပြောသည်။

"ဆရာရယ်၊ ဒီလိုတော့ မလုပ်ပါနဲ့"

"ငါတို့က မင်းရဲ့သစ္စာရှိတဲ့ ပရိတ်သတ်တွေပါ။ တခြားသူတွေကို ပြန်မပြောဖို့ အာမခံပါတယ်"

ကျောင်းသားများက အဆက်မပြတ် တောင်းဆိုနေကြသော်လည်း သူတို့ အမူအရာက

တည်ငြိမ်သွားသည်။ ဆွန်းမိုအတန်းကို နေ့ပေါင်းများစွာ တက်လာပြီးနောက် ဆွန်းမိုက စိတ်ရင်း အရမ်းကောင်းတယ်ဆိုတာ သိလာကြသည်။ သူနှင့် ပေါင်းသင်းရတာလည်း သူငယ်ချင်းလို ခံစားရသည်။ သူက ခန့်ညားထည်ဝါတဲ့ အငွေ့အသက်ကို အမြဲတမ်း ဖော်ပြနေတတ်တဲ့ တခြားဆရာတွေနဲ့ မတူပါဘူး။

"ဟားဟား"

ဆွန်းမိုက လက်ကိုယမ်းပြီး

"ငါ မပြောနိုင်ဘူး"

"တောက်"

ကျန်ကွမ်လင် မဲ့သွားသည်။ ချက်ခြင်းပြေးသွားပြီး ဆွန်းမိုပါးစပ်ကို ဆွဲဖွင့်လိုက်ချင်သည်။

"ဝိညာဉ်တကက်တူးရဲ့ အရင်းအမြစ်ကို တွေ့အောင်ရှာနိုင်ရင် ငါတလ နှိပ်ပေးမယ်"

ဆွန်းမိုက ဒီလိုပြောလိုက်တော့ အားလုံး အံ့အောသွားသည်။

"တကယ်လား"

ကျောင်းသားတချို့ မျက်လုံးများချက်ခြင်း အရောင်တောက်လာကြသည်။ အနည်းငယ်ကတော့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်မရှည်နိုင်တော့ဘဲ အချက်အလက်တွေကို ရှာဖွေဖို့ ချက်ခြင်း စာကြည့်တိုက်ကို ပြေးသွားကြသည်။ ဒီလိုမဟုတ်ပါက နောက်ကျသွားရင် တခြားလူတွေက စာအုပ် ငှားသွား ကြလိမ့်မည်။

"အမှန်ပေါ့"

ဆွန်းမိုက ဒီလိုမျိုး ဖြစ်စေချင်သည်။ လေ့လာရတာက တခါတလေ အရမ်းပျင်းဖို့ ကောင်းသည်။ အားပေးတိုက်တွန်းမှုမရှိရင် ကျောင်းသားတွေ ပျင်းရိလာကြလိမ့်မည်။

“လူတိုင်း ငါ့စကားကို နားထောင်ပါ။ ငါတို့ ဒီကိစ္စကို လျှို့ဝှက်ထားရမယ်။ ဆုလဒ်အကြောင်းလည်း မပြောရဘူး။ မဟုတ်ရင် ဒီဆုကို ငါတို့နဲ့ ပြိုင်လုမယ့်လူတွေ များလာလိမ့်မယ်”

ကျောင်းသားတစ်ဦးက အကြံပြုသည်။

“ဒါတော့ သေချာတယ်။ ငါတို့ဦးနှောက်သာ သံချေးမတက်ရင် ငါတို့ ဘာမှမပြောဘူး”

ကျောင်းသားအားလုံး အရမ်းကို စိတ်လှုပ်ရှားနေကြသည်။ ကျောင်းသားတစ်ယောက် အဆင့်တက်သွားဖို့အတွက် ဆွန်းမိုက

ပေါ့ပေါ့ပါးပါးလေး နှိပ်ပေးဖို့ပဲလိုသည်။ တကယ်လို့ တစ်လလောက်သာ အနှိပ်ခံရမယ်ဆိုရင် စိတ်တောင် မကူးရဲဘူး။

"ဖန်ယန်၊ ဘာလို့ဝိညာဉ်တက်တူးကို လေ့လာနေတာလဲ"

"ငါကြိုက်လို့"

ဖန်ယန်က လိုရင်းတိုရှင်း ပြန်ဖြေသည်။ သူလေးသံကလည်း ခေါင်းမာမှုတွေနဲ့ ပြည့်နေသည်။

"တကယ်လို့ နောက်ကွယ်မှာ လေးနက်တဲ့ အကြောင်းပြချက်မရှိရင် မင်းလက်လျှော့လိုက်ဖို့

အကြံပေးချင်တယ်။ မင်းရဲ့အနာဂတ်က ဝိညာဉ်တကောင်တူး နယ်ပယ်ထဲမှာ မဟုတ်ဘူး”

ဆွန်းမိုက စည်းရုံးလိုက်သည်။ ဒီလိုရှားပါးတဲ့ ပါရမီရှင်တစ်ယောက်ရဲ့ အရည်အချင်း အလကား ဖြစ်သွားမှာကို မမြင်ချင်ပါ။ ဒီစကားကို ကြားရင် ဖန်ယန် အမူအရာ ပြောင်းသွားသည်။ ဒေါသလည်း ထွက်လာသည်။

“ငါ့မှာ အရည်အချင်း မရှိဘူးဆိုတာ မင်းဘယ်လိုသိမှာလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါတော့မှန်တယ်။ လူတိုင်း အံ့အောနေသည်။ ဆွန်းမိုမှာ နတ်ဘုရားလက်ရှိတယ် ဆိုပေမယ့် လူတစ်ယောက်မှာ ဘယ်လောက် အရည်အချင်းရှိတယ် ဆိုတာ မသိနိုင်လောက်ပါဘူး။ ဟုတ်တယ်မလား။

ဒါ့အပြင် ဆွန်းမိုက ဖန်ယန်ကို မထိခဲ့ပါဘူး။

“ ငါဆွဲနေတာက ပုံမှန်ဝိညာဉ်စုဆောင်းခြင်း တက်တူးလို့ မင်းထင်လား။ ရှုံ့ချတဲ့အမူအရာနဲ့ ဂရုမစိုက်သလို ကြည့်နေကတည်းက မင်းနားမလည်ဘူးဆိုတာ ငါပြောရဲတယ်”

ဆွန်းမိုက ခေါင်းခါရင်း ပြောသည်။

နတ်ဘုရားမျက်စိ မသုံးဘဲနဲ့တောင် တကယ်အရည်အချင်း ရှိတဲ့သူက လုချမ်ဂျီလို့ အကြမ်းဖျင်း ပြောနိုင်သည်။

“ဟာ၊ ပုံမှန်မဟုတ်တဲ့ဝိညာဉ်စုဆောင်းခြင်း တက်တူး ရှိသေးတာလား”

ဖန်ယန် အပျော်အပျက် လုပ်လိုက်သည်။

ဒီစကားကို ကြားလိုက်လျှင် လုချမ်ဂျီ သူ့ကိုယ်သူ မထိန်းနိုင်တော့ပါ။ ဆရာဆွန်းက

သူ့ရဲ့စံပြအားကိုးရတဲ့ ဆရာဖြစ်သည်။ သူ့ကိုသံသယဝင်ရင်တောင် သူမခံနိုင်ပါ။

“ကျောင်းသား ဖန်ယန်၊ ဆရာဆွန်းမို ခုနက ဆွဲခဲ့တဲ့ တက်တူးက ဝိညာဉ်စုဆောင်းတက်တူးရဲ့ ရိုးရှင်းတဲ့ ပုံစံပဲ”

“ရိုးရှင်းတဲ့ ပုံစံ”

ဖန်ယန် မျက်လုံး ပေကလတ်ပေကလတ် ဖြစ်သွားသည်။ ချက်ခြင်း ထိတ်လန့်သွားပြီး

“ဘာကိုဆိုလိုတာလဲ”

ဘေးနားက နားထောင်နေသော ကျန်ကွမ်လင်က ဒီစကားကို ကြားလိုက်လျှင် ဆိုးဆိုးဝါးဝါး လန့်ဖျန့်သွားသည်။ သူ့ သုံးသပ်ချက် မှန်နေပြီး ဆွန်းမိုမှာ အရည်အချင်း တချို့ ရှိတာပဲ။

“လူပိန်းနားလည်အောင် ပြောရရင် ဆရာဆွန်းဆွဲတဲ့ ဝိညာဉ်စုဆောင်းခြင်း တက်တူး မူလ ဒီဇိုင်းထက် လိုင်း ၁၂ခု ပိုနည်းတယ်”

လုချမ်ဂျီက ရှင်းပြသည်။

“မဖြစ်နိုင်ဘူး”

ဖန်ယန်က အော်လိုက်သည်။ သူက ကြည့်လိုက်ပြီး

“မင်းလိမ်နေတာ ရပ်လိုက်ရင် ကောင်းမယ်။ ငါလည်း ဝိညာဉ်တက်တူး နားလည်တဲ့ လူတစ်ယောက်ပါကွာ”

“တကယ်လို့ ဝိညာဉ်တက်တူးလိုင်း ၁၂ လိုင်းပျောက်နေရင် ဒီတက်တူးက ဘယ်လို အလုပ်လုပ်မှာလဲ”

“တခြားသူတွေ မလုပ်နိုင်ပေမယ့် ဆရာဆွန်း လုပ်နိုင်တယ်လေ ”

လုချမ်ဂျီက ပြုံးနေသည်။ (မင်းလို သာမန်လူတစ်ယောက်က ဆရာဆွန်းရဲ့ အရည်အချင်းကို ဘယ်လို မြင်နိုင်မှာလဲ)

ဒင်

လုချမ်ဂျီ၏ လေးစားအထင်ကြီးမှု+၃၀။ ရင်းနှီး(၂၇၀/၁,၀၀၀)

ဖန်ယန်လည်း ခုနတုန်းက မထီမဲ့မြင်လုပ်တဲ့ အမူအရာကို ပြန်သိမ်းလိုက်သည်။ လုချမ်ဂျီကို ကြည့်ပြီး မေးလိုက်သည်။

“မင်းလက်ထဲက ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ပြနိုင်မလား”

ဆွန်းမိုက အတန်းထဲတွင် ဝိညာဉ်တက်တူးကို အလေးအနက် နားထောင်သော ကျောင်းသားများကို ကြံ့ရာကျပန်း ရွေးပြီး သူ့ရဲ့ဝိညာဉ်တက်တူး ပေးတတ်တဲ့ အစဉ်အလာရှိသည်။ လုချမ်ဂျီက အရမ်းကြိုးစားသည်။ ဆွန်းမိုကလည်း သူ့ကို လမ်းညွှန်ပေးရန် ရည်ရွယ်ထားသည်။ ဒါကြောင့်လည်း ဝိညာဉ်တက်တူး

အသစ်တစ်ခုဆွဲပြီးတဲ့ အခါတိုင်း သူ့ကို ပေးလေ့ရှိသည်။

"တောင်းပန်ပါတယ်၊ ဒါက ငါ့ရတနာပဲ"

လုချမ်ဂျီက ငြင်းလိုက်သည်။

ထို့...

ကျန်ကွမ်လင်က လုချမ်ဂျီလက်ထဲက ဝိညာဉ်တက်တူး စာရွက်ကိုကြည့်ပြီး တံတွေး တစ်ချက် ထွေးလိုက်သည်။

"ကျောင်းသား ဖန်ယန်၊ မင်းကို နောက်တစ်ခု ထပ်ပြောလိုက်အုံးမယ်။ ဆရာဆွန်းက

ဝိညာဉ်စုဆောင်းခြင်းတက်တူးကို ရိုးရှင်းအောင် ပြုပြင်ရုံသာမက အခုအချိန်ထိဆို ဝိညာဉ်တက်တူး အတန်း ၂၅ ကြိမ်မှာ ရိုးရှင်းသော ဝိညာဉ်စုဆောင်းခြင်း တက်တူးကို (၇)ကြိမ် ပြုပြင်ထားပြီးပြီ”

လုချမ်ဂျီက ဖောက်ထုတ်လိုက်သည်။

“မဖြစ်နိုင်ဘူး”

ဖန်ယန်က ဘာမှ ပြန်မပြောရင်တောင် ကျန်ကွမ်လင် ငိုချင်နေပြီ။

(မင်းက ရုတ်တရက် စျာန်ဝင်ပြီး တစ်ကြိမ်လောက် ဝိညာဉ်တက်တူးကို အဆင့်မြှင့်လိုက်လို့

ပြောရင်တောင် ငါယုံနိုင်သေးတယ်။ ဒါပေမယ့် အခုတော့ ဒီလောက် အကြိမ် အများကြီး ဘယ်လို ဖြစ်နိုင်မှာလဲ)

တစ်ခုသိထားရမှာက ဝိညာဉ်စုဆောင်းခြင်း တက်တူးသည် ဝိညာဉ်တက်တူးလောကတွင် အသုံးအများဆုံး တက်တူးဖြစ်သည်။ ဒါကြောင့်လည်း သုတေသန အများဆုံး လုပ်ထားသော တက်တူးလဲဖြစ်သည်။ ၎င်းတို့ကို ပြည့်စုံတယ်လို့ သတ်မှတ်နိုင်ပြီး နောက်ထပ် မွမ်းမံဖို့ မဖြစ်နိုင်တော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါ့အိမ်မှာ ဝိညာဉ်စုဆောင်းခြင်း တက်တူးရဲ့ ရိုးရှင်းဗားရှင်း ငါးခုရှိတယ်။ ဆရာဆွန်း ရေးဆွဲတာကို လူတိုင်းလည်း မြင်နိုင်တယ်။ ငါလိမ်စရာ အကြောင်း မရှိဘူး"

လုချမ်ဂျီက ပြန်ချေပသည်။

ကျန်ကွမ်လင် ပြောစရာ စကားမရှိတော့ပါ။ ဒါအမှန်ဖြစ်နိုင်တယ်။ ဆွန်းမိုကလည်း လိမ်ပြောဖို့ မဖြစ်နိုင်ဘူး။ ဒီလိုမှမဟုတ်ရင် နောက်ဆုံးမှာ သူပဲ အရှက်ကွဲလိမ့်မယ်။

ဒါ.....ဒါပေမယ့် ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ခုနစ်ကြိမ်၊ ရှစ်ကြိမ်လောက် တိုးတက်အောင် လုပ်တာလား။ ဒါကြီးက နည်းနည်း ယုတ္တိမရှိဘူး။

ကျန်ကွမ်လင် မျက်နှာပေါ်တွင် တွေဝေနေတဲ့ ပုံပေါ်နေသည်။ သူက ဝိညာဉ်တက်တူး လေ့လာတဲ့နေရာတွင် အမြဲလိုလို ပါရမီရှင်တစ်ယောက် ဖြစ်ခဲ့သည်။ ဒါပေမယ့် အခုတော့ ရိုက်ချက်က ပြင်းလိုက်တာ။

တကယ်တော့ ကျန်ကွမ်လင်တစ်ယောက် အတွေးလွန်နေခြင်း ဖြစ်သည်။ ဆွန်းမိုက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ရိုးရှင်းအောင်လုပ်ခဲ့တယ်။ ဒါပေမယ့် ဝိညာဉ်စုဆောင်းနိုင်စွမ်းရည် အားနည်းသောကြောင့် သိပ်အရေးမပါ ပါ။

ပြီးတော့ ဆွန်းမိုက ဝိညာဉ်စုဆောင်းခြင်းတက်တူးပဲ နေ့တိုင်းဆွဲနေရတော့ ပျင်းနေတာလည်း ပါသည်။ ဒါကြောင့် အပျင်းပြေစေရန် ဝိညာဉ်စုဆောင်းခြင်း တက်တူးရဲ့ နည်းလမ်းအသစ်တွေကို ရှာဖွေဖို့ ကြိုးစားနေခဲ့သည်။

ဒါကလည်း ပန်အိုးပေါ်တွင် ရိုးရှင်းသော ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ရေးဆွဲခြင်းလို ဖြစ်သည်။ ပြီးတော့ အပင်ကအမျိုးမျိုး၊ အရွက် အရွယ်အစားအမျိုးမျိုးနဲ့ သွေးကြောက အမျိုးမျိုး ဖြစ်နေကြသည်။

ဒါကြောင့်လည်း ဆွန်းမိုက ဝိညာဉ်စုဆောင်းခြင်းတက်တူးကို အပင်ပေါ်တွင် ရေးဆွဲတဲ့အခါ ပြည့်စုံတဲ့အဆင့်နောက်ကို မလိုက်ဘဲ အကောင်းဆုံး ဝိညာဉ်စုဆောင်းခြင်း အကျိုးသက်ရောက်မှုရှိအောင် ကြိုးစားနေခဲ့သည်။

ပန်းအိုးထဲက အပင်အသက်ရှင်နေသ၍ ဝိညာဉ်ချီ စုဆောင်းနိုင်စွမ်း အားနည်းနေလဲ အဆင်ပြေပါတယ်။ ပြီးတော့ အရွက်အားလုံးက နေ့ရောညရော ဝိညာဉ်ချီ စုဆောင်းနေပါက ဝိညာဉ်ချီ သိပ်သည်းဆကို မြင့်မားအောင် ထိန်းထားနိုင်သည်။ ဝိညာဉ်စုဆောင်းခြင်း တက်တူးတစ်ခုရဲ့ ကုန်ကျစရိတ်၊ အကျိုးသက်ရောက်မှု အချိုးကို နှိုင်းယှဉ်ပါ ပိုကောင်းမွန်ပါသေးသည်။

အမှန်တော့ အခုချိန်အထိ တိုးတက်လာတာနဲ့ အမျှ ဝိညာဉ်စုဆောင်းခြင်း တက်တူး၏ ပုံစံသည်

ရိုးရှင်းလာပြီး အကျိုးသက်ရောက်မှု အမြင့်ဆုံး အယူအဆလည်း ဖြစ်လာခဲ့သည်။

ဆွန်းမိုရဲ့ ဝိညာဉ်စုဆောင်းခြင်းတက်တူး ရေးဆွဲတဲ့ အရည်အချင်းက ဘိုးဘေးအဆင့်နား ကပ်နေရင်တောင် ပိုရိုးရှင်းပြီး အကြီးမားဆုံး အကျိုးသက်ရောက်မှု ဖြစ်အောင် လုပ်ဖို့ မဖြစ်နိုင်ပေ။

"ဖန်ယန်၊ မင်းရဲ့ စွမ်းအင်အားလုံးကို ကျင့်ကြံခြင်း တစ်ခုတည်းအပေါ် အသုံးပြုလိုက်ရင် လူတိုင်းမရောက်နိုင်တဲ့ အမြင့်ထိကို ရောက်လိမ့်မယ်"

ဆွန်းမို ဖျောင်းဖြလိုက်သည်။

'တောင်းပန်ပါတယ်။ ငါ့အနာဂတ်အတွက် မင်းဒီလိုပြောတာလည်း နားလည်ပါတယ်။ ဒါပေမယ့် ငါက ဝိညာဉ်တက်တူးကို တကယ် ချစ်တယ်။ ငါသေရင်တောင် အရှုံးမပေးဘူး"

ဖန်ယန်က အနည်းငယ် အရိုအသေ ပေးလိုက်သည်။ ပြီးနောက် လှည့်ထွက်သွားသည်။

ဘယ်လိုပဲပြောပြော မြတ်ဆရာ ဟီရန်ဂျီကမှ သူ့ကိုအထင်ကြီးပြီး လမ်းညွှန်ချင်စိတ် ရှိသေးသည်။ သူ့ရဲ့ အဆင့်အတန်းကလည်း ဆရာဆွန်းထက် အများကြီး ပိုမြင့်တယ်။ ဆရာဆွန်းရဲ့

နတ်ဘုရားလက်နဲ့ အနှိပ်ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ ဖန်ယန်ကတော့ လုံး၀ ဂရုမစိုက်ပါ။

“ငါ ဖန်ယန်က ဝိညာဉ်စုဆောင်းခြင်းတက်တူးကို ဆက်လေ့လာဖို့ ဆုံးဖြတ်ထားတယ်။ နှစ်၁၀၀ ကျော်သွားရင်တောင် ငါ့ ဆုံးဖြတ်ချက် မပြောင်းဘူး”

ဖန်ယန်က သူ့ကိုယ်သူ အားပေးလိုက်သည်။ (သေချာပေါက် ဒီနယ်ပယ်မှာ အရမ်းအောင်မြင်အောင်လုပ်ပြီး ငါ့ကို သံသယရှိနေတဲ့ လူတွေကို ပါးစပ်ပိတ်အောင် လုပ်ပြမယ်)

ဆွန်းမိုကလည်း သူ့အမြင်အရ ခေါင်းခါလိုက်မိသည်။ ဆက်ပြောဖို့ မသင့်တော်တော့ပါဘူး။

ဆွန်းမို ထွက်သွားတာနဲ့ လုချမ်ဂျီလည်း ထွက်ဖို့ ပြင်လိုက်သည်။ ဒါပေမယ့် ခြေလှမ်း အနည်းငယ် လှမ်းပြီးနောက် ကျောင်းသားတစ်စုက သူ့ကို ဝိုင်းထားသည်။

“မင်းပြောခဲ့တာတွေက အမှန်လား”

ကျောင်းသားအားလုံး အရမ်းတုန်လှုပ်နေကြသည်။ ကျောင်းသားအနည်းငယ်က လုချမ်ဂျီလက်ထဲက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တက်တူးစာရွက်ကို ငေးကြည့်နေရင်း အသံတိုးတိုးလေးနဲ့

“ကျောင်းသားလု ငါတို့ကို ကြည့်ခွင့်ပေးပါလား”

“အိပ်မက်တောင် မမက်နဲ့”

လုချမ်ဂျီက တစ်ခါတည်း အပြတ်ငြင်းလိုက်သည်။ ဒါက သူ့ရဲ့ ရတနာပါ။ စာရွက် ပျက်ဆီးသွားရင် ဘယ်လိုလုပ်မလဲ။

“ကျောင်းသား၊ ငါက ကြယ်တစ်ပွင့် မြတ်ဆရာ ကျန်ကွမ်လင်ပါ။ ဒီကျောင်းက ဆရာလည်း

ဟုတ်တယ်။ မင်းလက်ထဲက ဝိညာဉ်တက်တူးကို သဘောကျခွင့် ပေးပါလား"

ကျန်ကွမ်လင်က ဝိညာဉ်တက်တူးများကို လေ့လာရတာ အရမ်းနှစ်သက်သည်။ ဆွန်းမိုက သူ့ရန်သူ ဖြစ်နေရင်တောင် သူ့ရဲ့ သိချင်စိတ်ကို မထိန်းနိုင်ပါ။ ဒါကြောင့်လည်း ပြုံးပြီး လုချမ်ဂျီကို မေးလိုက်သည်။

ကြယ်တစ်ပွင့် မြတ်ဆရာဆိုတဲ့ ဂုဏ်ပုဒ်ကို ကြားလျှင် အနီးအနားက ကျောင်းသားများ ပါးစပ် ပိတ်ထားကြသည်။ သူတို့ရဲ့ အမူအရာကလည်း

ပိုလေးစားလာပြီး ကျန်ကွမ်လင်ကို ဦးညွတ်ပြီးတော့ တောင် အရိုအသေ ပေးလိုက်သည်။

ကျန်ကွမ်လင် ပြုံးလိုက်သည်။ သူက လက်တစ်ဖက်ကို နောက်ပစ်ကာ မေးစေ့ကို အနည်းငယ်ပွတ်ရင်း ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတဲ့ အပြုံးကို ဖော်ထုတ်လိုက်သည်။

"တောင်းပန်ပါတယ်"

လုချမ်ဂျီ စကားပြောပြီး အနည်းငယ် ဦးညွှတ်ကာ လူအုပ်ထဲဖြတ်ပြီး လမ်းလျှောက်သွားသည်။ ထို့နောက် အရှိန်ပြင်းပြင်းနဲ့ ထွက်ပြေးသွားသည်။

"အမ်"

ကျောင်းသားအားလုံး အံ့အောသွားကြသည်။ (လုချမ်ဂျီ မင်းအရမ်း ရဲတာပဲ။ ကြယ်တစ်ပွင့် မြတ်ဆရာကိုတောင် မျက်နှာသာ မပေးတော့ဘူးလား)

ကျန်ကွမ်လင် မျက်နှာပေါ်က အပြုံးလည်း အေးခဲသွားသည်။ ထို့နောက် မျက်နှာလည်း ပျက်သွာသည်။ (ငါက ကြယ်တစ်ပွင့်မြတ်ဆရာလို့ ပြောခဲ့တယ်လေ။ ဒါတောင် အငြင်းခံရတုန်းလား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီ စက်ဆုပ်ဖို့ကောင်းတဲ့ ကျောင်းသားနာမည်က ဘာလဲ။ နောင်မှ ငါစစ်ဆေးပြီး ကျောင်းထုတ်အုံးမယ်)

(ဆရာတွေကို မခန့်လေးစား လုပ်တာက ကျောင်းထုတ်လို့ ရတယ်)

ကျန်ကွမ်လင် စာသင်ခန်းထဲက ထွက်လာခဲ့သည်။ ဒီအကြောင်းကို တွေးရင်းတွေးရင်း စိတ်ဓါတ်ကျလာသည်။ ထို့နောက် စကြံနိန်နံရုံကို ဖုန်းကနဲ မြည်အောင် ထိုးထည့်လိုက်သည်။ ဆွန်းမိုကိုလဲ အနည်းငယ် မနာလိုစိတ် ဝင်လာသည်။

လုချမ်ဂျီကလည်း သူ့ကို တက်တူး မြင်ခွင့်တောင် မပေးဘဲ ငြင်းပယ်ခဲ့သည်။ ဒါက လုချမ်ဂျီ နှလုံးသားထဲတွင် ဆွန်းမိုက ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ထက် ပိုပြီး အလေးသာနေတာ ထင်ရှားသည်။

"တောက်၊ တကယ်ပဲ ငါ့ကို အရမ်း အထင်သေး နေတာလား"

ကျန်ကွမ်လင် အရမ်းစိတ်ဓါတ်ကျလာပြီး ဆွန်းမိုကို အမြန်ဆုံး အဆုံးသတ်ချင်လာသည်။

....

"ဟွန့်၊ မင်းတို့အားလုံး ဆရာဆွန်း ဘယ်လောက်ထူးချွန်တယ်ဆိုတာ သေသေချာချာ မသိသေးပါဘူး"

လုချမ်ဂျီက နှုတ်ခမ်းကို တွန့်ပြီး စဉ်းစားလိုက်သည်။ သူ့အမြင်အရဆိုရင် ဆရာတစ်ယောက်ဖြစ်တဲ့ ကျန်ကွမ်လင်က ဒီတက်တူးနောက်ကွယ်က လျှို့ဝှက်ချက်ကို မမြင်နိုင်ရင် ဒီတက်တူးကို လေ့လာဖို့ အရည်အချင်း မမှီပါ။

(ထင်ထားသလိုပဲ။ ဆရာဆွန်းရဲ့ အရည်အချင်းကို ဘယ်လိုလေးစားရမလဲ ဆိုတာ

ငါတစ်ယောက်တည်းပဲ သိတယ်။ တကယ်လို့သာ ဆရာဆွန်းကို ငါက ဆရာတင်ခွင့်တောင်းလို့ လက်ခံရင် အရမ်းကောင်းမှာပဲ)

အတန်းပြီးတဲ့နောက် ကူရှုပ်ရှင်းတစ်ယောက် လက်ထဲတွင် ဝတ္ထုစာအုပ် တစ်အုပ်ကိုင်ကာ ရုံးခန်းကို ဦးတည်ပြီး လမ်းလျှောက်လာသည်။ သူမလည်း ပျင်းလာလို့ ဝတ္ထုကို လှန်ကြည့်လိုက်သည်။

“ဘာကြီးလဲ၊ ဘာလို့ အဓိက ဇာတ်ဆောင်က မျောက်ဖြစ်နေရတာလဲ”

ကူရှုပ်ရှင်းလည်း အရမ်းအံ့အောသင့်သွားပြီး စာရွက် အနည်းငယ် လှန်ကြည့်လိုက်သည်။ စာမျက်နှာ ၁၀ မျက်နှာလောက်ကို ခပ်မြန်မြန် လှန်ကြည့်ပြီးနောက် အဓိကဇာတ်ဆောင်ကို ‘စွန်းပူခုန်း’လို့ နာမည်ပေးထားတာ တွေ့လိုက်ရသည်။

ဒီစာအုပ်ကို သူ့အတန်းချိန်အတွင်း ယောကျာ်းလေးကျောင်းသား တစ်ယောက်ဆီက သိမ်းခဲ့ခြင်း ဖြစ်သည်။ ဒီကောင်လေးက ဝတ္ထု စာအုပ်ခိုးဖတ်ရင်း သူမ သိသွားမလားဆိုပြီး ခဏခဏ

ခိုးကြည့်နေခဲ့သည်။ ဒီအပြုအမူက သိသာထင်ရှားလွန်းသည်။

ငယ်ရွယ်တဲ့ ကောင်လေးတွေက အရွယ်ရောက်လာတဲ့အခါ စိတ်ထဲတွင် လှပတဲ့ မိန်းကလေးတွေကို နှစ်သက်တဲ့ စိတ်ပေါ်လာမယ်ဆိုတာ နားလည်ပေးနိုင်သည်။ သူမရဲ့ ရင်ဘက်၊ ပေါင်နှင့် ခြေထောက်များကို ခိုးကြည့်တာက သာမန်သာ ဖြစ်သည်။ ဒါပေမယ့် အတန်းထဲမှာ ခိုးကြည့်ရတဲ့ အကြောင်းအရင်းက စာအုပ်ခိုးဖတ်ဖို့လား။ ဒါကို သည်းခံနိုင်စွမ်း မရှိပါဘူး။

“ ဒီအပြုအမူက ငါ့အတန်းက မင်းကို မဆွဲဆောင်နိုင်ဘူးလို့ ပြောချင်တာလား”

“အနောက်ဘက်ကို ခရီးသွားခြင်း”

ဒီဝတ္ထုရဲ့ နာမည်ကို တွေ့လိုက်လျှင် ကူရှုပ်ရှင်း အနည်းငယ် သိချင်လာသည်။ ပထမတစ်ရွက်ကို အလေးအနက်ထားပြီး စဖတ်ကြည့်လိုက်သည်။

(ချီး၊ စာရေးနည်းကလဲ ရိုးလိုက်တာ။ မူလတန်းကျောင်းက ကလေးတစ်ယောက်တောင် ရေးနိုင်တယ်)

အထင်သေးသလို မှတ်ချက်ပြုလိုက်ပြီး ခပ်မြန်မြန် ဖတ်လိုက်သည်။ ဒါပေမယ့် သုံးမျက်နှာ ဖတ်ပြီးတဲ့ အချိန်မှာ စာဖတ်နှုန်းက အလိုလို နှေးကွေးသွားသည်။ တကယ်တော့ ပထမ စာမျက်နှာကနေ ဂရုတစိုက် ပြန်ဖတ်နေသည်။

ဒီမျောက်က တော်တော်စိတ်ဝင်စားဖို့ ကောင်းတာပဲ။

စာစဉ်(၁၃)

အခန်း(၁၈၉) - ကျော်ကြားလာသော အနောက်ဘက်သို့ ခရီးသွားခြင်း ၊ ရေပန်းစားလာသော စာရေး စတိုင်။

“ဆရာကူ၊ ဆရာကူ”

ယောကျ်ားလေး ဆရာတစ်ယောက်က လှမ်းအော်နေသည်။

"မင်း ရုံးခန်းမှားပြီး ဝင်လာပြီ"

"အမ်"

ကူရှုပ်ရှင်းလည်း ခေါင်းလှည့်ကြည့်လိုက်လျှင် ဘေးက ရုံးခန်းထဲကို မှားဝင်လာတာ တွေ့လိုက်သည်။ သို့သော်လည်း သူမက ဘယ်ဝန်ခံ လိမ့်မလဲ။

"ငါက တစ်ခုခု မေးစရာရှိလို့ ဆရာလီကို လာရှာတာ"

ကူရှုပ်ရှင်းလည်း ပါးစပ်က ထွက်တဲ့ ဆင်ခြေတစ်ခု ပေးလိုက်သည်။ ဆရာလီနဲ့ စကားအနည်းငယ်ပြောပြီး ပြန်လာလိုက်သည်။ သူမရဲ့

သင်ထောက်ကူပစ္စည်းများကို စားပွဲပေါ်တွင် ပေါ့ပေါ့ပါးပါး ထားပြီး ဝတ္ထုကို ဆက်ဖတ်နေလိုက်သည်။

ဖန်ကွန်းတောင်ကို သွားကာ မှော်ကျင့်စဉ်များ သင်ယူပြီးနောက် အသွင်ပြောင်းခြင်း ၇၂ခု ကိုကျွမ်းကျင်လာသည်။

ပင်လယ်နဂါးနန်းတော်ထဲကနေ မိုးကောင်းကင်ထိ ရောက်အောင် ထောင်ထားသော ရွှေရောင် တုတ်ချောင်းကို ယူခဲ့သည်။

တကယ့်ကို ဒဏ္ဍာရီ ခရီးပဲ။

မျောက်မင်းစွန်းက မရဏာကမ္ဘာထဲကို သွားပြီး သေခြင်း ရှင်ခြင်း စာအုပ်ကို အတင်းအကျပ်ပြောင်းဖို့လုပ်တဲ့ အကြောင်းကိုဖတ်ပြီး ကူရှုပ်ရှင်းက ဒီလို ကြမ်းကြမ်းတမ်းတမ်းနဲ့ လွတ်လပ်တာကို အရမ်းသဘောကျသွားသည်။ ယောကျာ်းစစ်ရင် စည်းမျဉ်းများကို ရဲရဲတင်းတင်း ချိုးဖောက်ရဲ ရမည်။

"ဆရာကူ၊ မင်းငါ့လက်ဖက်ခြောက်ကို မြည်းကြည့်ချင်လား"

ရုပ်ဆိုးဆိုးနဲ့ အမျိုးသားဆရာက ကူရှုပ်ရှင်း အရှေ့မှာ လက်ဖက်ခြောက်ထုပ်ကို ဖော့ယမ်းပြရင်း ပြောလိုက်သည်။ သူ့မျက်နှာတွင် မျက်နှာလို မျက်နှာရ အပြုံးတစ်ခု ပေါ်လာသည်။ လက်ဖက်ခြောက်အနံ့က အဝေးက ရနိုင်လောက်အောင်ကို မွှေးကြိုင်လှသည်။

"အင်း"

အခုလောလောဆယ်တွင် ကူရှုပ်ရှင်းက အနောက်ဘက်သို့ ခရီးသွားခြင်း ဇာတ်လမ်းထဲတွင် မျောနေသည်။ အမှန်ကတော့ သူမကို ဘာပြောလည်း မသိဘဲ ခေါင်းညိတ်ပြီး သဘောတူလိုက်သည်။

သူ စိတ်လှုပ်ရှားလာသည်။ (ငါ့ရဲ့ရိုးသားမှုက ကူရှုပ်ရှင်းကို စိတ်လှုပ်ရှားသွားစေတာလား။ ငါ့ရဲ့ နွေဦးကတော့ ရောက်လာတော့မယ်)

အခုချိန်မတိုင်ခင်အထိ ကူရှုပ်ရှင်းနဲ့စကားပြောတိုင်း သူက ဘယ်လောက်ပဲ စေတနာကောင်းတွေပြပြ ဘယ်လိုလုပ်လုပ် အမြဲတမ်း အငြင်းခံနေရသည်။ ဒါပေမယ့် အခုတော့ သူတည်ထားတဲ့ ရေနွေးသောက်မလားဆိုတော့ အိုကေ ဆိုပဲ။

“ငါအခုပဲ ရေနွေးသွားတည်လိုက်မယ်”

သူက အကောင်းဆုံး လက်ဖက်ခြောက်တွေကို ရွေးပြီး ရေနဲ့ ဆူအောင်တည်လိုက်သည်။ ထို့နောက် ၁၀ မိနစ်လောက် အအေးခံလိုက်သည်။ ရေက အရမ်းလည်း မပူသလို အရမ်းလည်း မအေးပါ။ အကြိမ် ၁၀၀ရာကျော်လောက် စမ်းသပ်ပြီးနောက် အခုလက်ရှိ အပူချိန်က အကောင်းဆုံးပဲ။

"အင်း၊ တောင်စိမ့်စမ်းရေ မရှိတာ စိတ်မကောင်းစရာပဲ။ တကယ်သာ သုံးလိုက်ရလို့ကတော့ကွာ ၊ ငါ့ရဲ့

လက်ဖက်ရည်တည်တဲ့ စွမ်းရည်ကို လုံးဝ ချစ်မိသွားလိမ့်မယ်။ “

သူက အလေးအနက်ထားပြီး လက်ဖက်ရည်ကို သေသေချာချာ ကျိုချက်နေသည်။ သူလုပ်နေတဲ့ ပုံစံက ထွင့်မြတ်တဲ့နေရာမှာ ဝတ်ပြုနေသလိုပါပဲ။

“အရမ်းကောင်းတယ် ၊ အခုချိန်အထိတော့ အမှားအယွင်း မရှိသေးဘူး။ ဟားဟား၊ ဒီနေ့တော့ ဆရာကူတစ်ယောက် ငါ့ရဲ့ ပြောင်မြောက်တဲ့ စွမ်းရည်အောက်မှာ အရမ်းအံ့အောသင့်သွားလိမ့်မယ် ၊ နေ့တိုင်း အားသွန်ခွန်စိုက် လေ့ကျင့်ခဲ့တာ အလကား

မဖြစ်သွားဘူးပဲ။ နောက်ဆုံးတော့ ငါ့အရည်အချင်းကို ကောင်းကောင်း အသုံးချနိုင်ပြီ”

ခေါင်းလှည့်ပြီး ကူရှုပ်ရှင်း သဘောကျတဲ့ အမူအရာကို ကြည့်ချင်လှပြီ။ သူ့ရဲ့အရည်အချင်းထဲမှာ ကူရှုပ်ရှင်း ယစ်မူးသွားတဲ့ အမူအရာကို မြင်ချင်လှပြီ။ သို့သော်လည်း သူ့စတိုင်ပွဲသွားမှာ ကြောက်သဖြင့် လှည့်မကြည့် ဖြစ်ခဲ့ပါ။

“ငါအာရုံစိုက်ပြီး လုပ်တာပဲ ကောင်းပါတယ်။ အတွေးတွေ ဟိုရောက် ဒီရောက် ဖြစ်နေလို့မဖြစ်ဘူး”

လက်ဖက်ရည် ဆက်တည်ဖို့ အတွေး မများအောင် သူ့ကိုယ်သူ သတိပေးလိုက်သည်။

၁၅ မိနစ်ကြာပြီးနောက် လက်ဖက်ရည် သင်းရနံ့က ရုံးခန်းထဲကို ပျံ့နှံ့လာသည်။

“ဆရာဟီ၊ မင်းလက်ဖက်ရည်က မဆိုးဘူးပဲ”

သူ့ဘေးမှာထိုင်နေတဲ့ ကျုံလိန်က ရှုရှိုက်ရင်း အမှတ်တမဲ့ ချီးကျူးလိုက်သည်။ သူကလည်း လက်ဖက်ရည်ကို နှစ်သက်တဲ့ သူဖြစ်သည်။

“ဟီးဟီး”

ကိုရုပ်ဆိုးက ကျေနပ်စွာ ပြုံးလိုက်သည်။ (ဒါက ပုံမှန်ပဲလေ။ ဒီလက်ဖက်ခြောက်က ငါ့လစာ သုံးလစာလောက် ရှိတယ်ကွ။ သူမကို လက်ဆောင်ပေးလို့ သူမ လက်မခံရင် ရိုင်းရာ ကျသွားမှာပေါ့။ ဒါကြောင့် လက်ဖက်ရည် အတူတူ သောက်တာ အကောင်းဆုံးပဲ။ ဒီလိုနည်းနဲ့ ငါတို့ဆက်ဆံရေးလည်း တိုးတက်လာနိုင်တယ်”

(နေပါအုံး။ ငါတို့ ကလေးကို ဘယ်လို နာမည်ပေးရင် ကောင်းမလဲ။ ကလေးရဲ့နာမည်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါတို့နှစ်ယောက်စလုံးကို ကိုယ်စားပြုသင့်တယ်။ ကူဟီဆိုရင် အရမ်း လှသွားမယ်)

"ဆရာကူ၊ သောက်ပါအုံး"

လက်ဖက်ရည်ခွက်ကို ကူရှုပ်ရှင်းဆီ တွန်းပို့ပေးလိုက်သည်။ ဒီခွက်ကလည်း သူအထူးရွေးချယ်ထားတဲ့ ခွက်ဖြစ်ပြီး အရမ်း အနုပညာ ဆန်သည်။

ဒီအတွက်လည်း သူ့ရဲ့ အတွင်းစိတ်နဲ့ အရည်ချင်းကို ဖော်ပြရန် စကားလုံးအနည်းငယ် တောင် စီထားသေးသည်။

"ဟွန့်၊ အမျိုးသမီးတစ်ယောက်ကို လိုက်တဲ့အခါ ဖြစ်နိုင်ခြေ အကုန်လုံး ထည့်တွက်ထားရမယ်၊ တစ်ချက်မှ လွတ်သွားလို့ မဖြစ်ဘူး"

သူ ပြုံးလိုက်သည်။ မေးစေ့ကို အနောက်နည်းနည်း ယိုင်ပြီး မျက်နှာကို ပြတင်းပေါက်ဖက် နည်းနည်း စောင်းလိုက်သည်။ ကူရှုပ်ရှင်း အမြင့်ကနေကြည့်ရင် ဒီအနေအထားက သူ့အတွက် အကောင်းဆုံး ရှုထောင့်ပဲ။

နရီ(စည်းဝါး) မကိုက်တာက စိတ်မကောင်းစရာပဲ။ နေရောင် ဖြာမကျနေလို့ပေါ့ကွာ ဒီလိုမှမဟုတ်ရင်

အကျိုးသက်ရောက်မှုက ပိုအံ့အောစရာ ကောင်းအုံးမယ်။

"ပြည့်စုံတယ်"

"အို၊ ကျေးဇူးတင်ပါတယ်။ ဆရာ ဟီ"

ကူရှပ်ရှင်းက စားပွဲပေါ်ကခွက်ကို ယူပြီး တစ်ငုံ သောက်လိုက်သည်။ အစကနေအဆုံးအထိ သူမ မျက်လုံးတွေက စာအုပ်ကနေ တစ်ချက်မှ မခွာခဲ့ပါ။

"အမ်"

ကိုရုပ်ဆိုးလည်း ကြောင်သွားသည်။ ကူရှပ်ရှင်း စာအုပ်ဖတ်နေရင် စကားဘယ်လို ပြောရမလဲ။

"မိန်းကလေးတွေကို လိုက်ရင် စိတ်ရှည်ရမယ်၊ ဒါမှ မဟုတ်ရင် ငါက စိတ်မရှည်သလို ဖြစ်သွားမယ်"

သူ့ထိုင်ခုံကို ပြန်သွားပြီး ငြိမ်ငြိမ်လေး ထိုင်စောင့်နေသည်။ ဒါပေမယ့် မိနစ်အနည်းငယ်ကြာပြီးနောက် ကူရှုပ်ရှင်းက လက်ဖက်ရည်ခွက်ကို တစ်ချက်တောင် မကြည့်တာ သိလိုက်ရသည်။

"ဆရာကူ၊ လက်ဖက်ရည်တွေ အေးကုန်တော့မယ်"

ကိုရုပ်ဆိုးက နူးညံ့ပြီး ကြင်နာတဲ့ အသံနဲ့

"ပူနေတုန်းသောက်လိုက်ပါလား။ ဒါမှ မင်းအစာအိမ် အတွက်ကောင်းမှာ"

"မှန်တယ်"

ကူရှုပ်ရှင်းက တုန့်ပြန်လိုက်သော်လည်း မျက်လုံးက မရွှေ့သေးပါ။ သူမ မျက်လုံးတွေက စာအုပ်တွေကို စိုက်ကြည့်ရင်း စာလုံးတစ်လုံးမှ မလွတ်အောင် ဖတ်နေသည်။

စွန်းဝူခုန်းက သူ့ကိုယ်သူ ' ကောင်းကင်နဲ့တူသော မဟာပညာရှိ' လို့ ကြွေးကြော်ကာ နတ်ဆိုး စစ်သားတွေကို ဦးဆောင်ပြီး ကောင်းကင်စစ်သား

၁၀၀,၀၀၀ နဲ့ တိုက်ခိုက်ခဲ့သည်။ သူက ကောင်းကင်စစ်ဗိုလ်ချုပ်တွေနဲ့ တိုက်ခိုက်ခဲ့ပြီး သူတို့ထက်လည်း မနိမ့်ကျခဲ့ပါ။ နောက်ဆုံးမှာတော့ သူက ကောင်းကင်ဘုံကို ဖျက်ဆီးလိုက်တယ်။ ဒါက လုံးဝကို စောက်ရမ်းမိုက်တယ်။

ကူရှုပ်ရှင်းက မိန်းမတစ်ယောက်ဖြစ်နေသော်လည်း စာအုပ်ဖတ်နေရင်း သွေးပြန်ကြောက သွေးတွေ ဆူလာသလို ခံစားရသည်။

"ဆရာကူ၊ ဆရာကူ"

"အမ်"

ကူရှုပ်ရှင်း အခုတော့ အနည်းငယ် မကျေမနပ် ဖြစ်လာသည်။ (ဘာလို့ ငါ့ကို လာနှောက်ယှက်နေတာလဲ။ မရပ်နိုင်တော့ဘူးလား)

" လက်ဖက်ရည် အေးသွားရင် သောက်လို့မကောင်းတော့ဘူး။ ငါ့ခွက်အသစ်ပြောင်း ပေးရမလား"

အဲဒီဆရာက ပြုံးရင်း ပြောလိုက်သည်။

"အို၊ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် မလိုတော့ဘူး။ ငါမသောက်တော့ဘူး"

ကူရှုပ်ရှင်းက မိုးဖွဲဖွဲလေးနဲ့ ဝါးပင်များ ချယ်သထားသော ခွက်ကို တစ်ချက် ကြည့်ရင်း ပြောလိုက်သည်။

(ချီ၊ ဘယ်လို သုခုမ ဟန်ပန်ကြီးလဲ ဒါက ခေတ်ရေစီးကြောင်းကြီးလေ၊ မင်းဘာသာမင်း တမူ ထူးခြားတဲ့ ပုံစံ မလုပ်နိုင်ဘူးလား)

"ဆရာကူ၊ လက်ဖက်ရည်သောက်တာက ခန္ဓာကိုယ်အတွက် ကောင်းတယ်"

ကိုရှုပ်ဆိုး စိတ်မကောင်း ဖြစ်သွားသော်လည်း အပြုံးကို ဆက်ထိန်းထားရင်း ပြောလိုက်သည်။

"တောင်းပန်ပါတယ်။ ငါ့မှာ လုပ်စရာ ရှိသေးတယ်။ ငါအရမ်း အလုပ်ရှုပ်နေတယ်"

ကူရှုပ်ရှင်းက သူ့ကို ပြန်ပြုံးပြရင်း ဖြေလိုက်သည်။ ထို့နောက် စားပွဲခုံပေါ်က သင်ထောက်ကူ ပစ္စည်းများကို ယူပြီး ထွက်သွားသည်။ တကယ်တော့ သူနဲ့ စကားပြောချင်စိတ်ကို မရှိပါ။ ဒါက အချိန်ဖြုန်း နေသလိုပဲ။

နောက်တစ်ပိုင်းက အရမ်း စိတ်လှုပ်ရှားဖို့ ကောင်းသည်။ စွန်းပူခုန်းက မြတ်စွာဘုရားနဲ့ တိုက်ခိုက်တော့မယ်။ ကူရှုပ်ရှင်း လုံးဝကို

စိတ်မရှည်တော့ပါ။ စာအုပ်ကို မြန်မြန် ပြန်လှန်လိုက်သည်။

ကျုံ့လိန်လည်း ဒီမြင်ကွင်းကို မြင်ပြီး အလိုလို ခေါင်းယမ်းလိုက်မိသည်။ အင်း နောက်ဆုံးတော့လည်း ဘာမှ အသုံးမဝင်ပါဘူး။

ကိုရုပ်ဆိုးလည်း စိတ်ပျက်နေသည်။ (ငါဘာမှားသွားလဲ။ မဟုတ်ဘူး။ ဒါက ဆရာကူ ငါ့ကို စမ်းသပ်နေတာ ဖြစ်နိုင်တယ်။ ငါလက်လျှော့လို့ မဖြစ်ဘူး)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နောက်တစ်နာရီလောက်ကြာတော့ အမျိုးသမီး ဆရာတစ်ဦး စာအုပ်ဆယ်အုပ်ကို သယ်ဆောင်ပြီး ရုံးခန်းထဲကို ဝင်လာသည်။ စိတ်ပျက်နေတဲ့ ခံစားချက်နဲ့ စားပွဲခုံပေါ်ကို စာအုပ် ပစ်တင်လိုက်သည်

"အခုတလော ကျောင်းသားတွေ ပိုရိုင်းလာတယ်။ အားလုံး အတန်းထဲမှာ ဝတ္ထုစာအုပ် လာဖတ်နေကြတယ်"

အမျိုးသမီး ဆရာမ အရမ်းကို စိတ်ဆိုးနေသည်။

"ဟားဟား၊ သူတို့ ဖတ်နေတာ အနောက်ဘက်ကို ခရီးသွားခြင်း မဟုတ်လား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒါပဲပေါ့၊ ဒီဝတ္ထုက အခုတလော အရမ်းရေးပန်းစားလာတယ်။ အတန်းတစ်ခုကို အနည်းဆုံးလေး၊ ငါးအုပ်တော့ သိမ်းနေရတယ်"

"ကျောင်းသားတွေက ကျောင်းထွက်ချင်တယ်လို့ ပြောနေကြတယ်။ သူတို့က တောင်ဘက်ပင်လယ်ကိုသွားပြီး ဖန်ကွန်းတောင်ကို ရှာကာ အသွင်ပြောင်းလဲခြင်း ၇၂မျိုးကို လေ့ကျင့်မယ်ဆိုပဲ"

အနောက်ဖက်ကို ခရီးသွားခြင်း ဝတ္ထုအကြောင်း ဆရာတွေက ဆွေးနွေးနေကြသည်။

ကူရှူပ်ရှင်းလည်း နားစွင့်နေသည်။

“တကယ်တော့၊ ဒီစာအုပ်က အရမ်းကောင်းတယ်လို့ ခံစားရတယ်။ ၉ မှတ်ပေးမယ်”

ကျုံလိန်က ချီးကျူးလိုက်သည်။

“စာရေးဟန်က ရိုးရှင်းလွန်းတယ်၊ အလှတရားကို မရှိဘူး”

ကူရှူပ်ရှင်းက စိတ်လိုလက်ရ ထည့်ဖြည့်ပြောသည်။ အမှန်တိုင်းပြောရလျှင် ဇာတ်လမ်းက အရမ်းကောင်းပြီး စာရေးဟန်က ဖျက်ဆီးနေသလို ဖြစ်နေသည်။

"ဆရာကူ၊ စာရေးဟန်က မရိုးရှင်းရင် လူတော်တော် များများ နားမလည်နိုင်ကြဘူး။ ဒါက ဝတ္ထုလေ၊ ဂန္ထဝင် သွန်သင်ချက် စာအုပ် မဟုတ်ဘူးလေ"

ကျိုးလိန်က သူ့ရဲ့ အမြင်ကို ထုတ်ပြောသည်။ ဒီဝတ္ထုကို သာမန်လူများပါ ခံစားနိုင်အောင် ရေးထားတာ ဖြစ်နိုင်သည်။ ဒါကမှ စာတတ်မြောက်ခြင်း အဓိက အချက်ပဲ။

"မှန်တယ်"

ကူရှပ်ရှင်းလည်း ခေါင်းညိတ်ထောက်ခံလိုက်သည်။ စာအုပ် အဖုံးကို အသာလေး ပွတ်လိုက်မိသည်။ သူမ ဒီမျောက်ကို တကယ်ပဲ ချစ်ခဲ့မိပြီ။

စာအုပ် ပစ်ချခဲ့သောအမျိုးသမီး ဆရာမလည်း ဘာမှ မပြောတော့ပဲ စာအုပ် တစ်အုပ်ကို ကောက်ယူပြီး မှင်တက်စွာ ဖတ်ကြည့်နေသည်။ စာရေးဟန်က ရိုးရှင်းပေမယ့် ဝတ္ထုရဲ့ ရသတစ်ခုလုံး စိတ်ထဲကွက်ကွက်ကွင်းကွင်း ပုံပေါ်သည်။ ဒီစာအုပ်ကို

ဖတ်လိုက်တဲ့သူတွေက အံ့အောစရာကောင်းတဲ့ နတ်ဆိုးနဲ့ နတ်ဘုရား ကမ္ဘာမှာ မျောပါသွားနိုင်သည်။

ကူရှုပ်ရှင်းလည်း စာရေးသူ နာမည်ကို ကြည့်ပြီး ကြောင်သွားသည်။ (ဂေါ့ပလင်ဆိုတာ ဘာကြီးလဲ အရင်က တို့ဟူးဖြူတို့ ဘာတို့ပဲ ကြားဖူးပါတယ်)

"ဒီစာအုပ်ရဲ့ဒုတိယပိုင်း တစ်ယောက်ယောက်ဆီမှာ ရှိသေးလား"

ကူရှုပ်ရှင်းက မေးလိုက်သည်။

ကိုရုပ်ဆိုးက နားစွင့်နေသည်။ (အခုချက်ခြင်း သွားဝယ်လိုက်ရမလား)

"မထွက်သေးဘူး"

"ဒီစာရေးဆရာရေးတဲ့တခြား စာအုပ်တွေ ရှိသေးလား"

ကူရှုပ်ရှင်းက ဒီစာရေးဆရာရေးတဲ့တခြား စာအုပ်တွေကို ဖတ်ချင်နေသည်။

"မရှိဘူး"

ကျုံလိန်က ပခုံးတွန့်ရင်း ပြန်ဖြေသည်။ သူလည်း အနောက်ဘက်ကို ခရီးသွားခြင်းဖတ်ပြီးကတည်းက ရှာပြီးပြီ။ အဲဒီနောက်မှာ လူသစ် စာရေးဆရာဆိုတာ သိခဲ့ရသည်။

"အို"

ကူရှုပ်ရှင်း အရမ်းစိတ်ပျက်သွားသည်။ ထို့နောက် စာအုပ်ကို အစက ပြန်ဖတ်နေသည်။

"ဒုတိယပိုင်း ထွက်မယ့်အချိန်ကို စောင့်နေမိတယ်"

ကျုံလိန်က ပြောလိုက်လျှင် ဆရာတွေက ခေါင်းညိတ်ထောက်ခံကြသည်။ သူတို့လည်း ဒီစာအုပ်ကို လွန်ခဲ့တဲ့ရက်ပိုင်းက ဖတ်ခဲ့ပြီးပြီ။ ဒါကြောင့်လည်း သူတို့အားလုံး နှလုံးသားကို

ကြောင်ကုတ်သလို ခံစားနေရသည်။ တစ်ခုခု လိုအပ်နေသလိုပါပဲ။

(လူတော်တော်များများ စွဲလမ်းတာက ဝတ္ထုလား၊ ဒါဆို ငါလည်း တစ်ခုလောက် ရေးရမယ်)

ကိုရုပ်ဆိုးက ကူရှုပ်ရှင်းတစ်ယောက် စာရေးသူရဲ့ အမာခံပရိတ်သတ် ဖြစ်လာတာ မြင်လိုက်လျှင် တော်တော် မကျေမနပ်ဖြစ်သွားသည်။ ဒီနေ့က စပြီး အတန်းပြီးတာနဲ့ ဝတ္ထု စရေးတော့မယ်လို့ ချက်ခြင်း ဆုံးဖြတ်လိုက်သည်။

(မင်းက ဝတ္ထုကြိုက်တယ်ဆိုရင် မင်းနှလုံးသားကို ရဖို့ ငါဝတ္ထုရေးမယ်)

"အို၊ မင်းတို့ကောင်တွေ ဆွန်းမိုက ထောက်ပံ့ရေးဌာနမှူး ဖြစ်လာတာ သိပြီးပြီလား"

ကျုံလိန်က ထုတ်မေးလိုက်သည်။

"ဒုဌာနမှူးပါ"

ကိုရုပ်ဆိုးက အမြဲတမ်း သတင်းတိကျမှုနောက်ကို လိုက်သည်။ တချိန်တည်းမှာပင် ယောကျ်ားတစ်ယောက်အနေနဲ့ ကူရှုပ်ရှင်း အရှေ့မှာ ဆွန်းမိုကို မတောက်ပစေချင်ပါ။

“ဌာနမှူးက ထွက်သွားပြီလေ ဒီလိုဆိုတော့ ဆွန်းမိုတစ်ယောက်တည်း အကြွင်းမဲ့ အာဏာရှိမှာ မဟုတ်ဘူးလား”

ကျုံးလိန်က ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သလို စစ်ပြန်တစ်ယောက်လည်း ဖြစ်သည်။ ဒါကြောင့် ကိုရုပ်ဆိုး ဘာတွေးနေလဲ ဆိုတာ နားလည်သည်။

“ဆွန်းမိုက အရမ်းငယ်သေးတယ်၊ စီမံခန့်ခွဲမှု အတွေ့အကြုံလဲ မရှိဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျောင်းအုပ်ကြီးမှာ သုံးလို့ရမယ့်လူမရှိတော့ဘူးလား၊ ဒီကာလအတွင်းမှာ ဆွန်းမိုရဲ့လုပ်ဆောင်မှုက အရမ်းကောင်းတယ်လို့ပြောလို့ရတယ်။ သူမလည်း စိတ်ပျက်စရာကောင်းတဲ့အခြေအနေမှာ တစ်ခုခု လုပ်မိတာ ဖြစ်နိုင်တယ်"

"သင်ကြားတာနဲ့ စီမံခန့်ခွဲမှုဆိုတာ မတူညီတဲ့အရာပဲ၊ ဆွန်းမိုရဲ့ နတ်ဘုရားလက်က စီမံခန့်ခွဲမှုပြဿနာကို ဖြေရှင်းနိုင်ပါ့မလား"

ကျောင်းအကြောင်းပြောရင်း ဆရာတွေလည်းစိတ်အားငယ်လာသည်။

လူတိုင်း ဗဟိုပြည်နယ် အကယ်ဒမီရဲ့ လက်ရှိအခြေအနေကို သတိထားမိကြသည်။ အရည်အချင်းရှိပြီး ကျောင်းနဲ့ နက်ရှိုင်းသော ပက်သက်မှု မရှိတဲ့ ဆရာတချို့ကတော့ နှုတ်ထွက်သွားကြပြီ။

ကျန်တဲ့ဆရာများက သက်တောင့်သက်သာ အခြေအနေက ထွက်သွားရမှာ ကြောက်တဲ့လူ ဒါမှမဟုတ်ရင် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့ပြီး အရင်ကျောင်းအုပ်ကြီးဟောင်းရဲ့ ကြင်နာမှုကို

နှစ်သက်ကြတဲ့ သူများ ဖြစ်သည်။ လူတို့ ထုံးစံအတိုင်း ဒီလိုအချိန်မှာ မထွက်သွား ရက်ကြပါ။

ဘယ်လိုပဲဖြစ်ဖြစ် ဗဟိုပြည်နယ်အကယ်ဒမီ မတိုးတက်တာ မြင်လျှင်တော့ အားလုံး စိုးရိမ်ကြသည်။

"ဓောင်ယွမ်ကျားက သူ့လျှုဒါန်းမှုကို ရပ်လိုက်ပြီလေ ကျောင်းအုပ်ကြီးအန်က နောက်လကျရင် လစာရော ပေးနိုင်ပါ့မလား တွေးနေမိတယ်"

ကိုရုပ်ဆိုးလည်း စိုးရိမ်လာသည်။ နှစ်ကြာလာရင် အရမ်းကျော်ကြားတဲ့ နန်းတွင်းသူ လေဒီဂူဂျီ ချင်လင်မြို့ကို ရောက်လာဖို့ ရှိသည်။ သူကလည်း သွားကြည့်ဖို့ ပြင်ဆင်ထားသည်။ တကယ်လို့လစာ မရရင် လက်လျှော့ ရတော့မည်။

တကယ်တော့ နန်းတွင်းသူက အရမ်းကို ကျော်ကြားလွန်းသည်။ ဒါကြောင့်လည်း ဝင်ကြေး အရမ်းမြင့်လွန်းသည်။ လမျှော်စင် အဆောက်အဦးဝင်တဲ့ လက်မှတ်တစ်စောင်ကို ငွေတုံး ၅,၀၀၀လောက် စျေးပေါက်နေသည်။

ဒါတောင် လက်မှတ်က ရဖို့အရမ်း ခက်သည်။

"အားလုံး စိတ်မပူနဲ့ ဆွန်းမိုက အနောက်ဘက်ကို ခရီးသွားခြင်း စာရေးသူ ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဒီဝတ္ထုကလည်း အရမ်းပေါက်နေတယ်မှတ်လား၊ စာရေးသူက အမြတ်အများကြီး ရနိုင်တယ်။ ဒီအချိန်မှာ ကျောင်းအုပ်ကြီး အန်ကို ရောင်းရငွေတွေ လွှဲပေးပြီး လူတိုင်းရဲ့ လစာ ပြဿနာကို ဖြေရှင်းပေးမှာပေါ့"

ကျုံလိန်က နောက်လိုက်သည်။

အားလုံးက ပြုံးပြုံးရွှင်ရွှင် ပြန်တုန့်ပြန်ကြသော်လည်း စိတ်ထဲမှာတော့ စိုးရိမ်နေကြသည်။

"ဆရာကျွ်ု၊ ဒီလိုကိစ္စတွေကို ဟာသ မလုပ်သင့်ဘူး။ ဆွန်းမိုက ဇာတ်လမ်းတစ်ပုဒ်လုံး ပြီးအောင် မရေးနိုင်သလို ရေးခဲ့ရင်တောင် သူ့ဇာတ်လမ်းက ငွေတုံး ၁၀၀ မကျော်လောက်ဘူး"

ကိုရုပ်ဆိုးက သက်ပြင်းချ လိုက်သည်။

(ငါရဲ့ လေဒီဂူဂျီ ဘယ်မှာလဲ၊ ဒီတစ်ခါလွဲချော်သွားရင် ငါတို့ ဘယ်အချိန်ကျမှ ပြန်ဆုံမှာလဲကွာ။)

(မင်းပြောတော့ ကူရှုပ်ရှင်းကို ချစ်တယ်ဆို၊ ဘာကြောင့် လေဒီဂူဂျီ နဲ့ဆုံချင်တာလဲ။ ငါက စကြ်ာဝဠာကြီးလောက် ကြီးတဲ့အချစ် သဘောတရားကို လေ့ကျင့်နေတာ။ ဟုတ်တယ်။ လေ့ကျင့်နေတာ။)

....

ဆရာများ အာလာပသလာပ ပြောနေတဲ့အချိန်တွင် ဂေါ့ပလင်ဖြစ်တဲ့ ဆွန်းမိုဆီကို ကျန့်ချင်ဖန်က အလည်ရောက်လာသည်။

စာစဥ်(၁၃)

အခန်း(၁၉၀) -သူတစ်ပါး

စိတ်အားငယ်သွားရအောင် ထူးချွန်ခြင်း။

ကျောင်းအုပ်ကြီး ရုံးခန်းထဲတွင်................

“ အန်ရှီဝေ၊ ဒီရက်ပိုင်းအတွင်း ဆွန်းမိုက ဝိညာဉ်စုဆောင်းခြင်းတက်တူးချည်းပဲ အချိန်တိုင်း

ဆွဲနေလို့ ဆရာတွေ၊ ကျောင်းသားတွေ ငါ့ကို လာတိုင်နေကြတယ်။ ဒါက အခြေခံအားနည်းတာပဲ။ မင်းက ရာထူးကို ကိုယ်ရေးကိုယ်တာအတွက် အလွဲသုံးစားလုပ်နေတယ်လို့ လူတချို့က ပြောနေကြပြီ။ ဒါကို ဘယ်လို ပြန်ဖြေရှင်းမလဲ”

ကျန်ဟန်ဖူ မေးခွန်းထုတ်လိုက်သည်။

သူက အချိန်ခဏလောက်တော့ အောင့်အီးသည်းခံဖို့ ပြင်ဆင်ထားခဲ့သည်။ ဆွန်းမိုက အမှောင်တိုက်ကြီးကို သွားလျှင် သူပြန်မလာနိုင်ဖို့ ၈၀ ကနေ ၉၀ ရာခိုင်နှုန်းလောက် သေချာနေသည်။

ဒါပေမယ့် ဒီနေ့ ကျောင်းကို ကင်းလှည့်ကြည့်လိုက်တော့ ဆွန်းမိုအကြောင်း ဆွေးနွေးနေတာ တစ်ခါတစ်ရံ ကြားလိုက်ရသည်။ ဒါတွေအားလုံးက အပြုသဘော ဆောင်နေသည်။ တကယ်တော့ အများစုပြောနေကြတာက ဇောင်ယန်ကို အချိန်တော်တော်ကြာအောင် ကျောင်းမထုတ်နိုင်ရခြင်းမှာ ကျန်ဟန်ဖူကြောင့်လို့ ပြောနေကြသည်။ သူ့ကို ဒီလောက် ရိုင်းရိုင်းစိုင်းစိုင်း ကျိန်ဆဲနေကြတာ ဘယ်သူက သည်းခံနိုင်မှာလဲ ။ ဒါကြောင့်ပဲ အန်ရှီဝေကို လာရှာခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုကို အရင်သင်ခန်းစာပေးရမည်။

ဒီလိုမဟုတ်ပါက ဒီကောင်သည် သူ့ကို သတ်သတ်လွတ်သမား (ပျော့ညံ့သူ)လို့ ထင်သွားမည်။

အမှန်တော့ ဒီကိစ္စကို ဆွန်းမိုက ဘာမှမသိပါ။ ဆွန်းမို အပြုအမူကတဆင့် ဆွန်းမို ဘာဖြစ်ချင်နေလည်း သုံးသပ်ပြီး လီကုန်က သူ့ဘာသာသူ လုပ်ခဲ့ခြင်း ဖြစ်သည်။ လီကုန်က အထူးလူတွေကို ရှာပြီး ဒီစကားတွေကို ဖြန့်ဝေခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီကုန် အရမ်းကံကောင်းသည်။ ရန်ချိုင်အကြောင်းကို သတင်းပို့ပြီးနောက် ရန်ချိုင်က သူ့အကြောင်း မဖော်ခင် ကျန်ဟန်ဖူက သူ့ကို အဆုံးသတ်လိုက်သည်။ ဒါကြောင့်လည်း လီကုန်က ထောက်ပံ့ရေးဌာနတွင် ကြီးကြပ်ရေးမှူး ဆက်လုပ်နေသေးသည်။ ဌာနမှူး အသစ်ရောက်လာမယ် သတင်းကြားတဲ့အချိန်တွင် အရမ်းစိတ်ပျက်သွားသည်။ ဆွန်းမိုက ဌာနမှူး ဖြစ်မလာဘူးလား။

ဆွန်းမိုက အရမ်းငယ်သေးတာကို သူသိသည်။ ဒါကြောင့် ဒီလိုအရေးကြီးတဲ့ ရာထူးကို ရယူဖို့ မဖြစ်နိုင်ပါ။ ဒါပေမယ့် ရက်အနည်းငယ ်ကြာပြီးနောက် ဆွန်းမိုကို ထောက်ပံ့ရေးဌာနရဲ့ ဒုဌာနမှူးအဖြစ် ကျောင်းက ကြေငြာချက် ထုတ်ပြန်ခဲ့သည်။

ဌာနမှူးကို အဝေးပြောင်းလိုက်သောကြောင့် အနာဂတ်တွင် ဆွန်းမိုး၏ စကားကသာ ထောက်ပံ့ရေးဌာနအတွက် တစ်ခုတည်းသော အခွင့်အာဏာဖြစ်လာမည်။

ဆွန်းမိုက သူ့ရဲ့ တိုက်ရိုက် အထက်လူကြီး ဖြစ်လာသဖြင့် ကံကောင်းသော လီကုန်က အရမ်းပျော်ရွှင်နေသည်။ ဒါကြောင့် ထုံးစံအတိုင်း ဆွန်းမိုကို ဖားဖို့ကြိုးစားနေသည်။

ဆွန်းမိုက အန်ရှီဝေနဲ့အတူတူ အိပ်ပြီးပြီလို့ လီကုန် အခိုင်အမာ ယုံကြည်နေသည်။ ဒီလိုမဟုတ်ပါက ဒီလောက် အရေးကြီးတဲ့ ရာထူးကို သူဘယ်လို ရနိုင်မှာလဲ။

ဘယ်လိုပဲပြောပြော လီကုန်ရဲ့ လှည့်ကွက်ကြောင့် ကျန်ဟန်ဖူတော့ ဂုဏ်သိက္ခာ တဝက်လောက် ကျသွားသည်။

အန်ရှီဝေနှင့် ဝမ်ဆုတို့၏ ပင်ကိုယ်စရိုက်အရ ဒီလိုမျိုးကိစ္စကို လုံးဝ မလုပ်နိုင်ပါ။ ဒါကြောင့် ကျန်ဟန်ဖူကလည်း ဒီကိစ္စအားလုံးကို ဆွန်းမို ကြိုးကိုင်နေတယ်လို့ ထင်နေသည်။

"ဆွန်းမို အတန်းကိုတက်တဲ့ ကျောင်းသားအရေအတွက် ၁၀အောက်

ကျသွားပြီလား၊ ဒီလိုဆိုရင် သူ့အတန်းကို ဖျက်လိုက်မယ်”

အန်ရှီဝေက ပြန်ထောက်ပြီး မေးလိုက်သည်။

“ ဒီအချက်က တိတိကျကျ ပြောမှရမယ်။ ဆွန်းမိုက အတန်းလာတက်တဲ့ ကျောင်းသားတွေကို လူသိရှင်ကြား ဝိညာဉ်တက်တူး လက်ဆောင်ပေးနေတယ်။ ဒါက ပစ္စည်းတွေနဲ့ မက်လုံးပေးပြီး သူ့အတန်းလာတက်ဖို့ စည်းရုံးနေတာနဲ့ အတူတူပဲ မဟုတ်ဘူးလား။ ဒါက မှျမှျတတ ယှဉ်ပြိုင်တာ မဟုတ်တော့ဘူး”

ကျန်ဟန်ဖူက ဒေါ်ကြီးမောကြီးနဲ့ ပြန်ပြောသည်။

"ဒီအကြောင်းကို လာတိုင်တဲ့ ဆရာတွေလည်း အများကြီး ရှိတယ်"

"ဒါက သူဆွဲထားတဲ့ ဝိညာဉ်တက်တူးကို လက်ဆောင်ပေးတာ မဟုတ်ဘူးလား"

အန်ရှီဝေ ဖြတ်ပြောလိုက်သည်။

"အမ်"

ဆွန်းမိုက ဒီလက်ဆောင်တွေကို တကယ်ဆွဲထားသဖြင့် ကျန်ဟန်ဖူတစ်ယောက် ပြန်ချေပလို့ မရဖြစ်နေသည်။

ဝိညာဉ်တက်တူးကလည်း အဆင့်မနိမ့်ဘူးလို့ ပြောလို့ရသည်။

“ဒါက ဘာပြဿနာမှ မရှိဘူး။ ဆရာကိုယ်တိုင် ဆွဲထားတဲ့ အရာပဲ။ ကျောင်းသားတွေကို လက်ဆောင်ပေးတာကလည်း သူတို့ကို ပိုကြိုးစားချင်စိတ် ဖြစ်လာစေတာပဲ။ ဘယ်နေရာမှာ ပြဿနာ ရှိလို့လဲ”

အန်ရှီဝေက လှလှပပလေး ပြန်ချေပလိုက်သည်။

“တော်ပြီ၊ ဒါကို ခဏဖယ်ထားလိုက်ရအောင် ဆွန်းမိုက ကျောင်း အသုံးစရိတ်ပြဿနာကို

ဖြေရှင်းပေးလိုက်ပြီလို့ မင်းပြောခဲ့တယ်နော် ဘယ်လို ဖြေရှင်းပေးလိုက်တာလဲ”

ဆွန်းမို သူ့ဖင်ကို ရောင်းခဲ့လား၊ မရောင်းခဲ့လား ဆိုတာ ကျန်ဟန်ဖူ အရမ်းသိချင်နေသည်။

“ဒုကျောင်းအုပ်ကြီးကျန်ကနေ့စဉ်နဲ့အမျှ ပြဿနာတွေ ဖြေရှင်းနေရတော့ ဒီကိစ္စအတွက် စိတ်ပူမနေပါနဲ့”

မကောင်းတဲ့ ကိစ္စတွေကြုံစည်တတ်တဲ့သူကို အန်ရှီဝေ ဘယ်တော့မှ မပြောပြနိုင်ပါ။

“ငါကလည်း ဒုကျောင်းအုပ်ကြီးဆိုတာ မင်းသိလား။ ဆွန်းမိုကို ထောက်ပံ့ရေးဒုဌာနမှူး ခန့်တဲ့ ကိစ္စကို ငါ လက်မှတ် မထိုးနိုင်ဘူး”

ကျန်ဟန်ဖူ အရမ်းဒေါသထွက်နေသည်။

“ဆရာဝမ် ထိုးလိုက်ပြီ”

အန်ရှီဝေက ခပ်မာမာ ပြန်ချေပလိုက်သဖြင့် ကျန်ဟန်ဖူ သေလုနီးပါး ဒေါသ ပေါက်ကွဲသွားသည်။

ကျန်ဟန်ဖူ စိတ်ထဲကနေ ကျိန်ဆဲနေသည်။ (ဒီအရူးကောင်ဝမ်ဆု ဘာလို့ ဆွန်းမိုကို ဒီလောက်တောင် သဘောကျနေတာလဲ)

ဝမ်ဆုက တခြားသူတွေ မနာလိုစရာ ဖြစ်လောက်အောင်ပဲ ဆွန်းမိုကို အလေးထားပြီး ဆက်ဆံနေသည်။

“ငါ့မှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်၊ မင်းမှာ ပြောစရာမရှိတော့ရင် ကျေးဇူးပြုပြီး ထွက်သွားပေးပါ”

အန်ရှီဝေက ညော့သည်ကို ပြန်နှင်လွှတ်နေသည်။

ကျန်ဟန်ဖူ မျက်နှာ မည်းသွားသည်။ အန်ရှီဝေက နှင်လွှတ်နေတာကို မြင်လိုက်လျှင် ဒီထက်ပိုပြီး ဒေါသထွက်စရာ မရှိလောက်အောင်ကို

ဒေါသထွက်လာသည်။ အေးစက်စက် နှာမှုတ်လိုက်ပြီး တံခါးကို တွန်းဖွင့်ကာ ထွက်သွားသည်။

ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ဒီကိစ္စကို အထိုင်ကျသွားအောင် ခွင့်မပြုနိုင်ဘူး။

ဆွန်းမို အကြောင်း တိုင်ကြားချင်တဲ့ ဆရာနဲ့ ကျောင်းသားတွေကို ရှာဖွေဖို့ ဆုံးဖြတ်လိုက်သည်။ အတန်းကို မဖျက်နိုင်ရင်တောင် ဆွန်းမိုကိုတော့ သေတဲ့အထိ မုန်းတီးနေသည်။

ကျောင်းဝန်း အတွင်းမှာ...............

ကျန်ဟန်ဖူ ပန်းခင်းကြီးတစ်ခုကို ဖြတ်လျှောက်လာရင်း ခုံတန်းတွင် ထိုင်နေသော သူ့သားကို တွေ့လိုက်သည်။

"ကွမ်လင်၊ ဘာတွေ တွေဝေနေတာလဲ"

သူ့အရမ်းအထင်ကြီးပြီး မျှော်လင့်ထားရတဲ့ သားဖြစ်သူကို တွေ့ပြီး အလိုလိုပြုံးလိုက်မိသည်။ ဒါပေမယ့် သူ့အပြုံးက ပျောက်ကွယ်သွားပြီး မကြာခင် မျက်မှောင်ကြုတ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်ဓါတ်ကျနေတဲ့ သားဖြစ်သူရဲ့ မျက်နှာကိုကြည့်ပြီး ဘာတွေ ဖြစ်နေတာလဲ တွေးလိုက်မိသည်။

"အန်ရှီဝေကို သွာရှာခဲ့တာလား"

ကျန်ဟန်ဖူ့ အမြင်အရ သူ့သားက အန်ရှီဝေကို ညစာအတူတူစားဖို့ သွားဖိတ်တာ အငြင်းခံလိုက်တယ် ထင်နေသည်။ (အင်း၊ မင်းတို့နှစ်ယောက်ကြားမှာ မဖြစ်နိုင်ဘူးလို့ ငါပြောပြီးပြီလေ)

"မဟုတ်ဘူး"

ကျန်ကွမ်လင်က ခေါင်းခါပြီး ပြန်ဖြေသည်။

"အမ် ဒါဆို မင်းက ဘာဖြစ်နေတာလဲ"

ကျန်ဟန်ဖူ အနည်းငယ် ထိတ်လန့်သွားသည်။

"ဘာမှမဟုတ်ပါဘူး"

ကျန်ကွမ်လင် မျက်နှာ သုန်မှုန်ကာ ထရပ်ပြီး စိတ်ရှုပ်ရှုပ်နဲ့ ထွက်သွားဖို့ လုပ်လိုက်သည်။ သို့သော် ခြေလှမ်းအနည်းငယ် လှမ်းပြီးနောက် သူက ရပ်ပြီး မေးလိုက်သည်။

"အဖေ၊ ဝိညာဉ်တက်တူးလေ့လာတဲ့ နေရာမှာ ငါ့အရည်အချင်းက မြင့်တယ်လို့ မင်းထင်လား"

“သေချာတာပေါ့ မဟုတ်ရင် ငါက ဘာလို့ အားအားယားယား မင်းကို နိုင်ငံခြားမှာ ပညာသင်ဖို့ လွှတ်မှာလဲ ဟီရန်ဂျီက မင်းကို သင်ပေးဖို့တောင် မထိုက်တန်ဘူး”

ကျန်ဟန်ဖူ အပြုံးမျက်နှာနဲ့ လျှောက်လာပြီး ကျန်ကွမ်လင် ပခုံးကို ပုတ်လိုက်သည်။

“အမိပ္ပါယ် မရှိတာတွေ လျှောက်တွေး မနေနဲ့ ၊ မင်းက အတော်ဆုံးပဲ။ မင်းနဲ့နှိုင်းရင် ဆွန်းမိုက ဝိညာဉ်စုဆောင်းခြင်းတက်တူး အကြောင်းပဲသိတဲ့ အမှိုက်သက်သက်ပဲ”

ကျန်ဟန်ဖူက ရှုံ့ရှာမှုအပြည့်နဲ့ ဒီစကားကို ပြောလိုက်သည်။ ဆွန်းမိုက ဝိညာဉ်စုဆောင်းခြင်း တက်တူးတစ်ခုပဲ ဆွဲတတ်တယ်လို့ သူထင်နေသည်။ ဒီလိုမှမဟုတ်ရင် တခြားဝိညာဉ်တက်တူးအကြောင်း ပြောနေမှာပေါ့။

ကျန်ဟန်ဖူက လူ့အသိုင်းအဝိုင်းတွင် နှစ်ရှည်လများ ကျင်လည်ခဲ့သောကြောင့် သူဒေါသ ထွက်နေသော်လည်း သူ့ရဲ့ သုံးသပ်ချက်က အထင်ကြီးဖို့ကောင်းသည်။ အတော်လေးကို တိကျသည်။ တကယ်လို့သူသာ

အားနည်းချက်ကိုစောင့်ပြီး ဆွန်းမိုကို တိုက်ခိုက်မယ်ဆိုရင် အစောကြီးကတည်းက အဝေးလွင့် သွားလောက်သည်။

"တော်ပြီ အေးအေးဆေးဆေး သွားအနားယူလိုက်ပါ။ သိပ်လည်း စိတ်ပူမနေနဲ့။ မင်းကအခုမှ ကျောင်းပြန်ရောက်လာတာဆိုတော့ လူတိုင်းက မင်းအကြောင်း မသိသေးဘူးလေ။ တစ်လ၊ နှစ်လ လောက်ကြာရင်တော့ ငါ့သားက အထင်ကြီးဖို့ အကောင်းဆုံး ဝိညာဉ်တက်တူးသခင်ဆိုတာ ဒီကလူတွေ သိသွားလိမ့်မယ်"

ကျန်ဟန်ဖူက နှစ်သိမ့်လိုက်သည်။

'အင်း”

ကျန်ကွမ်လင်က သူ့ကိုယ်သူ ထိန်းလိုက်သည်။

“အို၊ မင်းဘာလုပ်ဖို့ စဉ်းစားနေတာလဲ။ ငါ့အကူအညီ လိုသေးလား”

“ ဆွန်းမိုကို ကိုင်တွယ်ရအောင် လူရှာဖို့ လိုနေတယ်”

ကျန်ဟန်ဖူ ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

ကျန်ကွမ်လင်က ဒီစကားကို ကြားလိုက်လျှင် သူ့မျက်နှာက သဘာဝ မကျသလို ဖြစ်သွားသည်။ တစ်ခုခုပြောချင်နေသော်လည်း တွေဝေနေတဲ့ပုံပေါ်နေပြီး ဘယ်က စပြောရမလဲ မသိပေ။

"ဘာမှားလို့လဲ" ကျန်ဟန်ဖူ မျက်မှောင်ကြုတ်သွားသည်။

"စိတ်ထဲ ရှိတဲ့အတိုင်း ပြောစမ်းပါ"

"အဖေ၊ ဒီလို မလုပ်တာ ပိုကောင်းမယ်ထင်တယ်။"

"ဘာကြောင့်လဲ"

ကျန်ဟန်ဖူ စဉ်းစား မရဖြစ်နေသည်။ (ဘာလို့ငါ့သားစိတ်ဓါတ်က ပျော့ညံ့နေတာလဲ၊ ဆွန်းမိုက မင်းနဲ့ အချစ်လုဘက်လေ။ ဒီမုန်းတီးစရာကောင်းတဲ့အကောင်ကို အလျှော့ပေးတော့ မလို့လား)

ကျန်ကွမ်လင် ဒီအကြောင်းကို လုံးဝ မပြောချင်ပါ။ ဒါပေမယ့် ဆွန်းမိုရဲ့ အတန်းထဲမှာသာ သူ့အဖေ ပြဿနာ သွားရှာရင် သေချာပေါက် ထိခိုက်နစ်နာသွားမယ်ဆိုတာ တွေးမိပြီး အမှန်တိုင်း ပြောဖို့ ဆုံးဖြတ်လိုက်သည်။

"သူက တကယ် အထင်ကြီးဖို့ကောင်းတယ်"

"ဘယ်လို မင်းဘာတွေ ပြောနေတာလဲ"

ကျန်ဟန်ဖူ အနည်းငယ် စိတ်ဆိုးသွားသည်။

"လူမှန်တစ်ယောက်လို ဘလာဘလာ လုပ်နေတဲ့ ပုံစံတွေ ရပ်လိုက်တော့၊ မင်းရဲ့ ပုံစံက အရှက်မရှိသလို ဖြစ်နေတယ်"

"အဲဒါက ဆွန်းမိုပါ၊ ဝိညာဉ်တက်တူးလေ့လာတဲ့ နယ်ပယ်မှာ သူက အရမ်းအထင်ကြီးဖို့ ကောင်းတယ်၊ ငါတို့ ဒီနယ်ပယ်မှာ သူ့နဲ့ ပြဿနာ မ'စသင့်ဘူး"

ကျန်ကွမ်လင်လည်း စိတ်ထဲရှိသမျှ ထုတ်ပြောလိုက်ရပြီး နေလို့ထိုင်လို့ ကောင်းလာသည်။

"ဘာ"

ကျန်ဟန်ဖူ သူပဲ နားကြားမှားတာလားလို့ တွေးလိုက်မိသည်။ သူ့သားက ဝိညာဉ်တက်တူးလေ့လာရာတွင် အရမ်းအရည်ချင်း မြင့်ပါသည်။ ငယ်ငယ်ကတည်းက အခုချိန်အထိ သူ့အရည်အချင်းနဲ့ ပက်သက်ပြီး အရမ်းယုံကြည်ကာ ဂုဏ်ယူနေတတ်သည်။ သူတစ်ပါးကို အသိအမှတ် ပြုချင်စိတ် မရှိပါဘူး။ ဒါပေမယ့် အခုတော့ ဆွန်းမိုကို အထင်ကြီးတယ်လို့ တကယ် ပြောခဲ့တာလား။

“မင်းစိတ်ထဲက ဒီအတွေးတွေကို မေ့လိုက်တာ အကောင်းဆုံးပဲ၊ ဒီလိုမှမဟုတ်ရင် မင်းကိုယ်မင်း အရှက်ခွဲသလိုဖြစ်ပြီး အဆုံးသတ်သွားလိမ့်မယ်”

ကျန်ကွမ်လင်က ပြောလိုက်သည်။ ပြီးတော့ စာကြည့်တိုက်ဘက်ကို သွားဖို့ လုပ်လိုက်သည်။ ဒီလျှို့ဝှက်ဆန်းကြယ် တက်တူးရဲ့ဇစ်မြစ်ကို သေချာပေါက် ရှာဖွေရမည်။

“ခဏနေအုံး၊ ခုနတုန်းက စိတ်ပျက်လက်ပျက်နဲ့ ထိုင်နေတာက ဆွန်းမိုအတန်းကို သွားပြီး မင်းစိတ်ထိခိုက် လာတာလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ဟန်ဖူ ဆိုးဆိုးဝါးဝါး အံ့အော တုန်လှုပ်နေသည်။ (ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ၊ ဒီကောင် ဆွန်းမိုက သူ့သား ပါရမီရှင်ထက်တောင် ပိုသာနေပြီလား။)

"အင်း၊ အမှန်တိုင်းပြောပြမယ်၊ ငါတို့ဗဟိုပြည်နယ်အကယ်ဒမီမှာ ဆွန်းမိုရဲ့ ဝိညာဉ်တက်တူး နယ်ပယ် အောင်မြင်မှုက ထိပ်ဆုံး ငါးယောက်ထဲ ဝင်နေပြီ"

ထို့နောက် လက်သီးတင်းတင်း ဆုပ်လိုက်သည်။ (ဒါပေမယ့် ငါက အရှုံးကို လက်မခံနိုင်ဘူး)

"ဘာလို့ ပေါက်ကရတွေ ပြောနေတာလဲ။"

ကျန်ဟန်ဖူ နှုတ်ခမ်းများ တုန်နေသည်။ သူ့သားက လွယ်လွယ်နဲ့ မချီးကျူးတက်ဘူး ဆိုတာလဲ သိနေသည်။ ဒါပေမယ့် သူက တစ်ယောက်ယောက်ကို ချီးကျူးလိုက်တာနဲ့ ဒီလူက တကယ် အရည်အချင်း ရှိလို့ပဲ ဖြစ်သည်။ ကျန်ကွမ်လင်က ပြန်မပြောတော့ဘဲ လှည့်ထွက်သွားသည်။

ကျန်ဟန်ဖူ ခဏလောက် ရပ်နေပြီးမှ ထဆဲလိုက်သည်။

"ငါ.....လို..ပဲ"

ထို့နောက် အနီးအနားက အပင်ကို ပြင်းပြင်းထန်ထန် ကန်နေသည်။

ဖောင်း ဖောင်း ဖောင်း

အရွက်တွေ ကြွေကျလာသည်။

ထို့နောက် အန်ရှီဝေရဲ့ကံကောင်းမှုကို မနာလိုဖြစ်လာသည်။ (စေ့စပ်သူကို ရွေးချယ်တဲ့နေရာမှာ မင်းရဲ့သုံးသပ်ချက်က အရမ်းကောင်းနေပါလား။ ဆွန်းမိုနဲ့အတူတူ ဆိုရင် ဒီကအခြေအနေတွေကို ပြောင်းလဲနိုင်မယ်ပေါ့)

(နေပါအုံး၊ ဒီကိစ္စက အန်ရှီဝေနဲ့ ဘာမှ မဆိုင်ဘူး။ အရင်ကျောင်းအုပ်ဟောင်းကြီးရဲ့ ကောင်းမွန်တဲ့ သုံးသပ်ချက် တစ်ခုပဲ။)

"အား၊ စိတ်မကောင်းစရာဘဲ၊ အရင်ကျောင်းအုပ်ကြီးသာ သူတော်စင်အဆင့်ကို အောင်အောင်မြင်မြင်နဲ့ အဆင့်တက်သွားရင် ဒီကျောင်းက နာမည်ကျော်ကျောင်း ကိုးကျောင်းအဆင့်ကို ပြန်တက်နိုင်ဖို့ ၈၀ ကနေ ၉၀ ရာခိုင်နှုန်းလောက် အခွင့်အရေး ရှိတယ်"

ကျန်ဟန်ဖူ သက်ပြင်းချလိုက်သည်။ ထို့နောက် စိတ်ဓါတ်ကျတဲ့ မျက်နှာပေါ်လာသည်။ (ငါသာ ကြယ်လေးပွင့်မြတ်ဆရာတစ်ယောက်ဆို ဘယ်လောက်ကောင်းလိုက်မလဲ)

ကျန်ကွမ်လင်က ဆွန်းမို အရမ်းထူးချွန်တယ်လို့ ပြောလာကတည်းက ဝမ်ဆုရဲ့ လူတွေအပေါ် သုံးသပ်မှုက ဘယ်လောက်ကောင်းလည်းဆိုတာ မြင်နေရသည်။ ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက်အနေနဲ့ ကျန်ဟန်ဖူရဲ့

သုံးသပ်နိုင်စွမ်းသည် ဝမ်ဆုထက်စာရင် တကယ် နိမ့်ကျနေသည်။

"ငါ ကျောင်းအုပ်ကြီး ရာထူးလုပ်တာကို လက်လျှော့လိုက်ပြီး သင်ကြားရေး သုတေသနကိုပဲ အာရုံစိုက်လိုက်ရင် ကောင်းမလား။ မဖြစ်သေးဘူး။ ဒီလိုလုပ်ရင် ငါ့ကို မင်းသားလီက သေချာပေါက် သတ်လိမ့်မယ်"

ပေါ်လာတဲ့အတွေးကို ကျန်ဟန်ဖူက ချက်ခြင်း မောင်းထုတ်လိုက်သည်။ သူက ဆုံးဖြတ်ချက် ချနိုင်တဲ့ အနေအထားမှာ မဟုတ်ပါ။

"အကြီးအကဲ ကျန့် ဘာကြောင့် ဒီကို ရောက်နေတာလဲ"

ဆွန်းမိုက ကျန့်ချင်ဖန်ကို မြင်လိုက်လျှင် ချက်ချင်းပဲ ပြေးပြီး ကြိုလိုက်သည်။ သူက ဒီလူကြီးအပေါ် အရမ်းကောင်းတဲ့ သဘောထား ရှိပါသည်။

"ငါ မစောင့်နိုင်တော့လို့၊ အနောက်ဘက်ကို ခရီးသွားခြင်း ဒုတိယပိုင်းက ဘယ်မှာလဲ ၊ အခုဆို နှစ်လနီးပါး ရှိနေပြီလေ မင်းရေးတာ ပြီးသင့်နေပြီ မဟုတ်လား"

ကျန့်ချင်ဖန်က ဆွန်းမိုကို အစာတောင်းနေတဲ့ အိမ်မွေးတိရစ္ဆာန်တစ်ကောင်လို ကြည့်ရင်း မေးလိုက်သည်။

"အမ်"

ဆွန်းမို ခေါင်းကုတ်လိုက်သည်။

"မရေးရသေးဘူး"

"ဘာ"

ကျန့်ချင်ဖန် နှလုံးသားတစ်ခုလုံး ဖျစ်ညှစ်ထားသလို ဖြစ်သွားသည်။ နာကျင်လွန်းလို့ အသက်ရှူတောင် ကြပ်လာသည်။ အရမ်းကို

ဓာတ်နာတဲ့ အဖြေပဲ။ နည်းနည်းလေး ရေးထားတယ်ဆိုရင်တောင် ဖတ်လို့ရအုံးမယ်။

အခုတော့ 'ဧီးသီးအကြောင်းတွေးပြီး ရေသောက်နေရသလို' ဖြစ်နေပြီ။

"အကြီးအကဲ ကျန့်"

ဆွန်းမိုက ရှင်းပြဖို့ ကြိုးစားလိုက်သည်။

"ငါ့ကို ဦးလေးလို့ ခေါ်"

ကျန့်ချင်ဖန်က ဖြတ်ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဦးလေးကျန့်၊ ငါ့အခုတလော အရမ်း အလုပ်ရှုပ်နေလို့ပါ"

အရင်တုန်းကတော့ ဆွန်းမိုက စားသောက်စရိတ်လေး အနည်းငယ်လိုချင်လို့ ဒီဝတ္ထုကို ရေးခဲ့သည်။ ဒါပေမယ့် အခုတော့ ဒီလိုလုပ်စရာ မလိုတော့ပါ။

ဝိညာဉ်တက်တူး အနည်းငယ်ကို ကြံ့သလိုဆွဲရင်တောင် ငွေထောင်ဂဏန်းလောက် အလွယ်လေး ရှာလို့ရသည်။ ဘာဖြစ်လို့ အရမ်းကြိုးစားပြီး ဝတ္ထု ရေးနေရအုံးမှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန့်ချင်ဖန် နှုတ်ခမ်းတွေ လှုပ်လာပြီး "မင်းက အစမ်းခန့်ဆရာပဲလေ၊ ဘယ်လိုလုပ် အလှူပ်ရှုပ်ရမှာလဲ" လို့ ပြောချင်နေသည်။ အများစုက တောက်တိုမယ်ရ လျှောက်ပြေးမယ် ဒါမှမဟုတ် ဆရာတွေကို အကူ လုပ်ပေးရမှာ မဟုတ်ဘူးလား။

(ဟွန့်၊ မင်း မိန်းကလေးတွေကို ဖွန်လိုက်ကြောင်နေတာပဲ ဖြစ်ရမယ်။ မရီဒန် အကယ်ဒမီက ကျောင်းတွင်း အလှဘုရင်မ ဗဟိုပြည်နယ် အကယ်ဒမီမှာ အလုပ်လုပ် နေတယ်ဆိုတာ ငါကြားပါတယ်ကွာ)

ကျန့်ချင်ဖန် အမူအရာကို ကြည့်ရုံနဲ့ ဘာတွေးလဲဆိုတာ ဆွန်းမို သိနေသည်။ ဒါကြောင့်လည်းသူက ခပ်မြန်မြန် ဖြေရှင်းချက်ပေးလိုက်သည်။

"လွန်ခဲ့တဲ့ တစ်လလောက်က စပြီး ကျောင်းမှာ တရားဝင် အလုပ်ဝင်ခဲ့တယ်။ ငါက အခုတော့ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဆရာတစ်ယောက်ပါ"

ဆွန်းမိုက ရှင်းပြလိုက်သည်။

"အမ်၊ ကျန်ဟန်ဖူရဲ့ သားအကြီးလား"

ကျန့်ချင်ဖန် အံ့အောသွားသည်။

စာစဉ်(၁၃)

အခန်း(၁၉၁) - သူ့ကို မသေစေချင်ရင် ပါးစပ်ပိတ်ထား။

ကျန့်ချင်ဖန်က ဗဟိုပြည်နယ်အကယ်ဒမီတွင် ကျောင်းအုပ်ကြီး သုံးယောက်ရှိတာကို သိနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေက အကျော်ကြားဆုံး တစ်ယောက်ဖြစ်သည်။ ချင်လင်တစ်မြို့လုံးတွင် သူမအကြောင်း မသိတဲ့လူ တစ်ယောက်မျှ မရှိပါ။ သူမအဖိုးဆို ကိုယ်ကျင့်တရားကောင်းပြီး ဘယ်သူကိုမှ ဘက်မလိုက်တတ်ပေ။

ဝမ်ဆုက ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သလို ဇီဇာကြောင်သော ဆရာအဖြစ် လူသိများသည်။ တစ်ယောက်ယောက်မှာ ပြည့်စုံတဲ့ အရည်အချင်းမရှိပါက သူက အဖက် မလုပ်ပေ။

အမှန်တိုင်း ပြောရလျှင် ဆွန်းမိုက ဆွန်လျှောင် အကယ်ဒမီက ဘွဲ့ရတစ်ယောက်သာ ဖြစ်သည်။

ဒါကြောင့်လည်း ကျန့်ချင်ဖန် ဘယ်လိုပဲ စဉ်းစားစဉ်းစား ဝမ်ဆုက ဆွန်းမိုကို သဘောကျဖို့ မဖြစ်နိုင်ပါ။ ဒီလိုဆိုရင် ဆွန်းမိုကို ကျောင်းမှာ ရာထူး ရရန် ဝမ်ဆု ကူညီတာ မဖြစ်နိုင်ပါ။

ဒါဆိုရင် ကျန်ဟန်ဖူတစ်ယောက်ပဲ ကျန်တော့သည်။

"ဦးလေးကျန့် ၊ ဘာလို့ ဒီလို မဟုတ်တရုတ်တွေ ပြောနေတာလဲ"

ဆွန်းမိုလည်း ဆွံ့အ နေသည်။ (ကျန်ဟန်ဖူလို အာလူးမျက်နှာနဲ့လူက ဘယ်လိုလုပ် ငါ့လို ချောမောတဲ့သူကို မွေးနိုင်မှာလဲ၊ သူက နတ်ဘုရားမနဲ့ လက်ထပ်ရင်တောင် မဖြစ်နိုင်ဘူး။)

“ငါလှျာချော်သွားလို့ တောင်းပန်ပါတယ်”

ကျန့်ချင်ဖန် ပြုံးပြီး တောင်းပန်ရင်း စိတ်မကောင်းလည်း ဖြစ်သွားသည်။

“မင်းရဲ့ပုံဆွဲတဲ့ အရည်အချင်းကလည်း အရမ်းကောင်းတယ် လက်ရေးလက်သားကလဲ

မဆိုးဘူး၊ အန်ရှီဝေကတော့ မင်းကို အရမ်းချီးကျူးနေမှာပဲ မဟုတ်လား”

ကျန့်ချင်ဖန် အမြင်အရဆိုရင် ဆွန်းမိုက ကြီးကျယ်ခမ်းနားသော အပြောင်မြောက်ဆုံး လက်ရာကို ဖန်တီးလိုက်တာနဲ့ ကျော်ကြားတဲ့ အနုပညာရှင် တစ်ယောက် ဖြစ်လာနိုင်တယ်။ အန်ရှီဝေ အထင်ကြီး လေးစားနေရင်တောင် မထူးဆန်းပါ။

“မဟုတ်ဘူး ၊ ငါပုံဆွဲနိုင်တာ သူမသိဘူး”

ဆွန်းမိုက ခေါင်းခါရင်း ပြန်ဖြေလိုက်သည်။ အနောက်ဘက်ကို ခရီးသွားခြင်း ဝတ္ထုအတွက် ဇာတ်ကောင်တွေကို ရေးဆွဲပြီးကတည်းက အခုချိန်အထိ မရေးဆွဲ ဖြစ်သေးပါ။ ဝိညာဉ်စုဆောင်းခြင်း တကက်တူးကိုသာ နေ့တိုင်း ရေးဆွဲဖြစ်နေသည်။

"အမ်"

ကျန့်ချင်ဖန် ဘာပြောရမလည်း မသိတော့ပါ။ (ညီအစ်ကို၊ မင်းနဲ့အရင်တုန်းက စကားစမြည ပြောရတာမဆိုးပါဘူး။ အခုတော့ ဘယ်လိုဆက်ပြီး

စကာစမြည်ပြောရမလဲ။ ပြီးတော့ မင်းက ပုံမဆွဲတော့ဘူးဆိုရင် မင်းအရည်အချင်းကို ကြီးကြီးမားမား ဖြုန်းတီး ပစ်လိုက်တာပဲ။)

“တစ်လခွဲအတွင်း အမှောင်တိုက်ကြီးကို သွားရမှာဆိုတော့ အခုချိန်မှာ ဝတ္ထုရေးဖို့ မအားဘူး ဖြစ်နေတယ်”

ဆွန်းမိုက ကျန့်ချင်ဖန် လျှောက်တွေးနေတာတွေ ရပ်သွားအောင် ရိုးရိုးသားသား ပြောလိုက်သည်။

“ဘာ၊ မင်းရှူးနေလား”

ကျန့်ချင်ဖန် မျက်မှောင်ကြုတ်လိုက်သည်။

"မင်းကို တစ်ယောက်ယောက်က ချောက်ချလိုက်တာလား"

"မဟုတ်ဘူး"

ဆွန်းမိုလည်း စိတ်ရှုပ်သွားသည်။

"မင်းက လူသစ်လေ ဘာလို့ အမှောက်တိုက်ကြီးကို သွားရတာလဲ၊ ဘယ်လိုနေရာလဲ ဆိုတာကိုရော သိရဲ့လား"

ကျန့်ချင်ဖန်က ဆွန်းမိုကို ကြည့်ရင်း ပြောလိုက်သည်။ ဆွန်းမိုက ဝတ္ထု ထပ်မရေးတော့ဘူးဆိုတာကို ကြားလိုက်လျှင်

အရမ်းစိတ်ပျက်သွားသည်။ ပြီးတော့ အမှောင်တိုက်ကြီး သွားရမယ်ဆိုတာကိုပါ ကြားလိုက်လျှင် ရုတ်တရက် တုန်လှုပ်သွားသည်။

"ငါသိတယ်"

ဆွန်းမို ခေါင်းညိတ်ရင်း ပြန်ဖြေသည်။ အရင်ခန္ဓာကိုယ်ပိုင်ရှင်က ဒီနေရာမှာရှိခဲ့သော်လည်း ဒုတိယအဆင့်ကိုသာ ရောက်ဖူးသည်။

ဒါကအမှန်ပဲ၊ အခုလောလောဆယ် သိရှိထားတဲ့ သတင်းအချက်အလက်အရ အမှောင်တိုက်ကြီးတွင် စုစုပေါင်း အဆင့် (၅)ဆင့်ရှိသည်။

အဆင့်တစ်ခုစီတိုင်းမှာ သဘာဝနိယာမတွေ မတူညီကြပါ။

ဉပမာ - ပထမအဆင့်တွင်ရှိသော ဝိညာဉ်ချီများက ပြည်နယ်ကိုးခုလို မတည်ငြိမ်ကြပါ။ သူတို့တွေက ဒီရေလှိုင်းတွေလို အဆက်မပြတ် စီးဆင်းနေသည်။

ဒီဖြစ်စဉ်ကြောင့် မတူညီသော နေရာအသီးသီးတွင် အမျိုးမျိုးသော ဝိညာဉ် ဖိအားဖြစ်ပေါ်စေသည်။

ဝိညာဉ်ချီဖိအားနည်းသော နေရာများတွင် သွားလာလှုပ်ရှားပါက ပြဿနာ မရှိသော်လည်း

ဝိညာဉ်ချီ အရမ်းမြင့်မားတဲ့ နေရာများကို ဝင်ရောက်တဲ့အခါ သတိထားရသည်။ သတ်မှတ်တန်ဖိုးထက် ကျော်လွန်သွားပါက ဖိအားကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ဒဏ်ရာရသွားနိုင်သည်။

ဒါကြောင့်လည်း လူတစ်ယောက်က အမှောင်တိုက်ကြီးတွင် ဆန်းကြယ်သော ရတနာများ တူးဖော်လိုပါက ဝိညာဉ်ချီဖိအားတွေကို ခွဲခြားနိုင်အောင် အရင်ဆုံးလေ့လာ ထားဖို့လိုသည်။ ဒါမှလည်း သူတို့ အသက်ရှင်နိုင်မည်။

"သိရက်နဲ့ သွားချင်တယ်ဆိုတော့ မင်းအသက်ကို မလိုချင်တော့ဘူးလား"

ကျန့်ချင်ဖန်တစ်ယောက် မျက်မှောင်ကြုတ်နေသည်။ အတွေ့အကြုံရှိတဲ့သူတစ်ယောက်အနေနဲ့ ဆွန်းမိုကို စည်းရုံးလိုက်သည်။

"မင်းအခုလုပ်ရမှာက သင်ကြားရေးစွမ်းရည်မြှင့်ရမယ်၊ ပြီးရင် တပြည့်တွေလက်ခံကာ သင်ခန်းစာ ပို့ချပြီး ဗဟိုပြည်နယ်အကယ်ဒမီမှာ မင်းရဲ့ ရပ်တည်မှုကို တည်ငြိမ်အောင် လုပ်သင့်တယ်။

စွန်းစားပြီး အမှောင်တိုက်ကြီးကို သွားဖို့ မလုပ်သင့်ဘူး”

“ဒါပေမယ့် ငါ့တပည့်တွေက သွားချင်နေကြတယ်။ ဒါကြောင့်ငါလည်း လိုက်သွားရမယ်”

ဆွန်းမိုက ပခုံးတွန့်ရင်း ပြန်ဖြေသည်။

“ဘာ”

ကျန့်ချင်ဖန်က သူပဲ နားကြားမှားတာလားလို့ ပြန်တွေးလိုက်သည်။

“ဟိုနေ့က မင်းနဲ့အတူလိုက်လာတဲ့ မိန်းကလေးကို ပြောတာလား၊ ငါမှတ်မိတာ မမှားရင် သူမက

ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်တောင် မဝင်ရသေးဘူး မဟုတ်လား၊ သူမအတွက် အမှောင်တိုက်ကြီးဆိုတာ သေခြင်း တရားရုံးပဲ”

“သူမ တစ်ယောက်တည်း မဟုတ်သေးဘူး”

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေသည်။

“စောစောသွားပြီး အမှောင်တိုက်ကြီးမှာ အတွေ့အကြုံ တချို့ရလည်း မဆိုးပါဘူး၊ ငါသူတို့ကို ကာကွယ်ပေးမယ်”

“ခဏာနေပါအုံး ငါက အတင့်ရဲပြီး မေးသလိုဖြစ်ပေမယ့် မင်းမှာ တပြည့် ဘယ်နှစ်ယောက် ရှိလို့လဲ”

ကျန့်ချင်ဖန်က မေးလိုက်သည်။

“ခြောက်ယောက်”

ဆွန်းမိုက ရိုးရိုးသားသား ပြန်ဖြေလိုက်သည်။

“ဘယ်လောက်များ”

ကျန့်ချင်ဖန်သည် ဘဝမှာ အရာပေါင်းများစွာကို ဖြတ်ကျော်ဖူးသည်။ အင်ပါယာ တရားရုံးတွင် သူ့ရဲ့ နိုင်ငံရေး ပြိုင်ဘက်တွေက ဘုရင်ကို ရာထူးက

ဖယ်ရှားပြီး သေအောင် တုတ်နဲ့ ဝိုင်းရိုက်တာလဲ မြင်ခဲ့ဖူးသည်။ အဲ့အချိန်တုန်းကတောင် သူမျက်လုံး မပိတ်ထားခဲ့ပါ။ ဒါပေမယ့် အခုတော့ ရုတ်တရုတ် အံ့အောသင့်သွားသည်။

"ခြောက်"

ဆွန်းမိုက လက်ခြောက်ပြီး ခြောက်ပုံစံ လုပ်ပြသည်။

ကျန့်ချင်ဖန်က ဆွန်းမို အရှေ့မှာ သူ့လက်ကို ဝှေ့ယမ်းပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အခုနောက်ပိုင်း အဆင်မပြေတာတွေ များပြီး စိတ်ဂယောက်ချောက်ခြား ဖြစ်နေပြီလား"

ကျန့်ချင်ဖန်က သူ့ကို မယုံတာလည်း မထူးဆန်းပါ။ ဆရာတစ်ယောက်ကို အသိအမှတ်ပြုခြင်းက ကျောင်းသားဘဝအတွက် အရမ်းကို အရေးပါတဲ့ ကိစ္စဖြစ်သည်။ ဘာကြောင့်ဆို ဆရာတစ်ယောက်ကို အသိအမှတ်ပြုပြီးပါက နောက်ပိုင်းတွင် အခြားဆရာတစ်ယောက်ကို ထပ်အသိအမှတ်ပြုပါက သူတို့ နာမည်လည်း ပျက်သွားလိမ့်မည်။

ဒါကြောင့် ဒီကိစ္စကို လူတိုင်းက အလေးထား ဆောင်ရွက်ကြသည်။ ကျန့်ချင်ဖန်က ဆွန်းမိုကို အထင်သေးတာတော့ မဟုတ်ပါ။

(မင်းက အလုပ်သင်ဆရာပဲလေ၊ ဟုတ်တယ်ဟုတ်။ မင်း တရားဝင် အလုပ်ဝင်ရင်တောင် ကျောင်းသား ခြောက်ယောက် ရနိုင်ပါ့မလား။ ခဏနေပါအုံး ၊ ဒါက အရေးမကြီးဘူး၊)

“ တပည့်ခေါ်ဖို့အတွက်လည်း အရမ်းစိတ်ပူ မနေပါနဲ့။ မင်းတစ်ခုပဲ လုပ်သင့်တယ်။ သူတို့ကို မင်းရဲ့ သား၊ သမီးလို ဂရုစိုက်ပေး ၊ လုံးဝ မေ့လို့ မရဘူးနော်”

ကျန့်ချင်ဖန် ပြောမလို့ ခဏလောက် တွေဝေပြီးနောက်

" သူတို့ အရည်အချင်းနဲ့ ကာရိုက်တာ မကောင်းရင်လည်း လက်မခံနဲ့။ ဒါကြောင့် မင်းက သူတို့ကို အချိန်ပိုယူပြီး စောင့်ကြည့်သင့်တယ်"

"ငါသိပါတယ်။ ငါ့တပည့်ခြောက်ယောက်စလုံးကို ငါကျေနပ်ပါတယ်"

ဆွန်းမိုက ကျန့်ချင်ဖန်ကို အရမ်းကျေးဇူးတင်ပါသည်။ သူက ဩဇာကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပြီး သူ့ပုံရိပ်ကိုလည်း

ဂရုစိုက်ဖို့လိုသည်။ သို့သော်လည်း ဆွန်းမိုအတွက် ဒီအရာများကို ပြောဖြစ်အောင် ပြောပေး နေသေးသည်။

"မင်း"

ကျန့်ချင်ဖန် အရမ်းစိတ်ပျက်ပြီး ခေါင်းတခါခါ ဖြစ်သွားသည်။ သို့သော်လည်း လူတိုင်းတွင် သူတို့ကိုယ်ပိုင် အမြင်ရှိကြသည်။

"ငါ့ဘေးနားမှာ အကြာကြီးနေခဲ့တဲ့ ကျောင်းသားတစ်ယောက်ရှိတယ်။ ငါလည်း သူ့ကို အမှောင်တိုက်ကြီးဆီကို စေလွှတ်ပြီး

အတွေ့အကြုံတချို့ ယူစေချင်တယ်။ ဆွန်းမို သူ့ကို ခဏလောက် ဂရုစိုက်ပေးနိုင်မလား”

ဆွန်းမို ခဏလောက် ကြောင်သွားပြီးရင်ထဲမှာလည်း နွေးထွေးသွားသည်။ သူက လက်သီးဆုပ်ပြီး ကျန့်ချင်ဖန်ကို ဦးညွှတ်လိုက်သည်။ ဆွန်းမိုနဲ့ သူ့တပည့်များကို ကာကွယ်ပေးရန် ကျွမ်းကျင်သူတစ်ယောက် စေလွှတ်ဖို့ စီစဉ်နေသည်။

လူအိုကြီးကျန့်က ပေါ်တင်ပြောလိုက်ရင်လည်း ဆွန်းမို ရှက်သွားမှာ စိုးရိမ်နေသည်။ ဒါကြောင့် လုံး၀ အဓိပ္ပါယ် ခြားနားသွားအောင် ပြောလိုက်သည်။

“မင်းသေတာ အရေးမကြီးဘူး အနောက်ဘက်ကို ခရီးသွားခြင်းက သမိုင်းထဲမှာ ပျောက်သွားလိမ့်မယ်”

ကျန့်ချင်ဖန်က ဟာသအနေနဲ့ ပြောလိုက်သော်လည်း ပြောပြီးတာနဲ့ တံတွေးတစ်ချက် ထွေးထုတ်လိုက်သည်။ သူက ဘာလို့သေရမှာလဲ။ ဒါက တကယ့်ကို နမိတ်မကောင်းဘူး။

“ ပါးစပ်နဲ့ပဲ ပြောလို့ မရဘူးလား။ ငါတကယ် မရေးချင်တော့လို့ပါ ”

ဆွန်းမို ရေးဖို့ အချိန်မပေးနိုင်တော့ပါ။

"နည်းနည်းလောက် ထပ်စဉ်းစားပါအုံး၊ ဒီစာအုပ်က အရမ်း ရေပန်းစားနေပြီး ချင်လင်ရဲ့ တန်ဖိုးရှိတဲ့ အရာ ဖြစ်လာပြီ၊ နောက်တစ်လ နှစ်လလောက်နေရင် တန်နိုင်ငံ တစ်ခုလုံး မုန်တိုင်းထန်သွားအောင် လုပ်ဖို့တောင် ပြဿနာမရှိဘူး"

ကျန့်ချင်ဖန်က သက်ပြင်းချရင်း ပြောလိုက်သည်။ ဆွန်းမိုရဲ့စာအုပ်က သမိုင်းတွင်လောက်သည်။

"ဟားဟား"

ဆွန်းမိုက စိတ်မဝင်စားပါ။

“မင်းက အဖိုးတန်တဲ့ အရာကို ဖြုန်းတီးပစ်နေတာပဲ။ မပြည့်စုံတဲ့ ‘ အနောက်ဘက်ကို ခရီးသွားခြင်း ’ က တန်နိုင်ငံ စာပေသမိုင်းမှာ အကြီးမားဆုံး နောင်တရမှု လို့ပဲ ပြောရမယ်”

ကျန့်ချင်ဖန် အရမ်းကို စိတ်ပျက်နေသည်။

“ငါတောင်းပန်ပါတယ် ငါ့ရဲ့ ရည်ရွယ်ချက်က သင်ကြားချင်တဲ့ လူတွေကို သင်ကြားပေးပြီး အောင်မြင်ပြီး ကောင်းမွန်တဲ့ ကျောင်းသားတွေကို ပျိုးထောင်ချင်တယ်။ ဒါက နာမည်ကြီး ဝတ္ထုတစ်ပုဒ် ရေးတာထက် ပိုကျေနပ်စေတယ်”

ဆွန်းမိုက တောင်းပန်လိုက်သည်။

ဒီစကားကို ကြားလိုက်လျှင် ဆွန်းမိုကို ချက်ခြင်းပဲ အရမ်းလေးစားသလို ကျန့်ချင်ဖန် ခံစားလိုက်ရသည်။ ရှက်ရွံ့တဲ့ အမူအရာနဲ့ ဆွန်းမိုကို လက်ခုပ်တီး ဂုဏ်ပြုလိုက်သည်။

“ငါကပဲ တောင်းပန်ရမှာပါ၊ ငါ အမြင်ကျဉ်းသွားတယ်”

ဒင်

ကျန့်ချင်ဖန်ရဲ့ လေးစားအထင်ကြီးမှု +၅၀။ မူလ(၉၀/၁၀၀)

သင်ယူတတ်မြောက်ထားသူ တစ်ဦးဖြစ်ပြီး တော်ဝင်နန်းတွင်းမှာလည်း အရေးပါတဲ့ အရာရှိတစ်ယောက် ဖြစ်ခဲ့တဲ့သူအနေနဲ့ ပင်ကိုယ်အရည်အချင်းက ဘယ်လောက် အရေးပါလဲဆိုတာ ကျန့်ချင်ဖန် နားလည်သည်။ ဆွန်းမိုရဲ့ ရည်ရွယ်ချက်က အရမ်း မွန်မြတ်တာကိုလည်း ပြောနိုင်သည်။

"ဦးလေး ကျန့်"

ဆွန်းမို အမြန် ရှောင်လိုက်သည်။ ဒီလိုလေးနက်တဲ့ နှုတ်ဆက်မှုမျိုးကို သူလက်မခံနိုင်ပါဘူး။

"ဇာတ်လမ်းရဲ့ဒုတိယအပိုင်းကို ငါမဖတ်နိုင်တော့ဘူး ဆိုတော့ ငါစိတ်ကျေနပ်သွားအောင် မင်းဘယ်လို ပြောပြမှာလဲ"

ကျန့်ချင်ဖန်တစ်ယောက် အစာတောင်းနေတဲ့ သစ်ကုလားအုပ်တစ်ကောင်လို ချက်ခြင်းပဲ ပုံစံပြောင်းသွားသည်။ ဆွန်းမိုကို အသနားခံသော အကြည့်နဲ့ ကြည့်လိုက်သည်။

"ကောင်းပြီလေ"

ဆွန်းမိုလည်း ပုံပြင်ကို စပြီး ပြောလိုက်သည်။

ကျန့်ချင်ဖန်က ဒါကို တကယ် စွဲလန်းနေသည်။ ဆင်းရဲဒုက္ခ ၈၁ မျိုး ဇာတ်လမ်းကလည်း တကယ့်ကို စွဲဆောင်မှု ရှိလွန်းသည်။ ကိုယ်ဝန်စမ်းရေ မှားသောက်ခဲ့မိတဲ့ အခန်း၏ လေးပုံတစ်ပုံတွင် ကိုယ်ဝန်ရလာတဲ့ အကြောင်းဖတ်မိပြီး လုံးဝကို အံ့အော ထွက်သွားသည်။

ထို့နောက် ထန်ဇန်ချန်နှင့် အမျိုးသမီးနိုင်ငံက အချစ်ကြောင်း ရောက်လာသည်။ ထန်ဇန်ချန်ကို ဘုရင်မကကြွေပြီး စွဲလန်းစိတ်နဲ့တစ်သက်လုံး တစ်ယောက်တည်းပဲ နေတော့မယ်ဆိုတဲ့

အကြောင်းကို ကြားလိုက်လျှင် ညည်းညူပြီး သက်ပြင်းချက်လိုက်မိသည်။

ဒင်

"လူဆယ်ယောက်ကို နှိပ်ပေးရမယ့် တာဝန်ပြီးမြောက်တဲ့ အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ်- အနက်ရောင် ရတနာသေတ္တာတစ်လုံး"

စနစ်ရဲ့ အကြောင်းကြားချက်က ရုတ်တရက် ထွက်လာသည်။

ဆွန်းမို ဆွံ့အသွားသည်။ (ဒါက နည်းနည်းနောက်ကျ မနေဘူးလား။)

လူအိုကြီးကျန်နဲ့ပဲ တနေကုန် အချိန်ဖြုန်းနေရမယ် ထင်ထားခဲ့သည်။ ဒါကြောင့် ရတနာသေတ္တာကို ဖွင့်ဖို့ ဆုံးဖြတ်လိုက်သည်။

အလင်းရောင် ပျောက်ကွယ်သွားသည်။ ဘာမှ မကျန်ခဲ့ပါ။

“အရမ်း…အရမ်း စိတ်မကောင်းဘူး။ မင်းကံမကောင်းဘူး။ ကျေးဇူးပြုပြီး နောက်တစ်ကြိမ် ထပ်ကြိုးစားပါ”

စနစ်က ဒီလိုပြောပြီး မထိန်းနိုင်ဘဲ တဟားဟားနဲ့ အော်ရယ်နေသည်။

"ကံဆိုးတဲ့လူတွေကို အများကြီး မြင်ပေမယ့် ဒီလို ကံဆိုးတဲ့ လူကတကယ် ရှားတယ်"

ဆွန်းမိုလည်း တစ်ယောက်ယောက်ကို ရိုက်ချင်စိတ် ပေါက်လာသည်။ (ငါကံဆိုးတာ ငါသိတယ်။ မင်းဒီလောက် စေ့စေ့ပေါက်ပေါက် လိုက်ပြောစရာ လိုလို့လား။ အနည်းဆုံးတော့ မြေကြီးတစ်ခု ပေးလို့ ရတယ်လေ။)

စနစ်ရဲ့ လျှောင်ပြောင်မှုကို ကြားနေရတဲ့အချိန် လူအိုကြီးကျန့်က ရတ်တရတ် မြေပြင်ကို ဝုန်းကနဲ

လဲကျသွားခဲ့သည်။ ထိုအသံကို ကြားမှ ပြန်သတိဝင်လာသည်။

“ဦးလေး ကျန့်”

ဆွန်းမို အရမ်း ထိတ်လန့်သွားပြီး နှလုံးခုန်သံကို စမ်းဖို့ လက်လှမ်းလိုက်သည်။

“သခင်ကြီး”

ကျန့်ချင်ဖန် လဲကျသွားတာနဲ့ ပိန်ပိန်ပါးပါး လူခုနစ်ယောက်က တောထဲကနေ စိုးရိမ်တကြီး ပြေးထွက်လာသည်။

“မြန်မြန်၊ လမ်းရှင်းကြ”

အဖွဲ့ခေါင်းဆောင်က အမြန်ဆုံး ပြေးလာသည်။ သူက လက်ကို ဆန့်ပြီး ကျန့်ချင်ဖန်ကို နောက်ကျောပေါ်ကနေ ထမ်းခေါ်သွားဖို့ လုပ်လိုက်သည်။

"မလုပ်နဲ့"

ဆွန်းမိုက သူ့လက်ကို လှမ်းဖမ်းလိုက်သည်။

"လွှတ်စမ်း။ သခင်ကြီးကို ကုသဖို့ ကြံ့ကြာသွားရင် မင်းမိသားစုက လူအားလုံးကို ခေါင်းဖြတ်ပစ်မယ်"

ထိုလူက ဒေါသတကြီး ပြန်အော်သည်။

"သူက ဦးနှောက် သွေးကြောပေါက်သွားတာ၊ မင်းက သူ့ကို ကျောပေါ်တင်ပြီး တစ်မိနစ်လောက် ပြေးသွားရင် သူသေဖို့ လုံလောက်နေပြီ"

မေ့မျောနေသော ကျန့်ချင်ဖန်က နာကျင်စွာ ရုတ်တရက် ထအော်သည်။ နာကျင်လွန်းသဖြင့် မျက်နှာတစ်ခုလုံး ရှုံ့တွနေသည်။

"မင်းဘာလုပ်နေတာလဲ"

ထိုလူတွေလည်း အရမ်းထိတ်လန့်ပြီး ဒေါသထွက်လာကာ ဓါးတွေကို ဆွဲထုတ်လိုက်သည်။

"သူ့ကိုမသေစေချင်ရင် ပါးစပ်ပိတ်ထား"

ဆွန်းမိုက အော်ဟစ်လိုက်သည်။

ဖြတ်သွား ဖြတ်လာ ကျောင်းသားများလည်းဒီမြင်ကွင်းကို မြင်လိုက်လျှင် ချက်ခြင်း ပြေးလာကြသည်။ ဆွန်းမို အဝိုင်းခံနေရတာကို သတိထားလိုက်မိရင် ချက်ခြင်း အော်ဟစ်လိုက်ကြသည်။

"ဆရာဆွန်း အန္တရာယ် ရှိနေပြီ"

ကျောင်းသားများက ရက်စက်ကြမ်းကြုတ်တဲ့ လူတွေကို မကြောက်ပဲ ဆွန်းမိုအရှေ့ကနေ ပိတ်ရပ်ထားလိုက်သည်။

“ငတုံးတွေ၊ မင်းတို့ သေချင်နေကြတာလား”

ဆွန်းမိုက ကျောင်းသားတွေကို ဒေါသတကြီး အော်ဟစ်လိုက်သည်။ ဒီလူတွေက အစိုးရိမ်လွန်ပြီး လူသတ်လိုက်မှာ သူ့အရမ်း စိုးရိမ်နေသည်။

“ငါတို့ သခင်ကြီးမှာ ရောဂါဟောင်းရှိတယ်။ အရမ်းမလုပ်လိုက်နဲ့ ဒီလိုမှမဟုတ်ရင် သူသေသွားနိုင်တယ်”

“မင်းတို့ကျောင်းက ဆရာဝန် ဘယ်မှာလဲ မြန်မြန်ခေါ်လိုက်”

“မင်းတို့ရဲ့ ကျောင်းအုပ်ကြီးကိုလည်း သွားခေါ်ကြ”

အစောင့်တွေက ကျယ်လောင်စွာ အော်ဟစ်နေကြသည်။

“ပါးစပ်ပိတ်ထားဖို့ ပြောတယ်နော် ၊ ငါလိုးပဲ လူစကား နားမလည်ဘူးလား”

ဆွန်းမို ပေါက်ကွဲလာသည်။

“ငါ့ကို လာမနှောက်ယှက်နဲ့”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဦးနှောက်သွေးကြောပေါက်တာက အချိန်မှီ မကုသနိုင်ရင် အသက်ကို ကယ်တင်နိုင်ရင်တောင် တသက်လုံး ရှုံးသွားနိုင်သည်။

ဆွန်းမိုရဲ့ အသက်ရှင် သွေးနည်းစနစ်က ကျွမ်းကျင်အဆင့်သာ ရှိသေးသည်။ ဂျင်းနီရဲ့ အကူအညီသာ မပါရင် သူအကောင်းဆုံး ကြိုးစားမှပဲ ရလိမ့်မည်။

“ကျောင်းအုပ်ကြီးအန်ကို သွားအကြောင်းကြားလိုက်”

စာစဉ်(၁၃)

အခန်း(၁၉၂) - သက်ရှိသွေးနည်းစနစ်ရဲ့ အံ့အောဖွယ် စွမ်းရည်။

"ကျွန်တော် သွားလိုက်မယ်"

ကျောင်းသားတစ်ယောက်က ချက်ခြင်း ပြေးသွားသည်။

ကျောင်းသားတွေ တဖြည်းဖြည်း ပိုပိုများလာပြီး လူအုပ်ကြီးဖြစ်လာသည်။ ဒါကို မြင်လျှင် အစောင့်တွေ ပိုဒေါသထွက်လာသည်။ သူတို့ရဲ့ သခင်ကြီးကို သယ်သွားဖို့ကလည်း မဖြစ်နိုင်တော့ပါ။ သို့သော်လည်း သူတို့က သူတို့အစီအစဉ်ကို မရပ်တန့်ထားဘဲ ဆွန်းမိုကို ဆက်ပြီး ဝိုင်းထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(သခင်ကြီးတစ်ခုခု ဖြစ်လို့ကတော့ မင်းကို အရင်သတ်မယ်)

ရှဲရှဲရှဲ

ကျန့်ချင်ဖန် နဖူးက ချွေးတွေ ထွက်လာပြီး ချက်ခြင်း အငွေ့ပျံသွားသည်။ အဖြူရောင်အခိုးအငွေ့တွေက သွေးရောင်ပြောင်းသွားပြီး ချက်ခြင်းပဲ လမ်းကြောင်း အသီးသီးကို ပျံ့လွင့်သွားသည်။

"ဒါကဘာလဲ"

ဒါကိုမြင်လျှင် အစောင့်များ ဆံပင်တွေ ထောင်လာသည်။ ဒီကောင်ကို တားလိုက်ရမလား။

သူတို့က ရင်ထိတ်နေကြပြီး ဘာလုပ်လို့ ဘာကိုင်ရမလဲ မသိအောင် ဖြစ်နေကြသည်။ တကယ်လို့ သခင်ကြီးသာ ဒီနေရာမှာ သေသွားခဲ့ရင် သူတို့ခုနှစ်ယောက်စလုံး တောင်းပန်ဖို့ အနောက်က လိုက်သွားကြမည်။

"စိတ်မပူနဲ့၊ ဒီလူအိုကြီးက မသေနိုင်ပါဘူး"

စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်မြင့်တဲ့ အတန်းကြီး ကျောင်းသားက အစောင့်တွေ အရမ်းစိုးရိမ်နေတာ

မြင်လိုက်လျှင် ခပ်မြန်မြန် ရှင်းပြလိုက်သည်။ သူက နောက်ပြန်ဆုတ်လို့ မရတဲ့ အခြေအနေမျိုးကို မဖြစ်စေချင်ပါ။

"ငါတို့ဆရာမှာ 'နတ်ဘုရားလက်' လို အရမ်းကျော်ကြားတဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက် ရှိတယ်။ သူသာ လုပ်ပေးနေရင် ဒီအဘိုးကြီး သေချင်ရင်တောင် သေလို့ မရ စေရဘူး"

"ဒါအမှန်ပဲ၊ မင်းတို့ ငြိမ်ငြိမ်လေး စောင့်ကြည့်သင့်တယ်"

"ဒီလူအိုကြီး တကယ် ကံကောင်းတာပဲ၊ ဆရာဆွန်းမိုနဲ့သာ မဆုံရင် သေဖို့များသွားလိမ့်မယ်"

ကျောင်းသားများက တိုးတိုးလေး ရေရွတ်ရင်း ဆွန်းမိုရဲ့ အရမ်းကျွမ်းကျင်တဲ့ စွမ်းရည်အောက်မှာ မျောပါနေကြသည်။

"နတ်ဘုရားလက်၊ ဒါက ဘာကောင်ကြီးလဲ"

အစောင့် ခုနှစ်ယောက်ရဲ့ အမူအရာက အူကြောင်ကြောင် ဖြစ်နေသည်။ ဒီစကားက အရမ်းထူးဆန်းနေသည်။

မဟုတ်သေးဘူး။ မြင်ရတာလည်း အရမ်းထူးဆန်းနေသည်။ ဆွန်းမိုရဲ့လက်များကို ကြည့်လိုက်ရင် ပန်းများကြားမှာ လွန်းထိုးပျံဝဲနေတဲ့ လိပ်ပြာတွေလို လူအိုကြီး ခေါင်းကိုနှိပ်ပေးနေသည်။ သူ့လက်တွေက တခါတလေ ပေါ့ပေါ့ပါးပါးဖြစ်ပြီး တခါတလေ အရမ်းမြန်နေသည်။ ကြည့်လို့ မျက်စိပဒေသာ ဖြစ်လှသည်။

“ဘော့စ်၊ ကျောင်းသားတွေရဲ့ အပြုအမူကို ကြည့်ရတာ ဒီဆရာကို အရမ်းလေးစားတဲ့ ပုံပဲ၊ သခင်ကြီးကို ကယ်တင်နိုင်လောက်တယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစောင့်တစ်ယောက်က နှစ်သိမ့်စကား ပြောလိုက်သည်။

'အင်း"

အစောင့်ခေါင်းဆောင်လည်း မချိပြုံး ပြုံးပြလိုက်သည်။ (သခင်ကြီးရဲ့ ရောဂါက နန်းတော်ထဲက မြင့်မြတ်တဲ့ ဆရာဝန်တွေတောင် ဘာမှ မလုပ်ပေးနိုင်ကြပါ။ ဒါတောင် ဒီလူငယ်က ကုပေးနိုင်မယ် ပြောနေသေးတာလား။ မင်းစိတ်မှ ကောင်းသေးရဲ့လား)

သို့သော်လည်း ဒီလိုအချိန်မျိုးတွင် လက်လွှတ်စပယ် မပြောရဲပါ။ အင်း၊ တစ်ခုခုထူးလာပါစေပဲ မျှော်လင့်ရမယ်။

ပတ်ဝန်းကျင်တွင် လူအုပ်ကြီးဖြစ်နေပြီး ဖြတ်သွားဖြတ်လာ ကျောင်းသားများကလည်း ဘာတွေ ဖြစ်နေလဲဆိုပြီး စပ်စုနေကြသည်။ ဆွန်းမို ဖြစ်နေမှန်းသိလိုက်လျှင် ထွက်မသွားကြတော့ပါ။ အဲဒီအစား ရတနာသေတ္တာတစ်ခု တွေ့လိုက်ရသလို ကြည့်နေကြသည်။

ဆွန်းမိုက သူ့ရဲ့ နတ်ဘုရားလက်ထုတ်ဖော်ပြသနေတာကို ကြည့်နေရတာနဲ့တင် စိတ်ချမ်းသာဖို့ ကောင်းနေသည်။

ဆွန်းမိုသည် နဖူးမှာ ချွေးတွေ အလုံးလိုက်ထွက်အောင် အလုပ်ရှုပ်နေသည်။ နတ်ဘုရား မျက်စိကိုလည်း ဖွင့်ထားသည်။ ကျန့်ချင်ဖန်ရဲ့ အခြေခံ အချက်အလက်များကိုသာ မြင်ရပြီး ဦးခေါင်းဖွဲ့စည်းပုံကို မမြင်ရတာက စိတ်ပျက်ဖို့ ကောင်းသည်။

ကံကောင်းထောက်မစွာ ရှေ့ဟောင်းအနှိပ်ပညာနဲ့ သွေးကြောပြုပြင်ခြင်း နည်းစနစ်တို့ကြောင့် အတွင်းပိုင်း သွေးယိုတဲ့ နေရာကို ရှာနိုင်ခဲ့သည်။

နည်းစနစ်သုံးမျိုးကို သုံးပြီး သွေးကြောများ သွေးထပ် မထွက်လာအောင် တားဆီးခဲ့သည်။ ထို့နောက် အသက်ရှင်သွေးနည်းစနစ်ရဲ့ လည်ပတ်မှုကို မြှင့်တင်ပြီး သွေးခဲများကို အငွေ့ပျံအောင် လုပ်လိုက်သည်။

"လူအိုကြီး ကျန့်လား"

အန်ရှီဝေ ပြေးလာသည်။ ကျန့်ချင်ဖန်ကို မြင်လိုက်လျှင် ခေါင်းတစ်ခုလုံး ရုတ်တရက် ထုံကျင်သွားသည်။ ဘာကြောင့် ဒီလို ဩဇာကြီးမားတဲ့သူ ဖြစ်နေရတာလဲ။

“ ကုသရေး ခန်းမဆောင်ကိုသွားပြီး ဒေါက်တာလူကို မြန်မြန်လာခိုင်းလိုက်”

အန်ရှီဝေက မြန်မြန် ညွှန်ကြားလိုက်ပြီး ကျန့်ချင်ဖန်ဘေးတွင် ဆောင့်ကြောင့်ထိုင်လိုက်ကာ သွေးခုန်နှုန်းကို စမ်းလိုက်သည်။ သူမက ဆေးပညာကျွမ်းကျင်မှုကို မသိသော်လည်း

သွေးခုန်နှုန်းစမ်းတာနဲ့ အရေးပေါ်ကယ်ဆယ်ရမယ့် နည်းလမ်းကိုတော့ သိသေးသည်။

"အဟွန့် အဟွန့်"

မေ့မြောနေသော ကျန့်ချင်ဖန်က ရုတ်တရုတ် ပြင်းထန်စွာ ချောင်းထဆိုးလာသည်။ နှာခေါင်းက သွေးတွေ ထွက်လာပြီး အဝတ်အစားတွေ အနီရောင် ပေကျံသွားသည်။

"သခင်ကြီး"

အစောင့်တွေ ရုတ်တရုတ် လန့်ဖြန့်သွားပြီး သေးတောင် ထွက်ကျလုမတတ် ဖြစ်သွားသည်။

မြင်ရတာ အရမ်းကြောက်ဖို့ ကောင်းသည်။ သို့သော်လည်း သူတို့အမူအရာက အားရဝမ်းသာနေတဲ့ ပုံစံဖြစ်သွားသည်။ သူတို့ သခင်ကြီးက သတိပြန်ရလာနေပြီ။

"သခင်ကြီး၊ မင်း ရောဂါ ထ လာတုန်းက မင်းကို ဆေးကုသရေး ခန်းမဆောင်ကို ပို့ဆောင်ချင်ပေမယ့် ဆရာဆွန်းက ငါတို့ကို တားဆီးထားတယ်။ သူက မင်းကို ကယ်တင်နိုင်တယ် ပြောတယ်"

အစောင့်တွေက အပြစ်တင်ဖို့ မကြိုးစားကြပါ။ သူတို့အလုပ်မလုပ်ဘူးလို့ သခင်ကြီးက ထင်ပြီး အလုပ်မပြုတ်အောင်သာ ရှင်းပြနေကြသည်။

“စကားမပြောနဲ့၊ တိတ်တိတ်နေ၊ မင်းရောဂါကို ငါထိန်းနိုင်တယ်”

ဆွန်းမို ညွှန်ကြားလိုက်သည်။ ဒီအချိန်မှာ ကျန့်ချင်ဖန်ကို မကုသနိုင်ရင် အခြေအနေ တည်ငြိမ်အောင်တော့ လုပ်ရမည်။ ဒီလိုမှ မဟုတ်ဘဲ နောက်တစ်ကြိမ် သွေးကြောပြန်ပေါက်လာပါက သူလည်း ဘာမှ မလုပ်နိုင်ဖြစ်သွားမည်။

ကျန့်ချင်ဖန်ရဲ့ အခြေအနေက အနည်းငယ် တိုးတက်လာသည်။ နောက်ဆုံးတော့ ဆွန်းမိုလည်း အနားယူချိန် အနည်းငယ် ရသွားသည်။ ဒီအချိန်မှာ ပိုပြီး သက်တောင့်သက်သာ ဖြစ်တဲ့ ပုံစံကို ပြောင်းထိုင်လိုက်သည်။ ထို့နောက် အသက်ရှင်သွေးနည်းစနစ်ကို အပြည့်အဝ ထုတ်သုံးလိုက်သည်။

ကျန့်ချင်ဖန်က သက်တောင့်သက်သာဖြစ်စွာ မျက်လုံး မှိတ်ထားသည်။ အရင်တုန်းက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခေါင်းတစ်ခုလုံး လေးလံ ထိုင်းမှိုင်း နေခဲ့သည်။ ဒါပေမယ့် အခုတော့ လန်းဆန်းနေသည်။

ဒီလို ခံစားချက်မျိုး မရတာ လေး၊ ငါး၊ ခြောက်နှစ်လောက် ရှိပြီ။

ကျန့်ချင်ဖန်ရဲ့ အကြည့်များက ဆွန်းမိုဆီကို ရောက်သွားသည်။ သူ့ မျက်နှာက ပင်ပန်းနွမ်းနယ်နေပြီး လက်တွေကတော့ မြန်မြန်ဆန်ဆန် နှိပ်နေသည်။ အချက်တိုင်းမှာ ကျန့်ချင်ဖန် အရမ်း သက်တောင့်သက်သာဖြစ်ပြီး ထုတ်ညည်းချင်စိတ် ပေါက်နေသည်။

လူအိုကြီးကျန်္န အခြေအနေ တိုးတက်ကောင်းမွန်လာတာမြင်မှ အန်ရှီဝေလည်း စိတ်အေးသွားသည်။

မိနစ် ၂၀ ကြာပြီးနောက် ဆွန်းမိုလဲ ရပ်တန့်ပြီး မြေကြီးပေါ် လဲကျသွားသည်။ ဟောဟဲဟောဟဲနဲ့ ပါးစပ်မှ အသက်ရှူနေရသည်။

"ဆွန်းမို'

အနီးအနားမှာ ရှိတဲ့ကျောင်းသားတွေက ကူညီဖို့ လုပ်လိုက်သော်လည်း အန်ရှီဝေက သူတို့ကို ကျော်ပြီး

လက်ကိုင်ပုဝါ ထုတ်ကာ သူ့မျက်နှာပေါ်က ချွေးတွေကို သုတ်ပေးနေသည်။

ဝိညာဉ်ချီ အကုန်လွင့်သွားပြီး ဖြူဖျော့နေသော မျက်နှာလေးကို မြင်လျှင် အန်ရှီဝေ နှလုံးသား တခုလုံး တဆစ်ဆစ်နဲ့ နာကျင်လာသည်။

"ညီငယ်လေး၊ ဒီတစ်ခါတော့ မင်းကို ကျေးဇူး အရမ်းတင်တယ်ကွာ"

ဆွန်းမိုရဲ့ မိုးပြာရောင် ဝတ်ရုံရှည်တစ်ခုလုံး ချွေးများနဲ့ စိုရွှဲနေတာကို ကျန့်ချင်ဖန် မြင်နေရသည်။

ရေတောင် ညှစ်ချလို့ ရသည်။ ကျန့်ချင်ဖန် မျက်လုံးမှာ တောင်းပန်မှုနဲ့ ကျေးဇူးတင်မှုများ ပြည့်နေသည်။

“ဦးလေးကျန့်၊ ဒီလိုတွေ ထပ်ပြော မနေပါနဲ့”

ဆွန်းမိုက ပြောလိုက်သည်။

“ဦးလေး ကျန့်လား”

အန်ရှီဝေ အံ့အောသွားသည်။ ဆွန်းမိုက သူမရဲ့ ငယ်သူငယ်ချင်း ဖြစ်သောကြောင့် ကျန့်ချင်ဖန်ရဲ့ တူ မဟုတ်ဘူးဆိုတာ သေချာပေါက် သိနေသည်။

ထို့နောက် ကျန့်ချင်ဖန်နဲ့ ဆွန်းမိုတို့ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လို ရင်းနှီးလာလဲ ဆိုတာ

သိချင်လာသည်။ ကြည့်ရတာတော့ သူတို့နှစ်ယောက်က တော်တော်ရင်းနှီးနေတဲ့ ပုံပဲ။

ကျန့်ချင်ဖန်က အငြိမ်းစား ယူခဲ့သော်လည်း ကြီးမားသော ရာထူးဖြင့် အင်ပါယာနန်းတော်တွင် နှစ်ပေါင်း ၃၀ ကျော်လုပ်လာသဖြင့် ခိုင်မာသော အဆက်အသွယ်များ ရှိနေသည်။ သူ့ စကားတစ်ခွန်းက ချင်လင်ကို တုန်လှုပ်သွားစေနိုင်သည်။

“ဟားဟား၊ ငါ့ရောဂါကို ငါသိပါတယ်ကွာ အချိန်မရွေးသေသွားနိုင်တာလဲ သိတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန့်ချင်ဖန်က ဒီကိစ္စနဲ့ ပက်သက်ပြီး အရမ်းသွေးအေးနေပြီ။ သေချိန်ကျရင် သေမှာပဲလေ။ တစ်ရက်နဲ့ တစ်ရက် အသက်ရှင်ဖို့ပဲ အရမ်း သတိထားမနေချင်တော့ဘူး။

"ဒါပေမယ့် မင်းက လူတွေကို ဒီလို ကယ်တင်နိုင်လိမ့်မယ်လို့တော့ မထင်ထားမိဘူး"

ဒင်

ကျန့်ချင်ဖန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနီး(၁၉၀/၁,၀၀၀)

"ဒါကလည်း အခြေအနေနဲ့ တိုက်ဆိုင်သွားလို့ပါ "

ကျန့်ချင်ဖန် တကယ် ကံကောင်းတယ်လို့ပဲ ဆွန်းမိုပြောချင်သည်။ ကံကောင်းထောက်မစွာ ဒါက ဦးနှောက်သွေးယိုမှု ဖြစ်နေခဲ့သည်။ တခြား အခြေအနေသာဆိုလျှင် သူလည်း စိုးရိမ်တကြီး စောင့်ကြည့်နေရမည်။

"အဘိုး၊ မင်းက သူ့ရဲ့ဦးလေးဖြစ်ပြီး 'နတ်ဘုရားလက်' ဒီလောက် ကျော်ကြားနေတာ မသိဘူးလား"

စိတ်ပိုင်းဆိုင်ရာ

ဉာဏ်ရည်မြင့်တဲ့ကျောင်းသားကပဲ

ဝင်ထောက်ပေးလိုက်သည်။ ဆွန်းမို ရုပ်တည်မှုကို ပိုမြင့်မားလာအောင် ကြိုးစားလိုက်သည်။ အနန်ရှီဝေက ကျောင်းသားရဲ့ ပုံစံကို ဘယ်သူမှ မသိအောင် ခိုးမှတ်လိုက်သည်။ (အရမ်းကောင်းတယ်။ မင်းအတွက် ပညာရေးဆိုင်ရာ အမှတ်တချို့ ထည့်ပေးမယ်)

"နတ်ဘုရားလက်လား"

ကျန်နဲ့ချင်ဖန်လည်း အံ့အောသင့်သွားပြီး အနီးအနားက ကျောင်းသားတွေကို တစ်ချက် လှည့်ကြည့်လိုက်သည်။ သူတို့အားလုံးရဲ့

အမူအရာကိုတွေ့ပြီး ဆွန်းမိုကြောင့် ကံကောင်းလို့ အသက်ရှင်နေတယ်ဆိုတာ နားလည်သွားသည်။

"သူတို့ပြောတာကို နားထောင် မနေပါနဲ့၊ ဒါက အနှိပ်ပညာတစ်ခုပါပဲ"

ဆွန်းမိုက နှိမ့်ချစွာ ပြောလိုက်သည်။

အန်ရှီဝေက ဘယ်သူမှ သတိမထားမိအောင် ဆွန်းမိုကို စိုက်ကြည့်လိုက်သည်။ (ဒီလောက် အရေးပါတဲ့ ပုဂ္ဂိုလ်ရှေ့မှာ ဘာနှိမ့်ချနေရတာလဲ။ မင်းရဲ့ တန်ဖိုးကို သူသိသွားရင် မင်းကို ကူညီမှာပေါ့)

ကျန့်ချင်ဖန်လို ဩဇာကြီးမားတဲ့ လူကို နောက်ခံထားပြီး ဘေးနားမှာထား ထားရင် ဖောင်ယွမ်ကျားလို လူတောင် လက်စားချေဖို့ နှစ်ခါပြန်စဉ်းစား ရမည်။

"အရမ်းကြီး နှိမ့်ချနေစရာမလိုပါဘူးကွာ ၊ ငါ့အခြေအနေကို ငါသိပါတယ်၊ မင်းကုသမှုကို ခံယူပြီးအရင်က ကုသဖူးတဲ့ တခြား ကုသမှုတွေထက် ပိုကောင်းတယ်လို့ ခံစားရတယ်"

ကျန့်ချင်ဖန် မျက်လုံး တလဲ့လဲ့ တောက်ပလာပြီး မေးလိုက်သည်။ “ငါ့ရောဂါက ကုသလို့ ပျောက်ကင်းနိုင်သေးလား”

ဆွန်းမို ပြန်မဖြေရသေးခင် ဆေးပညာနားလည်သော ဆရာတချို့ ပြေးလာသည်။ သိပ်မကြာခင် ဆေးကုသ ခန်းမဆောင်ရဲ့ ထိပ်တန်းဆရာဝန် ဒေါက်တာလူလည်း ရောက်လာသည်။

နောက်ဆက်တွဲ စစ်ဆေးမှုကို ဆက်တိုက် လုပ်လိုက်သည်။

"ဒေါက်တာလူ၊ ငါတို့ သခင်ကြီးရဲ့ အခြေအနေ ဘယ်လိုလဲ"

အစောင့်ခေါင်းဆောင်က မေးလိုက်သည်။

"မကြုံစဖူးကို ကောင်းနေတယ်၊ သူ့ကို ကုပေးတဲ့ဆရာဝန်က ဘယ်သူလဲဆိုတာ သိလို့ရမလား"

ဒေါက်တာလူက စိတ်ဝင်တစား မေးလိုက်သည်။

ကျန့်ချင်ဖန်ရဲ့ အခြေအနေက ကုသဖို့ အရမ်းခက်သည်။ ချင်လင်မြို့ရဲ့ ဆရာဝန်အားလုံး သူ့ရောဂါကို စစ်ဆေးပေးခဲ့ပြီး ဒေါက်တာလူတောင်

ခြွင်းချက် မဟုတ်ပါ။ ဒါကြောင့်လည်း ကျန်နေ့ချင်ဖန်ရဲ့ အခြေအနေ အရမ်းကောင်းမွန်နေတာကို မြင်လိုက်လျှင် ရုတ်တရက် အံ့အောသင့်နေမိသည်။

"ဒါ…ဒါက အံ့အောစရာကောင်းတဲ့ အရည်အချင်းပဲ"

ဒေါက်တာလူတောင် ဆွန်းမိုကို အရမ်းအထင်ကြီးနေတာ မြင်လိုက်လျှင် လူတိုင်းက ဆွန်းမိုကို အရမ်းအံ့အောသင့်တဲ့ အကြည့်နဲ့ မနေနိုင်ဘဲ ကြည့်မိကြသည်။

"ဆရာဆွန်းရဲ့ နတ်ဘုရားလက်က ငါတို့ထင်ထားတာထက်တောင် ပို အံ့အောစရာကောင်းနေတယ်"

အဲဒီနောက်မှာ ဆွန်းမိုက လေးစားအထင်ကြီးမှု အမှတ် အများကြီး ရလိုက်သည်။

ဒင်

"လေးစားအထင်ကြီးမှု အမှတ်ပေါင်း ၄၂၀ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဖောက်

အစောင့်ခေါင်းဆောင်က ဒူးထောက်လိုက်ပြီး နှစ်ကြိမ် အရိုအသေ ပေးလိုက်သည်။

“ငါတို့ သခင်ကြီးကို ကယ်တင်တဲ့ အတွက် ကျေးဇူးတင်ပါတယ်။ စောစောက မင်းကို အနှောက်အယှက်ဖြစ်အောင် လုပ်ခဲ့မိရင် တောင်းပန်ပါတယ်”

အဲဒီနောက်မှာတော့ အစောင့်ခေါင်းဆောင် နောက်ထပ် အရိုအသေ သုံးကြိမ် ထပ်ပေးလိုက်သည်။

အခြားအစောင့်များလည်း ဒူးထောက်ပြီး အရိုအသေ ပေးလိုက်ကြသည်။

“အားလုံး ကျေးဇူးပြုပြီး မတ်တပ်ရပ်ပေးကြပါ။ မင်းတို့တွေ မင်းတို့သခင်ကို ကာကွယ်ဖို့ စိတ်လောနေတာကို ငါနားလည်ပါတယ်”

ဆွန်းမို လုံးဝ စိတ်မဆိုးပါ။

“ဟားဟား၊ ညီငယ်လေး၊ မင်းရဲ့ နတ်ဘုရားလက်က ဗဟိုပြည်နယ် အကယ်ဒမီမှာ ဒီလောက် နာမည်ကြီးနေတာ ငါမသိလိုက်ဘူး”

အနီးအနားက ကျောင်းသားများက ဆွန်းမိုကို ကြည်ညိုတဲ့ အကြည့်နဲ့ ကြည့်နေတာ မြင်လိုက်လျှင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန့်ချင်ဖန် ကို့ကိုယ်ကို လှောင်လိုက်မိသည်။ ဆွန်းမိုကို တကယ် လျှော့တွက်မိတာပဲ။

ဆရာအသစ်ဆိုရင်တော့ ယုတ္တိမတန်တဲ့ ပါရမီရှင်ပဲ။ ဆွန်းမိုကို ကျော်ကြားတဲ့အနုပညာရှင်တစ်ယောက် ဖြစ်လာမယ်လို့ အစကထင်ခဲ့တယ်။ ဒါပေမယ့် ကြည့်ရတာတော့ ပန်းချီဆွဲတာ ဝါသနာ သက်သက်ပဲ ထင်ပါတယ်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန့်ချင်ဖန်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး(၂၄၀/၁,၀၀၀)

"ဒီကဆရာ၊ လူအိုကြီး ကျန့်ကို ဘယ်လိုကုပေးခဲ့သလဲဆိုတာ အရဲတင်းပြီး မေးလို့ရမလား"

ဒေါက်တာ လူ တကယ်သိချင်နေသည်။ ဒါပေမယ့် စပ်စုသလို ဖြစ်သွားမှာလည်း နားလည်နေသည်။ ဒါကြောင့် သူက ထပ်ပြီး

"ငါက ဒေါက်တာလူပါ၊ ဆေးကုသခန်းမရဲ့ ခေါင်းဆောင်ပါ၊ တကယ်လို့ နောင်တစ်ချိန်မှာ အကူအညီလိုလာရင် ကျေးဇူးပြုပြီး ပြောပေးပါ"

ဒီစကားကို ကြားလိုက်လျှင် အနီးအနားက ဆရာတွေအားလုံး အားကျတဲ့ အကြည့်နဲ့ ကြည့်မိလိုက်ကြသည်။ ဆေးကုသ ခန်းမဆောင်သည် နှစ်ထောင်ပေါင်းများစွာ အမွေအနှစ်များနဲ့အတူ ရှေးကျတဲ့ လုပ်ငန်းတစ်ခု ဖြစ်သည်။ သူတို့က ချင်လင်သာမက တောင်ပိုင်း ဒေသတစ်ခုလုံးမှာ ကျော်ကြားသည်။ ဆွန်းမိုက ဒေါက်တာလူလို

အံ့အောစရာကောင်းတဲ့ သူငယ်ချင်းကို ရလိုက်ပါက နောက်ထပ် ဘဝတစ်ခု ရလိုက်တာနဲ့ အတူတူပဲ ဖြစ်သည်။

"ဒေါက်တာလူ၊ ဆရာဆွန်းက လူအိုကြီးကျန့်ကို ကယ်တင်ဖို့ ဝိညာဉ်ချီတွေ အများကြီး ကုန်ပြီး အရမ်း ပင်ပန်းနေပြီ၊ ဒီအကြောင်းကို ဆွေးနွေးဖို့ နောက်တစ်ခေါက် ချိန်းလိုက်မယ်၊ ဘယ်လိုလဲ"

အန်ရှီဝေက ကူညီပြီး ဝင်ပြောပေးသည်။

"ဒါလည်း ကောင်းတာပဲ"

ဒေါက်တာလူက ခေါင်းညိတ်လိုက်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“နောက်တစ်ခါကျရင် ဆရာဆွန်းက ငါ့ကို ဂုဏ်ပြုပြီး လာလည်ပေးရမယ်နော်”

ဒင်

လူဖောင်တန်၏ လေးစားအထင်ကြီးမှု +၃၀။ မူလ(၃၀/၁၀၀)

“ဦးလေးကျန့် အရင်ပြန်ပြီး အနားယူသင့်တယ်။ လာမယ့် ရက်ပိုင်းအတွင်း အိပ်ယာပေါ်ကဆင်းပြီး လျှောက်လှုပ်မနေပါနဲ့၊ ဒါက ခန္ဓာကိုယ်ကို ထိခိုက်စေနိုင်တယ်။ နောက်နှစ်ရက်နေရင် ရှေ့ပေါင်းနဂါးဖမ်းတဲ့ လက်နဲ့ နှိပ်ပေးဖို့

ကျွန်တော်ကိုယ်တိုင် လာခဲ့မယ်။ ရောဂါကို အမြစ်ပြတ်အောင် မကုပေးနိုင်ပေမယ့် နာကျင်မှု သက်သာအောင်တော့ လုပ်ပေးနိုင်ပါတယ်”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

“ကောင်းပြီလေ၊ ဒါဆိုလည်း ညီငယ်လေးကိုပဲ ဒုက္ခ ပေးရတော့မယ်”

ကျန့်ချင်ဖန်သည် ပွင့်လင်းသော လူဖြစ်ပြီး ဆွန်းမိုကို ချီးကျူးခဲ့သည်။ ကျေးဇူးတင်ကြောင်း ပြခဲ့သော်လည်း စိတ်ထဲမှာ သိမ်းထားတဲ့ ခံစားချက်က ရှိနေသေးသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီကျေးဇူးကြွေးကို မှတ်ထားပြီး တစ်သက်လုံးမေ့သွားမှာ မဟုတ်ပေ။

အစောင့်တွေက ကျန့်ချင်ဖန်ကို ခေါ်သွားသည့် အချိန်တွင် လူအုပ်ကြီးလည်း ထွက်သွားသည်။

"မိုမိုလေး၊ မင်းတော့ ပင်ပန်းသွားပြီ"

အန်ရှီဝေက ပြုံးရင်း ပြောသည်။ သစ်ရွက်တွေကို ကျော်ဖြတ်ပြီး ကျဆင်းနေတဲ့ နေရောင်က ဆွန်းမိုကို ပိုခန့်ညားပြီး ကြည့်ကောင်းစေသည်။ သူ့ရဲ့ အသွင်အပြင်တစ်ခုတည်းနဲ့ ငယ်ရွယ်တဲ့ မိန်းကလေး ပရိတ်သတ် အများကြီး ရနိုင်သည်။

“အင်း”

ဆွန်းမိုက ပေါ့ပေါ့ပါးပါး တုန့်ပြန်လိုက်ပေမယ့် သူ့အာရုံက စနစ်ရဲ့ အကြောင်းကြားချက်ဆီ ရောက်နေသည်။

စာစဉ်(၁၃)

အခန်း(၁၉၃) - သဘော်သီးကောင်မလေး မရှိတော့ဘူး။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

" အသက်ရှင်သွေး နည်းစနစ်ကို အလွန်အကျူး လှည့်ပတ်ပြီး အသက်တစ်ခု ကယ်တင်လိုက်တဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် အနေဖြင့် မင်းရဲ့အသက်ရှင်သွေးနည်းစနစ်ရဲ့ ကျွမ်းကျင်မှု အဆင့်ကို နောက်တစ်ဆင့်သို့ မြှင့်တင်ပေးနိုင်ပါတယ်"

"ဒါကို မြှင့်တင်လို့ရတယ် "

ဆွန်းမိုကြောင့်သာမဟုတ်ရင် ဒီနေ့ ကျန့်ချင်ဖန် သေချာပေါက်သေနိုင်သည်။

"ဒါဆိုလည်းမြှင့်လိုက်ရအောင်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို မလိုအပ်တာတွေကို စွန့်စားပြီး မပြောရဲပါ။ ဒီလိုမဟုတ်ပါက စနစ်ရဲ့ညံ့ဖျင်းတဲ့ ဟာသဉာဏ်ကြောင့် သူ့ရဲ့ဆု ဆုံးရှုံးနိုင်ခြေ မြင့်သွားနိုင်သည်။ သူက အထိန်းအကွပ်မဲ့ လုပ်ခြင်ရင်တောင် ဆုကို အရင်ယူထားမှ ဖြစ်မည်။

ဒီစကားပြောပြီးနောက် ဆွန်းမိုရင်တထိတ်ထိတ် ခုန်လာသည်။ အသိပညာတွေကို ရယူနေတဲ့အချိန်တွင် အစိမ်းရောင်အလင်းတန်းများ ထွက်ပေါ်လာပါက လူတိုင်း မြင်သွားနိုင်သည်။ ဒါကို ဘယ်လို ရှင်းပြရမလဲ။

သို့သော်လည်း ဆွန်းမိုကသာ အတွေးလွန်နေခဲ့သည်။ သတင်းအချက်အလက်မျိုးစုံက သူ့စိတ်ထဲမှာ ဖြစ်ပေါ်နေသော်လည်း အပြင်ဘက်မှာတော့ မူမမှန်တာတစ်ခုမှ မဖြစ်ပေါ်ပေ။

"ဒီလို အလင်းမထွက်ရင်တောင် ကောင်းသေးတယ်"

ဆွန်းမို စိတ်ဆိုးသွားသည်။ (ဒီလိုဆို နေ့တိုင်း အရူးဖြစ်အောင် ရည်ရွယ်ပြီး သက်သက်ငါ့ကို အစိမ်းရောင် အလင်းနဲ့ ဖုံးအုပ်ထားတာပေါ့)

"ဘာတွေ တွေးနေတာလဲ"

အန်ရှီဝေက ဆွန်းမို အာရုံပျံ့နေတာ သတိထားမိပြီး သက်ပြင်းချ လိုက်မိသည်။ သူမတို့ကြား ဆက်ဆံရေးက ပိုဝေးလာသည်။ ဒီအတွက်လည်း သူမကိုယ်သူမသာ အပြစ်တင်နေမိသည်။

"ဘာမှမဟုတ်ပါဘူး"

ဆွန်းမိုက အားလပ်ချိန်များကို အလှလေးတွေနဲ့ အချိန်ဖြုန်းဖို့ စိတ်မဝင်စားပါ။

"ထူးထူးခြားခြား လုပ်စရာမရှိတော့ရင် ငါအရင်သွားနှင့်မယ်"

အန်ရှီဝေက ကျန့်ချင်ဖန်ရဲ့ အဆင့်အတန်းကို သတိပေးချင်နေသည်။ သို့သော်လည်း ဆွန်းမိုက တွေဝေ မနေဘဲ ချက်ခြင်း ထွက်သွားမယ်လို့ မထင်ထားမိပါ။

သူက သူမရဲ့ အမြင်ကို ယဉ်ကျေးမှုအရသာမဲ့ ခဲ့ခြင်း ဖြစ်သည်။

အမှန်တိုင်းပြောရလျှင် အန်ရှီဝေ အသံက သီးသန့်စကားပြောတဲ့အခါ နူးညံ့ပြီး

ချစ်စရာကောင်းတဲ့ ခံစားချက်ကို ဖြစ်ပေါ်စေသည်။ အသံလေးက သာယာပြီး နှလုံးသားကို မရိုးမရွ ဖြစ်စေသည်။ သို့သော်လည်း ဘယ်လောက်ပဲ အသံက ကောင်းပါစေ စနစ်ရဲ့ အကြောင်းကြားချက်လောက်တော့ မကောင်းပါ။

ဘာကြောင့်ဆို အကြောင်းကြားချက်တွေက သူ ပစ္စည်းတွေ ရတော့မယ်လို့ အသိပေးနေတာလေ။

ဒင်

“ မင်းရဲ့ အသက်ရှင်သွေးနည်းစနစ်ကို မဟာအဆင့်ထ ိ မြှင့်လိုက်ပါပြီ ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရမ်းကောင်းတယ်။ နောင်ကျရင် အသက်ရှင်သွေးနည်းစနစ်ကို ထုတ်သုံးတဲ့အခါ ဂျင်းနီကို မြင်နိုင်တော့မည်။ ဒါက ကျန့်ချင်ဖန်ကို ကုသပေးတဲ့အခါ ယုံကြည်ချက်ကို ပိုတိုးစေသည်။

ဆွန်းမိုက ငတုံး မဟုတ်ပါ။ ဒေါက်တာလူနဲ့ အန်ရှီဝေတို့ရဲ့ အပြုအမူအရ ကျန့်ချင်ဖန်က အရေးကြီးသော ပုဂ္ဂိုလ် ဖြစ်နိုင်တယ်ဆိုတာ သူ ခန့်မှန်းမိသည်။ သို့သော်လည်း သူ့လိုမျိုး ပွင့်လင်းတဲ့လူက ဂရုတစိုက် ပြုမူလေလေ မကြိုက်လေလေပဲ ဖြစ်သည်။

သူက စိတ်ငြိမ်အောင် ထိန်းထားဖို့ပဲ လိုသည်။

ဒင်

"ချီရွှန်ကျားနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က လေးစားအဆင့်ကို ရောက်လာတဲ့အတွက် ဂုဏ်ပြုပါတယ်။

ဆုလဒ် - ရွှေရောင် ရတနာသေတ္တာတစ်လုံး။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ။

စောစောတုန်းက ကျန့်ချင်ဖန်ကို ကယ်တင်ဖို့အတွက် ရှိသမျှ ဖျစ်ညှစ်သုံးလိုက်သဖြင့် စွမ်းအင်တွေ အများကြီး ကုန်သွားသည်။ သူ့အရမ်း

ပင်ပန်းနေသောကြောင့် လုချီဟွာကို ရှာမယ့် စိတ်ကူးကို စွန့်လွှတ်လိုက်သည်။ အဲဒီအစား အဆောင်ကိုပြန်လာခဲ့သည်။ အိပ်ယာပေါ်တွင် လှဲလိုက်တာနဲ့ တခါတည်းအိပ်ပျော်သွားသည်။

နောက်တစ်ရက် ရောက်တဲ့အထိ တစ်နေ့လုံး အိပ်ပျော်သွားသည်။

ဆွန်းမိုတစ်ယောက် တက်ကြွ ရွှင်လန်းစွာ အိပ်ယာက နိုးလာသည်။

ပထမဦးဆုံး လေ့ကျင့်ရေးအခန်းကိုသွားပြီး သဏ္ဍာန်မဲ့ မြင့်မြတ်စကြ်ဝဠာကျင့်စဉ်ကို အကြိမ်

အနည်းငယ် လေ့ကျင့်လိုက်သည်။ ထို့နောက် တက်ကြွနေသဖြင့် ကန်တင်းကိုသွားကာ မနက်စာ စားလိုက်သည်။

လုချီဟွာ မလာသဖြင့် ဆွန်းမို အနည်းငယ် စိတ်ပျက်သွားသည်။ ကြည့်ရတာတော့ ရတနာသေတ္တာ ဖွင့်မယ့်အချိန်ကို နေ့ခင်းဘက်အထိ ရွှေ့ထားရတော့မယ်။

ဆွန်းမိုလည်း ကျောင်းအပြင်ဘက်က အိမ်ကြီးဆီကို သွားကာ လိပ်နက်ဝိညာဉ်တက်တူးနဲ့ လျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တက်တူး

ရေးဆွဲနေခဲ့သည်။ သူ တပည့်ခြောက်ယောက် စလုံးအတွက် လုံလောက်အောင် ပြင်ဆင်ထားချင်သည်။

အမှောင်တိုက်ကြီး ခရီးစဉ်တွင် အများကြီး ရိတ်သိမ်းဖို့ မမျှော်လင့်ထားပေ။ အသက်ဆက်ရှင်နေဖို့နဲ့ သူတို့ရဲ့ အမြင်က မိုးကုတ်စက်ဝိုင်းလောက် ကျယ်ပြန့်ဖို့ပဲ အရေးကြီးသည်။

ဝိညာဉ်တက်တူး အတန်းကို တက်ရောက်သော ကျောင်းသား အရေအတွက်ကလည်း လူ

၃၀၀အထိရှိလာပြီး စကြံ့န်တွင် ရပ်နေသော ကျောင်းသားများလည်း ရှိသည်။ ဒါကြောင့်လည်း ဆွန်းမိုရဲ့ စာသင်ခန်းကို ပြောင်းလဲ ရအုံးမည်။

ကမ္ဘာပေါ်မှာ မအက်ကွဲတဲ့ တံတိုင်းဆိုတာ မရှိပါ။ (မပေါက်ကြားတဲ့ သတင်းဆိုတာ မရှိပါ။)

အခုချိန်မှာ ဆွန်းမိုက အရမ်းရှားပါးတဲ့ ဝိညာဉ်တက်တူးကို ဆွဲတက်တာ လူတော်တော်များများ သိသွားပြီ။ သူကလည်း ဒီဝိညာဉ်တက်တူးရဲ့ ဇစ်မြစ်ကို သိတဲ့ မည်သူမဆို

နတ်ဘုရားလက်နဲ့ တစ်လ နှိပ်ပေးမယ်လို့ ပြောခဲ့သည်။

ဒီဆုက ကျောင်းသားတွေကို ရူးသွပ်သွားစေသည်။

ဆွန်းမိုကလည်း စိတ်ပျက်စေခဲ့ပါဘူး။ သူက အတန်းချိန်အတွင်း လျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တက်တူးကို နောက်တစ်ကြိမ် ထပ်ဆွဲပြီး တမင်တကာ အဆုံးသတ်လိုက်သည်။

ဒါကြောင့်လည်း လူတိုင်း ခေတ်မီဒီဇိုင်းကို နောက်တစ်ကြိမ် ထပ်ကြည့်ပြီး အရမ်းအံ့အော သွားကြပြန်သည်။

အတန်းပြီးတဲ့ အခါ ဆွန်းမိုက လေးစားအထင်ကြီးမှု အမှတ်ပေါင်း ၈၉၂ မှတ်ကို ချက်ခြင်း ရရှိလိုက်သည်။ အဲဒီအချိန်ကစပြီး ဆွန်းမိုက ဝိညာဉ်တက်တူးကို ဘယ်လိုဆွဲမယ်လို့ ဘယ်သူမှ မပြောကြတော့ပါ။ အဲဒီအစား သူ့ရဲ့တမူထူးခြားတဲ့ ပင်ကိုယ်စရိုက်ကို လူတိုင်း သိသွားကြသည်။

သူ့ရဲ့ လေးစားအထင်ကြီးမှု အမှတ်ကလည်း ၅၀,၀၀၀ ပြည့်ဖို့ အနည်းငယ်သာ လိုတော့သည်။ သူအချိန်တော်တော်ကြာကြာ ပစ်မှတ်ထားခဲ့ရတဲ့

အလွဲသုံးစား ကျောင်းသား မြတ်ဆရာအရှိန်အဝါကို ဝယ်ယူနိုင်တော့မည်။ ဒါပေမယ့် အခုတော့ ဆွန်းမို မျက်နှာသုန်မှုန်နေသည်။ သူလုံးဝ မပျော်ဘူး ဖြစ်နေသည်။

"ဘာဖြစ်နေတာလဲ"

လီဇီချီလည်း စဉ်းစားရခက်နေသည်။

"လုချီဟွာ ဘယ်သွားလဲ"

ဆွန်းမိုက မေးလိုက်သည်။

"ငါလည်း သူမကို ဒီနေ့တစ်နေ့လုံး မတွေ့ရသေးဘူး"

"နေမကောင်းလို့ အခန်းထဲမှာ နားနေတာလား"

လီဇီချီ ခန့်မှန်းလိုက်သည်။

လုချီဟွာက ဆွန်းမိုရဲ့ မိန်းကလေး ပရိတ်သတ်ဖြစ်သည်။ ဆွန်းမိုအတန်းကို မတက်ရင်တောင် သူ့ကို ရှာဖို့ လာနေအုံးမှာပါ။ ဆွန်းမိုက သူမခေါင်းကို ထိလိုက်ရင် လုချီဟွာက တစ်နေ့လုံး ကျေနပ်နေတတ်သည်။

လီဇီချီက လုချီဟွာကို သိပြီးကတည်းက သူမရဲ့ အလေ့အထက ပြောင်းလဲခြင်း မရှိပါ။ ဒီနေ့ကတော့ ခြွင်းချက်ပါ။

ဆွန်းမို ဘာမှမပြောတော့ဘဲ မိန်းကလေး အဆောင်ကို တန်းသွားလိုက်သည်။

သူက ယောကျ်ားလေး ဖြစ်နေသဖြင့် မဝင်နိုင်ဘဲ လီဇီချီကိုသာ ဒုက္ခပေးလိုက်ရသည်။

“ဆရာဆွန်း”

သိပ်မကြာခင် ဆွန်းမိုကို သတိထားမိပြီး မိန်းကလေး ကျောင်းသူတွေ ရောက်လာသည်။ ဘယ်လောက်မှ မကြာဘဲ သူ့အနားမှာ လူအုံသွားကာ သူတို့ရဲ့ အခြေအနေကို မေးနေကြသည်။

“တောင်းပန်ပါတယ်၊ ငါ့မှာ လုပ်စရာရှိသေးတယ်”

ဆွန်းမို ဒီမေးခွန်းများကို ဖြေရှင်းချင်စိတ် မရှိသေးပါ။

၁၀မိနစ်လောက်ကြာပြီးနောက် လီဇီချီ ပြန်ထွက်လာသည်။ ဆွန်းမိုက သူမဆီ အမြန်သွားလိုက်သည်။

"သူမ မရှိဘူးလား"

"မရှိဘူး"

လီဇီချီလည်း မျက်နှာညိုးငယ်နေသည်။ သူမ ဒုက္ခများ ရောက်နေမလား။ အဲဒီအကြောင်းကို တွေးမိလိုက်ရင် နာမည်ဆိုးနဲ့ ကျော်ကြားနေသော

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခေါင်ယန်က ဒီအားနည်းချက်ကို သိလျှင် သေချာပေါက် လက်စားချေလိမ့်မည်။

မဟုတ်သေးဘူး။ လက်စားချေခြင်ရင်တောင် ဆရာ့ကိုပဲ ပစ်မှတ်ထားရမယ်။ အပြစ်မရှိတဲ့ လူတွေကို မထိခိုက်သင့်ပါ။

ဆွန်းမိုလည်း စတိုခန်းဘက်ကို ဦးတည်လိုက်သည်။ လုချီဟွာ မရှိနိုင်တာကို ခန့်မှန်းထားမိပေမယ့် နောက်ဆုံးအချိန်ထိ မျက်လုံးနဲ့ မမြင်ရလျှင် သူစိတ်က လက်မခံချင်သေးပါ။

"တောက်"

ဆွန်းမိုက ကျိန်ဆဲပြီး နံရံကို လက်သီးနဲ့ ထိုးလိုက်သည်။

“ဆရာ၊ အရမ်းလည်း စိတ်မပူပါနဲ့ ၊ လိုက်ရှာခိုင်းဖို့ လူတွေ စီစဉ်လိုက်မယ်”

လီဇီချီက ဆွန်းမိုကို နှစ်သိမ့်ပေးနေရသော်လည်း စိတ်ထဲမှာ အရမ်းစိုးရိမ်နေသည်။ လုချီဟွာက အပြစ်ကင်းပြီး ရိုးသားသောကြောင့် အန္တရာယ်နဲ့ ရင်ဆိုင်ရပါက သူမကိုယ်သူမ လွတ်မြောက်အောင် မလုပ်နိုင်ပါ။

“ဒါဆိုလည်း မင်းကိုပဲ ဒုက္ခပေးရတော့မယ်။

ဒီလိုပြောပြီးနောက် ဆွန်းမိုက ကျောင်းအုပ်ကြီး ရုံးခန်းကို ဦးတည်လိုက်သည်။

"ဘာဖြစ်လို့လဲ"

အန်ရှီဝေက အရမ်းစိတ်ပူနေသော ဆွန်းမိုကို မြင်ပြီး အံ့အောသွားသည်။

"ငါတပြည့် ပျောက်သွားပြီ"

ဆွန်းမိုက အန်ရှီဝေက စိုက်ကြည့်ပြီး

"မင်းမှာရှိတဲ့ လူအားလုံးကို စုပြီး ကူရှာပေးနိုင်မလား"

“ဘာဖြစ်တာလဲ အရင်အသေးစိတ် ပြောပါလား”

အန်ရှီဝေလည်း ထရပ်လိုက်ပြီး ဆွန်းမိုနဲ့ လီဇီချီတို့ အသီးသီးကို ရေတစ်ခွက်စီ တိုက်လိုက်သည်။

ဆွန်းမို အခြေအနေ တစ်ခုလုံးကို အလျှင်အမြန် ပြောပြလိုက်သည်။

“သိပြီ အခုချက်ခြင်း နေရာဖြန့်ပြီး ရှာဖို့ စီစဉ်လိုက်မယ်”

ကျောင်းအုပ်ကြီးတစ်ယောက်အနေနဲ့ အန်ရှီဝေသည် ကျောင်းသားတွေလုံခြုံရေးကို အရမ်းအလေးထားသည်။

"မင်း စိတ်အေးအေး ထားဖို့လိုတယ်၊ အရမ်းစိတ်ပူနေရင် အဖြေရှာလို့ မရဘူး"

"အင်း"

ဆွန်းမိုက ကျောင်းအုပ်ကြီး ရုံးခန်းထဲက ထွက်လာပြီးနောက် လုံခြုံရေး ကင်းတဲ ထဲကို တန်းသွားလိုက်သည်။ မစ္စတာချင်က ဒီနေ့ တာဝန်ကျနေသည်။

"လုချီဟွာလား ဒီရက်ပိုင်းအတွင်း ကျောင်းက ထွက်သွားတာ မမြင်မိဘူး"

မစ္စတာချင်က ဒီကောင်မလေးကို သေသေချာချာ မှတ်မိနေသည်။ ဆွန်းမိုရဲ့တပြည့် ဖြစ်နေလို့ မဟုတ်ဘဲ သူမရဲ့သဘော်သီးကြောင့် ဖြစ်သည်။ ဒီကိစ္စနဲ့ ပက်သက်ရင်တော့ သူမက တစ်ကျောင်းလုံးမှာ နံပါတ်တစ်ပါ။

ဒါ့အပြင် လုချီဟွာက အရမ်းယဉ်ကျေးသည်။ ကျောင်းတွင်း ဝင်ရောက်တဲ့ အခါတိုင်း မစ္စတာချင် ဆိုပြီး နှုတ်ဆက်သွားတတ်သည်။

"ကျေးဇူးတင်ပါတယ် "

ဆွန်းမိုသည် ခြေလှမ်း အနည်းငယ် လှမ်းသွားပြီးနောက် သစ်ပင်ကို ခေါင်းနဲ့ တိုက်လိုက်သည်။

ဒိုင်း

“ဆရာ”

လီဇီချီ တုန်လှုပ်သွားသည်။

“ငါ လူအိုကြီးကျန့်ကို သွားရှာလိုက်အုံးမယ် ၊ မင်းက ရှန်ယွန်ပေါင်နဲ့ တခြားသူတွေကို ပြောပြီး ကျောင်းထဲမှာပဲနေ ဘယ်မှ မသွားနဲ့၊

တစ်ယောက်တည်းလည်း မနေနဲ့၊ ရေချိုးခန်းသွားရင်တောင် အဖော်ခေါ်သွား”

လီဇီချီကို သတိပေးလိုက်ပြီးနောက် ဆောင်ထားသော ဓါးမြှောင်ကို ထုတ်လိုက်ပြီး လက်ချောင်းကို အနည်းငယ် လှီးလိုက်သည်။ သွေးတချို့ ရပြီးနောက် ပြောင်းလဲသွားသည်။

သစ်ရွက်ပုံစံရှိသော ဓါးမြှောင်မှ ကြီးမားသော အလင်းရောင် ပေါက်ကွဲထွက်လာပြီး ကြည့်ကောင်းသော စစ်မြင်းတစ်ကောင် ခုန်ထွက်လာသည်။

ကလောက် ကလောက်

မြေပြင်ပေါ် ရောက်သွားသောအခါ ထင်ရှားသော ခွာသံများ ထွက်လာသည်။

ဟီး…ဟီးဟီး….

စစ်မြင်းအသံရှည်ဆွဲပြီး ညည်းလိုက်သည်။

"တိမ်ပျံလေးလား"

လီဇီချီ လွှတ်ခနဲ ထွက်သွားသည်။ ဒီဖာဂါနာမြင်းသည် တိမ်ပျံလေးလို့ ခေါ်သည်။ အရင် တန်ဘုရင်ရဲ့စီးတော်မြင်း ဖြစ်သည်။ ဘုရင်နှင့်

မြင်းကြားတွင် အရမ်းနက်ရှိုင်းသော သံယောဇဉ် ရှိခဲ့ကြသည်။

တိမ်ပျံလေး သေသွားပြီးနောက် ဝိညာဉ်သားရဲ အဖြစ်ပြောင်းလဲသွားပြီး သခင်နဲ့အတူ ဆက်ပြီး လိုက်ပါခဲ့သည်။ နောက်ပိုင်းတွင် တိုင်းပြည်ကို ကြီးကြီးမားမား အကျိုးပြုခဲ့သည့် ဝန်ကြီးချုပ် ကျန့်ချင်ဖန်ကို ပေးအပ်ခဲ့သည်။

"ဆရာဆွန်းက အဘိုး ကျန့်နဲ့ သိနေတာလား"

လီဇီချီ စဉ်းစားမရ ဖြစ်နေသည်။

ဆွန်းမိုက မြင်းပေါ်ခုန်တက်ပြီး ဇာတ်ကြိုး ဆွဲလိုက်သည်။

“သတိထားအုံး”

လီဇီချီ အရမ်းတုန်လှုပ်သွားသည်။ ဒါက နတ်မြင်းဖြစ်သည်။ ဝိညာဉ်သားရဲအဖြစ် ပြောင်းလဲသွားသော်လည်း အရင်တန်ဘုရင်နဲ့ အချိန်တော်တော်ကြာအောင် ဆက်လိုက်ပါခဲ့သောကြောင့် အရမ်းမာနကြီးသော စိတ်ထားမျိုး ရှိသည်။ သာမန်လူတွေစီးရင် ခါချ ခံရတတ်သည်။

ထင်ထားသလိုပဲ တိမ်ပျံလေးသည် နာမည်အတိုင်း ကောင်းကင် တိမ်များကို အမှီလိုက်နိုင်သောကြောင့် အရမ်း စိတ်လှုပ်ရှားလာသည်။

"ဝိုး၊ ဝိညာဉ် သားရဲလား"

" အရမ်းလှတဲ့ စစ်မြင်းပါလား"

" ဒါက ဆရာဆွန်းဟာ"

ဒီမြင်ကွင်းကို အနီးအနားက ကျောင်းသားတွေ မြင်ပြီး အော်ဟစ်နေကြသည်။ သူတို့အကြည့်တွေက အံ့အောပြီး အားကျမှုတွေနဲ့ ပြည့်နေသည်။

တန်ဘုရင်က သူ့တစ်ဘဝလုံး သီးသန့်စီးနင်းခဲ့သည့် မြင်း ဖြစ်သောကြောင့် တိမ်ပျံလေးသည် အရမ်းကြည့်ကောင်းနေမှာ ပြောစရာမလိုပါ။ ဒီမြင်းထီးက ဖာဂါနာမြင်းထဲတွင် အလှဆုံးလို့ ပြောနိုင်သည်။

"ကောင်းတယ်"

ဆွန်းမိုက အော်ဟစ်ပြီး လက်နှစ်ဖက်နဲ့ မြင်းရဲ့ကျောကို ဖိလိုက်သည်။ ထို့နောက် ကြံ့မိကြံ့ရာ ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို ထုတ်သုံးလိုက်သည်။

တိမ်ပုံလေးရဲ့ ရုန်းကန်မှုက နှေးကွေးလာသည် ။ ထို့နောက် ကျယ်လောင်စွာ နှာမှုတ်လိုက်ပြီး ခေါင်းလှည့်ကာ ဆွန်းမို မျက်နှာကို နမ်းရန် လျှာကြီး ထုတ်လိုက်သည်။

"မြန်မြန်သွားစို့"

ဆွန်းမို လောလိုက်သည်။

နတ်မြင်းကတော့ ထင်ထားသလိုပဲ ဆွန်းမိုစကားကို နားလည်ပြီး အဝေးကို ပြေးထွက်သွားသည်။

ဆွန်းမိုသည် ကျောပေါ်က ပြုတ်ကျလုနီးပါး ဖြစ်သွားသည်။ ကံကောင်းထောက်မစွာ ပေါင်ကို အားစိုက်ပြီး ပြန်ကန်လိုက်ရာ မင်းကျောပေါ်ကို နောက်တစ်ကြိမ် ပြန်ရောက်သွားသည်။

အခြေအနေက အရေးကြီးနေသဖြင့် ဆွန်းမိုတစ်ယောက် အရင်က မြင်းစီးမသင်ခဲ့ရတာကို မေ့နေခဲ့သည်။ ကျေးဇူးတင်ရမှာက ဒီခန္တာကိုယ်ပိုင်ရှင်က မြင်းစီးစွမ်းရည် အရမ်းကောင်းနေခဲ့သည်။ ဒါကြောင့်လည်း ဘေးကင်းစွာ စီးနိုင်ခဲ့သည်။

လီဇီချီကလည်း သူ့ဆရာရဲ့ ညွှန်ကြားချက်ကို အချိန်ဆွဲမနေတော့ဘဲ ရှန်ယွန်ပေါင်နဲ့ တခြားသူတွေကို ချက်ခြင်းပဲ သွားအကြောင်းကြားခဲ့သည်။ ထို့နောက် လုချီဟွာအတွက် သူမအဒေါ်ကို အကူညီ တောင်းဖို့ နောက်တစ်ခေါက် ပြန်ထွက်သွားသေးသည်။

“ဘယ်သူပဲလုပ်လုပ် ငါ့ရဲ့ သိုင်းညီမလေးကို ထိခိုက်အောင်လုပ်ရဲရင် စောင့်နေလိုက် မင်းတို့ကောင်တွေ အသေသားပဲ ဖြစ်စေရမယ်”

လီဇီချီ အရမ်းဒေါသထွက်နေသည်။ ဒါကလည်း သူ့မဘဝမှာ လူတစ်ယောက်ကို ပထမဆုံးအကြိမ် သတ်ချင်စိတ် ပေါ်လာခြင်း ဖြစ်သည်။

ကျန့်ကလန်ရဲ့ အိမ်တော်တွင်...................

ကျန့်ချင်ဖန်သည် အိပ်ယာပေါ်တွင် လှဲပြီး 'အနောက်ဘက်သို့ ခရီးသွားခြင်း ' ကို ဖတ်နေသည်။ အကြိမ် ၂၀ ဖတ်ခဲ့ပြီးပေမယ့် စာအုပ်ကိုလှန်ပြီး စိတ်ဝင်တစား ဖတ်နေတုန်းပါပဲ။

"အင်း၊ ဒီတစ်ခါတော့ ဆွန်းမိုကို ကျေးဇူးအကြွေး အကြီးကြီး တင်သွားပြီ"

ကျန့်ချင်ဖန်တစ်ယောက် ခံစားချက်တွေ ဖြစ်နေသည်။ သူပြန်ရောက်တာနဲ့ သူ့သားက နာမည်ကြီး ဆရာဝန် သုံးယောက်ကို ဖိတ်ခေါ်ပြီး ကျန့်ချင်ဖန်ရဲ့ အခြေအနေကို စစ်ဆေးခဲ့သည်။ စစ်ဆေးမှု ပြီးတဲ့အခါ ဆရာဝန် သုံးယောက်စလုံး အရမ်းအံ့အော သင့်နေကြသည်။ ကျန့်ချင်ဖန် မသေခဲ့တာက အရမ်း အံ့အောသင့်ဖို့ ကောင်းနေပြီ။

သူတို့ထဲက တစ်ယောက်က ကျန့်ချင်ဖန် ဘယ်လိုအသက်ရှင်ခဲ့လဲဆိုတာ ရှာဖွေဖို့

ဆက်ကြိုးစားခဲ့သည်။ သူက ဦးနှောက်ထဲက သွေးခဲကို သန့်စင်ပေးတဲ့ နည်းစနစ်ကို သင်ယူချင်နေသည်။

"သခင်ကြီး"

ဘဏ္ဍာထိန်း ပြန်ရောက်လာသည်။

"ဘယ်လိုလဲ"

စာစဥ်(၁၃)

အခန်း(၁၉၄) - ဦးလေးကျန့်ရဲ့ အလေးထားမှုနဲ့ ကြီးမားသော လက်ဆောင်များ။

“အချက်အလက်တွေ စုဆောင်းခဲ့ပြီးပါပြီ”

ဘဏ္ဍာထိန်းက အရိုအသေ ပေးလိုက်သည်။ သူကရှင်းပြဖို့ ပါးစပ်တောင် မဖွင့်ရသေးပေမယ့် မျက်နှာပေါ်မှာသဘောကျတဲ့ အမူအရာ

ပြည့်နေသည်။ ဆွန်းမိုက တကယ် ရိုးရှင်းတဲ့ သူမဟုတ်ဘူး။

သခင်ကြီးရဲ့ ပင်ကိုယ်အရည်အချင်း မြင်နိုင်စွမ်းကလည်း ကြောက်ဖို့ကောင်းသည်။

“ပြောစမ်းပါအုံး”

ကျန့်ချင်ဖန် သမ်းဝေနေသည်။ ရုပ်ပိုင်းဆိုင်ရာ ပင်ပန်းနေတာတောင် အထူးသဖြင့် ဦးနှောက်က အရမ်း လန်းဆန်းနေသည်။ အရင်တုန်းကဆိုရင် ခေါင်းကို တူနဲ့ထုနေသကဲ့သို့ အမြဲတမ်း အနည်းငယ် မူးဝေ နေတတ်သည်။ သို့သော်လည်း

ဆွန်းမိုက သူ့ကို ကူညီပြီးနောက် နေရထိုင်ရတာ သက်တောင့် သက်သာ ဖြစ်နေသည်။

“ဆွန်းမိုက အန်ရှီဝေရဲ့ ခင်ပွန်းလောင်း…”

ဘဏ္ဍာထိန်းလည်း ကြားဖြတ်ပြောခံလိုက်ပြီးနောက် ပြောလိုက်သည်။

“ဘာပြောတယ်”

ကျန့်ချင်ဖန် အံ့အားသင့်နေသည်။ (ဘာဖြစ်နေတာလဲ)

“ဒါက သူတို့ငယ်ငယ်တုန်းက အရင်ကျောင်းအုပ်ကြီး စီစဉ်ပေးခဲ့တဲ့

အိမ်ထောင်ရေးပါ၊ ဆွန်မိုအဖေက အရင်ကျောင်းအုပ်ကြီးရဲ့ အချစ်ဆုံး တပြည့်ပဲ”

ဘဏ္ဏာထိန်းက ရှင်းပြသည်။

“ငါသိပြီ”

ကျန့်ချင်ဖန် ရုတ်တရုတ် နားလည်လာသည်။ အရင်ကျောင်းအုပ်ကြီးက မိသားစု အဆင့်အတန်းကို အရေးကြီးတယ်လို့ မသတ်မှတ်ထားပေ။ ဒီလိုမှမဟုတ်ရင် တစ်ပြားမှ မတန်တဲ့ဆွန်းမိုက ဘယ်လိုလုပ် အန်ရှီဝေနဲ့ လက်ထပ်နိုင်မှာလဲ ။

အရင်တုန်းက ကျွန့်ချင်ဖန်ရဲ့ မြေးဖြစ်သူက အန်ရှီဝေကို လက်ထပ်ခွင့်တောင်းခဲ့သည်။ ဒါကို သူကလည်း ကူညီပေးခဲ့သည်။ ဒါပေမယ့် အငြင်းခံခဲ့ရသည်။ အခုတော့ ဒါကိုသိတော့ ဆွန်းမိုက တကယ်ဆို သူ့ရဲ့ ပြိုင်ဘက်ပါ။

"ဟားဟား၊ ဘယ်လောက်တောင် စိတ်ဝင်စားဖို့ကောင်းသလဲ"

ကျွန့်ချင်ဖန်တစ်ယောက် ခံစားချက်တွေ ရောထွေးနေသည်။ အရင်ကျောင်းအုပ်ကြီးသာ သူတော်စင်အဆင့်ကို တက်လှမ်းနိုင်ခဲ့ရင်

တကယ်ကောင်းမည်။ မြတ်ဆရာအသိုင်းအဝိုင်းမှာ ဩဇာရှိတဲ့လူ ဖြစ်လာရုံသာမက ပြည်နယ်ကိုးခုက နိုင်ငံအသီးသီးမှာလည်း လွှမ်းမိုးမှုက အရမ်းတိုးတက်လာမည်။

“အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့ အနေအထားကြောင့် ကျန်ဟန်ဖူက သူ့ကို ဝိုင်းပယ်ပြီး ထောက်ပံ့ရေးဌာနကို ပို့ဆောင်ခဲ့တယ်။ လူတော်တော်များများကလည်း သူ့ကို မိန်းမ ချူစားတဲ့ကောင်လို့သတ်မှတ်ပြီး ငတုံးတစ်ယောက် ဖြစ်လာတာကို စောင့်ကြည့်နေခဲ့ကြတယ်။ ဒါပေမယ့် သူက

အရှုံးမပေးဘဲ ကျောင်းသားစုဆောင်းရေးပွဲမှာ ဂျိရှားသင်ကြားရေးနန်းတော်က ချင်ဖန်ကို သူ့ရဲ့ အံ့အောစရာကောင်းတဲ့ အရည်အချင်းနဲ့ အနိုင်ယူပြီး ဗဟိုပြည်နယ်အကယ်ဒမီရဲ့ တရားဝင် ဆရာတစ်ယောက် ဖြစ်လာခဲ့တယ်”

ဘဏ္ဍာထိန်းက ဆွန်းမိုဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံများကို မိတ်ဆက်ပေးလိုက်သည်။ နန်းတော်ထဲမှာ အရေးကြီးတဲ့ ရာထူးကို ထမ်းဆောင်ခဲ့တဲ့ သူ့အနေနဲ့ ကျန့်ချင်ဖန်သည် အရင်ကတည်းက အရည်အချင်းရှိတဲ့ လူငယ်

တော်တော်များများကို တွေ့ခဲ့ဖူးသည်။ ဒါကြောင့်လည်း အစပိုင်းတွင် စိတ်အနှောက်အယှက် မဖြစ်ပါ။

သို့သော်လည်း သူနားထောင်လေလေ သူ့အမှုအရာ ပိုထိတ်လန့်လာလေလေ ဖြစ်နေသည်။

ဆွန်းမိုက တစ်ကျောင်းလုံးက ကျောင်းသားတွေကို ရှူးသွပ်သွားနိုင်တဲ့ 'နတ်ဘုရားလက်' ကို ပိုင်ဆိုင်ထားသည်။ သူက ဘာသာရပ်တစ်ခုလုံးကို အသစ်ဖန်တီးပြီး ပထမဆုံးအတန်းမှာပင် တက်ရောက်သူ

အရေအတွက် အများဆုံး ဖြစ်ခဲ့သည်။ သူ့အတန်းကို တက်ချင်လျှင် နှစ်နာရီလောက် ကြိုသွားပြီး ထိုင်ခုံဦးရသည်။ ဒီကျော်ကြားမှုကို အကဲဖြတ်လျှင် ကြယ်ပွင့်အဆင့်ရှိတဲ့ မြတ်ဆရာတွေထက် မနိမ့်ကျပေ။

ဆွန်းမိုသည် အသက်ရှင်ဖို့အတွက် စားကြွင်းစားကျန် သယ်ယူရတဲ့ မိန်းကလေးတစ်ယောက်အတွက် ဒေါသထွက်ပြီး ထောက်ပံ့ရေး ဌာနမှူးကို ရိုက်နှက်ခဲ့သည်။ တကယ်တော့ သူက ရန်ချိုင်၏ သစ္စာရှိလူယုံရဲ့

ယှံကြည့်မှု ရအောင်လုပ်ပြီး နောက်ဆုံးမှ ရန်ချိုင်ကို အလုပ်ထုတ်ဖို့ လုပ်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် နာမည်ကျော်ကျောင်း ကိုးကျောင်းထဲက တစ်ခုဖြစ်တဲ့ အနောက်ဘက်ကမ်းရိုးတန်း စစ်ကျောင်းက ကျောင်းဆင်း ဂေါင်ပန် နဲ့ တိုက်ပွဲ ဖြစ်ခဲ့သည်။ ကွင်းပြင်ထဲတွင် ဆွန်းမိုရဲ့ တပြည့်သုံးယောက်စလုံး အောင်ပွဲ ခံခဲ့ကြသည်။ ဒါ့အပြင် သူ့တပြည့် သုံးယောက် စလုံးက သူတို့ထက် ကျင့်ကြံခြင်းအဆင့်

ပိုမြင့်မားတဲ့ ပြိုင်ဘက်ကို အနိုင်ယူခဲ့ကြခြင်း ဖြစ်သည်။

ထိုအချက်ကြောင့် ဆွန်းမိုတွင် အထင်ကြီးလောက်တဲ့ သင်ကြားရေးစွမ်းရည်ရှိနေတာ သိသာစေသည်။ အမှန်တော့ ကျန့်ချင်ဖန် အထင်ကြီးဆုံး အချက်က ဖေ့ခ်ယန်ကို လူသိရှင်ကြားဆုံးမပြီး တစ်ကျောင်းလုံး အစည်းအဝေးခေါ်ကာ ကျောင်းထုတ်ခဲ့ခြင်း ဖြစ်သည်။ ဒါက အရမ်းခက်ခဲတဲ့ အလုပ်ဆိုတာ သူသိသည်။

သာမန်လူတွေအတွက် သန်းကြွယ်သူဌေးတွေဆိုတာ စော်ကားလို့ မရတဲ့ အရာဖြစ်သည်။ ဒါပေမယ့် ဆွန်းမိုက အားလုံးနဲ့ဆန့်ကျင်ခဲ့သည်။

"ဆွန်းမိုက ကျောင်းမှာ အရမ်းကျော်ကြားတယ်"

ဘဏ္ဍာထိန်းက ခံစားချက်ပေါင်း များစွာနဲ့ ပြောလိုက်သည်။

ဒင်

ဘဏ္ဍာထိန်းရဲ့ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၁၂၀/၁,၀၀၀)

"နောက်တစ်ခါဆိုရင် သူ့ကို ဆရာဆွန်းလို့ ခေါ်ပါ"

ဒင်

ကျန့်ချင်ဖန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၃၄၀/၁,၀၀၀)

"ဟုတ်ကဲ့၊ သခင်ကြီး"

"ငယ်ရွယ်ပြီး တကယ်အလားအလာ ရှိတဲ့သူပဲ"

ကျန့်ချင်ဖန် တစ်ယောက် မဆုံးနိုင်တဲ့ခံစားချက်တွေ ရလိုက်သည်။ ဆွန်းမိုနဲ့ အသက်အရွယ်တူတဲ့ သူ့မြေးတွေ အကြောင်း စဉ်းစားလိုက်သည်။ ဆွန်းမိုက ကျန့်ချင်ဖန်အတွက်

သူ့မြေးတွေနဲ့ လက်ထပ်ပေးဖို့ ရှက်ရွံ့နေရအောင် ထူးချွန်တဲ့သူ ဖြစ်နေသည်။

(အင်း၊ ငါ့မြေးတွေက သူနဲ့မလိုက်ဖက်ဘူး)

"ဆွန်းမိုရဲ့ဝါသနာကို စစ်ဆေးပြီး သူ့အတွက် လက်ဆောင် အကြီးကြီး ပြင်ဆင်ထားလိုက်"

ကျန့်ချင်ဖန်က ခိုင်းလိုက်သည်။

နောက်ပိုင်းမှ ကျေးဇူးပြန်ပြုလို့ရပေမယ့် လက်ဆောင်ကတော့ ချက်ခြင်း ပို့ပေးရမယ်။ ဒီလိုမှ မဟုတ်ရင် အကျိုးအမြတ်ကို ခံစားပြီးမှ စွန့်လွှတ်ခဲ့တယ်လို့ လူတွေက တွေးနေကြမည်။

"သခင်ကြီး၊ ဆွန်းမိုမှာ ဘာဝါသနာမှ မရှိဘူး ၊ သူက အတန်းသွားမယ်၊ ကျောင်းသားတွေကို သင်ပေးမယ်၊ ဝိညာဉ်စုဆောင်းခြင်း တက်တူး ဆွဲမယ်၊ ကျင့်ကြံမယ် ဒါတွေပဲ နေ့တိုင်းလုပ်တယ်"

ဘဏ္ဍာထိန်းက ရယ်ပြီးပြောလိုက်သည်။

"သူ့ရဲ့ နေထိုင်မှု ပုံစံက အရမ်းစည်းကမ်းရှိတယ်" ကျောင်းဂိတ်စောင့်ကို မေးကြည့်တော့လည်း ပန်းအိုးဝယ်ဖို့ အပြင်ထွက်တာအပြင် နေ့တိုင်းတောင် ပုံမှန်အတိုင်း အပြင်မထွက်တတ်ဘူး"

"ပြည့်တန်ဆာ အိမ်တွေလည်း မသွားဘူးလား"

ကျန့်ချင်ဖန် အံ့အောနေသည်။

ဆွန်းမိုက အသက် ၂၀ အရွယ် လူတစ်ယောက်ပါ။ ဒီအရွယ်ယောကျ်ားလေးတွေက မိန်းကလေးတွေရဲ့ အံ့အောဖွယ် အခြမ်းကို ရှာတွေ့တဲ့ အချိန်ပါ။ ဒါပေမယ့် ဆွန်းမိုကတော့ တကယ် မိမိကိုယ်ကို စည်းကမ်း တင်းကျပ်လွန်းသည်။

ဒီလောက်မြင့်မားတဲ့ အောင်မြင်မှုကို ရနေတာလည်း မထူးဆန်းတော့ပါ။

"ဒါဆို မဖြစ်တော့ဘူး။ မအောင်မြင်လည်း နေပါစေ၊ ဆွန်းမိုကို ငါ့မြေးမလေးတွေနဲ့

မိတ်ဆက်ပေးကြည့်ရမယ်။ ဒီလိုမှမဟုတ်ရင် အရမ်းထူးချွန်တဲ့ မြေးသမက် တစ်ယောက်ရမယ့် အခွင့်အရေး လက်လွှတ်လိုက်ရလို့ ငါ့နှလုံးသား တစစ်စစ် နာကျင်ရလိမ့်မယ်”

ကျန့်ချင်ဖန်က စိတ်ထိန်းလိုက်သည်။

“သွက်လက်ပြီး ဉာဏ်ထက်တဲ့ မိန်းကလေး တချို့ ဆွန်းမိုအတွက် သွားရွေးလိုက်။ သူတို့က ဆွန်းမို သူ့အလုပ်ပေါ် အာရုံစိုက်နိုင်အောင် အိမ်မှုကိစ္စတချို့ကို လုပ်ပေးပြီး သူ့ရဲ့ လိုအပ်ချက်တွေကို အာရုံစိုက်ပေးရမယ်”

"ဟုတ်ကဲ့ သခင်ကြီး"

ဘဏ္ဍာထိန်းက ခေါင်းညိတ်လိုက်သည်။ သူ့အမူအရာက မပြောင်းလဲပေမယ့် ရင်ထဲမှာတော့ အရမ်းအံ့အောနေသည်။

(သခင်ကြီး ဆွန်းမိုအပေါ် ဆက်ဆံတဲ့ ပုံစံက နည်းနည်းလေး ကောင်းလွန်း မနေဘူးလား)

မျိုးဆက်ပေါင်းများစွာ သြဇာရှိတဲ့ မိသားစုအနေနဲ့ သူတို့က လိမ္မာပြီး လုပကြတဲ့ ယောက်ျားလေးတွေနဲ့ မိန်းကလေးတွေကို မျက်နှာဖတ်ပြီး ဝတ်ပြုပေးနိုင်အောင် သင်ကြားပေးထားသည်။

ယောကျာ်းလေးတွေက ကြီးပြင်းလာရင် ပိုင်ရှင်နဲ့ အတူတူ နေမယ်။ ဒါမှမဟုတ်ရင်လည်း မိသားစုရဲ့ စီးပွားရေးကို ကူညီ လုပ်ကိုင်ပေးရန် ဆိုင်ရှင်အဖြစ် စေလွှတ်ခံရမည် ဖြစ်သည်။

မိန်းကလေးများကတော့ မိသားစု ရေးရာနဲ့ ငွေကြေးများကို စီမံပေးရတဲ့ မောင်းမ မိသံများ ဖြစ်လာကြသည်။ တခါတလေလည်း သူတို့ အမျိုးသမီး ပိုင်ရှင်များက သူတို့ ယောကျာ်းများ သစ္စာဖောက်ခြင်းမှ ကာကွယ်ရသည်။

ဒီလိုမျိုးလူများသည် ထာဝရ အလုပ်လုပ်ပေးကြပြီး သစ္စာအရှိဆုံးလည်း ဖြစ်ကြသည်။ ပုံမှန်ဆိုရင် မိသားစုမျိုးနွယ်ထဲက မျိုးဆက်သစ်များကိုသာ ခွဲဝေပေးမည် ဖြစ်သည်။ သို့သော်လည်း သခင်ကြီးကတော့ တခါတည်း ၂ယောက်တောင် ထုတ်ပေးနေပြီ။

“သခင်ကြီး”

ဘဏ္ဍာထိန်းလည်း ခဏလောက် တွေဝေသွားပြီး

“ဘာကိစ္စလဲ ”

ကျန့်ချင်ဖန်က မျက်မှောင် ကြုတ်ပြီး ပြန်မေးသည်။

"ဒီမိန်းကလေးတွေက ငါတို့ အိမ်တော်မှာ ကြီးပြင်းလာတယ်ဆိုတာ ဆွန်းမိုကို လက်ဆောင်အဖြစ်နဲ့ ပေးလိုက်ရင် ငါကြောက်တာက သူတို့.................."

ဘဏ္ဍာထိန်းက စကားကို ဆုံးအောင် မပြောလိုက်ပါ။ ဒါပေမယ့် သူ့ အဓိပ္ပါယ်က ရှင်းပါသည်။

ကျန့်ကလန်မှာဆိုရင် သူတို့က သခင်လေးတွေရဲ့ မောင်းမမိသံ ဖြစ်လာတာနဲ့ ကျီးကန်းကနေ ဖီးနစ်ငှက် ဖြစ်သွားသလို ပြောင်းလဲ သွားကြလိမ့်မည်။ သို့သော်လည်း ဆွန်းမိုကို လက်ဆောင်အနေနဲ့ ကြီးလေးတဲ့ အလုပ်နှင့် ဝန်ဆောင်မှုများ လုပ်ပေးရမည်။ ဒီကွာခြားချက်က ကြီးလွန်းတော့ ဘယ်သူက စေတနာပါမှာလဲ။

ဘဏ္ဍာထိန်း စိုးရိမ်နေတာက ဒီမိန်ကလေးတွေက တမင်သက်သက် အလုပ်ကို ကောင်းကောင်း မလုပ်ဘဲ ဆွန်းမို စိတ်ဆိုးအောင် တမင်လုပ်လိုက်မှာဘဲ

စိုးရိမ်နေသည်။ ဒီလက်ဆောင်တွေက သခင်ကြီးတို့ရဲ့ ဆက်ဆံရေးကို ဖျက်ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ။

"ဟားဟား၊ မင်းဘာတွေ စိုးရိမ်နေတာလဲ၊ ဆွန်းမိုက

ဆရာတစ်ယောက်ပါ။ ဘယ်လိုလုပ် ဒီမိန်းကလေးတွေက သူ့ကို အညှံ့မခံဘဲ နေမှာလဲ ပြီးတော့ ဆွန်းမိုက အနာဂတ်မှာ သေချာပေါက် မြတ်ဆရာတစ်ယောက် ဖြစ်လာမှာပဲ။ ဒီမိန်းကလေးနှစ်ယောက်သာ ထက်မြတ်ရင် ဆွန်းမိုကို

ဝန်ဆောင်ပေးရတာ ဘယ်လောက် ဂုဏ်ယူဖို့ကောင်းလည်း သိလာလိမ့်မယ်”

ကျန့်ချင်ဖန်က နှာမှုတ်ပြီး ပြန်ပြောလိုက်သည်။ ဒီနေရာမှာက ပဒေသရာဇ်တစ်ပိုင်းနှင့် ကျွန်တစ်ပိုင်း လူအဖွဲ့အစည်းအတွက် ရွှေရောင်ခေတ်ကို ရောက်နေတဲ့ အချိန်ဖြစ်သည်။ ကျန့်ချင်ဖန်က ဒီကိစ္စအတွက်တော့ စိတ်အနှာက်အယှက် မဖြစ်ပါ။

သူ့ရဲ့ အမိန့်တစ်ခုက မိန်းကလေးနှစ်ယောက်ရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်သည်။

“တောင်းပန်ပါတယ်၊ ငါအတွေးလွန်သွားတယ်”

ဘဏ္ဍာထိန်းက ဦးညွှတ်ပြီး အရိုအသေ ပေးလိုက်သည်။

“မင်းပြောမှပဲ ငါသတိရတယ်၊ အလှဆုံး မိန်းကလေး နှစ်ယောက်သာ ရွေးလိုက်ကွာ”

လက်ဆောင်တစ်ခု ဖြစ်သောကြောင့် လက်ခံသူ ကျေနပ်ဖို့က အရမ်းအရေးကြီးသည်။ အန်ရှီဝေကလည်း မိန်းမလှအဆင့်ကို ဝင်သော ရက်ရက်စက်စက်လှတဲ့ အလှတရား ရှိသည်။ ဒါကြောင့်လည်း ဆွန်းမိုရဲ့ အိမ်ဖော်ကလည်း လှနေသင့်သည်။

အမှန်တော့ ကျန့်ချင်ဖန်တွင် တခြား ရည်ရွယ်ချက် မရှိပါ။ သူက သူ့ရဲ့စိတ်ရင်းကိုသာ ဖော်ပြခြင်း ဖြစ်သည်။

“ဒါ....”

ဘဏ္ဍာထိန်း ဆံပင်ထောင်ချင်လာသည်။ (ဆွန်းမိုကို ဒီလို ဆက်ဆံမှ ဖြစ်မှာလား။ ပြီးတော့ သခင်လေးကလည်း အလှဆုံး မိန်းကလေးနှစ်ယောက်ကို ရွေးဖို့ စိတ်ကူး ယဉ်ပြီးသား၊ သခင်ကြီး သူတို့နှစ်ယောက်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လက်ဆောင်ပေးလိုက်ရင် ပြဿနာ ဖြစ်လာတော့မယ်)

“ဘာဖြစ်ပြန်ပြီလဲ”

ကျန့်ချင်ဖန် မျက်နှာ သုန်မှုန်သွားသည်။

“ဘာမှ မဟုတ်ပါဘူး၊ ဆရာကြီးကို သတိပေးစရာ တစ်ခုရှိလို့ပါ”

အိမ်ဖော် ကိစ္စနဲ့ ပက်သက်ပြီး ထပ်မပြောဖို့ ဘဏ္ဍာထိန်း ဆုံးဖြတ်လိုက်သည်။

“ပြော”

ကျန့်ချင်ဖန်က ဘီဒိုဖက်ကို လက်ညှိုးထိုးပြလိုက်သည်။

ဘဏ္ဍာထိန်းလည်း ချက်ခြင်းသဘောပေါက်သွားသည်။ အခုတလော သခင်ကြီးအနှစ်သက်ဆုံး အချိန်က ထမင်းစားချိန် မတိုင်ခင် 'အနောက်ဘက်သို့ ခရီးသွားခြင်း' ဖတ်ရတာနဲ့ ထမင်းစားပြီး ဇန်ချန် ပန်းချီကားကို ကြည့်ရှုပြီး သဘောကျရတာ ဖြစ်သည်။ နေ့တိုင်း ဒီကိစ္စကို နှစ်နာရီလောက် မလုပ်လိုက်ရရင် အဆင်မပြေ ဖြစ်လိမ့်မည်။

ဒါကြောင့် ဘဏ္ဍာထိန်းက အဖိုးတန် ပန်းချီကားကို သွားပြီး ယူပေးလိုက်သည်။ ထို့နောက် တင်ပြလိုက်သည်။

"ငါတို့ မင်းသမီးက ဆွန်းမိုရဲ့ တိုက်ရိုက်တပြည့် ဖြစ်လာတယ်"

ကျန့်ချင်ဖန် ဘာဆိုလိုမှန်း မသိ ဖြစ်သွားသည်။ ချင်လင်မြို့သည် မင်းဆက်ခြောက်ဆက်ရဲ့ မြို့တော်ဖြစ်တာနဲ့ အညီ ခမ်းနားတဲ့ သမိုင်းကြောင်းနဲ့ ပြည့်နှက်နေသည်။ ဒါကြောင့်လည်း ကောရာဇ်၏

ဆွေတော်မျိုးတော်များ ဒီအရပ်တွင် နေထိုင်ကြသည်။ မင်းသား၊ မင်းသမီးများ စုပြုံပြီး ရောက်လာကြသည်။

ရောင်းလိုအားများလာတာနဲ့ တန်ဖိုးနည်းလာတာက ထုံးစံပဲ ဖြစ်သည်။

“ဘိုင်လင်က အလည်အပတ်ရောက်နေတဲ့ ငါတို့ မင်းသမီးပါ ”

ဘဏ္ဍာထိန်းရဲ့ အသံက ပိုပျော့သွားသည်။ ဒါက လေးစားထိုက်တဲ့ တော်ဝင်မျိုးနွယ်နဲ့ ပက်သက်နေသည်။

“ဘာ”

မူလက ကုတင်ကို မှီထိုင်နေသော ကျန့်ချင်ဖန်တစ်ယောက် ချက်ခြင်းကို ခန္ဓာကိုယ် မတ်သွားသည်။

“အတည်ပြုပြီးပြီလား”

“အကြိမ်ကြိမ်လည်း မေးပြီးပြီ၊ မျက်စိနဲ့လည်း ကိုယ်တိုင် မြင်ပြီးပါပြီ ၊ အတည်ပြုလို့ရပါတယ်”

ဘဏ္ဍာထိန်းက ပြောလိုက်သည်။ စိတ်ထဲမှာလည်း အရမ်းလေးစားနေသည်။ (ဆွန်းမိုက ဘယ်လောက်တောင် ကံကောင်းလို့ ဒီလို တိုက်ရိုက်တပြည့်မျိုး ရတာလဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(သူက တစ်ဘဝလုံး ရွှေဒင်္ဂါးကိုက်ဖို့ မွေးဖွားလာတဲ့ကောင်ပဲ ဖြစ်မယ်။ တကယ် ချမ်းသာလာတော့မယ်)

“အို”

ကျန့်ချင်ဖန် မျက်နှာကြီးကို ရှည်အောင် ပွတ်ချလိုက်မိသည်။ သူတို့မင်းသမီးရဲ့ ဆရာဖြစ်ဖို့ အရည်အချင်းမှီအောင် အနည်းဆုံး ကြယ် ၇ပွင့်နှင့် ၈ပွင့်တော့ ရှိဖို့လိုသည်။ ပြီးတော့ ဆွန်းမိုက အခုမှအလုပ်ဝင်ထားတဲ့ ဆရာတစ်ယောက်ပါ။ သူတို့မင်းသမီးရဲ့ နောက်လိုက်

ကျူရှင်ဆရာတစ်ယောက် လုပ်ဖို့တောင် အရည်အချင်း မမှီသေးပါ။ ဒီသတင်းသာ ပျံ့နှံ့သွားရင် သေချာပေါက် ဆွန်းမိုရဲ့ ကံကောင်းမှုတွေ ပျောက်သွားနိုင်သည်။

ဆရာတစ်ယောက် အသိအမှတ် ပြုခြင်းက မြင့်မြတ်သော ကိစ္စဖြစ်သည်။ ပြီးတော့ တော်ဝင် မိသားစုနဲ့လည်း ပက်သက်နေသည်။ ဆွန်းမိုကသာ ဒီကိစ္စကနေ ပြန်ဆုတ်နိုင်သော တစ်ဦးတည်းသော သူ ဖြစ်နေသည်။ အဲဒီတစ်ယောက်သာ ရုတ်တရက်

မတော်တဆဖြစ်ပြီး သေသွားရင် သေချာပေါက် ပြဿနာ ဖြစ်လာနိုင်သည်။

"ပန်းချီကား ကို သိမ်းထားလိုက်။ ငါ အခုပဲ ဆွန်းမိုကို သွားရှာမယ်"

ကျန့်ချင်ဖန် အရမ်း စိုးရိမ်လာသည်။

"သခင်ကြီး ၊ မင်းနေမကောင်းသေးဘူးလေ"

ဘဏ္ဍာထိန်းက ဖျောင်းဖြဖို့ ကြိုးစားလိုက်သည်။

အဲဒီအချိန်မှာပဲ ဆွန်းမိုလို့ခေါ်တဲ့ တစ်ယောက်က အလည်လာကြောင်း အစေခံက အကြောင်းကြားလာသည်။

"အရမ်းတောင် နောက်ကျနေပြီ"

ကျန့်ချင်ဖန်သည် ကောင်းကင်ရဲ့ အရောင်ကို ကြည့်လိုက်ပြီး အဝတ်အစားလဲရန် ကုတင်ပေါ်က ဆင်းလိုက်သည်။

"မြန်မြန် သူ့ကို ဖိတ်ခေါ်လိုက်ပါ"

ကျန့်ချင်ဖန်က ဆွန်းမိုကို စာဖတ်ခန်းတွင် စောင့်ခိုင်းထားသည်။ အစေခံများ အရမ်းအံ့အြော နေကြသည်။ ဘယ်လောက်တောင် အရေးကြီးတဲ့ ဧည့်သည်လဲ ဆိုပြီး ခန့်မှန်းနေကြသည်။

ကျန့်အိမ်တော်က ကြီးမားပြီး ဇိမ်ခံပစ္စည်းများ စုံလင်လှသည်။

အများအားဖြင့်တော့ ညှော်သည်တွေက လက်ဆောင်လာပေးပြီး ပြန်ထွက်သွားတတ်ကြသည်။ သူတို့က ကျန့်ချင်ဖန်ကို ကြည့်ခွင့် မြင်ခွင့် လုံးဝ မရှိပါ။ ပိုအရေးကြီးတဲ့ ညှော်သည်ဆိုရင် ညှော့်ခန်းထဲကို ကိတ်မှုန့် အနည်းငယ်နဲ့ လက်ဖက်ရည် တစ်ခွက် ညှော့်ခံပေးလိုက်သည်။

စာဖတ်ခန်းထဲကို ဖိတ်ခေါ်ရင်တော့ ကျန့်ချင်ဖန်ရဲ့ သူငယ်ချင်းပဲ ဖြစ်ရမည်။ ဒါကြောင့်လည်း အစေခံများက သူတို့ တာဝန်ကို မပေါ့လျော့ရဲကြပါ။

လမ်းလျှောက်လာသူက ဘဏ္ဍာထိန်း ဖြစ်နေရင်တောင် ပုံမှန် အစေခံများအတွက် ဘာအခွင့် အရေးမှ မရှိပါ။

"ဦးလေးကျန့် နောက်ကျမှ အတင့်ရဲပြီး လာခဲ့မိပါတယ်၊ ဒါပေမယ့် အရမ်းအရေးကြီးနေလို့ပါ၊ ပြီးမှ တောင်းပန်လို့ ရမလား"

ဆွန်းမို အရမ်းပူပန်နေသည်။

"ဒီလောက် အလေးအနက် မထားပါနဲ့"

ကျန့်ချင်ဖန်က ဖြတ်ပြောလိုက်သည်။

"မင်းကို ကူညီပေးနိုင်တာ တစ်ခုခု ရှိရင်ပဲ ဝမ်းသာပါတယ်"

"ငါ့ တပြည့် ပျောက်နေတယ်"

ဆွန်းမိုစကားလည်း ဆုံးရော ကျန့်ချင်ဖန် ထိုင်ခုံက အလန့်တကြား ခုန်ထလိုက်သည်။ (ငါတို့ မင်းသမီး ပျောက်သွားတာလား ၊ ဒါဆို ချင်လင်မြို့က အရာရှိ အကုန်လုံး ရှူးသွားလိမ့်မယ်။ ဘယ်ကောင်က ဒီလောက် ရဲတင်းပြီး လုပ်ရဲတာလဲ)

"ငါ့တပြည့် လုချီဟွာ ပျောက်နေတာ တစ်ရက်ရှိပြီ၊ ဖောင်ယန်က ပြန်ပေးဆွဲသွားတယ်လို့ သံသယ ရှိတယ်"

ဆွန်းမိုက ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

ဒီလိုအရေးကြီးတဲ့ အချိန်တွင် ဆွန်းမိုက မှန်ကန်တဲ့ စကားစုတွေ ဘာတွေ မစဉ်းစားနိုင်ပါ။

"စိတ်မပူပါနဲ့၊ အခုချင်ခြင်း သူမကို ရှာဖို့ လူလွှတ်လိုက်မယ် "

ကျန့်ချင်ဖန်က နှစ်သိမ့်ပေးသည်။

"သူမ ပုံတူ ပန်းချီကား ရှိလား"

"မရှိဘူး"

ဆွန်းမို က ခေါင်းခါရင်း ပြန်ဖြေလိုက်သည်။

"ဒါပေမယ့် အခုဆွဲလိုက်လို့ ရတယ်"

"တစ်ယောက်ယောက်ကို ခေါ်ပြီး စုတ်တံနဲ့ မှင်တွေ ပြင်ခိုင်းလိုက်"

ကျွန်ချင်ဖန်တစ်ယောက် တက်တက်ကြွကြွနဲ့ ချက်ခြင်း ထအော်လိုက်သည်။ ဆွန်းမို အရည်အချင်းကို နောက်တစ်ကြိမ် ထပ်မြင်ရအုံးမယ်။ ဆွန်းမိုရဲ့ တပြည့်ပျောက်နေပေမယ့် သူ့စိတ်ကို သူ မထိန်းနိုင်ဘူး ဖြစ်နေသည်။

ပြီးတော့ ဒါက ကြီးမြတ်တဲ့ ပန်းချီပညာရှင် တစ်ယောက်ရဲ့ ပန်ချီကားပါ။

စာစဉ်(၁၃)

အခန်း(၁၉၅) - အံ့ဖွယ် ပန်းခင်း ပြန်ပေါ်လာခြင်းနဲ့ ဒုတိယမြောက် နာမည်ကျော် ပန်းချီကား ပေါ်လာခြင်း။

“သခင်ကြီး”

အိမ်အကူက စုတ်တံနှင့် မှင် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း အသိပေးမလို့ လုပ်လိုက်ပေမယ့်

ကျန့်ချင်ဖန်ရဲ့ အကြည့်စူးစူးကို မြင်ပြီး ပါးစပ်ပိတ်သွားသည်။ အသက်လည်း အောက်လိုက်မိသည်။

ကျန့်ချင်ဖန်လည်း စိတ်မရှည်သလိုဖြစ်နေသည်။ ဒါပေမယ့် ဆွန်းမိုကိုလည်း အလျင်စလို မတိုက်တွန်းချင်လို့ စောင့်နေလိုက်သည်။

ဆွန်းမိုက စားပွဲအရှေ့တွင် ရပ်ကာ စုတ်တံကို ယူပြီး မှင်ထဲတွင် နှစ်လိုက်သည်။ စုတ်တံမှာ မှင်စိုလာလျှင် စာရွက်ပေါ်မှာစပြီး ရေးဆွဲလိုက်သည်။

စိတ်ကူးတချို့ကို ပုံဖော်ကြည့်နေသည်။ သူ့စိတ်ထဲက ရေးတေးတေးဖြစ်နေတဲ့ အရာကို အရင်ဆွဲကြည့်ရမလား။ ဒါတွေအားလုံးကလည်း နတ္ထိပါ။

ဒီအချိန်တွင် ဆွန်းမိုက လုချီဟွာရဲ့ ပုံကို တတ်နိုင်သမျှ တိကျအောင် ရေးဆွဲရန် စဉ်းစားနေသည်။ လူတွေက ဒီပုံတူကားချပ်ကို မြင်လိုက်လျှင် အထင်ကြီးမှု စွဲမြဲပြီး ကျန်ခဲ့ရမည်။

“ငါ့ရဲ့ ကံကောင်းစေတဲ့ ကြယ်လေး၊ မင်း ဘာမှ မဖြစ်ပါစေနဲ့”

ဆွန်းမို စိတ်ပူလာသည်။ ဒါကြောင့်လည်း သူ့စုတ်ချက်တွေက ပိုမြန်လာသည်။

အစက်တစ်စက် စုတ်တစ်ချက်နဲ့အတူ ဆွန်းမိုရဲ့ ချယ်သမှုက မြန်ဆန်လှသည်။ မိုးဖွဲဖွဲလေး အောက်မှာရှိနေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ပုံက ပန်းချီကားချပ်ထဲတွင် ပေါ်လာသည်။

နွေနှောင်းပိုင်း ဖြစ်သဖြင့် မိုးစက်တွေက အဆက်မပြတ် ကျဆင်းနေသည်။

ပါးလွှာသော နွေးရာအဝတ်အစားကို ဝတ်ဆင်ထားသော မိန်းကလေးခေါင်းပေါ်တွင်

ဥက်ပျောရွက် တစ်ခု ရှိနေသည်။ သူမသည် မြို့အစွန်က စမ်းချောင်းဘေးတွင်ထိုင်ကာ မိုးရေအောက်က ပုရွက်ဆိတ်များကို ကြည့်နေသည်။

ဖားတစ်ကောင်က ဥက်ပျောရွက်ပေါ် ခုန်တက်လာသည်။ လုချီဟွာမျက်လုံးက အပေါ်ကို မော့ကြည့်ပြီး ဖားကို ဖမ်းမလို့ လက်ဆန့်ထုတ်လိုက်သည်။

စုတ်တံနှင့် ချယ်မှုန်းနေတာနဲ့ အမျှ ဆွန်းမိုစိတ်ထဲက စိုးရိမ်စိတ်တွေလည်း တိုးတိုး လာသည်။ (လုချီဟွာက အပြစ်ကင်းပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြွင်နာတတ်တဲ့ မိန်းကလေးပါ။ ဘယ်လိုလုပ် နှိပ်စက်မှုကို ခံနိုင်ရည် ရှိမှာလဲ)

(မင်းမှာ ဘယ်လို စိတ်ညစ်စရာတွေ မုန်းတီးမှုတွေပဲ ကြုံခဲ့ကြုံခဲ့ ငါ့ကို လာရှာလို့ရတယ်)

လုချီပွှာက ကြည့်လိုက်ရင် ရယ်စရာ ကောင်းနေတတ်သည်။ ဒီကမ္ဘာပေါ်က ရက်စက်မှုတွေ ကောက်ကျစ်မှုတွေ မသိသေးတဲ့ စာရွက်အလွတ်လေး တစ်ရွက်ပါ။ (ဒီတစ်ခေါက်တော့ သူမ.......)

ဆွန်းမို ဆက်ပြီး မစဉ်းစားရဲတော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူက လုချီဟွာကို စိုးရိမ်ပြီး အပြစ်ရှိသလို ခံစားနေရသောကြောင့် တတ်နိုင်သမျှကြိုးစားပြီး သူမ ပုံကို ရှင်းလင်း ပြတ်သားအောင်လုပ်နေသည်။ ဒါကြောင့်လည်း ပန်းချီကားတစ်ခုလုံးထဲကို စိတ်တစ်ခုလုံး လုံးဝ ထည့်ထားသည်။ ဒါတွေက ဆွန်းမိုရဲ့ စိတ်အခြေအနေကို စနက်တံ မီးရှို့ထားသလို ဖြစ်နေသည်။

စာဖတ်ခန်းထဲတွင် ဝိညာဉ်ချီများ လှုပ်ရှား တက်ကြွလာပြီး စုတ်တံ ထိပ်များကို စီးဆင်းလာသည်။

ဆွန်းမို၏ စုတ်ချက်များကြောင့် မှင်တွေ ပေနေတဲ့စာရွက်ပေါ်တွင် လုချီဟွာရဲ့ ပုံ အရောင်အသွေး စုံလင်စွာနဲ့ လှပလာခဲ့သည်။

ပျော့ပြောင်းသော အစိမ်းရောင် ဌက်ပျောရွက်၊ အလင်းဖောက်ဝင်နိုင်ပြီး တလက်လက်တောက်ပတဲ့ မိုးရေစက်များနှင့် ပုရွတ်ဆိတ်နက် များကြောင့် ကြည့်လိုက်ရင် အရမ်းကို လက်တွေ့ကျနေသည်။ မိုးရေတွေ စိုပြီး ဗွက်ထနေတဲ့ ကြမ်းခင်းတောင် ကြည့်လို့ကောင်းနေသည်။ ပန်းချီကားထဲက ရွှံ့အနံ့များပင် ရသလို ခံစားရသည်။

“ဒါက...”

အစေခံက မျက်လုံးကြီး ပြူးနေသည်။ သူမ အလိုလို ထအော်မိမတတ် ဖြစ်သွားသည်။

ဖောက်

ဘဏ္ဍာထိန်းက အစေခံရဲ့ ပါးစပ်ကို ခပ်မြန်မြန် လှမ်း ပိတ်လိုက်သည်။ သူမအော်လိုက်လျှင် ဆွန်းမို စျာန်ဝင်နေတာ ပျက်ဆီးပြီး နာမည်ကျော် ပန်းချီကားမွေးဖွားလာမယ့် ဖြစ်စဉ်ကို တားဆီးမိသွားမည်။ အဲဒီအချိန်ကျရင် သခင်ကြီးက

အသေသတ်လိုက်ရင်တောင် ဒီအပြစ်က မကျေနိုင်သေးပါ။

အိမ်အကူလည်း နောက်ဆက်တွဲ အကျိုးဆက်ကို တွေးမိပြီး ကြောက်ရွံ့မှုကြောင့် ခန္ဓာကိုယ် အားနည်းကျသွားပြီး ဘဏ္ဍာထိန်းကို မှီထားရသည်။

သူမက ဒီလိုမျိုး တစ်ခါမှ မမြင်ဖူးသော်လည်း ဒီပုံတူ ပန်းချီကားက မှော်ဆန်ပြီး ထူးထူးခြားခြားကို လှပ နေသည်။ ဒါ....ဒါက ဒဏ္ဍာရီစကားဖြစ်တဲ့ 'အံ့ဖွယ် ပန်းခင်းလား"

ဒီလို ဖြစ်စဉ်မျိုးပေါ်လာရင် ဒါက နာမည်ကျော် ပန်းချီကားတစ်ခု မွေးဖွားလာတော့မယ့် လက္ခဏာပဲ ဖြစ်သည်။ သူမသာ ဆွန်းမိုစျာန်ဝင်စားနေတာကို နှောက်ယှက်မိပြီး
ပျက်ဆီးသွားစေမယ်ဆိုရင်..................

အိမ်အကူ ထပ်ပြီး မစဉ်းစားရဲတော့ပါ။ သခင်ကြီး စိတ်ဓါတ်အရ သူမ အေးအေးချမ်းချမ်းတောင် သေခွင့် မရနိုင်ပါ။

ဘဏ္ဍာထိန်းက သူမ ပါးစပ်ကို အချိန်မှီ ပိတ်လိုက်တာ ကံကောင်းသွားသည်။

သူမ သေရွာက ပြန်ရှင်လာသလို ခံစားရသည်။ ရုတ်တရက် ချောက်ခြားမှုကနေ ရင်ထဲလှိုက်ကာနဲ ဖြစ်သွားသည်။ ထို့နောက် သူမ ခြေထောက်ကြားမှာ ပူနွေးသော ခံစားမှုကို ရလိုက်သည်။ ဘောင်းဘီကို အတင်း ဖိထားလိုက်သည်။

“အမ်”

ရုတ်တရက် စိုစိုစွတ်စွတ် ခံစားမိသဖြင့် ဘဏ္ဍာထိန်း မျက်မှောင်ကြုတ်သွားသည်။ သို့သော် ဆွန်းမို ဆွဲနေတဲ့ ပန်ချီကားကို အရမ်း

စိတ်ဝင်စားနေသောကြောင့် နောက်ကွယ်က အကြောင်းကို မစဉ်းစားလိုက်မိပေ။

ပန်းချီကားထဲက မိန်းကလေးသည် အရမ်းလည်းကြောက်တတ်ပြီး အပြစ်ကင်းကာ အရမ်းချစ်ဖို့ ကောင်းနေသည်။ ဒါပေမယ့် သူမရင်သားတွေက နည်းနည်း မကြီးနေဘူးလား။ (ငါထင်တာမမှားရင် သူမက ၁၃ နှစ်ပဲ ရှိသေးတယ်လေ။)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(နေပါအုံး၊ အရင်တစ်ခေါက် ဒီကောင်မလေးကို မြင်လိုက်တုန်းက သဘော်သီးလောက် ကြီးတဲ့ ရင်သားနှစ်ခုနဲ့ပဲ)

လှလိုက်တာ

လှလိုက်တာ

လှလိုက်တာ

ကျန့်ချင်ဖန်လည်း ဆွန်းမိုစျာန်ပျက်သွားမှာ စိုးရိမ်ပြီး အသံတစ်ချက်မှ မထွက်ဝံ့ပါ။ ဒါပေမယ့် စိတ်ထဲမှာတော့ တုန်တုန်ယင်ယင်နဲ့ အော်ဟာစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘယ်လောက်တောင် ထူးခြားတဲ့ အံ့ဖွယ် ပန်းခင်းဖြစ်လာမှာလဲ။ နောက်ထပ် နာမည်ကျော် ပန်းချီကားတစ်ချပ် မွေးဖွားလာမှာလား။)

(ငါ ၊ ကျန့်ချင်ဖန် သုံးလအတွင်း နာမည်ကျော် ပန်းချီကား နှစ်ခု မွေးဖွားလာတာကို မြင်ခဲ့ရပြီ။ ကောင်းကင်ကြီးက ငါ့ကို ကောင်းကောင်း ဆက်ဆံတာပဲ။)

(မဟုတ်ဘူး။ ဆွန်းမိုကို ကျေးဇူးတင်ရမယ်)

ကျန့်ချင်ဖန်က ဆွန်းမိုကို သဘောကျတဲ့ အကြည့်နဲ့ ကြည့်နေသည်။

(အငြိမ်းစားယူပြီးတဲ့နောက်မှာ သူနဲ့ သိခွင့် ရခဲ့တာ ပျော်ဖို့ အကောင်းဆုံးပဲ)

သိပ်မကြာခင် ကျန့်ချင်ဖန်ရဲ့ အကြည့်က နာမည်ကျော် ပန်းချီကားပေါ် ရောက်သွားသည်။ အလိုလို လက်ကထွက်လာပြီး ပန်းချီကားကို ထိချင်စိတ်ပေါက်လာသည်။ ဒါပေမယ့် လက်ကို အမြန် ပြန်ထိန်းလိုက်သည်။

ဒီမိန်းကလေးက တကယ်ဖြူစင်ပြီး အပြစ်ကင်းလွန်းသည်။ ဘယ်လိုထိတွေ့မှုမှ မလုပ်သင့်တဲ့ ပုံစံမျိုး ဖြစ်နေသည်။ သူမသည်

လောကီအရောင်အဝါတွေ တစ်စက်မှ စွန်းထင်းထားခြင်း မရှိသော နတ်သမီးလေးတစ်ပါးနဲ့ တူနေသည်။

ဒင်

ကျွန့်ချင်ဖန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၄၄၀/၁,၀၀၀)

အိမ်အကူသည် သူမ စကတ်ကို သူမ ပြန်ကိုင်ထားပြီး နေရထိုင်ရတာ အရမ်း စိတ်ကသိ ကအောက် ဖြစ်နေသည်။ သူ့အကြောင်း ဖော်ထုတ်ခံရမှာကြောက်ပြီး ဆင်ခြေတစ်ခုပေးကာ

အခန်းထဲက ထွက်သွားချင်နေသည်။ သို့သော်လည်း သူမ အကြည့်က စာရွက်ပေါ် ရောက်သွားတဲ့ အချိန်တွင် အကြည့်မလွှဲနိုင် ဖြစ်နေသည်။

(ဒီမိန်းကလေးက စက္ကူထီးအစား ဘာဖြစ်လို့ ဌက်ပျောရွက် ဆောင်းထားတာလဲ ၊ မိုးတဖွားဖွား ကျနေတဲ့ အချိန်မှာ ဘာကြောင့် မြို့ပြင် ရောက်နေတာလဲ)

(တစ်ယောက်ယောက် ပြန်အလာကို စောင့်နေတာလား။ ဘယ်သူကို စောင့်နေတာလဲ)

ခဏလေးအတွင်းမှာ သူမ စိတ်ထဲတွင် မေးခွန်းပေါင်းများစွာ ပေါ်လာသည်။

ဒါကလည်း နာမည်ကျော် ပန်းချီကားတစ်ခု ရဲ့ အကျိုးသက်ရောက်မှုပါ။ ဆွန်းမိုက နေရာလွတ် အတွေးလွတ် တစ်ခုချန်ထားပြီး ရိုးရာပန်းချီကားကို အထိင်္ခအထိတ် ရသတစ်ခု ဖော်ပြထားသည်။ ပုံတူပန်ချီကား တစ်ခုဖြစ်သော်လည်း တကယ်တမ်းကျတော့ ဇာတ်လမ်းတစ်ခု ပါဝင်နေသည်။

ဒင်

အိမ်အကူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၁၀၀/၁,၀၀၀)

စာဖတ်ခန်းထဲတွင် ဝိညာဉ်ချီများ သိပ်သည်းလာပြီး ပိုးစုန်းကြူးများလို တဖျတ်ဖျတ် တောက်ပလာသည်။ အချို့က ပုံတူ ပန်ချီကားပေါ် ဆင်းသက်ကာ အရောင်အသွေးတွေ တောက်ပလာပြီး ပို ကွက်ကွက်ကွင်းကွင်း ပေါ်လာစေသည်။

၁၅ မိနစ်လောက်ကြာတော့ ဆွန်းမိုတစ်ယောက် ခေါင်းငုံ့ပြီး မကျေမနပ် ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ငါဘာဆွဲလိုက်တာလဲ၊ ပျောက်နေတဲ့လူရဲ့ ပုံတူ ပန်ချီကား ဆွဲရမှာလေ။ ဘာလို့ ဌက်ပျောရွက်ကြီး ထည့်ဆွဲထားတာလဲ)

ဆွန်းမို မျက်နှာတွင် ပန်းချီကားကို သဘောမကျတဲ့ အရိပ်ယောင်များ ပြည့်နေသည်။ စာရွက်အသစ်ကို ယူရန် လက်လှမ်းလိုက်သည်။

"မင်းဘာလုပ်နေတာလဲ"

ကျန့်ချင်ဖန်တစ်ယောက် သူ့ရဲ့ အချစ်ဆုံးမြေးမလေးကို လူဆိုးတွေက

ဖျက်ဆီးတော့မယ့် ပုံစံဖြစ်နေသည်။ အောင်ဟာစ်ပြီး ဆွန်းမို လက်ကို ချက်ခြင်း ဖမ်းဆွဲလိုက်သည်။

“ဒီပုံက အဆင်မပြေဘူး ”

ဆွန်းမို သုန်သုန်မှုန်မှုန်နဲ့ ပြန်ပြောသည်။

“ဒီပုံက မကောင်းသေးဘူးလား”

ဘဏ္ဍာထိန်းလည်း အံ့အောသွားပြီး စာရွက်ကို အလိုလို ကြည့်လိုက်မိသည်။

အံ့ဖွယ်ပန်းခင်းသည် နာမည်ကျော် ပန်းချီပညာရှင်များသာ ပိုင်ဆိုင်နိုင်သော

နယ်ပယ်တစ်မျိုးဖြစ်ပြီး သာမန်မဟုတ်တဲ့ မြင်ကွင်းလည်း ဖြစ်သည်။

အံ့ဖွယ်ပန်းခင်း ဖြစ်ပေါ်လာပြီး နာမည်ကျော် ပန်ချီကားတစ်ချပ် ဖြစ်လာပါက အရောင်အသွေးသည် အဖြူနဲ့ အနက်ပဲ မဟုတ်တော့ပါ။ စာရွက်ပေါ်တွင် တကယ့် သက်ရှိလောက ကဲ့သို့ တောက်ပလာသည်။

ကြည့်ရှုသူ ပရိတ်သတ်တွေက သဘောကျလာတာနဲ့ အမျှ သူတို့ရဲ့ စိတ်အခြေအနေက ယိမ်းယိုင်သွားပြီး အရူးအမူး စွဲလမ်း လာပါလိမ့်မည်။ သူတို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျေနပ်စိတ်ချမ်းသာသော စိတ်ခံစားချက် ဖွံ့ဖြိုးလာပြီး ပန်းချီကားရှေ့က ခြေတစ်လှမ်းမှ မခွာဘဲ ကျောက်ရုပ်တစ်ခုလို အာရုံစိုက်ပြီး ကြည့်နေကြမည်။

ဒါက ကျော်ကြားတဲ့ ပန်းချီကားတစ်ချပ်ဖြစ်ပြီး ဈေးကွက်မှာ တွေ့နိုင်တဲ့ပန်းချီကားမျိုး မဟုတ်ပါ။ အနည်းဆုံး ငွေ ၁ သန်းကျော်နဲ့ ရောင်းချနိုင်သည်။

နောင်လာနောင်သားတွေအတွက် ဒဏ္ဍာရီ တစ်ခုအဖြစ် ရှားပါးရတနာ တစ်ခုလို သိမ်းထားနိုင်ပါသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဆွန်းမို ကဘာပြောလိုက်တယ်။ သူဆွဲတာ မကောင်းဘူးဖြစ်သွားတယ်။ နာမည်ကျော်ပန်းချီကားတစ်ခုတောင် မဖန်တီးနိုင်တဲ့ ပန်းချီ ပညာရှင်တွေကို ရှက်ပြီး သေအောင် လုပ်နေတာလား။

ဒါတောင် မကောင်းဘူးပြောနေတာ ပိုကောင်းတဲ့ အရာတစ်ခု ရှာတွေ့ဖို့ မဖြစ်နိုင်လောက်ဘူး၊ ဘဏ္ဍာထိန်းက တွေးလိုက်မိသည်။

ဒင်

ဘဏ္ဍာထိန်း၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၂၂၀/၁,၀၀၀)

"တကယ်မကောင်းတာ တခုမှလည်း မရှိပါဘူး။ ဒီလူဆွဲတာ အရမ်းကောင်းပါတယ်။ ဒါပေမယ့် နောက်ခံ ရှုခင်းက နည်းနည်းလေးတော့ စံမမှီဘူး"

ကျန့်ချင်ဖန်က နောင်တရစွာ မှတ်ချက်ပေးလိုက်သည်။ မဆိုးပါဘူး။

ဆွန်းမိုက မဟာအဆင့် ပန်းချီနည်းပညာနှင့် ဓာတ်ကောင် သရုပ်ဖော်ခြင်း နည်းစနစ်ကို ပိုင်ဆိုင်ထားသည်။ သို့သော်လည်း သင့်တော်သော

စိတ်အခြေအနေရောက်မှ အံ့ဖွယ် ပန်းခင်းအဆင့်ကို ဝင်ရောက် နိုင်မည်။

"ဦးလေး ကျန့်"

ဆွန်းမိုက မချိပြုံး ပြုံးရင်း ခေါ်လိုက်သည်။ (ငါက စိတ်ပူနေတာလေ ဘာလို့ ပန်းချီအကြောင်း ဆွေးနွေးနေတာလဲ)

"တောင်းပန်ပါတယ်၊ ငါ့အမှားပါ"

ကျန့်ချင်ဖန် အားနာတဲ့ အမူအရာ ဖြစ်သွားသည်။ အံ့ကြိတ်ကာ ပုံတူ ပန်းချီကားကို ကြည့်ပြီး

ဘောင်ခတ်ဖို့ ဂရုမစိုက်တော့ပဲ ဘဏ္ဍာထိန်းလက်ထဲကို တန်းပေးလိုက်သည်။

"သွား၊ ငါ့ရဲ့ မိတ်ဆွေဟောင်းတချို့ကို ခေါ်ပြီး သူတို့ရဲ့ အစွမ်းကို အသုံးချလိုက်ပါ။ ဒီမိန်းကလေးကို တစ်ရက်အတွင်း ရအောင် ရှာပေးရမယ်။ အဲဒီလိုဆိုရင် ငါ ကျန်္နချင်ဖန်က အရမ်းကျေးဇူးတင်နေမယ်လို့ ပြောလိုက်ပါ။"

"ဟုတ်ကဲ့ပါ။ သခင်ကြီး"

ဘဏ္ဍာထိန်းက ပုံတူ ပန်ချီကားကို ယူပြီး ချက်ခြင်း ထွက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အမ်၊ ဒါကိုကောင်းကောင်း ကာကွယ်လိုက်အုံး၊ ပန်းချီကားကို မညစ်ပတ်စေနဲ့”

ကျန့်ချင်ဖန်တစ်ယောက် မနေနိုင်ဘဲ ထပ်မှာကြားပြီး အရုက်ပြေ ရယ်လိုက်သည်။

(ဆွန်းမိုက နာမည်ကျော်ပန်းချီကားကို ထုတ်သုံးပြီး လူပျောက်လိုက်ရှာနေတာ ဘယ်လောက်တောင် ပွက်လော ရိုက်သွားမလဲ မသိဘူး)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အဲ့ဒီ အဘိုးကြီးတွေ သိသွားရင် တန်ဖိုးကြီး ပစ္စည်းတစ်ခုကို တန်ဖိုးမထားလို့ဆိုပြီး ငါ့ကိုတော့ ဝိုင်းကြိမ်းမောင်းကြမှာ သေချာတယ်)

(ဒါပေမယ့် ဘဝက ခက်တယ်။ ဝန်လေးနေရင်လည်း လုပ်ရမှာပဲ။ ပ ြ ီ းတော့ နာမည်ကျော် ပန်ချီဆရာလည်း ငါ့နား ရှိနေတာပဲ။ နာမည်ကျော် ပန်းချီကားတစ်ချပ်ကိုလိုချင်ရင် သူ့ဆီက ထပ်တောင်းလိုက်ရုံပဲ)

ကျန့်ချင်ဖန်က ဒီနည်းနဲ့ သူ့ကိုယ်သူ နှစ်သိမ့်နေသည်။ သို့သော်လည်း နှလုံးသားကတော့ နာကျင်နေသည်။

“ကျေးဇူးအရမ်းတင်ပါတယ်၊ ဦးလေးကျန့်”

ဆွန်းမို တကယ်ကို ကျေးဇူးတင်နေသည်။ ကျန့်ချင်ဖန်က အဆက်အသွယ်များကို သုံးပြီး လူအများကြီးသုံးကာ သူ့အတွက် လိုက်ရှာပေးနေသည်။ ပြီးတော့ လူအများကြီး အပေါ်လည်း ကျေးဇူး အကြွေးတင်နေပြီ။ ဒါက ပိုက်ဆံရှိတိုင်း ဝယ်လို့ရတဲ့ အရာမျိုး မဟုတ်ဘူး။

"မင်းစကားတွေက အရမ်းလေးနက်နေပြီ၊ ငါကမင်းကို ငါ့ရဲ့ အချစ်ဆုံး မိတ်ဆွေတစ်ယောက်လိုပဲ မြင်တယ်"

ကျန့်ချင်ဖန် အသံမှာ အနည်းငယ် မကျေနပ်တဲ့ အရိပ်အယောင် ပါနေသည်။ ထိုစကားကို ကြားတော့ အိမ်အကူက အသက်ရှူမှားသွားသည်။ တုန်လှုပ်ထိတ်လန့် နေတဲ့အကြည့်နဲ့ ဆွန်းမိုကို ကြည့်လိုက်သည်။ (ဒီလူငယ်က ဘယ်သူလဲ။ ဘာဖြစ်လို့ သခင်ကြီးက သူ့ကိုအလေးထားပြီး ချစ်ခင်နေတာလဲ။)

သခင်ကြီး တူလေးတစ်ယောက် အရာရှိ ဘွဲ့ခံရန် ရောက်နေသည်။ ဒါတောင် သခင်ကြီးက စိတ်မဝင်စားပါ။ သို့သော် ဒီလူငယ်လေးအတွက် သူ့ရဲ့ အဆက်အသွယ်များကို တကယ် အသုံးပြုခဲ့သည်။

သခင်ကြီးရဲ့ မိတ်ဆွေဟောင်းများအားလုံးသည် ချင်လင်မြို့ရဲ့ မျက်နှာဖုံးတွေ ဖြစ်ပြီး လိုသလို ကိုင်လှုပ်နိုင်သော လူများဖြစ်သည်။

"မင်းကို ကူညီတော့ နာမည်ကျော် ပန်းချီကားတစ်ချပ်ရလို့ ငါလည်း အကျိုးရှိပါတယ်"

ကျန့်ချင်ဖန်က ဆွန်းမိုကို စိတ်အေးလိုအေးငြား ဟာသလေး စွက် ပြောလိုက်သည်။ ဒါပေမယ့်အသုံးမဝင်ပါ။

“ဒါဆိုလည်း ဦးလေးကျန့်ကို ဒုက္ခပေးရတော့မယ်။ လုချီဟွာ ပြန်ရောက်နေလားလို့ ကျောင်းပြန်ပြီး ပြန်သွားကြည့်လိုက်အုံးမယ်”

ဆွန်းမို ပြန်ထွက်သွားသည်။

“လမ်းမှာ သတိထားအုံး”

ကျန့်ချင်ဖန်က ပင်မ တံခါးဆီ လိုက်ပို့ပေးလိုက်သည်။ အိမ်အကူကတော့ သေမလောက ကြောက်ပြီး ဒူးထောက်နေသည်။

(မင်းက လူနာလေ၊ မင်း မသိဘူးလား)

ဆွန်းမိုလည်း ကျန့်ချင်ဖန်ဆီက ခွင့်ပြုချက်ရတာနဲ့ တခါတည်း ပြေးထွက်သွားသည်။ ကျန့်ချင်ဖန်သည် စာဖတ်ခန်းထဲတွင် ထိုင်ပြီး ဆွန်းမို သုံးခဲ့တဲ့ မှင်နှင့် စုတ်တံကို ကြည့်ကာ အားကျစိတ်လေး ပေါ်လာသည်။

"လူတွေပြောပြောနေကြတဲ့ ပါရမီဆိုတာ ဒါပေါ့"

သူလည်း လက်ရေးလှနဲ့ ပန်းချီတွင် ဝါသနာပါပြီး လက်ရေးလှတွင် အထိုက်အလျောက်တော့ အောင်မြင်မှု ရခဲ့သည်။ သို့သော်လည်း ပန်းချီကိုတော့ ကျွမ်းကျင်မှု မရှိပေ။ ပန်းချီဆွဲတဲ့ ဘာသာရပ်များက ပါရမီ လိုအပ်သည်။

ဆွန်းမိုက ပန်းချီဆွဲခြင်းကို အရေးကြီးတဲ့ အရာအဖြစ် မသတ်မှတ်ထားတာကို ကျန့်ချင်ဖန် မြင်နေရသည်။ ပြီးတော့ တိုက်ဆိုင်မှုသာမရှိရင် 'အနောက်ဘက်သို့ ခရီးသွားခြင်း' အတွက် ဇာတ်ကောင်တွေကို ရေးဆွဲပြီးတဲ့နောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒုတိယအကြိမ် ပန်းချီဆွဲဖို့ စုတ်တံတောင် မကိုင်လောက်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် မထင်မှတ်ထားဘဲ နာမည်ကျော် ပန်းချီကားတစ်ချပ် မွေးဖွားတာကို နောက်တစ်ကြိမ် တွေ့ခွင့် ရခဲ့သည်။

"စိတ်မကောင်းစရာဘဲ"

ကျန့်ချင်ဖန် စိတ်ထဲတွင် ခံစားချက်ပေါင်းများစွာ ဖြစ်ပေါ်နေသည်။ ဆွန်းမိုက မြတ်ဆရာလမ်းစဉ်ကို လျှောက်လမ်းဖို့ ဆုံးဖြတ်ထားသောကြောင့် အနုပညာလမ်းကြောင်းပေါ် မလျှောက်လှမ်းမှာ သေချာနေသည်။ ဒါကြောင့်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီကမ္ဘာကြီးအတွက် အနုပညာ သူတော်စင် တစ်ယောက် နည်းပါးသွားပြီ။

အရမ်းစိတ်မကောင်းစရာဘဲ။

စိတ်မကောင်းစရာဘဲ။

ဆွန်းမိုသည် အမြန်ဆုံးနှုန်းနဲ့ ကျောင်းကို ပြန်လာပြီး မိန်းကလေးအဆောင်ကို တန်းသွားလိုက်သည်။ လီဇီချီလည်း ဆွန်းမိုအတွက် မကောင်းတာ တစ်ခုခု ဖြစ်လာမှာ စိုးရိမ်နေသည်။ ဒါကြောင့် သူမက ဒီနေရာမှာပဲ ဆွန်းမိုကို ရပ်စောင့်နေခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ပြန်မရောက်သေးဘူးလား”

ဒီအဖြေကို သူ ခန့်မှန်းပြီးသား ဖြစ်ပေမယ့် ကိုယ်တိုင်ကြားလိုက်တော့ မျက်လုံးပြာပြီး ခေါင်းတွေ မူးလာသည်။

(တကယ် အခြေအနေ ဆိုးနေပြီ)

“မဖြစ်သေးဘူး။ ငါမြန်မြန် တစ်ခုခု စဉ်းစားမှ ရတော့မယ်။ အမအကြီးဆုံး အနေနဲ့ ငါ့ရဲ့ ညီမလေးကို ကာကွယ်ပေးရမယ်”

လီဇီချီလည်း ဦးနှောက်တစ်ခုလုံးကို ဖြစ်ညှစ်ပြီး စဉ်းစားနေသည်။

စာစဉ်(၁၄)

အခန်း(၁၉၆) - သူ့နာမည်က ဆွန်းမို မင်းစော်ကားလို့ ရတဲ့လူမျိုး မဟုတ်ဘူး။

နတ်ဆိုးရဲ့ တောင်ပံများ ဖုံးအုပ်ထားသလို ကမ္ဘာမြေကြီးက မည်းမှောင် နေသည်။

မိနစ်တွေ စက္ကန့်တွေသာ ကုန်သွားသည်။ လုချီဟွာနဲ့အဆက်အသွယ် မရသေးပါ။ သို့သော်လည်း ဆန့်ကျင်ဘက်အနေနဲ့ ဆွန်းမိုက စိတ်လှုပ်ရှားနေရာမှ တည်ငြိမ်လာသည်။

အဆိုးဆုံးကဖြစ်နေပြီ ဆက် စိတ်တိုပြီး စိတ်ကသိကအောက် ဖြစ်နေရင်လည်း ပြဿနာ မပြေလည်သွားပါ။ ဒါကြောင့် စိတ်အေးအေးထားပြီး အဖြေရှာရမည်။

မိန်းကလေးအဆောင် လမ်းဘေးတွင် ထိုင်ချလိုက်သည်။ ကျောက်တုံးတစ်တုံးကို ယူလိုက်ပြီး စိတ်ကူးတည့်ရာ မြေပေါ်မှာ ပုံဆွဲနေသည်။

သူနဲ့ အတူတူ ရှိနေသာ လီဇီချီက မျက်ခုံးတော်တော် ကြုတ်နေသည်။ သူမက

အဖြေတစ်ခုကို လျှင်မြန်စွာ တွေးမိသော်လည်း ဒါက လုံလောက်မလားဆိုတာ သူမလည်း မသိပေ။

“နောက်တစ်ကြိမ် ကောက်ချက် ပြန်ချကြည့်ရမယ်”

လီဇီချီက သတိမမူမိတဲ့ အမှားမျိုး မရှိချင်ပါ။ ဒါပေမယ့် ဆက်လည်း မစဉ်းစားချင်တော့ပါ။ ဘေးနားမှာရှိတဲ့ ဆွန်းမိုက ရုတ်တရက် ထရပ်လိုက်သည်။

“သွားကြစို့”

ဆွန်းမိုက ခြေလှမ်းကျဲကြီးများနဲ့ ထွက်သွားသည်။

"ဆရာ"

လီဇီချီသည် အနောက်က အမြန်လိုက်လာခဲ့သည်။

"မင်းမှာ အစီအစဉ်ရှိလား"

"အရင် စမ်းကြည့်ရမှာပေါ့"

ဆွန်းမိ က လီဇီချီကို ကြည့်လိုက်ပြီး

"ဒီတစ်ခါတော့ မင်းကို ဒုက္ခပေးရတော့မယ်"

"ဆရာ ဘာတွေ ပြောနေတာလဲ ။ ချီဟွာက ကျွန်မရဲ့ ပညာသင်ဘက် ညီမလေးပါ။ သူမကိုသာ

ကယ်တင်နိုင်မယ်ဆိုရင် ဘာမဆိုလုပ်ပါ့မယ်၊ ဒါက ငါ့ရဲ့ တာဝန်ပဲ”

ဆွန်းမိုက အရမ်းကြီး အလေးအနက် လုပ်နေသဖြင့် လီဇီချီ အနည်းငယ် မကျေမနပ် ဖြစ်သွားသည်။

“ကောင်းပြီလေ”

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။ ပြန်မထွက်လာခင် အဆောင်ကို ပြန်သွားပြီး တစ်ခုခုယူလာခဲ့သည်။ ထို့နောက် တိမ်ပျံလေးကို ဆင့်ခေါ်လိုက်သည်။

"မြင်းစီးကြစို့"

"သေချာလား"

လီဇီချီ စကားဆုံးသွားတာနဲ့ ဆွန်းမိုက မြင်းပေါ်ကို ယုံကြည်ချက် ရှိရှိ ရဲရဲတင်းတင်းပဲ တက်သွားသည်ကို သူမ တွေ့လိုက်ရသည်။ ထို့နောက်သူက ကိုယ်ကို အနည်းငယ် ယိုင်ကာ လီဇီချီဆီကို လက် ဆန့်ပေးလိုက်သည်။

လီဇီချီသည် ဆွန်းမိုရဲ့ နွေးထွေးသောလက်ကို ကိုင်ပြီး ရင်ထဲမှာ ဘာမှန်းမသိတဲ့ ခံစားချက်

ပေါ်လာသည်။ မြင်းပေါ်ဆွဲတင်ခံရတော့ ဆွန်းမို ရင်ဘက်ထဲမှာ ထိုင်နေတဲ့ ပုံစံ ဖြစ်သွားသည်။

"အဆင်မပြေ ဖြစ်နေရင် တောင်းပန်ပါတယ်"

ဆွန်းမိုက တောင်းပန်လိုက်သည်။ ထို့နောက် ခြေထောက်တွေနဲ့ မြင်းဗိုက်ကို ဖိလိုက်လျှင် မြင်းက ကဆုန်ပေါက်ပြီး စပြေးသည်။

"မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး"

လီဇီချီ နှလုံးသားထဲက တိုးတိုးလေး ရေရွတ်လိုက်သည်။ ဆန့်ကျင်ဘက်အနေနဲ့ ပုံမှန်မဟုတ်တဲ့ အတွေ့အကြုံကြောင့် သာယာ

ကြည့်နူးနေသည်။ ခနလောက်နေတော့ ဆွန်းမို ရင်ခွင်ထဲ မှီချင်စိတ် ပေါက်လာသည်။ ဒါပေမယ့် သူမ ထိန်းထားနိုင်ခဲ့သည်။

တိမ်ပျံလေးကတော့ မြင်းကျောကုန်းနဲ့ တဂျုံးဂျုံးဆောင့်အောင် တဟုန်ထိုး ပြေးနေသည်။

ညအချိန်ဖြစ်သဖြင့် လမ်းပေါ်တွင် လူသိပ်မရှိတော့ပါ။ ဒါကြောင့်လည်း ဆွန်မိုက မြင်းကို အရှိန်ပြင်းပြင်း မောင်းနှင်လာခဲ့သည်။ လီဇီချီရဲ့ အမူအရာက အနည်းငယ် ဖြူဖျော့လာသည်။

“မင်း ပြုတ်မကျပါဘူး”

ဆွန်းမိုက လီဇီချီ ခါးကို လက်တစ်ဖက်နဲ့ပိုက်ပြီး သူ့ခန္ဓာကိုယ်ပေါ် မှီခိုင်းထားလိုက်သည်။ ဒါပေမယ့် အခွင့်အရေး ယူချင် စိတ်မရှိပါ။ သူက လီဇီချီကို မှန်မှန်လေးထိုင်ပြီး ပြုတ်မကျသွားအောင် ကာကွယ်လိုက်ခြင်း ဖြစ်သည်။

“အင်း”

လီဇီချီက ခြင်တစ်ကောင်လို တိုးငယ်တဲ့အသံနဲ့ ပြန်ဖြေလိုက်သည်။ သူမကို ဆွန်းမို လက်မောင်းနဲ့ ဖက်လိုက်သောအခါ ရင်ဖိုပြီး စိတ်တစ်ခုလုံး ဗလာကျင်းသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူမရဲ့ ကိုယ်လက် လုပ်ရှားမှု စွမ်းရည် အရမ်းညံ့သောကြောင့် လီဇီချီက မြင်းမစီး သလောက်ပါပဲ။ တကယ်လို့စီးခဲ့ရင်လည်း ပုံမှန်လေးသာ လမ်းလျှောက်သလို စီးဖြစ်သည်။ လနှင့်တိမ်နောက်ကို လိုက်နေသလို အလင်းတမျှ လျှင်မြန်သော အရှိန်နဲ့ တစ်ခါမှ မစီးဖူးပါ။

တိမ်ပျံလေးရဲ့ အရှိန်က အရမ်းမြန်ပြီး အကြာကြီး မစီးခဲ့ရတာ ကံကောင်းပါသည်။ ခဏလောက်ကြာတော့ ဆွန်းမိုသည် ချင်လင် အုပ်ချုပ်ရေး ရုံးရှေ့တွင် ရပ်တန့်လိုက်သည်။

"ဘယ်သူလဲ"

တာဝန်ကျနေသော အစောင့်သည် ခါးက ဓါးကို ချက်ခြင်းဆွဲထုတ်ပြီး မေးလိုက်သည်။ အုပ်ချုပ်ရေး ရုံးရှေ့တွင် မြင်းဒုန်းစိုင်းစီးဖို့ နေနေသာသာ ရုံးရှေ့မှာ မြင်းမစီးဖို့ အမိန့်ထုတ်ထားသည်။

မြင်းစီးသူများက ဆင်းရပြီး ရထားစီးလာသူများလည်း ဆင်းပြီး လမ်းလျှောက်ရမည်။ ဒါက ပုံမှန်ပဲဖြစ်ပြီး တကယ်လို့ စည်းကမ်း ဖောက်ဖျက်ပါက ကြိမ်ဒဏ် ၅ဝနဲ့ ဒဏ်ငွေ တချို့ ပေးဆောင်ရမည်။

လီဇီချီက အရမ်းဉာဏ်ကောင်းသည်။ ဆွန်းမိုရဲ့ အစီအစဉ်ကို သိထားသောကြောင့် ပြောစရာ မလိုဘဲ ရွှေရောင်တံဆိပ်ကို ချက်ခြင်း ပစ်ပေးလိုက်သည်။

" စခန်းမှူးကျန် အနားမှာ ရှိလား"

လီဇီချီရဲ့ အသံက မောက်မာပြီး ရင်းရင်းနှီးနှီး မရှိဘဲ အထက်တန်းလွှာတို့ရဲ့ လေသံပြည့်နေသည်။ သူမက အထင်သေးလို့လည်း မဟုတ်ပါဘူး။ ဒီလိုပုံစံနဲ့ ပြောလိုက်လျှင် ပြဿနာ အများကြီးကို သက်သာသွားစေနိုင်သည်။

အစောင့်လည်း အုပ်ချုပ်ရေးရုံးတွင် နေ့တိုင်းနီးပါး တာဝန်ကျနေပြီး လူပေါင်းစုံကိုလဲ တွေ့ဖူးသည်။ ကောင်းကင်ကြီးက မှောင်နေပြီး ရွှေရောင် တံဆိပ်ကို သေသေချာချာ မြင်ရပေ။ ဒါပေမယ့် လီဇီချီရဲ့ လေသံကိုကြားလိုက်လျှင် သူမက ဂုဏ်သိက္ခာကြီးတဲ့ မိသားစုကလာတဲ့ မိန်းကလေးမှန်း သိလိုက်သည်။

“စခန်းမှူးကျန်က ဒီနေ့ တာဝန် မကျဘူး။ အိမ်မှာပဲ ရှိနိုင်တယ်”

အစောင့်က ပြန်ဖြေလိုက်သည်။

“ သူ့အိမ်က ဘယ်မှာလဲ”

လီဇီချီက ထပ်မေးသည်။

"မက်မန်းပန်းပွင့် အိမ်ယာကို သွားလိုက်ပါ။ သူ့အိမ်က အရှေ့ဘက် ခြောက်တန်းမြောက်ရဲ့ သုံးအိမ်မြောက်ပါ"

အစောင့်က အလျှင်အမြန် ပြန်ပြောလိုက်သည်။ သူက ထက်မြတ်ပြီး ၉၀န ဉာဏ်လည်းကောင်းသည်။

"လိုက်ပို့ပေးရမလား"

"မလိုဘူး"

လီဇီချီ ရွှေရွက် တစ်ရွက် လွှင့်ပစ်ပေးရင်း ပြောလိုက်သည်။

“မင်းအတွက်ဆု”

“ဆုအတွက် ကျေးဇူးတင်ပါတယ် အစ်မကြီး”

အစောင့်က ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်ဖြေလိုက်သည်။

ဆွန်းမိုနှင့် လီဇီချီတို့ ထွက်သွားတာနဲ့ အစောင့်က ရွှေရွက်ကို ချက်ခြင်း ကောက်လိုက်ပြီး မီးရောင်အောက်တွင် ကြည့်လိုက်သည်။

“ဟာ၊ ဒါက ကြည့်ရတာ သန့်စင်မှု တော်တော်ကောင်းတဲ့ပုံပဲ။ အနည်းဆုံး ငွေ ၁၀၀လောက်တော့ ရမယ်”

သူ့ဘေးက အစောင့်သည် အားကျပြီး သရေတွေ ကျလာသည်။ (ငါ့လုပ်ဖော်ကိုင်ဖက်ကျတော့ စကားလေး နှစ်ခွန်း သုံးခွန်းလောက် ပြောလိုက်ရုံနဲ့ ဆုအကြီးကြီးရတယ်။ ငါ့ကံကောင်းမှုက ဘယ်မှာလဲ)

"ဟဲဟဲ"

ဆုပေးခံရတဲ့ အစောင့်က တဟဲဟဲ ရယ်နေသည်။ မျက်စိအားကောင်းတယ်လို့ ခေါ်ရမည်။ မြင်းက စိတ်ဝိညာဉ်သားရဲဖြစ်တယ်ဆိုတာ လုပ်ဖော်ကိုင်ဖက်များကို သေချာပေါက် မပြောပါ။

ဈေးကွက်မှာ ရောင်းချရင်တောင် အနည်းဆုံး တစ်သိန်းလောက် ရနိုင်သည်။

(စဉ်းစားလေ ချမ်းသာတဲ့လူတစ်ယောက် အရေးတကြီး လူရှာနေတာလေ၊ ကူညီလို့ကတော့ ဆုရပြီပေါ့ကွ)

ဆွန်းမိုက ဦးလေးကျန့်ကို သွားရှာနေတဲ့အချိန်တွင် လီဇီချီက သူမအဒေါ်ဆီမှာ အကူညီတောင်းရုံသာမက ရွှေရွက်တွေပါ ယူလာခဲ့သည်။ ဒီလိုမျိုး အခြေနေသည် ပုံမှန်အားဖြင့်တော့ ငွေတော်တော် ကုန်တတ်သည်။

ဆွန်းမိုရဲ့ အရင်ခန္ဓာကိုယ်ပိုင်ရှင်က ချင်လင်တွင် ကြီးပြင်းခဲ့တဲ့ သူဖြစ်သည်။ ဒါကြောင့် ပထဝီအနေအထားကို အရမ်းရင်းနှီးနေသည်။ သိပ်မကြာခင်မှာပဲ စခန်းမှူးကျန် အိမ်ကို ရှာတွေ့သွားသည်။

ဒေါက် ဒေါက် ဒေါက်

ဆွန်းမိုက တံခါး ခေါက်လိုက်သည်။

“စခန်းမှူးကျန် အိမ်လား”

“ဘယ်သူလဲ”

လှမ်းမေးတဲ့ အသံနဲ့ အတူ လူလတ်ပိုင်း အမျိုးသမီးတစ်ယောက်က တံခါးဖွင့်ပေးလာသည်။

"စခန်းမှူးကျန် အိမ်ပါ ၊ မင်းတို့က ဘယ်သူတွေလဲ"

ယောကျ်ားဖြစ်သူ၏ အလုပ်အကိုင်ကြောင့် ညနက်တွေမှာ သူတို့ အိမ်တံခါး အခေါက်ခံနေရတာကို အလေ့အကျင့် ဖြစ်နေဟန်တူသည်။

"ဒီလို အချိန်မတော်မှ အနှောက်အယှက်ပေးရတာကို တောင်းပန်ပါတယ်"

လီဇီချီက ရွှေရွက်တစ်ရွက် ပေးရင်း စကားစလိုက်သည်။

စခန်းမှူးကျန်ရဲ့ မိန်းမပျက်နှာသည် လင်းထိန်းသွားသည်။ ဒါပေမယ့် ယူတော့ မယူပါ။

"ကျန်ရေ၊ မင်းကို လာရှာနေတယ်။ ၊ မြန်မြန်လာပါအုံး"

ရွှေရွက်ကိုတောင် လက်ဆောင်ပေးတဲ့ ဧည့်သည်ကို လျစ်လျူ မရှုရဲပါ။

စခန်းမှူးကျန်သည် အကျီ င်္ဝတ်ပြီး ထွက်လာသည်။ လီဇီချီကို မြင်လိုက်လျှင် ရုတ်တရတ် ကြောက်လန့်ပြီး ခြေလှမ်းကို အရှိန်မြှင့်လိုက်သည်။

"ဘာတွေဖြစ်လို့ ရောက်လာတာလဲ"

"စခန်းမှူးကျန် ချင်လင်မြို့မှာ နောက်ဆုံးနဲ့ အတိအကျဆုံး သတင်းကို ဘယ်သူ သိနိုင်လဲ"

ဆွန်းမို လိုရင်းကို တန်းမေးလိုက်သည်။

"ဆရာ့အကြံက တကယ်ပဲ"

ဆွန်းမိုရဲ့မေးခွန်းကို ကြားလျှင် လီဇီချီ၏ လှပသော မျက်လုံးများ တောက်ပလာသည်။ ဆရာနဲ့ အတွေးတူနေမယ်လို့ မထင်ထားခဲ့မိပါ။

လူတိုင်းမှာ သူတို့နည်းလမ်းနဲ့သူတို့ ရှိတတ်ကြသည်။ လီဇီချီကို ပြန်ပေးဆွဲတဲ့ အမှုတွင် လူရမ်းကားတွေ သေချာပေါက် ပါဝင်ပက်သက်နိုင်သည်။ ဒီကိစ္စကို နယ်ခံ လူဆိုးတွေဆီက စုံစမ်းရင် အုပ်ချုပ်ရေးရုံးတွေထက် သေချာပေါက် ပိုမြန်နိုင်သည်။

အုပ်ချုပ်ရေးအရာရှိတွေတောင် စုံစမ်းစစ်ဆေးမည် ဆိုပါက နယ်ခံလူဆိုးတွေကို ရှာဖွေရသည်။

"ဒါ......"

စခန်းမှူးကျန်က လီဇီချီကို တစ်ချက်ကြည့်လိုက်သည်။ သူတစ်ခုခု ပြောချင်နေသော်လည်း တွေဝေနေသည်။

"စခန်းမှူးကျန် မင်းမသိဘူး မပြောနဲ့နော်"

လီဇီချီ၏ လေသံတွင် ခြိမ်းခြောက်တဲ့ အရိပ်အယောင်များ ပါဝင်နေသည်။

စခန်းမှူးကျန်ရဲ့ ရာထူးသည် ရဲစခန်းထောက်လှမ်းရေးအကြီးအကဲ ရာထူးနဲ့ ညီမျှသည်။ အများပြည်သူများကို ကာကွယ်ရန်နှင့် အမှုအခင်းများကို ဖြေရှင်းရန် ဒီလူဆိုးဂိုဏ်းတွေနဲ့ သေချာပေါက် ထိတွေ့ဆက်ဆံရမည်။

ဒီစကားကို ကြားလိုက်လျှင် စခန်းမှူးကျန်ရဲ့ နဖူးမှာ ရုတ်တရက် ချွေးအေးတွေ ထွက်လာသည်။

“ဗြိချီ”

ဆွန်းမိုက အကူအညီ ရှာဖွေနေခြင်း ဖြစ်သည်။ ဒါကြောင့် လီဇီချီကို နိုင်ထက်စီးနင်း မလုပ်ရန် အမူအယာ ပြလိုက်သည်။

"တောင်းပန်ပါတယ် အရမ်းစိတ်ပူနေလို့ပါ"

လီဇီချီက တောင်းပန်လိုက်သည်။

"အဲဒီလို မပြောပါနဲ့၊ မပြောပါနဲ့"

စခန်းမှူးကျန်က အမြန် ငြင်းပယ်လိုက်သည်။ လီဇီချီကို တောင်းပန်ခွင့် မပေးရဲပါ။ သို့သော်လည်း စိတ်ထဲတွင် ဆွန်းမိုရဲ့ပုံရိပ်ကို အရမ်းသိချင်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(သူ့ရဲ့ ဝတ်စားဆင်ယင်မှုကို ကြည့်ရတာတော့ ဗဟိုပြည်နယ် အကယ်ဒမီက ဆရာတစ်ယောက် ဖြစ်နိုင်တယ်။ ဒါပေမယ့် ဒီလောက်အဆင့်အတန်းက လီဇီချီ လေးလေးစားစား ဆက်ဆံဖို့ မလုံလောက်သေးဘူး မှတ်လား။)

(သူ့ရဲ့ ကိုယ်ပိုင်ဆရာတော့ မဖြစ်နိုင်လောက်ပါဘူး)

ဒါကိုတွေးမိပြီး စခန်းမှူးကျန် သူ့ကိုယ်သူ ပြန်ရယ်လိုက်မိသည်။ (ဒီကောင်က အရမ်းငယ်သေးတယ်။ ကြယ်တစ်လုံးမှ

မရှိနိုင်လောက်ဘူး၊ ဘယ်လိုလုပ် လီဇီချီရဲ့ ဆရာဖြစ်နိုင်မှာလဲ။)

“မင်းတို့နှစ်ယောက်စလုံးရဲ့ ပုံစံအရ လူတစ်ယောက်ကို ရှာချင်နေတာလား ၊ အတွင်းစည်း အချက်အလက်ကို လိုချင်တယ်ဆိုရင် ငါးသုံးကောင် အဖွဲ့အစည်းက မြေခွေးအိုကြီးရန် ကိုရှာတာ ပိုကောင်းမယ် ၊ သူက ဒီလိုလုပ်ပြီး စီးပွားရှာနေတာ”

စခန်းမှူးကျန်လည်း စိတ်ထဲက အတွေးတွေကို မြန်မြန်ရှင်းပြီး ပြောလိုက်သည်။

နယ်ပယ်တိုင်းတွင် ပြောစရာမလိုတဲ့ စည်းမျဉ်းများ ရှိသည်။ တကယ်လို့ မြေခွေးအိုကြီးရန်က စခန်းမှူးကျန်သာ အပြင်လူ ခေါ်လာတာမြင်လိုက်လျှင် စည်းကမ်းဖောက်ဖျက်သဖြင့် သေချာပေါက် ကျေနပ်ဖို့ကောင်းတဲ့ ရလဒ်တော့ ထွက်မလာနိုင်ပေ။

သို့သော်လည်း လီဇီချီရဲ့ အဆင့်အတန်းက အရမ်းမြင့်နေသဖြင့် သူမကို လွန်ဆန်လို့လည်း မရပါ။ ငြင်းခွင့်ရှိရင်တောင် သူ မလုပ်ချင်ပါ။

ဒါက ရာထူးတက်ဖို့အတွက် အခွင့်အရေးကောင်း ဖြစ်နိုင်သည်။ သူသာ ကောင်းကောင်းလုပ်နိုင်ရင် ဒီနေ့ပြီးရင် ရာထူးတက်လာနိုင်လိမ့်မည်။ “ဒါဆိုလည်း စခန်းမှူးကျန်ကို ဒုက္ခပေးရတော့မှာပဲ”

ဆွန်းမိုက ပုံမှန်ပဲ ပြောလိုက်သည်။

စခန်းမှူးကျန်က သူ့ရဲ့ တရားဝင် ဝတ်စုံကို ပြောင်းလိုက်သည်။ ပိုပြီး ခမ်းနားလာစေရန် ခါးတွင် ဓါးနဲ့ သံကြိုးများကို ချိတ်လိုက်သည်။

နာရီဝက်လောက် ကြာပြီးနောက် သုံးယောက်သား မီးခပ်မှိန်မှိန်သာလင်းတဲ့ လမ်းကြားလေးထဲမှာ လမ်းလျှောက် လာကြသည်။

သို့သော်လည်း အဆုံးထိ မရောက်ဘဲ လမ်းတစ်ဝက်တွင်သာ ရပ်လိုက်ရသည်။

“စခန်းမှူးကျန်ရေ၊ ညနက်သန်းခေါင်မှာ မင်းက ဘယ်သူတွေကို ငါတို့ပိုင်နက်ထဲ ခေါ်လာတာလဲ သိချင်တယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထူးထူးဆန်းဆန်း မျက်လုံးက တြိဂံပုံစံဖြစ်နေသော ချာတိတ်လေးက မေးလိုက်သည်။

"မြေခွေးရန် ဘယ်မှာလဲ"

စခန်းမှူးကျန်ရဲ့ လေသံက ဖော်ရွေခြင်း မရှိပါ။

"မင်းက လူ့အဖွဲ့စည်းမှာ အတွေ့အကြုံများတဲ့လူပါ။ ဘာကြောင့် စည်းကမ်းတွေကို မလိုက်နာတာလဲ။ ငါတို့ သူဌေးက အပြင်လူနဲ့ မတွေ့ဘူးဆိုတာ မင်းမသိဘူးလား"

တြိဂံ မျက်လုံးနဲ့ကောင်က ဆွန်းမိုနဲ့ လီဇီချီကို ခြေဆုံး၊ ခေါင်းဆုံး အကဲခတ်ပြီး ပြောလိုက်သည်။

လီဇီချီ အနည်းငယ် လန့်သွားသည်။

ညနက်သန်းခေါင်တွင် လမ်းကြားလေးထဲမှာ လူဆိုးများ၏ တားခြင်းကို ခံနေရသည်။ သူတို့ပတ်ဝန်းကျင်တွင် ချုံခိုတိုက်ခိုက်ဖို့ ချောင်းမြောင်းနေတဲ့သူ ရှိမရှိ မသိသဖြင့် အရမ်း စိုးရိမ်နေသည်။

“သူတို့က အပြင်လူတွေ မဟုတ်ဘူး။ မြင့်မြတ်တဲ့လူတွေ။ မင်းစိုက်ကြည့်နေတာကို

ရပ်လိုက် ဒီလိုမှမဟုတ်ရင် မင်းမျက်လုံးကို ဖောက်ထုတ်ပြီး နင်းချေလိုက်မယ်”

စခန်းမှူးကျန်က ခြေတစ်လှမ်းတက်ပြီး လီဇီချီရှေ့မှာ ကာကွယ်ပေးဖို့ လုပ်လိုက်သည်။ ဒါပေမယ့် ဆွန်းမိုက ပိုပြီး မြန်ဆန်နေသည်။

“မကြောက်နဲ့”

ဆွန်းမိုက လီဇီချီကို အတူတူ ခေါ်လာမိတဲ့အတွက် စိတ်မကောင်း ဖြစ်နေသည်။

“ဒီမှာစောင့်နေ၊ ငါသတင်းသွားပို့လိုက်မယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တြိဂံမျက်လုံးနဲ့ ကောင်လေးသည် ပေါ့ပေါ့ပါးပါး ထွက်သွားသည်။

သူတို့ စောင့်နေခဲ့တာ နာရီဝက်တောင် ရှိနေပြီ။ ဆွန်းမို စိတ်တိုလာပြီး မိုက်မိုက်ရိုင်းရိုင်း အော်ဟစ်ဆဲဆိုချင်စိတ် ပေါက်လာသည်။ တိုက်ခိုက်ပြီး အထဲကို ဝင်သွားချင်စိတ်တွေ အကြိမ်ကြိမ် ပေါ်လာသည်။ ဒါပေမယ့် ဒီရန်လိုမှုကြောင့် မြေခွေးအိုကြီးရန် ကြောက်လန့်ပြီး ထွက်ပြေးသွားမှာကို စိုးရိမ်နေသည်။

"ငါတို့ သူဌေးက စခန်းမှူးကျန်နဲ့ပဲ တွေ့မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တြိဂံမျက်လုံးနဲ့ ကောင်လေးသည် တုန်တုန်ယင်ယင်နဲ့ ပြန်ရောက်လာပြီး စိုးရိမ် မကင်း ဖြစ်နေပုံရသည်။

“ငါကရော”

စခန်းမှူးကျန်က ဆွန်းမိုကို လှမ်းကြည့်လိုက်သည်။ လီဇီချီက အဆင့်အတန်းမြင့်ပြီး မြင့်မြတ်သူ ဖြစ်သော်လည်း ဒီဆရာကသာ ဆုံးဖြတ်ချက် ချတဲ့သူဆိုတာ သူသိနေသည်။

"ဗဟိုပြည်နယ် အကယ်ဒမီက ဆွန်းမို လူပျောက် ရှာဖို့ အကူအညီတောင်းနေတယ်လို့ ပြောပေးပါ။ ဘယ်လို ရလဒ်ပဲဖြစ်ဖြစ် အရမ်းကျေးဇူးတင်နေမယ်"

ဆွန်းမိုက အခါခါ သတိပေးလိုက်သည်။

"ကျေးဇူးပြုပြီး ငါ သူတို့နဲ့ တွေ့လို့ရအောင် နည်းလမ်း စဉ်းစားပြီး အစွမ်းကုန် ကြိုးစားပေးပါ"

"ရပြီ"

စခန်းမှူးကျန်လည်း ကောင်လေးနောက်ကနေ လမ်းကြားအဆုံးက အိမ်ရာကို လိုက်သွားသည်။

အဲဒီခြံဝန်းထဲမှာ ထိုင်နေတဲ့ မြေခွေးအိုကြီးရန် ကို မြင်လိုက်ရသည်။

"စခန်းမှူးကျန်၊ အပြင်လူတွေကို ဒီခေါ်လာတာ စည်းကမ်းနဲ့ ဆန့်ကျင်နေတယ်နော်"

မြေခွေးအိုကြီး ရန်သည် သတင်းရောင်းစားပြီး အသက်မွေးတဲ့လူ ဖြစ်သည်။ ဒါကြောင့်လည်း လူတွေနဲ့ တွေ့တဲ့အခါ အရမ်း လျှို့ဝှက်တတ်သည်။ သာမန်လူများက သူ့ကို လုံးဝ မဖြင်ဖူးကြပါ။

"ဒီလူတွေက အကောင်ကြီးကြီးတွေ၊ ငါလဲ လွန်ဆန်လို့ မရဘူး"

စခန်းမှူးကျန်က စကားပြောရင်း လှည့်ကွက်သုံးလိုက်သည်။ သူက စကားပြောနေရင်း သူနဲ့ မြေခွေးအိုကြီး တစ်ဖက်တည်း ဖြစ်ကြောင်း အပြင်လူမဟုတ်ဘူးဆိုတာ သက်သေပြဖို့ ကြိုးစားလိုက်သည်။

"ဟားဟား၊ မင်းက သူတို့ကို ဖားဖို့ ကြိုးစားနေတယ် ထင်တယ်"

မြေခွေးအိုကြီး ရန်က သူ့ကို လှောင်ပြောင်လိုက်သည်။ (ငါတို့အားလုံးက

လူရည်လည်တဲ့သူတွေချည်းပဲ၊ မင်းက ဘယ်သူ့ကို လိမ်ဖို့ ကြိုးစားနေတာလဲ)

"သူ့ငွေး မြေခွေး၊ သူတို့က လူပျောက်တဲ့ ကိစ္စနဲ့ မင်းကို အကူအညီတောင်းချင်နေတယ်။ ဒါကအလုပ်ရိုးရိုးလေးပဲ။ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ၊ သူတို့က မင်းကို ကျေးဇူးတင်တဲ့ အနေနဲ့ ဆုတွေ ပေးလိမ့်မယ်"

စခန်းမှူးကျန်သည် ဒီကိစ္စက အရေးပေါ် ကိစ္စဖြစ်နေမှန်း သဘောပေါက်ပြီး လိုရင်းကို တန်းပြောလိုက်သည်။

"လူတိုင်းက မတူဘူး"

မြေခွေးအိုကြီး ရန်က နှုတ်ခမ်း မဲ့လိုက်သည်။

စခန်းမှူးကျန်သည် အချိန်ဆွဲပြီး ပြောဆိုနေတာကို သည်းမခံနိုင်တော့ပါ။ ဒါကြောင့်လည်း လေသံက ဖော်ရွေခြင်း မရှိတော့ဘဲ

"အေးဟုတ်တယ်၊ လူတိုင်းက မတူဘူး၊ မင်းငါ့ကို စော်ကားရင် ငါသည်းခံနိုင်သေးတယ်။ ဒါပေမယ့် လမ်းကြားထဲက လူနှစ်ယောက်ကို စော်ကားလိုက်ရင် မနက်ဖြန် ရောက်တာနဲ့ ငါးသုံးကောင်အဖွဲ့အစည်းက လူတိုင်းကို စျေး ထဲဆွဲခေါ်ပြီး သတ်ပစ်မယ်"

ထွီး

မြွေခွေး ရန်က တံတွေး တစ်ချက်ထွေးလိုက်ပြီး လက်ထဲက ရေနွေးအိုးကို ဝုန်းကနဲ မြည်အောင် ပစ်ခွဲလိုက်သည်။

"ငါက လွယ်လွယ်နဲ့ ကြောက်တတ်မယ် ထင်နေတာလား"

"ကြိုးစားကြည့်လို့ ရတယ်"

စခန်းမှူးကျန်က ပြန်လှောင်ပြောင်လိုက်သည်။

မြွေခွေးအိုကြီးကျန်က အပေါ်ယံတွင် အရမ်းဒေါသထွက်နေသော်လည်း ခေါင်းထဲတွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရမ်းတည်ငြိမ်နေသည်။ စခန်းမှူးကျန်ကို သူတို့ကိုယ်စား သူနဲ့လာတွေ့ခိုင်းနိုင်သဖြင့် အပြင်လူများသည် ဩဇာကြီးမားတဲ့ လူများဖြစ်နိုင်တယ်ဆိုတာ မြေခွေးအိုကြီး သိနေသည်။

"အို၊ ငါ့ကို ဒီအကြောင်း ပြောပြပါအုံး။ အရမ်းအထင်ကြီးဖို့ကောင်းတာ ဘယ်သူလဲ"

မြေခွေးအိုကြီး ရန်က မေးလိုက်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီက ဆရာဆွန်း"

စခန်းမှူးကျန်ရဲ့ စကားက ဆုံးသွားသည်။

မြေခွေးအိုကြီး ရန်နဲ့ သူတပြည့်များက ခဏလောက် စိုက်ကြည့်နေကြသည်။ ပြီးတော့ တဟားဟားနဲ့ ဝါးလုံးကွဲ ဝိုင်းရယ်နေကြသည်။ သို့သော်လည်း ရယ်မောပြီးနောက် မြေခွေးအိုကြီး ရန်က စိုက်ကြည့်ပြီး အော်ဟစ်ဆဲဆိုတော့သည်။

“စခန်းမှူးကျန် ၊ မင်းက ညနက်သန်းခေါင် ငါ့ကိုလာရှာပြီး စောက်ချိန် လာဖြုန်းနေတာလား။ ဆရာတစ်ယောက်ပဲ။ သူ့မှာ ဘယ်လို စောက်သြဇာမျိုး ရှိမှာလဲ”

မြေခွေးအိုကြီးရန်က တြိဂံမျက်လုံး ကောင်လေးဆီက ကြားထားပြီးသား ဖြစ်သည်။ စခန်းမှူးကျန်က လွဲရင် ကျန်တဲ့ မိန်းကလေးနဲ့ယောကျ်ားလေးသည် အရမ်းငယ်သေးသည်။ ဒီလိုလူက ဘယ်လိုမှ ကြယ်ပွင့်ဆရာ မဖြစ်နိုင်ပါ။

စခန်းမှူးကျန်ရဲ့ အမူအရာ ဖျော့ဖျော့သွားသည်။ (ငါ ဘာလုပ်ရမလဲ။ အရမ်းစိတ်ပျက်နေပြီနော်။ ဒီလိုသောင်းပြောင်းထွေလာ လူမျိုးက

မင်းသမီးရဲ့နာမည်ကို မသိသင့်ဘူး။ ဒါက သူမရဲ့ မြင့်မြတ်မှုကို ထိခိုက်သွားနိုင်တယ်။)

သို့သော်လည်း စခန်းမှူးကျန်သည် မင်းသမီးက ဒီလိုနေရာကို ညနက်သန်းခေါင် ရောက်ခဲ့တဲ့အကြောင်းကို ဒီလူတွေ မသိစေချင်ပါ။ ဒါကသူမရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည်။

"ထွက်သွား"

မြေခွေးအိုကြီးရန်သည် စခန်းမှူးကျန်က သူ့ကို အရက်လာခွဲနေတယ် ထင်သွားသည်။

“ခွေးအို ရန်၊ မင်းကို ပြန်စဉ်းစားဖို့ ပြောနေတယ်နော်။ ဒီနေ့သာ သူတို့ကို မတွေ့လိုက်ရင် မင်းရဲ့ မိသားစုတစ်ခုလုံး မနက်ဖြန် သေသွားလိမ့်မယ်လို့ ငါအာမခံတယ်”

စခန်းမှူးကျန်သည် မအောင်မြင်တာကို သိတာနဲ့ ခြိမ်းခြောက်လိုက်သည်။

“မင်း ဒီခြံဝန်းထဲက မထွက်ချင်တော့ဘူးလား”

တြိဂံမျက်လုံးနဲ့ ကောင်လေးက ဓါးမြှောင် ဆွဲထုတ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခြေခွေးအိုကြီးရန်က စခန်းမှူးကျန်ကို ဂိုဏ်းခေါင်းဆောင် သူ့ဒွေးလိုမျိုး မျက်စိမှေးပြီး ကြည့်လိုက်သည်။ စခန်းမှူးကျန်က သူ့လက်အောက်ငယ်သားရှေ့မှာ ဒီလိုပုံစံမျိုး စကားပြောတာလား။

(ငါမျက်နှာ မထောက်ထားချင်တော့ဘူးနော်)

မြေခွေးအိုကြီးရန်က စခန်းမှူးကျန်ကို အပြစ်ပေးသင့်လားတွေးနေတဲ့ အချိန်မှာပဲ အိမ်ထဲက ချောင်းဟန့်သံ တစ်ချက် သူကြားလိုက်ရသည်။

သူလည်း စိတ်ရှုပ်သွားပြီး စခန်းမှူးကျန်ကို သံသယ မျက်လုံးတွေနဲ့ကြည့်လိုက်ကာ လျစ်လျူရှုလိုက်ပြီး အိမ်ထဲကို တန်းဝင်သွားသည်။

ညှေ့ခန်းထဲတွင် သစ်သား စားပွဲဝိုင်း တစ်ခုရှိနေသည်။ စားပွဲပေါ်တွင် ပန်းကန်ဆယ်လုံးကျော်နဲ့ ပြည့်နေသည်။ တချိန်တည်းမှာပဲ အရက်သောက်ပွဲ ပြီးသွားသလို လေထဲတွင် အရက်နံ့များ တထောင်းထောင်း ထနေသည်။

ဟွာချင် ရေကူးကန်ပိုင်ရှင် ဟွာယုံက ကုလားထိုင်ပေါ်တွင် ထိုင်နေကာ စာအုပ်တစ်အုပ်ကို အေးအေးလူလူ လှန်ကြည့်နေသည်။ စာအုပ်ထဲတွင် မကြာသေးမီက ချင်လင်မြို့၌ ဖြစ်ပွားခဲ့သော သတင်းအချက်အလက်များနဲ့ ပြည့်နေသည်။

"ဘာဖြစ်နေတာလဲ"

မြေခွေးအိုရန်နှင့် ဟွာယုံတို့သည် ပညာသင်ဘက် မောင်နှမများဖြစ်ပြီး နှစ်ယောက်စလုံးကလည်း ဆိုးဝါးသော မိသားစု နောက်ခံက ဆင်းသက်လာကြသည်။ ဒါ့အပြင် လက်တွေ့ဘဝရဲ့

ရက်စက် ကြမ်းကြုတ်မှုများကြောင့် ကိုယ်ကျင့်တရား ကျင့်ဝတ်အစား ငွေနောက်လိုက်ရန်သာ ဆုံးဖြတ်ခဲ့ကြသည်။

သူတို့နှစ်ယောက်စလုံးသည် အရမ်းဆိုးဝါးသော လူများမဟုတ်ဘဲ လုံးဝ အထိမခံသော အခြေခံ စည်းများ ရှိသေးသည်။

“ငါသာ နားကြား မမှားရင် ၊ စခန်းမှူးကျန်ပြောနေတဲ့လူက ဗဟိုပြည်နယ်အကယ်ဒမီက ဆွန်းမိုလား”

ဟွာယုံက မေးလိုက်သည်။

"အင်း"

မြေခွေးအိုကြီး ရန် မျက်မှောင်ကြုတ်သွားပြီး ဟွာယုံရဲ့ ရေချိုးခန်းက ကျောင်းအနားတွင် ရှိနေကြောင်း သတိရသွားသည်။

"သူ့ကို သိလား"

"ငါက သူ့ကို သိချင်တယ်။ ဒါပေမယ့် သူက ငါနဲ့ သိဖို့ စိတ်မဝင်စားတာလည်း ဖြစ်နိုင်တယ်"

ဟွာယုံက တခစ်ခစ်နဲ့ ရယ်လိုက်သည်။

"ဘာဖြစ်နေတာလဲ"

မြေခွေးအိုကြီးရန် စဉ်းစားမရ ဖြစ်နေသည်။

"ဒီဆွန်းမိုက အန်ရှိဝေရဲ့ ခင်ပွန်းလောင်း"

ဟွာယုံက ရှင်းပြလိုက်သည်။

"ဟွန့်၊ မိန်းမကို ချူစားနေတဲ့ ကောင်ပဲ၊ သူနဲ့သိတာ ဘာကောင်းလို့လဲ"

မြေခွေးအိုကြီးရန်သည် အထူးသဖြင့် ကိုယ်ကျင့်တရား ကျောရိုးမရှိတဲ့ ယောကျ်ား ပိုင်းလုံးကောင်များကို အထင်သေးသည်။

"မင်းမှားနေပြီ ဆွန်းမိုမှာ နတ်ဘုရားလက်ရှိပြီး ဗဟိုပြည်နယ်အကယ်ဒမီမှာလည်း အထင်ရှားဆုံး

ဆရာဖြစ်နေပြီ။ ပြီးတော့ သူအလုပ်ဝင်တာလဲ နှစ်လပဲ ရှိသေးတယ်”

ဟွာယုံက မြေခွေးအိုကြီး ရန် ရဲ့ကိုယ်ပေါ်က အမာရွတ်ကို ကြည့်လိုက်ပြီး

“မင်း ဒဏ်ရာရဲ့ ဒဏ်တွေကို သူကုပေးနိုင်တာ ဖြစ်ကောင်း ဖြစ်နိုင်တယ်”

“ဘယ်လိုပဲဖြစ်ဖြစ် ဒီအမာရွတ်က ရောဂါတစ်ခုတောင် မဟုတ်ဘူးလေ ဘယ်လို ပျောက်အောင် ကုမှာလဲ”

မြေခွေးကြီးရန်သည် ဒီနေ့လို အဆင့်အတန်းမျိုး ရဖို့အတွက် သံမဏိ ဓါးတစ်ချောင်းနဲ့ လူ့အသိုင်းအဝိုင်းထဲမှာ ငါးနှစ်လောက် လှူပ်ရှား ရုန်းကန်ခဲ့ရသည်။ ဒီငါးနှစ်အတွင်းမှာ သေမလိုလည်း အကြိမ်ကြိမ် ဖြစ်ခဲ့ရသည်။

မြစ်ကမ်းတစ်လျှောက်မှာ လမ်းလျှောက်ရင် ဖိနပ် ရေမစိုဘဲ ရှိနိုင်ပါ့မလား။ မြေခွေးအိုကြီး ရန် အသက်ရှင်နိုင်ခဲ့သော်လည်း ဒဏ်ရာတွေကို အချိန်မှီအောင် မကုနိုင်ခဲ့သောကြောင့် တစ်ခါတစ်ခါ နာကျင် ကိုက်ခဲ နေတတ်သည်။ အထူးသဖြင့် မိုးရွာတဲ့

နေ့တွေမှာဆို အရမ်းနာကျင် ကိုက်ခဲ လာပြီး ကို့ကိုယ်ကို ကြိုးဆွဲချ သတ်သေချင်စိတ်တောင် ပေါက်လာသည်။

"သူနဲ့တွေ့ဖို့ အကြံပေးတယ်"

ဟွာယုံက နှုတ်ခမ်း ကွေးရင်း ခွက်ထဲကို နောက်ထပ် အရက်တစ်ခွက် ငှဲ့ လိုက်သည်။

"ဟားဟား ၊ မင်းက သူ့ကိုယ်စား တောင်းဆိုပေးနေတာလား"

မြေခွေးအိုကြီး ရန် ပျော်ရွှင်နေသည်။

“နောက်ဆုံးတော့လည်း ကျောက်အသဲနှလုံးနဲ့ ငါ့ရဲ့ ဂျူနီယာ ညီမလေးလည်း လူတစ်ယောက်ကို စိတ်ကူးယဉ်တတ်တာပဲလား ဆွန်းမိုက တော်တော်ချောမှာပေါ့ ”

ချင်လင်မြို့တွင် အန်ရှီဝေရဲ့ ကျော်ကြားမှုကို မသိတဲ့လူ ဘယ်သူ ရှိလို့လဲ။ ဒါကြောင့် မြေခွေးအိုကြီးရန်သည် အန်ရှီဝေ ရွေးချယ်ထားတဲ့လူက အရမ်းချောမယ်လို့ ထင်နေမိသည်။ ဒီလိုမှ မဟုတ်ရင် သူမနဲ့ ဘယ်လို ထိုက်တန်မှာလဲ။

"ထွက်သွား"

ဟွာယုံက အော်ဟစ်လိုက်ပြီး သူမရဲ့ အမူအရာကလည်း လေးနက် တည်ကြည်လာသည်။

"ငါ မင်းကို နှောက်နေတာ မဟုတ်ဘူး ၊ အရင်တုန်းက ဆွန်းမိုရဲ့ အချက်အလက်ကို ရဖို့အတွက် ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်က ငါ့ကို ကောင်းကင်အဆင့် မှော်ဆေးပြား တစ်ခု ပေးခဲ့ဖူးတယ်"

" ဘယ်လို ဟာသ လုပ်နေတာလဲ"

မြေခွေးအိုကြီးရန်သည် လွတ်ခနဲ ပြောလိုက်မိသည်။ မျက်နှာမှာလည်း မယုံနိုင်မှုတွေနဲ့ ပြည့်နေသည်။

"ကောင်းကင်အဆင့် ပျိုးထောင်ရေးဆေးပြားက အနည်းဆုံး ငွေပေါင်း ထောင်နဲ့ ချီ တန်ဖိုးရှိတယ်။ သူက မင်းကို ဒီတိုင်းပေးခဲ့တယ် ဟုတ်လား။ တကယ်လို့ သူ့မှာ မိသားစုကိုယ်ပိုင် မိုင်းတွင်းရှိရင်တောင် ဒီလောက် လက်မဖွာ နိုင်ဘူး။"

"ဒါကြောင့်လည်း မင်းကို ကပ်စေးနဲတဲ့ ဂိုဏ်းခေါင်းဆောင်လို့ ပြောကြတာပေါ့။

ဘယ်လောက်ပဲ ကြိုးစားပါစေ မင်းဘယ်တော့မှ စစ်မှန်တဲ့ သူဌေးတစ်ယောက် မဖြစ်လာနိုင်ဘူး”

ဟွာယုံသည် ဖန်ဟွာအန်က သူ့ကို ပျိုးထောင်ရေး ဆေးပြား ထုတ်ပေးခဲ့တဲ့ အချိန်ကို မှတ်မိနေသေးသည်။

သူမ မျက်လုံးထဲမှာတော့ ဒါက အရမ်းအရည်အသွေးမြင့်တဲ့ အရာတစ်ခုဖြစ်ပေမယ့် ဖန်ဟွာအန် မျက်လုံးထဲမှာတော့ ကျပန်း ထုတ်ပေးလိုက်တဲ့ ပစ္စည်းတစ်ခုသာဖြစ်ပြီး ထုတ်ပြောဖို့တောင် မထိုက်တန်ပေ။

"ကောင်းပြီလေ၊ ငါသူနဲ့ တွေ့လိုက်မယ်"

မြေခွေးအိုကြီးရန်သည် သူ့ရဲ့ ပညာသင်ဘက် ညီမလေးက ဘယ်တော့မှ သူ့ကို နာကျင်အောင် မလုပ်မှန်း သိနေသည်။

"ပိုပြီး ယဉ်ယဉ်ကျေးကျေး ဆက်ဆံနော်"

ဟွာယုံက သတိပေးလိုက်သည်။

မကြာခင်မှာပဲ ဆွန်းမိုနှင့် လီဇီချီကို တြိဂံမျက်လုံးနဲ့ ကောင်လေးက ခြံဝန်းထဲ ခေါ်လာသည်။

"မြေခွေးအိုကြီးရန်က ငါတို့အတွက် လူကူရှာပေးမယ်လို့ မျှော်လင့်ပါတယ်။

အလုပ်ပြီးသွားရင် လက်ဆောင်အကြီးကြီး တစ်ခုနဲ့ ကျေးဇူးဆပ်ပါ့မယ်”

ဆွန်းမိုက ပြောနေရင်း နက်ဘုရားမျက်စိကို ဖွင့်ပြီး မြေခွေးအိုကြီးရန်ကို စိုက်ကြည့်လိုက်သည်။

အသက် ၄၂နှစ်၊

ကြံ့ခိုင်မှု - ၂၂ - ထိခိုက်ထားတဲ့ ဒဏ်ရာကြောင့် တဖြည်းဖြည်း ကျဆင်းလာသည်။

ဉာဏ်ရည် - ၂၈ - နှစ်ပေါင်းများစွာ သတ်ဖြတ်ပြီးနောက် ကိစ္စတွေ ကိုင်တွယ်ဖို့အတွက် အရမ်းအထင်ကြီးဖို့ကောင်းတဲ့ အတွေးအခေါ်မျိုး

ရရှိခဲ့သည်။ လူ့အသက်ကို ကယ်တင်တဲ့နေရာမှာ အရမ်းကောင်းမွန်သည်။

သွက်လက်မှု - ၂၅ - မြန်မြန်သာ မပြေးနိုင်ရင် သေသွားတာ ကြလှပြီ။

ခံနိုင်ရည် - ၂၃ - အသုံးမဝင်တဲ့လူပဲ။

ဆန္ဒ - ၂၈- သံမဏိ လူသား။

အလားအလာ တန်ဖိုး- မြင့်မားသည်။

မှတ်ချက်။ ။ သူ့ဘဝက အရှုံးဘက်ကို ဦးတည်နေသည်။ သူ့ကလေးတွေကို ထောက်ပံ့ချင်လို့သာ အသက်ရှင်နေခြင်း ဖြစ်သည်။

ဆွန်းမို နှုတ်ခမ်းတွန့်သွားသည်။ သူတွေးထားသလိုပါပဲ ခေါင်းဆောင်ဖြစ်လာတဲ့လူတွေက ထူးခြားတဲ့ အောင်မြင်မှုတချို့တော့ ရှိကြသည်။

"ဟားဟား မင်းက ငါ့ကို အထင်သေးနေတာလား။ ငါက ဆုကြေးတွေအများကြီးရမှ အလုပ်လုပ်တဲ့ လူလို့ ထင်နေတာလား"

မြေခွေးအိုကြီးရန်က ဟွာယုံရဲ့ စကားများကို ပြန်စဉ်းစားရင်း တည်ကြည်ပြီး မြင့်မြတ်သလို

ပုံဖော်လိုက်သည်။ ဒါကြောင့်လည်း အကျိုးအမြတ်နဲ့ အားသာချက်များကို ဆက်မဆွေးနွေးခဲ့ပါ။

"မင်း ခန္ဓာကိုယ်မှာ အမာရွတ်တွေ အများကြီးပဲ။ အပေါ်ယံဒဏ်ရာတွေက သက်သာသွားပေမယ့် အတွင်းပိုင်းက အာရုံကြော စနစ်ကို ထိခိုက်သွားတယ်။ ဒါကြောင့် မင်းက မကြာခဏ နာကျင်ကိုက်ခဲပြီး တခါတလေ ချောင်းဆိုးရင်း သွေးပါလိမ့်မယ်"

ဆွန်းမိုက အချိန်မဖြုန်းတော့ဘဲ ဗုက်ဖဲကို ထုတ်ပြလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြေခွေးအိုကြီး ရန်သည် တုန်လှုပ်သွားပြီး ဆွန်းမိုကို မယုံကြည်နိုင်သလို ကြည့်နေသည်။ (ဟွာယုံက အခုပဲ ဒီဆရာအကြောင်း ဘယ်လိုပြောခဲ့လဲ။ နတ်ဘုရားမျက်စိလား။ ဒီလိုမှမဟုတ်ရင် တချက်ကြည့်ရုံနဲ့ ငါ့အခြေအနေကို ဘယ်လိုသိနိုင်မှာလဲ)

(ဒါကြီးက အရမ်းကြောက်စရာ ကောင်းနေပြီ)

စခန်းမှူးကျန်က ပုံမှန်ဖြစ်နေသော်လည်း ငါးသုံးကောင် အဖွဲ့အစည်းက လက်အောက်ငယ်သား အားလုံး အရမ်း တုန်လှုပ် ခြောက်ခြားနေကြသည်။

သူတို့သူ့ဌေးရဲ့ ကျန်းမာရေးအခြေအနေကို သူတို့အားလုံး သိနေကြသည်။

တြိဂံမျက်လုံးနဲ့ ကောင်လေးက ခဏလောက် အာရုံထွေသွားပြီး ဓါး ချက်ခြင်းဆွဲထုတ်ကာ ဆွန်းမိုကို ချိန်ထားလိုက်သည်။

“ပြောစမ်း၊ မင်းကို ဘယ်သူလွှတ်လိုက်တာလဲ ၊ ဘာကြောင့် ငါတို့သူ့ဌေးရဲ့ အကြောင်းကို စုံစမ်းထားတာလဲ”

ဆွန်းမိုက ဒီကိုမလာခင် အနီးအနားပတ်ဝန်းကျင်တွင် စုံစမ်းထားတယ်လို့ သူထင်နေသည်။

ဆွန်းမိုပြန်ဖြေတာကို စောင့်မနေတော့ဘဲ မြေခွေးအိုကြီးရန်က ခြေလှမ်းကြီးနှစ်လှမ်း ရှေ့တိုးလိုက်ပြီး သူ့ကိုယ်သူ အထင်ကြီးနေတဲ့ လက်အောက်ငယ်သားကို နရင်းအုပ်လိုက်သည်။

(ဘာဖောင်းကြွနေတာလဲ၊ ဆွန်းမိုသာ ကြောက်သွားရင် ငါ့ကို ဘယ်သူကုပေးမှာလဲ)

“မင်းတို့အားလုံး လေးလေးစားစား ဆက်ဆံကြ ”

မြေခွေးအိုကြီး ရန်က ကျိန်းမောင်းလိုက်သည်။

“သူ့ကို ဆရာဆွန်းလို့ ခေါ်စမ်း”

“ဆရာဆွန်း”

လက်အောက်ငယ်သားများလည်း နှုတ်ဆက်လိုက်ကြသည်။

မြေခွေးအိုကြီးရန်သည် သူ့ဂိုဏ်းသားများရှေ့တွင် သူဌေးတစ်ယောက် ပုံစံဖြစ်နေသည်။ သို့သော်လည်း ဆွန်းမိုနဲ့ စကားပြောတဲ့အခါ ချက်ခြင်းပြုံးသွားပြီး

“ဆရာဆွန်း၊ ငါ့ဒဏ်ရာကို ကုသပေးနိုင်မလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စခန်းမှူးကျန်လည်း ကြောင်သွားသည်။ (မင်းပုံစံက အပြောင်းအလဲ နည်းနည်း မမြန်လွန်းဘူးလား။ ပစ္စည်းတွေကို တန်ဖိုးမထားတဲ့ မင်းရဲ့ ဖြောင့်မတ်မှုက ဘယ်ရောက်သွားပြီလဲ။ မင်းကို မကုမှာစိုးလို့ မင်းလက်အောက်ငယ်သား ကိုတောင် ရိုက်နှက်နေပြီလား)

(တကယ့်ကို ကိုယ်ကျင့်တရား စဉ်းမျဉ်း မရှိတဲ့ကောင်ပဲ)

ဒါပေမယ့် ဒီကလူအားလုံးသည် တရားမဝင်တဲ့ အလုပ်အကိုင်လုပ်ကိုင်ကြတဲ့ သူတွေပဲဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတို့မှာသာ ကိုယ်ကျင့်တရား စည်းမျဉ်းတွေ ရှိနေရင် သေသွားနိုင်သည် မဟုတ်ပါလား။

အိမ်ထဲကနေ အခြေနေကို ချောင်းကြည့်နေတဲ့ ဟွာယုံလည်း ဆွန်းမို စကားကိုကြားလိုက်လျှင် စိတ်ထဲ အတွေးပေါင်းများစွာ ပေါ်လာသည်။ ကြယ်လေးပွင့် မြတ်ဆရာတွေသည် တကယ် ကြောက်စရာကောင်းပြီး ဆွန်းမိုရဲ့ထူးချွန်မှုကို တစ်ချက်တည်းနဲ့ မြင်နိုင်တယ်လို့ ခံစားမိသည်။

ဒင်

ဟွာယုံ၏ လေးစားအထင်ကြီးမှု +၂၀ ။မူလ(၅၀/၁၀၀)

စနစ်ဆီက အကြောင်းကြားချက်ကို ရုတ်တရက် ရလိုက်လျှင် ဆွန်းမို အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။

(ဟွာယုံက ဘယ်လိုပေါ်လာတာလဲ ရခဲ့တဲ့ လေးစားအထင်ကြီးမှု အမှတ်အရ ဟွာချင်ရေချိုးခန်းရဲ့ သူဌေး ဟွာယုံ ဖြစ်နိုင်တယ်)

(မင်းက ဖောက်သည်ကို တကယ် ဝန်ဆောင်မှု ပေးနေတာပဲ)

"ဒီကိုလာအုံး"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။ ဒီလိုအချိန်မှာ မြတ်ဆရာတစ်ယောက်ရဲ့ ပုံစံ ဖော်ထုတ်သင့်သည်။

မြေခွေးအိုကြီးရန်သည် တုံ့ဆိုင်းသွားသည်။ သို့သော်လည်း ပညာသင်ဘက် ညီမလေးရဲ့ စကားကို ပြန်စဉ်းစားပြီးနောက် စမ်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဆွန်းမိုက သူ့ကို အကူအညီတောင်းဖို့ ဒီကို ရောက်နေတာဖြစ်ပြီး သူ့ကို မုန်းစရာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြောင်းမရှိပါ။ ဆွန်းမိုမှာ သူ့ကို ထိခိုက်အောင် လုပ်စရာအကြောင်းလဲ မရှိပါ။

(စိတ်မကောင်းစရာ တစ်ခုပြောကြေးဆိုရင် သူသည် ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတစ်ယောက်ဖြစ်ပြီး ရှေ့တွင် တောက်ပသော အနာဂတ်တစ်ခု ရှိနေသည်။ လူပျောက်ရှာရမည့် ကိစ္စသာ မရှိပါက သူ့တစ်ဘဝလုံးတွင် ဒီလိုမျိုး အမှိုက်အဖွဲ့အစည်းကို တစ်ချက်တောင် လှည့်ကြည့်မှာ မဟုတ်ပါ)

ဖောက်

မြေခွေးအိုကြီးရန်က လမ်းလျှောက်ပြီး ဆွန်းမိုအနားကို ရောက်လာတာနဲ့ ဆွန်းမိုက မြေခွေးအိုကြီးရန်ရဲ့ ပခုံးကို ချက်ခြင်း ပုတ်ပြီး တင်းတင်းကျပ်ကျပ် ညှစ်ထားလိုက်သည်။

"အ"

မြေခွေးအိုကြီးရန် ပါးစပ်က ညည်းသံတစ်ချက် ထွက်လာသည်။

"သူငွေး"

လက်အောက်ငယ်သားများက တုန်လှုပ်ခြောက်ခြားစွာ အော်ဟစ်လိုက်ပြီး ဓါးကို လက်ထဲတွင် ကိုင်ကာ ရှေ့ကို ပြေးတက်လာကြသည်။

"ရပ်ကြစမ်း"

မြေခွေးအိုကြီး ရန်က အော်လိုက်ပြီးနောက် အရမ်းကောင်းတဲ့ အနှိပ်ကြောင့် ဝမ်းသာအားရ ညည်းညူနေသည်။ မိန်းမတွေနဲ့ အိပ်ရတာထက်တောင် ပိုကောင်းနေသေးသည်။ ဂိုဏ်းသားများလည်း တစ်ယောက်မျက်နှာကို တစ်ယောက် တုန်လှုပ်စွာ ကြည့်လိုက်ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(သူ့ငွေး တအီးအီးတအားအား ညည်းနေတာ ရပ်လိုက်စမ်းပါဗျာ ရှက်စရာကြီး)

ဆွန်းမို နှိပ်ပေးနေတာကို ရပ်တန့်ပြီး မြေခွေးအိုကြီးရန်ကို ဘေးတွန်းဖယ်လိုက်သည်။

“ဟေး၊ မရပ်နဲ့၊ ဆက်လုပ်”

မြေခွေးအိုကြီးရန်က အဆက်မပြတ် တောင်းဆိုနေသည်။

ထိုစကားကို ကြားလိုက်လျှင် စခန်းမှူးကျန်သည် ဆွန်းမိုကို ခြေဆုံးခေါင်းဆုံး စစ်ဆေးလိုက်မိသည်။ ဒီလူမှာ ဒီလို စွမ်းဆောင်ရည် ရှိမယ်လို့ မထင်ထားခဲ့ပါ။

"ငါလိုက်ရှာနေတဲ့ လူကို မတွေ့မခြင်း မင်းကို ကုပေးတဲ့ ကိစ္စ ရပ်ဆိုင်းထားရမှာပဲ"

ဆွန်းမိုက မျက်မှောင်ကြုတ်ရင်း ရေတွင်းဘက်ကို လှမ်းကြည့်လိုက်သည်။ ဒီမြေခွေးအိုကြီး ရန်က အရက်သောက်ပြီး ချွေး မတရားထွက်ထားသည်။ ဆွန်းမို သည်းမခံနိုင်ပါ။

"ငါ ရေသွားခပ်လိုက်မယ်"

လီဇီချီက ချက်ခြင်း ပြေးသွားသည်။

"မင်းဘာလုပ်နေတာလဲ ရေသွားခပ်စမ်း"

မြေခွေးအိုကြီး ရန်က သူနဲ့ အနီးဆုံးတွင် ရှိနေတဲ့ တြိဂံမျက်လုံးနဲ့ ကောင်လေး၏ ပေါင်ကို လှမ်းကန်ပြီး ပြောလိုက်သည်။

“မင်းဘယ်သူကို ရှာနေတာလဲ”

“ငါ့ကျောင်းသား၊ အသက် ၁၃နှစ် အရွယ် မိန်းကလေး ၊ သူမရဲ့ ထူးခြားချက်က ကြီးမားတဲ့ ရင်သားရှိတယ်”

ဆွန်းမိုက ပုံတူပန်းချီကားကို ထုတ်လိုက်သည်။ ဒါကို မိန်းကလေးအဆောင်အောက်မှာ လုချီဟွာကို

စောင့်နေရင်း ရေးဆွဲထားခဲ့သည်။ ပုံတူ ပန်းချီကား သက်သက်ပါ။

ဝိုး

ငါးသုံးကောင် အဖွဲ့အစည်းမှ အဖွဲ့ဝင်များ သဘောကျစွာ အော်ဟစ်လိုက်ကြသည်။

စာစဉ်(၁၄)

အခန်း(၁၉၇) - သူရဲကောင်းအားလုံး လိုက်ရှာနေသော သမင်။ (အောက်ခြေမှတ်ချက်တွင် ကြည့်ပါ)

"ဟေး ရင်သားနေရာကို အရမ်းချဲ့ကားပြီး ဆွဲထားတာလား၊ ဘယ်သူ့ ရင်သားက ဒီလောက်ကြီးလို့လဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တြိဂံမျက်လုံးနဲ့ ကောင်လေးသည် ပန်းချီကားကို ကြည့်ပြီး ပြောလိုက်သည်။ ပုံထဲက မိန်းကလေးသည် အရမ်းချစ်စရာ ကောင်းသော်လည်း ရင်ဘက်နေရာက လက်တွေ့မကျပါ။ ဒီလိုမိန်းကလေးအရွယ်က ခိုကဲ့သို့ ရင်ဘက်သေးသေးလေးသာ ရှိသင့်သည်။

ဆွန်းမိုက မိန်းကလေး ရင်ဘက်ကို မထိတွေ့ဖူးတဲ့ လူသစ်တစ်ယောက်ဆိုတာ သေချာနေပြီ။

လီဇီချီက တြိဂံမျက်လုံးနဲ့ ကောင်ကို တစ်ချက်ကြည့်ပြီး တွေးလိုက်သည်။ (မင်းတို့ကသူ့ကို မမြင်ဖူးလို့ ထူးဆန်းနေတာ)

ဖောင်း

မြေခွေးအိုကြီး ရန်က ကောင်လေးကို ပါးရိုက်လိုက်သည်။ (ဘာတွေ လျှာရှည်နေတာလဲ ၊ သူက ရှာစေချင်ရင် လိုက်ရှာပေးလိုက် မိန်းကလေး အဝတ်အစားအောက်မှာ သဘော်သီး ထည့်လို့ရတယ် ဒါတောင် မသိဘူးလား)

“ဆရာဆွန်း၊ ကျေးဇူးပြုပြီး ပြန်သွားလိုက်ပါ ၊ သုံးရက်အတွင်း သတင်းကောင်း ပို့ပေးပါ့မယ်”

မြေခွေးအိုကြီးရန်က တောင်းတောင်းပန်ပန်နဲ့ ပြုံးပြလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မရဘူး ကြာလွန်းတယ်၊ မနက်ဖြန်လောက် သိချင်တယ်"

ဆွန်းမိုက လောလိုက်သည်။

" အရမ်း ကတိုက်ကရိုက် ဖြစ်လွန်းတယ်"

မြေခွေးအိုကြီးရန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

လီဇီချီက ရွှေရွက်တွေ အများကြီးပါတဲ့ အိတ်တစ်အိတ်ကို မြေခွေအိုကြီးရန်ဆီ ပေးလိုက်သည်။

မြေခွေးအိုကြီးက အိတ်ကို ဖွင့်ကြည့်လိုက်ပြီး ချက်ခြင်း အံ့အောသွားသည်။

"အများကြီးလား"

ပိုက်ဆံအိတ် အဝိုင်းလေးထဲတွင် ရွှေရွက်များဖြင့် ပြည့်နေသည်။ ဒီအိတ်တစ်ခုတည်းကို ရောင်းချလိုက်ရင်တောင် ငွေသောင်းနဲ့ချီ ရနိုင်သည်။

"ငါ. ...လို"

လရောင်နဲ့ မီးရောင်အောက်တွင် ရွှေရွက်များက တလက်လက် တောက်နေသည်။ သူ ရင်တထိတ်ထိတ်နဲ့ ကြောက်ရွံ့မှုတချို့

ခံစားလာရသည်။ ပိုက်ဆံအများကြီး ထုတ်ပေးနိုင်တဲ့ မိန်းကလေးက အရမ်းချမ်းသာ ရမည်။ သူမက သူတို့ စော်ကားလို့ရတဲ့လူမျိုး မဟုတ်ပါ။ ဒီလိုမဟုတ်ပါက သူတို့ ကံကြမ္မာအတွက် သူတို့ ပြင်ဆင်ထားသင့်သည်။

မြေခွေးအိုကြီးရန်က အရမ်းဉာဏ်ကောင်းသည်။ စခန်းမှူးကျန်က ရွှေရွက်များကို သတိထားပြီး ကြည့်နေတဲ့ အကြည့်ကို သတိပြုမိပြီး လက်မခံရဲတော့ဘဲ ပြန်ပေးလိုက်သည်။

“ငါလက်မခံနိုင်ဘူး”

မြေခွေးအိုကြီးရန်က သဘောထားကြီးသလို ပုံဖမ်းလိုက်ပြီး “ လူရှာတွေ့ရင် ဆရာဆွန်းက ကုသပေးမယ်ဆိုတဲ့ သဘောတူချက်နဲ့တင် လုံလောက်ပြီ”

ထိုသို့ပြောပြီးနောက် ဆွန်းမိုရဲ့ အဖြေကို မစောင့်တော့ဘဲ လက်အောက်ငယ်သား တချို့ကို ခေါ်ကာ တိုးတိုးလေး မှာကြားလိုက်သည်။ သူတို့အားလုံး အမြန်ထွက်သွားကြသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြေခွေးအိုကြီးရန်၏ လေးစားအထင်ကြီးမှု +၃၀။မူလ(၃၀/၁၀၀)

ဒီညက မအိပ်ရတဲ့ ညဖြစ်ဖို့ ကံကြမ္မာ ဖန်လာသည်။

ကျန့်ကလန်ရဲ့ ဘဏ္ဍာထိန်းက သူ့မြင်းနဲ့ ဂျောင်ကလန်ကို အလျှင်အမြန် ပြေးသွားသည်။ ညနက်နေပြီ ဖြစ်သဖြင့် သခင်ကြီး ဂျောင်သည် အိပ်ပျော်နေခဲ့သည်။ ချင်လင်ရဲ့ တရားသူကြီးလာရင်တောင် သခင်ကြီး ဂျောင်နဲ့

တွေ့ခွင့် မရနိုင်ပါ။ သို့သော်လည်း ဘဏ္ဍာထိန်းကို ဝင်ခွင့်ပြုပြီး အိမ်တော်ထဲခေါ်သွားသည်။

“ဘာတွေဖြစ်လို့ ဒီလောက် အလျှင်လိုနေတာလဲ”

သခင်ဂျောင်သည် ကြီးကြီးမားမား အကျိုးပြုခဲ့သော အရာရှိဟောင်း တစ်ယောက်လည်း ဖြစ်သည်။ အရင်တုန်းက နေ့ရက်တွေမှာ သူနဲ့ ကျန့်ချင်ဖန်သည် အရမ်းရင်းနှီးကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်သည်။

“ငါတို့သခင်ကြီး လူတစ်ယောက်ရှာချင်လို့ အကူအညီ ပေးနိုင်မလား မေးခိုင်း လိုက်ပါတယ်”

သဏ္ဍာထိန်းက လေးလေးစားစား ပြောလိုက်သည်။

“ ပေးနိုင်မလား မေးမယ်ဆိုပြီး ခပ်စိမ်းစိမ်း ဆက်ဆံနေရင် မင်းကို မောင်းထုတ်လိုက်တော့မယ်”

သခင်ကြီးဂျောင်က စိတ်ဆိုး ဟန်ဆောင်ပြီး ပြောလိုက်သည်။

“ဒီကိစ္စက အရမ်းအရေးကြီးနေတယ်”

ဘဏ္ဍာထိန်းက စကားစဖြတ်လိုက်ပြီး ပုံတူ ပန်းချီကားကို ဖွင့်ထုတ်လိုက်သည်။

ဂျောင်ကလန်သည် ရေးကျပြီး မင်းမျိုးမင်းနွယ် မိသားစု တစ်ခုအဖြစ် လူသိများသည်။ ညဘက်တွင် ခန်းမကြီးတစ်ခုလုံး လင်းထိန်နေအောင် နွားဆူဖယောင်းတိုင် ထွန်းညှိထားသည်။ သို့သော်လည်း လုချီဟွာရဲ့ ပုံတူ ပန်းချီကားကို ဖွင့်လိုက်လျှင် အလင်းများအားလုံးကို ဖုံးလွှမ်းသွားသည် အထိ လင်းထိန်သွားသည်။

ဝိညာဉ်ချီတွေကို ထိန်းသိမ်းထားသောကြောင့် ဒီပန်းချီကားသည် ညလင်းပုလဲနဲ့ တူနေသည်။

သဘာဝအတိုင်း အလင်းရောင်တွေကို ထုတ်ပေးနေပြီး တောက်ပသော အရောင်များနဲ့ ပြည့်နှက်နေသည်။

‘နာမည်ကျော် ပန်းချီကားလား”

သခင်ကြီး ဂျောင်သည် ထိုင်ခုံမှ ထလာပြီး ခြေလှမ်းအနည်းငယ်နဲ့ ရောက်လာသည်။ ပန်းချီကားကို ဂရုတစိုက်ကြည့်ပြီး သဘောကျနေသည်။

“မြန်မြန်သွားပြီး ငါ့မျက်မှန် ယူလာခဲ့စမ်း”

မျက်မှန်ဆိုတာက အနောက်နိုင်ငံက တင်သွင်းလာသော အနီးမှုန်မျက်မှန်များသာ

ဖြစ်သည်။ အရမ်းစျေးကြီးပြီး သာမန် မိသားစု မတတ်နိုင်ကြပါ။

"ဒီကျန့်ချင်ဖန်ကတော့ နာမည်ကျော် ပန်းချီကားတစ်ခုရပြီး ထုတ်ကြွားချင်နေတာပေါ့"

သခင်ကြီး အနည်းငယ် စိတ်ဆိုးသွားသည်။

"သခင်ကြီး၊ မင်းမှားနေပြီ၊ ဒီပန်းချီကားထဲက မိန်းကလေးကို ငါတို့ရှာနေတာ"

"ဘာ"

သခင်ကြီး ဂျောင်သည် မျက်မှောင်ကြုတ်ပြီး စတင်ကျိန်ဆဲ တော့သည်။

"အဲဒီအတွက်ဆိုရင် နာမည်ကျော် ပန်းချီကား ယူလာစရာ မလိုဘူးလေ ၊ သာမန် ပုံတူ ပန်းချီကားဆို ရပြီပဲ ပျက်ဆီးသွားရင် ဘယ်လိုလုပ်မလဲ"

"ဒီတစ်ခုပဲ ရှိလို့ပါ"

ဘဏ္ဍာထိန်းက ရှင်းပြလိုက်သည်။

"အမ်"

သခင်ကြီးဂျောင်လည်း အံ့အောသွားပြီး ပန်းချီကားနဲ့ ပက်သက်ပြီး ပြဿနာတစ်ခုကို သတိထားမိသွားသည်။ ဒီစာလိပ်သည် အရမ်းသစ်နေသည်။ ပန်းချီကား အသစ်တစ်ခုပေါ့။

"ဒီကောင်မလေးရဲ့ နောက်ခံက ဘာလဲ ၊ တခြားတိုင်းပြည်တစ်ခုက မင်းသမီးလား"

"မဟုတ်ဘူး"

ဘဏ္ဍာထိန်းက ခေါင်းယမ်းရင်း ပြန်ဖြေသည်။

"သူက လေးစားအပ်တဲ့ မင်းသမီးလား"

သခင်ကြီးဂျောင် ခန့်မှန်းလိုက်သည်။

"အဲဒါလည်း မဟုတ်ဘူး"

ဘဏ္ဍာထိန်းက ဆက်ပြီး ခေါင်းယမ်းရင်း ဖြေသည်။ သခင်ကြီးဂျောင်က သူမကို ရှာဖို့

လူအမြန်လွှတ်ပေးလို့ မရဘူးလား။ သို့သော်လည်း သခင်ကြီးဂျောင်က အလျှင်စလို မလုပ်ခဲ့ပါ။

"ဒါဆို သူမက ဘယ်သူလဲ"

သခင်ကြီးက စပ်စုလိုက်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီက သာမန်ကျောင်းသူ တစ်ယောက်ပါ"

ဘဏ္ဍာထိန်းက စိတ်ရှည်ရှည်နဲ့ ရှင်းပြသည်။

"မင်းဘယ်သူကို လာနှောက်နေတာလဲ"

သခင်ကြီးဂျောင်က ချက်ခြင်းပဲ ပြန်ခြေပသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(သာမန် အမျိုးသမီး ကျောင်းသူတစ်ယောက်ကို လိုက်ရှာဖို့ 'အံ့ဖွယ်ပန်းခင်း' ဖြစ်အောင် ရေးဆွဲနိုင်တဲ့ နာမည်ကျော် ပန်းချီဆရာကို ရှာဖွေပြီး ရေးဆွဲခိုင်းထားတာလား၊ ပိုကောင်းတဲ့ အကြောင်းပြချက် မရှိတော့ဘူးလား)

(ဒီလို ပန်းချီကားကို အနည်းဆုံး ငွေတစ်သန်းလောက် မသုံးပဲ ဝယ်လို့ မရပါ။ ဒီမိန်းကလေးရဲ့ တန်ဖိုးက ဒီပန်းချီကားထက် ဆယ်ဆလောက် မတန်ဘူးဆိုရင် ဒီလိုဖြစ်လာပါ့မလား)

"သခင်ကြီး၊ ဒါက အမှန်ပါ"

ဘဏ္ဍာထိန်းလည်း ရွေးချယ်စရာမရှိလို့ သတ္တိမွေးပြီး တိုက်တွန်းလိုက်သည်။

"ကျေးဇူးပြုပြီး မြန်မြန် လုပ်ပေးပါ၊ ငါ့သခင်ကြီးက ဒီအတွက် သေချာပေါက် အရမ်း ကျေးဇူးတင်လိမ့်မယ်"

"ရပြီ"

ဘဏ္ဍာထိန်း တကယ် စိတ်ပူနေတာကို မြင်လိုက်တော့ သခင်ကြီးကျောင်က သူ့နဖူးကို သူပြန်ပုတ်လိုက်သည်။ သူ့ကိုယ်သူပဲ

အပြစ်တင်ရမည်။ နာမည်ကျော် ပန်းချီကားကို မြင်ပြီးနောက် အနည်းငယ် စိတ်လှုပ်ရှားပြီး အရာအားလုံး မေ့သွားခဲ့သည်။

"တပြည့်တစ်ယောက်"

သခင်ကြီးက သူ့ရဲ့နှိုစိုဖက် ဘဏ္ဍာထိန်းကို ခေါ်လိုက်ပြီး ကျန့်ကလန်က ဘဏ္ဍာထိန်း ပြောသမျှ အချက်အလက်တွေကို ရေးမှတ်ထားခိုင်းပြီး သူ့အဆက်အသွယ် အားလုံးကို သုံးကာ ကောင်မလေးကို လိုက်ရှာခိုင်းလိုက်သည်။

ကျန်နေ့ကလန်က ဘဏ္ဍာထိန်း အားလုံးကို ရှင်းပြပြီးနောက် သခင်ကြီးဂျောင်က စိတ်မထိန်းနိုင်ဘဲ

“ ဒီနာမည်ကြီး ပန်းချီကားက.........”

“သခင်ကြီး ငါ့မှာလဲ ပုံတူက ဒီတစ်ပုံပဲ ရှိတယ်။ တခြားသူတွေကို အကူအညီ လိုက်တောင်းဖို့ လိုသေးတယ်”

ဘဏ္ဍာထိန်းက မချိပြုံး ပြုံးရင်း ပြန်ဖြေလိုက်သည်။

“ငါနားလည်ပြီ၊ ငါပဲ စိတ်ထိန်းထားလိုက်ပါ့မယ်၊ မြန်မြန်သွားတော့”

သခင်ကြီးဂျောင်က အခြေအနေ ပြင်းထန်နေကြောင်းသိပြီး နောက်ထပ် အချိန်ဆွဲမနေတော့ပါ။ သို့သော်လည်း ဘဏ္ဍာထိန်း ထွက်သွားပြီးနောက် အိပ်ရာပေါ်မှာပြန်လှဲ သော်လည်း မအိပ်နိုင် ဖြစ်နေသည်။

တစ်ဘဝလုံး ပန်းချီ အပေါ် ဝါသနာ ပါတဲ့လူတစ်ယောက် အနေနဲ့ နာမည်ကြီး ပန်းချီကားတစ်ချပ်ကိုမြင်ပြီး ကောင်းကောင်း မချီးကျူးလိုက်ရတာ တော်တော်ဆိုးဝါးတဲ့

ခံစားချက်ပဲ ဖြစ်သည်။ တစ်နာရီလောက် လှဲနေပြီးနောက် ထထိုင်လိုက်ကာ

"တပြည့်တစ်ယောက်လောက်လာပြီး ငါ့ကို အဝတ်အစား လာလဲပေးအုံး"

သခင်ကြီးကျောင်းက ကျန့်ချင်ဖန် နေရာမှာ သွားစောင့်နေရန် ဆုံးဖြတ်လိုက်သည်။ ဘဏ္ဍာထိန်းက လူတိုင်းဆီကို သွားပြီးရင် သေချာပေါက် ပြန်လာလိမ့်မည်။ ဒီလိုဆိုရင် ပန်းချီကားကို အချိန်ယူပြီး သဘောကျနိုင်ပြီပေါ့။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သခင်ကြီး ဂျောင်သည် ရထားလုံးအိမ်ထဲမှာတောင် နေမထိထိုင်မသာ ဖြစ်နေသေးသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျန့်ချင်ဖန် ဒီကောင်ကို ရှာရမယ်။ သူ့နေရာမှာ ပန်းချီကားတစ်ချပ်ကို သဘောကျနေရလဲ မဆိုးပါဘူး။ သို့သော်လည်း ကျန့်ကလန်ရဲ့ အိမ်ထဲကို ဝင်ပြီး ညှိခန်းထဲကို ရောက်တာနဲ့ ဆောက်တည်ရာမရ ဖြစ်နေသော စိတ်လည်း ငြိမ်သက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိတ်ဆွေပဟောင်း တော်တော်များများ ဒီကို ရောက်နေကြသည်။ လူတိုင်းကလည်း ရည်ရွယ်ချက် တူနေကြသည်။

အလယ်ကမ္ဘာပြည်နယ်ကိုးခုသည် ရှေ့ဟောင်း တရုတ်ပြည်လို ဖျော်ဖြေရေး လှုပ်ရှားမှုများ အရမ်းနည်းသည်။ ဒီလူတွေက အသက်ကြီးနေကြသဖြင့် မိန်းမတွေနဲ့လည်း မပျော်ပါးနိုင်ကြတော့သလို ပြင်းထန်သော လေ့ကျင့်ခန်းများလည်း မလုပ်နိုင်ကြတော့ပါ။

ဒါကြောင့် ကိုယ်ကျင့်တရား ပျိုးထောင်သော အရာများကိုသာ လုပ်နိုင်ကြတော့သည်။

ဒါ့အပြင် ကိုယ်ဟန်ထိန်းသိမ်းခြင်း၊ ကဗျာရွတ်ခြင်းနှင့် အနုပညာ အပိုင်းအစများဖြင့် စိတ်ကို တည်ငြိမ် အေးချမ်းစေသည်။ ဒီအရာရှိဟောင်းများက သူတို့ကိုယ် သူတို့ စာပေနဲ့စာရေးခြင်းကို ကြွားလုံးထုတ်ပြီး သဘောကျ နှစ်ခြိုက်နေကြသည်။

"လူအိုကြီးလီ၊ မင်းက ပန်းချီကားတွေကို မကြိုက်တဲ့လူကြမ်းကြီး မဟုတ်ဘူးလား၊ ဘာလို့ ပြေးလာတာလဲ"

သခင်ကြီးကျောင်က လွှတ်ခနဲ ထွက်သွားသည်။

"ငါက နာမည်ကျော် ပန်းချီကားတွေကို ကြိုက်ဖို့ မလိုပါဘူးကွာ ကြည့်လို့ရပါတယ်"

သခင်ကြီး လီကလည်း ယုံကြည်ချက် ရှိရှိ ပြန်ချေပသည်။ ပြီးတော့ သူပြောတာလည်း မမှားပါ။ ပန်းချီအနုပညာကို ဘယ်လိုခံစားရမလဲ မသိရင်တောင် 'အံ့ဖွယ် ပန်းခင်း'

အဆင့်ဝင်ရောက်ထားတဲ့ နာမည်ကျော်ပန်းချီကားကိုတော့ အလှအပ ခံစားနိုင်သေးသည်။

"တောက်၊ အမျိုးသမီးတစ်ယောက်ကို ဘယ်လိုကြည့်ရမလဲ မသိတဲ့မင်းကို နာမည်ကျော် ပန်းချီကား ပေးကြည့်လိုက်ရင် ဒါက တကယ်ကို စိတ်မသန့်စရာပဲ"

သခင်ကြီးကျောင်က ပြန်လှောင်ပြောင်လိုက်သည်။

ဘေးနားတွင် တာဝန်ထမ်းဆောင်နေသော အမျိုးသမီးများသည် ဒီလူကြီးများ တစ်ယောက်နှင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ယောက် အချင်းချင်း စကားနိုင်လုနေတဲ့ကြားတွင် အပြုံးမပျက်ဘဲ ဆက်ရှိနေကြသည်။ သူတို့က ဒါကို ကျင့်သား ရနေပါပြီ။

ကျန့်ကလန်ရဲ့ အိမ်တော်ထဲကို လာရောက်လည်ပတ်နိုင်တဲ့လူများသည် ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည်။ တစ်ယောက်နဲ့တစ်ယောက် ငြင်းခုန်ကြတယ် ဆိုတာလည်း အပျော်သက်သက်သာ ဖြစ်သည်။

သိပ်မကြာခင် ကျန့်ချင်ဖန် ပြန်ရောက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ချင်လင်ပြည်နယ် အုပ်ချုပ်ရေးမှူးဆီကို အလည်အပတ်သွားနေလို့ နောက်ကျသွားတဲ့ အတွက် တောင်းပန်ပါတယ်"

ကျန့်ချင်ဖန်က တောင်းပန်လိုက်သည်။ ချင်လင်ပြည်နယ် အုပ်ချုပ်ရေးမှူးသည် ချင်လင်တွင် အာဏာအရှိဆုံးသူ ဖြစ်သည်။ သူက တကယ် အာဏာကို ဆုပ်ကိုင်ထားပြီး အရေးကြီးသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ နိုင်ငံသား ၁၀,၀၀၀ကျော်နဲ့ စစ်သား ၁,၀၀၀ အုပ်ချုပ်ရတဲ့ တတိယတန်း အရာရှိတစ်ယောက် ဖြစ်သည်။

"မတွေ့သေးဘူးလား"

သခင်ကြီး ဂျောင်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"အခုထိတော့ မတွေ့သေးဘူး"

ကျန့်ချင်ဖန်က သက်ပြင်းချရင်း ပြန်ဖြေသည်။ ဒီအခန်းထဲမှာရှိနေတဲ့ လူတွေရဲ့ စွမ်းအားတွေကြောင့် ကောင်မလေးကို သေချာပေါက် ရှာတွေ့နိုင်လိမ့်မည်။ ဒါပေမယ့် သူမကို ပြင်ဆင်လို့မရတဲ့ ထိခိုက်မှုမျိုး ဖြစ်သွားမှာ ကြောက်နေကြသည်။ ဒါဆို အခြေနေ ဆိုးသွားလိမ့်မည်။

"ငါလိုးပဲ၊ နောက်ကွယ်က ကောင်ကို ရှာတွေ့လို့ကတော့ အရေခွံခွာပစ်လိုက်မယ်"

ကျန့်ချင်ဖန်နဲ့ အရင်းနှီးဆုံးဖြစ်တဲ့ သခင်ကြီးလီက အရမ်းပေါက်ကွဲနေသည်။ သူက ကျန့်ချင်ဖန်ထက်ကို ပိုစိုးရိမ်နေသည်။

ဒီလိုအချိန်မျိုးမှာ နာမည်ကျော် ပန်းချီကားအကြောင်း ဘယ်သူမှ မပြောဖြစ်ကြပါ။ နာမည်ကျော် ပန်းချီကားက ဘယ်လိုပဲ တန်ဖိုးရှိနေပါစေ လူတစ်ယောက် အသက်ထက်တော့ တန်ဖိုးမရှိပါ။ ပြီးတော့ ဒီမိန်းကလေးက ဘယ်သူဘယ်ဝါလဲ

ဆိုတာ အရမ်းသိချင်နေကြသည်။ သူမက ဘာဖြစ်လို့ ကျန့်ချင်ဖန်ကို အရမ်း စိတ်လှုပ်ရှားနေအောင် လုပ်နိုင်ရတာလဲ။

မက်မန်းပန်း အိမ်ရာတွင်..............

တစ်ညလုံး လိုက်ရှာနေရသော တြိဂံမျက်လုံးနဲ့ ကောင်လေးသည် အရမ်း စိုးရိမ်နေတဲ့ ပုံပေါ်နေသည်။

“သူဌေး၊ အဆင်မပြေဘူး ”

“ဘာဖြစ်လို့လဲ”

မြေခွေးအိုကြီး ရန်က သမ်းဝေပြီး မေးလိုက်သည်။ သူ ကောင်းကောင်း မနိုးသေးပါ။

“ဒီမိန်းကလေးကို လူတော်တော်များများ လိုက်ရှာနေတယ်။”

တြိဂံမျက်လုံးနဲ့ ကောင်လေးသည် ဒီစကား ပြောနေတဲ့ အချိန်တွင် အရမ်းစိုးရိမ်တဲ့ ပုံပေါက်နေသည်။

“ဘယ်နှစ်ယောက်လဲ”

မြေခွေးအိုကြီးရန်က မျက်လုံးကို ပွတ်သပ်ရင်း မေးလိုက်သည်။

“ကျန့်ကလန်၊ ကျောင်ကလန်၊ လီကလန်၊ ဝမ်ကလန်၊ ချိုင်ကလန်၊......... ပြောရမယ်ဆိုရင်

မြို့မှာရှိတဲ့ ချမ်းသာတဲ့ ကလန်တိုင်းနီးပါးပဲ။ ပြီးတော့ ချင်လင်မြို့က အရေးပေါ် အခြေအနေ မကြေငြာပေမယ့် မြို့ပြင်ထွက်တဲ့ စစ်ဆေးမှုကို ပိုတင်းကြပ်ထားတယ်”

တြိဂံမျက်လုံးနဲ့ ကောင်လေးသည် အနည်းငယ် စိုးရိမ်နေသည်။

“ဘာ”

မြေခွေးအိုကြီး ရန်သည် တအံ့တအော ထအော်လိုက်သည်။ သူက သက်သာအောင် လူစားလဲလုပ်ချင်ခဲ့သည်။ ဒါပေမယ့် အခုတော့ ဒီစိတ်

ပျောက်သွားသည်။ တြိဂံကောင်လေး ရှတ်ပြတဲ့ နာမည်တွေသည် ချင်လင်မြို့က ဩဇာကြီးတဲ့ မိသားစုရဲ့ နာမည်တွေပါ။ မိသားစု တစ်ခုတောင် ကြောက်စရာကောင်းတဲ့ စွမ်းအားရှိသည်။ သူတို့ထဲက တချို့ မိသားစုက လှုပ်ရှားလိုက်မယ်ဆိုရင်.......................

ဘုရား ဘုရား၊ ပျောက်နေတဲ့ ကောင်မလေးမှာ ဘယ်လို နောက်ခံရှိနေတာလဲ။

“သူဌေး၊ ငါတို့ လက်ရှောင်နေလိုက် ရမလား”

တြိဂံမျက်လုံးနဲ့ကောင်လေး တကယ် ကြောက်နေသည်။ သူတို့လို သတင်းရောင်းစားပြီး အသက်မွေးရတဲ့ ငါးသုံးကောင် အဖွဲ့အစည်းက အောက်ခြေရောက်နေတဲ့ အမှိုက်သာသာ အဖွဲ့အစည်း တစ်ခုသာ ဖြစ်သည်။ တကယ်လို့ ဒီလိုကြီးမားတဲ့ ရှုပ်ထွေးမှုထဲ ပါဝင်ပက်သက်မိပါက သူတို့ကို လေနဲ့တိုက်လိုက်ရုံနဲ့ အသက် ဆုံးရှုံးသွားနိုင်သည်။

မြေခွေးအိုကြီးရန်သည် အပြင်းအထန် စဉ်းစားနေတဲ့ပုံစံ ဖြစ်နေပြီး မျက်နှာက အဆက်မပြတ် ပုံပြောင်းနေသည်။ အခန်းထဲမှာ ၁၀

မိနစ်ကျော်လောက် လှည့်ပတ် လျှောက်နေပြီး နံရံကို လက်သီးနဲ့ ထိုးလိုက်သည်။

“မဟုတ်ဘူး၊ ငါတို့ လူအားလုံးကို စုစည်းလိုက်၊ တတ်နိုင်သမျှ ရအောင် လက်ဦးမှု ယူပါ၊ အရေးကြီးတဲ့လူတွေနဲ့ ပေါင်းစည်းဖို့ အခွင့်ရေးကောင်းပဲ၊ ဒါရှားရှားပါးပါး အခွင့်အရေးတစ်ခုပဲ တကယ်လို့ လွဲချော်သွားရင် တသက်လုံး နောင်တရနေလိမ့်မယ်”

မြေခွေးအိုကြီးရန်သည် ဒီလိုပြောလိုက်ပြီးနောက် ရုတ်တရက် နောင်တ ရသွားသည်။

မနေ့ညက သူဘယ်လို သဘောထားခဲ့လဲ ၊ ဆွန်းမို စိတ်မဆိုးဖို့ မျှော်လင့်ရမှာပဲ၊ ဒီလိုမှမဟုတ်ဘဲ ဆွန်းမိုသာ ဒေါသထုတ်ပြလိုက်ရင် သူတို့ အသေသား ဖြစ်သွားမယ်။

ဒင်

မြေခွေးအိုကြီးရန်၏ လေးစားအထင်ကြီးမှု +၅၀ ။မူလ(၈၀/၁၀၀)

အထူးသဖြင့် သတင်းရောင်းဝယ်ခြင်း အလုပ် လုပ်ကိုင်နေသောကြောင့် ဒီလိုကြီးမားတဲ့ လှုပ်ခတ်မှုကို အစပျိုးခဲ့တဲ့ ဆွန်းမိုက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်လောက်ကြောက်ဖို့ ကောင်းလဲဆိုတာ သူသိနေသည်။

အဲဒီနောက်မှာ ရင်သားကြီးတဲ့ ကောင်းမလေးကို ပြန်ပေးဆွဲသွားတဲ့ လူတွေ အတွက်လည်း တိတ်တဆိတ် ညည်းတွားလိုက်မိသည်။ (မင်းတို့တော့ သေပြီ ၊ မင်းတို့ တစ်မိသားစုလုံးတောင် မလွတ်နိုင်လောက်ဘူး။)

ဒီတစ်ကြိမ်တော့ မြေခွေးအိုကြီးရန်က သူ့မှာရှိသမျှ အင်အားအကုန် ခေါ်ထုတ်ပြီး သူကိုယ်တိုင်

ထွက်သွားသည်။ အကျိုးရချင်ရင်တော့ သူများတွေထက် လက်မြန်မှ ဖြစ်မည်။

မှတ်ချက်။ ။ လုချီဟွာ၏ မျိုးရိုးနာမည်နဲ့ သမင်က စကားလုံးခြင်း တူညီသည်။

စာစဉ်(၁၄)

အခန်း(၁၉၈) - ငါးအကြီးကြီး ဖမ်းမိခြင်း။

ဇောင်ကလန်၏ အိမ်တော်တွင်.............

ဇောင်ယွမ်ကျားသည် မနက်စာ စားရင်း ဘဏ္ဍာထိန်းက တင်ပြတဲ့ ဒီနေ့ ချင်လင်မြို့မှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်ကို နားထောင်နေသည်။

ဒါကလည်း ဇောင်ယွမ်ကျားရဲ့ အလေ့အကျင့် ဖြစ်သည်။ ထိပ်တန်းကုန်သည် တစ်ယောက်အနေဖြင့် ချင်လင်မြို့ အထက်တန်းအလွှာရဲ့ လှုပ်ရှားမှုများကို အမြဲမပျက် မှတ်သားထားမှ ဖြစ်မည်။ အဖိုးတန်တဲ့ အချက်အလက်တွေက ချမ်းသာခြင်းကို ဖြစ်စေနိုင်သည်။

"သူတို့က နို့အုံကြီးတဲ့ မိန်းကလေးကို ရှာနေကြတာလား"

ဇောင်ယွမ်ကျားလည်း အံ့အောသင့်သွားသည်။

"သူ့နောက်ခံက ဘာလဲ"

ငါလည်း မသိဘူး။

ဘဏ္ဍာထိန်းက ခေါင်းခါရင်း ပြန်ဖြေသည်။

အလုပ်တစ်ခုကို လုပ်တဲ့ လူများလာတာနဲ့အမျှ သတင်း ပေါက်ကြားနိုင်ခြေ များလာသည်။ ဒါပေမယ့် ဒီကိစ္စကို သိတဲ့လူ သိပ်မရှိသေးပါ။ မိန်းကလေးတစ်ယောက်ကို ရှာနေတယ်ဆိုတာပဲ

သိရသည်။ အရင်တုန်းက အဖြစ်အပျက်တွင် မိန်းကလေးရဲ့အသက်၊ ပုံစံနှင့် နောက်ခံတို့ သိရန်လိုအပ်သည်။ သို့သော် ဒီကိစ္စတွင် သူမရင်သားက အရမ်းကြီးသောကြောင့် မလိုအပ်ခဲ့ပါ။ ဒီဝိသေသ တစ်ခုတည်းနဲ့ ရှာဖွေမှုအတွက် လုံလောက်နေသည်။

“ဟဲဟဲ၊ ကြည့်လိုက်ရင် မင်းသမီးတစ်ယောက် ပျောက်သွားတာနဲ့တောင် တူနေပြီ”

ဇောင်ယွမ်ကျား ခန့်မှန်းပြီး အနည်းငယ် ဝင့်ကြွားချင်စိတ် ပေါက်လာသည်။ (

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအရာရှိကြီးများနဲ့ မှူးမတ်များသည် ကြီးမားသော လေလှိုင်းကို စီးနေကြတဲ့သူများ ဖြစ်သည်။ နောက်ဆုံးတော့လည်း ဆုတ်ယုတ်မှုနဲ့ ရင်ဆိုင်နေရတာပဲ)

သို့သော်လည်း ဒီမိန်းကလေး ပျောက်ဆုံးသွားတာ မဖြစ်နိုင်ပါ။ တစ်နေရာရာမှာ လူရိုင်းတစ်ယောက်နဲ့ အပျော်လွန်ပြီး တစ်ညလုံး ပြန်မလာတာပဲ ဖြစ်မည်။

“ဒါက ဘယ်သူပဲလုပ်လုပ် ပျားအုံကို တုတ်နဲ့ ထိုးသလိုတော့ ဖြစ်နေပြီ”

သူ့ရဲ့ သခင်ကြီး စိတ်အခြေအနေကောင်းနေတာ မြင်လိုက်လျှင် ဘဏ္ဍာထိန်းလည်း ပြုံးလိုက်သည်။

"ဘာလို့သူတို့ကို ဂရုစိုက်နေရမှာလဲ၊ ကို့ဘာသာကိုယ် အေးအေးချမ်းချမ်း ငွေရှာဖို့ပဲ အာရုံစိုက်ရမယ်" အစားအသောက် စားပြီးနောက် သူ့သားကို မမြင်မိသဖြင့် အနည်းငယ် စိတ်မကောင်း ဖြစ်သွားသည်။

"ဇောင်ယန် ဘယ်မှာလဲ၊ ရန်နဲ့မွေး ပြည့်တန်ဆာအိမ်မှာပဲ တညလုံး နေပြန်ပြီလား"

"မဟုတ်ပါဘူး၊ သခင်လေးက အခုလေးတင်ပဲ ထွက်သွားတာပါ"

ဘဏ္ဍာထိန်းက တင်ပြလိုက်သည်။

"လူငယ်တစ်ယောက် နေ့တိုင်း အိပ်နေတာလည်း မသင့်တော်ဘူး"

ဒီလိုပြောလိုက်ပေမယ့် ဖောင်ယွမ်ကျားမျက်နှာ အခြေအနေ အနည်းငယ် တိုးတက်လာသည်။ ပြည့်တန်ဆာအိမ် လှည့်ပတ်အိပ်နေတာထက် အိမ်မှာ ညအိပ်တာ ပိုကောင်းပါသည်။

ဆွန်းမိုက အချိန်ဖြုန်းချင်စိတ်မရှိဘဲ ရှာဖွေဖို့ပဲ အာရုံစိုက်ထားသည်။ ဒါကြောင့် တညလုံးမအိပ်ဘဲ လုချီဟွာ ပုံတူကို ဆက်ဆွဲနေခဲ့သည်။

ဒေါက် ဒေါက် ဒေါက် ဒေါက်

တံခါး ခေါက်သံ ပေါ်လာသည်။ ဆွန်းမို ဘာမှမလုပ်တာ မြင်သဖြင့် လိုဒီက လျှောက်သွားပြီး တံခါး ဖွင့်လိုက်သည်။ အပြင်မှာ ရပ်နေတဲ့ ဝမ်ဆုကို မြင်လိုက်လျှင် ရုတ်တရက် အံ့အောသင့်သွားသည်။

“ဒု-ကျောင်းအုပ်…ဒုကျောင်းအုပ်ကြီးဝမ်”

လိုဒီ အရမ်းစိတ်လှုပ်ရှားပြီး စကားတွေ ထစ်နေသည်။ အိပ်ရာဘေးကို အလိုလို လှည့်ကြည့်လိုက်မိသည်။ ဒီလိုဖြစ်လာမှန်းသိရင် စောင်တွေခေါက်ထားပြီး ညစ်ပတ်တဲ့ အဝတ်အစားတွေကို ဖယ်ပါတယ်ကွာ။

'ဆရာဆွန်း ရှိလား"

ဝမ်ဆုက မေးလိုက်သည်။

"ဟုတ်"

ဝမ်ဆု ဝင်လာတာကို လိုဒီက ဘယ်လို သတ္တိနဲ့ တားမှာလဲ၊ သူ့အတွက် လမ်းမြန်မြန် ဖယ်ပေးလိုက်သည်။

“ရေတစ်ခွက် ခပ်ပေးပါ့မယ်”

လိုဒီက ဒီလိုလုပ်နေတဲ့ အချိန်တွင် ဆွန်းမိုကို တစ်ချက်ကြည့်လိုက်ပြီး စိတ်ထဲတွင် အားကျမှုများနဲ့ ပြည့်နေသည်။ ဝမ်ဆုက ဆွန်းမိုကို ‘ဆရာဆွန်း’ လို့ခေါ်လိုက်သည်။

အစမ်းခန့် ဆရာတစ်ယောက်အနေနဲ့ လိုဒီသည် ဒီလိုဂုဏ်ပုဒ်တွေကို သုံးစွဲခွင့် မရှိပါ။

"ဆရာဆွန်း၊ ကျောင်းအုပ်ကြီးအန် ဆီကနေ မင်းရဲ့ တိုက်ရိုက်တပြည့်တစ်ယောက် ပျောက်နေတယ်လို့ ကြားခဲ့ရတယ်"

ဝမ်ဆုကလည်း ကျန်တဲ့သူတွေကို အနှောက်အယှက် မပေးချင်သောကြောင့် လိုရင်းတန်းသွားလိုက်သည်။

"မင်း သူမကို ရှာမတွေ့သေးဘူးလား"

"မတွေ့သေးဘူး"

ဆွန်းမိုက ဝမ်ဆုကို အရိုအသေ ပေးချင်စိတ်မရှိဘဲ နှုတ်တောင် မဆက်ခဲ့ပါ။ ပုံတူတွေကို ဆက်လက် ရေးဆွဲနေသည်။

“ဒါက ကျောင်းသားပုံလား၊ ငါ့ကို ဆယ်ယံပုံလောက်ပေး၊ ငါလူတွေခေါ်ပြီး သူမကို ရှာခိုင်းလိုက်မယ်”

ဝမ်ဆု လျှောက်လာပြီး ဆွန်းမိုရဲ့ ပုံတွေကို မြင်လိုက်လျှင် မျက်လုံး ချက်ခြင်းလင်းလာသည်။ (အနုပညာလက်ရာ ကောင်းလိုက်တာ၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကောင်မလေးရဲ့စိတ်ထား ပန်းချီပေါ်မှာ ထင်းကနဲ ပေါ်နေတယ်။)

ဝမ်ဆုက ဆွန်းမိုကို အံ့အောစွာ အကဲခတ်လိုက်သည်။ ဆွန်းမိုက ဒီနယ်ပယ်တွင် အရည်အချင်းရှိတယ်ဆိုတာ သူပြောနိုင်သည်။

ဒင်

ဝမ်ဆု၏ လေးစားအထင်ကြီးမှု +၁၅။ မူလ(၆၅/၁၀၀)

“ဒါဆိုလည်း ဆရာဝမ်ကို ကျေးဇူးတင်ပါတယ်၊ ဆရာဝမ်အပေါ်မှာ ကျေးဇူးတစ်ခု အကြွေးတင်သွားပြီပေါ့”

ဆွန်းမို အရမ်းကျေးဇူးတင်နေသည်။ ဝမ်ဆုက ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ဖြစ်ပြီး ကူညီဖို့ မနက်အစောကြီး ရောက်လာတာ အရမ်းကျေနပ်ဖို့ ကောင်းသည်။

“မင်းဘာတွေ ပြောနေတာလဲ၊ ငါက ဗဟိုပြည်နယ် အကယ်ဒမီက ဒုကျောင်းအုပ်ကြီးပဲ၊ ဒီမိန်းကလေးကလည်း ငါ့ရဲ့ ကျောင်းသားလို့

သတ်မှတ်လို့ ရတယ်၊ သူမကို ရှာပေးရတာက လုပ်သင့်တဲ့ အလုပ်တစ်ခုပဲ”

ဝမ်ဆ က တင်းမာသော လေသံနဲ့ ပြောလိုက်သည်။

“မင်းဘာလို့ ငါ့ကို ဒီအကြောင်း စောစော မပြောတာလဲ”

“တောင်းပန်ပါတယ်”

အမှန်တိုင်း ပြောရလျှင် ဆွန်းမိုသည် ဝမ်ဆုရဲ့ သဘောထားကြီးမှုကို လျှော့တွက်ခဲ့မိသည်။ ကျောင်းအုပ်ကြီး ရာထူးအတွက် အန်ရှီဝေကို

တိုက်ခိုက်နေသော ကျန်ဟန်ဖူနဲ့ မတူဘဲ ကျောင်းအပေါ်တွင် တကယ်လေးနက်သော ခံစားချက် ရှိသည်။

ဝမ်ဆုက ပုံတူများကို ယူပြီး ထွက်သွားသည်။

"ဆရာဆွန်း၊ ဘယ်သူ ပျောက်နေတာလဲ"

လိုဒီလည်း အကူအညီ ပေးချင်သည်။ ထို့နောက် မနာလိုစိတ်ကလေး ဝင်လာပြန်သည်။ ဆွန်းမို ဘယ်လောက် ထူးချွန်လဲ ကြည့်ပါအုံး။ ဝမ်ဆုတောင် စ ပြီးလာရတယ်။

"လုချီဟွာ"

ဆွန်းမိုက ပြောလိုက်သည်။

"ဒီကောင်မလေး မဟုတ်လား၊ ငါမင်းကို ကူရှာပေးမယ်"

လိုဒီက ပုံတူ တစ်ခု ယူလိုက်သည်။ ဒီနေ့ ဆွန်းမိုကို ကူပြီး ဒီကောင်မလေးကို ရှာဖွေရန် စီစဉ်လိုက်သည်။ ဒီတစ်ကြိမ်က ဆွန်းမိုကို ဖားချင် စိတ်မရှိပါ။ သူလည်း ကျောင်းသား လုံခြုံရေးကို အရမ်းစိတ်ပူသည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုကလည်း သူ့အစီအစဉ်ကို မရပ်ထားခဲ့ပါ။

နေ့ခင်းဘက်တွင် အမျိုးသမီးအဆောင်ကို နောက်တစ်ခေါက် ထပ်လာခဲ့သည်။ လုချီဟွာ ပြန်မရောက်သေးသလို နောက်ထပ် သတင်း အသစ်များလည်း မရှိပါ။

“ဆရာ၊ ထမင်းစားပြီး အနားယူ ပါအုံးလား”

လီဇီချီက စိုးရိမ်ပြီး သူ့ကို နှစ်သိမ့်ဖို့ ကြိုးစားလိုက်သည်။ ဆွန်းမို နေမကောင်းဖြစ်ပြီး လဲကျသွားမှာကို လီဇီချီ အရမ်းစိုးရိမ်နေသည်။

ဆွန်းမိုက လက်ကို ဝှေ့ယမ်းလိုက်ပြီး ခေါင်ယန်လုပ်တာ ဟုတ်မဟုတ် စတင်ပြီး

ခွဲခြမ်းစိတ်ဖြာနေလိုက်သည်။ မဖြစ်သင့်ဘူး မဟုတ်လား။ သူဒီလို ရှုးသွပ်လို့ မရဘူးလေ။

ဒါက ရာဇဝတ်မှုပါ။ တကယ်လို့ အဖမ်းခံရပါက စစ်တပ်ရဲ့ ကျွန်အဖြစ် နယ်စပ်ကို နှင်ထုတ် ခံရမည်။ ဒီလို စွန့်စားစရာမလိုဘဲ ငွေသုံးပြီး ဆွန်းမိုရဲ့ ခြေထောက်ကို ချိုးခိုင်း လို့ရသည်။

သို့သော်လည်း ဒီလို အခြေအနေမျိုးတွင် ဖြစ်နိုင်ခြေ အကုန်လုံးကို ထည့်သွင်းစဉ်းစား ထားရမည်။ သွားချောင်းကြည့်သင့်လား ဒါမှမဟုတ် စောင့်ကြည့်နေသင့်လား။

မဟုတ်ဘူး။ သူဒီကိစ္စကို လုပ်လို့မဖြစ်ဘူး။ ဒါက သူကျွမ်းကျင်တဲ့ အရာ မဟုတ်ဘူး။ တဖက်လူကို သတိပေးလိုက်သလို ဖြစ်ပြီး ပြဿနာ ဖြစ်လာနိုင်တယ်။ ဒီအတွက် မြေခွေးအိုကြီး ရန်ကို ရှာတာပဲ ပိုကောင်းမယ်။ သူတို့က တကယ် ကျွမ်းကျင်တဲ့သူတွေ ဖြစ်သည်။

ဆွန်းမိုက အဆောင်ကိုပြန်လာပြီး ပန်းအိုးတစ်လုံးကို ယူလိုက်သည်။

မြင်းကို ပြေးစေချင်ရင်တော့ အရင်ဗိုက်ဝအောင် ကျွေးရမည်။ ဆွန်းမှာ ပိုက်ဆံ အများကြီး မရှိပေမယ့်

ဒီပန်းအိုးက အရမ်းတန်ဖိုးကြီးပြီး အလုပ်လည်း ဖြစ်သည်။

ဆွန်းမိုထွက်လာတာနဲ့ တြိဂံမျက်လုံးနှင့် ကောင်လေးကို တွေ့လိုက်ရသည်။

"ဆရာဆွန်း၊ ငါတို့ မင်းတပြည့်ကို ရှာတွေ့ပြီ"

တြိဂံမျက်လုံးနဲ့ ကောင်လေးသည် ဆွန်းမိုကို မနေ့ကထက် သိသိသာသာ ပိုလေးစားနေသည်။

"သူမ ဘယ်မှာလဲ"

ဆွန်းမိုက တြိဂံမျက်လုံးနှင့် ကောင်လေးရဲ့ လက်ကို လှမ်းဖမ်းပြီး မေးလိုက်သည်။

"ချင်လင် အရှေ့ဘက် ဆင်ခြေဖုံးရပ်ကွက်ထဲက သန့်ရှင်းခြင်း သုံးပါး ဘုရားကျောင်းထဲမှာ"

ဆွန်းမိုက တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသဖြင့် တြိဂံမျက်လုံးနဲ့ ကောင်လေးသည် အရမ်းနာကျင်နေသည်။ သို့သော်လည်း သူ မအော်ရဲပါ။

"ငါ့ကို အဲဒီနေရာ ခေါ်သွား"

ဆွန်းမို အမြန်လိုနေသည်။ လီဇီချီလည်း အနောက်က အမြန်လိုက်သွားသည်။

ချင်လင်မြို့ အရှေ့ဘက် ဂိတ်တံခါးက ထွက်ပြီး မီတာ ၃၀ အကွာတွင် တာအိုအယူအဆ ဘုရားကျောင်းတစ်ခု ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ကျော်က ဆံပင်ဖြူနေသော ဘုန်းကြီးတစ်ပါးသည် ကြိုးကြာစီးပြီး ရောက်လာခဲ့သည်။ သူက မြစ်ထဲကို ခုန်ချပြီး ကို့ကိုယ်ကို သတ်သေဖို့ လုပ်နေတဲ့ အမျိုးသမီးတစ်ယောက်ကို ကယ်တင်ခဲ့သည်။ ထို့နောက် မေးကြည့်ရာ ကလေးမမွေးနိုင်သဖြင့်

ယောကျ်ာမက အထင်သေးပြီး စက်ဆုပ်ရွံရှာနေတယ်လို့ သိလိုက်ရသည်။

ဘုန်းကြီးက ရယ်မောကာ မှော်ဆေးပြား တစ်ခုကို ထုတ်ပေးခဲ့သည်။ တစ်လခွဲလောက်ကြာတော့ ထိုအမျိုးသမီးတွင် ကိုယ်ဝန်ရှိလာခဲ့သည်။

အဲဒီနောက် ထိုအမျိုးသမီး မွေးလာတဲ့ ကလေးက အရမ်းထက်မြက်ပြီး အရမ်းလည်း ကြိုးစားသည်။ သူက ပြည်နယ်အဆင့် စာမေးပွဲတွေ ဝင်ဖြေပြီး တစ်ဆင့်ပြီးတစ်ဆင့် ဖြေဆိုအောင်မြင်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ပါယာစာမေးပွဲများကို ဖြေဆိုကာ ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

ဝန်ကြီးချုပ်က သူ့ဇာတိမြေကို တောက်ပစွာ ပြန်လာပြီးနောက် သူ့အမေပြောပြတဲ့ ပုံပြင်ကို ပြန်သတိရပြီး ကြိုးကြာစီးဘုန်ကြီး အမှတ်တရ အဖြစ် တာအိုအယူအဆ ဘုရားကျောင်းတစ်ခု တည်ဆောက်ခဲ့သည်။

ချင်လင်မြို့သည် ရှေ့ဟောင်း မြို့တော်ဖြစ်ပြီး တောတောင်များ ၊ မြစ်ကြီးများ၊ ဗုဒ္ဓဘုရားကျောင်း၊ တာအို ဘုရားကျောင်းများ ကြောင့်လည်း

လူသိများသည်။ တောင်အလယ်တွင်ရှိသော ဘုရားကျောင်းများသည် အများအားဖြင့်တော့ လာလည်သူ သိပ်မရှိပါ။

ရှိ့ခဲ့ရင်တောင် လက်ထပ်ပြီးသား ဒါမှမဟုတ် ကလေးလိုချင်တဲ့ မိန်းမတွေသာ အလာများသည်။ သူတို့က ဆုတောင်းပြီး ကံကောင်းခြင်း တချို့ကို လိုချင်ကြသည်။

မြေခွေးအိုကြီးရန်သည် မြက်ပင်ထူထပ်တဲ့ နေရာတွင် ပုန်းအောင်းနေသည်။ မြက်ပင်တစ်ခုကို ဝါးရင်း အမူအယာက လေးနက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူက ငါးအကြီးကြီးတစ်ကောင်ကို ဖမ်းမိတော့မည်။ မြေခွေးအိုကြီးရန်သည် သူ့ရဲ့ အရည်အချင်းကြောင့် ချင်လင်မြို့တွင် အကောင်းဆုံး သတင်းပေးသမား ဖြစ်ပြီး သတင်းရောင်းဝယ် ဖောက်ကားရင်း အသက်မွေးတဲ့လူဖြစ်သည်။

ဩဇာကြီးမားတဲ့လူများက လုချီဟွာကို ရှာဖွေကြသော်လည်း မြန်မြန်ဆန်ဆန် မလုပ်ကြဘဲ အဲဒီအစား စတင်ပြီး အခြေအနေကိုခွဲခြမ်း စိတ်ဖြာနေသည်။

အားလုံးကလည်း ကြီးမားတဲ့ အင်အားစုတွေ ဖြစ်သည်။ ဒါကြောင့် သူက လွတ်သွားတဲ့နေရာကနေ စတင်ပြီး ရှာဖွေခဲ့သည်။

ဒါကပဲ သူ့ကို အချိန်ကုန် အများကြီး သက်သာစေခဲ့သည်။

အများအားဖြင့် အမျိုးသားများ ပျောက်ဆုံးသွားပါက အသတ်ခံရတာ များသည်။ ဒါပေမယ့် မိန်းမ ဒါမှမဟုတ် ကလေးတွေ ပျောက်ဆုံးသွားပါက ပြန်ပေးဆွဲခံရပြီး လူကုန်အကူးခံရဖို့ ဖြစ်နိုင်ခြေများသည်။

ဒါကြောင့်လဲ မြေခွေးအိုကြီးရန်က ဒီရှုထောင့်ကနေ စတင်ပြီး အမှုကိစ္စကို ကိုင်တွယ်ခဲ့သည်။ သူ့လူများကို လူကုန်ကူးတဲ့ကိစ္စနဲ့ သံသယ ရှိတဲ့ လူများနောက်ကို လိုက်ခိုင်းခဲ့သည်။

မြေခွေးအိုကြီးရန်သည် လူသိများသော လူကုန်ကူးသူများကို မစစ်ဆေးခဲ့ပါ။ အင်အားကြီးသူများက သူတို့ဆီ အရင်ဆုံးသွားမယ်လို့ သူ ယူဆထားသည်။ သူတို့ကို ချင်လင်အုပ်ချုပ်ရေးရုံးက ဖမ်းဆီးပြီး ညှဉ်းပန်းနှိပ်စက် စစ်ဆေး မေးမြန်းမှုများ လုပ်နေကြပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘာ သက်သေမရှိဘူး ပြောချင်တာလား ၊ အရေးကြီး ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ချစ်ရတဲ့ သမီးလေးပျောက်နေတာကွ ၊ ဘယ်သူက သက်သေကို ဂရုစိုက်မှာလဲ ။ သံသယရှိတဲ့ဘယ်သူမဆို ဖမ်းဆီး စစ်ဆေးမှာပဲ)

မြေခွေးအိုကြီးရဲ့ အစီအစဉ်က အလုပ်ဖြစ်သွားသည်။ သံသယရှိတဲ့ လူကုန်ကူးသူ အနည်းငယ်ကို စောင့်ကြည့်နေခဲ့သည်။ ထွက်သွားတဲ့လူကလည်း အခုချိန်အထိ ပြန်မရောက်လာသေးပါ။

ဒါကို ဆက်စုံစမ်းကြည့်တော့ ရထားစီးပြီး အရှေ့ဘက်ဂိတ်က ထွက်သွားတယ်လို့ သိရသည်။

မြေခွေးအိုကြီး ရန်သည် အစီရင်ခံစာ ဖတ်ကြည့်ပြီး သူတို့ ကောင်းကောင်း မလုပ်နိုင်မှာ စိုးရိမ်ပြီး ကိုယ်တိုင် လိုက်လာခဲ့သည်။ သူ့ရဲ့ အရမ်းကောင်းမွန်တဲ့ ခြေရာခံ စွမ်းရည်ကို အသုံးပြုပြီး ဒီတာအို ဘုရားကျောင်းကို ရှာတွေ့ခဲ့သည်။

ဒါက လူကုန်ကူးသူတွေရဲ့ အခြေစိုက်စခန်းဖြစ်နိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြေခွေးအိုကြီး ရန်သည် မကြာခင်နှစ်များအတွင်း အိမ်ထောင်သည် အမျိုးသမီးများ ပျောက်ဆုံးနေတဲ့ အကြောင်းကို ပြန်စဉ်းစားလိုက်မိသည်။ ပြီးတော့ ဒီတာအိုဘုရားကျောင်း အနည်းငယ် ကျော်ကြားရတဲ့ အကြောင်းရင်းကို စဉ်းစားလိုက်မိသည်။ အမျိုးသမီးတစ်ယောက်က ဝန်ကြီးချုပ်ကို မွေးဖွားခဲ့တာ မဟုတ်လား။

တစ်ယောက်ယောက် ဆုတောင်းရင် ဒီလိုကလေးမျိုး မလိုချင်တဲ့လူ ဘယ်သူရှိလို့လဲ။

လူတိုင်းက တောက်ပတဲ့ အနာဂတ်ရှိတဲ့ ကလေးမျိုး လိုချင်တတ်ကြသည်။

"သူတို့က တကယ်စောက်ကျင့် မကောင်းတဲ့ နတ်ဆိုးတွေပဲ"

မြေခွေးအိုးကြီး ရန် ကျိန်ဆဲလိုက်သည်။ သူက လူကုန်ကူးတဲ့လူတွေကို အထင်အသေးဆုံးပဲ။ သူတို့ကြောင့် မိသားစုတွေ ပျက်ဆီးသွားကြသည်။ သို့သော်လည်း သူတို့ကို ခြေရာခံနေရင်း စိတ်ပူလာသည်။ နှစ်ပေါင်းများစွာကြာအောင်

လူမသိဘဲ လူကုန်ကူးမှု လုပ်နိုင်တယ်ဆိုတာ နောက်ခံကောင်းကောင်း ရှိဖို့များသည်။

တကယ်လို့ သူတို့ကို ရန်စလိုက်ရင်..........

"ခဏနေပါအုံး၊ ငါက ဘာလို့ ကြောက်ရမှာလဲ ၊ ဒီအဖွဲ့ကိုသာ မင်းမျိုးမင်းနွယ်က ကျောထောက်နောက်ခံ မပေးထားရင် သူတို့ သေချာပေါက် အသေသား ဖြစ်သွားမယ်"

ဆွန်းမိုရောက်လာသောအခါ သူ့ကို မတွေ့မှာစိုးရိမ်ပြီး နောက်ထပ် လမ်းအသေးလေး တစ်ခုကို သုံးလိုက်သည်။

ရုပ်ပိုင်းဆိုင်ရာ အရည်အချင်း ဆိုးတဲ့ လီဇီချီအတွက် အခြေအနေ အရမ်းဆိုးနေသည်။

“အ”

လီဇီချီ နာကျင်စွာ အော်ဟစ်လိုက်သည်။ သူမက ညာခြေထောက်နဲ့ ကျောက်တုံးကြီးပေါ် တက်လိုက်ရာ ချော်ထွက်သွားပြီး ချော်လဲသွားသည်။ အရေပြားတောင် စုတ်သွားသည်။

“ငါ တကယ် အသုံးမကျဘူး”

လီဇီချီက ဒီလောက်တောင် အသုံးမကျဖြစ်နေတဲ့ သူ့ကိုယ်သူ ကျိန်ဆဲလိုက်သည်။ သို့သော်လည်း ခပ်မြန်မြန် ပြုံးပြီး ဆွန်းမိုကို ရှင်းပြလိုက်သည်။

“ဆရာ၊ ငါအဆင်ပြေပါတယ်၊ ငါ့ကို စိတ်ပူစရာ မလိုဘူး”

ဒီလိုအချိန်မျိုးမှာ သူမကြောင့် ဆရာကို စိတ်မရှုပ်စေချင်ပါ။

“ငါမင်းကို ကျောပိုးမယ်” ဆွန်းမိုက သူမ ငြင်းပယ်မှုကို ဂရုမစိုက်ဘဲ ကျောပေါ်တင်ပြီး

တောင်ပေါ် ဆက်တက်သွားသည်။ လီဇီချီက သူမရဲ့ ပညာသင်ဘက် ညီမလေးအတွက် စိတ်ပူနေသောကြောင့် ဆွန်းမိုလည်း သူမကို အပြစ်မတင်တော့ပါ။

ထိုအချိန်တွင် ထန်ထန်ယုထန်တစ်ယောက်က တာအိုဘုရားကျောင်းကိုသွားတဲ့ တောင်ပေါ်လမ်း တဝက်တွင် တုတ်တစ်ချောင်းနဲ့ ထောက်ပြီး တက်နေသည်။ ဟောဟဲဟောဟဲနဲ့ ပါးစပ်ဖြင့် အသက်ရှူနေရသည်။

“ မင်းခန္ဓာကိုယ်က တော်တော် အခြေအနေဆိုးတာပဲ”

ရှန်ယွန်ပေါင်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

“မင်းကို ကျောပိုး ခေါ်ရမလား”

“မလိုပါဘူး”

ထန်ထန်ယုထန် အရမ်းရှက်သွားသည်။

“ဒီမှာ ရှိတာ သေချာလို့လား”

ချန်လုံက မျက်မှောင် ကြုတ်ပြီး မေးလိုက်သည်။

စာစဉ်(၁၄)

အခန်း(၁၉၉) - ဒီနေ့ မင်းတို့အားလုံး သေရမယ်။

လေနုအေးလေးက တောင်ပေါ်ရှိ တောအုပ်ကို ဖြတ်ပြီး တိုက်ခတ်နေသည်။

“အင်း”

ထန်ထန်ယုထန်က သေချာကြောင်း အတည်ပြုလိုက်သည်။ တစ်ဖက်လူတွေက လမ်းတစ်ဝက်မှာ အခြေအနေတွေကို ဖုံးဖို့ လမ်းကြောင်း ခဏခဏ ပြောင်းကာ လုချီဟွာရဲ့ အနံ့အသက်ဖုံးဖို့ ဆေးတွေ ဖြန်းခဲ့ပေမယ့်လဲ အသုံးမဝင်ပါ။ သူက သူမကို ရှာနိုင်သေးသည်။

“ငါတို့ အသည်းအသန် လိုက်လာတာကတော့ ဟုတ်ပါပြီ။ သူတို့ကိုတွေ့ရင် ဘယ်လိုလုပ်မှာလဲ”

အင်ဘိုင်ဝူ စိုးရိမ်နေသည်။ သူတို့က သူတို့ရဲ့ ဆရာကို အကြောင်းကြားသင့်သည်။

“ ခရီးသွားဖို့ မြို့အပြင်ထွက်လာတယ်လို့ သဘောထားလိုက်၊ သူတို့ကို သတိပေးသလို ဖြစ်သွားမယ်ဆိုတာ ဘာကို ပြောတာလဲ။ ငါတို့အားလုံးက လူငယ်တွေပဲ။ ငါတို့ကို အစောင့်အကြပ်တွေက ဘာကြောင့် တားမှာလဲ။ ဒါကြောင့် မင်းတို့ကလည်း အပျော်ခရီး ထွက်လာသလို လုပ်တာ ပိုကောင်းတယ်။ အထူးသဖြင့် ရှန်ယွန်ပေါင်ပဲ ၊ အမြဲတမ်း မျက်မှောင်ကြုတ်မနေနဲ့ ”

ထန်ထန်ယုထန်က ညွှန်ကြားလိုက်သည်။

“ဆရာကို ပြောသင့်တယ်လို့ ငါတော့ ခံစားရတုန်းပဲ”

အင်ဘိုင်ဝူကတော့ သူ့တို့ဘာသာ သူတို့လုပ်တာက ကောင်းတဲ့ အကြံမဟုတ်ဘူးလို့ ခံစားနေရတုန်းပဲ”

“ငါတို့ ဒီကို ရောက်နေပြီပဲ၊ အသုံးမဝင်တာတွေကို ပြောမနေနဲ့တော့၊ မြန်မြန်သွားစို့”

ထန်ထန်ယုထန်က သူတို့ကို တိုက်တွန်းလိုက်သည်။ အင်ဘိုင်ဝူက ဆွန်းမိုကို သွားပြောခွင့် မပေးနိုင်ပါ။

ဒီစစ်ဆင်ရေးတွင် ထန်ထန်ယုထန်က သူ့တန်ဖိုးကို သက်သေပြပြီး လုချီဟွာကို ကယ်တင်ကာ ဆွန်းမိုကို အံ့အောသွားအောင် လုပ်ချင်နေသည်။

"ငါက ငါ့ရဲ့ အသက်မွေးဝမ်းကြောင်းအတွက် ဦးနှောက်ကိုအားကိုးတဲ့ သူပါလို့ ပြောခဲ့ပြီးပြီ"

ထန်ထန်ယုထန် နှုတ်ခမ်းထော်ပြီး ပြောလိုက်သည်။

တောထဲတွင် ဆွန်းမိုနှင့်မြေခွေးအိုကြီး ရန်တို့ ဆုံသွားကြသည်။

"ဆရာဆွန်း၊ ဒီမှာငါတို့လူက နည်းနည်းပဲ ရှိတယ်"

မြေခွေးအိုကြီးရန်သည် စကားမပြောတော့ဘဲ တြိဂံမျက်လုံးနဲ့ ကောင်လေးကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်သည်။ (မင်းဘယ်လိုလုပ်တာလဲ၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါတို့မှာ လူနည်းနည်းလေးပဲရှိတာ တာအို ဘုရားကျောင်းထဲကို ဘယ်လို ဝင်မှာလဲ)

“ငါ့တပြည့်က ဘယ်မှာလဲ၊ သူမ အထဲမှာရှိတာ သေချာလား”

ဆွန်းမိုက တာအို ဘုရားကျောင်းကို စိုက်ကြည့်ရင်း မေးလိုက်သည်။ သားဆုပန်ရန် အတွက် လက်ထပ်ထားသော အမျိုးသမီးများ ရှိနေကြသော်လည်း လူက မများပါ။

“ ဖြစ်နိုင်ခြေ များတယ်”

မြေခွေးအိုကြီးရန်က သူ့ရဲ့ သုံးသပ်ချက်တွေကို ပြန်မျှဝေလိုက်သည်။

"မင်းပြောချင်တာ ဒီနေရာက လူကုန်ကူးတဲ့လူတွေရဲ့ အခြေစိုက် စခန်းပေါ့"

လီဇီချီလည်း ရုတ်တရက် အံ့အောသင့်သွားသည်။ နှစ်ပေါင်း ၁,၀၀၀ကျော် အမွေအနှစ်တွေရှိတဲ့ ရှေ့ဟောင်းမြို့ထဲမှာ ဒီလိုညစ်ညမ်းတဲ့နေရာ ရှိမယ်လို့ ဘယ်သူက ထင်မှာလဲ။

"အရမ်း ဖြစ်နိုင်တယ်"

မြေခွေးအိုကြီးရန်က ခေါင်းညိတ် ထောက်ခံလိုက်သည်။

“ငါဝင်ကြည့်လိုက်မယ်၊ မင်းလူတွေကို ခေါ်ပြီးဖြန့်ကျက်ထားပါ ၊ လျှို့ဝှက်လမ်း ဒါမှမဟုတ် တစ်ခုခု ရှိမရှိ စစ်ဆေးကြည့်လိုက်အုံး”

ဆွန်းမိုက သူ စပြီးတိုက်ခိုက် လိုက်လျှင် ရန်သူများက လျှို့ဝှက်လမ်းကြောင်းက လွတ်မြောက်သွားမှာကို စိုးရိမ်နေသည်။

“ဆရာဆွန်း၊ ဒီတောင်ကြီးကို စစ်သားတွေနဲ့ ဝိုင်းဝန်းပိတ်ဆို့ထားတာ ပိုကောင်းမယ်လို့ အကြံပေးချင်တယ်၊ ဒီနည်းနဲ့ဆိုရင် ဘယ်သူမှ မလွတ်မြောက်နိုင်တော့ဘူး ”

မြေခွေးအိုကြီး ရန်က အကြံပေးလိုက်သည်။

“အချိန်အရမ်းယူရတယ်”

ဆွန်းမို မျက်မှောင် တော်တော် ကြုတ်နေသည်။ လုချီဟွာက မိန်းကလေး တစ်ယောက်ပါ။ ဒီအချက်ကြောင့် လူကုန်ကူးတဲ့ တွင်းထဲနေနေရတာ

တစ်စက္ကန့်ဆိုရင် ဆိုသလောက် တစ်စက္ကန့်စာ အန္တရာယ် များနေသည်။

“ငါ့တံဆိပ်ပြားကို ယူပြီး ချင်လင်မြို့ အုပ်ချုပ်ရေးရုံး ကိုသွားလိုက်၊ ပြီးတော့ အုပ်ချုပ်ရေးတပ်တွေကို စေလွှတ်ဖို့ အမိန့်ပေးလိုက်”

လီဇီချီက ရွှေရောင် တံဆိပ်ပြားကို ထုတ်ပြီး မြေခွေးအိုကြီးရန်ကို ပေးလိုက်သည်။

မြေခွေးအိုကြီးက လက်နှစ်ဖက်ကို ဆန့်ပြီး တုန်တုန်ယင်ယင်နဲ့ ယူလိုက်သည်။ ကြောက်လို့တော့

မဟုတ်ပါ။ အရမ်းစိတ်လှုပ်ရှားနေလို့ ဖြစ်သည်။ ဒီတစ်ခါ တကယ် သြဇာညောင်းတဲ့လူကို တွယ်ကပ်နိုင်ပြီ။

ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ချင်လင်မြို့ရဲ့ အဆင့်အမြင့်ဆုံး အရာရှိ ဖြစ်သည်။ သူ့အရှေ့က ကောင်မလေးကတော့ ရွှေရောင် တံဆိပ်လေးပေးပြီး စစ်သားတွေစုစည်းဖို့ အမိန့်ပေးနေသည်။ ဘယ်လောက်တောင် အံ့အောဖို့ ကောင်းလဲ။

“အဖန် မင်းသွားလိုက်”

မြေခွေးအိုကြီးရန်က တြိဂံမျက်လုံးနဲ့ ကောင်လေးကို တံဆိပ်ပြား လွှဲပေးလိုက်သည်။ သူလည်း ဒီလို မလုပ်ချင်ပေမယ့် ရွေးချယ်စရာ မရှိပါ။ လီဇီချီဘေးတွင် နေရအုံးမည်။

သူမဖြစ်ချင်တာကို အောင်မြင်အောင် လုပ်ပေးနိုင်ပါက သူဖြစ်ချင်တာလဲ ဖြစ်လာလိမ့်မည်။

“သားတို့ရေ၊ မင်းတို့က အရာရှိရဲ့သားတွေ သမီးတွေ ဖြစ်လာမလားဆိုတာ ဒီနေ့ မင်းအဖေရဲ့ အရည်အချင်း အပေါ် မူတည်နေပြီ”

မြေခွေးအိုကြီးရန်က ရှိသမျှ ထုတ်သုံးဖို့ ဆုံးဖြတ်လိုက်သည်။

"ကျန့် ကလန်ရဲ့ ခြံထဲကိုသွားပြီး သခင်ကြီးကျန့်ကို ဒီကိစ္စ အကြောင်းကြားပေးပါအုံး"

ဆွန်းမိုက ခိုင်းလိုက်သည်။

"ကောင်းပြီ"

တြိဂံမျက်လုံးနဲ့ ကောင်လေးသည် ဘယ် ကျန့်အိမ်တော်လည်းဆိုတာ မေးစရာမလိုတော့ပါ။ ဒါက ချင်လင်တစ်မြို့လုံးတွင် အကျော်ကြားဆုံး

ဝန်ကြီးချုပ်ဟောင်း ကျန့်ချင်ဖန်ရဲ့ အိမ်တော်ဖြစ်သည်။

သို့သော် သူအနည်းငယ် ကြောက်လန့်နေသည်။ သူ အဲဒီနေရာတွေကို ဝင်ဖို့နေနေသာသာ ဩဇာကြီးမားတဲ့နေရာတွေရဲ့ အနီးအနားကို မသွားရဲပါ။ တကယ်လို့ ဖမ်းမိသွားရင် သေတဲ့အထိ အရိုက်ခံရနိုင်သည်။

"မြန်မြန်သွား" မြေခွေးအိုကြီး ရန်က တိုက်တွန်းလိုက်သည်။ ထို့နောက် သဘောကျတဲ့စိတ်နဲ့ ဆွန်းမိုကို အကဲခတ်လိုက်သည်။

အလုပ်ဝင်ခါစ ဆရာတစ်ယောက်အနေနဲ့ လီဇီချီလို ကျောင်းသားမျိုးကို တပြည့် အဖြစ်ခေါ်နိုင်တာ အရမ်းအံ့အောဖို့ကောင်းတယ်လို့ ထင်မြင်လာသည်။ အနာဂတ်တွင် ဘယ်လောက်တောင် ကြီးမြတ်လာမှာလဲ။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြေခွေးအိုကြီးရန်၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၁၁၀/၁,၀၀၀)

ညွှန်ကြားချက် ပေးပြီးနောက် ဆွန်းမိုသည် တောထဲက ထွက်လာခဲ့သည်။ သို့သော်လည်း ခြေလှမ်း အနည်းငယ် လှမ်းပြီးနောက် အံ့အောသင့်သွားသည်။ ရှန်ယွန်ပေါင်တို့ အုပ်စု သူ့အရှေ့က ပေါ်လာသောကြောင့် ဖြစ်သည်။

"ဆရာ"

အင်ဘိုင်ဝူက အရမ်းဝမ်းသာသွားပြီး မြင်မြင်ခြင်းဘဲ ပြေးသွားလိုက်သည်။

ထန်ထန်ယုထန်ကတော့ စကားမပြောနိုင်ဖြစ်နေသည်။ (ငါ့တန်ဖိုးကို သက်သေပြမယ့်အခွင့်အရေးက ဘယ်လိုဖြစ်သွားတာလဲ၊ ဆွန်းမိုရောက်နေပြီဆိုတော့ အားလုံး ရှုပ်ကုန်ပြီ)

"မင်းတို့ ဘာကြောင့်လာတာလဲ"

ဆွန်းမိုက သုန်မှုန်နေသောမျက်နှာနဲ့မေးလိုက်သည်။

"ယုထန်က ငါတို့ကို ခေါ်လာတာ"

အင်ဘိုင်ဝူက တွေဝေမနေဘဲ ထန်ထန်ယုထန်ကို ချက်ခြင်း သစ္စာဖောက်လိုက်သည်။

"သွားပြီးပုန်းနေလိုက်"

ဆွန်းမိုက သူ့ကျောင်းသားတွေ အန္တရာယ်ဖြစ်မှာ အရမ်း စိုးရိမ်နေသည်။

"ဆရာ မင်းက လမ်းလျှောက်ဝင်ပြီး တိုက်ခိုက်မှာလား၊ ငါတို့ တိတ်တဆိတ်ခိုးဝင်ပြီး လုချီပွာရဲ့ ခြေရာလက်ရာ ရှာနေတဲ့အချိန် အရှေ့က အာရုံလွှဲထားပါလား"

ထန်ထန်ယုထန်က အကြံပြုလိုက်သည်။

"မင်း လုပ်ချင်တာတွေကို ရပ်လိုက်တော့"

ဆွန်းမို က သတိပေးလိုက်သည်။

"မင်းတို့အားလုံး တိတ်တိတ်လေး သွားပုန်းနေကြ ဒီလိုမှမဟုတ်ရင် အိမ်တွင်းဥပဒေ အသုံးချလို့ ငါ့ကို အပြစ်မတင်နဲ့"

ထန်ထန်ယုထန်က ရှန်ယွန်ပေါင်ကို လှည့်ကြည့်လိုက်ပြီး

"ငါတို့မှာ အိမ်တွင်း ဥပဒေ ရှိလား"

"မကြားဖူးဘူး"

ရှန်ယွန်ပေါင်က အလေးနက်ထားပြီ ပြန်ဖြေသည်။

“ပြဿနာရှာတဲ့ ကောင်ကတော့”

လီဇီချီ မကျေမနပ်ဖြစ်သွားသည်။ ထန်ထန်ယုထန်သည် အရမ်းပြဿနာ ရှာလွန်းသည်။ တကယ်လို့ ဒီမေးခွန်းကို ချန်လုံ ဒါမှမဟုတ် အင်ဘိုင်ဝူတို့ကို မေးပါက သူတို့ ပြန်ဖြေကြမည် မဟုတ်ပါ။ သို့သော်လည်း တိုက်ခိုက်ဖို့ကလွဲပြီး ဘာမှမသိတဲ့ ဦးနှောက်ကြွက်သားပြည့်နေတဲ့ ရှန်ယွန်ပေါင်ကို

မေးခဲ့သည်။ ထန်ထန်ယုထန်က ဆွန်းမိုကို လှောင်ပြောင်နေတာလဲ သူမသိပါ။

"မင်း....."

ဆွန်းမိုက ဒီဟာသအတွက် စိတ်ထဲ ဘာမှ မခံစားရပါ။

"ဆရာ၊ ကျွန်တော် မှားပါတယ်၊ ဒါပေမယ့် ကျွန်တော် လုချီဟွာကို ရှာနိုင်တယ်"

ထန်ထန်ယုထန်က ဆွန်းမိုကို လှောင်ပြောင်နေသော အမူအရာကို ထိန်းပြီး ပြောလိုက်သည်။

"မင်းဒီလမ်းကို ဘယ်လိုရှာခဲ့တာလဲ"

ဆွန်းမိုက ဒါကို တကယ် သိချင်နေသည်။ ထန်ထန်ယုထန်က ဒီတာအိုဘုရားကျောင်းကို ရှာဖွေရာတွင် အရမ်းမြန်ပြီး အရမ်း ထက်မြတ်လွန်းသည်။

"ငါ့ရဲ့ ခန္ဓာကိုယ် ဖွဲ့စည်းပုံက အားနည်းလွန်းလို့ တစ်နှစ်ပတ်လုံး ဆေးသောက်နေရတယ်၊ ဒါကြောင့် ငါခန္ဓာကိုယ်ကနေ ဆေးအနံ့တွေ စိမ့်ထွက်နေတယ်၊ ပြီးတော့ ဆေးအနံ့ကလဲ အရမ်း တုန့်ပြန်လွယ်တယ်"

ထန်ထန်ယုထန်က ရှင်းပြခဲ့သည်။ "လုချီဟွာနဲ့ ငါက မကြာခဏ စကားပြောဖြစ်တော့ ဒီဆေးအနံ့က သူမဆီ စွဲနေတော့ ငါ့နှာခေါင်းကို အားကိုးပြီး ဒီနေရာကို ရှာခဲ့တာပဲ"

"ဒီကောင်ပြောသွားတာကို တစ်လုံးမှ မယုံဘူး"

လီဇီချီသည် စိတ်ထဲက တိုးတိုးလေး ပြောလိုက်သည်။

အမှန်တော့ ဆွန်းမိုက ဖောင်ယန်ကို ကျောင်းက နှင်ထုတ်လိုက်တာ မြင်ပြီးနောက် သူက

ဆေးမှုန့်တစ်မျိုးကို လီဇီချီနှင့် အခြားသူများပေါ် အခွင့်ရေးရှာပြီး လိမ်းပေးထားခဲ့သည်။

လုချီဟွာနှင့် အင်ဘိုင်ဝူကတော့ သူ့အထူးအလေးပေးပြီး ဂရုစိုက်သော နှစ်ယောက်ဖြစ်သည်။

သိသိသာသာပဲ လီဇီချီတွင် ထင်ရှားသော နောက်ခံရှိသည်။ ဇောင်ယန် လက်စားခြေဖို့ ရှာဖွေရင်တောင် သူမကို မရွေးချယ်နိုင်ပါ။ ရှန်ယွန်ပေါင်နှင့် ချန်လုံတို့ကတော့ ကိုင်တွယ်ရခက်တဲ့ အမှိုက်တွေဖြစ်သည်။ သူတို့ကို

သတ်ပစ်တာပဲဖြစ်ဖြစ် ၊ ရိုက်ချိုးတာပဲဖြစ်ဖြစ် စိတ်ဝင်စားစရာ မရှိပါ။ ဒါပေမယ့် လုချီဟွာနဲ့ အင်ဘိုင်ဝူအတွက်ကျတော့ မတူပါ။

အထူးသဖြင့် လုချီဟွာကတော့ ဆွန်းမိုနဲ့ အနီးစပ်ဆုံးလို့ သတ်မှတ်နိုင်သည်။ သူသာ တစ်ခုခုဖြစ်သွားရင် ဆွန်းမိုက သေချာပေါက် ဒေါသထွက်ပြီး တစ်သက်လုံး သူ့ကိုယ်သူ အပြစ်တင်သွားနိုင်သည်။

တကယ်လို့ ထန်ထန်ယုထန်သာ

ဧောင်ယန်နေရာမှာဆိုရင် လုချီဟွာကိုပဲ ပစ်မှတ်ထားပြီး ရွေးချယ်မိလိမ့်မည်။

"ဟွန့်၊ ငါက ဦးနှောက် အားကိုးပြီး အသက်ရှင်နေတဲ့လူလို့ ပြောပြီးပြီလေ"

ထန်ထန်ယုထန်က ဘာမှပြန်မပြောသော်လည်း သူ့ကိုယ်သူ ထူးထူးခြားခြား ဂုဏ်ယူနေသည်။ (ကြည့်ပါလား ကြိုတင်ကာကွယ်ခြင်း ကို လုပ်ထားခဲ့တယ်။ ဆွန်းမိုရောက်လာသည့် ကိစ္စကတော့ စိတ်မကောင်းစရာပဲ၊ ဒါကြောင့် အရာရာတိုင်းက မပြည့်စုံတော့ဘူး)

"တကယ်လား"

ရှန်ယွန်ပေါင်က ထန်ထန်ယုထန်ကို စိုက်ကြည့်ရင်း လက်ကို တဖျတ်ဖျတ်ခတ်ကာ အနံ့ခံကြည့်သော်လည်း ဘာအနံ့မှ မရပါ။

ထန်ထန်ယုထန်က ရှန်ယွန်ပေါင်ရဲ့ ခေါင်းကို တွန်းထုတ်လိုက်သည်။

"ဆရာ၊ ဒီနေရာမှာ မင်းနဲ့အတူတူ အစိုးရ အရာရှိတွေလည်း မရှိဘူး၊ သတင်းရောင်းစားတဲ့ လူတွေနဲ့ အတူတူ မင်းနည်းလမ်းအတိုင်း ရှာမှာလား၊ ငါမရောက်ခင် တာအို ဘုရားကျောင်းရဲ့ အကြောင်း

စုံစမ်းထားတယ်။ နှစ်ပေါင်းများစွာကြာနေပြီး သူ့ဂုဏ်သတင်းကလည်း အရမ်းကောင်းတယ်၊ ပြောချင်တာ ဒီလူတွေက လူတွေရဲ့ စိတ်ကို ဘယ်လို လိမ်ရမလည်းသိပြီး အကြိမ်ကြိမ် ကျူးလွန်နေတဲ့ လူတွေပဲ ဒီဘုန်းကြီးတွေက အပြစ်မရှိဘူးဆိုတာ ငါမယုံဘူး”

လီဇီချီသည် ထန်ထန်ယုထန်ကို ကြည့်လိုက်သည်။ ဒီရောဂါသည်က ဒီလောက် ဉာဏ်ကောင်းမယ်လို့ မထင်ထားခဲ့မိပါ။

“ကျွန်တော့် အစီစဉ်ကတော့ ဆရာနဲ့ ဇီချီက ကိုယ်ကျင့်တရား ကျင့်ဝတ် ဖောက်ဖျက်တဲ့ ကလေးလိုချင်တဲ့စုံတွဲတွေလို သရုပ်ဆောင်ပြီး ဘုန်းကြီးတွေနဲ့တွေ့ဖို့ ကြိုးစားကြည့်ပါလား။ ပြီးတော့ ရှန်ယွန်ပေါင်က ‘ဆွန်းမို မင်းက အမှိုက်’လို့ အကျယ်ကြီးအော်ပြီး ဝမ်းနည်း ပူဆွေးနေသလို သရုပ်ဆောင်ရမယ်။”

ထန်ထန်ယုထန်က အခြားသူများကို ဂရုမစိုက်ဘဲ သူ့အစီအစဉ်များကို မျှဝေလိုက်သည်။

“အဲဒီအချိန်ရောက်ရင် ဘုန်းကြီးက သေချာပေါက် အံ့အောတုန်လှုပ်နေလိမ့်မယ်၊ ဆရာက ဓါးမြှောင်ကို ဆွဲထုတ်လိုက်ပြီး သူ့နှလုံး တည့်တည့်ကို ထိုးလိုက်။”

ထန်ထန်ယုထန် ဒီလိုပြောနေရင်း လက်ကိုမြှောက်ပြီး သရုပ်ပြလိုက်သေးသည်။

“ပြင်းပြင်းလေးထိုးပြီး သူ့အသက်ကို တချက်တည်းနဲ့ ယူရမယ်”

“ငါ့ကို ဇီချီလို့ မခေါ်နဲ့ ပညာသင်ဘက် အမကြီးလို့ခေါ်”

ဆရာနဲ့ စုံတွဲတွေလို သရုပ်ဆောင်ရမည့် အစီအစဉ်က မဆိုးဘူးလို့ လီဇီချီ ခံစားမိသည်။ ပထမဆုံးအကြိမ်အနေနဲ့ ထန်ထန်ယုထန်မှာ ကောင်းတဲ့အခြမ်းရှိတယ်လို့ သိလိုက်ရသည်။

“ကောင်ပြီလေ ဇီချီ”

ထန်ထန်ယုထန်က သူနားလည်ကြောင်း အမူအရာ ပြလိုက်သည်။

လီဇီချီသည် သူမစိတ်ထဲက အမှတ်ကောင်းလေး ပေးနေတာကို ပြန်ဖြုတ်ချရန် ဆုံးဖြတ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“တာအိုဝါဒ ဘုရားကျောင်းရဲ့ ဘုန်းကြီးတွေက အပြစ်ကင်းနေရင် ဘယ်လိုလုပ်မလဲ”

တချိန်လုံး တိတ်ဆိတ်နေတဲ့ ချန်လုံက မျက်နှာငယ်လေးနဲ့ မေးလိုက်သည်။

ဝူရှ်

လူတိုင်းရဲ့အကြည့်တွေက သူ့ဆီ ရောက်သွားသည်။ (အိုး၊ အမြဲတမ်း လူသေတစ်ယောက်လို အမူအရာနဲ့ မင်းက ဒီလောက် ကြင်နာတတ်လာလိမ့်မယ်လို့ မထင်ထားမိဘူး)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျွန်တော်က ပညာသင်ဘက် အမအကြီးဆုံးရဲ့ ဘေးကင်းလုံခြုံမှုကိုလည်း တကယ်စိုးရိမ်ပါတယ်၊ တောင်းပန်တာထက် ဘေးကင်းတာက ပိုကောင်းတယ်လို့ ထင်တယ် "

ချန်လုံလည်း လူတိုင်းက ဝိုင်းကြည့်နေကြသဖြင့် ဖိအား အများကြီး ခံစားလိုက်ရသည်။

"လူ့ဘဝကလည်း အရမ်းတန်ဖိုးရှိတယ် သူ့မှာလည်း မိသားစု ရှိတယ်လေ ၊ တကယ်လို့ သူသေသွားရင် သူ့မိန်းမနဲ့ ကလေးတွေ အားကိုးရာမဲ့သွားလိမ့်မယ်"

"မစိုးရိမ်ပါနဲ့ ဘုန်းကြီးတွေက အိမ်ထောင်မပြုဘူး၊ ဒါကြောင့် သူသေသွားရင်တောင် ဝမ်းနည်းမဲ့သူမရှိဘူး"

ထန်ထန်ယုထန်က နှစ်သိမ့်လိုက်သည်။

ချန်လုံလည်း ဆွံ့အသွားသည်။ (ငါက ဒီလိုပြောချင်တာ မဟုတ်ဘူး)

"ငါက ဘာလို့ သရုပ်ဆောင်ရမှာလဲ ချန်လုံမင်းလည်းလုပ်နိုင်တယ် မဟုတ်လား "

ရှန်ယွန်ပေါင် မကျေမနပ်ဖြစ်နေသည်။ သူက မာနကြီးပြီး လှံပညာမှာ နံပါတ်တစ်ဖြစ်လာမည့်သူ ဖြစ်သည်။

“ချန်လုံ အဲဒါက မင်းနဲ့ ပိုသင့်တော်တယ်လို့ ငါထင်တယ်”

အင်ဘိုင်ဝူကလည်း သဘောတူကြောင်း ထောက်ခံသည်။ ရှန်ယွန်ပေါင်သည် ဦးနှောက် ခြောက်သွားနဲ့ ပြည့်နေပြီး ဘယ်လိုသရုပ်ဆောင် ရမလဲဆိုတာ မသိတာ သေချာသည်။ အဲဒီအချိန်ကျရင် အကုန်လုံးပေါ်သွားနိုင်သည်။ ပြီးတော့ ချန်လုံက

အကျင့်ပျက်တဲ့သူတစ်ယောက်နဲ့ တူနေသည်။ သို့သော်လည်း ဒါကိုတော့ သူမ ထုတ်မပြောပါ။ သူ့မာနကို ထိခိုက်သွားနိုင်သည်။

"ဟားဟား ၊ ပညာသင်ဘက်အစ်ကို ချန်လုံက အရမ်းသွက်လက်တယ်၊ သူက ငါနဲ့အတူတူ သွားမယ်"

ထန်ထန်ယုထန်က ရှင်းပြသည်။ "ရှန်ယွန်ပေါင် သရုပ်ဆောင်စွမ်းရည်က နည်းနည်းဆိုးနိုင်ပေမယ့် တိုက်ခိုက်ရေး စွမ်းရည်က မြင့်မားတယ်။ သူက ဇီချီကို ကာကွယ်ပေးနိုင်တယ်"

"ငါ့ကို ပညာသင်ဘက် အစ်မကြီးလို့ ခေါ်ဖို့ ပြောထားတယ်နော်"

လီဇီချီက ဝင်ပြင်ပေးသည်။

"ကောင်းပြီလေ လီဇီချီ"

ထန်ထန်ယုထန်က ဆက်ရှင်းပြသည်။

"ပြီးတော့ ရှန်ယွန်ပေါင် က 'ဆွန်းမို၊ မင်းက အမှိုက်၊ ကြောက်စရာကောင်းတဲ့ သေခြင်းမျိုးနဲ့ ထိုက်တန်တယ်လို့' ကြွေးကြော်ကာ ရုတ်ရုတ်သဲသဲဖြစ်အောင် သရုပ်ဆောင်နေတဲ့အချိန် ဆရာက ဘုန်းကြီးကို ခါးနဲ့ထိုးသတ်ရမယ်။ ဆရာရဲ့

တိုက်ခိုက်မှုက မရက်စက်ခဲ့ရင်တော့ ရုန်းရင်းဆန်ခတ် တိုက်ပွဲဝင်ရမှာပေါ့”

လီဇီချီလည်း ထန်ထန်ယုထန်ရဲ့ အစီအစဉ်က မဆိုးဘူးလို့ ဝန်ခံပါသည်။ ဒါပေမယ့် ဒီကျိန်ဆဲတဲ့ စကားက ဆရာ့ကို အခွင့်အရေးယူပြီး တမင်သက်သက် ပြောနေသလိုပဲ။

ကောင်းပြီလေ ၊ နောက်တစ်ချက် မှတ်ထားရမယ်။

“ကန့်ကွက်စရာ ရှိတယ်”

အင်ဘိုင်ဝူက လက်ထောင်ပြီး ပြောသည်။ “လီဇီချီရဲ့ ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်က

အရမ်းအားနည်းတယ်။ သူမအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမယ်။ ငါပဲ ဇနီးနေရာက သရုပ်ဆောင်လိုက်မယ်”

“မင်း မလုပ်နိုင်ဘူး”

လီဇီချီက ချက်ခြင်း ငြင်းလိုက်သည်။ (ဒီလိုမျိုး အမှတ်အသားဖြစ်တဲ့ ဇာတ်ရုပ်ကို ပညာသင်ဘက် အမအကြီးဆုံးဖြစ်တဲ့ ငါကပဲ သရုပ်ဆောင်သင့်တယ်)

“မင်း မလုပ်နိုင်ဘူး”

ထန်ထန်ယုထန်ကလည်း ခေါင်းခါရင်း ပြောသည်။ လီဇီချီသည် အခုချိန်တွင် ထန်ထန်ယုထန်တွင်

ကောင်းတဲ့ အခြမ်း ရှိသေးပါလားလို့ ခံစားရပြန်နေသည်။ (ကောင်းပြီလေ၊ မင်းက ငါ့ကို ပညာသင်ဘက် အစ်မအကြီးဆုံးလို့ မခေါ်လည်း စိတ်မဝင်စားတော့ဘူး)

စိတ်ထဲမှာ အမှတ်တစ်ခု ပေးလိုက်သည်။

“ဘာဖြစ်လို့လဲ”

အင်ဘိုင်ဝူက ဒါကို လက်မခံချင်ပါ။

“မင်းက သဘာဝအရကို တဲ့တိုးသမား၊ မင်းက ရည်မှန်းချက်ကြီးပြီး မွဲခြောက်ခြောက် ဘဝကို လက်မခံနိုင်ဘူးဆိုတာ တစ်ချက်ကြည့်ရုံနဲ့

ထင်ရှားနေတယ်။ ကလေးရဖို့ ဆုတောင်းမှာလား ၊ မင်းမှာ ဒီလို မိခင်စိတ် မရှိဘူး”

ထန်ထန်ယုထန်က ရှင်းပြသည်။

“တောက်၊ ငါ့ရဲ့အတွင်းစိတ်ထဲမှာ ပျော့ညံ့တဲ့ ပင်ကိုယ် စရိုက်ရှိတယ်ဆိုပြီး လှောင်ပြောင်နေတာ ငါမသိဘူးထင်နေတာလား”

လီဇီချီ ပါးစပ်တလှုပ်လှုပ် ဖြစ်နေသည်။ ဒီလိုလုပ်လို့ မဖြစ်ဘူး။ စောစောကပေးခဲ့တဲ့ အမှတ်ကို ပြန်သိမ်းရမယ်။

အင်ဘိုင်ဝူလည်း ငြိမ်ကျသွားသည်။

ထန်ထန်ယုထန်က ကျေနပ်စွာ လှည့်ပတ်ကြည့်လိုက်သည်။ ထို့နောက် ဆွန်းမိုကို ကြည့်လိုက်ပြီး "ဆရာ၊ ဘယ်လိုထင်လဲ"

သူတို့သည် မတုံးကြပါ။ ဒါကြောင့်လည်း အကုန်လုံးက ထန်ထန်ယုထန်ရဲ့ ရည်ရွ္ယ်ချက်ကို မငြင်းပယ်ခဲ့ကြပါ။

ဒီဘုန်းတော်ကြီးသည် လူကုန်ကူးတဲ့ အဖွဲ့ခေါင်းဆောင် ဖြစ်ဖို့ ဖြစ်နိုင်ခြေ အရမ်းများနေသည်။ သူ့ကိုအရင်ဆုံး လုပ်ကြံနိုင်ခဲ့ရင် အားလုံး ဝရုန်းသုန်းကား ဖြစ်သွားမှာ သေချာသည်။

သူတို့က ရန်သူကို အာရုံ လွှဲထားတဲ့အချိန်တွင် ထန်ထန်ယုထန်က ဒီလိုဝရုန်းသုန်းကား ဖြစ်နေတဲ့ အခွင့်အရေးကိုယူကာ လုချီဟွာကို ကယ်တင်မည်။

ရန်သူအရမ်းများလို့ ဘုရားကျောင်းက ထွက်မပြေးနိုင်ရင် ဘယ်လို ဖြစ်မလဲ။ ဘာကြောင့်ပြေးနေတော့မှာလဲ ရန်သူအားလုံးကို သတ်လိုက်မှာပေါ့။

လီဇီချီမှလွဲရင် ထန်ထန်ယုထန်နှင့် ကျန်တဲ့သူများသည် အဲဒီလို တွေးနေကြသည်။

“မင်းက လုချီဟွာကို ရှာတွေ့မယ်ဆိုတာ သေချာလား”

ဆွန်းမိုက အသက်ခပ်ပြင်းပြင်း တစ်ချက်ရှူရင်း မေးလိုက်သည်။ ဒီအစီအစဉ်ကို လက်ခံလိုက်တာနဲ့ သူ့ကျောင်းသားငါးယောက် အသက် အန္တရာယ် စွန့်စားရမှာ သူသိနေသည်။

“အများဆုံး ၁၀ မိနစ်ပဲ”

ထန်ထန်ယုထန်က အခိုင်အမာ ပြောလိုက်သည်။

"ဆရာ၊ မြန်မြန်ဆုံးဖြတ်ချက် ချလိုက်ပါ၊ အချိန်ဆွဲလေလေ အန္တရာယ်များလေလေ ဖြစ်နေမယ်"

လီဇီချီက တိုက်တွန်းလိုက်သည်။

"ကောင်းပြီလေ၊ ငါတို့ လုပ်ကြတာပေါ့၊ ဒါပေမယ့် အန္တရာယ်ရှိလာရင် ချက်ခြင်း ပြန်ဆုတ်ရမယ်။ မင်းတို့ရဲ့ လုံခြုံရေးက ဦးစားပေးပဲ"

ဆွန်းမို စိတ်ထဲတွင် ထန်ထန်ယုထန်က ရှူးကြောင်ကြောင်နိုင်ပေမယ့် ဒီအစီအစဉ်ကတော့ တကယ် ပြည့်စုံသည်။ ကျန်တာကတော့

ကျောင်းသားတွေရဲ့ အခန်းကဏ္ဍအပေါ် မူတည်နေသည်။

"သွားရအောင်"

ထန်ထန်ယုထန် ချက်ခြင်းအော်လိုက်ပြီး ချန်လုံနဲ့ အင်ဘိုင်ဝူကို ဦးဆောင်ကာ လမ်းဘေးကတောထဲဝင်သွားသည်။ သူတို့ရဲ့ ရှာဖွေရေးလုပ်ငန်းစဉ်ကို စတင်လိုက်သည်။

"သွားကြစို့"

ဆွန်းမိုကလည်းအစီအစဉ်ရဲ့ ဟာကွက် ဖြစ်နိုင်ခြေတွေကို စစဉ်းစားနေသည်။

"လူတိုင်း အရမ်းတော်တယ်"

လီဇီချီ အရမ်းစိတ်လှုပ်ရှားနေသည်။ ထန်ထန်ယုထန်က ရယ်စရာတစ်ခုခု တွေ့လိုက်သလို ပြုံးနေမှန်း သူမ သိသည်။ ရှန်ယွန်ပေါင်ကတော့ တိုက်ပွဲဝင်ရတော့မှာ ဖြစ်သဖြင့် အရမ်း စိတ်လှုပ်ရှားနေသည်။ ချန်လုံက အမူအရာ ကင်းမဲ့နေသည်။ လုံးဝ မကြောက်တတ်သလို ဖြစ်နေသည်။

အင်ဘိုင်ဝူကတော့ နှုတ်ခမ်းကိုက်ထားပြီး ဆုံးဖြတ်ချက် ခိုင်မာတဲ့ အကြည့်နဲ့ ဖြစ်နေသည်။

လုချီပွာကို ရှာမတွေ့မခြင်း လုံးဝ လက်လျှော့မှာ မဟုတ်ပါ။

“ဒီလိုမဖြစ်စေရဘူး၊ ပညာသင်ဘက် အစ်မအကြီးဆုံးအနေနဲ့ သူတို့ကို အဆုံးရှုံး မခံနိုင်ဘူး”

လီဇီချီက ခြေလှမ်းကို အနည်းငယ် မြန်အောင်လျှောက်ပြီး ဆွန်းမိုကို လှမ်းကိုင်လိုက်သည်။ ခဏအကြာတွင် အနာဂတ်အတွက် မျှော်လင့်ချက်များနဲ့ပြည့်နေပြီး စိတ်လှုပ်ရှားတဲ့ ပုံစံ လုပ်လိုက်သည်.

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတစ်ယောက်ကို ချစ်မိသွားပြီး သူတို့ရဲ့ အချစ်ရေးက ဆိုးဆိုးဝါးဝါး အဆုံးသတ်သွားမှာကို စိုးရိမ်နေသည့် နူးညံ့သိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက် ပုံစံက ရှန်ယွန်ပေါင် မျက်လုံးထဲ ရောက်သွားသည်။

ရှန်ယွန်ပေါင် အရမ်းအံ့အားသွားသည်။ သူ့ အမေပြောတာ မှန်နေ၏။ မိန်းကလေးတွေကို ဘယ်လိုပြောပြော မယုံကြည်သင့်ပါ။ သူတို့ဆီက ဘယ်လို အမူအရာပဲ ဖြစ်ဖြစ် ရှန်ယွန်ပေါင်ကတော့ မယုံပါ။

အခုလောလောဆယ်တော့ လီဇီချီက အရမ်းတော်တဲ့ သရုပ်ဆောင် တစ်ယောက် ဖြစ်နေသည်။

ဆွန်းမိုသည် တာအိုဝါဒ ဘုရားကျောင်းထဲကို ရောက်တာနဲ့ ခြံဝန်းကို တံမြက်စည်းလှဲနေသည့် တာအို လူငယ်တစ်ယောက်ကို မြင်လိုက်သည်။ နတ်ဘုရားမျက်စိကို ဖွင့်လိုက်တာနဲ့ အနီရောင် မှတ်ချက် ပေါ်လာသည်။

"လူကုန်ကူးသူ။ အပြင်ပန်း သရုပ်ဆောင်မှု အရမ်းကောင်းတယ်။ သူ့ရဲ့ အပြင်ပန်း ဟန်ဆောင်မှုတွေကို သတိထားပါ"

တာအိုလူငယ်က လီဇီချီနှင့် ဆွန်းမိုတို့ကို မြင်လျှင် အပြုံးချိုချိုလေးပြုံးကာ ဦးညွတ်ပြပြီး တံမြက်စည်း ဆက်လှည်းနေသည်။ သူကငယ်ရွယ်သော်လည်း လောကီနဲ့ကင်းကွာပြီး အေးချမ်းတည်ငြိမ်တဲ့ အရိပ်အမြွက် မြင်နေရသည်။

ဒီတာအို လူငယ်လေးသည် အရမ်းချောပြီး သန့်ရှင်းသပ်ရပ်သော ဘုန်းကြီး ဝတ်စုံနဲ့ အရမ်းကို နူးညံ့ သိမ်မွေ့နေသည်။

ဆွန်းမို လမ်းလျှောက်ရင်း တွေ့သမျှ ဘုန်းကြီးတွေကို သတိထား ကြည့်လိုက်သည်။ မျက်နှာ သုန်မှုန်သွားသည်။ သူတို့တော့ လူကုန်ကူးသူတွေရဲ့ တွင်းကို ရောက်နေပြီ။

ဘယ်သူမှတော့ မမှားပါ။

ဆွန်းမိုက လီဇီချီ၏ နားရွက်နားကပ်ပြီး အသံတိုးတိုးလေးနဲ့ သတိပေးလိုက်သည်။

"သတိထား၊ အားလုံးက လူကုန်ကူးတဲ့သူတွေ ချည်းပဲ"

လီဇီချီ ရှက်သွေးဖြာသလို မျက်နှာ နီသွားပြီး ဆွန်းမို လက်မောင်းကို တင်းတင်းကြပ်ကြပ်ဖက်ကာ ပို ရင်းရင်းနီးနီး နေလိုက်သည်။ ဒါကို ဘုန်းကြီးတွေ မြင်ဖို့ မခက်ပါ။

လီဇီချီက ရွှေရွက်ဆယ်ရွက်ကို ထုတ်လိုက်ပြီး အမွေးတိုင်နဲ့ ဖယောင်းတိုင်ကို ဝယ်လိုက်သည်။ ထို့နောက် သုံးပါးသန့်ရှင်းဘုရားကျောင်းထဲက နတ်ပလ္လင်ကို ဟန်ဆောင် ဆုတောင်းခဲ့သည်။ သူမက

ခြေလှမ်းကို အရှိန်လျှော့လိုက်ပြီး ဆွန်းမိုကို တီတီတာတာပြောရင်း ရှုခင်းများကို သဘောကျသလို လုပ်နေသည်။

သုံးမိနစ်တောင် မကြာလိုက်ပါ။ လူလတ်ပိုင်း အမျိုးသားကြီး တစ်ယောက်ပေါ်လာသည်။

"ငါက တာအိုဝါဒ ဌက်ဖြူ၊ သုံးပါးသန့်ရှင်း ဘုရားကျောင်းရဲ့ အကြီးအကဲ ဘုန်းကြီးပါ "

တာအိုဌက်ဖြူသည် အရမ်းဖော်ရွေပုံ ရသည်။

"မင်းတို့ရဲ့ မျက်နှာပုံစံဖတ်ရတာ နှစ်ယောက်စလုံး ပြဿနာအကြီးကြီး တက်နေတယ်လို့ အာရုံရတယ်"

“မင်္ဂလာပါ၊ ဆရာတော်”

လီဇီချီက ဦးညွှတ်ပြီး အရိုအသေ ပေးလိုက်သည်။ ဒါပေမယ့် စိတ်ထဲမှာ ဘယ်လိုမှ မနေပါ။ ရွှေရွက်ဆယ်ရွက်ရဲ့အစွမ်းက အရမ်း အစွမ်းထက်နေသည်။ ဒီကောင်ထွက်လာဖို့ ဆယ်မိနစ်ကျော်မယ် တွက်ထားခဲ့သည်။

“ဘုန်းတော်ကြီး”

ဆွန်းမိုက တွေဝေနေတဲ့ ပုံစံ ဖြစ်နေသည်။

“ဆရာ”

လီဇီချီက လှမ်းခေါ်ပြီး ဆွန်းမို လက်ကို ဆုပ်ကိုင်လိုက်သည်။

တာအိုဌက်ဖြူရဲ့ နားရွက်များ တုန်သွားသည်။ သူက နတ်ဘုရား ခွန်အားအဆင့်ကို ရောက်နေတဲ့ ကျွမ်းကျင်တစ်ယောက်အနေနဲ့ ခြင်တစ်ကောင်ရဲ့ သေးငယ်တဲ့ အော်သံတောင် သူ့နားက မလွတ်ပါ။

ဒီမိန်းကလေး တကယ် သတ္တိရှိတယ်လို့ ပြောနိုင်သည်။

တာအိုဌက်ဖြူက လီဇီချီကို ခြေရောလက်ပါ မကျန် အကဲခတ်လိုက်သည်။ သူမရင်ဘက်များသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သေးငယ်သော ပိုက်ဆံအိတ်နဲ့ တူနေသော်လည်း သူမရဲ့ မျက်နှာက လုံးဝန်းပြီး အရမ်းထူးကဲနေသည်။ ပြီးတော့ စိတ်နေသဘောထားနဲ့ ရက်ရောမှုကြောင့် ဩဇာကြီးတဲ့ မိသားစုက ဆင်းသက်လာတဲ့သူ ဖြစ်နိုင်သည်။

တာအိုဌက်ဖြူသည် အမျိုးသမီးပေါင်း များစွာကို ရောင်းချပြီးပါပြီ။ ဒါကြောင့် ဒီမိန်းကလေးက အရမ်း အရည်အသွေးကောင်းတယ်လို့ ပြောနိုင်သည်။ သို့သော်လည်း ရောင်းစားဖို့ ပြန်ပေး မဆွဲရဲပါ။ ဒီလိုမှ မဟုတ်ရင် သူဒုက္ခ ရောက်သွားနိုင်သည်။

ဒါပေမယ့် ကိစ္စမရှိပါ။ ဒီလိုမိန်းကလေးမျိုးက အကောင်းဆုံး ကြောင်ပြောပဲ ဖြစ်သည်။ ဒါကပဲ သူမရဲ့အကြီးဆုံး တန်ဖိုးဖြစ်နေသည်။

“မြင့်မြတ်တဲ့ မိသားစုက လမ်းချော်လာတဲ့ လူငယ်တစ်ယောက်က ငါတို့ သုံးပါးသန့်ရှင်း ဘုရားကျောင်းကို ကိုးကွယ်လာလျှင် အိမ်ထောင်သည် အမျိုးသမီးများက နတ်ဆိုး လိုဏ်ဂူကို သံသယ မဝင်နိုင်တော့ပါ။

“ဒီနေ့တော့ ဒီငါးကို သေချာပေါက် ဖမ်းရမယ်’

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တာအိုဌက်ဖြူသည် သူ့ရဲ့လောဘနဲ့ အာရုံပျံ့လွင့်မှုကို ထိန်းချုပ်လိုက်ပြီး လောကီနဲ့ ပိုကင်းဝေးလာတဲ့ ပုံစံ ဖြစ်လာသည်။ ဒုက္ခက လွတ်မြောက်နေတဲ့ သက်ရှိ ဘုရားလောင်းနဲ့ တူနေသည်။ ဆွန်းမိုကလည်း စိတ်ဒွိဟ ဖြစ်နေတဲ့ ပုံစံဟန်ဆောင်ထားပြီး သူ့ရဲ့သရုပ်ဆောင် စွမ်းရည်ကို ပြလိုက်သည်။ သို့သော်လည်း နတ်ဘုရားမျက်စိကို အသက်သွင်းလိုက်သည်။

ဖန်ဘိုင် - အသက် ၄၅နှစ်။

နတ်ဘုရား ခွန်အား ဒုတိယ အဆင့်။

ကြံခိုင်မှု - ၃၇။ အဆင့်ကျော်တက်လာသဖြင့် ခွန်းအား ဆုတ်ယုတ်နေသည်။

ဒါကို မြင်လိုက်လျှင် ဆွန်းမိုမျက်ခုံးက တဆက်ဆက် တုန်လာသည်။ သူ ခွန်အား ဆုတ်ယုတ်နေရင်တောင် ဆွန်းမိုကို အကြိမ်ကြိမ် သတ်နိုင်သေးသည်။

ဒါပေမယ့် ဒါကလည်း ပုံမှန်ပါ။ ကျင့်ကြံခြင်း နယ်ပယ် ပိုမြင့်လာတာနဲ့ အမျှ ကျင့်ကြံဖို့ ပိုခက်လာသည်။ ပြီးတော့ တစ်ဦးခြင်း တိုက်ပွဲ စွမ်းရည်ကလည်း အဆများစွာ တိုးတက်လာမည်။

ဥာဏ်ရည် - ၄၆။ ပါးနပ်ပြီးဥာဏ်ကောင်းသည်။ မကောင်းမှုမျိုးစုံကို ကျူးလွန်နေသော်လည်း လွတ်မြောက်အောင် ရှောင်ပြေးနိုင်ခဲ့သည်။ မြေခွေးအိုကြီးလို့ ပြောနိုင်သည်။

သွက်လက်မှု - ၅၀။ ထွက်ပြေးခြင်းက သူ့ရဲ့ အရည်အချင်းပဲ။

ခံနိုင်ရည် - ၄၇။ အမျိုးသမီးပေါင်း များစွာနဲ့ အိပ်ခဲ့သဖြင့် ခါးရိုးပျော့နေသည်။ မိန်းမ ဗိုက်အောက်တွင် အနေးနဲ့ အမြန် သေးဆုံးလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆန္ဒ - ၃၆။ သေမှာ အရမ်းကြောက်တတ်တယ်။ တစ်သက်လုံး ဘဝကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းချင်သည်။

အလားအလာတန်ဖိုး - မြင့်မား။

မှတ်ချက်။ ။ လူကုန်ကူးခေါင်းဆောင် ဖြစ်သလို နှစ်ပေါင်းများစွာ လွတ်မြောက်နေတဲ့ အချက်ကို အရမ်းဂုဏ်ယူနေသည်။ ဒါက မင်းသုံးနိုင်တဲ့ အချက်ပဲ။

မှတ်ချက်။ ။ သင့်တွင် တိုက်ခိုက်ဖို့ တစ်ကြိမ်သာ အခွင့်အရေး ရှိသည်။ အလစ်တိုက်ခိုက်မှ ပစ်မှတ်က အရမ်းအရေးကြီးသည်။ ဘယ်ဘက်ကနေ တိုက်ခိုက်ဖို့

စီစဉ်ပါ။ လူအများစုက ညာသန်ဖြစ်လို့ ဘယ်ဘက်ကို ကာကွယ်ဖို့ လွယ်ကူသည်။ ဒါကြောင့် သူ့ကို ညာဘက်ခြမ်းက တိုက်ခိုက်ပါ။

"ဆရာ တိုက်ခိုက်ဖို့အတွက် ပြီးပြည့်စုံတဲ့ အခွင့်အရေးတစ်ခု ဖြစ်အောင် ဖန်တီးပေးရမယ်"

လီဇီချီသည် အရမ်းစိုးရိမ်နေပြီး သူမရဲ့ နာကျင်မှုကို ဖွင့်ပြောဖို့ ရှက်ရွံ့နေတဲ့ ပုံစံ ဖြစ်နေသည်။ အနာဂတ်ပျောက်သွားမှာ စိုးရိမ်နေတဲ့ နူးညံ့သိမ်မွေ့သော အမျိုးသမီး တစ်ယောက်နဲ့ တူနေသည်။ ဒီအချက်ကြောင့်

တာအိုဝါဒဌက်ဖြူလည်း သူ့ရဲ့သတိထားမှုကို လျှော့ချလိုက်သည်။

"တောက်၊ သူ့ရဲ့အမျိုးသမီးကျောင်းသူနဲ့တောင် ပြန်တွဲနိုင်တယ် ၊ ဒီဆရာကတော့ တစ်ခုခုပဲ"

တာအိုဝါဒဌက်ဖြူ မနာလိုဖြစ်သွားသည်။ ဒီလို ဆရာနဲ့ ကျောင်းသူ အချစ်ဇာတ်လမ်းက အရမ်းစိတ်လှုပ်ရှားဖို့ ကောင်းမှာသေချာပေါက်ပဲ။ ထို့နောက် သူ့ကိုယ်သူ ဂုဏ်ယူနေတဲ့စိတ် ပေါ်လာသည်။ (ငါလည်းကျောင်းသူ အနည်းငယ်နဲ့ အိပ်ဖူးပါတယ်ကွာ။ သူတို့က ဒီလောက် မလှပေမယ့်

ငယ်ရွယ်နုပျိုတဲ့ ခံစားချက်က အရမ်းကောင်း နေတုန်းပဲ။)

ဆွန်းမိုက ဒုက္ခရောက်နေတဲ့ ပုံနဲ့ ပေါ့ပေါ့ပါးပါးပဲ တာအိုဝါဒ ဌက်ဖြူရဲ့ ညာဘက်ဘေးကို လျှောက်သွားသည်။ စိတ်ထဲတွင် ဒေါသထွက်နေသော်လည်း ရှုန်ယွန်ပေါင်ရဲ့ အော်သံကို စောင့်နေခဲ့သည်။

“ငါ့ရဲ့ ကံကောင်းစေတဲ့ ကြယ်လေးကို ပြန်ပေးဆွဲရဲမှတော့ မင်းတို့အားလုံး သေရမယ်”

စာစဉ်(၁၄)

အခန်း(၂၀၀) - ဓါးတစ်ချက် ခေါင်းတစ်လုံး၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီး။

သုံးပါးသန့်စင်ဘုရားကျောင်းထဲတွင် နံ့သာအမွှေးရနံ့များ သင်းပျံ့နေသည်။

လီဇီချီက နူးညံ့ပြီး ချစ်ဖို့ကောင်းသော အသံနဲ့ ငိုယိုပြီး ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြနေသည်။ သူမက ဆရာကိုချစ်မြတ်နိုးပြီး သူမတို့ဆက်ဆံရေးကြောင့် ဆရာရဲ့အလုပ်အကိုင်ကိုလည်း

မထိခိုက်စေချင်တဲ့ မိန်းကလေးတစ်ယောက်လို သရုပ်ဆောင်နေသည်။

အရင်ကတည်းက စိတ်ဓါတ်မကောင်းတဲ့ တာအိုဝါဒဌက်ဖြူသည် လီဇီချီကို သနားနေပြီး ဆွန်းမိုကို အနည်းငယ် မနာလို ဖြစ်နေသည်။ တစ်ဘဝလုံးကိုယ့်ကို ချစ်မြတ်နိုးပြီး ဂရုစိုက်တဲ့ ဇနီးမယားမျိုး ရတာ ဒီအကောင် အရမ်းကံကောင်းနေပြီ။

ဆွန်းမိုလည်း ဘေးမှာရပ်နေပြီး လီဇီချီရဲ့ သရုပ်ဆောင်မှုကြောင့် ခေါင်းတွေ ကျိန်းပြီး ဆံပင်တွေ ထောင်လာသည်။

လူတိုင်းက သရုပ်ဆောင်နိုင် ကြသော်လည်း သူမက အရမ်းထူးချွန်လွန်းနေသည်။

သူမ၏အသံ၊ အမူအရာ၊ ဒါမှမဟုတ် လက်ချောင်းလေးတွေ ချိုးနေသည့် လှုပ်ရှားမှုလေးတွေကအစ သူမက သူ့ကို တကယ်ချစ်နေလားဆိုပြီး ဆွန်းမိုကို သံသယ စိတ်ဝင်လာစေသည်။ သူတို့က ဆရာနှင့် ကျောင်းသား

အချစ်ဇာတ်လမ်း တကယ်ပဲ လုပ်မိခဲ့တာလား။ တာအိုဝါဒဌက်ဖြူကြီး မပြောနဲ့ ဆွန်းမိုတောင် ဒီလိုတွေး ဖြစ်နေမိသည်။

အခုချိန်မှာ လီဇီချီတစ်ယောက် အော်စကာရမယ့် စွမ်းဆောင်ရည်ကို ပြနေသည်။ ဒိုင်များတောင် တစ်ကြိမ်တည်းနဲ့ ဆုနှစ်ခါ မှားပေးနိုင်လောက်သည်။

အရမ်းဆိုးဝါးတဲ့ ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကလွဲလျှင် လီဇီချီကို တကယ်ပြည့်စုံတဲ့ မိန်းကလေးတစ်ယောက်လို့ သတ်မှတ်နိုင်သည်။

လီဇီချီသည် အသက် ၁၃နှစ်သာရှိသေးပြီး တိုက်ခိုက်ရေး အစွမ်းအစလည်း မရှိပါ။ ပြီးတော့ မိန်းမစားသော နတ်ဆိုး လိုဏ်ဂူထဲတွင် အရမ်းကြောက်လန့်ပြီး စိတ်လှုပ်ရှားနေသော်လည်း ထိုခံစားချက်များကို အတင်းထိန်းချုပ်ကာ သူမတာဝန်ကို ပြီးပြည့်စုံအောင် လုပ်ဆောင်ခဲ့သည်။ ဒီဘုန်းကြီးခေါင်းဆောင်သည် လူကုန်ကူးအဖွဲ့ရဲ့ သူဌေးဖြစ်ပြီး တစ်ဘဝလုံး မကောင်းမှုမျိုးစုံ လုပ်ခဲ့သည်။ အရမ်းလည်း သန်မာသည်။ ဆွန်းမိုသာ တစ်ချက်တည်းနဲ့ မသတ်နိုင်ခဲ့ရင်

ဘုန်းကြီးခေါင်းဆောင်က ဓါးစာခံအနေနဲ့ လီဇီချီကို သေချာပေါက် ဖမ်းထားလိမ့်မည်။

လီဇီချီ၏ ဉာဏ်ရည်ဉာဏ်သွေးကြောင့် ဒီကိစ္စကို မတွေးမိတာ မဖြစ်နိုင်ပေ။ သို့သော်လည်း သူမရဲ့ ပညာသင်လက် ညီမလေးကို ကယ်တင်ရန် တွေ့ဝေနေခြင်း မရှိခဲ့ပါ။

"အင်း"

တာအိုဝါဒ ဘုန်းတော်ကြီးသည် လီဇီချီ၏ သနားစရာကောင်းပြီး လှပသော အချစ်ဇာတ်လမ်းကို နားထောင်ပြီး သက်ပြင်းချလိုက်မိသည်။

သို့သော်လည်း ထိုအချိန်တွင် ဒေါသတကြီး ပေါက်ကွဲအော်ဟစ်သံကို ကြားလိုက်ရသည်။

"ဆွန်းမို၊ အမှိုက်၊ လီဇီချီကို ငါ့ပြန်ပေး"

ရှန်ယွန်ပေါင်က ဒေါသတကြီး အော်ဟစ်ရင်း ခန်းပေါက်ဝင်လာသည်။

ရွှတ်စ်

ခန်းမထဲက အကြည့်တွေအားလုံးသည် ဒေါသကြီးပြီး အရပ်ရှည်တဲ့ ကောင်လေးဆီ ရောက်သွားသည်။

"အိုဘုရားသခင်၊ ရှန်ယွန်ပေါင် မင်းသရုပ်ဆောင်မှုက ဘာလို့ ဒီလောက်ညံ့ရတာလဲ။ မင်းက ငါတို့ဆရာကို အော်ဟစ်ကျိန်ဆဲပြီး ဘာလို့ တာအိုဝါဒ ဌက်ဖြူကြီးကို ကြည့်နေရတာလဲ"

လီဇီချီ သတိထားမိသွားမှာကို အရမ်းစိုးရိမ်နေသည်။ သို့သော်လည်း အဲဒီအချိန်တွင် ဆွန်းမိုက လှုပ်ရှားလိုက်သည် ၊ ပြီးပြည့်စုံသော အချိန်ကိုက်မှုပဲ။

"ဘာလဲကွ ၊ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလား"

တာဘိုဝါဒ ဌက်ဖြူကြီး အံ့အောသွားသည်။ သို့သော်လည်း သူ့ရဲ့မသိစိတ်က တစ်ခုခု မှုမမှန်နေတာကို ခံစားလိုက်မိသည်။ ဆံပင်တွေ ရုတ်တရက် ထောင်လာသည်။

ဒါကလည်း သေခြင်းရှင်ခြင်း တိုက်ပွဲများကို အကြိမ်ကြိမ် ဖြတ်ကျော်ပြီးနောက် အသတ်ခံရခါနီး အလိုလို တုံ့ပြန်မှု ဖြစ်သည်။

တာအိုဝါဒ ဌက်ဖြူကြီးသည် တွေးတောင် မတွေးဘဲ ဆွန်းမိုဆီ လက်ဖဝါး တစ်ချက် ရိုက်ထုတ်လိုက်သည်။ ဆွန်းမိုကို မမြင်ရသော်လည်း

သူ့အတွေ့အကြုံအရ
ဆွန်းမိုတိုက်ခိုက်လာတယ်ဆိုတာ သိနေသည်။

ဘောင်း

လက်ဖဝါးနဲ့ လက်သီး တိုက်မိပြီး ချီ စီးကြောင်းက ပေါက်ကွဲ ထွက်သွားသည်။

တာဘိုဝါဒဠက်ဖြူကြီး နောက်ဆုတ်လိုက်သည်။ သူ့ပုံစံက ထိတ်လန့်မှုနှင့် ဒေါသတို့ ရောယှက်နေသည်။

“မင်းတို့က ဘယ်သူတွေလဲ”

ရင်ဘက် အရမ်းနာကျင်လာသဖြင့် တာအိုဝါဒဌက်ဖြူကြီး ရင်ဘက်ကို ငုံ့ကြည့်လိုက်သည်။ သူ့အသက်ကို ယူလုနီးပါး ခါးမြှောင်က နှလုံး၏ ဘယ်ဘက်က ဖောက်ထွက်သွားသည်။

"ဇီချီကို ကာကွယ်"

ဆွန်းမိုက တာအိုဝါဒဌက်ဖြူကြီးဆီ ပေါက်ကွဲသံနဲ့အတူ လက်သီးတစ်ချက် ထိုးသွင်းလိုက်သည်။

"ဘုန်းတော်ကြီး"

‘တာအိုဝါဒ”

“သူတို့ကို သတ်”

ဆွန်းမိုက ပျားအုံကို တုတ်နဲ့ထိုးလိုက်သလို ဘုန်းကြီးအားလုံး ပြေးလာကြသည်။ သို့သော်လည်း အရေးပေါ် ပြေးလာရသောကြောင့် ဘုန်းကြီးများတွင် လက်နက်မပါပေ။

“ငွေလုံ့ရေ မင်းဆာလောင်နေတာ တော်တော်ကြာရောပေါ့၊ မင်းနှလုံးသားကို ကျေနပ်နှစ်သိမ့်သွားအောင် သွေးလတ်လတ် ဆက်ဆက်လေး သောက်လိုက်စို့”

ရှန်ယန်ပေါင်က လုံ့ကို ဆွဲထုတ်လိုက်ပြီး တဝုန်းဝုန်းနဲ့ မြည်အောင် ဖွေ့ယမ်းလိုက်သည်။ သူ့လက်ကောက်ဝတ်ကို ဖွေ့ယမ်းလိုက်သည့် အခါ တောက်ပသော အလင်းရောင်များ ပေါက်ကွဲထွက်လာကာ လုံ့အရိပ်က ပန်းပွင့်ပုံစံဖြစ်ပေါ်ပြီး ဘုန်းကြီးတွေကို လွှမ်းခြုံသွားသည်။

ဘုန်းကြီးအနည်းငယ်က လီဇီချီကို ဖမ်းရန် ခုန်ဝင်လာကြသည်။ သို့သော်လည်း ညအခါကောင်းကင်တွင် တလက်လက်တောက်ပနေသော ကြယ်ပွင့်တွေလို

လှံအလင်းတွေက သူတို့ အမြင်အာရုံကို ထိခိုက်သွားသည်။

ဘုန်းကြီးတွေ အကုန်လုံး အရမ်းကြောက်ရွံ့သွားပြီး ပြေးတက်လာတာကို ရပ်လိုက်သည်။ အပြည့်အ၀ ကာကွယ်ဖို့ပဲ လုပ်လိုက်သည်။

ထိုအချိန်တွင် ရှန်ယွန်ပေါင်သည် လီဇီချီဘေးတွင် လှံကို နောက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

“နတ်ခွန်အား နယ်ပယ်မှာရှိတဲ့လူက ကိုင်တွယ်ဖို့ တကယ် ခက်တာပဲ”

ဆွန်းမို ဆွွံ့အနေသည်။ သူ့ရဲ့တိုင်ပင်ကိုက်မှု၊ တိုက်ခိုက်တဲ့ ရှုထောင့်၊ ဒါမှမဟုတ် ခွန်အားပဲဖြစ်ဖြစ် သူအကောင်းဆုံး လုပ်ခဲ့သည်။ သို့သော်လဲ သူ့ကို မသတ်နိုင်သေးပါ။

ဆွန်းမို စိတ်ဆိုးနေသလို တာအိုဝါဒဌက်ဖြူလည်း အရမ်းအံ့အောနေသည်။

(ဒီကောင်က ဘယ်သူလဲ၊ သူဘာလို့ အရမ်းထူးဆန်းနေတာလဲ၊ သူ့ရဲ့ လှုပ်ရှားမှုက ရေလို ချောမွေ့လွန်းတယ်)

သူ့ရဲ့အကောင်းဆုံး အခြေအနေနဲ့ တိုက်ခိုက်ရင်တောင် ဆွန်းမိုကို ဖိနှိပ်ဖို့ ခွန်အားကိုပဲ အသုံးချနိုင်မည်။ တစ်ချက်တိုက်လိုက်တိုင်း တစ်ခါ ရှောင်နေရတော့မှာလား။ ၊ အရမ်းရှက်ဖို့ ကောင်းနေပြီ။

အဟွတ် အဟွတ်

တာအိုဝါဒဌက်ဖြူက တစ်ချက်ရှောင်လိုက်ပြီး ဝိညာဉ်ချီကို လည်ပတ်လိုက်သည်။ သို့သော်လည်း ဒဏ်ရာက ချက်ခြင်း ပြင်းထန်လာပြီး ပါးစပ်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သွေးနှစ်လုတ် အန်ထွက်သွားသည်။ ဒီဓါးချက်သည် တကယ် မြန်ဆန်လွန်းပြီး သူ့ကံတရားကို ရက်စက်လွန်းသည်။ ဘယ်ဘက်က တိုက်ခိုက်ခဲ့ရင်တော့ မရှောင်နိုင်ရင်တောင် ကာကွယ်နိုင်သေးသည်။

ဆွန်းမိုက သူ့ဆီကို ပိုပိုကပ်လာသည်။

တောက် တောက်

တာအိုဝါဒဌက်ဖြူ၏ ကိုယ်ပေါ်က သွေးတွေ တစက်စက် ကျနေပြီး ကြမ်းတစ်ခုလုံး စိုရွှဲသွားသည်။

ဖြူဆူးတစ်ထောင်

ဝူရှ် ဝူရှ် ဝူရှ်

တာအိုဝါဒ ဌက်ဖြူရဲ့ လက်ထဲကနေ ပျော့ပြောင်းသော ဖုန်မှုန့်များ ရုတ်တရက် လွင့်မျောလာပြီး ပေါက်ကွဲထွက်သွားသည်။ မရေမတွက်နိုင်သော ဝိညာဉ်ချီအပ်များကို ပစ်လွှတ်လိုက်ပြီး ဆွန်းမိုကို ဝန်းရံသွားသည်။

"ဒီလိုနီးကပ်တဲ့ အကွာအဝေးကို ဘယ်လိုရှောင်မလဲ ကြည့်ကြသေးတာပေါ့"

သူနဲ့ သုံးမီတာအကွာက ဆွန်းမိုကို ပြုံးပြုံးကြီး ကြည့်နေသည်။ သို့သော်လည်း သူ့အပြုံး ရုတ်တရက် ပျောက်သွားသည်။

ဒါကိုစတင်ပြီး သုံးလာတာ နှစ် ၃၀ ရှိပြီ။ ဒီလိုတိုက်ခိုက်မှုကို ရှောင်နိုင်တဲ့လူ မရှိသေးပါ။

“ သူတို့ကို မသတ်နဲ့၊ ငါရှင်ရက် လိုချင်တယ်၊ ငါ့ကိုဘယ်လို သတ္တိနဲ့ လုပ်ကြံလည်း သိချင်တယ်၊ ဒီကောင်တွေကို သေတာထက်ပိုဆိုးအောင် လုပ်ပေးလိုက်..............”

သို့သော် တာအိုဝါဒ ဌက်ဖြူသည် ကျန်တဲ့ဝါကျကို ဆုံးအောင် ဆက်မပြောနိုင်ပါ။ သူ့မျက်လုံးတွေ ပြူးကျယ်သွားပြီး အရမ်းအံ့အောနေတဲ့ မျက်နှာနဲ့ ဆွန်းမိုကို မယုံကြည်နိုင်စွာ ကြည့်နေသည်။

အကြောင်းတစ်ခုခုကြောင့် ဝိညာဉ်ချီ အပ်များက သူ့ဆီကို ပြန်ကန်ထွက်လာသည်။

ထိုအချိန်တွင် တာအိုဝါဒ ဌက်ဖြူသည် အကြောက်လွန်သွားပြီး ဝိညာဉ်လွင့်သွားပြီ လို့တောင် ထင်လိုက်မိသည်။ စိတ်ထဲတွင် အတွေးတစ်ခုသာ ရှိတော့သည်။

"ငါ..လို..ပဲ"

အပ်တွေက အလင်းတစ်ခုလို ပြေးဝင်လာပြီး တာအိုဝါဒ ဌက်ဖြူကိုယ်ထဲ နစ်မြုပ်သွားသည်။

ဖောက် ဖောက် ဖောက်

တာအိုဝါဒဌက်ဖြူသည် ချက်ခြင်း ဖြူတစ်ကောင်လို ဖြစ်သွားသည်။ ထို့နောက် ခန္ဓာကိုယ် တောင့်တင်းပြီး မြေပေါ်လဲကျသွားသည်။

ဘောင်း

ဖုန်တွေ လွင့်ထွက်သွားသည်။

“ဒီသတ်ဖြတ်မှုကို နမူနာယူပါ၊ ပြန်နယ်အုပ်ချုပ်ရေးမှူး အမိန့်အရ အားလုံးလက်နက်ချပါ၊ ဒါမှ မင်းတို့သေဒဏ်မှ လွတ်မြောက်မယ် ”

ဆွန်းမို အော်သံက ခန်းမထဲတွင် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

“ဆရာတော်”

ဘုန်းကြီးအပေါင်းတို့သည် သူတို့အားကိုးရာ ပြိုလဲသွားသဖြင့် စိုးရိမ်တကြီး ဖြစ်လာသည်။ သူတို့

ဘာလုပ်သင့်လဲ၊ အခုအချိန်မှာ ဘုန်းကြီးအားလုံး တုန်လှုပ်ခြောက်ခြားပြီး ဒေါသတွေ ထွက်နေကြသည်။ ကမ္ဘာကြီး အဆုံးသတ် သွားသလိုပါပဲ။

ဘုန်းတော်ကြီးသည် နတ်ဘုရားခွန်အားအဆင့် ကျွမ်းကျင်သူဖြစ်သည်။ တရားရုံးက တာဝန်နဲ့ ရောက်လာတဲ့ သူတွေလား။ ပြီးတော့ ဒီလူငယ်ရဲ့ စကားကို သုံးသပ်ကြည့်လိုက်ရင် စီစဉ်ထားတဲ့ ပြုတ်ပြုတ်ပြုန်း သုတ်သင်မည့် စစ်ဆင်ရေး တစ်ခု ဖြစ်နိုင်သည်။

သူတို့ရဲ့ အခြေစိုက် စခန်းကို ရှာတွေ့သွားတာလား။

ဒါပဲ ဖြစ်နိုင်တယ်။ သူတို့သည် သုံးပါးသန့်ရှင်း ဘုရားကျောင်းမှာနေထိုင်ပြီး ပြစ်မှုကျူးလွန်နေတာ ၅နှစ် ကျော်နေပြီ။ ဒါတောင် မတွေးမိသေးရင် အစိုးရ တော်တော် အသုံးမကျလို့ပဲ။

ဒါကိုတွေးမိပြီး ဘုန်းကြီးတွေ ဆက်ပြီး တိုက်ခိုက်ချင်စိတ် မရှိတော့ပါ။ သူတို့ အသက်ရှင်အောင် ဘယ်လိုထွက်ပြေးရင် ကောင်းမလဲ စတင်စဉ်းစားလာကြသည်။

“အချက်ပေးလိုက်တော့၊ စစ်တပ်ကို ဝင်လာခိုင်းလိုက်တော့”

ဆွန်းမိုက အော်လိုက်သည်။

ဒါကို ကြားလျှင် ဘုန်းကြီးတွေ ပိုကြောက်သွားသည်။ ဆွန်းမိုမှာ အရန် အစီအစဉ်တစ်ခုတောင် မရှိဘဲ သူတို့ ဆိုက်ဝါး အထည့်ခံနေရတာ မသိကြပါ။

သို့သော်လည်း သူတို့နေရာ အခြားသူဆိုလဲ သံသယဝင်ကြမှာ မဟုတ်ပေ။ နတ်ဆိုးလှိုဏ်ဂူထဲကို

ဘယ်သူက ရူးမိုက်ပြီး လမ်းလျှောက်ဝင်လာမှာလဲ။ သူတို့ဘဝကို သူတို့ မလိုချင်တော့ဘူးလား။

"သူတို့ကို လက်နက်ချဖို့ ဘာကြောင့် စည်းရုံးနေတာလဲ ၊ အားလုံးကို သတ်ပစ်သင့်တယ်"

ရှန်ယွန်ပေါင်က သွေးများစီးကျနေတဲ့ လှံကို ဝှေ့ယမ်းပြီး သွေးဆာနေသလို အော်ဟစ်လိုက်သည်။

ဒါကိုကြားလျှင် ဘုန်းကြီးတွေက ရှန်ယွန်ပေါင်ကို ဒေါသတကြီး စိုက်ကြည့်လိုက်သည်။

(မင်းက ငယ်ပေမယ့် အရမ်းရက်စက်ပါလား)

"ငါမင်းကို သတ်မယ်"

ဘုန်းကြီးတစ်ပါးက ဒေါသတကြီး အော်လိုက်ပေမယ့် အရှေ့မထွက်လာပါ။ အဲဒီအစား တံခါးပေါက် အသေးလေးဆီကို ဆုတ်သွားသည်။

ဒီအတွက်လည်း လုပ်နိုင်တာ ဘာမှမရှိပါ။ ဒီလူငယ်လေးရဲ့တိုက်ခိုက်မှုက ပြင်းထန်လွန်းသည်။ သူ့ရဲ့ သိုင်းကွက်တွေ အကုန်လုံးက သူတို့ကို ဒဏ်ရာကြီးကြီးမားမားရစေသည်။ အဲဒါကို ဘယ်သူကိုင်တွယ်နိုင်မှာလဲ။

ဒီလူကုန်ကူးတဲ့သူတွေက လူတွေကို ဖမ်းပြီး သတ်တဲ့ လူတွေ မဟုတ်ပါဘူး။ သူတို့က နည်းပညာအလုပ်ကို လုပ်ကြတဲ့ သူတွေဖြစ်သည်။

နားလည်ရလွယ်အောင်ပြောရလျှင် အခြားသူများ ပါလာအောင် ကြံစည်တဲ့နေရာမှာ ကျွမ်းကျင်တဲ့ လူတွေ ဖြစ်သည်။

ဆွန်းမိုသည် တာအိုဝါဒဌက်ဖြူကို သတ်လိုက်ပြီးနောက် အရမ်းစိတ်လှုပ်ရှားနေသော ဘုန်းကြီး တစ်ယောက်ကို ကြည့်လိုက်သည်။ ဒီကောင်က ကျင့်ကြံခြင်း အဆင့်နိမ့်ပြီး

ကြောက်လည်း ကြောက်တတ်သည်။ ဆွန်းမိုအတွက် သတ်ရန်လွယ်ကူတဲ့ ပစ်မှတ်ဖြစ်သည်။

ဒီလိုအခြေအနေမျိုးမှာ အရေအတွက်က ဆိုးကျိုး ဖြစ်ပေါ်နိုင်သည်။ ရန်သူတွေ တွေ့ဝေနေတုန်း သတ်နိုင်သမျှ သတ်ပစ်ရမည်။ ဒီလိုမှမဟုတ်ရင် အားလုံးဝိုင်းတိုက်ခိုက်ပါက အခြေအနေ ဆိုးသွားမည်။

ဒီတော့ အကောင်းဆုံးနည်းက ထုံးစံအတိုင်း လူများများ ပိုသတ်ရမည်။ နတ်ဘုရားမျက်စိ အကူအညီနဲ့ အားနည်းသူများကို ရွေးချယ်ပြီး ခြေမှုန်းရမည်။

ဟူး

အနက်ရောင် စန္ဒကူး သစ်သားဓါးက လေထုကို ဖြတ်ပြီး ဘုန်းကြီးတစ်ယောက်ရဲ့ ခေါင်းကို ထိသွားသည်။

ဖောင်း

ဦးခေါင်းက ဖရဲသီးတစ်လုံးလို မြေပေါ်ကို ဖုန်းကနဲ ကျသွားသည်။ သွေးနဲ့အဖြူရောင် ဦးနှောက် အနှစ်တို့က မြေပေါ်မှာ ရောထွေးပြီးပြန့်ကျဲနေသည်။

“လွယ်ပါတယ်”

ဆွန်းမို သက်ပြင်းချလိုက်သည်။ အသန်မာဆုံး ခေါင်းဆောင် သေသွားသဖြင့်ကျန်တဲ့ သူများကို ကိုင်တွယ်ရတာ ပိုလွယ်လာသည်။ အမှန်တိုင်း ပြောရလျှင် သူလည်း ခုနတုန်းက အရမ်း အန္တရာယ် များခဲ့သည်။

တကယ်လို့များ 'သူ့တုတ်နဲ့သူ့ကိုရိုက်ခြင်း' နှင့် ဖျက်ဆီးမရသော ရွှေကိုယ်ထည်ကို မပိုင်ဆိုင်ထားပါက သူ့ကြောင့် တာအိုဝါဒ ဌက်ဖြူ မသေဘဲ မြေပေါ်လှဲလျောင်းနေတဲ့လူက သူဖြစ်နေနိုင်သည်။

ဒါကလည်း သူတော်စင်အဆင့် ကျင့်ကြံခြင်း ကျင့်စဉ်ရဲ့ အားသာချက်ဖြစ်သည်။

တိုက်ပွဲအရှိန်က ပိုမြင့်လာသည့်၊ အနောက်ဘက် တံခါးပေါက် ဆုတ်သွားကြတဲ့ ဘုန်းကြီးတွေ ရုတ်တရက် အော်ဟစ်ကာ အနောက်ကို ပြန်လဲကျသွားသည်။ သွေးတွေလည်းစိမ့် ထွက်နေသည်။

"ယောကျ်ားတွေကို သတ်ပြီး ဒီမိန်းမကို ခေါ်သွား"

လူသုံးယောက် ဝင်လာပြီး ဆွန်းမိုကို ရက်စက်တဲ့ ပုံစံနဲ့ ကြည့်နေသည်။

သူတို့က ဒီအဖွဲ့အစည်းရဲ့ ခေါင်းဆောင်တွေ ဖြစ်ပြီး အတော်လေးလည်း စွမ်းဆောင်နိုင်ကြပါသည်။ သူတို့က အခြေအနေကို ချက်ခြင်းအကဲခတ်လိုက်ပြီး ထွက်သွားရင် ဒီမိန်းကလေးကို အတူတူ ခေါ်သွားရမည်။

ဒီမိန်းကလေးမှာ အဆင့်အတန်းတစ်ခု ရှိမှာ သေချာသည်။ တကယ်လို့သူတို့သာ သူမကို ဓါးစားခံအနေနဲ့ ဖမ်းထားလိုက်ရင် ဘေးကင်းဖို့ အခွင့်အရေး ပိုများလာမည်။

အသိလွတ်နေသော ဘုန်းကြီးများလည်း ဒီလူသုံးယောက်ကို မြင်လိုက်လျှင် အတော်လေး တည်ငြိမ်လာသည်။ သို့သော်လည်း ဆွန်းမိုကို မြင်လိုက်လျှင် ခေါင်းတွေကျိန်းပြီး ဆံပင်တွေ ထောင်လာသည်။

ဒီကောင်က အရမ်း ရက်စက်လွန်းတယ်။ သစ်သားဓါးကို အသုံးပြုနေတာတောင် သူ့ရဲ့တိုက်ခိုက်မှုက ဦးနှောက်တွေကို ကြွေမွသွားစေသည်။ ဒါအမှန်ပဲ။ ဒီကောင်က တခြား ဘယ်နေရာမှ မတိုက်ခိုက်ဘူး။ သူက

ရိုက်လိုက်ပုတ်လိုက်နဲ့ ခေါင်းတွေချည်း ရိုက်နေသည်။ ပြီးတော့ တိကျမှုကလည်း အရမ်းကြောက်ဖို့ကောင်းသည်။ အရိုက်ခံလိုက်ရတဲ့ ခေါင်းတိုင်းသည် ပေါက်ကွဲသွားပြီး ပျော့ပျော့ဖတ်ဖတ်နဲ့ ရွံဖို့ကောင်းတဲ့ အရာများသာ ကျန်ခဲ့သည်။

သေခြင်းတရားထက်တောင် ပိုကြောက်ဖို့ကောင်းနေသေးသည်။

သတ်ချက်က ရက်စက်လွန်းသည်။

ဒီအချိန်တွင် အားလုံးကို သွေးလန့်သွားအောင် အရက်စက်ဆုံး နည်းလမ်းများကိုသာ အသုံးပြုနေခဲ့သည်။

လူတိုင်းက အော်ဟစ်နေကြသော်လည်း တစ်ယောက်မှ တက်မလာပါ။

"မင်း ရက်စက်တတ်တာ ကလေးလေးအဆင့်ပဲ ရှိသေးတယ်။ အေး ငါလူသတ်တဲ့အချိန်မှာ မင်းတောင်မမွေးသေးဘူး မင်းအမေ ဗိုက်ထဲမှာပဲ ရှိအုံးမယ်"

ဗလတောင့်တောင့်နဲ့လူကြီးက ကြီးမားသော ဓါးပြားကြီးကို ကိုင်ဆွဲပြီး ပြင်းပြင်းထန်ထန် ပြေးဝင်လာသည်။

ဆွန်းမိုက သူ့ရဲ့ဦးတည်ရာကို ကြည့်လိုက်သည်။

အားနဲ့အင်နဲ့ တိုက်ခိုက်ရတာကို အထူးပြုသည့် သွေးလောင်ကျွမ်းခြင်း အဆင့်(၅)

"အားနဲ့ အင်နဲ့တိုက်ခိုက်မှု"

ဆွန်းမိုက နှုတ်ခမ်းကို ယောင်ယောင်လေးကွေးရင်း မျက်နှာခြင်း ဆိုင်လိုက်သည်။

ဘုန်းကြီးတွေ အရမ်းများနေသောကြောင့် သူတွန့်ဆုတ်နေလို့မရပါ။ ဒီလိုမှ မဟုတ်ရင် လီဇီချီနှင့် ရှန်ယွန်ပေါင်တို့ ဒုက္ခရောက်သွားမည်။

"စိတ်ကြီးဝင်နေတယ်"

ဒီလူရဲ့ မျက်နှာအမူအရာက ရိုင်းစိုင်း ကြမ်းကြုတ်နေပြီး ဆွန်းမို လည်ပင်းကို ဓါးပြားကြီးနဲ့ ခုတ်ပိုင်းလိုက်သည်။

မိတ္တူကူးယူခြင်း အသက်ဝင်ပါပြီ။

ဆွန်းမို မျက်လုံးထဲတွင် လှုပ်ရှားမှုများ နှေးကွေးသွားသည်. ထို့နောက် သစ်သားဓါးကို လှန့်လိုက်ပြီး

ဆောင်းဦးအရိပ်။

ဝူရှ်

ဒိုင်း

ဓါးပြားကြီးက ဆွန်းမို လည်ပင်းကို မထိဘဲ ပခုံးကိုသာ ထိသွားသည်။ သို့သော်လည်း ဒါက လုံလောက်နေပြီး ဒီလူရဲ့ခွန်အားက ဆွန်းမိုကိုနှစ်ပိုင်းခွဲပစ်ဖို့ လုံလောက်နေသည်။

နောက်အခိုက်အတန့်တွင် အဲဒီလူ ရုတ်တရက် အရမ်းအံ့အောသွားသည်။

ထိတွေ့တဲ့ ခံစားမှုက မှုမမှန်ပါ။

တာအိုဝါဒဌက်ဖြူရဲ့ အသန်မာဆုံး လက်အောက် ငယ်သားတစ်ယောက် အဖြစ် တိုက်ခိုက်ရတာ ကြမ်းတမ်းတဲ့ တာဝန်များယူရသည်။ ဒါကြောင့်လည်းအရင်က လူပေါင်းများစွာကို ဓါးနဲ့ ခုတ်သတ်ခဲ့ပြီး အသားထဲကို ဓါးနစ်မြုပ်ကာ အရိုးများ ကျိုးသွားတဲ့ခံစားချက်ကို အရမ်းရင်းနှီးနေသည်။ ဒါပေမယ့် ဒီတစ်ကြိမ်တော့ ဒီလိုခံစားချက်မျိုး မရခဲ့ပါ။

“ဘာကြောင့်လဲ”

အဲဒီလူသည် အကြောင်းပြချက်ကို စဉ်းစားမရဖြစ်နေသည်။ သူ စိတ်ရှုပ်ထွေးနေတဲ့ အချိန် သစ်သားဓါးတစ်ချောင်းက သူ့မျက်နှာပေါ်ကို ရောက်လာသည်။

ဖောင်း

နောက်တစ်ယောက်လည်း ခေါင်းကွဲသွားပြီ။

ဦးနှောက်အနှစ်တွေ ပြန့်ကျဲသွားပြီး သွေးစွန်းသော အရိုးခေါင်းတစ်လုံးက လွင့်ထွက်သွားသည်။

ဘုန်းဆိုတဲ့အသံနဲ့အတူ ဘုန်းကြီး အနည်းငယ် အရှေ့ကို ရောက်သွားသည်။

ဖြောက် ဖြောက်

အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်ကို မြင်လိုက်ရသလို ဘုန်းကြီးတွေလည်း လန့်ဖျန့်ပြီး အနောက်ကို ခပ်မြန်မြန် ဆုတ်သွားကြသည်။

"ဒီကောင် ဘယ်သူလဲ"

"ချက်ခြင်းပဲ နောက်တစ်ယောက်ကို သတ်လိုက်ပြန်ပြီ"

"ခေါင်းတစ်လုံး ပေါက်ကွဲသွားပြန်ပြီ"

ဘုန်းကြီးတွေ ကြောက်ရွံ့ပြီး အရမ်းတုန်လှုပ်နေကြသည်။

"အရမ်းကောင်းတယ်"

ရှန်ယွန်ပေါင် အရမ်းစိတ်လှုပ်ရှားပြီး ထိန်းမနိုင်သိမ်းမရ ပျော်ရွှင်သွားသည်။

ဒါက သူအကြိုက်ဆုံး တိုက်ပွဲဝင်တဲ့ ပုံစံပဲ။ ဘာကြောင့် ရှောင်နေမှာလဲ။ ဘာကြောင့် ကာကွယ်နေမှာလဲ။ တိုက်ခိုက်၊ ရန်သူများအားလုံး အမှုန့်ဖြစ်သွားတဲ့အထိ တိုက်ခိုက်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှန်ယွန်ပေါင်ရဲ့ အလှတရား ခံစားမှုအတွက် အရမ်းသင့်လျော်နေသည်။

ဒင်

ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၃၆၁/၁,၀၀၀)

"ဆရာက အရမ်းတော်တာပဲ"

လီဇီချီက ခါးကိုမြှောက်ပြီး ကြွေးကြော်လိုက်သည်။ ဆွန်းမိုအတွက် စိတ်ပူသော်လည်း ထိန်းလို့မရ စိတ်လှုပ်ရှားနေသည်။

ဆွန်းမိုက စောက်ရမ်း မိုက်တယ်။ လူတိုင်းကို လက်တစ်ဖက်တည်းနဲ့ အရမ်းအံ့အောသွားစေသည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၉၃၀/၁,၀၀၀)

“ဆရာလား”

ဒီစကားကို ကြားလိုက်လျှင် ဘုန်းကြီးတွေအားလုံး အနည်းငယ် အံ့အောသွားသည်။ ဒီလူက အစိုးရဝန်ထမ်း မဟုတ်ဘူးလား။ သူတို့ ဒေါသထွက်လာသည်။ (မင်းက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတစ်ယောက်လေ၊ စာမသင်ရင်တောင် မင်းကျောင်းသားတွေကို ရိုက်နှက်ဆုံးမပေါ့၊ ဒါမှမဟုတ်လည်း ဆရာနဲ့ကျောင်းသူ အချစ်ရေး တည်ဆောက်လေ၊ ဘာဖြစ်လို့ ဒီကိုပြေးလာပြီး လူလာသတ်နေတာလဲ။)

“အားလုံး အတူတူ တိုက်ခိုက်ကြ”

ကျန်တဲ့နှစ်ယောက်လည်း အကြည့်ခြင်း ဖလှယ်လိုက်ပြီး ဆွန်းမိုကို အတူတူတိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

ဆွန်းမိုသည် ပခုံး အရမ်းနာနေသည်။ ရန်သူရဲ့ ဓါးချက်ကို ဖျက်ဆီးလို့မရသော ရွှေကိုယ်ထည်နဲ့ ထိပ်တိုက် ခုခံခဲ့သောကြောင့် သွေးမထွက်သော်လည်း အရိုးတော့ ဒဏ်ရာရသွားသည်။

သို့သော် ဆွန်းမိုသည် ဒါကို ဂရုမစိုက်နိုင်ပါ။ ဦးနှောက် အလျှင်အမြန်လှုပ်ရှားနေပြီး သူတို့ကို ဘယ်လို ကိုင်တွယ်ရမလဲဆိုတာ တတ်နိုင်သလောက် မြန်မြန် တွက်ချက်နေသည်။

ဒီလိုတိုက်ပွဲမျိုးက အချိန်ဆွဲတိုက်လေ သူ့အတွက် ပိုခက်လေ ဖြစ်သည်။

"သေစမ်း"

သူတို့နှစ်ယောက်က ဆွန်းမိုကို ဘယ်ညာ တစ်ပြိုင်နက် တိုက်ခိုက်လိုက်သည်။

"သေရမယ့်လူက မင်းပဲ"

ဆွန်းမိုသည် ညာဘက်ကတစ်ယောက်ကို စိုက်ကြည့်လိုက်သည်။ အရှိန်ပြင်းပြင်းနဲ့ သူ့ခန္ဓာကိုယ်မှ အနီရောင် အခိုးအငွေ့အများအပြား ထွက်လာသည်။

"ဘာကြီးလဲ"

ထိုလူနှစ်ယောက်လည်း အရမ်းတုန်လှုပ်သွားသည်။ ဘယ်ဘက်က တစ်ယောက်က အနည်းငယ်တော်သေးသည်။ ပြီးတော့ ဒီလူငယ်က ဒုတိယခေါင်းဆောင်ကို တစ်ချက်တည်းသတ်ပစ် နိုင်လောက်အောင်ကို ခွန်အားက သန်မာလှသည်။

သူ့အဖော်ကို ဦးစားပေးလိုက်တာ ကောင်းပါတယ်။ သို့သော်လည်း ခဏလေးအတွင်းမှာ သူ့အဖော်ရဲ့ စိုးရိမ်တကြီး အော်ခေါ်သံကို ကြားလိုက်ရသည်။

“ကူပါအုံး”

ညာဘက်ကလူ အရမ်းလန့်ဖြန့်နေသည်။ တစ်ချက်တစ်ချက် ကာကွယ်လိုက်တိုင်း အရမ်းဝမ်းနည်းနေရသည်။ သူသည် ပြင်းထန်သောမုန်တိုင်းကြားက လှေငယ်လို ဖြစ်နေပြီး အချိန်မရွေးသေတော့မည့်အခြေနေတွင် ရှိနေသည်။

"ဒါက ခွေးရူးပဲ ၊ ဘယ်သူ ဒီလိုတိုက်ခိုက်လို့လဲ"

ပြောပြီး ကြောက်နေသည်။

စိတ်ဓါတ်ရေးရာ အရ ဖိနှိပ်ခံနေရသည်။

"မစိုးရိမ်နဲ့ ငါကူမယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်ဘက်ကလူသည် အနီရောင်မြူခိုးထဲက ဆွန်းမိုနောက်တစ်ယောက်ကို မြင်လိုက်လျှင် အလန့်တကြား ထအော်သည်။ ဆွန်းမိုသည် လက်ကသစ်သားဓါးကို ကိုင်ထားကာ ဘယ်ဘက်ကလူကို ခုတ်ချလိုက်သည်။

ကြက်သွေးရောင် နှုတ်ခမ်း

ထိုလူသည် ဓါးကို အလျားလိုက် ပိတ်ဆို့လိုက်သည်။ သစ်သားဓါးကို ထိခါနီးတွင် ဖြတ်ကနဲ လမ်းကြောင်းပြောင်းပြီး မျက်လုံးဆီ တည့်တည့် တိုးဝင်လိုက်သည်။

“ငါ…လို”

ထိုလူသည် အရမ်းတုန်လှုပ်သွားပြီး ဆံပင်တွေထောင် ထောင်သွားသည်။ ဒီလှုပ်ရှားမှုက ပညာသား ပါလွန်းသည်။

ဝူရှ်

ထိုလူသည် ခေါင်းကိုလှည့်ကာ ရှောင်လိုက်သည်။ ဒါပေမယ့် နားရွက်ကို သစ်သားဓါးက ပွတ်ဆွဲသွားသည်။ ငရဲတစ်ခုလို နာကျင်လှသည်။ ဒါကြောင့် ပေါ့ပေါ့ဆဆ မတိုက်ရဲတော့ပါ။

နှစ်ယောက် တစ်ယောက် တိုက်ပွဲက စတင်နေပြီ။ ဒါပေမယ့် ဆွန်းမိုကို နှစ်ယောက် ဘယ်လို ဖြစ်လာတာလဲ။

“ဒါ.......”

ဒါကို မြင်လျှင် ဘုန်းကြီးတွေခေါင်း ကျိန်းပြီး ဆံပင်တွေ ထောင်လာသည်။ ဒါကို ကိုယ်ပွားလို့ ခေါ်ရမှာလား။ ကိုယ်ပွားရဲ့ တိုက်ခိုက်ရေးစွမ်းရည်က မူလ ခန္ဓာကိုယ်နဲ့ အတူတူပဲ ဖြစ်နေသည်။

ဘုရားရေ ဒါက သေချာပေါက် သူတော်စင်အဆင့် ကျင့်စဉ်ပဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြိုင်ဘက်တစ်ချက်ကလေး

လှုပ်လိုက်ရုံရှိသေးသည်

သဏ္ဌာန်မဲ့မြင့်မြတ်စကြ်ာဝဠာ ကိုယ်ပွားက

ဆွန်းမိုနဲ့ အတူတူ ညာဘက်က တိုက်ခိုက်လိုက်သည်။

ဘောင်း ဘောင်း ဘောင်း

“ငါ့ကို ကယ်ပါအုံး”

ထိုလူသည် အကျယ်ကြီး အော်လိုက်ပြီး အလျှင်စလို ဓါးပြားကြီးနဲ့ ရိုက်ကာ အပေါက်တစ်ခု ဖွင့်လိုက်သည်။

ဟူး

သစ်သားခါးတစ်ချောင်း ပြေးဝင်လာသည်။

ဒိုင်း

နောက်ခေါင်းတစ်လုံး ပေါက်ကွဲသွားသည်။

ဘယ်ဘက်ကလူလည်း ချက်ခြင်း ထွက်ပြေးမလို့လုပ်သည်။

"ပြေးဖို့ စဉ်းစားနေတာလား"

ဆွန်းမိုက အေးစက်စက် နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး သာသာယာယာလေး လှုပ်ရှားလိုက်သည်။

လှပသော ယန်

အဆင့်မသိသည့် သိုင်းကွက်ကိုအားကိုး၍ ဆွန်းမိုသည် ဘယ်ဘက်ကလူကို ဖမ်းလိုက်ပြီး နောက်စေ့ကို ဓါးထိုးသွင်းလိုက်သည်။

လကိုပစ်ခြင်း

ဖောင်း

သစ်သားဓါးက လေထုကို ဖြတ်သန်းလာသည်။

ထိုလူက ဓါးကိုလှည့်ပြီး အစွမ်းကုန် ကာကွယ်လိုက်သည်။

ဒင်

သစ်သားခါးကို ဖယ်ထုတ်လိုက်ပြီး သက်ပြင်းချမယ် ကြံရုံရှိသေးသည် နောက်ထပ် သစ်သားခါး တစ်ချောင်းက ဝင်လာသည်။

"တောက်၊ နောက်တစ်ယောက် ရှိသေးတယ်"

စိတ်ပျက်အားငယ်သော ခံစားချက်ကို ပြည့်ပြည့်ဝဝ မခံစားလိုက်ရဘဲ ခေါင်းပေါက်ကွဲသွားသည်။

ဆွန်းမိုသည် အရမ်းမောဟိုက်နေသည်။ ထို့နောက် အော်ဟစ်လိုက်သည်။

"ဘယ်သူရှိသေးလဲ"

ဘုန်းကြီးများသည် ငှက်တွေလို လူစုခွဲပြီး ချက်ခြင်း ထွက်ပြေးကြသည်။ သူတို့ဆရာကြီးများ၏ ခေါင်းအားလုံး လည်း ပျောက်ကုန်ပြီ။ ဘာကြောင့် ဆက်တိုက်နေရအုံးမှာလဲ။

"ဆရာ"

လီဇီချီက ဆွန်းမိုကို ကူပြီး ထူပေးရန် ချက်ခြင်းပြေးလာသည်။

"ဆရာ၊ မင်း အရမ်း တော်လွန်း မနေဘူးလား"

ရှန်ယွန်ပေါင်က ကိုယ်ပွားကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

ဘောင်း

ကိုယ်ပွားသည် အခိုးအငွေ့များအဖြစ် ပြိုကွဲသွားပြီး ဆွန်းမိုဆီသို့ ပြန်ဝင်သွားသည်။

"ဒါပုံမှန်ပဲ အရမ်းကြီး အံ့အောမနေနဲ့ ၊ စိတ်ကိုပုံမှန်ထား"

လီဇီချီဆီက အသံထွက်လာသည်။ အောင်ပွဲရဖို့ လက်တစ်ကမ်းပဲ လိုတော့သည်။

"ယုထန်ကို သွားရှာ"

ဆွန်းမိုး ပြောနေရင်း အနောက်ဖက်အပေါက်ကို ပြေးသွားသည်။

ပြင်းထန်သော တိုက်ပွဲများကို ဆက်တိုက် တိုက်ခိုက်ထားရသဖြင့် ဝိညာဉ်ချီများ ကုန်ခမ်းနေသည်။ အမှန်တိုင်းပြောရလျှင် အရေးကြီးတဲ့ အခြေအနေမဟုတ်ပါက ခွေးရူးတစ်ကောင်လို မတိုက်ခိုက်ချင်ပါ။ တကယ်လို့ တစ်ခုခု လွဲချော်သွားရင် သူရှုံးနိမ့်သွားမည်။

"ဒီလောက်ချောမောတဲ့ဆရာက ဒီလောက်သွေးဆူတဲ့ ပုံစံနဲ့ တိုက်ခိုက်မယ်လို့ မထင်ထားဘူး"

ရှန်ယွန်ပေါင်က အော်ပြောလိုက်သည်။

ဒင်

ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု+၁၀၀။ ရင်းနှီး(၄၆၁/၁,၀၀၀)

တိုက်ပွဲကို စွဲလမ်းသည့် ရှန်ယွန်ပေါင်သည် ခုနတုန်းက ဆွန်းမိုရဲ့ လုပ်ဆောင်ချက်ကို အရမ်းသဘောကျနေသည်။ သူလည်း သူ့ဆရာလို ပြီးပြည့်စုံအောင် လုပ်နိုင်မလားဆိုတာ တွေးနေသည်။

"ဆရာဆွန်း၊ အဆင်ပြေလား"

မြေခွေးအိုကြီးရန်သည် ရုတ်ရုတ်သဲသဲ အသံကြားတာနဲ့ လက်အောက်ငယ်သားတွေကို ခေါ်ပြီး လိုက်လာခဲ့သည်။

“ဒါ........ဒါက တိုက်ပွဲပြီးသွားပြီလား”

မြေခွေးအိုကြီး ရန်သည် မျက်လုံးပြူးပြီး ပါးစပ်အဟောင်းသား ဖြစ်နေသည်။

ဘုရားကျောင်းထဲကို တစ်ချိန်လုံး အာရုံစိုက်ထားခဲ့သည်။ ‘သတ်’ ဆိုတဲ့ အော်သံကြားတာနဲ့ တပြည့်တွေကို ခေါ်ပြီး

တစ်ဟုန်ထိုး ပြေးဝင်လာခဲ့သည်။ သို့သော်လည်း အချိန်နှောင်းသွားမယ်လို့ သူ မထင်ထားခဲ့ပါ။

"ဟာ ရက်စက်လိုက်တာ"

လက်အောက်ငယ်သားများသည် ကွဲကြေနေတဲ့ ခေါင်းများကို မြင်ပြီး မထိန်းနိုင်ဘဲ အော့အန် ချင်လာကြသည်။ ခေါင်းတွေ ကျိုန်းပြီး ဆံပင်တွေ ထောင်ချင်လာသည်။

"ဒီမှာ ဘာကြောင်နေတာလဲ ၊ သွား မိန်းကလေးကို လိုက်ရှာ"

မြေခွေးအိုကြီး ရန်က လောလိုက်သည်။

“ခါးစာခံတွေကိုလဲ ခေါ်သွား”

ထိုစကားပြောပြီးနောက် မြေခွေးအိုကြီး ရန်သည် သူယုံကြည်ရတဲ့ လက်အောက်ငယ်သားတချို့ကို ငွေသွားရှာရန် အမူအယာနဲ့ တစ်ချက်ကြည့်လိုက်သည်။ ဒီလို လူကုန်ကူးတဲ့ အဖွဲ့အစည်းတွင် လျှို့ဝှက်သိမ်းဆည်းထားသော ငွေဘဏ္ဍာများ သေချာပေါက် အများကြီး ရှိနေနိုင်သည်။

စာစဉ်(၁၄)

အခန်း(၂၀၁) - ဘာကြောင့် မင်းရဲ့ အစွမ်းထက်တဲ့ အဆက်အသွယ်ကို ဂရုစိုက်ရမှာလဲ ၊ သတ်။

သုံးပါးသန့်စင် ဘုရားကျောင်း အနောက်ဖက် ခြံဝန်းထဲတွင် သပ်ရပ်လှပသောအိမ်တစ်လုံး ရှိသည်။

လီချမ်သည် ရေနွေးလေးနဲ့ ရေချိုး၊ ထမင်းစားပြီးနောက် ဗိုက်ကလေး လှုပ်တုပ်လှုပ်တုပ်နဲ့ ခြံဝန်းကလေးထဲကို လမ်းလျှောက်လာသည်။

“ဧောင်ယန်၊ ကုန်ပစ္စည်းရဲ့ အရည်အသွေးမကောင်းခဲ့ရင် မင်းလိုချင်တာနဲ့ လွဲသွားလို့ ငါ့ကို အပြစ်မတင်နဲ့”

လီချမ်သည် သမ်းဝေနေပြီး ပင်ပန်းနွမ်းနယ်နေတဲ့ ပုံပေါက်နေသည်။ သူသည် ပြီးခဲ့တဲ့ညက ရန့်မွေး

ပြည့်တန်ဆာအိမ်တွင် ပြည့်တန်ဆာမ တစ်ယောက်နဲ့ တစ်ညလုံး ပျော်ပါးခဲ့သည်။ ခါတိုင်းထက်တောင် ပိုကြမ်းခဲ့သည်။

ထို ပြည့်တန်ဆာ မဖြစ်တဖြစ်လေးက အစပိုင်းတွင် ခန္ဓာကိုယ် ရောင်းဖို့ ငြင်းဆန်နေခဲ့သည်။

(ဟွန့်၊ ဒီအဖေက သာမန်လူလား၊ ဒီဖေက လီဇီရှင်းရဲ့ ငါးယောက်မြောက်သားကွ၊ လီဇီရှင်းက ဘယ်သူလဲသိလား)

လီဇီရှင်းသည် တန်ကောရာဇ်ကြီးရဲ့ ညီတော် ဖြစ်သည်။ သူတို့က တမအေထဲက မွေးချင်းများ

ဖြစ်ပြီး ချင်လင်မြို့ကို အုပ်ချုပ်ဖို့ ပေးအပ်ထားသည်။ ချင်လင်တွင် လီဇီရှင်းက ပါဝါနဲ့ အာဏာ အကြီးဆုံး ဖြစ်သည်။ ဒီနေရာမှာရှိသော မှူးမတ်များအနက် သူက ရာထူးအကြီးဆုံးဖြစ်သည်။

ဒီလိုအခြေနေအရ လီချမ်သည် အဆင့်အမြင့်ဆုံး အဆင့်အတန်းဖြစ်သည့် ဒုတိယမျိုးဆက် တော်ဝင်မင်းသား တစ်ယောက် ဖြစ်သည်။ သေသေချာချာနားထောင် ‘တော်ဝင်’ ဆိုတဲ့ စကားလုံးပါသည်။ အရာရှိ သား၊ သမီးများ၏

ဒုတိယမျိုးဆက်များထက် သူက အဆင့်အတန်း ပိုမြင့်နေသည်။

(မင်းက ပြည့်တန်ဆာ တစ်ပိုင်းသာသာပဲ၊ ငါ့အရှေ့မှာ ဘာတွေ အမူအရာ ပိုနေတာလဲ။ နောက်ဆုံးတော့ မင်းရဲ့ ပန်းရောင်ပြေးနေတဲ့ နေရာကို ဖောက်ကနဲ မြည်အောင် အဖောက်ခံရပြီး သေလုနီးပါး ကျိုးကျိုး နွံနွံနဲ့ ပျော်ပါးခဲ့ရတာပဲ မဟုတ်လား။)

"မင်းသားလေးရဲ့ အကြိုက်ကို ကျွန်တော် သိပါတယ်"

ဇောင်ယန်က တဟားဟားနဲ့ ကျယ်လောင်စွာ ရယ်မောလိုက်သည်။ လီချမ် ဒီလိုမျိုး လုပ်နေတာ တစ်ကြိမ်၊ နှစ်ကြိမ်လည်း မဟုတ်တော့ပါ။ သူတို့ ရင်းနှီးနေတာ တော်တော်ကြာပါပြီ။ ဒါပေမယ့် သူ့အဖေ သိသွားရင် ဘယ်လိုဖြစ်လာမလဲ။

ဟားဟား ၊ ဒါက သူ့အဖေ သင်ထားတာပဲ။

တကယ်တော့ ဇောင်ယန်သည် လီတိုင်ကို ပေါင်းသင်းချင်ခဲ့သည်။ လီတိုင်က လီဇီရှင်းရဲ့ အချစ်ဆုံးသားပါ။ သို့သော်လည်း လီတိုင်လို အရည်အချင်း အရမ်းရှိတဲ့လူကို ဘယ်လိုတောင်းဆို

ရမလဲ။ လီတိုင်က သူ့လိုလူများကို အထင်သေးပါသည်။ ဒါကြောင့် ဇောင်ယန်သည် ခြေလှမ်း အနည်းငယ်လျှော့ပြီး လီချမ်ကို ပေါင်းသင်းခဲ့ရသည်။

ကံကောင်းတာက လီချမ်ကလည်း လီဇီရှင်းရဲ့ အကျော်ကြားဆုံး သားသုံးယောက်ထဲ ပါနေသေးသည်။ သူ့အမေကလည်း ချင်လင်မြို့ရဲ့ နာမည်ကြီး ပြည့်တန်ဆာ တစ်ယောက် ဖြစ်ခဲ့သည်။ သူမက အရမ်းလှပပြီး ဖျော်ဖြေရေး အပိုင်းမှာလည်း

အရမ်းကျွမ်းကျင်သည်။ ဒါကြောင့် လီဇီရှင်းက သူမကို အရမ်းချစ်သည်။

ဒါ့အပြင် လီချမ်သည် သူ့အမေဆီက ရုပ်ရည် ကောင်းမွန်မှုကို အမွေရခဲ့သည်။ ချောမောသော မျက်နှာကြောင့် သူကိုယ်သူ သက်သေပြရန် အခွင့်အလမ်းများ ပိုရခဲ့သည်။

ဒီမင်းသားလေးရဲ့ ချောမောသော အသွင်အပြင်အောက်မှာ အဆိပ်ပြင်းပြီး ဖောက်ပြန်တတ်တဲ့ နှလုံးသားတစ်ခုရှိတယ်ဆိုတာ ဘယ်သူမှ မသိခဲ့ကြပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိုက်ဆိုင်စွာပင် သူနှင့် ဖေခင်ယန်တို့သည် နှစ်ယောက်စလုံး အကြံသမားများ ဖြစ်သောကြောင့် အရမ်း အတွဲညီနေကြသည်။

(ဆွန်းမို၊ မင်းသိပ်တော်နေတယ် မလား၊ ချင်လင်မြို့က အချမ်းသာဆုံး ကုန်သည်ကြီး ငါ့အဖေကို မျက်လုံးထဲတောင် မထည့်ထားဘူး မဟုတ်လား၊ ဒီလိုဆိုတော့လည်း မင်းအတွက် ပိုတော်တဲ့ ပြိုင်ဘက် တစ်ယောက် ငါရှာပေးမယ်)

(မင်းသား လီဇီရှင်းဆိုရင်ကော ဘယ်လိုလဲ)

(ဒီလူတွေရဲ့ အမြင်မှာ မင်းသမီး ဒါမှမဟုတ် မင်းမိန်းမ နဲ့အိပ်တယ်ဆိုရင်တောင် ဒါက မင်းကို မျက်နှာပေးလို့ပဲ။ မင်းမယုံကြည်ရင် မင်းဘဝရဲ့ အခိုက်အတန့် တိုင်းကို ငရဲ ဖြစ်အောင် လုပ်ပေးလိုက်မယ်)

ဇောင်ယန်သည် အငြှားခါးနဲ့ လူသတ်ချင်နေသည်။

"ဒါတွေ အားလုံး မင်းရဲ့ အမှားပဲ၊ ငါနိုးလာတဲ့ အချိန်မှာ ပြည့်တန်ဆာ တစ်ပိုင်းမရဲ့ မျက်နှာပေါ်မှာ 'ကျွန်မ ဖာသည်' လို့ရေးဖို့ အချိန်မရလိုက်ဘူး"

လီချမ်က နောင်တရစွာ သက်ပြင်းချလိုက်သည်။

"မင်းပြန်သွားပြီး စာလုံး ရေးလို့ရပါသေးတယ်"

ဖေါင်ယန်က ပြုံးရင်း ပြောလိုက်သည်။

"မင်းနားမလည်ပါဘူးကွာ ဒီလို အရာတွေ လုပ်တဲ့အချိန်မှာ ခံစားမှု အရမ်းရေးကြီးတယ်။ ပြီးတော့ ဒီပြည့်တန်ဆာ မ တစ်ပိုင်းက ရေထဲခုန်ချပြီး သတ်သေသွားရင် ဘယ်လိုလုပ်မလဲ၊ နောက်ဆုံး တစ်ယောက်တုန်းကလည်း ခုန်ချသွားသေးတယ်"

လီချမ်က ပြောပြီး တဟားဟားနဲ့ အော်ရယ်နေသည်။

“ဒါပေမယ့် သူမ သေသွားရင်တောင် အလောင်းကို ခွေးကျွေးပစ်ရမယ်၊ သူမရဲ့ မနာခံတတ်မှုအတွက် မွေးဖွားမိတာကို နောင်တရအောင် လုပ်ရမယ်”

ဖောင်ယန်သည် ရယ်မောလိုက်သော်လည်း စိတ်ထဲတွင် အေးစက်စက် လှောင်ရယ်နေလိုက်သည်။

(အင်း၊ လူတွေက ငါ့ကို ကျောင်းတွင်း အာဏာရှင် မကောင်းဆိုးဝါးလို့ ပြောကြတယ်။ ဒါပေမယ့် သူနဲ့ ယှဉ်လိုက်ရင် ငါက ဘာမှ မဟုတ်တော့ဘူး။)

လီချမ်သည် ဘယ်သူ့ကိုမှ မျက်လုံးထဲ မထည့်ပါ။ လူတိုင်းကို ပုရစ်တစ်ကောင်လို တစ်ယောက်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ယောက် ရိုက်နှက် အနိုင်ကျင့်ကာ ဆက်ဆံတတ်သည်။ တစ်ပါးသူရဲ့သေခြင်း၊ ရှင်ခြင်းကိုလည်း ဂရုမစိုက်ပါ။ သူပျော်နေသ၍ အားလုံးအဆင်ပြေသည်။

ဟား

လီချမ်သည် မနေ့က ပျော်ပါးထားသော အရှိန်ကြောင့် သမ်းဝေသွားပြန်သည်။ ဒါကြောင့် မနက်ပိုင်းတွင် တစ်ရေး အိပ်ခဲ့သော်လည်း အသုံးမဝင်ပါ။

"အမှိုက်"

ဇော်ယန်သည် အထင်သေးစွာ စိတ်ထဲက တိုးတိုးလေး ပြောလိုက်သည်။ သူ့ကို အထင်သေးသော်လည်း သူ့ကို အနားယူ ခိုင်းလို့ မဖြစ်သေးပါ။ သူက လီချမ်ကို အမြန်ထကာ လုချီဟွာအား မသန်မစွမ်း ဖြစ်တဲ့အထိ ပျော်ပါးစေခြင်သည်။ အဲဒါပြီးရင်တော့ လုချီဟွာကို ဆွန်းမိုဆီ ပြန်ပို့ပြီး ပွဲကောင်း တစ်ခု စောင့်ကြည့် နေလိုက်မည်။

ဆွန်းမို အရမ်းပေါက်ကွဲသွားဖို့ ဖြစ်နိုင်ခြေ များသည်။

ဟား ဟား ဒီမြင်ကွင်းကို ကြည့်ရတာ အရမ်းကျေနပ်ဖို့ ကောင်းမှာဘဲ။

ခရက်။

ခြံဝန်းလေး၏ တံခါးကို တွန်းဖွင့်ပြီး နှစ်ယောက်သား ရင်းရင်းနှီးနှီးနဲ့ သက်တောင့် သက်သာ ဝင်လာကြသည်။ အများအားဖြင့် သုံးပါးသန့်ရှင်း ဘုရားကျောင်းနောက်တွင် လူရှိနေတတ်သည်။ ဒီနေ့တော့ မင်းသားလေးနဲ့ ဧောင်ယန် ရောက်လာသောကြောင့် ထုံးစံအတိုင်း

ဝင်ခွင့် ပိတ်ထားသည်။ သူတို့နှစ်ယောက် စိတ်ဆိုးမာန်ဆိုး ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။

ဒီအချက်ကြောင့်လည်း ထန်ထန်ယုထန်နှင့် နောက်ထပ် နှစ်ယောက် ခိုးဝင်ဖို့ အဆင်ပြေသွားသည်။

ဆူဆူညံညံအသံကို ကြားလိုက်လျှင် လုချီဟွာ ခေါင်းငုံ့လိုက်သည်။

"လှလိုက်တာ"

လီချမ်က အကျယ်ကြီး ချီးကျူးလိုက်သည်။ လက်ကိုမြှောက်ကာ ဇောင်ယန် ပခုံးကို ပုတ်လိုက်သည်.

"ဒီလို ချောမောလှပတဲ့ မိန်းကလေးကို ဘယ်က ရှာခဲ့တာလဲ"

"သူမက ရှန်ဂျင်က"

ဇောင်ယန်က လုချီဟွာရဲ့ အမှုတွဲ ဖိုင်ကို ဖွင့်ကြည့်လိုက်သည်။

"ပြဿနာ မရှိဘူး မဟုတ်လား "

လီချမ် လက်မနှေးတတ်ပါ။ သူ့အဖေက အချိန်အများစုကို သုံးကာ နောက်ဆက်တွဲ ပြဿနာတွေကို ဖြေရှင်းနိုင်ပေမယ့် သူသည် မကြာခဏ အပြစ်ပေးခံရတတ်သည်။

“ပြဿနာမရှိပါဘူး မိသားစု သေးသေးလေးက လာတာပါ”

ဓောင်ယန်က လီချမ် စိတ်အေးသွားအောင် ပြောလိုက်သည်။

“ အပျိုစစ် သေးလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီချမ် တံတွေးတစ်ချက် မျိုချလိုက်သည်။ ကျေနပ်စရာ ကောင်းတဲ့ အဖြေကို မရမှာ အရမ်း စိုးရိမ်နေသည်။ ဒီလိုလှပတဲ့ မိန်းကလေးမျိုးသည် သန့်ရှင်းမှုက အရင်အတိုင်း မဟုတ်ပါက မပြီးပြည့်စုံတော့ပါ။

“မင်းသားလေးအတွက် အကောင်းဆုံး လက်ဆောင်ပေးနိုင်အောင် ထုံးစံအတိုင်း ကြိုးစားထားပါတယ်”

ဇောင်ယန်က နှုတ်ခမ်းကို ကွေးရင်း ပြန်ဖြေလိုက်သည်။

"ဟားဟား... ကောင်းတယ်"

လီချမ်က ဓောင်ယန် လက်ကိုပုတ်ပြီးနောက် လျှောက်သွားလိုက်သည်။

လုချီဟွာသည် ထောင့်ဘက်ကို ပြန်လှည့်သွားသည်။ ဒီအညစ်အကြေးက အရမ်းရှုံ့ဖို့ကောင်းတဲ့ အနံ့အသက် ထွက်နေသည်။

"ညီမလေး ငါက လူဆိုးကြီးနော်၊ နောင်ကျရင် မင်းကို စားပစ်လိုက်မယ်"

လီချမ်သည် သားကောင်များ၏ မျက်နှာပေါ်တွင် အကူအညီမဲ့ ၊ စိတ်ပျက်အားငယ်ပြီး

ကြောက်လန့်နေကြတဲ့ အမူအရာ ရောက်နေတာကို သိပ်သဘောကျသည်။

"နားမထောင်ဘူး ၊ နားမထောင်ဘူး"

"ငါ့အဖေက ငါ့ကို ကာကွယ်လိမ့်မယ်"

"ငါ့ဆရာ လာပြီး ငါ့ကို ကယ်လိမ့်မယ်"

လုချီဟွာက တိုးတိုးလေး ရေရွတ်လိုက်သည်။ အစကနေ အဆုံးအထိ မျှော်လင့်ချက်ကို လုံးဝ လက်မလွှတ်ခဲ့ပါ။

"ဆရာလား မင်းပျောက်နေတာကိုရော သတိထားမိရဲ့လားဆိုတာ သူ့ကို မေးလိုက်ချင်တယ်"

ဓောင်ယန်က ကျယ်ကျယ်လောင်လောင် အော်ရယ်လိုက်သည်။

တာအိုဝါဒ ဌက်ဖြူသည် တခြားနေရာတွင် အသုံးမကျသော်လည်း လူပြန်ပေးဆွဲတဲ့ နေရာတွင် ဆရာကျသည်။ လုချီဟွာလို ပစ်မှတ်ကတော့ သူ့အတွက် ပိုတောင်လွယ်သေးသည်။

တာအိုဝါဒ ဌက်ဖြူက လုချီဟွာရဲ့ ကြင်နာမှုကို အသုံးချပြီး အလွယ်တကူ ပြန်ပေးဆွဲခဲ့သည်။

ထန်ထန်ယုထန်၊ ချန်လုံနှင့် အင်ဘိုင်ဝူတို့သည် သိပ်မဝေးတဲ့ နံရံတစ်ခုနောက်တွင် ပုန်းအောင်းနေကြသည်။

ဖောက် ဖောက်

ချန်လုံက ယုထန်ရဲ့ ပခုံးကို ခပ်ပါးပါးလေး ပုတ်လိုက်သည်။

"ငါတို့ ဘယ်အချိန်ကျမှ ဝင်မှာလဲ"

"စိတ်မပူနဲ့"

ထန်ထန်ယုထန်က ဆက်စောင့်နေရန် အမူအရာ ပြလိုက်သည်။

"ဘာကြောင့်လဲ"

အင်ဘိုင်ဝူက နားမလည်ပါ။

"ဘယ်လိုပဲဖြစ်ဖြစ် လုချီဟွာ ဒဏ်ရာမရထားဘူးဆိုတာ အတည်ပြုနိုင်ပြီ၊ နောက်ထပ်လုပ်ရမယ့် အရာက ငါတို့ရဲ့ သားကောင်ကို သတ်ပြစ်ပြီး အောင်မြင်တဲ့ စိတ်ကျေနပ်မှုကို ခံစားဖို့ပဲ ကျန်တော့တယ်"

ထန်ထန်ယုထန်က ပခုံးတွန့်ရင်း ပြန်ဖြေလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချန်လုံသည် ထန်ထန်ယုထန်ကို ကြည့်ပြီး ပါးစပ်ထောင်က တလှုပ်လှုပ် ဖြစ်နေသည်။ သူ့ရဲ့ ပညာသင်ဘက် ညီလေးက စိတ်ဓါတ်မကောင်းမှန်း သိပေမယ့် ဒီလောက် ပြင်းထန်မယ်လို့ မထင်ထားခဲ့ပါ။

"အရှူး"

အင်ဘိုင်ဝူ မျက်နှာ မှုန်ကုတ်ကုတ် ဖြစ်နေသည်။ မတ်တပ်ရပ်ပြီး ချက်ခြင်း ဝင်သွားခြင်နေသည်။ သူမ၏ ပင်ကိုယ်စရိုက်အရ ထန်ထန်ယုထန် စိတ်ဆိုးမှာလည်း ဂရုမစိုက်ပါ။

ဖောက်

ထန်ထန်ယုထန်က အင်ဘိုင်ဝူကို လှမ်းဆွဲလိုက်သည်။

“ဒီလို ညစ်တဲ့ကောင်တွေကို ငါတို့ ဒီလို သတ်လိုက်ရင် သိပ်သနားစရာ ကောင်းသွားမယ်”

“မရဘူး ၊ လုချီဟွာ တစ်ခုခု ဖြစ်သွားမယ့် ကိစ္စကို ငါခွင့်မပြုနိုင်ဘူး။ ဒီလိုမှမဟုတ်ရင် ဆရာ့ကို ပြန်ပြောဖို့ နည်းလမ်း မရှိဘူး”

အင်ဘိုင်ဝူက ငြင်းဆန်လိုက်သည်။ ဒါပေမယ့် အင်ဘိုင်ဝူ လှည့်ကြည့်လိုက်လျှင် တာအိုဝါဒ

ဘုန်းကြီးလေးကို ပြေးရင်းလွှားရင်း ဆွဲကိုင်လာသော ဆွန်းမိုကို မြင်လိုက်ရသည်။

"ဆရာ"

အင်ဘိုင်ဂူ ရုတ်တရက် အရမ်း ဝမ်းသာသွားသည်။

"ဒီလောက် မြန်လား"

ထန်ထန်ယုထန် အရမ်းအံ့အော သွားသည်။ သူ့ဆရာ ကြက်သတ်နေရင်တောင် ဒီလောက် မြန်မြန် ရောက်လာဖို့ မဖြစ်နိုင်ပါ။

သူ့ဆရာရဲ့ တိုက်ခိုက်ရေး စွမ်းရည်ကို ပြန်သုံးသပ်ရတော့မည်။

အခန်းထဲတွင် လီချမ်က လုချီဟွာ ဘေးတွင် ဆောင့်ကြောင့် ထိုင်လိုက်သည်။

“မင်းအော်လို့ ရတယ်နော်၊ ဘာကြောင့် မအော်တာလဲ၊ မင်းမအော်ရင် စိတ်လျှပ်ရှားဖို့ မကောင်းတော့ဘူး”

လီချမ်သည် အရမ်းကြောင်ပြီး စောက်ကျင့်မကောင်းမှုမှာ ထိပ်တန်းရောက်နေတဲ့ လူတစ်ယောက်ရဲ့ အငွေ့အသက်တွေ ထွက်ပေါ်နေသည်။

လုချီဟွာ အရမ်းကြောက်သွားသည်။ သူမမျက်လုံးတွေ နီနေပေမယ့် မျက်ရည်မထွက်ပါ။ လုံးဝလည်း မအော်ပါ။

"ငါ့အဖေက ဖွဲ့ရှိတဲ့ မိန်းကလေး တစ်ယောက်ဖြစ်လာရမယ်လို့ ပြောထားတယ်"

"အိုး၊ မင်းဘယ်လို ဆုံးဖြတ်ထားလဲ"

လီချမ်က လုချီဟွာရဲ့ ဆံပင်ကို ဖမ်းဆုပ်လိုက်သည်။ သူတို့က စကားပြောနေရင်း ရုတ်တရုတ် သူ့မျက်နှာ အမူအရာက

ကြမ်းတမ်းလာပြီး ဆံပင်ကနေ ကြမ်းကြမ်းတမ်းတမ်း ဆွဲခေါ်သွားသည်။

"စောက်ကျင့် မကောင်းလိုက်တာ"

ဖေါင်ယန်သည် စိတ်ထဲက ပြောလိုက်သည်။ (ဒီအဖေရဲ့ နည်းလမ်းကမှ မင်းထက် ကြင်နာသေးတယ်)

လုချီဟွာရဲ့ ခန္ဓာကိုယ် တရွတ်တိုက် ပါသွားသည်။ ဒါပေမယ့် သူမ မအော်ခဲ့ပါ။ အဲဒီအစား သူမက လီချမ်ကို ကြည့်လိုက်ပြီး အလေးအနက် ပြောလိုက်သည်။

"ငါ့ဆရာ သေချာပေါက် အမြန်လာပြီး ငါ့ကို ကယ်တင်လိမ့်မယ် အဲဒီအချိန်ကျရင် မင်းသေချာပေါက် သေရမယ်"

"ဟဲဟဲ၊ ငါကလည်း မင်းကို သေချင်စိတ်ပေါက်အောင် လုပ်ပေးပါ့မယ်"

လီချမ် ပြုံးပြုံး ဖြဲဖြဲ လုပ်လိုက်ပြီး လုချီဟွာကို ဆံပင်ကနေ ဆွဲထူပြီး အတင်းအကျပ် နမ်းဖို့ လုပ်လိုက်သည်။ ဒါမေပယ့် အဲဒီအခိုက်အတန့်တွင် လေတိုးသံ ထွက်ပေါ်လာသည်။

ရှုတ်စ်

သွေးတွေ ပေကျံနေသော သစ်သားဓါးတစ်ချောင်းက လီချမ်ရဲ့ မျက်နှာဆီကို ပြင်းထန်စွာ တိုးဝင်သွားသည်။

"အား"

လီချမ် နာကျင်စွာ အော်ဟစ်လိုက်သည်။ သစ်သားဓါးရဲ့ ရိုက်ခတ်မှုကြောင့် မြေပေါ် ပစ်လဲကျသွားသည်။

ဖူး

သွေးတစ်လုပ် အန်ထွက်သွားပြီး သွားနှစ်ချောင်းလည်း ကျွတ်ထွက်သွားသည်။

“အား အရမ်းနာတယ်၊ ငါ့မျက်နှာ၊ ငါ့သွား”

လီချမ်က မျက်နှာကို အုပ်ပြီး မြေပေါ်မှာ လူးလိမ့်နေသည်။

“ဘာကြီးလဲ”

ဇောင်ယန် အရမ်းလန့်ဖြန့်သွားသည်။ ရုတ်တရက်လှည့်ကြည့်လိုက်လျှင် ဆွန်းမိုက သူ့ကိုဖြတ်ပြီးပြေးသွားတာကို မြင်လိုက်ရသည်။ ဆွန်းမိုသည် လီချမ်ဘေးကို ရောက်တာနဲ့ ခြေထောက်ကို မြှောက်ပြီး ခေါင်းကို တစ်ခါတည်း ကန်လိုက်သည်။

ဒိုင်း

လီချမ်၏ခေါင်း နောက်ယိုင်သွားပြီး တစ်ကိုယ်လုံး ဂျင်ပေါက ထုံးကဲ့သို့ ချာချာ လည်သွားသည်။ ထို့နောက် နံရံကို ‘ဘောင်း’ကနဲ တိုက်မိသွားသည်။

“ဆွန်….ဆွန်းမိုလား”

ဇောင်ယန် မယုံကြည်နိုင်စွာ ငေးကြည့်နေသည်။ (ငါပဲ အမြင်မှားတာလား ဘာကြောင့် ပေါ်လာတာလဲ)

“ဒီကောင် ဘယ်သူလဲ၊ ငါ့ကို တကယ်ရိုက်ရဲတာလား”

လီချမ်က ကျိန်ဆဲလိုက်သည်။

“မင်းကို အရေခွံခွာ ပစ်မယ်’

“ဆရာ”

လုချီဟွာသည် ပါးစပ်ကို လက်နဲ့ အုပ်လိုက်ပြီး ချက်ခြင်း ဆိုသလို အံ့အောပြီး ပျော်ရွှင်သွားတဲ့ ပုံပေါ်လာသည်။ အဲဒီနောက်မှာ ထိတ်လန့်ကြောက်ရွံ့မှုကို မထိန်းနိုင်တော့ဘဲ ငိုချလိုက်သည်။

“အီးဟီး၊ ဆရာ ငါကြောက်တယ်”

လုချီဟွာရဲ့ လှပသော မျက်နှာပေါ်တွင် မျက်ရည်တွေ စိုရွဲနေသည်။ သူမ အရမ်းကို ကြောက်လန့် ဝမ်းနည်းနေပုံရသည်။

လုချီဟွာရဲ့ ကြောက်လန့် တုန်လှုပ်နေတဲ့ အသံကို ကြားလိုက်လျှင် ဆွန်းမို ဒေါသ ပိုထွက်လာသည်။ ခြေထောက် မြှောက်ပြီး ခေါင်းတွေချည်း လှိမ့်လှိမ့်ကန်လိုက်သည်။

ဘောင်းဘောင်း ဘောင်း

ပြင်းပြင်းထန်ထန် သုံးကြိမ်ဆက်တိုက် ကန်လိုက်သည်။

လီချမ်လည်း ခေါင်းကို ဆင်နင်းသလို ခံစားနေရသည်။ နှာခေါင်းက သွေးတွေထွက်လာပြီး ကြောင်တောင်တောင် ဖြစ်သွားသည်။

“ငါဘယ်သူလဲဆိုတာ သိရဲ့လား၊ တပြည့်လာပြီး ဒီကောင်ကို သတ်စမ်း”

မဟုတ်တာ တစ်ခုခု လုပ်ချင်သောကြောင့် ဒီနေ့ သူရဲ့ သက်တော်စောင့်များကို မခေါ်လာခဲ့မိပါ။ ပြီးတော့ ဒီကိုလည်း အကြိမ်ပေါင်းမြောက်များစွာ ရောက်ခဲ့ပြီး ဘာမှလည်း မဖြစ်ခဲ့ပါ။

လီချမ် အော်ဟစ်နေသည်။

" မင်းထွက်ပြေးလို့ မရဘူး"

ဆွန်းမိုက ဒေါသတကြီး အော်ဟစ်လိုက်သည်။

ဇောင်ယန်ကတော့ ထုံးစံအတိုင်း နားမထောင်ပါ။ လီချမ် အော်လိုက်တဲ့အချိန်မှာ ချက်ခြင်း လှည့်ပြေးသွားသည်။

"ဟွန့်"

ဆွန်းမိုက အေးစက်စက် နှာခေါင်း ရှုံ့လိုက်သည်။ အနီရောင် အခိုးအငွေ့ အမြောက် အများ ထွက်လာပြီး ချက်ခြင်း ဆိုသလို သဏ္ဍာန်မဲ့ စက်ကြာဝဠာ ကိုယ်ပွား ဖြစ်သွားပြီး ဇောင်ယန်ကို လိုက်ဖမ်းလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အို၊ လူယုတ်မာလေး၊ ဒီလမ်းက ပိတ်နေတယ်"

ရှန်ယွန်ပေါင်က သူ့လှံကို ကိုင်ပြီး လမ်းပိတ်ထားသည်။

"စောက်သုံးမကျတဲ့ကောင်"

ဖောင်ယန်က ဒေါသတကြီး အော်လိုက်သည်။ ထို့နောက် အင်ဘိုင်ဝူနဲ့ ကျန်တဲ့လူများလည်း ထောင့်က ထွက်လာကြသည်။ ဘယ်လမ်းက ပြေးရင်ကောင်းမလဲ စဉ်းစားနေတဲ့ အချိန်တွင် လည်ပင်းနောက်ကျောကို ဓါးတစ်ချောင်းက လာမှန်သည်။

ဘောင်း

အာရုံ ခံစားမှုနဲ့ ခဏလောက် အဆက်အသွယ်ပြတ်ပြီး မြေပေါ်ကို လဲကျသွားသည်။

ကိုယ်ပွားက ဖောင်ယန်ကို ဆံပင်ကဆွဲပြီး အိမ်ထဲကို ပြန်ခေါ်သွားသည်။

"ဆရာ၊ ချီဟွာ"

လီဇီချီက ဝင်ချင်ပေမယ့် ထန်ထန်ယုထန်က သူမကို တားထားသည်။

"စောင့်နေပါ၊ နောက်ထပ်မြင်ကွင်းက မိန်ကလေး ကြည့်ဖို့ မသင့်တော်ဘူး"

“ငါမကြောက်ဘူး”

လီဇီချီက ထန်ထန်ယုထန်ကို တွန်းဖယ်လိုက်သည်။

“ဒါတွေအားလုံး မင်းအပြစ်ပဲ”

အင်ဘိုင်ဝူက ထန်ထန်ယုထန်ကို စိုက်ကြည့်ရင်း ပြောလိုက်သည်။ ခုနတုန်းက လုချီဟွာကို ကယ်တင်နိုင်သော်လည်း ထန်ထန်ယုထန်က စောင့်ဖို့ ပြောခဲ့သည်။ သူတို့ဆရာသာ အဲဒီအခိုက်အတန့်တွင် မှန်ကန်တဲ့လုပ်ရပ်ကို မလုပ်ခဲ့ဖူးဆိုတာ သိသွားရင် သူတို့ကို သေချာပေါက် အပြစ်ပေးလိမ့်မည်။

အင်ဘိုင်ဝူသည် ဆွန်းမိုကို ကိုးကွယ်နေပြီး ဆွန်းမိုစိတ်ထဲက သူမရဲ့ အနေအထားကို အရမ်းသတိထားနေသည်။

ထန်ထန်ယုထန်လည်း သူ့ရဲ့ ပညာသင်ဘက် မောင်နှမများကို မတားနိုင်တော့ဘဲ နောက်ကနေ ပခုံးတွန့်ပြီး လိုက်သွားသည်။

"သူဌေး ငါတို့ကရော"

လက်အောက်ငယ်သားတချို့က မြေခွေးအိုကြီး ရန်ကို မေးလိုက်သည်။

"မင်းတို့တွေ နားမထောင်သင့်အရာ၊ မကြည့်သင့်တဲ့ အရာကို လုံးဝမကြည့်နဲ့ မလုပ်နဲ့"

မြွေခွေးအိုကြီးရန်က ညွှန်ကြားလိုက်သည်။ ဒါက သူ့ဘဝရဲ့ ခံယူချက်ပဲ။ မမေးသင့်တဲ့ အရာတွေက သူ့ကို ဒုက္ခရောက်စေနိုင်မယ်ဆိုရင် တစ်ချက်တောင် လှည့်ကြည့်မှာ မဟုတ်ပါ။

လီဇီချီသည် လီချမ်ကို မြင်လိုက်တော့ မျက်မှောင်ကြုတ်သွားသည်။

"ငါ..လို..မ..သား မင်းသေသင့်တယ်၊ ငါက လီချမ်၊ ငါ့အဖေက လီဇီရှင်း ၊ သူဘယ်သူလဲ သိလား"

လီချမ်က ဒေါသတကြီး အော်ဟောက်လိုက်သည်။ ဆွန်းမို ကို မျက်လုံးနီကြီးတွေနဲ့စိုက်ကြည့်နေသည်။

ဆွန်းမိုက မြေပြင်မှာ မှောက်နေသော သူ့ကို ဆံပင်ကနေ ဆွဲထူ လိုက်သည်။

“ငါသိတယ်”

“ဟားဟား၊ မင်း.............”

‘ကြောက်နေပြီလား’ စကားတောင် ဆုံးအောင် မပြောလိုက်ရပါ။ ဆွန်းမိုက သူ့ခေါင်းကို ကိုင်ပြီး မြေကြီးနဲ့ ရိုက်ချလိုက်သည်။

ဘောင်း

မျက်နှာမှာ ဒဏ်ရာတွေ ပေါ်လာပြီး နှာခေါင်းရိုးကျိုးသွားသည်။ သွေးတွေ အဆက်မပြတ် စီးကျနေသည်။

"ငါ့အဖေက လီဇီရှင်း၊ သူက မင်းသားပဲ"

ဆွန်းမိုက သူ့အဖေကို အညတရ တစ်ယောက်လို့ ထင်နေတယ် ထင်တယ်။ ဒါကြောင့် ထပ်ဆောင်းပြောလိုက်သည်။ သူပြောပြီးတာနဲ့ မြေကြီးနဲ့ နောက်တစ်ကြိမ် ထပ်စောင့်ခံလိုက်ရသည်။

ဘောင်း

မြေမှုန့်တွေတောင် လွင့်ထွက်လာသည်။

“ငါသိတယ်လို့ ပြောပြီးပြီလေ ”

ဆွန်းမို အသံက အေးစက်နေသည်။

“မင်းကသိနေတာတောင် ဆက်ရိုက်နေတုန်းလား၊ ငါက ဧကရာဇ်မင်းမြတ်နဲ့ ပက်သက်တဲ့ တကယ့်အပြာရောင် တော်ဝင် ဒုတိယ မျိုးဆက်၊ တကယ်လို့မင်းက ငါ့ကို ဒဏ်ရာ ရအောင်လုပ်ရင် မင်းတစ်မျိုးလုံး သေဒဏ်ပေးခံရလိမ့်မယ်”

အဟွတ် အဟွတ်

လီချမ် ချောင်းဆိုးရင်း သွေးတွေ ပိုထွက်လာသည်။ ဆွန်းမိုရဲ့ အေးစက်ရက်စက်မဲ့ အကြည့်ကို မြင်ပြီး

ရုတ်တရုတ် ကြောက်လန့်သွားသည်။ လီချမ်၏ မြင့်မားသော ပုံရိပ်ကို ကြားလိုက်လျှင် အင်ဘိုင်ဝူနှင့် ချန်လုံတို့ နှစ်ယောက်စလုံး အမူအရာ သိသိသာသာ ပြောင်းသွားသည်။

မင်းသားငယ် မပြောနဲ့ ရဲတပ်ကြပ်ရဲ့ ကလေး တစ်ယောက်ကိုတောင် စော်ကားလို့ မဖြစ်ပါ။

ရှန်ယွန်ပေါင်က တံခါးကို မှီပြီး မလှုပ်မယှက် ရပ်နေသည်။ ထန်ထန်ယုထန်ကတော့ လေကလေး ချွန်ပြီး

"ဟုတ်လား"

ဆွန်းမိုက လီချမ်ကို ဆံပင်ကနေဆွဲပြီး မျက်နှာကို ဆွဲလှန်လိုက်သည်။ ထို့နောက် လက်ပြန် ဆက်တိုက် ရိုက်လိုက်သည်။

ဖောင်း ဖောင်း ဖောင်း

"မင်းဘာသာမင်း ဩဇာကြီးမားပြီး ကေရာဇ်ဆွေးမျိုးဖြစ်တာ ငါကဘာလို့ ဂရုစိုက်ရမှာလဲ၊ ငါတပြည့်ကို အန္တရာယ်ဖြစ်အောင် လုပ်တဲ့အတွက် မင်းသေကိုသေရမယ်"

ဆွန်းမို ဒေါသတွေနဲ့ တောက်လောင်နေသည်။ သူ့သားခြေတစ်လှမ်းနောက်ကျသွားရင် လုချီဟွာရဲ့ အနာဂတ်ပျက်ဆီးသွားပြီ။

ရှန်ယွန်ပေါင်ကလွဲပြီး ကျန်တဲ့သူများသည် ဆွန်းမိုရဲ့စကားကို ကြားလိုက်လျှင်မျက်လုံးများ အရောင်တောက်လာပြီး ဆွန်းမိုအပေါ် လေးစားအထင်ကြီးတဲ့ စိတ်များ ပေါ်လာသည်။ အထူးသဖြင့် အင်ဘိုင်ဝူရဲ့ မျက်လုံးထဲတွင် တယူသန် ယုံကြည်မှုများနဲ့ ပြည့်နေသည်။

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၆၀၀/၁,၀၀၀)

"ချီဟွာ မင်းကိုယ်တိုင် လုပ်ချင်လား"

ဆွန်းမိုက မေးသည်။

စာစဉ်(၁၄)

အခန်း(၂၀၂) - ချမ်းသာလှသော ဘဏ္ဍာတိုက်။

ဘဏ္ဍာတိုက်ကို ရှာရတာ အရမ်းလွယ်သည်။ တာအိုဝါဒ ဌက်ဖြူ၏ အိပ်ရာအောက်တွင် ရိုးရိုးရှင်းရှင်းသာ တည်ရှိနေသည်။ အိပ်ရာကို ရွှေ့လိုက်လျှင် ဘဏ္ဍာတိုက်ဆီ သွားတဲ့ လှိုဂုက်တံခါး ပေါ်လာသည်။

“ဆရာဆွန်း၊ ကျွန်တော် အကြမ်းဖျင်း တွက်ကြည့်ပြီးပြီ။ ငွေတုံး ၂၀၀,၀၀၀ လောက် ရှိတယ်”

မြေခွေးအိုကြီးရန် အရမ်း စိတ်လှုပ်ရှားနေသည်။

မှိုအနံ့ ရနေတာက လွဲရင် ငွေတုံးတွေနဲ့ ပြည့်နေတဲ့ ရတနာသေတ္တာကြီး ဆယ်လုံးရှိသည်။

အင်ဘိုင်ဝူက စိတ်တွေ အရမ်းလှုပ်ရှားနေပြီး မျက်လုံးတွေ အရောင်တောက်လာသည်။

"ဒါပဲလား"

ဆွန်းမို မျက်မှောင် ကြုတ်လိုက်သည်။

မြေခွေးအိုကြီးရန် တုန်လှုပ်သွားသည်။ ထို့နောက် မျက်နှာပေါ်တွင် အေးစက်သော ချွေးစေးများ ထွက်လာပြီး ချက်ခြင်း ဒူးထောက်ချလိုက်သည်။ ကောင်းကင်ကို ညွှန်ပြပြီး ကျိန်ဆိုလိုက်သည်။

"ဆရာဆွန်း၊ ဒီအထဲက ကြေးပြားတစ်ပြားတောင် အလွဲသုံးစားလုပ်ခဲ့ရင် ကျွန်တော် အသေဆိုးနဲ့ သေပါစေ"

မြေခွေးအိုကြီးရန်၏ အမူအရာက ဒေါသထွက်နေတဲ့ ပုံစံဖြစ်နေသည်။ အရှက်ခွဲခံရသလို ခံစားနေရသည်။

အမှန်တိုင်းပြောရလျှင် အရင်တုန်းက ဆိုရင်တော့ သူ့အတွက် အနည်းငယ် ယူထားလိုက် မိမည်။ ငွေတုံး ထောင်ဂဏန်းလောက် ယူထားရင် ဘယ်သူက သိနိုင်မှာလဲ၊ ဒါပေမယ့် ဒီတစ်ခေါက်မှာ သူတကယ်

မလုပ်ခဲ့ပါ။ အကြောင်းကတော့ သူ တရားဝင် အလုပ်တစ်ခု လိုချင်သည်။ ဒါကြောင့် အရမ်းကြိုးစားခဲ့သည်။

"မင်းယူတယ်လို့ ပြောတာမဟုတ်ဘူး"

ဆွန်းမိုက မြေခွေးအိုကြီးရန် မတ်တပ်ရပ်လို့ရအောင် ကူညီပေးလိုက်သည်။

"ဒီပမာဏက နည်းလွန်းတယ်"

လီဇီချီက မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။

"မင်းအရင် ထွက်သွားလိုက်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြေခွေးအိုကြီးရန်က 'မလုပ်ဘူးလို့ ဘယ်လိုငြင်းမှာလဲ၊ သူသည် ဘဏ္ဍာတိုက်ထဲက ချက်ခြင်းထွက်သွားသည်။

"ဇီချီ၊ မင်းဘာပြောချင်တာလဲ"

အင်ဘိုင်ဝူက ရတနာသေတ္တာဘေးတွင် ဆောင့်ကြောင့်ထိုင်ရင်း သူမ အဝတ်အစားထဲကို ငွေတုံးတွေ ထည့်ရင်း ပြောလိုက်သည်။ ဒီပိုက်ဆံတွေက အရမ်းနည်းနေလို့လား။ ဒီလိုဖြစ်လို့မရဘူး။ သေသေချာချာ ရှာရမယ်။

" ငါ့ကို ပညာသင်ဘက် အစ်မကြီးလို့ခေါ်"

လီဇီချီ နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်နေသည်။ (ဘာကြောင့် မင်းတို့အားလုံးက ငါ့ကို မလေးစားတာလဲ. ဒါပေမယ့် စိတ်မဆိုးဘဲ အရင်ရှင်းပြပေးလိုက်မယ်)

“ဒီအဖွဲ့မှာ သေချာပေါက် ကြိုးကိုင်တဲ့သူ ရှိရမယ်။ ဒီကြိုးကိုင်တဲ့သူရဲ့ အရည်အချင်း အရမ်းကောင်းလိမ့်မယ်။ ဒီလိုမှမဟုတ်ရင် ချင်လင်မြို့ အရှေ့ဘက် မြို့ပြင်မှာ ဘယ်သူမှ မတွေ့ဘဲ နှစ်ပေါင်းများစွာ ပုန်းခိုနိုင်မှာ မဟုတ်ဘူး။ ပြီးတော့ မကောင်းတဲ့ အရောင်းအဝယ်လုပ်တာ ငွေတုံး

၂၀၀,၀၀၀ ရတာ ဖြစ်နိုင်ပါ့မလား။ ငါတော့ အရမ်း သံသယ ဝင်မိတယ်”

“သူတို့ အဲဒါကို ကုန်အောင် သုံးနိုင်ပါ့မလား”

ရှန်ယွန်ပေါင်သည် လီဇီချီရဲ့ အတွေးက ဖြစ်နိုင်တယ်လို့ ထင်မိသည်။

“အဲဒါ မဖြစ်နိုင်ဘူး၊ ဒီလူတွေက လူကုန်ကူးတဲ့ သူတွေပါ၊ ရွှေကို ဒီအတိုင်း ဆက်သုံးနေမယ်ဆိုရင် အလွယ်တကူ ရှာတွေ့သွားမှာပေါ့၊ ဒါကြောင့် ရရှိထားတဲ့ ရွှေတွေငွေတွေကို သူတို့ မျိုးနွယ်စုဆီ ပြန်ပို့ထားဖို့ ဖြစ်နိုင်ခြေ အရမ်းများတယ်။ ပြီးတော့

ပိုများတဲ့ ပမာဏကို သူတို့ကို ကြိုးကိုင်တဲ့လူဆီ ပို့ထားမှာပဲ”

လီဇီချီက အရမ်းယုံကြည်ချက် ရှိနေသည်။

“ဒါက မင်းအထင်သက်သက်ပဲလေ”

ရှန်ယွန်ပေါင်က လက်မခံပါ။

“ငါ့မှာ သက်သေရှိတယ်”

လီဇီချီ ကို့ကိုယ်ကို ယုံကြည်စွာ ရယ်မောလိုက်သည်။

“ဒီလိုမျိုး အရောင်းအဝယ်အတွက် ငွေစာရင်းစာအုပ် လုံးဝ မရှိနိုင်ဘူးလား။ ဒီလူကုန်ကူးတဲ့လူတွေက ဖောက်သည်တွေကို ခြိမ်းခြောက်ဖို့ ဝှက်ဖဲအနေနဲ့ သိမ်းထားမှာပဲ။ ပြီးတော့ တာအိုဝါဒဌက်ဖြူမှာ တခြားရတနာတွေ သေချာပေါက် ရှိနိုင်တယ်။ နောက်တစ်ခု လူတိုင်းရဲ့ ကိုယ်ပိုင် ပစ္စည်းတွေ ရှိနိုင်သေးတယ်။ ဒီနေရာမှာ ငွေသားတွေပဲ ရှိနေသောကြောင့် သူတို့ကို ကြိုးကိုင်တဲ့သူ အတွက် ဖြစ်နိုင်တယ်။ တာအိုဝါဒဌက်ဖြူမှာ တကယ့် ရတနာ ထားတဲ့ လျှို့ဝှက်နေရာ တစ်ခု ရှိနိုင်သေးတယ်”

“ဘယ်လို ဒုက္ခလဲ၊ တိုက်ခိုက်ရတာမှ ပိုလွတ်လပ်သေးတယ်”

ရှန်ယွန်ပေါင်က ခေါင်းကို တဗျင်းဗျင်း ကုတ်ရင်း ပြောလိုက်သည်။ တွေးဖို့အတွက်နဲ့တော့ သူ့စွမ်းအားတွေကို မသုံးချင်ပါ။

“ငါလိုက်ရှာ ကြည့်လိုက်မယ်။”

အင်ဘိုင်ဝူက ပြောလိုက်သည်။

သို့သော်လည်း ခြေနှစ်လှမ်းလောက် လှမ်းလိုက်ပြီးနောက် ငွေထုပ်နှစ်ထုပ်ကို အင်္ကျီထဲ ခပ်မြန်မြန် ဆွဲထည့်လိုက်သည်။

"မင်းဘာလုပ်နေတာလဲ"

လီဇီချီ ကြောင်သွားသည်။ ဒီလိုလုပ်လိုက်သဖြင့် အင်ဘိုင်ဝူရဲ့ ရင်ဘက် အရွယ်အစား ပိုကြီးလာသည်။ လမ်းလျှောက်နေတဲ့အခါ ငွေတုံးအချင်းချင်း ထိမိတဲ့ အသံ တချွင်ချွင်နဲ့ ထွက်နေသည်။

"မကြာခင် အာဏာပိုင်အဖွဲ့က စစ်သားတွေ ရောက်လာတော့မယ်။ အဲဒီလူတွေက မျက်တောင်တစ်ချက်တောင် မခတ်ဘဲ ဆွဲစားသွားလိမ့်မယ်။ အခုချိန်မှာ မဝှက်ထားရင်

နောက်ပိုင်း ကြေးတစ်ပြားတောင် မရဘဲ ဖြစ်သွားမယ်”

အရာရှိများသည် ငွေတွေကို မြင်လိုက်လျှင် သွေးအနံ့ရနေသော ငါးမန်းနဲ့တူကြောင်း အင်ဘိုင်ဝူ သိနေသည်။ သူတို့က ဖမ်းထားပြီးရင် လုံးဝ လက်မလွှတ်တော့ပါ။

“ဟား ဟား”

လီဇီချီက တဟားဟား ရယ်လိုက်သည်။

“ပုံမှန်ဆိုရင်တော့ ဒီလိုဖြစ်နိုင်တယ်။ ဒါပေမယ့် ဒီတစ်ခေါက် ငွေနဲ့ ပက်သက်ပြီး ဘယ်သူက သတ္တိရှိရှိ

ကြံစည်ရဲသလဲ၊ ငွေကို အလွဲသုံးစား လုပ်လိုက်တဲ့ စစ်သားက သေချာပေါက် နယ်စခန်းကို ကျွန်စစ်သားအဖြစ်နဲ့ နှင်ထုတ်ခံရမယ်”

“အို၊ ငါ မင်းကို ယုံတယ်”

အင်ဘိုင်ဝူ ခေါင်းညိတ်ပြပြီး ထပ်လုပ်လိုက်ပြန်သည်။ ငွေတုံး ဆယ်တုံး အထုပ်ကို လည်းကောင်း၊ အကြီးဆုံး ပုံစံ ဖြစ်နေတဲ့ အထုပ်နှစ်ထုပ်ကိုလည်းကောင်း ဘဏ္ဍာတိုက်ထဲကနေ အပြင်မရောက်မခြင်း အဝတ်အစားထဲကို ထည့်ရင်း သွားနေသည်။

လီဇီချီ ဆွံ့အ သွားသည်။ (မင်းငါ့ကို ယုံတယ် ထင်နေတာ)

ဆွန်းမိုရဲ့ သုံးသပ်ချက်ကလည်း လီဇီချီနဲ့ အတူတူပါပဲ။ တာအိုဝါဒ ဌက်ဖြူဆီမှ မြင်ခဲ့ရတဲ့ အချက်အလက်များကို ပြန်စဉ်းစားလိုက်သည်။ ဒါကြောင့် ခန်းမထဲကို ပြန်သွားပြီး နတ်ဘုရားမျက်စိကို ဖွင့်ကာ အလောင်းကို စစ်ဆေးလိုက်သည်။

အလောင်းသည် ဖြူဖျော့နေပြီး အတွင်းအင်္ဂါများ ပျက်ဆုံးလို့ သေဆုံးခြင်း ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မှတ်ချက်။ ။ သတိကြီးကြီးထားပါ။ လိမ်လည်ကောက်ကျစ်တဲ့ နေရာမှာ အရမ်းကျွမ်းကျင်တယ်။ ဒီလူသည် သူ့ရဲ့ အကြံအစည်များ တခြားလူ စိတ်မကူးတတ်တဲ့ နေရာမှာ ဖုံးကွယ်ထားဖို့ အသုံးပြုတတ်သည်။

မှတ်ချက်။ ။ ဒီလူသည် မကောင်းမှုများနဲ့ ပြည့်နှက်နေပြီး အရမ်းကြီးတဲ့ ရာဇဝတ်မှုများ ရှိသည်။ ဒီလိုသေသွားတာက သူ့အတွက် လွယ်ကူလွန်းသည်။

တာအိုဝါဒဌက်ဖြူရဲ့ မကောင်းမှုများကို စနစ်ကတောင် သည်းမခံနိုင်ပုံ ရသည်။

"တကယ့် ရတနာသိုက် နေရာကို ဘာလို့ တခါတည်း မပြတာလဲ"

ဆွန်းမိုက မေးလိုက်သည်။

"စနစ်က အလုံးစုံ အစွမ်းမရှိဘူး"

စနစ်က ရှင်းပြသည်။

"မင်းမှာ ဦးနှောက် မရှိဘူးလား၊ စနစ်က သဲလွန်စ ဒီလောက်အများကြီး ပေးပြီးပြီလေ ဖြေရှင်းဖို့က မင်းအပေါ်ပဲ မူတည်နေတယ်"

"နောက်ဆုံးတော့လည်း မင်းမှာ အရည်အချင်း မရှိဘူးဆိုတာ ဝန်ခံပြီပေါ့"

ဆွန်းမိုက နောက်ပြောင်လိုက်သည်။ စကားပြောပြီးနောက် ပြန်တွေးပြီး ဆင်ခြင်နေသည်။

တခြားသူတွေ မတွေးမိတဲ့ နေရာလား။

ဆယ်မိနစ်ကျော်လောက် စဉ်းစားသုံးသပ်ပြီးနောက် ခုနတုန်းက ဘဏ္ဍာတိုက်ဆီကို ပြန်သွားလိုက်သည်။ ထို့နောက် နေရာတစ်ခုခြင်းစီကို ဂရုတစိုက် လေ့လာလိုက်သည်။ ဒီနေရာမှာ မစဉ်းစားမိတဲ့ နေရာက ဘာဖြစ်မလဲ။

မိနစ် အနည်းငယ်ကြာပြီးနောက် လီဇီချီလည်း ရောက်လာသည်။

“အမ်၊ ဆရာလည်း ဒီရောက်နေတာလား”

လီဇီချီ အံ့အောသင့်သွားပြီး မမျိုသိပ်နိုင်လောက်အောင် စိတ်လှုပ်ရှားလာသည်။ (တာအိုဝါဒဌက်ဖြူရဲ့ ကိုယ်ပိုင်ဘဏ္ဍာတိုက် ဒီနေရာမှာ ရှိမယ်လို့ ဆရာလည်း ခံစားမိတာလား)

(ထင်ထားသလိုပဲ၊ ငါနဲ့ ဆရာက စိတ်ချင်းဆက်သွယ်နေတာပဲ)

လီဇီချီ အနည်းငယ် ပျော်ရွှင်သွားသည်။

“ဇီချီ မင်းဘယ်လိုထင်လဲ”

ဆွန်းမိုက မေးသည်။

“ဆရာ၊ ဒီမှာ လျှို့ဝှက်ချက်အကြီးကြီးတစ်ခု သေချာပေါက် ဖုံးကွယ်ထားလိမ့်မယ်”

လီဇီချီက လေးနက်တည်ကြည်တဲ့ အမူအရာနဲ့ လျှောက်လာသည်။ ဒါက ဆရာငါ့ကို စမ်းသပ်နေတာပဲ ဖြစ်ရမည်။ သူစိတ်မပျက်သွားအောင် သေချာပေါက် အဖြေမှန်အောင် လုပ်ရမယ်။

“ဒီ လျှို့ဝှက်အဖွဲ့မှာ တာအိုဝါဒဌက်ဖြူက သတိကြီးတယ်၊ စဉ်းစား ချင့်ချိန်နိုင်စွမ်းရှိတယ်၊ လိမ္မာပါးနပ်ပြီး ဉာဏ်ရည်ထက်တဲ့ လူပဲ”

လီဇီချီကို ကာကွယ်ပေးရန် အနောက်တကောက်ကောက် လိုက်နေသော ရှန်ယွန်ပေါင်သည် ဒီစကားကို ကြားလိုက်လျှင် နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်သွားသည်။ ဒီစကားက ပြောစရာတောင် မလိုဘူး မဟုတ်လား။ သူသာ မပါးနပ်ခဲ့ရင် အဖမ်းခံရတာ ကြာရောပေါ့။

“ကျွန်မလည်း ဖမ်းမိထားတဲ့ တာအိုဝါဒတွေကို မေးကြည့်ပြီးပြီ၊ တာအိုဝါဒ ဌက်ဖြူက ကျင့်ကြံခြင်းအပြင် အမျိုးသမီးတွေနဲ့ အိပ်ရတာ

သဘောကျတယ်၊ သူ့ရဲ့ လှုပ်ရှားမှု အကုန်လုံးကိုလည်း ဒီအခန်းထဲမှာပဲ လုပ်တယ်”

“သူ့ရဲ့ ပင်ကိုယ်စရိုက်ကို ဘယ်လိုထင်လဲ” မေးကြည့်ခဲ့သေးတယ်။

နောက်ဆုံးကောက်ချက်ချရရင် သူက သတိကြီးပြီး သံသယစိတ် လွန်ကဲတဲ့ သူ ဖြစ်တယ်။ ပြီးတော့ အလေးအနက်ထားပြီး အလုပ်လုပ်တဲ့ သူလည်း ဖြစ်တယ်။ တစ်ခုခုလုပ်တိုင်းလည်း သူကိုယ်တိုင်ပဲ လုပ်တတ်တယ်။ အမှန်တိုင်းပြောရလျှင် တခြားသူပေါ် မယုံကြည်တတ်ဘူးလို့

သုံးသပ်လို့ရတယ်။ ဒါကြောင့် သူနဲ့အနီးကပ်ဆုံး နေရာမှာပဲ ထားလိမ့်မယ်။ ဒီလိုလူက သူ့ရဲ့ကိုယ်ပိုင်ပစ္စည်းကို တစ်ခြားနေရာမှာ ဝှက်ထားမယ် ထင်လို့လား”

“မဟုတ်ဘူး၊ တကယ့် ဘဏ္ဍာတိုက်ကို သူအချိန်မရွေးကြည့်လို့ရမယ့် နေရာမှာ ထားလိမ့်မယ်၊ ဒါမှလည်း သူစိတ်အေးအေးနဲ့ နေနိုင်မယ်”

ဆွန်းမိုသည် အရင်က စိတ်ပညာကို လေ့လာခဲ့ဖူးသည်။ ငွေအမြောက်အများကို ရထားတဲ့လူက ငွေအမြောက်များ သုံးစွဲ

တတ်ကြသည်။ တခါတလေ သူတို့ သတိမထားလိုက်မိဘဲ လုပ်မိသွားတတ်ကြသည်။

နှစ်သစ်ကူးတိုင်းမှာ သူတို့တွေက ဒီနည်းလမ်းကို အခြေခံပြီး သူတို့ရဲ့ ပစ်မှတ်ကို ရွေးချယ်တတ်ကြသည်။

ဒီလို သတိကြီးပြီး သံသယလွန်ကဲတတ်တဲ့ တာအိုဝါဒဥက်ဖြူလို လူက သူ့ရဲ့ ငွေအမြောက်အများကို သူမမြင်နိုင်တဲ့ နေရာမှာ ဘယ်လိုထားမှာလဲ။

"အိပ်ခန်းလို နေရာမျိုး၊ အဖိုးတန် ပစ္စည်းတွေကို သိမ်းဆည်းထားဖို့ လျှို့ဝှက် အခန်းတွေ ရှိတတ်တယ်၊ ပထဆုံး ဘဏ္ဏာတိုက်ကို တွေ့လိုက်တာနဲ့ ဘဏ္ဏာတိုက်ကို တွေ့ပြီဆိုပြီး လူတော်တော်များများက သူတို့စိတ်ကို လျှော့ချလိုက်တတ်ကြတယ်"

လီဇီချီက ဆက်ပြောသည်။

"အင်း"

ဆွန်းမိုက ခေါင်းညို့တ်ထောက်ခံလိုက်သည်။ ဒါက သင်္ချာတစ်ပုဒ် ဖြေရှင်းရတာနဲ့ တူသည်။

ဖြေရှင်းချက် ထွက်လာတာနဲ့ သက်ပြင်းချလိုက်ပြီး အာရုံစူးစိုက်မှုလည်း မရှိတော့ပါ။

“လူအများစုက ထပ်မရှာတတ်ကြဘူးလေ လူတချို့က သဲလွန်စရှိလို့ ထပ်ရှာရင်တောင် ဒီနေရာအစား တခြားနေရာကိုသာ သွားရှာကြလိမ့်မယ်”

လီဇီချီသည် သူမရဲ့ ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုပြီးနောက် တာအိုဝါဒဌက်ဖြူရဲ့ ကိုယ်ပိုင် ဘဏ္ဍာတိုက်ကို ရှာဖွေရန် ဘဏ္ဍာတိုက် အခန်းထဲကို စတင်လျှောက်သွားလိုက်သည်။

“အရမ်းကောင်းတဲ့ သုံးသပ်ချက်ပဲ”

ဆွန်းမိုက ချီးကျူးလိုက်သည်။ ထို့နောက် နတ်ဘုရားမျက်စိနဲ့ အာရုံခံပြီး ဘဏ္ဍာတိုက်ကို ရှာဖွေလိုက်သည်။

“ဟီးဟီး”

လီဇီချီသည် သူ့ရဲ့ ချီးကျူးမှုကို ရပြီး တဟီးဟီးနဲ့ သဘောကျနေသည်။ ဒါပေမယ့် သူမဆရာက ဒီနေရာကို သူမထက် အရင်စောပြီး ရောက်နေသဖြင့် ပိုအထင်ကြီးဖို့ ကောင်းသည်။ ဖြစ်နိုင်တာက

ဒီအချက်ကို သူမထက်အရင်စောပြီး တွေးမိတာ ဖြစ်နိုင်သည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၅၀။ လေးစား(၁၀၅၁,၁၀,၀၀၀)

လီဇီချီသည် ကျင့်ကြံခြင်း အရမ်းအစွမ်းထက်တဲ့လူတွေကို သိပ်အထင်မကြီးပါ။ ဒါပေမယ့် ဉာဏ်ရည်ထက်မြတ်တဲ့ သူတွေကိုတော့ အရမ်းသဘောကျသည်။

ဆွန်းမိုသည် ဘဏ္ဍာတိုက်ကို လှည့်ပတ်ကြည့်လိုက်သည်။ ကျောက်တုံး၊ သလင်းကျောက် ၊ အဖြိုက်နက်ကျောက်နှင့်ပေါင်းစပ်ကျောက်များဖြင့် နံရံနှင့် ကြမ်းပြင်များကို လုပ်ထားသည်။ သလင်းကျောက် အများဆုံးပါဝင်ပြီး ကျုံ့ဝင်နိုင်တဲ့ ဖိအားက ပုံမှန်သာ ဖြစ်သည်။

ဆွန်းမို ပုံမှန်လေး လိုက်ကြည့်နေသည်။ အဝင်ဝမှ သုံးမီတာအကွာတွင် သူ့အာရုံ၌ အချက်အလက် အတန်းလိုက်တစ်ခု ရုတ်တရက် ပေါ်လာသည်။ ဒီနေရာတွင် သုံးတဲ့ ပစ္စည်းများက ထုံးနှင့်

သစ်သားများသာ ဖြစ်ပြီး တခြားနေရာများထက် ဖိအား ပိုနည်းသည်။

ဆွန်မိုက စပြီး စစ်ဆေးဖို့ ချက်ခြင်းပဲ သွားလိုက်သည်။ ဒါကိုဖွင့် ယန္တရားတစ်ခုခု ရှိရမည်။ အလုပ်ရှုပ်ခံမနေတော့ဘဲ တိုက်ရိုက်နည်းကို သုံးဖို့ ဆုံးဖြတ်လိုက်သည်။

“ရှန်ယွန်ပေါင် ဒီကိုလာခုတ်စမ်း”

ဆွန်းမိုက ခိုင်းလိုက်သည်။

ခေတ်သစ် ကမ္ဘာမှာဆိုရင် စက်ပစ္စည်းနဲ့ တခြားကိရိယာတွေ မရှိပါက ဖောက်ခွဲဖို့ မဖြစ်နိုင်ပါ။

ဒါပေမယ့် ပြည်နယ်ကိုးခုမှာတော့ ရှိတဲ့ လူတိုင်းက ကျင့်ကြံခြင်းမှာ ကျွမ်းကျင်ကြသည်။

ရှန်ယွန်ပေါင်က သူ့လက်သီးနဲ့ ပြင်းပြင်းထန်ထန် ထိုးလိုက်လျှင် နံရံသည် ချက်ခြင်းကွဲထွက်သွားပြီး အောက်ဖက်ကိုဆင်းတဲ့ လှေကား တစ်ခု ပေါ်လာသည်။

"နေအုံး"

ဆွန်းမို အချိန်မီ တားလိုက်သည်။ အောက်ဆီဂျင် ပြတ်လပ်မှု ရှိမရှိသိရအောင် ဖယောင်းတိုင်ထွန်းပြီး စမ်းသပ် သင့်သည်။

"ဆရာ၊ အမြန်လာအုံး၊ ရွှေတွေ ရွှေတွေ အများကြီးပဲ"

ရှန်ယွန်ပေါင်က အော်ခေါ်နေသည်။

ရတနာသေတ္တာ အနည်းငယ်ကို ဖွင့်ထားသဖြင့် ဆီမီးအရောင်ကြောင့် လင်းထိန်နေသည်။ သေတ္တာများက ရွှေတွေနဲ့ ပြည့်နေသည်။ ရွှေအလင်းရောင်က တောက်ပလွန်းသဖြင့် ကြည့်လိုက်တဲ့လူများကို မျက်လုံးကျိန်းပြီး မျက်စိမှိတ်သွားစေနိုင်သည်။

"ဝိုး"

"ရွှေတွေ အများကြီးပဲ"

လူတိုင်း လန့်ဖြန့်ပြီး သေနိုင်တဲ့အထိ အင်ဘိုင်ဝူက စိတ်လှုပ်ပြီး ထအော်လိုက်သည်။

"ရွှေတွေ အများကြီးပဲ"

အင်ဘိုင်ဝူက သေတ္တာများ ရှိရာကို ချက်ခြင်း ပြေးသွားသည်။ သူမ တစ်ခုပြီး တစ်ခု လိုက်ထိကြည့်နေသည်။ အဲဒီနောက် ရွှေတွေကို ကောက်ယူပြီး အဝတ်အစားထဲ ထည့်လိုက်ပြန်သည်။

"ဘာကြောင့် ဆင်းလာတာလဲ"

လီဇီချီက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ရွှေတွေ ဝှက်ထားချင်လို့လား"

အင်ဘိုင်ဝူ ရုတ်တရက် စိုးရိမ်လာသည်။

"မင်းရဲ့ခေါင်းပဲ ဝှက်ထားလိုက်"

လီဇီချီ စကားမပြောနိုင် ဖြစ်နေသည်။ အင်ဘိုင်ဝူရဲ့ ဉာဏ်ရည်ကို စမ်းသပ်ရင်း အပေါ်က အခြေအနေကို သိချင်လို့ မေးလိုက်ခြင်း ဖြစ်သည်။

"အို၊ ဘဏ္ဍာတိုက် ရှာမတွေ့လို့ ဆရာများတွေ့လားလို့ ပြန်လာမေးတာ"

အင်ဘိုင်ဝူက ပြန်ရှင်းပြနေသော်လည်း အဝတ်အစားထဲကို ရှေ့ထည့်နေတဲ့ လုပ်ငန်းကတော့ တစ်စက္ကန့်မှ မရပ်နားခဲ့ပါ။

"ဟွန့်"

လီဇီချီ ပြုံးလိုက်မိသည်။ (မင်းကို ငါယုံမယ်လို့ ထင်လား။ မင်းက ပိုက်ဆံကို သေတဲ့အထိချစ်တဲ့ မိန်းမကလေးရင် ဘာမှမဟုတ်ဘူး။ ငါတို့ ဆရာ ဘဏ္ဍာတိုက် တွေ့သွားတယ်ဆိုတာ မင်းဘယ်လိုသိမှာလဲ။ မင်းအဝတ်အစားထဲ

ရွှေတွေပိုထည့်လို့ရအောင် ဘဏ္ဍာတိုက်ထဲမှာ မင်းကျန်နေခဲ့တာပဲ ဖြစ်မယ်”

ထုံးစံတိုင်း လီဇီချီက ဒါတွေကို ထုတ်ပြောမှာ မဟုတ်ပေ။ သူမရဲ့ နောက်ခံအသိုင်းအဝိုင်းကြောင့် ရွှေတွေ အများကြီး မြင်ခဲ့ပြီးပါပြီ။ ဒါကြောင့် ရွှေကို စိတ်မဝင်စားပါ။ သူမ လိုချင်တာက စာရင်းစာအုပ်သာ ဖြစ်သည်။

“နောက်ကွယ်က ကြိုးကိုင်တဲ့ ကောင်ကိုရှာပြီး ပြန်ပေးဆွဲခံရတဲ့ မိန်းကလေးအားလုံးအတွက် လက်စား ပြန်ခြေရမယ်”

လီဇီချီသည် တရားမျှတမှုအတွက် ခံစားချက်အရမ်း ပြင်းထန်နေသည်။

ဒုတိယ ဘဏ္ဍာတိုက်က အရမ်းကြီးသည်။ မိနစ်အနည်းငယ်ကြာပြီးနောက် ဆွန်းမိုနဲ့ လီဇီချီသည် သေးသွယ်သော သေတ္တာတစ်လုံးကို ရှာတွေ့သွားသည်။ သေတ္တာပေါ်တွင် ဖုန်မှုန့်များ မရှိပါ။ ဒါကို မကြာခဏဖွင့်ခဲ့တာ ထင်ရှားသည်။

ဒီမြင်ကွင်းကို မြင်လိုက်လျှင် အင်ဘိုင်ဝူသည် ချက်ခြင်းပြေးလာပြီး

“ဆရာ၊ ငါကူညီပြီး ဖွင့်ပါရစေ”

စာစဉ်(၁၄)

အခန်း(၂၀၃) - ဓါးနာမည်က ဠက်ဖြူ၊ ဒိတ်ငှဲဘုရင်၏ ရတနာသိုက်။

သေတ္တာလေးကို ဖွင့်လိုက်သည်။ သူတို့မျက်လုံးထဲကို ပထမဆုံးဝင်လာတာကတော့ ရေစိုခံ နွားသားရေ အထုပ်လေး ဖြစ်သည်။

“နေအုံး...”

ဆွန်းမိုက သတိကြီးတဲ့သူ ဖြစ်သည်။ ထောင်ချောက်များ ရှိမှာစိုးရိမ်ပြီး မဖွင့်ခင် စစ်ဆေးနေသည်။ သို့သော်လည်း ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့၏ လှုပ်ရှားမှုက မြန်ဆန်လွန်းသည်။

အင်ဘိုင်ဝူက အထုပ်ကို ယူလိုက်ပြီး ရှန်ယွန်ပေါင်က သေတ္တာနံရံမှာ ကပ်နေသော ဓါးရှည်ကို ယူလိုက်သည်။

“ငါ့ကိုပေး”

လီဇီချီက သူမလက်ကို အင်ဘိုင်ဝူဆီ လှမ်းလိုက်သည်။ အထုပ်ကို မဖွင့်ရသေးပေမယ့် အထဲမှာ ဘာတွေ ပါမလဲဆိုတာ အကြမ်းဖြင်း ခန့်မှန်းနိုင်သည်။

နွားသားရေ ထုတ်ပြီးထားခြင်းသည် စာအုပ်ကို ခြကိုက်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

စက္ကူအရောင်နဲ့ စာလုံးများကိုကြည့်လိုက်လျှင် အထုပ်ထဲတွင် ထည့်ထားတာ အချိန်တော်တော်ကြာ ရှိနေလောက်သည်။

လီဇီချီက စာရင်းကိုယူကာ လှန်ကြည့်လိုက်သည်။ အကြောင်းအရာများစွာကို မှတ်တမ်းတင်ထားသည်။ ဥပမာ ကောင်မလေးကို ဘယ်အချိန်မှာ ပြန်ပေးဆွဲတယ်၊ ဘယ်မှာ ရောင်းချတယ်၊ ဘယ်လောက်နဲ့ ရောင်းချတယ် စသည့် အကြောင်းရာများ ပါဝင်သည်။ ဖတ်နေရင်း လီဇီချီ ဆံပင်မွေးများ ထောင်လာသည်။

အထဲက အကြောင်းအရာတွေက ထိတ်လန့်စရာ ကောင်းလွန်းသည်။ မှတ်တမ်းတင်ထားတဲ့ စကားစု တစ်စုတိုင်းက မိန်းမကလေးတစ်ယောက် ဘဝပျက်သွားတာကို ကိုယ်စားပြုနေသည်။

"လူယုတ်မာ"

လီဇီချီ ဒေါသထွက်သွားသည်။ တာအိုဝါဒဌက်ဖြူ အသေမြန်တာ သူ့အတွက် တကယ်ကို လွယ်ကူလွန်းသည်။ သေခြင်းနဲ့ ချိုမြိန် မေ့ပျောက်မှုကို မရမှီ အချိန်ပိုယူကာ နှိပ်စက်ထားသင့်သည်။

ဆွန်းမိုလည်း ဒါကို သည်းမခံနိုင်တော့ဘဲ နှလုံးသားတစ်ခုလုံး စိတ်မကောင်း ဖြစ်လာသည်။ စာမျက်နှာ အနည်းငယ် လှန်ကြည့်ပြီး စာအုပ်ကို အောက်ချလိုက်သည်။

“ဇီချီ၊ ကြိုးကိုင်သူကိုဖော်ထုတ်ဖို့ မင်းကို လွှဲလိုက်မယ်”

လီဇီချီ စာမျက်နှာများကို အမြန်လှန်ပြီး အရေးကြီးသော အချက်အလက်များကို ကျော်ဖတ်နေလိုက်သည်။ ရုတ်တရက် သူမလက် ရပ်တန့်သွားသည်။

ဒီစာမျက်နှာမှာ ရင်းနှီးနေသော နာမည်တစ်ခုကို တွေ့လိုက်သည်။

လီဇီချီသည် သူမအားလူချင်း မသိသော်လည်း အရင်က သူမအကြောင်းကို ကြားဖူးထားသည်။ သူမသည် ကျော်ကြားပြီးချမ်းသာတဲ့ မျိုးနွယ်က သခင်မလေး ဖြစ်သည်။ လွန်ခဲ့သော သုံးနှစ်က နွေဦးရာသီ ခရီးထွက်ရင်း ပျောက်ဆုံးသွားခဲ့သည်။

ရေနှစ်သေတယ်လို့ တချို့က ပြောကြပြီး တချို့က လင်နောက်လိုက်သွားတယ်လို့ ပြောကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူမ ပျောက်ဆုံးသွားပြီးနောက်

သူမတို့မျိုးနွယ်ရဲ့ ဂုဏ်သိက္ခာသည် သိသိသာသာ ကျဆင်းသွားသည်။

ပြီးတော့ သူ့ရဲ့ အဖိုးတန် သမီးလေးကို ဆုံးရှုံးသွားပြီးနောက် မျိုးနွယ်စု သခင်သည် စီးပွားလုပ်ရန် စိတ်မဝင်စားတော့ပါ။ လုပ်ငန်းက တဖြည်းဖြည်း ကျဆင်းလာပြီး နောက်ဆုံးမှာ လုပ်ငန်းကို ရောင်းချကာ သူတို့အတွက် ဝမ်းနည်းစရာ နေရာဖြစ်တဲ့ ချင်လင်မြို့ကနေ မျိုးနွယ်စု တစ်စုလုံး ထွက်သွားကြသည်။

လီဇီချီရဲ့ မှတ်ဉာဏ်သည် တကယ့်ကို ကောင်းလွန်းပါသည်။ ပြီတော့ သူမရဲ့ အကျိုးကြောင်း သုံးသပ်နိုင်စွမ်းကလည်း မလိုအပ်တာ နှုတ်ပယ်ပြီး ကြောက်ဖို့ကောင်းလောက်အောင် အကျိုးကြောင်း ခိုင်လုံလှသည်။ မကြာခင်တွင် လီဇီချီသည် ဒီလူကုန်ကူးမှုက ရိုးရှင်းသော လုပ်ရပ်တစ်ခု မဟုတ်ကြောင်း တွေ့ရှိခဲ့သည်။ ဒီနေရာတွင် စီးပွားရေးအရ တရားမဝင် ပြိုင်ဆိုင်မှုလည်း ပက်သက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စီးပွားရေးသမားတစ်ယောက်ရဲ့ သမီးကို ပြန်ပေးဆွဲတာဟာ လုပ်ငန်းရှင်ကို ဖျက်ဆီးပစ်ဖို့ အဆိုးအစွန်ဆုံး လုပ်ရပ် တစ်ခုပဲ ဖြစ်သည်။

လီဇီချီသည် ဘာကြောင့်ဆိုတာ မတွေ့ခဲ့ရသော်လည်း ဒီသခင်မလေး ပျောက်သွားတဲ့အချိန်သည် သူမ မျိုးနွယ်၏ စီးပွားရေးအတွက် အရေးအကြီးဆုံး အချိန်ဖြစ်နိုင်တယ်လို့ ကောက်ချက် ချမိသည်။

“သေသင့်တဲ့ လူယုတ်မာတွေ”

လီဇီချီက အေးစက်စွာရယ်မောရင်း ကောက်ချက်ချလိုက်သည်။

"ဘာမှားလို့လဲ"

ဆွန်းမိုက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"ထင်ထားသလိုပဲ ကြိုးကိုင်တဲ့လူက ဇောင်ကလန်ကပဲ"

လီဇီချီက အံ့ကြိတ်ရင်း ပြောလိုက်သည်။

"ငါ့ကို စာအုပ်ပေးကြည့်အုံး"

ဆွန်းမိုက စာရင်းစာအုပ်ကို ယူလိုက်သည်။

"ငါတို့ သူတို့ကို အပြစ်ပေးလို့ ရနိုင်လား"

" သူငြင်းချင်ရင်တောင် ဆင်ခြေ မရှိဘူး"

လီဇီချီက မဲ့ပြီး ပြောလိုက်သည်။

တာအိုဝါဒ ဌက်ဖြူ၏ ပညာရေးအဆင့်သည် အရမ်းနိမ့်ကျလွန်းသည်။ သူတစ်ယောက်တည်းသာ သိသည့် လျှို့ဝှက် ဘာသာ စကားနဲ့ ရေးပြီး စာအုပ်ကို မထိန်းသိမ်းထားပါ။ ဒါမှမဟုတ် သူ့ရဲ့ အသုံးဝင်မှု ကုန်ဆုံးသွားရင် ဇောင်ကလန်က သူ့ကို သတ်လိုက်မှာ စိုးရိမ်နေတာလဲ ဖြစ်နိုင်သည်။ ဘယ်လိုပဲဖြစ်ဖြစ် စာအုပ်ထဲတွင် အရာအားလုံးကို ပြတ်သားစွာ

မှတ်တမ်းတင်ထားခဲ့ပြီး ခေါင်ယွမ်ကျားနာမည်က အကြိမ်တစ်ရာ ကျော်လောက် ပါနေသည်။

ဒီရာဇဝတ်မှုကို ငြင်းဆိုနိုင်မည် မဟုတ်ပါ။

လီဇီချီက သားရေအိတ်ထဲကို ရှာဖွေလိုက်လျှင် စာရင်းစာအုပ်အပြင် ကိုယ်ရေးကိုယ်တာ စာအနည်းငယ်လည်း တွေ့ရှိလိုက်သည်။ အဲဒါတွေကို သူမ မဖတ်ဖြစ်ခဲ့ရင်တော်သေးသည်၊ ဒါပေမယ့် လီဇီချီက စာထဲက အကြောင်းအရာကို ဖတ်ပြီးနောက် ခေါင်ယွမ်ကျား ကျိန်းသေပေါက် သေသွားပြီဆိုတာ သိလိုက်သည်။ လုံးဝကို သေမှာပဲ။

"ဒီကိစ္စမှာ ပါဝင်ပက်သက်နေတဲ့လူက ပိုးများနေမယ်လို့ မင်းထင်လား"

ဆွန်းမိုက မျက်ခုံးပင့်ကာ မေးလိုက်သည်။ သူက လီချမ်ရဲ့ အဖေ လီဇီရှင်းအကြောင်းကို ပြန်စဉ်းစားလိုက်မိသည်။

"မင်းသားလီအကြောင်း ပြောနေတာလား"

လီဇီချီလည်း အလားတူ ပြဿနာကို တွေးနေမိသည်။

"ဧောင်ယွမ်ကျားသည် ချမ်းသာသော ကုန်သည်တစ်ယောက်ပါ။ သူ့အာဏာ

ဘယ်လောက်ကြီးနေပါစေ ချင်လင်ပြည်နယ် အုပ်ချုပ်ရေးမှူးထက်တော့ ပိုကြီးနိုင်ပါ့မလား”

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုသည် ရှေးဟောင်း တရုတ်ပြည် နှင့် တူညီကြောင်း သိခဲ့သည်။ ပဒေသရာဇ် အာဏာပိုင်များ၏ အခွင့်အာဏာသည် ရှေ့ထက် ပိုလေးသည်။

“ ခေါင်ယွမ်ကျားက ပြည်နယ် အုပ်ချုပ်ရေးမှူး ကို မပြောနဲ့ ချင်လင်စီရင်စုရဲ့ တရားသူကြီးရှေ့ ရောက်ရင်တောင် ဒူးထောက်နေရမယ်”

ဇောင်ယွမ်ကျားတို့လို ချမ်းသာသော ကုန်သည်များရဲ့ နောက်တွင် နန်းတွင်းထဲက လူတွေ ကျောထောက်နောက်ခံပေးထားပြီး သူတို့ အာဏာချဲ့ထွင်ဖို့အတွက် အသုံးပြုနေကြသည်။ ဒီအတွက်လည်း မလုပ်နိုင်တာ မရှိပါ။ ဒီလို ကျောထောက်နောက်ခံ မရှိရင်လည်း သူတို့ ရှာထားသမျှငွေတွေကို သူများတွေက ပစ်မှတ်ထားပြီး လုယူသွားတာ ကြာလှပြီ။

“မင်းတို့ နှစ်ယောက် ဘာပြောနေကြတာလဲ၊ မြန်မြန်လာကြည့်ကြ၊ ငါလုယူထားတဲ့ အရာကို သဘောကျသွားမှာ ကျိန်းသေတယ်”

အင်ဘိုင်ဝူက အထဲတွင် မှော်ဆေးပြားပါတဲ့ ပုလင်းသေးလေးနှစ်လုံးကို တွေ့ရှိခဲ့သည်။

“ဒါက ဘာလဲ”

လီဇီချီက တစ်ချက် ကြည့်လိုက်သည်။

“ဒါကသွေးဆေးပြား၊ မင်းသွေးထွက်နေတာရပ်ဖို့ ဒါမှမဟုတ်ရင် မင်းရဲ့သွေး ပြန်အားပြည့်ဖို့

သုံးနိုင်တယ်။ ကြည့်ရတာတော့ ကောင်းကင်အဆင့် ဖြစ်နိုင်တယ်”

မှော်ဆေးပြားများက ကျင့်ကြံခြင်းကဲ့သို့ အဆင့်များ ခွဲခြားထားသည်။ မြေကြီး၊ ကောင်းကင်နှင့် သူတော်စင်အဆင့်ဆိုပြီး ခွဲခြားထားသည်။ အဆင့်တစ်ခုစီတိုင်းကို နိမ့်ကျ၊ ပျမ်းမျှ၊ သာလွန်နှင့် ဆန်းကြယ်ဆိုပြီး အဆင့် ထပ်ခွဲထားသည်။

ကြွေပုလင်း အဖုံးကို ဖွင့်လိုက်တာနဲ့ သင်းပျံ့လှသော ဆေးရနံ့က လေထုထဲကို ချက်ခြင်း ပျံ့နှံ့သွားသည်။

အဆင့်တကယ် မနှိမ့်နိုင်ပါ။ တာအိုဝါဒဌက်ဖြူသည် အမှောင်ထဲမှာ လှုပ်ရှားရသောကြောင့် အန္တာယ်နဲ့ ရင်ဆိုင်ပြီး အသက်အန္တာရာယ် ဖြစ်နိုင်တာကို နားလည်ထားသည်။ ဒါကြောင့်လည်း ကယ်ဆယ်ရေးဆေးများကို ပြင်ဆင်ထားပြီး ဒါတွေအားလုံးက ကောင်းကင် အလယ်အလတ် အဆင့်တွင် ရှိနေသည်။

ဒီဆေးရဲ့ တစ်စိတ်တစ်ပိုင်းကို သူကိုယ်တိုင် ဝယ်ယူထားပြီး ကျန်တဲ့ ဟာတွေကို

ဓောင်ယွမ်ကျားက ပေးထားခဲ့သည်။ ခြုံငုံပြီး ပြောရလျှင် ငွေတုံး တစ်သိန်းလောက် တန်သည်။

သူအပြင်သွားတိုင်း တာအိုဝါဒဌက်ဖြူသည် ကယ်ဆယ်ရေးဆေးများကို လုံလောက်အောင် ယူဆောင်သွားတတ်သည်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာ ဆွန်းမိုက သူ့အသိုက်ထဲကို ရုတ်တရုတ် တိုးဝင်လာမယ်လို့ မထင်ထားခဲ့ပါ။ ဒါကြောင့်လည်း သိမ်းဆည်းမှု အားလုံးက ဆွန်းမို အပိုင် ဖြစ်သွားသည်။

ဒန်

ရှန်ယွန်ပေါင်က ဓါးအရှည်ကို လွှင့်ပစ်လိုက်သည်။

"မင်း ဘာလုပ်တာလဲ"

အင်ဘိုင်ဝူ မကျေမနပ် အရမ်း ဖြစ်နေသည်။ သူမက ဓါးအရှည်ကို သဘောကျတာ တော်တော်ကြာနေပြီး ရှန်ယွန်ပေါင်ကိုင်ထားသောကြောင့် တောင်းယူဖို့ ရှက်နေခဲ့သည်။ ဒါပေမယ့် အခုတော့ ရှန်ယွန်ပေါင်က အလွယ်တကူ လွှင့်ပစ်ခဲ့သည်။

" ငါဘာမှ မလုပ်ဘူး"

ရှန်ယွန်ပေါင်သည် တိုက်ခိုက်ရတာ နှစ်သက်ပြီး သဘာဝအားဖြင့် လက်များကို အထူးနှစ်သက်သည်။

ဒါပေမယ့် ဓါးကို ခဏလောက်သာ ခံစားပြီး လွှင့်ပစ်ခဲ့သည်။ (တခြားလက်နက်တွေ ဘယ်လောက်ပဲ ကောင်းနေပါစေ ငါ့ရဲ့ ငွေလုံထက်တော့ ပိုမကောင်းနိုင်ဘူး)

"ချီ၊ ဒါက ငှက်ဖြူလို့ အမည်ပေးထားတဲ့ ဓါးပဲ၊ ဒီလူကုန်ကူးသူရဲ့ ဘွဲ့နာမည်နဲ့ ဓါးက မဖြစ်သင့်ဘူး မဟုတ်လား"

လီဇီချီ ရုတ်တရုတ် အံ့အောသွားသည်။

"ဒါက နာမည်ပေးထားတဲ့ ဓါးလား"

အင်ဘိုင်ဝူ မျက်လုံး အရောင်တောက်လာသည်။ ချက်ခြင်းဆိုသလို ဓါးကို သိမ်းလိုက်သည်။

"အင်း၊ ကြည့်ရတာတော့ ၊ အဲဒါနဲ့တူတယ်"

လီဇီချီက ကျယ်ကျယ်ပြန့်ပြန့် စာဖတ်ရှုသူဖြစ်သဖြင့် အရာများစွာကို သိသည်။

ဒီဓါးသည် လက်တစ်ချောင်းခွဲ ကျယ်ပြီး ငါးချီ ရှည်သည်။ ဓါးကိုယ်ထည်က ကျက်သရေ ရှိပြီး လှပစွာ ပုံသန်းနေသော ငှက်ပုံများ ပါသည်။ ဖူးသစ်စ အလှတစ်ခုလိုပါပဲ။

ဓါးရဲ့ လက်ကိုင်ကိုလည်း အတောင်ပံဖြန့်ထားသလို လုပ်ထားသည်။ နောက်ပိတ်ကို ပုလဲပန်းများဖြင့် အလှဆင်ထားသည်။ အလင်းရောင်အောက်တွင် ကြည့်လို့ အရမ်းလှသည်။

“ဘယ်နယ်ပယ်၊ ဘာအဆင့်လဲ ”

ရှန်ယွန်ပေါင် သိချင်လာသည်။

“အဆင့်မြင့် ဝိညာဉ် လက်နက်”

လီဇီချီက ဓါးရဲ့ အချက်အလက်တွေကို ပြန်စဉ်းစားပြီး ပြောလိုက်သည်။

“ဒီဓါးရဲ့ မာကျောမှုက တခြားလက်နက်တွေထက် နှိမ့်ကျနိုင်ပေမယ့် ထူးခြားတဲ့ လက္ခဏာ ရှိတယ်။ ဝိညာဉ်ချီ ထည့်သွင်းအသုံးပြုလိုက်ရင် ဝိညာဉ်ချီက ဌက်ဖြူပုံစံ ပစ်လွှတ်နိုင်ပြီး ပေါက်ကွဲသွားအောင် လုပ်လို့ရတယ်။ အသုံးပြုသူက မိုင်ထောင်ချီက လူတွေကို လှမ်းသတ်လို့ ရတယ်”

“ဝိုး၊ မိုင်ထောင်ချီ ဝေးလို့လား”

လုချီဟွာက ရုတ်တရက် ထအော်လိုက်သည်။

အားလုံး လှည့်ကြည့်လိုက်ရင် သဘော်သီး ကောင်မလေး ရောက်လာတာကို မြင်လိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစောပိုင်းတုန်းက အမျိုးသမီး သုံ့ပန်းများကို ခေါ်ထုတ်ကာ ပြုစုစောင့်ရှောက်ရင်း အလုပ်ရှုပ်နေခဲ့သည်။

ကြွင်နာမှုအကြောင်း ပြောကြေးဆိုရင် လုချီဟွာက သေချာပေါက် နံ့ပါတ်တစ် နေရာတွင် ရပ်တည်နေလိမ့်မည်။

“ဥပမာ တစ်ခု ပြောပြမယ်”

လီဇီချီက ရှင်းပြမလို လုပ်လိုက်သည်။

“ဘာလို့ ဘီဖင်ကို ထပ်ရိုက်မှာလဲ ၊ ဘီဖင်ဆိုတာ ဘယ်သူလဲ အတိအကျ ပြောပြပါအုံး”

လုချီဟွာက ခေါင်းကုတ်ရင်း ဘီဖင်ကို အရမ်းသနားနေသည်။ ဒါပေမယ့် အရင်ကလည်း ဘီဖင်ကို တစ်ခုခု လုပ်မယ်ဆိုတဲ့ အကြောင်း ခဏခဏ ကြားနေခဲ့ရသည်။ ဘီဖင်ဆိုတဲ့လူက တော်တော် ဆိုးမယ် ထင်သည်။

(ဘီဖင်- ဥပမာ အသံထွက်များတတ်သော တရုတ်စာလုံး)

အင်ဘိုင်ဝူက ထပ်စောင့်မနေဘဲ ဝိညာဉ်ချီကို လည်ပတ်ကာ ဓါးထဲကို ထည့်လိုက်သည်။ ထို့နောက်ဓါးတစ်ချက် ခုတ်ချလိုက်သည်။

ရွတ်စ်

လေချွန်သံလို တရှူးရှူးနဲ့ ဌက်ဖြူတစ်ကောင် ပျံထွက်သွားသည်။ ကောင်းကင်မှာ ဖြတ်ပြေးနေသော မိုးရေစက် တစ်ခုလိုပါပဲ။ မီတာ ၃၀ အကွာလောက် ကနံရံကို ဓါးချီက ရိုက်ခတ်သွားသည်။

ဝုန်း

နံရံပေါ်တွင် လက်ချောင်းတစ်ဝက်လောက် နက်တဲ့ အရာ တစ်ခု ကျန်ခဲ့သည်။

"ကောင်းလိုက်တဲ့ ဓါး"

အင်ဘိုင်ဝူ ထအော်လိုက်သည်။ ဒီဓါးကို တကယ်ပဲ ချစ်မိသွားပြီ။ သူမ ရည်ရွယ်ချက်က တန်နိုင်ငံသမိုင်းထဲက လေဒီဂူဆန်လို ချင်လင်တွင် ဖြစ်လာရန် ဖြစ်သည်။ သူမ နာမည်က တစ်ကမ္ဘာလုံး ပျံ့နှံ့သွားပြီး သူမရဲ့ အသက်မွေးဝမ်းကြောင်းအတွက် ဓါးအကကို အာရုံစိုက်ထားရန် လိုအပ်မည်။ ကွယ်လွန်သွားရင်တောင် သူမသားစဉ် မြေးဆက် ဆင်းရဲမှာကို ကြောက်စရာ မလိုဘဲ ကြိုးစားအားထုတ်ရုံနဲ့ အသက်မွေး နိုင်ရမည်။ ဌက်ဖြူဓါးကို အနည်းငယ် ဝှေ့ယမ်း ပြီးနောက် အင်ဘိုင်ဝူသည် ဆွန်းမိုကို ရုတ်တရုတ်

စောင်းကြည့်လိုက်သည်။ ဒီဓါးကို တကယ်လိုချင်သော်လည်း တောင်းဖို့ ရှက်နေသည်။

သူမဘယ်လောက်ပဲ အသိဉာဏ်ခေါင်းပါးနေပါစေ ဒါက သာလွန်အဆင့်ရှိတဲ့ ဝိညာဉ်လက်နက် တစ်ခု ဖြစ်သည်။ အရမ်းဈေးကြီးသည်။

အဆင့်မြင့်လက်နက်များ ဝိညာဉ် လက်နက်နဲ့ သူတော်စင် လက်နက်ဆိုပြီး ခွဲခြားနိုင်သည်။ အဆင့်တစ်ခုစီတိုင်းကို နိမ့်ကျ ၊ ပျမ်းမျှ၊ သာလွန်နှင့်ဆန်းကြယ်ဆိုပြီး ထပ်ခွဲခြားနိုင်သည်။

တချို့လူတွေအတွက်ကတော့ ဝိညာဉ်လက်နက်ကို ရဖို့ မဖြစ်နိုင်ပါ။

"နောက်တစ်ခု ရှိသေးလား"

လုချီဟွာက သေတ္တာ ဘေးတွင် ရပ်ပြီး သိချင်စိတ်နဲ့ ရှာလိုက်သည်။

လီဇီချီက အံဆွဲအသေးလေး တစ်ခုကို ထုတ်ယူလိုက်သည်။ အထဲတွင် သစ်ကြားသီး အရွယ် အသံဖမ်း ကျောက်တစ်တုံး ရှိနေသည်။

"ဒါပဲလား"

ရှန်ယွန်ပေါင် အရမ်းစိတ်ပျက်သွားသည်။

"ဖွင့်လိုက်"

ဆွန်းမိုက လီဇီချီအား အသံဖမ်းကျောက်ကို ဖွင့်ရန် အမူအရာ ပြလိုက်သည်။

အင်ဘိုင်ဝူသည် သက်ပြင်းနောက်တစ်ကြိမ် ချလိုက်မိပြီး ဌက်ဖြူကိုခါးအိမ်ထဲ ထည့်ပြီး သူ့ရင်ဘက်ပေါ်မှာ ပိုက်ထားလိုက်သည်။ သူ၏ ပညာသင်ဘက် အစ်မကြီးများကို သူမစိတ်နဲ့ နှိုင်းနေတဲ့ လူယုတ်မာ တစ်ယောက်လို ဖြစ်နေသည်။ သူတို့လည်း ခါးလိုချင်နေမှာ အရမ်းစိုးရိမ်နေသည်။

ဒါပေမယ့် သူတို့အားလုံးက ခါးကို လုံးဝ ဂရုမစိုက်ကြပါ။

လီဇီချီက အသံဖမ်း ကျောက်တုံးထဲကို ဝိညာဉ်ချီ ထည့်သွင်းလိုက်သည်။ ခဏလောက်ကြာတော့ ထူးဆန်းသော ရယ်မောသံကြီးက ရုတ်တရက် ပေါ်လာသည်။

"ဟားဟား ဟား ဟားဟား"

"အား...."

လုချီဟွာက လန့်ဖြန့်ပြီး ဆွန်းမိုကို ပြေးဖက်သည်။ လီဇီချီက ဒီလို မလုပ်လိုက်ပေမယ့် ကျောက်တုံးကို

ကိုင်ထားတဲ့ သူမလက်တွေ တဆက်ဆက် တုန်နေသည်။

“ ဒီလူက ဘယ်သူလဲ”

ရှန်ယွန်ပေါင် မျက်ခုံး ပင့်လိုက်မိသည်။ ရယ်သံများထွက်လာတဲ့ အချိန်တွင် သေခြင်းနတ်ဘုရားက လည်ပင်းကို ဆုပ်ကိုင်ထားသလို အထိတ်တလန့် ခံစားရသည်။ သူ ထိတ်လန့်ခြောက်ခြားပြီး တုန်တုန် ရီရီ ဖြစ်သွားသည်။

“မင်းတို့ အမှိုက်တွေအားလုံးက ငါ ဒိတ်ဋ္ဌိဘုရင်ကို သတ်ချင်တာလား၊ သွားပြီး အိပ်မက် မက်နေလိုက်၊

ဂျီဇောင်ယန် မင်းစောင့်နေလိုက် မင်းတစ်မျိုးနွယ်လုံးကို ဖျက်ဆီး ပစ်မယ်”

“ဘာ”

လီဇီချီ မျက်တောင် တဖျတ်ဖျတ် ခတ်နေမိသည်။ ဒီဖမ်းထားတဲ့ အသံ၏ အကြောင်းအရာက စိတ်ဝင်စားဖို့ ကောင်းလှသည်။

“မဟာကိုးပါးသော နိုင်ငံအသီးသီးက တော်ဝင်ကလန်တွေ၊ ချမ်းသာတဲ့ မျိုးနွယ်စုပေါင်း တစ်ရာက ငါ့ကို သတ်ဖို့ စုဝေးကြတယ် ၊ ငါ့ရဲ့ ရတနာသိုက်ကိုလုချင်လို့ မဟုတ်လား၊ ဟားဟား

မင်းတို့ ဖြစ်စေချင်တဲ့ အတိုင်း လုံး၀ ဖြစ်ခွင့် မပြုနိုင်ဘူး။ ငါ့ရဲ့ ဆက်ခံသူကို ပျိုးထောင်ဖို့ ဒီရတနာသိုက်ကို အသုံးပြုမယ်။ ဒီဆက်ခံသူက သူတော်စင် ဂိတ်ကို ဖြိုချပြီး မဟာကိုးပါးနဲ့ နိုင်ငံအသီးသီးကို ဖျက်ဆီးလိမ့်မယ်။ မင်းတို့ အားလုံး စောင့်နေလိုက်။ ငါ့ရဲ့ ဆက်ခံသူက သူ့ရဲ့လမ်းကို သူဖောက်ပြီး သတ်ဖြတ်သူ တစ်ယောက် ကျိန်းသေ ဖြစ်လာလိမ့်မယ်”

“ငါ့ရဲ့ ပိုင်ရှင်မဲ့ ရတနာကို တိမ်တိုက် အဆုံးမှာ မြှုပ်နှံထားတယ်။ ငါ့ရဲ့စစ်ဆေးမှုကို အောင်မြင်ခဲ့ရင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါ့ရဲ့ ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်ကို ရပြီး အဆုံးမရှိတဲ့ စည်းစိမ် ပစ္စည်းတွေကိုလဲ မင်းတို့ရလိမ့်မယ်”

ဒီဝါကျ သုံးခုသည် အဆုံးမရှိ လွှမ်းမိုးလှသည်။

(သူစော်ကားခဲ့တဲ့ လူတွေကိုလည်း ကြည့်ပါအုံး။ အဲဒီထဲက တစ်ယောက်ယောက်ကို ခလုတ်တိုက်လိုက်မိတာနဲ့ သချိုင်း မပါဘဲ သေသွားနိုင်တယ်)

“ပိုင်ရှင်မဲ့ ရတနာသိုက်”

ဌက်ဖြူကို ပွတ်သပ်နေတဲ့ အင်ဘိုင်ဝူ မျက်လုံး အရောင်တောက်လာသည်။

"မယုံမရှိနဲ့ ၊ မင်းသေသွားလိမ့်မယ်"

အမြဲတမ်း နှုတ်ဆိတ်နေတတ်တဲ့ ချန်လုံက ထပြောလိုက်သည်။

"တိမ်တိုက်ရဲ့ အဆုံး"

ရှန်ယွန်ပေါင် အရမ်း ထိတ်လန့် တုန်လှုပ်နေသည်။

"အမှောင်တိုက်ကြီးက တစ်နေရာရာ ဖြစ်နိုင်တယ် "

“ဒါတော့ သေချာတယ်၊ အမှောင်တိုက်ကြီးလို ပိုင်ရှင်မဲ့တဲ့ နေရာမှာပဲ ဒိတ်ဌိဘုရင်လို လူက လွှတ်လွှတ်လပ်လပ် လှုပ်ရှား သွားလာနိုင်မယ်။ တကယ်လို့ ပြည်နယ်ကိုးခုထဲမှာ ရှိနေပါက ဒီလိုမျိုး အထိန်းအကွပ်မဲ့ လုပ်ယူနေတဲ့ သူ့ကို ဘယ်ဘုရင်က လွှတ်ထားမှာလဲ”

လီဇီချီအနေနဲ့ ဒိတ်ဌိဘုရင်ရဲ့ အကြောင်းကို လူတိုင်းအား ရှင်းပြစရာ မလိုပါ။ ဒီနာမည်ဟာ ကမ္ဘာပေါ်မှာ လူတိုင်းသိနေကြတဲ့ နာမည်ဖြစ်ပြီး ညဘက် ကလေး အငိုတိတ်အောင် ခြောက်လို့ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သားသမီးများ ကြီးပြင်းလာပြီး သူတို့စကားကို နားမထောင်ဘဲ ပေကပ်ကပ်လုပ်နေရင် ဒိတ်ဌဲဘုရင်လာနေပြီ မင်းကို ဖမ်းစားတော့မယ်နော် ဆိုပြီး ခြောက်တတ်ကြသည်။

ဒိတ်ဌဲဘုရင်ကြီးက အမှောင်တိုက်ကြီးမှာ နေထိုင်ကြီးပြင်း ခဲ့သည်။ အရည်အချင်းလည်း ပြည့်ဝလှသည်။ သူငယ်ငယ်ကတည်းက အမှောင်တိုက်ကြီးတွင် နာမည်ကြီးနေပြီ ဖြစ်သည်။

အစောဆုံးမှတ်တမ်းများအရ ဒိတ်ဌဲဘုရင်သည် လမ်းပြအဖြစ် လုပ်ကိုင်ဖူးတယ်လို့ ဆိုကြသည်။

သူက ငွေကလွဲရင် လျှို့ဝှက် လက်စွဲစာအုပ်များ၊ ကျင့်ကြံခြင်း ကျင့်စဉ်များ၊ မှော်ဆေးပြားများ၊ လျှို့ဝှက်ရတနာများ၊ အစွမ်းထက် ဝိညာဉ်တက်တူးများနှင့် နတ်ဘုရားလက်နက် အားလုံးကို လိုချင်သည်။

ဒိတ်ဌိဘုရင်သည် ဘယ်သူမှ မသွားရဲသော နေရာများသို့ပင် သွားခဲ့သည်။ သူ့ကို အမှောင်တိုက်ကြီးရဲ့ သက်ရှိမြေပုံ တစ်ခုလို့တောင် ပြောလို့ရသည်။

တစ်ခုသော လမ်းပြခရီးစဉ်တွင် ဒိတ်ဌိဘုရင် မိန်းကလေး တစ်ယောက်နဲ့ ရင်းနှီးခဲ့သည်။ အချိန်ကြာလာတာနဲ့အမျှ နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက် ချစ်မိသွားကြသည်။ သို့သော်လည်း မိန်းကလေး စေ့စပ်ထားတဲ့သူသည် သူတော်စင်ဂိတ်ခေါင်းဆောင်၏ သား ဖြစ်နေသည်။

ထိုအချိန်မှစ၍ ဒိတ်ဌိဘုရင်သည် ပျားအုံကို တုတ်နဲ့ထိုးမိတယ်လို့ ပြောလို့ရသည်။

နောက်ပိုင်းမှာ အဖြစ်အပျက်တွေ တစ်ခုပြီးတစ်ခု ဆက်တိုက် ဖြစ်ပျက်လာခဲ့သည်။ နောက်ဆုံးတွင်

ဒိတ်ဌိဘုရင်ရှေ့တွင် မိန်းကလေးသည် ကိုယ့်လည်ပင်းကို ကိုယ်လှီးပြီး သတ်သေခဲ့သည်။ သွေးရူးသွေးတန်းဖြစ်သွားသော ဒိတ်ဌိဘုရင်သည် ဘာကိုမှ မထိန်းတော့ပါ။ ဒါ့ကြောင့် သူတော်စင်ဂိတ်ကို စိမ့်ဝင်ပြီး သူတော်စင်ဂိတ် ခေါင်းဆောင်ရဲ့မျိုးနွယ်စု တော်တော်များများကို သတ်ပစ်ခဲ့သည်။

ထိုအချိန်မှစ၍ သူသည် စစ်သားတွေကို စတင်စုဆောင်းကာ မြင်းတွေ ဝယ်ပြီး ကြီးမားသော စစ်တပ်တစ်ခုကို ထူထောင်ခဲ့သည်။ ထို့နောက်

အရမ်းအစွမ်းထက်သော ဓါးပြ အုပ်စု ဖြစ်လာခဲ့သည်။ သူက အထူးသဖြင့် ပြည်နယ်ကိုးခုကနေ အမှောင်တိုက်ကြီးကို ဝင်လာတဲ့သူများကို ပစ်မှတ်ထားခဲ့သည်။

ဒါတွေကလည်း အများအားဖြင့် မြတ်ဆရာများနှင့် ကျောင်းသားတွေ ဖြစ်နေကြသည်။ ဘာကြောင့်ဆို ထိုလူများသည် သူတော်စင်ဂိတ်ရဲ့ အုပ်ချုပ်မှုအောက်မှာ ရှိတယ်ဆိုပြီး ထည့်သွင်းစဉ်းစားခဲ့သည်။ ဒါကြောင့် သူတို့ကို မြင်တာနဲ့ ဖမ်းပြီး အတင်းအကြပ် ဖိအားပေးကာ သူတော်စင်ဂိတ်က

နှုတ်ထွက်ခိုင်းသည်။ ဒါမှ မဟုတ်ရင် အားလုံးကို သတ်ပစ်ခဲ့သည်။

သူတော်စင်ဂိတ်က ဒိတ်ဌဲဘုရင်ကို အမဲလိုက်ဖို့ လူတွေ စေလွှတ်ခဲ့ပေမယ့် သူက အရမ်း အစွမ်းထက်လွန်းခဲ့သည်။ တိုက်ခိုက်ရေးစွမ်းရည်ဖြစ်စေ၊ ကွပ်ကဲမှုစွမ်းရည်တွင်ဖြစ်စေ ရှားရှားပါးပါး ထူးချွန်တဲ့ သူဖြစ်နေသည်။ သူက သူတော်စင်ဂိတ်ရဲ့ ထိပ်တန်းပါရမီရှင် တော်တော်များများကို သတ်ပစ်ခဲ့သည်။

သတ်ဖြတ်နေရင်းနဲ့ကို သူ့ရဲ့ နာမည်က ကျော်ကြားသထက် ကျော်ကြားလာပြီး စည်းစိမ်ပမာဏကလည်း အဆမတန် တိုးပွားလာသည်။

ဒိတ်ဌိဘုရင်ရဲ့ တည်ရှိမှုသည် သူတော်စင်ဂိတ် ခေါင်းဆောင်အတွက် အရှက်ရစရာ တစ်ခု ဖြစ်လာခဲ့သည်။ ပြီးတော့ သားဖြစ်သူ အသတ်ခံရပြီးနောက် သူ့ရဲ့ ဒေါသလည်း မီးဟုန်းဟုန်း တောက်လောင်ခဲ့သည်။

ခေါင်းဆောင်က နာမည်ကျော်ကျောင်းကိုးကျောင်းက ထိပ်တန်း ပါရမီရှင်များ၊ နိုင်ငံအသီးသီးက ပါရမီရှင်များ၊ အချမ်းသာဆုံးမျိုးနွယ်တစ်ရာမှ ထိပ်တန်းပါရမီရှင်များကို များပြားလှစွာသော ပိုက်ဆံတွေကိုသုံးပြီး စုစည်းကာ ဒိတ်ဌာဘုရင်ကို ထောက်ချောက် ကွန်ရက်ကြီး တစ်ခုလုပ်ပြီး လိုက်ဖမ်းခဲ့သည်။

ကြီးမားတဲ့ တိုက်ပွဲပြီးသွားပြီးနောက် သူတို့သွေးတွေက အမှောင်တိုက်ကြီး

ကောင်းကင်ကို အနီရောင် ပြောင်းသွားတဲ့ အထိ လူတွေအများကြီး သေကြေပျက်ဆီးခဲ့ကြသည်။

ထို့နောက် ဒိတ်ဌှိဘုရင် သေဆုံးသွားကြောင်းကို သူတော်စင်ဂိတ်က ကြေငြာခဲ့သည်။ ဒါပေမယ့် ဒိတ်ဌှိဘုရင်ကို အမဲလိုက်သော တိုက်ပွဲတွင် သူတော်စင်ဂိတ်ခေါင်းဆောင်လည်း အပြင်းအထန် ဒဏ်ရာရပြီး တစ်နှစ်ခွဲအကြာတွင် သေဆုံးသွားခဲ့သည်။

ခေါင်းဆောင်၏ သင်္ဂြိုလ်ခြင်း အခမ်းအနားတွင် ဒိတ်ဌှိဘုရင်က ရုတ်တရက်ပေါ်လာပြီး

အခေါင်းတလားကို မှောက်လှန် ပစ်ခဲ့သည်။ ထို့နောက် အသံဖမ်းကျောက်နဲ့ လူတိုင်းကို ကြောငြာခဲ့သည်။

ဒိတ်ငွိဘုရင်၏ ပိုင်ရှင်မဲ့ ရတနာသိုက်ရဲ့ တည်နေရာကို မှတ်တမ်းတင်ထားသော အသံဖမ်းကျောက် စုစုပေါင်း ကိုးဆယ်ကိုးခု ရှိတယ်လို့ ပြောဆိုကြသည်။ ထိုကျောက်တုံးများလည်း ကမ္ဘာအနှံ့ ပျံ့နှံ့သွားသည်။

“ဒီရတနာသိုက် တကယ်ရှိလား၊ မရှိဘူးလား”

အင်ဘိုင်ဝူက လီဇီချီကို ကြည့်ရင်း မေးလိုက်သည်။ လူတိုင်းကြားတွင် ဒီမိန်းကလေးက အဆင့်အတန်း

အမြင့်ဆုံး ဖြစ်သည်။ ထုံးစံအတိုင်း သူမက လျှို့ဝှက်ချက်တချို့ကို ထိတွေ့နိုင်သည်။

"ရတနာသိုက်ရှိတယ်ဆိုတဲ့ ဒိတ်ဌိဘုရင်ရဲ့ ဇာတ်လမ်းကတော့ အမှန်ပဲ။ ဒါပေမယ့် ကျောက်တုံးက သတင်းတွေ မှန်မမှန်ကတော့ ငါလည်းမသိဘူး "

လီဇီချီက အသံဖမ်းကျောက်ကို ဆွန်းမိုဆီ ပေးလိုက်သည်။

ကူးလူးဆက်ဆံနေကြတဲ့ ကမ္ဘာကြီးမှာ ရန်သူနည်းနည်းပဲ ရှိတာ ဘယ်သူရှိလို့လဲ။ ဒါကြောင့်လည်း လူတချို့က မကောင်းတဲ့စိတ်ဆန္ဒနဲ့

သူတို့ရဲ့ကိုယ်ပိုင် ရည်ရွယ်ချက်အတွက် ရန်သူကို ထောင်ချောက်အမျိုးမျိုး ဖန်တီးကာ ဒိတ်ဌိဘုရင်ရဲ့ ရတနာသိုက် သတင်း အသစ်တွေကို ဖန်တီးခဲ့ကြသည်။

အချိန်တစ်ခု ကြာလာတာနဲ့အမျှ ဒိဌိဘုရင်ရဲ့ အသံကို ဖမ်းထားတဲ့ကျောက်များ နေရာအနှံ့ကို ပျံ့နှံ့သွားသည်။

တကယ်လို့ အင်ဘိုင်ဝူသာ မှောင်ခိုဈေးကွက်ကို သွားမယ်ဆိုရင် ဒီလိုမျိုး အသံဖမ်းကျောက်တုံး ရောင်းချသူ နှစ်ဦး၊ သုံးဦးလောက် ရှာတွေ့နိုင်သည်။

"ဒါကို ဘယ်သူလိုချင်လဲ"

ဆွန်းမို အဲဒါကို တစ်ချက်ကြည့်လိုက်ပြီး လုံးဝ စိတ်မဝင်ပါ။ ရတနာသိုက် ရှာရမှာလား။ ကျောင်းသားတွေကိုပဲ အစွမ်းကုန် ကြိုးစားသင်ပြီး လေးစားအထင်ကြီးမှု အမှတ် စုဆောင်းလိုက်မည်။ စနစ်ထဲက စတိုးဆိုင်ကလည်း ဘယ်အရာချို့တဲ့လို့လဲ။

တကယ်လို့ လေးစားအထင်ကြီးမှုအမှတ် ၁၀၀,၀၀၀ လောက်စုစည်းနိုင်ရင် သူတော်စင်အဆင့် ကျင့်စဉ်တစ်ခု ဝယ်လို့ရသည်။ အမှောင်တိုက်ကြီးမှ ဒိတ်ဌိဘုရင်ရဲ့ ပိုင်ရှင်မဲ့ ရတနာသိုက်ကြီးကို

အသက်စွန့်ပြီး ရှာဖွေရတာထက် ဒါက ပိုဘေးကင်းသည်။

ချန်လုံက သူ့လက်ကို မြှောက်သင့်လားဆိုပြီး တွေဝေနေသည်။ လုချီဟွာနှင့် အင်ဘိုင်ဝူကတော့ လက်မြှောက်ထားသည်။

ဆွန်းမိုက လုချီဟွာဆီ သာမန်ကာ လျှံကာ ပစ်ပေးလိုက်သည်။

“ဒါကို အစစ်လို့ ခံစားရတယ်”

လုချီဟွာက ကျောက်တုံးကို ဖမ်းရင်း ပြောလိုက်သည်။ အတွင်းထဲက အသံကို ဖွင့်လိုက်ရင်

သူ့အရမ်းကြောက်လန့်သွားသည်။ ဒါက အစွမ်းထက်တဲ့ ပညာရှင်တစ်ယောက်ရဲ့ အငွေ့အသက်ပါ။ အင်ဘိုင်ဝူက နှုတ်ခမ်းမဲ့ထားသည်။

"ဌက်ဖြူကို လိုချင်ရင် ယူလိုက်ပါ ၊ ဒါပေမယ့် ပိုင်ရှင်မဲ့ ရတနာသိုက်အကြောင်းကို မေ့လိုက်တာအကောင်းဆုံးပဲ နားလည်လား၊ ကျင့်ကြံခြင်းကိုပဲ အစွမ်းကုန် အားထုတ်ပါ။ ဒါကမှ မှန်ကန်တဲ့ လမ်းစဉ်ပဲ"

ဆွန်းမိုက ပို့ချပေးလိုက်သည်။ ဆွန်းမိုသည် အင်ဘိုင်ဝူရဲ့ အပြုအမူတွေကို သတိထားခဲ့မိတာကြာပါပြီ။ ဒီမိန်းကလေးသည် ဆင်းရဲရမှာကြောက်တာကလွဲရင် အရာရာတိုင်းမှာ ထူးချွန်သည်။ ဒါကြောင့်လည်းသူမက အနည်းငယ် ငွေမက်သည်။

အင်ဘိုင်ဝူက ဌက်ဖြူကို ချက်ခြင်း ပွေ့ဖက်လိုက်သည်။ ကျေးဇူးတင်စွာ လက်ဆုပ်လိုက်ပြီး

“ဆရာ၊ ကျွန်မ သေချာပေါက်ကြိုးစားပြီး ဆရာ ဂုဏ်ယူရအောင် လုပ်ပါ့မယ် ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၇၀၀/၁,၀၀၀)

(အင်း၊ အချိန်ရရင် လုချီဟွာကို ရှာပြီး အသံဖမ်းကျောက်ကို လေ့လာရမယ်။ တကယ်လို့ အကြောင်းအရာက အမှန်ဖြစ်နေရင် ငါချမ်းသာလာမယ်လေ။)

(ဒါက ဒိတ်ဌီဘုရင်ရဲ့ ပိုင်ရှင်မဲ့ ရတနာသိုက်ပဲ)

မှတ်ချက်။ ။ ၁ ချီမှာ ၁ မီတာရဲ့ သုံးပုံ တစ်ပုံ ရှိသည်။

စာစဉ်(၁၄)

အခန်း(၂၀၄) - ရက်ရောသော ဆုလဒ်များနဲ့ နေ့ချင်းညချင်း ချမ်းသာလာခြင်း။

တာအိုဝါဒ ဌက်ဖြူသည် အသံဖမ်းကျောက်ကို အမှတ်တမဲ့ ရရှိခဲ့သည်။ ဒါပေမယ့် သူလည်း

အစစ်လားအတုလားဆိုတာ မသိပါ။ သူက အပူပင်မဲ့ ဘဝကို ဖြတ်သန်းနေပြီး ဒိတ်ဌိဘုရင်ရဲ့ ပိုင်ရှင်မဲ့ရတနာသိုက်ကို စိတ်ထဲ မထည့်ထားပါ။

သူက ကောင်းကောင်းစားပြီး မိန်းကလေးတွေနဲ့ ပျော်ချင်သလောက် ပျော်ပါးနေခဲ့သည်။ ဒါကြောင့်လည်း သူထွက်ပြေးရမှသာ အမှောင်တိုက်ကြီးကိုသွားပြီး ဒိတ်ဌိဘုရင်ရဲ့ ရတနာသိုက်ကို ရှာဖွေဖို့ ဆုံးဖြတ်ခဲ့သည်။

သို့သော်လည်း လုချီဟွာကို ပြန်ပေးဆွဲပြီး ဆွန်းမိုကို ရန်စခဲ့မိသဖြင့် မမျှော်လင့်ဘဲ

အသတ်ခံခဲ့ရသည်။ ရတနာသိုက်တောင် မရှာဖွေနိုင်ခဲ့ပါ။

သစ်သားသေတ္တာထဲတွင် အသံဖမ်းကျောက်အပြင် ကျောက်မြတ်ရတနာများနှင့် ကျောက်စိမ်း အသုံးအဆောင် တချို့ရှိသေးသည်။ ၎င်းတို့အားလုံးသည် ငွေအများကြီး တန်ဖိုးရှိတဲ့ ရှားပါး အဖိုးတန် ပစ္စည်းများ ဖြစ်သည်။

တာအိုဝါဒဌက်ဖြူ ထွက်ပြေးဖြစ်ခဲ့လျှင် တပါတည်း ယူဆောင်သွားဖို့ ပြင်ဆင်ထားခြင်း

ဖြစ်သည်။ ဘယ်လိုပဲပြောပြော ရွှေတွေက အရမ်းလေးသည်။

"အကြမ်းဖြင်းတွက်ကြည့်ရင်တောင် ဒီပစ္စည်းတွေက အနည်းဆုံး ငွေတစ်သန်းလောက် တန်ကြေးရှိတယ်"

လီဇီချီက ဌက်ဖြူခါးနှင့် မှော်ဆေးပြားများကို ထည့်မတွက်ထားပါ။ ဒီလိုမဟုတ်ပါက တန်ကြေး ပိုတက်လာအုံးမည်။

"များလိုက်တာ"

အင်ဘိုင်ဝူသည် ထိုစကားများကို ကြားပြီး မျက်ရည်ဝဲတက်လာသည်။ ထို့နောက် သူမကလွဲရင် လူတိုင်း မျက်နှာက တည်ငြိမ်နေတာကို မြင်လိုက်ရသည်။ (အို၊ အဲဒါတွေက ငွေတုံး တစ်သန်းလောက် တန်ကြေးရှိတယ်လေ။ ဘာကြောင့် မင်းတို့က လုံးဝ စိတ်မလှုပ်ရှားရတာလဲ)

"ဆွန်းမို၊ ဆွန်းမို"

အန်ရှီဝေအသံက ရုတ်တရက် ထွက်ပေါ်လာသည်။

ဆွန်းမို အနည်းငယ် ထိတ်လန့်သွားသည်။ သူလည်း အလင်းရောင်ရှိတဲ့ဘက်ကို တက်သွားရာ အန်ရှီဝေ ပြေးလာတာ မြင်လိုက်ရသည်။

"အဆင်ပြေရဲ့လား"

အန်ရှီဝေသည် ဆွန်းမိုကို ခြေဆုံးခေါင်းဆုံး စစ်ဆေးလိုက်သည်။ သူ့ခန္ဓာကိုယ်ပေါ်တွင် သွေးများထွက်နေတာ မြင်လိုက်လျှင် သူမ နှလုံးသား တစ်ခုလုံး တုန်လှုပ် ခြောက်ခြားသွားသည်။

"မင်း အရမ်းရဲတာပဲ၊ ဘာလို့ ငါ့ကို သတင်းမပေးတာလဲ"

အန်ရှီဝေက တဗျစ်ဗျစ် တတောက်တောက် ပြောဆိုနေသည်။

(လူကုန်ကူးသူတွေရဲ့ အသိုက်ထဲကို တစ်ယောက်တည်းဝင်ပြီး သတ်ရလောက်အောင် မင်းကိုယ်မင်း ဒဏ္ဍာရီဆန်ဆန် နယ်ပယ်တစ်ခုလုံး အုပ်စိုးသူလို့ ထင်နေတာလား။ မင်းရဲ့ သတ္တိက နည်းနည်း မကြီးလွန်းဘူးလား)

ထုံးစံအတိုင်း ဒေါသထွက်ပြီး မကျေမချမ်း ဖြစ်နေတဲ့အပြင် အန်ရှီဝေသည် သူမရဲ့ ပင်ကိုယ် ရောနှောနေသော ခံစားချက်ကြောင့်လည်း ပါသည်။

ဆွန်းမိုက သူမကို သူ့လူတစ်ယောက်လို မဆက်ဆံဘူး။

ဆွန်းမို အရင်က ဘယ်လိုပဲ ကြုံတွေ့ခဲ့ ကြုံတွေ့ခဲ့ ဒီပြဿနာကိုတော့ သူမနဲ့ အတူတူ တိုင်ပင်ဆွေးနွေးပြီး လုပ်ရမည်။

ဒီအချက်က သူတို့နှစ်ယောက် ပိုဝေးလာတယ်ဆိုတာ ပြောနေသလို ဖြစ်နေသည်။

"ငါလည်း သိပ်မသေချာတာနဲ့ မင်းကို ဒုက္ခမပေးချင်လို့"

အဲဒီအချိန်တုန်းကလည်း ဆွန်းမိုစိတ်ထဲတွင် လုချီဟွာကို ကယ်တင်မည့် အတွေးနဲ့ ပြည့်နေခဲ့သည်။ ပြီးတော့သူက အန်ရှီဝေကို စိတ်နှလုံး တကယ်အားကိုးပြီးဆက်ဆံရမယ့် သူတစ်ယောက်လို မဆက်ဆံမိတာလည်း ဖြစ်နိုင်သည်။

"မင်းနဲ့ ငါ့ကြားမှာ ဒုက္ခပေးတယ်ဆိုတဲ့ စကားပြောစရာလိုလို့လား"

အန်ရှီဝေ မကျေမနပ်ဖြစ်နေသည်။

"ငါတို့ အခုဘာလုပ်သင့်လဲ၊ ငါတို့ ထွက်သွားကြမလား"

လုချီဟွာက အသံတိုးတိုးလေးနဲ့ မေးလိုက်သည်။ သူမအရှေ့မှာ ဆရာတွေ ရန်ဖြစ်နေတာ မြင်ရတော့ စိတ်မကောင်းပါ။

လီဇီချီက မကြားသလို လုပ်နေသည်။ ထုံးစံအတိုင်း သူမ ထွက်မသွားချင်ပါ။ တကယ်လို့ သူတို့နှစ်ယောက် တိုက်ခိုက်ကြရင် သူမဆရာသာ အကျင့်မကောင်းတာ သေချာသည်။ အဲဒီအချိန်ရောက်ရင်တော့ သူမဆရာကို ကူပြီး အန်ရှီဝေကို တိုက်ခိုက်ရမည်။

သူမဆရာကို အားနည်းချက် ဖြစ်စေလို့ မရပါ။

မဟုတ်ရင်လည်း လုံးဝ မတိုက်ခိုက်အောင် တားရမည်။ ဒါကြောင့်လည်း လီဇီချီက အဖြစ်အပျက်ကို အကျဉ်းချုံးပြီး ပြောပြလိုက်သည်။

“လူကုန်ကူးသူက ဓောင်ယွမ်ကျားလား”

ဒီစကားကို ကြားလျှင် အန်ရှီဝေမျက်နှာ ဒေါသအချောင်းချောင်း ထွက်နေပြီး လက်တွေတောင် တုန်နေသည်။

“ဆွန်းမို၊ ကျောင်းသားတွေကိုခေါ်ပြီး အရင် ပြန်နှင့်၊ ဒီကိစ္စတွေကို ငါကိုင်တွယ်လိုက်မယ်”

အန်ရှီဝေ အသံက သံချောင်းများကို ဖြတ်ရင်တောင် ပြတ်လောက်သည်။ သူမသည် ငယ်ရွယ်သော်လည်း နာမည်ကြီးကျောင်းတစ်ကျောင်းရဲ့ ကျောင်းအုပ်ကြီး၏ ဂုဏ်သိက္ခာနဲ့ အရည်အချင်းကို ပိုင်ဆိုင်ထားသည်။

"ကိုယ့်လုပ်ရပ်အတွက် ကိုယ်တာဝန်ယူမယ်"

ဆွန်းမိုကလည်း ဒီကိစ္စက အရမ်းကို ပြဿနာဖြစ်နိုင်မှန်း သိနေသည်။ ခေါင်းယန်ကို သတ်လိုက်တာက တစ်ချက်ပါ။ ဘယ်လိုပဲပြောပြော

သူ့ကာလန်က လူကုန်ကူးမှုတွင် ပါဝင်ပက်သက်နေသည်။ ဒါ့အပြင် လီချမ်ကိုလည်း သတ်ထားသည်။ လီဇီရှင်း ဒေါသထွက်သွားမှာ သေချာသည်။

"ဆွန်းမို၊ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့"

အန်ရှီဝေ စည်းရုံးလိုက်သည်။

ဆွန်းမိုက လက်ယမ်းပြလိုက်သည် အန်ရှီဝေနဲ့လည်း ငြင်းခုန်ချင်စိတ် မရှိပါ။

အန်ရှီဝေလည်း အားကိုးရာမဲ့ ဖြစ်သွားသည်။ ဒါပေမယ့် ဆွန်းမိုကို ကြည့်နေတဲ့ အကြည့်ထဲတွင်

သဘောကျမှုများ ပါနေသည်။ သူ့ရဲ့စိတ်ဓါတ်၊ သတ္တိ၊ ရဲ့ရင့်မှုက တကယ့်ကို ယောကျာ်းစစ်စစ်ပဲ။ သာမန်လူသာဆိုလျှင် ကျောင်းသားတစ်ယောက်အတွက် ဒီလောက် ကိစ္စကို မလုပ်ပေးနိုင်ပါ။ တရားမျှတမှုအတွက်နဲ့ အဆင့်အတန်းမြင့်တဲ့ မင်းသားလေးကို ဘယ်သူ သတ်မလဲ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှုအမှတ် +၁ဝဝ။ ရင်းနှီး(၃၂ဝ/၁,ဝဝဝ)

အန်ရှီဝေသည် လူတွေကို မတောင်းပန်ချင်ပါ။ ဒါပေမယ့် ဆွန်းမိုကို ကယ်တင်ဖို့အတွက်ဆိုရင် သူမအဘိုးထားခဲ့တဲ့ အဆက်အသွယ်တွေကို အသုံးပြုရမည် ဖြစ်သည်။

“ဟို..ဘဏ္ဍာတိုက်ထဲက ပိုက်ဆံတွေကို ငါတို့အရင်သယ် ကြမလား”

အင်ဘိုင်ဝူက အာဏာပိုင်များ အလွဲသုံးစားလုပ်မှာကို စိုးရိမ်နေသေးသည်။

“ငါအဆင်ပြေတယ်လို့ ပြောထားပြီးပြီလေ”

လီဇီချီက ခေါင်းယမ်းရင်း ပြောလိုက်သည်။

အန်ရှီဝေက ဘဏ္ဍာတိုက်ထဲကနေ တခါတည်း ပြန်ထွက်သွားပြီး သူမရဲ့အစီအစဉ်တချို့ကို သူမရဲ့ လက်အောက်ငယ်သားတွေအား အသိပေးနေသည်။ ဒီငွေပမာဏာနှင့် ဖောင်ကလန်ကို အပြစ်ပေးဖို့ထက် လီဇီရှင်းက ဆွန်းမိုကို ပြဿနာမရှာရန် သေချာအောင် လုပ်ရမည်။

ဒီမြင်ကွင်းကို မြင်လိုက်လျှင် ဆွန်းမိုရဲ့ အမြင်က အန်ရှီဝေအပေါ် ပိုကောင်းလာသည်။ သူမ အခုအချိန်တွင် ငွေကြေး အရမ်းလိုအပ်နေသည်။

ဒါတောင် ဒီလိုအရေးကြီးတဲ့ အချိန်မှာ ငွေကြေးကို ဒုတိယအနေနဲ့သာ ရှင်းရှင်းလင်းလင်း ထားခဲ့သည်။

"ဧောင်ယန်နဲ့ လီချမ်ရော ဘယ်လိုလဲ၊ ငါ့ကိုသူတို့ဆီခေါ်သွား"

အန်ရှီဝေက အမိန့်ပေးလိုက်သည်။

အချုပ်ခန်းထဲမှာ ဆွန်းမိုနဲ့ လူတစ်စုလာနေတာ မြင်လိုက်လျှင် ထန်ထန်ယုထန်က ပြုံးလိုက်သည်။

"ဘာဖြစ်လို့လဲ ၊ အာဏာပိုင်တွေရော ပါလား"

ဘယ်သူမှ ပြန်မဖြေကြပါ။ သူ့နောက်ကွယ်က လူယုတ်မာကို စိုက်ကြည့်နေရမည့် အစား

အခုအချိန်မှာတော့ အဲဒီ လူယုတ်မာ နှစ်ယောက်က သေလုနီးပါး ဖြစ်နေပါပြီ။ ခံစားရလွန်းသဖြင့် မျက်နှာ အမူအရာက အရမ်းနာကျင်နေတဲ့ ပုံပေါ်နေသည်။ ခန္ဓာကိုယ်က တဆက်ဆက် တုန်နေသည်။

"ဒီလူကုန်ကူးတဲ့ လူတွေကို မိန်းမတွေ ခံစားခဲ့ရတဲ့ နာကျင်မှုထက် သုံးဆလောက် ပြင်းထန်အောင် လုပ်လိမ့်မယ်လို့ ငါထင်နေတာ၊ မင်း အားကုန် မကြိုးစားခဲ့တာ ကျိန်းသေတယ်"

ရှန်ယွန်ပေါင် စိတ်ဆိုးနေသည်။ တိုက်ပွဲတစ်ခုတည်း အကြောင်းသာ သိသည့်

ရှန်ယွန်ပေါင်ပင် ဒီလူကုန်ကူးသမားတွေကို အရမ်းစိတ်ဆိုးနေသည်။

"ဟားဟား၊ မင်းစမ်းကြည့်ချင်လား"

ထန်ထန်ယုထန်က လှောင်ပြောင်လိုက်သည်။ အပေါ်ယံကြည့်ရင်တော့ ဒီနှစ်ယောက်က ဒဏ်ရာ သိပ်ရထားတဲ့ ပုံမပေါ်ဘူး။ ဒါပေမယ့် သူတို့ရဲ့ အတွင်းအင်္ဂါအစိတ်အပိုင်း အားလုံးက ဖျက်ဆီး ခံလိုက်ရပြီ။ ဒါကြောင့် သူတို့သည် ဓါးနဲ့ အကြိမ်ပေါင်း တစ်ထောင်လောက် မွှန်းနေသလို နာကျင်ခံစားရပြီး သေတာထက် ဆိုးဝါးလှသည်။

ဖေခင်ယန်၏ မျက်လုံးများသည် အန်ရှိဝေဘက် ရောက်သွားသည်။ အကူအညီတောင်းချင်သော်လည်း အသံက မထွက်နိုင် ဖြစ်နေသည်။ လီချမ်ကတော့ စိတ်ပိုင်းဆိုင်ရာပါ ပျက်ဆီးသွားပြီး သူသည် လည်ပင်းစောင်းလျှက် ပါးစပ်ထောင့်က အရည်တွေ တစက်စက်ကျနေသည်။ သေလုနီးပါးဖြစ်နေသော ငါးခူတစ်ကောင်လို ဖြစ်နေသည်။

“မကြိုးစားနေနဲ့တော့ မင်းတို့က သေဖို့ သေချာသွားပြီ ၊ ယမမင်းရဲ့ နှိပ်စက်မှုကို ဖြည်းဖြည်းလေး ခံစားကြည့်ပေါ့ ”

ထန်ထန်ယုထန်က ပြုံးရင်း ပြောလိုက်သည်။ သေတာထက် ပိုဆိုးတဲ့အရာ ရှိတယ်ဆိုရင် ဒါက နာကျင်စွာ ရုန်းကန်နေရပြီး တဖြည်းဖြည်းနဲ့ သေဖို့ စောင့်ဆိုင်းနေရတာပဲ ဖြစ်မည်။ ဝမ်းမထိန်းနိုင်၊ သွေးတွေထွက်၊ ကြွက်သားတဆက်ဆက် အကြောဆွဲပြီး ကိုယ်အင်္ဂါအတွင်းက တစစ်စစ် နာကျင် နေရမည်။

ထန်ထန်ယုထန်က ဆေးဘက်ဆိုင်ရာ ပစ္စည်းတွေကို သုံးပြီး ဒီလူယုတ်မာနှစ်ယောက် နာကျင်ခံစားရအောင် လုပ်ခဲ့သည်။

ခန္ဓာကိုယ် နှိပ်စက်ခြင်းအပြင် စိတ်ပိုင်းဆိုင်ရာ နှိပ်စက်မှုများလည်း လုပ်ခဲ့သည်။

အန်ရှီဝေသည် ခဏမျှ ကြည့်ပြီးနောက် ထွက်သွားသည်။ အချုပ်ခန်းက လမ်းလျှောက်ထွက်လာရင်း သူမ အမူအရာက အနည်းငယ် လေးလံနေသည်။ လူယုတ်မာတွေကို သတ်သည့် ကိစ္စကိုတော့ မကန့်ကွက်ပါ။ သို့သော်လည်း ဆွန်းမိုရဲ့ အရွဲ့တိုက်တတ်သော တပြည့်ကြောင့် ဆွန်းမိုရဲ့ အသက်မွေးဝမ်းကြောင်း

အလုပ်အကိုင်တွင် သေချာပေါက် ပြဿနာ ဖြစ်လာနိုင်သည်။

"ဟင်း၊ ဆွန်းမိုက ဒီလို အရွဲ့တိုက်တတ်တဲ့ တပြည့်ကို ဘာကြောင့် လက်ခံထားတာလဲ"

အန်ရှီဝေ စိတ်ဓါတ်ကျသွားသည်။

ဒီကိစ္စကို သာမန်သူတွေ သတင်းပို့ပါက အာဏာပိုင်တွေ အရေးယူဖို့နည်းနည်း ကြာနိုင်သည်။ သို့သော် တြိဂံမျက်လုံးနဲ့ကောင်လေးသည် လီဇီချီ၏ ရွှေရောင်တံဆိပ်ပြားကို သူနဲ့ အတူ ယူသွားခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချင်လင်ပြည်နယ် အုပ်ချုပ်ရေးမှူးသည် ဒါကို မြင်လိုက်တာနှင့် ယူနီဖောင်းကိုတောင် မဝတ်ဘဲ သူ့တပ်တွေကို အလျှင်စလို ဆင့်ခေါ်ခဲ့သည်။

ရေတစ်စက်တောင် စိမ့်မထွက်နိုင်အောင် သုံးပါးသန့်ရှင်း ဘုရားကျောင်းကို တင်းတင်းကြပ်ကြပ် ဝန်းရံ ပိတ်ဆို့ထားပြီး စစ်သား ၃,၀၀၀ နဲ့အတူ ချီတက်လာသည်။

ခြေလျှင်တပ်သားများ ဖြစ်သောကြောင့် လှုပ်ရှားမှုက အနည်းငယ်နှေးသည်။

“ငါတို့ မင်းသမီးလေး၊ ငါတို့ရဲ့ မင်းသမီးလေး”

ဘုရင်ခံ(အုပ်ချုပ်ရေးမှူး)သည် ချောမောလှသော မြင်းကိုစီးကာ ဘုရားကျောင်းကို အလျှင်စလို ပြေးလာသည်။ မြင်းကောင်းကောင်း မရပ်ရသေးခင် ခုန်ချပြီး ဘုရားကျောင်းထဲကို ပြေးဝင်သွားသည်။

"ဘုရင်ခံယူ၊ မအော်နဲ့၊ ငါဒီမှာ"

လီဇီချီက ဒီလိုမျိုး အခြေအနေဖြစ်ပေါ်လာမှာကို အရမ်းကြောက်နေခဲ့သည်။ ဒါကြောင့်လည်း မြေခွေးအိုကြီး ရန်က စစ်သားတွေလာတယ်လို့ ပြောတာကြားလိုက်တာနဲ့ ချက်ခြင်းပဲ အပေါက်ဝကို ထွက်လာခဲ့သည်။

“ကျွန်တော်တို့..........”

ဘုရင်ခံယူက ဦးညွတ်ပြီး အရိုအသေပေးဖို့ လုပ်လိုက်သည်။

“မင်းကို ကင်းလွတ်ခွင့် ပြုတယ်”

လီဇီချီက စိုးရိမ်တကြီး ခေါင်းခါလိုက်သည်။ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် သူမဆရာကို သူမ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ မသိစေချင်ပါ။ သူမရဲ့ပုံရိပ်ကို သိသွားပြီးနောက် သူမနဲ့ သူမဆရာကြား အနေဝေးသွားမှာကို မလိုချင်ပါ။

သူတို့နှစ်ယောက်ကြားက ဆက်ဆံရေးကလည်း ဒီလိုမျိုး လိုက်လျောညီထွေ မဖြစ်နိုင်တော့ပါ။

ဘုရင်ခံရာထူးကို အောင်မြင်အောင် ယူနိုင်ခဲ့တဲ့ သူတစ်ယောက်အနေနဲ့ အတွေ့အကြုံ ကြီးမားပြီး လိမ္မာပါးနပ်တဲ့ သူတစ်ယောက် မဟုတ်ရင်တောင် ဘုရင်ခံယူသည် နားလည်ကြောင်း အမူအရာပြလိုက်သည်။ ပြီးတော့ လီဇီချီကို ချက်ခြင်း မျက်လုံးနဲ့ စစ်ဆေးလိုက်သည်။ သူမမှာ ဘာဒဏ်ရာမှ မရှိတာကိုမြင်မှပဲ ရင်ထဲက အလုံးကြီး ကျသွားသည်။

မင်းသမီး အဆင်ပြေပြေနေသ၍ လူတွေ ဘယ်လောက်ပဲသေသေ အရေးမကြီးပါ။

လီဇီချီသည် ဘုရင်ခံယူနဲ့ မရင်းနှီးသလို သူ့ရဲ့ ပင်ကိုယ် စရိုက်ကိုလည်း မသိပါ။ သူက တော်တော်လေးဖြောင့်မတ်ပြီး ကိုယ်ကျင့်တရား ကောင်းတယ်လို့ ကြားထားသော်လည်း ပိုပြီးစိတ်ချရအောင် အဘိုးကျန့်ချင်ဖန် ဆီကိုပဲ စာရင်းစာအုပ်ပေးတာ ကောင်းသည်။ ကျန့်ချင်ဖန်ဆိုတာက ဧကရာဇ်နှစ်ပါးကို အမှုထမ်းခဲ့သည့် သက်တော်ရှည် ဝန်ထမ်းဟောင်းကြီး

ဖြစ်သည်။ သူက ကေရာဇ်နှစ်ပါး၏ ယုံကြည်မှုနှင့် လေးစား ချစ်ခင်မှုကို ရရှိခဲ့သည်။ အကယ်၍ ကျန့်ချင်ဖန်သာ မကျန်းမမာ မဖြစ်ပါက ဝန်ကြီးချုပ်ရာထူး၌ ဆက်ရှိနေအုံးမည်။

စစ်သားများက ဘုရားကျောင်းအတွင်းကို ဝင်ကာ ရှာဖွေမှုကို စတင်လုပ်ဆောင်ကြသည်။ သူတို့၏ အမူအရာများက ယောက္ခမအိမ်ကို ရောက်နေသော ချွေးမများကဲ့သို့ ညင်သာနေသည်။ ပုံမှန်အတိုင်းသာဆိုလျှင် ဘုရားကျောင်းကို မြေလှန်ထားတာ ကြာနေပြီ။

စစ်သားများအား ဒီနေရာတွင် တွေ့ရှိတဲ့ တန်ဖိုးကြီး ပစ္စည်းများကို မျက်ကွယ်ပြုထားရန် အထက်လူကြီးများက ညွှန်ကြားထားသည်။

ဘုရင်ခံယူရဲ့ ရာထူးက ဘယ်လောက်မြင့်လဲ၊ အရင်ပိုင်ဆိုင်မှုတွေ သိမ်းတုန်းကရော မယူခဲ့ဘူးလား။ ပြီးတော့ ငွေတုံးထောင်ဂဏန်း အနည်းငယ်က သူ့အတွက် ဘာမှ မဟုတ်ပါ။ သူတကယ်လိုချင်ရင်တောင် ဒီအချိန်မှာ ဘာမှ မထိရဲပါ။

တကယ်လို့ သူ့ရဲ့ အပြုအမူများကို မင်းသမီးက နန်းတော် ပြန်ရောက်တဲ့အခါ တိုင်ကြားလိုက်လျှင် သူ့ရာထူး တည်မြဲနိုင်ပါအုံးမလား။

သို့သော်လည်း သိပ်မကြာခင် ဘုရင်ခံယူသည် ခေါင်းကိုက်ချင် သလို ဖြစ်လာသည်။ မင်းသားလေး အလောင်းကို တွေ့လိုက်သည်။ အခုတော့ ဒုက္ခရောက်ပြီ။ ချင်လင်တွင် လီဇီရှင်း အာဏာအရမ်းကြီးတာ မသိတဲ့လူ ဘယ်သူ ရှိလို့လဲ။

ဘုရင်ခံယူတစ်ယောက် ဘာလုပ်ရမှန်းမသိအောင် ဗျာများနေတဲ့အချိန် ကျန့်ချင်ဖန် ရောက်လာသည်။

"ဝန်ကြီးချုပ် ကျန့်"

ဘုရင်ခံယူက ကမန်းကတန်း အရိုအသေပေးသည်။

"မင်းငါ့ကို ဒီလိုခေါ်စရာ မလိုပါဘူး၊ ငါက အနားယူထားပြီးပြီ"

"ဝန်ကြီးချုပ်ကျန့်က အရမ်းနှိမ့်ချ နေပြန်ပြီ"

ဘုရင်ခံယူက အရိုအသေပေးတာ မလျှော့ချရဲပါဘူး။ သူက ပုံမှန် အာလာပသလာပ ပြောဖို့လုပ်ခဲ့သော်လည်း ကျန့်ချင်ဖန်က စိတ်မဝင်စားပါ။

“ဆွန်းမို၊ ဆွန်းမို၊ မင်း ဘယ်မှာလဲ၊ မင်းအဆင်ပြေလား”

သူ့ရဲ့ဘဏ္ဍာထိန်းအိုကြီး အကူအညီနဲ့ ဘုရားကျောင်းထဲကို ဝင်လာခဲ့သည်။

“ဦးလေးကျန့် ဘာလို့ ဒီကို လိုက်လာတာလဲ ”

ဆွန်းမိုက ကမန်းကတန်း လျှောက်သွားလိုက်သည်။

“ဦးလေး ခန္ဓာကိုယ်က ကောင်းကောင်း နေမကောင်းသေးဘူးလေ ၊ ဒီလိုမျိုး လျှောက်မသွားသင့်ဘူး”

“ ငါဘယ်လိုမှ နေလို့မရတာက အဓိက ပြဿနာပဲ၊ မင်းအဆင်ပြေလား၊ မင်းကျောင်းသားကို ရှာတွေ့ပြီလား”

ကျန့်ချင်ဖန်က လီဇီချီကို သူမကိုယ်သူမ အန္တာရာယ်ရှိအောင် လုပ်ခဲ့တဲ့အတွက် အပြစ်တင်သလို စူးစူးဝါးဝါး တစ်ချက် စိုက်ကြည့်လိုက်သည်။

လီဇီချီက ဒီသတင်းကို ပြောပြရန် မြေခွေးအိုကြီး ရန်ရဲ့ လက်အောက်ငယ်သား တစ်ယောက်ကို စေလွှတ်ခဲ့သည်။

"ကျွန်တော် သူမကို ရှာတွေ့ပါတယ်၊ ဦးလေးကျန့်ရဲ့ စိတ်ပူပေးမှုအတွက်လည်း အရမ်းကျေးဇူးတင်ပါတယ် "

ဆွန်းမိုက လုချီဟွာကို ချက်ခြင်းလှမ်းခေါ်လိုက်သည်။

"လာပြီး မင်းအဘိုးကျန့်ကို ကျေးဇူးတင်လိုက်အုံး၊ မင်းကိုရှာဖို့ အဘိုးကျန့်က သူ့မှာ ရှိသမျှ အားလုံးထုတ်သုံးပေးထားခဲ့တာ"

"အဘိုးကျန့်ကို စိတ်ပူအောင်လုပ်မိလို့တောင်းပန်ပါတယ်"

လုချီဟွာက ဦးညွှတ် အရိုအသေပေးရင်း ပြောလိုက်သည်။

"မင်းအဆင်ပြေတာ ကောင်းတယ် ၊ ကောင်းတယ်"

ချစ်ချင်စဖွယ် ကလေးကလားဆန်သော လုချီဟွာကို မြင်ပြီး ကျန့်ချင်ဖန် စိတ်ထဲ သဘောကျမှုများ ပြည့်လာသည်။ ပြီးတော့ လူကုန်ကူးတဲ့ လူများကိုလည်း ပိုပြီး မုန်းတီးလာသည်။

ဘုရင်ခံယူကတော့ ဘေးမှာရပ်နေပြီး သူ့မျက်နှာပေါ်တွင် မှင်တက်နေတဲ့ ပုံဖြစ်နေသည်။ ဝန်ကြီးချုပ်ကျန့်က မင်းသမီးအတွက် ဒီနေရာကို ရောက်လာတယ်လို့အစက ထင်နေခဲ့သည်။ ဒါပေမယ့် အခုကြည့်ရတာတော့ ဒီလို ပုံစံ မဟုတ်ပါ။

ကျန့်ချင်ဖန်က ဘယ်သူမှ မထိရဲသော လီဇီချီ အတွက် လာခြင်း မဟုတ်ပါ။ ဒါပေမယ့် ဆွန်းမိုကိုတော့ ပစ်မှတ်ထားတဲ့လူ တော်တော်များနေသည်။

လီဇီချီက ကျန့်ချင်ဖန်ရဲ့ လက်ကိုဆွဲပြီး ရှင်းပြနေသည်။ သူမက အရာအားလုံးကို ကျန့်ချင်ဖန်အား အတိုချုပ် ရှင်းပြလိုက်သည်။ ပိုကြားလေလေ ကျန့်ချင်ဖန်မျက်နှာမှာ ဒေါသ အရိပ်ပိုကြီးလာလေလေ ဖြစ်နေသည်။ အဲဒီနောက်မှာ သူက

"လူယုတ်မာတွေ၊ စောက်ကျင့်မကောင်းတဲ့ ကောင်တွေ"

စာရင်းစာအုပ်ကို ကြည့်ကာ ဖမ်းမိထားသော ခေါင်းဆောင်တချို့ကို မေးပြီးနောက် ကျန့်ချင်ဖန်က တခါတည်း အမိန့်ပေးလိုက်သည်။

“ဘုရင်ခံယူ ဇောင်ကလန်ရဲ့ ပိုင်ဆိုင်မှုတွေကို သိမ်းဖို့တပ်တစ်ခု စေလွှတ်လိုက်၊ ဇောင်ယွမ်ကျားကို သေချာပေါက် မိအောင်ဖမ်းစမ်း ”

“အမိန့်တိုင်းပါ”

ဘုရင်ခံယူ ဝမ်းသာအားရ ဖြစ်သွားသည်။ ချင်လင်မြို့ရဲ့ ထိပ်တန်းချမ်းသာတဲ့ ကုန်သည်မျိုးနွယ်စုရဲ့ ပိုင်ဆိုင်မှုကို သိမ်းယူရမည်။

သူ့အတွက် ဘယ်လောက်ခက်လို့လဲ။ ထုံစံအတိုင်းဆိုရင် စည်းစိမ်အများစုကို သူတို့လက်ထဲ အပ်ရမည်။

အမ်၊ ဝန်ကြီးချုပ်ကျန့်ရဲ့ ပင်ကိုယ်စရိုက်က မွန်မြတ်ပြီး ခြောက်ပစ်ကင်းသဲလဲစင် ဖြစ်သည်။ ဒါကြောင့်သူက မယူနိုင်ပါ။ လီဇီချီ၊ သူမကလည်း မယူနိုင်ပါ။ ဘယ်လိုလုပ်ရမလဲ စိတ်ရှုပ်စရာပဲ။

“ဆရာ ဘယ်လိုထင်လဲ”

ဆွန်းမိုမှာ ကန့်ကွက် စရာမရှိပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘာ ဆရာလား၊ ဘယ်သူရဲ့ ဆရာလဲ၊ မင်းသမီးရဲ့ဆရာလား ၊ မဖြစ်နိုင်ပါဘူး "

ဘုရင်ခံယူ ပိုပြီးထိတ်လန့်လာသည်။ သို့သော် ဆွန်းမိုအပေါ် မင်းသမီးရဲ့ လေးစားတဲ့ သဘောထားကို မြင်ပြီး အများဆုံးသော ဝေစုကို ဒီဆရာကို ပေးရင် ပိုကောင်းမယ်လို့ ရုတ်တရက် ခံစားလိုက်မိသည်။

ဒါက အရမ်းကြီးမားတဲ့ ပမာဏပါ။ လက်ရေးလှတွေ၊ အဖိုးတန်ကျောက်မြတ်ရတနာတွေ၊ များပြားလှတဲ့ ရတနာပစ္စည်းတွေ

အားလုံးပေါင်းလိုက်လျှင် အနည်းဆုံး တစ်သန်းကျော်လောက် ရှိမည်။

ဒါပေမယ့် ဆွန်းမိုကို ဘယ်လိုအကြောင်းပြချက်နဲ့ ပေးရမလဲ။

"အကြီးအကဲကျန့်၊ ဘုရင်ခံယူ"

အန်ရှီဝေက အရိုအသေပေးဖို့ ရောက်လာသည်။

"အင်း၊ မင်းခင်ပွန်းလောင်းက တကယ်တော်တာပဲ"

ကျန့်ချင်ဖန်သည် အန်ရှီဝေ အရမ်းနာမည်ကြီးကြောင်း သိနေသည်။ ဆွန်းမို

အနှိမ်ခံရမှာ စိုးရိမ်နေသည်။ ဒါကြောင့် တမင်သက်သက် ဆွန်းမိုကို ချီးကျူးရင်း သူမကို သတိပေးလိုက်သည်။

(မင်းတို့ စေ့စပ်မှုကို ငါ ကြီးကြီးမားမား အသိအမှတ်ပြုထားတယ်။ တကယ်လို့ စေ့စပ်ပွဲကို ဖျက်လိုက်ပါက ငါ့ကို မယဉ်ကျေးဘူးလို့ အပြစ်မတင်မိအောင် သေသေချာချာ စဉ်းစားထားတာ ပိုကောင်းမယ်)

"ခင်ပွန်းလောင်းလား"

ဘုရင်ခံယူ နောက်တစ်ကြိမ် လန့်သွားပြန်သည်။ အန်ရှိဝေသည် အရမ်းကျော်ကြားပြီး ချင်လင်မြို့က လူတိုင်း သူမအကြောင်းကို သိကြသည်။ လှပတဲ့ ကျောင်းအုပ်ကြီးမှာ စေ့စပ်ထားတဲ့သူရှိနေမယ်လို့ မထင်ထားခဲ့ပါ။

အရမ်းကောင်းတယ်။ အခုတော့ ပိုက်ဆံပေးဖို့ ဆင်ခြေရပြီ။ သူသိမ်းလို့ရတဲ့အထဲက အများစုကို ဗဟိုပြည်နယ် အကယ်ဒမီကို လှူဒါန်းလိုက်မယ်။ ပြီးတော့ ဆွန်းမိုက အန္တရာယ်တွေကို မကြောက်ဘဲ ပြန်ပေးဆွဲခံရတဲ့ မိန်းကလေးတွေကို

တစ်ယောက်တည်း ကယ်တင်ခဲ့လို့ဆိုပြီး အကြောင်းပြချက်နဲ့ လျှုဒါန်းလိုက်မယ်။

မဟုတ်ဘူး။ တစ်ယောက်တည်း မဟုတ်ဘူး။ မင်းသမီးနာမည်ကိုလည်း ထည့်ပေးရမယ်။

ဒီအချက်ကနေ ဘုရင်ခံယူသည် အရာရှိတွေရဲ့ လမ်းကြောင်းကို ကောင်းကောင်း နားလည်တယ်လို့ ပြောနိုင်သည်။ ဒါကလည်း သူလက်ရှိရာထူးကို ရတဲ့ အကြောင်းပြချက် တစိတ်တပိုင်း ဖြစ်သည်။

“အရင်ပြန်ပြီး အနားယူလိုက်ပါ၊ ကျန်တဲ့ကိစ္စတွေကို ငါကိုင်တွယ်လိုက်မယ်”

ကျန့်ချင်ဖန်က ဆွန်းမို ပခုံးကို ပုတ်ရင်း ပြောလိုက်သည်။

"ကိစ္စဘယ်လောက်ပဲကြီးကြီး ကောင်းကင်ပြိုကျလာမယ့် အတိုင်းအတာ ဖြစ်ရင်တောင် ငါကောင်းကင်ကြီးကို ကိုင်ထားလိုက်မယ်"

ဒီစကားကို ကြားလိုက်လျှင် ဘုရင်ခံယူ နောက်တစ်ကြိမ် အရမ်း တုန်လှုပ်သွားပြန်သည်။ ဒီဆရာဆွန်းက ဝန်ကြီးချုပ်ကျန့်ရဲ့ တရားမဝင် သားလား။ ဒီလိုမှမဟုတ်ရင် ဝန်ကြိီးချုပ်ကျန့်က

သူ့ကို ဘာလို့ ဒီလောက် ကောင်းကောင်း မွန်မွန် ဆက်ဆံ မှာလဲ။

လီဇီရှင်းက သူ့သားဆုံးသွားတဲ့ ကိစ္စကို ဒီအတိုင်းမထားမှာ သေချာသည်။ ဒါပေမယ့် ဝန်ကြီးချုပ် ကျန့် ဝင်စွက်ဖက်ခဲ့လျှင် လီဇီရှင်း လက်စားချေခြင်ရင်တောင် မလွယ်ကူတော့ပါ။

ပြီးတော့ ဒီကိစ္စကို ဝင်စွက်ဖက်ခြင်းအတွက် ဝန်ကြီးချုပ်ကျန့်မှာ အကျိုးမရှိပါ။ ဆွန်းမိုသာ သူ့ရဲ့ တရားမဝင်သားသာ မဟုတ်ရင် ဘာလို့ဒီလောက် ကြိုးစားနေမှာလဲ။

ဘုရင်ခံယူ တစ်ယောက် အတွေးရိုင်းရိုင်းတွေ လျှောက်တွေးနေတဲ့ အချိန်မှာ ဆွန်းမိုက ငွေတုံး တစ်သန်းလောက် ရရှိထားပြီ ဖြစ်သည်။ ဒါကိုလည်း သူမသိပါ။

ကျန့်ချင်ဖန်က ကိုင်တွယ်ဖို့အတွက် အနောက်တွင် ကျန်နေခဲ့သည်။

ဆွန်းမို၊ ကျောင်းသား ခြောက်ယောက်နှင့် အန်ရှီဝေတို့သည် ကျန့်ချင်ဖန်၏ ရထားလုံးနဲ့ကျောင်းကို ပြန်လာခဲ့ကြသည်။ ကယ်တင်ခံရပြီးနောက် စိတ်လှုပ်ရှားမှုများ

ပျောက်ကွယ်သွားပြီး လုချီဟွာ တစ်ယောက် ပင်ပန်းနွမ်းနယ် လာသည်။ ဆွန်းမိုလက်ကို ကိုင်ပြီး လုံးဝ မလှုပ်ချင်တော့ပါ။ နောက်ဆုံးတော့ သူမသည် ဒီနှစ်ရက်အတွင်းမှာ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ် ခဲ့ရသည်။

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။

“ဆရာ့ကို ဒုက္ခဖြစ်စေခဲ့တဲ့ အတွက် တောင်းပန်ပါတယ်”

လုချီဟွာက တောင်းပန်လိုက်သည်။ ထို့နောက် ကြောင်တစ်ကောင်ကဲ့သို့ ဆွန်းမို လက်မောင်းကို ပွတ်သတ်နေသည်။

"မင်းဘေးကင်းတဲ့အတွက် အဆင်ပြေပါတယ်၊ နောက်ကျရင် ပိုသတိထားပေါ့"

ဆွန်းမိုက ပြုံးပြီး သူ့ရဲ့ ကံကောင်းသော ကြယ်လေးကို နှစ်သိမ့်လိုက်သည်။ လုချီဟွာ အိပ်ပျော်သွားပြီးနောက် ချီရွှန်ကျားနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်

အဆင့်တက်ခဲ့သည့် အတွက် ရခဲ့တဲ့ ရွှေရောင်ရတနာသေတ္တာကို ထုတ်ယူလိုက်ပြီး ဖွင့်လိုက်သည်။

ဒင်

“အပင်စွယ်စုံကျမ်းကြီးရဲ့ အစိတ်အပိုင်းတစ်ခုကို ရရှိခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ စာအုပ်ထဲတွင် အမှာင်တိုက်ကြီးက အပင်အမျိုးအစားပေါင်း ၁ဂဂရဲ့ အချက်အလက်တွေ ပါဝင်တယ်။ ကျွမ်းကျင်မှုအဆင့်- ကျွမ်းကျင်”

“ကျွမ်းကျင်မှု စာအုပ်”

ဆွန်းမို ဝမ်းသာသွားသည်။ အရင်တစ်ခေါက်က အရာအားလုံး အလွတ်ရအောင် ကျက်မှတ်ခဲ့ပြီး ကျွမ်းကျင်မှုအဆင့်ကို မဟာအဆင့်အထိ ရောက်ခဲ့တဲ့ အတွေ့အကြုံကို ပြန်သတိရသွားသည်။

သို့သော်လည်း အနည်းငယ်သာ ကျက်မှတ်ရသေးသည်။ စနစ်က နောက်တစ်ကြိမ် နှောက်ယှက်လာပြန်သည်။

ဒင်

"လီဇီချီနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က

လေးစားအဆင့်ထိရောက်လာတဲ့အတွက် ရွှေရောင်ရတနာသေတ္တာတစ်လုံး ဆုချီးမြှင့်သည်”

ထို့နောက် ကြီးမားတောက်ပသော ရွှေရောင်ရတနာသေတ္တာတစ်လုံး ဆွန်းမို အရှေ့တွင် ပေါ်လာသည်။

စာစဉ်(၁၄)

အခန်း(၂၀၅) - ဗဟိုပြည်နယ် အကယ်ဒမီ၏ နံပါတ်တစ် ထူးချွန်သော ဆရာ။

ရထားလုံးက လမ်းတစ်လျှောက် စနစ်တကျ မောင်းလာခဲ့သည်။

ဆွန်းမိုက ရတနာသေတ္တာကို ဖွင့်ရန် အလျှင်စလို မလုပ်ခဲ့ပါ။ အဲဒီအစား အပင်အမျိုးအစား ၁၀၀လုံးကို စိတ်ထဲက အလွတ်ရသည် အထိ ကျက်မှတ်နေခဲ့သည်။ သူ့ရဲ့ အသိပညာ အဆင့်အတန်းက မဟာအဆင့်ကို ရောက်သွားပြီ

ဆိုတဲ့အကြောင်း စနစ်က အချက်ပေးလိုက်မှ ရပ်တန့်ခဲ့သည်။

"ပြည့်စုံတယ်"

ဆွန်းမို အရမ်းပျော်သွားသည်။ အခုချိန်တွင် သူသည် အမှောင်တိုက်ကြီးက အပင်အမျိုးအစား ၂၀၀ကျော်နဲ့ ရင်းနှီးနေပြီ ဖြစ်သည်။ ဒါက သူတို့ အမှောင်တိုက်ကြီးကို ခရီးထွက်တဲ့အခါ သေချာပေါက် အထောက်အကူ ဖြစ်နိုင်သည်။

ဗဟုသုတ အရမ်းများလို့ ဘယ်သူမှ အပြစ်မတင်တတ်ကြပါ။

လုချီဟွာက သူ့လက်မောင်းကို မှီပြီး အိပ်ပျော်နေသဖြင့် သူ့ကံတရားတက်လာတယ်လို့ ဆွန်းမို ထင်နေသည်။ ဒါကြောင့် လုချီဟွာ၏ ခေါင်းကို မပုတ်တော့ဘဲ ရတနာသေတ္တာကို တန်းဖွင့်လိုက်သည်။

ပြိုးပြိုးပျက်ပျက်နဲ့ ရွှေရောင်အလင်းတန်းတစ်ခု လက်ကနဲ ဖြစ်သွားသော်လည်း ဆွန်းမို တစ်ယောက်တည်းသာ မြင်နေရသည်။ ရွှေရောင် အလင်းပျောက်ကွယ်သွားတာနဲ့ စွမ်းရည်စာအုပ် တစ်ခု လေထဲ လွင့်မျောပြီး ကျန်နေခဲ့သည်.

ဒင်

“ရှေ့ဟောင်း အနှိပ်ပညာရဲ့ အကိုင်းအခက်ကြီး လေးခုထဲက တစ်ခုဖြစ်တဲ့ အရိုးအထိုင်ချခြင်း နည်းစနစ်ကို ကျွမ်းကျင်မှုအဆင့် ကျွမ်းကျင်အဆင့်နဲ့ ရရှိခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ် ”

“ဒီနည်းစနစ်က အရိုးတွေ ချိတ်ဆက်တာ၊ အရိုးတွေ ပျက်စီးတာ၊ အက်ကြောင်းတွေဖြစ်တာကို ပြုပြင်ပေးနိုင်ပြီး အရိုးတွေ၏ သိပ်သည်းဆနဲ့ မာကျောမှုကို မြှင့်တင်ပေးနိုင်တဲ့ အရိုးကုထုံး ပါဝင်သည်။ အဓိက အချက်အနေနဲ့ အရိုးတစ်ခုကို

လုံး၀ ပြောင်းလဲသွားအောင်လုပ်ပေးတာက စပြီး အသေးစားအနေနဲ့ သွားတွေ ညီညာအောင် လုပ်ပေးနိုင်တဲ့အထိ အားလုံးပါ၀င်ပြီး အားလုံး လုပ်ပေးနိုင်တယ်”

စနစ်က တည်တည်ငြိမ်ငြိမ်နဲ့ ရှင်းပြလိုက်သည်။ အရိုးတင်ဆက်ခြင်း နည်းပညာ၏ အစွမ်းသတ္တိနှင့် အသုံး၀င်မှုကို ဖော်ပြနေသည်။

ပစ်မှတ်ကို ဆွန်းမိုက အနိုပ်ပညာအသုံးပြုပေးပြီး သွားတွေကိုတောင် ညီညာ လှပလာအောင်

လုပ်ပေးနိုင်သည်။ ဒါက သိသိသာသာကို အစွမ်းထက်လွန်းသည်။

ဒါကိုကြားလိုက်ပြီးနောက် ဆွန်းမို စိတ်လှုပ်ရှားလာသည်။ နောက်ဆုံးတော့ သူ့မှာ ရှေ့ဟောင်းအနိုပ်ပညာရဲ့ အကိုင်းအခက် လေးခုစလုံးရဲ့ ကျွမ်းကျင်စာအုပ်တွေ ရှိနေပြီ။

'ရှေ့ဟောင်း အနှိပ်ပညာ'ဆိုတဲ့ နာမည်က နားထောင်လို့ မကောင်းသော်လည်း အကျိုးသက်ရောက်မှုကတော့ အရမ်း ကောင်းလွန်းသည်။ အမှန်တိုင်းပြောရလျှင် ဒါတွေ

အားလုံးကို နတ်ဘုရားစွမ်းရည်လို့ ပြောရင်တောင် ဆွန်းမိုက ပုံကြီးချဲ့ ပြောနေတယ်လို့ မထင်ပါ။

သဘာဝအားဖြင့်တော့ ရှေ့ဟောင်းအနှိပ်ပညာသည် ရောဂါအားလုံးတော့ မကုသနိုင်ပါ။ သူ့ရဲ့ အသုံးဝင်မှုကလည်း နတ်ဘုရားမျက်စိနှင့် ရှေ့ဟောင်းလောကနတ်ထက်စာရင် နိမ့်ကျသည်။ သို့သော်လည်း မှန်ကန်သောနေရာတွင် မှန်ကန်အောင် အသုံးချနိုင်သ၍ သူ့ရဲ့

အကျိုးသက်ရောက်မှုကတော့ ထူးထူး ခြားခြား ကောင်းမွန်နေမည်။

ဆွန်းမိုသည် ဇဟိုပြည်နယ်အကယ်ဒမီမှာ ဘေးအန္တရာယ်ကနေ ချီးကျူးခြင်းအဖြစ်သို့ ပြောင်းလဲပြီး သူ့ရဲ့ နေရာ တည်ငြိမ်လာကာ ဆရာအသစ်များကြားတွင် အကျော်ကြားဆုံး ဖြစ်လာသည့် အကြောင်းကလည်း ရှေ့ဟောင်း အနိုပ်ပညာပေါ်တွင် မူတည်နေသည်။

"အခု သင်မှာလား"

စနစ်က မေးလိုက်သည်။

“ဒါပေါ့”

ဆွန်းမိုလည်း မစောင့်နိုင်အောင် ဖြစ်နေသည်။

အခြားအထူးတလည် အကျိုးသက်ရောက်မှုတော့ မရှိပါ။ သူ့အရှေ့မှာ ပျံ့ဝဲနေတဲ့ စွမ်းရည်စာအုပ်ကို သူတစ်ယောက်သာ မြင်နေရသည်။ ချေမွလိုက်ပြီးနောက် အလင်းအမှုန်အမွှားများသည် အငွေ့တန်းစီးကြောင်း တစ်ခု အဖြစ်သို့ပြောင်းပြီး သူ့စိတ်ထဲသို့ စီးဝင်သွားသည်။

“ အရိုးအထိုင်ချခြင်း နည်းစနစ်ကို ရရှိသွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျေးဇူးပြုပြီး

အနှိပ်လမ်းစဉ်ရဲ့ အထွဋ်အထိပ်ကို ရောက်အောင်သွားပါ”

စနစ်က ဆွန်းမိုကို ဂုဏ်ပြုလိုက်သည်။

“မင်းက ငါ့ကို အနှိပ် ချန်ပီယံ ဆရာတစ်ယောက် ဖြစ်စေချင်နေတာလား”

ဆွန်းမိုက လျှောင်ပြောင်လိုက်သော်လည်း စိတ်အခြေအနေ အရမ်းကောင်းနေသည်။

“မဟာအဆင့် ကြွက်သားပြုပြင်ခြင်း နည်းစနစ်၊ ကျွမ်းကျင်အဆင့် လည်ပတ်မှု နည်းစနစ်၊ မဟာအဆင့် အသက်ရှင်သွေးနည်းစနစ်၊

ကျွမ်းကျင်အဆင့် အရိုးထိုင်ချခြင်းနည်းစနစ်၊ မဟာအဆင့် အခြေခံအနှိပ်နည်းစနစ်တို့ကို ငါတတ်နေပြီပဲ ”

နောင်ကျရင် အနှိပ်ဆိုင် ဖွင့်စားလို့ကတော့ ပိုက်ဆံအများကြီး ရနိုင်တယ်လို့ သူထင်နေသည်။ တစ်ရက်ကို မိနစ် ၃၀လောက်နှိပ်ပြီး မိုးလောက်မြင့်တဲ့ ဈေးနှုန်းတောင်းလိုက်မယ်။ သူ့အတွက် ဖောက်သည်တစ်ဦးသာ လိုအပ်ပြီး တစ်နှစ်လုံး ထိုင်စားနေလို့ရသည်။

“ပြည့်စုံတယ်”

ဆွန်းမိုတစ်ယောက် မနေနိုင်ဘဲ လက်ချောင်းတွေ ချိုးလိုက်မိသည်။

"ဒါက မစုံသေးဘူး"

စနစ်က ရုတ်တရက် သူ့ခေါင်းပေါ်ကို ရေးအေးတစ်ပုံးလောင်းချလိုက်သလို ပြောလိုက်သည်။

"ဘာပြောချင်တာလဲ"

ဆွန်းမို သုန်မှုန်သွားသည်။

"အခုက အကိုင်းအခက်လေးခုနဲ့ အခြေခံအနှိပ်ပညာကို မင်းသင်ယူပြီးသွားပြီ။

ဒါပေမယ့် မင်းမလေ့လာရသေးတဲ့ အကိုင်းအခက် တချို့ ရှိသေးတယ်”

စနစ်က မခန့်လေးစား ပြောလိုက်သည်။ (ပြိုင်ဘက်ကင်းဆရာကြီးစနစ်ရဲ့ ထူးဆန်းမှုဆိုတာ မင်းသေရင်တောင် နားလည်နိုင်မယ့် အရာမဟုတ်ဘူး)

“ဥပမာ ပြော”

ဆွန်းမိုက မေးလိုက်သည်။

“အသားအရေထိန်းသိမ်းမယ်၊ တင်ပါး မြှင့်တင်မယ်၊ ရင်သားမြှင့်တင်မယ်၊ အဆီလောင်ကျွမ်းစေတဲ့ နှိပ်နယ်မှု စတဲ့

နည်းစနစ်တွေပါတဲ့ အလုပ်အပဆိုင်ရာ နည်းစနစ်လေကွာ၊ ဒါတွေက ကျင့်ကြံသူတွေအတွက် အရေးမပါသလို အရေးလည်းမကြီးဘူး၊ အဲဒါကြောင့် သူတို့ကို အကိုင်းအခက်လေး အဖြစ် သတ်မှတ်ထားတာ”

စနစ်က ရှင်းပြသည်။

အဲဒီအရာများကို အထင်သေးမိသော်လည်း ဆွန်းမို အံ့အောသွားသည်။

တကယ်လို့များသူသာ အဲဒီအရာများကိုသင်ယူပြီး အလုပ်ပြင်ဆိုင် ဖွင့်လိုက်ပါက ရှုးသွပ်ပြီး ရောက်လာတဲ့

ဖောက်သည်များကြောင့် ဆိုင်အပေါက်ဝတောင် ပျက်ဆီးသွားနိုင်သည်။

အလှအပဆိုတာ မိန်းကလေးတွေကို ပြင်းပြင်းထန်ထန် ဆွဲဆောင်နိုင်တဲ့ အရာပါ။ ဘေးထွက်ဆိုးကျိုးမရှိတဲ့ အလှပြင်မှုကို မလိုချင်တဲ့သူရှိလို့လား။ ပြီးတော့ အလှအပဆိုင်ရာ နည်းစနစ်ကို သင်ယူပြီးရင် ဘာကြောင့် ဆွန်းမိုက အရွယ်ရောက် ဇာတ်ကားတွေ ကြည့်နေရအုံးမှာလဲ။ သူလိုချင်တဲ့ မိန်းကလေး ပုံစံအတိုင်း လုပ်ပေးလို့ ရပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျင်နည်းပြများအတွက် ဘယ်တော့အခါမှ မိန်းကလေး မရှားပါ။ ဆွန်းမိုကတော့ သူ့အတွေး မှန်လား မှားလားမသိပါ။ အလှပြုပြင်ခြင်းဆိုင်ရာ အမျိုးသားဆရာဝန်များသည် ဂျင်နည်းပြများထက် အမျိုးသမီး ကိစ္စ ပို မရှားဘူးလို့ ထင်သည်။

"မင်းကို တစ်ခုပြောပါရစေ ၊ တကယ်လို တစ်နှစ်လုံး ဒီလိုလုပ်ပြီး အမျိုးသမီး တစ်ထောင်ကျော်လောက် မင်းထိတွေ့လာပြီးရင် မင်း စပြီးတော့ အော့နှလုံးနာတဲ့ ခံစားချက် ဝင်လာလိမ့်မယ်"

စနစ်က အရမ်းပျော်နေတဲ့အသံနဲ့ ပြောလိုက်သည်။

"အဲဒီအချိန်ကျရင် မင်းက အမျိုးသမီး ခန္ဓာကိုယ်ကို မြင်ပါများပြီး လိင်တူ ဆက်ဆံချင်စိတ် ပေါက်လာလိမ့်မယ်"

"လူယုတ်မာ"

ဆွန်းမိုက အတွေးထဲ နစ်မျောနေသည်။ ရှေ့ဟောင်း အနှိပ်ပညာရဲ့ အဓိက အကိုင်းခက်တွေကို သင်ယူနိုင်ခဲ့တဲ့အတွက် အရမ်းကျေနပ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်ဆီမှာ ရတနာသေတ္တာထပ်မရှိတော့ကြောင်း အတည်ပြုပြီးနောက် ဆွန်းမိုက မျက်လုံးမှိတ်ထားကာ သူနှင့် သူ့ကျောင်းသားများအတွက် အကြီးအကျယ် အဆင့်မြှင့်ပေးနိုင်မည့် ဘာသာရပ်ကို ချင့်ချိန် စဉ်းစားနေသည်။

မဟာအဆင့်ကျွမ်းကျင်မှုနဲ့ ဘာသာရပ်တစ်ခုကို ရရှိမည့် ဆုမျိုးကို စနစ်ဆီက ရဖို့ မလွယ်ပါ။ ဒါကြောင့် အကောင်းဆုံး အသုံးချရမည်။

နောက်ဆုံးအချိန်အထိ အကျိုးရှိတဲ့ အခွင့်အရေးကို ယူရမည်။

ချင်လင်မြို့.............

ပြည်နယ်ဘုရင်ခံက ရုတ်တရက် သူ့တပ်သားအားလုံး စုစည်းပြီး ချီတက်လာသည်။

လမ်းပေါ်က လူတွေလည်း ဒီမြင်ကွင်းကို မြင်လိုက်လျှင် မျိုးနွယ်စု တစ်ခုတော့ ကံကြမ္မာဆိုးငင်တော့မယ်လို့ ခန့်မှန်းလိုက်ကြသည်။ မျိုးနွယ်စုတစ်ခုကို သုတ်သင်ပြီး ပိုင်ဆိုင်မှုများကို သိမ်းယူဖို့ ဖြစ်နိုင်ခြေ များနေသည်။

မျိုးနွယ်စုကို သိမ်းယူခြင်းက ချမ်းသာဖို့ အခွင့်အလမ်း များနေသောကြောင့် အများအားဖြင့် ဘုရင်ခံ၏ ကိုယ်ပိုင်တပ်များက တာဝန်ယူရသည်။

သိပ်မကြာခင်မှာပဲ အဖြေထွက်လာသည်။ ဒီမေးခွန်းအတွက် အဖြေကတော့ ဇောင်ကလန် ဖြစ်နေသည်။ သူတို့သည် ချင်လင်မြို့ရဲ့ အချမ်းသာဆုံး မျိုးနွယ်စု ဆယ်စု စာရင်းထဲ ဝင်ခဲ့သည်။

ဓိမ်ဓံပစ္စည်းများနှင့် ပြည့်စုံနေသော ဓောင်ကလန် အိမ်တော် တစ်ခုလုံး အခုချိန်မှာ လုံးဝ ပရမ်းပတာ ဖြစ်နေသည်။

"သခင်ကြီး၊ သခင်ကြီး၊ မကောင်းတော့ဘူး"

ဘဏ္ဍာထိန်းက အလျှင်စလိုပြေးလာပြီး ချက်ခြင်း သတင်းပို့လိုက်သည်။

"ဘာဖြစ်နေတာလဲ"

စာဖတ်ခန်းထဲတွင် ဓောင်ယွမ်ကျားက ညှော်သည့်တစ်ယောက်ကို ညှော့ခံနေသည်။ ဒါကြောင့်လည်း မုန့်စားနေသော

ညွှ့်သည်လန့်သွားတာ မြင်လျှင် လက်ဖက်ရည်ခွက်နဲ့ ဘဏ္ဍာထိန်းမျက်နှာ မှန်သွားအောင် ချက်ခြင်း ကောက်ပစ်လိုက်သည်။

အောင်မြင်သော စီးပွားရေးသမား တစ်ယောက်အနေနဲ့ ဖောင်ယွမ်ကျားသည် ပြဿနာများ ရင်ဆိုင်ရာတွင် တည်ငြိမ်စွာနေရမယ်လို့ ယုံကြည်ထားသည်။ သူက ဘဏ္ဍာထိန်းကို လျစ်လျူရှုလိုက်ပြီး ညွှ့်သည်ကို တောင်းပန်လိုက်သည်။

"ငါ့ရဲ့ ကျွန်တွေကို ကောင်းကောင်း မသင်ပေးထားတော့ အစ်ကို ဝမ်ရဲ့ လှောင်ပြောင်မှုကို ခံရတော့မှာပဲ "

ပုံမှန်ဆိုရင်တော့ ဘဏ္ဍာထိန်းသည် အရိုအသေ ပေးပြီး ခွင့်လွှတ်ဖို့ တောင်းပန်နေပါမည်။ ဒါပေမယ့် အခုက ဒီလိုကိစ္စတွေကို လုပ်နေရမယ့် အချိန်မဟုတ်ပါ။

"သခင်ကြီး၊ ဘုရင်ခံရဲ့ တပ်တွေက ကျွန်တော်တို့ အိမ်ကို ဝိုင်းထားတယ်"

တခါတည်း အော်ပြောလိုက်သည်။

"ဘာ"

ဓောင်ယွမ်ကျားသည် အထိတ်တလန့်နဲ့ ထရပ်လိုက်သည်။

"အစ်ကိုဓောင်၊ ဒါအမှန်ပဲလား......."

အစ်ကို ဝမ်သည် ပထမကတော့ မျိုးနွယ်စု စည်းမျဉ်းအတိုင်း ပြင်းပြင်းထန်ထန် အပြစ်ပေးရမယ်ဆိုပြီး ပြောမလို့ပဲ ဘဏ္ဍာထိန်းရဲ့ စကားကို ကြားလိုက်လျှင် သူ့အမူအရာ သိသိသာသာ ပျက်သွားသည်။ ဘုရင်ခံရဲ့ ကိုယ်ပိုင်တပ်တွေလား။

ဒါဆို ဓားခင်ကလန်ရဲ့ ပိုင်ဆိုင်မှုတွေကို သိမ်းတော့မှာပေါ့။

ခဏလောက် စဉ်းစားပြီးနောက် အစ်ကိုဝမ်လို့ ခေါ်တဲ့လူလည်း ချက်ခြင်း ထရပ်လိုက်သည်။ လက်သီးဆုတ်ပြီး နှုတ်တောင် မဆက်တော့ဘဲ ချက်ခြင်း ပြေးထွက်သွားသည်။ ဒီအချိန်တွင် ဓားခင်ယွမ်ကျားနဲ့ ဘယ်လို ပက်သက်မှုမှ မလုပ်ချင်တော့ပါ။

“အစ်ကိုဝမ်၊ အစ်ကိုဝမ်၊ ကျေးဇူးပြုပြီး ခဏလောက်စောင့်ပါအုံး”

ဇောင်ယွမ်ကျား လှမ်းအော်လိုက်ပေမယ့် အသုံးမဝင်ပါ။

"ဘောပဲ ၊ မင်းကြောင့် ငွေဘယ်လောက် ဆုံးရှုံးသွားလဲ သိလား"

ဇောင်ယွမ်ကျားက ဒေါသထွက်ပြီး လက်ဖက်ရည်ခွက်နဲ့ ဘဏ္ဍာထိန်းခေါင်းကို ပြင်းပြင်းထန်ထန် ရိုက်ခွဲလိုက်သည်။

ဘဏ္ဍာထိန်းလဲ အော်ဟာစ်ပြီး မြေပေါ် လဲကျသွားသည်။

"ဟွန့်၊ သူဌေးကြီး ဇောင် အထင်ကြီးစရာပဲ "

ဘုရင်ခံယူသည် နဂါးလိုလို ကျားလိုလို အငွေ့အသက်နဲ့ လမ်းလျှောက်ဝင်လာသည်။

"ဘုရင်ခံယူ၊ ငါ့ရဲ့ မျိုးနွယ်စုလေးက ဘယ်သူ့ကိုမှ မစော်ကားဖူးဘူး၊ မင်းလိပ်စာ မှားလာတာလား "

ဖောင်ယွမ်ကျားက စစ်သားတွေကို တချက်ကြည့်ပြီး ပြောလိုက်သည်။ သူ့စကားက သိသာပါသည်။ (ငါက ကျောထောက်နောက်ခံ ရှိတဲ့လူပဲ၊ မင်းပိုပြီး မလွန်လာတာ ပိုကောင်းမယ်)

"မျိုးနွယ်စုလား၊ ဒီနေ့ပြီးရင် မင်းမှာ မျိုးနွယ် မရှိတော့ဘူး"

ဘုရင်ခံယူကလည်း လူပါးတစ်ယောက်ဖြစ်သည်။ ဖောင်ယွမ်ကျားရဲ့ ဆိုးဝါးတဲ့ အပြုအမူကို မြင်ပြီး သူ့စကားတွေကလည်း ထွေ့ငေါ့လာသည်။

ဖောင်ယွမ်ကျား မျက်နှာ ပျက်သွားသည်။ ဒီအချိန်တွင် ထပ်ပြီး ဟန်လုပ်မနေတော့ဘဲ ဟန်ဆောင် မျက်နှာဖုံးတွေ တခါတည်း ချွတ်ချလိုက်သည်။

“ငါ့သားက အခု မင်းသားလီ အိမ်ရောက်နေတယ်၊ မင်းက ထွက်ပြေးသွားတယ် ထင်ပြီး

ဖမ်းဝရမ်းထုတ်ချင်ရင် တစ်ယောက်ယောက် လွှတ်ပြီး ချက်ခြင်း ပြန်ခေါ်ခိုင်းလိုက်မယ်”

“ဖောင်ယွမ်ကျား ကြိုးစားမနေနဲ့တော့၊ ဒီတစ်ခေါက်က မင်းအတွက် ဝန်ကြီးချုပ်ကျန့် တော်တော်ဒေါသထွက်ပြီး သူကိုယ်တိုင် ဝင်ပက်သက်နေပြီ ၊ မင်းကို ဘယ်သူမှ မကယ်နိုင်ဘူး”

ဘုရင်ခံယူက အေးစက်စက် ရယ်မောရင်း ပြောလိုက်သည်။ ထို့နောက် လက်အောက် ငယ်သားများကို

“ချက်ခြင်းလုပ်တော့” ဟု ညွှန်ကြားလိုက်သည်။

"ဝန်ကြီးချုပ်ကျန့်လား"

ဓောင်ယွမ်ကျား၏ အမူအရာသည် မှင်တက်ပြီး မည်းမှောင်သွားသည်။ (ဒီလို အရေးကြီး ပုဂ္ဂိုလ်မျိုး ကို ရန်မစဖူးပါဘူး)

ကိုယ်ရံတော်တွေက ထိုက်ကျိ ကုလားထိုင်ကို ရွှေ့လာသည်။ ဘုရင်ခံ ယူ ထိုင်လိုက်သည်။

(နောက်ခံက တကယ် မင်းသားလီလား)

တကယ်တော့ ဓောင်ယွမ်ကျားရဲ့ လက်ရှိ အခြေအနေက အစွမ်းထက်တဲ့ မှူးမတ်အနည်းငယ်က

ကျောထောက် နောက်ခံပေးလိုက်ရင် လုံလောက်ပါသည်။

တကယ်လို့ ဝန်ကြီးချုပ်ကျန့်သာ ဝင်ပြီး မပက်သက်ခဲ့ရင် ဖောင်ကလန်က လူကုန်ကူးမှုမှာ ပါဝင်ပက်သက်နေကြောင်း တွေ့ခဲ့လျှင်တောင် ဘုရင်ခံယူက မျက်လုံးမှိတ်ပြီး မသိချင်ယောင် ဆောင်နေရမည်။

သို့သော် ဝန်ကြီးချုပ်ကျန့် ပါဝင်လာကတည်းက ဘုရင်ခံယူသည် ပစ်မှတ်အား သတ်ပစ်နိုင်တဲ့ အခွင့်အာဏာကို ချေးငှားယူထားသလို ဖြစ်နေသည်။

မင်းသားလီသည် ချင်လင်တွင် အာဏာအကြီးဆုံးဖြစ်သည်။ ဘယ်လိုပဲပြောပြော ဒီနယ်မြေကို အနှစ်နှစ်ဆယ်ကျော် စီမံအုပ်ချုပ်ခဲ့သည်။ ဒါပေမယ့် ဒီလိုဖြစ်လာလေလေ ကောရာဇ်က ပို စိတ်မချမ်းသာလေလေ ဖြစ်နေသည်။

အမှန်တော့ ဒီမြေပေါ်က အရာအားလုံးသည် ကောရာဇ်နှင့်သာ သက်ဆိုင်သည်။ မင်းသားတစ်ပါးအနေနဲ့ စည်းစိမ်းတွေကို စုဆောင်းပြီး ဘဝကို အပူအပင်ကင်းကင်းလေး ဖြတ်သန်းဖို့ပဲ

လိုသည်။ ဒါပေမယ့် ဒီလိုမျိုး လူသူစုဆောင်း ပျိုးထောင်တာက ဘာကို ဆိုလိုနေတာလဲ။

ဘုရင်ခံ ယူသည် လက်ရှိရာထူးကို တာဝန်ယူခဲ့တဲ့ လွန်ခဲ့သော နှစ်နှစ်လောက်ကစပြီး စိတ်ညစ်နေရသည်။

အပေါ်ယံတွင် ပြည်နယ် ဘုရင်ခံသည် ချင်လင်မြို့ရဲ့ အမြင့်ဆုံး ရာထူးဖြစ်သည်။ သို့သော် ဘယ်သူမှ စောက်ဖက် မလုပ်ပါ။ မင်းသားလီရဲ့ စကားကိုသာ အရေးတယူ ရှိကြသည်။

"ရှန်းကန် မနေနဲ့တော့၊ သုံးပါးသန့်စင် ဘုရားကျောင်းမှာ အားလုံးသိခဲ့ရပြီ၊ မင်းရဲ့သား ဖောင်ယန်ကိုလည်း အဲဒီမှာ တွေ့ခဲ့တယ်၊ ဒီကမ္ဘာပေါ်မှာ ပြန်ပေးဆွဲစရာ လူအများကြီး ရှိနေရဲ့သားနဲ့ ဘယ်လိုလုပ် ဆရာဆွန်းရဲ့ ကျောင်းသားကိုမှ ပြန်ပေးဆွဲရတာလဲ၊ မင်းတို့အားလုံးက သေခြင်းကို ရှာနေတာပဲ"

ဖောင်ယန်က တကယ့် ငတုံးတစ်ယောက်လို့ ဘုရင်ခံ ယူ ထင်နေသည်။ မောက်မာတာလား။ သူဒေါသထွက်လာတဲ့အခါ ဘယ်သူ့ကိုမဆို

လုပ်ချင်တိုင်း လုပ်လို့ရမယ်လို့ တကယ် ထင်နေတာလား။

"ဆရာဆွန်းလား"

ဖေါင်ယွမ်ကျား၏ အမူအရာက မှင်တက်နေသည်။

(ဆရာဆွန်းက ဘယ်သူလဲ၊ နေပါအုံး လွန်ခဲ့တဲ့ ရက်ပိုင်းက ငါ့သားကို ကျောင်းထုတ်ခဲ့တဲ့ ဆရာရဲ့ မျိုးရိုးနာမည်ကလည်း ဆွန်းပဲ)

သို့သော် ဒီကိစ္စအားလုံးက အရေးမပါပါ။ 'သုံးပါးသန့်စင်' ဘုရားကျောင်းဆိုတဲ့ နာမည်ကို

ကြားလိုက်ကတည်းက ခေါင်းတွေကျိန်းပြီး ဆံပင်တွေ ထောင်လာသည်။ ဒီကိစ္စကို ဘယ်လို အခြေအနေပဲဖြစ်ဖြစ် ထုတ်ပြီး ဝန်မခံနိုင်ပါ။

“ကျွတ်ကျွတ်၊ ဘယ်လောက်တောင် ကောက်ကျစ်တဲ့လူလဲ ”

ဘုရင်ခံယူက လျှောင်ပြောင်လိုက်သည်။

ချင်လင်မြို့မှာ လူတိုင်းသိကြတဲ့ မျိုးနွယ်စုကြီးရဲ့ ပိုင်ဆိုင်မှု အသိမ်းခံလိုက်ရသည်။ ဒါက ဖြစ်ရပ်ကြီး တစ်ခုပါ။ နေ့တစ်ဝက်တောင် မကျော်ပဲ လူတိုင်း သိသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တရုတ်ဆီးသီး (မက်မန်းပင်နဲ့ ဆင်တူသည်) ပန်းခင်းလမ်းကြား၊ ဒါက မြို့နယ်ကြီး တစ်ခုပါ။

ချင်လင်မြို့ရဲ့ ထိပ်တန်းအဆင့် မှူးကြီးမတ်ကြီးများနှင့် ဩဇာကြီးမားတဲ့ အရာရှိအများစုသည် ဒီနေရာတွင် နေထိုင်ကြသည်။ ပြီးတော့ လီဇီရှင်းရဲ့ အိမ်တော်က ဒီနေရာမှာ အကြီးဆုံးဖြစ်ပြီး ပန်းခင်းလမ်း တစ်ခုလုံးရဲ့ ငါးပုံ တစ်ပုံနီးပါး နေရာယူထားသည်။

“မင်းသား၊ ဇောင်ကလန်ရဲ့ ပိုင်ဆိုင်မှု အသိမ်းခံလိုက်ရပါပြီ ”

ဘဏ္ဍာထိန်းက သတင်းပို့လာသည်။

“ဒီနေ့က အနေးနဲ့ အမြန် ဖြစ်လာမှာပဲ ၊ ဓောင်ကလန် ကျဆုံးသွားတာနဲ့ သူ့နေရာမှာ အစားထိုးဖို့ နောက်ထပ် မျိုးနွယ်စု တစ်ခုကို ပျိုးထောင်ရမယ် ၊ ပိုက်ဆံအိတ်ကို နေရာပြောင်းလိုက်တဲ့ ကိစ္စ သက်သက်ပဲ ”

ပညာရှင်ဆန်သော လီဇီရှင်းက တစ်ယောက်တည်း စစ်တုရင် ကစားနေသည်။

“မှတ်ထား၊ ရှင်းရှင်းလင်းလင်း လုပ်လိုက်ပါ”

“ဟုတ်ကဲ့ ”

ဘဏ္ဍာထိန်းက ပြန်ဖြေလိုက်သည်။ သူ ဒီလိုမျိုးလုပ်နေကြပါ။

"တစ်ခုခု ရှိသေးလို့လား"

လီဇီရှင်း မျက်ခုံးပင့်လိုက်သည်။ သူ့စိတ်ခံစားချက်တွေ သိပ်မကောင်းပါ။

"မင်းသားလေး ချမ် သေဆုံးသွားပါပြီ"

ဘဏ္ဍာထိန်းက အားမွေးပြီး ပြောလိုက်သည်။ ဘာမှလုပ်လို့လည်း မရပါ။ မင်းသားက အနေးနဲ့ အမြန်သိသွားမှာပဲ ဖြစ်သည်။

"ဘာ"

လီဇီရှင်း အရမ်း ထိတ်လန့်သွားသည်။

"သူဘယ်လို သေသွားတာလဲ"

"ကယ်တင်ခံခဲ့ရတဲ့ အမျိုးသမီးသုံ့ပန်းတွေက သေတဲ့အထိ ဝိုင်းရိုက်လိုက်တယ်လို့ ပြောကြတယ်"

ဘဏ္ဍာထိန်းက ရှင်းပြသည်။

"ဟားဟား ၊ လီချမ်က အရည်အချင်းမရှိပေမယ့် အားနည်းတဲ့ မိန်းမတွေက သူ့ကို ဘယ်လို သတ်နိုင်မှာလဲ ၊ အိပ်မက် မက်နေတာလား"

လီဇီရှင်း ဒေါသတကြီးဖြစ်လာပြီး အော်ဟာစ်ကာ စစ်တုရင်ခုံကို ဆွဲလှန်ပစ်လိုက်သည်။

အား............

အဖြူ၊ အမဲ အပိုင်းအစများ မြေပေါ်မှာ ပြန့်ကျဲနေသည်။

“ သွားစုံစမ်း စမ်း ၊ တရားခံကိုသိလို့ကတော့ သူတို့တစ်မိသားစုလုံး သေချာပေါက် အရေခွံခွာပစ်မယ် ”

သို့သော်လည်း လီဇီရှင်းသည် အကြောင်းပြချက်ပေးနေပေမယ့် သူ့သားက အပြစ်အနာဆာ မကင်းကြောင်း မနေနိုင်ဘဲ တွေးလိုက်မိသည်။

သားဖြစ်သူသည် ပြန်ပေးအဆွဲခံရတဲ့ အမျိုးသမီးများနဲ့ ပျော်ပါးပြီး နောက်ဆုံးတော့ အသတ်ခံလိုက်ရသည်။ သူက ဘယ်လို မျက်နှာနဲ့ ပြဿနာ ရှာရမှာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံး သူ့မျိုးနွယ်စုပဲ ဂုဏ်သိက္ခာ အရင်ကျသွားမည်။ ဒါကို ကာကွယ်ဖို့သေချာပေါက် နှုတ်ဆိတ်နေ ရမည်။

ပိုရက်စက်တဲ့ မျိုးနွယ်ခေါင်းဆောင်များက တရာမှုတမှုလို့ ပြောပြီး သူ့သားကို ကဲ့ရဲ့ ကြလိမ့်မည်။

“ရထားလုံး ပြင်ထား၊ ဘုရင်ခံ အိမ်တော်ကို သွားမယ်”

လီဇီရှင်း မတ်တပ်ရပ်လိုက်သည်။ တရားခံတွေကို တရားဝင်တော့ ပြဿနာ ရှာလို့ မရဘူး။ အဲဒီအစား သုံ့ပန်းအမျိုးသမီးတွေကို ကြင်နာမှု ဖော်ပြရမည်။

သူ့သားက အမျိုးသမီးတွေကို ကယ်တင်ဖို့ တစ်ယောက်တည်းဝင်သွားတဲ့ သူရဲကောင်းတစ်ယောက် ဖြစ်အောင် ပုံရိပ်တစ်ခု ဖန်တီးရမည်။ ဒါကို မမျှော်လင့်ဘဲ အထင်လွဲမှု ဖြစ်သွားသည်ပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် လီချမ်နဲ့ မျိုးရိုး ဂုဏ်သိက္ခာကို ကာကွယ်ရမည်။ ဒါပေမယ့် နောက်ကွယ်ကနေ သူ့ကို ဒုက္ခပေးရဲတဲ့

အပေါင်းအပါတွေကို လက်စားခြေဖို့ အစွမ်းကုန် လုပ်ရမည်။ (ဒီလိုမှ မဟုတ်ရင် ငါလီဇီရှင်းက ပျော့ညံ့တဲ့လူလို့ အားလုံး ထင်သွားကြမယ်)

"ကျန့်ချင်ဖန်၊ မင်းက အနားယူပြီးတာတောင် ဘာလို့ ကောင်းကောင်းမွန်မွန် အေးအေးချမ်းချမ်း မနေတာလဲ ၊ မင်းတကယ် သေချင်နေပြီပဲ"

လီဇီရှင်း ဒေါသတကြီး ဖြစ်နေသည်။

ဘဏ္ဏာထိန်းက ခေါင်းကြီး ငုံ့ကာ ဘာမှမကြားရတဲ့ ဌက်ကုလားအုတ် တစ်ကောင်လို လုပ်နေသည်။

လီကာလန်ရဲ့ အင်အားက အစွမ်းထက်လွန်းသည်။ တစ်နာရီမကြာခင်မှာပင် လီဇီရှင်းက အဖြစ်အပျက်နဲ့ ပက်သက်ပြီး အားလုံးသိသွားသည်။

“ဇောင်ယန်က ဆရာဆွန်းလို့ခေါ်တဲ့ ဆရာတစ်ယောက်က ကျောင်းထုတ်တာခံရပြီး ဒေါသမထိန်းနိုင်ဘဲ အဲဒီဆရာဆွန်းရဲ့ ကျောင်းသားကို ပြန်ပေးဆွဲခဲ့တာလား ၊ နောက်ဆုံး သူက ရှာတွေ့ပြီး မျိုးနွယ်စုတစ်ခုလုံး အသတ်ခံလိုက်ရတယ်ပေါ့ ဟုတ်လား ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစီရင်ခံစာရဲ့ နောက်ဆုံးအပိုင်းကို ကြားပြီး လီဇီရှင်း ဒေါသတွေကြောင့် လက်တွေ တဆက်ဆက် တုန်လာသည်။

ဖောင်ယန်လို စောက်သုံးမကျတဲ့သား ဒီကမ္ဘာပေါ်မှာ ဘယ်လိုရှိသေးတာလဲ။

"တစ်ယောက်ယောက်က နှစ်ပေါင်းများစွာ စုံစမ်းလို့ ဒီကိစ္စပေါ်ပေါက်သွားတယ်ဆိုရင် လက်ခံလို့ရသေးတယ်၊ ဒီလို ပြဿနာ သေးသေးလေးကြောင့် လူကုန်ကူးမှုတကယ် ပေါ်ပေါက်သွားရတာလား ၊ တရားမျှတမှုက ဒါလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆွန်းမိုဆိုတာ တကယ်တော့ အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့သူလား၊ စိတ်ဝင်စား စရာပဲ"

လီဇီရှင်း အေးစက်စွာ ရယ်မောရင်း ဆွန်းမိုအကြောင်းကို ဆက်နားထောင်နေခဲ့သည်။

(နတ်ဘုရားလက်၊ မကြာခင် မင်းမှာလက်တွေ မရှိအောင် လုပ်ပြမယ်။ နောက်ပြီး စောက်ရူး ချောင်ရှန်ကလည်း ဘာလို့ ဗဟိုပြည်နယ်အကယ်ဒမီကို မမြို့ချသေးတာလဲ)

ချောင်ရှန်ဆိုတာ မရီဒန်အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး ဖြစ်သည်။

ကျန်ကလန်ရဲ့ အိမ်တော်......

ဒီရက်ပိုင်းတွင် ကျန်ဟန်ဖူအတွက် အရာအားလုံး အဆင်မပြေခဲ့ပါ။ ဆွန်းမိုမျက်နှာ မြင်တိုင်း စိတ်တိုနေရသည်။

"အဖေ"

ကျန်ကွမ်လင်က အလျှင်စလို ရောက်လာသည်။

"မင်းကို ဘယ်နှစ်ခါပြောရမလဲ၊ တည်တည်ငြိမ်ငြိမ်နေ စိတ်မလှုပ်ရှားနဲ့ "

ကျန်ဟန်ဖူက သူ့သားကို သတိပေးလိုက်သည်။

"အဖေ၊ ဧောင်ကလန်ရဲ့ ပိုင်ဆိုင်မှု အားလုံး အသိမ်းခံလိုက်ရပြီ"

ကျန်ကွမ်လင် ဘယ်လိုမှ တည်ငြိမ်အောင် လုပ်လို့မရပါ။ ဒါက ကိစ္စကြီး တစ်ခုဖြစ်သည်။

"ဘယ်ဧောင်ကလန်လဲ"

ကျန်ဟန်ဖူက မျက်မှောင်ကြုတ်ကာ ပြန်မေးလိုက်သည်။

"ဧောင်ယွမ်ကျား၊ ချင်လင်မြို့ရဲ့ အချမ်းသာဆုံး ကုန်သည်ဆယ်ယောက်ထဲက တစ်ယောက်"

ကျန်ကွ့မ်လင် သက်ပြင်းချရင်း ပြောသည်။

"မင်းဘာတွေ ဟာသ လုပ်နေတာလဲ၊ သူ့လို ချမ်းသာတဲ့လူကို ဒီအတိုင်း ပစ္စည်း ဥစ္စာ သိမ်းယူနိုင်ပါ့မလား "

ကျန်ဟန်ဖူ ဆိုးဆိုးဝါးဝါး အံ့အော တုန်လှုပ်နေသည်။ ဒီရက်ပိုင်းအတွင်းမှာ သူက သွားတောင်းပန်သင့်လား စဉ်းစားနေတုန်းဖြစ်သည်။

ကျန်ဟန်ဖူက သွားတောင်းပန်ရင် ဘာလက်ဆောင်တွေ ယူသွားရင်ကောင်းမလဲ စဉ်းစားနေတုန်း သူ့သားက ဖေါင်ကာလန် အဆုံးသတ်သွားပြီလို့ လာပြောနေသည်။

"အဲဒါ အမှန်ပဲ"

ကျန်ကွမ်လင်က သူ့အဖေအား ဒီသတင်းကို ခပ်မြန်မြန် ပြောပြလိုက်သည်။

"ကျွန်တော် သွားကြည့်ပြီးပြီ၊ ဒီသတင်းက လုံးဝ သေချာတယ် ဖောင်ကလန်ရဲ့ တံခါးမကို ချိတ်ပိတ်ထားပြီး ဝင်ခွင့်တားမြစ်ထားတယ် "

"လူကုန်ကူးတဲ့လူတွေ"

ကျန်ဟန်ဖူ မျက်နှာပေါ်တွင် ဆိုးဝါးသော အမူအရာ ပေါ်လာသည်။ သူ့ရဲ့ အဆင့်အတန်းနဲ့ ပုံရိပ်ကို မြှင့်တင်ရန်အတွက် ဖောင်ကလန်က

ကျောင်းကို နှစ်စဉ် ငွေတစ်သန်းလှူဒါန်းတဲ့အကြောင်း ကျောင်းမှာ ဆရာတွေကို အမြဲ ပြောပြနေခဲ့သည်။ လူတိုင်းကလည်း ဖောင်ကလန်ရဲ့ မိတ်ဆွေကောင်း တစ်ယောက်လို့ သတ်မှတ်ထားကြသည်။ အခုတော့ ဒီလို အဖြစ်အပျက်မျိုးကြုံလာသဖြင့် ကျန်ဟန်ဖူ သေချာပေါက် အရှက်ကွဲတော့မည်။

အရင်တုန်းကတော့ မင်းက သူဌေးကြီးတစ်ယောက်ရဲ့ မိတ်ဆွေ သူငယ်ချင်းဖြစ်လို့ ဒီအကြောင်းကိုကြားလျှင် လူတိုင်းက မနာလို အားကျတဲ့ အကြည့်နဲ့ ကြည့်ကြမည်။ အခုတော့

လူကုန်ကူးသူရဲ့ မိတ်ဆွေဖြစ်သွားပြီ၊ နောက်ကွယ်မှာ မကဲ့ရဲ့ရင်ပဲ မဆိုးဘူးလို့ ပြောရမည်။

"အဲဒီ ဓာင်ယွမ်ကျားက မိုက်လိုက်တာ ၊ ငွေရှာတဲ့နည်းတွေ ဒီလောက် အများကြီးရှိရက်နဲ့ ဘာလို့ ဒီလောက် ယုတ်မာတဲ့နည်းကိုမှ သုံးရတာလဲ"

ကျန်ဟန်ဖူသည် သေလုနီးပါး ဒေါသထွက်နေသည်။

ကျန်ကွမ်လင်လည်း အရင်တုန်းက ဓာင်ကလန်ကို သွားခဲ့ဖူးသည်။ အရမ်းသဘောကောင်းပြီး ဖော်ရွေတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဦးလေးဇေါ်င်က တကယ့် လူယုတ်မာတစ်ယောက် ဖြစ်နေမယ်လို့ မထင်ထားခဲ့ပါ။

"ဘယ်လို သိသွားကြတာလဲ"

ကျန်ကွမ်လင်က ကျန်ဟန်ဖူကို အဖြစ်အပျက်တစ်ခုလုံးအား အသေးစိတ် ရှင်းပြလိုက်သည်။ ဇေါ်င်ယန်က ဆွန်းမိုရဲ့ ရင်သားကြီးသော ကျောင်းသူကို ပြန်ပေးဆွဲသွားတဲ့အကြောင်း ကြားပြီးနောက် ကျန်ဟန်ဖူ လုံးဝ စကားမပြောနိုင်တော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဇောင်ယွမ်ကျားသည် စီးပွားရေးလောကတွင် ထိပ်ဆုံးက ရပ်တည်ခဲ့ပြီး လူတိုင်းကလည်း သူ့နာမည်ကို သိနေကြသည်။ ဘီလီယံနဲ့ချီပြီး စုဆောင်းခဲ့သော်လည်း နောက်ဆုံးတွင် ဆွန်းမိုလက်ထဲမှာ အဆုံးသတ်သွားသည်။

ဒီခံစားချက်က အတုအယောင်တစ်ခုလို့ ခံစားရသည်။ ဆင်တစ်ကောင်က ပုရွက်ဆိတ်တစ်ကောင်ကြောင့် သေဆုံးသလို ဖြစ်နေတယ် မဟုတ်လား။

“အခုတော့ ဗဟိုပြည်နယ် အကယ်ဒမီမှာ ဆွန်းမိုရဲ့ နာမည်က ကြီးကြီးမားမား တိုးတက်လာအုံးမယ်၊ သူ့ကိုဗဟိုပြည်နယ် အကယ်ဒမီမှာ နံပါတ်တစ် ဆရာကြီးလို့ လူတွေက ခေါ်နေကြတယ်”

ကျန်ကွမ်လင် မနာလို ဖြစ်နေသည်။

သူက သူ့ကျောင်းသားကို မအိပ်ဘဲ မနားဘဲ ရက်တော်တော်ကြာအောင် လိုက်ရှာခဲ့သည်။ နောက်ဆုံးတွင် ဆိုးသွမ်းယုတ်မာသော လူယုတ်မာများရဲ့ အသိုက်ကို တယောက်တည်း ဝင်သွားပြီး အားလုံးကို အနိုင်ယူကာ ကျောင်းသားကို

ကယ်တင်ခဲ့သည်။ ဒီဇာတ်လမ်းက ပရိတ်သတ်တွေကို အရမ်းဆွဲဆောင်လွန်းပြီး ဒီစကားကို ကြားလျှင် ကျန်ဟန်ဖူ တဆက်ဆက် တုန်နေသည်။

"ဒီတစ်ခေါက် အမှောင်တိုက်ကြီး ခရီးစဥ်မှာ.........."

သူသေချာပေါက် အသက်ရှင်ရက် မပြန်လာစေရဘူး"

ကျန်ကွမ်လင်ရဲ့ အမူအရာက ရက်စက် ကြမ်းကြုတ်လွန်းသည်။ အန်ရှီဝေနှင့် ဗဟိုပြည်နယ်

အကယ်ဒမီ တစ်ခုလုံးသည် သူ့အပိုင်ဖြစ်သည်။ သူ့လမ်းလာပိတ်တဲ့ သူမှန်သမျှ သေရမည်။

ကျောင်းသားစုဆောင်းရေးပွဲပြီးနောက် လျှိုမူဘိုင်သည် ကျောင်းသားတစ်အုပ်ကို ဦးဆောင်ကာ အမှောင်တိုက်ကြီးဆီကို သွားပြီး နှစ်ကုန် လိဂ်ပြိုင်ပွဲအတွက် ပြင်ဆင်နေခဲ့သည်။ ဒီတစ်ကြိမ်ပြိုင်ပွဲတွင် သူကဦးဆောင်ကာ ဗဟိုပြည်နယ် အကယ်ဒမီကို အဆင့်တနေရာ ရအောင်လုပ်ပြီး ‘စီ’ အဆင့်ကို တက်ရောက်စေမည်။

အဲဒီနောက်တွင် သူ့ရဲ့ခွန်အားနှင့် ပေါင်းစည်းပြီး တရက်တည်းနဲ့ ကြယ်သုံးပွင့် မြတ်ဆရာဖြစ်လာကာ တရားဝင် မှတ်တမ်းကို ချိုးဖျက်ပြီး သမိုင်းမှာ အသက်အငယ်ဆုံး ကြယ်သုံးပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်လာရမည်။

နှစ်လခွဲကြာပြီးနောက် ဒီနေ့တွင် လျိုမူဘိုင်သည် ကျောင်းကို ပြန်ရောက်လာခဲ့သည်။ အန်ရှီဝေကို ရှာရန် ကျောင်းအုပ်ကြီး ရုံးခန်းကို လမ်းလျှောက်လာရင်း ကျောင်းသားတွေ

ဘယ်လောက်တောင် သန့်မာလာတဲ့အကြောင်း ပြန်တွေးနေမိသည်။

သို့သော်လည်း ကျောင်းထဲကိုဝင်ပြီးနောက် တစ်ခုခု မှားနေတယ်လို့ ခံစားလိုက်မိသည်။

အရင်တုန်းကဆို သူပြန်လာတိုင်း ကောင်မလေးတွေက သူ့ကို ခိုးကြောင်ခိုးဝှက် ကြည့်ကြသည်။ အနည်းငယ် ရဲတင်းတဲ့ကျောင်းသူတွေက လမ်းကြုံသလို တမင်သက်သက် လိုလို လာနှုတ်ဆက်တတ်ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဒီနေ့မှာတော့ ဒီလို အဖြစ်အပျက်မျိုး မရှိပါ။

လျှိုမှုဘိုင် ကို့ကိုယ်ကို လှောင်ပြောင်ရယ်မောလိုက်ပြီး (ငါ့ရဲ့ တောက်ပတဲ့ အရွယ်ကျော်သွားလို့လား) ဒါက ဟာသသက်သက်ပါ။ လျှိုမှုဘိုင်သည် တည်ကြည်ပြီး အရည်အချင်းရှိသော်လည်း ဗဟိုပြည်နယ် အကယ်ဒမီတစ်ခုလုံး ပျက်ဆီးသွားတာနဲ့ သူလည်း မကျော်ကြားနိုင်တော့ပါ။

လျိုမှုဘိုင်က ယုံကြည်ချက်ရှိရှိ ပြုံးလိုက်သည်။ ရုတ်တရုတ် ကျောင်းသားတွေရဲ့ ချီးကျူးတဲ့ အသံနားထဲ ရောက်လာသဖြင့် ခြေလှမ်းအလိုလို နှေးလိုက်မိသည်။

“ဆရာလျိုက ဗဟိုပြည်နယ် အကယ်ဒမီမှာ နံပါတ်တစ်ပဲ”

စကားပြောတဲ့လူက ဒေါသ အချောင်ချောင်း ထွက်နေသည်။ သူ့ရဲ့အိုင်ဒေါက စော်ကား ခံနေရလို့ဖြစ်သည်။

“အသဲကွဲတာ ရပ်လိုက် ၊ ဆရာဆွန်းက နံပါတ်တစ်”

တစ်ယောက်က ချက်ခြင်း ကန့်ကွက်သည်။

“ဆရာလျိုက တိမ်စိမ်းအဆင့် မှာနံပါတ် ၁၈ ရှိတယ်။ သူက နာမည်ကျော်ကျောင်း ကိုးကျောင်းထဲက တစ်ကျောင်းဖြစ်တဲ့ ဖြူနက်အကယ်ဒမီက ဘွဲ့ရ။ ပြီးတော့ တစ်ကျောင်းလုံး အဆင့်(၃)နဲ့ ဘွဲ့ရခဲ့တာ။ ဓါးပညာနယ်ပယ်မှာလဲ အရမ်းထူးချွန်တယ်။ ဆရာဆွန်းမိုကို ဘာနဲ့ တွက်မှာလဲ”

လျိုမှုဘိုင်က အသံလာရာကို တစ်ချက်ကြည့်လိုက်သည်။ ခပ်ပုပုနဲ့ ကျောင်းသားတစ်ယောက် ပြောနေတာ မြင်လိုက်တော့ မနေနိုင်ဘဲ မျက်မှောင်ကြုတ်လိုက်မိသည်။

လျိုမှုဘိုင်သည် အတိုကောက်ခေါ်နေသော ဆရာဆွန်းဆိုတဲ့ အသံကို နားထောင်ရင်း သူ့လေသံတွင် အရမ်းလေးစားနေကြောင်း သတိထားမိခဲ့သည်။ ပြောချင်တာက

ဆရာဆွန်းဆိုတဲ့လူက သူ့စိတ်ထဲတွင် လုံးဝ နှိမ့်ကျခြင်း မရှိဘူး ဖြစ်သည်။

"ဆရာဆွန်းမှာ နတ်ဘုရားလက်ရှိတယ်"

တစ်ယောက်က ထပ်ပြောပြန်သည်။

"ဆရာဆွန်းမို မိခင်ကျောင်းက သိပ်မကောင်းဘူး ဒါကြောင့် တိုက်ခိုက်ရေးစွမ်းရည်က ဆရာလျို့ထက် နိမ့်ကျချင် နိမ့်ကျနေမယ်။ ဆရာဆွန်းမိုရဲ့ တရားမျှတမှု စိတ်ဓါတ်ကတော့ ဇယားကွက်ရဲ့ ထိပ်ဆုံးမှာပဲ ရှိမယ်။ သူ့တပြည့်တွေကိုလည်း အရမ်းချစ်တတ်တယ်"

"ဒါတော့အမှန်ပဲ၊ တစ်နှစ်ကျော်လောက် ကျောင်းတွင်းအနိုင်ကျင့်တဲ့ ဇောင်ယန်ကို ဆရာလျိုက ဘာလုပ်ခဲ့လို့လဲ ဘာမှ မလုပ်ဘူးလေ၊ ဆရာဆွန်းက ကျောင်းဝင်လာတာနဲ့ ဇောင်ယန်ကို ကျောင်းထုတ်ပစ်လိုက်တယ်"

" ဆရာဆွန်းရဲ့ လုပ်ပုံကိုင်ပုံတွေက ပြတ်သားပြီး ရက်စက်တယ်"

ကျောင်းသားတွေက ဆက်ပြီး ငြင်းခုန်နေကြသည်။ ဆရာနှစ်ယောက်ရဲ့

ပရိတ်သတ်တွေက စကားကို သူနိုင်ကိုယ်နိုင် ပြောနေကြသည်။

"ဆရာဆွန်းက ဘယ်သူလဲ"

လျို့မှုဘိုင်သည် ဒီကာလအတွင်း ကျောင်းမတက်ဖြစ်ခဲ့ပါ။ ဒါကြောင့်လည်း ဘာတွေ ဖြစ်ပျက်ခဲ့လည်းဆိုတာ သူမသိပါ။ ဇောင်ယန်ကရော ဘယ်သူလဲ။ အရမ်းချမ်းသာတဲ့ သူဌေးကြီးရဲ့ သားတစ်ယောက် ဖြစ်မည့်ပုံပဲ။ သူက ကျောင်းတွင်း အနိုင်ကျင့်သူလား။

လျို့မှုဘိုင်သည် မာနကြီးလွန်းသည်။ သူ့မျက်လုံးထဲတွင် တကယ်စစ်မှန်တဲ့ ပါရမီရှင်တွေကို ပျိုးထောင်ဖို့ ထိပ်တန်းပါရမီရှင်တွေသာ ရှိသည်။ ဇောင်ယန်က ငတုံးတစ်ယောက်မဟုတ်လို့ ထိပ်တန်းပါရမီရှင် ကျောင်းသားများကို ပြဿနာမရှာခဲ့ပါ။ ဒါကြောင့်လည်း လျို့မှုဘိုင်က ဒီကိစ္စများကို မသိပါ။

“တကျောင်းလုံးအစည်းအဝေးမှာ ဇောင်ယန်ကို ကျောင်းထုတ်တာက အသေးအဖွဲ့လေးပဲရှိသေးတယ်။ ပြန်ပေးဆွဲခံရတဲ့ ကျောင်းသူကို

ရှာဖွေဖို့အတွက် ဆရာဆွန်းက သူ့ဦးနှောက်ကို ဖျစ်ညှစ်စဉ်းစားပြီး အံ့အောစရာကောင်းတဲ့ ဉာဏ်ရည်ကို ပြသခဲ့တယ်။ တစ်ရက်ထဲမှာ လူကုန်ကူးသူတွေရဲ့ သဲလွန်စနောက်ကို လိုက်ပြီး တစ်ယောက်တည်း လူကုန်ကူးသူတွေရဲ့ အသိုက်ထဲကို တရစ်ကြမ်းထိုးဖောက် ဝင်ရောက်ခဲ့တယ်”

“ငါကြားတာကတော့ ဆရာဆွန်းက လူယုတ်မာတွေကို သစ်သားဓါးနဲ့ သတ်လိုက်တာ သွေးချောင်းစီးသွားတယ်တဲ့”’

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားများသည် ဒီနေရာအထိ ရောက်လာတာနဲ့ ခပ်ပုပုနဲ့ ကျောင်းသားကို လျစ်လျူရှုလိုက်ပြီး သူတို့ကြားထားတဲ့ ကောလဟာလများကို စတင်ဆွေးနွေး နေကြသည်။

အခုချိန်မှသာ လျှိုမူဘိုင်သည် ခပ်ပုပုကျောင်းသားနဲ့ ရပ်နေသော ကျောင်းသားနှစ်ယောက်ကို သတိထားမိသွားသည်။ သူ့ရဲ့ ပရိတ်သတ်တွေက ဆရာဆွန်းရဲ့ ပရိတ်သတ်များအဖြစ် ပြောင်းလဲသွားပါလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါတော့ ဂရုမစိုက်ဘူး ဒီနေ့ကစပြီး ငါ့စိတ်ထဲမှာ ဆရာဆွန်းက နံပါတ်တစ်ဆရာပဲ၊ ဘာအကြောင်းပြချက်မှ မလိုဘူး"

စောစောက ခပ်ပုပုကျောင်းသားနဲ့ ငြင်းခုန်ခဲ့သော ကျောင်းသားသည် ဆွန်းမိုရဲ့ သံမဏိ ပရိတ်သတ်ဖြစ်နေပြီ။

ဒင်

သံမဏိပရိတ်သတ်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး (၁၀၀/၁,၀၀၀)

ဆွန်းမိုသည် လုချီဟွာကို ကယ်တင်ပြီး ကတည်းက သူ့ရဲ့ ကျော်ကြားမှုသည် ပိုပြီး မြင့်တက်လာခဲ့သည်။ လီကုန်ကလည်း သူ့ရဲ့ကိုယ်ပိုင်ပစ္စည်းများကို သုံးပြီး ဆွန်းမိုနာမည်ကျော်ကြားမှုကို အရှိန်မြှင့်တင်ခဲ့သည်။

အခုချိန်တွင် လီကုန်သည် ဆွန်းမို၏ နံပါတ်တစ် လက်ပါးစေ ဖြစ်နေသည်။ ဆွန်းမိုက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ပိုင်ရှင်တစ်ဝက် ဖြစ်လာရင် သူရဲ့ အဆင့်အတန်းလည်း

မြင့်တက်လာနိုင်သည်။ ထို့ကြောင့် ဆွန်းမိုကို မြှင့်တင်ရန် ဘာကိုမှ နှမြောတွန့်တိုခြင်း မရှိပါ။

ဒုတိယအချက်အနေနဲ့ကတော့ ကမ္ဘာကြီး မီးလောင်တာ ကြည့်ချင်တဲ့ ထန်ထန်ယုထန်ကြောင့် ဖြစ်သည်။ လျိုမူဘိုင်နှင့် ထန်ထန်ယုထန်ကြားက အငြင်းပွားမှုကို ထန်ထန်ယုထန်က ရည်ရွယ်ချက် ရှိရှိ စတင်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာကြီး ကမောက်ကမ ဖြစ်မှ ပျော်စရာကောင်းမယ်လို့ သူခံစားမိသည်။

လီဇီချီကလည်း သူမဆရာရဲ့ ကျော်ကြားမှုကို အရှိန်မြှင့်တင်ချင်ခဲ့သည်။ ဒါပေမယ့် ဆရာက မကြိုက်သောကြောင့် မလုပ်ခဲ့ပါ။

ဒီရက်ပိုင်းအတွင်း ဆွန်းမိုသည် ဘာမှ လုပ်စရာမလိုဘဲ လေးစားအထင်ကြီးမှု အမှတ်တွေ ရနေခဲ့သည်။ ပမာဏက မများပေမယ့် အဆက်မပြတ် စီးဆင်းနေခဲ့သည်။ မကြာခင် လေးစားအထင်ကြီးမှု အမှတ် ၅၀,၀၀၀ ပြည့်တော့မည်။ သူက ထွက်လာပြီး ကျောင်းသားတချို့ကို ကူညီဖို့ လုပ်နိုင်ပေမယ့် တစ်ခုခုနဲ့ အလုပ်ရှုပ်နေသောကြောင့် သူမလုပ်ခဲ့ပါ။

ဒီရက်ပိုင်းအတွင်း ဆွန်းမိုသည် စာကြည့်တိုက်အတွင်းမှာသာ ရှိနေခဲ့သည်။ ပြည်နယ်ကိုးခုက ဘာသာရပ်များကို ဖတ်ရှု နှိုင်းယှဉ်ရင်း အလုပ်ရှုပ်နေခဲ့သည်။

ထို့နောက် ကျောင်းသားခြောက်ယောက်၏ အားသာချက် အားနည်းချက်များကို ခွဲခြမ်းသုံးသပ်နေသည်။ နောက်ဆုံးတွင် လုချီဟွာနှင့် လီဇီချီတို့ကို သူတို့ရဲ့ အကြီးအကျယ်ဆုံး နောက်ဆုံးအဆင့်ထိအောင် မြှင့်တင်ပေးနိုင်မယ့် အရာကို တွေ့ခဲ့သည်။

ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူက တိုက်ခိုက်ရေး ထူးချွန်တဲ့ သူများ ဖြစ်သည်။ သူတို့ကို အရမ်း ဂရုစိုက်စရာ မလိုပါ။ ချန်လုံကျတော့ သူ့ရဲ့ ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးတွေက တစ်ခါတည်း ဖြေရှင်းလို့ ရမည့် ပြဿနာ မျိုးမဟုတ်ပါ။ ကျင့်ကြံခြင်းက သူ့အတွက် ခက်ခဲလှသည်။

ဒါကြောင့်လည်း သူ့ရဲ့ အမာခံ ပရိတ်သတ်လေးတွေအတွက်ပဲ ထုံးစံအတိုင်း ပစ်မှတ်ထားခဲ့သည်။

"အမှောင်တိုက်ကြီး ခရီးစဉ်က ငါ့ရဲ့ကျောင်းသားတွေကို သေချာပေါက် တိုးတက်လာစေနိုင်တယ်။ အဲဒါပြီးရင်တော့ ပြိုင်ပွဲရဲ့လူသစ်တန်းမှာ သူတို့ကို တောက်ပဖို့ ခွင့်ပြုပေးရမယ်။ ဒါမှလည်း သူတို့ရဲ့ ယုံကြည်လေးစားမှုကို ငါခံယူထိုက်မယ် "

ဆွန်းမိုမှာ ဆရာတစ်ယောက်ရဲ့မာန ရှိပါသည်။ သူတို့ခြောက်ယောက်ကို ရွယ်တူများကြားတွင် အထူးချွန်ဆုံးဖြစ်လာအောင် မကူညီပေးနိုင်ပါက

ဆရာတစ်ယောက်အနေနဲ့ တာဝန်ကျဆုံးတယ်လို့ သတ်မှတ်လိုက်မည်။

စာစဉ်(၁၄)

အခန်း(၂၀၆) - မြွတ်ဆရာကြီးများရဲ့ အလွန်အကျွံ လူထုတ်စာရင်း။

ရှေ့ဟောင်းသုတေသနကို ကျွမ်းကျင်သော မြတ်ဆရာတချို့ရဲ့ ကောက်ချက် ချမှုအရ အလယ်ကမ္ဘာတွင် ဟိုးအရင်ကတည်းက ဝိညာဉ်ချီ တည်ရှိနေခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း နှစ်ပေါင်းသန်းချီကြာအောင် လူသားတို့သည် ဝိညာဉ်ချီကို ကောင်းကောင်းနားမလည်ပဲ ဇဝေဇဝါ ဖြစ်ခဲ့ကြသည်။ သူတို့က အသိပညာပိုင်းမှာ အရမ်းအားနည်းခဲ့ကြသည်။

အဲဒီအချိန်တုန်းကလည်း ပြီးပြည့်စုံတဲ့ ကျင့်ကြံခြင်း စနစ် မရှိခဲ့ပါ။ ကျင့်ကြံသူများသည် မိမိတို့လမ်းစဉ်များကို မျက်ကန်းတောတိုး တစ်ဆင့်ပြီး တစ်ဆင့် လေ့ကျင့်ခဲ့ကြရသည်။ လူတစ်စုက နဂါးကျောရိုးတောင်က နှစ်ပေါင်းများစွာ စွန့်ပစ်ထားတဲ့ လူမျိုးစုတစ်စုရဲ့ အပျက်အဆီးများကို မတော်တဆ မတွေ့ခင် အချိန်အထိ ဒီအတိုင်းသာ အချိန်တွေ ကုန်ဆုံးခဲ့ကြရသည်။

ထိုလူများသည် ရတနာများကို တူးဖော်ရှာဖွေရင်း အတော်လေး ကောင်းမွန်တယ်လို့ ယူဆရသော

အဆောက်အဦးတစ်ခုထဲ ဝင်သွားမိခဲ့ကြသည်။ နောက်ဆုံးတွင် အသစ်စက်စက် လျှို့ဝှက်ဆန်းကြယ်တိုက်ကြီး ပေါ်ပေါက်လာခဲ့ရသည်။

ထိုအဆောက်အဦးသည် ပို့ဆောင်ရေးဂိတ်ဖြစ်သည်။

အဲဒီနောက်မှာတော့ အုပ်စုထဲက အသက်ရှင်ကျန်ခဲ့သူတွေဟာ သူတော်စင်ဂိတ်ကို တည်ထောင်ခဲ့ကြသည်။ အပျက်အဆီးများကို တူးဖော်ရင်း အမှောင်တိုက်ကြီးကို ဖွင့်လှစ်ပြီး

များစွာသော လျှို့ဝှက် လက်စွဲစာအုပ်များ၊ ဗဟုသုတများ၊ ကျင့်ကြံခြင်း ကျင့်စဉ်များကို တွေ့ရှိခဲ့ကြသည်။ ဒါတွေကို သုတေသန ပြုလုပ်ပြီး အရင်တုန်းက ကျင့်ကြံခြင်းပုံစံများကို နားလည်အောင် ဗဟုသုတများကို ပြန်တည်ဆောက်ခဲ့ကြရသည်။ ထိုအချိန်မှစ၍ အလယ်ကမ္ဘာတွင် ကျင့်ကြံခြင်း နယ်ပယ်များ သိသိသာသာ တိုးတက်လာခဲ့သည်။

ဒီလျှို့ဝှက်ဆန်းကြယ်သော တိုက်ကြီးကို နောက်ဆုံးတော့ အမှောင်တိုက်ကြီးလို့ နာမည်ပေးခဲ့သည်။ လျှို့ဝှက်ဆန်းကြယ်လွန်း သဖြင့်

အန္တရာယ်များပြီး ဆွဲဆောင်မှုကလည်း အရမ်းအားကောင်းသည်။ ဘာကိုကြုံတွေ့ရမလဲ မသိဘဲ အမှောင်ထဲမှာ လမ်းလျှောက်နေသလို ဖြစ်နေသည်။ အံ့ဖွယ် အခွင့်အရေး ဒါမှမဟုတ် ဘေးအန္တရာယ်များလည်း ကြုံတွေ့နိုင်သည်။

ချင်လင် အနောက်ဖက် မြို့ပြင်က သူတော်စင်ဂိတ်၏ အများပြည်သူဆိုင်ရာ ရင်ပြင်တွင် ထိုင်နေရင်း လှုချီဟွာသည် ကျောင်းကပေးသော စာအုပ်ကလေးကို ဖတ်ကာ သေချင်စိတ်

ပေါက်လောက်အောင် ပျင်းရိနေသည်။ သူမက တခါတလေ ထထည့်ည်းနေသေးသည်။

“ငါတို့ဘာလို့ မထွက်နိုင်သေးတာလဲ”

“ပညာသင်ဘက် ညီမလေး ထွက်ခွာမယ့် အချိန်က မရောက်သေးဘူး”

လီဇီချီက ရှင်းပြသည်။

အမှောင်တိုက်ကြီးကို သွားချင်ရင် အဖြေကတစ်ခုပဲရှိသည်။ ဒါက သူတော်စင်ဂိတ်က ပို့ဆောင်ရေး တံခါးများကို အသုံးပြုရသည်။ ဒါကြောင့် ဒီခရီးစဉ်တွင် ပါဝင်သည့် ကျောင်းသားများက

သူတို့ခရီးစဉ် မစတင်ခင် သူတော်စင်ဂိတ်၏ အများပြည်သူဆိုင်ရာ ရင်ပြင်တွင် အရင်ဆုံး စုဝေးကြရသည်။

“တစ်မိနစ်ပဲ လိုတော့တယ်”

လီဇီချီက အိပ်ဆောင်နာရီကို ကြည့်ရင်း ပြောလိုက်သည်။ တောကြက်ဥလေးသည် အရာရာကို စူးစမ်းလေ့လာ ခဲ့ပြီးသားပါ။ အရင်ကတော့ ကျောင်းသားသစ်များကို ဦးဆောင်ရန် ဆရာများ လူထုတ်စာရင်းတွင် ကြယ်နှစ်ပွင့်မြတ်ဆရာနှစ်ဦးနှင့် ကြယ်၃ပွင့် မြတ်ဆရာ တစ်ဦးတို့ ပါဝင်သည်။

ဒီတစ်ခေါက်မှာတော့ ဂျိမ်ဂျဲက အဖွဲ့ခေါင်းဆောင် ဖြစ်သည်။

သူမ အပြင် ကြယ်နှစ်ပွင့် မြတ်ဆရာ ပိုင်ရန်လီလည်း ရှိသေးသည်။ သူက ဝိညာဉ်ခွဲဓါးပြား ကျင့်စဉ်ရဲ့ အဓိက အဆင့်ကို အောင်မြင်ထားပြီး ချင်လင် မြတ်ဆရာအသိုင်းအဝိုင်းတွင် အရမ်းနာမည်ကြီးသည်။

သင်ကြားရေးနဲ့ ပက်သက်ရင်တော့ ပိုင်ရန်လီ အနည်းငယ် အားနည်းသည်။ ဒါပေမယ့်

တိုက်ပွဲဝင်တဲ့အခါ သူက အရမ်းသန်မာတဲ့သူ တစ်ယောက် ဖြစ်တယ်ဆိုတာ သံသယ ရှိစရာ မလိုပါ။

သူ့အပြင် နောက်ထပ် ကြယ်တစ်ပွင့် မြတ်ဆရာ လေးယောက်ဖြစ်တဲ့ ရှာယွန်၊ ကျုံရန်ရီ၊ ကျန်ကွမ်လင် နှင့် ဒူမန်တို့လည်း ပါဝင်သည်။ ကျောင်းမှာ သုံးနှစ်ကြာအောင် လုပ်ခဲ့ကြတဲ့ ဆရာတွေဖြစ်တဲ့ ဒူရှောင်နှင့် ရီဂျီမင် တို့လည်း ပါသေးသည်။ သူတို့ရဲ့ လုပ်ဆောင်ချက်များကြောင့် လာမည့် မြတ်ဆရာစာမေးပွဲတွင် ကြယ်တစ်ပွင့် မြတ်ဆရာများ ဖြစ်လာနိုင်ကြသည်။

ဒီလူထုတ်စာရင်းကို အရမ်းကြီး သုံးထားတယ်လို့ ပြောနိုင်သည်။ ပြီးတော့ ကူရှုပ်ရှင်း၊ ဆွန်းမို၊ ဂေါင်ပန်နှင့် ကျန်းလန်တို့လည်း ပါသေးသည်။ သူတို့က အတွေ့အကြုံရှိသော ဆရာများထံမှ အမှောင်တိုက်ကြီးတွင် ကျောင်းသားတွေ ဘယ်လို စိတ်ဖြစ်လာလည်းဆိုတာ သင်ယူဖို့ လိုက်လာခဲ့ကြသည်။ သို့သော်လည်း လီဇီချီက ဒီခရီးစဉ်သည် အဆင်ပြေပြေ ချောချောမွေ့မွေ့ မဖြစ်နိုင်ဘူးလို့ ခံစားနေရသည်။

လေ့လာရေးအဖွဲ့မှာ ကျောင်းသား ၅၀ပဲ ပါတယ်ဆိုတာ မေ့ထားလို့ မရပါ။ ဒါတောင် ဆရာ ဆယ့်နှစ်ယောက် လိုက်ပါလာသည်။ အခြေခံအားဖြင့် ဆရာတစ်ယောက်လျှင် ကျောင်းသား လေးယောက်နှုန်း စောင့်ရှောက်နိုင်သည်။

ဆရာများကို အရင်းအမြစ်လို့ သတ်မှတ်ပါက ဒါက အရမ်းဖြုန်းတီးရာ ကျနေသည်။ သို့သော်လည်း မရီဒန်အကယ်ဒမီကို မြင်ပြီးနောက် အန်ရှိဝေက ဘာလို့ ဒီလိုလူစာရင်းကို ရွေးလည်းဆိုတာ သိသွားသည်။

မရီဒန်အကယ်ဒမီသည် ဗဟိုပြည်နယ် အကယ်ဒမီရဲ့ အဓိက ရန်သူဖြစ်သည်။ သူတို့ခေါင်းဆောင်သည် အရပ် နှစ်မီတာ နီးပါးရှည်သော ခပ်ထွားထွားနဲ့ လူတစ်ယောက်ဖြစ်သည်။ သူ့နာမည်က တန်ပူ ဖြစ်သည်။ နာမည်က မနှစ်မြို့စရာကောင်းသလို ပုံစံက ရုပ်ဆိုးပေမယ့် ကြယ်သုံးပွင့်မြတ်ဆရာ အစစ်ဖြစ်သည်။ သူ့ရဲ့ တိုက်ခိုက်ရေး စွမ်းရည်က အရမ်းကောင်းသဖြင့် ပိုင်ရန်လီကို ရုတ်တရက် သတ်နိုင်သည်။ သူက ချင်လင်မြို့ရဲ့ ထိပ်တန်း ဆယ်ယောက်စာရင်းတွင် ပါဝင်သည်။

သို့သော်လည်း လူတိုင်းအံ့အောသစေတဲ့ အချက်က ဖန်ဝူဂျီ ပါလာလို့ဖြစ်သည်။

သူက ချင်လင်မြို့ရဲ့ ကျောက်စိမ်းအမြွာလို့ တင်စားရတဲ့ လျိုမူဘိုင်နဲ့ တန်းတူ ကျော်ကြားတဲ့ ပါရမီရှင် ဖြစ်သည်။ သူသည် ချင်လင်မြို့ရဲ့ အတောက်ပဆုံး ဆရာအသစ်တစ်ယောက် ဖြစ်သည်။ သူတို့နှစ်ယောက်စလုံးက မြတ်ဆရာ စာမေးပွဲ မဖြေရသေးပေမယ့် ခွန်အားတွေ စုစည်းထားတယ်ဆိုတာ လူတိုင်း သိကြသည်။ သူတို့က အားလုံးရဲ့စံချိန်ကို ချိုးဖျက်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြယ်သုံးပွင့်မြတ်ဆရာ တစ်ယောက် ဖြစ်ချင်နေကြသည်။ ဆိုလိုချင်တာက စာမေးပွဲတွင် ကြယ် သုညကနေ ကြယ်သုံးပွင့်အဆင့်ကို တခါထဲ တက်ချင်နေကြသည်။

“ဒါက မရီဒန်အကယ်ဒမီက ဖန်ဝူဂျီပဲ”

“ဒါက မရီဒန်အကယ်ဒမီ ကျောင်းသားအသစ်အဖွဲ့ မှတ်လား ဘာလို့ ဒီအုပ်စုကို ဖန်ဝူဂျီက ဦးဆောင်နေတာလဲ၊ ဒါက အရည်ချင်းရှိတဲ့ လူတစ်ယောက်ကို အရေးမပါတဲ့ နေရာမှာ သုံးတာ မဟုတ်ဘူးလား”

"သူ့ရဲ့ ခါးကျင့်စဉ်က အရမ်းအစွမ်းထက်တယ်လို့ ကြားတယ်၊ အဲဒါက ဆန်းကြယ်သူတော်စင် အဆင့်ကျင့်စဉ် လို့ပြောကြတယ်"

ရင်ပြင်တွင် လူပေါင်းများစွာ စုဝေးပြီး အမှောင်တိုက်ကြီးကို သွားဖို့ ပို့ဆောင်ရေးဂိတ် ပွင့်လာမည့် အချိန်ကို စောင့်နေကြသည်။

အဲဒီအထဲတွင် ကျောင်းသားတွေနဲ့ ဆရာတွေလည်း ပါဝင်သည်။ ဖန်ဝူဂျီကို မြင်ပြီးနောက် အားလုံး အံ့အောသွားသည်။ သို့သော်လည်း လူတော်တော်များများက သူ့ကို ခန့်မှန်းနေကြသည်။

မရီဒန်အကယ်ဒမီက ကျောင်းသား သစ်များကတော့ ပတ်ဝန်းကျင်တွင် ဆရာဖန်ဝူဂျီအကြောင်း ဆွေးနွေးမှုတွင် ချီးကျူးသံများကို ကြားနေရသဖြင့် သူတို့မျက်နှာသည် ဂုဏ်ယူမှုနှင့် မော်ကြွားနေကြသည်။

“ရုပ်ဆိုးလိုက်တာ”

လုချီဟွာ တိုးတိုးလေး ရွတ်လိုက်သည်။

“သူက နည်းနည်းတော့ ရုပ်ဆိုးတယ်”

အင်ဘိုင်ဝူကလည်း ခေါင်းညိတ် ထောက်ခံလိုက်သည်။ ဖန်ဝူဂျီရဲ့ မျက်နှာ

အပေါ်တစ်ပိုင်းကို ကြည့်လိုက်ရင်တော့ ကြည့်ကောင်းပါသည်။ ဒါပေမယ့် ကြီးမားသော မေးနဲ့ သွားကြီးတွေ မြင်လိုက်တာနဲ့ ချက်ခြင်း ရုပ်ဆိုးသွားသည်။

အထူးသဖြင့် ဘယ်ဘက်က သွားကြီးတစ်ချောင်း ဖြစ်သည်။ သူ့နှုတ်ခမ်းကို ကျော်ပြီးကြည့်လိုက်လျှင် အရမ်းကြောက်ဖို့ ကောင်းသည်။

“ဒါက နည်းနည်းပဲ ရုပ်ဆိုးတာလား”

ထန်ထန်ယုထန် စကားမပြောနိုင်ဖြစ်သွားသည်။

"မင်းရဲ့သုံးသပ်ချက်ကြီးက ဘယ်လိုလဲ၊ မင်းက ဖန်ဝူဂျီ အရမ်းရုပ်ဆိုးတယ်လို့ မပြောရဲဘူးမှတ်လား "

ဒီစကားကို ကြားလိုက်လျှင် အင်ဘိုင်ဝူ ချက်ခြင်းတင်းသွားသည်။ သူမကို မထီမဲ့မြင် လုပ်တယ်လို့ ခံစားရသည်။ သူက ချက်ခြင်း ခွန်းတုန့်ပြန်လိုက်သည်။

"ငါက ဖန်ဝူဂျီ ဟုတ်ဟုတ်မဟုတ်ဟုတ် ဂရုမစိုက်ဘူး၊ ရုပ်ဆိုးတာက ဒီကိစ္စနဲ့ မသက်ဆိုင်ဘူး"

သူမ စိတ်ဆိုးနေသောကြောင့် သူမအသံက နည်းနည်း ကျယ်သွားသည်။

ရွှတ်စ်

မရီဒန်အကယ်ဒမီက ကျောင်းသားအသစ် အားလုံး လှည့်ပြီး စိုက်ကြည့် နေကြသည်။

သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်က မြင့်မားသဖြင့် အကြားအာရုံ ကောင်းကြသည်။ ဒါကြောင့် အင်ဘိုင်ဝူနဲ့ မီတာ သုံးဆယ်ကျော် ရပ်နေသော်လည်း တီးတိုးပြောနေတဲ့ အသံများကို ကြားလိုက်ရသည်။

အင်ဘိုင်ဝူကလည်း သူမရဲ့ အားနည်းချက်ကို ဝန်ခံချင်စိတ် မရှိပါ။ ဒါကြောင့် ပြန်စိုက်ကြည့်နေလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မရီဒန်အကယ်ဒမီက ကျောင်းသားများသည် အကြောင်းအရင်းကို သိသွားပြီးနောက် ဒေါသထွက်သွား ကြသည်။ သူတို့စိတ်ထဲတွင် ဆရာဖန်ဆိုတာ သူတို့ကိုးကွယ်ရာ အိုင်ဒေါ ဖြစ်သည်။

(သူ့ရုပ်ရည်က နည်းနည်းဆိုးပေမယ့် မင်းမှာ ပြောစရာ အရည်အချင်း မရှိဘူး)

"ပြဿနာ ရှာနေတာ ရုပ်လိုက်တော့"

လီဇီချီက သုန်မှုန်နေသည်။ အခြားတစ်ယောက်ရဲ့ ရုပ်ရည်ကို အကဲဖြတ်တာက သီးသန့်ဆိုရင် အဆင်ပြေပါသည်။ နောက်ကွယ်မှာ

သူများအကြောင်း မပြောတဲ့လူ ဘယ်သူရှိလို့လဲ။ သို့သော်လည်း ကိုယ့်စကားကို တခြားသူ ကြားအောင် ပြောခြင်းက မိုက်မဲတဲ့ လုပ်ရပ်ဖြစ်သည်။ အင်ဘိုင်ဝူလည်း သူမ အမှားကို သိသည်။ ဒါကြောင့် အဲဒီကျောင်းသားများကို ထပ်မကြည့်တော့ပါ။

“ဆရာဖန်က အရမ်းသဘောထားကြီးတာပဲ”

အမျိုးသမီး ဆရာမ တစ်ယောက်က ချီးကျူးလိုက်သည်။

“သူတို့က ကလေးတွေပဲ။ အပြင်လောက အပေါ် အမြင်နဲ့ ခံယူချက်က မတည်ငြိမ်သေးဘူး။

သူတို့ကြီးပြင်းလာတဲ့ အချိန်ကျရင် ဒီနေ့လုပ်ရပ်က ဘယ်လောက် ကလေးဆန်လဲဆိုတာ သူတို့ နားလည်လာပါလိမ့်မယ်”

ဖန်ဝူဂျီသည် အင်ဘိုင်ဝူ၏ စကားများကို ထုံးစံအတိုင်းကြားနေသော်လည်း စိတ်ထဲမထားပါ။ သူရုပ်ဆိုးပေမယ့် မျှတပြီး မကောက်ကျစ်တတ်ပါ။ တပါးသူကိုလည်း နောက်ကွယ်က မကြံစည်တတ်ပါ။

သို့သော်လည်း ဖန်ဝူဂျီသည် ခေါင်းလှည့်ကြည့်လိုက်လျှင် ချောမောတဲ့

လူငယ်တစ်ယောက်ကို တွေ့ပြီး စိတ်ထဲ အနည်းငယ် မနာလို ဖြစ်သွားသည်။

ထိုလူငယ်က မြေပေါ်တွင်ထိုင်ပြီး စာဖတ်နေသည်။ မနက်ခင်းနေရောင်က သူ့အပေါ် ဖျော့တော့တော့လေး ကျနေပြီး အဲဒါက သူ့ကို ပိုပြီးကျက်သရေရှိကာ ချောမောလာစေသည်။

“ ဗဟိုပြည်နယ်က ဆရာအဝတ်အစား ဝတ်ထားပြီး အရမ်းချောတယ်၊ ဆရာယူပြောပြောနေတဲ့ ဆွန်းမိုများ ဖြစ်နေမလား”

ဖန်ဝူဂျီသည် အရင်က ယူရုံပိုပြောခဲ့တဲ့ စကားများကို ပြန်စဉ်းစားလိုက်မိသည်။ ဒါကြောင့် ဆွန်းမိုကို အကဲခတ်ရန် အနည်းငယ်ကြည့်လိုက်သည်။ လုချီဟွာက အင်ဘိုင်ဝူ လက်မောင်းကို ပုတ်လိုက်ပြီး တိုးတိုးလေး အကြံပေးလိုက်သည်။

"မင်းသွားပြီး တောင်းပန်သင့်တယ်လို့ ငါထင်တယ်"

"ဘာကြောင့်လဲ"

အင်ဘိုင်ဝူ နားမလည်ပေ။

"သူရုပ်ဆိုးတယ်လို့ မင်းက အရင်ပြောတဲ့ လူလေ"

"ဒါပေမယ့် ငါပြောတုန်းက ဘယ်သူမှ မကြားခဲ့ဘူး မဟုတ်လား"

လုချီဟွာက တရားမျှတမှုက သူ့ဘက်မှာရှိသလို ယုံကြည်ချက် ရှိရှိ ပြောလိုက်သည်။

"ငါ မသွားဘူး"

တကယ်တော့ အင်ဘိုင်ဝူသည် ဆရာတွေကို အရမ်းလေးစားပါသည်။ သို့သော်လည်း လူတွေ အများကြီးရှေ့မှာ တောင်းပန်ရတာက ရက်ဖို့ကောင်းသည်။

“ဘိုင်ဝူ၊ အမှားကို ဝန်ခံတာက ရှက်ဖို့ကောင်းတယ့် ကိစ္စမဟုတ်ဘူး၊ ဆက်မှားနေတာက ရှက်ဖို့ကောင်းတာ ”

ဆွန်းမိုက ပြောလိုက်သည်။

တခြမ်းဘက်က ဇာတ်ညွှန်းကို သူမြင်ဖူးသည်။ အင်ဘိုင်ဝူသည် ကြီးပြင်းခဲ့တဲ့ ပတ်ဝန်းကျင်ကြောင့် ခက်ထန်ပြီး သည်းမခံတတ်သော ပင်ကိုယ်စရိုက်ကို ဖြစ်စေခဲ့သည်။ ဦးညွှတ်ပေးရမည့်အစား အသေသာ ခံလိုက်မည်။ မှားနေရင်တောင် ဝန်ခံမည် မဟုတ်ပါ။ ဘယ်လိုပြဿနာပဲဖြစ်ဖြစ် သူမသာ နိုင်အောင်

တိုက်ခိုက်နိုင်ပါက အခွင့်အရေးရှိမယ်လို့ ခံယူထားသည်။ ဒီလိုမျိုး ပင်ကိုယ်စရိုက်နဲ့ဆို အနေးနဲ့ အမြန် ဒုက္ခရောက်လိမ့်မည်။

အမှန်တိုင်းပြောရလျှင် ကလေးများစွာအတွက် အမှားလုပ်မိပြီး သူတို့ရဲ့ပထမဆုံး တုန့်ပြန်မှုသည် သေချာပေါက် ငြင်းဆိုတာပဲ ဖြစ်လိမ့်မည်။ မိဘတွေက မရိုက်မချင်း ငြင်းဆိုနေလိမ့်မည်။ အရိုက်ခံရတဲ့ အချိန်မှပဲ သူတို့ အမှားကို ဝန်ခံလိမ့်မည်။ ဆွန်းမိုသည် အင်ဘိုင်ဝူ၏ ကြက်ခေါင်းဆိတ်မခံသော ပင်ကိုယ်စရိုက်ကို သဘောကျသော်လည်း

ခေါင်းမာမှုကိုတော့ မကြိုက်ပါ။ ဒါကြောင့်လည်း သူက စိတ်ရင်းနဲ့အကြံပေးလိုက်သည်။ သို့သော်လည်း တန်ဖိုးဖြတ်မရသော အကြံပြုချက်က ရုတ်တရုတ် အသက်ဝင်လာမယ်လို့ မထင်ထားခဲ့ပါ။

ဆွန်းမိုဆီကနေ ရွှေရောင် အလင်းတန်းများ ထွက်လာပြီး ကျောင်းသားတွေဆီကို ဖြာကျသွားသည်။

မီတာ သုံးဆယ်အကွာမှာ ရပ်နေသော မရီဒန်အကာယ်ဒမီက ကျောင်းသားအသစ်များပင် အကျိုးသက်ရောက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချိန်တစ်ခုကြာအောင် ရင်ပြင် တစ်ခုလုံး တိတ်ဆိတ်သွားသည်။ ဒဏ်ပြန်မှုကြောင့် ကျောင်းသားတွေ စပြီးတွေးမိလာသည်။

(ဟုတ်တယ်။ မင်းမှားရင် မှားတာပဲ။ မင်းအမှားကို သတ္တိရှိရှိ ဝန်ခံတာကလည်း သတ္တိတစ်မျိုးပဲ)

မရီဒန်အကယ်ဒမီက ဆရာများအားလုံးသည် ဆွန်းမိုကို မကျေမနပ်နဲ့ ဝိုင်းကြည့်လိုက်ကြသည်။

ဗဟိုပြည်နယ်က ဆရာများလည်း ဆွန်းမိုကို အံ့အောပြီး ဝိုင်းကြည့်နေကြသည်။ စိတ်ထဲကနေလည်း

“မင်း တော်ပါတယ်၊ ဒီ တန်ခိုးပြမှုကလည်း အထင်ကြီးဖို့ကောင်းပါတယ်”

မရီဒန်အကယ်ဒမီနှင့် ဗဟိုပြည်နယ် အကယ်ဒမီသည် မဟာရန်ဘက်တွေဆိုတာ ချင်လင်မြို့က လူတိုင်း သိကြသည်။

မိနစ်အနည်းငယ်ကြာပြီးနောက် မြတ်ဆရာ အရှိန်အဝါရဲ့ လွှမ်းမိုးမှုကလည်း အားနည်းလာသည်။ ကျောင်းသားတွေလည်း သူတို့စဉ်းစားနေတာကို ချက်ခြင်း ရပ်လိုက်ပြီး ချက်ခြင်း ဒေါသထွက်လာကြသည်။

"ဘာဖြစ်နေတာလဲ ၊ ဘာကြောင့် ငါတို့ကို မြတ်ဆရာ အရှိန်အဝါ သုံးတာလဲ"

"ဒီကောင်က ဘယ်သူလဲ၊ ဘယ်လောက်တောင် မောက်မာတာလဲ၊ ဒါက လူတိုင်းကို ရန်စလိုက်သလိုပဲ"

"ချီ၊ ဆရာဖန်ကို စိန်ခေါ်ချင်သူတွေ အများကြီးပါ။ ဒီကောင် နည်းနည်းလေးပိုချောတာပဲ ရှိမယ် ၊ သူ့မှာ ဘာအရည်အချင်းရှိလို့လဲ ၊ တကယ်လို့ရန်ဖြစ်ရင် ဆရာဖန် ရိုက်လိုက်လို့ အရမ်းဆိုးဝါးပြီး ဘောင်းဘီတောင် စုတ်ပျက်သွားအုံးမယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မရီဒန်အကယ်ဒမီက ကျောင်းသားများသည် ဒေါသတကြီး တဗျစ်ဗျစ်တတောက်တောက် ပြောဆိုနေကြသည်။ ဆွန်းမိုက သူတို့ကို လမ်းပြဖို့ အရည်အချင်း မရှိဘူးလို့ တွေးနေကြသည်။

"ဒါပေမယ့် တကယ်ချောတယ်နော်၊ သူ့နာမည်ကို ဘယ်သူသိလဲ "

ဆွန်းမိုကို ကဲ့ရဲ့ အပြစ်တင်နေကြတဲ့ စကားများ ဟိုတစ်စ ဒီတစ်စ ထွက်လာသည်။ သို့သော်လည်း လူတိုင်းက သူတို့ကို လျစ်လျူရှုထားကြသည်။

ဗဟိုပြည်နယ်က ကျောင်းသားအသစ်များသည် ဆွန်းမိုကို ကြည့်ရင်း အရမ်းအံ့အောနေကြသည်။

"နတ်ဘုရားလက်ကတော့ ထင်ထားသလိုပဲ အရမ်းအထင်ကြီးဖို့ ကောင်းတယ်"

"ဆရာဆွန်းက တကယ်တော်တာပဲ၊ ဖန်ဝူဂျီကို လူသိရှင်ကြား ရန်စရဲတယ်"

"ဒီတန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် သုံးလိုက်တဲ့ပုံက အရမ်းအထင်ကြီးဖို့ ကောင်းတယ်၊ မရီဒန်အကယ်ဒမီက ကျောင်းသားတွေ ဖြစ်သွားတဲ့ ပုံစံကိုလည်း ကြည့်ပါအုံး၊ အီးမှန်နေတဲ့ မျက်နှာတွေနဲ့"

ဗဟိုပြည်နယ်က ကျောင်းသားများကတော့ ဝမ်းသာအားရ ဂုဏ်ယူနေကြသည်။ တဖက်ကျောင်းက လူကို အနိုင်ရသလို ခံစားနေရသည်။

ဒီအခိုက်အတန့်တွင် ဆွန်းမိုသည် လေးစားအထင်ကြီးမှု အမှတ် ၉၆ မှတ် ရလိုက်သည်။

ဆွန်းမို ခေါင်းအနောက်ဘက်တွင် ချွေးများက ရေတံခွန်လို စီးကျနေသည်။ ဘာကြောင့် မြတ်ဆရာအရှိန်အဝါက ရုတ်တရုတ်ပွင့်သွား

ရတာလဲ။ (ငါက အင်ဘိုင်ဝူကို လမ်းပြချင်တာပဲ ရှိတယ်။ တကယ်ကို တခြား ရည်ရွယ်ချက် မရှိဘူး)

"ဆရာ၊ ကျွန်မ အမှားသိပါပြီ"

အင်ဘိုင်ဝူက တောင်းပန်လိုက်သည်။ ထို့နောက် ဖန်ဝူဂျီဆီ ပြေးသွားသည်။

ရွှတ်စ်

မရီဒန်အကယ်ဒမီက ကျောင်းသားများသည် အင်ဘိုင်ဝူကို ရန်လိုတဲ့အကြည့်နဲ့ ချက်ခြင်း ကြည့်လိုက်သည်။ ကျောင်းသားတချို့က လက်ထဲမှာ ဓါးကိုင်ပြီး ရှေ့သို့ လှမ်းတက်လာသည်။

“ဆရာဖန် တောင်းပန်ပါတယ်”

အင်ဘိုင်ဝူက ငါးမီတာ အကွာတွင် ခါးညွတ်ပြီး တောင်းပန်စကားပြောလိုက်သည်။

“ရပါတယ်”

ဖန်ဝူဂျီက အပြုံးနဲ့ တုန့်ပြန်ပြီး လက်ခါပြလိုက်သည်။ ထို့နောက် အင်ဘိုင်ဝူ ခန္ဓာကိုယ်ကို အကဲခတ်လိုက်ပြီး ချက်ခြင်းမေးလိုက်သည်။

“ကျောင်းသား မင်းဆရာ တင်ပြီးသွားပြီလား ၊ ငါ့လက်အောက်မှာ သင်ယူချင်လား ”

မှတ်ချက်။ ။ ဖန်ဝူဂျီက 'ဝူဂျီ' သည် အကန့်အသတ်မရှိ၊ အဆုံးမရှိလို့ အဓိပ္ပါယ်ရသည်။

စာစဉ်(၁၄)

အခန်း(၂၀၇) - ငါ့ဆရာက အကောင်းဆုံးပဲ။

ရင်ပြင်တစ်ခုလုံး ပြင်းထန်သော လေအေးကြီး တိုက်ခတ်သလို ဖြစ်သွားသည်။ အားလုံး အေးခဲ မှင်တက်သွားသည်။ အဲဒီနောက် လုံးဝကို တိတ်ဆိတ်ကျသွားသည်။

“အမ်”

မရီဒန်အကယ်ဒမီက ကျောင်းသားများအားလုံး၏ မျက်နှာကို ကြည့်လိုက်ရင် အံ့အောသင့်နေတဲ့ ပုံစံ ဖြစ်နေသည်။ ဒီမိန်းကလေးက ဆရာဖန်ကို ရုပ်ဆိုးတယ်ဆိုပြီး ကဲ့ရဲ ဝေဖန်ခဲ့တာ မဟုတ်ဘူးလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဆရာဖန်က သူမကို တကယ်ခေါ်ချင်နေတာလား။

"ငါများ နားအူနေတာလား။ ဟုတ်တယ်။ ဒီလိုပဲ ဖြစ်မယ်"

မရီဒန်အကယ်ဒမီက ဆရာများ အားလုံးလည်း မျက်မှောင်ကြုတ်ပြီး အင်ဘိုင်ဝူကို ကြည့်နေကြသည်။

ဒီကျောင်းသူလေးက ဗဟိုပြည်နယ်အကယ်ဒမီကဆိုတာ သိထားရမည်။ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ မြတ်ဆရာများ

ရှေ့မှောက်တွင် ခေါ်ယူခြင်းက အရမ်း မောက်မာသော အပြုအမူ ဖြစ်သည်။

“ဘာလဲဟ”

ဗဟိုပြည်နယ်အကယ်ဒမီက ဆရာများ အံ့အောသွားသည်။

ကျောက်စိမ်းအနှစ်ဆိုတာ ဘာလဲ။ လုံးဝပြည့်စုံပြီး အနာအဆာကင်းတဲ့ ကျောက်စိမ်းပဲဖြစ်သည်။

ဖန်ဝူဂျီနှင့် လျိုမူဘိုင်သည် ချင်လင်မြို့ရဲ့ ကျောက်စိမ်း အမွှာအဖြစ် တင်စားထားကြသည်။ သူတို့ရဲ့ စရိုက်တွေကလည်း သံသယရှိစရာ

မလိုအောင် ကောင်းမွန်လှသည်။ ဖန်ဝူဂျီက ဒီကောင်မလေးအပေါ် စိတ်မဆိုးနိုင်တာကို လူတိုင်း ခန့်မှန်းပြီးသားပါ။ ဒါပေမယ့် သူ့လုပ်ရပ်က နည်းနည်းပုံကြီးချဲ့ရာ မကျဘူးလား။ ဒီမိန်းကလေးကပဲ တကယ်တော်နေတာလား။

ဒီလိုတွေးပြီး ဆရာတွေအားလုံး ဆွန်းမိုကို လှည့်ကြည့်လိုက်မိကြသည်။

"ဆရာဆွန်းက ကျောင်းသားကောင်း တစ်ယောက် ခေါ်ယူနိုင်ခဲ့တာပဲ"

ကျုံရှန်ရီက သက်ပြင်းချရင်း ပြောလိုက်သည်။ စားကြွင်းစားကျန် ပစ်ရတဲ့မိန်းကလေးက အရမ်းထူးချွန်တဲ့ ပါရမီရှိမယ်ဆိုတာ ဘယ်သူက ထင်မှာလဲ။

"ဒီနတ်ဘုရားလက်က တကယ် မိုက်တာပဲ။ သူ့ကို မနာလို ဖြစ်လို့လည်း အသုံးမဝင်ဘူး"

ရှာယွန်က မချိတင်ကဲ သက်ပြင်းချလိုက်သည်။ ပျိုးပင်ကောင်းကောင်း မလိုချင်တဲ့ မြွတ်ဆရာရှိလို့လား။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှာယွန်၏ လေးစားအထင်ကြီးမှု +၂၀။ ရင်းနှီး(၁၆၀/၁,၀၀၀)

ကြယ်တစ်ပွင့်မြတ်ဆရာ၊ ကြယ်နှစ်ပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်ချင်လျှင် သူ့ရဲ့တိုက်ရိုက်တပြည့်တစ်ယောက်က တိမ်စိမ်းအဆင့်ကို ဝင်နေဖို့ လိုသည်။ ဒါကလည်း အရမ်းကို တင်းကြပ်တဲ့ လိုအပ်ချက် တစ်ခုပါ။ ဒီလိုမှမဟုတ်ရင် မြတ်ဆရာအရှိန်အဝါ တစ်ရာကျော် နားလည်ထားလဲ အသုံးမဝင်ပါ။

'အရမ်းတော်တဲ့ အိမ်ရှင်မဟာ ဆန်မရှိဘဲ ထမင်းချက်လို့ မရဘူး' ဆိုတဲ့စကားက ဘာပြောချင်လဲ သိလား။

မြတ်ဆရာတစ်ယောက်က ထူးချွန်တဲ့ အရည်အချင်းရှိသော်လည်း သူ့မှာ အရမ်းထူးချွန်တဲ့ ကျောင်းသား တစ်ယောက်တောင် မရှိရင် မြတ်ဆရာရဲ့ သင်ကြားရေး အရည်အချင်းကို ဘယ်လိုပြမှာလဲ။

ကျောင်းသားတွေကတော့ အများကြီး မတွေးပါ။ အင်ဘိုင်ဝူကိုကြည့်ပြီး မနာလိုမှု တချို့တော့

ဖြစ်နေကြသည်။ ဒီကောင်မလေးက အရမ်းကံကောင်း လွန်းသည်။

ဆွန်းမိုရဲ့တိုက်ရိုက်တပြည့် ဖြစ်နေတာကိုက အရမ်းကံကောင်းနေပြီ။ နောက်ဆုံးတော့ ဖန်ဝူဂျီရဲ့ သဘောကျမှုကိုတောင် ရခဲ့သေးတယ်။ အမှန်တော့ အင်ဘိုင်ဝူသည် လေးနှင့်မိုး ရွာပြီးနောက် ငါးကနေ နဂါးပြောင်းသွားသော ကန်ထဲက ငါးကြင်းတစ်ကောင်နဲ့တူသည်။

"စိတ်မကောင်းဘူး ၊ ငါ့မှာ ဆရာရှိနေပြီ"

အချိန်တစ်ခုထိ ထိတ်လန့်သွားပြီးနောက် အင်ဘိုင်ဝူက တွေဝေခြင်း မရှိဘဲ တခါတည်းငြင်းလိုက်သည်။ ဖန်ဝူဂျီသည် ဘယ်လောက်ပဲကျော်ကြားနေပါစေ စိတ်ထဲမှာတော့ ဆွန်းမိုထက် နိမ့်ကျသည်။

ဆွန်းမိုဆိုတာ သူမကို အနာဂတ်တစ်ခုပေးခဲ့သော သူမလေးစားရတဲ့ ဆရာဖြစ်သည်။

“အင်း”

ဖန်ဝူဂျီသည် တည်ငြိမ်စွာ တုန့်ပြန်လိုက်သည်။ စိတ်ဆိုးစရာလည်း မရှိပါ။ သို့သော်လည်း

မရီဒန်အကယ်ဒမီဘက်တွင် ရပ်နေသော ဖန်ဝူဂျီနဲ့ ခွန်နှစ်ဆယ် ရာခိုင်နှုန်းလောက်တူတဲ့ ဆရာတစ်ယောက်က အေးစက်စွာ လှောင်ပြောင်လိုက်သည်။

"မင်းဘာနဲ့လွဲချော်သွားလဲ ဆိုတာ သိလား"

ဒီဆရာလေးကို ဖန်ဝူအန်လို့ ခေါ်သည်။ သူက ဖန်ဝူဂျီရဲ့ ညီလေးဖြစ်သည်။ သူ့စိတ်ထဲတွင် သူ့အစ်ကိုကြီးက အကောင်းဆုံးဖြစ်သည်။ သူ့အစ်ကိုကြီးက သူ့ရဲ့စံပြပါ။ နောက်ဆုံးတော့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမိန်းကလေးက အစ်ကိုရဲ့ ကမ်းလှမ်းမှုကို တွေ့ဝေခြင်းမရှိပဲ ငြင်းပယ်ခဲ့သည်။

(ရယ်စရာကောင်းလိုက်တာ။ အစ်ကိုရဲ့ သင်ပြမှုကို ကျောင်းသားတွေ ဘယ်လောက်တောင် လိုချင်နေလဲသိလား။ ဒါပေမယ့် သူတို့ မရနိုင်ကြဘူး)

"မြတ်ဆရာ ဘယ်လောက်များများနဲ့ လွဲချော်ပါစေ ကိစ္စမရှိဘူး၊ ဂရုလည်း မစိုက်ဘူး၊ ငါ့မှာ အကောင်းဆုံး ရှိပြီးသား"

အင်ဘိုင်ဝူက အကြောက်အကန် ပြန်ငြင်းသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနီး(၈၀၀/၁,၀၀၀)

လီဇီချီ သူမနဖူးကို သူမ ပြန်ပုတ်လိုက်မိသည်။ (ပညာသင်ဘက် ညီမလေး၊ မင်းစကားပြောတဲ့အခါ ပိုပြီး ပညာသားပါလို့ မရဘူးလား။ မင်းက သံမဏိခေါင်းဆိုတာ ငါသိတယ်။ ဒါပေမယ့် မင်းခေါင်းက သတ္တုဂုက သိပ်မထူဘူး မှတ်လား)

“မောက်မာလိုက်တာ”

ဖန်ဝူအန်က ဒေါသတကြီး ပြောဆိုလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒါက ဆရာတစ်ယောက်ကို ပြောသင့်တဲ့စကားလား"

အင်ဘိုင်ဝူက ဖန်ဝူအန်ကို လျစ်လျူရှုထားသည်။ သူမကလှည့်ပြီး ရိုးရိုးရှင်းရှင်းပဲ ထွက်သွားသည်။ သူမ တောင်းပန်ပြီး အကြာကြီးနေစရာမလိုဘူး။ သူ့စိတ်ထဲတွင် ဖန်ဝူဂျီက အရမ်းကျော်ကြားနေသော မြတ်ဆရာတစ်ယောက်ဖြစ်လို့ တောင်းပန်ခဲ့ခြင်း မဟုတ်ပါ။ သူမက ရုပ်ဆိုးတယ်ဆိုပြီး ပြောခဲ့တာက မှားလို့ဖြစ်သည်။ တခြားသူတွေရဲ့ ဆရာကို ဘာကြောင့်ငါက ဂရုစိုက်ရမှာလဲ။

“မင်း....”

ဖန်ဝူအန်က လက်မြှောက်လိုက်ပြီး ဒီရိုင်းစိုင်းတဲ့ ကျောင်းသားကို မြတ်ဆရာ အရှိန်အဝါနဲ့အပြစ်ပေးမလို့ လုပ်လိုက်သည်။ ဖန်ဝူဂျီက သူ့ကို တားလိုက်သည်။

“မင်းရဲ့ ကိုယ်ပိုင်ဆရာက ဘယ်သူလဲဆိုတာ မေးလို့ရမလား”

ဖန်ဝူဂျီရဲ့ လေသံက မြန်လည်းမမြန်သလို နှေးလည်း မနှေးပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆွန်းမို၊ ဆရာဆွန်း၊ ဗဟိုပြည်နယ် အကယ်ဒမီက
"

အင်ဘိုင်ဝူက စကားလုံးတစ်လုံးဆီကို ရှင်းလင်းပြတ်သားစွာ ရွတ်ပြလိုက်သည်။

ဖန်ဝူဂျီသည် ဆွန်းမိုကို ကြည့်လိုက်ပြန်သည်။ ဒီဆရာနဲ့ပက်သက်ပြီး သိချင်စိတ်ကြောင့် တုန်လှုပ်လာသည်။ ဆွန်းမိုက အင်ဘိုင်ဝူရဲ့ အရည်အချင်းကို မြင်မိတဲ့အတွက် အရမ်းအထင်ကြီးမိသည်။ သို့သော်လည်း ဖန်ဝူဂျီရဲ့ မျက်လုံးထဲတွင် ဒီအရာကဘာမှ မဟုတ်သေးပါ။

ဒီခေါင်းမာတဲ့ မိန်းကလေးက ဆွန်းမိုလို့ ပြောလိုက်တဲ့အခါ သူမလေသံတွင် လေးစားမှုနဲ့ပြည့်နေပြီး အရမ်းကြည်ညိုနေတဲ့ ခံစားချက်ကြောင့် အံ့အောသွားမိသည်။

ဆိုလိုတာက သူမ နှလုံးသားထဲတွင် ဆွန်းမိုက အရမ်းမြင့်မားသော နေရာမှာ ရှိနေသည်။

“ဆွန်းမိုက ဘယ်သူလဲ၊ အရင်က သူ့အကြောင်း မကြားဖူးပါဘူး”

“ဗဟိုပြည်နယ် အကယ်ဒမီမှာ ဒီလို ဆရာရှိလို့လား”

“အစတုန်းကတော့ အန်ရှီဝေ ဒါမှမဟုတ် ဂျိမ်ဂျဲ လို့ ပြောမယ်ထင်တားတာ”

မရီဒန်အကယ်ဒမီက ဆရာများလည်း အံ့အောသွားသည်။ ပြိုင်ဘက်စခန်းမှာ အသန်မာဆုံးဆရာက ဘယ်သူလဲဆိုတာ သူတို့သိကြသည်။ နောက်ဆုံးတော့ လူစိမ်းတစ်ယောက်ရဲ့ နာမည်ကိုကြားပြီး လူတိုင်း အံ့အောမှင်တက်သွားသည်။

သို့သော်လည်း သိပ်မကြာခင် ဆွန်းမိုကို သိသွားကြသည်။ ဗဟိုပြည်နယ်က

ဆရာတွေအားလုံးသည် လူငယ်လေးတစ်ယောက်ကို ဝိုင်းကြည့်နေကြသည်။

"ဟာ၊ သူက တကယ်ချောတာပဲ"

"ဆရာဆွန်း၊ ဒီကျောင်းသားက မင်းကို တကယ် မျက်နှာရအောင် ကူညီပေးခဲ့တာပဲ"

ကျုံ့ရှန်ရီက လက်မထောင်ပြလိုက်သည်။ ကျန်ကွမ်လင်ရဲ့ အမူအရာကို သူ့မျက်လုံးထောင့်ကနေ မြင်လိုက်တော့ နှလုံးခုန်နှုန်း ရုတ်တရက် မြန်လာပြီး သူ့ကိုယ်သူ အပြစ်တင်လိုက်သည်။ ကျန်ကွမ်လင်ရဲ့မျက်နှာက

အခုဆိုရင် ဒယ်အိုးဖင်လို မည်းနက်နေတာ သူသတိထားလိုက်မိသည်။

"အားယားယား။ ငါတော့ အကျပ်ခံရတော့မယ်။ ဆွန်းမိုနဲ့ ဆက်ဆံရေး ပိုကောင်းချင်တာနဲ့ ကျန်ကွမ်လင်ကို မေ့သွားတယ်"

ကျန်ကွမ်လင်က ကျုံရှန်ရီရဲ့အတွေးကို ဘယ်လို သတိထားမိမှာလဲ။ အခုအချိန်တွင် သူ့စိတ်ထဲမှာ မနာလိုမှုနဲ့ ပြည့်နေသည်။ ဆွန်းမိုကို သေအောင် လုပ်ချင်တာကလွဲရင် ဘာမှမသိချင်ဘူး။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(လူတိုင်းက မြတ်ဆရာတွေပါ။ မင်းမှာ ဘယ်လိုအရည်အချင်း ပိုင်ဆိုင်ထားလို့ ဒီလောက်ထူးချွန်နေတာလဲ။ ခဏစောင့်နေလိုက်၊ မင်းက မြတ်ဆရာတစ်ယောက် မဖြစ်သေးဘူး မှတ်လား)

"ယုတ်မာတဲ့ ခွေး"

ကျန်ကွမ်လင်သည် စိတ်ထဲတွင် အရှုံးအမှုး ကျိန်ဆဲနေသည်။ အမှောင်တိုက်ကြီး ခရီးစဉ်အတွက် ရွေးချယ်ခံရသော ကျောင်းသား ငါးဆယ်သည်

အရည်အချင်းအကောင်းဆုံး ကျောင်းသားများ ဖြစ်ကြသည်။

အတိတ်က အတွေ့အကြုံများအရ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်များသာ မဖြစ်ခဲ့ရင် ဒီကျောင်းသားငါးဆယ်သည် ဒီနှစ်ကျောင်းသားများ အားလုံးထဲက အသန်မာဆုံး ပျိုးပင်များ ဖြစ်နိုင်သည်။ သူတို့၏ ကိုယ်ပိုင်ဆရာများ မဟုတ်သည့်တိုင် သူ့ရဲ့လမ်းညွှန်မှုကို ကျေးဇူးတင်ကြောင်းခံစားမိရင် ဒီဆက်ဆံရေးက သူကျောင်းအုပ်ကြီး ဖြစ်ချင်တဲ့

ရည်မှန်းချက်အတွက် ကြီးမားသော အထောက်အကူ ဖြစ်နိုင်သည်။

သို့သော်လည်း ဆွန်းမိုက တကယ် ထူးချွန်နေသည်။ သူက မြတ်ဆရာအရှိန်အဝါ ဖွင့်ပြီး တခါတည်း လေးစားအထင်ကြီးမှုများကို ယူသွားသည်။

"အရှက်မရှိလိုက်တာ"

အခုတော့ ကျောင်းသားများရဲ့ အရမ်းလေးစားနေတဲ့ ပုံစံကိုကြည့်ပြီး ကျန်ကွမ်လင် ဒေါသအရမ်းထွက်ပြီး အသည်းတွေ နာနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဆွန်းမို၊ မင်းကို မင်းမိဘတွေ နာမည် မှားပေးထားတာလား။ တောခွေးနက်ကြီးဆွန်း ဆိုတဲ့ နာမည်က မင်းနဲ့ ပိုလိုက်ဖက်တယ်)

ဒင် ဒင် ဒင်

မနက် ကိုးနာရီ ရောက်တဲ့အခါ လေးလံသော ခေါင်းလောင်းသံကြီးက ရင်ပြင်တစ်ခုလုံးကို ဖြန့်ကျက်ပြီး ကျယ်လောင်စွာ ထွက်လာသည်။ ဒီနေရာတွင် စောင့်ဆိုင်းနေသော ကျင့်ကြံသူများသည် ခန်းမကြီးဆီကို ချက်ခြင်းပဲ ပြောင်းရွှေ့သွားကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီခေါင်းလောင်းသံက ပို့ဆောင်ရေးဂိတ် အသက်ဝင်လာမှုကို ကိုယ်စားပြုသည်။

“သွား”

တန်ပူက မတ်တပ်ရပ်ပြီး အော်လိုက်သည်။

ဒီဂိတ်တံခါး တစ်ခါဖွင့်သည့်အခါတိုင်း ဝိညာဉ်ချီအများအပြားကို အသုံးပြုရသည်။ ဒါကြောင့် ငါးရက်လျှင် တစ်ကြိမ်သာ အသက်သွင်းနိုင်သည်။ တကယ်လို့ တစ်ယောက်ယောက် ကျန်နေခဲ့ပါက နောက်တစ်ကြိမ်ဖွင့်ရန် ငါးရက်စောင့်နေရမည်။

ဖန်ဝူဂျီသည် ထွက်သွားသည့်အချိန်တွင် ဆွန်းမိုကို ထူးဆန်းတဲ့ အကြည့်နဲ့ကြည့် ခဲ့သည်။ (ဟွန့်၊ အမှောင်တိုက်ကြီးကို ဝင်ပြီးတဲ့ အခါကျရင် မင်းစွမ်းရည်အတိအကျက ဘယ်လိုလဲဆိုတာ စောင့်ကြည့်ရမယ်)

"ဘာလို့ ပိုင်ရန်လီက မလာသေးတာလဲ"

လီဇီချီက အိတ်ဆောင်နာရီကို ထုတ်ကြည့်လိုက်သည်။ (ဒီလောက်အချိန် မလေးစားဘဲနဲ့ ဒီလူ ဘယ်လိုလုပ်ပြီး မြတ်ဆရာ ဖြစ်လာတာလဲ)

“အရင်ဆုံး ခန်းမကြီးထဲသွားပြီး စောင့်နေရအောင်”

ဂျိမ်ဂျဲက ညွှန်ကြားလိုက်သည်။

မရီဒန်အကယ်ဒမီက ဒီခရီးစဉ်တွင် သူတို့အတွက် တစ်ခုခုလုပ်ဖို့ ဖြစ်နိုင်ခြေက ၈၀ကနေ ၉၀ ရာခိုင်နှုန်းလောက် သေချာတယ်တယ်လို့ အန်ရှီဝေ ကြားထားသည်။ ဖန်ဝူဂျီ၏ ပုံစံကလည်း ဒီအချက်ကို အတည်ပြုနေသည်။

အန်ရှီဝေက ရန်သူများကို ခြိမ်းခြောက်ရန် ပိုင်ရန်လီ၏ တိုက်ခိုက်ရေး ခွန်အားကို အားကိုးပြီး

အဖွဲ့ရဲ့ဒုတိယ ခေါင်းဆောင် အဖြစ်ခန့်ထားခဲ့သည်။ ဒါပေမယ့် ပိုင်ရန်လီက ရောက်တောင် မလာခဲ့ပါ။ ဂျိမဲဂျဲကတော့ စိတ်ထဲမထားပါ။

"ဆရာဂျိ နောက်ကျသွားလို့ တောင်းပန်ပါတယ်"

ပိုင်ရန်လီ လက်ထဲတွင် တန်ခါးတစ်ချောင်းရှိပြီး ခါးအိမ်ကို နောက်ကျောပေါ်တွင် လွယ်ထားသည်။ လက်တစ်ဖက်က စုတ်လုံးကို ကိုင်ထားပြီး ပျော်ပျော်ကြီး စားနေသည်။

"ဒီဆရာက ဘာလို့ အားကိုးလို့ မရတာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက ပါးစပ်ကို လက်နဲ့အုပ်ပြီး အင်ဘိုင်ဝူကို တိုးတိုးလေး ပြောလိုက်သည်။

သံမဏိခေါင်း မိန်းကလေးသည် သဘော်သီး ကောင်မလေးကို တစ်ချက်ကြည့်လိုက်သည်။ (နေဦး ငါ့ကို အရှက်ကွဲအောင် လုပ်ချင်သေးတာလား။ အဲဒါကို စဉ်းတောင် မစားနဲ့)

“သူကြည့်ရတာ တော်တော် အစွမ်းထက်မယ့် ပုံပဲ”

ရှန်ယွန်ပေါင်က နှုတ်ခမ်းသပ်ရင်း ပြောလိုက်သည်။ သူက ဆရာကို တိုက်ခိုက်နေသလို ခံစားရသည်။

"သွားကြစို့"

ဂျီမဲဂျဲသည် ပိုင်ရန်လီ နောက်ကျလို့ မကျေနပ်သော်လည်း သူက ကြယ်နှစ်ပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်နေသေးသည်။ ကျောင်းသားတွေနဲ့ ဆရာတွေရှေ့မှာ ဆူပူကြိမ်းမောင်းဖို့ မဖြစ်နိုင်ပါ။ မကျေနပ်မှုနဲ့ ပက်သက်ပြီး သည်းခံဖို့သာ အားမွေးထားရမည်။

"ငါတို့သွားရအောင်၊ အမှောင်တိုက်ကြီးက အရမ်းအန္တရာယ်များတယ်ဆိုတာ မင်းကိုပြောရအုံးမယ်။ မင်းသတိမထားမိရင်

မင်းအရေးပြားတွေရှုပြီး မြက်ရိုင်းတွေကြောင့်တောင် သေနိုင်တယ်”

ပိုင်ရန်လီသည် ယောကျာ်းလေး ကျောင်းသားတစ်ယောက်ဆီ လျှောက်သွားရင်း ပုခုံးကို ပုတ်ကာ ပြောလိုက်သည်။

“စားမလား”

စကားပြောနေရင်း သူ့စုတ်လုံးကို ကျောင်းသား ပါးစပ်နား တိုးပေးလိုက်သည်။

“အမ်”

ကျောင်းသားရဲ့ ခန္ဓာကိုယ်က တောင့်တင်းလာပြီး ချွေးတွေ ထွက်လာသည်။ (ဘယ်လို ပြန်ဖြေရမလဲ ဒါကို မစားချင်ဘူး။ မစားလိုက်ရင်လည်း ဆရာပိုင်ရန်လီကို မျက်နှာသာ မပေးလိုက်သလို ဖြစ်သွားအုံးမယ်)

“အင်း၊ မင်းမစားချင်ရင် ပထမရက် အနည်းငယ်အတွင်းမှာ မင်းစားချင်ရင်တောင် မစားရ ဖြစ်သွားအုံးမယ်”

ပိုင်ရန်လီက လျှောင်ပြောင်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုင်ရန်လီ နောက်ကျသောကြောင့် ကျောင်းသားတွေက မကျေမနပ် ဖြစ်နေကြသည်။ ဒါပေမယ့် အခုတော့ သူ မာနမကြီးတာကို မြင်လိုက်လျှင် ပိုပြီး စိတ်လက်ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။

ကျောင်းသားများသည် မျက်နှာတည်သော ဆရာများကို ကြောက်ကြသည်။

“ဆရာပိုင်၊ မင်းရဲ့ ဓါးတွေက အရမ်းလှတယ်”

ကျောင်းသားလေးတစ်ယောက်က ချီးကျူးလိုက်သည်။

အမှန်တော့ ပိုင်ရန်လီ အသုံးပြုတဲ့ တန်ခါးသည် အစွန်းဖြောင့်တန်းပြီး လက်နှစ်ချောင်း ကျယ်သည်။ ဓါးလက်ကိုင်ကို မမြင်ရသော်လည်း ရွှေဖြင့်ပြုလုပ်ထားပြီး တိမ်ပုံစံ လိုက်လျောညီထွေ ဖြစ်နေတာကို မြင်နေရသည်။

ဓါးက ကြည့်လိုက်လျှင် ထည်ဝါပြီး လှပနေသည်။

“ဟားဟား”

ပိုင်ရန်လီက ပြုံးလိုက်သည်။ ရုတ်တရက် ခေါင်းလှည့်ပြီး ရှန်ယွန်ပေါင်ကို ကြည့်လိုက်သည်။

"ဟော့၊ လှံလွယ်ထားတဲ့ အရပ်ရှည်ရှည်နဲ့ကောင် 'ငါတိုက်ချင်တယ်' လို့ ပြောနေတဲ့ မင်းရဲ့ အကြည့်တွေကို ရပ်လိုက်တော့။ ငါ့ကိုယ်ငါ မထိန်းချုပ်နိုင်ဘဲ မင်းကို သတ်လိုက်မိမှာ ငါကြောက်တယ်"

သူ့ လေသံက ရယ်မောနေသော်လည်း ပိုင်ရန်လီက သတ်ပစ်မယ့် ရည်ရွယ်ချက်ကို ချက်ခြင်း ထုတ်လွှတ်လိုက်သည်။ ဒီနေရာတွင် ကြည့်နေသော ကျောင်းသားများသည် စိတ်လှုပ်ရှားမှုများ ရုတ်တရက် အေးခဲသွားပြီး ကြွက်သားများ တောင့်တင်းလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီခံစားချက်က လည်ပင်းကို ဓါးနဲ့ ထောက်ထားသလိုပါပဲ။

အထူးသဖြင့် ဓါးကလှတယ်လို့ ချီးကျူးခဲ့တဲ့ ကျောင်းသားက အဆိုးဆုံးဖြစ်သည်။ အရမ်းကြောက်ပြီး ဘောင်းဘီတောင် စိုလုနီးပါး ဖြစ်သွားသည်။ စောစောတုန်းက ပြောခဲ့မိတာနဲ့ ပက်သက်ပြီး နောင်တရနေသည်။

"ငါ့နာမည်က ရှန်ယွန်ပေါင်၊ အရပ်ရှည်ရှည်နဲ့ ကောင် မဟုတ်ဘူး"

ရှန်ယွန်ပေါင်ကလည်း ပြန်စိုက်ကြည့်နေသည်။ သူက သူ့လုံကို ပွတ်သပ်လိုက်ပြီး

"ငါ့လှံမှာ ငွေကော်ဆိုတဲ့ နာမည်ရှိတယ်။ ငွေလှံက မင်း တန်ခါးကို တိုက်ကြည့်ချင်နေတယ်"

" ငွေကော်ဆိုတာ ဘာကြီးလဲ"

ကျောင်းသားတွေ မပြောနဲ့ ဆရာတွေတောင် ကြောင်သွားသည်။ လုပ်ဖော်ကိုင်ဖက်အနေနဲ့ ပိုင်ရန်လီရဲ့ ပင်ကိုယ် စရိုက်ကို သိနေသည်။

ဒီလူက အရမ်းကိုဒေါသကြီးပြီး စိတ်ကောင်းဝင်နေတဲ့ အချိန်မှာ သူငယ်ချင်းလို

အောက်ကဆက်ဆံပြီး ဟာသတွေ လုပ်ပြနေလိမ့်မယ်။ ဒါပေမယ့် ဒေါသထွက်လာပြီဆိုရင် သူ့ရဲ့ သူငယ်ချင်းကောင်းကိုတောင် ဓါးနဲ့ခုတ်ဖူးသည်။

ဒါကလည်း ဝိညာဉ်ဖြို့ခွဲခြင်း ဓါးကျင့်စဉ် ကြောင့်လို့လည်း ပြောကြသည်။ ဒီဝိညာဉ် ထိခိုက်ဒဏ်ရာ ရခဲ့သည်။ ရိုးရိုးလေးပြောရရင် စိတ် သိပ်မမှန်ပါ။

တခါတလေ တစ်ယောက်ယောက်ကို ခုတ်မိပြီး နောင်တ ရနေတတ်သည်။ ဒါပေမယ့်လည်း သူ့ကိုယ်သူ မထိန်းချုပ်နိုင်ပါ။

"သူ့ကို ခုတ်လိုက်စမ်းပါ" ကျန်ကွမ်လင်က စိတ်လှုပ်ရှားစွာ ဆွန်းမိုကို စိုက်ကြည့်နေသည်။

စာစဉ်(၁၄)

အခန်း(၂၀၈) - ပစ်မှတ်အသေးသတ်မှတ်ခြင်း၊ ဝိညာဉ်ကျောက်တုံး တစ်ရာ ရအောင် ရှာကြစို့။

“ငွေကော်လား၊ ဟားဟား”

ထန်ထန်ယုထန်တစ်ယောက်ကတော့ မထိန်းနိုင်ဘဲ တဟားဟားနဲ့ အကျယ်ကြီးအော်ရယ်နေသည်။

ကျောင်းသားတွေအားလုံး လှည့်ကြည့်လိုက်ကြသည်။ (ဒီအချိန်မှာ မင်းက ရယ်နိုင်သေးတာလား။ ကောင်းပြီလေ၊ ငါတို့လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရယ်ချင်ပေမယ့် ဒီလူသတ်မယ့် အငွေ့အသက်ကြီးက အေးစက်လွန်းတယ်။ ငါတို့ရဲ့ မျက်နှာအမူအရာတွေတောင် အေးစက်သွားတယ်။)

“အို၊ ဘုရားရေ”

လီဇီချီ မျက်နှာညှိုးသွားသည်။ ဒီတိုက်ခိုက်ရေး စွဲလမ်းသူကြီးကတော့ ဦးနှောက်မှာ တကယ်ကို ကြွက်သားနဲ့ပဲ ပြည့်နေသည်။ အမှောင်တိုက်ကြီးဆီ မသွားရသေးခင် ဆရာ့ကို ဒုက္ခပေးနေပြီ။

“ဆရာ ပိုင်”

ဂျိမ်ဂျဲက လှမ်းအော်လိုက်သည်။ အဖွဲ့ခေါင်းဆောင် တစ်ယောက်အနေနဲ့ အဖွဲ့ဝင်အချင်းချင်းရဲ့ ဆက်ဆံရေးကို ကောင်းမွန်အောင် လုပ်ရခြင်းသည် သူ့မ တာဝန်များထဲက တစ်ခု ဖြစ်သည်။

"ငါက ကို့ကိုယ်ကို နှိမ့်ချပြီး ကျောင်းသားနဲ့ မငြင်းခုန်ဘူး"

ပိုင်ရန်လီက ဟက်ဟက်ပက်ပက် ရယ်သံနဲ့

"ဒီကောင်လေးရဲ့ ပင်ကိုယ်စရိုက်ကို တကယ် သဘောကျတယ်။ သူက ရဲရင့်ပြီး ရက်စက်နိုင်တယ်။

နောက်ကျရင် ငါ့လို အထင်ကြီးစရာ ကောင်းလာမှာ သေချာတယ်။”

“မဟုတ်ဘူး၊ ငါက ပိုပြီး အထင်ကြီးဖို့ ကောင်းမှာ”

ရှန်ယွန်ပေါင်က မျက်နှာသေကြီးနဲ့ ပြောလိုက်သည်။

“ဟားဟား၊ ငါစောင့်ကြည့်နေမယ်”

ပိုင်ရန်လီက လူတိုင်းကို တိုက်တွန်းရင်း “မြန်မြန်သွားကြ၊ အမှာင်တိုက်ကြီးက ချင်လင်မြို့ထက် ပိုစိတ်ဝင်စားဖို့ ကောင်းတယ်”

“အရှုးကောင်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ကွမ်လင် အရမ်းစိတ်ပျက်သွားသည်။ ဘာဖြစ်လို့ ရန်ပွဲ မဖြစ်တာလဲ။ သို့သော်လည်း သူစိတ်ပူနေဖို့ မလိုအပ်တာကို သိနေသည်။ ဒီခရီးစဉ်က အနည်းဆုံး လဝက်လောက် ကြာမည်။ အင်ဘိုင်ဝူနှင့် ရှန်ယွန်ပေါင်တို့၏ ပင်ကိုယ်စရိုက်အရဆိုရင် သူတို့ အနေးနဲ့ အမြန် ပြဿနာ တက်လိမ့်မည်။

ရင်ပြင်ရှိ ခန်းမကြီးထဲသို့ ဝင်ပြီးရင် တဖက်ခန်းထဲကို ဝင်ရမည် ဖြစ်သည်။

ကျောက်တုံးတွေ၊ အမျိုးအမည် မသိတဲ့ ပစ္စည်းတွေနဲ့ ပြုလုပ်ထားတဲ့ ရောမ တံခါးကြီး တစ်ခုရှိသည်။

ဂိတ်တံခါးကြီးကို လျှို့ဝှက်ဆန်းကြယ်သော ဝိညာဉ်တကော်တူးတွေက ဖုံးလွှမ်းနေသည်။ အခုအချိန်မှာ အလင်းရောင် ထွက်လာပြီး တဖြည်းဖြည်း ပိုတောက်ပလာသည်။ တံခါးပေါက်၏ အလည်တွင် နယ်ဗျူလာ (နဂါးငွေ့တန်းလို ဓါတ်ငွေ့အစုအဝေး) လိုမျိုး ဝဲကတော့ တစ်ခု လည်ပတ်သည်။

"တန်းစီကြပါ၊ တွန်းခြင်း၊ နေရာလုခြင်း မလုပ်ကြပါနဲ့။ ဒီလိုမှမဟုတ်ရင် အမှောင်တိုက်ကြီး သွားခွင့်ကို ရုတ်သိမ်းပစ်မယ်"

သူတော်စင်ဂိတ်၏ ယူနီဖောင်းကို ဝတ်ဆင်းထားသော စီမံခန့်ခွဲသူက ယုံကြည်ချက်ရှိရှိ ပြောလိုက်သည်။

ပို့ဆောင်ရေးဂိတ်ကို ပထမဆုံးအကြိမ် တွေ့လိုက်သော ကျောင်းသားတိုင်းသည် အနည်းငယ် ထိတ်လန့်သွားတတ်ကြသည်။ သို့သော်လည်း သူတို့ ဘာမှ မပြောကြပါ။ သူတို့က ဂိတ်တံခါးကို

စိုက်ကြည့်ရင်း အထဲက ကမ္ဘာကြီးသည် ဘယ်လို ပုံစံဖြစ်နေမလဲ သိချင်နေကြသည်။

ဒန် ဒန် ဒန်

ပို့ဆောင်ရေး ဂိတ်တံခါး တုန်ခါလာပြီး ဝိညာဉ်တက်တူးများ၏ အလင်းရောင်သည် အတောက်ပဆုံး အမှတ်ကို ရောက်ရှိသွားသည်။

"သွားတော့"

စီမံခန့်ခွဲသူ ပြောလိုက်ပြီးနောက် စိတ်လောစွာ တန်းစီနေကျတဲ့ ကျောင်းသားများသည် တစ်ယောက်ပြီး တစ်ယောက် ဝင်သွားကြသည်။

ကျောင်းသားတန်း အရှည်ကြီးသည် နက်ဗျူလာထဲကို စနစ်တကျ တန်းစီပြီး ဝင်သွားကြသည်။ ထို့နောက် သူတို့သည် ဖျတ်ကနဲ တစ်ချက်လင်းပြီး ပျောက်ကွယ်သွားကြသည်။

“ဆရာ”

လုချီဟွာသည် အနည်းငယ် စိုးရိမ်ပြီး ဆွန်းမို အင်္ကျီလက်စကို အလိုလို ဆွဲလိုက်မိသည်။

လီဇီချီလည်း စိုးရိမ်ပြီး တုန်လှုပ်နေသည်။ ခန္တာကိုယ်က အနည်းငယ် တုန်နေသည်။

သူမပခုံးကို တစ်ယောက်ယောက်က ညင်ညင်သာသာ ဖိလိုက်တာ ခံစားလိုက်မိသည်။

လီဇီချီ လှည့်ကြည့်လိုက်လျှင် အားပေးသည့် အပြုံးနဲ့ ပြုံးပြနေသော ဆွန်းမိုကို တွေ့လိုက်ရသည်။ သူ့မျက်နှာပေါ်က တည်ငြိမ်မှုသည် လီဇီချီ စိတ်ထဲက ဖိအားကို လျော့ကျသွားစေသည်။

"အမှန်ပဲ ဆရာက အနောက်မှာ ရှိနေတယ်။ ငါက ဘာလို့ ကြောက်ရမှာလဲ"

လီဇီချီက တောက်ပစွာပြုံးပြီး ပို့ဆောင်ရေး ဂိတ်တံခါးကို ဖြတ်လျှောက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုရဲ့ မူလခန္ဓာကိုယ်ပိုင်ရှင်က အမှောင်တိုက်ကြီးကို ရောက်ခဲ့ဖူးသည်။ သူ့မှာရှိနေသော မှတ်ဉာဏ်များက အဆိုးမြင်စိတ်များသာ ဖြစ်နေသည်။ သူက ကြောက်ရွံ့မှု၊ ဖိနှိပ်မှုနှင့် လက်မခံနိုင်သော ရှုံးနိမ့်မှုကိုသာ ခံစားခဲ့ရသည်။

ပြိုင်ဆိုင်ခြင်းနှင့် ပဋိပက္ခတို့သည် လူ့အဖွဲ့အစည်းတိုင်းတွင် ရှိနေသော အရာများဖြစ်သည်။

လူတစ်ယောက် ထူးချွန်ရင် ထူးချွန် ဒါမှမဟုတ် သူတို့မိဘက ထူးချွန်ရင် ငွေပိုရှာနိုင်ပြီး ဇိမ်ခံ အိမ်တစ်လုံး ဝယ်နိုင်မည်။ သူတို့သည် ဆယ်ရက်ကနေ လဝက်တိုင်း ရည်စားတစ်ယောက်ပြီး တစ်ယောက် ပြောင်းထားကာ လူ့အဖွဲ့အစည်းရဲ့ အရင်းအမြစ်နဲ့ အကျိုးအမြတ်များကို ခံစားနိုင်သည်။

ကျောင်းတက်နေရင်တောင် ပြိုင်ဆိုင်မှု ရှိနေမည်။ ရလဒ်ပိုကောင်းသော ကျောင်းသားများသည် ပိုကောင်းတဲ့ အထက်တန်းကျောင်း ဒါမှမဟုတ် တက္ကသိုလ်ကို တက်ရောက်နိုင်ဖို့ အခွင့်အရေး

ပိုများသည်။ ပိုကောင်းသော ကျောင်းက လူများသည် ဘွဲ့ရပြီးပါက ပိုကောင်းသော ကုမ္ပဏီများနဲ့ လက်တွဲနိုင်မည်။

သို့သော်လည်း ပြိုင်ဆိုင်မှုသည် ရက်စက်ကြမ်းကြုတ်ရုံသာမက ရှုံးနိမ့်သွားရင်လည်း ဘဝအပေါ်ကို ကြီးကြီးမားမား ရိုက်ခတ်နိုင်သည်။ အများစုကတော့ သာမန်လူတစ်ယောက်ရဲ့ ဘဝကို အမြဲတမ်းနီးပါး ရွေးချယ်ပြီး တည်ငြိမ်သော ဘဝကိုသာ ရွေးချယ်တတ်ကြသည်။

သို့သော်လည်း အမှောက်တိုက်ကြီး တောတွင်း၌ ပဒေ ကတော့ တစ်ခုသာ ရှိသည်။ မင်း သန်မာရင် အရာအားလုံး ရနိုင်တယ်။ မင်းအားနည်းရင်တော့ ပိုင်ဆိုင်သမျှ အရာအားလုံး ဆုံးရှုံး သွားနိုင်သည်။ ဒီနေရာက အားကြီးသူအတွက် ကောင်းကင်ဘုံဖြစ်ပြီး အားနည်းသူအတွက် ငရဲတစ်ခုသာ ဖြစ်သည်။

အမှန်တိုင်းပြောရလျှင် မူလ ဆွန်းမိုသည် အရမ်းမထူးချွန်ခဲ့ပါ။ ဒါကြောင့် သန်မာတဲ့သူ အချင်းချင်း ပြိုင်ဆိုင်ကြသည့် အခြေအနေတွင်

အရမ်းပင်းနွမ်းနယ်နေပြီး ရွှံ့အိုင်ထဲမှ လွတ်မြောက်အောင် ရုန်းထွက်နေရသလို ဖြစ်နေသည်။

သူ၏ မူရင်းခန္ဓာကိုယ်ပိုင်ရှင်သည် သူ့ကိုယ်သူ ဒေါသထွက်ပြီး အမှောင်တိုက်ကြီး ရောက်လာတဲ့ အချိန်တွင်လည်း ကြီးမားသော အခွင့်အလမ်းအနည်းငယ်ကို တွေ့ခဲ့ရသည်။ ဒါပေမယ့် သူ့ရဲ့ ခွန်အားနှင့် ကံတရားကြောင့် ဘာမှ မရခဲ့ပါ။ ဒါကြောင့်လည်း သူ့နှလုံးသား အောက်ခြေအထိ အမှောင်တိုက်ကြီးကို မုန်းတီးသွားခဲ့သည်။

"အားနည်းသူရဲ့ စိတ်ဓါတ်ပဲ"

သူ့နှလုံးသားထဲက စိတ်ခံစားချက်ကို ခံစားလိုက်ရတော့ ဆွန်းမို နှုတ်ခမ်းကို မဲ့လိုက်မိသည်။ ထို့နောက် ဂိတ်တံခါးကို ဖြတ်လျှောက် သွားသည်။

စိုစွတ်သော ထိတွေ့မှုက ခန္ဓာကိုယ်ကို ရုတ်တရက် ဖုံးလွှမ်းသွားသည်။ ရေထဲ ခုန်ချလိုက်သလို ခံစားရသည်။ ခြေတွေလက်တွေ ထိန်းထားရသည်။ ဒါပေမယ့် နှစ်စက္ကန့်၊ သုံးစက္ကန့်လောက်ကြာတော့ ဒီခံစားမှုက ပျောက်သွားပြီး အဲဒီအစား ဖိအားတစ်ခု အစားထိုးလာသည်။

နှလုံးခုန်နှုန်းတွေ မြန်ပြီး သွေးလည်ပတ်မှုတွေ မြန်လာသည်။ ဒီနေရာက ဝိညာဉ်ချီ အင်အား ပိုကြွမ်းတမ်းလာပြီး ဖိအားလည်း များလာသည်။ သူ့ရဲ့စိတ်က တဖြည်းဖြည်း တင်းမာလာပြီး အဆုံးထိ ဆွဲဆန့်ထားတဲ့ သားရေကွင်းလို ဖြစ်နေသည်။

ဆွန်းမိုသည် လူအုပ်ကြီးနောက်က လိုက်ပြီး ခန်းမကြီးထဲက ထွက်လာတယ် ဆိုရင်ပဲ နောက်ထပ် ရင်ပြင်တစ်ခုကို ရောက်သွားသည်။

"ဝိုး အရမ်းလှလိုက်တာ"

ကျောင်းသူ အမျိုးသမီးများအားလုံးနီးပါး အာမေဒိတ် အသံ ထွက်လာသည်။

ကောင်းကင်ကြီးတစ်ခုလုံးသည် ပြိုးပြိုးပျက်ပျက် အလင်းတန်းများနဲ့ ဖုံးလွှမ်းနေသည်။ သူတို့သည် လေထဲတွင် လွင့်မျောပြီး လှပမှုနဲ့ ထည်ဝါမှုကို ပြနေတဲ့ အာရုဏ်ဦးနဲ့ တူနေသည်။

“ဝိညာဉ်ချီရဲ့ သိပ်သည်းမှုက အမြင့်အမျိုးမျိုးပေါ်မူတည်ပြီး ကွဲပြားခြားနားတယ်။ သူတို့ ရွေ့လာတဲ့အခါကျရင် မတူညီတဲ့ ဝိညာဉ်ချီ သိပ်သည်းဆတွေက ရောနှော ပေါင်းစပ်ပြီး

အမျိုးမျိုးသော ဖြစ်စဉ် ဖြစ်ပေါ်လာတတ်တယ်။ ဒီမှာတော့ စိတ်ဝိညာဉ် ရင်ခုန်ခြင်းလို့ ခေါ်ကြတယ်”

ကူရှပ်ရှင်းက ရှင်းပြလိုက်သည်။

ဂျိမဲဂျဲက ခေါင်းလှည့်ပြီး သူမကို ငေးကြည့်လိုက်သည်။

ကျောင်းသားတချို့က ကောင်းကင်ပေါ်က မြင်ကွင်းကို တအံ့တဩ ကြည့်ရှုခံစားနေသည်။ ကျောင်းသားတချို့ကတော့ မျက်နှာတွေ သုန်မှုန်နေပြီး ခန္ဓာကိုယ် လှုပ်ရှားရတာ မအီမသာ ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှောင်တိုက်ကြီး ပထမ အဆင့်ရဲ့ အကြီးဆုံး သဘာဝ ဖြစ်စဉ်မှာ ဝိညာဉ်ချီ လှိုင်းလုံးတွေ ဖြစ်သည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် ဝိညာဉ်ချီ သိပ်သည်းဆက တည်ငြိမ်သည်။ နေရာတိုင်းအားလုံးက တူညီသည်။ သို့သော်လည်း အမှောင်တိုက်ကြီး ပထမအဆင့်ကတော့ ကွဲပြားသည်။ တချို့နေရာတွေမှာ ဝိညာဉ်ချီ သိပ်သည်းဆများပြီး တချို့ နေရာမှာ ဝိညာဉ်ချီက သိပ်သည်းဆက နည်းပါးသည်။

သိပ်သည်းဆတွေ ကွဲပြားတဲ့အခါ စီးကူးမှု (ဖိအားများရာမှ နည်းရာ စီးဆင်းသည်) ဖြစ်ပေါ်လာသည်။

စီးကူးမှုသည် နေရာတိုင်းတွင် ရှိနေသည်။ ကျင့်ကြံသူတစ်ယောက်က ဒီအရာတွေနဲ့ လိုက်လျောညီထွေအောင် မလုပ်နိုင်ရင် အမှောင်တိုက်ကြီးမှာ အသက်ရှင်ဖို့ မဖြစ်နိုင်ပါ။

“ မင်းတို့ထဲ တစ်ယောက်ယောက် အရမ်းအဆင်မပြေတဲ့ နေရာရှိရင် အတင်းကြီး အောက် ခံမနေနဲ့ ၊ ငါ့ကို ချက်ခြင်းပြော”

ဂျိမ်ဂျဲက အလေးအနက် သတိပေးလိုက်သည်။

ကူရှပ်ရှင်းက သူ့ရဲ့တိုက်ရိုက်တပြည့် ငါးယောက်ကို စစ်ဆေးပြီး အရမ်းမကျေမနပ် ဖြစ်သွားသည်။ သူတို့အားလုံး မသက်မသာ ဖြစ်နေကြသည်။ အထူးသဖြင့် ကျန်ရန်ဇောင်က အဆိုးဆုံး ဖြစ်သည်။ အန်တောင် အန်နေသည်။ သူမ ကျောင်းသားအားလုံးသည် မိနစ်ပိုင်းအတွင်း ဝိညာဉ်ချီ အပြောင်းအလဲ ခံစားမှု အရမ်း အကဲဆတ်လွန်းနေသည်။

သန်မာသူက အာရုံခံနိုင်စွမ်း ပိုကောင်းလေဖြစ်သည်။

ဆွန်းမိုကို သူမရဲ့ ပြိုင်ဘက်အဖြစ်သတ်မှတ်ထားသည်။ ဒါကြောင့် ကူရှုပ်ရှင်းသည်ဆွန်းမိုရဲ့ တပြည့်ခြောက်ယောက်ကိုလှမ်းအကဲခတ်လိုက်သည်။

အကျော်ကြားဆုံးက ရှန်ယွန်ပေါင်ဖြစ်သော်လည်းသူက ဘာတုန့်ပြန်မှုမှ မပြပါ။ ဘယ်လောက်အံ့အောဖို့ကောင်းလဲ။ သူ့ရဲ့ စိတ်အခြေအနေက

ဒီမသက်မသာဖြစ်တဲ့ ခံစားချက်ကို ခံနိုင်ရည် အားကောင်းလွန်းလို့ ဖြစ်နိုင်သည်။

နောက်တစ်ယောက်က ဖန်ဝူဂျီ စုဆောင်းဖို့ ကြိုးစားခဲ့တဲ့ သံမဏိခေါင်း မိန်းကလေး။ သူမကတော့ ကိုယ်ဝန်သည်တစ်ယောက်လို အော့အန်နေသည်။ အာမေဒိတ်အသံနဲ့အတူ အန်နေရင်း မြေပြင်ပေါ် လဲကျသွားသည်။

လီဇီချီက ပါးစပ်ကို လက်ကိုင်ပုဝါနဲ့ အုပ်ထားသည်။ မျက်နှာက အနည်းငယ် ဖြူဖျော့နေသည်။ ဒီအချိန်တွင် သဘော်သီး

မိန်းကလေးကတော့ ဘာမှမဖြစ်ဘဲ ကောင်းကင်ကို မော့ကြည့်နေသည်။

"ဟွန့်၊ ရင်သားကြီးတာက အထင်ကြီးစရာ မရှိပါဘူး"

ကူရှုပ်ရှင်း ရုတ်တရက် သူမက သာလွန်တယ်ဆိုတဲ့ ခံစားချက်ကို ရလိုက်သည်။ (ကြီးမားတဲ့ ရင်သားတစ်စုံရှိရုံနဲ့ မင်းလုပ်ချင်တာ လုပ်ပြီး ဘယ်သူမှ ဖျက်ဆီးလို့ မရတာ မဟုတ်ဘူး။ အနည်းဆုံးတော့ ကောင်းကင်ကြီးက မင်းကို အပိုအရည်အချင်းနဲ့ ပါရမီ မပေးခဲ့ဘူး မဟုတ်လား)

နဖူးပေါ်တွင် အမှိုက်ဆိုသော စာလုံးနဲ့လူငယ်ကလေးကလည်း အလားတူ ဘာမှ မဖြစ်ပါ။ ဒါကိုတော့ ကူရှပ်ရှင်း မျှော်လင့်ပြီးသား ဖြစ်သည်။ ပျက်ဆီးနေတဲ့ဝိညာဉ်တက်တူးတွေက ဝိညာဉ်ချီ အာရုံခံနိုင်စွမ်းကို ဖျက်ဆီးထားပြီး ဖြစ်သည်။ ပြတ်ပြတ်သားသား ပြောရလျှင် ဒီလူငယ်လေးမှာ အနာဂတ် မရှိတော့ပါ။

နောက်ဆုံး ရောဂါသည်က မူမမှန်ပါ။ သူက တုန့်ပြန်မှု အပြင်းဆုံးဖြစ်နေသည်။ ပါးစပ်ကို လက်နဲ့အုပ်ပြီး အဆက်မပြတ် ချောင်းဆိုးနေသည်။

နဖူးပေါ်တွင် အစိမ်းရောင် သွေးကြောတွေ ထောင်တက်နေပြီး မျက်နှာတစ်ခုလုံး နီရဲနေသည်။

သူ့ကိုကြည့်လိုက်တဲ့လူတိုင်း လိုက်အန်ချင်စိတ် ပေါက်လာသည်။

“ဆွန်းမိုရဲ့ ကျောင်းသားခြောက်ယောက်မှာ ဒီ သံမဏိခေါင်း မိန်းကလေးတစ်ယောက်ပဲ လေးစားဖို့ကောင်းတယ်”

သိပ်မကြာခင် လိုက်လာကြတဲ့ ဆရာများကလည်း အဲဒီအတိုင်း ကောက်ချက်ချလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှန်ယွန်ပေါင်ကတော့ အနာဂတ်တွင် စောင့်ကြည့်ရအုံးမည်။

ပို့ဆောင်ရေးဂိတ်က ထွက်လိုက်တာနဲ့ ပြိုင်ပွဲစတင်နေပြီ ဖြစ်ကြောင်း ကျောင်းသားတွေ မသိကြသေးပါ။ အရည်းအချင်းကောင်းတဲ့သူများက အနာဂတ်တွင် ပိုပြီး အာရုံစိုက်ခံရကာ အရင်းအမြစ်များ ပိုရကြမည်။

ကျောင်းက တကိုယ်ကောင်းဆန်ပြီး လူတိုင်းကို မမျှမတ ဆက်ဆံတာ မဟုတ်ပါ။ ဒါပေမယ့် ထည့်သွင်းစဉ်းစားရမည့် အချက်များ ရှိနေသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတစ်ယောက်ရဲ့သက်တမ်းကလည်း
အကန့်အသတ်နဲ့ ရှိနေသည်။

အရည်အချင်းကောင်းတဲ့ ကျင့်ကြံသူက ပို အသက်ရှည်နိုင်ပြီး ကျင့်ကြံခြင်း ကမ္ဘာအတွက် ပိုများများ ဖြန့်ဝေပေးနိုင်မည်။ တခြားနည်းနဲ့ ပြောရလျှင် တစ်ယောက်တည်း တည်ရှိတဲ့ ဖြန့်ဝေမှု ပုံစံဖြစ်သည်။

ဒါက သိပ္ပံပညာရှင် အဲဘက်စ် အိုင်းစတိုင်းနဲ့ မာရီ မာကျူရီတို့နဲ့ ဆင်တူသည်။ သူတို့ကို လူသားမျိုးနွယ်ရဲ့ ကြွယ်ဝမှုလို့ သတ်မှတ်လို့ရသည်။

ထုံးစံအတိုင်းဆို သူတို့ အသက်ရှည်လေ ပိုကောင်းလေ ဖြစ်သည်။

အမှန်တော့ ဒီကိစ္စနဲ့ ပက်သက်ပြီး မြတ်ဆရာလောကတွင် ကျောင်းသားအားလုံးကို ညီတူညီမျှ ဆက်ဆံသင့်လား၊ ကျောင်းသားတွေကို သူတို့ အရည်အချင်းနဲ့ ယှဉ်ပြီး ဦးစားပေးသင့်လား ဒီလိုမှမဟုတ် ထိပ်တန်းပါရမီရှင်တွေရဲ့ ပညာရေးကို ဦးစားပေးသင့်လားဆိုပြီး အချေအတင် အငြင်းအခုန် ဖြစ်နေကြသည်။

"ဒီနေရာက လူတစ်သိန်းလောက် နေထိုင်နိုင်တဲ့ အဓိကမြို့ဖြစ်တဲ့ ဝိညာဉ်တောင်ပံမြို့ပဲ။ အမှောင်တိုက်ကြီးကနေ တူးဖော်ရရှိထားတဲ့ လျှို့ဝှက်ဆန်းကြယ် ဆေးဖက်ဝင်အပင်များနဲ့ မျိုးစိတ်တွေကို ဒီနေရာမှာ လွဲပြောင်း ရယူနိုင်တယ်။ တချိန်တည်းမှာပဲ ကျင့်ကြံသူတွေ အနားယူပြီး ပြန်လည် အားဖြည့်တဲ့ နေရာလည်း ဖြစ်တယ်"

ဂျိမဲဂျဲက လူတိုင်းကို ရှင်းပြလိုက်သည်။

" သူတော်စင်ဂိတ်ရဲ့ စစ်တပ်တွေက ဝိညာဉ်တောင်ပံမြို့ကို ကာကွယ်ပေးထားတယ်။ သူတို့

ခံစစ်အားက အရမ်းကောင်းတယ်။ ဒါကြောင့် မြို့ထဲမှာ တိုက်ခိုက်ခံရမယ့် ကိစ္စကို ကြောက်နေစရာမလိုဘူး။ နောက်တစ်ခုက မင်းတို့တစ်ယောက်နဲ့ တစ်ယောက် ဆိုးဆိုးဝါးဝါး တိုက်ခိုက်ဖြစ်ပြီး ဦးနှောက်ပေါက်ကွဲခဲ့ရင်တောင် မင်းတို့ မြို့ထဲရောက်တာနဲ့ အားလုံး ရပ်စဲ ပစ်ရမယ်။ တကယ်လို့ တစ်ယောက်ယောက်က မြို့ထဲမှာ စပြီး လူသတ်လိုက်ရင် သူတော်စင်ဂိတ်က နှင်ထုတ်လိမ့်မယ်။ ပြစ်မှုအရမ်းကြီးရင်တော့ သေဒဏ် ပေးလိမ့်မယ်”

ကျောင်းသားတွေက အဝေးကို လှမ်းကြည့်နေကြသည်။ လမ်းပေါ်မှာ အသွားအလာ အများကြီးရှိနေသော်လည်း အများစုက အပြုံးအရယ် မရှိကြပါ။ လူတိုင်းက အရှိန်ပြင်းပြင်းနဲ့ ခရီးသွားနေပုံရသည်။ မိန်းကလေး အများစုတောင် ဆံပင်တွေ ရှုပ်ပွပြီး မျက်နှာတွေ ညစ်ပတ်နေကြသည်။

ဒီကို ရောက်လာတဲ့ လူတိုင်းက သူတို့စွမ်းအားကို မြှင့်တင်ချင်လို့ ချမ်းသာချင်လို့ ဖြစ်သည်။ ဈေးဝယ်ထွက်မလား ၊ အပြင်ထွက်လည်မလား။ ဒီနေရာမှာ ဒါတွေ မရှိပါ။

"ကောင်းပြီ ငါတို့က နောက်ထပ် ခြောက်နာရီ ဝိညာဉ်တောင်ပံမြို့ထဲမှာ နေမယ်။ လူတိုင်း အခု တိတ်တိတ်ဆိတ်ဆိတ်နဲ့ တရားထိုင်နေသင့်တယ်။

ဂျိမဲဂျဲက စကားပြောပြီးနောက် ဦးဆောင်ပြီး ထိုင်လိုက်သည်။

ကျောင်းသားများ အမှောင်တိုက်ကြီးကို ရောက်လာပြီးနောက် ဝိညာဉ်ချီဖိအား အပြောင်းအလဲကို အသားကျအောင် အချိန်တစ်ခုပေးဖို့ လိုအပ်သည်။ ဒဏ်ပြန်မှုဖြစ်ပေါ်လာပါက ချက်ခြင်း အရေးပေါ်

ကုသပေးဖို့ လိုအပ်သည်။ ဒီလိုမှမဟုတ်ဘဲ အဓိက မြို့က ထွက်သွားလိုက်တာနဲ့ ဘယ်လိုကုသမှုမျိုးမှ လုပ်လို့ မရတော့ပါ။

ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်ရဲ့စကားက အရမ်း အရာရောက်သည်။ ကျောင်းသားတွေ ချက်ခြင်း ထိုင်ချလိုက်သည်။ သူတို့ကအခုမှ ရောက်လာသောကြောင့် အရာအားလုံးက အသစ်အဆန်း ဖြစ်နေသည်။ ငြိမ်ငြိမ်လေး ထိုင်ပြီး တရားထိုင်ဖို့ အရမ်းခက်နေသည်။

“မင်း အရင်ပြန်ချင်လား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက အင်ဘိုင်ဝူကို စိတ်မဝင်စားပါ။ အဲဒီအစား ထန်ထန်ယုထန်ဘေးကို လျှောက်သွားပြီး ကူညီကာ နှိပ်ပေးလိုက်သည်။

"မပြန်ဘူး အရှက်ကွဲ မခံနိုင်ဘူး"

ထန်ထန်ယုထန်က ရယ်မောရင်း ပြန်ဖြေသည်။ သူ့အရိုးများတွင် တောင့်တင်းသော အစင်းကြောင်းများ ပေါ်လာသည်။

"မင်းက ချောင်းဆိုးရင်း သေတော့မယ် မင်းပြန်လိုက်တာ ပိုကောင်းမယ်"

“ဒါအမှန်ပဲ မင်းခန္ဓာကိုယ်က အရမ်းအားနည်းနေတယ်၊ မင်းကျန်နေခဲ့ရင်တောင် ဘာမှ အသုံးမဝင်ဘူး”

“ဆွန်းမိုရဲ့ကျောင်းသား ဖြစ်ရတာ အရမ်းကောင်းတာပဲ”

ဘေးနားက ကျောင်းသားများကလည်း ထန်ထန်ယုထန်ကို ဝိုင်းစည်း ရုံးပေးနေကြသည်။ တချို့ကတော့ သက်ပြင်းခပ်ကြမ်းကြမ်း ချလိုက်ကြသည်။ သူတို့ရဲ့ အမြင်အရ ထန်ထန်ယုထန်သည် အမှောင်တိုက်ကြီးကို ဝင်ဖို့

အရည်အချင်းမမှီပါ။ ဆွန်းမိုက သူ့ရဲ့ဆရာဖြစ်သောကြောင့်သာ ဝင်ခွင့်ရခဲ့သည်။

"ပြောရမယ်ဆိုရင် အထင်ကြီးစရာ ဆရာတစ်ယောက်ရှိတာလည်း အရမ်းကောင်းတယ်"

ကျောင်းသားတချို့က မနာလိုဖြစ်နေကြသည်။ အထူးသဖြင့် ဆွန်းမိုက ထန်ထန်ယုထန်ကို လာနှိပ်ပေးနေတာကို မြင်လိုက်လျှင် ပိုတောင် မနာလို ဖြစ်သွားကြသည်။ အဲဒါက နတ်ဘုရားလက်လေ။

“ဟားဟား၊ ငါက ဦးနှောက်ကို အားကိုးပြီး အသက်ရှင်တာ ခန္ဓာကိုယ် အားနဲ့လည်း ပြဿနာမရှိဘူး”

ထန်ထန်ယုထန်သည် သူ့မာနကြောင့် ဆွန်းမိုကို တားချင်နေသည်။ ဒါပေမယ့် အနိုပ်ခံနေရတာက အရမ်းသက်တောင့်သက်သာရှိနေသည်။ ဒါကြောင့် ရပ်ခိုင်းဖို့ တွေဝေနေပြီး သူ့စိတ်နဲ့သူ ပဋိပက္ခ ဖြစ်နေသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၂၀။ရင်းနီး(၁၁၀/၁,၀၀၀)

ဆွန်းမိုက အင်ဘိုင်ဝူကို ဂရုမစိုက်ခဲ့ပါ။ သူမကြုံတွေ့နေရတာက ကျင့်ကြံသူများ အမှောင်တိုက်ကြီးကို ပထမဆုံးအကြိမ် ရောက်လာရင် ဖြစ်နေကြ တုန့်ပြန်မှုပဲ ဖြစ်သည်။ ဖျားနာမှု တစ်ခုလို ရောဂါပိုးက ခန္ဓာကိုယ်ထဲဝင်သွားရင် ခန္ဓာကိုယ်ရဲ့ တိုက်ဖျက်မှုစနစ်က အလိုအလျော့ာက် ထုတ်ပေးပြီး ချိန်ညှိပေးလိမ့်မည်။

ဒီနေရာက ဝိညာဉ်ဖိအားနဲ့ အသားကျသွားရင် မအီမသာ ဖြစ်နေတဲ့ ခံစားချက်ကလည်း ပျောက်ကွယ်သွား လိမ့်မည်။

"ဆရာဂျိ၊ ငါ ဘဏ်သွားချင်တယ် "

ကျောင်းသားများ နှုတ်ဆိတ်သွားပြီးနောက် ကျန်ကွမ်လင်က ဂျိမဲဂျဲကို ပထမဆုံး တောင်းဆိုလိုက်သည်။

"သွားပါ"

ဂျိမဲဂျဲက လက်ခံလိုက်သည်။

ထို့နောက် ဆရာတွေ တစ်ယောက်ပြီး တစ်ယောက် ထွက်သွားကြသည်။ သူတို့ရဲ့ အကြောင်းပြချက်က အတူတူပါပဲ။

၁၅မိနစ်လောက်ကြာတော့ ကူရှူပ်ရှင်းက ပြန်လာပြီး ကျန်ရန်ဖော်င်နဲ့ ကျန်တဲ့ သူမ တပြည့်များကို ခေါ်သွားသည်။

"ဒါက ဝိညာဉ်ကျောက်တုံး ၊ တစ်ယောက်ကို တစ်ခုဆီ ယူလိုက် ၊ လိုချင်တာ တစ်ခုခုရှိရင် မြို့ထဲမှာ လွတ်လွတ်လပ်လပ် သွားဝယ်လို့ရတယ် "

ကူရှပ်ရှင်းက သူမတပြည့်တစ်ယောက်စီကို လက်သည်းအရွယ် ကျောက်တုံးတစ်တုံးစီ ပေးလိုက်သည်။

"ဒါဆို ဒါက ဝိညာဉ် ကျောက်တုံးလား"

အခြားကျောင်းသားများ ချက်ခြင်း ဝိုင်းအုံလာသည်။ သိချင်စိတ်နဲ့ ဝိညာဉ်ကျောက်တုံးကို စိုက်ကြည့်နေကြသည်။

ဝိညာဉ်ကျောက်တုံးသည် လက်သည်းခွံ အရွယ်သာ ရှိသည်။ ရွှေရောင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တလက်လက်တောက်နေပြီး ရွှေထက်တောင် ပိုပြီး ဆွဲဆောင်မှု ရှိနေသည်။

အမှောင်တိုက်ကြီးတွင် ရွှေနဲ့ငွေကို ငွေကြေးအဖြစ် မသုံးစွဲကြပါ။ ကုန်ပစ္စည်းများကို ဝိညာဉ်ကျောက်တုံးများမှ တဆင့်အလဲအလှယ် လုပ်ကြသည်။

ဝိညာဉ်ကျောက်တုံးများသည် ဝိညာဉ်ချီများ ပါဝင်သော ကျောက်တုံးအမျိုးအစား တစ်မျိုးဖြစ်သည်။ ကျင့်ကြံသူများက ကျင့်ကြံဖို့အတွက် ဝိညာဉ်ချီများကို စုပ်ယူနိုင်သည်။

ကျင့်ကြံခြင်းအတွက် ဝိညာဉ်ချီသည် အခြေခံအကျဆုံး အုတ်မြစ်ဖြစ်သည်။ ဒါကြောင့်လည်း အမှောင်တိုက်ကြီးက ကျင့်ကြံသူများသည် ဝိညာဉ်ကျောက်တုံးများကို ငွေကြေးများအဖြစ် သုံးနေခဲ့ကြသည်။

ဝိညာဉ်ကျောက်တုံးများကို နိမ့်ကျ၊ ပျမ်းမျှ၊ သာလွန်နှင့် ဆန်းကြယ်ဆိုပြီး အဆင့်ခွဲခြားနိုင်သည်။ အဆင်မြင့်လေ ပိုကောင်းမွန်ပြီး ပိုသန့်စင်ကာ ဝိညာဉ်ချီ ပိုစုပ်ယူနိုင်လေ ဖြစ်သည်။

ဆန်းကြယ်အဆင့် ဝိညာဉ်ကျောက်တုံးများသည် အရမ်းရှားပါးပြီး ဝိညာဉ်စိန်တုံးလို့လည်း ခေါ်ကြသည်။

ဂေါင်ပန်နှင့် ကျန်းရှန်လည်း ပြန်ရောက်လာကြသည်။ အလားတူ သူတို့ကလည်း သူတို့ တပြည့်များကို ဝိညာဉ်ကျောက်တုံး တစ်ခုစီ ပေးကြသည်။

ဒါကြောင့် တခြားကျောင်းသားများသည် ချက်ခြင်းပဲ မနာလိုစိတ်များနဲ့ ပြည့်လာသည်။ ထို့နောက် သူတို့အကြည့်များက ဆွန်းမိုဆီ

ရောက်သွားသည်။ ဆွန်းမိုကို နတ်ဘုရားလက်လို့ ခေါ်သည်။ သူ့တပည့်တွေကို ဝိညာဉ်ကျောက်တုံး ပေးတဲ့ နေရာမှာ ပိုရက်ရောနိုင်တယ် မဟုတ်ပါလား။

"ဆရာ"

ထန်ထန်ယုထန်သည် ဆွန်းမိုကိုကြည့်ကာ အစာ စားချင်စိတ်ပြင်းပြနေသော
အိမ်မွေးကြောင်တစ်ကောင်လို
ဆန္ဒထုတ်ဖော်လိုက်သည်။

“ဒီရောဂါသည်က မူမမှန်ဘူး၊ ငါတို့ဆရာကို ခက်ခဲအောင် တကယ်လုပ်ချင်နေတာလား။ ဒီကောင့်ကို သင်ခန်းစာပေးမှ ဖြစ်တော့မယ်”

လီဇီချီ အရမ်းဒေါသထွက်သွားသည်။ ဒါပေမယ့် အခုလောလောဆယ် သူတို့ဆရာရဲ့ အကြပ်အတည်းကို ကူညီပေးဖို့က အရေးအကြီးဆုံးဖြစ်သည်။ ဒါကြောင့် သူမ မတ်တပ်ရပ်လိုက်သည်။

“ဆရာ၊ ငါမင်းကို ကူပြီး ဝိညာဉ်ကျောက်တုံး သွားယူပေးရမလား”

အမှောင်တိုက်ကြီးရဲ့ ဥပဒေသများသည် ပြည်နယ်ကိုးခုက ဥပဒေသများနဲ့ ကွဲပြားသောကြောင့် ဝိညာဉ် ကျောက်တုံးများကို ပြန်ယူသွားဖို့ မဖြစ်နိုင်ပါ။ ပြန်ယူသွားရင်လည်း အမြောက်အများပါဝင်နေသော ဝိညာဉ်ချီများသည် သုံးရက်အတွင်း ပျောက်ကွယ်သွားလိမ့်မည်။

ဒါကြောင့်လူတိုင်းသည် သူတို့ရဲ့ စွန့်စားခန်းကို ရပ်ဖို့ ဆုံးဖြတ်လိုက်တာနဲ့ ပြည်နယ်ကိုးခုသို့ မပြန်ခင် သူတို့ရဲ့ ဝိညာဉ်ကျောက်တုံးများကို သူတော်စင်ဂိတ်က ဘဏ်တွင် အပ်နှံထားကြသည်။

"ငါ့မှာဝိညာဉ်ကျောက်တုံးမရှိဘူး၊ မင်းအဲဒါကို ဘယ်က သွားထုတ်မှာလဲ "

ဆွန်းမိုက လီဇီချီရဲ့ကြွင်နာသော ရည်ရွယ်ချက်ကို နားလည်သည်။ သူမက သူ့ကို အရှက်မကွဲစေချင်ပါ။ သို့သော်လည်း သူက ကျောင်းသားရဲ့ ငွေကို ယူမသုံးနိုင်ပါ။

" ဆရာ ငါ့ကိုသိမ်းခိုင်းထားတာ မေ့သွားပြီလား "

လီဇီချီက ဆွန်းမိုကို စိုက်ကြည့်ရင်း သူမရည်ရွယ်ချက်ကို သိအောင် အစွမ်းကုန်ကြိုးစားလိုက်သည်၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဆရာ အားလုံးက စောင့်ကြည့်နေကြတယ်။ တခြားဆရာတွေထက် နှိမ့်ကျလို့ မဖြစ်ဘူး)

(ပြီးတော့ ငါ့ပိုက်ဆံကလည်း မင်းပိုက်ဆံပဲ မဟုတ်ဘူးလား။ ဒါကြောင့်ငါ့ကို အားနာနေစရာမလိုဘူး)

"လူတိုင်းပဲ အရမ်းအံ့အော နေစရာမလိုဘူး၊ ကိုယ်ရဲ့ တိုက်ရိုက်တပြည့်တွေကို ဝိညာဉ်ကျောက်တုံး တစ်တုံးစီ ပေးတာက ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ရိုးရာ တစ်ခုပဲ"

ကျန်ကွမ်လင်က ဆွန်းမိုကို အရှက်ကွဲစေချင်သောကြောင့် 'ရိုးရာ' ဆိုတဲ့စကား သက်သက် ဖေါင်းပေးပြီး ပြောလိုက်သည်။ သူ့ရဲ့တိုက်ရိုက်တပြည့်တွေကို ဝိညာဉ်ကျောက်တုံး တစ်တုံးစီ မပေးနိုင်တဲ့အဖြစ်ကို လူတိုင်း မြင်တွေ့သွားကြမည်။

"အမ်၊ ဒီလို ရိုးရာ ရှိတာလား"

လုချီဟွာက ပျော်ရွှင်သွားပြီး ဆွန်းမိုကို ကြည့်လိုက်သည်။ ထို့နောက် သူမက ဆွန်းမိုကို

“ဆရာ၊ မင်းငါ့ကို ပေးတဲ့ ဝိညာဉ်ကျောက်တုံးကို ငါ့ရဲ့ ကံကောင်းခြင်းအဆောင်အဖြစ် သေချာပေါက် သိမ်းထားမယ်”

(အား၊ ချစ်စရာကောင်းတဲ့ သဘော်သီးကောင်မလေးကလည်း ဘာလို့ ပရမ်းပတာ တောထဲ တိုးဝင်လာတာလဲ)

လီဇီချီ တစ်ယောက် အရမ်းစိတ်ဓါတ်ကျပြီး သွေးချောင်းတောင် ဆိုးချင်လာသည်။ သို့သော်လည်း လုချီဟွာက ဆွန်းမိုကို တကယ်ယုံကြည် ကိုးကွယ်ကြောင်း သူမ သိနေသည်။ ပြီးတော့

ဆွန်းမိုမှာ ဝိညာဉ်ကျောက်တုံး မရှိနိုင်တာကိုလည်း သူမ မစဉ်းစားမိပေ။

“ဟီးဟီး”

ကျန်ကွမ်လင်သည် မျက်နှာ အမူအရာ မပြောင်းသော်လည်း စိတ်ထဲက ကျိတ်ရယ်နေသည်။

(ဒီတစ်ခါတော့ မင်းမှာ လက်ရှိတာ ဘယ်သူက ဂရုစိုက်မှာလဲ ၊ မင်း တော်တော် ရှက်သွားမယ် ထင်တယ်)

ဂျိမ်ဂျဲ မျက်မှောင် ကြုတ်နေပြီး မျက်စိတစ်မှိတ်အတွင်းမှာ အခြေအနေက ဘာဖြစ်လို့ ဒီလို ဖြစ်သွားတာလဲ။

သူတို့မထွက်လာခင် အန်ရှီဝေက ဆွန်းမိုအတွက် ကျောက်တုံး ၁၀၀ကို ဂျိမ်ဂျဲ လက်ထဲ ထည့်ပေးခဲ့သည်။ ဆွန်းမိုက ဝိညာဉ်ကျောက်တုံး လိုအပ်တဲ့ အခြေအနေ ဖြစ်ပေါ်လာမှာ သူမ စိုးရိမ်နေခဲ့သည်။

ဒါပေမယ့် ဂျီမဲဂျဲက ဆွန်းမိုကို ဝိညာဉ်ကျောက်တုံး မပေးရသေးခင် ဒီလိုအခြေအနေတွေ ဖြစ်ပေါ်လာသည်။

"ငါ့ အပြစ်ပဲ"

ဂျီမဲဂျဲက သူမကိုယ်သူမ အပြစ်တင်လိုက်သည်။

တကယ်တော့ ဂျီမဲဂျဲကိုလည်း အပြစ်တင်လို့ မရပါ။ အဖွဲ့ခေါင်းဆောင်အနေနဲ့ ကျောင်းသားတွေရဲ့ လုံခြုံရေးကို တာဝန်ယူထားရပြီး ကိုင်တွယ်ရမည့် ကိစ္စများစွာ ရှိနေသည်။ ဒီလို

အသေးအဖွဲ့ကိစ္စလေးတွေ ကိုင်တွယ်ဖို့ သူမမှာ အချိန်မရှိပါ။

ကူရှုပ်ရှင်းနဲ့ တခြားနှစ်ယောက်က ကျောင်းသားတွေရဲ့ လေးစားအထင်ကြီးမှုကို လိုချင်ပြီး သူတို့ရဲ့ တိုက်ရိုက်တပြည့်တွေကို ဝိညာဉ်ကျောက်တုံး စောစော ပေးလိုက်လို့ ဒီလို အခြေအနေ ဖြစ်လာခဲ့သည်။

အန်ရှီဝေက ဆွန်းမိုဧ၏မာန ထိခိုက်သွားမှာ စိုးရိမ်ပြီး ဆွန်းမိုလက်ထဲကို ဝိညာဉ်ကျောက်တုံး တိုက်ရိုက် မထည့်ပေးလိုက်ခြင်း ဖြစ်သည်။

“ဆရာဆွန်း၊ ဘာမှ မပြောတော့ဘူးလား၊ အို ငါမေ့သွားတယ်။ မင်းကဘွဲ့ပဲရသေးတော့ စုဆောင်းငွေ မရှိဘူးပဲ၊ တကယ်လို့ မင်းမှာ ဝိညာဉ်ကျောက်တုံးမရှိရင် ငါချေးမယ်လေ၊ မစိုးရိမ်ပါနဲ့ ဒါက စိတ်ဝင်စားစရာ မရှိပါဘူး”

ကျန်ကွမ်လင်က အရမ်းသဘောကောင်းသူ တစ်ယောက်လို လုပ်နေသည်။

“ဒီကောင်က တော်တော် မုန်းဖို့ ကောင်းတာပဲ”

လီဇီချီ အရမ်းစိတ်ဆိုးနေသည်။ ကျန်ကွမ်လင်က ဆွန်းမိုကို ဘွဲ့ရလေးပဲလို့ ပြောခဲ့သည်။ မသိရင်

ဆွန်းမိုအကြောင်း ရှင်းပြနေသလိုနဲ့ ဝေဖန်နေသည်။ ကူရှုပ်ရှင်းနဲ့ တခြားနှစ်ယောက်လည်း ဘွဲ့ရပဲ ဖြစ်သည်။ ဘာကြောင့် သူတို့နှစ်ယောက်မှာ ဝိညာဉ်ကျောက်တုံး ရှိနေရတာလဲ။

ပွင့်ပွင့်လင်းလင်းပြောရလျှင် ဆွန်းမိုဘွဲ့ ရထားတဲ့ ကျောင်းက နိမ့်ကျပြီး ဝိညာဉ်ကျောက်တုံး မရှာနိုင်လို့ ဖြစ်သည်။

“ဆရာကျန် စိုးရိမ်နေစရာ မလိုပါဘူး၊ ဒါဝိညာဉ်ကျောက်တုံး ခြောက်လုံးလေးပဲ မဟုတ်လား”

ဆွန်းမိုက ရယ်မောရင်း ကျန်ကွမ်လင်ရဲ့ အကူအညီကို ငြင်းပယ်လိုက်သည်။

"ဆရာ ဝိညာဉ်ကျောက်တုံး ရှာမလို့လား"

အင်ဘိုင်ဝူ မျက်လုံး အရောင်တောက်လာသည်။

"ဟုတ်တယ် ငါတို့ ပစ်မှတ်အသေးတစ်ခု အရင်သတ်မှတ်ပြီး ဝိညာဉ်ကျောက်တုံး ၁၀၀ကို ရှာရမယ်"

ဆွန်းမိုက ပြုံးရင်း ပြောလိုက်သည်။

စာစဉ်(၁၅)

အခန်း(၂၀၉) - ငါးခုမြောက် မြတ်ဆရာအရှိန်အဝါ နားလည်ခြင်း။

ဆွန်းမို၏အပြုံးသည် မိုးရွာပြီးနောက် ကြည်လင်သော ကောင်းကင်လို ဖြူစင်လှ၏။ သူ့ရဲ့အပြုံးသည် လူခန္ဓာကိုယ်ပေါ်ကို ကျရောက်လာသော နေရောင်ခြည်လို နွေးထွေးစေပြီး လူတွေကို သက်တောင့်သက်သာနဲ့ လတ်ဆတ်သော လေကို ရှူချင်စိတ် ပေါက်သွားစေသည်.

ဆွန်မိုက သူ့အပေါ် ဖိနှိပ်ရင်တောင် ဂေါင်ပန်သည့် ဆွန်းမို တကယ်ချော့တယ် ဆိုတာတော့ လက်ခံမိသည်။ သူ နာမည်ကြီး ဆရာဖြစ်ဖို့ လုံလောက်နေပါသည်။

"ဆရာက ဩဇာတိက္ကမနဲ့ ပြည့်စုံတာပဲ"

လီဇီချီရဲ့ အမူအရာက တည်ငြိမ်နေသော်လည်း အရမ်းစိတ်လှုပ်ရှားပြီး ပါးစပ်ထဲက လျှာကတော့ တလှုပ်လှုပ်ဖြစ်နေသည်။ (စောင့်အုံး စိတ်ငြိမ်ငြိမ်ထားရမယ် ငါတည်ငြိမ်နေရမယ်၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအသေးအမွှားလေးတွေနဲ့ စိတ်ဂယောင်ခြောက်ခြား ဖြစ်နေလို့ မဖြစ်ဘူး။)

(ဘယ်လိုပဲပြောပြော ငါတို့ဆရာက အမြဲတမ်း ချောမောနေတာပဲ)

"ဟီး ဟီး"

ကျန်ကွမ်လင်က အေးစက်စွာ ရယ်မောလိုက်သည်။ (ပစ်မှတ်အသေးလေးလား၊ ဝိညာဉ်ကျောက်တုံးတစ်ရာရဲ့ ဝယ်ယူနိုင်အားက ဘယ်လောက်ကြောက်ဖို့ကောင်းလဲ မင်းသိလို့လား၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှောင်တိုက်ကြီးမှာ တစ်နှစ်လုံး မင်းဖင်ရှောင်းရင်တောင် အဲဒီလောက်ငွေ မရဘူး။)

ဝိညာဉ်ကျောက်တုံးများသည် သုံးစွဲနိုင်သော အရင်းအမြစ် တစ်မျိုး ဖြစ်ပြီး သုံးလိုက်တာနဲ့ ကုန်သွားမည်။ ပြီးတော့ အမှောင်တိုက်ကြီးမှာ ဝိညာဉ်ကျောက်တုံး အရေအတွက် အများကြီး မရှိပါ။ သူတို့ကို တူးဖော် ရတာကလည်း ကြောက်ခမန်းလိလိ ခက်ခဲသည်။ ဝိညာဉ်ကျောက်တုံးများသည် အများအားဖြင့် မြေအောက် အနက်ကြီးမှာ ဖုံးကွယ်နေတတ်ကြသည်။ ဒါကြောင့်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိုင်းတူးသမားများသည် ဝိညာဉ်ကျောက်တုံးကို တူးဖော်ရန် မြေအောက် အနက်ကြီးသို့ ဆင်းကြရသည်။ ထို့နောက် သူတို့ကျောပေါ်တွင် ဝိညာဉ်ကျောက်တုံးကို လွယ်ပြီး ပြန်ဖက်တက်ကြရသည်။

ဝိညာဉ်ကျောက်တုံးများသည် အရမ်း အဖိုးတန်သည်။ ဒီလိုမဟုတ်ပါက ငွေကြေးတစ်ခုအဖြစ် လူတိုင်းက လက်ခံကြမည် မဟုတ်ပါ။ အမှောင်တိုက်ကြီးတွင် ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်ကို ဖိတ်ခေါ်ပြီး ၄၅မိနစ်

သင်ခန်းစာ ပို့ချခိုင်းပါက ဒါမှမဟုတ် မေးခွန်းတွေ ဖြေခိုင်းပါက ဈေးညှိနိုင်းစရာ မလိုဘဲ နှိမ့်ကျအဆင့် ဝိညာဉ်ကျောက်တုံး ၁၀ လုံးပေးလိုက်ရင် ရသည်။ ဒီလိုအရာကို ဆွန်းမိုက ပစ်မှတ်အသေး လုပ်ချင်နေတာလား။ ဟာဟ ပဲရမယ်။

ဆွန်းမိုက သူတို့ရဲ့ အကြည့်တွေကို ဂရုမစိုက်ပါ။ ဂျိမဲဂျဲဆီကို လျှောက်သွားပြီး

“ဆရာဂျို၊ ငါခဏလောက်နားဖို့ ခွင့်တောင်းချင်ပါတယ်”

"ဆရာဆွန်း၊ မင်းခြောက်နာရီအတွင်း ဝိညာဉ်ကျောက်တုံး ၁၀၀ မရနိုင်လောက်ဘူး။ မင်းကျောင်းသားတွေကို သင်ခန်းစာပို့ချတာပဲ ပိုကောင်းမယ်"

ကျုံးရှန်ရီက ဖြောင်းဖြလိုက်သည်။

ကျန်ကွမ်လင်က ချက်ခြင်းပဲ စိုက်ကြည့်လိုက်သည်။ (မင်းက အရမ်းပျင်းနေလို့ ဘောနာချင်နေပြီ ထင်တယ်။ ဘာကြောင့်ဆွန်းမို ပြဿနာကို ကူညီနေတာလဲ)

"အမ်"

ကျုံ့ရှန်ရီ လန့်သွားသည်။ အဲဒီနောက် ငတုံးတစ်ယောက်လို လုပ်မိတဲ့ သူ့ကိုယ်သူ စိတ်ထဲက ပြန်ကျိန်ဆဲလိုက်သည်။ ကျန်ကွမ်လင်က ဆွန်းမိုကို သိသိသာသာ ဖိနှိပ်ချင်နေသည်။ ဝင်ပက်သက်လိုက်ရင် သူပါ ရှုပ်ထွေးသွားနိုင်သည်။ သို့သော်လည်း ရွှေ့ဟောင်း နဂါးဖမ်းတဲ့ လက်နဲ့ အနှိပ်ခံချင်လို့ ဆွန်းမိုရဲ့ မျက်နှာသာကိုလည်း လိုချင်သေးသည်။

“ဝိညာဉ်ကျောက်တုံး ၁၀၀ မပြောနဲ့ ၁၀လုံး တောင် မရှာနိုင်ပါဘူးကွာ ”

တချိန်လုံး နှုတ်ဆိတ်ကာနေသော ဒူမန်က ရုတ်တရုတ် ထပြောလိုက်သည်။ လက်ရှိအခြေအနေကို ရရန် နတ်ဘုရားလက်အား မှီခိုကာ လှည့်ကွက်တွေနဲ့ ပြည့်နေပြီး ဟိတ်ကြီးဟန်ကြီးများသည့် ဆွန်းမိုကို မကြိုက်ပါ။ ဆွန်းမိုမှာ သင်ကြားရေး စွမ်းရည် မရှိဘူးလို့ သူယုံကြည်သည်။

အန်ရှီဝေအဖွဲ့က ဆွန်းမိုအပေါ်အရမ်း အကောင်းမြင်သည့် ရှာယွန်တောင် ဆွန်းမိုအတွက် ကူညီပြီး ဆင်ခြေပေးဖို့ မဖြစ်နိုင်ပါ။ ဒီအတွက်လည်း

လုပ်နိုင်တာ မရှိပါ။ ဒီလို အချိန်လေးအတွင်းမှာ ဝိညာဉ်ကျောက်တုံး တစ်ရာရှာဖို့ဆိုတာ တကယ် မဖြစ်နိုင်ပါ။

"တကယ်တော့ ဆရာဆွန်းအတွက် ဝိညာဉ်ကျောက်တုံး ၁၀၀လောက်ရှာဖို့ဆိုတာ ဘာပြဿနာမှ မရှိဘူး။ သူ့မှာ နတ်ဘုရား လက်ရှိတယ်လေ။ လမ်းပေါ်မှာ အနှိပ်သရုပ်ပြလိုက်တာနဲ့ ဒါက အဆင်ပြေသွားလိမ့်မယ်"

ရီဂျီမင်က ပြုံးပြီး အဖြေတစ်ခု အကြံပေးသည်။

“အမှန်ပဲ၊ ငါတို့ဆရာက ‘နတ်ဘုရား’လက်ကို သုံးပြီး ငွေရှာလို့ရတယ် “

လုချီဟွာ စိတ်လှုပ်ရှားစွာ ကြည့်လိုက်ပြီး

“ဆရာရဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်နဲ့ဆိုရင် တစ်နာရီအတွင်း ဝိညာဉ်ကျောက်တုံး ၁၀၀ ရနိုင်တယ်”

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၅၀။ ရှိသေ(၁၀,၀၅၀/၁၀၀,၀၀၀)

လီဇီချီ မျက်လုံးပြူးသွားသည်။ (သဘော်သီးမိန်းကလေး နင်ဒီလောက်အထိတော့

မတုံးသင့်ဘူးလေ။ ဒီအကြံပြုချက်က ဆရာ့ကို ချိုးနှိမ်ချင်နေတာ သိသာနေတယ်။)

ဆွန်းမိုက ဝိညာဉ်ကျောက်တုံး လိုချင်လို့ လမ်းပေါ်မှာ နှိပ်နေမယ်ဆိုရင် လမ်းဘေးဈေးသည်နဲ့ ဘာကွာတော့မှာလဲ။ သူ့လက်က ဘာကြီးပဲဖြစ်ဖြစ် လူတွေရဲ့ မျက်လုံးထဲမှာတော့ အဆင့်အတန်း နိမ့်ကျသွားလိမ့်မည်။ သူဌေးကြီးတွေအတွက် ရည်ရွယ်ပြီးရောင်းတဲ့ ဇိမ်ခံပစ္စည်းတွေလိုပါပဲ။ စီးပွားရေးအခြေအနေမကောင်းလို့ ဝယ်လိုအား

ကျလာရင်တောင် ဈေးပေါပေါနဲ့ ရောင်းမည့်အစား ဖျက်ဆီးပစ်လိုက်မည်။ ဘာကြောင့်ဆို ဇိမ်ခံပစ္စည်းရဲ့ ဂုဏ်သတင်းကို မကျဆင်းစေချင်လို့ပဲ ဖြစ်သည်။ အထက်တန်းလွှာ ဖောက်သည်များသည် အရင်ဈေးနှုန်းထက်လျှော့ချပြီး လူတိုင်းလက်ထဲမှာ သုံးစွဲနိုင်တယ်လို့ သိလိုက်တဲ့အခါ သူတို့ရဲ့ ဝယ်လိုအားက လုံးဝကို ကျဆင်းသွားလိမ့်မည်။

ဆွန်းမိုက သဘော်သီးကောင်မလေးကို တချက်ကြည့်လိုက်ပြီး ဆံပင်လှမ်းဖွ လိုက်သည်။

လေးစားအထင်ကြီးမှု ဆက်သွယ်ချက်တွင် ရှိသေခြင်းနဲ့ ကိုးကွယ်ခြင်းမှာ အဆင့်တစ်ခုသာ ကွာခြားသော်လည်း အမှတ် ၁၀၀,၀၀၀ လိုအပ်သည်။

“လုချီဟွာရဲ့ လေးစားအထင်ကြီးဆက်သွယ်ချက်က ရှိသေ အဆင့်ကို ရောက်နေသောကြောင့် သူမဆီက လေးစားအထင်ကြီးမှု အမှတ်ထွက်လာလျှင် စနစ်က အထူးတလည် အကြောင်းကြားတော့မည် မဟုတ်ပါ။

မင်းတို့နှစ်ယောက်ကြားက လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က ‘ကိုးကွယ်’ အဆင့်ကို တက်လာရင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါမှမဟုတ် ထူးထူးခြားခြား များပြားတဲ့ လေးစားအထင်ကြီးမှုအမှတ်ဆိုရင် အကြောင်းကြားပေးမယ်”

စနစ် ထပ်ပြောလိုက်သည်။ ‘မင်းဘာ မေးချင်လဲ”

ဆွန်းမိုက မျက်လုံး ပေကလတ် လုပ်လိုက်ပြီး “ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းက ငပျင်းတစ်နေတာ မှတ်လား ”

စနစ် နှုတ်ဆိတ်သွားသည်။

"ဆရာဆွန်း၊ မင်း နတ်ဘုရားလက်ကို အသုံးပြုပြီး ပိုက်ဆံ ရှာမယ့် အစီအစဉ်ကိုစွန့်လွှတ်ဖို့ ငါတိုက်တွန်းပါရစေ"

ဂျိမဲဂျဲက မျက်ခုံးပင့်ရင်း ပြောလိုက်သည်။ ဒီပြဿနာက အရမ်းပြင်းထန်နေပြီ။ ဆွန်းမိုရဲ့ ဂုဏ်သိက္ခာတောင် ထိခိုက်သွားနိုင်သည်။

"ဟားဟား၊ ဆရာဂျိ အစိုးရိမ် လွန်နေပြီ။ ငါ့ရဲ့ ရှေ့ဟောင်း နဂါးဖမ်းတဲ့ လက်က စျေးမပေါဘူး၊ ငါတို့ကျောင်းက ကျောင်းသားကို ကူညီဖို့ကလွဲရင် လွယ်လွယ်နဲ့ အသုံးမပြုဘူး "

ဆွန်းမိုက ရယ်ရင်း ပြန်ဖြေသည်။ သူ့စိတ်ထဲမှာလည်း ဒီ ရီဂျီမင်ဆိုတဲ့ ကောင်ကို မှတ်ထားလိုက်သည်။ (ငါ့ကို လုပ်ကြံချင်တာလား လုံးဝ ဖြစ်နိုင်ဘူး)

ဒီစကားကို ကြားတော့ ကျောင်းသားအကုန်လုံး စိတ်လှုပ်ရှားသွားကြသည်။

ဗဟိုပြည်နယ်အကယ်ဒမီကို တက်ရောက်ဖို့ ရွေးချယ်ခဲ့တာက ထက်မြက်တဲ့ ဆုံးဖြတ်ချက်တစ်ခုလို့ ရုတ်တရက်

ခံစားလိုက်မိသည်။ ဒီလိုမှ မဟုတ်ရင် ဆရာဆွန်းနဲ့ မတွေ့နိုင်ပါ။

"ငါပြောသွားပဲ ဆရာဆွန်းရဲ့ နတ်ဘုရားလက်ကို ဘယ်လိုလုပ် လွယ်လွယ်ကူကူနဲ့ သုံးမှာလဲ၊ အမှန်ပဲ ဒါက နတ်ဘုရား စွမ်းရည်လေ"

"အမှန်ပဲ အလွယ်တကူ မသုံးနိုင်ပေမယ့် တခြားသူကိုတော့ ကြည့်ခွင့် ပေးသင့်တယ်'

ကျောင်းသားတွေ ဆွေးနွေးနေကြပြီး လွန်လွန်ကဲကဲ ထင်မြင်ချက်တွေ ပေးနေကြသည်။ ဒီလို အထင်ကြီးစရာကောင်းတဲ့ အနိုပ်ပညာနဲ့

အနှိပ်ခံရဖို့ သူတို့မှာ အခွင့်အရေး ရှိတယ်လို့ တွေးလိုက်မိတိုင်း ချက်ခြင်း စိတ်လှုပ်ရှားလာသည်။ အဲဒီနောက် သူတို့ရဲ့သဘောထားတွေက ဆွန်းမို အပေါ် ပိုလေးစားလာကြသည်။

ဒင်

“လေးစားအထင်ကြီးမှု အမှတ် စုစုပေါင်း +၅၂၀မှတ် ရရှိလို့ ဂုဏ်ပြုပါတယ်”

“ဆရာဂျီ ကျွန်တော် ထွက်ခါနီး နာရီဝက် အလိုကျမှ ပြန်လာခဲ့မယ် ”

ဆွန်းမို အရမ်း ဂုဏ်ယူနေသည်။ တခြားသူများ၏ တိုက်ရိုက် တပြည့်များက တစ်ယောက်ကို ဝိညာဉ်ကျောက်တုံး တစ်တုံးစီ ရရင် သူ့ရဲ့ တပြည့်တွေလည်း ရရမည်။

တခြားကြောင့် မဟုတ်ပါ။ သူ့နောက်လိုက်တဲ့ အတွက် တပြည့်တွေကို မျက်နှာ မငယ်စေချင်ပါ။

“ဆရာ၊ ငါတို့ ဝိညာဉ်ကျောက်တုံး မလိုဘူး ”

ချန်လုံက ရုတ်တရက် ထပြောလိုက်သည်။ သူက မျက်နှာအေးစက်ပေမယ့် နှလုံးသားကတော့

အရမ်းနွေးထွေးသည်။ အမြဲတမ်း တပါးသူ အတွက် တွေးပေးတတ်သည်။

"ဒါအမှန်ပဲ တကယ် ကျွန်တော်တို့ ဝိညာဉ်ကျောက်တုံးလိုရင်လည်း ကို့ဘာသာ ကိုယ် ရှာလိုက်မယ် "

ရှန်ယွန်ပေါင်က ဆွန်မိုအတွက် ဝိညာဉ်ကျောက်တုံး ၁၀၀ က ခက်ခဲတယ်လို့ မတွေးမိပါ။ သူ့ရဲ့ ပင်ကိုယ်စရိုက်ကအမြဲတမ်း ဒီအတိုင်း ဖြစ်သည်။ သူတခုခု လိုချင်ရင် တစ်ခါ

တိုက်လိုက်မည်။ တခါတည်းနဲ့ အဆင်မပြေရင် နှစ်ခါတိုက်မည်။

ဆွန်းမိုက သူတို့ကို တားလိုက်သည်။ ထို့နောက်

"လီဇီချီ၊ ငါ့နောက်လိုက်ခဲ့"

အမိန့်ပေးလိုက်သည်။

"မင်းတို့ကောင်တွေ ဒီမှာနေခဲ့၊ လျှောက်သွားမနေကြနဲ့"

အင်ဘိုင်ဝူက လက်မြှောက်လိုက်သည်။

"ကျွန်မက သန့်မာပြီး လေးလံတဲ့ အလုပ်တွေ လုပ်နိုင်ပါတယ်"

(ငွေရှာဖို့လား။ ဒီလို ကိစ္စမျိုးမှာ ဘာလို့ ငါ့ကို ထားခဲ့ရတာလဲ)

"ရတာပေါ့"

ဆွန်းမို စိတ်ထဲမထားပါ။ အခမဲ့ အကူအညီ ရတာလည်း မဆိုးပါဘူး။ သူလှည့်ထွက်ဖို့ လုပ်လိုက်တဲ့ အချိန်မှာပဲ တစ်ယောက်ယောက်က သူ့အင်္ကျီကို လှမ်းဆွဲထားသည်။

"အမ်"

ဆွန်းမိုလှည့်ကြည့်လိုက်လျှင် သူ့ကိုစိုက်ကြည့်နေသော လုချီဟွာကို မြင်လိုက်ရသည်။ သူမ ပုံစံက စွန့်ပစ်ခံထားရတဲ့ ကြောင်လေးတစ်ကောင်လို ဖြစ်နေသည်။

“ဒါဆိုလည်း ငါ့နောက်လိုက်ခဲ့ “

ဆွန်းမိုကတော့ စိတ်ထဲမထားပါ။ သူ့အတွက် ကျောင်းသားတစ်ယောက်၊ ဒါမှမဟုတ် နှစ်ယောက် ဖြစ်ခြင်း မဖြစ်ခြင်းက ဘာမှ ကွာခြားမှုမရှိပါ။

“ဟားဟား”

သဘော်သီး ကောင်မလေး ပျော်သွားသည်။ ဆွန်းမို ထွက်သွားပြီးတာနဲ့ ထန်ထန်ယုထန်က ချက်ခြင်း

"လောင်းလို့ ရတယ်၊ လောင်းလို့ရတယ်၊ ဆရာဆွန်းက ဝိညာဉ်ကျောက်တုံးတစ်ရာ ရှာနိုင်မလား၊ မရှာနိုင်ဘူးလားဆိုတာ လောင်းလို့ရတယ်နော်"

ထန်ထန်ယုထန်က သူ့အကျႌထဲက ဝိညာဉ်ကျောက်တုံးတစ်ထုပ်ကို ဆွဲထုတ်ပြီး ဘုတ်ကနဲ မြည်အောင် ပစ်ချလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ကွမ်လင်က စကားပြောမလို့ လုပ်လိုက်တာကို မြင်လျှင်

“ဆရာကျန်၊ ဒီလိုလုပ်တာ မကောင်းဘူးထင်တယ်နော် ”

ဂျိမဲဂျဲ မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

“ဆွန်းမိုရဲ့ တိုက်ရိုက်တပည့်ကိုယ်တိုင်က ပင်ကိုယ်စရိုက်မှာ ချို့ယွင်းချက် ရှိနေတယ်၊ ဒါကို ပြင်ပေးဖို့ ဆွန်းမိုကလည်း ကြိုးစားနေတယ် ”

ကျန်ကွမ်လင်က ဖြောင့်မတ်သလို ပြောလိုက်သည်။ အလယ်ကမ္ဘာ ပြည်နယ်ကိုးခုသည်

ရှေ့ပေါင်း တရုတ်ပြည်နဲ့ ဆင်တူပြီး လောင်းကစားခြင်းကို တရားဝင် ခွင့်ပြုထားသည်။

“ငါလည်းပါမယ်၊ ဝိညာဉ်ကျောက်တုံး ငါးလုံး”

ရီဂျီမင်က အနည်းငယ်ဆင်းရဲသည်။

ဒူမန်က ဘာမှမပြောဘဲ ဆွန်းမို ကျရှုံးတဲ့ဘက်က ဝိညာဉ်ကျောက်တုံး ၂၀ လောင်းလိုက်သည်။

ကျုံ့ရှန်ရီလည်း ဆင်ခြင်တုံတရား ခဏတာထိန်းထားနိုင်သော်လည်း နောက်ဆုံး လွတ်ပစ်လိုက်သည်။ ဒါက ပိုက်ဆံရှာဖို့ ကောင်းကင်ဘုံက ပေးတဲ့ အခွင့်အရေးပဲ။ ဘာလို့

မယူရမှာလဲ။ ထန်ထန်ယုထန် ရှုံးခဲ့ရင် ကျောင်းသားဆီက ငွေယူလို့ အဆင်မပြေပါ။ ဒါပေမယ့် ဆွန်းမိုက သူ့ကျောင်းသားကို အကြွေးတင်ခွင့်ပြုမှာလား။ ဆွန်းမိုက ကျောင်းသားအတွက် အကြွေး ဆပ်ပေးလိမ့်မည်။

အဲဒီအချိန်ကျရင် အကြွေးအစား နိပ်ပေးဖို့ အကြံပေးလိုက်မည်။ ဒီလိုဆိုရင် ဆွန်းမိုက အားနာပြီး ဘယ်လိုငြင်းနိုင်မှာလဲ။

"ကျောင်းသား လောင်းကစားလုပ်တာ ကောင်းတဲ့ အလေ့အကျင့်မဟုတ်ဘူး၊ မင်းရဲ့ အပြုအမူကို

ငါပြင်ပေးမယ်။ မင်းရှုံးသွားရင် လောင်းကစားလုပ်တာကို စွန့်လွှတ်လိမ့်မယ်လို့ ငါမျှော်လင့်တယ် ”

ကျန်ကွမ်လင် ဖြောင့်မတ်စွာပြောပြီး ဆွန်းမို ရှုံးမယ့် ဘက်က ဝိညာဉ်ကျောက်တုံး ၂၀ လောင်းလိုက်သည်။

“ဟမ် ငါက ဆွန်းမို နိုင်မယ့် ဘက်က လောင်းမယ်”

ရှာယွန်က ဆွန်းမို နိုင်မည့်ဘက်က ဝိညာဉ်ကျောက်တုံး တစ်တုံး လောင်းလိုက်သည်။ ဒါက ခင်မင်မှု တန်ဖိုးပါ။

"ငါလည်း ဆွန်းမိုနိုင်မယ့်ဘက်က လောင်းမယ်"

ကူရှုပ်ရှင်းက ပြုံးပြီး ဝိညာဉ်ကျောက်တုံး တစ်အိတ် ပစ်တင်လိုက်သည်။

ကလောက် ကလောက်

အိတ်အထဲကနေ ဝိညာဉ်ကျောက်တုံး ရိုက်ခတ်တဲ့ အသံက ကျယ်လောင်ပြီး ရှင်းလင်းစွာ ကြားလိုက်ရသည်။

ဒီအခင်းအကျင်းကို မြင်လိုက်လျှင် ဆရာအနည်းငယ်က ပုံမှန်မဟုတ်သော အမူအရာနဲ့ ကြည့်လိုက်သည်။ (ကူရှုပ်ရှင်း ဒါက ဘာပြောချင်တာလဲ။ ဆွန်းမိုက အခြေအနေကို ထိန်းချုပ်နိုင်အောင် ကူညီပေးချင်တာလား။ ဒါမှမဟုတ် ဆွန်းမို လုပ်နိုင်မယ်လို့ ယုံကြည်နေတာလား။)

ဒူရှောင်ကတော့ ဝင်မပါခဲ့ပါ။ သူမလည်း ဆွန်းမိုကို ခင်မင်ကြောင်းပြဖို့ ဝင်လောင်းချင်ခဲ့သည်။ သို့သော်

ဝိညာဉ်ကျောက်တုံးတစ်တုံးတောင် မတတ်နိုင် ဖြစ်နေသည်။

“ဆရာဂျီ၊ မင်းရော လောင်းကြေး မတင်ဘူးလား”

ဂျီမဲဂျဲက ဝိညာဉ်ကျောက်တုံး အရေအတွက်ကို စစ်ဆေးလိုက်သည်။

“ရပြီ၊ နောက်ဆုံးအနေနဲ့ ဒါကို လောင်းခွင့် ပြုလိုက်မယ်။ နောင်ကျရင် လူမြင်ကွင်းမှာ လောင်းကစား လုပ်ခွင့် မပေးဘူး”

ဂျီမဲဂျဲသည် ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်ဖြစ်ပြီး အဖွဲ့ခေါင်းဆောင်

ဖြစ်နေသောကြောင့် ဝင်လောင်းဖို့ အဆင်မပြေပါ။ သို့သော်လည်း လူတိုင်း ပါဝင်နေသဖြင့် လောင်းကစားကို ရပ်လိုက်ဖို့လည်း အဆင်မပြေပါ။

"ဆွန်းမို၊ မင်းရဲ့ တပြည့်ကတော့ တကယ်ပြဿနာကောင်ပဲ၊ မင်းကို ကျီစားဖို့ ကောင်းကင်က လွှတ်လိုက်သလား"

ဂျိမ်ဂျဲလည်း ဆွံ့အနေသည်။ နောက်တစ်ကြိမ် ဒီလိုအလားတူ ဖြစ်ရပ်မျိုး ထပ်မဖြစ်စေရပါ။ ဒါပေမယ့် ရောဂါသည် ကောင်လေးက ရှုံးသွားရင်

နောက်ထပ် လောင်းကစား မလုပ်ရဲလောက်တော့ဘူးပေါ့ ။

"နောက်ထပ် လောင်းမယ့်သူ မရှိတော့ဘူးလား"

ထန်ထန်ယုထန် အကြည့်က ဝိညာဉ်ကျောက်များ ရထားတဲ့ ကျောင်းသားတွေဆီ ရောက်သွားသည်။

"ချမ်းသာဖို့ အခွင့်အရေးက မင်းတို့ မျက်စိရှေ့မှာဘဲ ရှိတယ်နော်။။ ဘာလို့ မစမ်းကြည့်တာလဲ။ လောင်းကစားလုပ်လိုက်ရင် ဝိညာဉ်လက်နက်တွေ၊ သူတော်စင် လက်နက်တွေ၊

နန်းတွင်းသူတွေနဲ့ အိပ်ဖို့ အခွင့်အရေးတွေတောင် ရနိုင်တယ်နော် ”

“တော်သင့်ပြီ”

ဂျိမဲဂျဲက လှမ်းဟန့်လိုက်သည်။

ထန်ထန်ယုထန်က ပခုံးတွန့်ပြလိုက်ပြီး တင်ပလေခွေ ထိုင်လိုက်သည်။ ဝိညာဉ်ကျောက်တုံး နှစ်တုံးက သူ့ဆီလွင့်လာသည်။

“ဆွန်းမို၊ အနိုင်”

ကျန်းလန်က လိုရင်းတိုရှင်း ပြောရင်း ပစ်ပေးလိုက်သည်။

ဆွန်းမိုသည် မိန်းကလေး သုံးယောက်ကို ခေါ်ကာ ခမ်းနားလှသော လမ်းတစ်လျှောက် လျှောက်သွားသည်။

“ ဆရာ၊ ငွေရှာဖို့ ဘယ်လို စီစဉ်ထားလဲ”

အင်ဘိုင်ဝူ မျက်လုံးများက စိတ်လှုပ်ရှားမှုနဲ့ တောက်ပနေသည်။

ဆွန်းမိုက ပြန်မဖြေပါ။

“စကားမပြောနဲ့တော့ ဆရာ တိတ်တိတ်ဆိတ်ဆိတ် စဉ်းစားလို့ရအောင် အချိန်ပေးလိုက်”

လီဇီချီက အင်ဘိုင်ဝူ မေးနေတာကို ဖြတ်တားလိုက်သည်။ ငါတို့ ဆရာ သိသိသာသာ စဉ်းစားနေတာ မမြင်ဘူးလား။ ပြီးတော့ ငွေအကြောင်း ပြောတိုင်း ဂျူနီယာ ညီမလေးရဲ့ မျက်လုံးတွေက တောက်ပနေသည်။

ဆွန်းမိုက တကယ် ကြောင်တက်တက် ဖြစ်နေသည်။ သို့သော် ငွေဘယ်လိုရှာမလဲ သူ မစဉ်းစားပါ။ စနစ်ဆီက အကြောင်းကြားချက် ရလိုက်လို့ ဖြစ်သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"လေးစားအထင်ကြီးမှု အမှတ် စုစုပေါင်း ၅၀,၀၀၀ ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ မြတ်ဆရာ လမ်းစဉ်ကို နောက်ထပ် ခြေတစ်လှမ်း အောင်မြင်သွားပါပြီ။

ဆုလဒ်- ကြေးသတ္တာ တစ်လုံး။ ကျေးဇူးပြုပြီး ဆက်ကြိုးစားပါ။"

တောက်ပသော ကြေးရောင်သတ္တောတစ်လုံးသည် ဆွန်းမို အရှေ့တွင် ပေါ်လာသည်။ ဆွန်းမိုက ဒါကို စိတ်မဝင်စားပါ။ အဲဒီအစား စနစ်ကို ဈေးဆိုင် ဖွင့်ခိုင်းလိုက်သည်။

ရိုးရှင်းပြီး အလှဆင်ထားခြင်း မရှိသော စင်ပေါ်တွင် ရောင်းချဖို့အတွက် ခင်းကျင်းထားသော တောက်ပနေတဲ့ ပစ္စည်းများကို မြင်နေရသည်။

“ပစ္စည်းတွေ အများကြီးပဲ ”

ဆွန်းမို အံ့အော သွားသည်။

“ မင်းရဲ့ ငွေကြေးအင်အားက ဝယ်ဖို့ လုံလောက်နေလို့လေ”

စနစ်က ရှင်းပြသည်။

“မင်းစကားကအရ အရင်တုန်းက ငါဆင်းရဲလို့ စတိုးဆိုင်က အထင်သေးနေတယ် ပြောချင်တာလား ”

ဆွန်းမို မဲ့သွားသည်။

"ဒီနေ့ စွမ်းရည်စာအုပ် ဝယ်ရင် ၂၀ ရာခိုင်နှုန်း လျှော့စျေးရှိတယ်၊ ဝယ်ချင်လား"

စနစ်က မိတ်ဆက်လိုက်သည်။ ခနကြာတော့ အဘိဓာန် စာအုပ်ထက် ပိုထူတဲ့ ရွှေရောင်အလင်းတောက်ပနေတဲ့ စာအုပ်တစ်အုပ် ဆွန်းမိုဆီကို လွင့်မျောပြီး ရောက်လာသည်။

"(အမှောင်တိုက်ကြီးမှာရှိတဲ့ အပင်မျိုးစိတ် စွယ်စုံကျမ်း မျိုးပေါင်း တစ်ထောင်) အဲဒါကို လေ့လာပြီးနောက် အမှောင်တိုက်ကြီးမှာရှိတဲ့

အပင်အမျိုးပေါင်း တစ်ထောင်ကို ချက်ခြင်း နားလည်သွားမယ်။

စျေးနှုန်း - လေးစားအထင်ကြီးမှု အမှတ် ၃၀,၀၀၀”

နိဒါန်းကို ဖတ်လိုက်ပြီး ဆွန်းမိုက ဒါကို ဝယ်ချင်နေသည်။ တကယ်လို့ သူဝယ်လိုက်ပါက လေးစားအထင်ကြီးမှုအမှတ် ၆၀၀၀ ချွေတာ နိုင်မည်။ ဒါပေမယ့် ဆွန်းမိုက သူ့လိုချင်လောဘ စိတ်ကို ထိန်းနိုင်ခဲ့သည်။ မျိုးစိတ် စွယ်စုံကျမ်းထက်စာရင် မြတ်ဆရာ အရှိန်အဝါက ပိုပြီး အဖိုးတန်သလို အသုံးပြုရတဲ့ နေရာလည်း ပိုတွင်ကျယ်တယ်။

မြတ်ဆရာ အရှိန်အဝါဆိုတာ မြတ်ဆရာတွေရဲ့ အရည်အချင်းပါပဲ။

"အလွဲသုံးစားကျောင်းသား မြတ်ဆရာအရှိန်အဝါကို တချက် ကြည့်ရအောင် "

ဆွန်းမို တစ်ယောက် သူစိတ်နဲ့သူ အနည်းငယ် ကွဲလွဲမှု ဖြစ်နေသည်။

"အလွဲသုံးစားကျောင်းသား အရှိန်အဝါသည် အပစ်ပေးတဲ့ မြတ်ဆရာ အရှိန်အဝါ အမျိုးအစား ဖြစ်တယ်။ အထူးသဖြင့် အခြားမြတ်ဆရာများကို ပစ်မှတ်ထားပြီး အသုံးပြုလို့ရတယ်။ ဒါကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသုံးပြုပြီးနောက် ပစ်မှတ်သည် သတ်မှတ်ထားတဲ့ အချိန်အတိုင်းအတာ တခုအထိ မြတ်ဆရာစွမ်းရည်နဲ့ ပက်သက်ပြီး ဘာမှ သုံးလို့ မရတော့ပါဘူး။ ပစ်မှတ်သည် ဝိညာဉ်ချီလည်း မလည်ပတ်နိုင်တော့သလို သူတို့စိတ်ထဲက အရာအားလုံးမေ့သွားကာ ကျောင်းသားကိုလည်း လမ်းညွှန် မပေးနိုင်တော့ပါ ”

မှတ်ချက်ကို မြင်ပြီးနောက် ဆွန်းမိုကထပ် အချိန်ဆွဲ မနေတော့ပါ။

“အလွဲသုံးစား ကျောင်းသား အရှိန်အဝါကိုဝယ်မယ်”

ဒင်

“မင်း ဝယ်ယူမှုကို အတည်ပြုလိုက်ပါပြီ။ မင်းရဲ့ အားပေးမှုအတွက်လည်း ကျေးဇူးတင်ပါတယ် ”

စနစ်ကပုံမှန်အတိုင်း ဆွန်းမိုကို နှောင်တရ ခွင့်မပေးပါ။ သူ့အသံထွက်လာသည်နှင့် တပြိုင်နက် ဝယ်ယူမှုက အောင်မြင်သွားပြီ ဖြစ်သည်။

“အခု သင်ယူမှာလား”

“ အခုမဟုတ်ရင် ငါက နှစ်သစ်ရောက်တဲ့ အထိ စောင့်ရမှာလား”

ဆွန်းမို စိတ်မရှည်တော့ပါ။

ဖောက်

စွမ်းရည် စာအုပ် ပြိုကွဲသွားသည်။ ဆွန်းမို နဖူးထဲကို အလင်းတန်းတစ်ခု တိုးဝင်သွားသည်။ ဆွန်းမို စိတ်ထဲတွင် လျှို့ဝှက်နက်နဲပြီး လေးနက်ဆန်းကြယ်သော အသိပညာများ ချက်ခြင်းပေါ်လာသည်။ ထို့နောက် စိတ်ထဲစွဲမြဲအောင် နားလည်သွားသည်။

"ဆရာ"

ပတ်ဝန်းကျင်ကို သိချင်စိတ်ဖြင့် လှည့်ပတ်ကြည့်နေသော လုချီဟွာက ဆွန်းမိုကို ချက်ခြင်း လှည့်ကြည့်လာသည်။ သူမဆရာဆီက ထွက်လာတဲ့ အငွေ့အသက်သည် မသိရတဲ့ အရင်းအမြစ်တစ်ခု ရှိနေသလို ဖြစ်နေသည်။

လီဇီချီလည်း ဆွန်းမိုကို လှေ့လာရင်း မျက်မှောင်ကြုတ်သွားသည်။ အင်ဘိုင်ဝူကတော့ သူ့အတွေးတစ်ခုလုံး ဝိညာဉ်ကျောက်တုံး ဘယ်လိုရှာရမလဲ ဆိုတာနဲ့ ပြည့်နေသည်။

ဒင်

“အလွဲသုံးစား ကျောင်းသား မြတ်ဆရာအရှိန်အဝါကို တတ်မြောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်အဆင့် အခြေခံ”

ဆွန်းမိုသည် ဒီမြတ်ဆရာအရှိန်အဝါရဲ့ နက်နဲသိမ်မွေ့သော အဓိပ္ပါယ်ကို ဆင်ခြင်ရင်း အသက်တစ်ချက် ရှူထုတ်လိုက်သည်။

တကယ်လို့ ကြယ်နှစ်ပွင့် မြတ်ဆရာ တစ်ယောက်ဖြစ်ချင်ပါက မြတ်ဆရာအရှိန်အဝါ (၆)ခု နားလည်ထားဖို့ လိုအပ်ပြီး တစ်ဖက်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသက်မွေးဝမ်းကြောင်း အလုပ်အကိုင် နှစ်ခုကို နားလည်ထားဖို့ လိုအပ်သည်။ ပြီးတော့ လက်အောက်က ကျောင်းသားတစ်ယောက်သည် တိမ်စိမ်းအဆင့် ဝင်နေဖို့ လိုအပ်သည်။

အခုအချိန်မတိုင်ခင် ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့အပေါ် မျှော်လင့်ချက် ထားခဲ့သည်။ ဒါပေမယ့် လုချီဟွာနှင့် လီဇီချီတို့လည်း အခွင့်အရေး ရှိနိုင်တယ်လို့ သူခံစား မိသွားသည်။

အောင်မြင်သည်ဖြစ်စေ မအောင်မြင်သည်ဖြစ်စေ ပျိုးထောင်ပေးသူ၏ ကြိုးစား အာထုတ်မှုအပေါ်

မူတည်သည်။ ဒါပေမယ့် အခုလက်ရှိ အရေးအကြီးဆုံးက ဝိညာဉ်ကျောက်တုံး ရှာဖွေဖို့ ဖြစ်သည်။ ဆွန်းမိုသည် လမ်းတစ်လျှောက် လျှောက်သွားပြီးမှ အရင်နေရာ ပြန်သွားဖို့ စဉ်းစားလိုက်သည်။

"ဆရာ၊ ဘာလုပ်နေတာလဲ"

"ဆရာက လမ်းပေါ်ကဆိုင်တွေ ဘာကို အဓိကထား ရောင်းသလဲဆိုတာ လေ့လာနေတယ်။ ဘယ်လုပ်ငန်းက ကောင်းလဲ။ ဘယ်လို ကုန်ပစ္စည်းက ဈေးကွက် ဝယ်လိုအားကောင်းလဲ။ ပြီးတော့

ဘယ်နေရာမှာ လူအသွားအလာ များလဲ။ ဘယ်စတိုးဆိုင်က ပိုနာမည်ကြီးလဲ....”

လီဇီချီက အင်ဘိုင်ဂူနှင့် လုချီဟွာကို စေ့စေ့စပ်စပ်ပြောနေရင်း သူမလည်း အများကြီးတွေးနေသောကြောင့် ဆွန်းမို အတွေးကိုကောင်းကောင်း ခန့်မှန်းမိသည်။

“ပြောတာ ကောင်းတယ်”

ဆွန်းမိုက ချီးကျူးလိုက်သည်။ ထို့နောက်လက်ကိုဆန့်ပြီး လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။ ကြေးရောင်ရတနာသေတ္တာဖွင့်နေရင်း ဆေးဘက်ဝင်

အပင်ရောင်းနေတဲ့ ဆိုင်တစ်ဆိုင်ကို လျှောက်သွားလိုက်သည်။

စာစဉ်(၁၅)

အခန်း(၂၁၀) - သူ့တန်ဖိုး သိသူ တစ်ယောက်။

ဒင်

“တခါသုံး အချိန်တံဆိပ် ရတဲ့အတွက် ဂုဏ်ပြုပါတယ်”

ဆွန်းမိုအရှေ့တွင် ကြေးဝါရောင် မာဂျော်ကျောင် ကြွေပြားတစ်ခု ရှိနေသည်။

"ငါ့ရဲ့ ရှေ့ဟောင်းလောကနတ် ကျင့်စဉ်အဆင့်ကို မြှင့်ပေးပါ"

ဆွန်းမိုက သူ့စွမ်းရည်တွေကို မြှင့်တင်ဖို့ အစီအစဉ်ချမှတ်ထားသည်။ သူ့ရဲ့ တခြား စွမ်းရည်တွေက လုံလောက်နေပြီ။ ဒီနတ်ဘုရား စွမ်းရည်ရဲ့ ကျွမ်းကျင်မှုညွှန်းကိန်းကတော့ အရမ်း နိမ့်ကျနေသည်။ ဒါကြောင့်လည်း ဒီစွမ်းရည်ကို မြှင့်တင်ဖို့ ရွေးချယ်ခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချိန်တံဆိပ်သည် ချက်ခြင်းပြိုကွဲသွားပြီး အလင်းစက်လေးတွေ အဖြစ်ပြောင်းလဲကာ ဆွန်းမို ဦးနှောက်ထဲသို့ စိမ့်ဝင်သွားသည်။ လူမြင်ကွင်းမှာ တော့ ဆွန်းမိုကို လွှမ်းခြုံထားတဲ့ မီးစိမ်းတွေ မရှိပါဘူး။

ဒင်

“ရှေ့ဟောင်းလောကနတ်ကျင့်စဉ်ကို

မဟာအဆင့်အထိ ရောက်အောင် မြှင့်တင်ပြီးပါပြီ ”

“တိုက်ပွဲအတွင်းတွင် မင်းပစ်မှတ်ထားတဲ့ ကျင့်စဉ်တစ်ခုတည်းသာ ထုတ်ယူလို့ ရရုံသာမက အကွက် ၃၀အတွင်း ကျင့်စဉ်ကို ကူးယူနိုင်တယ်”

ဆွန်းမို အရမ်း ကျေနပ်သွားသည်။ ဒါက သူလိုချင်နေတဲ့ အစွမ်းပါ။

တိုက်ပွဲ တစ်ခုတွင် နှစ်ဖက်စလုံး အဆင့်ကွာဟချက် အရမ်းမကြီးပါက အကွက် ၃၀ကတော့ ဘယ်လိုတိုက်တိုက် ရောက်သည်။ ပြီးတော့ ဆွန်းမို အလွယ်တကူ ချေမှုန်းနိုင်သော ပြိုင်ဘက်တွင် အံ့အောစရာကောင်းတဲ့ ကျင့်စဉ် မရှိနိုင်ပါ။ ဆွန်းမိုနောက်က လိုက်လာသော လုချီဟွာသည် ရုတ်တရုတ် အရိပ်အသက် တစ်ခုကို အာရုံခံလိုက်မိပြီး ဆွန်းမိုကို အံ့အောစွာ

လှမ်းအကဲခတ်လိုက်သည်။ သူမက မနေနိုင်ဘဲ လီဇီချီအား

"ပညာသင်ဘက် အစ်မကြီး ၊ ဆရာက ပိုသန်မာလာတယ်လို့ ခံစားရတယ် "

"တကယ်လား"

လီဇီချီ မျက်မှောင်ကြုတ်လိုက်သည်။ (ဆရာက ဘာမှ မလုပ်ရသေးဘူးလေ၊ ပိုသန်မာလာတယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ မင်းက ဆရာရဲ့ အမာခံ ပရိတ်သတ်ဆိုတာ ငါသိတယ်။ ဒီလောက်ကြီး

'အရှုးအမူး' ဖြစ်နေတာက နည်းနည်းပုံကြီးချဲ့ရာ မရောက်ဘူးလား)

ဆွန်းမိုလည်း တိုးတိုးလေး ပြောနေတဲ့ အသံကိုကြားပြီး မနေနိုင်ဘဲ လုချီဟွာကို လှမ်းကြည့်လိုက်မိသည်။ ဒီကောင်မလေးရဲ့ ပင်ကိုယ်အသိစိတ်က အရမ်း ကြောက်ဖို့ကောင်းလွန်းသည်။

"ဘာများဝယ်ချင်လို့လဲ ၊ အပင်မျိုးစုံ ရောင်းပါတယ်၊ ဆေးဖက်ဝင် အပင်ပဲဖြစ်ဖြစ် ဒါမှမဟုတ် အလှဆင်တဲ့ အပင်ပဲဖြစ်ဖြစ်

အမှောင်တိုက်ကြီးက ထွက်တာဆိုရင် ဒီမှာ အကုန်ရပါတယ်”

ဆိုင်ရှင်က ညှော်သည်တွေကို သက်တောင့်သက်သာ ဖြစ်စေတဲ့ အပြုံး ပြုံးပြီး ကောင်တာ နောက်က လမ်းလျှောက် ထွက်လာသည်။

“အင်း၊ ဒီလူငယ်ကတော့ မသေချာဘူး၊ ဒါပေမယ့် မျက်နှာ ဝိုင်းဝိုင်းလေးနဲ့ ကောင်မလေးကတော့ သေချာပေါက် ချမ်းသာမယ့် ပုံပဲ”

ဆယ်နှစ်ကျော်လောက် စီးပွားရေး လုပ်လာသော ဆိုင်ရှင်သည် မျက်လုံးနဲ့ အကဲခတ်မှု အရမ်းများနေပြီ။

တစ်ချက်ကြည့်လိုက်ရုံနဲ့ ဒီလူလေးယောက်ရဲ့ ပိုက်ဆံအိတ်အကြောင်းကို ခန့်မှန်းနိုင်သည်။

အရင်ဆုံး ညွှေ့သည်ရဲ့ ကိုယ်ဟန်အမူအရာကို ကြည့်ပြီး သူတို့ဝယ်မည့် ပစ္စည်းကို အရင်ဆုံး သတိထားသင့်သည်။ ဒါပေမယ့် ဆိုင်ပိုင်ရှင်က ဒီလို မလုပ်ခဲ့ပါ။

ချစ်ဖို့ကောင်းလောက်အောင် ကလေးကလားဆန်တဲ့ မိန်းကလေးကတော့ လူ့အဖွဲ့အစည်း အတွေ့အကြုံနည်းပြီး လှည့်စားဖို့ လွယ်ကူမှန်း သိသာသည်။ ဒါပေမယ့် သူမ

ရင်သားကတော့ တကယ်ကြီးမားပြီး ကျောင်းဝတ်စုံကိုတောင် ဖုဖောင်းထွက်နေသည်။ သဘော်သီးကြီး နှစ်လုံးကို အဝတ်အစားအောက် ထည့်ထားသလိုပါပဲ။

အသက်ငါးဆယ်ကျော်ကာ သူ့ရဲ့ ပဲမြစ်အားနည်းနေပြီး သေးတောင် ကောင်းကောင်း မပေါက်နိုင်တော့တဲ့ ဆိုင်ရှင် အဘိုးကြီးတောင် အနည်းငယ် စိတ်ပါချင်လာသည်။

“ ငါ လီချူး ပြည့်တန်ဆာအိမ်ကို ဒီည သွားရင် ကောင်းမလား”

ဆိုင်ရှင်တစ်ယောက် အနေရခက်နေသည်။

ဆွန်းမိုမှာ အမှောင်တိုက်ကြီးက အပင်အမျိုးအစားပေါင်း ၂၀၀ အကြောင်းကို ထုံးလိုချေ ရေလိုနှောက်နိုင်တဲ့ ဗဟုသုတ ရှိနေပါပြီ။ ဒါကြောင့်လည်း စင်ပေါ်မှာ ခင်းကျင်းပြသထားသော ပစ္စည်းများကို တစ်ချက်ကြည့်လိုက်ရုံနဲ့ အမျိုးပေါင်း ၁၂၀ကျော်ကို ခွဲခြား သိမြင်နိုင်သည်။ ဒီအရာကြောင့် ဝမ်းသာမှု နှင့် စိတ်ပျက်မှု တစ်ပြိုင်ထဲ ခံစားလိုက်ရသည်။

စနစ်ကပေးတဲ့ ကျွမ်းကျင်မှုက တကယ်အားကိုး ရလို့ ဝမ်းသာပါသည်။ သူကိုယ်တိုင်လည်း ခက်ခက်ခဲခဲ ကျက်မှတ်ထားခဲ့ရသည်။ ဒီအပင်များကို မြင်လိုက်တဲ့အချိန်တွင် သူကိုယ်တိုင် စိုက်ပျိုးထားတဲ့ အပင်များ၊ ပန်းပွင့်များ ညှိုးနွမ်းနေတာ မြင်လိုက်ရသလို ခံစားရသည်။ အပင်များနဲ့ အရမ်းရင်းနှီးနေကာ အပင်တိုင်းရဲ့ အရွက်တစ်ခုစီကို မှတ်မိနေသည်။

သူတို့ထဲက တော်တော်များများကို မှတ်မိနေလို့လည်း စိတ်ပျက်ရသည်။ အဖွင့်မှာ

ခင်းကျင်းပြသထားသော ပစ္စည်းအများစုက ဘာတန်ဖိုးမှ မရှိပါ။

"ဆိုင်ရှင်၊ ဒီအပင်တွေကို အကြွေးနဲ့ ဝယ်လို့ရလား"

ဆိုင်ရှင် မျက်နှာ သုန်မှုန်သွားသည်။

ဆွန်းမို စကားကို ကြားလိုက်လျှင် ဆိုင်ထဲမှာ အေးအေးလူလူ လျှောက်ကြည့်နေသော လီဇီချီ အမြန်ပြေးလာသည်။ ဆွန်းမိုရဲ့ အင်္ကျီလက်စကို ဆွဲကိုင်လိုက်ပြီး

“ ဆရာ၊ ကျွန်မမှာ ဝိညာဉ်ကျောက်တုံးတွေ ရှိတယ်။ အရင်သုံးထားပြီး နောက်မှ ပြန်ပေးလို့ရတယ် ”

လီဇီချီသည် ဆွန်းမိုက မယုံမှန်းသိနေသောကြောင့် ဝိညာဉ်ကျောက်တုံးကို မပေးသေးပါ။

“မင်းက ငါ့ကို ဟာသ လာလုပ်နေတာလား။ မင်းကျောင်းသားမှာ ပိုက်ဆံရှိရင်လည်း ဘာကြောင့် မသုံးတာလဲ”

ဆိုင်ရှင် ခေါင်းရှုပ်သွားသည်။

“ဆရာတစ်ယောက်က ကျောင်းသားဆီကနေ ဘာမှ မတောင်းဆိုသင့်ဘူး”

ဆွန်းမိုက ပြန်ရှင်းပြသည်။

“ဟားဟား”

သူက လူလိမ်တွေနဲ့ ကြုံနေပြီလားဆိုပြီး ဆိုင်ရှင် တွေးလိုက်မိသည်။ ဒါပေမယ့် သိချင်စိတ်ကြောင့်

“မင်းတို့က အပင်ရရင် ဘာလုပ်ဖို့ စိတ်ကူးထားလဲ”

“ပြန်ရောင်းမယ်”

ဆွန်းမိုက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဆရာဝတ်စုံကို ဝတ်ထားတာမြင်နေလို့ပါ။ ဒီလိုမှမဟုတ်ရင် သူ ထဆဲ လိုက်မိမည်။ (မင်းက ငါ့လုပ်ငန်းကို လုယူဖို့ ကြိုးစားနေတာလား။ ဆိုင်ပါ ရောင်းပါလားလို့ ဘာလို့ ငါ့ကို မမေးတာလဲ။

"နောက် နှစ်နာရီကြာရင် မင်းတောင်းတဲ့ ဈေးထက် နှစ်ဆပေးမယ်"

ဆွန်းမိုက ကမ်းလှမ်းလိုက်သည်။

"တောင်းပန်ပါတယ် ၊ ဒီစီးပွားရေးကို ငါမလုပ်ဘူး"

ဆိုင်ရှင်ရဲ့ မျက်နှာ အမူအရာ အေးစက်သွားသည်။

“ကောင်းပြီလေ”

ဆွန်းမိုကလည်း ဂရုမစိုက်ပါ။ သူက ထွက်သွားပြီး ဆေးပင်ရောင်းတဲ့ နောက်တစ်ဆိုင်ကို သွားလိုက်သည်။

လမ်းတစ်လျှောက်တွင် ပန်းများ၊ ငါးများနှင့် ပိုးကောင်များ ရောင်းသလို ဆေးပင်ရောင်းတဲ့ ဆိုင် ဆယ်ဆိုင်လောက် ရှိသည်။ မသိရင် ပတ်ပတ်လည်မှာ လူအုပ်ကြီး ဝိုင်းနေသလိုပါပဲ။ ဆွန်းမိုကတော့ အချိန်နည်းနည်း ပိုရယူရမည့်ပုံပဲ။ ဒါပေမယ့်

လက်ခံမည့် သူတစ်ယောက်မှ မရှိဘူးဆိုတာ သူမယုံပါ။

ငါးဆိုင် ဆက်တိုက် အငြင်းခံလိုက်ရသည်။

"ဆရာ"

ဆွန်းမို အငြင်းခံနေရတာမြင်တော့ လီဇီချီ ဆက်ပြီး ကြည့်မနေနိုင်တော့ပါ။

"ဆရာ ကျွန်မကို သင်ပေးခဲ့တာလည်း တော်တော် ကြာနေပြီ။ ဒါပေမယ့် ကျွန်မက ဆရာ့ကို လေးစားမှု လက်ဆောင် တစ်ခုမှ မပေးရသေးဘူး။ ဒါကြောင့်

ကျွန်မဆီက ဝိညာဉ်ကျောက်တုံးကို လက်ခံတာ ပုံမှန်ပါပဲ”

ဒီခေတ်တွင် ကျောင်းသားဆီက လက်ဆောင်လက်ခံခြင်းသည် ယုတ္တိရှိပြီး ဥပဒေနဲ့ ညီသည်။ ကျန်ကွမ်လင်ပင် ထိုအကြောင်းနဲ့ ပက်သက်ပြီး ဘာမှ မပြောနိုင်ပါ။

“မင်းရဲ့ သဘောထားကို ငါနားလည်တယ် ၊ ဒါပေမယ့် ငါက တပြည့်တွေဆီက အရာကို လက်မခံဘူး”

ဆွန်းမို ငြင်းပယ်လိုက်သည်။

"ဒီကောင် ဘာဖြစ်နေတာလဲ"

" သူဝတ်ထားတဲ့ပုံကို ကြည့်ရတာတော့ ဗဟိုပြည်နယ် အကယ်ဒမီက ဖြစ်နိုင်တယ်"

ဆိုင်ပိုင်ရှင်အားလုံးထွက်လာပြီး အဖွဲ့လိုက် ဆွေးနွေးမှုကို အကဲခတ်နေကြသည်။ ဒီဆိုင်တွေက ပုံမှန် ဝင်ငွေရှိသည်။ အများအားဖြင့် သူတို့က ကျောင်းသား တွေကို ခွဲခြားသတ်မှတ်ကာ နမူနာများ ပေးလေ့ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခြောက်ဆိုင်မြောက်က သူတို့ထွက်လာလျှင် လုချီဟွာနှင့် လီဇီချီတို့က လက်တစ်ဖက်ကို အိုးတစ်လုံးစီ သယ်လာကြသည်။

မျိုးရိုးနာမည် ရှောင် အမည်ရသော ဆိုင်ရှင်က ကိုယ်တိုင် ဆိုင်အပြင်တောင် လိုက်ပို့လိုက်သေးသည်။

သူတို့လေးယောက်ထွက်သွားတာကို မြင်လိုက်လျှင် ပထမဆိုင်ရှင်ဖြစ်တဲ့ ကွမ်က

“ဘာလို့ သူတို့ကို အကြွေးရောင်းလိုက်တာလဲ”

“ ဘာပဲဖြစ်ဖြစ် ငါက ဆိုင်ပိတ်တော့မှာလေ ဒီလက်ကျန်တွေက ရှင်းရမှာပဲ၊ သူတို့လိမ်သွားရင်တောင် အဆင်ပြေတယ်”

သူဌေးရှောင်က ဒီလုပ်ငန်းကို ဆက်မလုပ်ချင်တော့ပါ။ ဝိညာဉ်တောင်ပံမြို့တွင် စီးပွားရှာရတာ အရမ်းခက်ခဲသည်။ သူ အိမ်ပြန်ချင်နေပြီ။

“ မင်းက အရမ်းစိတ်ကူးယဉ်တတ်တဲ့ အရူးပဲ၊ ငါတို့တွေ ဆေးပင်ကို ဒီဈေးနှုန်းနဲ့ ခုနှစ်နှစ်၊ ရှစ်နှစ်လောက် ရောင်းချခဲ့ပြီးပြီ။ အမြတ်ကလည်း

အရမ်းနည်းတယ်။ သူတို့ကို ပြန်ရောင်းဖို့ကြိုးစားရင် မင်းရဲ့ ဆုံးရှုံးမှု အရမ်းကြီးတာပဲ အဖတ်တင်လိမ့်မယ်”

“သူတို့ဝယ်သွားတဲ့ အိုးတွေက ထူးခြားတဲ့ လက္ခဏာတွေ ရှိနေလို့များလား”

ဆိုင်ပိုင်ရှင် တစ်ယောက်က ရုတ်တရက် ထပြောလိုက်သဖြင့် အားလုံး စိတ်ရှုပ်သွားသည်။

အလယ်ကမ္ဘာက လူများသည် အမှောင်တိုက်ကြီးအကြောင်းကို ဘာမှနားမလည်ရာကနေ တဖြည်းဖြည်း တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ အမှောင်တိုက်ကြီး

အကြောင်းကို အားလုံးသိတယ်လို့ ဘယ်သူမှ မပြောရဲပါ။ ဆေးပညာရှင်တချို့ အပင်များကို စမ်းသပ်မှု ပြုလုပ်ပြီး နေ့ခြင်းညခြင်း ချမ်းသာသွားတဲ့ ဖြစ်ရပ်များလည်း ရှိသည်။

ဒီကောင်က အံ့အောစရာကောင်းတဲ့ ဆေးဖက်ဝင်အပင် သုတေသီ ဖြစ်နေမလား။

"မဖြစ်နိုင်ဘူး ၊ သူဝယ်ခဲ့တဲ့ အပင်တွေက မြင်နေကြ အပင်တွေပဲ"

ဆိုင်ပိုင်ရှင်တစ်ယောက် ဒီလိုပြောလိုက်ရင် ဆိုင်ပိုင်ရှင်အားလုံးလည်း ဟက်ဟက်ပက်ပက်

ရယ်မောပြီး ကိုယ့်ဆိုင်ကိုယ် ပြန်ဝင်သွားကြသည်။ သူတို့က သူတို့ဆိုင်ထဲ ပြန်ဝင်ပြီး ဆွန်းမိုတို့ အဖွဲ့ဝယ်ခဲ့တဲ့ အပင်နဲ့ အမျိုးအစားတူ အပင်များကို စတင်လေ့လာနေကြသည်။

လမ်းပေါ်တွင်..........

ဆွန်းမိုက မိန်းကလေးသုံးယောက်ကို ခေါ်ကာ ပန်းအိုးတွေသယ်ပြီး ခရီးဆက်ခဲ့သည်။ နောက်ဆုံး ဝိညာဉ်တက်တူး ဆိုင်ရှေ့တွင် ရပ်လိုက်ကြသည်။

"ဒီနေရာပဲ"

ဆွန်းမိုက ရပ်လိုက်ပြီး လမ်းဘေးဈေးဆိုင်တစ်ခု စတည်လိုက်သည်။

"ဆရာ..."

လီဇီချီက အနည်းငယ် ရှက်သွားသော်လည်း လုချီဟွာနှင့် အင်ဘိုင်ဝူတို့ကတော့ စိတ်လှုပ်ရှားနေကြသည်။

လမ်းဘေးနှစ်ဖက်လုံးမှာ တခြားလမ်းဘေးဆိုင်တွေ ရှိသည်။ ဒီလူများသည် ကုန်သည်များ မဟုတ်ဘဲ ကျင့်ကြံသူများ ဖြစ်သည်။ စွန့်စားခန်းက ပြန်လာပြီး အကြောင်းအမျိုးမျိုးကြောင့်

သူတို့ ပစ္စည်းကို ကုန်သည်တွေဆီမှာ မရောင်းချတော့ဘဲ လမ်းဘေးဈေးဆိုင်ဖွင့်ကာ ကိုယ်ပိုင် ကုန်ပစ္စည်းတွေကို ရောင်းချနေကြခြင်း ဖြစ်သည်။

ဆွန်းမိုက ပုံမှန်မြင်နေကြ အပင်တွေကို ယူလာပြီး လွတ်နေတဲ့ နေရာတစ်ခုကို ယူလိုက်လျှင် လူတိုင်း ကြောင်သွားသည်။ (မင်းဘာရောင်းမှာလဲ။ မင်းဘေးနားက မိန်းကလေးသုံးယောက်ကိုတော့ မဟုတ်ပါဘူးနော်။)

ဆွန်းမိုက မြေပေါ်တွင် ထိုင်ချလိုက်သည်။ ထို့နောက်စုတ်တံကို ထုတ်ကာ မှင်အိုးထဲနှစ်လိုက်သည်။ ခရမ်းရောင်ရှိသော အရွက်များပေါ်တွင် ဝိညာဉ်စုဆောင်းခြင်း တက်တူးကို စပြီး ရေးဆွဲလိုက်သည်။

လျှိုဆေးပင်သည် အမြစ်ထူပြီး ပင်စည်တောင့်တင်းကာ ထူထဲသော အရွက်များရှိသည်။ ဝိညာဉ်ချီ ပြင်းထန်သော နေရာများတွင် ကြီးထွားကြသည်။ သူတို့ရဲ့ ဝိညာဉ်ချီ စုတ်ယူနိုင်မှုအားက အရမ်းကောင်းသောကြောင့်

ဆွန်းမို ရွေးချယ်ခဲ့သည်။ ဒါကြောင့် သူတို့ပေါ်တွင် ရေးဆွဲသော ဝိညာဉ်တက်တူးများက ပိုပြီး အကျိုးသက်ရောက်မှု ရှိလိမ့်မည်။

ဆွန်းမိုက အားလပ်ချိန် သိပ်မများသောကြောင့် ပြည့်စုံသော ဝိညာဉ်စုဆောင်းခြင်းတက်တူးကို မရေးတော့ဘဲ ရိုးရှင်းတဲ့ ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ရေးဆွဲလိုက်သည်။

"ဒီကောင် ဘာလုပ်နေတာလဲ။ ခရမ်းရောင်အရွက်ပေါ်မှာ စာလုံးအနည်းငယ် ရေးလိုက်ရုံနဲ့ ရောင်းနိုင်မယ် ထင်နေတာလား"

"ငါလည်း မသိဘူး"

"ဒီကမ္ဘာပေါ်မှာ အရူးတွေအများကြီး ရှိပါတယ်ကွာ၊ ဒါပေမယ့် ဒီကောင့်ကိုတော့ မမှီနိုင်ဘူး"

လမ်းဘေးကုန်သည်အားလုံး သိချင်စိတ်နဲ့ စိုက်ကြည့်နေကြသည်။ လမ်းသွားလမ်းလာတွေကတော့ လှည့်တောင် မကြည့်ကြပါ။

ဆွန်းမိုသည် ဝိညာဉ်စုဆောင်းခြင်း သရုပ်ဖော်နည်းစနစ်တွင် ဘိုးဘေး အဆင့်နားကို

ကပ်နေပြီ ဖြစ်သည်။ ပြီးတော့ လွန်ခဲ့တဲ့ လအနည်းငယ်ကလည်း အတန်းတိုင်းတွင် ဒါတွေချည်း ရေးဆွဲနေခဲ့သည်။ ဒါကြောင့် အရမ်း ရင်းနှီးနေကာ မျက်လုံးမှိတ်ဆွဲလို့တောင် ရသည်။

ငါးမိနစ်လောက်ကြာတော့ ရိုးရှင်းတဲ့ ဝိညာဉ်တကက်တူး တစ်ခု ပြီးသွားသည်။

ဘုန်း

ပတ်ဝန်းကျင်တွင် ဝိညာဉ်ချီတွေ ပေါက်ကွဲထွက်လာပြီး ခရမ်းရောင်အရွက်တွေဆီ

စီးဆင်းကာ ဝိညာဉ်ချီ လေဆင်နှာမောင်း တစ်ခု ဖြစ်လာသည်။

"ဘာကြီးလဲ"

လမ်းဘေးကုန်သည်အားလုံး အရမ်း တုန်လှုပ်သွားကာ ဆွန်းမိုကို မျက်လုံးကြီး ပြူးပြီး ဝိုင်းကြည့်နေကြသည်။ ဒီပန်အိုးက ခရမ်းရောင်လျို့ ဆေးပင် မဟုတ်ဘူးလား။

"တောက် ဝိညာဉ်ချီ စုဆောင်းနိုင်တဲ့ အပင်လား ဒီကောင်တော့ ချမ်းသာတော့မှာပဲ"

တစ်ယောက်က အားကျတဲ့ စိတ်နဲ့ ပြောလိုက်သည်။

“ မင်းက ငတုံးလား ၊ ဝိညာဉ်ချီ လေဆင်နှာမောင်းလေ၊ ဒါက အဆင့်မြင့် တက်တူးတွေ အောင်မြင်မှ ဖြစ်ပေါ်တဲ့ ဖြစ်စဉ်ကွ”

သာမန်ရုပ်ရည်နဲ့ကုန်သည်က ဝိညာဉ်တက်တူးကို အထင်သေးသလို ပြောလိုက်သည်။

“မင်းက ငတုံးပဲ အပင်ပေါ်မှာ ဝိညာဉ်တက်တူးကို ဘယ်သူက ရေးဆွဲနိုင်လို့လဲ”

ရုပ်ဆိုးတဲ့တစ်ယောက်က ပြောလိုက်ပေမယ့် သူ့အရည်အချင်းကို သိပါတယ်။ ပြီးတော့ အပင်ပေါ်တွင် ဝိညာဉ်စုဆောင်းခြင်း တက်တူး ရေးဆွဲတာ ဘယ်လောက်ခက်ခဲလဲ ဆိုတာ သူနားလည်သည်။

"ဒါအမှန်ပဲ"

သာမန်ရုပ်ရည်နဲ့ ကုန်သည်က သူ့ကိုယ်သူ လှောင်ပြီးပြောလိုက်သည်။ ဘိုးဘေးအဆင့်ရှိတဲ့ လူတစ်ယောက် ဖြစ်မှသာလျှင် ဒါကို လုပ်နိုင်သည်။ ဒီကောင်လေးက ဘိုးဘေးအဆင့်

ဖြစ်နေမလား။ ဒါကလုံးဝ မဖြစ်နိုင်ဘူး။ သူ့ကြည့်ရတာ အလွန်ဆုံး ၂၁ ဒါမှမဟုတ် ၂၂ပေါ့။ သူ့အောက်မွေးတွေက အခုထိပျော့နေပြီး ဘိုးဘေးတစ်ယောက်ရဲ့ ဖိနပ်ကို ကိုင်ဖို့တောင် အဆင့်မရှိသေးဘူး။

လမ်းသွား လမ်းလာတချို့က အခြေအနေကို သတိထားမိပြီး စုရုံးလာသည်။

ဆွန်းမိုက အလုပ်မရပ်ပဲ ဆက်ဆွဲနေသည်။

"သူ ဘာလုပ်နေတာလဲ"

လူတိုင်း ဦးနှောက်ခြောက်နေတုန်း နောက်ထပ် ဝိညာဉ်ချီ လေဆင်နှာမောင်းတစ်ခု ထပ်ပေါ်လာသည်။

"ဒါ..."

ရုပ်ဆိုးတဲ့လူနဲ့ သာမန်ရုပ်ရည်ရှိတဲ့ ကုန်သည်တို့သည် တစ်ယောက်နှင့် တစ်ယောက် အကြည့်ခြင်း ဖလှယ်လိုက်ပြီး သူတို့အကြည့်တွေက နားမလည်နိုင်တဲ့ ပုံပေါ်လာသည်။ ဒါက အဆင့်မြင့် ဝိညာဉ်တကတူး တစ်ခုပြီးသွားရင် ပေါ်ပေါက်လာတဲ့ ဖြစ်စဉ်နဲ့ တူနေသည်။

နှစ်ယောက်စလုံး သူတို့ရဲ့ လမ်းဘေးဈေးဆိုင်ကို ပစ်ထားခဲ့ပြီး ပြေးလာကြသည်။

သူတို့တွေဝေနေတဲ့ အချိန်မှာ တတိယမြောက် ဝိညာဉ်ချီ လေဆင်နှာမောင်း ပေါ်လာသည်။ နှစ်ယောက်သား အနီးကပ်ကြည့်ပြီး ချက်ခြင်း အံ့အော မှင်တက်သွားသည်။

“ဘုရားရေ....ဒါ....ဒါက ဖြစ်နိုင်ပါ့မလား”

ခရမ်းရောင်လျှို့ရှက်ပေါ်တွင် ပုံမှန်မဟုတ်ဘဲ ရုပ်ဆိုးတယ်လို့ပြောလို့ရတဲ့ ဝိညာဉ်တက်တူး ရှိနေသည်။ ဒါက ဝိညာဉ်တက်တူးလား။

"ဘုရားရေ၊ ထူးဆန်းလိုက်တာ"

စစ်ဝတ်စုံ ဝတ်ထားတဲ့ လူငယ်လေးတစ်ယောက် ချက်ခြင်း ပြေးလာပြီး အပင်ရှေ့တွေ ငုတ်တုတ်ထိုင်ကာ လေ့လာရင်း မျက်လုံး ပြူးသထက် ပြူးလာသည်။

"အရမ်းကောင်းတယ်၊ နောက်ဆုံး သူ့တန်ဖိုးကို သိတဲ့လူ ရှိလာပြီ"

လီဇီချီ နှစ်သိမ့်တဲ့ အပြုံးကို ပြုံးလိုက်မိသည်။ ဆရာရဲ့ စွမ်းဆောင်မှုကြောင့် နောက်ဆုံးတော့ တကယ့် ပရိတ်သတ် ရလာပြီ။ သို့သော်လည်း

ထိုလူငယ်လေး ပြောလိုက်တဲ့ စကားကြောင့် ချောင်းဆိုးပြီး သွေအန်လုနီးပါး ဖြစ်သွားသည်။

"ဟော့လူ ခင်ဗျား ဘာပုံဆွဲနေတာလဲ"

ကောင်လေးက မေးလိုက်သည်။

လီဇီချီ စကားမပြောနိုင် ဖြစ်သွားသည်။ (ဘာမှ မသိဘူးလား)

အင်ဘိုင်ဝူက အဲဒီကောင်လေးကို မကျေမနပ် စိုက်ကြည့်နေသည်။ ဆရာအပေါ် မယဉ်ကျေးလို့လည်း ဖြစ်နိုင်သလို စစ်သား ဝတ်စုံကြောင့်လည်း ဖြစ်နိုင်သည်။ အဲဒါက ရွှေရောင်

ခပ်ဖျော့ဖျော့ တောက်နေပြီး နေရောင်အောက်တွင် ထည်ဝါကာ ဇိမ်ကျကျ တောက်ပနေသည်။

ဒီဝတ်စုံကို ရွှေပိုးကောင်နဲ့ ရက်လုပ်ထားသည်။ သားရေကဲ့သို့ ပေါ့ပါးကာ ဓါးနှင့် လှံများကို ခံနိုင်ရည်ရှိအောင် ရက်လုပ်ထားသည်။

ဒီလို လက္ခဏာများကြောင့်လည်း ရွှေပိုးကောင်သည် အရမ်းဈေးကြီးပြီး ဝိညာဉ်ကျောက်တုံးများနဲ့သာ ဝယ်ယူလို့ရသည်။ ပြီးတော့ များများစားစား မဝယ်နိုင်ကြဘဲ သူတို့သည် အရေးကြီးတဲ့ နှလုံး လိုမျိုး အစိတ်ပိုင်းများကိုသာ

ကာကွယ်ဖို့ အဝတ်အစားအတွင်းပိုင်းတွင် ထည့်ကာ အသုံးပြုကြသည်။ ဒါပေမယ့် ဒီကောင်လေးကတော့ အပြင်ဘက် ဝတ်စုံအဖြစ် ချုပ်ဝတ်ထားသည်။ သူတကယ် ရဲရင့်တယ်၊ ရဲ့ရင်တယ်ပဲ ပြောလိုက်ချင်သည်။

အင်ဘိုင်ဝူက ဆင်းရဲသော်လည်း လူချမ်းသာများကို မမုန်းပါ။ သို့သော်လည်း ဒီတောက်တောက်ပြောင်ပြောင်နဲ့ ကောင်းလေးကို ကြည့်ပြီးရိုက်ချင်စိတ် ပေါက်လာသည်။

“ဒီက မိန်းကလေး၊ မင့် ငါ့ကို ချစ်မိသွားပြီလား”

ရွှေရောင်တောက်ပနေတဲ့ ကောင်လေးက သူ့သွားဖွေးဖွေးလေးတွေပေါ်အောင် ချောမောသော အပြုံး ပြုံးရင်း ပြောလိုက်သည်။ ဆံပင်ကို လက်နဲ့ သပ်လိုက်သေးသည်။

"ငါ့မှာ ချစ်သူ ရှိနေပြီးသားဖြစ်နေတာ စိတ်မကောင်းစရာဘဲ တောင်းပန်ပါတယ်၊ မင်းအချစ်ကို လက်မခံနိုင်ဘူး"

အင်ဘိုင်ဝူ အံကြိတ်လိုက်တဲ့ အသံကို လီဇီချီ ကြားလိုက်သည်။ နောက်တစ်ခွန်းထပ်ပြောရင် ရွှေရောင်တောက်နေတဲ့ ကောင်လေး လက်သီးနဲ့

မျက်နှာ မိတ်ဆက်တော့မှာ လီဇီချီ မြင်ယောင်နေသည်။

ဆွန်းမိုက ဘာမှပြန်မပြောဘဲ ဆက်ဆွဲနေသည်။ ငါးမိနစ်ကြာပြီးနောက် နောက်ထပ် ဝိညာဉ်ချီ လေဆင်နှာမောင်းတစ်ခု ထပ်ပေါ်လာပြန်သည်။

"ဘု....ဘုရား၊ တကယ်ပဲ ဝိညာဉ်တက်တူးတွေလား"

ရုပ်ဆိုးတဲ့ ကုန်သည်သည် အရမ်းအံ့အောပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေကာ အထဲက

အာသီး အနီရောင်ကိုတောင် မြင်နေရသည်။ အမ်ဒီကောင် အာသီး ရောင်နေတာပဲ။

ဒင်

ရုပ်ဆိုးတဲ့ ကုန်သည်ရဲ့ လေးစားအထင်ကြီးမှု +၅၀။ မူလ(၅၀/၁၀၀)

“ဘိုး……ဘိုးဘေးငယ်လေး”

သာမန်ရုပ်ရည်နဲ့ ကုန်သည်ကြီးရဲ့ မျက်နှာကတော့ အရမ်းအံ့အော မှင်တက်နေသည်။ ပိုးရုပ်ဆိုးတဲ့လူက ပိုရုပ်ဆိုးလာသည်။

ဒင်

သာမန်ရုပ်ရည်နဲ့ ကုန်သည်ရဲ့ လေးစားအထင်ကြီးမှု +၅၀။ မူလ(၅၀/၁၀၀)

သူတို့နှစ်ယောက်သည် မျက်လုံးကို ပွတ်သပ်ရင်း ပန်းအိုးပင်အရှေ့တွင် ငုပ်တုတ်ထိုင်ကာ ခံစားကြည့်ချင်သည်။ သို့သော်လည်း ထိုနေရာတွင် ထိုင်နေသော စစ်ဝတ်စုံနဲ့ လူငယ်လေးကို ကြည့်ပြီး လက်လျှော့လိုက်သည်။ သူတို့သည် သုံးသပ်အားနည်းတဲ့လူတွေ မဟုတ်ပါ။ ဒီလိုမျိုးအဝတ်အစား ဝတ်နိုင်တဲ့လူငယ်က ဘယ်လိုမှ သာမန်လူမဖြစ်နိုင်ပါ။

“ဟေး၊ မင်းက ဒီပန်းအိုးကို ရောင်းမှာလား”

ရွှေရောက်တောက်နေတဲ့ ကောင်လေးက မေးလိုက်သည်။

နောက်ရက်အနည်းငယ်ကြာရင် သူကြိုက်နေတဲ့ကောင်မလေးရဲ့ မွေးနေ့ ရောက်တော့မည်။ ဒါကြောင့် သူ့ကြိုက်တဲ့ကောင်မလေးကို အံ့အောစရာကောင်းတဲ့ လက်ဆောင်ပေးဖို့ လမ်းတလျှောက်လိုက်ကြည့် နေခဲ့သည်။ ဒီပန်းအိုးက အရမ်း စိတ်ဝင်စားဖို့ ကောင်းသည်။

"ဝိညာဉ်ကျောက်တုံး ဆယ်လုံး"

လီဇီချီက ဈေးဖွင့်လိုက်သည်။

ဆွန်းမိုက ဝိညာဉ်တက်တူး မဟာသခင်ဖြစ်သည်။ သူ့ဘာသာသူ ဈေးနှုန်းဖွင့်လိုက်ရင် အဆင့်အတန်း နိမ့်ကျသွားမည်။ ဒါကြောင့် တပြည့်ဖြစ်တဲ့သူက လုပ်ဆောင်ရမည်။

"ဝိညာဉ်ကျောက်တုံး ဆယ်လုံးလား၊ ဘာလို့ တစ်ယောက်ယောက်ဆီက မလုယက်တာလဲ"

နဖူးပြောင်နေတဲ့ လူငယ်တစ်ယောက်က အော်ပြောလိုက်သည်။ သူ့ အသံက စူးရှနေပြီး မသိရင်

နိုင်ငံခြားသား သူ့ဖင်ထဲကို ပစ္စည်းထိုးထည့်နေသလိုပါပဲ။

“တောက်၊ ဘယ်လိုသတ္တိနဲ့ ဒီဈေးနှုန်း တောင်းရဲတာလဲ”

“ဝိညာဉ်ကျောက်တုံးတွေက အရမ်းရှာရလွယ်နေရင် လူတိုင်း ချမ်းသာနေမှာပေါ့ ”

“သူတို့က ဝိညာဉ်ကျောက်တုံးအကြောင်းတွေးရင်း စိတ်ဖောက်သွားကြတာလား”

လီဇီချီရဲ့ ဈေးနှုန်းကို ကြားလိုက်ပြီး လမ်းဘေးဈေးသည်များ လူအုပ်ကြီး တစ်ခုလို

ဝိုင်းလာကြသည်။ တချို့က စျေးကြီးတယ်ထင်ပြီး တချို့ကမနာလိုဖြစ်ကာ ဆွန်းမိုကို ဆိုင်ဖွင့်ခွင့် မပေးချင်တော့ပါ။

ဆွန်းမိုက ဒီနေရာမှာ ထိုင်နေတာ နာရီဝက်တောင် မပြည့်သေးသော်လည်း ပန်းအိုးတစ်လုံး ဆွဲပြီးသွားပြီ။ ဒီလိုငွေရှာတာ အရမ်း မလွယ်လွန်းဘူးလား။ ဒါကြောင့် လူတွေ မနာလို မဖြစ်ရင်သာ ထူးဆန်းနေလိမ့်မည်။

“ဆယ်လုံးက အရမ်းများတယ် တစ်လုံးဆို ငါယူမယ်”

ကိုထိပ်ပြောင်က ဈေးဆစ်ဖို့ကြိုးစားလိုက်သည်။ သူ့ရဲ့ ကမ်းလှမ်းချက်ကလည်း တခြားဈေးသယ်များ မနာလို ဖြစ်နေဆဲ ဖြစ်သည်။ (မင်းက ငတုံးလား ပန်းအိုး တစ်လုံးဝယ်ဖို့ ဝိညာဉ်ကျောက်တုံး တစ်လုံး သုံးစရာလား)

“ ကျွန်တော်ရဲတင်းပြီး တစ်ခုလောက် မေးလို့ရမလား ၊ ဒါက ခရမ်းရောင်လျို ဆေးပင် မဟုတ်ဘူးလား၊ ကျွန်တော်ထင်ထာမမှားရင် ဒါကို ခရမ်းရွက် ချောက်နက်ကြီးရဲ့ နေရာတိုင်းမှာ

တွေ့နိုင်တယ်။ ဝိညာဉ်ကျောက်တုံး တစ်လုံးဆိုရင် အခု ၁၀၀ လောက်ဝယ်လို့ ရတယ် ”

တစ်ယောက်က စိတ်ရှုပ်ပြီး ကိုထိပ်ပြောင်ကို မေးလိုက်သည်။

“အမှန်ပဲ ဒါက ခရမ်းရောင်လျှိုဆေးပင်ပဲ ၊ ဒါပေမယ့် သူ့ပုံက မဆိုးလို့ ငါသဘောကျတယ်လေ။ ပိုတဲ့ကြေးက သူ့ရဲ့ အကြံဉာဏ်အတွက်ပေါ့”

ကိုထပ်ပြောင်က ပြန်ရှင်းပြသည်။ ဝိုင်းအုံနေသော လူများက အပင်ပေါ်က ပုံကို ကြည့်လိုက်ကြသည်။ သူတို့ ကျိန်ဆဲချင်နေကြသည်။ ပီကာဆို

(ကျော်ကြားသော ပန်းချီပညာရှင်) သာ ဒီပုံကို မြင်ရင် ကို့ကိုယ်ကို သတ်သေသွားလောက်သည်။ (ကောင်းတယ်လို့ မင်းဘယ်လို မျက်လုံးနဲ့ ကြည့်လိုက်တာလဲ။ သူ့တင်ပါးကို ကြည့်ပြီး ပြောလိုက်တာလား)

"ဝိညာဉ်ကျောက်တုံး တစ်တုံး ဒီထက် ပိုမပေးနိုင်တော့ဘူး"

ကိုထိပ်ပြောင်က အမူအရာ မပြောင်းဘဲ ဈေးစစ်နေသည်။ သို့သော် သူ့စိတ်ထဲတွင် မခန့်လေးစား လုပ်နေသည်။ (ဒီငတုံးတွေက

ဝိညာဉ်တက်တူးတောင် မသိကြဘူး၊ တကယ်ကို တုံးလွန်းတယ်။)

(အင်း၊ အဲဒါက အရမ်းကောင်းတဲ့ ပုံဆွဲနည်း တစ်ခုပဲ။ ဒါပေမယ့် ဘယ်လိုချီးကျူး ရမလည်းဆိုတာ ဘယ်သူမှ မသိကြဘူး။ ဒါတကယ်ကို ဖြုန်းတီးတာပဲ။ ဒါပေမယ့်ကောင်းပြီလေ အခုငါရောက်နေပြီဆိုတော့ ဒီပန်းအိုးအကြောင်းကို ဖော်ထုတ်ခွင့် မပေးနိုင်ဘူး)

(ဒီလူငယ်လေးကလည်း တကယ်ထူးဆန်းတယ်။ အပင်ပေါ်မှာ ဝိညာဉ်တက်တူး ရေးဆွဲနိုင်တာကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စဉ်းစားကြည့်ရင် ဝိညာဉ်တကျတူး ဘိုးဘေးရဲ့ တိုက်ရိုက် တပြည့်များလား)

ဆွန်းမိုကို အကဲဖြတ်နေရင်း ကိုထိပ်ပြောင်သည် ပန်းအိုးနား ရောက်လာသည်။

ဒင်

ဖိန်တူ၏ လေးစားအထင်ကြီးမှု ၅၀။ မူလ(၅၀/၁၀၀)

ဝိုး၊ တကယ်ရောင်းတာလား။

လမ်းဘေးဈေးသည်အုပ်စု မနာလို ဖြစ်နေကြသည်။

ဖောက်

စနစ်ဆီက အကြောင်းကြားချက် ရပြီးနောက် ဆွန်းမိုက ဖိန်တူ၏ လက်ကို လှမ်းဖမ်းလိုက်သည်။ ဒါအမှန်ပဲ။ ဈေးကစားတာကို ကောင်းကောင်းနားလည်တဲ့ လူပဲ။

“ငါ မင်းကို ပြောနေတယ်လေ၊ မင်းပုံဆွဲတာကို သဘောကျလို့ ဝယ်ချင်တာ ၊ တခြားသူသာဆိုရင် ဝိညာဉ်ကျောက်တုံး တစ်တုံးတောင် ပေးမှာ မဟုတ်ဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖိန်တူက လိုချင်စိတ်ပြင်းပြသော အကြည့်နဲ့ အပင်ကို လှေ့လာနေသည်။

“ဝိညာဉ်ကျောက်တုံးဆယ်လုံး၊ တစ်ပြားမှ မလျှော့ဘူး”

အင်ဘိုင်ဝူက ပန်းအိုးကို ဖက်ထားလိုက်သည်။

“မင်းက တုံးလား ၊ ငါသာ အချိန်ဖြုန်းလိုက်ရင် ခရမ်းရွက်ချောက်နက်မှာ အစည်းလိုက် ယူလို့ရတယ် ၊ ဘယ်တုံးက ကျောက်တုံး ဆယ်တုံး ပေးပြီးဝယ်မှာလဲ”

ကိုထိပ်ပြောင်က လှောင်ပြောင်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါဝယ်မယ်"

တလျှောက်လုံး ပြောခွင့်မရတဲ့ ရွှေရောင်တောက်နေတဲ့ လူငယ်လေးက ဝိညာဉ်ကျောက်တုံး ဆယ်လုံး ထုတ်ကာ အင်ဘိုင်ဝူကို ပေးလိုက်သည်။ ထို့နောက် ပန်းအိုးကိုယူကာ ဝမ်းသာအားရ ထွက်သွားသည်။

(အစ်မ ဘင်က ဒီလိုရှားပါးလက်ဆောင်ကို သဘောကျမှာ သေချာတယ်)

ကိုယ်ထိပ်ပြောင်က မျက်လုံးတွေပြူးပြီး ပါးစပ်ကြီး အဟောင်းသားနဲ့ ကျန်ခဲ့သည်။ တခြားသူများလည်း အလားတူပါ။ ဒီလို ငတုံး တကယ်ရှိသေးတာလား။

"တကယ် ရောင်းလိုက်ရတာလား"

အင်ဘိုင်ဝူ ဝိညာဉ်ကျောက်တုံးကို ကိုင်ရင်း အရမ်းအံ့အောနေသည်။ ဆရာက တကယ်ထူးဆန်းတာပဲ။

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၉၀၀/၁,၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာက အတော်ဆုံးပဲ"

လုချီဟွာက ဂုဏ်ယူဝင့်ကြွားစွာ ကြွေးကြော်လိုက်သည်။

"အမ်၊ နေအုံး၊ ခနနေအုံး"

ဖိန်တူ အသိပြန်ဝင်လာတာနဲ့ အမြန်အော်လိုက်သည်။

"ဘာလဲ"

ရွှေရောင်တောက်နေတဲ့ ကောင်လေးက စိတ်ရှုပ်စွာ ပြန်လှည့်ကြည့်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒီပန်းအိုးကို ငါအရင်မြင်တာ"

ဖိန်တူက သုန်သုန်မှုန်မှုန်နဲ့ပြောလိုက်သည်။

"မင်းမတတ်နိုင်ဘူး ငါကထင်နေတာ"

ရွှေရောင်တောက်နေသော ကောင်လေး ဦးနှောက်ခြောက်သွားသည်။

(တောက်၊ ပြောတဲ့ပုံကိုက ရိုက်ပေါက်)

ကိုထိပ်ပြောင်သည် စိတ်ပျက်လက်ပျက် ဖြစ်နေပေမယ့် စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။

"အဲဒါက ငါမတတ်နိုင်လို့ မဟုတ်ဘူး၊ ဈေးဆစ်နေတာ"

ရွှေရောင်တောက်နေတဲ့ ကောင်လေး ခေါင်းညိတ်ပြလိုက်သည်။ သူ့စိတ်ထဲမှာတော့ 'မတတ်နိုင်တဲ့လူတွေသာ ဈေးဆစ်တတ်ကြတယ်' လို့ တွေးနေသည်။

ဖိန်တူသည် ဒီကောင်နဲ့ စကားဆက်မပြောချင်တော့ပါ။ ဒါပေမယ့် အပင်ကို ကြည့်ပြီး ဒီအတိုင်း လက်မလွှတ်ချင်ပါ။ သူက ဝိညာဉ်တက်တူးနယ်ပယ်ကို အဓိကထား

လေ့လာနေသောကြောင့် ဝိညာဉ်တက်တူးများ အားလုံးသည် ရိုးရှင်းသော ဗားရှင်း တစ်ခုဖြစ်ကြောင်း သူပြောနိုင်သည်။ ပုံမှန် မြင်နေကြမျိုးလည်း မဟုတ်ပါ။

အမှန်တိုင်းပြောရလျှင် ဒီရိုးရှင်းဝိညာဉ်တက်တူးသည် လူတိုင်းအတွက် အသုံးမဝင်ပါ။ သို့သော် သူ့အတွက်ကျတော့ ဝိညာဉ်တက်တူး လေ့လာတဲ့နေရာ တံခါး အသစ်ဖွင့်ဖို့ လှုံ့ဆော် ပေးနိုင်သည်။

ဖိန်တူက အံ့ကြိတ်လိုက်ပြီး မကျေမနပ်နဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါအခုရင်ရောက်တာ၊ ငါတို့ ညှိနှိုင်းလို့ မပြီးသေးဘူး။ ဝိညာဉ်ကျောက်တုံး ဆယ်လုံး ပေးလိုက်လို့ရတယ်"

ရှူး

ဖိန်တူ ပြောလိုက်တဲ့ အခိုက်အတန့်တွင် လူအားလုံး အံ့အောသွားပြီး အာမေဒိတ်သံတွေ ထွက်သွားသည်။ ကိုထိပ်ပြောင်ရဲ့ စိတ်ရင်း ပေါ်လာပြီ။ (မင်း ဝိညာဉ်ကျောက်တုံးကို နေရာတိုင်းက ရနေရင်တောင် ဒီလို မဖြုန်းတီးသင့်ဘူး)

"အို၊ ဒါဆိုလည်း ၁၁ တုံးပေါ့"

အဲဒီနောက် ရွှေရောင်တောက်နေတဲ့ ကောင်လေးက အင်ဘိုင်ဝူကို နောက်ထပ် တစ်တုံး ပေးပြီးထွက်သွားသည်။

အခုချိန်တွင် ဝိုင်းအုံကြည့်နေသော လူများ စိတ်ထဲကနေ ကျိန်ဆဲနေကြသည်။ (ဒီကောင်ရဲ့မိသားစုက မိုင်းတစ်ခုတော့ ပိုင်ရမယ်)

ဖိန်တူ အရမ်းဒေါသထွက်နေသည်။ (တောက်၊ ငါက ပန်းအိုးတစ်ခု ဝယ်ဖို့ပဲ ကြိုးစားနေတာလေ။ ဘာလို့ ချမ်းသာတဲ့ကောင်နဲ့လာတိုးနေရတာလဲ။

မေ့လိုက်တော့။ ဒီလူငယ်လေးဘေးမှာ နောက်ထပ် ပန်းအိုးတွေ ရှိနေသေးတာပဲ။ သူဆက်ဆွဲမှပဲ ဝယ်လိုက်တော့မယ်။ ဒါပေမယ့် နောက်တစ်ကြိမ်ကျရင် ဈေးမြှင့်လို့ မရစေရဘူး)

“ကောင်လေး ခန နေအုံး”

ဆွန်းမို ပြောလိုက်သည်။

“ဘာဖြစ်လို့လဲ”

ရွှေရောင်တောက်နေတဲ့ ကောင်လေး စိတ်ရှုပ်သွားပြန်သည်။

“ပန်းအိုးကို ဘယ်လိုသုံးရမလဲ သိလား”

ဆွန်းမိုက မေးလိုက်သည်။

"သုံးတယ်၊ အလှကြည့်ဖို့မဟုတ်ဘူးလား"

ရွှေရောင်တောက်နေတဲ့ ကောင်လေး ရုတ်တရက် အံ့အောသွားသည်။ ဒါက အထူး တကိုယ်ရည် အာသာဖြေတဲ့ ပစ္စည်းလား။ အရွက်အနည်းငယ်ကို ကြည့်လိုက်သည်။ အဖော်ချွတ်ပုံတွေလည်း မဟုတ်ပါဘူး။

ဆွန်းမိုလည်း စိတ်ပျက်ပြီး ကိုယ့်နဖူးကို ကိုယ်ရိုက်လိုက်မိသည်။ (ဘယ်ဂြိုလ်က

ရောက်လာတာလဲ။ မင်းရဲ့ အရည်အချင်းတွေက လူကြည့်ကောင်းအောင် ပေါင်းထည့်ထားတာလား။)

"အရွက်ပေါ်က ပုံတွေက ဝိညာဉ်စုဆောင်းခြင်းတက်တူးတွေ၊ မင်းဘာမှ လုပ်စရာမလိုဘဲ ဝိညာဉ်ချီ မြင့်မားတဲ့ ပတ်ဝန်းကျင်တစ်ခု ဖြစ်နေလိမ့်မယ်၊ ခန္ဓာကိုယ်အတွက် အကျိုးရှိတယ်၊ ဝိညာဉ်ချီလှုံ့ဆော်လိုက်တာနဲ့ တပြိုင်နက် ဝိညာဉ်ချီ သိပ်သည်းဆ မြင့်တဲ့ ပတ်ဝန်းကျင်တစ်ခု

ဖြစ်လာလိမ့်မယ်။ တရားထိုင်ပြီး ကျင့်ကြံဖို့အတွက် အရမ်းသင့်တော်တယ်”

လီဇီချီက ရှင်းပြလိုက်သည်။

သူမ စကားဆုံးသွားတာနဲ့ ရွှေရောင်တောက်နေတဲ့ ကောင်လေးသည် ပန်းအိုးကို လှည့်ပတ်ကြည့်လိုက်သည်။

“ဒီလိုမျိုးလား”

လူတိုင်းရဲ့ အမူအရာက အရမ်းအံ့အောနေတဲ့ ပုံဖြစ်နေသည်။

“ဒါဆို တကယ်ပေါ့”

ဖိန်တူက ပန်းအိုးရဲ့သက်ရောက်မှုကို တကယ်တော့ ခန့်မှန်းပြီးသား ဖြစ်သည်။

"ဒါဆို ဒီလိုသုံးလို့ ရတာပေါ့"

ရွှေရောင်တောက်နေတဲ့ ကောင်လေးသည် ဝမ်းသာအားရ ပြုံးနေသည်။ (အစ်မ ဘင်ကတော့ ဒီလက်ဆောင်ကို ပိုကြိုက်တော့မှာပဲ)

"ယူခဲ့ပါ မင်းက ပထမဆုံး ဖောက်သည်ဆိုတော့ နောက်ထပ် ဝိညာဉ်တက်တူးတစ်ခု အလကား ဆွဲပေးလိုက်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက စိတ်တည်ငြိမ်နေသည်။ ဒါက အရမ်းကောင်းသည်။ အစီအစဉ်ကတော့ ထင်ထားသလို ချောချော မွေ့မွေ့ သွားနေပြီ။ အခုချိန်က သူ့အရည်အချင်းကို ထုတ်ပြရမယ့် အချိန်ရောက်ပြီ။

စာစဉ်(၁၅)

အခန်း(၂၁၁) - ကြီးမားသော ရှာဖွေခြင်း။

“ဆွဲရင် ပိုကောင်းတာပေါ့”

ရွှေရောင်တောက်နေတဲ့ ကောင်လေးက ပန်းအိုးကို ဆွန်းမို ဆီပေးလိုက်သည်။

“ဒါလက်ဆောင်ပေးဖို့ ရည်ရွယ်ထားတာနော် မဖျက်ဆီးလိုက်နဲ့”

“ပြဿနာမရှိဘူး ပုံက မိန်းမလှလေးအဆင့်(၁)ထက် လှနေရမယ်လို့ အာမခံတယ် ”

လုချီဟွာက ပြောလိုက်သည်။

လီဇီချီ နှုတ်ခမ်း တွန့်သွားသည်။ (မင်းမှာ တကယ် ဦးနှောက် မရှိဘူးလား။ ဝိညာဉ်တက်တူး တစ်ခု

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကောင်းလား၊ မကောင်းဘူးလားဆိုတာ အကျိုးသက်ရောက်မှုနဲ့ ဆိုင်တာလေ၊ ဘာဖြစ်လို့ ကြည့်ကောင်းချင်နေရတာလဲ)

(ပြီးတော့ သဘော်သီး မိန်းကလေး ဒါက ဘယ်လို ဥ_ပမာ ကြီးလဲ၊ နှိုင်းယှဉ်နည်း မသိရင် မသုံးနဲ့လေ။)

"အရွက်တွေပေါ်မှာ ဝိညာဉ်တက်တူး တကယ်ဆွဲလို့ ရတာလား "

"အဲဒါ အရမ်းခက်လား"

"အရမ်းတော့မခက်ပါဘူး၊ မတရားခက်တာ၊ ဘိုးဘေးအဆင့် တွေပဲ ဆွဲနိုင်တယ် "

ဝိညာဉ်တက်တူးအကြောင်း အနည်းငယ်သိတဲ့ လမ်းဘေးဈေးသည် နှစ်ယောက်လည်း ချဉ်းကပ်လာကြသည်။ သို့သော်လည်း သူတို့အနီးနားကို ရောက်သွားသော် ကိုထိပ်ပြောင်က ပန်းအိုးနားတွင် ငုတ်တုတ်ထိုင်ပြီး ကြည့်နေတာကို မြင်လိုက်သည်။

"ဇီချီ၊ ကောင်းကောင်း ကြည့်ထား"

ဆွန်းမိုက ညွှန်ကြားပြီးနောက် သူ အနည်းငယ်စဉ်းစားလိုက်သည်။ နာမည်ကြီးဖို့ ဆိုရင်

လျှပ်စီး ကာကွယ်ခြင်း ဝိညာဉ်တက်တူးကို ရေးဆွဲဖို့ ဆုံးဖြတ်လိုက်သည်။

သူက စုတ်တံကို မှင်တို့ပြီး နတ်ဘုရားမျက်စိနဲ့အာရုံ ခံလိုက်သည်။ ဝိညာဉ်ချီ စီးဆင်းနေမှုသည် ဆွန်းမိုရဲ့ အမြင်အာရုံတွင် ထင်ရှားလာသည်။

ဆွန်းမိုက ပထမဆုံး စုတ်ချက်ကို တည့်လိုက်တာနဲ့ ကိုထိပ်ပြောင်ရဲ့ အမူအရာက လေးစားပြီး လေးနက်မှု ရှိလာသည်။ ဒီလူငယ်လေးက ကျွမ်းကျင်သူပဲ။

သူ့ရဲ့ စိတ်နေစိတ်ထားနဲ့ နည်းစနစ် နှစ်ခုစလုံးမှာ မဟာအဆင့် ရောက်နေသည်။

ဒင်

ဖိန်တူ၏ လေးစားအထင်ကြီးမှု +၃၀။ မူလ(၈၀/၁၀၀)

ကိုထိပ်ပြောင်သည် ဝိညာဉ်တက်တူးလေ့လာတဲ့ နယ်ပယ်တွင် ကျွမ်းကျင်သောကြောင့် ဆွန်းမိုက ဘယ်လောက်အံ့အောဖို့ကောင်းလည်းဆိုတာ နားလည်နေသည်။ ဒါပေမယ့် ခဏ အကြာတွင် အရမ်းအံ့အောနေမှုနှင့် ပြင်းထန်သော ခံစားချက်များ

ပျောက်ကွယ်သွားသည်။ ဆွန်းမို ရေးဆွဲနေသော ဝိညာဉ်တက်တူးထဲတွင် မျောပါသွားသည်။

လှိုင်းတွေ၊ အပြင်အဆင်တွေ ရိုးရှင်းတယ်.....ရိုးရှင်းတယ်။

ကိုထိပ်ပြောင်ကြီး ဘယ်လိုဖော်ပြရမလည်း မသိတော့ပါ။

အနီးအနားတွင် ဆယ်နဲ့ချီပြီး စည်းကားနေသော လူအုပ်ကြီးလည်း တိတ်ဆိတ်လာသည်။ ဆွန်းမို ရေးဆွဲတာကို နားမလည်သော်လည်း ပုံရေးဆွဲမှုက သူတို့ရဲ့အာရုံကို သက်ရောက်မှုရှိနေသည်။

ဒါက အရမ်းသြဇာညောင်းတဲ့ ဘိုးဘေးတစ်ယောက်ရဲ့ စိတ်နေစိတ်ထားပါ။

ဖြတ်သွားဖြတ်လာများသည်လည်း ဒီမြင်ကွင်းကို မြင်တော့ မနေနိုင်ဘဲ လာဝင်ကြည့်ကြသည်။ အနီးအနားရှိ ဆိုင်ဝန်ထမ်းနဲ့ဆိုင်ပိုင်ရှင်များလည်း စိုက်ကြည့်နေကြသည်။

အချိန်က စကားပြောလာသည်။ ဒီတစ်ကြိမ်တော့ ခပ်ဖြေးဖြေး ခပ်မှန်မှန်သာ ရေးဆွဲနေပြီး စိတ်တည်ငြိမ်အောင် ထားထားသည်။ တကယ်တော့ သူ့စိတ်သည် ခွေးတစ်ကောင်လို ပျာယာခတ်နေသည်။

"တောက်၊ လက်လွန်သွားပြီ"

ဆွန်းမို ငိုချင်သလို ဖြစ်လာသည်။ သူက လူတိုင်း အံ့အောသင့်သွားပြီး ထုတ်ကုန်ကို စျေးနှုန်း မြှင့်တင်လိုသောကြောင့် တမူထူးခြားတဲ့ ဝိညာဉ်တက်တူး တစ်မျိုးကို ရေးဆွဲပြချင်နေခဲ့သည်။ သူက လျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တက်တူးကို ရေးဆွဲရာတွင် ကျွမ်းကျင် အဆင့်သာ ရှိသေးတာကို မေ့သွားသည်။

တကယ်လို့ စာရွက်ပေါ်မှာ ရေးဆွဲမယ်ဆိုလျှင် အမှားလုပ်မိမှာ မဟုတ်ပေ။ အခုအခါ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခရမ်းရောင်လျှိုဆေးပင်ပေါ်တွင် ရေးဆွဲသည့်အခါ အဆပေါင်းများစွာ ပိုခက်နေသည်။

အရွက်များပေါ်တွင် ရေးဆွဲနေသာကြောင့် အချို့သော အစိတ်အပိုင်းများက ဝိညာဉ်တကော်တူး ရေးဆွဲလို့ မရပါ။ ဒါကြောင့် နောက်ဆုံးအချိန်ကိုရောက်မှ စီးဆင်းမှုကို အဆင်ပြေအောင် လုပ်နိုင်သည်။

ဝိညာဉ်တကော်တူး၏ ပြည့်စုံသော ဖွဲ့စည်းပုံသည် နောက်ဆုံး မိနစ်ပိုင်းအလိုမှ ပြောင်းလဲသွားနိုင်သည်။

ဒါကြောင့် ပုံစံတစ်ခုလုံးကို ရေးဆွဲသည့်အခါ ပထမအပိုင်းဆွဲနေရင်း ဒုတိယအပိုင်းကို မြင်ယောင်ကာ တတိယအပိုင်းကို ဘယ်လိုလုပ်မလဲဆိုတာ ခန့်မှန်းနေရသည်။

“အထင်ကြီးတာ ကို့ကိုယ်ကို အထင်ကြီးတာ”

ဆွန်းမို နောင်တရနေသည်။ ကံကောင်းတဲ့ အရာက သူရွေးခြယ်ထားသော လျှိဆေးပင်ရဲ့ အရွက်က ပိုကြီးပြီး လွတ်လွတ်လပ်လပ် ရေးဆွဲနိုင်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီသည် ဉာဏ်ရည်ထက်မြက်ပြီး ဓါတ်ပုံမှတ်ဉာဏ်ရှိသည်။ ကျင့်ကြံခြင်းကလွဲရင် အခြား ဘာသာရပ်များကို စိတ်ဝင်စားသည်။ ဆွန်းမိုရဲ့ ဒုတိယ အသက်မွေးဝမ်းကြောင်းဖြစ်တဲ့ ဝိညာဉ်တက်တူးကို သင်ကြားရန်ရွေးချယ်ခဲ့ပြီး လပိုင်းအတွင်း သူကိုယ်တိုင် လေ့လာနိုင်တဲ့ အဆင့်ကိုရောက်ခဲ့သည်။

အခုအခါ သူမခေါင်းထဲတွင် ဝိညာဉ်တက်တူး ပုံစံ ၃၀၀၀ လောက်ရှိနေသည်။ သို့သော် အဲဒါတွေ တစ်ခုနဲ့မှ မကိုက်ညီပါ။

"ဆရာ မကျဆုံး နိုင်ပါဘူးနော်" လီဇီချိက သူမ၏ထက်မြတ်သော အာရုံခံစားမှုအရ အဆင်မပြေတော့သလို ခံစားနေရသည်။ သို့သော်လည်း လက်တွေ့အတွေးများကို ခေါင်းထဲက ထုတ်ပစ်ရန် ခေါင်းယမ်းလိုက်သည်။

(အိုဘုရားရေ ၊ ဘာလို့ ငါ့ဆရာကို သံသယ ဝင်ရမှာလဲ၊ ဆရာက အရမ်းအံ့အောစရာကောင်းတယ်။ ဒီတော့ ဘယ်လို ကျရှုံးနိုင်မှာလဲ ငြိမ်ငြိမ်လေး စောင့်နေပြီး လက်ခုပ်တီးဖို့အတွက် အားမွေးထားဖို့ပဲလိုတယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒါအမှန်ပဲ။ ဆရာက အတော်ဆုံးပဲ)

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှုအမှတ် +၅၀

စနစ်ဆီက ရတ်တရတ် အကြောင်းကြားချက်ကို ရလိုက်သဖြင့် ဆွန်းမို မနေနိုင်ဘဲ လီဇီချီကို လှည့်ကြည့်လိုက်သည်။ လီဇီချီ မျက်လုံးကြီးများက သဘောကျမှုများနဲ့ တောက်ပနေသည်။ ဆွန်းမိုက အပေါ်ကို မော့ကြည့်လိုက်လျှင် သဘော်သီးကောင်မလေးက ချက်ခြင်း ချိုသာစွာ

ပြုံးပြလိုက်ပြီး လက်ဖွေ့ယမ်းကာ 'ကံကောင်းပါစေ' ဆိုတဲ့ စကားကို ပါးစပ်လှုပ်ပြီး ပြောလိုက်သည်။

ဟူး

ဆွန်းမိုက အသက်ခပ်ပြင်းပြင်းလေး တစ်ချက် ရှူလိုက်သည်။ အမှောင်တိုက်ကြီး ရောက်ပြီးတဲ့နောက် ဒါက သူရဲ့ ပထမဆုံး တိုက်ပွဲပဲ။ ပြီးတော့ သဘော်သီး ကောင်မလေးကလည်း သူ့ကို မျှော်လင့်ချက်နဲ့ ကြည့်နေသည်။ ဘာပဲဖြစ်ဖြစ် သူကျရှုံးလို့ မဖြစ်ဘူး။ ကျွမ်းကျင် အဆင့်ဆိုတာ ဘာလဲ။ ဒီဘာသာရပ်နဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုရဲ့ ကျွမ်းကျင်မှုက အဆင့်မြင့်အဆင့်ကို ရောက်သွားပြီလို့ ဆိုလိုသည်။ ထိပ်တန်းပါရမီရှင် ဆိုတဲ့လူများကို အနိုင်ယူနိုင်နေပြီ။

မဟာအဆင့်ကို ရောက်ဖို့ကတော့ အရည်အချင်းနဲ့ ဆိုင်သွားပြီ၊ ကြိုးစားနေရုံနဲ့ မဖြစ်နိုင်ပါ။

ဆွန်းမိုက မဟာအဆင့်ကျွမ်းကျင်မှုကို ရဖူးထားတော့ ကျွမ်းကျင်အဆင့်ကို အထင်သေးနေသည်။ အမှန်တော့ ဆယ်နှစ်လောက်လေ့လာမှ ဘာသာရပ်တစ်ခုရဲ့ ကျွမ်းကျင်အဆင့်ကို ရောက်နိုင်သည်။

ဒါပေမယ့် အခုလက်ရှိတော့ ဆွန်းမိုသည် ကျွမ်းကျင်မှုအဆင့်ကို မေ့ထားလိုက်သည်။ သူ့အာရုံအားလုံးကို လျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တကတ်တူးအပေါ်မှာ အာရုံ စိုက်ထားလိုက်သည်။

သတင်းအချက်အလက်များသည် ဦးနှောက်ထဲတွင် ဒီရေကဲ့သို့ မြင့်တက်လာသည်။ အဲဒီနောက်မှာတော့ လိပ်နက် ဝိညာဉ်တကတ်တူးနှင့် ဝိညာဉ်စုဆောင်းခြင်း တကတ်တူးတို့နဲ့ သက်ဆိုင်သော မှတ်ဉာဏ်များ ပေါ်လာသည်။

ဆွန်းမိုသည် ပုံဆွဲနေရင်း ပြဿနာကို အဖြေရှာနိုင်ခဲ့သည်။ စည်းချက် အမှန်ကို ရှာတွေ့ပြီးနောက် လမ်းကြောင်း အမှန်ပေါ် မောင်းနှင်နေသော ကားလို မြန်ဆန်လာသည်။

၁၅ မိနစ်ကြာပြီးနောက် ဘုန်းကနဲ ဆိုတဲ့အသံနဲ့ ပတ်ဝန်းကျင်းမှာ ဝိညာဉ်ချီများ စီဆင်းလာပြီး စုရုံးလာကြသည်။

ဝိညာဉ်ချီ လေဆင်နှာမောင်း တစ်ခုပေါ်လာသည်။ အရင်ဝိညာဉ်တက်တူးထက်စာရင် အရမ်းနည်းပြီး မပြောပလောက်ပါ။ သို့သော် အခုချိန်တွင် ဘယ်သူမှ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကို ဂရုမစိုက်ပါ။ လူတိုင်းသည် အရွက်ပေါ်က ဝိညာဉ်တက်တူးကို ငေးကြည့်နေကြသည်။ သူတို့ အရမ်းအံ့အော နေကြသည်။

ဒါက ဘာပုံလဲ ၊ အရမ်းထူးဆန်းတာပဲ။

“ဒါကြီးက မလှဘူး”

ရွှေရောင်တောက်နေသော ကောင်လေး မျက်နှာမှုိင်းသွားသည်။ (မိန်းမလှလေးအဆင့်(၁)ဆို ဘယ်လိုဖြစ်သွားတာလဲ။ ငါတို့ အပြင်ဘက်ခြံဝန်းထဲက အလုပ်များနေတဲ့ အိမ်အကူထက်တောင် ရုပ်ဆိုးလိုက်တာ)

ဖိန်တူသည် လိုင်းများကိုစိုက်ကြည့်ရင်း အတွေးထဲ နက်နက်ရှိုင်းရှိုင်း နစ်မျောနေသည်။ သူရှာဖွေနေသော အဖြေက ဒီဝိညာဉ်တက်တူးထဲတွင် ရှိနေတယ်လို့ ခံစားရသည်။

ဒီခံစားချက်က တံခါးအဝသို့ ရောက်လာသည်။ (အဖြေတွေ့လုတွေ့ခင်) သို့သော် သူရတော့မည့် အချိန်တွင် ရွှေရောင်တောက်နေတဲ့ ကောင်လေးရဲ့ အသံထွက်လာသည်။

“ပါးစပ် ပိတ်ထား”

ဖိန်တူသည် ချက်ခြင်းလှည့်ပြီး ကောင်လေးကို အော်ဟစ်လိုက်သည်။ ဒေါသကြောင့် လူသတ်ချင်စိတ် ပေါက်လာသည်။

“ဒါက လုံး၀ မလှဘူး၊ ငါ့ကို ဘာလို့ ပြောခွင့်မပေးတာလဲ”

ရွှေရောင်တောက်နေတဲ့ လူငယ်လေး ၀မ်းနည်းသွားသည်။

“ဟားဟား”

ဆွန်းမိုက တိုးတိုးလေး ရယ်လိုက်သည်။

ခေတ်သစ်အလှတရားရဲ့ ခံစားမှုက တကယ်ကို သပ်သပ်ရပ်ရပ်နဲ့ စည်းစနစ်ကျသည်။ ဒီအရွက်ပေါ်က တက်တူးသည် ပုံသိပ်မမှန်သော်လည်း လုံးဝပြည့်စုံသည်။ အသုံးပြုဖို့အတွက် လုံလောက်သည်။

ဒင်

"တစ်ဆို့နေတဲ့ အခြေအနေကို ဖြတ်ကျော်ပြီး လျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တက်တူးကို အရွက်ပေါ်မှာ ရေးဆွဲနိုင်တဲ့အတွက် ဂုဏ်ယူပါတယ်။ မင်းရဲ့ စိတ်အခြေအနေ တိုးတက်လာပြီး

အတွေ့အကြုံကလည်း သိသိသာသာ တိုးတက်လာခဲ့သည်။ ဒါကြောင့် ကျွမ်းကျင်မှု ညွှန်းကိန်းကို ကျွမ်းကျင်အဆင့်ကနေ မဟာအဆင့် နီးပါး တိုးပေးလိုက်သည်။ စနစ်လည်း အရမ်းခံစားချက် ကောင်းနေသည်။ ဆွန်းမို ဝိညာဉ်စုဆောင်းခြင်း တက်တူးကို ပထမဆုံး မွမ်းမံတုန်းကလဲ တက်တူးနောက်ကွယ်က အနှစ်သာရကို ဖမ်းဆုပ်နိုင်ခဲ့သည်။ ဝိညာဉ်တက်တူးနယ်ပယ်တွင် ဆွန်းမိုရဲ့ မြင့်မားသော အရည်အချင်းကို တွေ့ခဲ့ရသည်။ စနစ်ရဲ့ထောက်ပံ့မှု

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မရှိရင်တောင် သူကြီးကြီးမားမား အောင်မြင်နိုင်သေးသည်။

စနစ်ရဲ့ဆုက လုပ်ငန်းစဉ်ရဲ့အရှိန်ကို မြှင့်ပေးရုံမျှသာ ဖြစ်သည်။

ရောမပခုံးပေါ်မှာ ရပ်နေတဲ့လူနှစ်ယောက်လို တစ်ယောက်က အောက်ကိုငုံ့ကြည့်ပြီး ပြုတ်ကျမှာ ကြောက်နေသည်။ ကျန်တစ်ယောက်က ကောင်းကင်ကို မော့ကြည့်ပြီး ကောင်းကင်ကို ထိဖို့ ဆက်ကို ဆန့်တန်းချင်နေမည်။

"မဟာအဆင့်နီးပါးလား ကပ်စေးနဲလိုက်တာ"

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။

"မင်းကျေနပ်သင့်တယ် ၊ ပညာရှင်တစ်ယောက်တောင် ကျွမ်းကျင်အဆင့်ကနေ မဟာအဆင့်ကို ရောက်ဖို့ နှစ်ပေါင်းများစွာ အချိန်ယူရတယ်။ သူတို့က ရုတ်တရက် သဘောပေါက်တဲ့ အခြေအနေ လိုအပ်ပြီး အဲဒီအခြေအနေကို မရလို့ သူတို့ကိုယ်သူတို့ ဒေါသထွက်နေနိုင်တယ်။ အခုမင်းက မဟာအဆင့်ကို ခြေတစ်ဝက် ချထားပြီးပြီ။ ပုံဆွဲပြီးအတွေ့အကြုံ စုဆောင်းဖို့ပဲ လိုတော့တယ်"

စနစ်က ရှင်းပြသည်။

ဆွန်းမို ပြန်မဖြေရသေးခင် ဖိန်တူက

"ဒီပန်းအိုးကိုဝယ်မယ် ၊ ဝိညာဉ်ကျောက်တုံးကို သူပေးတာထက် နှစ်ဆ ပေးမယ်"

ဖီန်တူက ဝိညာဉ်ကျောက်တုံးကို ထုတ်ယူရင်း စိုးရိမ်တကြီး ပြောလိုက်သည်။ ဒီအပင်က လူများများကို ပိုဆွဲဆောင်လာမှာ သူကြောက်နေသည်။

"နှစ်ဆလား"

"ဝိညာဉ်ကျောက်တုံး အတုံး ၂၀နော်"

"အတုံး ၂၀လား"

လမ်းဘေးဈေးသည်များသည် ဒီစကားကို ကြားလိုက်လျှင် သူတို့မျက်လုံး အဆက်မပြတ် ပြူးကုန် ကြသည်။ ဒီနေ့ လာဝယ်တဲ့ ဖောက်သည်တွေအားလုံးက မိုင်းတွင်း ပိုင်ထားတာ မဟုတ်ရင် တစ်ခုခုပဲ။ သူတို့ငွေတွေကို တန်ဖိုး မရှိသလို ဖြုန်းတီးနေသည်။

ဖိန်တူက အပင်ကို ယူချင်သလို ဆွန်းမိုကလည်း အပင်အိုး တဖက်ကို ကိုင်ထားသည်။

"တောင်းပန်ပါတယ်၊ ဒါက သူ့အတွက်"

"အမှန်ပဲ၊ ဒါက ငါ့ဉာဏ်စွာ"

ရွှေရောင်တောက်နေတဲ့ ကောင်လေးက ပန်းအိုးကို လက်တစ်ဖက်နဲ့ ကောက်ကိုင်ပြီး ဖက်ထားလိုက်သည်။

"ညင်ညင်သာသာလေး လုပ်ပါ"

ရွှေရောင်ကောင်လေးရဲ့ လုပ်ရပ်က ကြမ်းတမ်းလွန်းသဖြင့် အပင်ရဲ့ အရွက်များ ကွေးညွတ်သွားတာကို ဖိန်တူ မြင်လိုက်ရသည်။ ပျက်ဆီးသွားရင် အရမ်းနှမျောဖို့ ကောင်းသွားမည်။

"ဒါက ဘာဝိညာဉ်တက်တူးလဲ၊ ငါတို့ကို မြန်မြန်ပြောပြပါ "

ရုပ်ဆိုးသော စျေးသည်က တိုက်တွန်းလိုက်သည်။

"ဟီးဟီး"

ဆွန်းမိုက ဘာမှပြန်မပြောဘဲ ကွေးနေသော အရွက်ကို လည်ညှို့ ထိုးပြလိုက်ပြီး

"ဒီဝိညာဉ်တက်တူးက အသက်သွင်းလိုက်ရင် လျှပ်စီး စက်လုံးအနည်းငယ်ကို ဆင့်ခေါ်လို့ရတယ်။ မင်းအတိုက်ခံရရင် အဲဒါတွေက အလိုလို ကာကွယ်ပေးနိုင်တယ်။ တချိန်တည်းမှာပဲ မင်းက

ထိန်းချုပ်ပြီး အဝေးက တိုက်ခိုက်မှုကို မင်းဉာဏ်ရှိသလို အသုံးပြုလို့ရတယ် ”

ဆွန်းမိုက ရှင်းပြသည်။

“အမ်”

ခုနက ရှင်းပြချက်ကိုကြားပြီး ဆွန်းမို အနီးအနားတဝိုက်မှာ အံ့အောတဲ့ အာမေဒိတ်အသံများ ပလူပျံနေသည်။

ကိုထိပ်ပြောင်သည် ဝိညာဉ်တက်တူးကို အဓိကထား သင်ကြားပို့ချသော နာမည်ကြီးကျောင်းက ဆရာတစ်ယောက်

ဖြစ်သော်လည်း ဒီဝိညာဉ်တက်တူးကို တခါမှ မမြင်ဖူးတာ သေချာသည်။

“အဲဒီလိုလား”

ရွှေရောင်ကောင်လေးက ပြောရင်း ဝိညာဉ်ချီ ထည့်သွင်းဖို့ လုပ်လိုက်သည်။ ကံကောင်းထောက်မစွာ ဆွန်းမိုက သူ့လက်ကို အမြန်ဆွဲလိုက်သည်။

“အခု မသုံးနဲ့”

ဆွန်းမိုက ဒီလိုတုံးအတဲ့ ကောင်လေးကို နတ်ဘုရားမျက်စိ အာရုံဖွင့်ပြီး ကြည့်လိုက်သည်။

နန်ကုန်ရှန်၊ အသက် ၁၄နှစ်၊

ခန္တာကိုယ်ပြုပြင်ခြင်း အဆင့်(၉)

ကြံ့ခိုင်မှု - ၇- ငါက ချောမောပြီး ကျက်သရေရှိသည်။

ဉာဏ်ရည်- ၆- လုံလောက်ပေမယ့် သူဘာတွေးလဲဆိုတာ ငါလဲမသိဘူး။

သွက်လက်မှု - ၆ - နည်းပေမယ့် အလှုပျက်မှာကြောက်တတ်သည်။

ဆန္ဒ _ ဒါကဘာလဲ။ စားလို့ရလား။

ခံနိုင်ရည်- ၅ - လှပသော မိန်းကလေးအတွက် ဝိရိယရှိသည်မှ အပ ကျန်သည့်ကိစ္စများတွင် ပျင်းသည်။

ဖြစ်နိုင်ခြေအလားအလာ - မြင့်မားနိုင်။

မှတ်ချက်_ အစ်မဘောင် အတွက် ဘယ်လိုဈေးနှုန်းမျိုးမဆို ပေးဆောင်နိုင်သည်။ သူ့ရဲ့ဘဝလိုက်စားမှုက အစ်မဘောင်ကို ဖွန်ကြောင်တာ တစ်ခုပဲ ရှိသည်။

စနစ်က ပေးသော သတ်မှတ်ချက်ကိုကြည့်ပြီး ဆွန်းမို ဘာပြောလို့ ဘာပြောရမှန်း မသိတော့ပါ။ ဒါက

ဘာကြီးလဲ ပြီးတော့ ဒီလိုမျိုး အလားအလာတန်ဖိုး ပေါ်လာခြင်းကလည်း ပထမဆုံး အကြိမ် ဖြစ်သည်။

"ဟီးဟီး အစ်မဘင်ကတော့ ဒီလက်ဆောင်ကို ကြိုက်မယ်ထင်တာပဲ"

ရွှေရောင်တောက်နေသော ကောင်လေး၊ မဟုတ်သေးဘူး။ နန်ကုန်ရှန်က ဆွန်းမိုကို လက်ပြနှုတ်ဆက်ပြီး အမြန်ပြေးထွက်သွားသည်။ သူ့ရဲ့ တဖက်သတ် ချစ်ရတဲ့သူကို လက်ဆောင်ပေးဖို့ ထွက်ပြေးသွားတာပဲ ဖြစ်နိုင်သည်။

ဘေးနားက လူအုပ်ကြီးက ဆွန်းမိုကို သဘောကျတဲ့ အကြည့်နဲ့ ကြည့်နေကြသည်။ ဒီလူရဲ့ ပင်ကိုယ်စရိုက်က အရမ်းကောင်းမွန်သည်။ သူတို့သာ သူ့နေရာမှာဆိုရင် နှစ်ဆပေးမယ့် ကမ်းလှမ်းချက်ကို ကြားလိုက်တာနဲ့ ချက်ခြင်း သဘောမတူမိရင်တောင် တော်တော် တွေဝေနေလိမ့်မည်။ သို့သော် ဒီလူက မျက်တောင်တခတ် မခတ်ပဲ ငြင်းဆန် ခဲ့သည်။

“ဒီဆရာက နောက်ပန်းအိုးပေါ်မှာ လျှပ်စီး စက်လုံးထုတ်လွှင့်တဲ့ ဝိညာဉ်တကက်တူး ဆွဲပေးပါလား”

ဖိန်တူက တိုက်တွန်းပြီး ဝိညာဉ်ကျောက်တုံး ၂၀ တခါတည်း ပေးနေသည်။ တချိန်တည်းမှာပဲ ပတ်ဝန်းကျင်ကို ခိုးပြီး အကဲခတ်လိုက်သည်။ ကံကောင်းတယ်။ ဒီလိုစျေးနှုန်းမျိုး ပေးနိုင်တဲ့လူ ဒီနားမှာ မရှိတော့ပါ။

အမှန်ဆိုရင် ဒီပစ္စည်းက ဘယ်လောက်ကောင်းလဲဆိုတာ မသိလို့ ဖြစ်နိုင်သည်။ တကယ်လို့ သူတို့သာ ဘယ်လောက်ထူးဆန်းလဲ သိရင် သေချာပေါက် ပြိုင်ဆိုင်မှု ဖြစ်လာလိမ့်မည်။

“တောင်းပန်ပါတယ် ၊ ငါ ထပ်မဆွဲတော့ဘူး”

ဆွန်းမိုမှာ အားလပ်ချိန် အများကြီး မရှိပါ။ သူ့ကျော်ကြားမှုကလည်း တိုးတက်လာပြီး ဆုလဒ်ကို ရုတ်သိမ်းဖို့ စောင်နေရုံပဲ ကျန်တော့သည်။ ငတုံးပဲ ဆက်ဆွဲ နေလိမ့်မည်။

"အမ်"

ဖိန်တူ ရုတ်တရုတ် အံ့အောသွားပြီး မျက်နှာအမူအရာ ဆိုးဝါးသွားသည်။ "မင်းဆွဲတာ ရိုးရိုးလေးပါ။ နောက်တစ်ခုလောက် ဆွဲပေးပါလား"

"ငါ ပင်ပန်းနေပြီ"

ဆွန်းမိုက လုချီဟွာကို ဝိညာဉ်တက်တူး ဆွဲတဲ့ ပစ္စည်းတွေ သိမ်းခိုင်းလိုက်သည်။

"ဟာ ဒီကောင် လူမိုက်ပဲ။ လာပေးနေတာကို ငြင်းနေတယ်"

လမ်းဘေး ဈေးသည်များသည် ဆွန်းမိုရဲ့စိတ်နေစိတ်ထားကို နားမလည်ကြပါ။ သို့သော် ကိုထိပ်ပြောင်က ဈေးထပ်တိုးပေးလာသဖြင့် သူတို့ အံ့အောသွားသည်။

"ဝိညာဉ်ကျောက်တုံး ၃၀"

ဒီကမ်းလှမ်းချက်ကို ပြောရင်း ရင်ထဲက တဆစ်ဆစ် နာကျင်နေသည်။ ဒီလိုတန်ဖိုးမျိုး မပေးချင်ပါ။ သူ့မိသားစုကလည်း မိုင်းတွင်း တစ်တွင်းတောင် မပိုင်ပါ။ ဒါပေမယ့် သူ တော်တော်လေးကို လိုချင်နေ သောကြောင့်ဖြစ်သည်။

"အရမ်းကောင်းတယ် ဒီကောင်လည်း လူမိုက်ပဲ။ ပန်းအိုးတစ်လုံးကို ဝိညာဉ်ကျောက်တုံး ၃၀ ပေးစရာလား"

လူအုပ်ထဲကနေ လူတစ်ယောက်က အော်ပြောလိုက်သည်။

'ခရမ်းရောင် လျှိုဆေးပင်ပဲ မှတ်လား ၊ ငါမင်းကို ကူပြီး လိုက်ကောက်ပေးမယ်၊ ငါ့ကို ဝိညာဉ်ကျောက်တုံး ၅တုံးပဲ ပေး"

"စောက်သုံးမကျတဲ့ကောင်"

ဖိန်တူက အဲဒီလူကို ပြန်အော်လိုက်သည်။ (မင်းက ငတုံးလား ၊ ဒီဆရာက မဆွဲရင် ငါက ဘာလို ဝယ်ရမှာလဲ။)

(ငါက အဲဒါကို ယူပြီး တကိုယ်ရေ အာသာ ဖြေရမှာလား။ ငါကစောက်ကျင့် မကောင်းရင်တောင် အဲဒါမျိုး မလုပ်ဘူး)

"ငါထပ်မဆွဲတော့ဘူး"

ဆွန်းမိုက ပြုံးရင်း ခေါင်းခါပြလိုက်သည်။

"ဒါပေမယ့် ငါ့မှာ အဆင်သင့် ဆွဲထားတာ ရှိတယ်။ မင်းယူမလား"

ဆွန်းမိုရဲ့ စကားကို ကြားပြီး အရမ်းစိတ်ပျက်နေတဲ့ ဖိန်တူသည် ဒါကိုကြားတာနဲ့ ချက်ခြင်း ပြန်လန်းဆန်းသွားသည်။

"ယူမယ်"

ဒီအသံက အရမ်းအားကောင်းနေပြီး သူ့ဒန်တယ်ထဲက ဝိညာဉ်ချီအားလုံး သုံးပြီး အော်လိုက်သလိုပါပဲ။

"ဇီချီ၊ မှင်နီတံဆိပ်ကပ်ထားတဲ့ ဝါးကျည်တောက်ထဲက ဝိညာဉ်တက်တူးတစ်ခု ထုပ်ပေးပါလား"

ဆွန်းမိုက ခိုင်းလိုက်သည်။

"ဟုတ်"

လီဇီချီ ပြောတဲ့အတိုင်း လုပ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တက်တူးများသည် ခေါက်သိမ်းလို့မရပါ။ ဒီလိုမဟုတ်ရင် လိုင်းများ ပျက်ဆီးပြီး အလှပဲ သိမ်းထားလို့ ရမည်။

လီဇီချီ ဝါးဗူးကို ဖွင့်ပြီး စာရွက်တစ်လိပ် ယူလိုက်သည်။ လျှပ်စီး ကာကွယ်ခြင်း ဝိညာဉ်တက်တူးကို မြင်လိုက်လျှင် လီဇီချီရဲ့ မျက်စိသူငယ်အိမ် ပြင်းထန်စွာ ကျုံ့သွားသည်။ ဒီပုံစံက တကယ်ကို တမူထူးခြားသည်။

ခေတ်သစ် အလှတရားက လီဇီချီကို အရမ်းအံ့အောသွားစေသည်။

"မြန်မြန်လေး"

ဖိန်တူက လည်ပင်းကြီးဆန့်ပြီး ခပ်မြန်မြန်လုပ်ဖို့ လောနေသည်။ လီဇီချီဆီက ယူလိုက်ပြီး ကြည့်လိုက်လျှင် ချက်ခြင်းပဲ မှင်တက်သွားသည်။ မျက်တောင်တစ်ချက် မခတ်ပဲ ဝိညာဉ်တက်တူးကို ငေးကြည့်နေသည်။

လူတချို့လည်း ကြည့်ချင်စိတ်ပေါက်လာသည်။

ဖိန်တူက ချက်ခြင်းပိတ်ပြီး ဖက်ထားကာ တခြားသူများ မမြင်ရအောင် ကွယ်လိုက်သည်။ ထို့နောက် ဆွန်းမိုကို လေးနက်စွာ အကဲခတ်လိုက်ပြီး

"မင်းနာမည် သိလို့ရမလား"

"ငါက ဝိညာဉ်တက်တူးရောင်းတဲ့ နိမ့်ကျတဲ့ ဆရာတစ်ယောက်ပါ၊ နာမည်ပြောဖို့ မထိုက်တန်ပါဘူး"

ဆွန်းမိုက ရယ်မောရင်း ပြန်ဖြေလိုက်သည်။

"ဟာ မင်းက အရမ်းနှိမ့်ချ လွန်းနေပြီ"

ဖိန်တူက ကို့ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်မိသည်။ (ငါ ဆင်းရဲလို့နော် ပိုက်ဆံသာရှိရင် အကုန်လုံး ဝယ်လိုက်တယ်)

“ဆရာ မင်းက မဆင်းရဲပါဘူး၊ မင်းက ပန်းအိုးတစ်ခုကို ဝိညာဉ်ကျောက်တုံး ၃၀ နဲ့ ရောင်းနိုင်တယ်လေ ၊ ဒါက အမြတ်အကြီးကြီးပဲ”

အင်ဘိုင်ဝူက တိုးတိုးလေး ရေရွတ်လိုက်သည်။ (ငါအခုတော့ ဓါးအကကို မသင်ချင်တော့ဘူး။ သူ့လိုသာ နာရီဝက်လောက် ပေါ့ပေါ့ပါးပါးဆွဲပြီး ဝိညာဉ်ကျောက်တုံး ၅၀ ရှာနိုင်မယ်ဆိုရင် ဓါးအကကို မသင်တော့ဘူး။ ဒါက ပိုက်ဆံ လုယူသလိုပဲ)

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ကြည်ညို(၁,၀၀၁/၁၀,၀၀၀)

ပိုက်ဆံ အရမ်းလိုချင်နေသော ကောင်မလေးကို ဆွန်းမို တစ်ချက် ကြည့်လိုက်သည်။ သူမကို စသိလာကတည်းက အခုအချိန်အထိ အမှတ် ၁၀၀ရတာ ပထမဆုံး အကြိမ်ပဲ တကယ် စေတနာ ကောင်းတာပဲ။

“တောင်းပန်ပါတယ် တချက်လောက် လမ်းဖယ်ပေးပါလား”

လူလတ်ပိုင်း အမျိုးသားကြီး တစ်ယောက်သည် လူအုပ်ထဲကို တိုးဝှေ့ပြီး ဆွန်းမိုထံ လျှောက်လာသည်။

"ဒီကဆရာ၊ ကျွန်တော်က ဝိညာဉ်တစ်ထောင် ဆိုင်ပိုင်ရှင်မာပါ၊ မင်းရဲ့ ဝတ်စားပုံကို ကြည့်ရတာ ဗဟိုပြည်နယ်အကယ်ဒမီက ဆရာထင်တယ်"

"ဟုတ်တယ်"

ဆွန်းမို ပုံစံက တည်ငြိမ်နေသော်လည်း စိတ်ထဲတွင် သက်ပြင်း တချက် ချလိုက်သည်။ အခုမှပဲ သူ့ရဲ့ တကယ့်ပစ်မှတ်နဲ့ ချိတ်ဆက်မိသွားပြီ။

ဆိုင်မန်နေဂျာရဲ့ အာရုံကို ဆွဲဆောင်ချင်သောကြောင့် ဒီနေရာမှာ ဝိညာဉ်တက်တူး ရေးဆွဲနေခဲ့သည်။ ဒီလိုမျိုး အရေးပါတဲ့ လူမှပဲ တခါတည်းနဲ့ ဝိညာဉ်ကျောက်တုံး ရာပေါင်းများစွာ ထုတ်ပေးနိုင်မည်။

"ငါ့ဆိုင်မှာ စကားပြောမလို့ မင်းကို ရဲတင်းစွာ ဖိတ်ခေါ်လို့ ရမလား"

"ကျေးဇူးပြုပြီး"

ဆိုင်ပိုင်ရှင်က လက်ဟန်အမူအရာ ပြလိုက်သည်။

"ဒါဆိုလည်း ဆိုင်ပိုင်ရှင်ကို ဒုက္ခပေးရတော့မယ်"

ဆွန်းမိုက ညာလက်ကို နောက်ပစ်လိုက်ပြီး မြတ်ဆရာတစ်ယောက်ရဲ့ စတိုင် ဖမ်းလိုက်သည်။ သူသရုပ်ဆောင်ချင်လို့ မဟုတ်ပါ။ ပိုပြီးအေးစက်စက် ဖြစ်နေလို့ ဖြစ်သည်။ ဒါကြောင့်လည်း ဒီလိုလုပ်လိုက်သည်။

"ပစ္စည်း သိမ်းတော့၊ ငါတို့ သွားကြမယ်"

လီဇီချီက ကျန်တဲ့လူတွေကို သတိပေးလိုက်သည်။

"အို"

လုချီဟွာတို့သည် တဖက်ကို ပန်းအိုးတစ်လုံးစီ သယ်ပြီး အနောက်က အမြန်လိုက်သွားသည်။

“ညွှေ့သည်တွေအတွက် ငါ့ရဲ့ ဘိုလူချွန် လက်ဖက်တည်လိုက်ပေ့”

ဆိုင်ရှင်မာက ဆိုင်ထဲမဝင်ခင် လက်ဖက်ရည်အိုးတည်ထားရန် အလုပ်သင်ကို လှမ်းအော်လိုက်သည်။

“ဗဟိုပြည်နယ်က ဆရာကိုကြည့်ရတာ ဝိညာဉ်တက်တူးတစ်ခု မဟုတ်ဘဲ နှစ်ခု နားလည်တဲ့ပုံပေါ်တယ်”

“ဒါပေါ့ ဆိုင်ရှင်မာကိုယ်တိုင် ထွက်လာခေါ်တဲ့ ကိစ္စကို မင်းဘယ်လို ထင်လဲ”

" သူ့နာမည် ဘယ်လိုခေါ်လည်း သိချင်လိုက်တာ။ ဒီမိန်းကလေး သုံးယောက်ကလည်း ကျောင်းသူတွေ ထင်တယ် အားလုံး အရမ်းလှတယ်"

ဝိညာဉ်တစ်ထောင်ဆိုင်သည် ဒီလမ်းပေါ်ရှိ ဆိုင်ကြီးများထဲက တစ်ခု ဖြစ်သည်။ ဝိုင်းကြည့်နေတဲ့ လူများသည် မချင့်မရဲနဲ့ လူစုခွဲသွားသည်။

အသိပညာက တကယ်ချမ်းသာစေတာပဲ။

သူတို့ ဒီနေရာမှာ တနေကုန် နေခဲ့ကြပေမယ့် ဝိညာဉ်ကျောက်တုံး တစ်တုံး ရအောင်တောင် မရောင်းနိုင်ခဲ့ကြပါ။ ဒီလူကတော့ ခဏလောက်

ပုံထိုင်ဆွဲပြီး ဝိညာဉ်ကျောက်တုံး ငါးဆယ်လောက် ရသွားသည်။ မဟုတ်သေးဘူး။ ဆိုင်ရှင်မာရဲ့ ပုံစံကို ကြည့်ရတာ သူ့ဒီထက်ပိုပြီး ငွေရနိုင်သေးတယ်။

စာစဉ်(၁၅)

အခန်း(၂၁၂) - သူ့တန်ဖိုး သိသူ တစ်ယောက်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တစ်ထောင် စတိုးဆိုင်သည် နှစ်ထောင်ပေါင်းများစွာ သမိုင်းကြောင်းရှိသော ဆိုင်ခွဲတစ်ခု ဖြစ်သည်။ မာဟန်သည် အလုပ်သင်ကနေ စပြီး ဝင်လုပ်ခဲ့တာ နှစ်နှစ်ဆယ်ကြာပြီးနောက် ဆိုင်ရှင်တစ်ယောက် ဖြစ်လာခဲ့သည်။ သူ့သည် ဉာဏ်ရည်ပဲဖြစ်ဖြစ် စိတ်ပိုင်းဆိုင်ရာ အရည်အချင်းပဲဖြစ်ဖြစ် နှစ်ခုစလုံး ထူးချွန်သူ တယောက်ဖြစ်သည်။

လက်ဖက်ရည်သောက်ပြီးနောက် ဆိုင်ရှင်သည် အလာပသလာပ စကားပြောဖို့ ကြိုးစားလိုက်သည်။

အဲဒီအချက်ကနေ ဒီလူငယ်လေးက အလုပ်ကိစ္စနဲ့ ရောနှောတာ မကြိုက်ကြောင်း သတိထားလိုက်မိသည်။ ဒါကြောင့် လိုရင်းပဲ တန်းသွားလိုက်သည်။

"ဆရာဆွန်း ခုနက မင်းဆွဲထားတဲ့ ဝိညာဉ်တက်တူးက ကိုယ်ပိုင် ဖန်တီးမှုများ လား"

မာဟန်က မျက်နှာကြီးဝိုင်းကာ အပြုံးကြီးကြီးပြုံးထားပြီး အရမ်းခင်ဖို့ ကောင်းနေသည်။

"မဟုတ်ပါဘူး"

ဆွန်းမိုက တခါတည်း ဝန်ခံလိုက်သည်။ ဒါက စနစ်က ဒီဇိုင်းထွင်ထားခြင်း ဖြစ်သည်။

“ရှေ့ပေါင်းနေရာတွေကနေ ရလာတာလား ”

မာဟန်က ဆွန်းမိုကို တောက်ပသော မျက်လုံးတွေနဲ့ စိုက်ကြည့်နေသည်။ အဖိုးမဖြတ်နိုင်သော သတ္တုရိုင်းတစ်ခုကို ကြည့်နေသလိုပါပဲ။

“အဲဒါလည်း မဟုတ်ဘူး”

ဆွန်းမိုလည်း အချိန်မဖြုန်းချင်တာနဲ့

"ငါရှေ့ပဟောင်းစာအုပ်ထဲက မထင်မှတ်ပဲ တွေ့ခဲ့တာ"

မာဟာန်ရဲ့ နှလုံးခုန်သံတွေ မြန်လာသည်။ ရှေ့ပဟောင်းစာအုပ်နာမည်ကို မမေးမိအောင် တော်တော် ထိန်းချုပ်ထားရသည်။

"ငါအရဲတင်းပြီး တခုလောက် မေးပါရစေ ဝိညာဉ်တက်တူးက ဆရာဆွန်း တစ်ယောက်တည်း သီးသန့် ပိုင်ဆိုင်တာလား"

"ဒါပေါ့"

ဆွန်းမိုက ခေါင်းညိတ်ရင်း ပြန်ဖြေသည်။

မာဟာန်သည် ဒီအဖြေကို မျှော်လင့်ထားပြီးသားဖြစ်သော်လည်း တုန်လှုပ်နေဆဲဖြစ်သည်။ ဒါက သီးသန့် ပိုင်ဆိုင်သော ဝိညာဉ်တက်တူး ဖြစ်နေသည်။ ဘယ်လိုအကျိုးသက်ရောက်မှုမှ မရှိရင်တောင် လေ့လာသင့်သည်။ ပြီးတော့ ဆွန်းမိုကလည်း ဒီတက်တူးကနေ လျှပ်စီးစက်လုံး ထုတ်ပေးနိုင်တယ်လို့ ပြောခဲ့ဖူးသည်။ အဲဒါတွေက တိုက်ခိုက်ခံရတာနဲ့ အလိုအလျှောက် ကာကွယ်ပေးကာ ပြန်တိုက်ခိုက်နိုင်ပြီး

အကွာအဝေးကိုလည်း ထိန်းချုပ်နိုင်တယ်လို့ ပြောထားသည်။

တကယ်လို့ ဝိညာဉ်တက်တူးက ဆွန်းမိုပြောထားသလို အတိအကျဖြစ်ပြီး တိုက်ခိုက်ရေးနဲ့ ကာကွယ်ရေးပါ လုပ်နိုင်ပါက တန်ဖိုး ခန့်မှန်းလို့တောင် မရပါ။

"တောင်းပန်ပါတယ် ကျေးဇူးပြုပြီး ထပ်မေးခွင့်ပြုပါ။ ဒီဝိညာဉ်တက်တူးအကြောင်းကို တခြားဘယ်သူမှ မသိတာ သေချာလား၊ ဥပမာ ခင်ဗျား ဖတ်ဖူးတဲ့ ရှေ့ဟောင်းစာအုပ်ကို

တခြားသူတွေ မြင်ဖူးတာတို့ ဘာတို့ပေါ့ ဒါမှ မဟုတ်ရင်လည်း နောက်ထပ်တစ်အုပ် ရှိနေတာမျိုးပေါ့”

ဝိညာဉ်တစ်ထောင် အမှတ်တံဆိပ်သည် ချန်နန်တွင် အရမ်းကျော်ကြားသော ထိပ်တန်း အမှတ်တံဆိပ် သုံးခုထဲက တစ်ခု ဖြစ်သည်။ သို့သော်လည်း ဗဟိုပြည်နယ် တစ်ခုလုံးနဲ့ယှဉ်ရင် အဆင့် နည်းနည်း နှိမ့်ကျသွား နိုင်သည်။ ဒါက ဝိညာဉ်တကာ်တူး လုပ်ငန်းနယ်ပယ်တစ်ခုလုံးတွင် ထိပ်တန်း ၁၀ခုထဲတောင် ထည့်တွက်လို့ မရပါ။

အထူးသဖြင့် ဝိညာဉ်တက်တူး လုပ်ငန်းနယ်ပယ်တွင် ထိပ်ဆုံး ဦးဆောင်နေတဲ့ လုပ်ငန်း ၃ခုရှိသည်။ ဝိညာဉ်တက်တူး အသစ်တီထွင်ရန် သုတေသန ပြုလုပ်နေတဲ့ ကုန်ကျစရိတ်သည် ပြည်နယ်တစ်ခုလုံး နှစ်စဉ် အသုံးစရိတ်လောက် ရှိသည်။

ဝိညာဉ်တက်တူး လုပ်ငန်းသည် ဆေးဝါးလုပ်ငန်းနဲ့ ဆင်တူသည်။ ဝိညာဉ်တက်တူး အသစ်တစ်ခုသည် ဆေးဝါး အသစ်တစ်ခုလိုပါပဲ။ သက်ရောက်မှုသာ အရမ်းအစွမ်းထက်ရင် ဈေးကွယ်ဝယ်လိုအားက

ကြောက်ခမန်းလိလိ များပြားပြီး အကျိုးအမြတ် အများကြီး ရနိုင်သည်။

"ဒီဝိညာဉ်တက်တူးကို ငါကလွဲပြီး ဘယ်သူမှ မသိဘူးဆိုတာ ကောင်းကင်ကို သက်သေထားပြီး ကျိန်ဆိုလို့ ရတယ်"

ဆွန်းမို အသံက လေးနက်လာသည်။ သူတွေးထားသလို တစ်ဖက်က ထပ်ခါထပ်ခါ အတည်ပြုလာသည်။

မာဟန်သည် စိတ်လှုပ်ရှားမှုကို မထိန်းနိုင်ဘဲ လက်သီးတွေ ဆုပ်ထားမိသည်။

"ဆရာဆွန်း၊ ဒီဝိညာဉ်တက်တူးရဲ့ အကျိုးသက်ရောက်မှုကို နောက်တစ်ခါလောက် အသေးစိတ် ပြောပြပေးလို့ ရနိုင်မလား "

မာဟာန်သည် ဒီလိုပြောပြီးနောက် မနေနိုင်ဘဲ မျက်မှောင် ကြုတ်ထားမိသည်။ ဘေးနားမှာ ရပ်နေတဲ့ အလုပ်သင်လူငယ်လေးကို လှမ်းကြည့်ကာ

"မင်းဘာလုပ်နေတာလဲ၊ ဒီကျောင်းသား သုံးယောက်အတွက် ဘာလို့ လက်ဖက်ရည် မယူလာသေးတာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလုပ်သင်လေးသည် အရမ်းအံ့အောသွားပြီး လက်ဖက်ရည်အိုးကို လှမ်းကြည့်လိုက်မိသည်။ (ဆိုင်ရှင် မေ့နေတာလား၊ ဒီလက်ဖက်ရည်က အရမ်းဈေးကြီးတယ်လို့ မင်းပဲ ခဏခဏ ပြောနေတာလေ။ ငါက နောက်မှာ ပါလာတဲ့လူတွေကို ထုတ်တိုက်လိုက်ရင် မင်းကဘာမှ မပြောဘဲ နေမှာလား)

(အမှန်တိုင်းပြောရလျှင် သူ ကပ်စီးနဲနေပါသည်။)

"ဘာကြောင့်ကြည့်နေတာလဲ၊ လက်ဖက်ရည်နဲ့ မုန့်တွေ သွားယူလာခဲ့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလုပ်သင်လေးကို ဆူပူလိုက်လို့ ဆွန်းမိုရဲ့ စိတ်ထဲ သက်ရောက်မှုရှိမှာ မစိုးရိမ်ပါက ပါးစပ်က ထုတ်ဆဲမိလိမ့်မည်။ (ဘယ်လောက်တောင် စောက်သုံးမကျလိုက်လဲ၊ ငါက ပုံမှန်နေ့တွေအတွက် ပြောခဲ့တာကွ ဒီနေ့က ပုံမှန် နေ့ဟုတ်လို့လား)

အလုပ်သင်လေးသည် အဆင့်အတန်း နိမ့်သောကြောင့် ပြန်မပြောရဲဘဲ ချက်ခြင်း ထလုပ်လိုက်သည်။

“ကျေးဇူးတင်ပါတယ်”

လီဇီချီက ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။ ဒါပေမယ့် လက်ဖက်ရည်ကိုတော့ မသောက်ပါ။ လုချီဟွာလည်း လက်ဖက်ရည် မသောက်ဘဲ ဆိုင်ထဲတွင် လျှောက်ကြည့်နေသည်။

ဆန့်ကျင်ဘက်အနေနဲ့ အင်ဘိုင်ဝူကတော့ လက်ဖက်ခွက်ကို လက်နှစ်ဖက်နဲ့ သေသေချာချာ ကိုင်လိုက်သည်။ ရုတ်တရက် ထူးထွေ ဆန်းပြားလှသော အရသာတစ်ခု လျှာပေါ် ပျံ့လာပြီး မွေးရနံ့က ရင်ဘက်ထဲတိုင်အောင် ပျံ့နှံ့သွားသည်။

"ဒါက အမှောင်တိုက်ကြီး တတိယအဆင့် ကျောက်စိမ်းအစက်တောင်ပေါ်က ရိတ်သိမ်းထားတဲ့ လက်ဖက်ခြောက်လေ။ ဆရာဆွန်း ကြားဖူးမယ်လို့ ထင်ပါတယ်။ ဘိုင်ဟူ ရေတံခွန်က လေးရာသီလုံး အသက်ဝင်နေပြီး အနီးအနားပတ်ဝန်းကျင်မှာရှိတဲ့ လက်ဖက်ပင်တွေအတွက် ရေဓါတ်ပြည့်ဝတဲ့ လေထု တစ်ခု ဖန်းတီးပေးထားတယ်လေ။ ဒါက ကျောက်စိမ်း အစက်တောင်ပေါ်က နွေးဦးလက်ဖက်ခြောက်ရဲ့ အကြောင်းပါ။ လွန်ခဲ့တဲ့ ငါးနှစ်က တာဝန်ထမ်းဆောင်တာ အရမ်းကောင်းတယ်ဆိုပြီး

ငါ့ဆရာက ဆုပေးခဲ့တဲ့ ငါ့ရဲ့ ဂုဏ်ယူစရာ လက်ဆောင်ပေါ့”

မာဟာန်ပြောရင်း ဆွန်းမိုကို လက်ဖက်ရည်သောက်ရန် အမူအရာ ပြလိုက်သည်။

ဆွန်းမိုက ခရမ်းရောင် ကျောက်စလစ်ခွက်ကို မပြီး တစ်ငုံ သောက်လိုက်သည်။

“ကောင်းလိုက်တဲ့ လက်ဖက်ရည်”

လက်ဖက်ရည်ကောင်းကိုတော့ လူတိုင်း ကြိုက်ပါသည်။

ဆိုင်ရှင်က ထွေရာလေးပါးပြောနေရင်း သူက သူ့သခင် အထင်ကြီးလေးစားခံရတဲ့ အရည်ချင်းရှိသူ တစ်ယောက်ဖြစ်ကြောင်း ပုံပေါ်အောင် ဆွန်းမိုကို ပြသရန် ကြိုးစားနေသည်။

ပြီးတော့ လက်ဖက်ခြောက်က အရမ်းတန်ဖိုး ရှိလွန်းလို့ သူကိုယ်တိုင်တောင် လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက လုံး၀ မသုံးခဲ့ပါ။ အခုတော့ ဆွန်းမိုနဲ့ သူရဲ့ ကျောင်းသားတွေကို လက်ဖက်ရည်နဲ့ ဧည့်ခံနေသည်။ အရမ်း ယဉ်ကျေးပျူငှာတယ်လို့ သတ်မှတ်လို့ ရသည်။

"ဆရာဆွန်း၊ ဒီအရာအပေါ် မင်းဘယ်လိုတွေးထားလဲ သိချင်တယ်" မာဟန်က မေးလိုက်သည်။

"ငါ့နည်းလမ်းအရတော့ မင်းအတွက် အကောင်းဆုံး ဖြစ်အောင် လုပ်ပေးမယ်"

"လျှပ်စီးကာကွယ်ခြင်း တက်တူး ၁၀ ခုရောင်းပေးမယ်"

ဆွန်းမိုကလည်း သူ့ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း ထုတ်ပြောလိုက်သည်။

"ရောင်းရုံပဲလား"

မာဟန် စိတ်ပျက်သွားတဲ့ ပုံဖြစ်သွားသည်။ ဒါပေမယ့် ပြန်ထိန်းလိုက်သည်။ ဒါက အချိန်တိုအတွင်း လက်လှမ်း မမှီနိုင်တဲ့ အရေးကြီးသော လုပ်ငန်းတစ်ခု ဖြစ်သည်။ စိတ်ရှည်ဖို့ လိုသည်။

“ အမှန်ပဲ၊ ငါသာ ဝိညာဉ်ကျောက်တုံး မလိုရင် ထုတ်ရောင်းမှာ မဟုတ်ဘူး”

ဆွန်းမိုက ပခုံးတွန့်ရင်း ပြန်ပြောလိုက်သည်။

“ဆရာဆွန်း၊ မင်း အရမ်းအတွေးလွန်နေပြီ ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ငါက ဒီလုပ်ငန်းနယ်ပယ်ထဲမှာ

လုပ်နေတာ နှစ်နှစ်ဆယ်ကျော်နေပြီ ငါ့ကိုယ်ငါ ပရိုဖက်ရှင်နယ် တစ်ယောက်လို့ မပြောနိုင်ပေမယ့် ငါ့သုံးသပ်ချက်က မမှားနိုင်ဘူး။ မင်းရဲ့ဝိညာဉ်တကတ်တူး စွမ်းရည်အရ တစ်ခုထဲ ရောင်းရင်တောင် ငါက မင်းကို အထူးအရေးကြီး ပုဂ္ဂိုလ် တစ်ယောက်လို ဆက်ဆံနေအုံးမှာဘဲ”

မာဟာန်သည် စကားပြော အရမ်းကောင်းပြီး ဆွန်းမို ဘာမှပြောစရာမကျန်အောင် ပြောခဲ့သည်။ တချိန်တည်းမှာပဲ ဈေးနှုန်း ညှိနှိုင်းဖို့ ကြိုးစားနေသည်။ (ငါတို့ ဝိညာဉ်တစ်ထောင် စတိုးဆိုင်ကသာ

ဒီဈေးနှုန်းမျိုး ပေးနိုင်တယ်ဆိုတာ လူတိုင်း သိကြတယ်)

"တစ်ခုအတွက် ဝိညာဉ်ကျောက်တုံး ၅၀"

ဆန်းမိုက ဈေးနှုန်း ဖွင့်လိုက်သည်။

"အဟွန့်"

ဆွန်းမိုရဲ့ အဖွင့်ဈေးကိုကြားပြီး အင်ဘိုင်ဝူ ချောင်းသီးသွားကာ ဆွန်းမိုကို အရမ်းအံ့အောစွာ ကြည့်လိုက်သည်။ (ဆရာ၊ တကယ်ကြီးလား၊ ခုနကမှ ၁၀တုံးနဲ့ ရောင်းခဲ့တယ်လေ။ အခု ဝိညာဉ်ကျောက်တုံး

၅ဂနဲ့ ရောင်းနေတာလား၊ ဒီဆိုင်ရှင်ကို ငတုံးလို့ ထင်နေတာလား)

သို့သော်လည်း ဆိုင်ရှင်က အလေးအနက်ထားပြီး စဉ်းစားနေတာ မြင်လိုက်လျှင် အင်ဘိုင်ဝူ ဦးနှောက်ခြောက်သွားသည်။

"စိတ် ငြိမ်ငြိမ်ထား"

လီဇီချီက သူမကို ညင်သာစွာ သတိပေးလိုက်သည်။

ဒါက သူတို့ဆရာရဲ့ စီးပွားရေး လုပ်နည်းပါ။ ကုန်ပစ္စည်းတစ်ခု မကျော်ကြားသေးခင် ရွှေကဲ့သို့

ဈေးကြီးနေပါက စိတ်ဝင်စားမည့်သူ မရှိနိုင်ပါ။ ဒါပေမယ့် ကုန်ပစ္စည်းက နာမည်ရလာရင်တော့ ကွဲပြားသွားပြီ။

ဆွန်းမိုက ဒီဝိညာဉ်တစ်ထောင်ဆိုင်နဲ့ ဈေးကွက်ဖွင့်ချင်သောကြောင့် ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးကို အောက်ဈေးနဲ့ တမင်သက်သက် ရောင်းခဲ့သည်။ အဲဒီလို လုပ်ပြီး ဆိုင်ရှင်ရဲ့ စိတ်ဝင်စားမှုကို ဆွဲဆောင်ခဲ့သည်။

“ဆရာဆွန်း၊ ဒီဝိညာဉ်တကက်တူးရဲ့ ဒီဇိုင်းကိုရော မရောင်းဘူးလား”

မာဟန်က ဆက်မေးနေသေးသည်။

ဆွန်းမိုက ခေါင်းခါ ပြလိုက်သည်။ ဝိညာဉ်တက်တူးတိုင်း သူတို့ရဲ့ကိုယ်ပိုင် အစီအစဉ်နဲ့ လိုအပ်ချက်များ ရှိသည်။ ဝိညာဉ်မျဉ်းများ ရေးဆွဲရုံမျှ ရိုးရှင်းနေရင် ပန်းချီဆရာတိုင်း ဝိညာဉ်တက်တူးသခင် ဖြစ်နေကြမှာပေါ့ ။

“ ဒီလိုဆိုလည်း ဆရာဆွန်းကို တခြား ကုန်သည်တွေဆီမှာ မရောင်းဖို့ တောင်းဆို ပါရစေ”

မာဟန်က တောင်းဆိုလိုက်သည်။

“အဆင်ပြေပါတယ်”

ဆွန်းမိုကလည်း ရောင်းဖို့ ရည်ရွယ်ချက် မရှိပါ။

“ဆရာဆွန်းကလည်း တဲ့တိုးသမားဆိုတော့ ကျွန်တော်ကလည်း မတွန့်တိုတော့ပါဘူး။ ဝိညာဉ်တက်တူး ၁၀ခု အတွက်ကို ဝိညာဉ်ကျောက်တုံး ၅၀၀ ပေးပါ့မယ်”

မာဟန်ကလည်း ပြတ်သားသည်။

ဂလု

အလုပ်သင်ဆီက တံတွေးမျိုချတဲ့ အသံထွက်လာပြီး ဆွန်းမိုကို အထိတ်တလန့် ကြည့်နေသည်။ သူ့အကြည့်တွေက အားကျမှုနဲ့

ပြည့်နေသည်။ ဒီဈေးနှုန်းက အရမ်းမြင့်မားပြီး အဆင့်(၈) ဝိညာဉ်တက်တူးကိုတောင် ဝယ်နိုင်သည်။

အမ်

အင်ဘိုင်ဝူ လျှာသပ်လိုက်သည်။ (အရမ်းကောင်းတယ်။ ဓါးအက မသင်တော့ဘူး ဝိညာဉ်တက်တူးပဲ သင်တော့မယ်။ ချန်နန်က ဂူဆန်တောင် တနေကုန် ကရင်တောင် ငါ့ဆရာလောက် ငွေရှာ မမြန်နိုင်ဘူး။)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒါကိုကြည့်စမ်းပါအုံး ငါ့ဆရာက နာရီအနည်းငယ်အတွင်းမှာ ဝိညာဉ်ကျောက်တုံး ၆၀၀နီးပါး ရခဲ့တယ်)

ငွေအရမ်းမက်သော မိန်းကလေးတစ်ယောက်အနေနဲ့ ဝိညာဉ်ကျောက်တုံးရဲ့ တန်ဖိုး အစစ်အမှန်ကို မသိပေမယ့် လူတိုင်းရဲ့ အမူအရာကို အကဲခတ်ကာ ရှေ့ထက် ပိုတန်ဖိုးမြင့်တဲ့ အမှောင်တိုက်ကြီးရဲ့ ငွေကြေးပုံစံ ဖြစ်မယ်လို့တော့ သူမ ခန့်မှန်းမိသည်။

“ ဇီချီ၊ ငါ့အတွက် လျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တက်တူး ထုတ်ပေးပါအုံး”

ဆိုင်ရှင်က သုတေသန လုပ်ချင်လို့ ဝယ်မှန်း ဆွန်းမိုသိသည်။ ဒါကလည်း ဝိညာဉ်တက်တူးနယ်ပယ်တွင် လူတိုင်းထက် အရင် ဒီဇိုင်းကူးယူခြင်းဖြစ်ကြောင်း ပြောစရာမလိုပဲ နားလည်နိုင်သည်။ တကယ်လို့ မပွားနိုင်ပါက မူရင်းဗားရှင်းကို အရင်းအနှီးအများကြီး ထုတ်ပြီး ဝယ်ရလိမ့်မည်။

ကော်ပီကူးနိုင်ရင်တော့ ဘယ်အရာက မူရင်းလည်းဆိုတာ ဘယ်သူမှ မသိနိုင်ကြတော့ပါ။ အဲဒီအချိန်ရောက်ရင် ဆွန်းမိုက မူပိုင်ကြေး တောင်းဖို့ မဖြစ်နိုင်ပါ။

"မင်းဘာလုပ်နေတာလဲ၊ မြန်မြန်သွားပြီး ဒီမိန်းကလေးအတွက် လက်ဖက်ရည် သွားယူခဲ့အုံး"

မာဟန်က အလုပ်သင်လေး မလုပ်ပေးသေးတဲ့အတွက် ဆူလိုက်သည်။

(ငါက ကိုယ်ပိုင်လုပ်ငန်းရှင်လေ။ မင်းမှာ တခြားအလုပ် မရှိတော့ဘူးလား။ မင်းက

ဧည့်သည်တွေရဲ့ လိုအပ်ချက်ကို ဖြည့်ပေးပြီး အိမ်မှာနေသလို ခံစားရအောင် လုပ်ပေးနေရမယ်)

လီဇီချီသည် ဝါးကျည်တောက်ဗူးထဲကနေ လျှပ်စီးကာကွယ်ခြင်းတက်တူးကို အမြန်ထုတ်ယူပြီး ဆွန်းမိုကို ပေးလိုက်သည်။

“ဒီလို မလိုပါဘူး ၊ ငါမင်းကို ယုံပါတယ်”

မာဟာန်က ဟန်ဆောင် ပန်ဆောင် ငြင်းနေသော်လည်း မျက်လုံးတွေက ဝိညာဉ်တက်တူး ဆီကနေ မခွာနိုင် ဖြစ်နေသည်။

ရှူး

ဝိညာဉ်တကက်တူးစာရွက် အပိုင်းပိုင်း ကြေမွသွားပြီး အပြာရောင် လျှပ်စီးကြောင်း အပိုင်းအစများ ပေါ်လာသည်။ ၎င်းသည် နူးညံ့ သိမ်မွေ့လှပြီး လက်တစ်ချောင်းသာ ရှည်သော ငါးတစ်ကောင်နဲ့ တူနေသည်။

ဖလောက်ဒ်ဒ် ဖလောက်ဒ်ဒ်

လျှပ်စီးကြောင်းများသည် ပေါင်းစပ်သွားပြီး လျှပ်စစ် စက်လုံး သုံးခု ဖြစ်ပေါ်လာကာ ဆွန်းမို ပတ်လည်တွင် ပုံမှန်မဟုတ်သော လမ်းကြောင်းနဲ့ လည်ပတ်နေသည်။ အဲဒါတွေက ဂျူပီတာ အနီးတွင်

ပုံ့သန်းနေသော ဖြိုလ်သိမ် ဖြိုလ်မွှားတွေနဲ့ တူနေသည်။

မာဟန်ရဲ့ မျက်စိ သူငယ်အိမ်သည် ချက်ခြင်း ကျုံ့သွားပြီး ကျယ်ပြန့်လာသည်။ သူ၏ အရေးကြောင်းများပေါ်တွင် မိုန်ဖျော့ဖျော့ အလင်းတန်းများက ရိုက်ခတ်နေသည်။ မာဟန်သည် ဒီနယ်ပယ်ထဲမှာ နှစ် ၂၀လောက် လုပ်လာသော်လည်း ဒီလိုမျိုး အကျိုးသက်ရောက်မှုကို အရင်က မမြင်ဖူးကြောင်း သူ့ခေါင်းနဲ့ တိုင်တည်ပြီး ကျိန်ရဲသည်။

ဆွန်းမိုက အတွေးပြောင်းသွားပြီး ဆိုင်ထောင့်ကို တချက် ကြည့်လိုက်သည်။

ဝူ၅်

လျှပ်စီး စက်လုံးကို ဆိုင်ထောင့်သို့ ချက်ခြင်း ပစ်လွှတ်လိုက်သည်။

“အမြန်နှုန်းက သာမန်ပဲ ” မာဟာန် နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်နေသည်။ ဒီအတွေးက ခေါင်းထဲ ဝင်လာတုန်းပဲ ရှိသေးသည်။ လျှပ်စီးကြောင်းက နံရံကို ထိသွားပြီး ဝုန်းကနဲ ပေါက်ကွဲသွားသည်။ တလက်လက်ဖြစ်နေသော လျှပ်စီးများ

ပျောက်ကွယ်သွားလျှင် မီသွေးလို နက်မှောင်ပြီး ကျန်ခဲ့သည်။

"အစွမ်းထက်လိုက်တာ"

အလုပ်သင်က အရမ်းအံ့အောပြီး ထအော်သည်။

"ဆိုင်ရှင် ကာကွယ်ခြင်း ယန္တရားကို မင်းကိုယ်တိုင် စမ်းသပ်ကြည့်လို့ရတယ် ၊ ဒီမှာတော့ စမ်းသပ်ဖို့ အဆင်မပြေလောက်ဘူး"

ဆွန်းမိုက ရှင်းပြလိုက်သည်။ တကယ်လို့ ဒီလျှပ်စီး စက်လုံးက မီးမလောင်ဘူး ဆိုရင်တောင် မြင့်မားတဲ့

ဗို့အားတွေက သူ့ကို တောင့်တင်းပြီး တုန်ယင်သွားစေနိုင်သည်။

“အဲဒီလို မပြောပါနဲ့ ၊ ဆရာဆွန်းကို ယုံပါတယ်”

မာဟန်သည် ဝိညာဉ်တက်တူးတွေကို လက်ခံယူလိုက်သည်။ ထုံးစံအတိုင်း တချက်ပြီး တချက် စေ့စပ်သေချာစွာ မှတ်သားနေသည်။ သူ့မျက်လုံးတွေက ဒီဝိညာဉ်တက်တူးကို ကြည့်ပြီး အကြည့်မလွှဲနိုင်တော့ပါ။ (ဒါက ဘယ်လိုမျိုး အစီအစဉ်လဲ ၊ ဒီလိုမျိုး ထူးဆန်းပြီး အလှတရား ပြည့်စုံနေတာမျိုး အရင်က မမြင်ဖူးဘူး။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သပ်သပ်ရပ်ရပ်နဲ့ စီစဉ်ထားတဲ့ ဝိညာဉ်လိုင်းတွေကို ကြည့်ပြီး အတွေးတွေ ရှင်းပြီး အရမ်းသက်တောင့်သက်သာ ရှိလာသလို ခံစားရသည်။)

"ဆိုင်ရှင်၊ ဆိုင်ရှင်"

ဆွန်းမိုက အလျှင်စလို ခေါ်လိုက်သည်။ ဒီလိုမှမဟုတ်ရင် ဒီလူက ဘယ်လောက်ကြာကြာ ကြည့်နေမှာလဲ။

"တောင်းပန်ပါတယ် ၊ တောင်းပန်ပါတယ်၊ ငါအခုပဲ ဝိညာဉ်ကျောက်တုံးတွေ သွားယူလိုက်မယ်"

မာဟာန်က လျှင်မြန်စွာ ထွက်သွားသည်။ အမှန်တော့ ဝိညာဉ်ကျောက်တုံး ၅၀၀ဆိုတာ ဒီဆိုင်အတွက် ပုံမှန်ဈေးတစ်ခုလို့သာ သတ်မှတ်နိုင်သည်။ မာဟာန်ကိုယ်တိုင်တောင် သွားယူစရာမလိုဘဲ အလုပ်သမားကို ခိုင်းလိုက်လို့ ရသည်။ ဒါပေမယ့် ဒီတစ်ခါတော့ မာဟာန်ကိုယ်တိုင် သွားလိုက်သည်။

မာဟာန်က အိတ်ကြီးတစ်လုံးကို သယ်ပြီး သုံးမိနစ် မကြာခင် ပြန်ရောက်လာသည်။

“ဆရာဆွန်း၊ ကျေးဇူးပြုပြီး ကျောက်တုံးတွေကို တွက်ကြည့်ပါအုံး ၊ အားလုံး ၆၀၀ ပါတယ်”

မာဟာန်က ဆွန်းမိုနာမည် တပ်ပြောလိုက်သော်လည်း အိတ်ကို လီဇီချီဆီ ပေးလိုက်သည်။ သူမက စိတ်ချရတဲ့ လက်ထောက်တစ်ယောက်ဆိုတာ သူသိနေသည်။

ပြီးတော့ ဒီလိုကိစ္စအတွက် မဟာအဆင့် ဝိညာဉ်တက်တူးသခင်ကို ရေခိုင်းစရာလား။ သူက မျက်နှာ မလိုချင်ရင်တောင် အဲဒါက

မဟာအဆင့်ဝိညာဉ်တက်တူး သခင် တစ်ယောက် ဖြစ်နေသည်။

အင်ဘိုင်ဝူသည် လက်ဖက်ရည် သောက်နေသေးသော်လည်း သူ့မအာရုံအားလုံးက အဲဒီကိုပဲ ရောက်နေသည်။ မာဟန်က သူ့ဆရာကို ပုံစံအမျိုးမျိုးနဲ့ ခေါ်နေတာကို သတိထားလိုက်မိသည်။ အခုပဲ ဆရာဆွန်းလို့ ခေါ်နေပြီး ဝိညာဉ်တက်တူးရဲ့ အစွမ်းထက်မှုကို မြင်ပြီး ချက်ခြင်းပဲ ဆရာကြီးဆွန်း ဖြစ်သွားတာကို သတိထားလိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သို့သော် ဒီအရာတွေက အရေးမကြီးပါဘူး။ မငွေမက်လေးက လျှင်မြန်စွာ ပြေးလာပြီး အိတ်ကြီးကို စိုက်ကြည့်နေသည်။

“ပညာသင်ဘက် အစ်မကြီး ငါကူပြီး ရှာပေးပါရစေ”

လီဇီချီ ခပ်ဖျော့ဖျော့လေး ပြုံးလိုက်မိသည်။ (ဆရာက တကယ့်ကို တော်တာပဲ)

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၀(၁,၁၁၁/၁၀,၀၀၀)

လုချီဟွာကတော့ တခြားသူတွေနဲ့ မတူပါ။ ဒါက သူတို့ဆရာ တခြားသူတွေနဲ့ စီးပွားရှာနေကြ နည်းလမ်း ဖြစ်သည်။

“၆၀၀”

ဆွန်းမို မျက်မှောင်ကြုတ် လိုက်သည်။

“မင်းအခု သုံးလိုက်တဲ့ တစ်ခုအတွက်ပါ ဝိညာဉ်ကျောက်တုံး ၁၀၀ အပိုထည့်ပေးထားတယ်”

မာဟာန်သည် ဆွန်းမို ခန္ဓာကိုယ်ပတ်လည်တွင် ရွေ့လျားနေသော လျှပ်စစ် စက်လုံးတွေကိုကြည့်ပြီး ထိကြည့်ရန် လက်ကအလိုလို ဆန့်လိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဝိညာဉ်ကျောက်တုံး ၁၀၀ များတယ်ဟုတ်လား။ ဒါပေမယ့် ဝိညာဉ်တက်တူး မဟာသခင်အတွက် မများပါဘူး)

ဒင်

မာဟာန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၁၀၀/၁,၀၀၀)

"ဒါဆိုလည်း ငါလက်ခံလိုက်မယ်"

ဆန်းမိုအတွက်ကတော့ ဘာမှ မထူးပါဘူး။ ဒီအချက်ကြောင့် သူပြန်ပြီး မျက်နှာသာ ပေးရမှာကို သိနေသည်။

"ဆိုင်ရှင်၊ ငါ့မှာ ဝိညာဉ်ကျောက်တုံးတွေ အလုံလောက် ရပြီဆိုတာနဲ့ ဝိညာဉ်တက်တူးတွေ မရောင်းတော့ဘူး စိတ်ချ"

"ကျေးဇူး အများကြီးတင်ပါတယ်"

မာဟာန် အရမ်း ကျေးဇူးတင်နေသည်။ ဆွန်းမိုက ဘာကိုဆိုလိုတာလဲ. ဒါက ဝိညာဉ်တစ်ထောင် ဆိုင်က တက်တူးသခင်များသည် အခြားပြိုင်ဖက်ဝိညာဉ်တက်တူးသခင်တွေ မသိခင် ဒီပုံကြမ်းကို မိတ္တူ ကူးနိုင်မည် မဟုတ်ပါလား။

"ဆိုင်ရှင်မာ၊ မင်းနဲ့ တနေ့တော့ ပြန်ဆုံဖို့ မျှော်လင့်ပါတယ်"

ဆွန်းမိုက နှုတ်ဆက်ပြီး လက်ထဲက ဝိညာဉ်ကျောက်တုံးကို မြှောက်ဆော့ရင်း ထွက်သွားသည်။

လီဇီချီနှင့် လုချီဟွာသည် နောက်က အမြန်လိုက်သွားသည်။

လုချီဟွာသည် ဆွန်းမို ကျောပိုးအိတ်ကို ကူသယ်ပေးချင်နေသည်။ အင်ဘိုင်ဝူက အထဲမှာ ဘယ်လောက်ရှိလဲဆိုတာ သိချင်လို့

လုယူချင်နေသည်။ လုချီဟွာက ရှက်ပြာရှက်ပြာ ဖြစ်တတ်ပြီး ဝိညာဉ်ကျောက်တုံးတွေ ပျက်ဆီးသွားရင် ဘယ်လို လုပ်မလဲ။

ကျောပိုးအိတ်ကို လုံခြုံအောင်ထားတာ ပိုကောင်းသည်။ ဘာကြောင့် ကျောပိုးအိတ်ကို သယ်နေတဲ့အချိန်မှာ လုံခြုံနေသလို ခံစားရလည်းဆိုတာ သူမ နားမလည် ဖြစ်နေသည်။

"နေအုံး ငါတစ်ခုခု မေ့သွားတဲ့ ပုံပဲ"

အင်ဘိုင်ဝူက ခြေလှမ်းအနည်းငယ် လှမ်းလိုက်ပြီးနောက် ခဏရပ်ကာ နောက်ကို

ပြန်ပြေးသွားသည်။ လက်ဖက်ရည် ခွက်ကို ကိုင်ပြီး ခွက်ထဲက လက်ဖက်ရည်ကို အကုန်မော့သောက်ချ လိုက်သည်။

" ဆရာဆွန်း ဂရုစိုက်ပါ"

ဆိုင်ရှင်က ဆွန်းမိုကို ဆိုင်အပြင်ဘက်သို့ ကိုယ်တိုင်ကိုယ်ကျ လိုက်ပို့လိုက်ပြီး ဆွန်းမိုထွက်တာ မီတာ ၅၀ ကျော်လောက် ရပ်ကြည့်နေပြီးမှ ဆိုင်ထဲ ပြန်ဝင်သွားသည်။

"ဆိုင်ရှင်၊ ဒီလူ ကံကောင်းတယ်လို့ မထင်ဘူးလား။ ရှေ့ပောင်း စာအုပ်ကို မတော်တဆ ရပြီး ဒီလိုမျိုး

အဖိုးတန်တဲ့ ဝိညာဥ်တက်တူးကိုတောင် ရသွားသေးတယ်”

အလုပ်သင်မျက်လုံးထဲတွင် မနာလိုမှုများနဲ့ ပြည့်နေသည်။ တကယ်လို့ ဝိညာဥ်တက်တူးကို ရှာတွေ့တဲ့လူက သူဖြစ်ခဲ့ရင် စားသောက်စရိတ်အတွက် စိတ်ပူစရာ မလိုတော့ဘူး။

မာဟန်က ပြန်ပြောဖို့ စိတ်မဝင်စားပါ။ သူက ဒီဝိညာဥ်တတ်တူး ဆယ်ခုကို ဂရုတစိုက် ထုတ်ပိုးလိုက်သည်။

ဒါပေမယ့် သူမ မာနကြီးလွန်းတယ်။ ငါတို့ရဲ့ အကြီးဆုံး အစ်မကြီးက ဝိညာဉ်တက်တူးနယ်ပယ်တွင် နှစ်ပေါင်း တရာကျော်မှာ တခါသာ ပေါ်ပေါက်တတ်တဲ့ ပါရမီရှင်ပဲ။ ဒီလျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တက်တူးကို ပုံဖော်ဖို့ဆိုတာ သူမအတွက် သေချာပေါက် လွယ်ကူလိမ့်မည်။

အကြီးဆုံး အစ်မကြီး အကြောင်းတွေးနေရင်းနဲ့ သူ့အကြည့်တွေက လေးစားကြည်ညိုမှုများနဲ့ ပြည့်လာသည်။ သူ့ဘဝမှာ အကြီးဆုံး အစ်မကြီးနဲ့

လက်ထက်ပြီး မိသားစု တစ်ခု တည်ထောင်ဖို့က ဘဝရဲ့ အကြီးဆုံး အိပ်မက် ဖြစ်သည်။

"အဓိပ္ပါယ် မရှိတဲ့ စကားတွေ တော်လိုက်တော့" မာဟန်သည် လက်ထဲက ပါဆယ်ထုတ်ကြီးကို ပေးလိုက်ရင်း

"သွား ရုံးချုပ်ကို မြန်မြန်သွားပို့လိုက် ၊ ဆိုင်ရှင်ဆီကလို့ ပြောလိုက်"

"ဟုတ်"

အလုပ်သင်က ပြန်ဖြေလိုက်သည်။ ဆိုင်က မထွက်ရသေးခင် ဆိုင်ရှင်က တားလိုက်သည်။

"ထားလိုက်တော့ ငါကိုယ်တိုင်ပဲ သွားလိုက်တော့မယ်"

ဆိုင်ရှင် ဆိုင်က ထွက်သွားသည်။ သူကိုယ်တိုင် ထွက်သွားသဖြင့် ဒီလုပ်ငန်းက အကျိုးသက်ရောက်မှု ရှိမှာ သေချာသည်။ ဒီတစ်ခေါက်ခရီးအတွက် ဆိုင်က ဆယ်ရက်လောက် ပိတ်ထားရလိမ့်မည်။

ဝိညာဉ်တက်တူးများက အရမ်း အရေးကြီးနေသည်။

ဝိညာဉ်ကျောက်တုံးများသည် လက်သည်းခွံ အရွယ်သာ ရှိသည်။ အလုံး ၆၀၀ ပါသော အိတ်သည်

အင်ဘိုင်ဝူ ခွန်အားနဲ့ဆို ကျောပိုးအိတ်ကို လွယ်လွယ်လေး သယ်သွားနိုင်သည်။ သို့သော် ဒီအချိန်တွင် မငွေမက်လေးရဲ့ ခံစားမှုက လေးလံနေပြီး အသက်ရှူသံတွေက ပိုပြင်းထန်နေသည်။

“ ငါတို့ ဒီလောက် အများကြီး ရှာနိုင်ခဲ့တာလား”

အင်ဘိုင်ဝူက မျက်လုံး ပွတ်လိုက်သည်။ ဆရာက နှစ်နာရီအတွင်းမှာ ဝိညာဉ်ကျောက်တုံး ၆၀၀ ကျော်ကို အလွယ်တကူ ရှာနိုင်ခဲ့သည်။ ဒါက သူတို့ သတ်မှတ်ထားတဲ့ ပမာဏရဲ့ ခြောက်ဆဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လျှပ်စီးကာကွယ်ခြင်း တက်တူးရဲ့ ဒီဇိုင်းကို ရောင်းပါက ဒီထက်တောင် ငွေ ပိုရနိုင်သေးသည်။

"နေပါအုံး ဒါက ရောင်းလို့ မရဘူး"

ဒီဝိညာဉ်တက်တူးက ဆွန်းမို တစ်ဦးတည်း အပိုင်ဖြစ်သည်။ ဈေးကွက်ထဲတွင် လက်ဝါးကြီးအုပ်ပြီး ရောင်းချပါက ငွေအများကြီး ရှာနိုင်သည်။

ဒါကိုတွေးပြီး အင်ဘိုင်ဝူက သူ့အကြံအစည်အား သူ့ဆရာကို ပြောလိုက်သည်။

“ဆရာက မြတ်ဆရာ ဒါမှမဟုတ် သူတော်စင်တစ်ယောက် ဖြစ်လာအောင် ရည်ရွယ်နေတာလား။ ဝိညာဉ်တက်တူး ရောင်းစားဖို့ ဘာလို့ မစဉ်းစားတာလဲ ”

လီဇီချီက ထိုစကားကိုကြားလျှင် မျက်လုံးပြူးသွားသည်။

(မင်းက တက်တူးလုပ်ငန်းမှာ ကုန်သည်သူဌေးကြီးဖြစ်ရင်တောင် သူတော်စင်တစ်ယောက်ထက် ပိုပြီး ဩဇာကြီးနိုင်ပါ့မလား။ အဲဒီဘွဲ့ နာမည်နဲ့

မင်းလက်အောက်မှာ တပြည့်တွေ အများကြီး ရှိရင် မင်းနာမည်က ဆယ်စုနှစ်နဲ့ ချီပြီး ထင်ရှားနေလိမ့်မယ်။)

"ပိုက်ဆံရှိတာ ကောင်းတယ် ငါထင်တယ်"

အင်ဘိုင်ဝူသည် သူမ မှားသွားမှန်း သိသော်လည်း သူ့ဘာသာသူ တိုးတိုးလေး ရွတ်နေသေးသည်။

ဆွန်းမိုက အင်ဘိုင်ဝူကို အပြစ်မတင်ပါ။ လူတိုင်းက သူတို့ကြီးပြင်းလာတဲ့ ပတ်ဝန်းကျင်အပေါ်ကို မူတည်ပြီး သူတို့ ကမ္ဘာကို ပုံဖော် တတ်ကြသည်။ ဒီမငွေမက်လေးသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်လမှာ ၂၉ရက် အငတ်ခံပြီး နေ့တိုင်း ကူလီလုပ်ခဲ့ရသည်။ ဒါက ဘာကြောင့်လဲ သူမအသက်ရှင်ဖို့အတွက် နည်းလမ်းတစ်ခု ဖြစ်နေလို့ပဲ။

လီဇီချီက မင်းမျိုး မင်းနွယ်က ဖြစ်သည်။ ပုံမှ ှန်နေ့တွင် သူမစားသော အစာပြေမုန့်များသည် အင်ဘိုင်ဝူ၏ တလစာ အသုံးစရိတ်နဲ့ ညီမျှသည်။ လီဇီချီက ဒီလိုအခြေအနေကို နားလည်ဖို့ မဖြစ်နိုင်ပါ။

သိပ်မကြာခင် ဆွန်းမိုတို့သည် ဆေးဖက်ဝင် အပင်တွေ ရောင်းချတဲ့ လမ်းကို ပြန်ရောက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့ငွေးကွမ်သည် အဝင်ဝတွင် ညှော့သည် ထိုင်စောင့်ရင်း ငြီးငွေ့နေသည်။ ဆွန်းမိုကို မြင်လိုက်လျှင် မနေနိုင်ဘဲ အကျယ်ကြီး အော်ရယ်လိုက်သည်။

ဆွန်းမိုက သူ့မိတ်ဆွေဆီမှာ အိုးခြောက်လုံး အကြွေးတင်နေသည်။ ဒါပေမယ့် အခုတော့ သူ့နောက်က မိန်းကလေးတွေက ပန်းအိုး ငါးခုကို သယ်ထားဆဲ ဖြစ်သည်။

“တောက် ၂နာရီတောင် မပြည့်သေးဘူး အိုးတစ်လုံးနဲ့ အပင်တစ်ခု ရောင်းနိုင်ခဲ့တာပဲ။

အံ့အောစရာပဲဟော့၊ ဘာကြောင့် ငါ့ဆိုင်မှာ အလုပ်သင်လာမလုပ်တာလဲ”

သူဌေးကွမ်က နောက်ပြောင်လိုက်သည်။

အခြားသူဌေးများ ဒီအသံကို ကြားလိုက်လျှင် ဆိုင်အပြင်ထွက်လာပြီး တချက်ကြည့်ကာ ဝိုင်းရယ်နေကြသည်။

အင်ဘိုင်ဝူ မျက်ခုံးပင့်ပြီး ပြန်ကြိမ်းမောင်းဖို့ လုပ်လိုက်သည်။ ဒါပေမယ့် လီဇီချီက တားလိုက်သည်။

“ သူတို့အဆင့်နဲ့ ပြန်ငြင်း မနေနဲ့”

လီဇီချီအတွက် ဘာမှ မထူးခြားပါ။

ဆွန်းမိုက သူတို့ကို လျစ်လျူရှုထားပြီး သူဌေးရှောင်ရဲ့ ဆိုင်ကို တန်းသွားလိုက်သည်။

"ပြန်လာပြီလား"

သူဌေးရှောင်က ပန်းအိုးတွေ သယ်ပြီး ပြန်လာသော ကျောင်းသားတွေကို မြင်လိုက်သည်။

"စီးပွားရေး လုပ်ရတာ ဘယ်လွယ်မလဲ ၊ သူတို့ကို ပြန်ထားလိုက်ရုံပါပဲ ၊ မင်းရှောင်းခဲ့တစ်ပင်အတွက် ငွေကို မင်းပဲ ယူထားလိုက်ပါ၊ မင်းအတွက် လက်ဆောင်လို့ သတ်မှတ်လိုက်ပေါ့။

အမှောင်တိုက်ကြီးမှာ ကောင်းကောင်းလေ့ကျင့်နိုင်ပြီး ကောင်းကောင်း ရိုတ်သိမ်းနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်”

သူဌေးရှောင်က ဆိုင်အတွင်းပိုင်းကို လှည့်ပတ်ကြည့်လိုက်ပြီး ခံစားချက် အပြည့်နဲ့ ပြောလိုက်သည်။ အမှန်တော့ ဒီဆိုင်ကို နောက်ထပ် မလည်ပတ်နိုင်တော့ပါ။ ဒါပေမယ့် ဒီဆိုင်က သူ ၁၅နှစ်လောက်ဖွင့်ခဲ့တဲ့ ဆိုင်ဖြစ်သည်။ ဒါကြောင့်လည်း ဆိုင်နဲ့ မခွဲချင်ဘူး ဖြစ်နေသည်။

ဆိုင်က သေးငယ်သော်လည်း သူ့ သား၊ သမီးတွေ ကြီးပြင်းလာဖို့နဲ့ မိသားစု စားဝတ်နေရေးအတွက် အားကိုး ခဲ့ရသည်။

"ဟားဟား ၊ သူဌေးရှောင် ငါတို့ သဘောတူညီချက်အရ ပိုက်ဆံကို အတိုးနဲ့ ပြန်လာပေးတာ"

ဆွန်းမိုက လက်သီးဆုပ်ကာ အရိုအသေ ပေးပြီး စကားပြောလိုက်သည်။

သို့သော်လည်း အင်ဘိုင်ဝူက ဝိညာဉ်ကျောက်တုံးကို မထုတ်ဘဲ အိတ်ကို တင်းကျပ်စွာ ကိုင်ထားသည်။

လီဇီချီ ခေါင်းယမ်းပြီး လှမ်းယူလိုက်သည်။ သူမက ဝိညာဉ်ကျောက်တုံး တစ်တုံးကိုယူပြီး စားပွဲပေါ်တင်လိုက်သည်။

"အမ်"

သူငွေးရှောင် အံ့အောသွားသည်။ (ဒါက ဘာအတွက်လဲ) သူ့အမြင်က အရမ်းကောင်းပြီး အိတ်ထဲ အမြန်ကြည့်လိုက်သည်။

(ဒါက အခုမှ သူရှာခဲ့တာလား)

(မဖြစ်နိုင်ပါဘူး ၊ ငါပဲ သူငယ်ပြန် နေတာလား၊ ဒီဆရာထွက်သွားတာ တစ်နာရီကျော်ပဲ

ကြာတယ်လေ။ သူက ဘယ်လိုလုပ် ဝိညာဉ်ကျောက်တုံး အများကြီး ရှာနိုင်မှာလဲ။

(ဘဏ်သွားဖောက်ရင်တောင် ဒီလောက် မမြန်နိုင်ဘူး)

သို့သော်လည်း သူဌေးရှောင် စိတ်ငြိမ်အောင် အမြန်ထိန်းလိုက်ပြီး ဝိညာဉ်ကျောက်တုံးကို ပြန်တွန်းပို့လိုက်သည်။ (ဒါက များလွန်းတယ် ၊ အရမ်းများလွန်းတယ်)

အဲဒီလို ဆေးဖက်ဝင် အပင်များသည် အများအားဖြင့် တန်ဖိုးနည်းပါးသည်။

ဝိညာဉ်ကျောက်တုံး တစ်လုံးကို ပန်းအိုး နှစ်အိုးလောက် အလွယ်တကူ ဝယ်နိုင်သည်။ ဒါတောင် ဝယ်ယူသူကို ငွေပြန်အမ်း ရအုံးမည်။

“နောက်ထပ် အပင်နည်းနည်း ထပ်ယူမယ်”

ဆွန်းမိုက ဆိုင်ကို လှည့်ပတ်ကြည့်လိုက်ပြီး အင်ဘိုင်ဝူအား ပန်းအိုး ထပ်ယူရန် ခိုင်းလိုက်သည်။ တချိန်တည်းမှာပဲ သူက သူဌေးရှောင်နဲ့ စကား စမြည် ပြောနေသည်။

"သူဌေးရှောင် ပုံမှန်မဟုတ်တဲ့ အပင်မျိုးရရင် ငါ့အတွက် ဖယ်ထားပေးပါ။ ဈေးနှုန်းကြောင့်တော့ မင်းစိတ်မပျက်စေရဘူး"

" သေချာပေါက် လုပ်ပေးမယ်"

သူဌေးရှောင်က စကားဆုံးသွားတာနဲ့ မချိပြုံး ပြုံးလိုက်ရင်း

"ငါဆိုင်က ထပ်ပြီး မလည်ပတ်နိုင်တော့ဘူး"

"အော်၊ ဒါဆိုလည်း လတိုင်း ပစ္စည်းမှာပေးမယ်"

ဆွန်းမိုက ဝိညာဉ်တက်တူး ရေးဆွဲရန် ပန်းအိုးများ တကယ်လိုအပ်နေသည်။ အမှန်တော့ သူက လီချီဇီနဲ့

ကျန်တဲ့သူများကို ဒီဝိညာဉ်တက်တူးရေးဆွဲခြင်း နည်းစနစ်ကို ဖြန့်ဝေပေးဖို့ တွေးထားသည်။ ဒါကြောင့် သူ့မှာ ပန်းအိုးတွေ အများကြီး ရှိဖို့ လိုအပ်နေသည်။

သူဌေးရှောင် အံ့အောသွားသည်။

“ငါတို့ ဆရာက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ထောက်ပံ့ရေးဌာနမှူး ဖြစ်ပြီး သူ့မှာ လုပ်ပိုင်ခွင့် ရှိတယ်”

လီဇီချီက သူဌေးရှောင် မယုံကြည်တဲ့ ပုံကို မြင်လိုက်တာနဲ့ ရှင်းပြလိုက်သည်။ သူမဆရာကို အထင်မသေးစေချင်ပါ။

"အမ်"

အခုတော့ သူ့မျှော်ရှောင် မျက်လုံး ပိုပြူးလာသည်။ သူ့စိတ်ထဲတွင် ဆွန်းမိုက အဖြစ်အပျက်ကြီးတစ်ခုခုရဲ့ (ဩဇာကြီး လူတစ်ယောက်ယောက်ရဲ့) တရားမဝင်သားများလား။ (အဲဒါလည်း မဟုတ်သေးဘူး။ ထောက်ပံ့ရေးဌာနမှူး ဆိုတာက တစ်ကျောင်းလုံးရဲ့ ဝယ်လိုအားကို ထိန်းချုပ်ရတဲ့ အာဏာကြီးတဲ့ ရာထူးပါ။ ဒါဆိုသူက အရေးပါတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်နေတာပေါ့။)

လီဇီချီက ဆွန်းမိုဘက်နေ ကူညီပွဲပိုးခဲ့သည်။ သူမသည် အရည်အခြင်းပြည့်မှီသော လက်ထောက်တစ်ယောက်ဖြစ်ပြီး သူမကိုယ်တိုင် သဘောတူညီချက် စာတစ်စောင်ကို ရေးလိုက်သည်။

ဆွန်းမိုနှင့် သူဌေးရှောင်တို့သည် သဘောတူညီချက် စာချုပ်တွင် သူတို့၏ နာမည်များကို ရေးထိုးလိုက်ကြသည်။

“သူဌေးရှောင် ၊ အခုငါသွားတော့မယ်၊ စီးပွားလာဘ်လာဘများ ဒီရေအလား တိုးပွားပါစေလို့ ဆုတောင်းခဲ့ပါတယ်”

ဆွန်းမိုက ပြုံးပြီး လှည့်ထွက်သွားသည်။

အင်ဘိုင်ဝူနှင့် လုချီဟွာတို့သည် ဝါးလုံးတစ်ချောင်းတွင် အပင်(၆) အိုးစီပါသော ဝါးလုံးနှစ်လုံးကို ရှေ့နောက်ထမ်းရင်း လိုက်သွားကြသည်။

“ဆရာဆွန်း၊ ဂရုစိုက်ပါ”

သူဌေးရှောင်က တံခါးအဝအထိ လိုက်ပို့သည်။

“ငါတို့ကို ထပ်ပို့စရာ မလိုတော့ဘူး သူဌေးရှောင်”

ဆွန်းမိုက လက်သီးဆုပ် အရိုအသေပေးရင်း ပြောလိုက်သည်။

ဖောက်

သူဌေးရှောင်ရဲ့မျက်လုံးရှေ့ ဝိညာဉ်ကျောက်တစ်ခု ပြုတ်ကျလာသည်။

သူဌေး ရှောင် အမြန် ဖမ်းလိုက်သည်။

“ဒါက မင်းအတွက်ဆုပါ”

ဆွန်းမိုက အဲဒီစကားပြောပြီးနောက် မျက်လုံးထောင့်ကနေ သူဌေးကွမ်ကို တစ်ချက်ကြည့်လိုက်သည်။

ဒီအခင်းအကျင်းကို ဆေးဖက်ဝင် ဆိုင်ပိုင်ရှင်များ သေချာပေါက် မြင်လိမ့်မည်။

“ဘာလဲကွ ၊ ဆင်းရဲတဲ့ ဒီဆရာက ရုတ်တရုတ် ချမ်းသာလာတာလား”

သိချင်စိတ်ကြောင့် သူဌေးရှောင်ဆိုင်တွင် လူတွေအုံလာသည်။ (ဒီလူက စာရွက်တစ်ရွက်ကိုကြည့်ပြီး ဘာတတွတ်တွတ် ရွတ်နေတာလဲ ၊ သူငယ်ပြန်နေတာလား)

“ငါ့ဆိုင်ကို ကယ်တင်နိုင်ပြီ ၊ ကယ်တင်နိုင်ပြီ”

သူဌေးရှောင်က စာချုပ်ကိုကြည့်ရင်း သူ့ရဲ့ အိုနေသော မျက်နှာပေါ်မှာ မျက်ရည်များ စီးကျလာသည်။

ဒီလုပ်ငန်းသည် အကျိုးအမြတ်မများသော်လည်း ရေရှည် လုပ်ငန်းတစ်ခု ဖြစ်သည်။ သူ့မိသားစုတစ်စုလုံးကို ဆက်လက်ကျွေးမွေးဖို့ လုံလောက်နေအုံးမည်။

(ဆရာဆွန်းကြောင့် ငါ့ရဲ့ ကံကြမ္မာ ပြောင်းလဲသွားမယ်လို့ ဘယ်သူက ထင်မှာလဲ)

(သူ့ဘေးက ရင်ဘက်ပြားနေသော ကောင်မလေးသည်
ကြောက်ဖို့ကောင်းလောက်အောင်
ဉာဏ်ထက်လွန်းသည်။ အများဆုံးမှ ၁၂နှစ်၊ ၁၃နှစ်

ဒါပဲ ရှိအုံးမည်။ ဘာကြောင့် သူမရဲ့ ညှိနှိုင်းရေး စွမ်းရည်က ဒီလောက်ကောင်းလဲဆိုတာ စဉ်းစားလို့ မရဘူး)

သူဌေးကွမ်သည် စာချုပ်ထဲက အကြောင်းအရာများကို အမြန်ခိုးဖတ်လိုက်သည်။

“ဝိုး၊ ဒါက သုံးနှစ် စာချုပ်ပဲ”

“သူဌေးရှောင်၊ မင်းတော့ စီးပွားဖြစ်ပြီ ”

အခြားသူများက အားကျတဲ့ အကြည့်နဲ့ ကြည့်နေကြသည်။

ဒီစကားကို ကြားလိုက်လျှင် သူဌေးရှောင်သည် အသိပြန်ဝင်လာသည်။ သဘောတူညီချက် စာချုပ်ကို အမြန် ပြန်သိမ်းလိုက်ပြီး စိတ်ပါလက်ပါ ပြုံးလိုက်သည်။

"မဟုတ်ပါဘူး မဟုတ်ပါဘူး ၊ ဒါလုပ်ငန်းအသေးလေး တစ်ခုပါပဲ"

အခုအချိန်မှာ သူဌေးရှောင်ရဲ့အကြည့်တွေ သတိနဲ့ ပြည့်နေသည်။ ဒီလူတွေကို သူရထားတဲ့ သဘောတူညီချက် စာချုပ်အကြောင်း အသေးစိတ် ပေးသိလို့ မဖြစ်ဘူး"

“သူဌေးရှောင်၊ မင်းဆိုင်က မကြာခင် ပိတ်တော့မှာဆို”

သူဌေးကွမ်ရဲ့ ရည်ရွယ်ချက်က ရှင်းပါသည်။(ဒီသဘောတူညီချက်ကို ဘာလို့ ငါ့ဆီ မလွှဲပေးတာလဲ)

“ဆိုင်ပိတ်ဖို့လား ဒါက မဖြစ်နိုင်ပါဘူး ၊ နောက်နှစ် ၃၀လောက်အထိ ဆိုင်ဆက်ဖွင့်အုံးမှာ”

သူဌေးရှောင်က သူဌေးကွမ် ဘာပြောတာလဲ မသိသလို အရူးကွက် နင်းသွားသည်။

လူတိုင်း ဆွံ့အနေသည်။ လွန်ခဲ့သော တစ်နာရီကပင် စိတ်ပျက်လက်ပျက်နဲ့ အခုပဲ မိန်းမနဲ့

ကလေးတွေကို ရောင်းစားရတော့မယ့် ပုံဖြစ်သည်။ ဘာလို့ အခုမှ လေသံပြောင်းသွားတာလဲ။

ပြီးတော့ လက်ရှိပုံစံက အရမ်းတက်ကြွနေသည်။ အခုပဲ အပြင်ထွက်သွားတော့မလို ဖြစ်နေသည်။

သူဌေးကွမ်က ဖျတ်ကနဲ ခိုးကြည့်ပြီး မြင်လိုက်တဲ့ ‘သုံးနှစ်’ဆိုတဲ့စာကိုပဲ စိတ်ထဲ နက်နက်ရှိုင်းရှိုင်း ဆွဲနေသည်။

“ ဒီဆရာက ပန်းအိုးကို တကယ်ပဲ ရောင်းခဲ့တာလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူဌေးတစ်ယောက်က သိချင်စိတ်နဲ့ မေးလိုက်သည်။

"ငါလည်း မသိဘူး"

သူဌေးရှောင်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။ (မင်းတို့ကို မပြောပြဘူး အသေသတ်)

"တောင်းပန်ပါတယ် ငါကုန်ပစ္စည်းတွေ ထပ်ဖြည့်ရအုံးမယ်။ မင်းတို့ရဲ့နားလည်ပေးမှုအတွက် ကျေးဇူးတင်ပါတယ်"

သူဌေးရှောင်က ထွက်ပေးဖို့ ရှင်းရှင်းလင်းလင်း ပြောလိုက်သဖြင့် ကျန်တဲ့သူဌေးများက စပ်စုဖို့ စိတ်အား ထက်သန်နေပေမယ့် ရှက်ရွံ့ပြီး တစ်ယောက်ပြီး တစ်ယောက် ထွက်သွားကြသည်။ ဒါပေမယ့် သူတို့ ဒီကိစ္စနဲ့ပက်သက်ပြီး ဆက်ဆွေးနွေးနေကြသေးသည်။

(အဲဒီဆရာ အခုဘာလုပ်နေသေးလဲ)

သိပ်မကြာခင် သူဌေးများရဲ့အကြည့်က သူဌေးကွမ်ဆီ ရောက်သွားပြီး မခန့်လေးစားနဲ့ အထင်သေးသလို ကြည့်လိုက်ကြသည်။

“တော်တော်ဆိုးတဲ့ သုံးသပ်ချက်ပဲ”

ဒီမှတ်ချက်ကိုကြားတော့ သူဌေးကွမ် အရမ်းဒေါသထွက်သွားသည်။ (ငါ့ဆီကို ဒီဆရာက အရင်ဆုံးချည်းကပ်ခဲ့တာ ဘာလို့အခွင့်အရေး မဆုပ်ကိုင်မိရတာလဲ)

“အခုတော့ လူအိုရှောင်က အကျိုးအမြတ်ရသွားပြီ”

သူဌေးရှောင်ဆိုင်က သုံးနှစ်အတွက် တည်ငြိမ်သော ဝင်ငွေ တစ်ခု ရသွားပြီ။ ဒါကို သုံးနှစ်ဆိုတဲ့ သဘောတူညီချက် စာချုပ်က သက်သေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြထားသည်။ (ငါလို,,,,ဘာကြောင့် ဒီအခွင့်ရေးကနေ ထွက်ပြေးတာလဲ)

ဒါကိုတွေးရင်းတွေးရင်း သူ့ဒွေးကွမ်သည် သူ့မျက်နှာကို သူပြန်ရိုက်နေသည်။ (လူတွေကို အထင်သေးဖို့ ဘယ်သူက ခိုင်းလို့လဲ။ အခုတော့ ဝိညာဉ်ကျောက်တုံးတွေက မင်းအပိုင် မဟုတ်တော့ဘူး)

ဒါက ကြေးအင်္ဂါးမဟုတ်ဘူး ဝိညာဉ်ကျောက်တုံးကွ။

လုပ်ငန်းကောင်းတဲ့ အချိန်ဆို တစ်နေ့လျှင် ဝိညာဉ်ကျောက်တုံး တစ်တုံး ရနိုင်သည်။

"စီးပွားရေးလုပ်ဖို့ တကယ်ပဲ အရည်အချင်း မရှိတော့ဘူးလား"

သူဌေးကွမ် သူ့ကိုယ်သူ သံသယဝင်လာသည်။

"ငါတို့ဝိညာဉ်ကျောက်တုံး ၆၀၀ ရလာမယ်လို့ လုံးဝ မထင်ထားဘူး"

အပြန်လမ်းတွင် အင်ဘိုင်ဝူ တစ်ယောက် ပျော်ရွှင်ခြင်းများနဲ့ ပြည့်နေသည်။ အခုအချိန်အထိ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်ကျောက်တုံး တတုံးစီ ရတဲ့ကျောင်းသားများကို မနာလို ဖြစ်နေသေးသည်။ ဒါတောင် သူမက ဝိညာဉ်ကျောက်တုံး ဆယ်လုံး ရထားသည်။

(အမှန်ပဲ ဆရာဆွန်းက ဆရာကူလို တခြားဆရာတွေထက် အများကြီး ပိုရက်ရောသည်။ သူမကို ဝိညာဉ်ကျောက်တုံး ၁၀တုံး တစ်ခါတည်း ပေးသည်။ တကယ်ချမ်းသာတယ်ဆိုတာ ဒါပဲ)

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရှိသေ(၁,၁၀၀/၁၀,၀၀၀)

စာစဉ်(၁၅)

အခန်း(၂၁၃) - ဝိညာဉ်ဖိအား ဓါတ်မတည့်ခြင်း။

ကျောင်းသားများသည် ရင်ပြင်တွင်ထိုင်ကာ အမှောင်တိုက်ကြီးက ဝိညာဉ်ဖိအား အတက်အကျကို အသားကျအောင် ကြိုးစားနေကြသည်။

အလယ်ကမ္ဘာလေထုထဲက ဝိညာဉ်ချီများသည် ကန်သေထဲက ရေနဲ့တူပြီး လှိုင်းပုတ်ခြင်း မရှိပါ။ သို့သော် အမေှာင်တိုက်ကြီးမှာကတော့ ကွဲပြားခြားနားနေသည်။ ဝိညာဉ်ချီသည် အဆက်မပြတ် စီးဆင်းနေပြီး အရမ်းသေးသော

လှိုင်းလုံးများ အဖြစ် ပြောင်းလဲနေကာ ဝိညာဉ်ချီဖိအား အတက်အကျ ဆက်တိုက် ပြောင်းလဲနေသည်။

ဒီနေရာကို ပထမဆုံး ရောက်လာသော ကျင့်ကြံသူ အများအပြားသည် ဒီပြောင်းအလဲကို ကျင့်သား ရလေ့ မရှိပါ။ မော်တော်ကား တစ်ခုနဲ့ နှိုင်းယှဉ်ပြရရင် အလယ်ကမ္ဘာသည် မြန်နှုန်းမြင့် အဝေးပြေးလမ်းတစ်ခုလို ပိုတည်ငြိမ်သည်။ အမှောင်တိုက်ကြီးကတော့ ချိုင့်ခွက်တွေနဲ့ လမ်းတစ်ခုမှာ သွားနေသလို အဆက်မပြတ် တုန်ခါနေသည်။

ဒီလို ဖိအား အတက်အကျများက ခန္ဓာကိုယ်ကို သက်ရောက်မှု ရှိနေသည်။ အစပိုင်းမှာ သတိမထားမိပေမယ့် ခနလောက် ဆက်ဖြစ်နေမယ်ဆိုရင် အရည်အချင်းအပေါ်ကို ထိခိုက်မှု ရှိနိုင်သည်။

ဆွန်းမို ပြန်ရောက်သောအခါ ကောင်လေးတစ်ယောက်၏ အရေပြားပေါ်တွင် အနီကွက်များ ပေါ်နေသည်။ ဒါက ဝိညာဉ်ချီဖိအားကြောင့် သွေးကြောများ ပေါက်ထွက်လာခြင်း ဖြစ်သည်။

"သူ့ကို ဆေးရုံပို့လိုက်"

ဂျိမ်ဂျဲက စစ်ဆေးပြီး ဒူရှောင်ကို လိုက်ပို့ခိုင်းလိုက်သည်။

သူတော်စင်ဂိတ်၏ ပို့ဆောင်ရေးဂိတ် အနီးတွင် လူနာများကို စောင့်ရှောက်ရန် ဆေးခန်းတစ်ခု ရှိသည်။

"ဆရာဂျိ၊ ကျွန်တော် အမှောင်တိုက်ကြီးကို ဝင်လို့ ရသေးလား"

ကောင်လေးပုံစံက စိုးရိမ်ပူပန်နေတဲ့ ပုံဖြစ်နေသည်။

ဂျိမ်ဂျဲက ခေါင်းခါပြလိုက်သည်။

ကောင်လေးသည် ဒါကိုမြင်တော့ ရင်ဘက်ကို ပြင်းပြင်းထန်ထန် ထုရိုက်လိုက်ပြီး

"ဆရာဂျို၊ ငါနေကောင်းပါတယ်။ ဒါအမှန်ပါ၊ ငါဘယ်လောက်သန်မာ သလဲဆိုတာ ကြည့်ပါအုံး"

"ပထမအဆင့်ရဲ့ အကြီးဆုံး အန္တာရာယ်က အမှောင်တိုက်ကြီးရဲ့ ကြောက်စရာမျိုးစိတ်တွေဆီက လာတာမဟုတ်ဘူး။ ဘာစည်းမျဉ်းမှ မရှိတဲ့ ဝိညာဉ်ချီဖိအား အတက်ကျတွေဆီကလာတာ"

ဂျိမ်ဂျဲက စိတ်ရှည်ရှည်နဲ့ ရှင်းပြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အမှောင်တိုက်ကြီးဆိုတာ နားမလည်နိုင်တဲ့ သမုဒ္ဒရာ တစ်ခုလိုပဲ၊ အခုအချိန်မှာ ငြိမ်ချင်ငြိမ်နေနိုင်တယ်။ နောက်တစ်ကွက်နဲ့မှာ ကြမ်းတမ်းပြီး လှိုင်းထချင် ထနေနိုင်တယ်။ အခုမင်းရတဲ့ လက္ခဏာက နည်းနည်းလေးပဲ ရှိသေးတယ်။ ဒါပေမယ့် ဒီထက်ပိုပြင်းတဲ့ ဝိညာဉ်ချီ အတက်အကျတွေနဲ့ကြုံလာရင် မင်းခန္ဓာကိုယ် ထိခိုက်သွားလိမ့်မယ်။ ဒဏ်ရာအခြေအနေ ပိုပြင်းရင် လေဖြတ်သွားနိုင်တယ်။ ဒီထက်ပိုပြင်းရင်တော့ မင်းသေသွားနိုင်တယ်’

ဂျိမ်ဂျဲက သက်ပြင်းချရင်း ရှင်းပြသည်။

“ဆရာဂျိ တခြားနည်းလမ်း မရှိတော့ဘူးလား”

ကောင်လေးက စကားပြောနေရင်း မထိန်းနိုင်ဘဲ မျက်ရည် စီးကျလာသည်။

တကယ်လို့ ကျင့်ကြံသူ တစ်ယောက်အနေနဲ့ အမှောင်တိုက်ကြီးကိုမဝင်နိုင်ပါက သူတည်ရှိနေရတဲ့ အကြောင်းပြချက် ၉၀ ရာခိုင်နှုန်းလောက် ဆုံးရှုံးသွားပြီ။ ပြီးတော့ သူ့ရဲ့ တိုးတက်နှုန်းကလည်း အများကြီး နောက်ကျ ကျန်နေခဲ့နိုင်သည်။

“တောင်းပန်ပါတယ်”

ဂျိမ်ဂျဲက ကောင်လေးကိုခေါ်ဖို့ ဒူရှောင်အား အမူအရာ ပြလိုက်သည်။

“မဟုတ်ဘူး ၊ ငါလုံး၀ လက်မလျှော့နိုင်ဘူး”

ကောင်လေးက စိတ်ပျက်အားငယ်စွာ အော်ဟစ်နေသည်။ ဆွန်းမို ပြန်လာတာ မြင်တော့ ချက်ခြင်း ၀မ်းသာပြီး မျက်ရည်ကျလာသည်။

“ဆရာဆွန်း၊ ကျေးဇူးပြုပြီး ဆရာရဲ့ နတ်ဘုရားလက်နဲ့ ကူညီပေးပါလား”

ကောင်လေးသည် ဒူရှောင်လက်က လွတ်အောင် အတင်းရုန်းလိုက်သည်။ ထို့နောက် ဆွန်းမိုအရှေ့ကို ပြေးသွားကာ ဒူးထောက်လိုက်သည်။

'ထပါ”

ဆွန်းမိုက ကောင်လေးကို ဆွဲထူပေးလိုက်ပြီး နဖူးကိုထိကာ သက်ရှင်သွေးနည်းစနစ်ကို အသုံးပြုလိုက်သည်။ စက္ကန့်ပေါင်းများစွာကြာတော့ ကောင်လေးကိုယ်မှ အနီရောင် အခိုးအငွေ့များ ထွက်လာသည်။

"ကြည့်အုံး၊ အနီရောင် အစက်အပျောက်တွေ ပျောက်သွားပြီ"

ကျောင်းသားတစ်ယောက်က ထအော်သည်။

ကောင်လေးသည် အရမ်းနာကျင်နေသော်လည်း အံ့ကြိတ်ကာ တောင့်ခံနေသည်။

ငါးမိနစ်ကြာပြီးနောက် ဆွန်းမို နှိပ်ပေးနေတာလည်း ပြီးသွားသည်။

ကောင်လေးက မျှော်လင့်တကြီး လက်ကောက်ဝတ်ကို လှန်ကြည့်လိုက်သည်။

သူ့လက်ပေါ်က အနီကွက်တွေ လုံးဝ ပျောက်သွားသည်။

"ကျေးဇူးတင်ပါတယ်၊ ဆရာဆွန်း"

ကောင်လေးသည် ကျေးဇူးတင်လွန်းပြီး မျက်ရည်ကျနေသည်။ ဒီစကားကို ပြောပြီးနောက် ဂျီမဲဂျဲကို တုန်လှုပ်စိုးရိမ်စွာ ကြည့်လိုက်သည်။

"မရဘူး"

ဂျီမဲဂျဲက ငြင်းလိုက်သည်။

"ဒါပေမယ့် ဆရာဆွန်းက အခု ကုပေးလိုက်ပြီလေ"

ကောင်လေးက စိတ်ရှုပ်ပြီး ပြန်ဖြေသည်။

"ငါက သွေးခဲတွေကိုပဲ ဖယ်ပေးခဲ့တာ ၊ မင်းကို မကုခဲ့ဘူး"

ဆွန်းမို သက်ပြင်းချရင်း ပြောလိုက်သည်။ အမှောင်တိုက်ကြီးကို မလာခင် အသေးစိတ် အချက်အလက်များကို စာကြည့်တိုက်တွင် ဖတ်ခဲ့သည်။

ဒါကြောင့် ဒီအခြေအနေနဲ့ ရင်းနီးနေသည်။

ဒါက ဝိညာဉ်ချီဖိအား ခါတ်မတည့်မှုပါ။ မြင်သာအောင်ပြောပြရရင် မြေပဲခါတ်မတည့်မှုလိုပဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အာရှမှာဆိုရင် မြေပဲစားပြီး သေတဲ့လူမရှိပါ။ ဒါပေမယ့် ဥရောပမှာတော့ မြေပဲစားပြီး သေတဲ့လူတွေ ရှိသည်။

မျိုးရိုး ဗီဇကြောင့် ဖြစ်နိုင်သည်။

နားလည်ရ လွယ်အောင်ပြောပြရရင် ဖျားနေတဲ့အချိန် ပင်နီဆလင် ထိုးတာနဲ့တူသည်။ တချို့လူများအတွက် ပြဿနာ မရှိသော်လည်း တချို့လူတွေကတော့ အရေပြားပေါ်မှာ ဆေးစမ်းကြည့်ရုံနဲ့ ပြင်းထန်သော တုန့်ပြန်မှုများဖြစ်နိုင်သည်။

ဆွန်းမိုရဲ့ ရှေ့ဟောင်းအနှိပ်ပညာက ထူးဆန်းအံ့အောဖို့ ကောင်းသော်လည်း မျိုးရိုးဗီဇကိုတော့ မပြောင်းပေးနိုင်ပါ။ ဒါကြောင့် ဝိညာဉ်ချီဖိအား ခါတ်မတည့်မှုကို ကုမပေးနိုင်ပါ။

"မင်းရဲ့ ဓါတ်မတည့်တဲ့လက္ခဏာ စောစော ပြတာကိုပဲ ကျေးဇူးတင်ရမယ်။ အလင်းဓါတ်မတည့်တဲ့ ကျင့်ကြံသူများက ဝိညာဉ်ချီ အတက်အကျနဲ့ ကြုံလာရင် ပြင်းထန်သော တုန့်ပြန်မှုများ ဖြစ်လာနိုင်တယ်။ အဲဒီအချိန်ဆိုရင် အရေးပေါ်ကုသဖို့ နောက်ကျသွားနိုင်တယ် "

ကူရှုပ်ရှင်းက နှစ်သိမ့်လိုက်သည်။

ဒါကလည်း အသက်နဲ့ ဆိုင်တဲ့ကိစ္စ ဖြစ်သဖြင့် ညှိနှိုင်းဖို့ မဖြစ်နိုင်ပါ။ ဒါကြောင့် ကောင်လေးသည် နောက်ဆုံးတော့ ငိုပြီး ထွက်သွားသည်။

ပတ်ဝန်းကျင် အငွေ့အသက်က ရုတ်တရက် တင်းမာနေသည်။ သူတို့က ဝိညာဉ်ချီ ဓါတ်မတည့်မှုအကြောင်းကို မသိခဲ့ပါ။ တကယ်လို့ သူတို့ဖြစ်ရင်လည်း ငိုပြီး ထွက်သွားဖို့သာ ရှိသည်။ ရောက်ဖို့ အခွင့်အရေးရှိသလို မရောက်ဖို့လည်း ဖြစ်သွားနိုင်သည်။

ဂျိမ်ဂျဲက ကျောင်းသားတွေကို မနှစ်သိမ့်ပေ။ ဒါက ကျင့်ကြံသူတွေ အမှောင်တိုက်ကြီးကို ရောက်တဲ့အခါ ရင်ဆိုင်တွေ့ရမည့် ဆုံးဖြတ်ချက် တစ်ခု ဖြစ်သည်။

တကယ်လို့ သူတို့ကြောက်ရင် ထွက်သွားနိုင်တယ်။

တကယ်လို ဒီတစ်ချိန်မှာ သူတို့ထွက်သွားရင် နောက်တစ်ခေါက်လာဖို့ ဒီကျောင်းသားတွေ အရမ်းအရည်ချင်းရှိရင်တောင် ကျောင်းက ဖိတ်ခေါ်တော့မည် မဟုတ်ပါ။ ဂျိမ်ဂျဲက ဒီကိစ္စကို မပြောပြခဲ့ပါ။ ကူရှုပ်ရှင်းက ဒီလိုမျိုး လေထုကို

မကြိုက်ပါ။ ဒါကြောင့် လေထုကို ဖြေလျှော့ချင်သဖြင့် ပြုံးပြီး

"ဆရာဆွန်း၊ ထွက်သွားတာ ဘယ်လို ရလဒ်ရလာလဲ။ ငါက မင်းဘက်ကနေ ဝိညာဉ်ကျောက်တုံး ၁၅တုံး လောင်းထားတယ်နော်"

ဆွန်းမို ပြန်မဖြေရသေးခင် ကျန်ကွမ်လင်က ခနဲ့တဲ့တဲ့ ပြုံးပြီး

"မင်းရဲ့ ငွေရှာမယ်ဆိုတဲ့ သေးငယ်တဲ့ ပစ်မှတ်က ဘယ်လို ဖြစ်သွားပြီလဲ၊ ဘာလို့ စောစော ပြန်လာတာလဲ၊ မင်းအရှုံးမပေးခဲ့ပါဘူးနော်၊ ငါတို့

ဆရာတွေဆိုတာက ကျောင်းသားတွေရဲ့ စံပြဖြစ်ရမယ်၊ လွယ်လွယ်နဲ့ လက်လျှော့လို့ မရဘူး”

ကျန်ကွမ်လင်ရဲ့လေသံက ကဲ့ရဲ့မှု အရိပ်အမြွတ်ထွက်နေသည်။

ကျုံရှန်ရီကတော့ ဘာမှဝင်မပြောဘဲ ကြိတ်ပျော်နေသည်။ သူက ဆွန်းမို ရှုံးမည့်ဘက်က ဝိညာဉ်ကျောက်တုံး ၂၀ လောင်းထားသည်။ ရှုံးမဲ့အချိုးကို တွေးကြည့်လိုက်ရုံနဲ့ ရောဂါသည် ကောင်လေးကတော့ ပိုက်ဆံအမောက်အများကြီး ပေးရလိမ့်မည်။

သူကတော့ လောင်းကြေးမတောင်းပါဘူး။ (ဒါပေမယ့် ဆွန်းမိုက ဒီအကြွေးကို ပြန်ဆပ်ဖို့ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်ကို သုံးရလိမ့်မည် မဟုတ်ပါလား)

"ဒါက သေချာတဲ့ အနိုင်ပဲ"

ကျုံ့ရှန်ရီ အရမ်းဝမ်းသာသွားပြီး ပခုံး တွန့်လိုက်မိသည်။ အသက်ကြီးလာ လို့လားမသိဘူး။ သူ့ပခုံးဆစ်တွေက မကြာခဏ နာလာတတ်သည်။ ဆွန်းမိုဆီကနေ အနိုပ်ကောင်းကောင်းခံရမယ်။ ပြီးတော့ ခါးနဲ့လည်ပင်လည်း ကျန်သေးသည်။

အခုလောလော ဆယ်တော့ ဘာအမှားအယွင်းမှ မရှိသေးပါ။ ဒီလို အခြေအနေကောင်းကို ဆက်ထိန်းထားနိုင်လည်း မဆိုးပါဘူး။

ကျုံးရှန်ရီက သူ့ရဲ့လှပသော အနာဂတ်အကြောင်းကို တွေးနေတဲ့အချိန်တွင် ဆွန်းမိုရဲ့ အမာခံမိန်းကလေး ပရိတ်သတ်နှစ်ယောက်က သူတို့ဆရာကို ဒီလိုပြောတဲ့ အချက်အား လက်မခံနိုင်ဘဲ အော်ဟစ်လိုက်သည်။

"လွယ်လွယ်နဲ့ အရှုံးပေမယ်လို့ ဘယ်သူ ပြောတာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါတို့ဆရာက တကယ်အံ့အောဖို့ ကောင်းတယ်"

"အိုး၊ ဆရာဆွန်းက ဝိညာဉ်ကျောက်တုံး ၁၀၀ ရှာနိုင်ခဲ့တာလား ၊ အားလုံးမြင်အောင် ပြပေးပါအုံး"

ကျန်ကွမ်လင်က ပြောလိုက်သည်။

အင်ဘိုင်ဝူသည် နှုတ်ခမ်းများ ကွေးသွားအောင် လှောင်ပြောင်လိုက်သည်။ အိတ်ကိုဖွင့်ကာ ဝိညာဉ်ကျောက်တုံး အပြည့်ရှိနေကြောင်း လူတိုင်းမြင်အောင် ပြမလို့ လုပ်လိုက်သည်။ ဒါပေမယ့် ဆွန်းမိုက သူမ ပခုံးကို လှမ်းပုတ်လိုက်ပြီး

"ဒီဖြစ်လို့ ဒီလိုအချက်နဲ့ တိုက်ခိုက်နေမှာလဲ"

ဆွန်းမိုက ခေါင်းယမ်းလိုက်ပြီး

"ဇီချီ၊ ရှန်ယွန်ပေါင်နဲ့ ကျန်တဲ့လူတွေကို ဝိညာဉ်ကျောက်တုံး ပေးလိုက်"

ထိုသို့ပြောပြီးနောက် ဆွန်းမိုက ဂျိမဲဂျဲကို နှုတ်ဆက်စကား ပြောပြီး ထွက်ခွာခွင့်ကို ရုတ်သိမ်းကြောင်း ပြောလိုက်သည်။ ထို့နောက် တင်ပလေခွေထိုင်လိုက်ပြီး ဝိညာဉ်ဖိအား ခါတ်မတည့်မှုကို ဖြေရှင်းရန် နည်းလမ်းတွေးရင်း တရားစ ထိုင်လိုက်သည်။

“ရောဂါသည် ယုထန်၊ ရှန်ယွန်ပေါင်၊ ချန်လုံ မင်းတို့ရဲ့ ဝိညာဉ်ကျောက်တုံးကို လာယူ”

လီဇီချီက သူတို့ကို အော်ခေါ်လိုက်သည်။

“တကယ်ကြီးလား”

ထန်ထန်ယုထန်က လမ်းလျှောက်သွားပြီး ဝိညာဉ်ကျောက်တုံး ယူလိုက်သည်။ ထို့နောက် ရှန်ယွန်ပေါင်နှင့် ချန်လုံကို တစ်လုံးဆီ ဝေပေးလိုက်သည်။

“မင်းဘာလုပ်နေတာလဲ”

လီဇီချီ က မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။

"အမ်"

အသက်ရှင်ဖို့အတွက် ဦးနှောက်အားကိုးတဲ့ ထန်ထန်ယုထန်တောင် ကြောင်သွားသည်။ လက်ထဲက ဝိညာဉ်ကျောက်တုံးတွေကို အလိုလို ကြည့်လိုက်မိသည်။

"မင်းငါ့ကို အများကြီး ပေးတာလား။ ဒါတွေအားလုံးက ငါ့ဟာပေါ့"

"ဒါပေါ့ "

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီသည် ဒီရောဂါသည်ကို ကြည့်မရသောကြောင့် လေသံကို မထိန်းနိုင် ဖြစ်သွားသည်။

ကျောင်းသားများရဲ့အကြည့်က ထန်ထန်ယုထန် လက်ပေါ်ကို ရောက်သွားပြီး စိတ်ထဲမှ ရေတွက်လိုက်ကြသည်။ ဘုရားရေ ဆယ်လုံးတောင်။

ဝေါင်ပန်နှင့် ကူရှူပ်ရှင်းတို့ သူတို့ကျောင်းသားကို ပေးတာထက် ဆယ်ဆ ပိုများသည်။

"ဘယ်လောက် ထက်မြက်နေလို့ ဝိညာဉ်ကျောက်တုံး ဒီလောက်အများကြီး ဝေပေးနေရတာလဲ"

ထန်ထန်ယုထန် စဉ်းစားမရ ဖြစ်နေသည်။ ဝါစဉ်ကို စီလိုက်ရင်သူက အဆင့်(၅)ပဲ ရှိပါသည်။ သူဒီလောက် အများအကြီး မ ရသင့်ပါ။

"အဲဒါက ဘာပြောချင်တာလဲ"

အင်ဘိုင်ဝူ မျက်နှာ သုန်မှုန်သွားသည်။

ရှန်ယွန်ပေါင်နှင့် ချန်လုံတို့ရဲ့ တုန့်ပြန်မှုက နောက်ကျသည်။ ထန်ထန်ယုထန် ဝှက်ထားတဲ့စကား

အခိပ်ပွဲါယ်ကိုလည်း နားမလည်ကြပါ။ ချန်လုံကတော့ တခစ်ခစ်ရယ်လိုက်ပြီး ဒါကို စိတ်မဝင်စားပါ။

"ဟားဟား ၊ ငါက ငါရပ်တည်ဖို့အတွက် ငါ့ဦးနှောက်ကို ငါ အားကိုးတယ်"

ထန်ထန်ယုထန်က ပြတ်ပြတ်သားသား ပြောလိုက်သည်။

လီဇီချီက အစ်မအကြီးဆုံး တစ်ယောက်အနေနဲ့ သူ့သိက္ခာကို ပြသင့်တယ်လို့ ထင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တော်ပြီ စကားများ ရန်ဖြစ်နေတာကို ရပ်လိုက်တော့ လူတိုင်း ကျောက်တုံး ၁၀တုံးစီ အညီအမျှ ရမယ်"

ရှူး

လီဇီချီရဲ့ စကားကို ကြားလိုက်လျှင် ကျောင်းသားများအားလုံး မှင်တက်သွားသည်။

ဆရာဆွန်းက သူ့ကျောင်းသား တစ်ယောက်စီကို ဝိညာဉ်ကျောက်တုံး ၁၀ တုံးစီ ပေးခဲ့သည်။ ဒါက အရမ်း ရက်ရောလွန်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတချို့က ဆွန်းမိုကို လေးစားအထင်ကြီးမှု အမှတ် ချက်ခြင်း ထောက်ပံ့ကြသည်။

"ဒါက ဘယ်လို ဟာသမျိုးလဲ"

ဂေါင်ပန်က တိုးတိုးလေး ရေရွတ်လိုက်သည်။

တခြားဆရာများက လန့်ဖြန့်ပြီး ဆွန်းမိုကို ချက်ခြင်း အကဲခတ် လိုက်ကြသည်။ ကျောင်းသားတစ်ယောက်ကို ဆယ်တုံး ဆိုတာ အားလုံး ကျောက်တုံး ဖဂပေါ့။ ဒါလိမ်တာပဲ ဖြစ်မယ်။

သူ့ဖင်ကို ရောင်းပြီး လူဆယ်ယောက်ခေါ်ရင်တောင် ဒီလောက် မြန်မြန် ရဖို့ မဖြစ်နိုင်ဘူး။

“ဒါ တို့ဆရာက ဝိညာဉ်ကျောက်တုံး ရှာနိုင်ခဲ့တာလား”

ထန်ထန်ယုထန်သည် ဝမ်းသာအားရ အင်ဘိုင်ဝူလက်ထဲက အိတ်ကို လှမ်းကြည့်လိုက်သည်။

“ဒါပေါ့”

အင်ဘိုင်ဝူက အိတ်ကို မြှောက်ပြရင်း ပြန်ဖြေလိုက်သည်။

ကလောက် ကလောက်

ဝိညာဉ်ကျောက်တုံး အချင်းချင်း ထိရိုက်နေတဲ့အသံက ဆွဲဆောင်မှု ရှိစွာ ပေါ်လာသည်။

"စုစုပေါင်း ဝိညာဉ်ကျောက်တုံး ၆၀၀ ရှိတယ်"

အင်ဘိုင်ဝူ အရမ်းကျေနပ်နေသည်။ (ဒါတွေကို သေချာပေါက် ကာကွယ်ရမည်။ အိပ်ရင်တောင် ခေါင်းခုအိပ်မယ်။ ငါ့ဆီက ဘယ်သူမှ ယူလို့ မရစေရဘူး)

ဒီလိုတွေးရင်း ထန်ထန်ယုထန်နှင့် တခြားနှစ်ယောက်ကို ကြည့်လိုက်သည်။

"မင်းတို့ကောင်တွေမှာ ငွေသုံးစရာ နေရာမရှိဘူး ၊ ငါသိမ်းထားပေးရမလား"

သူတို့အားလုံး ငွေမက်သော မိန်းကလေးကို လျစ်လျူရှု ထားလိုက်သည်။

"အမ်"

အင်ဘိုင်ဝူက အိတ်ကို လှမ်းစမ်းလိုက်သည်။ တကယ်ကို ခမ်းခြောက်သွားတာပဲ။ ဒါက တကယ်

စိတ်မကောင်းစရာပဲ။ ဒါကို ဖြည့်ဖို့ မြန်မြန် ငွေရှာရမယ်။

သူတို့အချင်းချင်း ပြောနေကြတဲ့ အကြောင်းအရာတွေကြောင့် ဆရာနှင့် ကျောင်းသားများ ဆိုးဝါးစွာ လန့်ဖျန့်နေကြသည်။

"ဝိညာဉ်ကျောက်တုံး ၆၀၀လား လိမ်တာပဲ ဖြစ်မယ်"

"ဘယ်လိုလုပ် ဝိညာဉ်ကျောက်တုံး ၆၀၀ ရှိမှာလဲ၊ ပလီစီခြောက်ချက်ပဲ ဖြစ်မယ်"

"ဒါပေမယ့် ခုနက ဝိညာဉ်ကျောက်တုံး ထုတ်နေတဲ့အချိန်က မြင်ခဲ့တယ်။ တကယ်အများကြီးပဲ"

ကျောင်းသားတွေ ပွက်လောရိုက်နေပြီး သိချင်စိတ်ကြောင့် မျက်လုံးတွေ အရောင်တောက်လာသည်။ ဆွန်းမိုက ဒါကို ဘယ်လိုရှာခဲ့လဲ ဆိုတာ သူတို့ တကယ် သိချင်နေသည်။ တရားထိုင်နေသော ပိုင်ရန်လီပင် မနေနိုင်ပါ။

"ဟားဟား။ ဆရာဆွန်း၊ မင်းမျက်နှာလိုချင်နေတာ ငါသိပါတယ် ၊ ဒါပေမယ့် ဒီလို လှည့်ကွက်တွေနဲ့ မလိမ်ပါနဲ့"

ကျန်ကွမ်လင်က လီဇီချီကို ကြည့်လိုက်ပြီး

"မင်းရဲ့ ပထမတပြည့်က ချမ်းသာတယ်ဆိုတာ လူတိုင်း သိတယ်။ ဝိညာဉ်ကျောက်တုံး ၆၀၀ မပြောနဲ့ ၁၀၀၀ဆိုရင်တောင် သူ့မအတွက် ပ မွှားလေးပဲ"

"ဒါဆို ဒီလိုပေါ့"

ကျောင်းသားအားလုံး သဘောပေါက်သွားသလို ဖြစ်သွားသည်။

ဆွန်းမိုက ဘာမှပြောသော်လည်း လီဇီချီရဲ့ ဖရဲသီးပုံစံ မျက်နှာဝိုင်းလေးက ဒေါသကြောင့် နီရဲလာသည်။

"ဆရာကျန်၊ မင်းဘာပြောတာလဲ"

တောကြက်ဥလေးက လူတွေရဲ့သံသယကို စိတ်မဝင်စားသော်လည်း သူ့ဆရာအား နာမည်ဖျက်ခွင့် မပေးနိုင်ပါ။

စာစဉ်(၁၅)

အခန်း(၂၁၄) - လူတစ်ယောက်ကို ရိုက်ရင် မျက်နှာသာ ဖြတ်ရိုက်။

"ဒါတော့ လွန်လွန်းတယ်၊ အရမ်းများသွားပြီ"

ကျုံရှုန်ရီ ခေါင်းယမ်းလိုက်မိသည်။ စိတ်ထဲမှာ ကျန်ကွမ်လင်ကို တော်တော် အထင်သေးသွားသည်။

လုပ်ဖော်ကိုင်ဖက်တွေ မပြောနဲ့ မိသားစုဝင်တွေတောင် မကြာခဏ ရန်ဖြစ်တတ်ကြသည်။ ဒါကြောင့် ကျန်ကွမ်လင်က ဆွန်းမိုကို ရန်ဖြစ်ဖို့ ရွေးချယ်တာက မထူးဆန်းပါ။ သို့သော် ဆွန်းမိုရဲ့ ကျောင်းသားကိုပါ ဆွဲထည့်ပြီး ပုဂ္ဂိုလ်ရေးတွေပါ ပါလာပြီ။

ဒါက တကယ် အဆင့်အတန်း နိမ့်လွန်းတယ်။ ဒါပေမယ့် ကျန်ကွမ်လင်က ကျန်ဟာန်ဖူရဲ့သား

ဖြစ်နေသဖြင့် သူစော်ကားဖို့ မဖြစ်နိုင်ပါ။ ဒါကြောင့် စိတ်ထဲကပဲ ဝေဖန်လိုက်သည်။

"ဆရာကျန်၊ ဒီလောက်နဲ့ တော်သင့်ပြီ"

ဂျိမ်ဂျဲက မျက်မှောင်ကြုတ်ပြီး အပြစ်တင်တဲ့ လေသံနဲ့ပြောလိုက်သည်။

"မင်းသက်သေ ပြနိုင်ရင်ပြ၊ ဒီလိုမှမဟုတ်ရင် ပါးစပ်ပိတ်ထား၊ သက်သေမရှိဘဲ ဆရာဆွန်းကို ဆက်ပြီး ဝေဖန်နေရင် မင်းကို ခေါင်းဆောင် အဖြစ်က ထုတ်ပယ် ပစ်မယ်"

ဂျိမ်ဂျဲသည် ဆွန်းမိုအပေါ် အမြင်ကောင်းသော်လည်း သူတို့မရင်းနှီးနေသောကြောင့် ဒီတစ်ကြိမ်တွင် ဆွန်းမိုကို မကူညီချင်ပါ။ သူမက အဖွဲ့ခေါင်းဆောင်ဖြစ်သဖြင့် အဖွဲ့တည်ငြိမ်မှုကို အပြည့်အဝ တာဝန်ယူဖို့ လိုသည်။

“ဟားဟား”

ကျန်ကွမ်လင်သည် ထပ်ပြောစရာ မရှိတော့သလို ဆက်ပြောစရာလည်း မလိုတော့ပါ။ နှစ်နာရီအတွင်း ဝိညာဉ်ကျောက်တုံး ၆၀၀ ရှာဖို့လား။ ဒါကို ဘယ်သူက

ယုံမှာလဲ။ လီဇီချီရဲ့ ချမ်းသာကြွယ်ဝမှုကို ထောက်ပြလိုက်တာနဲ့ လူတိုင်း အလိုလို နားလည် သဘောပေါက်ကြလိမ့်မည်။

“မင်း လျှောင်ရယ်သံက ဘာပြောချင်တာလဲ”

အင်ဘိုင်ဝူက မေးခွန်းထုတ်လိုက်သည်။

“မရယ်ရဘူးလား”

ကျန်ကွမ်လင်က ပခုံးတွန့်ပြလိုက်သည်။

အင်ဘိုင်ဝူက ဆက်ပြောချင်သော်လည်း လီဇီချီက ဖြတ်ပြောလိုက်သည်။ လီဇီချီက စာရွက်တစ်ခုကို ထုတ်ပြီး ကျန်ကွမ်လင်ကို ပြလိုက်သည်။

"မင်း ဖတ်တတ်လား"

တခြားလူတွေလည်း လည်ပင်းဆန့်ပြီး ကြည့်လိုက်ကြသည်။

"ဒါပေါ့"

ကျန်ကွမ်လင်သည် အလေးမထားသလို အဝေးက တချက်လှမ်း ကြည့်လိုက်သည်။ စာလုံးတွေက သေးသဖြင့် ရှင်းရှင်းလင်းလင်း မမြင်ရပါ။

"ဆရာက ဝိညာဉ်ကျောက်တုံး ၆၀၀ ရဖို့ ဝိညာဉ်တစ်ထောင်ဆိုင်နဲ့ စီးပွားရေးလုပ်ခဲ့တယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီစာရွက်က စာချုပ်ပဲ၊ မင်းမျက်လုံးပြူးပြီး သေသေချာချာကြည့်”

တခါတည်း ရောင်းဝယ်ခြင်းတွင် စာချုပ်မလိုအပ်ပါ။ သို့သော် ဆွန်းမိုနှင့် ကျန်ဟာန်ဖူသည် မတည့်သောကြောင့် သူ့သားဖြစ်တဲ့ ကျန်ကွမ်လင်က ဆွန်းမိုကို သေချာပေါက် ပြဿနာ ရှာလိမ့်မည်။ ဒါကြောင့် သူမက အခွင့်အရေးယူပြီး စာချုပ်တစ်ခု ချုပ်ဆိုခဲ့သည်။ ထင်ထားသလိုပဲ အသုံးဝင်လာခဲ့သည်။

"ဘယ်လို စီးပွားရေးမျိုးမို့ တခါတည်း ဝိညာဉ်ကျောက်တုံး ၆၀၀ ရလာတာလဲ "

"ဝိညာဉ်တစ်ထောင်ဆိုင်ခွဲလား၊ ဒါက ဗဟိုပြည်နယ် တစ်ခုလုံးမှာ ကျော်ကြားတဲ့ ဝိညာဉ်တက်တူး ဆိုင်ခွဲပဲ"

" ဆွန်းမိုက တခြားသူကို နှိပ်ပေးပြီး နတ်ဘုရားလက်နဲ့ ငွေရှာတယ် ထင်နေတာ။ တခြားနည်းသုံးမယ်လို့ မတွေးထားမိဘူး"

"ဆရာဆွန်းရဲ့ ဝိညာဉ်တက်တူး နည်းစနစ်က အရမ်းအံ့အောဖို့ ကောင်းလို့လား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတိုင်း အချင်းချင်း ဆွေးနွေးနေကြသည်။

"ငါယူကြည့်လိုက်မယ်"

ကူရှုပ်ရှင်းက ယူဖတ်လိုက်သည်။

"အင်း ဒါက ဝိညာဉ်တစ်ထောင်ဆိုင်နဲ့ ချုပ်ထားတဲ့ စာချုပ်ပဲ ၊ တံဆိပ်တောင် ပါသေးတယ်"

ရှူး

ကူရှုပ်ရှင်းရဲ့ စကားကို ကြားလျှင် ဆရာများ အရမ်းအံ့အောသွားကြသည်။ ဒါက အမှန်ဖြစ်နိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တစ်ထောင်ဆိုင်သည် နှစ်ပေါင်းတစ်ထောင်ကျော်လောက် အမွေဆက်ခံခဲ့သောဆိုင်တစ်ခု ဖြစ်သည်။ ဆွန်းမိုက အဲဒီလိုဆိုင်မျိုးနဲ့ စီးပွားရေးလုပ်နိုင်သဖြင့် အရမ်း အရည်အချင်းရှိတယ်လို့ သတ်မှတ်လို့ ရသည်။

ဆွန်းမိုကို ကြည့်နေရင်း ဝိညာဉ်တတ်တူး ဘာသာရပ်ကို အဓိကထား လေ့လာနေတဲ့ ကျောင်းသားတွေရဲ့ အကြည့်တွေ ပြောင်းလဲသွားသည်။

“မဖြစ်နိုင်ဘူး”

ကျန်ကွမ်လင် အလိုလို ပြောလိုက်မိသည်။ သူ့ရဲ့ အရည်အချင်းကို စမ်းသပ်တဲ့အနေနဲ့ ဝိညာဉ်တစ်ထောင် တက်တူးဆိုင်တွင် ဝိညာဉ်တက်တူး ရောင်းချရန် ကြိုးစားခဲ့ဖူးသည်။ သို့သော် ပထမအကြိမ်တွင် ဝိညာဉ်တက်တူး ဆယ်ခုထဲက တစ်ခု အရွေးခံခဲ့ရသည်။ ပြီးတော့ သူတို့ ပေးတဲ့ ဈေးနှုန်းကလဲ အရမ်းနည်းသည်။

အဲဒီအချိန်မှစ၍ ဝိညာဉ်တစ်ထောင် တက်တူးဆိုင်က သူ့ရဲ့ ဝိညာဉ်တက်တူး ဝယ်ယူတဲ့ အရည်အတွက်ပေါ် မူတည်ပြီး ပန်းတိုင်

ချမှတ်ထားခဲ့သည်။ နှစ်ခုကနေ စပြီး ငါးခု၊ အဲ့ကတည်းကနေ အခုချိန်အထိ အခုနှစ်ဆယ်သာ ရောင်းချခဲ့ ရသေးသည်။

ခုချိန်တွင် ကျန်ကွမ်လင်ရဲ့ ရည်ရွယ်ချက်က ဝိညာဉ်တစ်ထောင်တက်တူးဆိုင်က သူ့ကို တောင်းဆိုလာစေရန် ဖြစ်သည်။ ဝိညာဉ်တက်တူး တောင်းဆိုခြင်းသည် စာမူတောင်းခြင်းနဲ့ တူသည်။ တကယ်လို့ ဝိညာဉ်တက်တူးကို အရမ်းကောင်းမွန်အောင် ရေးဆွဲနိုင်ပါက သင့်ထံ အမှာ ပို့လိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုမျိုး အခြေအနေတွင် ငွေကြိုပေးထားရသည်။ ဒါသည် ဝိညာဉ်တစ်ထောင်ဆိုင်က ဝိညာဉ်တက်တူးသခင်ကို အလေးအနက်ထားခြင်း ဖြစ်သည်။

ကျန်ကွမ်လင်သည် ဝိညာဉ်တစ်ထောင်ဆိုင်နှင့် ဆက်သွယ်လာတာ သုံးနှစ်ရှိပြီ ၊ ဒီကြားထဲတွင် ဝိညာဉ်တက်တူး အနည်းငယ် အမှာရခဲ့သည်။ ဒါကလည်း သူအမြဲတမ်း ဂုဏ်ယူရတဲ့ အရာဖြစ်သည်။

ဝိညာဉ်တက်တူး သခင်အများစုရဲ့ စံနှုန်းများသည် အရမ်းနိမ့်ကျသောကြောင့် ဝိညာဉ်တက်တူး

တစ်ခုတောင် မရောင်းနိုင်ကြပါ။ ဒါကြောင့် ဝိညာဉ်တစ်ထောင် တက်တူးဆိုင်က အမှာကို လိုချင်ရင်တော့ အိပ်မက် မက်နေလိုက်တာ ပိုကောင်းသည်။ အိပ်မက်ထဲမှာ ဘာမဆို ဖြစ်နိုင်တယ် မဟုတ်လား ။

“ဆရာကျန် မင်းက ငါ့ကို သံသယ ဝင်နေတာလား”

ဆွန်းမိုက ကျန်ကွမ်လင်ကို စိုက်ကြည့်ရင်း မေးလိုက်သည်။

လီဇီချီက သူ့အတွက် ပြောပေးနေသဖြင့် နောက်ကွယ်မှာ ပုန်းပြီး မနေနိုင်တော့ပါ။

"ဟားဟား ဝိညာဉ်တစ်ထောင်ဆိုင်က အမှာတချို့ တောင်းဆိုချင်လို့ ငါ့ဆီကို မကြာခဏ လာတတ်တယ်။ ဒါကြောင့် သူတို့ လိုအပ်ချက်က ဘယ်လောက်မြင့်လဲ ငါသိတယ်"

ကျန်ကွမ်လင်က လှောင်သလို ခနဲ့သလို ရယ်ရင်း ပြောလိုက်သည်။

"ဝိညာဉ်ကျောက်တုံး ဖဝဂကတော့ နည်းနည်းပိုလွန်းတာ အမှန်ပဲ"

ရီဂျီမင်က ရှင်းပြသည်။

"ဒီဈေးနှုန်းက အဆင့်ကိုး တိုက်ခိုက်ရေးပုံစံ ဝိညာဉ်တက်တူးတောင် ဝယ်လို့ ရတယ်"

ဒီလိုအဆင့် ဝိညာဉ်တက်တူးများသည် အခြေအနေကို ပြောင်းပြန်လှန်ရန်၊ အရေးပေါ် အသက်ကယ်ရန် အသုံးပြုတတ်ကြပြီး အရမ်းဈေးကြီးသည်။ ရှာယွန်လို ကြွယ်တစ်ပွင့် မြွတ်ဆရာတစ်ယောက်ပင် ဝယ်ဖို့ မတတ်နိုင်ပါ။

ဒါကြောင့် ဆွန်းမိုက နှစ်နာရီအတွင်း ဒီလောက်များတဲ့ ဝိညာဉ်ကျောက်တုံး ရှာနိုင်တယ်ဆိုတာ ဘယ်လိုမှ ယုတ္တိ မရှိပါ။

"အင်း၊ လိမ်တာတောင် ဘယ်လို လိမ်ရမလဲ မသိဘူး"

ကျုံရှုန်ရီက ဆွန်းမိုကို အရမ်းထက်မြတ်တယ်လို့ မြင်နေခဲ့သည်။ ဘာဖြစ်လို့ ဒီကိစ္စမှာ ဒီလောက် တုံးရတာလဲ။

"ဒါကြောင့်လည်း ရေတွင်းအောက်က ဖားသူငယ်က သူတို့မြင်ရတာကို ကောင်းကင်ကြီး တခုလုံး ထင်ကြတယ်လို့ ပြောကြတာပေါ့"

ကျုံရှန်ရီက ပြောလိုက်သည်။

လီဇီချီက ခေါင်းယမ်းလိုက်ပြီး

"အပြစ်တင်နေတာတွေ တော်ကြပါတော့၊ စာချုပ်ကို မယုံဘူးဆိုရင် တစ်ယောက်ယောက်ကို ဆိုင်ရှင်ဆီ လိုက်ပို့ပေးမယ်။ ကိုယ့်ဘာသာ မေးကြ။ ဒီလိုမှ မဟုတ်ရင် ရှင်းလို့ကို ပြီးတော့မှာ မဟုတ်ဘူး"

"မေးစရာ မလိုပါဘူးကွာ၊ ဒီကျောင်းသား လီဇီချီရဲ့ အဆင့်အတန်းက အရမ်းထူးခြားနေတယ်လို့ ငါပြောပြီးသားပါ။ သူနဲ့ ဆက်စပ်ပြီး ဝိညာဉ်ကျောက်တုံး ၆၀၀ နဲ့ ရောင်းခဲ့တာ နေမှာပေါ့"

ကျန်ကွမ်လင်က လှောင်သလို ရယ်မောရင်း ပြောလိုက်သည်။

"ဆရာကျန် မင်းရပ်လို့ မရဘူးလား"

ဂျီမဲဂျဲ မကျေမနပ် ဖြစ်လာသည်။

"မင်းကို ချင်လင် ချက်ခြင်းပြန်ခိုင်းလိုက်မယ် ဆိုတာ ယုံလား"

ကျန်ကွမ်လင်သည် ဂျိမဲဂျဲကိုတော့ မစော်ကားရဲပါ။ ပခုံးတွန့်ကာ ပြန်ထိုင်လိုက်သည်။ ထို့နောက် ပြုံးကာ ကျောင်းသားတွေကို ကြည့်ပြီး

"လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက ဝိညာဉ်တတ်တူးကို လေ့လာနေရင်း တစ်ဆို့မှုနဲ့ ကြုံလာရော ဒါနဲ့ ငါလဲ ဗဟိုပြည်နယ် အကယ်ဒမီက ထွက်သွားခဲ့တယ်။ မြင့်မားသောတောင် အကယ်ဒမီ ကို သွားပြီး ဆက်လေ့လာခဲ့တယ်။ ဆရာဝမ်လူရဲ့ လက်အောက်မှာ ဝိညာဉ်တက်တူး နှစ်နှစ်လောက် သင်ခဲ့တယ်"

ဟယ်

ဒီစကားကို ကြားလိုက်လျှင် ကျောင်းသားအားလုံး ရုတ်တရက် အံ့အောသွားပြီး အာမေဒိတ်အသံများ ထွက်လာသည်။ ဝမ်လူသည် မြင့်မားသောတောင် အကယ်ဒမီက ဖြစ်ပြီး ကြယ် ၅ပွင့် မြတ်ဆရာ တစ်ယောက်လည်း ဖြစ်သည်။ ဝိညာဉ်တက်တူး လေ့လာရာတွင် အောင်မြင်မှု မြင့်မြင့်မားမား ရရှိထားပြီး ဘိုးဘေးအဆင့်နဲ့ နီးစပ်နေတဲ့ သူဖြစ်သည်။

သူ့အသက်အရွယ်ကြောင့် ဝမ်လူတွင် ခွန်အားအများကြီး မရှိတော့ပါ။ သူ့အနေနဲ့ အရမ်းတော်တဲ့ ကျောင်းသားတစ်ယောက်ကို မတွေ့ဘူးဆိုရင် နောက်ထပ် တပြည့် လက်မခံတော့ဘူးလို့ ကြေငြာ ထားသည်။

သူ့စကားတွေက သားသမီးတွေကို အဆက်အသွယ် ဖြတ်လိုက်သလို သူ့ဆီလာဖို့ ကြိုးစားနေတဲ့ လူတွေကို ငြင်းထား သလို ဖြစ်နေသည်။

ဒါကို ကျန်ကွမ်လင်က သူ့လက်အောက်တွင် နှစ်နှစ်ကြာအောင် သင်ခဲ့တယ်ဆိုတာ အရမ်း အရည်အချင်း ရှိလို့ပဲ ဖြစ်မည်။

ကျန်ကွမ်လင်သည် ကျောင်းသားတွေက သူ့ကို လေးစားတဲ့အကြည့်နဲ့ ကြည့်နေတာ မြင်လိုက်လျှင် အရမ်းဂုဏ်ယူ နေမိသည်။ ဒါပေမယ့် တည်ငြိမ်တဲ့ ဟန်အမူအရာကိုတော့ ဆက်ထိန်းထားသည်။

“ဝိညာဉ်တက်တူးလေ့လာတဲ့ နေရာမှာ နားမလည်တာရှိရင် ငါ့ကို လာမေးလို့ ရတယ်”

ကျန်ကွမ်လင်သည် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်ပြီး ဝမ်လူထံတွင် သင်ကြားခဲ့သောကြောင့် ကျောင်းသားတချို့ စိတ်ဝင်စား နေကြသည်။ ချက်ခြင်းပဲ လူစုကြီး ဖြစ်သွားပြီး လေးစားအမှုအပြည့်နဲ့ မေးခွန်းတွေ မေးနေကြသည်။

ဒီလို အခွင့်အရေးက အများကြီး မရှိတဲ့အတွက် ဝိညာဉ်တက်တူး အကြောင်းမသိတဲ့ ကျောင်းသားများလည်း ရောက်လာကြသည်။ နားထောင်လို့ ပိုသိလားလဲ အဆင်ပြေသည်။

“စိတ်မပူကြနဲ့ ၊ လူတိုင်း မေးခွန်းမေးခွင့် ရမယ်”

ကျန်ကွမ်လင်က ဆွန်းမိုဘက်ကို တချက်လှမ်းကြည့်ပြီး မခန့်လေးစား အမူအရာနဲ့ ပြုံးလိုက်သည်။ (ငါ့ကို ဆန့်ကျင်ချင်တာလား ၊ မင်းငယ်ပါသေးတယ်။ ဝိညာဉ်တက်တူး လေ့လာတဲ့နေရာမှာ ဆိုရင်တော့ မင်းကို လက်တဖက်တည်းနဲ့တောင် ချေမှုန်းလို့ရတယ်”

“ဒါက သက်သက်ယုတ်မာတာပဲ”

လီဇီချီ အရမ်းဒေါသထွက်ပြီး လက်တွေ တဆက်ဆက် တုန်နေသည်။ ထိပ်တိုက်တွေ့ဖို့

ဆိုင်ရှင်ကို ဖိတ်ခေါ်လိုက် ခြင်သည်။ သူ့ဆရာ ပြသထားတဲ့ အရည်အချင်းတွေကြောင့် ဆိုင်ရှင်မာက ဒီတောင်းဆိုမှုကို ငြင်းလိမ့်မည် မဟုတ်ပါ။

"ဇီချီ ဒီကိုလာခဲ့ ၊ မင်းတို့ အနည်းစုလဲ ပါတယ်၊ ဝိညာဉ်တက်တူး လေ့လာချင်တဲ့လူတွေ လာနားထောင်ပါစေ"

ဆွန်းမိုက ဝိညာဉ်တက်တူးဆွဲတဲ့ ပစ္စည်းတွေ ထုတ်ပြီး ပန်းအိုးထဲက အပင်ပေါ်တွင် ဝိညာဉ်တက်တူး စဆွဲလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူ လျှင်မြင်စွာ ပြေးသွားပြီး နေရာကောင်းကို သိမ်းပိုက်လိုက်သည်။

တောကြက်ဥလေးရဲ့ မျက်လုံး အရောင်တောက်လာသည်။ (အမှန်ပဲ၊ ဆရာက ဒီသောက်သုံးမကျတဲ့ ကြယ်ပွင့်ကို ချေမှုန်း ပစ်လိမ့်မယ်)

လုချီဟွာသည် ဝိညာဉ်တက်တူးကို စိတ်မဝင်စားသော်လည်း ကျန်ကွမ်လင် အနားတွင် လူအများကြီး ရှိနေတာ မြင်လိုက်လျှင် ဆွန်းမိုဆီမှာ လူဦးရေ ထည့်တွက်လို့ ရအောင် ပြေးထိုင်လိုက်သည်။

လီဇီချီ ရောက်လာပြီးနောက် ခရမ်းရောင် အရွက်ပေါ်တွင် ဝိညာဉ်တက်တူး စပြီး ရေးဆွဲပြနေရင်း သတိထားရမည့် အချက်များကို ရှင်းပြနေသည်။

သုံးမိနစ် ကြာပြီးနောက် ပထမဆုံး ဝိညာဉ်တက်တူး ပြီးသွားသည်။

ဘုန်း

အနီးအနားက ဝိညာဉ်ချီများ စုဝေးလာကာ ဝိညာဉ်ချီ လေဆင်နှာမောင်း ဖြစ်ပေါ်လာသည်။

ကျန်ကွမ်လင်က သင်ကြားနေရင်း ရုတ်တရက် ရပ်တန့်သွားသည်။ နောက်ဆုံးတွင် ဝိညာဉ်ချီများက ဝိညာဉ်ချီ လမ်းကြောင်းတစ်ခုအဖြစ် ပြောင်းသွားပြီး သစ်ရွက်ထဲ စီးဆင်းသွားသည်။

"ဘာကြီးလဲ"

ကျောင်းသားအားလုံး အံ့အောသွားကြသည်။ ကျန်ကွမ်လင်နဲ့ ဂျိမဲဂျဲတို့လဲ ဒီမြင်ကွင်းကိုမြင်ပြီး ပါးစပ်ပိတ်ဖို့ မေ့နေကြသည်။

ပန်းအိုးပေါ်မှာ ဝိညာဉ်ချီ လေဆင်နှာမောင်း ဘာဖြစ်လို့ ဖြစ်ပေါ်လာရတာလဲ။ ဆွန်းမို ဆွဲလိုက်တဲ့

ဝိညာဉ်တက်တူးကြောင့်လား။ မဖြစ်နိုင်ဘူး ၊ ဒါက လူလုပ်လို့ရတဲ့ အရာ မဟုတ်ဘူး။

လေဆင်နှာမောင်း ပျောက်သွားပြီးနောက် ဆွန်းမို ဆက်ဆွဲနေသည်။

ကျန်ကွမ်လင်လည်း ပြန်စပြီး သင်လိုက်သည်။ ဒါပေမယ့် တခုတော့ နည်းနည်းလွဲနေသည်။

(အို ငါ မကြောက်တာ ပိုကောင်းမယ်။ ဆွန်းမိုက အရှက်ပေါ် ဝိညာဉ်ချီ စုဆောင်းနိုင်တဲ့ စာရွက် ကပ်လိုက်တာပဲ ဖြစ်မယ်။ ဟုတ်တယ် ဒါပဲ ဖြစ်နိုင်တယ်)

ကျန်ကွမ်လင်က သူ့ကိုယ်သူ နှစ်သိမ့်ရန် ကြိုးစားလိုက်ပြီး သူစိတ်ငြိမ်လာတဲ့ အချိန်မှာပဲ ဘေးနားက ဆွန်းမိုဆီက ဘုန်းကနဲ ပေါက်ကွဲသံ ထွက်လာပြန်သည်။ ဝိညာဉ်ချီ လေဆင်နှာမောင်း ပေါ်လာပြန်သည်။

သိချင်စိတ် ပိုများတဲ့ ကျောင်းသားတချို့ ချက်ခြင်း ရောက်လာပြီး လေ့လာနေကြသည်။

“ဆက်သင်ရအောင်”

ကျန်ကွမ်လင်က မခိုးမခန့်ရယ်လိုက် သော်လည်း စိတ်ထဲတွင် ဖရိုဖရဲ ဖြစ်နေသည်။

“ဆွန်းမိုကတော့ လက်တုန့်ပြန်ဖို့ စလုပ်နေပြီ”

ကူရှုပ်ရှင်းသည် သူတို့က တစ်ဖွဲ့ထဲလို့ ခံစားရပြီး အားပေးမလို့ လာလိုက်သည်။ သို့သော် အနားကို ရောက်လာတဲ့အချိန်တွင် အရမ်း အံ့အောသွားသည်။

“ဒါက လှည့်ကွက် မဟုတ်ဘူးလား ၊ အရွက်ပေါ်မှာ တကယ်ပဲ ဝိညာဉ်တက်တူး ဆွဲနေတာလား”

သူမ အဓိကထားပြီး လေ့လာတဲ့ နယ်ပယ်သည် ဝိညာဉ်တက်တူး မဟုတ်သော်လည်း အခြေခံ ဗဟုသုတ တချို့တော့ ရှိနေသေးသည်။ ဝိညာဉ်တက်တူး အရွက်ပေါ်မှာ ဆွဲတာလား။ ဒါက

ဘိုးဘေးအဆင့်က လူတွေတောင် မလုပ်နိုင်တဲ့ အရာပါ။ အားကုန်တာထက် အောင်မြင်နှုန်းက အရမ်းနည်းလို့ ဖြစ်သည်။

ဘုန်း

နောက်ထပ် ဝိညာဉ်ချီ လေဆင်နှာမောင်းတစ်ခု ဖြစ်ပေါ်လာပြန်သည်။

ဒီတခေါက်တော့ ကျန်ကွမ်လင်ဘေးက ကျောင်းသားနှစ်ယောက် စိတ်မထိန်းနိုင်တော့ဘဲ စောင့်ကြည့်ဖို့ ပြေးသွားကြသည်။ ဆွန်းမို လုပ်နေတဲ့ အရာကို မြင်လိုက်လျှင် ရုတ်တရက်

စကားမပြောနိုင်အောင် ဖြစ်သွားသည်။ သူတို့ မျက်နှာတစ်ခုလုံး အံ့အောသင့်တဲ့ အမူအရာများ ပြည့်နေသည်။

ဒါ...ဒါက လူလုပ်နိုင်လို့လား။

“မဆိုးဘူး”

ဂျိမ်ဂျဲက ဆွန်းမိုကို သဘောကျတဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။ ဒါကမှ မြတ်ဆရာတစ်ယောက်ရဲ့ လုပ်ရပ်ဖြစ်သည်။ တဖက်သား မယုံကြည်ရင် စွမ်းရည်နဲ့ ယုံကြည်အောင် ပြရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗဟိုပြည်နယ်အကယ်ဒမီရဲ့ အုပ်စုများက သုံးစုကွဲနေသည်။ ကြားနေက တစ်အုပ်စု၊ ကျန်ကွမ်လင်ဆီမှာ တစ်အုပ်စုနှင့် ဆွန်းမိုဘက်မှာ တစ်အုပ်စု ဖြစ်နေသည်။ ဆွန်းမိုဘေးက ကျောင်းသားများသည် သစ်ကုလားအုပ်လို လည်ပင်းများဆန့်ကာ ပန်းအိုးကို ငေးကြည့်နေကြသည်။

စုတ်တစ်ချက်တောင် အလွတ်မခံချင်ပါ။

ရုတ်တရုတ် သစ်ရွက်က တုန်လာပြီး ရွှေရောင်တောက်လာသည်။ ထို့နောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြီးမားသော အနက်ရောက် လိပ်နက် ဝိညာဉ်ချီ ပုံရိပ် ထွက်ပေါ်လာသည်။

"အား"

ကျောင်းသားအားလုံး ရုတ်တရုတ် လန့်ဖျန့်ပြီး ချက်ခြင်း နောက်ဆုတ်သွားကြသည်။

"ဒါက ဘာလဲ"

ဆရာတွေလည်း ရုတ်တရုတ် အံ့အောသွားသည်။ ကြီးမားလှတဲ့ လိပ်နက်ကြီးက ကြွံတစ်ကောင် အရွယ်လောက် ဖြစ်နေပြီး ဒါကို ကြည့်နေရင်း အရမ်းအံ့အော တုန်လှုပ်နေကြသည်။

"ဒါ.....ဒါ....."

ရီဂျီမင်သည် လိပ်နက်ကို ကြည့်နေရင်း မျက်လုံးပြူးပြီး ထွက်ကျမတတ် ဖြစ်နေသည်။

"အဆင့်ကိုး ဝိညာဉ်တက်တူး တစ်ခုလား"

"အိုဘုရားရေ၊ ဒါက အဆင့်ကိုး လိပ်နက် ဝိညာဉ်တက်တူး တစ်ခုပဲ"

" အရမ်းထူးဆန်းတယ်၊ ငါ ပထမဆုံး မြင်ဖူးတာပဲ"

တခြားကျောင်းသားများက ဆွန်းမိုရဲ့ ဝိညာဉ်တက်တူးက ဘယ်လောက် အံ့အောဖို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကောင်းလဲဆိုတာ မသိကြပေမယ့် ကျန်ကွမ်လင်ဘေးမှာ ထိုင်ပြီး ဝိညာဉ်တက်တူးအကြောင်း အာရုံစိုက်နားထောင်နေတဲ့ ကျောင်းသားများသည် လှည့်ကြည့်ပြီး အရမ်းအံ့အော နေကြသည်။ ကျန်ကွမ်လင်ကို ဂရုမစိုက်တော့ဘဲ ဆွန်းမိုဘက်ကို စိတ်လှုပ်ရှားစွာ ပြေးသွားကြသည်။

အဆင့်ကိုး ဝိညာဉ်တက်တူးများသည် သာမန်အဆင့် ဝိညာဉ်တက်တူးများထဲတွင်

အဆင့်အမြင့်ဆုံး ဖြစ်သည်။ ဒါက ဖွဲ့စည်းပြီးတာနဲ့ ဝိညာဉ်ချီ ပုံရိပ်ယောင်များကို ဖန်တီးပေးနိုင်သည်။

လိပ်နက်ဝိညာဉ်တက်တူးကို ဥပမာ တစ်ခုအနေနဲ့ ကြည့်ပါ။ အဆင့်ကိုး ရောက်တာနဲ့ လိပ်နက်တစ်ကောင် ဖြစ်ပေါ်လာသည်။ ဒီလိုအရာသည် အတု လုပ်လို့ မရပါ။

ဂလု

ရီဂျီမင် မျက်နှာ ဖြူဖျော့နေပြီး စိတ်ဓါတ်ကျသွားသည်။ ဆွန်းမိုက အဆင့်ကိုး ဝိညာဉ်တက်တူး ဆွဲနိုင်လိမ့်မယ်လို့ အိပ်မက်တောင်

မမက်ဖူးပါ။ ဒီလိုဆိုရင် ဝိညာဉ်ကျောက်တုံး ၆၀၀ ရှာဖို့ ပြဿနာ မရှိပါ။

"ဒါ မဖြစ်နိုင်ဘူး၊ ဘိုးဘေးအဆင့် ပုဂ္ဂိုလ်တောင် အဆင့်ကိုး ဝိညာဉ်တက်တူးကို အချိန်တိုင်း မဆွဲနိုင်ဘူး "

ကျန်ကွမ်လင်လည်း စိတ်ရှုပ်နေသည်။ ဆွန်းမို လုပ်နိုင်မယ်လို့ မသိစိတက် လက်မခံနိုင် ဖြစ်နေသည်။

ဒီအတွက်လည်း စိတ်ဖြေလို့ မရပါ။ သူသာ လက်ခံလိုက်မယ်ဆိုင် အသက် ၂၀ အရွယ်

ဆွန်းမိုကိုတောင် မယှဉ်နိုင်တော့ပါ။ ဒါဆိုရင် နှစ်ပေါင်းများစွာ ကြိုးစားနေတာက အချိန်ဖြုန်း နေတာလား။

ဒီလက်တွေ့ ဖြစ်ရပ်ကြောင့် ကျန်ကွမ်လင်ရဲ့ ယုံကြည်မှု ပျောက်ဆုံးသွားသည်။

သို့သော်လည်း ကျန်ကွမ်လင် စိတ်ပျက်အားငယ်စေမယ့် အရာ မရောက်လာသေးပါ။ ကျောင်းသားတွေရဲ့ ပြစ်ပြစ်နှစ်နှစ် ဝေဖန်သံကို ကြားပြီး နားတွေ တဆက်ဆက် တုန်လာသည်။

"ဆရာက အရွက်ပေါ်မှာ ဝိညာဉ်တက်တူး ဆွဲနေတာလား"

"ဒါပေါ့"

လုချီဟွာက ကူပြီး ဖြေပေးလိုက်သည်။

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ"

"ဟုတ်တယ် ၊ ဘိုးဘေးအဆင့်ကလွဲရင် ဘယ်သူ လုပ်နိုင်မှာလဲ"

" မယုံချင်စရာပဲ"

ကျောင်းသား အားလုံး အရမ်းအံ့အော နေကြသည်။ အရွက်ကို ထိကြည့်ချင်သော်လည်း ပျက်ဆီးသွားမှာ စိုးရိမ်ပြီး မထိဝံ့ ကြပါ။

"ဘာဖြစ်လို့လဲဆိုတော့ ငါတို့ဆရာက ဘိုးဘေးအဆင့်ကို ရောက်နေတဲ့ ဝိညာဉ်တက်တူး သခင် တစ်ယောက်ပဲ"

လုချီဟွာက ခါးပေါ်တွင် လက်နှစ်ဖက် ထောက်ထားပြီး မျက်နှာတွင် ဂုဏ်ယူမှုများနဲ့ ပြည့်နေသည်။

"ငရဲက ဘိုးဘေးလား"

ကျန်ကွမ်လင်သည် စိတ်ထဲက ဒေါသတကြီး အော်ဆဲလိုက်သည်။

ဆရာများလည်း စုဝေး လာကြသည်။ ပိုင်ရန်လီပင် သိချင်စိတ်နဲ့ ပြည့်နှက်နေသည်။ ဒါက အဆင့်ကိုး ဝိညာဉ်တက်တူး တစ်ခု ဖြစ်နေသည်။ တကယ် ဆွဲဆောင်မှု အားကောင်းတဲ့ အရာပါ။ ဆွန်းမိုက ထပြီး ကျန်ကွမ်လင်ကို ကြည့်လိုက်သည်။

"ဆရာကျန်၊ အရွက်ပေါ်မှာ ဆွဲထားတဲ့ အဆင့်ကိုး ဝိညာဉ်တက်တူး တစ်ခုက ဝိညာဉ်ကျောက်တုံး ၅၀၀ မတန်ဘူးလား"

"အမ်"

ကျန်ကွမ်လင် ဘယ်လို ပြန်ဖြေ ရမလဲ။ ဝိညာဉ်တက်တူး စာရွက်ပေါ်မှာ ဆွဲရင်တောင် ဒီလောက် တန်နေပြီ ။

"ဆရာကျန်"

ဆွန်းမို လေသံက ပိုမာလာသည်။

"ရှူးချင်ယောင် ဆောင်မနေနဲ့ ၊ ငါ့တပည့်ကို ခုချက်ခြင်း တောင်းပန်"

"ဘယ်သူက ရှူးချင်ယောင် ဆောင်နေလို့လဲ'

ကျန်ကွမ်လင်က ပြန်အော်သည်။ (ကျောင်းသားကို တောင်းပန်ရမယ် ဟုတ်လား၊ ငါမလုပ်နိုင်ဘူး၊ သေချာပေါက် မလုပ်နိုင်ဘူး)

"ဒီပန်းအိုးမှာ ဘယ်လို လှည့်ကွက်လုပ်ထား မလဲဆိုတာ ဘယ်သူကသိနိုင်မှာလဲ။ တကယ်လို့ မင်းမှာ အရည်အချင်းရှိရင် စာရွက်ပေါ်မှာ ဆွဲပြပါလား"

သူဒီလိုပြောလိုက်တဲ့ အခိုက်အတန့်တွင် သူ့ကိုကြည့်သော ကျောင်းသားများ အကြည့်သည် မလေးစားတဲ့ အမူအရာ ဖြစ်သွားသည်။

အရှုံးက ကြောက်စရာ မဟုတ်ဘူး။ တခါမှ မရှုံးဖူးတဲ့လူ ရှိလို့လား။ ဒါပေမယ့် အရှုံးကို လက်မခံတာက ကိုယ်ကျင့်တရား ပြဿနာ ဖြစ်လာပြီ။

“အမိုက်”

ကူရှပ်ရှင်းက တဲ့တိုး ပြောလိုက်သည်။

“ရတယ်လေ”

ဆွန်းမိုက ဂရုမစိုက်ပါ။

“ချီဟွာ၊ စာရွက် ပြင်လိုက်”

"ဟုတ်"

လုချီဟွာက ဝိညာဉ်တက်တူး စာရွက် ချက်ခြင်း ထုတ်လိုက်သည်။

ဆွန်းမိုက စုတ်တံကို မှင်ထဲနှစ်လိုက်ပြီး လိပ်နက်ဝိညာဉ်တက်တူး စတင်ရေးဆွဲလိုက်သည်။

ဒီမြင်ကွင်းကို မြင်လိုက်လျှင် ကျန်ကွမ်လင် ဒေါသနဲ့ စိုးရိမ်စိတ် တပြိုင်နက် ခံစားလိုက်ရသည်။ ရင်တွေလည်း အဆက်မပြတ် တုန်နေသည်။ (ဘဝင်မြင့်လိုက်တာ၊ စောက်ထင်ကြီးနေ၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မင်းကိုယ်မင်း ပစ်တိုင်းအောင်တဲ့ လူလို့ ထင်နေတာလား)

ဘိုးဘေးအဆင့် ဝိညာဉ်တက်တူးသခင် တယောက်တောင် အဆင့်(၉) ဝိညာဉ်တက်တူးကို အချိန်တိုင်း အောင်မြင်အောင် မဆွဲနိုင်ဘူး ။

ဆွန်းမိုက ကျန်ကွမ်လင်ကို စိတ်ထဲမထားပါ။ (တခြား ဝိညာဉ်တက်တူးဆိုရင် အောင်မြင်ဖို့ အာမ မခံနိုင်ဘူး။ ဒါပေမယ့် လိပ်နက် ဝိညာဉ်တက်တူး ဆိုရင်တော့လား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(စိတ်မကောင်းဘူး၊ ဒီနေရာမှာတော့ ငါက ဘိုးဘေးအဆင့်ပဲ၊ ချင်လင်တစ်ခုလုံးမှာတောင် အဆင့်တစ် ဖြစ်နိုင်တယ်)

ကျောင်းသားအားလုံးကလည်း ဆွန်းမိုကို အာရုံစိုက်ထားကြသည်။ ဆွန်းမို ရေးဆွဲနေတာကို လိုက်ကြည့်ရင်း အသက်တောင် အောက်ထားမိကြသည်။

ဆွန်းမိုက အခြား ဝိညာဉ်တက်တူး သခင်များလို အပြည့်အဝ အာရုံစိုက်ထားခြင်း မရှိပါ။ သူတို့ဆိုရင် အမှားလုပ်မိမှာ ကြောက်ပြီး ဖြေးဖြေးလေးသာ

ရေးဆွဲကြသည်။ သူကတော့ စုတ်ချက်ကြီးကြီးဆွဲလိုက် မှင်နှစ်လိုက်နဲ့ လွတ်လပ်ပြီး အထိန်းအကွပ် မဲ့လှသည်။

အောင်မြင်တာ မအောင်မြင် ခဏထားအုံး သူဆွဲတာ ကြည့်ရတာကို မျက်စိပဒေသာ ဖြစ်လှသည်။

၁၅ မိနစ်ကြာပြီးနောက် ဘုန်းကနဲ ပေါက်ကွဲပြီး စာရွက်ပေါ်ရှိ လိုင်းများသည် ရွှေရောင် တောက်လာသည်။ ထို့နောက် လိပ်နက်တစ်ကောင်ရဲ့ ပုံရိပ်ယောင် ပေါ်လာသည်။

“အို ဟုတ်ပြီ ၊ ပြီးသွားပြီ”

လုချီဟွာ လက်ခုပ်တီးလိုက်သည်။

“မြန်လိုက်တာ”

ကျောင်းသားအားလုံး အရမ်းအံ့အော နေကြသည်။ တကယ်ပြီးသွားတာလား။

“ဒါ……”

ရီဂျီမင်နှင့် ကျန်ကွမ်လင်တို့ နှစ်ယောက်စလုံး အရမ်း အံ့အော မှင်တက်နေကြသည်။ လိပ်နက်ကို စိုက်ကြည့်နေရင်း စိတ်ထဲ ဗလာကျင်းနေသည်။ ကျောင်းသားများလည်း သုံးမိနစ်လောက်ကြာမှ အာရုံ

ပြန်စုနိုင်သည်။ ထို့နောက် အားပါးတရ လက်ခုပ်ထတီးကြသည်။

(ဘုရားရေ ၊ ငါတို့ဗဟိုပြည်နယ်အကယ်ဒမီမှာ ဘိုးဘေးအဆင့် ဝိညာဉ်တက်တူးသခင် တစ်ယောက်ရှိတယ်လို့ တွေးလို့ ရပြီလား)

ဝိညာဉ်တက်တူး ဘာသာရပ်ကို အဓိကထားလေ့လာသော ကျောင်းသားများ အရမ်း ဝမ်းသာပီတိ ဖြစ်နေကြသည်။ ဒီအခွ္ခွင့်အရေးကို အသုံးချပြီး ဆွန်းမိုရဲ့စိတ်ထဲမှာ မှတ်ချက်ကောင်းကောင်း ရအောင် ကြိုးစားရမယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်လိုပဲပြောပြော သူတို့တစ်သက်လုံး ဘိုးဘေးအဆင့် ဝိညာဉ်တက်တူးသခင် တစ်ယောက်ဆီမှာ သင်ယူဖို့ မဖြစ်နိုင်ပါ။ သို့သော်လည်း နောက်ပိုင်းတွင် စိုးရိမ်ပြီး စိတ်လှုပ်ရှားလာကြသည်။

"အိုဘုရားရေ၊ အစောတုန်းက ကျန်ကွမ်လင်ဘက်ကို ပြေးသွားမိတယ်။ ဆရာဆွန်းကို စော်ကားသလို ဖြစ်သွားပြီလား"

ကျောင်းသားအားလုံး နောင်တ ရနေကြသည်။

"ဆွန်းမိုက အရမ်းအံ့အောဖို့ ကောင်းတာပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျီမဲဂျဲလည်း အံ့အောပြီး နှုတ်ခမ်း အိုပုံစံ ဖြစ်နေသည်။

ဒင်

ဂျီမဲဂျဲ၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၁၂၀/၁၀၀၀)

ဘိုးဘေးအဆင့် ဝိညာဉ်တက်တူး သခင်တစ်ယောက်က ဒီလောက် လေးစားအထင်ကြီးမှု အမှတ်နဲ့ ထိုက်တန်သည်။

"ဒါကမှ အရမ်းတော်တဲ့ ဆရာပဲ"

လုချီဟွာ အလေးပေးပြီး ပြောလိုက်သည်။

"ဆရာကျန်၊ အခုရော မင်းဘယ်လို စောဒက တက်အုံးမှာလဲ"

ဆွန်းမိုက ကျန်ကွမ်လင်ကို လှမ်းကြည့်ရင်း မေးလိုက်သည်။

ကျန်ကွမ်လင် ပါးစပ်ပိတ်နေသည်။

"ငါ့တပြည့်ကို တောင်းပန်ပါ"

ဆွန်းမိုလေသံက ပိုပို မာလာသည်။

"အခုလုပ်"

"ဆရာ့ကိုလည်း တောင်းပန်ပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ ထည့်ပြောသည်။

ကျန်ကွမ်လင် လက်သီးတင်းတင်းဆုပ် ထားပြီး ရင်ဘက်တစ်ခုလုံး ဒေါသစိတ်နဲ့ ပြည့်နေသည်။ သူ့ဘဝတစ်လျှောက် အနှစ် နှစ်ဆယ်စလုံး ဒီလို တခါမှ အရှက်မကွဲဖူးပါ။

"မတောင်းပန်ချင်ဘူးလား ရတယ် ၊ ငါတို့က လုပ်ဖော်ကိုင်ဖက်တွေဆိုတော့ မင်းသာ အဆင့်(၉) ဝိညာဉ်တက်တူးတစ်ခု ဆွဲလိုက်တာနဲ့ ဒီကိစ္စကို မေ့လိုက်မယ်"

ဆွန်းမိုက စုတ်တံကို ကမ်းပေးနေသည်။

"ဆရာဆွန်းက အရမ်းကောင်းတယ်၊ ဆရာကျန်က ဒီလောက် အရှက်သိက္ခာ မဲ့နေတဲ့ လူဖြစ်နေမယ်လို့ မထင်ထားခဲ့ဘူး"

ကျောင်းသူ အမျိုးသမီးတစ်ယောက်က တိုးတိုးလေး ပြောလိုက်သည်။

"ဒါအမှန်ပဲ'

ဆွန်းမိုက အရမ်းသဘောကောင်း တယ်လို့ ခံစားရပြီး ကျောင်းသား တော်တော်များများ တဆတဆ ထုတ်ပြောလာကြသည်။ ဒါကို ကြားတော့

ကျန်ကွမ်လင် အရမ်းဒေါသထွက်ပြီး အဆုတ်ပေါက်ကွဲလု နီးပါး ဖြစ်နေသည်။

(ဆွန်းမို ခွေးမသား ငရဲကိုသွားသင့်တယ်၊ အဆင့်(၉) ဝိညာဉ်တက်တူးက သာမန်ဝိညာဉ်တက်တူးသခင်တွေ ဆွဲနိုင်တဲ့ အရာလား။)

(မင်း ငါ့ကို သက်သက် အရှက်ခွဲနေတာ၊ မင်းရဲ့ ပြိုင်ဘက် မဟုတ်ဘူးလို့ ပြောလိုက်ပါလား)

"ဒီမှာ စုတ်တံ ၊ လာဆွဲလှည့်"

ဆွန်းမို ကျီစယ်လိုက်သည်။

ကျန်ကွမ်လင် ပါးရိုက်ခံလိုက်ရသလို နှုတ်ခမ်းများ တဆက်ဆက် တုန်သွားသည်။

"ကျန်ကွမ်လင်၊ မင်းရဲ့ မြတ်ဆရာ အဆင့်အတန်း ဒီထက်ပိုပြီး အရှက်မကွဲချင်ရင် ချက်ခြင်း တောင်းပန်လိုက်"

ဂျိမဲဂျဲက အပြစ်တင်လိုက်သည်။

သူမက နာမည်တိုက်ရိုက် ခေါ်ပြီး တောင်းပန်ခိုင်းလိုက်သည်။ သူ ပြန်မလာခင်တောင် ဒီကိစ္စက ဗဟိုပြည်နယ် အကယ်ဒမီမှာ ပျံ့နှံ့နေလိမ့်မည်။

“ဆရာကျန်၊ မင်း တခြားလူလောက် မတော်ရင် မင်းအရှုံးကို ဝန်ခံလိုက်၊ အရည်အချင်းနဲ့ စိတ်ဓါတ်ရေးရာ နှစ်ခုစလုံး မဆုံးရှုံးစေနဲ့ ”

ကူရှုပ်ရှင်းက ခနဲ့တဲ့တဲ့ ပြောလိုက်သည်။ သူမသည် အန်ရှီဝေ အဖွဲ့ကဖြစ်ပြီး ကျန်ကွမ်လင်နဲ့ သဘာဝ ရန်သူ ဖြစ်သည်။ အခွင့်အရေးရှိတုန်း ဝင်ဖွဲ့တာ သဘာဝ ကျသည်။

စာစဉ်(၁၅)

အခန်း(၂၁၅) - အရှုံးကို လက်မခံနိုင်ခြင်း။

ကျန်ကွမ်လင် ကောင်းကင်ကို မော့ကြည့်ပြီး အသက်ခပ်ပြင်းပြင်း ရှူလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘာဖြစ်လို့ ဒီလို အခြေအနေထိ ဖြစ်လာရတာလဲ)

ဆွန်းမို အတန်းတစ်ခုကို တက်ပြီး ဆွန်းမိုက ဒီနယ်ပယ်တွင် ကျွမ်းကျင်ကာ အရည်အချင်း တချို့ ရှိတယ်ဆိုတာ သူသိခဲ့သည်။ ဆွန်းမိုကို ဝိညာဉ်တက်တူး နယ်ပယ်မှာ ပြဿနာမရှာဖို့ သူ့အဖေကိုတောင် သတိပေးခဲ့သေးသည်။

ကျန်ကွမ်လင်သည် ဗဟိုပြည်နယ်အကယ်ဒမီမှာ သူအပါအဝင် ဆွန်းမိုကို ဝိညာဉ်တက်တူး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နယ်ပယ်တွင် လိုက်မမီနိုင်တဲ့လူ ဆယ်ဦးထက်မနည်း ရှိတယ်လို့ ခံစားရသည်။

ဒါက အရမ်းမြင့်တဲ့ သုံးသပ်မှု တခုလို့ သတ်မှတ်လို့ရသည်။

ကျန်ကွမ်လင်သည် ရလဒ် မသေချာခင် ဆွန်းမိုနဲ့ ပြဿနာ မဖြစ်ချင်ပါ။ သို့သော်လည်း အခုတော့ အခွင့်အရေးက ပေါ်လာပြီ။ ဆွန်းမိုက မထင်မှတ်စွာ အရှက်မရှိ ကြွားဝါခဲ့ပြီး နှစ်နာရီအတွင်း ဝိညာဉ်ကျောက်တုံး ၆၀၀ ရှာနိုင်ခဲ့တယ်လို့ ပြောလာခဲ့သည်။ ဒါတွေအားလုံး အဓိပ္ပါယ် မရှိပါ။

(မင်းကိုယ်မင်း ဝိညာဉ်တက်တူး ဘိုးဘေးလို့ ထင်နေတာလား)

တကယ်လို့ ကျန်ကွမ်လင်သာ ဒီအခွင့်အရေး ယူပြီး ဆွန်းမိုကို မတိုက်ခိုက်ခဲ့ရင် အခွင့်အရေး လက်လွတ်ရလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုက တကယ် လုပ်နိုင်လိမ့်မယ်လို့ မထင်ထားခဲ့မိပါ။

"အဆင့်(၉) လိပ်နက်တက်တူးကို အရွက်ပေါ်မှာ ဆွဲတာလား"

ကူရှုပ်ရှင်းရဲ့ စကားကို ကြားလျှင် ကျန်ကွမ်လင် သက်ပြင်းချ လိုက်မိသည်။ ဆွန်းမိုမှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘိုးဘေးတစ်ယောက်ရဲ့ အရည်အချင်း တကယ်ရှိနေမယ်လို့ ဘယ်သူက ထင်မိမှာလဲ။ (ဘာငရဲကြီးလဲ၊ အရမ်းကြောက်ဖို့ ကောင်းလွန်းတယ်။)

(ဟုတ်ပြီ ၊ တောင်းပန်ရမယ့် အချိန်ပဲ ၊ ငါ့ကိုယ်ငါ ထပ်ပြီး အရှက်မခွဲနိုင်ဘူး။ ပြီးတော့ ဘိုးဘေးတစ်ယောက်ကို ရှုံးရတာက ရှက်စရာ မဟုတ်ဘူး။ ဒါပေမယ့် သူက ငါ့ထက်တောင် ငယ်သေးတယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဟင်း၊ ဒီဒေါ်သကြောင့် ငါ့အသည်းတွေ နာလှပြီ၊ ဘယ်လောက် ဒေါသဖြစ်ဖို့ ကောင်းလဲ)

"ဆရာ ဆွန်း   တောင်းပန်ပါတယ် "

ကျန်ကွမ်လင်က တောင်းပန်လိုက်သည်။ ခပ်မြန်မြန်ပြောလိုက်ပြီး အရှက်ကွဲတဲ့နေရာ ကနေ ခပ်မြန်မြန် ရှောင်ထွက်ဖို့ လုပ်လိုက်သည်။

"နေပါအုံး ၊ ငါ့ကျောင်းသား အတွက်ရော"

ဆွန်းမိုက လွယ်လွယ်နဲ့ လွှတ်ပေးဖို့ အစီအစဉ် မရှိပါ။

"ကျန်ကွမ်လင်၊ မင်းက ကျောင်းသား လီဇီချီကို မေးခွန်းထုတ်ခဲ့တယ်၊ သူ့မကိုလည်း တောင်းပန်ရမယ်"

ဂျီမဲဂျဲက အမိန့်ပေးလိုက်သည်။

"တောက်၊ မင်းက ဆွန်းမိုနဲ့ အိပ်ထားတာလား၊ ဘာလို့ သူ့အတွက် အမြဲပြောပေးနေတာလဲ၊ ကျောင်းသား တစ်ယောက်ကို တောင်းပန်ရတာက ဆရာတစ်ယောက် အနေနဲ့ အရှမ်းရှက်ဖို့ ကောင်းတယ်ဆိုတာ မသိဘူးလား"

ကျန်ကွမ်လင် အရမ်း ဒေါသထွက်နေသည်။ ဒါက သူ့အမှား ဖြစ်နေတယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိနေသည်။ ပြီးတော့ ဂျိမဲဂျဲက ခေါင်းမာမှုနဲ့ နာမည်ကြီးသည်။ အခု မတောင်းပန်ပါက ဒီခရီးစဉ်ကို ဆက်ပြီး မလိုက်နိုင်တော့ပါ။ ကျောင်းမှာ ပုန်းနေရင်တောင် ဒီကိစ္စကို လွှတ်ပေးမှာ မဟုတ်ပါ။

(မဟုတ်ဘူး၊ ငါပြန်လို့ မရဘူး။ ဒီခရီးစဉ်မှာ ဆွန်းမိုကို ဖယ်ထုတ်ရမယ်။ ဟုတ်တယ်၊ အခွင့်အရေး ရရင် လီဇီချီကိုလည်း သတ်ပစ်ရမယ်)

"တောက်၊ မင်းတို့အားလုံး ငါက တောင်းပန်ရတဲ့အတွက် တန်ဖိုး ကြီးကြီးပြန် ပေးစေရမယ်"

ကျန်ကွမ်လင်သည် စိတ်ထဲက ဒေါသထွက်နေသော်လည်း ခေါင်းငုံ့ ထားလိုက်သည်။

"ကျောင်းသား လီဇီချီ ငါ့ရဲ့ မှားယွင်းတဲ့ သုံးသပ်ချက်အတွက် တောင်းပန်ပါတယ်၊ ဆရာဆွန်းက အရမ်းငယ်တော့ ဘိုးဘေးတစ်ယောက် ဖြစ်နေမယ်ဆိုတာ ဘယ်သူက ထင်မိမှာလဲ"

ကျန်ကွမ်လင် မချိပြုံး ပြုံးလိုက်သည်။

‘မင်းက လူယုတ်မာပဲ”

လီဇီချီ စိတ်ထဲက ဒေါသတကြီး အော်ဟစ်လိုက်သည်။ ကျန်ကွမ်လင်က ရှုံးနိမ့်မှုကို ဝန်ခံပုံ ပေါက်သော်လည်း ဘိုးဘေးအဆင့် တစ်ယောက်ဖြစ်နေသဖြင့် မတတ်နိုင်ဘဲ အရှုံးပေးခဲ့ရတဲ့ ပုံလုပ်နေသည်။ သူ အရမ်း စိတ်ပျက်အားငယ်နေသည်။

သို့သော်လည်း အခုချိန်တွင် ကျန်ကွမ်လင်ရဲ့ တောင်းပန်မှုကို ဘယ်သူမှ စိတ်မဝင်စားပါ။ ဆွန်းမိုက ဝိညာဉ်တက်တူး ဘိုးဘေးတစ်ယောက်

ဖြစ်နေသောကြောင့် အားလုံး အရမ်းအံ့အော တုန်လှုပ်နေကြသည်။

ဒင်

လေးစားအထင်ကြီးမှု အမှတ် စုစုပေါင်း ၆,၀၀၀ ကျော် ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။

စနစ်ရဲ့ အကြောင်းကြားချက်ကြောင့် ဆွန်းမို လန့်သွားသည်။ (ဘာကြောင့် ဒီလောက်များနေတာလဲ)

ကျောင်းသားတွေနဲ့ဆရာ အပါအဝင် လူ ၆၀ လောက်ပဲ ရှိသည်။

တကယ်တော့ ဒီကိန်းဂဏန်းက နည်းနည်းလေးပဲ ဖြစ်သည်။ ဘိုးဘေးအဆင့် ကျွမ်းကျင်သူဖြစ်ပြီး ဒီလိုတည်ရှိမှုမျိုးကြောင့် ဆရာတွေလည်း လေးစားသွားကြသည်။

ဒါကိုသာ သူတော်စင်ဂိတ်က ဘိုးဘေးဖြစ်ကြောင်း အတည်ပြုပြီးပါက ဒီကိန်းဂဏန်းက ၁၀,၀၀၀ ကေ◌ျ◌ာ◌်နေမှာ သေချာသည်။

“ယုထန်၊ ဒီပန်းအိုးကို အရင်ကိုင်ထားပါ၊ မင်းကျန်းမာရေး အတွက် ကောင်းတယ် ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ပန်းအိုးကို လီဇီချီအား မပေးခဲ့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးတွင် သူမအလှည့် ရောက်လာလိမ့်မည်။

အများအားဖြင့် ဒီလိုအချိန်တွင် ထန်ထန်ယုထန်သည် တိတ်ဆိတ်နေတတ်သည်။ မရင်းနှီးတဲ့ ခံစားချက်ဖြစ်သည့် ဆွန်းမိုဆီမှ သူ့အတွက် စိုးရိမ်နေတဲ့ ခံစားချက်ကို ခံစားမိလိုက်သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၃၀။

ရင်းနီး(၂၁၀/၁၀၀၀)

ထန်ထန်ယုထန်က အပင် သယ်လာတာမြင်လျှင် အခြားကျောင်းသားများ မနာလို ဖြစ်နေကြသည်။ လိပ်နက်တက်တူးသည် အစွမ်းထက်သော ကာကွယ်ရေး လက်နက် ဖြစ်သည်။ အန္တာရာယ်ကြုံလာရင် အနက်ချီ လိပ်နက်ဒိုင်းကို ထုတ်လွှတ်ပြီး တိုက်ခိုက်မှု များစွာကို ကာကွယ်လို့ ရသည်။

"ဒါလည်း မဆိုးပါဘူး၊ ဒီကောင် ကျေးဇူးမကန်းဘူးပဲ"

ဆွန်းမို ရယ်လိုက်ပြီး လုချီဟွာကို နောက်ထပ်ပန်းအိုးတစ်ခု ယူလာခိုင်းလိုက်သည်။

"ဇီချီ၊ ဒီဝိညာဉ်တက်တူးနှစ်မျိုး ၁၀စုံကို မင်းရဲ့မောင်လေး နှမလေးတွေကို ဝေပေးလိုက်အုံး"

"ဟုတ်"

လီဇီချီရဲ့ အဆင့်အတန်းက လေးစားဖို့ကောင်းသော်လည်း ဆွန်းမိုက အမိန့်ပေးခိုင်း

စေလာတဲ့အခါ စိတ်မရှည်သလို မဖြစ်ဘဲ အဲဒီအစား ကျေနပ်နေခဲ့သည်။

ဝိညာဉ်တက်တူးနှစ်မျိုး ၁၀စုံကို လူတိုင်းဆီ ဝေပေးလိုက်သည်။

လိပ်နက်တက်တူးနဲ့ ပက်သက်ပြီး မထူးခြားသော်လည်း လျှပ်စီးကာကွယ်ခြင်း တက်တူးကို လူတိုင်း မြင်လိုက်လျှင် အံ့အောနေကြသည်။ ရှန်ယွန်ပေါင်တောင် ပါသေးသည်။

“ဒါလည်း ဝိညာဉ်တက်တူးပဲလား”

လူတိုင်း အရမ်း အံ့အောနေကြသည်။

“ကောင်းပြီလေ၊ ဒီလှုပ်ရှားမှုနဲ့ ပက်သက်ပြီး ငါလဲ ပင်ပန်းနေပြီ။ ဘယ်လိုပဲပြောပြော အပြန်အလှန် ဆက်သွယ်ဖို့ ၁၅ရက် ကျန်သေးတယ်။ ဝိညာဉ်တက်တူး လေ့လာတဲ့ မေးခွန်းနဲ့ ပက်သက်ရင် ငါ့ကို အချိန်မရွေးလာ မေးလို့ရတယ်”

ဆွန်းမိုက လူတိုင်းကို ခွဲထွက်ခွင့် ပေးလိုက်သည်။

ကျောင်းသားများ မထွက်သွားခြင် သော်လည်း ဆွန်းမိုစကားကို မငြင်းဆန်ရဲပါ၊ ဒါကြောင့် ထွက်သွားပြီး အနားယူဖို့ပဲ ကျန်တော့သည်။

"ဆရာ ဒီလျှပ်စီးကာကွယ်ခြင်း တက်တူးက တကယ် ကြောက်ဖို့ကောင်းလား"

လီဇီချီက မေးလိုက်ပြီး သူမရဲ့ မျက်နှာဝိုင်းလေးတွင် သိချင်စိတ်နဲ့ ပြင်းပြနေသည်။

"ဒါက ရှင်းပြဖို့ ခက်လွန်းတယ် ၊ မင်းကို ပြမယ်"

ဆွန်းမိုက အသက်ရှုခြင်းနဲ့ စွမ်းအားကို ထိန်းညှိလိုက်သည်။ ခဏနေတော့ ညာလက်သီးပေါ်တွင် နို့ဖြူရောင် အလင်းတန်းများ ထွက်ပေါ်လာသည်။

လီဇီချီ တက်ကြွလာသည်။ (စိတ်ဝိညာဉ်ပုံသွင်းခြင်းလား) အောင်ပွဲခံ ဒိုဂျိုတွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ကြိမ်သာ ခံစားဖူးသော်လည်း အခုချိန်ထိ မမေ့နိုင်အောင် အံ့အောဖို့ ကောင်းလွန်းသည်။

ဆွန်းမိုက ရုတ်တရတ် ထိုးထုတ်လိုက်သည်။

ဘောင်း

လက်သီးက လီဇီချီ မျက်နှာရှေ့တွင် ရပ်သွားသည်။ ထို့နောက် လက်သီး အလင်းများ တဖြတ်ဖြတ် ပေါက်ကွဲ ထွက်လာပြီး သူမခေါင်းထဲသို့ တိုးဝင်သွားသည်။

ထိုအခိုက်အတန့်တွင် လီဇီချီ စိတ်ထဲ အချက်အလက်များ ပေါ်လာပြီး မှတ်ဉာဏ်တစ်ခု ကျန်ခဲ့သည်။

လီဇီချီသည် တစ်လခွဲလောက် ဆာလောင်မွတ်သိပ်နေပြီးမှ ရုတ်တရက် အရသာရှိလှသော စားသောက်ပွဲတစ်ခု စားလိုက်ရသလို ပြည့်စုံပြီး ပျော်ရွှင်သွားသည်။

“ ထပ်လိုချင်သေးတယ် ”

“အာရုံမပြန့်နဲ့ ၊ စ ပြီးတော့ ဗဟုသုတများကို နားလည်အောင် ကြိုးစား”

ဆွန်းမိုက သတိပေးလိုက်သည်။

စိတ်ဝိညာဉ် ပုံသွင်းခြင်းက တကယ်ကို နတ်ဘုရား စွမ်းရည် တစ်ခုပါ။ ဆွန်းမိုကသူ့ရဲ့ ဗဟုသုတနဲ့ အတွေ့အကြုံအားလုံးကို ကျောင်းသားစိတ်ထဲ မျှဝေပေးနိုင်သည်။ ပါးစပ်သုံးပြီး သင်ပေးရင်တောင် အနည်းဆုံး နေ့တစ်ဝက်လောက် အချိန်ယူရမည်။

ဒီမြင်ကွင်းကို မြင်လိုက်လျှင် ဆရာအနည်းငယ် စဉ်းစားမရ ဖြစ်သွားသည်။ (ဆွန်းမို ဘာလုပ်လိုက်တာလဲ၊ အမှောင်လျှို့ဝှက်ကျင့်စဉ် တစ်ခု ဖြစ်နေမလား)

သိပ်မကြာခင် သူတို့ ဒါကို ဂရုမစိုက်နေတော့ပါ။ ရောဂါသည်က စပြီး ကျေးဇူးတင်တဲ့ အမူအရာ လုပ်ပြလာသည်။

"ဆရာဆွန်း၊ မင်းရဲ့ ဝိညာဉ်ကျောက်တုံး ၁၀တုံး အတွက် ကျေးဇူးတင်ပါတယ်။ ဒါတွေကို သုံးပြီး ငါ့ကိုယ်ငါ အဆင့်မြှင့်ဖို့ ဝိညာဉ်တက်တူး ပစ္စည်းတချို့ ဝယ်လိုက်မယ်"

ထန်ထန်ယုထန်၏ စကားများသည် ကျေးဇူးတင် နေပုံရသော်လည်း ရွဲ့စောင်းနေသော စကားများ ဖြစ်သည်။

“ဆရာရီ၊ မင်းရဲ့ ဝိညာဉ်ကျောက်တုံး ၅တုံးအတွက် လည်း ကျေးဇူးတင်ပါတယ်။ ဒါကို ငါသေချာပေါက် တန်ဖိုးထားပါ့မယ်”

ရီဂျီမင် မဲ့သွားပြီး သူ့မျက်နှာသူ ရိုက်ချင်စိတ် ပေါက်လာသည်။ (ဒါပေမယ့် ကို့ကိုယ်ကို အပြစ်တင်လို့ မရဘူး။ ဆွန်းမိုက သဘာဝတရားကို ဆန့်ကျင်လုနီးပါး အစွမ်းထက်နေမယ်လို့ ဘယ်သူက ထင်မိမှာလဲ)

“ဆရာကျုံ၊ ဝိညာဉ်ကျောက်တုံး ၂၀ အတွက် ကျေးဇူးတင်ပါတယ်။ ကျွတ်ကျွတ်

ဝိညာဉ်ကျောက်တုံး ၂၀၊ ဒါက ဆရာကျွန်ရဲ့ လှည့်ကွက် ဖြစ်နေမလား၊ အခုငါ ရှုံးသွားပြီဆိုတော့ အိမ်ပြန်ရင် မိန်းမ ရိုက်နေမလား ”

ထန်ထန်ယုထန်ရဲ့ လေသံက ရန်ပွဲတောင်းနေသလို ဖြစ်နေသည်။

ကျုံရှန်ရီသည် အသက်မရှူချင်တော့လောက်အောင် ဝမ်းနည်းသွားသည်။ ဇနီး ဖြစ်သူက မရိုက်သော်လည်း အဝတ်လျှော်တုတ်ပေါ် ဒူးထောက်ပြီး တောင်းပန်ရမည့် အဖြစ်က မလွတ်မြောက်နိုင်ပါ။

"ယုထန် တော်သင့်ပြီ"

ဆွန်းမိုက တားလိုက်သည်။ ဒီလူတွေ အားလုံးက ဆရာတွေဖြစ်ပြီး နောက်ပိုင်းကျရင် သူ့ကို မုန်းသွားနိုင်သည်။ ဒါပေမယ့် ရောဂါသည်က ဒါကို ဂရုမစိုက်တာ သေချာသည်။

"ဆရာရှာ၊ ဒါကမင်းရဲ့ ဝိညာဉ်ကျောက်တုံး ၅လုံးပါ၊ ထောက်ခံမှုအတွက် ကျေးဇူးတင်ပါတယ်"

'ဟားဟား"

ရှာယွန် ဝမ်းသာသွားသည်။ ဆွန်းမိုနဲ့ ရင်းနှီးသောကြောင့် ကျောက်တုံး တစ်တုံး

လောင်းခဲ့ခြင်း ဖြစ်သည်။ ဒီလောင်းကစားမှာ အနိုင်ရမယ်လို့ မထင်ထားမိပါ။

ဒါက တကယ် မမျှော်လင့်တဲ့ ချမ်းသာမှုပါ။

"ဆရာကူ၊ ဒါက မင်းအတွက်"

ထန်ထန်ယုထန်က နောက်ထက် ဝိညာဉ်ကျောက်တုံး ၁၀တုံးကို ထုတ်ပြီး ကူရှုပ်ရှင်းကို ပေးလိုက်သည်။

"ဆရာဆွန်း၊ ကျေးဇူးတင်ပါတယ်"

ကူရှုပ်ရှင်းသည် ငွေအနည်းငယ် ရသွားသဖြင့် ကျေနပ်သွားသည်။

ဒူရှောင်က မနာလို ဖြစ်နေပြီး မလောင်းခဲ့မိတဲ့အတွက် နောင်တ ရနေသည်။ တကယ်လို့ သူမသာ ဆွန်းမို အနိုင်ရမည့်ဘက်က ဝိညာဉ်ကျောက်တုံး လောင်ကြေးထပ်ခဲ့ပါက အခုဆို ဝိညာဉ်ကျောက်တုံး ၅တုံး ရနေမည်။

သနားစရာကောင်းတာက ဒီကမ္ဘာကြီးမှာ နောင်တအတွက် ဆေး မရှိပါ။

"ဘယ်လို ခံစားရလဲ"

ဆွန်းမိုက လီဇီချီကို ကြည့်ရင်း မေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အခုငါနားလည်ပြီ၊ ပြီးတော့ လျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တက်တူးက အရမ်းလေးနက်ပြီး အသုံးဝင်တယ်"

လီဇီချီ ရုတ်တရက် နားလည်လာသည်။

ကျောင်းသားတွေ လေ့လာရာမှာ ဆရာတွေရဲ့ ရှင်းပြချက်ကို မှတ်မိနေဖို့ လိုသည်။ ရှုပ်ထွေးတဲ့ သီအိုရီတွေ၊ ဒါမှမဟုတ် ကိုယ်ပိုင် သဘောတရားကို အသုံးချရန် သင်ယူဖို့ လိုသည်။ ဒါကို သိရှိလာတဲ့ အချိန်တွင် သူတို့ တကယ်ကျွမ်းကျင်လာပြီ ဖြစ်သည် ။

ကျောင်းသားတွေ ဘာကြောင့် ပုစ္ဆာများစွာ တွက်ရတာလဲ။ လေ့ကျင့်ရေး မေးခွန်းတွေတောင် ပါသေးသည်။ အတွေ့အကြုံတွေ စုထားပြီး အားလုံးကို ဆုပ်ကိုင်ထားဖို့ပဲ ဖြစ်သည်။

ဆွန်းမိုရဲ့ စိတ်ဝိညာဉ် ပုံသွင်းခြင်းက ဘယ်လောက် အစွမ်းထက်လိုက်သလဲ ။

မြတ်ဆရာအရှိန်အဝါ သက်ရောက်ပြီး မိနစ်အနည်းငယ် အတွင်းမှာ လီဇီချီ တစ်ယောက် ကိုယ်တိုင် လေ့လာထားသလို ခံစားရသည်။ သူမ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုပ်စရာရှိတာက ဒီတန်ဖိုးကြီး အတွေ့အကြုံတွေကို သတိရနေဖို့ပဲ လိုသည်။

လီဇီချီ ခံစားချက်ပေါင်း သောင်းခြောက်ထောင်ကို ဖယ်ထုတ်လိုက်ပြီး ပန်းအိုးတစ်အိုးကို ယူကာ ဝိညာဉ်တက်တူး ရေးဆွဲတဲ့ ပစ္စည်းတွေနဲ့ ချက်ခြင်း ရေးဆွဲတော့သည်။

နာရီဝက် ကြာပြီးနောက် ဘုန်းကနဲ ပေါက်ကွဲသံနဲ့အတူ ဝိညာဉ်ချီများ စတင်စီးဆင်းလာသည်။

“ဘာ”

ရီဂျီမင် မျက်လုံး ပေါက်ကွဲလုမတတ် ဖြစ်သွားသည်။ ထို့နောက် ဆွန်းမိုမှာ လီဇီချီလို ထက်မြတ်တဲ့ တပြည့်တစ်ယောက် ရှိတဲ့အတွက် မနာလို ဖြစ်သွားသည်။

"ဆရာ"

အင်ဘိုင်ဝူလည်း သင်ချင်စိတ်နဲ့ ရောက်လာသည်။ ဘယ်လိုပဲပြောပြော နောက်ထပ် အကြောင်းအရာများကို လေ့လာရုံနဲ့ ထိခိုက်မှု မရှိနိုင်ပါ။

ဆွန်းမိုအတွက် ဘာမှ မထူးပါ။ မြတ်ဆရာအရှိန်အဝါ နောက်တစ်ခါ ထပ်သုံးလိုက်သည်။ မိနစ်အနည်းငယ် အတွင်း ပြီးသွားသလို သူပါးစပ်ဖွင့်ဖို့လည်း မလိုပါ။

"နောက်ထပ် ဘယ်သူလိုချင်လဲ"

သူ့တပြည့်တွေ အပေါ် ဘက်မလိုက်တတ်တဲ့ အကျင့်အတိုင်း သင်ချင်စိတ်ရှိတဲ့ လူတိုင်း လာသင်နိုင်သည်။

"ငါ"

ထန်ထန်ယုထန် ချက်ခြင်း ရောက်လာသည်။ လက်သီးနဲ့ ရုတ်တရုတ် ထိုးလိုက်လျှင် သူ့စိတ်ထဲ ဝိညာဉ်တက်တူး အကြောင်းအရာများ ပြည့်လာသဖြင့် ရုတ်တရုတ် အံ့အောသွားသည်။

"ဒီလိုမြတ်ဆရာ အရှိန်အဝါ ရှိလို့လား"

ထန်ထန်ယုထန် အရမ်းအံ့အောသွားသည်။

(ဒါက ဆရာဆွန်း သီးသန့်ပိုင်တဲ့ မြတ်ဆရာအရှိန်အဝါ ဖြစ်နေမလား၊ မဖြစ်နိုင်ဘူး)

ဥပမာ ကြယ် ခုနှစ်ပွင့် မြတ်ဆရာ လီဝမ်ဂျီသည် နှစ်ပေါင်း ၉၀၀ နေထိုင်ခဲ့တဲ့ ဝိညာဉ်တက်တူးသခင်

တစ်ယောက် ဖြစ်သည်။ ပြည်နယ်ကိုးခု စလုံးတွင် သူ့တပြည့်များ ရှိသည်။ ဒါပေမယ့် သီးသန့် မြတ်ဆရာအရှိန်အဝါ တစ်ခုရအောင် မလုပ်နိုင်ခဲ့ပါ။ ဒီအချက်ကနေ မြတ်ဆရာအရှိန်အဝါ အသစ်တစ်ခုကို ရတ်တရတ် သဘောပေါက်ဖို့ ဘယ်လောက်ခက်လဲ ဆိုတာ သိနိုင်သည်။

(ငါမှတ်ထားတာများ မှားနေမလား ၊ ပြန်ရောက်တဲ့ အခါ အချက်အလက်တွေ ပြန်စစ်ရမယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့ရဲ့ဉာဏ်ရည်နဲ့ ပက်သက်ပြီး အမြဲတမ်း ဂုဏ်ယူနေတတ်တဲ့ ထန်ထန်ယုထန်တစ်ယောက် သူ့ကိုယ်သူ ပထမဆုံးအကြိမ် သံသယ ဝင်လာသည်။ ပြီးတော့ စိတ်ဝိညာဉ်ပုံသွင်းခြင်းက တကယ် ကြောက်ဖို့ကောင်းသည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၃၁၀/၁၀၀၀)

ရှန်ယွန်ပေါင်ကတော့ စိတ်မဝင်စားပါ။ ချန်လုံက အရမ်းအံ့အောနေသည်။

လုချီဟွာ အလှည့် ဖြစ်သည်။ သို့သော်လည်း သူမက ဝိညာဉ်တက်တူးကို မကြိုက်သောကြောင့်

"ဆရာ နောက်ထပ် အဆင်ပြေတာလေး မရှိဘူးလား"

"ရှိတယ်"

ဆွန်းမို ပြုံးလိုက်မိသည်။ လီဇီချီနှင့် လုချီဟွာတို့ကို တိုက်ခိုက်ရေးစွမ်းရည် တိုးမြှင့်ပေးရန် အရင်က သူရခဲ့သော "စိတ်ကြိုက်ဘာသာရပ် မဟာအဆင့်" ကို အသုံးပြုလိုက်သည်။ အများကြီး စဉ်းစားပြီးနောက် သူတို့အတွက်

အဖိုးအတန်ဆုံးဖြစ်မယ့် ဘာသာရပ်ကို ရွေးချယ်ခဲ့သည်။

စာစဉ်(၁၅)

အခန်း(၂၁၆) - ဆွန်းမို၏ တတိယမြောက် အသက်မွေးဝမ်းကြောင်း ပညာရပ်။

ဆွန်းမိုသည် အများကြီး စဉ်းစားပြီးနောက် နောက်ဆုံးတွင် ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း ဘာသာရပ်ကို ရွေးချယ်ခဲ့သည်။

ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်းသည် တကယ်တန်းတော့ နှစ်ခုဖြစ်ပြီး ဒါကို သူတော်စင်ဂိတ်က ဘာသာရပ်တစ်ခု အဖြစ် သတ်မှတ်ထားခဲ့သည်။

တမျိုးမှာ သားရဲများကို ထိန်းချုပ်ခြင်းဖြစ်ပြီး (အမျိုးမျိုးသော သားရဲများကို ထိန်းချုပ်ပြီး

လေ့ကျင့်ပေးခြင်း ဖြစ်သည်။) နည်းလမ်းအမျိုးမျိုးနဲ့ သားရဲများကို ထိန်းချုပ်ပြီး တိုက်ခိုက်ဖို့ အမိန့်ပေးခြင်း ဖြစ်သည်။

အရှင်းဆုံးပြောရလျှင် မုဆိုးတစ်ယောက်က သားကောင်နောက် လိုက်ရန် အမဲလိုက်ခွေးကို လေ့ကျင့်ပေးသလို ဖြစ်သည်။

သားရဲထိန်းချုပ်ခြင်းကတော့ ဒီထက် ပိုကျယ်ပြန့်သည်။ ဒါ့အပြင် သားရဲ အမျိုးမျိုးရဲ့ အချက်အလက်များကို စိတ်ထဲမှတ်သားထားပြီး

သဘောတူညီချက် အမျိုးအစားများကို လေ့လာထားဖို့ လိုအပ်သည်။

ထိုသဘောတူညီချက် များတွင် သခင်နှင့် ကျွန်သဘောတူညီချက်၊ သေခြင်းရှင်ခြင်း သဘောတူညီချက်နှင့် အရင်းနှီးဆုံး မိတ်ဆွေ သဘောတူညီချက်တို့ ပါဝင်သည်။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် လျှို့ဝှက်ဆန်းကြယ်သော ခွန်အားနဲ့ ဆက်ဆံရေး တစ်မျိုးဖြစ်ပြီး သားရဲများက အိမ်မွေးတိရစ္ဆာန်လို ဖြစ်လာလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နောက်တစ်ခုက ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း ဖြစ်ပြီး သားရဲထိန်းချုပ်ခြင်းထက် တမူထူးခြားသည်။ ပြောင်းလဲနေသော ကမ္ဘာမှ လျှို့ဝှက်ဆန်းကြယ်သော နည်းလမ်းများဖြင့် ထိန်းချုပ်မည့် သားရဲများကို ဆင့်ခေါ်ခြင်း ဖြစ်သည်။

ပြောင်းလဲနေတဲ့ ကမ္ဘာက ဘယ်မှာလဲ။

အမှောင်တိုက်ကြီးကို ပြည်နယ်ကိုးခုမှလူများ ရှာဖွေ တွေ့ရှိခဲ့သောကြောင့် ဒီနေရာအပြင် နောက်ထပ် ကမ္ဘာများရှိလိမ့်မယ်လို့ လူသားတို့ ယုံကြည်ခဲ့ကြသည်။ နည်းပညာ နိမ့်ကျ

ကျန်နေခဲ့သောကြောင့် ဒီနေရာများကို မရှာဖွေနိုင်ခဲ့ခြင်း ဖြစ်မည်။

ထိုကမ္ဘာများကို ပြောင်းလဲနေတဲ့ ကမ္ဘာများလို့ နာမည် ပေးထားသည်။

ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း နည်းစနစ်နဲ့ ဂမ္ဘီရနည်းစနစ်သည် လျှို့ဝှက်ဆန်းကြယ် ကျင့်ကြံခြင်း ကျင့်စဉ်ရဲ့ အကိုင်းအခက်ကြီး နှစ်ခု ဖြစ်သည်။ အခုအချိန်ထိ ထိုနည်းစနစ်နှစ်ခုကို သိပ္ပံနည်းကျ ရှင်းပြရန် မဖြစ်နိုင်သေးပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်းကျင့်စဉ်သည် ပြောင်းလဲနေတဲ့ကမ္ဘာကနေ တိုက်ခိုက်ရန် ဝိညာဉ်သားရဲများကို လျှို့ဝှက်ကျင့်စဉ် အမျိုးအမျိုး အသုံးပြုပြီး သားရဲများ ဆင့်ခေါ်ခြင်း ဖြစ်သည်။ ဒါပေမယ့် အရမ်း အန္တရာယ်များသည်။

ပြောင်းလဲနေတဲ့ ကမ္ဘာကြီးသည် လူအများ မသိတဲ့ အရာဖြစ်သည်။ ဒါကြောင့် ဝိညာဉ်သားရဲများ ဆင့်ခေါ်တဲ့အခါ သူတို့ မထိန်းချုပ်နိုင်ဖို့ အလားအလာ များနေတတ်သည်။ ပြီးတော့ အဲဒီသားရဲများ၏ အစာဖြစ်သွားနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အထက်ပါ အကြောင်းပြချက် များကြောင့် အရမ်းနည်းပါးသော လူနည်းစုသာ အခုချိန်တွင် ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း ဘာသာရပ်ကို လေ့လာကြသည်။ နာမည်ကြီးကျောင်း တော်တော်များများတွင် ဒီလိုမျိုး ဘာသာရပ်ကို သင်ခွင့် မပေးထားကြပါ။

ဒါကြောင့် ဆွန်းမိုသည် စနစ်မှရတဲ့ ဆုကို ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်းဘာသာရပ် မဟာအဆင့် ကျွမ်းကျင်မှုကို တိုက်ရိုက် ရွေးချယ်ခဲ့သည်။ ဝိညာဉ်သားရဲ ဆင့်ခေါ်ခြင်းဆိုင်ရာ လျှို့ဝှက်

ကျင့်စဉ်အများအပြား တွေ့ခဲ့သော်လည်း သူကိုယ်တိုင် အသုံးမပြုရဲသေးပါ။ ဒါကြောင့်လည်း သူ့တပြည့်တွေဆီ မသင်ကြားပေးခဲ့ခြင်း ဖြစ်သည်။ သို့သော် သားရဲထိန်းချုပ်ခြင်း လောက်ကတော့ သူတို့အတွက် လုံလောက်သည်။

လီဇီချီသည် ကိုယ်လက်လှုပ်ရှားမှု စွမ်းရည် အရမ်းညံ့ဖျင်းသော်လည်း ဉာဏ်ရည် အရမ်းမြင့်မားသောကြောင့် ထိုအကောင်တွေကို ထိန်းချုပ်ဖို့ ပြဿနာ မရှိပါ။ ဒီလိုနည်းဖြင့် သူမသည် သူမရဲ့ အိမ်မွေးတိရစ္ဆာန်များကို

ထိန်းချုပ်ပြီး တိုက်ခိုက်နိုင်မည်။ သွားလာလှုပ်ရှားဖို့ မသွက်လက်သော်လည်း ဝိညာဉ်တက်တူးများကို ထိန်းချုပ်ပြီး အဝေးက တိုက်ခိုက်ကာ ရန်သူများကို စိုးမိုးထားလို့ ရသည်။

လုချီဟွာကတော့ ပင်ကိုယ်စရိုက်က အရမ်းရက်တတ်ပြီး တသီးတခြား နေတတ်သည်။ လူတွေနှင့် မပေါင်းသင်းရဲပါ။ ဒါကြောင့်လည်း ငယ်စဉ်ကတည်းက အပင်များ၊ ပန်းများ၊ ငှက်ကလေးများ၊ တိရိစ္ဆာန်များနဲ့သာ စကားပြောဖြစ်ခဲ့သည်။ သူမ၏ အပြစ်ကင်းမှုနဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြူစင်မှုများကြောင့် ဒီသားရဲများသည် သူမနဲ့ နီးကပ်လာခဲ့သည်။

တကယ် အကျိုးသက်ရောက်မှု ကတော့ လုချီဟွာက သားရဲထိန်းချုပ်ခြင်းအပေါ် ဘယ်လောက်ကျွမ်းကျင်ပြီး ဘယ်လို လုပ်ဆောင်မလဲ အပေါ် မူတည်နေသည်။

စိတ်ဝိညာဉ်ပုံသွင်းခြင်းရဲ့ အသုံးဝင်မှု စမ်းသပ်ပြီးတဲ့နောက် ဆွန်းမို ပျင်းလာသည်။

အခုတော့ ဟောပြောပွဲတွေ လုပ်ရတာက အသုံးမဝင်ဘူးလို့ သူမြင်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သင်ကြားရတာက ပင်ပန်းပြီး ကထိကာထ များလွန်းသည်။ စိတ်ဝိညာဉ်ပုံသွင်းခြင်းသုံးပြီး သူ့တပြည့်တွေကို သင်ပေးတာက အကောင်းဆုံး နည်းလမ်း ဖြစ်သည်။

လက်သီးထိုးရုံပဲ ဘယ်လောက်လွယ် လိုက်သလဲ။

နို့ဖြူရောင် အလင်းတန်းများ လုချီဟွာ ခေါင်းပေါ် ရောက်သွားပြီးနောက် သားရဲ ထိန်းချုပ်ခြင်း ဆိုင်ရာ အခြေခံ ဗဟုသုတများ သူမစိတ်ထဲတွင် ပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက လုချီဟွာ ဒီနည်းစနစ်ကို တတ်မြောက်မလား မတတ်မြောက်ဘူးလားဆိုတာ မစိုးရိမ်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် စိတ်ဝိညာဉ်ပုံသွင်းခြင်းဖြင့် တစ်ရက်ကို နှစ်ကြိမ် အသုံးပြုပြီး သူမကို ပြင်ဆင်ပေးထားလို့ ရသည်။ သူမ အရမ်းတုံးရင်တောင် တနှစ်ပတ်လုံး သင်ပေးနေလို့ ရသည်။

"ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း ကျင့်စဉ်လား၊ ဒါကို သဘောကျတယ်"

လုချီဟွာ ပျော်ပြီး မျက်လုံးက လခြမ်းပုံစံ ဖြစ်နေသည်။ (ဒါကို ကျွမ်းကျင်သွားရင် တိရိစ္ဆာန်လေးတွေနဲ့ စကားစမြည် ပြောလို့ ရပြီ)

"မင်းတို့ကော"

ဆန်းမိုက အရှုးထန်ထန်ယုထန်ကို အနည်းငယ် သတိထားသော်လည်း သူ့တပြည့်တွေသာ သင်ချင်စိတ်ရှိရင် သူက ဆရာစားမချန် သင်ကြားပေးမည် ဖြစ်သည်။

"အဲဒါကို မသင်ချင်ဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှန်ယွန်ပေါင်က တိုတိုတုတ်တုတ် ပြောပြီး တရားထိုင်ဖို့ ပြန်သွားသည်။ ဆရာက သူ့အချိန်ဖြုန်းနေတယ်လို့ ခံစားရသည်။ (အိမ်မွေးသားရဲတွေကို အမိန့်ပေးပြီး တိုက်ခိုက်ရမယ် ဟုတ်လား)

(ဒါက အခိပ္ပါယ် မရှိဘူး။ ငါက ကိုယ်တိုင် တိုက်ချင်တာ။ ငါ့အသွေး၊ အသားနဲ့ လုံ့ကိုကိုင်ပြီး တိုက်ရတာက ပို ကျေနပ်ဖို့ကောင်းတယ်)

ချန်လုံက ခေါင်းခါသည်။

“ဒါက ပိုက်ဆံ ရှာလို့ ရလား ”

အင်ဘိုင်ဝူက မျက်လုံး ပေကလတ် ပေကလတ် လုပ်ပြီး မေးသည်။

"ငွေလုံးဝ ရှာလို့ မရဘူး ၊ ပြီးတော့ မင်းရဲ့ အိမ်မွေး တိရိစ္ဆာန်တွေကို ကျွေးမွေးဖို့ ပိုက်ဆံ သုံးရမယ်။"

ထန်ထန်ယုထန်က သူမကို အသိပေးလိုက်သည်။

"ဒါဆို မသင်တော့ဘူး"

ပိုက်ဆံသုံးရမယ်ဆိုတဲ့ အကြောင်းပါလာတော့ မငွေမက်လေး အင်ဘိုင်ဝူ ချက်ခြင်းကို ငြင်းတော့သည်။ (ဒီရက်ပိုင်းအတွင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါဗိုက်ဝအောင်စား ဖို့ အပြင် အိမ်မွေးတိရိစ္ဆာန် ကျွေးဖို့ ပိုက်ဆံ ဘယ်မှာ သွားရှာရမှာလဲ)

(ဘယ်လိုပဲဖြစ်ဖြစ် တိုက်ပွဲက ကို့ဘာသာကို တိုက်လိုက်လို့ ရတယ်)

"ဆရာ၊ ဒီစွမ်းရည်ကို ဘယ်လိုသိနေတာလဲ"

ထန်ထန်ယုထန်က စပ်စုလာသည်။

"တကယ်တော့ ငါက ဒူးကို မြှားမှန်ထားရင်တောင် ဝိညာဉ်သားရဲထိန်းချုပ်ခြင်းနဲ့ သားရဲထိန်းချုပ်ခြင်း နှစ်ခုစလုံး တတ်ထားတယ်"

ဆွန်းမိုက မျက်တောင် တဖျတ်ဖျတ်ခတ်ရင်း ပြန်ပြောသည်။

“ဒါဆို ဘယ်လောက်အထိ ကျွမ်းကျင်လဲ”

ထန်ထန်ယုထန်သည် ‘ဒူးကို မြှားမှန်တယ်’ ဆိုတဲ့ အချက်အား နားမလည်ပါ။

“စောင့်အိုး”

ဆွန်းမိုက စနစ်ကို ချက်ခြင်း ဆင့်ခေါ်လိုက်သည်။

“ဝိညာဉ်သားရဲ ထိန်းချုပ်မှုက ချင်လင်မှာ အဆင့်ဘယ်လောက်လဲ”

"ဗဟိုပြည်နယ်အကယ်ဒမီမှာ အဆင့်(၃)၊ ချင်လင်မြို့မှာ အဆင့်(၉)၊ ဗဟိုပြည်နယ်မှာ အဆင့်(၆၇)"

စနစ်က ပြန်ဖြေသည်။

"ဒီလောက်ပဲလား ၊ ထိပ်ဆုံး သုံးယောက်ထဲတောင် မပါဘူးလား "

ဆွန်းမို မကျေမနပ် ဖြစ်သွားသည်။

"ကျေနပ်လိုက်စမ်းပါ၊ မင်းမှာ အိမ်မွေးသားရဲ တစ်ကောင်တောင် မရှိသေးဘူး။ ဘာတွေ စောဒက

တက်နေတာလဲ။ ကောင်းကင်ဘုံလောက်အထိ မြှင့်ချင်နေတာလား”

စနစ်က မခန့်လေးစား ပြန်ပြောသည်။

(မင်းက မဟာအဆင့်ကျွမ်းကျင်မှုကို ချီးမြှင့်ခံထား ရရင်တောင် ကျွမ်းကျင်မှုညွှန်းကိန်း တိုးတက်လာဖို့ အဆက်မပြတ် အသုံးပြုပေးရမယ်။ အတွေ့အကြုံ ဆယ်နှစ်ကျော်ရှိတဲ့ မဟာအဆင့် ကျွမ်းကျင်သူတွေက အလကား ရလာတယ်လို့ မင်းထင်နေတာလား)

“အသက် သုံးဆယ်အောက်ဆိုရင်ရော ဘယ်လိုလဲ”

ဆွန်းမိုက အသက်ကနဲ့သတ်ပြီး မေးလိုက်သည်။

"ထွက်သွားစမ်း"

စနစ်က သူ့ကို ဆူဆဲချင်လာသည်။ (မင်း အရှက်မရှိဘူးလား။ အသက် သုံးဆယ်အောက်ဆိုရင် နှစ်နေ့ရာစလုံးမှာ မင်းက သေချာပေါက် နံ့ပါတ်တစ်ပေါ့။ မင်းသိနေရက်သားနဲ့ ချီးကျူးခံချင်နေတယ်)

"ဟွန့်၊ အဲဒါကို မစဉ်စားနဲ့"

"အဟန့်"

ဆွန်းမိုက ချောင်းဟန့်လိုက်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဗဟိုပြည်နယ် အကယ်ဒမီမှာဆိုရင် ငါက ထိပ်ဆုံး သုံးယောက်ထဲ ဝင်နိုင်တယ်”

ရှူး

ဆွန်းမိုက သူ့ဆရာဖြစ်နေလို့ပါ ဒီလိုမှမဟုတ်ရင် ထန်ထန်ယုထန်က လက်ခလယ် ထောင်ပြလိုက်လိမ့်မည်။ (ကြွားတဲ့ အဆင့်မှာ ထိပ်ဆုံး ၃ယောက်ထဲ ဝင်တာ ဖြစ်မယ်)

ချန်လုံလည်း မျက်ခုံး တဆတ်ဆတ် တုန်သွားသည်။

(ဆရာ၊ မင်း အလေးအနက် ထားနိုင်မလား။)

(ဝိညာဉ်တက်တူး လေ့လာတဲ့နေရာမှာ အရမ်းကြောက်ဖို့ ကောင်းနေတဲ့အတွက် နှစ်ပေါင်းများစွာ သုတေသန လုပ်ထားရလိမ့်မယ်။ ပြီးတော့ မင်းရဲ့ ခွန်အားကလည်း မနိမ့်ဘူး။ ဒါတောင်မင်းက ဝိညာဉ်သားရဲ ထိန်းချုပ်တဲ့ နေရာမှာ ကျောင်းရဲ့ ထိပ်ဆုံး ၃ယောက်လို့ ပြောနေသေးတာလား။ မင်း အိပ်တောင် မအိပ်ဘူးလား)

လူတစ်ယောက်သည် တစ်ရက်လျှင် ၂၄နာရီသာ အချိန် ရသည်။ ဆွန်းမိုက အသက်နှစ်ဆယ်တွင်

ဆရာ အဖြစ် လုပ်ကိုင်နေပြီ။ တကယ်လို့ သွေးလောင်ကျွမ်းခြင်း အဆင့် သုံး ဒါမှမဟုတ် အဆင့်လေးကို ရောက်ပြီး ဘာသာရပ်တစ်ခုကို ကျွမ်းကျင်စွာ တတ်မြောက်နေပါက နာမည်ကျော် ကျောင်းကိုးကျောင်း ဝင်နိုင်နေပြီ။

"ငါကထိပ်ဆုံး ၃ယောက်အဆင့်လို့ ပြောရင် သေချာပေါက် ဖြစ်လို့ပေါ့ "

လုချီဟွာ နှုတ်ခမ်းထော်လာသည်။ ဒီပညာသင်ဘက် မောင်နှစ်ယောက်က ဆရာ့ကို ဒီလို မေးခွန်း မထုတ်သင့်ဘူးလို့ သူမ ခံစားရသည်။

"မင်းတို့ သင်မှာလား ၊ မသင်ဘူးလား"

ဆွန်းမို ပေါက်ကရတွေ ထပ်မပြောချင်တော့ပါ။

"မသင်ဘူး"

ထန်ထန်ယုထန်က ပြတ်ပြတ်သားသား ငြင်းဆိုလိုက်သည်။ ဆွန်းမိုက ဒီလိုဖြေမယ်ဆိုတာ ခန့်မှန်းပြီးသားပါ။ ထန်ထန်ယုထန်က အသက်ပိုရှည်ဖို့ မျှော်လင့် နေပုံရသည်။ ဒါကြောင့် ဆေးပညာကို အဓိကထား လေ့လာသည်။ တချိန်တည်းမှာပဲ သူက အပင်ဗေဒနဲ့ မှော်ဆေး ပညာရပ်ကိုလဲ လေ့လာနေသည်။

“ဒါဆိုလည်း ကောင်းပြီလေ”

ဆွန်းမိုက ပခုံး တွန့်လိုက်သည်။ ဒီကျောင်းသားတွေ သူတို့ဘာနဲ့ လွဲချော်သွားလဲဆိုတာ မသိကြဘူး။

ကူရှုပ်ရှင်းက ဆွန်းမိုကို စောင့်ကြည့်နေသည်။ သူ့တပြည့်တွေနဲ့ ဘာပြောနေလဲဆိုတာ သူမ သိချင်နေသည်။ လက်သီးရဲ့ နို့ဖြူရောင်အလင်းက ဘာလဲဆိုတာ အတိအကျ သိချင်နေသည်။ သို့သော်လည်း ဆွန်းမိုရဲ့ သီးသန့် သင်ခန်းစာ အချိန် ဖြစ်နေသည်။ မြတ်ဆရာလောကရဲ့ ပြောစရာမလိုတဲ့

စည်းကမ်းအရ ဆရာများနဲ့ ကျောင်းသားတွေသည် ဆွန်းမိုရဲ့ ခွင့်ပြုချက် မရဘဲ အနားကို မသွားသင့်ပါ။

ဒီလိုမဟုတ်ပါက သူတို့က ခိုးနားထောင်နေတယ်ဆိုပြီး သံသယ အဝင်ခံရနိုင်သည်။ မြတ်ဆရာလောကတွင် တဖက်လူ၏ ခွင့်ပြုချက် မရဘဲ ခိုးနားထောင်ပါက ကြီးလေးသော အပြစ်ဒဏ်ပေးလေ့ ရှိသည်။

နောက်ဆုံး ၆ နာရီလည်း ကုန်သွားသည်။ ကံကောင်း ထောက်မစွာ ထိုကောင်လေးကလွဲရင်

ကျန်တဲ့လူများ ဝိညာဉ်ဖိအား ဓါတ်မတည့်မှု မဖြစ်ခဲ့ကြပါ။

သို့သော်လည်း ယာယီ အခြေအနေမျှသာ ဖြစ်သည်။ ဝိညာဉ်ဖိအား ပြင်းထန်စွာ ပြောင်းလဲလာရင် ဘယ်သူက ဓါတ်မတည့်မှု ဖြစ်လာမလဲဆိုတာ ဘယ်သူမှ မသိနိုင်သေးပါဘူး။

“အားလုံးနားထောင်ကြ၊ အခု ငါတို့ အစားအသောက်စားပြီးရင် ချက်ခြင်း သွားကြမယ်”

ဂျိမ်ဂျဲ က ညွှန်ကြားလိုက်သည်။

အားလုံးသည် မနက်ခင်း ကတည်းက ရောက်နေသဖြင့် အခု နေ့လည်စာ စားချိန်ကို ရောက်နေပြီ။ သို့သော် အမှောင်တိုက်ကြီးတွင် တနေ့လုံး ဝိညာဉ်ချီ အာရုံဦးက ဖြစ်ပေါ်နေသဖြင့် နေအလင်းရောင်နဲ့ အပူချိန် ပြောင်းလဲမှုကို မသိနိုင်ကြပါ။

ဗဟိုပြည်နယ် အကယ်ဒမီသည် ဝိညာဉ်တောင်ပံမြို့က ဆိုင်ရှင်အင်းနဲ့ စာချုပ်ချုပ်ထားသည်။ ဒါကြောင့် တဝက် လျှော့ဈေး ခံစားခွင့်ရှိသည်။

စားပွဲတစ်လုံး လူ ၁၂ယောက်စာနဲ့ စားပွဲ ၆လုံး စီစဥ်ပေးထားသည်။ စားပွဲတိုင်းတွင် တာဝန်ကျ ဆရာတစ်ယောက်စီ ပါသော်လည်း ထိုင်ခုံခွဲဝေရာတွင် အနည်းငယ် ပဋိပက္ခ ဖြစ်ခဲ့သည်။

"ဆရာဆွန်း၊ ဒီမှာ လာထိုင်"

"ဆရာဆွန်း၊ ပြတင်းပေါက်ဘေးက ရှုခင်းကောင်းတယ်"

"ဆရာ၊ လက်သုတ်လိုက်အုံး"

အခြားကျောင်းသားများက ပုံမှန်အတိုင်း ဖြစ်နေကြသော်လည်း ဝိညာဥ်တက်တူး ဘာသာရပ်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဓိကထား လေ့လာနေကြတဲ့ ကျောင်းသားတွေက သဲသဲလှုပ် ဖြစ်နေကြသည်။ ဆွန်းမိုမှာက ဘိုးဘေးအဆင့် စွမ်းရည် ရှိနေသောကြောင့် သူတို့မှာ ရွေးချယ်စရာမရှိဘဲ ဒီအခွင့်အရေးကို လက်လွှတ်မခံနိုင် ဖြစ်နေကြသည်။

“ဆရာ့ရဲ့ တပြည့်ဖြစ်ရတာ ဘယ်လောက်ကံကောင်းလိုက်လဲ”

ဆွန်းမို ပေါ်ပြူလာ ဖြစ်နေတာမြင်လိုက်လျှင် အင်ဘိုင်ဝူ ဝမ်းသာနေသည်။

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ကြည်ညို(၁,၂၀၀/၁၀,၀၀၀)

"ဒါပေါ့"

ဆွန်းမို ဘေးနားမှာ ရပ်နေတဲ့ လုချီဟွာက ပြောလိုက်သည်။ ဆွန်းမိုထိုင်တဲ့ ဘေးမှာပဲ သူမက လိုက်ထိုင်မည်။

"ဆရာ၊ ဒီမှာ"

လီဇီချီက ခွေးခြေခုံကို သန့်ရှင်းရေး လုပ်လိုက်ပြီး ဆွန်းမို ထိုင်ဖို့ အတွက် ညွှန်ပြလိုက်သည်။ ပြီးနောက် အသုံးအဆောင် အားလုံးကို စနစ်တကျ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သုတ်သင်ဆေးကြောပြီး အစီစဉ်တကျ စီထားပေးသည်။

လီဇီချီသည် လူတွေအား ဝန်ဆောင်မှုပေးခြင်းကို ရင်းနှီးနေခဲ့သူ ဖြစ်ပြီး ဆွန်းမိုကို အရမ်းလေးစားသဖြင့် ဒီလို လုပ်ပေးနေခြင်း ဖြစ်သည်။

"ငါ့ဘာသာ လုပ်ပါရစေ"

ဆွန်းမိုသည် သူ့အတွက် လူတွေကို လုပ်ခိုင်းခြင်း မရှိသော်လည်း သူ့တပြည့်များထံမှ ဒီလိုလုပ်ရပ်ကို လက်ခံရရှိတဲ့ အတွက် ကျေနပ်နေသည်။

“ဆရာဂျီ၊ ဒီမှာ လာထိုင်ပါ ”

ကျုံ့ရှန်ရီက ဖိတ်ခေါ်လိုက်သည်။

“ဘယ်နေရာမဆို ထိုင်လို့ရတယ်”

ဂျီမဲဂျဲက ငြင်းလိုက်သည်။

ကျုံ့ရှန်ရီသည် ဂျီမဲဂျဲရဲ့ ဆုံးဖြတ်ချက် မမှားဘူးလို့ ထင်သည်။ သို့သော် ဆွန်းမိုထိုင်နေတဲ့ စားပွဲဆီ တကူးတက ထွက်သွားတာ မြင်လိုက်လျှင် ဆွံ့အသွားသည်။

(ဘယ်နေရာမဆို ထိုင်လို့ရတဲ့ စကားက ဒါပေါ့)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုင်ရန်လီက လွဲရင် အခြားအမျိုးသား ဆရာများ အားလုံး မနာလို ဖြစ်နေကြသည်။ ဂျိမ်ဂျဲသည် ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သလို ရင်သားကြီးပြီး တင်ပါး ကြီးတဲ့ အမျိုးသမီး တစ်ယောက်လဲ ဖြစ်သည်။ သူမရဲ့ပျားရည် တင်ပါးတွေက အရမ်းဆွဲဆောင်မှု ရှိသည်။

ဒီမက်မွန်သီးတွေကို မစားသုံးနိုင်သော်လည်း ဒီလှပတဲ့ ဆရာမလေးက သူတို့ဘေးမှာထိုင်ရင် အရမ်းကောင်းမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဟွန့် သူက အရည်အချင်းရှိနေတော့ လုပ်တိုင်း ဖြစ်နေတယ်”

ကျုံ့ရှုန်ရီတစ်ယောက် ရင်ထဲတွင် ခံစားချက်ပေါင်းများစွာ ဖြစ်နေသည်။ ပြီးတော့ ဆွန်းမိုမျက်နှာမြင်ပြီးနောက် စိတ်ဓါတ်ကျသွားသည်။

“အရည်အချင်းကို ဖယ်ထားလိုက်အုံး မျက်နှာနဲ့တင် အမှတ် ၁၀မှတ်မှာ ၉ မှတ်ပေးလို့ရနေပြီ။ တခြားလူတွေ ဘယ်လို အသက်ရှင်ရမှာလဲ”

သူက အသက်ကြီးနေသော်လည်း လှပတဲ့ ဆရာမလေးက ဘေးမှာထိုင်ဖို့ မျှော်လင့်နေခဲ့သည်။

ကံမကောင်းတာက ဆွန်းမိုလည်း ရှိနေသောကြောင့် သူမအနားကပ်ဖို့ အခွင့်အရေး ဆုံးရှုံးသွားပြီ။

ခင်းကျင်းထားတဲ့ ဟင်းလျာများက အရသာ ရှိလှသည်။ ဒါသည် ဂျိမ်ဂျဲက သူမ ကိုယ်ပိုင်ပိုက်ဆံနဲ့ လူတိုင်းကို ကျွေးမွေးခြင်း ဖြစ်သည်။ စားသောက်ပြီးတာနဲ့ ခရီးဆက်ဖို့ ရှိနေသောကြောင့် အရက်မသောက် ဖြစ်ကြပါ။

ဆွန်းမိုက သိပ်မစားဖြစ်ပါ။ စနစ်က အကျိုးအကြောင်းမရှိ အချိန်မှားပြီး အကြောင်းကြား နေသောကြောင့် သူ စိတ်ပျက်နေသည်။

ဒင်

"ဂုဏ်ပြုပါတယ်"

မှတ်ချက်- ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်းသည် ဝိညာဉ်သားရဲ ထိန်းချုပ်မှုနှင့် သားရဲ ထိန်းချုပ်ခြင်း နှစ်ခု ပေါင်းစပ်ထားတဲ့ ဘာသာရပ် ဖြစ်သည်။

စာစဉ်(၁၅)

အခန်း(၂၁၇) - လျှို့ဝှက်ဆန်းကြယ်သော အမှောင်မျိုးစိတ်များ။

“ထန်ထန်ယုထန်နဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်သည် ရင်းနှီးအဆင့်ကို ရောက်ရှိသွားပါပြီ “

ဆုလဒ်- ကြေးရောင် ရတနာ သေတ္တာတစ်လုံး။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ”

ဆွန်းမို အရှေ့တွင် ကြေးရောင်တောက်ပနေသော ရတနာသေတ္တာတစ်လုံး ပေါ်လာသည်။ ကံကောင်းသော ကြယ်လေးရဲ့ ခေါင်းကို ထိပြီး ရတနာသေတ္တာကို ဖွင့်လိုက်သည်။

အရောင်တွေ ပျောက်ကွယ်သွားပြီး နို့ရောင်ဆေးထုပ်တစ်ထုပ် ကျန်ခဲ့သည်။

ဒင်

“စမ်းရေအလှ ဆေးထုပ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒီဆေးထုပ် ထည့်ထားတဲ့ ရေထဲမှာ စိမ်လိုက်ရင် ဒဏ်ရာတွေကို

ပျောက်ကင်းစေနိုင်ပါတယ်။ အထူးသဖြင့် ဓါး နဲ့ ဓါးတွေကြောင့် ဖြစ်တဲ့ ဒဏ်ရာတွေအတွက် ပိုထိရောက်မှုရှိတယ်”

“ထားပါတော့”

ဆွန်းမိုရဲ့အမူအရာက ပုံမှန်အတိုင်းသာ ဖြစ်နေသည်။ ဒီအတွက်လည်း ဘာမှ မထူးဆန်းပါ။ သူ့မှာ စမ်းရေအလှ ဆေးညွှန်းရှိပြီးသားပါ။ ပါဝင်ပစ္စည်းအားလုံးကို စုဆောင်းနိုင်သ၍ သူကိုယ်တိုင် ထုတ်လုပ်နိုင်သည်။

သူဆန္ဒရှိသလောက် ထုတ်ယူလို့ရသည်။ ဒါကြောင့်လည်း အလေးမထားတော့ပါ။ ပြီးတော့ အမှောင်တိုက်ကြီးက အပင်မျိုးစိတ် ၁၀၀ကို သိရတဲ့ ဆုမျိုးက လွယ်လွယ်နဲ့ မရနိုင်ပါ။

"ဆရာ၊ ဆရာဂျိန်နဲ့ ထိုင်ရတာ ရှားတယ်၊ မင်းဘာလို့ ဘာမှ မပြောတာလဲ။"

လီဇီချီက သူ့အတွက် စိတ်ပူပြီး တစ်ချက် ခိုးကြည့်လိုက်သည်။ ဒါက အရမ်းကောင်းတဲ့ အခွင့်အရေးပါ။ ဒီအခွင့်အရေးကိုသုံးပြီး

သူတို့ဆက်ဆံရေးကို ပိုကောင်းလာအောင် လုပ်သင့်သည်။

(မင်းကယောကျ်ားလေးလေ ၊ မင်းရဲ့ ကျင့်ကြံခြင်းနဲ့ လူမှုအဆင့်အတန်း နှစ်ခုစလုံးက သူမထက် နိမ့်ကျတယ်။ မင်းက စပြီး စကားမပြောဘဲ ဂျီမဲဂျဲက စပြီး စကားပြောလာမယ့် အချိန်ကို စောင့်နေတာလား)

“ဆရာဆွန်း၊ ဟင်းတွေ မကြိုက်လို့လား”

ဂျီမဲဂျဲက ပြောလိုက်သည်။

“အရမ်းကောင်းပါတယ်”

လုချီဟွာနှင့် လီဇီချီတို့သည် အသားမစားဘဲ အသီးအရွက်တွေသာ စားနေကြတာ မြင်လိုက်လျှင် သူက မျက်မှောင်ကြုတ်ပြီး

“မင်းတို့ အစားအသောက် ပုံစံကို သတိထားပါ၊ ပြီးတော့ အင်ဘိုင်ဝူက အသားတွေချည်း မစားနဲ့”

“ဆရာဆွန်း၊ တစ်ကျောင်းလုံး အစည်းအဝေးခေါ်ပြီး ဖောင်ယန်ကို ကျောင်းထုတ်လိုက်တုန်းက မတွေ့လိုက်ရလို့ တကယ် စိတ်မကောင်းဘူး”

ဂျိမ်ဂျဲသည် အဲဒီရက်ပိုင်းအတွင်း အမှောင်တိုက်ကြီး ခရီးစဉ်အတွက် ပြင်ဆင်ရင်း အလုပ်များနေခဲ့သည်။ ဒါကြောင့် ဆွန်းမိုရဲ့ အံ့မခန်း ပြကွက်နဲ့ လွဲချော်ခဲ့သည်။

နစ်နာမှုတစ်ခု ဖြစ်ပြီးနောက် ကျန်ဟန်ဖူ ဖြစ်သွားမယ့် မျက်နှာကို မမြင်လိုက်ရတဲ့အတွက် သူတကယ် အားမရဖြစ် နေခဲ့သည်။

“ဒီလိုမျိုး အံ့အောစရာ ပြကွက်က မကြာခင် နည်းလာလိမ့်မယ်လို့ မျှော်လင့်တာပဲ”

ဆွန်းမိုက ပါးစပ်လှုပ်ရုံ ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဆရာ၊ မင်းဘယ်လို စကားပြောရမလဲ မသိဘူးလား)

လီဇီချီ ဆွံ့အ နေသည်။ (ဆရာဂျိကမင်းကို ချီးကျူးနေတာလေ။ ဒါကို မင်းပြန်ပြောတဲ့ ပုံစံလည်း ကြည့်ပါအုံး။ မင်းကနှိမ့်ချပြီး ဆရာဂျိကို ပြန်မြှောက်ပေးဖို့ အခွင့်အရေး ယူသင့်တယ်)

ဂျိမဲဂျဲလည်း ဒီစကားကို ကြားပြီးနောက် ခဏလောက် ကြောင်သွားသည်။ ထို့နောက် ဆွန်းမိုစကားရဲ့ အဓိပ္ပါယ်ကို နားလည်သွားသည်။ ကျောင်းသားကျောင်းသူများ လေးစားခံရတာထက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စာရင် ဆွန်းမိုက ကျောင်းတွင်း အနိုင်ကျင့်မှုများကို မတွေ့ချင်တဲ့ ဆန္ဒပိုများ နေသည်။ ဒါဆိုရင် နောက်ပိုင်း တစ်ကျောင်းလုံး အစည်းအဝေး ခေါ်ပြီး ကျောင်းထုတ်စရာလည်း မလိုတော့ပါ။

ဒါက ကျောင်းသားတွေ အတွက် တွေးပေးတဲ့ ဆရာကောင်းတစ်ယောက်ရဲ့ စိတ်ဓါတ် ဖြစ်သည်။

ဒင်

ဂျိမ်ဂျဲ၏ လေးစားအထင်ကြီးမှု +၁၀။ ရင်းနှီး(၁၁၀/၁,၀၀၀)

“အမ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်ရဲ့ အကြောင်းကြားချက်ကို ရလိုက်လျှင် ဆွန်းမိုလည်း ကြောင်သွားသည်။ သူက အံ့အောစွာ ဂျိမ်ဂျဲကို တစ်ချက်ကြည့်လိုက်သည်။ (ငါကဘာလုပ်လိုက်လို့ ငါ့ကို လေးစားနေတာလဲ)

အမျိုးသမီးတွေရဲ့ အတွေးက တော်တော်ခန့်မှန်းရ ခက်တာပဲ။

ဒင်

"တာဝန် ထုတ်ပြန်တယ် ၊ အမှောင်တိုက်ကြီး ခရီးစဉ် မဆုံးခင် မင်းရဲ့ ကျောင်းသားတိုင်းကို အဆင့်တက်အောင် ကူညီပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆုလဒ်- ကြေးရောင် ရတနာသေတ္တာ”

ဆွန်းမို တော်တော်မျက်မှောင်ကြုတ်သွားသည်။

“စနစ် အဆင့်တက်တာက ထမင်းစားသလောက် လွယ်တယ် ထင်နေတာလား။ အချိန်မရွေး အဆင့်တက်ဖို့ မဖြစ်နိုင်ဘူး”

“အော် လွယ်ရင် ဘာလို့ ဆရာလိုနေအုံးမှာလဲ”

စနစ်က

“မြတ်ဆရာတွေက မဖြစ်နိုင်တာကို ဖြစ်အောင် လုပ်ပေးတဲ့လူတွေပဲ”

ဒင်

“တာဝန်ထုတ်ပြန်တယ်၊ တပြည့်တိုင်းကို အမှောင်တိုက်ကြီးရဲ့ ရက်စက်ကြမ်းကြုတ်မှုနဲ့ တွေ့ကြုံခံစားခိုင်းပြီး လူသားခေါင်းကို ဖြတ်ခိုင်းပါ။ ဆုလဒ်- ရွှေရောင် ရတနာ သေတ္တာ တစ်လုံး”

ဆွန်းမိုက ‘မင်းအမေ ဘာဖြစ်တယ် ညာဖြစ်တယ်’ ဆဲမလို့ တွေးနေတုန်း ရှိသေးသည်။ စနစ်က နောက်ထပ် တာဝန်တစ်ခုကို ထုတ်ပြန်လိုက်သည်။ ဒီအကြောင်းအရာကို ကြားပြီးနောက်

တုန်လှုပ်ခြောက်ခြားကာ လဲကျလုနီးပါး ဖြစ်သွားသည်။

"ဟော့၊ ငါကြားတာ မမှားပါဘူးနော်၊ မင်းက ငါ့တပြည့်တွေကို လူသတ်ခိုင်းနေတာလား"

"ဟုတ်တယ်"

စနစ်က

"အတော်ဆုံးက ရှင်သန်နိုင်မယ်။ သန်မာသူတွေက ရှင်သန်ပြီး အားနည်းသူတွေက ဖယ်ထုတ်ခံရမယ်။ ဒါက ဒီသဘာဝကမ္ဘာကြီးရဲ့ ရှင်သန်ခြင်း နိယာမပဲ။ အသက်မရှင်ဘဲ ဘယ်လို ကြီးထွားနိုင်မှာလဲ "

ဆွန်းမို နောက်တစ်ခေါက် အတွေးပျံ့နေတာ မြင်လိုက်လျှင် ဂျိမဲဂျဲလည်း စကား ဆက်ပြောဖို့ မကြိုးစားတော့ပါ။ ခေါင်းငုံ့ပြီး ထမင်းစားနေလိုက်သည်။

(ဆရာ၊ မင်းက အထီးကျန်ဖြစ်ဖို့ အရည်အချင်း ပြည့်ဝနေပြီ)

လီဇီချီက သက်ပြင်းချလိုက်သည်။ ဂျိမဲဂျဲက ဆွန်းမိုအပေါ် အမြင်ကောင်းနေတာ သိသာလှသည်။ သူသာ အနည်ငယ် အားထုတ်လိုက်လျှင် သူတို့ မိတ်ဆွေဖြစ်ဖို့ ပြဿနာ မရှိပါ။ အကောင်းဆုံး

မိတ်ဆွေ မဖြစ်လာရင်တောင် တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်လို့ ရသေးသည်။ ဘယ်လိုဖြစ်ပြီး ဆွန်းမိုက အာရုံပျံ့နေတာလဲ။

"ငတုံး"

ဂျီမဲဂျဲကို အာရုံစိုက်နေသော ရီဂျီမင်က မနေနိုင်ဘဲ စိတ်ထဲက ကျိန်ဆဲလိုက်သည်။ (ဟော့ကောင် ဆွန်းမို မင်းဒီလိုအခွင့်အရေး မလိုချင်ရင် ငါ့ကို ပေးလိုက်ပါလား)

(ဟင်း ငါလည်း ရုပ်မဆိုးပါဘူး၊ ဒါပေမယ့် ဘာဖြစ်လို့ ဂျီမဲဂျဲကို မဆွဲဆောင်နိုင်တာလဲ)

နေ့လည်စာ စားရင်း တဝက်လောက် အရောက်တွင် တည်းခိုခန်းထဲ ရုန်းရင်းဆန်ခတ် ကြီးကြီးမားမား ဖြစ်ပွား လာသည်။ မိနစ်အနည်းငယ် ကြာပြီးနောက် ဖောက်သည်များ ပိုက်ဆံရှင်းကာ အလျှင်အမြန် ထွက်သွားကြသည်။

တခဏအတွင်းမှာ ခန်းမတစ်ခုလုံး လူလွတ်သွားသည်။

“ဆရာဒူ၊ ဆရာရီ၊ ဘာဖြစ်လဲဆိုတာ သွားကြည့်လိုက်ပါ ”

ဂျိမဲဂျဲက ညွှန်ကြားလိုက်သည်။

သိပ်မကြာခင် နှစ်ယောက်သား ပြန်ရောက်လာသည်။

"ဆရာဂျီ၊ အအေးလှိုင်းကန်ထဲမှာ ဝိညာဉ်ချီလည်ပတ်နေတဲ့ နဂါးကြီး ပေါ်လာတယ်လို့ ပြောကြတယ်။ ဒီလူတွေအားလုံးက သူတို့ ကံစမ်းကြည့်မလို့ သွားကြတာ"

ဒူရှောင်က ပြန်ပြောသည်။ ကျုံရှန်ရီသည် ဒီနာမည် ကြားလိုက်လျှင် စိတ်လှုပ်ရှားစွာ ရုတ်တရက် အော်ဟစ်လိုက်သည်။

"အမှန်လား"

“ဖြစ်နိုင်တယ်၊ ဒီသတင်းက လွှန်ခဲ့တဲ့ သုံးလလောက် ကတည်းက ကြားနေခဲ့တာ ကျင့်ကြံသူတချို့က အမဲလိုက်ဖို့ ကြိုးစားနေကြတယ်”

ရီဂျီမင်အသံက တုန်ယင်နေပြီး ဂျိမ်ဂျဲကို လှမ်းကြည့်လိုက်သည်။

“ဆရာဂျိ၊ ငါတို့လည်း ကံသွားစမ်းကြည့်ကြမလား”

ဝူစ်

အကြည့်အားလုံး ဂျိမဲဂျဲဆီ ရောက်သွားသည်။ သူမရဲ့ သဘောတူညီချက်အတွက် မျှော်လင့်ချက်ကြီးစွာ စောင့်နေကြသည်။

ဝိညာဉ်ချီ လည်ပတ်နေတဲ့ နဂါးသည် အမှောင်တိုက်ကြီး တတိယအထပ်တွင် နေထိုင်ကြတဲ့ သက်ရှိ တစ်မျိုး ဖြစ်သည်။ ဝိညာဉ်ချီ ကြွယ်ဝတဲ့ အသီးအနှံကို စားသောက်ကြပြီး အရေအတွက် နည်းပါးလှသည်။

အမှောင်တိုက်ကြီးတွင် သံမုန်တိုင်းကဲ့သို့ ဝိညာဉ်ချီ မုန်တိုင်းများ ရှိနေသည်။ တကယ်လို့ အချိန်မီ

မရှောင်နိုင်ပါက ဝိညာဉ်ချီမုန်တိုင်း မိသွားပြီး ကျင့်ကြံသူရဲ့ အသွေးအသားများ ချက်ခြင်း ပျက်ဆီးသွားလိမ့်မည်။

ကျင့်ကြံသူတွေသည် သူတို့နဲ့ ကြုံလိုက်ရင် မသေခဲ့ရင်တောင် ခန္ဓာကိုယ် မအီမသာဖြစ်ပြီး မူးဝေခြင်း၊ ပျို့အန်ခြင်း၊ အတွင်းပိုင်း သွေးယိုခြင်း၊ ကိုယ်တွင်းအင်္ဂါများ ဒဏ်ရာရခြင်းနဲ့ အခြားအရာများစွာ ဖြစ်သွားစေနိုင်သည်။

ဒီဝိညာဉ်ချီ လည်ပတ်နေတဲ့ နဂါးနဲ့ဆိုရင် ကျင့်ကြံသူတွေက ဝိညာဉ်ချီ လှိုင်းတွေကို အချိန်မီ

ရှောင်နိုင်ပြီး စိုးရိမ်စရာမရှိဘဲ အမှောင်တိုက်ကြီးတွင် လွတ်လွတ်လပ်လပ် လျှောက်သွားနိုင်သည်။

ဒါက အကြီးမားဆုံး တန်ဖိုး မဟုတ်သေးပါ။

ဒီလို လျှို့ဝှက်ဆန်းကြယ်တဲ့ မျိုးစိတ်များကို လူတိုင်း ရှူးသွပ်ရတဲ့ အကြောင်းအရင်းက ဝိညာဉ်ချီပြင်းထန်တဲ့ နေရာမှာ အသိုက်ဆောက်ထားလို့ ဖြစ်သည်။

အများအားဖြင့် ဝိညာဉ်ကျောက်တုံး သွေးပြန်ကြော တပုံတခေါင်းကြီး တွေ့နိုင်သည်။ ဒါကြောင့် ဝိညာဉ်ချီလည်ပတ်နေတဲ့ နဂါးကို

ဖမ်းမိလျှင် ဝိညာဉ်ကျောက်တုံးတစ်ချောင်း ဒါမှမဟုတ် အများအပြားကို တွေ့နိုင်သည်။ ဒီလိုသာဆိုရင် သူတို့ နေခြင်းညခြင်း ချမ်းသာလာလိမ့်မည်။

ဒီအကြောင်းရာ များကြောင့် ဝိညာဉ်ချီလည်ပတ်နေတဲ့ နဂါးများသည် လျှို့ဝှက်ဆန်းကြယ်သော အမြော့ ြင်မျိုးစိတ်စာရင်းတွင် အဆင့် (၃၆) ဖြစ်နေသည်။ သူတို့သည် တန်ဖိုးဖြတ်မရအောင်

ဖြစ်နေပြီး အမှောင်တိုက်ကြီးရှိ အဓိက မြို့ကြီးများ၏ မှောင်ခိုဈေးကွက်မှာတောင် ရှာလို့ မရနိုင်ပါ။

ဘာကြောင့်ဆို သူတို့က အရမ်းအဖိုးတန်လို့ ဖြစ်သည်။

“မဟုတ်ဘူး ၊ ငါတို့ မူလအစီအစဉ်အတိုင်း ဝိညာဉ်တောင်ပံမြို့ဆီ သွားကြမယ်”

ဂျိမဲဂျဲသည် တစ်ချက်တောင် မတွေဝေပါ။

“ဘာကြောင့်လဲ၊ ဒါက ဝိညာဉ်ချီ လည်ပတ်နေတဲ့ နဂါးလေ သူတို့က လျှို့ဝှက်ဆန်းကြယ်

အမှောင်မျိုးစိတ် စာရင်းမှာ အဆင့်(၃၆) ရှိတယ်လေ ဖမ်းမိရင် ချမ်းသာပြီ”

ရီဂျီမင် နားမလည်နိုင် ဖြစ်နေသည်။

“အအေးလှိုင်း ရေကန်ကို လေ့ကျင့်ရေးသွားတာလဲ မဆိုးဘူး”

ကျန်ကွမ်လင်က ဖြတ်ပြောလိုက်သည်။ အခွင့်အရေးမများဘူး ဆိုတာသိပေမယ့် ဖမ်းမိခဲ့ရင် ဘယ်လိုလုပ်မလဲ။

“မင်းတို့လည်း အစောတုန်းက မြင်လိုက်တယ် မဟုတ်လား ဒီသတင်းကြားလိုက်တာနဲ့ ကျင့်ကြံသူ

အများအပြား လှုပ်ရှားနေလောက်ပြီ။ အခုဆိုရင် အအေးလှိုင်းရေကန်မှာ လူတွေ ပြည့်နေလောက်ပြီ။ သေခြင်း တရားရုံးသွားရှာမလို့လား “

ဂျိမ်ဂျဲရဲ့ လေသံက တင်းမာလာပြီး လူတိုင်းကို အေးစက်စက်နဲ့ ကြည့်လိုက်သည်။

“ရတနာလုရင်း သတ်ဖြတ်ခြင်းနဲ့ ကြုံပြီး မင်းတို့ အသတ်ခံရလိမ့်မယ်။ မင်းတို့ နတ်ဘုရားခွန်အားအဆင့်ကို မရောက်သေးရင် အဲဒီကို သွားတာက အသတ်ခံဖို့ သွားသလိုပဲ”

"ငါတို့ အစပ်နားကနေ စောင့်ကြည့်နေလို့ ရတာပဲ။ ကျောင်းသားတွေကို ပြိုင်ဆိုင်မှု အတွေ့အကြုံ ကြုံပေးထားတာလဲ ကောင်းတာပဲလေ "

ဒူမန်က ဖြည့်စွက်ပြီး ဝင်ပြောသည်။

ရတနာတွေ သိမ်းရတာက ထီထိုးတာနဲ့ တူသည်။ အခွင့်အလမ်း မများဘူးဆိုတာ သိပေမယ့် လူတွေက ကံစမ်းချင်ကြသည်။ ကံကြမ္မာက မျက်နှာသာပေးရင် ဘယ်လိုလုပ်မလဲ။

"အအေးလှိုင်းရေကန်ကို သွားချင်တဲ့လူရှိရင် ငါမတားဘူး ဒါပေမယ့် မင်းတို့ အုပ်စုထဲက

ထွက်သွားတာနဲ့ ငါ့အမြင်မှာ မင်းတို့ ဗဟိုပြည်အကယ်ဒမီက ဆရာရာထူးကို စွန့်လွှတ်လိုက်ပြီပဲ”

ဂျိမ်ဂျဲက ဒီစကား ပြောပြီးနောက် လက်ချောင်း ခေါက်လိုက်သည်။

“စား”

ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်ရဲ့ ဂုဏ်သိက္ခာက ကြောက်ဖို့ ကောင်းနေသေးသည်။ ရီဂျိမင်နဲ့ ကျန်ကွမ်လင်သည် လှုပ်ရှားခြင်းသော်လည်း ဂျိမ်ဂျဲ၏ အမိန့်ကို မလွန်ဆန်ရဲကြပါ။

“ပညာသင်အစ်မအကြီးဆုံး၊ ဒီနဂါးက ပိုက်ဆံအများကြီး တန်တာလား ”

အင်ဘိုင်ဝူက လီဇီချီကို တိုးတိုးလေး မေးလိုက်သည်။ သူတို့အစ်မကြီးက စာအုပ်များစွာ ဖတ်ပြီး အကြောင်းအရာ အများကြီးသိနေတာ သူမ သိသည်။

“ငွေအများကြီးတော့ မတန်ဘူး၊ အဲဒါက အရမ်းတန်ဖိုးရှိပြီး အရမ်းကြီးမားတဲ့ ဝိညာဉ်ကျောက်တုံးများကို ရှာနိုင်ပြီး ကောင်းကင်နဲ့ မြေကြီးရဲ့ ရတနာများကို ရှာပေးနိုင်တယ် ”

လီဇီချီက ရှင်းပြသည်။

ကောင်းကင်နဲ့ မြေကြီးရတနာက ဘာလဲ။

အဲဒါတွေက ဝိညာဉ်ချီ စုစည်းရာမှာ ဖြစ်ပေါ်သော ရတနာများ ဖြစ်သည်။ ဝိညာဉ်ချီလည်ပတ်နေသော နဂါးများသည် ဝိညာဉ်ချီ ခံစားမှု အကဲဆတ်စွာ မွေးဖွားလာပြီး သဘာဝ ရတနာများကို ရှာဖွေရာတွင် ထူးချွန်ကြသည်။

ဝိညာဉ်ချီ လည်ပတ်နေတဲ့နဂါးသည် တိုက်ပွဲစွမ်းရည် အရမ်းအားနည်းသော်လည်း ဝိညာဉ်ချီ ခံစားမှု အလေးပေးပြီး လျှို့ဝှက်ဆန်းကြယ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှောင်မျိုးစိတ် စာရင်းတွင် အဆင့်(၃၆) ပေးထားခဲ့ကြသည်။

ဂလု

အင်ဘိုင်ဝူ တံတွေးတစ်ချက် မြိုချလိုက်သည်။ သူမ တကာယ်ကို ဆိုးဆိုးဝါးဝါး လိုချင်နေသည်။

"အိပ်မက် မက်နေတာ ရပ်လိုက်တော့ ၊ ဒါက ငါတို့ အိပ်မက် မက်သင့်တဲ့ အရာ မဟုတ်ဘူး။ မင်းရဲ့ ကျင့်ကြံခြင်းကိုပဲ အာရုံစိုက်ပါ "

လီဇီချီကတော့ သူ့ရဲ့ခြေလှမ်းကိုပဲ သူမချိန်ဆသည်။

ဆွန်းမိုက အားလုံးကို တချက်ကြည့်လိုက်လျှင် လုချီပတ္တာ၊ ရှန်ယွန်ပေါင်နှင့် လီဇီချီတို့က နဂါးကို လုံးဝ ဂရုမစိုက်တာ မြင်ရသည်။ သို့သော်လည်း ထန်ထန်ယုထန်နှင့် အင်ဘိုင်ဝူတို့ကတော့ စမ်းကြည့်ချင်နေသည်။ စိတ်လှုပ်ရှားလို့ ပါဝင်ချင်တာဖြစ်ပြီး ငွေကြောင့်လည်း ဖြစ်သည်။ ချန်လုံကတော့ ဘာအမူအရာမှ မဖြစ်ဘဲ လူသေတစ်ယောက်လို ဖြစ်နေသည်။ သူ့အတွေးကို ခန့်မှန်းဖို့ ခက်သည်။

ဂျိမ်ဂျဲသည် ခေါင်းဆောင်တစ်ယောက်ရဲ့ လုပ်ပိုင်ခွင့် အာဏာကို သုံးပြီး ဒီခေါင်းစဉ်ကို ဖိနှိပ်ထားသော်လည်း တင်ပါးကြီးသော အလှတရားလေးသည် သူမရဲ့ အဖွဲ့ဝင်များ စိတ်မတည်မငြိမ် ဖြစ်နေတာကို သူမ သိနေသည်။

ဆရာတွေသာမက ကျောင်းသားတွေလည်း ကံစမ်းခြင် နေကြသည်။ စည်းစိမ်ဥစ္စာဆိုတာက အရမ်း ဆွဲဆောင်လွန်းသည်။ ငှက်တွေက အစာအတွက်သေသလို လူတွေက ပိုက်ဆံအတွက် သေတတ်ကြသည်။ ဒါကလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှေးခေတ်ကတည်းက မပြောင်းလဲလာတဲ့ အမှန်တရား ဖြစ်သည်။

"လူတိုင်းရဲ့ စိတ်မှာ ငါက လိုက်လျောညီထွေမှု မရှိဘဲ ခေါင်းမာတဲ့ ခေါင်းဆောင်တစ်ယောက် လို့ မြင်နေမှာ သေချာတယ်"

ဂျိမဲဂျဲက မိမိကိုယ်ကို လှောင်ပြောင် ပြုံးလိုက်သော်လည်း ဆွန်းမိုက သူမကို လေးစားကြည်ညိုတဲ့ အကြည့်နဲ့ ကြည့်နေတာ သတိထား လိုက်မိသည်။

ဆွန်းမိုသည် ဂျိမ်ဂျဲက သူ့အကြည့်တွေကို သတိထားမိတာ သိလိုက်လျှင် ခေါင်းအမြန် ပြန်ငုံ့လိုက်သည်။

အမှန်တိုင်းပြောရလျှင် ဒီအမျိုးသမီးကို သဘောကျသည်။ တခြားလူတွေက ရတနာအတွက် တိုက်ခိုက် နိုင်စွမ်း မရှိသော်လည်း သက်ရှည်အဆင့်ကို ရောက်နေတဲ့ သူမကတော့ တိုက်ခိုက်ဖို့ အခွင့်အရေး ရှိနေသည်။ သို့သော်လည်း သူမက အဖွဲ့အတွက် စွန့်လွှတ်ခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက မြတ်ဆရာတစ်ယောက်ရဲ့ အမူအကျင့်ဖြစ်သည်။ သူမစိတ်ထဲတွင် ဝိညာဉ်ချီလည်ပတ်နေတဲ့ နဂါးထက် ကျောင်းသားများရဲ့ ကြီးထွားမှုကပိုအရေးကြီးသည်။

ဆွန်းမိုသည် စက္ကန့်အနည်းငယ်စောင့်နေပြီးနောက် ပြန်မော့ ကြည့်လိုက်သည်။ ဂျိမ်ဂျဲက သူ့ကို ကြည့်နေတုန်းဆိုတာမြင်လိုက်ရသည်။

အဟွတ် အဟွတ်

သူက ရှက်ပြုံးပြုံးပြီး ကောက်ရိုးမှိုတပိုင်း ကောက်ယူကာ ဂျိမဲဂျဲ ခွက်ထဲ ထည့်ပေးလိုက်သည်။

"ဆရာဂျိ၊ စမ်းကြည့်ပါ၊ အရသာ မဆိုးဘူး"

ဝူရှီ

အစားငုံ့စားနေသော တိုက်ပွဲစွဲလမ်းသူက လွဲရင် ကျန်တဲ့လူ (လုချီဟွာ အပါအဝင်) ရဲ့ အကြည့်များသည် ပန်းကန်ထဲက ကောက်ရိုးမှိုပေါ် ရောက်သွားသည်။

"ဒါက ရုပ်ပျက်ပါတယ်"

ဆွန်းမိုလည်း ပါးကျိန်းသလို ခံစားရသည်။ သူက အနေရ ခက်သွားသဖြင့် အဆင်ပြေအောင် နည်းလမ်းတစ်ခု စဉ်းစားပြီး အစားအသောက် တခု ခပ်မြန်မြန် ထည့်ပေးလိုက်သည်။ မေ့ပြီး သူစားနေတဲ့တူနဲ့ သုံးလိုက်မိသကာ ကောက်ရိုးမှုပေါ်မှာ သူ့ တံတွေးတွေတောင် ပေနေသေးသည်။

"ဟားဟား၊ ဆွန်းမို၊ မင်း အခုတော့ ခံရတော့မယ်"

ရီဂျီမင်က တိတ်တခိုး ပျော်ရွှင်နေပြီး ဆွန်းမို အရိုက်ခံရတော့မယ့် အချိန်ကို စောင့်နေလိုက်သည်။ (ဂျိမ်ဂျဲ လို အဆင့်အတန်းနဲ့ဆို သန့်ရှင်းမှုအပေါ် အရမ်း အလေးထားလိမ့်မယ်။ ဒီညစ်ပတ်တဲ့လူက သူစားနေတဲ့ တူကိုသုံးပြီး ထည့်ပေးလိုက်တယ်။ ‘သေခြင်း’ ဆိုတဲ့ စကားလုံးကို မသိတာလား)

စာစဉ်(၁၅)

အခန်း(၂၁၈) - မြတ်ဆရာအရှိန်အဝါ၊ ကိုယ်တိုင်သင်ကြားခြင်း မြတ်ဆရာ အရှိန်အဝါ။

"အို"

ဂျိမဲဂျဲသည် ကျောနပ်နှစ်သိမ့်မှု ခံစားလိုက်ရသည်။ ကျန်တဲ့ အရာများ လိုက်စဉ်းစားပြီး အချိန်မဖြုန်းချင်တော့ပါ။

အရှင်းလင်းဆုံး ပြောရလျှင် ဂျိမဲဂျဲသည် လောဘကုန်ခမ်းနေတဲ့ သူတော်စင် မဟုတ်ပါ။

လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် အဆင့်(၃၆) ဝိညာဉ်ချီလည်ပတ်နေတဲ့ နဂါးနဲ့ ကြုံတွေ့နေရတဲ့အခါ မတုန်လှုပ်ဘဲ ဘယ်နေမလဲ။

ဂျိမ်ဂျဲသည် နာမည်ကျော် ကျောင်းကိုးကျောင်းထဲက တစ်ကျောင်းဖြစ်တဲ့ ဖြူနက် အကယ်ဒမီက ဘွဲ့ရခဲ့သည်။ သူမသည် တကယ့် ပါရမီရှင်ဖြစ်ပြီး ထိပ်တန်း ပါရမီရှင် တစ်ယောက် ဖြစ်သည်။ သူမရဲ့ဂုဏ်သတင်းက မြတ်ဆရာလောကတွင် ကြီးမားလှသည်။ သူမသာ အအေးလှိုင်းရေကန်ကို သွားလိုက်ရင်

လူတော်တော်များများ ကြောက်လန့်သွားကြလိမ့်မည်။ ဘာကြောင့်ဆို သူမသည် ဝိညာဉ်ချီလည်ပတ်တဲ့ နဂါးကို ဖမ်းနိုင်သည့် ကျွမ်းကျင်သူများထဲက တစ်ယောက် ဖြစ်သည်။ သို့သော် ကျောင်းသားအုပ်စုကို ဦးဆောင်ရန်အတွက် ဂျိမ်ဂျဲသည် ဒီအခွင့်အရေးကို လက်လွှတ်ခဲ့သည်။ သူမသာ နောင်တ မရဘူးပြောရင် လိမ်ပြောတာပဲ ဖြစ်မည်။ ဒါကြောင့်လည်း ရီဂျီမင်နဲ့ ကျန်ကွမ်လင်တို့ စောဒက တက်လာသည့် အခါ ပိုစိတ်ဆိုးမိသည်။

သို့သော်လည်း ဆွန်းမို၏ လေးစားအထင်ကြီးတဲ့ အကြည့်ကို မြင်လိုက်သည့်အခါ သူမ ရည်ရွယ်ချက်ကို နားလည်တဲ့ လူတစ်ယောက် ရှိသေးပါလား ဆိုပြီး ကျေနပ်သွားသည်။ သူမစွန့်လွှတ်ခဲ့တာကို သူသိနေသည်။

နှစ်သိမ့်တဲ့ အပြုံး ပြုံးကာ ဂျိမ်ဂျဲသည် ကောက်ရိုးမှိုကို ယူပြီး စားလိုက်သည်။

“ဒါ.....”

ရီဂျီမင်သည် မျက်လုံးကြီးပြူးပြီး ပါးစပ်ကြီး အဟောင်းသားနဲ့ ငေးကြည့်နေသည်။ (ဆွန်းမိုရဲ့ ကောက်ရိုးမှုကို ဂျီမဲဂျဲက စားလိုက်တာလား)

“ဆရာဂျိနဲ့ ဆရာဆွန်းတို့ တွေ့ဆုံပြီးသွားပြီလား”

လီဇီချီ အံ့အောနေသည်။

“ဘာလဲ”

ကျုံရှန်ရီရဲ့ နှလုံးသားပေါ်ကို ကြံ့အကောင်ရေ တစ်ထောင်လောက် ဖြတ်ပြေးသွားသည်။ သူ့ အတွေးအားလုံးကို နင်းချေပြီး စုတ်ပြတ်သွားသလို

ခံစား လိုက်ရသည်။ အဘိုးကြီး တစ်ယောက်အနေနဲ့ ဒီမြင်ကွင်းကို မခံစားနိုင်တော့ဘူး။

“ဘာဖြစ်နေကြတာလဲ”

ဂျိမ်ဂျဲက မျက်မှောင်ကြုတ်ပြီး ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်လိုက်သည်။

ဝူရှ်

အားလုံး ခေါင်းငုံ့ပြီး ထမင်းဆက်စားလိုက်ကြသည်။

“အာရုံနှောက်တယ်”

အမှန်တိုင်းပြောရလျှင် ဂျိမဲဂျဲသည် အတွေးများပြီး အာရုံ ပျောက်သွားသည်။ ဆွန်းမိုက သူမအား မှိုပေးရန် သူရဲ့တူကို သုံးခဲ့တာလည်း သတိမထားမိပါ။

ဒင်

ဂျိမဲဂျဲ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၁၄၀/၁,၀၀၀)

ဆွန်းမို စကားမပြောနိုင် လောက်အောင် အံ့အောသွားသည်။ ဂျိမဲဂျဲက ယဉ်ကျေးပြီး သူ့ကို မကဲ့ရဲ့တာလောက် လက်ခံနိုင်သေးသည်။ ဘာဖြစ်လို့ လေးစားအထင်ကြီးမှု အမှတ် ထွက်လာရတာလဲ။

ဂျိမ်ဂျဲက ကူရှုပ်ရှင်းလို နာကျင်မှု တပ်မက်တဲ့ လူတစ်ယောက်လား။ ဒါမှမဟုတ် ယောကျ်ားတွေရဲ့ တံတွေးကို စားရတာ ကြိုက်တာလား။

နေ့လည်စာကတော့ ထူးဆန်းတဲ့ လေထုနဲ့ ပြီးဆုံးခဲ့သည်။ ထို့နောက် သူတို့ အုပ်စုနှစ်စုခွဲပြီး ဝိညာဉ်တောင်ပံ ချောက်နက်ကြီးဆီ ဦးတည်သွားနေကြသည်။

ချောက်နက်ကြီးသည် အရမ်းကျယ်ပြန့်ပြီး မြေမျက်နှာ သွင်ပြင်က အရမ်း ရှုပ်ထွေးသည်။ ဒါကြောင့် ဒီနေရာတွင် ဝိညာဉ်ချီ ဖိအား

အရမ်းရှုပ်ထွေးပြီး မကြာခဏ ပြောင်းလဲနေတတ်သည်။ လွန်ခဲ့သော စက္ကန့်များတွင် သာမန်ဝိညာဉ်ချီအား၏ ဆယ်ပုံတစ်ပုံဖြစ်နေသော်လည်း သေးငယ်သော တောင်ကုန်းတစ်ခု နောက်ပိုင်းတွင် ဝိညာဉ်ချီဖိအားက ငါးဆလောက် ပေါက်ကွဲထွက်နေရင် ထွက်နေတတ်သည်။ ဒီလို ထူးဆန်းတဲ့ဖြစ်စဉ်ကြောင့်လည်း ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးသည် အမှောင်တိုက်ကြီးသို့ ပထမဆုံးအကြိမ် ဝင်ရောက်လာတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျင့်ကြံသူများအတွက် လေ့ကျင့်ရေးကွင်း ဖြစ်လာခဲ့သည်။

ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးတွင် ဆယ်ရက်လောက် နေထိုင်ပြီး ဝိညာဉ်ချီလှိုင်း အတက်အကျကို ခံနိုင်ရည်ရှိလာပါက အမှောင်တိုက်ကြီး ပထမအဆင့်တွင် စူးစမ်းလေ့လာဖို့ အခြေခံအားဖြင့် ပြဿနာ မရှိပါ။

လေ့ကျင့်ရေး သင်တန်း ဖြစ်သောကြောင့် မြင်းရထားများ စီစဉ်ထားခြင်း မရှိပါ။ ဂျိမ်ဂျဲတောင် ဥပမာ အနေနဲ့ လမ်းလျှောက်နေသည်။

“မြန်မြန်လေး မိုးမချုပ်ခင် ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးကို ရောက်အောင် သွားရမယ်”

ဂျိမဲဂျဲက တိုက်တွန်းလိုက်သည်။

ကျောင်းသားတွေ ဟောဟဲလိုက်နေပြီး ပါးစပ်နဲ့ အသက်ရှူနေရသည်။ စကားတောင် မပြောနိုင်ဘဲ သူတို့ရဲ့လမ်းကိုပဲ အပြေးအလွှားသွားဖို့ အာရုံစိုက်ထားကြသည်။

ဂျိမဲဂျဲသည် ကျောင်းသားအသစ်တွေရဲ့ ကန့်သတ်ချက်ကို စမ်းသပ်ရန်အတွက် ရည်ရွယ်ချက်ရှိရှိ အရမ်းလျှင်မြန်သော အရှိန်အဟုန်နဲ့

ချီတက်လာခဲ့သည်။ အစပိုင်းမှာ လူတိုင်း အမှီလိုက်နိုင်ပေမယ့် တစ်နာရီလောက် ကြာလာတော့ ကွဲပြားလာသည်။

ပထမဆုံးအဖွဲ့ထဲကနေ ပြတ်ကျန်ခဲ့တဲ့လူက လီဇီချီ ဖြစ်သည်။

လီဇီချီ၏ ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်မှုက အရမ်းအားနည်းသည်။ အချိန်ခဏလေးအတွင်း မှာ သုံးကြိမ်တိုင်တိုင် လဲကျသွားပြီး သူမ လက်ဖဝါးတွေလည်း ပွန်းပဲ့နေပြီ။

"မထိန်းနိုင်တော့ရင် ငါ့ကို အကြောင်းကြားပါ"

ဆွန်းမိုက တောကြက်ဥလေးဆီ သွားလိုက်သည်။

"အဆင်ပြေပါတယ်"

လီဇီချီက အံ့ကြိတ်ကာ ဆက်လျှောက်နေသည်။ သူမရဲ့ ညံ့ဖျင်းလှသော ရွေ့လျားမှု စွမ်းရည်ကြောင့် မကြာခဏ လဲကျနေသည်။ အချိန်ကြာလာတာနဲ့အမျှ သူမရဲ့ အပြင်ဘက် လှုပ်ရှားမှုကို အရမ်း မုန်းတီးလာသည်။ သူမရဲ့ ညံ့ဖျင်းလှတဲ့ ဖွဲ့စည်းပုံကြောင့် ဖြစ်သည်။

ဆွန်းမိုက အရှိန်မြှင့်လိုက်ပြီး အဖွဲ့ကို မှီအောင်လိုက် လိုက်သည်။

"ရှန်ယွန်ပေါင် ဘယ်မှာလဲ"

ဆွန်းမိုက သူ့ကို မတွေ့ပါ။

"သူက ပထမနေရာ သိမ်းပိုက်ချင်တယ် ပြောပြီး အရှေ့ကို ပြေးတက်သွားတယ်"

အင်ဘိုင်ဝူကတော့ ရှန်ယွန်ပေါင်ရဲ့ စိတ်ကို နားမလည်ပါ။ ပထမနေရာ ရခဲ့ရင်တောင် ဆုမရပါ။ နောက်ကနေ ဖြည်းဖြည်းခြင်း လိုက်သွားတာပဲ ပိုကောင်းသည်။

ဒီခေါင်းမာတဲ့ မိန်းကလေးသည် အစကတည်းက အလုပ်ကြမ်းတွေ လုပ်လာခဲ့သောကြောင့် အံ့အောဖို့

ကောင်းလောက်အောင် ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်တွေ ရှိနေသည်။ သူမက ဘာမှမဖြစ်ဘဲ ဒီအရှိန်ဖြင့် ခရီးဆက်သွားနိုင်သည်။

တခြားကျောင်းသားတွေကတော့ သေတော့မလို ဖြစ်နေကြသည်။

လူအုပ်ကြီးက မြင်ကွင်းကနေ ပျောက်သွားသည်။

“လီဇီချီ မင်းငိုလို့ မဖြစ်ဘူး”

တောကြက်ဥလေးသည် လက်မြှောက်ပြီး မျက်ရည်သုတ် လိုက်သည်။ ‘ဆရာ့ကို

အရှက်ကွဲအောင် မလုပ်နဲ့’ သူမကိုယ်သူမ သတိပေးလိုက်သည်။

စိတ်ပျက်လက်ပျက် ဖြစ်နေသော ခံစားချက်က သူမနှလုံးသားထဲကို တဖြည်းဖြည်း တိုးဝင်လာသည်။ (ငါ့ခန္ဓာကိုယ်အတွက် မျှော်လင့်ချက် မရှိတော့ဘူးလား) အဲဒီနောက် အလယ်အလတ် သူတော်စင်ရဲ့ စကားများကို ပြန်သတိရသွားသည်။

“သူမက ထက်မြတ်တယ် ဆိုရင်တောင် သက်ရှည်အဆင့်ကို မဝင်နိုင်ဘဲ အသက် ၁၀၀တောင် နေရမှာမဟုတ်ဘဲ ဘာဖြစ်လို့ သူမကို သုံးရမှာလဲ”

အခြားလူများက အသက် ၅၀ဝမှာ အကောင်းဆုံး ခွန်အားတွေ ရှိနေအုံးမည်။ ဒါပေမယ့် လီဇီချီကတော့ အသက် ၇၀၊၈၀ အရွယ်တွင် သွားတွေကျွတ်ပြီး ဆန်ပြုတ်တောင် ကောင်းကောင်း အစာချေနိုင်မှာ မဟုတ်တော့ပါ။ သူမမှာ ဦးနှောက်ကောင်းကောင်း ရှိရင်တောင် ဘယ်လို အသုံးချ ရမှာလဲ။

ပြီးတော့ ထိုအချိန်တွင် သူမဦးနှောက်လဲ ရင့်ရော်သွားလိမ့်မည်။

"ငါက ဘာဖြစ်လို့ အသုံးမကျရတာလဲ။ ဘာအမှားလုပ်မိလို့လဲ။ ကောင်းကင်ဘုံက ဘာလို့ ငါ့ကို ဒဏ်ခတ်ရတာလဲ "

လီဇီချီသည် ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်နှစ်ကို ရောက်ပြီးနောက် သူမ ခန္ဓာကိုယ် ဖွဲ့စည်းပုံ ပြောင်းလဲလာမယ်လို့ တွေးထင်ခဲ့ဖူးသည်။ သို့သော် နယ်ပယ်တူသော ကျောင်းသားများနှင့် နှိုင်းယှဉ်ပါက အမှိုက်တစ သာသာ ဖြစ်နေသည်။

လီဇီချီသည် စိတ်ပျံ့လွင့်သွားတာနဲ့ ကျောက်တုံး သေးသေးလေးကို ခလုတ် တိုက်မိပြန်သည်။

တကယ်လို့ အခြားအချိန်မှာဆိုရင် သူမ ရုန်းကန်နေအုံး မည်။ ဒါပေမယ့် အခုတော့ သူမ မျှော်လင့်ချက်တွေ ပျောက်ကုန်ပြီ။

ဒိုင်း

လီဇီချီ မြေပေါ်ကို လဲကျသွားပြီး ခေါင်းကိုကိုင်ကာ ငိုနေသည်။

"ငါတကယ် အသုံးမကျဘူး"

လီဇီချီက ခေါင်းနဲ့ မြေကြီးကို အဆက်မပြတ် တိုက်နေသည်။ အရမ်းအသုံးမကျတဲ့ သူ့ကိုယ်သူ မုန်းတီးနေသည်။

"အမ် သူမ ပြိုလဲကျသွားပြီလား၊ ငါသူမကို နည်းနည်းလောက် သွားနှစ်သိမ့်ပေးရမလား။ သူမအခြေအနေကို မြင်လိုက်လို့ ငါ့ကို သတ်ချင်စိတ် ပေါက်လာမလား "

ထန်ထန်ယုထန်သည် ရောဂါသည် တစ်ယောက် ဖြစ်သဖြင့် ဒီလိုခရီးသွားရတာက သူ့အတွက် အရမ်းပင်ပန်းသည်။ သို့သော် သူက အမြဲတမ်း ညှံ့ဖျင်းသူတစ်ယောက် ဖြစ်ပြီး စည်းကမ်းများကို ဂရုမစိုက်ပါ။ ဒါကြောင့်သူက ပင်ပန်းလျှင် အနားယူသည်။ ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးကို

အချိန်မှီ မရောက်လို့ အပြစ်တင်ရင်လည်း သူက ဂရုမစိုက်ပါ။

ဒါပေမယ့် ထန်ထန်ယုထန် တွေဝေနေတဲ့ အချိန်တွင် ဆွန်းမို ရောက်လာသည်။

" ဒီကမ္ဘာမှာ ဘယ်သူမှ မပြည့်စုံဘူး"

ဆွန်းမိုက လီဇီချီကို ကူပြီး မထူပေးသော်လည်း သူမအရှေ့တွင် မတ်တပ်ရပ်ကာ ကြည့်နေသည်။ ဒီအခက်အခဲကို သူမကိုယ်တိုင် မကျော်လွှားနိုင်ခဲ့ရင် သူဘယ်လိုပဲ ကူညီနေပါစေ အသုံးမဝင်ပါ။

ဆွန်းမိုကို အမြဲတမ်း လေးစားတတ်သော လီဇီချီ တစ်ယောက် ပထမဆုံးအကြိမ်အနေနဲ့ ဘာမှ ပြန်မဖြေခဲ့ပါ။ သူမသည် ရှက်ရွံ့ပြီး ခန္ဓာကိုယ် အဆက်မပြတ် တုန်ယင်နေပြီး မြေပေါ်တွင် ငါးခြောက်တစ်ကောင်လို ဆက်လှဲ အိပ်နေသည်။

"ငါတို့က ပြည့်စုံပြီး အနာအဆာကင်းတဲ့ လူတယောက်ဖြစ်ဖို့ အသက်ရှင်ခဲ့တာလား ၊ငါ့အတွက်တော့ မဟုတ်ဘူး၊ ငါကြိုက်တဲ့ အရာကိုပဲလုပ်ပြီး အဲ့ဒီနယ်ပယ်မှာ အောင်မြင်မှု ရချင်တယ်"

ဆွန်းမိုရဲ့အသံက လီဇီချီရဲ့ ခန္ဓာကိုယ်ပေါ်ကို နွေရာသီ တိုက်ခိုက်တဲ့ လေနွေးနွေးလေးလို တိုက်ခတ်နေသည်။

ထန်ထန်ယုထန် နှုတ်ခမ်းကွေးသွားသည်။ ဒီပြောဆိုချက်ကို သူကြိုက်သည်။

"စာအုပ်တွေ အများကြီး စုဆောင်းပြီး ပြည်နယ်ကိုးခုမှာ အကြီးဆုံး စာကြည့်တိုက် တည်ထောင်ဖို့က မင်းရဲ့ ရည်ရွယ်ချက် မဟုတ်ဘူးလား။ ဒါဆိုရင် မင်းရဲ့ ရွေ့လျားမှု စွမ်းရည်က ဘာအရေးကြီးလို့လဲ။ ဒါပေမယ့်

စင်ပေါ်က ပြုတ်ကျလာတဲ့ စာအုပ်တွေ မထိအောင်တော့ သတိထား”

ဆွန်းမိုက ကျီစယ်လိုက်သည်။

“မင်းမရှောင်နိုင်ရင်တောင် ဒါကို ရှောင်လွဲလို့ မရဘူး မှတ်လား”

“ငါ လုပ်နိုင်တယ်”

ဒီစကားပြောပြီးနောက် လီဇီချီ၏စိတ် နောက်တစ်ကြိမ် ပြန်ပြီး ကြံ့ကြံ့ခံနိုင်လာသည်။ သူမ ဒီလို အဖြစ်အပျက်တွေကို ရှောင်တိမ်းလို့ မရပါ။

အရင်ကလည်း အထိခိုက်ခံရတဲ့ အတွေ့အကြုံ ရှိခဲ့ဖူးသည်။

'လုပ်ချင်တာ လုပ်ပါ။ တတ်နိုင်သလောက် အကောင်းဆုံး လုပ်ပါ။ ငါ့အတွက်တော့ ဒါက အဓိပ္ပါယ်ရှိတဲ့ ဘဝပဲ။ တခြားသူတွေရဲ့ စံနှုန်းနဲ့ ဘာကြောင့် အသက်ရှင်ရမှာလဲ"

ဆွန်းမိုက လီဇီချီကို စိုက်ကြည့်လိုက်ပြီး

"မင်း သက်ရှည် နယ်ပယ်ကို ရောက်ရောက် မရောက်ရောက် နေ့တိုင်း ပျော်ပျော်ရွှင်ရွှင် နေဖို့က ပိုအရေးကြီးတယ် "

“တချို့လူတွေက နှစ်ရာချီပြီး လွတ်လွတ်လပ်လပ် နေကြတယ်။ သူတို့က အသက်ရှည်တယ် မသေဘူး။ ဒါပေမယ့် ဘဝမှာအောင်မြင်မှု တခုမှလဲ မရှိဘူး။ တချို့လူတွေက အချိန်အနည်းငယ်ပဲ နေထိုင်ခဲ့ပြီး အာရုဏ်ဦးရဲ့ ပထမနေရောင်ခြည်လို တောက်ပတဲ့ ပုံစံနဲ့ နေကြတယ်။ တကယ်လို့ ငါသာ ရွေးချယ်ရမယ်ဆိုရင် ဘဝက တိုတောင်းချင် တိုတောင်းမယ် ဒါပေမယ့် ငါ့အိပ်မက်တွေကို နေ့တိုင်း အကောင်အထည် ဖော်နေမှာပဲ ”

“ဆရာ၊ မင်းပြောတာ အားလုံး အဆင်ပြေပါတယ်။ မင်းရဲ့ အရည်အချင်း အရဆိုရင် သက်ရှည်အဆင့်ကို ရောက်ဖို့က ပြဿနာ မရှိဘူး။ အနည်းဆုံး နှစ် ၅ဂဂလောက်တော့ အသက်ရှည်နိုင်တယ်”

လီဇီချီက မျက်လုံးပြူးရင်း ပြန်ဖြေသည်။

“အချိန်တန်ရင် စာကြည့်တိုက်မှာ စောင့်ကြပ်ပေးမယ်”

ဆွန်းမိုက ပြုံးရင်း ပြောလိုက်သည်။ လီဇီချီက စောဒက တက်ပေမယ့် သူမစကားထဲတွင်

အာဃာတများ မရှိပါ။ အဲဒီအစား စိတ်လက်ပေါ့ပါးပြီး ကြည်နူးနေတဲ့ အငွေ့အသက် ထွက်နေသည်။

"မဟုတ်ဘူး ငါက အလယ်အလတ် သူတော်စင် ဒါမှမဟုတ် သူတော်စင်တစ်ယောက်ရဲ့ လစာ မတတ်နိုင်ဘူး"

လီဇီချီက နှုတ်ခမ်းစူရင်း ပြန်ပြောသည်။ ထို့နောက် ဆွန်းမိုက သူ့စာကြည့်တိုက်တွင် တံခါးစောင့်နေပြီး စာကြည့်တိုက်မှူးက အဆူခံနေရသည့် မြင်ကွင်း မျက်လုံးထဲ မြင်ယောင်လာသည်။ ရုတ်တရက် မထိန်းနိုင်ဘဲ

ရယ်လိုက်မိသည်။ သူမ အရှေ့တွင် လက်ကြီးတချောင်း် ဖြန့်ထားသည်။ လီဇီချီက ဖမ်းကိုင်လိုက်ရင်း နွေးထွေးမှုကို ချက်ခြင်း ခံစားလိုက်ရသည်။ ထို့နောက် ဆွန်းမိုက သူမကို ဆွဲထူလိုက်သည်။

“ဇီချီ ငါ့ရဲ့ အမြင်အရ ကျင့်ကြံခြင်းဆိုတာ ပိုမြင့်တဲ့ အဆင့်ကို လိုက်ရှာရင်း ကိုယ့်ရဲ့ အကန့်အသတ်ကို ချိုးဖျက်တာပဲ။ ရုပ်ပိုင်းဆိုင်ရာ ဒါမှမဟုတ် စိတ်ပိုင်းဆိုင်ရာလည်း ဖြစ်နိုင်တယ်။”

ဆွန်းမို ဆောင့်ကြောင့် ထိုင်လိုက်ပြီး တောကြက်ဥလေးရဲ့ အဝတ်အစားပေါ်က ဖုန်မှုန့်များကို ကူသုတ်ပေးလိုက်သည်။

"ဆရာ"

လီဇီချီက နောက်ဆုတ် လိုက်ချင်ပေမယ့် မလုပ်ဖြစ်လိုက်ပါ။ ဘာကြောင့်ဆို အခုအချိန်တွင် သူမဆရာရဲ့ အပြောအဆို အပြုအမူများက အရမ်းညှာတာပြီး နူးညံ့နေသည်။

တောကြက်ဥလေး အနည်းငယ် စွဲလမ်းသွားမိသည်။

"အမ်"

ထန်ထန်ယုထန်သည် သူတို့စကားကို နားမထောင်ဘဲ ထွက်သွားခြင်နေသည်။ သို့သော် ဒီစကားကိုကြားပြီး ရပ်တန့်သွားသည်။ ဒီသီအိုရီက ဝတ္ထု အရမ်းဆန်တယ်နော်။

"ကျင့်ကြံသူတိုင်းက မသေမျိုးဖြစ်အောင် အားထုတ်နေကြတာ မဟုတ်လား၊ ဒါပေမယ့် ထာဝရအသက်ဆိုတာက ဘာလဲ၊ အသက်ရှင်တာလား။ ဒါမှမဟုတ် စိတ်ဝိညာဉ် ထာဝရ တည်ရှိမှုကို ထည့်စဉ်းစားမှာလား"

ဆွန်းမိုက မေးလိုက်သည်။ ဒီမေးခွန်းကို ကြားပြီးနောက် လီဇီချီ တုန်လှုပ်သွားပြီး ချက်ခြင်းပဲ လေးလေးနက်နက် တွေးလိုက်သည်။ မသေနိုင်တဲ့ ဝိညာဉ်ကမှ ထာဝရ အသက်ပဲ။ (ဆရာဆွန်းက အရမ်းထူးဆန်းတယ်။ သူက ဒီလို လေးနက်တဲ့ မေးခွန်းတွေကိုတောင် စ စဉ်းစားမိတယ်)

"စိတ်ဝိညာဉ် ထာဝရတည်ရှိမှုက တကယ်ရှိလား။ ဒါကို ထာဝရအသက်လို့ ယူဆရင် ကျင့်ကြံသူတွေမှာ ဒီလောက်အဆင့်အထိ ကျင့်ကြံဖို့ နည်းလမ်း ရှိပြီလား"

ဆွန်းမိုက အဖြေမတောင်းသော မေးခွန်းကို မေးလိုက်သည်။

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ" လီဇီချီက မသိစိတ်ကနေ ငြင်းဆိုလိုက်သည်။ ဒါ အရင်တုန်းက မကြားဖူးတဲ့ အရာပါ။

"ဘာကြောင့် မဖြစ်နိုင်ရတာလဲ"

ဆွန်းမိုက မေးသည်။

"လက်ရှိ ကျင့်ကြံတဲ့နည်းလမ်းအကုန်လုံးက ထာဝရအသက်ရဖို့ ခန္ဓာကိုယ် စိတ်ဒေါသ ဖြစ်စေတဲ့ နည်းလမ်းပါ"

လီဇီချီက ရှင်းပြလိုက်သည်။

“ဒီလို ကျင့်ကြံနည်းတွေက ဘယ်ကလာတာလဲ”

ဆွန်းမိုက ဆက်မေးသည်။

“အမ်”

လီဇီချီ အရမ်းအံ့အောသွားပြီး ထိန်းမရအောင် တုန်ယင်လာသည်။ သူမသည် အရမ်းထက်မြတ်သဖြင့် ဖြစ်နိုင်ခြေ တစ်ခုကို တွေးမိသည်။

ထန်ထန်ယုထန်လည်း အရမ်းစဉ်းစားနေပြီး မျက်ခုံးနှစ်ခုကြားမှာ ဂဏာန်းတစ်ကောင်ရှိရင်တောင်

ညှပ်ပြီး သေသွားနိုင်သည်။ ဖြစ်နိုင်ချေကို သူလည်း တွေးမိသည်။

“မင်းဖြစ်နိုင်ချေကို တွေးမိပြီ မဟုတ်လား၊ ဒီကျင့်ကြံနည်းတွေက အရင်တုန်းက မြင့်မြတ်တဲ့လူတွေ ဆီကနေ ဆင်းသက်လာတာပဲ။ ဒီလိုဆိုရင် ငါတို့ စိတ်ဝိညာဉ်နဲ့ ကိုက်ညီတဲ့ ကျင့်ကြံနည်းကို ဘာလို့ မလုပ်နိုင်ရမှာလဲ ”

ဆွန်းမို မတ်တပ်ရပ်ပြီး ကောင်းကင်ကို မော့ကြည့်လိုက်သည်။ စူးရှသော

အငွေ့အသက်တစ်ခု ပေါ်လာပြီး အရောင်စုံလင်စွာ တောက်ပနေသည်။

လီဇီချီသည် ဘာမှ ဆက်မပြောတော့ပေမယ့် သူမ နှလုံးခုန်နှုန်းက အရမ်းမြန်နေသည်။ ဆွန်းမိုက သူမအတွက် ကမ္ဘာအသစ်တစ်ခုကို တံခါးဖွင့်ပေးလိုက်ပြီ။

(အမှန်ပဲ၊ ငါ့ရဲ့ စိတ်ဝိညာဉ်ကို ဘာကြောင့် မကျင့်ကြံနိုင်ရမှာလဲ)

“ဇီချီ၊ ဒီကမ္ဘာကြီးမှာ အဆုံးမရှိတဲ့ ဖြစ်နိုင်ချေတွေ အများကြီး ရှိတယ်။ မင်းမတွေ့သေးလို့ မင်းရဲ့

လမ်းစဉ်ကို မမြင်နိုင်သေးတာ ၊ ဒါပေမယ့် မင်းလက်လျှော့လိုက်ရင် တကယ်ကို ဘာမှ ကျန်တော့မှာ မဟုတ်ဘူး”

ဆွန်းမိုက ခေါင်းငုံ့ကာ လီဇီချီကို ကြည့်ပြီး ပြောလိုက်သည်။ တကယ်လို့ ဒီမိန်းကလေးသည် သူ့ရဲ့ အရင်ကမ္ဘာမှာ ရှိခဲ့မယ်ဆိုရင် သူမရဲ့ထက်မြတ်သော ဉာဏ်ရည်အရ လူ့အဖွဲ့အစည်းအတွက် အရမ်းကြီးမားသော အောင်မြင်မှုများကို ယူဆောင် ပေးနိုင်လိမ့်မည်။

မဟုတ်ဘူး၊ ဒီကမ္ဘာမှာရော မဖြစ်နိုင်ဘူးလို့ ဘယ်သူက ပြောမှာလဲ။

ဉာဏ်ပညာသည် လူသားတို့ရဲ့ အဖိုးအတန်ဆုံး ပိုင်ဆိုင်မှု ဖြစ်ပြီး စွမ်းအား အမျိုးအစား တစ်ခုလည်း ဖြစ်သည်။

ဘီ,,,,,,

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အလိုလို အသက်ဝင်လာသည်။

ဆွန်းမို ခန္ဓာကိုယ်က ရွှေရောင်တောက်လာပြီး လီဇီချီကို အလင်းတန်းများ ဖုံးလွှမ်းသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီရဲ့အတွေးများသည် ဒီရေလို မြင့်တက်လာပြီး အတွေးမျိုးစုံ ပေါ်လာသည်။

(အမှန်ပဲ ၊ ငါတို့အရှေ့က လျှောက်ခဲ့တဲ့ လမ်းစဉ်ကို ငါအမြဲတမ်း မြင်အောင် မကြည့်နိုင်ခဲ့တဲ့အတွက် အဲ့ လမ်းစဉ်နောက် မလိုက်တော့ဘူး။ ငါရဲ့ ကိုယ်ပိုင်လမ်းစဉ်ကိုပဲ ငါလျှောက်မယ်။ ဘယ်လောက် ခက်ခဲနေပါစေ ငါဆက်ကြိုးစားမယ်။ မျှော်လင့်ချက်တော့ သေချာပေါက် ရှိနေမှာပဲ။)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အနာဂတ်မှာ ငါ့လို လှုပ်ရှားမှု စွမ်းရည်ညံ့ဖျင်းတဲ့ သူတွေလည်း ရှိလာလိမ့်မယ်။ ငါတို့ အားလုံး မသိစိတ်နဲ့ အရှုံးပေးပြီး နေသွားကြတော့မှာလား။)

(မဟုတ်ဘူး။ ငါအရှုံးပေးလို့ မဖြစ်ဘူး။ ငါက လမ်းစဉ်ကို မရှာနိုင်ခဲ့ရင်တောင် ငါ့အတွေ့အကြုံကို နောင်လာနောင်သားတွေ အတွက် ချန်ထားခဲ့နိုင်မယ်လို့ ငါယုံကြည်တယ်။ တစ်နေ့ကျရင် ငါတို့လို မသန်စွမ်းတဲ့ ကျင့်ကြံသူတွေက ကိုယ်ပိုင်လမ်းစဉ်ကို ရှာတွေ့နိုင်မယ်လို့ ငါယုံကြည်တယ်)

(အမှန်ပဲ။ ငါတို့ ဘဝကို အရှုံးမပေးသင့်ဘူး။ ဆက်လျှောက်နေရင် နောက်ဆုံးတော့ သက်တန့်ကို မြင်ရမှာပဲ။)

ဒါကိုတွေးပြီး လီဇီချီ ပြုံးလိုက်မိသည်။ ညည်းတွားခြင်း စိုးရိမ်ခြင်းများ မရှိတော့ပါ။ သူမမှာ စိတ်ကူးအသစ်နဲ့ ပန်းတိုင် အသစ် ရှိလာပြီ။

တောကြက်ဥလေး အတွေးရှင်းသွားပြီး နောင်လာနောင်သားများ အတွက် အကျိုးရှိတဲ့ လမ်းစဥ်အသစ်ကို ဖောက်ထုတ်ဖို့ ဆန္ဒရှိလာပြီ။

“အရင်ဆုံး ငါရဲ့ အတားအဆီးတွေကို ကျော်ဖြတ်ရမယ်။ လက်ခုပ်သံတွေ ချီးကျူးသံတွေ မတောင်းဆိုဘူး။ နောက်ထပ် လီဇီချီတစ်ယောက် မျက်ရည်မကျဖို့ဘဲ ငါမျှော်လင့်တယ်”

လီဇီချီသည် မပွင့်တပွင့်လေး ပြောလိုက်သော်လည်း ဆုံးဖြတ်ချက်ကတော့ ခိုင်မာစွာ ချလိုက်သည်။

ဆွန်းမိုလည်း တော်တော်လေး စိတ်သက်သာရာ ရသွားသည်။ လီဇီချီရဲ့ အမူအရာအရ သူမတွေးတောနေတယ်ဆိုတာ သူသိနေသည်။

ဆွန်းမိုက သူမကို အားပေးတဲ့ အနေနဲ့ ခေါင်းပုတ်မလို့ လုပ်လိုက်တဲ့ အချိန်မှာပဲ သူမဆီကနေ တောက်ပတဲ့ အလင်းတန်းများ ဖြာထွက်လာသည်။

ဘုန်း

အခုအချိန်တွင် လီဇီချီက ရွှေနဲ့သွန်းလုပ်ထားတဲ့ ရုပ်တု တစ်ခုလို ဖြစ်နေသည်။

"ဒါ....ဒါ..."

ဆွန်းမို အရမ်းအံ့အောသင့်သွားသည်။ ဒါက မိမိကိုယ်တိုင် သင်ကြားခြင်း မြတ်ဆရာအရှိန်အဝါကို နားလည်လာတဲ့အခါ ဖြစ်ပေါ်တတ်တဲ့

ဖြစ်စဉ်ဖြစ်သည်။ ဒါပေမယ့် လီဇီချီက အခုမှ ဘယ်လောက်ရှိသေးလို့လဲ. အသက် ၁၃နှစ်သာရှိသေးသည်။ ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားလည် သဘောပေါက်ခြင်းသည် ပညာတတ်၊ မြတ်ဆရာတစ်ယောက်၊ သူတော်စင်တစ်ယောက်မှသာ ဖြစ်နိုင်တယ်လို့ သတ်မှတ်လို့ရသည်။ သူမက ကျန်တဲ့ ကမ္ဘာကြီးကို သင်ကြားပေးနိုင်ကြောင်း ပြသခဲ့သည်။

လီဇီချီက ကျောင်းတက်တာ သုံးလပဲ ရှိသေးသည်။ ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို

နားလည်သွားပြီလား။ အရမ်းကြောက်စရာကောင်းတယ် မဟုတ်လား။

သို့သော် သိပ်မကြာခင် ဆွန်းမို အကြောင်းအရင်းကို ခန့်မှန်းမိသွားသည်။ လီဇီချီသည် အရမ်းထက်မြတ်သည်။ ဓါတ်ပုံမှတ်ဉာဏ်ကိုလည်း ပိုင်ဆိုင်ထားပြီး စာဖတ်ခြင်းကို နှစ်သက်သည်။ သူမသည် အသက် ၁၃နှစ်သာ ရှိသေးသော်လည်း စာအုပ် အများကြီး ဖတ်ဖူးသည်။

သူမရဲ့ မိသားစုနောက်ခံကြောင့် သူမအိမ်တွင် စာအုပ် မရှားပါ။ မိတ္တူ တစ်အုပ်သာရှိသော အဖိုးတန်

စာအုပ်များကိုလည်း သူမဖတ်ဖူးသည်။ ဒီစာအုပ်များမှ အကြောင်းအရာနှင့် အသိပညာများက သူမဦးနှောက်ထဲတွင် စွဲမြဲစွာ မှတ်မိနေသည်။

နောက်ဆုံးအကြိမ် ရှုံးနိမ့်တဲ့ ခံစားချက်က သူမကို လွတ်ထွက်သွားစေသည်။

တခြားဆရာ တစ်ယောက်ဆိုရင် သူမကို အနည်းငယ် ဆွဲဆောင်ပြီး နှစ်သိမ့် လိုက်မည်။ ဆွန်းမိုကတော့ ဒီလို မလုပ်ခဲ့ပါ။ တခြားကမ္ဘာက ကူးပြောင်းလာတဲ့သူတယောက် အနေနဲ့ ကျင့်ကြံခြင်း စံနမူနာများကို မတူညီတဲ့ ရှုထောင့်က

အသိအမှတ်ပြုထားသည်။ ဒါကြောင့်လည်း ခုနက စကားကို ပြောခဲ့တာပါ။ ဒီအယူအဆ အသစ်တစ်ခုလုံးက လီဇီချီအပေါ်ကို ကြီးကြီးမားမား သက်ရောက်သွားသည်။ ဒါကပဲ လီဇီချီရဲ့ မိုးကုတ်စက်ဝိုင်းကို ကျယ်ပြန့်သွားစေပြီး သူမအတွက် ကမ္ဘာအသစ်တစ်ခု တံခါးဖွင့်လိုက်သလို ဖြစ်သွားသည်။

တကယ်လို့ ဒါချည်းပဲဆိုရင်တောင် လီဇီချီသည် ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားမလည်နိုင်ပါ။ သို့သော်လည်း သူမသည်

ကြင်နာတတ်သော မိန်းကလေးတစ်ယောက် ဖြစ်ပြီး သူမလိုမျိုး ကလေးများကို အားကိုးရာမဲ့ မဖြစ်စေလိုပါ။ ဒါကြောင့် လူတိုင်းအတွက် ကူညီပြီး လမ်းစဉ်အသစ် ရှာဖို့ ဆုံးဖြတ်လိုက်သည်။ ဒီစိတ်ပိုင်းဆိုင်ရာ အခြေအနေကြောင့် မြတ်ဆရာတစ်ယောက် စိတ်ဖြစ်သည့် တောင်းဆိုခြင်းမရှိဘဲ ပေးဆပ်လိုခြင်းသာ ရှိတဲ့ စိတ်ကို ဖြစ်ပေါ်စေခဲ့သည်။

ဒီအတွက်ကြောင့် ကိုယ်တိုင်သင်ကြားခြင်း မြတ်ဆရာ အရှိန်အဝါကို နှိုးဆော်ခဲ့သည်။

တချို့ အရာများ လီဇီချီစိတ်ထဲတွင် ပေါ်လာပြီး နက်ရှိုင်းစွာ စွဲမြဲသွားသည်။ အဲဒါက သူမကို ဒီကမ္ဘာကြီးအား နားလည်မှုအသစ်နှင့် အသိမှတ်ပြုမှု အသစ် ဖြစ်ပေါ်စေခဲ့သည်။

အရှိန်အဝါ ပျောက်သွားပြီးနောက် လီဇီချီ ဦးညွှတ်ပြီး ဆွန်းမိုကို လေးလေးနက်နက် အရိုအသေ ပေးလိုက်သည်။

“ဆရာ ၊ ဆရာရဲ့ လမ်းညွှန်မှုအတွက် ကျေးဇူးတင်ပါတယ်”

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ၏ လေးစားအထင်ကြီးမှု အမှတ် +၁၀,၀၀၀။ ကြည်ညို(၁၁,၁၁၁/၁၀၀,၀၀၀)

"အများကြီးပဲ"

ဆွန်းမို လန့်ပြီး အော်လုမတတ် ဖြစ်သွားသည်။ ၁၀,၀၀၀လား (ငါ နားကြားမှားတာလား၊ ငါရဖူးသမျှထဲမှာ အများဆုံးပဲ)

စနစ်က ဘာမှ မပြောပေမယ့် ဒီမြင်ကွင်း တစ်ခုလုံးကို မြင်နေရသည်။ အခုအချိန်တွင် မှန်ကန်သော ပိုင်ရှင်ကို ရှာတွေ့ပြီ ဖြစ်ကြောင်း အခိုင်အမာ ယုံကြည်သွားသည်။

"ငါက မင်း ဘာလိုအပ်တယ်ဆိုတာပဲ ပြောခဲ့တာ၊ မင်းက အရမ်းထက်မြတ်နေလို့ပါ"

ဆွန်းမို ယဉ်ကျေးစွာ ပြောနေသော်လည်း လီဇီချီ၏ ဉာဏ်ပညာနဲ့ စိတ်ဓါတ်ကို လေးစားမိသည်။ သူမသည် တကယ်ကြင်နာတတ်ပြီး ဉာဏ်ထက်မြတ်တဲ့ မိန်းကလေးပါ။ ဗောဓိအပင် နေရာမှာပဲ ဂေါတမ ဗုဒ္ဓတစ်ပါးတည်း ဉာဏ်အလင်းရတာ ဘာကြောင့်လဲ။ ဒီသစ်ပင်က အရေးမကြီးဘူး။ ဂေါတမ မြတ်စွာဘုရားသည်

ဇာတ်လမ်းထဲတွင် အရမ်းအံ့အောဖို့ ကောင်းတဲ့သူ ဖြစ်သည်။ အခုလီဇီချီလည်း ဒီလိုပါပဲ။

“ဆွန်းမို မင်းက အရမ်းနှိမ့်ချ နေပြန်ပြီ”

စနစ်လည်း ခံစားချက် ဖြစ်နေသည်။ ဆွန်းမို မရှိလည်း လီဇီချီက ကိုယ်သင်ကြားခြင်း အရှိန်အဝါကို နားလည်နိုင်ဆဲ ဖြစ်သော်လည်း အချိန်ဘယ်လောက် ကြာမှာလဲ။ တစ်နှစ်လား သုံးနှစ်လား ဒါမှမဟုတ် ဆယ်နှစ်လောက်လဲ ဖြစ်နိုင်သည်။

ထူးချွန်သော ဆရာများသည် ကျောင်းသားများကို လမ်းကြောင်း မရှုပ်ထွေးစေဘဲ အောင်မြင်မှုကို တခါတည်း ရောက်အောင် ပို့ပေးနိုင်သည်။

“ဟား ဟား”

လီဇီချီက အနည်းငယ်ရှက်ပြီး ဆံပင်ကို အကြိမ်များစွာ ပွတ်သပ်နေသည်။ သို့သော်လည်း သူမလက်ဖျားက စိတ်လှုပ်ရှားစွာ တုန်ယင်နေသည်။

“ဆရာ၊ ကျွန်မ ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားလည်သွားသလိုပဲ။ အခု ကျွန်မက ဆရာတစ်ဝက် ဖြစ်နေပြီ မှတ်လား”

"တစ်ဝက် မဟုတ်ဘူး။ ဆရာဖြစ်နေပြီ"

ဆွန်းမိုက သေချာပေါက် ပြောလိုက်သည်။

မြင့်မားသော စွမ်းရည်နှင့် စိတ်အခြေအနေ လိုအပ်သောကြောင့် ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားလည်ဖို့ အရမ်းခက်သည်။ ဒါကြောင့် ဒီလိုမျိုး ကျောင်းသားတစ်ယောက် ပေါ်ပေါက်လာပါက ကျောင်းသည် သူ၏ ကျင့်ကြံခြင်းကို အထူးအလေးပေးပြီး ပျိုးထောင် သွားလိမ့်မည်။

သူတို့အတွက် ကျောင်းလခ၊ အစားအသောက်နဲ့ အဆောင်ခတို့ကို ကင်းလွတ်ခွင့် ပေးလိမ့်မည်။ ပြီးတော့ ကျောင်းကနေလဲ ထောက်ပံ့ကြေး ထုတ်ပေးအုံးမည်။

ကျောင်းက ထုတ်မပေးမှာကို စိတ်ပူစရာ မလိုပါ။ ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားလည်သော ကျောင်းသားများအားလုံးသည် ရတနာဖြစ်ပြီး အခြားကျောင်းများနဲ့ လုဖို့ တိုက်ပွဲဝင်ရမည်။

"ဟီးဟီး ငါဆရာတစ်ယောက် မဖြစ်ချင်ဘူး။ ဆရာရဲ့ တပြည့်ပဲ ဆက်ဖြစ်ချင်သေးတယ်"

လီဇီချီက ဆွန်းမို လက်မောင်းကိုဖက်ရင်း ပြောလိုက်သည်။

"မင်းက ငါ့ထက်အရင် ကြယ်တစ်ပွင့် မြတ်ဆရာ ဖြစ်လာနိုင်သေးတယ်"

ဆွန်းမိုက နောက်လိုက်သည်။

"သူတော်စင် ဖြစ်ရင်တောင် ဆရာ့တပြည့် ဖြစ်နေတုန်းပဲ"

ထိုသို့ပြောပြီးနောက် လီဇီချီ ခဏလောက် တွေဝေသွားသည်။

"ဆရာ၊ ဆရာ့ကို ဖက်လို့ ရမလား"

"အခုလည်း ဖက်ထားတာ မဟုတ်ဘူးလား"

ဆွန်းမို ကြောင်သွားသည်။

"မဟုတ်ဘူး၊ ဒီလိုက်ဖက်တာ မဟုတ်ဘူး"

ဒီစကားပြီးနောက် လီဇီချီသည် အံ့ကြိတ်ကာ ဆွန်းမို သဘောတူတာ စောင့်မနေတော့ဘဲ ခါးကို သိုင်းဖက်ကာ ရင်ခွင်ထဲ ခေါင်းအပ်ထားလိုက်သည်။

မျက်ရည်တွေက တိတ်တိတ်လေး ကျလာသည်။

အရင်တုန်းက သူမက မသန်စွမ်းလို့ မြတ်ဆရာတွေရဲ့ မျှော်လင့်ချက် မဖြည့်ပေးနိုင်ခဲ့ဘူး။

သူတို့က သူမကို နှစ်သိမ့်ကြသည်။ သို့သော်လည်း သူတို့ စိတ်ပျက်သွားတယ်ဆိုတာ လီဇီချီ သိနေသည်။

သူတို့အမြင်မှာ သူမက အသုံးမကျတဲ့လူ တစ်ယောက်ပါ။ သူမအဖေတောင် ဒီလိုပဲ ထင်သည်။

သို့သော် ဆရာဆွန်းက ဒီလို မဟုတ်ပါ။ သူမကို အားပေးတယ်၊ သူမရဲ့ စိုးရိမ်မှုတွေကို လျှော့ချဖို့ ကြိုးစားတယ် ၊ သူမအတွက် အဖြေရှာဖို့တောင် ကြိုးစားပေးသေးတယ်....

လီဇီချီက ဆွန်းမိုကို တင်းတင်းကြပ်ကြပ် ဖက်ထားသည်။ ရန်တီကန်မှာ ပထမဆုံးတွေ့ခဲ့တဲ့ ညကို ပြန်သတိရသွားသည်။

"ဒီဘဝမှာ ဆရာဆွန်းနဲ့ ဆုံခွင့်ရတာ အရမ်း ကံကောင်းတာပဲ"

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ ကြည်ညို(၁၂,၁၁၁/၁၀၀,၀၀၀)

"မှတ်ချက် လီဇီချီရဲ့ လေးစားအထင်ကြီးမှုသည် ကြည်ညိုအဆင့်ကို ရောက်သွားပြီ ဖြစ်တဲ့အတွက်

နောက်ထပ် ထူးထူးခြားခြား အကြောင်းပြချက်မရှိရင် အချက်ပြတော့မည် မဟုတ်ပါ။”

ကျောက်တုံး နောက်ကွယ်တွင် ရှိနေသော ထန်ထန်ယုထန်သည် အရမ်းတုန်လှုပ်နေသည်။ သူလည်း ကောင်းကောင်း လေ့လာထား သောကြောင့် မြတ်ဆရာအရှိန်အဝါနဲ့ ပက်သက်ပြီး တော်တော်လေး သိနေသည်။ ဒါပေမယ့် လီဇီချီက အရမ်းငယ်နေသောကြောင့် အတည်မပြုရဲ ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆွန်းမိုက လမ်းညွှန်ကောင်းတယ်ပဲ ပြောရမလား။ ဒါမှမဟုတ် လီဇီချီရဲ့ ထူးချွန်ထက်မြက်တဲ့ အရည်အချင်းကိုပဲ လေးစားရမလား”

ထန်ထန်ယုထန် အရမ်းစိတ်လှုပ်ရှားနေသည်။ အမှန်တိုင်းပြောရလျှင် အခုလို အခိုက်အတန့်တွင် လီဇီချီကို အရမ်းအားကျနေသည်။ ဘာကြောင့်ဆို ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါသည် သင်ယူလို့ တတ်မြောက်သည့် အရာ မဟုတ်ပါ။

လူတစ်ယောက်ရဲ့ နားလည်မှုကိုသာ အားကိုးနိုင်သည်။

ထန်ထန်ယုထန်လည်း သေချာပေါက် နားလည်နိုင်သည်။ ဒါပေမယ် လိုအပ်တဲ့ စိတ်အခြေအနေကို ရောက်ဖို့ အချိန်ဘယ်လောက်ယူရ မှာလဲ။

"ဆွန်းမိုက တကယ် အံ့အောဖို့ကောင်းတယ်"

ထန်ထန်ယုထန်သည် ဆွန်းမိုကို တစ်ချက်ကြည့်ကာ တိတ်တိတ်လေး ထွက်သွားသည်။ အစပိုင်းကတော့ ဒီဆရာဆီကို အပျော်သဘောအနေနဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝင်ခဲ့သည်။ ဒါပေမယ့် ကြည့်ရတာတော့ အမှားလုပ်ရပ်က အမှန်ဖြစ်နေပြီ။

ဒင်

ထန်ထန်ယုထန်၏ လေးစား အထင်ကြီးမှု +၁၀၀။ ရင်းနီး(၄၁၀/၁,၀၀၀)

ရုတ်တရက် အကြောင်းကြားချက် ပေါ်လာသဖြင့် ဆွန်းမို အနည်းငယ် မျက်မှောင် ကြုတ်သွားသည်။ သို့သော်လည်း ထန်ထန်ယုထန် တိတ်တဆိတ် ထွက်သွားတာကို မြင်လိုက်လျှင် သူဘာမမြင်သလိုဘဲ ဟန်ဆောင်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာ၊ ကျွန်မ ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါနားလည်း သဘောပေါက်ထားတာကို လျှို့ဝှက်ထားရအောင်၊ တခြားသူတွေကို မသိစေချင်ဘူး”

လီဇီချီက တောင်းဆိုလိုက်သည်။

ဆွန်းမို တိတ်ဆိတ်သွားသည်။ (နောက်ကျသွားပြီ။ တတိယလူ မြင်ပြီးသွားပြီ)

“ကျေးဇူးပြုပြီး”

လီဇီချီ ထပ်မေးလိုက်သည်။

“ကောင်းပြီလေ ၊ ငါကတော့ ဘယ်သူမှ မပြောဘူး”

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

“ဟီးဟီး”

လီဇီချီ ဝမ်းသာနေသည်။ သူမက ဆွန်းမိုလက်ကို ဆုပ်ကိုင်ထားသည်။

“ဆက်သွားကြစို့ ၊ ပထမ မဖြစ်ရင်တောင် အနည်းဆုံး နောက်ဆုံးတော့ မဖြစ်ချင်ဘူး”

လီဇီချီရဲ့ စိတ်အခြေအနေ တိုးတက်လာပေမယ့် စွမ်းရည်ကတော့ မတိုးတက်လာသေးပါ။ ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားလည်ခြင်းက အရှိန်ကိုတော့ မတိုးစေပါ။ ဒါကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးကို နောက်ဆုံးရောက်ရှိသူ ဖြစ်နေဆဲ ဖြစ်သည်။

"ငါက ရောဂါသည်ကိုတောင် မယှဉ်နိုင်ဘူးလား"

လီဇီချီ စိတ်မကောင်း ဖြစ်သွားသည်။

"အကြီးဆုံး အစ်မကြီး မင်းအတွက် ခက်ခဲ ခဲ့ပြီ"

လုချီဟွာက ရေတစ်ဗူးပေးပြီးနောက် အံ့အောသွားသည်။

"အကြီးဆုံးအစ်မကြီး မင်းဘာဖြစ်နေတာလဲ"

"ငါ ဘာဖြစ်လို့လဲ"

လီဇီချီမျက်လုံး အသိလွတ်သွားသလို ဖြစ်သွားသည်။

“မင်းရဲ့ စိတ်သဘောထား ပြောင်းသွားသလို ခံစားရတယ်။ ဘာဖြစ်လို့ ဆရာနဲ့တူတဲ့ ခံစားချက် ရနေတာလဲ။”

လုချီဟွာက လီဇီချီကို အကဲခတ်နေသည်။

“မင်းအတွေးများနေပြီ”

လီဇီချီက ငြင်းလိုက်သော်လည်း ခိုးပြီး တုန်လှုပ်သွားသည်။ နောင် နှစ်အနည်းငယ် အတွင်း လူအုပ်ထဲကို ပေါ့ပေါ့ပါးပါး တချက်ကြည့်လိုက်ရုံနဲ့

သူခိုး ဖော်ထုတ်နိုင်လိမ့်မည်။ ဆွန်းမိုက စခန်းပတ်လည်ကို ကင်းလှည့်နေပြီး မြေပြင်အနေအထားနဲ့ ရင်းနှီးအောင် လုပ်နေတဲ့ အချိန်တွင် စနစ်ဆီက အကြောင်းကြားချက် ထွက်လာသည်။

ဒင်

“လီဇီချီကို ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါ နားလည်အောင် ကူညီပေးတဲ့အတွက် ‘ကျောင်းသားကို ဆရာဖြစ်စေခြင်း’ တာဝန် အောင်မြင်သွားပါပြီ။ ဂုဏ်ပြုပါတယ်။

ဆုလဒ်- လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ တစ်လုံးကို အထူးဆုအနေနဲ့ ချီးမြှင့်လိုက်သည်။”

“တချိန်တည်းမှာ လေးစားထင်အကြီးမှု အမှတ် ၁၀,၀၀၀ ရခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။

အထူးဆု အနေနဲ့ စိန်ရတနာသေတ္တာ တစ်လုံး”

အရမ်း လင်းလက်တောက်ပနေတဲ့ သေတ္တာနှစ်လုံး ဆွန်းမို အရှေ့တွင် ပေါ်လာသည်။

“သေတ္တာကိုဖွင့်သင့်လား ဒါမှမဟုတ် သေတ္တာကို မဖွင့်သင့်ဘူးလား”

ဆွန်းမို တိုးတိုးလေး ရေရွတ်ရင်း ကံကောင်းသော ကြယ်လေးကို ရှာဖို့ ထွက်လာသည်။ ရတနာသေတ္တာ မဖွင့်ဖို့ သူဘယ်လို ထိန်းထားနိုင်မှာလဲ။ ဒါက လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာလေ။ အထဲကနေ ကောင်းမွန်တဲ့ ပစ္စည်း သေချာပေါက် ထွက်လာလိမ့်မည်။

စာစဥ်(၁၅)

အခန်း(၂၁၉) - ဆွန်းမို၏ခြောက်ခုမြောက် မြတ်ဆရာအရှိန်အဝါ။

အမှောင်တိုက်ကြီးရဲ့ညသည် အရမ်းလှပပြီး အရောင်သွေး စုံလှသည်။ ကောင်းကင်ကြီး နက်မှောင်သွားတဲ့အခါ ဝိညာဉ်အာရုံဦးက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ညကောင်းကင်ပေါ်တွင် သက်တံတစ်ခုလို ပေါ်နေပြီး ဖဲကြိုးများလို ဟိုတစ်စ ဒီတစ်စ ဖြစ်နေသည်။

သူတို့ရဲ့အလှသည် အိပ်မက်တခုလို စိတ်ကူးယဉ်မှုတခုလို စွဲမက်ဖွယ် ကောင်းလွန်းသည်။

မီးတောက် မီးလျှံများသည် လေထဲတွင် ကခုန်နေသည်။

လုချီဟွာက ဘေးနားတွင် ဆောင့်ကြောင့်ထိုင်ကာ ဆန်ပြုတ်အိုးထဲက ထွက်လာတဲ့ အခိုးအငွေ့ကို စောင့်ကြည့်နေသည်။ ပြုတ်ပြီးသား

ဆန်ပြုတ်ဖြစ်ပေမယ့် အချိန်အနည်းငယ် ကြာအောင် ကျိုချက်ထားသဖြင့် အရသာ ပိုကောင်းနေသည်။

ဒါက သူမဆရာ စားဖို့ လုပ်ထားခြင်း ဖြစ်သည်။ ထုံးစံအတိုင်း အကောင်းဆုံး ဖြစ်ရမည်။

ဆွန်းမိုက လျှောက်လာပြီး သဘော်သီးမိန်းကလေး ဘေးတွင်ထိုင်လိုက်သည်။ ထို့နောက် လက်ကိုမြှောက်ကာ သူမခေါင်းကို ထိလိုက်သည်။

“စိန်ရတနာသေတ္တာကို ဖွင့်လိုက်”

ရတနာသေတ္တာ ဖွင့်လိုက်တဲ့ အသံထွက်လာသည်။ ခုနှစ်ရောင် အလင်းတန်းတစ်ခု လင်းလက်သွားသည်။

အလင်းတန်း ပျောက်သွားတာနဲ့ စွမ်းရည်စာအုပ် တစ်အုပ်ပေါ်လာသည်။

ဒင်

“မြင့်မြတ်သော အပင်စွယ်စုံကျမ်းကြီး အပိုင်းတစ်ပိုင်းကို ရခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒီစွမ်းရည်စာအုပ်တွင် မျိုးစိတ်ပေါင်း ၁,၀၀၀ ရဲ့ အသေးစိတ် အချက်အလက်များ ပါဝင်တယ်”

“မိုက်တယ်”

ဆွန်းမို ပျော်ရွှင်ပြီး လေချွန်လိုက်သည်။ ဒီစာအုပ်နဲ့ ပေါင်းလိုက်ရင် သူ့မှာ အမှာင်တိုက်ကြီးရဲ့

အပင်ပေါင်း ၁,၂၀၀လောက် ဗဟုသုတ ရှိသည်။ ဒါက သူ့အတန်းအသစ် စဖို့အတွက် လုံလောက်နေပြီ။

အတန်းအသစ် စလိုက်ရင် ကျောင်းသားတွေကို ပိုသင်ပေးနိုင်မည်။ သူက မျိုးစေ့ကြဲပြီး လေးစားအထင်ကြီးမှု အမှတ်တွေကို တည်ငြိမ်စွာ ရိတ်သိမ်းနိုင်မည်။

စနစ်က ပေးသော စွမ်းရည် စာအုပ်သည် ပြည့်စုံလွန်းသည်။ ဆွန်းမိုက ဒါနဲ့ ကျောင်းသား အများကြီးကို ဆွဲဆောင်နိုင်မယ်လို့ ယုံကြည်နေသည်။

ထုံးစံအတိုင်း အကြီးဆုံးတန်ဖိုးမှာ သူ့တပြည့်တွေကို ဦးဆောင်ပြီး အမှောင်တိုက်ကြီး ရဲ့ စွန်းစားခန်း စတဲ့အခါ အပင်ရဲ့ သွင်ပြင်လက္ခဏာအမျိုးမျိုးကို ခွဲခြား သိမြင်နိုင်တာက အားသာချက် ဖြစ်သည်။ အဆိပ်ရှိတဲ့အပင်၊ ဆေးဘက်ဝင်အပင်နှင့် ငွေကြေးတန်ဖိုး မြင့်မားတဲ့ အပင်များဆိုပြီး မှတ်သားထားနိုင်သည်။

ဒီလိုကောင်းမွန်တဲ့ ဆုလဒ်ကို ဖွင့်ပြီးနောက် ဆွန်းမို အနည်းငယ် ထိတ်လန့်သွားသည်။ သူ့ရဲ့

ကံကောင်းခြင်းများ အသုံးများသွားပြီလားဆိုပြီး စိုးရိမ်နေသည်။

လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာကို အခု မဖွင့်ရဲသေးပါ။

သူဟန်ဆောင်နေခြင်း မဟုတ်ပါ။ ဒါပေမယ့် အရမ်း ကံမကောင်းတတ်တဲ့သူ တစ်ယောက်အနေနဲ့ ရတနာသေတ္တာ မဖွင့်ခင် အယူသီးတဲ့ နည်းလမ်းတွေသာ အားကိုးနိုင်သည်။ ဒီလိုမှ မဟုတ်ရင် နှစ်သိမ့်ဆုတောင် မရလိုက် ဖြစ်သွားမည်။

“ဆရာ ဆန်ပြုတ်ရပြီ”

လုချီဟွာက ဆန်ပြုတ်ပန်းကန်ကို လှမ်းယူပြီး ဆွန်းမိုကို လက်နှစ်ဖက်နဲ့ ပေးလိုက်သည်။

"အင်း"

ဆွန်းမို ယူလိုက်သည်။ ဆန်ပြုတ်သောက်နေရင်း စခန်းကို လေ့လာနေသည်။ ဝိညာဉ်တောင်ပံ ခြောက်ကမ်းပါးသည် စတင်ဝင်ရောက်လာတဲ့ ကျင့်ကြံသူများအတွက် အရမ်းသင့်တော်သော ကျင့်ကြံခြင်း နယ်မြေဖြစ်သည်။ ဒါကြောင့်လည်း ဒီနေရာတွင် လူအရမ်းများနေသည်။

အခုချိန်တွင် မရီဒန်အကယ်ဒမီနှင့် ဗဟိုပြည်နယ်အကယ်ဒမီ အဖွဲ့အပြင် နောက်ထပ် နှစ်ဖွဲ့ ရှိနေသေးသည်။ သို့သော်လည်း သူတို့စခန်းများသည် အရမ်းဝေးတဲ့ နေရာတွင် ရှိနေသည်။ စခန်းတစ်ခုနဲ့တစ်ခု အပြန်အလှန် ဆက်ဆံချင်တဲ့ ပုံများ မရှိကြပါ။

ဗဟိုပြည်နယ်အကယ်ဒမီမှ အဖွဲ့သည် စခန်းချကွင်းကို ရောက်လာတဲ့အခါ အဆင်းတောင်စောင်း တစ်ခုတွင် ဆွန်းမို၊ ကူရှပ်ရှင်း၊ ဂေါင်ပန်နှင့် ကျန်းလန်တို့သည် သူတို့ရဲ့

တပြည့်များကို ခေါ်ယူကာ ကျန်ကျောင်းသားများနဲ့ အုပ်စုခွဲလိုက်သည်။ တခြားဆရာတွေက ကျန်အဖွဲ့တွေကို ဦးဆောင်ဖို့ တာဝန်ယူကြသည်။

ဒီလိုမျိုး လုပ်လိုက်ခြင်းဖြင့် ဆွန်းမိုလိုမျိုး ဆရာများက သူတို့ကျောင်းသားများကို သီးသန့် သင်ခန်းစာ သင်ပေးဖို့ အဆင်ပြေသွားသည်။ ဆရာများသည် သူတို့ ဆန္ဒမပါဘဲ အသိပညာများ ပေါက်ကြားခြင်းကို ရှောင်ရှားနိုင်ကြမည်။

ဗဟိုပြည်နယ်အကယ်ဒမီရဲ့ စနစ်က လူအများကို ဦးတည်သည် ဆိုသော်လည်း လက်တွေ့တွင် အနည်းငယ် ကွဲလွဲမှု ရှိသွားသည်။

"ဇီချီ၊ ငါတို့အဖွဲ့ကို ဂရုစိုက်ပါ။ ငါအနီးအနား တစ်ဝိုက်ကို ကင်းလှည့်လိုက်အုံးမယ်"

ညစာ စားပြီးနောက် ဆွန်းမိုသည် ဆင်ခြေရှာကာ ထွက်လာခဲ့သည်။ ဘယ်သူမှ မမြင်အောင် သေချာစေရန် စခန်းရဲ့အဝေးကို သွားလိုက်ပြီး အဘိဓါန်ထက်ပိုထူတဲ့ စွယ်စုံကျမ်းကို ထုတ်ယူကာ ချေမွလိုက်သည်။

ဖောက်

စွမ်းရည်စာအုပ်သည် အစိမ်းရောင် ဘောလုံးလို ပြောင်းသွားပြီး ညအမှောင်အောက်တွင် ပိုးစုန်းကြူးလို တောက်ပနေသည်။ ဒီနောက် ဆွန်းမို နဖူးထဲ တိုးဝင်သွားသည်။

အမှောင်တိုက်ကြီးက အပင်အမျိုးအစားတို့၏ အမျိုးမျိုးသော အချက်အလက်တို့သည် ဆွန်းမို စိတ်ထဲ ပေါ်လာသည်။

ဆွန်းမိုက ချက်ခြင်းအာရုံစိုက်ပြီး အားလုံးကို အလွတ်ကျက် လိုက်သည်။ သို့သော်လည်း

အပင်အမျိုးအစား များလွန်းလို့ အားလုံး မှတ်မိအောင် နှစ်နာရီလောက် အချိန်ယူလိုက်ရသည်။

ဒင်

“ မင်းပိုင်ဆိုင်ထားတဲ့ အမှောင်တိုက်ကြီး အပင်မျိုးစိတ် ၃၀၀ အကြောင်းကို မဟာအဆင့်ထိ အဆင့်မြှင့်ထားပြီး ကျန်အမျိုးအစား ၇၀၀ကို ကျွမ်းကျင်အဆင့် သတ်မှတ်တယ် ”

စနစ်ဆီက အကြောင်းကြားချက် ပေါ်လာတာနဲ့ ဆွန်းမိုရဲ့ အမြင်အာရုံထဲတွင် ပြန်လည် ဆန်းသစ်ပြီး

ကော်လံနှစ်ခု ခွဲထွက်သွားသည်။ ဒါတွေက ကျွမ်းကျင်မှု အမျိုးအစားကို ကိုယ်စားပြုနေသည်။

ဆွန်းမို မချီပြုံး ပြုံးလိုက်သည်။ နောက်ဆုံးတော့ အပင်တွေကို အလွတ်ကျက်ဖို့ ကြိုးစားလေလေ စိတ်ပိုင်းဆိုင်ရာ ပင်ပန်းလေလေ ဖြစ်လာသည်။ အချိန်ကြာလာတာနဲ့ အမျှ သူ့မှတ်ဉာဏ်တွေလည်း ဆိုးဝါးလာသည်။ ဒါကို ကြည့်ရတာတော့ သူကတကယ့် ပါရမီရှင် မဟုတ်သလိုပါပဲ။

လီဇီချီသာဆိုရင် အပင်များကို နှစ်ကြိမ်ကြည့်ရုံနဲ့ အလွတ်ပြန် ရွတ်ပြနိုင် လိမ့်မည်။

ဆွန်းမိုလည်း စခန်းဆီ ပြန်လာခဲ့သည်။ ကျောင်းသားတွေက တစ်နေ့လုံး ခရီးသွားနေရသဖြင့် အရမ်းပင်ပန်းနေတာ တွေ့လိုက်ရသည်။ ဒါပေမယ့် အခုထိ ဘယ်သူမှ အနားမယူကြသေးပါ။ တရားထိုင်တဲ့လူက ထိုင်၊ ဖယောင်းတိုင်မီးနဲ့ စာအုပ်ဖတ်တဲ့လူကဖတ် လုပ်နေကြသည်။ တကယ်လို့ မေးစရာရှိရင် ဂျိမဲဂျဲနဲ့ တိုင်ပင်လို့ရသည်။

"ဆရာ၊ ပြန်လာပြီလား"

လုချီဟွာ ချက်ခြင်းပြေးလာသည်။

"ကျွန်မ မုန့်တချို့ ယူလာတယ် ၊ ဆရာစားမလား"

"မစားတော့ဘူး"

ဆွန်းမိုက လုချီဟွာရဲ့ နဖူးကို လက်ချောင်းနဲ့ ညင်သာစွာ ပုတ်လိုက်သည်၊

"တတ်နိုင်သလောက် တရားထိုင်ပါ အာရုံများ မနေနဲ့ "

လုချီဟွာ အနည်းငယ် စိတ်ပျက်သွားသည်။ သူမက ဒီခရီးစဉ်အတွက် မုန့်များကို အထူးပြင်ဆင်ခဲ့သည်။

“ငါက ညစာစားပြီးပြီ၊ သိမ်းထားလိုက် မနက်ဖြန်ကျမှ စားမယ်”

လုချီဟွာရဲ့ အမူအရာကို ကြည့်ပြီး ဆွန်းမို သက်ပြင်းချ လိုက်သည်။ ဆွန်းမိုက ခေါင်းညိတ်ပြပြီး

“တရားမထိုင်ချင်ရင် အိပ်လိုက် နောက်ဆို ငါပြန်လာတာကို စောင့်နေစရာ မလိုဘူး”

“အို”

လုချီဟွာ ခေါင်းညိတ်လိုက်သည်။ ထို့နောက် ထိုင်ပြီး တရား စထိုင်သည်။ သို့သော်လည်း သူမ အနည်းငယ် အာရုံထွေနေသည်။ (ဆရာအခု ငါ့ကို မကြိုက်တော့တာလား။ ဘာကြောင့် ငါလုပ်ထားတဲ့ မုန့်ကို မစားတာလဲ)

လုချီဟွာက တွေးလိုက် ဆွန်းမိုကို ခိုးကြည့်လိုက် လုပ်နေသည်။

ဆွန်းမိုလည်း ခေါင်းကျိန်းပြီး စားဖို့သာ ဆုံးဖြတ်လိုက်သည်။

"မုန့်တွေ ဘယ်မှာလဲ"

ဒီစကားကို ကြားလိုက်လျှင် လုချီဟွာသည် မြှားပစ်လိုက်သော ယုန်လေးတစ်ကောင်နဲ့ တူနေသည်။ လျှင်မြန်စွာ ခုန်ထပြီး မုန့်ယူဖို့ သူမရဲ့ ခရီးဆောင်အိတ်ထားတဲ့ တဲဆီ ပြေးသွားသည်။

“ကြီးလိုက်တာ”

လုချီဟွာ ပြေးသွားနေတုန်း သူမရဲ့ ကြီးမားသော ပေါက်စီများက ကဆုန်ပေါက်နေတာ မြင်လိုက်လျှင် လီဇီချီ၏ မနာလိုစိတ်များ ပေါက်ကွဲထွက်လာသည်။

“ဘယ်လိုနေလဲ၊ ဘယ်လိုနေလဲ”

ဆွန်းမို မုန့်စားပြီးနောက် လုချီဟွာက မျက်လုံးကြီးတွေနဲ့ စိုက်ကြည့်ရင်း တုန်လှုပ်ခြောက်ခြားစွာ မေးလိုက်သည်။ ကောလိပ်စာမေးပွဲ အောင်စာရင်း စောင့်နေသလို ဖြစ်နေသည်။

"အရမ်း အရသာ ရှိတယ်"

ဆွန်းမို ခေါင်းညိှတ်ရင်း မှတ်ချက်ပေးလိုက်သည်။

"ဟီးဟီး"

လုချီဟွာ ပြုံးသွားသည်။ လိမ္မော်ရောင် မီးတောက်အောက်တွင် သူမရဲ့ ပျော်ရွှင်သော အပြုံးက လင်းထိန်နေသည်။ ဒီတစ်ခါတော့ သူမ စိတ်ကျေနပ်သွားသည်။ တိတ်တဆိတ်ထိုင်ပြီး တရားအားထုတ်တဲ့ အနေအထားကို ရောက်သွားသည်။

"ရတနာသေတ္တာ ဖွင့်ရအောင်"

လျှာပေါ်က မုန့်ရဲ့ချိုမြိန်တဲ့ အရသာကို ခံစားရင်း စနစ်ကို ရတနာသေတ္တာ ဖွင့်ဖို့ ညွှန်ကြားလိုက်သည်။

ခရမ်းရောင် အလင်းများ တောက်ပနေတဲ့ လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ ပွင့်သွားပြီးနောက် ရွှေရောင်အလင်း တောက်ပနေသော စွမ်းရည်စာအုပ်တစ်အုပ် ကျန်နေခဲ့သည်။

ဒင်

"စွယ်စုံကျမ်းဗဟုသုတ မြတ်ဆရာ အရှိန်အဝါကို ရရှိတဲ့အတွက် ဂုဏ်ယူပါတယ်။ ကျွမ်းကျင်အဆင့် - အခြေခံ"

"မှတ်ချက်- ဒီမြတ်ဆရာအရှိန်အဝါကို ပစ်မှတ်အား အသုံးပြုတဲ့အခါ သူတို့၏ သင်ယူနိုင်စွမ်းကို အရမ်းမြှင့်တင် ပေးလိမ့်မယ်"

ဆွန်းမို အရမ်းစိတ်လှုပ်ရှားပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ သဘော်သီး မိန်းကလေးကတော့ ထင်ထားတဲ့ အတိုင်းပဲ သူ့ရဲ့ ကံကောင်းတဲ့ကြယ်လေးပဲ။ အမှောင်တိုက်ကြီးက အပင်ပေါင်း ၁၀၀၀ အကြောင်း ရပြီးနောက် မြတ်ဆရာအရှိန်အဝါကို ထပ်ရသေးသည်။ အဓိပ္ပါယ် မရှိလောက်အောင်ကို ကံကောင်းနေသည်။

တစ်ရက်တာဆရာ၊ တစ်သက်တာ အဖေ မြတ်ဆရာအရှိန်အဝါသည် အရမ်းရှားပါးပြီး လူအိုကြီးများသာ နားလည်နိုင်တယ်လို့ ကြွေးကြော်ထားတာ ထက်စာရင် "စွယ်စုံကျမ်းဗဟုသုတ" သည် ပိုအသုံးများပြီး သုံးတဲ့နေရာလည်း ပိုကျယ်ပြန့်သည်။

ဥပမာပြောရလျှင် ဆွန်းမိုမှာ 'သတိလစ်ခြင်းနဲ့ အသုံးမကျခြင်း' ၊ 'အလွဲသုံးစားကျောင်းသား' မြတ်ဆရာအရှိန်အဝါတို့ ရှိပြီးသား ဖြစ်သည်။ အထူးသဖြင့် 'အလွဲသုံးစားကျောင်းသား'

အရှိန်အဝါကို တစ်ခါမှ မသုံးရသေးပါ။ သို့သော်လည်း 'စွယ်စုံကျမ်းဗဟုသုတ' ကိုတော့ သေချာပေါက် မကြာခဏ သုံးဖြစ်လိမ့်မည်။ ဒါကကျောင်းသားများရဲ့ သင်ယူမှုစွမ်းရည်ကို မြှင့်တင်ရန် အချိန်မရွေး အသုံးပြုနိုင်သည်။

စွယ်စုံကျမ်းဗဟုသုတ ဆိုတဲ့ နာမည်အတိုင်း ကျောင်းသားက တဝက်လောက် အားစိုက်ထုတ်ရုံနဲ့ နှစ်ဆလောက် အောင်မြင်ပြီး အကောင်းဆုံး သင်ယူနိုင်မှု အခြေအနေကို ထိန်းသိမ်းထားနိုင်မည်။

“မင်းတို့ နေနှင့်ကြ၊ ငါ ခဏလောက် အနားယူလိုက်အုံးမယ်”

ဒင်

“မင်းပိုင်ဆိုင်ထားတဲ့ ‘စွယ်စုံကျမ်း ဗဟုသုတ’ ကို အသုံးပြုပြီးနောက် အကျိုးသက်ရောက်မှုက နာရီဝက်လောက် ဆက်လက် တည်ရှိနေလိမ့်မည်။”

ဆွန်းမိုသည် အရမ်းပျော်ရွှင်ပြီး စိတ်ထဲတွင် တက်ကြွ လန်းဆန်းနေသည်။ သူ့ရဲ့ အရင်ကမ္ဘာကို ပြန်ရောက်လျှင် ဒီမြတ်ဆရာအရှိန်အဝါကို

ပိုင်ဆိုင်ထားပါက ပီကင်းတက္ကသိုလ်မှာ စာဝင်သင်စားလို့ရပြီ။

ချို့ယွင်းချက် တစ်ခုက ကြာချိန်တိုတောင်းလွန်းသည်။ အမျိုးသားများအတွက် နာရီဝက်ဆိုတာက တကိုယ်ရည် အာသာဖြေဖို့ လုံလောက်သော်လည်း သင်ကြားဖို့ အတွက်ကတော့ မလုံလောက်ပါ။

ဒင်

“မင်းရဲ့ ထူးချွန်တဲ့ လမ်းညွှန်မှုနဲ့ မင်းရဲ့ တပြည့်က ကိုယ်တိုင်သင်ကြားခြင်း

မြွတ်ဆရာအရှိန်အဝါကို နားလည်သဘောပေါက်ခဲ့တဲ့ အတွက် ဆရာတစ်ယောက်ရဲ့ လိုအပ်ချက် ပြည့်မှီသွားလို့ ဂုဏ်ပြုပါတယ်။ အထူးဆုအနေနဲ့ မြွတ်ဆရာ တံဆိပ်တစ်ခု”

“တာဝန်အသစ် ထုတ်ပြန်လိုက်တယ်။ မင်းရဲ့ တပြည့်ကို သုံးနှစ်အတွင်း မြွတ်ဆရာ တစ်ယောက်ဖြစ်အောင် ကူညီပေးပါ။ အောင်မြင်ရင် ဆုတွေအများကြီး ရမယ်”

အကျိုးသက်ရောက်မှု မသိရတဲ့ မြွတ်ဆရာတံဆိပ်ကို တစ်ချက် ကြည့်လိုက်ပြီးနောက်

ဆွန်းမို ဖယ်ထားလိုက်ပြီး မျက်နှာ သုန်မှုန်နေသည်။ တကယ်လို့ လီဇီချီသာ ဆရာတစ်ယောက် ဖြစ်ချင်ပါက ဗဟုသုတပိုင်း ဆိုင်ရာတွင် ပြဿနာ မရှိပါ။ ဒါပေမယ့် တခြား မြတ်ဆရာအရှိန်အဝါ အတွက်ကတော့ တက်ကြွစွာ ရှာဖွေလည်း မရသလို များပြားလှသော အချက်အလက်တွေကို နားလည်ရအုံးမည်။

ဒင်

“အခုဆိုရင် မင်းက အမှောင်တိုက်ကြီးက အပင်ပေါင်း တစ်ထောင်ကျော်ကို တတ်ကျွမ်းနေပါပြီ။

မင်းက ‘ဆေးဘက်ဆိုင်ရာအပင် အထူးကျွမ်းကျင်သူ’ ဘွဲ့ ရရှိသွားပါပြီ”

“အမ်၊ ဘွဲ့တွေ ရှိသေးတာလား”

ဆွန်းမိုက တက်ကြွစွာ စနစ်က ပေးမည့် ဆုကို စောင့်နေသည်။ သို့သော် ငါးမိနစ်သာ ကြာသွားသည် စနစ်က တိတ်ဆိတ်နေဆဲ ဖြစ်သည်။

“ကောင်းပြီ ဘာလို့ ဆက်မပြောတော့တာလဲ”

စနစ်လည်း နားမလည်နိုင်အောင် ဖြစ်နေသည်။

“ငါ့ဆု ဘယ်မှာလဲ”

ဆွန်းမိုက မေးသည်။

'ဘာဆိုလဲ"

စနစ် နားမလည် သေးပါ။

"ဆေးဘက်ဝင်အပင် အထူးကျွမ်းကျင်သူဘွဲ့ရတဲ့အတွက် ငါ့ဆီ ဘယ်မှာလဲ။ အနည်းဆုံးတော့ ကံကြမ္မာရတနာ သေတ္တာတစ်လုံးတော့ ရသင့်တယ် မဟုတ်လား"

ဆွန်းမို အများကြီး မတောင်းဆိုပါ။

"တောင်းပန်ပါတယ်၊ ဘာမှ မရှိဘူး"

စနစ်ရဲ့ အဖြေက ဆင်းရဲမှု အငွေ့အသက်နဲ့ ပြည့်နေသည်။

“ဒါဆိုလည်း ဘာလို့ ဘွဲ့ပေးနေသေးလဲ”

ဆွန်းမိုက မျက်မှောင်ကြုတ်ရင်း မေးနေသည်။

“ဒါက အသုံးမဝင်ဘူး၊ နားထောင်ကောင်းရုံ သက်သက်ပဲ”

စကားပြောပြီးနောက် စနစ်လည်း လုံးဝ တိတ်ဆိတ်သွားသည်။ ဆွန်းမိုကတော့ တဲထဲတွင် လုံးဝ အံ့အော မှင်တက်နေသည်။

(ဒါက ဖြစ်နိုင်လို့လား။ တွေးထားသလိုပဲ။ ဒါက အခုကမ္ဘာကြီးရဲ့ နည်းလမ်းပဲ။ သူတို့က တကယ်နားထောင်ကောင်းမဲ့ ဘွဲ့တံဆိပ် အမျိုးမျိုးအကြောင်းပြောမယ် တကယ်ဆုတွေလည်း တောင်းရော တတ်နိုင်သလောက် ဝေးဝေးမှာနေပြီး ရှူးချင်ယောင် ဆောင်နေကြတယ်)

ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးထဲက တခြား စခန်းချတဲ့ နေရာတစ်ခုတွင် ချမ်အွန်ဖူ တစ်ယောက် အိပ်လို့ မပျော်ပါ။ သူ့အမူအရာတွေက လေးလံနေပြီး

မျက်လုံးတွေက ပန်ဒါတစ်ကောင်လို နက်မှောင်နေသည်။

"ဘာလို့ မတွေ့သေးတာလဲ"

သူ့တပြည့်တွေ ထွက်သွားတာ ၁ဂရက်လောက် ရှိပါပြီ။ အခုအချိန်ထိ သတင်းအသစ် မကြားရသေးပါ။ အမှန်တော့ ချမ်အွန်ဖူသည် စောင့်နေရင်း တဖြည်းဖြည်း စိုးရိမ်ပူပန်လာသည်။

သို့သော်လည်း ဒီအမှောင်မျိုးစိတ်က ဖမ်းရန် တကယ် မလွယ်ကူပါ။ ဒီလိုမှမဟုတ်ရင်

လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်စာရင်းတွင် အဆင့်(၁၀) သတ်မှတ်ထားမည် မဟုတ်ပါ။

“ဆရာ၊ နောက်ထပ် ကျောင်းသားအုပ်စု ငါးစု ဒီနေ့ ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးကို ဝင်လာတယ်။ လူအရေအတွက် အားလုံးပေါင်းရင် ၃၀၀ ကျော်လောက် ရှိမယ်”

အမျိုးသမီး ကျောင်းသူတစ်ယောက် သတင်းပို့သည်။ သူမက ဆရာ့ကို ပြုစုစောင့်ရှောက်ရန် တာဝန်ရှိသလို

သတင်းအချက်အလက်တွေ စုဆောင်းဖို့လည်း တာဝန်ယူထားသည်။

ချမ်အွန်ဖူ၏ နှလုံးသားများ တင်းကြပ်လာပြီး 'မဟာကိုးပါးကျောင်းက အုပ်စုတွေ ပါသေးလား' မနေနိုင်ဘဲ မေးလိုက်သည်။

"မပါဘူး"

တပြည့်အမျိုးသမီးက ပြန်ဖြေသည်။

"အို"

ချမ်အွန်ဖူက သက်ပြင်းချလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မဟာကိုးပါးကျောင်းက ကျောင်းသားများကိုတော့ သေချာပေါက် ဂရုမစိုက်ပါ။ ဒါပေမယ့် သူတို့ဆရာများသည် အရမ်းအစွမ်းထက်ကြသည်။ သူသည် သူတို့နဲ့ ပက်သက်ပြီး ထုံးစံအတိုင်း စိုးရိမ်မှု တချို့တော့ ရှိသည်။ ဒီလျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို ခြေရာခံရန် စုစုပေါင်း အချိန်သုံးနှစ်လောက် ဖြုန်းခဲ့ရသည်။ အချိန်အများကြီး ပေးထားရတဲ့ ထုံးစံအတိုင်း သူ သေချာပေါက် အောင်မြင်အောင် လုပ်ရမည်။ ဒီလိုမှ မဟုတ်ရင် သူ့ကြိုးစားမှုတွေက အချည်းအနှီး ဖြစ်သွားမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းလည်း ဒီအမှောင်မျိုးစိတ်ကို သွားရှာသင့်တယ် "

ချမ်အွန်ဖူက ညွှန်ကြားလိုက်သည်"

"ဒါပေမယ့် ဆရာကို ဘယ်သူက ဂရုစိုက်မှာလဲ"

အမျိုးသမီး ကျောင်းသူ စိတ်ပူသွားသည်။ ကြယ်လေးပွင့် မြတ်ဆရာ တစ်ယောက်တွင် အမှုထမ်းပေးမည့် လူတစ်ယောက်တောင်မရှိပါက ဒါက လက်မခံနိုင် စရာပါ။ အပြင်လူတွေ မြင်ရင်လည်း သူတို့ဆရာကို သေချာပေါက် လှောင်ပြောင် ကြလိမ့်မည်။

"အခြေအနေက ဒီလို ဖြစ်နေမှတော့ ရက်အနည်းငယ်လောက် ဗိုက်ဆာလည်း ပြဿနာ မရှိဘူး"

ချမ်အွန်ဖူက လက်ဝှေ့ယမ်းပြရင်း တပြည့်မိန်းကလေးကို အမြန်ထွက်သွားရန် အမူအရာ ပြလိုက်သည်။ အမေ့ှာင်မျိုးစိတ်ကို ရှာတွေ့လိုက်တာနဲ့ သူ့အနာဂတ်အတွက် အစီအစဉ် အသစ်ရှိသည်။ ဒီအချိန်တွင် မဟာကိုးပါး(နာမည်ကျော်ကျောင်းကိုးကျောင်းထဲက) ကျောင်းက ကျောင်းအုပ်ကြီးများသည်

လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်များ အတွက် ကောင်းကင်လောက်မြင့်တဲ့ ဈေးနှုန်းပေးပြီး သူတို့ကိုယ်တိုင် ရှာဖွေနေကြသည်။ သူတို့ သူ့ကို ဒုကျောင်းအုပ် ရာထူး မပေးရင်တောင် ကျောင်းမှာ အလုပ်ဝင်ဖို့ ဖိတ်ခေါ်ကြလိမ့်မည်။

စာစဉ်(၁၅)

အခန်း(၂၂၀) - ကြောက်စရာကောင်းတဲ့ ပထမဆုံး တိုက်ပွဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားအဖွဲ့သည် တောထဲတွင် စခန်းချနေခြင်း ဖြစ်သောကြောင့် ထုံးစံအတိုင်း ညဘက် ကင်းစောင့် ဖို့ လိုအပ်သည်။

ဂျိမ်ဂျဲက တာဝန် စနစ် အသုံးပြုခဲ့သည်။ ပထမညမှာ ဆွန်းမို အလှည့် မရောက်သေးပါ။ ဒါကြောင့် သူ့ကျောင်းသား ခြောက်ယောက်စလုံးကို နှိပ်ပေးပြီး ပြန်အိပ်ခိုင်း လိုက်သည်။

ဒုတိယနေ့ နံနက်တွင် နေထွက်လာတာနဲ့ ကျောင်းသားများ နိုးလာကြသည်။ မနက်စာ စားဖို့နဲ့ မျက်နှာသစ်ဖို့ ၁၅ မိနစ်သာ အချိန်ပေးသည်။

ထို့နောက် သူတို့အားလုံး ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးရဲ့ အတွင်းပိုင်းကို ဆက်ဝင်လာကြသည်။

ဒီနေရာရဲ့ မြေမျက်နှာ အသွင်အပြင်က အရမ်းထူးခြားသည်။ ချောက်ပိုနက်လာလေလေ ဝိညာဉ်ချီ အတက်အကျက ပိုကြမ်းလာလေလေ ဖြစ်လာသည်။ ဝိညာဉ်ချီ ဖိအားက အမြင့်နဲ့ အနိမ့်ကို မကြာခဏ ပြောင်းလဲနေသည်။

နှစ်ပေါင်းများစွာ လေ့ကျင့်ပြီးနောက် ကျောင်းအသီးသီးက သူတို့ကျောင်းသားရဲ့

အရည်အချင်းကို သတ်မှတ်ဖို့ စံသတ်မှတ်ထားခဲ့သည်။ ဒီစံက အရမ်းရိုးရှင်းသည်။ ချောက်နက်ထဲ ပို၀င်နိုင်လေ အရည်အချင်း ပိုရှိလေ ဖြစ်သည်။

ဒီလို ကျောင်းသားများကို ကျောင်းအသီးသီးက ချို့ယွင်းချက် မရှိ ကြီးကြီးမားမား ပျိုးထောင်ကြသည်။

ဂျိမဲဂျဲက အဖွဲ့ကို ဖွဲ့စည်းပုံနဲ့ တန်းစီပြီး သွားရန် မတောင်းဆိုခဲ့ပါ။ ကျောင်းသားတွေ နောက်ကျ မကျန်ခဲ့သ၍ အဆင်ပြေသည်။

"ဒီနေရာက ထူးဆန်းသလို ခံစားရတယ်"

အင်ဘိုင်ဝူက လေထု အရမ်းတင်းမာနေသလို ခံစားနေရသည်။

သူတို့ လက်ရှိရောက်နေတဲ့ နေရာက ချောက်နက်ရဲ့ အပြင်ဘက် နယ်နမိတ်လို့ ယူဆလို့ရသည်။ ဒါကြောင့် မြေပြန့်လို မယူဆနိုင်ပါ။ ပတ်ဝန်းကျင်တွင် ကြီးမားတဲ့ ကျောက်တုံးကြီးများနဲ့ ပြည့်နှက်နေသည်။

ဒီကျောက်တုံးများသည် အရမ်းရှည်ပြီး တိုင်တွေနဲ့တောင် တူနေသေးသည်။ ဝိညာဉ်ချီ လှိုင်းအတက်အကျတွေ တိုက်စား မှုကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချွန်ထက်သော မျက်နှာပြင်များ ပြိုကျနေပြီး မျက်နှာပြင်က ချောမွေ့နေသည်။

ဆွန်းမိုက စိတ်ထားဖြူစင်သူ ဖြစ်သည်။ ဒါပေမယ့် ဒီတိုင်ပုံစံတွေကို မြင်ပြီးနောက် မနေနိုင်ဘဲ ပေါက်ကရ ညစ်ညမ်းတဲ့ အတွေး တွေးလိုက်မိသည်။

ဒီဟာတွေက အမျိုးသမီးတွေရဲ့ အကောင်းဆုံး မိတ်ဆွေ ဖြစ်နိုင်သည်။ သခွားသီးလောက် မကောင်းပေမယ့် ရှည်လျားတဲ့ ခရမ်းသီးထက်တော့ ပိုကောင်းနိုင်သည်။

ဝိညာဉ်ချီ ဖြန့်ကျက်မှု မတူညီသောကြောင့် မြေပြင်ပုံစံလည်း ပြောင်းလဲသွားသည်။

အခုအချိန်သည် ဆောင်းဦးပေါက် ရာသီဖြစ်သည်။ ရာသီဥတု မအေးသေးပေမယ့် အဝေးက လှမ်းကြည့်လိုက်ရင် မြက်ရိုင်းထိပ်ဖျားတွင် နှင်းခဲတွေ ရှိနေတာ မြင်နေရသည်။

မြက်ပင် တစ်ပင်လုံးကို မမြင်ရတဲ့ နေရာများလည်း ရှိသည်။ ဒီလိုမျိုး ကျပန်း အလှဆင်မှုများနဲ့ မြေမျက်နှာ အသွင်အပြင်သည် ကံမကောင်းအကြောင်းမလှစွာ

ခွေးရူးပြန်ရောဂါရှိသော လူတစ်ယောက်၏ ခေါင်းနဲ့ တူနေသည်။ ကြည့်ရတာ အရမ်းရုပ်ဆိုးသည်။

"ချီဟွာ မင်းဘာဖြစ်နေတာလဲ"

လီဇီချီသည် သဘော်သီး မိန်းကလေးကို စိုးရိမ်သည့် အမူအရာနဲ့ ဘယ်ညာအဆက်မပြတ် အကဲခတ်နေသည်။

"တစ်ယောက်ယောက် က ငါတို့ကို စိုက်ကြည့်နေတယ်လို့ ခံစားရတယ်"

လုချီဟွာရဲ့ မျက်နှာ အမူအရာ တင်းမာနေသည်။

"ဘယ်မှာလဲ"

လီဇီချီ ချက်ခြင်း စိုးရိမ်လာသည်။ သူမက လုချီဟွာရဲ့ အာရုံခံစားနိုင်စွမ်းကို အရမ်းယုံကြည်မှု ရှိသည်။ သို့သော် မျက်နှာလေးမျက်နှာကို စေ့စေ့စပ်စပ် ကြည့်ပြီးနောက် တစ်ချက်တောင် ရှာမတွေ့ပါ။

ချန်လုံက နားစွင့်ပြီး ဂရုတစိုက် နားထောင်ကြည့်နေသည်။ သူက တောင်စောင်းအစွန်းကို ပြေးသွားပြီး လေကို ရှူရှိုက်ကြည့်သည်။ ထို့နောက် ခေါင်းယမ်းလိုက်သည်။

“တစ်ယောက်မှ မရှိပါဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသား ခြောက်ယောက်ထဲတွင် ချန်လုံက ထောက်လှမ်းရေး စွမ်းရည် အကောင်းဆုံး ဖြစ်သည်။ သူက မရှိဘူးပြောလာရင် ပုံမှန်အားဖြင့်တော့ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်မျိုး ဖြစ်လာမှာ မဟုတ်ပါ။

"တစ်ယောက်ယောက် ရှိနေတယ်လို့ ခံစားရတုန်းပဲ"

လုချီဟွာက ခေါင်းငုံ့ပြီး ပြောလိုက်သည်။

"လူတိုင်း ပိုပြီး သတိထားတာ ပိုကောင်းတယ်"

ဆွန်းမိုက သတိပေးသည်။

ဒီဝိညာဉ်တောင်ပံ ချောက်ကမ်းပါးတွင် သတ္တုပုံစံ သက်ရှိတစ်မျိုး ရှိသောကြောင့် သတိပိုထားတာ အမှားမရှိပေ။

ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးက ကျောက်တုံးတွေသည် တခြားနေရာက ကျောက်တုံးတွေနဲ့ မတူပါ။ သူတို့၏ ဖွဲ့စည်းပုံတွင် သတ္တုပုံဆောင်ခဲများ ပါရှိနေသည်။ ဒီပုံဆောင်ခဲများသည် နှစ်ပေါင်းများစွာ ဝိညာဉ်ချီ စုဆောင်းနေသ၍ ကြီးထွားလာပြီး သူတို့တွေ လုံးဝပြည့်ဝသော တစ်နေ့ကို ရောက်လာလိမ့်မည်။

ထိုအချိန်ကျရင် မြေပေါ်မှ ထကာ သက်ရှိပုံစံ တစ်မျိုး ဖြစ်လာမည်။ နေရာတိုင်းတွင် ကျင်လည် ကျက်စားကာ ဝိညာဉ်ချီတွေ စုပ်ယူဖို့အတွက် တခြား သက်ရှိတွေကို အမဲလိုက်တတ်ကြသည်။ ဒီသက်ရှိပုံစံများသည် ဝိညာဉ်ချောက်ကမ်းပါးအတွင်း နေထိုင်ကြသဖြင့် ဝိညာဉ်လေ လို့ လူသိများသည်။

ဝိညာဉ်လေသည် ကိုယ်တိုင်အသိမရှိပါ။ ဝိညာဉ်ချီ စုပ်ယူချင်သောကြောင့် အလိုလို လှုပ်ရှားကြသည်။ သို့သော်လည်း သူတို့သည် အန္တာရာယ်ကို ခံစားနိုင်စွမ်း ရှိသည်။ ဒါကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်ချောက်ကမ်းပါး အပြင်ဘက်တွင် ပေါ်လာမည် မဟုတ်ပါ။ ချောက်နက် အတွင်းပိုင်းရောက်လေလေ အရေအတွက် ပိုများလေလေ ဖြစ်သည်။

ဒုတိယနေ့တွင် ချောက်နက်ထဲကိုဝင်ပြီး ခန့်မှန်းချေ မနက်ကိုးနာရီလောက်တွင် ကျောက်တုံးနေရာမှ ဝိညာဉ်လေ အကောင်တွေ လှိုင်းအလိုက် ရုတ်တရက် ပြေးထွက်လာသည်။

"တိုက်ပွဲ ပြင်ကြပါ"

ဂျိမ်ဂျဲက အခြေအနေတွေကို စောင့်ကြည့်ရင်း တာဝန်တွေ ထုတ်ပြန်ပေးနေသည်။

"ဆရာပိုင် ငါတို့အုပ်စု အရေအတွက် အတိုင်း ဒီကောင်တွေကို ခွဲထုတ်ပါ။ ကျောင်းသား အုပ်စုတိုင်းက လေဝိညာဉ်(ဝိညာဉ်လေ)ကို တာဝန်ယူပြီး တိုက်ခိုက်ရမယ်"

ပိုင်ရန်လီသည် ဓါးဆွဲထုတ်ပြီး လေဝိညာဉ်များဆီ ဦးတည်ပြီး သွားသည်။

ရွှတ် ရွှတ် ရွှတ်

ဓါးချီတွေက ဝဲကနဲ အသံပေးပြီး လေဝိညာဉ်တွေကို အုပ်စု ခုနှစ်စု ကွဲသွားစေသည်။ တချို့ကျောင်းသားတွေက ကြောက်လန့်နေကြသည်။

ဒါပေမယ့် ကျောင်းသား တော်တော်များများကတော့ တိုက်ပွဲဝင်စိတ်တွေ ဆာလောင်နေကြသည်။ သူတို့ရဲ့ ပထမဆုံးတိုက်ပွဲ စတင်တော့မည်။

“မင်းတို့ရဲ့ ပြိုင်ဘက်ကို ရွေးချယ်ပါ”

ဂျိမ်ဂျဲ စကားဆုံးတာနဲ့ ရှန်ယွန်ပေါင်သည် ဆွန်းမို၏ အမိန့်ကို မစောင့်တော့ဘဲ ခန္ဓာကိုယ်အကြီးဆုံး လေဝိညာဉ်ဆီကို ချက်ခြင်း ပြေးသွားသည်။

“မေ့လိုက်တော့၊ ဒါက ငါ့ဥစ္စာပဲ”

ကျန်ရန်ဇောင်ရဲ့ အရှိန်ကလည်း အရမ်းမြန်သည်။ ဒါပေမယ့် ခြေတစ်လှမ်း နောက်ကျသွားသည်။

"ငွေကော် သတ်"

ရွှတ်စ်

ခြောက်ပေရှည်သော ငွေရောင်လုံသည် ကောင်းကင်က ကြွေကျလာသော ကြယ်တစ်စင်းနဲ့ တူနေသည်။ လေဝိညာဉ်၏ ခေါင်းကို ထိမှန်သွားသည်။ လုံ့ရိုက်ချက် ထိပြီးနောက် မြေပေါ် လဲကျသွားသည်။ ရှန်ယွန်ပေါင်က လေထဲကို ခုန်တက်ပြီး နောက်တစ်ချက် ရိုက်လိုက်သည်။

ဒိုင်း

ဒဏ်ရာရထားသော လေဝိညာဉ်သည် ကျောက်အမှုန့် အဖြစ် ပေါက်ကွဲသွားသည်။

“သွားစမ်း”

လီဇီချီ၏ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်သည် အနိမ့်ဆုံး ဖြစ်သော်လည်း ပညာသင်ဘက် အစ်မအကြီးဆုံးအနေနဲ့ သူမ စံနမူနာ ဖြစ်ရမည်။ ဒါကြောင့် ဓါးတစ်ချောင်းကို ကိုင်ကာ ပြေးသွားသည်။ ပြေးနှုန်းက နှေးကွေးလှသည်။

“သတ်”

“ငါတို့လိုချင်တာ ဒါပဲ”

“သတိထား”

ကျောင်းသားတွေ ဆူညံစွာ အော်ဟစ်နေကြသည်။

“ဘောပဲ”

ကျန်ရန်ဇောင်သည် ပြောစရာလိုတဲ့ စည်းကမ်းကြောင့် အနည်းငယ် စိတ်ဓါတ်ကျသွားသည်။ အမျိုးအမည်မသိတဲ့ ခံစားချက်က ပေါက်ဖွားလာသည်။ အကြီးဆုံး မွန်းစတားကို သတ်ခဲ့တဲ့လူက အလေးစား ခံရမည်။

ဒါကြောင့် တခြား လေဝိညာဉ်ကိုသာ ရွေးချယ်လိုက်ရသည်။

ဆွန်းမိုကတော့ နောက်ကလိုက်ပြီး ဘာမှမလုပ်ပါ။ အဲဒီအစား လေဝိညာဉ်ကို စူးစမ်းလေ့လာနေသည်။

သူ့ရဲ့ အရင်မှတ်ဉာဏ်တွေအရ ဒီလို မွန်းစတားတွေ တည်ရှိနေသည်။ သို့သော်လည်း ခေတ်သစ်ကလာသော လူတစ်ယောက်အနေနဲ့ ဒါကို ပထမဆုံး မြင်ဖူးခြင်း ဖြစ်သည်။ အနောက်တိုင်း စိတ်ကူးယဉ် ရုပ်ရှင် ကြည့်နေရသလို ခံစားရသည်။

အတိုဆုံး လေဝိညာဉ်က ၁.၈မီတာ ရှည်သည်။ အရှည်ဆုံးက ၃ မီတာ ကျော်သည်။ သူတို့က အပြာရောင် တောက်ပနေတဲ့ အခေါင်းပွပုံစံ ပုံဆောင်ခဲ တစ်ခုပါပဲ။ အတွင်းထဲတွင် ထူထဲသော ဝိညာဉ်ချီများနဲ့ ပြည့်နေသည်။ သူတို့မျက်လုံးများက ကျောက်မြတ်ရတနာ များနဲ့တူသည်။

"စိတ်ဝင်စားစရာပဲ"

ဆွန်းမို နှုတ်ခမ်းတွန့်သွားသည်။

အခုလောလောဆယ်တွင် အမှောင်တိုက်ကြီးမှာ အဆင့် ငါးဆင့်ရှိကြောင်း သိထားကြသည်။ အဆင့်

တစ်ဆင့်စီတိုင်းတွင် ထူးဆန်းပြီး နားမလည်နိုင်တဲ့ သင်္ကေတ ရှိသည်။ ဒါကို ပြည်နယ်ကိုးခုက လူများက အမှောင်တိုက်ကြီး၏ လျှို့ဝှက်ဆန်းကြယ်သော မျိုးစိတ်များ ဒါမှမဟုတ် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်များလို့ ခေါ်ကြသည်။

သူတော်စင်ဂိတ်က ဒီလျှို့ဝှက်ဆန်းကြယ် မျိုးစိတ်များကို စာရင်းတောင် ပြုစုထားသည်။ အအေးလှိုင်းရေကန်တွင် ပေါ်လာသော ဝိညာဉ်ချီ လည်ပတ်နေတဲ့ နဂါးနဲ့ တူသည်။

ဒီလေဝိညာဉ်များကတော့ အရမ်းအားနည်းပြီး သာမန်သာ ဖြစ်သောကြောင့် စာရင်းထဲတွင် မပါပါ။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် အသစ်စက်စက် ကျောင်းသားများအတွက် အတွေ့အကြုံ ယူရန် သင့်တော်သော အသစ်စက်စက် မွန်းစတားများသာ ဖြစ်သည်။

"အားလုံးသတိထားပါ ၊ ချန်လုံ မင်းက ပထမစည်းကို ကာကွယ်ဖို့ တာဝန်ယူ။ ရှန်ယွန်ပေါင်က အခု အနောက်ကို ပြန်ဆင်းလာ။ အရမ်းကြီး အရှေ့တက်မသွားနဲ့ "

လီဇီချီက တိုက်ပွဲကို ထိန်းချုပ်ခြင်သောကြောင့် အမိန့်ပေးလိုက်သည်။ သို့သော်လည်း ရှန်ယွန်ပေါင်က ထုံးစံအတိုင်း အမိန့်ကို နားမထောင်ခဲ့ပါ။

"ဘာကြောင့် တိုက်ပွဲဝင်ပုံစံတွေ ဘာတွေ လုပ်နေမှာလဲ၊ အမှုန့်ဖြစ်တဲ့ အထိ ရိုက်ပစ်လိုက်စမ်းပါ"

ရှန်ယွန်ပေါင်ရဲ့ တိုက်ခိုက်မှုများ ပိုပြင်းထန်လာသည်။

လေဝိညာဉ်ကဲ့သို့ မွန်းစတားများနဲ့ ပက်သက်၍ သူတို့ ခွန်အားကို သူတို့ အရွယ်အစားနဲ့

တိုင်းတာနိုင်သည်။ အခြေခံအားဖြင့်တော့ အရွယ်အစားပိုကြီးလေ ပိုသန်မာလေ ဖြစ်သည်။

ထုံးစံအတိုင်း ခြွင်းချက်တော့ ရှိသည်။ ဒါပေမယ့် အများကြီး မဟုတ်ပါ။

“ပညာသင်ဘက် အစ်မကြီး အပြာရောင် သလင်းကျောက်တွေက တန်ဖိုးရှိလား”

အင်ဘိုင်ဝူက နှုတ်စူရင်း မေးသည်။

“သူတို့ကို အနိုင်ယူပြီးရင် သတ္တု အူတိုင်တစ်ခု ပြုတ်ကျလာလိမ့်မယ်။ တကယ်လို့ အဲဒါက ပြည့်စုံရင်

ပြောချင်တာက ဝိညာဉ်ချီ မပျောက်ကွယ်သွားသေးရင် ဝိညာဉ်ကျောက်တုံးတစ်ခုနဲ့ ရောင်းလို့ရတယ်”

လီဇီချီက ရှင်းပြလိုက်သည်။ သူမက ဒီလို အခြေခံ ဗဟုသုတများကို အလွတ် မှတ်မိနေတာ တော်တော်ကြာနေပြီ။

“ဝိညာဉ်ကျောက်တုံး တစ်တုံးလား”

အင်ဘိုင်ဝူ မျက်လုံး အရောင်တောက်လာသည်။ ထို့နောက် ၎က်ဖြူလို့ အမည်ပေးထားတဲ့ ခါးကို ဆွဲထုတ်ကာ ပြေးသွားသည်။ အနီးကပ်လာတဲ့အထိ

မစောင့်ဘဲ ဓါးကိုဝှေ့ယမ်းပြီး ချက်ခြင်း တိုက်ခိုက်လိုက်သည်။

ရွှတ်စ် ရွှတ်စ် ရွှတ်စ်

ဝိညာဉ်ချီများက ဌက်ဖြူသုံးကောင် အဖြစ်ထွက်လာပြီး လေဝိညာဉ်ရဲ့ ခန္ဓာကိုယ်ကို ရိုက်ခတ်သွားသည်။

ဒိုင်း ဒိုင်း ဒိုင်း

ပေါက်ကွဲသွားပြီး ကျောက်အမှုန့်များ ဖြစ်သွားသည်။

"ဝိညာဉ်လက်နက်"

ဒါကို မြင်လိုက်လျှင် လူအနည်းစုက အင်ဘိုင်ဝူလက်ထဲက လက်နက်ကို အံ့အားသင့်စွာ လှမ်းကြည့်ကြသည်။ သူမရဲ့ ဝိညာဉ်ချီကို ထည့်သွင်းနိုင်သဖြင့် ဒီဓါးက ဝိညာဉ်လက်နက် ဖြစ်နိုင်သည်။

"ဘိုင်ဝူ"

လီဇီချီ အနည်းငယ် စိတ်ပျက်သွားသည်။ နောင်တစ်ချိန်ကျရင် ဘယ်လို အန္တရာယ်တွေနဲ့ ကြုံမလဲဆိုတာ ဘယ်သူသိမလဲ။ အင်ဘိုင်ဝူက ဝှက်ဖဲကို ဒီချိန် မဖော်ပြသင့်သေးပါ။

အင်ဘိုင်ဝူက သူမသဘာဝအတိုင်း ဒါတွေကို ထည့်သွင်း မစဉ်းစားပါ။ လေဝိညာဉ်တွေကို အနိုင်ယူပြီး သတ္တုအူတိုင်ယူရန် အမြန်လိုနေသည်။ ဘယ်လိုပဲပြောပြော ဒါက ဝိညာဉ်ကျောက်တုံး တစ်ခုလေ။

"ငါ မင်းတို့ကို အားပေးနေမယ်"

ထန်ထန်ယုထန်က ဆွန်းမိုးဘေးတွင် ရပ်နေပြီး ဦးဆောင်အားပေးသူ တစ်ယောက်လို လုပ်နေသည်။ နေရာကနေ ရွှေ့သွားဖို့ သူ စိတ်မဝင်စားပါ။

လုချီဟွာကတော့ ကူညီချင်ပေမယ့် တုန်လှုပ်ချောက်ခြားနေသည်။

ရွှတ်စ်

ငွေလုံတစ်စင်းက အရှိန်ပြင်းပြင်းနဲ့ ဖြတ်သန်းသွားတဲ့ အခါ အင်ဘိုင်ဝူ ခေါင်းပေါ်က ဆံပင်များ တဖျတ်ဖျတ် လွင့်သွားသည်။ လုံက ခေါင်းနဲ့ ထိလုမတတ် ကပ်ပြီး ဖြတ်သန်းသွားသည်။

“မင်း ဘာလုပ်နေတာလဲ”

အင်ဘိုင်ဝူ သုန်မှုန်ပြီး မေးလိုက်သည်။

"မင်းက ငါ့လမ်းပေါ် ရောက်နေတယ်၊ ငါ့လမ်းက ထွက်သွားစမ်း"

ရှန်ယွန်ပေါင် မကျေမနပ် ဖြစ်နေသည်။ ဒီလူတွေ ဒီနေရာမှာရှိနေတာ့ သူတို့ ဒဏ်ရာရမှာကို ဂရုစိုက်နေရသည်။ စွမ်းအားအပြည့်နဲ့ လွတ်လွတ်လပ်လပ် ပေါက်ကွဲလို့ မရ ဖြစ်နေသည်။

"အမ်"

အင်ဘိုင်ဝူကတော့ ထုံးစံအတိုင်း မထွက်သွားချင်ပါ။ တိုက်ပွဲပြီးသွားရင် သူတို့ရဲ့

အားထုတ်မှုအရ ခွဲဝေပေးလိမ့်မည်။ မတ်တပ်ရပ်ပြီး ကြည့်နေရင် တစ်ခုတောင် ရလိုက်မည် မဟုတ်ပါ။

ဆွန်းမိုက သူ့နဖူးကို သူပြန်ပုတ်လိုက်သည်။ 'သဲတစ်စေ့ကနေ သဲတစ်ပုံ' ဆိုတဲ့စကားက သူ့တပြည့်တွေအတွက် သုံးလို့ မဖြစ်နိုင်ပါ။ သို့သော် ချန်လုံကတော့ သူ့ကိုစိတ်ကျေနပ်အောင် လုပ်ပေးထားသေးသည်။

ဒီလူငယ်လေးက အပြင်ပိုင်း အေးစက်နေသော်လည်း နွေးထွေးသော နှလုံးသားရှိသည်။ သူက တိုက်ခိုက်ခြင်း မလုပ်ဘဲ

လေဝိညာဉ်နဲ့ သုံးမီတာ အကွာကနေ အဆက်မပြတ် လှုပ်ရှားနေပြီး ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့ အန္တရာယ် ကြုံလာပါက ချက်ခြင်း ဝင်ကူပေးနိုင်အောင် လုပ်နေသည်။

ဂျိမဲဂျဲက တိုက်ပွဲကို စောင့်ကြည့် အကဲခတ်နေခဲ့သည်။ ဆွန်းမိုတို့ အဖွဲ့ ဖရိုဖရဲ ဖြစ်နေတဲ့ ပုံစံကိုမြင်ပြီး အလိုလို ခေါင်းယမ်းလိုက်မိသည်။ သူမက အရမ်း မျှော်လင့်ထားသော်လည်း ဆွန်းမိုကျောင်းသားများရဲ့ လုပ်ဆောင်မှုက အရမ်းဆိုးဝါး လွန်းသည်။ ဆန်ကျင့်ဘက် အနေနဲ့

ကူရှုပ်ရှင်း ကျောင်းသားများ၏ လှုပ်ရှားမှုက မျက်စိပဒေသာ ဖြစ်လွန်းသည်။

သူတို့က ကျန်ရန်ဖောင်ကို ပင်မထားပြီး အတူတူ လက်တွဲကာ လေဝိညာဉ်များကို တိုက်ခိုက်ကြသည်။ အရင် ကတည်းက အဖွဲ့လိုက် တိုက်ခိုက်မှု လေ့ကျင်ခဲ့တာ သိသာလှသည်။

ကျန်းလန်နှင့် ဂေါင်ပန်တို့ရဲ့ တပြည့်တွေ တိုက်ခိုက်မှုက သာမန်သာ ဖြစ်သည်။ ဒါပေမယ့် သူတို့က ဆရာအသစ် ဖြစ်တယ်ဆိုတော့ သူနားလည်ပေးလို့ ရသည်။ ဒါကြောင့် ဂျိမ်ဂျဲက

သူတို့ကို ကောင်းမွန်သော အကဲဖြတ်မှု ပေးလိုက်သည်။

"မင်းက ဘာကြောင့် ဒီလောက်တုံးတာလဲ"

ကျန်ကွမ်လင် ကျိန်ဆဲလိုက်သည်။ ကျောင်းသားတစ်ယောက်ကို အင်္ကျီစကနေ နောက်ပြန်ဆွဲလိုက်သည်။ တကယ်လို့ သူသာ နည်းနည်းလေး နောက်ကျသွားရင် ဒီကျောင်းသား လေဝိညာဉ်ရဲ့ တိုက်ခိုက်မှုကြောင့် ခေါင်းကွဲကြေ သွားလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းတို့တွေ သူတို့ကို ခဏခဏ မြင်နေရလို့ သူတို့ အားနည်းနေမယ်လို့ မတွေးတာ ပိုကောင်းမယ်။ သူတို့ ကြမ်းတမ်းလာရင် အားလုံးကို အသားပြားဖြစ်အောင် အသားကြိတ်စက်ထဲ ထည့်သလို လုပ်ပစ်နိုင်တယ်"

ပိုင်ရန်လီက သတိပေးသည်။

အန္တရာယ် လုံး၀ မရှိပါက ဆရာများ လုံး၀ ဝင်ပါကြမည် မဟုတ်ပါ။ သူတို့၏ တာဝန်က ကျောင်းသားများကို စောင့်ကြည့်လေ့လာပြီး ရှုထောင့် ပေါင်းစုံက လမ်းညွှန်ပေးရန် ဖြစ်သည်။

တိုက်ပွဲသည် အဖွဲ့တစ်ခု အင်အားကို မြှင့်တင်ပေးနိုင်တဲ့ အမြန်ဆုံးဖြတ်လမ်း တစ်ခု ဖြစ်သည်။

ဘုန်း

ကျွန်ရန်ဇောင် လှူပ်ရှားမှုကြီး တစ်ခုလုပ်လိုက်ပြီးနောက် သူတို့ တိုက်ခိုက်နေသော လေဝိညာဉ်များ တခါတည်း သေသွားကြသည်။ ကွဲအက်ပြီး မြေပေါ်က ကျောက်တုံး ပြန်ဖြစ်သွားသည်။

“အို ရက်စ်”

ကျောင်းသားတွေက ဝမ်းသာအားရ အော်ဟစ်လိုက်ကြသည်။

"မဆိုးဘူး"

ကူရှပ်ရှင်းက ချီးကျူး လိုက်သည်။ သူမ ကျေနပ်စွာ ဆွန်းမိုကို တစ်ချက် ကြည့်လိုက်သည်။ (ဒါကို မြင်လား။ ငါ့မှာ နတ်ဘုရားလက်မရှိရင်တောင် ကျောင်းသားတွေကို လမ်းညွှန်ပေးတဲ့ အရည်အချင်း မဆိုးပါဘူး)

ကျန်းလန်နှင့် ဂေါင်ပန်တို့၏ တပြည့်များသည် သူတို့ သတ်ဖြတ်မှု ပြီးမြောက်သွားပြီ။ ဒါပေမယ့်

ဆွန်းမိုဘက်ခြမ်းမှာတော့ သူ့ကျောင်းသားတွေက တိုက်ခိုက်နေကြတုန်းပါ။ ထပ်ပြောရလျှင် ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့က အငြင်းအခုန် ဖြစ်နေကြသည်။

"တိတ်စမ်း၊ နှစ်ယောက်စလုံး ပါးစပ်ပိတ်ထား"

လီဇီချီ အရမ်းဒေါသထွက်ပြီး လက်တွေ တဆက်ဆက် တုန်နေသည်။ (မင်းတို့ အစ်မကြီးလို မဆက်ဆံချင်တာလား၊ ငါတို့ ဆရာမျက်နှာရဖို့ ငါက ငါတို့ရဲ့ အရည်အချင်းကို ရှင်းရှင်းလင်းလင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြချင်ပေမယ့် မင်းတို့ကောင်တွေက ဒီလိုလုပ်နေတလာလား)

ထန်ထန်ယုထန်က သူလှုပ်ရှားရမည် ဆိုတဲ့ အချက်ကို လျစ်လျူရှုထားသည်။ လုချီဟွာက အသုံးမဝင်ပါ။ ချန်လုံက ဘာမှမလုပ်ပါ။ အင်ဘိုင်ဝူနှင့် ရှန်ယွန်ပေါင်တို့က ပြင်းပြင်းထန်ထန် လှုပ်ရှားနေကြသော်လည်း တသီးတခြားစီ လှုပ်ရှားနေကြသည်။

"အစ်မကြီး ဒါကို ဖယ်ထားလိုက်တော့"

အင်ဘိုင်ဝူ အရမ်း စိတ်ဆိုးနေသည်။ သူမက ရှင်ယွန်ပေါင်နဲ့ ပူးပေါင်း လုပ်ဆောင်ချင်သော်လည်း ဒီကောင်က အတ္တကြီးပြီး လေဝိညာဉ်ကို တကိုယ်တော် လက်စွမ်းပြချင်နေသည်။ အခုတော့ သူကြောင့် သူမသည် အကြိမ်ပေါင်းများစွာ ဒဏ်ရာရလုနီးပါး ဖြစ်နေသည်။ ဘယ်လိုလုပ် ဆက်ပြီး သည်းခံ ရမှာလဲ။

သံမဏိခေါင်း မိန်းကလေးသည် ဆက်ဆက်ထိမခံတဲ့ ပင်ကိုယ်စရိုက်ရှိသည်။

(တခြားလူက ကောင်းကောင်းဆက်ဆံလာရင် သူမကလည်း ပြန်ကောင်းလိုက်မယ်။ တခြားသူက ရန်ငြိုးထားလာရင်တော့ သူမကလည်း သေတဲ့အထိ ပြန်ကိုက်မည်။)

စာစဉ်(၁၅)

အခန်း(၂၂၁) - မင်းလုပ်ဆောင်မှု အားလုံးကို မျက်စိ သနတယ်။

“ဒါက ဘာလဲ ၊ လူရှင်တော်တွေ ဖျော်ဖြေနေတာလား”

ကျန်ကွမ်လင်သည် သူ့စိတ်ဆန္ဒတွေကို တော်တော်လေး ဖိနှိပ်ပြီး ဆွန်းမိုကို လှောင်ပြောင်မဲ့ အခွင့်အရေး စောင့်နေခဲ့သည်။ အခုတော့ ဆက်ပြီး သည်းခံနေရအုံးမှာလား။ ဆွန်းမိုကို ပါးစပ်နဲ့ တိုက်ရိုက် တိုက်ခိုက်လိုက်သည်။

“သူတို့အားလုံးက ကျောင်းသားအသစ်တွေ ချည်းပဲ ဒီလို လှုပ်ဆောင်ချက်က ပုံမှန်ပါပဲ”

ဂျိမ်ဂျဲက တရားမျှတသော စကားကို ပြောလိုက်သည်။

“အမ်”

ကျန်ကွမ်လင် မကျေနပ်မှုနဲ့ ပြည့်နေသည်။ ဒါပေမယ့် သူ့ရဲ့ မကျေနပ်မှုတွေကို လည်ချောင်းထဲမှာ သိမ်းထားပြီး ဘာမှပြန်မပြောရဲပါ။ ဆွန်းမိုအတွက် ကူပြောပေးမယ့် သူတွေရှိနေတယ်လို့ သူခံစားနေရသည်။ ကူရှုပ်ရှင်း၊ ဒူရှောင်နှင့် ကြယ်တစ်ပွင့် မြတ်ဆရာ ရှာယွန်တို့ ဖြစ်နိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ပထမဆုံး စကားပြောပေးတဲ့သူက ဂျိမ်ဂျဲ ဖြစ်နေမယ်လို့ မထင်ထားခဲ့ပါ။

(ငါဘာလုပ်ရမှာလဲ ခါတ်ပျက်တယ်နော်)

ကျန်ကွမ်လင် တစ်ယောက် အားကိုးရာ မဲ့သလို ခံစားသွားရသည်။

ဂျိမ်ဂျဲသည် ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သည်။ သူမကို စော်ကားဖို့ မဖြစ်နိုင်ပါ။

ဘောပဲ

ဆွန်းမို ဘာလို့ ဒီလောက် ကံကောင်းနေရတာလဲ။ ဂျိမ်ဂျဲက သူ့အတွက် အရမ်း စိတ်ပူပေးနေသည်။

(စကားမစပ် ပြောရရင် ငါလည်း တော်တော်ချောပါတယ်။ ဘာလို့ ဦးစားပေးပြီး ဆက်ဆံ မခံရတာလဲ။ ဟုတ်ပြီ နတ်ဘုရားလက်ကြောင့်ပဲ ဖြစ်ရမယ်။ ဆွန်းမိုက ဂျီမဲဂျဲကို အရမ်းသက်တောင့် သက်သာဖြစ်အောင် နှိပ်ပေးခဲ့လို့ပဲ ဖြစ်မယ်)

ဒါကိုတွေးမိပြီး ကျန်ကွမ်လင်ရဲ့ အကြည့်တွေက ဂျီမဲဂျဲ နောက်ကျောဆီ ရောက်သွားသည်။ အကြည့်တွေက အလိုလို အောက်ကျသွားပြီး တင်ပါးဆီ ရောက်သွားသည်။ သူမ တင်ပါးက

မက်မွန်သီး အကြီးစားနဲ့တူပြီး အရမ်းဆွဲဆောင်မှု ရှိသည်။

"ဆွန်းမိုကို မြန်မြန်ရှင်းရမယ်"

ဂျိမ်ဂျဲသည် ဆွန်းမိုအတွက် ပြောပေးခဲ့သော်လည်း သူ့ကို တိုက်တွန်းနေဆဲ ဖြစ်သည်။ သူ့တပြည့်တွေရဲ့ စွမ်းဆောင်မှုက တကယ် မျက်စိ သနဖို့ကောင်းပြီး မြင်ရတာ စိတ်ပျက်ဖို့ ကောင်းနေသည်။

နို့ကြီးပြီး ရှက်တတ်တဲ့ မိန်းကလေးသည် တိုက်ခိုက်ရေး စွမ်းရည် အရမ်းနိမ့်သည်။ ဘယ်အချိန်မှာ တိုက်ပွဲဝင်တိုက် ရမလဲဆိုတဲ့

အချိန်ကိုက်မှု ကိုတောင် နားမလည်ပါ။ သူမရဲ့ တိုက်ခိုက်မှုက လေဝိညာဉ်ကို မထိခဲ့ရုံသာမက အဲဒီအစား သူမတောင် ဒဏ်ရာရမလို ဖြစ်ခဲ့သည်။

အင်ဘိုင်ဝူနှင့် ရှန်ယွန်ပေါင်တို့က အရမ်း ရဲရင့်ကြသည်။ သေမှာလဲ မကြောက်သလို တစ်ဦးခြင်း တိုက်ခိုက်ရေးစွမ်းရည်လည်း မြင့်မားသည်။ ဒါပေမယ့် သူတို့နှစ်ယောက် ပူးပေါင်းပြီး တိုက်ခိုက်တဲ့ အခါ တစ်ယောက်ကို တစ်ယောက် အနှောက်အယှက် ဖြစ်စေပြီး သူတို့ တိုက်ခိုက်ရေး စွမ်းရည်ရဲ့ ၅၀ ရာခိုင်နှုန်းကိုတောင် ထုတ်မသုံးနိုင်ကြပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထပ်ပေါင်းပြောရလျှင်

အခုအခနေအထားကြောင့်သာ မဟုတ်ရင် အခြင်းခြင်း တိုက်ခိုက်နေတယ်လို့ ထင်မိမည်။

နဖူးမှာ 'အမှိုက်' ဆိုတဲ့ စကားရှိနေတဲ့ ကောင်လေးသည် ဘေးကရပ်ကြည့်နေတဲ့ ငါးခြောက ်တစ်ကောင်လိုပဲ။ ထန်ထန်ယုထန်ကတော့ ရောဂါသည် တစ်ယောက် ဖြစ်ပြီး အသုံးမဝင်ပါ။ တကယ်လို့သူ တိုက်ခိုက် ခြင်ရင်တောင် ဘယ်လို တိုက်ခိုက်မလဲ။

နောက်ဆုံး တစ်ယောက်ကတော့ စိုးရိမ်ပူပန်နေတဲ့ လီဇီချီ အပြင် တခြားသူမဟုတ်ပါ။ သူမက တိုက်ခိုက်ဖို့ သွားလိုက်သော်လည်း ခြေလှမ်းအနည်းငယ်တွင် ခြေချော်ပြီး လဲကျသွားသည်။

"သူတို့ရဲ့ လုပ်ဆောင်ချက်က တော်တော်ဆိုးဝါးတာပဲ"

ဂျိမ်ဂျဲ သက်ပြင်းချလိုက်သည်။ သူတို့ သက်ပြင်းချနေတုန်း ခြောက်ဖွဲ့ခြောက် လေဝိညာဉ်အုပ်စုက ရှုံးနိမ့်သွားပြီ။ ဆွန်းမိုတို့

အဖွဲ့အပြင် တိုက်ခိုက်နေတဲ့ အုပ်စု တစ်စုသာ ကျန်တော့သည်။

ဆရာနဲ့ ကျောင်းသားတွေသည် စောင့်ကြည့်ရင်း ပျင်းလာကြသည်။ သူတို့ မကူညီနိုင်ပေမယ့် ဒါကို လေ့ကျင့်ခန်းတစ်ခုလို သဘောထားပြီး ဆက်ကြည့်နေကြသည်။ ဒီမွန်းစတားများသည် ဆွန်းမိုအဖွဲ့အတွက် ဖြစ်ကြောင်း သိသာနေသည်။ သူတို့လုပြီး တိုက်ခိုက်လိုက်ပါက တော်တော်လေး အဆင်ပြေသွားမည်။

“ပေါက်ကရ လုပ်နေတာတွေ ရပ်လိုက်တော့။ အခုချိန် ကစပြီး လီဇီချီက အားလုံးကို ထိန်းချုပ်လိမ့်မယ်၊ မင်းတို့အားလုံး သူ့ညွှန်ကြားချက်ကို နားထောင်ကြ”

ဆွန်းမိုက အော်လိုက်သည်။

“အင်း”

လီဇီချီ၊ လုချီဟွာနှင့် ချန်လုံကသာ တုန့်ပြန်ကြသည်။ ကျန်တဲ့သုံးယောက်က သူတို့နည်း သူတို့ ဟန်နဲ့ ဆက်လုပ်နေကြသည်။

“တောက်၊ ဘယ်လောက်တောင် ဒုက္ခများလိုက်မလဲ”

ကူရှုပ်ရှင်း ဝမ်းသာနေသည်။ ဆွန်းမို၏ တပြည့်တွေအားလုံးက အရမ်း ပြဿနာ ရှာကြသည်။ နောင်တစ်ချိန်ကျရင် ပိုပြီး စိတ်အနှောက်အယှက်ဖြစ်ရအုံးမည်။

“ဘိုင်ဝူ အရင်ပြန်ဆုတ်၊ ရှန်ယွန်ပေါင်က တိုက်ခိုက်တာ ချက်ခြင်းရပ်။ ကာကွယ်ဖို့ အာရုံစိုက်ပြီး လေဝိညာဉ်တွေရဲ့ လှုပ်ရှားမှုကို ထိန်းချုပ်။ ချန်လုံမင်းက တိုက်ခိုက်တာကို အာရုံစိုက်ပြီး သတ်ဖြတ်ဖို့

တာဝန်ယူ။ လုချီဟွာ၊ အင်ဘိုင်ဝူ၊ မင်းတို့က အခွင့်အရေး တစ်ခုရတာနဲ့ ကူညီပေး။ ထန်ထန်ယုထန်ကတော့..... ထားလိုက်တော့ ဆက်ပြီး အားပေးနေ”

လီဇီချီက တာဝန်များကို လျှင်မြန်စွာ ခွဲဝေပေးလိုက်သည်။

တောကြက်ဥလေးရဲ့ အစီအစဉ်ကို ကြားတော့ ဂျိမဲဂျဲ သဘောကျစွာ ခေါင်းညိတ်လိုက်သည်။ သို့သော်လည်း အခြားသူများရဲ့ ဆိုးဝါးတဲ့ အပြုအမူကို တွေ့ပြီး နောက်တစ်ကြိမ် ခေါင်းယမ်းလိုက်မိသည်။

ရှန်ယွန်ပေါင်က တွက်ချက်မှု မှားပြီး အင်ဘိုင်ဝူရဲ့ တင်ပါးကို လှံနဲ့ မတော်တဆ ထိုးလိုက်မိသည်။ သံမဏိခေါင်း မိန်းကလေးကလည်း ခါးကိုဖွဲ့ယမ်းပြီး ဒေါသတကြီး ချက်ခြင်း ပြန်ခုတ်သည်။

“ငါမင်းကို ထိုးမယ်ပြောရင် မင်းယုံလား”

ရှန်ယွန်ပေါင်က ပြန်အော်သည်။

“ဟွန့် မင်း တမင်သက်သက်မလုပ်တာ ငါသိလို့ပေါ့၊ ဒီလိုမှမဟုတ်ရင် မင်းဦးရေပြားကို လှီးထုတ်ပစ် လိုက်ပြီ”

အင်ဘိုင်ဝူက သူ့ကို တကယ်လန့်အောင် လုပ်ခဲ့သည်။ သူမက ရှန်ယွန်ပေါင်ကို တကယ် အန္တရာယ်ဖြစ်အောင် မရည်ရွယ်ပါ။

"မင်းအရည်အချင်းနဲ့လား"

တိုက်ခိုက်ရေးသမားက

လှောင်ပြောင်လိုက်သည်။

"တောက် မင်းကငါ့ထက် နှစ်နည်းနည်း ပိုလေ့ကျင်လာတာပဲ ရှိတယ်။ လာတိုက်စမ်းပါ ဘယ်သူက ကြောက်နေလို့လဲ"

အင်ဘိုင်ဝူက ပြန်အော်သည်။ ထို့နောက် သူတို့နှစ်ယောက်သား လေဝိညာဉ်ကို တိုက်ခိုက်ရမည့်အစား တစ်ယောက်ကို တစ်ယောက် တိုက်ခိုက်နေကြသည်။

လေဝိညာဉ်သာ အသိဉာဏ်ရှိရင် အရမ်းအံ့အောသင့် နေတဲ့မျက်နှာနဲ့ ကြည့်နေမှာသေချာသည်။ (မင်းတို့က ငါတို့ကို အုပ်စုဖွဲ့ပြီး မတိုက်ကြတော့ဘူးလား။ ဘာလို့ အခြင်းခြင်း ပြန်တိုက်နေကြတာလဲ။) ဒါပေမယ့် သူတို့က

အချိန်ဆွဲ မနေကြပါ။ ချက်ခြင်း လုချီဟွာဆီကို ရောက်သွားကြသည်။

ဘင်း...

လေဝိညာဉ်က သူတို့ရဲ့ မွေးရာပါ စွမ်းရည်ကို ထုတ်လွှင့်လိုက်ကြသည်။ ကြီးမားသော ဝိညာဉ်ဆိုင်ရာ ဖိအားတစ်ခု သက်ရောက်လာပြီး လုချီဟွာ၏ ခန္ဓာကိုယ် ပြင်းပြင်းထန်ထန် တုန်ယင်လာသည်။ သူမရဲ့ ဝိညာဉ်ချီ လည်ပတ်နှုန်း နှေးကွေးလာသည်။

"အား"

လုချီဟွာ စိတ်မသက်မသာ ဖြစ်လာပြီး အော်လိုက်သည်။ သို့သော်လည်း သူမ နောက်ပြန်မဆုတ်ခဲ့ပါ။ ပြတ်သားသော ဆုံးဖြတ်ချက်နဲ့ လေဝိညာဉ်ကို ကြည့်လိုက်သည်။

"ငါရဲ့ ပညာသင်ဘက် မောင်လေးတွေကလည်း အားကိုးလို့ မရဘူး။ ငါ့ရဲ့ အစ်မကြီးကလည်း မတိုက်ခိုက်နိုင်ဘူး။ အခုအားလုံးက ငါ့တာဝန်ပဲ"

လုချီဟွာက တိုးတိုးလေး ရေရွတ်လိုက်သည်။ သူမက တံတွေးတစ်ချက် မြို့ချလိုက်ပြီး

နိုင်သည်ဖြစ်စေ၊ မနိုင်သည်ဖြစ်စေ ဆက်ပြီး တိုက်ပွဲဝင်ဖို့ လုပ်လိုက်သည်။

လေဝိညာဉ် ရောက်လာသည်။ ကီလိုပေါင်းများစွာ လေးလံသော ကျောက်တိုင်ကြီးနဲ့ တူတဲ့ လက်တစ်ချောင်းက သဘော်သီး မိန်းကလေးကို ခြေမွဖို့ ပြေးဝင်လာသည်။

“ချီဟွာ ရှောင်လိုက်”

လီဇီချီ အရမ်းစိတ်ပူလာသည်။

ရွှတ်စ်

ချန်လုံရဲ့ ပုံရိပ်က ဖျက်ကနဲ လုချီဟွာ အရှေ့တွင် ပေါ်လာသည်။ လက်ထဲက ဓါးမြှောင် ထွက်လာသည်။

ဒင်

ချန်လုံရဲ့ ဓါးမြှောင်သည် ကမ္ဘာကြီးက ထွက်လာတဲ့ မောင်းတံ တစ်ခုနဲ့တူသည်။ ရုတ်တရက် သက်ရောက်မှုကြောင့် လေဝိညာဉ်ရဲ့ ရောမကျောက်တုံး လက်ချောင်းသည် လည်ထွက်သွားသည်။ ဒီမြင်ကွင်းကို မြင်လိုက်လျှင် ဆရာတွေအားလုံး အရမ်းအံ့အော သွားသည်။ ဒီလူငယ်လေးရဲ့ လေ့လာမှုက အခြေခံ

အရမ်းခိုင်မာသည်။ ဓါးမြှောင်တစ်ချက်သာ ဖြစ်သည်။ တကယ်လို့ ခွန်အားထိန်းချုပ်မှုနဲ့ တိုက်ပင်ကိုက်မှု မပြည့်ဝခဲ့ရင် အဲဒီအစား သူသာ ဒဏ်ရာရသွား လိမ့်မည်။

ပြီးတော့ ချန်လုံရဲ့ လည်ပင်းက ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးကို မြင်လိုက်လျှင် လူတိုင်း သက်ပြင်း ချလိုက်မိသည်။ ချန်လုံရဲ့ အရည်အချင်း ဘယ်လောက်ပဲ ကောင်းမွန်ပါစေ အနာဂတ် မရှိတော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့ကို ဘယ်သူကများ ဒီလောက် ရက်စက်ခဲ့တာလဲ။

လီဇီချီလည်း တိုက်ပွဲထဲ ဝင်လာခဲ့သည်။ သို့သော်လည်း သူမရဲ့တုန့်ပြန်မှု အာရုံကြောက အားနည်းလွန်းသောကြောင့် သူမဦးနှောက် ပေးပို့မှုကို ခြေတွေလက်တွေက အမှီမလိုက်နိုင်ပါ။ ဒါကြောင့် သူမ ပျာယာခတ်သွားသည်။

"မင်းတို့အားလုံး နောက်ဆုတ်ကြ"

ချန်လုံက မိန်းကလေးနှစ်ယောက်ကို ညွှန်ကြားလိုက်သည်။ သူက လေဝိညာဉ်ကို တစ်ကိုယ်တော် လက်စွမ်းပြဖို့ ပြင်ဆင်နေသည်။

“မင်းလုပ်နိုင်တယ်”

ထန်ထန်ယုထန်က လက်ခုပ်တီးပြီး အားပေးနေသည်။ တိုက်ပွဲဝင်ဖို့ ရည်ရွယ်ချက် လုံးဝ မရှိပါ။

“မင်းဒါကို ကိုင်တွယ်နိုင်လား”

လီဇီချီ စိုးရိမ်နေသည်။ တချိန်တည်းမှာပဲ ပျော့ညံ့တဲ့ သူမကိုယ်သူမ မုန်းတီးနေသည်။

တွေးထားသလိုပဲ တကယ့်တိုက်ပွဲတွင် ဝင်မပါနိုင်ပါ။ ဒါပေမယ့် အရင်နေ့က ဆွန်းမိုပြောခဲ့တဲ့ စကားများကို ပြန်ကြားယောင်လာပြီး စိတ်ခံစားချက် အနည်းငယ် ပိုကောင်းမွန်လာသည်။

ချန်လုံ တိုက်ခိုက်နေသည်။ လေဝိညာဉ်ဘေးတွင် ကခုန်နေရင်း သူ့အရှိန်က ပိုမြန်လာသည်။ လက်ထဲက ဓါးမြှောင်က လေဝိညာဉ်ရဲ့ မျက်လုံးတွေ လည်ပင်းတွေကို ပစ်မှတ်ထားပြီး လှီးဖြတ်နေသည်။

ဒင် ဒင် ဒင်

စူးရှသော အသံတွေ ထွက်ပေါ်နေသည်။

ဟောင်း

လေဝိညာဉ် ဒေါသတကြီး အော်ဟစ်နေသည်။ သူ့လက်မောင်းတွေနဲ့ ဖြစ်ညှစ်ပြီး ချန်လုံကို သတ်ပစ်ချင်နေသည်။ သို့သော်လည်း သူ့ရဲ့လှုပ်ရှားမှု ရှုပ်ထွေးနေသည်။ ချန်လုံရဲ့ အကျီစကိုတောင် မထိနိုင်ဖြစ်နေသည်။

"အထင်ကြီး စရာပဲ"

ကျောင်းသား အားလုံး အရမ်း တုန်လှုပ်နေကြသည်။ ချန်လုံရဲ့ လှုပ်ရှားမှု ကျင့်စဉ်က

အရမ်းအထင်ကြီးဖို့ ကောင်းတယ်။ သူ့ လှုပ်ရှားမှုက ခန့်မှန်းရခက်ပြီး ထူးဆန်းလှသည်။ ဘယ်သူမှ မထင်မှတ်ထားတဲ့ နေရာတွေကနေ ပေါ်လာတတ်သည်။ ပြီးတော့ တိုက်ခိုက်နေတဲ့ အချိန်တွင် သူ့အငွေ့အသက်တစ်ခုလုံး ပုံစံ ပြောင်းသွားသည်။ အရိပ်ထဲမှာရှိတဲ့ အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်လို ပတ်မှတ်ရဲ့ အသတ်ကို အချိန်မရွေး နှုတ်ယူနိုင်တဲ့ ပုံစံ ဖြစ်နေသည်။

“သူက ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်ကို ရောက်သင့်နေပြီ”

ကျုံ့ရှန်ရီ က ထင်ကြေးပေးလိုက်သည်။

"ဒီကောင်လေးက အသက်ဘယ်လောက်ရှိသေးလို့လဲ"

ပိုင်ရန်လီက စပ်စုလိုက်သည်။

"နောက်နှစ်လနေမှ ၁၃နှစ်"

ကူရှုပ်ရှင်းသည် အရင်က သူ့ရဲ့ အချက်အလက်ကို ကြည့်ခဲ့ဖူးသည်။

ရှူး

ဒီစကားကို ကြားလိုက်လျှင် ကျောင်းသားအားလုံး ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်စွမ်းရည် ပိုင်ဆိုင်ထားတဲ့ ချန်လုံကို အံ့အောတကြီး ချီးကျူးနေကြသည်။ ဆွန်းမိုကို သဘောမကျတဲ့ ကျန်ကွမ်လင်တောင် ဝမ်းနည်းသလို ခံစားရသည်။ ပျိုးပင်ကောင်းလေးက စိတ်မကောင်းစရာ အနာဂတ် ပျက်ဆီးသွားပြီ။

ချန်လုံ တကယ်အစွမ်းထက်ကြောင်း အမှန်တရားက သက်သေပြနေသည်။

နှစ်မိနှစ်တောင် မကြာလိုက်ပါ။ လေဝိညာဉ်များ အားလုံး သူ့ကြောင့် ရှုံးနိမ့်သွားသည်။ မြေပေါ်မှာ လဲကျပြီး ကျောက်တုံးတွေ ပြန်ဖြစ်သွားသည်။

လူတိုင်း ခေါင်းလှည့်ပြီး ကြည့်လိုက်လျှင် ရှန်ယွန်ပေါင်နဲ့ အင်ဘိုင်ဝူတို့ တိုက်ခိုက် နေကြသေးသည်။

ရှန်ယွန်ပေါင်သည် ကျင့်ကြံခြင်း နယ်ပယ်မြင့်ပြီး ပြိုင်ဘက်က မိန်းကလေး တစ်ယောက် ဖြစ်နေသည်။ သို့သော်လည်း အင်ဘိုင်ဝူ ဝိညာဉ်ချီ ကြွယ်ဝတာကို သူ တွေ့လိုက်သည်။ သူမရဲ့ တိုက်ခိုက်ပုံက

အရမ်းရက်စက်ပြီး တိုက်ပွဲအတွင်းတွင် သူ့ထက်တောင် ပိုရက်စက်သေးသည်။

တိုက်ခိုက်ရေး သမားကြီးက အရမ်းဂုဏ်ယူနေသည်။ တိုက်ပွဲကို သူ့ဘက်က စရပ်ဖို့ သူ့အတွက် မဖြစ်နိုင်ပါ။ သို့သော်လည်း အင်ဘိုင်ဝူကို အနိုင်ယူရန် သူ့စွမ်းရည် အကုန်လုံးကို ထုတ်မသုံးပါ။ ဒါကြောင့်လည်း ခွန်အားရဲ့ ၅၀ ရာခိုင်နှုန်းသာ ထုတ်သုံးထားသည်။ အင်ဘိုင်ဝူက အရှုံးကို ဝန်ခံလာတဲ့အထိ တိုက်ခိုက်ဖို့ ရည်ရွယ်ထားသည်။ အင်ဘိုင်ဝူက နှုတ်ခမ်း တင်းတင်းစေ့ထားသည်။

သူ့ကို မနိုင်တာလည်း သူမ သိနေသည်။ အားနည်းပြီး အသုံးမဝင်တဲ့ သူမကိုယ်သူမ မုန်းတီးနေသည်။ သို့သော်လည်း သိပ်မကြာခင် စိတ်ခြေအနေကို ပြောင်းလဲပြီး တိုးတက်အောင်လုပ်ရန် လေ့ကျင့်အဖော် အဖြစ် အသုံးပြုဖို့ ဆုံးဖြတ်လိုက်သည်။

အမှန်တိုင်းပြောရလျှင် ရှန်ယွန်ပေါင်သည် တိုက်ခိုက်ရေး ထူးချွန်ပြီး ပြီးပြည့်စုံတဲ့ လေ့ကျင့်ဖော် ဖြစ်သည်။ သို့သော်လည်း သူနဲ့တိုက်ခိုက်ဖို့ မကြာခဏ မလေးမစား လုပ်နေလို့ မရပါ။ ဒါကြောင့်

ဒီအခွင့်အရေးသည် အင်ဘိုင်ဝူအတွက် အရမ်းရှားပါးသော အခွင့်အရေး ဖြစ်သည်။

"ငါ့တော့ အမြတ်ထွက်ပြီ"

အင်ဘိုင်ဝူ ခိုးပြီး ပျော်နေသော်လည်း မျက်နှာမှာတော့ အမူအရာ မပြပါ။ စိတ်အခြေအနေကို ပြုပြင်ပြီး အစွမ်းကုန် တိုက်ခိုက်ဖို့ အာရုံစိုက်လိုက်သည်။

သူတို့နှစ်ယောက် အပြန်အလှန် ထိပ်တိုက် ရင်ဆိုင်နေကြသည်။ သူတို့ရဲ့ အမူအရာတွေက

အပြန့်ကောင်းနေပြီး ဒီရေအလား တစ်ခုနဲ့ တစ်ခု ထိခိုက်မိနေသည်။

ကျောင်းသားတွေ ကြည့်နေရင်း အမှုအရာက တဖြည်းဖြည်း လေးလံလာသည်။ ကို့ကိုယ်ကို ယုံကြည်ချက်ရှိသော ကျန်ရန်ဇောင်တောင် မျက်မှောင် ကြုတ်လာသည်။

“တောက်၊ ဒီလို ပါရမီရှင်တွေက ဘာကြောင့် ဆွန်းမိုနောက် လိုက်ဖို့ ရွေးချယ်ခဲ့ကြ တာလဲ”

ကျန်ကွမ်လင်နဲ့ ရီဂျီမင်တို့ နှစ်ယောက်စလုံး စိတ်ဓါတ်ကျနေသည်။ အထူးသဖြင့် ကျန်ကွမ်လင်

အတွက် ဖြစ်သည်။ ကျောင်းသား ခိုးယူဖို့တောင် စပြီး စဉ်းစားလာသည်။ သို့သော်လည်း ဒီလုပ်ရပ်က တားမြစ်ချက်ဖြစ်သည်။ သူလုပ်ချင်ရင်တောင် တိတ်တိတ်လေး ခိုးလုပ်ရမည်။

"အထင်ကြီးစရာပဲ ၊ အရမ်းကို အထင်ကြီးစရာပဲ"

ပိုင်ရန်လီက သတ်ဖြတ်ရတာနဲ့ တိုက်ခိုက်ရတာကို နှစ်သက်သည်။ ဒါကြောင့်လည်း ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့ ကြားက တိုက်ခိုက်မှုကို မြင်လိုက်လျှင် အလိုလို ချီးကျူးလိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒီကျောင်းသားနှစ်ယောက်က လိဂ်ပြိုင်ပွဲဝင်ဖို့ အရည်အချင်း မှီနေပြီ"

ဒါကိုကြားလိုက်လျှင် ကျောင်းသားအားလုံး အားကျတဲ့ စိတ်ပေါ်လာသည်။

ဒီနှစ်ကုန်ရင် 'ဒီ'အဆင့်ရှိတဲ့ နာမည်ကြီးကျောင်း ၁၀၈ ကျောင်း ပြိုင်ပွဲဝင်ရမည်။ အဲဒီမှာ အဓိက ပြိုင်ပွဲနဲ့ လူသစ်ပြိုင်ပွဲဆိုပြီး ခွဲခြားထားသည်။

ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ရလဒ်သည် နောက်ဆုံး အဆင့် ဆယ်နေရာကို ရောက်သွားပါက နာမည်ကြီး ကျောင်းဆိုတဲ့ ဘွဲ့ ရုတ်သိမ်း ခံရမည်။

ပြီးတော့ 'စီ'အဆင့်ကို တက်ရောက်လိုပါက ထိပ်ဆုံး ဆယ်နေရာကို ဝင်ရမည် ဖြစ်သည်။

ဆယ်နေရာသာ ရှိသော်လည်း ပြိုင်ဆိုင်မှုက အရမ်းပြင်းထန်သည်။ ဗဟိုပြည်နယ်အကယ်ဒမီသည် ကြီးကြီးမားမား ကျဆင်းလာပြီး ထိပ်တန်းပါရမီရှင်များကို မရီဒန်အကယ်ဒမီက လုယူသွားတဲ့ အချက်ကိုပါ ထည့်ပေါင်းလိုက်ရင် သူတို့ကျောင်းသားအသစ်များ၏ အရည်အချင်းသည် တစ်နှစ်ထက် တစ်နှစ် နိမ့်ကျလာသည်။

အလုံးစုံ ရလဒ်သည် အဓိက ပြိုင်ပွဲနဲ့ လူသစ်တန်း ပြိုင်ပွဲကို ပေါင်းစပ်ပြီး ထုတ်ပေးခြင်း ဖြစ်သည်။ ဒါကြောင့် ဒီနှစ်ကျောင်းသားအသစ်များ၏ ပခုံးပေါ်တွင် အရမ်းကြီးလေးတဲ့ တာဝန်များ ရှိနေသည်။

ကျောင်းသားအသစ် ပြိုင်ပွဲအတွက် ပါဝင်သူ ဦးရေ ၂၀ သတ်မှတ်ထားသည်။ မမျှော်လင့်ထားတဲ့ မတော်တဆမှုသာ မရှိပါက အခုလိုက်လာတဲ့ ကျောင်းသား ၅၀ထဲကနေ လူနှစ်ဆယ် ရွေးချယ် လိမ့်မည်။ အခုအချိန်တွင် အမျောင်တိုက်ကြီး

ခရီးစဉ်က အစသာ ဖြစ်သော်လည်း ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူက နှစ်နေရာ ရသွားပြီ။ ဘယ်လိုလုပ် မနာလို မဖြစ်အောင် နေရမလဲ။

“ဆရာပိုင်၊ မင်းသုံးသပ်ချက် စောလွန်းတယ်။ ဒီထက်ပိုပြီး အစွမ်းထက်တဲ့ ကျောင်းသားတွေ ပေါ်လာရင် ဘယ်လိုလုပ်မလဲ”

ကျန်ကွမ်လင် အနည်းငယ် မကျေမနပ်ဖြစ်ပြီး ဝေဖန်လိုက်သည်။ (ငါ့အဖေက အရည်အချင်းပြည့်တဲ့ ကျောင်းသားတွေကို ရွေးချယ်ခွင့် ရှိတဲ့လူပါ။ မင်းကိုယ်မင်း ဘယ်သူထင်နေတာလဲ။)

“အင်း၊ ဆရာကျန်၊ မင်းရဲ့ သုံးသပ်ချက်က နည်းနည်းတော့ လွဲနေပြီ။ ဒီနှစ်ယောက် လောက် အထင်ကြီးဖို့ကောင်းတဲ့ ကျောင်းသား ၁၈ယောက် ထပ်ရှိရင် ငါတို့ကျောင်းက ဒီနှစ် လူသစ်တန်း ပြိုင်ပွဲမှာ ချန်ပီယံ ဖြစ်နေပြီ”

ပိုင်ရန်လီသည် ကျန်ကွမ်လင်ကို လှောင်ပြောင်ဖို့ အစီအစဉ်မရှိပါ။ သူက အမှန်တိုင်း ပြောနေခြင်း ဖြစ်သည်။

ကျန်ကွမ်လင် မျက်နှာချက်ခြင်း မည်းသွားသည်။ သူက

"ရှန်ယွန်ပေါင်က သန်မာတယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် အင်ဘိုင်ဝူက အများဆုံး အဆင့်(၃)ပဲ ရှိအုံးမယ်။ အရမ်းအားနည်းတယ်"

အများအားဖြင့် ဆိုရင် လူသစ်တန်း ပြိုင်မည့်သူက အနည်းဆုံး ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့်(၅) ရောက်နေရမည်။

"သူမရဲ့ အရည်အချင်းအရ အနည်းငယ် လေးကျင့်ပေးဖို့ပဲ လိုပါတယ်။ လွယ်လွယ်ကူကူနဲ့ အဆင့်(၅) ရောက်သွားလိမ့်မယ်"

ပိုင်ရန်လီက ဒီစကားကို ပြောပြီးနောက် စပ်စုလိုက်သည်။

"ငါကြားတာကတော့ သူမက အရမ်းဆင်းရဲလို့ စားကြွင်းစားကျန်တွေ သယ်တဲ့ အလုပ်လုပ်ခဲ့ရတယ်တဲ့။ လွန်ခဲ့တဲ့ လအနည်းငယ်ကမှ စပြီး ကျင့်ကြံခဲ့တာ မဟုတ်လား"

"ဟုတ်တယ်"

ဒူရှောင်က ပြန်ဖြေလိုက်သည်။ ထို့နောက် ဘယ်လောက် ကံကောင်းလဲဆိုပြီး ဆွန်းမိုကို လှည့်ကြည့် ကြလိုက်သည်။ သူ ကြံုရာ ကျပန်း

ကယ်တင်ခဲ့တဲ့ မိန်းကလေးက ပါရမီရှင်တစ်ယောက် ဖြစ်နေသည်။

"ဒီကျောင်းသားနှစ်ယောက်နဲ့ ဆိုရင် ဆွန်းမိုသာ ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲဖြေရင် သေချာပေါက် အောင်မြင်မှာပဲ"

ဒူရှောင်က မနာလိုစွာ ပြောလိုက်သည်။ အခုအချိန်တွင် သူမက ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာနိုင်သော်လည်း သူမရဲ့ တိုက်ရိုက်တပြည့်တွေက အနည်းငယ် နှိမ့်ကျနေသည်။ တိမ်စိမ်းအဆင့် ဝင်ဖို့ မဖြစ်နိုင်ပါ။

"အဲဒါတော့ မသေချာဘူး"

ကျန်ကွမ်လင်က ဒီလို ချီးကျူးစကားတွေ လုံးဝ မကြားချင်ပါ။

"အရင်က ပေါ်ခဲ့ဖူးတဲ့ ရှန်ဇောင်ရှိ အဖြစ်ကို ဥပမာ ကြည့်အုံး။ ဒီကျောင်းသားနှစ်ယောက်က အသင်းအဖွဲ့ စိတ်ဓါတ်မရှိတာ ထင်ရှားတယ်"

"ဒါတော့အမှန်ပဲ ၊ လူသစ်တန်းပြိုင်ပွဲဝင်ရင် ပါဝင်သူ အယောက် နှစ်ဆယ်စလုံး ကြိုးနဲ့ တင်းတင်းကြပ်ကြပ် ချည်ထားသလို အနီးကပ် လုပ်ဆောင်ဖို့ လိုတယ်။ ဒီကောင်တွေက သူတို့

ပညာသင်ဘက် မောင်နှမအခြင်းခြင်းတောင် တိုက်ခိုက်နေကြပြီ။ တခြားအဖွဲ့သာ ဆိုရင် သူတို့ သဘောထား ပိုဆိုးလာဖို့ပ ဲ ရှိမယ်”

ရီဂျီမင်က ဝင်ပြောလိုက်သည်။ ထုံးစံအတိုင်း သူက ကျန်ကွမ်လင် ဘက်က ဖြစ်သည်။

ဂျီမဲဂျဲလည်း ဒီပြဿနာနဲ့ ပက်သက်ပြီး စဉ်းစားနေသည်။ ကူရှပ်ရှင်းရဲ့ကျောင်းသား ဖြစ်တဲ့ ကျန်ရန်ဇောင်သည် တိုက်ခိုက်ရေး စွမ်းရည် ထူးချွန်ရုံသာမက ခေါင်းဆောင်မှုနဲ့ အသင်းအဖွဲ့ စိတ်ဓါတ် အရမ်းပြင်းထန်သည်။ တကယ်လို့ သူ့ရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအပြုအမူသာ ဆက်တိုးတက်လာရင် ဗဟိုပြည်နယ် လူသစ်အဖွဲ့၏ ခေါင်းဆောင် ဖြစ်လာနိုင်သည်။

လီဇီချီရဲ့ ဦးဆောင်မှုကလည်း မဆိုးပါဘူး။ စိတ်မကောင်းစရာ သူမရဲ့ ပင်ကိုယ်ခွန်အားက အားနည်းလွန်းသည်။ တကယ်လို့ သူမကို ခေါင်းဆောင် တင်လိုက်ပါက မမျှော်လင့်ဘဲ ကြိုပြီး အဆုံးသတ်သွားရင် အသင်းအဖွဲ့ရဲ့ စိတ်ဓါတ်ပိုင်း ဆိုင်ရာကို ပြင်းပြင်းထန်ထန် ထိခိုက် သွားလိမ့်မည်။

ရင်သားကြီးတဲ့ လုချီဟွာကတော့ သူမရဲ့ ခွန်အားက အရမ်းအားနည်း လွန်းသည်။

ဆွန်းမိုကြောင့်သာ မဟုတ်ရင် ဒီတစ်ခေါက် ခရီးစဉ်ကို မပါဝင်နိုင်ပါ။ ဒါသည်က မှုမမှန်ပါ။ တကယ်လို့ သူ့ကိုစေလွှတ်ရင်တောင် လက်မခံဖို့ များသည်။

ချန်လုံရဲ့ ကျင့်ကြံခြင်းအဆင့်က ကန့်သတ်ချက်ကို ကျော်လွန်သွားပြီ။ သူတော်စင်ဂိုတ်က လူသစ်တန်း ပြိုင်ပွဲအတွက် ပါဝင်သူများကို အခုမှ ကျောင်းဝင်လာတဲ့လူများ ဖြစ်ပြီး ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်ကို မကျော်ရဘူးလို့ ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ အင်ဘိုင်ဝူကတော့ ဒီနှစ်မကုန်ခင်

ခန္တာကိုယ်ပြုပြင်ခြင်း အဆင့် ၅ ကို ရောက်နေဖို့ လိုသည်။ တကယ်လို့ မရောက်ပါက သူမလည်း ပါဝင်ဖို့ မဖြစ်နိုင်ပါ။ ရှန်ယွန်ပေါင်ကတော့ ကြွက်သားများနေတဲ့ အမှုအကျင့်ကို မပြင်နိုင်ပါက ကျောင်းကသူ့ကို ပါဝင်ခွင့် ပေးမည် မဟုတ်ပါ။

နောက်ဆုံးတော့ လူသစ်တန်းပြိုင်ပွဲသည် အစုအဖွဲ့ အင်အားအပေါ် မူတည်သည်။ တကယ်လို့ ရှန်ယွန်ပေါင်သာ အဖွဲ့အစည်း စိတ်ဓါတ် ဖြစ်မလာပါက တကိုယ်ရည် စွမ်းရည်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကောင်းကင်ကို အံ့တုနိုင်နေပါစေ ကျောင်းက သူ့ကို အလိုမရှိပါ။

လီဇီချီသည် အရင်က ပညာသင်ဘက် မောင်နှမ အခြင်းခြင်း တိုက်ခိုက်နေတာကို တားမြစ်ချင်နေသည်။ အဆုံးတွင် အင်ဘိုင်ဝူက ရှန်ယွန်ပေါင်ကို လေ့ကျင့်ဖော် အဖြစ် သတ်မှတ်ထားတာကို မြင်လိုက်လျှင် ခေါင်းကို ယမ်းလိုက်မိသည်။

ဒီမငွေမက်ကတော့ အကျိုးအမြတ်ရမယ့် ကိစ္စတိုင်းကို လုံးဝ လက်လွှတ်မခံပါ။

လုချီဟွာက သစ်ကြားသီးအရွယ် သလင်းကျောက်ကို ကောက်ယူပြီး ဆွန်းမိုကို ပေးလိုက်သည်။ ဒါက သူတို့ သတ်ခဲ့သော လေဝိညာဉ်၏ အူတိုင် ဖြစ်သည်။ အသုံးပြုဖို့အတွက် အထဲမှာ စုပ်ယူနိုင်သော ဝိညာဉ်ချီများ ပါဝင်သည်။

"သိမ်းထားဖို့အတွက် ဇီချီကို ပေးလိုက်ပါ။ နောင်တစ်ချိန်ကျရင် အဖွဲ့ရဲ့ ရန်ပုံငွေ အဖြစ် သုံးလို့ရတယ်"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာလောက၏ စည်းမျဉ်းအရ တိုက်ပွဲမှ ကျောင်းသားတွေ လုယူ ရရှိခဲ့သော ပစ္စည်းများသည် သူတို့ ဆရာအပိုင်ဖြစ်သည်။ လုယက်မှုများနဲ့ ပက်သက်ပြီး ဆရာက စိတ်တိုင်းကျ စီစဉ်နိုင်သည်။ ဒါက ဆရာတွေအပေါ် လေးစားမှု တစ်မျိုးပါ။ သို့သော်လည်း ဆွန်းမိုကတော့ မလိုအပ်ပါ။

အများအားဖြင့် ဆရာအများစုသည် ဒါကို ဂရုမစိုက်ကြပါ။

“တော်သင့်ပြီ၊ မင်းတို့နှစ်ယောက် ဘယ်လောက်ကြာကြာ ဆက်တိုက် နေအုံးမှာလဲ”

ဆွန်းမိုက မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

အင်ဘိုင်ဝူသည် အနည်းငယ် ပို လေ့ကျင့်ချင်သေးသည်။ သို့သော်လည်း သူမသည် ဆွန်းမိုကို အရမ်းလေးစားပြီး ရိုသေသည်။ ဒီစကားကို ကြားလိုက်တာနဲ့ ရှန်ယွန်ပေါင်နှင့် အကွာအဝေးတစ်ခု ဖြစ်အောင် ချက်ခြင်း နောက်ဆုတ်လိုက်သည်။

"နောက်ဆုံးတော့လည်း မင်းငါ့ကို အနိုင်မယူနိုင်ဘူးဆိုတာ သိသွားပြီလား"

ရှန်ယွန်ပေါင်က လှောင်ပြောင်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါက ဆရာ့ စကားအတိုင်း လိုက်နာရုံပဲ။ နောင်တစ်ချိန်မှာ အခွင့်အရေးရရင် ထပ်တိုက်ကြတာပေါ့။ ငါပဲ သေချာပေါက် နိုင်လိမ့်မယ်"

အင်ဘိုင်ဝူက နောက်ထပ် တိုက်ပွဲတစ်ခု စီစဉ်ရန် အခွင့်အရေး ယူလိုက်သည်။

ဆွန်းမိုအကြောင်းပြောတဲ့ သံမဏိမိန်းကလေးရဲ့ လေသံကို နားထောင်ပြီး ရီဂျီမင် မနာလို ဖြစ်လာသည်။ တစ်ဖွဲ့လုံး တကျောင်းလုံး နောက်တစ်ကြိမ် ခရီးဆက်ကြပြန်သည်။

ညနေစောင်းတော့ ရေပူစမ်းတွေရှိတဲ့ နေရာ ရောက်လာသည်။ ကွဲအက်နေသော မြေပြင်တွေကနေ အဖြူရောင် ရေအခိုးငွေ့တွေ တရံတခါ ထွက်ပေါ်နေသည်။

“ဒီနေရာက ရေပူစမ်းလို့ နာမည်ကြီးတယ်။ စိတ်ပါရင် လူတိုင်း စိမ်လို့ရတယ်။ စိတ်အေးလက်အေး နေကြပါ”

ဂျိမ်ဂျဲက အဖွဲ့တွေကို လူစုခွဲလို့ ရကြောင်း ကြေငြာလိုက်သည်။ ကျောင်းသားတွေလည်း လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာ လို့ရသည်။

"ဆရာဆွန်း၊ ငါနေရာ ကောင်းကောင်းသိတယ်။ အဲဒီနေရာက ရှုခင်း အရမ်းလှပြီး စမ်းရေ အပူချိန်ကလည်း သက်တောင့်သက်သာ ရှိတယ်"

ကူရှုပ်ရှင်းက ကျန်ရန်ဇောင်ကို အဖွဲ့ဦးဆောင်ဖို့ မှာကြားခဲ့ပြီး ဆွန်းမိုကို လိုက်ရှာက အသံတိုးတိုးလေးနဲ့ ဖိတ်ခေါ်လိုက်သည်။ သူမသည် ဆွန်းမိုရဲ့ နဂါး ဖမ်းတဲ့ လက်ကို ထပ်ခံစားချင်သေးသည်။

မှတ်ချက်။ ။ ရှန်ဇောင်ရိုသည် ထူးချွန်သော ဓာတ်ကောင်တစ်ယောက်၏ အမည်ဖြစ်သည်။

သူ့အဖေက သူ့ကို ပညာရှာဖို့ မတိုက်တွန်းပဲ ငွေရှာတဲ့ ကိရိယာ တစ်ခုအဖြစ် အသုံးချခဲ့သည်။ နောက်ဆုံးတွင် ပါရမီရှင် တစ်ယောက်အဖြစ်ကနေ သာမန်လူတစ်ယောက် အဖြစ်သို့ နိမ့်ကျသွားခဲ့သည်။

စာစဉ်(၁၆)

အခန်း(၂၂) - အနှုတ်သဘောဆောင်သော စိတ်ပိုင်းဆိုင်ရာ အရည်အချင်း။

ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးသည် ရေပူစမ်းများအတွက် အရမ်းကျော်ကြားတဲ့ မြင့်မြတ်နယ်မြေ တစ်ခု လိုဖြစ်နေသည်။ ဒီနေရာရှိ ရေပူစမ်းများသည် အပူချိန်သင့်တော်ရုံ သာမက သတ္တုဓါတ်နှင့် ဝိညာဉ်ချီ အများအပြား ပါရှိကြသည်။ အချိန်တခုလောက်အထိ

ရေစိမ်လိုက်ပါက ခန္ဓာကိုယ်အတွက် အကျိုးရှိပေသည်။

ကျင့်ကြံသူများသည် ဝိညာဥ်ချောက်ကမ်းပါး ရောက်ပြီးနောက် ရေပူစမ်း မစိမ်မိပါက ဒီခရီးစဉ် အတွက် အလာဟာသ ဖြစ်တယ်လို့တောင် သတ်မှတ်ထားကြသည်။

ဒီနေရာမှာ အရွယ်အစားအမျိုးမျိုးနဲ့ ရေပူစမ်းပေါင်း ၁၀၀ ကျော်လောက်ရှိသည်။ သို့သော်လည်း အများစုက အရမ်းသေးငယ်ပြီး အပူချိန် အရမ်းနည်းသည် ဒါမှမဟုတ်ရင် အပူချိန်လွန်တာမျိုး

ဖြစ်နေကြသည်။ လူသားတွေအတွက် သက်တောင့်သက်သာ ဖြစ်စေနိုင်ပြီး သင့်တော်တဲ့ အပူချိန်ရှိတဲ့ ရေပူစမ်းက နှစ်ဆယ်ခန့်သာ ရှိသည်။

ထို့ပြင် နှစ်ပေါင်းများစွာ ကြာလာပြီ ဖြစ်သဖြင့် ရေ အရည်အသွေးအကောင်းဆုံးနဲ့ ဝိညာဉ်ချီ အကြွယ်ဝဆုံး ရေပူစမ်းကို လူတွေ သိရှိခဲ့ကြသည်။

ရှေးခတ်ကတည်းက အခုချိန်အထိ ကျော်ကြားသော နေရာ တစ်ခုဖြစ်သောကြောင့် လာပြီး လည်ပတ်သူတွေ ပိုမို များပြားလာသည်။ ဆွန်းမိုက ထုံးစံအတိုင်း လူအများကြီးနဲ့ မနေချင်ပါ။

တွေ့ကရာ ရေပူစမ်းကို သွားဖို့လုပ်နေတဲ့ အချိန်မှာ ကူရှုပ်ရှင်းရဲ့ ဖိတ်ခေါ်မှုကို ကြားလိုက်သည်။

“ဒါက သိပ်မသင့်တော်ဘူးလားလို့”

ဆွန်းမို မျက်မှောင်ကြုတ်ကာ ပြန်ပြောလိုက်သည်။ လှပသော ဆရာမ တစ်ယောက်နဲ့ ရေပူစမ်း အတူတူ စိမ်လိုက်ပါက ကောလဟာလတွေ ပျံ့နှံ့လာ လိမ့်မည်။

“ဘာလို့ မသင့်တော်ရမှာလဲ”

ကူရှုပ်ရှင်းတောင် ကောလဟာလတွေကို မကြောက်သေးရင် ဆွန်းမိုက ဘာကို

ကြောက်နေတာလဲ။ သူမက လီဇီချီနှင့် လုချီဖွာကို အတူတူခေါ်လာရန် အကြံပေးလိုက်သည်။ အရင်ကလည်း သူတို့နဲ့ အတူတူရေချိုးပြီး ရေစိမ်ခဲ့ဖူးသည်။ သို့သော်လည်း ဆွန်းမိုရဲ့ အမူအရာကို မြင်ပြီး အကြံအစည်ကို စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်သည်။

ဆွန်းမိုရဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်နဲ့ အနှိပ်ခံရရင် အရိမ်းဇိမ်ရှိပြီး ပျံသန်းနေသလို ခံစားရမည်။ ကူရှုပ်ရှင်းက တခြားသူတွေနဲ့ အတူတူ

ဒီအခြေအနေကို ကြုံဖူးသော်လည်း လီဇီချီ ဒီလို အခြေအနေ ထပ်မဖြစ်ချင်တော့ပါ။

"ဒါ....."

ဆွန်းမို ဘာလုပ်ရမှန်း မသိဖြစ်သွားသည်။

"ဆရာ သွားရအောင်"

လီဇီချီက သူ့ပစ္စည်းများကို ထားပြီး ချက်ခြင်းပြေးလာသည်။

ကူရှုပ်ရှင်းသည် အန်ရှီဝေ မျှော်လင့်ထားရတဲ့ ပါရမီရှင် တစ်ယောက်ဖြစ်သည်။ သူမကလည်း လုပ်ပြနိုင်ခဲ့သည်။ တကယ်လို့ မမျှော်လင့်ထားတဲ့

အဖြစ်အပျက် တစ်ခုခုသာ မဖြစ်လာခဲ့ရင် နောင်ဆယ်နှစ်လောက် ကြာသောအခါ သူမသည် ကျောင်းရဲ့ အဓိက မဏ္ဍိုင် တစ်ခု ဖြစ်လာလိမ့်မည်။ ဆွန်းမိုသာ ကျောင်းမှာ ဩဇာတိုးလာခြင်ရင် ဒီလို ပါရမီရှင်တစ်ယောက်နဲ့ ဆက်ဆံရေးကောင်းဖို့ မဖြစ်မနေ လိုအပ်သည်။

"ကောင်းပြီလေ"

ဆွန်းမိုလည်း ဒီလို တွေးမိသည်။

"ဒါဆိုလည်း သွားရအောင်၊ ဘယ်လိုပဲဖြစ်ဖြစ် အရမ်းဝေးလို့တော့ မဖြစ်ဘူး"

ကူရှုပ်ရှင်းက ချက်ခြင်း လမ်းပြသည်။

လုချီဟွာက ခွေးလေးတစ်ကောင်လို နောက်ကချက်ခြင်း လိုက်လာသည်။ အင်ဘိုင်ဝူက တွေဝေသွားသည်။ ဆွန်းမိုက မခေါ်သဖြင့် လိုက်သင့်လား မလိုက်သင့်လား ဝေခွဲမရ ဖြစ်နေသည်။

ရေပူစမ်းရှိတဲ့ နေရာမှာလည်း အလားတူ ကျောက်တိုင်များ ရှိနေသည်။ ဒီနေရာက ကျောက်တုံး ကျောက်ခဲများသည် တောတစ်ခုနဲ့ တူနေသည်။ မြေပြင်တွင်လည်း

အက်ကွဲကြောင်းများရှိနေပြီး ထိုနေရာမှ ရေနွေးငွေ့ အဖြူရောင်များ ရုံဖန်ရုံခါ ထွက်လာပြီး လေထဲ ပျံ့နှံ့သွားသည်။ ကူရှုပ်ရှင်းသည် ဆွန်းမို တို့ကို ဦးဆောင်ကာ အချိုးကွေ့ပေါင်းများစွာ ဖြတ်ကျော်ပြီး ခြောက်ကမ်းပါးတစ်ခုကို မရောက်ခင် ခြောက်မိနစ်၊ ခုနှစ်မိနစ်လောက် ခရီးကြမ်းနှင်လာခဲ့သည်။

အပေါ်စီးက ကြည့်လိုက်လျှင် မြေမျက်နှာအသွင်အပြင်က ယောက်ချို ဇွန်းတစ်ခုနဲ့

တူသည်။ ချိုင့်ထဲတွင် အချင်း ငါး မီတာပတ်လည်လောက်ရှိတဲ့ ရေပူစမ်း တစ်ခုရှိနေသည်။

"ရေရဲ့ အပူချိန်က အရမ်းမမြင့်ပေမယ့် ပတ်ဝန်းကျင် ရှုခင်းက အရမ်းကောင်းတယ်"

ကူရှုပ်ရှင်းက ရှင်းပြမိတ်ဆက်လိုက်သည်။ သူတို့ ရေစိမ်ဖို့ အချိန်ရောက်လာပြီ။ သို့သော်လည်း သူမ အနည်းငယ် ဝေခွဲမရဖြစ်နေသည်။ တကယ်တော့ ဆွန်းမိုက ယောကျ်ားတစ်ယောက်ပါ။ ဒါကြောင့်လည်း သူမသည် ထူးထူးဆန်းဆန်း ရှက်စိတ်ဝင်ပြီး စိတ်လှုပ်ရှားနေသည်။

"မင်းတို့ချည်းပဲ ရေစိမ်တာ ပိုကောင်းမယ် ထင်တယ်"

ဆွန်းမိုလည်း ကူရှုပ်ရှင်း အနေခက်နေတာ သတိထားမိသည်။ သူထွက်သွားဖို့ လုပ်လိုက်သည်။

လီဇီချီက ဆွန်းမိုလက်ကို တိတ်တိတ်လေး ဖမ်းဆွဲလိုက်သည်။ သို့သော်လည်း ကူရှုပ်ရှင်းက ပြောလာသည်။

"ဆရာဆွန်း မင်းငါ့ကို လူစိမ်းတစ်ယောက်လို ဆက်ဆံနေတာလား။ အမှန်တိုင်းပြောရရင် မင်းကို

တမင်သက်သက် ဖိတ်ခေါ်လိုက်တာက မင်းရဲ့ အနှိပ်ကို ထပ်ပြီး ခံစားကြည့်ချင်လို့”

ကူရှုပ်ရှင်းက ပြောပြီးတာနဲ့ သူမရဲ့ အပေါ်ဝတ်ရုံ ကြယ်သီး ဖြုတ်လိုက်သည်။ မိုးပြာရောင် ဆရာ ဝတ်ရုံရှည်သည် သူမခန္ဓာကိုယ်မှ လျှောကျသွားသည်။

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။ (ဒီလောက်ပြတ်သားဖို့ လိုလို့လား။ ဒါပေမယ့် ဒီနာကျင်မှု တပ်မက်သူလေးက တော်တော်တော့ လှသား)

ခေါင်းကိုးလုံး အလှဆိုတာ ဒါပဲ။

ကူရှပ်ရှင်းသည် ဗစ်တိုးရီးယား ဘက်ခမ်း တံဆိပ်ရဲ့ မော်ဒယ်တစ်ယောက်ဖြစ်သွားရင် သူမရဲ့အလှ၊ ရုပ်ရည်တွေကြောင့် ထိပ်တန်း မော်ဒယ်တစ်ယောက် သေချာပေါက် ဖြစ်လာလိမ့်မည်။

ထုံးစံအတိုင်း ကူရှပ်ရှင်းသည် ဝတ်ရုံအောက်တွင် အကျႌအတို၊ ဘောင်ဘီအတိုအပြတ်လေး ဝတ်ဆင်ထားသည်။ သူမက ဆွန်းမိုနဲ့အတူတူ ရေစိမ်ဖို့ ပြင်ဆင်ထားတာ သိသာလှသည်။

သို့သော်လည်း ပြည်နယ်ကိုးခုတွင် ဒီလို ဝတ်စားခြင်းက အနည်းငယ် ရဲတင်းပြီး လူစိမ်းယောကျ်ားများ မြင်လျှင် ရှက်ဖို့ကောင်းတယ်လို့ သတ်မှတ်ထားသည်။

ဆွန်းမိုသည် ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်ပြီး အကြည့်လွှဲလိုက်သည်။

“အမ်”

ဆွန်းမိုရဲ့ အမူအရာကို မြင်လိုက်မှပဲ ကူရှူပ်ရှင်းသည် သူမကပဲ အစပျိုးပြီး လုပ်သလို ဖြစ်သွားသဖြင့် ငိုချင်လာသည်။

သူမက ဆွန်းမိုကို လူစိမ်းတစ်ယောက်လို မဆက်ဆံကြောင်း သက်သေပြချင်စိတ်နဲ့ အပေါ်ဝတ်ရုံ ချွတ်ချလိုက်မိသည်။ ဒါပေမယ့် ဒီလုပ်ရပ်က အထင်လွဲစရာ ဖြစ်သွားသည်။

“ကူရှုပ်ရှင်း ယောကျ်ားတစ်ယောက်ရဲ့ အရှေ့မှာ အဝတ်အစား ချွတ်ချနေတာလား။ နင်ဘာတွေ တွေးနေတာလဲ”

ကူရှုပ်ရှင်း ရှင်းပြချင်သော်လည်း ဘယ်ကစပြီး ပြောရမလဲ မသိ ဖြစ်နေသည်။ အရှက်မရှိတဲ့ လူတစ်ယောက်လို့ အထင်လွဲ ခံရပြီလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာဆွန်း၊ ကျေးဇူးပြုပြီး အထင်မလွဲပါနဲ့၊ တခြားဘာအဓိပ္ပါယ်မှ မရှိဘူး”

ကူရှုပ်ရှင်းက အမြန်ပြန်မတ်လိုက်ပြီး အဝတ်အစားတွေ ပြန်ကောက်ဝတ်ရမလား ဝေခွဲမရ ဖြစ်နေသည်။ (ငါအဝတ်တွေ ပြန်ဝတ်လိုက်ရင် သူက ငါ့ရဲ့ လုပ်ရပ်ကို မမြင်တာကြနေတာပဲ)

“ရေပူသွားစိမ်ရအောင် ဟော့”

လုချီဟွာက ရေပူစမ်းဘက်ကို ရုတ်တရတ် ထပြေးပြီး ခုန်ချလိုက်သည်။

ဝုန်း

ရေသည် အရပ်အသီးသီးကို လွင့်စင်သွားသည်။

"ဆရာ ဝတ်ရုံ ကူချွတ်ပေးရမလား"

ဒါက တပြည့်တစ်ယောက်ရဲ့ တာဝန်လို့ သူမ ထင်သည်။

"မလိုဘူး"

ဆွန်မိုက ငြင်းပယ်လိုက်သည်။

"မင်းတို့ မိန်းကလေးတွေပဲ စိမ်သင့်တယ်။ ငါ လုပ်စရာရှိတာလေး ရုတ်တရက် သတိရလာလို့ သွားတော့မယ်"

လီဇီချီနှင့် ကူရှုပ်ရှင်းတို့ နှစ်ယောက်စလုံး လက်ဆန့်ပြီး ဆွန်းမို ပခုံးကို လှမ်းဖမ်းထားသည်။

"ငါ၊ ကူရှုပ်ရှင်းက ဘယ်တော့မှ အရှုံးပေါ်မယ့် စီးပွားရေး မလုပ်ဘူး"

ကူရှုပ်ရှင်းက သူမရဲ့ ရုက်ရွံ့မှုကို သည်းခံပြီး ဆွန်းမိုကို ရေထဲ ချက်ခြင်း ဆွဲချလိုက်သည်။

"အဝတ်တောင် မချွတ်ရသေးဘူးဟ"

ဆွန်းမို အားကိုးရာ မဲ့နေသည်။

"ဆရာ မြန်မြန်လာကြည့် ဒါက အရမ်းလှတာပဲ "

လုချီဟွာက ရေပူစမ်းကန်ထဲက ထောင့်စွန်းတစ်ခုကိုမှီရင်း သူတို့အောက်က မြေပြင်ကို ငုံ့ကြည့်ကာ ဆွန်းမိုကို အော်ပြောလိုက်သည်။

ညကောင်းကင်တွင် ဝိညာဉ်ချီအာရုံဦးက နေရာမျိုးစုံ အရောင်သွေး မျိုးစုံ ဖြစ်ပေါ်နေသည်။ မြေပြင်ပေါ်တွင် အများကြီးရှိနေတဲ့ ရေပူစမ်းများက ကျောက်မြတ်ရတနာတွေလို တောက်ပနေပြီး ချောက်ကမ်းပါးတခုလုံးကို အလှဆင်ထားသည်။

ရေပူစမ်းများသည် ဝိညာဉ်ချီများနှင့် ပြည့်နေသောကြောင့် အလင်းရောင်တွေနဲ့ တောက်ပပြီး ကြည့်လိုက်လျှင် အရမ်းလှနေသည်။

“မင်းတို့ကို မလိမ်ခဲ့ဘူး တကယ်လှတယ် မဟုတ်လား’

ကူရှပ်ရှင်းသည် လက်မောင်းနှစ်ဘက်ကို ကြက်ခြေခတ်ပိုက်လိုက်ပြီး ရေပူစမ်းထဲတွင် လှဲချလိုက်သည်။

“ငါ ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးကို ပထမဆုံး အကြိမ် ရောက်ကတည်းက ဒီနေရာကို ချစ်မိသွားတာ

၊ အဲ့အချိန်တုန်းက ငါ အသက်၂၀ မပြည့်သေးဘူး။ မဟာကိုးပါးကျောင်းကိုးကျောင်းထဲက ဆရာတစ်ယောက်မဖြစ်ရင် ဒီနေရာကို ပြန်မလာတော့ဘူးလို့ ငါကိုယ်ငါ ဂတိပြုခဲ့တယ်”

ဒါကလည်း ကူရှုပ်ရှင်းရဲ့ အလေ့အကျင့်တစ်ခုဖြစ်သည်။ သူမသဘောကျတဲ့ အရာတွေကို ဆုတစ်ခုလို သဘောထားတတ်သည်။ သူမ ရည်ရွယ်ချက် မအောင်မြင်ပါက ထိုထဲက တစ်ခုခုကို ထာဝရအဆုံးရှုံးခံဖို့ သူမကိုယ်သူမ အတင်းအကြပ် ဖိအားပေးခြင်းဖြင့် အပြစ်ပေးတတ်သည်။

"ဗဟိုပြယ်နယ်အကယ်ဒမီက

ကျဆင်းနေတယ်ဆိုပေမယ့် အဆင့်မြင့်တဲ့ နာမည်ကြီး ကျောင်း ဖြစ်နေတုန်းပဲ။ ပြီးတော့ ဒါကို မဟာကိုးပါး အဆင့်အထိ ပြန်တိုးတက်လာအောင် ကူညီပေးချင်တယ်"

ကူရှုပ်ရှင်းက ခေါင်းငုံ့ပြီး ပြောလိုက်သည်။ သူမလေသံမှာ သူမရဲ့စိတ်ရင်း အပြည့်ပါနေသည်။

"အရမ်းကောင်းတဲ့ ရည်မှန်းချက်ပဲ"

ဆွန်းမိုက တကယ်တော့ ဘယ်လို ပြန်ဖြေရမလဲ မသိပါ။ သူက ညနှောင်းပိုင်း စိတ်ခံစားမှုဆိုင်ရာ

စကားပြောတဲ့ အတွေ့အကြုံလည်း မရှိပါ။ ပြီးတော့ တက္ကသိုလ်တက်နေစဉ်အတွင်း ဂိမ်းကစားပြီး ဝတ္တုဖတ်ရင်း အချိန်ကုန်နေခဲ့သည်။ သူက အထီးကျန်သမားဖြစ်ပြီး မိန်းကလေးတွေနဲ့ ဆက်ဆံတဲ့ အတွေ့အကြုံလည်း မရှိပါ။

"ဆရာရဲ့ အဖြေကလည်း မမိုက်လိုက်တာ"

ဆွန်းမိုတို့ရဲ့ စကားဝိုင်းကို နားထောင်နေတဲ့ လီဇီချီတစ်ယောက် ဆွန်းမိုအစား ဝင်ပြောပေးချင်စိတ် ပေါက်လာသည်။ ကူရှုပ်ရှင်းက သူ့ဆရာအပေါ် သဘောကျနေတာ သိသာသည်။ ပြီးတော့ သူတို့က

ရေအတူတူ စိမ်နေကြတဲ့ အနေအထားဖြစ်သည်။ သူတို့သာ နှလုံးသားရေးရာ ကိစ္စတွေကို ပြောပါက ပိုပြီး နီးကပ်လာနိုင်သည်။ ဒါပေမယ့် ဆွန်းမိုက အရမ်းထူးချွန်လွန်းသည်။ ဘယ်လို စကားပြောရမလဲတောင် မသိဘူး။

“မင်းသိလား ကမ္ဘာကြီးကို တောင်ပေါ်က ငုံ့ကြည့်ရတာ ထက်စာရင် ကြယ်တွေပြည့်နေတဲ့ ကောင်းကင်ကြီးကို မော့ကြည့်ရတာက ပိုကောင်းတယ်”

ကူရှုပ်ရှင်းသည် ကောင်းကင်ပေါ်က ဝိညာဉ်ချီ အာရုဏ်ဦးကို ငေးကြည့်ရင်း ပြောလိုက်သည်။

“ကောင်းကင်ပေါ်မှာက နားမလည်နိုင်တဲ့ လျှို့ဝှက်ချက်တွေနဲ့ ပြည့်နေတယ်လို့ ခံစားရတယ်။ သူတို့အကြောင်း တွေးလိုက်ရုံနဲ့ ရင်ခုန်ပြီး စိတ်လှုပ်ရှားလာတယ်”

“လူသားတွေရဲ့ အဆုံးစွန်ဆုံးသော ပန်းတိုင်က ကြီးမားလှတဲ့ ကြယ်ပင်လယ်ကြီး တစ်ခုလိုပါပဲ”

ဆွန်းမိုသည် အရင်တုန်းက သူကစားခဲ့တဲ့ ဂိမ်းတစ်မျိုးကို ပြန်လွမ်းမိရင်း ပြောလိုက်သည်။

ခုတော့ ဘယ်အခါမှ ပြန်မကစားရတော့ပါ။ အမှန်တော့ ကြယ်ပင်လယ်ကြီးထက်စာရင် ဂိမ်းတွေကို ပြီးအောင် ပိုကစားလိုက်ချင်သေးသည်။

"အဆုံးစွန်ဆုံးသော ပန်းတိုင်"

ဆွန်းမိုကို လှည့်ကြည့်ရင်း ကူရှပ်ရှင်းရဲ့ မျက်လုံးတွေ တောက်ပလာသည်။

"ကြယ်ပင်လယ်ကြီးလား ၊ စကားပြောကောင်းတာပဲ"

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၃၃၀/၁,၀၀၀)

"ဆရာ၊ ကြိုတ်ထား အားပေးနေတယ်" သူမ စိတ်လှုပ်ရှားနေပြီ ဖြစ်သည်။

လီဇီချီသည် ဆွန်းမိုကို စိတ်ထဲက အားပေးနေသည်။ အမျိုးသမီးတစ်ယောက်က ယောကျ်ားတစ်ယောက်ကို ချစ်မိသွားစေရန် မတော်တဆ စိတ်လှုပ်ရှားတဲ့ အချိန်များဖို့ လိုသည်။ အခုအခြေအနေအရ ကူရှုပ်ရှင်း သူမ ဆရာအပေါ် သဘောကျလာဖို့ အခွင့်အရေး ကောင်းနေပြီ။

သို့သော်လည်း ဆွန်းမိုက ကောင်းကင်ကြီးကို ကြောင်တောင်တောင်နဲ့ ငေးကြည့်နေသည်။

ရုတ်တရက် စနစ်ဆီက အကြောင်းကြားချက် ထွက်လာပြီး ဆွန်းမို ကြောင်သွားသည်။ ဒီအမှတ်တရများမှ တဆင့် အခွင့်အရေးကို ဖမ်းဆုပ်သင့်တာလည်း သူနားလည်သည်။ အလားတူပြောဖို့ စကား စဉ်းစား မရ ဖြစ်နေသည်။ ဒါကြောင့် ဘယ်လို တုန့်ပြန် ရမလဲ မသိ ဖြစ်နေသည်။

ကံကောင်းတာက ဆွန်းမိုသည် ကူရှုပ်ရှင်းကို ဖွန်ကြောင်ချင်စိတ် မရှိပါ။ သူ့ ခံစားချက်တွေ အရမ်းတည်ငြိမ်နေသည်။ ဒီအလှတရားလေး ဘာကြောင့် ဖိတ်ခေါ်တာလဲ သိပြီဆိုတော့ ဝေ့ဝိုက်မနေဖို့ ဆုံးဖြတ်လိုက်သည်။

“ဆရာကူ မင်းစိတ်ပါရင် မင်းခန္ဓာကိုယ်ကို နှိပ်ပေးလို့ရတယ်”

ဆွန်းမိုက ပြောလိုက်သည်။

“အို”

ဆွန်းမိုသာ ဒါကို အရင်က ပြောခဲ့မယ်ဆိုရင် သူမ အရမ်းပျော်နေမိမှာ သေချာသည်။ ဒါပေမယ့် အခုချိန်မှာ အနှိပ်စွမ်းရည်အကြောင်း မစဉ်းစားချင်ပါ။ ဆွန်းမိုရဲ့ ကြွယ်ပင်လယ်ကြီး အကြောင်း ပိုနားထောင်ချင်နေသည်။

“ ငါဖျာ တစ်ချပ် ယူလာတယ်”

လီဇီချီက ရေစိုခံ သားရေဖျာကို မြေပေါ်တွင် ချက်ခြင်း ခင်းလိုက်သည်။

ကူရှူပ်ရှင်း လှဲလိုက်ရင်း အနည်းငယ်စိတ်ဓါတ် ကျနေသည်။ ရုတ်တရတ် ဖြစ်နိုင်ခြေ တစ်ခုကို

တွေးလိုက်မိသည်။ ဆွန်းမိုက အနန်ရှိဝေနဲ့ စေ့စပ်ထားသဖြင့်သူမကို စိတ်မဝင်စားတာ ဖြစ်နိုင်သည်။

ဆွန်းမို၏ လက်ချောင်းများက ကူရှုပ်ရှင်း ပခုံးနဲ့ ထိကပ်သွားသည်။ အနည်းငယ် အားစိုက်ပြီး မဟာဆင့် အနှိပ်ပညာကို အသုံးပြုလိုက်သည်။

“အီး အ”

ကူရှုပ်ရှင်း အတွေးတွေ လွင့်မျောလာသည်။ ခဏအကြာတွင် အားလုံး ရှင်းသွားပြီး အရမ်းဇိမ်ကျလာသည်။ မညည်းသင့်ဘူးဆိုတာ

သိပေမယ့် မထိန်းနိုင် ဖြစ်နေသည်။ ရှေ့ပေါင်းနဂါးဖမ်းတဲ့လက်က တကယ်စွဲမက်ဖို့ ကောင်းလွန်းသည်။ ဆွန်းမိုလက်တွေ ဘယ်လိုလှုပ်ရှားလည်း ဆိုတာ သူမမှတ်မိချင်နေသည်။ သူ့နည်းပညာကို ခိုးသင်ချင်တာမဟုတ်ဘဲ ခွဲခြမ်းလေ့လာခြင်သည်။ ဆွန်းမိုရဲ့ ရှေ့ပေါင်းနဂါးဖမ်းတဲ့လက်က ဘာကြောင့် အထင်ကြီးဖို့ ကောင်းတာလဲ။ အပေါ်ယံမှာတော့ တခြား အနိုပ်ပညာနဲ့ သိပ်မကွာခြားသလိုပါပဲ။

အသက် ဆယ်ရှိုက်လောက်တွင် ဆွန်းမို၏ကိုယ်လုံးက ဝိညာဉ်ချီတွေ စိမ့်ထွက်လာပြီး အာလာဒင် ဂျင်းနီ ပေါ်လာသည်။

"အဲဒါ"

ဂျင်းနီက ပေါ်လာပြီး သူ့အစွမ်းပြရန် လက်တွေချိုးလိုက်သည်။ သို့သော် ဖျာပေါ်တွင် လှဲနေတဲ့လူကို မြင်ပြီး စိတ်လှုပ်ရှားနေတဲ့ ပုံစံကနေ ရွံ့ရှာတဲ့ ပုံစံ ပြောင်းသွားသည်။

"ဖူး"

ဂျင်းနီက မြေပေါ်ကို တံတွေး တစ်ချက်ထွေးလိုက်ပြီး ဘေးကို လွှင့်ပါးသွားသည်။ ရှင်းပါတယ်။ သူမလုပ်နိုင်ဘူး။

"ဒီဂျင်းနီက ဘာကောင်လဲ,,,"

ဆွန်းမို ဆွံ့အနေသည်။ ဒါက ထိရောက်တဲ့ ထိုးနှက်ချက်ပဲ။

မှတ်ချက်။ ။ခေါင်းကိုးလုံးအလှ ဆိုသည်မှာ ဦးခေါင်းနဲ့ ခန္ဓာကိုယ် အချိုးအစား တစ်အချိုး ကိုး ဖြစ်သည်။

စာစဉ်(၁၆)

အခန်း(၂၂၃) - ငါက မြတ်ဆရာတစ်ယောက်ပဲ။

ကူရှုပ်ရှင်းလည်း ဆူဆူညံညံ အသံကြားလျှင် နောက်လှည့် ကြည့်လိုက်သည်။ ဗလတောင့်တောင့်နဲ့ ခန္ဓာကိုယ် အဆီတဝင်းဝင်း ဖြစ်နေသော ကောင်က သူ့ကို ဘုရှုံးရှုံး နေမြင်လိုက်လျှင် အလိုလို ကြောက်ရွံ့လာသည်။

"ငါ့ကို မထိစေနဲ့"

ကူရှုပ်ရှင်းက ကမန်းကတန်း ထအော်သည်။ သူမ၏ သေးငယ်သော ခန္ဓာကိုယ်

အရွယ်အစားကြောင့် ရောမဘီလူးကြီး အရှေ့က ဘဲကင်တစ်ကောင်လို ခံစားလိုက် ရသည်။ ဒီဘီလူးကြီးသာ ရုတ်တရုတ် ထနင်းလိုက်ရင် ခြေထောက်ကျိုးသွား လိမ့်မည်။

ဒါပေမယ့် ဒီလိုပြောပြီးနောက် အနည်းငယ် နောင်တရသွားသည်။ ထူးထူးဆန်းဆန်း ဝတ်စားဆင်ယင်ထားတဲ့ ဒီဘဲကြီးရဲ့ လက်ဖဝါးက ခွန်အားကြီးမှာ သေချာသည်။ သူမကိုသာ နှိပ်ပေးရင် အရမ်းအဆင်ပြေမှာ သေချာနေသည်။

(သူကလည်း မင်းကို ထိတောင် မထိချင်ဘူး)

ဆွန်းမိုလည်း အားကိုးရာ မဲ့နေသည်။ ဂျင်းနီက မလုပ်တော့ သူ့ဘာသာသူပဲ လုပ်နေရသည်။ ပြောရမယ်ဆိုရင် ဒီကူရှုပ်ရှင်းက တကယ့် ပါရမီရှင်တစ်ယောက် ဖြစ်သည်။ ရှေ့ဟောင်းအနှိပ်ပညာကို ပထမဆုံး ကြုံဖူးတဲ့ အချိန်ကလည်း သတိကို ထိန်းထားနိုင်ခဲ့သည်။

"အမ်"

ကူရှုပ်ရှင်း အနည်းငယ် မျက်နှာနီသွားသည်။ ဆွန်းမိုကို ဦးညွှတ် အရိုအသေပေးရင်း

"ဒီလိုဆိုရင် ဆရာဆွန်းကိုပဲ ဒုက္ခပေးရတော့မယ်"

“ချီဟွာ၊ ဘိုင်ဝူကိုသွားခေါ်”

ဒီမငွေမက်လေးက အကျိုးအမြတ် ဒီလောက်မက်ရဲ့ သားနဲ့ သူ့နောက် မလိုက်လာခဲ့ပါ။ ဆွန်းမို အနည်းငယ် အံ့အောသွားသည်။

“ဟုတ်”

လုချီဟွာက ရေပူစမ်းထဲက ဖက်တက်လာပြီး သူမ၏ ကျောင်းဝတ်စုံထားတဲ့ တောင်ကုန်းဆီ ပြေးသွားသည်။

“ဇီချီ၊ မင်းနည်းနည်းလောက် လေ့လာနိုင်တယ်”

ဆွန်းမို ညွှန်ကြားပြီးနောက် ဂျင်းနီ စလှုပ်ရှားလာသည်။ သူ့လက်ချောင်းကနေ ဆွန်းမိုလက်ချောင်းကို ချိတ်ဆက်ဖို့ ဝိညာဉ်ချီ အမျှင်တန်းလေးတွေ ထုတ်လွှင့်လိုက်သည်။ ဒါက ရုပ်သေးကြိုးဆွဲသလိုပါပဲ။ ဘီလူးက ကူရှုပ်ရှင်းကို နှိပ်ပေးဖို့ တိုက်ရိုက် ထိန်းချုပ်လိုက်သည်။

“အ”

ကူရှုပ်ရှင်း အသားတွေ တင်းကျပ်လာပြီး အလိုလို အော်လိုက်မိသည်။

ဆွန်းမိုသည် နဖူးမှ ချွေးများထွက်နေသည်။ ဒါပေမယ့် ဂျင်းနီက ဂရုမစိုက်ပါ။ သူက အခြေခံအနှိပ်ပညာကို အကွက်စုံအောင် လုပ်နေသည်။

“အီး ငါလက်ထပ်လို့ မရတော့ဘူး”

ကူရှုပ်ရှင်းသည် အနာဂတ်တွင် ဘယ်သူကို လက်ထပ်သည်ဖြစ်စေ သူမခင်ပွန်းလောင်းအတွက် အရမ်းသနားသွားသည်။ သို့သော်လည်း အနှိပ်က အရမ်းခံလို့ ကောင်းနေသည်။ ဆွန်းမိုလက်ချောင်းများက မှော်ဆန်နေသည်။ သူမ ခန္ဓာကိုယ် အနှံ့ ပွတ်သပ်လိုက်တိုင်း သူမ ကျောနပ်မှုထဲ နစ်မြုပ်သွားသည်။

သူမ သတိမထားလိုက်မိပဲ သဲသောင်ပြင် ဖြူဖြူပေါ်တွင် လှဲနေသလိုလို အေးမြသော လေကို ရှူရှိုက်ရင်း ကျွန်းလေးတစ်ကျွန်းပေါ် ရောက်နေသလိုလို ခံစားနေရသည်။

အနာဂတ် ခင်ပွန်းလောင်းဆိုတဲ့ ကိစ္စလည်း သူမခေါင်းထဲက မေ့သွားသည်။ စိတ်တွေ လုံးဝ လွတ်နေပြီး ဖျာပေါ်မှာ မျက်လုံးမှိတ်ပြီး အိပ်နေသည်။ တခါတလေ သူမ လည်ချောင်းထဲက ညည်းသံများ ထွက်လာသေးသည်။

"ဆရာ"

အင်ဘိုင်ဝူ ရောက်လာလျှင် ကူရှပ်ရှင်းကငါးခြောက်တစ်ကောင်လို ဖျာပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာ မြင်လိုက်သည်။ လရောင်အောက်တွင် တလက်လက်တောက်ပနေသော သူမ သရေများကို မြင်နေရသည်။

လီဇီချီလည်း အခြေအနေ မကောင်းပါ။ ဆွန်းမိုရဲ့ အနှိပ်ကွက်တွေကို မှတ်မိစေရန် သူ့ရဲ့ဦးနှောက်ကို အသုံးချခဲ့ရသည်။ သို့သော်လည်း မလုပ်နိုင်ခဲ့ပါ။ စနှိပ်ပြီး အသက်ဆယ်ရှိုက်လောက်တွင် သူမ စိတ်လွှင့်သွားသည်။

“အင်း”

ဆွန်းမို နှိပ်နေတာ တစ်နာရီလောက်ကြာသွားသည့်. ဂျင်းနီ မလှုပ်ခဲ့ပါ။ ဒါကြောင့် သူက အားစိုက်ထုတ်ခဲ့ရသည်။

ဆွန်းမိုသည် လူကြီးကားတွေကို တခါတလေ ကြည့်လေ့ရှိသော်လည်း ဖြောင့်မတ်တဲ့လူဖြစ်သည်။ ဒီမိန်းကလေး လေးယောက်ထဲတွင် သူ့တပြည့် သုံးယောက်ပါသည်။ သူတို့ကြားမှာ ဆက်ဆံရေး မရှိရင်တောင် သူ့အတွေးရိုင်းနေမှာ မဟုတ်ပါ။

အနှိပ်ပြီးသွားတော့ ဆွန်းမိုသည် ရေပူစမ်းဘေးက ကျောက်တုံးကို မှီလိုက်သည်။ အရမ်းပင်ပန်းပြီး လက်ဖျားတွေတောင် မလှ္ုပ်ချင်တော့ပါ။

နှိပ်တဲ့အခါ တစ်ကိုယ်လုံး အားစိုက်ထုတ်ရသလို ဝိညာဉ်ချီလည်း မနားတမ်းလည်ပတ်နေခဲ့ရသည်။ တခြားသူများကို နှိပ်ပေးတဲ့အလုပ်သည် ရုပ်ပိုင်းဆိုင်ရာ အရမ်းလိုအပ်တယ်လို့ လူပြောများတာ မထူးဆန်းပါ။ ထုံးစံအတိုင်း ဆွန်းမိုမှာလည်း အကျိုးရှိသည်။ ရှေ့ဟောင်းအနှိပ်ပညာကို ပိုနားလည်လာပြီး သူတို့ကို သုံးစွဲရာတွင် ပိုကျွမ်းကျင်လာသည်။

“ဆရာ နှိပ်ပေးရမလား”

လီဇီချီက ခွင့်တောင်းလိုက်သည်။ သူမ ဘာမှမလုပ်ရသေးခင် လှပသော လက်တစ်စုံက ဆွန်းမို ပခုံးပေါ် ရောက်လာသည်။

“မင်းအစား ငါလုပ်ပေးရင် ပိုမကောင်းဘူးလား”

ကူရှုပ်ရှင်းက ဖင်ပုတ်ခေါင်းပုတ်လုပ်ပြီး ပြောလိုက်သည်။ သူမရဲ့ အပြုအမူက ဇနီးမယားတစ်ယောက်နဲ့ တူနေသည်။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၃၈၀/၁,၀၀၀)

ကူရှုပ်ရှင်းသည် ပါရမီရှင်တစ်ယောက် ဖြစ်ပြီး သူ့ခန္ဓာကိုယ် အရမ်းအခြေအနေကောင်း နေတာကို သူမ နားလည်သည်။ ဆွန်းမို နှိပ်ပေးပြီးနောက် အရင်ကထက် ပိုကောင်းမွန်လာသည်။ အလွန်အကျွံ

အားစိုက်ထုတ် ထားသောကြောင့် သူမရ ခဲ့သည့် တိမ်မြုပ်နေသော ဒဏ်ရာတွေနှင့် ဒီရက်ပိုင်း စုစည်းနေသော ပင်ပန်းနွမ်းနယ်မှုများ အားလုံး လုံးဝ ပျောက်သွားခဲ့သည်။

တကယ်လို့ ဆွန်းမိုနဲ့သာ တနှစ်လုံး အနှိပ်ခံလိုက်ရလို့ကတော့ သူမန္တာကိုယ် အခြေအနေ ပိုကောင်းလာရုံသာမက သူတို့ရဲ့ အလားလာကိုလည်း လှုံ့ဆော်နိုင်လိမ့်မည်။

ဆွန်းမို ကမန်းကတန်း ဘေးကို ထွက်လိုက်သည်။

"ဆရာကူကို ဒုက္ခမပေးရဲပါဘူးဗျာ"

"ဘာလဲ ငါ့ရဲ့အနိုပ်ပညာကို အထင်သေးတာလား"

ကူရှုပ်ရှင်းက စနောက်လိုက်သည်။

"မလုပ်ရဲပါဘူး"

ဆွန်းမိုက ခေါင်းယမ်းရင်း ပြောလိုက်သည်။

ဒါက ကျေးဇူးတရား နားလည်သော ဆရာမတစ်ယောက် ဖြစ်သည်။ သူမဆီက ထွက်လာတဲ့ လေးစားအထင်ကြီးမှု အမှတ်ကို နားထောင်းရုံနဲ့ ဆွန်းမို သိလိုက်သည်။

သူတက္ကသိုလ် တက်နေတုန်းက ကျောင်းတွင်းအလှဘုရင်မ ကူရှုပ်ရှင်း မဆိုထားနဲ့ သာမန်အမျိုးသမီး ၁၀ယောက်မှာ ၇

ယောက်လောက်က ကြောက်စရာကောင်းလောက်အောင် အစွန်းရောက်နေ တတ်သည်။

ဒီအတွက်လည်း လိုက်ဖြေရှင်းနေလို့ မရပါ။ သူတို့ပတ်ဝန်းကျင်မှာ မင်းဘာပဲလုပ်လုပ် ကောင်းမလေး ကျေနပ်အောင် လိုက်လုပ်နေတယ်လို့ လူတိုင်းက မြင်နေကြမည်။ တကယ်တော့ ကောင်မလေးရဲ့ လက်ပါးစေ ဖြစ်ရင်တောင် ကျေးဇူးတင်နေရမည့် အနေထားမျိုးပါ။

(ဘာသာပြန်သူမှတ်ချက်။ တရုတ်တွင် တအိမ်ထောင် ကလေးတစ်ယောက်သာ ယူရမယ်လို့ ဥပဒေ ပြဒါန်းခဲ့သဖြင့် တရုတ်နိုင်ငံတွင် အမျိုးသမီးနဲ့ အမျိုးသား အရေအတွက် မမျှတပါ။ ဒါကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစွယ်ရောက်တဲ့ ယောက်ျားလေးများသည် အိမ်ထောင်ဖက်ရဖို့ အရမ်းခဲရင်းသည်။)

ကူရှပ်ရှင်းလို ကျေးဇူးတရား နားလည်တဲ့ မိန်းကလေးမျိုး အရမ်းရှားသည်။

“ဒါဆိုလည်း လာပြီး ဒီမှာ လှဲလိုက်”

ကူရှပ်ရှင်းသည် ဘေးက ဖျာကို ပုတ်ပြရင်း ပြောသည်။

“ငါလည်း ဒါပဲ လုပ်ပေးနိုင်လို့ပါ ၊ လာလေ ၊ ဒီလိုမှမဟုတ်ရင် မင်းအပေါ် ကျေးဇူးအကြွေးတင်နေတယ်လို့ ခံစားနေရတ ယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူ နှုတ်ခမ်း တွန့်သွားသည်။ (ငါတို့ဆရာရဲ့ အနိုပ်ပညာနဲ့ ဘယ်လို ယှဉ်နိုင်မှာလဲ။ မင်း အခါ ၁၀၀ လောက်နှိပ်ပေးရင်တောင် ငါတို့ဆရာရဲ့ အနှိပ် တခါနဲ့ မညီမျှသေးဘူး။ ဒါတောင် ကျေးဇူးကျေဖို့ နှိပ်ပေးချင်တယ် ပြောနေတာလား။ ရိုးရိုးရှင်းရှင်းပဲ ပြောရရင် ကောက်ကျစ်လွန်းတယ်)

သူမက ဒီလို လုပ်နေသဖြင့် ဆွန်းမိုက ဘယ်လို ငြင်းနိုင်မှာလဲ။ တကယ်လို့ သူမကို ငြင်းလိုက်ရင်လည်း တစ်ခုခု အဆင်မပြေ ဖြစ်သွားအုံးမည်။ သူတခြား အကြံရှိနေလို့ ငြင်းတယ်ဆိုပြီး အထင်လွဲ ခံနေရမည်။

"ဒါဆိုလည်း ဆရာကူကို ဒုက္ခပေးရတော့မယ်"

ဆွန်းမို ဖျာပေါ်တွင် လှဲလိုက်သည်။

ကူရှုပ်ရှင်းတစ်ယောက် တည်ငြိမ်ဟန်ဆောင်နေရသော်လည်း ဆွန်းမိုရဲ့ ကျန်းမာလှပတဲ့ ကြွက်သားတွေကို ကြည့်နေမိသည်။ အထူးသဖြင့် ထိလိုက်မိပြီးနောက် အလိုလို လက်ရုတ်လိုက်မိသည်။

ထိုအတွက်လည်း မတတ်နိုင်ပါ။ ဒီလိုမျိုး ယောကျ်ားတစ်ယောက်နဲ့ နီးနီးကပ်ကပ် နေဖူးတာ ဒါက ပထမဆုံး အကြိမ်ပဲ။

"ကူရှပ်ရှင်း ဒီလိုဆက်လုပ်နေရင် နင်ပဲ မျက်နှာပျက်ရလိမ့်မယ်၊ မြန်မြန်လေး စိတ်လျှော့"

ကူရှပ်ရှင်းက သူမကိုယ်သူမ တိတ်တိတ်လေး သတိပေးနေသည်။

"ငါ အရမ်းအတွေ့အကြုံ ရှိသလို ဟန်ဆောင်ရမယ်။ သူ့ကို ငါးခြောက်တစ်ကောင်လို့ သတ်မှတ်ထားပြီး ငါကိုယ်ငါ စားဖိုးမှူးလို့ သတ်မှတ်လိုက်မယ်"

ကူရှပ်ရှင်း တိုးတိုးလေး ရေရွတ်လိုက်သည်။ သူမ အသံက တိုးသော်လည်း ဆွန်းမို ကြားဖြစ်အောင် ကြားလိုက်သည်။

"ငါ့ကို ငါးခြောက်လို ဆက်ဆံတာ ဘာကြီးလဲ"

ဆွန်းမို စကားမပြောနိုင် ဖြစ်သွားသည်။ ကူရှုပ်ရှင်း အနှိပ်က သူ့အတွက် ဘာကျေနပ်မှုမှ မခံစားရပါ။ သူမ စနှိပ်ကတည်းက သူမလက်တွေသည် ဆွန်းမို ပခုံးပေါ်မှာသာ ကန့်သတ်ထားသည်။ ပြီးတော့ ကြွက်သားတွေကို လိုက်ညှစ်သလို ဖြစ်နေသည်။ ခန္ဓာကိုယ်ရဲ့ တခြားအစိတ်အပိုင်းကို လုံးဝ မထိဖို့ ဆုံးဖြတ်ထားသလိုပဲ။ ခန်းမှန်းခြေ ငါးမိနစ်လောက် ကြာပြီးနောက် ဒီအရာက တော်တော်လေး ပြည့်စုံတယ်လို့ သူမ ခံစားရသည်။ ဒါကြောင့်

ရှက်ရွံ့နေမှုများ တော်တော်လေး ပြေလျော့သွားသည်။

နှိပ်ပေးတဲ့နေရာလည်း တော်တော်လေး ကျယ်ပြန့်လာသည်။ သူမက လက်မနဲ့ တခါတလေ လက်ဖဝါးကို စတင် အသုံးပြုလာသည်။

လုချီဟွာက ဘေးဘက်တွင် ဒူးနှစ်ဖက်ကို လက်ဖြင့် ပိုက်ထားပြီး ငုတ်တုတ် ထိုင်ကြည့်နေသည်။ ကူရှုပ်ရှင်းရဲ့ အနှိပ်နည်းစနစ်ကို လေ့လာပြီးနောက် မနေနိုင်ဘဲ ခေါင်းခါလိုက်မိသည်။

"ဆရာ မင်းရဲ့ အနှိပ်က အရမ်းညံ့လိုက်တာ"

ကူရှုပ်ရှင်း စိတ်ထဲက ပြောလိုက်သည်။ (တိုက်ရိုက် မပြောနိုင်ဘူးလား။ ငါလည်း မျက်နှာလိုချင်သေးတာပေါ့။ ငါ့ရဲ့ အနိုပ်ပညာက ဆွန်းမိုလောက် မကောင်းပေမယ့် တခြားသူတွေနဲ့ ယှဉ်ရင် အထင်ကြီးဖို့ ကောင်းနေတုန်းပဲ။ ငါအရမ်းလှတယ်ဆိုတဲ့ အချက်က အမှတ်တွေ အများကြီး ထည့်ပေါင်းလို့ရတယ်)

မင်းပြည့်တန်ဆာ အိမ်ကို သွားကြည့် မင်းနဲ့ အတူတူ သောက်စားပြီး ထင်ရှားတဲ့ နန်းတွင်းသူတွေလည်း ပါချင်ပါမယ်။ ဒါပေမယ့် လက်ဖက်ရည်နဲ့ တီးခတ်တဲ့ ဂီတ အမျိုးအစားက အရေးပါလို့လား။

ထုံးစံအတိုင်း ဒါတွေက အရေးမကြီးပါ။ ပြည့်တန်ဆာက နာမည်ကြီး ဂီတကို အမှိုက်တခုလို တီးနေရင်တောင် ဒါက အရေးမကြီးဘူး။ ဘာကြောင့်ဆိုရင် သူမက နာမည်ကြီး ပြည့်တန်ဆာ တစ်ယောက် ဖြစ်နေတာနဲ့တင် လုံလောက်ပြီ။

(နေပါအုံး ငါ့ကိုယ်ငါ့ ဘာတွေနဲ့ နှိုင်းယှဉ်နေတာလဲ။ ငါက နာမည်ကြီး ပြည့်တန်ဆာ တစ်ယောက် မဟုတ်ဘူး ငါက မြတ်ဆရာတစ်ယောက်ပဲ။)

ကူရှုပ်ရှင်းရဲ့ အဆင့်အတန်းအရ ကျောင်းသားတစ်ယောက်နဲ့ မငြင်းခုန်နေပါ။ သူမက လုချီဟွာကို ပြုံးပြီးသာ ကြည့်နေခဲ့သည်။

“ကျွန်မ လုပ်ပေးလိုက်တာ ပိုကောင်းမယ်ထင်တယ်”

အင်ဘိုင်ဝူက အချိန်တော်တော်ကြာအောင် စောင့်ကြည့်နေခဲ့သည်။ ထို့နောက် ဆရာကို နှိပ်ပေးချင်၍ စေတနာ ဝန်ထမ်း ပြေးလုပ်လိုက်သည်။ သူမက သူမဆရာအပေါ် အကြွေးအများကြီး တင်နေသည်။ ဒီလိုလုပ်မှပဲ ဖြည်းဖြည်းခြင်း ပြန်ဆပ်နိုင် လိမ့်မည်။

“လူတိုင်း ငါ့ကို နှိပ်ပေးနေစရာ မလိုဘူး”

ဒါပေမယ့် ဆွန်းမိုက နှစ်ယောက်စလုံးကို ငြင်းလိုက်သည်။

“အို”

အင်ဘိုင်ဝူ အရမ်းစိတ်ပျက်သွားသည်။

ကူရှုပ်ရှင်းလည်း အနည်းငယ် တွေဝေသွားသည်။ သူမက ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်ကို ခံစားခဲ့ပြီးပြီ အခု ထွက်သွားသင့်ပြီလား။ ဒါပေမယ့် ဆွန်းမိုစကားကို နားထောင်ပြီး နှိပ်နေတာကို ရပ်လိုက်ရင် လိုချင်တာ ရတာနဲ့ စွန့်ပစ်လိုက်တဲ့သူ တစ်ယောက် ဖြစ်သွားမလား။

ဒါပေမယ့် သူမ မထွက်သွားရင် သူမခန္ဓာကိုယ်ကို ဆွန်းမို ဆက်ပြီးမြင်နေရမယ ်မဟုတ်လား။

“အနာဂတ်က ယောကျ်ားလောင်းရေ မင်းကို တောင်းပန်ပါတယ်။ အနည်းဆုံး မင်းအတွက် ဟင်းကောင်းကောင်း ချက်ပေးမယ်”

ကူရှုပ်ရှင်းတစ်ယောက် သူမရဲ့ အနာဂတ်ယောကျ်ားလောင်းကို စိတ်ထဲကနေ တောင်းပန်လိုက်သည်။

“မင်းတို့တွေ သွားပြင်ဆင်ကြ”

ဆွန်းမိုလက်ဆန့်ပြီး မြေပေါ်က ကုန်းထလိုက်သည်။

ခရီးဆောင်အိတ်နဲ့ သိပ်မဝေးပါ။ ဆွန်းမိုက ဖွင့်ပြီး ဆေးထုပ်ကြီးကို ယူလိုက်သည်။ ထို့နောက် ရေပူစမ်းထဲ ပစ်ထည့်လိုက်သည်။

စိမ့်စမ်းရေက လက်ဆက်တဲ့ သွေးရောင်လို ဖြစ်သွားပြီး သေးငယ်သော ရေဗွက်များ ချက်ခြင်း ပေါ်လာသည်။

“ဒါ....”

ကူရှုပ်ရှင်း တံတွေးမြို့ချလိုက်ပြီး အနည်းငယ် စိတ်တက်ကြွလာသည်။ အရင်က ရောမဘီလူးကြီး ထွက်လာတဲ့ အရာမဟုတ်ဘူးလား။ ဆွန်းမို၏ ဆေးညွှန်းသည် အမှောင်တိုက်ကြီးက

ဆင်းသက်လာခြင်း ဖြစ်သည်။ သက်ရောက်မှုက သိသိသာသာ အားကောင်းလွန်းသည်။

ကူရှုပ်ရှင်း နောက်တစ်ကြိမ် ဝင်စိမ်ချင်သော်လည်း မျက်နှာပူပြီး ရှက်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆေးထုပ်ကြီးက တမူ ထူးခြားတဲ့ အမှောင် လျှို့ဝှက်ကျင့်စဉ်တစ်ခု ဖြစ်နေနိုင်သည်။ ဒီအရာနဲ့ လဲလှယ်ဖို့ သူမမှာ တန်ဖိုး တူညီတဲ့ အရာ မရှိပါ။

တကယ်လို့ ဆွန်းမို အများသုံး ရေချိုးခန်းဖွင့်ပြီး ဒီဆေးထုပ်ကြီးနဲ့ သာဆိုရင် လူတစ်ယောက် ဝိညာဉ်ကျောက်တုံး တစ်တုံး ကောက်ခံရင်တောင် တရုန်းရုန်းလာတဲ့

ဖောက်သည်တွေကြောင့် ဆိုင်တံခါးတောင် ပြိုကျသွားအုံးမည်။ ဆွန်းမို ဒီလောက်အထိ ရက်ရောလိမ့်မယ်လို့ သူမ မထင်ထားခဲ့ပါ။

“မင်းတို့ ဘာကြောင်နေတာလဲ ၊ ရေကန်ထဲ ဝင်ကြတော့”

ဆွန်းမိုက ခုန်ဆင်းနေပြီ ဖြစ်သည်။ ရေကန်လှိုင်းထဲသွားပြီး သူ့ခန္ဓာကိုယ်ကို ရိုက်ခတ်နေသည်။ အရမ်းကို သက်တောင့်သက်သာ ဖြစ်လွန်းသည်။

“အင်း၊ ငါ့ရဲ့ ကျေးဇူးအကြွေးတွေတော့ တိုးလာတော့မယ်”

ကူရှုပ်ရှင်းသည် ရေထဲကို ချိုးတစ်ကောင်လို တိတ်တိတ်လေး ဆင်းသွားသည်။ ထို့နောက် ရေမျက်နှာပြင်ပေါ်တွင် သူမ မျက်နှာပေါ်လာသည်။ (ဒါပေမယ့် ဒီကျေးဇူးကြွေးကို ငါ့ခန္ဓာကိုယ်နဲ့ ပြန်ဆပ်လို့တော့ မဖြစ်ဘူး။ ငါ့ခန္ဓာကိုယ်ကို နောက်တစ်စက္ကန့်တောင် ထပ်မြင်ခွင့် မပေးတော့ဘူး။ ငါ့ခန္ဓာကိုယ် မြင်ကွင်းက အနာဂတ် ငါ့ခင်ပွန်းလောင်းရဲ့ ပိုင်ဆိုင်မှုပဲ)

ထိုသို့ တွေးလိုက်ပြီးနောက် ဝုန်းကနဲဆိုပြီး ကျယ်လောင်သော ပဲ့တင်သံ ထွက်လာသည်။ အခိုးငွေ့တွေ ပေါင်းစုသွားပြီး ရောမ ပုံစံကြီး ဖြစ်လာသည်။

ဘုန်း

ဘီလူးကြီးက လက်သီးဖော့ပြီး ကူရှုပ်ရှင်းဆီ ထိုးလိုက်သည်။

ဆွန်းမိုကို သူမခန္ဓာကိုယ်အား နောက်တစ်စက္ကန့်တောင် မြင်ခွင့်မပေးတော့ဘူးဆိုတဲ့ ကူရှုပ်ရှင်းတစ်ယောက် လေထဲကို အလိုလို ခုန်တက်သွားသည်။ ဒီအတွက်လည်း အဖြေက မရှိပါ။ ကြီးမားသော လက်သီးကြီးနဲ့ ထိုးလာတာ မြင်လိုက်လျှင် လူတိုင်း ရှောင်ရင်ရှောင် ဒါမှမဟုတ် အလိုလို တန်ပြန်တိုက်ခိုက်ဖို့ လုပ်မိကြမည်သာ ဖြစ်သည်။

ဘုန်း

လက်သီး နှစ်ခု ဆုံသွားသည်။ ဘီလူးကြီးရဲ့ လက်သီး တုန်ခါသွားပြီး အနီရောင် အခိုးအငွေ့များ ပေါ်လာသည်။

"ဆရာကူရေ ဘီလူးကြီးရဲ့ တိုက်ခိုက်မှုကို ကာကွယ်ဖို့ မင်းကိုပဲ ဒုက္ခ ပေးရတော့မယ်"

ဆွန်းမိုသည် စကားပြောပြီးနောက် လကြယ်သစ်သီးတစ်လုံးကို ထုတ်စားလိုက်သည်။ သူ့အဆင့် တက်ချင်နေသည်။

စာစဉ်(၁၆)

အခန်း(၂၂၄) - ဒီနေ့က စပြီး ငါတို့က သူငယ်ချင်းတွေပဲ။

ဆေးထုပ်ကြီးကို ရေပူစမ်းထဲ ထည့်လိုက်သဖြင့် ရေက သွေးကဲ့သို့ နီရဲနေသည်။ ထိုနောက် ရေပူစမ်းက ထွက်လာသော ရေနွေးငွေ့များသည် သွေးရောင်ကဲ့သို့

နက်မှောင်လာသည်။ ကြည့်လိုက်ရင် အရမ်းကြောက်ဖို့ ကောင်းနေသည်။

"အမ် ၊ မင်းက ဒီမှာအဆင့်တက်ဖို့ ကြိုးစားမှာလား။"

ကူရှုပ်ရှင်း မျက်မှောင်ကြုတ်နေသည်။ အဆင့်တက်ဖို့ဆိုတာ ကြိုးစားအားထုတ်မှု ဘယ်လောက်အထိ စုစည်းထားသလဲ အပေါ်မူတည်သည်။ အဆင့်တက်တာ အောင်မြင်ဖို့အတွက် အရည်အတွက်ကနေ အရည်အသွေး အပိုင်း စပြီး ပြောင်းလဲနေဖို့ လိုသည်။ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်လို့ မရပါ။

ပြီးတော့ အခြားအခြေအနေ တမျိုး ရှိသေးသည်။ အဆင့်တက်တာ အောင်မြင်ဖို့အတွက် မှော်ဆေးပြား စားလို့ရသည်။ သို့သော် ဒီ နည်းလမ်းကို အသုံးပြုပါက လူ့ခန္ဓာကိုယ်အတွင်းပိုင်း စနစ်အတွက် ကိုယ်မသိနိုင်သော ဒဏ်ရာများ ကျန်နေခဲ့ တတ်သည်။

ဆေးအားလုံးတွင် အဆိပ် ၃၀ ရာခိုင်နှုန်းပါဝင်သည်။ ကျင့်ကြံသူများသည် အခါအားလျော်စွာ ရွေးချယ်တတ်ကြသော်လည်း အချို့သော ဆေးဘက်ဆိုင်ရာ ဘေးထွက်ဆိုးကျိုးများ ခန္ဓာကိုယ်ထဲတွင် ကျန်နေခဲ့တတ်သည်။ အနာဂတ်တွင် ပိုမြင့်မားသော ကျင့်ကြံခြင်းနယ်ပယ်

အဆင့်ဖြတ် ချိုးဖောက် တက်ရောက်သည့် အခါ အကျိုးသက်ရောက်မှု ရှိနိုင်သည်။

သူတို့ ထစ်ဆို့မှု မကြုံရပါက ဆေးသုံးပြီး အဆင့်တက်ခြင်း လုံးဝ လုပ်ကြလိမ့်မည် မဟုတ်ပါ။

ကူရှုပ်ရှင်း အံ့အောပြီး ပါးစပ်ကို လက်နဲ့ အုပ်လိုက်သည်။ သူမ မျက်နှာ လေးနက်လာပြီး ဘီလူးရဲ့ အခြားလက်တစ်ဖက်ကို ကြွေမွသွားအောင် လုပ်လိုက်သည်။ အင်ဘိုင်ဝူနှင့် လီဇီချီတို့ ကိုင်တွယ်နိုင်တဲ့ အနေအထားအထိ ဘီလူးကြီး အားနည်းသွားသည်။ နာကျင်မှု တက်မက်သူလေးသည် ဆွန်းမို တစ်ခုခု စားလိုက်တာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြင်လိုက်သဖြင့် သူမ မျက်နှာ လေးနက်တည်ကြည်နေသည်။

သူမ ဖျောင်းဖျ ချင်သော်လည်း နောက်ကျသွားပြီ။

ဘုန်း

လကြယ်သစ်သီးကို မြို့ချလိုက်သည်။ နှစ်ရာပေါင်းများစွာ စုစည်းထားသော လနှင့်ကြယ် အနှစ်သာရများ ပေါက်ကွဲ ထွက်လာသည်။ ဆွန်းမို၏ ခန္ဓာကိုယ်ထဲတွင် စွမ်းအားပြင်းထန်သော အရင်းအမြစ် တစ်ခု ရှိနေသလို ဖြစ်နေသည်။

“ဘယ်သူမှ ဝိညာဉ်ချီ မစုပ်ယူနဲ့”

လီဇီချီက တင်းတင်းကြပ်ကြပ် တားမြစ်လိုက်သည်။ အင်ဘိုင်ဝူက ဆွန်းမိုကို အရမ်းကိုးကွယ်ကြောင်း သူမ သိသည်။ လုချီဟွာက ဆွန်းမိုရဲ့ အမာခံ ပရိတ်သတ် ဖြစ်သည်။ ဒါကြောင့် ဆွန်းမိုကို အနှောက်အယှက်ဖြစ်အောင် သူမတို့က ဝိညာဉ်ချီ မစုပ်ယူနိုင်ပါ။ ဒါပေမယ့် ကူရှုပ်ရှင်း ဘာလုပ်မလဲဆိုတာ သူမ မသိပေ။

ဒီစကားကို ကြားလျှင် ကူရှုပ်ရှင်း မျက်လုံးပြူးသွားသည်။ (ငါက ဒီလို တစ်ကိုယ်ကောင်း ဆန်တဲ့လူ ဖြစ်နေပြီလား)

ဆွန်းမိုက သူမကို အများကြီး ကူညီခဲ့တယ်ဆိုတဲ့ အချက်ကို ဖယ်ထားလိုက်အုံး

သူမရဲ့ မာနနဲ့ ကို့ကိုယ်ကို လေးစားမှုကြောင့် ဆွန်းမိုရဲ့ ခွင့်ပြုချက် မရှိရင် ဒီဝိညာဉ်ချီကို လုံးဝ မစုပ်ယူပါ။

ကူရှုပ်ရှင်းက ရေဘီ လူးကြီးကို တိုက်ခိုက်လိုက်သဖြင့် ပေါက်ကွဲကာ ဝိညာဉ်ချီများ အဖြစ်ပြောင်းလဲသွားသည်။ ဒါကို လီဇီချီနှင့် အခြားနှစ်ယောက်က စောင့်ကြည့်နေကြသည်။ သူတို့က အသက်ကျယ်ကျယ်မရှူဘဲ ဆွန်းမိုနှင့် သူမကို စောင့်ကြည့်နေကြသည်။

သူတို့ ပုံစံက သူမသာ ဝိညာဉ်ချီ စုပ်ယူလိုက်တာနဲ့ ပြေးလာပြီး တိုက်ခိုက်မဲ့ ပုံစံ ဖြစ်နေသည်။

"ဒီလို သစ္စာရှိတဲ့ ကျောင်းသားမျိုး ငါလည်း အရမ်း လိုချင်လိုက်တာ"

ကူရှုပ်ရှင်း သက်ပြင်းအကြီးကြီး ချလိုက်သည်။

သွေးရောင် အငွေ့များ ပေါင်းစပ်သွားပြီး လနှင့် ကြယ် ပုံစံများ ဖြစ်လာသည်။ ဒီဖြစ်စဉ်နှစ်ခုစလုံးက ဆွန်းမိုကို ဝန်းရံထားသည်။

"ဒါ........ဒါက လူတစ်ယောက် လကြယ်သစ်သီးစားလိုက်လျှင် ဖြစ်ပေါ်လာတဲ့ ပုံစံ မဟုတ်ဘူးလား"

ကူရှုပ်ရှင်း အံ့အောသွားသည်။ ထိုနောက် သူမစိတ်ထဲတွင် တစ်ခုခုကို နားလည်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက မှော်ဆေးပြားမဟုတ်သော သဘာဝ သစ်သီးကို စားခဲ့သည်။ ဒါကြောင့်လည်း တည်တည်ငြိမ်ငြိမ်နဲ့ စားလိုက်တာ ဖြစ်မည်။

သဘာဝ သစ်သီးများသည် ကောင်းကင်နှင့် မြေကြီး၏ ဝိညာဉ်ချီများ စုစည်းရာမှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ စားသုံးပြီးပါကလည်း ဘေးထွက်ဆိုးကျိုး မရှိပါ။ ဒါကြောင့်လည်း ကျင့်ကြံသူများက ပေါ့ပေါ့ပါးပါး စားသုံးနိုင်သည်။ ဘာမှ မဖြစ်ပါ။

နာကျင်မှု တပ်မက်သူလေးက လေထဲက သင်းပျံ့တဲ့ သစ်သီး အနံ့ကို ရှူရှိုက်မိလိုက်သည်။

"လူသား အခြင်းခြင်းဆိုပြီး နှိုင်းယှဉ်မိလို့ကတော့ တကယ် ဒေါသထွက်ဖို့ ကောင်းတယ်။"

ကူရှုပ်ရှင်း စိတ်ဓါတ် ကျသွားသည်။

လကြယ်သစ်သီးထဲတွင် ရှိသော လနှင့်ကြယ် စွမ်းအင်များက သွေးလောင်ကျွမ်းခြင်း အဆင့်အတွက် ပြီးပြည့်စုံသော ဆေးတစ်မျိုး ဖြစ်သည်။ သို့သော်လည်း ဒီသစ်သီးသည် အရမ်းရှားပြီး ထုံးစံအတိုင်း စျေးကွက်ထဲတွင် ဝယ်ချင်တဲ့ သူသာ ရှိပြီး ရောင်းချင်တဲ့သူ မရှိပါ။

ကူရှုပ်ရှင်းသည် ပါရမီရှင်တစ်ယောက် ဖြစ်သဖြင့် အမှာင်တိုက်ကြီးကို အကြိမ်ကြိမ်

ရောက်ဖူးသည်။ အခုအချိန်အထိ တစ်ခါမှ မရှုံးဘဲ တိုက် ပြီးသာ ပြန်လာခဲ့ရ သော်လည်း လကြယ်သစ်သီးရဲ့ အရိပ်ယောင်ကို တစ်ခါမှ မမြင်ဖူးခဲ့ပါ။

သူမ၏ သွေးနဲ့ ချွေးနဲ့ ကျင့်ကြံခြင်းအဆင့်ကို တစ်ဆင့်ပြီး တစ်ဆင့် တက်ခဲ့ရသည်။ ဒါပေမယ့် ဆွန်းမိုက အရမ်းကောင်းနေသည်။ သူက အသီးစားလိုက်ရုံနဲ့ အဆင့်တက်သွားသည်။

"လကြယ်သစ်သီးရဲ့ အရသာက ဘယ်လိုလဲ သိချင်လိုက်တာ"

ကူရှုပ်ရှင်းက ဆွန်းမိုရဲ့ နှုတ်ခမ်းကို ကြည့်ပြီး အလိုလို လျှာသပ်လိုက် မိသည်။ ကူရှုပ်ရှင်းကို စောင့်ကြည့်နေသော လီဇီချီတစ်ယောက် ဒါကို မြင်လျှင် စကားမပြောနိုင် ဖြစ်သွားသည်။ (ဆရာကူ၊ မင်းက ငတ်ကြီးကျ လှချည်လား)

သူမ မျက်နှာက မနာလိုတဲ့ အကြည့်ကိုတော့ နားလည်ပေးနိုင်သည်။ ဒါပေမယ့် ဒီအရာက ဆွန်းမိုစားတဲ့ ဒုတိယ လကြယ်သစ်သီးဆိုတာ သိလိုက်လျှင် သေချင်စိတ်ပေါက်အောင် မနာလို ဖြစ်သွားမည်။

အမှန်တိုင်းပြောရလျှင် အခု ဆွန်းမိုစားနေတာက တတိယမြောက် လကြယ်သစ်သီး ဖြစ်သည်။ သို့သော် တတိယအဆင့်ကို တက်တဲ့ အချိန်တုန်းက လုချီဟွာ တစ်ယောက်သာ ဘေးနားတွင် ရှိခဲ့သည်။

လကြယ်အသီးရဲ့ အာနိသင်သည် အရမ်းအစွမ်းထက်ပြီး စနစ်က ပေးသဖြင့် သေချာပေါက် အကောင်းဆုံး ဖြစ်လိမ့်မည်။ ဒီလို လကြယ်သစ်သီးများသည် အများအားဖြင့် နှစ်ပေါင်း တစ်ထောင်ကျော်လောက် သက်တမ်း ရှိကြသည်။

ဆွန်းမိုသည် စားသုံးပြီးနောက် ရေပူစမ်းထဲက ဝိညာဉ်ချီများကိုပင် မလိုအပ်တော့ပါ။ သူ့ခန္ဓာကိုယ် တောက်လောင်လာစေရန် အသန့်ရှင်းဆုံးဖြစ်တဲ့

လစွမ်းအင်နဲ့ နေစွမ်းအင်ကို တိုက်ရိုက် အသုံးချလိုက်သည်။

သုံးမိနစ်လောက်ကြာလျှင် ဆွန်းမိုဆီကနေ ဝိညာဉ်ချီများ ကြီးမားသော စွမ်းအင်နဲ့ ပေါက်ကွဲထွက်လာသည်။

ဘုန်း ဘုန်း ဘုန်း

သွေးရောင် ဝိညာဉ်ချီများ ဖြာထွက်လာပြီး အရပ်မျက်နှာ အသီးသီးသို့ ပျံ့နှံ့သွားသည်။ သက်ရောက်မှုက စမ်းရေများကိုတောင် လှုပ်ခတ်သွားပြီး လှိုင်းများ ဖြစ်ပေါ်ကာ ကူရှုပ်ရှင်းနှင့် အခြားသုံးယောက်ကို တိုက်ခတ်သွားသည်။

ဟူး

ဆွန်းမိုက ညစ်ညမ်းသော လေတစ်ချက် မှုတ်ထုတ်လိုက်သည်။

သူသည် သွေးလောင်ကျွမ်းခြင်း စတုတ္ထအဆင့်ကို အောင်မြင်စွာ တက်ရောက်နိုင်သွားပြီ။

“ဆရာဆွန်း မင်းအဆင့်တက်တာ အောင်မြင်တဲ့ အတွက် ဂုဏ်ပြုပါတယ်”

ကူရှုပ်ရှင်းက ဂုဏ်ပြုလိုက်သည်။

“ကျေးဇူးတင်ပါတယ်”

ဆွန်းမို မတ်တပ်ရပ်လိုက်သည်။ သူ့ခန္ဓာကိုယ်က ချွေးအလွှာတွေနဲ့ ညစ်ပတ်နေသလို

ခံစားရသည်။ ဒါကြောင့် ရေပူစမ်းထဲကို တစ်ခါတည်း ခုန်ချကာ ရေချိုးလိုက်သည်။

"ဂုဏ်ပြုပါတယ် ဆရာ"

တောကြက်ဥလေးက အပြုံးကြီးကြီး ပြုံးလိုက်သည်။ သူ့ဆရာ ပိုသန်မာလာလေလေ သူမ ပိုပျော်လေလေ ဖြစ်သည်။

"မင်းတို့ကောင်တွေ ရပ်ကြည့်မနေကြနဲ့၊ မြန်မြန်လာပြီး ဝိညာဉ်ချီ စုတ်ယူကြ "

ဆွန်းမိုက တိုက်တွန်းလိုက်သည်။ မိန်းကလေး လေးယောက်က ဝိညာဉ်ချီ လုံးဝ မစုပ်ယူဘဲ

သူ့အတွက် ချန်ထားပေးတာ သတိထားမိပြီး နည်းနည်း စိတ်လှုပ်ရှားသွားသည်။

"အိုး"

အင်ဘိုင်ဝူက အရမ်းကြီး အားမနာ နေတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီး ခပ်မြန်မြန် ထိုင်ချလိုက်သည်။ ထို့နောက် အစွမ်းကုန် အားထုတ်ပြီး သဏ္ဌာန်မဲ့ မြင့်မြတ် စကြာဝဠာကျင့်စဉ်ကို လည်ပတ်လိုက်သည်။

လီဇီချီလည်း အာရုံပျံ့နေတာကို ချက်ခြင်း ထိန်းပြီး တရားထိုင်တဲ့ အနေအထားကို ဝင်ရောက်သွားသည်။ လုချီဟွာကတော့ အာရုံတွေ

ထွေပြားပြီး တစ်ခါတစ်လေ ကောင်းကင်ပေါ်က ကြယ်ကိုတောင် မော့ကြည့်နေ တတ်သေးသည်။

ဒီလို လှပတဲ့ရှုခင်းကို မကြာခဏ ကြည့်သင့်သည်။ လုချီဟွာက ကျင့်ကြံခြင်းကို အာရုံစိုက်ခြင်း မရှိသော်လည်း သူမ ကျင့်စဉ် စတင်ပြီး လည်ပတ်လိုက်တာနဲ့ ပတ်ဝန်းကျင်က ဝိညာဉ်ချီများ ဒီရေလို စီးဆင်းလာသည်။ သူတို့တွေ လုံးဝကို အထိန်းအကွပ် မဲ့နေသည်။

ဒီမိန်းကလေးသုံးယောက်ရဲ့ ကြောက်စရာ ကောင်းလောက်တဲ့ စုပ်ယူနှုန်းကို မြင်လိုက်လျှင် ကူရှုပ်ရှင်း စိတ်ထဲကနေ ခိုးပြီး ကျိန်ဆဲလိုက်သည်။ (မင်းတို့က

ပါရမီရှင်ဖြစ်ရင်တောင် ဒီလောက်လုပ်ဖို့ လိုလို့လား) နာကျင်မှု တပ်မက်သူလေးသည် အတွေးတွေ မပျံ့လွင့် သွားရဲပါ။ ဒီလိုမှမဟုတ်ရင် ကျောင်းသားတွေထက် ဝိညာဉ်ချီ စုပ်ယူမှုနှုန်း နည်းပါးနေပါက အရမ်းရှက်ဖို့ ကောင်းနေမည်။

"ဆရာဆွန်း သဘာဝ သစ်သီးတွေကို စားပြီး အဆင့်တက်တာက ဘေးထွက်ဆိုးကျိုး မရှိပေမယ့် ကျင့်ကြံခြင်းဆိုတာက ခန္ဓာကိုယ်ကို မြှင့်တင်ပေးရုံသာမက မင်းရဲ့ စိတ်ဆန္ဒကလည်း တိုးတက်နေဖို့ လိုတယ်။ ကျင့်ကြံခြင်းလမ်းစဉ်ဆိုတာ အမြဲတမ်း ချောမွေ့နေမှာ

မဟုတ်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ထစ်ဆို့မှုကတော့ ကြုံတွေ့ ရတတ်တယ်”

ကူရှုပ်ရှင်းက ဆွန်းမိုကို ကြည့်ပြီး စိတ်ရင်းနဲ့ ပြောလိုက်သည်။ ဆွန်းမိုက ဉာဏ်ရည်မြင့်သဖြင့် သူမ ဘာကိုဆိုလိုသလဲ ဆိုတာ နားလည်လိမ့်မည်။

အခုအချိန်မှာ ဖြတ်ကျော်ဖို့ လွယ်ကူပေမယ့် တကယ်လို့များ ပိတ်ဆို့မှုနဲ့ ကြုံလာရင် ကိုယ်အားကိုယ်ကိုးပြီး ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံမရှိပါက အနာဂတ်တွင် ကျင့်ကြံခြင်း အဆင့်မြှင့်လာတာနဲ့ အမျှ သေလောက်အောင်

ကြိုးစားလည်း အဆင့် မတက်နိုင်တာမျိုး ဖြစ်သွားနိုင်သည်။

ပွင့်ပွင့်လင်းလင်း ပြောရရင် အတွေ့အကြုံ အားနည်းပြီး ဆန္ဒ အားနည်းနေလို့ ဖြစ်သည်။ ဆွန်းမို အဆင့်တက်တိုင်း ကံကောင်းပြီး သဘာဝအသီး ရှာတွေ့ဖို့ မဖြစ်နိုင်ပါ။

"ဆရာကူရဲ့ ကြင်နာတဲ့ ရည်ရွယ်ချက်အတွက် ကျေးဇူးတင်ပါတယ်"

ဆွန်းမိုလည်း ဒီပြဿနာကို အရင်က စဉ်းစားခဲ့ဖူးသည်။ ဒါပေမယ့် သူ့လက်ထဲမှာ လကြွယ်သစ်သီး ရှိနေတယ်လေ။ ဘာလို့

ဒီလောက်အများကို လျှောက်တွေးနေမှာလဲ။ ဘာမှမပြောဘဲ အဆင့်တက်မယ်ဆိုရင် အသီးစားလိုက်မည်။

'အမ်"

ဒီမှာရှိတဲ့ လူတိုင်းက ဉာဏ်ရည်ထက်မြတ်ကြသည်။ ဒါကြောင့် ကူရှုပ်ရှင်း ထပ်မပြောတော့ပါ။ ထို့နောက် ရေပူစမ်းထဲကနေ လမ်းလျှောက်ပြီး ထွက်လာလိုက်သည်။

"ဆရာကူ၊ ဝိညာဉ်ချီ မစုပ်ယူတော့ဘူးလား" ဆွန်းမို ရုတ်တရက် အံ့အောသွားသည်။

“ငါ ရှေ့ဟောင်း နဂါးဖမ်းတဲ့လက်ကို ခံစားပြီးလို့ အရမ်းကျေနပ်နေပါပြီ။ မင်းရဲ့ ချစ်လှစွာသော တပြည့် သုံးယောက်အတွက် ဝိညာဉ်ချိ ချန်ထားပေးတာ ပိုကောင်းပါတယ်”

ကူရှုပ်ရှင်းက ရယ်ရင်း ပြောလိုက်သည်။

ဆွန်းမို စိုက်ကြည့်လိုက်သည်။ ကူရှုပ်ရှင်း မျက်လုံးထဲတွင် သဘောကျမှုနဲ့ ပြည့်နေတာ တွေ့လိုက်သည်။

“ဆရာကူ၊ မင်းစိတ်ရှိရင် ငါ့ကို မင်းသူငယ်ချင်း အဖြစ် လက်ခံမလား”

နာကျင်မှု တပ်မက်သူလေးက စာကြောင်းတစ်ကြောင်းတည်းသာ ပြန်ပြောခဲ့သော်လည်း ဆွန်းမိုက သူမ ပင်ကိုယ်စရိုက်ကို လုံးဝ ချီးကျူးလိုက်မိသည်။

“အမ် ငါတို့ သူငယ်ချင်းတောင် ဖြစ်နေပြီ ထင်နေတာ”

ကူရှပ်ရှင်းရဲ့ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး အရမ်းမြင့်သည်။ သူမအသံက ဂျစ်ကန်ကန်နိုင်ပြီး ချစ်ဖို့လည်း ကောင်းနေသည်။ ဆွန်းမိုရဲ့ မေးခွန်းအတွက်လည်း အဖြေဖြစ်ပြီး လူတိုင်းသဘောကျ စေနိုင်သည်။

ကူရှုပ်ရှင်းက 'ရတယ်' လို့ ပြောလိုက်ရင် ဆွန်းမို အဆင့်က သူမထက် နှိမ့်ရာ ရောက်သွားမည်။ ဘာကြောင့် တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးခွင့် တောင်းနေတော့မှာလဲ။

ဆွန်းမိုတစ်ယောက် တောက်ပစွာ ပြုံးလိုက်မိသည်။ ကူရှုပ်ရှင်းက အရမ်းလှသည်။ သူမရဲ့ ပင်ကိုယ်စရိုက်ကလည်း အရမ်းကောင်းပြီး ထူးချွန်သော ပင်ကိုယ် အရည်အချင်းနဲ့ ပြည့်နှက်နေသည်။ ဒီလိုမိန်းကလေးမျိုးက လုံးဝကို အဆင့်အတန်းမြင့်သည်။

"သူမကို ဖွန်ကြောင်လိုက်ရင် ကောင်းမလား"

ဆွန်းမို နှလုံးသား အနည်းငယ် လှုပ်သွားသည်။ သူ့ရဲ့ အကြည့်က ရှည်လျားတဲ့ ခြေတံတွေဆီ ရောက်သွားသည်။ ကူရှုပ်ရှင်းသည် ဆရာဝတ်ရုံရှည်ကို ဝတ်ထားပြီးပြီ ဖြစ်သော်လည်း ဆွန်းမိုရဲ့ အကြည့်ကြောင့် အနည်းငယ် မလုံခြုံသလို ဖြစ်သွားသည်။ အလိုလို လည်ပင်းကြွယ်သီး တပ်လိုက်မိသည်။

"အဟွန်း အဟွန်း"

ကူရှုပ်ရှင်း ချောင်းနှစ်ကြိမ် ဟန့်လိုက်ပြီး စိတ်ထဲက

'မင်းမှာ စေ့စပ်ထားတဲ့သူရှိနေပြီ ဘာအဓိပ္ပါယ်နဲ့ ငါ့ကို ဒီလို ကြည့်နေတာလဲ'

(အစ်မအန်ကို လှည့်စားမယ်ကြံရင် သူမ ဘာမှ လုပ်စရာတောင် မလိုဘူး ငါက မင်းကို အရင်ဆုံး သေအောင် ရိုက်လိုက်မယ်။ အခုငါတို့က သူငယ်ချင်း ဖြစ်နေပြီဆိုတော့ အိပ်ယာထဲက မထနိုင်အောင်ဘဲ ရိုက်မယ်)

အနီရောင် အခိုးအငွေ့ တွေကလည်း တဖြည်းဖြည်း ပြန်နှံ့ကျဲလာသည်။ ဝိညာဉ်ချီ သိပ်သည်းမှုကလည်း ပုံမှန် ပြန်ဖြစ်လာသည်။

လီဇီချီနှင့် လုချီဟွာတို့က တရားထိုင်နေတာ ရပ်လိုက်ပြီ ဖြစ်သည်။ သို့သော် အင်ဘိုင်ဝူက လေ့ကျင့်နေဆဲ ဖြစ်သည်။ သူမသည် မငွေမက်လေးဖြစ်ပြီး ဝိညာဉ်ချီ အနည်းငယ်ကိုပင် ဖြုန်းတီးရန် ဝန်လေးနေသည်။

"ဆရာဆွန်း ဘာလုပ်လုပ် အစွန်းမရောက်ဖို့ လိုတယ်ဆိုတာ သူမကို ပြောလိုက်အုံး"

ကူရှုပ်ရှင်းက ဆွန်းမိုကို သတိပေးလိုက်သည်။

နာကျင်မှု တပ်မက်သူလေးက အင်ဘိုင်ဝူကို ကြည့်လိုက်သည်။ သဘောကျသလို စိတ်လည်း

ပူသည်။ အင်ဘိုင်ဝူ အရမ်းအားထုတ်ပြီး ကြိုးစားလွန်းနေသည်။

"ဘိုင်ဝူ"

ဆွန်းမိုက ပြောလိုက်သည်။

အင်ဘိုင်ဝူ မျက်လုံးပွင့်လာပြီး အနီရောင် ဝိညာဉ်ချီ အခိုးအငွေ့တွေကို စိုက်ကြည့်နေသည်။ ဖြုန်းတီးနေသလို ခံစားရသော်လည်း ဆက်မလေ့ကျင့်တော့ပါ။ သူမက မတ်တပ်ရပ်လိုက်ပြီး

"ဆရာ ဘာညွှန်ကြားချင် လို့လဲ"

“ဘိုင်ဝူ အရင်က မင်း ဆင်းရဲတဲ့ဘဝတစ်ခုမှာ နေထိုင်ခဲ့ရတယ်ဆိုတာ ငါသိတယ်။ ဒါပေမယ့် အခုအချိန်မှာ မတူတော့ဘူး။ အဲဒါကလည်း ပြီးသွားပြီ အခု မင်းစိတ်ထဲက ဝန်တွေကို ဘယ်လိုလျှော့ချရမလဲ ဆိုတာ သင်ယူသင့်တယ်”

ဆွန်းမိုက အင်ဘိုင်ဝူ မျက်လုံး တည့်တည့် စိုက်ကြည့်ရင်း

“ပိုက်ဆံက မင်းထင်သလောက် အရေးမကြီးဘူး။ ပြီးတော့ မင်းက ဒီဝိညာဉ်ချီတွေကို မဖြုန်းတီးပစ်ချင်လို့ ဆိုပေမယ့် ဒီဝိညာဉ်ချီ အကြွင်းအကျန်တွေကို မစုပ်ယူသင့်ဘူး။

ဒီလိုလုပ်နေရင် မင်းခန္ဓာကိုယ် ထိခိုက်သွားလိမ့်မယ်”

အင်ဘိုင်ဝူ ငြိမ်ကျသွားသည်။ ဆရာ ဘာပြောချင်လဲဆိုတာ နားလည်ပေမယ့် သူမ ဝန်လေးနေဆဲ ဖြစ်သည်။

“အခုတော့ ငွေနဲ့ ဝိညာဉ်ချီပေါ့။ ဒါပေမယ့် အနာဂတ်ကျရင် မင်းက စူးစမ်းလေ့လာဖို့ အမှောင်တိုက်ကြီးကို သွားရင်း ထိပ်တန်းပစ္စည်းတွေနဲ့ ကြုံလာရင် မင်းအသက်နဲ့ ရင်းမှာလား”

ဆွန်းမိုက မေးလိုက်သည်။

“ဒါပေါ့ သေချာတယ်”

အင်ဘိုင်ဝူက ဆွန်းမိုကို ကြောင်တောင်တောင်နဲ့ စိုက်ကြည့်နေသည်။ ဒါက မေးစရာလိုသေးလို့လား။

"မင်းမှားနေပြီ ၊ အသက်ရှင်နေမှ အနာဂတ်ဆိုတာ ရှိလာလိမ့်မယ်"

ဆွန်းမိုက ခေါင်းယမ်းရင်း ပြောလိုက်သည်။

အင်ဘိုင်ဝူ အတွေးထဲ နစ်မျောနေသည်။

"ဘယ်အချိန် စွန့်လွှတ်ရမလဲ ဆိုတာကလည်း ရင့်ကျက်မှု တစ်မျိုးပဲ"

ကူရှုပ်ရှင်းက မနေနိုင်ဘဲ ဖြည့်စွက်ပြီး ပြောလိုက်သည်။ အမှန်တော့ သူမသည် အင်ဘိုင်ဝူကို အရမ်းသဘောကျသည်။ သူမ၏

ပင်ကိုယ်စရိုက်ကြောင့် သူမ အနာဂတ် ပျက်စီးသွားမှုကိုတော့ မမြင်ချင်ပါ။

"ငါမင်းကို ဇာတ်လမ်းတစ်ပုဒ် ပြောပြမယ်"

ဆွ ွန်းမိုက ပြုံးရင်း ပြောလိုက်သည်။

လုချီဟွာက ဆွန်းမိုဘေးမှာ ချက်ခြင်း ဝင်ထိုင်လိုက်သည်။ သူမရဲ့ ကြီးမားသော မျက်လုံးကြီးများကို တဖျတ်ဖျတ် ခပ်ရင်း ဆွန်းမိုကို ကြည့်နေသည်။

ဆွန်းမိုက ခံစားချက်ကို ထိန်းညှိလိုက်သည်။ သူ စကားပြောမလို့ လုပ်လိုက်တဲ့ အချိန်တွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်ကလည်း အချိန်ကောင်း ရွေးပြီး အကြောင်းကြားချက် ထွက်လာသည်။

ဒင်

“ဂုဏ်ပြုပါတယ်”

စာစဉ်(၁၆)

အခန်း(၂၂၅) - ဒဏ္ဍာရီ အားလုံးက အလိမ်အညာတွေ ချည်းပဲ။

"မင်းနဲ့ ကျန့်ချင်ဖန်ရဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကြောင့် သူ့ရဲ့ ဘဏ္ဏာထိန်းနဲ့ အိမ်အကူတွေရဲ့ လေးစားအထင်ကြီးမှု အမှတ်တွေက ၁၀၀ ကျော်သွားပြီး ရင်းနှီး အဆင့်ကို ရောက်ရှိသွားပြီ။ မင်း ၃မျိုးပေါင်း တစ်ခု ဆုရရှိသည်။ အနက်ရောင် ရတနာသေတ္တာကို ကြေးရောင် ရတနာသေတ္တာအဖြစ် အဆင့်မြှင့်တင် ပေးလိုက်သည်။

စနစ် က ရှင်းပြပြီးနောက် ကြေးရောင် ရတနာသေတ္တာ တစ်လုံး ဆွန်းမိုအရှေ့တွင် ပေါ်လာသည်။

"အရင် သိမ်းထားလိုက်"

ဆွန်းမိုက စနစ်ကို ညွှန်ကြားပြီးနောက် အင်ဘိုင်ဝူကို ကြည့်ရင်း ဇာတ်လမ်း စပြောလိုက်သည်။

"တခါတုန်းကပေါ့ သူတို့ရဲ့ မိဘကို အရမ်းရိုသေလေးစားတဲ့ လူနှစ်ယောက်ရှိတယ်။ နောက်ဆုံးတော့ သူတို့ရဲ့ ရိုသေလေးစားမှုကို ကောင်းကင်ဘုံ နတ်ဘုရားက သိရှိသွားတယ်။ နတ်ဘုရား ဆင်းသက်လာပြီး သူတို့ကို မြေပုံတစ်ခုစီ ပေးကာ အရှေ့ဘက် ဆက်သွား ကြပါ။ ရွှေတွေ ငွေတွေ ပြည့်နေတဲ့ ကျွန်းတစ်ကျွန်းကို တွေ့ပြီး မင်တို့လိုချင်သလောက် ယူလို့ ရတယ်လို့ ပြောတယ်"

"သူတို့နှစ်ယောက်လည်း လမ်းလျှောက်ရင်း လျှောက်ရင်းနဲ့ ခရီးထွက်လာကြတယ်။ တစ်နှစ်ကြာပြီးနောက် သမုဒ္ဒရာ အစွန်းတစ်ခုဆီ ရောက်သွားကြတယ်။ ဒါပေမယ့် ဆက်လျှောက်ဖို့ လမ်းက မရှိဘူး ဖြစ်နေတယ်။"

နားထောင်ပြီးနောက် လုချီဟွာက ဝင်ပြောသည်။

" နတ်ဘုရားက လူလိမ်လား။ သူတို့ ခရီးသွားနေတုန်း ဘယ်သူမှ မရှိတဲ့ အခါမှ သူတို့ အိမ်ကို ဝင်ခိုးမှာလား"

"တိတ်တိတ်နေ"

လီဇီချီ က ထဟန့်လိုက်သည်။ ဆွန်းမိုက ဒဏ္ဍာရီ ပုံပြင်လို့ ပြောပြီးသား။ ဒါကြောင့် ဒီဇာတ်လမ်းသည် ကလေးများအတွက်သာ ဖြစ်ရမည်။ ပြီးတော့ အရမ်း ယုတ္တိရှိစရာလည်း မလိုအပ်ပါ။ ဒဏ္ဍာရီ ပုံပြင်တစ်ခု၏ အဓိက အကြောင်းအရာမှာ ကိုယ်ကျင့်တရားနှင့် ဥပမာပေး ခိုင်နှိုင်းပြောခြင်းသာ ဖြစ်သည်။ ဒါကြောင့် နတ်ဘုရားသည် ကောင်းကင်ဘုံက စစ်မှန်သော နတ်ဘုရားကိုသာ ရည်ညွှန်းလိမ့်မည်။ မဟာသမုဒ္ဒရာဆိုတာကလည်း ရွှေတွေငွေတွေ မတွေ့ခင် သူတို့နှစ်ယောက် ပထမဆုံး ကြုံတွေ့ရတဲ့ စမ်းသပ်မှုတစ်ခုသာ ဖြစ်နိုင်သည်။

ကူရှုပ်ရှင်းသည် လုချီဟွာရဲ့ ရင်ဘက်ကို တစ်ချက်ကြည့်လိုက်သည်။ ‘ဒါကြောင့်လည်း ရင်ဘက်ကြီးရင် ဦးနှောက်မရှိဘူး ပြောကြတာ ဖြစ်မယ် ’ (ငါ့နို့တွေ သေးသေးလေး ဖြစ်နေတာလည်း မဆန်းပါဘူး။ ဒါကြောင့် ငါ အရမ်းဉာဏ်ကောင်းနေတာ)

ကူရှုပ်ရှင်းသည် အစွန်းမရောက်ပါ။ ဒါပေမယ့် လီဇီချီက နောက်ထပ် ဥပမာ တစ်ခုဖြစ်သည်။ လီဇီချီ ဘယ်လောက် ထက်မြတ်သလဲ ကြည့်ပါလား။ သူမရင်ဘက်ဆို ငါ့ထက်တောင်သေး သေးတယ်။

"သူတို့ နှစ်ယောက် စဉ်းစားပြီး တွေးနေပေမယ့်လည်း အဖြေကို စဉ်းစား မရဖြစ်နေတယ်။ အဲဒီနောက် ဖြတ်သန်းသွားလာတဲ့ လူတစ်ယောက်ကနေ တောအုပ်ထဲက တောင်ပေါ်မှာ ပညာရှိတစ်ယောက် ရှိတယ်လို့ ပြောခဲ့တယ်။ သူတို့နှစ်ယောက်ကလည်း အဖြေရှာမရ ဖြစ်နေတာကြောင့် ပညာရှိကြီးနဲ့ တိုင်ပင်မယ်ဆိုပြီး လိုက်ရှာကြတယ်။ ဒီလိုနဲ့ နှစ်ယောက်သား တောင်ပေါ်ကို တက်သွားကြတယ်"

"ပညာရှိကြီးက သူတို့နှစ်ယောက်ကို မြင်တာနဲ့ စကားမပြောခင် ပြုံးလိုက်တယ်။ 'မင်းတို့တွေ

ရတနာကျွန်းဆီ သွားမလို့လား’ ဆိုပြီး မေးလိုက်တယ်”

“သူတို့နှစ်ယောက်စလုံး အရမ်း အံ့အောပြီး အထင်ကြီးသွားတယ်။ ပညာရှိဆိုတာက တွေးထားသလိုပဲ ဒီအကြောင်းတောင် သိနေတယ်။ ဒါကြောင့်လည်း သူတို့က ပညာရှိကြီးနဲ့ တိုင်ပင်ဖို့ ဆုံးဖြတ်လိုက်တယ်”

“ပညာရှိကြီးမှာ ကျွန်းဆီ သွားဖို့အဖြေရှိပေမယ့် သူတို့ယူလာတဲ့ ရွှေငွေတွေရဲ့ ၃၀ ရာခိုင်နှုန်း လိုချင်နေတယ်လို့ ပညာရှိကြီးက ပြန်ဖြေလိုက်တယ်။”

"အရမ်းများလွန်းတယ်၊ ဒီပညာရှိကြီးက တကယ် ငွေမက်တဲ့ လူပဲ" လုချီဟွာက အထင်အမြင် သေးစွာ ထအော်လိုက်သည်။ သူမစိတ်ထဲတွင် ပညာရှိဆိုတဲ့လူက စည်းစိမ်ချမ်းသာတွေကို အမှိုက်တစ်ခုလို သဘောထားပြီး လူတွေရဲ့ အခက်အခဲတွေ ကူညီဖြေရှင်းပေးတဲ့ မသေမျိုး သူတော်စင် တစ်ယောက် ဖြစ်သင့်တယ်လို့ ယူဆထားသည်။

"၃၀ ရာခိုင်နှုန်းက အနည်းငယ်များလွန်းလို့ သူတို့နှစ်ယောက်လည်း ပညာရှိကြီးနဲ့ ညှိနှိုင်းဖို့ ကြိုးစားခဲ့တယ်။ ပညာရှိကြီးက သဘောမတူလို့ နှစ်ဦးသား ပြန်ထွက်လာကြတယ်။ ဒါပေမယ့်

တစ်လခွဲသာ ကြာသွားတယ်။ သူတို့နှစ်ယောက် အဖြေရှာလို့ မရဘူး ဖြစ်နေတယ်။ ပြီးတော့ အိမ်က ထွက်လာတာလည်း တစ်နှစ်ကျော်နေပြီ။ ဒါကြောင့် ပညာရှိကြီးရဲ့ တောင်းဆိုချက်ကို သဘောတူဖို့ နှစ်ယောက်သား ဆုံးဖြတ်လိုက်ကြသည်။ ဒီတစ်ခေါက် ပညာရှိကြီးနဲ့ သွားတွေ့တော့ ၃၀ ရာခိုင်နှုန်း အစား တ၀က် တိုးတောင်းလာတယ်”

ဆွန်းမို ပြောပြီးနောက် လုချီဟွာ ဝင်နှောက်ယှက် လာပြန်သည်။

“ဒီလောက်တောင် ဖြတ်ရိတ်တာလား။ ပညာရှိကြီးက လူလိမ်တစ်ယောက် မဖြစ်နိုင်ဘူးလား”

လုချီဟွာရဲ့ ခွဲခြမ်းစိတ်ဖြာမှုက ဖြစ်နိုင်ချေအရမ်းများ နေသည်။

လီဇီချီသည် လုချီဟွာရဲ့ ပါးစပ်အားအားကြိုး မာန်တက် ပိတ်လိုက်သည်။ (ကျေးဇူးပြုပြီး ဆရာ့ကို မနှောက်ယှက်ပါနဲ့တော့။ ဆွန်းမိုရဲ့ လေသံနှင့် ဖန်တီးထားမှုတွေ ပျောက်သွားလိမ့်မယ်)

“ဒီပညာရှိကြီးက လူလိမ် မဟုတ်ဘူး။ သူတို့နှစ်ယောက်လည်း ဒီတောင်းဆိုမှုကို ကြားပြီး အရမ်းစျေးကြီးတယ်လို့ ခံစားရတယ်။ သူတို့ထဲက တစ်ယောက်ကို အေလို့ ခေါ်ရအောင် နောက်တစ်ယောက်ကိုတော့ ဘီပေါ့။ အေက တောင်းဆိုချက်ကို လက်ခံဖို့

ဆုံးဖြတ်လိုက်တယ်။ ဘီကတော့ စိတ်မပါဘူး။ ဒါပေမယ့် ဒုတိယနေ့မှာ အေက လှေတစ်စင်းရပြီး ပင်လယ်ထဲ ရွက်လွှင့်ဖို့ ပြင်ဆင်နေတယ်။ အေက ကျွန်းပေါ်က ရတနာ ပစ္စည်းတွေကို တွေ့သွားပြီး အကုန်လုံး ယူသွားမှာ ဘီက စိုးရိမ်နေတယ်။ ဒါ့ကြောင့် ဘီလည်း ပညာရှိကြီးဆီ အမြန်သွားပြီး ၅၀ရာခိုင်နှုန်းနဲ့ သဘောတူဖို့ ပြောလိုက်တယ်။ ဒါပေမယ့် ပညာရှိကြီးက ၅၀ အစား ၆၀ ရာခိုင်နှုန်း လိုချင်တယ်လို့ ပြောလာတယ်”

“ဘီက ဒီစကားကို ကြားလိုက်လျှင် အရမ်းစိုးရိမ်ပြီး အင်တင်တင် ဖြစ်သွားတယ်။ ဒါပေမယ့် နောက်ဆက်တွဲ ရလဒ်ကို တွေးပြီး သူသာ

သဘောမတူရင် ဘယ်လောက်ကြာကြာ စောင့်ရမလဲ ဆိုတာ မသိနိုင်ဘူးလေ။ ပြီးတော့ အေကလည်း အားလုံး သိမ်းသွားနိုင်တယ်။ ဒါကြောင့် ဘီလည်း သဘောတူလိုက်တယ်”

“ပညာရှိကြီးက ပြုံးပြီး ပင်လယ်ထဲမှာ သစ်သားစားရတာ ကြိုက်တဲ့ ငါးတမျိုး ရှိတယ်ဆိုတာ ပြောလိုက်တယ်။ ဒါကြောင့် သာမန်သစ်သားနဲ့ လုပ်ထားတဲ့ လှေဆိုရင် တခါတည်း ဝါးမျိုသွားလိမ့်မယ်”

“ပုံသွင်း ပျားဖယောင်းနဲ့ လှေတမျိုးရှိတယ်။ ဒီလှေအမျိုးအစားက ပေါ့ပါးပြီး တာရှည်လည်း ခံတယ်။ ပြဿနာတစ်ခုရှိတာက ဖယောင်းလှေက

ပူပြင်းတဲ့ နေရောင်ခြည်ကို ကြောက်တယ်။ ဒါကြောင့် ပင်လယ်ကို ထွက်ရင် ညအထိစောင့်ပြီးမှ ထွက်ရတယ်”

“ဖယောင်းနဲ့ လုပ်ထားတဲ့ လှေတောင် ရှိတာလား”

လုချီဟွာရဲ့ မျက်နှာက အံ့အောသင့်တဲ့ ပုံဖြစ်နေသည်။

“ဒါက ဒဏ္ဍာရီ ပုံပြင်လို့ ဆရာ ပြောပြီးပြီလေ”

လီဇီချီလည်း စကားမပြောနိုင်အောင် ဖြစ်နေသည်။

"ဖယောင်းလှေကို နှစ်နာရီလောက်ကြာအောင် ရွက်လွှင့်လိုက်ရင် ရတနာကျွန်းကို ရောက်ပြီလို့ ပညာရှိကြီးက ပြောလိုက်တယ်။ ပြီးတော့ ဘီက မိုးမလင်းခင် ရတနာကျွန်းက ပြန်ထွက်လာရမယ်။ အနည်းဆုံး မိုးကုတ်စက်ဝိုင်းမှာ နေမပေါ်ခင် ပြန်ထွက်လာရမယ်"

"ညနေလဲ ရောက်လာရော အေနှင့်ဘီလည်း ပညာရှိကြီးရဲ့ ညွှန်ကြားချက်နဲ့ လမ်းညွှန်တွေ နားထောင်ပြီး ထွက်လာခဲ့တယ်။

နှစ်နာရီကြာပြီးနောက် ရတနာကျွန်းကို အောင်မြင်စွာ ရောက်သွားကြတယ်။ ဒီနောက်မှာတော့ သူတို့မြင်လိုက်တဲ့ အရာကြောင့်

အရမ်း အံ့အောသွားတယ်။ လရောင်အောက်မှာ ရွှေတွေ၊ ငွေတွေ၊ ကျောက်စိမ်းတွေက တစ်ကျွန်းလုံး အပြည့်ပဲ”

အင်ဘိုင်ဂူသည် သူမကြားလိုက်တဲ့ စကားကြောင့် စွဲလမ်းသွားသည်။ ရတနာကျွန်းက ဘယ်လိုဘယ်ပုံ ဖြစ်နေမလဲဆိုတာ စိတ်ကူးယဉ်နေမှာ သေချာသည်။

“သူတို့နှစ်ယောက်လည်း အရမ်းပျော်ရွှင်ပြီး ရတနာတွေကို လှေပေါ်တင် လိုက်ကြတယ်။ ငွေက ရွှေလောက် တန်ဖိုးမရှိဘဲ နေရာပိုယူတယ်။ ဒါကြောင့် နှစ်ယောက်သား တိုင်ပင်စရာမလိုဘဲ ရွှေယူရန် ရွေးချယ်ခဲ့ကြတယ်။ တဝက်လောက်

လှေထဲဖြည့်ပြီးတဲ့ အခါမှာတော့ ရွှေကို အထင်သေးလာပြီး ပိုတန်ဖိုးရှိတဲ့ ကျောက်စိမ်းကို သယ်ယူဖို့ ဆုံးဖြတ်လိုက်ကြတယ်။ လှေရဲ့ သိုလှောင်ခန်းကလည်း အရမ်းကျယ်တယ်။ တစ်ယောက်တည်း သယ်နေရတော့ အရမ်းနှေးတာပေါ့။ ဒါကြောင့် နေထွက်ခါနီးရင်တောင် အပြည့် မဖြည့်နိုင်သေးဘူး။”

“သူတို့စိတ်တွေ မတည်ငြိမ် ဖြစ်လာကြတယ်။ အထူးသဖြင့် ဖယောင်းလှေရဲ့ မျက်နှာပြင်ကို ကြည့်လိုက်ရင် အရည်ပျော်မယ့် လက္ခဏာ ပြနေပြီ။ သူတို့ ရုတ်တရုတ် ထိတ်လန့်သွားပေမယ့် လှေက မပြည့်သေးဘူး။ ထွက်လာဖို့ တွေဝေနေကြတယ်”

“အေနှင့်ဘီတို့ တွေ့ဝေသွားပြီးနောက် ချက်ခြင်း ထွက်လာကြတယ်။ ဒါပေမယ့် အေက သဲသောင်ပြင်ပေါ်မှ ရွှေတွေကို သယ်နေတယ်။ ဘီကတော့ ကျောက်စိမ်းတွေကို ဆက်ပြီး သယ်နေတယ်။ ဒါပေမယ့် သူသယ်လာတဲ့ ကျောက်စိမ်းတွေက အေသယ်လာတဲ့ ရွှေတွေလောက် မများဘူး။ ဒါကြောင့် ရွှေတွေ သယ်ဖို့ အာရုံစိုက်လိုက်တယ်။”

ဆွန်းမိုက အင်ဘိုင်ဝူကို တစ်ချက်ကြည့်လိုက်သည်။ သံမဏိခေါင်း မိန်းကလေးက ဇာတ်လမ်းထဲတွင် မျောပါနေသည်။

ကူရှုပ်ရှင်းကတော့ လေးလေးနက်နက် စဉ်းစားနေသည်။

“သူတို့နှစ်ယောက်စလုံး အရမ်းပင်ပန်းနေပြီ။ နဖူးမှာလည်း ချွေးတွေ ပြည့်နေတယ်။ ဒီအချိန်မှာပဲ မိုးကုတ်စက်ဝိုင်းက နေ စ ပေါ်လာပြီ။ အေက ပြည့်လုနီးပါးဖြစ်နေတဲ့ လေ့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေတယ်။ ဒါပေမယ့် ပညာရှိကြီး အမှာစကားကို သတိရပြီး ချက်ခြင်းထွက်သွားဖို့ ဆုံးဖြတ်လိုက်တယ်”

“ဘီကတော့ လှေပြည့်ဖို့ နည်းနည်းပဲ လိုတော့တယ်ဆိုပြီး ညည်းတွားလိုက်တယ်။ ရွှေတွေကို ဆက်သယ်နေသေးတယ်။ အေက

လူကောင်းတစ်ယောက်ပါ။ ဒီလိုလုပ်နေတာကို မြင်လျှင် ‘မင်းသေသွားရင် ပိုက်ဆံဘယ်လောက်များများ ဘာလုပ်လို့ရမှာလဲ’ ဆိုပြီး အော်လိုက်တယ်”

“ဖယောင်းလေ့ရဲ့ အရည်ပျော်နှုန်း မြန်လာတာကြည့်ပြီး ဘီလည်း ရွေးချယ်စရာမရှိဘဲ ပြန်လာဖို့ ဆုံးဖြတ် လိုက်တယ်။ သူ့မြင်ကွင်းကနေ တဖြည်းဖြည်း ပျောက်လာတဲ့ ရတနာကျွန်းကို ကြည့်ပြီး ပုံမှန် ပြင်းပြင်းထန်ထန် မလေ့ကျင့်ခဲ့တဲ့ သူ့ခေါင်းသူ ပြန်ရိုက်ကာ အပြစ်တင်နေတယ်။ သူက အားနည်းလွန်းသဖြင့် ရတနာတွေ သယ်တဲ့နေရာမှာ နှေးကွေးခဲ့ရတယ်”

ဒီစကားကို ကြားပြီးနောက် လုချီဖွာ ရုတ်တရက် နားလည်လာသလို ထအော်သည်။

"အခုတော့ ငါနားလည်ပြီ၊ ငါတို့ကို ပြင်းပြင်းထန်ထန် ကျင့်ကြံရမယ်လို့ ဆရာက အမြဲပြောနေခဲ့တယ်။ ဒီလို အရေးကြီးတဲ့ အချိန်ကျရင် ကြိုးစား အားထုတ်မှုနည်းလို့ နောင်တ မရ ရအောင် မှတ်လား"

လီဇီချီ မျက်နှာဖြူသွားသည်။ အင်ဘိုင်ဝူရဲ့ ငွေမက်တဲ့ ပင်ကိုယ်စရိုက်ကို ပြုပြင်ဖို့လို့ ဆရာက သိသိသာသာ ပြောထားတယ်လေ။

ဆွန်းမို ပြန်မတုန့်ပြန်တာ မြင်လိုက်လျှင် သဘော်သီးကောင်မလေး ရေကန်ဘက်ကို အလောတကြီး ဆုတ်သွားသည်။ ခေါင်းငုံ့ကာ ပြေးထွက်သွားသည်။ (အား ရှက်စရာကောင်းလိုက်တာ)

"သူတို့နှစ်ယောက် ခရီးကနေ အပြန်လမ်းမှာပေါ့ ရတနာတွေ မပြည်တပြည့် ဖြစ်နေတဲ့ သူတို့ရဲ့ လှေကို ကြည့်ပြီး လှပတဲ့ အနာဂတ်ကို စိတ်ကူးယဉ် နေကြတယ်။ မြေကွက်ရာဂဏန်းလောက် ဝယ်ပြီး မြေပိုင်ရှင်တွေ ဖြစ်လာမယ်။ နွေးထွေးပြီး သီလရှိတဲ့ မိန်းမနဲ့ လက်ထပ်မယ်။ နေပါအုံး၊ ပိုက်ဆံတွေ အများကြီး

ရှိတယ်ဆိုတော့ မယားငယ် နည်းနည်းလောက် ယူအုံးမယ်။”

ဆွန်းမို စကားမဆုံးသေးခင် ဝင်နှောက်ယှက် ခံရပြန်သည်။

“ဟွန့်၊ ယောကျ်ားတွေက ပိုက်ဆံလေး နည်းနည်းရှိမယ် မကြံနဲ့ ဖွဲကဖောက်လာပြီ”

ကူရှုပ်ရှင်း ဒေါသတကြီး ထ ပြောသည်။

ဆွန်းမို ဆွံ့အနေသည်။ (ငါဇာတ်လမ်းကို အေးအေးဆေးဆေး ပြောလို့ မရဘူးလား။ ပြီးတော့ အလယ်ကမ္ဘာ ပြည်နယ်ကိုးခုက

ရှေ့ဟောင်းတရုတ်ပြည်နဲ့ ယဥ်ကျေးမှု အတူတူပဲလေ။ ကူရှုပ်ရှင်း၊ မင်းဘာတွေ စိတ်ဆိုးနေတာလဲ)

ဒီနာကျင်မှု တပ်မက်သူက အမျိုးသမီး အခွင့်အရေး လှုပ်ရှားသူ ဖြစ်နေမယ်လို့ သူ မထင်ထားခဲ့ပါ။

"ဆရာ၊ မင်းပြောတဲ့ ဇာတ်လမ်းက အရမ်းဆွဲဆောင်မှု ရှိလွန်းတယ်။ ကျေးဇူးပြုပြီး ဆက်ပြောပါအုံး"

လီဇီချီက မျက်တောင်တဖျတ်ဖျတ် ခတ်လိုက်ပြီး နားထောင်ဖို့ မစောင့်နိုင်သလို လုပ်နေသည်။

"ဟီးဟီး"

ဆွန်းမို နှလုံးသားထဲ ကြည်နူးသွားသည်။ တောကြက်ဥလေးက ဂျာကင် အကျီလို နွေးထွေးပြီး စာနာတတ်သည်။ သူမ စကားတွေက လဲကျသူ ဖြစ်နေတဲ့ သူ့ကို ပြန်ထလာနိုင်စေသည်။

အမှန်တိုင်း ပြောရလျှင် ဒဏ္ဍာရီ ပုံပြင်က ကလေးတွေကိုသာ လှည့်စားနိုင်သည်။ လီဇီချီသည် ဒဏ္ဍာရီပုံပြင် ယုံကြည်ရမည့် အသက်အရွယ် ကျော်လာခဲ့ပြီ။

ဆွန်းမိုသည် မူလတန်း ကျောင်းတက်စဉ်က ဟန်ခရစ်စတင် အန်ဒါဆန်၊ ဂရင်းနီ နှင့် တစ်ထောင့်တစ်ည ပုံပြင်များကို အကြိမ်ပေါင်းများစွာ ဖတ်ခဲ့ဖူးသည်။ ရလဒ်အနေနဲ့

ဒီကမ္ဘာကြီးက အရမ်းလှပြီး မကောင်းမှုကို ကောင်းမှုက အမြဲနိုင်မယ်လို့ လက်ခံခဲ့သည်။

အလယ်တန်းကျောင်း တက်တဲ့အခါ 'မွန်တီခရစ်စတိုရဲ့ တရားရုံး'၊ "တစ်ထောင့်ထိုး သေနတ်ကိုင် စစ်သားသုံးယောက်'၊ စသည့် စာအုပ်များကို သဘောကျလာပြီး လက်စားချေခြင်တဲ့ အကြောင်းပဲ စဉ်းစားနေမိသည်။ 'အတိတ်သို့ ခြေတစ်လှမ်း' ဖတ်ပြီးနောက် ကမ္ဘာအသစ်တစ်ခု တွေ့သွားသလို ခံစားခဲ့ရသည်။

လူတိုင်းရဲ့ ဘဝအတွေ့အကြုံ မတူညီကြပါ။ တူညီသော အရာများကို ကွဲပြားသောအမြင်နဲ့ ရှုမြင်တတ်ကြသည်။ အရွယ်ရောက်ပြီးတဲ့ အခါ

ဒဏ္ဍာရီပုံပြင်များကို ကလေးဆန်တယ်လို့ ထင်တတ်ကြသည်။

ဒါပေမယ့် ပြောသင့် ပြောထိုက်တာကို ပြောဖို့ လိုသေးသည်။

“သူတို့နှစ်ယောက် သိပ်နုံအမှန်း မကြာခင် သိလိုက်ရတယ်။ သူတို့ရဲ့ လှေပေါ်မှာ ရွှေတွေက အရမ်းများနေတယ်။ ဒါကြောင့်လည်း လှေသွားနှုန်းက နှေးသွားတယ်။ ဒီလို ဖယောင်းပျော်နှုန်းနဲ့ ဆိုရင် သတ်မှတ်ထားတဲ့ အချိန်အတိုင်း ပြန်မရောက်နိုင်ဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဘီက စိုးရိမ်တကြီး ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်လိုက်တယ်။ မိနစ်အနည်းငယ်ကြာတော့ အောက ရွှေတွေကို သမုဒ္ဒရာထဲ ပစ်ချနေတာ မြင်လိုက်ရတယ်။ လှေဝန်ပေါ့ လာတာနဲ့အမျှ လှေသွားနှုန်းကလည်း မြန်လာတယ်။ ဘီက လှေသိုလှောင်ခန်းကိုသွားပြီး ရွှေတွေကို ကြည့်ကာ တွေဝေသွားတယ်။ မိနစ်အနည်းငယ်ကြာအောင် ဒွိဟဖြစ်နေတယ်။ အေရဲ့လှေက ပိုဝေးဝေးသွားတာ မြင်လိုက်လျှင် နှလုံးသားထဲက နာကျင်မှု အောက်ခံပြီး ရွှေတွေကို လွှင့်ပစ်လိုက်တယ်”

"ဘီက တန်ဖိုးနည်းတဲ့ ရွှေတုံးလေးတွေကို စပြီး လွှင့်ပစ်တယ်။ ရေထဲကို ပလုံလို့ ကျသွားတိုင်း မြေကွက် တစ်ကွက်သွားပြီ၊ မယားငယ်တစ်ယောက် သွားပြီ နဲ့ ဖြစ်နေတယ်"

"ဘီက ရွှေကို မက်မောပြီး ဖြေးဖြေးခြင်း ပစ်နေတာနဲ့ အမျှ နေထွက်လာပြီး အပူချိန်လည်း မြင့်တက်လာတယ်။ ပုံစံကို ကြည့်ခြင်းအားဖြင့် လှေမပျော်မီ ပြန်မရောက်နိုင်တော့ပါ။"

"ဒီအချိန်မှာ အေရဲ့လှေက ဝေးပြီး ပျောက်သွားပြီ။ ဘီက ရွက်တိုင်ထိပ်ကို ဖက်တက်ပြီး မြေပြင်ကို မြင်နိုင်မလားဆိုတဲ့

မျှော်လင့်ချက်နဲ့ ဆုတောင်းနေတယ်။ အရည်ပျော်တဲ့ အရှိန်ကို နှေးကွေးသွားစေရန် သစ်သားပုံးတစ်ပုံးနဲ့ ပင်လယ်ထဲက ရေကိုခတ်ပြီး လောင်းနေတယ်။ ဒီနည်းလမ်းကလည်း ရွှေပစ်တာလောက် အသုံးမဝင်ဘူး။ ဒါကြောင့် အသက်ရှင်အောင် ရွှေတွေကို ဆက်ပြီး ပစ်ချခဲ့ရတယ်။ နောက်ဆုံး ကျောက်မြတ်ရတနာ သေတ္တာတစ်လုံးပဲ ကျန်တဲ့အချိန်မှာ ရင်ထဲက နာကျင်ပြီး ဝမ်းနည်းစွာ ငိုနေတယ်။ ဒါကို မပစ်ချင်ဘဲ တင်းတင်းကြပ်ကြပ် ဖက်ထားတယ်။ ဒါကို ဆုံးရှုံးသွားရင် သူလာခဲ့တဲ့ ခရီးစဉ်က အလာဟာသ ဖြစ်သွားတော့မယ်။”

"ဘီက ရတနာသေတ္တာကို ဖက်ထားရင်း တတွတ်တွတ် ဆုတောင်းနေတယ်။ ခံစားရတဲ့ဝေဒနာက ဖယောင်းလှေကြောင့် မေ့သွားတယ်။ လှေအရှေ့ဖက်ကို ပြေးကြည့်လိုက်လျှင် ဖယောင်းက ပါးလွန်းပြီးလှိုင်းဒဏ် မခံနိုင်တော့တာကို အလန့်တကြား မြင်လိုက်ရတယ်။ နောက်ဆုံး ရတနာသေတ္တာ၊ အဝတ်အစား၊ အစားအစာတွေ အားလုံးနဲ့ ရေချိုကို ပင်လယ်ထဲ လွှင့်ပစ်လိုက်တယ်။ ဒါလည်း အသုံးမဝင်တော့ဘူး။ လှေနစ်ပြီး ရေနစ်သေဆုံးသွားတယ်"

"အေ ကရော ဘယ်လို ဖြစ်သွားလဲ"

လုချီဟွာက သိချင်စိတ်နဲ့ မေးလိုက်သည်။

“ဘီက အေလည်း သေမယ်လို့ ထင်နေခဲ့တယ်။ ဒါပေမယ့် အေရဲ့ဆုံးဖြတ်ချက်က ပြတ်ပြတ်သားသား စောစောကတည်းက သူလွတ်မြောက်ဖို့အတွက် ရွှေနဲ့ ရတနာ အားလုံး ပစ်ချခဲ့တယ်။ လက်ချောင်းမှာ စွပ်ထားတဲ့ လက်စွပ် ဆယ်ကွင်းပဲ ကျန်တော့တယ်။ သူ့ရဲ့ ဖယောင်းလှေက နစ်မြုပ်သွားသော်လည်း ကမ်းနဲ့ သိပ်မဝေးတော့ဘူး။ ကံကောင်းထောက်မစွာ အေက ကမ်းဆီရောက်အောင် ရေကူးနိုင်ခဲ့တယ်။”

“ပညာရှိကြီးနဲ့ ထပ်တွေ့ပြီး လက်စွပ်ငါးကွင်း ပေးလိုက်တယ်။ ကျန်တဲ့ လက်စွပ်ငါးကွင်းကို ယူပြီး

အိမ်ပြန်လာခဲ့တယ်။ သူရောင်းလိုက်တာ အများကြီး မရပေမယ့် မြေဆယ်ကွက်လောက်နဲ့ ဇနီးတစ်ယောက် လက်ထပ်ယူဖို့တော့ လုံလောက်ခဲ့တယ်’

ဆွန်းမိုက ဇာတ်လမ်းကို အဆုံးသတ်လိုက်သည်။ လီဇီချီက သားရေနဲ့ လုပ်ထားတဲ့ ရေအိတ် ချက်ခြင်း ပေးလိုက်သည်။

“ဘိုင်ဝူ၊ မင်းက ညာဏ်ကောင်းတဲ့ လူတစ်ယောက်ပါ။ စည်းစိမ်တွေက မင်းမျက်စိကို ဖုံးထားပြီး ဝန်ထုပ်ဝန်ပိုးဖြစ်ကာ မင်းခြေလှမ်းတွေကို နှေးကွေး သွားစေလိမ့်မယ်။”

ဆွန်းမိုက မငွေမက်လေးကို ကြည့်ရင်း စိတ်ရင်းနဲ့ ပြောလိုက်သည်။

"ပိုက်ဆံက ကောင်းလား၊ ဒါပေါ့ ၊ ဒါပေမယ့် အခုလောလောဆယ် မင်းပိုက်ဆံအတွက် စိတ်ပူစရာ မလိုဘူး။ ထာဝရ အသက်မရှင်ဘူး ဆိုရင်တောင် မင်းလုပ်ချင်တာ လုပ်နိုင်သေးတယ်"

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ပါ သုံးလိုက်သည်။ ရွှေရောင်က တောက်ပလာပြီး အင်ဘိုင်ဝူကို လွှမ်းခြုံသွားသည်။

"ငါလုပ်ချင်တဲ့ အရာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူ မှင်တက်သွားသည်။ ဒီဘဝမှာ အကြီးမားဆုံး ရည်မှန်းချက်က ကောင်းကောင်းစားပြီး ကောင်းကောင်းဝတ်ကာ ကောင်းကောင်း နေထိုင်ဖို့ပဲ ဖြစ်သည်။ ပိုက်ဆံကို အတိုင်းအဆမရှိ သုံးနိုင်ခြင်သည်။ အခု ကျင့်ကြံနေတာကလည်း တသက်လုံး မငတ်အောင် ခါးအကာ သင်ချင်လို့ ဖြစ်သည်။

ဆွန်းမိုက အင်ဘိုင်ဝူကို အပြစ်မတင်ခဲ့ပါ။ ဆရာတစ်ယောက်အနေနဲ့ ဆင်းရဲတဲ့ မိသားစုက ကျောင်းသားအများကြီး တွေ့ခဲ့ဖူးသည်။ ဝမ်းနည်းစရာကောင်းတာက တခြားသူတွေရဲ့ စမှတ်က သူတို့ရဲ့ အဆုံးမှတ် ဖြစ်နေခဲ့သည်။

အများအားဖြင့်လည်း လူချမ်းသာ ကလေးတွေလို လမ်းကြောင်း တစ်ခုတည်း မသင်ကြားခဲ့ရပါ။ သူတို့ကို မှီအောင် တသက်လုံး ကြိုးစားနိုင်တယ်။ ဒါပေမယ့် ပစ်မှတ်ရဲ့ နောက်ကျောတောင် မြင်ရမှာ မဟုတ်ဘူး။

ကူရှုပ်ရှင်းလည်း အတွေးထဲ မျောနေသည်။ ဒီပုံပြင်က အဓိပ္ပါယ် သိပ်မရှိပါ။ သူမက ဒီလိုပုံပြင်မျိုးကို အသက်တစ်ရှိက်လောက်မှာ ဆယ်ခုကျော်လောက် ပြောနိုင်သည်။ သို့သော် အဆုံးသတ်တွင် ‘မင်းဖြစ်တာကို လုပ်ပါ’ ဆိုတဲ့စကားက သူမရဲ့ကျောင်းသားဘဝ

ဖြတ်သန်းမှုကို ပြန်သတိရသွားသည်။ အရမ်းလည်း စိတ်လှုပ်ရှား သွားစေသည်။

"ကျောင်းတက်တုန်းက ဆွန်းမိုလို အတန်းဖော်မရှိတာ စိတ်မကောင်း စရာဘဲ။ ရှိခဲ့ရင်လည်း သေချာပေါက် စိတ်ဝင်စားဖို့ ကောင်းနေမယ်"

ကူရှပ်ရှင်းသည် ဆွန်းမိုကို ကြည့်ပြီး ပြုံးလိုက်သည်။ အခုလည်း နောက်မကျသေးပါ။ ဉာဏ်ထက်သော မိန်းမတစ်ယောက်အနေနဲ့ အတွင်းစိတ် အရည်အချင်းရှိပြီး အတွေးအမြင် ကောင်းကာ လေးနက် နက်ရှိုင်းတဲ့ လူမျိုးကို

သဘောကျသည်။ ဒါမှလည်း ဘ၀က ပျင်းဖို့ မကောင်းမှာ။

"အင်း ၊ ဆွန်းမိုက ရုပ်ချောတယ်၊ အမြော်အမြင်ရှိပြီး အရည်းအချင်လည်းရှိတယ်။ ရည်းစားထားဖို့ အရမ်းသင့်တော်တယ်။ ဒါပေမယ့် သူက စေ့စပ်ပြီးသား ဖြစ်နေပြီ။

ကူရှုပ်ရှင်း နည်းနည်းတော့ နှမြောသွားသည်။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၁၀၀။ရင်းနှီး(၄၈၀/၁,၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြောင်းကြားချက်ကို ရလိုက်လျှင် ဆွန်းမို ရုတ်တရက် အံ့အောသွားသည်။ (မင်းက ဆရာတစ်ယောက်လေ။ ဘာဖြစ်လို့ ငါ့ပုံပြင်ကြောင့် စိတ်လှုပ်ရှားနေရတာလဲ။ မင်းက ရိုးသားဖြူစင်ပြီး ဒဏ္ဍာရီပုံပြင်ကို ယုံကြည်ဆဲ လူတစ်ယောက်လား)

အမှန်တိုင်း ပြောရလျှင် အရင်ကမ္ဘာမှာသာဆိုရင် ဒီလိုပုံပြင်မျိုး မပြောရဲပါ။ တစ်ကျောင်းလုံးရဲ့ ဟားစရာ ဖြစ်သွားလိမ့်မည်။

ဒါက ကလေးဆန်လွန်းသည်။ ဒီဘက်ခေတ်မှာ မူလတန်းကျောင်းသားတွေတောင် ဒဏ္ဍာရီပုံပြင်ကို မယုံကြတော့ပါ။

သူ့တပြည့် သုံးယောက်ကို ကြည့်လိုက်သည်။ အပြစ်အကင်းဆုံး လုချီဟွာ အပါအဝင် ဘယ်သူမှ လေးစားအထင်ကြီးမှု အမှတ် မပေးခဲ့ပါ။

"ငါ့စကားတွေ ဖြုန်းတီးမိပြီ ထင်တယ်"

ဆွန်းမို ငိုချင်သွားသည်။ ဒါပေမယ့် မျက်ရည်က မထွက်ပါ။ ထို့နောက် စိတ်ထဲတွင် တိတ်တဆိတ် ကတိပြုလိုက်သည်။ (နောက်တစ်ခါ ငါ့ကျောင်းသားတွေကို ဒဏ္ဍာရီပုံပြင် ပြောမိရင် ခွေးဖြစ်ပါစေ)

"ဆရာ"

အင်ဘိုင်ဝူရဲ့ လေသံက လေးနက်နေသည်။

"မင်းပြောတာကို ငါနားလည်တယ်။ နောင်ကျရင် ငွေကို ဒီလောက် တန်ဖိုးမထားတော့ဘူး။ ဒါပေမယ့် ငါ့မှာ မေးစရာ ရှိသေးတယ်။"

"မေးပါ"

ဆွန်းမို ပြုံးလိုက်သည်။ အခုအချိန်မှာ လေထုက ပေါ့ပေါ့ပါးပါး ဖြစ်သင့်သည်။

အင်ဘိုင်ဝူ တွေဝေသွားသည်။ ထို့နောက် ဆွန်းမိုကို ကြည့်လိုက်သည်။ သူမရဲ့ အကြည့်များထဲတွင် မျှော်လင့်ချက်များ၊

စိုးရိမ်စိတ်များ ပြည့်နေသည်။ ဒါပေမယ့် စိတ်အားငယ်ပြီး ထိတ်လန့်မှုများလည်း ရှိနေသည်။

"ဆရာ၊ မင်းက ငါ့ကို ခေါ်လာပြီဆိုတော့ မိဘတစ်ယောက်က သား၊ သမီးကို စောင့်ရှောက်သလို ဘယ်လိုစောင့်ရှောက်မှာလဲ"

"အဟွန့် အဟွန့်"

ဆွန်းမို အရမ်း ထိတ်လန့်သွားသည်။ ခေတ်သစ်မှာဆိုရင် ဒီစကားကို သူများကြားသွားရင်

သူ့ရဲ့ ဆရာအလုပ်အကိုင် အဆုံးသတ်သွားလိမ့်မည်။

လုချီဟွာနှင့် လီဇီချီတို့ အမှုအရာလည်း ပြောင်းသွားသည်။ ကူရှုပ်ရှင်းအတွက်ကတော့ ပုံမှန်ပါပဲ။ ပြည်နယ်ကိုးခုတွင် ဆရာနှင့် တိုက်ရိုက် တပြည့်များက အရမ်း ရင်းနှီးကြသည်။

တစ်ရက်စာ ဆရာက တစ်ဘဝလုံး အဖေ ဖြစ်သည်။ ဒီစကားက အလကား ဖြစ်လာခြင်း မဟုတ်ပါ။

အင်ဘိုင်ဝူ နေမကောင်းရင် ဆွန်းမိုမှာ စောင့်ရှောက်ဖို့ တာဝန်ရှိသည်။ ဒီလိုပဲ ဆွန်းမို အသက်ကြီးလာရင် အင်ဘိုင်ဝူက ပြုစုဖို့ တာဝန် ရှိသည်။

"ဆရာ၊ ငါ့ကို ကျွေးဖို့က အရမ်းလွယ်တယ်။ နေ့တိုင်း ခေါက်ဆွဲအနည်းငယ်နဲ့ အသီးအရွက်ကြီးပဲ စားနိုင်တယ်"

အင်ဘိုင်ဝူက ဆွန်းမိုကို ကြည့်လိုက်သည်။ အရေးအကြီးဆုံးအရာက ဘာနဲ့ စားရမလဲ မဟုတ်ပါ။ ဘယ်သူနဲ့ နေရမလဲ ဖြစ်သည်။

"ဒါက ပိုက်ဆံကြောင့် မဟုတ်ဘူး"

ဆွန်းမို ဒွိဟ ဖြစ်နေသည်။ ဒီမေးခွန်းက ဖြေရ အရမ်းခက်နေသည်။ အခုလက်ရှိ သူ့ရဲ့ အခြေခံ အုတ်မြစ်ကြောင့် အင်ဘိုင်ဝူကို မင်းသမီးလေး တစ်ပါးလို ကျွေးမွေး စောင့်ရှောက်ဖို့ ပြဿနာ

မရှိပါ။ ဒါပေမယ့် ဒါက ပိုက်ဆံနဲ့ ဘာမှ မဆိုင်ဘူး။

"အင်ဘိုင်ဝူ၊ မင်းရဲ့ ပင်ကိုယ်စရိုက်အရ မမှီခိုတတ်ဘူး။ မင်းက ကိစ္စတွေအပေါ် ကိုယ်ပိုင်ဆုံးဖြတ်ချက် ချနိုင်တယ်။ ငါ့ရဲ့ တည်ရှိမှုကို အမြဲတမ်း မစဉ်းစားသင့်ဘူး"

အင်ဘိုင်ဝူ ခေါင်းခါလိုက်သည်။ သူမကို ဆွန်းမိုက ငရဲတွင်းထဲကနေ ကယ်တင်ခဲ့သည်။ ဒီလေးစားမှု ပမာဏက အင်ဘိုင်ဝူအတွက် အဖေတစ်ယောက်လို ဖြစ်နေသည်။

မငွေမက်လေးက ပိုက်ဆံ တကယ်ချစ်ပါသည်။ ဒါပေမယ့် ဆွန်းမိုသာ ပိုက်ဆံလိုလာရင် သူမဘာဝ အပါအဝင် ရှိသမျှ အကုန်လုံး ထုတ်ပေးလိုက်မည်။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် အင်ဘိုင်ဝူမှာ အဖေတစ်ယောက်ရှိသည်။ ဒါပေမယ့် တကယ့်အဖေက လောင်းကစား စွဲလန်းနေပြီး အသုံးမကျတဲ့ လူတစ်ယောက်ဖြစ်သည်။ သူမသည် သူမ အဖေအစစ်နဲ့ အဖေနှင့်သမီး ဆက်ဆံရေးမျိုး တစ်ခါမှ မခံစားဖူးပါ။ အခုတော့ ဆွန်းမိုနဲ့ ဆုံလိုက်ပြီး သူရဲ့ ပုံရိပ်၊ ခွန်အား နှင့် သူမအတွက် စိုးရိမ်ပူပန်မှု အားလုံးက အင်ဘိုင်ဝူကို

၁၀၀ရာခိုင်နှုန်း စွဲလမ်းသွားစေသည်။ လက်ရှိ ဆွန်းမိုသည် သူမ နှလုံးသားထဲက အမြဲတမ်းလိုချင်သော စံပြ အဖေတစ်ယောက် ဖြစ်သည်။

ဆွန်းမိုကို လေးစားသည်။ ကိုးကွယ်သည်။ သူနှင့် အမြဲတမ်း အတူတူနေချင်သည်။

ငွေမက်တယ်ဆိုတဲ့ ကိစ္စက အရိုးထဲက စွဲနေတဲ့ အရာဖြစ်သည်။ ဒီလိုပဲ ဆွန်းမိုကို စွဲလမ်းသည်။ အရင်တုန်းက ကျေးလက်ကနေ မြို့ကို လမ်းလျှောက်သွားသလို အကျင့်ပါနေတဲ့ လူက ခရီးစရိတ် မသုံးချင်ပဲ လမ်းလျှောက်သွား နေသလို အကျင့်စွဲနေတတ်သည်။

ဒီလိုမျိုး အလေ့အကျင့်က ငယ်စဉ်ကတည်းက ပျိုးထောင်ခဲ့သော အရာဖြစ်သည်။ ရုတ်တရက် ပြောင်းလဲဖို့ မဖြစ်နိုင်ပါ။

ပြီးတော့ မီးရထား လက်မှတ် ပျောက်သွားတဲ့ မိခင်က ကလေးကို ရိုက်တဲ့ သတင်းတွေ ခဏခဏ ကြားနေရတတ်သည်။ တခြားလက်မှတ် ဝယ်လို့ မရဘူးလား။ ဒါပေမယ့် ရထားလက်မှတ်ဖိုး ၅ ဒေါ်လာသည် ဒီအမေအတွက် နှစ်ရက်စာ ဖြစ်နေနိုင်တယ်ဆိုတာ လူတချို့က မသိကြပါ။

အင်ဘိုင်ဝူအတွက်လည်း ပိုက်ဆံက ထိုအတိုင်း ဖြစ်နေသည်။ ငွေသည် တခြားသူများအတွက်

လှတဲ့ဖိနပ် ဒါမှမဟုတ် အဝတ်အစားအသစ် ဝယ်ဖို့ ဖြစ်နိုင်သည်။ ဒါပေမယ့် သူမအတွက်ကတော့ အစားပဲဖြစ်သည်။ ငတ်မွတ်ခြင်းမှ လွတ်မြောက်နိုင်သော အစာသည် သူမကို အသက်ဆက်ရှင် စေနိုင်သည်။

အဓိပ္ပါယ် မတူကြပါ။

သို့သော်လည်း သူမ ဆရာက ပြောလာသဖြင့် သူမစိတ်ထဲမှ နာကျင်နေရင်တောင် ငွေမက်တဲ့ အလေ့အကျင့်ကို ရအောင် ပြောင်းလဲပစ်မည်။ စိတ်ထဲတွင် သူမဆရာသည် ငွေထက် ပိုတန်ဖိုး ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာဆွန်း၊ သူမကို ပျိုးထောင်ဖို့က မင်းတာဝန်ပ ◌ဲ လက်ခံလား”

ကူရှုပ်ရှင်းသည် စိတ်ထဲတွင် မနာလို ဖြစ်နေသော်လည်း စည်းရုံးလိုက်သည်။ (အင်ဘိုင်ဝူလို ပါရမီရှင်တစ်ယောက်က မင်းကိုသဘောကျနေတယ်။ မင်း တကယ် ဝမ်းသာသင့်တယ်)

သူတို့ သင်ပေးလိုက်တဲ့ တပြည့်တွေက အတောင်စုံသွားတာနဲ့ အဝေးပျံသန်း ထွက်သွားမှာကို မကြောက်တဲ့ ဆရာ ရှိလို့လား။ သူတို့ကျောင်းသားတွေသာ အင်ဘိုင်ဝူလို ဖြစ်နေရင် အိပ်မက်ထဲမှာတောင် ပြုံးနေမိမည်။

“ကောင်းပြီလေ”

ဆွန်းမို သဘောတူလိုက်သည်။

အရင်က လေ့လာထားတဲ့ စိတ်ပညာအရ အင်ဘိုင်ဝူရဲ့ လက်ရှိစိတ်အခြေအနေကို ဆွန်းမို နားလည်သည်။ အရင်တုန်းကတော့ အမြဲတမ်း ငတ်မွတ်နေပြီး ဗိုက်ပြည့်ဖို့အတွက် အချိန်တိုင်း အလုပ် လုပ်ရသည်။ ရည်မှန်းချက်ထားဖို့ သူမမှာ ဘယ်လို အချိန်ရှိမှာလဲ။ အခုတော့ သူမ ဘဝက ပိုတည်ငြိမ်လာသည်။ ဒါကြောင့်လည်း သူမ လမ်းပျောက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပုမှန်အရဆို အင်ဘိုင်ဝူသည် ငွေရှာတာက လွဲလျှင် ဘာလုပ်ရမှန်း မသိပါ။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် သူမ မရင့်ကျက်သေးတာလည်း ဖြစ်နိုင်သည်။ တကယ်တော့ လုချီဟွာလည်း ဒီလိုမျိုး ဖြစ်နေသည်။ သူမရဲ့ ရည်ရွယ်ချက်က သူမအဖေ ဂုဏ်ယူရတဲ့ လူတစ်ယောက် ဖြစ်လာဖို့ပဲ။

ဆွန်းမိုက ဆရာတစ်ယောက် ဖြစ်သော်လည်း သူ၏ လောကအပေါ် အမြင်နှင့် အယူအဆအရ ကျောင်းသားကို တွန်းအား ပေးချင်စိတ် မရှိပါ။ သူတို့ဘာသာ ကမ္ဘာကြီး

အကြောင်းကို နားလည်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက် ချစေချင်သည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

အင်ဘိုင်ဝူက လေးလေးနက်နက် အရိုအသေပေးလိုက်သည်။

"အခုအချိန်ကစပြီး ပိုက်ဆံကို ဂရုမစိုက်တော့ဘူး"

သံမဏိခေါင်းနဲ့ မိန်းကလေး ဒီစကားပြောလိုက်ပြီးနောက် စိတ်ထဲကနေ စကားတစ်ခွန်း ထည့်ဖြည့်ပြီး ပြောလိုက်သည်။ (နောင်ကျရင် ဆရာကိုပဲ ဂရုစိုက်တော့မယ်)

“ဆရာ၊ ငါ့ကိုလည်း ခေါ်အုံး”

လုချီဟွာ တစ်ယောက် အရမ်းစိုးရိမ်ပြီး မျက်လုံး ပြူးနေသည်။ စွန့်ပစ်ခံရတော့မယ့် ကြောင်လေး တစ်ကောင်လို ဖြစ်နေသည်။ “ငါ့ရဲ့အစာ စားသုံးမှုက အင်ဘိုင်ဝူထက် အများကြီး သက်သာတယ်”

“ငါဆင်လောက် အစာရရင် မင်းကိုလည်း ကျွေးမယ်”

ဆွန်းမိုတစ်ယောက် ခိုကိုးရာမဲ့နေပြီး လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။

"ဒါမှပေါ့။ ဆရာက အကောင်းဆုံးဆိုတာ သိနေတယ်"

လုချီဟွာသည် ဝမ်းသာအားရ စကားပြောပြီးနောက် ဆွန်းမို လက်မောင်းကို ပြေးဖက်သည်။

ဆွန်းမို ကမန်းကတန်း ရှောင်လိုက်သည်။ အခုလို အဝတ်ပါးပါးလေးနဲ့ ထိလိုက်မိရင် တစ်ခုခု ဖြစ်လာနိုင်သည်။ လုချီဟွာက ဒါတွေ ဂရုမစိုက်ပေမယ့် အတင်းအဖျင်းတွေကို ရှောင်ရမည်။

"ငါတို့ ရေစိမ်တာလည်း ဝပြီဆိုတော့ သွားပြီး ပစ္စည်းတွေ သိမ်းကြ။ မကြာခင် ပြန်ကြမယ်"

"ဟုတ်"

အင်ဘိုင်ဝူ ချိုသာစွာ ပြုံးလိုက်သည်။ ဒီနေ့တော့ ဘဝအသစ်ရဲ့ ဖြစ်နိုင်ခြေကို မြင်နေရသလို ခံစားရသည်။

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၁,၃၀၀/၁၀,၀၀၀)

ပစ္စည်းထုပ်ပိုးနေတဲ့ မိန်းကလေးသုံးယောက်ကို ကြည့်ရင်း ဆွန်းမို ခေါင်းခါလိုက်မိပြီး သူ့ နောင်တ ရချင်နေသည်။

“ ဆရာဖြစ်ရတာ တကယ် ကရိကထ များတာပဲ”

“ဟုတ်တယ်။ သင်ကြားတယ်ဆိုတာက အစိတ်အပိုင်း တစ်ခုပဲ။ သူတို့တွေ ကြီးပြင်းလာဖို့ လမ်းညွှန်ရတာ အခက်ဆုံးပဲ”

ကူရှုပ်ရှင်းက သက်ပြင်းချရင်း ပြောလိုက်သည်။ ‘ဆရာ’ဆိုသော စကားလုံးတွင် အဓိပ္ပါယ် များစွာ ရှိသည်။

‘’ဖြည်းဖြည်း”

ဆွန်းမိုသည် ဆရာအလုပ်အကိုင်နဲ့ ပက်သက်ပြီး နားလည်မှု အသစ်တွေ ဖြစ်လာသည်။

“စနစ်ရေ၊ ရတနာသေတ္တာဖွင့်ဖို့ ကူညီပါအုံး”

ကြေးရောင် ရတနာ သေတ္တာပွင့်လာပြီး အချိန်တံဆိပ်တစ်ခု ကျန်ခဲ့သည်။

“စနစ် အချိန်တံဆပ်ကို အသုံးပြုလိုက်ရင် ဘယ်စွမ်းရည်မှာ အကျိုးအမြတ် အများဆုံး ဖြစ်မလဲ”

ဆွန်းမိုက မေးသည်။

အခုအချိန်မှာတော့ သူရဲ့စွမ်းရည်တွေ အားလုံးက မြင့်မားနေပါပြီ။ လောလောဆယ်တော့ အရေးတကြီး မြှင့်တင်ဖို့ မလိုအပ်သေးပါ။

"နတ်ဘုရား မျက်စိ"

စနစ်က ပြန်ပြောသည်။

"နတ်ဘုရားမျက်စိကို ဘိုးဘေးအဆင့် ရောက်သွားရင် မင်းအကောင်းဆုံး နားလည်နိုင်အောင် အချက်အလက်တွေ အလိုလို ခွဲခြမ်း စိတ်ဖြာပေးလိမ့်မယ်။

ဥပမာကွာ ကျင့်စဉ်တစ်ခုကို နတ်ဘုရားမျက်စိနဲ့ အာရုံခံလိုက်တာနဲ့ အားနည်းချက်တွေကို အလိုလို ပြုပြင်ပေးလိမ့်မယ်”

“ဒီလောက်ကြီးလား”

ဆွန်းမို အံ့အောသွားသည်။

“ပြိုင်ဘက်ကင်း ဆရာကြီးစနစ်က အကြွင်းမဲ့ အစွမ်းထက်တယ်”

“ဒါဆိုလည်း နတ်ဘုရားမျက်စိကို အဆင့်မြှင့်တင်ဖို့ အသုံးပြုမယ်”

ဆွန်းမို ဆုံးဖြတ်လိုက်သည်။

ဒင်

"နတ်ဘုရားမျက်စိကို ၁ဂနှစ်စာ အတွေ့အကြုံ ဖြတ်သန်းပြီး သေးငယ်သော အောင်မြင်မှု အဆင့်တစ်ခု ရခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်"

"ငါလို....."

ဆွန်းမို သည်းမခံနိုင်တော့ပါ။ အသေးစား အဆင့်မြှင့်တင်မှုဆိုတာ ဘာလဲ။ ပြောထားတဲ့ ဘိုးဘေးအဆင့်က ဘယ်မှာလဲ။

"ဒီဘိုးဘေးအဆင့်က ဆယ်နှစ်လောက်နဲ့ မလုံလောက်ဘူး"

စနစ်က ရှင်းပြသည်။

"ဘာလို့ စောစော မပြောတာလဲ"

ဆွန်းမိုက ပြန်ကြိမ်းမောင်းသည်။

"မင်းအရည်အချင်း ဒီလောက်ဆိုးနေ မယ်လို့ ဘယ်သူက သိမှာလဲ"

စနစ်က ပြန်လှောင်သည်။

တကယ်တော့ ဆွန်းမိုရဲ့ အရည်အချင်း ညံ့လို့ မဟုတ်ပါ။ အဲဒီအစား ဘိုးဘေးအဆင့် ရောက်အောင် မြှင့်တင်ခြင်းက သိသိသာသာ ခက်လွန်းသည်။ လူတစ်ယောက်က ဘိုးဘေးအဆင့် ကျွမ်းကျင်တာနဲ့ နယ်ပယ်တစ်ခုမှာ နံပါတ်တစ် ဖြစ်တယ်လို့ ပြောလို့ရသည်။

"အခုငါ့မှာ အမှတ် ဘယ်လောက်ရှိလဲ"

ဆွန်းမိုသည် တစ်ဝက်တစ်ပျက်နဲ့ လက်မလျှော့ချင်ပါ။ အချိန်တံဆိပ် ဝယ်ဖို့ လုပ်လိုက်သည်။

“၁၇,၈၆၅”

စနစ်က ရှင်းရှင်းလင်းလင်း ဖော်ပြသည်။

“အချိန်တံဆိပ် ငါးခု ဝယ်မယ်”

ဆွန်းမိုက အံ့ကြိတ်ရင်း ပြောသည်။

ဒင်

“အချိန်တံဆိပ်ငါးခု ဝယ်ယူခြင်း အောင်မြင်တဲ့အတွက် ဂုဏ်ပြုပါတယ်။

စျေးဝယ်ရတာ စိတ်ချမ်းသာပါစေလို့ ဆုတောင်းလိုက်ပါတယ်”

“အားလုံး အသုံးပြုမယ်”

ဆွန်းမိုက ဒီအချိန်တံဆိပ်တွေနဲ့ ဆိုရင် လုံလောက်မယ်လို့ ထင်နေသည်။ သို့သော်လည်း ဘိုးဘေးအဆင့်ရဲ့ လိုအပ်ချက်ကို လျှော့တွက်ထားခဲ ဖြစ်သည်။ အချိန်တံဆိပ်ကို အသုံးပြုပြီးနောက် ကြီးမားသော အောင်မြင်မှုအဆင့်သာ အောင်မြင်တယ်လို့သာ ဂုဏ်ပြုလာသည်။

“ဘောပဲပေါ့ကွာ”

ဆွန်းမိုသည် စနစ်ကို ကောင်းကောင်း ရိုက်နှက်ချင်နေပြီ။ ဒါပေမယ့် အချိန်တံဆိပ် ငါးခု ဝယ်ပြီးမှ လက်မလျှော့ချင်တော့ပါ။ ထပ်ဝယ်ရုံပဲ ရှိတော့သည်။

"နောက်ထပ် ငါးခု ပေး"

ဆွန်းမိုသည် ရှိသမျှ ထုတ်ရင်းဖို့ ဆုံးဖြတ်ထားသည်။

ဒင်

"ဝယ်ယူမှု...."

"အဓိပ္ပါယ် မရှိတဲ့စကားတွေ ရပ်လိုက်တော့ တစ်ခါတည်း သုံးမယ်"

ဆွန်းမို တိုက်တွန်းလိုက်သည်။

စိတ်ထဲကို နွေးထွေးမှု တစ်ခု စီးဆင်းလာသည်။ ရုတ်တရက် ခေါင်းက မှိုက်ကနဲ ဖြစ်သွားကာ အမြင်အာရုံတွေ အမှောင်ကျသွားသည်။

"ဘာဖြစ်နေတာလဲ"

ကူရှုပ်ရှင်း အရမ်းထိတ်လန့်သွားသည်။ ဆွန်းမိုကို ချက်ခြင်း ပွေးထူလိုက်သည်။

"ဘာမှမဖြစ်ဘူး"

မျက်လုံးတွေ အရမ်းနာကျင်နေသည်။ မျက်လုံးကို ဓါးမြှောင်နဲ့ အတင်းခွဲထုတ် နေသလိုပဲ။

"မင်းအဆင်ပြေတယ်လို့ ပြောလိုက်တာလား"

ကူရှုပ်ရှင်းသည် ဆွန်းမို ခန္ဓာကိုယ်တွင် ဖုံးလွှမ်းနေသော ချွေးစေးများကို မြင်လိုက်သည်။

"အင်ဘိုင်ဝူ၊ ဆရာဂျီကို မြန်မြန်သွားခေါ်"

"မလိုဘူး"

ဆွန်းမိုက သူမကို တားလိုက်သည်။ ရုတ်တရုတ် နာကျင်လာပြီး ချက်ခြင်းပြန် ပျောက်သွားသည်။ ထို့နောက်မှာ စနစ်ဆီက ကြောင်းကြားချက ် ကြားလိုက်ရသည်။

ဒင်

“နှစ်ဆယ်ပေါင်းများစွာ **ဒေါသတကြီး ဖြတ်သန်းပြီးနောက်** နတ်ဘုရားမျက်စိ အဆင့်တက်သွားပြီး အခုဆို ဘိုးဘေး အဆင့်ကို ရောက်နေပါပြီ။ ဂုဏ်ပြုပါတယ်”

“မင်းမျက်လုံးတွေ လုံးဝ ပုံစံ ပြောင်းသွားပြီ”

စာစဉ်(၁၆)

အခန်း(၂၂၆) - နောက်တစ်ခါကျရင် ငါ့ကိုခေါ်ဖို့ မမေ့နဲ့အုံး။

"ဆရာ"

လီဇီချီနှင့် လုချီဟွာတို့ ပျာယာခတ်ကာ ချက်ခြင်း ပြေးသွားသည်။ အင်ဘိုင်ဝူသည် ဆွန်းမိုအတွက် စိုးရိမ်သော်လည်း ဂျိမဲဂျဲကို ပြေးခေါ်ဖို့က ပိုအရေးကြီးနေသည်။ ဒါကြောင့် ခပ်မြန်မြန် ပြေးသွားသည်။

"ဘိုင်ဝူ၊ ငါအဆင်ပြေတယ်။ မင်းသွားစရာ မလိုဘူး"

ဆွန်းမိုက တားလိုက်ပြီး သူမအချက်အလက်များကို တခါတည်း စစ်ဆေးလိုက်သည်၊

အင်ဘိုင်ဝူ - အသက် (၁၃)နှစ်။

ခန္ဓာကိုယ်ပြုပြင်ခြင်း - အဆင့်(၃)။

ကြံ့ခိုင်မှု - ၈ - လက်ဗလာနဲ့ လူသတ်နိုင်သည်။

လူ တစ်ရာလောက်နဲ့ သူမကို တားလို့မရပါ။ လေးနတ်ဘုရားမ တစ်ယောက်ဖြစ်လာဖို့ ပင်ကိုယ်အရည်အချင်း ပါလာသည်။

ဉာဏ်ရည် - ၈ - ပါးနပ်ပြီး လှပသည်။

သို့သော်လည်း ပြဿနာ အများစုကို တိုက်ခိုက်ပြီး ဖြေရှင်းတတ်သောကြောင့် ဦးနှောက် သိပ်မသုံးဖြစ်ပါ။

သွက်လက်မှု - ၈ - ပြေးရင် ယုန်တစ်ကောင်လို မြန်ပြီး ငြိမ်နေရင် ဂုံးတစ်ကောင်လို

ငြိမ်သက်နေနိုင်သည်။ လုံး၀ ပြည့်စုံတဲ့ တွဲဖက်မှု ဖြစ်သည်။

ခံနိုင်ရည် - ၈- ခေါင်းမာပြီး အရှုံးမပေးချင်စိတ် များသည်။ သံမဏိခေါင်းနဲ့ မိန်းကလေးပါ။

ဆန္ဒ - ၈ - တကယ်တော့ ခုနတုန်းက မင်းရဲ့ ရှင်းပြမှုကြောင့် ဒီမိန်းကလေးရဲ့ အတွေးတည့်သွားပြီး ဆန္ဒလည်း မြင့်တက်လာခဲ့သည်။ အခုက ၉ ဖြစ်သင့်ပေမယ့် ကြည့်လို့ကောင်းအောင် ၈ သတ်မှတ်ပေးထားသည်။

အလားအလာ တန်ဖိုး အရမ်းနည်းသည်။ မွေးဖွားသည့်အချိန်တွင် ပတ်ဝန်းကျင် နှင့် လေထုက ခန္ဓာကိုယ် ကြီးထွားမှုအပေါ် ကြီးကြီးမားမား သက်ရောက်မှု ရှိခဲ့သည်။ ဒါကြောင့် အသက်အရင်းအမြစ်ကို ထိခိုက်စေခဲ့သည်။ ဒီအကျိုးဆက်ကြောင့်လည်း အလားအလာတန်ဖိုး နိမ့်ကျသွားသည်။

မှတ်ချက်။ ။ လင်းယုန်ကဲ့သို့ တုန့်ပြန်မှုမြန်သည့် မျက်လုံးတစ်စုံ ရှိသည်။ လေး နတ်ဘုရားမ ဖြစ်ဖို့ သဘာဝအတိုင်း မွေးဖွားလာခြင်းဖြစ်သည်။ ပင်ကိုယ် အရည်အချင်းကို မဖြုန်းတီး သင့်ပါ။

ဆွန်းမိုက အချက်အလက် အားလုံးကို စစ်ဆေးလိုက်သည်။ အရင်တစ်ခေါက်ထက်စာရင် အချက်အလက် တန်ဖိုးများ မြှင့်တက်လာပြီး ပိုအသေးစိတ်ကျလာသည်။

ဥပမာ - အင်ဘိုင်ဝူ အလားအလာတန်ဖိုးကို နှိမ့်ကျလို့ သတ်မှတ်ထားတာ ဖြစ်ရသည့် အကြောင်းအရင်းကိုလည်း ရှင်းပြထားသည်။

“ ဖြေရှင်းချက်က ဘာလဲ”

ဆွန်းမို မျက်လုံးမှေးသွားသည်။ ဘာဖြစ်လို့ သူ မတွေ့ရတာလဲ။

“ပစ်မှတ်ကို အာရုံစိုက်ပြီး ကြည့်လိုက်ရုံပဲ”

စနစ်က သတိပေးသည်။

ဆွန်းမိုသည် အင်ဘိုင်ဝူကို စိုက်ကြည့်လိုက်သည်။ ခန့်မှန်းထားသလို ဆယ်စက္ကန့်ကျော်လာရင် အချက်အလက် အသစ်တစ်ခု ပေါ်လာသည်။

"အဖြေ မရှိပါ။ အင်ဘိုင်ဝူရဲ့ အသက်အရင်းအမြစ် တိုးတက်လာအောင် အစားစာနဲ့ ဆေးသုံးဖို့ စိတ်မကူးနဲ့။ ဒီကမ္ဘာပေါ်မှာရှိတဲ့ ကောင်းကင်နှင့်မြေကြီး ရတနာ အမျိုးအစား အနည်းငယ်ကပဲ ကုသဖို့ အတွက် ထိရောက်နိုင်တယ်။"

အချိန်တစ်ခုကြာအောင် စောင့်လိုက်သည်။ ဒေတာများ ထက်မပေါ်လာတော့ပါ။ ဆွန်းမို စိတ်ဓါတ်ကျလာသည်။

"ကောင်းကင်နှင့်မြေကြီး ရတနာဆိုတာ ဘာလဲ။ စနစ်က ဘာလို့ ငါ့ကို မပြတာလဲ"

"ဘာမှ မပြဘူးဆိုတာကလည်း နတ်ဘုရားမျက်စိက မင်းမေးခွန်းကို အဖြေမထုတ်နိုင်သေးလို့ပဲ။"

စနစ်က ရှင်းပြသည်။

"ဘိုးဘေးအဆင့် နတ်ဘုရားမျက်စိတောင် အဖြေမထုက်နိုင်တဲ့ မေးခွန်းပေါ့"

ဆွန်းမို အရမ်းအံ့အြော သွားပြီးနောက် မျက်နှာ ပျက်သွားသည်။ ဒီပြဿနာက တော်တော်ကြီးသည်။ သူမရဲ့ အသက်အရင်းအမြစ်သာ မပျက်ဆီးရင် ဘယ်လောက်တောင် သန်မာနေလိုက်မလဲ။ တိုက်ပွဲထဲမှာ ရှန်ယွန်ပေါင်ကို တစ်ခါတည်း ချေမှုန်း ပစ်လိုက်မှာလား။

"ဆရာ၊ ရေသောက်မလား"

လီဇီချီက ရေအိတ် ပေးလိုက်သည်။

"အဆင်ပြေပါတယ်"

ဆွန်းမို က မျက်လုံးပွတ်ရင်း ပြန်ဖြေသည်။ အချိန်ခဏလေးသာ ကြည့်ခဲ့သော်လည်း သူ့ မျက်လုံးက မျက်ရည်ခြောက်ပြီး နာကျင်နေသည်။ ခေါင်းလည်း အနည်းငယ် ကိုက်နေသည်။ ဘိုးဘေးအဆင့် နတ်ဘုရားမျက်စိက အရမ်း ဆွဲဆောင်မှုရှိသော်လည်း အကြာကြီးသုံးလိုက်ပါက ဘေးထွက်ဆိုးကျိုး ရှိနေသည်။

"မင်းရဲ့ ကျင့်ကြံခြင်း နယ်ပယ်က အရမ်းနိမ့်သေးတော့ မင်းခန္ဓာကိုယ်က အရမ်းအားနည်းနေတယ်။ ဒါကြောင့်လည်း မျက်စိပင်ပန်းတဲ့ဒဏ်ကို ခန္ဓာကိုယ်က ခံနိုင်ရည်

မရှိသေးဘူး။ မင်းရဲ့ ကျင့်ကြံခြင်းနယ်ပယ် တိုးတက်လာခဲ့ရင် အခြေအနေ ကောင်းလာလိမ့်မယ်”

စနစ်က နှစ်သိမ့်လိုက်သည်။

ဆွန်းမိုသည် လုချီဟွာနဲ့ လီဇီချီတို့ရဲ့ အချက်အလက်ကို စစ်ဆေးဖို့ စီစဉ်ထားခဲ့သည်။ ဒါပေမယ့် အခုတော့ ဒီစကားကြားလိုက်ပြီး ခဏရပ်ထားဖို့ ဆုံးဖြတ်လိုက်သည်။ သူတို့လေးယောက် တောင်စောင်းအောက်ကို သွားလိုက်သည်။

ဆွန်းမိုက အဆင်ပြေနေပေမယ့် လီဇီချီက စိုးရိမ်နေသေးသည်။ သူမနှင့် လုချီဟွာက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘေးတစ်ဖက်တစ်ချက်ကနေ တွဲလိုက်သည်။ အင်ဘိုင်ဝူတစ်ယောက် နေရာ မရလိုက်ပါ။ ဒါကြောင့် အိတ်တွေပဲ သယ်လာခဲ့သည်။ နှုတ်ခမ်းတွေ မဲ့ရွဲ့နေပြီး အနည်းငယ် စိတ်ဆိုးနေသည်။ ဒါပေမယ့် အဆင်ပြေနေသေးတယ်။ နောင်တစ်ချိန်တွင် သူမနှင့်ဆရာသာ အတူတူ နေနိုင်မည်။ (မင်းတို့ မိန်းကလေးတွေ လုပ်နိုင်မှာ မဟုတ်ဘူး။ နောင်တစ်ချိန် မင်းတို့ ကြီးပြင်းလာတဲ့ အချိန်ကျရင် ဆရာ့ကို အနေးနဲ့ အမြန်ထားသွားကြမှာပဲ။)

(အဲဒီအချိန်ကျရင် ဆရာတစ်ယောက်တည်း အထီးကျန်နေလိမ့်မယ်)

ဆွန်းမိုနှင့် အခြားသူများသည် တောင်ပေါ်က ဆင်းလာပြီး အကောင်းဆုံး ရေပူစမ်းဘက်သို့ ဦးတည်ပြီး သွားလိုက်သည်။ ထိုနေရာမှာ လူအများကြီး စုဝေးနေကြသည်။ သူတို့ ရောက်သွားပြီးနောက် ကူရှုပ်ရှင်းသည် သူမ ထင်ထားတာထက် လူပိုများနေတာကို မြင်လိုက်ရသည်။

"စီးချင်း တိုက်ပွဲ"

ကူရှုပ်ရှင်း မျက်မှောင် ကြုတ်သွားသည်။ ကျန်ရန်ဖေ့ာင်နဲ့ ကျောင်းသားတွေတောင် စောင့်ကြည့်ဖို့ ပြေးလာသည်။

"ဆရာ"

ကူရှပ်ရှင်းကို မြင်လိုက်လျှင် ကျန်ရန်ဇောင်က ချက်ခြင်းပြုံးပြီး ပြန်လာသည်။ (သူမ ရေစိမ်ပြီးသွားပြီလား။ သူမရဲ့ ဖြူစင်လှပသော အသားအရေပေါ်တွင် ရေစက်ကလေးများကို ခပ်ရေးရေးမြင်နေရသည်။ ပခုံးပေါ်ဖြန့်ကျနေသော သူမဆံပင်လည်း အနည်းငယ် စိုထိုင်းထိုင်း ဖြစ်နေသည်။ ရေချိုးပြီး လန်းဆန်းသန့်ရှင်းသော မွှေးရနံ့က တကယ်ကို ဆွဲဆောင်မှု ရှိလွန်းသည်။

သို့သော်လည်း ဘေးမှာရှိနေသော ဆွန်းမိုကို မြင်ပြီး မျက်ခုံး ပင့်သွားသည်။ ခဏလောက်ကြာတော့ စိတ်လျှော့လိုက်ပြီး ဆက်ပြုံးနေသည်။

"ဘာဖြစ်နေတာလဲ"

ကူရှုပ်ရှင်းက မေးလိုက်သည်။

"မရီဒန် အကယ်ဒမီက ဆရာတွေက ကျောင်းသားတွေခေါ်ပြီး ရေပူစမ်း စိမ်ဖို့ ဒီနေရာကို ရောက်လာကြတယ်။ ထုံးစံအတိုင်း လူတိုင်းက အကောင်းဆုံး ရေပူစမ်းသာ သုံးချင်ကြတော့ စီချင်းတိုက်ပွဲတိုက်ပြီး ဖြေရှင်းနေကြတယ်"

ကျန်ရန်ခေါင်က ပြုံးရင်း ရှင်းပြသည်။

အမှောင်တိုက်ကြီးကို လေ့လာတဲ့ ခရီးစဉ်တွင် တူညီတဲ့ ပစ္စည်းကို လိုချင်သည့် အခါတိုင်း ကျောင်းတွေကြား မကြာခဏ ရန်ဖြစ်တတ်သည်။ ဒါဆို သူတို့ ဘာလုပ်ရမလဲ။

စီးချင်းတိုက်ပွဲကသာ တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ တိုက်ခိုက်မှု သုံးကျော့(သုံးကြိမ်) တိုက်ခိုက်ကြသည်။ သုံးပွဲတွင် နှစ်ပွဲ အနိုင်ရတဲ့ဘက်က အနိုင်ရပြီး ရှုံးတဲ့ဘက်က ထွက်သွား ရမည်။

အဆင့်အရမ်းမြှင့်သည့် လျှို့ဝှက် ရတနာအတွက် တိုက်ခိုက်ကြပါက ထုံးစံအတိုင်း သတ်ဖြတ်မှုနှင့်

သွေးထွက် သံယိုမှုတွေ စတင်လာလိမ့်မည်။ သူတော်စင်ဂိုတ်တောင် ဒီကိစ္စတွေ ဂရုမစိုက်ပါ။

သေသွားရင် ခွန်အား မလုံလောက်တဲ့ ကို့ကိုယ်ကိုသာ အပြစ်တင်ရမည်။

"နောက်ဆုံးတော့လည်း မရီဒန် အကယ်ဒမီကလူတွေ ကို့ကိုယ်ကို မထိန်းနိုင်တော့ဘူးလား"

ကူရှုပ်ရှင်းသည် အေးအေးစက်စက် အော်ဟစ်လိုက်သည်။ အခုတစ်ခေါက်တွင် ဖန်ဝူဂျီက ဗဟိုပြည်နယ်က ကျောင်းသားအသစ်တွေကို ဖျက်ဆီးပစ်ဖို့ သူကိုယ်တိုင် ကျောင်းသားသစ်တွေ

ဦးဆောင်လာမယ်လို့ အန်ရှီဝေ ပြောတာ သူမ ကြားခဲ့သည်။

ဒီအသုတ်ရဲ့ အစွမ်းထက်တဲ့ ကျောင်းသားတွေ မရှိတော့ရင် ဗဟိုပြည်နယ်အကယ်ဒမီသည် ဒီနှစ်လိဂ်တွင် သေချာပေါက် ရလဒ်ဆိုးရွား သွားလိမ့်မည်။ အဲဒီအချိန်ကျရင် ရလဒ်အရ အောက်ကို နှိမ့်ကျသွားပြီး မရီဒန်အကယ်ဒမီက ချင်လင်မြို့ရဲ့ နံပါတ်တစ် ကျောင်းဖြစ်လာတဲ့အချိန်တွင် သူတို့က ထုတ်ပယ်ခြင်း ခံရမည်။

“ အဲဒီလို မဟုတ်ဘူး။ ဖန်ဝူဂျီ ဒီမှာ မရှိဘူး။ ငါတို့ ပထမ အကျော့ အနိုင်ရထားတယ်”

ကျန်ရန်ဇောင်က ပခုံးတွန့်ရင်း ပြန်ပြောလိုက်သည်။

“ငါတို့ နိုင်တာလား”

ကူရှုပ်ရှင်း အံ့အောသွားသည်။

“လမ်းဖယ်ပေးကြပါ။ ဆရာကူနှင့် ဆရာဆွန်းတို့ ဝင်လိမ့်မယ်”

ကျန်ရန်ဇောင်က အော်ဟစ်လိုက်သည်။ ဒါက စိတ်ပိုင်းဆိုင်ရာ အရည်အသွေး အရမ်းမြင့်တဲ့ လူငယ်တစ်ယောက်ရဲ့ လုပ်ရပ်ပါ။ သူကိုင်တွယ်လိုက်တဲ့ နည်းလမ်းက လူတွေကို အရမ်းအဆင်ပြေ စေသည်။

“ဆရာကူ၊ မင်းတို့နှစ်ယောက် ဘယ်သွားနေတာလဲ”

ဒူရှောင်သည် ကူရှုပ်ရှင်းကို မကြည့်ခင် ဆွန်းမိုအား တစ်ချက်ကြည့်ပြီး အနည်းငယ် မနာလို ဖြစ်သွားသည်။ သူတို့နှစ်ယောက် ကြည့်ရတာ ရေပူစမ်း အတူတူ သွားစိမ်ပုံရသည်။ ထိုအချိန်မှာ ကူရှုပ်ရှင်းက ဆွန်းမိုရဲ့ အနှိပ်ကို ပျော်ပျော်ကြီး ခံစားရမည် မဟုတ်လား။

(အင်း လုတာလည်း တကယ့် အားသာချက် တစ်ခုပဲ။) သူမက ဆွန်းမိုနဲ့ ဆက်ဆံရေးကောင်းအောင် ဘယ်လို တည်ဆောက်ရမလဲ စဉ်းစားနေတုန်း ရှိသေးသည်။

ကူရှုပ်ရှင်းက ဆွန်းမိုကို ရေပူစမ်း အတူတူစိမ်ဖို့ ဖိတ်ခေါ်သွားသည်။ လူသားခြင်း အတူတူပဲလို့ လာနှစ်သိမ့်ရင် သေတဲ့ အထိရိုက်ပစ်လိုက်မယ်)

"ဆရာဆွန်းကရော ဘာလို့ မမေးတာလဲ။ မင်းက လှပတဲ့ လုပ်ဖော်ကိုင်ဖက်လေးနဲ့ အတူတူရှိနေလို့ အရာအားလုံး မေ့သွားပြီဆိုပြီး ငါ့ကို လာမပြောနဲ့နော်"

ကျုံးရှန်ရီက ကျယ်လောင်စွာ ရယ်မောပြီး

"ငါ ခန္ဓာကိုယ်အတွက် ကောင်းမွန်တဲ့ ဆေးထုပ်တချို့ ဝယ်ခဲ့တယ်"

ကျုံးရှန်ရီ၏ စကားထဲတွင် မကောင်းတဲ့ အငွေ့အသက်တစ်ခုမှ မပါပါ။ စိတ်ချမ်းသာမှုနဲ့

ပြည့်နှက်နေပြီး ဆွန်းမိုနဲ့ အဆင်ပြေဖို့သာ ရည်ရွယ်ထားပုံ ရသည်။

“ အကြံသမား”

ရီဂျီမင်က ကျုံရှန်ရီတွင် တည်ကြည်မှု မရှိဘူးလို့ ထင်မိသည်။ (ဘယ်လိုပဲပြောပြော မင်းက ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်လေ။ ဆရာအသစ်ကို မင်းဘက်က စပြီး ပေါင်းသင်းချင်နေတာလား။ မင်းကပဲ မျက်နှာ လုပ်နေသေးတာလား)

ကျုံရှန်ရီသာ ဒီစကားကို ကြားလိုက်လျှင် သေချာပေါက် အေးစက်စွာ နှာခေါင်းရှုံ့လိမ့်မည်။

"မျက်နှာဆိုတာဘာလဲ။ စားလို့ရလား"

ခန္တာကိုယ် လုပ်ဆောင်ချက်တွေ ကျဆင်းလာတဲ့ အရွယ်မှာ အိပ်ယာပေါ်မှာ မစွမ်းဆောင်နိုင်လို့ ဇနီးဖြစ်သူ မထီလေးစား လုပ်မှာ ကျုံ့ရှုန်ရီ အကြောက်ဆုံး ဖြစ်သည်။ တချို့လူတွေက နို့ဗူးတွေ အိမ်ကို လက်ဆောင်ပေးနေသဖြင့် သူ အရမ်းဒေါသထွက် နေရသည်။ ဒါပေမယ့် အခုတော့ ကျုံ့ရှုန်ရီမှာ ပုလင်းတွေ စွန့်ပစ်ဖို့ ခွန်အား မရှိတော့ပါ။

တကယ်လို့ ယောကျာ်းတစ်ယောက်က ခက်ခက်ခဲခဲ မလုပ်နိုင်တော့ရင် ဒီလိုမျိုး အသေးအဖွဲ့ မျက်နှာကို ဘယ်သူက ဂရုစိုက်နေရမှာလဲ။

ကျုံ့ရှုန်ရီရဲ့ လိုအပ်ချက် မမြှင့်မားပါ။ သူ့ကို အချိန်ပြည့် နှိပ်ပေးနေစရာလဲ မလိုပါ။ သူ့ကျောက်ကပ်ကို မကြာခဏ ထိန်းသိမ်းပေးနေရင် လုံလောက်ပြီ။

ကျန်ကွမ်လင်သည် ဆွန်မိုနှင့် ကူရှုပ်ရှင်းတို့ အတူတူ တွဲလာတာ မြင်လျှင် နှလုံးသားထဲမှာ မနာလိုမှု ဖြစ်နေသည်။ သူတို့အတူတူ ရေပူစမ်း စိမ်ခဲ့တာ သိသာနေသည်။

(ငါက အရမ်းချောပြီး ကြယ်တစ်ပွင့် မြတ်ဆရာ တစ်ယောက်ပါ။ ငါကပဲ ဆွန်းမိုထက် နှိမ့်ကျနေလို့လား)

ကျန်ကွမ်လင်သည် အမှန်တကယ် ချောပြီး ထက်မြတ်သည်။ ဒါကြောင့်လည်း သူ့မှာ ဘယ်တော့အခါမှ အမျိုးသမီး မရှားခဲ့ပါ။ အဖွဲ့ထဲတွင် ကူရှုပ်ရှင်းက ဆွန်းမိုနဲ့ အတူတူ ရေစိမ်ခဲ့သဖြင့် တခြားသူများ အမြင်တွင် သူက နှိမ့်ကျနေသလို ဖြစ်နေသောကြောင့် လုံးဝ မကျေနပ် ဖြစ်နေသည်။

တကယ်လို့ သူအရမ်း မထူးချွန်ရင်တောင် အလှလေးတွေက သူတို့သဘောနဲ့ သူတို့ သူဆီမလာရင်တောင် သူတို့ အပြုအမူက သူ့အပေါ် ရင်းရင်းနှီးနှီးဆက်ဆံ နေသင့်သည်။

(ဒါကအမှန်ပဲ။ ငါ့အဖေက ကျန်ဟာန်ဖူလေ။ ငါတို့က မတူတဲ့အဖွဲ့ အသီးသီးက လာခဲ့ကြတယ်။ ဒါကြောင့်လည်း ကူရှုပ်ရှင်းက ငါ့ကို မဖိတ်ခေါ်တာ ဖြစ်မယ်။ အရည်အချင်းနဲ့ ဘာမှမဆိုင်ဘူး။)

ကျန်ကွမ်လင်က သူ့ကိုယ်သူ ဖြေသိမ့်လိုက်သည်။

“ဆရာဆွန်း နောက်တစ်ခါ ရေသွားစိမ်ရင် ငါ့ကို ခေါ်ဖို့ မမေ့နဲ့နော်”

ဂျိမဲဂျဲက လှည့်ကြည့်ပြီး နောက်ပြောင်လိုက်သည်။

ဖူး

ကျန်ကွမ်လင်သည် သူ့ကိုယ်သူ နှစ်သိမ့်ပြီး နေလို့ ပိုကောင်းလာတဲ့ အချိန်ကျမှ ဒီစကားကိုကြားပြီး ချောင်းဆိုးကာ သွေးထွက်ကျလုနီးပါး ဖြစ်သွားသည်။ ဒီတစ်ခေါက် ဆွန်းမိုအပေါ် သူရဲ့ အကြည့်တွေက ဒေါသတွေ မုန်းတီးမှုတွေနဲ့ ပြည့်နေသည်။

ဂျိမဲဂျဲဆိုတာ ကျန်ကွမ်လင်ရဲ့ အိပ်မက် ချစ်သူ ဖြစ်သည်။ ဒါပေမယ့် ဆွန်းမိုကို တကယ် ပြောလိုက်တာလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအကြောင်းကို တွေးရင်း ကျန်ကွမ်လင် ပိုစိတ်ဓါတ် ကျလာသည်။

ဆရာတွေ အားလုံး ရုတ်တရက် အံ့အောသွားသည်။ ဆွန်းမိုနဲ့ ဂျိမဲဂျဲတို့ကြားက ဆက်ဆံရေး အရမ်းကောင်းမွန်နေတာလား။ ပြီးတော့ ဒီစကားပြောပုံက ကြယ်သုံးပွင့် မြတ်ဆရာ တစ်ယောက်အနေနဲ့ ပြောခြင်း မဟုတ်ဘဲ သူငယ်ချင်းကြားက စကားပြောတဲ့ ပုံဖြစ်နေသည်။

ဆွန်းမိုရဲ့ အဆင့်အတန်း အရဆို သူကသာ စပြီး တောင်းဆိုသူ ဖြစ်သင့်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိမ်ဂျဲသည် မရီဒန်အကယ်ဒမီက လူတွေနဲ့ မဝေးသောကြောင့် တမင်သက်သက် သူမ အသံကို မတိုးဘဲ ပြောလိုက်သည်။ ဒါကြောင့်လည်း သူတို့ရဲ့ လူငယ်ခေါင်းဆောင်ဖြစ်တဲ့ ဖန်ဝူအန်နှင့် ဆရာတွေသည် ဒီအသံကို ကြားလိုက်လျှင် အရမ်းအံ့အောသင့်ပြီး အလိုလို လှည့်ကြည့်လိုက်မိကြသည်။

ဒီလူငယ်က သူတို့ ကြားကြားနေတဲ့ နတ်ဘုရားလက်များ ဖြစ်နေမလား။

အမှောင်တိုက်ကြီးသို့ မလာမီ ကျောင်းအုပ်ကြီးချောင်က ဗဟိုပြည်နယ်

အကယ်ဒမီတွင် နတ်ဘုရားလက်ဆိုတဲ့ ဘွဲ့နာမည်နဲ့ လူတစ်ယောက် မကြာခင်က ပေါ်လာကြောင်း အရိပ်အမြွက် ပြောခဲ့သည်။ သူက အရမ်းအထင်ကြီးဖို့ ကောင်းပြီး အခွင့်အရေးရရင် သူ့လက်ကိုချိုးဖို့ ကြိုးစားရမယ်ဆိုတဲ့ အကြောင်း ပြောထားသည်။

"သစ္စာဖောက်"

ဖန်ဂူအန်သည် ဆွန်းမိုကို မေ့ထားပြီး ကူရှုပ်ရှင်းကို မုန်းတီးစွာ စိုက်ကြည့်နေသည်။ သူ့အမြင်အရ ဒီအမျိုးသမီးသည် မရီဒန်အကယ်ဒမီရဲ့ ထိပ်တန်းဘွဲ့ရ တစ်ယောက်ဖြစ်တာ သေချာသော်လည်း

ဗဟိုပြည်နယ်အကယ်ဒမီနဲ့ လက်တွဲဖို့ ပြေးသွားတဲ့ သစ္စာဖောက် တစ်ယောက်ပါ။

ကူရှုပ်ရှင်းသည် မျက်လုံးမှေးပြီး တစ်ချက် ကြည့်လိုက်သည်။

"ဟွန့်"

ဖန်ဝူအန်ကလည်း သူမကြည့်သလို အားနည်းတဲ့ အမူအရာ မပြပါ။လ

"ငါရော လိုက်လို့ ရမလား"

ရှာယွန်က ဝင်ပြောလိုက်သည်။

"သေချာတာပေါ့။ နောင်ကျရင် အားလုံး အတူတူ ရေစိမ်ကြမယ်"

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေလိုက်သည်။ ထို့နောက် အကြောင်းအရာ ပြောင်းပြီး

“တိုက်ပွဲအခြေအနေက အခုဘယ်လိုလဲ”

တိုက်ပွဲ ကွင်းထဲတွင် ကျောင်းသားနှစ်ယောက် မျက်နှာခြင်းဆိုင် တိုက်ခိုက် နေကြသည်။ ကျောင်းကိုယ်စားပြုတဲ့ ဝတ်စုံအသီးသီး ဝတ်ဆင်ထားသဖြင့် ခွဲခြားဖို့ လွယ်ကူသည်။

“ဘက်မျှနေတယ်”

ဒူရှောင်က ပြန်ဖြေသည်။

“ကစားနေတာ ရပ်လိုက်တော့။ ဒီလိုအမှိုက်ကနေ ဘယ်လို အတွေ့အကြုံ ရမှာလဲ၊ မြန်မြန် လက်စသတ်လိုက်တော့”

ဖန်ဝူအန်က တိုက်တွန်းလိုက်သည်။

သူ့အသံ ပျောက်သွားတာနဲ့ မရီဒန်အကယ်ဒမီဘက်က တိုက်ခိုက်ရေးသမား ရယ်လိုက်သည်။ ပြိုင်ဘက်ကို ချေမှုန်းရန် အတွက် သူရဲ့ တိုက်ခိုက်ရေးအစွမ်းက ချက်ခြင်း နှစ်ဆတိုးလာသည်။

ဆယ်စက္ကန့် ကြာပြီးနောက် ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားရဲ့

ရင်ဘက်ကို ပြင်းထန်သော လက်သီးတစ်ချက် ထိမှန်သွားသည်။ ထို့နောက် ကျောင်းသားသည် အပြင်သို့ လွင့်ထွက်လာပြီး သွေးတစ်လုပ် အန်ထွက်သွားသည်။

ဗဟိုပြည်နယ်အကယ်ဒမီက လူတိုင်း မျက်နှာ မည်းမှောင်သွားသည်။

"ဖီန်တောင် တတိယအချီ မင်းသွားတိုက်"

ဖန်ဝူအန်က ကျောင်းသားတစ်ယောက်ရဲ့ နာမည် ခေါ်လိုက်သည်။

ဂင်တိုတိုနဲ့ ကျောင်းသားတစ်ယောက် ကွင်းထဲသို့ ဂျွမ်းပစ်ပြီး ဝင်လာသည်။ ထို့နောက် ဗဟိုပြည်နယ်က

ကျောင်းသားအကုန်လုံးကို တစ်ချက်ကြည့်လိုက်ကာ ပြတ်သားသော အသံဖြင့်

"ဘယ်သူ အသန်မာဆုံးလဲ။ ဒီကို ပြေးလာပြီး သေခြင်းတရားကို လက်ခံလိုက်"

"စောက် အထင်ကြီးနေတယ်"

ဗဟိုပြည်နယ်က ကျောင်းသားများ ဒေါသတကြီး ဖြစ်နေကြသည်။ ကျောင်းသား ဆယ်ယောက်လောက် ရှေ့သို့ ချက်ခြင်း ပြေးတက်သွားသည်။

"မင်း မသွားချင်ဘူးလား"

လီဇီချီက စပ်စုလိုက်သည်။ ဒီကောင် ကျန်ရန်ဇောင်က လက်နှစ်ဖက် ပိုက်ပြီး ရပ်ကြည့်နေသည်။ သဘောတရား အရဆိုရင် မရီဒန်အကယ်ဒမီက ပြိုင်ဘက်ကို အနိုင်ရလျှင် သူ့ဆရာ မျက်နှာ ရလိမ့်မည်။

“ဟား ဟား”

ကျန်ရန်ဇောင် လုံးဝ စိတ်မဝင်စားပါ။

“တန်လူ၊ မင်းသွားလိုက်”

ပိုင်ရန်လီက ကျောင်းသားများကို လှေ့လာပြီး ကျောင်းသားတစ်ယောက်ရဲ့ နာမည် ခေါ်လိုက်သည်။ ဓါးအတိုနဲ့ ရန်သူကို

လှံအရှည်သမားက ချေမှုန်းနိုင်လိမ့်မည်။ ပြီးတော့ ဒီကျောင်းသားတွင် အရပ်မြင့်တဲ့ အားသာချက် ရှိသည်။ ဒါကြောင့် တန်လူဆိုတဲ့ ကျောင်းသားသာ အနိုင်ရလိမ့်မယ်လို့ သူထင်သည်။

"ငါတို့ လူပြောင်းရင် ပိုကောင်းမယ် ထင်တယ်"

ဆွန်းမိုက ပြောလိုက်သည်။

ထုံးစံအတိုင်း ပိုင်ရန်လီက ဆွန်းမိုရဲ့ စကားကို စိတ်မဝင်စားပါ။ (ကြွယ်တစ်လုံးမှ မရှိတဲ့ ဆရာတစ်ယောက်လား။ သူ့စကားက ဖားတစ်ကောင်လိုပဲ ဖြစ်မယ်)

စာစဉ်(၁၆)

အခန်း(၂၂၇) - နတ်ဘုရား မျက်စိလား။

ပိုင်ရန်လီက ဆွန်းမိုကို လျစ်လျူ ရှုထားသည်။ ဆွန်းမိုကို အထင်မသေးသော်လည်း မြတ်ဆရာတစ်ယောက် အနေနဲ့ ကိုယ့်ကိုယ်ကို

ယုံကြည်မှု ရှိသင့်သည်။ ကိုယ့်ရဲ့ သုံးသပ်ချက်ကိုလည်း ယုံကြည်ရမည်။

တန်လူသည် ဆွန်းမို စကားကြားပြီးနောက် အာရုံစိုက်ကာ လှံကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်သည်။ (စောင့်ကြည့်လိုက်စမ်းပါ။ ငါသေချာပေါက် အနိုင်ယူပြမယ်)

“ ဘာကြောင့်လဲ။ ဆရာဆွန်းက ဆရာပိုင်ရဲ့ သုံးသပ်ချက်ကို တကယ်မယုံဘဲ ဒီကျောင်းသား ရှုံးမယ်လို့ ထင်နေတာလား”

ရီဂျီမင်သည် ဆွန်းမိုကို ချောက်တွန်းဖို့ အခွင့်အရေး ရသွားပြီး ချက်ခြင်း ထ လှုပ်ရှားလိုက်သည်။

တန်လူသာ နိုင်သွားရင် ဆွန်းမိုရဲ့ သုံးသပ်ချက်က အရမ်းအရမ်း ညံ့ဖျင်းတယ်လို့ လူတိုင်း မြင်သွားမည်။ နတ်ဘုရားလက်ရဲ့ ပုံရိပ်ကိုတောင် သက်ရောက်မှု ရှိသွားနိုင်သည်။

တန်လူသာ ရှုံးသွားခဲ့ရင် ဆွန်းမိုအတွက် ပိုတောင် ဆိုးသွားအုံးမည်။ (ဒါဆို မင်းရဲ့ သုံးသပ်ချက်က ပိုင်ရန်လီထက် ပိုကောင်းနေတယ်ဆိုရင် ကြယ်နှစ်ပွင့် မြတ်ဆရာက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူအများကြီးအရှေ့မှာ မျက်နှာပျက်သွားတဲ့အတွက် မင်းကို သေချာပေါက် မုန်းသွားလိမ့်မယ်)

ဒါက ရုံးတွင်း နိုင်ငံရေးဖြစ်သည်။ ဆွန်းမို ဘာပဲပြောပြော ပြဿနာဖြစ်အောင် လှုံ့ဆော်ရမည်။

ဒါပေမယ့် အခုအချိန်မှာ ဆွန်းမိုက တန်လူကို ကြည့်ပြီး ဘာမှထပ်မပြောတော့ပါ။

ပိုင်ရန်လီကို အပြစ်လုပ်မိမှာ မကြောက်သော်လည်း ရုတ်တရက် တစ်ခုခု တွေးမိလိုက်သည်။ တိုက်ခိုက်ချင်တဲ့ လူငယ်လေးက တစ်ပွဲတည်းနဲ့ နာမည်ကြီးချင်တာ မဟုတ်လား။

သူသာ ပြန်ခေါ်လိုက်ရင် တန်လူရဲ့ စိတ်ပိုင်းဆိုင်ရာကို ဆိုးဆိုးဝါးဝါး အကျိုးသက်ရောက် သွားနိုင်သည်။

ဒါထက်စာရင် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဂုဏ်သတင်းအနည်းငယ် ထိခိုက်သွားတာက ဘာဖြစ်မှာလဲ၊ ပြီးတော့ ဒါက သီးသန့် စီစဉ်ထားတဲ့ တိုက်ခိုက်မှု တစ်ခုသာ ဖြစ်သည်။

ဒါကြောင့်လည်း ဆွန်းမို လက်လျှော့လိုက်သည်။ တခါတလေ ဆုံးရှုံးခြင်းကလည်း တိုးတက်မှု တစ်မျိုး ဖြစ်သည်။

“ဆရာဆွန်း၊ ဘာဖြစ်လို့ ထပ်မပြောတော့တာလဲ”

ရီဂျီမင်က ဆွန်းမိုကို အလွတ်မပေးချင်ပါ။

“တန်လူရဲ့ အခြေအနေ သိပ်မကောင်းတာကို ဆရာဆွန်း မြင်ဖူးတယ်”

ကူရှုပ်ရှင်းက ပြဿနာ ပြေလည်သွားအောင် ကြိုးစားလိုက်သည်။

“ကူရှုပ်ရှင်းက သူ့အတွက် တကယ် ပြောပေးနေတာလား”

ရီဂျီမင် အရမ်းအံ့အောသွားကာ မနာလို ဖြစ်လာသည်။ ဒီဆရာမက လှပပြီး

အရည်အချင်းလည်း ရှိသည်။ ရင်ဘက်က အနည်းငယ်သေးငယ်သော်လည်း ခြေတံရှည်ရှည်လေး နှစ်ချောင်းရှိပြီး သောက်ချင်စရာ လက်ဖက်ရည်ချိုချိုလေး တစ်ခွက်ပါပဲ။ အရင်တုန်းက ညစာအတူတူ စားဖို့ တခေါက်ဖိတ်ခဲ့သော်လည်း အငြင်းခံခဲ့ ရသည်။

သူမသည် နတ်ဘုရားမ တစ်ပါးလို အေးစက်ပြီး အပြင်ပန်းက အရမ်းမာနကြီးတဲ့ ပုံပေါက်နေသည်။ အဝေးကသာ သဘောကျနိုင်ပြီး စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ရဲကြပါ။ အခုတော့ ဆွန်းမိုကို သူမဘက်ကတောင် စပြီး ကူညီနေသည်။

သူတို့နှစ်ယောက် ရေအတူတူ စိမ်ပြီး ဆွန်းမိုဘက်က ဖိတ်စာလုပ်ဖို့ အစပျိုးခဲ့ သလားဆိုတာ ရီဂျီမင် သံသယ ဝင်နေသည်။ အခုလက်ရှိ အနေအထားကို ကြည့်ရတာတော့ ကူရှုပ်ရှင်းက စပြီး ကြိုးစားတာ ဖြစ်နိုင်သည်။

“ဘောပဲ”

ရီဂျီမင် စိတ်ထဲက ခိုးပြီး ကျိန်ဆဲလိုက်သည်။ သူ့ စိတ်ကူးများ အဆုံးသတ်သွားသလို ခံစားရသည်။ (ဟွန့်၊ မိန်းမတွေက တကယ့်ဘောပဲ။ ငါ့ရဲ့ အန်ရှီဝေလေးကတော့ တကယ်ဖြူစင်ပြီး ပြည့်စုံတဲ့ နတ်ဘုရားမလေး ဖြစ်နေဆဲပဲ။ သူမက သူမခံစားချက်တွေကို စကားလုံးနဲ့ ဖုံးကွယ်ပြီး

မဟာန်ဆောင်တတ်ပါ။ လူတိုင်းကို အတူတူသာ ဆက်ဆံ တတ်သည်။)

ဒါကိုတွေးပြီး ရီဂျီမင်ရဲ့ နှုတ်ခမ်း ပြုံးရောင်သန်းလာသည်။ သို့သော် ဆွန်းမိုကို ကြည့်လိုက်ပြီးနောက် မျက်မှောင် ကြုတ်သွားသည်။ ဆွန်းမိုက အန်ရှီဝေရဲ့ ခင်ပွန်းလောင်းဆိုတာ ရုတ်တရက် စဉ်းစားမိသွားသည်။

"ဘော ဘော ဘောပဲ"

ရီဂျီမင် စိတ်ဓါတ်ကျလာသည်။ စိတ်ထဲတွင် မနာလိုမှုများ ပေါက်ကွဲထွက်လာပြီး ဆွန်းမိုကို ပိုပြီး ရန်စချင်လာသည်။

"ဆရာဆွန်း၊ ဒီကျောင်းသား နိုင်မယ်လို့ ထင်လား"

"ပါးစပ် ပိတ်ထား"

ဂျိမဲဂျဲ စိတ်အနှောက်အယှက် ဖြစ်သွားပြီး တန်းဆူလိုက်သည်။

"သူတို့ကို အေးအေးဆေးဆေး ပြိုင်ခွင့် ပေးလိုက်"

ရီဂျီမင်တွင် ပြောစရာ စကားတွေ အများကြီး ရှိနေသော်လည်း လုံးဝ ထပ်မပြောရဲတော့ဘဲ ပြန်မျိုချလိုက်သည်။ ဒီအတွက်လည်း လုပ်နိုင်တာ ဘာမှ မရှိပါ။ ဂျိမဲဂျဲသည် ကြွယ်သုံးပွင့်

မြတ်ဆရာတစ်ယောက် ဖြစ်ကာ ကျောင်းမှာလည်း ဩဇာအာဏာ ကြီးမားသည်။ သူမကို မပြစ်မှားရဲပါ။

"ဂျိမ်ဂျဲက ဆွန်းမိုကို ကူညီနေတာတော့ မဖြစ်နိုင်ပါဘူးနော်။ ဘာကြောင့် ဆွန်းမို အရည်အချင်းက ဒါနဲ့ ထိုက်တန်မှာလဲ"

ရီဂျီမင်က သူ့ကိုယ်သူ နှစ်သိမ့်လိုက်သည်။ ဒါပေမယ့် နောက်ပိုင်းတွင် ဂျိမ်ဂျဲရဲ့ ဖိတ်ခေါ်မှုကို သတိရပြီး ငိုချင်သလိုလို ဖြစ်သွားသည်။

"တောက်၊ သူတို့နှစ်ယောက်က အရမ်းရင်းနှီးလွန်းလို့ ရေအတူတူ စိမ်လည်း ဘာမှမဖြစ်ဘူးလို့ သတ်မှတ်ထားတာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တွေးထားသလိုပဲ နတ်ဘုရားလက်က ဘာမှထပ်မလုပ်တော့ပါ။ တန်လူနှင့် ဖီန်တောင်တို့ တိုက်ခိုက်နေကြပြီ။ ဓါးတစ်ချောင်းနဲ့ လှံတစ်ချောင်းတို့ မကြာခဏ ထိပ်တိုက် ထိခိုက်မိပြီး စူးစူးရှရှ အသံထွက်ပေါ်နေသည်။

ဆွန်းမိုသည် နတ်ဘုရားမျက်စိ အာရုံကို ဖွင့်လိုက်သည်။

တန်လူ - အသက် ၁၃ နှစ်။

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၄)

ကြံခိုင်မှု - ၆ - သာမန်စံနှုန်း ကျော်ရုံမျှသာ။

ဉာဏ်ရည် - ၆ - အသုံးပြုဖို့ လုံလောက်သည်။ ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးတချို့ ပိုင်ဆိုင်ထားသည်။

သွက်လက်မှု - ၈- ကျင့်ကြံခြင်း နယ်ပယ်တူပါက ဇုဂရာခိုင်နှုန်းလောက် ချေမှုန်းနိုင်သည်။

ဆန္ဒ - ၅- ငယ်ရွယ်တဲ့ ပါရမီရှင်တစ်ယောက်အနေနဲ့ အခက်အခဲ မကြုံဖူးသေးပါ။ အနည်းငယ် အားနည်းသည်။

အလားအလာ တန်ဖိုး - မြင့်မားသည်။

မှတ်ချက်။ ။ လှုပ်ရှားမှု ကျင့်စဉ်နှင့် ကျင့်ကြံခြင်းကျင့်စဉ် သဟဇာတ မဖြစ်ပါ။ ဒါကြောင့် စွမ်းရည်အားလုံး ထုတ် မသုံးနိုင်ပါ။

ဒီအချက်အလက်များကို ဒုတိယအဆင့်သာ သတ်မှတ်နိုင်သည်။ တော်တော်လေး အထင်ကြီးစရာ ကောင်းပေမယ့် အင်ဘိုင်ဝူ၊ ရှန်ယွန်ပေါင်နှင့် ကျန်ရန်ဇောင်တို့နဲ့ နှိုင်းယှဉ်ကြည့်လိုက်လျှင် ကွာခြားချက် ကြီးမားနေသေးသည်။

ဗီန်တောင်၏ အချက်အလက်ကို ကြည့်လိုက်ရုံနဲ့ တန်လူထက် ပိုအစွမ်းထက်နေသည်။ ပြီးတော့

ပိုအရေးကြီးတဲ့အချက်က သူ့ရဲ့ကျင့်စဉ်သည် သူ့ရဲ့စွမ်းရည် ၁ဂဂရာခိုင်နှုန်း စလုံး ထုတ်လွှင့်နိုင်သည်။

ပိုင်ရန်လီ အရမ်းကျေနပ်နေသည်။

ကျောင်းသား နှစ်ယောက် စတိုက်ကတည်းက တန်လူက ရှိသမျှ အားလုံး ထုတ်သုံးပြီး ဖိန်တောင်ကို တည်တည်ငြိမ်ငြိမ်နဲ့ ဖိနှိပ်ထားသည်။ ဒီအချက်ကလည်း ပိုင်ရန်လီ လူရွေးမှန်တယ်ဆိုတာ ဖော်ပြနေသည်။

ဂျီမဲဂျဲ မျက်မှောင်ကြုတ်နေသည်။ တန်လူ၏ လှုပ်ရှားမှုများက အားနည်းချက်များနဲ့ ပြည့်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဖိန်တောင် လှည့်ပတ် ကစားနေတာ ရပ်လိုက်တော့"

ဖန်ဝူအန်က လှမ်း ဆူလိုက်သည်။

"ဆရာ၊ မကစားတော့ပါဘူး။"

ဒီစကားကို ကြားလိုက်လျှင် တန်လူစိတ်ထဲ တုန်လှုပ်သွားသည်။

"သူအသုံးပြုနေတဲ့ လုံကျင့်စဉ်က ပုံမှန် မြင်နေကြတာမျိုး မဟုတ်ပေမယ့် စွမ်းအားအဆင့်ကတော့ သာမန်လောက်ပါပဲ။ မင်းရဲ့ လေ့ကျင့်ဖော်အဖြစ် ဆက်ဆံနေစရာ မလိုဘူး"

မီးလောင်နေတဲ့ တိမ်

ရွှတ်စ် ရွှတ်စ် ရွှတ်စ်

ဓါးကို လျှင်မြန်စွာ အချက်ပေါင်းများစွာ ခုတ်လိုက်သည်။ ဓါးအရိပ်တွေ ထွက်လာပြီး ညအမှောင်ထဲတွင် တလက်လက် တောက်ပနေသည်။ တဖြည်းဖြည်းနဲ့ တန်လူ တစ်ကိုယ်လုံး ဖုံးအုပ်သွားသည်။

နောက်ထပ်အခိုက်အတန့် တစ်ခုတွင် တန်လူ ပျာယာခတ်လာသည်။ လျှင်မြန်မှုတွင် သူက ဖိန်တောင်ထက် မနှိမ့်ကျသော်လည်း လုံကြောင့် လှုပ်ရှားမှုက ကန့်သတ်ခံနေရသည်။

ဒင် ဒင် ဒင်

ဓါးနှင့် လှံ ထိမှန်ပြီး မီးပွားများ ထွက်နေသည်။

“တောက် ။ သူရှုံးတော့မယ်”

ကျန်ကွမ်လင်သည် တန်လူကို စောင့်ကြည့်ရင်း မျက်ခုံး တွန့်သွားသည်။ တန်လူသာ ထူးချွန်စွာ စွမ်းဆောင်နိုင်ရင် သူတပြည့်အဖြစ် ရွေးချယ်သွားမည်။ ပြီးတော့ အခုလက်ရှိ တန်လူရဲ့ လုပ်ဆောင်ချက်ကို ကြည့်ရတာလဲ အရမ်း......

ကျန်ကွမ်လင်စိတ်ထဲ ဒီအတွေး ပေါ်လာတဲ့ အချိန်တွင် ဖီန်တောင်က ဓါးနဲ့ ခုတ်ချလိုက်သည်။ တန်လူသည် ရွေးချယ်စရာမရှိတော့ဘဲ ဘယ်လက်နဲ့ ကိုင်ထားတဲ့ လှံကို လွှတ်ချလိုက်သည်။ ထို့နောက်

ရင်ဘက်ကို ပြင်းထန်သော ကန်ချက်တစ်ချက် ရောက်လာသည်။

တန်လူသည် အံကြိတ်ကာ ခုံခံရန်အတွက် လက်ကို အသုံးပြုလိုက်သည်။ နောက်အခိုက်တန့်တွင် လက်ကျိုးသွားပြီလား ဆိုပြီး ခံစားလိုက်ရသည်။ နံရိုးကျိုးသွားတာ ထက်စာရင် လက်ကျိုးတာက တော်သေးသည်။ ဆက်ပြီး တိုက်ခိုက်လို့ ရသေးသည်။

“ ဟားဟား၊ မင်းရဲ့ သုံးသပ်ချက် မှားယွင်းသွားပြီ။”

ဖီန်တောင်ရဲ့ လှုပ်ရှားမှုက ရုတ်တရက် ပြောင်းသွားသည်။ တစ်ကိုယ်လုံး လှဲချလိုက်ကာ

ခြေထောက်အစုံလိုက် တန်လူ့ရဲ့ ခြေကျင်းဝတ်ကို ကန်လိုက်သည်။

ဘောင်း

ဂျွတ်

အရိုးကျိုးတဲ့အသံသည် လူတိုင်း၏ နားထဲတွင် ပဲ့တင်သံ ထပ်သွားသည်။

"အ"

တန်လူ နာကျင်စွာ အော်လိုက်သည်။ ဒါပေမယ့် အသံထွက်လာတာနဲ့ သူ့ရဲ့ ပြင်းထန်သော စိတ်ဓာတ်ကြောင့် ပါးစပ်ကို လက်နဲ့ အလိုလို အုပ်လိုက်သည်။

ရွှတ်စ် ရွှတ်စ်

ဖိန်တောင်က တန်လူရဲ့ လက်ကို ရည်ရွယ်ပြီး နှစ်ချက် ခုတ်ချလိုက်သည်။

လှံက မြေပေါ် ပြုတ်ကျသွားပြီး နောက်ထပ် တချက် အကန်ခံလိုက်ရသည်။ လွင့်ထွက်သွားပြီး ပါးစပ်က သွေးတွေ အန်ထွက်နေသည်။

ရွှတ်စ်

ဂျိမဲဂျဲ၏ ပုံရိပ်က တန်လူနောက်မှာ ဖျတ်ကနဲ ပေါ်လာပြီး သူ့ကို ဖမ်းလိုက်သည်။

“ရက်စက်လိုက်တာ”

ဒူမန်က စိတ်ဆိုးနေပေမယ့် ဘာမှ ပြောလို့ မရပါ။ ဒါက စီးချင်း တိုက်ပွဲ တစ်ခုဖြစ်သည်။ တစ်ယောက်ယောက်က ခြေတွေလက်တွေ ကျိုးသွားရင်တောင် တခြားသူထက်နှိမ့်ကျတဲ့ ကို့ကိုယ်ကိုသာ အပြစ်တင်ရမည်။

ပုံမှန်ဆိုရင် ဖီန်တောင် ဒီလောက်အထိ မရက်စက်ဖြစ်ပါ။ သူက ပြတ်ပြတ်သားသား အနိုင်ရနေတာတောင် နောက်ထပ် နှစ်ချက်ထပ်ခုတ် နိုင်သေးသည်။

တဖက်အဖွဲ့က အပြစ်တင် လာသဖြင့် တောင်းပန်မည့် စကားကို ဖီန်တောင်

ပြန်သိမ်းလိုက်သည်။ ပြန်တောင် အော်ပြောလိုက်သေးသည်။

“ သူ့ကို အပြစ်မတင်နဲ့ ဒါက တမင်သက်သက်လုပ်တာ မဟုတ်ဘူး”

ဆွန်းမိုက ဖျောင်းဖျလိုက်သည်။

“ဆရာဆွန်း၊ သူခုတ်ချလိုက်တုန်းက တန်လူမရှောင်နိုင်ခဲ့ရင် ဒုက္ခိတ ဖြစ်သွားလိမ့်မယ်။ ဘာကြောင့် ဖီန်တောင် အတွက် ပြောပေးနေသေးတာလဲ။ မင်းက မရီဒန်အကာယ်ဒမီက ဆရာလား”

ရီဂျီမင်က လှောင်ပြောင်လိုက်သည်။

ကျောင်းသားအများစုက ဘာမှ မပြောပေမယ့် ဆွန်းမိုကိုကြည့်တဲ့ သူတို့ အကြည့်တွင် နားမလည်နိုင်မှုနှင့် စိတ်ကသိကအောက် ဖြစ်တဲ့ အရိပ်အယောင်တွေ ပေါ်နေသည်။ ဆွန်းမိုက ဘာကြောင့် တခြားကျောင်းက ကျောင်းသားအတွက် ပြောပေးနေတာလဲ။ ပြီးတော့ ဒဏ်ရာရထားတာက သူတို့ဖက်က ဖြစ်သည်။

“သူက မတည်ငြိမ်တဲ့ တိမ်ပျံ့ခါးကျင့်စဉ် ကျင့်ကြံထားတယ်။ အရမ်းလည်း မကျွမ်းသေးဘူး။ ခုနတုန်းက တိုက်ခိုက်မှုကလည်း အတွဲလိုက် တိုက်ခိုက်ရတဲ့ အကွက်ရဲ့ အစိတ်အပိုင်း တစ်ခုပဲ။ သူအချိန်မှီ မထိန်းနိုင်ခဲ့ဘူး”

ဆွန်းမိုက ရှင်းပြသည်။

ဖီန်တောင်သာ ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့မယ်ဆိုရင် သူလွှတ်ပေးလိုက်မှာ မဟုတ်ပါ။ အခွင့်အရေးရှာပြီး သူ့ပင်ကိုယ်စရိုက်ကို ပွင့်ပွင့်လင်းလင်း ပြင်ပေးလိုက်မည်။ သို့သော် ဖီန်တောင်ရဲ့ ရည်ရွယ်ချက် အဲဒီလောက် မဆိုးပါ။

ကျောင်းသားတွေ ငြိမ်ကျသွားသည်။

"ဆရာဆွန်း ပြောတာ မှန်တယ်။ တမင်သက်သက် လုပ်ခဲ့တာ မဟုတ်ဘူး။"

ဂျိမဲဂျဲက ဆက်ပြီး

"ဒီလို လုပ်ရင်တောင် တန်လူက သူ့ရဲ့ အရည်အချင်း မပြည့်မှီမှုကိုပဲ အပြစ်တင်ရမယ်"

ဂျိမ်ဂျဲကတောင် ဒီလို ပြောလာသဖြင့် ကျောင်းသားတွေလည်း လက်ခံသွားသည်။ တချိန်တည်းမှာပဲ အနည်းငယ် ရုတ်တရတ် အံ့အောသွားသည်။ ဆရာဆွန်းရဲ့ သုံးသပ်ချက်သည် အရမ်းအထင်ကြီးဖို့ ကောင်းသည်။

အခုချိန်တွင် နေရထိုင်ရ အခက်ဆုံးလူမှာ ဒူမန် ဖြစ်သည်။ 'ရက်စက်တယ်'လို့ သူပြောခဲ့သည်။ ဖီန်တောင်က တမင်သက်သက် လုပ်ခဲ့တာမဟုတ်မှန်း သူ မမြင်နိုင်ခဲ့တာ သိသာနေသည်။ ဒါကြောင့် ဆွန်းမိုနှင့် ယှဉ်ရင် သူက နှိမ့်ကျနေသည်။

ဖိန်တောင်လည်း ဆွန်းမိုကို အံ့အောစွာ စိုက်ကြည့်နေသည်။ အဲဒီနောက်မှာတော့ အနည်းငယ် ကျေးဇူးတင်သွားသည်။ သူက ဦးညွတ်အရိုအသေ ပေးလိုက်ချင်ပေမယ့် ဖန်ဝူအန်၏ ပင်ကိုယ်စရိုက်ကို တွေးပြီး မလုပ်ရဲတော့ပါ။

တကယ်လို့သူသာ ဒီလိုလုပ်ခဲ့ရင် ပြန်ရောက်တဲ့ အခါကျရင် သေချာပေါက် အပြစ်ပေးခံရ လိမ့်မည်။

ဒင်

ဖိန်တောင်၏ လေးစားအထင်ကြီးမှု +၃၀ ။ရင်းနီး(၃၀/၁၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျုံရှုန်ရီက ဆရာဝန် တစ်ယောက်ပါ။ ဒါကြောင့် တန်လူကို ကုသရန် ချက်ခြင်း ပြေးလာသည်။

တန်လူသည် ဒဏ်ရာတွေကြောင့် အရမ်းနာကျင်နေပြီး အကျီပေါ်မှာလည်း သွေးတွေ စွန်းနေသည်။ သူ့စိတ်ကတော့ ဒဏ်ရာ အရဆုံးဖြစ်သည်။ သူတကယ်ရှုံးသွားပြီ၊ သိသိသာသာကို ရှုံးသွားပြီ။

သူ့ မိဘတွေနဲ့ သူငယ်ချင်းတွေက ပါရမီရှင် တစ်ယောက်အနေနဲ့ ဆက်ဆံမှု ခံခဲ့ရတဲ့ တန်လူတစ်ယောက် ဒီအဖြစ်အပျက်ကို လက်မခံနိုင် ဖြစ်နေသည်။

"ဆရာဆွန်းက အရမ်းတော်တာပဲ။ တန်လူ ရှုံးမယ်ဆိုတာ သူတကယ် ပြောနိုင်တယ်။"

"နတ်ဘုရားလက်က တကယ် အစွမ်းထက်တာလား"

"ဒါက နတ်ဘုရားလက် မဟုတ်ဘူး မှတ်လား။ ဆရာဆွန်းက သူ့ကို မထိခဲ့ဘူးလေ။ ဆရာဆွန်းရဲ့ သုံးသပ်ချက် အရမ်းကောင်းတယ်လို့ပဲ ပြောရမယ်"

ကျောင်းသားများ တယောက်တပေါက် ဆွေးနွေးနေကြသည်။ ပြိုင်မယ့်သူ ပြောင်းလိုက်တာ ပိုကောင်းမယ်ဆိုတဲ့ စကားကို သူတို့ သဘောပေါက်သွားသည်။ ဆွန်းမိုရဲ့

သုံးသပ်ချက်သည် ပိုင်ရန်လီထက် ပိုကောင်းနေပြီ မဟုတ်လား။

ပိုင်ရန်လီရဲ့ မျက်နှာအမူအရာသည် ပုံစံမကျဘဲ ပြောင်းလဲသွားသည်။

ဆွေးနွေးနေတဲ့ အသံက အကျယ်ကြီး မဟုတ်သော်လည်း လူတိုင်းက နီးကပ်နေသဖြင့် အတိုင်းသား ကြားနေရသည်။ အထူးသဖြင့် ပိုင်ရန်လီအတွက် ဖြစ်သည်။ သူ့မျက်နှာတွင် မချိပြုံး တစ်ခု ပေါ်လာသည်။

"အင်း၊ ခုနတုန်းက ဆရာဆွန်းကို အထင်သေး လိုက်မိတယ်။ တကယ် မလုပ်ခဲ့သင့်ဘူး"

ဒင်

တန်လူ၏ လေးစားအထင်ကြီးမှု +၂၀။ မူလ(၂၀/၁၀၀)

ဆွန်းမိုကို ကြည့်နေကြတဲ့ ဆရာတချို့ရဲ့ အကြည့်တွေကလည်း အရမ်းအံ့အောမှု များနဲ့ ပြည့်နေသည်။

ဒူရှောင် ရုတ်တရက် ဖိအား ဝင်လာသည်။ သူမက ဆွန်းမိုထက် နှစ်အနည်းငယ် ပိုကြီးပြီး ကျောင်းကို စောစော ရောက်လာခဲ့သည်။ ဒီအတိုင်းသာ ဆက်သွားနေရင် ဆွန်းမိုက သူမထက်

အရင် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သွားနိုင်သည်။

"ငါ ဒီကောင်ကို သေချာပေါက် ဖျက်ဆီးပစ်ရမယ်"

ကျန်ကွမ်လင် မှုန်ကုတ်ကုတ် ဖြစ်နေသည်။ ဒီလူ အသက်ရှင်နေလို့ မဖြစ်ပါ။ သူသာ အသက်ဆက်ရှင်နေရင် အန်ရှီဝေကို ကျားအတောင်ပံ တပ်ပေးသလို ဖြစ်သွားမည်။ အဲ့အချိန်ကျရင် သူ့အဖေက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး ရာထူး ရဖို့ ပိုခက်သွားမည်။

"ဂျိမဲဂျဲ၊ မင်းရှုံးသွားပြီ"

ဖန်ဝူအန်က ကျေနပ်စွာ ရယ်မောနေသည်။

“အစီစဉ်အတိုင်း ငါတို့ ဒီနေရာကနေ ထွက်သွားပေးမယ်”

ဂျိမဲဂျဲသည် စကားပြောပြီးနောက် တန်လူကို သယ်လိုက်သည်။

“သွားစို့”

“ခဏနေပါအုံး”

ဖန်ဝူအန်က သူတို့ကို တားလိုက်ပြီး ဆွန်းမိုကို ကြည့်လိုက်သည်။

“မင်းက နတ်ဘုရားလက်လို့ ခေါ်နေတဲ့ တစ်ယောက်လား။ ငါ ဖန်ဝူဂျီရဲ့ ညီလေး ဖန်ဝူအန်ပါ။

ငါက မင်းကို စိန်ခေါ်ချင်တယ်။ ဆွန်းမိုက ဂုဏ်ပြုပြီး လက်ခံပေးမယ် မဟုတ်လား။”

“ဒီလို ကိစ္စလောက်နဲ့ ဘာလို့ ဆရာဆွန်းက ထွက်လာနေရမှာလဲ။ ငါဆိုရင်တောင် မင်းကို အဆုံးသတ်ဖို့ လုံလောက်နေပြီ”

ရီဂျီမင် ခုန်ထွက်လာသည်။

ခုအချိန်တွင် သူတို့က သုံးကျော့မှာ နှစ်ကျော့ရှုံးထားပြီး ကျောင်းသား အားလုံး စိတ်ဓါတ်ကျနေကြသည်။ သူသာ ခေါင်းဆောင်ဖြစ်တဲ့ ဖန်ဝူအန်ကို အနိုင်ယူလိုက်ပါက ကျောင်းသားတွေရဲ့ လေးစားအထင်ကြီးမှုကို ရနိုင်သည်။ ပြီးတော့

သူသည် ဂျိမဲဂျဲကိုလည်း ကြိုက်နေသည် မဟုတ်ပါလား။

လေးစားအထင်ကြီး ခံရပြီး အမြင်ကောင်းစေမယ့် အခွင့်အရေးကို ဘာဖြစ်လို့ လက်လွှတ် ခံရမှာလဲ။

(ဖန်ဝူအန် မင်းက ငါ့ရဲ့ ခြေနင်းတုံးပဲ။)

ရီဂျီမင်တစ်ယောက် ယုံကြည်ချက်တွေနဲ့ ပြည့်လျှံနေသည်။

“ ဘယ်လို ခွေးတွေ ကြောင်တွေမျိုးလဲ။ ဟိုဘက် ပြေးသွားစမ်း”

ဖန်ဝူအန် မဲ့လိုက်ပြီး

"ဆရာဆွန်းကသာ ငါ့ပြိုင်ဘက်ဖြစ်ဖို့ ထိုက်တန်တယ်"

စာစဉ်(၁၆)

အခန်း(၂၂၈) - မင်း အကောင်းဆုံး ကျင့်စဉ်ကို သိလား၊ အရမ်းကောင်းတယ်၊ အခုငါ့ဟာပဲ။

“မင်းဘာပြောတာလဲ”

ရီဂျီမင် ပေါက်ကွဲသွားသည်။

“အလကားကောင်”

ဖန်ဝူအန်က ရီဂျီမင်ကို စိုက်ကြည့်ဖို့အတွက်တောင် အာရုံမရှိပါ။ ဆွန်းမိုကိုကြည့်ပြီး မောက်မာစွာ ပြောလိုက်သည်။

“မင်း ရှုံးမှာ ကြောက်နေတယ် မဟုတ်လား”

"ဒီကောင်က သူ့အစ်ကိုထက်စာရင် ပိုဉာဏ်များတယ်လို့ ကြားဖူးတယ်"

ကူရှပ်ရှင်းက ဆွန်းမိုကို လေသံဖြင့် သတိပေးလိုက်သည်။

ဖန်ဂူအန်သည် အချင်းချင်း စိတ်ဝမ်းကွဲစေချင်သောကြောင့် ရီဂျီမင်ကို တမင်သက်သက် လျစ်လျူရှုထားခဲ့သည်။ ကျောင်းသား အများကြီး အရှေ့တွင် ရီဂျီမင်က ဆွန်းမိုထက် နိမ့်ကျသလို အဆက်ဆံ ခံနေရသည်။ ဒီအချက်ကြောင့် တိုက်ပွဲကို ဆွန်းမိုလက်ခံသည်ဖြစ်စေ၊ မလက်ခံသည်ဖြစ်စေ သူ့အတွက်သာ ဒုက္ခရောက်လိမ့်မည်။

“ အမည်မသိတဲ့ကောင်က ငါနဲ့ တိုက်ခိုက်ဖို့ တန်လို့လား”

ဆွန်းမိုက လျှောင်ပြောလိုက်သည်။

“မင်း ငါ့နဲ့ စကားပြောချင်ရင် ငါ့ရဲ့ လုပ်ဖော်ကိုင်ဖက်ကို အရင် အနိုင်ယူလိုက်အုံး”

“ဘောပဲ”

ရီဂျီမင်သည် ဆွန်းမိုကို စိုက်ကြည့်နေသည်။ (ခုန ငါပြောတုန်းက နှိမ့်ချခဲ့တယ်။ ဒါကို မင်းက ငါ့ထက် သန်မာတယ်လို့ တကယ် ထင်နေတာလား)

“ အမည်မသိလို့ ဘယ်သူ့ကို ပြောတာလဲ”

ဖန်ဝူအန်၏ ခါးသွားပုံစံ မျက်ခုံးများ တွန့်သွားပြီး မျက်နှာမှာ ဒေါသ အရိပ်အယောင်များ ပေါ်နေသည်။

"မင်းလေ မဟုတ်ဘူးလား"

ဆွန်းမိုက

"ဒါဆိုရင် ဖန်ဝူအန်ရဲ့ ညီလေးလို့ ဘာလို့ ပြောတာလဲ။ အစ်ကိုရဲ့ ကျော်ကြားမှုကို အားကိုးတာ မဟုတ်ဘူးလား။ မင်းက မင်းအစ်ကိုရဲ့ ကျော်ကြားမှုနဲ့ တောက်ပချင်နေတာ မှတ်လား"

ဟားဟား

ကူရှုပ်ရှင်း ကျယ်လောင်စွာ ရယ်မောလိုက်သည်။ ဆွန်းမိုက လူများကို နှုတ်လှန်ထိုးတဲ့နေရာတွင် တကယ် အဆိပ်ပြင်းသည်။

“ငါဆိုလိုတာက ဒီလိုမဟုတ်ဘူး။ ငါက ငါ့အစ်ကိုလိုပဲ အရမ်းတော်တယ်လို့ ပြောချင်တာ”

ဖန်ဝူအန်က တိတ်တဆိတ် မှတ်ချက်ချလိုက်သည်။ (မင်းရဲ့ နားလည်နိုင်စွမ်းက သုညလား။ ဒါတောင် မသိဘူးလား)

“အို။ ဒါဆို ဖန်ဝူဂျီရဲ့ နာမည်ကောင်းကို ကျောက်စိမ်းအမွှာထဲက တစ်ယောက်လို့

လူတိုင်းသိပြီး ဘာကြောင့် မင်းနာမည်ကို ဘယ်သူမှ မကြားဖူးတာလဲ။ မင်းနာမည်က မှတ်ရခက်လို့လား”

ဆွန်းမိုက ပြောပြီးတာနဲ့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်များကို တစ်ချက်ကြည့်ကာ

“ခင်ဗျားတို့ သူ့နာမည် ကြားဖူးလား”

“မကြားဖူးဘူး”

ကူရှုပ်ရှင်းနှင့် ဒူရှောင်သည် ချက်ခြင်းဆိုသလို ဘာမှ မသိတဲ့လူလို သရုပ်ဆောင်လိုက်သည်။

တကယ်တော့ ဖန်ဝူအန်လည်း တော်တော် နာမည်ကြီးပါသည်။ သူ့အစ်ကိုလောက် နာမည်မကြီးပေမယ့် မရီဒန်အကယ်ဒမီရဲ့

ကျော်ကြားတဲ့ ဆရာအသစ် တစ်ယောက် ဖြစ်နေဆဲပါ။

“ကောင်းပြီလေ၊ ငါက အမည်မဲ့ပဲ မင်းရဲ့ လုပ်ဖော်ကိုင်ဖက်ကို အရင်စမ်းကြည့်ရမှာပေါ့။”

ဖန်ဝူအန်က ရီဂျီမင်ကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

“မင်း တိုက်ခိုက်ရဲလား”

“ဘာကြောင့် မင်းကို ကြောက်ရမှာလဲ”

ရီဂျီမင်က ဟန်ရေးပြပြီး သဘောတူလိုက်သည်။

ဆွန်းမိုက ဖန်ဝူအန်ကို နတ်ဘုရားမျက်စိ အာရုံနဲ့ ကြည့်လိုက်သည်။

ဖန်ဝူအန် - အသက် ၂၂နှစ်-

သွေးလောင်ကျွမ်းခြင်း အဆင့် (၆)

ကြံ့ခိုင်မှု - ၂၇ - အသံမထွက်ဘဲ အကြမ်းဖက်နိုင်သည်။

ဉာဏ်ရည် - ၂၇ - ကြံ့ရေဖန်ရေကောင်းပြီး နောက်ကွယ်က ကြံ့စည်တတ်သည်။

သွက်လက်မှု - ၂၇ - ချို့ယွင်းချက်လား၊ ဒါကဘာလဲ။ လုံး၀ မရှိဘူး။

ခံနိုင်ရည် - ၂၇ - ခိုင်ခိုင် ခိုင်ခိုင်နဲ့နေအောင် ခိုင်ခန့်သည်။

ဆန္ဒ - ၂၇ - သူသည့် သူ၏ နောက်လိုက်တပြည့်များကြားတွင် ဆက်တိုက်အနိုင်ရနေပြီး ထိပ်တန်း ပါရမီရှင်တစ်ယောက်အနေနဲ့ ရပ်တည်နေသည်။ အဲဒါက သူရဲ့ ကို့ကိုယ်ကို ယုံကြည်ချက်ကို ပျိုးထောင်ပေးပြီး အစွမ်းထက်တဲ့ ဆန္ဒကို ဖြစ်ပေါ်စေသည်။

အလားအလာတန်ဖိုး အရမ်းမြင့်မားသော အဆင့်နဲ့ ဆံချည်မျှင် တမျှင်စာလောက်ပဲ လိုသည်။

သူ၏ အလားအလာတန်ဖိုးက အရမ်းမြင့်မားတဲ့ အဆင့်နဲ့ နီးကပ်လှသည်။ သူရဲ့ ကြောက်စရာကောင်းတဲ့ အချက်အလက်များက

ကူရှုပ်ရှင်းထက် စာရင်တော့ အနည်းငယ် နိမ့်ကျနေသည်။ သို့သော်လည်း သူရဲ့ ကို့ကိုယ်ကို ယုံကြည်ချက်နဲ့ ကိုယ်ပိုင်စည်းမျဉ်းကတော့ ကူရှုပ်ရှင်းထက် သာသည်။

(သေချာပေါက် သန်မာတဲ့ ရန်သူပဲ)

"ဖန်ဝူအန်၊ သွေးလောင်ကျွမ်းခြင်း အဆင့်(၆)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

"ရီဂျီမင်၊ သွေးလောင်ကျွမ်းခြင်း အဆင့်(၆)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

သူတို့နှစ်ယောက်သည် စကားပြောပြီးနောက် လှပသော အောင်ပွဲဖြစ်အောင် အမြန်ဆုံး

အဆုံးသတ်ရန် တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး ဆက်ကနဲ တိုက်ခိုက်လိုက်ကြသည်။

ဓါးရှည်နှစ်လက် တိုက်မိသွားသည်။

ချွင်

ပျံသန်းနေသော မီးပွားကြားတွင် ရီဂျီမင် ခန္ဓာကိုယ် အနည်းငယ် တုန်ခါသွားကာ အမူအရာလည်း အေးခဲသွားသည်။

"သန်မာလွန်းတယ်"

ရီဂျီမင်ကလည်း တော်တော်လေး အရည်အချင်း ရှိပါသည်။ ဒါကြောင့်လည်း ဖန်ဝူအန်နဲ့ တိုက်ခိုက်လိုက်သည့် အခိုက်အတန့်တွင်

ဘယ်လောက် ကြောက်စရာ ကောင်းလဲဆိုတာ ခံစားလိုက်မိသည်။ သို့သော်လည်း ခွန်းအားသည် တစ်နေ့ပြီးတစ်နေ့ ထပ်ခါထပ်ခါ ကျင့်ကြံပြီး စုဆောင်းရတဲ့ အရာဖြစ်သည်။ အနိုင်လိုချင်တာနဲ့ ပိုသန်မာလာမည် မဟုတ်ပါ။

“တစ်”

ဖန်ဂူအန်က တိုက်ခိုက်ရင်း နံပါတ် ရေတွက်နေသည်။

“နှစ်’

“သုံး”

“ခြောက်”

ဖန်ဝူအန်က တိုက်ပွဲကို လွယ်ကူစွာ ကိုင်တွယ်ထားသည်။

“မင်းမရှုံးခင် ဘယ်နှကွက်လဲ ဆိုတာ ရေတွက်နေတာလား”

ရီဂျီမင်က ပေါက်ကရ စကားပြောလာသည်။

“ငါ့ရဲ့ စိတ်အခြေအနေကို အနှောက်အယှက် ပေးချင်တာလား။ အသုံးမဝင်ဘူး။”

ဖန်ဝူအန်က ကောက်ကျစ်စွာ ပြုံးလိုက်သည်။

“ ငါ အမှောင်တိုက်ကြီးကို စွန့်စားခန်း ထွက်တုန်းက အလောင်းတွေ ပြည့်နေတဲ့ နေရာတစ်ခုမှာ နေ့လည်စာစားပြီး ကျင့်ကြံခဲ့ဖူးတယ်။

“ အိုး.... မေ့နေတာ။ အဲ့အလောင်းတွေက ငါသတ်ခဲ့တဲ့ လူတွေလေ။ သူတို့ခေါင်းကို ဖြတ်ပြီး ကြည့်လို့လှအောင် စီထားလိုက်သေးတယ်”

ဒီစကားကိုကြားလျှင် ရီဂျီမင်ရဲ့ အမူအရာ ပိုဆိုးဝါးလာသည်။ ဒီကောင်က အရူးတစ်ယောက်လို့ ခံစားလာရသည်။

“ငါရေတွက်တာလည်း အလေ့အကျင့် တစ်ခုပဲ”

ဖန်ဝူအန်က စပ်ဖြဲဖြဲ လုပ်လိုက်ပြီး ဆက်ပြောသည်။

“မင်းကို အနိုင်ယူဖို့ဆိုရင် ၁၀ကြိမ်လောက်တော့ ရေရမယ်။ ဆယ်ကွက်မြောက်က ဒီမှာပဲ ဟေ့”

ဖန်ဝူအန်၏ အသံထွက်လာတဲ့ အချိန်တွင် ရီဂျီမင်၏ အမြင်အာရုံ တုန်လှုပ်သွားသည်။ မျက်နှာကိုဓါးဖြင့် အလှီးခံလိုက်ရကာ သွေးများ စီးကျလာသည်။

ဘုန်း

ရီဂျီမင် ဒူးနဲ့ အတိုက်ခံ လိုက်ရသည်။ ထို့နောက် ရီဂျီမင်၏ နောက်စေ့ကို လက်ဖဝါးနဲ့ အရိုက်ခံလိုက်ရကာ လျှင်မြန်စွာ လဲကျသွားသည်။

ဘုန်း

ရီဂျီမင် ဒူးထောက်ကျသွားသည်။ အမူအရာတွေကို မထိန်းချုပ် နိုင်လောက်အောင် နာကျင်နေသည်။ သူ့ ဒူးတွေ ကွဲကြေလုနီးပါး နာကျင်နေသည်။

“ ဟားဟား ၊ မင်းက အားနည်းလွန်းတယ်”

ဖန်ဝူအန်က ခေါင်းခါရင်း ပြောလိုက်သည်။ ထို့နောက် ခြေထောက် မြှောက်ကာ မေးစေ့ကို ကန်ထုတ်လိုက်သည်။

ရီဂျီမင် ချက်ခြင်းပဲ ဘုန်းကနဲ နောက်ပြန် လဲကျသွားသည်။ ဖုန်တွေ လွင့်စင်လာပြီးနောက် သူလဲကျနေသည်။

“ဆရာဖန်က မရှုံးနိမ့်နိုင်ဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မရီဒန်အကယ်ဒမီက ကျောင်းသားအသစ်များ စတင်ပြီး အော်ပဟစ် အားပေးလာသည်။ ဒီလိုမျိုး အကြိတ်အနယ် အောင်ပွဲက သူတို့ စိတ်ဓါတ်ကို တအား မြင့်တက်လာစေသည်။

ဗဟိုပြည်နယ် အကယ်ဒမီဘက်မှာတော့ သေခြင်းတရားလို တိတ်ဆိတ်နေသည်။ ကျောင်းသားအားလုံးလည်း မျက်နှာညှိုးသွားသည်။ နှစ်အနည်းငယ်ကြာအောင် ဆရာလုပ်ခဲ့သော ရီဂျီမင်တောင် ဆရာအသစ် တစ်ယောက်၏ လက်ထဲတွင် ဆိုးဆိုးဝါးဝါး အဆုံးသတ် သွားခဲ့သည်။

"ကြောက်စရာ မလိုဘူး။ ငါတို့မှာ ဆရာဆွန်း ရှိသေးတယ်"

ကျောင်းသားများ ဆွန်းမိုကို ကြည့်လိုက်ကြသည်။

"အခု မင်းအလှည့်ပဲ"

ဖန်ဝူအန်က ဆွန်းမိုကို မေးဆတ်ပြလိုက်သည်။

"ငါ အခွင့်အရေး မယူဘူး"

ဆွန်းမိုသည် လူအုပ်ထဲက ထွက်လာသည်။ မရီဒန်အကယ်ဒမီဘက်က ဆရာများကို ကြည့်ပြီး

"ကြိုက်တဲ့ တစ်ယောက် ထွက်လာခဲ့"

"စောက်ထင် ကြီးနေတယ်"

မရီဒန်အကယ်ဒမီဘက်က ဆရာများ ပေါက်ကွဲသွားသည်။ ငယ်ရွယ်သော ဆရာတစ်ယောက် လျှင်မြန်စွာ ထွက်လာသည်။ ပြိုင်ကွင်းထဲသို့ ကျည်ဆံတစ်ခုလို ပြေးဝင်လာသည်။

"ဝူကျဲ၊ သွေးလောင်ကျွမ်းခြင်း အဆင့်(၄)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

ချွင်

အခွံမပါသော ဓါးကွေး တစ်ချောင်းကို ကိုင်လိုက်သည်။

"ဆွန်းမို ၊ သွေးလောင်ကျွမ်းခြင်း အဆင့်(၄)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

ဆွန်းမိုက သစ်သားဓါးကို ဆွဲထုတ်လိုက်သည်။

“ဘယ်အဆင့်လဲ”

အေးစက်သော မျက်နှာဖြင့် ဘေးမှာရပ်ကြည့်နေတဲ့ ဂေါင်ပန်တစ်ယောက် အခုအခါ လုံး၀ အံ့အောသွားသည်။ (ငါပဲ နားကြားမှားတာလား။ ကန်တင်းမှာ အစမ်းခန့် ဆရာနှစ်ယောက်နဲ့ ရန်ဖြစ်တုန်းက သွေးလောင်ကျွမ်းခြင်း အဆင့်(၂) ပဲ ရှိပါသေးတယ်။ ဒါကလည်း လအနည်းငယ်ပဲ ကြာသေးတယ်။ အခု အဆင့်(၄)လား)

“ငါနားကြားမှားတာလား”

ဂေါင်ပန် တိုးတိုးလေး ရေရွတ်ပြီး ဘေးမှာရှိတဲ့ ကျန်းလန်ကို မေးလိုက်သည်။

"အဆင့်(၄)"

ကျန်းလန်က တိုတိုတုတ်တုတ် ပြန်ဖြေသည်။

ဂေါင်ပန် စကားမပြောနိုင်အောင် ဖြစ်သွားသည်။ ဒီအဆင့်တက်မှု အရှိန်က နည်းနည်း မြန်မနေဘူးလား။ ဆွန်းမိုက သင်ခန်းစာ မသင်ဘဲ တချိန်လုံး ကျင့်ကြံနေရင်တောင် ဒီလောက် မြန်မြန်ဆန်ဆန် တိုးတက်လာဖို့ မဖြစ်နိုင်ပါ။ အင်း ပါရမီရှင်တွေက တခြားလူတွေကို တကယ်စိတ်ပျက်စေတာပဲ။

ဆွန်းမိုရဲ့ လက်နက်ကို မြင်လိုက်လျှင် ဝူကျဲ မျက်မှောင် ကြုတ်သွားသည်။

“မင်းမှာ တခြား လက်နက်မရှိဘူးလား”

“သစ်သားဓါး သုံးရတာပဲ ကြိုက်တယ်”

ဆွန်းမို ပခုံးတွန့်ရင်း ပြန်ဖြေသည်။

“ကောင်းပြီလေ၊ မင်းရှုံးမှ အကြောင်းပြချက် မရှာနဲ့”

ဝူကျဲသည် စကားပြောပြီးနောက် မြွားတစ်စင်း ပစ်လွှတ်လိုက်သလို ပြေးဝင်သွားသည်။

လခြမ်း၏ အလင်းရောင်။

ရွှတ်စ် ရွှတ်စ် ရွှတ်စ်

ဝူကျဲသည် လက်ထဲက ခါးကြွေးနဲ့ ဆွန်းမိုကို အရိပ်ဆယ်ခုကျော် ဖုံးအုပ်သွားအောင် ဆက်တိုက် ခုတ်လိုက်သည်။

“ဘယ်လောက်တောင် သန်မာ လိုက်သလဲ”

ဒူရှောင် အံ့အောသွားသည်။ မရီဒန် အကယ်ဒမီမှ အမှောင်တိုက်ကြီးကို စေလွှတ်လိုက်တဲ့ ဆရာသည် ထင်ထားသည့် အတိုင်း အားနည်းတဲ့သူ မဟုတ်ပါ။

အမှန်တော့ ဒီလို လိုက်တိုက်ခိုက်မှုနဲ့ တိုက်ရိုက် ရင်ဆိုင်ကြုံတွေ့ နေရတဲ့သူက ဘေးမှာ ရပ်ကြည့်နေတဲ့ လူထက် ပိုကြောက်ဖို့

ကောင်းနေသည်။ အခုချိန်တွင် ဆွန်းမိုရဲ့ အမြင်အာရုံမှာ တလက်လက်တောက်နေပြီး ဘာမှ သဲသဲကွဲကွဲ မမြင်ရပါ။

ခါးကွေးသည့် နေရောင်ရဲ့ အလင်းပြန်မှုကြောင့် အရိပ်တွေ ထပ်ထွက်နေသည်။ ဆွန်းမိုတစ်ယောက် မမြင်နိုင် ဖြစ်နေသည်။

"ငါလို......"

အရင်တုန်းက ဆွန်းမိုသည် ညအခါ အိမ်ပြန်ရမှာ အကြောက်ဆုံးဖြစ်သည်။ တချို့လူတွေက မီးကြီး(ကားအပေါ်မီးထွန်းတာ)ကို အမြဲ အသုံးပြုတတ်ကြသည်။ မီးကြီးတွေက

မျက်လုံးတည့်တည့် ထိုးမိရင် မြင်ကွင်းတစ်ခုလုံး ပြာသွားပြီး လုံး၀ မမြင်ရအောင် ဖြစ်နေတတ်သည်။

ပြီးတော့ ဝူကျဲတိုက်ခိုက်မှုနဲ့ ယှဉ်လိုက်ရင် မီးကြီးတွေက ဘာဆိုဘာမှ မဟုတ်တော့ပါ။ အခုလောလောဆယ်တွင် ဆွန်းမိုတစ်ယောက် သူ့မျက်လုံးကို အလင်းအား အရမ်းကောင်းတဲ့ စူပါမီးကြီး ဆယ်လုံးနဲ့ ဝိုင်းထိုးနေသလို ခံစားနေရသည်။

ဆွန်းမို မပေါ့ဆ ရဲပါ။ မဖျက်ဆီးနိုင်သော ရွှေကိုယ်ထည်နဲ့ ကူးယူခြင်းကို အသက် သွင်းလိုက်သည်။ တစ်ခဏအတွင်းမှာပဲ သူ့ရဲ့ အချိန်များ နှေးကွေးသွားသည်။

မရေမတွက်နိုင်သော ဓါးအရိပ်များဖြင့် ပြည့်နေသော မူလမြင်ကွင်းသည် ခုအခါတွင် ရှင်းလင်းသွားသည်။ ဝူကျဲ ဘယ်ဘက်ကနေ ပေါ်လာတာကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။ ပြီးတော့ ဓါးအရိပ်ရဲ့ အရှိန်ကလည်း သိသိသာသာ လျှော့ကျသွားသည်။ အရင်ကလောက် ကြောက်ဖို့ မကောင်းတော့ပါ။

“ငါ အနိုင်ရပြီ”

ဝူကျဲက ဆွန်းမိုရဲ့ အပြောင်းအလဲကို မရိပ်မိပါ။ သူမြင်နေတာက မလှုပ်မရှားရပ်နေတဲ့ ဆွန်းမိုပဲ ဖြစ်သည်။ နှလုံးသားထဲတွင် အရမ်းပြင်းထန်သော ကျေနပ်စိတ်များ ပြည့်နေသည်။ တကယ်တော့ သူ့ရဲ့

ခွန်အားကို သာမန်သာ သတ်မှတ်လို့ရသည်။ သို့သော် သူတို့ရဲ့ ဘိုးဘေးတစ်ဦးက လရောင်ပြန် ဓါးကျင့်စဉ်ကို ရှာတွေ့ခဲ့တဲ့ အချိန်တွင် သူ့ရဲ့ ခွန်အားများ ပေါက်ကွဲထွက်လာသည်။ ဒီဓါးကျင့်စဉ်သည် အရမ်း အစွမ်းထက်လွန်းသည်။

ဝူကျဲက ဒီအကြောင်းအား ဘယ်သူကိုမှ မပြောခဲ့ပါ။ ဒါက ကောင်းကင်အဆင့် ကျင့်ကြံခြင်း ကျင့်စဉ် ဖြစ်သည်။ ဒါရဲ့ စွမ်းအားက အကန့်အသတ်မရှိပါ။

“ဖန်ဝူအန်၊ ငါက မင်းထက် မညံ့ဘူးကွ”

သူ့ရဲ့အကောင်းဆုံး တိုက်ခိုက်မှုကို ထုတ်လွှင့်ရင်း ဝူကျဲနှုတ်ခမ်းများ တွန့်သွားသည်။

မြက်ခင်း မြွေပွေး၏ အကိုက်

ရွှတ်စ်

ဓါးကွေးသည် သားကောင်ကို အမဲလိုက်နေသော မြက်ခင်းမြွေပွေးပုံစံ ထူးထူးခြားခြား ပြောင်းလဲသွားသည်။ သူက အဆိပ်ပြင်းသော လျှာကို တဖျတ်ဖျတ် လှုပ်ရှားရင်း ဆွန်းမိုလည်ပင်းဆီ တိုးဝင်သွားသည်။

‘ဆရာဝူရဲ့ ဓါးကျင့်စဉ်က အရမ်းထူးဆန်းတယ်”

"ဟုတ်တယ်။ ဆရာဝူနဲ့ တိုက်ခိုက်မဲ့အစား ဆရာဖန်နဲ့ပဲ တိုက်လိုက်ချင်တယ်"

"ဒါက အရမ်းကြောက်ဖို့ကောင်းတယ်။"

မရီဒန်အကယ်ဒမီက ဆရာများသည် ဝူကျဲရဲ့ တိုက်ခိုက်ရေးပုံစံကို အကြိမ်ပေါင်းများစွာ မြင်ခဲ့ပြီးပါပြီ။ ဒါပေမယ့် သူတို့ မြင်လိုက်တိုင်း ခေါင်းတွေ ကျိန်းလာသည်။ ချိုးဖျက်ရမည့် နည်းလမ်းကို တကယ် ရှာမတွေ့ခဲ့ရပါ။

ဖန်ဝူအန်နဲ့ တိုက်ခိုက်သည့် အခါမှာလည်း သူတို့အစွမ်းနဲ့ တိုက်ခိုက်ရမည့် အဆင့် မဟုတ်သောကြောင့် သူတို့ပဲ ရှုံးနိမ့်သွားနိုင်သည်။

ဒါပေမယ့် ဝူကျဲနဲ့ တိုက်ခိုက်ရရင် ဘယ်လို ရှုံးသွားမလဲဆိုတာ တောင် သိလိုက်မှာ မဟုတ်ဘူး။

“ ဆွန်းမို၊ အခုတော့ ခွေးတစ်ကောင်လို ပျာယာခတ်နေပြီ မဟုတ်လား။”

မရီဒန်အကယ်ဒမီက ဆရာတစ်ယောက်သည် ရယ်ပြီး ပြောလိုက်သည်။ ဒါပေမယ့် သိပ်မကြာခင် သူ့လည်ပင်းကို တစ်ယောက်ယောက် ဆွဲညှစ်လိုက်သလို ရယ်သံများ ရုတ်တရက် ပျောက်သွားသည်။

တိုက်ပွဲကို စိုက်ကြည့်ရင်း မျက်လုံး ပြူးနေသည်။

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ"

ဝူကျဲ၏ ဓါးကွေးက ဆွန်းမိုလည်ပင်းကို ထိခါနီးတွင် ဆွန်းမိုက လုံးဝ မရွေ့ဘဲ လက်ထဲမှ သစ်သားဓါးက ရုတ်တရုတ် ပေါ်လာပြီး ဓါးကွေးကို ပိတ်ဆို့လိုက်သည်။

ဒါတင်မကသေးဘူး သစ်သားဓါးက ဓါးကွေးကို ရိုက်ထုတ်လိုက်ကာ ရှေ့သို့ ဆက်တိုးလာပြီး ဝူကျဲရဲ့ နဖူးဆီ ပြေးဝင်လာသည်။

ကြက်သွေးရောင် နှုတ်ခမ်း

"ဘာ"

ဝူကျဲ အရမ်းတုန်လှုပ်သွားသည်။ ကမန်းကတန်း နောက်ပြန်ဆုတ်လိုက်ပြီး တိုက်ခိုက်တဲ့ ပုံစံကို ပြန်ဖွဲ့စည်းလိုက်သည်။ မြန်မြန်ဆန်ဆန် အောင်ပွဲခံချင်သော်လည်း အခုတော့ အရမ်း သတိထား လာရသည်။

ဒီအတွက်လည်း ဖြေရှင်းချက် မရှိပါ။ ဆွန်းမို ဘယ်လို ပြန်တုန့်ပြန်လဲဆိုတာ သူမမြင်နိုင်ပါ။ သို့သော်လည်း ဆွန်းမိုရဲ့ ဓါးကျင့်စဉ်က သူ့ထက်ပင် ပိုအဆင့်မြင့်နိုင်တာ မသိစိတ်က အလိုလို သိနေသည်။

"အရမ်းကောင်းတဲ့ ဓါးကျင့်စဉ်ပဲ"

ဆွန်းမို ချီးကျူးလိုက်သည်။ စတင်တိုက်ခိုက်ဖို့ စပြီး လုပ်လိုက်သည်။ နတ်ဘုရားမျက်စိ၏ အာရုံအောက်တွင် ဒီအရာက သာလွန်ကောင်းကင်အဆင့် ကျင့်စဉ်ဖြစ်ကြောင်း သိနေသည်။ ဒီအတွက်လည်း အားနာ နေစရာမလိုပါ။ ရှေ့ဟောင်းလောကနတ်က တစ်ဆင့် အမြန်ကူး ယူနေသည်။

လှပသော ယန်

ဆွန်းမိုပုံစံက သာလွန်ပြီး နားမလည်နိုင်သော ခံစားချက်ကို ပေးစွမ်းနေသည်။ သူ့ရဲ့ သစ်သားဓါးက တိုက်ခိုက်မှုရဲ့ အချက်အချာ နေရာ များကို ချိတ်ဆက်ထားသည်။

အမိန့်ဆယ့်ရှစ်ခု

ဖောက် ဖောက် ဖောက်

ဝူကျဲတစ်ယောက် တိုက်ခိုက်မှု အားလုံးကို မကာကွယ်နိုင်ခဲ့ပါ။ ဒါပေမယ့် ထိခိုက်မှုက သူထင်သလောက် မနာကျင်ခဲ့ပေ။

ဒီအဖြစ်အပျက်ကြောင့် ဝူကျဲ စိတ်အေးလက်အေး ဖြစ်သွားသည်။ ဒီတိုက်ခိုက်မှုက လူသတ်နိုင်တဲ့ အစွမ်းရှိပုံ မရဘူး။ သို့သော်လည်း သစ်သားဓါးထိ လိုက်တဲ့ နေရာတိုင်းတွင် ရွှေရောင်အလင်းတန်းများ ပေါ်လာပြီး သူ့ခေါင်းထက်တွင် ရွှေရောင် စာမျက်နှာ အဖြစ် စုစည်းနေတာ သူ မသိပါ။

စာစဉ်(၁၆)

အခန်း(၂၂၉) - မင်းအလှည့်ပဲ ဖန်ဝူအန်။

ဆွန်းမိုအတွက် အနည်းငယ် ထူးဆန်းနေသည်။ လက်ရှိ အခြေအနေသည် ငယ်ငယ်တုန်းက ကစားခဲ့သည့် စူပါမာရီရို ဂိမ်းလိုဖြစ်နေသည်။

ဓါတ်ကောင်က ပြေးပြီး အစွမ်းရတဲ့ မှို ရဖို့အတွက် အုတ်ခဲတွေကို ခေါင်းနဲ့ တိုက်နေသလို ဖြစ်နေသည်။

ဝူကျဲကို သစ်သားဓါး ထိမှန်နေတာနဲ့ အမျှ ရွှေရောင် စာမျက်နှာများ ပေါ်လာသည်။ အနည်းငယ် တောက်ပတာကလွဲလျှင် တခြား အသံသက်ရောက်မှုများ မရှိပါ။ ဒါပေမယ့် သစ်သားဓါးက ဝူကျဲ ခန္ဓာကိုယ်ကို ထိလိုက်မိလျှင် ထွက်လာတဲ့ အသံကလည်း မဆိုးပေ။ ရွှေရောက်တောက်ပနေတဲ့ သက်ရောက်မှုနဲ့

တထပ်ထပ်ဖြစ်နေတဲ့ အသံကို ဆွန်မို သဘောကျနေသည်။

ဆွန်းမို ငယ်ငယ်တုန်းက စူပါမာရီရို ဂိမ်းရဲ့ နာမည်ကို မသိပါ။ သူနဲ့ သူငယ်ချင်းတွေက မှိုစားတဲ့ ဂိမ်းလို့ ခေါ်ကြသည်။ ဒါကြောင့် အခုအဖြစ်ပျက်ကို ကြည့်ရတာ ပစ်မှတ်ရဲ့ ကျင့်စဉ်ကို ရိုက်ထုတ်နေရတဲ့အတွက် 'မှိုရိုက်တဲ့ ဂိမ်း' လို့ ခေါ်ရမည်။ နာမည်ခြင်း ဆင်တူသဖြင့် မှတ်ရလွယ်သည်။

အခုအချိန်မှာတော့ ဝူကျဲ တစ်ယောက် ထိတ်လန့်နေပြီး ဆွန်းမိုက အရမ်းတည်ငြိမ်နေသည်။

ဆွန်းမိုသည် လရောင်ပြန်ခြင်း ဓါးကျင့်စဉ်ကို ခွဲခြမ်းစိတ်ဖြာဖို့ နတ်ဘုရားမျက်စိ မသုံးထားသော်လည်း သူ့ရဲ့ အတွေ့အကြုံ အရ အကြမ်းဖြင်း ခန်းမှန်းနိုင်သည်။

ဒီကျင့်စဉ်သည် အရမ်းပြင်းထန်တဲ့ အရှိန်အဟုန်ကို သုံးကာ လက်နက်တစ်ခု အစွန်းမှ ရောင်ပြန်မှုကို အသုံးချကာ အမြင်လှည့်စားဖို့ အတွက်

ပုံရိပ်ယောင်တွေ ဖန်းတီးတဲ့ နည်းပညာ တစ်မျိုးဖြစ်သည်။

ကူရှုပ်ရှင်းလို ပါရမီရှင် တစ်ယောက်တောင် ဒီလိုကျင့်စဉ်နှင့် ထိပ်တိုက်ရင်ဆိုင်ရရင် ခက်ခက်ခဲခဲ ကိုင်တွယ်ရမည်။ ဒါပေမယ့် ဆွန်းမိုကတော့ မတူပါ။ သူက သဏ္ဌာန်မဲ့ မြင့်မြတ်စက်ကြာဝဠာ တတိယအဆင့်ကို သုံးလိုက်တာနဲ့ အရာအားလုံးက အနေးပြကွက်လို ဖြစ်သွားသည်။

ဝူကျဲက ဘယ်လိုပဲ စိတ်ကူးယဉ် ဆန်ဆန် ကျွမ်းကျင်နေပါစေ။ အရှိန်နှေးကွေးသွားတာနဲ့ လုံးဝ မခြိမ်းခြောက်နိုင်တော့ပါ။

“သန်မာလိုက်တာ”

မရီဒန်အကယ်ဒမီက ဆရာအားလုံး အရမ်းတုန်လှုပ် နေကြသည်။

ကျောင်းတွင် ဝူကျဲက တော်တော် နာမည်ကြီးသည်။ သူ့ရဲ့ ‘လရောင်ပြန်ခြင်း ဓါးကျင့်စဉ်’ ကို အနိုင်ယူဖို့ မဖြစ်နိုင်ဘူးဆိုပြီး ကျောင်းမှာ မသတ်မှတ်သော်လည်း ဝူကျဲက

အရမ်းကိုင်တွယ်ရခက်တဲ့ ပြိုင်ဘက်တစ်ယောက်တော့ ဖြစ်သည်။ အခုတော့ ဗဟိုပြည်နယ်အကယ်ဒမီမှ ဆရာအသစ်သည် လုံးဝ ဖိနှိပ်ထားခဲ့သည်။

"ဆရာဝူရဲ့ အားနည်းချက်ကို ရှာနိုင်တာလား"

"သူတို့ တိုက်ခိုက်နေတဲ့ အချိန်အတွင်းမှာ အားနည်းချက်ကို ရှာနိုင်တာက အရမ်းအထင်ကြီးဖို့ကောင်းတယ်"

"အန်ရှီဝေရဲ့ ခင်ပွန်းလောင်း ဖြစ်နေတာ မထူးဆန်းတော့ဘူး။ သူ့မှာ အရည်အချင်း တချို့ ရှိတယ်"

မရီဒန်အကယ်ဒမီက ဆရာများ ဆွေးနွေးနေရင်း သူတို့မျက်နှာပေါ်တွင် ဝေဖန်တဲ့ ပုံစံ မရှိကြတော့ပါ။

" သူ့မှာ အရည်အချင်းရှိတယ်ဆိုတာ မင်းတို့ ဘာပြောနေတာလဲ။ သူက အစွမ်းထက်တဲ့ ကျင့်စဉ်ကို အားကိုးနေလို့ပါ"

ဖန်ဝူအန်က ရှုတ်ချပြီး ပြောဆိုလိုက်သည်။ ဒီလို အချိန်မျိုးမှာ ကို့စိတ်ဓါတ်ကိုကိုယ် ထိခိုက်စေလို့

မဖြစ်ပါ။ ပါးစပ်ကသာ ရှုတ်ချနေသလို ပြောနေသော်လည်း စိတ်ထဲတွင် ဆွန်းမိုကို ရန်သူကြီး တစ်ယောက် အဖြစ် သတ်မှတ်ထားသည်။

"တောက်၊ အရမ်းအစွမ်းထက်တဲ့ ကျင့်ကြံခြင်း ကျင့်စဉ်ပဲ"

"ငါတို့ မှတ်မိတာ မမှားရင် ဆရာဝူရဲ့ ကျင့်ကြံခြင်းကျင့်စဉ်က သာလွန်ကောင်းကင်အဆင့် ကျင့်ကြံခြင်း ကျင့်စဉ် မဟုတ်လား။ သူ့ကို ဖိနှိပ်ထားနိုင်တယ်ဆိုရင် သူတော်စင်အဆင့် ကျင့်စဉ်ပဲ ဖြစ်လိမ့်မယ်"

"မင်းဘာတွေ ပေါက်ကရ ပြောနေတာလဲ။ သူတောင်စင်အဆင့် ကျင့်စဉ်က သင်ချင်တိုင်း သင်လို့ရမယ့် အရာမျိုး မှတ်နေလား"

မရီဒန်အကယ်ဒမီမှ ဆရာများ အချင်းချင်း အနည်းငယ် အငြင်းအခုန် ဖြစ်နေကြသည်။ ဆွန်းမိုကို ပြန်ကြည့်လိုက်သော သူတို့အကြည့်တွင် တုန်လှုပ်ခြောက်ချားမှုနဲ့ ပြည့်နေသည်။ ဒီလူက ရန်စလို့ကောင်းတဲ့ သူ မဟုတ်ဘူး။

ဝူကျဲ အရမ်း စိုးရိမ်လာသည်။ ပြန်တိုက်ခိုက်ဖို့ အခွင့်အရေးလည်း မမြင်နိုင်တော့ပါ။ ဒါကြောင့်

ဟာကွက်တစ်ခု တမင်သက်သက် ဖန်တီးလိုက်သည်။ ဒဏ်ရာရခဲ့ရင်တောင် ပြန်ပြီး စတိုက်နိုင်လိမ့်မည်။

သို့သော့်လည်း ဆွန်းမိုကို လှည့်စားလို့ မရပါ။ ဝူကျဲ လှုပ်ရှားလိုက်တာနဲ့ နောက်ကွယ်က အပြောင်းအလဲ အားလုံးကို ဆွန်းမို မြင်တွေ့နေရသည်။

ဒီခံစားချက်က တကယ် စိတ်ပျက်ဖို့ ကောင်းသည်။

"ဘောပဲ"

ဝူကျဲ ကျိန်ဆဲလိုက်သည်။ သူ ဆရာစ ဖြစ်တဲ့ အချိန်ကနေ အခုအထိ ဖန်ဝူဂျီကို မြန်မြန်ဆန်ဆန် ရုပ်ပျက်ဆင်းပျက် ရှုံးခဲ့တဲ့ အချိန်ကလွဲလျှင် အခုလို ရုပ်ပျက်ဆင်းပျက်နဲ့ သနားစရာ ကောင်းလောက်အောင် တစ်ခါမှ မဖြစ်ဖူးပါ။

"အို ဘာတွေ အာရုံထွေနေတာလဲ။ မင်းငါ့ကို အရမ်းအထင်သေး နေတာလား"

ဆွန်းမို အရမ်း စိတ်ဆိုးသွားသည်။

"မင်းကိုသာ အထင်သေးခဲ့ရင် အရင်ကတည်းက ပေါက်ကရ စကားတွေ ပြောနေမှာပေါ့"

ဝူကျဲ မျက်လုံးပြူး သွားသည်။ ဒါပေမယ့် သူ့စိတ်ထဲ အတွေးတစ်ချက် ပေါ်နေတုန်း မျက်စိတစ်မှိတ်အတွင်းမှာ သစ်သားဓါးတစ်ချောင်းက လည်ပင်းကို ခုတ်ထစ်လာသည်။

ဖောက်

ဝူကျဲ ကမန်းကတန်း ရှောင်လိုက်သည်။ လည်ပင်းက သီသီလေး ကပ်လွဲသွားသည်။ သို့သော် ပခုံး ထိမှန်ကာ အရမ်းနာကျင်သွားပြီး

နာကျင်မှုကို အံ့ကြိတ်ကာ တောင့်ခံ လိုက်ရသည်။ တစ်ချိန်တည်းမှာပဲ အနည်းငယ် ကြောက်လန့်လာသည်။

ဒါသာ ချွန်ထက်တဲ့ လက်နက်တစ်ခုဖြစ်ပါက ပခုံးတစ်ဝက်လောက် ဖြတ်ပစ်လိုက် ရမည်။

"မင်းတုန့်ပြန်မှု အရမ်းမြန်တယ်"

ဆွန်းမို ချီးကျူးလိုက်သည်။

"ဟွန့်၊ ငါ့ကို အာရုံလွဲဖို့ စကားလုံးတွေ သုံးနေတာ ငါသိတယ်။ အသုံးမဝင်ဘူး။ ငါက ဒီလို လှည့်ကွက်ထဲ ကျမှာ မဟုတ်ဘူး။"

ဝူကျဲသည် ဝိညာဉ်ချီ ၊ အာရုံနှင့် ချီတို့ကို လုံးဝ အာရုံစိုက်လိုက်သည်။

"ဒီလိုဆိုမှတော့ ငါကလည်း မင်းကို လရောင်ပြန်ကျင့်စဉ်ရဲ့ တကယ့်နာမည်က လရောင်ဖြာထွက်ခြင်း ဆိုတာ လူတိုင်းသိအောင် ပြေပြလိုက် ရမလား"

ဆွန်းမို ကျီစယ်လိုက်သည်။

"ဘာ"

ဝူကျဲ အမူအရာပျက်သွားပြီး ဆွန်းမိုကို အံ့အော ထိတ်လန့်စွာ ကြည့်လိုက်မိသည်။ ဆွန်းမိုက သူ့ရဲ့

ခါးကျင့်စဉ်နာမည်ကို တိတိကျကျ ပြောလာသဖြင့် လုံးဝ မမှားနိုင်ပါ။

ဝူကျဲက ခါးကျင့်စဉ်နာမည်ကို “လရောင်ပြန်ခြင်း ခါးကျင့်စဉ်’ ဆိုပြီး လူတိုင်းအား ပြောထားခဲ့သည်။ ဒါပေမယ့် ဆွန်းမို ခါးကျင့်စဉ် နာမည် အမှန်ကို ဘာကြောင့် တိတိကျကျ သိနေတာလဲ။ သူနဲ့ အရမ်းအကျွမ်းဝင် နေတာလား။

‘လရောင်ဖြာထွက်ခြင်း’ ကျင့်စဉ်သည် သူတို့ ကာလန်ရဲ့ အကောင်းဆုံးသော ရတနာဖြစ်ပြီး ဒီသာလွန်ကောင်းကင်အဆင့် ကျင့်စဉ်ကို မှီခိုကာ

သူတို့ ကလန် မြှင့်တက်လာခဲ့ခြင်း ဖြစ်သည်။ သူတို့ဘိုးဘေးသည် ကျွန်တစ်ဦး ဖြစ်ခဲ့ဖူးပြီး ဒီကျင့်စဉ်ကြောင့် နောက်ဆုံးတွင် အရာရှိကြီး တစ်ဦး ဖြစ်လာခဲ့သည်။ စည်းစိမ် အမြောက်အများကို စုဆောင်းနိုင်ခဲ့ကာ ထူးချွန်သော မျိုးဆက်များကို ပျိုးထောင်ခဲ့သည်။

ကလန်ထဲတွင်တောင် ပင်မမျိုးဆက်များသာ ကျင့်စဉ်ရဲ့ နာမည် အမှန်ကို သိကြသည်။

'သူဘယ်လို သိတာလဲ"

ဝူကျဲ အာရုံထွေသွားသဖြင့် တိုက်ခိုက်ရေး အစွမ်း တစ်ဝက်လောက် လျော့ကျသွားသည်။

"ငါတို့ နိုင်တော့မယ်'

ဝူကျဲ မျက်နှာပေါ်က အာရုံထွေနေမှုကို မြင်လိုက်လျှင် ကူရှုပ်ရှင်းသည် ဆွန်းမို နိုင်တော့မယ်ဆိုတာ သိလိုက်သည်။ သို့သော်လည်း သိပ်မကြာခင် သူမ မျက်မှောင် ကြုတ်သွားသည်။ အံ့အောတဲ့ အကြည့်တစ်ခု ပေါ်လာသည်။ ဆွန်းမိုက အခွင့်အရေးယူပြီး ပြင်းပြင်းထန်ထန် မတိုက်ခဲ့ပါ။

အဲဒီအစား အနိုင်ယူဖို့ ရည်ရွယ်ချက် မရှိသလို ပေါ့ပေါ့ပါးပါးသာ ဆက်တိုက်ခိုက်နေသည်။

ဆွန်းမို ပြသထားတဲ့ တိုက်ခိုက် ဉာဏ်ရည်ကြောင့် ဒီလောက် မပျော့ညံ့သင့်ပါ။ သူက လေ့ကျင့်အဖော်အဖြစ် ဝူကျဲကို ဖိနှိပ်နေရင်တောင် ဒါက လုံး၀ အဓိပ္ပါယ် မရှိပါ။

ဆွန်းမိုက 'လရောင်ဖြာခြင်း' ကျင့်စဉ် အပြည့်အစုံကို ကူးယူနေခြင်း သာဖြစ်သည်။ အချိန်

တော်တော်ကြာအောင် စောင့်ဆိုင်းပြီးနောက် ဝူကျဲကို နောက်တစ်ခေါက် တိုက်ဖို့ အခွင့်အရေး ပေးရမည်။

ညမှာ ငိုတဲ့ကျီးကန်း၊ ဆောင်းဦး အရောင်။

သစ်သားခါးသည် အရှေ့ဘက်သို့ စီးဆင်းနေသော မြစ်တစ်ခုလို အလျားလိုက် ထွက်သွားသည်။ သူ့ရဲ့ လမ်းကြောင်းတွင် နေဝင်ရီသရော အရောင်တစ်ခုနဲ့ ကမ္ဘာကြီးရဲ့ အညစ်အကြေးများကို သန့်စင်ပေးသော လှိုင်းလုံးကြီးများလို ဆင့်ကာဆင့်ကာ ရိုက်ခတ်သွားသည်။

ဝူကျဲသည် ဆွန်းမို၏ အစွမ်းထက်သော ဓါးချက်များအောက်တွင် ပိတ်မိနေသည်။ ပြင်းထန်တဲ့ မုန်တိုင်းတစ်ခုရဲ့ အလယ်ဗဟို ရောက်နေသလို ဖြစ်နေသည်။ သူ့မှာ ပုန်းစရာ နေရာမရှိတော့ပါ။

"ဘယ်လောက်တောင် အစွမ်းထက်တဲ့ ကျင့်စဉ်လဲ"

ပိုင်ရန်လီ၏ မျက်လုံး ပြူးကျယ်သွားသည်။ သူသည် တိုက်ပွဲရဲ့ အသေးစိတ် အချက်လေးတစ်ချက် လွတ်သွားမှာတောင် ကြောက်နေသည်။

ကျန်ကွမ်လင်သည် လက်သီးတင်းတင်း ဆုပ်ထားပြီး နှုတ်ခမ်းကို ကိုက်ကာ ဆွန်းမိုကို ကြည့်ရင်း မကျေမနပ် ဖြစ်နေသည်။ ဘာကြောင့်ဒီကောင် ဒီလောက် အစွမ်းထက်နေရတာလဲ။

ပြီးတော့ ကျင့်ကြံခြင်းကျင့်စဉ်က သူတော်စင်အဆင့်တွင် အမှန်တကယ် ရှိနိုင်သည်။ ဒါက အရမ်း မနာလို မုန်းတီး စရာကောင်းသည်။ ဒါပေမယ့် ဒီအချက်ကြောင့်ပင်

ဆွန်းမိုကို သတ်ချင်တဲ့ ကျန်ကွမ်လင်၏ ရည်ရွယ်ချက် ပိုခိုင်မာလာသည်။

ဝူကျဲသည် ဒီအတိုင်း ဆက်သွားနေလို့ မဖြစ်ဘူးဆိုတာ သိနေသည်။ ဒီလိုမှမဟုတ်ရင် သူသေချာပေါက် ရှုံးတော့မည်။ သူ့ကိုယ်သူ စိတ်ငြိမ်လာစေရန် လျှာကို ကိုက်လိုက်သည်။ ထို့နောက် သူ့ရဲ့ အကောင်းဆုံး ဝှက်ဖဲကို ထုတ်သုံးလိုက်သည်။

အေးမြသော လရောင်ဖြာခြင်း၊

ရှတ်စ်

ဝူကျဲရဲ့ လက်ကောက်ဝတ် တုန်ခါသွားကာ ဓါးကွေး လှုပ်ခါသွားသည်။ နွေးဦးပေါက်တွင် ရေညှိများ ဖုံးနေသော ကျောက်လှေကားထစ်နဲ့ တူနေသည်။ သူက စိတ်အေးပြီး တည်ငြိမ်နေသည်။ သတ်ပစ်ချင်တဲ့ ရည်ရွယ်ချက် အရိပ်ယောင်နဲ့ ဆွန်းမိုရဲ့ လည်ပင်းဆီ ဦးတည်ပြီး တိုက်ခိုက်လိုက်သည်။

ဆွန်းမိုက ဒါကို တစ်ချက်ကြည့်လိုက်ကာ ခါးကိုလှည့်ပြီး ခန္ဓာကိုယ်ကို အနောက်သို့ ယိုင်လိုက်သည်။

ရွှေကျောက်စိမ်း ခေါင်ရန်းပန်း

"အား"

ကျောင်းသားများ အလန့်တကြား ထအော်ကြသည်။ အထူးသဖြင့် မိန်းကလေးများ ဖြစ်သည်။ မကြည့်ရဲတဲ့အတွက် မျက်လုံးမှိတ် ထားကြသည်။ ဆွန်းမိုသုံးသပ်ချက်က မှားယွင်းသွားတဲ့ ပုံ ပေါ်နေသည်။ သူ့သစ်သားဓါးက လေထုကို ဖြတ်သန်းသွားသည်။

ဒါပေမယ့် ဝူကျဲရဲ့ ခန္ဓာကိုယ် ရုတ်တရက် ပေါ်လာတာ ကျောင်းသားများ တွေ့လိုက်ရသည်။ ဆွန်းမိုကို ခုတ်ချဖို့ စပြီး လုပ်လိုက်သည်။

ဘောင်း..

သစ်သားခါးက ဝူကျဲကို ထိမှန်သွားသည်။ ဝိညာဉ်ချီတွေက ဝူကျဲ၏ ရင်ဘက်အရှေ့မှာ ရွှေရောင်တောက်ပနေတဲ့ ခေါင်ရန်းပန်းကြီး အဖြစ် ပေါက်ကွဲသွားသည်။ ခေါင်ရန်းပန်းသည် ရုတ်တရက် အရွယ်အစား ကြီးထွားလာပြီး ဝူကျဲကို လုံးဝ ဖုံးအုပ်သွားသည်။

"ဘယ်လောက်တောင် ကြီးကျယ် ခမ်းနားတဲ့ တိုက်ခိုက်မှုလဲ"

ကူရှုပ်ရှင်း လက်ဖျား ခါသွားသည်။ ဒါက ကြီးကျယ်ခမ်းနားတဲ့ လက္ခဏာနဲ့ စိတ်ကူးယဉ် အငွေ့အသက်များ ပြည့်နှက်နေသည်။

အခုလက်ရှိတွင် ဆွန်းမိုသည် ရန်သူနဲ့ တိုက်ခိုက်နေတဲ့ ပုံစံနဲ့ မတူဘဲ နာမည်ကြီး ပန်းချီကားတစ်ချပ်ကို ကပြပြီး ရေးဆွဲနေသလို ဖြစ်နေသည်။

ဝူကျဲ သွေးတွေ အန်ထွက်ပြီး လဲ့ကျသွားသည်။ ဘုန်းကနဲဆိုတဲ့ ပေါက်ကွဲအသံနဲ့ အတူ မြေပေါ်မှာလဲနေပြီး သူ ကြောင်တောင်တောင် ဖြစ်နေသည်။

တကယ့်လက်တွေ့ရဲ့ ရိုက်ချက်က ပြင်းလွန်းသည်။ ဆွန်းမိုရဲ့ ဒီကျင့်စဉ်အပေါ် ရင်းနှီးကျွမ်းကျင်မှု အတိုင်းအတာသည် သူ့ထက် လုံးဝ မြင့်မားနေသည်။

အေးစက်သော လရောင်ဖြာခြင်းက ပြိုင်ဘက်ကို ရှုပ်ထွေးသွားစေရန် ရည်ရွယ်ပြီး ပုံရိပ်ယောင်များ

ထုတ်လွှင့်ခြင်း ဖြစ်သည်။ သို့သော်လည်း ဆွန်းမိုကို လှည့်စားလို့ မရခဲ့ပါ။ သူက တွေဝေခြင်းမရှိဘဲ ဝူကျဲကို တိကျစွာ တိုက်ခိုက်နိုင်ခဲ့သည်။

ဆွန်းမိုက သိသိသာသာကို သန်မာလွန်းသည်။

ဒင်

ဝူကျဲ၏လေးစားအထင်ကြီးမှု ၁၀။+ မှု)လ၁၀(၁၀၀/

ဝူကျဲခေါင်းပေါ်တွင် ရွှေရောင် စာရွက် မရှိတော့သဖြင့် ဆွန်းမိုက သူ့ကို ထပ်ပြီး တိုက်ခိုက်ဖို့ မလိုတော့ပါ။ ဆိုလိုချင်တာက ဆွန်းမိုသည်

'လရောင်ဖြာခြင်း ဓါးကျင့်စဉ်' ကို အပြည့်အဝ ကူးယူပြီးသွားပြီ။ တိုက်ပွဲ ရှုံးတာက အဆင်ပြေသေးသည်။ တသက်လုံး တစ်ခါမှ မရှုံးဖူးတဲ့လူမှ မရှိတာ။ သို့သော် ကလန်ရဲ့ အကောင်းဆုံး ကျင့်စဉ်ကို ပြင်ပက လူတစ်ယောက် တကယ် သိနေခဲ့သည်။

ဘယ်ပစ္စည်းပဲ ဖြစ်ဖြစ် လက်ဝါးကြီး မအုပ်ထားနိုင်ပါက တန်ဖိုး သိသိသာသာ လျော့ကျသွားမည်။

"အို ဟုတ်ပြီ။ ဆရာ နိုင်သွားပြီ"

ဗဟိုပြည်နယ်အကယ်ဒမီ က ကျောင်းသားများ ဝမ်းသာပျော်ရွှင်စွာ ခုန်ပေါက် အားပေးနေကြသည်။ ထင်ထားတဲ့ အတိုင်းပဲ ဆရာဆွန်းက အားကိုးလို့ရတဲ့သူ တစ်ယောက် ဖြစ်နေသည်။

ဒင်

"လေးစားအထင်ကြီးမှု အမှတ် စုစုပေါင်း ၇၆၉+ အမှတ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်ပြုပါတယ်"

'မင်းငါ့ကို နိုင်သွားပြီ"

ဝူကျဲ က အရှုံးကို ဝန်ခံလိုက်တာ မြင်လိုက်လျှင် ဆွန်းမိုကလည်း ဒီအတိုင်း မထားခဲ့ပါ။ နှိမ့်ချစွာ ပြန်ပြောပြီးနောက် ဘယ်လက်ကို ဝှေ့ယမ်းလိုက်သည်။

ကောင်းကင်မှာ အမွှေးအတောင် တစ်ခုလို လွင့်မျောနေသော ရွှေရောင်စာရွက်များသည် ချက်ခြင်း ပျံတက်သွားပြီး သူတို့ကိုယ်သူတို့ ဖိနှိပ်ကာ ရွှေရောင်စာအုပ် အဖြစ်ဖွဲ့စည်းသွားသည်။

ဒင်

“ သာလွန်ကောင်းကင်အဆင့် ‘လရောင်ဖြာခြင်းကျင့်စဉ်’ ၏ ပြည့်စုံတဲ့ ဗားရှင်း ရရှိခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။”

ဒီစကားကို ကြားပြီးနောက် ဆွန်းမို လေချွန်လိုက်သည်။ သူ အရမ်းကျေနပ်သွားသည်။ အခုတော့ သူ နောက်တစ်ကြိမ် သန်မာလာပြန်ပြီ။

“ဘယ်ဘက်လက် ဝှေ့ယမ်းလိုက်တဲ့ အဓိပ္ပါယ်က ဘာလဲ”

ကျောင်းသားတချို့ နားမလည်ကြပါ။

“အောင်ပွဲခံတဲ့ စတိုင်တစ်ခု ဖြစ်နိုင်တယ်”

လီဇီချီက လက်ခုပ်တီးနေသည်။ ထို့နောက် ရုတ်တရက် ခေါင်းလှည့်ပြီး လုချီဟွာကို ကြည့်လိုက်သည်။

"မင်းဘာဖြစ်နေတာလဲ"

သဘော်သီး ကောင်မလေးသည် ဆွန်းမိုရဲ့ အမာခံ ပရိတ်သတ်ဖြစ်သည်။ ဒီလိုမျိုး အောင်ပွဲရသွားရင် ပုံမှန်သာဆိုပါက လက်ခုပ်တီးပြီး အကျယ်လောင်ဆုံး အားပေး နေတတ်သည်။ ဒါပေမယ့် ဒီတစ်ခေါက်မှာ တစ်ခုခုကို လှည့်ပတ်ရှာနေသလို ဖြစ်နေသည်။

"တစ်ယောက်ယောက်က ငါတို့ကို ချောင်းကြည့်နေတယ်လို့ ခံစားရတယ်"

လုချီဟွာက လက်မောင်းနှစ်ဖက်ကို ပွတ်လိုက်သည်။ မသိရင် အရေပြားပေါ်တွင် ပင့်ကူတစ်ကောင် သွားနေသလို ခံစားရပြီး နောက်ဆုံးတွင် ဆံပင်တွေ ထောင်လာသည်။

လီဇီချီ မျက်မှောင် ကြုတ်သွားသည်။ ဒီကိစ္စက ကိုင်တွယ်ဖို့ မလွယ်ပါ။

" အခု မင်းအလှည့်"

ဆွန်းမိုက အဝေးတွင် ရပ်နေသော ဖန်ဂူအန်ဆီ ခါးညွှန်ပြရင်း စိန်ခေါ်လိုက်သည်။

ဆူညံနေသော လူအုပ်ကြီး ချက်ခြင်း တိတ်ဆိတ်သွားသည်။ သူတို့အကြည့်များက မျှော်လင့်ချက်များနဲ့ ပြည့်လာသည်။ ဒါက ကျွမ်းကျင်သူတွေ ကြားက တိုက်ပွဲပါ။ စောင့်ကြည့်လေ့လာရုံနဲ့ သူတို့အတွက် အထောက်အကူ ကြီးကြီးမားမား ဖြစ်နိုင်သည်။

ဆရာတွေတောင် အာရုံစိုက်နေကြသည်။

ဖန်ဝူအန်သည် အရင်ကလို ပေါ့ပေါ့ပါးပါး မဟုတ်တော့ပါ။ သူသာ ပေါ့ပါ့ပါးပါး ဆက်နေမယ်ဆိုရင် ဆွန်းမိုရဲ့ တကယ့်ခွန်အား အစစ်အမှန်ကို မသုံးသပ်နိုင်သလို ဖြစ်နေမည်။

ကျွမ်းကျင်သူများနဲ့ ဆုံလာရင် သူတို့နဲ့ ထိုက်တန်သော လေးစားမှုအချို့ကို ထုံးစံအတိုင်း ပြရမည်။

"ဆရာဆွန်း၊ ထားလိုက်တော့ ပြန်လာလို့ ရပြီ"

အခြေအနေတွေ ထိန်းမနိုင် သိမ်းမရ ဖြစ်မလာခင် ဂျိမဲဂျဲက တိုက်ပွဲရပ်တန့်ဖို့ ရုတ်တရက် ပြောလိုက်သည်။

"ဆရာဖန် ၊ ငါတို့ ကျောင်းသားတိုက်ပွဲ ရှုံးခဲ့တယ်။ ရေပူစမ်းကို မင်းတို့ ယူလိုက်ပါ"

စာစဉ်(၁၆)

အခန်း(၂၃၀) - ရှေ့ပေါင်းနဂါး ဖမ်းတဲ့လက်၊ အံ့ဖွယ်တစ်ပါး။

“ မင်းတို့ကောင်တွေ ကြောက်နေတာလား”

မရီဒန် အကယ်ဒမီဖက်မှ ဆရာတစ်ဦး လှမ်းအော် လိုက်သည်။

“မင်းတို့ တိုက်ချင်နေရင် မင်းတို့ခေါင်းဆောင်ကို လှမ်းခေါ်လိုက်ပါ။ ငါ သူနဲ့ တိုက်မယ်”

ဂျိမ်ဂျဲက အေးစက်တဲ့ လေသံနဲ့ ပြောလိုက်သည်။ ဆွန်းမိုက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ရတနာဖြစ်ပြီး ဒီလိုနေရာမှာ အလဟသသုံးလို့ မဖြစ်ပါ။

အရိုးစုဆောင်းရတာကို ကြိုက်တဲ့ လှတပတ ဆရာမလေး၏ အမြင်တွင် ဆွန်းမိုက ဒီတိုက်ပွဲကို သေချာပေါက် နိုင်လိမ့်မည်။ ဒါပေမယ့် ဒီအနိုင်က သူ့အတွက် အကျိုးမရှိပါ။ အများဆုံးမှ သူ့ဂုဏ်သတင်း အနည်းငယ် တိုးတက်လာတာပဲ ရှိမည်။ ဒါပေမယ့်

တခြားကျောင်းတွေက ဆွန်းမိုကို သတိထားမိသွားလိမ့်မည်။

အခုလက်ရှိတွင် ဂျိမ်ဂျဲ စိတ်ထဲမှာ ဆွန်းမိုက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဝှက်ဖဲ တစ်ချပ်ဖြစ်လာပြီ။ လိဂ်ပြိုင်ပွဲ စမ်းသပ်မှုတွင် ပြတ်ပြတ်သားသား အနိုင်ယူဖို့ သူ့ကို အသုံးပြုရမည်။

ကျောင်းသားအသစ်တန်း ပြိုင်ပွဲအတွက် ဒီနှစ်မှ ကျောင်းသို့ ဝင်လာတဲ့ ကျောင်းသားအသစ် (၂၀) လိုရုံသာမက ဆရာများအတွက်လည်း ကန့်သတ်ချက် ရှိသည်။ ဆရာများသည် သင်ကြားရေးအတွေ့အကြုံ နှစ်နှစ်ထက် မပိုရပါ။ မြတ်ဆရာဘွဲ့လည်း ရထားသူ မဖြစ်ရပါ။

သူတို့အသက်က ၂၂ နှစ်ထက်လည်း မကြီးရပါ။

ကျောင်းတစ်ကျောင်း သန့်မာလာဖို့ အတွက် ကျောင်းသားများ အပေါ်တွင် မူတည်သလို ကျောင်းက ဆရာများ ပိုင်ဆိုင်မှုသည်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်သည်။ ဒါကြောင့် ကျောင်းအသီးသီးသည် ထူးချွန်တဲ့ ဆရာများကို ငမ်းငမ်းတက် လိုချင်ပြီး ခေါင်းအမဲလိုက်ဖို့ အတွက်လည်း ငွေအများကြီး ကျေကျေနပ်နပ် သုံးစွဲကြသည်။

ဒီစကားကို ကြားလိုက်လျှင် ဗဟိုပြည်နယ်က ဆရာများ အရမ်း မနာလို ဖြစ်သွားသည်။ ဂျိမဲဂျဲသည်

ဆွန်းမိုကို တကယ် ကာကွယ်နေသည်။ သူ့အတွက်ကြောင့် တစ်ဖက်က အုပ်စုခေါင်းဆောင်နဲ့ တိုက်ဖို့လဲ ဂရုမစိုက်ပါ။

ကြယ်သုံးပွင့် မြတ်ဆရာအဆင့်ကို ရောက်သွားတဲ့သူ အများစုသည် အထူးသဖြင့် အရမ်းစိတ်ဝင်စားခြင်း ဒါမှမဟုတ် ဂုဏ်သိက္ခာနဲ့ မပက်သက်မခြင်း ဘာမှမလုပ်ကြပါ။ နောက်ဆုံးတော့ မြတ်ဆရာများသည် ယဉ်ကျေးတဲ့လူလို့ ကြွေးကြော်ရတာ သဘောကျတတ်ကြသည်။

သူတို့သည် တိုက်ပွဲတွင် အနိုင်ရရန် မကျိန်းသေပါက အနည်းနဲ့ အများ

ကြိုတင်ပြီး သတိထားကြသည်။ နောက်ဆုံး သူတို့ အနိုင်ရခဲ့ရင်တောင် မျက်နှာမှာ ဒဏ်ရာတွေနဲ့ ဆိုရင် အရမ်းရှက်ဖို့ကောင်းသည်။

မရီဒန်အကယ်ဒမီက ဆရာတစ်ယောက်သည် ဆွန်းမိုကို လှောင်ပြောင်ပြီး ဆွန်းမို ထွက်လာဖို့ ဖိအားပေးခဲ့သော်လည်း ဂျီမဲဂျဲက တားခဲ့သည်။

“မေ့လိုက်တော့။ သွားကြမယ်”

ဖန်ဂူအန်၏ ရည်ရွယ်ချက်သည် ဆွန်းမိုကို အနိုင်ယူဖို့ မဟုတ်ဘဲ ဖျက်ဆီး ပစ်ဖို့ပဲ ဖြစ်သည်။ ဂျီမဲဂျဲနဲ့ ဆွန်းမိုတို့ ဘယ်လောက်ရင်းနီးသလဲ ဆိုတာ မြင်ပြီးနောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုအန္တာရာယ် ဖြစ်လာခဲ့ရင် ဂျိမဲဂျဲက ကျိန်းသေပေါက် ထွက်လာပြီး ကယ်တင်လိမ့်မည်။

ပြီးတော့ ခုနတုန်းက ဆွန်းမိုရဲ့ စွမ်းဆောင်ရည်ကို ကြည့်လိုက်လျှင် အနိုင်ရဖို့အတွက် ခွန်အား အနည်းငယ် လိုအပ်သေးသည်။

သူ့ကို အဆုံးသတ်ဖို့ နောက်ထပ်အခွင့်အရေး ရှာတာ ပိုကောင်းမည်။

မရီဒန်အကယ်ဒမီက ကျောင်းသားများနှင့် ဆရာများသည် သက်တောင့်သက်သာ အရှိဆုံး ရေကန်နေရာသို့ မောက်မာစွာ ထွက်သွားကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာသရိကိန်း)

ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားများ၏ အမူအရာသည် အနည်းငယ် ပုတ်သိုးနေသည်။ ဘယ်သူမှ အရှုံးမပေးချင်ကြပါ။ သူတို့ထဲက တချို့သည် အရင်တုန်းက မရီဒန်အကယ်ဒမီကို ဘာကြောင့် မလျှောက်ခဲ့မိတာလဲ ဆိုပြီး နောင်တ ရနေကြသည်။ ဆွန်းမို လှည့်ကြည့်လိုက်တော့ ကျုံရှန်ရီသည် တန်လူအား ကုသနေတာ မြင်လိုက်သည်။ အနည်းငယ် မျက်မှောင်ကြုတ်ကာ လျှောက်သွားသည်။

"သူ့ဒဏ်ရာ အရမ်းပြင်းလား"

ကျုံရှန်ရီသည် တန်လူကို တစ်ချက်ကြည့်လိုက်ပြီး ဘာမှတော့ မပြောပါ။

"ဆရာ၊ မင်းပြောလို့ ရပါတယ်။ ငါ့ခံနိုင်ရည်က အားမနည်းပါဘူး"

တန်လူက ဖြစ်ညှစ်ပြီး ပြုံးရင်း ပြောလိုက်သည်။

"ဆရာကျုံ၊ သူဘယ်လောက်ကြာမှ လမ်းလျှောက်နိုင်မှာလဲ"

ဂျိမဲဂျဲက မေးသည်။ တန်လူ လမ်းမလျှောက်နိုင်ရင် အစီအစဉ် ပြောင်းပြီး တန်လူကို အရင်ပြန်လွှတ်ရမည်။

"အနည်းဆုံး သုံးလ"

ကျုံ့ရှန်ရီက သက်ပြင်းချလိုက်ပြီး လက်ခံရ ခက်တဲ့ နံပါတ်တစ်ခု ပြောလိုက်သည်။

"ဘာ"

တန်လူ အရမ်းတုန်လှုပ်သွားပြီး ချွေးတွေ စို့ရွဲလာသည်။

"ဘာလို့ ဒီလောက်ကြာမှာလဲ"

တန်လူသည် လိဂ်ပြိုင်ပွဲတွင် အဲ့အောဖွယ် စွမ်းဆောင်ရည် ပြသဖို့ ပြင်ဆင်ထားသည်။ တကယ်လို့ သူသာ သုံးလလောက် အိပ်ရာထဲ လှဲပြီး မကျင့်ကြံနိုင်ရင် ပြိုင်ပွဲတောင် ဝင်ပြိုင်ခွင့် မရနိုင်ပါ။

"ကျောင်းသားရဲ့ တိုက်ခိုက်မှုက ရက်စက်လွန်းတယ်။ ပြီးတော့ မင်းရဲ့ အရိုးတချို့လည်း ကွဲအက်သွားပြီ"

ကျုံရှန်ရီက ရှင်းပြလိုက်သည်။

ဒီစကားကို ကြားလိုက်လျှင် လူတိုင်း စိတ်မကောင်း ဖြစ်သွားသည်။

"ဆရာကျုံ၊ ကျွန်တော် တောင်းပန်ပါတယ်။ ကျေးဇူးပြုပြီး အဖြေတစ်ခုခုလောက် ပြောပေးပါလား။ ငါ...ငါ..."

တန်လူ မျက်ရည်ကျလာပြီး စကားဆက် မပြောနိုင်တော့ပါ။ မျက်ရည်တွေပဲ အဆက်မပြတ် စီးကျနေသည်။

"ငါ တစ်ချက်လောက် ကြည့် ကြည့်မယ်။"

ဆွန်းမို ဆောင့်ကြောင့်ထိုင်ချလိုက်ကာ တန်လူ၏ ခြေထောက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

"ဆရာ"

တန်လူ ဝမ်းသာသွားသည်။ (ဆရာဆွန်းကို နတ်ဘုရားလက်လို့ ခေါ်ကြတယ်။ သူ့မှာ သေချာပေါက် အဖြေရှိလိမ့်မယ်)

ဆွန်းမို လှုပ်ရှားနေရင်း ကျွမ်းကျင်အဆင့် အရိုးအထိုင်ချခြင်း နည်းစနစ်ကို အသုံးပြုလိုက်သည်။ ဒီအနှိပ်နည်းစနစ်ကို ရပြီးကတည်းက တစ်မှ အသုံးမပြုရသေးပါ။ ဒါက ပထမဆုံးအကြိမ် အသုံးပြုခြင်း ဖြစ်သည်။

"ဘယ်လိုနေလဲ"

ဂျိမ်ဂျဲက မေးလိုက်သည်။

"အရိုးကွဲနေတာ အများကြီးပဲ"

ဆွန်းမိုက ခေါင်းငုံ့ပြီး စစ်ဆေးလိုက်သည်။ တန်လူ၏ ခြေကျင်းဝတ်သည် ပုံမှန်မဟုတ်ဘဲ အနည်းငယ် လိမ်နေရုံသာမက ပေါင်အောက်ဘက်နှင့်

ခြေဖနောင့်များ ရောင်ရမ်းလာတာ သူသတိထားမိသည်။

ခေတ်သစ်ကမ္ဘာတွင် အရိုးကျိုးပါက ကုသ၍ မရဘဲ တစ်သက်လုံး ဘီးတက်ကုလားထိုင်နဲ့ နေသွားရမည်။ ကံကောင်းထောက်မစွာ သူတို့သည် အလယ်ကမ္ဘာတွင် ဖြစ်နေသည်။

"ကုသလို့ ရမလား"

ဂျိမ်ဂျဲသည် ဒီအခြေအနေကို နားမထောင်ချင်တော့ပါ။

"ရတယ်"

ထိုသို့ ပြောပြီးနောက် ဆွန်းမိုသည် အသက်ခပ်ပြင်းပြင်း တစ်ချက်ရှူကာ အရိုးဆက်ခြင်း နည်းစနစ်ကို စတင်အသုံးပြုလိုက်သည်။ တကယ်လို့ ဆွန်းမိုသာ တန်လူကို မကုသနိုင်ပါက ကျောင်းသားများ စိတ်ထဲတွင် အကျိုးသက်ရောက်မှု ဖြစ်သွားနိုင်သည်။

"အ"

ဆွန်းမို ခေါင်းငုံ့ပြီး ဝိညာဉ်ချီ လည်ပတ်လိုက်ပြီး လက်ဖဝါးတွင် စုစည်းလိုက်သည်။ အဖြူရောင် အလင်းတန်းများ ချက်ခြင်း တောက်ပလာပြီး တန်လူ၏ ခြေကျင်းဝတ်ကို စနှိပ်လိုက်သည်။

"အ"

တန်လူရဲ့ခြေကျင်းဝတ် အရမ်းနာကျင်နေပြီး ဆွန်းမိုရဲ့ လက်ထဲက လွတ်မြောက်အောင် ခြေထောက်ကို အလိုလို ပြန်ဆွဲထုတ်နေမိသည်။

"လူနှစ်ယောက် က သူ့ကို ဖိထား"

ကျုံရှန်ရီက တန်လူ၏ခန္ဓာကိုယ်ကို ဖိထားရင်း နောက်ထပ် ကျောင်းသားနှစ်ယောက် လာကူဖို့ ပြောလိုက်သည်။

"လူတိုင်းထွက်သွား။ ဒီမှာ ဝိုင်းအုံပြီး ကြည့်မနေနဲ့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိမ်ဂျဲက ဆွန်းမို အေးအေးဆေးဆေး ကုပေးနိုင်အောင် လူတိုင်းထွက်သွားဖို့ ပြောခဲ့သည်။

ကျောင်းသားများက မလှုပ်မယှက် မတ်တပ် ရပ်နေကြသည်။

သူတို့သည် တန်လူနဲ့ မရင်းနှီးသောကြောင့် သူ့အပေါ် အနည်းငယ်သာ စာနာဖြစ်သည်။ သို့သော် ဆွန်းမိုရဲ့ နတ်ဘုရားလက်ကို မြင်ချင်ကြသည်။

ဆွန်းမိုသည် ပတ်ဝန်းကျင်ရဲ့ လှုပ်ရှားမှုကို ဂရုမစိုက်နိုင်တော့ပါ။

သူသည် အရိုးအထိုင်ချခြင်း နည်းစနစ်ကို ကျွမ်းကျင်အဆင့်သာ ကျွမ်းကျင်သေးသည်။ ဂျင်းနီရဲ့

အကူအညီသာ မပါ ပါက သူ့ကိုယ်သူသာ အားကိုးကာ တဖြည်းဖြည်း ကုသပေးရမည်။ ခြေကျင်းဝတ်ရှိ အရိုးသည် မကြီးမားသော်လည်း လူ့ခန္ဓာကိုယ်အတွက်တော့ အရေးကြီးသည်။ သူတို့က အရမ်းနုနယ်သည်။ ဘတ်စ်စကပ်ဘောသမားနှင့် ဘောလုံးသမားများသည် ဒီနေရာတွင် ဒဏ်ရာရမှာ အရမ်း ကြောက်ကြသည်။

တကယ်လို့ သူတို့ရဲ့ ခြေကျင်းဝတ်မှာ ပြင်းပြင်းထန်ထန် ထိခိုက်မိပြီး ဒဏ်ရာ ပြန်သက်သာလာရင်တောင် ပေါက်ကွဲအားနှင့် အရှိန်တော့ ထိခိုက်သွားနိုင်သည်။ တချို့

အားကစားသမားတွေဆို ကြို့ပြီး အနားယူသွားရသည်။

ဒါကို အနှိပ်လို့ ခေါ်သော်လည်း ဆွန်းမိုအခု လုပ်ဆောင်နေတာက အနှိပ်ဆိုပြီး သတ်မှတ်လို့ မရတော့ပါ။ ကွဲထွက်နေသော အရိုးအစိတ်အပိုင်းများကို အရိုးအထိုင်ချခြင်း နည်းစနစ်နဲ့ စုစည်းနေသည်။

ကျုံ့ရှုန်ရီ မျက်ခုံး တော်တော်တွန့်သွားသည်။ ဒီလို အရိုးကျိုးသွားရင် ကျွမ်းကျင်တဲ့ ဆရာဝန် ကုသရင်တောင် ခွဲစိတ်ပြီး ကုသရသည်။ ဆွန်းမိုက နှိပ်ပေးရုံနဲ့ ဘယ်လိုကုသမလဲ ဆိုတာ သူ နားမလည်နိုင် ဖြစ်နေသည်။

အရမ်းခက်ခဲမှာတော့ အမှန်ပဲ။ ခြေကျင်းဝတ်ရှိ အရိုးများ ကျိုးသွားရင် ကွဲအက်သွားသော ကိတ်မုန့် တစ်ပိုင်းလို ဖြစ်နေမည်။ အပိုင်းအစများကို ပြန်ပေါင်းနိုင်သော်လည်း အပျက်အစီးများကို ခွဲထုတ်လို့ မရပါ။

သူဘာလုပ် သင့်လဲ။

ဆွန်းမိုသည် အရိုးအထိုင်ချခြင်း နည်းစနစ်နဲ့ အရိုးများလှုံ့ဆော်ပြီး အရိုးကျိုးပေါင်းတက်ခြင်း ပိုမြန်ဆန်လာအောင် လုပ်နေသည်။

လုပ်ငန်းစဉ် တစ်ခုလုံး တော်တော်ကြာသည်။ ဆွန်းမိုရဲ့ ကျွမ်းကျင်မှုအဆင့်သည် ကျွမ်းကျင်

အဆင့်သာ ရှိသေးသောကြောင့် ကုသတဲ့ဖြစ်စဉ်က နှစ်နာရီ ကြာသွားသည်။

ဆွန်းမို၏ လက်များက အဖြူရောင် အလင်းတစ်ခု ဖုံးလွှမ်းနေပြီး တန်လူရဲ့ ခြေကျင်းဝတ်ကို ပွတ်သပ်နေတာ ကျောင်းသားများ မြင်နေရသည်။ ဆန်းသစ်မှု နည်းသောကြောင့် စိတ်ဝင်စားမှု နည်းလာသည်။

"ဆရာ"

လီဇီချီသည် ဆွန်းမိုရဲ့ဘေးတွင် တစ်ချိန်လုံးရှိနေပြီး ရံဖန်ရံခါ ဆွန်းမို နဖူးက ချွေးများကို သုတ်ပေးနေသည်။

"လုပ်နိုင်လား"

ကူရှပ်ရှင်း စိတ်ပူနေသည်။ ဆွန်းမို မျက်နှာအမူအရာ ဖြူဖျော့နေတာ မြင်နေရသည်။ ဒါက ဝိညာဉ်ချီ အသုံးအစွဲလွန်နေတဲ့ လက္ခဏာ ဖြစ်သည်။

"မင်းယောကျ်ားတစ်ယောက်ကို လုပ်နိုင်လား ဘယ်တော့မှ မမေးနဲ့"

ဆွန်းမိုက ပြုံးပြီး တုန်လှုပ်ခြောက်ချားနေတဲ့ တန်လူကို ကြည့်လိုက်သည်။ ထို့နောက် နှစ်သိမ့်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"စိတ်မပူနဲ့။ ကုသပြီးသွားရင် မင်းအရင်အတိုင်း ကျန်းမာနေဖို့ အာမခံတယ်"

ကြီးမားသော အရိုးများ ပေါင်းစပ်သွားသည်။ သူက အရိုးကြီးထွားနှုန်းကို လှုံ့ဆော်ပေးပြီးနောက် လိုအပ်တဲ့ ကွက်လပ်များကို ဖြည့်ပေးခဲ့သည်။ ကွက်လပ်တွေ ကုန်သွားပြီးနောက် အက်ကြောင်းများကို စတင်ပြီး ပိတ်လိုက်သည်။

ဘယ်ခြေထောက်၏ အရိုးတစ်ခုလုံး ပြန်လည်ကြီးထွားလာတဲ့အခါ ဆွန်းမိုသည် အနှိပ်ရဲ့ ပြင်းထန်မှုအဆင့်ကို တိုးလိုက်သည်။ ကြွက်သားများကြားတွင် ရှိနေသော အရိုးများ ပျောက်ကျသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ဒါတွေအားလုံး လုပ်ပြီးသွားတဲ့ အချိန်တွင် သုံးနာရီကျော်သွားသည်။ သို့သော် ကုသမှုက မပြီးသေးပါ။ လည်ပတ်ခြင်း နည်းစနစ်ဖြင့် ရောင်ရမ်းခြင်းနှင့် ပျက်စီးသွားသော စွမ်းအင်လမ်းကြောင်းများကို မူလအခြေအနေ ပြန်ရောက်သွားအောင် လုပ်လိုက်သည်။

ဒီအဆင့်ကို ပြီးတဲ့နောက် ဆွန်းမိုသည် သက်ရှင်သွေး နည်းစနစ် နှင့် ကြွက်သားပြုပြင်ခြင်းနည်းစနစ်ကို ကူးပြောင်းပြီး အသုံးပြုလိုက်သည်။

ဘုန်း

ဂျင်းနီ ပေါ်လာသည်။

"ဘာကြီးလဲ"

ကျုံ့ရှုန်ရီ မူးလဲမလို ဖြစ်သွားသည်။ သို့သော် သူက ဗလခပ်တောင့်တောင့်နဲ့ စိတ်ကူးယဉ် ဆန်တဲ့ အငွေ့အသက်တွေ ပြည့်နေတဲ့ ဂျင်းနီကို မြင်ပြီး အရမ်းတုန်လှုပ်သွားကာ အံ့ကြိတ်ရင်း အလိုလို ကျောခိုင်းလိုက်မိသည်။

"မလန့်ကြပါနဲ့။ ငါရဲ့ အဖော်ပါ"

ဆွန်းမိုက ခပ်မြန်မြန် ရှင်းပြလိုက်သည်။ ဂျင်းနီထွက်လာသဖြင့် သူအသက်ရှူ ချောင်သွားသည်။

“ဒါ……ဒါ’

ကူရှပ်ရှင်းသည် မျက်စိကြီးပြူးပြီး ပါးစပ်အဟောင်းသား ဖြစ်နေသည်။ ထူးဆန်းတဲ့အဝတ်အစား ဝတ်ထားတဲ့ ဒီလူ၏ အောက်ပိုင်းသည် ဝိညာဉ်ချီ ပုံစံဖြစ်နေပြီး ဝိညာဉ်ချီ အမျှင်တန်းကာ ဆွန်းမို လက်နဲ့ ချိတ်ဆက်ထားသည်။။ ဒါက တကယ် ဆန်းကြယ်လွန်းသည်။

“ဒါက နတ်ဘုရားလက်ရဲ့ တကယ့်စစ်မှန်တဲ့ နက်နဲမှု ဖြစ်နေမလား”

ကျုံရှန်ရီ ခန့်မှန်းလိုက်သည်။

"ဆရာဆွန်း၊ မင်းရဲ့ အနှိပ်နည်းစနစ်က သူတော်စင်အဆင့် ကျင့်စဉ်လား"

ကူရှုပ်ရှင်း သိချင်နေသည်။ ဒီလိုအရာတွေ ဆင့်ခေါ်နိုင်တဲ့ အနှိပ်နည်းစနစ်ကို တစ်ခါမှ မကြားဖူးပါ။

"ဘာ အနှိပ်ပညာလဲ။ ဒီနည်းစနစ်ကို အရူက်ခွဲနေတာလား။ ဒါက သေချာပေါက် လျှို့ဝှက် အမှောင်နည်းစနစ်ပဲ။"

ကျုံရှန်ရှီက ပြန်ချေပ လိုက်သည်။ ဆရာဝန် တစ်ယောက်အနေနဲ့ တန်လူ ခြေထောက်က ရောင်ရမ်းမှုများသည် မျက်လုံးနဲ့ မြင်နိုင်အောင်

လျှော့ကျလာပြီး မူလအခြေအနေ နီးပါး ပြန်ကောင်းမွန်လာခဲ့သည်။

တန်လူ၏ ခြေဖဝါးမှ အနီရောင်အခိုးအငွေ့များ ထွက်လာပြီး ခဲနေတဲ့ သွေးများကို ချေမွပစ်လိုက်သည်။ ထို့နောက် ကြွက်သား ပြန်ကောင်းမွန်လာစေရန် ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို အသုံးပြုလိုက်သည်။

နောက်ဆုံးတွင် လေးနာရီနီးပါး ကြာပြီးနောက် ဆေးကုသမှုလည်း ပြီးဆုံးသွားသည်။

နောက်ဆုံးအဆင့်က အချိန်အများကြီး ယူစရာမလိုပါ။ သို့သော် တန်လူရဲ့

ပြန်လည်သက်သာမှု အနည်းငယ် ပိုမြန်စေရန် ဆွန်းမိုက နည်းနည်း ပိုကြွာ အောင်လုပ်ပေးခဲ့သည်။

"ဆရာ၊ မနာတော့ဘူး"

တန်လူ ရုတ်တရုတ် ဝမ်းသာပြီး အံ့အောသွားသည်။ ထို့နောက် သူသည် ခြေကျင်းဝတ်ကို စလှုပ်ကြည့်လိုက်သည်။

"ဒုက္ခိတ ဖြစ်ချင်နေတာလား။ မလှုပ်နဲ့"

ကျုံရှန်ရီက တန်လူ ခေါင်းကို ရိုက်လိုက်ပြီးနောက် ကျောင်းသားနှစ်ယောက်ကို

"သစ်သားပြား တချို့ သွားရှာလာခဲ့"

ထိုသို့ပြောပြီးနောက် ကျုံရှန်ရီသည် တန်လူ၏ ခြေကျင်းဝတ်ကို ကိုင်ပြီး စစ်ဆေးလိုက်သည်။ အရမ်း အရမ်းကြီးကို အံ့အောသွားပြီး အလိုလို

"ဆရာဆွန်း ခုနကပဲ ခြေကျင်းဝတ် ကျိုးခဲ့တယ်နော် "

"အင်း"

ဆွန်းမို ခေါင်းညိတ်ပြလိုက်သည်။

ကျုံရှန်ရီတစ်ယောက် လေးလေးနက်နက် တွေးနေသည်။

"ဆရာကျုံ ဘာဖြစ်လို့လဲ၊ တစ်ခုခုပြောပါအုံး"

ဒူရှောင်က မေးလိုက်သည်။ ကုသမှုမှာ တစ်ခုခု အဆင်မပြေလို့လား။

ပျော်ရွှင်နေသော တန်လူပင် စိုးရိမ်စ ပြုလာသည်။

"ဒါ....ဒါက အရမ်းထူးဆန်းတယ်"

ကျုံရှန်ရီ အကြိမ် အနည်းငယ် စကားထစ်နေပြီး ဒါပဲ ပြောနိုင်ခဲ့သည်။ ဒီအတွက်လည်း ဘာမှမလုပ်နိုင်ဘူး ဖြစ်နေသည်။ အံ့အောဖို့ ကောင်းလွန်းသဖြင့် ထူးဆန်းတယ်ဆိုပြီး ကြွေးကြော်ရုံကလွဲရင် တခြား ဘာမှ မပြောနိုင် ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်လူ၏ ခြေထောက်ကို ကိုယ်တိုင်ကိုယ်ကျ စစ်ဆေးခဲ့ မိလို့ပါ။ ဒီလိုမှမဟုတ်ရင် တခြား ခြေထောက်တစ်ချောင်းလို့ ထင်မိမည်။ ဘာကြောင့်ဆို ဒီနေရာမှ အရိုးများသည် တစ်ခါမှ မကွဲအက်ဖူး သလို ဖြစ်နေသည်။

ရှေးဟောင်း နဂါးဖမ်းတဲ့လက်သည် တကယ့် အံ့ဖွယ်တစ်ပါးပဲ။

ဒင်

ကျုံ့ရှန်ရီ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၂၂၀/၁,၀၀၀)

စာစဥ်(၁၆)

အခန်း(၂၃၁) - ကျောင်းသားတစ်ဦးရဲ့ အလားလာကို ကယ်တင်ခြင်း၏ အောင်မြင်ခြင်း ဆုလဒ်။

"အရမ်းထူးဆန်းတာက ဘာကြီးလဲ"

တန်လူ အလူးအလဲ စိုးရိမ်နေသော်လည်း မမေးရဲပါ။

"ဆရာကျုံ"

ကျုံရှန်ရီ အသိလွတ်နေတာ မြင်လိုက်လျှင် ဒူရှောင် အမြန် တိုက်တွန်းလိုက်သည်။

ကျုံရှန်ရီသည် ဆရာများကြားတွင် ဆရာဝန်လဲ ဖြစ်သည်။ သူ့ရဲ့ အကဲဖြတ်မှုက အလေးချိန်ကြီးသည်။

"အို၊ မင်းရဲ့ခြေကျင်းဝတ် ပြန်ကောင်းသွားပြီ။ လုံးဝ ဒဏ်ရာမရခဲ့ သလိုပဲ"

ကျုံ့ရှန်ရီတစ်ယောက် တောက်တွေ ကျွတ်တွေ အဆက်မပြတ် ရွတ်နေသည်။

"ဒါက ဆန်းကြယ်လွန်းတယ်။ ဆွန်းကြယ်လွန်းတယ်"

"တကယ်လား"

တန်လူ အရမ်းဝမ်းသာပြီး ရုတ်တရက် ထရပ်လိုက်မိသည်။

'မင်း....."

ကျုံ့ရှန်ရီသည် ဆရာဝန် ဗီဇကြောင့် တားမြစ်ဖို့ လုပ်လိုက်သည်။ 'မင်း ဒုကိ္ခတ ဖြစ်ချင်နေတာလား" ဟု အော်လုနီးပါး

ဖြစ်သွားသော်လည်း လမ်းတစ်ဝက် အရောက်တွင် ရပ်တန့်သွားသည်။

ဆွန်းမိုရဲ့ ကုသမှုက ပြည့်စုံလွန်းသည်။

တန်လူသည် ခြေထောက်နှစ်ချောင်းကို အားပြုကာ ယုန်တစ်ကောင်လို ခုန်လိုက်သည်။ စောစောကနဲ့ယှဉ်ရင် နာကျင်မှု သက်သာသွားရုံသာမက အဆင်မပြေတာလဲ တစ်ခုမှ မရှိပါ။

ဖုတ်

တန်လူ ဒူးထောက် လိုက်သည်။

“ဆရာဆွန်း ကျေးဇူးတင်ပါတယ်”

တန်လူက လေးလေးနက်နက် အရိုအသေ ပေးလိုက်သည်။ စောစောတုန်းက ခြေကျင်းဝတ်ကို ထိမိတဲ့အခါ နာကျင်ရုံသာမက ထုံကျင်နေသည်။ လုံးဝကို မလှုပ်ရဲဘဲ ခြေကျင်းဝတ်ရဲ့ အာရုံခံစားမှုတွေ ပျောက်သွားခဲ့သည်။

ဆွန်းမိုက တန်လူကို ကူပြီး ထူပေးလိုက်သည်။

'ဆရာ.. ကျွန်တော် လိဂ်ပြိုင်ပွဲ ဝင်ပြိုင်လို့ ရသေးလား"

ဆွန်းမိုရဲ့ အားနည်းနေတဲ့ ပုံစံကို မြင်ပြီး တန်လူ မျက်ရည်ကျလာသည်။ ဆွန်းမိုက သူ့အတွက် ကယ်တင်ရှင် တစ်ပါးပါပဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မင်းပြိုင်လို့ ရတာပေါ့။ အများဆုံး တစ်ပတ်လောက်နေရင် ပြန်ပြီး လေ့ကျင့်လို့ရပြီ။ ကျင့်ကြံလို့လည်း ရတယ်။”

ဆွန်းမိုက တိုးတိုးလေး ရယ်လိုက်သည်။

“အရမ်းကောင်းတယ်”

တန်လူ အရမ်းပျော်ပြီး ငိုလိုက်သည်။ သူ့ဘဝ အဆုံးသတ်တော့မယ်လို့ ထင်ခဲ့ပေမယ့် ဆွန်းမို ထွက်လာပြီး သူ့ကို ကယ်တင်ခဲ့သည်။

ဒီတစ်ချိန်မှာ သူရှုံးနိပ်ခဲ့ပေမယ့် လိဂ်ပြိုင်ပွဲ ဝင်နိုင်သ၍ သူ့စွမ်းဆောင်ရည်နဲ့ လူတိုင်းကို အံ့အောအောင် လုပ်ဖို့ အခွင့်အရေး ရှိသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

၁၃၆

တန်လူ၏ လေးစားအထင်ကြီးမှု + ၃၀၀။ ရင်းနှီး(၃၀၀/၁,၀၀၀)

"ဆရာ၊ ရေသောက်ပါအုံး"

လီဇီချီက ပုလင်းတစ်လုံး ပေးရင်း ပြောလိုက်သည်။ ဆွန်းမို အနည်းငယ် သက်သာသွားအောင် သူမ နှိပ်ပေးချင်ပေမယ့် ကူရှုပ်ရှင်းက သူမထက် ပိုမြန်နေသည်။

"နေရတာ အဆင်ပြေရဲ့လား"

ကူရှုပ်ရှင်းက ညင်သာစွာ မေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အဆင်ပြေပါတယ်။ ဝိညာဉ်ချီ နည်းနည်း ကုန်သွားလို့ပါ။"

ကျောင်းသားတစ်ယောက်ကို လေးနာရီကြာအောင် ဆောင့်ကြောင့်ထိုင်ပြီး နှိပ်ပေးရမယ်ဆိုရင် လူတိုင်း ခါနာမယ်၊ ခြေထောက်နာမယ်၊ ကြွက်တက်မယ် ဒါတွေ ကျိန်းသေပေါက် ခံစားရလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုကတော့ ဒီလို မဖြစ်ပါ။

ဒီ ကျင့်စဉ်က ဘယ်လောက် အစွမ်း ထက်လိုက်သလဲ။

ဒီစကားကို ကြားလိုက်လျှင် တန်လူသည် ဆွန်းမိုကို ကြည့်လိုက်သည်။ ဆွန်းမို အရမ်း ပင်ပန်းနွမ်းနယ်နေတာကို သူသတိထားလိုက် မိသည်။ လီဇီချီက နဖူးပေါ်မှ ချွေးတွေကို သုတ်ပေးနေပေမယ့် သူ့ရဲ့ ဆရာဝတ်စုံက ရေတွေ လောင်းထားသလို ရွှဲနစ်နေသည်။ ဒါကြောင့် ညှစ်လိုက်ရင်တောင် ရေတွေ ကျလာနိုင်သည်။ ပြီးတော့ ဆွန်းမိုရဲ့ မျက်နှာကလည်း ကြောက်ဖို့ ကောင်းလောက်အောင် ဖြူဖျော့နေသည်။

"ဆရာ"

ရပ်တန့်သွားသော တန်လူရဲ့ မျက်ရည်များ နောက်တစ်ကြိမ် ကျလာပြန်သည်။

တချိန်တည်းမှာပင် အနည်းငယ် ဝမ်းသာပီတိဖြစ်မိသည်။ သူသည် ထက်မြတ်တဲ့ လူတစ်ယောက်ဖြစ်သောကြောင့် ကျုံ့ရှုန့်ရီရဲ့ အမူအရာကို မြင်ပြီး သူ့ဒဏ်ရာက ကုသဖို့ မဖြစ်နိုင်တော့မှန်း သူသိသည်။ တကယ်လို့ ဆွန်းမိုရဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်ကြောင့်သာ မဟုတ်ရင် နှစ်ဝက်လောက် အိပ်ရာထဲတွင် အနားယူနေရလိမ့်မည်။ ပြီးတော့ သူပြန်ကောင်းလာရင်တောင် ဘေးထွက် ဆိုးကျိုးတွေ ရှိနိုင်သေးသည်။

"ဗဟိုပြည်နယ်အကယ်ဒမီကို ရောက်ပြီး ဆရာဆွန်းနဲ့ ဆုံရာတာက ကောင်းချီး တစ်ခုပဲ"

တန်လူ ခံစားချက် အရှမ်းဖြစ်နေသည်။

ဒင်

တန်လူ၏ လေးစား အထင်ကြီးမှု +၅၀၀၊ ရင်းနှီး(၈၀၀/၁,၀၀၀)

ဒီအကြောင်းကြားချက်ကို ကြားပြီးနောက် ဆွန်းမို ပြုံးလိုက်မိသည်။ တန်လူက ကျေးဇူးတရား သိတတ်တဲ့ ကျောင်းသားတစ်ယောက် ဖြစ်သည်။ ဝိညာဉ်ချီနှင့် စွမ်းအင်များ အကုန်ခံပြီး ကြိုးစားပေးခဲ့တာက အလကား မဖြစ်ခဲ့ပါ။

“ဆရာဆွန်း၊ တန်လူ မင်းတို့နှစ်ယောက်စလုံး မြန်မြန် သွား အနားယူသင့်တယ်။”

ဂျိမ်ဂျဲက ပြောလိုက်သည်။ သူမသည် ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့သောကြောင့် ရေပူစမ်း နယ်နမိတ်အား တခြားသူများကို လွှဲပေးခဲ့ရသည်။

သို့သော် တန်လူနှင့်ဆွန်းမိုက ချွင်းချက် ဖြစ်သည်။

ဒင်

“မင်းနဲ့ တန်လူကြား လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ရင်းနှီးအဆင့်ကို ရောက်ပြီး လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မှုကို လက်ခံ ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။

ဆုလဒ်- ကြေးရောင် ရတနာ သေတ္တာ တစ်ခု။”

"ကျောင်းသားရဲ့ အလားအလာကို ကယ်တင်ခြင်း" တာဝန် အောင်မြင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - အနက်ရောင် ရတနာသေတ္တာတစ်လုံး။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ။"

မတူညီတဲ့ အလင်းရောင်တွေ တောက်ပနေတဲ့ ရတနာ သေတ္တာ နှစ်ခုသည် ဆွန်းမို အရှေ့တွင် ပေါ်လာသည်။

ဆွန်းမိုက လုချီဟွာရဲ့ ခေါင်းကို ထိလိုက်ပြီး အနက်ရောင် ရတနာသေတ္တာကို အရင်ဆုံး ဖွင့်လိုက်သည်။

နို့နှစ်ရောင် တောက်နေရဲ့ စိမ့်စမ်းရေအလှ ဆေးထုပ်တစ်ခု ဆွန်းမိုအရှေ့တွင် တိတ်တဆိတ် မျောလွင့်နေသည်။ လေထဲကတောင် သင်းပျံ့နေတဲ့ အမွှေးရနံ့ကို ရနေသည်။

"တော်တော်လှတာပဲ"

ဆွန်းမို 'တောက်'လို့ လွတ်ခနဲ ထွက်သွားသည်။ ဆင့်ခေါ်ထားတဲ့ အလှသည် လှပ ပါ့မလားဆိုတာ သူတွေးနေသည်။

ထို့နောက် ကြေးသတ္တာကို ဖွင့်လိုက်သည်။ အမှောင်တိုက်ကြီး အပင်မျိုးစိတ်ပေါင်း နှစ်ရာ

စွယ်စုံကျမ်း ဖြစ်သည်။ ဆွန်းမို ဝမ်းသာသွားသည်။ သူ့ကြိုးစားမှုက အလဟာသ မဖြစ်ခဲ့ပါ။

အဖွဲ့သည် ရေပူစမ်း ဇရိယာ အစွန်အဖျားနားမှ စတင် ထွက်ခွာသွားသည်။ လီဇီချီက ဆွန်းမိုကို ပြုစုစောင့်ရှောက်ဖို့ အတင်း ကျန်နေခဲ့သည်။

ဒီအခြေအနေကို မြင်လိုက်လျှင် ဆွန်းမိုလည်း တပြည့် ခြောက်ယောက်စလုံးကို ဘေးနားမှာ ထားဖို့ ဆုံးဖြတ်လိုက်သည်။ သူတို့ကို အနှိပ်နည်းစနစ် အစုံလိုက် နှိပ်ပေးဖို့ စီစဉ်လိုက်သည်။ သူတို့ ခြောက်ယောက်စလုံး ဒီခရီးစဉ်မပြီးခင်

အဆင့်တစ်ဆင့် တက်ရမယ်ဆိုပြီး စနစ်က ထုတ်ပြန်ပေးထားတဲ့ တာဝန်ကို သူ မမေ့ပါ။

ဂျိမ်ဂျဲက အဖွဲ့ကိုဦးဆောင်ပြီး ထွက်ခွာသွားတဲ့အခါ စခန်းချတဲ့ နေရာတစ်ခုလုံး တိတ်ဆိတ်ပြီး ကျန်ခဲ့သည်။

"ရှန်ယွန်ပေါင်၊ ထန်ထန်ယုထန် ထင်းသွားကောက်။ ဘိုင်ဝူနဲ့ ချန်လုံ မင်းတို့နှစ်ယောက်က ထမင်းချက်ဖို့ တာဝန်ယူ"

လီဇီချီသည် တာဝန်များ ခွဲဝေပေးရာတွင် သိုင်းပညာအစ်မ အကြီးဆုံးဆိုတဲ့ ဂုဏ်သိက္ခာကို

ထိန်းသိမ်းရင်း ခါးပေါ်တွင် လက်ထောက်ကာ ပြောလိုက်သည်။

ဆွန်းမို ဘာမှလုပ်စရာ မလိုပါ။ တဲမှာ အိပ်ပြီး စွမ်းရည် စာအုပ်ထုတ်ကာ လေ့လာနေရုံပဲ ရှိသည်။ မှတ်ဉာဏ် လန်းဆန်းနေတဲ့ အချိန်တွင် အလွတ်ကျက်မှတ် ချင်နေသည်။ လေးစားအထင်ကြီးမှု အမှတ်များ လက်ခံရရှိတဲ့ အကြောင်းကြားချက်များ ရံဖန်ရံခါ ထွက်ပေါ်နေသည်။

ဒါတွေ အားလုံးက ကျောင်းသားတွေ ဆီမှ ဖြစ်သည်။ ဆွန်းမိုက တန်လူရဲ့ အခြေအနေကို

ကောင်းမွန်လာအောင် ကုသပေးလိုက်တဲ့ သတင်းကြားသွားလို့ ဖြစ်သည်။

အမှောင်တိုက်ကြီးရဲ့ ဆောင်းဦးရာသီက အနည်းငယ် အေးစက်ပြီး ညဘက်တွင် ကုန်းမြေကြီးက အေးစက်သော အလင်းရောင်နဲ့ တောက်ပနေသည်။

"ဘိုင်ဝူ မင်းအလှည့်ရောက်ပြီ "

လီဇီချီက တဲထဲမှ ထွက်လာပြီး အကြောင်းကြားလိုက်သည်။

"အင်း"

သံမဏိမိန်းကလေးသည် ဝင်လာရင်း ထူးဆန်းတဲ့ အနံ့တခုရှိုက်မိကာ ခွန်အားတိုးလာသလို ခံစားနေရသည်။

တဲထဲတွင် စောင်တစ်ခု ရှိပြီး ထမင်ချိုင့်လို သေတ္တာငယ်လေးတွင် ဝေလငါးဆီများ ပြည့်နေသည်။ အင်ဘိုင်ဝူသည် ကျင့်ကြံခြင်းလောက၏ ဗဟုသုတများကို မသိသော်လည်း ဒီအရာက အရမ်းစျေးကြီးမှန်း သိသည်။ လီဇီချီက လိုချင်တဲ့သူသာ ရှိပြီး ရောင်းချင်သူ မရှိကြောင်း တခါက ပြောခဲ့ဖူးသည်။

"ဆရာ ငါတို့အပေါ် တကယ်ကောင်းတယ်"

အင်ဘိုင်ဝူက အဝတ်အစားလဲလိုက်ပြီး

"ဆရာ၊ ကျွန်မ အဆင်သင့် ဖြစ်ပြီ"

ဒီလိုပြောပြီးနောက် သံမဏိခေါင်း မိန်းကလေး ရှက်ပြီး မျက်နှာ နီသွားသည်။ အနှိပ်ခံရန် အဝတ်အစားခပ်တိုတိုနဲ့ သူမရဲ့ အဖုံးအကာနည်းတဲ့ ရင်သားက ထင်ရှားနေသည်။

ဆွန်းမို ဝင်လာရင် အင်ဘိုင်ဝူ လှဲနေတာ မြင်လိုက်သည်။ ဘာမှမပြောဘဲ ရှေ့ဟောင်း ဝေလငါးဆီ လောင်းချပြီး စနှိပ်လိုက်သည်။

ဘုန်း

ခဏလောက်ကြာတော့ ဆွန်းမိုဆီက ဝိညာဉ်ချီပုံ့ ထွက်လာပြီး ဂျင်းနီ ပေါ်လာသည်။ မိန်းကလေး ဖြစ်နေတာ မြင်လိုက်လျှင် တံတွေး တစ်ချက်ထွေးကာ လက်ပိုက်ပြီး ရပ်ကြည့်နေသည်။

"ဒါက လိင်ပိုင်းဆိုင်ရာ ခွဲခြား ဆက်ဆံမှုလား"

ဆွန်းမိုသည် ဂျင်းနီကို အတင်းအကျပ် စေခိုင်းလို့ ရနိုင်တဲ့ နည်းလမ်းရှိမရှိ စဉ်းစားနေသည်။

ဆွန်းမို အတေွးကို ဂျင်းနီက သိနေသလို ချက်ခြင်း အေးစက်စွာ ရယ်မောလိုက်သည်။

ထို့နောက် လက်နှစ်ဖက်ကိုကွေးကာ ဗလ ညှစ်ပြနေသည်။

စိတ်ကူးယဉ်ဆန်တဲ့ အငွေ့အသက် တစ်ခု တဲတစ်ခုလုံး ပြည့်နှက်နေသည်။

“ငါမှားပါတယ်။ ငါ ပြန်ရောက်တဲ့ အခါကျရင် မင်းကို မွေးကြိုင်တဲ့ ဆပ်ပြာတစ်တုံး လုပ်ပစ်မယ်။ နောက်ဆုံးကျရင် ရေချိုးခန်းတစ်ခုလုံးမှာ မင်းက အထူးခြားဆုံး လူဖြစ်လာစေရမယ်”

ဆွန်းမိုက စနောက် နေသော်လည်း လက်များက မရပ်သွားပါ။ သူသည် အင်ဘိုင်ဝူအား ကြွက်သားပြုပြင်ခြင်း နည်းစနစ်၊ သက်ရှင်သွေးနည်းစနစ်တို့ကို သေသေချာချာသုံးပြီး နှိပ်ပေးနေသည်။ ထို့နောက် သူမအတွက် အရိုးအထိုင်ချခြင်း နည်းစနစ်ကို အသုံးပြုလိုက်သည်။

“အင်ဘိုင်ဝူ နောင်ကျရင် အသားများများ စားပြီး အရိုးပြုတ်ဟင်းရည် များများသောက်ပါ။”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူသည် အသက်ခြောက်နှစ်၊ ခုနှစ်နှစ် အရွယ် ကတည်းက အလုပ်လုပ်ခဲ့ရသည်။ သူမလုပ်ခဲ့သည့် အလုပ်များကလည်း အလုပ်ကြမ်းများ ဖြစ်နေသောကြောင့် အရိုးကို ပြင်းပြင်းထန်ထန် ထိခိုက်ထားသည်။

သူမရဲ့ အနေအထား ဆိုးလွန်းသဖြင့် ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၂)ကို ကိုယ့်ဘာသာလေ့လာပြီး ကျင့်ကြံခဲ့ရသည်။ သူမရဲ့ အရည်အချင်းနဲ့ ဖွံ့စည်းပုံသည် သူတပါး မနာလို ဖြစ်လောက်အောင် ကောင်းမွန်လှသည်။

"ဟုတ်"

အင်ဘိုင်ဝူက နှုတ်ခမ်းများကို ကိုက်ပြီး တိုတိုတုတ်တုတ် ပြန်ဖြေသည်။ အရမ်းနာကျင်နေသဖြင့် ပါးစပ်ဖွင့်ပြီး ပုံမှန်အတိုင်း မပြောရဲပါ။ သူမသာ ဒီလိုလုပ်လိုက်ရင် မထိန်းနိုင်ဘဲ ညည်းနေမိမှာ သေချာသည်။

သံမဏိခေါင်း မိန်းကလေးသည် သူမကို သူမဆရာက အကျင့်ပျက်တဲ့ မိန်းကလေးတစ်ယောက်လို့ မမြင်စေချင်ပါ။

"နာကျင်ရင် အော်လိုက်ပါ။ အဆင်ပြေတယ်"

ဆွန်းမိုက   သူမကို   နှစ်သိမ့်လိုက်သည်။

“ဒါက   မနာပါဘူး”

အင်ဘိုင်ဝူ ကျိုးကျေသွားသလို ခံစားရပြီး နဖူးမှ ချွေးစီးများ ထွက်ကျလာသည်။

“ဒဏ်ရာရနေတဲ့ အရိုးတွေကို ပြန်ပြုပြင်ဖို့အတွက် အရိုးအထိုင်ချခြင်း နည်းစနစ်ကို အသုံးပြုမယ်။ အနှိပ်ခံနေတဲ့အချိန် မခံမရပ်နိုင်အောင် နာကျင်ရပေမယ့် မင်းပြန်ကောင်းလာတဲ့ အချိန်ကျရင် ပိုးတိုးတက်လာလိမ့်မယ်”

ဆွန်းမိုက   ရှင်းပြသည်။

၁၄၄၄

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု

+၁၀၀။ ကြည်ညို (၁၄၀၀/၁၀,၀၀၀)

အင်ဘိုင်ဝူက တခွန်းမှ ပြန်မပြောသော်လည်း ရရှိလိုက်တဲ့ လေးစားအထင်ကြီးမှု အမှတ်က သူမ စိတ်အခြေအနေကို ဖော်ပြနေသည်။ ဆွန်းမိုက တန်လူကို ဘယ်လိုကုခဲ့လဲ ဆိုတာ စောစောတုန်းက မြင်ခဲ့ပြီးနောက် အရိုးအထိုင်ချခြင်းနည်းစနစ်က ဘယ်လောက်အစွမ်းထက်လည်းဆိုတာ ရှင်းရှင်းလင်းလင်း သိနေသည်။ ဒါက

နတ်ဘုရားလက်ပါ။ ဒီဖော်ပြချက်က ကြွားဝါတာလဲ မဟုတ်သလို အားနာပြီး ချီးကျူးတာလဲ မဟုတ်ပါ။ ဒါက နတ်ဘုရားတစ်ပါးသာ ပိုင်ဆိုင်ထိုက်တဲ့ အံ့အောဖွယ် လက်တစ်စုံ ဖြစ်သည်။

"ဆရာ့လက်အောက်မှာ သင်ကြားခွင့် ရတာ တကယ်ကောင်းတာပဲ"

အင်ဘိုင်ဝူ၏မျက်လုံး မျက်ရည်များနဲ့ တောက်ပကာ စိုစွတ်လာသည်။ ခေါင်းကို ခေါင်းအုံးထဲ မြန်မြန်နှစ်လိုက်သည်။ သူမရဲ့ အားနည်းတဲ့ ဘက်ခြမ်းကို သူမဆရာ မမြင်စေရပါ။

သံမဏိခေါင်း မိန်းကလေးသည် ငိုရတာ အမုန်းဆုံး ဖြစ်သည်။ ငယ်ငယ်လေးကတည်းက မျက်ရည်တွေနဲ့ ပြဿနာ မဖြေရှင်းနိုင်ဘူးဆိုတာ နားလည်ခဲ့သည်။ ဒါက သင်သည် အားနည်းပြီး အနိုင်ကျင့်လို့ရတယ်လို့ တခြားသူ မြင်သွားနိုင်သည်။ ဒါကြောင့်လည်း အင်ဘိုင်ဝူသည် လမ်းပေါ်မှာ လူအုပ်ကြီးနဲ့ ရန်ဖြစ်လို့ သွေးထွက်ရင်တောင် ဘယ်တော့မှ မငိုခဲ့ပေ။

သို့သော် ဆရာနဲ့ တွေ့ပြီးနောက် အကြိမ်ပေါင်းများစွာ ငိုခဲ့ရသည်။

အင်ဘိုင်ဝူ နှုတ်ခမ်းကို လျှာနဲ့ သပ်လိုက်သည်။ မျက်ရည် အရသာက မဆိုးဘူးပဲ။

လုချီဟွာသည် မီးပုံဘေးတွင် ငုတ်တုတ်ထိုင်ပြီး ညာဖက်လက်က ကွေးထားတဲ့ ဒူးတွေကို ကိုင်ထားကာ ဘယ်ဘက်လက်က အကိုင်းတစ်ခုကို ဆွဲထားသည်။ သူမက မီးပုံကို အမှတ်တမဲ့ ကြည့်သော်လည်း မျက်လုံးများက တဲဆီမှာသာ ဝဲနေသည်။

"ဆရာက ဘိုင်ဝူအပေါ် တကယ်ကောင်းတယ်"

လုချီဟွာသည် မနာလို မဖြစ်ပါ။ သူမက တကာယ်အသုံးမဝင်သလို ခံစားနေရသည်။ သူမရဲ့ အရည်အချင်းကသာ နည်းနည်း ပိုကောင်းခဲ့ရင် သူမဆရာ ပိုပြီး ဂုဏ်ယူနေရမည်။

“ဘိုင်ဝူ ခန္ဓာကိုယ် ထိခိုက်မှုက အရမ်းပြင်းထန်တယ်။ ဒါကြောင့်လည်း သူမကို ပိုကြာကြာ နှိပ်ပေးနေရတာ။ ဆရာက တပြည့်တိုင်းကို တန်းတူညီမျှပဲ ဆက်ဆံတယ်”

လီဇီချီက စကားပြောနေရင်း လူတိုင်းရဲ့ အမူအရာကို တိတ်တဆိတ် စောင့်ကြည့်နေသည်။

ထန်ထန်ယုထန်ကတော့ အထူး အလေးပေးပြီး အာရုံစိုက်ထားတဲ့ သူဖြစ်သည်။

"အရမ်းပြင်းဖို့ကောင်းတယ် ငါတိုက်ပွဲ တိုက်ချင်နေပြီ"

ရှန်ယွန်ပေါင်က တန်လူရဲ့ တဲဆီ လှမ်းကြည့်လိုက်သည်။

"ဟော့၊ မဆင်မခြင် မလုပ်နဲ့"

လီဇီချီက သတိပေးလိုက်သည်။ (ဆရာက သူ့ကိုကုသဖို့ ခက်ခက်ခဲခဲ ကြိုးစားထားရတာ။ သူ့ကို

ဒုက္ခပေးရင် ဆရာ့ကို ထပ်ပြီး ဒုက္ခပေးသလို မဖြစ်ဘူးလား)

"ချန်လုံ ဘာကြောင့်ငါတို့နားမှာ မထိုင်တာလဲ"

ရှန်ယွန်ပေါင်က လူသေကောင်လို မျက်နှာအမူအရာရှိတဲ့ ချန်လုံကို ကြည့်လိုက်သည်။ မီးအလင်းရောင်က သူ့အပေါ် ရောက်သွားရင် နည်းနည်းတော့ ကြောက်ဖို့ကောင်းသည်။

ချန်လုံ ခေါင်းယမ်းပြီး ငြင်းနေတဲ့အချိန်တွင် နားရွက်များ လှုပ်သွားသည်။ ဆယ်နာရီထောင့်ကို လှည့်ကြည့်လိုက်သည်။

"ဒါကြီးက ရောက်လာပြန်ပြီ"

လုချီဟွာ လည်ပင်းပုသွားပြီး ကြောက်ရွံ့ထိတ်လန့်နေတဲ့ အမူအရာနဲ့ သတိပေးလိုက်သည်။

ရှန်ယွန်ပေါင်သည် မျက်ခုံးပင့်ကာ ငွေလုံ့ကို ကောက်ကိုင်လိုက်ပြီး ဆယ်နာရီထောင့်(သူတို့ မျက်နှာခြင်းဆိုင်နေရာနဲ့ ဘယ်ဘက်ထောင့်) လမ်းကြောင်းအတိုင်း ပြေးသွားပြီး ကျောက်တုံးအက်ကွဲကြောင်းများ ကြားသို့ ခုန်ဆင်းသွားသည်။

"ရှန်ယွန်ပေါင် ဒီကို ပြန်လာ"

လီဇီချီ လှမ်းအော်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မဆင်မခြင် မလုပ်နဲ့၊ ချန်လုံ၊ သူ့ကို တားလိုက်”

စာစဉ်(၁၆)

အခန်း(၂၃၂ - က) - သန်းခေါင်ယံ လမ်းညွှန်ချက်နဲ့ ချက်ခြင်း သက်ရောက်မှု။

လူတွေ မသိသေးတဲ့ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်တွေ အများကြီး ရှိသေးသည်။ တချို့က ရန်လိုခြင်းမရှိလည်း အများစုက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြင်းပြင်းထန်ထန် ရန်လိုကြသည်။ သတိတချက်ပေါ့သွားရင် ဒုက္ခရောက်သွားနိုင်သည်။ လီဇီချီသည် ရှန်ယွန်ပေါင် စိတ်လှုပ်ရှားပြီး ခုန်ထွက်သွားတာ မြင်လိုက်လျှင် ဒေါသထွက်သွားသည်။ (တစ်ခုခု လုပ်ရင် ဦးနှောက် မသုံးဘူးလား)

(မင်းတိုက်ပွဲစွမ်းရည် အစွမ်းထက်တာ ငါသိတယ်။ ဒါပေမယ့် ဘာအချက်အလက်မှ မသိဘဲ မဆင်မခြင် လုပ်နေရင် ငတုံးတစ်ကောင်နဲ့ ဘာကွာမှာလဲ)

ချန်လုံသည် အေးစက်တဲ့ ပုံစံရှိသော်လည်း နှလုံးသားကတော့ နွေးထွေးသည်။ ဒါကြောင့် တွေဝေခြင်း မရှိဘဲ ချက်ခြင်းဆိုသလို သူ့ခြေထောက်က အလင်းလို ရွေ့လျားသွားသည်။ အနည်းငယ်ခုန်ပြီး ရှန်ယွန်ပေါင် အနား ရောက်သွားသည်။

ဆွန်းမို၏ တပြည့်ခြောက်ယောက်ထဲတွင် ချန်လုံက အမြန်ဆုံး ဖြစ်သည်။

လုချီပွာက ဓါးဆွဲထုတ်ပြီး လျှင်မြန်စွာ လိုက်သွားသည်။

“မရဘူး”

လီဇီချီက တားလိုက်သည်။ (မင်းတိုက်ပွဲ အရည်အချင်းလောက်နဲ့ သွားရင် ဝန်ထုပ်ဝန်ပိုး ဖြစ်လိမ့်မယ်)

“ယုထန်၊ လုချီဟွာကို စောင့်ကြည့်ထား၊ ငါလိုက်သွားမယ်”

“မင်းဒီမှာနေတာ ပိုကောင်းမယ်”

ထန်ထန်ယုထန်သည် လီဇီချီရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်အတွက် မျှော်လင့်ချက် တစ်ခုမှ မထားပါ။ အန္တရာယ် တစ်ခုခုရှိလာပါက

လုချီဟွာထက် သေချောပေါက် အားနည်းနေလိမ့်မည်။

"မသွားရဘူး"

တဲထဲကနေ ဆွန်းမိုအသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ဘုန်း

တချိန်တည်းမှာပင် ပတ်ဝန်းကျင်က ဝိညာဉ်ချီများ ဘုန်းကနဲ ကျယ်လောင်စွာ ပေါက်ကွဲ ထွက်လာသည်။ သူတို့က တဲဆီ ပြေးဝင်လာတဲ့ ဆူနာမီ လှိုင်းလုံးကြီးများနဲ့ တူသည်။ အင်ဘိုင်ဝူသည်

အရိုးပြုပြင်ပြီးနောက် အဆင့်တက်ဖို့ ကြိုးစားလိုက်သည်။

“ဒါပေမယ့် ပညာသင်ဘက် အငယ်လေး နှစ်ယောက်.....”

လီဇီချီ မျက်မှောင်ကြုတ်သွားသည်။ ပညာသင်ဘက် အစ်မအကြီးဆုံးအနေနဲ့ တခြားသူများကို ကာကွယ်ဖို့ တာဝန်ရှိတယ်လို့ သူမထင်သည်။ သူမရဲ့ တိုက်ပွဲစွမ်းရည်က အားနည်းပေမယ့် ဦးနှောက်ကောင်းသဖြင့် သူတို့ကို အကြံပေးနိုင်သည်။

“ချန်လုံက အရမ်းစိတ်ချရတယ်။ သူတို့ကို လွှတ်ထားလိုက်”

ဆွန်းမိုသည် အဆင့်တက်ရန် ကြိုးစားနေတဲ့ အင်ဘိုင်ဝူကို တချက်ကြည့်ရင်း သက်ပြင်းချလိုက်သည်။ ကျောင်းသားနှစ်ယောက်ကို ချက်ခြင်းလိုက်ခေါ်သင့်သော်လည်း ဒီကျောင်းသူက အဆင့်တက်ရန် ကြိုးစားနေသဖြင့် လိုက်ခေါ်လို့မရဖြစ်နေသည်။ သူမကို စောင့်ကြည့် ပေးရအုံးမည်။

ဒါမှလည်း တခုခုလွဲသွားရင် ချက်ခြင်းကယ်တင်နိုင်မည်။

အချိန်တွေ ကုန်လာတာနဲ့အမျှ စောင့်နေတဲ့ လူတွေ ပိုစိုးရိမ်လာသည်။ ကံကောင်းထောက်မစွာ အင်ဘိုင်ဝူရဲ့ ထူးချွန်သော အရည်အချင်းကြောင့် သုံးမိနစ်ကြာပြီးနောက် ခန္ဓာကိုယ်ပြုပြင်ခြင်း နယ်ပယ် အဆင့်(၄) ကို အောင်မြင်စွာ တက်ရောက်သွားသည်။

"ဆရာ"

အင်ဘိုင်ဝူ အရမ်း စိတ်လှုပ်ရှားနေသည်။ သူမ ထပ်ပြီး သန်မာလာပြန်သည်။

"အင်း၊ မင်း အရင်အနားယူလိုက်အုံး"

ဆွန်းမို ထွက်သွားသည်။

“လုချီဟွာ ငါနဲ့လိုက်ခဲ့၊ လီဇီချီနဲ့ ယုထန်က ဒီမှာပဲ နေပါ။”

“ဟုတ်”

လုချီဟွာက ဆွန်းမိုနောက်သို့ ချက်ခြင်း လိုက်သွားသည်။

လျှင်မြန်စွာ ထွက်သွားတဲ့ သူတို့ကို ကြည့်ရင်း လီဇီချီ ဝမ်းနည်းလာသည်။ ဒီလို ညံ့ဖျင်းတဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည် ရှိသည့် ကို့ကိုယ်ကို မုန်းတီးနေသည်။

"လိုက်သွားချင်ရင် လိုက်သွားလိုက်။ ဆရာက မင်းကို အပြစ်မတင်လောက်ဘူး"

ထန်ထန်ယုထန် အကြံပေးလိုက်သည်။

"ငါ့ကို မင်းလို သူပုန်လို့ ထင်နေတာလား"

လီဇီချီက ထန်ထန်ယုထန်ကို ကြည့်ပြီး ပြောလိုက်သည်။ (ဆရာက ငါ့ကို ဒီမှာနေခိုင်းတဲ့ အကြောင်းက မင်းနဲ့ အင်ဘိုင်ဝူကို ကာကွယ်ဖို့ဘဲ ၊ ပြီးတော့ တန်လူလည်း ပါသေးတယ်။

"ငါလိုက်သွားမယ်"

အင်ဘိုင်ဝူက ဌက်ဖြူကို ကိုင်ပြီး ထွက်လာသည်။

“မရဘူး။ မင်းတို့အားလုံး ဒီမှာ အေးအေးဆေးဆေး စောင့်နေ။ တစ်ယောက်ယောက်က မဆင်မခြင်လုပ်ရင် တားဆီးလို့ ငါ့ကို အပြစ်မတင်နဲ့”

လီဇီချီက ပြောလိုက်သည်။

“အားလုံး သတိထားပြီး ပတ်ဝန်းကျင်ကို စောင့်ကြည့်ပါ။ အချိန်မရွေး တိုက်ပွဲဝင်နိုင်အောင် ပြင်ဆင်ထားကြ”

ဆွန်းမိုသည် ကျောက်ဆောင် ရှိရာသို့ ရောက်လာသည်။ နားထောင်ရန် နားကို ကျောက်ဆောင်နဲ့ ကပ်လိုက်သည်။

လရောင်ရှိသော်လည်း ကျောက်တုံး အရိပ်များကြောင့် မြင်ကွင်း ရှုပ်နေသည်။

"ဆရာ၊ ဟိုမှာ"

လုချိဟွာရဲ့ နားရွက်များ တုန်ခါသွားပြီး ချက်ခြင်း လမ်းပြလိုက်သည်။

"ဘယ်ဘက်ကို ပြေးသွားတာလဲ"

ရှန်ယွန်ပေါင်သည် ကြီးမားသော ကျောက်ဆောင်တစ်ခုပေါ်တွင် ဆောင့်ကြောင့်ထိုင်ပြီး ပတ်ဝန်းကျင်ကို စောင့်ကြည့်နေသည်။

"မြန်မြန်ဆင်းခဲ့"

ချန်လုံက လှမ်းခေါ်လိုက်သည်။ (ရန်သူက အမှောင်ထဲမှာ ငါတို့က မြင်ကွင်းထဲ ရောက်နေတယ်။ ပစ်မှတ်ဖြစ်အောင် အမြင့်တက်ပြနေတာလား)

"အဆင်ပြေပါတယ်"

ရှန်ယွန်ပေါင်က အသံတိုးပြီးတောင် မပြောပါ။ တကယ်လို့ တဖက်လူက ခိုးကြောင်ခိုးဝှက်

တိုက်ခိုက်လာရင် လိုက်ရှာဖို့ အချိန်ကုန်တောင် သက်သာ သွားအုံးမည်။

ရုတ်တရက် လေတိုးသံ ထွက်လာသည်။

"ဒီမှာလား"

ရှန်ယွန်ပေါင်သည် ဝမ်းသာအားရ လုံ့ကို ဖွေ့ယမ်းလိုက်သည်။

ဖောက်

ငန်းဥ အရွယ် ကျောက်တုံးနဲ့လွဲ သွားသည်။

ဆွန်းမိုက ကျောက်တုံးပေါ် ခုန်တက်လိုက်ပြီး သစ်သားဓါးနဲ့ ခုတ်လိုက်သည်။

"ဆရာ"

လက်တို့ပြန်လိုသော ရှန်ယွန်ပေါင်သည် ဆွန်းမို ကိုမြင်လိုက်လျှင် လှံချက်ကို ပြန်သိမ်းပြီး ပခုံးကို ဓါးချက် အထိခံလိုက်သည်။

ဘုန်း

ဆွန်းမိုက အားသုံးပြီး ရှန်ယွန်ပေါင်ကို လှဲချလိုက်သည်။

ရှန်ယွန်ပေါင်သည် လေထဲကျွမ်းပစ်ပြီး မြေပေါ်ကို ပုံမှန်လေး ဆင်းသက်လိုက်သည်။ နာကျင်သွားသော ပခုံးကို ပွတ်ကာ အပြုံးမပျက် ပြုံးပြလိုက်သည်။

“ရှန်ယွန်ပေါင် မင်းအကျင့်ကို မပြင်တော့ဘူးလား”

ဆွန်းမို အော်ဟစ် ကျိန်းမောင်းလိုက်သည်။

“ဆရာ၊ ကျွန်တော်က အမြဲတမ်း ဒီလိုဖြစ်နေမှာပဲ။ သေခြင်းရှင်ခြင်းတိုက်ပွဲ မတိုက်ဖူးရင် ငါဘယ်လို သန်မာလာမှာလဲ။ ဘယ်လိုလုပ် ပြည်နယ်ကိုးခုမှာ နံပါတ်တစ် ဖြစ်လာမှာလဲ။”

ရှန်ယွန်ပေါင်သည် ဆရာက သူ့အတွက် စိတ်ပူနေမှန်း သိသည်။ ဒါပေမယ့် ဒါက မလိုအပ်ပါ။

"ဟုတ်လား"

ဆွန်းမိုသည် အေးစက်စက် နှာတစ်ချက်မှုတ်လိုက်ပြီး စကားဆက်မပြောတော့ပါ။ ခြေဖနောင့်ကို မြေပေါ်ဆောင့်ကာ ခုန်တက်ပြီး ဓါးပုံရိပ် အများကြီး ထုတ်လွှင့်လိုက်သည်။

ရှန်ယွန်ပေါင်ရဲ့ မျက်လုံး တောက်ပလာပြီး လုံ့ထိပ်ဖြင့် စိန်ခေါ်မှုကို ရင်ဆိုင်လိုက်သည်။ သူသည် ဆရာနှင့် နောက်တစ်ကြိမ် တိုက်ခိုက်ချင်နေတာ

တော်တော် ကြာနေပြီ။ ဒါပေမယ့် မကြာခင် ဆွန်းမို အရင်ကထက် ပိုသန်မာနေတာ သူသဘောပေါက်သွားသည်။

ဆွန်းမိုသည် ဝိညာဉ်ချီကို တစက်မှ အသုံးမပြုခဲ့ပါ။ ရှန်ယွန်ပေါင်ကို အနိုင်ယူဖို့ အတွက် သိုင်းကွက် သက်သက်သာ အသုံးပြုနေသည်။

ရှန်ယွန်ပေါင်၏ မြက်ခင်းမီးတောက်လုံ့ကျင့်စဉ်သည် အရမ်းအံ့အောဖို့ ကောင်းသော်လည်း အစွမ်းအစ နည်းနည်းလေးတောင် မပြနိုင် ဖြစ်နေသည်။

"မင်းကငါ့ကိုတောင် မတိုက်ခိုက်နိုင်ဘဲနဲ့ မသိတဲ့ ရန်သူကို တိုက်ခိုက်ဖို့ သတ္တိရှိနေသေးတာလား"

ဆွန်းမိုက ဝေဖန်လိုက်သည်။

"ဆရာ ပိုပြောတာတော့ မဟုတ်ဘူး။ မနိုင်ရင် ထွက်ပြေးနိုင်တယ်"

ရှန်ယွန်ပေါင်က ပြန်ရှင်းပြသည်။

"မင်းမပြေးနိုင်ရင် ဘာဖြစ်သွားမလဲ" ဆွန်းမိုက မေးသည်။

"ကို့ကိုယ်ကို မြှင့်တင်ဖို့ သေခြင်းရှင်ခြင်းကို ဖြတ်သန်းတာ မမှားပါဘူး။ ဒါပေမယ့်

မှန်ကန်တဲ့ နည်းလမ်းတော့ ဖြစ်သင့်တယ်။ ဒီလိုမှမဟုတ်ရင် မင်းက ဝက်တစ်ကောင်နဲ့ ဘာကွာတော့မှာလဲ”

“မင်း လက်မခံနိုင် မဖြစ်စေနဲ့အုံး။ ချန်လုံကို ကြည့်လိုက် ရန်သူကို ရှာနေတုန်း ပတ်ဝန်းကျင်ကို လေ့လာပြီး ပြန်ဆုတ်မယ့် လမ်းကြောင်းကို ရှာထားတယ်။ ဒီနည်းနဲ့ဆိုရင် အန္တရာယ်ကြုံလာတာနဲ့ ချက်ခြင်း ပြန်ဆုတ်သွားလို့ ရတယ်။ ဒါပေမယ့် မင်းရဲ့ အတွေးကတော့ ရန်သူကို ရှာပြီး တိုက်ပွဲဝင်ဖို့ပဲ တွေးနေတယ်။”

ဖောက် ဖောက် ဖောက်

သစ်သားခါးသည် ရှန်ယွန်ပေါင်ကို အဆက်မပြတ် ထိမှန်နေကာ ရွှေရောင်စာရွက် တစ်ရွက်ပြီး တစ်ရွက် ထွက်ပေါ်နေသည်။ သို့သော်လည်း ဆွန်းမိုက ဒါကို စိတ်မဝင်စားပါ။

"အင်း၊ မဆင်မခြင် လုပ်မိတယ်ဆိုတာ ကျွန်တော်လက်ခံတယ်။ နောက်တစ်ခါ မလုပ်တော့ဘူး"

ရှန်ယွန်ပေါင် ခဏ အံ့အောသွားပြီး လမ်းညွှန်မှုကို နှိမ့်ချစွာ လက်ခံလိုက်သည်။ တိုက်ခိုက်ရတာကို

ကြိုက်တာတော့ အမှန်ပဲ။ ဒါပေမယ့် သူ တော်း မဟုတ်ပါ။ ချန်လုံ၏ နည်းလမ်းသည် သင်ယူထိုက်သည်။

"ဘာကြောင့် ငါစိတ်ဆိုးနေတာလဲ သိလား"

ရှန်ယွန်ပေါင်က အများဝန်ခံခဲ့ပေမယ့် ဆွန်းမိုက မရပ်တန့်ခဲ့ပါ။ အဲဒီအစား ရိုက်နှက်မှုက ပိုပြင်းထန် လာသည်။

ဖောက် ဖောက် ဖောက်

သစ်သားခါးရဲ့ ခါးချက်တွေ မြန်သထက် မြန်ဆန်လာပြီး ရှန်ယွန်ပေါင်ရဲ့ ခန္ဓာကိုယ်ကို

ထိမှန်လာသည်။ ဆွန်းမိုက သူ့ကို သင်ခန်းစာပေးချင်နေသည်။ ဒီလိုမှမဟုတ်ရင် ရှန်ယွန်ပေါင် အနေနဲ့ အမြန် သေဆုံးသွားလိမ့်မည်။

“ညွှန်ကြားချက်တွေ နားမထောင်လို့လား”

ရှန်ယွန်ပေါင် ခန့်မှန်းလိုက်သည်။

“မဟုတ်ဘူး”

ဆွန်းမိုက ရှန်ယွန်ပေါင်ရဲ့ နောက်စေ့ကို ရိုက်လိုက်သည်။

“လအနည်းငယ်ပဲ ရှိသေးပေမယ့် ဆရာက သန်မာနေပြီ”

ဘေးကရပ်ကြည့်နေသော ချန်လုံသည် မျက်လုံးကြီး ပြူးပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေသည်။ ရှန်ယွန်ပေါင်နဲ့ ပြီးခဲ့သည့် တခေါက် တိုက်ခိုက်ခဲ့တာ ထက်စာရင် ဆရာ အခု တိုက်ခိုက်နေတာက အများကြီး သက်တောင့်သက်သာ ဖြစ်နေသည်။

အမှန်တကယ်လည်း ဆွန်းမို အေးအေးဆေးဆေး ဖြစ်နေသည်။ သဏ္ဍာန်မဲ့မြင့်မြတ် စကြ်ဝဠာအဆင့် (၆)၏ ပုံ့ပိုးမှုဖြင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှန်ယွန်ပေါင်အား သင်ခန်းစာ ပေးရတာသည် ထမင်းစား၊ ရေသောက်သလောက် လွယ်ကူသည်။

ရှန်ယွန်ပေါင်က အဖြေဆယ်ခုကျော် ပေးခဲ့ပေမယ့် အားလုံး မှားနေသည်။ ဒါကြောင့် အနည်းငယ် စိတ်တိုပြီး ဒီနေရာမှာပဲ မလှုပ်ရှားဘဲ ရပ်တန့်နေဖို့ ဆုံးဖြတ်လိုက်သည်။

“ဆရာ ဆက်ရိုက်ပါ။ ပြီးရင်တော့ ငါ့ကိုပြောပြ”

(ဦးနှောက်သုံးရတာက တကယ် စိတ်ပျက်စရာပဲ)

ရှန်ယွန်ပေါင်က ရပ်တန့်နေသဖြင့် ဆွန်းမို ဆက်ရိုက်ဖို့ ခက်သွားသည်။ ဒါကြောင့် နှာတစ်ချက် ရှုံ့လိုက်ပြီး

"အရင်တုန်းကလို မင်းတစ်ယောက်တည်း မဟုတ်တော့ဘူး။ မင်းမှာ သိုင်းမောင်နှမတွေ ရှိနေပြီ။ မင်းနောက်ကို ချန်လုံလိုက်လာတာ သူ့အတွက် ဘယ်လောက် အန္တာရာယ်များလဲ သိလား"

ရှန်ယွန်ပေါင် အံ့အောသင့်သွားပြီး မျက်နှာ မည်းမှောင်သွားသည်။ သူက သေရမှာ မကြောက်ပေမယ့် သေခြင်းတရားရဲ့ အစိပ္ပါယ်ကို

မသိတာ မဟုတ်ပါ။ ချန်လုံ အနောက်ကနေ လိုက်လာရဲတဲ့ အကြောင်းအရင်းကလည်း သူ့ကို စိတ်ပူလို့ ဖြစ်သည်။

"မင်းတို့နှစ်ယောက်အတွက် လီဇီချီ ဘယ်လောက် စိတ်ပူနေလဲ သိလား"

ဆွန်းမို သက်ပြင်းချလိုက်သည်။ " သူမရဲ့ တိုက်ပွဲစွမ်းအားက အားနည်းပေမယ့် မင်းတို့နောက် လိုက်ချင်နေတုန်းပဲ။ သူမသာ တစ်ခုခု ဖြစ်သွားရင် မင်းတို့ ဘယ်လိုခံစားရ မလဲ"

"စိတ်ပူတာလား"

ရှန်ယွန်ပေါင် တိုးတိုးလေး ပြောလိုက်သည်။ သူ့အတွက် တခြားသူများက စိုးရိမ်တာကို တစ်ခါမှ မကြုံဖူးပါ။

"မင်း ချန်လုံနဲ့ လီဇီချီကို တောင်းပန်သင့်တယ်"

ဆွန်းမိုက အပြစ်တင်လိုက်သည်။

"ဘာတွေ စောင့်နေသေးတာလဲ"

" ပညာသင်ဘက် ညီလေး ငါမှားသွားတယ်"

ဒီလို ပြောပြီးနောက် "ဒါပေမယ့် ရန်သူကို အနိုင်မယူနိုင်ခဲ့ရင် ငါက သေချာပေါက် နောက်မှာ ကျန်ခဲ့ပြီး မင်းကို အရင်ထွက်ပြေးခိုင်းမယ်"

ရှန်ယွန်ပေါင်က ဒါကို လိမ်ပြောနေခြင်း မဟုတ်ပါ။ သူက ဒီလို လူပဲ ဖြစ်သည်။

"ငါတို့က ပညာသင်ဘက် ညီအကို တွေပါ။ ဒီလိုမျိုး တကူးတက လုပ်နေစရာ မလိုပါဘူး"

ချန်လုံက တိုးတိုးလေး ရယ်လိုက်သည်။ ဒီလိုအရာတွေကို သူစိတ်မဝင်စားပေမယ့် ဆွန်းမိုပေါ် သူ့ရဲ့ ခံယူချက် အများကြီး တိုးတက်လာသည်။

ဆရာအများစုက ကိုယ့်မာနကိုယ်ပဲ ဂရုစိုက်ကြသည်။ သို့သော် ဆွန်းမိုက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတွေ၏ ဘေးကင်းမှုနဲ့ ခံစားချက်များကို အရမ်းအလေးထားသည်။

ဒင်

ချန်လုံ၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၅၅၀/၁,၀၀၀)။

ချန်လုံသည် ဒီလို ဂရုစိုက်တတ်တဲ့ ဆရာကို သဘောကျသည်။

လီဇီချီသည် သူတို့လေးယောက် ပြန်လာတာ မြင်လိုက်လျှင် ချက်ခြင်း ထ လာသည်။

"လီဇီချီ ငါတောင်းပန်ပါတယ်"

ရှန်ယွန်ပေါင်က တောင်းပန်လိုက်သည်။

"မင်းတို့တွေ အဆင်ပြေရဲ့လား"

လီဇီချီသည် ဆွန်းမိုကို စိတ်အပူဆုံးဖြစ်သော်လည်း ချန်လုံကို ပထမဆုံးကြည့်လိုက်သည်။ ဘာကြောင့်ဆို သူမ အမိန့်ကြောင့်လိုက်သွားခြင်း ဖြစ်သည်။ တစ်ခုခုဖြစ်ခဲ့ရင်ကို့ကိုယ်ကို အပြစ်တင်လို့ မဆုံးအောင် ဖြစ်ရမည်။

"ငါတို့ အဆင်ပြေပါတယ်"

လုချီဟွာက သူမရင်ဘက်ကို ပုတ်ပြီးပြောလိုက်သည်။

"ဒါဆို တော်သေးတာပေါ့"

လီဇီချီ စိတ်အေးပြီး သက်ပြင်းချလိုက်သည်။

"ရှန်ယွန်ပေါင်၊ မင်းငါ့ကို ပညာသင်ဘက် အစ်မအကြီးဆုံးလို့ ခေါ်သင့်တယ်"

"ကောင်းပြီလေ။ ပညာသင်ဘက် အစ်မအကြီးဆုံး"

ရှန်ယွန်ပေါင်က ဒီနေ့ သူ့အတွက် စိတ်ပူပေးထားသောကြောင့် စိတ်ကျေနပ်ခွင့် ပေးလိုက်မယ်လို့ ဆုံးဖြတ်ထားသည်။

"အရမ်းကောင်းတယ်"

လီဇီချီသည် ရှန်ယွန်ပေါင် ပခုံးကို ပုတ်လိုက်ချင်သော်လည်း ခြေဖျားထောက်ရင်တောင် မမှီနိုင်ဘူးဆိုတာ သိလိုက်သည်။ ရွေးချယ်စရာမရှိဘဲ မေ့ပစ်လိုက်ရသည်။

ဒီကောင် တော်တော် အရုပ်ရှည်တယ်။ ဘာလို့ ဒီလောက် ရှည်နေတာလဲ။

"မင်းတို့တွေ ချောင်းကြည့်နေတဲ့ကောင်ကို လိုက်မှီလိုက်လား"

ထန်ထန်ယုထန်က စပ်စုလိုက်သည်။

"မတွေ့ဘူး"

ရှန်ယွန်ပေါင်က ခေါင်းခါရင်း ပြန်ဖြေသည်။

“ကောင်းပြီ၊ မင်းတို့အားလုံး အနားယူလို့ ရပြီ။ ရှန်ယွန်ပေါင်၊ မင်းက မီးပုံကို မျက်နှာချင်းဆိုင် ထိုင်ရင်း ကို့ကိုယ်ကို ပြန်သုံးသပ်ပါ။ ပြီးတော့ ညဘက်ကင်းကျတယ်။ ချန်လုံက ငါနဲ့ လိုက်ခဲ့”

ဆွန်းမို ညွှန်ကြားလိုက်သည်။

စာစဉ်(၁၆)

အခန်း(၂၃၂ - ခ) - သန်းခေါင်ယံ လမ်းညွှန်ချက်နဲ့ ချက်ခြင်း သက်ရောက်မှု။

ချန်လုံသည် တဲထဲတွင် အဝတ်အစား ချွတ်လိုက်ပြီး ဆွန်းမိုသည် ချန်လုံကိုယ်ပေါ်က ဝိညာဉ်တက်တူးကို ဘယ်လောက်ပဲ မြင်နေမိပါစေ အနည်းငယ် ထိတ်လန့်နေသေးသည်။

"ငါ မင်းကို ပြောနေတာလဲ အကြိမ်ကြိမ် ရှိနေပြီ.၊ ဒီတက်တူးတွေ ပြန်မပြင်ရသေးခင် မကျင့်ကြံပါနဲ့လို့"

ဆွန်းမိုသည် ချန်လုံ၏ ခန္ဓာကိုယ်ပေါ် လက်တင်ရင်း မျက်မှောင် ကြုတ်သွားသည်။

ဒီကောင်ရဲ့ ဝိညာဉ်ချီတွေ တိုးတက်လာသည်။ သေချာပေါက် ခိုးပြီး ကျင့်ကြံနေတာပဲ။

ချန်လုံ ပါးစပ် ပိတ်ထားသည်။ ဆွန်းမိုလည်း သူ့တပြည့်ကို ဘယ်လိုပြောရမလဲ မသိအောင် ဖြစ်နေသည်။ ဆွန်းမိုသည် ဝိညာဉ်တက်တူး လေ့လာရာတွင် ပိုတိုးတက်အောင် တတ်နိုင်သလောက် ကြိုးစားဖို့ပဲ ကျန်တော့သည်။ ပြီးတော့ အနိုပ်ပညာသည် ချန်လုံ ခန္ဓာကိုယ်ကို ထိန်းသိမ်းရာတွင် အရမ်းထိရောက်မှု ရှိသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

ထို့နောက် တဲထဲက မထွက်ခွာခင် အရိုအသေ ပေးသွားခဲ့သည်။

ထန်ထန်ယုထန် အလှည့်ဖြစ်သည်။ ဆွန်းမိုက သူ့ကို မကုသပေးဘဲ ကြည့်ပြီး မေးလိုက်သည်။

"ဘာလို့ လီဇီချီကို မကူညီတာလဲ။"

"သူမက ကောင်းကောင်း လုပ်နိုင်ခဲ့တာပဲ"

ထန်ထန်ယုထန်က ပခုံးတွန့်ရင်း ပြန်ပြောလိုက်သည်။

"မင်းကူညီရင် ပိုမလွယ်ဘူးလား။ ထန်ထန်ယုထန်၊ မင်းက ဦးနှောက် အားကိုးပြီး အသက်ရှင်နေတယ်လို့ ခဏခဏ ပြောနေတာ ။ ဒီလိုဆိုလည်း မင်းရဲ့ အရည်အချင်း အစစ်အမှန်ကို ထုတ်ပြလိုက်ပါလား"

ဆွန်းမိုက ထန်ထန်ယုထန်ကို စိတ်ပျက်လက်ပျက်နဲ့ ကြည့်လိုက်သည်။

"လီဇီချီက မင်းကို ပညာသင်ဘက် မောင်နှမလို သဘောထားတယ်။ မင်းရဲ့အပြုအမူကြောင့် သူမကို

မထိခိုက်စေဖို့ ငါမျှော်လင့်တယ်။ ရပြီလေ။ အခု မင်းထွက်သွားလို့ ရပြီ။”

ထန်ထန်ယုထန်သည် တဲထဲက ထွက်သွားပြီးနောက် ရှန်ယွန်ပေါင် တဲထဲ ဝင်သွားတာကို ကြည့်လိုက်သည်။ အသက်ရှင်သွေးနည်းစနစ်နဲ့ မကုပေးခဲ့တာက သူ့အတွက် ပြစ်ဒဏ်ဆိုတာ သူနားလည်သည်။

“ဆရာက ငါ့အပေါ်ကို တကယ်ပဲ မျှော်လင့်ချက်ကြီးကြီး ထားနေတာလား”

ထန်ထန်ယုထန် ကို့ကိုယ်ကို လှောင်ပြုံးပြုံးလိုက်သည်။ ဆွန်းမို ဘာပြောချင်လဲဆိုတာ သူနားလည်သည်။ ဆွန်းမိုသည် သူအသေးစားလုည့်ကွက်များလုပ်သည့်အခါ အများအားဖြင့် မျက်လုံး မှိတ်ပေးထားသည်။ ဒါပေမယ့် သူတို့ လုံခြုံရေးနဲ့ ပက်သက်လာသဖြင့် စကားပြောရတာ မလွယ်တော့ပါ။

ပြီးတော့ အစောပိုင်းတုန်းက အခြေအနေတွင် သူ့ကို ဒုခေါင်းဆောင်အနေနဲ့ အခြေအနေတွေ ထိန်းချုပ်စေချင်တာ သူနားလည်သည်။

ဒီလိုမျိုး မျှော်လင့်ထားမှုက ထန်ထန်ယုထန်၏ အတွင်းပိုင်း စိတ်ထဲတွင် ထူထူးခြားခြား ခံစားရသည်။ အသိအမှတ်ပြုခံရခြင်းသည် တကယ်ကြည်နူးဖို့ကောင်းသည်။ အရင်တုန်းကတော့ တခြားလူတွေသည် သူ့ရဲ့ဖျားနာနေတဲ့ အခြေအနေကို မြင်ပြီး အမှိုက်တစ်ခုလိုသာ သဘောထားကြသည်။ ပြည်နယ်ကိုးခုက လူများသည် သိုင်းစွမ်းအားကိုသာ အလေးထားကြသည်။

ထန်ထန်ယုထန်က 'ငါ့အသက်ရှင်ဖို့အတွက် ဦးနှောက်ကိုသာ အားကိုးတယ်' လို့ မကြာခဏ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြောလေ့ရှိသည်။ အများစုက ကို့ကိုယ်ကို လှောင်ပြောင်ပြီး ဒေါသစိတ်ကြောင့် ဖြစ်သည်။ (ငါက အားနည်းပေမယ့် ဦးနှောက် ရှိတယ်)

ပြီးတော့ သက်သေပြဖို့လည်း ဘယ်သူကမှ အခွင့်အရေး မပေးခဲ့ကြပါ။

ဒါပေမယ့် ဆွန်းမိုကတော့ ခြွင်းချက် ဖြစ်နိုင်သည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး (၅၁၀/၁,၀၀၀)

“မင်းက တကယ်ထူးဆန်းတဲ့လူပဲ”

ထန်ထန်ယုထန်သည် ဆွန်းမိုကို နားမလည်နိုင်သလို ခံစားရပြီး ခေါင်းယမ်းလိုက်သည်။ ပြီးတော့ ဆွန်းမိုရဲ့ ရှေ့ပေါင်းနဂါးဖမ်းတဲ့လက်က တကယ် အံ့အောဖို့ကောင်းသည်။

ဒါကိုတွေးရင်း ထန်ထန်ယုထန် တစ်ယောက် မနေနိုင်ဘဲ ပခုံးတွန့်လိုက်သည်။ ဆွန်းမိုရဲ့ ကူသပေးမှုကို ခံစားရပြီးနောက်

ပြုိင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရက်အနည်းငယ်ကြာအောင် နေလို့ထိုင်လို့ကောင်းတာ ပြန်သတိရသွားသည်။

အင်း

(နောက်တခါကျရင် ဒီထက်ကောင်းအောင်လုပ်သင့်လား) ထန်ထန်ယုထန်၏ စိတ်ပိုင်းဆိုင်ရာမတည်မငြိမ် ဖြစ်နေတာ စနစ်က သိထားသော်လည်းသူ့မျက်နှာကိုသူ ပါးရိုက်ပစ်ရမည့် အခွင့်အရေးကလွတ်အောင် မလုပ်နိုင်ပါ။

တဲထဲတွင် ရှန်ယွန်ပေါင်တစ်ယောက်ခေါင်းကုတ်ကာ ရပ်နေပြီး ဘာလုပ်ရမလဲ

မသိဖြစ်နေသည်။ လီဇီချီရဲ့ စိုးရိမ်မှုကို ခံစားရပြီး ခံစားချက်က အနည်းငယ် ထူးဆန်းနေသည်။

"အဝတ်တွေ ချွတ်လိုက်။ ပြီးတော့ လှဲလိုက်"

ဆွန်းမိုတစ်ယောက် စိတ်ပျက်လက်ပျက်နဲ့ ခေါင်းယမ်းလိုက်မိသည်။ ရှန်ယွန်ပေါင်မှာ သာမန် အားနည်းချက်ရှိသော်လည်း တိုက်ခိုက်ဖို့ အတွက်သာ စိတ်နှင့် ခွန်အား အားလုံး မြှုပ်နှံထားသော အတွေးရှင်းတဲ့ လူတစ်ယောက် ဖြစ်သည်။

ရှန်ယွန်ပေါင် လျှင်မြန်စွာ လုပ်လိုက်သည်။ အဝတ်အစားတွေ အားလုံး ချွတ်လိုက်ပြီးနောက် ငါးခြောက်တစ်ကောင်လို စောင်ပေါ်တွင် အိပ်နေသည်။

တိုက်ပွဲ စွဲလမ်းသူ ကိုယ်ပေါ်က ဒဏ်ရာကို ကြည့်လိုက်ပြီး ဆွန်းမိုရဲ့ အကြည့်သည် လေးနက်လာသည်။

"မင်း ငါ့ကို မုန်းနေလား"

"မဖြစ်ပါဘူး"

ရှန်ယွန်ပေါင် မေးစေ့က ခေါင်းအုံးထဲတွင် မြုပ်ဝင်သွားသည်။

“ဆရာက ဒါကို ကျွန်တော့်အကျိုးတွက် လုပ်ပေးနေတာ ကျွန်တော်သိတယ်။ ပြန်စဉ်းစားကြည့်လိုက်တော့ စောစောတုန်းက ကျွန်တော်ရဲ့ အပြုအမူက ချန်လုံကို အန္တာရာယ်ဖြစ်စေတာ အမှန်ပဲ။”

ဆွန်းမိုလည်း စိတ်အေးသွားသည်။ သူ့ရဲ့ သင်ကြားခြင်းက အလကား မဖြစ်သွားပါ။

“ဒါပေမယ့် ဆရာ ဘယ်လိုလုပ်ပြီး ပိုသန်မာလာရတာလဲ။ စောစောတုန်းက ကျွန်တော်ရဲ့ တိုက်ကွက်တွေ အကုန်လုံးကို ရင်းနှီးနေသလို ခံစားရတယ်။ ဒီခံစားချက်က တကယ် ထူးဆန်းတာပဲ။ ဆရာ အဲဒီအစွမ်း သင်ပေးလို့ရမလား”

“အဲဒါ သဏ္ဌာန်မဲ့ မြင့်မြတ်စကြြ်ဝဠာကျင့်စဉ်ရဲ့ အဆင့်(၃)ဖြစ်တဲ့ ကူးယူခြင်း အစွမ်းပဲ”

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေသည်။

“ရှန်ယွန်ပေါင် မင်းက အတွေးရိုးသားတဲ့လူဖြစ်လို့ ကျင့်စဉ်မျိုးစုံ သင်ယူဖို့ မသင့်တော်ဘူး။

ဒီကမ္ဘာကြီး အဆုံးမသတ်သရွေ့ သိုင်းပညာကျင့်စဉ် တမျိုးတည်းကိုပဲ အဆက်မပြတ် လေ့ကျင့်နေသင့်တယ်”

ဒီကမ္ဘာပေါ်တွင် လူနှစ်မျိုး ရှိသည်။ တစ်မျိုးက လီဇီချီနှင့် ထန်ထန်ယုထန်တို့လို ရှုပ်ထွေးစွာ တွေးတောနိုင်ကြသည်။ သူတို့သည် ကျင့်စဉ်များစွာ သင်ယူနိုင်ရုံသာမက မြန်မြန်ဆန်ဆန် သင်ကြားနိုင်သည်။ အဲဒါတွေ အားလုံးကိုလည်း အတူတကွ ပေါင်းစည်းနိုင်ပြီး ကိုယ်ပိုင်အတွေ့အကြုံအဖြစ် ပြောင်းလဲနိုင်သည်။

နောက်တစ်မျိုးက ပင်ကိုယ်ဗီဇကို အားကိုးတဲ့ ရှန်ယွန်ပေါင်လို လူမျိုးများ ဖြစ်သည်။ များများလေ့လာလေလေ သူတို့ရဲ့ စစ်မှန်တဲ့ ဘာဘာဝကို အဟန့်အတား ဖြစ်လေလေ ဖြစ်သည်။

ရှန်ယွန်ပေါင်သည် ဖြူစင်လွန်းသည်။ ဆွန်းမိုသည် ရှန်ယွန်ပေါင်ကို ရိုက်နှက်နေတုန်းက ရှန်ယွန်ပေါင်သည် အားကြီးတဲ့ ရန်သူနဲ့ ကြုံလာရင် သူ့ရဲ့ လှုပ်ရှားမှုတိုင်းက သူ့ရဲ့ ပင်ကိုယ်ဗီဇ အပေါ်မှာသာ မှီခိုနေမယ်ဆိုတာ ဆွန်းမို

ရိပ်မိသွားသည်။ သူက သိပ်အများကြီး တွေးနေမှာ မဟုတ်ပါ။

တွေးနေမယ့်အစား ခေါင်းမလှုပ်ခင် လက်တွေက အရင်လှုပ်ရှားလာလိမ့်မည်။

"အင်း၊ ဆရာကို ယုံတယ်။"

ရှန်ယွန်ပေါင်က ခေါင်းညိတ်ရင်း ပြန်ပြောသည်။ ဆွန်းမိုက ကပ်စီးနဲ့တဲ့ ဆရာမဟုတ်ဘူးဆိုတာ သူ ယုံကြည်သည်။ လီဇီချီနှင့် တခြားနှစ်ယောက်က သက်သေပြပြီးသား ဖြစ်သည်။

“မင်းသာ မြင်ခင်းမီးတောက်လုံ ကျင့်စဉ်ကို ကြီးမားသော အောင်မြင်ခြင်းအဆင့် ရောက်သွားရင် ငါသင်ပေးမယ်။ အခုချိန်မှာသာ သင်လိုက်ရင် မင်းရဲ့တိုက်ပွဲဗီဇ အားနည်းသွား စေလိမ့်မယ်။”

ဆွန်းမိုက ရှင်းပြသည်။

ဆွန်းမိုသည် ရှန်ယွန်ပေါင်၏ ခန္ဓာကိုယ်ကို နှိပ်ပေးလိုက်တိုင်း အနည်းငယ် ပိုစိတ်ချမ်းသာလာသည်။ သူ့စိတ်ထဲတွင် ကြီးကျယ် ခမ်းနားတဲ့ ရတနာကြီးတစ်ခုကို မြင်ရသလို ချီးမွမ်းနေပြီး အံ့အောသင့်နေသည်။ ဒီခန္ဓာကိုယ်က

သဘာဝတရားကြီးနဲ့ ဘယ်လောက်တောင် ဆန့်ကျင်လိုက်သလဲ။ ပြည်နယ်ကိုးခုရဲ့ နံပါတ်တစ် လုံသမား တစ်ယောက် ဖြစ်လာဖို့လား။ ရှန်ယွန်ပေါင်ရဲ့ ရည်ရွယ်ချက် သေးငယ်တယ်လို့ ဆွန်းမို ခံစားရသည်။ သူက ရှန်ယွန်ပေါင်ကို ဒီကမ္ဘာကြီးရဲ့ နံပါတ်တစ် ဖြစ်စေချင်သည်။ ထို့နောက် စိတ်ငြိမ်အောင်လုပ်လိုက်ပြီး အာရုံစိုက်ကာ ဆက်နှိပ်ပေးနေသည်။ ဘယ်ဘက်မျက်လုံးကို မျက်တောင်နှစ်ချက် ခတ်လိုက်ရင် သိုလှောင်ရုံထဲက ကျင့်စဉ်တခု ပုံထွက်လာသည်။ မျက်လုံးရှေ့က စာအုပ်ကို လှန်လိုက်သည်။

ဆွန်းမိုသည် ရှန်ယွန်ပေါင်ကို ရိုက်နှက်ပြီး ကတည်းက မြင်ခင်းမီးတောက်လုံ ကျင့်စဉ် အပြည့်အစုံကို ရရှိခဲ့သည်။ ဒါကို ဖတ်ပြီးတာနဲ့ တချို့အချက်ကို နားလည်သွားသည်။ နတ်ဘုရားမျက်စိအာရုံကို အသက်သွင်းလိုက်သည်။ ဘိုးဘေးအဆင့် ကျွမ်းကျင်မှုက တကယ်မိုက်တယ် ဆိုပြီး ထ အော်ဟစ်လိုက်ချင်သည်။ ကျင့်စဉ်၏ အရေးကြီးတဲ့ အချက်များကို အလိုလို ဖော်ပြထားသည်။

"ရှန်ယွန်ပေါင် မင်းရဲ့ကျင့်စဉ်ကို လေ့ကျင့်တုန်းက ဘယ်သူကမှ မသင်ပေးခဲ့ဖူး မဟုတ်လား"

ဆွန်းမို မျက်မှောင်ကြုတ်နေသည်။

"အမ် ဒါကို ဆရာဘယ်လို သိတာလဲ"

ရှန်ယွန်ပေါင်လည်း အံ့အားသင့်သွားပြီး ဆွန်းမိုကို အလိုလို လှည့်ကြည့်လိုက်မိသည်။

"ဒီကျင့်စဉ်ကို ဘယ်လို ရလာတာလဲ"

ဆွန်းမို သိချင်လာသည်။

"ခိုးလာတာ"

ရှန်ယွန်ပေါင်သည် ဒီလိုပြောနေတဲ့အချိန်တွင် လုံးဝ မရှက်ပါ။ ပြီးတော့ ဆွန်းမိုကိုလည်း ဖုံးကွယ်ထားဖို့ အစီအစဉ် မရှိပါ။ အရမ်းရိုးသားလွန်းသည်။

"ငါတို့ ကလန် ခေါင်းဆောင်ဟောင်းက ဒီကျင့်စဉ်ကို ငါသင်ယူလိုက်ရင် ငါ့ရဲ့ ပင်ကိုယ်စရိုက်အရ သေချာပေါက် ဒုက္ခပေးတဲ့သူ တစ်ယောက် ဖြစ်လာမယ်လို့ ပြောတယ်။ ဒါကြောင့်လည်း ငါ့ကို သင်ပေးဖို့ငြင်းဆန်နေတာနဲ့ ခိုးပြီး ထွက်ပြေးလာတာ"

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။ ဒါပေမယ့် ကလန်ခေါင်းဆောင် ပြောတာ မှန်တယ်လို့ ထင်သည်။ ရှန်ယန်ပေါင်၏ ပင်ကိုယ်စရိုက်နဲ့ဆိုရင် ဒီကျင့်စဉ်ကြောင့် မျိုးနွယ်စု တစ်ခုလုံးအတွက် ကြီးမားသော ဘေးအန္တရာယ်ကို ယူဆောင်လာနိုင်သည်။

"ဆရာ၊ ကျွန်တော် ကျင့်ကြံတဲ့နည်းက မမှန်လို့လား"

ရှန်ယွန်ပေါင်သည် မေးပြီးတဲ့နောက် သူ့ကိုယ်သူ အပြစ်တင်လိုက်သည်။ ဆရာက ဒီကျင့်စဉ်မှ မသိတာ မှန်လား၊ မှားလားဆိုတာ ဘယ်လို သိမှာလဲ။

“အင်း၊ မင်းက ရုပ်ပိုင်းဆိုင်ရာကိုပဲ အရမ်းအားကိုးနေပြီး စွမ်းအင် လမ်းကြောင်း ကျင့်ကြံဖို့ မေ့ထားတယ်။ ဒီနေ့ကစပြီး တရားကျင့်ကြံတဲ့ အချိန်တိုးမြှင့်ဖို့ လိုအပ်လိမ့်မယ်”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

“အမ်”

ရှန်ယွန်ပေါင် ချက်ခြင်း ထအော်လိုက်သည်။ တရားထိုင်ရတာက အရမ်းပျင်းဖို့ကောင်းသည်။

"အခုပဲ မင်းရဲ့ စွမ်းအင်လမ်းကြောင်း ရှင်းသွားအောင် လုပ်ပေးလိုက်မယ်"

ဆွန်းမိုက ရှေ့ဟောင်းဝေလငါးဆီကို လက်ပေါ် လောင်းချလိုက်ပြီး ရှန်ယွန်ပေါင်ရဲ့ ကျောကို နှိပ်ပေးလိုက်သည်။ ထို့နောက် စတင်ပြီး အားထည့်လိုက်သည်။ ရှန်ယွန်ပေါင်၏ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ ခံနိုင်ရည်အဆင့်နဲ့တောင် နာကျင်ပြီး

အော်ဟစ်နေရသည်။ သို့သော် နာကျင်မှု သက်သာလာပြီးနောက် ဖော်ပြလို့ မရနိုင်တဲ့ ခံစားမှုတစ်ခု ဖြစ်ပေါ်လာသည်။ ရှန်ယွန်ပေါင်သည် ခန္ဓာကိုယ် အရမ်းသန်မာသောကြောင့် စွမ်းအင်လမ်းကြောင်းကို ကောင်းကောင်း မလေ့ကျင့်ခဲ့ပါ။ ဒါကြောင့်လည်း ဝိညာဉ်ချီ က ခန္ဓာကိုယ်ပြည့်အောင် မလည်နိုင်ဘဲ လျော့နည်းကုန်ခမ်း သွားစေသည်။

ကျင့်ကြံသူ အများစု၏ ခန္ဓာကိုယ်သည် အားနည်းပြီး ဝိညာဉ်ချီ ဒဏ်ကို မခံနိုင်ကြပါ။ ဒါကြောင့် သူတို့သည် ခန္ဓာကိုယ်

ပိုသန်မာလာစေရန် ပြုလုပ်ကာ ဝိညာဉ်ချီ ပိုစုပ်ယူနိုင်အောင် လုပ်ဆောင်ကြရသည်။ သို့သော် ရှန်ယွန်ပေါင်က လုံးဝ ဆန့်ကျင်ဘက် ဖြစ်နေသည်။ ခန္ဓာကိုယ်က အောက်ခြေမရှိတဲ့ တွင်းတစ်ခုလို ဖြစ်နေပြီး ဝိညာဉ်ချီ ပြည့်အောင် မဖြည့်ဆည်းနိုင် ဖြစ်နေသည်။ အမြဲတမ်း ဆာလောင်နေပြီး အားနည်းတဲ့ သားရဲတစ်ကောင်လို ဖြစ်နေသည်။ ဒီလိုအခြေအနေနဲ့ တိုက်ပွဲ စွမ်းရည် ဘယ်လောက် မြင့်မားနိုင်မှာလဲ။ ရှန်ယွန်ပေါင် အခုလက်ရှိ လုပ်သင့်တာက စွမ်းအင်လမ်းကြောင်းများကို အားကောင်းစေပြီး

ဝိညာဉ်ချီ ပိုစုပ်ယူနိုင်အောင် လုပ်သင့်သည်။ သူ့ခန္ဓာကိုယ်သည် သွေးလောင်ကျွမ်းခြင်း နယ်ပယ်က လူထက် အားမနည်းပါ။

"တကယ်ကို သဘာဝနဲ့ သွေဖယ်နေတာပဲ"

ဆွန်းမိုပင် အနည်းငယ် မနာလို ဖြစ်မိသည်။ အမျိုးသမီး တစ်ရာလောက်နဲ့ ဆက်တိုက် အိပ်နိုင်လောက်အောင် ထူးချွန်လွန်းသည်။ ဒါက ရှန်ယွန်ပေါင်ရဲ့ကိစ္စပါ။ ဘာနည်းစနစ်မှ မလိုဘဲ အမျိုးသမီးတစ်ယောက်ကို အဝတ်အစား ဆုံးရှုံးကာ အကျယ်ကြီး အော်နေအောင် လုပ်နိုင်သည်။

"အင်း"

ရှန်ယွန်ပေါင်ကတော့ အများကြီး မတွေးပါ။

(ငါ့ခန္ဓာကိုယ်ကို တစ်ရက်လောက် မလေ့ကျင့်ရရင် ငါသေလိမ့်မယ်။ စွမ်းအင်လမ်းကြောင်း အတွက်တော့ ပေါ့ပေါ့ပါးပါးလေး လေ့ကျင့်လိုက်မယ်။)

သို့သော်လည်း ထိုအချိန်တွင် များပြားလှသော ဝိညာဉ်ချီများ သူ့ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်လာသည်။

ဘုန်း ဘုန်း ဘုန်း

"ငါ အဆင့်တက်တော့မယ်"

ရှန်ယွန်ပေါင် အံ့အားသင့်သွားသည်။

"ကြောင် မနေနဲ့။ ဝိညာဉ်ချီ မြန်မြန်စုပ်ယူလိုက်။"

ဆွန်းမို တိုက်တွန်းလိုက်သည်။ တခြားသူသာဆိုရင် လျစ်လျူရှုပြီး စောင့်ကြည့်နေရုံပါပဲ။ သို့သော် ဒီတစ်ခေါက်တွင် ဆွန်းမို ဒီလို မလုပ်ခဲ့ပါ။ ရှန်ယွန်ပေါင်ရဲ့ စွမ်းအင်လမ်းကြောင်းများကို ချဲ့ထွင်ကာ ဝိညာဉ်ချီ ပိုစုပ်ယူနိုင်စေရန် ဆက်နှိပ်ပေးနေခဲ့သည်.။

ကျောင်းသားများသည် မီးပုံဘေးတွင် ဝိုင်းဖွဲ့ပြီး ထိုင်နေကြကာ တစ်ယောက်မှ မအိပ်ကြသေးပါ။

“ဘာကြောင့် ငါတို့ကို လာချောင်းကြည့်နေတာလဲ”

လီဇီချီ၏ မျက်ခုံး တော်တော်တွန့်နေသည်။

“ငါတို့ ထောင်ချောက်ဆင်ပြီး ဖမ်းကြမလား”

ထန်ထန်ယုထန်က အကြံပေးသည်။

“မလုပ်နဲ့၊ ဒီနားမှာက ကျောင်းသားတွေ အများကြီး ရှိနေတယ်။ မတော်တဆဖြစ်သွားရင် ဘယ်လို လုပ်ကြမလဲ”

လီဇီချီက အကြံပြုချက်ကို လက်ခံလိုက်သည်။ ကျောင်းသားတစ်ယောက် တစ်ခုခု ဖြစ်သွားခဲ့ရင် ဆွန်းမိုက သူတို့ကို အပြစ်မပြောနိုင်ဘူးလား။ သူ့ရဲ့ ဆရာလမ်းစဉ်မှာလည်း အမဲစက်တစ်ခု ဖြစ်သွားနိုင်သည်။

"အစ်မအကြီးဆုံး ဆန်ပြုတ်တည် လိုက်တော့မယ်"

လုချီဟွာက ပြောလိုက်သည်။

"အင်း"

လီဇီချီက ယောက်မသုံးပြီး အမြန်မွှေလိုက်သည်။

(ညနက်နေပြီ။ ဆရာက ကျောင်းသားတွေကို နှိပ်ပေးပြီး အရမ်းပင်ပန်းနေမှာ သေချာသည်။ သူ အားပြန်ဖြည့်ဖို့အတွက် ညစာစားဖို့ လိုတယ်)

တန်လူသည် သူ့တဲရှေ့တွင် ထိုင်နေရင်း မီးပုံဆီသို့ လှမ်းကြည့်နေသည်။ အနေရမခက်ဘဲ သူတို့ စကားဝိုင်းထဲကို ဘယ်လို ဝင်ပါရင် ကောင်းမလဲ တွေးနေသည်။ ပြီးတော့ လီဇီချီ မျက်နှာလေးကို

မြင်လိုက်ရင် ရင်တထိတ်ထိတ်ခုန်နေပြီး သူမနဲ့ စကား မပြောရဲပါ။

ချန်လုံကျတော့ သက်ရှိအားလုံး အနားမလာနဲ့ဆိုတဲ့ မျက်နှာ အမူအရာ ဖြစ်နေသည်။ ရောဂါသည်နဲ့ ပက်သက်ရင် သူ့ရဲ့ အပြုံးက ခံစားချက် မကောင်းပေ။ စကားပြောရ အလွယ်ဆုံးက ရင်သားကြီးတဲ့ မိန်းကလေး ဖြစ်နိုင်သည်။ သူမကို တချက်ကြည့်လိုက်ရုံနဲ့ လှည့်စားဖို့ လွယ်ကူတာ သိသာလွန်းသည်။ သို့သော်လည်း သူမဆီ မချဉ်းကပ်ရဲပါ။ အဖွဲ့ထဲတွင် သူမကို

အထူးအလေးပေးပြီး ကာကွယ်ပေးနေတာ သိသာထင်ရှားနေသည်။ မတော်လို့ အရိုက်ခံရရင် ဘယ်လိုလုပ်မလဲ။

"အား၊ တကယ် စိတ်ရှုပ်စရာပဲ။ ဘယ်လိုကျော်လွှားရင် ကောင်းမလဲ"

တန်လူ မတ်တပ်ရပ် လိုက်သည့် အခိုက်အတန့်တွင် ဆွန်းမိုတဲထဲကနေ ဘုန်းကန်နဲ့ ဝိညာဉ်ချီတွေ ပေါက်ကွဲ ထွက်လာသည်။ ထို့နောက် ပတ်ဝန်းကျင်က ဝိညာဉ်ချီများ

တဲထဲသို့ ဆူနာမီ လှိုင်းလုံးများလို ပြေးဝင်လာပြီး ဝိညာဉ်ချီ လေဆင်နှာမောင်း တစ်ခု ဖြစ်ပေါ်လာသည်။

(မဖြစ်နိုင်ဘူး။ နောက်ထပ်ကျောင်းသား တစ်ယောက် အဆင့် တက်သွားပြန်ပြီလား။)

တန်လူ တုန်လှုပ်နေသည်။ အင်ဘိုင်ဝူလည်း အဆင့် တက်သွားသေးသည်။ အခု နောက်တစ်ယောက် ဆိုတော့ ဆရာဆွန်းရဲ့ နတ်ဘုရားလက်က တကယ်ပဲ အစွမ်းထက်လွန်းတာလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဆရာဆွန်းရဲ့ ရှေ့ပောင်းနဂါးဖမ်းတဲ့လက်ကို အခုထိ လျှော့တွက်နေတုန်းလား)

တန်လူ အရမ်းစိတ်လှုပ်ရှားပြီး မနာလိုစိတ် စဖြစ်လာသည်။

(ငါသာ ဆရာရဲ့ တိုက်ရိုက်တပြည့်ဖြစ်လာရင် နေ့တိုင်း ရှေ့ပောင်းနဂါးဖမ်းတဲ့ လက်နဲ့ အနှိပ်ခံရင်း ငါ့ရဲ့ အလားအလာအားလုံး ဖော်ထုတ်နိုင်မှာပဲ)

(ငါဒဏ်ရာရလို့ အရိုးကျိုးသွားရင်တောင် မြန်မြန်ဆန်ဆန် ပြန်ကောင်းလာလိမ့်မယ်။)

ဒါပေမယ့် ဆွန်းမို နာမည်ကြီးနေတာ တန်လူသိနေလို့ သူ့တပြည့် ဖြစ်ဖို့အတွက် မလွယ်ကူနိုင်ပါ။

ရှန်ယွန်ပေါင်၏ ပင်ကိုယ်အရည်အချင်းကြောင့် အဆင့်တက်ခြင်းသည် အရမ်းချောမွေ့ခဲ့သည်။ သူက ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်ကိုးကို တခါတည်း တန်းတက်သွားသည်။

"ဆရာ၊ ဆရာရဲ့ ပျိုးထောင်ပေးမှု အတွက် ကျေးဇူးတင်ပါတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှန်ယွန်ပေါင်သည် လက်ကို အနည်းငယ်လှဲ့ပြီး ခန္ဓာကိုယ်ရဲ့ အပြောင်းအလဲကို ခံစားနိုင်အောင် ကြိုးစားနေသည်။ ထို့နောက် ချက်ခြင်း ဒူးထောက်လိုက်ပြီး ဆွန်းမိုကို အရိုအသေပေးလိုက်သည်။ ဆွန်းမိုရဲ့တပြည့် ဖြစ်လာပြီးကတည်းက သူ့ဘာသာ တစ်ယောက်တည်း သွားလာနေခဲ့တဲ့ အချိန်ထက် တိုးတက်နှုန်းမှာ လျှင်မြန်လာခဲ့သည်။

(ဒါပေမယ့် ငါ တရားမထိုင်ခြင်သေးဘူး)

ရှန်ယွန်ပေါင် နှုတ်ခမ်းတွန့်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၆၄၀/၁,၀၀၀)

"ဆရာ၊ လာလာ ဒီမှာ ဆန်ပြုတ်လာသောက်"

လီဇီချီက အပြုံးချိုချိုလေးနဲ့ လက်ယက်ခေါ်လိုက်သည်။ တန်လူသည် ဘယ်လို ပြောရမလဲ စဉ်းစားမရသော်လည်း ဆွန်းမိုနှင့် ဆက်ဆံရေး တိုးမြှင့်ဖို့အတွက် ဒီအခွင့်အရေးကောင်းကို လက်လွှတ်မခံချင်ပါ။ ဒါကြောင့် အမြန်လျှောက် သွားလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဆရာဆွန်းက လမ်းညွှန်မှု တချို့ပေးရင် အရမ်းကောင်းမည်)

စာစဉ်(၁၆)

အခန်း(၂၃၃) - ပေါ့ပေါ့ပါးပါး လမ်းညွှန်မှုနဲ့ တောက်ပသော အလားအလာများ။

မီးပုံသည် ဆက်လက် လောင်ကျွမ်းနေသည်။

"မင်းခြေထောက်ကို သတိထားပါ။"

ဆွန်းမိုက သတိပေးလိုက်သည်။

"အမ်"

တန်လူ ရုတ်တရက် ရပ်တန့်သွားသည်။ ခေါင်းတွင် အေးစက်သော ချွေးများ တသွင်သွင် စီးကျလာသည်။ သူ့စိတ်ထဲတွင် ဆွန်းမိုနဲ့ ဆက်ဆံရေးကောင်းအောင် ဘယ်လို လုပ်ရမလဲဆိုတဲ့ အတွေးများနဲ့ ပြည့်နှက်နေပြီး သူ့ရဲ့ခြေထောက် တစ်ဖက်ကို မေ့သွားသည်။

အရိုး သို့မဟုတ် အကြောများ ဒဏ်ရာရသွားပါက ရက် ၁၀၀၀လောက် အနားယူရမည်လို့ ပြောထားသည်။ တန်လူသည် အရင်က ဒဏ်ရာမရဖူးသော်လည်း ဒဏ်ရာရတဲ့ လူများကို မြင်ဖူးသည်။ ဒီလို ဒဏ်ရာရသွားရင် အိပ်ရာထဲမှာ အကြာကြီး လှဲခိုင်းထားမည်။ ပြီးတော့ ဂရုမစိုက်မိရင် ဒဏ်ရာတွေက ပိုဆိုးလာနိုင်သည်။

တန်လူသည် ခြေကျင်းဝတ်ကို ဂရုတစိုက် ရွှေ့လိုက်သည်။ နည်းနည်းနာသွားပေမယ့် ခံနိုင်နေသေးသည်။

“မင်း ဒုက္ခိတ ဖြစ်ချင်လို့လား။ ခြေကျင်းဝတ်ကို မလှုပ်နဲ့တော့”

ဆွန်းမိုက မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။

“ဆရာ ရွှေ့ဟောင်းနဂါးဖမ်းတဲ့လက်ကို ဘယ်နေရာကနေ တတ်လာတာလဲ”

ထန်ထန်ယုထန် သိချင်နေသည်။ တန်လူ၏ခြေကျင်းဝတ်ဒဏ်ရာက ဘယ်လောက်ပြင်းထန်လဲဆိုတာ ကျန်တဲ့သူများထက်ပိုးနားလည်သည်။ သို့သော်လည်း သူတို့ဆရာ၏ကုသမှုကို ခံယူခဲ့ပြီးနောက် တန်လူသည် လှုပ်ရှားနိုင်ရုံသာမက ဒဏ်ရာကို ဆေးထည့်ရန်ပင် မလိုတော့ပါ။ ဒါက တော်တော်ကို ဆန်းကြယ်လွန်းသည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၁၅။ ရင်းနှီး(၅၂၅/၁,၀၀၀)

"စာအုပ်ထဲကနေ"

ဆွန်းမို တော်တော်သဘောကျနေသည်။

"ဟားဟား"

ထန်ထန်ယုထန် လုံး၀ မယုံပါ။ သင်ချင်နေသော်လည်း မေးရမှာ ရှက်နေသဖြင့် မပြောရဲ ဖြစ်နေသည်။

ဆွန်းမိုက သူ့ရဲ့ အဖိုးတန် လျှို့ဝှက်ကျင့်စဥ်တစ်ခုလို သတ်မှတ်ကာ သိမ်းထားပြီး

မသင်ပေးဘူးဆိုတာ သူမယုံပါ။ လီဇီချီနှင့် တခြားနှစ်ယောက်လည်း သင်ယူနေကြပြီ။

“ဆရာ”

တန်လူသည် စကားပြောဖို့ ချီတုံချတုံ ဖြစ်နေသည်.

“ဗိုက်ဆာလို့လား”

ဆွန်းမိုသည် တန်လူရဲ့ အချက်အလက်များကို ကြည့်ရှုလိုက်ပြီး

လီဇီချီအား “ဆန်ပြုတ်တစ်ပန်းကန် ယူခဲ့”

လှမ်းပြောလိုက်သည်။

"ငါ ဗိုက်မဆာဘူး"

တန်လူ ပြောပြီးတာနဲ့ သူ့ဗိုက်က ဂွီကနဲ အသံထွက်လာသဖြင့် နည်းနည်း ရှက်သွားသည်။

အရမ်းနောက်ကျနေပြီ ဖြစ်သဖြင့် ညကောင်းကင်အောက်တွင် ဝိညာဉ်ချီ အာရုဏ်ဦး ပြိုးပြိုး ပျက်ပျက် လင်းလက်နေသည်။

ဆွန်းမို ဆန်ပြုတ်စားပြီးနောက် တန်လူကို လမ်းညွှန်ချက် တချို့ ပေးချင်ပါသည်။ ဒါပေမယ့်

တချိန်တည်းမှာပဲ အနည်းငယ် စိုးရိမ်နေသည်။ ဒါကြောင့် တိတ်တဆိတ်ပဲ ဆက်နေလိုက်သည်။

တန်လူလည်း အာရုံတွေထွေနေပြီး ဆန်ပြုတ်သောက်နေသည်။ အချိန်တွေ ကုန်လာတာနဲ့အမျှ ဆွန်းမိုကို ကြည့်ရတာ အရမ်းပင်ပန်းနေပြီး ခေါင်းကြီးငုံ့ကာ အချိန်မရွေး အိပ်ပျော်တော့မည့်ပုံဖြစ်နေသည်။ တန်လူသည် စိတ်မထိန်းနိုင်တော့ဘဲ ဆန်ပြုတ်ပန်းကန်ကို ချကာ ဒူးထောက်လိုက်သည်။

"ဆရာ၊ ဒီကျောင်းသားက ဆရာ့ဆီက လမ်းညွှန်ချက် လိုချင်လို့ပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အများအားဖြင့် ကျောင်းသားတစ်ယောက်သည် ဆရာတစ်ယောက်ဆီက လမ်းညွှန်ချက် တောင်းခံရင် ဒီလောက် လေးနက်စွာ အရိုအသေ မပေးကြပါ။ ဒါပေမယ့် ဒီတစ်ခေါက်တော့ မတူပါ။ ဆွန်းမိုက တန်လူ၏ ခြေကျင်းဝတ်ကို ကုသပေးခဲ့တယ်ဆိုတဲ့ အချက်ကို ဖယ်ထားလိုက်အုံး သူသည် ရှေ့ဟောင်းနဂါး ဖမ်းတဲ့လက်ကို အသုံးပြုပြီး ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့ကို ဆက်တိုက် အဆင့်တက်အောင် ကူညီပေးခဲ့သည်။ ဒီအချက်ကြောင့် တန်လူသည် အရမ်းစိတ်လှုပ်ရှားကာ ခံစားချက် မတည်မငြိမ် ဖြစ်နေသည်။

သူ့ရဲ့ အပြုအမူက မယဥ်ကျေးသလို ဖြစ်သွားပြီး ဆွန်းမို စိတ်ဆိုးအောင် လုပ်မိသွားမှာ စိုးရိမ်နေသည်။ ဒီလိုဖြစ်သွားရင် သူလမ်းညွှန်ချက် တောင်းခံလို့ မရနိုင်တော့ပါ။

"မင်းတို့မိသားစုကနေ အမွေဆက်ခံခဲ့တဲ့ အကောင်းဆုံးကျင့်စဥ်ကို ကျင့်ကြံနေတာလား"

ဆွန်းမို ပြောလိုက်သည်။

"ဟုတ်"

တန်လူ ခေါင်းညိတ်လိုက်ပြီးနောက် နောက်တစ်ကြိမ် တွေဝေသွားပြန်သည်။ (ဆရာက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကောင်းဆုံး ကျင့်စဉ်အကြောင်း မေးလာရင် ဘယ်လိုလုပ်မလဲ။ တကယ်လို့ ငါပြင်းလိုက်လျှင် ငါက တွန့်တိုသလို ဖြစ်သွားမလား။ ဒါပေမယ့် ဒါက ငါတို့မိသားစုရဲ့ အကောင်းဆုံးကျင့်စဉ်ပဲ။ တခြားသူတွေကို မျှဝေပေးလို့ မရဘူး)

"ငါတော့ ရှုံးပါပြီ၊ ဆရာက ငါ့ရဲ့ကျင့်ကြံခြင်း ကျင့်စဉ်ရဲ့ တိကျတဲ့ အကြောင်းအရာကိုတောင် မသိတာ ငါ့ကို ဘယ်လိုလုပ် လမ်းညွှန်ပေးမှာလဲ"

"အခုငါပြောမှာက အကြံပြုချက် တစ်ခုပဲ။ အကိုးအကားအနေနဲ့ သုံးလို့ ရတယ်"

ဆွန်းမိုက ပြောဖို့ ဆုံးဖြတ်လိုက်သည်။

တန်လူ ချက်ခြင်း မတ်သွားသည်။

"မင်းတို့ မိသားစုဆီကနေ အမွေဆက်ခံထားတဲ့ ကျင့်စဉ်က အံ့အောဖို့ကောင်းပေမယ့် မင်းနဲ့ မသင့်တော်ဘူး။ မင်းရဲ့ တိုက်ပွဲစွမ်းရည် တိုးမြှင့်ပြီး အောင်မြင်မှု တချို့ ရချင်ရင်တော့ အဲဒါကို ချက်ခြင်း လက်လွှတ်လိုက်ပါ။"

ဆွန်းမိုပြောပြီးနောက် ဆွန်းမိုပြောသမျှကို အမြဲတမ်း ယုံကြည်တတ်တဲ့ လုချီဟွာတောင် အံ့အောစိတ်ကို မထိန်းနိုင်ဘဲ ဖြစ်သွားသည်။

သူမ မျက်နှာမှာ စိတ်ရှုပ်ထွေးတဲ့ အမူအရာများ ပေါ်လာသည်။

မိသားစုဆီက အမွေဆက်ခံ အနှိုက်မ ကျင့်စဉ်ဆိုတာ ဘာလဲ။

မျိုးနွယ်တစ်ခု၏ မျိုးဆက်ပေါင်းများစွာ ကျင့်ကြံခဲ့သော အကောင်းဆုံး ကျင့်စဉ် ဖြစ်သည်။ ဒီလိုမျိုး အကောင်းဆုံး ကျင့်စဉ်တစ်ခုကြောင့် မျိုးနွယ်တစ်ခုလုံး ပိုအားကောင်းလာပြီး သူတို့ မျိုးရိုး ဆက်ပြီး ရှင်သန်နိုင်မည် ဖြစ်သည်။ အများအားဖြင့် ဆိုရင်တော့

မျိုးနွယ်စု၏ ပင်မမျိုးဆက်များနှင့် အရည်အချင်းအရှိဆုံးသော သူများကသာ ဒါကို သင်ယူခွင့်ရလိမ့်မည်။

ဒါပေမယ့် ဆွန်းမိုက ဘာပြောလိုက်တာလဲ။

မိသားစုဆီက အမွေဆက်ခံထားတဲ့ အကောင်းဆုံး ကျင့်စဉ်ကို စွန့်လွှတ်ဖို့ တန်လူကို ပြောနေတာလား။

ဒါက ဟာသတစ်ခုလား။ တန်လူသည် မျိုးနွယ်စုက တိုက်ရိုက် ဆင်းသက်လာသူဖြစ်ပြီး မျိုးနွယ်စုခေါင်းဆောင် ရာထူးကို ဆက်ခံမည့်

သူဖြစ်သည်။ ဒါကြောင့် မိသားစုအမွေခံ အကောင်းဆုံးကျင့်စဉ်ကို အကျွမ်းအကျင်ဆုံး လူဖြစ်ရ လိမ့်မည်။ တကယ်လို့ မျိုးနွယ်စု တိုက်ရိုက်ဆင်းသက်လာသူ မဟုတ်ရင်တောင် အရေးကြီးသော ပုဂ္ဂိုလ်များထဲက တစ်ယောက် ဖြစ်လိမ့်မည်။ သူတို့မိသားစုရဲ့ အန္တိမကျင့်စဉ်ကို မလေ့ကျင့်ထားပါက သူလို့လူမျိုးအတွက် အရမ်း ရှက်ဖို့ ကောင်းနေလိမ့်မည်။

"အမ်"

တန်လူ လုံးဝ အံ့အားသင့်သွားသည်။ ဆွန်းမို ဘာကြောင့် ဒီလို ပြောနေလဲဆိုတာ သူ နားမလည်နိုင်ပါ။

"ဆရာ မင်းရဲ့ လမ်းညွှန်ချက်က တကယ်ရဲတင်းတာပဲ"

ထန်ထန်ယုထန် အံ့အောသွားသည်။

"အမ်"

စကားနည်းတဲ့ ချန်လုံတောင် အသံထွက်လာသည်။ ဒီလမ်းညွှန်ချက်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်လောက် အကျိုးသက်ရောက်မှု များနေလည်းဆိုတာ သိသာနေသည်။

ဘယ်မိသားစုမှာမဆို မျိုးဆက်အမွေခံ အန္တိမကျင့်စဉ်တိုင်းမှာ “အမွေခံ’ ဆိုသော စကားလုံးသည် မျိုးနွယ်စုများ အန္တာရာယ် ကျရောက်လာတဲ့အခါ သူတို့၏ အကြွင်းမဲ့ တိုက်ခိုက်ရေးစွမ်းရည်ကို မှီခိုအားထားတယ်လို့ အဓိပ္ပါယ်ရသည်။

ဒီလို ကျင့်စဉ်တိုင်းသည် မျိုးနွယ်စုတစ်ခု၏ အတက် အကျတိုင်းကို သက်ရောက်မှု ရှိသည်။

"ဆရာ ကျွန်တော်တို့ မျိုးနွယ်စုက ရာစုနှစ်အတော်ကြာအောင် တည်ရှိခဲ့တဲ့ မြင့်မြတ်တဲ့ မျိုးနွယ်စု တစ်ခုပါ။ ကျွန်တော်က သူတို့ရဲ့ တိုက်ရိုက် မျိုးဆက်ပါ။"

တန်လူသည် လည်ချောင်းသံနဲ့ ပြောလိုက်သည်။

" မင်းက တိုက်ရိုက် မျိုးဆက်ဖြစ်လည်း ဘာဖြစ်လဲ။ မင်းမှာ ကြီးမားတဲ့ တိုက်ခိုက်ရေးစွမ်းရည် မရှိရင် မျိုးနွယ်စု ခေါင်းဆောင်အဖြစ်နဲ့ ဘယ်လို တိုက်ခိုက်ပြီး ရပ်တည်မလဲ။ မင်းအဖေက မင်းကို

ချစ်မြတ်နိုးပြီး ရာထူးရဖို့ တွန်းပို့နေရင်တောင် မင်းအဲဒီအပေါ်မှာ တည်တည်ငြိမ်ငြိမ် ထိုင်နိုင်ပါ့မလား။ ဒီကမ္ဘာကြီးက သိုင်းပညာစွမ်းအားကိုပဲ အလေးထားတယ်”

သူ၏ နတ်ဘုရားမျက်စိ အာရုံအောက်တွင် ဒီလူငယ်လေး၏ အချက်အလက် အားလုံး မြင်နေရသည်။

တန်လူ တိတ်ဆိတ်သွားသည်။ ဆွန်းမိုပြောတာ မှန်သည်။ အစွမ်းထက်တဲ့ တိုက်ခိုက်ရေး စွမ်းရည် မပိုင်ဆိုင်ထားရင် မျိုးနွယ်စုကို

စောင့်ရှောက်ပေးနိုင်မည် မဟုတ်ပါ။ မျိုးနွယ်စုသည် သူ့လက်ထဲတွင် ကျဆင်းသွားပါက သူတို့ ဘိုးဘေးများအရှေ့တွင် အရမ်းရှက်ဖို့ ကောင်းနေမည်။

"အချိန်တွေ ပြောင်းနေပြီ။ မိသားစု အမွေခံ အကောင်းဆုံး အန္တိမကျင့်စဉ်က မင်းတို့နဲ့ မကိုက်ညီတဲ့နေ့ ရောက်လာမှာပဲ။ ဒါတောင် အတင်းအကြပ် ကျင့်ကြံနေအုံးမှာလား"

ဆွန်းမို မေးလိုက်သည်။

"ဆရာ၊ ငါတို့မိသားစုရဲ့ အမွေခံ အကောင်းဆုံး အန္တိမကျင့်စဉ်က အားနည်းနေပြီလား"

ဆွန်းမိုနှင့် စကားပြောနေရင်း တန်လူ ပိုလေးစားလာသည်။

"ငါက ဉပမာ အနေနဲ့ ပြောတာပါ။ မင်တို့မိသားစု အမွေခံ အကောင်းဆုံး အနှိမ့်မကျင့်စဉ်မှာ ပြဿနာမရှိဘူး၊ မင်းနဲ့ပဲ မသင့်တော်တာ"

ဆွန်းမို က ရှင်းပြသည်။

"အမ်"

တန်လူ အရမ်းအံ့အောတဲ့ အငွေ့အသက်ပေါ်လာပြီး အတွေးထဲ နစ်မြုပ်သွားသည်။ (ဆရာက ငါတို့ မိသားစု

အမွေခံ ကျင့်စဉ်နဲ့ ရင်းနှီးနေသလိုပဲ။ ဒီလိုမှ မဟုတ်ရင် ငါနဲ့ မသင့်တော်ဘူးဆိုတာ ဘယ်လို သိမှာလဲ)

(ပြီးတော့ ငါလည်း သူ့ကို မပြောပြခဲ့ပါဘူး။ သူဘယ်လို သိတာလဲ။ အရင်ကတည်းက မြင်ဖူးနေတာလား။ ဟုတ်တယ် ဒါပဲ ဖြစ်ရမယ်)

“မင်းက ပါရမီရှင်ပဲ။ မင်းရဲ့ အားသာချက်က အမြန်နှုန်းပဲ။ ပြီးတော့ မင်းတို့မိသားစုရဲ့ အမွေခံ လှံကျင့်စဉ်က ခွန်အားကို အလေးပေးပြီး တောင်များလို တည်တည်ငြိမ်ငြိမ်နဲ့ ကာကွယ်မှုကို

ဦးစားပေးတယ်။ ဒါက မင်းနဲ့ မလိုက်ဖက်တဲ့ အချက်ပဲ”

ဆွန်းမို သုံးသပ်ပြလိုက်သည်။

ဒီစကားကို ကြားလိုက်လျှင် တန်လူ လိပ်ပြာလွင့်မတတ် အံ့အောသွားပြီး မျက်လုံးပြူးကြီးနဲ့ ဆွန်းမိုကို ကြည့်ကာ မှင်တက်နေသည်။ (ငါတို့မျိုးနွယ်ရဲ့ အမွေခံ လုံ့ကျင့်စဉ်ကို ဆရာက ဘာကြောင့် သိနေတာလဲ)

"တောင်များလို တည်တည်ငြိမ်ငြိမ်' ဆိုတဲ့စကားသည် မျိုးနွယ်စုရဲ့ ပင်မမျိုးဆက်များသာ သိနိုင်သော အရာဖြစ်သည်။

မျိုးဆက်တစ်ခုတွင် တန်လူ အပါအဝင် လူငယ်သုံးယောက်သာ မျိုးနွယ်စု ခေါင်းဆောင်ထံမှ ဒီအကြောင်းအရာများကို သင်ယူရသည်။

"ဆရာ၊ ငါတို့မျိုးနွယ်စုရဲ့ လုံ့ကျင့်စဉ်ကို အရင်က မြင်ဖူးလား"

တန်လူက မနေနိုင်ဘဲ မေးလိုက်သည်။ သူ အရမ်းသိချင်နေသည်။

"မမြင်ဖူးဘူး ဒါက ပထမဆုံးပဲ"

ဆွန်းမို ပခုံးတွန့်ရင်း ပြန်ဖြေသည်။

"အမ်"

တန်လူ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ (ငါတို့မျိုးနွယ်စုရဲ့ လုံ့ကျင့်စဉ်ကို အလွယ်တကူ မြင်နိုင်တာလား။ မဟုတ်ဘူး၊ ငါတို့ မျိုးနွယ်စုရဲ့ လုံ့ကျင့်စဉ်က မြင်နိုင်တာ မဟုတ်ဘူး။ ဒါက ဆရာ့ မျက်လုံး အံ့အောစရာ ကောင်းတာပဲ ဖြစ်မယ်)

ဒင်

တန်လူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၉၀၀/၁,၀၀၀)

တန်လူဆီက လေးစားအထင်ကြီးမှု အမှတ်များ ထပ်ထွက်လာတာ ကြားလိုက်ရလျှင် ဆွန်းမို ကျေနပ်သွားသည်။ သို့သော်လည်း သူမှာ သံသယ တချို့ ရှိနေသဖြင့် စနစ်ကို မေးလိုက်သည်။

"အရင်က တစ်ကြိမ်တည်းနဲ့ အမှတ် ၅၀၀ ဘာလို့ ထည့်ပေးလိုက်တာလဲ။ မင်းပဲ အမှတ်၁၀၀က အများဆုံးဆိုပြီး ပြောခဲ့တယ်လေ"

“မင်းက သူ့ရဲ့ အနာဂတ်ကို ကယ်တင်ထားတယ်။ ဆွန်းမို၊ မင်းနားလည်ရမယ်။ မင်းက အစမ်းခန့် ဆရာမဟုတ်တော့ဘူး။ အခုဆိုရင် နာမည်ကောင်း ရနေပြီ”

စနစ်က ရှင်းပြသည်။ ဒါက ရပ်ကွက်ဆေးခန်းနှင့် ကျော်ကြားသော အထူးကုဆရာဝန်များကို ခန့်ထားတဲ့ အထူးကုဆေးခန်းတို့ ကွာခြားနေသလို ဖြစ်သည်။ လူနာတွေရဲ့ စိတ်နေသဘောထားက ဘယ်လိုလဲဆိုတာနဲ့ သက်ဆိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို၏ ဂုဏ်သတင်း ပိုကြီးလာတာနဲ့အမျှ သူ့စကားရဲ့ အလေးချိန်ကလည်း တိုးလာမည်။ တကယ်လို့ သူသာ ဒုတိယတန်းစား(သာမန်) သူတော်စင်ဖြစ်နေရင် တန်လူအား 'မင်းမိသားစုရဲ့ အမွေခံကျင့်စဉ်က ကျင့်ကြံဖို့ မသင့်တော်ဘူး' လို့ ပြောလိုက်လျှင် ချက်ခြင်း ဒူးထောက်ပြီး ကျေးဇူးတင်နေမှာ ကျိန်းသေသည်။ လွန်လွန်ကျူးကျူးဆိုရင် မျက်ရည်တွေတောင် ကျနေနိုင်သည်။

"ရဖို့ခက်လေ တန်ဖိုးကြီးလေပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က ဆက်ပြီး

"မင်းဆီက လမ်းညွှန်ချက်တစ်ခုရဖို့ ကျောင်းသားတွေ ခရီးအဝေးကြီးလာရမယ့်အချိန်ကို စောင့်နေမယ်"

"ဆရာ၊ ငါဘယ်လိုကျင့်စဉ်မျိုး ကျင့်ကြံသင့်လဲ"

တန်လူသည် ခဏလောက် တွေဝေသွားပြီး မေးခွန်း ဆက်မေးလိုက်သည်။

"မင်းငါ့ကို မေးစရာ လိုသေးလို့လား။ မင်းလို ပါရမီရှင်တစ်ယောက်က မင်းဘာသာပဲ ဆုံးဖြတ်ချက် ချသင့်တာ မဟုတ်လား။"

ဆွန်းမို နှုတ်ခမ်းက တွန့်သွားပြီး အပြုံးတစ်ခု အဖြစ် ပြောင်းသွားသည်။ တန်လူ၏ မေးခွန်းကို ဖြေနိုင်သော်လည်း မဖြေခဲ့ပါ။ တန်လူ ယုံကြည်ချက် ပိုရှိလာအောင် ဒီနည်းလမ်းကို အသုံးပြုလိုက်သည်။

အမှန်တော့ အောင်မြင်မှုဆိုတာ တခြားသူတွေ ပြောပြတာထက် ကိုယ့်ဘာသာ ရှာတွေ့တာ ပိုကောင်းသည်။

ဒါကိုကြားတော့ တန်လူ အံ့အောသွားသည်။

လွန်ခဲ့တဲ့ တနှစ်ခွဲခန့်က မျိုးဆက်အမွေခံ လုံ့ကျင့်စဉ်ကို လေ့ကျင့်ရာတွင်

တိုးတက်မှုနှေးတယ်လို့ ခံစားခဲ့ရသည်။ ပျင်းလာသဖြင့် တိမ်နောက်လိုက်ခြင်း ဓါးကျင့်စဉ်ကို စတင် ကျင့်ကြံခဲ့သည်။

အစပိုင်းတွင် အပျော်သဘောသာ ဖြစ်သော်လည်း မမျှော်လင့်ဘဲ တိုးတက်မှု မြန်ဆန်နေတာ သတိထား မိသွားသည်။ ဓါးကို ကိုင်လိုက်တဲ့ အချိန်တွင် ကမ္ဘာကြီး တစ်ခုလုံး ဆုပ်ကိုင်ထားသလို ခံစားရသည်။ ကမ္ဘာကြီးက ကြီးပေမယ့် သူ ဘယ်နေရာမဆို သွားနိုင်သည်။

"ဒါပဲပြောလိုက်မယ်။ မင်းဘာသာ စဉ်းစားနေဖို့ ချန်ထားခဲ့မယ်"

ဆန်းမိုသည် တန်လူရဲ့ ကိစ္စကို ဝင်စွက်ဖက်မည် မဟုတ်ပါ။ နောက်ဆုံးတွင် ဒါက သူ့အနာဂတ်၊ မျိုးနွယ်ရဲ့ တက်ခြင်း ကျခြင်းနဲ့ သက်ဆိုင်နေသည်။

တန်လူသည် ကြောင်တက်တက်နဲ့ ထိုင်ကျန်နေခဲ့ပြီး တခါတရံ ပြုံးကာ တခါတရံ မျက်မှောင် ကြုတ်နေသည်။ သူ့ပုံစံက ငကြောင်တစ်ကောင်နဲ့ တူနေသည်။

နာရီဝက်လောက်ကြာပြီးနောက် သူ့အမူအရာသည် တစ်ခုခု ဆုံးဖြတ်ချက် ချလိုက်တဲ့ပုံ ပေါ်လာသည်။

မျိုးနွယ်စုသည် လုံ့ကျင့်စဉ်တစ်ခု အပေါ်ပဲ အားကိုး မနေသင့်ပါ။ အသစ်များနဲ့ အပြောင်းအလဲများကိုလည်း ရှာဖွေရမည်။ ဒီလိုမှမဟုတ်ရင် မျိုးနွယ်စုသည် မူရင်း သိုင်းပညာအဆင့်က ဘယ်တော့မှ မြင့်တက်လာမည် မဟုတ်တော့ပါ။

ဒါအမှန်ပဲ။ မျိုးဆက်ထဲတွင် ပါရမီရှင်တစ်ယောက် ပေါ်လာစေရန် မျှော်လင့်ပြီး ဒီလုံ့ကျင့်စဉ် တစ်ခုတည်းနဲ့ ပျိုးထောင်ပေးမယ့်အစား ကျင့်ကြံခြင်း

ကျင့်စဉ် ရွေးချယ်ခွင့်ပေးတာ ပိုကောင်းသည်။ သူတို့ ဒီလုံ့ကျင့်စဉ်ပဲ နေ့တိုင်း လေ့ကျင့်နေစရာ မလိုဘူး။

သူတို့မျိုးဆက်များသည် ဒီလုံ့ကျင့်စဉ်ကို လေ့ကျင့်နိုင်ရန်အတွက် ပေါ်တင်ရော နောက်ကွယ်ရော မျိုးနွယ်ထဲတွင် ပဋိပက္ခ ဖြစ်နေခဲ့ရသည်။

ဒါကိုတွေးရင်း တန်လူ စိတ်ထင့်သွားသည်။ (ငါတို့မျိုးနွယ်ကို တိုက်ရိုက်မျိုးဆက် တစ်ယောက်အနေနဲ့ ဦးဆောင်ပါရစေ။ ကျွန်တော်

အောင်မြင်မှုတွေ ရနေသ၍ အဖေနဲ့ လူကြီးတွေက ယုံကြည်ပေးဖို့ မျှော်လင့်ပါတယ်။)

ကလောက်

သူ့ရဲ့ ဦးဆောင်မှုအောက်တွင် သူ့မျိုးနွယ်များ ဘယ်လိုအားကောင်းလာမလဲဆိုတာ တွေးတောရင်း ကတုန်ကယင်နဲ့ ထရပ်ကာ ဆွန်းမို ရှိတဲ့ဘက်သို့ ကြည့်လိုက်သည်။

ဆွန်းမိုက နူးညံ့ပြီး နှစ်သိမ့်တဲ့ အပြုံး ပြုံးထားသည်။

"ဆရာ"

တန်လူ ထိန်းမနိုင် သိမ်းမရ အော်ခေါ်လိုက်သည်။

"တန်လူ ဒီလောက် အချိန်လေးအတွင်းမှာ နားလည်နိုင်တာပဲ။ မင်းက ငါထင်ထားတာ ထက်တောင် ပိုတဲ့ ပါရမီရှင်တစ်ယောက်ပဲ"

ဆွန်းမိုက ပြန်အော်လိုက်သည်။

"ဆရာ"

တန်လူသည် ဒူးထောက်ကာ အလေးအနက်ထားပြီး အရိုအသေ သုံးခါ ပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာရဲ့ လမ်းညွှန်မှုနဲ့ ဉာဏ်အလင်းပွင့်သွားပါပြီ"

အရင်တုန်းက တန်လူသည် အနာဂတ် ပျောက်နေသလို ခံစားရသည်။ သူ့အဖေရဲ့ သွန်သင်ချက်ကို လိုက်နာပြီး ကြိုးကြိုးစားစား ကျင့်ကြံဖို့သာ သိခဲ့သည်။ ဆွန်းမိုရဲ့ စကားကို ကြားပြီးနောက် ရုတ်တရက် ဉာဏ်အလင်းရသွားပြီး သူ့မြင်ကွင်းအရှေ့မှ မြူခိုးတွေ ရှင်းလင်းသွား သလို ဖြစ်သွားသည်။

ဒင်

တန်လူ၏ လေးစားအထင်ကြီးမှု +၅၀၀။ ကြည်ညို(၁,၄၀၀/၁၀,၀၀၀)

“ထပါ”

ဆွန်းမို အရမ်းကျေနပ်သွားသည်။ တန်လူ၏ တောက်ပတဲ့ မျက်လုံးများကို မြင်လိုက်လျှင် သူလည်း အောင်မြင်သလို ခံစားရသည်။ ကျောင်းသားတွေကို လမ်းညွှန်တာက ဆရာတစ်ယောက်လမ်းစဥ်ရဲ့ အဓိက အခန်းကဏ္ဍ တစ်ခု မဟုတ်ဘူးလား။

တန်လူ သတိပြန်ဝင်လာသည်။ သို့သော်လည်း ဖြောင့်တန်းအောင် မတ်တပ်ရပ်လိုက်ပြီးနောက်

ချက်ခြင်းပဲ နောက်တစ်ကြိမ် ဒူးထောက်ပြီး အရိုအသေသုံးခါ ထပ်ပေးလိုက်ပြန်သည်။

"ဆရာ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော်မှားသွားပါတယ်"

တန်လူက အပြစ်ကြီးကြီး လုပ်ထားတဲ့ ပုံပေါက်နေသည်။ ဆရာက သူ့မိသားစုရဲ့ အမွေခံ ကျင့်စဉ်ကို တောင်းလိမ့်မယ်လို့ ထင်ပြီး လမ်းညွှန် မရနိုင်တော့ဘူးလို့ ထင်နေခဲ့မိသည်။ သူက လူကြီးလူကောင်း တစ်ယောက်ကို သူ့စိတ်နဲ့ နှိုင်းခဲ့မိသည်၊

ဆရာဆွန်းက ဒီလိုမျိုး ဘယ်လို လုပ်မှာလဲ။

စာစဉ်(၁၆)

အခန်း(၂၃၄) - ပေတစ်ထောင် ရေတံခွန်၊ မန်ဒရင်း ငါးပျဉ်မတို့ အသိုက်။

ဆွန်းမိုက လက်ဇော့ယမ်းပြလိုက်ပြီး စိတ်ထဲ မထည့်ထားပါ။

“ရှန်ယွန်ပေါင်၊ မင်းက ညဘက် တာဝန်ကျတယ်။ ကျန်တဲ့သူတွေက စောစောအနားယူပါ”

ထိုစကားပြောပြီးနောက် ဆွန်းမို ထကာ တဲဆီ ပြန်သွားသည်။

ဆွန်းမို ထွက်သွားပြီးနောက် တန်လူ ခေါင်းမော့လာသည်။ သူ အခုထက်ထိ အားနာနေသေးသည်။ ဆွန်းမိုက သူ့ကို အပြစ်တင် ရှုံ့ချခဲ့ရင် ပိုကောင်းမည်။ ပြီးတော့ ဆွန်းမိုက ပိုပြီး သဘောထားကြီးလေ သူက စိတ်သဘာထား သေးသိမ်တယ်လို့ ပိုခံစားရသည်။ ဒါကြောင့် စိတ်ထဲ ပိုဆိုးလာသည်။

"တစ်ခုခု မှားနေလို့လား"

ထန်ထန်ယုထန်က တန်လူကို မေးတဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။ (မင်းက ငတုံးလား။ ဆွန်းမိုက အဆင်မပြေဘူး ဆိုတာနဲ့ မင်းမိသားစုအမွေခံ ကျင့်စဉ်ကို စွန့်လွှတ်လိုက်ရလား)

"မမှားပါဘူး။ ဆရာဆွန်းက တကယ် အံ့အောဖို့ ကောင်းတယ်'

တန်လူသည် ခံစားချက်တွေနဲ့ ထန်ထန်ယုထန်ကို လှည့်ကြည့်လိုက်သည်။

"ဆရာရဲ့ တပြည့်ဖြစ်ခွင့်ရတဲ့ မင်းတို့ကို တကယ် မနာလို ဖြစ်မိတယ်"

တန်လူ သက်ပြင်းချရင်း လှည့်ထွက်သွားသည်။ ဆွန်းမိုက သူ့ကို မခေါ်ယူခဲ့ပါ။ ဆိုလိုတာက သူ့ရဲ့ ပင်ကိုယ်အရည်အချင်းနဲ့ အပြုအမူသည် ဆွန်းမိုကို မဆွဲဆောင်နိုင်သေးပါ။

ထန်ထန်ယုထန် စကားမပြောနိုင် ဖြစ်သွားသည်။ ဒီအရာက တကယ်မနာလိုဖြစ်ဖို့ ထိုက်တန်နေတာလား။ ဆွန်းမို ရဲ့ နတ်ဘုရားလက်က တကယ်အံ့အောဖို့ ကောင်းတာ ဝန်ခံသည်။ ဒါပေမယ့် ဒီအချက်အပြင် လက်ညှိုးထိုးပြစရာ အရည်အချင်း မရှိတော့ပါ။

“ဆရာက အံ့အောဖို့ကောင်းတာ အမှန်ပဲ”

ရှန်ယွန်ပေါင်က ခေါင်းညိတ် ထောက်ခံလိုက်သည်။ သူ့ရဲ့ကျင့်ကြံခြင်းနဲ့ ပက်သက်ပြီး ဆရာရဲ့ သင်ကြားပေးခြင်းကို ပြန်စဉ်းစားမိသွားသည်။

“ဒါက သံသယရှိဖို့ လိုသေးလို့လား။ လုံးဝသေချာတယ်”

လုချီဟွာက သေချာစွာ ခေါင်းညိတ်လိုက်သည်။

(တန်လူရဲ့ သုံးသပ်ချက် မဆိုးဘူး။ သူ့ကို ဆရာရဲ့ တပြည့်အဖြစ် ခေါ်ခိုင်းလိုက် ရမလား)

အင်ဘိုင်ဝူက ဘာမှမပြောဘဲ လေးစားအထင်ကြီးမှု အမှတ်များသာ ထောက်ပံ့ခဲ့သည်။ ဆွန်းမိုရဲ့ အရိပ်အောက်မှာ သင်ကြားရခြင်းသည် သူမရဲ့ အကောင်းဆုံး ကံတရားပါ။

"ကောင်းပြီလေ။ မင်းတို့ အားလုံး အိပ်ကြတော့"

လီဇီချီက လက်ခုပ်တီးလိုက်ပြီး အားလုံးကို အနားယူဖို့ ဆော်အောလိုက်သည်။ သူမက အသက်မပြည့်သေးသော်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစ်မကြီးတစ်ယောက်ရဲ့ စိတ်နေစိတ်ထားနဲ့ စည်းစနစ်တကျ လုပ်လိုက်သည်။

နောက်တစ်နေ့ မနက်ခင်းတွင် ဆွန်းမို ကျန်တဲ့ ကျောင်းသားအဖွဲ့ကို စုစည်းလိုက်သည်။ ထို့နောက် သူတို့သည် ဝိညာဉ်တောင်ပံ ချောက်ကမ်းပါး နက်တဲ့နေရာသို့ ဦးတည်ပြီး ထွက်ခွာလာသည်။

တစ်ညတာ အနားယူပြီးနောက် တန်လူ၏ ခြေထောက်များသည် သိပ်မနာတော့ပါ။ သို့သော်လည်း ဂျိမဲဂျဲက စိတ်ပူနေပြီး ရေပူစမ်းနေရာမှာ နေခွင့်ပေးဖို့ စီစဉ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘာကြောင့်ဆို ကျန်တဲ့ခရီးကအန္တရာယ်များလာပြီ ဖြစ်သည်။ တိုက်ပွဲတွေ တိုက်ရနိုင်သည်။

"ဆရာ၊ ကျွန်တော် ဆက်လိုက်ချင်တယ်"

တန်လူက တောင်းပန်ရင်း အနည်းငယ်ခုန်ပြလိုက်သည်။

"ကျွန်တော် တကယ် ပြန်ကောင်းလာပါပြီ။ မယုံရင် ဆရာဆွန်းကို မေးလို့ရပါတယ်"

သိပ်မကြာခင် ဆွန်းမိုကို ခေါ်လိုက်သည်. အကြောင်းအရင်းကို သိပြီးနောက် တန်လူက သူတို့နဲ့ လိုက်နိုင်ကြောင်း ပြောလိုက်သည်။

“ဆရာဆွန်း၊ အခုချိန်ကစပြီး အဖွဲ့က တိုက်ပွဲတွေနဲ့ ရင်ဆိုင်ရတော့မယ်။ ပြင်းထန်မှု မမြင့်မားသော်လည်း လူတိုင်း သေချာပေါက် ပါဝင်ရလိမ့်မယ်။ တန်လူရဲ့ ခြေထောက်ဒဏ်ရာ ပိုဆိုးသွားပြီး သူ့ရဲ့အနာဂတ် ထိခိုက်သွားရင် မင်းတာဝန် ယူရမယ်”

ဂျိမ်ဂျဲရဲ့ လေသံက တင်းမာနေသည်။ ဆွန်းမိုကို မဆင်မခြင် ကတိတွေ မပေးရန် သတိပေးနေသည်။ ဒီလိုမှမဟုတ်ပဲ တန်လူသာ တစ်ခုခု ဖြစ်သွားပါက ကျန်ကွမ်လင်က

ဒီအချက်ကိုဆုပ်ကိုင်ပြီး ဆွန်းမိုရဲ့ ဒီအမှားကို တသက်လုံး အမဲစက်ဖြစ်အောင် သေချာပေါက် လုပ်လိမ့်မည်။

ဆွန်းမိုက တန်လူဆီ တစ်ချက် လှမ်းကြည့်လိုက်သည်။

"ဆရာ"

တန်လူရဲ့ မျက်လုံးထဲမှာ အသနားခံတဲ့ အကြည့်နဲ့ ပြည့်နေသည်။ တကယ်လို့သူသာ ဒီမှာကျန်နေခဲ့ရရင် လိဂ်ပြိုင်ပွဲ ဝင်ပြိုင်လို့ မရနိုင်တော့ပါ။

"ဒါကို ငါအာမခံတယ်။ သူ့ကို ဆက်လိုက် ခိုင်းလိုက်ပါ"

ဆွန်းမိုသည် ကျောင်းသားတစ်ယောက်ရဲ့ မျှော်လင့်ချက်ကို မပျက်ဆီး သွားစေချင်ပါ။

"ကောင်းပြီလေ။ ဒါပေမယ့် ဆရာကျုံကိုနောက်ထပ် စစ်ဆေးမှု လုပ်ခိုင်းမယ်"

ဂျိမဲဂျဲသည် လေးနက်ပြီး တာဝန်သိတတ်တဲ့ ဆရာ တစ်ယောက်ဖြစ်သည်။ ဆွန်းမိုရဲ့ တစ်ဖက်သတ် အမြင်ကိုပဲ သူမ နားမထောင်ပါ။

ကျုံ့ရှန်ရီကို လှမ်းခေါ်လိုက်သည်။ သူက ဆယ်မိနစ်လောက် အလေးအနက်ထားပြီး စစ်ဆေးလိုက်သည်။

ဒါပေမယ့် တန်လူ၏ ခံစားချက် မတည်မငြိမ် ဖြစ်နေသည်။

"တစ်ခုခု အဆင်မပြေ ဖြစ်သွားမလား"

ဒါကို စောင့်ကြည့်နေရင်း ရီဂျီမင် အရမ်းစိတ်ချမ်းသာနေသည်။ ဆွန်းမို ကံဆိုးဖို့ သူမျှော်လင့်နေသည်။

"ဆရာကျုံ့"

ဂျိမ်ဂျဲက မျက်မှောင် ကြုတ်လိုက်သည်။

"အို ပြဿနာ မရှိဘူး။ မရှိဘူး"

ကျုံ့ရှုန်ရီက တန်လူ၏ ခြေထောက်ကို လွှတ်ချလိုက်သည်။ ဒါပေမယ့် သူသည် မတ်တပ်ရပ်ပြီးခြေလှမ်း အနည်းငယ်လှမ်းပြီးမှ ပြန်လာက ဆောင့်ကြောင့် ထိုင်လိုက်ပြီး

"မလှုပ်နဲ့နော် ငါနည်းနည်း စစ်ဆေးမယ်"

တန်လူ ငိုချင်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘာပြဿနာမှ မရှိဘူးဆိုရင် မင်းက ဘာလို့ စစ်ဆေးနေတာလဲ။ ငါကြောက်တာက အရမ်းပျော်ဖို့ ကောင်းနေလား)

"ဒါက ထူးဆန်းတယ်။ သူ့အရိုးတွေက ဘယ်လိုဖြစ်ပြီး လုံးဝပြန်ကောင်းသွားတာလဲ။ ရောင်ရမ်းတာလည်း သက်သာသွားပြီ။ ထူးဆန်းတယ်"

ကျုံ့ရှန်ရီသည် အရမ်းအံ့အော မှင်တက်နေတဲ့ ပုံဖြစ်နေသည်။

“နောက်တစ်ညဆိုရင် သူ့ခြေကျင်းဝတ်က သာမန်ခြေထောက်နဲ့ ဘာမှ မကွာတော့ဘူး။ မနေ့က ကိုယ်တိုင် မျက်စိနဲ့ မြင်ခဲ့လို့ပေါ့ ဒီလိုမှမဟုတ်ရင် မနေ့က ဒဏ်ရာရခဲ့တယ်ဆိုတာ ငါယုံမှာ မဟုတ်ဘူး”

ဒီစကားကို ကြားရင်ဖြင့် တန်လူ သက်ပြင်းချလိုက်သည်။ ရီဂျီမင်သည် နှုတ်ခမ်းတလှုပ်လှုပ်နဲ့ မကျေမနပ် ဖြစ်နေသည်။

“ဒီကောင့်ကို ငါ လုပ်ကို လုပ်ရမယ်”

ပတ်ဝန်းကျင်က ကျောင်းသားများ အားလုံး ဆွန်းမိုကို သဘောကျတဲ့အကြည့်နဲ့ ကြည့်နေတာ

မြင်လိုက်လျှင် ကျန်ကွမ်လင် ပိုတောင် မနာလို ဖြစ်သွားသည်။

ဒင်

"လေးစားအထင်ကြီးမှု အမှတ် စုစုပေါင်း +၁,၂၀၆ မှတ်ရရှိထားတဲ့အတွက် ဂုဏ်ပြုပါတယ်"

အုပ်စုကြီး ဆက်လက် ထွက်ခွာလာသည်။ နောက်ပိုင်း နေ့တွေသည် မလွယ်ကူနိုင်တော့ပါ။

ဝိညာဉ်တောင်ပံ ချောက်ကမ်းပါး အတွင်းပိုင်း ရောက်လာတာနဲ့အမျှ လေဝိညာဉ်ရဲ့ တိုက်ခိုက်နှုန်းက ပိုမြင့်လာရုံသာမက အားလည်း ကောင်းလာလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရေးအကြီးဆုံးက ဝိညာဉ်ချီ အတက်အကျ လှိုင်းတွေ ပြောင်းလဲနေတုန်း ဖြစ်သည်။ အတက်အကျများက ကျင့်ကြံသူကို တိုက်ရိုက် သက်ရောက်နေပြီး နေလို့ထိုင်လို့ မကောင်းဖြစ်စေသည်။

ကျောင်းသား တချို့သည် ပျို့အန်ခြင်း၊ မူးဝေခြင်း လက္ခဏာများ စတင်ပေါ်ပေါက် လာသည်။ ပိုပြင်းထန်တဲ့ လူတွေက အရေပြားအောက်တွင် သွေးထွက်တဲ့လက္ခဏာ ပြလာသည်။

"မင်းတို့ မခံနိုင်တော့ရင် ငါ့ကိုပြော ဖုံးကွယ်ထားဖို့ မကြိုးစားနဲ့"

ဂျီမဲဂျဲက ဒီစကားကို ထပ်ခါထပ်ခါ ပြောနေသည်။

ဒီတုန့်ပြန်မှု အားလုံးသည် ဝိညာဉ်ချီ ဓါတ်မတည့်မှုနဲ့ ဆက်စပ်နေသည်။ ပိုပြင်းထန်သော အခြေအနေတွင် သေဆုံးမှုတောင် ဖြစ်နိုင်သည်။

"မင်းတို့တွေ အဆင်ပြေရဲ့လား"

ဆွန်းမိုသည် ညတိုင်း သူ့တပြည့်တွေကို နှိပ်ပေးနေသော်လည်း စိတ်မအေးသေးပါ။

"အဆင်ပြေပါတယ်"

လုချီဟွာက ခေါင်းယမ်းရင်း ပြန်ဖြေသည်။

"ခံနိုင်ရည် ရှိတုန်းပဲ"

ထန်ထန်ယုထန်က ရယ်ရင်း ပြန်ဖြေသည်။

"ဆရာ၊ သင်ခန်းစာ ဆက်သင်ပေးလို့ ရမလား"

လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်း လီဇီချီသည် ဆွန်းမိုဘေးမှာ ထိုင်ပြီး သင်ခန်းစာများကို နားထောင်ခဲ့သည်။ အဓိကအားဖြင့် ဝိညာဉ်တက်တူးနှင့် ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း နည်းစနစ် ဖြစ်သည်။

ကျွမ်းကျင်မှုအရဆိုရင် တောကြွက်ဥလေးနဲ့ သက်တူရွယ်များသည် သူမရဲ့ ပြိုင်ဘက် မဟုတ်ပါ။

ငါးရက်မြောက်နေ့တွင် သူတို့အဖွဲ့သည် ရောမ ရေတံခွန်ကြီး တခုအနား ရောက်လာသည်။ ထိုအချိန်တွင် သူတို့အဖွဲ့ထဲက တစ်ဝက်လောက်သည် ဝိညာဉ်ချီ ခါတ်မတည့်တဲ့ လက္ခဏာများ ပြနေကြပြီ။

ဝုန်း ဝုန်း ဝုန်း

ရေတံခွန်က နဂါးငွေ့တန်း တစ်ခုလိုပါပဲ။ တိမ်တွေဆီကနေ ဆင်းသက်လာပြီး အရမ်းနက်တဲ့

ရေကန်ဆီ ကျလာပြီး ကျယ်လောင်သော အသံထွက်ပေါ်နေသည်။

"ဒါက ပေတစ်ထောင် ရေတံခွန်ဖြစ်ပြီး ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးရဲ့ အလှဆုံး ရှုခင်းတွေထဲက တစ်ခုပဲ။ ဒီနေရာကို ရောက်လာနိုင်ရင် မင်းတို့တွေ စာမေးပွဲအောင်ပြီ။ ဝိညာဉ်ချီ အတက်အကျနဲ့ လိုက်လျော ညီထွေ ဖြစ်တယ်လို့ သတ်မှတ်လို့ရတယ်"

ဂျိမ်ဂျဲ စကားပြောပြီးနောက် အဖွဲ့ကြီးသည် ဝမ်းသာ အားရ အောင်ပွဲ ခံလိုက်ကြသည်။

နောက်ဆုံးတော့ ကျောင်းသားတွေ စိတ်အေးသွားသည်။ တကယ်လို့ အမှောင်တိုက်ကြီးရဲ့ ပထမအဆင့်ကို တောင် မသိမ်းပိုက်နိုင်ရင် ဘယ်လောက်ပဲ အပင်ပန်းခံကြိုးစားနေပါစေ အလားအလာ မရှိတော့ပါ။

"အားလုံး တိတ်ကြပါ"

ဂျိမ်ဂျဲက လက်ခုပ်တီးပြီး ပြောလိုက်သည်။

"ငါတို့ ဒီမှာ တစ်ရက် အနားယူမယ်။ အားလပ်ချိန်မှာ လူတိုင်း လျှောက်သွားခွင့်ရှိတယ်။

ဒါပေမယ့် ရေတံခွန်ကြီးကနေ တစ်မီတာ ကျော်ပြီး မသွားရဘူး”

“ဟုတ်ကဲ့ပါ ခေါင်းဆောင်”

ကျောင်းသားတွေ ပြန်ဖြေပြီး ထွက်သွားကြသည်။

“ဆရာဆွန်း၊ ငါတို့ မင်းကို ဒုက္ခပေးရအုံးမယ်”

ဂျိမဲဂျဲက ဆွန်းမိုကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

“အင်း”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်ချီဓါတ်မတည့်တဲ့ ကျောင်းသားတွေကို အတူတူ စုစည်းလိုက်သည်။ သူတို့ကို ကုသဖို့အတွက် ကျုံရှန်ရီက ကိုင်တွယ်သင့်ပေမယ့် ဆွန်းမိုရဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်က အကျိုးသက်ရောက်မှု ပိုကောင်းသဖြင့် ကျုံရှန်ရီရဲ့ နေရာကို သိမ်းပိုက်လိုက်သည်။

"လာကြ၊ ဆရာ စားဖို့အတွက် ရေကန်နားသွားပြီး ငါးနည်းနည်းလောက် သွားဖမ်းရအောင်။ ပေတစ်ထောင်ရေတံခွန်ရဲ့ မန်ဒရင်း ငါးပျဉ်မတွေက အရမ်းစားကောင်းတယ် ပြောကြတယ်"

လီဇီချီက တခြားသူတွေကို ခေါ်လိုက်သည်။

လုချီဟွာနှင့် အင်ဘိုင်ဝူက ချက်ခြင်း တုန့်ပြန်လာသည်။ ချန်လုံက သူလည်း လိုက်ချင်နေသည်။ ဒါပေမယ့် ရှန်ယွန်ပေါင်နှင့် ထန်ထန်ယုထန်တို့က တုတ်တုတ်မလှုပ်တာ မြင်လိုက်လျှင် သူလည်း ရပ်တန့်သွားသည်။

“မင်းတို့ မလိုက်ဘူးလား”

လုချီဟွာက မေးလိုက်သည်။

“ထားလိုက်စမ်းပါ”

လီဇီချီက လှမ်းအော်သည်။ ရောဂါသည်က မလိုက်ဘူးဆိုတာ သိသာနေသည့်။ လုချီဟွာရဲ့ မေးခွန်းက လူတိုင်းကို အနေရခက်သွား စေနိုင်သည်။

မိန်းကလေး သုံးယောက်သည် ရေတံခွန်သို့ ဦးတည်ပြီး ထွက်သွားသည်။

"အရမ်း မြင့်တယ်"

လုချီဟွာက မျှော်ကြည့်ရင်း အဖီတစ်ခု ထိုးလိုက်သည်။

ရေတံခွန်က အရမ်းမြင့်သဖြင့် မသိရင် ကောင်းကင်က ကျနေသလို ဖြစ်နေသည်။

ကျောက်တုံးတွေကို ရေက ပြင်းပြင်းထန်ထန် ထိခိုက်မိနေသည်။ ပတ်ပတ်လည်တွင် ရေစက်ကလေးများ လွင့်ပျံနေသည်။

ရေတံခွန် အနီးတစ်ဝိုက်တွင် မြူခိုးများထနေပြီး စိတ်ကူးယဉ်ဖို့ ကောင်းနေသည်။

"ဟော့၊ မင်းတို့ ဘယ်ကျောင်းကလဲ"

ရေကန်မှာ ကစားနေတဲ့ ကောင်လေးတချို့သည် လီဇီချီကို မြင်တော့ မရှက်ဘဲ လှမ်းအော်သည်။

"စမ်းချောင်းထဲ ဆင်းရအောင်"

လီဇီချီက ပြန်မဖြေပါ။ ဆွန်းမိုအတွက် ဟင်းကောင်းကောင်း ချက်ပေးဖို့က သူမအတွက် အရေးအကြီးဆုံး ဖြစ်သည်။

ရေတိမ်တဲ့ နေရာကို တွေ့လိုက်ပြီးနောက် မိန်းကလေး သုံးယောက်သည် ဖိနပ်နှင့် ခြေအိတ်ကို ချွတ်လိုက်ပြီး ဘောင်းဘီကို လိပ်မ့ကာ ဆင်းသွားကြသည်။

အင်ဘိုင်ဝူသည် ရေထဲကို အာရုံအပြည့်ထားပြီး စိုက်ကြည့်နေသည်။ မန်ဒရင်း ငါးပျဉ်မ တစ်ကောင် သူမ ဘေးနားမှာ ကူးခတ်နေတာ

မြင်လိုက်လျှင် ချက်ခြင်း ငှက်ဖြူကို ထုတ်ပြီး ခုတ်ချလိုက်သည်။

ဝူရှ်စ်

ဝိညာဉ်ချီ ငှက်ဖြူတစ်ကောင်သည် ရေထဲသို့ ခေါင်းစိုက်ပြီး ပျံထွက်သွားသည်။ ဝုန်းကနဲ ရေများ စင်ထွက်သွားသည်။ နောက်တော့ သွေးရောင်များ ပေါ်လာသည်။

အခုတ်ခံထားရသော မန်ဒရင်း ငါးပျဉ်မသည် လွင့်စင်တက်လာကာ ကမ်းပေါ်တွင် တဆတ်ဆတ် ခုန်နေသည်။

"မန်ဒရင်း ငါးပျဉ်မကို အရမ်း မချေမိစေနဲ့"

လီဇီချီက ညွှန်ကြားလိုက်သည်။ ဆွန်းမိုအတွက် လုပ်ပေးတဲ့ အရာသည် သပ်ရပ်ပြီး ပြည့်စုံနေရမည်။ ဆိုးရွားလှတဲ့ အရာတွေကို သူ မယူသင့်ပါ။

"ကောင်းပြီလေ"

အင်ဘိုင်ဝူသည် ကမ်းပေါ်တက်ပြီး အကိုင်းအခက် တချို့ကို ခုတ်ထစ်ကာ ရိုးရှင်းတဲ့ ငါးထိုးလှံ လုပ်လိုက်သည်။ ထို့နောက် သူမသည် ငါးကို လှံနဲ့ ထိုးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မန်ဒရင်း ငါးပျဉ်မများသည် အမှောင်တိုက်ကြီးတွင် နေထိုင်ကြသဖြင့် ဝိညာဉ်ချီ ပေါက်ကြွယ်ဝ သော်လည်း လျှို့ဝှက်ဆန်းကြွယ် အမှောင်မျိုးစိတ်များ မဟုတ်ပါ။ အရွယ်အစားပိုကြီးပြီး ကြည့်လိုက်လျှင် ရက်စက်ကြမ်းကြုတ်တဲ့ပုံ ပေါက်သော်လည်း သာမန်ငါးများထက် မပိုပါ။

လျှင်မြန်သော အင်ဘိုင်ဂူ မဆိုထားနဲ့ လုချီဟွာပင် အောင်မြင်မှု တချို့ ရထားသည်။ လုချီဟွာက ငါးကို သတိထားမိသ၍ သူတို့ မလွတ်မြောက်တော့ပါ။

နောက်ထပ် ငါးတစ်ကောင် သူမရဲ့အမြင်အာရုံထဲ ဝင်လာသည်။ လုချီဟွာက နှုတ်ခမ်းကို ကိုက်ကာ ဖမ်းရန် ပြင်ဆင်နေတုန်း ဘေးကနေ ဝုန်းကနဲ အသံတစ်ချက်ကြားလိုက်ရသည်။ ထို့နောက် များပြားလှသော ရေများ သူမကို လာစင်သည်။ သူမရဲ့အဝတ်အစား တော်တော်လေး စိုရွှဲသွားသည်။

"အို"

လီဇီချီ ရေထဲမှာ ရုန်းကန်နေသည်။

"အကြီးဆုံး အစ်မကြီး"

လုချီဟွာ လန့်ဖျန့်သွားပြီး ကူညီဖို့ အမြန်သွားလိုက်သည်။

ရေအနက်က သူမတို့ တင်ပါးအောက်လောက်သော ရှိသည်။ ရေက မနက်သော်လည်း တောကြက်ဥလေးရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည် ဆိုးလွန်းပြီး ဟန်ချက် မထိန်းနိုင် ဖြစ်သွားသည်။

ချောမွေ့တဲ့ ကျောက်တုံးလေးတွေကို နင်းမိပြီး ဟန်ချက်ပျက်ကာ လဲကျပြီး ပြန်မထနိုင် ဖြစ်နေသည်။

ဖူး

လီဇီချီက အသည်းအသန် ရုန်းကန်နေပြီး လုချီဟွာကို ရေထဲဆွဲချသွားသည်။

အင်ဘိုင်ဝူ စကားမပြောနိုင်အောင် ဖြစ်သွားသည်။ အမြန်ပြေးပြီး လီဇီချီကို ဆွဲတင်လိုက်သည်။

"အဟွတ် အဟွတ် အဟွတ် အဟွတ်"

လီဇီချီ ကမ်းစပ်တွင် ထိုင်ကာ ချောင်းဆိုးနေသည်။ သူမမျက်နှာလေးက ဖြူဖျော့နေပြီး တစ်ချိန်တည်းမှာပဲ နီရဲလာသည်။

ထိတ်လန့်လို့ ဖြူဖျော့နေတာ ဖြစ်ပြီး ရှက်ရွံ့ခြင်းကြောင့် နီရဲနေသည်။ ကူညီဖို့

အင်ဘိုင်ဝူသာ ဒီနေရာမှာမရှိရင် ရေတိမ်တကယ်နစ်တော့မည်။

"ဇီချီ၊ ကမ်းပေါ်မှာထိုင်ပြီး စောင့်နေတာပိုကောင်းမယ်"

အင်ဘိုင်ဝူ ရေထဲ ပြန်ဆင်းသွားသည်။

"မဟုတ်ဘူး၊ ငါဒီနေ့ ငါးတစ်ကောင်တော့ မိအောင်ဖမ်းရမယ်"

လီဇီချီက ငါးတစ်ကောင်ကို ကိုယ်တိုင်ကိုယ်ကျဖမ်းချင်နေသည်။ လှိုက်လှိုက်လှဲလှဲကင်ပြီး ဆွန်းမိုကိုစားစေချင်သည်။

“ပညာသင်ဘက် အစ်မကြီး”

လုချီဟွာက လီဇီချီကို စည်းရုံးဖို့ ကြိုးစားလိုက်သည်။ သူမဆံပင်တွေ အားလုံး ထောင်စေတဲ့အထိ တုန်လှုပ်သွားပြီး ထူးဆန်းစွာ စူးစူးဝါးဝါး အော်လိုက်တဲ့ အသံကို ကြားလိုက်ရသည်။

“ဘာကြီးလဲ”

လီဇီချီ တုန်လှုပ်သွားပြီး စမ်းချောင်း အောက်ဖက်သို့ လှမ်းကြည့်လိုက်သည်။

မီတာ ၃၀ကျော်တွင် ထိုင်နေတဲ့ လူသုံးယောက်ရှိသည်။ ဒီကောင်တွေ ဘာလုပ်နေမှန်း သူတို့ မသိပါ။

"ဒီအသံက အရမ်းနာကျင်လို့ ထွက်လာတဲ့ အသံပဲ။ ငါတို့ သွားကြည့် ကြမလား"

လုချီဟွာက လီဇီချီကို တောင်းပန်တဲ့ လေသံနဲ့ ပြောလိုက်သည်။

"သွားကြည့်ရအောင်'

လီဇီချီလည်း အနည်းငယ် သိချင်နေသည်။

"အမ်၊ ငါတို့ ငါးမဖမ်းတော့ဘူးလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုံထိပ်ဖျားတွင် ရှန်းကန်နေသော ငါးကို ကြည့်ကာ အင်ဘိုင်ဝူ စကားမပြောနိုင် ဖြစ်နေသည်။

စာစဉ်(၁၆)

အခန်း(၂၃၅) - လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်များ။

စူးစူးဝါးဝါး အော်သံထွက်လာသဖြင့် လျိုကျန့် လန့်ဖြန့်သွားသည်။ ဒါကြောင့် လက်ထဲမှာ ကိုင်ထားသော လိပ်ကို လွှတ်ချလိုက်သည်။

"မင်းဘာတွေ တွေးနေတာလဲ"

ခါးမြှောင်တစ်ချောင်းကို ကိုင်ထားသော ရှီဆောင်းသည် မျက်စိနှင့်လက် လျှင်မြန်စွာ လှုပ်ရှားပြီး ငါးသလဲထိုး ကို ဖမ်းထားလိုက်သည်။

"မင်းက ငါးတစ်ကောင်ကို သတ်ဖို့တောင် အရမ်း အားထုတ်နေရတယ်။ မင်းက

ကျောင်းသားတစ်ယောက်လို့ မပြောနဲ့။ ငါတို့ အရှက်ကွဲ မခံနိုင်ဘူး”

လင်းမော်က ဝေဖန်လိုက်သည်။

“မင်းမှာ အရည်အချင်းရှိရင် မင်းလုပ်လေ”

လျိုကျန့် စိတ်ဆိုး သွားသည်။ သူတို့သုံးယောက်သည် စမ်းချောင်းမှာ ငါးဖမ်းဖို့ တာဝန်ကျခဲ့သည်။ သို့သော် လင်းမော်သည် ချမ်းသာသော မိသားစုမှ ဆင်းသက်လာပြီး ဒီလိုအရာမျိုး မလုပ်ဖူးပါ။ ဒါကြောင့် ညစ်ပတ်တယ်လို့ ခံစားရပြီး ဘေးက စောင့်ကြည့်နေသည်။ သူက

ကြုံ့သလို အမိန့်ပေးလိုက်သဖြင့် လျိုကျန့် စိတ်ဆိုးသွားသည်။

"မင်း ကောင်းကောင်း မလုပ်နိုင်ရင်လည်း ဘာဖြစ်လို့ တခြားသူကို ပြောခွင့် မပေးတာလဲ"

လင်းမော် အပြစ်တင်လိုက်သည်။

"စောစောက အော်သံက မင်းတို့ဆီက ထွက်လာတာလား"

လုချီဟွာက သိချင်စွာ မေးလိုက်သည်။ ဒါပေမယ့် သူမရဲ့ အကြည့်တွေက ရှီဆောင် ဖမ်းထားတဲ့ ငါးသလဲထိုး ဆီ ရောက်သွားသည်။

ဒါက တစ်ပေခွဲခန့် ရှည်ပြီး လူတစ်ယောက်ရဲ့ လက်မောင်းလောက် ထူသည်။ အခုတော့ သွေးတွေနဲ့ ဖုံးလွှမ်းနေသည်။ ပါးစပ်က ဟစိဟစိ ဖြစ်ကာ သေတော့ မလို ဖြစ်နေသည်။

"သွားကြစို့၊ သူတို့က ငါးသတ်နေတာ"

လီဇီချီသည် အဝေးက လှမ်းကြည့်ပြီး စိတ်မဝင်စားတော့ပါ။

လူသုံးယောက်က မော့ကြည့်လိုက်လျှင် လုချီဟွာကိုတွေ့တော့ မျက်လုံးအရောင် တောက်လာသည်။ ဒီမိန်းကလေးက ကြည့်လိုက်ရင်

အပြစ်ကင်းသည်။ အထူးသဖြင့် လင်းမော်က လုချီဟွာရဲ့ ရင်ဘက်ကို စိုက်ကြည့်နေသည်။

"ဘုရားရေ။ မကြီးလွန်းဘူးလား။ အဲဒီအထဲမှာ ယောကျ်ားတွေ သေချာပေါက် ကျဆုံးသွားလိမ့်မယ်။"

လင်း်မော် ဘဝင်ခိုက်တဲ့ ပုံစံဖြစ်နေသည်။ လုချီဟွာသည် စောစောတုန်းက ရေထဲ ပြုတ်ကျထားသည်။ ဒါကြောင့် အဝတ်အစားတွေက စိုစွတ်နေပြီး အရေပြားနဲ့ ကပ်နေသည်။ သူမက

မရည်ရွယ်သော်လည်း သူမရဲ့ ကောက်ကြောင်းများက သိသာရှင်းလင်းနေသည်။

"အို"

လုချီဟွာသည် ထွက်သွားသော်လည်း မသိစိတ်ကြောင့် နောက်လှည့်ကြည့်လိုက်မိသည်။ ငါးသလဲထိုး သည် လက်ထဲက လွတ်မြောက်အောင် မရပ်မနား ရုန်းကန်နေတာ မြင်လိုက်သည်။

"ရပ်စမ်း"

ရှီဆောင် စိတ်မရှည်တော့ပဲ ငါးသလဲထိုး ကိုကိုင်ပြီး မြေကြီးနဲ့ ပြင်းထန်စွာ ရိုက်ချလိုက်သည်။

ဖုန်း

လိပ်သည် သေလုမျောပါး ဖြစ်နေသည်။

လျိုကျန့် လက်ချောင်း အနည်းငယ် နာသွားသည်။ ခေါင်းငုံ့ကြည့်လိုက်တော့ ငါးသလဲထိုးက ကိုက်ထားတာ မြင်လိုက်သည်။ လက်ချောင်းမှာ အကိုက်ရာကြီး ဖြစ်နေသည်။

“တောက်’

လျိုကျန့် မျက်နှာ မည်းသထက် မည်းမှောင်လာသည်။ ငါးသလဲထိုးကို ခြေထောက်နဲ့ ဆောင့်နင်းသည်။

“ငါးသွားဖမ်း ရအောင်”

လီဇီချီက တိုက်တွန်းလိုက်သည်။

“ဟော့၊ မင်းတို့က ဘယ်ကျောင်းကလဲ”

လင်းမော်က ချည်းကပ်ဖို့ ကြိုးစားနေသည်။

“ငါးကို သတ်ချင်ရင် သတ်ပစ်လိုက် မနှိပ်စက်ပါနဲ့”

လုချီဟွာက မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။

“မင်း စွက်ဖက်တာ များနေပြီနော်”

လျိုကျန့်သည် လင်းမော်နှင့် ငါးသလဲထိုးတို့ကြောင့် ဒေါသနဲ့ ပြည့်နေသည်။ အခု မိန်းကလေး တစ်ယောက်က လာပြီး ဆရာလုပ်နေသည်။ ဒေါသကြောင့် ငါးသလဲထိုးကို ဆက်တိုက် ဆောင့်နင်းနေသည်။

အီးအီး

ငါးသလဲထိုးက နာကျင်စွာ အော်ဟစ်နေသည်။

လုချီဟွာ နှုတ်ခမ်းထော်သွားသည်။ ဒီကောင် တော်တော် ဆိုးတယ်လို့ သူမ ထင်သည်။

“လျိုကျန့် ဘာလို ဒီလိုလေသံနဲ့ ပြောတာလဲ”

လင်းမော်က မေးလိုက်သည်။

"ငါက ဘယ်သူတွေကို ဂရုစိုက်နေရမှာလဲ"

လျိုကျန့်က ငါးသလဲထိုးကို နောက်တစ်ကြိမ် ဆောင့်နင်းလိုက်ပြန်သည်။ ထို့နောက် လုချီဟွာကို ကြည့်ပြီး

"ဘာလဲ မင်းက စိတ်မကောင်း ဖြစ်နေတာလား"

လုချီဟွာသည် တေုံးမဟုတ်ပါ။ ဒီလူနဲ့ ပြဿနာ မဖြစ်ချင်ပါ။ လျိုကျန့်သည် လင်းမော်ကို ဂရုမစိုက်တော့ဘဲ ဒေါသအားလုံး ငါးသလဲထိုးအပေါ် ပုံချလိုက်သည်။

"အော်စမ်း"

"အော်စမ်း"

လျိုကျန့်က ငါးသလဲထိုးကို ကျိန်ဆဲရင်း ဆောင့်နင်းနေသည်။ ဘာပဲဖြစ်ဖြစ် ဒီနားမှာ ငါးတွေ အများကြီး ရှိသည်။ ဒီကောင်ကို မစားရလည်း ဘာမှ မဖြစ်ပါ။

"ဟော့၊ မင်းက အဆင့်အတန်း နှိမ့်ကျတာပဲ။ မင်းရဲ့ မကျေနပ်ချက်ကို ဘာလို့ ငါးသလဲထိုးပေါ် ပုံချနေရတာလဲ"

လုချီဟွာက အထင်သေးစွာ ပြောလိုက်သည်။

"ဒါက ငါဖမ်းမိတဲ့ ငါးသလဲထိုး ။ မင်းက ဘယ်သူမို့လို့ ငါ့အလုပ်ကို ဝင်စွက်ဖက်တာလဲ"

လျိုကျုန့်သည် အေးစက်စွာ ပြန်ပြောကာ ပိုပြင်းထန်စွာ ဆောင့်နင်းနေသည်။

"မင်းမှာ အရည်အချင်း ရှိရင် ဝယ်လိုက်"

"ဆောင့် မနင်းနဲ့တော့ ငါဝယ်လိုက်မယ်"

လုချီဟွာသည် ငါးသလဲထိုး ဒီလို နှိပ်စက်ခံနေရတာ မမြင်ချင်တော့ပါ။ သူမသည် ငွေအနည်းငယ် ထုတ်ကာ လျိုကျုန့်ကို ပေးလိုက်သည်။

"ကျေးဇူးပြုပြီး ဖယ်ပေးပါ"

လုချီဟွာက အေးစက်စွာ ပြောပြီး ငါးသလဲထိုးကို ကောက်ယူလိုက်သည်။

ဒီနို့အုံကြီးတဲ့ မိန်းကလေးရဲ့ ငွေအပိုင်းအစကို ကြည့်လိုက်ရင်း သူမရဲ့ သဘောမကျတဲ့ အသံကိုနားထောင်ပြီး လျိုကျန့် ပိုတောင် စိတ်ဆိုးလာသည်။

အမှောင်တိုက်ကြီးကို ရောက်လာကတည်းက သူစီစဉ်ထားတဲ့အတိုင်း ဘာတစ်ခု မဖြစ်လာပါ။

အခုဆိုရင် လှုပတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အမုန်းကိုပါ ခံနေရသည်။

(ကောင်းပြီလေ။ မင်းက ငါ့ကို မကြိုက်မှတော့ ပိုတောင် လုပ်ပြအုံးမယ်)

"မလုံလောက်သေးဘူး"

သောင်းကျန်းချင်လာပြီး နောက်တစ်ကြိမ် ပိုပြီး အားပြင်းပြင်းနဲ့ ဆောင့်နင်းလိုက်သည်။

"အရှက်မရှိလိုက်တာ"

လုချီဟွာ အရမ်းဒေါသထွက်သွားသည်။ ဒါက ငွေတုံးတစ်တုံးထက်တောင် များသေးသည်။ ကီလို

၅၀လောက်ရှိတဲ့ ငါးသလဲထိုးတောင် ဝယ်လို့ရသည်။ ဒါတောင် ဈေးက ပြောင်းလဲနေတုန်းလား။

“ငါ့ ငါးက ဈေးကြီးတယ်။ မင်းမတတ်နိုင်ရင်လည်း ညောင်းလိုက်တော့”

လျိုကျန့် ပြောနေတဲ့ အခိုက်အတန့်တွင် ရွှေရောင်သစ်ရွက်တစ်ရွက်က သူ့မျက်နှာကို လာရိုက်သည်။

“ဒါဆို လုံလောက်ပြီလား”

လီဇီချီက လျိုကျန့်ကို အေးစက်စွာ ကြည့်နေသည်။

“ဘုရားရေ၊ သူမက ချမ်းသာလိုက်တာ’

လင်းမော်က ထူးဆန်းစွာ အော်ဟစ်လိုက်ပြီး တောကြက်ဥလေးကို ချက်ခြင်း အာရုံ စိုက်လိုက်သည်။

“မိန်းမချောလေး၊ မင်းလိပ်စာ သိခွင့် ရှိမလား”

ရွှေသစ်ရွက်ကိုတောင် တတ်နိုင်သဖြင့် သူမသည် ချမ်းသာတဲ့ မိသားစု ဒါမှမဟုတ် ဩဇာကြီးမားတဲ့ မိသားစုက သခင်မလေး ဖြစ်နိုင်သည်။

သူမနဲ့ အဆက်အသွယ် ဖြစ်သွားမယ်ဆိုရင် သူ့ဘဝတစ်ခုလုံးဇိမ် ခံပြီး နေလို့ရပြီ။

လင်းမော်သည် ချမ်းသာသော်လည်း သူ့အဖေက ရွှေရွက် မပေးချင်ပါ။ ဒီမျက်နှာသေးသေးလေးနဲ့ မိန်းကလေးသည် သူမရဲ့ ဖောင်းပွနေတဲ့ပိုက်ဆံအိတ်ထဲကနေ ထုတ်ပြီး လွှင့်ပစ်လိုက်တာ မြင်လိုက်ရသည်။ သူမ အိတ်ထဲတွင် ရွှေရွက်တွေ အများကြီးနဲ့ ပြည့်နေနိုင်သည်။

သူမက မတရား ချမ်းသာသည်။

“ မင်းချမ်းသာလည်း ဘာလုပ်လို့ ရမှာလဲ။ ငါ့ ငါးသလဲထိုးက လျှို့ဝှက်ဆန်းကြယ် အမှောင်

မျိုးစိတ်ကွ။ ဝိညာဉ်ကျောက်တုံး တစ်တုံးလောက် တန်တယ်”

လျိုကျန့်သည် သူ့ မျက်နှာထိသွားသဖြင့် ပိုတောင် ဒေါသထွက်သွားသည်။ (မင်းက ငါ့မျက်နှာကို ပိုက်ဆံသုံးပြီး ရိုက်ရဲတယ်ပေါ့။ တောက်၊ ငါဒါကို သည်းမခံနိုင်ဘူး)

ဒါပေမယ့် လျိုကျန့်ရဲ့ အကြည့်တွေက ရှေ့ရှက်ဆီ ရောက် ရောက်သွားသေးသည်။

မာနသာမရှိရင် ကောက်ဖို့ ခါးကုန်းနေမိမည်။ တစ်ဝက်လောက်သေနေတဲ့ အသားကိုရောင်းပြီး ရွှေရွက်တစ်ရွက်ရရင် အမြတ်ကြီးကြီး ရပြီ။

"ဟော့ ၊ မင်းတို့က ရန်ပွဲတောင်းနေတာလား"

အင်ဘိုင်ဝူက ရောက်လာပြီး လျိုကျန့်ကို ရန်လိုတဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။ သူမက လမ်းဘေးတွင် ရန်ဖြစ်နေကြပါ။ ဒီလိုမြင်ကွင်းမျိုးကို မကြောက်ပါ။

“မင်းတို့တွေ ဒီငါးသလဲထိုးကို လိုချင်ရင် ဝိညာဉ်ကျောက်တုံး တစ်တုံးပေး။ မဟုတ်ရင် လိမ့်လိုက်တော့”

လျိုကျန့်က အော်ပြောသည်။ ခုနတုန်းက ငါးသလဲထိုးကို ရောင်းဖို့ သဘောမတူခဲ့မိတဲ့အတွက် အရမ်းနောင်တ ရနေသည်။ သို့သော် ယောကျ်ားလေး တစ်ယောက်အနေနဲ့ မိန်းကလေး သုံးယောက်အရှေ့တွင် သူ့ရဲ့ရုပ်တည်မှုကို နှိမ့်ချလို့ မဖြစ်ပါ။ ဒါကြောင့် မထူးဇာတ်သာ ဆက်ခင်းနေရသည်။

အင်ဘိုင်ဝူသည် စကားပြောပြီး အချိန်မဖြုန်းချင်တော့ပါ။ ဓါးကို ညာလက်နဲ့ကိုင်လိုက်ပြီး တိုက်ပွဲဝင်ဖို့ အသင့်ပြင်လိုက်သည်။

"ဆရာ့ကို ဒုက္ခမပေးနဲ့"

လီဇီချီက သံမဏိခေါင်းနဲ့ မိန်းကလေးကို တားလိုက်ပြီး ဒီရှုံ့ဖို့ကောင်းတဲ့ ကောင်ရဲ့ မျက်နှာကို ပစ်ပေါက်ဖို့ ဝိညာဉ်ကျောက်တုံး ထုတ်ယူလိုက်သည်။ အခုပြဿနာ ငါးသလဲထိုး ဘယ်လောက်တန်ဖိုး ရှိလဲ ပြဿနာ မဟုတ်တော့ပါ။ ဒါက မျက်နှာ ကိစ္စ ဖြစ်လာပြီ။

“ငါ လီဇီချီက ဒီငါးသလဲထိုး ဝယ်မယ် ပြောထားပြီးပြီ။ ဘယ်လောက်ပဲ ကုန်ကုန် ငါဝယ်မယ်”

“ပညာသင်ဘက် အကြီးဆုံးအစ်မကြီး”

လုချီဟွာက လီဇီချီရဲ့ လက်ကို တားလိုက်သည်။

“ကျွန်မက ပြဿနာ စရှာတဲ့လူဆိုတော့ ကျွန်မပေးပါရစေ”

လုချီဟွာ ဝိညာဉ်ကျောက်တုံး တစ်တုံး ထုတ်ယူလိုက်သည်။ လက်ထဲမှာ ကိုင်ထားပြီး လျိုကျန့်အား မပေးချေ။

"ဘာလဲ၊ ပိုက်ဆံနဲ့ မခွဲနိုင်ဘူးလား"

လျိုကျန့်က လှောင်ပြောင် ရယ်မောလိုက်သည်။

(ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ။ ဘယ်သူက ဒီလောက် ရူးမိုက်ပြီး သေလုနီးပါး ဖြစ်နေတဲ့ ငါးသလဲထိုးကို ဝိညာဉ်ကျောက်တုံး တစ်တုံး ပေးပြီး ဝယ်မှာလဲ)

လုချီဟွာသည် ငွေနဲ့ မခွဲနိုင်တာ မဟုတ်ဘဲ ဝိညာဉ်ကျောက်တုံးနဲ့ မခွဲနိုင်တာပါ။ ဆွန်းမိုက သူမကိုပေးထားသဖြင့် အမှတ်တရအနေနဲ့ သိမ်းထားချင်သည်။

“မဝယ်နဲ့’

အင်ဘိုင်ဝူက တားမြစ်လိုက်သည်။

တဆက်ဆက်တုန်နေသော ငါးသလဲထိုးသည် လုချီဟွာကို မျက်ရည် မျက်လုံးများနဲ့ ကြည့်နေသည်။

“ငါ့ကို ကယ်တင်ပေးဖို့ တောင်းဆိုနေတယ်’

လုချီဟွာ ခေါင်းကို ခါလိုက်သည်။

“တိရစ္ဆာန်ပြောတာကို မင်းနားလည်လား”

အင်ဘိုင်ဝူသည် အရမ်းသိချင်လာပြီး ငါးသလဲထိုးကို လှည့်ကြည့်လိုက်သည်။

“နားမလည်ဘူး”

လုချီဟွာ ခေါင်းခါလိုက်ပြီး “ဒါက ခံစားမှု တစ်ခုပဲ” ရိုးသားစွာ ပြောလိုက်သည်။

အင်ဘိုင်ဝူ ဆွံ့အသွားသည်။ နှစ်ခဲ့တဲ့တစ်နှစ်က ဝက်တွေ သတ်ခဲ့တဲ့ အချိန်ကို ပြန်သတိရသွားသည်။ ဝက်မကြီးက ကလေးတွေကို ဒီလိုအကြည့်နဲ့ လိုက်ကြည့်ခဲ့သည်။

ဒါက ရှင်သန်မှုကို ရှာဖွေတဲ့ တိရစ္ဆာန်တွေရဲ့ ဗီဇ သက်သက်သာ ဖြစ်သည်။ အင်ဘိုင်ဝူ

ပါးစပ်တလှုပ်လှုပ် ဖြစ်သွားသော်လည်း ဘာမှတော့ မပြောပါ။

သဘော်သီး မိန်းကလေးသည် ကြင်နာတတ်ပြီး ဖြူစင်လှသည်။ လောကကြီးက ဘယ်လောက် ကောက်ကျစ်ပြီး ရက်စက်သလဲဆိုတာ သူမ မသိသေးပါ။ အင်ဘိုင်ဝူက ဒီဖြူစင်သူလေးကို ကာကွယ်ပေးသင့်တယ်လို့ ခံစားရသည်။

"ဒီမှာ ဝိညာဉ်ကျောက်တုံး၊ ငါးသလဲထိုး ငါ့ကိုပေး"

လုချီဟွာသည် စိတ်ထားကောင်းသည်။ လျိုကျန့်ကို မကြိုက်သော်လည်း ဝိညာဉ်ကျောက်တုံး ပစ်မပေးခဲ့ပါ။ သူ့လက်ထဲကိုသာ ပေးမလို့ လုပ်လိုက်သည်။

လီဇီချီက ဒီလို အဖြစ်မခံပါ။ လုချီဟွာလက်ထဲက ဝိညာဉ်ကျောက်တုံးကို ယူလိုက်ပြီး လျိုကျန့်ထံ ပစ်ချ ပေးလိုက်သည်။

လျိုကျန့်သာ မဖမ်းခဲ့ရင် သူ မျက်နှာပျက်စရာ အကြောင်းမရှိပါ။ သို့သော်လည်း

ဝိညာဉ်ကျောက်တုံးက သူ့ရင်ဘက်နား ရောက်လာတာနဲ့ အလိုလို ဖမ်းလိုက်မိသည်။

ဒီအတွက်လည်း မတတ်နိုင်ပါ။ ဝိညာဉ်ကျောက်တုံး ဆိုတာက အမှောင်တိုက်ကြီးရဲ့ ဘုံငွေကြေး တစ်ခုသာ ဖြစ်သည်။ ဆင်းရဲသော မိသားစုမှ လာခဲ့တဲ့ သူ့အနေနဲ့ ရွှေရှက်ကို တောင့်ခံနိုင်သော်လည်း ဝိညာဉ်ကျောက်တုံးက သူ့မာနကို ဖြိုခွဲ ပစ်လိုက်သည်။

ဝိညာဉ်ကျောက်တုံးသည် နွေရာသီတွင် အေးမြသော စမ်းရေကဲ့သို့ အအေးဓါတ် ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လျှိုကျွန့် အလိုလို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိသည်။

(အရမ်းကောင်းတယ်။ အခုငါ့မှာ ဝိညာဉ်ကျောက်တုံး တစ်တုံးရှိပြီ။ တခြားသူကို မနာလို ဖြစ်စရာ မလိုတော့ဘူး)”

“တကယ် ပေးတာလား”

ရှီဆောင် အံ့အောသွားသည်။ ပြီးတော့ ပိုအံ့အောတဲ့ အချက်က ခေါင်းမာတဲ့ လျှိုကျွန့်က ပေးလိုက်ခြင်းဖြစ်သည်။

လင်းမော် အာမေဋိတ်သံ ထွက်သွားသည်။

"တောက်"

လီဇီချီ ဒီကောင့်အပေါ် အထင်သေးသွားသည်။ ငွေဖြင့် ဖြေရှင်းနိုင်ရင် ပြဿနာ တစ်ခု မဟုတ်ပါ။

လုချီဟွာက ပြေးသွားပြီး ဆောင့်ကြောင့်ထိုင်ကာ ငါးသလဲထိုးကို ကောက်ယူလိုက်သည်။

"ဝေးဝေးဖယ်"

အင်ဘိုင်ဝူ ပြေးသွားပြီး လျိုကျန့်ကို စိုက်ကြည့်လိုက်သည်။

လျိုကျန့် ခြေလှမ်းနှစ်လှမ်း နောက်ဆုတ်ပေးလိုက်သည်။ သူက

ပြန်ပြောချင်ပေမယ့် ဒီလို မလုပ်ရဲပါ။ သူတို့စကားပြောဖြစ်ရင် ဝိညာဉ်ကျောက်တုံး ပြန်တောင်းမှာ စိုးရိမ်နေသည်။

ဒီမြင်ကွင်းကို မြင်လိုက်လျှင် လင်းမော် ခေါင်းခါလိုက်မိသည်။ လျိုကျန့်နဲ့ ရန်ဖြစ်ရတာ အဆင့်အတန်း တကယ် အောက်ကျသည်။ ဘေးမှာ ရပ်ကြည့်နေသော ရှီဆောင်သည် လျိုကျန့်ကို အစက မဆိုးဘူး ထင်နေသည်။ သို့သော် ဒီမြင်ကွင်းကို မြင်ပြီးနောက် တစ်ခွန်းမှ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မပြောခဲ့သော်လည်း ရုတ်တရက် အရမ်း စိတ်ပျက်သွားသည်။

ကို့ကိုယ်ကို နည်းနည်းလေးတောင် တန်ဖိုး မထားနိုင်ဘူးလား။

ဒါက ငါးသလဲထိုး တစ်ကောင် ကိစ္စလေ။ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ကိစ္စလေ။

ဒီနေ့မှာ လျို့ကျန့်က ဝိညာဉ်ကျောက်တုံး တစ်ခုအတွက် သည်းခံနိုင်ခဲ့ရင် နောင်တစ်ချိန်တွင် ပိုကြီးမားသော အကျိုးအမြတ်နဲ့တွေ့ပါက မိမိကိုယ်ကို ထိခိုက်စေသော ကိစ္စများကိုပါ လုပ်လာနိုင်သည်။

ဒီလိုလူတွေက သမာဓိ မရှိသလို ရင်းရင်းနီးနီးလဲ မဆက်ဆံသင့်ပါ။

မိန်းကလေး သုံးယောက် ထွက်သွားသည်။

“ဟော့၊ မင်းတို့ ဘယ်ကျောင်းကလဲ”

လီဇီချီ၏ သပ်ရပ်လှသော ပုံရိပ်ကို ကြည့်ပြီး လင်းမော်က မနေနိုင်ဘဲ မေးလိုက်သည်။

အင်ဘိုင်ဝူ နောက်ပြန်လှည့်ပြီး လက်ခလယ် ထောင်ပြလိုက်သည်။

ရှီဆောင်က တစ်ခုခု ပြန်ပြောလိုက်ချင်ပေမယ့် လျိုကျန့်က လင်းမော်ကို သတိထားပြီး

စောင့်ကြည့်နေတာ မြင်လိုက်သည်။ (ဒီကောင်က ငါ့ ဝိညာဉ်ကျောက်တုံးကို စိုက်ကြည့်နေတယ်လို့ ထင်နေမလား)

“ငါက ငါးသလဲထိုးကို ဖမ်းခဲ့တဲ့ သူပဲ။ ဘယ်လိုဖြေရှင်းရမလဲဆိုတာ ငါပဲ ဆုံးဖြတ်သင့်တယ်”

လျိုကျန့် သူတို့အတွေးကို ရှင်းစေချင်သဖြင့် အရင်ဆုံး စကားပြောလိုက်သည်။

“ဟားဟား’

ရှီဆောင် ပြုံးလိုက်သည်။ လင်းမော်နှင့် လျိုကျန့်တို့ ရန်ဖြစ်တဲ့ အခါတိုင်း

ရှိဆောင်က ဖြန်ဖြေ ပေးလေ့ရှိသော်လည်း လျိုကျန့်ဘက် နည်းနည်းဘက်လိုက်ခဲ့သည်။ ဒါပေမယ့် အခုတော့ သူတို့နှစ်ယောက် လုပ်ချင်တာ လုပ်နိုင်သည်။

လျိုကျန့်က ခေါင်းငုံ့ပြီး အလုပ်ဆက်လုပ်နေသည်။ မိနစ်အနည်းငယ် ကြာပြီးနောက် မိန်းကလေးသုံးယောက် ထွက်သွားတဲ့ဘက်သို့ မနေနိုင်ဘဲ လှမ်းကြည့်လိုက်သည်။

"သေခါနီး ငါးသလဲထိုး တစ်ကောင်ကို ဝိညာဉ်ကျောက်တုံး တစ်တုံး သုံးပြီး ဝယ်တဲ့သူ

တကယ်ရှိတာပဲ။ ဒီငါးသလဲထိုးက လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်များ ဖြစ်နေမလား ”

လိုက်ချန့် ခန့်မှန်းလိုက်သည်။

လင်းမော်နှင့် ရှီဆောင် နှစ်ယောက်စလုံးက ဘာမှပြန်မပြောဘဲ အရူးတစ်ယောက်လို သဘောထားပြီး ကြည့်နေသည်။

‘မင်းတို့ မေ့သွားပြီလား၊ အော်သည်းသံက နည်းနည်း ထူးဆန်းနေတယ်။ ကျေးလက်ဒေသမှာ

မုဆိုးတွေ အရင်က ငါးသလဲထိုး ဖမ်းဖူးတယ်။ သူတို့ အော်သံက ဒီလို မဟုတ်ပါဘူး”

လျိုကျန့်က ရှင်းပြလိုက်သည်။

“ဒါက အမှာင်တိုက်ကြီးလေ။ တူညီတဲ့ မျိုးစိတ်တောင် မတူညီတဲ့ တိုက်ကြီးနှစ်ခုမှာ ကြီးပြင်းလာရင် အနည်းငယ် ကွဲပြားမှု ရှိတယ်”

လင်းမော်က မျက်လုံးကြီးပြူးပြီး အထင်သေးတဲ့ အသံနဲ့ ပြောလိုက်သည်။

“ဒီဝိညာဉ်ကျောက်တုံးက မင်းအတွက် တစ်နှစ်အလုပ်လုပ်ရင်တောင် မရနိုင်တဲ့ အရာ

ဖြစ်ချင်ဖြစ်လိမ့်မယ်။ ဒါပေမယ့် အဲ့သူဌေးသမီးအတွက်တော့ သူမ ထမင်းတစ်နပ်ရဲ့ တဝက်ဖိုးတောင် မရှိဘူး။”

လင်းမော်က လျှိုကျုန့် ပခုံးကို ပုတ်လိုက်ပြီး

“လူချမ်းသာရဲ့ လောကကြီးကို မင်းနားမလည်သေးပါဘူး”

ရှီဆောင် ခေါင်းညိတ်လိုက်သည်။

“ဒီအရာက လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ဖြစ်နေရင် ငါ့ကိုယ်ငါ မစင်တောထဲ ခုန်ချ လိုက်မယ်”

ရှီဆောင် လုပ်ထားတဲ့ ပါဝင်ပစ္စည်းတွေကို ကောက်ယူလိုက်သည်။ စကားပြောနေစဉ် သတိတစ်ချက်လွတ်ပြီး ခြေချော်ကာ ရေထဲ ပြုတ်ကျသွားသည်။

ဝုန်း..

ရေတွေ ပြန့်ကျဲပြီး ငါးသေတွေ လွင့်စင်သွားသည်။

"ဟားဟား"

လျိုကျန့်လည်း စိတ်ကျေနပ်ပြီး ရယ်မောလိုက်သည်။ ဒါတော့မှန်တယ်။ သူ့ရဲ့

ကံဆိုးမှုနဲ့ဆိုရင် ရွံ့တောထဲမှာ ဘယ်လိုလုပ် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို ရုတ်တရက် ဖမ်းမိမှာလဲ။

ဒီလိုသာ ဖြစ်နိုင်ရင် အမှောင်တိုက်ကြီးရဲ့ နေရာတိုင်းမှာ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်နဲ့ ပြည့်နေမည်။

စာစဥ်(၁၇)

အခန်း(၂၃၆) - မင်းမတတ်ဘဲနဲ့ တတ်ချင်ယောင်မဆောင်နဲ့ ဒါက တကယ် အရှက်ကွဲတယ်။

"အခုငါတို့ ဘာလုပ်ကြမလဲ"

စမ်းချောင်ဘေးတွင် ရပ်နေသော လီဇီချီနှင့် လုချီဟွာတို့သည် သေလုနီးပါး ဖြစ်နေသော ငါးသလဲထိုးကို ကြည့်ကာ ဒွိဟ ဖြစ်နေသည်။

ငယ်စဉ် ကတည်းက ဖြတ်သန်းခဲ့ရတဲ့ ကြမ်းတမ်းမှုတွေကြောင့် အင်ဘိုင်ဝူသည် ဒီလို အရာတွေကို စိတ်မဝင်စားပါ။ ဒါကြောင့် သူမတို့ကို ထားခဲ့ပြီး ငါးလုံးကို ကောက်ကိုင်ကာ ငါးဆက်ဖမ်းနေခဲ့သည်။

"ငါတို့ ကုသပေးလိုက်ရအောင်"

လုချီဟွာက အကြံပြုသည်။ သူမတွင် သူတော်စင်တစ်ယောက်ရဲ့ နှလုံးသား မရှိပါ။ သူမ ဝယ်ခဲ့တဲ့ တစ်ခုတည်းသော အကြောင်းပြချက်က

ထိုလူ နှိပ်စက်ညှင်းပန်းနေတာကို မကြည့်ရက်လို့ ဖြစ်သည်။

သဘော်သီး မိန်းကလေး အမြင်အရ ငါးနှင့် ကြက်ကို သတ်ခြင်းက ပြဿနာ မရှိပါ။ နောက်ဆုံး လူတွေ စားလို့ ရသည်။ ဒါပေမယ့် သူတို့ သတ်ချင်ရင်လည်း တစ်ချက်တည်းနဲ့ သတ်လို့ မရဘူးလား။

ဒီကောင်လေးက သူ့ရဲ့ မကျေနပ်ချက်တွေကို ငါးသလဲထိုးအပေါ် ဖောက်ခွဲထုတ်နေသည်။

ဆွန်းမိုသာဆိုရင် လျိုကျန့်ရဲ့ အပြုအမူကို တော်တော် မုန်းတီးနေလိမ့်မည်။ လျိုကျန့်သာ အမေရိကန် လူ့အဖွဲ့အစည်းမှာသာဆိုရင် တိရစ္ဆာန် ညှင်းပန်းနှိပ်စက်မှုနဲ့ အဖမ်းခံရမည်။

ပြီးတော့ တရုတ်နိုင်ငံတွင်လည်း တရိစ္ဆာန် ညှင်းပန်းနှိပ်စက်နေတဲ့ လျိုကျန့်ရဲ့ ဗီဒီယိုဖိုင်ကို အင်တာနက်ပေါ်တင်ခဲ့ရင် သေချာပေါက် ဝေဖန်ခံရ လိမ့်မည်။

ပြဿနာက သိပ်ကြီးကြီးမားမား မဟုတ်ပါ။ သို့သော် ငါးသလဲထိုး နေရာတွင် ခွေးတစ်ကောင်၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြောင်တစ်ကောင် ပြောင်းလဲလိုက်ပါက လျှိုကျန်နဲ့ အဆုံးသတ်သွားလိမ့်မည်။ သုံးရက်မပြည့်ခင် သူ့ရဲ့ အသေးအစိတ် အချက်အလက်တွေ ဖော်ထုတ်ခံရပြီး အသက်အန္တရာယ် ခြိမ်းခြောက် ခံရလိမ့်မည်။

လူတွေများလာလေလေ အမြင်တွေ ပိုကွဲလာလေလေ ဖြစ်လာလိမ့်မည်။

လီဇီချီနှင့် လုချီဟွာ တို့သည် နူးညံ့သိမ်မွေ့ပြီး ကြင်နာ သနားတတ်သော မိန်းကလေးများ ဖြစ်ကြသည်။ ဒါက အသိအမှတ်ပြုသင့်တဲ့ အရာတစ်ခု ဖြစ်သည်။ သွေးအေးတာထက် ပိုကောင်းသည်။

"ငါတို့ လုပ်ကြမယ်"

လီဇီချီသည် ဒီငါးသလဲထိုးကို ဝယ်ရန် ဝိညာဉ်ကျောက်တုံး တစ်တုံး သုံးခဲ့ရတဲ့ အကြောင်းကို ပြန်တွေးလိုက်မိသည်။ သတ်ပြီး အသားလုပ်လိုက်ဖို့က နှမြောဖို့ ကောင်းသည်။ ဒါကြောင့် ကုသိုလ်ကောင်းမှု လုပ်ခြင်းက ပိုကောင်းသည်။

ကျောင်းသားများ အားလုံးသည် အမှောင်တိုက်ကြီး ခရီးစဉ်အတွက် အရေးပေါ် ဆေးဝါးများ ဆောင်ထားကြသည်။ ဒါကြောင့် လုချီဟွာသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သွေးဆေး အမှုန့်တချို့ထုတ်ကာ ငါးသလဲထိုးအပေါ် ဖြူးလိုက်သည်။

ကွီ

ငါးက ရှိုက်ကြီးတငင် အော်ဟစ်ပြီး ခန္ဓာကိုယ် တဆက်ဆက် တုန်နေသည်။

"မလှုပ်နဲ့၊ ဒီဆေးက မင်းအတွက် ကောင်းတယ်"

လုချီဟွာက နှစ်သိမ့်လိုက်သည်။

ငါးသလဲထိုးသည် သူမ စကားကို နားလည်သလို ငြိမ်ကျသွားသည်။

"အမ်"

လီဇီချီ ရုတ်တရက် အံ့အောသွားသည်။ ဒီသက်ရှိက အရမ်းညာဏ်ကောင်းနေသည်။

"ငါတို့ ပက်တီး စည်းပေးလိုက်မလား"

သဘော်သီး မိန်းကလေးက မေးသည်။

"ပတ်တီးစည်းထားရင်တောင် ရေထဲမှာ အသုံးမဝင်ဘူး"

လီဇီချီက သုံးသပ်လိုက်သည်။

"အင်း၊ ဒါဆိုလည်း ငါတို့ လွှတ်ပေးလိုက်ကြမယ်လေ"

လုချီဟွာက ငါးသလဲထိုးရဲ့ ခေါင်းကို သွေးဆေးအမှုန့်များနဲ့ ဖုံးအုပ်ထားတာ သတိရပြီး လက်ချောင်းဖြင့် ခေါင်းကို သုတ်ပေးလိုက်သည်။

"မင်းအခု သွားလို့ ရပြီ။ တောင်ရဲ့အနက်ပိုင်းသို့ ဦးတည်ပြီး သွားပါ။ အဲဒီမှာဆိုရင် အဖမ်းခံရမှာ မဟုတ်ဘူး"

"ကွီ ကွီ"

ငါးသလဲထိုးသည် လုချီဟွာရဲ့ လက်ကို ခေါင်းနဲ့ ပွတ်လိုက်ပြီး ကျယ်လောင်စွာ အော်လိုက်သည်။

လုချီဟွာက ခေါင်းညိတ်လိုက်ပြီး လီဇီချီကို လှမ်းကြည့်လိုက်သည်။

"အမကြီး မသွားချင်ဘူး ပြောနေတယ်။"

"ဒါက မင်းရဲ့ ခန့်မှန်းချက်ပဲ မဟုတ်လား"

"ငါရဲ့ ခန့်မှန်းချက်ပဲ ဖြစ်ပေမယ့် အဓိပ္ပါယ်က မှန်နိုင်တယ်"

လုချီဟွာက ဒါကို အရမ်းယုံကြည်သည်။ သူမ ငယ်ငယ်တုန်းက ကစားဖော်မရှိလို့ နေ့တိုင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အပင်တွေ၊ ပိုးမွှားတွေနဲ့ စကားပြောရင်း နေ့တိုင်း အချိန်ဖြုန်းခဲ့ရသည်။ သူတို့က စကားပြန် မပြောနိုင်သော်လည်း သူတို့ ဘာတွေးနေလဲ ဆိုတာတော့ ဆုပ်ကိုင်နိုင်ခဲ့သည်။

"ဒါဆိုလည်း မင်းပဲ ဆုံးဖြတ်ချက် ချလိုက်တော့"

ဒီလိုပြောပြီးနောက် လီဇီချီသည် ငါးလုံတစ်ချောင်းကို ကိုင်ကာ စမ်းချောင်းထဲသို့ ပြန်ဆင်းသွားသည်။ ဆရာ့အတွက် ကိုယ်တိုင် ငါးဖမ်းချင်သည်။

လုချီဟွာသည် ကမ်းစပ်တွင် ဆောင့်ကြောင့်ထိုင်လိုက်ပြီး ငါးသလဲထိုးရဲ့ ခေါင်းလေးကို လှွတ်ပေးလိုက်သည်။ ဒီသက်ရှိလေးရဲ့ မျက်လုံးများက စိတ်အားထက်သန်မှုနဲ့ ပြည့်နေသည်။

“ဇီချီ၊ ငါတို့ လုံလောက်ပြီ”

အင်ဘိုင်ဝူက ကမ်းပေါ်ပြန်တက်ကာ လုချီဟွာအရှေ့သို့ ငါးအနည်းငယ် ပစ်ချပေးလိုက်သည်။

“ဒါတွေကို နုပ်နုပ်စဉ်းပြီး သူ့ကို ကျွေးလိုက်”

မိန်းကလေး သုံးယောက် ငါးဖမ်းပြီး စခန်းချတဲ့ နေရာသို့ ပြန်သွားကြသည်။

ဗဟိုပြယ်နယ် အကယ်ဒမီအပြင် အခြားကျောင်းသုံးကျောင်းက ကျောင်းသား အသစ်များ အဖွဲ့တွေလည်း ပေတစ်ထောင် ရေတံခွန် အနီးတွင် စခန်းချထားသည်။ ဒါကြောင့် ဂျိမ်ဂျဲသည် လူတိုင်းကို အုပ်စုလိုက် လှုပ်ရှားရန်နှင့် တစ်ယောက်တည်း သွားလာခြင်းကို ရှောင်ရှားရန် ပြောခဲ့သည်။

မီးပုံများ မွှေးထားခဲ့သည်။ အသား၊ ဆန်ပြုတ် နှင့်အမွှေးအကြိုင် ရနံ့မျိုးစုံ သင်းပျံ့နေသည်။

"ဆရာ၊ ကျွန်မတို့ ကင်ထားတဲ့ ငါးကို မည်းကြည့်ပါအုံး"

လီဇီချီ နဲ့ နှစ်ယောက်သည် ပြန်လာတဲ့အခါ ကျောင်းသားတချို့သည် အမဲသားကို အမြန်ဆုံးကင်ပြီး ဆွန်းမိုကို ဟင်းကျွေးရန် ကြိုးစားနေတာ မြင်လိုက်ရသည်။

"မလိုဘူး။ ဆရာရဲ့ ထမင်းသုံးနပ်ကို ငါဂရုစိုက် လိုက်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီသည် ချက်ခြင်းဆိုသလို သူ့ရဲ့ နယ်မြေကို စောင့်ရှောက်နေတဲ့ သားရဲတစ်ကောင်လို ဖြစ်သွားသည်။

(ဟွန့်၊ ငါ့ဆရာကို ကျွေးတဲ့အလုပ်မှာ တစ်ယောက်မှ လာမစွက်ဖက်နဲ့)

“မလိုဘူး၊ ငါတို့မှာလည်း ငါးတွေ ရှိတယ်”

အင်ဘိုင်ဝူနှင့် လုချီဟွာ တို့ကလည်း သူမတို့၏ အတွေးကို ထုတ်ဖော်လာပြီး သူမတို့ ဆရာကို ကျွေးမွေးခွင့် အခိုင်အမာ တောင်းဆိုလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ မင်းတို့ ဟင်းချက်ပြီးဖို့ အနည်းဆုံး တစ်နာရီလောက် ကြာလိမ့်မယ်။ အဲ့အချိန်မှာ ဆရာဆွန်း ဗိုက်ဆာနေမှာပေါ့။ ငါတို့အသားကို အရင်စားတာ ပိုကောင်းမယ်”

ကျောင်းသားတွေကလဲ အလျှော့မပေးကြပါ။ ဆရာဆွန်း အမြင်ကောင်းစေမယ့် အခွင့်အရေးကို မလွဲချော် ခြင်ကြပါ။

လီဇီချီ ဆက်ပြင်းနေသော်လည်း အသုံးမဝင်ပါ။ ပြီးတော့ ရန်သူအရေအတွက် ပိုပိုသာ များလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နောက်ထပ် ကျောင်းသားအုပ်စု နှစ်စုကလည်း ဆွမ်းလာကပ်ကြသည်။

ငါးကင်အပြင် ဆန်ပြုတ်၊ မှိုကင် နှင့် ငှက်ဥကျော်တို့လည်း ပါသေးသည်။ ရီဂျီမင်သည် လက်ထဲက စားလက်စမုန့်ကို ကြည့်လိုက်ပြီး ဆွမ်းမိုအရှေ့က စားစရာမျိုးစုံကို ကြည့်လိုက်သည်။ အရမ်းပြင်းထန်တဲ့ မနာလိုတဲ့ ခံစားချက်က နှလုံးသားထဲ ချက်ခြင်း ပေါ်လာသည်။

(ငါတို့ နှစ်ယောက်စလုံးက ဆရာတွေပါ။ ဘာလို့ မင်းက ဒီလောက်ထူးချွန်နေတာလဲ)

ရီဂျီမင်နှင့် ပိုင်ရန်လီတို့ နှစ်ယောက်စလုံးအရှေ့တွင် အစားအသောက် မရှားပါ။ သို့သော်လည်း မြတ်ဆရာရဲ့ ဂုဏ်သိက္ခာက ကြီးမားလွန်းသဖြင့် သာမန်ကျောင်းသားတွေသည် သူတို့အရှေ့တွင် ဖိအား ဝင်တတ်ကြသည်။ အစားအသောက်ကို ပေါ့ပေါ့ဆဆ မပေးရဲပါ။

“မင်းတို့ရဲ့ ကြင်နာမှုကို တကယ် အသိအမှတ်ပြုတယ်။ ကျေးဇူးလည်းတင်တယ်။ မြန်မြန်ပြန်ပြီး စားကြပါ။ နှမ်းစေ့ကိတ်မုန့်နဲ့ အဆင်ပြေပါတယ်”

ဆွန်းမိုသည် လက်ထဲက နှမ်းစေ့ကိတ်မုန့်ကို အခွံခွာရင်း အရပ်ရှည်တဲ့ ကျောင်းသားလေးဆီ လှမ်းကြည့်လိုက်သည်။

“ဟူမာန်၊ အဲ့ဥကျော် မစားနဲ့၊ အဆိပ်ပြင်းတယ်”

“အမ်”

ဟူမာန် အံ့အောသင့်သွားပြီး သူ့ သစ်သားဇလုံထဲက ငှက်ဥကျော်ကို အလိုလို ကြည့်လိုက်မိသည်။

"ဌက်ဉကျော်မှာ ထည့်ထားတဲ့ ဟင်းရွက်က ငါးလက်ဖက်မြက် မဟုတ်လား။ အဲဒါက အဆိပ်ရှိတယ်။ မစားသင့်ဘူး"

ဆွန်းမိုက ရှင်းပြသည်။

ဆွန်းမို၊ ကျန်းလန်၊ ကူရှူပ်ရှင်းနှင့် ဂေါင်ပန်တို့ အဖွဲ့ကလွဲရင် ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားအဖွဲ့များသည် အုပ်စုတစ်စုတွင် အများဆုံး ဆယ်ယောက်နဲ့ ဘယ်သွားသွား၊ ဘာလုပ်လုပ် အတူတူ လှုပ်ရှားကြသည်။

ဆွန်းမို စကားကို ကြားလျှင် ဌက်ဥကြော် စားနေသော ကျောင်းသားများသည် ချက်ခြင်း မျက်မှောင်ကြုတ်ကာ ပါးစပ်ထဲက ဥကြော်ကို ထွေးထုတ်လိုက်ကြသည်။

"အမ်"

ဟူမာန်သည် အလိုလို ပါးစပ်ပွင့်သွားသည်။ နောက်ဆုံးတော့ သူက ဒီဟင်းအတွက် ပါဝင်ပစ္စည်း စီစဉ်ပေးတဲ့သူပါ။ တစ်ခုခု ဖြစ်သွားရင် သူတာဝန်ယူရမည်။ ဒါကြောင့် ဒီအရာများကို ရှင်းလင်းအောင် လုပ်ဖို့ လိုသည်။ သို့သော် ဆွန်းမိုရဲ့

အနေအထားအရ ပြန်မပြောရဲပါ။ ဒါကြောင့် သူ အရမ်း စိတ်ရှုပ်နေသည်။

ရီဂျီမင်ကတော့ အနေအထား မတူပါ။ ဆွန်းမိုကို အရှက်ခွဲနိုင်မယ့် အခွင့်အရေး စောင့်နေတာ တော်တော်ကြာနေပြီ။ ဆွန်းမိုရဲ့စကားကို ကြားလိုက်လျှင် ချက်ခြင်းဆိုသလို ဝမ်းသာအားရ ထရပ်လိုက်သည်။

"ဆရာဆွန်း၊ ငါးလက်ဖက်မြက်မှာ အဆိပ်ရှိတယ်လို့ တကယ်ပြောတာလား။ မင်းကို ဘယ်အရူးက ပြောလိုက်တာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရီဂျီမင် အံ့အော ဟန်ဆောင်နေသော်လည်း စိတ်ထဲတွင် အရမ်းဝမ်းသာနေသည်။

(မင်းကိုယ်တိုင် နားမလည်ရင် မင်းမသိရင် အေးအေးဆေးဆေး နေပါလား။ အခုတော့ မင်းကိုယ်မင်း ငတုံးတစ်ကောင် ဖြစ်အောင် လုပ်နေပြီ)

သို့သော်လည်း ဆွန်းမိုလက်အောက်တွင် သင်ခန်းစာ ရထားဖူးတဲ့ ရီဂျီမင်သည် ဆွန်းမိုအားတိုက်ရိုက် မစွပ်စွဲဘဲ အဲဒီအစားဆွန်းမိုကို ပြောခဲ့တဲ့လူက အရူးတစ်ယောက်လို့ ပြောခဲ့သည်။

ဆရာတချို့ အမူအရော ချက်ခြင်း ပြောင်းသွားသည်။ တချို့က စိတ်လှုပ်ရှားနေကြပြီး တချို့က ကြား နေကာ တချို့က ဆွန်းမို ဂုဏ်သတင်းအတွက် စိုးရိမ်နေကြသည်။

"ဆရာဆွန်း၊ ငါးလက်ဖက်မြက် နည်းနည်းလေးဆိုရင် ပြဿနာ မရှိပါဘူး"

ကူရှပ်ရှင်းက လျှင်မြန်စွာ သတိပေးလိုက်သည်။ ငါးလက်ဖက်မြက်မှာ အဆိပ်မရှိဘူးလို့ သူမ မပြောရဲဘဲ 'နည်းနည်းလေး' ဆိုပြီး ပြောလိုက်သည်။ ဒီလိုဆိုလျှင် ငါးလက်ဖက်မြက် အများအပြား

စားလိုက်ပါက အဆိပ်သင့်နိုင်တယ်လို့ ကျောင်းသားများ ထင်သွားကြမည်။

"ဆရာကူ၊ မင်းတကယ် မသိတာလား။ ဒါမှမဟုတ် ဟန်ဆောင်နေတာလား။ ငါးလက်ဖက်မြက်ချည်းပဲ စားရင်တောင် သေမှာ မဟုတ်ဘူး"

ရီဂျီမင်က လှောင်ပြောင်ပြီး ဆွန်းမိုဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဆရာဆွန်းရဲ့ ကိုယ်လုံးကိုယ်ပေါက် မတူဘူး ဆိုရင်တော့"

"ငါက အဆိပ်လို့ပြောရင် အဆိပ်ပြင်းတယ်လို့ ဆိုလိုတာပဲ"

ဆွန်းမိုက ပြောလိုက်သည်။

ကျောင်းသားတွေသည် ဘယ်သူ့ကို ယုံရမလဲ မသိဖြစ်နေသည်။ သို့သော် မကြာခင် ရင်သားကြီးတဲ့ လုချီပွာက ဆွန်းမိုရဲ့ အင်္ကျီလက်စကို တိတ်တိတ်လေး ဆွဲနေတာ မြင်လိုက်သည်။

"ဆရာ၊ ငါးလက်ဖက်မြက်က အဆင်ပြေပါတယ်"

သဘော်သီး ကောင်မလေးက သတိပေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူမ အသံက မကျယ်သော်လည်း ဆရာများနားထဲတွင် ရှင်းရှင်းလင်းလင်း ကြားရသည်။ ဒါကြောင့် ရီဂျီမင် ပိုပြီး ဂုဏ်မောက်နေသည်။ (မင်းတပြည့်တောင် ငါးလက်ဖက်မြက်မှာ အဆိပ်မရှိဘူးဆိုတာ သိသေးတယ်။)

“ဌက်ဥကြော် မလိုတော့ဘူးဆိုတော့ မင်းတို့ ပြန်ယူသွားလို့ ရပြီ။ ယုထန်၊ ရှန်ယွန်ပေါင်၊ မင်းတို့ ဘာရပ်လုပ်နေကြတာလဲ။ ဟင်းချက်ဖို့ မြန်မြန်သွားလုပ်ကြ”

လီဇီချီက လက်ခုပ်တီးပြီး ဆက်တိုက် အမိန့်ပေးလိုက်သည်။ စကား ခေါင်းစဉ်ကနေ ရှောင်ဖို့ လုပ်လိုက်သည်။

ဓါတ်ပုံမှတ်ဉာဏ်ကို ပိုင်ဆိုင်ထားတဲ့ လီဇီချီသည် အမှောင်တိုက်ကြီးနဲ့ ပက်သက်တဲ့ စာအုပ်အားလုံး ဖတ်ဖူးသည်။

အသုံးများသော ဆေးပင်များနှင့် အပင်များဆိုင်ရာ စာအုပ်သည် သူမအလေးပေး မှတ်သားထားသော စာအုပ်များ ဖြစ်သည်။ ဒါကြောင့် ငါးလက်ဖက်မြက်တွင် အဆိပ်မရှိမှန်း သိလိုက်သည်။

“ဒီ လီဇီချီက တကယ် အလေးထားနေတာပဲ”

ဆွန်းမို ဒီအခက်အခဲက လွတ်မြောက်အောင် ကြိုးစားနေတဲ့ လီဇီချီကို မြင်လိုက်လျှင် ဆရာများ အနည်းငယ် မနာလို ဖြစ်ရသည်။

ရီဂျီမင်က ဒီအခွင့်အရေးကို စွန့်လွှတ်ဖို့ ရည်ရွယ်ချက် မရှိပါ။ သူက ဆက်ပြောလိုက်သည်။

“ဆရာဆွန်း၊ ငါးလက်ဖက်မြက်က အမှောင်တိုက်ကြီးမှာ အတွေ့များတဲ့ အပင်ပါ။ ရေကန်တွေ ၊ ချောင်းတွေ အနီးတွင် မြင်ရတတ်တယ်။ ဆေးဘက်ဝင် အပင်လို့ မသတ်မှတ်နိုင်ပေမယ့်

အရသာ ကောင်းတဲ့ အရံဟင်းအဖြစ် စားသုံးကြတယ်”

“မင်းတို့စားချင်ရင် ဆက်စားကြပေါ့”

ဆွန်းမို ပခုံးတွန့်ပြီး ပြောလိုက်သည်။

“ဟဲဟဲ၊ မင်းက တကယ် ခေါင်းမာတာပဲ အမှားကို လက်မခံချင်ဘူး။ ဆရာကျုံ၊ မင်းက ဆရာဝန်လေ။ ဒီငါးလက်ဖက်မြက်က အဆိပ်မရှိဘူးဆိုတာ ဆရာဆွန်းကို ပြောပေးနိုင်မလား”

ရီဂျီမင်က ကျုံရှန်ရီကို လှမ်းကြည့်ရင်း မေးလိုက်သည်။

ကျုံရှန်ရီသည် အကြည့်တွေကို ရှောင်လိုက်ရင်း စိတ်ဆိုးသွားသည်။ (မင်းတို့ ရန်ပွဲထဲကို ဘာဖြစ်လို့ ငါ့ကို ဆွဲသွင်းတာလဲ)

အေးအေးဆေးဆေး နေချင်တဲ့ ဆရာတစ်ယောက်အနေနဲ့ ပြဿနာကြားထဲ ဝင်မပါချင်ပါ။

“ဆရာကျုံ ဘာဖြစ်လို့ ဘာမှ မပြောတာလဲ။ ဒါမှမဟုတ် မင်းလည်း မသိဘူးလား”

ကျန်ကွမ်လင်က ပြောလိုက်သည်။

ဒီလှိုင်းက ကျုံ့ရှန်ရီကို ချောက်ကမ်းပါး အစွန်းတွန်းထုတ်နေပြီ။ သူက မျက်နှာလိုချင်နေသော်လည်း နည်းလမ်း မရှိဖြစ်နေသည်။ သူ့ရဲ့ ကျွမ်းကျင်မှုဆိုင်ရာ ဗဟုသုတကို ကျောင်းသားတွေ သံသယ ဝင်လာသဖြင့်

“ငါးလက်ဖက်မြက်မှာ အဆိပ်မရှိဘူး”

လို့ ရှင်းပြခဲ့သည်။

“ဆရာဆွန်း၊ မင်းကြားလား”

ရီဂျီမင်က လျှောင်ပြောင်ပြီး ပြောလိုက်သည်။

“နောင်ကျရင် မင်းမသိတဲ့အရာတွေကို သင်ပေါ့။ ဒါပေမယ့် ကျောင်းသားတွေကို ဒီလိုမှားယွင်းပြီး လမ်းမညွှန်ဖြစ်အောင် ကျေးဇူးပြုပြီး သတိထားပေးလို့ ရမလား။ ဒီလိုလုပ်လိုက်ရင် မင်းက သူတို့ကို လှည့်စားသလို ဖြစ်နေတယ်”

ကျောင်းသားများသည် ဆွန်းမိုဘက်သို့ လှမ်းကြည့်လိုက်ပြီး ဘာမှ မပြောသော်လည်း စိတ်ပျက်သွားကြသည်။ ငယ်ရွယ်သူတို့သည် အပြစ်ကင်းစင်ပြီး ပြည့်စုံတဲ့သူများကို

ကြည့်ညိုတတ်ကြသည်။ ပြီးတော့ အစောပိုင်းတုန်းက ဆွန်းမိုရဲ့ အပြုအမူကြောင့် တန်ဖိုး ကျသွားသည်။

"ငါးလက်ဖက်မြက်က အဆိပ်မရှိတာ မဟုတ်ဘူး ပျော့လွန်းလို့ သတိမထားမိတာ။ ကျင့်ကြံသူတွေရဲ့ ရုပ်ပိုင်းဆိုင်ရာအရ တုန့်ပြန်မှုကို ပုံမှန်ဆိုရင် သတိထားမိမှာ မဟုတ်ဘူး။ ဒါကြောင့် ပေါ့လျော့နေကြတာ"

ဆွန်းမိုက ရှင်းပြသည်။ သူ့ခေါင်းထဲတွင် အမှောင်တိုက်ကြီးက အပင်မျိုးစိတ်ပေါင်း ၁,၄၀၀နဲ့ ပက်သက်ပြီး အသေးစိတ် အချက်အလက်များ

ရှိသည်။ ဒီအထဲမှာမှ ၅၀၀ က မဟာအဆင့် ကျွမ်းကျင်သည်။

ဒါက ဘာကိုဆိုလိုတာလဲ။

ဆွန်းမိုက အပင်တွေကို အကြိမ်ပေါင်း တသောင်းကျော်လောက် ကိုယ်တိုင် စိုက်ပျိုးထားသလို ဖြစ်နေသည်။ အစေ့များ ကိုင်တွယ်ပုံ၊ အပင်ပေါက်ခြင်းနှင့် နောက်ဆုံး ပန်းများပွင့်ခြင်းအထိ လုံး၀ နားလည် သဘောပေါက်နေသည်။ အပင်တို့ရဲ့ အစိတ်အပိုင်း

တစ်ခုချင်းစီကို ဘယ်လိုသုံးမရမလဲဆိုတာ အသေးစိတ် နားလည်သည်။

တိုက်ဆိုင်စွာပင် ငါးလက်ဖက်မြက်သည် အပင် ၅ဂဂထဲတွင် ပါဝင်နေသည်။

"မင်း ခေါင်းမာနေတုန်းလား"

ရီဂျီမင်က လှောင်ရယ်ရင်း ပြောလိုက်သည်။

"မသိဘဲနဲ့သိသလို ဟန်ဆောင်နေတာက တကယ် အရှက်ကွဲတာပဲ "

စာစဉ်(၁၇)

အခန်း(၂၃၇) - ဆွန်းမိုက ဆေးပင်ဆိုင်ရာ ကျွမ်းကျင်သူလား။

"ကောင်းတယ်"

ဘေးမှ ရပ်နေတဲ့ ကျန်ကွမ်လင်သည် ရီဂျီမင်ကို လက်မထောင်ချင်စိတ် ပေါက်နေသည်။ ဒီကောင် မဆိုးဘူး။ သူတို့ပြန်ရောက်လျှင် သူ့အဖေကို

ပျိုးထောင်ပေးရန် စဉ်းစားဖို့ ပြောပေးလိုက်အံ့းမည်။

ကျန်ကွမ်လင်သည် ဝိညာဉ်စုဆောင်းခြင်းပန်အိုးမှာ ဒုက္ခရောက်ခဲ့ကတည်းက သင်ခန်းစာယူခဲ့သည်။ ဒါကြောင့်လည်း ငါးလက်ဖက်မြက်သည် အခွင့်အရေး တစ်ခုဆိုတာ သိသော်လည်း ဆွန်းမိုအားစိန်ခေါ်ရန် ထွက်မလာခဲ့ပေ။

သူ့အဖေပြောတာ မှန်တဲ့ပုံပဲ။ သူ့မှာ လက်ပါးစေ ရှိသင့်နေပြီ။ သူတို့ကို ရှေ့တန်းက တာဝန်ယူခိုင်းရမည်။ ပြဿနာ တစ်ခုခု

ဖြစ်လာပါက သူ့ကို ကယ်တင်ရန် တကွက် ချန်ထားရမည်။

ရီဂျီမင်သည် ကျန်ကွမ်လင်ရဲ့ အားတက်သရော အကြည့်ကို မြင်လိုက်လျှင် ကြည်နူးသွားသည်။ ဆွန်းမိုကို ပစ်မှတ်ထားရတာ အလကား မဖြစ်ပါ။

တဖက်လူကို ရှေ့တန်းက တိုက်ခိုက်ရတာက အဆင်မပြေပါ။ ဒါပေမယ့်လည်း သူ့မှာ တခြားနည်းလမ်း မရှိပါ။ သူ့မိသားစုမှာ အာဏာ၊ ဩဇာ နှင့် ငွေလည်း မရှိပါ။

အမြင့်တက်ချင်ပါက ရနိုင်သမျှ အခွင့်အရေးတွေ ဖမ်းဆုပ်ထားဖို့ လိုသည်။

ဒီအခွင့်အရေးက ထောင်ချောက် တစ်ခု ဖြစ်နေရင်တော့ ခုန်ဆင်းရမည်။

ရီဂျီမင်သည် ကျန်ကွမ်လင်ကို မျက်နှာလုပ်ဖို့ ကြိုးစားရင်း အခွင့်အရေးရလာတာနဲ့ တခါတည်း ကြိုးစားလိုက်သည်။

“ ကျုံ့ရှန်ရီက အဆိပ်မရှိဘူး ပြောလိုက်ပြီ ဆိုတော့ ဆွန်းမို ဒီတစ်ကြိမ်တော့

မင်းသေချာပေါက် ကံဆိုးပြီ။ သူ ဘယ်လို မျက်နှာပျက်သွားမလဲဘဲ စောင့်ကြည့်ရမယ်”

ရီဂျီမင်သည် ဆွန်းမိုက အမှားကို ပွင့်ပွင့်လင်းလင်းတောင်းပန်ရန် မမျှော်လင့်ထားပါ။ ဆွန်းမို များများပြန်ပြောလေ သူ့စရိုက်က ဆိုးတယ်လို့ တခြား သူတွေ ထင်လာလေ ဖြစ်နေမည်။

“ဆရာ၊ ငါးလက်ဖက်မြက်က အဆိပ်သင့်တာ သေချာလား”

ငါးလက်ဖက်မြက်က အဆိပ်မရှိဘူးလို့ ဂျီမဲဂျဲလည်း လေ့လာခဲ့ဖူးသည်။ သို့သော် ဆွန်းမိုနှင့်

အချိန်ဖြုန်းခဲ့ပြီးနောက် သူက မတွေးဘဲ စကားမပြောတတ်ဘူးလို့ ဂျိမ်ဂျဲ ယုံကြည်သည်။ သူက အရမ်းအားကိုး ရသည်။ ဒါကြောင့် သူမက လေးနက်စွာ မေးလိုက်သည်။ ပြီးတော့ ကျောင်းသားအနည်းစု ဒါကို စားထားမိသည်။

တစ်ခုခု ဖြစ်သွားရင် မကောင်းဘူး မဟုတ်လား။

“ငါးလက်ဖက်မြက်က အဆိပ်ပျော့တယ်။ ပမာဏနည်းနည်းလောက် စားလိုက်ရင် ပြဿနာ မရှိဘူး။ ဒါပေမယ့် ဆောင်းဦးအစောပိုင်းရဲ့ နေလည်

နေရောင်အမြင့်ဆုံးအချိန်ဆိုရင် အဆိပ် ပြင်းထန်မှု အမြင့်ဆုံး ဖြစ်လာလိမ့်မယ်။ အပူချိန် မြင့်မြင့်နဲ့ ကြော်လိုက်ရင် အဆိပ်အတောက် သေချာပေါက် ထွက်လာလိမ့်မယ်”

ဆွန်းမိုက ရှင်းပြသည်။

ငါးလက်ဖက်မြက်သည် ဆေးဘက်ဝင် တန်ဖိုး မရှိသလို အရသာကလည်း သာမန်သာ ဖြစ်သည်။ ကြီးကြယ်ခမ်းနားသော စားစရာ တစ်မျိုး မဟုတ်ပါ။ အလေ့ကျ ပေါက်နေတတ်သော အပင်တစ်မျိုးသာ ဖြစ်သည်။ ဆေးဘက်အပင်ဆိုင်ရာ ကျွမ်းကျင်သူများ၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာဝန်များနှင့် မော်ဆေးပညာရှင်များက ဒါကို နက်ရှိုင်းစွာ လေ့လာခြင်း မလုပ်ရသေးပါ။

တန်ဖိုး မရှိတာကလွဲလျှင် တခြား အကြောင်းပြချက် မရှိပါ။ သူတို့သာ အချိန်ရလျှင် အမှောင်တိုက်ကြီးက ဆေးဖက်ဝင် အပင်များကို လေ့လာနိုင်သည်။ ဆေးဘက်ဆိုင်ရာ တန်ဖိုး အသစ်တွေ့ရှိပါက ကြီးမားသော ဝင်ငွေ ရရုံသာမက ဆေးစာအုပ်များတွင် သူတို့နာမည်များကို မှတ်တမ်း အတင်ခံရနိုင်သည်။

အမှန်အတိုင်းပြောရလျှင် မျိုးဆက်ပေါင်းများစွာ အမွေဆက်ခံမယ့် ဂန္ထာဝင် စာအုပ် (ဆေးပညာဆိုင်ရာ စွယ်စုံကျမ်း) ထဲမှာ မှတ်တမ်းတင် မခံချင်တဲ့ လူရှိလို့လား။

"သူက ဒါကို အလေးအနက်ထားပြီး ပြောနေသလိုပဲ။"

"ငါးလက်ဖက်မြက်က တကယ် အဆိပ် သင့်နိုင်သလိုပဲနော်"

"ဆရာဆွန်းက မစဉ်းစားဘဲ ပါးစပ် သရမ်းတတ်တဲ့သူ မဟုတ်ဘူး"

ကျောင်းသားများ တိုင်ပင်ဆွေးနွေး နေကြသည်။

"အို၊ ဒီလိုမျိုး ရှိတာလား"

ဒူမန် သိချင်လာသည်။

"ဘယ် အပင်သရုပ်ဖော် လက်စွဲစာအုပ်မှာ ဖော်ပြထားတာလဲ"

"မှတ်တမ်း မရှိဘူး"

ဆွန်းမိုက ခေါင်းခါရင်း ပြန်ဖြေသည်။

ဒူမန် မျက်မှောင် ကြုတ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒါက ဘာအဓိပ္ပါယ်လဲ ။ မင်းကိုယ်တိုင် ရှာတွေ့တာလား)

“ဟားဟား၊ မင်းရဲ့ ဝိညာဉ်တက်တူးနဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်ဆိုင်ရာ နယ်ပယ်နှစ်ခုစလုံးမှာ အရမ်းအစွမ်းထက်တယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် အပင်ဗေဒနဲ့ ဘာမှမဆိုင်ဘူး”

ရီဂျီမင်က လျှောင်ပြောင် ရယ်မောလိုက်ပြီး

“မင်းက အပင်ဘာသာရပ်ဆိုင်ရာ ပညာရှင်လား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြည်နယ်ကိုးခု ကျောင်းပေါင်းများစွာတွင် မရေတွက်နိုင်သော ဘာသာရပ်များ ရှိကြသည်။ အပင်ဗေဒပညာရှင်သည်လည်း မြတ်ဆရာ တမျိုး ဖြစ်သည်။ ပြီးတော့ သူတို့က သူတော်စင်ဂိတ်ရဲ့ စစ်ဆေးမှုကို အောင်မြင်လျှင် အပင်ဗေဒ ကျွမ်းကျင်သူဆိုင်ရာ မြင့်မြတ်သော ဘွဲ့ကို ရနိုင်သည်။ ဒါကြောင့်လည်း မြတ်ဆရာများသည် အပင်ဗေဒ ဘာသာရပ်တွင် ဂုဏ်သိက္ခာ ကြီးမားစွာ ရပ်တည်နေကြသည်။

ငါးလက်ဖက်မြက်က အဆိပ်ရှိတယ်ဆိုပြီး အပင်ဗေဒ ပညာရှင်တစ်ယောက်က ပြောလာလျှင် လူတိုင်း ယုံကြည်ကြလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုက ဘယ်သူလဲ။ အပင်ရဲ့နာမည်တွေကိုတောင် မသိနိုင်ပါ။ ဆွန်းမိုကို စနစ်က 'အပင်ဆိုင်ရာ အထူးကျွမ်းကျင်သူ'လို့ ဘွဲ့ပေးထားသည်။ ဒါကြောင့် အလိုလို ခေါင်းညိတ်လိုက်မိသည်။

"ဟား ဟား ဟား"

ရီဂျီမင် ဝက်ဝက်ကွဲအောင် အော်ရယ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒါက ဘာကိုပြောချင်တာလဲ"

"ဆရာဆွန်းက အပင်ဗေဒ အထူးပြုတယ်ဆိုတာ မသိလိုက်ရပါလား။ မင်းက ကျွမ်းကျင်သူတောင် ဖြစ်နေပြီ။ မလေးမစားလုပ်မိတာ တောင်းပန်ပါတယ်"

ကျန်ကွမ်လင် ပြုံးလိုက်မိသည်။ ဒီကောင်အတွက် အရာအားလုံး အဆင်ပြေနေလို့ စိတ်ကြီးဝင်နေတာလား။ (အပင်ဗေဒဆိုင်ရာ ကျွမ်းကျင်သူ ဘွဲ့ရဖို့ လွယ်တယ် ထင်နေတာလား)

ပြည်နယ်ကိုးခုမှာ ဆေးဘက်ဝင်အပင်တွေ ဘယ်လောက်တောင် များလိုက်သလဲ။

ရေတွက်လို့တောင် မရဘူး။ ပြီးတော့ ‘ဆေးပင်ဗေဒဆိုင်ရာ ကျွမ်းကျင်သူ’ ဘွဲ့ကို တစ်နှစ်မှာ ဆယ်ယောက်သာ ပေးသည်။

ဒီအချက်ကြောင့် ဒီဘွဲ့သည် ဘယ်လောက် တန်ဖိုးကြီးလဲဆိုတာ သိသာနေသည်။

တကယ်လို့ ဆွန်းမိုသာ တကယ် အံ့အောစရာကောင်းပါက ဘာကြောင့် ဝိညာဉ်တက်တူး သင်ပေးနေရတာလဲ။ သူသာ အပင်ဗေဒ ကျွမ်းကျင်သူ လက်မှတ် ထုတ်ပြလိုက်လျှင် ဟောခန်းမ တစ်ခုလုံး အချိန်တိုင်း ပြည့်နေမည်။

"ဟင်း"

ကျုံ့ရှုံ့ရှန်ရီ သက်ပြင်းချလိုက်သည်။ ဆွန်းမို ကြွားဝါတာ အရမ်းများသွားပြီ။ သူက အသက်ဘယ်လောက် ရှိသေးလို့လဲ။ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်နဲ့ ဝိညာဉ်တက်တူးကို အသက်နှစ်ဆယ်မှာတင် အောင်မြင်မှု ကြီးကြီးမားမား ရနေပြီ။ ဒါတွေကို ကျွမ်းကျင်ဖို့ အချိန်အများကြီး ကြိုးစားထားရမည်။ ဆွန်းမိုရဲ့ အရည်အချင်းကို လူတိုင်းက အသိအမှတ်ပြုထားကြပြီ၊ ဒါကြောင့်နောက်ထပ်

ဂုဏ်ကျက်သရေ မလိုအပ်တော့ပါ။ သူက ဆေးပင်ဆိုင်ရာ ကျွမ်းကျင်သူဆိုပြီး မတရား ကြွားနေသည်။ ဆရာဝန်တစ်ယောက်အနေနဲ့ ကျုံ့ရှုန်ရှီသည် အပင်များအကြောင်းကို အနည်းငယ်သိသည်။ သူက ဒီဘွဲ့ကို ရဖို့ ရ-နှစ် တိုင်တိုင် ကြိုးစားခဲ့ပြီးမှ လက်လျှော့ခဲ့ရပြီး အရမ်းခက်ခဲလွန်းသည်။

"ဆရာဆွန်းက ငါးလက်ဖက်မြက်မှာ အဆိပ်ရှိတယ်ပြောမှတော့ ငါတို့ခန္ဓာကိုယ်ကို ဘယ်အချိန်မှာ အဆိပ်လက္ခဏာ စပြမှာလဲ။"

ရီဂျီမင်က အတင်းမေးလိုက်သည်။

ဆွန်းမိုက ကောင်းကင်ကို မော့ကြည့်လိုက်သည်။

"ဒါက လူတစ်ယောက်ခြင်းစီရဲ့ ဖွဲ့စည်းပုံနဲ့ သက်ဆိုင်တယ်။ ဒါပေမယ့် နောက်ဆုံးအနေနဲ့ မနက်မိုးမလင်းခင် နေထိုင်မကောင်းတဲ့ ကျောင်းသားတွေ သေချာပေါက် ရှိလိမ့်မယ်"

ဆွန်းမိုက ပြောပြီးနောက် အရမ်းတည်ငြိမ်နေတာ မြင်လိုက်လျှင် ရီဂျီမင် မျက်မှောင်ကြုတ်သွားသည်။ သူပဲ မှားနေလားလို့ သံသယ ဝင်မိသွားသည်။ သို့သော်

တစ်ဝက်တစ်ပျက်နဲ့ လက်မလျှော့နိုင်ပါ။ ရှေ့ကို ဆက်တိုး ရမည်။

"ကောင်းပြီလေ။ မနက်မိုးမလင်းခင် အချိန်ကို စောင့်ကြတာပေါ့"

ရီဂျီမင်သည် စကားပြောပြီး ဌက်ဥကြော် တစ်ပိုင်းကိုယူကာ ပါးစပ်ထဲ ကောက်ထည့်လိုက်သည်။ သူ့ရဲ့ လှောင်ပြောင်ချင်တဲ့ ရည်ရွယ်ချက်က သိသာလှသည်။

(စားပြီးမှ နေကောင်းနေရင် မင်းဘယ်လိုပြောမလဲ ငါစောင့်ကြည့်မယ်)

“မင်းတို့လည်း စားသင့်တယ်။ အဆင်ပြေပါတယ်”

ရီဂျီမင်က ကျောင်းသား အနည်းငယ်ကို တိုက်တွန်းလိုက်သည်။

ငါးလက်ဖက်မြက်တွင် အဆိပ်မရှိဘူး ယူဆမိလို့ ဂျီမဲဂျဲသည် နှုတ်ဆိတ်နေရန် ဆုံးဖြတ်လိုက်သည်။ ပြီးတော့ ရီဂျီမင်က ဒီကိစ္စကို ပေမရှည်နေစေရန် စကားလမ်းကြောင်းကို ပြောင်းလိုက်သည်။

“မင်းတို့ ကြင်နာမှုကို ငါလက်ခံတယ်။ ပြန်ပြီးတော့ စားလိုက်ပါ။”

ဆွန်းမိုက ဒူမန်ကို ဒီမှာဆက်မနေဖို့ ပြောလိုက်သည်။ ငါးလက်ဖက်မြက်ထည့်ထားတဲ့ ဌက်ဥကြော်ကို မစားသင့်ဘူးလို့လည်း ထပ်မပြောတော့ပါ။ ဘာကြောင့်ဆို သူဒီလို ဆက်ပြောနေရင်တောင် ဘယ်သူမှ ယုံမှာ မဟုတ်ပါ။

"ဆရာ။ ဌက်ဥကြော်က တကယ်အဆိပ်ပြင်းရင် သူတို့အတွက် ဘာမှမဖြစ်ဘူးလား။"

လုချီဟွာ စိတ်ပူသွားသည်။

“ဒါက ပြဿနာ ကြီးကြီးမားမားတော့ မဟုတ်ပါဘူး”

ဆွန်းမို ဆန်ပြုတ်ကို သောက်လိုက်သည်။ ငါးလက်ဖက်မြက်ကို အများကြီး စားရင်တောင် သူတို့ မသေပါ။ အများဆုံး အားပျက်တဲ့အထိ ဝမ်းလျှောတာပဲ ရှိမည်။ အဆိုးဆုံးအနေနဲ့ ဝမ်းထဲသွေးပါနိုင်သော်လည်း သေတော့မသေပါ။

“ဒါက ဘယ်လောက်တုံးလဲဆိုတာ ပြနေတာပဲ။ အပိုတွေ ပြောမနေပါနဲ့တော့။ သူတို့ ဒုက္ခရောက်ပြီးမှ အမှန်တရားကို ယုံကြည်လာလိမ့်မယ်။”

ထန်ထန်ယုထန်က လျှောင်ရယ်ရင်း ပြောလိုက်သည်။

ဒီအဖြစ်အပျက်ကြောင့် နေ့လည် ထမင်းစားချိန်၏ လေထု မကောင်းခဲ့ပါ။ သို့သော် ထမင်းစားပြီးနောက် ဂျီမဲဂျဲ က သင်ခန်းစာ ပို့ချနေသည်။ ကျောင်းသားတွေလည်း ဒီကိစ္စကို ချက်ခြင်းမေ့သွားပြီး သူတို့ရဲ့ လေ့လာမှုအပေါ် မှာသာ အပြည့်အဝ အာရုံစိုက်ထားသည်။

ညနေဘက်တွင် ညစာစားပြီးနောက် ပိုင်ရန်လီ၏ အတန်းချိန် ဖြစ်သည်။ ထို့နောက် ညစနာရီထိုးသွားသည်။ ဒါက အားလပ်ချိန်ပါ။

ဆွန်းမိုက သူ့တပည့်ခြောက်ယောက်ကို ခေါ်လိုက်သည်။

“ဝိညာဉ်သားရဲထိန်းချုပ်ခြင်း နည်းစနစ်ကို ငါသင်ပေးမယ်။ စိတ်မဝင်စားတဲ့လူတွေက မသင်လို့ရတယ်”

“ဆရာက ဘာသာရပ် ဘယ်လောက်များများ သိလဲ”

ထန်ထန်ယုထန် မနေနိုင်ဘဲ မေးလိုက်သည်။ ဆွန်းမို၏ အရည်အချင်း မလုံလောက်ပါက သင်ကြားတဲ့ ရလဒ်သည် ပြောင်းပြန် ဖြစ်သွားမည်။

"ဆရာ့ကို သံသယ ဝင်နေတာလား"

လီဇီချီက မျက်မှောင်ကြုတ်ရင်း ပြန်ပြောလိုက်သည်။

"ဆရာ အခုမှ အသက် ၂၀ ပဲရှိသေးတယ်။ မင်းတွက်ကြည့်လိုက်အုံး။ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာ၊ ဝိညာဉ်တကက်တူး ဘာသာရပ်၊ ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်းကျင့်စဉ်၊ ပြီးတော့

အပင်ဗေဒလည်း ရှိသေးတယ်။ အနှစ် ၂ဝမှာ စားချိန်နဲ့အိပ်ချိန်တွေ မေ့ထားလိုက်အုံး။ ဘာသာရပ်တစ်ခုကိုတောင် ပိုင်နိုင်အောင် မကျွမ်းကျင်နိုင်ဘူး။”

ထန်ထန်ယုထန် စကားနောက်ကွယ်က အဓိပ္ပါယ်သည် ရှင်းပါသည်။ ဆွန်းမိုက ဘာသာရပ်တစ်ခုကို မကျွမ်းကျင်ဘဲ ကျောင်းသားတွေအား သင်ပေးရင် လှည့်စားနေသလို ဖြစ်နေမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာသည် ထန်ထန်ယုထန် စကားနောက်ကွယ်က အဓိပ္ပါယ်ကို မသိပါ။ ဆရာကို ချီးမွှန်းနေတယ်ထင်ပြီး

"ဆရာက သွေးလောင်ကျွမ်းခြင်း အဆင့်(၄)မှာ ရှိတယ်။ ကျင့်ကြံမှုကို မမေ့ထားပါဘူး"

"ပေါက်ကရတွေ ပြောမနေနဲ့တော့။ စိတ်မဝင်စားရင် တခြားနေရာမှာ သွားကစားပါ။"

ဆွန်းမိုက ရှင်းပြဖို့ စိတ်မဝင်စားပါ။

ထန်ထန်ယုထန်သည် ပခုံးတွန့်လိုက်ပြီး မတ်တပ်ရပ်ကာ စမ်းချောင်းဘက်သို့ ထွက်သွားသည်။

ရှန်ယွန်ပေါင်နှင့် ချန်လုံတို့လည်း ဆက်တိုက် ထွက်သွားသည်။

"ဒီခွေးသုံးကောင်ကတော့"

လီဇီချီ အံ့ကြိတ်လိုက်သည်။ ဆရာကို တကယ်မျက်နှာ မထောက်ပါ။

"မင်းဦးနှောက်တွေ အခြေခံကျတဲ့ အသိပညာရဖို့အတွက် စိတ်ဝိညာဉ်ပုံသွင်းခြင်း အသုံးပြုမယ်။ နားမလည်တာရှိရင် ပါးစပ်က မေးပါ"

ထိုစကား ပြောပြီးနောက် ဆွန်းမို ညာလက်သည် နို့ဖြူရောင် အလင်းတောက်ပလာသည်။ ထိုနောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကို အသုံးပြုပြီး တပြည့်မသုံးယောက်ရဲ့ ခေါင်းထဲသို့ ထည့်ပေးလိုက်သည်။

ဒီလိုသင်ကြားတဲ့ ပုံစံသည် ကျောင်းသားရဲ့ အရည်အချင်း လိုအပ်သည်။ တကယ်လို့ ကျောင်းသား အရမ်းတုံးပါက ဒီလောက်ကြီးမားသော အသိပညာရဲ့သက်ရောက်မှုကို ခံရပြီး ဦးနှောက် ထိခိုက်သွားနိုင်သည်။ လီဇီချီနှင့် တခြား မိန်းကလေးနှစ်ယောက်အတွက် ဘာပြဿနာမှ မရှိပါ။

နှစ်နာရီကြာ သင်ပေးပြီးနောက် ဆွန်းမိုက သူတို့ကို တာဝန်လေးတစ်ခု ပေးလိုက်သည်။

"တရိစ္ဆာန်ငယ်လေးတွေကို ဆယ်သွယ်ပြီး ညဘက်မှာ ကူပြီး ကင်းစောင့်ခိုင်းပါ။"

မိုးချုပ်လာတာနဲ့ အမှု လ လည်း မြင့်တက်လာသည်။

အိပ်ချိန်ရောက်နေပေမယ့် ဇဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားတစ်ယောက်မှ မအိပ်ကြသေးပါ။ သူတို့အားလုံး သူတို့သင်ခန်းစာကို ကြိုးစားပြီး လေ့လာနေကြသည်။

ဒါကြောင့်လည်း ဂျိမဲဂျဲ အရမ်းကျေနပ်နေသည်။ ကျောင်းသားတစ်ယောက်ရဲ့ အရည်အချင်း ဘယ်လောက်ပဲ ရှိနေပါစေ မကြိုးစားပါက ဘယ်တော့အခါမှ မအောင်မြင်နိုင်ပါ။

အာရုဏ်မတက်ခင် ကျောင်းသား တစ်ယောက်ပြီးတစ်ယောက် အိပ်ပျော်သွားကြသည်။ ဒူမန်သည် သူ့အိပ်တဲ့ တဲထဲသို့ ဝင်လာခဲ့သည်။ ထိုအချိန်မှာ ဗိုက်က အသံတွေ စမြည်လာသည်။ ဗိုက်ထဲက တရစ်ရစ်နဲ့ နာကျင်လာသည်။ အချိန်တော်တော်ကြာအောင် တောင့်ခံပြီးနောက်

မနေနိုင်တော့ပါ။ ထွက်ပြီး စခန်းအပြင်သို့ ပြေးထွက်လိုက်သည်။

ဆောင်းအစောပိုင်း ဖြစ်နေသဖြင့် ရာသီဉတု မအေးလို့ ကျေးဇူးတင်ရမည်။ ဆောင်းညမှာဆိုရင် သူ့ကိစ္စဖြေရှင်းနေရင်းနဲ့ ဖင်အေးခဲသွားလိမ့်မည်။

၁၅မိနစ်လောက်ကြာပြီးနောက် ဒူမန်သည် ဗိုက်ထဲက ကိစ္စတွေကို ဖြေရှင်းပြီး ပြန်အိပ်လိုက်သည်။ ဒါပေမယ့် သိပ်မကြာခင် ဗိုက် တဖန် ပြန်ရစ်လာသည်။

“ငါးလက်ဖက်မြက် တကယ်ပဲ အဆိပ်ရှိနေတာလား”

ဒူမန် စိတ်မငြိမ် ဖြစ်သွားသည်။

ဒူမန်သည် အိပ်ရာက ထပြီးထွက်သွားလိုက် ပြန်လာလိုက်နဲ့ တစ်ညလုံး အလုပ်ရှုပ်နေသည်။ သူက ငှက်ဥကြော် အများဆုံး စားခဲ့မိသည်။

စခန်းအပြင်သို့ ထွက်ရင်း ခြေထောက်တွေ အားနည်းလာသည်။ သူသည် ဒီတစ်ကြိမ်တွင် အဝေးကြီး မသွားနိုင်တော့ပါ။ ဒါကြောင့် သစ်ပင်ကြီး တစ်ပင်နောက်သို့ သွားပြီး ဘောင်းဘီ

ချွတ်လိုက်သည်။ လက်တစ်စုံက ဖင်ကိုတွန်းလာသဖြင့် လန့်ဖြန့်ပြီး ထရပ်လိုက်သည်။

"သောက်ပလုတ်တုတ်"

"လူရှိတယ် ဟ"

ကျန်ဖန်က သတိပေးလိုက်သည်။

တောက်

ဒူမန်သည် ထအော်ပြီး ခုန်ထရင်း ဘောင်းဘီ အမြန်ပြန်ဆွဲတင်လိုက်သည်။ ဒါတွေ အားလုံး လုပ်နေရင်းနဲ့ နောက်လှည့်ကြည့်လိုက်သည်။

“ငါပါ”

ကျန်ဖန်က စိတ်တိုတဲ့ လေသံနဲ့ပြောလိုက်သည်။ သူ့ဝမ်းသွားနေတုန်း ဖင်ကြီးတစ်ခု မျက်နှာပေါ် ထိုင်ချလာသည်။ လန့်ဖြန့်ပြီး လိပ်ပြာ လွင့်မတတ် ဖြစ်သွားသည်။

“မင်းလည်း ပြေးနေရတာလား”

ဒူမန်က မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။

“ဒါနဲ့ဆိုရင် တတိယ အကြိမ်ပဲ”

ကျန်ဖန် နှုတ်ခမ်းများ တလှုပ်လှုပ် ဖြစ်သွားသည်။

“ဒီငါးလက်ဖက်မြက် တကယ်အဆိပ်ရှိနိုင်တယ်”

“ဘာပဲဖြစ်ဖြစ် နောက်တော့မစားတော့ဘူး”

ဒူမန် သက်ပြင်းချလိုက်သည်။ ဒီညက တော်တော်ဒုက္ခ ရောက်သွားသည်။ ဒီလိုပြောပြီး လှည့်ထွက်သွားသည်။

“အမ်၊ ဘယ်ထွက်သွားမလို့လဲ”

“ သွားပါ မလို့ပေါ့”

ဒူမန်က မထူးဆန်းတဲ့ ပုံစံနဲ့ ပြောလိုက်သည်။

“ဒီမှာပဲ ပါလိုက်ပါလား”

ကျန်ဖန်က အနည်းငယ် ရွှေ့ပေးလိုက်သည်။

ဒူမန် ဆွံ့အသွားသည်။ (ဒီလောက် နံ့နေတာကို ဒါပေမယ့် ငါပါမယ်။)

"ဟော့ မင်းဖင်က မဆိုးဘူး။ ဒီတစ်ရက်တော့ အတူတူ ပါလိုက်ကြတာပေါ့"

ဒူမန်ထွက်သွားတာ မြင်လိုက်လျှင် ကျန်ဖန် စိတ်မကောင်းဖြစ်သွားပြီး လှမ်းခေါ်လိုက်သည်။

စာစဉ်(၁၇)

အခန်း(၂၃၈) - အလွဲသုံးစားကျောင်းသား မြတ်ဆရာ အရှိန်အဝါ ထုတ်လွှင့်ခြင်း။

ဒူမန်သည် သူ့ကိစ္စရှင်းပြီးတာနဲ့ လက်က အိတ်ကပ်ထဲ ရောက်သွားသည်။ ဘာမှ မရှိပါ။

ဟာ

ဒူမန်သည် အားပျက်နေရာက အနည်းငယ် စိုးရိမ်လာသည်။ စိတ်ပျက်လက်ပျက်နဲ့ အိတ်ကပ်ထဲ ကြည့်လိုက်သည်။ အိမ်သာသုံးစက္ကူ မပြောနဲ့ စက္ကူ အပိုင်းအစအတွေတောင် မရှိပါ။

“ဆိုးလိုက်တာ ကွာ”

ဒူမန် သက်ပြင်းချလိုက်သည်။ သူသည် ဒီညမှာ အကြိမ်ပေါင်းများစွာ ပြေးခဲ့ရပြီး အိမ်သာသုံးစက္ကူလည်း ကုန်သွားခဲ့သည်။ ဒါက တကယ်ပဲ..........

ညလေအေးက သူ့တင်ပါးကို တိုက်ခတ်လာပြီး သူ့ဘောလုံးလေးတွေတောင် အေးစက်ကျုံ့ဝင်သွားသည်။

ဒူမန်ရဲ့ အကြည့်သည် ဘေးနားက ချုံပုတ်ဆီ ရောက်သွားသည်။ အားလုံး

အရွက်သေးသေးလေးပဲ ရှိတဲ့ အပင်တွေ ဖြစ်နေသည်။ ပြီးတော့ နှင်းလည်း စိုနေသည်။

ဒူမန်တစ်ယောက် စိတ်ပျက်အားငယ်သွားသည်။ မြက်တစ်ဆုပ်ကို ကောက်ယူပြီး ပိုကြီးတဲ့ မြက်တွေကို ရွေးချယ်နေသည်။ အဲ့အချိန်တွင် စခန်းချထားတဲ့ ဘက်မှ စူးစူးရှရှ အော်သံထွက်လာသည်။

“ဘာဖြစ်တာလဲ”

ဒူမန် စအိုတွန့်သွားသည်။ အလိုလို ထရပ်မိပြီး ရှေ့သို့ ခြေလှမ်းလိုက်သည်။ မစင်ပုံပေါ် နင်းမိသည်။

“တောက်၊ ဘယ်ခွေးသား ဖင်သရမ်းသွားတာလဲ။ နည်းနည်းလေးတောင် အကျင့်စာရိတ္တ မရှိဘူးလား”

ဒူမန် တော်တော်ရှုံသွားသည်။

စခန်းထဲက ဆရာများသည်လည်း အော်သံကြားတာနဲ့ အသံဘက်သို့ ချက်ခြင်း ပြေးလာကြသည်။

"ဘာဖြစ်တာလဲ"

ပိုင်ရန်လီသည် တဲထဲမှာ ချောင်းမြောင်းတိုက်ခိုက်မှု ရှိမရှိ မသိသဖြင့် သတိကပ်ပြီး ပြေးလာခဲ့သည်။

ဆိုးဝါးနံစော်လှသော အနံ့အသက် တစ်ခုက ပျံ့နှံ့နေသည်။

ပိုင်ရန်လီ မျက်မှောင်ကြုတ်သွားသည်။

ကောင်လေးတစ်ယောက်က စောင်ပေါ်တွင် ထိုင်နေပြီး သူ့ညာလက်ကို ထိတ်လန့်စွာ ကြည့်နေသည်။ ထို့နောက် ပေါင်အပေါ်ပိုင်းကို ကြည့်လိုက်ရာ သွေးတွေနဲ့ ဖြစ်နေသည်။

"ဒူမန်၊ ရှာယွန် စခန်းပတ်ဝန်းကျင်ကို ချက်ခြင်း စစ်ဆေးပါ"

ဂျိမဲဂျဲက ညွှန်ကြားလိုက်သည်။

"မလိုဘူး၊ ရန်သူ မရှိဘူး"

ဆွန်းမိုက တစ်ချက်ကြည့်လိုက်တာနဲ့ ဘာဖြစ်နေလဲဆိုတာ ချက်ခြင်း သိလိုက်သည်။

"ငါးလက်ဖက်မြွက် အဆိပ်သင့်နေတာ"

ဆရာများအားလုံး စကားမပြောနိုင် ဖြစ်သွားသည်။ ဒီကောင်းလေးရဲ့ အခြေအနေက အနည်းငယ် သနားစရာ ကောင်းနေသည်။

"ဆရာ....ဆရာ ကျွန်တော် မသေနိုင်ပါဘူးနော်"

ကောင်လေးက ဆွန်းမိုကို လှမ်းကြည့်ရင်း မေးလိုက်သည်။ သူ့ခန္ဓာကိုယ် တဆတ်ဆတ် တုန်နေသည်။

"မင်းဘာတွေ ဖြစ်နေတာလဲ။ သွေးက ဘယ်နေရာက ထွက်တာလဲ"

ကူရှုပ်ရှင်းသည် ကောင်လေးရဲ့ ဒဏ်ရာနေရာကို မမြင်ရသဖြင့် စစ်ဆေးချင်နေသည်။ သို့သော်

ရှေ့သို့ အနည်းငယ် တက်သွားပြီးနောက် ရပ်တန့်သွားသည်။ ဟိုနေရာက သွေးထွက်နေတာ မဖြစ်နိုင်ပါဘူးနော်။ တကယ် ဖြစ်ခဲ့ရင် အထိအခိုက်မခံတဲ့ နေရာတစ်ခုပါ။ ယောကျ်ားဆရာတွေဆီ လွှဲပေးလိုက်တာ ပိုကောင်းသည်။

"ငါ......ငါ......"

ကောင်လေး ရှက်နေပြီး မပြောနိုင်ဖြစ်နေသည်။

"ငါ....ဘာငါလဲ။ ပြောစရာရှိ ပြောစမ်း"

ပိုင်ရန်လီ တိုက်တွန်းလိုက်သည်။ ဒီလိုတွေဝေတဲ့ အမူအရာမျိုး မကြိုက်ပါ။

"ငါ......ငါ ဗိုက်နာလာပြီး ဝမ်းထွက်သွားတော့ စိုစွတ်လာသလို ဖြစ်လာပြီး အရမ်းလန့်သွားတယ်။ လက်နဲ့ ကိုင်ကြည့်လိုက်တော့ မစင်နဲ့ သွေးတွေ ရောနေတယ်"

ကျောင်းသားသည် ဒီလိုပြောပြီးနောက် မျက်နှာတစ်ခုလုံး နီရဲနေသည်။ ပြီးတော့ သေရမှာကို ကြောက်တဲ့ ခံစားချက်က ဖုံးလွှမ်းနေသည်။

ဆွန်းမိုကို လှမ်းကြည့်လိုက်ပြီး

"ဆရာဆွန်း၊ ကျွန်တော် အဆင်ပြေမှာပါနော်"

"မင်း မသေနိုင်ပါဘူး"

ဆွန်းမိုက နတ်ဘုရားမျက်စိ အာရုံ ဖွင့်ပြီး ကျောင်းသားကို စစ်ဆေးခဲ့သည်။

"ဆရာကျုံ၊ မင်းကိုပဲ ဒုက္ခပေးရအုံးမယ်"

ဂျိမ်ဂျဲက တာဝန်ချပေးလိုက်သည်။ ပရိဖက်ရှင်နယ် ဆရာဝန်ကို ဒီတာဝန်ပေးလိုက်တာ ပိုကောင်းသည်။

"အင်း"

ကျုံရှန်ရီက ကျောင်းသားလေးကို စစ်ဆေးလိုက်သည်။

"ငါးလက်ဖက်မြက်က အဆိပ်ရှိနေတာလား"

ဒူရှောင် သိချင်စိတ် အရမ်းပြင်းပြလာပြီး

"ဆရာဆွန်း၊ ဒါကို စစ်ဆေးလို့ ငါးလက်ဖက်မြက်မှာ အဆိပ်ရှိနေရင် မင်းက ပထမဆုံး ရှာတွေ့တဲ့ လူ ဖြစ်လာနိုင်တယ်"

အမှောင်တိုက်ကြီးမှာ စူးစမ်းရှာဖွေတဲ့ မြတ်ဆရာများကို အားပေးအားမြှောက် လုပ်ရန်အတွက် သူတော်စင်ဂိတ်က ဆုအမျိုးအစားများ အားလုံး ထုတ်ပြန်ထားသည်။ ပစ္စည်းတွေ လက်ဆောင်ပေးတဲ့အပြင် အပင်တစ်ခုရဲ့ ဂုဏ်သတ္တိတစ်ခု ရှာဖွေတွေ့ရှိပါက ပထမဆုံး တွေ့ရှိတဲ့သူကို စာရင်းပြုစုထားသည်။

ဥပမာ အားဖြင့် ဆွန်းမိုသည် ငါးလက်ဖက်မြက်ရဲ့ အဆိပ်ကို ရှာဖွေ

တွေ့ရှိခဲ့သည်။ ပြောချင်တာက ပြည်နယ်ကိုးခုရှိ နိုင်ငံများအားလုံး ထုတ်ဝေတဲ့ စာအုပ်တွင် ငါးလက်ဖက်မြက်ပါဝင်ပါက ဆွန်းမို နာမည်လည်း ပူးတွဲ ဖော်ပြခံရမည်။

ဒါကိုတွေးရင်း ဆရာများအားလုံးက ဆွန်းမိုကို မနာလိုတဲ့ အကြည့်နဲ့ ကြည့်လိုက်ကြသည်။

ယူဆချက်အသစ်ကို ဖန်တီးခြင်း ထူထောင်ခြင်းသည် ဂန္ထဝင်ဖြစ်လာပြီး မျိုးဆက် အဆက်ဆက် လွှမ်းမိုးနိုင်သော အရာသည် မြတ်ဆရာအားလုံး ဖြစ်ချင်ကြတဲ့ ဆန္ဒတစ်ခု ဖြစ်သည်။

"ဒူရှောင် ဘာတွေ ပေါက်ကရ ပြောနေတာလဲ။ ဒါက ကိစ္စလေးတစ်ခု သက်သက်ပဲ။ အစားမှားတာ ဒါမှမဟုတ် ရာသီဥတု အပြောင်းအလဲ ကြောင့် ဖြစ်နိုင်တယ်"

ရီဂျီမင် မကျေမနပ် ဖြစ်နေသည်။

ဒီရှင်းလင်းချက်က ဖြစ်နိုင်သည်။ ဘာကြောင့် ကျင့်ကြံသူတွေပဲ အမှောင်တိုက်ကြီး ရောက်လာနိုင်တာလဲ။ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်က လုံလောက်စွာ ကောင်းမွန်ပြီး စိတ်ခေါ်မှုတွေကို ဖြတ်ကျော်နိုင်လို့ ဖြစ်သည်။

သာမန်လူများသည် ရေကြည်ရာ မြက်နုရာ ရှာဖွေရန် ဇာတိမြို့က ထွက်လာလျှင် ပတ်ဝန်းကျင် ရာသီဥတု အပြောင်းအလဲကြောင့် ဝမ်းပျက်ဝမ်းလျှောနိုင်ချေ များသည်။ ပတ်ဝန်းကျင် အသစ်နဲ့ အသားကျဖို့ အချိန်နည်းနည်း ယူရမည်။ ပတ်ဝန်းကျင် ပိုကြမ်းတဲ့ အမှောင်တိုက်ကြီးသို့ ရောက်လာတာက သေခြင်း တရားရုံး ရောက်သွားသလို ဖြစ်သွားသည်။

ဆွန်းမို မှန်နေပြန်ပြီလို့ ရီဂျီမင် ခံစားမိသည်။ ပြီးတော့ ဒီအတွေးကြောင့် ပို မနာလို ဖြစ်လာသည်။ တကယ်တော့ သူသည် နည်းနည်းလေးတောင် ခွန်းတုံ့မပြန်ဘဲ လှဲချင်နေသည်။

ဆွန်းမိုက ဘယ်လိုတောင် ထူးချွန်နိုင်ရတာလဲ။

သုံးနှစ်လောက် အလုပ်လုပ်ခဲ့သော သူ့ဂုဏ်သတင်းက ဆွန်းမိုလောက် မမြင့်သေးတာ တွေးရင်းတွေးရင်း ဒေါသ ဖြစ်ရသည်။ ပြီးတော့ နောင်တွင်လည်း ဆွန်းမို ဂုဏ်သတင်းက ဆက်ပြီး တိုးတက်နေမယ်ဆိုတာ သူခန့်မှန်းမိသည်။ ဒီအဖြစ်က ရီဂျီမင်ကို ရူးမတတ် ဖြစ်စေသည်။ ဒါကြောင့် မနာလိုမှုသည် ရုပ်ဆိုးစေပြီး ကျိုးကြောင်းဆင်ခြင်နိုင်စွမ်း နည်းသွားတယ်လို့ လူတွေ ပြောကြတာ ဖြစ်မည်။

“သူက ဒီအခြေအနေ ရောက်နေတာတောင် ခေါင်းမာနေတုန်းလား”

ဒူရှောင်က ထုံးစံအတိုင်း ဆွန်းမိုဘက်ကနေ ဝင်တုံ့ပြန်သည်။

"ငါလည်း ဌက်ဥကြော်စားခဲ့တာပဲ ဘာလို့ ငါ့ဝမ်းမှာ သွေးမပါတာလဲ"

ရီဂျီမင်က ပြန်ချေပသည်။

"မင်းက ဆွန်းမိုရဲ့ အနှိပ်ခံချင်နေတာ ငါသိတယ်။ ဒါပေမယ့် ဒီလိုဖားစရာ မလိုဘူးလေ။ ဆရာတစ်ယောက်အနေနဲ့ မင်းရဲ့မာနက ဘယ်မှာလဲ။ အကုန်လုံး လွှတ်ချလိုက်ပြီလား"

"ပေါက်ကရတွေ ပြောနေတယ်"

ဒူရှောင် မျက်နှာ နီသွားသည်။

"မင်းမှာ ဒီအတွေး မရှိဘူးလို့ ငါ့ကို ပြောရဲလား"

ရီဂျီမင်က ခနဲ့တဲ့တဲ့ ရယ်ရင်း ပြန်ပြောသည်။

"ရီဂျီမင်၊ မင်းတော်သင့်ပြီ"

ဒူရှောင် အရမ်းရှက်ပြီး ဒေါသထွက်နေတာ မြင်လိုက်လျှင် ဆွန်းမို စိတ်ဆိုးရသည်။ ဘာပဲဖြစ်ဖြစ် ဒူရှောင်က သူ့အတွက် ရပ်တည်ပေးခြင်း ဖြစ်ပြီး သူက ဘေးမှာ အေးအေးဆေးဆေး ရပ်ကြည့်နေရင် စိတ်ပျက်စရာ ကောင်းသွားမည်။

"ငါပြောတာ မှားလို့လား"

ရီဂျီမင် က အေးစက်စက် ပြန်ပြောသည်။

“ဒါက တစ်ယောက်ခြင်းစီနဲ့ ဆိုင်တဲ့ ကိစ္စပါ။ မင်းပြောတာ အတည်ပြုဖို့ ဒီအချက်ကို အသုံးပြုမယ်ဆိုပြီး သူမက ပြောနေတယ်။ ငါသာ ပတ်ဝန်းကျင်ရာသီဥတုနဲ့ အသားမကျခင် အပင်တစ်ပင်ကျွေးပြီး ဖျားနာတာကို စောင့်ကြည့်လိုက်ရင် အပင်ဗေဒ ပညာရှင် ဖြစ်ပြီပေါ့။”

ကျောင်းသားတွေ တဖြည်းဖြည်း စုရုံးလာတာ မြင်လိုက်လျှင် ဆွန်းမို မျက်နှာ ညှိုးသွားသည်။ ငြင်းခုံနေတာကို ရပ်လိုက်သည်။ ဒီလိုမှမဟုတ်ရင် သူ့အဆင့်အတန်း နှိမ့်ကျသွားမည်။

ကျန်ကွမ်လင်သည် ပွဲကောင်းကြည့်နေသလို လက်ပိုက်ပြီး ဘေးက ရပ်ကြည့်နေသည်။

ဒါက ဆွန်းမိုကို ပိုတောင် စိတ်ပျက်စေသည်။ ဒီခံစားချက်က တခြားသူတွေ သဘောကျဖို့ ကပြနေရတဲ့ မျောက်တစ်ကောင်လို ခံစားရစေသည်။

"နောင်တချိန်ကျရင် တခြားတွေက ငါ့ကို ခေါ်ရင် မြတ်ဆရာ ခေါ်စေရမယ်"

ဆွန်းမိုက တိုးတိုးလေး ရေရွတ်ရင်း လက်ကို ဝှေ့ယမ်းကာ မြတ်ဆရာ အရှိန်အဝါကို ထုတ်လွှင့်လိုက်သည်။

"ဘာလဲ။ ငါပြောတာ မှန်တယ် မဟုတ်လား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရီဂျီမင်က ပါးစပ်နဲ့ ဆက်ပြီး တိုက်ခိုက်နေသည်။

(ဆွန်းမို ပြောတဲ့အချက် မှန်နေပါစေအုံး သူတော်စင်ဂိတ်က အတည်ပြုပြီးတဲ့အထိ စောင့်ရမယ်။ ဘာလိုပဲဖြစ်ဖြစ် အခုပြောနေတာက လွဲမှားတဲ့ ယူဆချက် တစ်ခုပဲ။ ဘဝင်မြင့်တဲ့ပုံနဲ့ ကြွားဝါနေတာပဲ ဖြစ်နေမယ်။)

ဆွန်းမို နှုတ်ဆိတ်သွားတာ မြင်လိုက်လျှင် သူ့ကို ပြန်မချေပနိုင်တော့ဘူး ထင်သွားသည်။ သူဆက်ပြောနေတုန်း ဆွန်းမို လက်ဝှေ့ယမ်းလိုက်တာ မြင်လိုက်ရသည်။

ရွှတ်စ် ဆိုတဲ့ အသံတစ်ခုနဲ့ မြတ်ဆရာအရှိန်အဝါ ထွက်ပေါ်လာပြီး သူ့ကို ထိမှန်သွားသည်။

ရီဂျီမင် ပါးစပ်ဖွင့်လိုက်သော်လည်း အသံတစ်ချက်မှ မထွက်လာပါ။ ပြီးတော့ မြတ်ဆရာအရှိန်အဝါ ဖြတ်သန်းသွားတဲ့အခါ ဘာမှမရှိတဲ့ ပုံစံနဲ့ ရွှေကြိုးတွေသည် သူ့ကို ချည်နှောင်သွားသည်။

“ဘာကြီးလဲ”

ရီဂျီမင် အလိုလို ဝိညာဉ်ချီ လည်ပတ်ကြည့်လိုက် မိသည်။ သို့သော် မစုစည်းနိုင်တာကို သူတွေ့လိုက်ရသည်။

မဟုတ်ဘူး။ လုံး၀ နိတ္ထိ ဖြစ်နေသည်။ ဝိညာဉ်ချီကို လုံး၀ မခံစားရတော့ပါ။

ဘာမှမရှိခြင်း၊ အားငယ်ခြင်း၊ အားနည်းခြင်း ခံစားချက်တွေ ရုတ်တရက် ဖြစ်ပေါ်လာပြီး ရီဂျီမင် ကြောက်ရွံ့လာသည်။ အေးစက်သော ချွေးတွေထွက်လာပြီး အတွင်းခံ အဝတ်အစားတွေ စိုရွှဲကုန်သည်။ ကျင့်ကြံသူသည် ဝိညာဉ်ချီနဲ့ အချိန်ကြာကြာ အတူတူ တည်ရှိလာသောကြောင့် အသားကျနေပြီ ဖြစ်သည်။ ဒါကို အားကိုးပြီးသော မြတ်ဆရာများသည် ကျင့်ကြံခြင်းကျင့်စဉ်ကို အသုံးပြုနိုင်သည်။

အခုအချိန်မှာ တကိုယ်ရည် အာသာဖြေခြင်း ဆယ်ကြိမ်လောက် လုပ်ထားတဲ့ လူတစ်ယောက်တောင် သူ့ကို လက်သီး တစ်ချက်နဲ့ အနိုင်ယူနိုင်သည်။

ရီဂျီမင် အရမ်းစိုးရိမ်နေပြီး ခံစားချက် မတည်မငြိမ် ဖြစ်နေသည်။ မြတ်ဆရာအရှိန်အဝါကြောင့် မျက်လုံးပြာသွားသော ဆရာများလည်း အံ့အောမှင်တက်နေကြသည်။ မျက်လုံးတွေပြူးပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေသည်။

“အ…အလွဲသုံးစား ကျောင်းသားလား”

ကျန်ကွမ်လင်က ညောင်နာနာ အသံနဲ့ အော်ဟာစ်လိုက်သည်။ သူ့ပုံစံက ကြီးမားသော နဂါးကြီးတစ်ကောင်က ကြမ်းပြင်မှာ ဝပ်သွားပြီး ပုရွတ်ဆိတ်ကို အရိုအသေပေးနေတာ မြင်နေရသလို မယုံကြည်နိုင် ဖြစ်နေသည်။

(ဒီကောင် တကယ် ဖုံးကွယ်ထားတတ်တာပဲ။ မင်းက ဆွန်းမိုလား ၊ တောခွေးနက်ကြီး ဆွန်းလား။ မင်းအမေ နာမည် မှာပေးခဲ့တာလားကွာ။ မင်းက တကယ်အကြံကြီးတဲ့ ခွေးပဲ)

"အမှန်ပဲ၊ ဒါက အလွဲသုံးစား ကျောင်းသားပဲ။ သူက ဒီမြတ်ဆရာအရှိန်အဝါကို ပိုင်ဆိုင်ထားတာပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒူရှောင် အရမ်းအံ့အောပြီး စကားမပြောနိုင်ဖြစ်နေသည်။

ဒင်

ဒူရှောင်၏ လေးစားအထင်ကြီးမှု +၂၀ ။ ရင်းနှီး(၁၉၀/၁,၀၀၀)

"တောက် ၊ ဘယ်လို အဓိပ္ပါယ်ရှိမှာလဲ"

ဝေါင်ပန် စိတ်ပျက်ပြီး သွေးတောင်အန်ထွက်ချင်နေသည်။ သူက ဆွန်းမိုကို မျက်နှာငယ်လေးနဲ့ ကြည့်ကာ သူတို့ကြားက ကွာခြားချက် ပိုပိုများလာတာ သတိထားလိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မဟာကိုးပါးမှ ဘွဲ့ရတာ မင်းလား ငါလား။ ဒီလိုမှမဟုတ်ရင် ဒီလို ကွာဟချက် ကြီးကြီးမားမားနဲ့ အမြဲတမ်း အနိုင်ယူနိုင်မှာ မဟုတ်ဘူး)

ဒီနောက်မှာတော့ စိတ်သက်သာရသွားတဲ့ အငွေ့အသက်ပေါ်လာသည်။ အရင်က ဆွန်းမိုကို ရှုံးပြီး ယုံကြည်မှု အနည်းငယ် ပျောက်သွားသော်လည်း အခုတော့ လက်ခံနိုင်သွားသည်။

ဆွန်းမိုက ပါရမီရှင် တစ်ယောက် ဖြစ်သည်။

ဒင်

ဂေါင်ပန်၏ လေးစားအထင်ကြီးမှု +၂၀။ မူလ(၂၀/၁၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းသည် ဆွန်းမိုကို အကဲခတ်နေရင်း နှုတ်ခမ်းတွေ တလှုပ်လှုပ် ဖြစ်နေသည်။

ကျုံရှန်ရီက ဆွန်းမိုကို ပါးစပ်ကြီး အဟောင်းသားနဲ့ ငေးကြည့်နေပြီး ကျောင်းသားကို စစ်ဆေးဖို့တောင် မေ့နေသည်။

(ဒီခေတ်လူငယ်တွေ အရမ်းထူးချွန်လိုက်တာ။ ငါတို့လို အေးအေးဆေးဆေးနေပြီး သေခြင်းတရားကို ထိုင်စောင့်နေတဲ့ လူတွေက ဘယ်လိုမျိုး အသက်ဆက်ရှင်ရမှာလဲ။)

(ငါလည်း ထင်ပေါ်ချင်တာပေါ့ကွာ)

ကျုံ့ရှုန်ရီ ချက်ခြင်း စိတ်လှုပ်ရှားလာသည်။ အခုအချိန်တွင် ဆွန်းမိုမှာ သတိလစ်ခြင်းနဲ့ အသုံးမကျခြင်း မြတ်ဆရာအရှိန်အဝါ၊ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် နှင့် အလွဲသုံးစား ကျောင်းသား မြတ်ဆရာ အရှိန်အဝါ ပိုင်ဆိုင်နေပြီ။ စုစုပေါင်း မြတ်ဆရာအရှိန်အဝါ သုံးခု ရှိနေသည်။

ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာဖို့အတွက် မြတ်ဆရာအရှိန်အဝါ သုံးခုနဲ့ အခြားအသက်မွေးဝမ်းကြောင်း အလုပ်အကိုင်တစ်ခု ကျွမ်းကျင်နေဖို့ လိုအပ်သည်။ ဆွန်းမိုရဲ့ လက်ရှိအခြေအနေကြောင့် လာမည့်နွေဦးပေါက်တွင် သူတော်စင်ဂိတ်ရဲ့ ကြယ်တစ်ပွင့်မြတ်ဆရာ စာမေးပွဲ

ဝင်ဖြေခွင့် ရှိနေပြီ။ အရမ်းထူးချွန်တဲ့အတွက် အောင်မြင်ဖို့ အခွင့်အရေးလည်း များသည်။

အသက် ၂၀နဲ့ ကြယ်တစ်ပွင့် မြတ်ဆရာလား။

ကျုံရှန်ရီသည် သူ့ရဲ့ ငယ်ရွယ်သော နေ့ရက်များကို ပြန်စဉ်းစား မိသွားသည်။ အလုပ်ဝင်ပြီး နှစ်နှစ်ကြာမှ မြတ်ဆရာအရှိန်အဝါ သုံးခုကို နားလည်ခဲ့သည်။ အား၊ ကို့ကိုယ်ကို တခြားသူတွေနဲ့ နှိုင်းယှဉ်လိုက်ရင် တကယ် ဒေါသထွက်စရာပဲ။

"ဆရာဆွန်း၊ အလွဲသုံးစားကျောင်းသား မြတ်ဆရာအရှိန်အဝါကို နားလည်ထားတာလား"

ဂျီမဲဂျဲက ဆွန်းမိုကို ကြည့်တဲ့ အကြည့်တွင် သဘောကျမှုများနဲ့ ပြည့်နေသည်။ ဒီကောင်လေးက သူမကို နောက်တစ်ကြိမ် ရုတ်တရုတ် အံ့အောသွားအောင် လုပ်လိုက်ပြန်သည်။ ဒီအရှိန်အဝါက ဆရာများကို ပစ်မှတ်ထားသဖြင့် နားလည်ဖို့ အရမ်းခက်သည်။ ပြီးတော့ အကျိုးသက်ရောက်မှုကလည်း အရမ်းကောင်းမွန်သည်။

ရီဂျီမင်ကို ကြည့်လိုက်ပါအုံး။ ရွှေကြိုးဖြင့် ချည်နှောင်ထားခံရပြီး အရမ်းဒေါသ ထွက်နေသော်လည်း အသံတစ်ချက်တောင် မထွက်နိုင် ဖြစ်နေသည်။ အရမ်းစိုးရိမ်နေပြီး

နဖူးမှာ သွေးကြောစိမ်းများ ထောင်ထွက်နေသည်။ ပိုပြီး စိတ်သဘောထား သေးသိမ်တဲ့ လူတစ်ယောက်နဲ့ဆိုရင် ဒေါသကြောင့် သေတဲ့အထိ အရိုက်ခံနေရမည်။

စာစဥ်(၁၇)

အခန်း(၂၃၉) - အရှက်တရားကို ရှင်းလင်းတဲ့ တိုက်ပွဲ။

"လွန်ခဲ့တဲ့ လဝက်လောက်က"

ဆွန်းမိုက ကြံ့ရာ တစ်ခုခု ပြောလိုက်သည်။ မျက်နှာ ဖြူဖျော့နေတဲ့ ကျောင်းသားကို လှမ်းကြည့်လိုက်သည်။

"ဆရာကျုံ၊ ကျွန်တော် ကို လုပ်ခွင့်ပေးပါ"

"အမ်"

ကျုံရှန်ရီ ခဏလောက် ကြောင်သွားသည်။

(မင်းက ဆေးပညာလည်း သိတာလား)

ပြီးတော့ ငါးလက်ဖက်မြက်က အဆိပ်ပြင်းတာ ဆွန်းမို ဘယ်လို သိတာလဲ။ ဒါကြောင့် ဆွန်းမိုက အဆိပ် ချေဖျက်တဲ့ နည်းကို

သိနိုင်လောက်သည်။ ဒါကြောင့်လည်း သူက လမ်းဖယ်ပေးလိုက်သည်။

"ကောင်းပြီလေ။ ဆရာဆွန်းကိုပဲ ဒုက္ခ ပေးရတာ့မယ်"

အဖွဲ့ ဆရာဝန်တစ်ယောက်အနေနဲ့ ကျုံးရှန်ရီရဲ့ အဓိက တာဝန်မှာ ကျောင်းသားများ ထိခိုက်ဒဏ်ရာရလာရင် ဒါမှမဟုတ် ဖျားနာလာရင် ကုသပေးရန် ဖြစ်သည်။

ယခုကျောင်းသားများသည် ဒီအသုတ်ရဲ့ ထူးချွန်သော ကျောင်းသားများ ဖြစ်ကြသည်။ မမျှော်လင့်တဲ့ အဖြစ်အပျက် တစ်ခုခုသာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မကြုံခဲ့ရလျှင် သူတို့ဘဝတွင် ကြီးကျယ်ခမ်းနားတဲ့ အောင်မြင်မှုများ ရနိုင်သည်။ သူတို့နဲ့ ဆက်ဆံရေးကောင်းရင် သူ့အနာဂတ်အတွက် အထောက်အပံ့ ဖြစ်နိုင်သည်။

အမှန်တိုင်းပြောရလျှင် ကျုံရှန်ရှီသည် ဒီအခွင့်အရေးကို လက်လွှတ်မခံချင်ပါ။ ပြီးတော့ ဆွန်မိုကို ငြင်းလိုက်လျှင် သူ့ကို စော်ကားသလို ဖြစ်သွားမှာ ကြောက်သည်။ ဒါကြောင့် သဘောတူလိုက် သည်။

ဆွန်းမိုက သူ့လက်များကို ကျောင်းသားရဲ့ ရင်ဘက်ပေါ် တင်လိုက်သည်။ ထို့နောက်

သက်ရှင်သွေးနည်းစနစ်ကို စတင်အသုံးပြုလိုက်သည်။

ကျုံ့ရှုန်ရီသည် ဒါကို မြင်လိုက်လျှင် အရမ်းစကားမပြောနိုင်အောင် ဖြစ်သွားသည်။

(မင်းရဲ့ နတ်ဘုရားလက်က အရမ်းထူးဆန်းတာ ငါသိတယ်။ အဆိပ်လည်း ကုသပေးနိုင်တာလား။ ဒီအခြေအနေမှာ ငါးလက်ဖက်မြက်ရဲ့ အဆိပ်သင့်မှုကို ချေဖျက်ဖို့ ဆေးဘက်ဝင် အပင်တွေ အရင်ဆုံး ရှာသင့်တာ မဟုတ်ဘူးလား။ ပြီးတော့ ကျောင်းသားအတွက် ဆေးလုပ်ပေး ရမယ်လေ)

“ဆွန်းမိုက အခု မြတ်ဆရာ အရှိန်အဝါ ဘယ်နှစ်ခု ပိုင်နေပြီလဲ”

အမြဲတမ်းစကားနည်းတတ်တဲ့ ကျန်းလန်တောင် ဘေးက ကူရှုပ်ရှင်းကို ရုတ်တရက် မေးလိုက်သည်။

“သုံးခု မဟုတ်သေးဘူး လေးခု ထင်တယ်”

ကူရှုပ်ရှင်းက ဂျိမ်ဂျဲနှင့် အန်ရှီဝေတို့တောင် နာမည်မတပ်နိုင်သော မြတ်ဆရာ အရှိန်အဝါကို သတိရသွားသည်။

“သူက နည်းနည်း အံ့အော ဖို့ကောင်းတယ်”

ကျန်းလန် က ချီးကျူးလိုက်သည်။

“ဒါက နည်းနည်းပဲ အံ့အော်ဖို့ ကောင်းတာလား”

ဆွန်းမိုကိုကြည့်ရင်း ဂေါင်ပန်တစ်ယောက် နှုတ်ခမ်းတွေ တဆက်ဆက် တုန်နေပြီး စိတ်အားငယ်နေကာ မကျေမနပ် ဖြစ်နေသည်။ (မင်းက ဒီလောက်ထူးချွန်နေရင် ကျန်တဲ့လူတွေက ဘယ်လို အသက်ရှင်ရမှာလဲ)

အခုဆိုရင် ကျောင်းသား တော်တော်များများ ဝိုင်းအုံနေသည်။ သူတို့က အင်ဘိုင်ဝူနှင့် အဖွဲ့ကို မနာလိုစွာ တချက်ကြည့်လိုက်ကြသည်။

“ထင်တားသလိုပဲ ဆရာက အရမ်းတော်တယ်”

လုချီဟွာက ပြုံးရင်း ပြောလိုက်သည်။

"ဒါက အလွဲသုံးစား ကျောင်းသားပဲ။ ကျွတ် ကျွတ် ဒါက ဆရာတွေကို အထူးပစ်မှတ်ထားတဲ့ အရာပဲ"

လီဇီချီ အားကျသွားသည်။

ဒါက အပြစ်ပေးတဲ့ အရှိန်အဝါ တစ်ခု ဖြစ်သည်။ အထိခံလိုက်ရတဲ့ ဆရာသည် အချိန်တစ်ခုကြာအောင် ဝိညာဉ်ချီ မထိန်းချုပ်နိုင်တော့ပါ။ တချိန်တည်းမှာပဲ သူတို့ရဲ့ မြတ်ဆရာ အရှိန်အဝါကိုလည်း ထုတ်မသုံးနိုင်တော့ပါ။ သူတို့ဦးနှောက်ထဲမှာရှိတဲ့ အသိပညာများတောင် မေ့နေကြမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအရှိန်အဝါ အထိခံရသော ဆရာများသည် ပါးစပ်လှုပ်နိုင်သော်လည်း အသံမထွက်နိုင်ဖြစ်နေမည်။ အပြစ်တင်မှုကိုသာ ခံနေရမည်။ အလွဲသုံးစား ကျောင်းသား အရှိန်အဝါကို 'တိတ်စမ်းအရှိန်အဝါ'လို့ နာမည်ပြောင် ပေးထားသည်။

ကျောင်းသား၏ ခန္ဓာကိုယ်မှ အနီရောင်အခိုးအငွေ့များ ထွက်လာသည်။ သူ့သွေးထဲက အဆိပ်အတောက်ကို ဖယ်ထုတ်လိုက်တာနဲ့ စိတ်အခြေအနေ တိုးတက်လာသည်။

"အခု အဆင်ပြေသွားပြီ။ လာမယ့်ရက်အနည်းငယ်အတွင်း အဟာရဖြစ်မယ့် အစာကိုပိုစားပေးပါ"

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာဆွန်း"

ကျောင်းသားက ကျေးဇူးတင်ရင်း မျက်ရည်ကျလာသည်။

ဒင်

တန်ဆောင်၏ လေးစားအထင်ကြီးမှု +၃၀။မူလ(၆၀/၁၀၀)

စနစ်ဆီက အကြောင်းကြားချက် ရလိုက်လျှင် ဆွန်းမို ရုတ်တရက် အံ့အော သင့်သွားသည်။ သူနဲ့ အခုလေးစားအထင်ကြီးမှု ဆက်သွယ်ချက် စတင်ခြင်း ဖြစ်သည်။

သို့သော် မကြာခင် သူနားလည်သွားသည်။ ဖောင်ယန်ကို ကျောင်းထုတ်ပြီးနောက် ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားတော်တော်များများသည် သူ့ကို လေးစားအထင်ကြီးမှု အမှတ်များ ပေးအပ်ခဲ့ကြသည်။

ဆွန်းမို၏ အလွှဲသုံးစား ကျောင်းသား မြတ်ဆရာအရှိန်အဝါသည် အခြေခံအဆင့် ကျွမ်းကျင်မှုသာ ရှိသေးသည်။ ဒါကြောင့် ငါးမိနစ်ကြာလျှင် ရီဂျီမင်၏ အချုပ်များ ပျောက်သွားက ပြန်လွတ်လပ်သွားသည်။

“ဆွန်းမို၊ မင်းနဲ့ငါ တိုက်ကြမယ်”

ရီဂျီမင်သည် ဆွန်းမိုကို စိုက်ကြည့်ရင်း မျက်နှာညိုးလာသည်။ ချက်ခြင်းပြန်အားတင်းကာ ဆွန်းမို သေအောင်ကိုက်ဖို့ အားမွေးလိုက်သည်။

အလွဲသုံးစားကျောင်းသား အရှိန်အဝါ အထိခံရပြီးနောက် လုံးဝ အရှက်ကွဲသွားပြီ။

“မင်းက ငါ့ကို အနိုင်ရမယ် ထင်နေတာလား”

ဆွန်းမိုက မေးလိုက်သည်။

“အမ်..”

ရီဂျီမင် စကားထစ်သွားသည်။ ဆွန်းမိုက ဝူကျဲကိုတောင် အပြတ်အသတ် အနိုင်ယူခဲ့သည့် မြင်ကွင်းကို ပြန်မြင်ယောင်လာသည်။

အမှန်တိုင်းပြောရလျှင် ဝူကျဲနဲ့တိုက်ခိုက်ပါက ဆွန်းမိုလို မလုပ်နိုင်ပါ။

"ဟဲဟဲ"

ဆွန်းမိုက တိုးတိုးလေး ရယ်လိုက်သည်။

(ငါလို....မ..သာ.)

ဆွန်းမိုရဲ့ အထင်းသေးတဲ့ အမူအရာကို မြင်လိုက်လျှင် ရီဂျီမင် လက်သီး တင်းတင်း ဆုပ်ထားသည်။ သို့သော်လည်း စိတ်ထဲမှ ကျိန်ဆဲပြီး တိုက်ပွဲအကြောင်း ဆက်မပြောရဲတော့ပါ။

ဒီအတွက်လည်း ဘာမှ မလုပ်နိုင်ပါ။ ဆွန်းမိုကို မနိုင် နိုင်ပါ။ တကယ်လို့ ထပ်ရှုံးသွားပါက

ကွဲစရာ အရက်တောင် ကျန်တော့မည် မဟုတ်ပါ။ ဆွန်းမိုကို ဆက်ပြီး သံသယ ဝင်ရအုံးမှာလား။

နောက်နေတာ ရပ်လိုက်စမ်းပါ။ ဆွန်းမိုက အလွဲသုံးစား ကျောင်းသား အရှိန်အဝါ ထပ်သုံးလိုက်မှာ ရီဂျီမင် တကယ်ကြောက်နေသည်။ အဲဒီခံစားချက်က တော်တော်ဆိုးသည်။

စိတ်ပျက်အားငယ်ပြီး တရားမျှတမှု တောင်းခံရန် မျှော်လင့်ချက်နဲ့ ဂျီမဲဂျဲကို ကြည့်လိုက်သည်။ အမှန်တော့ မြတ်ဆရာလောကတွင် အလွဲသုံးစား ကျောင်းသား အရှိန်အဝါကို ကြုံသလို သုံးလိုက်ခြင်းက အရမ်းကြီးမားတဲ့ အပြစ်တစ်ခု ဖြစ်သည်။

တစ်ယောက်ယောက်ကို ရိုက်လိုက်ခြင်းက သူတို့ကို အရှက်ခွဲတယ်လို့ သတ်မှတ်နိုင်သည်။ ပြီးတော့ အလွဲသုံးစား ကျောင်းသား အရှိန်အဝါကို သုံးလိုက်ခြင်းသည် အရှက်ခွဲရုံသာမက ကျောရိုးပါ ရိုက်ချိုးလိုက်ခြင်း ဖြစ်သည်။

"ဆရာရီ၊ မင်းပင်ပန်းနေပြီ အနားယူလိုက်ပါ"

ဂျိမဲဂျဲက ပြောလိုက်သည်။

ဆွန်းမိုဘက်သို့ သိသိသာသာ ဘက်လိုက်လိုက်သည်။ ဂျိမဲဂျဲရဲ့ စကားကိုကြားတော့ ရီဂျီမင် လက်သီး ပိုတင်းတင်းဆုပ်လိုက်ပြီး

ဒေါသထွက်လာသည်။ သို့သော် သူ စောဒက မတက်နိုင်ရှာသာမက ပိုတောင် ဝမ်းနည်းသွားရသည်။

ဒါက အမှန်ပဲ။ ဂျီမဲဂျဲနှင့် အန်ရှီဝေသည် ဆက်ဆံရေး အရမ်းကောင်းပြီး သူမသည် ဆွန်းမိုဘက်က သေချာပေါက် ရပ်ပေးလိမ့်မည်။ ဆွန်းမိုမှာ နတ်ဘုရားလက် မရှိရင်တောင် သူပြသထားတဲ့ အလားလာက သူနဲ့ ဆက်ဆံရေးကောင်းအောင် ထိန်းသိမ်းထားဖို့ လုံလောက်သည်။

အမှန်တိုင်းပြောရလျှင် ဂျီမဲဂျဲသည် ဆွန်းမိုလောက် ထပ်မတက်နိုင်တော့ပါ။

ရီဂျီမင်သည် ကျန်ကွမ်လင်ကို လှမ်းကြည့်လိုက်သည်။ (ငါက မင်းအဖေအဖွဲ့က ဆရာတစ်ယောက်လေ။ မင်းက ငါ့အတွက် တရားမျှတမှု ပြောပေးသင့်တယ်လေ။)

ကျန်ကွမ်လင်က ရီဂျီမင်ရဲ့ အကြည့်ကို ရှောင်လိုက်ပြီး မမြင်ချင်ယောင် ဆောင်နေလိုက်သည်။ ဒီပဋိပက္ခဖြစ်ပြီးနောက် ရီဂျီမင်က အကျိုးအကြောင်း ခိုင်လုံတဲ့ဘက်မှာ မရှိဘူးဆိုတာ သူသေချာပေါက် သိနေသည်။ ဒီကိစ္စကိုသာ အလေးအနက်ထားပြီး ဝင်ပါလိုက်လျှင် သူ့ပြဿနာသူ ရှာသလို ဖြစ်သွားမည်။

“ဟား ဟား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရီဂျီမင် ကို့ကိုယ်ကို လှောင်ပြောင်ရယ်မောပြီး လှည့်ထွက်သွားသည်။

"ဆရာရီ"

ဆွန်းမိုက လှမ်းခေါ်လိုက်သည်။

ရီဂျီမင် ရင်ထဲ ထိတ်ကနဲ ဖြစ်သွားပြီး ကြောက်ရွံ့တဲ့ အငွေ့အသက် ထွက်လာသည်။ (သူ ငါ့ကို ပြဿနာရှာတော့မှာ မဟုတ်လား)

"ဆန္ဒထုတ်ဖော်မှုမှာ သရုပ်ပြဖို့အတွက် မင်းကဌက်ဉကြော် အကြီးကြီးတစ်ချပ် စားထားတယ်။ အခုထက်ထိ မင်းအဆင်ပြေနေရတာက မင်းရဲ့ ဖွဲ့စည်းပုံ

ကောင်းလို့ပဲ။ ဒါပေမယ့် မင်းမှာ ဖြစ်လာနိုင်ချေများတာက ပြင်းထန်ရင် ဝမ်းထဲ သွေးပါနိုင်တယ်။ မင်းအတွက် အဆိပ်ဖြေပေးရမလား”

ဆွန်းမိုက မေးသည်။

“သွေး… .ဝမ်းထဲမှာသွေး”

ရီဂျီမင် စအိုကျုံ့သွားပြီး ကံဆိုးတဲ့ ကျောင်းသားလေးကို လှမ်းကြည့်လိုက်မိသည်။ ဘောင်းဘီနဲ့ စောင်များတွင် သွေးများ ဖုံးလွှမ်းနေသည်။

“ငါ…..”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရီဂျီမင် တံတွေးတစ်ချက် မျိုချလိုက်သည်။ အတွေးပြောင်းသွားပြီး ပါးစပ်က တမျိုး ပြောလိုက်သည်။

"မလိုပါဘူး။ ဆေးဖက်ဝင်အပင်တွေ ကိုယ်တိုင် သွားရှာလိုက်မယ်"

ဒီစကားပြောပြီးနောက် စိုးရိမ်တကြီး ထွက်သွားသည်။ ဒါက သူ့ရဲ့ နောက်ဆုံး မာနဖြစ်သည်။ ဘယ်လိုပဲဖြစ်နေပါစေ ရှုံးလို့ မဖြစ်ပါ။

"ဆရာရီ၊ ရှက်နေစရာ မလိုပါဘူး။ မနာလိုစိတ်ဆိုတာ လူတိုင်း ဖြစ်တတ်ပါတယ်။ မင်းရဲ့ အတွေး ပြောင်းလိုက်တာ ပိုကောင်းမယ်"

ဆွန်းမိုက ဖြောင်းဖျလိုက်သည်။ ထို့နောက် ကြည့်နေကြတဲ့ ကျောင်းသားတွေဖက် လှည့်ပြီး လမ်းညွှန်ချက် တချို့ ပေးလိုက်သည်။

“ဒါကို မင်းတို့ မြင်လား။ မနာလိုစိတ်က ရုပ်ဆိုးစေရုံသာမက ခွေးရူးတစ်ကောင်လို ဖြစ်လာပြီး မြင်မြင်သမျှ ကိုက်ချင်စိတ် ပေါက်လာနိုင်တယ်။ မင်းတို့ ဒီလို ခံစားချက် မဖြစ်အောင် ထိန်းသိမ်းရမယ်”

ဝူရှိစ်

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ထွက်လာပြီး ဆွန်းမို ကိုယ်မှ အလင်းတန်းများ စိမ့်ထွက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"နားလည်ပါတယ် ဆရာ"

ကြည့်နေတဲ့ ကျောင်းသားများက တညီတညွတ်ထဲ ပြန်ဖြေကြသည်။

"တောက်၊ တောခွေးနက်ကြီးဆွန်းရဲ့ ကြမ်းတမ်းတဲ့ လျှာပဲ"

ကူရှုပ်ရှင်း သဘောကျကာ ရယ်မောလိုက်သည်။

(ဒေါသစိတ်ကြောင့် ရီဂျီမင် အိပ်ရာထဲ မလဲမှာ စိုးရိမ်နေတာလား။ မင်းထက် သုံးနှစ်ကြီးတဲ့ စီနီယာ တစ်ယောက်ပါ။ အရှက်လေးတချို့တော့ ချန်ထားပေးလို့ မရဘူးလား)

ဒီစကားကို ကြားလိုက်လျှင် ရီဂျီမင် မထိန်းနိုင်တော့ပါ။ လည်ချောင်းထဲမှာ ချိုမြတဲ့ အရသာတချို့ ရလာပြီး သွေးများ ထွက်ကျလာသည်။

“ဆရာ၊ သွေးဝမ်း မသွားချင်ဘူး၊ ကယ်ပေးပါ”

ဟူမန် တောင်းဆိုလိုက်သည်။

“ဆရာ၊ ငါ့ကို အရင်ကယ်ပေးပါ။ တစ်ညလုံး ပြေးနေရတယ်”

ကျန်ဖန်သည် အရပ် ၁.၈ မီတာလောက် ရှည်တဲ့ ကျောင်းသားတစ်ယောက်နဲ့ မတူဘဲ ပြင်းထန်စွာ ငိုကြွေးနေသည်။ အဲဒီအတွက်လည်း

မတတ်နိုင်ပါ။ သွေးဝမ်းများ သွားရင် နာကျင်ရုံသာမက ရှက်ဖို့လည်း ကောင်းသည်။

ဒီစကားများ ပေါက်ကြားသွားလျှင် ခုနှစ်နှစ်လောက် ချစ်သူရဖို့ မေ့ထားရလိမ့်မည်။

သူ့အနောက်က အသံကိုကြားလိုက်လျှင် ပါးစပ်ထဲက သွေးမျိုချနေတဲ့ ရီဂျီမင် စိတ်ပျက်အားငယ်သွားသည်။ ရုတ်တရုတ် နောင်တရလာသည်။ (ဆွန်းမိုကို စော်ကားဖို့ ဘာကြောင့် ကြိုးစားနေရတာလဲ)

အခုဆိုလျှင် ကျန်ကွမ်လင်ဆီမှာ မျက်နှာကောင်း မရသလို သူ့မနလည်း ချနင်း ခံလိုက်ရသည်။ အိမ်ပြန်ရောက်လျှင် အပြင်တောင် မထွက်ရဲတော့ပါ။

ငါးလက်ဖက်မြွက်ပါတဲ့ ဌက်ဥကြော်ကို စားခဲ့ကြတဲ့ ကျောင်းသား ဆယ်ယောက်ကျော် ပြေးထွက်လာကြသည်။ သူတို့ထဲက သုံးယောက်သည် အခြေအနေ ပြင်းထန်နေသည်။ ဝိညာဉ်ချီ ဓါတ်မတည့်တဲ့ ကျောင်းသားထက် ပိုသိသာနေသည်။

ဒီအခြေအနေအား မြင်လိုက်လျှင် ဂျိမဲဂျဲက အဖွဲ့ကို ပေတစ်ထောင် ရေတံခွန်မှာ ဆက်အနားယူရန် ကြေညာလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ကျောင်းသားတွေ ဒီအထိရောက်တာ လုံလောက်နေပြီ။ ဆက်လုပ်နိုင်တဲ့လူတွေက ပါရမီရှင်တွေပဲ ”

ဂျိမ်ဂျဲက ဆရာအားလုံးကို စုစည်းကာ တာဝန်များ ခွဲဝေပေးလိုက်သည်။

ဝိညာဉ်ချီအတက်အကျ ပြင်းထန်သော နေရာတွင် နေရတာ အချိန်ကြာလာလေ ခန္ဓာကိုယ် ပိုပင်ပန်းလာလေ ဖြစ်သည်။ ဆက်ပြီး အောင့်မခံနိုင်တဲ့ ကျောင်းသားတွေ သေချာပေါက် ရှိလာသည်။ သူတို့လက်မလျှော့ချင်ပေမယ့် ဂျိမ်ဂျဲက ဆက်နေဖို့ ခွင့်မပြုပါ။

ပုံမှန်ဆိုလျှင် ဒီနေရာအထိ ရောက်လာလျှင် ဆရာများက ကျန်နေခဲ့ပြီး မြတ်ဆရာများက ကျန်တဲ့ ကျောင်းသားများကို ဆက်ပြီး ဦးဆောင်သွားကြသည်။ သို့သော် ဒီနှစ်ကတော့ ခြွင်းချက် ဖြစ်သည်။

ဂေါင်ပန်ရဲ့ မသက်မသာဖြစ်နေတဲ့ ကျောင်းသားနှစ်ယောက်က လွဲလျှင် ဆွန်းမို၊ ကူရှုပ်ရှင်းနှင့် ကျန်းလန်တို့ တပြည့်များ အားလုံးက အဆင်ပြေနေကြသည်။ ဒါက အံ့အောစရာပါ။

တိုက်ရိုက်တပြည့်တွေ ပါလာသဖြင့် သူတို့ရဲ့ ဆရာက ထုံးစံအတိုင်း လိုက်လာရလိမ့်မည်။

ဒါကြောင့် ကျန်နေခဲ့တဲ့ ဆရာများသည် ဒူရှောင်၊ ရီဂျီမင်နှင့် ဒူမန်တို့ ဖြစ်သည်။

ဒူမန်က ယာယီ အဖွဲ့ခေါင်းဆောင် ဖြစ်သည်။

ဂျိမဲဂျဲက ဆရာများနဲ့ အစည်းအဝေးလုပ်နေတဲ့ အချိန်တွင် ပေတစ်ထောင် ရေတံခွန်သို့ မရီဒန်အကယ်ဒမီ ကျောင်းသားအဖွဲ့ ရောက်လာပြီး သူတို့ စခန်းနေရာကို ပြင်ဆင်နေကြသည်။

ဟူမန်သည် မြစ်ကမ်းနားတွင် ငါးဖမ်းနေစဉ် မရီဒန်အကယ်ဒမီက ကျောင်းသားနှစ်ဦး ငါးလက်ဖက်မြက် ကောက်ယူနေတာ မြင်လိုက်လျှင်

ပါးစပ် နားရွက်ချိတ်သွားအောင် ပြုံးလိုက်သည်။ ညနေရောက်လာပြီး တနေကုန်သွားသည်။

တန်လူသည် တဲထဲတွင် ထိုင်ကာ ခါးတိုကစားနေရင်း ခြေကျင်းဝတ်ကို လှုပ်ကြည့်လိုက်သည်။ ခံစားချက်တွေ အရမ်းပြင်းနေသည်။

ဖိန်တောင်ကို သွားပြီး စိန်ခေါ်ရမလား။

“တန်လူ ထမင်းသွားစားရအောင်”

တစ်ယောက်က လှမ်းခေါ်သည်။

“ကောင်းပြီလေ”

တန်လူ ပြန်ပြောပြီး တဲထဲက ထွက်လာသည်။ အရင်ဆုံး ဆွန်းမိုတဲဘက်သို့ လှမ်းကြည့်လိုက်သည်။

ဆွန်းမိုက မီးပုံဘေးတွင် ရှန်ယွန်ပေါင်အား လမ်းညွှန်ချက်ပေးနေပြီး သူနဲ့ တိုက်ခိုက်နေသည်။ ကျောင်းသား ဆယ်ယောက်ကျော်လောက် ဝိုင်းပြီး ကြည့်နေကြသည်။

တန်လူသည် ဝမ်းသာသွားကာ ကြည့်ဖို့ သွားရန် လုပ်လိုက်သည်။ သို့သော် ခြေလှမ်း အနည်းငယ် လှမ်းပြီးနောက် ရပ်တန့်လိုက်သည်။

(တန်လူ၊ မင်းက တစ်သက်လုံး ပရိတ်သတ် လုပ်ချင်နေတာလား။ အခု ဖီနိတောင်ကို

သွားပြီး အနိုင်ယူရမယ်။ ဒါဆို ဆရာဆွန်းကမင်းကို မတူတဲ့အမြင်တစ်ခုနဲ့ ကြည့်လိမ့်မယ်။ ဆရာဆွန်းသာ မင်းရဲ့ ဆရာဖြစ်လာရင် မင်းရဲ့ အောင်မြင်နှုန်းက ပိုမြင့်လာလိမ့်မယ်)

တန်လူ စိတ်ထဲက တွေးလိုက်သည်။ ဆရာဆွန်းရဲ့ သဘောကျမှုကို လိုချင်သည်။ ဆရာဘေးမှာ နေပြီး နေ့တိုင်း အဆုံးအမတွေကို ခံယူချင်သည်။

ဒါကို စဉ်းစားပြီးနောက် အသက်ခပ်ပြင်းပြင်း တစ်ချက် ရှူလိုက်သည်။ ထို့နောက် မရီဒန်အကယ်ဒမီ စခန်းချတဲ့ ဘက်သို့ လျှောက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အမ်၊ တန်လူ ထမင်းစ စားတော့မယ်။ မင်းဘယ်သွားမလို့လဲ"

တဖွဲ့ထဲ ဖြစ်တဲ့ ကျောင်းသားတစ်ယောက်က လှမ်းခေါ်လိုက်သည်။

"တရားထိုင်ဖို့"

တန်လူ ဆင်ခြေ ပေးလိုက်သည်။

"တန်လူက မရီဒန်အကယ်ဒမီက ကျောင်းသားကို ရှုံးပြီးနောက် အရမ်းကြိုးစားနေတယ်"

ကျောင်းသား တစ်ယောက်က ဆန်ပြုတ်တည်နေရင်း မနေနိုင်ဘဲ ချီးကျူးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"သူပြန်မကောင်းလာတော့ဘူးလို့ ငါက ထင်နေတာ။ သူဒီလောက် မြန်မြန် ကောင်းလာမယ်လို့ မထင်ထားခဲ့ဘူး"

"နေပါအုံး၊ ဒီကောင် မရီဒန်အကယ်ဒမီ စခန်းချတဲ့ ဘက်ကို သွားနေတာပဲ။ လက်စားချေဖို့လား"

ကျောင်းသားတွေ အချင်းချင်း ဆွေးနွေး လိုက်သည်။ တန်လူသည် အခြားတစ်ယောက်ကို ရှုံးခဲ့တာ ရက်ပိုင်းပဲ ရှိသေးသည်။ နေ့ရောညပါ အပြင်းအထန်ကြိုးစားရင်တောင် အများကြီး မတိုးတက်လာနိုင်ဘူး။ ဒါကြောင့် ဖီန်တောင်ကို စိန်မခေါ်သင့်ပါ။

"မဟုတ်သေးဘူး။ မရီဒန်အကယ်ဒမီဘက်ကို တကယ်သွားနေတာကွ။ ငါတို့ဘာလုပ်ကြမလဲ. ဆရာတွေကို အကြောင်းကြားလိုက်ရမလား"

တန်လူနဲ့ တဖွဲ့တည်းဖြစ်တဲ့ ကျောင်းသားများ အံ့အောသွားသည်။ ဒီကောင် သေခြင်းတရားကို ရှာဖွေနေတာလား။

စာစဉ်(၁၇)

အခန်း(၂၄၀) - ဘဝအသစ်တစ်ခု ဦးရမ်းလိုက်ခြင်း။

“မင်းတို့နှစ်ယောက် ဆရာဂျိဆီ သွားပြီး အကြောင်းကြားလိုက်။ ငါလိုက်သွားလိုက်မယ်”

လီဘိုက အမိန့်ပေးလိုက်သည်။

ဂျိမ်ဂျဲသည် အဖွဲ့များ ခွဲပေးခဲ့သော်လည်း အဖွဲ့ခေါင်းဆောင် တာဝန်တော့ မပေးခဲ့ပါ။ ဒါက သူ မစဉ်းစားမိတာ မဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိလုပ်ခဲ့ခြင်း ဖြစ်သည်။ ဒီလိုလုပ်ခြင်းအားဖြင့် ခေါင်းဆောင်မှုစွမ်းရည်ရှိတဲ့ ကျောင်းသားတွေသည်

စွန့်စားခန်းအတွင်း သူတို့ရဲ့ အရည်အချင်းကို တဖြည်းဖြည်းနဲ့ ထုတ်ဖော်ပြသ လာနိုင်မည်။

လီဘိုက ဒီလို ကျောင်းသားမျိုး ဖြစ်သည်။ သူကအရပ်မရှည်ဘဲ ခပ်ပိန်ပိန် ဖြစ်သော်လည်း ပြဿနာများ ဖြစ်လာပါက တည်ငြိမ်စွာ တာဝန်ယူနိုင်သည်။

“ငါ မင်းနဲ့ လိုက်ခဲ့မယ်။”

တစ်အုပ်စုထဲက ကျောင်းသားတချို့သည် ချက်ချင်းဆိုသလို မတ်တပ်ထရပ်လာကြသည်။

“သွားကြစို့”

လီဘိုက ကျောင်းသားတစ်စုကို ဦးဆောင်ကာ တန်လူနောက်သို့ လိုက်သွားသည်။ စခန်းမှ ထွက်လာလျှင် ကျန်ကွမ်လင်နဲ့ ဆုံသွားသည်။

“ထမင်းစားချိန်ရောက်နေပြီ မင်းတို့ ဘယ်သွားမလို့လဲ”

ကျန်ကွမ်လင်က မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

“ဆရာကျန်၊ တန်လူက မရီဒန်အကယ်ဒမီ စခန်းချတဲ့ နေရာကို သွားနေတယ်။ သူ့ရဲ့ အရှက်တရားအတွက် ဖီနိတောင်ကို စိန်ခေါ်မယ့် ပုံပဲ”

လီဘိုက ပြန်ပြောပြသည်။

“ဘာ”

ကျန်ကွမ်လင် မျက်မှောင်ကြုတ်သွားသည်။ အရင်က တန်လူအပေါ် အမြင်ကောင်းနေသော်လည်း ဒီစကားကြားပြီးနောက် စိတ်ပျက်သွားသည်။ တန်လူမှာ အခြခံကျတဲ့ သုံးသပ်နိုင်စွမ်းတောင် မရှိပါ။ ရှုံးနိမ့်မှုကို လက်မခံနိုင်တာက လူငယ်တစ်ယောက်အတွက် ကောင်းပါသည်။ ဒါပေမယ့် မဆင်မခြင်တော့ မလုပ်သင့်ပါ။

“သွားရအောင်”

ကျန်ကွမ်လင်သည် တန်လူကို မကြိုက်သော်လည်း ဒီကိစ္စက ကျောင်းသားတစ်ယောက်ရဲ့ လုံခြုံရေးနဲ့ သက်ဆိုင်နေသဖြင့် စိုးရိမ်နေသေးသည်။ ဒါကြောင့် သူက တာဝန်ယူကာ လိုက်သွားလိုက်သည်။

မရီဒန်အကယ်ဒမီ စခန်းချတဲ့နေရာတွင် အသားကင်အနံ့များ သင်းပျံ့နေသည်။

ဖန်ဝူအန်က သူ့တပြည့်သုံးယောက်ကို ဦးဆောင်ပြီး သမင်သုံးကောင်ကို အမဲလိုက်ခဲ့ပြီး

ကောင်းမွန်သော နေ့လည်စာ ဖြစ်အောင် ချက်ပြုတ်နေကြသည်။

တန်လူ နီးကပ်လာတာနဲ့အမျိုးဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းဝတ်စုံကို သတိထားမိ လာကြသည်။

"ဟော့၊ မင်းဘာလိုချင်လို့လဲ"

လူနှစ်ယောက်က ခုန်ထွက်လာပြီး တန်လူရဲ့ လမ်းကို ပိတ်လိုက်သည်။

မရီဒန်အကယ်ဒမီက ကျောင်းသားများသည် တန်လူနှင့် ဖီနိတောင် ကြားက တိုက်ပွဲကို မြင်ခဲ့ပြီး

သူရှုံးနိမ့်ခဲ့တာ မြင်ခဲ့ကြသည်။ ဒါကြောင့် သူနဲ့ စကားပြောတဲ့အချိန်တွင် အလေးထားပြီး မတ်တပ်ရပ် မနေကြပါ။

ကျောင်းနှစ်ကျောင်းသည် တစ်မြို့ထဲက ရန်ဘက် ကျောင်းများ ဖြစ်သည်။ ထပ်ပြောရလျှင် တန်လူကို အရှုံးသမား တစ်ယောက်အဖြစ် မရီဒန်အကယ်ဒမီက ကျောင်းသားများ မြင်နေကြသည်။

“ဖိန်တောင်ကို လာရှာတာ”

တန်လူက ရိုးရိုးလေး ပြန်ဖြေလိုက်သည်။

"ဘာကြောင့် အစ်ကိုဖိန်ကို လာရှာတာလဲ"

ရန်ဂေါင်က မေးခွန်းထုတ်လိုက်သည်။

တန်လူသည် ဖီန်တောင်ကို မနေ့က ပြတ်ပြတ်သားသား ရှုံးနိမ့်ခဲ့သည်။ ဒါကြောင့် သူက နာမည်ဆိုးနဲ့ အနည်းငယ် ကျော်ကြားနေသည်။ အခုတော့ ဖီန်တောင်သည် သူတို့အဖွဲ့က ကျော်ကြားတဲ့လူ တစ်ယောက် ဖြစ်နေပြီ။

"သူ့ကို စိန်ခေါ်ဖို့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်လူသည် ဟိုးအရှေ့က အသားကင်ရင်း ကောင်မလေးတစ်ယောက်နဲ့ ပျော်ရွှင်စွာ စကားပြောနေသော ကောင်လေးတစ်ယောက်ကို လှမ်းကြည့်လိုက်သည်။ ဖီန်တောင်ပင် ဖြစ်သည်။

ကျောင်းသားနှစ်ယောက်သည် ခဏလောက် အံ့အောသင့်သွားပြီး ကျယ်လောင်စွာ ရယ်မောလိုက်သည်။ ဒီကောင့် ခေါင်း တစ်ခုခု ဖြစ်နေတာလား။ ရှုံးသွားတာ တစ်ပတ်တောင် မပြည့်သေးဘူး ထပ်စိန်ခေါ်ဖို့ ရောက်လာတာလား။ သူ့ အရှက်ကွဲတာ မလုံလောက်သေးလို့လား။

ပုံမှန်အားဖြင့်ဆိုလျှင် လူတစ်ယောက် သန်မာလာစေရန် အနည်းဆုံး လအနည်းငယ်လောက်တော့ ကျင့်ကြံရမည်။

အရင်တုန်းကဆိုရင် တန်လူ ဒေါသထွက်လိမ့်မည်။ သို့သော်လည်း ဆွန်းမို စကားကို ကြားပြီးနောက် သူ့စိတ် အရမ်းတည်ငြိမ်နေသည်။

ဒီနေ့တိုက်ပွဲက ဂုဏ်သိက္ခာ တစ်ခုထဲအတွက်သာ မဟုတ်ပါ။ သူ့ရဲ့ အရည်အချင်းက ဓါးပညာမှာ လှံပညာထက် ပိုမြင့်တယ်ဆိုတာ သက်သေပြဖို့ ဖြစ်သည်။

တန်လူက ပြုံးပြီး သူ့အရှေ့က ကောင်လေးနှစ်ယောက်ကို ကျော်သွားလိုက်သည်။

"အမ်"

ရန်ဂေါင်သည် တားမလို့ လက်ကို ဆန့်လိုက်ချင်သော်လည်း ယုံကြည်ချက် ရှိတဲ့ အပြုံးကို မြင်လိုက်ပြီးနောက် သူ့စိတ်ထဲတွင် အကြောင်းပြချက်တချို့ ပေါ်လာသည်။ ဒီကောင်ရဲ့ စွမ်းအင်၊ ဝိညာဉ်နဲ့ ဒီနေ့ ဖီနိတောင်ကို စိန်ခေါ်ဖို့ မဖြစ်နိုင်ပါ။

"ဟော့၊ ဒီမှာ ရပ်လိုက်"

ကျောင်းသားတစ်ယောက်က သူ့ကို တားလိုက်သည်။

“ထားလိုက်စမ်းပါ။ အစ်ကိုဖိန်ကို စိန်ခေါ်ခွင့် ပေးလိုက်၊ အစ်ကိုဖိန် မရှုံးနိုင်ပါဘူး”

ရန်ဂေါင်က ဒီကျောင်းသားကို တားလိုက်သည်။

မရီဒန်အကယ်ဒမီက ကျောင်းသား တစ်အုပ်သည် တန်လူနောက်က စိတ်လှုပ်ရှားစွာ လိုက်သွားသည်။

တန်လူသည် သူတို့ကို လျစ်လျူ ရှုထားပြီး လုံးဝစိုးရိမ်တဲ့ ပုံမရှိပါ။ သူက ဖိန်တောင်

ဆီလျှောက်သွားပြီး လက်နှစ်ဖက်ကို လက်သီးဆုပ်ပြီး အရိုအသေပေးလိုက်သည်။

"ကျောင်းသား ဖီနိတောင် မင်းကို စိန်ခေါ်မလို့ ရောက်လာတာ"

ဖီနိတောင်က တန်လူကို အကဲခတ်ရင်း လက်ထဲက ဝါးတုတ်ကို ဆော့ကစားနေပြီး ခေါင်းခါလိုက်သည်။

"ငါမလုပ်ဘူး။ အဓိပ္ပါယ်လည်း မရှိဘူး"

"ဒါအမှန်ပဲ။ အစ်ကိုဖီနိက ဒီလူကို မနေ့တနေ့ကပဲ ပြတ်ပြတ်သားသား အနိုင်ယူခဲ့တယ်။

ပြန်တိုက်ရင်တောင် တိုက်ပွဲအတွေ့အကြုံတစ်ခု မရနိုင်ဘူး။"

"ဒီကောင့် ခေါင်း တစ်ခုခု မှားနေတာလား။ ဘာလို့ ထပ်လာတာလဲ။ မနေ့တနေ့ကပဲ အရှက်ကွဲခဲ့တာ မဟုတ်လား"

"ဗဟိုပြည်နယ် အကယ်ဒမီက ခွေးတွေ ထွက်ပြေးကုန်လို့ ဖြစ်မယ်။ လာကိုက်ဖို့ တစ်ယောက်မှ မရှိတော့ဘူး ထင်တယ်"

မရီဒန်အကယ်ဒမီက ကျောင်းသားများ လှောင်ပြောင်လိုက်သည်။

တန်လူသည် ဖီန်တောင်ကို ကြည့်နေပြီး အမူအရာ ပြောင်းလွဲသွားခြင်း မရှိပါ။

“ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး”

ဖီန်တောင် မခန့်လေးစား ကျောမှီလိုက်ပြီး မျက်ခုံး အနည်းငယ် ပင့်လိုက်သည်။

“ဒီရက်ပိုင်းအတွင်း တော်တော် တိုးတက်ခဲ့တယ် ထင်တယ်။ မင်း ငါ့ကို လာပြီး စိန်ခေါ်ရတာ မထူးဆန်းတော့ပါဘူး”

“ဆရာဆွန်းရဲ့ လမ်းညွှန်မှုကို ကျေးဇူးတင်ရမှာပဲ။ ငါအများကြီး ရလိုက်တယ်”

တန်လူကလည်း ဘာမှ မဖုံးကွယ်ထားပါ။

"ဆရာဆွန်းလား"

ဒီထူးဆန်းတဲ့ပုံစံကို တွေ့ပြီး ကျောင်းသားတွေသည် တန်လူကို မခန့်လေးစားလုပ်ခြင်းနဲ့ လှောင်ပြောင်ခြင်း ထပ်မလုပ်တော့ပါ။ တန်လူသည် ရှိန်ခြင်း မရှိဘဲ လုံးဝ တည်ငြိမ်နေသည်။ သူဖော်ပြထားတဲ့ စိတ်နေစိတ်ထားသည် ပညာရှင် အငွေ့အသက် ပေါ်နေသည်။

"ကောင်းပြီလေ။ ငါတို့ ထပ်တိုက်ကြတာပေါ့။ ဒါပေမယ့် ဒီတစ်ခါတော့ အလောင်းအစားလေး လုပ်ရအောင်"

ဖီန်တောင် ဖိအား ပေးလိုက်သည်။ သူက အဓိပ္ပါယ်မရှိတဲ့ အရာများကို လုပ်မည် မဟုတ်ပါ။

"ကောင်းပြီလေ"

တန်လူက ခေါင်းညိတ်လိုက်ပြီး ကြက်ဥ အရွယ်အစားရှိတဲ့ သေတ္တာလေးကို ထုတ်လိုက်သည်။

“ငါ့မှာ သာမန်ကောင်းကင်အဆင့် မူလပျိုးထောင်ခြင်း ဆေးပြားရှိတယ်။ ငါရှုံးရင် မင်းအပိုင်ပဲ”

ဖီန်တောင် မျက်လုံး အရောင်တောက်လာသည်။

ရှူး…

တန်လူ၏ စကားကို ကြားလိုက်လျှင် ကြည့်နေတဲ့ ကျောင်းသားများသည် သေတ္တာလေးကို ချက်ခြင်း စိုက်ကြည့် လိုက်ကြသည်။ သာမန်ကောင်းကင်အဆင့် ဆေးတစ်ခုလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုအဆင့်မှုလပျိုးထောင်ခြင်း ဆေးပြားသည် အရမ်းဈေးကြီးသည်။ ပြီးတော့ ခန္တာကိုယ်အတွက် အရမ်းကောင်းမွန်တဲ့ အကျိုးကျေးဇူးရှိသည်။ ခန္တာကိုယ်ပြုပြင်ခြင်း နယ်ပယ်အတွက် အသင့်တော်ဆုံး ဆေးတစ်ခု ဖြစ်သည်။

"ဖီန်တောင် ဒီတစ်ခါတော့ အချီကြီးပွတော့မှာပဲ"

သူတို့ ဘယ်လိုပဲ ကြည့်ပါစေ ဖီန်တောင်ပဲ ကျိန်းသေပေါက် အနိုင်ရလိမ့်မည်။

ရန်ဂေါင် ခေါင်းညိတ်လိုက်ပေမယ့် စိတ်ထဲ အနည်းငယ် စိုးရိမ်သွားသည်။

"ဘာဖြစ်နေတာလဲ"

ဒီနေရာမှ ရုတ်ရုတ်သဲသဲ ဖြစ်နေတာကြားလိုက်လျှင် မရီဒန်အကယ်ဒမီက ဆရာများပြေးလာကြသည်။ ဖန်ဝူဂျီလည်း ပါလာသည်။ ကျောင်းသားတွေ ပြောပြတဲ့ ဇာတ်ကြောင်းကိုနားထောင်ပြီးနောက် အေးစက်စက်နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

"ဖီန်တောင် သဘောတူလိုက်"

"ဘာလို့ ဆေးမစားတာလဲ"

ဖန်ဝူဂျီက မေးလိုက်သည်။ သိချင်နေသည်။

သူ့ရဲ့ သုံးသပ်ချက်အရ ဒီကျောင်းသား အဆင့်မတက်သေးဘူးဆိုတာ သိနေသည်။ ဖိန်တောင်ကို စိန်ခေါ်ပြီး သူ့ရဲ့အရှက်တရားအား ရှင်းလင်းချင်တယ်ဆိုရင် အောင်ပွဲမရခင် အဆင့်တက်အောင် အရင်လုပ်သင့်သည်။

“ငါလည်း လုပ်ချင်ပေမယ့် ဆရာဆွန်း ပြောတာကြားပြီး မလိုအပ်ဘူးလို့ ခံစားရတယ်”

တန်လူသည် မျိုးနွယ်ကြီး တစ်ခုက ဆင်းသက်လာခြင်း ဖြစ်သည်။ ဒီလိုအခြေအနေ

ကြုံလာသဖြင့် အနည်းငယ်စိုးရိမ်သွားသည်။ ရှုံးတော့ မရှုံးနိုင်ပါ။

“ပြီးတော့ ဖီန်တောင် သဘောတူဖို့အတွက် ဆွဲဆောင်တဲ့ ပစ္စည်းတစ်ခုတော့ လိုတယ်လို့ ခံစားရတယ်”

“စောက်ထင်ကြီးနေတယ်”

ဖန်ဝူအန် နှုတ်ခမ်းများလှုပ်သွားပြီး

“ဖီန်တောင် သူ့ကို သင်ခန်းစာကောင်းကောင်းပေးလိုက်။”

ဖန်ဝူဂျီ ခေါင်းညိတ်လိုက်သည်။ ဒီအဖြေကိုလည်း သဘောကျသည်။ သူက ဖီန်တောင်အား ရှိသမျှ အကုန်ထုတ်သုံးရန် ပြောလိုက်ချင်သော်လည်း မပြော ဖြစ်လိုက်ပါ။ မနေ့တနေ့ရဲ့ အောင်ပွဲကြောင့် ဖီန်တောင်ရဲ့ စိတ်က တိမ်တိုက်အထိ ရောက်နေသည်။ ဒါက ကောင်းတဲ့ ကိစ္စတစ်ခု မဟုတ်ပါ။ ဒါကြောင့် အရှုံးကိုကျော်ဖြတ်ပြီး သင်ခန်းစာ ယူသင့်သည်။

"ငါ.....ငါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖိန်တောင် ဒုက္ခ ဖြစ်နေသည်။ အလောင်းအစားနဲ့ တန်ဖိုးညီမျှတဲ့ ပစ္စည်းတစ်ခု မထုတ်နိုင်ပါ။ ငယ်စဉ်ကတည်းက မာနကို တန်ဖိုးထားတဲ့သူ ဖြစ်သောကြောင့် မမျှတတဲ့ လောင်းကြေး မတင်ချင်ပါ။

တန်လူက ဒါကို ရှင်းရှင်းလင်းလင်း ခန့်မှန်းပြီးသားပါ။ ဒါကြောင့် ပခုံးတွန့်လိုက်ပြီး

"မင်းရှုံးရင် မင်းရဲ့ခါး ငါ့ကို ပေးလို့ရတယ်"

"ငါ ရှုံးရင် သာမန်ကောင်းကင်အဆင့် မူလပျိုးထောင်ခြင်း ဆေးပြား တစ်ခု ငါပေးမယ်"

ဖန်ဝူဂျီက ပြောလိုက်သည်။ သူက တရားမျှတမှုကို သဘောကျသည်။

ဒီစကားကို ကြားလိုက်လျှင် ပတ်ဝန်းကျင်က ကျောင်းသားများသည် ဖီနိတောင်ကို အားကျတဲ့ အကြည့်နဲ့ ချက်ခြင်းကြည့် လိုက်ကြသည်။ ဒီကောင့်ကို ဖန်ဝူဂျီက အရမ်းတန်ဖိုး ထားနေသည်။ ဆရာဖန်က သူ့အတွက် အဆင့်မြင့်တဲ့ မူလပျိုးထောင်ခြင်း ဆေးပြားတစ်ပြား ထုတ်ပေးနေသည်။

"ဆရာ၊ ကျွန်တော် မရှိုးဘူး"

ဖီန်တောင်က အာမခံလိုက်သည်။

စခန်းချတဲ့နေရာက အရမ်းကြီးသည်။ လူအုပ်ကြီးသည် ဘောလုံးကွင်း တစ်ဝက်စာလောက် နောက်ဆုတ်ပေးလိုက်ကာ တိုက်ပွဲနေရာ လုပ်ပေးထားသည်။

"တန်လူ မင်းဘာလုပ်နေတာလဲ"

ကျန်ကွမ်လင် ပြေးလာသည်။

"ငါနဲ့ ပြန်လိုက်ခဲ့"

"ဆရာ၊ ကျွန်တော် သူနဲ့တိုက်ချင်တယ်"

တန်လူက ရှင်းပြလိုက်သည်။

"မင်း ဆန္ဒတွေ ထားလိုက်တော့"

ကျန်ကွမ်လင် အတွေးထဲတွင် (မင်းရှုံးသွားတာ ရက်ပိုင်းပဲ ရှိသေးတယ်။ ဒါကို မေ့နေပြီလား။ သူ့ကို စိန်ခေါ်ချင်ရင် နောက်ထပ် လအနည်းငယ်လောက် စောင့်သင့်တယ်။)

"တန်လူ သွားရအောင်"

လီဘိုက စည်းရုံးလိုက်သည်။

“ဆရာကျန်၊ တိုက်ပွဲက ဆုံးဖြတ်ပြီးသွားပြီ။ ကျေးဇူးပြုပြီး လာမရှုပ်ပါနဲ့။ ဘေးကနေ ရပ်ကြည့်ရင်ကြည့် ဒါမှမဟုတ်လဲ ထွက်သွားပါ။”

ဖန်ဝူအန်က ကျန်ကွမ်လင်ကို ရန်လိုစွာ စိုက်ကြည့်လိုက်သည်။

“ဘာလဲ။ ငါနဲ့ တိုက်ချင်လို့လား”

ပါရမီရှင်တစ်ယောက်အနေနဲ့ ကျန်ကွမ်လင်လည်း မာနရှိသည်။

“ဆရာကျန် စိတ်ပါရင် ဒီတိုက်ပွဲပြီးရင် ငါတို့တိုက်ကြမလား ”

ဖန်ဝူဂျီက ကျန်ကွမ်လင်ကို ကြည့်လိုက်သည်။ အရင်ကတည်းက ဒီလူအကြောင်း ကြားဖူးသည်။ ကျန်ဟန်ဖူရဲ့ အချစ်ဆုံးသား ဖြစ်သည်။ စွမ်းရည်လည်း တော်တော်လေးကောင်းသည်။

"ဆရာဖန်၊ မရီဒန်အကယ်ဒမီက ဆရာနဲ့ကျောင်းသားတွေ တိုက်ခိုက်ဖို့ကလွဲရင် ဘာမှမသိတော့ဘူးလား"

ကျန်ကွမ်လင် လှောင်ရယ်ရင်း ပြန်ပြောလိုက်သည်။ ဒီလိုအချိန်တွင် ရန်သူ စခန်းမှာဖြစ်ပေမယ့် သူ့ကိုယ်သူ ပြိုင်ဘက်ကင်းသလို

ခံစားရသည်။ ဒီအမှိုက်တွေအားလုံးကို ကျေကျေနပ်နပ် ပညာပေးလိုက်ချင်သည်။

"အချိန်ဖြုန်းမနေနဲ့ အသားကင်တွေ တူးကုန်မယ်။ ဖိန်တောင်၊ တန်လူ မင်းတို့တွေ စလို့ရပြီ"

ဖန်ဝူဂျီက တိုက်တွန်းလိုက်သည်။

"တန်လူ ၊ ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၄) ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ။"

"ဖိန်တောင် ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၄) ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

တစ်ယောက်နဲ့ တစ်ယောက် တိုက်မည့်အကြောင်း ပြောပြီးနောက် ကျန်ကွမ်လင် ပါးစပ်ပိတ်လိုက်သည်။

"နေပါအုံး"

ကျန်ကွမ်လင် နားမလည်နိုင် ဖြစ်နေသည်။

"တန်လူ၊ မင်းရဲ့ ငွေလုံဘယ်မှာလဲ၊ ဘာလို့ ဓါးတို သုံးနေရတာလဲ"

အရင်က ကျန်ကွမ်လင်သည် တန်လူအား တပြည့်အဖြစ်ခေါ်ချင်တဲ့ စိတ်ရှိခဲ့သည်။ ဒါကြောင့် သူ့အကြောင်း စုံစမ်းခဲ့သည်။ တန်လူ၏

မျိုးနွယ်တွင် အရမ်းအစွမ်းထက်တဲ့ လှံကျင့်စဉ် တစ်ခု ရှိသည်။

"ဆရာကျန်၊ ကျွန်တော်က ဓါးပဲ သုံးမှာ"

တန်လူက ပြုံးပြီး ဖိန်တောင်အား တိုက်ခိုက်လိုက်သည်။

"မင်း...."

ကျန်ကွမ်လင် အံ့အောသွားသည်။

ရွှတ်စ်

ဖီန်တောင်နှင့် တန်လူတို့ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်လိုက်ကြသည်။ နှစ်ယောက်စလုံး ဓါးများဆွဲထုတ်ပြီး ခုတ်ထစ်လိုက်ကြသည်။

ချွင်

ဓါးနှစ်ချောင်း ထိမိပြီး သတ္တုခြင်း ထိတဲ့ အသံထွက်လာသည်။

"အမ်"

ဖီန်တောင် အံ့အောသွားသည်။ နောက်တစ်ကြိမ် လျှင်မြန်စွာ ခုတ်ချလိုက်သည်။ သို့သော်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြိမ်တိုင်းတွင် ပြိုင်ဘက်၏ အဖိအနှိပ် ခံနေရသည်။

ချွင် ချွင် ချွင်

ဓါးနှစ်ချောင်း အဆက်မပြတ် တိုက်မိနေပြီး မီးပွားထွက်နေသည်။ တိုက်ပွဲထဲတွင် သူတို့နှစ်ယောက်စလုံး လျှင်မြန်စွာ တိုက်ခိုက်နေကြပြီး ရုတ်တရတ် အရှိန်က အထွဋ်အထိပ်သို့ ရောက်သွားသည်။

ဝိုင်းကြည့်နေတဲ့ ကျောင်းသားများသည် လှုပ်ရှားနေတဲ့ အရိပ်များသာ မြင်နေရသည်။

“အမ်”

လီဘိုတောင် အံ့အောသွားသည်။ တန်လူသည် အရင်တခေါက်လို ဖိနှိပ် မခံနေရတာ တွေ့လိုက်သည်။ အဲဒီအစား သူ ကောင်းကောင်းတိုက်ပွဲ ဝင်နေသည်။ ဘာတွေ ဖြစ်နေတာလဲ။

ပတ်ဝန်းကျင်တွင်လည်း ရုတ်တရက် ဆွေးနွေးသံများ ထွက်ပေါ်လာသည်။ ဖန်ဝူအန်၏ မျက်ခုံး တော်တော် တွန့်သွားသည်။

“သူက လက်နက်တစ်ခုပဲ ပြောင်းခဲ့တာလေ။ ဘာကြောင့် ကြီးကြီးကျယ်ကျယ် တိုးတက်လာရတာလဲ”

“ သူ့နှလုံးသားထဲက အထုံးဖြည်သွားပြီ။ သူ့ပုံစံကိုကြည့်လိုက်အုံး။ တိုက်ပွဲထဲမှာ ပျော်မွေ့နေပြီး အနိုင်တွေ အရှုံးတွေ မစဉ်းစားတော့ဘူး”

ဖန်ဝူဂျီက ရှင်းပြသည်။

အခုအချိန်တွင် တန်လူသည် သူ့လက်ထဲက ဓါးတိုလေးအား ချစ်သူရဲ့ လက်ကိုင်ထားသလို

ခံစားရပြီး ကြည့်နူးနေသည်။ သူဘာပဲလုပ်လုပ် ပြည့်စုံစွာ လုပ်နိုင်ခဲ့သည်။

အရင်တုန်းက လှံရှည်ကို အသုံးပြုတဲ့အချိန်တွင် တစ်ခုခု အမြဲတမ်း လိုအပ်နေသည်။ တစ်ခါမှ အဆင်မပြေခဲ့ပါ။ ရှိသမျှထုတ်သုံးရင်တောင် တစ်ခုခု လွဲချော်နေသေးသည်။ အခုတော့ သူလှုပ်ရှားချင်သလို လှုပ်ရှားနိုင်နေသည်။

“ငါပိုမြန် နိုင်သေးတယ်”

တန်လူရဲ့ ယုံကြည်မှု မြင့်တက်လာပြီး လှုပ်ရှားမှုလည်း ချောမွေ့လာသည်။ သူ့ရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကွက်လှုပ်ရှားမှုက ထင်ထားသလောက် မကျွမ်းကျင်သေးပေမယ့် ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၄)က လူနှစ်ယောက်ရဲ့ တိုက်ပွဲမှာ ဘယ်လောက်အထိ အဆင့်မြှင့်ဖို့ လိုအပ်လို့လဲ။

စိတ်အားထက်သန်မှု၊ ဆန္ဒနှင့် စိတ်သဘောထား၊ သူတို့ သင်ယူခဲ့သမျှရဲ့ ဧဝရာခိုင်နှုန်း ထုတ်သုံးနိုင်ရင် အနိုင်ရဖို့ သေချာနေပြီး ခန္ဓာကိုယ်ကိုလည်း အကောင်းဆုံး အသုံးချနိုင်မည်။

“တခေါက်ရှုံးနိမ့်ထားတဲ့လူကို ရှုံးဖို့ မဖြစ်နိုင်ဘူး”

ဖီန်တောင် ပေါက်ကွဲစွာ အော်ဟစ်လိုက်ပြီး သူ့ရဲ့ အကောင်းဆုံး လျှို့ဝှက်အကွက်ကို ထုတ်သုံးလိုက်သည်။

စာစဉ်(၁၇)

အခန်း(၂၄၁) - ပေါ်တင် လူခေါ်ခြင်း။

သေခြင်းဓါးသွား ...

ဝူရှ်....

ဗီန်တောင်၏လက်ထဲမှာ ဓါးသည် လျှင်မြန်ခြင်းမှ တည်ငြိမ်ခြင်း အဖြစ်သို့ ပြောင်းလဲသွားသည်။ ကြောက်မက်ဖွယ်ရာ အေးစက်မှုတစ်ခုကို

ထုတ်လွှင့်နေသည်။ ခြေလှမ်း လှမ်းနေတာ ရပ်လိုက်ပြီး တောင်တစ်လုံးလို တည်ငြိမ်နေသည်။ သူ့ပုံစံက သချိုင်းက လေးဘက်တွားထွက်လာတဲ့ အလောင်းကောင်တစ်ခုနဲ့ တူနေသည်။

“စိတ်ဝင်စားစရာပဲ”

တန်လူ၏ မျက်လုံးအရောင် တောက်လာသည်။ ဒီလိုမျိုး ဓါးပညာကို အရမ်းမြင်ချင်နေပြီး သတိမထားလိုက်မိဘဲ စိတ်တောင် ပိုလှုပ်ရှားလာသည်။

တန်လူသည် မြေပေါ်သို့ ခြေတစ်ချက် ဆောင့်ကာ တိုက်ခိုက်မလို့ ခုန်ထွက်သွားသည်။

"တောက်"

ဖီန်တောင် ကျိန်ဆဲလိုက်ပြီး ခါးနဲ့ အမြန်ကာကွယ်လိုက် ရသည်။

ချွင်

ကြီးမားတဲ့ စွမ်းအားကြောင့် လက်တောင် ထုံကျင်သွားသည်။ သူ့ ကိုယ်ပိုင်သိုင်းကွက်ရဲ့ အကျိုးအမြတ်ကို စတင်ခံစားလာရသည်။

ဖီန်တောင်၏ အကောင်းဆုံး တိုက်ကွက်သည် လှည့်ကွက်တွေ များလှသည်။ သူရဲ့ ပုံမှန်တိုက်ခိုက်တဲ့ ပုံစံသည် မုန်တိုင်းတစ်ခု ဒါမှမဟုတ် ပြင်းထန်စွာ တောက်လောင်နေသော မီးတောက် တစ်ခုနဲ့

တူသည်။ သို့သော် တည်ငြိမ်တဲ့ ပုံစံကို ပြောင်းလိုက်လျှင် ရန်သူရဲ့ နောက်ဆက်တွဲ တိုက်ခိုက်မှုတွေကို သတိထားပြီး ကာကွယ်မည့် ပုံစံ ပြောင်းသွားကြသည်။

ဒီလို ဖြစ်သွားတာနဲ့ ဖီန်တောင်သည် ပြိုင်ဘက် ဘာမှ မလှုပ်ရှားရသေးခင် ချက်ခြင်း ပြန်တိုက်ခိုက်ပြီး နောက်ဆုံး ပွဲသိမ်းတိုက်ကွက်ကို လုပ်ဆောင်လေ့ရှိသည်။ အဲ့အချက်ကနေ ပြိုင်ဘက်ကို အနိုင်ယူနိုင်သည်။ ဒီလူက သူခန့်မှန်းထားတဲ့ လမ်းကြောင်းအတိုင်း လိုက်မလုပ်ခဲ့ပါ။ အဲ့အစား သူက အဆက်မပြတ် တိုက်ခိုက်လာသည်။

ဖိန်တောင်သည် ခံစစ်အနေအထားသို့ ရောက်သွားပြီး ဖိနှိပ်ခံနေရသည်။ သူ့ကိုယ်သူ အသာရအောင်လုပ်ရင်း ငတုံးတစ်ယောက် ဖြစ်သွားသည်။

“ဘာဖြစ်တာလဲ။ ဒီကောင်ဘာလို့ ရုတ်တရက် သန်မာလာရတာလဲ”

“အဆင့်ကတော့ ပြီးခဲ့တဲ့ ရက်ပိုင်းက အတိုင်းပဲ”

“လက်နက် ပြောင်းထားတဲ့ ပုံပဲ”

"လက်နက်ပြောင်းလိုက်တယ် ဆိုပေမယ့် ဒီလောက်အထိ ကြီးကြီး ကျယ်ကျယ် မတိုးတက်လာသင့်ဘူးလေ"

မရီဒန်အကယ်ဒမီက ကျောင်းသားများ အရမ်းအံ့အားသင့် နေကြသည်။

သူတို့ပဲ မဟုတ်ပါ။ ကျန်ကွမ်လင်လည်း အံ့အောနေသည်။ တန်လူ မိသားစုရဲ့ အကောင်းဆုံး ကျင့်စဉ်က လုံကျင့်စဉ် မဟုတ်ဘူးလား။ အဲဒီအစား ဓါးကိုင်လိုက်တာ ဘာကြောင့် ပိုသန်မာလာရတာလဲ။ ပတ်ဝန်းကျင်က ဆူညံပွက်လောက်ရိုက်အောင် ဆွေးနွေးနေတဲ့အသံ ကြားလိုက်လျှင် ဖီန်တောင် ပိုပြီး မတည်မငြိမ်

ဖြစ်လာသည်။ သူ့ရှုံ့နိမ့်တာ ဖန်ဝူဂျီ မြင်သွားမှာ ပိုစိုးရိမ်လာပြီး တုန်လှုပ်ခြောက်ခြားနေသည်။ တဖြည်းဖြည်းနဲ့ ဒဏ်ရာတွေ ရလာသည်။

လောင်မီး တိမ်တိုက်။

ဝူရှ် ဝူရှ် ဝူရှ်

သူ့ရဲ့ ဓါးချက်သည် လျှင်မြန်လှပြီး ပုံရိပ်အလွှာများကို ဖန်တီးလိုက်သည်။ သူတို့သည် ညနေခင်းတွင် ကောင်းကင်ယံ၌ ပျံ့နှံ့နေသော မီးခိုးတိမ်တိုက်တစ်ခုလို နေကိုဖုံးလွှမ်းကာ လက်ကို လွှမ်းခြုံထားသည်။

တန်လူရဲ့ တိုက်ခိုက်မှုသည် နိဂုံးချုပ်သွားသည်။

"ဆက်လုပ်ထား အကိုဖီန်၊ သူ့ကိုသတ်"

"ဘယ်တော့မှ မရှုံးနိမ့်နိုင်တဲ့ မရီဒန်အကကယ်ဒမီကွ"

ဖီန်တောင် ပေါက်ကွဲထွက်နေတာ မြင်လိုက်လျှင် ကျောင်းသားများ စိတ်လှုပ်ရှားစွာ အားပေးနေကြသည်။

"ကောင်းပြီ"

ဖန်ဝူအန် အော်ဟစ်အားပေးနေသည်။

"ဖီန်တောင် ရှုံးအောင် ရိုက်ပစ်ကွာ"

ဖန်ဝူဂျီသည် တန်လူ၏ ဒဏ်ရာများ၊ စုတ်ပြဲနေသော ယူနီဖောင်းနှင့် သွေးများထွက်နေတာ မြင်လိုက်လျှင် သက်ပြင်းချလိုက်မိသည်။

ဗဟိုပြည်နယ် အကယ်ဒမီကနေ နောက်ထပ် တိုက်ခိုက်ရေး ပါရမီရှင်တစ်ယောက် ထွက်ပေါ်လာပြန်ပြီ။

ဗီန်တောင်၏ ဓါးနည်းစနစ်က မဆိုးသော်လည်း သူက ဓါးကို မကြိုက်ပါ။ သူ့အတွက် အဆင်ပြေလို့သာ သုံးနေခြင်း ဖြစ်သည်။ တန်လူသည် သူ့လက်ထဲမှ ဓါးကို နှစ်သက်နေတဲ့အချိန်တွင် သူက လက်နက်တစ်ခုလိုသာ သဘောထားနေသည်။ ဒါက

လမ်းဘေးပန်းပဲဖိုတွင် ငွေ ၁၀၀ လောက်ပေးပြီး ဝယ်လို့ရသော ဓါးတိုတစ်ချောင်းသာ ဖြစ်သည်။

"အရမ်း စိုးရိမ်နေပြီ ၊ အင်း"

ကျန်ကွမ်လင်သည် တိုက်ပွဲကိုကြည့်ပြီး စိတ်မကောင်း ဖြစ်နေသည်။ ဖိန်တောင်သည် တိုက်ပွဲ အလှည့်အပြောင်းတွင် စိတ်လှုပ်ရှားခဲ့သော်လည်း တန်ဖိုးအရှိဆုံးအချိန်တွင် အကောင်းဆုံး အကွက်ကို ထုတ်သုံးနိုင်ခဲ့သည်။ တန်လူသာ အခွင့်အရေးဆုပ်ကိုင်နိုင်ရင် ပြန်ပြီး တိုက်ခိုက်နိုင်လိမ့်မည်။ သို့သော်လည်း အရင်တခါလိုပဲ ဖိနှိပ်ခံရမယ်လို့ ကျန်ကွမ်လင် ထင်နေသည်။

"သူထပ်ပြီး ရှုံးတော့မှာပဲ မဟုတ်လား"

လီဘိုနှင့်အဖွဲ့သည် မျက်နှာပျက်နေကြသည်။

"ငါလဲ အဲဒီလို ခံစားနေရတယ်"

ဖီန်တောင်သည် ယုံကြည်မှု ပြန်ရှိလာသည်။ ရုတ်တရက် ဓါးခုတ်ချက်တစ်ခုက တန်လူရဲ့ ညာဘက်ကို အလျားလိုက် ဖြတ်ဝင်လာသည်။

ဝူရှ်

ဓါးအရိပ်တစ်ခု ဖြတ်သွားသည်။

"ဆိုးလိုက်တာ"

တန်လူ မျက်နှာအမူအရာ ပြောင်းသွားပြီ လက်ကို အလိုလို ပြန်ဆွဲထုတ်လိုက်သည်။

ဒါကိုမြင်လိုက်တော့ ဖီန်တောင် စိတ်ချသွားသည်။ သူ့နှုတ်ခမ်းပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။

တန်လူက ခုခံရန်အတွက် လက်ကို မြှောက်လိုက်သည်။

"ဟားဟား၊ အရင်တစ်ခေါက်လို အမှားလုပ်ပြန်ပြီ။ ဘာကြောင့်..."

ဖီန်တောင်သည် ကျယ်လောင်စွာ ရယ်မောကာ ရုတ်တရက် အကွက်ပြောင်းလိုက်သည်။ ရုတ်တရက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လှန်ချပြီး တန်လူရဲ့ ခြေကျင်းဝတ်ကို ညာခြေထောက်နဲ့ ပြင်းထန်စွာ ကန်လိုက်သည်။

ဖီန်တောင်က 'မင်းဘာလို့ သင်ခန်းစာ မယူသေးတာလဲ' ပြောမလို့ လုပ်လိုက်သည်။ ဒါပေမယ့် မပြောရသေးခင် မျက်နှာ အေးခဲသွားသည်။ ဓါးတိုလေးသည် မြေပေါ်ကို ရောက်သွားတာနဲ့ တန်လူက ချက်ခြင်းကောက်ကိုင်ပြီး ခုတ်ချလိုက်သည်။

ဝူရှိ

ခါးတိုက ဖိန်တောင်၏ ညာခြေကို ထိပြီး ချက်ခြင်း သွေးများထွက်လာသည်။ ခြေချောင်း နှစ်ချောင်း ပျက်ထွက်သွားခဲ့သည်။

“အား”

ဖိန်တောင် နာကျင်စွာ အော်ဟစ်လိုက်သည်။ သူ့ရဲ့ အသည်းကို မှင်စာတစ်ကောင် ထိုးဖောက်သလို နာကျင်လှသည်။ နာကျင်မှုကြောင့် အကွက်လည်း ပျက်သွားသည်။ ဘုန်းကနဲ မြေပေါ်လဲ ကျသွားသည်။

ဘောင်း

ဖုန်မှုန့်များ လွင့်စင်လာပြီး စခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။

“သူ တကယ်နိုင်သွားတာလား”

လီဘို အရမ်းအံ့အောသွားသည်။ ရက်အနည်းငယ်အတွင်း တန်လူ ဘယ်လို သန်မာလာသလဲဆိုတာ သူနားမလည်ပါ။ ဆရာကျန်ဆီမှာ အဖြေရှိမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ လှမ်းကြည့်လိုက်သည်။

သို့သော် ကျန်ကွမ်လင်က သူ့ထက်တောင် အံ့အောနေသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတစ်ယောက် ဘယ်လို တိုးတက်လာလဲ မသိခြင်းသည် ဆရာတစ်ယောက်အတွက် ထိုးနှက်ချက် ကြီးမားလွန်းသည်။

"သူရှုံးသွားတာလား"

ခဏလောက်ကြာပြီးနောက် ဖန်ဝူအန် ဒေါသ အချောင်းချောင်း ထွက်ကာ ဆူပူကြိမ်းမောင်းမလို့ လုပ်လိုက်သည်။

"မင်းရဲ့ပုံစံကို ပြင်စမ်း"

ဖန်ဝူဂျီက ကြုံပြီး တားလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နဖူးအရှေ့တွင် ခါးတိုလေးတစ်ချောင်း ရပ်တန့်နေသဖြင့် ဖီနိတောင်၏ အောင်သံလည်း တိတ်သွားသည်။ အေးစက်သော ချွေးများ ထွက်နေပြီး တစ်ကိုယ်လုံး စိုရွှဲနေသည်။

"တိုက်ပွဲအတွက် ကျေးဇူးတင်ပါတယ်"

သူက တိုက်ပွဲကို အနိုင်ရပြီးနောက် စိတ်ကြီးဝင်ခြင်း မရှိသလို စိတ်လှုပ်ရှားခြင်းလည်း မရှိပါ။ ဒီစကား ပြောပြီးနောက် တန်လူ လှည့်ထွက်သွားသည်။ အနိုင်ရခဲ့တဲ့ လောင်းကြေးတောင် ယူဖို့ စိတ်မဝင်စားပါ။

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ"

ဖီန်တောင်က ထိတ်လန့်နေတဲ့ အကြည့်နဲ့ ဖန်ဝူဂျီဆီ ကြည့်လိုက်သည်။

"မင်းအာရုံ မစိုက်မိလို့ပဲ။ မင်းက အရမ်းကျေနပ်ပြီး တိုက်ပွဲအကြောင်း အများကြီး စဉ်းစားနေတဲ့အချိန်မှာ သူက ဓါးသုံးရတာကို ပျော်နေတယ်"

ဖန်ဝူဂျီက ထောက်ပြလိုက်သည်။

"ပြီးတော့မင်းက အနိုင်ရပြီးနောက် ပေါ့ဆလာတယ်။ လုံးဝကို မစဉ်းစားသလောက်ပဲ။ တဖက်လူက အဲဒီလို မဟုတ်ဘူး။

ဒီလိုအခြေအနေကြုံလာရင် ဘယ်လိုလုပ်မလဲဆိုတာ ရှင်းရှင်းလင်းလင်း တွေးထားတယ်။”

ဖန်ဝူဂျီသည် ဖိန်တောင် ရှုံးခြင်း ဒါမှမဟုတ် ကျောင်း အရှက်ရခြင်းအတွက် နှိမ်ချ အပြစ်တင်ခြင်း မလုပ်ပါ။ လမ်းလျှောက်ပြီး ခြေချောင်းလေးတွေ ကောက်ယူလိုက်သည်။

မရီဒန်အကယ်ဒမီက ဆရာဝန် ဆရာတစ်ဦးကို ဖိန်တောင်အား ကုသခိုင်းလိုက်သည်။

ကြည့်ရှုနေတဲ့ ကျောင်းသားများသည် တန်လူကို လှမ်းကြည့်လိုက်လျှင် တိုက်ပွဲထဲမှာ စျာန်ဝင်နေတာကို တွေ့လိုက်ရသည်။ သူက

ဓါးတိုကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားပြီး အဝေးကြီး လှမ်းကြည့်နေသည်။

“အရေးအကြီးဆုံးက လက်နက်ပြောင်းပြီးနောက် သူ့ အလားအလာရဲ့ ၃၀၀ ရာခိုင်နှုန်း (သုံးဆ) သုံးစွဲနိုင်တာပဲ”

ဖန်ဝူအန်သည် ဒီလိုလူများကို အရမ်းအားကျသည်။ လူအများစုသည် လက်နက်ကို ကျွမ်းကျင်ကြသော်လည်း ခြေတွေ လက်တွေကဲ့သို့ မချစ်တတ်ကြပါ။ သို့သော် တန်လူက လက်နက်နဲ့ တသားတည်း ဖြစ်နေသည်။

ဒါက ဆန်းကြယ်ပြီး လေးနက်လွန်းကာ လူတစ်ယောက် အိပ်ယာပြောင်းအိပ်ရင် အိပ်ရေး ပျက်သလိုပါပဲ။ ဒီလို ခံစားချက်တွေက တကယ်ရှိသည်။ ကျန်ကွမ်လင် မဲ့သွားသည်။ သူလည်း ဒါကိုတွေးမိပေမယ့် အန်ဝူဂျီက သူ့ထက် အရင်ပြောလိုက်သဖြင့် စိတ်ပျက်သွားသည်။ စဉ်းစားမှုနှေးတဲ့ ကျန်ကွမ်လင်ကို အပြစ်မတင်သင့်ပါ။ တန်လူ၏ မိသားစု အမွေခံကျင့်စဉ်က လုံကျင့်စဉ် ဖြစ်နေမှန်း သူက သိနေသည်။ ဒါကြောင့် မြတ်ဆရာတစ်ယောက်တောင် တန်လူကို လွယ်လွယ်နှင့် လက်နက်ပြောင်းခွင့် ပေးလိမ့်မည် မဟုတ်ပါ။

"မိသားစု အမွေခံ အန္တိမ ကျင့်စဉ်' ဆိုတဲ့ စကားလုံးသည် အရာများစွာကို ကိုယ်စားပြုသည်။ အဲဒါတွေက အမွေအနှစ်၊ အကျိုးစီးပွားနှင့် ဂုဏ်ကျက်သရေတွေ ပါဝင်သည်။

"ဒါပေမယ့် သူတကယ် အောင်မြင်မယ်လို့ ဘယ်သူက ထင်မှာလဲ။ သူက ဘယ်လို ကျင့်ကြံရမလဲဆိုတာ ကောင်းကောင်း သိနေတယ်"

ကျန်ကွမ်လင် ရုတ်တရုတ် အံ့အောပြီး ဝမ်းသာသွားသည်။ တန်လူသည် ခေါင်းကို အဝေးသို့ လွှင့်ပစ်ပြီး မျက်နှာက ထိတ်လန့် အံ့အောနေသည်။ ငါသေချာပေါက် လုပ်ရမယ် (ဟားဟား ၊ ငါ့ရဲ့ သုံးသပ်ချက်က တကယ်

မှန်တယ်။ ဒီကျောင်းသားက တပြည့်အဖြစ်ခေါ်ဖို့ တကယ် ထိုက်တန်တယ်။)

"ကျောင်းသား တန်လူ"

ဖန်ဝူဂျီက တန်လူ လှည့်မကြည့်မခြင်း သုံးကြိမ်လောက် စိုးရိမ်စွာ ခေါ်လိုက်သည်။

"ဘာဖြစ်လို့လဲ၊ တိုက်ပွဲ ရှိသေးလို့လား"

တန်လူ ဒီစကားပြောပြီးနောက် မရီဒန်အကယ်ဒမီမှ ကျောင်းသားများ ချက်ခြင်းပေါက်ကွဲသွားသည်။

(မင်းဘယ်သူနဲ့ ပြောနေလဲဆိုတာ ကြည့်လိုက်စမ်း၊ ဘယ်လောက်တောင် ဘဝင်မြင့်နေတာလဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထူးချွန်တဲ့ ကျောင်းသားနှစ်ယောက် မတ်တတ်ရပ်ပြီး တန်လူကို စိန်ခေါ်မလို့ လုပ်နေတဲ့ အချိန်မှာပဲ ဖန်ဝူဂျီက ပြောလိုက်သည်။

"ကျောင်းသား တန်လူ၊ ဒါက မင်းအတွက် ဂုဏ်ယူစရာပါပဲ၊ မင်းမှာ ဆရာရှိနေပြီလား"

ဖန်ဝူဂျီ ဒီစကားပြောလိုက်ပြီးနောက် လူတိုင်းဆီက အံ့အောသင့်တဲ့ အာမေဒိတ် အသံများ ထွက်လာသည်။ (ဒါက မဖြစ်နိုင်ပါဘူး။ ဆရာဖန်က ဒီကောင်ကို သဘောကျသွားပြီလား)

ကျန်ကွမ်လင်လည်း စိုးရိမ်နေသည်။

"မရှိသေးပါဘူး"

တန်လူက ခေါင်းခါလိုက်သည်

“ဒါဆို ကျောင်းသား တန်လူ မရီဒန်အကယ်ဒမီကို လာချင်လား”

ဖန်ဝူဂျီက ဖိတ်ကြားချက် တစ်ခု လုပ်လိုက်သည်။

ဒါကို ကြားလျှင် မရီဒန်အကယ်ဒမီက ကျောင်းသားတွေ အားကျပြီး တချိန်တည်းမှာပဲ သက်ပြင်းချလိုက်သည်။ ဆရာဖန်က ကျောင်းကိုပဲ ခေါ်ယူချင်ပြီး သူ့လက်အောက် မှာ မထားတာကိုပဲ ကျေးဇူးတင်ရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ကွမ်လင်က ချက်ခြင်း ဝင်ပြင်းလိုက်ပြီး တန်လူအား စည်းရုံးဖို့ ကြံစည်လိုက်သည်။

တန်လူက ဆွန်းမိုကို တွေးလိုက်သည်။ (ငါ မရီဒန်အကယ်ဒမီကို သွားလိုက်လျှင် ဆရာဆွန်းကို ဘယ်လို ဆရာတင်ရတော့မှာလဲ။ ဖီနိတောင်ကို အနိုင်ရခဲ့တဲ့ အကြောင်း ဘယ်လို ပြောရမှာလဲ။”

(ငါသာ ဒီလိုလုပ်လိုက်ရင် စိတ်တည်ငြိမ်တော့မှာ မဟုတ်ဘူး)

ဒင်

တန်လူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ကြည်ညို (၁,၅၀၀/၁၀,၀၀၀)

ဒွိပဟာဖြစ်နေသော တန်လူသည် နောက်တစ်ကြိမ် လမ်းလျှောက်သွားပြန်သည်။

“ တန်လူ မင်းရဲ့ ဆုကို ယူဖို့ မေ့သွားပြီ”

လီဘိုက လှမ်းပြီး သတိပေးလိုက်သည်။

“ကိစ္စ မရှိဘူး”

တန်လူ မျိုးနွယ်က ချမ်းသာပြီး ဒီလို အရာမျိုး မရှားပါ။ အခုချိန်မှာ ဆွန်းမိုရဲ့ တပြည့်တစ်ယောက် ဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာနဲ့ ပက်သက်ပြီး ပိုစိုးရိမ်နေသည်။

“အဟန့် အဟန့်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာသရိကိန်း)

ကျန်ကွမ်လင် ချောင်းဟန့်လိုက်သည်။ ကျောင်းသားတစ်ဦးကို သူ့ဘက်က စပြီး ခေါ်ယူလိုက်လျှင် သူကပဲ ကျောင်းသားချို့တဲ့နေသလို ဖြစ်သွားမည်။ ဒါ့ကြောင့် တန်လူကို အသိပေးတဲ့အနေနဲ့ ချောင်းနှစ်ချက် အကြွယ်ကြီး ဟန့်လိုက်သည်။

တဖက်လူက ဘာမှ မတုံ့ပြန်ပါ။

"အဟွန့် အဟွတ်"

ကျန်ကွမ်လင်က ပိုကျယ်အောင် ချောင်းဟန့်လိုက်သည်။

"ဆရာ နေမကောင်းဘူးလား"

လီဘိုက မေးလိုက်သည်။ ကျန်ကွမ်လင်သည် ကြယ်တစ်ပွင့် မြတ်ဆရာ ဖြစ်သဖြင့် လီဘို အေးစက်စက် မနေရဲပါ။

"လည်ချောင်း နည်းနည်း နာနေတယ်"

ထိုစကား ပြောပြီးနောက် တန်လူကို ရပ်စောင့်ရန် စိတ်အားထက်သန်စွာ ဆုံးဖြတ်လိုက်သည်။ ဒီလိုမှ မဟုတ်ရင် တန်လူ စခန်းပြန်ရောက်ပြီး ဖိန်တောင်ကို အနိုင်ရတဲ့ သတင်း လူသိများလာလျှင် သူ့ကို ခေါ်ချင်တဲ့ ဆရာတွေ ပိုများလာမည်။

သူက ကူရှုပ်ရှင်းလိုမျိုး ဆရာအသစ်များ ဒါမှမဟုတ် ကြယ်တစ်ပွင့် ဆရာများဖြစ်တဲ့ ဒူရှောင်ကိုတောင် မကြောက်ပါ။ သို့သော် ပိုင်ရန်လီ ၊ ဂျိမဲဂျဲ တို့နဲ့ ဆုံလိုက်လျှင် အခွင့်အရေးတောင် ရမှာမဟုတ်ပါ။

“ဒီလို မဖြစ်ရဘူး။ ဒီလိုမျိုး မျိုးစေ့ကောင်းလေးကို အဆုံးရှုံး မခံနိုင်ဘူး။”

ကျန်ကွမ်လင်က ခြေလှမ်းကို အရှိန်မြှင့်လိုက်ပြီး တန်လူကို မှီအောင် လိုက်သွားသည်။

“တန်လူ မင်းရဲ့ လုပ်ဆောင်ချက် အရမ်းကောင်းတယ်”

“ချီးကျူးတာကို ကျေးဇူးတင်ပါတယ်၊ ဆရာ” တန်လူက ပြုံးရင်း ပြန်ဖြေလိုက်သည်။ (ချီးကျူးခံရတဲ့ ခံစားချက်က အရမ်းကောင်းသည်။။ ချီးမွမ်းတဲ့လူက ဆရာဆွန်းဆိုရင် ပိုတောင် ကောင်းအုံးမည်။ အင်း ဖီန်တောင်ကို အနိုင်ယူလိုက်တာ ဆရာဆွန်း မမြင်ခဲ့တာ စိတ်မကောင်း စရာပဲ”

“တန်လူ မင်းဘာတွေ တွေးနေတာလဲ။ ဆရာကမင်းနဲ့ စကားပြောနေတယ်လေ”

လီဘို လက်မောင်းကို လှမ်းပုတ်ရင်း သတိပေးလိုက်သည်။ (ဆရာကျန်က မင်းကို

စကားပြောနေတယ်လေ။ ဘာတွေ အာရုံပြန့်နေတာလဲ)

"တန်လူ ငါမင်းကို သဘောကျတယ်။ ငါ့တပြည့် ဖြစ်ချင်လား"

ကျန်ကွမ်လင်က တန်လူ၏ မျက်လုံးကို စိုက်ကြည့်ကာ ဖော်ရွေတဲ့ အပြုံးတစ်ခု ပြုံးပြလိုက်သည်။

စာစဉ်(၁၇)

အခန်း(၂၄၂) - ဆရာဆွန်း ကျေးဇူးပြုပြီး တပြည့်အဖြစ် လက်ခံပေးပါ။

လီဘိုနှင့်တခြားသူများသည် ချက်ခြင်းဆိုသလို အားကျတဲ့ အမူအရာ ပေါ်လာသည်။ ဒါက ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ရဲ့ ခေါ်ယူခြင်း ဖြစ်သည်။ ဒီနေ့ကစပြီး တန်လူရဲ့ အနာဂတ်သည် ချောမွေ့နေ လိမ့်မည်။

"ဘယ်လောက်ပဲ အခြေအနေ ဆိုးနေပါစေ လက်လွှတ် မခံသင့်ဘူး"

လီဘို ခံစားချက် ဖြစ်နေသည်။

လွန်ခဲ့သော ရက်အနည်းငယ်က တန်လူသည် ဖီနိတောင် ရှုံးနိမ့်ပြီးနောက် ခြေကျင်းဝတ် ပြင်းထန်စွာ ဒဏ်ရာရပြီး တိုက်ပွဲ ပြီးဆုံးသွားခဲ့သည်။ သူ့လိုသာ

ဒဏ်ရာရရင် လူတိုင်းအတွက် ပြီးသွားပြီလို့ ပြောလို့ရသည်။ တော်ရုံတန်ရုံဆိုရင် သာမန် ဘဝတစ်ခုနဲ့သာ ဖြတ်သန်း ရလိမ့်မည်။ သို့သော် သူက အရှုံးမပေးဘဲ အမြန်ပြန်ထနိုင်ခဲ့သည်။

တန်လူက အံ့အောသော ပုံစံနဲ့ ကျန်ကွမ်လင်ကို ကြည့်နေသည်။

“မင်းရဲ့ လုပ်ဆောင်ချက်က အရမ်းကောင်းတယ်။ အထူးသဖြင့် ဒီလို အခက်ခဲနဲ့ ထိပ်တိုက်ကြုံတွေ့ရတာတောင် မင်းရဲ့ အရည်အချင်းကို ဖော်ပြနိုင်သေးတယ် ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ကွမ်လင်က ချီးကျူးလိုက်သည်။ ဒီလိုစရိုက်လက္ခဏာကြောင့် တန်လူသည် အနာဂတ်တွင် ကြီးမားသော အောင်မြင်မှုကို ကျိန်းသေပေါက် ရလိမ့်မည်။

“ဆရာကျန် မင်းငါ့ကို အရမ်းချီးကျူးနေပြီ”

တန်လူက ကို့ကိုယ်ကို လှောင်ပြုံးပြုံးလိုက်မိသည်.

(တကယ်တော့ငါ့မှာ ပြင်းပြတဲ့ စိတ်ဆန္ဒ မရှိဘူး။ ရှုံးသွားပြီးတဲ့နောက်မှာ ကမ္ဘာတစ်ခုလုံး ပျက်ဆီးသွားသလို ခံစားနေရတယ်။ ဆွန်းမိုသာ သူ့ရဲ့အတွေးကို ပြောင်းလဲသွားအောင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လမ်းမညွှန်ပေးခဲ့ရင် အိပ်ရာထဲမှာ လှဲလောင်းနေပြီး ပုတ်ပွတဲ့အချိန်ကို စောင့်နေရလိမ့်မယ်။)

ဒါကိုတွေးမိပြီး ဆွန်းမိုအပေါ်ထားတဲ့ သူ့ရဲ့ ကျေးဇူးတင်စိတ်က ပိုကြီးမားလာသည်။

ဒင်

တန်လူ၏ လေးစားအထင်ကြီးမှု +၁၀၀ ။ ကြည်ညို (၁,၆၀၁/၁၀,၀၀၀)

ကျန်ကွမ်လင်သည် ဘာမှပြန်မပြောဘဲ တန်လူ ဆရာတင်မယ့် အချိန်ကို စောင့်နေသည်။ နောက်ဆုံးတွင် သူသည် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ဘက်က

တပြည့်တစ်ယောက်အဖြစ် စုဆောင်းခြင်း ခံရတဲ့ အကျိုးကျေးဇူး ခံစားနေရသည်။

တန်လူသည် လျှာသပ်လိုက်ပြီး အနည်းငယ် တွေဝေသွားသည်။ သူက ဘာမှပြန်မပြောသဖြင့် လေထုက အနည်းငယ် တိတ်ဆိတ်သွားပြီး နေရထိုင်ရ ခက်သွားသည်။

"တန်လူ မင်းဘာတွေ လုပ်နေတာလဲ။ ငတုံးတစ်ယောက်လို လုပ်မနေနဲ့။ ဒီလို အခွင့်အရေးက အများကြီး မရှိနိုင်ဘူး။"

လီဘိုက တန်လူ့ရဲ့ လက်ကောက်ဝတ်ကို တိတ်တဆိတ် ဆွဲကိုင်ပြီး တိုးတိုးလေး သတိပေးလိုက်သည်။

(မင်းက စီနီယာ ဆရာတစ်ယောက်ရဲ့ စုဆောင်းခြင်း ခံရတာလေ။ ပြီးတော့ ကျန်ကွမ်လင်က ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ပါ။ သူ့ရဲ့အဖေကလည်း ဗဟိုပြည်နယ်အကယ်ဒမီက ဒုကျောင်းအုပ်တစ်ယောက်ပဲ၊ မင်းသာ သူ့ကို ဆရာအဖြစ် အသိအမှတ်ပြုလိုက်ရင် မင်းအနာဂတ်က တောက်ပလာလိမ့်မယ်)

တန်လူလည်း ဒါကို ကောင်းကောင်းနားလည်သည်။ သို့သော်လည်း

ဆွန်းမိုက သူ့စိတ်ထဲတွင် ဆက်ရှိနေသေးသည်။ မီးပုံဘေးမှာထိုင်ပြီး ဆွန်းမိုလမ်းညွှန်ခဲ့တဲ့ပုံက သူ့အာရုံထဲတွင် အရမ်းလွှမ်းမိုးနိုင် နေ တုန်းပါ။

တန်လူ အသက် ခပ်ပြင်းပြင်းရှူလိုက်ကာ ကျန်ကွမ်လင်ကို အရိုအသေ ပေးလိုက်သည်။

(ဒါက အဆင်ပြေသွားပြီ)

ကျန်ကွမ်လင် အရမ်းပျော်နေပြီး တန်လူကို ကူညီပေးချင်နေသည်။ သို့သော် တန်လူပြောလိုက်တဲ့ စကားကြောင့် အေးခဲသွားသည်။

“ဆရာကျန် ကျွန်တော်ကို အမြင့်ကြီး မြင်ပေးလို့ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်

အရမ်းစိတ်မကောင်းစွာ ပြောရမယ်ဆိုရင် ကျွန်တော့်မှာ စိတ်ထဲက သဘောကျပြီး ဆရာတင်ရမယ့် လူ ရှိနေပြီ”

တန်လူက ပြင်းလိုက်သည်။

လီဘိုနှင့် တခြားသူများသည် တန်လူ စကားစပြောတဲ့ အချိန်တွင် လက်ခုပ်တီးပြီး ဂုဏ်ပြုမလို့ စီစဉ်နေခဲ့ကြသည်။ သူတို့ အရှိန်ပြင်းပြင်းနဲ့ မောင်းနေတဲ့ မော်တော်ယာဉ်တစ်ခုပေါ်က ရှုခင်းကြည့်နေရသလို ဖြစ်သွားသည်။ ယာဉ်ပေါ်က ပြုတ်ကျရုံသာမက ဘီးပါ ကြွေသွားသလို ခံစားရသည်။

"ငါပဲ နားကြားမှားနေတာလား။"

"တန်လူက တကယ် ရည်မှန်းချက် ကြီးတာပဲ"

"ငါတော့ နားမလည်နိုင်သေးဘူး"

ကျောင်းသား အခြင်းခြင်း ပြောဆိုဆွေးနွေးနေကြသည်။ တကယ်သူတို့သာ ဒီလိုကြီးကျယ်တဲ့ စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ပါက ကြယ်သုံးပွင့်မြတ်ဆရာတစ်ယောက်အောက်သို့ ခိုလှုံကာ သူတို့ရဲ့ တိုက်ရိုက်တပြည့်ဖြစ်လာစေရန် စိတ်ကူယဉ်နေမိလိမ့်မည်။

ကျန်ကွမ်လင် မျက်နှာ အရုပ်ဆိုးသွားသည်။ သူ့လို ပါရမီရှင်တစ်ယောက်က အငြင်းခံရတာလား။

ဒါက တကယ် ရက်စက်လွန်းသည်။ သို့သော်လည်း တခြားကျောင်းသားများက စောင့်ကြည့်နေကြသဖြင့် ဒီထက်ပိုပြီး မျက်နှာပျက်နေလို့ မဖြစ်ပါ။ သူ့အဝေးကို ထွက်သွားချင်ပေမယ့် တန်လူ တိုက်ခိုက်ခဲ့တဲ့ တိုက်ပွဲအကြောင်း တွေးမိပြီး ဒီကျောင်းသားကို တကယ် သဘောကျနေသည်။ ဒါကြောင့် စည်းရုံးဖို့ ကြိုးစားပြန်သည်။

"တန်လူ၊ မင်းက ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်၊ ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက် လက်အောက်မှာ ခိုလှုံဖို့ ကြိုးစားနေရင် မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်မယ် အဲဒီမြတ်ဆရာတွေလက်အောက်မှာ

သင်ကြားဖို့ အရည်အချင်း မမှီသေးဘူး။ သူတို့ကို ဆရာအဖြစ်အောင်မြင်စွာ တင်နိုင်ရင်တောင် မင်းရရှိတဲ့ အကျိုးအမြတ်နဲ့ အရင်းအမြစ်က အကန့်အသတ်နဲ့ပဲ ဖြစ်လိမ့်မယ်။ ဒါပေမယ့် ငါ့အတွက်ကျတော့ မတူညီဘူး။ မင်းကို ပျိုးထောင်ပေးဖို့ အစွမ်းကုန်ကြိုးစားမယ်”

မြတ်ဆရာတစ်ယောက်ရဲ့ ကိုယ်ပိုင်တပြည့်ဖြစ်ဖို့ ဆိုတာ တကယ်မလွယ်ကူပါ။ တပြည့်တွေ အားလုံးက ပါရမီရှင်ဖြစ်နေရင်တောင် သူတို့ကြားမှာ ကွာဟချက် ရှိနေသေးသည်။

သန်မာတဲ့သူများက အရင်းအမြစ် ပိုရကြလိမ့်မည်။ ဒါကလည်း မြတ်ဆရာအများစု ခွဲဝေပေးတဲ့ ပုံစံ ဖြစ်သည်။

ဒါက ဘက်လိုက်ခြင်းမဟုတ်ဘဲ တူညီသော ပမာဏ ပေးအပ်သော်လည်း ထက်မြတ်တဲ့ တပြည့်တွေက ပိုတိုးတက်ပြီး ပိုအောင်မြင်နိုင်သည်။ ဒါကြောင့်လည်း သူတို့အား အရင်းအမြစ် ပိုပေးတာက ပိုကောင်းသည်။

အမှန်လည်း ကြယ်ပွင့်ပိုများလာလေလေ အဆင့်အတန်း ခွဲခြားသိမြင်နိုင်စွမ်းက ပိုအားကောင်းလာလေလေ ဖြစ်သည်။ သူတို့ ဖြန့်ဝေတဲ့ အရင်းအမြစ် ပမာဏကလည်း ပိုများမည်။ အနည်းဆုံးဝေစုရတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတောင် သာမန်ဆရာတစ်ယောက်ထက် ပိုများနေလိမ့်မည်။

မြတ်ဆရာလောကတွင် တချို့ မြတ်ဆရာများသည် ဒီဖြန့်ဝေတဲ့ပုံစံကို ရှုံ့မုန်းကြသည်။ ဆရာတိုင်းက သူတို့ရဲ့ ကျောင်းသားတွေကို ညီတူညီမျှ ဆက်ဆံသင့်ပြီး အညီအမျှ ခွဲဝေ ပေးသင့်တယ်လို့ ယူဆကြသည်။ သို့သော် ရလဒ်များက ကျေနပ်ဖို့ မကောင်းခဲ့ပါ။

ဒီလောကတွင် စစ်မှန်သော နိယာမ တစ်ခုပဲရှိသည်။ ပြိုင်ဆိုင်မှုသာလျှင် တိုးတက်ဖို့အတွက် တွန်းအားပေးနိုင်ပြီး ညီမျှသော ခွဲဝေမှုက ဒီတွန်းအားကို လျှော့နည်းသွားစေသည်။

အညီအမျှ ခွဲဝေခြင်းက အလုပ်မဖြစ်ကြောင်း ရှေ့ဟောင်းနိုင်ငံတစ်ခုက သက်သေပြခဲ့ပြီး ဖြစ်သည်။ ပျင်းရိခြင်းသည် လူတိုင်းတွင် ရှိတတ်သော အကျင့်ဆိုးတစ်ခု ဖြစ်သည်။ အထူးချွန်ဆုံးကျောင်းသားက အများဆုံး ရသင့်တယ်လို့ မြတ်ဆရာများက ယူဆထားကြပြီး ပိရမစ်ပုံစံအတိုင်း စီးဆင်းသွားသည်။ ဒီလို တရားမျှတတဲ့ ပြိုင်ဆိုင်မှု စနစ်ကြောင့် ကျောင်းသားတိုင်း ကြိုးစား အားထုတ်ကြလိမ့်မည်။

ပြီးတော့ မြတ်ဆရာကြီးများက ကျောင်းသားကို ဘယ်လိုပဲသင်သင် သူတို့ရည်ရွယ်ချက်က

နောက်ဆုံးတွင် ကျောင်းသားများ အောင်မြင်ဖို့ ဖြစ်သည်။

တန်လူက ခေါင်းခါလိုက်သည်။ အမှန်တိုင်းပြောရလျှင်လည်း သူ့အဆင့်နဲ့ ကြယ်သုံးပွင့် မြတ်ဆရာ တစ်ယောက်လက်အောက်တွင် သင်ကြားဖို့ ဆိုတာက အိပ်မက်နေတာပဲ ဖြစ်နေမည်။ သို့သော် ကြယ်တစ်ပွင့် မြတ်ဆရာများကိုလည်း ဂရုမစိုက်ပါ။ ဆွန်းမို၏ ပင်ကိုယ် စွမ်းရည်ကြောင့် ကျန်ကွမ်လင် အသက်အရွယ် ရောက်လာတဲ့အချိန်တွင် ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာလဲ ပြဿနာ မရှိနိုင်ပါ။ ကျန်ကွမ်လင် အရမ်းစိတ်မကောင်း

ဖြစ်သွားသည်။ သို့သော် ကျောင်းသားများ အရှေ့တွင် သူ့ခံစားချက် အစစ်အမှန်ကို မပြပါ။ ဒါကြောင့် 'ကြိုးစားပါ' လို့ ပြောပြီး မြန်မြန်ထွက်သွားသည်။

"တောက် ၊ ဖြစ်နိုင်သမျှ မြန်မြန် ကြယ်သုံးပွင့် အဆင့်ကို တက်ရမယ်"

ကျန်ကွမ်လင် ကျိန်ဆိုလိုက်သည်။

ကျန်ကွမ်လင် ထွက်သွားတာ မြင်လိုက်လျှင် လီဘို လက်မထောင်ပြလိုက်သည်။

"မင်းကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ရဲ့ ခေါ်ဆောင်မှုကို တောင့်ခံပြီး အေးအေးဆေးဆေး

ငြင်းလိုက်နိုင်တာပဲ။ မင်းက ဘယ်သူကို ဆရာတင်ချင်နေတာလဲ။ ဆရာဂျိလား"

ကျောင်းသားတစ်ယောက်က တန်လူ လည်ပင်းကို လှမ်းဖက်ရင်း မေးလိုက်သည်။

"ကြယ်အဆင့်ကို မကြည့်နဲ့ ၊ မင်းနဲ့အသင့်တော်ဆုံး ဆရာက မင်းအတွက် အကောင်းဆုံးပဲ"

"ငါ နားလည်ပြီ"

တန်လူ စိတ်ထဲတွင် အတွေးများစွာ ရှိနေသည်။

လီဘိုနှင့် အဖွဲ့သည် စခန်း ပြန်ရောက်ပြီးနောက် တန်လူက ဖီန်တောင်ကို နိုင်လိုက်တဲ့ ဓာတ်လမ်းသည် လျှင်မြန်စွာ ပျံ့နှံ့သွားသည်။ မြို့ခံ ပြိုင်ဘက် ရန်သူဖြစ်တဲ့ မရီဒန်အကယ်ဒမီကြောင့် အကျိုးသက်ရောက်မှု တော်တော် ပြင်းထန်သွားသည်။ တန်လူ၏ ဂုဏ်သတင်း မြင့်တက်လာမှုက သူ့ရဲ့ ဆရာတင်ချင်တဲ့ လမ်းကြောင်းကို ပိုချောမွေ့သွားနိုင်သည်။ သူတို့တွေဟာ တစ်ဖွဲ့တည်းသားတွေ ဖြစ်ပြီး ဆက်ဆံရေးလည်း အရမ်းကောင်းမွန်သည်။ ထုံးစံအတိုင်း တန်လူ ဆန္ဒ ဖြစ်မြောက်သွားအောင် ဝိုင်းကြိုးစားပေးနေကြသည်။

ပြီးတော့ လူတိုင်းက ပါးနပ်ပြီး တန်လူက ကျန်ကွမ်လင် တပြည့်အဖြစ် ခေါ်ယူခဲ့တာကို ငြင်းဆန်ခဲ့တဲ့ အကြောင်း မပြောပါ။

စခန်းက သိပ် အကြီးကြီး မဟုတ်သဖြင့် လီဘိုနှင့် အဖွဲ့ ရုတ်ရုတ်သဲသဲ လုပ်လိုက်တာနဲ့ သတင်းက ပြန့်သွားသည်။ ကျောင်းသားတွေသာမက ဆရာတွေပါ သိသွားကြသည်။ တန်လူကို ကြည့်ရင်း သူတို့အားလုံး အနည်ငယ် အံ့အောသင့်နေကြသည်။

တန်လူလည်း အာရုံစိုက်ခံရသဖြင့် ကျေနပ်စိတ်ချမ်းသာနေသည်။

“အချိန်တန်ပြီ ဆက်လုပ်တော့”

လီဘိုက သူ့ကို ထောက်ပံ့ခဲ့သည်။

တန်လူ ခဏလောက် တွေဝေသွားပြီး ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီလေ”

တန်လူသည် ထရပ်လိုက်ကာ အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်သည်။ ထို့နောက် ဆွန်းမိုတို့အဖွဲ့ စခန်းချတဲ့ တဲဘက်သို့ ထွက်သွားသည်။

လီဘို အရမ်းအံ့အောသင့်သွားသည်။ အလိုလို ခေါင်းခါလိုက်မိပြီးနောက် ဂျိမဲဂျဲရဲ့ တဲဘက်သို့

လှည့်ကြည့်လိုက်မိသည်။ (ဘယ်သွားမလို့လဲ။ ဦးတည်ဘက် မှားနေတာလား)

တစ်ဖွဲ့တည်းဖြစ်တဲ့ တခြားကျောင်းသားတွေလည်း အံ့အော မှင်တက်နေကြသည်။ (ဆရာဂျီ ဆီ သွားဖို့ ဆရာဆွန်းဆီက မှတ်ချက်ကောင်းကောင်း ပြောပေးရအောင် ကြိုးစားနေတာလား)

"ဆရာ"

တန်လူက ဆွန်းမို ဆီသို့ လာခဲ့သည်။ မတ်တပ်ရပ် ခါးကုန်းကာ လက်နှစ်ဖက်ကို ဆန့်ပြီး အရိုအသေပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ မင်း ဖိန်တောင်ကို အနိုင်ရသွားတယ်လို့ ငါကြားတယ်”

လီဇီချီက ဒီကြောင်းကို သူမသိသိခြင်း ဆွန်းမိုကို ပြန်ပြောပြခဲ့သည်။

“အင်း”

တန်လူသည် အပေါ်ယံတွင် တည်ငြိမ်နေသော်လည်း စိတ်ထဲတွင် အရမ်းပီတိဖြစ်နေသည်။ (အရမ်းကောင်းတယ်။ ဆရာက အခုကျွန်တော် ဘယ်လောက် ထူးချွန်လဲဆိုတာ သိသွားပြီ)

“မင်း ကောင်းကောင်း လုပ်ခဲ့တာပဲ”

ဆွန်းမိုက ချီးကျူးလိုက်သည်။

“ဆရာရဲ့ လမ်းညွှန်မှု အားလုံးအတွက် ကျေးဇူးတင်ပါတယ်”

တန်လူက ဆွန်းမိုကို ဖားဖို့ မကြိုးစားဘဲ သူတကယ် သဘောကျနေတာ ဖြစ်သည်။ ဆွန်းမိုကြောင့်သာ မဟုတ်ရင် မိသားစု အမွေခံ ကျင့်စဉ်ကို စွန့်လွှတ်ဖို့ ဘယ်တော့မှ သတ္တိရှိမှာ မဟုတ်ပါ။ မဟုတ်သေးဘူး။ ဒီလိုတွေးဖို့တောင် သတ္တိ မရှိနိုင်ဘူး။

“တောက်”

ထန်ထန်ယုထန် နှုတ်ခမ်းတွန့်သွားသည်။ ကြည့်ရတာတော့ ဒီနေ့သူတို့ ပညာသင်ဘက် ညီအစ်ကို တစ်ယောက် တိုးတော့မယ် ထင်သည်။

“ထမင်းစားပြီးပြီလား ၊ ငါတို့နဲ့ စားမလား “

ဆွန်းမိုက မေးလိုက်သည်။

“ဘိုင်ဝူချက်တဲ့ ဆန်ပြုတ်က အရမ်းကောင်းတယ်”

တန်လူသည် ဒီအတိုင်း ဆက်လုပ်နေပါက မပြတ်သားဘူးဟု ဆွန်းမိုထင်သွားနိုင်တယ်လို့ တွေးမိကာ ဒူးထောက်ချလိုက်သည်။

“ဆရာ တပြည့်အဖြစ်လက်ခံပေးပါ”

ဒူးထောက်ပြီးနောက် ထိုစကား ပြောလိုက်သည်။ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ စခန်းတစ်ဝက်လောက် တိတ်ဆိတ်သွားသည်။

"တန်လူဟာ မရီဒန်အကယ်ဒမီ စခန်းချတဲ့ နေရာကို စောစောစီးစီးသွားပြီး ဖီနိတောင်ကို အနိုင်ရခဲ့တယ်ဆိုတဲ့ သတင်းကြားခဲ့တယ်။ အဲဒါက အမှားကြီးလား။ တန်လူ ရှုံးခဲ့တာ ရက်ပိုင်းပဲ ရှိသေးတယ်။ သူ့ခွန်အားက ပေါက်ကွဲအားကြီးရင်တောင် ဘယ်လောက်တောင် ပေါက်ကွဲအားကြီးမှာလဲ"

ကျောင်းသားများသည် စပ်စုတဲ့ အကြည့်နဲ့ အချင်းချင်း ပြောဆိုဆွေးနွေးနေကြသည်။

"ဒါ…ဒါ…"

လီဘို အံ့အောသင့်နေသည်။ ဒါက ဘာလဲ။

"သူမှားလုပ်မိနေတာလား"

"သူ့အစီအစဉ်က ဆရာဂျိုကို ဆရာတင်ဖို့ မဟုတ်ဘူးလား"

"ဘာဖြစ်လို့ ဆွန်းမို ဖြစ်နေရတာလဲ။ နောက်ကွယ်မှာ အကြောင်းပြချက် ရှိနေတာလား။ နေပါအုံး။ ဆွန်းမိုရဲ့ လမ်းညွှန်ချက်ကြောင့် ဖီန်တောင်ကို နိုင်ခဲ့တာလား"

တန်လူနှင့် တစ်အုပ်စုတည်းက ကျောင်းသားတွေအားလုံး အံ့အောနေသည်။ ဒါက ရုတ်တရက် အံ့အောဖို့ကောင်းနေသည်။

ဒူရှောင်သည် မနာလိုလည်းဖြစ်မိသလို ဆွန်းမို တပြည့်တစ်ယောက် ထပ်ရတော့မှာ ဖြစ်တဲ့အတွက် ပျော်ရွှင်နေသည်။

"ငါလည်း ပြင်ဆင်ရမယ်"

ဂေါင်ပန်က သူ့ကိုယ်သူ နှစ်သိမ့်လိုက်သည်။ ဒီလိုသာဆက်သွားနေရင် ဆွန်းမိုရဲ့နောက်မှာ ပြတ်ကျန်နေခဲ့မည်။

ကျန်ကွမ်လင်သည် စခန်းချတဲ့ နယ်နိမိတ်အစပ်တွင် တစ်ယောက်တည်းနေခဲ့သည်။ ဒီမြင်ကွင်းကို မြင်လိုက်လျှင် အံ့အောသွားသည်။ ထို့နောက် လက်ထဲက အသားကင်များကို မြေပေါ် ပစ်ပေါက်လိုက်သည်။

“ဘောပဲ”

ကျန်ကွမ်လင် အရမ်းဒေါသထွက်နေသလို မျက်နှာလည်း ညိုးငယ်သွားသည်။ တန်လူက ဂျိမဲဂျဲကို ဆရာတင်ရင် သူလက်ခံနိုင်သေးသည်။ ဒါပေမယ့် ဘာကြောင့် ဆွန်းမို ဖြစ်နေရတာလဲ။ ကျန်ကွမ်လင် ဒါကို နားမလည်နိုင် ဖြစ်နေသည်။

"ဆရာ မင်းရဲ့ လမ်းညွှန်မှုကို မရဘဲ ဖီနိတောင် အနိုင်ယူနိုင်မှာ မဟုတ်ဘူး။ ဆရာ့ သွန်သင်ချက်ကို တကယ်ပဲ လိုချင်ပါတယ်။"

တန်လူ၏ အသံက လေးစားမှုနဲ့ ပြည့်နေသည်။ မြေကြီးကို ခေါင်းနဲ့ ထိပြီး အရိုအသေ ပေးလိုက်ကာ ဒီပုံစံအတိုင်း ဆက်နေ နေသည်။

"ဆရာက အရမ်းတော်တာပဲ"

လုချီဟွာက ပြုံးပြီး ဆွန်းမိုအတွက် ဂုဏ်ယူနေသည်။

"ဆိုးနေပြီ"

လီဇီချီက ဆွန်းမိုကို တစ်ချက် ခိုးကြည့်လိုက်သည်။ တွေဝေနေတာမြင်လိုက်လျှင် အခြေအနေ အဆင်မပြေဖြစ်တော့မှာ သူမ ကြိုသိနေသည်။

“တန်လူ အရင်ထလိုက်ပါ”

ဆွန်းမိုက ပြောလိုက်သည်။ ကျောင်းသားကို ဆက်ပြီး ဒူးထောက်ခိုင်းထားဖို့ မဖြစ်နိုင်ပါ။

“ဆရာ”

တန်လူ အသံ တုန်ယင်နေသည်။ နမိတ်မကောင်းသလို ခံစားနေရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းက အရမ်းထူးချွန်တယ်။ ဒီလိုမှမဟုတ်ရင်လည်း ရက်အနည်းငယ်အတွင်း သိသိသာသာ မတိုးတက်လာနိုင်ဘူး။ မရီဒန်အကယ်ဒမီက ကျောင်းသားကို အနိုင်ယူဖို့လည်း မဖြစ်နိုင်ဘူး"

ဆွန်းမိုက လေးနက်စွာ

"မင်း အခုလက်ရှိ တုန်လှုပ်ခြောက်ချားပြီး စိတ်လှုပ်ရှားနေမှာ ကျိန်းသေတယ်။ ဒီအချက်တွေကြောင့် မင်းရဲ့ ဆုံးဖြတ်ချက် လွဲမှား သွားနိုင်တယ်။ မင်းစိတ်ငြိမ်သွားတဲ့ အချိန်ကျမှပဲ ဒါကို ထပ်စဉ်းစားသင့်တယ်"

“ဆရာ ကျွန်တော် အသေအချာ စဉ်းစားပြီးပြီ။ ဆရာရဲ့ လက်အောက်မှာပဲ လေ့လာချင်ပါတယ်”

စာစဉ်(၁၇)

အခန်း(၂၄၃) - အတွေး ရှင်းသွားအောင် လုပ်လိုက်ပါအုံး။

“ဆရာတင်တယ်ဆိုတာ တစ်ဘဝလုံးနဲ့ ဆိုင်တဲ့ ကိစ္စပဲ။ နာရီဝက်အတွင်း ခံစားချက်ကို အလိုလိုက်ပြီး ဆုံးဖြတ်လိုက်တာလား။ အနာဂတ်မှာ နောင်တ မရဖို့ အခုကတည်းက သေသေချာချာ ဆုံးဖြတ်သင့်တယ်”

ဆွန်းမိုက ပြောင်းလိုက်သည်။

ဆွန်းမိုသည် တန်လူ၏ စရိုက်နဲ့ ပက်သက်ပြီး မရင်းနှီးပါ။ နောင်တစ်ချိန် ဘယ်လို ဖြစ်လာမလဲဆိုတာ သူမသိပါ။ သူ နောင်တရလာရင် လူတိုင်းအတွက် ဒုက္ခတစ်ခုပဲ ဖြစ်လာလိမ့်မည်။

တန်လူ တိတ်ဆိတ် သွားသည်။

“တန်လူ မင်းရဲ့ အရည်အချင်းက ကောင်းပါတယ်။ နောင်ကျရင် ဆရာတွေ အများကြီးကလည်း မင်းကို တန်ဖိုးထားလာကြလိမ့်မည်။ အဲ့အချိန်အထိ မင်းက ငါ့ကို ဆရာတင်ချင်သေးရင် ငါလက်ခံလိုက်မယ် ”

ဆွန်းမိုက တန်လူကို အကြည့်ရှိုးရှိုးနဲ့ ကြည့်လိုက်သည်။

ဒီမြင်ကွင်းကို မြင်လိုက်လျှင် ဆရာတွေအားလုံး အံ့အော သွားသည်။ အထူးသဖြင့် ဒူရှောင်က မယုံကြည်နိုင်တဲ့ အငွေ့အသက် ထွက်နေသည်။ ဒီလို အမှောင်တိုက်ကြီးကို သွားတဲ့ ကျောင်းသားများသည် ကျောင်းရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်လာဖို့ သံသယ ရှိစရာ မလိုပါ။ မမျှော်လင့်တဲ့ အဖြစ်အပျက်မျိုးသာ ဖြစ်မလာလျှင် ကျောင်းရဲ့ ထိပ်တန်း အဖွဲ့ဝင်တွေ ဖြစ်လာလိမ့်မည်။ ဆွန်းမိုက

သူတို့ထဲက တစ်ယောက်ယောက်ကို ဘာလို့ လက်မခံချင်တာလဲ။

"ဒီလို ပါရမီရှင်တွေရဲ့ အတွေးကို ငါတကယ် နားမလည်နိုင်ဘူး။ ဒူရှောင်သည် ကိုယ့်ကိုယ်ကို လှောင်ပြောင်လိုက်ပြီး ကိုယ့်ကိုယ်ကို သာမန် လူတစ်ယောက်လို ပိုခံစားလာရသည်။ တကယ်လို့ သူမသာ ဆွန်းမိုနေရာမှာဆိုရင် တွေဝေခြင်းမရှိဘဲ ချက်ခြင်း လက်ခံလိုက်မည်။

"ဆရာ"

တန်လူသည် ဘာဖြစ်နေလဲဆိုတာ သဘောပေါက်သွားသည်။ ဆွန်းမိုက သူ့ကို

သစ္စာဖောက်သွားမှာ ကြောက်နေသည်။ တန်လူလည်း သေသေချာချာ တွေးကြည့်လိုက်သည်။ သူ့ကို ကြယ်ငါးပွင့် မြတ်ဆရာတစ်ယောက်က လာခေါ်ခဲ့ရင် သူဘာလုပ်မလဲ။ အဖြေကတော့ လက်ခံလိုက်မည်။ လူတွေက ရေတွေနဲ့ ပြောင်းပြန် မြင့်တဲ့နေရာသို့ တက်ရတာ ကြိုက်သည်။ ဒီလို သွေးဆောင်မှုကို လူဘယ်နှစ်ယောက်ကများ တောင့်ခံနိုင်မှာလဲ။

"ဒီလိုအချိန်မျိုးမှာ ကျွန်တော်တောင်းဆိုမိတာ အရမ်းများသွားတယ်။ ကျွန်တော် တကယ်တော့…."

တန်လူ အရမ်းရှက်သွားသည်။

ဒင်

တန်လူ၏ လေးစားအထင်ကြီးမှု +၁၀၀။

ကြည်ညို (၁,၇၀၀/၁၀,၀၀၀)

တန်လူ၏ ပုံစံကို မြင်လိုက်တော့ ဆွန်းမို သက်ပြင်းချလိုက်သည်။ ထင်ထားသလိုပဲ သူ့မှာ သမ္မာဓိ မရှိပါ။ သူ ခုနက ပြောခဲ့တဲ့ စကားများသည် တန်လူကို စမ်းသပ်ခဲ့ခြင်းသာ ဖြစ်သည်။ ရလဒ်ကတော့ စိတ်ပျက်စရာ ကောင်းသည်။

သို့သော် ဆွန်းမိုသည် တန်လူကို အပြစ်မတင်ပါ။ အကောင်းဆုံး မလိုချင်တဲ့ လူ ရှိလို့လား။ ဂိမ်းကစားတဲ့ လူတိုင်းလည်း အကောင်းဆုံး ပစ္စည်းနဲ့

အကောင်းဆုံး စီးစရာကို လိုချင်ကြသလို ဆရာတစ်ယောက် အသိအမှတ်ပြုခြင်းသည် ပိုကြီးတဲ့ ကိစ္စတစ်ခု ဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းမှာ နာမည်ကျော်ကြားတဲ့ ဆရာမျိုး မလိုချင်တဲ့ လူ ရှိလို့လား။

"ဆရာ၊ ကျွန်တော် အရမ်း........."

တန်လူ တောင်းပန်ချင်ပေမယ့် ဘယ်ကစပြီး တောင်းပန်ရမလဲ မသိဖြစ်နေသည်။ ဆွန်းမိုက သူ့ကို တားမြစ်လိုက်သည်။

"လာ၊ လာစား"

ဆွန်းမို ဖိတ်ခေါ်လိုက်သည်။

"ဆရာဆွန်းက အရမ်းညာတာ တတ်တာပဲ"

ဂျိမ်ဂျဲက သဘောကျစွာ မှတ်ချက် ချလိုက်သည်။

ဒင်

ဂျိမ်ဂျဲ၏ လေးစားအထင်ကြီးမှု +၂၀။ ရင်းနှီး(၂၁၀/၁,၀၀၀)

"ဆွန်းမိုက ဒီကောင်လေး မထူးချွန်ဘူးလို့ ထင်နေတာ ဖြစ်နိုင်တယ်"

ကူရှုပ်ရှင်း နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်သွားသည်။

“ဒါတော့ မဖြစ်နိုင်ဘူး။ ဗီန်တောင်ကို အနိုင်ယူပြီးကတည်းက သူအရည်ချင်း လုံလောက်တယ်လို့ သက်သေ ပြပြီးသား။ ပြီးတော့ တစ်နေ့ကလည်း သူ့ရဲ့ တိုက်ပွဲကို မြင်ခဲ့ဖူးတာပဲ။ ဗီန်တောင်က အရမ်းသန်မာတယ်။ “

ဆွန်းမိုက အဲဒီလို လူမျိုး မဖြစ်နိုင်ဘူးလို့ ကူရှုပ်ရှင်း ခံစားမိသည်။

သူမတို့ သုံးယောက်စလုံးသည် အန်ရှီဝေ အဖွဲ့က ဖြစ်သဖြင့် ထမင်းအတူတူ စားနေကြသည်။ ဒါက ဂျိမ်ဂျဲဆီက သင်ယူဖို့ အခွင့်အရေး တစ်ခုလည်း ဖြစ်သည်။ ဒါကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းနှင့် ဒူရှောင်တို့ နှစ်ယောက်စလုံး လက်လွှတ်မခံကြပါ။

"တကယ် ငြင်းလိုက်တာလား"

ကျန်ကွမ်လင်၏ မျက်နှာသည် မယုံနိုင်တဲ့ အမူအရာ ဖြစ်နေသည်။ ထို့နောက် လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ထိုင်နေတဲ့ သစ်သားခုံကို ထိုးချလိုက်သည်။ (ငါက လိုချင်ပေမယ့် မရဘူး။ မင်းက ဒါကို တန်ဖိုးမထားဘူး)

"ဒါဆို မင်းလမ်းညွှန်ပေးလိုက်တာပေါ့"

ဖန်ဝူဂျီက ရုတ်တရက် ပြောလိုက်သဖြင့် လူတိုင်း လန့်ဖြန့်သွားသည်။

"မင်းဘာလို့ ဒီကိုလာတာလဲ"

ဒူမန်က ကျယ်လောင်စွာ မေးလိုက်သည်။

"လောင်းကြေးကို သဘောတူထားတဲ့အတွက် အရှုံးကိုလည်း လက်ခံနိုင်တယ်။ ငါက သူ့ကို အလောင်းအစား လုပ်ထားတဲ့ ပစ္စည်းတွေ ပေးမလို့ ရောက်လာတာ"

ဖန်ဝူဂျီသည် ဒီလို ပြောလိုက်ပြီးနောက် တန်လူအား သစ်သား သေတ္တာတစ်လုံးအပြင် ဓါးတစ်ချောင်းလည်း ပေးလိုက်သည်။

"ယူလိုက်ပါ။ ဖီနိတောင် မင်းကို စိန်ခေါ်ပြီး တစ်နှစ်ခွဲအတွင်း ပြန်ယူလိမ့်မယ်"

ဓါးသည် သိပ်စျေးမကြီးဘဲ ဖိုင်တောင်အတွက်လည်း ဒီလောက် ပိုက်ဆံက ဘာမှ မဖြစ်ပါ။ ဒါက အမြဲကိုင်ဆောင်နေတဲ့ ဓါးတစ်ချောင်းဖြစ်နေသဖြင့် အဓိပ္ပါယ် လုံး၀ ကွာခြားသွားသည်။ ဒါကို ဆုံးရှုံးသွားရင် သေချာပေါက်နိုင်အောင်လုပ်ပြီး ရအောင် ပြန်ယူရမည်။ ဒီလိုမှမဟုတ်ရင် တစ်သက်လုံး အရှက်ရနေရမည်။

“မင်းဗဟိုပြည်နယ်အကယ်ဒမီမှာ ဆက်နေနေရတဲ့ အကြောင်းက ဆရာဆွန်းဆီမှာ တပြည့်ခံချင်လို့ မဟုတ်လား။ သူကလည်း မင်းကို ငြင်းလိုက်ပြီ၊ မရီဒန်အကယ်ဒမီကိုလာဖို့ ဘာကြောင့် ထပ်မစဉ်းစားတာလဲ ”

ဖန်ဝူဂျီက ထပ်မံ ဖိတ်ကြားလိုက်သည်။

"ဆရာဖန်၊ မင်းက ငါတို့စခန်းအထိလာပြီး လူစုဆောင်းနေတာလား။ ငါဒီမှာ မရှိဘူးလို့ မင်းထင်နေတာလား"

ပိုင်ရန်လီ ဒေါသထွက်သွားသည်။

"ဆရာပိုင်၊ ငါတို့နှစ်ဘက်ကြား ပြိုင်ဆိုင်မှုကြောင့် ကလေးတွေရဲ့အနာဂတ်ကို မထိခိုက်သင့်ဘူး။"

"မင်းပြောတဲ့ပုံက မင်းကပဲ အရမ်းတော်တယ်၊ တောက်ပတယ်၊ မှန်ကန်နေတယ်ပေါ့"

ပိုင်ရန်လီသည် မေးစေ့ကျယ်တဲ့ ဒီကောင်လေးကို မကြိုက်ပါ။

ဖန်ဝူဂျီ ပခုံးတွန့်လိုက်သည်။ ဒီလို အစီပွါယ်မရှိ ရန်ဖြစ်ရတာကို သူ မကြိုက်ပါ။

တန်လူသည် ရုတ်တရုတ် တောက်ပလာခဲ့သည်။ သူက ဆွန်းမိုကို ကြည့်ပြီး ခေါင်းယမ်းလိုက်သည်။

"တောင်းပန်ပါတယ်။ ငါက ဗဟိုပြည်နယ်အကယ်ဒမီမှာပဲ နေချင်သေးတယ်"

"ကောင်းပြီလေ"

ဖန်ဝူဂျီက ဒါကို ဆက်မလုပ်တော့ဘဲ ဆွန်းမိုကို ကြည့်လိုက်ကာ

"ဆရာဆွန်း၊ မင်းမရီဒန်အကယ်ဒမီကို လာချင်လား။ မင်းနဲ့ အလုပ်တွဲလုပ်ရရင် စိတ်ဝင်စားဖို့ကောင်းမယ်လို့ ငါခံစားရတယ်။"

"ဆရာဖန်၊ ကျေးဇူးပြုပြီး ဂုဏ်သိက္ခာ ရှိရှိ နေထိုင်ပါ"

ဂျိမဲဂျဲက အေးစက်သော လေသံနဲ့ ပြောလိုက်သည်။ ကျောင်းသားထွက်သွားတာက ကိစ္စတစ်ခုပဲ ဖြစ်သည်။ ဆွန်းမိုသာ ထွက်သွားရင် ဗဟိုပြည်နယ် အကယ်ဒမီအတွက် ဆုံးရှုံးမှု ကြီးသွားမည်။

"စိတ်မကောင်း စရာပဲ"

ဖန်ဝူဂျီသည် ခေါင်းယမ်းပြီး ထွက်သွားသည်။ တကယ်လို့ ဆွန်းမိုသာ မရီဒန်အကယ်ဒမီနဲ့ ပူးပေါင်းလိုက်လျှင် သူသတ်စရာ မလိုတော့ပါ။ ဒီလိုမျိုး ဆရာတစ်ယောက် အသက်ရှင်ပါက ပိုထူးချွန်သော ကျောင်းသားများကို ပျိုးထောင်နိုင်လိမ့်မည်။ ဒါပေမယ့် သူက ကျောင်းအုပ်ကြီး ချောင်ကို အကြွေးတင်နေသည်။ သူပြောသမျှကို နားထောင် ရလိမ့်မည်။

ဖန်ဝူဂျီ ထွက်သွားတာနဲ့ ကျောင်းသားတွေ ချက်ခြင်း ခေါင်းခြင်းရိုက်ကာ ဆွေးနွေးနေကြသည်။

“ဆရာဆွန်းမိုက အမဲလိုက်ချင်နေတာလား”

“ဒါပေါ့၊ ကျွတ်ကျွတ် ၊ ဖန်ဝူဂျီက ဆရာလျှိုနဲ့ တန်းတူကျော်ကြားပြီး ကျောက်စိမ်းအမွှာထဲက တစ်ယောက်လေ။ ဆရာဆွန်းကို ဘာကြောင့် ဒီလောက်အလေးအနက် ထားနေရတာလဲ။”

“တန်လူရဲ့ သဘောကျနေတဲ့ အမူအရာကို ကြည့်လိုက်ပါအုံး၊ နတ်ဘုရားလက်အပြင် ဆရာဆွန်းရဲ့ လမ်းညွှန်ပေးမှုကလည်း အရမ်းထူးခြားတယ် ထင်တယ်။”

လေထုက ပိုပြီး အသက်ဝင်လာသည်။

ဒင်

“လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း +၁,၁၂၀ ရရှိထားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျေးဇူးပြုပြီး ဆက်ကြိုးစားပါ။”

တစ်ရက်အနားယူပြီးနောက်မှာ သူတို့အဖွဲ့သည် ဆက်လက်ချီတက်ခဲ့ကြသည်။ အခုခရီးက အရင်ကလို မချောမွေ့တော့ပါ။ ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးအတွင်းပိုင်းသို့ ရောက်လာတာနဲ့အမျှ ဝိညာဉ်ချီ ပေါက်ကွဲနှုန်းကလည်း မြင့်တက်လာသည်။ အတက်အကျနှုန်းက အကြီးအကျယ် ပြောင်းလဲနေပြီး ခန္ဓာကိုယ်ကို ပိုထိခိုက်စေသည်။ အရင်တုန်းက အဆင်ပြေနေတဲ့ ကျောင်းသားတွေတောင် အဆင်မပြေကြတော့ပါ။ သူတို့သည် မှုံးနောက်နောက်

ဖြစ်နေပြီး အရေပြားအောက် သွေးယိုနေကာ ရောင်ရမ်းတဲ့ လက္ခဏာများ ပေါ်လာသည်။

"လူတိုင်း ခဏလောက် တောင့်ထားကြပါ။ ညနေလောက်ဆိုရင် ဒုတိယ ရေပူစမ်းကို ရောက်လိမ့်မယ်။ အဲဒီရေပူစမ်းက ဝိညာဉ်တောင်ပံ ချောက်ပါးရဲ့ အတွင်းပိုင်းမှာ ရှိနေလို့ အရမ်းသိပ်သည်းတဲ့ ဝိညာဉ်ချီ ပမာဏရှိတယ်။ ရေစိမ်လိုက်ရင် လူတိုင်းခန္ဓာကိုယ်အတွက် အကျိုးရှိတယ်"

ဂျီမဲဂျဲက လူတိုင်းကို အားပေးလိုက်သည်။ ကျောင်းသားတွေက အားနည်းစွာ ပြန်ဖြေကြသည်။ ဂျီမဲဂျဲသည် အဖွဲ့ထဲက ကျောင်းသားတိုင်းကို

အကဲခတ်လိုက်သည်။ အခုချိန်အထိ ဝိညာဉ်ချီ ဓါတ်မတည့်တဲ့ ရောဂါလက္ခဏာ မပြသေးတဲ့ ကျောင်းသားလက်တစ်ဆုပ် စာလောက် ရှိသေးသည်။

ကျန်ရန်ဇောင်သည် ကြီးကျယ်သော စရိုက်လက္ခဏာရှိပြီး ကြီးစိုးလွန်းသည်။ သူက အုပ်စုရဲ့ ရှေ့ဆုံးသို့ လျှောက်သွားကာ ဒုတိယ ကျောင်းသား ခေါင်းဆောင် တစ်ယောက်လို ဖြစ်နေသည်။ ရှန်ယွန်ပေါင်လည်း အဆင်ပြေပါသည်။ သူက အရမ်းကျန်းမာသော်လည်း ပျင်းရိနေတဲ့ ပုံစံ ဖြစ်နေသည်။

"ငါတိုက်ခိုက် ချင်နေပြီနော်"

အဆက်မပြတ် ရေရွတ်နေသည်။

လီဇီချီသည် ကိုယ်လက်လှုပ်ရှားမှု စွမ်းရည် အားနည်းကာ အရမ်း ပင်ပန်းတဲ့ ပုံစံ ဖြစ်နေသည်။ သို့သော် သူမက ဝိညာဉ်ချီ ဓါတ်မတည့်တဲ့ လက္ခဏာ မပြပါ။ ဒါက သူမရဲ့ ခန္ဓာကိုယ် အရမ်းကောင်းမွန်ကြောင်း ပြနေသည်။

“အင်း၊ စိတ်မကောင်းစရာပဲ”

လီဇီချီရဲ့ ခန္ဓာကိုယ်သည် ဝိညာဉ်ချီနဲ့ အရမ်းကောင်းမွန်စွာ ပေါင်းစပ်နေသည်။ တကယ်လို့ သူမရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်သာ အနည်းငယ် ကောင်းမွန်ခဲ့လျှင် ရှန်ယွန်ပေါင်၊ ကျန်ရန်ဇောင်တို့နဲ့

အဆင့်တူ ပါရမီရှင် တစ်ယောက် ဖြစ်နိုင်သည်။ ကောင်းကင်ကြီး မမျှတတာ စိတ်မကောင်း စရာပဲ။ သူမကို အရမ်းကောင်းမွန်တဲ့ ဦးနှောက်ပေးထားပေမယ့် သန်စွမ်းတဲ့ ခန္ဓာကိုယ် ပေးဖို့ မေ့နေခဲ့သည်။

ရင်သားကြီးတဲ့ လုချီဟွာက လီဇီချီ နောက်မှာ ဖြစ်သည်။ ဒီမိန်းကလေးရဲ့စိတ်ထားက အရမ်းရိုးရှင်းပြီး ပတ်ဝန်းကျင်ကို စူးစိုက်စွာ လည့်ပတ်ကြည့်နေသည်။ လှပတဲ့ ကျောက်တုံးများ ဒါမှမဟုတ် အဲဒီလို အရာများကို မြင်လျှင် ကောက်ယူဖို့ ရံဖန်ရံခါ ပြေးသွားတတ်သည်။

(ဘုရားရေ၊ အပျော်ခရီးထွက်လာတယ် ထင်နေတာလား။)

ရောဂါသည် ထန်ထန်ယုထန်က အခုပဲ သေတော့မလို လျှာထွက်နေသည်။

သူ့နောက်မှာတော့ နဖူးမှာ အမှိုက်ဆိုတဲ့ စာအရေးခံထားရတဲ့ ချန်လုံက အမူအရာကင်းမဲ့တဲ့ ပုံစံနဲ့ လိုက်လာသည်။ ဒီကောင်လေးက ဒီလူများ အားလုံးကြားတွင် အပြင်းအထန်ဆုံး ဝေဒနာ ခံစားနိုင်တာကို ဂျိမ်ဂျဲ သိနေသည်။ သူ့ရဲ့ ခန္ဓာကိုယ်ပေါ်က ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးများက ဝိညာဉ်ချီ အပြောင်းအလဲ ခံစားမှုမှာ ပိုပြီး ဆက်ဆက်ထိမခံ

ဖြစ်နေနိုင်သည်။ သို့သော် ရောင်ရမ်းခြင်း၊ သွေးထွက်ခြင်း လက္ခဏာမပြပါ။

"အင်း၊ ခန္ဓာကိုယ်ပေါ်မှာ ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးမရှိရင် ဘယ်လောက်တောင် သန့်မာတဲ့ ခန္ဓာကိုယ် ဖြစ်နေမလဲ။"

တောက်ပလာတဲ့ ကြယ်တစ်ပွင့် ဖျက်ဆီးခံလိုက်ရသလို ဂျိမဲဂျဲ အရမ်းစိတ်မကောင်း ဖြစ်နေသည်။ လူငယ်လေးတစ်ယောက်ကို ဘယ်လိုတောင် ရက်စက်တဲ့နှလုံးသားနဲ့ လုပ်သွားလဲ ဆိုတာ သူမ မသိပါ။

နောက်ဆုံးတစ်ယောက်က ဆွန်းမိုနောက်ကနေ လိုက်နေတဲ့ အင်ဘိုင်ဝူ ဖြစ်သည်။ သူမက ဘာမှ မဖြစ်ပါ။ သူမရဲ့ ရုပ်ပိုင်းဆိုင်ရာက အရမ်းကောင်းမွန်သည်။

ကူရှုပ်ရှင်းလည်း ကျောင်းသားအားလုံးရဲ့ အခြေအနေကို အကဲခတ်လိုက်သည်။ ဆွန်းမိုရဲ့ တပြည့်များကို မြင်လိုက်လျှင် အနည်းငယ် မနာလို ဖြစ်သွားသည်။ ဒါပေမယ့် သူမရဲ့ တပြည့်တွေလည်း မဆိုးပါ။

အဖွဲ့သည် လျှင်မြန်စွာ ရွှေ့လျားနေပြီး ညနေပိုင်းတွင် ရေပူစမ်းနေရာသို့ ရောက်သွားသည်။

"လူတိုင်း ကိုယ့်ရဲ့ အဖွဲ့အတွက် ရေပူစမ်း ရွေးပါ၊ လုံခြုံရေး သတိရှိပါ။"

ဂျိမဲဂျဲက ညွှန်ကြားလိုက်သည်။

ဆွန်းမိုသည် ကျောက်တုံးတစ်တုံးပေါ် ခုန်တက်ပြီး ရေပူစမ်း ဧရိယာ တစ်ခုလုံးကို ကြည့်လိုက်သည်။ နတ်ဘုရားမျက်စိ အာရုံ ဖွင့်လိုက်သည်။ ဝိညာဉ်ချီ ပမာဏ၊ ဓာတ်သတ္တု ပမာဏနှင့် အခြားသော အချက်အလက်ပေါင်းများစွာက သူ့မျက်စိထဲတွင် ပေါ်လာသည်။

"ဆရာ၊ ဘာလုပ်နေတာလဲ"

ထန်ထန်ယုထန် မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

“ရေပူစမ်း ရှာနေတာဟ့ော”

ထန်ထန်ယုထန်ရဲ့ မေးခွန်းက လွန်သွားပြီလို့ အင်ဘိုင်ဝူက ခံစားရပြီး ပြန်ပက်လိုက်သည်။

ထန်ထန်ယုထန် မျက်လုံးပြူးသွားသည်။

(ဆရာ ရေပူစမ်းရှာနေတာ ငါလည်း သိတာပေါ့။ လုပ်နေတဲ့ ပုံက ထူးဆန်းလို့ မေးနေတာကွ)

“သွားစို့”

ဆွန်းမိုသည် ခုန်ဆင်းပြီး ဝိညာဉ်ချီ အထူထပ်ဆုံး ရေပူစမ်းသို့ ဦးတည်ပြီး

ထွက်သွားလိုက်သည်။ တစ်ခုတည်းသော ပြဿနာက ရေအပူချိန် အရမ်းမြင့်နေသည်။ ဒါပေမယ့် ကျင့်ကြံသူများက ခံနိုင်ရည် ရှိပါသည်။

ဘက်စကတ်ဘောကွင်း တစ်ဝက်လောက်ရှိတဲ့ ရေပူစမ်းလေးပါ။ ပွက်ပွက်ဆူနေပြီး ပူစီဖောင်းများ ထလာတာနဲ့အမျှ အဖြူရောင် အခိုးငွေ့များ ပျံ့နှံ့နေသည်။

"မင်းတို့ အရင်စိမ် ၊ငါတို့သုံးယောက် အပြင်က စောင့်ပေးမယ်။"

ထန်ထန်ယုထန်သည် ရုတ်တရက် လူကြီးလူကောင်းတစ်ယောက်လို ပြုမူနေသည်။

သို့သော် သူ့စတိုင်နဲ့ လိုက်လျော ညီထွေ မဖြစ်နေပါ။

"အင်း"

ချန်လုံက ခေါင်းညိတ်ပြီး ထွက်သွားသည်။

"မင်းတို့ အရင်စိမ်ကြ"

ဆွန်းမိုက လီဇီချီကို ဆေးထုပ်ကြီး ပေးပြီး ထွက်သွားမလို့ လုပ်လိုက်သည်။ သို့သော် လီဇီချီနှင့် လုချီဟွာတို့ နှစ်ယောက်စလုံးက သူ့လက်မောင်းကို ဖမ်းဆွဲထားသည်။

"ဆရာ အတူတူစိမ်ရအောင်"

လီဇီချီက တောင်းဆိုလိုက်သည်။

“မရဘူး”

ပတ်ဝန်းကျင်တွင် လူများစွာ ရှိနေသဖြင့် မိန်းကလေးတွေရဲ့ ဂုဏ်သိက္ခာ ထိခိုက်သွားမှာ ဆွန်းမို အရမ်းစိုးရိမ်နေသည်။

“ဆရာ ဒီလိုမျိုး ခပ်ရှောင်ရှောင် မလုပ်သင့်ဘူး”

လီဇီချီ နှုတ်ခမ်းထော်နေသည်။ ဆွန်းမိုနဲ့ အတူတူ ရေပူစမ်း စိမ်ဖို့ ဖိတ်ခေါ်ရတဲ့ အကြောင်းအရင်းက ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်ကို ခံစားနိုင်ဖို့ ဖြစ်သည်။ အကြာကြီး လမ်းလျှောက်ပြီးနောက်မှာ ဆရာအနားယူသင့်သည်။ ဆွန်းမိုက လီဇီချီရဲ့ ခေါင်းကို ပွတ်ပြီး

လှည့်ထွက်သွားသည်။ ရှန်ယွန်ပေါင်နှင့် တခြားနှစ်ယောက်ကို တွေ့လိုက်လျှင် ညွှန်ကြားလိုက်သည်။

"ထင်းရှာပြီး ထမင်းချက်ဖို့ လုပ်လိုက်မယ်။ မင်းတို့သုံးယောက်က ဒီမှာပဲနေ။ လျှောက်မသွားကြနဲ့။ လီဇီချီနဲ့ ကျန်တဲ့လူတွေကို ကာကွယ်ပါ"

ဝိညာဉ်တောင်ပံချောက်ကမ်းပါးရဲ့ အတွင်းပိုင်းသို့ ရောက်လာတာနဲ့အမျှ လေဝိညာဉ် အရေအတွက် တိုးတက်လာရုံသာမက တိုက်ခိုက်နိုင်စွမ်းလည်း ပိုကြီးမားလာသည်။ ဒါက ကြီးမားတဲ့ ခြိမ်းခြောက်မှု တစ်ခု ဖြစ်လာသည်။

“ဆရာ စိတ်မပူပါနဲ့။ ငါမသေသ၍ ဘယ်သူမှ မထိခိုက်စေရဘူး”

ရှန်ယွန်ပေါင်က အာမခံလိုက်သည်။

ဆွန်းမို ထင်းကောက်ဖို့ ထွက်သွားသည်။ ထိုအချိန်အတွင်း ကံကောင်းစွာ ဌက်ဥပါတဲ့ အသိုက်တစ်ခုကို ရခဲ့သည်။

“အခုတော့ ရေပူစမ်းမှာ ဌက်ဥပြုတ်လို့ ရပြီ”

ဆွန်းမို ရေပူစမ်းအနီးသို့ ပြန်ရောက်လာလျှင် အရမ်းမောက်မာတဲ့ အသံတစ်ခုကို ကြားလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တခေါက် ထပ်ပြောမယ်။ မင်းတို့ ပစ္စည်းတွေကို သိမ်းပြီး မြန်မြန်လစ်လိုက်တော့။ ဒီလိုမှမဟုတ်ရင် ငါ့ကို အပြစ်မတင်နဲ့"

စာစဉ်(၁၇)

အခန်း(၂၄၄) - တစ်ရက်စာ ဆရာ၊ တစ်သက်တာ အဖေ၊ ဒူးထောက်စမ်း။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို အမြန်ပြေးသွားလိုက်လျှင် ၁၅နှစ် ၁၆နှစ်အရွယ်လောက်ရှိတဲ့ ကျောင်းသားတစ်ယောက်က ရှန်ယွန်ပေါင်အား အော်ဟစ်နေတာ မြင်လိုက်ရသည်။ လီဇီချီက ရှန်ယွန်ပေါင်အား ပြန်ဆွဲထားလို့သာ ဒီလိုမဟုတ်ပါက ငွေလုံက ဒီကောင့်ကို ဖောက်ထွက်သွားပြီး သွေးတွေ ဖုံးလွှမ်းနေလိမ့်မည်။

"ဘာဖြစ်တာလဲ"

ဆွန်းမို မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"ဆရာ"

လီဇီချီက ဆွန်းမိုကို မြင်လိုက်လျှင် အော်ခေါ်လိုက်သည်။ ဒီလူက လုံးဝ လေးစားမှု မရှိပါ။

"မင်းက သူတို့ဆရာလား။ အချိန်မှန်ရောက်လာတာပဲ။ ပစ္စည်းတွေ မြန်မြန်သိမ်းပြီး လစ်လိုက်တော့။ ပြီးတော့ သူတို့ကိုလည်း မင်းနဲ့အတူတူ ခေါ်သွားပါ။ ငါ့ဆရာက ဒီရေပူစမ်းကို သုံးလိမ့်မယ်"

"ငါတို့ သုံးပြီးသွားရင် မင်းတို့ သုံးလို့ရတယ်"

ဆွန်းမိုက ပြန်ပြောလိုက်သည်။

"ဟော့ ငါပြောနေတာ မကြားဘူးလား"

ကောင်လေးက ဒေါသတကြီး လက်ကိုခါကာ ဆွန်းမိုဆီ လျှောက်သွားသည်။

"ဟော့"

အင်ဘိုင်ဝူနှင့် ချန်လုံတို့နှစ်ယောက်စလုံး မျက်နှာအမူအရာ ချက်ခြင်းပြောင်းသွားကာ အမြန်ပြေးပြီး ကောင်လေးရဲ့ ပခုံးကို ဖမ်းကိုင်လိုက်သည်။

"ဘယ်က ကျောင်းသားလဲ၊ ဒီလောက် မိုက်ရိုင်းနေတာ"

ဆွန်းမိုက အေးစက်စွာ နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး မြတ်ဆရာအရှိန်အဝါ ထုတ်လွှင့်လိုက်သည်။

ဖောက်

ကောင်လေး ပျော့ခွေပြီး ဒူးထောက်ကျသွားသည်။ သက်ရောက်မှုကြောင့် မြေပေါ်တွင်ဖုန်များ လွင့်စင်လာသည်။

“ဘာဖြစ်တာလဲ”

ကောင်းလေး အံ့အောသွားပြီး ကြောက်လန့်စိတ်က နှလုံးသားထဲ စိမ့်ဝင်လာသည်။ ဆွန်းမိုကို ပြန်ကြည့်လိုက်လျှင် ခြသေ့်ဘုရင်တစ်ပါး

ဝင်လာသလို ရုတ်တရုတ် ကြောက်စိတ် ဖြစ်လာသည်။

"အမ်"

ထန်ထန်ယုထန်နှင့် ချန်လုံတို့သည် ဘာဖြစ်နေသလဲဆိုတာ သိလိုက်သည်။ ဒါကြောင့် မျက်လုံးကြီး ပြူးပြီး ပါးစပ်ကြီး အဟောင်းသားနဲ့ မယုံကြည်နိုင်စွာ ကြည့်နေသည်။ ဒါက မဖြစ်နိုင်ဘူး။ နောက်ထပ် မြတ်ဆရာအရှိန်အဝါတစ်ခုလား။ အမ်၊ ဘာလို့ ဒူးထောက်နေတာလဲ။ ဒါက သူ့ရဲ့ စတိုင်လား။

လုချီဟွာ စိတ်ရှုပ်သွားသည်။ "ဆ....ဆရာ၊ တစ်ရက်စာ ဆရာ၊ တစ်သက်တာ အဖေလား"

ဆွန်းမိုကိုကြည့်ပြီး ကောင်လေးက ဒီစကားလုံးကို ခက်ခက်ခဲခဲ ပြောထုတ်လိုက်ရသည်။ ဆရာငယ်လေးတစ်ယောက် ငြိမ်းချမ်းစွာ အနားယူတဲ့ အရှိန်အဝါကို ဘယ်လို နားလည်နေတာလဲ။

မြတ်ဆရာလောကမှာ မြတ်ဆရာအရှိန်အဝါတွေ အများကြီး ရှိပါသည်။ သူတော်စင်ဂိတ်ကလည်း သူတို့ရဲ့ ရှားပါးမှု၊ ခက်ခဲမှုအပေါ်မူတည်ပြီး အဆင့်သတ်မှတ်ပေးထားသည်။

တစ်ရက်စာဆရာ၊ တစ်သက်တာ အဖေသည် အရမ်းရှားပါးသော မြွတ်ဆရာအရှိန်အဝါဖြစ်သည်။ ဒီအရှိန်အဝါကိုနားလည်သော မြွတ်ဆရာများသည် ပျှမ်းမျှအားဖြင့် အသက် ၇၀ကျော်နေတတ်ကြသည်။ ဒါကြောင့် ဒီလူတွေ မကြာခင် သေတော့မယ်ဆိုတာ ရည်ရွယ်ပြီး ငြိမ်းချမ်းစွာအနားယူတဲ့ မြွတ်ဆရာအရှိန်အဝါလို့ နာမည်ပြောင် ပေးထားသည်။

“ဒီကောင်လေးက ခန္ဓာကိုယ် ပြန်နုပျိုတဲ့ ကျင့်စဉ်တစ်ခုကို သိနေတာလား ”

ဒါကိုတွေးမိပြီး အရင်ကလို မောက်မာရဲခြင်း မရှိတော့ပါ။ စိတ်တွေ မငြိမ်မသက် ဖြစ်လာသည်။

“ ဆရာ၊ ဒါက တစ်ရက်စာအဖေ၊ တစ်သက်တာ ဆရာလား”

လီဇီချီက မေးလိုက်သည်။

“အင်း”

ဆွန်းမို နတ်ဘုရားမျက်စိအာရုံကို သုံးလိုက်ပြီး ဝူကျီ နာမည်ရှိတဲ့ ကျောင်းသားကို ကြည့်လိုက်သည်။ ဆွန်းမိုက အေးအေးဆေးဆေး ပြန်ဖြေလိုက်သော်လည်း အားလုံး အံ့အောသင့်သွားသည်။ အစောပိုင်းတုန်းက ဆရာဆွန်းသည် အလွဲသုံးစား ကျောင်းသား အရှိန်အဝါကို သုံးခဲ့သေးသည်။ အခုလည်း နေကိုထပ်

မြတ်ဆရာအရှိန်အဝါတစ်ခုဖြစ်တဲ့ တစ်ရက်စာဆရာ၊ တစ်သက်တာ အဖေ မြတ်ဆရာ အရှိန်အဝါကို ထုတ်သုံးလာပြန်သည်။ ဒါတော့ အရမ်းများသွားပြီ။

ကြယ်၂ပွင့် မြတ်ဆရာဖြစ်ဖို့ လိုအပ်ချက်အဖြစ် မြတ်ဆရာအရှိန်အဝါ ခြောက်ခုရှိရန်လိုပြီး တိမ်စိမ်းအဆင့်ဝင်တဲ့ ကျောင်းသားတစ်ယောက် ရှိဖို့ လိုအပ်သည်။ ဒါကြောင့် သူ ကြယ်နှစ်ပွင့်မြတ်ဆရာတစ်ယောက် ဖြစ်လာရန် သူ့တပြည့် ကျောင်းသားခြောက်ယောက်အပေါ်တွင် မူတည်တယ်လို့ ပြောလို့ရနေသည်။

တကယ်လို့ ကျောင်းသားများသာ အရည်အချင်း ပြည့်မီပါက ဆွန်းမိုသည် တစ်နှစ်ထဲ စာမေးပွဲ

နှစ်ကြိမ်ဆက်တိုက်ဖြေဆိုပြီး ကြယ်နှစ်ပွင့်မြတ်ဆရာ ဖြစ်လာနိုင်တဲ့ အခွင့်အရေး ဆုပ်ကိုင်ထားနိုင်သည်။ အခုမှ အလုပ်ဝင်ခါစ ဆရာအသစ်တစ်ယောက်အတွက် ထူးထူးခြားခြား အောင်မြင်မှု ဖြစ်သည်။

"ဒီလို မဖြစ်စေရဘူး။ ဆရာအတွက် ကြိုးစားရမယ်"

လီဇီချီသည် တစ်နှစ်ခွဲအတွင်း တိမ်စိမ်းအဆင့်ကို ဝင်ရမယ်ဆိုတဲ့ ရည်မှန်းချက် ချလိုက်သည်။ အင်ဘိုင်ဝူသည် တစ်ခွန်းမှ မပြောသော်လည်း လက်သီး တင်းတင်းဆုပ်ထားသည်။ ဒါက သူမရဲ့ စိတ်နေစိတ်ထားကို သိဖို့ လုံလောက်သည်။ သူမက

တိမ်စိမ်းအဆင့် ဝင်နိုင်အောင် ကျင့်ကြံခြင်းတွင် ပိုကြိုးစားရမည်။ ဒါက သူမအတွက်တင် မဟုတ်ဘူး၊ ဆရာအတွက်လည်း ပါသည်။

“ဆရာ၊ တခြားမြတ်ဆရာအရှိန်အဝါတွေ သိသေးလား ဟင်”

ထန်ထန်ယုထန်က မေးလိုက်သည်။

“မသိပါဘူး”

ဆွန်းမိုက ဝူကျီကို မေးစေ့နဲ့ ညွှန်ပြလိုက်သည်။

“ဒီကောင် ဘာဖြစ်နေတာလဲ”

“သူ့ဆရာက နောက်မှ ရောက်လာပြီး ငါတို့ကို ဒီရေပူစမ်း လက်လွှတ်ခိုင်းနေတယ်”

လီဇီချီက ရှင်းပြသည်။

"ဒီကျောင်းသားက မြတ်ဆရာရဲ့ ကြယ်ပွင့်အဆင့်ကို ရဲတင်းစွာ မေးလို့ရမလား"

ဝူကျီသည် မတ်တပ်ရပ်ဖို့ ကြိုးစားလိုက်ပေမယ့် မရပါ။ သူ့ပခုံးပေါ်မှာ တောင်ကြီးတစ်ခု ဖိထားသလို ခံစားရသည်။ ကျယ်လောင်စွာ အော်ဟစ်အားတင်းပြီး ရုန်းကန်သော်လည်း မရပါ။

"ရေ သွားချိုးကြ"

ဆွန်းမိုက ဝူကျီကို လျစ်လျူရှုထားပြီး ညွှန်ကြားလိုက်သည်။

“ငါ့ဆရာ ကြယ်လေးပွင့် မြတ်ဆရာ ချမ်အွန်ဖူပဲ”

ဝူကျီက သူ့နောက်ခံကို ပြောလိုက်သည်။ ဒီလိုပြောလိုက်တဲ့အချိန်တွင် သူ့မျက်နှာ ဂုဏ်ယူမှုနဲ့ပြည့်နေပြီး ဆွန်းမိုတို့အဖွဲ့ကို အထင်သေးစွာ ကြည့်လိုက်သည်။

“သူက ကြယ်လေးပွင့် ဖြစ်နေတော့လည်း ဘာလုပ်ရမှာလဲ”

ရှန်ယွန်ပေါင် အရမ်းဒေါသထွက်သွားသည်။ အစောတုန်းက လီဇီချီ တားထားလို့ပါ။

ဒီလိုမှမဟုတ်ရင် ဒီကောင့်ခေါင်း ကွဲအောင် ရိုက်ခွဲလိုက်မိမည်။

"ရှန်ယွန်ပေါင်၊ မင်း ထမင်းစားပြီးကြီးတာလား။ ကြယ်လေးပွင့် မြွတ်ဆရာဆိုတာ အံ့အောကောင်းတယ်။"

ထန်ထန်ယုထန်က ရှင်းပြသည်။

"အသားစားပြီး ကြီးလာတာ"

ရှန်ယွန်ပေါင်က အလေးအနက်ထားပြီး ပြန်ဖြေသည်။

"အမ်"

ထန်ထန်ယုထန်က ဒါက အမှန်ပဲဆိုတာ ရုတ်တရက် သိလိုက်သည်။

"ဟွန့်"

ထန်ထန်ယုထန်ရဲ့ စကားကို ကြားလိုက်လျှင် ဝူကျီက ဂုဏ်ယူဝင့်ကြွားစွာ အသံပြုလိုက်သည်။ ကြယ်တွေဆိုတာက မြတ်ဆရာလောကတွင် စွမ်းအားနှင့် လူမှုအဆင့်ကို ကိုယ်စားပြုသည်။

"သွားပြီး ရေချိုးစမ်းပါ။ မျောက်တစ်ကောင်ကို ဝိုင်းအုံကြည့်နေတာက အဓိပ္ပါယ် မရှိဘူး"

ဆွန်းမို တိုက်တွန်းလိုက်သည်။

"မင်း ဘယ်သူကို မျောက်လို့ ပြောတာလဲ"

ဝူကျီ အရမ်းဒေါသထွက်သွားသည်။ သူ့ဆရာတောင် သူ့ကို ဒီလို မစော်ကားခဲ့ဖူးပါ။

“နားညီးတယ်”

ဆွန်းမို စိတ်အနှောက်အယှက် ဖြစ်သွားပြီး လက်ချောင်းနဲ့ ညွှန်ပြလိုက်သည်။

ဖောက်

ဆွန်းမိုလက်ချောင်းက ဝိညာဉ်ချီများထွက်လာပြီး ရွှေရောင်မြှားတစ်စင်းဖြစ်ကာ ဝူကျီဆီ ပစ်လွှတ်လိုက်သည်။

“အမ်၊ မောက်မာလိုက်တာ…”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝူကျီသည် အရမ်းထိတ်လန့်တုန်လှုပ်သွားပြီး ရှောင်ချင်သော်လည်း တစ်ရက်စာဆရာ၊ တစ်သက်တာအဖေကြောင့် ဒူးထောက်နေရသဖြင့် မရှောင်နိုင်ပါ။

ဖူး

ဝူကျီခေါင်း နောက်သို့ တစ်ချက်ယိုင်သွားသည်။ နောက်ထပ်အခိုက်အတန့်တွင် သူ့မျက်လုံးများက အာရုံစူးစိုက်မှု မရှိတော့ပါ။ ပါးစပ်ထောင့်မှ သရေများ စီးကျလာသည်။ အရူးတစ်ယောက်လို ကြောင်တက်တက်ဖြင့် ဒူးထောက်လျှက်ရှိသည်။

“ဆရာ ဒီလိုလုပ်လိုက်ရင် အဆင်ပြေပါ့မလား”

ချန်လုံ အနည်းငယ် စိုးရိမ်သွားသည်။ ဒီလူက ကြယ်လေးပွင့် မြတ်ဆရာရဲ့ တပြည့်တစ်ယောက်ဖြစ်သဖြင့် သေချာပေါက် ထူးခြားတဲ့ အရည်အချင်း ရှိလိမ့်မည်။ သူ့ဆရာက တခြားဆရာတစ်ယောက်ရဲ့ အပြစ်ပေးခံရတာ မြင်ရလျှင် သေချာပေါက် စိတ်မချမ်းသာနိုင်ပါ။ သို့သော်လည်း ဆွန်းမိုက ဒါကို လက်လျှော့လိုက်ဖို့ ရည်ရွယ်ချက် မရှိပါ။ အဲဒီအခါကျရင် သူတို့ ထိပ်တိုက် ရင်ဆိုင်ရလိမ့်မည်။

"ရေ သွားချိုးကြ"

ဆွန်းမို မကျေမနပ် ဖြစ်နေသည်။ ဒီကောင်က သူနှင့် သူ့တပြည့်များအပေါ် မောက်မာစွာ

အထက်စီးက ဆက်ဆံခဲ့သည်။ အပြစ်ဒဏ်မပေးလိုက်ရပါက ဆရာများရဲ့ ဂုဏ်သိက္ခာနဲ့ သူတို့ရဲ့သင်ကြားမှုကို လေးစားရမယ်ဆိုတဲ့ ဓလေ့အား သူနားမလည်တော့ပါ။

(မင်းက ကြယ်လေးပွင့် မြတ်ဆရာရဲ့ တိုက်ရိုက် တပြည့်ဆိုပြီး လုပ်ချင်တိုင်း လုပ်လို့ရမယ် ထင်နေတာလား။ မင်းရဲ့ ဆရာကိုယ်တိုင် ငါ့အရှေ့မှာ ရပ်နေရင်တောင် သူလုပ်ချင်တိုင်း လုပ်လို့ မရဘူး)

ရေချိုးပြီးတာနဲ့ ထန်ထန်ယုထန်ကို နှိပ်ပေးလိုက်သည်။ ဆယ်မိနစ် ဒါမှမဟုတ်

ဒီထက် ပိုကြာလျှင် ချန်လုံ ထွက်လာသည်။ အနီးအနားကို ကြည့်လိုက်လျှင် ဝူကျီ မရှိတော့ပါ။

"ချန်လုံ၊ မင်းက တကယ်ကို သရဲဘောကြောင် လွန်းတယ်။ ချီဟွာကို ကြည့်လိုက် သူမ လုံးဝ မကြောက်ဘူး တွေ့လား"

ချန်လုံ မျက်လုံး ပြူးသွားသည်။ လုချီဟွာရဲ့ ဉာဏ်ရည်အရဆိုလျှင် သူတို့ ဘာနဲ့ ရင်ဆိုင်နေရမှန်းတောင် မသိနိုင်ပါ။

နောက်ထပ် ဆယ်မီနစ်လောက်ကျော်သွားတော့ ကူရှုပ်ရှင်း ရောက်လာသည်။

"ဆရာဆွန်း ဆရာဂျိက မင်းကို ခေါ်ခိုင်းလိုက်တယ်"

ကူရှုပ်ရှင်းက ဘာမှ မပြင်ဆင်ထားဘဲ ရေကန်ဆီ တန်းလျှောက်သွားသည်။ သူမရဲ့ အကြည့်တစ်ချက်က ယောကျာ်းလေးတွေရဲ့ ခန္ဓာကိုယ်ပေါ် ဖြတ်သွားသည်။

"ရှန်ယွန်ပေါင်ရဲ့ ဘော်ဒီက တကယ်မိုက်တယ်။"

"ကျွတ်ကျွတ်၊ ငါရဲ့တပြည့်မဟုတ်တာ စိတ်မကောင်းစရာပဲ"

နာကျင်မှုတပ်မက်သူလေးက နောင်တရစွာ သက်ပြင်းချလိုက်သည်။

"ချမ်အွန်ဖူ ရောက်လာပြီလား"

ဆွန်းမိုက မေးလိုက်သည်။

"အင်း"

"ကောင်းပြီလေ။ သူတို့ကို နှိပ်ပေးပြီးရင် လာခဲ့မယ်လို့ ဆရာဂျိကို ပြောပေးပါလား"

ဆွန်းမိုက အများကြီး မတွေးပါ။

"ဆွန်းမို ဘာဖြစ်ခဲ့တာလဲ"

ကူရှပ်ရှင်းက နာမည်ပြောင်းခေါ်လိုက်သဖြင့် သူတို့နှစ်ယောက်ကြားက ဆက်ဆံရေး ပိုးနီးစပ်လာသည်။ ဒါကလည်း သူမ ပိုစိုးရိမ်လို့ကောင်းတဲ့ အနေအထား တစ်ခု ဖြစ်လာစေသည်။

"သူ့တပြည့်ကို သင်ခန်းစာ ပေးလိုက်တာ"

ဆွန်းမို ဘာမှ မဖုံးကွယ်ထားပါ။

"မင်း ဒေါသကတော့ တကယ်ပဲ......"

ကူရှပ်ရှင်း ဘာပြန်ပြောရမလဲ မသိအောင် ဖြစ်သွားသည်။ မြတ်ဆရာလောကတွင် ကြယ်တစ်လုံး ဒါမှမဟုတ် စီနီယာကျူမှုကို

အရမ်အလေးထားကြသည်။ ဆွန်းမိုကတော့ အထက်အရင်စီနီယာကျတဲ့ မြတ်ဆရာများ၏ ဖိအားပေးမှုကို ခံရတော့မည်။

"အသက်ရှင်ဖို့အတွက် အရေးပါတဲ့ ပုဂ္ဂိုလ်တွေဆီမှာ အောက်ကျို့ရမှာထက်စာရင် ငါ သေရတာ ပိုကြိုက်တယ်"

ဆွန်းမိုသည် ဒီလိုပြောပြီးနောက် မရည်ရွယ်ဘဲ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် မြတ်ဆရာ အရှိန်အဝါ ထွက်လာသည်။ လီဇီချီ၏ မျက်လုံးများ ချက်ခြင်း အရောင်တောက်လာပြီး သဘာကျတဲ့ အငွေ့အသက်နဲ့ ပြည့်နေသည်။

အင်ဘိုင်ဝူက ပြုံးနေသည်။ ဒါကြောင့်လည်း ဆွန်းမိုကို လေးစားနေခြင်း ဖြစ်သည်။

"ကျွတ်ကျွတ် ကလေးဆန်လိုက်တာ"

ထန်ထန်ယုထန်ကတော့ ခေါင်းခါ နေသည်။ ဒါပေမယ့် စိတ်ထဲမှာတော့ ဖော်ပြလို့မရတဲ့ ခံစားချက်တစ်ခု ပေါ်လာသည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၁၅

"ဆွန်းမို၊ မင်းရဲ့ ကျောရိုး နောက်ဆုံးအချိန်ထိ ဖြောင့်တန်းနိုင်ပါစေလို့ ငါမျှော်လင့်တယ်"

ဒီစကားပြောပြီးနောက် ကူရှုပ်ရှင်း လှည့်ထွက်သွားသည်။

"ဆရာ"

ချန်လုံ စိုးရိမ်နေသည်။

"စိတ်မပူနဲ့၊ ကောင်းကင်ကြီး ပြိုကျလာရင်တောင် မင်းတို့ အားလုံးအတွက် ငါရှိနေမယ်"

ဆွန်းမိုသည် ဒီလိုပြောပြီးနောက် လီဇီချီအား

"နောင်မှာ ဒီလိုကိစ္စမျိုး ထပ်ကြုံလာရင် ရှန်ယွန်ပေါင်ကို မတားနဲ့ အရိုက်ခံသင့်တဲ့ကောင်တွေကို ပေးရိုက်လိုက်ပါ"

"ဒါပဲပေါ့"

ရှန်ယွန်ပေါင် ကျေနပ်သွားသည်။

"ဆရာ၊ မင်းကျောကို တိုက်ပေးမယ်"

ဒင်

ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု အမှတ် +၃၀။ ရင်းနှီး (၆၆၀/၁,၀၀၀)

မိနစ် အနည်းငယ်ကြာပြီးနောက် အလောတကြီး လျှောက်လာတဲ့ ခြေသံကို ကြားလိုက်ရသည်။ ချမ်အွန်ဖူသည် စောင့်နေစရာ အကြောင်းမရှိပါ။ ဆွန်းမိုကို အပြစ်တင် ဝေဖန်ရန် တန်းလိုက်လာသည်။

"မင်းက ငါ့တပည့်ကို အပြစ်ပေးခဲ့တဲ့ ဆရာလား"

ချမ်အွန်ဖူသည် အသက် ၇၀ ဖြစ်နေသော်လည်း ကြည့်ရတာ အသက်လေးဆယ် လူတစ်ယောက်လို့ ထင်ရသည်။ သူက သက်ရှည်နယ်ပယ်ကို ရောက်နေတဲ့လူ ဖြစ်နေသည်။

ဒီအသက်အရွယ် မြတ်ဆရာများသည် အရမ်းခွန်အား အပြည့် ဖြစ်နေသင့်သော်လည်း ချမ်အွန်ဖူ ပုံစံက ပင်ပန်းနွမ်းနယ်နေတဲ့ ပုံပေါက်နေသည်။ ပြီးတော့ အနက်ရောင် အစက်အပြောက်များ ပေါ်နေသဖြင့် သေခါနီး ပန်းဒါအိုကြီး တစ်ကောင်နဲ့ တူနေသည်။

“ဆရာချမ်၊ နားလည်မှု လွဲသွားတယ်ထင်တယ်”

ဂျီမဲဂျဲက မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။ ချမ်အွန်ဖူနဲ့အတူ တပြည့်ငါးယောက်သာ ရှိနေသည်။ တစ်ယောက်က ထမ်းစင်ပေါ်မှာ လှဲနေသည်။

ဂျီမဲဂျဲသည် ဆွန်းမိုရဲ့ လုံခြုံရေးကို စိတ်ပူပြီး နောက်မှ လိုက်လာခဲ့သည်။ တခြားဆရာနဲ့ ကျောင်းသားတွေက စိတ်လှုပ်ရှားစွာ လာကြည့်ကြသည်။ ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ပါ။ အများအားဖြင့် သူတို့နှင့် တွေ့ဆုံရန် အခွင့်အရေး မများပါ။

“ငါ့ တပြည့် အမှားတစ်ခုခုလုပ်ရင် ငါက သူ့ကို တစ်ခုခု အပြစ်ပေးပြီး တရားမျှတမှုရအောင်

လုပ်ပေးဖို့ အာမခံတယ်။ မင်းက သူ့ကို ဆုံးမဖို့ ဘာအခွင့်အရေး ရှိလို့လဲ”

ချမ်အွန်ဖူက ဂျီမဲဂျဲကို တစ်ချက်တောင် ဂရုမစိုက်ဘဲ ဆွန်းမိုအား မေးခွန်း ထုတ်လိုက်သည်။

“ဆရာတစ်ယောက်အနေနဲ့ အကျင့်ပျက်ပြီး ဆရာတစ်ယောက်ကို စော်ကားနေတာ မြင်လိုက်ရတယ်။ ငါက သူ့ကို အပြစ်ပေးလိုက်တာကိုပဲ မင်းကျေးဇူးတင် သင့်တယ်။ တခြား ငါ့ထက်ဆိုးတဲ့ လူတွေဆိုရင် သူ့ခြေထောက်တောင် ကျိုးသွားနိုင်တယ်”

ဆွန်းမိုက ပြန်တုန့်ပြန်လိုက်သည်။

ဆွန်းမိုရဲ့ ခေါင်းမာမှုကို မြင်လိုက်တော့ ဗဟိုပြည်နယ်အကယ်ဒမီက ဆရာအားလုံး ထိတ်လန့်သွားသည်။

(ဒါက ကြယ်လေးပွင့်မြတ်ဆရာ တစ်ယောက်ဆိုတာ မင်းသိလား)

စာစဉ်(၁၇)

အခန်း(၂၄၅) - ငါ၊ ဆွန်းမိုက သံမဏိခေါင်းပဲ။

ချမ်အွန်ဖူ၏ တိုက်ရိုက် တပြည့်များ ကြောင်သွားသည်။ မယုံကြည်နိုင်စွာ ဆွန်းမိုကို ကြည့်နေသည်။ အရင်တုန်းက သူတို့ ဆရာနဲ့အတူတူ ပြည်နယ် အရပ်ရပ်ကို သွားခဲ့ဖူးသည်။ သူတို့ဆရာနဲ့ ဆုံလိုက်လျှင် အကြီးတစ်ယောက်လို လူတိုင်းက အရိုအသေ ပေးကြသည်။ ဒါပေမယ့် အခုတော့ သူတို့မျက်လုံးရှေ့တွင်.......

သူတို့မျက်လုံးပြူးနေကြသည်။ တကယ့် လူပဲ။ ဒီကောင်ဆွန်းမိုရဲ့ စိတ်ပိုင်းဆိုင်ရာ အရည်အချင်း အရှူးတစ်ယောက်လို နိမ့်ကျနေဖို့ ၈၀ ကနေ ၉၀ ရာခိုင်းနှုန်းလောက် ရှိမည်။

ဒီလိုမှမဟုတ်ရင် ဘယ်လို လူကောင်းက လုပ်မှာလဲ။

"မင်းခြေထောက်ကျိုးချင်နေတာလား၊ စမ်းကြည့်လို့ ရတယ်"

ချမ်အွန်ဖူ မျက်နှာတစ်ခုလုံး ဒေါသနဲ့ ပြည့်နေသည်။

လွန်ခဲ့တဲ့ သုံးနှစ်အတွင်းတွင် ချမ်အွန်ဖူရဲ့ဘဝ တကယ်ကို ဆိုးဝါးလွန်းသည်။ ဒီလျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်အား ဖမ်းယူရန် ကျောင်းကအလုပ်များနဲ့ သူရဲ့ အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်များကို

စွန့်လွှတ်ခဲ့ရသည်။ တပြည့်တွေကို လမ်းညွှန်ချက်ပေးတဲ့ အချိန်တောင် အရင်ကထက် အများကြီး နည်းသွားသည်။ အသက် ၈၀ မပြည့်ခင် ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာရမည်ဆိုတဲ့ ရည်မှန်းချက် ကနဦးက အောင်မြင်ခဲ့သည်။ ဒါပေမယ့် အခုတော့ ဒီအခွင့်အရေးလည်း ဆုံးရှုံးသွားသည်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်း သူ့စိတ်အခြေအနေက ယိုယွင်းလာခဲ့သည်။

အခုလက်ရှိ နှစ်လသည် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် သက်ရှိအား ဖမ်းမိဖို့အခွင့်အရေး အများဆုံး လ ဖြစ်နေသည်။ ဒီကာလအတွင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချမ်အွန်ဖူသည် အနားယူခြင်း ဒါမှမဟုတ် အိပ်စက်ခြင်း မရှိဖြစ်နေသည်။ အဆက်မပြတ် ခြေရာခံလိုက်နေပြီး တခြားလူများအား ချုံခိုတိုက်ခိုက်ခြင်း၊ စသည့်နည်းပေါင်းစုံဖြင့် သူ့ရည်မှန်းချက် အောင်မြင်အောင် လုပ်ဆောင်နေခဲ့သည်။

ဒီနေ့ မနက်ခင်း အမှောင်မျိုးစိတ်နဲ့ ထိပ်တိုက်တွေ့ဆုံခဲ့သည်။ နောက်ဆုံးတော့ သူ့တပြည့်တစ်ယောက် ဒဏ်ရာရသွားပြီး နောက်ယောင်ခံတဲ့ လမ်းကြောင်းလည်း ပျောက်ဆုံးသွားသည်။ ဒီနောက်မှာတော့ ချမ်အွန်ဖူမှာ တခြား အဖြေ မရှိဖြစ်နေသည်။

ဒီအမှောင်မျိုးစိတ်နောက်ကို နောက်ယောင်ခံလိုက်ရန် ကျွမ်းကျင်တဲ့ တပြည့် သုံးယောက်ကို စေလွှတ်ခဲ့သည်။ သူကတော့ ဒဏ်ရာပြင်းပြင်းထန်ထန်ရထားတဲ့ တပြည့်နဲ့ ခေတ္တအနားယူဖို့ ရေပူစမ်းနေရာသို့ ထွက်လာခဲ့သည်။ ဒီနေရာတွင် အရင်ကတည်းက စခန်းချခဲ့ဖူးသောကြောင့် ချမ်အွန်ဖူသည် ဝိညာဉ်ချီ အထူထပ်ဆုံး ရေပူစမ်းကို သိနေသည်။ နယ်မြေရှင်းလင်းရန် အလို့ငှာ ဝူကျီ ကို အရင်စေလွှတ်ခဲ့သည်။ သူရောက်တာနဲ့ ရေပူစမ်း တန်းသုံးချင်ခဲ့သည်။

သို့သော် ဝူကျီသည် ဒီကိစ္စကို မကိုင်တွယ်နိုင်ဘဲ ဆရာတစ်ယောက်ရဲ့ အပြစ်ပေးခြင်းကို ခံခဲ့ရသည်။ ဒါကို လုံးဝ လက်မခံနိုင်ပါ။ ချမ်အွန်ဖူသည် တပြည့်တွေအား ကာကွယ်ပေးတတ်သော ဆရာတစ်ယောက်ဖြစ်သည်။

သူတပြည့်အမှား လုပ်မိရင်တောင် အပြစ်ပေးတဲ့လူသည် သူပဲ ဖြစ်ရမည်။

"လာလေ၊ ငါ့ခြေထောက် လာချိုးလေ"

ဝူကျီသည် သူ့ဆရာက အနောက်တွင် ရှိနေသောကြောင့် မောက်မာလာပြန်သည်။

သူ့ဆရာက သူ့ယုံကြည်မှုရဲ့ အရင်းအမြစ်ဖြစ်သည်။

"မင်း ငါ့ခြေထောက်ကို တကယ်ချိုးရဲရင် မင်းကို ဂုဏ်ပြုလိုက် အုံးမယ်"

"ဆူညံလိုက်တာ"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ မြတ်ဆရာအရှိန်အဝါ ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး ပေါက်ကွဲထွက်သွားသည်။ အခင်းဖြစ်ပွားရာနေရာတွင် ရှိနေသော ကျောင်းသားအားလုံး၏ စိတ်နှလုံး တုန်လှုပ်ချောက်ခြား သွားသည်။

ကြောင်ကိုတွေ့လိုက်တဲ့ ကြွက်တစ်ကောင်လို ဆွန်းမိုကို ကြည့်ပြီး ကြောက်ရွံ့နေကြသည်။ ကြောက်ရွံ့ ထိတ်လန့်မှု တစ်ခုပဲ သိတော့သည်။

ဖုန်း

ဝူကျို နောက်တစ်ကြိမ် ဒူးထောက်ကျသွားပြန်သည်။

“ဘာ”

ဗဟိုပြည်နယ်မှ ဆရာတွေအားလုံးတုန်လှုပ် ခြောက်ခြားသွားသည်။ ဂျိမ်ဂျဲကတောင် ခြွင်းချက် မဟုတ်ပါ။ ဆွန်းမိုကို အံ့အောအကြည့်နဲ့ ကြည့်ရင်း ခေါင်းတောင် ကျိန်းလာသည်။

(အိုဘုရားရေ၊ မင်းမှာ မြတ်ဆရာအရှိန်အဝါ ဘယ်နှစ်ခုတောင် ရှိနေတာလဲ)

'ငါလို...''

ဂေါင်ပန် မိုက်မိုက်ရိုင်းရိုင်း စကား လွှတ်ခနဲ ထွက်သွားသည်။ ဆွန်းမို ချက်ခြင်းလှည့် ကြည့်လိုက်သည်။

"အမ်၊ အထင်မလွဲနဲ့၊ ရုတ်တရက် အံ့အောသွားလို့ လွတ်ခနဲ ထွက်သွားတာ၊ မင်းကို စော်ကားတဲ့ ရည်ရွယ်ချက် မရှိဘူး"

ဂေါ်င်ပန် ကမန်းကတမ်း ရှင်းပြလိုက်သည်။ အရမ်းစိတ်လှုပ်ရှားပြီး လွတ်ခနဲ ထွက်သွားတာဖြစ်သည်။

"နောက်ထပ် မြတ်ဆရာအရှိန်အဝါ ရှိသေးတာလား"

"မဟုတ်သေးဘူး၊ နောက်ထပ်တစ်ခုပဲလို့ ပြောလို့မရဘူး။ ဒါက 'ငြိမ်းချမ်းစွာ အနားယူတဲ့' မြတ်ဆရာအရှိန်အဝါပဲ။ ဒါကို နားလည်ဖို့အတွက် အသက် ၇၀၊ ၈၀လောက်ရှိဖို့ လိုတယ်လို့ ငါကြားဖူးတယ်"

"နတ်ဘုရားလက်ကတော့ မျှော်လင့်ထားသလိုပဲ အရမ်း အထင်ကြီးဖို့ ကောင်းတယ်"

"မင်းရဲ့ အကြောင်းပြချက်ကို ငါတော့ လက်မခံဘူး။ မြတ်ဆရာအရှိန်အဝါ နားလည်တာနဲ့ နတ်ဘုရားလက်နဲ့ ဘယ်လို ဆိုင်မှာလဲ"

ဆရာတွေ အချင်းချင်း ဆွေးနွေး နေကြသည်။ အခုအချိန်တွင် သူတို့ဦးနှောက် အရည်ပျော်နေသလို ခံစားနေရသည်။ (ဒီ ဆွန်းမိုမှာ မြတ်ဆရာအရှိန်အဝါတွေ ဘာဖြစ်လို့ အများကြီး ရှိနေရတာလဲ)

"မင်း အ..ေ..မ. ငါ...လို,,,"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရီဂျီမင်၏ ရင်ဘက်က လေတွေနဲ့ ပြည့်လာပြီး ဘောလုံးတစ်လုံးလို ဖောင်းကားလာသည်။ မနာလိုစိတ်ကြောင့် ပေါက်ကွဲလုမတတ် ဖြစ်နေသည်။ ဒီကမ္ဘာကြီး ဘာဖြစ်နေတာလဲ။ ဆွန်းမိုတစ်ယောက် မြတ်ဆရာအရှိန်အဝါ ဘယ်လောက်များများ နားလည်နေသလဲဆိုတာ သူမတွေးရဲပါ။ ဒီလိုမှမဟုတ်ရင် သူ ဒေါသကြောင့် သေသွားနိုင်သည်။

ကျန်ကွမ်လင် လုံးဝ အံ့အောမှင်တက်ပြီး စိတ်ထဲတွင် ရှုံးနိမ့်တဲ့ ခံစားချက် ပဲ့တင်သံ ထပ်နေသည်။ သူ့ရဲ့ ကြိုးစားအားထုတ်မှုက အဓိပ္ပါယ်မရှိသလို ရုတ်တရက် ခံစားလာရသည်။

"အို အရင်ကျောင်းအုပ်ကြီးရဲ့ သုံးသပ်ချက်က မှန်လိုက်တာ။ ဆွန်းမိုကို မြေးသမက် ရွေးခဲ့တာ အရမ်းအထင်ကြီးဖို့ ကောင်းတာပဲ"

ရှာယွန် အံ့အောသွားပြီး အထင်ကြီးတဲ့ ခံစားချက်က စိတ်ထဲစွဲသွားသည်။ ဆွန်းမိုသာ အရမ်းအစွမ်းမထက်ရင် အရင်ကျောင်းအုပ်ကြီးရဲ့ အသဲစွဲ မြေးမလေးကို ဘယ်လို ထိန်းထား နိုင်မှာလဲ။

ကူရှုပ်ရှင်း နှုတ်ခမ်း တစ်ချက်ကိုက်လိုက်သည်။ သူမက နှိမ့်ကျတယ်ဆိုတဲ့ ခံစားချက်ကို လက်မခံချင်သလို မျက်လုံးများ အရောင်တောက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ငါတို့ ဒီလောက် မကျွာဘူးလို့ထင်နေခဲ့တာ။ အခုအထိတော့ မင်းကဦးဆောင်နေတုန်းပဲ)

လုချီဟွာက ပတ်ဝန်းကျင်ကို တစ်ချက်လှည့်ကြည့်ပြီး လူတွေရဲ့ အမူအရာအား အကဲခတ်လိုက်သည်။ သူမအရမ်း ပျော်သွားသည်။

(ငါတို့ဆရာက အရမ်းတော်တာပဲ)

"ငါ အသိအမှတ်ပြုထားတဲ့ ဆရာက တကယ်အထင်ကြီးဖို့ ကောင်းတာပဲ"

ထန်ထန်ယုထန် နှုတ်ခမ်းကွေးသွားသည်။

"ဆရာချမ်၊ မင်းတပြည့်က နည်းနည်း မိုက်ရိုင်းတယ်"

"မင်း...."

ချမ်အွန်ဖူ ကြောင်သွားသည်။ ဒါက တစ်ရက်စာဆရာ တစ်သက်တာ အဖေ ပါ။ သူ့မျက်စိရှေ့မှာရှိတဲ့ ဒီလူက..... အမှောင်လျှို့ဝှက်ကျင့်စဉ်ကိုသုံးပြီး ပြန်လည်မွေးဖွားလာတဲ့ မွန်းစတားအိုကြီးလား။

ဒီလိုမှ မဟုတ်ရင် ငြိမ်းချမ်းစွာအနာယူမယ့် မြတ်ဆရာအရှိန်အဝါကို ဘယ်လို သိမှာလဲ။ သူက သက်ကြားအို ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သော်လည်း ဒါကို မသိသေးပါ။

မြေပေါ်တွင် ဒူးထောက်နေတဲ့ ဝူကျီကို ကြည့်ပြီး ချမ်အွန်ဖူ စိတ်ထဲ မနာလို ဖြစ်လာသည်။ သူလည်း ဒီ မြွတ်ဆရာအရှိန်အဝါကို လိုချင်နေခဲ့တာ တော်တော် ကြာနေပြီ ဒါပေမယ့် အရိပ်အမြွတ်တစ်ခုလေးတောင် နားမလည်သေးပါ။ ဒါကြောင့် စိတ်တိုနေလည်း သူ့အတွက် အသုံးမဝင်ပါ။ ဒါပေမယ့် သိပ်မကြာခင် ချမ်အွန်ဖူ မျက်နှာသည် မနာလိုတဲ့ ပုံစံကနေ ဒေါသထွက်တဲ့ ပုံစံ ဖြစ်လာသည်။

"ရယ်စရာ ကောင်းလိုက်တာ"

ချမ်အွန်ဖူ အော်ဟောက်လိုက်သည်။ ဆွန်းမိုကို တစ်ချက်ကြည့်ကာ

"မင်း ငါ့ကို လာစမ်းနေတာလား"

"ဒါက မင်းဘယ်လို မြင်လဲဆိုတာနဲ့ သက်ဆိုင်တယ်"

ဆွန်းမို နှုတ်ခမ်းတွန့်လိုက်သည်။

အနန်

ဆရာ အားလုံး လန့်သွားသည်။ ဆွန်းမိုရဲ့ သတ္တိက တကယ်ကို ကြီးမားလွန်းသည်။ အလျှော့ပေးဖို့ လုံး၀ ရည်ရွယ်ချက်မရှိပါ။ သို့သော်လည်း ကျောင်းတွင် သူလုပ်ခဲ့တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရာများအား ပြန်တွေးကြည့်လိုက်လျှင် သိပ်မထူးဆန်းပါ။

"ရက်စက်လွန်းတယ်"

ဗဟိုပြည်နယ်က ကျောင်းသားများသည် အရမ်းအံ့အောပြီး အထင်ကြီးနေကြသည်။ ဆွန်းမိုသည် ဘာကို ရင်ဆိုင်ရ ရင်ဆိုင်ရ မကြောက်တတ်ပါ။

"ဆရာချမ်၊ ကျောင်းသားတစ်ယောက်က ဆရာတစ်ယောက်ကို ဒီလိုပုံစံနဲ့ ပြောတာက စည်းကမ်းချိုးဖောက်နေပြီ "

ဂျိမ်ဂျဲ၏ ဘဝဒဿနမှာ ပြဿနာနည်းတာကို ကြိုက်နှစ်သက်သည်။ သူမက ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်နဲ့ ပြဿနာမဖြစ်ချင်ပါ။ ဒါပေမယ့် တဖက်လူက ပြဿနာဖြစ်လာအောင် အထက်စီးဆန်နေရင်တော့ သူမလည်း ယဉ်ကျေးနေမည် မဟုတ်ပါ။

ပွင့်ပွင့်လင်းလင်းပြောရလျှင် ဒီနေ့ ကိစ္စမှာ ဝူကျီ မှားနေတာ သိသာနေသည်။ ဂျိမ်ဂျဲနှင့် ဆွန်းမိုတို့ နှစ်ယောက်စလုံးသည် ချမ်အွန်ဖူ အကျိုးအကြောင်း မဆီလျော်ဘူးလို့ ခံစားရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတစ်ယောက်ကို ကာကွယ်ပေးတာက မမှားပါ။ သူတို့ဆိုရင်လည်း ဒီအတိုင်းသာ လုပ်မိလိမ့်မည်။

တိုက်ရိုက် တပြည့်များသည် ကိုယ်ပိုင် သားတွေ သမီးတွေ လိုပါပဲ။ အိမ်အတွင်းမှာဆိုရင် တံခါးပိတ်ပြီး ကြိုက်သလို ဆုံးမလို့ ရသည်။ ဒါပေမယ့် တခြားသူက သား၊သမီးတွေကို အပြစ်ပေးဖို့လုပ်လာလျှင် သူတို့ခြေထောက်တွေအား အရင်ဖြတ်ပစ်လိုက်မည်။

“ဒီလိုဆိုမှတော့လည်း မြတ်ဆရာလောကရဲ့ စည်းကမ်းအတိုင်း ဖြေရှင်းလိုက်ကြတာပေါ့”

ချမ်အွန်ဖူသည် စကားပြောပြီး အချိန်မဖြုန်းချင်ပါ။

"ဇီချီ၊ မြတ်ဆရာလောကရဲ့ စည်းမျဉ်းတွေက ဘာတွေလဲ"

အင်ဘိုင်ဝူ မသိပါ။

"မြတ်ဆရာတစ်ယောက်က တခြားမြတ်ဆရာတစ်ယောက်နဲ့ ပဋိပက္ခဖြစ်လာရင် ကျောင်းသားတစ်ယောက်ခြင်း တိုက်တဲ့ တိုက်ပွဲ ဖြစ်လာမယ်။ နိုင်တဲ့ဘက်က အမှန်တရားပဲ"

လီဇီချီက ရှင်းပြသည်။ ဒီလောကတွင် အတွေးအခေါ်နှင့် ဆင်ခြင်တုံတရားများ

အများကြီးရှိသည်။ သို့သော်လည်း ဒီ သံမဏိစည်းမျဉ်းက အမှန်ဆုံးလို့ သတ်မှတ်ထားကြသည်။ အပြင်းထန်ဆုံး လက်သီးနဲ့ ထိုးနိုင်သူကသာ အောင်နိုင်လိမ့်မည်။

ဂျိမဲဂျဲက ချက်ခြင်း သဘောမတူခဲ့ပါ။ ဒီအစား ဆွန်းမိုအား တစ်ချက် ကြည့်လိုက်သည်။

"ဆွန်းမို၊ သုံးခါလောက် စဉ်းစားအုံး"

ကူရှုပ်ရှင်းက သတိပေးသည်။ ချမ်အွန်ဖူသည် ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သည်။ ဒီလိုအဆင့်ရှိတဲ့ မြတ်ဆရာတစ်ယောက်ရဲ့ အတွေ့အကြုံနဲ့ သုံးသပ်ချက်က ဘယ်လိုပဲ

ဖြစ်နေပါစေ အဲဒါတွေအားလုံးက အရမ်းကြောက်ဖို့ကောင်းနေလိမ့်မည်။ ထပ်ပေါင်းပြောရလျှင် သူရဲ့အခြေခံအုတ်မြစ်ကလည်း နှစ်ပေါင်းများစွာစုဆောင်းထားတဲ့ အရာဖြစ်သည်။ သူ့တပြည့်များသည် ပါရမီရှင်များကြားက ပါရမီရှင်များသာ ဖြစ်နိုင်သည်။ တရားမျှတမှုဆုံးဖြတ်တဲ့ ပြိုင်ပွဲတစ်ခုလုပ်ပါက ဆွန်းမိုအတွက် မတရားနိုင်ပါ။

ဆွန်းမိုက ကူရှုပ်ရှင်းကို ပြုံးရင်း ကြည့်လိုက်ကာ စိတ်ပူစရာမလိုဖို့ အမူအရာ ပြလိုက်သည်။ ထို့နောက် ချမ်အွန်ဖူကို ကြည့်လိုက်ပြီး

" သုံးချီမှာ နှစ်ကြိမ်လား၊ ဒါမှမဟုတ် တပွဲတည်းနဲ့ အပြတ်ဆုံးဖြတ်မှာလား"

"ငါက ကြယ်လေးပွင့် မြတ်ဆရာ ချမ်အွန်ဖူပါ။ မင်းနာမည်နဲ့ ရာထူးကို မေးလို့ရမလား"

ချမ်အွန်ဖူက စည်းမျဉ်းအတိုင်း လိုက်နာပြီး နာမည်နှင့် ရာထူးကို ထုတ်ပြောလိုက်သည်။

"ဆွန်းမို၊ တိုက်ပွဲတစ်ခုခု ဖြစ်လာခဲ့ရင် အဆင့်နိမ့်တဲ့ဆရာက ဆုံးဖြတ်ရတယ်။ မြတ်ဆရာတွေ အဆင့်တူနေရင် တိုက်ပွဲကို စဖို့ အဆိုပြုတဲ့ မြတ်ဆရာက နားထောင်ရတယ်"

ဆွန်းမိုက အခုမှအလုပ်ဝင်ပြီး ကြယ်တစ်ပွင့်တောင် မရသေးတဲ့အတွက် အလှောင်မခံရအောင် ဂျိမ်ဂျဲက စည်းမျဉ်းကို ခပ်မြန်မြန် ရှင်းပြလိုက်သည်။ သို့သော်လည်း ဒီနည်းလမ်းက အရမ်း တရားမျှတသည်။ စိတ်ခေါ်သူမှ သူတို့ကျွမ်းကျင်တဲ့ တိုက်ခိုက်ရေးပုံစံဖြင့် စိန်ခေါ်ခြင်း မလုပ်နိုင်အောင် ကာကွယ်ထားသည်။

"အင်း"

ဆွန်းမိုက ခေါင်းညိတ်လိုက်ပြီး

“ကျွန်တော်က ဆွန်းမိုပါ။ ဗဟိုပြည်နယ်အကယ်ဒမီမှာ အလုပ်ဝင်တာ လေးလလောက်ရှိပြီ၊ ငါ့မှာ ကြယ်လုံး၀ မရှိဘူး”

“သု....သုည ကြယ်လား”

“အခုမှ အလုပ်ဝင်တာလား”

“သုံးလ ကျော်ကျော်ပဲ ရှိသေးတာလား”

ချမ်အွန်ဖူနောက်မှ ကျောင်းသားအများ အားလုံး အရမ်းအံ့အောသွားသည်။ ဝူကျီကို အလိုလို ကြည့်မိလိုက်ကြသည်။ တစ်ခုခု မှားနေတာလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်း ဆရာအသစ်တစ်ယောက်လို့ ပြောခဲ့တာလား။ ပြီးတော့ တစ်ရက်စာ ဆရာ၊ တစ်သက်တာ အဖေတောင် နားလည်နေပြီလား)

သင်္ချိုင်းကုန်း ခြေတစ်ဖက်လှမ်းနေတဲ့ မြတ်ဆရာများသာ နားလည်နိုင်တဲ့ အရာ မဟုတ်ဘူးလား။ ဒီလိုမှမဟုတ်ရင် 'ငြိမ်းချမ်းစွာ အနားယူမယ်' မြတ်ဆရာအရှိန်အဝါလို့ မခေါ်ကြဘူးလေ။

ချမ်အွန်ဖူလည်း အရမ်းအံ့အောသင့်သွားပြီး မျက်ခုံးပင့်ကာ ဆွန်းမိုကို ကြည့်လိုက်သည်။ ဒီနောက်

သူ့မျက်နှာတွင် ဒေါသထွက်တဲ့ ပုံစံ ပေါ်လာသည်။ လက်ကို ဝှေ့ယမ်းပြီး အော်ဟောက်လိုက်သည်။

"အဓိပ္ပါယ် မရှိလိုက်တာ"

ချမ်အွန်ဖူ အရမ်း ဒေါသထွက်သွားသည်။ ဒါက ဘာကြီးလဲ။ ဒီကိစ္စသာ ပျံ့နှံ့သွားရင် သူအရှက်ကွဲ လိမ့်မည်။

ကူရှုပ်ရှင်း နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်နေသည်။ (ဒီလို ဖြစ်လာမယ်ဆိုတာ ငါသိနေတယ်)

"ဆရာ၊ ခွင့်ပြုပေးပါ"

ရှန်ယွန်ပေါင်က စေတနာ ဝန်ထမ်း လုပ်လာသည်။

"ဆွန်းမို၊ ဟုတ်တယ်နော်။ အခု မင်းတောင်းပန်လိုက်ရင် ဒီကိစ္စပြီးသွားမယ်"

ချမ်အွန်ဖူက ထွက်ပေါက်တစ်ခု ပေးလိုက်သည်။

"ဟင်း"

ဂျိမဲဂျဲ သက်ပြင်းချလိုက်သည်။ ချမ်အွန်ဖူက စေတနာကောင်းကောင်းနဲ့ ဒီလိုပြောနေတယ်ဆိုတာ ဂျိမဲဂျဲ သိနေသည်။ ဆွန်းမိုမှာ ကြယ်လုံးဝမရှိဘူး

ကြားလိုက်တာနဲ့ တိုက်ပွဲမှာ သူအနိုင်ရမယ်ဆိုတာ သေချာနေပါပြီ။

ဆွန်းမိုကို တောင်းပန်ခွင့်ပြုလိုက်ခြင်းသည် ဆွန်းမိုအား ဒီအခက်အခဲမှ လွတ်မြောက်အောင် အမှန်တကယ် လမ်းစ ပေးလိုက်ခြင်း ဖြစ်သည်။ တခြားဆရာများသာဆိုရင် ဒီလိုကိစ္စ ဖြေရှင်းဖို့အတွက် ဒီအခွင့်အရေးကို သေချာပေါက် ဆုပ်ကိုင်ထားလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုကတော့.........၊ ဂျိမဲဂျဲ အားကိုးရာမဲ့သွားသည်။

"ဆရာချမ်၊ မင်းက ငါ့ကို ဆရာဆွန်းလို့ပဲ သုံးစွဲသင့်တယ်"

ဆွန်းမိုက မျက်လုံးကျဉ်းပြီး ကြည့်နေသည်။ သူ့လေသံကလည်း ရန်လိုလှသည်။ ဒီလို လိုက်လျှောညီထွေမှုမျိုး သူ မလိုချင်ပါ။ ဒါက ဆင်းရဲသားလေးအား အကြွေးလေးပေးပြီး နှစ်သိမ့်နေသလို ခံစားရသည်။

"ဟော့၊ ရှေ့ရိုးစွဲကြီး မင်းတပြည့်တွေကပဲ နိုင်မယ်လို့ ဘာဖြစ်လို့ တရားသေ မှတ်ထားတာလဲ"

အင်ဘိုင်ဝူက သူ့ဆရာအား စော်ကားနေသလို ခံစားရသည်။ ဒါကြောင့် ရှေ့ခုန်ထွက်လာပြီး ချမ်အွန်ဖူအား စူးစူးရှရှကြည့်ကာ မေးလိုက်သည်။

"မင်းတို့ဘက်က တစ်ယောက်ယောက် ထွက်လာပြီး ငါနဲ့ တိုက်စမ်းပါ"

သံမဏိ မိန်းကလေးက နောက်ထပ် စကားတစ်ခု ထပ်ပြောလိုက်သည်။

"သေခြင်း၊ ရှင်ခြင်း တိုက်ပွဲ"

ရှူ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီစကားကို ကြားလိုက်လျှင် လူတိုင်း အေးစက်သော လေကို ရှူလိုက်မိသည်။ (မင်းက သံမဏိခေါင်းဆိုတာ လူတိုင်းသိတယ်။ ဒါပေမယ့် ဒီလောက်အထိ တင်းမာ စရာလိုလို့လား)

(ဒီလောက်အထိ ရက်စက်ဖို့ လိုလို့လား)

သေခြင်း၊ ရှင်ခြင်းတိုက်ပွဲဆိုတာ တိုက်ပွဲတွင် ပါဝင်တဲ့လူများ၏ အသက်သည် ကောင်းကင်နဲ့သာ ဆိုင်တော့သည်။ သေရင် မင်းအားနည်းလို့ ဒီလောက်ပဲ။

"မောက်မာတယ်"

“မိုက်ရူးရဲ”

“ဆရာ၊ ကျေးဇူးပြုပြီး တိုက်ခွင့် ပေးပါ”

ချမ်အွန်ဖူ၏ တပြည့်များသည် အင်ဘိုင်ဝူကို စိုက်ကြည့်ပြီး တိုက်ခိုက်ဖို့ တောင်းဆိုနေကြသည်။

“ငါက တိုက်မယ်လို့ ပြောပြီးသား။ ငါ့လမ်းက ဖယ်ပေး”

ရှန်ယွန်ပေါင်သည် အင်ဘိုင်ဝူကို တွန်းဖယ်ပြီး သူမအရှေ့က ပိတ်ရပ်လိုက်သည်။

"ကောင်လေး၊ မင်းက ငါ့တပြည့်တွေကို မောက်မာတယ်လို့ ပြောတယ်။ အခု မင်းရဲ့ ကျောင်းသားတွေက တော်တော် မောက်မာနေတာပဲ"

ချမ်အွန်ဖူသည် ဆွန်းမိုကို စိုက်ကြည့်ကာ တင်းကြပ်သော လေသံနဲ့

"မင်းကို နောက်ဆုံးအခွင့်အရေးပေးမယ်။ မင်းသာ အခုတောင်းပန်လိုက်ရင် ဘာမှ မဖြစ်ခဲ့ဘူးလို့ သတ်မှတ်ပေးလိုက်မယ်"

"ပေါက်ကရစကားတွေ ရပ်လိုက်ပါတော့။ တိုက်ခိုက် အနိုင်၊ အရှုံး ဆုံးဖြတ်လိုက်ရအောင်"

ဆွန်းမို နှုတ်ခမ်းကွေးသွားသည်။

“ငါတို့ သုံးကျော့ တိုက်မယ်။ နှစ်ကျော့ နိုင်တဲ့လူက အနိုင်။ ရှုံးတဲ့လူက တောင်းပန်ရမယ်။ မင်းသဘောတူလား”

“မင်း စိတ်တိုင်းကျပဲ”

ချမ်အွန်ဖူ နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်သွားသည်။

“ဝူကျီ ၊ မင်းက ပြဿနာ ရှာလာတဲ့လူဆိုတော့ မင်းက ပထမဆုံး တိုက်ခိုက်လိုက်။”

“ဟုတ်ကဲ့၊ ဆရာ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြွတ်ဆရာအရှိန်အဝါရဲ့ သက်ရောက်မှုလည်း ပျောက်ကွယ်သွားသည်။ ဒါကြောင့် ဝူကျို ချက်ချင်းခုန်ထပြီး ရှန်ယွန်ပေါင်အား ဒေါသတကြီး စိုက်ကြည့်လိုက်သည်။ (ဒီ ရှန်ယွန်ပေါင်က မင်းစိတ်တိုင်းအကျဆုံး တပြည့်လား။)

(ဟွန့်၊ မသေမရှင်ဖြစ်သွားအောင် ရိုက်လိုက်လျှင် မင်းဘာဖြစ်လို့ ဖြစ်နေမလဲဆိုတာ ကြည့်မယ်)

ဝူကျိုက ရှန်ယွန်ပေါင်အား မသန်မစွမ်းဖြစ်အောင် လုပ်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒီလိုလုပ်ရင် ဆွန်းမို သေချာပေါက် သေလုနီးပါး ဒေါသထွက်နေလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝူကျီ၏ အမြင်အရ ဆွန်းမို ပထမဆုံးလွတ်လိုက်တဲ့ တပြည့်သည် သူအယုံကြည်ရဆုံး တပြည့် ဖြစ်လိမ့်မည်။ ဒါပေမယ့် သူလုံးဝ မကြောက်ပါ။

(ငါက ကြယ်လေးပွင့် မြတ်ဆရာ ချမ်အွန်ဖူရဲ့ တပြည့် တစ်ယောက်ပဲ။ စပြီး ကျင့်ကြံကတည်းက တိုက်ပွဲ တစ်ပွဲမှ မရှုံးသေးဘူး)

မှတ်ချက်။ ။ တစ်ရက်စာ ဆရာ၊ တစ်သက်တာ အဖေ မြတ်ဆရာအရှိန်အဝါအား ငြိမ်းချမ်းစွာအနားယူမယ့် မြတ်ဆရာအရှိန်အဝါလို့လဲ အခေါ်များသည်။

စာစဉ်(၁၇)

အခန်း(၂၄၆) - အောင်ပွဲ။

ရေပူစမ်းရဲ့ အပူချိန်က လေထုထဲ မြင့်တက်လာပြီး မြူခိုးကဲ့သို့ လေထု တစ်ခု ဖြစ်ပေါ်စေသည်။ ဆွန်းမိုသည် ဆတ်ဆတ်ထိမခံဖြစ်နေသော်လည်း မပေါ့ဆပါ။ ချမ်အွန်ဖူသည် ထူးချွန်တဲ့ ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ဖြစ်သောကြောင့် သူ့တွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရည်အချင်းပေါင်းများစွာ သေချာပေါက် ရှိလိမ့်မည်။

သူရဲ့ တပြည့်များသည်လည်း ထုံးစံအတိုင်း အရမ်းမြင့်မားသော အရည်အချင်းများ ရှိလိမ့်မည်။ အထူးသဖြင့် သူကျော်ကြားပြီးမှ လက်ခံခဲ့တဲ့ ဝူကျီလို တပြည့်များ ဖြစ်သည်။ သူတို့ လူတစ်ယောက်ကို ရဖို့ ကျောင်းသားပေါင်းများစွာထဲက ရှာဖွေ ရလိမ့်မည်။

'စာအုပ်မှရသော အသိပညာသည် အမြဲတမ်း မတိမ်မြုပ်နိုင်' ဆိုတဲ့ ဆိုရိုးစကားရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျင့်ကြံသူတစ်ယောက် သန်မာချင်လျှင် လက်တွေ့တိုက်ပွဲကသာ အရိုးရှင်းဆုံးနဲ့ အထိရောက်ဆုံး ဖြစ်သည်။

ကြယ်လေးပွင့် မြတ်ဆရာများ၏ တိုက်ရိုက်တပြည့်များသည် အဖိုးတန်ဆုံး ပြိုင်ဘက်များ ဖြစ်လာလိမ့်မည်။

“ရှုံးသွားရင် ငါတောင်းပန်လိုက်မယ်။ ဘာပဲဖြစ်ဖြစ် ငါ့ကျောင်းသားတွေ တိုက်ခိုက်ရေး အတွေ့အကြုံ ကောင်းကောင်း ရဖို့လိုအပ်တယ်”

ဆွန်းမို၏ မျက်နှာသည် ပိုတည်ငြိမ်လာသည်။

"ရှန်ယွန်ပေါင်၊ အင်ဘိုင်ဝူ ၊ မင်းတို့နှစ်ယောက် တိုက်ရမယ်။ စိတ်ခံစားချက်ကို အလိုလိုက်ပြီး အနိုင်ယူဖို့ပဲ တွေးမနေနဲ့၊ အခုချိန်ကစပြီး မင်းတို့ရဲ့ ပြိုင်ဘက်ကို စောင့်ကြည့်ပြီး ခွဲခြမ်းစိတ်ဖြာစေချင်တယ်။ မင်းဟာ သူ့ရဲ့ တကယ်ပြိုင်ဘက် မဟုတ်ရင်တောင် စိတ်ကူးနဲ့ တွေးပြီး ဘယ်လိုနိုင်အောင် တိုက်မလဲဆိုတာ တွေးစေချင်တယ်"

ဆွန်းမိုက ပြောပြီးနောက် လီဇီချီနှင့် ကျန်တဲ့ လေးယောက်ကို ကြည့်လိုက်သည်။

"မင်းတို့လည်း အာရုံစိုက်ပြီး ကြည့်"

"အင်း"

လီဇီချီ အနည်းငယ် စိတ်ပျက်နေသည်။ ဒီနောက် သူ့မကိုယ်သူမ ဝေဖန် အပြစ်တင်နေသည်။ သူမက အကြီးဆုံးအစ်မကြီး ဖြစ်သဖြင့် ပထမဆုံးတိုက်ပွဲကို တိုက်ခိုက်သင့်သည်။ သို့သော် သူမ အားနည်းသဖြင့် သူမဆရာ မျက်နှာပျက်ရသည်။

"ဘိုင်ဝူ၊ လာအုံး"

ဆွန်းမို စကားကို ကြားလိုက်လျှင် အင်ဘိုင်ဝူ ချက်ခြင်း ရောက်လာသည်။

ဆွန်းမိုက အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်သည်။ သူ့စိတ်ထဲတွင် သဏ္ဌာန်မဲ့ မြင့်မြတ်စကြြ်ာဝဋ္ဌာကျင့်စဉ်နဲ့ ချန်လုံရဲ့ ကျင့်ကြံခြင်း ကျင့်စဉ် ပေါ်လာသည်။ ထို့နောက် အင်ဘိုင်ဝူရဲ့ စိတ်ထဲကို ထည့်ပေးလိုက်သည်။

စိတ်ဝိညာဉ်ပုံသွင်းခြင်း မြတ်ဆရာအရှိန်အဝါ

အင်ဘိုင်ဝူ ချက်ခြင်း မျက်လုံးမှိတ်လိုက်ပြီး ကျင့်ကြံခြင်း ကျင့်စဉ်များကို အလေးအနက်ထားကာ ဆင်ခြင်လိုက်သည်။

ဆွန်းမိုက အင်ဘိုင်ဝူအား သူမဘာသာသူမ နားလည် စေချင်သောကြောင့် သူ့ရဲ့ အတွေ့အကြုံကို မထည့်ပေးလိုက်ပါ။ ဒီလိုလုပ်လိုက်ခြင်းဖြင့် အသိပညာများကို ပိုနက်ရှိုင်းစွာ သဘောပေါက်သွားလိမ့်မည်။

“ဒါက မြတ်ဆရာ အရှိန်အဝါလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုင်ရန်လီသည် စိတ်ဝိညာဉ်ပုံသွင်းခြင်းကို ပထမဆုံး

မြင်းဖူးသဖြင့် အနည်းငယ် အံ့အောသင့်သွားသည်။

ဂျိမ်ဂျဲက သိချင်စိတ်ဖြင့် ဆွန်းမိုအား စိုက်ကြည့်နေသည်။ သို့သော်လည်း ဆွန်းမိုက ရှင်းပြမည့် ပုံစံ မရှိပါ။

ဘေးက ရပ်ကြည့်နေသော ချမ်အွန်ဖူ မျက်မှောင်ကြုတ်နေသည်။ (ဒါက ဘာလဲ။

အမှောင်လျှို့ဝှက်ကျင့်စဉ်လား။ ဘာပဲသုံးသုံး ငါ့ရဲ့ ပါရမီရှင်တပြည့်က သေချာပေါက် မရှုံးဘူး။)

တိုက်ပွဲကို အတည်ပြုပြီးတာနဲ့ ဝူကျီက စိတ်မရှည်စွာ ခုန်ထွက်သွားသည်။

“ဝူကျီ ခန္တာကိုယ်ပြုပြင်ခြင်း အဆင့်(၅)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ”

ဝူကျီက ရှန်ယွန်ပေါင်အား ဒေါသတကြီး စိုက်ကြည့်နေသည်။ အင်ဘိုင်ဝူကိုတော့ ထုံးစံအတိုင်း လျစ်လျူရှုထားသည်။ သူ့အမြင်အရတော့ မိန်းကလေးတစ်ယောက်က တိုက်ခိုက်ဖို့

အရည်အချင်း မမှီပါ။ အနိုင်ရခဲ့ရင်တောင် ဂုဏ်ယူစရာ မရှိပါ။

ရှန်ယွန်ပေါင်သည် ထွက်မလို့ လုပ်လိုက်ပြီး ကျင့်ကြံခြင်းအဆင့်ကို ကြားပြီးနောက် ချက်ခြင်း ပြန်ဆုတ်သွားသည်။ အင်ဘိုင်ဝူအား

"သူက မင်းအပိုင်ပဲ "

သံမဏိခေါင်းနဲ့ မိန်းကလေး ချက်ခြင်း ထွက်လာသည်။

"အင်ဘိုင်ဝူ၊ ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့် (၄)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းက ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်က မဟုတ်ရင် ငါနဲ့ လာမတိုက်နဲ့"

ဝူကျီက မျက်မှောင်ကြုတ်ပြီး အော်ဟောက်လိုက်သည်။ ထို့နောက် ဓါးရှည်ကို လက်တန်းကာ ရှန်ယွန်ပေါင်အား ညွှန်ပြလိုက်သည်။ တဖက်သားကို ကျိန်သေပေါက် အနိုင်ရမှာဖြစ်သဖြင့် သူ မတိုက်ချင်ပါ။

သာမန်လူတွေ အတွက်တော့ ဒီလိုဖြစ်ခဲသည်။ သို့သော် ဝူကျီက ပါရမီရှင် တစ်ယောက်ဖြစ်သည်။

တဖက်လူအား အဆင့်ကျော်ပြီး တိုက်ခိုက်ခြင်းသည် သူ့အတွက် ပုံမှန်သာ ဖြစ်သည်။

ဟာ

ဒီစကားကို ကြားလိုက်လျှင် ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားများ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ဒီကောင် နည်းနည်း ဘဝင် မမြင့်နေဘူးလား။ သူဆိုလိုတာက သူသည် ကျင့်ကြံခြင်း အဆင့်(၅)နဲ့ ကျင့်ကြံခြင်း အဆင့်(၉)ကို အေးအေးဆေးဆေး တိုက်နိုင်သည်။

"အဆင့်နိမ့်တဲ့အမှိုက်တွေနဲ့ ဘယ်တော့မှ မတိုက်ခိုက်ဘူး"

ဝူကျီကို အကဲခတ်ရင်း ရှန်ယွန်ပေါင် နှုတ်ခမ်းများ ကွေးနေသည်။

"ပြီးတော့ မင်းက အင်ဘိုင်ဝူကို မနိုင်ဘူး"

တိုက်ခိုက်ရေးစွဲလမ်းသူ၏ ကိုယ်ရည်ကိုယ်သွေးသည် အင်ဘိုင်ဝူနဲ့ ဘက်တူ မဟုတ်သော်လည်း သူမရဲ့ ပင်ကိုယ်အရည်အချင်းနဲ့ ခွန်အားကို အသိအမှတ်ပြုထားဆဲ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမိန်းကလေး အရွယ်ရောက်လာတာနဲ့ အရမ်းသန်မာတဲ့ ပြိုင်ဘက် တစ်ယောက် ဖြစ်လာလိမ့်မည်။

"ပေါက်ကရစကားတွေ ရပ်ပြီး လာတိုက်စမ်းပါ။"

အင်ဘိုင်ဝူ လော်လိုက်သည်။

"ကျီလေး၊ ဒီထက်ပိုပြီး အချိန်ဆွဲမနေနဲ့တော့။ တိုက်ပွဲကို မြန်မြန်ပြီးအောင် လုပ်"

ချမ်အွန်ဖူ သည်းခံစိတ် ကုန်ခမ်းနေပြီ။ ကြယ်သုည ဆရာနှင့် ရန်ဖြစ်ရခြင်းသည်

သူ့သိက္ခာအား တော်တော် ထိခိုက်နေသည်။ ပြီးတော့ ဆွန်းမို ဆက်ဆက်ထိမခံဖြစ်နေတဲ့ အကြောင်းကိုလည်း ခန့်မှန်းမိသည်။ ဆွန်းမိုက သူတပြည့်များ ထက်မြတ်လာစေရန် ပေါ်လစ် ကျောက်သားအဖြစ် အသုံးချချင်နေသည်။

“ဟွန့်၊ ငါ့ဆီက အခွင့်အရေးယူဖို့ လွယ်မယ် ထင်နေတာလား”

ချမ်အွန်ဖူက တိတ်တိတ်လေး လှောင်ပြုံးလိုက်သည်။ ထိုနောက် အေးစက်သော လေသံဖြင့်

"မညာနဲ့"

ဝူကျီသည် ချက်ခြင်းပဲ စိတ်အခြေအနေကို ပြောင်းလိုက်သည်။ ဆရာ ဘာဖြစ်ချင်လဲဆိုတာ သူနားလည်သည်။ ဒီမိန်းကလေးအား လုံးဝချေမှုပစ်ရမည်။ သူမ လုံးဝ ပြိုလဲကျတဲ့ အထိ တိုက်ခိုက်ရမည်။

"ဟွန့်၊ သေသူနဲ့ ပါရမီရှင်ကြားက ကွာခြားချက်ကို ငါပြမယ်"

ဝူကျီ၏ မျက်လုံးထဲတွင် အထင်သေးမှုများနဲ့ ပြည့်နေသည်။

"မင်း အရင်တိုက်ပါ"

အင်ဘိုင်ဝူ နှုတ်ခမ်းကွေးလိုက်သည်။ အားမနာဘဲ ရှေ့သို့ တန်း ပြေးတက်လာသည်။

ရွှတ်

ကောင်းကင် သဲကွန်ယက်။

သူမဓါးသည် အနက်ရောင်နဲ့အဝါရောင်ပါတဲ့ (အော်ရီယို) ငှက်နဲ့တူနေပြီး စူးစူးရှရှ လေချွန်သံပေးပြီး ပြေးထွက်သွားသည်။ ဓါးအသွားသည် လူတိုင်း မျက်လုံးထဲတွင် ကောင်းကင်ပေါ် ပျံတက်သွားတဲ့ အော်ရီယို ငှက်လို မြင်နေရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝူကျီ၏ မျက်လုံး ကျဉ်းသွားသည်။ သူက တကယ့်ကို ပါရမီရှင်တစ်ယောက်ဖြစ်သည်။ ဒါကြောင့် ဒီမိန်းကလေးရဲ့ တိုက်ခိုက်မှုကို တစ်ချက်ကြည့်လိုက်ပြီး မရိုးရှင်ဘူးလို့ ပြောနိုင်သည်။ ဒါပေမယ့် နောက်မှာတော့ သူစိတ်လှုပ်ရှားလာသည်။

(ပြိုင်ဘက်က ပါရမီရှင်ဖြစ်ရင် ပိုကောင်းတယ်။ ငါဝူကျီက ပါရမီရှင်များကိုသာ အနိုင်ယူတတ်သည်။

“လုပ်တာ ကောင်းတယ်”

ဝူကျီက မတား ၊မရှောင်ဘဲ အိုင်ဘိုင်ဝူရဲ့ တိုက်ခိုက်မှုကို သူ့ဓါးနဲ့ ထိပ်တိုက် ရင်ဆိုင်လိုက်သည်။

ချမ်အွန်ဖူက နှုတ်ခမ်းများကို သပ်ပြီး ပြုံးကာ ကြည့်နေသည်။ ဝူကျီသည် သူ့ရဲ့ တိုက်ရိုက်တပြည့်ဖြစ်သည်။ အစကတည်းက ကြောက်ပြီး နောက်ပြန်ဆုတ်ခဲ့ရင် အဆုံးမှာအနိုင်ရခဲ့ရင်တောင် သူ့ကို အပြစ်တစ်ခု ပေးရမည်။

ဒင်

ခါးသွားအချင်းချင်း တိုက်မိသွားသည်။ နှစ်ဖက်စလုံး နောက်ပြန်ဆုတ်တဲ့ အခါ သူတို့ရဲ့ လက်ကောက်ဝတ်များ တုန်ယင်သွားသည်။ သူတို့ရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခါးရှည်များသည် လှပတဲ့ စက်ဝန်းတွေ ပေါ်လာပြီး နောက်တစ်ကြိမ် ခုတ်ထစ်နေကြသည်။

ဒင် ဒင် ဒင်

မြန်သထက် မြန်လာသည်။ သတ္တုအချင်းချင်း ထိခိုက်တဲ့ အသံ အဆက်မပြတ် ထွက်ပေါ်နေသည်။

ကြည့်နေတဲ့ ကျောင်းသားအားလုံး တိတ်ဆိတ်သွားသည်။ တိုက်ပွဲဝင်နေတဲ့ လူနှစ်ယောက်ရဲ့ လှုပ်ရှားမှုကို ကြည့်ရင်း မျက်လုံးတွေ ပြူးနေကြသည်။ အခင်းအကျင်းတစ်ခုလောက် လွဲချော်သွားမှာ စိုးရိမ်နေကြသည်။

တိုက်ပွဲ ဆက်တိုက်နေသည်။ ကျောင်းသားတွေရဲ့ မျက်နှာပေါ်မှာ တုန်လှုပ်တဲ့ အမူအရာ ပေါ်လာသည်။ ဒီတိုက်ပွဲဝင်နှစ်ယောက်က အရမ်း အစွမ်းထက်လွန်းသည်။

ဝူကျီကတော့ တစ်ချက်ပဲ။ သူက ကြယ်လေးပွင့်မြတ်ဆရာတစ်ယောက်၏ တပြည့် အဖြစ် အသိအမှတ်ပြုခံရသဖြင့် ကျိန်းသေပေါက် အရည်းအချင်း ရှိလိမ့်မည်။ သို့သော် အင်ဘိုင်ဝူအတွက်ကတော့ သူမ ဒီလောက်အထိ အစွမ်းထက်မယ်လို့ မထင်ထားခဲ့ကြပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူမသည် ပြိုင်ဘက်ထက် ကျင့်ကြံခြင်း အဆင့်တစ်ဆင့် အားနည်းသော်လည်း ပြိုင်ဘက်အား ထိန်းချုပ်ထားနိုင်သည်။ သူမရဲ့ လွှမ်းမိုးမှု ဘယ်လိုမှ အားမနည်းနိုင်ပါ။

“ဒါပေမယ့် သူမ အရေးနိမ့် နေသေးတယ်”

တိုက်ခိုက်မှုလှိုင်းတွေက အင်ဘိုင်ဝူအား အဆက်မပြတ် ဖိနှိမ့်ထားတာကို ကျောင်းသားများ မြင်နေရသည်။ သူမရဲ့ အချိန်အများစုကို ကာကွယ်ဖို့အတွက် အသုံးပြုထားသည်။

“မင်း ဘယ်လိုထင်လဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းသည် သူမရဲ့ သဘောအကျဆုံး တပြည့်အား မေးလိုက်သည်။

"အစွမ်းထက်လွန်းတယ်"

ကျန်ရန်ဇောင်သည် အင်ဘိုင်ဝူအား စောင့်ကြည့်နေသည်။

"မင်းက ဘယ်သူအကြောင်း ပြောနေတာလဲ"

ကူရှုပ်ရှင်းက ဆက်မေးလိုက်သည်။

"ဆရာက အဖြေကို သိရဲ့သားနဲ့ မေးနေတာလား"

ကျန်ရန်ဇောင်က မျက်လုံးပြူးပြီး ပြန်ဖြေသည်။

“မင်းရဲ့ သုံးသပ်နိုင်စွမ်းကို သိချင်လို့ မေးနေတာ။ ဒါပေမယ့် မင်းသုံးသပ်ဖို့အတွက်လည်း အခက်အခဲ မရှိသင့်ဘူး”

“မင်းက ကျေနပ်မှု မပေးနိုင်ခဲ့ဘူး”

ကူရှုပ်ရှင်းက မာန်မဲ လိုက်သည်။ သို့သော် သူမလေသံတွင် ချစ်ခင်မြတ်နိုးမှု အငွေ့အသက်အား မြင်ယောင်နိုင်သည်။

“ဝူကျိုက ပါရမီရှင်တစ်ယောက်ပဲ ဒါပေမယ့် အင်ဘိုက်ဝူကျုတော့ သူမက လူတွေကို စိတ်ပျက်အားငယ်မှု၊ တုန်လှုပ်မှု၊ စိတ်ဓါတ်ကျမှုနှင့်

စိတ်ပျက်မှုကို ပေးစွမ်းနိုင်တယ်။ ဘာကြောင့်ဆို သူမ ပါရမီရှင်တစ်ယောက်မဟုတ်ရင်တောင် သေစေနိုင်တဲ့ လူတစ်ယောက်လို့ ခံစားချက်ပေးနိုင်တယ်”

ကျန်ရန်ဇောင်သည် ဒါကိုပြောပြီး အနည်းငယ် စိတ်ပျက်သွားသည်။

“ကို့ကိုယ်ကို နှိမ့်ချပြီး မမြင်သင့်ဘူး။ မင်းက သူ့ထက် မညံ့ဘူး”

ကူရှုပ်ရှင်း နှစ်သိမ့်လိုက်သည်။

သူမရဲ့ တပြည့်အကြီးဆုံးက ဘာပြောချင်လဲဆိုတာ သူမနားလည်သည်။

နောက်ဆုံးစာမေးပွဲမှာ ဝူကျီနဲ့ ကျန်ရန်ဖောင်တို့နှစ်ယောက်စလုံး အထွဋ်အထိပ် ရောက်နေသလို ဖြစ်နေသည်။

သို့သော် တူညီသောအမှတ်အတွက် ဝူကျီကို မှီအောင် သေလုမျောပါး ပြင်းပြင်းထန်ထန် ကြိုးစားခဲ့ရသည်။ အင်ဘိုင်ဝူအတွက်ကျတော့ ပြင်းပြင်းထန်ထန်ကြိုးစားပြီး အမှတ်အပြည့်ရလာတဲ့ အချိန်တွင် ပိုတောင်ကြောက်ဖို့ကောင်းတဲ့ အမှတ်တစ်ခု ထုတ်ပြဖို့ စောင့်နေသလိုပါပဲ။

"လူတစ်ယောက် အောင်မြင်ဖို့အတွက် အကြောင်းပြချက်တွေ အများကြီး ရှိတယ်။ အရည်အချင်းဆိုတာကလည်း ရှုထောင့် တစ်ခုပဲ ဖြစ်တယ်"

ကျန်ရန်ဇောင်က အနည်းငယ် ဖားလိုက်ပြီး

"ပြီးတော့ ငါ့မှာ အရမ်းထူးချွန်တဲ့ ဆရာတစ်ယောက်လည်း ရှိတယ်။ ငါက သူ့မထက် သာလွန်လိမ့်မယ်"

"ဟီး ဟီး"

ကူရှုပ်ရှင်း ပြုံးလိုက်သည်။ ဆိတ်ဆိတ်နေခြင်းက သဘောတူတယ်လို့ ယူဆနိုင်သည်။ ဒါပေမယ့် အမှန်တိုင်းပြောရလျှင် သူ့မျက်လုံးတွေက ဆွန်းမိုကို စိုက်ကြည့်နေခဲ့သည်။ အင်ဘိုင်ဝူ ဆရာလည်း မဆိုးဘူးလို့ သူပြောချင်ခဲ့သည်။

ဆွန်းမိုရဲ့ ကံတရားကို သံသယ ဝင်စရာ မရှိပါ။ သူ ကယ်တင်ခဲ့တဲ့ မိန်းကလေးက ပြောင်းလဲသွားပြီး ကျောက်မြတ်ရတနာ တစ်ခု ကောက်ရသလို ဖြစ်သွားသည်။

တိုက်ပွဲအတွင်းတွင် ဝူကျီက အင်ဘိုင်ဝူအား ဖိနှိပ်ထားသည်။ သူက ကျောင်းသားတွေကို အံ့အောသင့်ပြီး အံ့အောသင့် နေအောင် တိုက်ကွက်မျိုးစုံ ထုတ်ပြနေသည်။ ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားများသည် ဒီဘဝင်မြင့်တဲ့ကောင်က တကယ်သန်မာတယ်ဆိုတာ ဝန်ခံရမည်။

သို့သော် ချမ်အွန်ဖူရဲ့ မျက်နှာအမူအရာ လေးလံနေသည်။ အချိန်တော်တော်ကြာအောင် တိုက်ခိုက်ပြီး ပြိုင်ဘက်အား ဖိနှိပ်ထားပါက

အနိုင်ရသေးခြင်း မရှိပါက သေချာပေါက် အပြောင်းအလဲ တစ်ခု ဖြစ်လာလိမ့်မည်။ ပုံပြီး စိတ်ရှုပ်ဖို့ကောင်းတာက ဒီမြင်ကွင်းကို ကျောင်းသူလေးက တမင်သက်သက် ဖန်တီးထားတဲ့ ပုံဖြစ်နေသည်။

ဘုန်း

ဝူကျီ လက်သီးနဲ့ အင်ဘိုင်ဝူ၏လက်ဝါးတို့သည် ထိပ်တိုက် ထိမိနေသည်။ ထိမိလိုက်မိတဲ့အခါတိုင်း ရိုက်ခတ်မှုကြောင့် ဝိညာဉ်ချီလှိုင်းများ ထွက်လာပြီး ပတ်ဝန်းကျင်မှာ ဖုန်မှုန့်များ လွင့်စင်ထွက်နေသည်။

ဝူကျီ အသက်ရှူသံ မမှန်တော့ပါ။ ဒါပေမယ့် အင်ဘိုင်ဝူရဲ့ အသက်ရှူသံက ပုံမှန်ပဲ ဖြစ်နေသည်။ ဒါကို မြင်လိုက်တော့ မောဟိုက်နေမှုကို ပြင်းပြင်းထန်ထန် တောင့်ခံထားလိုက်သည်။ သူက နှိမ့်ချတဲ့လူ မဖြစ်ချင်ပါ။

"မင်းမှာ အကွက်အသစ်တွေ ရှိသေးလား"

အင်ဘိုင်ဝူက မေးလိုက်သည်။ သူမဘက်က ပျင်းရိနေတဲ့ပုံဖြစ်နေပြီး တိုက်ခိုက်စတင်လာပြီ ဖြစ်သည်။

"ဒါကို ခံနိုင်ရည်ရှိမှ ထပ်ပြောစမ်းပါ"

ဝူကျီက တိုက်ခိုက်ဖို့အတွက် အကွက်စခင်းလိုက်သည်။

“ဒါကို အရင်ကလည်း ပိတ်ဆို့ပြီးသားလေ” အင်ဘိုင်ဝူရဲ့ ပုံရိပ်က တောက်ပလာပြီး လှပတဲ့ ယန်၊ ကို ဝူကျီဆီ ခါးချက်ထုတ်လွှင့်လိုက်သည်။

အမိန့်ဆယ့် ရှစ်ခု။

ဖောက် ဖောက် ဖောက်

ဝူကျီက တိုက်ခိုက်မှုကို ကာကွယ်ရုံသာ ကာကွယ်နိုင်ခဲ့သည်။ ထို့နောက် သူ စိုးရိမ်လာပြီး ချွေးစေးများ ထွက်လာသည်။

(ဒီအတိုင်း ဆက်သွားလို့ မဖြစ်တော့ဘူး။ ဒီကောင်မလေးရဲ့ တိုက်ခိုက်မှုက ကြောက်စရာကောင်းလွန်းတယ်။ သူမကို တိုက်ခွင့်ပေးလို့ မဖြစ်ဘူး မဟုတ်ရင် တကယ်ရှုံးသွားနိုင်တယ်)

ဒီလိုတွေးပြီးနောက် ဝူကျီသည် သူ့ရဲ့ အကောင်းဆုံး အကွက်ကို ထုတ်သုံးလိုက်သည်။

ရွှတ်စ် ရွှတ်စ်

ဝူကျီဆီက ကိုယ်ပွားတစ်ခု ပေါ်လာသည်။ ထိုကိုယ်ပွားက မူလကိုယ်နဲ့ ပေါင်းပြီး တိုက်ခိုက်လာသည်။ ထို့နောက် သူတို့သည် နေရာလွတ်ကို ဖြတ်သန်းပြီး အင်ဘိုင်ဝူရှေ့တွင် တန်းပေါ်လာသည်။

အမှန်အတိုင်းပြောရလျှင် ကျင့်ကြံခြင်း အဆင့်နိမ့်တဲ့ ပြိုင်ဘက်တစ်ယောက်ကို ဒီလိုအကွက် အသုံးပြုရတာက သူ့ရဲ့ကျွမ်းကျင်မှု

မလုံလောက်သေးဘူးလို့ ဖော်ပြနေသည်။ သို့သော်လည်း အင်ဘိုင်ဝူအား လျှော့မတွက်ရဲပါ။

"ဟင်း၊ ဒီလိုလုပ်ပြီး နိုင်ခဲ့ရင်တောင် ပြန်ရောက်ရင်တော့ ဆရာက သေချာပေါက် အပြစ်ပေးတော့မှာပဲ။"

ဝူကျီ စိတ်ရှုပ်သွားသည်။ ထို့နောက် ဒင် ဆိုတဲ့ အသံတစ်ခု ထွက်ပေါ်လာသည်။ ကြည်လင်သော သတ္တုထုသံက သူ့အားမြွေကိုက်ခံလိုက်ရသလို ဖြစ်သွားစေသည်။ ဒီနောက်မှာတော့ အလိုလို စိတ်ထဲတုန်လှုပ်သွားသည်။

ငါ့တိုက်ခိုက်မှုက လွဲသွားတာလား။

သူ့ အကောင်းဆုံးတိုက်ကွက်ရဲ့ လှုပ်ရှားမှုကြောင့် အသားထဲ ဓါးစိုက်ဝင်တဲ့ အသံထွက်ပေါ်လာရမည်။

ဝူကျီ လှမ်းကြည့်လိုက်လျှင် အင်ဘိုင်ဝူက ဒီတိုက်ခိုက်မှုကို တားဆီးဖို့အတွက် တစ်ခုခု လုပ်လိုက်တာ မြင်လိုက်ရသည်။ တကယ်တော့ သူမက ပြန်တောင် တိုက်ခိုက်လာသည်။

ရွတ်စ် ရွတ်စ်

အင်ဘိုင်ဝူဆီကလည်း ကိုယ်ပွားတစ်ခု ထွက်ပေါ်လာသည်။

"ဒါ...."

ချမ်အွန်ဖူ ကြောင်သွားသည်။ သူ့နောက်က ကျောင်းသားအားလုံးလည်း မျက်နှာငယ်သွားသည်။ ဒါက သူတို့ဆရာရဲ့ ကိုယ်ပိုင်နောက်ဆုံးလျှို့ဝှက်အကွက် မဟုတ်ဘူးလား။ ဘာကြောင့် ဒီကောင်မလေးက သိနေရတာလဲ။

ဝှစ်

ဌက်ဖြူက ဝူကျီ ပခုံးထဲ စိုက်ဝင်သွားသည်။ ထို့နောက် အင်ဘိုင်ဝူက ဓါးဆွဲထုတ်လိုက်လျှင်

ဝူကျီ မြေပေါ်သို့ ဝုန်းကနဲ လဲကျသွားပြီး ဖုန်တွေ လွင့်စင်လာသည်။

"တိမ်ဖောက်တဲ့ လလား"

ဝူကျီရဲ့ မျက်နှာပေါ်တွင် မယုံကြည်နိုင်တဲ့ အမူအရာ ပေါ်နေသည်။ အလိုလို သူ့ဆရာအား လှမ်းကြည့်လိုက်မိသည်။ (ဒီမိန်းကလေးက ဆရာရဲ့ တရားမဝင် သမီးလား။ ဒီလိုမှမဟုတ်ရင် မင်းမိသားစုရဲ့ အကောင်းဆုံး ကျင့်စဉ်ကို ဘယ်လို သိမှာလဲ။)

"မင်း ရှုံးသွားပြီ"

အင်ဘိုင်ဝူသည် ဒီလိုပြောပြီးနောက် ဝူကျီအား ထပ်မကြည့်တော့ပါ။ သူမ ခါးရှည်အား ချမ်အွန်ဖူ တပြည့်တွေဆီ ညွှန်ပြလိုက်ပြီး

"နောက်တစ်ယောက် ဘယ်သူလဲ"

"စောက်ထင်ကြီးနေ"

သူတို့အားလုံးသည် အင်ဘိုင်ဝူအား သင်ခန်းစာတစ်ခု ပေးချင်စိတ်ပေါက်လာပြီး တချိန်တည်း လှမ်းတက်လာသည်။

"ဟော့၊ အခုက ငါ့အလှည့်ပဲ"

ရှန်ယွန်ပေါင် လှမ်းတက်လာသည်။

"မင်း ဒီအတိုင်းဆက်လုပ်နေရင် နောင်ကျရင် မင်းအတွက် ရန်သူတစ်ယောက်တောင် မချန်ထားခဲ့တော့ဘူး"

ချမ်အွန်ဖူ၏ တပြည့်များ ဒေါသပေါက်ကွဲ ထွက်ကုန်တော့သည်။

(ငါတို့ကို ဘယ်လို ဆက်ဆံနေတာလဲ။ မင်းစိတ်တိုင်းကျ ချက်စားလို့ရတဲ့ ငါးခြောက်များ ထင်နေတာလား)

"ငါ့နာမည်က ဝူဇီယူပဲ

ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၉)။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး”

ကျောင်းသားတစ်ယောက် ထွက်လာသည်။

စာစဉ်(၁၇)

အခန်း(၂၄၇) - အရမ်း ချစ်ဖို့ကောင်းတဲ့ ငါးသလဲထိုးလေး၊ ဆားလေးနည်းနည်းလောက် ထပ်ထည့်လိုက်ရအောင်။

“ဆရာရဲ့ အမိန့်ကို ငါလိုက်နာတာက မင်းအတွက် ကံကောင်းသွားတယ်”

အင်ဘိုင်ဝူက သတင်းပို့လိုက်သည်။

“လုပ်တာကောင်းတယ်”

ဆွန်းမို အရမ်းကျေနပ်နေသည်။

"ဟီး"

အင်ဘိုင်ဝူ သဘောကျပြီး ပြုံးနေသည်။

"ညီမငယ်လေးက ပြုံးလိုက်ရင် အရမ်းလှတာပဲ"

လုချီဟွာ အားကျနေသည်။

သံမဏိခေါင်းနဲ့ မိန်းကလေးသည် အရမ်းလှသည်။ သူမကို အာဟာရဖြစ်အောင် ကျွေးမွေးလာတာနဲ့ အမျှ သူမရဲ့ အားနည်းတဲ့ ကိုယ်ခန္ဓာကိုယ် ပိုမို ကြံ့ခိုင်လာသည်။ ဖြူဖျော့နေသော

မျက်နှာသည်လည်း အခုတော့ အရောင်အသွေး စုံလာသည်။

အရင်တုန်းကတော့ အင်ဘိုင်ဝူရဲ့ ဘဝသည် ဖိအားနဲ့ ပြည့်နှက်နေပြီး နေ့တိုင်း အလုပ်ရှုပ်နေကာ နားဖို့ အချိန်တောင် မရှိခဲ့ရှာပါ။ ဒါကြောင့် အပြုံးအရယ် မရှိခဲ့ပါ။ ဒါပေမယ့် သူမပြုံးလိုက်လျှင် ထူးထူးခြားခြား ဆွဲဆောင်မှုရှိနေသည်။

လုချီဟွာရဲ့ အပြုံးက ဖြူစင်ပြီး အပြစ်ကင်းတယ်လို့ ပြောရင် အင်ဘိုင်ဝူရဲ့

အပြုံးက လေနှင့် နှင်းရောပြီး ကျရောက်လာတဲ့ နေရောင်ခြည်လို ဖြစ်သည်။ လန်းဆန်းတဲ့ ခံစားချက်ကို ပေးစွမ်းနိုင်သည်။

"မင်းက သူ့ရဲ့ လှုပ်ရှားမှုကို ပိုကြည့်ချင်နေတာ ငါသိတယ်။ ဒါပေမယ့် သူ့ရဲ့ တိုက်ခိုက်မှုကိုပဲ ခံခံနေရတဲ့ အထိ လုပ်စရာမလိုဘူး။ သူလှုပ်ရှားပြီးတာနဲ့ ပြန်တိုက်လို့ ရတယ်။ အခြားအကွက်တခုခုကို ရည်ရွယ်ချက်ရှိရှိ သုံးနိုင်တယ်။ အဲဒီလုပ်လိုက်ရင် မင်းအတွက် ပိုအန္တရာယ် ကင်းလိမ့်မယ်"

ဆွန်းမိုက လမ်းညွှန်ပေးလိုက်သည်။

“အင်း”

အင်ဘိုင်ဝူ ခေါင်းညိတ်လိုက်သည်။ သူမလည်း သူမရဲ့ အားနည်းချက်တွေကို သိပါသည်။ သူမက တိုက်ခိုက်ရေး အတွေ့အကြုံ အားနည်းသဖြင့် ပိုကြာကြာ တိုက်ပွဲ ဝင်ခဲ့ရသည်။

“ဆရာဆွန်း၊ ဂုဏ်ပြုပါတယ်”

ရှာယွန် အားကျစိတ်နဲ့ ပြည့်နေသည်။ အင်ဘိုင်ဝူလို ထူးချွန်တဲ့ ကျောင်းသားမျိုး

မလိုချင်တဲ့လူ ရှိလို့လား။ ပိုင်ရန်လီရဲ့ မျက်လုံးများတောင် အရောင်တောက်နေသည်။

"သူ့ကို မနာလို မဖြစ်နဲ့။ သူမထက်သာတဲ့ တပြည့်ကို သေချာပေါက် ရှာတွေ့လိမ့်မယ်"

ကျန်ကွမ်လင်က အားမကျဖို့ တိုးတိုးလေး ပြောလိုက်သည်။ သို့သော်လည်း အင်ဘိုင်ဝူလို ကျောင်းသားမျိုးက သိသိသာသာပင် အဖိုးတန် ကျောက်မြတ်ရတနာ တစ်ခုလို ဖြစ်နေသည်။ ဒါကြောင့် သူ့ရဲ့ နှစ်သိမ့်မှုက အသုံးမဝင်ပါ။ သူမသည် ရှားပါးလွန်းလှသည်။

အင်ဘိုင်ဝူကို အကဲခတ်ရင်း ချမ်အွန်ဖူ မျက်မှောင်ကြုတ်နေသည်။ တိုက်ပွဲ အရှိန်မြင့်လာတာနဲ့အမျှ ဝူကျီ ရှုံးတော့မယ်ဆိုတာ သူပြောနိုင်သည်။ သို့သော်လည်း ဒီမိန်းကလေးက သူရဲ့ ကိုယ်ပိုင် သိုင်းကွက်ကို သုံးသွားလိမ့်လို့ တကယ်မထင်ထားခဲ့ပါ။

“စိတ်ဝင်စားစရာပဲ”

ချမ်အွန်ဖူသည် ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ အကောင်းဆုံးကျင့်စဉ်ဖြစ်တဲ့ သဏ္ဍာန်မဲ့မြင့်မြတ် စကြြ်ာဝဠာကျင့်စဉ်ကို

ချက်ခြင်း တွေးမိခဲ့သေးသည်။ ဒါကလည်း ပြိုင်ဘက်ရဲ့ သိုင်းကွက်ကို အံ့ဖွယ်ကူးယူနိုင်သည်။

ဒါပေမယ့်လည်း အရမ်းထူးချွန်တဲ့ ကျောင်းသားများသာ ဒါကို သင်ယူခွင့်ရှိသဖြင့် ခေါင်းထဲက ထုတ်လိုက်သည်။

ကျောင်းအုပ်ကြီးများသာလျှင် သင်ကြားဖို့ အရည်အချင်းမှီလိမ့်မည်။

“ဒါက အမှောင်လျှို့ဝှက်ကျင့်စဉ်ပဲ ဖြစ်နိုင်တယ်”

(ကောင်းပြီ။ နောက်ထပ် နှစ်ချီ ကျန်သေးတယ်။ ငါတပြည့်တွေပဲ သေချာပေါက် နိုင်လိမ့်မယ်။)

သူ့စိတ်ထဲမှာ ဒါကိုတွေးနေတုန်းပဲ ရှိသေးသည်။ နာကျင်စွာ အော်ဟစ်လိုက်တဲ့ အသံထွက်ပေါ်လာသည်။ အလိုလို လှည့်ကြည့်လိုက်မိသည်။ ဝူဇီယူက အိတ်တစ်လုံးလို ပစ်ကျသွားပြီး ဖုန်တွေ တထောင်းထောင်း ထသွားတာ မြင်လိုက်ရသည်။ သူ့ပခုံးမှာ အပေါက်ကြီးတစ်ခုဖြစ်နေပြီး သွေးတွေ ထွက်ကျနေသည်။

“နောက်တစ်ယောက်”

ရှန်ယွန်ပေါင်က လုံကို အလျှားလိုက် ကိုင်ထားရင်း စိန်ခေါ်လိုက်သည်။ ချမ်အွန်ဖူ၏ ကျောင်းသားများကို တိုက်ပွဲဝင်စိတ် ပြင်းထန်သော မျက်လုံးများဖြင့် ကြည့်နေသည်။ မျက်လုံးများက အရောင်တွေ တောက်နေသည်။

ဒါတွေကို ကြားလိုက်လျှင် အင်ဘိုင်ဝူ အနိုင်ရပြီးနောက် အကဲခတ်နေတဲ့ ကျောင်းသားများသည် အရမ်းအံ့အောသင့်စွာ လှည့်ကြည့်လိုက်လျှင် သနားစရာကောင်းနေတဲ့ ဝူဇီယူရဲ့ အခြေအနေကို မြင်လိုက်ရသည်။

"ဘာလဲဟ၊ ဒီအတိုင်းပဲ ပြီးသွားတာလား"

ကျောင်းသားများ အကြည့်ခြင်းဖလှယ်လိုက်ကြပြီး ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ရဲ့ တပြည့်ဟုတ်မဟုတ် သံသယ ဝင်လာသည်။ အနောက်ပေါက်ကနေ(လက်ဆောင်ပေး) ဝင်လာတာလား။ ဒီလိုမှမဟုတ်ရင် ဘာဖြစ်လို့ ဒီလောက် အားနည်းမှာလဲ။

"အရမ်း သန်လွန်းတယ်"

"ဒီလို ပေါက်ကွဲထွက်နိုင်တဲ့ စွမ်းအား၊ ခန္ဓာကိုယ်နဲ့ လိုက်လျောညီထွေ ဖြစ်မှု၊ သူ့ရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျင့်စဉ် အားလုံးက ပြည့်စုံလွန်းသည်။ အနှစ်တစ်ရာမှာ တစ်ကြိမ်သာ ပေါ်ထွက်လာတဲ့ လူလို့ ပြောလို့ရတယ်။

"ငါ့မှာသာ အဲဒီလို တပြည့်တစ်ယောက်ရှိရင် အခုချက်ခြင်း သေဆို သေပျော်ပြီ"

ဆရာများ မျက်နှာတွင် မနာလို အကြည့်ပေါ်လာပြီး တချို့က တိုးတိုးလေး ထုတ်ဖော်ပြီးတောင် ညည်းညူနေကြသည်။

ထူးချွန်သော ကျောင်းသားတစ်ယောက်ကို မြတ်ဆရာတစ်ယောက်ဖြစ်အောင် ပံ့ပိုးနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြယ်နှစ်ပွင့် မြတ်ဆရာစာမေးပွဲ၏ တင်းကြပ်သော စည်းမျဉ်းများထဲက တစ်ခုမှာ သူတို့၏ တပြည့်များထဲက တစ်ယောက်သည် တိမ်စိမ်းအဆင့်ကို ဝင်နေရမည်။ ကြယ်လေးပွင့် မြတ်ဆရာများအတွက် သူတို့ ကျောင်းသားများသည် သူရဲကောင်း အဆင့် ဝင်နေရမည်။

မြတ်ဆရာတချို့သည် အရည်အချင်းပြည့်မီကာ ခိုင်မာတဲ့ လမ်းညွှန်စွမ်းရည်ရှိသည်။ သို့သော်လည်း သူတို့ တပြည့်အားလုံးသည် အရည်အသွေးညံ့တဲ့ သစ်သားပုပ်များ ဖြစ်နေကြသည်။ ဒါကြောင့်လည်း

သူတို့ရဲ့ ကြယ်ပွင့်အဆင့်ကို မမြှင့်တင်နိုင်ခြင်း ဖြစ်ကြသည်။

"ဆရာဆွန်းဟာ အနာဂတ်မှာ သေချာပေါက် ကြယ်နှစ်ပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်လာလိမ့်မယ်"

ရှာယွန်သည် မနာလိုစိတ်နဲ့ ပြည့်နေသည်။ သူ့တပြည့်တွေရဲ့ အရည်အချင်းက နိမ့်ကျလို့ အခုထက်ထိ ကြယ်နှစ်ပွင့် မြတ်ဆရာအဆင့်ကို မတက်ရောက်နိုင်သေးပါ။ အလားတူပင် ဂျိမ်ဂျဲသည်လည်း သူ့တပြည့်တစ်ယောက်မှ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့ရဲကောင်းအဆင့်ကို မတက်ရောက်နိုင်သေးလို့ ကြယ်လေးပွင့် မြတ်ဆရာအဆင့်ကို မတက်ရောက်နိုင်သေးပါ။

မြတ်ဆရာတချို့က ဒီလိုအပ်ချက်သည် ပြင်းထန်လွန်းတယ်လို့ ယူဆကြသည်။ ပါရမီရှင်ကျောင်းသားတစ်ယောက်ကို တသက်လုံး ရှာမတွေ့ခဲ့ပါက တသက်လုံးကြိုးစားလည်း ရာထူးမတိုးနိုင်ပါ။

အဲဒီတုန်းက မြတ်ဆရာအရေအတွက်ရဲ့ တဝက်လောက်က သူတို့သွေးနဲ့ လက်မှတ်ထိုးပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတော်စင်ဂိုတ်အား စည်းကမ်းပြောင်းပေးရန် တောင်းဆိုခဲ့ဖူးသည်။ သို့သော် သူတော်စင်ဂိုဏ်းခေါင်းဆောင်က ငြင်းပယ်ခဲ့သည်။

"မြတ်ဆရာဆိုတာ ဘာလဲ"

ဒီစကားလေး တစ်ခွန်းသာ သူပြန်ပြောခဲ့သည်။

"ဆရာကောင်းဆိုတာ ဖြစ်နိုင်ချေ မရှိတဲ့ အရာကို ဖြစ်နိုင်ချေရှိအောင် ပြောင်းပေးရတဲ့ လူပဲ။ သာမန်ကျောင်းသားကို ထူးချွန်အောင် လုပ်ရတဲ့လူပဲ။ လူတိုင်းက ပါရမီရှင်ဖြစ်နေရင် ဘာလို့ မြတ်ဆရာတွေ လိုနေတော့မှာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှန်ယွန်ပေါင်သည် သူ့တပြည့်ဖြစ်တဲ့ ဝူဇီယူကို အနိုင်ယူခဲ့သော်လည်း ချမ်အွန်ဖူက သဘောကျတဲ့ အကြည့်နဲ့ ကြည့်နေသည်။

မြတ်ဆရာတစ်ယောက်က ထူးချွန်တဲ့ ကျောင်းသားတစ်ယောက်ပေါ်လာလျှင် ကြည့်တဲ့ အကြည့်ဖြစ်သည်။ သူက သူ့ကို လမ်းညွှန်ပေးပြီး အရည်အချင်းရှိတဲ့လူတစ်ယောက် ဖြစ်လာအောင် ပျိုးထောင် ပေးချင်နေသည်။ ကမ္ဘာကျော်လာမည့် ကျောင်းသားတစ်ယောက်ကို ပျိုးထောင်ပေးရတာက ကျေနပ် အားရစရာပါ။

‘တတိယ အချီ တိုက်လိုက်ရအောင်”

နောက်ထပ် ကျောင်းသားတစ်ယောက် ထွက်လာသည်။

“ထားလိုက်တော့”

ချမ်အွန်ဖူက သူ့တပြည့်ကို တားလိုက်သည်။ အလောင်းအစားလုပ်ထားရင် ရှုံးတဲ့ အခါမှာလည်း ဝန်ခံရဲတဲ့ စိတ် ရှိရမည်။

“ဆရာဆွန်း၊ ငါ ရှုံးသွားပြီ။ ငါတို့ ထွက်သွားမယ်”

ချမ်အွန်ဖူက တောင်းပန်လိုက်ပြီး တပြည့်တွေကို ခေါ်ကာ အဝေးကို ထွက်သွားသည်။ မြတ်ဆရာတစ်ယောက်အနေနဲ့ ဂုဏ်ယူစရာ မဟုတ်လို့ပါ။ ဒီလိုမှမဟုတ်ရင် ရှန်ယွန်ပေါင်ကို လုဖို့ ကြိုးစားခဲ့မည်။ အင်ဘိုင်ဝူနဲ့ ပက်သက်ရင်တောင် ဆွန်းမိုကိုကြည့်တဲ့ သူမရဲ့ အကြည့်တွေထဲတွင် လေးစားမှုနဲ့ ပြည့်နေသည်။ ဒါကိုမြင်ပြီးနောက် ဘယ်သူပဲ ဖြစ်နေပါစေ ဆွန်းမိုဆီက အဝေးခေါ်ထုတ်သွား စည်းရုံးရန် မဖြစ်နိုင်မှန်း ချမ်အွန်ဖူ သိနေသည်။

“မင်းတို့ သိပ်ကျေနပ်မနေနဲ့အုံး။ ငါ့ဆရာရဲ့ အရည်အချင်းရှိတဲ့ တပြည့်တွေ အားလုံးက......”

ဝူကျီသည် ရှင်းပြလိုစိတ်ဖြင့် မကျေမနပ် ဖြစ်နေသည်။ အရှက်မကွဲချင်ပါ။

“ကျီလေး”

ချမ်အွန်ဖူက မာန်မဲ လိုက်သည်။

“ဘယ်လိုပဲဖြစ်ဖြစ် အရှုံးက အရှုံးပဲ၊ ဆင်ခြေပေးတာ ရှက်ဖို့ကောင်းတဲ့ အပြုအမူပဲ”

“နားလည်ပါပြီ ဆရာ”

ဝူကျီ ခေါင်းညိတ်လိုက်သည်။

ချမ်အွန်ဖူတို့ အဖွဲ့ထွက်သွားသည်။ အကောင်းဆုံး ရေပူစမ်းကို မရနိုင်တော့သဖြင့် အနားယူချိန်ကို အသုံးချကာ နောက်ထပ် ရေပူစမ်းကို ရှာဖွေခဲ့ကြသည်။

သူတို့ရဲ့ အကြီးတွေဆီက လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ရဲ့ သတင်းတစ်ခုခု ရလာတာနဲ့ သူတို့အားလုံး ချက်ခြင်း လိုက်သွားရမည်။ ဒါကြောင့်လည်း အချိန်က အရမ်းကျပ်နေသည်။

“မင်း ဘာဖြစ်နေတာလဲ”

လီဇီချီသည် လုချီဟွာက ပတ်ဝန်းကျင်ကို နောက်တစ်ကြိမ် ကျီးကြည့် ကြောင်ကြည့် ကြည့်နေတာ တွေ့လိုက်သည်။

“အဒီကိစ္စက နောက်ဆုံးတော့ ပြီးသွားပြီ”

လုချီဟွာက သူ့မရင်ဘက်ကို ပွတ်ကာ သက်ပြင်းချလိုက်သည်။

“ဆရာကို ပြောရမယ်”

လီဇီချီရဲ့ မျက်နှာတွင် စိုးရိမ်နေတဲ့ အငွေ့အသက် ထွက်နေသည်။

ဒူရှောင်က ပြုံးရင်း ဆွန်းမို ဘေးနားကို လျှောက်သွားကာ ပခုံး ပုတ်လိုက်သည်။

"ဘာလို့ မျက်မှောင် ကြုတ်နေတာလဲ။ မင်းတပြည့်တွေက ကြယ်လေးပွင့် မြတ်ဆရာ သင်ပေးထားတဲ့ ကျောင်းသားတွေကို နှစ်ကြိမ်ဆက်တိုက် အနိုင်ရခဲ့တယ်လေ။ သူတို့ရဲ့ စွမ်းဆောင်ရည်ကို ကျေနပ်နေသင့်တယ်။"

"မဟုတ်သေးဘူး"

ဆွန်းမို စဉ်းစားနေသည်။

"တစ်ခုခုတော့ မှားနေပြီ"

"တကယ်လား"

ကူရှုပ်ရှင်းက ချမ်အွန်ဖူ ထွက်သွားတဲ့ ဘက်သို့ ကြည့်ရင်း ဝင်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

ရီဂျီမင်က အရမ်းအံ့အောတဲ့ အကြည့်နဲ့ ကြည့်နေသည်။

"ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးက အခုမှ အမှောင်တိုက်ကြီးကို စဝင်လာတဲ့ လူသစ်တွေအတွက် အရမ်းသင့်တော်တဲ့ လေ့ကျင့်ရေး ကွင်းတစ်ခုပါ။ ဝိညာဉ်ချီ အတက်အကျကို

လိုက်လျှောညီထွေဖြစ်အောင် လုပ်ဖို့ အကောင်းဆုံးပဲ။ ဝူကျိုက ချမ်အွန်ဖူတပည့်တွေထဲမှာ အငယ်ဆုံးဖြစ်ပေမယ့် သူ့ကို ကြည့်လိုက်လျှင် အမှောင်တိုက်ကြီးကို ရောက်ဖူးတာ အရေအတွက် အနည်းငယ် ရှိလောက်ပြီ။ အသစ်လေးအတွက် လေ့ကျင့်ရေးကွင်းကို ဘာကြောင့် လာရတာလဲ”

ကျန်ကွမ်လင် ခွဲခြမ်း သုံးသပ်နေသည်။ သူ့ဦးနှောက်က တကယ် မဆိုးပါ။

“ချမ်အွန်ဖူ တပည့်တွေအားလုံးက ဒဏ်ရာရနေပြီး ခရီးအကြာကြီး ထွက်ထားရသလို ဖုန်အလိမ့်လိမ့်နဲ့

ဖြစ်နေတယ်။ အမှောင်တိုက်ကြီးမှာ အချိန်တော်တော်ကြာအောင် နေခဲ့တာ သိသာနေတယ်။ ပြီးတော့ ခရီးဆောင်အိတ်လည်း အများကြီး သယ်ထားကြတယ်။ ဒါပေမယ့် တခြားလူတွေက ဘယ်မှာလဲ”

ကူရှုပ်ရှင်းက ဖြေလိုက်သည်။

“လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို အမဲလိုက်ဖို့လား”

ရှာယွန်က မသိစိတ်ကနေ ဖြေလိုက်သည်။

အမှောင်တိုက်ကြီးမှာ တန်ဖိုးအရှိဆုံး အရာက ဘာလဲ။ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ပဲ ဖြစ်သည်။

ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ရဲ့ အချိန်သည် အရမ်းတန်ဖိုး ရှိသည်။ ချမ်အွန်ဖူ အားနေရင်တောင် သူ့ရဲ့တပြည့်တွေအား အမှောင်တိုက်ကြီးကို ကိုယ်တိုင် လိုက်ပို့စရာ အကြောင်း မရှိပါ။

"လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်လား"

ဒီအသုံးအနှုန်းကို ကြားလိုက်လျှင် ကျောင်းသားများ ရင်တထိတ်ထိတ် ခုန်လာသည်။

သက်ရှိတစ်မျိုးလောက် ဖမ်းမိလိုက်ရင် ချမ်းသာသွားမည်။

"သူတို့ ဒီမှာ ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးကို ဖမ်းဖို့လား"

ရီဂျီမင်က ဝိညာဉ်တောင်ပံမြို့သို့ ရောက်တဲ့ အချိန်မှာ ကြားခဲ့တဲ့ သတင်းကို ပြန်စဉ်းစားမိသွားသည်။ ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးက အအေးလှိုင်း ရေကန်မှာလို့ တစ်ယောက်က

ပြောခဲ့သည်။ ဒါက အာရုံလွှဲလိုက်တာ ဖြစ်ကောင်း ဖြစ်နိုင်သည်။ လျို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ရဲ့ တည်နေရာသည် ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးသာ အမှန် ဖြစ်နိုင်သည်။

ဒါကိုတွေးပြီးနောက် ရီဂျီမင် နှလုံးသား တစ်ခုလုံး ပူလောင်လာသည်။

ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးက လျို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်မှာ ရှားပါး အဆင့် ၃၆ ရှိတဲ့ မျိုးစိတ်တစ်ခု ဖြစ်သည်။ ပင်ကိုယ်ဗီဇ အားဖြင့် ဝိညာဉ်ချီ ခံစားမှု အာရုံကောင်းလွန်းလို့

ဝိညာဉ်ချီ ဒီရေကို ချက်ခြင်း ရှောင်နိုင်သည်။ ကျင့်ကြံသူတစ်ယောက်သာ ဒါကို ပိုင်ဆိုင်ထားလျှင် အမှောင်တိုက်ကြီးမှာ သောင်းကျန်းချင်တိုင်း သောင်းကျန်းလို့ရပြီ။

ကြောက်ဖို့ကောင်းတဲ့ ဝိညာဉ်ချီ ဒီရေလှိုင်းထဲ တိုးဝင်သွားမှာကို ကြောက်ဖို့ မလိုတော့ပါ။

ဥပမာ တစ်ခုပြောရလျှင် ရီဂျီမင်မှာသာ ဝိညာဉ်ချီလှည့်ပတ်နေတဲ့ နဂါးသာ ပါလာခဲ့လျှင် သူက ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးထဲမှာ ဝိညာဉ်ချီလှိုင်းတွေကို ရှောင်ရှားကာ

စိတ်ကြိုက်သွားလာ နိုင်ပြီ။ ဝိညာဉ်ချီ အပြောင်းအလဲကြောင့် ဖြစ်တဲ့ ဒုက္ခကို ခံစားစရာ မလိုတော့ပါ။ ထုံးစံအတိုင်း ဝိညာဉ်ချီ ခါတ်မတည့်မှုလည်း မဖြစ်လာနိုင်တော့ပါ။

ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးရဲ့ အကြီးဆုံးတန်ဖိုးမှာ ဝိညာဉ်ချီ ထုထပ်တဲ့နေရာမှာ အသိုက်ဆောက်ရတာကို နှစ်သက်တာပဲ ဖြစ်သည်။ များသောအားဖြင့် ဝိညာဉ်ချီ ကျောက်တုံးများတွင် နေထိုင်တတ်ကြသည်။ ဒါကြောင့်

တစ်ကောင်ကောင်ကို ဖမ်းမိလိုက်တာနဲ့ ဝိညာဉ်ကျောက်မှုိင်းတစ်ခု ပိုင်ဆိုင်ရလိမ့်မည်။

ဝိညာဉ်ချီကျောက်တုံးများသည် အမှောင်တိုက်ကြီးတွင် အသုံးပြုတဲ့ ငွေကြေးတမျိုး ဖြစ်သည်။ ဒါကြောင့် လူဖြိုန်းအတွေး တွေးရင်တောင် ဒီစည်းစိမ်ဥစ္စာက ဘယ်လောက်ပေါများလဲ ဆိုတာ သိနိုင်သည်။

"ဒါတော့ သေချာတယ်။ ကျောင်းသားနှစ်ယောက် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတာတောင် ဘာကြောင့် ပြန်လည်ထူထောင်ရေး စခန်းကို

မပို့တာလဲ။ သူတို့မှာ အခုမထွက်သွားနိုင်တဲ့ အကြောင်းတချို့တော့ ရှိရမယ်”

ကျုံ့ရှုန်ရီ ရင်ခုန်လာပြီး ဂျိမဲဂျဲကို ကြည့်လိုက်သည်။

“ငါတို့အနောက်မှာနေပြီး ချမ်အွန်ဖူနောက်ကို တိတ်တိတ်လေး နောက်ယောင်ခံ လိုက်ကြမလား”

“မင်းက သူ့ကို အနိုင်ယူနိုင်လား”

ဂျိမဲဂျဲက ပြန်မေးလိုက်သည်။

“အမ်”

ကျုံရှန်ရီ ဆွံ့အသွားသည်။ သူတို့က ဝိညာဉ်ချီ လည့်ပတ်နေတဲ့နဂါးကို တွေ့ရင်တောင် ချမ်အွန်ဖူကို မနိုင်တဲ့အတွက် အသုံးမဝင်ပါ။ သူ့ရဲ့ ကိုယ်ပိုင် ခွန်အားကို မေ့ထားလိုက်အုံး။ ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သဖြင့် သူ့ရဲ့ တပြည့် တစ်ယောက်က သူ့ရဲကောင်းအဆင့်ထဲမှာ ကျိန်းသေရှိလိမ့်မည်။ ပြီးတော့ ဒီကျောင်းသားကလည်း အရမ်းအားကောင်းနေလိမ့်မည်။

“အိပ်မက် မက်နေတာ တော်လိုက်တော့။ အနားယူကြပါ”

ဂျိမ်ဂျဲက နောက်တစ်ကြိမ် သတိပေးလိုက်သ်။

“ငါတို့တာဝန်က လေ့ကျင့်ရေးထွက်လာတဲ့ ကျောင်းသားတွေကို ကာကွယ်ပေးဖို့ပဲ”

သူမက ဒီလိုပြောလိုက်ပေမယ့် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို မလိုချင်တဲ့လူ ဘယ်သူရှိလို့လဲ။

ဆွန်းမိုက သူ့တပြည့်တွေအား ရေပူစမ်းဆီ ပြန်ခေါ်သွားသည်။ သို့သော် အဝတ်အစားကို ချွတ်ပြီး

ရေကန်ထဲသို့ ဝင်လိုက်တာနဲ့ ရုတ်တရုတ် တစ်ခုခုလွဲနေသလို ခံစားလိုက်ရသည်။ အဖြူရောင် ရေအခိုးအငွေ့တွေကို ဖြတ်ပြီး ရေပြင်ပေါ်တွင် အနက်ရောင် အစင်းကြောင်းတစ်ခု မြင်လိုက်ရသည်။

"တောက် ဘာကောင်လဲ"

သူ့လက်ထဲမှာ လက်နက် မရှိပါ။ ဒါကြောင့် ကျောက်တုံးတစ်တုံးကိုယူပြီး ပစ်ပေါက်လိုက်သည်။

ပလုံ

ရေတွေ လွှင့်စင်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ပစ်လိုက်တဲ့ ကျောက်တုံး ထိမှန်သွားတဲ့အချိန်တွင် အသံနက်တစ်ခု အော်သံ ထွက်လာသည်။

“ငါလို..”

(ငါ ရေစိမ်ချင်ရုံပဲလေ။ ဘာကြောင့် အသက်ဆုံးရှုံးမယ့် အန္တရာယ် ရှိနေရတာလဲ)

“ဆရာ၊ သတိထား”

ချန်လုံ ပြေးလာသည်။ ရှန်ယွန်ပေါင်ကတော့ အပြင်းထန်ဆုံးပဲ ရေထဲ တစ်ခါတည်း ခုန်ချသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းခေါင်းက အလွတ်ကြီးလား။ မြန်မြန်ပြန်လာ"

ဆွန်းမို ဒေါသကြောင့် သေမလိုဖြစ်သွားသည်။

(ဘာကောင်မှန်းတောင် မသိသေးဘူး။ ဒီအတိုင်းခုန်ဆင်းသွားရလား။ အသက်မရှင်ချင်တော့ဘူးထင်တယ်)

"ဆရာ"

ဆူညံနေတဲ့ အသံကို ကြားလိုက်လျှင်ကောင်မလေးတွေ ပြေးလာကြသည်။

ဘုန်း

ရေက အရပ်လေးမျက်နှာ လွင့်စင်သွားသည်။

“ဒါက ငါးသလဲထိုးလေးပဲ”

ရှန်ယွန်ပေါင်က မျက်နှာပေါ်က ရေကို သုတ်လိုက်သည်။

“နောက်မှ ကောင်းကောင်း စားရမယ်”

“ငါးသလဲထိုးလေးက ချစ်စရာလေးပဲ”

ထန်ထန်ယုထန်က လျှာသပ်ရင်း ပြောလိုက်သည်။

"ဆားတော့ နည်းနည်း ထည့်ရမယ်"

စာစဉ်(၁၇)

အခန်း(၂၄၈) - ရွှေတွင်း။

"ဆားထည့်အုံးမယ်"

လီဇီချီ မျက်လုံး ပြူးသွားသည်။

“မင်း နတ်ဆိုးလား”

(ငါးသလဲထိုးဆိုတာ ဘာလဲ။ မင်းတို့အိမ်က ချောင်းတွေ၊ မြောင်းတွေထဲက ငါးသလဲထိုးလည်း သိတာလား။)

ဆွန်းမိုက သူတို့ကို နောက်လိုက်ချင်ပေမယ့် တစ်ခုခု သဘောပေါက်သွားသည်။ (နေပါအုံး။ ဒါအမှာင်တိုက်ကြီးလေ။ ဒီက ချောင်းတွေ မြောင်းတွေထဲမှာ ငါးသလဲထိုးတွေ အများကြီး ရှိမှာပေါ့)

"ဟော့၊ အဲဒီ ငါးသလဲထိုးလေးကို မဖမ်းနဲ့"

ရေကန်ဘေးသို့ မြန်မြန်ပြေးလာပြီး ရှန်ယွန်ပေါင်အား လှမ်းအော်ကာ တားလိုက်သည်။

"မကြောက်နဲ့"

ဝုန်း

ရှန်ယွန်ပေါင်က မကြောင်နာတတ်တဲ့ မျက်နှာနဲ့ ရေကန်ထဲက ခုန်ထွက်လာသည်။ မျက်နှာမှာ အနီကွက်ကြီး ဖြစ်နေပြီး ငါးသလဲထိုးလေးကို လှမ်းကြည့်လိုက်သည်။ စောစောတုန်းက

ငါးသလဲထိုးလေးသည် သူ့မျက်နှာကို အမြီးနဲ့ ရိုက်ခဲ့သည်။

"ကျွတ် ဘလက် လဘက်"

ငါးသလဲထိုးလေးသည် အင်ဘိုင်ဝူဘေးနားကမ်းစပ်ကို ခုန်တက်သွားပြီး လုချီဟွာဆီကို တွားသွား သွားသည်။

"ငါးသလဲထိုးလေး"

လုချီဟွာက ငါးသလဲထိုးလေးကို စစ်ဆေးလိုက်သည်။ ဒဏ်ရာမရှိတာ တွေ့မှ သက်ပြင်းချလိုက်သည်။

ငါးသလဲထိုးလေးက ရှန်ယွန်ပေါင်ဆီ လှမ်းကြည့်ပြီး ထူးထူးဆန်းဆန်း အသံပြုလိုက်သည်။

"ကောင်လေး၊ မင်းကလျှောင်နေတယ်ပေါ့။ မင်းကို နှစ်ပိုင်း ပိုင်းပြီး တစ်ပိုင်း ရေနဲ့ပြုတ်၊ တစ်ပိုင်းကို ကြော်စား ပစ်လိုက်မယ်"

ထန်ထန်ယုထန်က လျှောင်ပြောင်လိုက်သည်။ နောက်ဆုံးတော့ အကျိုးမရှိ ဖြစ်သွားတဲ့ ရှန်ယွန်ပေါင်ကို လှမ်းကြည့်လိုက်သည်။

"ဘာဖြစ်နေတာလဲ"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

လီဇီချီက ကမန်းကတမ်း ရှင်းပြလိုက်သည်။ ဆွန်းမိုက သူမရဲ့ ဆရာဖြစ်နေသဖြင့် ဘယ်အရာမှ မဖုံးကွယ်ထားရဲဘဲ ဝိညာဉ်ကျောက်တုံး တစ်တုံးနဲ့ ဝယ်တဲ့အချက်တောင် ထည့်ပြောလိုက်သည်။

"ဝိညာဉ်ကျောက်တုံး တစ်တုံးလား။ ပိုက်ဆံကို ဘယ်လို ဖြုန်းရမလဲ တကယ်သိတာပဲ"

ထန်ထန်ယုထန် ပြောရင်း ခေါင်းခါလိုက်သည်။

"ဆရာ၊ ကျွန်မကို အပြစ်ပေးပါ"

"ဒါပေမယ့် ငါးသလဲထိုးလေးကိုတော့ ကျေးဇူးပြုပြီး မစားပါနဲ့"

လုချီဟွာက ခေါင်းငုံ့ပြီး ပြောလိုက်သည်။

ငါးသလဲထိုးသည် မြွေတစ်ကောင်နဲ့ တူနေသည်။ လုချီဟွာရဲ့ လက်မောင်းမှာ သူ့ရဲ့ ခန္ဓာကိုယ်ကို ရစ်ခွေလိုက်သည်။ ကောင်မလေးကို ကာကွယ်ပေးနေမှန်း သိသာသည်။

"ဘာကြောင့် မင်းကို အပြစ်ပေးရမှာလဲ"

ဆွန်းမိုက လက်ကိုဝှေ့ယမ်းပြီး ကောင်မလေး သုံးယောက်အား သွားကစားနိုင်ကြောင်း

ပြောလိုက်သည်။ ငါးသလဲထိုး ဝယ်တဲ့ကိစ္စကို ဘာကြောင့် တွက်ကပ်နေရမှာလဲ။ ဆွန်းမိုသည် အထက်တန်းကျောင်းမှာ ကျောင်းဆရာလုပ်တုန်းက အဲဒီကမ္ဘာမှ ကောင်မလေးတွေ ဝယ်တတ်တဲ့ ထူးဆန်းတဲ့ အရာတွေ အများကြီး ကြားခဲ့ဖူးသည်။

သူတို့က ငယ်ငယ်လေးနဲ့ ဈေးကြီး မိတ်ကပ်တွေ ဝယ်သည်။ ဘာမှ ထည့်သွင်းစဉ်းစားခြင်းလဲ မရှိပါ။ တချို့ အရူးတွေဆို မျက်နှာ ခွဲစိပ်လိုက်သေးသည်။ လုချီဟွာသည် သူတို့နှင့် ယှဉ်လိုက်ရင် ငါးသလဲထိုးလေးကို

ဝိညာဉ်ကျောက်တုံးတစ်တုံးနဲ့ ဝယ်လိုက်သဖြင့် အနည်းငယ် သာလွန်သည်။ ဒါပေမယ့် သူမက ကယ်တင်ဖို့ လုပ်ခဲ့ခြင်းဖြစ်သည်။ လုချီဟွာက စိတ်ကူးယဉ်ဇာတ်လမ်းထဲကလို လူသားဖန်ဆင်းနိုင်တဲ့ မြွေတစ်ကောင်ကို ကယ်မိရင်တော့ ပိုကောင်းမည်။

ဟင်း ပြည်နယ်ကိုးခုကို ရောက်ကတည်းက ရုပ်ရှင်တောင် မကြည့်နိုင်တော့ဘူး။ ဒါပေမယ့် တကယ့် အကျိုးအမြတ်တွေ ရှိနေသေးသည်။ ကျင့်ကြံခြင်းကို အဆုံးအစွန်းထိ လေ့ကျင့်နိုင်ပါက

လေထဲကို ပျံတက်ခြင်း၊ ကမ္ဘာမြေကြီးကို လှိုဏ်ခေါင်း တူးခြင်း၊ တောင်တွေကို ရွှေ့ပြီး ပင်လယ်ပြင်ကို လှန်ပစ်ခြင်းများ လုပ်နိုင်သည်။ အဲဒီလို ဖြစ်နိုင်ချေက အထွဋ်အထိပ် ရုပ်ရှင်ရိုက်ကူးရေး အဖွဲ့တောင် ပုံတူကူးချနိုင်မည် မဟုတ်ပါ။

ဆွန်းမိုက ဆေးထုပ်ကြီးကို ရေထဲ ပစ်ချလိုက်သည်။

ချန်လုံနှင့် ထန်ထန်ယုထန်တို့သည် ချက်ခြင်း ခါးမတ်မတ် ထိုင်လိုက်သည်။ ဝိညာဉ်ချီ

မဖြုန်းတီးမိအောင် သူ့တို့ကိုယ်သူတို့ ရေထဲ စိမ်လိုက်သည်။

ရေဘီလူးကြီး ပေါ်လာသည်။ ရှန်ယွန်ပေါင်သည် အော်ဟာစ်ပြေးလွှားကာ လက်သီးနဲ့ ထိုးလိုက်သည်။

ဒိုင်း

လက်သီးနှစ်ခု ထိပ်တိုက် ထိမိသွားပြီး နွေးထွေးသော ဝိညာဉ်ချီ စီးကြောင်းတစ်ခု ဖြစ်ပေါ်လာကာ တိုက်ပွဲစွဲလမ်းသူကို ဖုံးအုပ်သွားပြီး စိတ်ကျေနပ်မှု ဖြစ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တကယ်ကို သက်တောင့် သက်သာ ဖြစ်လွန်းတယ်"

ထန်ထန်ယုထန်လည်း မြိုသိပ်မထားနိုင်တော့ပါ။ သူက အော်ဟစ်နေပြီး ဒီရေကန်ထဲမှာ သေလိုက်ချင်တဲ့ပုံ ဖြစ်နေသည်။ ကျောင်းသား သုံးယောက်က ဘီလူးကြီးကို ဖြိုခွဲပြီးနောက် ဆွန်းမိုက ချက်ခြင်းပဲ

"ယုထန် လှဲအိပ်လိုက်၊ ငါမင်းကို နှိပ်ပေးမယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

ထန်ထန်ယုထန် မျက်နှာပေါ်တွင် လှောင်ပြောင်တဲ့ အပြုံးတစ်ခု ဖြစ်ပေါ်နေသည်။ သူက စိတ်မဝင်စားတဲ့ ပုံ ဖမ်းထားသော်လည်း စိတ်ထဲတွင် အနည်းငယ် တုန်လှုပ်နေသည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၆၄၀/၁,၀၀၀)

ဂျင်းနီ ပေါ်လာသည်။ အားနည်းပြီး ညှို့ဖျင်းတဲ့ ခန္ဓာကိုယ်ကို မြင်လိုက်လျှင် တံတွေးတစ်ချက်ထွေးပြီး မခန့်လေးစားပုံစံ လက်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်ချီတွေ ထုတ်ကာ ဆွန်းမိုကိုပဲ နှိပ်ခိုင်းလိုက်သည်။

ဆွန်းမို စကားမပြောနိုင် ဖြစ်သွားသည်။

(လူမျိုးရေး ခွဲခြားမှု နည်းနည်လေး မများဘူးလား)

ရှန်ယွန်ပေါင် အလှည့်ရောက်တော့ ဂျင်းနီက တာဝန် အပြည့်ယူလိုက်သည်။ သူ့လက်တွေက အထက်နှင့်အောက်ကို ချောမွေ့စွာ ပြောင်းလဲနေသည်။ (.....ကို နှိုက်လိုက်သည်။)

"တောက်"

ရှန်ယွန်ပေါင် ခုန်ထလာပြီး ဂျင်းနီကို တိုက်ခိုက်လိုက်သည်။

“ချန်လုံ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်ကို သင်မလား”

ဒီမြင်ကွင်းကို မြင်လိုက်သဖြင့် ဆွန်းမို ထပ်ပြီးသည်းမခံနိုင်တော့ပါ။

“ရလို့လား”

ချန်လုံ မျက်နှာက ပျော်ရွှင်နေသည်။

“မင်းက ငါ့တပြည့်လေ ဘာဖြစ်လို့ မရရမှာလဲ”

ဆွန်းမိုက ပြန်မေးလိုက်သည်။

ချန်လုံက အင်ဘိုင်ဝူလောက် မသိတတ်ပါ။ တိုက်ရိုက် တပြည့် တချို့က ပိုရင်းနီးပြီး တချို့က နည်းနည်း ဝေးတယ်ဆိုတာ သူနားလည်သည်။ သူ့လို ကျောင်းသားက အနာဂတ်မရှိတော့သဖြင့် အင်ဘိုင်ဝူနဲ့ ဘယ်လို ယှဉ်နိုင်မှာလဲ။ သူတို့ဆရာရဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်သည် လုံးဝကို သူတော်စင်အဆင့် အမှောင်လျှို့ဝှက်ကျင့်စဉ်

တစ်ခုဖြစ်ပြီး လုံး၀ တန်ဖိုး ဖြတ်လို့ မရပါ။ ဒါတောင် သူက သင်ပေးချင်တဲ့စိတ် ရှိနေသည်။

ဒင်

ချန်လုံ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး (၆၅၀/၁,၀၀၀)

"ပေါက်ကရစကားတွေ ရပ်လိုက်တော့ မြန်မြန်လာ"

ဆွန်းမိုက အနာဂတ်တွင် လှပတဲ့ အမျိုးသမီး ကျောင်းသူများနှင့် ဆရာမများသာ နိုပ်ပေးမယ်လို့

ဆုံးဖြတ်လိုက်သည်။ ယောကျ်ားလေးတွေ အတွက်ကတော့ ဘာလို့ ဂရုစိုက်ရမှာလဲ.

ညစာစားပြီးနောက် ဆွန်းမိုသည် တပြည့်ခြောက်ယောက်အား သင်ခန်းစာ ပို့ချပြီး သွားအနားယူရန် ပြောလိုက်သည်။

ညက တိတ်ဆိတ် ငြိမ်သက်နေသည်။

မနက်မိုးလင်းတဲ့အချိန်တွင်

ဆွန်းမိုက လှပတဲ့ အိပ်မက် မက်နေတုန်း ရှိသေးသည်။ ဒီအချိန်တွင် စနစ်ဆီက

အကြောင်းကြားချက် ထွက်လာသဖြင့် ရုတ်တရုတ် နိုးလာသည်။

ဒင်

“ဂျိမ်ဂျဲနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က နောက်တစ်ဆင့်ကို တက်သွားသဖြင့် ဂုဏ်ပြုပါတယ်။ မြတ်ဆရာတစ်ယောက်ရဲ့ လေးစားအထင်ကြီးခြင်းကို ခံခဲ့ရသည်။ ဒါကြောင့် ကြေးရောင် ရတနာသေတ္တာတစ်လုံး ချီးမြှင့်လိုက်သည်။

ဆွန်းမို အရှေ့တွင် ကြေးရောင် ရတနာသေတ္တာ တစ်လုံးပေါ်လာသည်။

ဝါး

“မနက်စောစောစီးစီး ဆုမပေးလို့ မရဘူးလား”

ဆွန်းမိုက တဝါးဝါးသမ်းနေပြီး အိပ်ချင်နေသေးသည်။ ဆွန်းမို စကားကို လျစ်လျူရှုကာ စနစ်က ငြိမ်သက်နေသည်။

စခန်းထဲတွင် လှုပ်ရှားနေတဲ့ အသံများက ထွက်နေပြီ။ ဆရာတစ်ယောက်အနေနဲ့ စံပြတစ်ယောက် ဖြစ်နေရမည်။ ဒါကြောင့်

ဆက်အိပ်နေချင်သေးသော်လည်း အခုအချိန်က ဒီလို လုပ်နေရမည့် အချိန်မဟုတ်ပါ။

တဲထဲက ထွက်လာပြီး ခါးကြော တစ်ချက် ဆန့်လိုက်သည်။ တဲနှင့် ဝေးတဲ့နေရာတွင် ကျောင်းသားများ စုဝေးနေတာ မြင်လိုက်ရသည်။ တရာထိုင်တဲ့သူက ထိုင်၊ အတတ်ပညာတစ်ခုကို လေ့လာတဲ့လူက လေ့လာ၊ သိုင်းလေ့ကျင့်တဲ့လူက လေ့ကျင့်လိုက် လုပ်နေကြသည်။

တချို့ကို ရှန်ယွန်ပေါင်က ရန်စနေပေမယ့် အားလုံးက ငြင်းဆိုနေကြသည်။ ဆွန်းမိုကို တချိန်လုံး

အာရုံစိုက်နေတဲ့ လီဇီချီက ဆွန်းမို နိုးလာတာ မြင်လိုက်လျှင် ချက်ခြင်း ပြေးလာသည်။

“ဆရာ၊ ရေနည်းနည်းသောက် သောက်ပါလား။ မနက်စာကတော့ ဆန်ပြုတ်၊ နှမ်းဖက်ကိတ်မုန့် နဲ့ ဆားနယ်ထားတဲ့ အသီးအရွက်ဟင်းတွေပါ ဆရာ။ အဲဒါဆို အဆင်ပြေမလား”

စခန်းချနေရတာ ဖြစ်သဖြင့် အစားအသောက် အဆင်မပြေတာ သေချာသည်။

“မနက်စာ စားလို့ အဆင်ပြေပေမယ့် ရေသွားခပ်နေစရာ မလိုပါဘူး။ အနီးအနားက

ချောင်းမှာ ရေဆေးလိုက်မယ်။ မင်းက သွားပြီး ကျင့်ကြံသင့်တယ်”

ဆွန်းမိုက တည်ငြိမ်သော အကြည့်နဲ့ ကြည့်ရင်း ပြောလိုက်သည်။ သူက ဒါကို ကျင့်သား ရသွားသလိုပါပဲ။ ဒါပေမယ့်စိတ်ထဲတွင် တကယ်တုန်လှုပ်နေသည်။ လှပတဲ့ကောင်မလေးက သူ့ကို နေ့တိုင်း စောင့်ပေးနေသည်။ တကယ်လို့ခေတ်သစ်မှာဆိုရင် သူ့သမီး ဖြစ်နေပါစေအုံး ဒီလိုမျိုးမခိုင်းရဲပါ။ အခုတော့ လီဇီချီသည်စိတ်အားထက်သန်စွာ လုပ်ပေးနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာနှင့် အင်ဘိုင်ဝူတို့က သူတို့ ဂရုစိုက် မပေးရသဖြင့် စိတ်ပျက်နေကြသည်။

(အိုကောင်းပြီလေ။ ဒီခေတ်မှာ ငါ့အိပ်ယာနွေးအောင် လုပ်ပေးဖို့ အိမ်အကူ တစ်ယောက်လောက် ဝယ်လိုက်ရင် ကောင်းမလား။)

စိတ်ထဲတွင် ဒီအတွေးပေါ်လာတာနဲ့ ချက်ခြင်း စွန့်ပစ်လိုက်သည်။ (မဖြစ်ရဘူး။ ငါက လူယဉ်ကျေးတစ်ယောက်ပဲ)

လုချီဟွာ နဖူးကိုထိလိုက်ပြီး သူ့အတွေးတွေကို မောင်းထုတ်လိုက်သည်။

"ရတနာသေတ္တာ ဖွင့်"

ကြေးရောင်ရတနာ သေတ္တာ ပွင့်သွားပြီး အလင်းရောင်ပျောက်သွားတာနဲ့ မြေပုံတစ်ခု ကျန်နေခဲ့သည်။

ဒင်

အစိတ်စိတ် အမွှာမွှာ ဖြစ်နေတဲ့ အမှောင် မြေပုံတစ်ခုကို ရလိုက်တဲ့အတွက် ဂုဏ်ပြုပါတယ်။ အခုလက်ရှိ မင်းမှာ မြေပုံ ငါးခုရဲ့ လေးခု ရှိနေပြီ"

စိတ်ပျော်နေရာမှ အနည်းငယ် စိတ်တိုသွားသည်။ သူက မြေပုံ အပြည့်အစုံ ရရန်

တစ်ခုသာလိုတော့သည်။ သို့သော် အဲဒီတစ်ခုရဖို့အတွက် ဘယ်လောက်တောင် စောင့်နေရမလဲဆိုတာ သူမသိပါ။

မနက်စာ စားလိုက်ပြီးနောက် ဂျိမ်ဂျဲ လူရှာတွက်လိုက်သည်။ ခါတ်မတည့်တဲ့ လက္ခဏာပြနေသည့် ကျောင်းသားများကို ဒီနေရာမှာ ထားခဲ့ပြီး ကျန်တဲ့လူတွေနဲ့ ထွက်သွားဖို့ လုပ်နေသည်။

"ဆရာဂျိ ကျေးဇူးပြုပြီး ကျွန်တော်တို့ကိုလည်း လိုက်ခွင့် ပေးပါ"

ကျောင်းသားတချို့က ငိုယိုပြီး တောင်းပန်ကြသည်။

"မရဘူး၊ ဒီအတိုင်းဆက်သွားရင် မင်းတို့ပဲ ဒုက္ခဖြစ်လိမ့်မယ်"

ဂျိမ်ဂျဲက အလျော့မပေးဘဲ ငြင်းလိုက်သည်။ ရေပူစမ်းက ထွက်ရင် သွားရမည့် လမ်းက တစ်ခုသာ ရှိသည်။ အခွင့်အရေး မရတဲ့ ကျောင်းသားများသည် စုရုံးပြီး ဂျိမ်ဂျဲအား တောင်းဆိုနေကြသည်။

မရီဒန်အကယ်ဒမီကလည်း လာမည့်အချိန်ကို အတိအကျ သတ်မှတ်ထားသဖြင့် ဗဟိုပြည်နယ် အကယ်ဒမီအတွက် ခက်ခဲနေသည်။

"တော်လောက်ပြီ၊ မင်းတို့ ဒီနေရာမှာ နေခဲ့ကြတော့။ ငါတို့ ခရီးထွက်တော့မယ်။ ဆရာပိုင်၊ သူတို့ကို သေသေချာချာလေး ဂရုစိုက်ပေးပါအုံး"

ပိုင်ရန်လီသည် သူတို့ရဲ့ အမူအရာကို ကြည့်လိုက်ပြီး တော်တော် စိတ်ဆိုးသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မင်းတို့မျက်နှာ အမူအရာတွေက ဘာဖြစ်နေတာလဲ။ မင်းတို့ကို သေလမ်း သွားခိုင်းတာ ကျနေတာပဲ။ ဒီနေရာက ရေပူစမ်းနေရာလေ၊ ဘာတွေ ဆိုးနေလို့လဲ”

ဂျီဂျီ

လုချီဟွာသည် အိတ်ကပ်ထဲမှ ငါးသလဲထိုးလေးက အသံပေးပြီး အရေးတကြီး အော်နေတာ ကြားလိုက်သည်။ လှည့်ပတ်ကြည့်လိုက်ပြီး အိတ်ကို မြန်မြန် ဖွင့်လိုက်သည်။

“ငါးသလဲထိုးလေး ဘာဖြစ်လို့လဲ”

လုချီဟွာ မေးလိုက်သည်။

ဂျီ ဂျီ

ငါးသလဲထိုးလေးက ကျယ်လှောင်စွာ အော်ဟစ်နေသည်။ လုချီဟွာ လက်မောင်းကို ပတ်ကာ သူမ အင်္ကျီစကို ကိုက်ကာ အမြန်ခေါ်ထုတ်နေသည်။ ထို့နောက်

“မင်း က အမြန်ထွက်သွားစေချင်တာလား”

လီဇီချီ ခန့်မှန်းလိုက်သည်။

“အင်း”

လုချီဖွာက ခေါင်းညိတ်လိုက်သည်။

“မင်းဘာဖြစ်လို့လဲ ဒါပေမယ့် ငါးသလဲထိုးလေး ငါတို့ အလျှင်လိုစရာ မလိုပါဘူး။ အခုပဲ ထွက်သွားဖို့ လုပ်နေတယ်”

ခရီး နောက်တစ်ပိုင်းတွင် လေဝိညာဉ်များနဲ့ ကျိန်းသေပေါက် တွေ့ရလိမ့်မည်။ အမှောင်တိုက်ကြီးရဲ့ စည်းမျဉ်းအရ လေဝိညာဉ်ကို ပထမဆုံး တိုက်ခိုက်တဲ့သူက အဲဒါကို ပိုင်ဆိုင်ခွင့်ရှိသည်။ ကျောင်းသားများ၏ တိုက်ခိုက်ရေးစိတ်ဓါတ်များ လောင်ကျွမ်းလာစေရန်

အဲဒီ သက်ရှိ ပုံစံများကို အသုံးပြုနိုင်သည်။ ဒါကြောင့်လည်း ဂျိမ်ဂျဲသည် ဒီအခွင့်အရေးကို လက်မလွှတ်ရအောင် ထွက်ခွာဖို့ ချက်ခြင်း ကြေညာလိုက်သည်။

ငါးသလဲထိုးလေးက ကျယ်လောင်စွာ အော်နေတုန်း ဖြစ်သည်။ လုချီဟွာက နှစ်သိမ့်ပေးနေသည်။ သူတို့ ခန့်မှန်းခြေ သုံးမိနစ်လောက် လျှောက်လာခဲ့ကြသည်။ သူတို့လှည့်ကြည့်လိုက်လျှင် ရေပူစမ်းနေရာက အခိုးအငွေ့အများကို မြင်နေရသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဲဒီအချိန်တွင် ကြိုတင် သတိပေးခြင်း မရှိဘဲ ဝိညာဉ်ဒီရေ တိုက်ခတ်လာသည်။

ဘုန်း

တခဏလေးအတွင်းမှာ

ကျောင်းသားတော်တော်များများ နာကျင်စွာ အော်ဟစ် နေကြသည်။ ဆရာတချို့တောင် မသက်မသာ ခံစားနေရသည်။

"အိုး မဟုတ်ဘူး။ ဒါက ဝိညာဉ်ချီ ဒီရေပဲ"

ကူရှပ်ရှင်း မျက်နှာပျက်သွားသည်။ ပြီးတော့ ပြင်းထန်မှုအရ ဝိညာဉ်တောင်ပံချောက်ကမ်းပါးထဲမှာ

ရှားပါးတဲ့ ဝိညာဉ်ချီ ဒီရေ အကြီးစားမျိုးထဲက ဖြစ်နိုင်သည်။

"အခု မင်းတို့ ရောက်တဲ့နေရာမှာ ထိုင်ချလိုက်။ မင်းတို့ရဲ့ ဝိညာဉ်ချီစုစည်းပြီး တည်ငြိမ်အောင် လုပ်ပါ။ ဝိညာဉ်ချီ ဒီရေထဲက ဝိညာဉ်ချီတွေ ခန္ဓာကိုယ်ထဲ ဝင်လာရင် ချက်ခြင်း ရှင်းထုတ်ပါ။"

ဂျိမဲဂျဲက ချက်ခြင်း သတိပေးသည်။

ဝိညာဉ်ချီ ဒီရေရောက်လာလျှင် ကျင့်ကြံသူများသည် ရေထဲနစ်နေတဲ့ သေမျိုးများနဲ့ တူသည်။ ကျင့်ကြံသူတွေက ဒီဝိညာဉ်ချီတွေကို

မစုပ်ယူရင်တောင် ကြီးမားတဲ့ ဝိညာဉ်ချီဖိအားက ခန္ဓာကိုယ်ထဲ တိုက်ရိုက် တိုးဝင်လာပြီး အတွင်းပိုင်း၌ ဝိညာဉ်ချီ အတက်အကျကို ဖြစ်ပေါ်စေသည်။ ဒီလို ဖြစ်သွားရင် ကျင့်ကြံသူက ကိုယ်ပိုင် ဝိညာဉ်ချီ အဖြစ် ပြောင်းလဲပေးရသည်။ မဟုတ်ပါက ဝိညာဉ်ချီတွေက ခန္ဓာကိုယ်ထဲ မွှေနှောက်ပြီး စွမ်းအင်လမ်းကြောင်းများ၊ သွေးကြောများနှင့် ကြွက်သားများကို ပျက်ဆီးစေရုံသာမက ပြင်းထန်တဲ့ ဝိညာဉ်ချီခါတ်မတည့်မှုကိုပါ ဖြစ်ပေါ်စေနိုင်သည်။

ကျောင်းသားများသည် ညွှန်ကြားချက်အား ချက်ခြင်း လိုက်နာ လိုက်ကြသည်။ ဒါပေမယ့် ချောင်းဆိုးရင် သွေးပါပြီး လဲကျတဲ့လူရှိသလို ခန္ဓာကိုယ်နာကျင်ကိုက်ခဲတဲ့ လူတွေလည်း ရှိနေသည်။ သူတို့ထဲက တစ်ယောက်ဆိုလျှင် ချက်ခြင်း မူးလဲသွားသည်။

"ဆရာဆွန်း"

ဂျိမဲဂျဲက ကျယ်လောင်စွာ အော်ခေါ်လိုက်သည်။

"ကျွန်တော် ဒီမှာ"

အခုလက်ရှိတွင် ဆွန်းမိုက ထန်ထန်ယုထန်အား နှိပ်ပေးနေသည်။ ဒါကို မြင်လိုက်လျှင် သူက ချက်ခြင်းပဲ မှုးလဲကျသွားတဲ့ ကျောင်းသားဆီ သွားလိုက်ပြီး ကျောင်းသားရဲ့ ဝိညာဉ်ချီ လှည့်ပတ်နိုင်အောင် ကူညီဖို့ လည်ပတ်ခြင်းနည်းစနစ်ကို အသုံးပြုလိုက်သည်။

“ရီဂျီမင်၊ မင်းဘေးနားက ကျောင်းသားကို ကူပြီး ထူပေးပါအုံး”

ဆွန်းမို အမိန့်ပေးလိုက်သည်။

ဆွန်းမို အမိန့်ပေးတာကို မကျေနပ်ပေမယ့် ဒါက အရေးတကြီး ဖြစ်နေမှန်း ရီဂျီမင် သိနေသည်။ အမိန့်ကို လိုက်နာရုံသာ ရှိတော့သည်။ ဆွန်းမိုက လက်နှစ်ဘက်စလုံးဖြင့် ကျောင်းသားနှစ်ယောက်ကို တပြိုင်နက် ကုပေးနေလိုက်သည်။

"အဆင်ပြေသွားပြီ မဟုတ်လား"

လုချီဟွာ စိုးရိမ်နေသည်။ လီဇီချီက လုချီဟွာအား စစ်ဆေးလိုက်လျှင် လုံးဝ အဆင်ပြေနေတာ တွေ့လိုက်ရသည်။ စိုးရိမ်ပြီး

မျက်နှာ နည်းနည်း ဖြူနေတာကလွဲလျှင် ဘာမှ မဖြစ်ပါ။ ချန်လုံက မသက်မသာ ဖြစ်နေသော်လည်း အင်ဘိုင်ဝူက သူမ အသစ်လေ့လာထားတဲ့ ရှေးဟောင်း အနှိပ်ပညာကို အသုံးပြုပြီး နှိပ်ပေးနေသည်။

ထန်ထန်ယုထန်ကတော့ အဆိုးဆုံး ဖြစ်သည်။ သို့သော်လည်း ဝိညာဉ်ချီ ဖိအားကြောင့် မဟုတ်ပါ။ အဲဒီအစား ခန္ဓာကိုယ် အားနည်းလို့ ဖြစ်သည်။ သူသာ သန်မာနေမယ်ဆိုရင် ဒီလို တုန့်ပြန်မှုတောင် ရှိမှာ မဟုတ်ပါ။

ကူရှုပ်ရှင်းဘက်မှာတော့ ကျန်ရန်ဖေါင်က လုံးဝ အဆင်ပြေနေသည်။ ကူရှုပ်ရှင်းက တခြား ကျောင်းသားတွေကို ကူညီပေးနေရသည်။

"ဆရာ၊ မင်းကို ကူညီဖို့ ငါဒီမှာရှိတယ်"

လီဇီချီက အခြေအနေကို စောင့်ကြည့်နေခဲ့သည်။ ဆွန်းမိုဆီ ပြေးသွားခဲ့ပြီး နောက်ဆုံးတော့ သူမသည် ကျောက်တုံးနဲ့တိုက်မိပြီး လဲကျလုနီးပါး ဖြစ်သွားသည်။

ဝိညာဉ်ချီ အတက်အကျက ရုတ်တရုတ် အားပျော့သွားသည်။ ကျောင်းသားတွေရဲ့ အခြေအနေက ချက်ခြင်းပဲ ပိုကောင်းလာသည်။

“ဘောပဲ”

ကျုံးရှန်ရီ မျက်နှာ သိသိသာသာ ပျက်သွားသည်။ ဒီဝိညာဉ်ချီ ဒီရေက အရမ်း ကြောက်ဖို့ကောင်းသည်။ ဒါက တူညီတဲ့ ဖိအားနဲ့အဆက်မပြတ် မတိုက်ခတ်ဘဲ ကွဲပြားတဲ့ ဖိအားနဲ့ လေပြင်းတိုက်သလို တိုက်ခိုက်သည်။ ဒီလို ဖိအားအတက်အကျများတဲ့ ဝိညာဉ်ချီ ဒီရေက

လူ့ခန္ဓာကိုယ်အား ဖျက်ဆီးနိုင်စွမ်း အားကောင်းသည်။ ထင်ထားသလိုပဲ စက္ကန့်သုံးဆယ် ကြာပြီးနောက် ဝိညာဉ်ချီ ဒီရေသည် ရုတ်တရုတ် ပြင်းထန်လာသည်။ ဒီလို ရုတ်တရုတ် တိုက်ခတ်မှုကြောင့် ကျောင်းသားသုံးယောက်သည် အသံတောင် မထွက်နိုင်ဘဲ မူးလဲသွားပြန်သည်။

"သတိလစ်နေတဲ့ သူတွေကို ရေပူစမ်းဆီ ပြန်သယ်ကြပါ"

ဂျိမဲဂျဲက ညွှန်ကြားလိုက်သည်။ ရေပူစမ်းရဲ့ မြေမျက်နှာအသွင်အပြင်သည် ဝိညာဉ်ချီ ဒီရေရဲ့

ပြင်းထန်မှုကို လျော့ချပေးနိုင်တဲ့ သဘာဝ အတားအဆီး တစ်ခု ဖြစ်သည်။ လီဇီချီသည် အမျိုးသမီး ကျောင်းသူတစ်ဦးကို ဖေးမဖို့ အကောင်းဆုံး ကြိုးစားနေသည်။ သူမက ဝိညာဉ်စုဆောင်းခြင်းပန်းအိုးကို လက်ထဲမှာ ကိုင်ထားသဖြင့် တကယ် ခက်ခဲနေသည်။ သို့သော်လည်း ဒီပန်းအိုးက ဆရာပေးထားတာ ဖြစ်နေသဖြင့် စွန့်ပစ်ရန် တကယ် ဝန်လေးနေသည်။

"ဒါပေမယ့် လူ့အသက်က ပိုတန်ဖိုးရှိတယ်။ ဝိညာဉ်ချီဒီရေမရှိမှ ပြန်လာယူလို့ ရတာပဲ "

လီဇီချီ ဆုံးဖြတ်ချက် ချလိုက်သည်။ ဒါပေမယ့် ပန်းအိုးကိုချလိုက်ရင် သူမ ဖေးမထားတဲ့ ကောင်မလေးက အသက်ရှူ ပိုချောမွေ့လာတာကို သတိထားလိုက်မိသည်။

"အမ်"

လီဇီချီ လန့်သွားသည်။ ဘာဖြစ်နေတာလဲ။ သို့သော်လည်း သူမက ဉာဏ်ရည်ထက်မြတ်တဲ့

မိန်းကလေး ဖြစ်သဖြင့် အနည်းငယ် စဉ်းစားပြီးနောက် ဖြစ်နိုင်ချေကို စဉ်းစားလိုက်မိသည်။

အိုးထဲက အပင်တွင် လျှိုအရွက် တစ်သောင်းလောက်ရှိသည်။

အရွက်ပေါ်တွင် ရေးဆွဲထားတဲ့ ဝိညာဉ်စုဆောင်ခြင်း တက်တူးများက အလင်းရောင်ဖျော့ဖျော့လေး လင်းနေသည်။ အားလုံး အသက်ဝင်နေသည်။ သူတို့သည် ပတ်ဝန်းကျင်က ဝိညာဉ်ချီကို စုတ်ယူပြီး သန့်စင်ပေးနေသည်။ အနီးအနားက ဝိညာဉ်ချီ ဖိအားကလည်း

သိမ်မွေ့နေပြီး အံ့အောဖွယ် ချိန်ခွင်လျှာတစ်ခု ဖန်တီးပေးနေသည်။ ဒါက သဘာဝအရ အပင်တွေရဲ့ ဝိညာဉ်ချီ ဒီရေကို ကာကွယ်တဲ့ နည်းလမ်း ဖြစ်သည်။

အကျိုးသက်ရောက်မှုရဲ့ အသေးစိတ်ကို လီဇီချီ စောင့်ကြည့်နေခဲ့သည်။ ဝိညာဉ်ချီ ခါတ်မတည့်မှုကို ခံစားနေရတဲ့ ကျောင်းသူလေးသည် ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးနားတွင် ရှိနေသဖြင့် ဝိညာဉ်ချီ ဖိအားများ အားနည်းသွားကာ ထုံးစံအတိုင်း ပိုကောင်းမွန်လာသည်။

"လုချီဟွာ၊ ရှန်ယွန်ပေါင်၊ မင်းတို့ရဲ့ ပန်းအိုးတွေ ဆရာ့ဘေးနား ယူသွားလိုက်"

လီဇီချီက ညွှန်ကြားလိုက်သည်။ ထို့နောက် ဆွန်းမိုကို အသိပေးလိုက်သည်။

"ဆရာ၊ ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးက ဝိညာဉ်ချီ ဖိအားကို ထိန်းညှိ ပေးနိုင်တယ်"

"ဒါက တကယ်လား၊ အတုလား"

ရီဂျီမင် အံ့အောသွားသည်။

"ဘာ"

ကျန်ကွမ်လင်လည်း လန့်သွားသည်။ ဒါပေမယ့် နောက်မှာတော့ သူ့မျက်နှာတွင် နားလည်တဲ့ အငွေ့အသက် တစ်ခု ပေါ်လာသည်။ နောက်ဆုံးတော့ သူလည်း ဝိညာဉ်တကက်တူးနယ်ပယ်တွင် အရည်အချင်း ရှိတဲ့သူ တစ်ယောက်ဖြစ်သည်။ ဒါကြောင့် အကြောင်းအရင်းကိုတွေးတော နိုင်ခဲ့သည်။

ဒီတစ်ခေါက်တော့ ဆွန်းမို အကျိုးအမြတ် အများကြီး ရတော့မည်။

“လူတိုင်း ပန်းအိုးနား လာဝိုင်းပြီး ထိုင်ကြ” ဆွန်းမိုက ချက်ခြင်းအော်လိုက်သည်။ ထိရောက်မှုရှိမရှိကို ဒီနည်းလမ်း အသုံးပြုပြီး စမ်းသပ်ကြည့်ခြင်းက အမှားအယွင်း မရှိနိုင်ပါ။ ကျောင်းသားတွေရဲ့ ထင်မြင်ချက်ကတော့ သိပ်မကောင်းပါ။ ဒီကိုရောက်လာတဲ့ ဆရာတွေက အကျိုးသက်ရောက်မှုကို ချက်ခြင်း သိလိုက်သည်။ အပင်တပိုက်ရှိ ဝိညာဉ်ချီများက အမှန်တကယ် ပိုတည်ငြိမ်နေသည်။

“ဒီလို အကျိုးသက်ရောက်မှု ရှိလိမ့်မယ်လို့ ငါမမျှော်လင့်ထားခဲ့ဘူး”

ရှာယွန်သည် အံ့အောနေသည်။

“အပင်ပိုကြီးလျှင် အကျိုးသက်ရောက်မှု ပိုကောင်းမှာပေါ့”

ကျုံရှန်ရီလည်း အံ့အောနေသည်။

“ကြီးခြင်း သေးခြင်းဆိုတာ အသွင်အပြင်တစ်ခုပဲ။ အရေးအကြီးဆုံးက အပင်မှာ အရွက်များများ ရှိနေဖို့ပဲ လိုအပ်တယ်။ ဒီလိုဖြစ်မှပဲ

ဝိညာဉ်စုဆောင်ခြင်းတက်တူး ပိုများများ ရေးဆွဲနိုင်မယ်”

လီဇီချီက ရှင်းပြလိုက်သည်။

“ဆရာဆွန်းတော့ ဒီတစ်ခေါက် အမြတ်အကြီးကြီး ရပြီ”

ကူရှပ်ရှင်း အားကျစိတ်နဲ့ ပြည့်နေသည်။ ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးရဲ့ အကျိုးသက်ရောက်မှုကို အတည်ပြုပြီးပါက ဈေးကြီးကြီးနဲ့ ရောင်းချနိုင်မည်။ ဒါတွေက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သာမန်ဝိညာဉ်စုဆောင်းခြင်းတက်တူး ထက်စာရင် ပိုပြီး အကျိုးသက်ရောက်မှုရှိသည်။

အမှောင်တိုက်ကြီးတွင် ဝိညာဉ်ချီဒီရေက အကြီးအမားဆုံး ဘေးအန္တရာယ်များထဲက တစ်ခု ဖြစ်သည်။ ဒါပေမယ့် ဆွန်းမို ဖန်တီးထားတဲ့ ဝိညာဉ်စုဆောင်းခြင်း ပန်အိုးတစ်လုံးကို ပိုင်ဆိုင်ထားတာနဲ့ ဝိညာဉ်ဒီရေတွေကို အရမ်းကြီး စိုးရိမ်နေစရာ မလိုတော့ပါ။

ဂျိမ်ဂျဲသည် ဆွန်းမိုကို လှမ်းကြည့်လိုက်လျှင် သူ့မျက်နှာပေါ်မှာ တည်ငြိမ်မှုကို တွေ့လိုက်ရသည်။

အခုမှ ရှာတွေ့တဲ့ 'ရွှေတွင်း'ကို ဂရုမစိုက်ဘဲ အဲဒီအစား ဝိညာဉ်ချီခါတ်မတည့်မှု ပိုပြင်းထန်တဲ့ ကျောင်းသားအား ကုသဖို့ အတတ်နိုင်ဆုံး ကြိုးစားနေသည်။

"သူက ကျောင်းသားတွေကို ချစ်မြတ်နိုးတဲ့ ဆရာကောင်း တစ်ယောက်ပဲ"

ဂျိမ်ဂျဲသည် ခံစားချက်နဲ့ သက်ပြင်းချလိုက်သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိမ်ဂျဲ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနီး(၂၄၀/၁,၀၀၀)

တခြားဆရာတွေက ကျောင်းသားတွေကို မမြတ်နိုးဘူးလို့ မဆိုလိုပါ။ အဲဒီအစားဆွန်းမိုက ရွှေတွင်းထက် ကျောင်းသားကို ပိုတန်ဖိုး ထားခဲ့သည်။ ဒါက အရမ်းကို ရှားပါးတဲ့ အရည်အချင်းတစ်ခု ဖြစ်သည်။

အခြေအနေ ပိုတည်ငြိမ်လာတာကို မြင်လိုက်လျှင် လီဇီချီ သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် မျက်ခုံးပင့်ကာ ဒဏ်ရာရနေတဲ့ ကျောင်းသားတွေကို

ကူညီဖို့ တောင်ပြေး မြောက်ပြေး ဖြစ်နေတဲ့ လုချီဟွာကို ကြည့်လိုက်သည်။ ငါးသလဲထိုး အောင်သံလည်း ပျောက်သွားသည်။

"မဖြစ်နိုင်ဘူး၊ ငါတွေးလွန်တာပဲ ဖြစ်မယ်။"

လီဇီချီက ကို့ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်သည်။

စာစဉ်(၁၇)

အခန်း(၂၄၉) - လျှပ်စီး ကာကွယ်ခြင်း၊ ပြည့်စုံသော ကာကွယ်ရေး။

ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးသည် အရမ်းရှားပါးတဲ့ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်တော့ မဟုတ်ပါ။ ပြီးတော့ အလယ်ကမ္ဘာ၏ သမိုင်းကြောင်းတွင် အောင်မြင်စွာ ဖမ်းယူနိုင်ခဲ့ဖူးသည်။ ဒါကြောင့် ဒီမျိုးစိတ်၏ ပုံစံကို အမှောင်မျိုးစိတ် သရုပ်ဖော် လက်ဆွဲစာအုပ်တွင် ဖော်ပြ ထုတ်ဝေထားသည်။

ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါး၏ ကြီးထွားနှုန်းသည် အရမ်းမြန်ဆန်သည်။ ၎င်းတို့ကို အရွယ်အစား ကြီးမားသေ ာ သက်ရှိပုံစံလို့

ယူဆ ထားခဲ့ကြသည်။ ဆယ်ကျော်သက်အရွယ်တွင် လေးမီတာကနေ ငါးမီတာ လောက် ရှည်သည်။ အရွယ်ရောက်ပြီးသွားရင် ကြောက်ဖို့ ကောင်းလောက်အောင် မီတာဆယ်ဂဏန်းလောက်အထိ ရှည်လျားတတ်သည်။ မီတာရာကျော်အောင် ရှည်တဲ့ အကောင် အနည်းစုတောင် ရှိသေးသည်။

သူတို့ နာမည်တွင် နဂါးဆိုတဲ့ စကားပါတဲ့ သတ္တဝါများသည် နဂါးမျိုးစိတ်နဲ့ သက်ဆိုင်တယ်လို့သတ်မှတ်လို့ ရသည်။ သူတို့သည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကုန်းပေါ် မျိုးစိတ် ဖြစ်စေ ဒါမှမဟုတ် ရေထဲမျိုးစိတ်ဖြစ်စေ သူတို့ခန္ဓာကိုယ်ပေါ်တွင် အကြေးခွံများ ဖြင့် ဖုံးအုပ်ထားသည်။ သူတို့တွင် ဦးချိုများ ပါရှိတတ်ပြီး ခမ်းနားထည်ဝါတဲ့ အရှိန်အဝါကို ထုတ်လွှင့်တတ်ကြ သည်။ သာလွန်ထူးခြားတဲ့ မျိုးစိတ်ဆိုတာ ဘာလဲ။ သူတို့က အစာကွင်းဆက်၏ ထိပ်ဆုံးက ဖြစ်သည်။ သူတို့သည် သဘာဝအားဖြင့် အရေအတွက် အရမ်းနည်းပြီး တိုက်ခိုက်ရေး စွမ်းအား ကြီးမားကြသည်။

ဥပမာ - တာနိုဆောရပ် ဆိုပါတော့။ သူ့ကို သာလွန်မျိုးစိတ်အဖြစ် သတ်မှတ်ခဲ့ကြသည်။ အများအားဖြင့် သင်သည် သူတို့ရဲ့ အစာသာ ဖြစ်လိမ့်မည်။ တာနိုဆောရပ်ကို မြင်လိုက်တာနဲ့ တိရစ္ဆာန်အများစုရဲ့ တုန့်ပြန်မှုသည် ထွက်ပြေးတာပဲ ဖြစ်လိမ့်မည်။

ဒီ စုတ်ပြတ်သတ်နေတဲ့ ငါးသလဲထိုးသည် ကြည့်ရတာ အရမ်းရုပ်ဆိုးသည်။ လုချီဟွာက သူ့ကို ကယ်တင်ဖို့ ဝယ်လိုက်တဲ့ အချိန်မှာ ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာတွေနဲ့ ဖုံးလွှမ်းနေသည်။

လုချီဟွာသာ စိတ်မပျော့ခဲ့ရင် ကျောင်းသားသုံးယောက်ရဲ့ စွပ်ပြုတ်တစ်ခွက် ဖြစ်နေပြီ။

လီဇီချီသည် ကျောင်းသားက သူ့အား ခြေဖနောက်ပေါက်နေတဲ့ မြင်ကွင်းကို ပြန်မြင်ယောင်သွားသည်။ ဒါကြောင့်လည်း မအံ့အောပဲ မနေနိုင်ပါ။ သာလွန်မျိုးစိတ်ရဲ့ ထူးခြားဆန်းကြယ်တဲ့ ဂုဏ်သိက္ခာ ဘယ်မှာလဲ။ လီဇီချီက သူ့ကို နောက်ထပ် စောင့်ကြည့်ဖို့ လိုတယ်လို့ မှတ်ထားလိုက်သည်။ လုချီဟွာနှင့်

ဆွေးနွေးမလို့ လုပ်လိုက်တဲ့အချိန်တွင် လုချီဟွာက အရပ်လေးမျက်နှာကို ကြည့်ပြီး ရုတ်တရက် တုန်လှုပ်နေသည်။

"ဘာဖြစ်လို့လဲ ထပ်လာပြန်ပြီလား"

တောကြက်ဥလေးက စပ်စုလိုက်သည်။

"အမ်"

လုချီဟွာ မျက်နှာပေါ်တွင် လေးနက်တဲ့ အမူအရာ အပေါ်လာသည်။

“အခုလာမယ့်အရာတွေက တကယ် အန္တာရာယ်များမယ်လို့ ခံစားနေရတယ်။ ငါတို့ ဒီက ချက်ခြင်း ထွက်သွားသင့်တယ်”

“ဒီလို ကိစ္စမျိုးကို ငါမဆုံးဖြတ်နိုင်ဘူး”

လီဇီချီက သက်ပြင်းချရင်း ပြောလိုက်သည်။ ဆွန်းမိုကို ရှာပြီး သတိပေးတာပဲ ပိုကောင်းမည်။

ဒီတစ်ခါ လူတိုင်းရဲ့ ကံတရားက မဆိုးပါ။ ဆယ်မိနစ်လောက်ကြာတော့ ဝိညာဉ်ချီ ဒီရေလည်း ရပ်သွားသည်။

“ကောင်းကင်နဲ့မြေကြီးကို ကျေးဇူးတင်ပါတယ်။ နောက်ဆုံးတော့ ပြီးသွားပြီ”

ဒူရှောင် သက်ပြင်းချလိုက်သည်။ ဒီအတိုင်းသာ ဆက်သွားလျှင် ကျောင်းသားအားလုံး သေသွားနိုင်သည်။

“ဆွန်းမို၊ ဒီတစ်ခေါက်တော့ မင်းကို ကျေးဇူးတင်ရမှာပဲ”

ဂျီမဲဂျဲက ကျေးဇူးတင်စကား ပြောလိုက်သည်။

တခြားဆရာတွေလည်း ဆွန်းမိုကို ကြည့်ပြီး မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။ သူ့ရဲ့

ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်သည် စွမ်းအင်လမ်းကြောင်းများကို ရှင်းလင်းစေပြီး ဝိညာဉ်ချီ လည်ပတ်မှုကို အရှိန်မြှင့်ပေးနိုင်သည်။ တချိန်တည်းမှာပဲ ဝိညာဉ်ချီ လည်ပတ်မှုနဲ့ ပက်သက်တဲ့ ကြွက်သားစွမ်းရည်ကို ကြီးမားစွာ မြှင့်တင်ပေးနိုင်သည်။ ဒါက ဝိညာဉ်ချီဓါတ်မတည့်မှုကို ကိုင်တွယ်ရန် အထိရောက်ဆုံး နည်းလမ်း ဖြစ်သည်။ ဒီလိုအခြေအနေမှာ ထုံးစံအတိုင်း ပြေးမယ်ဆိုရင် ကျောင်းသားတွေ မသေနိုင်ပေမယ့် သေချာပေါက် ဒဏ်ရာကြီးကြီးမားမား ရလိမ့်မည်။ တကယ်လို့ဒဏ်ရာများ ပြင်းထန်ပါက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခန္ဓာကိုယ်ထဲတွင် ဒဏ်ရာများ မြံ့ပြီးကျန်နေခဲ့ကာ အနာဂတ်ကျင့်ကြံမှုကို ထိခိုက်နိုင်သည်။ ဒါပေမယ့် အခုကြည့်ရတာတော့ ကျောင်းသားတွေမှာ ဒဏ်ရာပြင်းပြင်းထန်ထန် ရထားတဲ့ လက္ခဏာများ မတွေ့ရပါ။

ဒင်

"လေးစားအထင်ကြီးမှု အမှတ် စုစုပေါင်း +၂,၁၅၀ ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ဒါက ကျွန်တော်လုပ်ရမယ့် အလုပ်ပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ဂုဏ်ယူမနေပါ။ ကျောင်းသားတွေကို ကူညီပေးရတာက ဆရာတစ်ယောက်ရဲ့ တာဝန်သာ ဖြစ်သည်။

"အရင်ဆုံး ရေပူစမ်းကို ပြန်ဆုတ်ကြစို့"

ဂျိမဲဂျဲက ညွှန်ကြားလိုက်သည်။

မရီဒန်အကယ်ဒမီက ခရီးသွား အဖွဲ့လည်း ရောက်လာကြသည်။ သူတို့အားလုံးရဲ့ အခြေအနေက သနားဖို့ ကောင်းနေသည်။ ဖန်မျိုးနှယ် ဆရာနှစ်ယောက်စလုံးလည်း ပါသည်။

တစ်ယောက်က ဦးဆောင်ကာ တစ်ယောက်က နောက်လိုက် သဘောမျိုး ဖြစ်နေသည်။

ဖန်ဝူဂျီ မျက်မှောင်ကြုတ်သွားသည်။

“ဒီကကျောင်းသားတွေရဲ့ ဒဏ်ရာက ငါတို့ကျောင်းသားတွေထက် ဘာလို့ ပိုနည်းနေတာလဲ”

ဖန်ဝူအန်လည်း နားမလည်နိုင် ဖြစ်နေသည်။ ဒီနှစ်ပိုင်းတွင် စုဆောင်းရေး အစီအစဉ်၌ မရီဒန်အကယ်ဒမီသည် အဆင့်တစ်ဆင့် ပိုမြှင့်သဖြင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗဟိုပြည်နယ်အကယ်ဒမီထက်စာရင် ပိုကောင်းတဲ့ ကျောင်းသားတွေကို ခေါ်ယူနိုင်ခဲ့သည်။

အထူးသဖြင့် ဒီခရီးစဉ်ကို ခေါ်လာတဲ့ ကျောင်းသားများ ဖြစ်သည်။ သူတို့သည် ထိပ်တန်းပါရမီရှင်များကြားက ပါရမီရှင်များ ဖြစ်ပြီး သက်တူရွယ်တူ ပါရမီရှင်များကို ချေမှုန်းနိုင်သည်။ ဒါပေမယ့် အခုယှဉ်ကြည့်တော့ ဘာဖြစ်လို့ ပိုစုတ်ပြတ် နေရတာလဲ။

"နတ်ဘုရားလက်ကြောင့် ဖြစ်နိုင်တယ်"

ဖန်ဝူဂျီက ဆွန်းမိုကို အကဲခတ်လိုက်သည်။

“ဖြစ်နိုင်တယ်”

ဖန်ဝူအန်က ခေါင်းညိတ် ထောက်ခံလိုက်သည်။ ဆွန်းမိုကို သတ်ချင်စိတ် ပြင်းထန်လာသည်။

“သူ့ကို ငါတို့ကျောင်းအတွက် ဖိတ်ခေါ်နိုင်ရင် ကောင်းမယ်”

ဖန်ဝူဂျီ အရမ်းနောင်တရနေသည်။ ဒီလိုဆရာမျိုးနှင့် တကယ်ပဲ လုပ်ဖော်ကိုင်ဖက် ဖြစ်ချင်သည်။ ထိပ်တိုက်တွေ့လိုက်တာနဲ့ သေတတ်သော ရန်သူများသည် တစ်ဖက်ကို တစ်ဖက်

ရန်လိုတဲ့ အကြည့်သာ ကြည့်သင့်သည်။ သို့သော် ဖန်ဝူဂျီက ကွဲပြားတဲ့ အရာတစ်ခု လုပ်လိုက်သည်။

"ဆရာဆွန်း၊ ငါတို့ကျောင်းသားတွေကို ကုသပေးဖို့ ဒုက္ခပေးလို့ ရမလား"

ဖန်ဝူဂျီ အသံက အရမ်းရိုးသားနေသည်။

ရီဂျီမင်သည် ဖန်ဝူဂျီလို လူတစ်ယောက်က ဆွန်းမိုအား အရမ်းအထင်ကြီးနေတာ မြင်လိုက်ရတော့ မနာလိုစိတ်ကြောင့် ပေါက်ကွဲချင်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကောင်းပြီလေ။ ငါ့ကျောင်းသားတွေကို ကူညီပြီးရင် လုပ်ပေးမယ်"

ဆွန်းမိုက ဒါကို မငြင်းပါ။ ကျောင်းနှစ်ခုစလုံးက ပြိုင်ဆိုင်ပြီး တွေ့တာနဲ့ သတ်ချင်နေပေမယ့် ဒါက ကျောင်းသားများနဲ့တော့ မဆိုင်ပါ။ ပြီးတော့ ကျောင်းသားတွေ ဒီကိစ္စနဲ့ ဆက်နွယ်ပြီး သေမလိုဖြစ်နေတာ မြင်ရင် သူ ရပ်မကြည့်နိုင်ပါ။

ဒီအဖြေကို ကြားလိုက်လျှင် ဆရာနှင့် ကျောင်းသားများသည် ဆွန်းမိုကို ထူးဆန်းတဲ့ အကြည့်နဲ့ ဝိုင်းကြည့်နေကြသည်။

"ဆရာဆွန်း ဒီလိုလုပ်တာ မကောင်းဘူးနော်"

ကျန်ကွမ်လင်က ဝေဖန် အပြစ်တင်လိုက်သည်။

"ဆရာဂျိ ဘာလို့ သူ့ကို မထိန်းတာလဲ"

ဂျိမဲဂျဲက နှုတ်ဆိတ်နေသည်။ မရီဒန်အကယ်ဒမီက ကျောင်းသားများ မသန်မစွမ်း ဖြစ်သွားရင် သူမတို့ကျောင်းအတွက် အကျိုးရှိသော်လည်း သူမ ဒီလို စကားမျိုး ပြောမထွက်ပါ။ မြတ်ဆရာလောကတွင် ကျောင်းများကြားက ပြိုင်ဆိုင်မှုသည် ပြင်းထန်ကာ ရက်စက်ကြမ်းကြုတ်သည်။ ဒီလိုမျိုး ရက်စက်ကြမ်းကြုတ်တဲ့

ပြိုင်ဆိုင်မှုကနေ ထိပ်တန်း ပါရမီရှင်များ ပေါ်ထွက်လာနိုင်တယ်လို့ တချို့က ယူဆကြပြီး တချို့က သွေးစွန်းတယ်လို့ သတ်မှတ်ကြသည်။

“ဆရာဆွန်းရဲ့ ကျင့်ဝတ်ကို မယှည်နိုင်ပါဘူး။ ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးရဲ့ ပြင်းထန်တဲ့ လေ့ကျင့်ရေး အစီအစဉ်ကနေ နှုတ်ထွက်ပေးပါ့မယ်”

ဖန်ဝူဂျီက အာမခံလိုက်သည်။

“အစ်ကိုကြီး”

ဖန်ဝူအန်သည် သူ့အစ်ကိုကြီးအား တုန်လှုပ်စွာ ကြည့်လိုက်သည်။

(ငါတို့ ကျောင်းအုပ်ကြီး မှာလိုက်တဲ့ စကားကို မေ့သွားပြီလား။ ငါတို့က ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားသစ်အဖွဲ့ကို ဖျက်ဆီး ပစ်ရမယ်။ အထူးသဖြင့် ဆွန်းမိုလို့ ပြောလိုက်တယ်လေ။)

"တိတ်စမ်း"

ဖန်ဝူဂျီက မာန်မဲလိုက်သည်။

တကယ်လို့ ကျောင်းအုပ်ကြီး ချောင် အပေါ်သာ ကြီးမားတဲ့ ကျေးဇူးအကြွေး တင်မနေခဲ့လျှင် ဒီတာဝန်ကို လက်ခံမည် မဟုတ်ပါ။ လိဂ်ပြိုင်ပွဲမှာ ပြိုင်ဘက်ကို ဘယ်လိုပဲ အစုလိုက် အပြုံလိုက်

သတ်နေပါစေ မလွန်ဘူးလို့ သူခံစားရသည်။ သို့သော်လည်း ပုံမှန်လေ့ကျင့်ခန်းတွင် အဲဒီလိုလုပ်ပါက ရှုံဖို့ကောင်းသည်။

အမှောင်တိုက်ကြီးတွင် အားကြီးသူက အားနည်းသူကို သတ်ဖြတ်တဲ့ တောတွင်းဥပဒေကြီးစိုးသော်လည်း ပြိုင်ဘက် ဆရာများနှင့် ကျောင်းသားများကို သတ်ဖြတ်ခြင်းသည် အောက်တန်းကျတယ်လို့ ခံစားရသည်။ ပြီးတော့ တိုက်ဆိုင်စွာပင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုမျိုး အဖြစ်အပျက်နဲ့ ကြုံခဲ့ဖူးသည်။ ကံကောင်းထောက်မစွာ သူရှောင်ရှား နိုင်ခဲ့သည်။

ပြီးတော့ ဆွန်းမိုသည် ကျောင်းသားတွေကို ကုသပေးဖို့အတွက် တချက်တောင် တွေဝေခြင်း မရှိဘဲ လက်ခံခဲ့သည်။ ဒါက တကယ့်ကို အရည်အချင်းပြည့်ဝတဲ့ ဆရာကောင်းတစ်ဦးလို့ သတ်မှတ်နိုင်သည်။

(အင်း၊ တကယ်ပဲ သူနဲ့ မိတ်ဆွေ ဖြစ်ချင်တယ်)

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖန်ဝူဂျီ၏ လေးစားအထင်ကြီးမှု +၂၀။ မူလ(၂၀/၁၀၀)

အကြောင်းကြားချက်ကို ကြားလိုက်လျှင် ဆွန်းမို စကားမပြောနိုင်အောင် ဖြစ်သွားသည်။ ဒီလေးထောင့် မေးရိုးနဲ့ ကောင်က ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားအဖွဲ့ကို အဆုံးသတ်မှာ မဟုတ်ဘူးလား။

ဘာကြောင့် လေးစားအထင်ကြီးမှုအမှတ် ရတ်တရတ် ပေးလာရတာလဲ။ ပြီးတော့ သူ့ပုံစံက လူဆိုးတစ်ယောက်နဲ့ မတူပါ။

ဗဟိုပြည်နယ်တွင် လအနည်းငယ်ကြာအောင် နေလာခဲ့သဖြင့် နာမည်ကြီးကျောင်းများကြားက ဆက်ဆံရေးကို အကြမ်းဖြင်း နားလည် သဘောပေါက်နေသည်။ ဆက်ဆံရေးပုံစံက ဝူရှ ဝတ္ထုထဲကလို မသေမျိုးဂိုဏ်းတစ်ခုနဲ့ တစ်ခုကြား ဆက်ဆံရေးလို ဖြစ်သည်။

ကျောင်းသားများသည် ကျောင်းကို ရွေးချယ်ကြတဲ့အခါ ကျောင်း၏ ဒဿန၊ သင်ကြားရေးပုံစံကို အထူးဇောင်းပေးပြီး ရွေးချယ်ကြသည်။ ကျောင်းကို ဝင်လာပြီးတဲ့

အခါမှာလည်း ကျောင်းနဲ့ တသားတည်း ဖြစ်နေတတ်ကြသည်။ ကြီးမားတဲ့ အဖြစ်အပျက်တစ်ခု မဖြစ်ခဲ့ရင် အများအားဖြင့် ကျောင်းက ထွက်သွားလေ့ မရှိကြပါ။ ကျောင်းနှင့် ကျောင်းသားကြားက ဆက်ဆံရေးမကောင်းရင်တောင် အကောင်းအဆိုးကို ကျောင်းနဲ့ အတူတကွ ချည်နှောင်ထားသည်။ ဒါ့ကြောင့် လူတိုင်းရဲ့ စိတ်ခံစားချက်သည် အရမ်းပြင်းထန်သည်။

ဆွန်းမိုသည် ဗဟိုပြည်နယ်က လူတစ်ယောက် မဟုတ်ပါ။ ဒါကြောင့် နာမည်ကြီးကျောင်းကြားက

ပြိုင်ဆိုင်မှုကို အသုံးမပြုပါ။ နောက်တစ်ခုက ဒီလိုပြိုင်ပွဲများသည် လူမကြာခဏ သေကြပြီး ကြောက်စရာ ကောင်းလွန်းသည်။

ဖန်ဝူဂျီလည်း တွေဝေ နေခဲ့သည်။ အဓိကတော့ လူတိုင်းသည် ချင်လင် မြို့ကလူတွေပဲ ဖြစ်နေသည်။ သူတို့သည် တနိုင်ငံသားထဲသာမက တစ်မြို့ထဲသားများ ဖြစ်နေကြသည်။ ဗဟိုပြည်နယ်အကယ်ဒမီသည် တခြားနိုင်ငံက ကျောင်းတစ်ခု ဖြစ်နေပါက ဒီလောက် တွေဝေ နေမည် မဟုတ်ပါ။

“ဆရာ၊ တခုခုတော့မှားနေပြီ။ တခုခု လာနေတယ်လို့ ငါ့ခံစားနေရတယ်”

လုချီဟွာ နားရွက်လှုပ်သွားသည်။ သူမရဲ့ ဖရိုဖရဲ ဖြစ်နေတဲ့ မျက်နှာကို ကြည့်ပြီး ဆွန်းမို နှစ်သိမ့်ပေးလိုက်သည်။

ဆွန်းမိုက အခြေအနေကို မစစ်ဆေးရသေးခင် အချင်းဝက် သုံးမီတာကနေ လေးမီတာလောက်ရှိတဲ့ လေဆင်နှာမောင်း ဆယ်ခုကျော်လောက် ပေါ်လာသည်။ သူတို့ဝိုင်းထားတဲ့ နေရာကလည်း အရမ်းကျယ်ဝန်းသည်။ သူတို့ ရွှေ့လျားသွားတဲ့

နေရာတိုင်းက သဲများ ကျောက်ဆောင်များ လွင့်စင်ထွက်နေတာကို မြင်နေရသည်။ ငှက်များ တိရစ္ဆာန်များ အားလုံး ဒီနေရာကနေ ထွက်ပြေးနေကြသည်။

“အားလုံး လူမြန်မြန် စုကြ။ လေကွယ်တဲ့အရပ်ကို ရှာကြဟေ့”

ဂျီမဲဂျဲ ကျယ်လောင်စွာ လှမ်းအော်လိုက်သည်။

ဒီလို လေစွမ်းအား၏ အောက်တွင် လူသားများက အရမ်းသေးငယ်ပြီး အသုံးမဝင်ပါ။ လေဆင်နှာမောင်းများကြောင့် လွင့်ထွက်လာသော

ကျောက်တုံးများနဲ့ တိုက်မိပါက မသေနိုင်သော်လည်း သေချာပေါက် ဒဏ်ရာ ရသွားလိမ့်မည်။

“အားလုံး သတိထားကြ။ လေဝိညာဉ် အုပ်စုကြီး လည်း ရောက်နေပြီ”

ဂျိမ်ဂျဲက သူတို့ကို သတိပေးလိုက်သည်။ ဒီလို လေဆင်နှာမောင်းသည် သဘာဝ အတိုင်း ဖြစ်ပေါ်လာခြင်း မဖြစ်နိုင်ပါ။ ဂျိမ်ဂျဲ လေဝိညာဉ်အုပ်စုများ ရုတ်တရက် တိုက်ခိုက်မှုကို ကာကွယ်ရန် အဖွဲ့များ ဖွဲ့ဖို့ လုပ်လိုက်သည်။ လေဝိညာဉ်များသည် လေဆင်နှာမောင်း

လမ်းကြောင်းက လွှတ်အောင်ပြေးရင်း သူတို့လမ်းမှာရှိတဲ့ အရာတိုင်းကို သတ်ဖြတ်သွားသည်။

"သူတို့ ဒီမှာ"

ဂေါင်ပန် ကျယ်လောင်စွာ အော်လိုက်သည်။

"တိုက်ပွဲ အတွက် ပြင်ကြ"

"ဆရာကျန်၊ မင်းကအဖွဲ့ကို ဦးဆောင်လိုက်။ ငါက လေဝိညာဉ်ခေါင်းဆောင်နဲ့ သွားပြီး ရင်ဆိုင်လိုက်မယ်"

ဂျိမဲဂျဲ ပြေးထွက်သွားသည်။

အမှောင်တိုက်ကြီးရှိ မျိုးစိတ်များသည် သူတို့ တိုက်ခိုက်ရေးစွမ်းရည်ပေါ် အခြေခံပြီး နာမည် အမျိုးမျိုး သတ်မှတ်ပေးထားကြသည်။ လေဝိညာဉ်ခေါင်းဆောင်များသည် ဒေသတစ်ခု၏ အရှင်သခင်များ ဖြစ်ကြသည်။ လေဝိညာဉ်ခေါင်းဆောင်များသည် တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ပါက ခွန်အားတွေ မတူညီနိုင်သော်လည်း သူတို့က သာမန်မျိုးစိတ်ထက် ပိုအားကောင်းသည်။

"မင်းတို့တွေ လျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တက်တူး နည်းနည်းလောက် ထုတ်သုံးလိုက်"

ဆွန်းမိုက ထပ်ခါထပ်ခါ သတိပေးလိုက်သည်။

"ရှန်ယွန်ပေါင်၊ ချန်လုံ၊ အင်ဘိုင်ဂူ မင်းတို့က တခြားသုံးယောက်ကို ဂရုစိုက်"

"ဆရာ၊ ကျွန်တော်က ဦးနှောက်ကို အားကိုးပေမယ့်၊ တိုက်ခိုက်ရေးစွမ်းရည် တချို့တော့ ရှိပါသေးတယ်"

ထန်ထန်ယုထန်သည် အထင်သေးမခံချင်ပါ။

ဆွန်းမိုသည် ရေပူစမ်းဧရိယာအတွင်း လေဝိညာဉ်များ အများအပြားပေါ်လာသဖြင့် ပြန်တုန့်ပြန်ရန် အချိန်မရှိပါ။ စုစုပေါင်း အကောင် ၅၀၀ လောက်ရှိသည်။

“ဘာလို့ ဒီလောက် များနေရတာလဲ”

ကျောင်းသားတချို့ အော်ဟစ်ပြီး ခေါင်းတွေကျိန်းကာ ဆံပင်ထောင်လာကြသည်။

‘မလန့်နဲ့၊ အားလုံး အဆင်ပြေသွားလိမ့်မယ်”

ကူရှုပ်ရှင်းက နှစ်သိမ့်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီက လျှပ်စီး ကာကွယ်ခြင်း ဝိညာဉ်တက်တူးကို ထုတ်ပြီး လက်နှစ်ဖက်နဲ့ ချေမွလိုက်သည်။

ခရက်စ်

သေးငယ်သော လျှပ်စီး စက်လုံး အနည်းငယ် ပေါ်လာသည်။ ထို့နောက် မီးပွားများလာကာ လျှပ်စီး စက်လုံးကြီး ငါးခု ဖြစ်သွားပြီး လီဇီချီကို ဝန်းရံကာ ဖြေးဖြေးလေး လှည့်ပတ်နေကြသည်။

တခြားသူတွေလည်း သူတို့ရဲ့ ဝိညာဉ်တက်တူးကို ခြေမွလိုက်ကြသည်။ တခဏလေးအတွင်းမှာပဲ

သူတို့အားလုံးကို လျှပ်စီး စက်လုံးများက ဝန်းရံထားသည်။ ဆရာတွေပဲဖြစ်ဖြစ် ကျောင်းသားတွေပဲဖြစ်ဖြစ် အံ့အောစွာ ဝိုင်းကြည့်နေကြသည်။

ဖန်ဝူဂျီတို့ဘက်ကတောင် လန့်ဖြန့်ပြီး ကြည့်နေကြသည်။ ဒါက သိသိသာသာကို ထူးဆန်းနေသည်။

“ဘာ..ဒါက ဘာလဲ”

ကျန်ကွမ်လင် အံ့အောသွားသည်။ အစတုန်းက သူပဲ အသက်ကြီးသွားပြီလားဆိုပြီး သူ့ကိုယ်သူ

သံသယ ဝင်လာသည်။ ဒီလိုမှမဟုတ်ရင် သူမှတ်မိသမျှ ဝိညာဉ်တက်တူးများတွင် ဒီလိုမျိုးသက်ရောက်မှုရှိတဲ့ ဝိညာဉ်တက်တူး ဘာကြောင့် မပါတာလဲ။

ပြီးတော့ နောက်ထပ် ဖြစ်နိုင်ချေ တစ်ခု ရှိသေးသည်။ ဖြစ်နိုင်ချေက ဆွန်းမိုသည် ဒီဝိညာဉ်တက်တူးကို သုတေသနလုပ်ကာ ကိုယ်တိုင် ဖန်တီးခဲ့တာလား။ ပြီးတော့ ဝိညာဉ်တက်တူး ဘာသာရပ်တွင် ကို့ကိုယ်ကို ပါရမီရှင်တစ်ယောက်လို့ ခံယူထားတဲ့ ကျန်ကွမ်လင်အတွက် ဒီဖြစ်နိုင်ချေက အဖြစ်နိုင်ဆုံး ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လေဝိညာဉ်များသည် ပြေးလွှားနေတဲ့ သားရဲများနဲ့တူနေသည်။ အရှေ့စည်းမှာ ကာကွယ်ရေး တာဝန်ယူထားသော ဆရာများသည် အတတ်နိုင်ဆုံး သတ်ဖြတ်နေကြသည်။ သို့သော် အချို့သော လေဝိညာဉ်များသည် ခံစစ် စည်းကို ကျော်လာကြသည်။ ဒီလေဝိညာဉ်များအတွက်တော့ ကျောင်းသားများသည် ကိုယ့်အားကိုယ်သာ ကိုးရလိမ့်မည်။

"လီဇီချီ နောက်ဆုတ်၊ ငါလုပ်လိုက်မယ်"

ရှန်ယွန်ပေါင် အမြန်ပြေးသွားလိုက်သည်။ လေဝိညာဉ်တချို့ အနီးကို ရောက်လာတာနဲ့ သူ့လုံမထိုးရသေးခင် သူ့ပတ်လည်ရှိ လျှပ်စီး စက်လုံးများထဲမှ တစ်ခုသည် လျှပ်စီးကြောင်း ထွက်လာပြီး လျှပ်စီး စက်လုံးက လှည့်ပတ်ကာ ပြေးထွက်သွားသည်။

ဘုန်း

စက်လုံး ပေါက်ကွဲထွက်သွားသည်။ ပင့်ကူအမျှင်နှင့်တူသော လျှပ်စီးပေါက်ကွဲမှုကြီး ထွက်ပေါ်လာကာ လေဝိညာဉ်ရဲ့ ခန္ဓာကိုယ်ကို

ထိမှန်သွားသည်။ ချက်ခြင်းပဲ ဓါတ်လိုက်သလို ဖြစ်သွားပြီး မည်းနက်သွားသည်။

ခလောက်စ် ခလောက်စ်

လေဝိညာဉ် တစစီပြိုကျကာ သေဆုံးသွားသည်။

“တောက်၊ အရမ်းအစွမ်းထက်တယ်”

ရှန်ယွန်ပေါင် ထိတ်လန့်သွားသည်။ သူတင်မက အနီးအနားမှာရှိတဲ့ ကျောင်းသားတွေလည်း လန့်ဖြန့်သွားသည်။

“ဆရာ၊ ဒီအရာက ငါတို့ပါ ဓါတ်လိုက်မှာလား”

ထန်ထန်ယုထန် နှုတ်ခမ်း တဆက်ဆက် တုန်နေသည်။ သူတို့ပတ်ဝန်းကျင်တွင် လျှပ်စီး စက်လုံး အများအပြားရှိနေသဖြင့် သူ့ရဲ့ ထိတ်လန့်မှုကို နားလည်ပေးနိုင်သည်။ စက်လုံးတွေက သူတို့ကို ခါတ်လိုက်မလားဆိုတာ ဘယ်သူက သိနိုင်မှာလဲ။

“မဖြစ်ပါဘူး”

ဆွန်းမိုက မျက်လုံးမှေးပြီး ပြန်ဖြေသည်။ အကျိုးသက်ရောက်မှုက ဒီလောက် ကောင်းလိမ့်မယ်လို့ သူလည်း မထင်ထားပါ။

လေဝိညာဉ်က အရမ်းများပြီး ဗဟိုပြည်နယ်က ဆရာ အနည်းငယ်သာ ရှိနေသည်။ ဒါကြောင့် ထုံးစံအတိုင်း လေဝိညာဉ်များကို မတားဆီး နိုင်ခဲ့ပါ။ ကျောင်းသားတွေလည်း တိုက်ပွဲဝင်နေရသည်။

သူတို့ အသီးသီးသည် သေစေနိုင်တဲ့ ရင်သူနဲ့ရင်ဆိုင်နေရသည်။ သူတို့ အမူအရာတွေက လေးနက်နေကြသည်။ အခြားတစ်ဖက်မှာတော့ ဆွန်းမိုရဲ့ တပြည့်တွေက တိုက်ခိုက်ဖို့ အခွင့်အရေးတောင် မရလိုက်ပါ။ သူတို့ရဲ့ နှစ်မီတာ အကွာအဝေးအတွင်း လေဝိညာဉ်တွေ

ရောက်လာတာနဲ့ သူတို့ကို လှည့်ပတ်နေတဲ့ လျှပ်စီး စက်လုံးများက လျှပ်စီးကြောင်းထုတ်ပြီး ချက်ခြင်း ပျံ့ထွက်သွားသည်။ လေဝိညာဉ်လည်း ပေါက်ကွဲ သေဆုံးသွားသည်။ အလိုလိုကို ကာကွယ်ပေးနေသည်။

ဒါကြောင့် လျှပ်စီး စက်လုံးများ လက်ချက်နဲ့ လေဝိညာဉ်အားလုံး မည်းမှောင်ကာ သေဆုံးသွားကြသည်။

ယုတ္တိဗေဒအရ ပြောရလျှင် လီဇီချီ၏ နေရာသည် အရမ်းလုံခြုံနေပြီး ကျောင်းသားအားလုံး

အဲဒီနေရာသို့ သွားသင့်သည်။ သို့သော်လည်း ကျောင်းသားများသည် ထိတ်လန့်တဲ့ အမူအရာနဲ့ ရှောင်ထွက်သွားကြသည်။ ဟုတ်တယ်လေ၊ ခါတ်လိုက်ပြီး သေမှာ ကြောက်တာပေါ့။

"အား၊ စောက်ရမ်း ဒုက္ခပေးတယ်"

ရှန်ယွန်ပေါင် စိတ်ညစ်နေသည်။ သူက လျှပ်စီးစက်လုံးများရဲ့ အကာအကွယ်မယူဘဲ တိုက်ခိုက်ချင်နေသည်။ ပုံမှန်အချိန်ဆိုလျှင် သူက စပြီး လေဝိညာဉ်တွေကို တိုက်ခိုက်နေပြီ။ သို့သော် ဒီနေ့တွင် ခြေလှမ်းအနည်းငယ် လှမ်းပြီးနောက်

ဆွန်းမိုရဲ့ မှာကြားချက်ကို သတိရပြီး သည်းခံနေရသည်။

"ငါက လီဇီချီနဲ့ တခြားသူတွေကို ကာကွယ်ပေးရမယ်"

ရှန်ယွန်ပေါင်သည် ခေါင်းလှည့်ကာ နောက်သို့ ပြန်လျှောက်သွားသည်။

"ဆရာဆွန်း၊ ဒါက ဘာ ဝိညာဉ်တက်တူးလဲ"

ကျန်ကွမ်လင်သည် သိချင်စိတ်ကို မထိန်းနိုင်ဘဲ မေးလိုက်သည်။

"အရင် တိုက်ပွဲဝင်လိုက်ရအောင်၊ နောက်မှ ပြောကြတာပေါ့"

ဆွန်းမိုက ပြန်ပြောသည်။

(ဒီလိုအချိန်မှာတောင် မင်းက တကယ်ပဲ ဝိညာဉ်တက်တူးကို အာရုံစိုက်နေတာလား)

"ဆရာဆွန်း၊ အဲဒါတွေ အပိုရှိသေးလား။ ငါ့ကို နည်းနည်း လောက် ပေးလို့ ရမလား"

လူမြင်ကွင်းတွင် ဝိညာဉ်တက်တူး တောင်းခြင်းက သူမရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နိုင်သည်။ ဒါကို

ကူရှပ်ရှင်း သိသည်။ ဒါပေမယ့် သူမ တပြည့်တွေရဲ့ လုံခြုံရေးလောက် အရေးမပါပါ။

“လီဇီချီ၊ ဆရာကူကို ဆယ်ခုပေးလိုက်။ ကျန်တဲ့ကျောင်းသားတွေအတွက် တစ်ယောက်ကို တစ်ခုစီ ပေးလိုက်”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။ ဘယ်လို အခြေအနေပဲဖြစ်ဖြစ် လုံလောက်အောင် ပြင်ဆင်ထားခဲ့သည်။ အမှောင်တိုက်ကြီးသို့ မလာခင် ညပေါင်းများစွာ မအိပ်ပဲ ရေးဆွဲထားခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားများသည် ဒီစကားကို ကြားလိုက်တာနဲ့ ကျေးဇူးတင်တဲ့ စိတ်များ ပြည့်နှက်သွားသည်။

ဒင်

"လေးစားအထင်ကြီးမှု အမှတ် စုစုပေါင်း +၃,၆၉၈ မှတ် ရရှိထားတဲ့အတွက် ဂုဏ်ပြုပါတယ်"

ကျောင်းသားအားလုံးသည် သေခြင်းနှင့် ရှင်ခြင်း အစပ်ကို ရောက်နေသဖြင့် သူတို့ပေးတဲ့ လေးစားအထင်ကြီးမှုအမှတ်က အရမ်း ကြောက်ဖို့ ကောင်းနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျောင်းသားငါးယောက်ရဲ့ လေးစားအထင်ကြီးမှု အမှတ်က ၁၀၀ကျော်ပြီး အဆင့်တစ်ခု တက်သွားသဖြင့် ဂုဏ်ပြုပါတယ်။ အထူးဆုအနေနဲ့ အနက်ရောင် ရတနာ သေတ္တာငါးလုံး။ အလုပ်ဆက်ကြိုးစားပါ"

"ကျောင်းသား ငါးယောက် တထိုင်တည်း အဆင့်တက်သဖြင့် ဆုလဒ်အနေနဲ့ ရွှေရောင် ရတနာ သေတ္တာ တစ်လုံး"

ဆွန်းမိုအရှေ့တွင် တောက်ပနေတဲ့ ရတနာသေတ္တာများ ပေါ်လာပြီး မျက်လုံးကန်းမတတ် လင်းထိန်နေသည်။

"စနစ်၊ မင်း ပရမ်းပတာ ရေတွက်လိုက်တာလား"

ဆွန်းမို စကားမပြောနိုင်ဖြစ်နေသည်။

"မင်း မရေတွက်တတ်ဘူးလား။ အနက်ရောင် ရတနာသေတ္တာက ငါးလုံးမဟုတ်ဘူး။ ခုနှစ်လုံး ဖြစ်သင့်တာလေ"

"ဒီအခြေအနေလေးတောင် မကိုင်တွယ်နိုင်ရင် အမှောင်တိုက်ကြီးရဲ့ ပိုမြင့်တဲ့ အဆင့်ကို ဘယ်လိုသွားမလဲ"

စနစ်က ပြန်လှောင်ပြောင် လိုက်သည်။

"ရတနာ သေတ္တာ ၇ လုံးက နံပါတ် မလှလို့ နှစ်လုံး နှုတ်လိုက်တာ။"

"ဘောပဲ၊ ပေါက်ကရ အကြောင်းပြချက်"

ဆွန်းမို စိတ်ထဲကနေ စနစ်ရဲ့ အမေတွေ နှမတွေကို တိုင်တည်ပြီး ကျိန်ဆဲနေသည်။

"ပြီးတော့ နံပါတ် ခုနှစ်က ဘာကြောင့် မလှရမှာလဲ"

"ကျေးဇူးပါ ဆရာဆွန်း၊ ဒီကျေးဇူးကို အမြဲအမှတ်ရနေပါ့မယ်"

ကူရှုပ်ရှင်းက လေဝိညာဉ်ကို သတ်ဖြတ်ရန် ဓါးကို ဝှေ့ယမ်းရင်း ဆွန်းမိုကို လေးလေး နက်နက် ကြည့်လိုက်သည်။ ဒီကောင်က စရိုက်နဲ့ ပက်သက်ပြီး အပြစ်ပြောစရာ မရှိပါ။

"ဆရာကူ၊ ကျောင်းသားတွေကို ကာကွယ်ပေးရတာကလည်း ကျွန်တော် တာဝန်ရဲ့

အစိတ်အပိုင်းတစ်ခုပဲ။ မင်းရဲ့ စကားတွေက ငါ့ကို လှုစိမ်းတစ်ယောက်လို့ သတ်မှတ်နေတဲ့ ပုံပဲ”

ဆွန်းမိုက ကူရှုပ်ရှင်းကို စိတ်ထဲ မထားရန် အမူအရာ ပြလိုက်သည်။

“ဒီဝိညာဉ်တကက်တူးတွေက အရမ်းဈေးကြီးတယ် မဟုတ်လား”

ကျန်ရန်ဧောင် မျက်မှောင်ကြုတ်ရင်း မေးလိုက်သည်။ သူက ကျေးဇူးအကြွေး မတင်ချင်ပါ။ ဝိညာဉ်တကက်တူးကို ချေမှုလိုက်လျှင်

လျှပ်စီးကြောင်း ငါးခုပေါ်လာပြီး ပတ်ဝန်းကျင်တွင် မိုးခြိမ်းသံများ လွင့်ပျံ့နေသည်။

လျှပ်စီးကြောင်းအတွင်းသို့ လေဝိညာဉ်များ ရောက်လာတဲ့အခါ တခါတည်း ပေါက်ကွဲပြီး သေသွားကြသည်။ တိုက်ခိုက်မှုစွမ်းအားက ကြောက်ဖို့ ကောင်းလွန်းသည်။

“ငါမသိဘူး”

ဆွန်းမိုက ပခုံးတွန့်ရင်း ပြန်ဖြေသည်။ ဒီဝိညာဉ်တက်တူးဆွဲရတာ သူ့အတွက် မခက်ပါ။ အသုံးပြုတဲ့ ဝိညာဉ်တက်တူး စာရွက်ကလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဈေးမကြီးပါ။ စနစ်ကပေးတဲ့ ပန်းဝိညာဉ်တကက်တူးမှင်လည်း အများကြီး မကုန်ပါ။

စာစဉ်(၁၇)

အခန်း(၂၅၀) - အနှစ်တစ်ထောင်တွင် တစ်ခါ မတွေ့နိုင်တဲ့ ကောင်းကင်အောက်က ဆန်းကြယ်မျိုးစိတ်။

ခရက်စ် ခရက်စ်

လျှပ်စီး တလက်လက် လက်နေတဲ့ လျှပ်စီးစက်လုံးများသည် ပေါက်ကွဲသံများနဲ့ အတူ ကျောင်းသားများအား ဂြိုလ်တုများလို ဝန်းရံထားသည်။

လေဝိညာဉ်များသည် တဟုန်ထိုး ပြေးလာပြီး လက်နှစ်ဖက် ဆန့်တန်းထားသော်လည်း ကျောင်းသားများကို ထိတွေ့နိုင်ခြင်း မရှိပါ။ လျှပ်စီး စက်လုံးများကြောင့် ပေါက်ကွဲပြီး လောင်ကျွမ်းသွားကြသည်။

ဟူး

လျှပ်စီးစက်လုံးများရဲ့ ကြောက်စရာကောင်းတဲ့ စွမ်းရည်ကို မြင်ပြီး ကျောင်းသားများသည် သက်ပြင်းချကာ စိတ်အေးလာသည်။ ထက်မြတ်တဲ့ လူအနည်းငယ်က တန်ပြန်တိုက်စစ်တောင် လုပ်လာကြသည်။

မရီဒန်အကယ်ဒမီ ဘက်ခြမ်းတွင်

ဖန်ဝူအန်သည် ဗဟိုပြည်နယ်အကယ်ဒမီက အခြေအနေကို မြင်ပြီး အံ့အောသင့်စွာ အော်ဟာစ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“သူတို့ ပတ်ဝန်းကျင်မှာ ပျံ့သန်းနေတဲ့ အရာက ဘာလဲ။ သူတို့ရဲ့ စိတ်စွမ်းအင်များလား”

ဘယ်သူမှ မဖြေနိုင်ပါ။ ပြီးတော့ အဲဒီအရာတွေရဲ့ သတ်ဖြတ်နှုန်းကလည်း ဇယားနဲ့ မဆန့်တော့ပါ။ လေဝိညာဉ်နဲ့ တိုက်ခိုက်ဖို့အတွက် ကျောင်းသားတွေ ဘာမှ လုပ်စရာတောင် မလိုတော့ပါ။

“ကြည့်ရတာ ဝိညာဉ်တက်တူး အမျိုးအစား အသစ်တစ်ခုကို အသုံးပြုနေတဲ့ ပုံပဲ။ စုံစမ်းဖို့ တစ်ယောက်ယောက်ကို လွှတ်လိုက်”

ဖန်ဝူဂျီက ညွှန်ကြားလိုက် သည်။

အခုလောလောဆယ်တွင် သူက အကောင်းဆုံး လှုပ်ရှားနေပြီး ရှိသမျှ ခွန်အားကို အသုံးပြုကာ တိုက်ခိုက်နေရသည်။ သူ တစ်ချက်ခုတ်လိုက်ရုံနဲ့ မီတာဆယ်ဂဏန်း လောက်က ရန်သူများကိုပါ ထိခိုက် စေနိုင်သည်။

ဒါကြောင့် သူတစ်ယောက်တည်းနဲ့ ကာကွယ်ရေးစည်းတစ်ခုလုံး ထိန်းချုပ်ထားသည်။

“ဆရာဖန်က အရမ်းတော်တာပဲ”

ကျောင်းသားများသည် စိတ်လှုပ်ရှားစွာ အော်ဟစ်အားပေးနေကြသည်။ စိတ်ဓါတ်တွေ တက်ကြွနေကြသည်။

ဒီလိုမျိုး အကွာအဝေးအထိ အကောင်းဆုံး အကွက်ကို သုံးကာ ကြီးမားသော စွမ်းအားကို ဖြစ်ပေါ်စေနိုင်သည်။ သို့သော်လည်း ဝိညာဉ်ချီကုန်ခမ်းမှု အရမ်းမြန်သည်။ အမှန်တိုင်းပြောရလျှင် တိုက်ပွဲအခြေအနေ ရှင်းရှင်းလင်းလင်း မဖြစ်ခင် အကောင်းဆုံး အရည်အချင်း

ထုတ်ဖော်ပြသရခြင်းသည် အနည်းငယ် ပညာမဲ့ရာကြသည်။ သို့သော် ဖန်ဝူဂျီ ဂရုမစိုက်ပါ။

သူ့ရဲ့ လုပ်ဆောင်မှုကြောင့် ကျောင်းသားတွေ စိတ်ဓါတ် မကျဘဲ ယုံကြည်မှုကို ပေးစွမ်းနိုင်ခဲ့သည်။ ထို့နောက် လမ်းညွှန်မှုအောက်တွင် လေဝိညာဉ်ကို တိုက်ခိုက်ရန် လိုက်လံရှာဖွေနေတဲ့ အဖွဲ့ငယ်လေးများ စတင်ဖြစ်ပေါ်လာသည်။

"ဒီဖန်ဝူဂျီက တကယ်ကို အထင်ကြီးစရာပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းက သဘောကျစွာ သက်ပြင်းချလိုက်သည်။

ချင်လင်မြို့ရဲ့ အမှောင်ကျောက်စိမ်းထဲက ဖန်ဝူဂျီသည် ထင်ထားတဲ့အတိုင်း ဖြစ်နေသည်။ အရှုံးခံတိုက်ခိုက်ရမည့် တိုက်ပွဲတစ်ခုကို လေ့ကျင့်ရေး တိုက်ပွဲ တစ်ခုအဖြစ်သို့ ပြောင်းလဲသွားသည်။ ဒါ့အပြင် မရီဒန်အကယ်ဒမီက ကျောင်းသားများ၏ အရည်အချင်းလည်း အရမ်းမြင့်မားသည်။

ဘောင်း

နောက် လေဝိညာဉ်တစ်ကောင် ပေါက်ကွဲသွားသည်။

"ဆရာဂျီ၊ လေဝိညာဉ်ခေါင်းဆောင်ကို အောင်မြင်စွာ သတ်နိုင်ခဲ့ပြီလား"

ကျုံရှန်ရီက မေးလိုက်သည်။

ဒီလိုမျိုး အဆင့်နှိမ့်သက်ရှိများသည် ဒြပ်စင်ဘဝက ပြောင်းလဲသဖြင့် ဉာဏ်ရည် မဖွံ့ဖြိုးကြပါ။ သူတို့သည် အနီးအနားကို ရောက်လာတဲ့ ရန်သူများကို တိုက်ခိုက်ဖို့သာ သိကြသည်။ ဒါပေမယ့် လေဝိညာဉ်ခေါင်းဆောင်ကတော့

ဉာဏ်ရည်ဉာဏ်သွေးရှိပြီး ရိုးရှင်းတဲ့ တိုက်ပွဲဝင်နည်းစနစ်တချို့တောင် သိနေသည်။

ဝိညာဉ်ချီဒီရေ တိုက်ခိုက်ပြီးနောက် လေဝိညာဉ်များ တိုက်ခိုက်လာသဖြင့် ဒီအချက်ကနေ လေဝိညာဉ်ခေါင်းဆောင်(လေဝိညာဉ်ဘုရင်) လမ်းညွှန်မှုနှင့် သိသာသည်။

"မလုပ်နိုင်ခဲ့ဘူး၊ ထိပ်တန်း အကောင်အနည်းငယ်ပဲ သတ်နိုင်ခဲ့တယ်"

ဂျိမ်ဂျဲက ခေါင်းယမ်းရင်း ပြန်ပြောသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထိပ်တန်းအကောင်များသည် အခြားအကောင်များနှင့် နှိုင်းယှဉ်ပါက အရွယ်အစားပိုကြီးပြီး တိုက်ခိုက်ရေး စွမ်းရည်လည်း ပိုမြင့်မားသည်။

ဂျိမ်ဂျဲ ပြန်ရောက်လာသဖြင့် တိုက်ခိုက်ရေးအင်အားစုသည် ယုံကြည်မှု သုံးဆလောက် တိုးတက်လာသည်။ ကျောင်းသားများလည်း ပြန်လည် တိုက်စစ်ဆင်လာကာ အောင်မြင်မှုအသေးလေး တချို့တောင် ရလာကြသည်။

နာရီဝက်လောက် ကြာတော့ လာတိုက်ခိုက်တဲ့ လေဝိညာဉ် ငါးရာ စလုံး သေကုန်သည်။

ဒီသက်ရှိပုံစံက ဉာဏ်ရည် နိမ့်ကျသည်။ အကြောက်တရားကိုလည်း မသိကြပါ။ ဒါကြောင့် ထွက်မပြေးပါ။

"ဆရာဂျီ ဘာဖြစ်နေတာလဲ သိလား"

ကျန်ကွမ်လင်က မေးသည်။

"ဆရာပိုင်နဲ့ တခြားသူတွေကို တွေ့အောင် အရင်ရှာရအောင်"

ဂျိမ်ဂျဲသည် လူအားလုံးအား အရင်စခန်းချတဲ့ နေရာသို့ ပြန်ခေါ်သွားသည်။ အခင်းဖြစ်ပွားတဲ့ နေရာတွင် ပိုင်ရန်လီ၏ စီစဉ်မှုလည်း မဆိုးပါ။ ဝိညာဉ်ဒီရေများ တိုက်ခက်လာတာ မြင်လိုက်လျှင် ကျောင်းသားအားလုံးကို လေကွယ်တဲ့ ကျောက်တိုင်ကြား ပုန်အောင်း ခိုင်းခဲ့သည်။

ဒီနေရာရဲ့ မြေမျက်နှာသွင်ပြင်က ရှုပ်ထွေးနေသောကြောင့် လေဝိညာဉ်များ တိုက်ခိုက်ဖို့ လူများ ရှာရန် မလွယ်ပါ။ လူသားတစ်ယောက်ကို တွေ့ခဲ့ရင်တောင် လှိုင်းလုံးအနေနဲ့ မတိုက်ခိုက်နိုင်ပါ။

သူတို့ အားကောင်းတဲ့ အရေအတွက်ပေါ်ကို မှီခိုဖို့ မဖြစ်နိုင်ပါ။ နောက်တစ်ချက်က မြေမျက်နှာသွင်ပြင်သည် ကျဉ်းမြောင်းသည်။ ထုံစံအတိုင်း လေဝိညာဉ်က အစုအဖွဲ့နဲ့ တိုက်ခိုက်ဖို့ မဖြစ်နိုင်ပါ။

"အလောင်း မရှိဘူး"

ဒူရှောင်က အမြန်စစ်ဆေး လိုက်သည်။

ဆရာပိုင်နှင့် ကျန်တဲ့ ကျောင်းသားများသည် ထားခဲ့တဲ့ နေရာတွင် မရှိပါ။ သို့သော်လည်း ဂျိမဲဂျဲက သူတို့ကို မရှာဖွေပါ။ သူမက

ကျန်ကွမ်လင်နှင့် ရှာယွန်အား ကျောင်းသားများကို ဦးဆောင်ကာ ပုန်းကွယ်နေရန် မှာကြားလိုက်သည်။

"ဆရာဆွန်း၊ ဆရာကူ၊ မင်းတို့ ငါနဲ့ လိုက်ခဲ့"

ဂျိမဲဂျဲက ညွှန်ကြားလိုက်သည်။

"ငါလည်း လိုက်မယ်"

ရီဂျီမင်က နောက်မှ လိုက်လာသည်။

ဂျိမဲဂျဲတို့သည် ချမ်အွန်ဖူ စခန်းချတဲ့ နေရာသို့ ပြေးသွားကြသည်။ သိပ်မကြာခင် ဒေါသတကြီး အော်ဟစ်သံကို ကြားလိုက်ရသည်။

"ဒါ ချမ်အွန်ဖူ အသံပဲ"

သူတို့ တစ်ကြိမ်သာ ဆုံဖူးသော်လည်း ကူရှုပ်ရှင်းသည် အသံကို ကျက်မိသည်။

သူတို့လေးယောက်သည် ကျောက်ဆောင်တွေကို အကာအကွယ်ယူကာ တိတ်တိတ်လေး ဖြတ်ကျော်သွားကာ ခေါင်းထောင်ပြီး ချောင်းကြည့်လိုက်လျှင် အရမ်းတုန်လှုပ်သွားသည်။

ယာယီ စခန်းချတဲ့ နေရာတွင် ဘေးအန္တရာယ် တစ်ခု ကျရောက်ခဲ့တဲ့ လက္ခဏာကို

မြင်နေရသည်။ ကွဲကြေနေသော လေဝိညာဉ် အလောင်းပုံက တစ်မီတာ လောက် မြင့်နေသည်။

"ကြည့်"

ကူရှုပ်ရှင်းက ဆွန်းမို့ရဲ့ အင်္ကျီလက်စကို ဆွဲပြီး တနေရာသို့ ညွှန်ပြလိုက်သည်။

ဆွန်းမိုတစ်ချက်ကြည့်လိုက်လျှင် မျက်ခုံးများ တွန့်သွားသည်။

မကြာခင်ကမှ အင်ဘိုင်ဝူနဲ့ တိုက်ခိုက်ခဲ့သော ဝူကျီသည် သေဆုံးနေသည်။ ဦးခေါင်းတစ်ဝက်လောက်က ကွဲကြေနေသည်။

သူ့ခန္ဓာကိုယ်တစ်ဝက်လောက်က ရေပူစမ်းထဲ ကျရောက်နေသည်။ ကျန်တဲ့ကျောင်းသားများလည်း တစ်ယောက်မှ အသက်မရှင်ပါ။

ဘောင်း

ချမ်အွန်ဖူသည် လက်ကိုဝှေ့ယမ်းပြီး ထိပ်တန်းလေဝိညာဉ်ကောင်ကို ချေမှုန်းလိုက်သည်။ အော်ဟောက်ရင်း မျက်လုံးက သွေးတွေစီးကျနေသည်။

“ငါ့လက်က လွတ်အောင် ပြေးစမ်း။ ဘယ်ကိုပြေးမှာလဲ”

ချမ်အွန်ဖူ အသံက ဝမ်းနည်း ပူဆွေးမှုနဲ့ ပြည့်နေပြီး သွေးတွေလည်း တစက်စက်ကျနေသည်။

သူရှာဖွေတွေ့ရှိခဲ့တဲ့ တိုက်ရိုက်တပြည့် အားလုံးကို စိတ်ရှည်စွာနဲ့ အရင်းအမြစ်အားလုံး အသုံးပြုပြီး ပျိုးထောင်ခဲ့ရသည်။ ပုံမှန်အတိုင်းဆိုလျှင် အလယ်ကမ္ဘာတွင် တောက်ပမှုနဲ့ ကျော်ကြားနေသင့်သည်။ အခုတော့ သူတို့အားလုံး ဒီနေရာမှာ သေဆုံးသွားပြီ။

“မင်း သတ္တိရှိရင် ထွက်လာပြီး ငါကို လာသတ်စမ်းပါ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချမ်အွန်ဖူ ဒေါသတကြီး အော်ဟစ်နေသည်။

"ခန့်မှန်းထားသလိုပဲ၊ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို ခြေရာခံရင်း ဒီနေရာကို ရောက်နေတာပဲ"

ကူရှုပ်ရှင်း နှုတ်ခမ်း တွန့်ကွေးသွားသည်။

ဒီအမှောင်မျိုးစိတ်သည် အရမ်း အစွမ်းထက်လွန်းသည်။ ထောက်ချောက်တစ်ခု လုပ်ကာ လေဝိညာဉ်တွေနဲ့ ဝိုင်းရံပြီး ချမ်အွန်ဖူတို့ကို တိုက်ခိုက်ခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီနေရာ၌ ချန်အွန်ဖူနှင့် သူ့တပြည့်များသည် လေဝိညာဉ်ဘုရင်တစ်ကောင်၊ ထိပ်တန်း အကောင်ဆယ်ကောင်ကျော်နှင့် လေဝိညာဉ်အကောင် ၁,၀၀၀ ကျော်က ဝိုင်းရံပြီး တိုက်ခိုက်ခဲ့ကြသည်။ လုံလောက်သော စွမ်းအားမရှိရင် ခန္ဓာကိုယ်မှင်တက်သွားလောက်သည်။ ထုံးစံအတိုင်း အင်အားကြီးတဲ့ ရန်သူနဲ့ ရင်ဆိုင်ရတဲ့ အခါ ချမ်အွန်ဖူသည် တပြည့်တွေကို ကယ်တင်ချင်ပေမယ့် ဘာမှ မတတ်နိုင်ဘဲ တပြည့်တွေ တစ်ယောက်ပြီး တစ်ယောက် သေဆုံးသွားတာကို ကြည့်နေခဲ့ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘယ်လောက်တောင် အန္တရာယ်များလိုက်သလဲ"

ရီဂျီမင် ခဏလောက် ကြောက်ရွံ့မှု ခံစားလိုက်ရသည်။

ဗဟိုပြည်နယ် အကယ်ဒမီနှင့် မရီဒန်အကယ်ဒမီက အဖွဲ့နှစ်ခုစလုံး ကံကောင်းသွားတယ်လို့ သတ်မှတ်လို့

ရသည်။ ဒီလိုမျိုး အဖြစ်အပျက်နဲ့သာ ကြုံလိုက်လျှင် အားလုံး ပျက်ဆီးသွားလိမ့်မည်။

"ဘယ်သူလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချမ်အွန်ဖူက ဓါးနဲ့ခုတ်နေရင်း ဒေါသတကြီး အော်မေးလိုက်သည်။

ရွှတ်စ်

ဓါးချီတစ်ချောင်းက သူတို့ ပုန်းနေတဲ့ ကျောက်တုံးကြီး ကို လာမှန်သည်။

ဘောင်း

ကျောက်တုံးကြီး ပြိုကျသွားသည်။

ဂျိမ်ဂျဲ ထွက်သွားပြီး မေးခွန်း ထုတ်လိုက်သည်။

"ဆရာ ချမ်၊ ငါတို့ ဖြေရှင်းချက် လိုချင်တယ်"

“ဘာဖြစ်လို့ ရှင်းပြရမှာလဲ”

ချမ်အွန်ဖူက အေးစက်စွာ ပြန်အော်သည်။

“အတိအကျဆိုရင် မင်းဘာတွေ လုပ်ခဲ့တာလဲ။ လေဝိညာဉ်တွေက ဝိုင်းရံပြီး ဘာကြောင့် မင်းကို တိုက်ခိုက်တာလဲ”

ဖန်ဝူအန်က ပြောလိုက်ပြီး နောက်ထပ် ကျောက်ဆောင်တစ်ခုက ထွက်လာသည်။

ဒီမှာ ငတုံးတစ်ယောက်မှ မရှိပါ။ ချမ်အွန်ဖူ တစ်ခုခု လုပ်လိုက်လို့ ဒီကပ်ဘေး အစပျိုးလာမှန်း အားလုံး ခန့်မှန်းမိသည်။

"ငါ့ကို နှောက်ယှက်ချင်တာ သေချာလား"

ချမ်အွန်ဖူက ရေခဲကဲ့သို့ အေးစက်သော အကြည့်နဲ့ ကြည့်ပြီး မေးလိုက်ပြီး သူတပြည့်တွေရဲ့ အလောင်းကို စတင် စုဆောင်းနေသည်။

"ငါ့ရဲ့ ကျောင်းသားတချို့ လေဝိညာဉ်တိုက်ခိုက်လို့ သေဆုံးသွားပြီ၊ မင်းက ဒီကပ်ဆိုးကို အစပျိုးတဲ့ လူပဲ၊ ငါတို့ကို ဖြေရှင်းချက် မပေးသင့်ဘူးလား"

ဖန်ဂူအန်က ခါးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ပြီး မေးလိုက်သည်။

“မင်း ထွက်ပြေးတာပဲ ဖြစ်ဖြစ်၊ သေတာပဲ ဖြစ်ဖြစ် ကြိုက်တာ တစ်ခု ရွေးလို့ ရတယ်”

ဒီ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်အတွက် ချမ်အွန်ဖူ အချိန်သုံးနှစ်လောက် ပေးဆပ်ခဲ့ရသည်။ ဒီလျှို့ဝှက်ချက်အား တခြားသူကို ဘယ်လွယ်လွယ်နဲ့ ပြောနိုင်မှာလဲ။

လေထုက အနည်းငယ် တင်းမာလာသည်။ ထိုအချိန်တွင် ငွေရောင် အရိပ်တစ်ခုက ရုတ်တရုတ် ပြေးလာပြီး ဖျက်ကနဲ ပျောက်သွားသည်။

"ဒါက ဘာလဲ"

ကူရှုပ်ရှင်း လန့်သွားသည်။ သူမရဲ့ အမြင်အာရုံက မဆိုးပေမယ့် ရှင်းရှင်းလင်းလင်း မမြင်လိုက်ရပါ။ ဂျိမဲဂျဲသည် ရှင်းရှင်းလင်းလင်း မမြင်လိုက်ရသဖြင့် ဘာမှပြန်မဖြေပါ။ သို့သော်လည်း အားလုံးက အရိပ်ဝင်သွားတဲ့ ကျောက်တုံး ဘက်သို့ လှည့်ကြည့်နေကြသည်။

"အခုပဲ ထွက်သွားတော့ ဒီလိုမှမဟုတ်ရင် ငါ့ကို မယဉ်ကျေးဘူးလို့ အပြစ်မတင်နဲ့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချမ်အွန်ဖူက စိုးရိမ်တကြီး အော်ဟောက်လိုက်သည်။

"မကောင်းတဲ့ အရာ တစ်ခုခု ဖြစ်မယ်"

ချမ်အွန်ဖူ ဘယ်လောက် စိုးရိမ်နေလဲဆိုတာ မြင်လိုက်တာနဲ့ ရီဂျီမင် မျက်လုံးပြူးပြီး ရင်တွေ တထိတ်ထိတ် ခုန်လာသည်။

ရှုတ်စ်

အဲဒီအရိပ်သည် နောက်တစ်ကြိမ် ပြေးထွက်လာသည်။ သူက စမ်းရေကို ဖြတ်ကျော်သွားပြီး ချီလှိုင်းများ ထုတ်လွှင့်ခဲ့သည်။

"တ....တိမ်"

ရီဂျီမင် အံ့အောသွားသည်။

ဒီတစ်ခေါက်တော့ လူတိုင်း ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။

အဲဒါက ငွေရောင်အလင်းတောက်ပနေတဲ့ တိမ်တိုက် တစ်ခု ဖြစ်သည်။ ရှစ်ထောင့် ပုံသဏ္ဌာန်ရှိပြီး ဘုရားကျောင်းတွင် အသုံးပြုတတ်တဲ့ ပုံမှန် ဆုတောင်းတဲ့ ဖျာတစ်ချပ် အရွယ်အစားလောက် ရှိသည်။

"ရှ...ရှစ်"

အရမ်းအံ့အောနေသောကြောင့် ရီဂျီမင် အသံသည် တုန်ယင်နေသည်။ မနီးမဝေးမှာရှိတဲ့ ဖန်ဝူအန်လည်း ဒီ အမူအရာ ဖြစ်နေသည်။ မှင်တက်နေရာမှာ ပြန်သက်သာလာရင်း တိမ်တိုက်နောက်သို့ အလိုလို လိုက်မိသွားသည်။

ဒါပေမယ့် သူတို့ အနားသို့ မရောက်ခင် ချမ်အွန်ဖူက ပြေးလာပြီး ဓါးနဲ့ ဒေါသတကြီး ခုတ်ပိုင်းလိုက်သည်။

ရွှတ်စ် ရွှတ်စ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဓါးချီက အနီးအနားတဝိုက်တွင် သောင်းကျန်းနေပြီး ရီဂျီမင်နှင့် ဖန်ဝူအန်တို့ နှစ်ယောက်စလုံး နောက်ပြန်ဆုတ်လိုက် ရသည်။

"ဆရာချမ်၊ မင်းဘာဖြစ်ချင်နေတာလဲ"

ရီဂျီမင် က ပြန်အော်သည်။

"ပိုင်ရှင်မရှိတဲ့ အမှောင်မျိုးစိတ်ကို ဖမ်းမိသူတိုင်း ပိုင်ဆိုင်ခွင့် ရှိတယ်။ ဘာလို့ ငါတို့ကို တားနေရတာလဲ"

ဖန်ဝူအန်က မေးခွန်း ထုတ်လိုက်သည်။

"ဒါက ပိုင်ရှင်မဲ့ မဟုတ်ဘူး၊ ငါ့ဟာ"

ချမ်အွန်ဖူက ငြင်းသည်။

“ဒါဆိုလဲ ငါတို့တွေ့ရအောင် ဆင့်ခေါ်လိုက်လေ”

ဖန်ဝူအန်က အေးစက်စွာ ပြန်အော်သည်။

“မင်းခိုင်းတိုင်း လုပ်ရအောင် မင်းက ဘာကောင်လဲ”

ချမ်အွန်ဖူက ပြန်ဆဲသည်။ သူ့ အရမ်း စိတ်ဆိုးနေပြီး စိတ်တစ်ခုလုံး တုန်ယင်နေသည်။ ဒီလို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို

သုံးနှစ်လောက် ဒုက္ခခံပြီး ရှူးလုနီးပါး လိုက်နေခဲ့ရသည်။

အများအားဖြင့် အမှောင်မျိုးစိတ်သည် ပြည်နယ်ကိုးခုမှ လူသားများ မထွက်ခွာမသွားမခြင်း သူတို့ကိုယ် သူတို့ ဖုံးကွယ်ထားတတ်ကြသည်။ အဖိုးတန်လွန်းသောကြောင့် သူတို့မြင်လျှင် မုဆိုးတော်တော်များများအား ဆွဲဆောင်သလို ဖြစ်သွားမှာကြောက်တတ်ကြသည်။

ဒါပေမယ့် ဒီမျိုးစိတ်က ခြွင်းချက်ပါ။ လူသားအချင်းချင်း ပြန်သတ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ တမင်သက်သက် ထုတ်ဖော်ပြသ လိုက်မှန်း ချမ်အွန်ဖူ သိနေသည်။

“ဒါက ဘာလဲ”

ဆွန်းမို နားမလည်ပါ။

“ဒါက တံခါးရှစ်ခု တိမ်တိုက်၊ နားလည်အောင် ပြောရရင် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်စာရင်းမှာ အဆင့် (၁၀) ရှိတဲ့ မျိုးစိတ်တစ်ခု”

ကူရှုပ်ရှင်းက ရှင်းပြသည်။

ဆွန်းမိုက လက်ကိုမြှောက်ပြီး မျက်နှာကို ပွတ်လိုက်သည်။ သူသည် အလယ်ကမ္ဘာကို ရောက်လာပြီး မယုံနိုင်စရာကောင်းတဲ့ အရာတွေ အများကြီးတွေ့ခဲ့သော်လည်း ဒီတံခါးရှစ်ခု တိမ်တိုက်လောက် တုန်လှုပ်စရာ မကောင်းပါ။

ဒီတိမ်တိုက်က ခံစားမှုရှိပြီး အသိဉာဏ်ရှိတဲ့ သက်ရှိတစ်မျိုး ဖြစ်နေတာလား။ နောက်ထပ်တစ်ခု ထပ်မွေးဖွားနိုင်မလား။

“ချမ်အွန်ဖူကို အစက ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးအား ပစ်မှတ်ထား လှုပ်ရှားနေတယ် ထင်ခဲ့တာ။ သူ့ ပစ်မှတ်က ရှားရှားပါးပါး တံခါးရှစ်ခု တိမ်တိုက် ဖြစ်နေမယ်လို့ မထင်ထားခဲ့မိဘူး”

ဂျိမဲဂျဲက လေးအေးတစ်ချက်ရှူပြီး ပြောလိုက်သည်။

တံခါးရှစ်ခု တိမ်တိုက်သည် ရူပဗေဒ သဘောတရား၏ အပြင်ဘက်မှာရှိသည်။ သူ၏ အကြီးအမားဆုံး ခွန်အားမှာ ပို့ဆောင်ရေး တံခါးရှစ်ခု

တည်ဆောက်နိုင်ပြီး ထိုမှတဆင့် အခြားနေရာများသို့ ချက်ခြင်း ကူးပြောင်းနိုင်သည်။

ဥပမာ ပြောရလျှင် ဆွန်းမိုက ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးနဲ့ ဗဟိုပြည်နယ် အကယ်ဒမီတွင် ဂိတ်တစ်ခုစီ ထားပါက ကန့်သတ်မှုမရှိဘဲ အဲဒီနေရာနှစ်ခုသို့ လွတ်လွတ်လပ်လပ် သွားလာနိုင်သည်။ နေရာနှစ်ခု ကူးပြောင်းဖို့ တစ်စက္ကန့်တောင် မကြာပါ။

အခြားအချက်တစ်ခု ရှိသေးသည်။ တံခါးရှစ်ခု တိမ်တိုက်များသည် အတည်အငြိမ်ဆုံး

အချိန်တွယ်ဆက်မှုများ ဖြစ်ကြသည်။ သူတို့နေရာတစ်ခုကို သတ်မှတ်လိုက်တာနဲ့ အချိန်နဲ့ နေရာလွတ်ထဲမှာ ကစဉ့်ကလျားဖြစ်ပြီး မပျောက်ဆုံးနိုင်ပါ။

ဥပမာ အားဖြင့် တန်နိုင်ငံ ချင်လင်မြို့နှင့် ဝိညာဉ်တောင်ပံမြို့သို့ ဆက်သွယ်ထားတဲ့ ပို့ဆောင်းရေး ဂိတ်သည် အဆက်မပြတ် ပြုပြင်ထိန်းသိမ်းနေဖို့ လိုအပ်သည်။ လတိုင်း စစ်ဆေးခြင်းများ လုပ်ပေးနေရသည်။ ဒီလိုမှ မဟုတ်ဘဲ ပျက်ဆီးသွားပါက ကိုဩဒိနိတ်များ

ရှုပ်ထွေး သွားတတ်သည်။ ခြွင်းချက် တစ်ခုမှ ရှိလို့ မရပါ။

ပို့ဆောင်ရေး တံခါးကိုဖွင့်တဲ့ အခါတိုင်း စွမ်းအင် အရင်းအမြစ်အဖြစ် ဝိညာဉ်ကျောက်တုံးများစွာ လိုအပ်သည်။ သို့သော် တံခါးရှစ်ခု တိမ်တိုက်က ဒီအချက်အလက်များ မလိုအပ်ပါ။ သူတို့ရဲ့ ပို့ဆောင်ရေး တံခါးများသည် ထူးထူးခြားခြား တည်ငြိမ်နေပြီး စွမ်းအင် အရင်းအမြစ်များ မလိုအပ်ပါ။

ဒီလျှို့ဝှက်ဆန်းကြယ်မျိုးစိတ်ကို ပိုင်ဆိုင်လို့ ရရှိတဲ့ အကြီးအမားဆုံး အကျိုးအမြတ်မှာ သူတော်စင်ဂိတ်၏ ထိန်းချုပ်မှုအောက်တွင် နေစရာ မလိုတော့ပါ။ ကြိုက်တဲ့ အချိန် အမှောင်တိုက်ကြီးကို လာနိုင်သည်။ သူတော်စင်ဂိတ်က တည်ဆောက်ထားတဲ့ ပို့ဆောင်ရေးဂိတ်ကို အသုံးပြုဖို့ အတွက်လည်း တန်းစီပြီး စောင့်နေစရာ မလိုတော့ပါ။

"ဒါကို ငါရရမယ်။"

ရီဂျီမင်၏ မျက်လုံးများ လောဘနဲ့ တောက်ပနေသည်။ သူ့ကို တားတဲ့ လူမှန်သမျှ သတ်ပစ်မည်။

စာစဉ်(၁၈)

အခန်း(၂၅၁) - သေခြင်း၊ ရှင်ခြင်း စာချုပ်။

လေထုက ချက်ခြင်း တင်းမာလာသည်။

တံခါးရှစ်ခု တိမ်တိုက်သည် အရမ်း အဖိုးတန်လှသည်။ တကယ်လို့ လူတစ်ယောက် ရလိုက်ပါက သင့်တော်မှန်ကန်အောင် အသုံးပြုလိုက်လျှင် မျိုးနွယ်စုကို နှစ်တစ်ထောင်လောက် ကြီးပွား တိုးတက်စေနိုင်သည်။

ဒီလိုမျိုး ရှားပါးအဖိုးတန် လျှို့ဝှက်ဆန်းကြယ်မျိုးစိတ်ကို မလိုချင်တဲ့သူရှိလို့လား။

ချမ်အွန်ဖူ မျက်လုံးက လူသတ်ချင်တဲ့ အငွေ့အသက် ထုတ်လွှင့်နေသည်။ စောစောတုန်းက တိုက်ပွဲတွင် ဝိညာဉ်ချီ အလွန်အကျွံ မသုံးစွဲထားပါက အားလုံးကို နှုတ်ပိတ်ဖို့ သတ်ပစ်လိုက်မည်။

ရွှတ်စ်

ရှစ်ထောင့်ပုံသဏ္ဌာန်ရှိတဲ့ တိမ်တိုက် ပြန်ပေါ်လာသည်။ ထို့နောက် မယုံနိုင်စရာကောင်းတဲ့ အရှိန်နဲ့ လေထဲဝဲပျံ သွားသည်။

ဆွန်းမိုက အချက်အလက်တချို့ သိရအောင် နတ်ဘုရားမျက်စိ အာရုံကို အသုံးပြုလိုက်ပေမယ့် မျက်လုံး၏ လှုပ်ရှားမှုက မှီအောင် လိုက်မကြည့်နိုင်ခဲ့ပါ။

"သွားရအောင်"

ဂျီမဲဂျဲက ညွှန်ကြားလိုက်သည်။

"ဆရာဂျီ"

ရီဂျီမင် လှမ်းအော်သည်။ ပိုင်ရှင်မဲ့ တန်ဖိုးကြီးသည့် လျှို့ဝှက်ဆန်းကြယ် မျိုးစိတ်ကို ဖမ်းယူနိုင်ခဲ့ရင် သူတို့ ပိုင်ဆိုင် ရလိမ့်မည်။ သူမက ချမ်အွန်ဖူအား ဘာဖြစ်လို့ အလျှော့ပေးနေတာလဲ။

"မင်း သူ့ကို အနိုင်ယူနိုင်လား"

ဂျိမဲဂျဲ လေသံသည် အေးစက်သွားသည်။

"မင်းလိုက်သွားချင်ရင် ငါမတားဘူး"

ဂျိမ်ဂျဲ ပြန်ဆုတ်သွားသည်။ ဆွန်းမိုနှင့် ကူရှုပ်ရှင်းလည်း ချက်ခြင်း သူမအနောက်က လိုက်သွားသည်။

ဒါကိုမြင်လျှင် ရီဂျီမင် တံခါးရှစ်ခု တိမ်တိုက် ပျောက်ကွယ်သွားတဲ့ ဘက်သို့ တစ်ချက်ကြည့် လိုက်သည်။ သူက မြေပြင်ကို ဖနှောက် ပြင်းပြင်း တစ်ချက်ပေါက်လိုက်သည်။ ဒါပေမယ့် တစ်ယောက်တည်းလည်း မနေရဲပါ။ ဒီလိုမှမဟုတ်ရင် ချမ်အွန်ဖူက သူ့ကို လွယ်လွယ်လေး သတ်ပစ်နိုင်သည်။

"ငါ့ ဆုံးဖြတ်ချက်ကို မင်းတို့ စိတ်ဆိုးနေတာလား"

ဂျိမဲဂျဲက ဆွန်းမိုနှင့် ကူရှုပ်ရှင်းအား စိုက်ကြည့်ကာ မေးလိုက်သည်။

"မဆိုးပါဘူး။ ဒီလိုအခြေအနေမှာလည်း ငါတို့ မလုနိုင်တာ သေချာတယ်။"

ဆွန်းမိုက သူ့အကန့်အသတ်ကို သူသိသည်။

"ဒီ တိမ်တိုက်က လှည့်ကွက်ဆင်ပြီး လူတွေကို အချင်းချင်း သတ်စေချင်နေတာ။ စိတ်ဝင်စားဖို့တော့ ကောင်းတယ်"

ကူရှုပ်ရှင်းသည် ဒီလှိုဲ့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို ထုံးစံအတိုင်း လိုချင်နေသည်။ သို့သော်လည်း မစိုးရိမ်ခဲ့ပါ။ တံခါးရှစ်ခု တိမ်တိုက် ပြသထားခဲ့တဲ့ ဉာဏ်ရည်ကြောင့် အလွယ်တကူ ဖမ်းမိဖို့ မဖြစ်နိုင်ပါ။ ဒါကြောင့် သူမက အချိန်ပိုယူပြီး ပိုအသေးစိတ်ကျတဲ့ အစီအစဉ်တစ်ခုကို စီစဉ်ခြင်နေသည်။

ဂျိမဲဂျဲသည် အချက်ပြ မီးတောက် တစ်ခုကို လွှတ်တင်လိုက်သည်။ မီးခိုးတွေ ကောင်းကင်ကို တက်သွားသည်။ ပိုင်ရန်လီသည် အချက်ပြတာ

မြင်လိုက်လျှင် ကျောင်းသားတွေကို ချက်ခြင်း စုစည်းလိုက်သည်။ အချက်ပြတဲ့ နေရာသို့ ချက်ခြင်း လာခဲ့သည်။

“ အဖြစ်အပျက်တွေက ရုတ်တရုတ်ဆန်လွန်းလို့ ကျောင်းသားအသစ်အဖွဲ့အတွက် ခရီးစဉ်ကို ဒီမှာပဲ အဆုံးသတ်လိုက်ပြီ။ ငါတို့ အပြန်ခရီးကို အခုပဲ စမယ်”

ဆရာဂျိုက ဆရာများကို စုစည်းပြီး သူမ အစီအစဉ်အား ပြောပြသည်။

“ဘာဖြစ်လို့လဲ”

ပိုင်ရန်လီက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

“ချမ်အွန်ဖူက တံခါးရှစ်ခု တိမ်တိုက်ကို ဖမ်းဖို့ လုပ်နေတယ်။ ငါတို့သာ ဒီမှာနေ နေရင် သူသတ်လိမ့်မယ်”

ဂျိမဲဂျဲက ရှင်းပြသည်။

“ဆရာဂျိ...”

ရီဂျီမင် စိတ်ပူလာသည်။ (ဒီလောက် ကြီးမားတဲ့ လျှို့ဝှက်ချက်ကို တခြားလူအား ဘာဖြစ်လို့ ပြောပြရတာလဲ။ ပြိုင်ဘက်တွေ များလာမှာပေါ့)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘာပြောလိုက်တယ်၊ တံခါးရှစ်ခု တိမ်တိုက်ဟုတ်လား"

"လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ထဲမှာ အဆင့် ၁၀ ရှိတဲ့ သက်ရှိလား"

"မဖြစ်နိုင်ဘူး မဟုတ်လား။ ဒီလို လျှို့ဝှက်ဆန်းကြယ် မျိုးစိတ်က ဘာဖြစ်လို့ ပထမအဆင့်မှာ ပေါ်လာတာလဲ"

ဆရာတွေ အားလုံး အံ့အော သွားသည်။ အဲဒီနောက်မှာတော့ သူတို့ရင်ဘက်ထဲတွင် လေဘာ အပူများ တရိပ်ရိပ်တောက်လောင်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမျိုးစိတ်ကိုသာ ဖမ်းမိရင် သူတို့ဘဝ အထွတ်အထိပ်ကို ရောက်သွားမည်။

"ဆရာဂျီ၊ မင်းသေချာလား"

ကျန်ကွမ်လင်က မေးလိုက်သည်။

"ငါတို့တွေ မျက်စိနဲ့ မြင်ခဲ့တာပဲ"

ဒီလျှို့ဝှက်ချက်က ဖုံးကွယ်ထားဖို့ မဖြစ်နိုင်သဖြင့် ဂျီမဲဂျဲ ချက်ခြင်း ပြောပြလိုက်သည်။

"ငါတို့ အဖွဲ့ ဖွဲ့ ကြမလား။ တံခါးရှစ်ခုတိမ်တိုက်ကို ရရင် အချင်းချင်း ဝေမျှကြမယ်လေ။ မင်းတို့ ဘယ်လို ထင်လဲ။"

အားလုံးတိတ်ဆိတ်သွားသည်။ တကယ်တော့ လူတိုင်းသည် အဲဒီလျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို တစ်ယောက်တည်းသာ ပိုင်ဆိုင်ချင် နေကြသည်။

"မင်းတို့ ဘာလုပ်ချင်လဲဆိုတာ ငါဂရုမစိုက်ဘူး။ ဒါပေမယ့် ငါ့တို့ကျောင်းသားရဲ့ လုံခြုံရေးကို အာမခံရမယ်။ ငါတို့ ကျောင်းသားတွေကို ချင်လင် ပြန်ပို့ပေးပြီးရင် မင်းတို့ လုပ်ချင်တာ လုပ်လို့ရတယ်"

ဂျီမဲဂျဲ မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

"ဆရာဂျို၊ ငါတို့ အခုပြန်ရင် အနည်းဆုံး ငါးရက်လောက် ကြာမယ်။ ဒါဆိုရင် အရာအားလုံးအတွက် နောက်ကျသွားပြီ"

ရီဂျီမင်က

"ပြီးတော့ မရီဒန်အကယ်ဒမီက ဆရာအားလုံးလည်း ဒီလျှို့ဝှက်ချက်ကို သိနေတယ်။ သူတို့က ဒီလျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို ချက်ခြင်း ခြေရာခံလိမ့်မယ်"

"ကျောင်းသားတွေကို ပြန်ပို့ဖို့ ဆရာနှစ်ယောက်ပဲ ဘာကြောင့် မစီစဉ်တာလဲ။ ကျန်တဲ့လူတွေက တံခါးရှစ်ခု တိမ်တိုက်ကို ခြေရာခံကြမယ်လေ"

အမြဲတမ်း အေးအေးဆေးဆေး နေတတ်သော ကျုံရှန်ရီပင် အခုအချိန်မှာ လောဘနဲ့ တောက်လောင်နေသည်။

"မင်းတို့အားလုံး..."

ဂျိမဲ့ဂျဲ စိတ်တိုသွားသည်။

"ဆရာဖြစ်လာပြီးတဲ့နောက် မင်းတို့ တာဝန်က ဘာလဲ"

"ဆရာဂျို၊ ဒီအတိုင်း လွှတ်ပေးထားလို့ မရဘူးလား။ တံခါးရှစ်ခု တိမ်တိုက်ကို ဖမ်းမိရင် ကျောင်းအတွက်လည်း အကျိုးရှိ မှာပါ။"

ကျန်ကွမ်လင်သည် တကိုယ်ကောင်းဆန်တဲ့စိတ်နဲ့ ဝင်ပြောလာသည်။

"ချင်လင် ပြန်တဲ့ ခရီးပဲ ဘယ်လို အန္တရာယ် ရှိမှာလဲ"

ပိုင်ရန်လီပင် ဂျိမဲဂျဲက ခက်ခဲအောင် လုပ်နေတယ်လို့ ထင်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ကောင်းပြီလေ။ အားလုံးက အမှန်ကို မမြင်နိုင်တော့ဘူး ဆိုမှလည်း ငါဘာမှ ထပ်မပြောချင်တော့ဘူး။ မင်းတို့ ကြိုက်တာ လုပ်ကြ။ ငါကတော့ ကျောင်းသားတွေကို ချင်လင် ပြန်ခေါ်သွားမယ်”

ဂျီမဲဂျဲသည် စကားပြောပြီးနောက် ထွက်သွားသည်။

ဆွန်းမိုက ဆရာတွေကို တစ်ချက်ကြည့်ပြီး ဂျီမဲဂျဲနောက် လိုက်သွားသည်။

ကူရှုပ်ရှင်းက တွေဝေနေသည်။ ခဏ တွေဝေပြီး ဂျီမဲဂျဲနောက် လိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

ရှာယွန်သည် အစက ထွက်သွားဖို့ ဆုံးဖြတ်ထားပေမယ့် ဒူရှောင်က တားလိုက်သည်။

“အစ်မ ရှာ၊ ဒါက အရမ်းရှားတဲ့ အခွင့်အရေးနော်။ ဘာဖြစ်လို့ မလောင်းကြည့်တာလဲ”

ဒူရှောင်နှင့် ရှာယွန်သည် ဆက်ဆံရေး အရမ်းကောင်းသည်။ သူတို့နှစ်ယောက်

အတူတူတွဲလုပ်ရင် အခွင့်အရေး နည်းနည်းပိုများနိုင်သည်။

“မင်းက ဒီလျှို့ဝှက်ဆန်းကြယ် မျိုးစိတ်ကို လက်လျှော့ဖို့ ဆန္ဒရှိတာလား”

ဆွန်းမိုက ကူရှပ်ရှင်းကို အကဲခတ်ရင်း မေးလိုက်သည်။

“မဟုတ်ပါဘူး”

ကူရှပ်ရှင်းသည် တံခါးရှစ်ခုတိမ်တိုက်ကို ဖမ်းမိရန် မလွယ်ဘူးလို့ ခံစားရသည်။ ကျောင်းသားများကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရင်ပြန်ပို့ပေးခြင်းဖြင့် သူတို့ရဲ့ မျက်လုံးထဲတွင် သူမရဲ့ ပုံရိပ်ကို မြှင့်တင်နိုင်သည်။

ပြီးတော့ ကူရှူပ်ရှင်းမှာ နောက်ထပ် အတွေး တစ်ခု ရှိသေးသည်။ ဒီလူများသည် တံခါးရှစ်ခု တိမ်တိုက်အတွက် အချင်းချင်း တိုက်ခိုက်ကြလိမ့်မည်။ ထိုအခါတွင် ငါးအချင်းချင်း တိုက်ခိုက်ပြီးနောက် တံငါသည်က အကျိုးကျေးဇူး အများဆုံး ရလိမ့်မည်။

ဂျိမဲဂျဲသည် ကျောင်းသားများအတွက် စိတ်ပူမဆုံး ဖြစ်နေသော်လည်း ကျောင်းသားများက

ကျေးဇူးတရားအား တန်ဖိုး မထားတတ်ပါ။ ရီဂျီမင်က တံခါးရှစ်ခုတိမ်တိုက် လျှို့ဝှက်ချက်ကို ခပ်ပေါ့ပေါ့ ပြောလိုက်တဲ့အချိန်တွင် ကျောင်းသား အများစုက မထွက်သွားချင်ကြပါ။

"ဆရာဂျီ၊ ဒီလျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို ဖမ်းချင်ပါတယ်"

ကျောင်းသားများရဲ့ အကြည့်သည် တက်ကြွမှုများနဲ့ ပြည့်နေသည်။ သူတို့ သေနိုင်တယ်ဆိုတဲ့ အချက်ကို မစဉ်းစားကြပါ။ သူတို့အားလုံးက တံခါးရှစ်ခု တိမ်တိုက်အား

ဖမ်းယူပြီးနောက် ဘဝ၏ အထွတ်အထိတ်သို့ တက်ရန် စိတ်ကူးယဉ်နေကြသည်။

သူတို့အားလုံးသည် ကျောင်းသားအသစ်များဖြစ်ပြီး ခရီးသွားမှ အဖွဲ့လုပ် စုစည်းထားခြင်း ဖြစ်သဖြင့် အကျိုးအမြတ်၏ ဆွဲဆောင်မှု အောက်တွင် စည်းလုံးမှု လုံးဝပြိုကျသွားသည်။

ကျန်နေခဲ့ချင်တဲ့ ကျောင်းသားများသည် အကြောင်းပြချက် အမျိုးမျိုး ပေးနေကြသည်။

"ကောင်းပြီလေ။ ဒီလိုဆိုမှတော့လည်း သေခြင်း၊ ရှင်ခြင်း စာချုပ် လုပ်ကြ"

ဂျီမဲဂျဲက ပြောလိုက်သည်။

သေခြင်း၊ ရှင်ခြင်း လို့ခေါ်တဲ့ စာတွင် လက်မှတ်ထိုးလိုက်ပါက ကျောင်းသားသည် သူ့လုပ်ရပ်အတွက် သူသာ တာဝန်ယူရမည်။ သေသွားရင်တောင် ဘယ်သူ့ကိုမှ အပြစ်တင်လို့ မရပါ။

ရီဂျီမင်၊ "ကောင်းတယ်. ကောင်းတယ်။"

ဂျီမဲဂျဲသည် ရီဂျီမင်အား ဒေါသတကြီး စိုက်ကြည့်နေသည်။

"ဒီကိစ္စကို အန်ရှီဝေဆီ တင်ပြပြီး မင်းကို အလုပ်ထုတ်ဖို့ အဆိုပြုမယ်"

"ဒီဖေဖေကလည်း တံခါးရှစ်ခု တိမ်တိုက်ကို ရပြီးရင် ဘာကြောင့် ကျောင်းပျက်ကြီးမှာ ဖက်တွယ်နေရမှာလဲ"

ရီဂျီမင်က အေးစက်စွာ ရယ်ပြီး ပြန်ပြောသည်။

အချိန်က လူကိုမစောင့်ပါ။ အချို့ဆရာများနှင့် ကျန်ရန်ဇောင်လို ဝိညာဉ်ချီ ခါတ်မတည့်သည့် ကျောင်းသားများသည် ယာယီ အဖွဲ့ဖွဲ့ကာ တံခါးရှစ်ခု တိမ်တိုက်ကို လိုက်ရှာဖွေနေခဲ့ကြသည်။

ဒီတိမ်တိုက်ကလည်း တခါတလေ ရည်ရွယ်ချက်ရှိရှိ သူ့တို့ကို ကိုယ်ထင်ပြနေသည်။ လူတွေမြင်ပြီးမှ ဝိညာဉ်တောင်ပံချောက်ကမ်းပါးရဲ့ အတွင်းသို့ ဝင်ဝင်သွားသည်။

ဒီပုံစံက ပျားအုံကို တုတ်နဲ့ထိုးနေသလို ဖြစ်နေသည်။ အခုဆိုရင် ဝိညာဉ်ချီ ခါတ်မတည့်တဲ့ ကျောင်းသားတွေတောင် လိုက်နေကြသည်။

ဒီအတွက်လည်း ဖြေရှင်းချက်မရှိပါ။ ငွေဆိုတာက လူတွေကို အမြဲတမ်း လှုံ့ဆော်နိုင်တဲ့

အရာဖြစ်နေသည်။ ပြီးတော့ တံခါးရှစ်ခု တိမ်တိုက်သည် နှစ်ပေါင်း ၁,၀၀၀မှာ တစ်ခါမြင်ဖို့ မလွယ်တဲ့ အရာဖြစ်သည်။ ပိုက်ဆံထက်တောင် ပိုတန်ဖိုးကြီးနေသည်။

“မင်း သွားခွင့် မရှိဘူး”

ဂျိမဲဂျဲက အော်လိုက်သည်။

ဒါက နောက်ဆုံးစဉ်းမျဉ်းဖြစ်သည်။ ကျန်ရန်ဇောင်လို ကျောင်းသားများတွင် လုံလောက်သော ခွန်အားရှိသည်။ ကံကောင်းလျှင် တံခါးရှစ်ခုတိမ်တိုက်ကို တကယ်

ဖမ်းမိနိုင်သေးသည်။ ဒါပေမယ့် ကျန်တဲ့ ကျောင်းသားများကတော့ လုံး၀ မျှော်လင့်ချက် မရှိပါ။

“အင်း၊ မြင်သာမြင် မကြောင်ရလို့ အရမ်းနာကျင်တယ်ကွာ”

ကျောင်းသားများက ကံဆိုးမှုနဲ့ ကြုံတွေ့နေရသလို သက်ပြင်းချပြီး ညည်းတွားနေကြသည်။ ပြီးတော့ ဂျိမ်ဂျဲက သူတို့အကျိုးအတွက် လုပ်ပေးနေတယ်ဆိုတာ သူတို့ နားလည်သည်။

မရီဒန်အကယ်ဒမီ ဘက်ကလည်း ယာယီကျောင်းသား အဖွဲ့ဖွဲ့ပြီး တံခါးရှစ်ခုတိမ်တိုက် နောက်သို့ လိုက်နေသည်။

ဒါကို မြင်လိုက်လျှင် ဂျိမ်ဂျဲ စိတ်အခြေအနေ နည်းနည်း ပိုကောင်းလာသည်။ နှစ်ဖက်စလုံးက ဒီအခြေအနေကို မရှောင်နိုင်တဲ့ပုံပဲ။ သူမသာ ဒီထက်ပိုပြီး သည်းမခံလိုက်လျှင် ဒီဆရာနှင့် ကျောင်းသားများသည် ဗဟိုပြည်နယ် အကယ်ဒမီက နှုတ်ထွက်သွား ကြလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာ၊ ငါတို့လည်း မြန်မြန် လှုပ်ရှားသင့်တယ်။"

ထန်ထန်ယုထန်က တိုက်တွန်းသည်။

"ဘယ်ကို လုပ်ရှားမှာလဲ"

ဆွန်းမိုက ပြန်မေးသည်။

"အမ်။ ဒီလျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို ဖမ်းမှာ မဟုတ်ဘူးလား"

အင်ဘိုင်ဝူ အံ့အောသွားသည်။

'မဟုတ်ဘူး။ ငါတို့ မလုပ်ဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက သူ့တပြည့် ခြောက်ယောက်၏ အမူအရာကို သတိထားကာ စောင့်ကြည့်လိုက်သည်။

လုချီဟွာက ဆွန်းမိုရဲ့အမာခံ ပရိတ်သတ်ဖြစ်သည်။ သူမ ဆရာဘာပြောပြော နောင်တရ ရင်တောင် တံခါးရှစ်ခု တိမ်တိုက်ကို စိတ်မဝင်စားပါ။

အင်ဘိုင်ဝူက စိတ်တွင်း ပဋိပက္ခဖြစ်နေသော်လည်း ဆွန်းမိုရဲ့ အမိန့်ကို ငြင်းဆန်ရဲခြင်း မရှိပါ။

ချန်လုံ၏ မျက်နှာအမူအရာက အလောင်းကောင်လို ဖြစ်နေသဖြင့် သူ့အတွေးကို မဖတ်နိုင်ပါ။

"မသွားတာ မှန်တယ်။ တိမ်တိုက်က အရမ်းပါးနပ်ပြီး သူလှည့်စားလို့ သေတဲ့အရေတွက်က ရှစ်ထောင် ဒါမှမဟုတ်ရင် တစ်သောင်းလောက် ရှိမယ်"

ရှန်ယွန်ပေါင်က နှာတစ်ချက် မှုတ်ပြီး ပြောသည်။

"မင်း တကယ်မလိုချင်ဘူးဆိုတာ ငါမယုံဘူး"

ထန်ထန်ယုထန်က လျှောင်ပြောင်သည်။

“လူတစ်ယောက်ရဲ့ ခွန်အားက ကမ္ဘာကြီးမှာ ဦးဆောင်ဖို့ အကောင်းဆုံး အားကိုးမှုပဲ။ တိမ်တိုက်ကို မှီခိုပြီး ဘဝကို ပြောင်းလဖို့လား။ အတွေးလွန်နေပြီလို့ပဲ ပြောလိုက်မယ်”

“ခေါင်းမှာကြွက်သားနဲ့ ပြည့်နေတဲ့ကောင်က ထင်ထားသလိုပဲ”

ထန်ထန်ယုထန်က လက်မထောင်ပြသည်။

ဂျိမ်ဂျဲ၏ ဦးဆောင်မှုအောက်တွင် အဖွဲ့ကြီး အပြန်ခရီးကို စတင်လိုက်သည်။

သူတို့သည် ခရီးအဝေးကြီး ပြန်မသွားချင်ကြပဲ တံခါးရှစ်ခုတိမ်တိုက်ကို ဘယ်သူ ရသွားလဲဆိုတာ စောင့်ကြည့်နိုင်ရင် ကောင်းမယ်လို့ တွေးနေကြသည်။

အပြန်ခရီးတွင် ဆွန်းမိုက ရတနာသေတ္တာတွေ ဖွင့်ဖို့ ဆုံးဖြတ်လိုက်သည်။ အဆုံးမှာတော့ အနက်ရောင် သေတ္တာငါးလုံးထဲကနေ အနက်ရောင် မြေခဲနှစ်ခု၊ နွေဦးအလှ ဆေးနှစ်ထုပ်၊ ရှေ့ဟောင်း ဝေလငါးဆီ တစ်ပုလင်း ရလိုက်သည်။ ဒီပစ္စည်းများက အရမ်းဆိုးတယ်လို့ သတ်မှတ်နိုင်သည်။ ဒါကြောင့် ဆွန်းမို

ဆက်မဖွင့် ရဲတော့ပဲ ရွှေရောင်ရတနာသေတ္တာကို သိမ်းထားဖို့ ဆုံးဖြတ်လိုက်သည်။

ယာယီစခန်းတွင် ညစာ စားပြီးနောက် လူတိုင်း စိတ်မပျက်ကြသေးပါ။

"ဝမ်းနည်းစရာက ရေပူစမ်း မရှိတာပဲ။ မဟုတ်ရင် ရေစိမ်နေတာ အကြံကောင်းပဲ"

ဆွန်းမိုက ပြောသည်။

ဆွန်းမိုသည် စနစ်က ထုတ်ပြန်ထားတဲ့ တာဝန်အားလုံးကို ပြန်စဉ်းစားနေသည်။ သူ့ရဲ့ တိုက်ရိုက်တပြည့်အားလုံးကို အဆင့်တက်သွားအောင်

လုပ်ရမည်။ ကြည့်ရတာ အခုတော့ ဒီတာဝန်ကို ပြီးမြောက်အောင် လုပ်ဖို့ မဖြစ်နိုင်တော့ဘူး ထင်တယ်”

“ဆရာ၊ နှိပ်ပေးရမလား”

လီဇီချီ ရောက်လာသည်။

“ရပါတယ်။ မေးချင်တာရှိရင် အခုမေးလို့ရတယ်။ မေးစရာမရှိရင်တော့ အခု သွားပြီး အနားယူနိုင်တယ်”

ဆွန်းမိုက မီးပုံထဲကို ထင်းအနည်းငယ် ထည့်ရင်း ပြောလိုက်သည်။

လီဇီချီက တဲလေးတစ်ခုဆီ ပြန်သွားသည်။ ထို့နောက် အိတ်ကို ထုတ်ကာ အနီးအနားတွင် ရေပူစမ်း ရှိမရှိ ရှာဖွေရန်လုပ်လိုက်သည်။ သူမဆရာအတွက် တစ်ခုခု လုပ်ပေးနိုင်ရင် ကောင်းမည်။

ရွှတ်

အိတ်ထဲကနေ ငါးသလဲထိုး ခုန်ထွက်လာသည်။

“ငါးသလဲထိုးလေး။ ဆရာအတွက် ရေပူစမ်း သွားရှာလိုက်အုံးမယ်။ မင်းက တဲထဲမှာပဲနေပြီး မဆင်မခြင် လျှောက်မသွားနဲ့နော်။ ဒီလိုမှမဟုတ်ရင်

တစ်ယောက်ယောက် ဖမ်းပြီး မင်းကို စွပ်ပြုတ် လုပ်စားသွားလိမ့်မယ်”

လုချီဟွာက ငါးသလဲထိုးခေါင်းကို လက်နဲ့ပွတ်ပြီး ပြောလိုက်သည်။

ဂျီဂျီ

ငါးသလဲထိုးက လုချီဟွာ လက်မောင်းတွင် ရစ်ခွေပြီး အော်ဟစ်လိုက်သည်။

“အမ်၊ မင်းက ငါနဲ့ လိုက်ချင်လို့လား”

လုချီဟွာ အနည်းငယ် တွေဝေသွားသော်လည်း နောက်ဆုံးတွင် သဘောတူလိုက်သည်။ အဖော်ရှိတာ ကောင်းသည်။

လုချီဟွာသည် သူမဆရာက သူမ ရည်ရွယ်ချက်ကို သိသွားရင် အပြင်ထွက်ခွင့် မပေးမှာ သိနေသည်။ ဒါကြောင့် စခန်းအတွင်းမှ တိတ်တိတ်လေး ခိုးထွက်လာခဲ့သည်။ ထို့နောက် မြေပေါ်မှာ အရောင်ပြန်နေတဲ့ ဝိညာဉ်ချီအာရုဏ်ဦးရဲ့ အလင်းများကိုကြည့်ပြီး မှင်တက်သွားသည်။ ဘယ်ဘက်ကို သွားရမှာလဲ။

လုချီဟွာ အနည်းငယ် စဉ်းစားပြီးနောက် တုတ်ချောင်းတစ်ချောင်းကို ကောက်ကာ ပစ်လိုက်သည်။ တုတ်ချောင်းက ၁၀နာရီ ထောင့်သို့ ညွှန်ပြနေသည်။

“ကောင်းပြီးလေ၊ အဲဒီဘက်ပဲ သွားကြည့်မယ်”

လုချီဟွာသည် ဦးတည်ရာကို ဆုံးဖြတ်ပြီးနောက် ခြေလှမ်းကျဲကြီးနဲ့ ပြေးသွားသည်။

ငါးသလဲထိုးလေးသည် ချွေးထွက်နေသည်။ (ငါက မင်းအတွက် ရေပူစမ်း ရှာပေးမလို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြင်ဆင်ထားပေမယ့် မင်းက အဆင်ပြေသွားပြီလား။ မင်းကံ တကယ် ကောင်းလှချည်လား)

ထုံးစံအတိုင်း ငါးသလဲထိုးလေးသည် လုချီဟွာ လမ်းမလွှဲအောင် တစ်ခါတစ်လေ အော်ပြီး သတိပေးနေသည်။

နာရီဝက်လောက်ကြာတော့ လုချီဟွာ ရေပူစမ်း ရှာတွေ့သွားသည်။

စာစဉ်(၁၈)

အခန်း(၂၅၂) - ဒီနေ့ကစပြီး ငါ့ကို လုအိုဟောင် (လုချီဟွာ) လို့ ခေါ်ပါ။

“ဆရာ”

လုချီဟွာသည် ပြန်ပြေးလာပြီး တက်ကြွမှုအပြည့်နဲ့ အော်လိုက်သည်။

“ဆရာ၊ ကျွန်မ ရေပူစမ်း တွေ့ထားတယ်။ သွားစိမ်ရအောင်”

“အမ်၊ မင်းထွက်သွားတာလား”

ဆွန်းမို မျက်ခုံးပင့်လိုက်သည်။ ဝိညာဉ်ချီတောင်ပံ ချောက်ကမ်းပါးသည် ဒီရက်ပိုင်းအတွင်း လုံခြုံသော်လည်း မိန်းကလေးတစ်ယောက်တည်း ညဘက် အပြင်ထွက်ရင် အန္တရာယ်များနေသေးသည်။ ပြီးတော့ ဆွန်းမို စိတ်လှုပ်ရှားသွားသည်။

'ငါက ရေပူစမ်း စိမ်လိုက်ရရင် ကောင်းမယ်'လို့ ပြောလိုက်တာ လုချီဟွာက ချက်ခြင်း သွားရှာတာလား။

သူ့ မှာသာ သမီးတစ်ယောက်ရှိလျှင် ဒီလောက်အထိ လုပ်ပေးမှာ မဟုတ်ပါ။

"အင်း"

လုချီဟွာက ခေါင်းငုံ့ထားပြီး ဆွန်းမို အကြည့်ကို ရှောင်ရှားနေသည်။

"ငါ....ငါ.."

ရိုးအတဲ့ လုချီဟွာက ဘယ်လိုလိမ်ရမလဲ မသိပါ။

"နောင်ကျရင် ညဘက် အပြင်မထွက်နဲ့'

ဆွန်းမိုက သတိပေးလိုက်သည်။

"အင်း"

လုချီဟွာသည် ခေါင်းညိတ်လိုက်သည်။

"မင်း ပင်ပန်းသွားပြီ"

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပွတ်ပေးလိုက်သည်။

"လုံးဝ မပင်ပန်းပါဘူး။ ရေပူစမ်းကို ရှာရတာ အရမ်းလွယ်ပါတယ်။ ငါးသလဲထိုးလေးက အများကြီး ကူညီပေးတယ်"

လုချီဟွာက စကားပြောပြီးနောက် အိတ်ထဲက ငါးသလဲထိုးလေးကို ထုတ်ပြလိုက်သည်။

ဂျီ

ငါးသလဲထိုးလေးသည် အိတ်ထဲမှာ ပုန်းနေပြီး ထွက်လာရန် ငြင်းဆန်နေသည်။

"အဲဒါက ကူညီပေးတာလား"

ဆွန်းမို မျက်ခုံးပင့်ရင်း ပြန်မေးသည်။

"ဟုတ်"

လုချီဟွာသည် ငါးသလဲထိုးလေးကို စွပ်ပြုတ် မဖြစ်သွားစေချင်ပါ။ ပြီးတော့ သူမ ဝိညာဉ်ကျောက်တုံးတစ်တုံးကို ဖြုန်းတီးပစ်တာ မဟုတ်ဘူးဆိုတာ သက်သေ ပြချင်နေသည်။ ဒါကြောင့်လည်း သူမ အောင်မြင်မှုအတွက် ဂုဏ်ယူနေသည်။

အမှန်တိုင်းပြောရလျှင် လုချီဟွာသည် တစ်ခါတစ်လေ အရမ်းတုံးအ တတ်သော်လည်း သူမရဲ့ အာရုံခံစားမှုက အရမ်းထက်မြတ်သည်။

ငါးသလဲထိုးလေးရဲ့ အကူအညီ မပါဘဲ ဒီရေပူစမ်းကို ဒီလောက်အမြန် ရှာမတွေ့နိုင်မှန်း သူမ သိသည်။

လုချီဟွာသည် အိတ်ထဲက ငါးသလဲထိုးလေးကို ဆွဲထုတ်လိုက်သည်။ ငါးသလဲထိုးလေးက ဆွန်းမိုကို သွားဖြဲပြနေသည်။

“ငါးသလဲထိုးလေး၊ မင်း ဆရာ့ကို မခြောက်လို့ မရဘူးလား”

လုချီဟွာက သူမလက်ချောင်းနဲ့ ငါးသလဲထိုးလေး ခေါင်းကို ပုတ်ကာ သတိပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါးသလဲထိုး၏ ထက်မြတ်တဲ့ ပုံစံကိုမြင်လိုက်လျှင် ဆွန်းမိုက နတ်ဘုရားမျက်စိ အာရုံကို အသုံးပြုပြီး စစ်ဆေးဖို့ ဆုံးဖြတ်လိုက်သည်။ ငါးသလဲထိုးက အမှောင်တိုက်ကြီး အငွေ့အသက်ဖြင့် ထူးဆန်းနေသော်လည်း သိပ်အံ့အော စရာမရှိဘူးလို့ ထင်နေသည်။

သို့သော် နတ်ဘုရားမျက်စိအာရုံတွင် ဖော်ပြထားတဲ့ သတ္တဝါ၏ အမည်ကို ဖတ်လိုက်ပြီးနောက် တံတွေး တစ်ချက် မြိုချလိုက်သည်။

"ဂလု"

"ဝ...ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါး"

ဆွန်းမို မျက်နှာသည် မယုံကြည်နိုင်မှုနဲ့ ပြည့်နေသည်။ သူအမြင်မမှားတာ သေချာစေရန် မျက်လုံးကို ပွတ်ပြီး နောက်တစ်ကြိမ် ကြည့်လိုက်သည်။

ဂျီဂျီ

ငါးသလဲထိုးလေးနဲ့ လုံးဝတူနေတဲ့ ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးသည် ဆွန်းမိုကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အာရုံစိုက်ကာ ကြည့်နေပြီး တိုက်ခိုက်ဖို့ ပြင်ဆင်နေသည်။

ဝိညာဉ်ချီလှည့်ပတ်နေတဲ့ နဂါး၊ အသက် ၉၉ နှစ်၊ မှီးကောင်ပေါက် အရွယ်။

နဂါးမျိုးစိတ်ဝင် သတ္တဝါများ၏ အသက်သည် နှစ်တစ်ရာမကျော်ပါက သူတို့အား ဆယ်ကျော်သက်လို့ သတ်မှတ်ကြသည်။

ဆွန်းမိုက အသေးစိတ် အချက်အလက်များကို ဆက်ဖတ်ကြည့်လိုက်သည်။

"ဝိညာဉ်ချီ အတက်အကျ အာရုံခံစားမှုကို အရမ်းအကဲဆတ်ပြီး ဝိညာဉ်ချီ ပေါ်များတဲ့နေရာမှာ အသိုက်ဆောက်ရတာ သဘောကျသည်။ မွေးရာပါ မိုင်းရှာ ကျွမ်းကျင်သူလို့ ပြောလို့ရတယ်"

"အရွယ်ရောက်ပြီးရင် တိုက်ခိုက်ရေး စွမ်းရည်က လျှင်မြန်စွာ တိုးတက်လာလိမ့်မယ်"

"မှတ်ချက် - ဒဏ်ရာရပြီးနောက် နဂါးအသွင်ကို စွန့်လွှတ်ပြီး အမဲလိုက်မှုမှ ရှောင်ရှားရန် နောက်ထပ်ပုံစံ အသွင်ပြောင်းနိုင်သည်။"

"ဒါဆို ဒီလိုပေါ့"

အချက်အလက်ကို မြင်ပြီးနောက် ဆွန်းမို သဘောပေါက်သွားသည်။ ဝိညာဉ်တောင်ပံ မြို့ကလူတိုင်း ဝိညာဉ်ချီလှည့်ပတ်နေတဲ့ နဂါးအကြောင်း သိနေကြသည်။ ဒါကြောင့် ရန်သူများစွာနဲ့ တိုက်ခိုက်ပြီး ဒဏ်ရာရခဲ့သည်။ ရန်သူလက်က လွတ်မြောက်ဖို့ ပုံစံပြောင်းရင်ပြောင်း မဟုတ်ပါက သေရလိမ့်မည်။

ဒီလိုမျိုးစွမ်းရည်သည် အိမ်မြှောင် အမြီးဖြတ်ပြေးတာနဲ့ တူသည်။ အသက်ကယ် စွမ်းရည် တစ်ခု ဖြစ်သည်။

ပြီးတော့ သူက လျှို့ဝှက်ဆန်းကြယ် မျိုးစိတ်စာရင်းတွင် အရမ်းအဆင့်မြင့်သည်။ အလွန်ရှားပါးကာ အရင်က မြင်ဖူးသူ အရေအတွက်လည်း အရမ်းနည်းပါးသည်။ ဒါကြောင့် အများအပြားသည် ဒီမွေးရာပါ စွမ်းရည်အကြောင်း မသိကြပါ။

"မင်းက ဒါကို ဝယ်ဖို့ ဝိညာဉ်ကျောက်တုံး တစ်တုံးသုံးခဲ့တယ်လို့ လီဇီချီဆီက ကြားတယ်။ ဒါအမှန်လား"

ဆွန်းမိုက လုချီဟွာကို ကြည့်ပြီး မေးလိုက်သည်။ အခုအချိန်တွင် သူမသည် သူ့ရဲ့ အမြင်တွင် ကံတရားရဲ့ အငွေ့အသက်နဲ့ ပြည့်နေပြီး ရွှေရောင်တောက်နေသည်။

သူမ လမ်းဘေးတွင် ကြုံသလို ဝယ်လိုက်တဲ့အရာက လျှို့ဝှက်ဆန်းကြယ် အမျိုးအစားမှာ အမျိုးစိတ် စာရင်းတွင် အဆင့် ၃ဖြစ်တဲ့ သက်ရှိဖြစ်နေသည်။ သဘော်သီးမိန်းကလေးက သူမ ကံကြမ္မာသည် ကမ္ဘာပေါ်မှာ နံပါတ်တစ်လို့ ပြောရင် ဘယ်သူကမှ နံပါတ်နှစ်လို့ မပြောနိုင်ပါ။

“အမ်။ ဒါက အနိုင်ကျင့်ခံနေရတာမြင်ပြီး အရမ်းသနားသွားလို့ ကယ်လိုက်တာ”

လုချီဟွာက ရှင်းပြနေသည်။ အပြစ်ပေးခံရမှာ တော်တော်လေး ကြောက်နေသည်။ ဒီ ငါးသလဲထိုးလေးကို စေတနာ၊ ဂရုဏာနဲ့ ဝယ်ခဲ့တဲ့ အကြောင်း ရှင်းပြနေသည်။

ဒီလိုမျိုး မိန်းကလေး တချို့လည်း ရှိသေးသည်။ လှောင်အိမ်ထဲက ယုန်ကလေးကို မြင်လိုက်ရင် အရမ်းသနားတတ်ကြသည်။ ဒါပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ယုန်စွပ်ပြုတ်လည်းဆိုရော သူမတို့စားတာများ သူများထက်တောင် ပိုမြန်နေသေးသည်။

"ရောင်းတဲ့ ကျောင်းသားသုံးယောက်က မင်ကလန် ကလား"

အဲဒီ ကျောင်းသားသုံးယောက်သည် ဝိညာဉ်ချီလှည့်ပတ်နေတဲ့နဂါးကို ဝိညာဉ်ကျောက်တုံး တစ်တုံးနဲ့ ရောင်းချမိတဲ့ အကြောင်းသိသွားရင် ရူးသွားလိမ့်မည်။

"အင်း"

လုချီဟွာက ခေါင်းညိတ်လိုက်သည်။

လီဇီချီက အဲဒီလို ပြောခဲ့ခြင်း ဖြစ်သည်။

လီဇီချီသည် ကျောင်းသားသုံးယောက်က သူမရဲ့ ညီမလေးကို ခြိမ်းခြောက်သဖြင့် ဝိညာဉ်ကျောက်တုံးတစ်တုံးနဲ့ ပြန်ခြိမ်းခြောက်ခဲ့သည်။ သူမက သူတို့ရဲ့ အကြွေးကိုမှတ်ထားပြီး နောင်တစ်ချိန်တွင် သေချာပေါက် အကြွေးပြန်ဆပ်လိမ့်မည်။

ဆွန်းမိုသည် လုချီဟွာရဲ့ ပုံစံကို ကြည့်ပြီး ငါးသလဲထိုးရဲ့ အစစ်အမှန် ပုံရိပ်ကို မသိသေးကြောင်း နားလည်သွားသည်။ သူက ဝိညာဉ်ချီ လှည့်ပတ်နေတဲ့

နဂါးနဲ့ စာချုပ်အမြန်ချုပ်ဆိုရင်း သတိပေးမလို့ လုပ်လိုက်သည်။ ဒါပေမယ့် အနည်းငယ် တွေဝေသွားပြီး စွန့်လွှတ်လိုက်သည်။ ငါးသလဲထိုးလေးက လုချီဟွာ နောက်သို့ လိုက်ရန် ဆုံးဖြတ်ခဲ့တဲ့ ပုံပါ။ ဝိညာဉ် ပဋိညာဉ်ကို ဖော်ပြလိုက်ပါက ကြောက်လန့်သွားနိုင်သည်။

"ထားလိုက်ပါတော့။ သဘာဝ လမ်းကြောင်းအတိုင်း လွှတ်ပေးထားလိုက်တာ ပိုကောင်းမယ်"

ဆွန်းမို က လုချီဟွာ ခေါင်းကို ပုတ်လိုက်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"လီဇီချီနဲ့ တခြားသူတွေကို သွားအကြောင်းကြားလိုက်။ ရေစိမ်ကြမယ်လို့ ပြောလိုက်"

"ဟုတ်"

လုချီဟွာ ပြေးထွက်သွားသည်။

"စနစ်၊ ရတနာသေတ္တာကို ဖွင့်လိုက်"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

ရွှေရောင် ရတနာသေတ္တာပွင့်သွားပြီး သိုးသားရေတစ်ချပ် ကျန်ခဲ့သည်။

ဒင်

“ ပေါက်ကွဲ မီးတောက် ဝိညာဉ်တက်တူး သရုပ်ဖော် နည်းစနစ်ကို ရရှိခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။

ကျွမ်းကျင်မှုအဆင့် - ကျွမ်းကျင်။

ဝိညာဉ်တက်တူးကို အသက်သွင်းလိုက်တာနဲ့ အသုံးပြုသူ ရန်သူအား ကြီးမားတဲ့ မီးလုံးတစ်ခု ပြစ်လွှတ်နိုင်သည်။ အကျိုးသက်ရောက်မှု RPG ဂိမ်းက အကျိုးသက်ရောက်မှုနဲ့ တူတယ်”

“ဘာ”

ဆွန်းမို နားရွက် လှုပ်သွားသည်။

စနစ်ကတော့ ဒီလို ပျင်းစရာကောင်းတဲ့ မေးခွန်းကို ထုံးစံအတိုင်း မဖြေပါ။

ထို့နောက် ဆွန်းမိုသည် လက်နှစ်ဖက်နဲ့ တစ်ခါတည်း ချေမွ လိုက်သည်။

ဖောက်

သိုးသားရေသည် ဆွန်းမို နဖူးထဲသို့ အလင်းတန်း တစ်ခု အဖြစ် ပြောင်းလဲပြီး ဝင်သွားသည်။ ထို့နောက် အချက်အလက်များ

ပေါ်လာပြီး စိတ်ထဲတွင် နက်ရှိုင်းစွာ စွဲမြဲလာသည်။

“ ပေါက်ကွဲမီးတောက် ဝိညာဉ်တက်တူး နည်းစနစ်ကို နားလည်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှု အဆင့် - ကျွမ်းကျင်”

အကြောင်းကြားချက် ပေါ်လာပြီးနောက် ဆွန်းမိုသည် ဝိညာဉ်တက်တူး ဆွဲတဲ့ ကိရိယာများကို ယူကာ ဝိညာဉ်တက်တူး တစ်ခုပြီးအောင် ချက်ခြင်း ထဆွဲလိုက်သည်။

လီဇီချီနဲ့ အဖွဲ့ ရောက်လာသည်။ သို့သော် ဆွန်းမိုက သူတို့ကို စောင့်ခိုင်းထားသည်။ နာရီဝက်လောက်ကြာတော့ ပေါက်ကွဲမီးတောက် ဝိညာဉ်တက်တူး ပြီးသွားသည်။

ဆွန်းမိုက တဲထဲက ထွက်လာပြီး လီဇီချီကို အကြောင်းကြားလိုက်သည်။

“ဆရာဂျီကို အရင်သွားပြီး အသိပေးလိုက်ပါ”

ကျန်ရန်ဇောင်သည် တံခါးရှစ်ခု တိမ်တိုက်ကို ဖမ်းချင်နေတာကြောင့် ကူရှုပ်ရှင်းသည် သူ့တပြည့်တွေရဲ့ လုံခြုံရေးကို စိုးရိမ်ပြီး နောက်က

လိုက်ရန် ဆုံးဖြတ်ခဲ့သည်။ ဒါကြောင့် အခုအချိန်တွင် စခန်းထဲမှာ ဂျိမ်ဂျဲနှင့် ဆွန်းမိုတို့ ဆရာနှစ်ယောက်သာ ကျန်နေခဲ့သည်။

"ကောင်းပြီလေ၊ လုံခြုံရေး မပေါ့ကြနဲ့နော်"

ဂျိမ်ဂျဲက မငြင်းပါ။ အခုအချိန်မှာ ဆွန်းမိုအပေါ် သူမရဲ့ အထင်က အရမ်းကောင်းနေသည်။ သူက လှျို့ဝှက်ဆန်းကြယ် မျိုးစိတ်ကို ကျောင်းသားထက် ပိုတန်ဖိုးထားတဲ့ တခြား ဆရာများနဲ့ မတူပါ။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိမ်ဂျဲ၏ လေးစားအထင်ကြီးမှု +၃၀၊ ရင်းနီး(၂၆၀/၁,၀၀၀)

"ကျေးဇူးအများကြီး တင်ပါတယ်။ ဆရာဂျိ"

ဆွန်းမိုက သူ့တပြည့် ခြောက်ယောက်ကို ခေါ်ပြီး လုချီဟွာအား လမ်းပြဖို့ ပြောလိုက်သည်။

မိနစ် ၂၀လောက်ကြာတော့ ထူးဆန်းတဲ့ ကျောက်တုံးများနဲ့ ဖွဲ့စည်းထားတဲ့ လှိုဏ်မြောင်တစ်ခုသို့ ရောက်သွားသည်။ အကွေ့အကောက်များစွာကို ဖြတ်ကျော်ပြီး နောက်ဆုံးတွင် ဘတ်စကတ်ဘောကွင်း

တစ်ဝက်လောက်ရှိတဲ့ ရေပူစမ်းတစ်ခုသို့ ရောက်သွားသည်။

"လုချီဟွာ ၊ ဒီလို ခက်ခဲတဲ့နေရာကို ဘယ်လိုရှာတွေ့တာလဲ"

ထန်ထန်ယုထန်သည် ပတ်ဝန်းကျင်က ထူးဆန်းတဲ့ ကျောက်တုံးကြီးများကို ကြည့်ပြီး စကားမပြောနိုင် ဖြစ်နေသည်။ ပုံမှန်လူတွေ ဒီကိုလာလျှင် သေချာပေါက် လမ်းပျောက်နေလိမ့်မည်။

“ကောင်းပြီလေ၊ ရေစ စိမ်လိုက်ကြစို့။ မိန်းကလေးတွေ အရင်၊ ယောကျ်ားလေးတွေက အပြင်ကစောင့်”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

အင်ဘိုင်ဝူက ရေကန်ထဲ ဆင်းသွားသည်။ ထို့နောက် မျက်မှောင်ကြုတ်နေသည်။

“ဒီနေရာက ဝိညာဉ်ချီတွေက ပုံမှန်ပဲ”

ဆွန်းမိုက အာရုံစိုက်ပြီး စူးစမ်းလေ့လာလိုက်သည်။ အမှန်တကယ်လည်း

တစ်ယောက်ယောက်က နေ့တစ်ဝက်လောက် စိမ်ထားရင်တောင် မထူးခြားနိုင်ပါ။

ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးက လုချီဟွာ ခေါင်းပေါ်မှာ ရစ်ခွေပြီး အနားယူနေသည်။ ရေထဲဆင်းဖို့ ရည်ရွယ်ချက် မရှိပါ။ ဒီနေရာက ဝိညာဉ်ချီက အရမ်းနည်းပါးပြီး သူ့ခန္ဓာကိုယ်ထဲ စုတ်ယူဖို့ မလုံလောက်ပါ။

“အို”

လုချီဟွာက သူ့လက်နဲ့ ဝိညာဉ်ချီလှည့်ပတ်နေတဲ့ နဂါးကို ပုတ်လိုက်သည်။

"ငါးသလဲထိုးလေး၊ ဝိညာဉ်ချီ ပြင်းတဲ့ နောက်ထပ် ရေပူစမ်းတစ်ခု ရှိသေးလား"

ဂျီဂျီ

ငါးသလဲထိုးလေးသည် အဆက်မပြတ်အော်ပြီး အမြီးက တောင်ဘက်သို့ ညွှန်ပြနေသည်။

"ငါးသလဲထိုးလေးက တစ်ခုရှိသေးတယ်လို့ ပြောတယ်။ ဒါပေမယ့် တော်တော် ဝေးတယ်"

လုချီဟွာက ပြန်လည်တင်ပြသည်။

"ငါတို့ ဘာကိုစောင့်နေမှာလဲ"

အင်ဘိုင်ဝူက တိုက်တွန်းလိုက်သည်။ သူမ အမြင်အရ ရေထဲတွင် ဝိညာဉ်ချီ သိပ်သည်းမှု မလုံလောက်ပါက အချိန်မဖြုန်းသင့်ပါ။

ခုနှစ်ယောက်အဖွဲ့ နောက်တစ်ကြိမ် ခရီးဆက်ခဲ့ကြသည်။ ဒီခရီးက စုစုပေါင်း ၃ နာရီလောက် ကြာသည်။

"ငါတို့ ဘယ်ကို သွားနေတာလဲ"

ထန်ထန်ယုထန် ဆွံ့အနေသည်။ (ငါက ရောဂါသည်လေ။ နှိပ်စက်နေကြတာလား။ ငါမြန်မြန်မသေမှာ စိတ်ပူနေတာလား)

“နောက်ထပ်နည်းနည်းလောက်ကြာရင် ငါတို့အဲဒီကို ရောက်ပြီ”

လုချီဟွာက အသံတိုးတိုးလေးနဲ့ ရှင်းပြသည်။

“သူ့ကို မေ့ထားလိုက်”

လီဇီချီက ပြောသည်။ သူမ မျက်လုံးသည် လုချီဟွာ ခေါင်းပေါ်က ငါးသလဲထိုးလေးကို စိုက်ကြည့်နေသည်။ ဒီကောင်က သူတို့ကို ဦးဆောင်နေတဲ့ ပုံပဲ။

ရုတ်တရက် ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့ ရပ်တန့်သွားသည်။ သူတို့ရဲ့ ထက်မြတ်တဲ့

အာရုံခံစားမှုအရ ည လေပြေထဲတွင် ဝိညာဉ်ချီ အချို့ ပါနေတာ ပြောနိုင်သည်။ ဒီနေရာက ဝိညာဉ်ချီသည် အမှန်တကယ် ထူထပ်နိုင်သည်။

လမ်းလျှောက်ရင်း စိတ်ဓါတ်တွေ တက်ကြွလာသည်။ လေထဲက ဝိညာဉ်ချီတောင် အတိုင်းအတာ တစ်ခုအထိ သိပ်သည်းနေရင် ရေပူစမ်းမှာ ဘယ်လောက်တောင် သိပ်သည်းနေမလဲ။

ဆယ်မိနစ်လောက်ကြာတော့ မျက်လုံးရှေ့တွင် ရေပူစမ်း တစ်ခု ပေါ်လာသည်။ အပူချိန်က

အရမ်း မြင့်ပေမယ့် ရေမျက်နှာပြင်ပေါ်မှာ ပူစီဖောင်း ထနေသည်။ ပူစီဖောင်း ပေါက်ကွဲသွားပြီးနောက် ဝိညာဉ်ချီများ စိမ့်ထွက်လာသည်။

"အနည်းဆုံးတော့၊ ဒီခရီးစဉ်က အလာဟာသ မဖြစ်သွားဘူး"

ထန်ထန်ယုထန်သည် ရေကိုကြည့်ရုံနဲ့ ဒီရေပူစမ်းသည် အဆင့်အမြင့်ဆုံး ဆေးရေစိမ်တာနဲ့ ညီမျှကြောင်း သိနေသည်။ ဒီနေရာရှိ ရေပူစမ်းသည် ဝိညာဉ်ချီ ပါဝင်ရုံသာမက

ခန္ဓာကိုယ်အတွက် အကျိုးပြုသော သတ္တုမျိုးစုံလည်း ပါဝင်နေသည်။

ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးသည် လေကို ရှူရှိုက်ပြီး ရေထဲ ဝုန်းကနဲ ခုန်ဆင်းသွားသည်။ အဲဒီနောက် ရေမျက်နှာပြင်ပေါ် လာပြီး ကူးခတ်နေသည်။

မိန်းကလေးတွေ ရေထဲ အရင်ဆင်းသွား ကြသည်။ ထင်ထားသလိုပဲ အကျိုးသက်ရောက်မှုက အရင်ကန်ထက်စာရင် ပိုကောင်းနေသည်။

ရေပူစမ်းထဲမှ ဝိညာဉ်ချီများကို စုတ်ယူလိုက်လျှင် ဆဲလ်များက ညည်းနေသံ ထွက်လာသည်။

ဆွန်းမိုက ဆေးထုပ်ကြီးကို ရေထဲပစ်ချလိုက်သည်။

ဝိညာဉ်ချီလှည့်ပတ်နေတဲ့ နဂါးအတွက် ထူးဆန်းသွားပြီး ရေစကူးနေသည်။ ပေါ်ထွက်လာတဲ့ ဘီးလူးကို အမြီးနဲ့ ရိုက်လိုက်သည်။

ဖောင်း

ဘီလူးပေါက်ကွဲသွားပြီး ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးကို ဝိညာဉ်ချီများ ဖုံးလွှမ်းသွားပြီး သက်တောင့်သက်သာ ဖြစ်စွာ အော်ဟစ်နေသည်။

“ဒီရေပူစမ်းက ရေစိမ့်ပေါက် ဖြစ်နိုင်တယ်”

လီဇီချီသည် ဒီနေရာ ဝိညာဉ်ချီ အရမ်းထူထပ်နေတဲ့ အကြောင်းအရင်းကို ရှာဖွေတွေ့ရှိသွားသည်။

မိန်းကလေးတွေပြီးတဲ့နောက် ယောကျ်ားလေးတွေ စိမ်ဖို့ အလှည့်ရောက်လာသည်။ ဆွန်းမို စျေးထုပ်ကြီးကို လွှင့်ပစ်လိုက်သည်။

"ဆရာ၊ ဒီငါးသလဲထိုးလေး...."

လီဇီချီက လမ်းလျှောက်လာပြီး တိုးတိုးလေး ပြောလိုက်သည်။

"အဲဒါနဲ့ ပက်သက်ပြီး မင်းစိုးရိမ်နေစရာ မလိုဘူး။ မသိသလိုသာ နေလိုက်"

ဆွန်းမိုက သတိပေးလိုက်သည်။

"ကောင်းပြီလေ"

လီဇီချီက ထပ်မမေးဖို့ ဆုံးဖြတ်လိုက်သည်။

"ဆရာ၊ နောက်ထပ် ပိုကောင်းတဲ့နေရာရှိသေးတယ်။ အတူတူ သွားကြမလား"

လုချီဟွာက ပြေးလာပြီး ဆွန်းမို လက်ကို ဆွဲရင်း ပြောလိုက်သည်။

ဝိညာဉ်ချီလှည့်ပတ်နေတဲ့ နဂါးသည် အားကိုးရာမဲ့တဲ့ ပုံစံနဲ့ ကြည့်နေသည်။ (ငါက မင်းကို ကျေးဇူးဆပ်ဖို့ ပြောပြတာလေ။ ဘာကြောင့် မင်းက အဲဒီကောင်ကို ပြောရတာလဲ။)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မှတ်ချက်။ ။ လုအိုဟောင်း = မတရားကံကောင်းတဲ့ ကစားသမားကို ခေါ်တဲ့ တရုတ်ဘန်းစကားတစ်ခု။

စာစဉ်(၁၈)

အခန်း(၂၅၃) - နဂါး၏ ကျေးဇူးတရားအပေါ် အကြွေးဆပ်ခြင်း။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းတို့သုံးယောက် ဒီမှာ ရေစိမ်နေကြ။ လျှောက်သွားမနေကြနဲ့"

ရှန်ယွန်ပေါင်းနှင့် အခြားနှစ်ယောက်ကို ညွှန်ကြားပြီးနောက် လုချီဟွာပြောတဲ့ နေရာကောင်းသို့ လိုက်သွားသည်။

ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးသည် လုချီဟွာ ခေါင်းပေါ်တွင် ထိုင်နေသည်။ တကယ်တော့ ဒီခရီးကို အဲဒီနဂါးက ဦးဆောင်နေသည်။ ဒါပေမယ့် ဆွန်းမိုသည် နေ့တစ်ဝက်လောက် စောင့်ကြည့်သော်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာနဲ့ ဘယ်လိုဆက်သွယ်လည်းဆိုတာ ရှာမတွေ့ခဲ့ပါ။

"ဂြိုလ်သား ဘာသာစကား ဖြစ်နေမလား"

ဘာပဲဖြစ်ဖြစ် ဆွန်းမိုသည် သားရဲဝိညာဉ် ထိန်းချုပ်မှုဘာသာရပ်တွင် မဟာအဆင့် ကျွမ်းကျင်တဲ့သူ ဖြစ်သည်။ သို့သော်လည်း ဒီအခြေအနေကို မကိုင်တွယ်နိုင် ဖြစ်နေသည်။

"သူမက တိရစ္ဆာန်နဲ့ ရင်းနှီးတဲ့ပုံပဲ"

လီဇီချီက အသံတိုးတိုးလေးနဲ့ ပြောသည်။

"ဟင့်အင့်၊ သူ့အတိုင်း လိုက်မလုပ်နိုင်ဘူး။ ကြက်မတွေတောင် ငါ့ကို ကြောက်တယ်"

အင်ဘိုင်ဂူသည် တိရစ္ဆာန်တွေက သူမနဲ့ စိမ်းတယ်လို့ ခံစားရသည်။

ဆွန်းမိုနှင့် လီဇီချီတို့သည် အင်ဘိုင်ဂူအား ကြည့်လိုက်ကြသည်။ (အဲဒီတုန်းက မင်းက ဆာလောင်နေတာလေ။ မင်းမျက်လုံးတွေက စားချင်စိတ်နဲ့ ပြည့်နေလိမ့်မယ်။ တိရစ္ဆာန်တွေက "ဆာလောင်တဲ့ စိတ်ကိုခံစားနိုင်တယ်။ မင်းနဲ့ ဝေးဝေးမှာ မနေရင် ကိုက်စားခံရမှာပေါ့)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သိပ်မကြာခင် သူတို့ မျက်လုံးရှေ့တွင် ကြီးမားတဲ့ ကျောက်တုံးကြီး တစ်တုံး ပေါ်လာသည်။ ဝိညာဉ်ချီလှည့်ပတ်နေတဲ့ နဂါးသည် အကြမ်းဖျင်း မီတာဝက်လောက်ကျယ်တဲ့ လှိုဏ်ထဲဝင်သွားသည်။

ဆွန်းမိုနှင့် လီဇီချီတို့သည် အန္တရာယ်ရှိမလား စိုးရိမ်ပြီး တွေဝေနေကြသည်။ သို့သော် လုချီဟွာကတော့ စိုးရိမ်ခြင်းမရှိဘဲ ပျော်ရွှင်စွာ နောက်က လိုက်ဝင်သွားသည်။ သူမက နဂါးကို အကြွင်းမဲ့ ယုံကြည်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုနှင့် နောက်ထပ်နှစ်ယောက်လည်း အနောက်က လိုက်ဝင်သွားရသည်။

ဆယ်မီတာလောက် လျှောက်ပြီးတော့ သဘာဝအတိုင်း ဖြစ်ပေါ်နေတဲ့ လိုဏ်ဂူတစ်ခု သူတို့အရှေ့တွင် ပေါ်လာသည်။

ဝိညာဉ်ချီလှည့်ပတ်နေတဲ့ နဂါးက အော်နေသည်။

"ငါးသလဲထိုးလေးက မင်းတို့အားလုံး မြန်မြန်မလာနိုင်ဘူးလား မေးနေတယ်"

လုချီဟွာက ဘာသာပြန်ပေးသည်။

"မဝင်ခင် သေသေချာချာ ပြင်ဆင်ရမယ်"

လီဇီချီ မျက်ခုံးပင့်ကာ ပြန်ပြောလိုက်သည်။ သူတို့နှင့် အတူ မီးတိုင်ပါသော်လည်း ဒီဂူက အရှမ်းရှည်သဖြင့် အလင်းရောင် မလုံလောက်ပါ။

"အရင် သွားကြည့်ကြတာပေါ့"

ဆွန်းမိုက ဒီအားစိုက်ထုတ်မှုကို မဖြုန်းတီးချင်ပါ။ ဒီကိုလာဖို့ အချိန်အများကြီး ပေးခဲ့ရသည်။

"ချီဟွာ၊ မင်းက ငါ့ကို လမ်းပြနိုင်မလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူက ရုတ်တရက် ပြောလာသည်။ သူမက အုပ်စုထဲကနေ လုချီဟွာဘေးနား ပြေးသွားသည်။

သူမဆရာသည် တိုက်ခိုက်ရေး စွမ်းအား ပြင်းထန်သော်လည်း ဒီလိုအရာမျိုး လုံးဝ မလုပ်ဆောင်သင့်ပါ။ လီဇီချီက အားနည်းပြီး လုချီဟွာရဲ့ တိုက်ခိုက်ရေး စွမ်းရည်မှာလဲ အရမ်းအားနည်းသည်။ ဒီတာဝန်ကို ထမ်းဆောင်ဖို့ သူမ တစ်ယောက်တည်းပဲ ရှိသည်။

ဂျီဂျီ

ဝိညာဉ်ချီနဂါးက နောက်လှည့်ပြီး အော်သည်။

"ငါးသလဲထိုးလေးက အန္တရာယ် မရှိဘူးလို့ ပြောနေတယ်"

လုချီဟွာက ပြောသည်။ သူမ နောက်ထပ် စကားတစ်ခု ထပ်ပြောသည်။

"တကယ်လို့အန္တရာယ်ရှိရင် ငါအော်လိုက်မယ်။ မင်းတို့ အရင်ပြေးကြ"

ဒီမြင်ကွင်းကို မြင်တော့ ဆွန်းမို အရမ်းကျေနပ်သွားသည်။ သိုင်းမောင်နှမတွေကြား

တစ်ယောက်နဲ့တစ်ယောက် စိတ်ပူတာက အရမ်းကောင်းသည်။

"ကောင်းပြီလေ"

အင်ဘိုင်ဂူသည် မကြောက်သော်လည်း နောက်ပြန်ဆုတ်လာသည်။ နောက်ကွယ်ကနေ လူများ ခိုးမတိုက်ခိုက်နိုင်အောင် အနောက်ဘက်ကို ဂရုစိုက်ရမည်။

ဉ_မင်လှိုဏ်ခေါင်းသည် အောက်ဖက်သို့ နိမ့်ဆင်းလာပြီး ပို မက်စောက်လာသည်။ အဆင်းလမ်းတွင် သုံးမီတာ၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လေးမီတာလောက်မြင့်သော ဒေါင်လိုက် နံရံများ ရှိသည်။ ကံကောင်းတာက အားလုံးသည် ကျင့်ကြံသူများ ဖြစ်နေသည်။ သူတို့ခန္ဓာကိုယ်များသည် ကိန်းဂဏာန်များနှင့် တိုင်းတာလို့ မရပါ။ သူတို့မှာ ကိရိယာ မရှိရင်တောင် ဒီအတိုင်း ဆင်းသွားနိုင်သည်။

အင်ဘိုင်ဝူနှင့် လုချီဟွာတို့သည် မိန်းကလေးများ ဖြစ်သော်လည်း စိတ်အေးလက်အေး လမ်းလျှောက်နိုင်သည်။ လီဇီချီကတော့ မတူပါ။

သူမက တိုက်မိတဲ့ အခါတိုက်မိ၊ လဲကျတဲ့အခါ လဲကျ ဖြစ်နေသည်။

ဟာ

လီဇီချီ နောက်တစ်ကြိမ် လဲကျမလို ဖြစ်သွားသည်။

"သတိထား"

ဆွန်းမိုက လီဇီချီရဲ့ အဝတ်အစားကနေ ကိုင်ပြီး ဖမ်းထားသည်။

"အာဟာ။ ငါက အသုံးမကျလိုက်တာ"

လီဇီချီ အရမ်းဒေါသထွက်ပြီး ငိုချင်လာသည်။ ဆွန်းမိုရဲ့ စိတ်ပူနေတဲ့ အကြည့်ကို မြင်လိုက်လျှင် ပြုံးပြလိုက်သည်။

"ဆရာ၊ ကျွန်မ အဆင်ပြေပါတယ်။ ကျွန်မအတွက် မစိုးရိမ်ပါနဲ့"

"ငါတို့ ဘယ်လောက်ကြာကြာ သွားရအုံးမှာလဲ"

ဆွန်းမိုက မေးလိုက်သည်။ သူ့ရဲ့ ခန့်မှန်းချက်အရ သူတို့ထွက်လာတာ မိနစ်လေးဆယ်လောက် ရှိနေပြီ။

လုချီဟွာနှင့် ဝိညာဉ်ချီ နဂါးတို့သည် ဘာမှန်းမသိတဲ့ ဘာသာ စကားကို အခြေခံပြီး ပြောဆိုနေကြသည်။ ထို့နောက်သူမက

"ငါတို့ မကြာခင် ရောက်တော့မယ်လို့ ငါးသလဲထိုးလေးက ပြောတယ်"

အမှန်တကယ်လည်း ဆယ်မိနစ်လောက်အကြာတွင် အပြာရောင် အလင်းတောက်ပနေတဲ့ ဂူတစ်ခု ပေါ်လာသည်။

"ဒါက ဘာလဲ"

အင်ဘိုင်ဝူ အံ့အောသွားသည်။

နံရံပေါ်တွင် ကျောက်တုံးတချို့ ရှိနေသည်။ ထိုအရာတွေက တောက်ပနေသည်။

“ဒါတွေက ဝိညာဉ်ချီ အနှစ်သာရကနေ ဖြစ်ပေါ်လာတဲ့ ဝိညာဉ်သလင်းကျောက်တွေ”

စာအုပ်အများကြီး ဖတ်ထားတဲ့ လီဇီချီက ရှင်းပြသည်။

“ဝိညာဉ်ချီ အရမ်းပြည့်ဝတဲ့ နေရာမှာ သူတို့ကပုံဆောင်ခဲ ဖြစ်သွားပြီး သတ္တုရိုင်း တစ်မျိုး ဖြစ်လာတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအရာတွေကို ဝိညာဉ်ကျောက်တုံး တစ်မျိုးလို့ သတ်မှတ်နိုင်သည်။ လူသားများ ကျင့်ကြံဖို့အတွက် အထဲကနေ ဝိညာဉ်ချီများ စုပ်ယူနိုင်သည်။ သို့သော်လည်း ဝိညာဉ်ကျောက်တုံးနဲ့ နှိုင်းယှဉ်ရင် အများကြီး စျေးကြီးသည်။

ဝိညာဉ်ကျောက်တုံးများသည် သာမန်သတ္တုရိုင်း တစ်မျိုးဖြစ်ပြီး အထဲတွင် မသန့်စင်မှုများ ပါဝင်နေသည်။ သို့သော် ဝိညာဉ်သလင်းကျောက်များကတော့ ဝိညာဉ်ချီတွေက တိုက်ရိုက် ဖွဲ့စည်းထားခြင်း

ဖြစ်သည်။ ဒါကြောင့်လည်း သဘာဝအတိုင်း ပိုဈေးကြီးသည်။

အရှေ့ပိုရောက်လာလေ ဝိညာဉ်သလင်းကျောက်တွေ ပိုများလာဖြစ်သည်။ အလင်းရောင်တွေလည်း ပိုတောက်ပလာသည်။

“ဒီက ဝိညာဉ်ချီတွေက အရမ်းထူထပ်တယ်”

အင်ဘိုင်ဝူက အသက်ခပ်ပြင်းပြင်း တစ်ချက် ရှူလိုက်သည်။ သူမ နေရထိုင်ရတာ အရမ်းသက်တောင့်သက်သာ ဖြစ်လွန်းလို့ အော်ပြစ်လိုက်ချင်သည်။

“အနီးအနားမှာ ဝိညာဉ်ချီ မိုင်းတစ်ခုများ ရှိနေမလား”

လီဇီချီ မျက်နှာတွင် ထိတ်လန့်တဲ့ အမူအရာ ပေါ်လာသည်။ ဒီအကြောင်းပြချက်ကလွဲရင် တခြား ဘာမှ မရှိနိုင်ပါ။ ဘာပဲဖြစ်ဖြစ် သူတို့ချမ်းသာ သွားပြီ။

လုချီဟွာက လမ်းလျှောက်နေရာမှ ရုတ်တရက် ရပ်လိုက်သည်။ ထို့နောက် နံရံကြားက နေရာလွတ်ထဲကို ခုန်ချမလို့ လုပ်လိုက်သည်။

“ငါ အရင်ဆင်းမယ်”

ဆွန်းမိုသည် လုချီဟွာအား အနောက်ကနေ လှမ်းဆွဲလိုက်ပြီး သူမအရှေ့ကနေ ခုန်ဆင်းလိုက်သည်။

ဖောက်

ဆွန်းမို မြေပေါ်သို့ ရောက်သွားပြီးနောက် ပတ်ဝန်းကျင်ကို ခေါင်းလှည့်ပြီး အမြန် အကဲခတ်လိုက်သည်။

အဲဒီနောက် သူ အံ့အောသွားသည်။

ဒါက တကယ့် စကြံ်န်ကြီး တစ်ခု ဖြစ်နေသည်။ နံရံတွင်လည်း ပန်းချီကားများ

ချိတ်ဆွဲထားသည်။ သို့သော် နှစ်ပေါင်းများစွာ ကြာနေသောကြောင့် အရောင်တွေက ခပ်ဝါးဝါး ဖြစ်နေသည်။ ဒီနေရာတွင် ဝိညာဉ်ချီ ပမာဏများပြားသောကြောင့် ဝိညာဉ်ချီ ပုံဆောင်ခဲ များစွာ ရှိနေသည်။

"မျက်နှာနဲ့ မှောက်ရက် မလဲစေရဘူး"

လီဇီချီက အသက်ခပ်ပြင်းပြင်း တစ်ချက်ရှူပြီး ပြေပြစ်သော ကိုယ်နေဟန်အနေအထားနဲ့ ဆင်းမလို့ လုပ်လိုက်သည်။ အဆုံးတွင် ခြေထောက်

မြေပေါ်ရောက်သွားပြီးနောက် လည်သွားကာ လဲကျသွားသည်။

"အား"

လီဇီချီ ထအော်သည်။ ထို့နောက် သန်မာတဲ့ လက်တစ်စုံကို ခံစားလိုက်ရသည်။ သူမက နွေးထွေးတဲ့ ရင်ခွင်တစ်ခုထဲ ရောက်သွားသည်။

လီဇီချီ မျက်နှာပေါ်တွင် ရှက်ရွံ့တဲ့ အမူအရာ ပေါ်လာသည်။ ဆွန်းမိုသည် သူမကို မရှက်စေချင်သောကြောင့် စကားခေါင်းစဉ်တစ်ခု ပြောလိုက်သည်။

“ဒါက ဘယ်လို နေရာထင်လဲ”

“မြေအောက် နန်းတော်”

လီဇီချီက ပါးစပ်ထဲ တွေ့ကရာ ပြန်ဖြေသည်။ ဆွန်းမိုကို ကျေးဇူးတင်တဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။ တကယ် နားလည်ပေးတဲ့ သူဖြစ်သည်။

ဖောက်

အင်ဘိုင်ဝူက လှပတဲ့ ကိုယ်နေဟန်နဲ့ ခုန်ဆင်းလာသည်။ သူမရဲ့ လှပတဲ့ ဆင်းသက်ပုံကို

မြင်လိုက်လျှင် မိန်းကလေးတွေတောင် ချစ်မိသွားနိုင်သည်။

ဝိညာဉ်ချီ နဂါးက ရှေ့သို့ ဆက်လျှောက်နေသည်။ ဒီတစ်ခါတော့ နီးနီးလေးလေးက လျှောက်နေသည်။ စကြံ့န်အဆုံးတွင် ကြီးမားသော တံခါးတစ်ခု ရှိနေသည်။ သိပ်သည်းသော ဝိညာဉ်ချီများ အထဲက စီးဆင်းလာတာနဲ့အမျှ ဝိညာဉ်သလင်းကျောက်အလွှာများ ဖုံးလွှမ်းနေသည်။

ဆွန်းမိုသည် ကြည်လင်နေတဲ့ နံရံကို ဖောက်ဝင်သွားသည်။

မိန်းကလေးသုံးယောက်လည်း နောက်က လိုက်ဝင်သွားသည်။ ထို့နောက်အတွင်းက ပတ်ဝန်းကျင်ကို ကြည့်ပြီး အားလုံးတုန်လှုပ် ခြောက်ခြားနေကြသည်။ အသက်ရှူဖို့တောင် မေ့နေကြသည်။

လီဇီချီသည် မင်းမျိုးမင်းနွယ် ဖြစ်သည်။ သူမ မျိုးနွယ်က ထင်ရှားကျော်ကြားသဖြင့် ငွေတောင်၊ ရွှေတောင်တွေကို အရင်က မြင်ဖူးသည်။ အခုတော့ သူမလည်း ပါးစပ်အဟောင်းသားနဲ့

ငေးကြည့်နေသည်။ ဒီလိုရတနာမျိုးကို အခုမှ မြင်ဖူးသည်။

ဒီနေရာက ဘောလုံးကွင်းလောက်ကြီးသော ခန်းမတစ်ခု ဖြစ်သည်။ ဝိညာဉ်သလင်းကျောက်ကိုလည်း နေရာတိုင်းတွင် မြင်နေရသည်။ သူတို့၏ အလင်းရောင်တွေကြောင့် တောက်ပပြီးရင်း တောက်ပနေသည်။

ဒီကျောက်တွေ အားလုံးက ပန်းတွေ ပွင့်နေသလို စုစည်းနေသည်။

“ဆရာ၊ ကျွန်မ အနည်းငယ် မအီမသာ ဖြစ်နေတယ်”

“ ဒါက ဝိညာဉ်ချီ ယစ်မူးတဲ့ လက္ခဏာပဲ။ မြန်မြန်တရားထိုင်ပြီး ခန္ဓာကိုယ်ထဲက ဝိညာဉ်ချီတွေကို ချေဖျက်လိုက်။ ပြီးတော့ ဝိညာဉ်ချီတွေ မစုပ်ယူမိအောင် ခန္ဓာကိုယ်ကို ထိန်းချုပ်ထားပါ။”

လီဇီချီက အမြန်သတိပေးသည်။

“ဝိညာဉ် ယစ်မူးတာ”

အင်ဘိုင်ဝူမျက်နှာတွင် အံ့အောတဲ့ အမူအရာ ပေါ်နေသည်။ ငယ်စဉ်ကတည်းက လမ်းညွှန်သူမရှိဘဲ လေ့ကျင့်လာတဲ့ ကျင့်ကြံသူတစ်ယောက်အနေနဲ့ ဒီလို အခြေခံ ဗဟုသုတကို မသိခဲ့ပါ။

"ပြောချင်တာက ဒီနေရာရဲ့ ဝိညာဉ်ချီက အရမ်းသိပ်သည်းလို့ ခန္ဓာကိုယ် စုပ်ယူနိုင်စွမ်း မရှိတော့ဘူး။ အဲဒီလို ဖြစ်လာရင် ဒီလို လက္ခဏာ ပေါ်လာတတ်တယ်။ မင်း ပါးစပ်တွေခြောက်ပြီး ခေါင်းတွေ မူးလာသလို ခံစားရလိမ့်မယ်။ ဒါပေမယ့် အန္တရာယ်တော့ မရှိဘူး"

လီဇီချီက ရက်စက်တယ်လို့ ခံစားရရင်း ရှင်းပြသည်။

ပြည်နယ်ကိုးခုက ကျင့်ကြံသူများသည် လမ်းပေါ်မှာ လမ်းလျှောက်ရင်း ထိုင်ရင်း ဝိညာဉ်ချီကို စုပ်ယူလို့ ရတာထက် ဘာမှ မလိုချင်ပါ။ သို့သော် ပြည်နယ်ကိုးခုက ဝိညာဉ်ချီ သိပ်သည်းမှုသည် အရမ်းအားနည်းသဖြင့် အဲဒီလို မလုပ်ဆောင်နိုင်ပါ။ အဆင့်ချိုးဖောက်တက်ချင်ပါက ညံ့ဖျင်းတဲ့ လူများအတွက် မှော်ဆေးပြားများ ဒါမှမဟုတ် ဝိညာဉ်ကျောက်တုံး အမြောက်အများ

ပြင်ဆင်ထားရလိမ့်မည်။ ဒီလိုမှမဟုတ်ရင် သူတို့ရဲ့ ပင်ကိုယ်စွမ်းရည်ကြောင့် အဆင့်တက်ရောက်ဖို့အတွက် လုံလောက်တဲ့ ဝိညာဉ်ချီကို လုံလောက်အောင် မစုစည်းနိုင်ဘဲ အဆင့်တက်ရောက်မှု ကျရှုံးသွားနိုင်သည်။

ဒါပေမယ့် အခုအချိန်မှာတော့ ဒီခန်းမကြီးထဲတွင် ပေါ့ပေါ့ပါးပါး အသက်ရှူလိုက်ရုံနဲ့ ဝိညာဉ်ချီ အမြောက်အများသည် ခန္ဓာကိုယ်ထဲ စီးဝင်လာနိုင်သည်။ ဒါက ဘယ်လောက်တောင် ဇိမ်ရှိလိုက်သလဲ။

ဒီလိုမျိုး အဖိုးတန်နေရာကို လူများ သိရှိသွားပါက ရှုံးသွပ်သွားပြီး သိမ်းပိုက်နိုင်ဖို့အတွက် နိုင်ငံအချင်းချင်းတောင် စစ်ဖြစ်သွားနိုင်သည်။

"ဝိညာဉ်သလင်းကျောက်တွေ အများကြီးပဲ။ တန်ဖိုးဘယ်လောက်လောက် ရှိမလဲ"

အင်ဘိုင်ဝူ မျက်လုံးများ တောက်ပနေသည်။ ဒီအတွက်လည်း သူမဦးနှောက်က ဘယ်လို တိုင်းတာရမလဲ မသိတော့ပါ။

"ညီမငယ်။ မင်းရဲ့ အမြင်ကို ဒီထက် ပိုမြင့်ထားသင့်တယ်။ ကျင့်ကြံခြင်း

အထွင့်အထိပ်ရောက်သွားတဲ့ သူ့အတွက် ငွေက ဘာလုပ်လို့ ရမှာလဲ”

လီဇီချီက ပြုံးရင်း ပြောသည်။

“ပိုက်ဆံက အများကြီး ဝယ်လို့ရတယ်”

အင်ဘိုင်ဝူ နားမလည်ပါ။

“မင်းမှားနေပြီ။ ပိုက်ဆံနဲ့ အများကြီး ဝယ်လို့ရတယ် ဆိုတာကလည်း လူတွေက စနစ်တစ်ခုကို အသက်သွင်းပြီး ငွေဆိုတာ တန်ဖိုးတစ်ခု သတ်မှတ်ပေးထားလို့ပဲ။ ဒါကြောင့် ငွေတွေကို ပိုက်ဆံအဖြစ် သတ်မှတ်ဖို့

ရွေးချယ်ထားခဲ့ကြတာ။ လူတိုင်းလိုက်နာတဲ့အထိ စနစ်က ကြီးထွားလာတဲ့အခါ မင်းလိုချင်တဲ့ အရာတွေကို ပိုက်ဆံနဲ့ တန်ဖိုး ဖြတ်လို့ ရလာတယ်။ တကယ်တော့ ငါတို့ အစောဆုံး သမိုင်းဝင်ခဲ့တဲ့ မှတ်တမ်းမှာဆိုရင် ပထမဆုံး ပိုက်ဆံလို့ သတ်မှတ်တဲ့ အရာက အခွံတွေပဲ”

လီဇီချီက ရှင်းပြသည်။

“အခွံတွေကို ပိုက်ဆံ အဖြစ်သတ်မှတ်တယ်။ ရှေးလူသားတွေ ရှူးနေလို့ပဲ ဖြစ်မယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူ နှုတ်ခမ်းများ ကွေးသွားသည်။ လီဇီချီ ပြောတာကို သူမ နားမလည်တဲ့ပုံပါပဲ။ ဆွန်းမိုက လီဇီချီကို တအံ့တအော ကြည့်နေသည်။ (အိုဘုရားရေ၊ ငွေးကြေးဆိုင်ရာ ဗဟုသုတတွေကို ဒီလောက်အထိတောင် သိနေတာလား)

“ ဒါဆိုရင် လူတိုင်းလိုက်နာအောင် ဒီစနစ်ကို ဘယ်လို အသက်သွင်းခဲ့တာလဲ”

လုချီဟွာ သိချင်နေသည်။

“အကြီးအကျယ်ဆုံး သိုင်းပညာ စွမ်းအားကို ပိုင်ဆိုင်ခြင်း၊ မင်းက ပြည်နယ်ကိုးခုကို အောင်နိုင်ခြင်း ဒါမှမဟုတ် နိုင်ငံလေး တစ်ခုကို အောင်နိုင်ရင် စနစ်တစ်ခုကို မင်းစိတ်ကြိုက် ပြောင်းလဲနိုင်တယ်”

လီဇီချီ ရိုးသားစွာ ပြောပြလိုက်သည်။

“လုံလောက်ပြီ”

ဆွန်းမိုသည် လီဇီချီ အားတကက်သရော ပြောနေတာ မြင်လိုက်လျှင် ကမန်းကတန်း တားလိုက်သည်။ ထို့နောက် သက်ပြင်းချလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီကောင်မလေးသည် ဘဏ္ဍာရေး ဝန်ကြီး ဖြစ်လာနိုင်သည်။

"ရိုးရိုးရှင်းရှင်းပြောရရင် မင်းမှာ ပိုက်ဆံရှိပြီး ကာကွယ်ဖို့ သိုင်းစွမ်းအားမရှိရင် မင်းပိုက်ဆံတွေ အလုခံရမှာပဲ။ ဒါ့ကြောင့် ဒီဝိညာဉ် သလင်းကျောက်တွေက ကျင့်ကြံခြင်းနဲ့ ဆိုင်တဲ့ ခွန်အားတွေ ကျင့်ကြံသူနဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းတွေ လုပ်ရာမှာ ကြီးကြီးမားမား ကူညီပေးနိုင်တယ်"

ဆွ ွန်းမို အနှစ်ချုပ်ပြီး ပြောလိုက်သည်။

ပညာရှိကြီးတစ်ယောက်က

"နိုင်ငံရေး အာဏာဟာ သေနတ်ဝက' လာတယ်လို့ ပြောခဲ့ဖူးတယ်။ ဒါပေမယ့် သေနတ်က ဘယ်ကလာလဲ။ ထုံးစံအတိုင်း သေနတ်တစ်လက်ကို ပိုက်ဆံနဲ့ ဝယ်ရတယ်။ နားလည်လား"

အင်ဘိုင်ဝူ ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် ပိုက်ဆံတွေကို သုံးပြီး အင်အားကြီးတဲ့ စစ်တပ် တည်ဖို့ အရင်းအမြစ်တွေ အသုံးပြုရမယ်။ ပြီးတော့ ငါတို့က အချမ်းသာဆုံးဖြစ်အောင် ချမ်းသာတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတွေဆီက လုယူရမယ်”

“ဒါဆို ဒီလိုပေါ့”

လုချီဟွာလည်း နောက်ဆုံးတော့ သဘောပေါက်သွားသည်။

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။ (ချစ်တဲ့ အင်ဘိုင်ဂူ၊ မင်းအတွေးက မမှားပေမယ့် ၊ နည်းနည်းလေး ပိုယဉ်ကျေးပြီး နူးညံ့လို့ မရဘူးလား)

(မင်းမှာ အရှက်တရား ရှိသင့်တယ်လေ)

ဂျီဂျီ

ဝိညာဉ်လှည့်ပတ်နေတဲ့ နဂါးသည် ရုတ်တရုတ် အော်ဟစ်လိုက်သည်။ ဆွန်းမိုဘက်သို့ ရွှေလျှားကာ ဂုဏ်ယူနေတဲ့ မျက်နှာနဲ့ ကြည့်လိုက်သည်။

(ဒါကို မင်းမြင်လား။ ငါ့ရဲ့ အကြင်နာအကြွေးပြန်ဆပ်မှုက ဘယ်လောက် ကြီးမားလဲဆိုတာ တွေ့လား။ ဒါကို မှတ်ထား။ ငါက တုံးအတဲ့ ငါးသလဲထိုး တစ်ကောင် မဟုတ်ဘူး။ ငါက ကြင်နာပြီး မြင့်မြတ်တဲ့ ဝိညာဉ်ချီ နဂါးကွ)

"အမ်၊ မင်း ပျံသန်းနိုင်တာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူ ထအော်သည်။

(တောက်၊ ငါ့ကိုယ်ငါ ဖော်ထုတ်မိပြီ)

ဝိညာဉ်ချီနဂါးသည် ပျံသန်းနိုင်တဲ့ စွမ်းရည်ကို ချက်ခြင်း ရပ်တန့် ပစ်လိုက်သည်။ ဒါကြောင့် ဘုန်းကနဲဆိုတဲ့ ကျယ်လောင်သောအသံနဲ့ ပြုတ်ကျသွားသည်။

ဂျီဂျီ

ဝိညာဉ်ချီနဂါး အော်ဟာစ်နေသည်။ အရမ်းနာကျင်နေသည်။

"ငါးသလဲထိုးလေး၊ မင်းအဆင်ပြေလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်ချီ နဂါးသည် လုချီဟွာလက်မောင်းပေါ်ကို မှားယွင်းတဲ့ မျက်နှာနဲ့ ရစ်ခွေလိုက်သည်။ ထို့နောက် ခေါင်းနဲ့ ပွတ်သပ်နေသည်။ ပြီးတော့ ရင်သားကြီးတဲ့ ကောင်မလေးက ငါးသလဲထိုးလို့ ခေါ်လိုက်ရင် ချစ်စရာကောင်းပြီး ကြည်နူးဖို့ ကောင်းသည်။

(ငါ ဆုံးဖြတ်လိုက်ပြီ။ မင်းအရှေ့ရောက်ရင် ငါက ချစ်စရာကောင်းတဲ့ ငါးသလဲထိုးလေးပဲ)

စာစဉ်(၁၈)

အခန်း(၂၅၄) - သွေးလောင်ကျွမ်းခြင်း

အဆင့်(၅)။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို အရမ်းဝမ်းသာနေသည်။ အမှောင်တိုက်ကြီး ခရီးစဥ်တစ်ခေါက်တည်းနဲ့ အလျှံအပယ် အမြတ်ထွက်နေသည်။

တကယ်လို့ ဒီဝိညာဥ်သလင်းကျောက် အားလုံးကို တူးဖော်ပြီး မတန်တဆစျေးနဲ့ ရောင်းချလို့ ရသည်။ ဆွန်းမို ဒါတွေကို မရောင်းပါ။ တပြည့်တွေ ပြုစုပျိုးထောင်ဖို့အတွက် အသုံးချမည်။

“ချီဟွာ ဒီငါးသလဲထိုးလေးကို ဘာဖြစ်လို့ ဝိညာဥ်ချီ ဒီလောက် ပေါကြွယ်နေတာလဲဆိုတာ မေးကြည့်လိုက်စမ်း”

လီဇီချီလည်း သိချင်နေသည်။

"ကောင်းပြီလေ"

လုချီဟွာသည် တိုးတိုးလေး ပြောဆိုပြီးနောက် ပြန်ပြောလာသည်။

"သူပြောတာက ဝိညာဉ်ချီတွေက အောက်ကနေ စိမ့်ထွက်လာတာတဲ့။ အန္တရာယ်များလွန်းလို့ တစ်ခါမှ ဆင်းမကြည့်ခဲ့ဖူးတဲ့"

"ဆရာ"

လီဇီချီက ဆွန်းမိုကို ကြည့်လိုက်သည်။ သူမ အဓိပ္ပါယ်က အရမ်းသိသာနေသည်။ (ဒီနေရာကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခြေစိုက်စခန်းအဖြစ် အသုံးပြုမယ်ဆိုရင် ပတ်ဝန်းကျင်က လုံခြုံပြီး လျှို့ဝှက်အန္တရာယ် ရှိမရှိ သေသေချာချာ သိဖို့လိုသည်။

"မလောနဲ့"

ဆွန်းမိုက ကိုယ်တိုင်ဆင်းဖို့ လုပ်လိုက်သည်။ ကောင်မလေးတွေကို ခေါ်လာပါက အရမ်းအန္တရာယ်များသည်။

ဝိညာဉ်ချီ နဂါးသည် သူ့လျှို့ဝှက်ချက် ပေါ်သွားပြီဆိုတာ သိလိုက်သည့်အတွက် ဆက်မဖုံးကွယ်ထားတော့ပါ။ ဒါကြောင့် အမြီးကို

လှည့်ပတ်ကာ လေထဲတွင် ပျံဝဲလိုက်သည်။ ထို့နောက် ချောက်ထဲ တိုးဝင်သွားသည်။

သိပ်မကြာခင် ငါးသလဲထိုးလေး ပြန်ထွက်လာသည်။ လုချီဟွာဆီသွားပြီး ချယ်ရီသီးအရွယ် ဝိညာဉ်စိန်ငါးလုံး ထုတ်ပေးလိုက်သည်။ တစ်စုခြင်းစီက အပြာရောင် တောက်ပနေသည်။

“ဒါက ဝိညာဉ်စိန်တွေပဲ”

လီဇီချီ အာမေဒိတ် အသံထွက်သွားသည်။ ဝိညာဉ်စိန်ဆိုတာက သူတို့နာမည်အတိုင်း

ဝိညာဉ်ချီစိန်များ ဖြစ်သည်။ ဒါတွေက ဝိညာဉ်ကျောက်တုံးမိုင်းတွင်းများတွင် အဖိုးအတန်ဆုံး အစိတ်အပိုင်းများ ဖြစ်သည်။ ဒါတွေမှာ ဝိညာဉ်ချီ အမြင့်မားဆုံး ပါဝင်နေရုံသာမက ခန္ဓာကိုယ်ထဲက မသန့်စင်မှုများကို စုပ်ယူပြီး ကျင့်ကြံသူအား ဝိညာဉ်ချီ စုပ်ယူမှု မြင့်မားစေသည်။

တကယ်လို့ ကျင့်ကြံတစ်ယောက်၏ ဝိညာဉ်ချီ စုပ်ယူမှုက ငါးဆိုပါက ဝိညာဉ်စိန်ကို အသုံးပြုပြီးပါက ကန့်သတ်ချက်သည် တိုးတက်လာပြီး ၁၀ ဖြစ်သွားမည်။ ကျင့်ကြံသူသာ အရည်အချင်းရှိပါက

ဝိညာဉ်ချီစုပ်ယူမှုသည် သုံးဆ ဒါမှမဟုတ် ဒီထက်ပိုပြီး မြင့်မားလာနိုင်သည်။

"ငါးသလဲထိုးလေး ကျေးဇူးတင်ပါတယ်"

လုချီဟွာသည် ဝိညာဉ်ချီနဂါးထံမှာ ဝိညာဉ်စိန်များကို ယူပြီး ဆွန်းမိုထံ ပြေးသွားကာ လက်နှစ်ဖက်နှင့် ပေးလိုက်သည်။

"ဒါက မင်းကို ပေးတဲ့အရာလေ မင်းကိုယ်တိုင် သိမ်းထားလိုက်ပါ"

ဆွန်းမိုက မယူလိုက်ပါ။

လုချီဟွာက ငါးသလဲထိုးလေးကို ကြည့်လိုက်သည်။ သူက မကာန့်ကွက်တဲ့ပုံ လုပ်ပြသည်။

"ဆရာ ဒါက မင်းအတွက် လက်ဆောင်ပဲ"

ဂျီဂျီ

ဝိညာဉ်ချီနဂါးက ဆွန်းမိုကို ယူဖို့ အသံပေးနေပြီး အမူအရာလည်း ပြနေသည်။ ဒါက အဆင့်အတန်းပိုမြင့်တဲ့ ကျောက်တုံး အနည်းငယ်မျှသာ ဖြစ်သည်။ အမောင်တိုက်ကြီးရဲ့

အဆင့်ပိုမြင့်တဲ့ အထပ်များကို လည်ပတ်ပြီး အများကြီး ပြန်ယူလာလို့ ရသည်။

တကယ်တော့ ပိုမြင့်တဲ့ အထပ်က အန္တရာယ်လည်း ပိုများသည်။

ဆွန်းမို တွေဝေနေတာ မြင်လိုက်လျှင် ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးက ထပ်မသည်းခံနိုင်တော့ဘဲ ချောက်ထဲသို့ ပြန်ဝင်သွားသည်။ သိပ်မကြာခင် ဝိညာဉ်စိန်ငါးလုံးနဲ့အတူ ပြန်ထွက်လာသည်။

ဂျီ ဂျီ

ဝိညာဉ်ချီနဂါးသည် သူ့ခန္ဓာကိုယ်ကို ရစ်ခွေပြီး လုချီဟွာ ခေါင်းပေါ်တွင် ထိုင်နေသည်။

“အစ်ကြီးဆုံး အစ်မကြီး နဲ့ ညီမလေး ဒါက မင်းတို့အတွက်ပါ”

လုချီဟွာက ဝိညာဉ်ချီ စိန်လုံးနှစ်လုံးကိုယူကာ ကောင်မလေး နှစ်ယောက်အား ပေးလိုက်သည်။

“ငါ မယူနိုင်ဘူး၊ အဖိုးတန်လွန်းတယ်”

အင်ဘိုင်ဝူက ငြင်းသည်။ ဆွန်းမိုနဲ့ စကားပြောပြီးကတည်းက သူမ အများကြီး

ပြောင်းလဲလာသည်။ ငွေမက်တဲ့စိတ်ကို ထိန်းချုပ်ထားခဲ့သည်။

"ဒါတွေကို သိမ်းထားပြီ နောင်တစ်ချိန်ကျမှ အသုံးပြုပေါ့"

လီဇီချီက ငြင်းဆိုသည်။

"အာ၊ ငါ့ကို လူစိမ်းတစ်ယောက်လို ဆက်ဆံနေတာလား"

လုချီဟွာသည် နှုတ်ခမ်းစူပြီး သူတို့သုံးယောက်ကိုကြည့်ကာ မျက်ရည်ဝဲလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဆရာကလည်း မယူချင်ဘူး။ ညီအစ်မနှစ်ယောက်ကလည်း မယူဘူး။ မင်းတို့က ငါ့ကို မိသားစုလို့ မသတ်မှတ်တာ သေချာတယ်)

လုချီဟွာ အမြင်မှာတော့ မိသားစုဆိုတာ ကောင်းတဲ့ အရာတွေကို မျှဝေသင့်သည်။ ဒါမှလည်း အဓိပ္ပါယ် ရှိမည်။

"မငိုနဲ့တော့"

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပွတ်လိုက်သည်။

"ငါ လက်ခံလိုက်မယ်"

လုချီဟွာက ပြုံးပြီး လီဇီချီကို ကြည့်လိုက်သည်။

“မင်းရဲ့ လက်ဆောင်အတွက် ကျေးဇူးတင်ပါတယ်”

လီဇီချီကလည်း ဆွန်းမို လုပ်တဲ့အတိုင်း လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။

“ဒါဆို ဘာတွေ စောင့်နေသေးတာလဲ. မြန်မြန်သုံးလိုက်တော့”

လုချီဖွာ တိုက်တွန်းလိုက်သည်။ ဝိညာဉ်စိန်ကို အသုံးပြုလိုက်ပါက အဆင့်တက်ဖို့ ပြဿနာ မရှိတာ သေချာသည်။

“မင်းတို့အဆင့်တက်ကြပါ၊ ငါကာကွယ်ပေးမယ်”

ဒီလိုပြောပြီးနောက် အင်ဘိုင်ဝူသည် တံခါးဆီ လျှောက်သွားပြီး အပေါက်စောင့်နေသည်။ လွန်ခဲ့တဲ့ ရက်ပိုင်းကပဲ သူမ အဆင့်တက်ခဲ့သည်။ နောက်တစ်ဆင့် မတက်မီ ကျင့်ကြံခြင်း အခြေခံကို တည်ငြိမ်အောင်လုပ်တာ အကောင်းဆုံး ဖြစ်သည်။

ဆွန်းမိုသည် သူ့တိုက်ရိုက်တပြည့်များ၏ လေးစားကိုးကွယ်တဲ့ အစီအစဉ်ကို တားမြစ်ရန် စိတ်ကူးမရှိပါ။ ပြီးတော့ အမှောင်တိုက်ကြီး ရောက်လာတာ ဖြစ်သဖြင့် ထူးဆန်းပြီး ပြောင်းလဲနေတဲ့ ပတ်ဝန်းကျင်တွင် တိုက်ပွဲစွမ်းရည် မြင့်မားနေတာက သဘာဝအားဖြင့် ပိုကောင်းသည်။

အခြားအချက်တွေကို ဖယ်ထားလိုက်အံ့ တစ်ယောက်ယောက်က လုချီဟွာ၏ နဂါးကို လုယူချင်ပါက သူမ၏ ဆရာတစ်ယောက်အနေနဲ့ သူမကို ကူညီပေး ရမည်။

“ဒါက အိမ်မွေးတိရစ္ဆာန်ကို လိုချင်လို့ ပိုင်ရှင်ကို သတ်တာပဲ”

ဆွန်းမိုက ခေါင်းခါလိုက်ပြီး ပျံ့လွင့်နေတဲ့ စိတ်ကို ထိန်းချုပ်လိုက်သည်။ ဝိညာဉ်စိန်ကို သုတ်ပြီး ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။

ကျင့်ကြံခြင်းကို လည်ပတ်ကာ ဝိညာဉ်ချီကို စုပ်ယူလိုက်သည်။

ဘုန်း

နှစ်ပေါင်းဘယ်လောက်ကြာအောင် စုစည်းထားတဲ့ ဝိညာဉ်ချီတွေ သူ့ပါးစပ်ထဲ ဝင်လာတယ်ဆိုတာ

ဘုရားပဲ သိလိမ့်မည်။ သူတို့က ကြီးမားသော မြစ်လှိုင်းကြီးတစ်ခုလို လှိုင်းလုံးများဖြစ်ပေါ်လာကာ ခန္ဓာကိုယ်အတွင်းရှိ မသန့်စင်မှုများကို သူတို့နှင့်အတူ သယ်ဆောင်သွားသည်။

ရှေ့ဟောင်းအနှိပ်နည်းစနစ်ကြောင့် ဆွန်းမို၏ လှူ့ခန္ဓာကိုယ်အပေါ်နားလည်မှုက သားသတ်သမား တစ်ယောက်လို ကျွမ်းကျင်နေသည်။ ဒါကြောင့်လည်း ဝိညာဉ်စိန်ရဲ့ အကျိုးကျေးဇူးကို ချက်ခြင်း လက်ငင်း ခံစားလိုက်ရသည်။

ပထမဆုံးသုံးတဲ့ အချိန်ပဲ အကျိုးသက်ရောက်မှု ကြီးမားတာက စိတ်မကောင်း စရာပါ။ နောက်ပိုင်း ပိုသုံးလာတာနဲ့အမျှ အကျိုးသက်ရောက်မှုက ကျဆင်းလာမည်။ နောက်ဆုံးတော့ ကန့်သတ်ချက် ရှိနေသည်။

ဆွန်းမိုသည် ကြီးမားသော ဝိညာဉ်ချီများကို အတတ်နိုင်ဆုံး ထိန်းချုပ်ကာ စွမ်းအင်လမ်းကြောင်းထဲပို့ပြီး လည်ပတ်လိုက်သည်။ ဒါပေမယ့် နည်းနည်းတော့ သနားစရာကောင်းသည်။ တစ်ယောက်ယောက်ကသာ သူ့ကို ရှေ့ဟောင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနိုပ်ပညာအသုံးပြုပြီး နှိပ်ပေးပါက အကျိုးသက်ရောက်မှု ပိုကောင်းလာမည်။

သုံးမိနစ်လောက်ကြာတော့ ဆွန်းမို ခန္ဓာကိုယ်ပေါ်တွင် ဝိညာဉ်ချီများ ရုတ်တရက် ပေါက်ကွဲ ထွက်လာသည်။

ဘုန်း ဘုန်း ဘုန်း

လှိုင်း တစ်လှိုင်းပြီး တစ်လှိုင်း ပျံ့နှံ့သွားပြီးနောက် အနီးအနားက ကျောက်ခတ်ပန်းဆွဲများ ရိုက်ခတ်ခံရကာ ကြွေမွသွားသည်။

ဝိညာဉ်စိန်က ခန္ဓာကိုယ်ကို သန့်စင်စေပြီး သွေးလောင်ကျွမ်းခြင်း အဆင့်(၅)သို့ အောင်မြင်စွာ ရောက်ရှိသွားသည်။

အဆင့်တက်လာပြီးနောက် ဆွန်းမို၏ အကြားအာရုံနဲ့ အမြင်အာရုံ ရှင်းလင်း လာသည်။ သူမြင်ရတဲ့ ကမ္ဘာက အရင်ထက် ပိုရှင်းလင်း လာသည်။

"ဂုဏ်ပြုပါတယ်။ ဆရာ"

ကောင်မလေးသုံးယောက်က ချက်ခြင်းပဲ ဂုဏ်ပြုစကားများ ပြောကြသည်။

"ဘယ်သူ အရင်လုပ်မှာလဲ"

သူတို့ကို မေးမြန်းပြီးနောက် ဆွန်းမိုသည် လီဇီချီနှင့် လုချီဟွာတို့အား ဝိညာဉ်စိန်အတွေ့အကြုံအား ဝေမျှပေးလိုက်သည်။

"အကြီးဆုံး အစ်မကြီး အရင်လုပ်ပါ"

လုချီဟွာက ယဉ်ကျေးစွာ ပြောလိုက်သည်။ သိုင်းမောင်နှမအားလုံးထဲတွင် လီဇီချီကို အလေးစားဆုံး ဖြစ်သည်။

"ဒါဆို ဆရာကို ဒုက္ခပေးရတော့မယ်"

လီဇီချီသည် တင်ပလေခွေထိုင်ပြီး ပါးစပ်ထဲသို့ ဝိညာဉ်စိန် ပစ်ထည့်လိုက်သည်။

ဝိညာဉ်ချီရဲ့ အနှစ်သာရ ထွက်လာလျှင် သူမ ခန္ဓာကိုယ်ထဲ ပျံ့နှံ့ပြီး နာကျင်စွာ အော်လိုက်သည်။

ဒီအတွက်လည်း ဖြေရှင်းချက် မရှိပါ။ အခြားသူများနဲ့ နှိုင်းယှဉ်ပါက လှူပ်ရှားမှု စွမ်းရည် အားနည်းသဖြင့် ဖွံ့စည်းပုံ ကလည်း အားနည်းသည်။ ဒါကြောင့်လည်း ဒီလောက်ကြီးမားတဲ့ ဝိညာဉ်ချီကို ချေဖျက်ရခြင်းသည်

သူမအတွက်တော့ နှိပ်စက်ညှင်းပန်းနေခြင်း ဖြစ်နေသည်။

ဆွန်းမိုက ရှေ့ဟောင်း အနှိပ်ပညာကို ချက်ခြင်း အသုံးပြုလိုက်သည်။

ဘုန်း

လက်နှစ်ဖက်နှင့် လီဇီချို၏ ခန္ဓာကိုယ် အစိတ်အပိုင်း အသီးသီးကို နှိပ်နေတုန်း ဂျင်းနီ ပေါ်လာကာ မရေမတွက်နိုင်သော ပုံရိပ်များ ပေါ်လာသည်။

အာလားလား အာလားလား

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျင်းနီဆီက ထူးဆန်းသော ညည်းသံ ပေါ်လာသည်။

သို့သော် လီဇီချီက ချက်ခြင်း နေလို့ထိုင်လို့ ပိုကောင်းလာသည်။

လုချီဟွာက အဝေးကနေ ကြည့်နေသည်။ ရုတ်တရက် နားရွက်တုန်ခါသွားပြီး ၃နာရီထောင့်သို့ ကြည့်လိုက်သည်။

“ဘာဖြစ်လို့လဲ”

အင်ဘိုင်ဝူက ခေါင်းကိုတင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ရင်း မေးလိုက်သည်။

"ချောင်းကြည့်တဲ့ သူ ဒီရောက်နေပြီ"

လုချီဟွာ အနည်းငယ် မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

လီဇီချီသည် အနှောက်အယှက် တစုံတရာ မဖြစ်ဘဲ အောင်မြင်စွာ အဆင့်တက်သွားသည်။ ဆွန်းမို၏ အစောင့်အကြပ်နဲ့ အမြင့်ဆုံး ဝိညာဉ်စိန်တို့ကြောင့် လီဇီချီ၏ အရည်အချင်း မဆိုးဘူးလို့ ခံစားမိသည်။ ဒီလိုအခြေအနေတွင် ကျရှုံးပါက သူမ ကံ တော်တော်ဆိုးတယ်လို့ ပြောရမည်။

"ချီဟွာ မင်းအလှည့်ရောက်ပြီ"

ဆွန်းမိုသည် အနားမယူဘဲ အချိန်တွေအားလုံးကို အကောင်ဆုံး အသုံးပြု ခြင်နေသည်။

"အို"

လုချီဟွာက စိုးရိမ်တကြီးနဲ့

"ငါတို့ကို တစ်ယောက်ယောက်က ချောင်းကြည့်နေတယ်လို့ ခံစားရတယ်"

"အရင်တုန်းက အကြိမ်ကြိမ် ကြုံခဲ့တာနဲ့ အတူတူပဲလား"

လီဇီချီ မေးလိုက်သည်။ အရင်တုန်းကတော့ ချောင်းကြည့်နေတဲ့သူသည် ဝိညာဉ်ချီနဂါးဖြစ်မယ်လို့ ထင်ခဲ့ဖူးသည်။ ဒါပေမယ့် ငါးသလဲထိုးလေးက လုချီဟွာ အနားတွင် ရှိနေပြီဆိုတော့ တခြား ဘာဖြစ်မလဲ။

သူမ တစ်ယောက်တည်း ချောင်းကြည့်ခံနေရတာလား။ ဒါလည်း မဟုတ်သေးဘူး။ သူမက အာရုံခံစားအားကောင်းလို့ တစ်ယောက်တည်း သိတဲ့ သူပဲ ဖြစ်နိုင်သည်။

ပြီးတော့ တစ်ယောက်ယောက်က အနောက်လိုက်နေလျှင် သူ့ကို ဆွဲဆောင်နိုင်တဲ့အရာ တစ်ခုခု ရှိနေတယ်လို့ ပြောလို့ရသည်။ ပုံပန်းသဏ္ဍာန်၊ နေရာဒေသ ၊ အချိန်.........

လီဇီချီသည် လုချီဟွာက ချောင်းကြည့်ခံနေရတယ်လို့ ပြောတဲ့ အချိန်တိုင်းသည် ဆွန်းမိုက လူတိုင်းကို နှိပ်ပေးနေတဲ့ အချိန်ဖြစ်နေတယ်ဆိုတာ ပြန်စဉ်းစားမိသွားသည်။ အမှောင်ထဲမှာ ပုန်းနေတဲ့ အရာက

ရှေ့ပြောင်းနဂါးဖမ်းတဲ့လက်ကို အရမ်းစိတ်ဝင်စားနေတာ ဖြစ်မလား။

"ဆရာ၊ လုချီဟွာကို နှိပ်ပေးတဲ့ အချိန်ကျရင် ကျေးဇူးပြုပြီး အစုံလိုက် အသုံးပြုပေးပါလား"

လီဇီချီ အကြံပြုလိုက်သည်။

ဆွန်းမို အံ့အောသွားသော်လည်း စိတ်ထဲ ထည့်မနေပါ။ ဘယ်လိုပဲဖြစ်ဖြစ် အဓိက လုပ်ရမယ့်သူက ဂျင်းနီပဲ။ သူ့အတွက်ကတော့ ဝိညာဉ်ချီ အနည်းငယ်သာ ပိုကုန်ကာ ထူးပြီး မပင်ပန်းပါ။

လုချီဟွာ အဆင့်တက်ဖို့ စကြိုးစား လိုက်တာနှင့် အာရုံစိုက်ကာ စောင့်ကြည့်နေရသဖြင့် ပတ်ဝန်းကျင်ကို သတိမထားဖြစ်လိုက်ပါ။

"ငါ့ အထင်ပဲ မှားနေတာလား။"

လီဇီချီ စိတ်ရှုပ်သွားသည်။

အဆင့်တက်ရန်ကြိုးပမ်းမှုတွင် လုချီဟွာလိုအပ်တဲ့ တွန်းအားသည် အမှန်တကယ် ကမ္ဘာကြီး တုန်လှုပ်စေသည်။

အမှန်ပဲ၊ ဝိညာဉ်စိန်ထဲတွင် ပါဝင်သော ဝိညာဉ်ချီသည် ခန္ဓာကိုယ် ပြုပြင်ခြင်းအဆင့် မပြောနဲ့

သွေးလောင်ကျွမ်းအဆင့်က လူတစ်ယောက်တောင် အဆင့်တက်ဖို့ လုံလောက်သည်။

သို့သော် ဒီယူဆချက်သည် လုချီဟွာနဲ့ မသက်ဆိုင်ပါ။ အစပိုင်း အဆင့်တက်ဖို့ ကြိုးစားရာတွင် ခန်းမတစ်ခုလုံးရှိ ဝိညာဉ်သလင်းကျောက်များ ထိခိုက်သွားသည်။ သူတို့မှာရှိနေတဲ့ ဝိညာဉ်ချီများသည် လုချီဟွာ ခန္ဓာကိုယ်ထဲဝင်သွားပြီး သမုဒ္ဒရာထဲ ဝင်သွားတဲ့ ရေလို ပျောက်ကွယ်သွားသည်။

ဆွန်းမို အရမ်းစိတ်ပူပြီး ချွေးတွေ စီးကျနေသည်။

သာမန်လူတစ်ယောက်တောင် ဒီလောက် ဝိညာဉ်ချီ အများကြီး စုပ်ယူလိုက်ပါက မီးပုံးပျံတစ်ခုလို ပေါက်ကွဲသွား လိမ့်မည်။ ဒါပေမယ့် လုချီဟွာကတော့ လုံးဝ အေးဆေးပါ။

ဆယ်မိနစ်ကျော်သွားသည်။ ဒါလည်း မပြီးသေးပါ။

အရင်က အာရုံစူးစိုက်မှုရှိတဲ့ လုချီဟွာလည်း စပြီး အာရုံပျံ့ လွင့်လာသည်။

"ဆရာ ဒီမှာပဲ ရှိနေသေးတယ်"

"မေ့ထားလိုက်ပါ"

ဆွန်းမို စိတ်ပူပန်နေသည်။ လုချီဟွာ ခန္ဓာကိုယ်ထဲက ကမ္ဘာကြီး ဘာဖြစ်နေတာလဲ။ ဒီလို လုပ်လို့ မဖြစ်ဘူး။ သူတို့ ပြန်ရောက်ရင် အန်ရှီဝေနဲ့ စကားပြောပြီး သူမအဖိုးရဲ့ ကိုယ်ပိုင်စာကြည့်တိုက်မှာ စုဆောင်းထားတဲ့ အချက်အလက်တွေ ဖတ်ကြည့် ရမည်။

လုချီဟွာ ပြဿနာကို မဖြေရှင်းနိုင်ရင်တောင် အနည်းဆုံးတော့ ဝိညာဉ်ချီ အရမ်းစုပ်ယူနေတဲ့ အကြောင်းအရင်းကို သိရမှ ဖြစ်မည်။

ကံကောင်းထောက်မစွာ ဝိညာဉ်ချီ အများကြီး စုပ်ယူနေတဲ့ အချက်ကလွဲလျှင် ဘာမှ မဖြစ်ခဲ့ပါ။ နောက်ထပ် ငါးမိနစ်လောက်နေတော့ အောင်မြင်စွာ အဆင့်တက်သွားသည်။

ဆွန်းမို သက်ပြင်း အကြီးကြီး ချလိုက်သည်။

"ဆရာ၊ ငါတို့ စွန့်စားကြအုံးမလား"

လုချီဟွာ အရမ်း စိတ်လှုပ်ရှားနေသည်။ သူမ ပိုသန်မာလာတယ်လို့ ခံစားရပြီး အန္တာရာယ်တစ်ခုခုနဲ့ ကြုံတွေ့ရလျှင်တောင် ကိုယ်တိုင် ဖြေရှင်းနိုင်မယ်လို့ ခံစားနေရသည်။

ဆွန်းမို တွေဝေသွားသည်။

"ဆရာ၊ သွားရအောင်၊ အရင် စစ်ဆေးပြီး မြေမျက်နှာသွင်ပြင်ကို လေ့လာလို့ရတယ်။ ငါတို့ကံကောင်းရင်တော့ ရတနာ တချို့ ရလာနိုင်သေးတယ်"

လီဇီချီက ဒါကို ပြောပြီး လုချီဟွာကို တစ်ချက် ကြည့်လိုက်သည်။ သဘော်သီး ကောင်မလေးနောက် လိုက်နေသ၍တော့ သူတို့ ကံမဆိုးနိုင်ပါ။

"ဆရာ"

အင်ဘိုင်ဝူ၏ မျက်လုံးများတွင် ပြင်းပြသော ဆန္ဒများနဲ့ပြည့်နေပြီး ဆွန်းမိုကို ကြည့်နေသည်။

"ကောင်းပြီလေ"

ဆွန်းမိုလည်း ဒီနေရာကို လိုက်စစ်ဆေး ကြည့်ချင်နေသည်။ ဒါက ဂိမ်းဆော့ရသလိုပါပဲ။

နေရာအသစ်ကို ရောက်လျှင် သေချာပေါက် လိုက်ကြည့်မိလိမ့်မည်။ ဒီလိုမှမဟုတ်ရင် ဘယ်လိုပျော်ဖို့ ကောင်းမှာလဲ။

"ချီဟွာ၊ လေ့လာဖို့ကောင်းတဲ့ နေရာရှိမရှိ ငါးသလဲထိုးလေးကို မေးကြည့်စမ်းပါအုံး"

စာစဉ်(၁၈)

အခန်း(၂၅၅) - သွားအိပ်လိုက်ပါ။ အိပ်မက်ထဲမှာ အားလုံးဖြစ်နိုင်တယ်။

“ ငါးသလဲထိုးလေးက ပြောတယ်။ မဆင်မခြင် လျှောက်မသွားကြနဲ့။ ဒီနေရာက နည်းနည်း အန္တရာယ်များတယ်တဲ့”

လုချီဟွာက ဘာသာပြန်ပေးသည်။

"အထူးသဖြင့် အောက်ဖက်မှာ"

"ဇီချီ၊ မင်းဘယ်လိုထင်လဲ"

ဆွန်းမို တိတ်ဆိတ်သွားသည်။

"ဝိညာဉ်ချီ ဘာကြောင့် ဒီလောက် သိပ်သည်းနေရတာလဲ။ အနည်ဆုံးတော့ ငါတို့ အဖြေရှိသင့်တယ် မဟုတ်လား"

လီဇီချီသည် သိချင်စိတ် ပေါက်ကွဲ ထွက်နေသည်။

"ဝိညာဉ်ချီက အောက်ဖက်ကနေ ထွက်လာတယ်လို ငါးသလဲထိုးလေးက ပြောတယ်၊ မဟုတ်လား။ ငါတို့ သွားလေ့လာ ကြတာပေါ့"

"ကောင်းပြီလေ၊ ဒါပေမယ့် ငါ့စကားတော့ နားထောင်ရမယ်။ ငါပြန်ဆုတ်လို့ ပြောတာနဲ့ ဘယ်သူမှ ကန့်ကွက်လို့ မရဘူး"

ဆွန်းမိုက ညွှန်ကြား လိုက်သည်။

ဝိညာဉ်ချီနဂါးသည် မြေအောက်နန်းတော် အောက်ဖက်သို့ မဆင်းချင်ပေမယ့် လုချီဟွာ သွားချင်တာကြောင့် ဘာမှ မတတ်နိုင်

ဖြစ်နေသည်။ မှားယွင်းသော လမ်းကိုလျှောက်ပြီး အန္တရာယ် မတွေ့စေချင်တဲ့အလို့ငှာ ဆက်ဦးဆောင်ရအုံးမည်။

သူတို့ဆင်းတာ ပိုနက်လာလေ ဝိညာဉ်ချီက ပိုအားကောင်းလာလေဖြစ်နေပြီး နံရံမှာလည်း ဝိညာဉ်သလင်းကျောက်များ ပိုဖြစ်ထွန်းနေသည်။

သူတို့ ထုတ်လွှင့်တဲ့ အလင်းရောင်ကြောင့် လမ်းတစ်ခုလုံး လင်းထိန်ရန် လုံလောက်နေသည်။ အပြာရောင် အလင်းတန်းတွေကြောင့် အံ့မခန်းနေရာတစ်ခုသို့ ရောက်သွားသလို ဖြစ်နေသည်။

ဆွန်းမိုနှင့် နောက်ထပ်သုံးယောက်သည် မီးတုတ်ကို လွှင့်ပစ်လိုက်သည်။

ငါးမီတာလောက်မြင့်တဲ့ လေဝိညာဉ်သည် သူတို့အနားက ဖြတ်လျှောက်သွားသည်။

"အရမ်းကြီးတယ်"

နံရံနောက်မှာ ပုန်းနေသော လုချီဟွာသည် သူမ ရင်ဘက်ကို ပုတ်ပြီး နှလုံး တဆက်ဆက် တုန်နေသည်။

ဒီနေရာမှာရှိနေသော လေဝိညာဉ်များသည် အရင်တွေခဲ့တဲ့ လေဝိညာဉ်များနဲ့ မတူဘဲ

အရေအတွက်လည်း နည်းပါးသည်။ သူတို့က ပြောင်းလဲထားတဲ့ ပုံစံ တစ်မျိုး ဖြစ်နေသည်။ သူတို့သည် အရွယ်အစားကြီးမားရုံသာမက ပိုလည်း သန်မာသည်။

သူတို့ ခန္ဓာကိုယ်များကို အပြာရောင် ဝိညာဉ်သလင်းကျောက်တွေနဲ့ ဖွဲ့စည်းထားပြီး အဆစ်များကို လေဆင်နှာမောင်း များစွာနဲ့ ချိတ်ဆက်ထားသည်။

အလင်းထုတ်လွှင့်နေသောကြောင့် သူတို့သွားလာနေတဲ့ အခါတွင် ရောမလူသားပုံစံ မီးပြတိုက်တစ်ခုနဲ့ တူနေသည်။

ဝိညာဉ်ချီနဂါးသည် ဝိညာဉ်ချီအတက်အကျကို အာရုံခံစားမှု အကဲဆတ်လွန်းသောကြောင့် အဲဒီသက်ရှိပုံစံများကို ရှောင်ရှားနိုင်ခဲ့သည်။

ဒီလမ်းတစ်လျှောက်တွင် ဆွန်းမိုသည် သက်ရှိပုံစံမျိုးစုံကို တွေ့မြင်ခဲ့သည်။ သို့သော်လည်း သူတို့သည် ဝိညာဉ်ချီ ထူထပ်ကြွယ်ဝသော

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နေရာတွင် နှစ်ပေါင်းများစွာ နေလာခဲ့သဖြင့် ဗီဇ ပြောင်းလဲသွားသည်။

သူတို့အားလုံးနီးပါးသည် ဝိညာဉ်သလင်းကျောက်အခွံကနေ ပေါက်ဖွားလာကြသည်။

"ဒါတွေအားလုံးက ပိုက်ဆံတွေပဲ"

အင်ဘိုင်ဝူ မျက်လုံးများ အရောင်တောက်ပနေသည်။ သူမက ဒီနေရာမှာရှိတဲ့ သက်ရှိတွေအားလုံးကို သတ်ပြီး ရောင်းချခြင်တဲ့ ဆန္ဒ ပြင်းပြနေသည်။

"ဒီနေရာက အဆင်မပြေလောက်ဘူး"

ဆွန်းမိုက ရုတ်တရုတ် ခြေလှမ်းကို ရပ်တန့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

လုချီဟွာ စိတ်ရှုပ်သွားသည်။

"ငါတို့ လွန်ခဲ့တဲ့ မိနစ်အနည်းငယ်က တွေ့ခဲ့တဲ့ သက်ရှိပုံစံတွေက ပုံမှန်မဟုတ်ဘူး။ ငါတို့ အမှောင်မျိုးစိတ်တစ်ခုခုရဲ့ နယ်မြေထဲကို ရောက်နေတာ ဖြစ်နိုင်တယ်"

ဆွန်းမိုပြောနေတုန်းပဲ အရှေ့ဘက်ထောင့်က အနီရောင် မီးလုံးကြီး နှစ်လုံး တောက်ပလာသည်။ ထို့နောက် တိုင်ကီတစ်လုံးထက် ကြီးမားသော ဂဏန်းကြီး တစ်ကောင် လက်မများ တဖျောက်ဖျောက် ညှပ်ကာ ရွတ်စိကနဲ တွားသွားထွက်လာသည်။

ဆွန်းမိုက နတ်ဘုရားမျက်စိ အာရုံကို ဖွင့်လိုက်သည်။

"ဗီဇပြောင်းနေတဲ့ ကျောက်ဂဏန်း၊ သာမန် တိုက်ခိုက်ရေးအစွမ်းရှိတယ်။ ဒါပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗီဇပြောင်းထားသောကြောင့် လေးလံတဲ့ ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသကဲ့သို့ အရမ်းကြွခိုင်သည်။

မှတ်ချက်။ ။ ဉာဏ်ရည်သည် သာမန်ထက် နည်းနည်း နိမ့်ကျသည်။ ဒေါသကြီးပြီး အသားစားသည်။ အောက်မေးစေ့သည် အားနည်းချက် ဖြစ်သည်။

‘”ဆရာ၊ အခု ငါတို့ ပြန်ဆုတ်ကြမလား”

လီဇီချီက မေးသည်။

“ကြောက်လန့်နေစရာ မလိုဘူး”

တကယ်တော့ ဆွန်းမိုသည် ပြည်နယ်ကိုးခုမှ မဟုတ်သဖြင့် သူ၏ အတွေ့အကြုံများသည် ဒီနေရာနဲ့ လိုက်လျောညီထွေ မဖြစ်သေးပါ။ ဒီဂဏန်းကို မြင်လိုက်လျှင် သူ့ရဲ့ အတွေးအခေါ်က ရောင်းလိုက်လျှင် ဘယ်လောက် ရမလဲ ဖြစ်နေသည်။

တကယ်လို့ ဂဏန်းအမသာဆိုရင် ဗိုက်ထဲမှာ ဥ ဘယ်နှစ်လုံး ရှိမလဲ။ ပြီးတော့ လက်မကြီး နှစ်ချောင်းသည် အသားတွေနဲ့ ပြည့်နေသည်။

ကြက်သွန်ဖြူဆော့နှင့် ဟန်နီဂယ် ဘီယာနဲ့သာ တွဲပြီး စားသောက်လိုက်ရင် လုံးဝ အရသာ ရှိနေမည်။

ကျောက်ဂဏန်းရဲ့ အရှိန်က မြန်လာသည်။

ဆွန်းမိုက ပေါက်ကွဲမီးတောက် တက်တူးကို ဆုတ်ဖြဲလိုက်သည်။

ပထမတွင် မီးပွားအနည်းငယ် တောက်လာပြီး မီးလှိုင်းအများကြီး ဖြစ်ပေါ်လာသည်။ သူတို့သည် စက္ကန့်အနည်းငယ်အတွင်း အုန်းသီး အရွယ်အစားရှိတဲ့ မီးလုံးတစ်လုံး အဖြစ်သို့ ပြောင်းသွားကာ ကျောက်ဂဏန်းဆီ ပြေးဝင်သွားသည်။

ဘုန်း

မီးလုံးကြီးက ကျောက်ဂဏန်းကို ထိမှန်သွားသည်။ မြင်ကွင်းသည် တင့်ကားတစ်စီးက လောင်ချာ ထိမှန်ပြီး ပေါက်ကွဲ သွားတာနဲ့တူနေသည်။

ဖလောက် ဖလောက်

ဂဏန်းအခွံ ကွဲအက်လွင့်ထွက်သွားက တဖြုတ်ဖြုတ် အသံများ ထွက်ပေါ်လာသည်။

ဗီဇပြောင်းသွားတဲ့ ကျောက်ဂဏန်းရဲ့ ကာကွယ်ရေးသည် တကယ် ကောင်းမွန်သည်။ ဒီလိုမျိုး မီးလုံးနဲ့ ထိမှန်ပြီး ပြင်းထန်တဲ့

ပေါက်ကွဲမှုဖြစ်သွားသော်လည်း မသေသေးပါ။ သို့သော် မပြေးနိုင်တော့ဘဲ နံရံနဲ့ထိမှန်သွားသည်။

အင်ဘိုင်ဝူ ရှူရှိုက်လိုက်သည်။

“အနံ့လေးက နည်းနည်းကောင်းသလိုပဲ”

“စနစ်၊ ဂဏန်းအစပ်ဘာဂါ အတွက် ပါဝင်ပစ္စည်းအဖြစ် ဗီဇပြောင်းသွားတဲ့ ကျောက်ဂဏန်းကို အသုံးပြုလို့ရလား”

ဆွန်းမိုက မေးလိုက်သည်။

သူ့တွင် ဂဏန်းအစပ်ဘာဂါအတွက် အမှောင်ချက်နည်း တစ်ခု ရှိသည်။

ဟင်းချက်နည်းအတိုင်း ပြင်ဆင်ထားတဲ့ ဂဏာန်းအစပ်ဘာဂါကို စားသုံးပြီးပါက လူသည် စိတ်ကြွမ်း ကိုယ်ကြွမ်း ဖြစ်လာကာ ဒေါသထွက်လွယ်လာမည်။ သူတို့ရဲ့ တိုက်ပွဲ စွမ်းရည်လည်း သုံးမိနစ်လောက် သိသိသာသာ မြင့်တက်လာမည်။

“ငါက မင်းအမေ မဟုတ်ဘူး။ ကိုယ့်ဘာသာ လေ့လာစရာရှိ လေ့လာ။ အချိန်တိုင်း ငါ့ကို လာမမေးနဲ့”

စနစ်က ပြန်ပြောသည်။

"မင်း ရာသီလာနေလို့လား။ ဘာဖြစ်လို့ စိတ်ဆိုးနေတာလဲ"

ဆွန်းမိုက လက်မခံဘဲ စောဒက ပြန်တက်သည်။

အင်ဘိုင်ဝူသည် ဂဏာန်းခန္ဓာကိုယ်ကို ကောက်ဖို့ လုပ်လိုက်သော်လည်း ခြေလှမ်းအနည်းငယ် လှမ်းလိုက်ပြီးနောက် ရပ်တန့်သွားသည်။ ကျောက်ကဏန်းတွေ အုပ်စုလိုက် ထောင့်စွန်း တစ်ခုမှ ထွက်ပေါ်လာသည်။ ဒီအကောင်လောက် မကြီးပေမယ့် အရေအတွက် တော်တော်များသည်။

ကလောက် ကလောက်

ကျောက်ဂဏန်းတွေ တလှုပ်လှုပ် ထွက်လာတာမြင်လိုက်လျှင် အသည်းငယ်တတ်တဲ့လူဆိုပါက ခေါင်းတွေကျိန်းပြီး ဆံပင်တွေ ထောင်တက်လာကာ နှလုံးခုန်ရပ်ပြီး သေသွားမည်။

"ဘာတွေ ကြောင်နေတာလဲ ၊ မြန်မြန်ပြေး"

ဆွန်းမိုက လီဇီချီ လက်ကိုဆွဲပြီး အမြန်ထွက်ပြေးလိုက်သည်။

ကျန်ကွမ်လင်သည် မကြာခင်က ဖြစ်ပျက်ခဲ့တဲ့ အခြေအနေများကြောင့် စိတ်အခြေအနေ အဆင်မပြေ ဖြစ်နေသည်။ တစ်ကမ္ဘာလုံးနဲ့ ရန်ဖြစ်နေရသလို ခံစားနေရသည်။

နိုင်ငံခြားတွင် သုံးနှစ်လောက် ကျောင်းတက်ပြီးနောက် အောင်မြင်မှုများနဲ့ ပြန်လာခဲ့သည်။ ဝိညာဉ်တက်တူးလေ့လာတဲ့ နယ်ပယ်တွင် သူ့ရဲ့ကျွမ်းကျင်မှုသည် ဗဟိုပြည်နယ်အကယ်ဒမီတွင် အနည်းဆုံးတော့ ထိပ်တန်းသုံးယောက်ထဲ ဝင်မယ်လို့ သူ

ထင်ခဲ့သည်။ ပြီးတော့ သူ့ရဲ့ ထူးချွန်တဲ့ အရည်အချင်းကို ပြသပြီး နာမည်ကြီးလာရမည်။ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ အကျော်ကြားဆုံး ဆရာ ဖြစ်လာမည်။ လျိုမူဘိုင်က ဘာလဲ ဘောသွားစားလိုက်။

ဒီလိုဖြစ်သွားရင် အန်ရှီဝေကို ချစ်ရေးဆိုမည်။ သူ့ရဲ့ ရုပ်ရည်နဲ့ အရည်အချင်းကို သဘောကျပြီး လက်ထက်ဖို့ ချက်ခြင်း သဘောတူမည်။

အဲဒီနောက် အန်ရှီဝေက ရာထူးကို စွန့်လွှတ်ပြီး သူ့ကို ကူညီ လိမ့်မည်။ သူက

ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး ဖြစ်လာကာ မဟာကိုးပါး အဆင့်အထိရောက်အောင် ကျောင်းကို ဦးဆောင်သွားမည်။

ဒီလို အောင်မြင်မှုတွေကြောင့် သူ့အတွက် ကြေးရုပ်ထု ထုလုပ်ဖို့ ကျောင်းက ငွေသုံးစွဲမည်။ ကျောင်းသားအားလုံး ကြည်ညိုလို့ ရအောင် ကျောင်းအရှေ့တွင် ရုပ်ထုကြီး တစ်ခု တည်ထားမည်။

ကြည့်စမ်းပါဦး၊ ဘယ်လောက် ပြည့်စုံတဲ့ ဘဝလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ကွမ်လင် အားလုံး စီစဉ်ထားပေမယ့် ပထမခြေလှမ်းနဲ့တင် ခြေကျင်းဝတ် လည်ခဲ့ရသည်။ မဟုတ်သေးဘူး။ ခြေကျင်းဝတ်လည်ရုံသာမက ခြေထောက်ကျိုးမတတ် ဖြစ်ခဲ့ရသည်။

တောခွေးနက်ကြီး ဆွန်းလို့ ခေါ်တဲ့ ဆရာအသစ်တစ်ယောက်ကြောင့် သူ့အစီအစဉ် အားလုံး ပျက်ဆီးခဲ့ရသည်။

နတ်ဘုရားလက်လား။

ဒီဂုဏ်သတင်း ကြီးမားလွန်းလို့ စိတ်ပျက်အားငယ် ခဲ့ရသည်။ ရှုံးနိမ့်မှုကို လက်မခံခြင်လို့ သူကျွမ်းကျင်တဲ့

နယ်ပယ်ဖြစ်တဲ့ ဝိညာဉ်တက်တူး ဘာသာရပ်နဲ့ ယှဉ်ပြိုင်မလို့ လုပ်လိုက်သော်လည်း ဆွန်းမိုက ဒီနယ်ပယ်တွင် ကြောက်ဖို့ကောင်းလောက်အောင် အောင်မြင်နေတာ တွေ့လိုက်ရသည်။ ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးများ၊ ဝိညာဉ်တက်တူးရဲ့ ရိုးရှင်းသော ပုံစံများ၊ လျင်မြန်စွာ ရေးဆွဲခြင်း၊ သူမသိတဲ့ ဝိညာဉ်တက်တူးတွေတောင် ပါသေးသည်။

ဆွန်းမို လွယ်လွယ်ကူကူနဲ့ လုပ်နိုင်တဲ့ အရာအားလုံးကို သူ မလုပ်နိုင်ခဲ့ပါ။

ကျန်ကွမ်လင် အပြတ်အသတ် ရှုံးနိမ့်ခဲ့ရသည်။ သူ့ရဲ့ လှပတဲ့ အိပ်မက်ကလေး ရိုက်ချိုးခံခဲ့ရကာ ခြေနင်းကျောက်တုံး တစ်တုံး ဖြစ်ခဲ့ရသည်။ ဒီတစ်သက်တော့ ဆွန်းမိုကို နင်းချေပြီး အန်ရှီဝေနဲ့ လက်ထက်ဖို့ မဖြစ်နိုင်တော့ပါ။

ဒါပေမယ့် တိမ်တိုက်တိုင်းတွင် ငွေရောင်ပါတယ်ဆိုတဲ့ သတင်းကောင်း ရှိသေးသည်။ နှစ်သစ်မှာ ဖက်ထုပ် မစားတဲ့သူ ရှိလို့လား။

ကျန်ကွမ်လင်သည် သူ့အရှေ့က ရှေ့ပေါင်းပလ္လင်ကို ကြည့်ကာ ထိန်းမနိုင်သိမ်းမရ

စိတ်ထဲ တုန်လှုပ်နေသည်။ တဟားဟားနဲ့ အကျယ်ကြီး အော်ရယ်လိုက်သည်။

"ဟားဟား"

"ဟားဟား"

ဒီခံစားချက်သည် သူ့ဘာသာ အိပ်ရာထဲ ထိုင်နေတုန်း ကံကောင်းခြင်း နတ်သမီးက သူမဘာသာ ဘောင်းဘီ ချွတ်ပြီး ရောက်လာသလိုပဲ။

ကျန်ကွမ်လင်သည် သူ့မှာ လုပ်နိုင်စွမ်း တချို့ ရှိလို့ ဂုဏ်ယူနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငယ်စဉ်ကတည်းက စာအုပ်တွေ အများကြီး ဖတ်ခဲ့သည်။ သူ့အဖေ ကျန်ဟန်ဖူသည် ထက်မြတ်ပြီး ရာထူး တစ်ခု ရယူထားနိုင်ကာ အရင်ကျောင်းအုပ်ကြီးရဲ့ သဘောကျမှုကို ရခဲ့သည်။ ဒါကြောင့် ကျောင်းအုပ်ကြီးထံမှ လမ်းညွှန်ချက် ယူဖို့ အခွင့်အရေးအများကြီး ရခဲ့သည်။ သူဖတ်ချင်တဲ့ စာအုပ်ကို ငှားရမ်းဖို့ ကျောင်းအုပ်ကြီးရဲ့ သီးသန့် စာကြည့်တိုက်ကိုတောင် သွားနိုင်သေးသည်။

သူ့အရှေ့က ယစ်ပလ္လင်ကြီး အကြောင်း မသိသော်လည်း ဆိုးရွားတဲ့ အရာတော့ မဖြစ်နိုင်ပါ။

အဆောက်အအုံ၏ အခြေခံပုံစံ၊ အလေးအမြတ်ထားတဲ့ ပုံစံနှင့် ကျောက်ထည်ပစ္စည်းတို့၏ သက်တမ်းသည် ရှေးခေတ်က ဖြစ်နိုင်သည်။ ခတ်နှိပ်ထားတဲ့ တံဆိပ်ပုံစံကလည်း ရှေ့ဟောင်း ဖြစ်နိုင်သည်။

“ဒီမှာ ဘာတံဆိပ်ပဲ ခတ်နှိပ်ထားပါစေ၊ ဒီနေ့က စပြီး ငါ့ကျွန်ပဲ ဖြစ်ရမယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ကွမ်လင် အရမ်း ဂုဏ်ယူနေသည်။

ဒီလို ရှေ့ဟောင်းတံဆိပ် ခတ်နှိပ်နိုင်တဲ့ အဖွဲ့အစည်းတွင် အလွန်အားအောင်းတဲ့ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် တစ်ခု တော့ရှိရမည်။ တကယ်လို့ အဲဒါက ကျွန် ပဋိညာဉ် စာချုပ် ချုပ်ဖို့ ဆန္ဒရှိလျှင် လွတ်မြောက်အောင် ကူညီပေးမည်။

စဉ်းစားကြည့်လေ။ နှစ်ပေါင်းများစွာ တံဆိပ်ခတ်ခံထားရတဲ့ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် ဒါမှမဟုတ်

အနှစ်တစ်သောင်းလောက် အဖမ်းခံထားရတဲ့ အရာက လွတ်လပ်ခြင်းရဲ့ ဖြားယောင်းမှုကို ခံနိုင်ရည် ရှိပါ့မလား။

တောင့် မခံနိုင်ပါဘူး။

ကျန်ကွမ်လင်သည် သူလိုက်ဖမ်းနေတဲ့ တံခါးရှစ်ခု တိမ်တိုက်က ဒီလိုနေရာသို့ ပြေးလာမယ်ဆိုပြီး အိပ်မက် မမက်ထားပါ။ ဒါက ရုပ်ဖျက်ပြီး ရောက်လာတဲ့ ကောင်းချီး တစ်မျိုးပဲ။

“ကြားရလား၊ တကယ်လို့ ဖြေနိုင်ရင် ပြန်ဖြေပေး”

ကျန်ကွမ်လင်   အော်လိုက်သည်။

ဒီ ယစ်ပလ္လင်သည် ကြေးဝါးဖြင့် ထုလုပ်ထားပြီး လျှို့ဝှက်ဆန်းကြယ် အထွင့်အမြတ် တကက်တူးနဲ့ ထွင်းထုထားသည်။ သို့ရာတွင် ပလ္လင် အလယ်တွင် ဘတ်စကတ်ဘောကွင်းနှစ်ခုစာကျယ်တဲ့ လှိုဏ်ဂူကြီး တစ်ခု ရှိနေသည်။

ကျန်ကွမ်လင်သည် အစပ်တွင် ရပ်ပြီး တစ်ချက် ကြည့်လိုက်သည်။

အပြာရောင် စမ်းရေကလွဲလျှင် ဘာမှ မတွေ့ရပါ။ ပြီးတော့ ဝိညာဉ်ချီသည် စမ်းရေမှ စိမ့်ထွက်နေသည်။ ဝိညာဉ်ချီက အရမ်းသိပ်သည်းလှသဖြင့် လူတောင် မူးယစ်သွားနိုင်သည်။

ဒါကိုမြင်လိုက်လျှင် ကျန်ကွမ်လင် ဝမ်းသာသွားပြန်သည်။ သူက ရတနာ တစ်ခုမရခဲ့ရင်တောင် ဝိညာဉ်သလင်းကျောက်တွေသည် ကြီးမားတဲ့ ကံကြမ္မာ တစ်ခု ဖြစ်နေပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒီမှာ တစ်ယောက်ယောက် ရှိလား။ မရှိရင် ငါထွက်သွားတော့မယ်”

ကျန်ကွမ်လင် အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။ (ငါ့ ခန့်မှန်းချက်ပဲ မှားနေတာလား။) သူအနည်းငယ် ဝေခွဲမရ ဖြစ်နေတဲ့အချိန်တွင် ဂုဏ်သိက္ခာကြီးမားပြီး ကျက်သရေရှိတဲ့ ရှေ့ဟောင်းအသံကြီး တစ်ခု ဆင်းသက်လာသည်။

"အရေးမပါတဲ့ ပိုးကောင်၊ ရှေးဘုရင်ကြီး အိပ်နေတာကို နှောက်ယှက်ဖို့ ဘယ်သူ သတ္တိပေးလိုက်တာလဲ"

ကျန်ကွမ်လင် စိတ်ဓါတ်ကျသွားသည်။ အမှန်တိုင်းပြောရလျှင် ဒီအသံကို ကြားပြီး အနည်းငယ် သတ္တိနည်းသွားကာ ကြောက်ရွံ့ ထိတ်လန့်လာသည်။ သို့သော် ဒီခံစားချက်များသည် တုန်လှုပ်ပြီး စိတ်လှုပ်ရှားမှု အဖြစ်သို့ ပြောင်းလဲသွားသည်။

"ကြောက်စရာ အကြောင်းမရှိဘူး။ ဒါက ရှေ့ပေါင်းတံဆိပ် အခတ်ခံထားရတာ မလွတ်မြောက်နိုင်ဘူး။ ဒီလိုမှမဟုတ်ဘဲ ဒီလို ရေးခတ်ဘုရင်တစ်ပါးပေါ်လာလျှင် အမှာင်တိုက်ကြီး တစ်ခုလုံး ဖောက်ထိုးမိုးမျှော်ဖြစ်နေတာ ကြာလှပြီ"

ကျန်ကွမ်လင်သည် သူ့ကိုယ်သူ နှစ်သိမ့်လိုက်သည်။ သူ့အတွက် အကျိုးအမြတ်များအောင် ဘယ်လိုညှိနှိုင်းရင် ကောင်းမလဲဆိုတာ စဉ်းစားနေသည်။

"ဟဲဟဲ၊ နည်းနည်း ငိုက်နေတာလား။ ဒီနေရာကနေ လွတ်မြောက်ဖို့ ယုံကြည်ချက် မရှိဘူး ထင်တယ်"

ကျန်ကွမ်လင် ရယ်မောလိုက်သည်။

"မင်းကို ဒီနေရာကနေ ထွက်နိုင်အောင် လွတ်မြောက်မှုပေးဖို့ ငါတစ်ယောက်ပဲ ကူညီနိုင်တယ်"

ခန်းမ တစ်ခုလုံး တိတ်ဆိတ်သွားပြန်သည်။

ကျန်ကွမ်လင် မျက်မှောင်ကြုတ်သွားသည်။ နှုတ်ဆိတ်နေတာထက် တစ်ဖက်သား

ဒေါသထွက်နေတာက ပိုကောင်းသည်။ တိတ်ဆိတ်နေလျှင် သူဘာတွေးနေလဲဆိုတာ ဆုံးဖြတ်ဖို့ ခက်သည်။

“ဒါပေမယ့် ဒီတစ်ခါတော့ ငါက အောင်နိုင်သူဖြစ်ကို ဖြစ်ရမယ်”

ကျန်ကွမ်လင် ကျိန်ဆိုလိုက်သည်။

“ဆွန်းမို၊ မင်းစောင့်နေလိုက်။ ဒီရှေ့ဟောင်းဘုရင်ကြီးကို သိမ်းသွင်းပြီးရင် ဒီနေရာက ထွက်လာတာနဲ့ ပထမဆုံး ငါသတ်မယ့်သူက မင်းပဲ”

စာစဉ်(၁၈)

အခန်း(၂၅၆) - ဒါက ငါ့ရတနာပဲ ထိတဲ့လူတိုင်းသေရမယ်။

ကျန်ကွမ်လင် အမြန်မလိုပါ။ ဒီလိုအရာတွေက စိတ်ရှည်ဖို့ လိုသည်။

ဒါပေမယ့် ပြဿနာက ဒီနေရာကို လူဝင်လာလျှင် ဘယ်လို လုပ်မလဲ။

လူတိုင်းသည် တံခါးရှစ်ခု တိမ်တိုက်ကို ခြေရာခံရန်အတွက် ယာယီအဖွဲ့များ ဖွဲ့ပြီး ခရီးအနည်းငယ် ထွက်လာခဲ့ကြသည်။ ညနေပိုင်းတွင် ခြေရာ လုံးဝပျောက်သွားသည်။

ရွေးချယ်စရာ မရှိတော့ဘဲ ရှာဖွေမှု တိုးမြှင့်ရန်အတွက် လှုစုခွဲခဲ့ကြသည်။

“ငါနဲ့ လမ်းကြောင်းတူတဲ့ လူတွေက ကူရှုပ်ရှင်း၊ ကျုံးရှန်ရီ၊ ဒူမန်နဲ့ ရီဂျီမင် ပဲရှိတယ်။ လေးယောက်ထဲက အနည်းဆုံး နှစ်ယောက်လောက်တော့ ရောက်လာနိုင်တယ်”

ကျန်ကွမ်လင် ဒီနေရာကို ရောက်လာတဲ့ အကြောင်းကလဲ သူ့ကံက မဆိုးပဲ ရှေ့ဟောင်းဝိညာဉ်တက်တူး အကျိုးကြောင့်

ဖြစ်သည်။ ဒါကလည်း ရှေ့ဟောင်းလက်စွဲ စာအုပ်က လေ့လာခဲ့လို့ ဖြစ်သည်။

လက်ရှိ အသုံးပြုသူတို့သည် ဒီတက်တူးကို အမှန်တကယ် အသုံးပြုချင်သော်လည်း အဖြေမှန်ရဲ့ ၁၀ ရာခိုင်နှုန်းသာ ဖော်ထုတ်နိုင်သေးသည်။

ကျန်ကွမ်လင်သည် တံခါးရှစ်ခု တိမ်တိုက်ကို ဘယ်နေရာမှာမှ ရှာမတွေ့တော့တာနဲ့ ဝိညာဉ်တက်တူး လမ်းညွှန်မှုနောက် လိုက်ကာ ဂူထဲ ရောက်လာခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်လျှောက်လုံးလမ်းလျှောက်ပြီး ဒီနေရာအထိ ရောက်လာခဲ့တာဖြစ်သည်။

ဒီဂူရဲ့ အစိတ်အပိုင်းတချို့က သွားလာဖို့ ခက်သည်။ တချို့ နေရာတွေဆို အားသုံးပြီး ဖြိုခွဲခဲ့ရသည်။

တံခါးရှစ်ခု တိမ်တိုက်ရဲ့ ဆွဲဆောင်မှု အားကြီးလွန်းလို့သာ ဒီလိုမှမဟုတ်ပါက လမ်းတစ်ဝက်မှာ အမှန်တကယ် လက်လျှော့ သွားမိလိမ့်မည်။

ထို့နောက် ဝိညာဉ်ချီ ပိုအားကောင်းလာတယ်လို့ ခံစားမိကာ စိတ်ဓါတ် ပိုတက်ကြွလာသည်။ သူက ဝိညာဉ်ကျောက်တုံးမိုင်းတစ်ခု ရှာတွေ့မယ် ထင်ထားခဲ့သော်လည်း ယစ်ပလ္လင်တစ်ခုကို မထင်မှတ်ဘဲ တွေ့ခဲ့သည်။

ဒါက ဝိညာဉ်ကျောက်တုံး မိုင်းထက်တောင် ပိုကောင်းနေသေးသည်။

“ဒီလမ်းတစ်လျှောက်မှာ မြင်ခဲ့ရတဲ့ ဝိညာဉ်သလင်းကျောက်တွေက မင်းကြောင့် ဖြစ်ပေါ်လာတာ မဟုတ်လား”

ကျန်ကွမ်လင် ရုတ်တရက် ဒီအချက်ကို တွေးလိုက်မိသည်။

"ပုရွတ်ဆိတ် တစ်ကောင်အနေနဲ့ မင်းရဲ့ စဉ်းစားမှုက မဆိုးဘူး"

အသံကြီးက ပြန်တုန့်ပြန်သည်။

ထို့နောက် ကျန်ကွမ်လင်သည် အနည်းငယ် ပိုလေးစားတဲ့ အသံနဲ့

"မင်းနာမည်ကို လေးစားဖို့အတွက် ကျေးဇူးပြုပြီး ပြောပြပေးပါလား"

"ငါက လေနဲ့ လွတ်လပ်မှုကို လွှမ်းမိုးတဲ့ ရှေ့ဟောင်း ဒြပ်စင် ဘုရင်တစ်ပါးပဲ။ လေတိုက်တဲ့ နေရာအားလုံးက ငါ့ရဲ့ နေရာပဲ။ လေအသံကို ကြားရတဲ့ သက်ရှိသတ္တဝါ အပေါင်းတို့က ငါ့ရဲ့ လူတွေ ဖြစ်တယ်"

လေဘုရင် ဒီလိုပြောလိုက်တဲ့အခါ သူ့ရဲ့ အသံသည် ကျယ်ပြောပြီး လေးလံကာ နှလုံး တဆက်ဆက်တုန်စေနိုင်တဲ့ ဖိအားများ ပါဝင်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီတံဆိပ် အခတ်ခံထားရတဲ့ ဘုရင်ကြီးသည် အရမ်းအစွမ်းထက်သည်။ ပြီးတော့ နှစ်ထောင်ပေါင်းများစွာ ကြာပြီးနောက် ခတ်ခဲ့တဲ့ တံဆိပ်သည် အနည်းငယ် ပျက်ဆီးကာ ရှေ့ဟောင်းဘုရင်ကြီးရဲ့ ဝိညာဉ်ချီများ ယိုစိမ့်ထွက်လာသည်။ အချိန်ကြာလာတာနဲ့ အမှုဝိညာဉ်တောင်ပံ ချောက်ကမ်းပါး ဖြစ်ပေါ်လာသည်။

ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးမှာ ဘာကြောင့် လေဝိညာဉ် ရှိနေတာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါတွေအားလုံးသည် လေဘုရင်၏ကိုယ်မှ ဝိညာဉ်ချီ စိမ့်ထွက်လာတဲ့ စွမ်းအားကြောင့် ဖြစ်သည်။ ဒါက ထူးဆန်းပြီး ပုံစံမျိုးစုံ ပြောင်းလဲနေတဲ့ ဝိညာဉ် ဒီရေ၏ အကြောင်းအရင်းလည်း ဖြစ်သည်။

"တံဆိပ်ချိုးဖျက်ဖို့ ကူညီပေးနိုင်တယ်။ ဒါပေမယ့် မင်းက ငါ့ကို ဘာအကျိုးအမြတ် ပေးမှာလဲ"

ကျန်ကွမ်လင် အနည်းငယ် သွေးတိုးစမ်းရန် ဆုံးဖြတ်လိုက်သည်။

"အကျိုးကျေးဇူးလား၊ ဘာမှ မသိတဲ့ ပုရွတ်ဆိတ်။ ငါ ပေါ့ပါ့ပါးပါး မှုတ်ထုတ်လိုက်တဲ့ ဝိညာဉ်ချီက မင်းလို ပုရွတ်ဆိတ်တစ်ကောင်ကို အဆင့်တက်အောင် လုပ်ပေးနိုင်တယ်။ ငါက မင်းကို ဘာအကျိုးအမြတ် ပေးနိုင်လဲလို့ တကယ်မေးတာလား"

လေဘုရင် လှောင်ပြောင်လိုက်သည်။

"ဟား ဟား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ကွမ်လင် အေးစက်စွာ ရယ်မောလိုက်သည်။ (ဒီလို လှည့်ကွက်လေးတွေ သုံးပြီး ငါ့ကို ပထုတ်ချင်နေတာလား။ ငါ့ကို တေုံးများ မှတ်နေလား)

"ငါ မင်းကို လေတောင်ပံ တစ်စုံ ပေးနိုင်တယ်။ ဖြန့်ကျက်လိုက်ရင် မိုးကုတ် စက်ဝိုင်းမှာ ရွေ့လျားနေတဲ့ တိမ်တွေအပြင် စီးဆင်းနေတဲ့ ရေတံခွန် အထိတောင် ရောက်အောင် သွားနိုင်မယ်"

လေဘုရင်၏ လေသံသည် လက်ဆောင်ပေးချင်တဲ့ ခံစားချက်နဲ့ ပြည့်နေသည်။

"ငါ ပျံသန်း နိုင်မှာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ကွမ်လင် အနည်းငယ် စိတ်လှုပ်ရှားသွားသည်။

"ပရွှတ်ဆိတ်တစ်ကောင်က ပျံ့သန်းမယ့် စိတ်ကူးကို ဘယ်လိုသတ္တိနဲ့ စိတ်ကူးရဲတာလဲ"

လေဘုရင် လှောင်ပြောင်လိုက်သည်။

"နောက်တစ်ခု မရှိတော့ဘူးလား"

ကျန်ကွမ်လင် လျှာသပ်လိုက်သည်။

"ပုရွှတ်ဆိတ်၊ မင်းလေဘာကို မင်းထိန်းစမ်း။ ငါ့ရဲ့ လေဘုရင်ခန်းမမှာ ပေါ်လာတဲ့ လူသားတစ်ယောက ် သာသာပဲ"

လေဘုရင်က လှောင်ပြောင်လိုက်သည်။

“ငါ့မှာ ရွေးချယ်စရာတွေ အများကြီး ရှိသေးတယ်”

“ဘယ်သူ ရှိသေးတာလဲ”

ကျန်ကွမ်လင် မေးလိုက်သည်။

“ဘာလို့ မခန့်မှန်း ကြည့်တာလဲ”

လေဘုရင်က တဟားဟားနဲ့ ကျယ်လောင်စွာ အော်ရယ်လိုက်သည်။

"ငါက တံဆိပ်ခတ်ခံထားရလို့ ရွေးချယ်စရာမရှိဘဲ ပုရွတ်ဆိတ်နဲ့ တွဲလုပ်ရရင်တောင် အစွမ်းထက်တဲ့ ပုရွတ်ဆိတ်နဲ့ တွဲလုပ်မယ်။ ဒါကြောင့် အချင်းချင်း သတ်ဖြတ်ကြပါ။ အောင်နိုင်သူသာ ငါနဲ့ စကားပြောဖို့ အရည်အချင်း ရှိတယ်"

ဒီစကားကို ကြားလိုက်လျှင် ကျန်ကွမ်လင်ရဲ့နားရွက် လှုပ်ခတ်သွားပြီး ခန်းမအဝင်ဝသို့ ဆတ်ကနဲ လှည့်ကြည့်လိုက်သည်။

"ဘယ်သူလဲ၊ ဒီက ထွက်သွားစမ်း"

ဆွန်းမို လမ်းလျှောက်ဝင်လာသည်။

သတ်ဖြတ်ခြင်းတဲ့ အကြည့်ခြင်း ဆုံသွားသည်။

"ဆွန်းမို"

ကျန်ကွမ်လင် အံ့အောသွားသည်။ ဆွန်းမိုကို ဒီနေရာမှာ တွေ့မယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့ပါ။

"ဆရာကျန်"

ဆွန်းမိုက နှုတ်ဆက်လိုက်သည်။

"ဟန်ဆောင် ယဉ်ကျေးနေစရာ မလိုဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ကွမ်လင်က ဓါးအရှည် ဆွဲထုတ်လိုက်သည်။ ဒီနေရာမှာရှိနေတဲ့ အရာကို ရလိုက်လျှင် မျိုးနွယ်စု တစ်ခုအား နှစ်ပေါင်း တစ်ထောင်လောက် တိုးတက်ကြီးပွားလာစေနိုင်သည်။ ဒါကြောင့် ဘာပဲကိစ္စပဲဖြစ်ဖြစ် ကျန်ကွမ်လင်သည် ရအောင် ယူသွားမည်။

“ဆရာ”

အင်ဘိုင်ဝူ လမ်းလျှောက် ဝင်လာသည်။ ဆွန်းမို ဘေးမှာ ရပ်လိုက်ပြီး တိုက်ခိုက်ချင်တဲ့ ပုံစံနဲ့ ကြည့်လိုက်သည်။

"နောက်ထပ် နှစ်ယောက် ရှိသေးတယ် မှတ်လား၊ ပုန်းမနေနဲ့။ ငါ့ကို သူငယ်နှပ်စားလေး ထင်နေတာလား"

ကျန်ကွမ်လင်က လှောင်ပြောင် ရယ်မောလိုက်သည်။

"တောက်၊ ငါတို့ကို တွေ့သွားပြီ"

လီဇီချီ အနည်းငယ် မကျေမနပ် ဖြစ်သွားသည်။ သူမနှင့် လုချီဟွာက ပုန်းခိုပြီး ချောင်းတိုက်ဖို့ အခွင့်အရေး ရှာမည်။ ကျန်ကွမ်လင် စိတ်ရှုပ်သွားစေရန် အင်ဘိုင်ဝူကို ရှေ့ထွက်ခိုင်းလိုက်သည်။ သူတို့ရဲ့ တိုက်ပွဲ ဗျူဟာ ပေါ်ပေါက်သွားတာ စိတ်မကောင်း စရာပါ။

"မင်းတို့ ဒီနေရာကနေ ထွက်သွား၊ အရင်တွေ့ခဲ့တဲ့ ခန်းမကြီးကနေ ပြန်စောင့်နေ"

ဆွန်းမိုက အမိန့်ပေးလိုက်သည်။ ဒါက သေခြင်း၊ ရှင်ခြင်း တိုက်ပွဲဖြစ်ပြီး ချင်လင်

ရောက်လာပြီးနောက် အပြင်းထန်ဆုံး ရန်သူ ဖြစ်သည်။

ကျန်ကွမ်လင် တွေဝေသွားသည်။ အမှန်တိုင်ပြောရလျှင် ဒီကိစ္စကို လျှို့ဝှက်ထားဖို့ အတွက် ဒီကို ရောက်လာတဲ့ လူတိုင်းကို သတ်ပစ်ရမည်။ သို့သော် သူက မြတ်ဆရာတစ်ယောက် ဖြစ်နေသဖြင့် ကျောင်းသားတွေအား ထိခိုက်အောင် လုပ်ဖို့ ခက်နေသည်။

ဒါပေမယ့် ကျန်ကွမ်လင် ဖြေရှင်းချက် တစ်ခု ချက်ခြင်း တွေးမိသွားသည်။

"မင်းတို့ ငါ့အရိပ်အောက်မှာ ခိုလှုံပြီး ဒီကကိစ္စတွေ တစ်ခွန်းမှ ပြန်မပြောဖို့ ကတိပေးရင် မင်းတို့ရဲ့ အသက်ကို ချမ်းသာပေးမယ်"

ဒီဖြေရှင်းချက်က မဆိုးပါ။ လီဇီချီက အရမ်းအဆင့်အတန်းမြင့်သဖြင့် သူမရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည် အားနည်းလဲ ကိစ္စမရှိပါ။ သူမရဲ့ ကျောထောက်နောက်ခံ အားကောင်းနေသ၍ အဆင်ပြေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူကတော့ ဖန်ဝူဂျီတောင် သဘောကျရတဲ့ ပါရမီရှင်တစ်ယောက်ဖြစ်သည်။ ကျန်ကွမ်လင်၏ လမ်းညွှန်မှုအောက်တွင် သူမသည် ထက်မြတ်လာကာ ဂုဏ်သတင်းသည် ပြည်နယ်ကိုးခုအထိ ပျံ့နှံ့သွားလိမ့်မည်။

လုချီဟွာကျတော့ ကျန်ကွမ်လင် တစ်ချက်ကြည့်ပြီး အထင်သေးသွားသည်။ ရင်သားကြီးတာကလွဲလျှင် ကောင်းကျိုး ဘာမှ မရှိပါ။

ထားလိုက်တော့ ၊ နှစ်ခုဝယ် တစ်ခုလက်ဆောင် အခမဲ့ ပရိုမိုးရှင်းလို့ သတ်မှတ်လိုက်မည်။

"အိပ်ရင်း ယောင်နေတာလား"

လီဇီချီရဲ့ တုန့်ပြန်မှုက အရမ်းကောင်းမွန်သော်လည်း သံမဏိခေါင်း မိန်းကလေးကတော့ ဒီလို မဟုတ်ပါ။

"ထွီ၊ ဒီတစ်သက်မှာ ဆရာဆွန်းက ငါရဲ့ တစ်ဦးတည်းသော ဆရာပဲ"

အင်ဘိုင်ဝူက တံတွေးတစ်ချက်ထွေးပြီး တိုက်ခိုက်ဖို့အတွက် ဌက်ဖြူပေါ်

လက်တင်လိုက်သည်။ ကျန်ကွမ်လင်ကို တကယ်မသတ်နိုင်သော်လည်း သူ့ကို ဒဏ်ရာရအောင် လုပ်ပြီး ဆရာနိုင်ဖို့ အခွင့်အလမ်းများအောင် လုပ်ရမည်။ သူမ စိတ်ထဲမှာ ဒီလောက်ပဲ တွေးသည်။

“ဆရာ မရှုံးဘူး”

လုချီဟွာ အရမ်းဒေါသထွက်သွားသည်။ ဒီကောင်ရဲ့ ယုံကြည်မှုက ဘယ်ကရတာလဲ။

“ငါ ဆွန်းမိုကို မသတ်ခင် မင်းတို့ စဉ်းစားဖို့ အချိန် ငါးမိနစ် ပေးမယ်”

ကျန်ကွမ်လင် ယစ်ပလ္လင်ပေါ်တွင် ရပ်ကာ ဆွန်းမိုကို အမြင့်ကနေ ငုံ့ကြည့်လိုက်သည်။ သူ့နှုတ်ခမ်းထောင့် ကွေးသွားအောင် ပြုံးလိုက်ပြီး ခြေထောက်ကို အားထည့်လိုက်သည်။

ရွှတ်စ်

ကျွန်ကွမ်လင်သည် လေးက ပစ်လိုက်သော မြှားတစ်စင်းလို ဆွန်းမို ဆီပြေးဝင်လာသည်။

အေးစက်ပြီး ဖျော့တော့တဲ့ အလင်းရောင် တစ်ခု ဖြစ်ပေါ်လာပြီး ဆွန်းမို နဖူးဆီ ပြေးဝင်သွားသည်။

လီဇီချီကို တိုက်ခိုက်ပြီး လာကယ်တဲ့ ဆွန်းမိုကို တိုက်ခိုက်တာက အထိရောက်ဆုံး နည်းဖြစ်သည်။ သို့သော် ကျန်ကွမ်လင်သည် သူ လုံလောက်အောင် သန်မာတယ်လို့ ခံစားမိပြီး ဒီနည်းလမ်းကို အသုံးမပြုတော့ပါ။

“မင်းကို တရားမျှတစွာ အနိုင်ယူမယ်ကွ”

ဝူရှ်

ဆွန်းမိုက ဖျက်ကနဲ အလင်းတစ်ခုလို ရှောင်လိုက်ပြီး ကျန်ကွမ်လင် ဘေးနားတွင် ပေါ်လာကာ သစ်သားဓါးနဲ့ ခုတ်လိုက်သည်။

ဆောင်းဦးအရောင်

"ဘာ"

ကျန်ကွမ်လင် ရုတ်တရုတ် အံ့အောသွားသည်။ ဆွန်မို အရှိန်က ဘယ်လိုတောင် မြန်နေတာလဲ။ ကျန်ကွမ်လင် ရှင်းရှင်းလင်းလင်း မမြင်ရလောက်အောင်ကို မြန်ဆန်လွန်းသည်။ သူက အလိုလို ရှောင်တိမ်းလိုက်ချင်ပေမယ့် ဒီခါးချက်က ရှောင်ဖို့ မဖြစ်နိုင်ဘူးလို့ ခံစားလိုက်ရသည်။

အခုချိန်တွင် ကျန်ကွမ်လင်သည် သေဆုံးပြီး အဝါရောင် ပြောင်းတော့မယ့် မြက်ခင်းပေါ်တွင်

ရပ်နေသလို ခံစားနေရသည်။ မျက်လုံးရှေ့က ဆောင်းဦးရဲ့ ခံစားချက်က ပြင်းထန်လွန်းပြီး စိတ်ဖိစီးလာသည်။

“ဒါက ဘာနည်းစနစ်လဲ”

ကျန်ကွမ်လင် သည် ထိပ်တိုက် ရင်ဆိုင်ဖို့ကလွဲလျှင် ဘာမှမရှိတော့ပါ။

ချွင်

သစ်သားဓါးနှင့် ဓါးရှည်တို့ ထိပ်တိုက် ထိမိသွားသည်။ တန်ပြန်လာတဲ့ အားကြောင့် ကျန်ကွမ်လင်၏ လက်ကောက်ဝတ် အနည်းငယ်

ထိုကျင်သွားသည်။ သူ့ရဲ့ အရင်အစီအစဉ်က အခွင့်ကောင်းယူပြီး တန်ပြန်တိုက်စစ် ဆင်ဖို့ ဖြစ်နိုင်သည်။ ဒါပေမယ့် ဆွန်းမိုရဲ့ နောက်ထပ် တိုက်ခိုက်မှုက ရောက်လာသည်။

ရွှေကျောက်စိမ်း ခေါင်ရန်း

ဝူရှ် ဝူရှ် ဝူရှ်

ကျန်ကွမ်လင် အမြင်အာရုံထဲတွင် ရွှေရောင် ခေါင်ရန်းပန်းပွင့်ကြီး ပွင့်လာသည်။ ပန်းပွင့်ချပ်များသည် အသွားအား ပါးပါးလှီးမည့် ဓါးအရိပ်များ ဖြစ်သည်။

ကျန်ကွမ်လင် နောက်ဆုတ်လိုက်ပြီးနောက် ဓါးထိပ်ဖျားသည် မိုးသက်မုန်တိုင်းတစ်ခုလို ပြင်းထန်စွာ ဝင်ရောက်လာသည်။

ဒင် ဒင် ချွင်

ကျန်ကွမ်လင်သည် တိုက်ခိုက်မှုအား အစွမ်းကုန် တားဆီးခဲ့သော်လည်း ဓါးချက်တစ်ချက်က သူ့ဓါးချက်ကို ကျော်ပြီးလက်ချောင်းအား ထိမှန်သွားသည်။

"ဆိုးလိုက်တာ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ကွမ်လင်၏ ရိုင်းစိုင်းသော ခွန်အားများ ပေါက်ကွဲထွက်လာသည်။ တချိန်တည်း ခေါင်းကိုလှည့်လိုက်ကာ သစ်သားခါးအား ရိုက်ထုတ်မလို့ လုပ်လိုက်သည်။ သို့သော် သစ်သားခါးသည် အဆိပ်ရှိတဲ့ မြွေတစ်ကောင်က အမဲလိုက်သလို ထူးခြား ဆန်းကြယ်စွာ ဝေ့ဝိုက်သွားသည်။ ရှောင်လိုက်သော်လည်း နဖူးကို ရှပ်ထိသွားသည်။

ဖောက်

ကျန်ကွမ်လင် ခေါင်း နောက်ယိုင်သွားပြီး ခေါင်း တော်တော် နာသွားသည်။ စိတ်ထဲ ကြောက်ရွံ့ ထိတ်လန့်လာသည်။ တကယ်လို့ အလျှင်အမြန် မရှောင်လိုက် နိုင်ပါက ဒီတိုက်ခိုက်မှုကြောင့် ခေါင်းပေါက်ထွက်သွား နိုင်သည်။

"ဆရာ၊ ဆက်လုပ်ထား"

လုချီဟွာက အားပေးနေသည်။

"ဒီလို ဖြစ်နေလို့မရဘူး။ တန်ပြန် တိုက်စစ် ဆင်နိုင်မှ ဖြစ်မယ်။ ဒီလိုမှမဟုတ်ရင် ငါရှုံးတော့မယ်"

ဆွန်းမို၏ တိုက်ခိုက်ရေး အစွမ်းက ဒီလောက် ကြီးမားလိမ့်မယ်လို့ ကျန်ကွမ်လင် မထင်ထားခဲ့ပါ။ ထပ်ပြီး မခုခံရဲတော့ပဲ သူ့ရဲ့ အကောင်းဆုံး တိုက်ကွက်ကို ဖော်ဆောင်ရန် သစ်သားဓါးအားရှောင်ပြီး ဆွန်းမို အနား ကပ်လိုက်သည်။

ကျန်ကွမ်လင်၏ သုံးသပ်ချက်က အရမ်းတိကျသည်။ ဆွန်းမို၏ ကျင့်ကြံခြင်း ကျင့်စဉ်က အရမ်းအံ့အောဖို့ကောင်းပြီး သူတော်စင် အဆင့် ဖြစ်နိုင်သည်။ ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်ကလည်း

ကြောက်ဖို့ကောင်းလောက်အောင် အစွမ်းထက်နေသည်။ ကျန်ကွမ်လင်သည် ထိပ်တိုက် ရင်ဆိုင်လို့ကတော့ မနိုင် နိုင်ပါ။

ဆွန်းမိုက သစ်သားဓါး သုံးနေသဖြင့် ကျန်ကွမ်လင်သည် အားသာချက် ရှိသင့်သည်။ သို့သော်လည်း ဒါက အရာအားလုံးတော့ မဟုတ်ပါ။

“ဆရာသာ သံမဏိဓါးသုံးရင် ဒီကောင် သေသွားတာ ကြာပြီ”

အင်ဘိုင်ဝူ နှုတ်ခမ်းစူလိုက်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အခုတောင် သစ်သားခါးနဲ့ လဲကျမတတ် ဖြစ်နေပြီ”

လီဇီချီက ပြုံးရင်း ပြောလိုက်သည်။

ကျန်ကွမ်လင်သည် အနောက်ခါးကြားတွင် ထိုးထားသော ခါးမြှောင်ကို ဆွဲထုတ်ပြီး ဆွန်းမို ရင်ဘက်အား ထိုးလိုက်သည်။ သို့သော်လည်း ဆွန်းမိုရဲ့ ညာလက်သီးတစ်ချက်က ပိုမြန်နေသည်။

ဘောင်း

ကျန်ကွမ်လင်၏ ဘယ်ဘက်မျက်နှာသည် လက်သီးချက်မိပြီး ယောင်ကိုင်းသွားသည်။

ဆွန်းမိုက ကျန်ကွမ်လင်ရဲ့ ဘယ်ဘက်လက်ကို လှမ်းဖမ်းပြီး ရှေ့တက်လာကာ ဒူးနှင့် ကျန်ကွမ်လင် ရင်ဘက်ကိုအဆက်မပြတ် တိုက်လိုက်သည်။

ဘုန်း ဘုန်း ဘုန်း

ကျန်ကွမ်လင်သည် ဒူးတိုက်ချက်တွေကြောင့် တဖြည်းဖြည်းနဲ့ ပိုမြင့်လာသည်။ သို့သော် ပြန်မကျလာခင် ဆွန်းမို ရုတ်တရတ်ခုန်ပြီး ညာခြေနဲ့ ခေါင်းကို ဖြတ်ကန်လိုက်သည်။

ဘောင်း

ကျန်ကွမ်လင် နောက်ပြန်လန်ကျပြီး မြေပြင်နဲ့ ခေါင်း ပြင်းထန်စွာ ရိုက်ခတ်သွားသည်။ ပါးစပ်နှင့် နှာခေါင်းက သွေးတွေထွက်ကျလာသည်။

'ဟမ်"

မိန်းကလေးသုံးယောက်စလုံး အံ့အောသင့်သွားသည်။ ဒါက ဘယ်လို တိုက်ခိုက်နည်းလဲ။ သူမတို့ အရင်က တစ်ခါမှ မမြင်ဖူးပါ။ သို့သော် ကြမ်းတမ်းတဲ့ အလှတရားနဲ့ ပြည့်စုံနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ကွမ်လင် ဒေါသထွက်ပြီး စိုးရိမ်လာသည်။ သူသည် ငယ်စဉ်ကတည်းက သိုင်းပညာ သင်ယူခဲ့ပြီး ဆွန်းမိုလို သမာရိုးကျ မဟုတ်တဲ့ ပြိုင်ဘက်မျိုးနဲ့ မတွေ့ခဲ့ဘူးပါ။ သူက လက်သီး၊ တံတောင်၊ ဒူးတွေ သုံးပြီး တိုက်ခိုက်သည်။

ကျန်ကွမ်လင် အစောပိုင်းတုန်းက သစ်သားဓါးနဲ့ လက်တွေကိုသာ အာရုံစိုက်ထားခဲ့သည်။ ဒူးနဲ့တိုက်လိမ့်မယ်လို့ မထင်ထားခဲ့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရေးအကြီးဆုံးအချက်က ဆွန်းမိုရဲ့ ပေါက်ကွဲထွက်လာတဲ့ စွမ်းအားသည် အရမ်းပြင်းထန်လွန်းသည်။ ကျန်ကွမ်လင် မြင်လိုက်တဲ့ အချိန်တွင် တုန့်ပြန်ဖို့ အချိန်မရှိတော့ပါ။

ဒီလိုမျိုး တိုက်ခိုက်မှုကို ဘယ်လို ကာကွယ်ရမှာလဲ။

စာစဉ်(၁၈)

အခန်း(၂၅၇) - ဆရာ သတိထား.....။

ဘောင်း

ကျန်ကွမ်လင်သည် နံရံနဲ့တိုက်မိပြီး ပါးစပ်ကနေ နောက်ထပ် သွေးတစ်လုပ် အန်ထွက်သွားသည်။ သူက

သန်မာသဖြင့် မတ်တပ်ရပ်ကာ လက်တုံ့ပြန်ချင်သော်လည်း ဆွန်းမိုက အဆက်မပြတ် တိုက်ခိုက်နေသည်။

“ငါလို..မသာ။ မင်း မပင်ပန်းသေးဘူးလား။ မင်းမပင်ပန်းဘူးဆိုရင်တောင် ဝိညာဉ်ချီ ကုန်ဆုံးပြီး သက်လုံ မကျသေးဘူးလား”

ဒါက မီတာ ပြေးတာနဲ့ တူသည်။ တစ်ခါတိုက်ခိုက်တာက ပြဿနာမဟုတ်သော်လည်း ဒီအမြန်နှုန်းနဲ့ မီတာ ၁,၀၀၀ ဆက်တိုက်ပြေးဖို့ကတော့ သေချာပေါက် မဖြစ်နိုင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခုဆိုရင် ဆွန်းမိုက မီတာ တစ်ရာ ပြေးတဲ့ အရှိန်နဲ့ မီတာ တစ်ထောင် ပြေးနေသလို ဖြစ်နေသည်။

ကျန်ကွမ်လင် ဒီလိုတွေးနေတုန်း လက်သီးတစ်လုံးက မျက်နှာကို လာမှန်သည်။

ဘောင်း

ကျန်ကွမ်လင် လဲကျသွားသည်။ မြေပြင်နဲ့ ရိုက်မိတဲ့ အရှိန်ကြောင့် အရမ်းနာကျင်သွားသည်။ ဆွန်းမိုရဲ့ အရှိန်အဟုန်က ရပ်တန့်သွားပြီး ပြန်ချိန်ညှိရန် အကွာအဝေးတစ်ခုအထိ

ဆုတ်လိုက်သည်။ လက်တုံ့ပြန်ချင်တာလား။ လာနောက် မနေနဲ့။

ဒီအခြေအနေတွင် သူ လက်တုံ့မပြန်နိုင်ခင် ဆွန်းမိုက အဆက်မပြတ် ရိုက်နှက်နေသည်။

ဆွန်းမိုက ကျန်ကွမ်လင်အား ဟန်ချက်ပြန်ထိန်းရန် အခွင့်အရေးမပေးဘဲ အနားကပ်ကာ အဆက်မပြတ် ရိုက်နှက်နေသည်။

“ဒါမှ ဆရာကွ’

လုချီဟွာသည် ဆွန်းမိုက ကျန်ကွမ်လင်းအား အနိုင်ရနေတာ မြင်လျှင် ဝမ်းသာအားရ

အောင်ဟစ်လိုက်သည်။ ဒီလူသားက အံ့အောစရာကောင်းပြီး လုချီဟွာရဲ့ ဆရာဖြစ်သင့်တယ်လို့ ဝိညာဉ်ချီ နဂါးကလည်း တွေးနေသည်။

လီဇီချီနှင့် အင်ဘိုင်ဝူတို့သည် လုချီဟွာလောက် မနုံအပါ။ တိုက်ပွဲကို ကြည့်ရင်း မျက်လုံးကြီးပြူးကာ ပါးစပ်ကြီး အဟောင်းသား ဖြစ်နေသည်။ တိုက်ပွဲရှုံးသွပ်သူသာ ဆိုလျှင် နယ်နမိတ်ကို ဖြတ်ပြီး ကမ္ဘာသစ်တစ်ခုကို မြင်သွားလိမ့်မည်။

ဒီလိုမျိုးလည်း တိုက်လို့ ရတာလား။

ဆွန်းမို လုပ်ရပ်ကြောင့် မိန်းကလေးနှစ်ယောက်၏ ပုံမှန်ခံယူချက်များ ပျက်ပြားသွားသည်။

ကျင့်ကြံသူများကြားက တိုက်ခိုက်မှုနှင့် သတ်ဖြတ်မှုသည် ပြင်းထန်ပြီး တိုက်ခိုက်မှုတစ်ခုစီတိုင်းက သွေးစွန်းနိုင်သည်။ သူ့ရဲ့ တိုက်ခိုက်ချက်တွေကတော့ သိမ်မွေ့ကာ လှုပ်ရှားနေပြီး သွေးအေးတဲ့ပုံက ကြည့်ရှုသူအား အရမ်းကို ကျေနပ် နှစ်သိမ့်သွားစေသည်။

သို့သော် ဆွန်းမို တိုက်ခိုက်တဲ့ ပုံစံက ထူးဆန်းသည်။

ဆွန်းမိုက ခန္ဓာကိုယ်ကို အကောင်းဆုံး အကျိုးရှိအောင် အသုံးချသော်လည်း အစွန်းရောက်လွန်းသည်။

ဥပမာ - ပုံမှန် လူတစ်ယောက်သာဆိုရင် သတ်နိုင်တဲ့ အကွာအဝေးကို ရောက်လျှင် ဓါးနဲ့ လွဲခုတ်လိမ့်မည်။ သို့သော် ဆွန်းမိုက ဓါးကို လွှတ်ချပြီး တံတောင်၊ ဒူး ဒါမှမဟုတ် ကြံ့ရာ အဆင်ပြေရာနဲ့ တိုက်ခိုက်နိုင်သည်။

"ဇီချီ၊ ဓါး ဒါမှမဟုတ် ဓါးပြားတစ်ခုစွမ်အားက လက်သီး ဒါမှမဟုတ် ခြေထောက်ထက် ပြင်းထန်သင့်တယ်မဟုတ်လား။ ဘာဖြစ်လို့ ကျန်ကွမ်လင် ရှုံးနိမ့်နေတာလဲ"

လီဇီချီက ဦးနှောက်ကောင်းသဖြင့် အင်ဘိုင်ဝူက မေးလိုက်သည်။

လီဇီချီက တိတ်ဆိတ်နေပြီး မျက်လုံးကြီးပြူးကာ ဆွန်းမိုကို လေ့လာနေသည်။ သူမလည်း နားမလည်ပါ။

တကယ်တော့ အကြောင်းပြချက်က ရိုးရှင်းလွန်းသည်။ ဆွန်းမိုက သဏ္ဍာန်မဲ့မြင့်မြတ် စကြ်ာဝဠာကျင့်စဉ်၏ ကူးယူးခြင်းကို အားကိုးထားခဲ့သည်။ ကျန်ကွမ်လင် လှုပ်ရှားမှု မလုပ်ရသေးခင် ဆွန်းမိုက ရှေ့တစ်လှမ်းတိုးပြီး နှောက်ယှက်ထားခဲ့သည်။

ဆွန်းမိုက သစ်သားဓါးနဲ့ ကျန်ကွမ်လင်၏ တိုက်ခိုက်မှုအား ကာကွယ်နိုင်သော်လည်း အနီးကပ်တိုက်ပွဲတွင် ပြိုင်ဘက်အား လက်သီး၊

ခြေထောက်၊ တံတောင် ဒါမှမဟုတ် ဒူးသုံးပြီး တိုက်ခိုက်တာက ပိုလွယ်သည်။

အရင်တိုက်နိုင်တဲ့လူက အသာစီးရမည်။

ဆွန်းမိုသည် တိုက်ခိုက်ရေး ရုပ်ရှင်အများကြီး ကြည့်ရှုထားခဲ့သဖြင့် သူ့ရဲ့ အတွေးအမြင်က ပြည်နယ်ကိုးခုက လူများနဲ့ ကွဲပြားနေသည်။

ဆွန်းမိုအတွက် အရေးကြီးတာက ပြိုင်ဘက်အား ဘယ်နည်းနဲ့မဆို ချေမှုန်းနိုင်ဖို့ပဲ ဖြစ်သည်။ သို့သော် ပြည်နယ်ကိုးခုက ကျင့်စဉ်များ၏

လူသတ်လျှို့ဝှက်အကွက်များသည် ကောင်းမွန်သောကြောင့် အများစု သုံးဖြစ်ခဲ့သည်။

ဒီကိစ္စမှာ ကျန်ကွမ်လင်အား ဆိုးဝါးစွာ တိုက်ခိုက်ချင်နေသည်။ သူက အကောင်းဆုံး လျှို့ဝှက် ထုတ်သုံးဖို့ ကြိုးစားနေသော်လည်း ထင်သလောက် မရိုးရှင်းပါ။

ဘောင်း

ကျန်ကွမ်လင် လွင့်ထွက်ပြီး ယစ်ပလ္လင်ပေါ် ပြုတ်ကျသွားသည်။ ဒီတစ်ကြိမ်တွင်

နှာခေါင်းရိုးကျိုးပြီး မေးစေ့အောက်ပိုင်းကလည်း စုတ်ပြတ်သတ်နေကာ သွေးတွေ စိမ့်ထွက်နေသည်။

"မင်းက သွေးလောင်ကျွမ်းခြင်း အဆင့်(၄) မဟုတ်ဘူးလား။ ဘာကြောင့် အရမ်းသန်မာနေရတာလဲ"

ကျန်ကွမ်လင်က ဆွန်းမိုကို ကြည့်ရင်း မေးခွန်းထုတ်လိုက်သည်။ ကောင်းကင်ဘုံက သူ့ကို ဟာသလုပ်နေသလို ခံစားရသည်။

"အို၊ အဲဒါက အရင်တုန်းကပါ။ အပေါ်က ခန်းမကြီးတစ်ခုမှာ ဝိညာဉ်စိန် အသုံးပြုပြီး

အဆင့်တက်ပြီးပြီ၊ အခု ငါ့က သွေးလောင်ကျွမ်းခြင်း အဆင့်(၅) ရောက်နေပြီ”

“အဆင့်(၅)လား”

ကျန်ကွမ်လင် မျက်မှောင်ကြုတ်ပြီး နောင်တရသွားသည်။

(ငါလည်း ဒီလို လုပ်ခဲ့သင့်တယ်။ နေရာတိုင်းမှာလည်း ဝိညာဉ် သလင်းကျောက်တွေ ရှိနေတဲ့ ဟာကို။ ဒီလိုဆိုရင် ဝိညာဉ်စိန်လည်း သေချာပေါက် ရှိနိုင်တယ်။ ဆွန်းမို အဆင့်တက်သွားတာက ပုံမှန်ပဲ။ ငါသာ

လောဘမကြီးဘဲ အဆင့်တက်ပြီးမှ ဆင်းလာရင် ဆွန်းမိုကို တိုက်ခိုက်ဖို့ မခက်တော့ဘူး။)

(မဟုတ်သေးဘူး။ ငါက ပါရမီရှင် တစ်ယောက်ပဲ။ ငါတို့နှစ်ယောက် စလုံး သွေးလောင်ကျွမ်းခြင်း အဆင့် (၅)မှာ အတူတူ ရှိနေရင်တောင် ငါပဲ အနိုင်ရနေအုံးမှာ)

ကျန်ကွမ်လင်က အနိုင်ယူဖို့အတွက် ကျင့်ကြံခြင်း အခြေခံ အားကိုးနေရာစလိုဘူးလို့ သူ့ကိုယ်သူ အားပေးလိုက်သည်။ အရင်တုန်းကလည်း သူ့ထက်

ကြွင့်ကြံခြင်း မြင့်တဲ့လူတွေကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြီး အနိုင်ယူခဲ့ဖူးသည်။

"ဆွန်းမို၊ သေစမ်း"

ကျန်ကွမ်လင် အော်ဟစ်ပြီး ဆွန်းမိုဆီ ရုတ်တရက် ပြေးဝင်လာသည်။ အနုနည်းတိုက်နေရင် မအောင်မြင်နိုင်တော့ပါ။ အကောင်းဆုံးတိုက်ကွက်ကို ထုတ်ဖော်ပြီး သေခြင်း၊ ရှင်ခြင်းအား ကံကြမ္မာကို ဆုံးဖြတ်ခိုင်းလိုက်မည်။

မြောက်ပိုင်း ပျံ့လွှားရဲ့ အပြန်။

ကျန်ကွမ်လင် ကိုယ်က ဝိညာဉ်ချီများ စိမ့်ထွက်လာပြီး ဓါးရှည်သည် ပြင်းထန်စွာ တုန်ခါလာကာ စူးစူးရှရှ အသံထွက်လာသည်။ သူ ခုန်ဝင်လာတဲ့တစ်လျှောက် ပျံလွှားတစ်ကောင်ရဲ့ အော်သံများ ဆူညံပြီး ကျန်ခဲ့သည်။

ဝူရှ်

နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် ကျော်ဖြတ်သွားသည်။

ကျန်ကွမ်လင်သည် ခြေလှမ်းအနည်းငယ် လှမ်းလိုက်ကာ ခေါင်းငုံ့ပြီး ဓါးကိုင်ထားတဲ့

ညာလက်ကို ကြည့်လိုက်သည်။ ထို့နောက် နောက်ပြန်လှည့်လိုက်ပြီး ဆွန်းမိုကို လှမ်းကြည့်လိုက်သည်။

"ငါ လက်မခံနိုင်ဘူး......."

ကျန်ကွမ်လင် အသံသည် နာကျင်စွာ အော်ဟာစ်နေတဲ့ ကြက်ဖတစ်ကောင်နဲ့ တူနေသည်။ ပါးစပ်ကလည်း သွေးတွေ စီးကျလာသည်။

ပျော်ရွှင်စရာ ကောင်းတဲ့ ဘဝတစ်ခုကို မစတင်ရသေးခင် အဆုံးသတ်ရတော့မည်။ ဘာကြောင့်လဲ။ အခုချိန်တွင် ကျန်ကွမ်လင်သည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကောင်းကင်ဘုံက သူ့အား အရှုံးလုပ်နေသလို ခံစားနေရသည်။

(မင်းက ငါ့ကို ခွင့်မပြုနိုင်ဘူးဆိုလည်း အန်ရှီဝေနဲ့ တွေ့ခွင့် မပေးခဲ့သင့်ဘူး။ လေဘုရင် ခန်းမကိုလည်း ရောက်လာခွင့် မပေးခဲ့သင့်ဘူး။ မင်းက သူ့ကို တွေ့ခွင့်ပေးမယ်ဆိုရင် ငါ့ကို တွေ့ခွင့်မပေးနဲ့လေ။ အရမ်းရက်စက်တာပဲ)

ပလောက် ပလောက်

ကျန်ကွမ်လင် ရင်ဘက်ကနေ သွေးတွေ စီးကျနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မင်းနောက်ဆုံးအနေနဲ့ ဘာမှာချင်လဲ။ ငါမင်းကို ကူညီပြီး ပြောပေးနိုင်တယ်”

ကျန်ကွမ်လင်၏ စရိုက်တွင် ချို့ယွင်းချက်အချို့ ရှိနေသော်လည်း ဆွန်းမိုက အရည်အချင်း ပြည့်မီတဲ့ ဆရာတစ်ယောက် ဖြစ်နေဆဲလို့ ခံစားရသည်။ အနည်းဆုံးတော့ ဆွန်းမိုကို ခြိမ်းခြောက်ရန် ကျောင်းသားတစ်ယောက်ကို ဖမ်းပြီး ဓါးစာခံ မလုပ်ခဲ့ပါ။ ဒီအစား တရားမျှတစွာ ယှဉ်ပြိုင်ဖို့ ရွေးချယ်ခဲ့သည်။

ဒီစကားကို ကြားလျှင် ကျန်ကွမ်လင် ခဏလောက် ကြောင်သွားသည်။ ထို့နောက် ဆွန်းမိုအား မနာလိုတဲ့ မျက်လုံးနဲ့ ကြည့်လိုက်သည်။ နောက်ဆုံးတော့ သူ့ရဲ့ မနာလိုမှုသည် တောင်းဆိုမှု တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။

“ဆ….ဆရာဆွန်း၊ အ…အန်ရှိဝေကို ကျိန်းသေပေါက် ပျော်ရွှင်အောင် ထားပေးပါ”

ဖုန်း

ကျန်ကွမ်လင် လဲကျသွားသည်။

ဒင်

ကျန်ကွမ်လင်၏ လေးစားအထင်ကြီးမှု အမှတ် +၃၀၊ မှုလ(၃၀/၁၀၀)

“ဆရာ”

ကောင်မလေး သုံးယောက် ဝမ်းသာ အားရ ပြေးလာသည်။

“ဒီလေးစားအထင်ကြီးမှု အမှတ်က ဘာလဲ”

ဆွန်းမို စိတ်ရှုပ်သွားသည်။ (ငါက မင်းကို သတ်လိုက်တာလေ။ မင်းမသေခင်မှာ ဘာဖြစ်လို့ ငါ့ကို

အထင်ကြီးခဲ့တာလဲ။ မင်းက နာကျင်မှုတပ်မက်သူပဲလား)

"ပထမအချက်က မင်းက မောက်မာပြီး မာနကြီးတဲ့ ပုံစံ မလုပ်ခဲ့လို့၊ ဒုတိယအချက်က ကျန်ကွမ်လင်က သူသေချာပေါက်နိုင်မယ့် တိုက်ပွဲလို့ ယုံကြည်ထားခဲ့တယ်။ တတိယအနေနဲ့ မှာချင်တာ ရှိသေးလားလို့ မေးခဲ့တဲ့ မင်းရဲ့ ကြင်နာမှုကို ခံစားမိသွားတယ်။ စတုတ္ထအချက်ကတော့ အန်ရှီဝေကြောင့်ပဲ။ မင်းက သူမကို ပျော်ရွှင်မှု ပေးနိုင်မယ်လို့ မျှော်လင့်သွားတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က ရှင်းပြသည်။

ဆွန်းမို စကားမပြောနိုင်အောင် ဖြစ်သွားသည်။ ကျန်ကွမ်လင်၏ လုပ်ရပ်သည် နောက်ဆုံးအချိန်ထိ ဖားတဲ့လုပ်ရပ်တစ်ခုလို့ သတ်မှတ်ရမလား။ (မင်းက သေခါနီးတောင် မိသားစုကို စိတ်မပူဘဲ အဲဒီအစား အန်ရှီဝေ ပျော်ရွှင်ဖို့ မျှော်လင့်နေတာလား။ မင်းလိုကောင်မျိုးရှိလို့ မင်းကိုတော့ ငါလေးစားတယ်။ ဒါပေမယ့် စိတ်မကောင်းဘူး။ ငါက သူ့မအပေါ်မှာ ဘာခံစားချက်မှ မရှိဘူး)

တစ်ယောက်တည်းသမားအနေနဲ့ ဆွန်းမိုအတွက် အချစ်ဆိုတာ ဘာလဲ. သူလုံးဝ မသိပါ။ အခုချိန်မှာတော့ သူကြိုက်တဲ့ မိန်းမအမျိုးအစားသည် ဂျီမဲဂျီလို မက်မွန်သီးနဲ့တူတဲ့ တင်ပါးရှိသည့် မိန်းကလေးတွေပဲ ဖြစ်သည်။

“ဆရာ၊ ငါတို့ လေဘုရင်နဲ့ ညှိနှိုင်းကြမလား”

အင်ဘိုင်ဝူ အနည်းငယ် တက်ကြွနေသည်။ ဒါက ရှေ့ဟောင်း ဒြပ်စင်ဘုရင် ဖြစ်သည်။ ကောင်းကျိုးတွေ ဘယ်လောက်တောင် ရလိုက်မလဲ။

"ပညာသင်ဘက် ညီမလေး စိတ်အေးအေးထား"

လီဇီချီက လျှို့ဝှက်ချက်ကို ဝေမျှလိုက်သည်။

" မင်းက တည်ငြိမ်လေလေ မင်းမှာ ဘာဆန္ဒမှမရှိမှာ တဖက်သားက ကြောက်လေလေပဲ"

ဆွန်းမိုနှင့် မိန်းကလေး သုံးယောက်သည် ဒီအနီးအနားတစ်ဝိုက်ကို ရောက်နေတာ တော်တော်ကြာနေပြီ။ ဒါပေမယ့် ယစ်ပလ္လင်ကို မတွေ့ခဲ့ပါ။ လေဘုရင်ရဲ့ အသံကို ကြားပြီးမှ

ပြေးလာကြခြင်း ဖြစ်သည်။ ကျန်ကွမ်လင်အား ချုံခို တိုက်ခိုက်ရန် အမှန်တကယ် ကြံစည်ခဲ့သော်လည်း သူတို့ပုန်းနေတာ လေဘုရင်ရဲ့ စကားတစ်ခွန်းကြောင့် ပေါ်ထွက်သွားသည်။

"သွား ညှိနှိုင်းရအောင်"

ဆွန်းမို မျက်နှာသည် တည်ငြိမ်နေသော်လည်း စိတ်ထဲမှာ အရမ်းတုန်လှုပ်နေသည်။ ဒီခရီးက အရမ်းအကျိုးရှိသွားပြီ။ လေဘုရင်နဲ့သာ ပဋိညာဉ် စာချုပ်ချုပ်နိုင်ပါက သူ့ရဲ့ ဝိညာဉ်သားရဲ ဖြစ်လာလိမ့်မည်.။

ဆွန်းမိုသည် ဘယ်လိုညှိနှိုင်းရင် ကောင်းမလဲ စဉ်းစားရင်း အတွေးထဲ နစ်မြောနေသည်။ ဒီချိန်တွင် အင်ဘိုင်ဝူနှင့်လုချီဟွာ တို့၏ သတိပေးသံ ရုတ်တရက် ပေါ်လာသည်။

"ဆရာ သတိထား....."

ဆွန်းမိုနောက်တွင် ရပ်နေသော မိန်းကလေးနှစ်ယောက်သည် တုန်လှုပ်ခြောက်ခြားတဲ့ အမူအရာ ဖြစ်နေသည်။

ဝူရှီ

တစ်ဝက်တစ်ပျက်သာ မြင်ရတဲ့ မြွားတစ်စင်းသည် နွေရာသီမှာ သေနတ်ပစ်လိုက်သကဲ့သို့ လျှင်မြန်စွာ ပျံသန်းလာသည်။

လုချီဟွာက သူတို့အား တစ်ယောက်ယောက်က ချောင်းကြည့်နေသလို ခံစားရသည်။ အင်ဘိုင်ဝူက သူတို့နောက်မှာ တစ်ယောက်ယောက် လိုက်လာခြင်း ရှိမရှိ သတိထားပြီး စောင့်ကြည့်နေခဲ့သည်။

မိန်းကလေးနှစ်ယောက်သည် ဆွန်းမိုဆီ မြွားတစ်စင်း ပြေးဝင်လာတာ မြင်လိုက်လျှင်

တွေဝေခြင်းမရှိဘဲ ချက်ခြင်း မြွှားအရှေ့သို့ ခုန်ဝင်လိုက်သည်။

"ဝေးဝေးဖယ်"

ဆွန်းမို အော်ထုတ်လိုက်သည်။

ဒီအခြေအနေမှာ သူသည် တိုက်ခိုက်ရေး စွမ်းအားအကောင်းဆုံးသူ ဖြစ်နေသည်။ ဒါကြောင့် သူရှိတဲ့နေရာက အန္တာရာယ် အများဆုံး ဖြစ်နေသည်။

ဒါပေမယ့် အင်ဘိုင်ဝူနှင့် လုချီဟွာတို့ နှစ်ယောက်စလုံး မရပ်တန့်ကြပါ။

အနောက် မြစ်ကမ်းပါးက လ၊ အေးမြတဲ့ ဆောင်း

ဘုန်း

ဆွန်းမို ခန္ဓာကိုယ်က ဝိညာဉ်ချီများသည် တိုင်ဖုန်းမုန်တိုင်း တစ်ခုလို ပေါက်ကွဲထွက်လာကာ လုချီပျှော့နှင့် အင်ဘိုင်ဝူတို့အား တွန်းထုတ်သွားသည်။ တစ်ချိန်တည်းမှာပင် ကာကွယ်ဖို့အတွက် ခါးကြားမှ သစ်သားဓါးအား ဆွဲထုတ်လိုက်သည်။ ထို့နောက် ခါးလှည့်ကာ ပိတ်ဆို့လိုက်သည်။

နောင်တရဲ့ ရနံ့

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ဝက်တစ်ပျက် မြင်ရတဲ့ မြွားသည် သစ်သားခါးနဲ့ ထိမိသွားသဖြင့်ဆွန်းမိုရဲ့ အရေးကြီးတဲ့ သေကွင်းသေကွက်နဲ့ လွဲချော်သွားသည်။ သို့သော်လည်း မြွားရဲ့ စွမ်းအားက ပြင်းထန်လွန်းသည်။ မြွားက ဆွန်းမို ပုခုံးထဲအထိ နှစ်မြုပ်သွားသည်။

ဖောက်

သွေးတွေ ဖြာကျလာသည်။ ဆွန်းမို ဟန်ချက်ပျက်ပြီး လွင့်ထွက်သွားသည်။

ဝူရှ် ဝူရှ် ဝူရှ်

နောက်ထပ် တစ်ဝက်တစ်ပျက် ဖောက်ထွင်းမြင်ရတဲ့မြှားသုံးချောင်း ထပ်ပေါ်လာသည်။

"ဆရာ"

လုချီဟွာ အစိုးရိမ်လွန်ပြီး သူ့ဆီပြေးဝင်လာသည်။

"ဒီကို မလာနဲ့...."

ဆွန်းမို ဖောက်ခွဲထုတ်လိုက်လျှင် သူ့ခန္ဓာကိုယ်အား ရွှေရောင်အလွှာတစ်ခုဖုံးအုပ်သွားသည်။

ဖျက်ဆီးမရတဲ့ ရွှေကိုယ်ထည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစောပိုင်းတုန်းက မိန်းကလေးနှစ်ယောက်ကို တွန်းထုတ်လိုက်ရသဖြင့် ဖျက်ဆီးမရတဲ့ ရွှေကိုယ်ထည်အား ထုတ်လွှင့်ဖို့ အချိန်မရလိုက်ပါ။ ဒဏ်ရာရတဲ့အတွက် နှောင်တမရပါ။ မိန်းကလေးနှစ်ယောက်က အသက်စွန့်ပြီး သူ့ကို ကယ်ဖို့လုပ်နေတာ မြင်လိုက်လျှင် သူမတို့ကို ကယ်တင်ဖို့အတွက် အသက်စွန့်ရလျှင်တောင် သူအသက်စွန့်လိုက်မည်။

"တောက် ငါ့ဆရာ့ဆီ သွားမိလို့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအခင်းအကျင်းကို မြင်လိုက်လျှင် အင်ဘိုင်ဝူ နောင်တရသွားသည်။ ဆွန်းမိုသာ သူတို့ကို ဂရုမစိုက်ရရင် သူ ဒဏ်ရာမရနိုင်ပါ။

ဘောင်း ဘောင်း ဘောင်း

ဆွန်းမိုက မြွားတစ်ချောင်အား ရိုက်ထုတ်လိုက်သည်။ ဒါပေမယ့် မြွားနှစ်ချောင်း ကျန်နေသေးသည်။ သူ့ခန္ဓာကိုယ်ကို ထိမှန်သွားတာနဲ့ ဖျက်ဆီးမရတဲ့ ရွှေကိုယ်ထည်ကြောင့် ပျက်ဆီးသွားသည်။

ဝူရဲ

ဆွန်းမို ခန္ဓာကိုယ်ပေါ်က ရွှေရောင် အလင်းများ ပျောက်သွားသည်။

သဏ္ဌာန်မဲ့မြင့်မြတ် စကြဝဠာကျင့်စဉ်၏ ဒုတိယအဆင့်သည် ခုခံရေးအစွမ်း အားကောင်းသော်လည်း ခံနိုင်ရည်စွမ်းထက် ကျော်လွန်သွားပါက ပျက်ဆီးသွားလိမ့်မည်။

"တောက် အထင်ကြီးစရာပဲ"

ဆွန်းမိုသည် မြွားသုံးစင်းကြောင့် အနောက်ကို ယိုင်ပြီး ဟန်ချက် ပျက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအချိန်တွင် ငါးခုမြောက်မြွားက ဆွန်းမိုရင်ဘက်သို့ တည့်တည့် ပြေးဝင်လာသည်။

စာစဥ်(၁၈)

အခန်း(၂၅၈) - ခြေလှမ်း တစ်သောင်း ဖျက်ဆီးတဲ့ဓါးချက်။

"အတွဲလိုက်တော့ ပစ်ပြီးသွားပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖန်ဝူအန် သက်ပြင်းချလိုက်သည်။ သူ၏ တင်းမာသော ခံစားချက်လည်း ပြေလျော့သွားသည်။

နောက်ထပ် မြွေးတစ်ချောင်း ပစ်ချင်ခဲ့သေးသည်။ သို့သော်လည်း မြွားငါးချောင်းအတွက် ဝိညာဉ်ချီ အရမ်းကုန်သွားသည်။ သူ အနည်းငယ် အနားယူရမည်။ ဒါကိုတွေးပြီးလက်ထဲက လေးအား ခေါင်းငုံ့ကာ ကြည့်လိုက်သည်။

ဒီလေးသည် လေဝိညာဉ်ခေါင်းဆောင်အား သတ်ပြီးနောက် ကောက်ရခဲ့တဲ့ တိုက်ပွဲ အကျိုးအမြတ် တစ်ခုဖြစ်သည်။ ဒီလေးအတွက် မြွား မလိုအပ်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လေးကြိုးဆွဲပြီး ဝိညာဉ်ချီထည့်လိုက်တာနဲ့ မြှားက အလိုလျောက်ပေါ်လာသည်။ ပြီးတော့ တစ်ဝက်ပဲ မြင်ရသည်။ အလင်းရောင်အောက်တွင် ရှင်းရှင်းလင်းလင်းမြင်ဖို့ အရမ်းခက်သည်။

ဖန်ဝူအန်၏ မြှားပစ်စွမ်းရည်သည် အရမ်းကောင်းသည်။ ဒါကြောင့်လည်း ဆွန်းမို တော်တော်လေး ဒုက္ခ ရောက်သွားသည်။

"ဒီတစ်ကြိမ်မှာ အနိုင်ရတဲ့လူက ငါပဲ"

ဖန်ဝူအန် အရမ်း စိတ်ချမ်းသာနေသည်။

သူက တံခါးရှစ်ခု တိမ်တိုက်အား ခြေရာခံရင်း ဒီနေရာအထိ ရောက်လာခဲ့သည်။ အနီးအနားတွင် လိုက်ရှာနေတုန်း သဲကြီးမဲကြီး တိုက်ခိုက်နေတဲ့ အသံကြားလိုက်ရသည်။ ဒါကြောင့် တိတ်တိတ်လေး ချောက်လာလျှင် ဆွန်းမိုနှင့်ကျန်ကွမ်လင်တို့ကြားက အသက်လုပွဲအား မမျှော်လင့်ဘဲ မြင်လိုက်ရသည်။

အမှန်အတိုင်းပြောရလျှင် ဆွန်းမို၏ စွမ်းဆောင်ရည်က အရမ်းထိတ်လန့်ဖို့ကောင်းသည်။

ဖန်ဝူအန်တောင် နည်းနည်း ကြောက်သွားသည်။ ဒါပေမယ့် ဘာဖြစ်လဲ။ သူသေရင် သေတာပဲ။

"ပုစဉ်းကွဲကို စာကလေးက ချောင်းတယ်။ စာကလေးကို သိမ်းငှက်က ချောင်းတယ်"

(ဒီနေ့တော့ ငါ့ကို ကံကောင်းခြင်း နတ်ဘုရားမက မျက်နှာသာ ပေးပြီ)

ဖန်ဝူအန်သည် ပုန်းတဲ့နေရာက ထွက်လာပြီး မိန်းကလေး သုံးယောက်အား လှမ်းကြည့်လိုက်သည်။ လေဘုရင် ခန်းမ လျှို့ဝှက်ချက်ကို သိတဲ့ လူတစ်ယောက်မှ အလွတ်မပေးနိုင်ပါ။

ဖန်ဝူအန်က အသက်ရှူသံကို တည်ငြိမ်အောင် လုပ်လိုက်သည်။ လေးကိုမြှောက်ကာ အင်ဘိုင်ဝူအား ချိန်လိုက်သည်။ ဒီမိန်းကလေး တိုက်ခိုက်ရေး စွမ်းရည် အမြင့်ဆုံး ဖြစ်တဲ့အတွက် သူမကို အရင်သတ်ရမည်။ သူမ ထွက်ပြေးသွားရင် လိုက်ဖမ်းဖို့ ခက်မည်။

ဝိညာဉ်ချီများသည် လက်ချောင်းမှ စီးဆင်းပြီး မြှားတစ်စင်း ဖြစ်သွားသည်။ ဖန်ဝူအန် မြှားပစ်ခါနီး ဆွန်းမိုအရှေ့တွင် ဖြစ်ပျက်တဲ့ အဖြစ်အပျက်ကြောင့် အရမ်းအံ့အောသွားပြီး

တုန်လှုပ်ချောက်ခြားကာ လှျာကို ကိုက်လိုက်မိသည်။

ဆွန်းမိုသည် ဟန်ချက်ပျက်ပြီး မြွေးကို မရှောင်နိုင်တော့ပါ။ သူနိုင်တာက လက်နှစ်ဖက်ကိုအသုံးပြုပြီး ခေါင်းနှင့် နှလုံးနေရာကို ကာကွယ်လိုက်သည်။ သို့သော်လည်း ဒီနည်းလမ်းက သူ့ကိုယ်သူ ဖြေသိမ့်ရန်သာ အသုံးဝင်သည်။ လေဝိညာဉ်ဘုရင် လေးမှ ပစ်လွှတ်လိုက်သော မြွေးသည် ခန္ဓာကိုယ်ကို ထုတ်ခြင်းပေါက်ဝင်ဖို့

အစွမ်းရှိနေသည်။ “နှလုံးသားမှ လေအေးတိုက်တယ်’ ဖြစ်သွားမည်။

ဒါပေမယ့် ဆွန်းမို အစွမ်းကုန် ရုန်းကန်နေတဲ့အချိန်တွင် ငွေရောင် အလင်းတစ်ခု သူ့အရှေ့မှာ ဖျက်ကနဲ ပေါ်လာသည်။

ရှွတ်စ်

မြွားက အဲဒီအထဲဝင်ပြီး ပျောက်ကွယ်သွားသည်။

ဘုန်း

ဆွန်းမိုမြေပေါ် လဲကျသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အမ်"

ထိုနေရာတွင် ရှိနေသော လူငါးယောက်စလုံး အံ့အောသင့်သွားသည်။

ငွေရောင် တိမ်တိုက်တစ်ခုသည် လေထဲ လွင့်မျောနေသည်။ ရှစ်ထောင့် ပုံစံ ဖြစ်နေသည်။ ဒါက လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် စာရင်းတွင် အဆင့် (၁၀) ဖြစ်တဲ့ တံခါးရှစ်ခု တိမ်တိုက် ဖြစ်သည်။ အနှစ်တထောင်မှ တစ်ခါသာ မြင်နိုင်တဲ့ ရှားပါး ရတနာ တစ်ခုပါ။

"ဘ... ဘာဖြစ်လို့လဲ"

ဖန်ဝူအန် ဦးနှောက်တွေ အရည်ပျော်သွားသလို ခံစားရသည်။ ဆွန်းမိုအတွက် တံခါးရှစ်ခု တိမ်တိုက်က ဘာဖြစ်လို့ ကာကွယ်ပေးရတာလဲ။ သူ့ကို ပြောကြပါအုံး။

မဟုတ်ဘူး၊ မဖြစ်သင့်ဘူး၊ ဒီလိုမှမဟုတ်ရင် ဆွန်းမိုမျက်နှာက ဒီလောက် အံ့အောသင့်နေမှာ မဟုတ်ဘူး။

လုချီဟွာ နှုတ်ခမ်းက အိုပုံစံ ဖြစ်နေသည်။

"ဆရာ"

လီဇီချီ အသိပြန်ဝင်လာသည်။ သူမ ခန့်မှန်းချက် မှန်နေသည်။ တံခါးရှစ်ခု တိမ်တိုက်က သူတို့အနီးအနားတွင် ချောင်းမြောင်းနေသည်။ ဆွန်းမိုရဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်ကို စိတ်ဝင်စားနေတာ သိသာနေသည်။ သူလည်း အနှိပ်ခံပြီး သက်တောင့်သက်သာ ခံစားချင်နေတာ ဖြစ်မည်။

"ဘာကြောင့်လဲ"

ဆွန်းမိုလည်း နားမလည်ပါ။ နည်းနည်းလောက် မှင်တက်ပြီးနောက် အကြောင်းပြချက်အား

စဥ်းစားမနေတော့ဘဲ ဖန်ဝူအန်ဆီ ပြေးဝင်သွားသည်။ သူ့ရဲ့ လေးက အရမ်းအစွမ်းထက်လွန်းသည်။ မြှားပစ်ခွင့် ထပ်ပေးလို့ မဖြစ်တော့ပါ။

အနီးကပ်တိုက်ခိုက်သူနှင့် အဝေးက ပစ်တဲ့သူ။ ဆွန်းမိုမှာ သေချာပေါက် အားနည်းချက် ရှိနေသည်။

ဖန်ဝူအန်၏ တုန့်ပြန်မှုကလည်း အရမ်းလျှင်မြန်သည်။ အင်ဘိုင်ဝူထံကနေ ဆွန်းမိုထံ ချိန်ရွယ်ပြီး မြှားတစ်ချက် ပြစ်လိုက်သည်။

ရွှတ်စ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖောက်ထွင်းမြင်ရတဲ့ မြှားသည် လူအုပ်ကြီး မျက်လုံးအောက်က ပျောက်ကွယ်သွားသည်။ မြန်လွန်းသဖြင့် အရိုန်ကို လိုက်မကြည့်နိုင်အောင် ဖြစ်နေသည်။

ဆွန်းမိုသည် မြှားလမ်းကြောင်းကို ဆုံးဖြတ်နိုင်ရန် အစွမ်းကုန် မျက်လုံးပြူးထားသည်။ သို့သော် သူမတုန့်ပြန်ခင် တံခါးရှစ်ခုတိမ်တိုက်က ဘုန်းကနဲ ဖျက်ကနဲ ဆွန်းမိုအရှေ့ ရောက်လာသည်။

ရွှတ်စ်

မြွားသည် တိမ်တိုက်ကို ထိမှန်ပြီး ပျောက်ကွယ်သွားသည်။ မြွားက ဘယ်နေရာကို ရောက်သွားလဲဆိုတာ ဘယ်သူမှ မသိပါ။

"ဘောပဲ"

ဖန်ဝူအန် ကျိန်ဆဲလိုက်သည်။ အသုံးပြုနေတဲ့ သူတော်စင်လေးကို ချက်ခြင်း လွှတ်ချလိုက်ပြီး ဓါး ဆွဲထုတ်လိုက်သည်။

"ငရဲသွားလိုက်"

ဖန်ဝူအန် ဒေါသတကြီး အော်ဟောက်လိုက်ပြီး အားသွန်ခွန်စိုက် ခုန်ချလိုက်သည်။ ဒါက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမြင့်ဆုံး ခွန်အားနဲ့ အရှိန်ပြင်းတဲ့ ခုတ်ချက် တစ်ချက် ဖြစ်သည်။

ဖူး

ဒီတိုက်ခိုက်မှုကြောင့် ဆွန်းမိုမျက်နှာတွင် ဒဏ်ရာတစ်ခု ဖြစ်သွားသည်။ ဖန်ဝူအန်က လှုပ်ရှားမှုကို ပြောင်းပြီး လည်ပင်းကို ပိုင်းဖြတ်လိုက်တဲ့အခါ သစ်သားဓါးက ဖန်ဝူအန် ပခုံးကို ထိမှန်ပြီး ပခုံးရိုးကျိုးသွားသည်။

ဘုန်း

ရုတ်တရုတ် သက်ရောက်မှုကြောင့် ဖန်ဝူအန် အနောက်သို့ ယိုင်ထွက်သွားသည်။

"ဘောပဲ"

ဖန်ဝူအန် တိတ်တဆိတ် ကျိန်ဆဲလိုက်သည်။ တကယ်လို့ သူသာ လေဝိညာဉ်ဘုရင်နဲ့ အချိန်အကြာကြီး မတိုက်ခိုက်ခဲ့ရင် ခွန်အားတွေ မကုန်ခဲ့ရင် ဆွန်းမိုနှင့် ထိပ်တိုက်ရင်ဆိုင်နိုင်မည်။

ဆွန်းမို တန်ပြန်တိုက်ခိုက်ဖို့ အခွင့်အရေးတောင် မရနိုင်ပါ။

"မျက်နှာပြောင်တယ်"

ဖန်ဝူအန်က ရက်စက်စွာ ပြုံးလိုက်သည်။

"မင်းရဲ့ အမျှော်အမြင်ရှိတဲ့ ဆုံးဖြတ်ချက်က ထွက်ပြေးတာပဲ ဖြစ်လိမ့်မယ်"

ဓါးအပြား၏ ရပ်တည်ချက်

ရွှတ်စ် ရွှတ်စ် ရွှတ်စ်

ဖန်ဝူအန်၏ ဓါးသည် တစ်ချက်တည်းနဲ့ အရိပ်ဆယ်ခု ဖြာထွက်လာသည်။ ဖန်ဝူဂျီ၏ ညီလေး၊ ကျောင်းအုပ်ကြီး ချောင်၏ အထင်ကြီးလေးစားမှုကို ခံရတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတစ်ယောက်အနေနဲ့ သူ၏ တိုက်ခိုက်ရေးအစွမ်းသည် တကယ် သန်မာလှသည်။

ပါရမီရှင်ဆိုတာ ဘာလဲ။

အောင်မြင်ခြင်း လမ်းကြောင်းပေါ်ကို ရောက်နေတဲ့ လူတစ်ယောက်ကို ဆိုလိုသည်။ အကြပ်အတည်းနဲ့ ကြုံနေရတာတောင် အဆုံးမရှိတဲ့ တိုက်ပွဲဝင်စိတ်နဲ့ ပြည့်နေသေးသည်။

ဖန်ဝူအန်သည် တိတ်တဆိတ် ပြန်ဆုတ်သွားပြီး သူ့အစ်ကိုနဲ့ အတူတူ ဒီကို ပြန်လာနိုင်သည်။

သို့သော်လည်း ဆွန်းမိုကို တစ်ယောက်ခြင်းတိုက်လို့ မရှုံးနိုင်ဘူး တွက်ဆထားခဲ့သည်။

ဆွန်းမို၏ အမူအရာ လေးနက်လာသည်။ ဖန်ဝူအန်ဆီက ဖြာထွက်လာတဲ့ ပြင်းထန်မှု အရှိန်အဝါကို ခံစားမိသည်။ ဒါက ကို့ကိုယ်ကို ယုံကြည်မှု၊ ခွန်အားနဲ့ ဂုဏ်ယူမှုပဲ။

"သတ်၊ သတ်၊ သတ်"

ဖန်ဝူအန် ဒေါသတကြီး အော်ဟစ်လိုက်သည်။ နောက်ဆုံး တိုက်ခိုက်မှုတောင် ပိုမြန်လာသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို၏ ရှေ့ပေါင်း လောကနတ်ကျင့်စဉ်သည် ပထမဆုံး အကြိမ်ဖိနှိပ်ခံနေရသည်။ ဒါက သူတော်စင်အဆင့်ကျင့်စဉ်တစ်ခု ဖြစ်သော်လည်း ပစ်မှတ်၏ခန္ဓာကိုယ်ကို မထိမှန်ပါက အသုံးမဝင်ပါ။

ဖန်ဝူအန်သည် ဆွန်းမို၏ တိုက်ခိုက်မှုအားလုံးကို ကာကွယ်နိုင်မယ်လို့ မမျှော်လင့်ထားပါ။ ဒါကြောင့် သူနာ ကိုယ်နာ တိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒီကောင် တော်တော် ရက်စက်တဲ့ ကောင်ပဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက နတ်ဘုရားမျက်စိကို အသက်သွင်းပြီး ဖန်ဝူအန်အား ကြည့်လိုက်သည်။

ဖန်ဝူအန် - အသက် ၂၃နှစ်၊

သွေးလောင်ကျွမ်းခြင်း အဆင့်(၆)

ကြံခိုင်မှု - ၂၈- မွေးရာပါ နတ်ဘုရား ခွန်အားမရှိသော်လည်း သူ့ခန္ဓာကိုယ်က ကြံ့ခိုင်ပြီး တောင့်တင်းသည်။

ဉာဏ်ရည် - ၂၆ - တိုက်ခိုက်ရေးဉာဏ်မှာ ပထမတန်းပဲ။

သွက်လက်မှု - ၂၇ - သူ့ကို လျှင်မြန်မှုနဲ့ ဖိနှိပ်ဖို့ဆိုတာ စဉ်းတောင် မစဉ်းစားပါနဲ့။

ဆန္ဒ - ၃၉ - ဘယ်လို စွန့်လွှတ်ရမလဲဆိုတဲ့ အသိဉာဏ်နဲ့ ပြည့်စုံသည်။ ငယ်စဉ်ကတည်းက မရေတွက်နိုင်တဲ့ အောင်ပွဲများကို ရယူထားပြီး သန်မာကာ မာနကြီးတဲ့ စိတ်နှလုံးကို ထုထောင်ထားသည်။

ခံနိုင်ရည် - ၂၇ -

သူက မင်းကို မသတ်နိုင်ရင်တောင် သေလုနီးပါး ပင်ပန်းအောင် လုပ်နိုင်သည်။

အလားအလာ တန်ဖိုး - အရမ်းမြင့်မား။

မှတ်ချက် ။ ။ အနိုင်ရချင်တဲ့ စိတ်ပြင်းထန်ပြီး အရှုံးကို လက်ခံနိုင်ခြင်း မရှိပါ။ တကယ်လို့ ဖန်ဝူဂျီသာ အရမ်းထူးချွန်ခြင်း မရှိပါက ဖန်ဝူအန်သည် ချင်လင်မြို့ရဲ့ ကျောက်စိမ်း အမွှာနေရာကို သေချာပေါက် အစားထိုးလိမ့်မည်။ သူအသုံးပြုနေတဲ့ ကျင့်စဉ်တွင် အဆင့်ကိုးဆင့် ပါရှိသည်။ နိမ့်ကျသူတော်စင် အဆင့်ကျင့်စဉ် ဖြစ်သည်။

သူ့ ခါးချက်ကြောင့် ဆွန်းမို လက်မောင်း တစ်ဖက်တွင် ဒဏ်ရာ ကျန်ခဲ့သည်။

“ငါနဲ့တိုက်ခိုက်နေတုန်း အာရုံပျံ့နေတာလား။ မင်းငါ့ကို အထင်သေးနေတာလား”

ဖန်ဝူအန် အေးစက်စွာ အော်ဟစ်လိုက်သည်။ အဲဒီနောက်မှာ လက်ထဲက ဓါးအရှည်ကို ပစ်လွှတ်လိုက်ပြီး လက်ချည်းပဲ ရှေ့တက်လာသည်။

လျှို့ဝှက်ဓါးချက်

ဖန်ဝူအန်၏ တန်ပြန်တိုက်စစ် စတင်လာကာ ဆွန်းမိုဆီပြေးသွားပြီး လက်သီး ဗလာနဲ့ တိုက်ခိုက်လိုက်သည်။

"ဘာကြီးလဲ"

အင်ဘိုင်ဝူ တန်းအော်သည်။ ဒီကောင်က ကို့ကိုယ်ကို သတ်သေချင်နေတာလား။ သူမက ပရိတ်သတ်နေရာက ကြည့်နေသဖြင့် ဝှက်ထားတဲ့ဓါး၏ ခြိမ်းခြောက်မှုကို မခံစားမိပါ။

ဆွန်းမိုအတွက် ဓါးမရှိတဲ့ဖန်ဝူအန်သည် ဓါးရှိတဲ့ ဖန်ဝူအန်ထက် ပိုခြိမ်းခြောက်နေသည်။ ပြီးတော့ ပစ်လွှတ်ထားတဲ့ ဓါးကို မနိုင်တဲ့ လက်နဲ့ ထိန်းချုပ်ထားသလိုမျိုး ထူးဆန်းတဲ့ ဒေါင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချိုးအကွေ့များက ထိုးသွင်းကာ ဆွန်းမို မသိအောင် အလစ်ချောင်း တိုက်ခိုက်နေသည်။

ဘောင်း

ဆွန်းမို လက်သီးက ဖန်ဝူအန်ကို ထိမှန်သွားသည်။ သို့သော် ဖန်ဝူအန်၏ တိုက်ခိုက်မှုများက ရပ်တန့်မသွားပါ။ ရုတ်တရုတ် ဓါးသည် ရှိုသံပေးကာ ဆွန်းမို လည်ပင်းဆီ အောက်မှ အပေါ်သို့ ထိုးတက်လာသည်။

ကြက်သွေးရောင် နှုတ်ခမ်း

ဆွန်းမို အနည်းငယ်ပဲ ရှောင်လိုက်နိုင်သည်။ ခါး သွားနှင့် အရေပြားကြားက အသားများကို ခွဲထွက်သွားသည်။

“ဟားဟား မင်းသေတော့မယ်။”

ဖန်ဝူအန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

ဒီအောင်ပွဲသည် သေချာနေသော်လည်း ဖန်ဝူအန် အနည်းငယ် စိုးရိမ်နေသည်။ ဆွန်းမို၏ ကာကွယ်မှုက အရမ်းအထင်ကြီးဖို့ ကောင်းသည်။ ဖန်ဝူအန်သည် အကြာကြီးတိုက်ခိုက်နေသော်လည်း ဆွန်းမိုရဲ့ ကာကွယ်မှုကို မဖြိုခွင်းနိုင်သေးပါ။

လျှို့ဝှက်ချက် ခါးချက်၏ တိုက်ခိုက်မှုများသည် ဦးတည်ရာကို မခန့်မှန်းနိုင်ဘဲ ရုတ်တရက် ဝင်ဝင်တိုက်ခိုက်နေသည်။ ပြိုင်ဘက်များအတွက် အဆိပ်ရှိတဲ့ မြွေရှိနေသည့် မြက်ခင်းပေါ် လမ်းလျှောက်နေရသလို ဖြစ်နေသည်။ မြွေက ဘယ်ကနေမှန်းမသိ ရုတ်တရက် ထကိုက်နိုင်သည်။ မင်းမြင်လိုက်တာနဲ့ သူက ကိုက်ပြီးသား ဖြစ်နေလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သို့သော်လည်း ဆွန်းမိုက ခါးချက်ကို ကာကွယ်ဖို့အတွက် လျှပ်တစ်ပြတ် လှုပ်ရှားနိုင်နေသည်။

သူ့ရဲ့တိုက်ခိုက်ရေးဗီဇက နည်းနည်း ကောင်းလွန်းမနေဘူးလား။

ဆွန်းမိုသည် သဏ္ဌာန်မဲ့မြင့်မြတ် စကြ်ာဝဠာ၏ ကူးယူခြင်း အားကိုးတတ်သောကြောင့် ရှုံးနိမ့်ခြင်းကို ခဏတာ ငတ်မွတ်နေသည်။ တကယ်လို့ သူ့ရဲ့ အမြင်အာရုံမှာ နှေးကွေးနိုင်စွမ်း မရှိရင် ဒီလှုပ်ရှားမှုတွေကို ခြေရာခံလို့ မရနိုင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီအတိုင်း ဆက်မသွားတော့ဘူး)

ဖန်ဝူအန် ခန္ဓာကိုယ် တုန်ယင်လာသည်။ ဒဏ်ရာခံနိုင်ရည်ကလဲ ကုန်လုနီးပါး ဖြစ်နေပြီ။ လေဝိညာဉ်ဘုရင်နှင့်တိုက်ခိုက်မှုကြောင့် ရထားတဲ့ ဒဏ်ရာများသည် ကွဲထွက်လာကာ ပိုကျယ်လာသည်။ ဒါကြောင့် တိုက်ပွဲကို မြန်မြန်အဆုံးသတ်ဖို့ လိုနေပြီ။

ဖောက်

ဖန်ဝူအန် ရုတ်တရက် လက်ဆန့်ထုတ်ပြီး ဓါးကို လှမ်းဆွဲလိုက်သည်။ သူ့မှာရှိသမျှ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်ချီအကုန်လုံး လည်ပတ်လိုက်ပြီး အကောင်းဆုံးတိုက်ကွက်ကို ထုတ်လိုက်သည်။

“ခြေလှမ်းတစ်သောင်းကို ချိုးဖျက်နိုင်တဲ့ ဓါးတစ်ချက်”

ဘုန်း

ဖန်ဝူအန်ရဲ့ အရှိန်အဝါက အကန့်အသတ်အထိ ချက်ခြင်း မြင့်တက်လာသည်။

ဓါးဖြင့်ခုတ်ချလိုက်သည်။ ဆယ်မီတာ အကွာတွင် ရပ်နေသော လီဇီချီနှင့် နောက်ထပ်နှစ်ယောက်သည်

သူတို့ကိုပါ ဓါးက ဖုံးအုပ်သွားသလို ခံစားမိသည်။ ခန္ဓာကိုယ်နှင့် အရိုးထဲထိပါ အေးစိမ့်သွားသည်။

ဆွန်းမို မရှောင်ခဲ့ပါ။ သစ်သားဓါးနှင့် ခေါင်းကို ကာကွယ်လိုက်ပြီး

“သူ့တုတ်နဲ့ သူ့ကို ပြန်ရိုက်ခြင်း”

ရွှတ်စ်

ဖန်ဝူအန်၏ ဓါးသည် ဆွန်းမို ညာဘက် ပုခုံးကနေ ဘယ်ဘက် နံရိုးအထိ ဖြတ်သန်းသွားသည်။ ဆွန်းမို၏ သစ်သားဓါးကလည်း မယဉ်ကျေးပါ။

အသက်ရှူချိန် အနည်းငယ်ကြာပြီး ဖန်ဝူအန် ခန္ဓာကိုယ်ကို ဖြတ်သန်းသွားသည်။

ရွှတ်စ်

ဆွန်းမို ဒဏ်ရာက သွေးထွက်လာပြီး ဝတ်ရုံတစ်ခုလုံး နီရဲသွားသည်။

"ဆရာ"

မိန်းကလေး သုံးယောက်သည် ကြောက်ရွံ့ ထိတ်လန့်ပြီး မျက်နှာ ဖြူဖျော့သွားကာ ဆွန်းမိုဆီ ချက်ခြင်း ပြေးသွားသည်။

"သ...သ..သဏ္ဍာန်မဲ့မြင့်မြတ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖန်ဝူအန်သည် ဆွန်းမိုအား အံ့အောသင့်စွာ ကြည့်နေပြီး ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီ၏ အကောင်းဆုံးနတ်ဘုရားကျင့်စဉ်ကို သိနေမယ် မထင်ထားခဲ့ပါ။ ဒါကိုသာ ကြိုသိထားရင် အကောင်းဆုံးအကွက်ကို လွယ်လွယ်နဲ့ ထုတ်သုံးလိမ့်မည် မဟုတ်ပါ။

"ငါ့ဆရာနဲ့ အဝေးမှာနေစမ်း"

အင်ဘိုင်ဝူက အော်ဟာစ်ပြီး ဓါးနဲ့ ခုတ်ချလိုက်သည်။

ရွှတ်စ်

ဝိညာဉ်ချီ ထွက်လာပြီး ဌက်ဖြူတစ်ကောင်ဖြစ်သွားကာ ဖန်ဝူအန်ကို ထိမှန်သွားသည်။

ဘောင်း

ဖန်ဝူအန် မြေပေါ်လဲကျသွားသည်။

“အမ်”

အင်ဘိုင်ဝူ အံ့အောသွားသည်။ (ဘာလဲ။ ဘာလို့ လွယ်လွယ်သေသွားတာလဲ။) သူမက သေတဲ့အထိ တိုက်ပွဲဝင်ဖို့ ပြင်ဆင်ထားခဲ့သည်။

“ဆရာ”

လုချီဟွာက ပြေးလာပြီး လဲကျနေတဲ့ ဆွန်းမိုကို ထူလိုက်သည်။ သူ့ရဲ့ သွေးတွေ သူမကို ပေကျံသွားသည်။

"ချီဟွာ မှတ်ထား။ နောက်တစ်ခါ ဒီလိုမျိုး ထပ်ဖြစ်ရင် ရန်သူကို အရင်ဆုံး ချေမှုန်းပစ်ပါ"

ဆွန်းမိုက လုချီဟွာ နဖူးကို ပုတ်လိုက်ချင်သော်လည်း လက်မှာ သွေးတွေ ပေကျံနေတာ မြင်လိုက်ပြီး မလုပ်တော့ပါ။

နွေးထွေးစွာ ရွှေ့လျားနေသော လီဇီချီလည်း ပြေးလာသည်။ ဒါပေမယ့် သူ့ကိုကျော်သွားပြီး

ဓါးမြှောင်ဆွဲထုတ်ကာ ဖန်ဝူအန် ရင်ဘက်ကို ထိုးလိုက်သည်။ သေဆုံးကြောင်း အတည်ပြုလိုက်သည်။

"ဒီအတိုင်း သေသွားတာလား"

အင်ဘိုင်ဝူ မျက်ခုံးပင့်ကာ ပြောလိုက်သည်။

ဟူး

ဆွန်းမိုက လေပြင်းတစ်ချက် ရှူထုတ်လိုက်သည်။ ဒီတစ်ကြိမ်ကတော့ ရင်ခုန်စရာ အောင်ပွဲပဲ။

စာစဉ်(၁၈)

အခန်း(၂၅၉) - ရှေ့ဟောင်း ဘုရင်နဲ့ အရောင်းအဝယ် တစ်ခု။

ဆွန်းမိုသည် ဖန်ဝူအန် အချက်အလက်ကို စစ်ဆေးပြီး သူနဲ့တိုက်ခိုက်ရင်း သေဆုံးဖို့ အခွင့်အရေး ၈၀ကနေ ၉၀ ရာခိုင်နှုန်း ရှိတယ်လို့ သတ်မှတ်ထားသည်။

သူ၏ ရှေ့ဟောင်းလောကနတ် ကျင့်စဉ်သည် သူတော်စင်အဆင့် ကျင့်ကြံခြင်း ကျင့်စဉ်ဖြစ်သော်လည်း အဓိက ရည်ရွယ်ချက်မှာ

ကျင့်ကြံခြင်း ကျင့်စဉ်ကို ဖော်ထုတ်ရန် ဖြစ်နေသည်။ အခြား သူတော်စင်ကျင့်စဉ်နှင့် ယှဉ်ရင် တိုက်ခိုက်ရေး စွမ်းရည်က တစ်ဆင့် နိမ့်နေသည်။

ဒါကြောင့် ဆွန်းမိုသည် ပြိုင်ဘက်၏ အကောင်းဆုံး သိုင်းကွက်ကို ကာကွယ်ရန် သူ၏ ဖျက်ဆီးမရတဲ့ ရွှေကိုယ်ထည်ကို အသုံးပြုပြီး ငါးစာ ချခဲ့သည်။ ထိုနောက် တန်ပြန်တိုက်ခိုက်ရန် “သူ့တုတ်နှင့်သူ့ကို ရိုက်ခြင်း’ အား အသုံးပြုခဲ့သည်။

ဖျက်ဆီးမရတဲ့ ရွှေကိုယ်ထည်က ဖန်ဝူအန်၏ စွမ်းအားတချို့တစ်ဝက်ကို လျှော့ချခဲ့သည်။ ဒါကြောင့်လည်း ဆွန်းမို၏ အတွင်းကလီစာများ ကောင်းမွန်နေပြီး ရင်ဘက်အပေါ်ယံတွင်သာ ကြီးမားတဲ့ ဒဏ်ရာကြီး တစ်ခုသာ ခံစားခဲ့ရသည်။ သို့သော်လည်း ဖန်ဝူအန်သည် အရမ်းဆိုးဝါးတဲ့ အခြေအနေ ဖြစ်သွားပြီး ဆွန်းမို၏ ဓါးချက်ကြောင့် သူရဲ့အတွင်းအင်္ဂါများ ပျက်ဆီးသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ဦးက သေဆုံးပြီး ကျန်တဲ့တစ်ယောက်က ပြင်းထန်တဲ့ ဒဏ်ရာရကျန်ခဲ့သည်။ ဆွန်းမိုအတွက် ဘယ်လိုပဲ ကြည့်ကြည့် သူ့အတွက် အကျိုးအမြတ်ကျန်ခဲ့သည်။

ထုံးစံအတိုင်း ဒီတိုက်ပွဲပြီးတာနဲ့ ဆွန်းမိုသည် ပြန်ကောင်းမွန်လာဖို့ တစ်လ ဒါမှမဟုတ် နှစ်လလောက် အချိန်ယူရမည်။

"အလားအလာ တန်ဖိုး အရမ်းမြင့်မားတဲ့လူက ခန့်မှန်းထားသလိုပဲ ကိုင်တွယ်ရ ခက်လွန်းတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် သူ့ကိုယ်သူ ပြန်သုံးသပ်လိုက်မိသည်။

ကျန်ကွမ်လင်လိုလူမျိုးကို အနိုင်ယူလိုက်ရုံနဲ့ ဂုဏ်ယူခြင်း ဒါမှမဟုတ် ကျေနပ်နေခြင်းမျိုး မဖြစ်သင့်ပါ။ စစ်မှန်တဲ့ ပါရမီရှင်တစ်ယောက်၏ ခွန်အားသည် သူ့စိတ်ကူးထက် ကျော်လွန်နေကြောင်း သူသဘောပေါက်သွားသည်။

အင်ဘိုင်ဝူသည် ရှေးဦးသူနာပြုနည်းကို မသိသောကြောင့် အရမ်းစိုးရိမ်ပြီး လှည့်ပတ်ကြည့်နေသည်။ ကံကောင်းထောက်မစွာ

လီဇီချီက အနည်းငယ်သိနေပြီး လုချီဟွာက လက်ထောက်အဖြစ် ကူညီပေးနေသည်။ သိပ်မကြာခင် ဆွန်းမို ဒဏ်ရာက သွေးတိတ်သွားပြီး အနာကို စည်းပေးလိုက်ကြသည်။

အီး ဟီး ဟီး

ကောင်မလေး သုံးယောက် ဆက်ငိုနေကြသည်။

မျက်နှာတစ်ခုလုံး မျက်ရည်တွေနဲ့ ပြည့်နေသည်။

“အဆင်ပြေပါတယ်။ ငါမသေပါဘူး”

ဆွန်းမို နှစ်သိမ့်လိုက်သည်။

"ဘိုင်ဝူ၊ သူ့အလောင်းကနေ လေးကို ရှာလိုက်"

ဒီလေးသည် အဆင့်အမြင့်ဆုံး လက်နက် ဖြစ်သည်။

"ဆရာ"

အင်ဘိုင်ဝူ မလှုပ်ပါ။ ဆွန်းမိုကို အရိပ်အမြွတ်ပြလိုက်ပြီး သူမက တံခါးရှစ်ခု တိမ်တိုက် ခိုးမဝင်လာအောင် သတိထား စောင့်ကြည့်နေသည်။

အဲဒီလျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် မရှိတော့ပါ။ လီဇီချီနှင့် အခြားသူများက ဆွန်းမိုကို ကုသပေးနေတဲ့အချိန်တွင် တိတ်တဆိတ် နောက်ဆုတ်သွားပြီး ဆယ်မီတာ အကွာတွင် လွင့်မျောနေသည်။

"စိတ်ထဲ ထားမနေနဲ့။ ငါတို့ ရန်ငြိုးဖွဲ့စရာ မရှိဘူး ထင်တယ်"

ဆွန်းမိုက ပြောလိုက်သည်။ နှုတ်ဆက်ဖို့ လက်မြှောက်လိုက်ချင်ပေမယ့် အရမ်းနာကျင်လွန်းသည်။

"ဆရာ၊ မင်းရဲ့ နဂါးဖမ်းတဲ့လက်ကို စိတ်ဝင်စားနေတာ ဖြစ်မယ်"

လီဇီချီက သူမ၏တွေ့ရှိချက်အား ဆွန်းမိုကို အမြန် ပြောပြလိုက်သည်။

ဆွန်းမို စဉ်းစားကြည့်လိုက်သည်။ ဒါက ယုတ္တိရှိတယ်လို့ သူထင်သည်။ အမှန်တော့ တိမ်တိုက်သည် အသိဉာဏ်ရှိတဲ့ ဝိညာဉ်တစ်မျိုးပါ။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ပြောလိုက်ရင်း နတ်ဘုရားမျက်စိ အာရုံကို အသက်သွင်းလိုက်သည်။

ရွှတ်စ်

တံခါးရှစ်ခု တိမ်တိုက်၏ အာရုံခံစားမှုသည် အရမ်းထက်မြတ်သည်။ ခန်းမကြီးထဲသို့ ချက်ခြင်း ပြေးဝင်ကာ သူ့ကိုယ်သူ ဖုံးကွယ်ထားသည်။ ဆွန်းမိုရဲ့ မသိနားမလည်မှုကို လျောင်ပြောင်တဲ့အနေနဲ့ လေထဲတွင် ငွေရောင် အပိုင်းတစ်ခု ကျန်ခဲ့သည်။

ဆွန်းမိုက ဒီသက်ရှိပုံစံကို သိချင်စိတ်သက်သက်နဲ့သာ ကြည့်လိုက်ခြင်း ဖြစ်သည်။

ဆွန်းမိုသည် အရင်တုန်းက အဲဒါကို ဖမ်းချင်သော်လည်း သူ့ကိုကယ်တင်ပြီးနောက် အကြင်နာကြွေးကို ရန်ငြိုးနဲ့ ပြန်မတုန့်ပြန်ချင်ပါ။

ဆွန်းမိုကို လီဇီချီနှင့် လုချီဟွာက ဖေးမထားပြီး အင်ဘိုင်ဝူက အရှေ့က လမ်းလျှောက်ပြီး ခန်းမဆောင်ကြီးထဲသို့ ဝင်လာသည်။

ဂျီဂျီ

ငါးသလဲထိုးလေးသည် အသံတွေပေးနေကာ သူ့ရဲ့သွားနဲ့ လုချီဟွာ အင်္ကျီကို ကိုက်ပြီး အထဲမဝင်ဖို့ သတိပေးနေသည်။ လေဘုရင်ကြီးက

အရမ်းအန္တာရာယ် များလွန်းသည်။ သို့သော်လည်း ဒီလောက်ကြီးမားတဲ့ ရတနာသိုက်ကို ဘယ်သူက လက်လွှတ်ချင်မှာလဲ။

လေးယောက်စလုံး ပလ္လင်ပေါ် တက်လိုက်သည်။ သူတို့စကားမပြောရသေးခင် အသံတစ်ခု ထွက်လာသည်။

"အင်း အမှန်တိုင်းပြောရရင် စိတ်ဝင်စားဖို့ကောင်းတဲ့တိုက်ပွဲ နှစ်ခုပဲ။ ဂုဏ်ပြုပါတယ်။ အောင်မြင်သူ"

လေဘုရင်ကြီးရဲ့ လေသံက အရမ်းမြင့်မြတ်လှသည်။ ရောမ သတ်ကွင်းက သူ့ရဲ့ကောင်းတွေကြားက တိုက်ပွဲကို စောင့်ကြည့်နေသလို ဖြစ်နေသည်။

“မင်း ဒီမှာ ထောင်ကျနေတာ ဘယ်လောက်ကြာပြီလဲ။ နှစ် တစ်သောင်းလား ၊ တစ်သိန်းလား”

ဆွန်းမိုက လျှောင်ပြောင်လိုက်သည်။

လီဇီချီ မနေနိုင်ဘဲ ပြုံးလိုက်မိသည်။

"ရိုက်ရင် မျက်နှာကို ဖြက်ရိုက်" ပြီးတော့ သူ့မ ဆရာကလည်း တုတ်ထိုးအိုးပေါက် ပြောရာတွင် ထူးချွန်လွန်းသည်။

"ပုရွတ်ဆိတ် ၊ မင်း ဘယ်သူနဲ့ ပြောနေလဲဆိုတာ မင်းသိလား"

လေဘုရင်ကြီးက အော်ဟောက်သည်။

"မင်းရဲ့ မောက်မာမှုတွေကို ခဏလောက် သိမ်းထားလိုက်ပါအုံး။ အပြင်ထွက်ချင်ရင် ငါတို့ကိုပဲ အားကိုးလို့ ရမယ်။ ဒီလိုမှမဟုတ်ရင် ဒီမှာပဲ သေဖို့ စောင့်နေလိုက်"

ဆွန်းမိုက မြေပေါ်တွင် ထိုင်ချလိုက်သည်။

“မင်းပေးချင်တဲ့စျေးနှုန်း ငါ့တို့ကို ပြောပြလို့ရမလား”

“မိန်းကလေး လက်ထဲက လက်နက်က သူတော်စင်အဆင့် လက်နက်ဖြစ်တဲ့ လေဘုရင်လေးပဲ။ အသုံးပြုတဲ့လူက ဝိညာဉ်ချီကိုအသုံးပြုပြီး အဆက်မပြတ် မြှားပစ်လို့ရတယ်။ ပြီးတော့ မြှားတွေက တစ်ဝက်တစ်ပျက် ဖောက်ထွင်းမြင်ရတဲ့အတွက် တာဝေးပစ် တိုက်ခိုက်မှုတွေမှာ အရမ်းအသုံးဝင်တယ်”

လေဘုရင်က ပြောသည်။

"သူတော်စင် လက်နက်"

"အကန့်အသတ် မရှိတဲ့ မြား"

"တစ်ဝက်တစ်ပျက် ဖောက်ထွင်းမြင်ရတဲ့မြား"

ကောင်မလေး သုံးယောက်က အလန့်တကြား ထအော်သည်။ အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် ဝိညာဉ်လက်နက်များက အရမ်းရှားပါးသည်။ သူတော်စင်လက်နက်ဆို ပိုတောင် ရှားသေးသည်။ ဒီနေရာတွင် မမျှော်လင့်ဘဲ တစ်ခု ရလိုက်သည်။

လက်နက်ရဲ့ နာမည်ကတောင် အထင်ကြီးဖို့ကောင်းနေသည်။

“မင်း မဖြေရင်တောင် ငါသိတယ်”

ဆွန်းမိုက နတ်ဘုရားမျက်စိအာရုံကို အသက်သွင်းပြီး စစ်ဆေးလိုက်သည်။ ဒီလက်နက်သည် နိမ့်ကျ သူတော်စင်လက်နက်ဖြစ်ပြီး အရမ်းကောင်းမွန်သည်။

“ဘိုင်ဝူ၊ ယူလိုက်”

“အင်း”

အင်ဘိုင်ဝူကလည်း ဒါကို မငြင်းလိုက်ပါ။ သူမက လေးပစ်တဲ့ နေရာတွင် ပါရမီပါပြီး ဓါးအကသမားအစား လေးပစ်နတ်ဘုရားမ ဖြစ်လာအောင်ကြိုးစားသင့်တယ်လို့ သူမ ဆရာ ပြောခဲ့တာ ပြန်စဉ်းစားမိသွားသည်။

အင်ဘိုင်ဝူက ဘယ်လက်နဲ့ လေးကိုကိုင်ကာ ညာဖက်လက်နဲ့ လေးကြိုးဆွဲလိုက်သည်။ မျှော်လင့်ထားသလိုပဲ ဝိညာဉ်ချီ ထုတ်လွှင့်လိုက်တဲ့အခါ တစ်ဝက်တစ်ပျက် ဖောက်ထွင်းမြင်နိုင်တဲ့ မြှားတစ်စင်း ပေါ်လာသည်။

ရွှတ်စ်

မြွေးက ပျံသန်းထွက်သွားသည်။ ကြယ်တစ်စင်းကြွေကြသလို လျှင်မြန်လှသည်။ ချက်ခြင်းဆိုသလို နံရံထဲ ဖောက်ဝင်သွားသည်။

“မြန်လိုက်တာ”

လုချီဟွာက ချီးကျူးလိုက်သည်။

ဝိညာဉ်ချီ နဂါး ခေါင်းတွေဘာတွေ ကျိန်းသွားသည်။ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်တွင် အကြောက်ရဆုံးက အဝေးပစ်လက်နက်တွေ ဖြစ်သည်။

"ဇီချီ၊ မင်းဒီဓါးကို သုံးသင့်တယ်"

အင်ဘိုင်ဝူသည် ခါးကြားက ငှက်ဖြူဓါးကို ထုတ်ယူပြီး လီဇီချီ ဆီ ပစ်ပေးလိုက်သည်။

"ငါရဲ့ တိုက်ခိုက်ရေးစွမ်းရည်နဲ့ဆိုရင် ဒါယူထားလည်း အသုံးမဝင်ပါဘူး"

လီဇီချီက မချိပြုံး ပြုံးရင်း ပြောလိုက်သည်။

"ဒါကြောင့်လည်း မင်းကို ပေးတာပေါ့။ ရန်သူနဲ့တိုက်ခိုက်ရင် ဝိညာဉ်ချီ ကြိုးစုဆောင်းထားပြီး ငှက်ဖြူလေး လွှတ်ပေးလိုက်ဖို့ပဲ လိုတယ်"

အင်ဘိုင်ဝူသည် ခါးအား လီဇီချီဆီ အတင်း လွှဲပေးနေသည်။

မောင်နှမကြွေးက ညှာတာမှုကို မြင်ပြီး ဆွန်းမို အရမ်းကျေနပ်သွားသည်။ အနည်းဆုံးတော့ ထိပ်တန်း အရာတချို့ကြောင့် အခြင်းခြင်းရန်သူ ဖြစ်လာမှာ စိုးရိမ်နေစရာ မလိုတော့ပါ။

"လေဘုရင်၊ လေးနာမည်ကြေးလိုက်ရုံနဲ့ မင်းနဲ့ပက်သက်နေတယ်ဆိုတာ လူတိုင်း သိနိုင်တယ်။ ဒါကြောင့် မင်းမှာ လေးကို အားဖြည့်ဖို့ ကျင့်ကြံခြင်း

ကျင့်စဉ် မရှိဘူးလို့ ငါတို့ကို မပြောနဲ့နော်။ ငါတို့ကို ဘာဖြစ်လို့ ကျင့်စဉ် မပေးတာလဲ”

ဆွန်းမိုက လေဘုရင်အား ငွေညှစ်နေသည်။

“ဟားဟား၊ ငါ့မှာ ထုံစံအတိုင်း ရှိတယ်။ ဒါပေမယ့် မင်းတို့ ဘယ်လောက် လေ့လာနိုင်လဲဆိုတဲ့ အပေါ်မူတည်တယ်”

လေဘုရင်က တဟားဟားနဲ့ အော်ရယ်နေသည်။

ခဏကြာတော့ ယစ်ပလ္လင်အလယ်ခေါင်မှ စိမ့်စမ်းရေများ ပေါ်လာပြီး အင်ဘိုင်ဝူ ပုံသဏ္ဌာန်

ဖွဲ့စည်းသွားသည်။ ထို့နောက် ရေလူသား အင်ဘိုင်ဝူသည် လေဘုရင် နတ်ဘုရား ကျင့်စဉ်အား ပါးစပ်ကနေ နှုတ်တိုက် ရွတ်ဆိုနေသည်။

ဆွန်းမိုက ကူးယူခြင်းကို ချက်ခြင်း အသက်သွင်းလိုက်ပြီး ရေလူသား အင်ဘိုင်ဝူရဲ့ လှုပ်ရှားမှုများကို စောင့်ကြည့်နေသည်။

မိနစ်နှစ်ဆယ်ကျော်ကြာပြီးနောက် ရေလူသား အင်ဘိုင်ဝူလည်း ကျင့်ကြံခြင်း ရွတ်ဆိုမှုအား အဆုံးသတ်လိုက်သည်။ ထို့နောက် ပုံစံပျောက်ကွယ်ပြီး ရေပုံစံ ပြန်ဖြစ်သွားသည်။

"ဘယ်လိုလဲ မှတ်မိလား"

လေဘုရင်က လှောင်ပြောင်ပြီး မေးလိုက်သည်။

လေဘုရင်၏ကျင့်စဉ် တစ်ခုလုံးတွင် စကားလုံး တစ်ထောင့် နှစ်ရာကျော်ပါဝင်သည်။ သုံးခဲ့သော ဘာသာစကားသည် ပြည်နယ်ကိုးခု၏ ရှေ့ဟောင်း ဘာသာစကားဖြစ်ပြီး လျှို့ဝှက်ဆန်းကြယ်ရုံသာမက စကားလုံးဖော်ပြဖို့လည်း အရမ်းခက်ခဲသည်။

မြတ်ဆရာတစ်ယောက် ဒီမှာ ရှိနေရင်တောင် နားမလည်လို့ အလွတ်ကျက်မယ်ဆိုပြီး မပြောရဲပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ပါးစပ်နဲ့ ပြန်တုန့်ပြန်လိုက်ချင်သည်။ (မင်းပြောတဲ့ ငှက်ဘာသာစကားကို ဘယ်သူမှ နားမလည်ဘူး) အင်ဘိုင်ဝူနှင့် လုချီဟွာတို့ နှစ်ယောက်စလုံး၏ မျက်နှာပေါ်တွင် အံ့အောတဲ့ အမူအရာများ ဖြစ်ပေါ်နေသည်။

“သေးငယ်ပြီး အသုံးမကျတဲ့ ပုရွတ်ဆိတ်တစ်ကောင်”

လေဘုရင် အရမ်းကျေနပ်နေသည်။

"မင်းတို့အားလုံးကို ဒီကျင့်ကြံခြင်း ကျင့်စဉ်ဝေပေးမယ် ပြောတော့ ငါကျက်မှတ်ခဲ့ပြီးပြီ"

ရုတ်တရုတ် လီဇီချီက ထပြောလိုက်သည်။

"ကျွတ်ကျွတ် မင်းကငါ့ကို အလွတ်ကျက်မှတ်ခိုင်းနေတာလား"

လီဇီချီက လှောင်ပြောင်လိုက်သည်။

"ဒါပေါ့၊ နားထောင်ဖို့ စောင့်နေပြီ"

လေဘုရင်က လီဇီချီအား သေသေချာချာ အကဲခတ်လိုက်သည်။ အသက် ၁၃နှစ် ၁၄နှစ်ခန့်သာ ရှိသေးသည်။ ဆိုလိုချင်တာ

ကွန်ဖြူးရှပ်စာအုပ် လေး၊ ငါးအုပ်လောက်တော့ လေ့လာပြီးလောက်ပြီ။ ရှေ့ခေတ်ဘာသာစကား အားလုံး နားလည်နိုင်ပါ့မလား။

ဒါက ဟာသတစ်ခုထက် မပိုဘူး။

လီဇီချီက စတင်ရွတ်ဆိုလိုက်သည်။ ထို့နောက် အထစ်အငေါ့မရှိ ဆက်တိုက် ရွတ်ဆိုနေသည်။ အစ အဆုံး ပြီးသွားသည်။

“ဝိုး၊ ငါတို့ရဲ့ အကြီးဆုံး အစ်မကြီးက အရမ်းမိုက်တယ်”

လုချီဟွာက ကိုးကွယ်မှု အပြည့်နဲ့ ဖြစ်နေသည်။ လက်ခုပ်တီးပြီး အားပေးချက်က လက်ဖဝါးတွေတောင် နီရဲနေသည်။

"အထင်ကြီးစရာပဲ"

တောကြက်ဥလေး၏ ဉာဏ်ရည်သည် လူအများစုကို ဖိနှိမ့်နိုင်သည်။

လေဘုရင် ငြိမ်ကျသွားသည်။ အချိန်တော်တော်ကြာတဲ့အထိ ဘာစကားမှ မထွက်လာပါ။

“ဘာလဲ။ ငါမှတ်ထားတဲ့ တချို့အပိုင်းတွေ မှားနေလို့လား”

လီဇီချီ ကမေးသည်။

“ရှေ့ခေတ် ဘာသာစကားကို အရင်က သင်ဖူးလား”

လေဘုရင်က စုံစမ်းလိုက်သည်။

“မဟုတ်ဘူး။ ရှေ့ခေတ်ဘာသာစကားက ပြည်နယ်ကိုးခုမှာ ပျောက်ကွယ်နေတာ တော်တော်ကြာပြီ။ အခုခေတ်လူတွေက တစ်လုံးတစ်လေပဲ သိတော့တယ်”

လီဇီချီက ရှင်းပြသည်။

"ဒါဆို မင်းက..."

လေဘုရင် နားမလည်နိုင် ဖြစ်နေသည်။

"ခုနပြောခဲ့တဲ့ စကားလုံးတွေရဲ့ အသံတွေကို သူမ မှတ်ထားနိုင်တယ်"

ဆွန်းမိုက ရှင်းပြသည်။

"အမ်"

လေဘုရင်ကို နှစ်ပေါင်း တစ်သန်းကျော်လောက် နေထိုင်ခဲ့တဲ့ မွန်းစတားအိုကြီး တစ်ကောင်လို့

သတ်မှတ်နိုင်သည်။ ဒါပေမယ့် ဒီစကားကို ကြားလိုက်လျှင် ထိတ်လန့်နေတုန်းပဲ။ ဒါက လူသားတစ်ယောက် လုပ်နိုင်ပါ့မလား။

အဓိက အချက်က လီဇီချီ အသံထွက် မမှားခဲ့ပါ။ စာတွေကို အလွတ်ကျက်တဲ့ လူတွေလိုပါပဲ။ စာကိုနားမလည်သော်လဲ အမှတ်ကောင်းနေလိမ့်မည် ဒါပေမယ့် နိုင်ငံခြား ဘာသာစကားနဲ့ရေးထားရင် ကျက်ဖို့ နေနေသာသာ အသံထွက်ဖတ်တာနဲ့တင် ဒစ်လည်နေမည်။ ပြီးတော့ ရှေ့ဟောင်း ဘာသာစကားက ပိုတောင် ခက်သေးသည်။

လီဇီချီသည် တကယ်ကို စစ်မှန်တဲ့ ပါရမီရှင်တစ်ယောက် ဖြစ်သည်။

“ ငါရဲ့အကြီးဆုံး အစ်မကြီးက မှတ်ဉာဏ် အရမ်းကောင်းတယ်။ သူ့ဦးနှောက်က အရမ်းအထင်ကြီးဖို့ ကောင်းတယ်”

လုချီဟွာက ကြွားလိုက်သည်။

“စောစောက သင်ပြခဲ့တဲ့အရာက တကယ့် ကျင့်ကြံခြင်း ကျင့်စဉ်လား”

ဆွန်းမို စိတ်ပူသွားသည်။

"ဟွန့်၊ ဘယ်လိုပဲဖြစ်ဖြစ် ငါ့လို ရှေ့ဟောင်းဒြပ်စင်ဘုရင်က မင်းတို့လို ပုရွတ်ဆိတ်ကို လိမ်ရမှာလား"

လေဘုရင်က လှောင်ပြောင်လိုက်သည်။ ဘာသာစကားကို နားမလည်နိုင်မှတော့ လှည့်ကွက်လုပ်စရာမလိုဘူးလို့ တွေးထားခဲ့သည်။ လီဇီချီလို မွန်းစတား ပေါက်စလေး ရှိနေမယ်လို့ ဘယ်သူက ထင်မှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မင်းရဲ့ အာဂုံဆောင်မှုမှာ အမှားမရှိတာ ဝန်ခံတယ်။ ဒါပေမယ့် အဓိပ္ပါယ်ကို နားလည်နိုင်ပါ့မလား”

လေဘုရင်က ရယ်ရင်း ပြောလိုက်သည်။ ဆိုလိုချင်တာက ရှင်းသည်။ (ငါ့ရဲ့ ရှင်းလင်းချက်မရှိဘဲ ဒီသူတောင်စင်အဆင့် ကျင့်စဉ်ကို ရလျှင်တောင် အသုံးမဝင်ဘူး)

“အပြင်က လေဝိညာဉ်တွေအားလုံး မင်းရဲ့ အမိန့်ကို နားထောင်လား”

ဆွန်းမိုရဲ့ ဦးနှောက်မဲ့တဲ့ မေးခွန်းကြောင့် လေဘုရင် ကြောင်သွားသည်။

“ဒါပေါ့”

“ဟော့၊ မင်းမကြွားဘဲ မနေနိုင်ဘူးလား။ ဒီလေဝိညာဉ်တွေကို ထိန်းချုပ်နိုင်ရင် မင်းတံဆိပ်ကို ကူညီဖွင့်ခိုင်းဖို့ လူသားတွေကို သွေးဆောင်ခဲ့တာ ကြာရောပေါ့”

လီဇီချီက လေဘုရင် စကား၏ အဓိပ္ပာယ်ကို တစ်ခါတည်း တန်းတွေ့သည်။

"ခန့်မှန်းကြည့်ရသလောက်တော့၊ မင်းကို လွှတ်ပေးတဲ့ ကိစ္စက အရမ်းခက်မှာ သေချာတယ်။ သာမန်လူသားတွေ မအောင်မြင်နိုင်တဲ့ အရာ ဖြစ်နိုင်တယ်။ ဒါကြောင့်လည်း မင်းစောင့်နေတာပေါ့"

ဆွန်းမိုက ခန့်မှန်းလိုက်သည်။

"တကယ်လို့ လူသားက အရမ်းသန်မာနေရင်လည်း မင်းစိတ်ပူနေရမယ်။ ဒါပေမယ့် အရမ်းအားနည်းနေရင်လဲ မင်းအတွက်

အသုံးမဝင်ပြန်ဘူး။ ပြီးတော့ မင်းရဲ့ သန်မာမှုက အရင်ကထက်စာရင် အားနည်းနေမှာ သေချာတယ်”

လေဘုရင် ဘာမှ ထပ်မပြောရဲတော့ပါ။ (ငါက ငါ့ကို လွှတ်ပေးတဲ့ အကြောင်းအရာနဲ့ ပက်သက်ပြီး ဘာမှ မပြောရသေးဘူး မင်းတို့က ဒီလောက်တောင် ခန့်မှန်းနိုင်နေပြီလား။ ငါ့ကို နည်းနည်းလောက် သနားပါအုံး)

ဆွန်းမို မမှားပါ။ လေဘုရင်က ကြီးမားတဲ့ ရုန်းရင်းဆန်ခတ် တစ်ခု ဖန်တီးပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာခုနှစ်ယောက် ဒါမှမဟုတ် သူတော်စင်တွေကိုတောင် ဆွဲဆောင်နိုင်သည်။ ဒါပေမယ့် ဘာလို့ လုပ်ရမှာလဲ။

အားလုံးက တံဆိပ်ချိုးဖြတ်ပြီး ကျွန်ခံခိုင်းလိမ့်မည်။ ဒါပေမယ့် လူသစ်တွေကို လုပ်ခိုင်းရင်လည်း သူတို့ ကျဆုံးပြီး ပိုးဆိုးသွားမှာ လေဘုရင် စိုးရိမ်နေသည်။

“လေဘုရင် ငါတို့နှစ်ဖက်စလုံး ပူးပေါင်းဆောင်ရွက်ခြင်တယ်ဆိုရင်၊ စားပွဲပေါ်မှာ ရိုးရိုးသားသား ဆွေးနွေးတာ ပိုကောင်းမယ်”

ဆွန်းမိုက အကြံပြုလိုက်သည်။

"ဘာကို ဆွေးနွေးမှာလဲ"

လေဘုရင် လေသံကလည်း ပူးပေါင်းရန် ကြိုးစားနေသည်။

"သူတော်စင်တွေကို စိတ်ပူနေမယ့်အစားမင်းကိုယ်တိုင် ကျင့်ကြံသူတစ်ယောက်ကို ဘာကြောင့် မပျိုးထောင်တာလဲ"

ဆွန်းမိုက ပြန်မေးသည်။

"မင်းကို အသိပညာပေးဖို့ ပြောနေတာလား"

လေဘုရင်က အေးစက်စွာ ရယ်မောလိုက်သည်။ (ငါ့ကို လှည့်စားပြီး ကျင့်ကြံခြင်း ကျင့်စဉ် ယူခြင်နေတာလား။ မဖြစ်နိုင်ဘူး)

"ငါ မဟုတ်ဘူး။ ဒါပေမယ့် ငါ့တပည့် လီဇီချီ"

ဆွန်းမိုက ရှေ့ဟောင်းပညာကို သုတေသနပြုလုပ်တဲ့ ပညာရှင်တစ်ယောက် မဖြစ်ချင်ပါ။ သူ့ရည်ရွယ်ချက်က လူသားတွေကို ပညာဖြန့်ဝေပေးဖို့ပဲ ဖြစ်သည်။ ဒါပေမယ့် လီဇီချီကတော့ ဒါကို သဘောကျသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စာဖတ်ဝါသနာ ပါတဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ ဇဟုသုတမျိုးစုံကို လေ့လာချင်တဲ့ သူဖြစ်သည်။

စာစဥ်(၁၈)

အခန်း(၂၆၀) - လေဘုရင်၏ ကာကွယ်မှု။

"အသက် ၁၃ နှစ်ပဲ ရှိလို့အထင်မသေးနဲ့။ သူမက ကိုယ်တိုင်သင်ကြားခြင်း မြတ်ဆရာအရှိန်အဝါကို နားလည်ထားပြီး

ဆရာတစ်ယောက် ဖြစ်ဖို့အတွက် အရည်အချင်း မှီနေပြီ”

ဆွန်းမိုက လေဘုရင်ကို တောကြည့်ဥလေးအကြောင်း မိတ်ဆက်ပေးလိုက်သည်။

“ဘာ”

လုချီဟွာနှင့် အင်ဘိုင်ဝူလည်း ဒီအကြောင်းကို ပထမဆုံး အကြိမ် ကြားဖူးခြင်း ဖြစ်သည်။ လီဇီချီကို ကြည့်ရင်း သူမတို့ မျက်လုံး ချက်ခြင်း

ပြုံးကျယ်သွားသည်။ (မင်းက ကောင်းကင်ကြီးကို အံတုနေတာလား)

"ဆရာ"

ဆွန်းမို ချီးကျူးတာ ကြားပြီး လီဇီချီ အနည်းငယ် ရှက်သွားသည်။ (ငါက တကယ် တော်တာလား)

လေဘုရင် အံ့အောသွားပြီး ဒီကောင်မလေးကို ပညာမျှဝေ ပေးလိုက်လျှင်.....

"အမှန်ပဲ။ ငါက သူ့ကို တပြည့် အဖြစ်ပျိုးထောင် ပေးနိုင်တယ်။ အဲဒီအချိန်ကျရင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါ့ကို သစ္စာဖောက်မှာ စိုးရိမ်နေစရာ မလိုတော့ဘူး”

ဒီအကြောင်းကိုတွေးလေလေ

အကြံကောင်းတစ်ခုလို့ လေဘုရင် ပိုခံစားရလေလေ ဖြစ်နေသည်။

(တောက်၊ အရင်တုန်းက ဘာဖြစ်လို့ မတွေးမိတာလဲ။ ဒါပေမယ့် ထူးချွန်းတဲ့ ကျောင်းသားက ရှာတွေ့ဖို့ မလွယ်ဘူး)

“ငါ မင်းကို စမ်းသပ်မယ်”

သိသိသာသာ လေဘုရင် စိတ်လှုပ်ရှားနေပြီ။

နောက်ထပ်မိနစ် အနည်းငယ်ကြာတော့ လေဘုရင်နဲ့ လီဇီချီတို့ စကားပြောနေကြသည်။ ဆွန်းမိုသည် ဘွဲ့လွန်ယူတုန်းက သီးစစ်ခေါင်းစဉ် နှုတ်ဖြေစာမေးပွဲအချိန်ကို ပြန်သတိရသွားသည်။

လီဇီချီအတွက်တော့ နှစ်ပေါင်းများစွာ အသက်ရှင်နေထိုင်ခဲ့တဲ့ မွန်းစတားအို တစ်ကောင်နဲ့ စကားပြောရခြင်းသည် အရမ်းရှားပါးတဲ့ အခွင့်အရေး ဖြစ်သည်။ ဒါကြောင့်လည်း သူမက ဒီအခွင့်အရေးကို အရမ်းတန်ဖိုးထားသည်။ အဖြေမသိတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမေးခွန်းတချို့ရှိသော်လည်း သူမက သူမအမြင်ကို ထုတ်ပြောသည်။

ယစ်ပလ္လင်ပေါ်က လေဘုရင် ရုတ်တရက် တိတ်ဆိတ်သွားသည်။

လုချီဟွာက စိတ်ရှုပ်ထွေးနေပြီး မအောင်မြင်နိုင်တော့ဘူးလို့ ခန့်မှန်းလိုက်တဲ့အချိန်တွင် လေဘုရင်က

"ဒီဘုရင် မင်းကို အရမ်းလေးစားတယ်"

လေဘုရင်၏ လေသံတွင် သဘောကျတဲ့ အငွေ့အသက်နဲ့ ပြည့်နေကြောင်း အင်ဘိုင်ဝူ ကြားလိုက်ရသည်။

"လွတ်လပ်စွာ တွေးခေါ်နိုင်တဲ့ ကလေးတစ်ယောက်ကို အရမ်း သဘောကျတယ်။ လီဇီချီ မင်း ငါ့တပြည့် ဖြစ်ချင်လား"

လေဘုရင်က ဖိတ်ခေါ်လိုက်သည်။

ရှေ့ခတ်ကဆိုရင် အရမ်းကို ခမ်းနားကြီးကျယ်တဲ့ ဂုဏ်ကျက်သရေ တစ်ခုလို့ သတ်မှတ်ကြလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တောင်းပန်ပါတယ်။ ငါ့မှာ ဆရာတစ်ယောက်ပဲ ရှိတယ်"

လီဇီချီက ပြတ်သားစွာ ငြင်းပယ်လိုက်သည်။

"ဒီလောက်ကြီး အလျှင်လိုစရာ မလိုပါဘူး။ ငါက တံဆိပ် အခတ်ခံထားရပေမယ့် လွန်ခဲ့တဲ့ နှစ်တစ်သန်းကျော်လောက်ကတည်းက ဒီတိုက်ကြီးရဲ့ အထွဋ်အထိပ် ဖြစ်နေပြီ။ ငါ့မှာရှိတဲ့ ပိုင်ဆိုင်မှု အနည်းငယ်ကို ပေးရုံနဲ့ မင်းစိတ်မကူးနိုင်လောက်တဲ့ အစွမ်းတွေ ရလိမ့်မယ်"

လေဘုရင်က သူတို့ကို သတ်ဖို့ ပြင်ဆင်ပြီးသား ဖြစ်သည်။

သူ့အတွက်ကတော့ ဆွန်းမိုတို့ လူသားတွေသည် ပုရွတ်ဆိတ်သာသာပဲ ဖြစ်သည်။ နောက်ဆုံးတော့ ဒီနေရာက လေဘုရင် ခန်းမပါ။ အစာငတ်နေတဲ့ ကုလားအုပ်သည် မြည်းထက်တော့ ကြီးသေးသည်။

“သူတော်စင်အဆင့်ကျင့်စဉ်လား၊ အထွဋ်အထိပ် လက်နက်လား။ တောင်းပန်ပါတယ်။ ဒါတွေအားလုံး ငါ့အတွက် အရေးမပါဘူး”

လီဇီချီ ခေါင်းခါလိုက်သည်။ ချမ်းသာတဲ့ တော်ဝင်မျိုးရိုးက လူတစ်ယောက်အနေနဲ့ သူမသည် ဒီလိုအရာမျိုး တကယ် ဂရုမစိုက်ပါ။ သူမ နှလုံးသားထဲတွင် အသိပညာသာ အမြဲတမ်း နံပါတ် တစ်ဖြစ်သည်။ မဟုတ်ဘူး။ သူမ ဆရာက နံပါတ်တစ်။

"ထာဝရအသက် ဆိုရင်ရော"

လေဘုရင်က သွေးဆောင် လိုက်သည်။

"ဒါလည်း ငါမလိုဘူး။ နေ့တိုင်း စာဖတ်ပြီး အချိန်တွေ ကုန်ဆုံးနေရသ၍ ဘဝက အရမ်းလှပနေတယ်"

ဒီလိုမျိုး ပြောလိုက်တဲ့အချိန်တွင် လီဇီချီရဲ့ အမူအရာက အရမ်း လေးနက်နေသည်။

သူမရဲ့တုန့်ပြန်မှု အာရုံကြောကြောင့် သူမရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်သည် အရမ်း အားနည်းနေသည်။ ဒါကြောင့် သူမရဲ့ ကျင့်ကြံခြင်းအရှိန်က အရမ်းနှေးကွေးနေမည်။ သက်ရှည်နယ်ပယ်ကို ရောက်ဖို့ မဖြစ်သလောက်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီသည် ဒီလို သေခြင်း၊ ရှင်ခြင်းနဲ့ပက်သက်ပြီး စဉ်းစားလာခဲ့တာ တော်တော်ကြာနေပြီ။

ဒီမေးခွန်းအတွက် သူမရဲ့အဖြေကတော့ လှပတဲ့ နေ့ရက်ဖြစ်အောင် နေ့တိုင်း အကောင်းဆုံး ကြိုးစား နေထိုင်သွားမည်။

လေဘုရင် ငြိမ်ကျသွားသည်။ ဒီအဖြေက သူ့မျှော်လင့်ချက်ထက် ကျော်လွန်သွားသည်။ အသိပညာ ငတ်မွတ်မှုကို ခံစားနိုင်သည်။

“မင်း ငါ့ကို တစ်ယောက်ယောက်အတွက် သတိပေးနေတာလား။ သူမ တစ်နေ့လုံး စာအုပ်ပုံထဲ ခေါင်းမြုပ်နေရတာ ကြိုက်တယ်။ သူမရဲ့ တိုက်ခိုက်ရေးစွမ်းအားက အားမကောင်းပေမယ့် ဦးနှောက်နဲ့ ပက်သက်လာရင် အလယ်ကမ္ဘာမှာ နံပါတ်တစ်ပဲ”

လေဘုရင် ခံစားချက်ပေါင်းများစွာနဲ့ သက်ပြင်းချလိုက်သည်။

ဆွန်းမိုသည် လေဘုရင်နှင့် လီဇီချီတို့အား တည်ငြိမ်သော မျက်နှာနဲ့ ကြည့်နေသော်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်ထဲတွင် အရမ်းစိုးရိမ်နေသည်။ နောက်ဆုံးမှ သက်ပြင်း ချနိုင်ခဲ့သည်။

တောက် ဒါက တကယ် ကြောက်ဖို့ ကောင်းလွန်းတယ်။ ဝိညာဉ်ချီနဂါးက ဒီနေရာကို မလာဖြစ်အောင် တားခြင်နေတာက မထူးဆန်းတော့ပါ။ ဒီလေဘုရင်က တကယ်ကို အန္တရာယ် များလွန်းသည်။

ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးသည် လူအသစ်တွေအတွက် လေ့ကျင့်ရေး ကွင်းဖြစ်သည်။

နှစ်တိုင်း၏ အချိန် ၈၀ ရာခိုင်နှုန်းသည် လူမရှိဘဲ လေဘုရင် သိမ်းပိုက်ထားသည်။

လူတွေ အများကြီး ရောက်လာပြီး နှစ်ပေါင်းလည်း တစ်သောင်းကျော်လာခဲ့ပြီ။ ဒါပေမယ့် လေဘုရင်ခန်းမကို ဘယ်သူမှ ရှာမတွေ့ခဲ့ကြပါ။ ဘာကြောင့်လဲ။ ဒီနေရာကို တွေ့ခဲ့တဲ့ သူများက လေဘုရင်၏ သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ လေဘုရင်သည် လွတ်လပ်ခြင်းကို လိုချင်သော်လည်း အထိန်းချုပ် မခံချင်ပါ။ ဒါက ဖြေရှင်းချက် မရှိတဲ့ ပြဿနာ တစ်ခု ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချိန်အတော်ကြာအောင် တံဆိပ် အခတ်ခံရပြီးနောက် လေဘုရင်၏ ထွက်ခွာလိုတဲ့ ဆန္ဒသည် အရင်ကထက် ပိုခက်ခဲလာသည်။ ပျင်းလို့သာ ကျန်ကွမ်လင်အား သက်သက် ပြောနေခဲ့ခြင်းဖြစ်သည်။ ပုရွတ်ဆိတ် အခြင်းခြင်းသတ်နေတာကို အပျင်းပြေ ကြည့်ချင်နေခဲ့သည်။

နောက်ဆုံးကျရင် ပုရွတ်ဆိတ်တွေ အားလုံး သေရမည်။

အခုတော့ လေဘုရင်အတွက် ရွေးချယ်စရာ တစ်ခု ရှိလာခဲ့သည်။

“စိတ်မပူနဲ့ သူမကို သင်ပေးလိုက်တဲ့ အသိပညာနဲ့ ပက်သက်ပြီး ငါတို့ ခိုးမသင်ဘူး”

ဆွန်းမို အာမခံလိုက်သည်။

“ကျွတ်၊ မင်းမေးကြည့်လိုက်လေ။ တကယ်လို့ မင်းနားလည်ရင် ငါအဆုံးခံလိုက်မယ်”

လေဘုရင်က မခန့်လေးစား ပြန်အော်သည်။ ဆွန်းမိုကို အထင်သေးတာတော့ မဟုတ်ပါ။

ရှေ့ပောင်း အသိပညာတချို့သည် ကွမ်တန်စက်မှု ပညာနဲ့ တူသည်။ ကျောင်းသားအရည်အချင်းမရှိပါက ဘယ်တော့မှ နားမလည်နိုင်ပါ။

ရှေ့ခေတ်ကာလတွင် လေဘုရင်အဖြစ်ရပ်တည်လိုပါက ဒြပ်စင်တစ်ခု၏ ထိပ်ဆုံးတွင်ရပ်တည်နေဖို့ လိုသည်။ တိုက်ခိုက်တာတစ်ခုတည်း ကောင်းရုံနဲ့ မဖြစ်နိုင်ပါ။

"ဆရာ..."

လီဇီချီက ဆွန်းမိုကို ကြည့်လိုက်သည်။

“ဇီချီ၊ ငါမင်းကို သင်ပေးနိုင်တာက အကန့်အသတ် ရှိတယ်။ အခုတော့ မင်းက သူ့လို ရှေ့ခတ်ဘုရင်တစ်ပါးဆီမှာ သင်ယူခွင့် ရနေပြီ။ ရိုးရိုးရှင်းရှင်းလေး အတွေ့အကြုံတစ်ခုအနေနဲ့ သတ်မှတ်ရင်တောင် မင်းအတွက် အထောက်အကူ ဖြစ်နေပြီ”

ဆွန်းမိုက လီဇီချီ ကျန်းမာနေပါစေလို့ စိတ်ရင်းနဲ့ ဆုတောင်းနေသည်။ ဧရာမ ပုခုံးပေါ်တွင် ရပ်ရင်း ကမ္ဘာကြီးအား ကြည့်ခွင့်

ရလိမ့်မည်။ သူမ ဒီအခွင့်အရေးကို လုံးဝ လွဲလို့ မဖြစ်ပါ။

“ ကောင်းပြီလေ၊ ဆရာ့စကား နားထောင်လိုက်မယ်။ ဒါပေမယ့် လေဘုရင်ကို ဆရာအဖြစ် လုံးဝမသတ်မှတ်နိုင်ဘူး”

ဒါက လီဇီချီရဲ့ နောက်ဆုံးမျဉ်း ဖြစ်သည်။

“အဆင်ပြေတယ်”

လေဘုရင်သည် အရမ်းသဘောထားကြီးမားတဲ့ ပုံပေါက်နေသော်လည်း စိတ်ထဲတွင် လှောင်ပြောင်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်း ငါ့ဆီက သင်ယူနေသမျှ ကာလပတ်လုံး ငါ့ရဲ့ ဘုန်းကျက်သရေကြောင့် နောက်ပိုင်းကျရင် ငါ့ကို ကိုးကွယ် လာလိမ့်မယ်)

ဟူး

ရုတ်တရုတ် လေပြင်းတစ်ချက် တိုက်ခတ်သွားသည်။

ဂျီ ဂျီ

ဝိညာဉ်ချီနဂါးသည် အော်ဟစ်ပြီး လုချီဟွာ၏ ရင်ခွင်ထဲတွင် သူ့ကိုယ်သူ ရစ်ခွေထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒါက မင်းအတွက် တွေ့ဆုံခြင်းလက်ဆောင်ပဲ”

လေဘုရင် ပြောလိုက်တဲ့အချိန်တွင် လေဆင်နှာမောင်းတစ်ခု တိုက်ခတ်လာသည်။ တံခါးရှစ်ခု တိမ်တိုက် ပိတ်မိသွားသည်။

တံခါးရှစ်ခုတိမ်တိုက်သည် ခွန်အားအကုန်သုံးပြီး အတားအဆီးကို ချိုးဖျက်သော်လည်း မလွတ်မြောက်ပါ။ စိတ်ပျက်အားငယ်စွာ ရုန်းကန်နေသည်။

လီဇီချီ၏ မျက်နှာသည် ပျော်ရွှင်တဲ့ အမူအရာ ပေါ်လာသော်လဲ ချီတုံချတုံ ဖြစ်နေသည်။ နောက်ဆုံးတော့ ခေါင်း ယမ်းလိုက်သည်။

“ကျေးဇူးပြုပြီး လွှတ်ပေးလိုက်ပါ။ သူသာ အချိန်မီ မကယ်တင်ခဲ့ရင် ငါ့ဆရာ သေသွားပြီ”

“သေချာလား”

လေဘုရင် အံ့အောသင့်သွားသည်။ သူတို့ခေတ်တွင် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်တွေက ဘာတန်ဖိုးမှ မရှိသော်လည်း ဒီဘက်ခေတ်တွင် တံခါးရှစ်ခု တိမ်တိုက်က

အရမ်းရှားပါးပြီး တန်ဖိုးရှိတဲ့ ရတနာ ဖြစ်နေတယ်ဆိုတာ သူသိနေသည်။

"ဟုတ်"

လီဇီချီ စကားပြောပြီးနောက် ဆွန်းမိုအား တစ်ချက် ကြည့်လိုက်သည်။

"ဆရာ၊ ငါ့လက်ထဲက ကိစ္စကို မင်းလက်ထဲ မထည့်လိုက်တာ အပြစ်မတင်ဘူး မှတ်လား"

"မတင်ပါဘူး"

ဆွန်းမို ခေါင်းခါပြလိုက်ပြီးနောက် ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

လီဇီချီက တံခါးရှစ်ခုတိမ်တိုက်ကို အကြွင်းနာအကြွေးအား ပြန်ဆပ်လိုက်သည်။

"ကောင်းပြီလေ။ နောင်ကျမှ မင်းတို့ နောင်တမရတာ ပိုကောင်းမယ်"

လေဘုရင် စကား ပြောလိုက်ပြီးနောက် လေဆင်နှာမောင်း ပျောက်ကွယ်သွားသည်။

ရွှတ်စ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တံခါးရှစ်ခု တိမ်တိုက်သည် ချက်ခြင်းပျံ့သန်းကာ ဆွန်းမို အနောက်တွင် ပုန်းကွယ်နေသည်။ (အိုက် အဖမ်းခံရမယ်ဆိုတာ သိရင် မလာပါဘူး။)

အခု ထွက်ပြေးရမှာလား။ တံခါးရှစ်ခု တိမ်တိုက်သည် ထွက်မပြေးရဲပါ။ ထွက်ပြေးနေတုန်း လေဘုရင် ဖမ်းပြီး တခြားသူတွေကို ပေးဖို့ ဆုံးဖြတ်လိုက်လျှင် ဘယ်လိုလုပ်မလဲ။

ဒီလူတွေ နောက်ကပဲ လိုက်သွားရမည်။ အနည်းဆုံးတော့ သူတို့က ရန်မလိုပဲ ကြင်နာတတ်တဲ့ နှလုံးသား ရှိသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမြင်ကွင်းကိုမြင်လိုက်လျှင် လေးယောက်စလုံး ထိတ်လန့်သွားသည်။

“ဘာလဲကွ”

ဆွန်းမိုသည် တံခါးရှစ်ခု တိမ်တိုက်လို လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်တွေအား ဆွဲဆောင်နိုင်လောက်အောင် အရည်အချင်းရှိတယ်လို့ မခံစားရပါ။

လုချီဟွာကတော့ အတွေးရိုးသည်။ သူမက ခပ်ကြီးကြီး ပြုံးလိုက်ပြီး တိမ်တိုက်ကို ထိဖို့ လက်ချက်ခြင်း လှမ်းလိုက်သည်။ ပျော့ပြောင်းပြီး

အိကျိအိကျိ ဖြစ်နေကာ အရမ်းကိုင်လို့ ကောင်းသည်။

လီဇီချီလည်း သူမကိုယ်သူမ မထိန်းနိုင်ပါ။ လက်ကိုဆန့်ပြီး ကိုင်လိုက်သည်။

“အာ၊ ဘာလို့ ငါ့ကို ကိုင်နေရတာလဲ။ မင်းတို့ကောင်တွေ ငါ့ခန္ဓာကိုယ်ကို ညစ်ပတ်အောင် လုပ်နေတာလား”

တံခါးရှစ်ခု တိမ်တိုက်သည် ဆွန်းမိုနဲ့ နီးအောင် ပိုတိုးသွားပြီးတော့ ဝိညာဉ်ချီ ထူထပ်တဲ့

နေရာတွေကို သဘောကျနေသည်။ ဒါကြောင့် ရေပူစမ်းနေရာသို့ မကြာခဏ သွားတတ်သည်။

အဲဒီနေ့က သူတို့ ရေပူစမ်းတွင် ရေစိမ်ရင်း ဆွန်းမိုက အင်ဘိုင်ဝူအား နှိပ်ပေးနေတာကို အမှတ်တမဲ့ မြင်သွားသည်။ ထို့နောက် ဗလတောင့်တောင့်နဲ့လူက သူ့အား ထူးဆန်းတဲ့ ခံစားချက်ပေးနေသည်။

နောက်ပိုင်းတွင် တံခါးရှစ်ခု တိမ်တိုက်သည် ဆွန်းမိုတို့အား ချောင်းကြည့်နေခဲ့သည်။ ဒါကြောင့်လည်း လုချီဟွာသည်

သူတို့အားတစ်ယောက်ယောက်က ချောင်းကြည့်နေသလို ခံစားနေခဲ့ရသည်။

သို့သော်လည်း တံခါးရှစ်ခုတိမ်တိုက်သည် ပုံသဏ္ဌာန်မရှိပါ။ ဒါကြောင့် သဘော်သီးကောင်မလေး လုံးဝ ရှာမတွေ့ခဲ့ပါ။

ဆွန်းမိုသည် လက်ကိုဆန့်ပြီး တိမ်တိုက်အား ကိုင်ကြည့်လိုက်သည်။ အရမ်းကိုနူးညံ့လှသည်။ အများစုကတော့ အမျိုးသမီးတစ်ယောက်ရဲ့ ရင်သားကို ကိုင်ရသလို ခံစားရတယ်။ ဆောရီး အဲဒီလို ခံစားချက် ဖြစ်နိုင်သည်။ သူ တစ်ခါမှ မကိုင်ဖူးသေးပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"စောစောတုန်းက လီဇီချီရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်ကို မြင်ခဲ့တယ် မဟုတ်လား။ နည်းနည်းအားနည်းလွန်းတယ်။ သူ့မဘေးကင်းမှုကို အာမခံနိုင်အောင် ဝှက်ဖဲလေးဘာလေး မပေးချင်ဘူးလား"

ဆွန်းမိုက လေဘုရင်အား နည်းနည်းညှစ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် လေဘုရင် မပေးဘူးဆိုရင်တောင် ဆွန်းမို တံတွေး တချို့ဆုံးရှုံးတာပဲ ရှိမည်။

"မင်းဘာမှ မပြောရင်တောင် ငါနားလည်တယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လေဘုရင် ပြန်အော်သည်။ (နောက်ဆုံးတော့ ဒါက တံဆိပ်ချိုးဖျက်ဖို့ သက်ဆိုင်နေသည်။ ထုံးစံအတိုင်း ကောင်းကောင်း ကာကွယ်ထားရလိမ့်မည်။ သူမကို လွယ်လွယ်နဲ့ ပေးလို့ မဖြစ်ဘူး။)

အနီးအနားရှိ ဝိညာဉ်ချီများ ရုတ်တရက် ထူထပ်လာသည်။ ဝိညာဉ်ချီ အတက်အကျများ ဖြစ်လာပြီး ရှေ့ခေတ် ဝိညာဉ်တက်တူး တစ်ခုသည် စိမ့်စမ်းရေထဲကနေ ထွက်လာကာ လီဇီချီ၏ ညာဘက် လက်မတွင် ပုံပေါ်သွားသည်။

"ဝိညာဉ်ထိန်းချုပ်မှု တက်တူးလား"

ဆွန်းမို မျက်လုံး တောက်ပလာသည်။ ဒီအရာက သားရဲဝိညာဉ်များကို ဆင့်ခေါ်ရန် အသုံးပြုနိုင်သည်။ ဒီအရာဆီကနေ ရှေ့ဟောင်းအငွေ့အသက်များကို ခံစားနေရသည်။

"ဒါက လေဘုရင် အမိန့် တက်တူးပါ။ အဲဒါကနေတစ်ဆင့် တိုက်ပွဲမှာ ကာကွယ်ဖို့အတွက် လေဝိညာဉ်တွေကို ဆင့်ခေါ်နိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရန်သူကို အနိုင်မယူနိုင်ရင်တောင် ထွက်ပြေးဖို့တော့ ပြဿနာ မရှိဘူး"

ဝိညာဉ်ချီရဲ့ အနှစ်သာရများ လီဇီချီ ခန္ဓာကိုယ်ထဲ ဝင်လာတာနဲ့အမျှ သူမ၏ ကျင့်ကြံမှုအဆင့်လည်း တစ်ဆင့် တိုးတက်သွားသည်။

“ဘာပဲဖြစ်ဖြစ် မင်းက ရှေ့ဟောင်းဘုရင်တစ်ပါး ဖြစ်နေတုန်းပဲ။ မင်းဒီလောက်တော့ ကပ်စေးမနဲဘူးမှတ်လား။ သူမကို ပေးတဲ့ လေဘုရင်အမိန့်ကို ငါတို့တစ်ယောက်ခြင်းစီကိုလည်း ပေးလေ”

ဆွန်းမိုက ပြောလိုက်သည်။ လေဘုရင် သဘောတူဖို့ အခွင့်အရေးနဲမှန်း သူသိသည်။ သို့သော်လည်း ကံစမ်းကြည့်တာ အမှားမရှိပါ။

"အကြံသမား"

လေဘုရင် ကျိန်ဆဲချင်စိတ် ပေါက်လာသည်။ (ဒါက ဈေးသက်သာတဲ့ ပစ္စည်းလို့ မင်းထင်နေတာလား။ ဒါက ငါ့ရဲ့မူလ အသက်ကို ကုန်ဆုံးစေတယ်။)

"မင်းဘာလို့ ဒီလောက် ရက်စက်နေတာလဲ။ ငါတောင် အဲဒါကို ဂရုမစိုက်ဘူး။ ငါ့မှာ ငါးသလဲထိုးလေးရှိတယ်"

သူမ ဆရာ အဆူခံနေရတာ မြင်လျှင် လုချီပြွာ အရမ်းဒေါသထွက်သွားသည်။ (မင်းရဲ့တက်တူးကို ဘယ်သူက ဂရုစိုက်လို့လဲ)

"မင်းတို့ကို နောက်ထပ် တက်တူး ထပ်ပေးဖို့က မဖြစ်နိုင်ဘူး။ လေဘုရင်နတ်ဘုရားခြေလှမ်းဆိုတဲ့ လှုပ်ရှားမှု နည်းစနစ်တော့ ငါပေးလို့ရတယ်။ မင်းတို့

အဲဒါကို သင်ယူပြီးရင် ကောင်းကင်မှာ လွင့်မျောနေတဲ့ တိမ်တိုက်တွေနဲ့ ဌက်တွေကိုတောင် ဖမ်းနိုင်တယ်”

လေဘုရင်က အပေးအယူ လုပ်လိုက်သည်။ မည်သို့ပင်ဆိုစေကာမူ ဒါက သူ့အတွက်လည်း အရေးမပါပါ။ လီဇီချီကို ကာကွယ်ဖို့ ဒီလူတွေကို လိုအပ်သေးသည်။ ဒါကြောင့် ဆွန်းမိုတို့ကို အကျိုးအမြတ်တချို့ ပေးရမည်။

“ဟွန့်၊ လီဇီချီ ငါ့ကို ကိုးကွယ်လာတဲ့ အခါကျမှ မင်းတို့ကို သေအောင် ကစားပစ်အုံးမယ်”

လေဘုရင်၏ နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်နေသည်။ (ငါ့ဆီက အမြတ်ထုတ်ချင်တဲ့သူတွေ အားလုံး သေရမယ်။)

"ဒီကျင့်စဉ်က ဘယ်အဆင့်လောက် ရှိလဲ"

"လက်ရှိခေတ်ရဲ့ စံနှုန်းတွေ အရဆို ဆန်းကြယ်သူတော်စင်အဆင့် လောက်ရှိလိမ့်မယ်"

လေဘုရင်က ပေါ့ပေါ့ပါးပါး ပြန်ဖြေလိုက်သည်။ သို့သော် သူ့အဖြေကြောင့် ဆွန်းမိုနဲ့ လီဇီချီတို့ အကြည့်ခြင်း ဖလှယ်မိသွားသည်။ အကြောက်တရားတစ်ခုက သူတို့နှလုံးသားအား

ဖုံးလွှမ်းသွားသည်။ ဒီကောင်သည် အရင်က ကျင့်ကြံသူ အများအပြား သတ်ပစ်ထားခဲ့လိမ့်မည်။ ဒီလိုမှမဟုတ်ရင် တံဆိပ်အခတ်ခံထားရလို့ ဒီလိုအမျိုးအစား ခွဲခြမ်းမှုကို မသိနိုင်ပါ။

ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သန်းလောက်ကလည်း ဒီလိုမျိုး အမျိုးအစား ခွဲခြားမှု စနစ် မရှိနိုင်ပါ။

စာစဥ်(၁၈)

အခန်း(၂၆၁) - ဒီနေ့က စပြီး ငါတို့က မိတ်ဆွေတွေပဲ။

စိမ့်ရေကနေ တောက်ပတဲ့ အပြာရောင် သလင်းကျောက်ထွက်လာပြီး လီဇီချီထံ ပျံ့လွင့်လာသည်။

"ဆရာ"

လီဇီချီက ဒါကို ဖမ်းပြီး ဆွန်းမိုဆီ ပစ်ပေးလိုက်သည်။

“မင်း ရှိသေမှုက မဆိုးပါဘူး သူနားလည်နိုင်ပါ့မလား"

လေဘုရင်က လှောင်ပြောင်လိုက်သည်။ အချိန်တော်တော်ကြာအောင် ပိတ်လှောင်ခံထားရသဖြင့် လေဘုရင်၏ စိတ်သည် အနည်းငယ် မူမမှန် ဖြစ်နေသည်။ လေဘုရင်သည် လီဇီချီ၏ စိတ်ထဲတွင် ဆွန်းမို၏ နေရာကို လျော့ကျသွားစေတဲ့ ဆန္ဒနှင့် ဆွန်းမိုအတွက် ခက်ခဲအောင် နတ်ဘုရားရွှေ့လျားမှု ကျင့်စဉ်အား ပြည်နယ်ကိုးခု၏ ရှေ့ဟောင်း ဘာသာ စကားဖြင့်

ရေထွင်းထားခဲ့သည်။ လီဇီချီကတော့ လေဘုရင်အား လျစ်လျူရှု ထားလိုက်သည်။

"ဒါကို မှတ်ထားလိုက်မယ်"

ဆွန်းမိုက လေဘုရင်အား စိတ်ထဲတွင် တေးမှတ်ထားလိုက်သည်။

"စနစ်၊ ရှေ့ဟောင်း ဘာသာစကားနဲ့ ပက်သက်တဲ့ စာအုပ်တွေ ရောင်းဖို့ ရှိလား"

ဆွန်းမိုသည် စနစ် စတိုးဆိုင်းအား မကြည့်ဖြစ်ခဲ့တာ တော်တော်ကြာနေပြီ။ ရောင်းချတဲ့ ကုန်ပစ္စည်း အသစ်ပေါ်လာလား မပေါ်လာလား သူမသိပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အင်း ကျွမ်းကျင်အဆင့် စာအုပ်ရှိတယ်။ လေးစား အထင်ကြီးမှု အမှတ် ၅,၀၀၀ ကုန်ကျမယ်"

စနစ်က ရှင်းပြပြီးတာနဲ့ စတိုးဆိုင်အား ဖွင့်လိုက်သည်။ ရွှေရောင်စာအုပ်တစ်အုပ် လေထဲသို့ ပျံတက်သွားသည်။ ပြည်နယ်ကိုးခုမှ ရှေ့ဟောင်း ဘာသာ စကားဖြင့် နာမည် ရေးထိုးထားသည်။

မှတ်ချက်။ ။ ဒါက အလယ်ကမ္ဘာတိုက်ကြီး၏ အစောဆုံး ဘာသာ စကားပုံစံ ဖြစ်သည်။ ဒီဘာသာစကား ပျောက်ကွယ်သွားတာ တော်တော် ကြာသွားပါပြီ။ အဲဒါကို လေ့လာပြီးနောက် ရှေ့ဟောင်းသုတေသန လုပ်တဲ့ နေရာမှာသာ

အထာက်အကူ ဖြစ်လိမ့်မည်။ အခြားနေရာများတွင် အသုံးမဝင်ပါ။

ဆွန်းမို နှလုံးသား အနည်းငယ် နာကျင်သွားသည်။ (လေးစားအထင်ကြီးမှု အမှတ်တွေ လွယ်လွယ်နဲ့ ရတယ် ထင်နေတာလား)

“ပညာဆိုတာ တန်ဖိုး ဖြတ်လို့မရဘူး။ ဒါကြောင့်လည်း ဈေးကြီးရတာပေါ့”

စနစ်ရဲ့ စကားက ပြတ်သားလွန်းလှသည်။

ဆွန်းမို မျက်လုံး ပြူးသွားသည်။ ဘုရားကျောင်းရှိ ဘုန်းကြီးအိုများသည်

ညှော်သည်များအား ဒီလိုမျိုး နည်းလမ်းသုံးကာ စနောက်တတ်သည်။

ဒါကြောင့်လည်း လေးစားမှု ပျောက်သွားပြီး အလှူငွေတွေလည်း ပျောက်ဆုံးကုန်သည်။

"ငါ ဝယ်မယ်"

ဆွန်းမိုမှာ ရွေးချယ်စရာ မရှိပါ။ ဒါကို မလှေ့လာပါက အဓိပ္ပါယ်ဖော်ဖို့အတွက် လေဘုရင်ကိုသာ အားကိုးရလိမ့်မည်။ ဆရာတစ်ယောက် အတွက် အရှက်ကြီးတစ်ခုလို့ မသတ်မှတ်နိုင်ပေမယ့် ရှက်ဖို့တော့ ကောင်းသည်။

ဒင်

"ဝယ်ယူမှု အောင်မြင်တဲ့အတွက် ဂုဏ်ပြုပါတယ်။ နောက်ထပ် ပစ္စည်းတွေ လာဝယ်ဖို့ ဖိတ်ခေါ်ပါတယ်"

"အခုသုံးလိုက်တော့"

ဆွန်းမို ခိုင်းလိုက်သည်။

စာအုပ် ကြေမွသွားပြီး ရွှေရောင် အလင်းတစ်ခု အဖြစ် ပြောင်းလဲသွားပြီး စိတ်ထဲဝင် ရောက်သွားသည်။

ဆွန်းမို မှတ်ဉာဏ်ထဲတွင် လျှို့ဝှက်ဆန်းကြယ် သင်္ကေတများ ပြည့်နှက်လာသည်။ မွေးလာကတည်းက ဒီဘာသာစကားကို ကျွမ်းကျင်လာသလိုပါပဲ။

ဒင်

"ပြည်နယ်ကိုးခု၏ ရှေ့ဟောင်းဘာသာစကားကို တတ်မြောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။

(ကျွမ်းကျင်အဆင့် - ကျွမ်းကျင်)

ဆွန်းမို နှုတ်ဆိတ်နေတာ မြင်လိုက်လျှင် လေဘုရင် ကျေနပ်စွာ အော်ရယ်လိုက်သည်။

"မင်း နားမလည်ဘူး မှတ်လား။ ကောင်းပြီလေ၊ ငါမင်းကို သင်ပေးနိုင်ပါတယ်။ နောက်ဆုံးတော့လည်း မင်းက ပုရွတ်ဆိတ် ဖြစ်နေတော့ အမှားလို့ သတ်မှတ်လို့ မရဘူးပေါ့"

"မင်း စိတ်ပူနေစရာ မလိုပါဘူး။"

ဆွန်းမိုသည် သလင်းကျောက်တုံးကိုယူပြီး လျှင်မြန်စွာ ဖတ်လိုက်သည်။ သူသည် ရှေးဟောင်းဘာသာစကားကို ကျွမ်းကျင်အဆင့် ကျွမ်းကျင်နေသော်လည်း တချို့အပိုင်းများကို နားမလည်နိုင်သေးပါ။

"စနစ်၊ ရှေးဟောင်းဘာသာစကားရဲ့ ကျွမ်းကျင်မှုကို အဆင့်မြှင့်တင်ဖို့ အချိန်တံဆိပ် ဝယ်မယ်"

ဆွန်းမိုက လေးစားအထင်ကြီးမှု အမှတ်ကို နောက်တစ်ကြိမ် အသုံးပြုလိုက်သည်။

ဘယ်သူက ဘယ်သူ့ကို ကြောက်ရမှာလဲ။ အများစုက သင်ခန်းစာ ပိုပေးလိုက်ရုံပဲ။ အခုလက်ရှိမှာ ဆွန်းမိုက လူသစ်တစ်ယောက် မဟုတ်တော့ပါ။ သူက ဝိညာဉ်သားရဲ ထိန်းချုပ်တဲ့ ဘာသာရပ်တွင် မဟာအဆင့်ဖြစ်ပြီး သူရဲ့ ကျွမ်းကျင်မှုက ဟောပြောပွဲ တစ်ခု လုပ်လိုက်ရုံနဲ့ တစ်ကျောင်းလုံး ရှုးသွပ်သွားဖို့ လုံလောက်စေသည်။

အချိန်တံဆိပ်ကို အသုံးပြုပြီး အဆင့်မြှင့်တင်လိုက်သည်။

“ဒင်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ပြည်နယ်ကိုးခု၏ ရှေ့ဟောင်းဘာသာစကားတွင် ကျွမ်းကျင်မှုအဆင့်က မဟာအဆင့်ကို ရောက်ရှိသွားတဲ့ အတွက် ဂုဏ်ပြုပါတယ်။ ကျေးဇူးပြုပြီး ဆက်ကြိုးစားပါ”

ဒီတစ်ကြိမ် သလင်းကျောက်ပေါ်က စကားလုံးတွေကို ဖတ်ကြည့်လိုက်တဲ့အခါ နားလည်လာသည်။

“အို၊ မင်းနားမလည်ရင်လည်း ပြောပါ။ လူတိုင်းရဲ့ အချိန်ကို ဖြုန်းမနေနဲ့တော့”

လေဘုရင် တိုက်တွန်းလိုက်သည်။

"ဇီချီ၊ စောစောက လေဘုရင်ရဲ့ နတ်ဘုရားကျင့်စဉ်ကို တစ်ခေါက်လောက် ပြန်ရွတ်စမ်း"

တောကြွက်ဥလေးက သူပြောတဲ့အတိုင်း ချက်ခြင်းလုပ်လိုက်သည်။

လေဘုရင်ကလည်း လီဇီချီကို အနည်းငယ်ပိုပြီး အကဲခတ်ချင်တာကြောင့် မတားမြစ်ခဲ့ပါ။ ဒီလိုမလုပ်နိုင်ရင် ဒီပုရွတ်ဆိတ်တွေကို သတ်ပစ်မည်။ ဒါကအပေးအယူပျက်သွားပြီလို့ သတ်မှတ်နိုင်သည်။

သို့သော်လည်း လီဇီချီ အမှန်တကယ်ထူးချွန်းကြောင်းကို အမှန်တရားက သက်သေပြသွားသည်။

အလွန်ပြောင်မြောက်သောကြောင့် လေဘုရင် ခေါင်းတွေကျိန်းသလို ခံစားလိုက်ရသည်။ ဒါပေမယ့် ဆွန်းမိုကို စိုက်ကြည့်ပြီး မကျေမနပ် ဖြစ်သွားသည်။

“မင်းကို ဒီမှာ ဘယ်သူက ဆရာကြီးတစ်ယောက်လို လုပ်ဖို့ ခွင့်ပေးထားလို့လဲ”

လေဘုရင် အရမ်းစိတ်ဆိုးသွားသည်။ (အထင်ကြီးလာအောင် ဟန်ဆောင်ပြီး ငါ့ကို လှည့်စားနိုင်မယ်ထင်လား။ မင်းသာ ပြည်နယ်ကိုးခုရဲ့ ရှေ့ဟောင်းဘာသာစကားကို တကယ်နားလည်ရင် မင်းကို သူတော်စင်အဆင့် ကျင့်စဉ်တစ်ခု ငါပေးလိုက်မယ်)

"လေဘုရင်ရဲ့လေးက လေဘုရင် နတ်ဘုရားကျင့်စဉ်နဲ့ တွဲဖက်ပြီး အသုံးပြုရတာ၊ ဒါကို လေ့လာပြီးနောက်မှာ မြှား ကို အမျိုးမျိုးသော ရှု့ထောင့်ကနေ ပစ်ခတ်နိုင်ပြီး သတ်ဖြတ်နိုင်လိမ့်မည်။ ဥပမာ - ခြေရာခံခြင်း၊ ပေါက်ကွဲခြင်း ဒါမှမဟုတ် မြှားခြောက်ခု တပြိုင်နက် ပစ်ခတ်ခြင်း...ပေါ့"

"ဘာ"

လေဘုရင်သည် ပြောမလို့ လုပ်နေတဲ့စကားများအား စိတ်ထဲ ပြန်မျို ချလိုက်သည်။ ဆွန်းမိုသည် လေဘုရင် နတ်ဘုရားကျင့်စဉ်၏ မဖြစ်မနေ သိထားရမည့် အရေးပါတဲ့ အချက်ကို ပြောပြလိုက်သည်။

ကျင့်ကြံခြင်းကျင့်စဉ်အား လေးနက်စွာ မနားလည်နိုင်ရင် ဒါကို ပြောဖို့ မဖြစ်နိုင်ပါ။

"အခြားလေးများနဲ့ ဒီကျင့်စဉ်ကို အသုံးပြုနိုင်သော်လည်း စွမ်းရည်အဆင့် က အားနည်းနေလိမ့်မယ်"

ဆွန်းမိုက ပုခုံးတွန့်ရင်း ပြောလိုက်သည်။

သူသည် ကျောင်းသားဘဝတုန်းက ထိပ်တန်းအဆင့် စာသင်ကျောင်းသား မဟုတ်သော်လည်း သူ့ရလဒ်က လူများစွာထက်တော့ သာလွန်သည်။ ထိုအချိန်က နားထောင်နိုင်စွမ်း မြှင့်တင်ရန်အတွက် ထမင်းစားနေစဉ်နှင့်

အိမ်သာတက်နေစဉ်တွင် အမ်ပီဖိုးကို နားကြပ်တပ်ပြီး အင်္ဂလိပ်စာ နားထောင်ခဲ့သည်။ ဘာသာပြန်နိုင်တဲ့ အဆင့်ထိရောက်အောင် လေ့လာခဲ့သည်။

"ဆရာက အရမ်းမိုက်တာပဲ"

ကောင်မလေး သုံးယောက် အံ့အောသွားသည်။ သူတို့ ဆရာက တကယ်အကြီးမြတ်ဆုံး ဖြစ်သည်။

"အို၊ အို ၊ လေဘုရင်ကျင့်စဉ်က အရမ်း အစွမ်းထက်နေလို့ အံ့အောသင့်နေတာ မဟုတ်ဘူးလား။ ဘာလို့ မင်းဆရာကို အရမ်း

အထင်ကြီးနေတာလဲ။ ဟွန့် ငါ လေဘုရင်ဆီက မျက်နှာ မလိုချင်တော့ဘူးလား”

လေဘုရင်သည် စိတ်ထဲတွင် အရမ်းတုန်လှုပ်သွားသည်။ ဒါပေမယ့် ခဏနေတော့ ဝမ်းသာသွားသည်။ (ကံကောင်းတယ်။ ကံကောင်းတယ်။ မင်းသာ ရှေ့ဟောင်းဘာသာစကားကို နားလည်ရင် သူတော်စင်အဆင့် ကျင့်စဉ်ပေးမယ်ဆိုပြီး မပြောခဲ့တာ တကယ်ကံကောင်းတယ်။ ဒီလိုမှမဟုတ်ရင် ဒေါသကြောင့် ချောင်းဆိုးပြီး သေသွားနိုင်တယ်)

ရွှစ်

စိမ့်စမ်းရေထဲကနေ နောက်ထပ် ကျောက်တုံး တစ်တုံး ဆွန်းမို အရှေ့သို့ လွင့်ထွက်လာသည်။ ဆွန်းမိုက လေဘုရင်နတ်ဘုရားကျင့်စဉ်ကို နားလည်သွားသောကြောင့် လက်စွဲစာအုပ် တစ်ခါတည်းပေးပြီး စေတနာ ပြသလိုက်သည်။

“ အချိန်ရရင် လေဘုရင် ခန်းမကို နောက်ထပ်လာနိုင်တယ်၊ ရှေ့ခေတ် အသိပညာတွေကို သင်ပေးမယ် “

လေဘုရင်က ဆက်ပြီး

"ဒါပေမယ့် ငါ့ကိစ္စတွေကို တခြားသူတွေကို ပြောပြခွင့်မပေးဘူး။ ဒီလိုမှမဟုတ်ရင် မင်းတို့အားလုံးကို လိုက်ရှာပြီး သတ်ပစ်မယ်"

"အင်း"

လီဇီချီက နောက်ရက်များတွင် အလုပ်များနေမှာ သိနေသည်။

"ကောင်းပြီလေ။ အခုတော့ ငါပင်ပန်းနေပြီ။ မင်းတို့ ထွက်သွားကြတော့"

လေဘုရင်က ညွှံ့သည်များကို နှင်ထုတ်လိုက်သည်။

ထို့နောက် လေးယောက်သား ခန်းမအကျယ်ကြီးတစ်ခု ရောက်တဲ့အထိ ပြန်ဆုတ်ခွာ သွားသည်။ ထိုအချိန်ရောက်မှပဲ သူတို့အပေါ် ဖိအားပေးနေသော သေခြင်းတရား အငွေ့အသက်လည်း ပျောက်ကွယ်သွားသည်။

“အဟွတ့်၊ အဟွတ်”

ဆန်းမို ချောင်းဆိုးပြီး သွေးပါလာသည်။

“ဆရာ”

မိန်းကလေးသုံးယောက်က ချက်ခြင်းပဲ ဆွန်းမိုကို ဖမ်းထားလိုက်သည်။

“ငါ အဆင်ပြေပါတယ်”

ဆွန်းမိုသည် ပင်ပန်းနွမ်းလျစွာ မြေပေါ် ထိုင်ချလိုက်သည်။

ဒါကို မြင်တော့ လုချီဟွာက ဘေးနားတွင် ဆောင်ကြောင့်ထိုင်လိုက်ပြီး

"ဆရာ၊ မင်းငါ့ကို မှီထားလို့ ရတယ်"

လုချီဟွာက ရင်ဘက်ကို ပုတ်ပြီး "မစိုးရိမ်နဲ့ ငါ့ကိုမှီလိုက်၊ ငါက အရမ်းသန်မာတယ်" လို့ အမူအရာ လုပ်ပြနေသည်။

"မလိုပါဘူး"

သဘော်သီး မိန်းကလေးသည် ရင်သားကို ပုတ်ပြီး ပြောနေသဖြင့် လှိုင်းထနေသည်။ ဒါကို မြင်လိုက်လျှင် ဆွန်းမို ချက်ခြင်း ငြင်းလိုက်သည်။

"ဆရာ၊ ဒါက အဆင်ပြေပါတယ်။ ငါ့မှာ အသားပိုရှိပြီး မင်းကို သက်တောင့် သက်သာ ဖြစ်စေနိုင်ပါတယ်"

လုချီဟွာက လက်ကို ဆန့်ထုတ်ပြီး ဆွန်းမိုကို ဖမ်းကာ လှဲချလိုက်သည်။

စိုးရိမ်ပူပန်မှုဖြင့် ပြည့်နေပြီး လုချီဟွာရဲ့ အပြစ်ကင်းစင်တဲ့ မျက်လုံးများကို မြင်ကာ ဆွန်းမို မတားရက်တော့ပါ။ ဒါပေမယ့် အခုအချိန်မှာ

အရေးတကြီး ဖြေရှင်းရမယ့် ကိစ္စ တစ်ခု ရှိနေသေးသည်။

တံခါးရှစ်ခု တိမ်တိုက်က သူတို့အနောက်ကို လိုက်နေသည်။ သူတို့ ဒီအထိရောက်တဲ့ အချိန်မှာလည်း ထွက်သွားဖို့ ရည်ရွယ်ချက် မပြသေးပါ။

“မင်း ဘာလိုချင်လို့လဲ”

ဆွန်းမိုက မေးလိုက်သည်။ တံခါးရှစ်ခု တိမ်တိုက်သည် ဘယ်ဘက်သို့ အနည်းငယ် ရွှေ့လျားသွားသည်။

ဒါက တိမ်တွေပြောတဲ့ ဘာသာ စကားလား။ ဘယ်လိုပဲ ဖြစ်ဖြစ် ဆွန်းမို နားမလည်ပါ။

"ဆရာ၊ ဗလကြီးတဲ့ ကောင်နဲ့ တွေ့ချင်တယ်လို့ ပြောနေတယ်။"

လုချီဟွာက ရှင်းပြလိုက်သည်။

"သူပြောတာကို မင်းနားလည်လား"

လီဇီချီက စပ်စုလိုက်သည်။

"မသိဘူး"

လုချီဟွာက ခေါင်းခါလိုက်သည်။

"သူပြောချင်တာကို ခန့်မှန်းတာ၊ ငါ ၈၀ ကနေ ၉၀ မှန်ဖို့ သေချာတယ်"

ဒီအချက်နဲ့ ပက်သက်လို့ကတော့ လုချီဟွာ ယုံကြည်မှု အရမ်းရှိသည်။

ဆွန်းမိုနှင့် အခြားနှစ်ယောက်လည်း စကားမပြောနိုင်တော့ပါ။ ဒါကို မွေးရာပါ စွမ်းရည်တစ်ခုလို့ပဲ သတ်မှတ်ရမည်။

"လာအုံး"

ဆွန်းမိုက လက်ဝှေ့ယမ်းပြီး ခေါ်လိုက်သည်။

တံခါးရှစ်ခု တိမ်တိုက်သည် တစ်ချက် တုံ့ဆိုင်းသွားပြီ ပျံသန်းလာသည်။ သူက

ဆွန်းမိုကို ရေပူစမ်းနေရာကတည်းက စောင့်ကြည့်နေခဲ့သည်။ ဒီနေ့ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကြောင့် ဆွန်းမိုက အရမ်းကြင်နာတတ်ပြီး သူ့အပေါ် ရန်လိုခြင်းမရှိဘူးလို့ ယုံကြည်သည်။ ဒါကြောင့်လည်း အရမ်းသတိမထားတော့ပါ။

ဒီလိုမှမဟုတ်ရင်လည်း လေဘုရင်လက်ချက်ကတည်းက အဖမ်းခံနေရပြီ။

ထို့နောက် ဘေးနားမှာရှိတဲ့ ဝိညာဉ်ချီနဂါးကို တစ်ချက် ကြည့်လိုက်သည်။ အဲဒါက လူသားများနှင့် အလွယ်တကူ မနီးစပ်နိုင်တဲ့ မျိုးစိတ်တစ်ခု ဖြစ်သည်။ အခုတော့ ရင်သားကြီးကြီးနဲ့

မိန်ကလေး ခေါင်းပေါ်တွင် ရစ်ခွေနေပြီး ခွေးတစ်ကောင်ကဲ့သို့ နာခံနေသည်။ ဆွန်းမိုက တိမ်တိုက်ကို ထိလိုက်သည်။ သူက မတူညီတဲ့ မျိုးစိတ်တစ်ခုကို ပထမဆုံးအကြိမ် နှိပ်ပေးခြင်း ဖြစ်သည်။ ဘယ်နေရာကို နှိပ်ပေးရမလဲ မသိသော်လည်း ရှေ့ဟောင်းအနှိပ်ပညာကို အသုံးပြုလိုက်သည်။ သိပ်မကြာခင် ဝိညာဉ်ချီထွက်လာပြီး ဗလတောင့်တောင့်နဲ့ ဂျင်းနီပေါ်လာသည်။

ရွှတ်စ်

တံခါးရှစ်ခု တိမ်တိုက်သည် တရွေ့ရွေ့လှုပ်နေပြီး စိတ်လှုပ်ရှားတဲ့ ပုံပေါ်လာသည်။ ဂျင်းနီကလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုမျိုး မျိုးစိတ်ကို မနှိပ်ဖူးတဲ့အတွက် အရမ်းစိတ်လှုပ်ရှားနေသည်။ ခဏကြာတော့ သူတို့နှစ်ယောက်စလုံးသည် သူတို့၏ အခန်းကဏ္ဍကို တက်ကြွစွာ ပူးပေါင်း ပါဝင်နေကြသည်။

ဂျင်းနီက တိမ်တိုက်၏ ခန္ဓာကိုယ်အား ဆုပ်နယ်နေပြီး တစ်ခါတစ်ရံ “S”ပုံစံ တစ်ခါတစ်လေ “B” ပုံစံ ဖြစ်သွားသည်။

ဆွန်းမိုက ဂျင်းနီကို လျှောင်ပြောင်ချင်သော်လည်း ဂျင်းနီက တမင်သက်သက် မလုပ်မှန်း သိနေသည်။

မိနစ် အနည်းငယ်ကြာတော့ ဂျင်းနီလည်း ပျောက်ကွယ်သွားသည်။ တံခါးရှစ်ခု တိမ်တိုက်က မကျေမနပ် ဖြစ်နေသေးသည်။ သူက ပျံတက်ပြီး ဆွန်းမို ခန္တာကိုယ်ကို ပြေးတိုက်လိုက်သည်။ သို့သော်လည်း ခန္တာကိုယ်က အရမ်းနူးညံ့ ပျော့ပြောင်းနေသောကြောင့် တိုက်ခိုက် နိုင်စွမ်း မရှိပါ။

“ ဆရာ ဒဏ်ရာ အပြင်းအထန် ရထားပြီး ဝိညာဉ်ချီလည်း ကုန်နေတယ်။ မင်းတို့နှစ်ယောက်ရဲ့ ကံကြမ္မာသာ မချိတ်ဆက်ဖူးဆိုရင် မင်းကို ရှေ့ဟောင်း နဂါး ဖမ်းတဲ့ လက်နဲ့ နှိပ်ပေးမှာတောင် မဟုတ်ဘူး။”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီက လုချီဟွာကို ချက်ခြင်း ပြောခိုင်းလိုက်သည်။

" ငါ့စကားတွေကို ဘာသာ ပြန်ပေးပါ။"

လုချီဟွာက လက်နှင့်ခြေထောက်တို့ကို အသုံးပြုပြီး နာမလည်နိုင်တဲ့ စကားတချို့ကို တိုးတိုးလေး ရွတ်လိုက်သည်။ ဘယ်လိုပဲ ကြိုးစားပါစေ ဆွန်းမို နားမလည်နိုင် ဖြစ်နေသည်။

တိမ်တိုက်လေး ငြိမ်သက်သွားသည်။ တကယ်တော့ ဒီလူသားက သေလုနီးပါး ဖြစ်နေသည်။ သူသေသွားရင် သူနဲ့ ဆက်ကစားလို့ မရတော့ဘူး။

(သူသေသွားရင် သူဘာလုပ်ရမှာလဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါ့ဆရာက မဟာအဆင့် ဝိညာဉ်သားရဲ ထိန်းချုပ်သူပါ။ သူက ဘာသာစကား ပဋိညာဉ်ကို သိတယ်။ နှစ်ဦးနှစ်ဖက် ချုပ်ဆိုလိုက်ရင် တစ်ယောက်နဲ့တစ်ယောက် အလွယ်တကူ နားလည် လာလိမ့်မယ်။ ဒီပဋိညာဉ်ကို လက်ခံမလား"

လီဇီချီက မေးလိုက်သည်။

ရွှတ်စ်

လုချီဟွာ ဘာသာပြန်တာကို ကြားလိုက်လျှင် တိမ်တိုက်ကလေး တစ်ခါတည်း ထွက်ပြေးသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အိုဘုရားရေ၊ ဒီလူသားက အမှန်တကယ် အစွမ်းထက်တဲ့ ဝိညာဉ်သားရဲ ထိန်းချုပ်သူလား)

(ဝိညာဉ်သားရဲ ထိန်းချုပ်သူက ငါတို့ရဲ့ ထာဝရ ရန်သူပဲ)

(တခြားလူတွေ ငါ့ကို ဖမ်းလိုက်ရင် ထွက်ပြေးလို့ ရသေးတယ်။ ဒါပေမယ့် ငါ့ကို ဝိညာဉ်သားရဲထိန်းချုပ်သူက ထူးဆန်းတဲ့ စာချုပ်နဲ့ ချည်နှောင်ထားလိုက်ရင်တော် ငါ့ဘဝ အဆုံးသတ်သွားပြီ။)

(အို၊ အရမ်းကြောက်ဖို့ကောင်းတယ်။ ထွက်ပြေးမှ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူ မျက်လုံး ပြူးသွားသည်။

“ စိတ်မပူနဲ့ ပြန်လာလိမ့်မယ်”

လီဇီချီက ငါးသလဲထိုးလေးကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

ခန့်မှန်းထားသည့်အတိုင်း တိမ်တိုက်ကလေးက အဝေးကြီး မပြေးပါ။ မိနစ်အနည်းငယ်ကြာတော့ ဝေးကြီး ပျံသန်းထွက်သွားဖို့ မလုပ်ဘဲ ခန်းမထဲသို့ ပြန်ကြည့်လာသည်။

“သူ စာချုပ်ချုပ်မယ်တဲ့”

လုချီဟွာက ဘာသာပြန်ပေးသည်။

ဆွန်းမိုသည် ဓါးမြှောင်တစ်ချောင်းကို ယူကာ လက်ဖဝါးကို အနည်းငယ် လှီးလိုက်သည်။ လက်ဆတ်တဲ့ သွေးတွေ ထွက်လာပေမယ့် မြေပေါ် မကျသွားပါ။ အဲဒီအစား သွေးတွေက လေထဲ ဝဲတက်သွားပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ ဝိညာဉ်တက်တူး ပုံစံ တစ်ခု အဖြစ်ပြောင်းသွားသည်။

ဖောက်

တက်တူးက တံခါးရှစ်ခု တိမ်တိုက် ခန္ဓာကိုယ်ကို ဖောက်ဝင်သွားသည်။

ဆွန်းမို စိတ်ထဲတွင် ရင်းနီးတဲ့ ခံစားချက် တစ်ခု ပေါ်လာသည်။ တိမ်တိုက်ကို

နောက်တစ်ကြိမ် လှမ်းကြည့်လိုက်လျှင် သူပြောချင်တဲ့ အဓိပ္ပါယ်များကို နားလည် လာသည်။

“နောင်ကျရင် မင်းကို ဘယ်လို ခေါ်ရမလဲ။ မင်းကို သတ္တု သေ့လို့ ခေါ်ရမလား”

ဆွန်းမိုက တိုးတိုးလေး ရေရွတ်ပြီးနောက် ခေါင်းယမ်းလိုက်သည်။

“မဟုတ်သေးဘူး၊ တခြားသူတွေ အထင်ကြီးသွားအောင် ဘင်လင် လို့ ခေါ်ရမယ်”

“ ဘင်ဘင်က ဘာကြီးလဲ။ ဆရာနဲ့ သူမရဲ့ ဆက်ဆံရေးက ဘာလဲ။ နာမည်က မိန်းမ နာမည်နဲ့ တူနေသလိုပဲ”

လီဇီချီက သဘာဝရန်သူ ရှိလာသလို ခံစားလိုက်ရသည်။ သူမ အာရုံအပြည့်စိုက်ပြီး နားထောင်နေသည်။

မှတ်ချက်။ ။ တံခါးရှစ်ခု တိမ်တိုက်ရဲ့ နာမည်အပြည့်အစုံက တံခါးရှစ်ခု သတ္တုသော့ တိမ်တိုက်ဖြစ်သည်။

စာစဥ်(၁၈)

အခန်း(၂၆၂) - အောင်မြင်သော ဘဝ။

“ဘာနာမည်ကြီးလဲ၊ ငါရဲ့ မြင့်မြတ်မှုကို မဖော်ပြနိုင်ဘူး”

တိမ်တိုက်ကလေးက ခန္တာကိုယ်အား’X’ ပုံစံပြောင်းပြီး တန်းကန့်ကွက်သည်။

“သတ္တုလေး ဆိုရင်ရော၊ မင်းနာမည် အပြည့်အစုံမှာ သတ္တုဆိုတဲ့ စကားလုံးပါတယ်”

ဆွန်းမို နောက်ထပ် နာမည်တစ်ခုကို တွေးလိုက်သည်။ နောက်ဆုံးတော့ ဒီမျိုးစိတ်ရဲ့ နာမည်ကို တံခါးရှစ်ခု သတ္တုသော့ တိမ်တိုက်လို့ လူသိများသည်။ ဒါကြောင့် သတ္တုဆိုတဲ့ စကားလုံးပါသည်။ သင့်တော်တယ်လို့ သတ်မှတ်နိုင်သည်။

တိမ်တိုက်ကလေး စဉ်းစားနေတုန်းမှာပဲ လုချီပွာက အော်ပြီး

“ဒီနာမည်က အရမ်းမိုက်တယ်”

“ဟုတ်တယ်။ ဒါက မိုက်တယ်”

တိမ်တိုက်ကလေးသည် တွေးခေါ်နေတာကို စွန့်လွှတ်ပြီး ချက်ခြင်း ထောက်ခံလိုက်သည်။ ထို့နောက် သူ့ခန္ဓာကိုယ်က ဖောင်းကားလာပြီး ပိုကြီးတဲ့ “X” စာလုံး ဖော်ပြသည်။

“ငွေကလေးဆိုရင်ရော ဘယ်လိုလဲ။ တော်တော်ချစ်ဖို့ကောင်းတယ်လို့ ထင်တယ်”

လီဇီချီက အကြံပြုသည်။

“အင်း။ ဒါက မဆိုးဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက တိမ်တိုက်ကလေးကို ပွတ်သတ်ပြီး ထောက်ခံလိုက်သည်။ ဒါက လုံးဝကို ငွေရောင်ဖြစ်နေပြီး ပျံသန်းနေတဲ့ အခါတွင် နောက်မှာ ငွေရောင်များ ကျန်နေခဲ့သည်။ လုံးဝကို ချစ်ဖို့ကောင်းသည်။

"ချစ်ဖို့ကောင်းတာလား။ ကောင်းပြီလေ၊ အဲဒါက ငါ့နာမည်ပဲ"

တံခါးရှစ်ခု တိမ်တိုက်သည် သဘောတူလိုက်သည်။ အဲ့နောက် ပုံမှန် ပုံစံ ပြန်ပြောင်းသွားသည်။

အင်ဘိုင်ဝူသည် ဘာတစ်ခွန်းမှ ဝင်မပြောသော်လည်း 'ငွေကလေး' ဆိုတဲ့ အမည်ပြောင်ကို ကြားပြီး လီဇီချီအား တစ်ချက် ကြည့်လိုက်သည်။ (ငါ့ရဲ့ အနာဂတ်ကလေးအတွက် သတ်မှတ်ထားတဲ့ နာမည်ကို မင်းကဘာလို့ သုံးလိုက်တာလဲ)

(ထားလိုက်တော့။ သားလေးပဲ မွေးတော့မယ်။ အဲဒီအခါကျမှ သားလေးကို ရွှေကလေးလို့ နာမည်ပေးမယ်)

အခုမှ လောလောလတ်လတ် နာမည်ရထားတဲ့ တိမ်တိုက်ကလေးသည် ပျော်ရွှင်ပြီး ပျံ့ဝဲနေသည်။ ချစ်ခြင်းမေတ္တာနဲ့ ပျော်ရွှင်မှုကို လက်ခံရရှိတဲ့ ခွေးတစ်ကောင်လို ဖြစ်နေသည်။

“ငွေရောင်လေး၊ မင်းတခြားနေရာ သွားခြင်လား။ ဉာပမာ အလယ်ကမ္ဘာက ပြည်နယ်ကိုးခု၊ ငါတို့နေတဲ့ ချင်လင်မြို့က အရမ်းလှပတဲ့ ရှုခင်းတွေ ရှိပြီး အရမ်းလှတဲ့ ပန်းတွေလည်း ရှိတယ်”

“ငါလုပ်လို့ ရလား”

ငွေကလေး စိတ်လှုပ်ရှားသွားသည်။ ဒါပေမယ့် ကမန်းကတန်း ငြင်းလိုက်သည်။

"ငါ့ကိုယ်ငါ ဖော်ပြလိုက်တာနဲ့ အဖမ်းခံရလိမ့်မယ်။ တစ်ယောက်ယောက် ဝိညာဉ်ပဋိညာဉ် ချုပ်ဆိုလိုက်တာနဲ့ အဆုံးသတ်သွားမယ်လို့ အမေက ပြောဖူးတယ်"

"မင်းမှာ အမေ ရှိတယ်"

ဆွန်းမို အံ့အောသွားသည်။ သို့သော်လည်း ဒီမေးခွန်းက အဓိကအချက် မဟုတ်ပါ။

“ငွေရောင်လေး၊ မင်းငါနဲ့ ပွဲတင်သံ ပဋိညာဉ်စာချုပ် ချုပ်မလား”

“ဒီစာချုပ်က နှစ်ဖက်စလုံး တန်းတူ ညီတူ ရပ်တည်ခွင့်ရှိတယ်။ ဘယ်သူကမှ ဘယ်သူကို မထိန်းချုပ်ထားဘူး။ ဒါပေမယ့် အဲဒါကို ချုပ်ဆိုပြီးရင်တော့ တည်ရှိမှုကြောင့် မင်းကို ချုပ်ကိုင်ချင်တဲ့ ကျင့်ကြံသူတွေက အဲဒီစာချုပ်ကို အရင်ဆုံး ဖျက်ဆီးပစ်ဖို့ လိုတယ်”

“ပြီးတော့ စာချုပ်ကို ဖျက်ဆီးပစ်တဲ့ တစ်ခုတည်းသော နည်းလမ်းက ငါ့ကို သတ်ဖို့ပဲ။ ငါမသေသ၍ မင်းဘေးကင်းလိမ့်မယ်”

ဆွန်းမိုက ဝိညာဉ်ပွဲတင်သံ ပဋိညာဉ် စာချုပ်အကြောင်း ရှင်းပြသည်။

ငွေရောင်လေးအတွေးထဲ နစ်မျောနေသည်။ တိမ်တိုက်တစ်ခုအနေနဲ့ ကျယ်ပြောလှတဲ့ ကမ္ဘာကို ထုံးစံအတိုင်း စိတ်ဝင်စားသွားသည်။ သို့သော်လည်း သူက အရမ်းရှားပါးတဲ့ လျှို့ဝှက်မျိုးစိတ်ဖြစ်သဖြင့် လူသားများက အရမ်းဖမ်းချင်နေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တကယ်လို့ သူသာ လျှင်မြန်စွာ မပုံ့သန်းနိုင်ခဲ့ရင် ငွေကလေး အကြိမ်ပေါင်းများစွာ အဖမ်းခံနေရပြီ။

ပြီးတော့ ဒီစာချုပ် ချုပ်လိုက်ရင် အန္တရာယ် ရှိနေမလား။

ဆွန်းမိုက ပြုံးလိုက်ပြီး အချိန်ဖြုန်းမနေတော့ဘဲ ဝတ်ရုံရှည်ကို ဖယ်ရှားကာ နှလုံးသားနားက နေရာတစ်ဝိုက်ကို ဓါးနဲ့ မွှန်းပြီး ဝိညာဉ်ပွဲတင်သံ ပဋိညာဉ်အား စတင်ရွတ်ဆိုနေသည်။

“ရိုးသားတဲ့ နှလုံးသား၊ လှပတဲ့ စိတ်ဝိညာဉ်၊ ဘဝအတွက် မိတ်ဆွေ၊ ထာဝရ နှောင်ကြိုး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒုတ် ဒုတ်

ဆွန်းမို နှလုံးခုန်သံများ မြန်ဆန်လာသည်။ ဒဏ်ရာကနေ သွေးတွေ ပိုကျလာပြီး လျှို့ဝှက်ဆန်းကြယ် ပုံရိပ်တစ်ခု ဖြစ်ပေါ်လာသည်။

ကောင်မလေး သုံးယောက်စလုံး တိတ်ဆိတ်သွားသည်။ သူတို့ရဲ့ အသက်ရှူသံတွေတောင် နှေးကွေးသွားသည်။

အခုလက်ရှိတွင် ဆွန်းမိုက သူ့နှလုံးသားအား ငွေကလေးအတွက် ဖွင့်လှစ်ထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြည်နယ်ကိုးခု သမိုင်းတွင် ရန်ပြုလိုစိတ်ကို အာရုံခံနိုင်စွမ်း အရမ်းအားကောင်းတဲ့ မွေးရာပါ စွမ်းအားရှိသောကြောင့် တံခါးရှစ်ခု တိမ်တိုက်အား တစ်ခါမှ မဖမ်းမိခဲ့ပါ။ သူက ရန်သူမလာခင် ကြိုရှောင်သွား တတ်သည်။

ဆွန်းမို အရှေ့မှာ ငွေကလေး ပေါ်လာပြီး သူ့အနောက်ကို ဒီလောက် အကြာကြီး ဘာကြောင့် လိုက်နေခဲ့တာလဲ။ သူတို့လေးယောက်၏ နှလုံးသားထဲက ကြင်နာတတ်တဲ့စိတ်ကို ခံစားမိလို့

ဖြစ်သည်။ သူတို့မှာ မကောင်းတဲ့ ရည်ရွယ်ချက်များ မရှိပါ။

အထူးသဖြင့် ရင်သားကြီးတဲ့ မိန်းကလေးက အရမ်းကောင်းသည်။ အစမှ အဆုံးအထိ စူးစမ်းချင်စိတ်ကလွဲလျှင် သူမက ဒါကို လိုချင်စိတ် လုံးဝ မရှိခဲ့ပါ။ ဒီလို ကျောင်းသားမျိုးကို သင်ပေးနိုင်တဲ့ ဆရာကလည်း အကျင့်စာရိတ္တ သေချာပေါက် ကောင်းမွန်နေလိမ့်မည်။

“ငွေကလေး သဘောတူလိုက်ပါ။ ဆရာက မင်းကို ဒုက္ခမပေးဘူး”

လုချီဟွာက ဆက်ပြီး

“တစ်ယောက်တည်း ကစားရတာက အထီးကျန်လွန်းတယ်”

ငွေကလေး ငြိမ်ကျသွားသည်။

“အရင်တုန်းက ငါလည်း တစ်ယောက်တည်း ကစားခဲ့ဖူးတယ်။ ပန်းတွေ၊ မြက်တွေ၊ ပုရွက်ဆိတ်တွေ၊ ပိုးကောင်တွေနဲ့

စကားပြောခဲ့ဖူးတယ်။ ဒါပေမယ့် နောက်ဆုံးမှာ တကယ့်သူငယ်ချင်း လိုနေပြီဆိုတာ သိခဲ့တယ်”

သဘော်သီး ကောင်မလေးက သူ့မငယ်စဉ်ကအကြောင်းကို တွေးရင်း

“ငါ မင်းနဲ့ ကစားချင်တယ်။ ဒါပေမယ့် မင်းကို သူတစ်ပါး ဖမ်းသွားမှာ စိုးရိမ်တယ်”

လီဇီချီသည် အရင်က တစ်ခုခု ပြောချင်သော်လည်း လုချီဟွာ မျက်နှာ အမူအရာကို မြင်လိုက်ကာ နူးညံ့သိမ်မွေ့တဲ့ အသံကို ကြားပြီးနောက် ပါးနပ်စွာ ပါးစပ် ပြန်ပိတ်ထားခဲ့သည်။

သဘော်သီး မိန်းကလေးက ဝိညာဉ်သားရဲ ထိန်းချုပ်မှု ဘာသာရပ်အတွက် သဘာဝ လက်ဆောင်ရထားတဲ့သူ ဖြစ်သည်။

"အင်း ။ ဒါက သိသာလွန်းတယ်"

လီဇီချီ သက်ပြင်းချလိုက်သည်။ တချို့လူတွေက အမြင့်ကို ရောက်ဖို့ အရမ်းကြိုးစားနေခဲ့ရသည်။ သို့သော်လည်း အဲဒီမျက်နှာကျက်က တချို့သူတွေရဲ့ ကြမ်းပြင်သာ ဖြစ်နေသေးသည်။

"ငွေကလေး ကမ္ဘာကြီးက အရမ်းကျယ်တယ်။ အပြင်ထွက်ကြည့်ချင် စိတ် မရှိဘူးလား"

ဆွန်းမိုက ပေါ့ပေါ့ပါးပါး ပြုံးရင်း မေးလိုက်သည်။ အရမ်းဖိအား မပေးပါ။ တိမ်တိုက်ကလေး သူ့ဘာသာသူပဲ ဆုံးဖြတ်ချက်ချတာ ပိုကောင်းသည်။ သို့သော် ဒီအရာတွေကို သူ့အစား တကယ်စဉ်းစား ပေးခဲ့တာ ဖြစ်သည်။

လမ်းဘေး ကြောင်ကလေး တစ်ကောင် တွေ့ရသလိုပါပဲ..။ သူ့ကို အစား အမြဲတမ်းကျွေးထားပြီး ကြိုက်သလို လွတ်လွတ်လပ်လပ် နေစေချင်သည်။ ပျော်ရွှင်ပြီး လွတ်လွတ်လပ်လပ် နေနိုင်ဖို့ မျှော်လင့်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မမြင်ရတဲ့ နံရံထဲမှာ ပိတ်မိနေတဲ့ ကြောင်ကလေးတွေလို သူ့ဘဝအား မဖြတ်သန်းစေချင်ပါ။

ရွှတ်စ်

ဆွန်းမိုဆီမှ ရွှေရောင် အလင်းတန်း ဖြာထွက်လာသည်။ မိန်းကလေးသုံးယောက် သာမက ဝိညာဉ်ချီနဂါးနဲ့ တိမ်တိုက်ကလေးကိုပါ ဖုံးအုပ်သွားသည်။

အချိန်တစ်ခုကြာတဲ့အထိ ခန်းမကြီးအား ထူးဆန်းတဲ့ လေထုက ဖုံးအုပ်နေသည်။

"ဒါက မဖြစ်နိုင်ဘူး မဟုတ်လား"

လီဇီချီ လုံးဝကို အံ့အော တုန်လှုပ်နေသည်။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်သည် လူသားတွေအပေါ်သာ အကျိုးသက်ရောက်တာ မဟုတ်ဘူးလား။ သို့သော် အခုပုံစံကို ကြည့်ရတာတော့ တခြားမျိုးစိတ် အပေါ်လည်း သက်ရောက်မှု ရှိနေသည်။

အမှန်အတိုင်းပြောရလျှင် လီဇီချီ ဒါကို မသိခဲ့ပါ။ ဆိုရိုးစကား တစ်ခုရှိသည်။ ပညာရှိတို့၏ စကားသည် များပြားလှသော

သက်ရှိတို့အား အလင်းရစေနိုင်သည်။ မြွတ်ဆရာ အရှိန်အဝါတစ်ခုအနေနဲ့ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်သည် အမြင့်ဆုံးအဆင့်သို့ ရောက်သွားလျှင် သက်ရှိများစွာကို ဉာဏ်အလင်းဖွင့်ပေးနိုင်သည်။ ဒါက ဒဏ္ဍာရီထဲက ပညာရှိတွေလို ဖြစ်သည်။ သူတို့ရဲ့ စကားတစ်ခွန်းက သားရဲတစ်ကောင်အား လူသားပုံစံ ပြောင်းလဲစေနိုင်ပြီး ကျင့်ကြံခြင်းတွင်လည်း အောင်မြင်မှု ရစေနိုင်သည်။

“အမ်”

ဆွန်းမိုလည်း ရုတ်တရုတ် အနည်းငယ် အံ့အောသွားသည်။ တန်ဖိုးဖြတ်မရတဲ့ အကြံညြဉ်ချက်ကို ထုတ်သုံးဖို့ပင် မရည်ရွယ်ခဲ့ပါ။

သို့သော် သိပ်မကြာခင်တွင် ဆင်ခြင်တွေးတောမှုထဲ နစ်မြုပ်သွားသည်။

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်သည် စနစ်ကရရှိခဲ့တာ မဟုတ်ဘဲ ကိုယ်တိုင်နားလည်သဘောပေါက်ခဲ့တဲ့ တစ်ခုတည်းသော မြတ်ဆရာအရှိန်အဝါ ဖြစ်သည်။ ဒါက ထိန်းချုပ်မှုမရှိဘဲ ကြံ့သလို အသက်ဝင်လာ

တတ်သည်။ ဒါကြောင့်လည်း သူ့အမြဲတမ်း လေ့လာနေခဲ့သည်။

ဆွန်းမိုသည် ဉာဏ်ထက်မြတ်ပြီး အကြောင်းအရာများကို စုစည်း သုံးသပ်နိုင်တဲ့သူ ဖြစ်သည်။ ဒါကြောင့်လည်း ဒီတစ်ကြိမ် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာပြီးနောက် နောက်ဆုံးတော့ သဲလွန်စတစ်ခု တွေ့လိုက်သည်။

တန်ဖိုးဖြတ်မရတဲ့ မြတ်ဆရာအရှိန်အဝါသည် မြတ်ဆရာတစ်ယောက် သူ့နှလုံးသားနဲ့ ခံစားချက်

ထည့်ပြီး စကားပြောရင် အသက်ဝင်လာတတ်သည်။ ကျောင်းသားတွေကို ဆုံးမတဲ့အခါ စစ်မှန်တဲ့ စိတ်ရင်းနဲ့ စကားပြောရင် အလိုအလျောက် အသက်ဝင်လာတတ်သည်။

ဒင်

“တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်၏ စစ်မှန်တဲ့ သဘောတရားကို နားလည်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းရဲ့ ကျွမ်းကျင်မှုက မဟာအဆင့်အထိ တိုးတက်သွားပါပြီ။ အရှိန်အဝါရဲ့ သက်ရောက်မှုသည် သုံးရက် ကြာမြင့်မည်။

အကျိုးသက်ရောက်တဲ့ အချင်းဝက်ကလည်း အခုဆိုရင် မီတာ ၅၀၀ အထိ ကျယ်ပြန့်လာလိမ့်မည်”

“မြတ်ဆရာ အရှိန်အဝါကို တခြားမျိုးစိတ်တွေအပေါ် ပထမဆုံး အကြိမ် အကျိုးသက်ရောက်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ သက်ရှိတိုင်းအပေါ် ပညာပေးနိုင်တဲ့ အကျိုးသက်ရောက်မှု တာဝန်ကို အောင်မြင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။

ဆုလဒ်- အထူးဆုအနေနဲ့ လျှို့ဝှက်ဆန်းကြယ် ရတနာ သေတ္တာ တစ်လုံး။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ။”

အကြောင်းကြားချက် ထွက်ပေါ်လာသဖြင့် ဆွန်းမို ရုတ်တရက် အံ့အောသွားသည်။ မမျှော်လင့်ထားတဲ့ ဆုတစ်ခုပဲ။

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်၏ အကျိုးသက်ရောက်မှုသည် သုံးရက်ကြာပြီး အချင်းဝက် မီတာ ၅၀၀ ဖြစ်သည်။ မဟာအဆင့်ဆိုတဲ့အတိုင်း လွှမ်းမိုးမှုက

သိသိသာသာ တိုးတက်လာခဲ့သည်။ ဆွန်းမိုက ကျောင်းသားတွေကို အလုပ်ကြိုးစားဖို့ ပြောလိုက်ရင် သူတို့ သုံးရက်လောက် မနားမနေ အလုပ်ကြိုးစား နေကြမည်။

ခရမ်းရောင်တောက်ပနေတဲ့ လျှို့ဝှက်ဆန်းကြယ် ရတနာ သေတ္တာသည် ဆွန်းမို အရှေ့တွင် ပေါ်လာသည်။ သို့သော်လည်း ဆွန်းမို မဖွင့်ရဲသေးပါ။ ဒီခရီးစဉ်တွင် အကျိုးအမြတ်အများကြီး ရိတ်သိမ်းနိုင်ခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက အရမ်းကံကောင်းတယ် ဆိုရင်တောင် သူမရဲ့ ကံတရားကို အသုံးချပြီးသွားတာ ဖြစ်နိုင်သည်။

"နည်းနည်းလောက်တော့ စောင့်သင့်တယ် ထင်တာပဲ"

ဆွန်းမိုက အခုလောလောဆယ်တွင် ရတနာသေတ္တာကို သိမ်းထားဖို့ ဆုံးဖြတ်လိုက်သည်။

ငွေကလေးသည် တိမ်တိုက်ပုံစံ သက်ရှိဖြစ်သည်။ မူလ သဘာဝအရကို စိတ်နှလုံး အပူအပင်ကင်းမဲ့ပြီး လွတ်လပ်မှုကို တောင်းတသည်။ ကြယ်တွေစုံနေတဲ့ ကောင်းကင်ကြီး ဖြစ်နေပါစေ

ကန့်သတ်ချက် ရှိနေသည်။ ဆွန်းမိုသည် ‘ကမ္ဘာကြီးက ကျယ်ပြောပြီး ထွက် ကြည့်ချင်လား’ လို့ ပြောလာတဲ့အခါတွင် ငွေကလေး လုံးဝကို အံ့အောသင့်သွားသည်။

ဒါက သူ့ဘဝရဲ့ ပန်းတိုင် ဖြစ်သင့်သည်။ တခဏလောက်ကြာတော့ ငွေကလေး ပိုရင့်ကျက်လာသည်။ ဖြစ်နိုင်တယ်။ နောက်ဆုံးတော့ သူ့ ပန်းတိုင်ကို ရှာတွေ့ခဲ့ပြီ။ ကျယ်ပြောလှတဲ့ ကမ္ဘာကြီးကို မြင်ချင်သည်။

“ဒါဆို ငါဘာလုပ်ရမလဲ”

ငွေကလေး မတွေဝေတော့ပါ။ သူက နှလုံးသားကို ဖွင့်လှစ်ပြီး ပဋိညာဉ်စာချုပ်ကို လက်ခံရန် ဆုံးဖြတ်လိုက်သည်။

"မင်းရဲ့ သွေးတစ်စက်လောက်ပေးပါ"

ဆွန်းမို စကားပြောနေတုန်း ငွေကလေး၏ ခန္ဓာကိုယ်ကနေ ငွေရောင်သွေးစက်ကလေး တစ်ခု လွင့်မျောလာသည်။ လေထဲတွင် သွေးအခြင်းခြင်း ရောစပ်သွားသည်။

နောက်ဆုံးတွင် အမှတ်တံဆိပ် ပုံသဏ္ဌာန်နှစ်ခု အဖြစ် ပြောင်းလဲသွားသည်။ တစ်ခုက ဆွန်းမို နှလုံးဆီ

ဝင်သွားပြီး နောက်တစ်ခုက ငွေကလေးရဲ့ ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားသည်။

ဝိညာဉ်ပွဲတင်သံ ပဋိညာဉ်စာချုပ် ချုပ်ဆိုပြီးသွားပြီ။

အခုအချိန်ကစပြီး တိမ်တိုက်ကလေး ဘယ်နေရာပဲ ရောက်နေပါစေ ဆွန်းမိုက သူ့ဘေးနားရောက်အောင် ဆင့်ခေါ်နိုင်သည်။ ထုံးစံအတိုင်း ဒီလိုလုပ်ဖို့အတွက် သူရဲ့ ဝိညာဉ်ချီကို သုံးစွဲဖို့ လိုသည်။

ဆွန်းမိုနှင့် ငွေကလေးသည် သတ်မှတ်ထားတဲ့ အတိုင်းအတာ အကွာဝေးတစ်ခုအတွင်း ရှိနေပါက

စကားပြောရန်မလိုဘဲ စိတ်ခြင်းဆက်သွယ်ပြီး စကားပြောနိုင်သည်။

“ကြိုဆိုပါတယ်။ အခုကစပြီး ငါတို့က ရဲဘော်ရဲဘက် ဖြစ်သွားပြီ”

လီဇီချီက ငှက်ကလေးကို ထိကြည့်လိုက်သည်။ ထိတွေ့ရတာ သက်တောင့်သက်သာဖြစ်ပြီး ကိုင်တွယ်လို့ ကောင်းသည်။

လုချီဟွာက ပိုတောင် တိုက်ရိုက်ဆန်သေးသည်။ သူမက ချက်ခြင်းဆိုသလို ငှက်ကလေးအား ပွေ့ဖက်လိုက်ပြီး သူမ မျက်နှာနဲ့ ပွတ်သပ်လိုက်သည်။

ဆွန်းမိုလည်း နောက်ဆုံးတွင် စိုးရိမ်နေမှုများကို လွှတ်ချနိုင်ပြီး နတ်ဘုရားမျက်စိ အာရုံနဲ့ ကြည့်လိုက်သည်။

တံခါးရှစ်ခု သတ္တုသေ့တိမ်တိုက်၊ နာမည်ပြောင် ငွေကလေး။

အသက် - ၉၉နှစ်၊ ဆယ်ကျော်သက် အရွယ်။

"ဒါက အရမ်းရှားတဲ့ ဓါတ်ငွေ့ အမျိုးအစား သက်ရှိပုံစံ ဖြစ်ပြီး သဟဇာတ တိမ်တိုက်မျိုးစိတ်တွေရဲ့ အကိုင်းအခက် တစ်ခု ဖြစ်သည်။ သူနဲ့ ပူးပေါင်းပါက ကံကောင်းခြင်း

ရလိမ့်မည်။ ကံကြမ္မာအဆင့်အတန်းက နည်းနည်း တိုးတက်လာလိမ့်မယ်”

မှတ်ချက်။ ။ တကယ်လို့ သူ့အားဆန့်ကျင်ပါက မင်း ကံဆိုးမှုတွေကို အမြဲတမ်း ခံစားနေရမည်။

တံခါးရှစ်ခုတိမ်တိုက်၏ အထူးခြားဆုံးစွမ်းရည်က ကမ္ဘာရှိ သွားချင်တဲ့ နေရာတိုင်းကို ပို့ဆောင်ရေး တံခါး ရှစ်ခု တည်ဆောင်နိုင်ခြင်း ဖြစ်သည်။ ပြီးတော့ ဒီအချိန်ဆက်သွယ်မှု အမှတ်သည် အရမ်တည်ငြိမ်ပြီး ဒိုင်မေးရှင်း ပြိုကျသွားရင်တောင်

အချိန်ဆက်သွယ်မှု အမှတ်တံဆိပ်က တည်ရှိနေအုံးမည်။

မှတ်ချက်။ ။ တံခါးရှစ်ခုက

အဖွင့် တံခါး၊

အနားယူခြင်း တံခါး၊

ဘဝ တံခါး၊

ဒဏ်ရာ အနာတရ တံခါး၊

အပိတ်တံခါး ၊

မြင်ကွင်း တံခါး၊

သေမင်းတံခါးနှင့်

အံ့ဖွယ် တံခါးတို့ ဖြစ်သည်။

ငွေကလေးသည် အရမ်းပျော်နေပြီး သူတို့နားတွင် ပျံဝဲနေသည်။

“အပြင်ထွက်ဖို့ အချိန်ရောက်ပြီ”

ဆွန်းမိုက မနက်ဘက် ရောက်နေပြီလို့ ခန့်မှန်းလိုက်မိသည်။ ဂျိမ်ဂျဲသည် သူပြန်လာတာ မမြင်လျှင် သူမ အစိုးရိမ်လွန်ပြီး ရူးသွပ်သွားနိုင်သည်။

“နေအုံး”

လီဇီချီက ငွေကလေးအား တစ်ချက်ကြည့်လိုက်သည်။

"လေဘုရင်ခန်းမတွင် ဝိညာဉ်ချီ အရမ်းထူထပ်ပြီး ဒီနေရာမှာ ရေပူစမ်းတွေလည်း ရှိတယ်။ အခုအချိန်ကစပြီး ဒီနေရာက ငါတို့ လျှို့ဝှက်ရဲတိုက် ဖြစ်လာမယ်။ ဒီတော့ ငွေကလေးရေ၊ ဒီနေရာမှာ ပို့ဆောင်ရေး တံခါးတစ်ခု တည်ဆောက်ပေးလို့ရမလား။ ဒီလိုမဟုတ်ရင် ငါတို့ ဒီနေရာကို လာတိုင်း လမ်းခရီးမှာ အချိန်ဖြုန်းနေရမယ်"

“ဟုတ်တယ်။ အခုဆိုရင် ညတိုင်း ရေပူစမ်းမှာ စိမ်လို့ ရပြီ”

“လုချီဟွာကလည်း ဒီအကြံက အရမ်းကောင်းတယ်လို့ ထင်သည်။

အင်ဘိုင်ဝူ မျက်လုံးပြူးသွားသည်။ နေ့တစ်ဝက်လောက် ကြာတဲ့အထိ သံမဏိခေါင်း မိန်းကလေးသည် တိမ်တိုက်ကလေးရဲ့ နည်းဗျူဟာ အားသာချက်ကို နားမလည်သေးပါ။

“ပို့ဆောင်ရေး ဂိတ်ကို ဘယ်မှာ ထားရမလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငွေကလေးကလည်း ဒီ အကြံအစည်ကို မငြင်းပါ။

"ထုံးစံအတိုင်းဆိုရင်တော့ ပို့ဆောင်ရေးဂိတ်က အတိုက်အခိုက် မခံရနိုင်တဲ့ လျှို့ဝှက်တဲ့ နေရာမှာ ရှိနေရလိမ့်မယ်"

လီဇီချီက ရှင်းပြသည်။

စာစဉ်(၁၈)

အခန်း(၂၆၃) - မင်းကို သတ်ဖို့လား၊ သစ်သားခါးဆို လုံလောက်ပြီ။

လေဘုရင်ခန်းမသည် ကျယ်ဝန်းတဲ့ နေရာတစ်ခု ဖြစ်သဖြင့် ဝှက်ထားမယ့် နေရာကို ခက်ခက်ခဲခဲ ရှာစရာ မလိုပါ။ နာရီဝက်လောက် ကြာပြီးနောက် လီဇီချီသည် အဝေးမှ သေးငယ်သော အခန်းတစ်ခုကို တွေ့လိုက်သည်။

ဒီနေရာအား ပို့ဆောင်ရေး ဂိတ်ထားဖို့ ဆုံးဖြတ်လိုက်သည်။ ငွေကလေးက အသက်တစ်ချက်

ရှူသွင်းလိုက်သည်။ ရှစ်ထောင့် ပုံစံရှိတဲ့ သူ့ခန္ဓာကိုယ်သည် ရုတ်တရက် ကျယ်ပြန့်လာသည်။

အသက်ရှူသွင်းနေစဉ်အတွင်း ကျယ်လောင်သော မိုးခြိမ်းသံ တစ်ချက် ပေါ်လာပြီး အဖြူရောင် တိမ်တိုက်လေးတစ်ခု ပေါ်လာသည်။

အဲဒီတိမ်တိုက်လေးက "M" ပုံစံနဲ့ တူနေပြီး မြေပြင်ပေါ်သို့ ရောက်တာနဲ့ တံခါးတစ်ခု အဖြစ်သို့ ပြောင်းလဲသွားသည်။

တံခါးက မကြီးပါ။ သာမန် အိပ်ခန်းတံခါး အရွယ်လောက်သာရှိပြီး ကြည့်ရတာ ရိုးရှင်းပြီး ထွေထွေထူးထူး တန်ဆာဆင်ထားခြင်း မရှိပါ။

တိမ်များနှင့် မြူခိုးဖြင့် တည်ဆောက်တာကလွဲလျှင် ထူးခြားချက်များ မရှိပါ။ သို့သော် တံခါးအထက်တွင် ငွေရောင်အလင်း တစ်ခုရှိသည်။ တံခါးအလယ်သို့ လက်ညှိုးနဲ့ ထိလိုက်လျှင် ရေအိုင်ထဲကို ကျောက်တုံး ပစ်ချလိုက်သကဲ့သို့ လှိုင်းများ ထသွားသည်။

“ဒါက တံခါးရှစ်ခုထဲက အနားယူခြင်း တံခါးလား၊”

လီဇီချီက မေးလိုက်သည်။

“အင်း”

ငွေကလေးက ခန္တာကိုယ်ကို ရှည်လျားလိုက်ပြီး အမှန်ခြစ် ပုံစံ လုပ်ပြသည်။

"ဒီ ပို့ဆောင်ရေးဂိတ်တံခါးကို ငွေကလေးကပဲ ခံစားနိုင်လိမ့်မယ်။ တံခါးကို အသုံးပြုခြင်တဲ့ အချိန် ဆင့်ခေါ်လို့ ရတယ်။ အများအားဖြင့် ပို့ဆောင်ရေး တံခါးဂိတ်များက ဖောက်ထွင်း မြင်နေရတဲ့ အနေအထားမှာ ရှိနေပြီး လေထဲမှာ ပျောက်ကွယ် နေလိမ့်မယ်။ တစ်ယောက်ယောက် ဖြတ်သန်းသွားရင်တောင် သိလိုက်မှာ မဟုတ်ဘူး"

"ဒါက တကယ်ကို မှော်ဆန်လွန်းတယ်""

ဆွန်းမို မိတ်ဆက်ပေးမှုကို ကြားပြီး လုချီဟွာ အံ့အောသင့်စွာ အသံထွက်လာသည်။

“တကယ်လို့ မော်မဆန်ရင် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်စာရင်းမှာ အဆင့် တစ်ဆယ် ဖြစ်နေမှာ မဟုတ်ဘူး”

လီဇီချီ တုန်လှုပ်နေသည်။ ဒါကို စဉ်းစားကြည့်ပါအုံး။ ဝိညာဉ်ချီ လှည့်ပတ်နေတဲ့ နဂါးကို ရသွားရင် ပိုက်ဆံအတွက် စိတ်ပူနေစရာ မလိုတော့ဘူးလို့ ပြောလို့ရသည်။ သို့သော်လည်း တကယ့်လက်တွေ့တွင် လျှို့ဝှက်ဆန်းကြယ် မျိုးစိတ်စာရင်းတွင် အဆင့် ၃၆ သာ ရှိသည်။

လေးယောက်သား အပြန်ခရီးကို စတင်လိုက်ကြသည်။ သို့သော်လည်း အရင်က သူတို့ရောက်ခဲ့တဲ့ ခန်းမကြီးသို့ ရောက်လာလျှင် အထဲမှာ တစ်ယောက်ယောက် ရှိနေသည်။

"ဟားဟား၊ ငါ ချမ်းသာပြီ။ ငါတော့ ချမ်းသာပြီကွ"

ချွင်

ရီဂျီမင်သည် လက်ထဲက သလင်းကျောက်ကို လွှင့်ပစ်လိုက်ပြီး ဓါးကို ဝှေ့ယမ်းကာ နောက်ထပ်ကြီးမားတဲ့ အစိတ်အပိုင်းတစ်ခုကို ဖြတ်ချလိုက်သည်။

ဒင် ဒင်

တဒင်ဒင်နဲ့ အသံတွေ ထွက်နေပြီး ရီဂျီမင်က စိတ်လှုပ်ရှားစွာ အော်ဟစ်နေသည်။

“ဝိညာဉ် သလင်းကျောက်တွေ အများကြီးပဲ” ဒါတွေနဲ့ဆိုရင် ငါ ဒဏ္ဍာရီ နယ်ပယ်အထိ ကျင့်ကြံဖို့တောင် လုံလောက်နေပြီ။ မဟုတ်သေးဘူး၊ အနာဂတ်က ငါ့သားစဉ်မြေးဆက် အတွက်လည်း လုံလောက်နေပြီ။

ရီဂျီမင်သည် ဝိညာဉ်သလင်းကျောက်များကို ခုတ်ထစ်ပြီး ဖမ်းဆုပ်ထားသည်။ ထို့နောက်

အပေါ်သို့ ပစ်တင်ပြီး ပြန်ကျတဲ့ အသံကို ကျေကျေနပ်နပ် နားထောင်နေသည်။

ဒင် ဒင် ဒင်

အံ့အောဖွဲ့ ကောင်းလွန်းသည်။ ဒီအသံတွေကိုနားထောင်ရတာ ကောင်းကင်ဘုံက အသံလို ဖြစ်နေသည်။

(အရင်တုန်းက အိပ်ယာပေါ်မှာ မိန်းမတစ်ယောက်ရဲ့ ညည်းညူသံဟာ ကမ္ဘာပေါ်မှာ အသာယာဆုံးလို့ ငါထင်ခဲ့တယ်။ အခုမှ ငါဘယ်လောက်တောင် ဉာဏ်နည်းနေလဲဆိုတာ နားလည်တော့တယ်။ ဝိညာဉ်သလင်းကျောက်တွေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရိုက်ခတ်နေတဲ့ အသံက နားထောင်လို့ အကောင်းဆုံးပဲ)

ဒါက ဘာလဲ။

ဒါက ချမ်းသာမှု စည်းစိမ်တွေ။

ဒါက သူ့ဘဝ အိပ်မက်တွေ။

ဒါက သူလိုချင်တာ အကုန်ပဲ။ (ဗဟိုပြည်နယ် အကယ်ဒမီက ဘာလဲ။ ဖားတစ်ကောင်လား။ ဒီအဖေမှာ ဝိညာဉ်သလင်းကျောက်တွေ အများကြီး ရှိတယ်။ ချက်ခြင်း ဝယ်ပစ်လိုက်မယ်။ မယုံဘူးလား။ စျေးနှုန်းလေး ပြောစမ်းပါအုံး။)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(တံခါးရှစ်ခု တိမ်တိုက်ကို မဖမ်းနိုင်ခဲ့ပေမယ့် အဆင်ပြေပါတယ်။ ဝိညာဉ် သလင်းကျောက်တွေ အများကြီးနဲ့ တခြား မျိုးစိတ်တွေကို ဝယ်လို့ ရတယ်)

(ဒီနေ့ကစပြီး ငါ့ဘဝက အမြန်လမ်းပေါ်ရောက်ပြီ။ ဘာအတားအဆီးမှ မရှိတော့ဘူး။ သူတော်စင်အဆင့် ကျင့်စဉ်လား ဝယ်ပစ်လိုက်မယ်။)

(သူတော်စင်အဆင့် လက်နက်လား၊ ဘယ်လောက်လဲ ငါဝယ်မယ်။) (ဒီလောက် များနဲ့ ဝိညာဉ်သလင်းကျောက်တွေနဲ့ မင်းကို သေအောင် မဖိသတ်နိုင်ဘူးဆိုတာ ငါမယုံဘူး)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဟားဟား ၊ ကောင်းကင်ကြီးက ငါ့အပေါ် တကယ်ကောင်းတာပဲ"

ရီဂျီမင် ဝိညာဉ်သလင်းကျောက်ပေါ်တွင် လှဲလျောင်းနေပြီး အနာဂတ် အတွက် စိတ်ကူးယဉ်နေသည်။ (အန်ရှီဝေ လို မိန်းမတစ်ယောက်က တစ်ညအိပ်ဖို့ အတွက် ဝိညာဉ်ကျောက်တုံး ဘယ်လောက်များများ တောင့်ခံနိုင်မလဲဆိုတာ တွေးကြည့်နေသည်။)

"ဆရာ ဒီလူ ရှူးသွားပြီလား"

လုချီဟွာက တိုးတိုးလေး ပြောသည်။

“ သူရှူးသွားလားတော့ မသိဘူး။ ဒါပေမယ့် အရမ်းစိတ်လှုပ်ရှားနေတာတော့ သေချာတယ်”

လီဇီချီက လှောင်ပြောင်လိုက်သည်။

မိန်းကလေးနှစ်ယောက်ရဲ့ စကားသံက မကျယ်သော်လည်း ခန်းမကြီးက တိတ်ဆိတ်နေသဖြင့် ကျယ်လောင်နေသလို ဖြစ်သွားသည်။

သူ့ရဲ့ ကိုယ်ပိုင်ကမ္ဘာလေးထဲမှာ စိတ်ကူးယဉ်နေတဲ့ ရီဂျီမင်သည် သူတို့ အသံကို ကြားလိုက်လျှင် ကင်းမြီးကောက် ကိုက်သလို တုန်ယင်သွားသည်။ လန့်ဖြန့်ပြီး ထခုန်လိုက်သည်။

" ဘယ်သူလဲ"

ရီဂျီမင်က ဒေါသတကြီး အော်ဟစ်လိုက်ပြီး ဓါးဆွဲထုတ်လိုက်သည်။

"ဆရာရီ"

လုချီဟွာက အရမ်းဖြူစင်လှသည်။ လက်ရှိအခြေအနေကို နားမလည်ပဲ ရီဂျီမင် ကိုပင် နှုတ်ဆက်လိုက်သေးသည်။

"ဆွန်းမိုလား"

ရီဂျီမင် မျက်လုံးက ဆွန်းမိုဆီ ချက်ခြင်း ရောက်သွားသည်။ သဘာဝ ရန်သူကို မြင်လိုက်

သလိုပဲ။ မျက်နှာက မှုန်ကုတ်ကုတ် ဖြစ်သွားပြီး မည်းမှောင်လာသည်။

(တောက်၊ ဒီကောင် ဘယ်လိုလုပ်ပြီး ဒီရောက်လာတာလဲ)

သို့သော်လည်း ရီဂျီမင် ဒီမေးခွန်းကို ဆက်မစဉ်းစားတော့ပါ။ အခုအချိန်တွင် ဆွန်းမိုကို သတ်ပြီး ဝိညာဉ်သလင်းကျောက်တွေကို လက်ဝါးကြီး အုပ်ထားဖို့ပဲ တွေးနေသည်။ ရီဂျီမင် လောဘကြီးတာကို အပြစ်တင်လို့ မရပါ။ လူသားအားလုံး ဒီလိုပဲ ဖြစ်သည်။ ရတနာတစ်ခုကို ရှာဖွေတွေ့ရှိလျှင် အကျိုးအမြတ်ကို တစ်ယောက်တည်းသာ ခံစားလိုကြသည်။

ရီဂျီမင် သည် ဆွန်းမိုနှင့် မရီဒန်အကယ်ဒမီမှ ဆရာတို့ကြား‌က တိုက်ပွဲကို မြင်ပြီး ဆွန်းမိုရဲ့ တိုက်ခိုက်ရေးစွမ်းရည်နဲ့ ပက်သက်ကာ အရမ်းတုန်လှုပ်နေသည်။ သို့သော်လည်း သွေးအလိမ့်အလိမ့်နဲ့ ဖြစ်နေတဲ့ ဆွန်းမိုကို မြင်ပြီး သက်ပြင်း ချလိုက်သည်။

“ဟား ဟား၊ ဆရာဆွန်း သွေးအိုင်ထဲက တက်လာတာလား”

ရီဂျီမင်သည် စကားလုံးဖြင့် လှောင်ပြောင်နေရုံသာမက ဆွန်းမို၏ အခြေအနေကိုလည်း စမ်းသပ်ကြည့်ဖို့ ကြိုးစားနေသည်။

ဆွန်းမို ဝတ်ရုံရှည်တွင် အပေါက်အပြဲကြီး တစ်ခု ရှိနေရုံသာမက သွေးတွေလည်း စိုရွှဲနေသည်။

လီဇီချီနှင့် လုချီဟွာတို့သည် ဘေးတစ်ဖက်တစ်ချက်ဆီက ဖေးမထားရသည်။ သွေးထွက်လွန်ပြီး မျက်နှာဖြူဖတ်ဖြူရော် ဖြစ်နေတဲ့ ဆွန်းမို မျက်နှာကို မြင်ပြီး ရီဂျီမင် စိတ်အေးသွားသည်။

မေးစရာ မလိုတော့ပါ၊ ဆွန်းမိုတို့ အဖွဲ့သည် ဘေးအန္တရာယ် ကြီးကြီးမားမားနဲ့ ကြုံခဲ့ရလိမ့်မည်။ သူ မသေခဲ့သော်လည်း

တိုက်ခိုက်ရေး စွမ်းရည်က မရှိသလောက် အားနည်းသွားခဲ့ပြီ။

"ဒါဆိုရင် ရပြီ"

ရီဂျီမင် မျက်နှာတွင် အနိုင်သေချာတဲ့ အပြုံးပေါ်လာသည်။ ဆွန်းမိုသာ လုံးဝ ကောင်းမွန်နေပါက သူ အနိုင်မယူနိုင်ပါ။ အခုလိုမျိုး သေလုနီးပါးဖြစ်နေတဲ့ ဆွန်းမို ဆယ်ယောက်ရှိရင်တောင် သူမကြောက်ပါ။

စိတ်အေးသွားပြီးနောက် ရီဂျီမင် နောက်ထပ် ပြဿနာ တစ်ခုကို တွေးမိသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာဂျိ၊ ဘယ်မှာလဲ။ သူမကို မတွေ့မိပါလား။ မင်းသူမကို မသတ်ခဲ့ပါဘူးနော်။ မင်းရင်ဘက်ကို ဒဏ်ရာ ရအောင် ဘယ်သူလုပ်တာလဲ။ ကူရှုပ်ရှင်းလား ဒါမှမဟုတ် ကျန်းလန်လား"

ရီဂျီမင်သည် သူအကျင့်နဲ့ နှိုင်းပြီး ရိုင်းနေသည်။ ဂျိမဲ့ဂျဲသာ ဒီနေရာကို ရှာတွေ့ခဲ့လျှင် နှုတ်ပိတ်ဖို့အတွက် အားလုံးကို သေချာပေါက် သတ်လိမ့်မည်။ ဒူမန်နှင့် ကျန်ကွမ်လင်တို့ အကြောင်းတော့ မမေးတော့ပါ။ ဆွန်းမိုက သူတို့ကို သေချာပေါက် အနိုင်ယူနိုင်သည်။

ဘယ်လိုပဲ ညံ့နေပါစေ သူတို့သည် ကြယ်တစ်ပွင့် မြတ်ဆရာများ ဖြစ်နေကြသေးသည်။

“မင်းပုံစံက ငါ့ကိုအနိုင်ယူနိုင်မယ်လို့ သေချာပေါက် တွက်ထားတဲ့ ပုံပဲ”

ဆွန်းမို အလျှင်မလိုပါ။ စကားကြာကြာ ပြောလေလေ သူအနားယူဖို့ အချိန်ပိုရလေလေ ဖြစ်နေသည်။

“ဟီးဟီး အဲဒီလို မဟုတ်ပါဘူး”

ရီဂျီမင် ရယ်လိုက်သည်။ သူ့အကြည့်က ကောင်မလေး သုံးယောက်ဆီ ရောက်သွားပြီး ချက်ခြင်း ဆိုသလို သနားသွားသည်။

သူမတို့သည် သိသိသာသာကို လှပပြီး မြင့်မြတ်တဲ့ အလှဆုံးတွေ အဖြစ် ကြီးပြင်းလာနိုင်သည်။ မိန်းမလှလေး အဆင့်တွင် သေချာပေါက် သတ်မှတ်ခံရလိမ့်မည်။ စိတ်မကောင်းစရာဘဲ အခုတော့ သူမတို့ အားလုံး သေရတော့မည်။

“ကောင်းပြီလေ.၊ အဓိပ္ပါယ် မရှိတာ မပြောတော့ဘူး။ မင်းတို့လေးယောက် အတူတူ တက်လာလို့ ရတယ်”

ရီဂျီမင်သည် ညာတာပေးဖို့ စိတ်ကူးမရှိပါ။ သူ့ ဓါးကို ညာလက်နဲ့ ထုတ်ယူပြီး ဆန့်တန်းထားကာ ဘယ်လက်နဲ့ ဓါးနောက်သို့ ပစ်ထားသည်။ ထို့နောက်

မေးစေ့ အနည်းငယ် မော့ပြီး ဆွန်းမိုကို ခါးထိပ်ဖျားနဲ့ ညွှန်ပြလိုက်သည်။

"ကျွတ်၊ ငါ့ရဲ့ ကိုယ်နေဟန်အနေအထားက မြတ်ဆရာတစ်ယောက်ရဲ့ ကြီးကျယ်မှုတွေနဲ့ ပြည့်နေမှာ သေချာတယ်။ ချီးကျူးဖို့ ပရိသတ်မရှိတာ သနားစရာပဲ"

ရီဂျီမင် နောင်တရသွားသည်။

ဂျီဂျီ

ဝိညာဉ်ချီနဂါးသည် မကျေမနပ်ဖြစ်ပြီး ပျံသန်းလာသည်။ (မင်းက တကယ်ပဲ ငါ့ကို လျှော့တွက်ရဲတာလား။ လေးယောက်ဆိုတာ ဘာကို

ပြောခြင်တာလဲ။ လေးယောက်မဟုတ်ဘူး ငါးယောက်ကွ ငါးယောက်။ ငါ့မှာလည်း တိုက်ခိုက်ရေး အင်အား ရှိတယ်။)

“အမ်”

ရီဂျီမင် အံ့အောသွားသည်။ ဒါ ဘာကောင်ကြီးလဲ။ ဘာဖြစ်လို့ ပျံသန်းနေရတာလဲ။

(ငါ့မျက်လုံးတွေ အမြင်မှားနေပြီလား)

ရီဂျီမင် နောက်တစ်ခေါက် ထပ်မကြည့်မီ ပြင်းပြင်းထန်ထန် မျက်တောင်ခတ်လိုက်သည်။ ရင်သားကြီးတဲ့ ကောင်မလေးနဲ့ ချိတ်ဆတ်ထားတဲ့ ကြိုးတစ်ချောင်းမှ မတွေ့ပါ။

(မဟုတ်ဘူး။ ငါ့ကို ကြောက်လန့်သွားအောင် ခြောက်တဲ့ လက်မှုပညာတစ်ခုပဲ ဖြစ်မယ်။ ငါ့ကို အရှုံးလုပ်လို့ မရဘူးကွ)

ရီဂျီမင် အော်ဟစ်လိုက်သည်။ သူက ပြေးသွားပြီး ဒီလူတွေကို သေအောင် ခုတ်ထစ်ခါနီးမှာ တစ်ချက် တန့်သွားသည်။ ဆွန်းမို အနီးအနားကို အံ့အောသင့်တဲ့ အမူအရာနဲ့ ကြည့်နေသည်။

တံခါးရှစ်ခု တိမ်တိုက် ပျံသန်းနေတာလား။

“ငါး မဟုတ်ဘူး။ ခြောက်ကွ”

ငွေကလေးသည် ဝိညာဉ်ချီ နဂါးရဲ့ စကားကို အမှန်ပြင်လိုက်သည်။ အရင်တုန်းကဆိုရင်

ငွေကလေးသည် လုံးဝပျောက်ကွယ်သွားအောင် လျှင်မြန်စွာ ထွက်ပြေးလိမ့်မည်။ ဒါပေမယ့် ဒီနေ့တော့ ဒီလို မလုပ်တော့ပါ။ တိမ်တိုက် တစ်ခုအနေနဲ့ သစ္စာရှိရမည်။ အဖော်တွေကို ထားခဲ့ပြီး တစ်ယောက်တည်း မထွက်ပြေးနိုင်ဘူး။

စောစောတုန်းက မတွေ့ရခြင်းမှာ အမှောင်ထဲမှာ ပုန်းနေလို့ ဖြစ်သည်။ ဒါကလည်း သူ့ရဲ့ အလေ့အကျင့် တစ်ခု ဖြစ်နေသည်။

"တံ....တံခါးရှစ်ခု"

ရီဂျီမင် အရမ်းအံ့အောသင့်သွားသည်။

"တံခါးရှစ်ခု တိမ်တိုက်"

လီဇီချီက ရီဂျီမင် အစားကူညီပြီး အသံအကျယ်ကြီးနဲ့ နာမည် ခေါ်ပေးလိုက်သည်။

"ဘာကြောင့်လဲ"

ရီဂျီမင် အရမ်းအံ့အောသင့်နေသည်။

"တံခါး ရှစ်ခုတိမ်တိုက်က မင်းတို့နဲ့ အတူတူ ရှိနေပြီး ဘာဖြစ်လို့ အရမ်းရင်းနှီးတဲ့ ပုံပေါက်နေတာလဲ"

"ဘာလို့လဲဆိုတော့ ငါတို့ ဆရာက အရမ်းချောတယ်လေ"

လီဇီချီက ပြန်ဖြေပေးသည်။

"ပေါက်ကရ စကားတွေ တော်လိုက်တော့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရီဂျီမင် အော်ဟစ်လိုက်သည်။ *ငါက ဆွန်းမိုလောက် မချောဘူးဆိုတာ လက်ခံတယ်။ ဒါပေမယ့် တံခါးရှစ်ခုတိမ်တိုက် မင်းတို့နောက် လိုက်တာနဲ့ ဘာဆိုင်လို့လဲ။ ယောကျ်ားတွေကို ချစ်တဲ့ လိင်တူ ချစ်သူလား။

(မဟုတ်သေးဘူး။ ဒါက မှားတယ်။ တိမ်တိုက်တွေမှာ အထီး၊ အမ မရှိနိုင်ပါဘူး)

လီဇီချီ အနည်းငယ် ခေါင်းညိတ်လိုက်သည်။ သူမ နည်းနည်းလေးတွေးပြီး အသက်ခပ်ပြင်းပြင်း တစ်ချက် ရှူလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ကောင်းပြီလေ။ မင်းကို အမှန်အတိုင်း ပြောပြမယ်။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကြောင့်ပဲ”

“မင်းက ဘယ်သူကို လိမ်ဖို့ ကြိုးစားနေတာလဲ”

ရီဂျီမင် ချက်ခြင်းဆိုသလို ပြန်ပက်သည်။ (ဒီလို အကြောင်းပြချက်ကို ယုံရအောင် ငါက ငတုံးတစ်ယောက်နဲ့ တူနေလို့လား။)

“ငါလိမ်တော့လည်း မင်းမယုံဘူး။ အမှန်အတိုင်း ပြောတော့လည်း မင်းမယုံဘူး။ ဒီလိုမှမဟုတ်ရင် မင်းဘာလို့ မသေသေးတာလဲ။ မင်းက ယုံကြည်ဖို့ အရမ်းခက်နေလို့လား”

လီဇီချီ ပုခုံးတွန့်ရင်း ပြန်ပြောသည်။ သူမက ရီဂျီမင်အား ရည်ရွယ်ချက်ရှိရှိ စိတ်ဆွနေသည်။ သူ့ရဲ့ တည်ငြိမ်မှု ပျောက်သွားပြီး ဆရာအနိုင်ရမယ့် အခွင့်အရေး များစေခြင်သည်။

"မင်းတို့အားလုံး သေရမယ့် သူတွေပဲ"

ရီဂျီမင်က ဆွန်းမိုဆီ အရှိန်ပြင်းပြင်းနဲ့ ပြေးဝင်သွားသည်။ သို့သော် မျက်လုံးများက ငွေကလေးဆီ ရောက်ရောက်သွားသည်။ ဒီအတွက်လည်း ဖြေရှင်းချက် မရှိပါ။ တံခါးရှစ်ခု တိမ်တိုက်သည် အရမ်းအဖိုးတန်လွန်းသည်။

ဝူရဲ

တစ်ဝက်တစ်ပျက် ဖောက်ထွင်းမြင်ရတဲ့ မြွေးတစ်ချောင်းက ရီဂျီမင် မျက်နှာကို ပွတ်ပြီး ဖြတ်သွားသည်။

“ဘာ”

ရီဂျီမင် ထိတ်လန့်သွားသည်။ (ဒီလေးက ဘာလဲ။ ဘာကြောင့် ဒီလို မြွေးကို ပစ်ထုတ်နိုင်တာလဲ။) အဲဒီနောက်မှာတော့ သူစိတ်လှုပ်ရှားလာသည်။ အနိမ့်ဆုံးဆိုရင် ဒါက ဝိညာဉ်လက်နက်တစ်ခု ဖြစ်နိုင်သည်။ ဒါက သူတော်စင် လက်နက် တစ်ခုတောင် ဖြစ်နိုင်သေးသည်။ ဒါလည်း အရေးမပါပါဘူး။ ဘယ်လိုပဲပြောပြော နောက်ဆုံးမှာ သူပဲ ပိုင်ဆိုင်ရလိမ့်မည်။ အင်ဘိုင်ဝူသည် သူမရဲ့

ပထမပစ်ချက် လွဲချော်သွားတာနဲ့ မျက်ခုံးပင့်ပြီး နောက်တစ်ကြိမ် ထပ်ပစ်သည်။

"အားလုံး ဆုတ်ကြ"

ဆွန်းမိုက အော်ပြီး သစ်သားဓါးဆွဲထုတ်လိုက်သည်။

"ဆရာ ဓါးယူလိုက်"

လီဇီချီက ၄ှက်ဖြူဓါးကို ဆွန်းမိုဆီ ပစ်ပေးလိုက်သည်။ သူမ အမြင်အရ သစ်သားဓါးကို အသုံးချရတာက အားနည်းချက် တစ်ခု ဖြစ်နေနိုင်သည်။

"မစဉ်းစားနဲ့"

ဆွန်းမိုဆီ ပြေးဝင်လာတဲ့ ဓါးကို ရီဂျီမင်သည် သူ၏ဓါးနဲ့ လမ်းတစ်ဝက်တွင် ဖြတ်ခုတ်ချလိုက်သည်။

ဒီအတွက် ဖြေရှင်းချက် မရှိပါ။ ဒီဓါးကို အင်ဘိုင်ဝူ သုံးတာ အရင်ကတည်းက မြင်ဖူးသည်။ အဲဒါက ဝိညာဉ်ချီ ထည့်သွင်းပြီး ဠက်ဖြူတစ်ကောင် ထုတ်လွှင့်နိုင်တဲ့ ဝိညာဉ် လက်နက် ဖြစ်သည်။ အရမ်း အစွမ်းထက်လွန်းသည်။

ရီဂျီမင်၏ ရှုထောင့်အရဆိုလျှင် ဆွန်းမိုသည် တိုက်ခိုက်ရေး စွမ်းရည် တိုးမြှင့်ရန် ဓါးကို သေချာပေါက် ဖမ်းယူလိမ့်မည်။ ဒါပေမယ့်

ဌက်ဖြူခါးကို အဝေးလွှင့်အောင် ရိုက်ထုတ်နေတုန်းမှာပဲ သစ်သားခါးတစ်ချောင်းက သူ့မျက်နှာဆီ ပြေးဝင်လာသည်။

"ဘာ"

ရီဂျီမင် အလန့်တကြား ရှောင်လိုက်သော်လည်း ပုခုံးကို ထိမှန်သွားသည်။

ဘောင်း

ရီဂျီမင်၏ အရိုးများ ကွဲလုမတတ်ဖြစ်နေကာ သူတစ်ကိုယ်လုံး တုန်ခါသွားသည်။

"မင်းလို ငါးပုပ်ခြောက်တစ်ကောင်ကို သတ်ဖို့အတွက် သစ်သားခါးနဲ့ လုံလောက်တယ်"

ဆွန်းမိုက လျှောင်ပြောင်လိုက်သည်။

"ငါတို့ ဆရာက အရမ်းမိုက်တယ်"

လုချီဟွာက စိတ်လှုပ်ရှားစွာ ချီးကျူးနေသည်။ ဆရာ ရှုံးဖို့လား။ အဲဒါက လုံးဝ မဖြစ်နိုင်ပါ။

စာစဉ်(၁၈)

အခန်း(၂၆၄) - ဆုလဒ် ခရီးက အပြန်။

အင်ဘိုင်ဝူ ကူညီပေးချင်ခဲ့သည်။ ဒါပေမယ့် ဒါကို မြင်ပြီး လေဘုရင်လေးကို ချလိုက်သည်။ ဒီလိုမျိုး အားနည်းတဲ့ ကြက်တစ်ကောင်က တိုက်ပွဲခွန်အား နှင့် ဉာဏ်ရည်က သူ့မ ဆရာထက် နိမ့်ကျလွန်းလှသည်။ သူ့မဆရာက တစ်ယောက်ထဲ နဲ့တောင် အနိုင်ယူ နိုင်သည်။

ဖောက်

ဆွန်းမိုက သူ့ကို တိုက်ခိုက်ပြီး ဌက်ဖြူကို ဖမ်းကိုင်လိုက်ပြီး

"နာလား"

" မင်း အမေသာ နာနေလိုက်"

ရီဂျီမင် မျက်နှာပျက်ပြီး ပြန်အော်သည်။ နာကျင်ရတာထက် စိတ်ပျက်ပြီး အားငယ်နေမိသည်။ ဝန်မခံချင်သော်လည်း အားကိုးရာမဲ့နေသလို ခံစားရသည်။

ဆွန်းမိုက သူ့ထက် နှစ်အနည်းငယ် ငယ်သော်လည်း အရမ်းအစွမ်းထက်နေပြီ။ နောက်ထပ် နှစ်အနည်းလောက်ကြာရင် ဆွန်းမို ဖင်အမြီးတောင် မြင်နိုင်မည် မဟုတ်တော့ပါ။

ရီဂျီမင်သည် ထူးချွန်တဲ့ ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်တောင် မဟုတ်ပါ။

အမှန်အတိုင်း ပြောရလျှင် ဆွန်းမိုထက်စာရင် သုံးနှစ်လောက်ပဲ အရင်စောပြီး စာသင်ခဲ့ရတဲ့ ဆရာတစ်ယောက်ပဲ ဖြစ်သည်။ သူ့ ရည်ရွယ်ချက် ဘယ်လောက်ကြီးနိုင်မှာလဲ။

သို့သော်လည်း ရီဂျီမင်တွင် အရည်အချင်း တချို့တော့ ရှိသေးသည်။ ဒီလိုမှမဟုတ်ရင် အန်ရှိဝေက ခေါ်ယူခဲ့မည် မဟုတ်ပါ။

ရီဂျီမင်သည် ဆွန်းမို၏ အရေးပါတဲ့ ခုတ်ချက်များကို ရှောင်လွှဲနိုင်ခဲ့သဖြင့် တကယ်ကောင်းတဲ့ ပျိုးပင်တစ်ခုပါ။ သူ

စိတ်တည်ငြိမ်လာတာနဲ့အမျှ ဒဏ်ရာ ပြင်းပြင်းထန်ထန်ရထားတဲ့ ဆွန်းမိုနဲ့ လက်ရေညီ တိုက်ခိုက်နိုင်ခဲ့သည်။ အခုတော့ သူ့အရမ်း စိတ်ဓါတ်တက်ကြွနေသည်။

ဆွန်းမိုကလည်း ဒါကို စောင့်နေသည်။ အခုလောလောဆယ်မှာ သူက ဒဏ်ရာရထားသဖြင့် အချိန်အကြာကြီး မတိုက်ခိုက်နိုင်တော့ပါ။ ဒါကြောင့် ရီဂျီမင်ကို မြန်မြန် ဖယ်ရှားပစ်ဖို့ လိုနေသည်။

ရီဂျီမင်က အစွမ်းထက်တဲ့ ဓါးကွက်တွေကို ထိပ်တိုက်ရင်ဆိုင်နေသည်။ ဆွန်းမို လက်ကောက်ဝတ်

တုန်သွားပြီး အမိန့်ဆယ်ရှစ်ခု ဓါးကွက်ကို သုံးလိုက်သည်။

ဖောက် ဖောက် ဖောက်

ဌက်ဖြူဓါးကို အသုံးပြုလိုက်ပြီး ရီဂျီမင်၏ လက်နှင့် ရင်ဘက်ကို ဆယ်ကြိမ်ထက် မနည်း ခုတ်ချလိုက်သည်။

“ဆွန်းမို မင်းက ငါ့ကို သစ်သားဓါးနဲ့ သတ်နိုင်တယ်ဆိုပြီး ကြွားနေတာပဲ မဟုတ်လား”

ရီဂျီမင် လှောင်ပြောင်လိုက်သည်။

"ငါတို့ ဆရာရဲ့ ပေါက်ကရ စကားကို မင်းယုံလား။ မင်းထွက်ပြေးချင်နေတာလား"

လီဇီချီက လျှောင်ပြောင်လိုက်သည်။ တကယ်တော့ သူမသည် အကျင့်သီလ ကောင်းမွန်တဲ့ မိန်းကလေးဖြစ်ပြီး ဒီစကားမျိုးကို အများအားဖြင့် မပြောတတ်ပါ။ သို့သော်လည်း ရီဂျီမင်၏ ဆင်ခြင်တုံတရား ပျောက်ကွယ်သွားစေရန် သူမ တမင်သက်သက် ပြောလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် လူများကို ဆူပူကျိန်းမောင်းရတာက ကောင်းတော့ မကောင်းပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အရှုး”

ဆွန်းမို မျက်လုံးပြူးသွားသည်။ ရီဂျီမင်က သူ့ခါးရှည်ကိုဖမ်းနေတုန်း အခွင့်အရေးယူပြီး တိုက်ခိုက်နိုင်သည်။ ဒါပေမယ့် ဒီကောင်က တုံးအပြီး သူ့ကို တိုက်ခိုက်မည့်အစား ခါးကိုလွှင့်ထွက်သွားအောင် ရိုက်ခတ်လိမ့်မယ်လို့ ဘယ်သူက ထင်မှာလဲ။

သို့သော်လည်း တရားမျှတစေရန်အတွက် လူအများစုရဲ့ အမြင်တွင် သစ်သားခါးထက်စာရင် သတ္တုခါးက တိုက်ခိုက်ရေးစွမ်းရည်

ပိုကောင်းတယ်လို့ တွေးထင်ကြသည်။ သေခြင်း၊ ရှင်ခြင်းနဲ့ ဆိုင်တဲ့ တိုက်ပွဲတွင် ဘယ်သူမဆို သစ်သားဓါးအစား သတ္တုဓါးနဲ့ လဲလှယ်ခြင်း ကြလိမ့်မည်။

ဒါကြောင့်လည်း ဆွန်းမိုက ဒီဓါးရှည်ကို မဖမ်းမိသ၍ သူအောင်ပွဲ ရလိမ့်မည်လို့ ရီဂျီမင်က တွေးခဲ့သည်။

ဒါက တိုက်ခိုက်ရေး ဉာဏ်ရည် ကွာဟမှုပါ။ ဖန်ဝူအန်လို တိုက်ခိုက်ရေးပါရမီရှင် မပြောနဲ့ ကျန်ကွမ်လင်တောင် ရီဂျီမင်လုပ်သလို ဓါးအပေါ်ကို

အာရုံစိုက်နေမည် မဟုတ်ပါ။ သူတို့သာ ဆိုရင် ဆွန်းမို ဓါးဖမ်းမည့် အချိန်ကို စောင့်ပြီး တိုက်ခိုက် ကြလိမ့်မည်။

ရီဂျီမင်၏ တိုက်ခိုက်ရေး အတွေ့အကြုံက အရမ်းအားနည်းလွန်းသည်။ ဒီလို ထင်ရှားနေတဲ့ အားနည်းချက်ကို ဆွန်းမို လက်လွှတ်မခံခဲ့ပါ။

"မင်းပြောပြခဲ့တာကို ပြန်ပြောနေတာ။ မင်း ဆရာတစ်ယောက်တောင် မလုပ်သင့်ဘူး"

ရီဂျီမင် အေးစက်စွာ လျောင်ပြောင်လိုက်သည်။ အခုတော့ သူ နာကျင်နေသည်။ ဆွန်းမိုရဲ့

တိုက်ခိုက်မှုက သိသိသာသာကို ပြင်းထန်လာသည်။

အမိန့်ဆယ်ရှစ်ခု ဓါးချက်သည် ပစ်မှတ်ကို ထိမှန်သွားသည်။ ရီဂျီမင်၏ အသက်သွေးကြောကို မထိခိုက်သော်လည်း အသားတွေ နာကျင်နေပြီး သွေးတွေထွက်ကာ စိုစွတ်နေသည်။ အဲဒီခံစားချက်ကြောင့် နှလုံးခုန်မြန်လာပြီး ကြောက်လန့်လာသည်။

ဒါက တကယ့်ကို သေခြင်းနဲ့ လက်တစ်ကမ်းပဲ လိုတော့သည်။

"အင်း ဒါဆိုလည်း ငါလွှင့်ပစ်လိုက်မယ်"

ဆွန်းမိုက ဒှက်ဖြူခါးကို အဝေးသို့ လွှင့်ပစ်လိုက်သည်။

"အမ်"

ဒါကို မြင်လိုက်လျှင် ရီဂျီမင် ဦးနှောက် အရည်ပျော်ချင်သလို ဖြစ်သွားသည်။ ဒီလုပ်ရပ်ရဲ့ နောက်ကွယ်မှာ ဆိုးဝါးတဲ့ လှည့်ကွက် ရှိနေသေးလား။

ပုလဲပန်းပွင့် လုံချက်

ဆွန်းမိုက သစ်သားခါးကို အသုံးပြုပြီး ရှန်ယွန်ပေါင်ရဲ့ မြက်ခင်းမီးတောက် လုံကျင့်စဉ်ကို

အသုံးပြုလိုက်သည်။ ဓါးကို အသုံးပြုထားသဖြင့် စွမ်းအား နည်းနည်းအားနည်းနေသည်။ ဆွန်းမိုက ဒါကို လူသတ်အကွက်အဖြစ် အသုံးပြုဖို့ မရည်ရွယ်ထားပါ။

သူဖြစ်စေချင်တာက ဓါးအရိပ်တွေက ကောင်းကင်တစ်ခုလုံးကို လွှမ်းခြုံသွားပြီး ရန်သူကို စိတ်ရှုပ်သွားစေချင်သည်။

ခန့်မှန်းထားသလိုပဲ ရီဂျီမင်သည် ဓါးအရိပ်ကို မြင်လျှင် ဌက်ဖြူဓါးကို ပစ်ချတဲ့ ဆွန်းမိုရဲ့ အတွေးကို နားမလည်နိုင်ပါ။ ဒါကြောင့်

ထိတ်လန့်လာသည်။ ဒီလို မျှော်လင့်ချက်မဲ့တဲ့ အခြေအနေမှာ တိုက်စစ်အစား ခံစစ်အဖြစ် ပြောင်းလဲလိုက်သည်။

"အဟွတ် အဟွတ်"

ဆွန်းမို ရုတ်တရုတ် ရပ်တန့်သွားသည်။ သူ့ရဲ့ အမူအရာက နာကျင်နေတဲ့ ပုံစံဖြစ်နေပြီး ခါးကုန်းကာ ပါးစပ်ကို လက်နဲ့ အုပ်ထားသည်။ လက်ချောင်းကြားမှ သွေးတွေ စီးကျနေသည်။

"ဆရာ"

မိန်းကလေး သုံးယောက်သည် တုန်လှုပ်ခြောက်ခြားစွာ အော်ဟစ်လိုက်သည်။

ဒါကိုမြင်လျှင် ရီဂျီမင်က တဟားဟားနဲ့ အော်ရယ်သည်။

“ဟားဟား၊ မင်းက အပြင်ပန်းမှာ အရမ်းသန်မာနေပေမယ့် အတွင်းပိုင်းမှာ အားနည်းနေမယ်ဆိုတာ ငါသိတယ်။ ငရဲကို သွားလိုက်တော့”

ဒါက အဓိပ္ပါယ်ရှိသည်။ ဒဏ်ရာ ဒီလောက်ပြင်းထန်နေတဲ့ ဆွန်းမိုသည် ဘယ်လို

ပြင်းထန်တဲ့ တိုက်ခိုက်မှုကို လုပ်နိုင်မှာလဲ။ အားတင်းပြီး လုပ်နေတာပဲ ဖြစ်မည်။

ရီဂျင်မင်က အပြေးအလွှားနဲ့ ဆွန်းမိုခေါင်းကို ဖြတ်ဖို့ လုပ်လိုက်တဲ့ အချိန်တွင် ရုတ်တရုတ် အရမ်းပြင်းထန်စွာ နာကျင်သွားသည်။ အဲဒီနောက်မှာ ဓါးတစ်ချောင်းက နောက်ကျောကနေ နှလုံးကို ဖြတ်ပြီး ရင်ဘက်ကို ထုတ်ခြင်း ပေါက်သွားသည်။

“ဘ..ဘယ်လို”

ရီဂျီမင် ပါးစပ်က သွေးတွေ စီးကျလာသည်။ ဒီနောက် သူ့မျက်နှာမှာလည်း နားမလည်နိုင်တဲ့ အရိပ်အယောင် ပေါ်နေသည်။

"ဘာဖြစ်လို့လဲဆိုတော့ ငါ့ဆရာက မင်းထက် ဉာဏ်ကောင်းတယ်လေ။ ငတုံးရဲ့"

အင်ဘိုင်ဝူက လှောင်ပြောင်လိုက်သည်။ ရီဂျီမင် ခေါင်းက ဘာဖြစ်နေလဲဆိုတာ သူမ နားမလည်ပါ။

လီဇီချီ ခေါင်းယမ်းလိုက်သည်။ ဒီလိုမျိုး အသုံးမကျတဲ့ သူသည် ဆရာရဲ့ ရန်သူ ဖြစ်ဖို့ တကယ် မထိုက်တန်ပါ။ ဆွန်းမိုက ရီဂျီမင်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြင်လိုက်တဲ့ အချိန်ကတည်းက စိတ်ထဲတွင် တိုက်ပွဲကို ပုံဖော်နေခဲ့သည်။

ဒီလို တိုက်ခိုက်မှု ရုတ်တရတ် ဖြစ်ပေါ်လာတယ် ထင်ရသော်လည်း အခြေနေကို ပြောင်လဲနိုင်ခြေ မြင့်မားသည်။ ဆွန်းမိုက ဖြစ်နိုင်ခြေ မျိုးစုံကို ထည့်သွင်း စဉ်းစားခဲ့သည်။ အစောပိုင်းတုန်းက ရီဂျီမင်နဲ့ တိုက်ခိုက်နေရင်း အာရုံပြောင်းသွားအောင် ပေါက်ကရ စကားတွေကို ပြောနေခဲ့သည်။ ထိုအချိန်တွင် သဏ္ဍာန်မဲ့မြင့်မြတ်စကြ်ြဝဠာကို တိတ်တိတ်လေး အသုံးပြုလိုက်သည်။

ဒါတွေအားလုံးက ကိုယ်ပွားကို အသုံးပြုပြီး နောက်ဆုံးအကွက်ကို တိုက်ခိုက်ရန် ဖြစ်သည်။

"တောင်းပန်ပါတယ်။ ဒီဝိညာဉ် သလင်းကျောက်တွေက ငါ့အပိုင် ဖြစ်သွားပြီ။ ငွေကလေးကလည်း ငါ့အပိုင်ပဲ။ အို တံခါးရှစ်ခုတိမ်တိုက်ကို ငွေကလေးလို့ နာမည်ပေးထားတယ်။ ဘယ်လိုလဲ ချစ်ဖို့ကောင်းတယ် မဟုတ်လား"

ဆွန်းမိုက ပြောသည်။

လီဇီချီက ငါးသလဲထိုးလေးကို ထိလိုက်သည်။

"မင်းကို အမှန်တိုင်း မိတ်ဆက်ပေးရအုံးမယ်။ ဒါက လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်စာရင်းမှာ အဆင့် ၃၆ဖြစ်တဲ့ ဝိညာဉ်ချီလှည့်ပတ်နေတဲ့ နဂါးပဲ။ အခုတော့ ငါ့ ညီမလေးရဲ့ အိမ်မွေးတိရစ္ဆာန်ပေါ့"

ဂျီဂျီ

ငါးသလဲထိုးလေးသည် လေထဲလွှင့်မျောလာပြီး ငါးဘဝကနေ နဂါးကို ဖြတ်သန်းလာရသလို ပျော်ရွှင်စွာနဲ့ လီဇီချီ မျက်နှာကို ပွတ်သပ်လိုက်သည်။

"မ..မင်းတို့တွေပဲ အကောင်းဆုံးတွေကို ယူလိုက်ကြ"

ရီဂျီမင်၏ မျက်လုံးထဲတွင် ဒေါသတရားတွေနဲ့ ပြည့်နှက်နေသည်။

"ကျ…ကျန်ကွမ်လင်က မင်းတို့တွေကို သတ်လိမ့်မယ်"

"ကျန်ကွမ်လင်လား။ တောင်းပန်ပါတယ်။ သူက မင်းထက်အရင် နောက်ကမ္ဘာတစ်ခုကို သွားနေပြီ"

ဆွန်းမို ပုခုံးတွန့်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့ကို ပြသရှာနေသော ဒီလုပ်ဖော်ကိုင်ဖက်များအား သနားစရာ မလိုပါ။ အခုတော့ ရီဂျီမင်ကို သတ်လိုက်ရသဖြင့် စိတ်ထဲနေလို့ထိုင်လို့ ကောင်းသွားသည်။

ဒါကြောင့်လည်း ဒီခေတ်ကြီးက အရမ်းကောင်းသည်။ မင်း လုပ်ဖော်ကိုင်ဖက်ကို မကျေနပ်ဘူးလား ဒါဆိုရင် သူတို့ကို သတ်ပစ်လိုက်။

"ဘာ"

ရီဂျီမင် နောက်ထပ် သွေးတစ်လုပ် အန်ထွက်လာသည်။ ဒေါသကြောင့် တန်းသေသွားသည်။

"နောက်ဆုံးတော့ သူသေသွားပြီ"

ဆွန်းမို သက်ပြင်း ခပ်ကြီးကြီး ချလိုက်သည်။ သူ ဆက်ပြီး တောင့်မခံနိုင်တော့ဘဲ မြေပေါ်လဲကျသွားသည်။ ရီဂျီမင်နဲ့အတူတူ သေမင်းကမ္ဘာကို အလည်သွားရမှာ စိုးရိမ်ပြီး စကားတွေ အများကြီးကို ပြောနေခဲ့ခြင်း ဖြစ်သည်။

ပြို့င်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့ရင်ဘက်က ဒဏ်ရာ ပြန်ပွင့်ထွက်လာပြီး သွေးတွေ စီးကျလာနေသည်။

"ဘယ်လောက်တောင် အန္တရာယ်များလိုက်သလဲ"

လီဇီချီ နှလုံးသားထဲမှာလည်း စိုးရိမ်ထိတ်လန့်မှု ဖြတ်သန်းသွားသည်။ ရီဂျီမင်က သူမဆရာနဲ့ အတူတူ သေဖို့ ဆန္ဒရှိတယ်ဆိုရင် သူမ ဝင်ပြီး တိုက်ခိုက်ရလိမ့်မည်။ သို့သော်လည်း သူတို့နဲ့ ကျင့်ကြံခြင်းအဆင့် ကွာခြားမှုကြောင့် ဆိုးဝါးစွာ အဆုံးသတ်သွားနိုင်သည်။

"ဘာဖြစ်လို့ သူ့ကို ပစ်သတ်ခွင့် မပေးတာလဲ"

အင်ဘိုင်ဝူ နားမလည် ဖြစ်နေသည်။ သူမက ဆွန်းမိုကို ကူညီပြီး တိုက်ခိုက်ပေးချင်သော်လည်း လီဇီချီက တားခဲ့သည်။

"မင်းရဲ့ မြှားပစ်စွမ်းရည်ကို တစ်ခါမှ မမြင်ဖူးဘူး။ ဒါကြောင့် ငါ မစွန့်စားချင်ဘူး"

ဒါက အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း အမှန်တရားက သက်သေ ပြခဲ့သည်။

"မင်းတို့ ဘာတွေ ပြောနေတာလဲ"

လုချီဟွာ လုံးဝ နားမလည်နိုင် ဖြစ်နေသည်။

"ဇီချီ၊ သူမကို ရှင်းပြလိုက်"

ဆွန်းမိုက မြေပေါ်တွင် လှဲနေသည်။

လီဇီချီရဲ့ ရှင်းပြချက်ကို ကြားပြီးနောက် လုချီဟွာ၏ မျက်နှာတွင် ထိတ်လန့်တဲ့ အမူအရာပေါ်လာကာ ပါးစပ်က အိုပုံစံ ဖြစ်သွားသည်။ (မင်းတို့ကောင်တွေက နတ်ဆိုးလား။ လူတစ်ယောက်ကို သတ်ဖို့အတွက် ဒီလောက် အလေးအနက်ထားပြီး စဉ်းစားနေကြတာလား)

လုချီဟွာက ရီဂျီမင်၏ အလောင်းကို စိုက်ကြည့်လိုက်ပြီး ဒီလူက သေသင့်တယ်လို့

ထင်မိသည်။ (ငါ့ဆရာက မင်းကို မသတ်ခဲ့ရင်တောင် ငါ့ရဲ့ အကြီးဆုံးအစ်မနဲ့ ညီမက မင်းကို ဘယ်နည်းနဲ့မှ လွှတ်ပေးမှာမဟုတ်ဘူး)

(ပြောကြေးဆိုလျှင် သူမကိုယ်သူမ အသုံးမကျသလို ခံစားရသည်။ အားလုံးက ဆရာကို အားပေးနေကြတယ် ထင်ကြပေမယ့် နောက်တစ်ဝက်လောက်ကြာတော့ ဆရာ့ကို တစ်ခုမှ အကူအညီ မပေးနိုင်ခဲ့တာကို မြင်လိုက်ရသည်။)

"အင်း၊ ငါက တကယ့်ကို အသုံးမကျတာပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာ၊ ငါတို့ အပြင်မထွက်ခင် ခဏလောက် အနားယူအုံးမလား"

လီဇီချီက နောက်ထပ်ရန်သူတွေကို အုပ်စုလိုက်ကြီး တွေ့နေမှာ စိုးရိမ်နေသည်။ ဒီလို ဖြစ်ခဲ့ရင် အကျိုးဆက်က ဆိုးသွားလိမ့်မည်။

"ငါ့ကံက ဒီလောက်ဆိုးမယ်လို့ ငါမယုံဘူး"

ဆွန်းမိုက လုချီဟွာကို တစ်ချက်ကြည့်ရင်း ပြောလိုက်သည်။ အရမ်း ကံကောင်းတဲ့ မိန်းကလေးနဲ့ အတူတူဆိုရင် ကြောက်စရာမလိုပါ။

ငွေကလေးသည် အသက်အနည်းငယ်ရှူပြီးနောက် ဆွန်းမိုဘက်သို့ ရွေ့လျားလာသည်။ ထို့နောက် လွင့်မျောနေတဲ့ ကုတင်ပုံစံသို့ ပြောင်းလဲသွားပြီး သူ့အပေါ်တွင် ထိုင်ရန် အမူအရာ ပြလိုက်သည်။

"မင်းက ဒီလိုလည်း လုပ်နိုင်တာလား"

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။ ဒါပေမယ့် ကုတင်ပေါ်လှဲလိုက်ပြီးနောက် ငန်းအမွေးနဲ့ လုပ်ထားတဲ့ တန်ဖိုးကြီး ကုတင်တောင် မယှဉ်နိုင်မှန်း သိလိုက်သည်။

ငွေကလေးသည် တစ်ပေအမြင့်ကနေ ဆွန်းမိုကို တင်ဆောင်ရင်း လွင့်မြောသွားသည်။

"နည်းနည်းလောက် ပိုမြင့်ပြီး ပျံလို့ မရဘူးလား"

လုချီဟွာသည် အနည်းငယ် မနာလိုဖြစ်သွားပြီး အဲဒီအပေါ်တွင် တက်ထိုင်ချင်နေသည်။

"နည်းနည်းလေးပဲလေ"

ငွေကလေးသည် လေးလံသော ဝန်ကို မခံနိုင်ပါ။ ဆွန်းမိုကို သယ်ဆောင်ပြီးနောက် ပျံသန်းမှု

အရှိန် တော်တော်နှေးသွားသည်။ လိပ်တစ်ကောင်သွားနှုန်း လောက်ပဲ ရှိတော့သည်။

"ဘယ်လိုပဲဖြစ်ဖြစ် လမ်းလျှောက်တာထက်စာရင် ပိုကောင်းပါတယ်လေ"

ငွေကလေးက ပုံစံကို စိတ်ကြိုက် ပြောင်းနိုင်တာကြောင့် ဆွန်းမို ပိတီ ဖြစ်နေသည်။ ခန္ဓာကိုယ် အစိတ်ပိုင်းတချို့ကို ကူရှင်ပုံစံပြောင်းပြီး ဆွန်းမို ကျောမှီလို့ရအောင် လုပ်ပေးထားသည်။ ဒါကြောင့်လည်း သူက နေရာတွင် သက်တောင့်သက်သာ ဖြစ်စွာ လှဲနေနိုင်ခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“တုန်ယင်တဲ့ လုပ်ဆောင်ချက် ပါရင် ပိုကောင်းအုံးမယ်”

ဆွန်းမိုက လက်ဖက်ရည်တစ်ခွက်တောင် တောင်းတ လာသည်။

အပြန်လမ်းသည် အလာလမ်းနဲ့ ကွာခြားခြင်း မရှိပါ။ သို့သော်လည်း အပြန်လမ်းခရီးတွင် ရရှိထားတဲ့ အကျိုးအမြတ် များလွန်းသောကြောင့် ဆွန်းမိုနှင့် နောက်ထပ် သုံးယောက်သည် စိတ်အေးလက်အေး ဖြစ်နေသည်။

ငွေကလေး အရမ်းကြိုးစား အားထုတ်နေတာကို ခံစားမိသည်။

ကျောက်နံ့ရဲထဲက သူတို့ ထွက်လာကြသည်။ ကောင်းကင်တွင် တောက်ပနေတဲ့ အာရုဏ်ဦး နေအလင်းရောက်ကို မြင်ပြီး ဆွန်းမိုက မွေးကင်းစ ကလေးတစ်ယောက်လို ခံစားမိသည်။

သူတို့ စခန်းအနားကို ရောက်လာလျှင် ကျောင်းသားတွေက အော်ဟစ်ကြသည်။

"ဆရာကျို၊ သူတို့ ပြန်လာပြီ"

"ဘာဖြစ်နေတာလဲ"

ဂျိမ်ဂျဲ ရောက်လာသည်။ ဆွန်းမိုအပေါ် ဒေါသပေါက်ကွဲချင်သော်လည်း သူ့ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေကို မြင်လိုက်ပြီး ဆူပူကျိန်းမောင်း ရမည့်အစား စိုးရိမ်တဲ့ စကားပြောလာသည်။

"မင်းကို ဘယ်သူ လုပ်လိုက်တာလဲ။ ငါ့ကို ပြောစမ်း၊ သူတို့ကို ချက်ခြင်း သွားသတ်ပစ်မယ်"

"မလိုတော့ပါဘူး။ သူတို့တွေ သေကုန်ပြီ"

ဂျိမ်ဂျဲရဲ့ စိုးရိမ်ပူပန်မှုကို မြင်လိုက်လျှင် ဆွန်းမို တောင်းပန်လိုက်သည်။

"မင်းကို စိတ်ပူအောင် လုပ်မိလို့ တောင်းပန်ပါတယ်"

"ထပ် မပြောနဲ့တော့"

ဂျိမ်ဂျဲက ဆွန်းမို ဒဏ်ရာကို စစ်ဆေးပြီး ချက်ခြင်း ညွှန်ကြားလိုက်သည်။

"သူ့ကို ငါ့တဲထဲ ကူပြီး သယ်ပေးကြ။ ရေနွေးအိုး တည်၊ သန့်ရှင်းတဲ့ စွပ်ပြုတ် တစ်ခွက်လည်း ယူခဲ့။ ရှန်ယွန်ပေါင်နှင့် တခြား ငရှုပ်နှစ်ယောက်ကို သူတို့ ဆရာ ပြန်ရောက်လာတဲ့ အကြောင်း အချက်ပြလိုက်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“စခန်းထဲက ထွက်ပြီး ငါ့ကို လိုက်ရှာနေကြတာလား”

ဆွန်းမို ရုတ်တရက် အံ့အားသွားသည်။

“ငါ သူတို့ကို တားလို့ မရခဲ့ဘူး”

ဂျိမဲဂျဲက သက်ပြင်းချရင်း ပြောလိုက်သည်။ ဆွန်းမိုသည် အရမ်းယုံကြည် စိတ်ချရတဲ့ ဆရာတစ်ယောက်ဖြစ်သည်။ ဒါကြောင့်လည်း ဆွန်းမို မမျှော်လင့်ဘဲ ပျောက်ဆုံးသွားသဖြင့် ဂျိမဲဂျဲ အရမ်း တုန်လှုပ်နေခဲ့သည်။ အန္တာရာယ်ကြုံနေမှာလဲ စိုးရိမ်နေခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတွေက ဆွန်းမိုနောက်ကို နောက်ယောင်ခံပြီး လိုက်ချင်ကြသော်လည်း ဂျိမ်ဂျဲက တားမြစ်ခဲ့သည်။ ရှန်ယွန်ပေါင်နှင့် နောက်ထပ်နှစ်ယောက် စခန်းထဲက ခိုးပြီး ထွက်သွားကြသည်။ ဒီကျောင်းသားတွေကို စောင့်ရှောက်ဖို့ မလိုအပ်ပါက ဂျိမ်ဂျဲ ကိုယ်တိုင် လိုက်ရှာမိလိမ့်မည်။

ဒီအတွက်လည်း ဖြေရှင်းချက် မရှိပါ။ ဂျိမ်ဂျဲသည် သူ့အတွက် စိတ်ပူနေသော်လည်း ဆရာများ နှလုံးသားထဲတွင် ဖွင့်မပြောတဲ့ စံနှုန်း

တစ်ခုရှိသည်။ ဆရာများ သေဆုံးနိုင်သော်လည်း ကျောင်းသားများတော့ ထိခိုက်လို့ မဖြစ်ပါ။

တဲထဲတွင် အားလုံးပြင်ဆင်ပြီးသွားပြီ။

"ကောင်းပြီ။ မင်းတို့အားလုံး အခုထွက်သွားလို့ ရပြီ"

ဂျိမ်ဂျဲက ကျောင်းသားများကို အပြင်ထွက်ခိုင်းလိုက်ပြီး လီဇီချီတို့ သုံးယောက်ကိုလဲ ထွက်ခိုင်းခဲ့သည်။ ထို့နောက် ဆွန်းမိုအနားတွင် ဆောင့်ကြောင့်ထိုင်ကာ အဝတ်အစားများ စချွတ်ပေးလိုက်သည်။

"အမ်"

ဆွန်းမို အရမ်းအံ့အောသွားသည်။ သူမ ဘာလုပ်နေတာလဲ။

စာစဉ်(၁၈)

အခန်း(၂၆၅) - အမြင့်ဆုံး အဆင့် ဆေးထုပ်၊ ပြီးပြည့်စုံသော ပြန်ကောင်းမွန်လာမှု။

"ဘာဖြစ်လို့ ကြောင်ပြီး မတ်တပ်ရပ်နေတာတုန်း။ အဝတ်အစားတွေ မြန်မြန်ချွတ်လိုက်"

ဆွန်းမိုက အမှန်တကယ် ငြင်းဆန် နေချင်တာ မြင်လိုက်လျှင် သူ့ခေါင်းအား လက်ဖဝါးနဲ့ ရိုက်လိုက်ပြီး

"ငါ့အချိန်တွေက အရမ်းတန်ဖိုးရှိတယ်။ အချိန်ဖြုန်းမနေနဲ့တော့ ဟုတ်ပြီလား"

ဂျိမ်ဂျဲက ဆွန်းမို စိတ်အေးသွားအောင် လုပ်လိုက်သည်။ တကယ်လည်း အတွေ့အကြုံမရှိတဲ့ လူငယ်တစ်ယောက်ကို အမျိုးသမီးတစ်ယောက် အရှေ့မှာ အဝတ်အစားတွေ ချွတ်ဖို့ ပြောတာက အမှန်တကယ် ဖိအား ဖြစ်စေသည်။

ဒီစကားကို ကြားပြီးနောက် ဆွန်းမို တစ်ခုခု မှားနေသလို ခံစားရသည်။ (ဒါက အမြန်စားဖို့ လုပ်နေတဲ့ မြင်ကွင်းနဲ့ ဘာကြောင့် တူနေရတာလဲ)

ဂျိမ်ဂျဲက မျက်မှောင်ကြုတ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မြန်မြန်လုပ်၊ မင်းဒဏ်ရာတွေကို တတ်နိုင်သမျှ မြန်မြန် ကုသပေးရမယ်”

“အမ်”

ဆွန်းမိုလည်း ထပ်မငြင်းနေတော့ပါ။ သွေးတွေခြောက်ကပ်နေတဲ့ ဆရာဝတ်ရုံရှည်ကို ဖယ်ထုတ်လိုက်သည်။

ရှူး

ဆွန်းမို ခန္ဓာကိုယ်ပေါ်က ကြောက်ဖို့ကောင်းလောက်အောင် ရှည်လျားနေတဲ့

ဒဏ်ရာကို မြင်လိုက်လျှင် ဂျိမ်ဂျဲ လေအေး တစ်ချက် ရှူလိုက်မိသည်။

"မင်း အပြင်မှာဘာလုပ်ခဲ့တာလဲ။ ဒီဓါးခုတ်ချက်က နည်းနည်းလေးသာ ပိုနက်သွားရင် မင်းသေသွားလိမ့်မယ်"

"အမှန်တိုင်း ပြောရရင် ဒါကို လျှို့ဝှက်ထားပေးလို့ရမလား"

ဆွန်းမိုက နောက်လိုက်သည်။

"မိန်းမတစ်ယောက်ကြောင့် အခုတ်ခံရတာလား"

ဂျိမဲဂျဲသည် သိခြင်စိတ်ကြောင့် တုန်လှုပ်သွားသည်။

"ဒါကို မင်းအတွက် ငါလျှို့ဝှက်ထားပေးမယ်။ အန်ရှိဝေက ငါ့ရဲ့ ညီမကောင်းတစ်ယောက်ဖြစ်လို့ မင်း တခြားမိန်းမတွေနဲ့ မရှုပ်အောင် တားဆီးရလိမ့်မယ်"

"ဘယ်သူက ငါ့ကို လိုချင်မှာလဲ"

ဆွန်းမိုက ကို့ကိုယ်ကို လှောင်ပြောင်လိုက်သည်။ အခုစဉ်းစားကြည့်လိုက်တော့ သူက တစ်သက်လုံး အထီးကျန် ခွေးတစ်ကောင် ဖြစ်နေခဲ့သည်။ အရင်တုန်းကတော့ လုပ်အားခနည်းပြီး အိမ်မရှိလို့၊

ပွဲတွေဘာတွေ သွားရင်လည်း မိန်းကလေးတွေက မလေးစားကြပါ။ အခုထိလည်း အထီးကျန်သမား ဖြစ်နေတုန်းပါ။

ဒီအကြောင်း ပြောရလျှင် အန်ရှီဝေကို လွမ်းနေသင့်လား။ ဂျီမဲဂျဲလည်း မဆိုးပါဘူး။

ဒီအကြောင်းကို တွေးရင်း ဆွန်းမို မသိစိတ်ကြောင့် အရှေ့ကို လှမ်းကြည့်လိုက်သည်။ ထိုင်နေတဲ့ အမျိုးသမီးတစ်ယောက်က သူ့ဒဏ်ရာတွေကို ကူညီပြီး ကုသပေးနေတာ မြင်လိုက်သည်။

ရွှတ်စ်

ဆွန်းမို ကမန်းကတမ်း ခေါင်းလှည့်လိုက်သည်။

“မင်းက တကယ်ပဲရိုးတာလား။ ဒါမှမဟုတ် ဟန်ဆောင်နေတာလား ငါလည်း မသိတော့ဘူး။ နတ်ဘုရားလက်လို့ ကျော်ကြားနေတဲ့ မင်းရဲ့ နာမည်တစ်ခုနဲ့တင် မင်းနဲ့ စကားပြောချင်နေတဲ့ ဆရာမတွေ ဘယ်နှစ်ယောက်တောင် ရှိနေမလဲဆိုတာ ငါမသိနိုင်ဘူး။ ဒါပေမယ့် မင်းကို သတိပေးလိုက်မယ်။ မင်း သူတို့ကို မလှည့်စားတော ကောင်းလိမ့်မယ်။ အထူးသဖြင့် မင်းကို

ကိုးကွယ်နေတဲ့ အမျိုးသမီးကျောင်းသူတွေပဲ။ စည်းမကျော်စေနဲ့”

ဂျိမ်ဂျဲသည် ပထမအပိုင်းကို ဟာသအနေနဲ့ ပြောခဲ့သော်လည်း ဒုတိယအပိုင်းကတော့ သတိပေးတာပဲ ဖြစ်သည်။

ဆွန်းမိုက အရမ်းငယ်သေးသည်။ သူက အရမ်းချောပြီး အရည်အချင်းတွေနဲ့ ပြည့်လျှံနေကာ ဆွဲဆောင်မှု အားကောင်းသည်။ မိန်းမပျိုလေးတွေက သူ့ရဲ့ ဆွဲဆောင်မှုကို တောင့်ခံနိုင်မှာ မဟုတ်ပါ။ သူမကိုယ်ကို သူမတို့ မထိန်းနိုင်တော့တာနဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကိစ္စတော်တော်များက လွယ်ကူသွားနိုင်သည်။ မြတ်ဆရာလောကတွင် အချို့သော အမျိုးသမီး ကျောင်းသူများသည် ကျော်ကြားဖို့ ဒါမှမဟုတ် ချမ်းသာမှုနှင့် ရာထူးတစ်ခုအတွက်ကြောင့် သူမတို့ခန္ဓာကိုယ်ကို ရင်းနှီးဖို့ မနှမြောတတ်ကြပါ။ ဆရာတစ်ယောက်ကို ဆွဲဆောင်ပြီး လိင်ဆက်ဆံဖို့ စေ့စေ့စပ်စပ် စီစဉ်ကြလိမ့်မည်။ ဒီလိုအဖြစ်အပျက်တွေက မရှားပါးပါ။

ပျားထောင်ချောက်က အမျိုးသားများ တောင့်ခံနိုင်တဲ့ အရာမဟုတ်ပါ။ တစ်ခုတည်းသော

ကွားခြားချက်က များထောင်ချောက်သည် လှလား မလှလားပဲ ကွာခြားနေလိမ့်မည်။

“ဆရာဂျီ၊ ဘာလို့ တစ်ယောက်ယောက်နဲ့ မိတ်မဆက်ပေးတာလဲ”

ဂျီမဲဂျဲကို နေရာပေးလိုက်ပါက သူသည် ထက်မြတ်ပြီး လှပတဲ့ ဆရာမများနဲ့ ရင်းနှီးလာမှာ သေချာသည်။

“မင်းဘာတွေ ပြောနေတာလဲ”

ဂျီမဲဂျဲက တန်းပြီး ပါးရိုက်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မင်း ဂရုစိုက်တာ ပိုကောင်းမယ်။ ဒီလိုမှမဟုတ်ရင် ရှီဝေကို ဒီအကြောင်း ပြောလိုက်မယ်”

“ဟီး ဟီး”

ဆွန်းမိုတွင် အခုတော့ ပိုက်ဆံလည်း ရှိနေပြီး အဆင့်အတန်းလည်း အနည်းငယ်ရှိနေပြီ။ သူက အထီးကျန်သမား တစ်ယောက် ဆက်လုပ်နေရအုံးမှာလား။ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ချင်လင်ကို ပြန်ရောက်ပြီးလျှင် ပြည့်တန်ဆာအိမ်တွေကို အလည်အပတ် သွားအုံးမည်။

အခု သူ့မှာ ပိုက်ဆံရှိနေပြီ ဆိုတော့ အလှဆုံးကောင်မလေး ရွေးဖို့ အကြီးဆုံး ပြည့်တန်ဆာအိမ်ကို သွားရမည်။

ဂျိမ်ဂျဲသည် ကျွမ်းကျင် ဆရာဝန်တစ်ယောက် မဟုတ်သော်လည်း သူမသည် ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သဖြင့် ရှေ့ဦးသူနာပြုစုခြင်းကို သာမန် အသိပညာအနေနဲ့ ခံယူကာ ကျွမ်းကျင်အောင် လေ့လာထားခဲ့သည်။

"မင်းရဲ့ ပြည်လည်ထူထောင်ရေး စွမ်းရည် အရမ်းအားကောင်းတဲ့ပုံပဲ"

ဂျိမ်ဂျဲသည် ဆွန်းမိုဒဏ်ရာအား ချုပ်ပေးမလို့ ဆုံးဖြတ်ထားသော်လည်း ဒဏ်ရာတွင် အနာဖေးများ ပေါက်နေသဖြင့် အံ့အော မဆုံးနိုင်အောင် ဖြစ်နေသည်။

"ကျေးဇူးတင်ပါတယ်၊ ဆရာဂျိ"

ဆွန်းမိုလည်း စိန်သစ်သီး ကြောင့် ဖြစ်နိုင်တယ်လို့ ခံစားမိသည်။ စိတ်မကောင်းစရာက ဒီအသီးများသည် အရမ်းရှားပါးသည်။ ခဏနေပါအုံး...စနစ်ထဲက စတိုးဆိုင်ကို ဖွင့်ဖို့ ဆုံးဖြတ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိန်သစ်သီးအစေ့ အတွက် လေးစားအထင်ကြီးမှု အမှတ် ၁၀၀၀ သာ ကုန်ကျသည်။

စိန်သစ်သီးအတွက်ကတော့ တစ်လုံးကို အမှတ် တစ်ထောင် ဖြစ်သည်။

"ဒီလောက် ဈေးသက်သာတာလား"

ဆွန်းမို အံ့အောသွားပြီး ကမန်းကတမ်း ဝယ်လိုက်သည်။

ဒင်

"ဝယ်ယူမှု အောင်မြင်ပါတယ်။ မင်းရဲ့ စာရင်းထဲကို ပို့ပေးလိုက်ပြီ"

စနစ်ဆီက အကြောင်းကြားချက် ထွက်ပေါ်လာသည်။

"တစ်ခုပဲ ဝယ်လို့ရတာလား"

ဆွန်းမိုက စိန်သစ်သီးထားခဲ့တာ စတိုးဆိုင်နေရာကို လှမ်းကြည့်လိုက်သည်။ အခုတော့ လွတ်နေသည်။ စနစ်က ထပ်မဖြည့်ထားသဖြင့် အနည်းငယ် စိတ်ပျက်သွားသည်။

အခုအချိန်တွင် သူ့မှာ လေးစားအထင်ကြီးမှု တစ်သောင်းခွဲ ကျော်လောက်ရှိသည်။

စိတ်ကျေနပ်တဲ့အထိ ဆယ်လုံးလောက် ဝယ်ဖို့ ဆုံးဖြတ်ထားခဲ့သည်။

“ကောင်းကောင်း အနားယူလိုက်ပါ။ အဖွဲ့ရဲ့ အထွေထွေ ကိစ္စတွေကို ခေါင်းထဲ မထည့်ထားနဲ့။ ငါလုံးဝ တာဝန်ယူလိုက်မယ်”

ဂျိမ်ဂျဲက ဆွန်းမိုအား စောင်နဲ့ ဖုံးပေးထားခဲ့ပြီး တဲထဲက ထွက်သွားသည်။

ညဘက်ရောက်တော့ ရှန်ယွန်ပေါင် တို့ ယောကျာ်းလေးသုံးယောက် ပြန်ရောက်လာကြသည်။

လီဇီချီက ပိုးစိုးပက်စက် ဆူပူကျိန်းမောင်း နေတော့သည်။

ဒုတိယနေ့ မနက်မှာတော့ သူတို့အဖွဲ့ဟာ ခရီးကို နောက်တစ်ကြိမ် စတင်လိုက်ပြန်သည်။

ဂျိမ်ဂျဲ၏ အစီအစဉ်မှာ ဗဟိုပြည်နယ် အကယ်ဒမီကို အလျှင်အမြန်ပြန်သွားပြီး ဆရာဝန်တစ်ယောက် ရှာကာ ဆွန်းမို ဒဏ်ရာကို ကုသပေးရန် ဖြစ်သည်။ သို့သော် ဆွန်းမိုက ဒီအစီအစဉ်ကို ပယ်ချလိုက်သည်။

ဆွန်းမိုက ဝိညာဉ်တောင်ပံ ချောက်ကမ်းပါး၏ ပထမဆုံး ရေပူစမ်းနေရာတွင် အနားယူဖို့ တောင်းဆိုလိုက်သည်။

တကယ်လို့ တခြားဆရာတစ်ယောက်က တောင်းဆိုလာလျှင် သေချာပေါက် ငြင်းလိုက်မည်။ သို့သော် အခုအချိန်တွင် ဆွန်းမိုနဲ့ ပက်သက်ပြီး အရမ်းကောင်းမွန်တဲ့ သဘောထား ဖြစ်နေသည်။ ဒါကြောင့်လည်း သဘောတူပေးလိုက်သည်။ ဆွန်းမိုသည် ဝေးလံခေါင်ဖျားသောနေရာက ရေပူစမ်း တစ်ခုကို ရွေးလိုက်သည်။ ထို့နောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စမ်းရေအလှဆေးထုပ်ကို ရေထဲသို့ ပစ်ချပြီး ငြိမ်သက်စွာ ထိုင်စောင့်နေပြီးနောက် သူ့ကိုယ်သူ ရေစိမ်လိုက်သည်။ လှပတဲ့ ဆေးက တကယ်လှပသွားမှာလား။ ငါ့လိုအပ်ချက် မမြင့်မားပါဘူး။ ၁၀မှတ်မှာ ခြောက်မှတ်လောက် ဆိုရင် အဆင်ပြေပါတယ်။

ဆွန်းမို စောင့်ပြီးရင်း စောင့်နေခဲ့သည်။ တစ်မိနစ်လောက် ကြာသွားသော်လည်း ရေကန်က ဘာတုံ့ပြန်မှုမှ မရှိသေးပါ။

“ဘာမှ မထူးခြားဘူးလား”

ဒီဖြစ်နိုင်ခြေကိုတွေးပြီး ဆွန်းမို အနည်းငယ် မကျေမနပ် ဖြစ်သွားသည်။ ပြီးတော့ ပြန်လည် နလန်ထူလာတဲ့ အကျိုးသက်ရောက်မှုကိုလည်း မခံစားရသေးပါ။

စနစ်ကို မေးမလို့ လုပ်လိုက်တုန်းမှာပဲ သူ့ခြေထောက်အောက်ကနေ တစ်ခုခု ဖြတ်သွားသလို ခံစားလိုက်ရသည်။

"တောက် ဘာကြီးလဲ။ မြွေလား"

ဆွန်းမို လန့်ဖြန့်သွားပြီး နောက်ပြန်ဆုတ်လိုက်သည်။ ဒါပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူငုံ့ကြည့်လိုက်လျှင် ရေထဲမှာ လူပုံစံ တစ်ခုကို မြင်လိုက်ရသည်။

ဗွမ်း

လူအရိပ် ရေမျက်နှာပြင်ပေါ် တိုးထွက်လာသည်။

ဆွန်းမို အနည်းငယ် ထိတ်လန့်သွားသည်။

လူအရိပ်က ဆံပင်ကို ခါလိုက်ပြီး ဆွန်းမိုဆီ တန်းရောက်လာသည်။ မျက်နှာ မရှိပါ။ အရင်က တက်ကြွနေတဲ့ စိတ်များသည် ရေခဲရေ

လောင်းလိုက်သလို ချက်ခြင်း ပျောက်ကွယ်သွားသည်။

"စနစ်၊ မင်းငါ့ကို ဗရုတ်ကျနေတာလား"

ဆွန်းမို တန်းဆဲတော့သည်။ အမှန်အတိုင်း ပြောရလျှင် ရုပ်ရှင်ထဲတွင် စန်တာကို ဇာတ်လမ်းအား ပထမဆုံး မြင်လိုက်ရသလို အရမ်း ကြောက်လန့်နေခြင်းတော့ မရှိပါ။

"မင်းနှလုံးသား မသန့်စင်လို့လား"

စနစ်က တစ်ခုခု လွဲနေသလို ခံစားရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ပေါက်ကရတွေ။ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက် အကြောင်းတွေးတာ ဘာဖြစ်လို့လဲ။ ငါ့ရဲ့ ပြင်းထန်တဲ့ ဟော်မုန်းတွေအတွက် ဒါက တရားမျှတတယ်"

ဆွန်းမိုက ချက်ခြင်း ပြန်အော်သည်။

"ငါ့ရဲ့ ဟော်မုန်းတွေကို မြန်မြန် ပြန်တောင်းပန်"

"ကောင်းပြီလေ၊ မင်းက ဆရာဖြစ်နေတော့ မင်းမှန်တယ်လို့ပဲ သတ်မှတ်လိုက်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က မျက်နှာတစ်ခု ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာ တိုးတိုးလေး ပြောပြမယ်လို့ ပြောလိုက်သည်။

"အစ်ကိုကြီး"

ဆွန်းမိုက စနစ်အား ဒူးထောက်လုမတတ် တောင်းဆိုလိုက်သည်။

"အစ်ကိုကြီး မင်းနဲ့ငါက အရင်းနီးဆုံးပဲလေ"

"မင်းက စမ်းရေအလှမှာ တခြားလူတစ်ယောက်ရဲ့ ပုံစံကိုလိုချင်ရင် အဲဒီလူရဲ့ ဆံပင်တစ်ချောင်းကို ယူပြီး ဆေးထုပ်ထဲ ထည့်လိုက်ရုံပဲ"

စနစ်က   ရှင်းပြသည်။

“အမ်”

ဆွန်းမို   အရမ်း စိတ်ပျက်သွားသည်။

“မင်းဘာလို့   ဒီလောက်   ကြောင်တောင်တောင် ဖြစ်နေရတာလဲ”

စနစ် ရုတ်တရုတ် အံ့အောသွားသည်။

“ဒီရာသီက   နွေဦးမဟုတ်ဘူး။   အထူးသဖြင့် မင်းအတွက်ပဲ”

“အကြံသမား”

ဆွန်းမို ချက်ခြင်း နားလည်သွားသည်။ စနစ်ရဲ့ စကားပြောဆိုမှုက အရမ်းပြင်းထန်ပြီး အဆဲစကားလုံးတစ်လုံးတောင် သုံးစွဲဖို့ မလိုအပ်ပါ။

တကယ်တော့ ဆွန်းမို နှလုံးသားက ပင်ပန်းနွမ်းနယ်နေခဲ့သည်။ စောစောက သေလုနီးပါး ဖြစ်ခဲ့ရသည်။ အဲဒီ အတွေ့အကြုံက ဘယ်လောက်တောင် ကြောက်ဖို့ ကောင်းလဲ။

အရင်ကတော့ သူနေမကောင်း ဖြစ်ပြီး ဆေးရုံတက်ရပါက သူ့မိဘများ ကျိန်းသေပေါက် လာခဲ့ကြသည်။ လီဇီချီနှင့် အခြားသူများက

လိုက်ပါနေကြသော်လည်း အဲဒါက မတူညီပါ။ ဆွန်းမိုသည် အိမ်ကို တောင်းတလာသည်။ ခံစားချက်တွေ မတည်မငြိမ် ဖြစ်လာကာ လွမ်းဆွေးပြီး စိတ်ဓါတ်ကျလာသည်။

ဗွမ်း

စမ်းရေအလှလေး ကူးခပ်လာသည်။

"ဒါက ဘာဖြစ်တာလဲ"

ဆွန်းမို မျက်ခုံးပင့်ကာ စမ်းရေအလှအား အဝေးကို တွန်းထုတ်ပစ်မလို့ လုပ်လိုက်သည်။ သို့သော် အဲဒီအလှတွင် အရမ်းအစွမ်းထက်တဲ့

ပြန်လည်ထူထောင်ရေး အကျိုးအာနိသင်များ ပါဝင်နေသည်။ သူ့ရင်ဘက်က ဒဏ်ရာသည် သာမန်မျက်စိနှင့် မြင်နိုင်တဲ့ နှုန်းနဲ့ ပြန်ကောင်းမွန်းလာသည်။

“ဒီလောက်တောင် မော်ဆန်တာလား”

ဆွန်းမို ရုတ်တရုတ် အံ့အောသွားသည်။

“ဒါက ဘယ်သူလဲ”

ဂျီမဲဂျဲရဲ့ အသံ ရုတ်တရုတ် ထွက်လာသည်။

‘အမ်”

ဆွန်းမို ခေါင်းလှည့်ပြီး ကြည့်လိုက်လျှင် မနီးမဝေးတွင် ရပ်နေသော ဂျိမ်ဂျဲအား မြင်လိုက်သည်။

"တောင်းပန်ပါတယ်။ မင်းရဲ့ ပျော်ရွှင်နေမှုကို အနှောက်အယှက်ပေးနေသလို ဖြစ်သွားပြီ"

ဂျိမ်ဂျဲ ထွက်သွားသည်။ ဒီလိုအခြေအနေမှာ နားလည်မှု လွဲတဲ့သူကို အပြစ်တင်လို့ မရပါ။ စမ်းရေအလှကို အသုံးပြုတဲ့နည်းက မြင်တဲ့သူတိုင်း အထင်လွဲသွားနိုင်သည်။

"ဆရာဂျိ၊ နားလည်မှု လွဲနေပြီ။ သူမက လူသားမဟုတ်ဘူး"

ဆွန်းမို ကမန်းကတန်း ရှင်းပြလိုက်သည်။

"လူသား မဟုတ်ဘူးလား"

ဂျိမ်ဂျဲ မျက်မှောင်ကြုတ်ပြီး ရပ်လိုက်သည်။ သူမက စမ်းရေအလှအား သံသယစိတ်နဲ့ လှည့်ကြည့်လိုက်သည်။ ထင်ထားတဲ့အတိုင်း သက်ရှိတစ်ယောက်ရဲ့ အရိပ်အယောင် မတွေ့ရပါ။ ထို့နောက် လန့်ဖြန့်စွာ ထခုန်လိုက်သည်။

"မျက်နှာ မရှိဘူး"

ဂျိမ်ဂျဲ ထအော်သည်။

ဆွန်းမိုက ကမန်းကတန်း အရာအားလုံးကို ရှင်းပြလိုက်သည်။

"တကယ်ပဲ ဒီလို အံ့အောဖွယ်ကောင်းတဲ့ ဆေးအညွှန်းက ရှိနေသေးတာလား"

ဂျိမ်ဂျဲ အံ့အောသင့်သွားသည်။

(အမ်၊ ငါဘာလို့ ရေထဲဆင်းလာတာလဲ။ အမ်၊ ဆွန်းမို ကျောကို တိုက်ပေးမလို့ပဲ။ သူက ဒဏ်ရာရနေတာ့ သူ့ကိုယ်တိုင် လုပ်ဖို့ အဆင်မပြေနိုင်ဘူးလေ။)

"အခု ငါ့မျက်စိရှေ့မှာ ရှိနေတာက စမ်းရေ အလှမဟုတ်ဘူးလား"

ဆွန်းမို တုန်လှုပ်သွားသည်။

"မင်းဒဏ်ရာကို ကြည့်ရအောင်"

ဂျိမဲဂျဲက ဆွန်းမိုဆီ လျှောက်လာရင်း ပြောလိုက်သည်။ ဒဏ်ရာကို တစ်ချက်ကြည့်လိုက်ပြီး အံ့အောသင့်သွားသည်။ "ဒါ...."

ဒဏ်ရာက လုံးဝ ပြန်ပိတ်သွားပြီ။ နည်းနည်းလေး ယုတ္တိ မရှိဘူးလား။

ဂျီမဲဂျဲ ဆေးထုပ်ကို ချက်ခြင်းဝယ်ချင်စိတ် ပေါက်လာသည်။

ဆွန်းမို အပြုံးက အနည်းငယ် တောင့်တင်းသွားသည်။

“ဆရာဂျီ၊ မင်းဒီမှာ စိမ်လို့ရတယ်။ ကျွန်တော်က ပြီးနေပြီ”

“ဆွန်း…”

ဂျီမဲဂျဲက ဆွန်းမိုကို တစ်ခုခု ပြောဖို့ လုပ်လိုက်သော်လည်း ရုတ်တရက် ရှေ့သို့ ဟက်ထိုးလဲကျသွားကာ ဆွန်းမိုကို ဖက်မိသွားသည်။

မှတ်ချက် - နွေဦးဆိုတာ အမျိုးသမီးရဲ့ ခန္ဓာကိုယ် အချိုးအစား အသံထွက်များနဲ့ ဆင်တူသည်။ ၁၄ လို့ခေါ်တဲ့ နွေဦး စကားလုံးရှိသည်။

စာစဉ်(၁၉)

အခန်း(၂၆၆) - ဆွန်းမို၏ အိမ်အသစ်။

စမ်းရေ အလှ၏ အရမ်းရင်းနီးနေသော အပြုအမူများကို ဂျီမဲဂျဲသည် အစပိုင်းတွင် ငြင်းဆိုနေခဲ့သည်။ ဒါက ဆေးထုပ်ကြီးမှ ဖန်းတီးထားတဲ့ လူပုံစံ ရုပ်သေးရုပ်ဆိုတာ သိနေသော်လည်း ဒါကို အသုံးမပြုချင်ပါ။ ဒါပေမယ့် မိနစ်အနည်းငယ် ကြာပြီးတဲ့နောက် ခုခံခြင်း အားလုံးကို စွန့်လွှတ်လိုက်သည်။ စမ်းရေအလှ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နမ်းလိုက်တဲ့ နေရာတိုင်းတွင် အရမ်းချောမွေ့ပြီး တောက်ပြောင်လာတာကို သတိထားလိုက်မိသည်။

သူမရဲ့ အရင်ဒဏ်ရာက အမာရွတ်တွေပင် ပျောက်ကွယ်သွားသည်။

ဝိုး

ဂျိမ်ဂျဲတစ်ယောက်သည် အလှအပနဲ့ စက်ဆုပ်ခြင်းကြားတွင် အလှကို ရွေးဖို့ ဆုံးဖြတ်လိုက်သည်။

ဒါက ဦးနှောက်မရှိဘူး ပြောလို့ရသည်။ ဒါပေမယ့် မလှချင်တဲ့ မိန်းမ ရှိလို့လား။

ဆွန်းမိုသည် အရင်နေထိုင်ခဲ့တဲ့ ကမ္ဘာတွင် သူ့ရဲ့ မိန်းကလေး သူငယ်ချင်းများက သူတို့ ဝယ်ယူထားတဲ့ ပစ္စည်းတွေကို ဆိုရှယ်မီဒီယာပေါ်တွင် တင်ပြီး ကြွားနေတာ မြင်ခဲ့ဖူးသည်။ ခြွင်းချက် မရှိပါ။ သူတို့ ဝယ်ယူထားတဲ့ ပစ္စည်း အများစုက အလှပြင် ပစ္စည်းတွေ ဖြစ်နေသည်။ ဒါကြောင့်လည်း မိန်းကလေးတွေက အမြဲတမ်း လှချင်နေကြတယ်လို့ ပြောကြတာပေါ့။ လူ့အဖွဲ့အစည်းထဲတွင် ရာထူးကြီးကြီး ရထားတဲ့ မိန်းမတစ်ယောက် တောင် ခြွင်းချက် မဟုတ်နိုင်ပါ။

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။ ကံကောင်းတာက ဒီ စမ်းရေအလှသည် ဂျင်းနီလို

ဗလတောင့်တောင့်နဲ့ ယောက်ျား တစ်ယောက် မဖြစ်နေတာကို ကျေးဇူးတင်ရမည်။ ဒီလိုမှမဟုတ်ရင် ဘယ်လောက်ပဲ မှော်ဆန်တဲ့ အာနိသင် ရှိနေပါစေ သူရေထဲ မဆင်းရဲပါ။

ဂျီမဲဂျဲကို ထားခဲ့ပြီး တိတ်တိတ်လေး ပြန်ထွက်သွားလိုက်သည်။

"ဆရာ၊ မင်းရေစိမ်နေတာ မဟုတ်ဘူးလား"

အပြင်မှာရပ်စောင့်နေတဲ့ လုချီဟွာနှင့် လီဇီချီတို့သည် ဆွန်းမိုကို မြင်လိုက်လျှင် အရမ်းပျော်သွားသည်။ သူမတို့ လိုက်ဝင်ချင်ပေမယ့် ဂျီမဲဂျဲက တားမြစ်ခဲ့သည်။

“အမ်”

ဆွန်းမိုက “အခုတော့ မင်းတို့ အထဲမသွားတာ ပိုကောင်းမယ်”

ညဘက်တွင် ဆွန်းမိုသည် စိန်သစ်သီးကို စားခဲ့သည်။ သူ့ရဲ့ ဖွဲ့စည်းပုံ အခြေခံက သိသိသာသာ တိုးတက်လာပြီး ပြန်လည်နလန်ထူလာတဲ့ နှုန်းကလည်း တိုးတက်လာခဲ့သည်။

သူတို့အဖွဲ့သည် ရေပူစမ်းနေရာတွင် တစ်ညတာ ရပ်နားခဲ့ပြီး နောက်တစ်နေ့ နံနက်တွင် ဆက်ပြီး ခရီးထွက်ခဲ့သည်။

အဖွဲ့ထဲတွင် လူအများကြီး ရှိနေသောကြောင့် ဆွန်းမိုသည် ငွေကလေးအား ဆင့်မခေါ်ရဲပါ။ ဒီလိုမှမဟုတ်ရင် တိမ်တိုက်ကလေးပေါ်မှာ ထိုင်ပြီး ကျောင်းကို ပြန်ရရင် အရမ်ပျော်စရာကောင်းမှာ သေချာသည်။

ဘယ်လိုပဲဖြစ်နေပါစေ အခုတော့ ဆွန်းမို အရမ်းပျော်နေသည်။ ဒီခရီးစဉ်တွင် အကျိုးအမြတ် ရိတ်သိမ်းမှုက သိသိသာသာ များပြားလွန်းလှသည်။

ပထမတစ်ချက် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့် ဖြစ်သည်။ အခုအချိန်တွင် သွေးလောင်ကျွမ်းခြင်း အဆင့် (၅) ကိုရောက်နေပြီ။ ထို့နောက် နောက်ထပ် နှစ်ဆင့်လောက် အဆင့်တက်သွားရင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နတ်ဘုရား ခွန်အားအဆင့်ကို တက်ရောက်ဖို့ ကြိုးပမ်းလို့ ရပြီ။ သူ့ဆီမှာ ဂေါင်ပန်ဆီက ရထားတဲ့ သွေးနီရောင် မှော်ဆေးပြား တစ်ပြား ရှိနေသဖြင့် နတ်ဘုရား ခွန်အား အဆင့်သို့ တက်ရောက်ရန် ၉၀ ရာခိုင်နှုန်းလောက် သေချာနေသည်။

ဘဝမှာ ကိုယ့်ကို ပြဿနာရှာနေတဲ့ လူတွေကို ချေမှုန်းရတာလောက် ပျော်စရာ ကောင်းတာ ရှိအုံးမလား။ အခုတော့ သူ့ကို ပြဿနာ ရှာတဲ့ လူသုံးယောက်ကို တစ်ခါတည်း ချေမှုန်း ပစ်ခဲ့သည်။

သူကို့ ဒုက္ခပေးခဲ့တဲ့ ကျန်ကွမ်လင်၊ ရီဂျီမင်နှင့် ဖန်ဝူအန်တို့ကို သတ်ဖြတ်ခဲ့သဖြင့် မိုးပေါ် ပျံတက်သွားသလို ခံစားနေရသည်။ အထူးသဖြင့် သေခြင်း ရှင်းခြင်း တိုက်ပွဲများကို တွေ့ကြုံခဲ့ရလို့ ဖြစ်သည်။ သူရဲ့ စိတ်အခြေအနေနှင့် ခွန်အားသည် သိသိသာသာ တိုးတက်လာခဲ့သည်။

ကျင့်ကြံခြင်း ကျင့်စဉ်အရ ဆွန်းမိုသည် လရောင်ပြန် ဓါးကျင့်စဉ်လို့ လူသိများတဲ့ ကျင့်စဉ်ကို ရှေ့ဟောင်း လောကနတ် ကျင့်စဉ်ကို အသုံးပြုပြီး ရယူနိုင်ခဲ့သည်။ ဒါက တော်တော်ရှားတဲ့ ကျင့်စဉ်လို့ ပြောလို့ရပေမယ့်

ဒါကို ငွေနဲ့ ပြန်ရောင်းဖို့ကလွဲလျှင် လေ့လာဖို့ ဆွန်းမို စိတ်မဝင်စားပါ။

တခြား အကြောင်းပြချက်တော့ မရှိပါ။ သူ့အတွက် ဒီကျင့်စဉ်သည် အဆင့်နိမ့်နေသဖြင့် စိတ်ဝင်စားမှု မရှိ သောကြောင့် ဖြစ်သည်

ဆွန်းမိုသည် လေဘုရင်ဆီမှနေ ဆန်းကြယ်သူတော်စင်အဆင့် ဖြစ်တဲ့ လေဘုရင် နတ်ဘုရားကျင့်စဉ်နှင့် လေဘုရင် နတ်ဘုရား လှုပ်ရှားမှု ကျင့်စဉ်နှစ်ခုကို ရရှိခဲ့သည်။ တခြားသူတွေက ဒါကို သိသာတဲ့ အောင်မြင်မှုတစ်ခုရအောင် လေ့ကျင့်ဖို့ ဆိုရင် နှစ်ပေါင်းများစွာ အချိန်ယူရလိမ့်မည်။ ဒါပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုအတွက်တော့ မလိုအပ်ပါ။ အချိန်တံဆိပ်တွေ ဝယ်ဖို့ပဲ လိုသည်။

ပြီးတော့ သူ့မှာ လေဘုရင်ခန်းမဆိုတဲ့ အမာခံ နေရာတစ်ခု ရရှိခဲ့သည်။

အဲဒီနေရာတွင် ဝိညာဉ်သလင်းကျောက်တွေနဲ့ ပြည့်နှက်နေပြီး ဆွန်းမိုအတွက် နှစ်ရာနဲ့ ချီပြီး ရပ်တည်ဖို့ လုံလောက်သည်။

ဝိညာဉ်ချသည် ကျင့်ကြံခြင်း၏ အခြေခံ ဖြစ်သည်။ ဝိညာဉ်ချီ ပိုများလေလေ ကျင့်ကြံရတာ ပိုလွယ်လေလေ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အားတစ်ဝက်လောက် စိုက်ထုတ်လိုက်ရုံနဲ့ အလုပ်နှစ်ဆလောက် ပြီးမြောက်စေနိုင်သည်။

ဥပမာ ပြောရလျှင် သာမန်အရည်အချင်းသာရှိတဲ့ ရိုးသားတဲ့ ချီရွှန်ကျား ဆိုပါတော့ သူသာ ဝိညာဉ်ချီ ပေါများတဲ့ လေဘုရင်ခန်းမတွင် ကျင့်ကြံပါက သူ့ရဲ့ ကျင့်ကြံမှုနှုန်းက သုံးဆ တိုးတက်လာမည်။

ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့လို ပါရမီရှင်များ ဆိုရင်တော့ ခြေတစ်လှမ်းတည်းနဲ့ ကောင်းကင်အထိ ထိုးတက်သွားလိမ့်မည်။ သူတို့ကို ဘယ်သူမှ တားဆီးနိုင်မှာ မဟုတ်ပါ။

ဝိညာဉ်ချီ ကျောက်မိုင်းများသည် ဘာကြောင့် အရေးအကြီးဆုံး အရင်းအမြစ် ဖြစ်နေရတာလဲ။ ဒါက တိကျတဲ့ အကြောင်းပြချက် ဖြစ်သည်။

ပြီးတော့ ဝိညာဉ်ချီနဂါးသည် လုချီဟွာ၏ အဖော်ဖြစ်လာသဖြင့် ဆွန်းမို ထုံကျင်နေသည်။ ဝိညာဉ်သလင်းကျောက်တွေ အသုံးပြုလို့ ကုန်သွားရင်တောင် ဝိညာဉ်ချီ နဂါးက နောက်ထပ် ရှာဖွေပေးနိုင်သေးသည်။

တစ်ခုတည်းသော ပြဿနာက ငွေကလေးနဲ့ ငါးသလဲထိုးလေးတို့ရဲ့ တည်ရှိမှုကို လူသိခံလို့ မရတာပဲ ဖြစ်သည်။ ဒီလိုမှမဟုတ်ရင် ပြဿနာတွေက တံခါးခေါက်ပြီး ဝင်လာလိမ့်မည်။

ပြီးတော့ အကြီးအမားဆုံး ပြဿနာက လေဘုရင် ဖြစ်နေဆဲပါ။ ဒီအကောင်ကြီးက လွန်ခဲ့သော နှစ်သန်းပေါင်း တစ်သန်းကတည်းက တည်ရှိလာတဲ့ ဧရာမ တည်ရှိမှုကြီး တစ်ခုဖြစ်နေသည်။ သူ့ရဲ့ တည်ရှိမှုကကို ချမ်းသာ ကြွယ်ဝတဲ့ အရင်းအမြစ်တစ်ခုလို သတ်မှတ်လို့ ရသည်။ ဆွန်းမိုက လေဘုရင်အား သူ့ရဲ့ ခွန်အား အဖြစ် ဘယ်လိုပြောင်းလဲ ရမလဲဆိုတာ စဉ်းစားနေခဲ့သည်။

"လိဂ်ပြိုင်ပွဲ မစခင် အချိန်သုံးလလောက်တော့ ရသေးတယ်။ ငါက လီဇီချီနဲ့ တခြားသူတွေကို လေဘုရင် ခန်းမထဲ ခေါ်ပြီး သူတို့ရဲ့

ကျင့်ကြံခြင်း အခြေခံတွေ တိုးတက်လာအောင် အစွမ်းကုန်ကြိုးစားရမယ်”

ဆွန်းမိုက နောက်ထပ် ဗျူဟာတွေကို စဉ်းစားနေခဲ့သည်။

သူတို့သည် ဝိညာဉ်တောင်ပံမြို့သို့ ရောက်ပြီးနောက် ချင်လင်သို့ပြန်ရန် ပို့ဆောင်ရေးဂိတ် မဖွင့် သေးသောကြောင့် အနည်းငယ် စောင့်ခဲ့ရသည်။

ချိင်လင်သည် မြူတွေနဲ့ အုံ့မှိုင်းနေသည်။ ဆောင်းဦး၏ အငွေ့အသက်ကို ပါရာဆို သစ်ပင်များ၏ အရွက်ပေါ် မြင်နေရသည်။

အခုဆိုရင် ဆောင်းဦးပေါက်နဲ့ နီးလာသဖြင့် ညနေဘက်တွင် အအေး ပိုလာသည်။

သူတို့ ပြန်လာကြောင်း သတင်းရတာနဲ့ အန်ရှီဝေသည် ကြိုဆိုရန်အတွက် ကျောင်းအပေါက်ဝတွင် စောင့်နေခဲ့သည်။ ကျောင်းသားတွေကို အားပေးကာ အနားယူခိုင်းလိုက်သည်။ အဲဒီနောက်မှာတော့ ဂျိမဲဂျဲနဲ့ အတူတူ သူမရုံးခန်းကို ပြန်သွားရင်း လမ်းမှာ ဂျိမဲဂျဲ အစီအရင်ခံတာကို နားထောင်ခဲ့သည်။

"ငါနားလည်ပြီ။ ဆရာဂျိကို ပဲ ဒုက္ခပေးရတော့မယ်။ အခုတော့ အရင်သွားပြီး အနားယူလိုက်ပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုင်ရန်လီနဲ့ အခြားကျောင်းသား ဆယ်ယောက်ကျော် တို့သည် တံခါးရှစ်ခုတိမ်တိုက်ကို လိုက်ဖမ်းရန် လိုက်သွားကြတဲ့ အကြောင်းကို ကြားလိုက်လျှင် အန်ရှီဝေ အရမ်းဒေါသထွက်သွားသည်။ သို့သော်လည်း သူမသည် ဘာမှ မတတ်နိုင်သလို ခံစားရသည်။ ဒီလောက်တန်ဖိုးကြီးတဲ့ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို မလိုချင်တဲ့လူ ရှိလို့လား။

ဆွန်းမိုက ခြေဖျားထောက်ပြီး ထွက်သွားမလို့ လုပ်လိုက်သည်။

“ဆရာဆွန်း၊ ခဏလောက်နေပါအုံး”

ဂျိမ်ဂျဲ တံခါးဖွင့်ပြီး ထွက်သွားမှ အန်ရှီဝေသည် ဆွန်းမိုအား စစ်ဆေးဖို့ အချိန်ရတော့သည်။

“မင်းဒဏ်ရာတွေ သက်သာရဲ့လား”

“အခုတော့ အဆင်ပြေပါတယ်”

ဆွန်းမိုက ဆက်ထိုင်ပြီး လက်ဖက်ရည် သောက်လိုက်သည်။

တခြားသူများသာဆိုရင် အန်ရှီဝေနဲ့ နှစ်ယောက်တည်း စကားပြောခွင့်ရပါက စကားဝိုင်း အကြောင်းအရာများကို ဦးနှောက် အရည်ပျော်မတတ် စဉ်းစားနေကြမည်။ သို့သော် ဆွန်းမိုက ခြွင်းချက် ဖြစ်သည်။

အန်ရှီဝေကလည်း ဒီကိစ္စတွင် ကျွမ်းကျင်သူ မဟုတ်ပါ။ ဒါကြောင့် ဆယ်မိနစ်ကျော်လာရင် လေထုက အဆင်မပြေ ဖြစ်လာသည်။ အဲဒီနောက် ဆွန်းမိုက လက်ဖက်ရည်သောက်ပြီး နှုတ်ဆက်လိုက်သည်။

"ဟင်း"

အန်ရှီဝေ သက်ပြင်းချလိုက်သည်။ သူမရဲ့ ငယ်ချစ်လေးအား လုံးဝ နားမလည်နိုင်ခဲ့တဲ့ အကြောင်းကို သူမသိရှိသွားသည်။

အထူးသဖြင့် အမှောင်တိုက်ကြီးမှ ပြန်လာပြီးနောက် ဖြစ်သည်။ အခုချိန်တွင်

ဆွန်းမိုမှာ ယုံကြည်ချက် ပိုရှိနေတယ်လို့ အန်ရှီဝေ ခံစားမိသည်။ ရုပ်ပိုင်ဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာမှာပါ တိုးတက်ကြံ့ခိုင်လာသည်။

အန်ရှီဝေရဲ့ ဗီဇ အသိစိတ်က မမှားပါ။ အခုအချိန်တွင် ဆွန်းမိုက အရမ်းချမ်းသာတဲ့ လူတစ်ယောက် ဖြစ်နေပြီ။ ဒါကြောင့်လည်း ယုံကြည်ချက် အားကောင်းနေသည်။

စကားပုံတစ်ခုရှိသည်။ ‘လူတို့ရဲ့စိတ်သည် သူတို့ ပိုက်ဆံအိတ် အရွယ်အစားပေါ်တွင် မူတည်သည်။’ အရင်တုန်းက ဆင်းရဲတဲ့ ဆွန်းမိုသာဆိုရင် ပြည့်တန်ဆာ အိမ်ရှေ့က ဖြတ်သွားရင် လှည့်ကြည့်မှာတောင် မဟုတ်ပါ။ အခုတော့လား

အထဲဝင်ပြီး အလှဆုံး ဆယ်ယောက်လောက် ရွေးလိုက်မည်။

ဆွန်းမိုသည် အဆောင်သို့ ပြန်ရောက်ပြီးနောက် လေထုထဲတွင် ချွေးနံ့ကို ရလိုက်သည်။ ဒါ့ကြောင့် လေဝင်လေထွက် ကောင်းစေရန် ပြတင်းပေါက် တံခါးကို ဖွင့်လိုက်သည်။ အနည်းငယ်ကြာအောင် စဉ်းစားပြီးနောက် ကျောင်းအုပ်ကြီး ရုံးခန်းသို့ ပြန်သွားရန် ဆုံးဖြတ်လိုက်သည်။

“ဘာ ဖြစ်လို့လဲ"

အန်ရှိဝေသည် ထိုင်ခုံပေါ်တွင် ခါးမတ်မတ်ထားပြီး ထိုင်နေသည်။ ဒီတစ်ခေါက်မှာတော့ သူတို့ကြားမှာ ဆွေးနွေးမယ့် အကြောင်းအရာရှိဖို့ မျှော်လင့်သည်။

"ကျောင်းက မြွတ်ဆရာတွေအတွက် အိမ်ပြင်ဆင်ပေးထားတယ် မဟုတ်လား။ ငါ့ကို အိမ်တစ်လုံးလောက် ပေးလို့ ရမလား"

ဆွန်းမိုက ပြောလိုက်သည်။ ဗဟိုပြည်နယ်သည် ဟိုးအရင်ကတည်းက တည်ဆောက်ခဲ့သောကြောင့် သူယူထားတဲ့ နေရာသည် အရမ်းကျယ်ဝန်းသည်။ ကျောင်းအတွင်းပိုင်းတွင် မြွတ်ဆရာများအတွက် သတ်မှတ်ပေးထားတဲ့ ဇုန်တစ်ခု ရှိသည်။

ပုံမှန်အားဖြင့်ဆိုလျှင် အနိမ့်ဆုံး ကြယ်ခြောက်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်ဖို့ လိုသည်။ ဒီလိုမှမဟုတ်ပါက ဒီအကြောင်း ဆက်ပြောစရာ မလိုတော့ပါ။

"ဒါ,,"

အန်ရှီဝေ မျက်မှောင် ကြုတ်သွားသည်။

" ငါပြောချင်တာက အလကား မယူပါဘူး။ ဌားဖို့အတွက် ပိုက်ဆံပေးပါ့မယ်"

ဆွန်းမိုက ရှင်းပြသည်။

တံခါးရှစ်ခုတိမ်တိုက်အတွက် လျှို့ဝှက်ချက်ကို စနစ်တကျ သိမ်းဆည်းထားဖို့ လိုအပ်သည်။

သိပ်မကြာခင် ဗဟိုပြည်နယ် အကယ်ဒမီနှင့် လေဘုရင်ခန်းမကို သွားလာကူးလူးတော့မည် ဖြစ်သည်။ ကျောင်းအပြင်မှာ လုပ်ရင် မလုံခြုံနိုင်ပါ။

"ဌားဖို့ အကြောင်း ပြောနေတာက မင်းငါ့ကို အရမ်းအထင်သေးရာ ရောက်သွားပြီ"

အန်ရှီဝေက ပြုံးရင်း ပြန်ပြောသည်။ သူမက အံဆွဲတစ်ခုကိုဖွင့်ကာ သော့ထုတ်ပေးလိုက်သည်။

"ဘယ်ဘက်ခြမ်းက ပထမဆုံးအဆောက်အဦး။ ဝင်ပေါက်အရှေ့မှာ ပိတောက်ပင် ရှိတယ်။ ဒီလောက်ဆိုရင် သွားတတ်ပြီ မှတ်လား။ အဲဒါကို ပိတောက် အဆောက်အဦးလို့ ယာယီ

သတ်မှတ်ထားတယ်။ ကြိုက်တဲ့ အခန်းကို ရွေးပြီးနေလို့ ရတယ်”

“ကျေးဇူးတင်ပါတယ်”

ဆွန်းမိုကလည်း ဒီမျက်နှာသာပေးမှုကို စိတ်ထဲ မှတ်ထားလိုက်သည်။

သာမန်လူများသည် အဲဒီ အိမ်ရာတွင် မနေနိုင်ပါ။ ဗဟိုပြည်နယ် အကယ်ဒမီက ကျဆင်းနေပြီ ဆိုသော်လည်း ဒီနေရာတွင် နေထိုင်မည့် လူက အနည်းဆုံး ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်တော့ ဖြစ်ရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေက ထွက်ခွာသွားသော ဆွန်းမိုကို ကြည့်ရင်း မျက်နှာနီနေသည်။ သူမ ပေးလိုက်တဲ့အိမ်က သူမတို့ မျိုးနွယ်စု ပိုင်တဲ့ အိမ်ဖြစ်သည်။ ပိုပြီး တိတိကျကျ ပြောရလျှင် သူမရဲ့ ကိုယ်ပိုင် ပိုင်ဆိုင်မှု ဖြစ်သည်။

ဆွန်းမိုအား အဲဒီနေအိမ်မှာ နေထိုင်ဖို့ ခွင့်ပြုလိုက်တာက သူမနဲ့ အတူတူနေဖို့ တိတ်တဆိတ် သဘောတူလိုက်သလို ဖြစ်နေသည်။

သို့သော်လည်း အန်ရှီဝေတွင် အခြားဖြေရှင်းချက် မရှိပါ။ ဆွန်းမိုကို တခြားအိမ်မှာ နေခွင့် ပေးလိုက်လျှင် တခြားမြတ်ဆရာတွေက ပြဿနာ လာရှာရင် ဘယ်လို လုပ်ရမလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အိမ်ရာသည် ဗဟိုပြည်အကယ်ဒမီ၏ အနောက်မြောက်ဘက် အရပ်တွင် တည်ရှိသည်။ ထိုနေရာတစ်ဝိုက်တွင် ရှိသော သစ်ပင်များသည် ကြီးမားထွားကျိုင်းပြီး အရွက်များကလည်း အရမ်းထူထပ်ကာ တစ်ယောက်ယောက် ဝင်လာလိုက်လျှင် တိတ်ဆိတ်အေးချမ်းမှုကို ချက်ခြင်း ခံစားရလိမ့်မည်။ လူလောကကြီးရဲ့ ဝန်ထုတ်ဝန်ပိုးများ ကင်းလွတ်သွားသလို ခံစားရသည်။

သာမန်လူများအား ဝင်ခွင့်တားမြစ်ထားသောကြောင့် အိမ်ရာ၏ ပတ်ဝန်းကျင်သည် အရမ်းတိတ်ဆိတ်နေသည်။

ဆွန်းမိုသည် ထုံးကျောက်ခင်းထားသော လမ်းကြားတစ်ခုအပေါ်တွင် သီချင်းလေး ညည်းရင်း လမ်းလျှောက်လာသည်။ ရှုခင်းတွေကို ခံစားရင်း သူ့ရဲ့ ဇနီးလောင်းက တကယ်ချမ်းသာတယ်လို့ မနေနိုင်ဘဲ တွေးလိုက်မိသည်။

ဒီအိမ်သည် ဟိုးအရင်ကတည်းက တည်ဆောက်ခဲ့သော်လည်း လက်ရှိချင်လင်တွင် ငွေအမြောက်အများ တန်ကြေးရှိနေသေးသည်။ သို့သော်လည်း ဗဟိုပြည်နယ် အကယ်ဒမီတွင် အခြေခံ အုတ်မြစ်အနည်းငယ်သာ ကျန်တော့သည်။

တကယ်လို့ လိဂ်ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ပါက ‘နာမည်ကြီးကျောင်း’ဆိုတဲ့ ဘွဲ့ကို လက်လွှတ်

ရလိမ့်မည်။ အန်ရှီဝေလည်း ဒီမြေကို ထိန်းသိမ်းမထားနိုင်တော့ပါ။

"နေပါအုံး။ ငါက ပိုင်ရှင် တစ်ဝက်လို့ ပြောလို့ရတယ်"

ဆွန်းမိုသည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ ဒီအိမ်ကို တခြားသူတွေက လက်ဝါးကြီးအုပ်လာမယ့် မြင်ကွင်းကို မြင်ယောင်ကြည့်လိုက်သည်။ ဒီလိုအဖြစ်မျိုး သူဘယ်လိုမှ လက်မခံနိုင်ပါ။

စိတ်ကူးယဉ်ဆန်တဲ့ စိတ်ကူးယဉ်မှုထဲ နစ်မျောနေတဲ့ ဆွန်းမိုသည် နောက်ဆုံးတော့

ပိတောက် အိမ်သို့ ရောက်လာသည်။ ခြံဝန်း နံရံက နိမ့်ပြီး အထဲက လီလီပန်းများကို မြင်နေရသည်။ ခြံဝန်းတစ်ခုလုံး ပန်းပွင့် အဖြူရောင်များနဲ့ ပြည့်လျှံနေသည်။ ဆွန်းမို မျက်မှောင်ကြုတ်လိုက်သည်။ သူ့ရဲ့ မှတ်ဉာဏ်တွေအရတော့ ကျောင်းအုပ်ကြီးဟောင်းရဲ့ အိမ်ပါ။ သူ တံခါးကို တွန်းဖွင့်လိုက်သည်။

ကလောက်

အန်ရှီဝေ ရဲ့ ချွေတာမှုကြောင့် အိမ်ဖော် ဒါမှမဟုတ် အလုပ်ကြမ်းသမားများ မထားခဲ့ပါ။ ဒါကြောင့် အိမ်ကြီးသည် ကြောက်ဖို့ကောင်းလောက်အောင်

တိတ်ဆိတ်နေသည်။ ပိုးကောင်းတွေရဲ့ အော်သံကိုတောင် ရှင်းရှင်းလင်းလင်း ကြားနေရသည်။

ဆွန်းမို မျက်မှောင်ကြုတ်လိုက်သည်။ ဖုန်တွေဖုံးနေတဲ့ ကျောက်တုံးတွေကို တစ်ချက်ကြည့်လိုက်သည်။ အဲဒီနေရာတွင် ခြေရာတစ်ချက်တောင် မမြင်ရသဖြင့် ဆွန်းမို အရမ်းကျေနပ်သွားသည်။ ခြံဝန်းတစ်ဝိုက်ကို လျှောက်ကြည့်ပြီးနောက် ဆွန်းမိုသည် ညှော့ခန်းထဲက ကြိမ်ကုလားထိုင်ခုံပေါ်တွင် ထိုင်ပြီး အေးအေးဆေးဆေး တွေးနေသည်။

"ဒီနေ့ကစပြီး ငါက ဒီနေရာရဲ့ သခင်ဖြစ်သွားပြီ"

အဲဒီ ခံစားချက်ကို မိနစ်အနည်းငယ်ကြာအောင်ခံစားပြီးနောက် ဆွန်းမိုက လက်ချောင်းတွေကို ပွတ်သပ်လိုက်သည်။

"ငွေကလေး"

ဆွန်းမို ဆင့်ခေါ်လိုက်သည်။

မိနစ်အနည်းငယ်ကြာပြီးနောက် တိမ်တိုက်ကလေးသည် ပြတင်းပေါက်ကနေ ပျံဝဲပြီးရောက်လာသည်။

“ဒီနေရာက နောင်ကျရင် ငါတို့ အိမ်ဖြစ်လာလိမ့်မယ်။ ပတ်ဝန်းကျင်နဲ့ ရင်းနှီးအောင် လုပ်လိုက်အုံး”

ဆွန်းမိုက မတ်တပ် ထရပ်လိုက်သည်။

“အိမ်လား”

ငွေကလေးသည် အနီးအနားတစ်ဝိုက်တွင် ပျော်ရွှင်စွာ ဝဲပျံရင်း လေ့လာနေသည်။

“ကစားဖို့ အာရုံစိုက်မနေနဲ့အုံး။ ပို့ဆောင်ရေးတံခါး တည်ဆောင်ဖို့အတွက်လည်း လုံခြုံတဲ့ နေရာရှာအုံး”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

“ကောင်းပြီ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငွေကလေးက အိမ်အနောက်ဖက် ရှုခင်းသည် ပို့ဆောင်းရေးတံခါး ထားဖို့ အရမ်းကောင်းတယ်လို့ ခံစားမိသော်လည်း ဆွန်းမိုက တားမြစ်လိုက်သည်။

"လူတွေမြင်မှာ မကြောက်ဘူးလား"

နောက်ဆုံးတော့လည်း ပို့ဆောင်ရေးတံခါး ထားမယ့်နေရာကို ဆွန်းမိုကိုယ်တိုင် ရွေးလိုက်သည်။ အခန်းလွတ် တစ်ခုကို ရွေးချယ်လိုက်သည်။ ပို့ဆောင်းရေးတံခါးကို သူ့အိပ်ခန်းထဲတွင် မထားချင်ပါ။ သူအိပ်နေတုန်း တစ်ယောက်ယောက် ပေါ်လာပါက အန္တရာယ် များလွန်းသည်။

သိပ်မကြာခင် ငွေကလေး အားလုံးလုပ်လို့ပြီးသွားသည်။

"အခုသွားကြည့်လို့ ရလား"

ပို့ဆောင်ရေးတံခါးကို ကြည့်ပြီး ဆွန်းမိုက လက်ဆန့်ကာ ထကြည့်လိုက်သည်။

ရှုတ်စ်

တံခါးဝတွင် လှိုင်းတွန့်တစ်ခု ဖြစ်သွားသည်။

"ရတာပေါ့"

ငွေကလေးက တန်းပြီး ဝင်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက သစ်သားခါးကို ကိုင်ပြီး တိမ်တိုက်ကလေး နောက်သို့ လိုက်သွားသည်။ အဆင်မပြေ မှုမမှန်တာ တစ်ခုမှ မဖြစ်ဘဲ ရိုးရိုးတံခါးတစ်ခုကို ဝင်ရသလို ခံစားရသည်။ နောက်အခိုက်အတန့်တွင် လေဘုရင် ခန်းမ ပေါ်လာသည်။

သိပ်သည်းလှတဲ့ ဝိညာဉ်ချီများကို ချက်ခြင်း ခံစားလိုက်မိသည်။

"မိုက်လိုက်တာ"

ဆွန်းမိုက ဝိညာဉ်သလင်းကျောက်များကို ကောက်ယူပြီး တံခါးထဲ ပြန်ဝင်သွားသည်။

နောက်အခိုက်အတန့်မှာ အိမ်ထဲ ပြန်ပေါ်လာသည်။ ဘယ်လိုပဲဖြစ်ဖြစ် ညစာအတွက် ရေနွေးအိုးတည်ပြီး ကျောက်ဂဏန်း သွားဖမ်းလို့တောင် ရသည်။

ဆွန်းမိုက ဘာစားရင် ကောင်းမလဲ စဉ်းစားနေတဲ့ အချိန်တွင် လီကုန်က လေးလံတဲ့ အမူအရာနဲ့ အလည်ရောက်လာသည်။ သူ အရမ်းစိတ်မပူချင်ပေမယ့် ကြီးမားတဲ့ ပြဿနာ တစ်ခုနဲ့ ကြုံလာရသည်။

စာစဉ်(၁၉)

အခန်း(၂၆၇) - ထောက်ပံ့ရေးဌာန ပြိုကျခြင်း။

"ကျေးဇူးပြုပြီး ထိုင်ပါ"

ဆွန်းမိုက လီကုန်အား ဧည့်ခန်းထဲတွင် လက်ခံတွေ့ဆုံလိုက်သည်။

"အခုမှရောက်တာ ဆိုတော့ သန့်ရှင်းရေးတောင် မလုပ်ရသေးဘူး။ ရေနွေးလည်းမရှိဘူး။

ညှော်ဝတ်ကျေပွန်မှု မရှိတာကို မင်းနားလည်ပေးရမယ်”

“ဌာနမှူးက အားနာနေပြန်ပြီ”

လီကုန်က ရိုးရှင်းစွာ ပြန်ပြောပြီး ဘေးမှာ မတ်တပ်ရပ်နေသည်။ ဆွန်းမိုက လွတ်လွတ်လပ်လပ် ထိုင်ဖို့ ပြောပေမယ့် သူက ဘယ်လို သတ္တိရှိမှာလဲ။ သူက အရမ်းနာခံမှုရှိတဲ့ ကလေးတစ်ယောက်လို လုပ်နေသည်။

လက်ဖက်ရည်အတွက် ရေနွေးလား။

ဟာသပဲ။ ဆွန်းမိုထက် အရင်လက်ဖက်ရည်သောက်ဖို့ ဘယ်လိုလုပ်

အရည်အချင်း ရှိမှာလဲ။ ဒီအိမ်ကြီးထဲ ဝင်ခွင့်ပေးတာကိုပင် ကောင်းကင်ဘုံအား ကျေးဇူးတင်ရမည်။

"ပြော၊ ဘာဖြစ်လာလို့လဲ"

ဒါက ပဒေသရာဇ်ခေတ် ဖြစ်နေသဖြင့် ဆွန်းမိုက လီကုန်အား အတင်းဖိအား ပေးပြီး မထိုင်ခိုင်းတော့ပါ။ လူများကြားတွင် မတူညီသော အဆင့်အတန်း ရှိနေကြသည်။ ဆွန်းမိုနဲ့ မတွေ့ခင်က လီကုန်သည် ကျွန်တစ်ယောက်လို အသက်ရှင်ခဲ့ပြီး ခေါင်းထဲမှာ နက်ရှိုင်းစွာ အမြစ်တွယ်နေပြီ။ ဆွန်းမိုသာ အတင်းထိုင်ခိုင်းလိုက်လျှင် သူ အနေရခက်သွားပြီး

ဆွန်းမို မကျေနပ်အောင် ဘာလုပ်မိခဲ့လဲ ဆိုပြီး အတွေးများနေလိမ့်မည်။

"မာကလန်၊ ဝေကလန်နဲ့ ကျန်ကလန်ဆိုတဲ့ ကုန်သွယ်ရေးအဖွဲ့အစည်းတွေက သူတို့ ဈေးကိုမြှင့်တင်ဖို့ ပူးပေါင်း ကြံစည်နေကြတယ်"

လီကုန်က အချက်အလက် အပြည့်အစုံနဲ့ အစီအရင် ခံလိုက်သည်။

ဆွန်းမိုက လီကုန်ရဲ့ အစီရင်ခံမှုကို နားထောင်ရင် လျှင်မြန်စွာ စဉ်းစားနေသည်။

"ဒီအဖွဲ့အစည်း သုံးခုက ငါတို့ ထောက်ပံ့ရေးဌာနရဲ့ ၆၀ ရာခိုင်နှုန်းကို

ထောက်ပံ့နေတာလား။ ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ လက်ရှိ ဘဏ္ဍာရေး အခြေအနေအရ သူတို့ ဈေးနှုန်းတိုးမြှင့်လိုက်ရင် ငါးရက်အတွင်း အဆုံးသတ်သွားလိမ့်မယ်”

အရင် ဥာနမှူး ရန်၏ နံပါတ်တစ် လက်ပါးစေတစ်ယောက်နေနဲ့ လီကုန်သည် ဖားတတ်ရုံသာမက အလုပ်လုပ်တဲ့ နေရာမှာလည်း တော်တော်လေး အရည်အချင်း ရှိသည်။

လီကုန်လို လူတစ်ယောက်ကို အကျင့်စရိုက်နဲ့ စရိုက်လက္ခဏာအရ အမှိုက်တစ်ခုလို့ ပြောရင် မမှားပါ။ ဒါပေမယ့် သူက တကယ်အရည်အချင်းရှိပြီး နေရာ တော်တော်များများတွင်

အပေါင်းအသင်းရှိသည်။ သူ့လွှမ်းမိုးမှုက အရမ်းကျယ်ပြန့်တယ်လို့ ပြောလို့ရသည်။

“သူတို့ကို ဘယ်သူ အမိန့်ပေးတာလဲ။ ကျန်ဟန်ဖူလား”

ဆွန်းမို အမူအရာ ငြိမ်ကျသွားသည်။ သူ့ဥာနမှုး ဖြစ်လာလျှင် ကျန်ဟန်ဖူ လက်တုန့်မပြန်ရင်သာ ထူးဆန်းနေလိမ့်မည်။

“ငါလည်း မသိဘူး”

လီကုန် ရိုးသားစွာ ပြန်ဖြေသည်။ ကျန်ဟန်ဖူ၏ ဩဇာလောက်နဲ့ ကုန်သည် အသိုင်းအဝိုင်းကို

မလွှမ်းမိုးနိုင်ပါ။ ဒါကို တခြား အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ယောက် လုပ်တာ ဖြစ်နိုင်သည်။

“အို”

ဆွန်းမို တဖြည်းဖြည်းနဲ့ မျက်မှောင်ကြုတ်သွားသည်။

“ငါတို့ တခြား ကုန်သွယ်အဖွဲ့အစည်းနဲ့ ပြောင်းလို့ ရမလား”

“မဖြစ်နိုင်ဘူး”

လီကုန်က

“ဒီကုန်သည် အဖွဲ့အစည်းနဲ့ လက်တွဲပြီး အလုပ်လုပ်လာတာ အနှစ် နှစ်ဆယ်ကျော်နေပြီ။

ဟင်းသီးဟင်းရွက်တွေနဲ့ ကောက်ပဲသီးနှံတွေ၊ ကျောက်မီးသွေး ထွက်ကုန်တွေ၊ အသားတွေကို သူတို့ အဓိက တာဝန်ယူပြီး ထောက်ပံ့ပေးနေတာ။ ငါတို့က အမြဲတမ်း အတူတူလုပ်ခဲ့တော့ သူတို့က ငါတို့ရဲ့ အခြေခံ အုတ်မြစ်လို ဖြစ်နေပြီ”

တကယ်လို့ ဗဟိုပြည်နယ် အကယ်ဒမီသည် ချင်လင်မှာ အခြေချပြီး ဩဇာ ချဲ့ထွင်းလိုပါက မှူးမတ် အထက်တန်းစားတွေနဲ့ ချိတ်ဆက်မှုများ လိုအပ်ရုံသာမက လူ့အဖွဲ့အစည်း၏ အောက်ခြေ လူတန်းစားများနဲ့လည်း အဆင်ပြေဖို့ လိုအပ်သည်။ ဒီလို လူများက ဗဟိုပြည်နယ် အကယ်ဒမီဘက်တွင် လုံးဝရှိနေရမည် ဖြစ်သည်။

သူတို့သား၊ သမီးတွေ အရွယ်ရောက်လာလျှင်လည်း ဗဟိုပြည်နယ် အကယ်ဒမီက ပါဝင်ဖို့ အရည်အချင်းပြည့်မီလျှင် သူတို့အား ဦးစားပေးပြီး ရွေးချယ်ပေးရမည်။ ပြီးတော့ ချင်လင်မြို့တွင် ရေကြီးမှု၊ မိုးခေါင်မှု ဒါမှမဟုတ် ခါးပြတိုက်ခိုက်မှုများနဲ့ ကြုံတွေ့ရပါကလည်း ဒေသခံ ကုန်သည် အဖွဲ့အစည်းတွေက ဗဟိုပြည်နယ် အကယ်ဒမီကို ဦးစားပေး ထောက်ပံ့ပေးရမည် ဖြစ်သည်။ တခြားလူတွေက စျေးပိုပေးနေရင်တောင် ကုန်သည် အဖွဲ့အစည်းတွေက သူတို့ကို ရောင်းချခွင့် မရှိပါ။

အပြန်အလှန်အနေနဲ့၊ ကြင်နာမှု အမှတ်အသားတစ်ခုအနေနဲ့ သူတို့ရဲ့

သား၊သမီးများသည် အရည်အချင်း အားနည်းနေရင်တောင် ဗဟိုပြည်နယ် အကယ်ဒမီကို ဝင်ရောက်နိုင်မည် ဖြစ်သည်။

ဒါကြောင့်လည်း ဗဟိုပြည်နယ် အကယ်ဒမီနဲ့ လယ်သမားများကြားက ဆက်ဆံရေးသည် ရေနဲ့ ငါးကြားက ဆက်ဆံရေးလို ဖြစ်နေသည်။

“ငါတို့က ကြားခံတွေကို ရှောင်ပြီး လယ်သမားတွေနဲ့ တိုက်ရိုက် အရောင်းအဝယ်လုပ်လို့ မရဘူးလား”

ဆွန်းမိုက မေးသည်။

"ဦးနှမျူး၊ လယ်သမားတွေက စာမတတ်လို့ ခေါင်းဆောင် လိုတယ်။ ပြီးတော့ လယ်သမားတွေက အလိမ်ခံရမှာကြောက်ပြီး အပြင်လူကို မယုံကြည်တတ်ကြဘူး။ သူတို့နဲ့ နှစ်တော်တော်ကြာအောင် လက်တွဲလုပ်ခဲ့တဲ့ ကုန်သည်အဖွဲ့အစည်း သုံးခုကိုပဲ ယုံလိမ့်မယ်"

လီကုန်က စကားပြောနေရင်း အထင်သေးတဲ့ အမူအရာ ပေါ်လာသည်။ ကုန်သွယ်ရေး အဖွဲ့အစည်းသုံးခုက မကောင်းဘူးလို့ ခံစားမိသော်လည်း သူတို့ဆီက ဘယ်လောက်တောင် အသားလှီးယူသွားလဲ ဆိုတာကို သူတို့ မသိကြပါ။

ဒီအတွက်လည်း ဖြေရှင်းချက် မရှိပါ။ ဒါက အသိပညာအားနည်းမှုရဲ့ ကန့်သတ်ချက် ဖြစ်သည်။

“ဥာနမှူး အဲဒီလို လုပ်ဖို့ မစဉ်းစားနဲ့။ ကုန်သည်အဖွဲ့ကို ကျော်လိုက်ရင် အကျိုးဆက်က အရမ်း ဆိုးဝါးသွားနိုင်တယ်”

ဆွန်းမို တွေးနေတာကို သတိထားလိုက်မိလျှင် လီကုန်က အလျှင်အမြန် သတိပေးလိုက်သည်။

ဆွန်းမိုသည် ဒါကို သိပ်အများကြီး နားမလည်သော်လည်း ရှေ့ဟောင်း ပြန်ဇာတ်တချို့ကို ကြည့်ခဲ့ဖူးလို့ ကုန်သွယ်ရေးအဖွဲ့အစည်းတွေ၊ ဆားဂိုဏ်းတွေနှင့် အထည်ဂိုဏ်းတွေက

ဘယ်လောက် ကိုင်တွယ်ရခက်လည်းဆိုတာ သူနားလည်သည်။

အလားတူတွင် ချင်လင်တွင်လည်း ဈေးကွက်ကို ခွဲဝေ ထားခဲ့သည်။ အာဏာအကြီးဆုံးလူက အကြီးအမားဆုံး ဝေစုကို ရလိမ့်မည်။

အဲဒီ လယ်သမားတွေက ဗဟိုပြည်နယ် အကယ်ဒမီကို မရောင်းခင် မာကလန်၊ ဝေကလန်နဲ့ ကျန်ကလန်တို့ အရင်ရောင်းချပေးရမည်။ သူတို့အားလုံးသည် ချင်လင်မြို့၏ အနည်းငယ်သော ကုန်သွယ် လုပ်ငန်းစုထဲက ဖြစ်နေသည်။

"သူတို့က ဈေးတက်လာရင် ငါတို့က ဘာလုပ်ရမှာလဲ"

ဆွန်းမိုက မေးလိုက်သည်။

"ညှိနှိုင်းပြီး ဈေးလျှော့ဖို့ မေးရမယ်"

လီကုန် စိတ်ထဲက သက်ပြင်းချလိုက်သည်။ ဒီနေ့က အနေးနဲ့ အမြန် ရောက်လာမယ်ဆိုတာ သူသိနေသည်။

အရင်တုန်းကတော့ ဗဟိုပြည်နယ် အကယ်ဒမီသည် မဟာကိုးပါးထဲက တစ်ကျောင်းဖြစ်နေသဖြင့် ကုန်သွယ်အဖွဲ့ သုံးခုအား တစ်ယောက်ယောက်က အသေရိုက်ပြီး

ဈေးတက်ခိုင်းရင်တောင် သူတို့ ဈေးမတက်ရဲပါ။ အခုအချိန်မှာတော့ ကျောင်းက ရပ်တည်မှု ကျဆင်းသွားသဖြင့် ကျောင်းကို အနိုင်မကျင့်မှသာ ထူးဆန်းနေလိမ့်မည်။

ဗဟိုပြည်နယ် အကယ်ဒမီမှာ ဘယ်လို နိုင်ဖဲ ရှိမှာလဲ။ မင်းရဲ့ သား၊ သမီးတွေကို ကျောင်းဝင်ခွင့် မပေးတော့ဘူးလို့ ပြောရမှာလား။ ဒါဆိုရင် သူတို့ မရီဒန်အကယ်ဒမီကို သွားလိမ့်မည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီအချက်ကလည်း ဆွဲဆောင်မှု မရှိတော့ပါ။

“ငါ နားလည်ပြီ”

ဆွန်းမို ပြုံးလိုက်သည်။

“ဒီတစ်ခေါက်တော့ မင်း အလုပ်ကောင်းကောင်း လုပ်ခဲ့တယ်။ ကုန်သွယ်ရေးအဖွဲ့သုံးခုကို ဆက်ပြီး စောင့်ကြည့်ထားပါ။ လယ်သမားတွေကြားမှာ ပျံ့နေတဲ့ သတင်းတွေကို မျက်ခြေမပြတ် စောင့်ကြည့်ထားပြီး သေသေချာချာ မှတ်ထားပါ။”

“ဟုတ်ကဲ့ပါ၊ ဥာနမှူး”

လီကုန်သည် ဆွန်းမိုရဲ့ တည်ငြိမ်မှုကို မြင်လိုက်လျှင် အံ့အော သင့်သွားသည်။ ရန်ချိုင်ကို ဖယ်ထုတ်ပြီး ကျန်ဟန်ဖူအား ဒေါသစိတ်နဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သေချင်စိတ်ပေါက်အောင် လုပ်ခဲ့နိုင်တာ မထူးဆန်းတော့ပါ။

ဒင်

လီကုန်၏ လေးစားအားထင်ကြီးမှု +၂၀။ ရင်းနှီး(၂၀၅/၁,၀၀၀)

လီကုန် ပြန်သွားပြီးနောက် ဆွန်းမို ရေအရင် ချိုးလိုက်သည်။ အဝတ်အစားအသစ်ဝတ်ပြီးနောက် ရထားလုံးကို ငှားကာ မြေခွေးအိုကြီး ရန်ဆီ ဦးတိုက်ပြီး သွားလိုက်သည်။

“လေးစားရတဲ့ ညွှ့်သည်ကြီး ကြိုဆိုပါတယ် ခင်ဗျာ၊ ကြိုဆိုပါတယ် ခင်ဗျာ"

မြေခွေအိုကြီးရန်သည် ပြုံးရွှင်သော မျက်နှာဖြင့် ဆွန်းမိုအား ကိုယ်တိုင်ကိုယ်ကျ ထွက်ပြီး ကြိုဆိုသည်။

“ဒီတစ်ကြိမ်လည်း အစ်ကိုရန်ကို ဒုက္ခပေးရအုံးမယ်”

ဆွန်းမိုက လိုရင်းကို တန်းပြောလိုက်သည်။

“ဆရာဆွန်းက အရမ်းအားနာနေပြန်ပြီ။ ငါ့ကို ခိုင်းစရာရှိရင် လွတ်လွတ်လပ်လပ် ပြောလို့ရပါတယ်။ တတ်နိုင်သမျှ အစွမ်းကုန် ကြိုးစားပေးပါ့မယ်”

မြေခွေးအိုကြီး ရန်က သူ့ရင်ဘက်ကို ပုတ်လိုက်ပြီး ရဲရဲကြီး အာမခံလိုက်သည်။ အရင်တုန်းက တာအိုဝါဒ ဘုရားကျောင်းတွင် ဆွန်းမိုကိုကြည့်ပြီး ထိတ်လန့်ခဲ့ရသည်။ သူက ဘုရင်ခံနှင့် ဝန်ကြီးချုပ်ပင် ဂရုစိုက်ရတဲ့ ဆရာတစ်ယောက် ဖြစ်သည်။ သူ့တပည့်များထဲတွင် တော်ဝင်မျိုးနွယ်ဝင် တစ်ယောက်တောင် ရှိနေသေးသည်။ ဒီလိုမျိုး အရေးပါးတဲ့ လူတစ်ယောက်ကို ဖားဖို့ကလွဲလျှင် မြေခွေးအိုကြီး ရန် ဘာမှ မလိုချင်ပါ။ အခွင့်အရေးရတာနဲ့ ဆွန်းမို အထင်ကြီးလာစေရန် အစွမ်းကုန်ကြိုးစား မည်။

ဆွန်းမိုလည်း အားနာမနေတော့ဘဲ ချက်ခြင်းဆိုသလို ညွှန်ကြားချက်များ ထုတ်ပြန်လိုက်သည်။

အစီအစဉ် အကောင်အထည် မဖော်ရသေးခင် ပြဿနာက လျှင်မြန်စွာ ရောက်လာသည်။

အခုအချိန်တွင် ရန်သူများက ဆွန်းမိုကို ပြတ်ပြတ်သားသား ပစ်မှတ်ထားနေတာ ဖြစ်သဖြင့် သူကျောင်းကို ပြန်ရောက်တာနဲ့ မာကလန်၊ ဝေကလန်နဲ့ ကျန်ကလန်က ခေါင်းဆောင်များ ကျောင်းကို ရောက်လာကြသည်။

"ဥာနမှူးဆွန်း၊ ဒီနှစ် စပါးထွက် သိပ်မကောင်းတော့ တောင်သူတွေလည်း စားဖို့လိုသေးတယ်လေ။ ဒါကြောင့် ဟင်းသီး ဟင်းရွက်၊ ဆန်နဲ့ ထင်း၊ ကျောက်မီးသွေးတွေရဲ့ ဈေးနှုန်းက ငါးဆယ် ရာခိုင်နှုန်းလောက် တက်သွားတယ်"

မာချမ်က ဖက်တီးကြီး တစ်ယောက်ဖြစ်သည်။ သူက စကားပြောနေတဲ့ အချိန်တွင် အမြဲတမ်း ပြုံးနေပြီး လူများအား ရင်နီးခင်မင်သွားစေနိုင်သည်။ သို့သော်လည်း သူ့ရဲ့ စကားများသည် အသားကို

ခါးနဲ့လှီးပြီး ဂုတ်သွေးစုတ်တဲ့ လျှာတစ်ချောင်းနဲ့ တူနေသည်။

“၅၀ ရာခိုင်နှုန်း တိုးမလို့လား။ မာချမ် ဘာဖြစ်လို့ ငါတို့ကို ရောင်းဖို့ မေ့နေတာလဲ”

ဆွန်းမို နှုတ်ခမ်းများ ကွေးသွားသည်။

ဆွန်းမိုက သူ့နာမည်ကို တိုက်ရိုက်ခေါ်လိုက်တာ ကြားလိုက်လျှင် အသက်လေးဆယ်ကျော်တဲ့ မာချမ် မျက်နှာနီသွားသည်။ သို့သော်လည်း သူသည်းခံလိုက်သည်။ အခုအချိန်က ပေါက်ကွဲရမယ့် အချိန်မဟုတ်သေးပါ။

"ဥာနမှူးဆွန်း၊ လူတိုင်း အသက်မွေးဝမ်းကြောင်းလုပ်နေရတယ်။ ငါတို့အတွက်လည်း မလွယ်ကူပါဘူးကွာ"

ဝေဇီယူက ယဉ်ကျေးပြီး သန့်ရှင်းသပ်ရပ်တဲ့ အငွေ့အသက်ရှိသည်။ ပြီးတော့ သူရဲ့ မုတ်ဆိတ်အမွေး အတိုလေးကို မကြာခဏ ပွတ်သပ်နေသည်။

ဆွန်းမို ငြိမ်ကျသွားသည်။

"ဥာနမှူးဆွန်း၊ မင်းဆုံးဖြတ်ချက် မချနိုင်ရင် လည်း ပြောလို့ရတယ်။ ငါတို့ ကျောင်းအုပ်ကြီး အန်နဲ့ ဆွေးနွေးလိုက်မယ်"

မာချမ်က လျှောင်ပြောင်လိုက်သည်။

“မင်းတို့ကောင်တွေ ဆယ်ယ်ရာခိုင်နှုန်းတောင် စျေးတက်လို့ မရဘူး။ အဆိုးဆုံး ဖြစ်လာရင်တော့ ငါတခြားသူဆီက ဝယ်လိုက်မယ်”

ဆွန်းမိုဘက်ကလည်း ဆက်ဆက်ထိမခံပါ။

“ဟားဟား”

ဆွန်းမိုရဲ့ ဒေါသ အသံကို ကြားလိုက်လျှင် သူတို့ သုံးယောက် စလုံး လှောင်ပြောင်ပြီး ရယ်မောလိုက်သည်။

(အဲဒါဆိုလည်း သွားဝယ်လိုက်ပေါ့။ မင်းစိတ်ကြိုက် ဝယ်လို့ရလျှင် ငါတို့ အရှုံးလို့ သတ်မှတ်လိုက်မယ်)

မာချမ်က ဆွန်းမိုကို တိတ်တဆိတ် လှောင်ပြောင်နေသည်။ အထက်က စေခိုင်းခဲ့တဲ့ ပုဂ္ဂိုလ်သည် ဗဟိုပြည်နယ် အကယ်ဒမီ ဆိုးဝါးစွာ အဆုံးသတ်ရမယ်လို့ မှာကြားထားသည်။ ကျောင်းကို ကူညီမဲ့ ကုန်သွယ်ရေး အဖွဲ့အစည်း ရှိပါက အဲဒီအဖွဲ့သည် ဆိုးဝါးစွာ အဆုံးသတ်သွားလိမ့်မည်။

“ငါ ဒီလောက်ပဲ ပြောတော့မယ်။ မင်းတို့သုံးယောက်စလုံး ကျေးဇူးပြုပြီး ထွက်သွားတော့”

ဆွန်းမိုသည် ပေါက်ကရ စကားတွေကို ပြောပြီး အချိန်မဖြုန်းချင်တော့ပါ။

"ဌာနမှူးဆွန်း အချိန်ရောက်လာရင် ဒူးနဲ့မျက်ရည် မသုတ်နေဖို့ မျှော်လင့်ပါတယ်"

မာချမ်သည် အဲဒီ စကားပြောပြီးနောက် လက်ကိုခါပြီး ထွက်သွားသည်။

သူတို့ သုံးယောက်သည် ထောက်ပံ့ရေးရုံးခန်းက ထွက်လာပြီးနောက် ကျောင်းအုပ်ကြီးရုံးခန်းသို့ တန်းသွားကြသည်။ သို့သော်အကြောင်းအရာက အတူတူပဲ ဖြစ်သည်။

"၃၀ ရာခိုင်နှုန်းလား"

အန်ရှီဝေ မျက်ခုံး ပင့်သွားသည်။

"ဒါကလည်း ကျွန်တော်တို့ နောက်ဆုံး လုပ်ပေးနိုင်တဲ့ ဈေးနှုန်းပါ။ ကျောင်းအုပ်ကြီးအန် လယ်သမားတွေက မလွယ်ဘူး"

ဝေဇီယူက သက်ပြင်းချရင်း ပြောလိုက်သည်။

" ငါဒါကို ဆုံးဖြတ်ဖို့ ရက်အနည်းငယ်တော့ အချိန်ယူရမယ်"

အန်ရှိဝေသည် အကျိုးအဆက် အရမ်းပြင်းထန်နေမှာ သိသောကြောင့် ပြက်ပြက်သားသား မငြင်းဆန်ရဲပါ။ ပြီးတော့ အန်ရှိဝေသည် အခုလောလောဆယ်တွင် ငွေသားများအားလုံးအား ဆေးထုပ်ကြီး

ထုတ်လုပ်တဲ့ လုပ်ငန်းထဲတွင် ရင်းနှီး မြှုပ်နှံထားသည်။ ဈေးတိုးပေးဖို့ သဘောတူခဲ့ရင်တောင် သူမမှာ ပေးစရာ ပိုက်ဆံ မရှိပါ။

မာချမ်တို့ သုံးယောက် ထွက်သွားပြီးနောက် သူမကိုယ် သူမ အတင်းဖိအားပေးနေသော အန်ရှီဝေသည် မျက်နှာကို လက်နဲ့အုပ်ထားသည်။ သူမသည် ဖိအားကြောင့် ခေါင်းအနည်းငယ် မူးသွားသလို ခံစားရသည်။ သို့သော်လည်း မိနစ်အနည်းငယ် ကြာပြီးနောက် စိတ်ခြေအနေကို ထိန်းချုပ်လိုက်ပြီး ဖြေရှင်းချက်ကို စတင် စဉ်းစားခဲ့သည်။

"ငွေမြန်မြန်ရအောင် ဆေးထုပ်ကြီးကို ဈေးကွက်ထဲ မြန်မြန်ပို့မှပဲ ဖြစ်မယ်"

အန်ရှီဝေ၏ အတွေးက လှပသော်လည်း လက်တွေ့က ရက်စက်လွန်းလှသည်။ နောက်တစ်နေ့ မနက်တွင် ကုန်သွယ်ရေးအဖွဲ့သုံးခုရဲ့ တိုက်ခိုက်မှုက စတင်လာသည်။

ဆရာနှင့် ကျောင်းသားများသည် ကန်တင်းကို ရောက်သွားတဲ့အခါ အစားအစာများက သနားဖို့ကောင်းလောက်အောင် နည်းပါးနေတာ မြင်လိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒီနေ့ လာပို့တဲ့ ပါဝင်ပစ္စည်းတွေက အရမ်းနည်းနေတော့ လုံလောက်အောင် ပြင်ဆင်ထားလို့ မရဘူး ဖြစ်နေတယ်”

စားဖိုမှူးတွေလည်း ဘာမှ မတတ်နိုင်အောင် ဖြစ်နေသည်။ (ကျေးဇူးပြုပြီး ငါတို့ကို အပြစ်မတင်ပါနဲ့)

ကျောင်းက ကျောင်းသားများကို ဗိုက်ဝအောင် မကျွေးနိုင်သောကြောင့် ကျောင်းအပြင်ကနေပဲ အစားအစာများကို ဝယ်ပြီး စားကြရသည်။ သို့သော်လည်း ဈေးရောင်းနေတဲ့ ဈေးသည် သေးသေးလေးတွေ ပျောက်ကွယ်နေပြီး စာသောက်ဆိုင်တွေကလည်း

နာကျင်လောက်တဲ့အထိ ဈေးနှုန်းကို တိုးမြှင့်ပြီး ကောက်ခံခဲ့ကြသည်။ ဒီအခြေအနေက မတော်တဆ တိုက်ဆိုင်မှု တစ်ခုလို့ လူတိုင်းက တွေးထင်နေခဲ့သော်လည်း သုံးရက်ကြာအောင် ဆက်တိုက် ဖြစ်ပွားလာခဲ့သည်။

အစားအစာ မလုံလောက်ဘူး။

အစာ မလတ်ဆတ်ဘူး။

အမှိုက်တွေ အချိန်မီ မသိမ်းသဖြင့် လေထဲတွင် အပုပ်နံ့များ ရလာသည်။

ကန်တင်း၏ ထောက်ပံ့ပို့ဆောင်ရေးတွင် ပြဿနာရှိလာသဖြင့် ကျောင်းသားများ၏

သင်ယူရေးနဲ့လူနေမှု ဘ၀ ပုံစံကို ထိခိုက်လာသည်။ ကောလဟာလ တချို့လည်း စတင်ပြီး ပျံ့နှံ့လာသည်။

"ဆရာဆွန်းရဲ့ သင်ကြားရေး စွမ်းရည်က မဆိုးပါဘူး။ ဒါပေမယ့် ထောက်ပံ့ရေးဌာနကို ဦးဆောင်ဖို့ အရည်အချင်း မရှိဘူး"

"ရက်ပိုင်းပဲ ရှိသေးတယ်.။ ကျောင်းတော့ ပျက်ဆီးတော့မယ်။။။ ဒါက ဆွန်းမိုဟာ အမှိုက်တစ်ခု ဖြစ်တယ်ဆိုတာ သက်သေပြဖို့ လုံလောက်နေပြီ"

"ငါတို့ မငတ်ချင်ဘူး"

အစားသည် လူတိုင်းအတွက် ဘုရားသခင်ဖြစ်သည်။ ဗိုက်တောင် မဝရင် တခြားဘာကို အာရုံစိုက်နေရမှာလဲ။

ကျန်ဟန်ဖူက မင်းသားလီဇီရှင်းရဲ့ လက်ချက်ဖြစ်နိုင်တယ်လို့ ခန့်မှန်းမိသည်။ သူကပဲ လုံလောက်တဲ့ ဩဇာ အာဏာ ရှိသည်။ ပြောကြေးဆိုလျှင် ဆွန်းမိုက အမှောင်တိုက်ကြီးတွင် မသေခဲ့ပါ။ ဒါကြောင့် သားဖြစ်သူက တာဝန်တစ်ခု မကျေပွန်ခဲ့ဘူးလို့ ညည်းတွားရင်း မကျေမနပ် ဖြစ်နေခဲ့သည်။ ဒါပေမယ့် အဆင်ပြေပါသည်။

ငါးရက်မြောက်နေ့တွင် ကျန်ဟန်ဖူက ခန်းမတစ်ခုထဲသို့ ဆရာများအားလုံးအား

ဆင့်ခေါ်ခဲ့သည်။ အစည်းအဝေးပွဲတွင် ကျန်ဟန်ဖူက ကြုံတွေ့နေသော ပြဿနာကို အရင်ကြေညာလိုက်သည်။ သူက ဒီလိုခက်ခဲတဲ့ အချိန်ကာလတွင် အားလုံးအတူတူ လက်တွဲလုပ်ဆောင်ရန် ဖိတ်ခေါ်လိုက်သည်။ ထို့နောက် ခေါင်းဆောင်တစ်ယောက်နေနဲ့ ဆွန်းမိုအား စတင်ပြီး ကျိန်ဆဲတော့သည်။

“ဌာနမှူးဆွန်း၊ မင်းမှာ အဖြေမရှိဘူးလား။ နောက်ဆုံးတော့ ဒီကိစ္စက မင်းကြောင့် ဖြစ်လာတာပဲ။ မင်းက မမောက်မာဘဲ ရိုရိုကျိုးကျိုး လုပ်ခဲ့သင့်တယ်။ ကုန်သွယ်ရေးအဖွဲ့

သုံးခုကို မစော်ကားခဲ့ရင် ဒီလိုမျိုး ဖြစ်လာမှာ မဟုတ်ဘူး”

ကျန်ဟန်ဖူက ဆွန်းမိုကို ဆရာများအားလုံး အရှေ့တွင် လုံး၀ မျက်နှာသာ မပေးခဲ့ပါ။ ဆွန်းမိုက အသုံးမကျတဲ့ ခေါင်းဆောင်တစ်ယောက်ဆိုပြီး သိသိသာသာ ထုတ်ဖော် ဝေဖန်နေသည်။

“ဒါက ဘယ်သူ့ခွေးလဲ။ ဘာဖြစ်လို့ ဒီနေရာမှာ လာဟောင်နေတာလဲ”

ဆွန်းမိုက ထုံးစံအတိုင်း နှုတ်သီးကောင်းလျှာပါး ပြန်ပြောသည်။

ဟာ

ဆွန်းမိုရဲ့ စကားကို ကြားလိုက်လျှင် လူတိုင်း အံ့အောသွားသည်။

"ဆွန်းမို။ ဒါက ဘာသဘောလဲ။ နောက်တစ်ကြိမ် ထပ်ပြောကြည့်စမ်း"

ကျန်ဟန်ဖူ ပေါက်ကွဲသွားသည်။ သူ့မျက်နှာတွင် မယုံကြည်နိုင်မှုများနဲ့ ပြည့်နေသည်။ ဆရာတွေအများကြီးအရှေ့ ကျိန်ဆဲတာလား။ ဒါကို လုံးဝ သည်းမခံနိုင်ပါ။

စာစဥ်(၁၉)

အခန်း(၂၆၈) - ထက်မျှတဲ့ လက်တုန့်ပြန်ခြင်း။

“ငါ မင်းအကြောင်း ပြောနေတာလေ။ ဘာဖြစ်လို့လဲ”

ဆွန်းမိုသည် ဆရာအသစ်တစ်ယောက်ဖြစ်သော်လည်း ပို့ဆောင်ရေး ဌာနရဲ့အကြီးအကဲဖြစ်သောကြောင့် ရှေ့ဆုံးအတန်းတွင် ထိုင်နေသည်။ တခြား ဆံပင်ဖြူနေတဲ့ ကျောင်းခေါင်းဆောင်များနဲ့ ယှဉ်ရင် အရမ်းငယ်သေးတယ် ပြောလို့ ရသည်။ ဆွန်းမို စကားက ပွဲတင်သံ ထပ်သွားသည်။ ခန်းမထဲက ဆရာတွေလည်း အကြည့်ချက်ခြင်း လွှဲသွားသည်။

“ဆရာအန်၊ ဒီကောင်မိုက်ရိုင်းနေတာကို ဒီအတိုင်း ခွင့်ပြုထားတော့မှာလား”

ကျန်ဟန်ဖူသည် ဆွန်းမိုက ခွေးရာသီဖွား ဖြစ်တယ်ဆိုတာ သိနေသည်။ ဒီကောင် အောဲပြီးရင် လိုက်ကိုက်တတ်သည်။ ဆွန်းမိုနဲ့ ရန်ဖြစ်ရင် ဘာအကျိုးအမြတ်မှ မရှိပါ။ ဒါကြောင့် အန်ရှီဝေက တရားမျှတမှုကို လျစ်လျူရှုထားပြီး ဆွန်းမိုရဲ့ မိုက်ရိုင်းမှုအား ခွင့်ပြုထားကြောင်းကို လူတိုင်း သိရှိသွားစေချင်သည်။ ဒါကြောင့်လည်း အစဆွဲထုတ်လိုက်သည်။

“ဒု-ကျောင်းအုပ်ကြီးကျန် စိတ်မဆိုးနဲ့"

အန်ရှီဝေက အရေးကြီးတဲ့ အချက်ကို လျစ်လျူရှုလိုက်ပြီး အသေးအဖွဲ့ ပုံစံလုပ်လိုက်သည်။ သူမက သူမရဲ့ ငယ်ချစ်လေးဘက်က သေချာပေါက် ရပ်တည်မည်ဖြစ်သော်လည်း သူမဘာမှ မပြောရသေးခင် ဆွန်းမိုက ယမ်းမှုန့်လို ပေါက်ကွဲနေပြီ။

"ကျန်ဟန်ဖူ၊ မင်းက အသက်ငါးဆယ်ကျော်နေပြီ။ ဒါတောင် ကျောင်းအုပ်ကြီးကို တိုင်ဖို့ လိုနေတုန်းလား။ မင်းမှာ အရှက်ရော ရှိသေးရဲ့လား"

ဆွန်းမို ခနဲ့လိုက်သည်။

"မြတ်ဆရာတစ်ယောက်နေနဲ့ သင်ကြားရေးစွမ်းရည်ကို ဖယ်ထားလိုက်အုံး အနည်းဆုံးတော့ သူတို့နှလုံးသားက မာနကြီးနေရမယ်။ ဒါပေမယ့် မင်းကတော့ အပေးအယူပြီး အပေးအယူ၊ အပေးအယူလုပ်ဖို့ပဲ သိတယ်။ မင်းရဲ့ အဘိဓာန်ထဲမှာ ဒီစကားလုံးတစ်လုံးပဲ ရှိတာလား"

ဆွန်းမို စကားပြောဆိုမှုက မြန်ဆန်ရုံသာမက သူ့အသံက ရှင်းလင်းလှသည်။

"ကုန်သွယ်ရေးအဖွဲ့သုံးခု ချုပ်ကိုင်ထားတယ်ဆိုတာ သိသာနေတယ်။ အမှန်ပဲ။

သူတို့ အသားတင်အမြတ်က သန်းဆယ်ဂဏန်းလောက် ရှိတယ်။

ဒါပေမယ့် မင်းအမေကို..................လိုက်။ ဒီအဖေက သူတို့နဲ့ရင်ဆိုင်ရင်း ရိုးရိုးသားသား မောက်မာတယ်။ ဘာလဲ မောက်မာလို့ မရဘူးလား။ ဒီလူတွေက ရိုးရိုးသားသား ရှာစားနေတဲ့ လယ်သမားတွေကို ဂုတ်သွေးစုတ်နေတဲ့ စုတ်ပြတ်သတ်နေတဲ့ အမှိုက်ကုန်သည်တွေပဲ။ ငါက ဘာကြောင့် သူတို့ကို မြှောက်ပင့်နေရမှာလဲ”

ဆွန်းမို အေးစက်စွာ ရယ်မောလိုက်သည်။

ဆရာများသည် မှတ်ချက်ပေးခြင်း ဒါမှမဟုတ် ဆွေးနွေးခြင်း မလုပ်ကြသော်လည်း ဆွန်းမို စကားကိုတော့ သူတို့ နှလုံးသားထဲတွင် မှန်တယ်လို့ ခံစားရသည်။ ဒါကြောင့် ကျန်ဟန်ဖူကို ကြည့်တဲ့ သူတို့ အကြည့်ထဲတွင် မလေးစားတဲ့ အရိပ်အယောင် ပေါ်လာသည်။

သာလွန်မှုကို လူတိုင်း ကြိုက်နှစ်သက်ကြသည်။ ဒီဆရာတွေက ဘာမှမပြောကြသော်လည်း သူတို့ အမှတ်သညာထဲတွင် မာနတွေနဲ့ ပြည့်နေသည်။ ဒါကြောင့် ကုန်သွယ်ရေးအဖွဲ့ခေါင်းဆောင်တွေကို

ဆွန်းမို ဆက်ဆံတဲ့ ပုံစံက မှားတယ်လို့ သူတို့ မမြင်ကြပါ။

"ဈေးနှုန်းရာခိုင်နှုန်း အများကြီး တိုးပြီးတောင်းတဲ့ သူတို့ရဲ့ တောင်းဆိုမှုကို ငါပယ်ချခဲ့တယ်။ ဒါဒီလို မလုပ်သင့်ဘူးလား"

ဆွန်းမိုက ဆက်ပြီး

"သူတို့ရဲ့ ပေါက်ကရဈေးကို ပေးပြီး မင်းကငါ့ကို ခွေးတစ်ကောင်လို အမြီးလေးနှံ့ပြီး မျက်နှာကို လိုက်နမ်းစေချင်သေးတာလား"

"ဟား ဟား"

ဆရာတချို့ ရယ်ကြတော့သည်။

“ဆွန်းမို၊ စိတ်အနှောက်အယှက် ဖြစ်ရတဲ့ စကားတွေ တော်လိုက်တော့။ အခြေအနေတွေက ဒီလိုဖြစ်လာတဲ့အတွက် လူတိုင်း စားဖို့တောင် မလောက်တော့ဘူး”

ကျန်ဟန်ဖူက ပြန်အော်သည်။

“ဘာကြောင့်လဲ။ ငါတို့မှာ စားစရာ မရှိတော့ဘူးဆိုပြီး အလျှော့ပေးရမှာလား”

ဆွန်းမို လေသံက သည်းမခံနိုင်တဲ့ ပုံပေါက်လာသည်။

“ဈေးတက်ပြီးတဲ့ နောက် လယ်သမားတွေရဲ့ အိပ်ထဲ ပိုဝင်သွားရင် အဆင်ပြေသေးတယ်။

အဲဒီလိုသာဆိုရင် သေချာပေါက် သဘောတူလိုက်မယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဗဟိုပြည်နယ်အကယ်ဒမီက အခုတော့ ငွေမရှားတော့ဘူး။ ဒါပေမယ့် လယ်သမားတွေ လက်ထဲမရောက်ဘဲ ကုန်သည်တွေလက်ထဲကို ရောက်မယ့် အပိုဝင်ငွေကို ငါအကုန် မခံနိုင်ဘူး။ ပြည့်တန်ဆာအိမ်တွေသွားပြီး ပြည့်တန်ဆာတွေနဲ့ ပျော်ပါးနိုင်ဖို့ ငါတို့က အပိုငွေတွေ ထောက်ပံ့ပေးရမှာလား။ ဒါမှမဟုတ် အိမ်တွေ ပိုကြီးလာအောင် အစေခံ ပိုများလာအောင်လား။ အဲဒီအစား ဆရာတွေကို ဘာဖြစ်လို့ ပိုဆောင်း မပေးရမှာလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတွေက မစားရတာကို ဂရုမစိုက်ပါ။ ကန်တင်းမှာ အစားမရှိသဖြင့် အဆင်မပြေလို့သာ ဆွန်းမိုကို ဒေါသဖြစ်ခဲ့ကြခြင်း ဖြစ်သည်။ ဒါပေမယ့် သူ့စကားကို ကြားရတော့ ကျန်ဟန်ဖူကို ဒေါသထွက်လာပြီး ကျန်ဟန်ဖူနဲ့ ဆက်ကျင့်ဘက်တွေ ဖြစ်လာကြသည်။

တောက် ဒီကောင်သုံးကောင် တကယ့် ယုတ်မာတဲ့ ကုန်သည်တွေပဲ။

ဆရာတွေရဲ့ သဘောထားကို မြင်လိုက်ရတော့ ကျန်ဟန်ဖူ အရမ်းဒေါသထွက်ပြီး ပြာယာခတ်သွားသည်။

“ဒါဆိုလည်း ငါတို့ ဘာဆက်လုပ်မလဲဆိုတာ ပြောအုံးလေ။ ဒီအခြေအနေအတိုင်း ဆက်သွားလို့နေလို့တော့ မရဘူး”

“ဒါက မင်းအပြစ် မဟုတ်ဘူးလား။ အရင်ကတော့ ပြဿနာ သွားပြီး ဖြေရှင်းမလို့ဘဲ။ မင်းပဲ ကျောင်းခေါင်းဆောင် အစည်းအဝေး ခေါ်လိုက်တာလေ။ မင်းကလူတွေကို အပြစ်တင်ရတာ အကျင့်စွဲနေပြီလား။ ဒါမှမဟုတ် အာဏာမက်နေတာလား”

ဆွန်းမိုက ပြန်ချေပသည်။

ဆရာတချို့က ကျန်ဟန်ဖူကို ရန်လိုတဲ့အကြည့်နဲ့ ကြည့်လာကြသည်။ အမှန်အတိုင်းပြောရလျှင် ကျောင်းခေါင်းဆောင်အစည်းအဝေးကို ကျောင်းခေါင်းဆောင်များကလွဲလျှင် ဘယ်သူမှ သဘောမကျကြပါ။

“မင်းပဲ အာဏာမက်တာ၊ မင်းတစ်မိသားစုလုံး အာဏာမက်နေလိုက်။

ထောက်ပံ့ရေး ဌာနမှူးရာထူးကို ဘယ်သူက ဆိုးဆိုးဝါးဝါးလိုချင်ခဲ့တာလဲ ငါမသိတော့ဘူး”

ကျန်ဟန်ဖူ ဒေါသတကြီး ပြန်အော်သည်။

"ကောင်းပြီလေ။ ဒါဆိုလည်း ငါတို့နှစ်ယောက်စလုံး အတူတူ ရာထူးက နှုတ်ထွက်ကြတာပေါ့။ ဘယ်သူက ပိုအနစ်နာ ခံနိုင်လဲ ကြည့်ကြတာပေါ့"

ဆွန်းမိုက ပြန်အော်သည်။

"အမ်"

ကျန်ဟန်ဖူ သူ့စကားနဲ့သူ ပိတ်မိနေသည်။ သူက စိတ်ထဲမှာတော့ "ငါ့ကို ငတုံးလို့ ထင်နေတာလား။ လက်ရှိရာထူးရဖို့အတွက် နှစ်ဘယ်လောက်များများ ပေးဆပ်ခဲ့ရတာလဲ သိလား"

"ဘာလဲ။ မင်းသတ္တိ မရှိဘူး မှတ်လား"

ဆွန်းမိုက

“လာစမ်းပါ။ အတူတူ နှုတ်ထွက်ရအောင်။ နှုတ်မထွက်တဲ့ကောင်က ခွေးပေါ့”

ဖူး

ကျန်ပဟန်ဖူ မျက်နှာအီးမှန်နေပြီး မျက်နှာတွင် အစိမ်းရောင် သွေးကြောများ ထောင်ထွက်နေသည်။ ဒီလို အခြေအနေကို မြင်လိုက်လျှင် အန်ရှီဝေ မနေနိုင်ဘဲ ကြိတ်ပြုံးလိုက်မိသည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၃၈၀/၁,၀၀၀)

"တောခွေးနက်ကြီးဆွန်းကတော့ ကိုက်လိုက်ပြန်ပြီ။ သူ့ရဲ့ ဂုဏ်သတင်း အတိုင်းပဲ"

"နောင်ကျရင် သူနဲ့ ရန်ဖြစ်ရမှာအရမ်း ကြောက်သွားပြီ။ သူ့ရဲ့ စကားပြောနိုင်စွမ်းက အရမ်းကြောက်ဖို့ ကောင်းပြီး ပါးစပ် အမြောက်နဲ့တူတယ်"

"ငါသာ ကျန်ဟာန်ဖူဆိုရင် သုံးရက်လောက် ထမင်းမစားနိုင်တော့ဘူး"

ဆရာတွေသည် ဆွန်းမိုကို လေ့လာနေရင်း သူတို့ရဲ့ နားလည်မှုက တစ်ဆင့်တိုးသွားသည်။

"ဒီလိုအခြေအနေကို ဆက်ပြီး ဖြစ်ခွင့်မပေးတော့ဘူး။ ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ဂုဏ်သိက္ခာနဲ့ သက်ဆိုင်နေတယ်။ မင်းက ထောက်ပံ့ရေးဌာနရဲ့ အကြီးအကဲဆိုတော့ ဒါကို ဖြေရှင်းဖို့ အကြံမြန်မြန် ရှာရမယ်"

ကျန်ဟန်ဖူက သည်းမခံနိုင်တဲ့ ပုံစံနဲ့ ပြောလိုက်ပြီး အခုတော့ စွန့်စားဖို့ ရွေးချယ်လိုက်သည်။ ဆွန်းမိုမှာ အဖြေမရှိရင် ဆွံ့အသွားမည်။

"ဒါပေါ့၊ ရှင်းရှင်းလင်းလင်း ပြောဖို့ လိုသေးလို့လား"

ဆွန်းမိုက ပြန်အော်သည်။ ထို့နောက် မတ်တပ်ရပ်ပြီး ထွက်သွားသည်။

"ငါက အခု အရမ်းအလုပ်ရှုပ်နေတယ်။ မင်းမှာ ထွေထွေထူးထူး လုပ်စရာမရှိလို့ အားနေရင်လည်း လူတိုင်းကို ဒုက္ခမပေးပါနဲ့လား"

ဆရာတချို့လည်း မတ်တပ်ရပ်ပြီး စိတ်ဆိုးနေတဲ့ ကျန်ဟန်ဖူ အရှေ့ကနေ ထွက်သွားကြသည်။

"ဆွန်းမို"

ကျန်ဟန်ဖူ မတ်တပ်ရပ်လိုက်သည်။ သူ့မျက်နှာက နီရဲနေသည်။

"လျှောက်အော်မနေနဲ့။ ဒါကို သုံးရက်အတွင်း မဖြေရှင်းနိုင်ရင် ဗဟိုပြည်နယ် အကယ်ဒမီကနေ ငါထွက်သွားလိုက်မယ်"

ဆွန်းမိုက လှည့်တောင်မကြည့်ဘဲ ပြန်ပြောသွားခဲ့သည်။

ဒီစကားကို ကြားလိုက်လျှင် စောင့်ကြည့်နေတဲ့ ဆရာတွေရဲ့ မျက်နှာသည် လေးနက်သွားသည်။ ထို့နောက် သူတို့ မျက်နှာတွင် ကြည်ညို လေးစားတဲ့ အရိပ်အယောင် ပေါ်လာပြီး ဆွန်းမို ထွက်သွားဘက်ကို လှမ်းကြည့်လိုက်ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ဟန်ဖူ ထက်စာရင် ဆွန်းမိုက အရည်အချင်း ပိုရှိပြီး တာဝန်လည်း ယူတတ်သည်။

ကျန်ဟန်ဖူ အဖွဲ့မှ ဆရာများသည် စိတ်ပျက်လက်ပျက်နဲ့ ခေါင်းခါလိုက်ကြသည်။ သူတို့ ဒုကျောင်းအုပ်ကြီးသည် ဆက်တိုက် အဆင်မပြေဖြစ်နေပြီး ဆရာသစ်တစ်ယောက်ကိုတောင် အနိုင်မယူနိုင်ပါ။ ဒါကြောင့်လည်း သူတို့ အနာဂတ်အကြောင်းကို တွေးတောပြီး စိုးရိမ်ပူပန်လာသည်။

သူတို့ ကြားနေပဲ နေလိုက်သင့်ပြီလား။

ဝမ်ဆုအဖွဲ့မှ ဆရာများသည် ဆွန်းမိုသာ ရှိနေရင် အန်ရှီဝေအဖွဲ့က ကျန်ဟန်ဖူကို ဖိနှိပ်နိုင်မယ်လို့ မထင်ထားခဲ့ပါ။

အမှန်အတိုင်းပြောရလျှင် ကျန်ဟန်ဖူရဲ့ သိက္ခာသည် ဒီနေ့တွင် လုံးဝ ကျဆင်းသွားခဲ့ပြီ။

ခန်းမကြီးထဲက ထွက်သွားသော ဆွန်းမိုသည် သိပ်မကြာခင် စနစ်ဆီက အကြောင်းကြားချက်ကို ရလိုက်သည်။

ဒင်

"မင်းရဲ့ လုပ်ဖော်ကိုင်ဖက်တွေဆီက လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း +၆၀၈ မှတ်ကို

ရရှိခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ တစ်ထိုင်တည်း လေးစားအထင်ကြီးအမှတ် ငါးရာကျော် ရရှိသောကြောင့် ကြေးတံဆိပ် ရတနာသေတ္တာတစ်လုံးချီးမြှင့်လိုက်တယ်”

မွန်းလွဲပိုင်းတွင် ကုန်သွယ်ရေးအဖွဲ့မှ ခေါင်းဆောင်များ ထပ်မံရောက်ရှိလာသည်။

“မနက်က အဖြစ်အပျက်ကို မင်းတို့ကြားပြီးပြီလား။ ဆွန်းမိုက ငါ့တို့တောင်းဆိုချက်ကို သဘောတူမဲ့ အစီအစဉ် မရှိတဲ့ ပုံပဲ”

ဝေဇီယူက လက်ဖက်ရည်သောက်ရင်း အန်ရှီဝေ၏ ရုံးခန်းကို ကြည့်လိုက်သည်။ သိပ်မကြာခင် ဒီရုံးခန်းက ပိုင်ရှင် ပြောင်းတော့မည်။

“ကျွတ်ကျွတ်၊ သူက ပါးစပ်တစ်ခုပဲ ပြောနိုင်တာပါ။ ဈေးတက်မလား၊ မတက်ဘူးလားဆိုတာ သူဆုံးဖြတ်နိုင်လို့လား။ ဒီတစ်ခေါက်တော့ ငါ့ကို ဒူးထောက်ပြီး မတောင်းပန်ရင် ငါ့မျိုးရိုးနာမည်က မာ မဟုတ်တော့ဘူး”

မာချမ်က ခြေထောက်တစ်ချောင်း ချိတ်ထိုင်ပြီး မခန့်လေးစား ပုံလုပ်လိုက်သည်။

ကျန်ဇီဟွာကတော့ ဘာမှ ပြန်မပြောပါ။ သူရဲ့အတွေးက အနာဂတ်ကို ရောက်နေသည်။ ဆွန်းမို အရှက်ရပြီး ဗဟိုပြည်နယ် အကယ်ဒမီ ပြိုကွဲသွားရင် သူတို့သည် အရေးပါတဲ့ ပုဂ္ဂိုလ်ကြီးဆီက ချီးမြှောက်မှုနှင့် ဂုဏ်ပြုမှုကို လက်ခံရရှိလိမ့်မည်။ ပြောချင်တာ ဒီနေ့ကစပြီး ကြီးမားတဲ့ ကျောထောက် နောက်ခံရလာကာ အရာအားလုံး အဆင်ပြေချောမွေ့သွားတော့မည်။

အန်ရှီဝေသည် အသေးအမွှား ကိစ္စများကို ဖြေရှင်းပြီးနောက် သူမ ရုံးခန်းရှေ့တွင် မာချမ်နဲ့ နောက်ထပ်နှစ်ယောက်က ထိုင်နေတာကို မြင်လိုက်ရသည်။

"ကျောင်းအုပ်ကြီး အနိ်"

မာချမ်နှင့် နောက်ထပ် နှစ်ယောက်သည် ခေါင်းပဲ ညိတ်ပြကြသည်။ မတ်တပ်ရပ်ပြီးတောင် နှုတ်မဆက်ကြပါ။ သူတို့ အပြုအမူများသည် မောက်မာမှုများနဲ့ ပြည့်နေသည်။

အမှန်အတိုင်းပြောရလျှင် အခုအချိန်မတိုင်ခင်က မာချမ်နဲ့ နှစ်ယောက်သည် အနိ်ရှိဝေလို မြတ်ဆရာတစ်ယောက်ကို မစော်ကားရဲပါ။ ဒါပေမယ့် အခုအချိန်မှာတော့ သူတို့မှာ ကြီးမားတဲ့ ကျောထောက် နောက်ခံရှိလာပြီး အခြေအနေတွေက မတူတော့ပါ။

"ဘာပဲဖြစ်ဖြစ် ငါတို့က ဆယ်နှစ်ကျော်လောက် လက်တွဲလုပ်လာခဲ့တဲ့ စီးပွားရေး မိတ်ဖက်တွေပါ။ မင်းတို့ ဘာဖြစ်လို့ ငါတို့ဗဟိုပြည်နယ်အကယ်ဒမီကို ဒီလို ဆက်ဆံနေရတာလဲ"

အန်ရှီဝေက မေးခွန်းထုတ်လိုက်သည်။

"ငါတို့ကလည်း ဒီလိုမျိုးမဖြစ်ချင်ပါဘူး။ ဒုက္ခရောက်နေတဲ့ လယ်သမားတချို့က ငါတို့ကို ကုန်ပစ္စည်း အချိန်မီ မပို့ပေးကြဘူးလေ"

ဝေဇီယူက ငိုပြသည်။

"ဒီအတွက် လုပ်လို့ရတာက မရှိဘူး။ ငါတို့လည်း အကောင်းဆုံးကြိုးစားပေးတာပဲ"

မာချမ်က ပခုံးတွန့်ရင်း ပြန်ပြောသည်။

"ကျောင်းအုပ်ကြီးအန်၊ ငါတို့တောင်းဆိုချက်ကို မြန်မြန် သဘောတူလိုက်တာ အကောင်းဆုံးပဲ။ ဒီကိစ္စကို အချိန်ထပ်ဆွဲလိုက်ရင် ပြဿနာရှာတဲ့ လယ်သမားတချို့ကြောင့် နောက်ပြန်လှည့်မရတဲ့ အခြေအနေမျိုး ဖြစ်သွားမှာ ငါကြောက်တယ်"

"ပြဿနာရှာတဲ့လူက ဘယ်မှာလဲ။ ငါကတော့ မရိုးသားတဲ့ ကုန်သည်တွေပဲ မြင်နေရတယ်"

ဆွန်းမိုက တံခါးပေါက်ကို တွန်းဖွင့်ရင်း လှောင်ပြောင်တဲ့ လေသံနဲ့ ပြောလိုက်သည်။ သူ့အနောက်တွင် ရှန်ယွန်ပေါင်နှင့် လူနှစ်ဆယ်

အုပ်စုကို မြင်နေရသည်။ တစ်ယောက်ခြင်းစီမှာ ရတနာသေတ္တာ တစ်လုံးစီ ကိုင်ထားကြသည်။

“ဠာနမှူးဆွန်း။ ဒါက ဘာပြောချင်တာလဲ”

မာချမ် စိတ်ဆိုးသွားသည်။

“မင်းမှာ အသိဉာဏ်နည်းနည်းလေးတောင် မရှိဘူးလား။ မင်းကတစ်ဘဝလုံး ဈေးကစားရင်း လူလတ်ပိုင်း အရွယ်ရောက်လာတာ မထူးဆန်းပါဘူး။ မင်းတကယ် ချမ်းသာတဲ့လူတစ်ယောက် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး”

ဆွန်းမို လှောင်ပြောင်လိုက်သည်။

"ဥာနမှုူးဆွန်း၊ မင်းရဲ့လျှာက တကယ်အစွမ်းထက်ပေမယ့် ငါတို့ရင်ဆိုင်နေရတဲ့ ပြဿနာကို မဖြေရှင်းနိုင်ဘူး"

ကျန်ဇီဟွာက မာချမ်အား စိတ်မရှည်ဖို့ အချက်ပြလိုက်သည်။

"ကျောင်းအုပ်ကြီး အန် မင်းတို့ ရန်ပုံငွေ အရမ်းအားနည်းနေတယ်ဆိုတာ ငါတို့သိတယ်။ ဒါပေမယ့် ကုန်ပစ္စည်း ဈေးတက်တဲ့ ကိစ္စကိုတော့ အချိန်မဆွဲချင်တော့ဘူး။ တကယ်လို့ မင်းတို့မှာ ပိုက်ဆံ မရှိရင် အတိုးများများနဲ့ ငွေချေးတဲ့လူကို ငါတို့ သိတယ်။ မင်းတို့ကို မိတ်ဆက်ပေးရမလား"

ဝေဇီယူက ကောက်ကျစ်တဲ့ နှလုံးသားကို ဖော်ပြလိုက်သည်။

"သေတ္တာတွေကို ပေါ့ပေါ့ပါးပါး အောက်ချလိုက်"

ကျောင်းသားတွေအား သေတ္တာကို စနစ်တကျ တန်းစီထားရန် မလိုကြောင်း ဆွန်းမို အချက်ပြလိုက်သည်။

အန်ရှီဝေ နားမလည်ပါ။ ဒီသေတ္တာတွေက ဘာတွေလဲ။

"ကျောင်းအုပ်ကြီးအန်၊ မင်းတို့ကို စဉ်းစားဖို့ အချိန်နှစ်ရက် ထပ်ပေးမယ်။ ဒါပေမယ့်

အချိန်ကန့်သတ်ချက်ထက် ကျော်သွားရင် ဘာမှ လုပ်လို့ရတော့မှာ မဟုတ်ဘူးနော်”

ကျန်ဇီဟွာက ပြောပြီးတာနဲ့ အန်ရှီဝေအား နှုတ်ဆက်ပြီး ပြန်မလို့ လုပ်ကြသည်။

“အိုဟုတ်ပြီ။ ဒီလက်ဖက်ရည်က သောက်လို့ အဆင်မပြေဘူး။ ငါ့ခွေးတောင် ဒီလက်ဖက်ရည်ကို သောက်မှာ မဟုတ်ဘူး”

မာချမ်က လှောင်ပြောင်လိုက်သည်။

“ခဏနေပါအုံး”

ဆွန်းမိုက သူတို့ကို တားလိုက်သည်။

"ဘာဖြစ်လို့လဲ။ ဥာနမှူးဆွန်းက ငါတို့ကို လမ်းညွှန်ပေးချင်လေး ရှိလို့လား"

မာချမ်က ခနဲ့တဲ့တဲ့ ပြန်ပြောသည်။

"မင်းတို့က ငွေကို အရမ်းလိုချင်နေတာ မဟုတ်လား"

ဆွန်းမိုက လက်မြှောက်ပြီး အချက်ပြလိုက်သည်။

ရှန်ယွန်ပေါင်နှင့် ကျန်တဲ့ ကျောင်းသားများသည် ချက်ခြင်းပဲ သေတ္တာတွေ အားလုံးကို ဖွင့်လိုက်သည်။

ရွှတ်စ်

ရုတ်တရက် နေရောင်တစ်ခုလို ရွှေရောင်များ တောက်ပလာသည်။ မာချမ်နှင့်

နောက်ထပ်နှစ်ယောက်သည် မျက်လုံးကန်းလု မတတ် ဖြစ်သွားသည်။

သေတ္တာတစ်လုံးစီတွင် ရွှေတွေ အပြည့်ရှိနေသည်။

မာချမ်နှင့် နောက်ထပ်နှစ်ယောက်သည် မျက်လုံးပြူးသွားပြီး အသက်ရှူသံတွေ မြန်လာသည်။ ဒီအတွက်လည်း ဘာမှ မတတ်နိုင်ပါ။ သူတို့က ကုန်သွယ်ရေးအဖွဲ့ရဲ့ ခေါင်းဆောင်တွေ ဖြစ်နေသော်လည်း တစ်နေရာထဲတွင် ရွှေတွေ စုထားခြင်းက အရမ်းရှားပါးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဟားဟား၊ ဌာနမှူးဆွန်းက ခက်ထန်ပြီး ဆက်ဆက်ထိမခံဘဲ"

ဝေဇီယူ စိတ်လျော့လိုက်သည်။ အဓိကပုဂ္ဂိုလ်ကြီးက စျေးတက်တာကို လက်မခံရင် ပြဿနာ ရှာဖို့သာ ပြောထားသည်။ တကယ်လို့ သဘောတူလိုက်ရင်လည်း အဆင်ပြေသည်။ ကုန်သည်များက နောင်တစ်ချိန်တွင် ထပ်ပြီး ဒုက္ခပေးကာ ကျောင်းကို တဖြည်းဖြည်းနဲ့ လုံးပါးပါးအောင် လုပ်လို့ရသည်။

ဘယ်လိုပဲဖြစ်နေပါစေ ဗဟိုပြည်နယ် အကယ်ဒမီကို လုံးဝပြိုလဲသွားအောင်လုပ်ပြီး အောင်သေအောင်သား စားရမည်။

"ဦးနမူးဆွန်း၊ ဒါက မှန်ကန်တဲ့ရွေးချယ်မှုပဲ။ ပညာရှိဆိုတာက အခြေအနေအရပ်ရပ်ကို ကြည့်ပြီး ဆုံးဖြတ်တတ်ရတယ်"

မာချမ်သည် စကားပြောပြီးနောက် မနေနိုင်ဘဲ သေတ္တာနားသို့ လျှောက်သွားသည်။ ရွှေချောင်းယူဖို့ လက်ကိုဆန့်တန်းလိုက်သည်။ ရွှေချောင်းတွေ သူ့လက်ထဲ ရောက်သွားသည်။

ဒါပေမယ့် မာချမ် ရွှေချောင်းတွေကို ကောက်နေတုန်း သူ့နောက်ကျောအား တစ်ယောက်ယောက်က ခြေထောက်နဲ့ ကန်လာသည်။

ဖောက်

ဆွန်းမို ပိုင်တဲ့ ခြေထောက်ပါ။

"ဒါ ဘာဖြစ်ချင်တာလဲ"

မာချမ် မျက်နှာ ပျက်သွားသည်။

"မင်းတို့ကို ပိုက်ဆံပေးမယ်လို့ ငါပြောခဲ့လို့လား"

ဆွန်းမိုက နှုတ်ခမ်းကွေးလိုက်ပြီး

"ဒီရွှေတွေက မင်းတို့ကို ပြဖို့အတွက်ပဲ ယူလာခဲ့တာ"

"ငါတို့ကို ပြဖို့လား"

မာချမ်နှင့် နောက်ထပ်နှစ်ယောက် ကြောင်သွားပြီးနောက် မျက်နှာပြာသွားသည်။

“မင်းက ငါတို့ကို အရှက်ခွဲနေတာလား”

“မင်းတို့က အခုမှသိတာလား”

ဆွန်းမိုက ပြောရင်း သေတ္တာကို ပိတ်ကန်လိုက်သည်။

ဘုန်း

သေတ္တာမှောက်သွားပြီး ရွှေတုံးတွေ ကြမ်းပြင်ပေါ်သို့ ကျလာသည်။

“ဒီအဖေက မင်းတို့ကို အရှက်ခွဲတယ်လေ။ မယုံကြည်သေးဘူးလား။ ဘာဖြစ်လို့ လာမကိုက်သေးတာလဲ”

ဆွန်းမို ပုံစံနဲ့ စတိုင်က တောင်ကြီးတစ်လုံးလို ခိုင်မာလှသည်။ သူ့အရှေ့မှာ ရွှေတုံးတွေက ကောင်းကင်မှ ပြုတ်ကျလာလို ပြန့်ကျဲနေသည်။

“ဆွန်းမို”

မာချမ်က ဒေါသတကြီး အော်ဟစ်ကာ ဆွန်းမိုဆီ ပြေးသွားပြီး ခေါင်းကို လက်သီးနဲ့ထိုးလိုက်သည်။

စာစဉ်(၁၉)

အခန်း(၂၆၉) - တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်၊ အပျော်အတိနဲ့ပြည့်နေသော ကံကောင်းတဲ့ လူငယ်တစ်ယောက်။

မာချမ်၏ အသားတင်ပိုင်ဆိုင်မှုသည် သန်းနဲ့ချီရှိနေပြီး သာမန်လူတန်းစားထက် သာလွန်တယ် ပြောလို့ရသည်။ အများအားဖြင့် ပြည့်တန်ဆာအိမ်များ ၊ ဟိုတယ်များကို သွားတဲ့အခါ အဲဒီက ဝန်ထမ်းများက လေးလေးစားစား ဆက်ဆံတတ်ကြသည်။ သို့သော်လည်း အဲဒါက မလုံလောက်သေးပါ။

လက်ပါးစေ၊ ပြည့်တန်ဆာများ ဆက်ဆံတဲ့ အခါ အထင်ကြီးခံရတာက ဘာလုပ်လို့ ရမှာလဲ။ မာချမ်သည် မှူးမတ်များလို အထက်တန်းစား

အရာရှိလို လေးစားခံချင်သည်။ သို့သော်လည်း ဒါက မဖြစ်နိုင်ပါ။

ပြည်နယ်ကိုးခုသည် ရှေးခေတ် တရုတ်ပြည်နဲ့ ဆင်တူသည်။ ဒီမှာက ပဒေသရာဇ်ခေတ်ကြီးစိုးပြီး အရာရှိတွေက ထိပ်တန်းအဆင့်မှာ ရှိသည်။ အာဏာက ပိုက်ဆံထက် ပိုတန်ဖိုး ရှိသည်။ ဒါကြောင့်လည်း မာချမ်သည် အရာရှိတစ်ယောက်နဲ့ ဆုံလျှင် မြေးတစ်ယောက်လိုမျိုး အမြဲတမ်း နာခံတတ်သည်။

(ငါက ဒါကို ဝန်ခံတယ်။ မင်းက ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်တောင် မဖြစ်သေးဘူး။ ငါ့ရှေ့မှာဘာကြောင့် မောက်မာဖို့ အရည်အချင်း ရှိနေရတာလဲ)

ဆွန်းမိုက သူ့အား ပိုးဟပ်တစ်ကောင်လိုမျိုး ကြည့်နေသည်။ ကြီးမြတ်မှုကိုဖော်ပြရင်း အထင်းသေးရှုံ့ချတဲ့ အကြည့်နဲ့ ကြည့်နေသည်။ ဒီလိုသဘောထားကြောင့် မာချမ်သည် သူ့လုပ်ငန်းစ စခြင်းတုန်းက ခံစားခဲ့ရတဲ့ အရှက်တရားများကို ချက်ခြင်း ပြန်စဉ်းစားမိသွားသည်။ ဒါကြောင့်

သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ဆွန်းမို မျက်လုံးများကို လက်သီးနဲ့ ပိတ်ထိုးလိုက်သည်။

"မဟုတ်ဘူး"

ဝေဇီယူ စိုးရိမ်လာသည်။ မာချမ်သည် ကျင့်ကြံသူ ဖြစ်သော်လည်း သူ့ရဲ့ အရည်ချင်းက သာမန်မျှသာ ဖြစ်သည်။ ဆရာတစ်ယောက်နဲ့ တိုက်ခိုက်ဖို့ဆိုတာ မေးခွန်းထုတ်နေစရာတောင် မလိုပါ။

ဆွန်းမို နှုတ်ခမ်းကွေးသွားသည်။ ရှောင်ဖို့တောင် စိတ်ကူးမရှိပါ။ ညာခြေထောက်နဲ့ မာချမ် ဒူးကို ဖြတ်ကန်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖောင်း

မာချမ် နာကျင်စွာ အော်ဟစ်လိုက်သည်။ ညာခြေချော်ပြီး လဲကျသွားသည်။ ဒါပေမယ့် မြေပေါ်မရောက်ခင် ဆွန်းမိုက ဒူးနဲ့တိုက်လာသည်။

ဘောင်း

မာချမ် မျက်နှာသည် ဒူးနဲ့ မိတ်ဆက်သွားသည်။ အရှိန်မထိန်းနိုင်ဘဲ သူ့ခန္ဓာကိုယ် တစ်ခုလုံးသည် စက်ဝိုင်းတစ်ခုလို လည်ထွက်သွားသည်။

သွေးတွေ လေထဲ လွှင့်စင်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက လက်ကိုဆန့်ထုတ်ပြီး မာချမ် ဆံပင်ကို လှမ်းဆွဲလိုက်သည်။ ထို့နောက် ရက်စက်ကြမ်းကြုတ်စွာ ကြမ်းပြင်နဲ့ ပစ်စောင့်လိုက်သည်။

ဘောင်း

မာချမ်သည် ကြမ်းပြင်ပေါ်တွင် လှဲလောင်းနေပြီး ဒူးတွေ တဆက်ဆက် တုန်နေသည်။ ချောင်းဆိုးရင် သွေးတွေ ထွက်နေပြီး ခြေလက်လေးချောင်းစလုံး တုန်ယင်သွားသည်။

"ဆွန်းမို၊ မင်းက အကြောင်းပြချက်မရှိဘဲ လူတွေကို တိုက်ခိုက်နေတယ်။ ငါ သူတော်စင်ဂိတ်ကို တိုင်ရမယ်"

ဝေဇီယူက ပြောသည်။ ကျန်ဇီဟွာက ပိုလက်တွေ့ကျသည်။ သူက လျှင်မြန်စွာ နောက်သို့ ခြေလှမ်း နှစ်လှမ်း ဆုတ်သွားပြီး ဆွန်းမိုက သူ့အားရိုက်လိုက်မှာကို ကြောက်ရွံ့နေသည်။

"ဒါဆိုလည်း သွားပြောလိုက်လေ"

ဆွန်းမိုက လက်ခလှယ် ထောင်ပြလိုက်သည်။

ဆွန်းမိုရဲ့ထောင့်မကျိုးတဲ့ ပုံစံကို မြင်ပြီး ဝေဇီယူက သံပြားကို ကန်မိတဲ့အကြောင်း သိသွားသည်။ ဆရာအများစုသည် ဒီအလုပ်ကို တန်ဖိုးထားသဖြင့် တိုက်ခိုက်ဖို့ နေနေသာသာ ပါးစပ်နဲ့တောင် မဆဲကြပါ။ ဒါပေမယ့် ဆွန်းမိုကတော့ ခြွင်းချက် ဖြစ်နေပြီး သူလုပ်ချင်တာကို လုပ်ခဲ့သည်။ သူက စည်းမရှိကမ်းမရှိနဲ့ ထိန်းမနိုင်သိမ်းမရ ဖြစ်နေသည်။

ဝေဇီယူနှင့် ကျန်ဇီဟွာတို့ မဆင်မခြင် ပြန်မပြောရဲတော့ပါ။ မာချမ်ကိုဖေးမပြီး

ထွက်သွားမလို့ လုပ်လိုက်သည်။ သို့သော် ကျောင်းအုပ်ကြီး ရုံးခန်းက ခြေလှမ်းအနည်းငယ် ထွက်လာပြီးနောက် လန့်ဖြန့်သွား ပြန်သည်။ အခုအခါတွင် စကြံ့န်တစ်လျှောက်မှာ ကျောင်းသားတွေ ရပ်နေကြပြီး သူတို့အသီးသီးသည် သေတ္တာတွေကို ကိုင်ထားသည်။

“ဘာကြီးလဲ”

ဝေဇီယူ မျက်မှောင်ကြုတ်သွားသည်။

“ဒီသေတ္တာအားလုံးက ရွှေချောင်း အပြည့် ဖြစ်နေမလား”

ကျန်ဇီဟွာသည် သေတ္တာအားလုံးက အတူတူ ဖြစ်နေတာကို သတိထားမိသွားသည်။

“ဒါ ဘယ်လို ဖြစ်ရတာလဲ”

ဝေဇီယူ ခေါင်းခါလိုက်သည်။ ဗဟိုပြည်နယ်အကယ်ဒမီမှာ ပိုက်ဆံမရှိတော့ဘူးလို့ သူတို့အားလုံး ကြားခဲ့ကြသည်။

“မင်းတို့က ဘာလို့ ဒီလောက် အမြန်လိုနေတာလဲ။ ငါတို့ကျောင်းက ရွှေချောင်းတွေကို နည်းနည်းလေးတောင် မချီးကျူးတော့ဘူးလား”

ဆွန်းမိုက တံခါးကိုမှီကာ လက်ပိုက်ပြီး လက်ညှိုးတစ်ချောင်းကို ဝှေ့ယမ်းပြလိုက်သည်။

ဖောက်

ကျောင်းသားတွေ အားလုံးက သေတ္တာကို ဖွင့်လိုက်သည်။ ဒါကြောင့် များပြားလှသော ရွှေတုံးများ ပေါ်လာသည်။ အရမ်းတောက်ပလွန်းသည်။ သူတို့သုံးယောက်သား မျက်လုံးကြီး ပြူးနေသည်။ မဖြစ်နိုင်ဘူး။ ဒီရွှေပမာဏက အရမ်းများနေတယ်။

"ဗဟိုပြည်နယ် အကယ်ဒမီမှာ ရန်ပုံငွေရှိတယ်။ ဒါပေမယ့် မင်းကို ကြေးနီတစ်ပြားတောင် မပေးဘူး။"

ဆွန်းမိုက အော်ဟစ်လိုက်သည်။

"ငါတို့ ကုန်သွယ်တဲ့ အဖွဲ့အစည်းပြောင်းမယ်။ မင်းတို့သုံးယောက် အသက်ရှင်နိုင်မယ့် နည်းကို ရှာဖို့ မမေ့နဲ့"

"ဟားဟား၊ မင်းကိုယ်မင်း ဘယ်သူထင်နေလဲ၊ ဒီနယ်ပယ်ထဲမှာ ဆရာကြီးတစ်ယောက်လို့

ထင်နေတာလား။ မင်းစိတ်ကြိုက် ကြားခံလူကို ရှာဖို့လွယ်မယ် ထင်နေတာလား”

ဝေဇီယူသည် ထပ်သည်းမခံနိုင်တော့ဘဲ ဒေါသပေါက်ကွဲလာသည်။

ဆွန်းမိုက ပုခုံးတွန့်ပြလိုက်သည်။ သူတို့သုံးယောက် ရုံးခန်းထဲက လမ်းလျှောက်ထွက်လာပြီး မြင်လှည်းပေါ် တက်သွားကြသည်။ ထို့နောက် ဆဲဆိုသံ ပေါ်လာသည်။

"ဒီတစ်ကြိမ်တော့ ဆွန်းမိုကို ကျိန်းသေပေါက် သေအောင် လုပ်ရမယ်။ သူ့မျက်စိရှေ့မှာ အန်ရှီဝေနဲ့ အိပ်ပြမယ်။ ဒီလိုမှမဟုတ်ရင် ငါ့နှလုံးသားထဲက အမုန်းတရားကို ဘယ်လိုမှ ဖြေဖျောက်လို့ ရမှာ မဟုတ်တော့ဘူး"

မာချမ်က အော်ဟစ်ပြီးမျက်လုံးက သွေးမျက်ရည် ကျနေသည်။

ဝေဇီယူနှင့် ကျန်ဇီဟွာတို့လည်း ကျိန်ဆဲနေကြသည်။ ဆွန်းမိုက သေဖို့ သေချာနေပေမယ့် အန်ရှီဝေကို မာချမ်က ထိတွေ့ဖို့

မဖြစ်နိုင်ပါ။ သူမသည် အဓိကပုဂ္ဂိုလ်ကြီးရဲ့ သားကောင် ဖြစ်နေပြီ။

“ခင်မင်ရင်းနှီးမှု အားလုံးပျက်သွားပြီ။ ငါတို့ရဲ့ အစီအစဉ်ကို နောက်တစ်ဆင့် ဖော်ဆောင်ရမယ်”

ကျန်ဇီဟွာ သည်းမခံနိုင်တော့ပါ။

“သေချာတာပေါ့၊ မနက်ဖြန်ကျရင် ဗဟိုပြည်နယ် အကယ်ဒမီ လုံး၀ နာမည် ပျက်သွားလိမ့်မယ်”

မာချမ်က ကောက်ကျစ်တဲ့ အပြုံးပြုံးလိုက်သည်။

ကျောင်းအုပ်ကြီး ရုံးခန်းထဲတွင် ကျောင်းသားများက ရွှေချောင်းတွေကို သိမ်းဆည်းနေကြသည်။

"ဆွန်းမို၊ ဒီလိုလုပ်လိုက်တာ နည်းနည်း တင်စီးနေသလို မဖြစ်ဘူးလား။ မင်းဂရုစိုက်သင့်တယ်။ ဒါက မင်းဂုဏ်သိက္ခာကို ထိခိုက်သွားနိုင်တယ်"

အန်ရှီဝေသည် ရယ်ရမလား၊ ငိုရမလား မသိတော့ပါ။ ဒါပေမယ့် ဒီလူသုံးယောက်က ရွှေတွေကို မြင်လိုက်လျှင် မထိဘဲမနေနိုင်တဲ့ပုံစံက ကျေနပ်ဖို့ကောင်းသည်။

“ငါက တခြားဆရာတွေ မြင်အောင် လုပ်လိုက်တာ”

ဆွန်းမိုက ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ပြောလိုက်သည်။

အဖွဲ့တစ်ဖွဲ့ရဲ့ တည်ငြိမ်မှုကို လိုချင်ရင် ဘယ်လိုပဲ ကြွေးကြော်နေပါစေ ရန်ပုံငွေ မြင်ရတာလောက် မထိရောက်နိုင်ပါ။ ဆွန်းမိုက လူတိုင်းရဲ့ စိတ်တည်ငြိမ်သွားအောင် အကွက်ချပြီး လုပ်ခဲ့သည်။

ငွေဆိုတဲ့အရာက ဆွန်းမိုအတွက် မရှားပါ။

တာအိုဝါဒဌက်ဖြူ၏ နှစ်ပေါင်းဆယ်နဲ့ချီပြီး စုဆောင်းပေးခဲ့သမျှသည် ဆွန်းမိုအတွက် ဖြစ်သွားခဲ့သည်။ ပြီးတော့ လေဘုရင်ခန်းမက ဝိညာဉ်သလင်းကျောက်တွေလည်း ရှိသေးသည်။

ဝိညာဉ်သလင်းကျောက်များသည် အရေးကြီးတဲ့ အရင်းအမြစ်ဖြစ်သဖြင့် ရွှေအဖြစ် တိုက်ရိုက်ပြောင်းလဲပြီး ဘယ်သူမှ မသုံးစွဲကြပါ။ ဒါကြောင့်လည်း ဝိညာဉ်တောင်ပံမြို့၏ ငွေကြေးစနစ်သည် ဝိညာဉ်ကျောက်တုံးများနှင့် သလင်းကျောက်များအပေါ်တွင် အခြေခံထားသည်။

အခုအချိန်တွင် ဆွန်းမိုသည် လေဘုရင်ခန်းမကို သွားပြီး ဝိညာဉ်သလင်းကျောက်ကို ကျပန်း ကောက်ယူနေလို့ ရသည်။ ရွှေသိန်းပေါင်းများစွာ ရအောင်ရောင်းဖို့ဆိုတာ သူ့အတွက် ပြဿနာ မရှိပါ။ အဲဒါတွေက မလုံလောက်သေးရင် သူ့ရဲ့ တပြည့်ထဲမှာ ချမ်းသာတဲ့ မင်းမျိုးမင်းနွယ်ထဲက လီဇီချီ ရှိသေးသည်။ သူမက ပိုက်ဆံရှိတဲ့နေရာမှာ နံပါတ်တစ်လို့ ပြောရင် ဘယ်သူကမှ နံပါတ် နှစ်လို့ မပြောရဲပါ။

"အို၊ ဘုရင်ခံယူက ခေါင်ကလန်ရဲ့ ပိုင်ဆိုင်မှုကို သိမ်းပြီး ကျောင်းအတွက် ငွေတစ်သန်း လှူဒါန်းခဲ့တယ်"

အန်ရှီဝေက ချက်လက်မှတ် တစ်စောင် ထုတ်ပေးလိုက်သည်။

"ဒါက ဘုရင်ခံယူက မင်းကိုပေးတာလေ"

"ယူလိုက်ပါ"

ဆွန်းမိုက ဒီကိစ္စကို ဆက်မဆွေးနွေးချင်သဖြင့် လက်ဝှေ့ယမ်းပြလိုက်သည်။

"ဘယ်လိုမှ မဖြစ်နိုင်ဘူး"

အန်ရှီဝေကလည်း ငြင်းသည်။ သူမက ဆွန်းမိုရဲ့ ပိုက်ဆံကို မသုံးချင်ပါ။

"ဒါဆိုလည်း ချေးတယ်လို့ သဘောထားလိုက်"

ဆွန်းမိုက စကားအကြောင်းအရာ ပြောင်းလိုက်သည်။

"ဆေးထုပ်ကြီးအတွက် ပြင်ဆင်မှုက ဘယ်လို ဖြစ်သွားပြီလဲ"

"အခုလောလောဆယ်တော့ ညှိနှိုင်းတဲ့ အဆင့်မှာပဲ ရှိသေးတယ်။ ဈေးကွက်တစ်ခုလုံးကို သိမ်းနိုင်ဖို့ တစ်နေရာတည်းမှာပဲ စုပြီး ရောင်းချင်တယ်"

ဆေးထုပ်ကြီးအကြောင်း ပြောတဲ့အခါတွင် အန်ရှီဝေမျက်နှာသည် ချက်ခြင်းဆိုသလို ပျော်ရွှင်တဲ့ အမူအရာ ဖြစ်လာသည်။ သူမသည် ပထမဆုံးအကြိမ် ပြီးပြည့်စုံတဲ့ ထုတ်ကုန်ကို လက်ခံရရှိတဲ့ အချိန်က ချက်ခြင်း စမ်းသပ်ကြည့်ခဲ့သည်။ အကျိုးသက်ရောက်မှုက သိသိသာသာကို ကောင်းမွန်လှသည်။

“အဲဒါတွေကို မရောင်းရရင် ချင်လင်မြို့တစ်ပတ် အဝတ်အစားချွတ်ပြီး လျှောက်သွားပြလိုက်မယ်”

အန်ရှီဝေရဲ့ ယုံကြည်ချက်က သိသိသာသာကို အားကောင်းနေသည်။

“ဒါက ကုန်ပစ္စည်း အမျိုးအစားတစ်ခုပဲ။ ဈေးကွက်ကို ထိန်းချုပ်လွှမ်းမိုးတယ်ဆိုတာ ဘာကို ပြောချင်တာလဲ”

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။

“အမ်၊ တခြားပစ္စည်းတွေ ရောင်းရင် ဒီအတိုင်းပဲ လုပ်ကြတယ်လေ”

အန်ရှီဝေသည် စီးပွားရေး သမားတစ်ယောက် မဟုတ်ပါ။ သူမသိတဲ့ ဗျူဟာက တခြားသူဆီက ကူးယူထားခြင်း ဖြစ်သည်။

"ဒီလို ရောင်းချတဲ့နည်းက ခေတ်နောက်ကျနေပြီ။ ငတ်မွတ်တဲ့ဈေးကွက် နည်းစနစ်နဲ့ သွားရမယ်။ ဒါက ဈေးကွက်ရဲ့ ဖြုန်းအားကို ထိန်းချုပ်တဲ့ အကောင်းဆုံး နည်းလမ်းပဲ။ အခုအချိန်မှာ သတင်းတချို့ကို ပေါက်ကြားသလို လုပ်ပြီး ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းမှာ နှစ်တစ်ထောင်လောက် လျှို့ဝှက်ထားတဲ့

ဆေးတွေကိုထုပ်ရောင်းပြီး ငွေရှာမယ့် အကြောင်းတွေ ဖြန့်ဝေရမယ်။ မာကတ်တင်းစကားနဲ့ ပက်သက်ပြီး မင်းကိုယ်တိုင် စဉ်းစားသင့်တယ်။ တတ်နိုင်သမျှ ပုံကြီးချဲ့ပြီး ပြောပါ”

ဆွန်းမိုသည် ပစ္စည်းရောင်းတဲ့အကြောင်း ပြောနေရင်း လဲ့ဂျန်အကြောင်းကို ချက်ခြင်း တွေးလိုက်မိသည်။ (ပြည်နယ်ကိုးခုကလူများသည် သူ့အရှေ့ရောက်လျှင်ဘာဆိုဘာမှ မဟုတ်တော့ပါ။)
“ငတ်မွတ်တဲ့ ဈေးကွက်လား”

အန်ရှီဝေသည် ဒီဗျူဟာက လက်တွေ့ အသုံးမကျနိုင်ဘူးလို့ ထင်နေသည်။ ရောင်းချသူများသည် ကုန်ပစ္စည်း ရောင်းမကုန်မှာကို အမြဲတမ်း စိုးရိမ်နေရသည်။ (ဒီလိုလုပ်ခြင်းအားဖြင့် မင်းပိုက်ဆံဘောမိမှာ မကြောက်ဘူးလား)

"အသုံးအနှုန်းကို နားမလည်လဲ အဆင်ပြေပါတယ်။ ငါ့ရဲ့ ညွှန်ကြားချက်ကိုသာ လိုက်နာပါ။ ဘယ်လိုပဲဖြစ်နေပါစေ ထုတ်ကုန်အများကြီး မထုတ်ပါနဲ့။ ပြီးတော့ ဈေးနှုန်းကြီးကြီးနဲ့ ရောင်းပါ။ ပထမအသုတ်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဆင့်အမြင့်ဆုံးနဲ့ ဩဇာအကြီးဆုံး မှူးမတ်များထံ အရင်ရောင်းချပါ။ ကုန်ပစ္စည်းကို ဈေးပေါပေါနဲ့ ရောင်းလို့ မရဘူးဆိုတာ အမြဲတမ်း မှတ်ထားပါ”

“ကောင်းပြီလေ”

အန်ရှီဝေ နားမလည်ပါ။ ဒါပေမယ့် ဒါက အရေးမကြီးပါ။ ဆွန်းမို စကားကို နားထောင်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။ နောက်ဆုံးတော့ သူမမှာရှိတဲ့ အရင်းအမြစ်က သူပေးထားခြင်းဖြစ်သည်။

ဆွန်းမိုသည် အန်ရှီဝေ ရုံးခန်းထဲက ထွက်လာသည်။ သူက ဆေးထုပ်ကြီးငါးထုပ်ကို ယူကာ ကျန့်ချင်ဖန် အိမ်ကို ဦးတည်ပြီး ထွက်လာခဲ့သည်။

အစေခံသည် ဒီလူက သခင်ကြီးရဲ့ အရေးကြီးတဲ့ ဧည့်သည်ဆိုတာ သိနေသည်။ ဒါကြောင့် ဆွန်းမို စိတ်ဆိုးအောင် နဲနဲလေးမှ မလုပ်ရဲဘဲ လှိုက်လှိုက်လှဲလှဲ ကြိုဆိုရုံသာမက ဘဏ္ဍာထိန်းကိုလည်း ချက်ခြင်း အကြောင်းကြားလိုက်သည်။

"ဆရာဆွန်း၊ ငါတို့ သခင်ကြီး အခုလောလောဆယ် ညှော်သည်နဲ့ တွေ့နေတယ်။ သူ့ကိုစာကြည့်ခန်းထဲမှာ စောင့်နေမလား"

ဘဏ္ဍာထိန်းအိုကြီးက ဆွန်းမိုကို ချက်ခြင်းပဲ စာကြည့်ခန်းထဲသို့ ခေါ်သွားသည်။ ဆွန်းမိုအတွက် လက်ဖက်ရည်တစ်အိုး ပြင်ဆင်ပြီးတာနဲ့ ပြန်ထွက်သွားသည်။

ဆွန်းမိုက မာချမ်နဲ့နောက်ထပ်နှစ်ယောက်အား နှိပ်ကွပ်နိုင်မည့် နည်းလမ်းအားစဉ်းစားနေခဲ့သည်။ ရုတ်တရုတ် ခြေသံကို ကြားလိုက်ရသည်။

ထို့နောက် ဆယ်ကျော်သက်အရွယ် နည်းနည်းဝတဲ့ ကောင်လေးတစ်ယောက်က စာအုပ်စင်ဆီ ပြေးသွားသည်။

"ငါ့ကို မတွေ့ပါစေနဲ့"

ဖက်တီးလေးက ဆုတောင်းလိုက်သည်။ ထို့နောက် စာအုပ်စင်ထောင့်က စာအုပ်တစ်အုပ်ကို အမြန်လှန်လိုက်ပြီး စိတ်အေးလက်အေး ဖြစ်သွားသည်။ စာအုပ်ကို ဝတ်ရုံရှည်ထဲ ထည့်ပြီး ပြေးထွက်သွားသည်။ သို့သော် ခြေလှမ်းအနည်းငယ် လှမ်းပြီးနောက် ရုတ်တရက်

ရပ်တန့်သွားကာ ထိုင်ခုံပေါ်တွင် ထိုင်နေသော လူတစ်ယောက်ကို မြင်လိုက်ရသည်။

ကျန့်ချင်ဖန်၏ စာကြည့်ခန်းသည် အရမ်းကြီးမားသည်။ အတွင်းအခန်းသုံးခုနဲ့ ခန်းမကြီး တစ်ခုပါဝင်သည်။

"မင်း ဘာမှမတွေ့ဘူးနော်"

ဖက်တီးလေးက ဆွန်းမိုကို စိုက်ကြည့်နေသည်။

"မင်း အသက်ဘယ်လောက်ရှိနေပြီလဲ။ မင်းက ဘာဖြစ်လို့ ဒီလိုဝတ္ထုကို ဖတ်နေရတာလဲ"

ဆွန်းမိုက နတ်ဘုရားမျက်စိ အာရုံကို အသုံးပြုထားသည်။

ရွှေကျောက်စိမ်း ပရိတ်သတ်။ ကြမ်းတမ်းတဲ့ အချစ်ဇာတ်လမ်း။ ကျောင်းသားတစ်ယောက်၊ နာမည်ကြီး ပြည့်တန်ဆာတစ်ယောက်နဲ့ ချမ်းသာတဲ့ မိန်းကလေးတစ်ယောက်ကြားက အချစ်နဲ့ အမုန်းဇာတ်လမ်း။

“ငါ....ငါက ယောကျ်ားတစ်ယောက်လို့ သတ်မှတ်လို့ရနေပြီ မဟုတ်လား”

ဖက်တီးလေးက အသက်ရှူရင်း ပြန်ပြောသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်း ဒီဝတ္ထုကို မဖတ်သင့်ဘူး။ မင်းခန္ဓာကိုယ်အတွက် မကောင်းဘူး"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"တကိုယ်ရည် အာသာဖြေခြင်းကို မလုပ်မိအောင် အတတ်နိုင်ဆုံး ကြိုးစားပါ"

ဒီလူငယ်လေး ကောင်းမွန်ဖို့အတွက် တကယ်ပြောလိုက်ခြင်း ဖြစ်သည်။

"ငယ်တုန်းမှာ သုတ်ရည်ကို တန်ဖိုးမထားရင် အသက်ကြီးတဲ့အချိန်မှာ ကောင်းကင်ကြီးကို မော့ကြည့်ပြီး မျက်ရည် ကျနေရလိမ့်မယ်"

ဆွန်းမိုက ဒါကို ပေါ့ပေါ့ပါးပါး ပြောလိုက်သော်လည်း တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်က အလိုလို အသက်ဝင်လာသည်။ ရွှေရောင် အလင်းများက ဖက်တီးလေးကို ဖုံးအုပ်သွားသည်။

"မင်းက ဘယ်သူ့ကို ဂရုစိုက်နေတာလဲ။ ငါ မင်းကို ပြောလိုက်မယ်။ မင်း ပေါက်ကရစကားတွေကို ထပ်မပြောတာ ပိုကောင်းမယ်။ ဒီလိုမှမဟုတ်ရင် ငါ့လူတွေက မင်းကို သေတဲ့အထိ ရိုက်လိမ့်မယ်"

ဖက်တီးလေးက ဆွန်းမိုကို ခြိမ်းခြောက်လိုက်သည်။ သူက စာအုပ်ကို ဝတ်ရုံရှည်ထဲဖွက်ထားပြီး ပြေးသွားကာ တကိုယ်ရည် အာသာဖြေဖို့ နေရာရှာလိုက်သည်။ သို့သော်လည်း အခန်းတံခါးက မထွက်ခင် မြတ်ဆရာအရှိန်အဝါရဲ့ ရွှေရောင် အလင်းတန်းတွေက သူ့ကို ဖုံးလွှမ်းသွားသည်။

ဒီအချိန်တွင် ဖက်တီးလေး၏ ရင်ခုန်စိတ်လှုပ်ရှားနေတဲ့ ခံစားချက်သည် အေးခဲသော

ရေခဲရေ လောင်းချလိုက်သကဲ့သို့ လုံးဝပျောက်ကွယ်သွားသည်။

"ဘာကြီးလဲ"

စာကြည့်ခန်းထဲက ပြေးထွက်လာတဲ့ ဖက်တီးလေးသည် ခေါင်းလှည့်ပြီး ကြည့်လိုက်သည်။ သူ့အမူအရာက ကြောင်တောင်တောင် ဖြစ်နေသည်။ ပြီးတော့ ခေါင်းယမ်းပြီး အိမ်သာကို ထွက်သွားသည်။ ဝတ္ထုစာအုပ်ကို ယူပြီးနောက် ခါးပတ်ကိုဖြုတ်လိုက်သည်။ သို့သော်လည်း ဖတ်ချင်စိတ် လုံးဝ မရှိဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ရွှေကျောက်စိမ်း ဝါသနာရှင်၊ ဘယ်လောက် အသုံးမကျတဲ့နာမည်လဲ။ ယုတ်မာလိုက်တာ”

ဖက်တီးလေး ပါးစပ်တလှုပ်လှုပ် ဖြစ်သွားသည်။ (အရင်တုန်းကတော့ ဒီစာအုပ်နာမည်က အရမ်းကောင်းတယ်လို့ ခံစားရတယ်။ ဘယ်လို ဖြစ်သွားရတာလဲ) အဲဒီနောက် စာမျက်နှာတွေကို လှန်ကြည့်လိုက်သည်။ ရှန်အာ ဒုတိယမြောက် အမျိုးသမီး ဇာတ်ဆောင်ဖြစ်သည်။ သူမက သိပ်မပေါ်ပေမယ့် ဖက်တီးလေက သူမကို အကြိုက်ဆုံးဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမျိုးသမီးဇာတ်ဆောင် ယှဉ်ထက်တောင် ပိုကြိုက်သေးသည်။ အထူးသဖြင့် သူမက ဘာအဝတ်အစားမှ မဝတ်ဘဲ စသင်သား အမျိုးသားဇာတ်ဆောင်နဲ့ ချစ်တင်းနှီးနှောတဲ့ အချိန်တွေ ဖြစ်သည်။ ဒီအကြောင်းကို အကြိမ်တရာလောက် ဖတ်ခဲ့သော်လည်း မငြီးငွေ့ခဲ့ပါ။

ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ ဖက်တီးလေးသည် စကားလုံး အနည်းငယ်လောက် ဖတ်ပြီးသွားတဲ့အချိန်တွင် ရုတ်တရုတ် ရွံ့ရှာလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒီစာက ဘာကြီးလဲ။ စိတ်ပျက်စရာပဲ”

ဖောက်

ဖက်တီးလေးသည် ဆဲဆိုပြီး ဝတ္ထုစာအုပ်ကို အိမ်သာထဲ ပစ်ချလိုက်သည်။ ထို့နောက် ခေါင်းမော့ပြီး မျက်နှာကျက်ကို အူကြောင်ကြောင်နဲ့ စိုက်ကြည့်နေသည်။ (အား၊ ဘာလို့ ကဗျာ စာအုပ် မယူလာမိတာလဲ)

(အခုလောလောဆယ်တွင် သူ့အဆင့်က လျော့ကျနေသည်)

“ဆွန်းမို၊ အမှောင်တိုက်ကြီး ခရီးစဉ်က ဘယ်လိုလဲ”

ကျန့်ချင်ဖန် ရောက်လာသည်။

“ဦးလေးကျန့် ဒီတစ်ခေါက်လာတာ မင်းအတွက် လက်ဆောင်လေး ယူလာတယ်”

ဆွန်းမိုက ဆေးထုပ်ကြီးတွေကို ထုတ်ပေးလိုက်သည်။

စာစဉ်(၁၉)

အခန်း(၂၇၀) - ရည်ရွယ်ချက် အစစ်အမှန်ကို ဖော်ထုတ်ခြင်း ။

"ဘီလူးတစ်ကောင်တောင်ဆင့်ခေါ်လို့ရတာလား"

ဆွန်းမို ရှင်းပြတဲ့ ဆေးထုပ်ကြီးရဲ့ အကျိုးသက်ရောက်မှုကို နားထောင်ပြီး ကျန့်ချင်ဖန် အံ့အောသင့်သွားသည်။

"ဘီလူးက လူမသတ်နိုင်ပေမယ့် အန္တရာယ် အနည်းငယ်တော့ ရှိနေတုန်းပဲ။ ဒါကြောင့် ဦးလေးကျန့် ဆေးရေစိမ်ရင် အစောင့်ခေါ်ထားတာ အကောင်းဆုံးပဲ"

ဆွန်းမိုက ဆေးထုပ်ကြီးရဲ့ အားနည်းချက်ကို တမင်တကာ ဖုံးကွယ်ထား ခြင်းမရှိခဲ့ပါ။

ရုတ်တရုတ် ဘီလူးပေါ်လာသဖြင့် ကျန့်ချင်ဖန် လန့်ဖြန့်ပြီး သေသွားမှာပဲ စိုးရိမ်နေသည်။

"ဟားဟား၊ ငါမှတ်ထားလိုက်ပါ့မယ်"

ကျန့်ချင်ဖန်သည် ဆွန်းမိုကို အတူတူ ရေချိုးဖို့ ဖိတ်ခေါ်ချင်နေသည်။ ဒါပေမယ့် ဒီလိုလုပ်လိုက်ရင် ရှေ့ဟောင်း နဂါးဖမ်းတဲ့လက်နဲ့ အနှိပ်ခံချင်လို့ လုပ်တယ်ဆိုပြီး အထင်လွဲသွားမှာ စိုးရိမ်နေသည်။ ဒါကြောင့် သူဘက်က စပြီး မဖိတ်ခေါ်တော့ပါ။

"ဦးလေးကျန့် ၊ မင်းမျက်နှာ ကြည့်နေတယ်။ အစားအသောက် ပုံစံကို မပြောင်းဘဲ ဒီအတိုင်း ဆက်စားနေတာ အကောင်းဆုံးပဲ"

ဆွန်းမိုက နတ်ဘုရားမျက်စိအာရုံကို အသုံးပြုလိုက်သည်။ ကျွမ်းကျင်မှုအဆင့်က ဘိုးဘေးအဆင့်ကို ရောက်နေပြီဖြစ်သဖြင့် ကျန့်ချင်ဖန်ကို ကြည့်လိုက်လျှင် အလိုအလျောက် ကျန်းမာရေး ထိန်းသိမ်းတဲ့ အစီအစဉ်တစ်ခု ပေါ်လာသည်။ ကျန်းမာရေး ထိန်းသိမ်းတဲ့ အစီအစဉ်တွင် အစားအသောက်၊ ကျင့်ကြံမှုနှင့် အိပ်ချိန်များပင် ပါဝင်သည်။ တကယ်ကို

အသေးစိတ်ကျပြီး ရှုထောင့်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားထားသည်။

ဆွန်းမိုက စာရွက်တစ်ရွက်ကို ယူပြီးချရေးလိုက်သည်။

“မိတ်ဆွေလေး။ မင်းလက်ရေးတွေက တော်တော်လှတာပဲ”

ကျန့်ချင်ဖန်သည် ထင်ထားတဲ့အတိုင်းပင် စာအုပ်နှင့် လက်ရေးလှကို သဘောကျတဲ့ အဘိုးကြီးတစ်ယောက်ဖြစ်နေသည်။ ဆွန်းမို ရေးနေတဲ့ အကြောင်းအရာအား ဂရုမစိုက်ဘဲ လက်ရေးလှပုံစံကို သဘောကျနေသည်။

"ပုံမှန်ပါပဲ"

ဆွန်းမိုက စကားလုံးများကို ကျောက်သင်ပုန်းစတိုင် ရေးသားထားခြင်း ဖြစ်သည်။ ကျောက်သင်ပုန်းပေါ်မှာ ရေးသလိုပါပဲ။ ဒီဘက်ခေတ်က လူတွေအတွက်တော့ ဒါက ဆန်းသစ်ပြီး စိတ်ဝင်စားစရာ ကောင်းပေမယ့် အနုပညာ တန်ဖိုးတော့ မရှိပါ။

"ဦးလေးကျန့်၊ မင်းရဲ့ အစားအသောက် ပုံစံကို အနည်းဆုံး သုံးလလောက်တော့ လိုက်နာပါ။ ပြီးတော့ မင်းရဲ့ ပုံမှန်ကျင့်ကြံမှုကိုလည်း တစ်ဝက်တစ်ပျက်နဲ့ မရပ်ထားပါနဲ့"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။ သူက ကျန့်ချင်ဖန်ရဲ့ နောက်ကျောဆီကို လျှောက်သွားပြီး

"နှိပ်ပေးပါရစေ"

ကျန့်ချင်ဖန်သည် အရင်က ဆွန်းမိုကို ဒုက္ခမပေးချင်သော်လည်း ဆွန်းမိုလက်က ပခုံးပေါ် ရောက်လာတဲ့အချိန်တွင် ကျန့်ချင်ဖန်တစ်ယောက် တားမြစ်ချင်တဲ့စိတ် ပျောက်သွားသည်။ တိမ်တွေပေါ်ရောက်သွားသလို အရမ်းနေလို့ထိုင်လို့ ကောင်းလှသည်။

ဆွန်းမိုက ကျန့်ချင်ဖန်၏ သွေးထဲမှာရှိတဲ့ အဆိပ်အတောက်များကို ဖယ်ရှားပစ်ရန်

သက်ရှင်သွေးနည်းစနစ်ကို အရင် အသုံးအပြုသည်။ ထို့နောက် အနှိပ်အစုံလိုက် အသုံးပြုလိုက်သည်။

အားလုံးလုပ်ပြီးသွားတဲ့အခါ ကျန့်ချင်ဖန်သည် ခေါက်ဆွဲတစ်မျှင်လို ထိုင်ခုံပေါ်တွင် ပျော့ဖတ်ဖတ် မှိုပြီး ကျန်ခဲ့သည်။

"မင်းရဲ့ သခင်ကို ရေချိုးပေးဖို့ ကူညီပေးအုံး"

အစေခံ မိန်းကလေး အကူအညီနဲ့ ဆွန်းမိုသည် ကျန့်ချင်ဖန်၏ လက်နှင့် မျက်နှာကို ဆေးကြောပေးလိုက်သည်။

နာရီဝက်လောက်ကြာတော့ ကျန့်ချင်ဖန်သည် လန်းဆန်းတက်ကြွနေတဲ့ ပုံစံနဲ့ ဆွန်းမို

အရှေ့တွင် ရှိနေသည်။ သူ့မျက်နှာသည် နီမြန်းနေရုံသာမက စကားပြောတဲ့ အခါမှာလည်း အရမ်းတက်ကြွနေသည်။

“မှော်ဆန်တယ်။ လုံးဝကို မှော်ဆန်လွန်းတယ်”

ကျန်နို့ချင်ဖန် ရင်ဘက်တစ်ခုလုံး ကျေးဇူးတင်စိတ်နဲ့ ပြည့်နေသည်။

“မိတ်ဆွေလေး၊ အခုအချိန်ထိ အသက်ရှင်နေရတာက မင်းပေးတဲ့ အသက်ကြောင့်ပဲ"

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန့်ချင်ဖန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၅၆၀/၁,၀၀၀)

"ဦးလေးကျန့်က အရမ်းအလေးအနက် လုပ်နေပြန်ပြီ"

ဆွန်းမို ခေါင်းခါလိုက်သည်။

"ဟား ဟား"

ကျန့်ချင်ဖန် ဘာမှ ထပ်မပြောတော့ပါ။ တစ်ခါတစ်လေ ကြင်နာမှုတချို့ဟာ နှလုံးသားထဲတွင် အမြဲမှတ်မိ နေတတ်သည်။

"အို ဟုတ်ပြီလေ။ ငါ့ဆီရုတ်တရက် ရောက်လာတယ်ဆိုတော့ ဘာပြဿနာ ရှိလို့လဲ။

ငါဖြေရှင်းနိုင်တဲ့ ပြဿနာသာဆိုလျှင် ငါတွေဝေနေမှာ မဟုတ်ဘူး”

ကျန့်ချင်ဖန်သည် တည့်တိုး ပြောလိုက်သည်။ ပြီးတော့ ဆွန်းမိုနဲ့ ဆက်ဆံရေးအကြောင်း အရမ်းအားနာနေစရာ မလိုဘူးလို့ သူထင်သည်။ ဆွန်းမို ကိစ္စသည် သူ့ကိစ္စ ဖြစ်သည်။

“ကုန်သွယ်ရေး လုပ်ငန်းတချို့က လယ်သမားတွေကို အကြောင်းပြပြီး ဗဟိုပြည်နယ် အကယ်ဒမီကို ခြိမ်းခြောက်ကာ ကုန်ပစ္စည်း ဈေးနှုန်းကို တိုးမြှင့်ချင်နေတယ်”

ဆွန်းမိုက အရာအားလုံး ရှင်းပြလိုက်သည်။

"ကောက်ကျစ်တဲ့ ကုန်သည်တွေ၊ ပိုက်ဆံအများကြီး ရနေတာတောင် မကျေနပ်နိုင်ကြသေးဘူး။ ဒီကောင်တွေ အပြစ်အတွက် တကယ်ကို သေဒဏ်ပေးသင့်တယ်"

ကျန့်ချင်ဖန်သည် ဒီစကားကို ကြားပြီးနောက် စားပွဲခုံကို ရိုက်နှက်လိုက်သည်။

အရင်က အဆင့်မြင့် အရာရှိကြီး တစ်ယောက်လုပ်ခဲ့တဲ့ သူ့အနေနဲ့ ကျန့်ချင်ဖန်သည် လယ်သမားများရဲ့ အကျိုးစီးပွားကို ဦးစားပေးသည်။ သူတို့က နိုင်ငံရဲ့ အခြေခံ အုတ်မြစ်ဖြစ်သည်။ ကုန်သည်တွေက ဆူဖြိုးတဲ့ သိုးနဲ့ တူသည်။ တိုင်းပြည် ဘဏ္ဍာငွေလိုငွေ ပြလာရင်

ကုန်သည်တွေကို သတ်သင့်က သတ်ပစ်ရမည်။ ဘုရင်က စိတ်ဆိုးရင်လည်း ဆူဖြိုးတဲ့သိုးတွေကို သတ်ပစ်နိုင်သည်။

“ပြဿနာဖြစ်လာအောင် နောက်ကွယ်ကနေ တစ်ယောက်ယောက် ကြိုးကိုင်နေတယ်လို့ ခံစားရတယ်”

ဆွန်းမိုသည် မင်းသားလီဇီရှင်းက ၈၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်း ဖြစ်နိုင်ချေ ရှိနေသောကြောင့် ကြိုပြီး သတိပေးလိုက်သည်။

“သူတို့မှာ ဘယ်လောက်အစွမ်းထက်တဲ့ နောက်ခံဘဲ ရှိနေပါစေ၊ ဒီလိုလုပ်ပြီးပါက အပြစ်ခံရဖို့သာ အသင့်ပြင်ထားတော့”

ကျန့်ချင်ဖန်၏ လေသံသည် မခံမရပ်နိုင် ဖြစ်နေသည်။ သူရဲ့ လုပ်ဆောင်ချက်က ဆွန်းမို စိတ်အေးစေဖို့ ရည်ရွယ်သည်။ (စိတ်မပူနဲ့၊ ငါကျန့်ချင်ဖန် တာဝန်ယူလိုက်တယ်)

“ဦးလေးကျန့်၊ တကယ်တော့ ကျွန်တော် မှာ အစီအစဉ်ရှိတယ်။ ကျွန်တော်က ဗဟိုပြည်နယ်အကယ်ဒမီကို ဒီအခက်အခဲက လွတ်မြောက်အောင် ကူညီပေးချင်တယ်။ ဒါပေမယ့် အများစုကတော့ လယ်သမားအတွေအတွက်

မတရားဘူးလို့ ခံစားရတာလည်း ပါတယ်။ သူတို့ ဒီလောက် ပင်ပင်ပန်းပန်း လုပ်နေရပေမယ့်လည်း ဘာဖြစ်လို့ ဝင်ငွေ နည်းနည်းလေးပဲ ရ ရတာလဲ။ သူတို့ အလုပ်ကြိုးစားရတာ တန်ရဲ့လား။ သူတို့ ငွေအများစုကို ကြားခံ ကုန်သွယ်ရေးတွေက ဖြတ်စားနေကြတယ်”

ဆွန်းမိုသည် အရင်က သူနေခဲ့တဲ့ကမ္ဘာတွင် ဒီလိုမျိုး သတင်းတွေ အများကြီး ကြားခဲ့ဖူးသည်။

ဖရဲသီးတွေ၊ စပျစ်သီးတွေ၊ သစ်သီးဝလံမျိုးစုံနှင့် ဟင်းသီးဟင်းရွက်များကို ဖြန့်ချီရေး ကုမ္ပဏီတွေက ဆင့်အနည်းငယ်နဲ့သာ ဝယ်ယူခဲ့ကြသည်။ ဝယ်ယူတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဈေးနှုန်းက နည်းလွန်းသဖြင့် အပုပ်အသိုး ပါနေရင်တောင် ကုန်သည်များက ဂရုမစိုက်ပါ။ ဒါပေမယ့် အဲဒီကုန်ပစ္စည်းတွေကို စူပါမားကတ်ပေါ်ပို့လိုက်တာနဲ့ သာမန်လူတန်းစားတွေ ဝယ်ယူစားသုံးကြတဲ့အခါ ဈေးကြီးကြီးပေးပြီး ဝယ်စားရသည်။

သို့သော်လည်း ဖြန့်ချီရေး ကုမ္ပဏီတွေ အမြတ်လိုချင်လို့ လုပ်တယ်ဆိုတာကို နားလည်သည်။ အမြတ်မရှိတဲ့ လုပ်ငန်းကို ဘယ်သူက လုပ်ချင်မှာလဲ။

ဆွန်းမိုက အရင် ကမ္ဘာတွင် ဈေးကွက်သည် ရောင်းလိုအား၊ ဝယ်လိုအားနဲ့ တိုက်ရိုက်

သက်ဆိုင်နေသောကြောင့် ဘာမှမလုပ်နိုင်ပါ။ ဒါပေမယ့် ပြည်နယ်ကိုးခုမှာတော့ အစိုးရ၏ စကားတစ်ခွန်းပဲ လိုသည်။ အုပ်ချုပ်သူက လူတစ်ယောက်ကို သတ်ချင်ရင်တောင် သတ်ပစ်လိုက်လို့ရသည်။

“မင်း ဘာလုပ်ချင်လို့လဲ”

ကျန့်ချင်ဖန်က ဆွန်းမိုမှာ အကြံတစ်ခုရှိနေတယ်ဆိုတာ ပြောနိုင်သည်။ ဒါကြောင့် ဆွန်းမို ဖွင့်ပြောလာအောင် ထောက်ပေးလိုက်သည်။ ဆွန်းမိုကလည်း ဘာကိုမှ မဖုံးကွယ်ထားဘဲ ကျန့်ချင်ဖန်အား သူ့အစီအစဉ်ကို ပြောလိုက်သည်။

"ကောင်းပြီလေ၊ မင်းအစီအစဉ်အတိုင်း ငါလုပ်ပေးမယ်"

ကျန့်ချင်ဖန်က ပွင့်ပွင့်လင်းလင်း သဘောတူလိုက်သည်။ ဆွန်းမို ရည်မှန်းချက် အောင်မြင်ခဲ့သည်။ ဒါကြောင့်လည်း နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

ကျန့်ချင်ဖန်သည် ပန်းချီကားတစ်ချပ် ရေးဆွဲပေးဖို့ တောင်းဆိုချင်ပေမယ့် ဆွန်းမို အရမ်း အလုပ်ရှုပ်နေတာ မြင်လိုက်လျှင် တောင်းဆိုဖို့ အားနာသွားသည်။ ဒါကြောင့် ဇန်ချန် ပန်းချီကားနဲ့ မိုးရေအောက်က မိန်းကလေး ပန်းချီကားကို ထုတ်ကာ ခံစားနေလိုက်သည်။

ကျန့်ချင်ဖန်သည် အဲဒီပန်းချီကားနှစ်ချပ်ကို နေ့တိုင်း မမြင်ရပါက စားမဝင် အိပ်မပျော် ဖြစ်နေနိုင်သည်။

ညစာစားပြီးနောက် ကျန့်ချင်ဖန်သည် သူ့ရဲ့ အစေခံတွေအား ရေချိုးဖို့ ပြင်ဆင်ခိုင်းလိုက်သည်။

"ချီလေးကို သွားခေါ်လိုက်"

ကျန့်ချင်ဖန်က သူ့မြေးလေးနဲ့ ရေအတူတူ စိမ်ချင်ပေမယ့် သခင်လေးက လက်ရေးလှ လေ့ကျင့်နေတယ်ဆိုပြီး အစေခံက ပြန်အကြောင်းကြားလာသည်။

"လက်ရေးလှ လေ့ကျင့်နေတယ် ဟုတ်လား၊ ပေါက်ကရ စာအုပ် ဖတ်နေတာ မဟုတ်ဘူးလား"

ကျန့်ချင်ဖန်က အေးစက်စွာ ပြန်အော်သည်။ ဒီလူယုတ်မာလေးက စိတ်ရှည်ရှည်နဲ့ လက်ရေးလှ လေ့ကျင်နေမယ်ဆိုတာ သူမယုံပါ။ အချစ်ဝတ္ထု အသစ်ရပြီး အားကြိုးမာန်တက် ဖတ်နေတာပဲ ဖြစ်နိုင်သည်။

ငယ်ငယ်ကတည်းက ဒီလိုအကျင့်ဆိုး တတ်မြောက်နေရင် ကြီးလာရင် ဘယ်လို ဖြစ်လာမလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန့်ချင်ဖန်သည် သူ့မြေးလေးရဲ့ စာကြည့်ခန်းထဲသို့သွားပြီး ဆူပူ ကြိမ်းမောင်းဖို့ လုပ်လိုက်သည်။ နောက်ဆုံးတော့ စားပွဲဝိုင်းအရှေ့တွင် ရပ်ပြီး လက်ရေးလှ ရေးဆွဲကျင့်နေတဲ့ ဖက်တီးလေးကို မြင်လိုက်ရသည်။

ဟူး

လေပြင်းတစ်ချက် တိုက်ခတ်သွားသည်။ စားပွဲပေါ်က စာရွက်များ ကြမ်းပြင်ပေါ်သို့ ပြန့်ကျဲသွားသည်။

ကျန့်ချင်ဖန် ခေါင်းငုံ့ပြီး ကြည့်လိုက်သည်။ စာရွက်ပေါ်က စာလုံးတွေက ရုပ်ဆိုးနေပေမယ့် သူ့မြေးဖြစ်သူ ကြိုးစားနေတယ်ဆိုတာ သိသာသည်။

ဒါက မဖြစ်နိုင်ဘူး မဟုတ်လား။ သူက တကယ်ပဲ လက်ရေးလှ လေ့ကျင့်နေတာလား။

ကျန့်ချင်ဖန် အံ့အောသင့်သွားသည်။ ပြီးတော့ သူ့မြေးက ရှားရှားပါးပါး တကယ်အလေးအနက်ထားတဲ့ အငွေ့အသက် ထွက်နေသည်။

ဖက်တီးလေးသည် အပြည့်အဝ အာရုံစိုက်နေသဖြင့် ကျန့်ချင်ဖန် ရောက်လာမှန်းတောင် သတိမထားမိပါ။

“ဘာဖြစ်နေတာလဲ”

ကျန့်ချင်ဖန်သည် အခန်းထဲက တိတ်တဆိတ် ပြန်ထွက်သွားပြီး အစေခံတစ်ယောက်အား မေးလိုက်သည်။ သိပ်မကြာခင် အဖြေကို သူသိလိုက်ရသည်။

နေ့လည်ခင်းတုန်းက သခင်လေးသည် စာကြည့်ခန်းတွင် ဆွန်းမိုနဲ့ တွေ့ဆုံခဲ့သည်။

အိမ်သာကို သွားပြီးနောက် သူ့ဘာသာသူ ကြိတ်ပြီး လက်ရေးလှ လေ့ကျင့်နေတော့သည်။

"ဆွန်းမိုလား"

ကျန့်ချင်ဖန် ပြင်းပြင်းထန်ထန် ခေါင်းညိတ်လိုက်သည်။ (ငါက ဒါကို ဘယ်လိုမေ့သွားရတာလဲ။ ငါ့မြေးအတွက် အိမ်မှာဆရာလုပ်ဖို့ ဖိတ်ခေါ်သင့်တယ်)။ ဒီလိုဆိုရင် သူ့ရဲ့ အသုံးမကျတဲ့ မြေးက ဆွန်းမိုရဲ့ သွန်သင်ဆုံးမမှု အောက်မှာ ပြောင်းလဲလာပြီး ပိုဉာဏ်ကောင်းလာနိုင်သည်။

"အာပဟား၊ ငါက အောက်ပိုင်း မသန်မစွမ်း ဖြစ်နေတာလား"

ဖက်တီးလေး လေ့ကျင့်နေတဲ့ လက်ရေးလှစာလုံးသည် ကျောက်စိမ်းအဖွဲ့ လိုင်စာပေ မှဖြစ်သည်။ သူက ဆွဲဆောင်မှုအရှိဆုံး စကားလုံးများကို ရေးနေသော်လည်း အောက်ပိုင်းက တုန့်ပြန်မှု မရှိပါ။

ငါ....ငါ သေချောပေါက် မသန်မစွမ်း ဖြစ်နေပြီ။

(နာမည်ကြီး ပြည့်တန်ဆာရဲ့ အရသာကို ခံစားဖို့ ပြည့်တန်ဆာရုံတောင် မသွားဖူးသေးဘူး။ ငါ့ညီလေးက ကြိမ်လုံးတစ်လုံးလို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တောင့်တင်းလာတဲ့အထိ ကျင့်ကြံပြီး ငါ့ခန္ဓာကိုယ်ကို ပြုစုပျိုးထောင် ရမယ်)

နောက်ရက်ပိုင်းကြာတော့ ကျန်ချီအာသည် ပြင်းပြင်းထန်ထန် ကျင့်ကြံနေသည်။

မမျှော်လင့်ဘဲ သုံးလိုက်မိတဲ့ မြတ်ဆရာ အရှိန်အဝါကြောင့် လူငယ်တစ်ယောက်ရဲ့ လူနေမှုပုံစံ ပြောင်းသွားတယ်ဆိုတာ ဆွန်းမို မသိခဲ့ပါ။

မနက်ခင်းတွင် ပိုးကောင်များနှင့် ကျေးငှက်များရဲ့ အော်သံကို ကြားနေရသည်။ ဒါကလည်း အိမ်ရာရဲ့ တိတ်ဆိတ်တဲ့ ပတ်ဝန်းကျင်ကို ပိုပြီး သိသာထင်ရှားစေသည်။

ဆွန်းမိုသည်ဒီလိုမျိုး ပတ်ဝန်းကျင်ကို အရမ်းသဘောကျသည်။ အိပ်ရာထပြီး သွားတိုက်လိုက်သည်။ ထို့နောက် မနက်ပိုင်း လေ့ကျင့်ခန်းလုပ်ရန် အိမ်အနောက်ဖက်သို့ ထွက်လာလိုက်သည်။

"ဆရာ၊ မင်းဒီမှာလား"

လီဇီချီနှင့် လုချီဟွာတို့သည် သူမတို့နဲ့အတူတူ အစားအသောက်တွေ ယူလာပြီး တံခါးခေါက်နေကြသည်။

"မင်းတို့တွေ ဘာဖြစ်လို့ ဒီရောက်လာတာလဲ"

ဆွန်းမို ရုတ်တရက် အံ့အောသွားသည်။

“ထုံးစံအတိုင်း ဆရာရဲ့ အစားအသောက်နဲ့ လိုအပ်ချက်တွေကို ဂရုစိုက်ရမှာပေါ့”

လီဇီချီက ပြုံးရင်း ပြန်ဖြေကာ သူမက မီးဖိုချောင်ထဲ သွားပြီး ပြင်ဆင်လိုက်သည်။ ဒီအစားအသောက်အတွက် သူမသည် ကြယ်ငါးပွင့်အဆင့်ရှိတဲ့ မိသားစု စားဖိုမှူးထံမှ လှည့်ကွက်အချို့နဲ့ အကြံဉာဏ်တချို့ကို အထူးတောင်းဆိုထားခဲ့သည်။

ဆွန်းမိုသည် လုချီဟွာရဲ့ နဖူးကို ပုတ်လိုက်ပြီး ကြေးရောင် ရတနာသေတ္တာကို ဖွင့်လိုက်သည်။

အချိန်တံဆိပ်တစ်ခု ရလိုက်သည်။

သူသည် မိနစ်အနည်းငယ်လောက် ဝေခွဲမရဖြစ်နေခဲ့သည်။ နောက်ဆုံး အချိန်တံဆိပ်ကို အသုံးပြုပြီး လေဘုရင် နတ်ဘုရားခြေလှမ်းကျင့်စဉ်ကို အဆင့်မြှင့်တင်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒါက လှုပ်ရှားမှု ကျင့်စဉ်တစ်မျိုး ဖြစ်သည်။ ဒါကို တတ်မြောက်သွားပါက သူ့ရဲ့ အမြန်နှုန်းက အဆအနည်းငယ် တိုးတက်လာလိမ့်မည်။

ဒင်

“လေဘုရင် နတ်ဘုရားခြေလှမ်းကျင့်စဉ်ကို ကျွမ်းကျင်မှု ကျွမ်းကျင်အဆင့်ကို တတ်မြောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သုံးယောက်သား မနက်စာ စားပြီးနောက် စာသင်ဆောင်သို့ သွားကြသည်။ ထို့နောက် အဝင်ဝတွင် လူခြင်းခွဲလိုက်သည်။ ဆွန်းမိုက ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းကို ဟောပြောနေတဲ့ အချိန်တွင် မိန်းကလေးနှစ်ယောက်က ဆရာရန်၏ ဝိညာဉ်သားရဲ ထိန်းချုပ်တဲ့ အတန်းကို သွားတက်ကြသည်။ ဒါပေမယ့် စာသင်ချိန် တစ်ဝက်လောက်တွင် ကျောင်းဝန်းထဲ၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

လူတစ်ထောင်ကျော်ရဲ့ ကြွေးကြော်သံများသည် ကျောင်းဝန်းထဲ၌ ပြည့်လျှံနေသည်။

"ငါတို့မှာ စောင့်ရှောက်ရမယ့် သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေရှိတယ်။ ငါတို့ ငတ်မွတ်သွားရင် ဘယ်သူကလာ ဂရုစိုက်မှာလဲ"

"ဗဟိုပြည်နယ် ကျောင်းခေါင်းဆောင်တွေက အသားစားပြီး ငါတို့က ဘောစားရမှာလား"

"ထောက်ပံ့ရေးဌာနမှူးကို အလုပ်ထုတ်ပေးပါ။ ဒီလိုမျိုး အကျင့်မကောင်းတဲ့ ကျောင်းခေါင်းဆောင်ကို ငါတို့ မလိုချင်ဘူး"

ဒီလူများသည် အဝါရောင် ဝတ်စုံဝတ်ထားကြတဲ့ လယ်သမားများ ဖြစ်ကြသည်။ အခုအချိန်တွင်

သူတို့သည် ဝမ်းနည်းပြီး ဒေါသထွက်နေကြကာ ဝရုန်းသုန်းကား အော်ဟစ်နေကြသည်။

ရွှတ်စ်

စာသင်ခန်းထဲက အကြည့်ပေါင်း သုံးရာလောက်သည် ဆွန်းမိုဆီ ရောက်သွားသည်။

ဆွန်းမိုက ထောက်ပံ့ရေးဌာနမှူး ဖြစ်တယ်ဆိုတာ ကျောင်းသားများ သိကြသည်။

“ဒီတစ်ကြိမ်တော့ ဆွန်းမို ပြဿနာ အကြီးကြီးတက်ပြီ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကုန်သွယ်ရေး အဖွဲ့သုံးခုကို အတင်းအကြပ် ပယ်ချခဲ့တယ် ကြားတယ်။ သူတို့လက်စားလာချေတာပဲ ဖြစ်မယ်"

"ဒါကို သူဘယ်လို ဖြေရှင်းမလဲဆိုတာ တွေးနေမိတယ်။ အခြေအနေကို ကောင်းကောင်း မထိန်းနိုင်ရင် သူသေချာပေါက် နာမည် ပျက်သွားလိမ့်မယ်"

ဆရာတွေလည်း မတ်တပ်ရပ်ပြီး ကြည့်နေကြသည်။

သတင်းကြားကြားခြင်း အန်ရှီဝေသည် အပြေးအလွှား ရောက်လာသည်။

“မင်းတို့အားလုံး ဘာလုပ်နေကြတာလဲ”

အန်ရှီဝေ မျက်မှောင်ကြုတ်သွားသည်။ ဒီသတင်းတွေသာ ပြန့်နှံ့သွားရင် ဇဟိုပြည်နယ် အကယ်ဒမီရဲ့ ဂုဏ်သတင်း ကျိန်းသေပေါက် ထိခိုက်သွားမည်။

ကိုယ်စားလှယ်တချို့က ဘာမှမတတ်နိုင်တဲ့ အမူအရာနဲ့ ထွက်လာသည်။

“ကျောင်းအုပ်ကြီး အန်၊ သိပ်မကြာခင် ငါတို့ပန်းကန်ထဲမှာ ထမင်းစားဖို့ ဆန်ရှိတော့မှာ မဟုတ်ဘူး။ မင်းက စျေးနှုန်းတိုးပေးဖို့

သဘောတူပေမယ့် ထောက်ပံ့ရေးဌာနမှူး ဆွန်းက ပယ်ချခဲ့တယ်လို့ ငါတို့ကြားတယ်”

စကားပြောလာတဲ့သူက အသက် ၅၀ကျော် အဘိုးကြီးတစ်ယောက် ဖြစ်သည်။ သူက ယူရှန်ဖြစ်သည်။ သူက အန်ရှီဝေနဲ့ စကားပြောနေရင်း ဆွန်းမိုကို ပစ်မှတ်လုပ်ဖို့ အစဆွဲထုတ်လိုက်သည်။

“စျေးတိုးပေးမယ်လို့ ဘယ်သူကပြောတာလဲ”

လင်ကျန်က ရောက်လာပြီး စိတ်ဆိုးတဲ့ အသံနဲ့ မေးလိုက်သည်။

“ဆရာ၊ ငါတို့ရဲ့ အကောင်းဆုံး ကုန်ပစ္စည်းတွေကိုပဲ ဗဟိုပြည်နယ်အကာယ်ဒမီကို

ပို့ပေးခဲ့တယ်။ ဒီနှစ်တစ်လျှောက်လုံး တစ်ခါမှ မပျက်ကွက်ခဲ့ဖူးဘူး။ အခုတော့ ဈေးကွက်ထဲမှာ အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်တွေ အားလုံး ဈေးတက်လာပြီ။ ငါတို့က ဈေးနှုန်းလမ်းကြောင်းအတိုင်း အနည်းငယ် တိုးတောင်းခဲ့တယ်။ ငါတို့မှာ ဒီလိုလုပ်ခွင့် မရှိဘူးလား။”

လူအိုကြီးယူက အရမ်းတင်းမာလွန်းသည်။ သူက လယ်သမားတစ်ယောက် ဖြစ်သော်လည်း ဒီဆရာများကို မကြောက်ပါ။ သူတို့ စိတ်ဆိုးရင်တောင် သူ့ကို ရိုက်လို့ မရပါ။

လယ်သမားဆိုတဲ့ ပုံရိပ်က လူအိုကြီးယူအတွက် သဘာဝ အကာအကွယ် ဖြစ်နေသည်။

ဆွန်းမိုက ကုန်သည်တစ်ယောက်ကို လက်သီးနဲ့ ထိုးပြီး ကျိန်ဆဲခြင်း ပြုလုပ်ခဲ့သည်။ ဒါပေမယ့် လယ်သမား တစ်ယောက်ကို ထိလိုက်လျှင် သူ့ဂုဏ်သိက္ခာ လုံးဝ ပျက်ဆီးသွားလိမ့်မည်။

ပြည်နယ်ကိုးခုတွင် လယ်သမားများအား စောင့်ရှောက်ဖို့လိုတဲ့ လူအဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည်။ ဒါကလည်း နိုင်ငံရေးအရ မှန်ကန်မှု တစ်ခု ဖြစ်သည်။

စာစဉ်(၁၉)

အခန်း(၂၇၁) - ကြမ်းတမ်းသော တောခွေးနက်ကြီး ဆွန်း။

ကျောင်းဝန်းရဲ့ ထောင့်တစ်နေရာကနေ မာချမ်သည် လယ်သမားတွေရဲ့ ဖိအားပေးမှုအောက်ကို ရောက်နေတဲ့ အန်ရှီဝေအား ကြည့်ပြီး ကျေနပ်နေသည်။

“ငါ့ကို ရိုက်ရဲတယ် ဟုတ်လား။ ဒီအတွက် မင်းတို့ ပြန်ပေးဆပ်ရမယ်”

မာချမ်သည် သူခေါ်လာတဲ့ လူအိုကြီးယူနှင့် အဖွဲ့အား ဆွန်းမိုကို မြင်တာနဲ့ ရိုက်ဖို့ မှာကြားထားသည်။

ဒီလိုအခြေအနေမှာ ဆွန်းမိုသည် လယ်သမားတွေရဲ့ အရိုက်ခံရဖို့ပဲ ရှိသည်။ ဒီလိုမှမဟုတ်ဘဲ

လယ်သမားတွေကို ပြန်ရိုက်မှာလား။ သူဂုဏ်သိက္ခာကို ဂရုမစိုက်တော့ဘူးလား။

“ဒါက အောင်မြင်မယ်လို့ မင်းထင်လား”

အကြောင်းတစ်ခုခုကြောင့် ဝေဇီယူသည် သူတို့အစီအစဉ် တစ်ခုခုလွဲတော့မယ်လို့ စိတ်ထဲ ခံစားနေရသည်။

“အစ်ကို ဇီယူ စိတ်ပူစရာမလိုပါဘူး။ ပိုက်ဆံ သိမ်းဖို့သာ ပြင်ထားလိုက်"

ကျန်ဇီဟွာက ပြုံးရင်း ပြန်ဖြေလိုက်သည်။ ဈေးတိုးလိုက်လျှင် သူရဲ့ တွက်ချက်ထားမှုအရ နှစ်စဉ် အမြတ်ငွေသည် ၂၀

ရာခိုင်နှုန်းတိုးလာလိမ့်မည်။ အဲဒီပိုက်ဆံနဲ့ဆိုလျှင် နောက်ထပ် မယားငယ် နှစ်ယောက် ထပ်ယူနိုင်တော့မည်။

ဒါက ကျန်ဇီဟွာရဲ့ ဝါသနာ ဖြစ်သည်။ သူက အသက် ၁၅နှစ်အောက် မိန်းကလေးများနဲ့ ကစားရတာ ကြိုက်သည်။ အဲဒီ မိန်းကလေးတွေ ၁၅နှစ်ရောက်လာတာနဲ့ သတ်ပစ်လိုက်သည်။

မလှမ်းမကမ်းတွင် မာချမ်တို့ သုံးယောက်အား စောင့်ကြည့်နေသော ချီရွှန်ကျား သက်ပြင်းချလိုက်သည်။ ထို့နောက် ပြန်သွားပြီး ဆွန်းမိုအားချက်ခြင်း သတင်းပို့လိုက်သည်။

သူ့ဆရာပြောတာ မှန်နေသည်။ ဒီသုံးယောက်က နောက်ကွယ်ကနေ ကြိုးကိုင်နေသည်။

“ဦးလေးယူ၊ ကျေးဇူးပြုပြီး စိတ်အေးအေးထားပါ”

အန်ရှီဝေက စိတ်ရှည်ရှည်နဲ့ စည်းရုံးနေသည်။ သူမက ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သော်လည်း လယ်သမားများနဲ့ ဆက်ဆံတဲ့နေရာတွင် အရမ်းနှိမ့်ချသည်။

“ကျောင်းအုပ်ကြီး၊ ငါတို့လည်း အဆင်မပြေလို့ပါ”

လူအိုကြီးယူက သက်ပြင်းချရင်း ပြန်ပြောသည်။

"ဦးလေယူ၊ ဒီငါးနှစ်အတွင်းမှာ ဈေးက သုံးဆ တက်လာခဲ့တယ်။ အခုငါတို့ ဝယ်ပေးနေတဲ့ ဈေးက ချင်လင်မြို့မှာ အများဆုံး ဖြစ်နေပြီ"

အန်ရှီဝေလည်း အနည်းငယ် မကျေမနပ် ဖြစ်နေသည်။

(ငါက အမြဲတမ်း မင်းတို့ကို ကောင်းကောင်းဆက်ဆံတယ်။ ငါ့ကို ငတုံးတစ်ယောက်လို လာမလုပ်နဲ့)

"ဒါပေမယ့် ပိုလျှံတဲ့ ပိုက်ဆံက ငါတို့ လက်ထဲ မရောက်ဘူး"

လူအိုကြီး ယူ စိတ်ဓါတ်ကျသွားသည်။

“မင်းက ခေါင်းဆောင်မာနှင့် ကျန်တဲ့လူတွေကို ဘာဖြစ်လို့ ဈေးအနည်းငယ်တိုးပေးဖို့ မပြောတာလဲ”

ဒါက အသေသား ဖြစ်သည်။ လယ်သမားများသည် သီးနှံများကို စိုက်ပျိုးရန် အစွမ်းကုန် ကြိုးစားနေသော်လည်း ရောင်းချရန်အတွက် မြို့ကို နေ့တိုင်း မသွားနိုင်ပါ။ ဒါကြောင့် မာချမ်တို့လို ကြားခံ ကုန်သည်တွေအား အမြတ်အစွန်းအများကြီး ယူခွင့် ပေးထားရသည်။

အခုလက်ရှိခေတ်၏ ဖြန့်ချီမှုသည် အဲဒီအတိုင်း ဖြစ်သည်။ ဆွန်းမိုရဲ့ အရင်ကမ္ဘာက လယ်သမားများသည် ကုန်ပစ္စည်းရောင်းရန် မြို့ကို

မသွားတတ်ကြပါ။ ပြည်နယ်ကိုးခုလို နည်းပညာနောက်ကျတဲ့ နေရာဆိုရင်တော့ ပိုဆိုးသေးသည်။

လယ်သမားတချို့ဆိုလျှင် သေတဲ့အထိ ရွာကလွှဲလျှင် ဘယ်မှ မရောက်ဖူးပါ။

အန်ရှီဝေတစ်ယောက် တင်းတင်းမာမာ ရပ်တည်နေဖို့ မဖြစ်နိုင်တော့ပါ။ လယ်သမားတွေ ပြန်ထွက်သွားအောင် သူမ စဉ်းစားမိသလောက် ကောင်းတာလေးတွေကို ပြောပြနေခဲ့သည်။ သို့သော် လူအိုကြီးယူကလည်း သူရည်မှန်းချက် မအောင်မြင်ရင် မထွက်သွားဖို့ ဆုံးဖြတ်ထားသည်။

"ဆွန်းမို ဘယ်မှာလဲ။ ဘာဖြစ်လို့ သူ့ကို ထွက်လာဖို့ မခေါ်သေးတာလဲ။ ကျောင်းအုပ်ကြီးက လူကောင်းတစ်ယောက်ဆိုတာ သိပါတယ်။ ဆွန်းမို အမှောင်ထဲကနေ ပြဿနာရှာနေလို့ ဒီပြဿနာတွေ ဖြစ်လာတယ်ဆိုတာ ကျွန်တော် ကြားထားတယ်"

လူအိုကြီးယူ၏ မျက်နှာသည် အရမ်းရိုးသားတဲ့ ပုံပေါက်နေသော်လည်း အရမ်း ပါးနပ်တဲ့သူ ဖြစ်သည်။ အန်ရှီဝေက လယ်သမားကိုယ်စား ထည့်သွင်းစဉ်းစားပြီး ပြောနေတဲ့အချိန်တွင် သူက အခြားကျောင်းခေါင်းဆောင်များကို အကဲခတ်လိုက်သည်။ ဒါကြောင့် သူမသည် အရမ်းကောင်းတဲ့ လူတစ်ယောက် ဖြစ်နိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ဟန်ဖူသည် အဲဒီစကားကို ကြားလိုက်လျှင် အေးစက်စွာ ပြုံးလိုက်သည်။

(ဒီအဖိုးကြီးက အန်ရှီဝေကို ရည်ရွယ်ချက်ရှိရှိ မြှောက်ပြောခဲ့တယ်။ ဒီလို ကသိကအောက်ဖြစ်တဲ့ အခြေအနေက သူမလွတ်မြောက်ဖို့ လမ်းစ မမြင်တော့ပါ။)

အန်ရှီဝေ မျက်နှာပေါ်က ပင်ပန်းနွမ်းနယ်မှုကို မြင်လိုက်လျှင် ကျန်ဟန်ဖူ အရမ်း စိတ်ချမ်းသာသွားသည်။ (ငါ့ကို ဆန့်ကျင်ပြီး အသုံးမကျတဲ့ ဆွဲန်းမိုကို ထောက်ခံဖို့ ဘယ်သူက ပြောခဲ့လို့လဲ)

“ဆွန်းမိုက အရမ်း အလုပ်ရှုပ်နေတယ်”

ဆွန်းမိုက ဒီအခက်အခဲကို သေချာပေါက် ကျော်လွှားနိုင်မည် မဟုတ်ပါ။ ဒါကြောင့် ဆွန်းမိုကို ကာကွယ်ရမည်။

“မြတ်ဆရာတစ်ယောက်က ခန့်မှန်းထားသလိုပဲ ငါတို့ လယ်သမားတွေကို လုံးဝ အလေးမထားဘူး”

လူအိုကြီးယူက ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

“လယ်သမားလား။ ငါတော့ သိုးရေခြုံထားတဲ့ ဝံပုလွေတစ်ကောင်ပဲ မြင်ရတယ်”

လျှောင်ပြောင်သော အသံတစ်ခုက လူအိုကြီးယူရဲ့အသံကို ဖြတ်ပြီး ပေါ်ထွက်လာသည်။

အားလုံးခေါင်းလှည့်ကြည့်လိုက်လျှင် လူအုပ်ထဲက လှမ်းလျှောက်ထွက်လာတဲ့ ဆွန်းမိုကို တွေ့လိုက်ရသည်။

"ဘာလာလုပ်တာလဲ၊ မြန်မြန် ထွက်သွား"

အန်ရှီဝေက မျက်မှောင်ကြုတ်ပြီး ဆွန်းမိုအား တစ်ချက် ကြည့်လိုက်သည်။

"ဒါဆို မင်းက ဆွန်းမိုပေါ့"

လူအိုကြီးယူ ဆွန်းမိုဘက်သို့ လှည့်ကြည့်လိုက်လျှင် မိုးပြာရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားတဲ့ လူငယ်လေးတစ်ယောက်သည်

ယုံကြည်မှုရှိရှိနဲ့ ဖြောင်မတ်တဲ့ ကိုယ်နေဟန်က တကယ် ဆွဲဆောင်မှု ရှိလွန်းသည်။

သူ့ရဲ့ ခွန်အားကို မေ့ထားလိုက်အုံး အပြင်ပန်းအသွင်အပြင်နဲ့တင် သူက အန်ရှီဝေနဲ့ အတူတူရပ်လိုက်တဲ့အခါ အရမ်းလိုက်ဖက်လှသည်။

“မင်းငါ့ကို ဆရာဆွန်းလို့ ခေါ်သင့်တယ်”

ဆွန်းမိုက ပြုံးရင်း ပြောလိုက်သည်။

“လူအိုကြီး လေးစားမှုဆိုတာ အပြန်အလှန် သက်ဆိုင်တယ်။ မင်းအသက်ကြီးတယ်ဆိုပြီး မင်းရဲ့ စီနီယာကျမှုနဲ့ တခြားသူတွေကို လိုက်ပြီး ဖိအားပေးနေလို့ မရဘူး”

ဒါကိုကြားလိုက်လျှင် လူအိုကြီးယူ မျက်နှာပျက်သွားသည်။ ပတ်ဝန်းကျင်က ကျောင်းသားများလည်း လက်ညှိုးထိုးပြီး ပြောဆိုနေကြသည်။

တကယ်လည်း ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုသည် ဆရာတစ်ယောက်ပါ။ (ဆရာဆွန်းလို့သာ ခေါ်သင့်သည်။ သူ့နာမည်ကို တိုက်ရိုက်ခေါ်တယ်ဆိုတော့ မင်းကနည်းနည်းလေး မမောက်မာဘူးလား)

ဒီနေရာမှာရှိတဲ့ လူအများစုသည် သူနဲ့ ရင်းနှီးတဲ့ ဆက်ဆံရေးရှိသည်။ ဆွန်းမိုဆိုတာက ဘယ်သူလဲ။ ဗဟိုပြည်နယ်အကယ်ဒမီမှာ အကျော်ကြားဆုံး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတစ်ယောက်ပါ။ သူ့တွင် နတ်ဘုရားလက်ရှိရုံသာမက ကျောင်းသားများ အပေါ်လည်း အမြဲရင်းနှီးဖော်ရွေပြီး သူတို့ မေးခွန်းများကို အမြဲ ပြန်ဖြေပေးတတ်သည်။

အဲဒီလို ဆရာများသည် အခြေခံအားဖြင့် အပြစ်အနာအဆာ မရှိကြပါ။ ကျောင်းသားအများစုကလည်း လေးစားတတ်ကြသည်။ အခုတော့ အဲဒီလို ဆရာတစ်ယောက်အား အနည်းငယ် စော်ကားလာသဖြင့် ကျောင်းသားများ နှလုံးသားထဲတွင် မကျေနပ်တဲ့ အရိပ်ယောင် ပေါ်လာသည်။

"ငါတို့ ဆရာက တကယ် အထင်ကြီးစရာပဲ"

ထန်ထန်ယုထန် နှုတ်ခမ်းများ တွန့်ပြီး ကွေးသွားသည်။ သူ့ဆရာ အရမ်း အဆိပ်ပြင်းသည်။

ကျောင်းသားများသည် ဘက်မလိုက်တဲ့ သဘောနဲ့ ပွဲကြည့်ရန် သက်သက်လာခဲ့ကြခြင်း ဖြစ်သည်။ အဆုံးမှာ ဆွန်းမိုရဲ့ ဒီစကားလေးတစ်ခွန်းကြောင့် သူတို့တော်တော်များရဲ့ ရပ်တည်ချက် ချက်ခြင်းပြောင်းသွားသည်။

"ဆရာ ဆွန်း ဒါက ခေါင်းစဉ်လေးတစ်ခုပဲ။ မင်းရဲ့ ပုံရိပ်ကို ဒီလောက်ကြီး အလေးထားမနေနဲ့"

လူအိုကြီးယူက ဆွန်းမိုကို အမှုအရာပိုနေတယ်ဆိုပြီး ပြန်လှောင်ပြောင်လိုက်သည်။

(ဟားဟား၊ ပြောနေရင်းနဲ့ စကားထဲက ဇာတိပြလာပြီ။ လူအိုကြီးယူရဲ့ မောက်မာတဲ့ အကျင့်စရိုက်အရ သူက ငါတို့လို ဆရာတွေကို မျက်လုံးထဲ ထည့်မထားဘူးပဲ)

ဆွန်းမို မျက်နှာတွင် ခနဲ့တဲ့တဲ့ အပြုံးတစ်ခု ရှိနေသည်။

“ ငါလမ်းပေါ်လမ်းလျှောက်သွားလို့ ကျောင်းသားမိဘတွေနဲ့ ဆုံလိုက်ရင် သူတို့က ငါ့ကို ‘ဆရာဆွန်း’လို့ ခေါ်ပြီး နှုတ်ဆက်ကြတယ်။ ငါနဲ့

မရင်းနီးနဲ့ လူတွေတောင် ညီလေးဆွန်း ဒါမှမဟုတ် ထက်မြတ်တဲ့ လူသစ်လေးဆိုပြီး နှုတ်ဆက်ကြတယ်။ ဒါပေမယ့် လူစိမ်းတစ်ယောက်က ငါ့နာမည်ကို တိုက်ရိုက်ခေါ်တာ ပထမဆုံးပဲ”

ကျောင်းသားများလည်း အချင်းချင်း တိုးတိုးလေး ပြောကာ ဆွေးနွေးနေကြသည်။ ဒါက အမှန်ပဲ။ လူတိုင်းက လမ်းပေါ်မှာ လမ်းလျှောက်လာတာ မြင်လိုက်လျှင် သူတို့နာမည်မသိရင်တော့ ဆရာလို့ ခေါ်ပြီး နှုတ်ဆက်ကြလိမ့်မည်။ ဒါက သာမန်သာဖြစ်သည်။ တစ်ယောက်ယောက်အား နာမည်တိုက်ရိုက် ခေါ်လိုက်ခြင်းက မလေးစားတဲ့ လက္ခဏာဖြစ်သည်။

"ဆရာဆွန်း၊ ဒီတစ်ကြိမ် ငါတို့ရောက်လာရတာက ငါတို့ အသက်ရှင် ရပ်တည်နိုင်ရေးအတွက် ဖြစ်တယ်။ ကောင်းမှု ကုသိုလ် လုပ်လိုက်တဲ့ အနေနဲ့ ဈေးတက်တာကို လက်ခံပေးပါ"

လူအိုကြီး ယူသည် ဆွန်းမိုနဲ့ စကားနိုင်အောင် ယှဉ်မပြောနိုင်တော့ပါ။ ဒါကြောင့် သူ့ရဲ့ ရပ်တည်မှုကို နှိမ့်ချလိုက်ပြီး သူ့ရဲ့ လက်နက်ကို ထုတ်သုံးလိုက်သည်။

(ငါက အားနည်းတယ်။ သဘောတရားက ငါ့ဘက်မှာ ရှိတယ်။ မင်းဘာလုပ်နိုင်မှာလဲ)

စကားပြောပြီးနောက် လူအိုကြီးယူက မြေပေါ် ချက်ခြင်း ဒူးထောက်လိုက်သည်။

ကျောင်းသားအများစုသည် လယ်သမား မိသားစု နောက်ခံက ဆင်းသက်လာကြသည်။ လူအိုကြီးယူ ဒီလုပ်လိုက်တာမြင်လျှင် သူတို့ရဲ့ မိဘအကြောင်းကို တွေးပြီး သနားစိတ် ဝင်လာသည်။

"လူအိုကြီး ယူ၊ ဒီလို မလုပ်ပါနဲ့"

ဆွန်းမိုက လက်နှစ်ဖက်နဲ့ လျှင်မြန်စွာ လှမ်းဖမ်းလိုက်သည်။

လူအိုကြီးယူသည် အသက် ၅၀ကျော်နေတဲ့လူဖြစ်ပြီး ရွာတွင် သူက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရမ်းအလေးစားခံရတဲ့ ရှာလူကြီးတစ်ယောက် ဖြစ်သည်။ ဒါကြောင့် ထုံးစံအတိုင်း ဆွန်းမိုအား ဒူးမထောက်ချင်ပါ။ ဒါကြောင့် ဆွန်းမို အကူအညီနဲ့ ပြန်ပြီး မတ်တပ်ရပ်ချင်သည်။ ဒါပေမယ့် ဆွန်းမိုက သူ့ကို ပြန် မဆွဲတင်ဘဲ ဒီအတိုင်းပဲ ကိုင်ထားမယ်လို့ ဘယ်သူထင်မှာလဲ။ ဆွန်းမိုကလည်း ပြန်ထူပေးဖို့ ရည်ရွယ်ချက် မရှိပါ။

ဖောက်

လူအိုကြီးယူ မြေပေါ်သို့ ဒူးထောက်ကျသွားသည်။

"ဟင်း၊ ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ။ ငါတို့ ကောင်းကောင်းပြောလို့ မရဘူးလား"

ဆွန်းမိုက သက်ပြင်းချရင် လက်ကို လွှတ်လိုက်သည်။

"ငါလို...မ...သာ"

လူအိုကြီးယူ စိတ်ထဲက ကျိန်ဆဲနေသည်။ (မင်းကလိပ်ပဲ။ မင်းက သက်သက် နာမည်ကောင်းယူနေတယ်) ဒါပေမယ့် ဆွန်းမို မရိုးသားကြောင်းကို ဖော်ထုတ်ဖို့အတွက် သူ မတ်တပ်ပြန်ရပ်ဖို့ကလည်း မဖြစ်နိုင်ပါ။

ဒီမြင်းကွင်းကို ကြည့်ပြီး အန်ရှီဝေ ကြောင်သွားသည်။ သူမက ဖွင့်ထုတ်ပြီး အကျယ်ကြီး အော်ရယ်လုနီးပါး ဖြစ်သွားသည်။ စိတ်ထဲမှာလည်း အနည်းငယ် ပျော်ရွှင်သွားသည်။ လူအိုကြီးယူသည် သူမအား သတ်ပစ်ချင်စိတ် ပေါက်လောက်အောင် စိတ်နှောက်အယှက် ပေးနေပြီး ကိုင်တွယ်ဖို့ကလည်း နည်းလမ်းမရှိ ဖြစ်စေခဲ့သည်။

ဒီတစ်ကြိမ်က လူအိုကြီးယူကို ဆိုးဝါးသောအခြေအနေတွင် မြင်နေရတာ ပထမဆုံးအကြိမ် ဖြစ်သည်။

ဆွန်းမိုက အဓိကအကြောင်းအရာကို မပြောဘဲ အဓိပ္ပါယ်မရှိတဲ့ အကြောင်းအရာများကို

လျှောက်ပြောနေခဲ့သည်။ ဈေးတက်တဲ့ အကြောင်းကိုလည်း မပြင်းဘဲ အဆက်မပြတ် ညည်းညူနေသည်။

လူအိုကြီးယူက တော်တော်အိုနေပါပြီ။ ဆယ်မိနစ်ကျော်လောက် ဒူးထောက်ပြီးတဲ့ အချိန်တွင် ဒူးတွေက တောင့်မခံနိုင်တော့ပါ။ တကယ်လို့သူသာ အခုအချိန်မှာ ထရပ်လိုက်လျှင် အားနည်းတဲ့ လူမှုရေးအဖွဲ့အစည်းကို ကိုယ်စားပြုတဲ့ ပုံရိပ်လည်း ပျောက်ကွယ်သွားလိမ့်မည်။

“မေ့လိုက်စမ်းပါ။ ငါရအောင် တောင့်ခံမယ်”

"ဟွန့်၊ ဒီလိုလှည့်ကွက် သေးသေးလေးက အသုံးမဝင်ပါဘူး"

ဘေးမှာရပ်ကြည့်နေတဲ့ ကျန်ဟန်ဖူသည် ဘာမှ ဝင်မပြောပဲ ပွဲကောင်းတစ်ပွဲကိုသာ စောင့်ကြည့်နေခဲ့သည်။

"လူအိုကြီးယူ၊ ငါတို့ပေးထားတဲ့ အဝယ်ဈေးက အရမ်းမြင့်နေပြီ။ တကယ်လို့ မင်းတို့ကောင်တွေ ငွေပိုငွေလျှံမရဘူးဆိုလျှင် ဒီပြဿနာက ကုန်သည်တွေဆီက ဆင်းသက်လာတာ သေချာတယ်။ ငါ့အစား ဘာလို့ သူတို့ဆီ သွားမရှာတာလဲ"

ဆွန်းမိုက ရှင်းပြသည်။

"ငါတို့ လုပ်ခဲ့ပြီးပြီ။ သူတို့က ငါတို့ဆီက ပိုမြင့်မားတဲ့ ဈေးနှုန်းနဲ့ ဝယ်ယူဖို့ သဘောတူထားခဲ့ပြီးပြီ။ ဒါပေမယ့် ဗဟိုပြည်နယ်အကယ်ဒမီကလည်း သူတို့ရဲ့ ဈေးနှုန်းကို လက်ခံပေးဖို့လိုတယ်"

လူအိုကြီးယူသည် ပဲစေ့လို မျက်လုံးကို မှေးပြီး ဆွန်းမိုအား ကြည့်လိုက်သည်။ သူ့ဒူးများက ဆက်ပြီး တောင့်မခံနိုင်တော့ပါ။ ဒါကြောင့် စကားဝိုင်း မြန်မြန် အဆုံးသတ်သွားစေရန် လိုရင်းကို တန်းသွားဖို့ ရက်စက်တဲ့ ဆုံးဖြတ်ချက် တစ်ခု ချလိုက်သည်။

"တကယ်လို့ မင်းတန်ဖိုးထားရတဲ့ ကျောင်းက မတတ်နိုင်ရင် ငါတို့အသက်ရှင်ဖို့အတွက် ငါတို့ရဲ့ ကုန်ပစ္စည်းတွေကို တခြားကုန်သွယ်ရေးအဖွဲ့ကိုပဲ ရောင်းလိုက်တော့မယ်။ ဟင်း၊ ကျောင်းအုပ်ကြီးအန်၊ မင်းငါတို့ကို နားလည်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ နောက်ဆုံးတော့ ငါတို့လည်း အသက်ရှင်ရအုံးမယ်လေ"

"ဦးလေး ယူ..."

အန်ရှီဝေ အနည်းငယ် စိုးရိမ်ပြီး စကားပြောချင်သော်လည်း ဆွန်းမိုက သူမကို တားလိုက်သည်။

"လူအိုကြီးယူ၊ မင်းဘာပြောချင်တာလဲ။ ငါတို့ကို ခြိမ်းခြောက်နေတာလား"

ဆွန်းမိုက အပြစ်ကင်းစင်တဲ့ပုံနဲ့ မျက်လုံးပေကလတ် လုပ်ပြီး မေးလိုက်သည်။

"ငါတို့က လယ်သမားတွေပါ။ မင်းတို့လို မြတ်ဆရာတွေကို ဘယ်လိုလုပ် ခြိမ်းခြောက် ရဲမှာလဲ"

လူအိုကြီးယူက ထုံးစံအတိုင်း ဝန်မခံပါ။ စိတ်ထဲကတော့ အေးစက်စွာ လှောင်ပြောင်နေသည်။

(ဟုတ်တယ်။ မင်းတို့အားလုံးကို ခြိမ်းချောက်နေတာ။ ဘာဖြစ်လဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"လယ်သမား တစ်ယောက်လား။ ငါတို့ မထင်ဘူးနော်"

ဆွန်းမိုက နတ်ဘုရားမျက်စိအာရုံကို ဖွင့်ပြီး ကြည့်လိုက်သည်။

ယူရှန် အသက် ၅၇နှစ်၊ ကျေးရွာခေါင်းဆောင်။ အသားတင်ပိုင်ဆိုင်မှု ငွေတုံး သုံးသိန်း၊ မယားငယ်နှစ်ယောက်၊ တရားမဝင် သားသုံးယောက်၊ မာချမ် ကုန်သွယ်ရေးလုပ်ငန်းတွင် အလုပ်လုပ်နေသည်။

“ အသားတင်ငွေတုံး သုံးသိန်းရှိတဲ့ လယ်သမားတစ်ယောက်ကို မြေပိုင်ရှင်သေးသေးလေးလို့ သတ်မှတ်ရမှာလား”

ဆွန်းမိုက လျှောင်ပြောင်လိုက်သည်။ သူက လူအိုကြီးယူ၏ အဝတ်အစားများကို ဆုပ်ကိုင်လိုက်ပြီး

“ ဒီအဝတ်အစားပေါ်က အဖာအထေး တစ်ဝက်လောက်က ကြည့်ရတာ မဆိုးပါဘူး။ ဒါပေမယ့် အထည်တစ်ထည်ကို အဟောင်းပုံစံပေါက်အောင် လုပ်ချင်တယ်ဆိုရင် နည်းနည်း ပိုအားစိုက်ပြီး ခြစ်ရာတွေ အပေါက်ရာတွေ လုပ်သင့်တယ်”

ငွေတုံး သုံးသိန်းဆိုတဲ့ စကားကို ကြားလိုက်လျှင် လူအိုကြီးယူ ချက်ခြင်း မျက်နှာပျက်သွားသည်။

"အသက်ကတော့ ၅၇နှစ်ပြည့်နေပြီ မယားနှစ်ယောက် ရှိနေသေးတာလား။ မင်းရဲ့ အီကြာကွေးက အရမ်းကောင်းတယ် ထင်တယ်။ မင်း ကျောင်းကနေ ဂုတ်သွေး ဒီလောက် စုပ်နေရတာတောင် မကျေနပ်နိုင်သေးဘူးလား"

ဆွန်းမိုက လှောင်ပြောင်လိုက်သည်။

ဝိုင်းကြည့်နေတဲ့ ကျောင်းသားများသည် စပြီး တိုးတိုးလေး ဝေဖန်လာသည်။

"ပေါက်ကရတွေ၊ ဒါက လိမ်နေတာ"

လူအိုကြီးယူက သူ့နာမည်အတွက် ကမန်းကတန်း ပြန်ဖြေရှင်းသည်။

“ဟုတ်လား။ ဒါဆို ငါအခုပဲ မင်းအိမ်သွားလိုက်မယ်။ တကယ်လို့ ပိုက်ဆံရှာတွေ့ရင် ငါအပိုင်ယူလိုက်မယ်။ မင်းသဘောတူလား”

ဆွန်းမိုက ပြုံးလိုက်ပြီး

“မင်းအိပ်ခန်းအောက်မှာ တွင်းတူးပြီး ပိုက်ဆံမြှုပ်ထားတာ ငါမသိဘူး မထင်နဲ့”

လူအိုကြီးယူသည် အဲဒီစကားကို ကြားလိုက်လျှင် နှလုံးခုန် ရပ်လုမတတ် ဖြစ်သွားသည်။ ဒီကောင် ဒီအကြောင်းကို ဘယ်လိုသိနေတာလဲ။

သူက ပတ်ဝန်းကျင်ကို အလိုလို လှည့်ပတ်ကြည့်လိုက်မိသည်။ လယ်သမားတွေက သူ့ပိုက်ဆံတွေကို ခိုးသွားမှာ စိုးရိမ်နေသည်။

(မဖြစ်တော့ဘူး။ ဒီကောင်နဲ့ ဆက်ငြင်းနေလို့ မဖြစ်ဘူး)

လူအိုကြီး ယူသည် အရမ်းပါးနပ်သည်။ ဒီအခြေအနေကို မြင်တော့ ဆွန်းမိုကို

လျစ်လျူရှုလိုက်ပြီး အန်ရှီဝေအား စပြီး ဖိအားပေးလိုက်သည်။

“ကျောင်းအုပ်ကြီးအန်၊ အခုရောက်နေတဲ့ လူအားလုံးက လယ်သမားဘဝနဲ့ ရုန်းကန်နေကြရတယ်။ ဒီနေ့မှ မင်းငါတို့ကို အဖြေမပေးရင် ငါတို့ မထွက်သွားဘူး”

“ငါတို့က နေ့တိုင်း နေပူပူအောက် အလုပ်လုပ်ရတယ်။ ငါတို့တွေ အလုပ်လုပ်ဖို့ဆိုတာ မလွယ်လှဘူး။ ကျောင်းအုပ်ကြီး အန်၊ ကျေးဇူးပြုပြီး ငါတို့ကို သနားပါအုံး”

“ကျောင်းအုပ်ကြီးအန်၊ မင်းကိုဒူးထောက် တောင်းပန်ပါတယ်။ ငါတို့ အသက်ရှင်ဖို့ လမ်းလေးတော့ ပေးပါအုံး”

လူအိုကြီးယူအနားက လယ်သမား ဆယ်ယောက်လောက်သည် တစ်ခါတည်း ဒူးထောက်ပြီး ငိုကြွေးနေကြသည်။ သူတို့ကို ကြည့်ရတာ အရမ်းကြေကွဲဖို့ ကောင်းသည်။ ထန်ထန်ယုထန်သည် ဆွန်းမို ဘယ်လိုဖြေရှင်းမလဲဆိုတာ သိချင်စိတ်နဲ့ ဆွန်းမို မျက်နှာကို လှမ်းကြည့်လိုက်သည်။ ဒါက ဆင်းရဲနွမ်းပါးတဲ့ လူတန်းစားရဲ့ အဆုံးစွန်ဆုံးသော

လှုပ်ရှားမှု ဖြစ်သည်။ သူတို့က အရင်ငိုမယ်၊ ပြဿနာရှာမယ်၊ ပြီးရင် သတ်သေမယ်ဆိုပြီး ခြိမ်းခြောက် ကြလိမ့်မည်။ ဒီလို နည်းဗျူဟာကို မကြောက်ဘူးလား။

"ဦးလေးယူ၊ ဦးလေးဝမ်၊ မင်းတို့ အရင်မတ်တပ်ရပ်သင့်တယ်"

အန်ရှီဝေက သူတို့ကိုကူညီပေးချင်ပေမယ့် ဆွန်းမိုက သူမကို တားဆီးထားခဲ့သည်။

"ထားလိုက်စမ်းပါ။ သူတို့ဒူးထောက်ချင်သလောက် ဒူးထောက်ခွင့် ပေးလိုက်စမ်းပါ"

ဆွန်းမို အမူအရာက အေးစက်သွားသည်။ (မင်းတို့ကလည်း မင်းတို့ရဲ့ အဆုံးစွန်ဆုံးသော အကွက်ကို သုံးတယ်ဟုတ်လား။ ဒီအဖေကလည်း မင်းတို့အတွက် အရသာရှိတဲ့ ဟင်းတစ်ခွက် ပြင်ဆင်ပေးထားတယ်။ အားလုံး အဝ စားလိုက်ကြပါအုံး)

စာစဉ်(၁၉)

အခန်း(၂၇၂) - ငါ့အတွက် ရိုက်ပေးစမ်းပါ၊ ရက်ရက်စက်စက်လေး ရိုက်ပေးစမ်းပါ။

"ဟား ဟား၊ လူအိုကြီးယူက သူ့ရဲ့ အဆုံးစွန်ဆုံးသော အကွက်ကိုထုတ်သုံးနေပြီ"

ကျန်ဇီဟွာသည် လယ်သမားများ ဒူထောက်နေတာကို မြင်လိုက်လျှင် ချက်ခြင်း

ဝမ်းသာသွားသည်။ ကျောင်းဝန်းထဲ ဖြစ်နေသဖြင့် ရှိနေတဲ့လူတွေက ကျောင်းသားတွေ ဖြစ်နေတာ စိတ်မကောင်းစရာဘဲ။ အပြင်က လူတချို့ရှိလျှင် ပိုကောင်းမည်။ ဒီမြင်ကွင်းကိုသာ မြင်သွားလျှင် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဂုဏ်သတင်း ညှိုးမှိန်သွားလိမ့်မည်။

“အခုချိန်ဆိုရင် ဆွန်းမိုတစ်ယောက် သေလုနီးပါး ဒေါသထွက်နေလောက်ပြီ။ ဟွန့်၊ နှိုစို့ကလေးက ထောက်ပံ့ရေးဌာနမှူး ဖြစ်လာရတယ်လို့။ သူ့ရဲ့ အရည်အချင်းကို အရမ်းကြီး ပိုတွက်နေကြတာလား”

မာချမ်က လှောင်ပြောင်နေသည်။

ဒီမြင်ကွင်းကိုကြည့်ပြီး အန်ရှီဝေ သက်ပြင်းချလိုက်သည်။ (ဒီလူကြီးတွေကို ကူညီချင်ပေမယ့် ဘာမှမတတ်နိုင်ဘူး ဖြစ်နေသည်။ သူတို့ အရှက်ကွဲလို့ရတယ်။ ကျောင်းရဲ့ဂုဏ်သိက္ခာကတော့ ထိခိုက်လို့ မဖြစ်ပါ။)

ဒါက နှစ်ရာနဲ့ချီပြီး ကျော်ကြားလာတဲ့ အမှတ်တံဆိပ် တစ်ခုပါ။

တကယ်လို့ မင်းကုမ္ပဏီအပေါက်ဝမှာ ပိတ်ဆို့ပြီး နေ့တိုင်း လူပေါင်းများစွာ ဆန္ဒပြနေရင် မင်းက

သူတို့အတွက် အချိန်နှင့် လုပ်အားခ မပေးရဘူးဆိုရင်တောင် မင်းရဲ့ဂုဏ်သတင်းက ဘယ်လောက်ပဲ ကောင်းမွန်နေပါစေ နောက်ဆုံးကျရင် ညှိုးနွမ်းသွားလိမ့်မည်။

အမှတ်တံဆိပ်တစ်ခုဆိုတာ နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်ပြီး တည်ဆောက်ရတဲ့ အရာတစ်ခု ဖြစ်သည်။ ဒါပေမယ့် အမှတ်တံဆိပ် ထိခိုက်သွားဖို့အတွက်ကတော့ ရက်ပိုင်းလောက်သာ အချိန်ယူရလိမ့်မည်။

"ဆရာ၊ ပြင်ဆင်ပြီးသွားပြီ"

လီဇီချီက ရောက်လာပြီး ဆွန်းမိုအား အသံတိုးတိုးလေးနဲ့ အသိပေးလိုက်သည်။

"အင်း"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။ ထို့နောက် ဘေးနားတွင် ရပ်နေသော လုံခြုံရေး အစောင့်များကို လှမ်းကြည့်လိုက်သည်။

"မင်းတို့ ဘာကြောင့် ကြည့်နေတာလဲ။ သူတို့ကို မြန်မြန် မောင်းထုတ်လိုက်"

"အမ်"

လုံခြုံရေးခေါင်းဆောင် အံ့အောသွားသည်။

“သူတို့ကို မောင်းထုတ်ရမှာလား”

“ဒါပေါ့။ ကျောင်းက မင်းကို လစာပေးထားတယ်လေ။ ဒရမ်မာလုပ်တာကို လက်ပိုက်ကြည့်ဖို့ လစာပေးထားတယ် ထင်နေတာလား”

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး ပြန်ပြောသည်။ ဒီလုံခြုံရေး အစောင့်တွေကို စိတ်ထဲ အဆင်မပြေနေတာ ကြာနေပြီ။ ဘာမှမပြောရင် ဘာမှ မလုပ်ကြပါ။ သူတို့သာ

တကယ်ကျွမ်းကျင်ရင် လယ်သမားတွေကို ကျောင်းထဲတောင် ဝင်ခွင့်ပေးခဲ့သင့်ပါ။

"ငါတို့က သူတို့ကို ဘယ်လိုမောင်းထုတ်မှာလဲ"

လုံခြုံရေးခေါင်းဆောင်က အရမ်းအံ့အောသင့်တဲ့ မျက်နှာနဲ့ ကြည့်နေသည်။ (သူတို့ကို ရိုက်နှက်လို့လည်း မရဘူးလေ။ ဒီလူတွေက လယ်သမားတွေပါ။ သူတို့ကို အကြမ်းဖက်လိုက်လျှင် ကျောင်းရဲ့ ဂုဏ်သိက္ခာကို သေချာပေါက် ထိခိုက်သွားလိမ့်မယ်။)

"အမှိုက်"

ဆွန်းမို အပြစ်တင်လိုက်သည်။ သူက လုံခြုံရေးအားလုံးကို လှည့်ကြည့်လိုက်သည်။

“အားလုံးသေသေချာချာ နားထောင်။ ချက်ခြင်းအရေးယူပြီး ဒီလူတွေကို မောင်းထုတ်လိုက်ပါ။ တစ်ယောက်ယောက်က ဆန့်ကျင်ရင် သနားညှာတာမှု မပြပါနဲ့။ နောက်ပြန်မဆုတ်ပါနဲ့”

လုံခြုံရေးအစောင့်များသည် ဒူးထောက်နေတဲ့ လယ်သမားများကို မကြည့်ခင် အချင်းချင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြည့်ခြင်း ဖလှယ်လိုက်ကြသည်။ သူတို့ လုံးဝ မလှုပ်ကြပါ။

အနီးအနားမှာရှိတဲ့ ဆရာများနှင့် ကျောင်းသားများလည်း အံ့အောသင့်နေကြသည်။ ခဏနေတော့ လေထုက လေးလံလာသည်။ ဆွန်းမိုရဲ့ စကားကို ကြားလိုက်လျှင် လူအိုကြီးယူတို့ အုပ်စု လန့်ဖြတ်သွားသည်။ ဒါပေမယ့် လုံခြုံရေးအစောင့်များ မလှုပ်ရှားကြတာကို မြင်လိုက်လျှင် ချက်ခြင်း မောက်မာသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ငါတို့တွေက အားနည်းတဲ့ လယ်သမားတွေ။ ငါတို့ကို ဘယ်သူက ရိုက်ရဲလဲ)

"ဆရာဆွန်း၊ မင်းစိတ်ဓါတ်က ယုတ်မာတယ်။ ဈေးတက်တာကို သဘောမတူရင် မတူဘူးလို့ ပြောလို့ရတယ်။ ဘာဖြစ်လို့ လုံခြုံရေးအစောင့်တွေကို အရေးယူ ခိုင်းတာလဲ။ ကံကောင်းထောက်မစွာ သူတို့က အသိစိတ်ရှိပြီး အပြစ်မဲ့သူတွေကို အနိုင်မကျင့်လို့ပေါ့"

လူအိုကြီးယူက သူ့ကိုယ်သူ ညည်းငြူပြီး ဆူညံစွာ စောဒကတက် အော်ဟစ်နေသည်။

"ပေါက်ကရ စကားတွေ တော်လိုက်တော့။ ဒီထဲက အများစုက လယ်သမားတွေ မဟုတ်ဘူး။ သူတို့အားလုံး ကုန်သွယ်ရေးအဖွဲ့ကနေ ပိုက်ဆံလက်ခံပြီး ဒီကို ပြဿနာ လာရှာတဲ့ အချောင်သမားတွေ"

ဆွန်းမိုက အော်ဟစ်လိုက်သည်။

"ပေါက်ကရ"

လူအိုကြီးယူသည် ဒေါသကြောင့် သေလုနီးပါး ဖြစ်သွားသည်။ ဒီလောက် ပေါ့ပေါ့ဆဆ ပြောတတ်တဲ့ ဆရာကို ပထမဆုံး ဆုံဖူးခြင်း ဖြစ်သည်။

ဒီလူများကြားတွင် အချောင်သမားများကို ဌားထားတာကလည်း အမှန်ပါ။ သို့သော် အများစုက ရိုးရှုရှာသားတွေ ဖြစ်သည်။

ရွာလူကြီးတစ်ယောက်အနေနဲ့ လူအိုကြီးယူသည် ဒီလိုလုပ်ဖို့ အခွင့်အာဏာရှိသည်။

“ငါ့မှာ သက်သေရှိတယ်။ စခန်းမှူးဝူ၊ မင်းကိုပဲ ဒုက္ခပေးရတော့မယ်”

ဆွန်းမိုက အော်ဟစ်လိုက်သည်။

လူတိုင်းလှည့်ကြည့်လိုက်လျှင် စခန်းမှူးဝူက စစ်သားများကို ဦးဆောင်ပြီး ဝင်လာတာ

မြင်လိုက်ရသည်။ သူတို့သည် လူအုပ်ကြီးထဲက တွန်းထွက်လာကြသည်။

“ဆိုးမိုက်တဲ့ နိုင်ငံသားတွေ၊ ဘာဖြစ်လို့ နောက်တစ်ကြိမ် စုဝေးပြီး ဒီမှာ ပြဿနာရှာနေရတာလဲ။ မင်းတို့အားလုံး ထောင်ကျချင်နေပြီလား”

စခန်းမှူဂူက ဒေါသတကြီး အော်ဟစ်လိုက်သည်။

“အမ်၊ ဒီလူတွေက တကယ်ပဲ အချောင်သမားတွေလား”

အန်ရှီဝေ အံ့အောသွားသည်။ (ဒါပေမယ့် သူတို့က အဲဒီလို မထင်ရပါဘူး)

"ဘောပဲ။ ဆွန်းမို မင်းမှာ သိက္ခာ မရှိဘူးလား"

ကျန်ဟန်ဖူသည် အန်ရှီဝေလို ငနုံတစ်ယောက်မဟုတ်ပါ။ သူက စခန်းမှူးကို တစ်ချက်ကြည့်လိုက်ရုံနဲ့ ဆွန်းမိုနှင့်အတူတူ တွဲလုပ်နေမှန်း သိလိုက်သည်။

လူတွေက အများကြီးပါ။ စခန်မှူးနဲ့ ရင်းနီးတဲ့လူတွေလည်း ပါနေသည်။ ဒါလည်း

အရေးမကြီးပါ။ သူတို့ပြဿနာ ရှာနေကြသဖြင့် အချောင်သမားလို့ ပြောလည်း မမှားပါ။

ဆွန်းမို မှားနေရင်တောင် စခန်းမှူးဝူသည် ဖြောင့်မတ်သော မျက်နှာထားနှင့် 'တရားမျှတမှု' လုပ်လိုက်လို့ ရသည်။ အာဏာပိုင်များရဲ့ ယုံကြည်ကိုးစားမှုက အရမ်းအားကောင်းသည်။ စစ်သားတွေ ပေါ်လာသဖြင့် ကျောင်းသားများကလည်း ဆွန်းမိုကို ယုံကြည်သွားကြသည်။ ပြီးတော့ ဆွန်းမိုရဲ့ ဆရာသမား ဂုဏ်ကလည်း အမြဲတမ်း

ကောင်းမွန်နေလိမ့်မည်။ ဒါကြောင့် ကျောင်းသားများသည် အခုတော့ လယ်သမားအတုများအား မုန်းတီးလာကြသည်။

"အကြံသမားတွေ မောင်းထုတ်ပစ်ကြ"

"ဗဟိုပြည်နယ်အကယ်ဒမီကို ဂုတ်သွေးလာစုပ်တဲ့ ကောင်တွေ မင်းတို့ကောင်းတွေ သနားဖို့ကောင်းအောင် သေရမယ်"

"ဒီလိုကောက်ကျစ်တဲ့နည်းနဲ့ ငွေရှာတဲ့ကောင်တွေ မင်းတို့လိပ်ပြာ မင်းတို့ လုံရဲ့လား"

လူအုပ်ကြီးထဲက ကျောင်းသားတချို့သည် ဒေါသတကြီး အော်ဟစ်ပြီး ပစ္စည်းတွေနဲ့ ပစ်ပေါက်လာကြသည်။

လူအိုကြီးယူ စကားပြောမလို့ လုပ်လိုက်တဲ့ အချိန်တွင် အနံ့အသက်ဆိုးဝါးတဲ့ ဖိနိပ်တစ်ရံက မျက်နှာကို လာမှန်သည်။

ဖောင်း

လူအိုကြီးယူ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

“လူယုတ်မာ”

“အကြံ့သမားတွေ”

“လူယုတ်မာတွေ”

ကျောင်းသားတွေ တစုတစည်းထဲ အော်ဟစ်နေကြသည်။ ဒါကို ကြားတော့ အန်ရှီဝေ အရမ်းတုန်လှုပ်သွားသည်။ သူမအနစ်နာခံရကျိုး နပ်သွားပြီ။ ကျောင်းသားများသည် သူမကို နားလည်လာပြီး ကျောင်းကိုကာကွယ်ချင်စိတ်ရှိလာပြီ။

ဆွ္ဂန်းမိုက အန်ရှီဝေကို တစ်ချက်ကြည့်လိုက်သည်။ မင်းတော့ အတွေးလွန်နေပြီလို့ တကယ် ပြောလိုက်ချင်သည်။

ဆွန်းမိုက လူအုပ်ကြီးရဲ့ ခံစားချက်ကို စိတ်ဆွပေးလိုက်လို့ ကျောင်းသားတွေ ဒီလုပ်နေကြတာပါ။

“ဆရာက အရမ်းအထင်ကြီးဖို့ ကောင်းတယ်”

ထန်ထန်ယုထန်နှင့် လီဇီချီတို့သည် ကျောင်းသားတွေက လယ်သမားတွေကို သနားခြင်းမှနေ ကြားနေ၊ ကြားနေမှနေ

ရန်လိုခြင်းအဖြစ်သို့ သူတို့ရဲ့ ရုပ်တည်ချက် ပြောင်းလဲသွားပုံကို ကိုယ်တိုင်ကိုယ်ကျ မြင်ခဲ့ရသည်။ သူတို့ မနေနိုင်ဘဲ သက်ပြင်းချပြီး ချီးကျူးလိုက်မိသည်။

ဆရာရဲ့ လူတွေ၏ စိတ်နှလုံးကို ထိန်းချုပ်တဲ့ နည်းလမ်းက အရမ်းကြောက်ဖို့ကောင်းသည်။

သူတို့ဆရာသည် သူရဲ့ကျော်ကြားမှုကို အသုံးချခဲ့သည်။ လူအိုကြီးယူရဲ့ အပြုအမူကြောင့် သူ့ကို ကောက်ကျစ်ပြီး လောဘကြီးတဲ့လူလို့ လူတိုင်း မြင်စေခဲ့သည်။ ပြီးတော့ လယ်သမားတွေကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချောင်သမားတွေအဖြစ် စစ်သားတွေကို သုံးပြီး ပုံဖော်ခဲ့သည်။ နောက်ဆုံးတော့ ကျောင်းသားတွေရဲ့ စိတ်ကိုနှိုးဆွပြီး ရုန်းရင်းဆန်ခတ် ဖြစ်စေခဲ့သည်။

နေရာတစ်ခုလုံး ပရမ်းပတာ ဖြစ်နေသည်။

ကျောင်းသားတွေက အော်ဟစ်ပြီး လယ်သမားတွေအား ကျောင်းထဲကနေ မောင်းထုတ်နေကြသည်။ သူတို့ အရှိန်အဟုန်ပြင်းပြင်းနဲ့ အစွမ်းထက်တဲ့ အငွေ့အသက်ကို ထုတ်ဖော်ထားသည်။

သို့သော်လည်း လယ်သမားတွေက ဆုတ်ခွာဖို့ ဆန္ဒမရှိသဖြင့် ချက်ခြင်းရန်ပွဲကြီး ဖြစ်ပွားလာသည်။

"မင်းတို့ကောင်တွေက ဗဟိုပြည်နယ်အကယ်ဒမီက လူတွေကို ရိုက်ရဲတာလား။ ဒီကမ္ဘာမှာ ဥပဒေ မရှိတော့ဘူး ထင်နေတာလား"

"သူတို့က ကျောင်းသားတွေပဲ ရှိသေးတယ်။ ကျောင်းသားတွေကို မရိုက်နဲ့"

"မလုပ်နဲ့၊ မင်းတို့တွေ လုံးဝ မလုပ်နဲ့"

ကျောင်းသားများ၏ ငယ်ရွယ်သော အသံက ဆူညံစွာ ထွက်ပေါ်နေသည်။ လူတွေက ကြားလိုက်လျှင် ဗဟိုပြည်နယ် အကယ်ဒမီက အားနည်းလိုက်တာလို့ ထင်ကြလိမ့်မည်။ (ပြီးတော့ မင်းတို့က ကျောင်းသားတွေကိုတောင် ရိုက်နှက်နေတာလား။ ဒါတော့ အရမ်းများသွားပြီ)

ကျောင်းသားတွေက ဒီလိုအော်ဟစ်နေကြပေမယ့် တကယ်ရန်ဖြစ်တဲ့အခါ ဆွန်းမိုက ဝင်ဦးစီးနေသဖြင့် သူတို့ဘက်က အားမနည်းခဲ့ပါ။

မြေခွေးအိုကြီး ရန်ကလည်း သူ့လက်အောက်ငယ်သားတွေကို ဦးဆောင်ပြီး လယ်သမားတွေနဲ့ ထိပ်တိုက်တွေ့နေသည်။

အခြားသူများက လယ်သမားတွေနဲ့ ရောနှောထားတဲ့ အချောင်သမားတွေကို ကွဲကွဲပြားပြား မသိပေမယ့် သတင်းရောင်းစားတဲ့ မြေခွေးအိုကြီးရန်အတွက်ကတော့ ကွဲပြားတဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ သူတို့ မျက်နှာတွေကို မြင်လိုက်တာနဲ့ သိသည်။ ဒါကြောင့်လည်း တွေဝေခြင်း မရှိဘဲ

တန်းရိုက်နေသည်။ ဒီလူတွေရဲ့ တာဝန်က ကိစ္စကြီးထွားလာအောင်လှုံ့ဆော်ဖို့ ဖြစ်သည်။ ဒါပေမယ့် သူတို့ ဘာမှမလုပ်ရသေးခင် မြေခွေးအိုကြီးရန်ရဲ့ လူတွေက စတင်ပြီး တိုက်ခိုက်ထားလိုက်သည်။

စစ်သားတွေကလည်း လူတွေကို ဖမ်းနေသည်။

ထုံးစံအတိုင်း လယ်သမား အစစ်တွေကိုတော့ မဖမ်းပါ။ အချောင်သမားတွေကိုတော့ အတားအဆီးမရှိ ဖမ်းနေသည်။ အခြားတစ်ဖက်မှာလည်း အထက်လူကြီးက ဆွန်းမိုနဲ့

အပြည့်အဝ ပူးပေါင်းလုပ်ဆောင်ဖို့ တာဝန်ပေးထားသည်။

စစ်သားများသည် သူတို့အမေကို စောင့်ပေးတဲ့အချိန်မှာတောင် ဒီလောက် တက်တက်ကြွကြွ မရှိပါ။

“မြန်မြန်ကြည့်စမ်း၊ သူတို့ ရန်ဖြစ်နေကြပြီ”

ဝေဇီယူက ကျယ်လောင်စွာ အော်ရယ်လိုက်သည်။

"သူတို့ ပိုပြီးပြင်းပြင်းထန်ထန် တိုက်ခိုက်သင့်တယ်။ ဒီလိုအချိုးမပြေမှ သူတော်စင်ဂိတ်က အရေးယူလို့ ကောင်းမှာ"

မာချမ်က အေးစက်စွာ ရယ်မောပြီး မှတ်ချက်ပေးလိုက်သည်။ ဒါပေမယ့် ခဏလောက်နေတော့ သုံးယောက်စလုံး မျက်မှောင်ကြုတ်သွားသည်။ တစ်ခုခု မှားယွင်းနေတယ်လို့ ဘာကြောင့် ခံစားနေရတာလဲ။ လူအိုကြီးယူတို့ အုပ်စု ဘာဖြစ်လို့ ဒီလောက်ဆိုးဆိုးဝါးဝါး အရိုက်ခံနေရတာလဲ။

တစ်ဖက်လူက ကြိုတင်ပြင်ဆင်ထားမှန်း သိသာနေသည်။

“ကျောင်းအုပ်ကြီးအန်၊ တကယ်တော့ မင်းက ဒီလိုလူလား”

လူအိုကြီးယူရဲ့ အမူအရာ ပြာယာခတ်နေသည်။ သူက အရှေ့ကိုပြေးပြီး အန်ရှီဝေအား တောင်ဝှေးနဲ့ ရိုက်လိုက်သည်။

ဖောင့်

ဆွန်းမိုက တောင်ဝှေးကို လှမ်းဖမ်းလိုက်သည်။

"ဆရာ၊ မင်းက မြတ်ဆရာတစ်ယောက်လေ။ ငါ့လို ပျော့ညံ့တဲ့ အဖိုးကြီးကို ရိုက်မှာလား"

လူအိုကြီးယူက တံတွေးတစ်ချက်ထွေးလိုက်သည်။ ထို့နောက် ဆွန်းမိုဆီလျှောက်သွားပြီး ရင်ဘက်ကို ဆောင့်ကန်သည်။

"လာလေ ငါ့ကိုရိုက်စမ်းပါ။ ငါ့မျက်နှာကို ရိုက်စမ်းပါ"

ဆွန်းမိုက သူ့ကို မထိဘဲ နောက်ဆုတ်သွားတာ မြင်လိုက်လျှင် ပိုကျေနပ်သွားပြီး ခြေလှမ်းအနည်းငယ်တောင်

လျှောက်သွားလိုက်သေးသည်။ တောင်ဝှေးကိုင်ထားတာကို ရုတ်တရုတ် လွှတ်လိုက်ပြီး ဆွန်းမိုမျက်နှာကို လက်သီးနဲ့ ထိုးလိုက်သည်။

"ဟွန့်၊ ဒီဖေဖေက မင်းကို ထိရင်တောင်။ မင်းက ငါ့ကို ဘာမှ ပြန်လုပ်လို့ မရဘူး"

လူအိုကြီးယူက အေးစက်စွာ ရယ်မောလိုက်သည်။ ဒါပေမယ့် သူ့လက်သီးက ဆွန်းမိုမျက်နှာဆီ မရောက်ခင် သူ့မျက်နှာက နာကျင်မှုကို ခံစားလိုက်ရသည်။

ဆွန်းမိုက လူအိုကြီး ယူကို ပါးရိုက်ချလိုက်သည်။ အရမ်းပြင်းထန်လွန်းသဖြင့် လူအိုကြီးယူ မျက်နှာတစ်ခြမ်း ထုံကျင်သွားသည်။

ဖောင်း

"မင်း......မင်းငါ့ကို ရိုက်တာလား"

လူအိုကြီးယူ ထိတ်လန့်သွားသည်။

"ဆွန်းမို"

အန်ရှီဝေလည်း လန့်ဖြန့်သွားပြီး ဆွန်းမိုလက်ကို ဖမ်းဆွဲလိုက်သည်။ ဒီလူကိုထိရင် ပြဿနာ အကြီးကြီးတက်သွားလိမ့်မည်။

အနီးအနားက ဆရာများလည်း အရမ်းအံ့အောသွားကြသည်။ သူတို့၏ အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်အရ ဆရာတစ်ယောက်က သာမန်လူတစ်ယောက်ကို ရိုက်လိုက်ပါက တစ်ဖက်လူက တိုင်ကြားလျှင် သူတော်စင်ဂိတ်က ကြားဝင်ပြီး စုံစမ်းလာလိမ့်မည်။

"ဒါအမှန်ပဲ"

ဆွန်းမိုက ပုခုံးတွန့်ပြီး နောက်တစ်ချက် ထပ်ရိုက်လိုက်သည်။

ဖောင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြင်းထန်တဲ့ ပါးရိုက်သံ ထွက်ပေါ်လာသည်။

လူအိုကြီးယူ၏ မျက်နှာပေါ်တွင် လက်ဝါးရာ ထင်းနေသည်။

"ဆွန်းမို......မင်းကို သူတော်စင်ဂိတ်နဲ့တိုင်မယ်"

လူအိုကြီးယူသည် အရမ်းဒေါသထွက်ပြီး မျက်နှာကြီး နီနေသည်။

"ဘယ်လိုသွားရမလဲ သိလား။ မသိရင် ငါလမ်းညွှန်ပေးလိုက်အုံးမယ်"

ဆွန်းမို ပြောရင်းဆိုရင်း ပါးထပ်ရိုက်လိုက်သည်။

ဖောင်း

ဒီတစ်ကြိမ်တွင် ပိုအားများသဖြင့် လူအိုကြီး ယူသည် သွားတွေ နည်းသွားသလို ခံစားလိုက်ရသည်။

"ဆွန်းမို ၊ မင်းရှုးသွားပြီလား" ကျန်ဟန်ဖူ ဒေါသတကြီးအော်ဟစ်သည်။

"လယ်သမားတစ်ယောက်ကို ရိုက်တဲ့ ဆရာတစ်ယောက်ကြောင့် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းသွားလိမ့်မယ်"

"လယ်သမားလား။ မင်းမျက်စိကန်းနေလား။ ဒီကောင်က အချောင်သမားပဲ"

လယ်သမားသာ ဖြစ်နေလျှင် ဆွန်းမိုသည် ထုံးစံအတိုင်း မလုပ်ရဲပါ။ သို့သော် လူအိုကြီးယူလား ပျော်ရွှင်စွာ ပြုံးပြီး ဆက်ရိုက်နေလိုက်သည်။ သူက လူအိုကြီးယူရဲ့ အဖော်တွေကို ကြည့်ပြီး

"ငါ့ကို တိုင်ချင်တာလား။ သဘက်ခါအထိ အသက်ရှင်မလား ဆိုတာ ကြည့်ရသေးတာပေါ့"

အရင်က ဒေါသထွက်နေတဲ့ လူအိုကြီးယူသည် ဆွန်းမိုရဲ့ အမူအရာကို မြင်လိုက်လျှင် ရုတ်တရက်

နှလုံးသားတစ်ခုလုံး အေးစိမ့်သွားကာ အနည်းငယ် ကြောက်လာသည်။

"လူအိုကြီးယူ ဟုတ်တယ်မှတ်လား။ ဒီကမ္ဘာပေါ်က မင်းရဲ့ နောက်ဆုံးနေ့ရက်တွေ အတွက် ပျော်နေသင့်တယ်။ မင်းမိသားစု တစ်ခုလုံးကို သတ်ပစ်ဖို့အတွက် ငါအောမခံတယ်"

ဆွန်းမိုက လူအိုကြီးယူအား ပုခုံးပုတ်ပြီး ပြောလိုက်သည်။

"စခန်းမှူး ကျေးဇူးပြုပြီး သူ့ကို ဖမ်းပေးပါအုံး"

"ဆရာ၊ မင်း စောင့်ကြည့်နေလိုက်"

ဟန်ဆောင် အရေခွံတွေ အားလုံးကွာကျသွားပြီ ဖြစ်သဖြင့် လူအိုကြီးယူကလည်း ဘာမှ ဟန်ဆောင်မနေတော့ပါ။

"ငါ့နောက်ကွယ်က အရေးကြီးတဲ့ ပုဂ္ဂိုလ်ကို မင်းစော်ကားဖို့ မဖြစ်နိုင်ပါဘူး"

"အခုလောလောဆယ်တော့ မင်းနောက်က အရေးကြီးတဲ့ ပုဂ္ဂိုလ်ကို မေ့ထားလိုက်။ ဘာပဲဖြစ်ဖြစ် မင်းကတော့ သေချာပေါက် သေရလိမ့်မယ်"

ဆွန်းမိုက အပြုံးကလေးနဲ့ အာမခံလိုက်သည်။

"အမ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူအိုကြီးယူသည် ရက်စက်ကြမ်းကြုတ်တဲ့ စကားတစ်ခုခု ပြောလိုက်ချင်ပေမယ့် ဆွန်းမိုရဲ့ စကားကို ကြားလိုက်လျှင် ခေါင်းတစ်ခုလုံး ကျိန်းလာသည်။ (ဘုရား..ဘုရား။ ငါတော့ လူသတ်နတ်ဘုရားကို စော်ကားမိသွားပြီလား)

(မဟုတ်ပါဘူး။ သူက ဆရာတစ်ယောက်ပါ။ ဘယ်လိုလုပ်ပြီး မဆင်မခြင် လူသတ်မှာလဲ)

အပြည့်အဝ ပြင်ဆင်ထားတဲ့ မြေခွေးအိုကြီးရန်ရဲ့ လူများနဲ့ ရင်ဆိုင်ရတဲ့ အခါ အချောင် သမားများသည် ဘာမှမတတ်နိုင်ဘဲ ချေမှုန်း ခံလိုက်ရသည်။

"အားလုံးပဲ လူစုခွဲလိုက်တော့။ ဒီလိုမှမဟုတ်ရင် မင်းတို့အားလုံး အဖမ်းခံရလိမ့်မယ်"

စခန်းမှူး ဝူက ခြိမ်းခြောက်လိုက်သည်။ သူ့လူတွေက ဒီအရေးအခင်းရဲ့ ခေါင်းဆောင် ဆယ်ယောက်လောက်ကို သံကြိုးခတ်ပြီး ဖမ်းဆီးထားသည်။ ဒီလိုလုပ်ပြီး ကျန်တဲ့ လယ်သမားများကို ဖိနှိပ်ထားခဲ့သည် ခေါင်းဆောင်သူ မရှိတော့သဖြင့် လယ်သမားများလည်း ဘာလုပ်လို့ ဘာကိုင်ရမလဲ မသိ ဖြစ်သွားကြသည်။

“လူတိုင်း ပြန်သင့်ပြီ။ နောက်ငါးရက်လောက်နေရင် ဗဟိုပြည်နယ် အကယ်ဒမီက မင်းတို့အားလုံးကို အကြောင်းပြန်ပေးမယ်”

ဆွန်းမိုက စိတ်မကောင်းစွာ ပြောလိုက်သော်လည်း အသုံးမဝင်ပါ။ အားလုံးက အန်ရှီဝေကို ကြည့်နေကြသည်။

“မင်းတို့လည်း အသုံးချ ခံလိုက်ရတာပဲ။ ပြန်သွားကြပါ။ နောက်ငါးရက်လောက်နေရင် မင်းတို့ကို အဖြေပေးမယ်”

အန်ရှီဝေက သူတို့ကို နှစ်သိမ့်လိုက်သည်။

"ကျောင်းအုပ်ကြီး အန်၊ ငါတို့ မင်းကို ယုံတယ်"

လယ်သမားများ မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်တဲ့ အမူအရာ ဖြစ်နေသည်။ ကံကောင်းထောက်မစွာ အန်ရှီဝေက သူမရဲ့ အရမ်းကောင်းမွန်တဲ့ ဂုဏ်သတင်းကို ထိန်းသိမ်းထားသေးသည်။ ဒါကြောင့်လည်း သူတို့က သူမအား ယာယီ ယုံကြည် လိုက်ကြသည်။

သူတို့ ထွက်သွားဖို့ ပြင်းဆန်ရင်လည်း စစ်သားတွေ ဖမ်းဆီးတာ ခံရမည်။ သို့သော်လည်း

ဒီကိစ္စက အဆုံးမသတ်သေးကြောင်းကို လူတိုင်းသိသည်။

"ဆွန်းမို"

လယ်သမားတွေက လူစုခွဲနေတာမြင်လိုက်လျှင် အန်ရှီဝေ၏ အမူအရာ လေးနက်လာသည်။

"သူတော်စင်ဂိတ်က စုံစမ်းလာရင် ငါက ရိုက်လိုက်တယ်လို့ ပြောလိုက်"

"ငါက လုပ်ရဲရင် ခံရဲတယ်။ မင်းစိတ်ပူစရာ မလိုပါဘူး"

ဆွန်းမိုသည် ဒီကိစ္စကို ခေါင်းထဲတောင် မထည့်ထားပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စက သုံးရက်ကြာရင် အဆုံးသတ်သွားလိမ့်မည်။

“ဆရာဆွန်းက ကျောင်းကို အခက်အခဲက လွတ်မြောက်အောင် ကူညီနေမှန်းသိတယ်။ ဒါပေမယ့် လယ်သမားတွေကို ရိုက်တာတော့ မှားတယ်”

ကျန်ဟန်ဖူက အပြစ်တင်သည်။

“မင်းရဲ့ နံစော်နေတဲ့ ပါးစပ်ကို ပိတ်ထားလို့ မရဘူးလား”

ဆွန်းမိုက ကျန်ဟန်ဖူနဲ့ ဒီကိစ္စကို လူမြင်ကွင်းမှာ အငြင်းမပွားပါ။ (ကျန်ဟန်ဖူက သူ့ဂုဏ်သိက္ခာကို ဖျက်ဆီးချင်တာလား။ လုံးဝ အခွင့်အရေး မရှိဘူး)

"ဆွန်းမို"

ကျန်ဟန်ဖူသည် ဒေါသကြောင့် မျက်နှာနီရဲနေသော်လည်း ဆွန်းမိုက အဖက်မလုပ်ပါ။ နောက်ဆုံးတော့ အန်ရှီဝေကိုသာ ခံစားချက် ထုတ်ပြလိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းရွေးထားတဲ့ ဆရာကို ကြည့်လိုက်ပါအုံး။ သူက ဘယ်သူကိုမှ အလေးမထားဘူး"

"ဒီဆွန်းမိုက တကယ် ရက်စက်လွန်းတယ်"

မာချမ်၏ အမူအရာ လေးလံလာသည်။ ဆွန်းမိုက အာဏာပိုင်များ၏ အာဏာကို အသုံးပြုရုံသာမက ခြေခွေအိုကြီး ရန်တို့လည်း ပါဝင်ခဲ့သည်။ မာချမ်သည် ဘယ်သူက ခြေခွေအိုကြီးရန်နှင့် သူ့လူများဆိုတာ မသိသော်လည်း သူတို့ရဲ့ အပြုအမူကြောင့် လူမိုက်များဆိုတာ သိနေသည်။

“ဟွန့်၊ အဏ္ဏာပိုင်နဲ့ အဆက်အသွယ်ရှိနေတာ သူတစ်ယောက်တည်းပဲ ထင်နေတာလား”

ဝေဇီယူက လှောင်ပြောင်လိုက်သည်။ ဒီတစ်ခါက် အစီအစဉ်ကို အာဏာကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက် လှုံ့ဆော်ခဲ့ခြင်း ဖြစ်သည်။ ဒါကို သတင်းပို့လိုက်တာနဲ့ လူအိုကြီးယူကို ပြန်လွှတ်ပေးလိမ့်မည်။

“ပြီးတော့ ငါတို့ ဒီတစ်ကြိမ်မှာ မအောင်မြင်သေးဘူး။ ငါတို့အလုပ် ကောင်းကောင်း မလုပ်နိုင်ရင် မင်းသားက အထင်သေးသွားလိမ့်မယ်”

ကျန်ဇီဟွာ စိုးရိမ်ပူပန်နေသည်။ ဆွန်းမိုက ဒီလောက် ကိုင်တွယ်ရခက်မယ်လို့ မထင်ထားခဲ့ပါ။

“ငါတို့ အခုတော့ သူ့ကို ကျေနပ်ခွင့် ပေးထားလိုက်မယ်။ နောက်တစ်ကြိမ်ကျမှ ကျိန်းသေပေါက် သေအောင် လုပ်ရမယ်”

ထို့နောက် မာချမ် ထွက်ခွာသွားသည်။ သို့သော်လည်း ခြေလှမ်း ဆယ်လှမ်းလောက် လျှောက်ပြီးတဲ့အချိန်မှာ ဆွန်းမိုက ရုတ်တရုတ်ပေါ်လာသည်။

"မင်းတို့သုံးယောက်နဲ့ငါ နောက်တစ်ကြိမ် တွေ့ကြပြန်ပြီ"

"မင်းဘာလုပ်ချင်လို့လဲ"

ကျန်ဇီဟွာ ထိတ်လန့်နေသည်။ သို့သော့်လည်း ဆွန်းမိုတစ်ယောက်က တစ်ယောက်တည်း ဖြစ်နေပြီး စစ်သားများမပါလာတာကို မြင်လိုက်မှ စိတ်အေးသွားသည်။

"ဘာမှတော့ မဟုတ်ပါဘူး။ မင်းတို့အားလုံး အခုငြိမ်းချမ်းရေး လုပ်ချင်ရင်တောင် ငါက

သဘောမတူတဲ့ အကြောင်း လာပြောတာ။ မင်းတို့ မျိုးနွယ်စုတစ်ခုလုံးကို ငါသတ်ပစ်မယ်”

ဆွန်းမို နှုတ်ခမ်းကွေးသွားသည်။ ငွေရှာရန်အတွက် ဒီကုန်သည် သုံးယောက်သည် ထမင်းရေ စည်း မရှိပါ။ ဒီလိုကောင်တွေ သေကိုသေရမည်။

“ငြိမ်းချမ်းရေးလား။ မင်းအိပ်မက် မက်နေတာလား”

မာချမ်က လှောင်ပြောင်လိုက်သည်။

“ငါတို့ မျိုးနွယ်စု တစ်ခုလုံးကို ရှင်းထုတ်မှာလား။ မင်းကိုယ်မင်း ဘယ်သူ ထင်နေတာလဲ။ အန်ရှီဝေတောင် ဒီလို မကြုံးဝါးရဲဘူး”

ဝေဇီယူ အေးစက်စွာ ရယ်မောလိုက်သည်။

“ဆွန်းမို။ မင်းခဏစောင့်နေလိုက်။ ဗဟိုပြည်နယ်အကယ်ဒမီက အဓိက ပုဂ္ဂိုလ်တစ်ယောက်ကို စော်ကားထားတယ်။ ကျောင်းပျက်ဆီးတာကလွဲရင် အခြားနည်းလမ်း မရှိဘူး”

ကျန်ဇီဟွာသည် ကျောင်း၏ အနာဂတ် ကံဆိုးမိုးမှောင် ကျမှုအတွက် ဝမ်းသာနေသည်။

မာချမ်နှင့် နောက်ထပ် နှစ်ယောက်လည်း ပြန်သွားကြသည်။ သူတို့မှာ မသုံးရသေးတဲ့ နည်းလမ်းတွေ အများကြီးရှိလို့ မစိုးရိမ်ပါ။

မာချမ် ပြောခဲ့သည့်အတိုင်း လူအိုကြီးယူသည် ထောင်ကျပြီး ခဏအကြာတွင် ပြန်လွတ်လာသည်။

အရင်က ထိတ်လန့်မှုနဲ့ ပြည့်နေတဲ့ လူအိုကြီးယူသည် ယုံကြည့်မှုအပြည့်နဲ့ မောက်မာလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မသေမျိုး အရက်သမားအင်းတွင် လူအိုကြီး ယူနဲ့ ကုန်သည်သုံးယောက်သည် ပူးပေါင်းကြံစည်မှု လုပ်နေကြသည်။

"အားလုံးပဲ အနားယူကြပါ။ နောက်တစ်ကြိမ်ကျရင် အန်ရှီဝေ ငါ့အရှေ့မှာ ကျိန်းသေပေါက် ဒူးထောက်လာစေရမယ်။ တကယ်လို့ ဈေးတိုးဖို့အတွက် သူမ သဘောမတူရင် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဂုဏ်သိက္ခာ ကျိန်းသေပေါက် ပျက်ဆီးစေရမယ်"

ထို့နောက် လူအိုကြီးယူသည် သူ့ခွက်ထဲက လက်ကျန် ဝိုင်ဖြူကို တစ်ခါတည်း ကုန်အောင် မော့သောက်လိုက်သည်။ သူက ရှီရှာရွာရဲ့ ရွာလူကြီးဖြစ်နေသဖြင့် ယုံကြည်မှု အားကောင်းနေသည်။ နောက်တစ်ခေါက်ကျရင် ရွားသားအားလုံးကို ခေါ်ပြီး ပြဿနာ ရှာခိုင်းရမည်။

(ဆွန်းမို၊ မင်းက ငါ့ကို ရိုက်ရဲတယ် ဟုတ်လား)

(ကောင်းပြီ။ မင်းကို မျက်နှာရောက်တဲ့အထိ ပေးရိုက်လိုက်မယ်။ မင်းက သူတို့ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရိုက်ရဲလားဆိုတာ စောင့်ကြည့်နေအုံးမယ်။ အိုဟုတ်ပြီ သူတော်စင်ဂိုတ်ကလူတွေကို အကြောင်းကြားပြီး ကြိုလာခိုင်းထားရမယ်။ ဆွန်းမိုတိုက်ခိုက်ရဲဖို့ပဲ လိုတယ်။ ဒါမှ တကယ် ဖိနှိပ်ဖို့ကောင်းမှာ။ မင်း ဆရာဆက်လုပ်မယ်ဆိုတဲ့ အကြောင်းကို တွေးနေစရာတောင် မလိုတော့ဘူး)

စာစဉ်(၁၉)

အခန်း(၂၇၃) - ဆွန်းမို၏ လက်စားချေမှု။

ဆွန်းမို၏ ခံယူချက်တွင် ယောကျ်ားကောင်းဆိုတာ လက်စားချေဖို့အတွက် နေ့မကူးသင့်ပါ။ မာချမ်နှင့် လူအိုကြီးယူ တို့ကို ပြောလိုက်သော ရက်အရည်အတွက်မှာ လိမ်လိုက်ခြင်း ဖြစ်သည်။

ဆွန်းမိုက နောက်ဆက်တွဲ ဖြစ်လာမယ့် ကိစ္စများတွင် အန်ရှီဝေအား ဆွဲမထည့်ချင်ပါ။ ဒါပေမယ့် သူမက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး ဖြစ်နေသဖြင့် အခြေအနေကို

အနည်းငယ် နားလည်ဖို့ လိုအပ်သည်။ ဒါကြောင့်လည်း ကျောင်းအုပ်ကြီး ရုံးခန်းသို့ တန်းသွားလိုက်သည်။

လီဇီချီနှင့် ထန်ထန်ယုထန်တို့လည်း နောက်က လိုက်သွားကြသည်။ ဆွန်းမိုက သူတို့ကို စောစောရင့်ကျက်လာစေဖို့ လူ့အဖွဲ့အစည်းရဲ့ ကောက်ကျစ်တဲ့ အမှောင်ဘက်ခြမ်းကို သိရအောင် ခေါ်လာခဲ့သည်။

“နောက်ထပ်ခြေလှမ်းက မာချမ်နဲ့ တခြားသူတွေ ပြဿနာ မရှာနိုင်အောင် ငါတို့ဘက်က စပြီး တိုက်ခိုက်ရမယ်”

ဆွန်းမိုက အစီအစဉ်ကို ရှင်းပြသည်။။

ဒီစကားကို ကြားလိုက်လျှင် အန်ရှီဝေ သည် အတွေးနက်သွားပြီး မျက်မှောင်ကြုတ်သွားသည်။

"ဆရာ၊ လယ်သမားတွေက ဘာဖြစ်လို့ ရွာလူကြီး ယူကို ယုံနေရတာလဲ"

လီဇီချီ နားမလည်နိုင် ဖြစ်နေသည်။ လယ်သမားတွေက အသုံးချ ခံနေရတယ်လို့ သူမ ခံစားမိသည်။

"သူတို့ ယုံချင်လို့ ယုံနေကြတာမဟုတ်ဘူး။ လူအိုကြီးယူကလွဲလျှင် ရွေးချယ်စရာ မရှိလို့"

ဆွန်းမိုက ပုခုံးတွန့်ရင်း ပြန်ပြောသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒါကတွေက အတွေ့အကြုံနဲ့ အသိဉာဏ် ကွာဟချက်ကြောင့်ပဲ။ ပိုက်ဆံ မလိုချင်တဲ့ လူရှိလို့လား။ ဈေးနှုန်းတိုးတဲ့ အကြောင်းကို လယ်သမားတွေ ကြားရင် သူတို့ သေချာပေါက် စိတ်လှုပ်ရှားသွားမှာပဲ။ ဒါပေမယ့် မင်းက သီးသန့် တွေ့ဆုံချင်တယ် ပြောရင်တော့ သူတို့ မလုပ်ရဲဘူး။ ပထမအချက်က သူတို့မှာ အရည်အချင်း မရှိဘူး။ ဒုတိယအချက်ကတော့ သူတို့ အလိမ်ခံရမှာ ကြောက်တယ်။ ဒါ့ကြောင့် လူအိုကြီးယူက ခေါင်းဆောင်လုပ်ဖို့ အခွင့်အရေး ရနေတာပေါ့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အရင်တုန်းကတော့ ဈေးနှုန်းအနည်းငယ် တိုးလာရင် သူတို့ရဲ့ ဝင်ငွေကလည်း တက်လာတယ်။ နည်းနည်းလေးဖြစ်နေရင်တောင် သူတို့ အရမ်းကျေနပ်ကြတယ်။ ဒါကြောင့် သူတို့နှလုံးသားထဲမှာ လူအိုကြီးယူက အရည်အချင်းရှိတဲ့ လူလို့ မြင်နေကြတယ်။ ဒါပေမယ့် သူတို့ရတဲ့အရာက လူအိုကြီးယူ ရတဲ့ ငွေရဲ့ အစွန်းအဖျားလေးတောင် မရှိဘူးဆိုတာ သူတို့ မသိကြဘူး။ အဓိက အမြတ်အစွန်းအများစုကို မာချမ်နဲ့ ကျန်တဲ့လူတွေက ရယူခဲ့ကြတယ်"

“အမှန်တိုင်း ပြောရရင် လူအိုကြီးယူရဲ့ လုပ်ဆောင်မှုက အရမ်းစိတ်ပျက်ဖို့ကောင်းတယ်။ လယ်သမားတွေ နစ်နာနေရင်တောင် ဗဟိုပြည်နယ် အကယ်ဒမီက သူတို့ကို ဝေဖန်ဖို့ နည်းလမ်း မရှိဘူး။ အားနည်းတဲ့ လူ့အဖွဲ့အစည်းနဲ့ ရင်ဆိုင်ရင် လူထု သဘောထားက ငါတို့ဘက်မှာ ရှိမှာ မဟုတ်ဘူး”

ဆွန်းမိုက ရှင်းပြသည်။

လီဇီချီ မျက်နှာတွင် လေးလေးနက်နက် စဉ်းစားတွေးခေါ်နေတဲ့ အမူအရာ ပေါ်လာသည်။

“ဒါဆို ဒီကိစ္စကို ကိုင်တွယ်ဖို့အတွက် ပြင်းပြင်းထန်ထန် အရေးယူရမှာပေါ့”

“ဒါအမှန်ပဲ။ လူအိုကြီးယူနဲ့ အခြားခေါင်းဆောင်တွေကို ဖယ်ရှားလိုက်ရင် လယ်သမားတွေ အလံဖြူထောင်ပြီး လက်နက်ချသွားလိမ့်မယ်"

ဆွန်းမို စေ့စေ့စပ်စပ် စဉ်းစားနေသည်။ လူသားတွေက သူတို့အတွက် အကျိုးမရှိရင် အိပ်ရာကနေတောင် စောစော မထတတ်ကြပါ။ အကျိုးအမြတ် မရှိဘဲလူအိုကြီးယူက သူတို့ကို ပြဿနာ လာရှာနေရင် ရူးနေလို့ပဲ ဖြစ်မည်။

အဲဒီ ခေါင်းဆောင်များသည် မာချမ်နှင့် အခြားသူများထံက လာဘ်ထိုးငွေများ ယူထားသဖြင့် ငြိမ်ချမ်းစွာ ဖြေရှင်းလို့ မရနိုင်ပါ။

“ ပြင်ပရန်ကို ကာကွယ်ဖို့အတွက် ပြည်တွင်း အခြေအနေကို အရင်တည်ငြိမ်အောင် ထိန်းသိမ်းရမယ်။ ကျောင်းအုပ်ကြီး၊ လုံခြုံရေးတွေကို ဆက်ပြီး မထားနိုင်တော့ဘူး”

ဆွန်းမိုသည် ထောက်ပံ့ရေးဌာနမှူးဖြစ်သော်လည်း အစောင့်အများကို အလုပ်ထုတ်ရန် အခွင့်အာဏာ မရှိပါ။

"သူတို့ထဲက တချို့ကိုပဲ ငါတို့ ထုတ်ပစ်လို့ရမယ်။ မျောက်ကိုခြောက်ဖို့အတွက်ပဲ ကြက်ကို သတ်လို့ရမယ်။ အဲဒါတော့ မေ့လို့ မရဘူး"

အန်ရှီဝေက မျက်မှောင်ကြုတ်လိုက်ပြီး

" လူတိုင်းကို အလုပ်ထုတ်လိုက်ရင် ငါတို့ ဗဟိုပြည်နယ်အကယ်ဒမီက အကြွင်နာတရား မရှိဘူး ဗ ြစ်သွားမယ်"

"မင်းက အကြွင်နာတရား အကြောင်းပြောချင်တာလား။ ဒါမှမဟုတ် အရည်အချင်း ပြည့်ဝတဲ့ လုံခြုံရေး အစောင့်တွေကို လိုချင်တာလား"

ဆွန်းမို လေသံက တင်းမာလာသည်။

“ဒီလူတွေက အလုပ်ထုတ်ခံရမယ်ဆိုတဲ့ ဖိအားကို ရင်မဆိုင်ဖူးသေးဘူး။ သူတို့က အချိန်တွေကို အေးအေးဆေးဆေးပဲ ဖြုတ်သန်းပြီး အလုပ်ပေါ်မှာ လုံးဝ အာရုံမစိုက်တော့ဘူး။ သူတို့စားတဲ့ ထမင်းက ဗဟိုပြည်နယ်အကယ်ဒမီက ကျွေးနေပါလားဆိုတာ နားလည်အောင် လုပ်ပေးရမယ်။ ဒီလိုလုပ်မှလည်း ကျောင်းအတွက် သွေးနဲ့ ချွေးတွေ ရင်းပြီး အလုပ်လုပ်ပေးလိမ့်မယ်”

ဆွန်းမိုက မောင်းထုတ်ဖို့ ပြောခဲ့ပေမယ့် လုံခြုံရေးတွေက အရေးမလုပ်ခဲ့ပါ။ ဒီလိုလူတွေက

ဆက်ထားဖို့ လိုသေးလို့လား။ ခွေးအနည်းငယ် မွေးထားလိုက်တာကမှ ပောင်ဖော် ရအုံးမည်။

လီဇီချီလည်း အတွေးအခေါ် အသစ်တစ်ခု တတ်မြောက်သွားသလို ခံစားရသည်။

အဲဒီနောက်မှာ လုံခြုံရေး အစောင့်တွေကို ဆင့်ခေါ်ပြီး တန်းစီကာ ရပ်ခိုင်းထားလိုက်သည်။

“ခေါင်းဆောင်၊ ငါတို့ ဒုက္ခ ရောက်မှာလား”

လုံခြုံရေးအစောင့်တွေ ထိတ်လန့်သွားသည်။

“ ဘာတွေ ဒုက္ခဖြစ်ရမှာလဲ။ အတွေးများမနေနဲ့”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုံခြုံရေးစောင့်တွေ စိတ်မပူကြတော့ပါ။ အန်ရှိဝေသည် လူကောင်းတစ်ယောက်ဖြစ်ပြီး သူတို့ကို အပြစ်မတင်တတ်ပါ။

ထန်ထန်ယုထန်သည် နာမည်စာရင်းထဲကနေ လူတချို့ကို အော်ခေါ်လိုက်သည်။ တစ်ကြိမ်တွင် ဆယ်ယောက်စီ ခေါ်ထုတ်လိုက်သည်။ သူတို့ နာမည်ကို ခေါ်လိုက်လျှင် ကျောင်းအုပ်ကြီး ရုံးခန်းထဲသို့ ဝင်ရမည်။

"ဒီမှာ နှစ်လစာ၊ ဒါကိုယူပြီး ထွက်သွားတော့" ဆွန်းမိုက လိုရင်းတိုရှင်း ပြောသည်။

လုံခြုံရေးအစောင့်တွေ အံ့အော သင့်သွားသည်။ ထို့နောက် လုံခြုံရေး ခေါင်းဆောင်ကို လှည့်ကြည့်လိုက်သည်။

“‘ကေ…ကျောင်းအုပ်ကြီးအန်၊ ဘာဖြစ်နေတာလဲ”

လုံခြုံရေးခေါင်းဆောင်ရဲ့ လေသံက မကျေနပ်တဲ့ ပုံပေါက်နေသည်။

“ငါတို့ ဒီကျောင်းမှာ လုပ်နေခဲ့တာ ၁၅နှစ်ရှိပြီ။ မင်းက ငါ့ကို ဒီလို ဆက်ဆံတာလား”

“တောင်းပန်ပါတယ်။ ဒီကိစ္စကို ဌာနမှူးဆွန်းဆီ လွှဲပေးထားလိုက်ပြီ”

အန်ရှီဝေက လုပ်ပိုင်ခွင့် လွှဲပေးလိုက်သည်။

"ဥာနမှူးဆွန်း၊ မင်း ငယ်ငယ်တုန်းက ငါတို့ ထိန်းခဲ့ဖူးတယ်။ မင်းကိုတောင် ကျောပိုးခဲ့ဖူးတယ်"

လုံခြုံရေးခေါင်းဆောင်က လုပ်သက်ကို အားကိုးပြီး ပြောလိုက်သည်။

"လုံခြုံရေး ခေါင်းဆောင်ချင်၊ မင်းက ကျောင်းရဲ့ လုပ်သက်ရင့် ဝန်ထမ်းတစ်ယောက်ဆိုတာ မင်းသိသေးသားပဲ။ ဒါပေမယ့် ကျောင်းက အကျပ်အတည်း ဖြစ်နေတဲ့အချိန်မှာ မင်းဘာလုပ်ခဲ့လဲ။ ကျောင်းရဲ့ သိက္ခာကို ကာကွယ်ခဲ့လား"

ဆွန်းမိုက ပြန်မေးသည်။

“အဲဒီလူတွေက လယ်သမားတွေပဲ။ သူတို့ကို ထိလိုက်ရင် ကျောင်းရဲ့ ဂုဏ်သိက္ခာပဲ ထိခိုက်သွားလိမ့်မယ်”

လုခြုံရေးခေါင်းဆောင်က အေးစက်စွာ ရယ်ရင်း ပြန်ပြောသည်။

“ကောင်းပြီလေ။ ပေါက်ကရစကားတွေ ရပ်လိုက်တော့။ မင်းရဲ့ အကျင့်ပျက်ခြစားမှုကို ကျောင်းက မဖော်ထုတ်စေချင်ရင် ပိုက်ဆံယူပြီး ထွက်သွားတော့။ ဒီလိုမှမဟုတ်ရင် အာဏာပိုင်တွေကို တိုင်လိုက်မယ်”

ဆွန်းမိုက ပြောလိုက်သည်။ နတ်ဘုရားမျက်စိ အာရုံအောက်တွင် ဘယ်လို မကောင်းမှုက ဖုံးကွယ်ထားနိုင်မှာလဲ။ ပြီးတော့ သူ့မှာ လက်ပါးစေ လီကုန် ရှိသေးသည်။

ပြန်လည် ပြင်းခုန်ရန် ပြင်ဆင်နေတဲ့ လုံခြုံရေးခေါင်းဆောင်ချင်သည် မျက်နှာ ပျက်သွားသည်။ လုံခြုံရေးအခေါင်းဆောင် အဖြစ် ၁၅ နှစ်လုပ်ခဲ့ပြီးနောက် သူ့ရဲ့ သမိုင်းသည် ထုံးစံအတိုင်း မသန့်ရှင်းခဲ့ပါ။ သူသည် အဲဒီနေရာက လုပ်ပိုင်ခွင့်ကို အသုံးပြုပြီး စည်းစိမ်ချမ်းသာ အနည်းငယ် ရှာထားခဲ့မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက ကာလကြာရှည်စွာ ထောက်ပံ့ပေးနိုင်တဲ့ သံဆန်ပြုတ်တစ်ခွက် ဖြစ်သည်။ ဒါကြောင့်လည်း လုံခြုံရေးခေါင်ဆောင်ချင်က အလုပ်ထွက်ဖို့ တွန့်ဆုတ်နေခဲ့သည်။ ဒါပေမယ့် ဆွန်းမိုက အကျင့်ပျက်ခြစားမှု တချို့ကို ဖော်ထုတ်ခဲ့ပြီးနောက် သူ ဆက်မနေရဲတော့ပါ။ ဒီလိုမှမဟုတ်ရင် ထောင်ထဲ ရောက်သွားလိမ့်မည်။

လုံခြုံရေး ခေါင်းဆောင်ကတောင် လက်ခံလိုက်ရသဖြင့် အဆင့်နိမ့်တဲ့ လုံခြုံရေးအစောင့်များ ပြန်လည်ငြင်းဆန်ဖို့ အသံတောင် မထွက်နိုင်တော့ပါ။ အားလုံးက နာခံမှုရှိစွာနဲ့ ပိုက်ဆံယူပြီး အလုပ်ထွက်သွားကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းအပြင်ဘက်တွင် အလျားလိုက် ရေးထိုးထားသော ကျောင်းဆိုင်းပုဒ်ကို ကြည့်ရင်း လုံခြုံရေးခေါင်းဆောင်ချင်သည် စိတ်ထဲတွင် နောင်တရနေသည်။ ဆွန်းမို၏ ဦးဆောင်မှုအောက်တွင် ကျောင်းသည် ပြာပုံဘဝမှ ပြန်လည်ရှင်သန် ထမြောက်ကာ အောင်မြင်လာတော့မည်။

ဒင်

လုံခြုံရေးခေါင်းဆောင် ချင်၏ လေးစားအထင်ကြီးမှု +၃၀၊ မူလ(၃၀/၁၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေသည် လေးစားအထင်ကြီးဖို့ကောင်းတဲ့ ဆရာတစ်ယောက် ဖြစ်သော်လည်း ခေါင်းဆောင်ကောင်း တစ်ယောက်တော့ မဟုတ်ပါ။

သူက အရမ်းနူးညံ့သိမ်မွေ့ပြီး လူမှုဆက်ဆံရေးကို အရမ်းတန်ဖိုးထားလွန်းသည်။ သူမက ပြောရဆိုရ အရမ်းလွယ်ကူနေသဖြင့် ကျောင်းအုပ်ကြီး တစ်ယောက်အတွက်တော့ အားနည်းချက် တစ်ခု ဖြစ်သည်။

လုံခြုံရေး ခေါင်းဆောင်ဆီမှရတဲ့ လေးစားအထင်ကြီးမှု အကြောင်းကြားချက်ကို ရပြီးနောက် ဆွန်းမို အံ့အောသင့်သွားသည်။ သို့သော် သိပ်မကြာခင် သူနားလည်သွားသည်.

လုံခြုံရေးခေါင်းဆောင်သည် ဒီနေရာမှာ အလုပ်လုပ်ခဲ့တာ ၁၅ နှစ်ရှိနေပြီး အရင်ကျောင်းအုပ်ကြီးဟောင်းကလည်း သူ့အပေါ် အများကြီး ကြင်နာခဲ့သည်။ ဒါကြောင့် သူသည် ကျောင်းအပေါ်တွင် လေးနက်သော ခံစားချက်ရှိသည်။

ဗဟိုပြည်နယ် အကယ်ဒမီ မပျက်ဆီးသွားစေချင်တဲ့ ဆန္ဒသည် သူ့အရိုးထဲမှာတောင် စွဲနေသည်။

ဆွန်းမိုသည် လုံခြုံရေးခေါင်းဆောင်ရဲ့ ဆန္ဒကို သိနေသေးသော်လည်း အလုပ်ထုတ်ပစ်ခဲ့ သေးသည်။ အခုအချိန်တွင် ဗဟိုပြည်နယ်အကယ်ဒမီသည်

ဖွဲ့စည်းပုံတချို့နဲ့ အဖွဲ့အဝင်များကို ပြောင်းလဲ ရမည်။ မျိုးဆက်သစ်များ ထွက်ပေါ်လာဖို့ လိုနေပြီ။ ဒါမှ သူတို့ အဖွဲ့အစည်းသည် ဒီနယ်ပယ်ထဲတွင် ပြိုင်ဆိုင်ဖို့အတွက် လုံလောက်တဲ့ အရည်အချင်း ရှိလိမ့်မည်။

ကျောင်းဝန်းထဲမှာ လမ်းလျှောက်လာတဲ့ ဆွန်းမိုသည် ခပ်လှမ်းလှမ်းမှ ဆရာတွေကို လှမ်းကြည့်နေသည်။

လီဇီချီသည် ဆွန်းမို အနောက်မှ လိုက်လာသည်။ သူမ ဆရာက အဓိက အစီအစဉ်တစ်ခု တွေးတောနေတယ်လို့ သူမ ထင်နေသည်။

ရှီရှာရွာသည် ချင်လင်မြို့၏အပြင်ဘက် အနောက်မြောက် ၁.၅ ကီလိုမီတာ အကွာတွင် တည်ရှိသည်။ တောင်နှင့် ရေများက ဝန်းရံထားပြီး ရှုခင်းက လှပသည်။

နေ့လည်ခင်းတွင် ရွာထဲသို့ ရထား တစ်စီး ဝင်လာသည်။

"ဟော့ ညီမလေး၊ ငါတို့ ရောက်တော့မယ်။ မင်းကိုယ်မင်း ပြင်ဆင်ထားသင့်တယ်"

မြေခွေးအိုကြီး ရန်က သတိပေးလိုက်သည်။

"အစ်ကိုကြီး ရန်၊ အဲဒီမှာ တကယ်ရော ငွေတုံး သုံးသိန်း ရှိလို့လား"

ရှန်ကွင်က စိတ်လှုပ်ရှားပြီး လက်ကို ပွတ်သပ်နေမိသည်။ သို့သော်လည်း စိုးရိမ် ထိတ်လန့်နေသေးသည်။

သူမက မုဆိုးမ တစ်ယောက်ဖြစ်သည်။ ယောကျ်ားသေဆုံးပြီးနောက် အခေါက်တို ပြည့်တန်ဆာတစ်ယောက် စပြီး လုပ်ခဲ့သည်။ နောက်ဆုံးတော့ လူအိုကြီးယူနဲ့ အတူတူအိပ်ပြီး ကိုယ်ဝန်ရလာ ခဲ့သည်။

လူအိုကြီးယူသည် အသက်ကြီးမှ သားတစ်ယောက် ရတဲ့အတွက် အရမ်းပျော်ရွှင်နေခဲ့သည်။ ပြီးတော့ အဲဒီကလေးကို ဂရုစိုက်သည်။ သူသည် သားတွေ၊ သမီးတွေ

ဝိုင်းနေတဲ့ဘဝကလွဲလျှင် ဘာမှ ဂရုမစိုက်တော့ဘဲ ရှန်ကွင်အား သူ့ရဲ့ မယားအဖြစ်ထား ဖို့ ဆုံးဖြတ်ခဲ့သည်။

ရှန်ကွင်ကလည်း စိတ်မပျက်စေချင်ပါ။ ပိန်ပိန်ပါးပါးလေးဖြစ်ပြီး ကလေးကို မွေးဖွားပြီးနောက် လူအိုကြီး ယူသည် အရမ်းပျော်ရွှင်သွားပြီး ချက်ခြင်းဆိုသလို သူမအား ပိုက်ဆံတွေ အများကြီး ပေးခဲ့သည်။ ဒါကြောင့်လည်း သူမသည် ကောင်းမွန်စွာ နေထိုင်ခဲ့သည်။ သူမ၏ တစ်ခုတည်းသော ဒုက္ခက လူအိုကြီးယူ၏ တရားဝင်ဇနီးနဲ့ သားများက

မကြာခဏ ရောက်လာပြီး ပြဿနာ ရှာက ရိုက်နှက်တတ်ကြသည်။

မနေ့ကပဲ မြေခွေးအိုကြီး ရန်က သူမကို လာတွေ့ပြီး လူအိုကြီးယူက အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို စော်ကားမိသဖြင့် မလွတ်မြောက်နိုင်တော့ဘူးလို့ ပြောဆိုလာသည်။ ပြီးတော့ လူအိုကြီးယူရဲ့ အိမ်မှာ ငွေတုံး သုံးသိန်းရှိပြီး လူအိုကြီးယူသာ သေဆုံးသွားရင် ကြေးတစ်ပြားတောင် မရတော့ဘူးလို့ ပြောဆိုလာခဲ့သည်။

မြေခွေးအိုကြီးရန်က အဲဒီပိုက်ဆံတွေကို ရအောင် ကူညီပေးမယ်လို့ ကတိပေးပြီး သူ့အတွက် ငွေတုံး ငါးသောင်းပေးရမယ်လို့ တောင်းဆိုလာသည်။

ရှန်ကွင်နှင့် လူအိုကြီးယူတို့သည် အသက် ၃၀ လောက် ကွာခြားသည်။ ဒါကြောင့် စိတ်ခံစားမှုကို ပြောရလျှင် မရှိသလောက်ပါပဲ။ ပိုက်ဆံကြောင့်သာ သူ့နောက်ကို လိုက်ခဲ့ခြင်း ဖြစ်သည်။ အခုတော့ လူအိုကြီးယူက ဒုက္ခဖြစ်နေတာ ကြားလိုက်လျှင် စိုးရိမ်သွားသည်။ လူအိုကြီးယူ ပျောက်ကွယ်သွားရင် သူမနဲ့ သူမသားက ကြေးတစ်ပြားတောင် မရနိုင်တော့ပါ။

ရှန်ကွင်၏ အတွေးက အရမ်းရိုးသည်။ (ငွေတုံးနှစ်သိန်းမဟုတ်ဘူး တစ်သိန်းဆိုရင်တောင် အဝတ်အစားနဲ့ အစားအသောက်အတွက် စိုးရိမ်စရာမလိုတော့ဘူး။ သားလေးကြီးပြင်းလာတဲ့ အခါမှာလည်း လက်ထက်ဖို့ ငွေလိုပြီး အိမ်ဆောက်ဖို့အတွက် လည်း ငွေလိုတယ်။)

“ငါ စုံစမ်းပြီးပါပြီ။ အဲဒီငွေတွေကို သူတရားဝင်နေထိုင်တဲ့ အိမ်ရဲ့ အိပ်ခန်းအောက်မှာ ဝှက်ထားတယ်”

မြေခွေးအိုကြီး ရန်က လေးနက်စွာ အတည်ပြုလိုက်သည်။

ရှန်ကွင် အနည်းငယ် စိတ်လှုပ်ရှားနေသော်လည်း လူအိုကြီးယူ၏ အထင်ကြီးဖို့ကောင်းတဲ့ ခြံဝန်း အပြင်ဘက်တွင် လူအများကြီး တွေ့လိုက်ရလျှင် ချက်ခြင်း စိုးရိမ်သွားသည်။

ခြေခွေးအိုကြီးရန်သည် ခြံဝန်းကို လှမ်းကြည့်လိုက်ပြီး ပါးစပ်တလှုပ်လှုပ် ဖြစ်သွားသည်။ ဒီလို ဇိမ်ခံအိမ်ကို ပိုင်ဆိုင်ထားတဲ့ ရွာလူကြီးလား။ သူ့ကို မုန်းတဲ့လူတစ်ယောက်မှ မရှိဘူးလို့ ပြောရင် ဘယ်သူယုံမှာလဲ။

အမှန်တိုင်း ပြောရလျှင် ရှီရှာတစ်ရွာလုံးသည် ဗဟိုပြည်နယ်အကယ်ဒမီနဲ့ အလုပ်လုပ်နေကြသဖြင့် ပတ်ဝန်းကျင်အနီးအနားတွင် ချမ်းသာတဲ့ ရွာအဖြစ်

လူသိများသည်။ တခြားရွာက အမျိုးသမီးတွေဆိုရင် ဒီရွာသားတွေနဲ့ လက်ထပ် ချင်ကြသည်။

"အစ်ကိုကြီး၊ ဘာဖြစ်နေလဲဆိုတာ မေးလို့ရမလား"

မြေခွေးအိုကြီးရန်က မေးလိုက်သည်။

"ရွာခေါင်းဆောင်ရဲ့ မယားငယ်က ငွေတုံး သုံးသိန်း လာတောင်းနေလို့"

ရွာသားတစ်ယောက်က ခြံဝန်းထဲ ချောင်းကြည့်နေရင်း ပြန်ဖြေသည်။

ဒီလိုမျိုး ကျင့်ဝတ်ပက်သက်တဲ့ ဇာတ်လမ်းတစ်ခုကို လူသားတို့ရဲ့ ဝါသနာအတိုင်း လူတိုင်းက စိတ်ဝင်စားကြသည်။

ရှန်ကွင်သည် အဲဒီစကားကို ကြားလိုက်လျှင် မသိစိတ်က သူမသားအား အလိုလို တင်းကျပ်စွာ ဖက်လိုက်မိသည်။ ပိုလည်း စိုးရိမ်လာသည်။

“အစ်ကိုကြီး ရန်”

“စိတ်မပူပါနဲ့။ ငါ အားလုံးကို ကိုင်တွယ်နိုင်ပါတယ်”

မြေခွေးအိုကြီးရန်က ရင်ဘက်ကို ပုတ်ရင်း ပြန်ဖြေသည်။ သူက လူအုပ်ကြီးကို တိုးဝှေ့ပြီး ရှန်ကွင်အား ခေါ်ဆောင်သွားသည်။

ခြံထဲမှာလည်း လူအများကြီး ရှိနေသည်။ ဒီကိုလာပြီး ပိုက်ဆံတောင်းတဲ့ မိန်းမကလည်း သူမကို ထောက်ခံပေးဖို့ ရွာလူကြီး တချို့ကိုတောင် ခေါ်ထားသေးသည်။

ထုံးစံအတိုင်းပဲ အမျိုးသမီးက သူမ ငွေရပြီးရင် သူတို့ကိုလည်း ပေးမယ်လို့ ပြောထားသည်။ ဒီလိုမှမဟုတ်ရင် အဲဒီလူကြီးတွေက ဘယ်လာလိမ့်မလဲ။

အခုတော့ အရာအားလုံးက အရမ်းကို အသက်ဝင်နေသည်။

ရှန်ကွင်သည် ကလေးနှစ်ယောက်ကို ချီပိုးထားတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ချက်ခြင်းဆိုသလို ရန်လိုချင်စိတ် ပေါ်လာသည်။ လူအိုကြီးယူကို မြင်လိုက်လျှင် ချက်ခြင်းပဲ ပြေးဖက်ပြီး ငိုတော့သည်။

“ သခင်ကြီး၊ မင်းက ငါ့ကို မလိုချင်တော့ဘူးလား”

ရှန်ကွင်က ရှိုက်ကြီးတငင် ငိုရင်းပြောသည်။

“မင်းက ဘယ်သူလဲ”

လူအိုကြီးယူ မျက်တောင် တဆက်ဆက် တုန်သွားသည်။ သူ့ရဲ့ အမူအရာ အေးစက်သွားသည်။ ထို့နောက် ရှန်ကွင်ကို တစ်ချက်ကြည့်လိုက်ပြီး ဒီလို ပရမ်းပတာ အခြေအနေထဲ မဝင်လာဖို့ အမူအရာ ပြလိုက်သည်။

ပုံမှန်ဆိုလျှင် ရှန်ကွင်သည် အရမ်းနာခံတတ်သည်။ ဒါပေမယ့် ဒီနေ့တော့ မဟုတ်ပါ။ သူမသာ ပါးစပ်ပိတ်လိုက်လျှင် ကြေးတစ်ပြားတောင် မရနိုင်တော့ပါ။

“အို၊ နောက်တစ်ယောက်လား”

“ငါတို့ ရွာခေါင်းဆောင်ကတော့ ပန်းတွေပွင့်နေတဲ့ သစ်ပင်အိုကြီးနဲ့ တူနေပြီ။ တရားမဝင် သားသုံးယောက်လား။ တကယ် ဖိုက်တာပဲ”

“ထွီ၊ အရှက်မရှိတဲ့လူအိုကြီး”

“ပြောရမယ်ဆိုရင် ငါတို့ ခေါင်းဆောင် တကယ် ချမ်းသာရမယ်။ သူ့မှာ အငယ်အနှောင်း တွေနဲ့ သားတွေလည်း ရှိတယ်။ ပိုက်ဆံ တော်တော်လိုမှာပဲ”

ရွာသားတွေ အမြင်ကျယ်လာသည်။

လူအိုကြီးယူ၏ တရားဝင်ဇနီးက ရှန်ကွင်ကို မြင်လိုက်လျှင် ချက်ခြင်း ပြေးသွားပြီးနောက် လက်ဆန့်ကာ ဖမ်းလိုက်သည်။

"မင်းက အရင်ကတည်း က တခြားယောက်ျားတွေနဲ့ အိပ်ခဲ့တယ်။ ဒါတောင် မင်းက ဒီကိုလာဖို့ သတ္တိရှိတုန်းလား။ ငါက မင်းကို ရေကန်ထဲနှစ် သတ်ပစ်မယ် ပြောရင် မင်းယုံလား"

"ပါးစပ် ပိတ်ထား"

လူအိုကြီးယူ စိတ်ရှုပ်လာသည်။ (ဒီလိုပြောလိုက်လျှင် မင်းက သူ့ကို အသိအမှတ်ပြုတဲ့ သက်သေမဟုတ်ဘူးလား။ ငါ ငြင်းချင်ရင်တောင် အခုငြင်းလို့ မရတော့ဘူး)

"ရပ်လိုက်စမ်း၊ ငါ့ညီမလေးကို မထိစေနဲ့"

မြေခွေးအိုကြီး ရန်က သူမကို တားလိုက်သည်။ ထို့နောက်သူက

"ဘယ်လို အခြေအနေတွေ ဖြစ်နေပြီလဲဆိုတာ မင်းနားလည်သင့်တယ်။ မင်းနဲ့ မင်းသားအတွက် မတိုက်ခိုက်ရင် မင်းတစ်ခုမှ ရတော့မှာ မဟုတ်ဘူး"

ရှန်ကွန်သည် သူမနှင့် လူအိုကြီး ယူတို့ လိုင်ဆက်ဆံတဲ့ အကြောင်း ကို ပြောပြသည်။ ထူးဆန်းတဲ့ အကွက်တွေတောင် ပါသေးသည်။ လူအိုကြီးယူကို နာမည်ပျက်စေချင်လို့ မဟုတ်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူနှင့် သူမသား ပက်သက်မှုရှိတယ်ဆိုတာ သက်သေ ပြချင်နေသည်။

ခြံဝန်းထဲက စကားဝိုင်းသည် ရုတ်တရုတ် ပြင်းထန်လာသည်။ မြေခွေးအိုကြီး ရန်သည် ဆွန်းမိုရဲ့ ညွှန်ကြားချက်ကို လက်ခံရရှိထားခဲ့တာ တော်တော် ကြာနေပြီ။ လိုချင်တဲ့ အချိန်မှန်ကို ရောက်လာတာနဲ့ ချက်ခြင်း ပြဿနာ ရှာတော့သည်။ (ဆရာဆွန်းကို ဆူပူ ကြိမ်းမောင်း ချင်တာလား။ ဟွန့်၊ ငါ ဒီနေ့ မင်းတို့ မိသားစု တစ်ခုလုံးကို ရှင်းပစ်မယ်)

စာစဉ်(၁၉)

အခန်း(၂၇၄) - ပိုင်ဆိုင်မှုကို သိမ်းပြီး တစ်မိသားစုလုံးကို သုတ်သင်ခြင်း။

ဘေးကနေ ကူညီပေးမယ့် လူများကလည်း မြေခွေးအိုကြီးရန်ကို တိတ်တဆိတ် ကူညီပေးနေကြသည်။ သူတို့က အရမ်းဒေါသပေါက်ကွဲနေတဲ့ ပုံစံ ဝိုင်းဝန်းပြီး သရုပ်ဆောင်နေကြသည်။

“ပိုက်ဆံကို အရင်ယူကြ”

မြေခွေးအိုကြီးရန်က လှမ်းအော်ပြီး အိပ်ခန်းထဲကို ချက်ခြင်း ပြေးသွားသည်။

“မင်းဝင်ခွင့် မရှိဘူး။ မင်းလူတွေ ဝင်လာရင် ငါအာဏာပိုင်တွေကို တိုင်လိုက်မယ်”

လူအိုကြီးယူသည် အော်ပြောနေသည်။ သို့သော်လည်း အသုံးမဝင်ပါ။ မြေခွေးအိုကြီးရန်က တန်းဝင်ပြီး မြေကြီးတူးဖို့အတွက် အစောကြီးကတည်းက ပစ္စည်းတွေကို ပြင်ဆင်ထားသည်။

သူတို့အားလုံး အားကောင်းမောင်းသန် ယောကျာ်းတွေ ဖြစ်သဖြင့် ငါးမိနစ်လောက် ကြာတော့ အိပ်ခန်းကြမ်းပြင် ပေါက်ထွက်ပြီး သေတ္တာ ဆယ်လုံး ပေါ်လာသည်။ ထို့နောက် မြေခွေးအိုကြီးရန်က သေတ္တာတွေကို ခြံဝန်းထဲ သယ်ထုတ်လိုက်သည်။

ပွဲကြည့်ပရိတ်သတ် လုပ်နေကြတဲ့ လယ်သမားများသည် ကြိုးကြာတွေလို လည်ပင်းဆန့်ပြီး ပစ္စည်းတွေအား ကြည့်နေကြသည်။ တချို့က ခြံဝန်းထဲသို့ လမ်းလျှောက်ဝင်လာကြသည်။

“မင်းတို့ကို သယ်ခွင့်မပေးထားဘူးနော်။ ဒါတွေအားလုံးက ငါ့ပိုက်ဆံတွေပဲ”

လူအိုကြီးယူသည် သေတ္တာပေါ်တွင် မှောက်အိပ်ပြီး ကာကွယ်ထားသည်။ ဒါပေမယ့် သိပ်မကြာခင် သူ မတားဆီးနိုင်တော့ပါ။ သူရဲ့ ရွာသားတွေကို ကူညီဖို့ အော်ခေါ်ပေမယ့် တစ်ယောက်မှ မလှုပ်ကြပါ။

ဘယ်လိုပဲပြောပြော ငွေတုံး သုံးသိန်းဆိုတာက ကောင်းကင်ဘုံ ပမာဏလောက် ရှိသည်။ မလိုချင်တဲ့လူ ရှိလို့လား။

ဘုန်းဘုန်း

မြေခွေးအိုကြီးရန်သည် ရက်စက်ကြမ်းကြုတ်တဲ့ ခွန်အားနဲ့ သေတ္တာက သော့တွေကို ရိုက်ဖျက်လိုက်သည်။ နေရောင်အောက်တွင် တောက်ပနေတဲ့ ငွေတုံးများကို မြင်နေရသည်။

ခြံဝန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။ လူအိုကြီးယူတစ်ယောက်ပဲ အော်ဟစ်ပြီး အကူအညီ တောင်းနေသေးသည်။

“မင်းတို့တွေဒါကို ထိလို့မရဘူး။ ဒါတွေက ငါ့ဥစ္စာတွေပဲ”

“ဘာ၊ မင်းဥစ္စာ ဟုတ်လား”

မြေခွေးအိုကြီးရန်က ပြန်အော်သည်။

“ဒီငွေတွေက ကုန်ပစ္စည်းတွေ ဝယ်ဖို့ ဗဟိုပြည်နယ်အကယ်ဒမီက ချပေးထားတဲ့ ရန်ပုံငွေတွေပဲ။ မင်းက ရန်ပုံငွေတွေကို အလွဲသုံးစားလုပ်ထားတဲ့ အကျင့်စာရိတ္တ မကောင်းတဲ့လူပဲ။ ပြောရလျှင် ရွာသားအားလုံး ညီတူမျှတူ ရသင့်တဲ့ ငွေတွေပဲ”

အစပိုင်းမှာတော့ ရွာသားများသည် အားကျတဲ့စိတ်နဲ့ ကြည့်နေကြပြီး ထူးထူးခြားခြား အတွေးမရှိပါ။ ဒါပေမယ့် မြေခွေးအိုကြီးရဲ့ စကားကို

ကြားပြီးနောက် စိတ်ထဲ လောဘနဲ့ ပြည့်လာသည်။

မှန်တယ်။ လူတိုင်းက လယ်သမားတွေပဲ။ ရွာလူကြီးယူက သူတို့ထက် အဆ တစ်ရာ ပိုလယ်ထွန်ရင်တောင် ဒီလောက်များတဲ့ ငွေတွေကို ရဖို့ မဖြစ်နိုင်ဘူး။ ကုန်ပစ္စည်း ရောင်းချလို့ရတဲ့ငွေတွေကို ခိုးထားတာပဲ ဖြစ်နိုင်သည်။

ဒီငွေတွေအားလုံးက ရွာသားတွေ ကြိုးပမ်းမှုနဲ့ ရလာတဲ့ ငွေတွေပဲ။

"အဓိပ္ပါယ်မရှိတာ။ ငါမခိုးဘူးကွ"

လူအိုကြီးယူက ပြန်ငြင်းသည်။

“ဒါဆို ဒီငွေတွေက ဘယ်လိုရလာတာလဲ”

မြေခွေးအိုကြီးရန်က မေးခွန်းထုတ်လိုက်သည်။

“ငါ...ငါ...”

လူအိုကြီးယူ မဖြေနိုင်တော့ပါ။

“လူတိုင်းက မင်းကို ရွာလူကြီးအဖြစ် တင်မြှောက်ထားပေမယ့် မင်းရဲ့ အသိစိတ်က ခွေးစားသွားပြီလား။ လူတိုင်းကြိုးစားလို့ ရလာတဲ့ ငွေတွေကို မင်းတစ်ယောက်တည်း မောင်ပိုင်စီးထားတာလား။ ပြီးတော့ မင်းမှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုက်ဆံအများကြီးရှိလို့ မယားငယ်တွေ ယူတာပေါ့။ ဒါကြောင့် မင်းရဲ့ တရားမဝင်သားတွေကို ကြည့်ရှုစောင့်ရှောက်နေတယ် မဟုတ်ဘူးလား။ လူတိုင်းရဲ့ ခွင့်လွှတ်မှုကို ရအောင် မင်းမတောင်းပန်သင့်ဘူးလား”

မြေခွေးအိုကြီးရန်က အပြစ်တင်ဝေဖန်လိုက်သည်။

ရွာသားများကြားတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

“လူတိုင်းက နေပူထဲမှာ တစ်နေကုန် ထွန်ဆွဲရတယ်။ ဒီအားထုတ်မှုကြောင့် နေ့တိုင်းမှာ ထမင်းတစ်နပ်ပဲ စားနိုင်တယ်။ ဒါပေမယ့် မင်းကတော့ အရမ်းတော်တယ်။ မင်းက နေ့တိုင်း အသားနဲ့စားပြီး တခြား မိန်းမနဲ့တောင် အိပ်လို့ ရသေးတယ်”

မြေခွေးအိုကြီး ရန်က ဆူပူကြိမ်းမောင်းရင်း ရွာသားတွေရဲ့ အမူအရာကို အကဲခတ်လိုက်သည်။ သူတို့တွေ ဒေါသထွက်နေတာ မြင်လိုက်လျှင် ဆွန်းမိုကို ပိုတောင် လေးစားမိသွားသည်။

ဆွန်းမို၏ လူတွေကို ထိန်းချုပ်မှုက တကယ်ကို တိကျလွန်းသည်။

စောစောက သူပြောခဲ့သမျှ စကားတွေသည် ဆွန်းမို သင်ပေးထားခြင်းဖြစ်သည်။

လူသားများက ရှားပါးမှုကို ခံနိုင်ရည်ရှိသည်။ ဒါပေမယ့် မညီမျှမှုကိုတော့ လက်မခံနိုင်ကြပါ။ ရွာလူကြီး မိသားစု နည်းနည်း ပိုကောင်းလာရင် ညည်းညူမိကြလိမ့်မည်။ ဒါပေမယ့် သူတို့ဘဝ ကောင်းလွန်းရင်တော့ မနာလိုစိတ် ဝင်လာလိမ့်မည်။

အထူးသဖြင့် ဒီငွေတွေက သူတို့ ကြိုးစားအားထုတ်မှု ရလဒ်လို့ သိထားတဲ့ အချိန်တွင်ဖြစ်သည်။ ဒါကြောင့်လည်း မကျေနပ်ချက်များ ချက်ခြင်းဆိုသလို ပေါက်ကွဲ ထွက်လာသည်။

ဒင်

မြေခွေးအိုကြီးရန်၏ လေးစားအထင်ကြီးမှု+၃၀။ ရင်းနီး(၁၄၀/၁,၀၀၀)

မြေခွေးအိုကြီးရန်ရဲ့ လူတွေက လူအုပ်ထဲမှာ ရောနှောပြီး ကျောက်ခဲတွေနဲ့ လူအိုကြီးယူအား ပစ်ပေါက်တော့သည်။

ရွာသားများက သူတို့ရဲ့ ခေါင်းဆောင်အား ကျောက်ခဲနဲ့ မပစ်ရဲကြပါ။ ရွာသားများကြားတွင် လူဆိုးအချို့ကတော့ အမြဲတမ်းရှိသည်။ ဒါမှမဟုတ် အရင်လူအိုကြီးယူရဲ့ အနိုင်ကျင့်ခံထားရတဲ့ သူများလဲ ဖြစ်နိုင်သည်။ ဒါကြောင့် အခုလိုအခွင့်အရေးရတဲ့ အခိုက်တွင် ကျောက်တုံးများနဲ့ ပစ်ပေါက်ကြသည်။

ဒါပေမယ့် သူတို့သုံးအားက သူတို့ရဲ့ ခံစားချက်ကို ထုတ်ဖော်ရုံသက်သက်ပါ။

“”မင်းတို့ကောင်တွေ သေချင်နေတာလား။ ချန်လူ အာဏာပိုင်တွေဆီ သွားပြီး သတင်းပို့လိုက်”

လူအိုကြီးယူသည် လူတွေအပေါ်ကို ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်ခဲ့သဖြင့် ဘယ်သူက သည်းခံနိုင်မှာလဲ။ သူ့သားကို အာဏာပိုင်တွေဆီ ချက်ခြင်း သွားတိုင်ရန် လှမ်းအော်ပြီး ခိုင်းလိုက်သည်။ သို့သော်လည်း နှလုံးသားထဲတွင် နာကျင်နေသည်။ စစ်သားတွေ ရောက်လာပြီး ဖြေရှင်းပေးရင်တောင်

ရွာသားတွေ ငြိမ်သွားဖို့အတွက် ဒီငွေတွေကို သုံးရတော့မည်။

"မင်းကလည်း မှားသေးတယ်။ အာဏာပိုင်တွေကို တကယ် တိုင်ချင်နေတာလား။ မင်းမှာ အသိတရားရော ရှိသေးရဲ့လား"

မြေခွေးအိုကြီးရန်က ဆူပူကြိမ်းမောင်းရင်း သစ်သား သေတ္တာအား ကန်ခွဲလိုက်သည်။

ဘုန်း

သစ်သားသေတ္တာ ကွဲထွက်သွားပြီး ငွေတုံးများက နေရာအနှံ့ကို ပျံ့လွင့်သွားကာ ရွာသားတချို့ကို ထိမှန်သွားသည်။

ဒီမြင်ကွင်းကြောင့် ရွာသားတွေ အံ့အောသွားသည်။

လူတချို့က ငွေတုံးကို ကောက်ချင်ပေမယ့် မလုပ်ရဲဘူး ဖြစ်နေသည်။

“ဒီငွေတွေက လူတိုင်းပိုင်တယ်ဆိုတာ သိသာနေတယ်။ လူတိုင်းက မင်းကို ယုံကြည်လို့

ခေါင်းဆောင်တင်ခဲ့တယ်။ ဒါပေမယ့် မင်းက ဘာလုပ်တာလဲ”

မြေခွေးအိုကြီးရန်သည် ဆွန်းမို၏ ညွှန်ကြားချက်ကို လိုက်နာဆဲ ဖြစ်သည်။ လူအိုကြီးယူအား ဆူပူကျိမ်းမောင်းလိုက်သည်။ စိတ်ထဲမှာတော့ အေးစက်စွာ ရယ်မောနေသည်။ (မင်းတို့ကောင်တွေ ကောက်ယူနိုင်ရင်တောင် နောက်ဆုံးကျရင် ဆွန်းမိုဆီ ပြန်လွှဲပေးရမှာပဲ)

“လူအိုကြီးယူ မင်းက ကောက်ကျစ်လွန်းတယ်”

“မင်းက ရှာလူကြီး မဖြစ်သင့်ဘူး”

“ငါတို့ ခက်ခက်ခဲခဲ ရှာထားတဲ့ ပိုက်ဆံတွေ ပြန်ပေး”

မြေခွေးအိုကြီးရဲ့ လူတချို့က လူအုပ်ထဲကနေ အော်ပြော နေကြသည်။ ရှာသားများရဲ့ ခံစားချက် ချက်ခြင်း ပေါက်ကွဲလာသည်။

“အမှန်ပဲ။ ဒါက ငါတို့ ပိုက်ဆံတွေပဲ။ ဘာလို့ မယူရမှာလဲ”

ငွေကောက်တဲ့လူတစ်ယောက် ရှိသွားတာနဲ့ အခြေအနေတွေ ထိန်းချုပ်လို့ မရဖြစ်သွားသည်။

ရွာသားများ နေရာတိုင်းကို ပြေးသွားပြီး ငွေတုံးတွေကို ကောက်ယူနေကြသည်။ တချို့က ရန်ဖြစ်နေကြသည်။

“အားလုံးရပ်လိုက်။ ဒါတွေက ငါ့ပိုက်ဆံတွေ”

လူအိုကြီးယူက ရွာသားတစ်ယောက်ကို ဖမ်းဆွဲရင်း ပြောနေသည်။ နောက်ဆုံးတော့ ရွာသားက လက်ပြန် ရိုက်လိုက်သဖြင့် လူအိုကြီးယူ လဲကျသွားသည်။

ဖောင်း ဖောင်း ဖောင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရွာသားတွေ ရှေ့ကို ပြေးတက်လာကြသည်။ လူအိုကြီးယူရဲ့ ခြေထောက်နှစ်ချောင်းကို ဘယ်သူတက်နင်းသွားလဲ ဆိုတာတောင် မသိလိုက်ရပါ။

ထုံးစံအတိုင်း မြေခွေးအိုကြီးရဲ့ လူတွေက လူအိုကြီးယူရဲ့ ခြေထောက်တွေ၊ လက်တွေကို တမင်နင်းချိုးထားခဲ့သည်။

ကလောက် ကလောက်

လူအုပ်ကြီး ပြိုကျအပြီးတွင် လူအိုကြီးယူ၏ ခြေတွေလက်တွေ ကျိုးကုန်သည်။ နံရိုးအနည်းငယ်တောင် ကျိုးသွားသေးသည်။

“ငါ့ပိုက်ဆံတွေကို မလုပါနဲ့…”

သစ်သားသေတ္တာပုံးတွေက မှောက်လဲနေပြီး လူတွေက ငွေတုံးတွေအား အလုအယက်ကောက်နေတာ မြင်လိုက်လျှင် လူအိုကြီးယူ၏ နှလုံးသားများ ကြေကွဲသွားသည်။ နှစ်နှစ်ဆယ်လောက် စုဆောင်းခဲ့ရတဲ့ ပိုက်ဆံတွေပါ။

"လူအိုကြီးယူ၊ ဆရာဆွန်းက တစ်ခုခု ပြောအုံးမလားဆိုပြီး မေးခိုင်းလိုက်တယ်"

မြေခွေးအိုကြီးရန်က လူအိုကြီးယူ ဘေးနားမှာ ဆောင့်ကြောင့်ထိုင်ပြီး မေးလိုက်သည်။

"ဒါတွေအားလုံးက သူ့အကွက် ချထားတာလား"

ဆွန်းမို မျက်နှာပေါ်က အကြည့်ကို လူအိုကြီးယူ ချက်ခြင်း ပြန်မြင်ယောင်လာသည်။

"အခုမှ နားလည်တာလား"

မြေခွေးအိုကြီးရန်က ပြုံးရင်း မေးလိုက်သည်။

"ဆရာဆွန်းက ဆရာတစ်ယောက်ဖြစ်နေတော့ အရမ်းကြွင်နာတတ်တယ်။ ဒါကြောင့် မင်းတစ်မိသားစုလုံးကို မသတ်တော့ဘူး။ ဒါပေမယ့် မင်းကတော့ သေရမယ်"

မြေခွေးအိုကြီးရန် စကားပြောနေတုန်းမှာ ငွေတွေအများကြီး အကုန်ကျခံ တည်ဆောက်ထားခဲ့ရတဲ့ လူအိုကြီးယူ၏ အိမ်သည် မီးလောင်လာသည်။

"မင်းတို့တကယ် မီးရှို့လိုက်တာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူအိုကြီးယူ လုံးဝကို တုန်လှုပ်ခြောက်ခြားသွားသည်။ နောက်ဆုံးတော့ နှလုံးသားပိုနာကျင်လာသည်။ ဒီအိမ်ကြီးက သူဂုဏ်ယူအရဆုံး အောင်မြင်မှု ဖြစ်သည်။

"ဘယ်သူ၊ ဒီမှာလူတွေ အများကြီးနဲ့ ဒီလောက်ရှုပ်ယှက်ခတ်နေတာ အိမ် မီးလောင်တယ်ဆိုတာက ပုံမှန်ပဲလေ"

မြေခွေးအိုကြီးရန်က ခနဲ့တဲ့တဲ့နဲ့

"အိုး၊ မင်းသားနှစ်ယောက်ရဲ့ ခြေထောက်တွေလည်း သူများနင်းလို့ ကျိုးကုန်ပြီ။ ဘယ်လောက်တောင် ဝမ်းနည်းဖို့ ကောင်းလိုက်လဲ"

"မင်းတို့ အားလုံးက လူယုတ်မာတွေပဲ။ ကြောက်ဖို့ကောင်းတဲ့ သေခြင်းတရားနဲ့ တွေ့ပါစေ"

သွေးအိုင်ထဲတွင် လဲလျောင်းပြီး သတိလစ်နေတဲ့ သားနှစ်ယောက်ကို လူအိုကြီးယူ မြင်လိုက်ရသည်။

"မင်းက လူယုတ်မာ မဟုတ်ဘူးလား။ မင်းက ကစားစရာအဖြစ် အသက်မပြည့်သေးတဲ့ ကလေးမလေး သုံးယောက်ကို မဝယ်ခဲ့ဘူးလား။

သူတို့ထဲမှ နှစ်ယောက်က မင်းလက်ထဲမှာ သေသွားပြီး နောက်ဆုံးတစ်ယောက်ဆို မင်းကစားလို့ဝတာနဲ့ ရောင်းစားခဲ့တယ်လေ။ သူတို့ ဘယ်မှာ တိုင်းကြားခဲ့လို့လဲ”

မြေခွေးအိုကြီးရန်၏ အကြည့်က ရေခဲတမျှ အေးစက်လာသည်။ လူအိုကြီးယူ၏ အကျင့်ဆိုးက ဒီလောက်ပဲ မဟုတ်ပါ။

“မဟုတ်ဘူး။ ငါဒီလိုမျိုး တစ်ခါမှမလုပ်ဖူးဘူး။ မင်းဘာလို့ အဓိပ္ပါယ်မရှိတာတွေ ပြောနေတာလဲ”

လူအိုကြီးယူ တုန်လှုပ်နေသည်။ ဒီကြောင်းကို ဘယ်လိုသိသွားတာလဲ။ အရာအားလုံးကို လျှို့ဝှက်ခဲ့တာပါ။

"အေးအေးချမ်းချမ်းလေး သေလိုက်စမ်းပါ"

မြေခွေးအိုကြီးရန်က စ နောက်လိုက်သည်။

"ဒီခိုးထားတဲ့ငွေတွေလား အာဏာပိုင်တွေ ပြန်သိမ်းသွားလိမ့်မယ်။ ပြီးရင် လျှော်ကြေးအဖြစ် ဗဟိုပြည်နယ်အကယ်ဒမီကို ပေးလိုက်လိမ့်မယ်။ ပြီးတော့ ဆရာဆွန်းက အန်ရှီဝေရဲ့ ခင်ပွန်းလောင်းဆိုတော့ ဗဟိုပြည်နယ်အကယ်ဒမီရဲ့

ပိုင်ရှင်တစ်ဝက်လို သတ်မှတ်လို့ ရတယ်။ ဒီငွေတွေကတော့ ထုံးစံအတိုင်း သူ့လက်ထဲ ရောက်သွားလိမ့်မယ်”

“မဟုတ်ဘူး။ ငါမသေချင်သေးဘူး”

လူအိုကြီးယူသည် အော်ဟစ်ပြီး ရုန်းကန်နေလည်း အသုံးမဝင်ပါ။ ခြေထောက်ပေါင်းများစွာက သူ့အပေါ်နင်းမိထားသဖြင့် ချောင်းဆိုးရင် သွေးပါနေသည်။ အခုတော့ နောင်တရပြီး စိတ်ပျက်လက်ပျက် ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့ရဲ့ အမြတ်ထုတ်မှုက ဘယ်နှစ်ကြိမ်တောင် အောင်မြင်ခဲ့သလဲ။ တကယ်ဆို အန်ရှီဝေက လက်ဖက်ရည်ကြမ်းနဲ့တောင် ဧည့်ခံခဲ့သေးသည်။ ဒါပေမယ့် အခုတော့ဘာမှားသွားလဲ။

(ဟုတ်တယ်။ ဒါတွေအားလုံး ဆွန်းမိုကြောင့်ပဲ။)

(တောက်၊ ဘာလို့ သူ့ကို စောစောတောင်းပန်ပြီး လက်ဆောင် မပေးမိတာလဲ)

ကျန်ကလန်၏ အိမ်တော်တွင် မာချမ်နှင့် နောက်ထပ်နှစ်ယောက်သည် အတူတူ ထိုင်ပြီး ဝိုင်သောက်နေကြသည်။

"လူအိုကြီးယူ သေသွားပြီ"

ဝေဇီယူ၏ မျက်နှာအမူအရာက လေးလံနေသည်။ သူနှင့် လူအိုကြီးယူတို့သည် ရွာသားများကို ခေါ်ကာ ဗဟိုပြည်နယ်အကယ်ဒမီကို ပြသနာရှာရန် တာဝန်ယူထားသည်။ သို့သော် လူအိုကြီးယူ၏ အိမ် မီးလောင်သွားပြီး လူအုပ်ကြီး လက်ချက်ကြောင့် သေသွားပြီလို့ ဘဏ္ဍာထိန်းက သတင်းပို့လာသည်။

"ဒါက တိုက်ဆိုင်မှုလား။ ဆွန်းမို လက်ချက် ဖြစ်နေမလား"

မာချမ် မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"မဖြစ်ဘူး၊ မဟုတ်လား။ ဆွန်းမိုက အခုအချိန်ထိ ဆရာတစ်ယောက်ပါ။ ဒီလို ကိုယ်ကျင့်တရားကင်းမဲ့တဲ့ အလုပ်ကို သူလုပ်နိုင်ပါ့မလား"

ကျန်ဇီဟွာ ရုတ်တရက် အံ့အောသွားသော်လည်း ဒီလှုပ်ရှားမှုက ထက်မြက်တယ်ဆိုတာတော့ သူဝန်ခံရမည်။ လူအိုကြီးယူ သေသွားသဖြင့် ရှာသားများကို ထိန်ချုပ်မည့် ကိစ္စက ပိုခက်ခဲလာသည်။

"အဲဒီလိုတော့ မဟုတ်သေးဘူး။ သူက ရှာသားတွေကို ရိုက်နှက်ဖို့ ခိုင်းခဲ့တဲ့ ကိစ္စကို မေ့သွားပြီလား"

မာချမ်က အေးစက်စက် အော်ဟစ်လိုက်သည်။

"ပြောရမယ်ဆိုရင် ဆွန်းမိုရဲ့ လုပ်ပုံကိုင်ပုံက အရမ်းရက်စက်ပြီး ပြတ်သားလွန်းတယ်။ သူက အန်ရှီဝေထက်စာရင် ပိုအထင်ကြီးဖို့ ကောင်းတယ်။ ဗဟိုပြည်နယ်အကယ်ဒမီက သူ့ကို မှီခိုပြီး ပြောင်းလဲသွားနိုင်တယ်"

ဝေဇီယူ ချီးကျူးလိုက်သည်။

"ဒီအခြေအနေကို ကျော်လွှားနိုင်ပါ့မလား။ မင်းသားလီကို စော်ကားပြီးမှတော့ ဗဟိုပြည်နယ်အကယ်ဒမီက အဆုံးသတ်ဖို့ သေချာသွားပြီလေ"

မာချမ်က သူ့ခွက်ကို မော့ပြီးသောက်လိုက်သည်။

"လာပါ၊ သောက်လိုက်ရအောင်"

အဲဒီအချိန်တွင် တစ်ယောက်ယောက် တိုက်ခိုက်လာတဲ့ အသံများ ထွက်ပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ဇီဟွာ စိတ်ဆိုးမာန်ဆိုး ဖြစ်သွားပြီး အော်ဟစ်လိုက်သည်။

"ဘာဖြစ်နေတာလဲ"

အစေခံတစ်ယောက်က ပြေးဝင်လာသည်။ သူသတင်း မပို့ရသေးခင် အပြင်ကနေ အော်သံထွက်လာသည်။

"မီးဗျို့ မီး"

မီးလောင် နေသည်။

ကျန်ကလန်က လူများသည် မီးလောင်တဲ့နေရာကို ချက်ခြင်း ပြေးသွားကြသည်။

"သခင်ကြီး၊ မကောင်းတော့ဘူး။ ခြံထဲမှာ လူမိုက်တချို့ ရောက်နေတယ်။ သူတို့က ကျွန်တော်တို့ နှစ်ပေါင်းများစွာ ခိုးယူထားတဲ့ ပိုက်ဆံတွေကို တောင်းနေတယ်"

ဘဏ္ဍာထိန်းက တင်ပြလိုက်သည်။

"ဘာ"

ကျန်ဇီဟွာ ဆိုးဝါးစွာ ထိတ်လန့်သွားသည်။ ထို့နောက်

"ငါ..လို..မသာ... ဆွန်းမို" ဆိုပြီး ကျိန်ဆဲလိုက်သည်။

"ကျန်ခေါင်းဆောင်၊ စိတ်အေးအေးထား"

ဝေဇီယူက နှစ်သိမ့်လိုက်သည်။

"ဘောမို့လို့ စိတ်အေးအေးထား ရမှာလား"

ကျန်ဇီဟွာသည် သူ့အိမ်တော်တွင် တောက်လောင်နေသော မီးတောက်ကြီးကို ကြည့်ပြီး စိတ်တွေအရမ်းပူကာ ခေါင်းကချွေးတွေ စီးကျနေသည်။ မီးငြိမ်းသတ်ရန် ကိုယ်တိုင် ဦးစီးပြီး ညွှန်ကြားနေသည်။

တစ်နာရီလောက် ကြာသွားတော့ မီးငြိမ်းသွားသည်။ သို့သော်လည်း အိမ်၏ သုံးပုံတစ်ပုံက မီးလောင် ပြာကျသွားသည်။

"ဆွန်းမို၊ ငါ့အမြဲတမ်း မင်းနဲ့ဆန့်ကျင့်ဘက်မှာပဲ နေမယ်"

ကျန်ဇီဟွာက ဒေါသတကြီး အော်ဟစ်နေသည်။ ဆွန်းမိုက ဒီလိုလုပ်ဖို့ လယ်သမားတွေကို စည်းရုံးခဲ့တယ်ဆိုပြီး အာဏာပိုင်တွေဆီ တိုင်မလို့ ပြင်ဆင်နေတုန်း စစ်သားတွေ သူ့အိမ်ကို ရောက်လာသည်။

“ကျန်ဇီဟွာ မင်းကို သံသယ ရှိနေတယ်။ ငါတို့နဲ့လိုက်ခဲ့”

စခန်းမှူးဝူက လေးနက်တဲ့ အမူအရာနဲ့ ကြေညာလိုက်သည်။ အခြားစစ်သားများက ချက်ခြင်း ပြေးလာပြီး ကျန်ဇီဟွာအား သတ္တုသေဘ့တွေနဲ့ ချည်နှောင်ထားလိုက်သည်။

“သခင်ကြီး”

ကျန်ကလန်က လူများသည် ဒါကိုမြင်လိုက်လျှင် အရမ်းထိတ်လန့်သွားသည်။

“မင်းတို့ ငါ့ကို ဖမ်းရဲလား။ ငါ့ရဲ့ ကျောထောက်နောက်ခံက ဘယ်သူလဲ သိလား။ အဲဒါက မင်းသားလီပဲ”

ကျန်ဇီဟွာက အေးစက်စွာ ရယ်မောပြီး ပြောလိုက်သည်။

“မနက်ဖြန်ရောက်ရင် ဒီအဖေက မင်းကို စခန်းမှူး မဖြစ်တော့အောင် ကျိန်းသေပေါက် လုပ်ပြမယ်”

“သခင်ကြီးကျန်၊ ဒီလောက် မောက်မာနေဖို့ မလိုပါဘူး”

စခန်းမှူး ဝူက လှောင်ပြောင်လိုက်ပြီး

"မင်းကို လာဖမ်းဖို့ ဘယ်သူက အမိန့်ပေးလိုက်တာလဲ သိလား။ အဲဒါက ဝန်ကြီးချုပ် ကျန့်ပဲ"

"ဘာ"

အဲဒီစကားကို ကြားလိုက်လျှင် ကျန်ဇီဟွာ မျက်နှာပေါ်က တည်ငြိမ်နေတဲ့ အမူအရာ ပျောက်သွားပြီး ကြောက်ရွံ့ ထိတ်လန့်တဲ့ အမူအရာ ဖြစ်သွားသည်။

"ဒီကိစ္စက ဝန်ကြီးချုပ် ကျွန့်နဲ့ ပက်သက်မှုရှိနေတာလား"

ဝေဇီယူ အရမ်းထိတ်လန့်သွားပြီး ခြေထောက်တွေ တုန်နေသည်။ ဒါက ဩဇာကြီးမားပြီး နာမည်ကောင်းရှိတဲ့ အငြိမ်စား ဝန်ထမ်းတစ်ယောက်ပါ။ သူက မကောင်းမှုကို မုန်းတီးပြီး ဘက်မလိုက်မှုနဲ့ ကျော်ကြားသည်။ သူသာ ပါဝင်ပက်သက်နေရင် အားလုံးသေချာပေါက် အဆုံးသတ်ပြီ။

ဉ ပဒေ မချိုးဖောက်ဖူးတဲ့ စီပွားရေး သမားရှိလို့လား။ ကျန်ဇီဟွာနှင့် နောက်ထပ်နှစ်ယောက်သည် အမြဲတမ်း လာဘ်ထိုးခဲ့ကြသည်။

"သူ့ကို ခေါ်သွားလိုက်တော့"

ထို့နောက် စခန်းမှူးဝူသည် မာချမ်နှင့် ဝေဇီယူကို ကြည့်လိုက်ပြီး

"မင်းတို့နှစ်ယောက် အဆက်အသွယ်ရှိရင် မြန်မြန်အသုံးချဖို့ အကြံပေးချင်တယ်။

ဒီလိုမှမဟုတ်ရင် မင်းတို့နှစ်ယောက်ရဲ့ ဘေးကင်းမှုကို ငါအာမ မခံနိုင်ဘူး”

မာချမ်သည် အိမ်ကို ကမန်းကတမ်း ပြန်ပြေးသည်။ ဝေဇီယူသည် လမ်းပေါ်တွင် ခဏရပ်နေပြီးနောက် ဗဟိုပြည်နယ် အကယ်ဒမီကို မြန်မြန်သွားရန် ဆုံးဖြတ်လိုက်သည်။ ဆွန်းမိုသာ ဝန်ကြီးချုပ်ကျန့်နဲ့ ဒီလောက်ကောင်းမွန်တဲ့ ဆက်ဆံရေး ရှိနေမှန်း သိပါက တစ်ယောက်ယောက်က သူ့ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်လာရင်တောင် ပြဿနာ မရှာရဲပါ။

"ဘာဖြစ်လို့ ဒုက္ခရှာမိတာလဲ"

ဒီတစ်ခါတော့ သူ့ခြေချောင်းတွေ မာကျောတဲ့ သံပြားကို ကန်မိပြီ။ ဆွန်းမိုက သဘောထားကြီးတဲ့လူဖြစ်ပြီး သူ့ကို ခွင့်လွှတ်ပေးမယ်လို့ မျှော်လင့်နေမိသည်။

စာစဉ်(၁၉)

အခန်း(၂၇၅) - ဌာနမှူး ဆွန်း ကျေးဇူးပြုပြီး ငါ့ကို ခွင့်လွှတ်ပေးပါလား။

ထောက်ပံ့ရေးဌာန ရုံးခန်းထဲတွင်....

ဆွန်းမိုသည် မီးတောက် ပေါက်ကွဲခြင်း ဝိညာဉ်တက်တူးကို အာရုံစိုက်ပြီး ရေးဆွဲနေသည်။

ဝေဇီယူသည် သူ့အနားတွင် နာရီဝက်ကြာအောင် ရပ်နေခဲ့ရသော်လည်း တစ်စက်မှ အသံမထွက်ရဲပါ။

"ဟင်း၊ ဒီတစ်ခေါက်တော့ ငါ လုံးဝကို ရှုံးသွားပြီ"

ဆွန်းမိုက အခုအချိန်တွင် လွှမ်းမိုးနေပြီဆိုတာ ဝေဇီယူ သိနေသည်။ ဒါကြောင့် စိတ်ထဲတွင်

မကျေမနပ် ဖြစ်နေသော်လည်း သည်းခံပြီး မျက်မှာပေါ်မှာ အပြုံးကို ဆက်ထိန်းထားသည်။

ဝေဇီယူသည် ညာဏ်ကောင်းတဲ့လူဖြစ်သည်။ ဒါကြောင့် ဆွန်းမိုရဲ့ ရက်စက်ကြမ်းကြုတ်မှုကို အာရုံခံစားမိသည်။ သူသာ စကားတစ်ခွန်း ပြောလိုက်မိလျှင် သူ့တစ်မိသားစုလုံး အသတ်ခံရလိမ့်မည်။ တကယ်လို့ တခြား ဆရာတစ်ယောက်သာ ဆိုရင်တော့ သူတို့ရဲ့အဆင့်အတန်းကို အသိအမှတ်ပြုလိမ့်မည်။ သို့သော်လည်း သူ မဆင်မခြင် မလုပ်ရဲပါ။ ဆွန်းမိုရဲ့ အပြုအမူတွေက ရက်စက်ပြီး ညှာတာမှု ကင်းမဲ့လွန်းသည်။

သေဆုံးသွားတဲ့ လူအိုကြီးယှူက ဉ ပမာကောင်းတစ်ခုပဲ ဖြစ်သည်။

ဆွန်းမိုသည် အထက်အာဏာပိုင်များရဲ့ ဖိအားကို အသုံးချရုံသာမက လူထုရဲ့ သဘောထားကိုပါ အသုံးချပြီး လူအိုကြီးယှူကို တိုက်ခိုက်ခဲ့သည်။

ဝေဇီယှူသည် အဲဒီလယ်သမားတွေရဲ့ အင်အားကိုအလုံအလောက် စုစည်းပြီးပါက သူတို့ ကလန်သုံးခုရဲ့ အိမ်တော်ကို နှစ်ရက်အတွင်း မီးရှို့ဖျက်ဆီး ခိုင်းလိုက်လို့ရသည်။

ဒီဖြစ်ရပ်အတွက် အာဏာပိုင်တွေရဲ့ သဘောထားက အမြဲတမ်း အတူတူပဲ

ဖြစ်သည်။ ဘယ်သူမှန်း မသိတဲ့လူအုပ်ကြီးက ကျူးလွန်ပါက ဥပဒေ အရ အရေးယူလို့ မရပါ။ အများဆုံးကတော့ ခေါင်းဆောင်တွေကို ဖမ်းပြီး ရက်အနည်းငယ်လောက် ဖမ်းထားလို့ ရမည်။ သို့သော်လည်း အဲဒီအပြစ်ဒဏ်က မနာကျင်နိုင်ပါ။

ကျန်ဇီဟွာတို့လို နေအိမ် မီးလောင်ခံရတဲ့ နစ်နာသူများသည် ဘာလုပ်နိုင်မှာလဲ။ ဒီလယ်သမားတွေကို ရှောင်းစားရင်တောင် နစ်နာကြေး မကာမိနိုင်ပါ။ ပြီးတော့ ဆွန်းမိုက ကုန်သွယ်ရေးအဖွဲ့တွေကို စောင့်ကြည့်ထားပြီး မည့်သည့်အရာမှ လုပ်ခွင့် မပေးထားပါ။

စစ်သားများသည် ထူးဆန်းတဲ့ အပြုအမူများ ပေါ်လာတာနဲ့ချက်ခြင်း တန်းဖမ်းသွားလိမ့်မည်။

ဘုန်း

ဝိညာဉ်တက်တူး ပြီးသွားပြီ။ ဝိညာဉ်ချီတွေ ကြွတက်လာပြီး ဝိညာဉ်ချီ လေဆင်နှာမောင်းတစ်ခု ဖြစ်ပေါ်လာသည်။

(သူ....သူက တကယ် အရည်အချင်း ရှိတာလား)

ဝေဇီယူ အံ့အောသွားသည်။ သူက နုံအတဲ့ လူတစ်ယောက် မဟုတ်ပါ။ သူကျောင်းတက်တုန်းက ဝိညာဉ်တက်တူး ဘာသာရပ်တွင် သုတေသန

တချို့ လုပ်ခဲ့ဖူးသည်။ သူရဲ့အရည်အချင်းက အရမ်းနိမ့်ကျသဖြင့် ဒီနယ်ပယ်ကို စွန့်လွှတ်ဖို့ သူ့ကိုယ်သူ ဆုံးဖြတ်ခဲ့သည်။

ဒါကြောင့် ဆွန်းမိုက အဆင့်မြင့်မားတဲ့ ဝိညာဉ်တက်တူးတစ်ခုကို ပေါ့ပေါ့ပါးပါး ရေးဆွဲနိုင်တာ မြင်လိုက်လျှင် ထိန်းမနိုင် သိမ်းမရအောင် အံ့အောသွားသည်။

သို့သော် မကြာခင်တွင် တောက်ပတဲ့ အပြုံးတစ်ခုပေါ်လာပြီး လေချွန်လိုက်သည်။

“လှလိုက်တာ။ လှလိုက်တာ”

ဝေဇီယူက အဆက်မပြတ် ချီးကျူးနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါအချိန်က ကန့်သတ်ချက်ရှိတယ်။ ဒါကြောင့် ငါ့ကို အဓိပ္ပါယ် မရှိတာတွေ မပြောနဲ့"

ဝေဇီယူသည် ပြုံးနေရာမှ ကသိကအောက် ဖြစ်သွားသည်။ သို့သော်လည်း ဆွန်းမိုရဲ့ အကူအညီလိုအပ်သောကြောင့် ဒေါသမပြရဲပါ။

"ဥာနမှူးဆွန်း၊ မင်းက ကြီးကျယ်ခမ်းနားတဲ့ လူတစ်ယောက်ပါ။ ကျေးဇူးပြုပြီး ငါ့လို ပမွှားလေးကို စိတ်ထဲမထားပါနဲ့။ ငါ့ကို အခွင့်အရေးနည်းနည်းလောက် ပေးပါလား။

စျေးတက်တာနဲ့ ပက်သက်ရင် အရင်က တစ်ခါမပြောဖူးသလို သတ်မှတ်လိုက်ပါလား”

“မဟုတ်သေးပါဘူး။ စျေးတက်တာက လယ်သမားတွေအတွက် အကျိုးရှိမယ်ဆိုရင် ငါတို့လက်ခံလိုက်မယ်”

ဆွန်းမိုက ငြင်းလိုက်သည်။

ဝေဇီယူသည် အံ့ကြိတ်ပြီး ပွဲတင်သံ ထပ်လောက်အောင် အရှိန်နဲ့ ဒူးထောက် ချလိုက်သည်။

“ဌားနမှူးဆွန်း ငါက မျက်လုံးပါပေမယ့် တောင်ကြီးတစ်ခုလုံးကို မမြင်နိုင်ခဲ့ပါဘူး။ စျေးလျှော့ခွင့် ပေးပါ။ နောင်ကျရင် ကျောင်းက

ဝယ်ယူသမျှ ကုန်ပစ္စည်းအားလုံး ၃၀ရာခိုင်နှုန်း ဈေးသက်သာစေရမယ်”

“ဒီလိုလုပ်လိုက်ရင် လီဇီရှင်းကို စော်ကားမိသလို ဖြစ်သွားမှာ မကြောက်ဘူးလား”

ဆွန်းမိုက မေးလိုက်သည်။

“ငါစိုးရိမ်တယ်။ ဒါပေမယ့် မင်းသားလီက ငါ့ကိုသတ်စရာ အကြောင်းမရှိဘူး။ သူက ပိုက်ဆံကိုလည်း သဘောကျတယ်။ ဒါကြောင့် တန်ဖိုးကြီးတဲ့ ဇိမ်ခံပစ္စည်းတစ်ခု လက်ဆောင်ပြင်ဆင်ပြီး သူ ခွင့်လွှတ်လာအောင် တောင်းပန်လိုက်မယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝေဇီယူသည် ငိုချင်သော်လည်း မျက်ရည်မထွက်ပါ။

မင်းသားလီကို စော်ကားမိသဖြင့် ငွေအနည်းငယ် ဆုံးရှုံးသွားနိုင်သည်။ ဒါပေမယ့် သူသာ ဝန်ကြီးချုပ် ကျန့်ကိုစော်ကားမိရင် တစ်မိသားစုလုံး ခေါင်းမရှိ ဖြစ်သွားလိမ့်မည်။ ဝန်ကြီးချုပ်က မတရားမှုကို မုန်းတီးပြီး သူ့ကို မချစ်တဲ့သာမန် လူတန်းစား ရှိလို့လား။ ပြီးတော့ ဝေဇီယူသည် ကောက်ကျစ်တဲ့ မှတ်တမ်းရှိတဲ့ ကုန်သည်တစ်ယောက် ဖြစ်သည်။ သူသာ ပစ်မှတ်ထားခံရလျှင် ကျိန်းသေပေါက် သေရလိမ့်မည်။

"အနာဂတ်မှာ မင်းရဲ့ ကုန်ပစ္စည်းတန်ဖိုးတွေကို စျေးကွက်ပေါက်စျေးနဲ့ယှဉ်ရင် ၅ဂရာခိုင်နှုန်း ပိုသက်သာနေရမယ်"

ဆွန်းမိုက စျေးပေးလိုက်သည်။ ဝေဇီယူ ချက်ခြင်း အော်လိုက်သည်။

"ဥာနမှူးဆွန်း၊ အဲဒီလိုလုပ်လိုက်ရင် အမြတ်လုံးဝ မကျန်တော့ဘူး"

"ငွေရှာဖို့ စိတ်ကူးနေတုန်းလား"

ဆွန်းမို ပျော်ရွှင်လာသည်။

"မင်းအတွေးက မဟုတ်သေးဘူး။ ကျေးဇူးပြုပြီး ထွက်သွားတော့။ ငါက လူသေတွေနဲ့ စကားပြောဖို့ စိတ်မဝင်စားဘူး"

'လူသေ'ဆိုတဲ့ စကားကို ကြားလိုက်လျှင် ဝေဇီယူ၏နှလုံးသား တဆက်ဆက်တုန်သွားသည်။ နဖူးမှ ချွေးစီးများထွက်လာကာ ထင်ထားသလိုပဲ ဒီကောင်က လူသတ်ချင်နေသည်။

"ငါမှားပါတယ်။ ဒီစျေးနှုန်းကို လက်ခံချင်ပါတယ်"

ဝေဇီယူက ရှုံးနိမ့်ကြောင်း ဝန်ခံလိုက်သည်။

"ချင်လင်မြို့မှာရှိတဲ့ ကုန်သည်တွေက မဆင်မခြင်နဲ့ ဈေးကွက်ပေါက်ဈေးကို ကစားနေလို့ လယ်သမားတွေ ငွေမရှာနိုင်ဘူးလို့ ဝန်ကြီးချုပ်ကျန့်က ပြောဖူးတယ်။ ပြီးတော့ မြို့သူမြို့သားတွေကလည်း ကုန်ပစ္စည်းဝယ်ရာမှာ ဈေးကြီးနေလို့ ဒေါသထွက်နေတယ်တဲ့။ ဒါကြောင့် ကုန်သည်တွေကို နှိမ်နင်းဖို့ သူဆုံးဖြတ်ထားတယ်"

ဆွန်းမို နှုတ်ခမ်းများ ကွေးသွားသည်။

"ဌာနမှူးဆွန်း၊ ငါက အသိစိတ်ရှိတဲ့ကုန်သည်ပါ။ ငါကဦးဆောင်ပြီး ကုန်ပစ္စည်းဈေးနှုန်းတွေ ကျဆင်းအောင် အဆိုပြုလိုက်မယ်။ ပြီးတော့ ဆင်းရဲနွမ်းပါးတဲ့ မိသားစုက

ကျောင်းသားတွေအတွက် ကျောင်းကို ငွေတုံးနှစ်သန်း လှူဒါန်းပါ့မယ်။ သူတို့က စားဝတ်နေရေးအတွက် စိတ်ပူစရာမလိုဘဲ အေးအေးဆေးဆေး ပညာသင်ကြားနိုင်အောင် လို့ပါ”

ဝေဇီယူ မျက်ရည်ကျခြင်နေသည်။ ငွေတွေကို သူ မနှမြောပါ။ အဲဒီအစား ဆွန်းမို ပိုက်ဆံ မလိုချင်မှာ သူစိုးရိမ်နေသည်။

ကျန့်ချင်ဖန်သည် အငြိမ်းစားယူထားသည်။ ဒါပေမယ့် သူက အမှားလုပ်မိလို့ အငြိမ်းစားယူတာမဟုတ်ဘဲ ကျန်းမာရေးကြောင့် အငြိမ်းစားယူထားခဲ့ခြင်း ဖြစ်သည်။ မျိုးဆက်နှစ်ဆက်၏ အကြီးတန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပြီး လက်ရှိ ကေရာဇ်၏ ဆရာလည်း ဖြစ်သည်။ လက်ရှိမင်းဆက်၏ နံပါတ်တစ် ပုဂ္ဂိုလ်လို့တောင် ပြောလို့ရသည်။

သူက ကုန်သည်တွေကို နှိမ်နှင်းချင်ပါက စကားတစ်ခွန်း ပြောလိုက်ဖို့ပဲလိုသည်။ ချင်လင်ဘုရင်ခံက ချက်ခြင်း ပူးပေါင်း ဆောင်ရွက်လိမ့်မည်။

အင်း၊ ဆွန်းမိုက ဘယ်လိုကံကောင်းပြီး ဝန်ကြီးချုပ်ကျန့်နဲ့ ရင်းနှီးသွားလဲ မသိပါ။

"သူဌေးဝေ၊ မင်းက အရမ်းကြြင်နာတတ်တာပဲ။ မင်းကိုယ်စား ဝန်ကြီးချုပ်ကျန့်နဲ့

စကားပြောလိုက်ပါ့မယ်။ မင်းပြန်ပြီး သတင်းကောင်း စောင့်နေလို့ ရပြီ”

ဆွန်းမိုက လက်ဖက်ရည်သောက်ရင်း ဝေဇီယူ ထွက်သွားဖို့ လက်ခါပြလိုက်သည်။

ဝေဇီယူသည် ခေါင်းငုံ့ပြီး ရုံးခန်းထဲက ထွက်သွားသည်။

“ဆရာ ဘာဖြစ်လို့ ဒီလူဆိုးကြီးကို ခွင့်လွှတ်ပေးလိုက်ရတာလဲ”

ဆွန်းမိုအနားတွင် ရပ်နေတဲ့ လီဇီချီ နားမလည်ပါ။

"ဇီချီ၊ အရွယ်ရောက်တဲ့ လူတွေရဲ့လောကမှာ အမှန်အမှား မရှိတော့ဘူး။ အကျိုးအမြတ်ပဲ ရှိတော့တယ်"

ဆွန်းမိုက ပြုံးရင်း ပြန်ရှင်းပြသည်။

"ဒီကုန်သည်က ပိုက်ဆံရှာဖို့ စီးပွားရေးလုပ်တယ်။ သူ့နေရာမှာ တခြားကုန်သည် တစ်ယောက်ဆိုရင်လည်း ထူးပြီး သန့်ရှင်းနေမှာ မဟုတ်ဘူး။ ပြီးတော့ ဝေဇီယူက အခြေအနေကို ကောင်းကောင်းစာဖတ်တတ်တဲ့သူ ဖြစ်တယ်။ ငါဘာယ်လောက်ကြောက်ဖို့ ကောင်းတယ်ဆိုတာ သိသွားတာနဲ့ ပူးပေါင်းဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါက

ဗဟိုပြည်နယ်အကယ်ဒမီ အကျိုးအမြတ်အများဆုံး ရနိုင်တဲ့နည်းလမ်းပဲ”

လီဇီချီ မျက်နှာပေါ်တွင် တွေးတောနေတဲ့ အရိပ်အယောင် ပေါ်လာသည်။

ဝေဇီယူသည် အလန့်တကြား ကျောင်းတံခါးမှ ထွက်လာသည်။ ခဏနေတော့ မာချမ်၏ မြင်းလှည်းသည် အရှိန်နဲ့ မောင်းဝင်လာတာ မြင်လိုက်သည်။

ဝေဇီယူသည် မမြင်ချင်တဲ့အတွက် အခြားလမ်းဘက်သို့ ဦးတည်လိုက်သည်။ သို့သော် မာချမ်က သူ့ကို မြင်သွားသည်။

"အစ်ကိုဝေ၊ အစ်ကိုဝေ၊ ခဏ"

မာချမ် ပြေးလာသည်။

"မင်းလည်း ဌာနမှူးဆွန်းနဲ့ တွေ့ဖို့လာခဲ့တာလား။ အခြေအနေ ဘယ်လိုလဲ"

"အစ်ကို မာ"

ဝေဇီယူ၏ ထက်မြတ်တဲ့ အာရုံအရ ဆွန်းမိုကို သတ်ချင်နေတဲ့ မာချမ်က ဆွန်းမိုအား ဂုဏ်ပြုပြီး 'ဌာနမှူးဆွန်း' လို့ ခေါ်နေတာ သတိထားလိုက်မိသည်။

"အင်း၊ ပြောရရင်တော့ ဇာတ်လမ်းက အရှည်ကြီးပဲ"

မာချမ် သက်ပြင်းချလိုက်သည်။ အိမ်ပြန်ရောက်တဲ့အခါ လယ်သမား ၁၀၀၀ နီးပါးသည် သူ့အိမ်သို့ အပြေးရောက်လာကာ ခုတ်ထစ်ပြီး လုယက်မှု ကျူးလွန်းနေတာ မြင်လိုက်ရသည်။ သူ့ရဲ့နေရာကိုတောင် မီးရှို့ကျသေးသည်။

မာချမ်သည်လုံခြုံရေးကို ထိန်းသိမ်းရန် စစ်သားခေါ်ပြီး ဖမ်းခိုင်းမလို့ စိတ်ကူးလိုက်သေးသည်။ စစ်သားများက သူ့ကိုမြင်တာနဲ့ လိုက်ဖမ်းမယ်လို့ မထင်ထားခဲ့ပါ။

ကံကောင်းထောက်မစွာ မာချမ်သည် အမြန်ပြေးထွက်လာနိုင်ခဲ့သည်။ ဒီလိုမှမဟုတ်ရင် သူထောင်ကျနေလောက်ပြီ။

"မင်းဘာလို့ မင်းသားလီဆီ မသွားတာလဲ"

ဝေဇီယူက အကြံပေးလိုက်သည်။

သူက မာချမ်အား ဆွန်းမိုနဲ့ မတွေ့သွားစေချင်ပါ။ လက်ပါးစေ ရာထူးသည် တစ်ယောက်တည်းနဲ့လုံလောက်သည်။ လက်ပါးစေတွေ များလာရင် ပြိုင်ဆိုင်မှု ရှိလာလိမ့်မည်။

"ဟား ဟား"

မာချမ်သည် အေးစက်စွာ ရယ်မောလိုက်သည်။ သူက မင်းသားလီအရှေ့တွင် ဖားတစ်ကောင်လို ဆက်ဆံခံလိုက်ရသည်။ သူသေဆုံးသွားပါက မင်းသားလီတွင် အစားထိုးဖို့ နောက်လူရှိနေသည်။

အရေးအကြီးဆုံးက ဆွန်းမို ဒေါသနည်းသွားဖို့ပဲ ဖြစ်သည်။ ဒါကြောင့် မာချမ် အရမ်းပေးဆပ်ဖို့ ပြင်ဆင်ထားခဲ့သည်။

"ဌာနမှူးဆွန်းက ဘယ်နေရာမှာလဲ"

မာချမ်က မေးလိုက်သည်။

"ငါမင်းကို လိုက်ပို့ပေးမယ်"

ဝေဇီယူ မျက်နှာတွင် နွေးထွေးသော အမူအရာ ပေါ်နေသော်လည်း သူ့ ခြေလှမ်းများကတော့ မမြန်ပါ။ မာချမ် စိုးရိမ်လာပေမယ့် ဝေဇီယူကို မြန်ဆန်အောင် မတိုက်တွန်းနိုင်ခဲ့ပါ။ ဝေဇီယူက ဆွန်းမိုနဲ့ ညှိနှိုင်းပြီးသွားပြီလို့ သူခန့်မှန်းမိသွားသည်။ ဒါကြောင့် ဝေဇီယူနှင့် ဆွန်းမို ကင်းရှင်သွားအောင် သူလုပ်ချင်သည်။

သူတို့နှစ်ယောက် အဝင်အဝသို့ ရောက်လာလျှင် စစ်သားများ ရောက်လာကာ ချက်ခြင်း ပြေးလာပြီး မာချမ် ကျောကို ပြေးကန်ကြသည်။

ဘုန်း

မာချမ် လိမ့်သွားသည်။ သူပြန်ပြီး မတ်တပ်မရပ်နိုင်ခင် သူ့ကို သော့ခတ်လိုက်ကြသည်။

"ဟွန့်၊ နောက်ဆုံးတော့ မင်းကိုဖမ်းမိပြီ။ ငါတို့နဲ့ လိုက်ခဲ့"

စစ်သားက ရက်စက်စွာ ပြုံးလိုက်သည်။

ဝေဇီယူက ဘေးကနေ ရပ်ကြည့်နေသည်။ ဒီမြင်ကွင်းကို မြင်လိုက်တော့ အေးစက်မှုက နှလုံးသား တစ်ခုလုံးပျံ့နှံ့သွားသည်။ ထို့နောက် ပျော်ရွှင်တဲ့ ခံစားမှု ပေါ်လာသည်။ ကံကောင်းထောက်မစွာ

သူ့လက်နက် အမြန်ချလိုက်နိုင်သည်။ ဒီလိုမှမဟုတ်ရင် သူလည်း ပြီးသွားနိုင်သည်။

"အစ်ကိုဝေ၊ ငါ့ကို ကူညီပြီး ဌာနမှူးဆွန်းအရှေ့မှာ ကောင်းကြောင်း ပြောပေးပါ"

"ဒီလို ရင်းရင်းနှီးနှီး မခေါ်ပါနဲ့။ မင်းဘယ်သူလဲဆိုတာ ငါမသိဘူး"

ဝေဇီယူက မာချမ်နဲ့ မပက်သက်တဲ့အကြောင်းကို ကမန်းကတမ်း ရှင်းချက်ထုတ်လိုက်သည်။

"အမ်"

မာချမ် သတိထားမိသွားသည်။

“ဝေဇီယူ၊ မင်းကင်္ဂါကို တိုက်ခိုက်ဖို့ ကြံစည်ခဲ့တာလား”

ဒါအမှန်ပဲ။ ဝေဇီယူက ဆွန်းမိုနဲ့ မတွေ့ဖြစ်အောင် သူ့ကို သက်သက် အချိန်ဆွဲနေခဲ့သည်။

ဒါပေမယ့် အဲဒီအချိန်တွင် ဆွန်းမိုသည် ရုံးခန်းထဲက ထွက်လာသည်။ မာချမ် အဖမ်းခံနေရတာမြင်လဲ သူ့အမူအရာ မပြောင်းလဲသွားပါ။

“ကျောင်းအုပ်ကြီးဆွန်း၊ အဘိုးဆွန်း၊ ကျွန်တော်မှား သွားပါတယ်။

မင်းအကျိုးအမြတ် ကြီးကြီးမားမားရအောင် လုပ်ပေးဖို့ ဆန္ဒရှိပါတယ်။ ငါ့ကိုခွင့်လွှတ်ပေးလို့ ရမလား”

မိုးခြိမ်းသံလောက်ကျယ်တဲ့ အသံနဲ့ မာချမ်က ဒူးထောက်ပြီး အရိုအသေ ပေးနေသည်။

ဆွန်းမိုက ဘာမှပြန်မပြောဘဲ တန်းထွက်သွားသည်။

“အဘိုးဆွန်း၊ ငါက မျက်စိရှိပေမယ့် တောင်ကြီးကို မမြင်ခဲ့မိဘူး။ မင်းက ကြီးမြတ်တဲ့လူပါ။ ကျေးဇူးပြုပြီး ငါ့ကိုခွင့်လွှတ်ပေးပါ။ ငါ့ပိုင်ဆိုင်မှုတွေ အားလုံးကို ကျောင်းကိုလှူဖို့ ဆန္ဒရှိပါတယ်”

မာချမ်က ငိုယိုပြီး ပြောသည်။

အခုအချိန်တွင် သူသေသွားပါကလည်း ပိုင်ဆိုင်မှုတွေ အားလုံး အသိမ်းခံရလိမ့်မည်။ ဒါကြောင့် စိတ်ထဲ မနှမျောနေတော့ပါ။ သူ့အသက်ကိုဝယ်ဖို့ ပိုက်ဆံသုံးချင်နေသည်။ စိတ်မကောင်းစရာက ပိုက်ဆံက အလုပ်မဖြစ်ခဲ့ပါ။

ဝေဇီယူသည် မာချမ်၏ သူငယ်ချင်းဟောင်း တစ်ယောက်အနေနဲ့ သူဘယ်လောက် ချမ်းသာတယ်ဆိုတာ အတိအကျ သိနေကာ ဒီစကားကြောင့် တုန်လှုပ်သွားသည်။ ထို့နောက် ဆွန်းမိုကို ကြည့်လိုက်လျှင် ရင်ဘက်ပြားတဲ့

ကျောင်းသူလေးတစ်ယောက်နဲ့ စကားပြောနေပြီး မာချမ်ကို လုံး၀ဂရုမစိုက်ပါ။

သွေးအေးရက်စက်တတ်တဲ့ ဆွန်းမိုကို ကြည့်ပြီး ဝေဇီယူ ရုတ်တရက် ချွေးစေးများ ထွက်လာသည်။ (တောက်၊ ဒီလူက ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်တယ်။ ဒီလူကို စော်ကားမိလို့ မဖြစ်ဘူး)

ဒင်

ဝေဇီယူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး (၁၀၀/၁,၀၀၀)

အကြောင်းကြားကို ကြားလိုက်လျှင် ဆွန်းမို တစ်ချက် ကြည့်လိုက်သည်။

ဝေဇီယူ ကြောက်ရွံ့ ထိတ်လန့်ပြီး ချက်ခြင်း ပြုံးပြလိုက်သည်။ ဆွန်းမိုရဲ့ အေးစက်သော အကြည့်ကို မြင်လိုက်လျှင် ခြေထောက်ပျော့ခွေပြီး ချက်ခြင်း ဒူးထောက်ကျသွားသည်။

စစ်သားများ လျှာကိုက်လိုက်မိသည်။ ဝေဇီယူက ဘယ်သူလဲ။ အသားတင်ပိုင်ဆိုင်မှု သန်းရာနဲ့ချီပြီး ချမ်းသာတဲ့ ကုန်သည်တစ်ယောက်ဆိုတာ လူတိုင်းသိသည်။ ဘာကြောင့် ဒီလောက်

ကြောက်နေရတာလဲ။ ပြောရလျှင် ဒီဆရာမှာ ဘယ်လိုနောက်ခံမျိုး ပိုင်ဆိုင်နေတာလဲ။

ဆွန်းမို ထွက်သွားသည်။ မာချမ်ကို ခေါ်ဆောင်သွားသည်။ ပူးပေါင်းရန် ငြင်းဆန်နေသဖြင့် စစ်သားများက သူ့ခေါင်းကို လက်နက်များနဲ့ ရိုက်နှက်ရာ သွေးတွေ ထွက်ကျနေသည်။

ပုံမှန်အတိုင်းသာဆိုလျှင် တစ်ယောက်ယောက်က ဒီစစ်သားတွေကို ပိုက်ဆံအနည်းငယ်လောက် ပေးလိုက်ရုံနဲ့ လွယ်လွယ်ကူကူ ညှိနှိုင်းလို့ ရသည်။ ဒါပေမယ့် ဒီတစ်ခေါက်တော့ မတူတော့ပါ။ အထက်မှ ပေးအပ်ထားတဲ့ တာဝန်ဖြစ်တယ်ဆိုတာ လူတိုင်း

ရှင်းရှင်းလင်းလင်း သိထားသည်။ စစ်သားများ လာဘ်ငွေ လက်မခံရဲပါ။

ဒီအကြောင်းကို တွေးနေရင်း ဝေဇီယူသည် ကျောင်းကို လှူဒါန်းတဲ့ငွေအား ချက်ခြင်း တိုးမြှင့်ဖို့ ဆုံးဖြတ်လိုက်သည်။ ပြီးတော့ နေ့လည်ပိုင်းမှာ အပြီးလွှဲပေးလိုက်မည်။

နေ့လည်ခင်းတွင် အန်ရှီဝေသည် ဝေဇီယူ လွှဲပေးတဲ့ ငွေတုံး သုံးသန်းကို လက်ခံရရှိလိုက်သည်။

အရင်တုန်းကတော့ ဒီကုန်သည်နဲ့ အလုပ်အကြောင်းဆွေးနွေးတဲ့အခါ အမြဲတမ်း မောက်မာနေတတ်သည်။ ဒါပေမယ့် ဒီနေ့တွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြေးတစ်ယောက်လိုမျိုး နာခံမှုရှိကာ သူဘက်ကနေစပြီး စျေးနှုန်းအား ၅၀ ရာခိုင်နှုန်း လျှော့ချခဲ့သည်။

ဒီလိုလုပ်လိုက်ခြင်းအားဖြင့် ဗဟိုပြည်နယ်အကယ်ဒမီသည် လစဉ်ငွေတုံး တစ်သောင်းကျော်လောက် သက်သာသွားသည်။

“တကယ်လို့ အခွင့်အရေးရရင် နောက်တစ်ကြိမ်မှာ ဌာနမှူး ဆွန်းကိုဖိတ်ပြီး ထမင်းအတူတူ စားချင်ပါတယ်”

ဝေဇီယူသည် ငွေရှင်းပေးပြီးနောက် နေလို့ထိုင်လို့ အဆင်ပြေသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထွက်သွားတဲ့အချိန်အထိ ရိုကျိုးနေတဲ့ ဝေဇီယူကို မြင်ပြီး အန်ရှီဝေတစ်ယောက် အိပ်မက် မက်နေသလို ခံစားရသည်။ ဒီတစ်ခေါက်တော့ ထောက်ပံ့ရေးဌာန ဒုက္ခရောက်တော့မယ်လို့ သူမ ထင်နေခဲ့သည်။ ဒီလောက်ကြီး မြန်မြန်ဆန်ဆန် ဖြေရှင်းသွားမယ်လို့ ဘယ်သူက ထင်မိမှာလဲ။

ဒါတွေက ဆွန်းမိုရဲ့ လွန်ကဲတဲ့ စွမ်းဆောင်ရည်တွေကြောင့် ဖြစ်သည်။ ဒါကြောင့်လည်း အမြန် ဖြေရှင်းနိုင်ခဲ့သည်။

အန်ရှီဝေသော သူ့နေရာမှာဆိုရင် ဖိအားတွေကြောင့် ပေါက်ကွဲသွားလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက အရမ်းမိုက်တာပဲ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၄၆၀/၁,၀၀၀)

ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာ သိသွားတာနဲ့ လီဇီရှင်းသည် သူ့ခွက်အား ချက်ခြင်း ပစ်ခွဲလိုက်သည်။ ဒီကိစ္စ မပြီးသေးဘူးကွ။

စာစဉ်(၁၉)

အခန်း(၂၇၆) - ချိုင်တန်အား   ကယ်တင်ခြင်း။

ဒီကိစ္စက အဆုံးသတ်မဟုတ်သေးကြောင်း ဆွန်းမို သိနေသည်။ သူက မင်းသားလီ ချစ်တဲ့သားကို သတ်ပစ်ထားသောကြောင့် မင်းသားလီက မဖြစ်မနေ လက်စားချေလိမ့်မည်။ သို့သော်လည်း ဆွန်းမို နောင်တ မရပါ။

လီချမ်လို လူယုတ်မာအား နောက်ကျမှ သတ်ခဲ့မိတဲ့အတွက်သာ နောင်တ ရသေးသည်။

ထောက်ပံ့ရေးဌာနက ကိစ္စကို ဖြေရှင်းပြီးသွားတဲ့နောက် ဆွန်းမိုသည် အဲဒီကိစ္စအား

စိတ်ထဲ မထည့်ထားတော့ပါ။ ကိစ္စသေးသေးလေးတစ်ခု လုပ်ခဲ့သလိုပါပဲ။ ဒါပေမယ် လူအားလုံးက အရမ်း အံ့အောသင့်နေကြသည်။

ဆွန်းမိုက တော်တော်ကို အစွမ်းထက်လွန်းသည်။

သူသည် သင်ကြားရေးစွမ်းရည် ထူးချွန်ရုံသာမက စီမံခန့်ခွဲရေး ကိစ္စများကို ကိုင်တွယ် ဖြေရှင်းတဲ့နေရာမှာလည်း ထူးချွန်သည်။

ကျန်ဟန်ဖူသည် ဆွန်းမိုက ဒီကိစ္စကို နှစ်ရက်အတွင်း ကိုင်တွယ်ဖြေရှင်းနိုင်မယ်လို့

မမျှော်လင့်ထားခဲ့ပါ။ ပြီးတော့ ဝေဇီယူက ဆွန်းမိုကို ဖားဖို့အတွက် စျေးကြီးပြီး ရှားပါးတဲ့ အစားအသောက်များပါ ယူဆောင်လာခဲ့သေးသည်။ ဆွန်းမိုရဲ့ အမြင်ကျယ်ပြန့်ပြီး ဒါတွေကို မြည်းစမ်းဖို့ ကံကြမ္မာကောင်း ပိုင်ဆိုင်သွားသည်။

ဒီကိစ္စကြောင့် ဆွန်းမိုရဲ့ အရည်အချင်းကို ဘယ်သူမှ သံသယ မဝင်ကြတော့ပါ။ သူက ထောက်ပံ့ရေး ဌာနမှူးလုပ်ဖို့အတွက် အရမ်း အရည်အချင်း ရှိသည်။

အခုတော့ ကျောင်းမှာ ဆွန်းမိုကို မြတ်ဆရာတွေကတောင် စပြီး နှုတ်ဆက်နေကြသည်။ ဆွန်းမိုရဲ့ အဆင့်အတန်းကလည်း တဖြည်းဖြည်း မြင့်တက်လာသည်။

ပညာရေးဆိုင်ရာ ရှုထောင့်မှ ကြည့်လျှင် ဆွန်းမိုမှာ နတ်ဘုရားလက် ပိုင်ဆိုင်ထားပြီး သူ့ဂုဏ်သိက္ခာက တစ်ကျောင်းလုံး ပျံ့နှံ့နေသည်။ ကျောင်းသားများကြားတွင် အရမ်း ရေပန်းစားနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရာထူးအရကလည်း ထောက်ပံ့ရေးဌာနရဲ့ ဌာနမှူးဖြစ်ပြီး ကျောင်းငွေကြေးဆိုင်ရာ လုပ်ပိုင်ခွင့် အပြည့်အဝ ချုပ်ကိုင်ထားတဲ့ ရာထူးကို ဆုပ်ကိုင်ထားသည်။ အဲဒါသည် အမှန်တကယ် အာဏာရှိတဲ့ ရာထူးများထဲက တစ်ခု ဖြစ်သည်။

ပြီးတော့ အန်ရှီဝေနဲ့လည်း စေ့စပ်ထားသဖြင့် ဗဟိုပြည်နယ်အကယ်ဒမီ၏ ပိုင်ရှင် တစ်ဝက်လည်း ဖြစ်သည်။

ဆွန်းမိုရဲ့ တစ်ခုတည်းသော အားနည်းချက်မှာ မြတ်ဆရာဘွဲ့ မရသေးတာပဲ ဖြစ်သည်။

သို့သော်လည်း သူပြသထားတဲ့ အရည်အချင်းတွေအရ ဆွန်းမိုသည် လာမည့် နွေဦးမြတ်ဆရာ စာမေးပွဲမှာ ကျိန်းသေပေါက် အောင်မြင်မယ်လို့ လူတိုင်းက တွေးထားကြသည်။

ဆရာတွေက မနာလိုရင်တောင် ဖော်ရွေတဲ့ အပြုံးကို ပြုံးပြကြသည်။ ဒါကြောင့်လည်း ကျန်ဟန်ဖူအတွက် ပိုခက်ခဲလာသည်။

လောဘကြီးတဲ့လူက ရောင့်ရဲမှု မရှိပါ။ လီဇီရှင်း၏ ထောက်ပံ့မှုကြောင့် ကျန်ဟန်ဖူသည် ဒုကျောင်းအုပ်ကြီးရာထူးနဲ့ မတင်းတိမ်နိုင်တော့ပါ။

ဗဟိုပြည်နယ် အကယ်ဒမီ တစ်ခုလုံးကို ချုပ်ကိုင်ဖို့ စိတ်ကူးလာသည်။

အစပိုင်းတွင် အရာရာ အဆင်ပြေခဲ့ပြီး အန်ရှီဝေအား တစ်ကြိမ်ပြီး တစ်ကြိမ် အနိုင်ယူခဲ့သည်။ သို့သော်လည်း ဆွန်းမို ရောက်လာပြီးနောက် အားသာချက်များက သိသိသာသာ ပျောက်ကွယ်သွားသည်။

"အန်ရှီဝေ တကယ် ကံကောင်းတာပဲ။ ဆွန်းမိုကြောင့်သာ မဟုတ်ရင် ငါ....ဟင်း"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီရက်ပိုင်းအတွင်း ကျန်ဟာန်ဖူသည် ဝမ်းနည်းမှုများစွာနဲ့ ဝိုင်ခွက်တွေကြား နှစ်မြုပ်နေခဲ့သည်။ သားဖြစ်သူကလည်း တော်တော်ကြာနေတာတောင် ပြန်မရောက်လာသေးတဲ့ အတွက် အရမ်း စိတ်ပူလာသည်။

မရီဒန်အကယ်ဒမီ၏ ကျောင်းအုပ်ကြီး ရုံးခန်း......

"ငါရှုံးတယ်။ ရှုံးတယ်။ မင်း စစ်တုရင်ကစားတာ ကောင်းလွန်းတယ်"

ကျောင်းအုပ်ကြီးချောင်သည် နဖူးက ချွေးတွေကို သုတ်ပြီး ကုလားထိုင်ပေါ်တွင် ကျောမှီကာ စစ်တုရင်အရုပ်တွေကို စိတ်ပျက်လက်ပျက်နဲ့ ကြည့်နေသည်။ အရမ်းကြိုးစားခဲ့ပေမယ့် ယူရုံပိုကို အနိုင်မယူနိုင်ခဲ့ပါ။

"စစ်တုရင်ဆိုတာ သေသေးမွှားမွှားလေးပါ"

ယူရုံပိုသည် ဒီကိစ္စတွင် အနိုင်၊ အရှုံးကို ဂရုမစိုက်ပါ။

"အေး ဒါကြောင့်လည်း မင်းတို့ ပါရမီရှင်တွေကို ငါမုန်းတာ။ သာမန်လူတွေက အရမ်းကြိုးစားပြီး

လေ့ကျင့်ရတယ်။ ဒါပေမယ့် ငါတို့မျက်နှာကျက်က မင်းတို့ စမှတ်ပဲ ရှိသေးတယ်”

ကျောင်းအုပ်ကြီး ချောင်က သက်ပြင်းချရင်း ပြောလိုက်သည်။

“ဟားဟား”

ယူရှုံပို ခေါင်းခါလိုက်သည်။

“လူတိုင်းက ပါရမီရှင်လို့ ငါယုံကြည်တယ်။ သူတို့ အရည်အချင်းကို ဖော်ထုတ်နိုင်လား မလုပ်နိုင်ဘူးလား ဆိုတာက ပြဿနာပဲ”

“ဆွန်းမို လိုလား”

ကျောင်းအုပ်ကြီးချောင် အော်ဟစ်ပြီး

“မင်း သိလိုက်လား။ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ထောက်ပံ့ရေးဌာန အကျပ်အတည်းကို ဖြေရှင်းလိုက်ပြီ”

“အို”

ယူရုံပိုသည် အခုတလောတွင် အလုပ်ရှုပ်နေခဲ့သည်။ ဒါကြောင့် ဆွန်းမိုအကြောင်းတွေကို သတိမထားခဲ့မိပါ။

ကျောင်းအုပ်ကြီးချောင်ကတော့ သူ့ရဲ့ သဘာဝရန်သူဖြစ်တဲ့ ဗဟိုပြည်နယ်အကယ်ဒမီ

အကြောင်းကို တစ်ချိန်လုံး အာရုံစိုက်နေခဲ့သည်။ ဒါကြောင့် ယူရိုပိုအား သူသိခဲ့တဲ့ အကြောင်းအရာများကို ပြန်ပြောပြလိုက်သည်။

"ကျောင်းအုပ်ကြီးအန်က တကယ်ကောင်းတဲ့ သုံးသပ်ချက်ကို လုပ်ခဲ့တာပဲ။ အရင်တုန်းကတော့ သာမန်ကျောင်းတစ်ကျောင်းက ဘွဲ့ရ ယောက်ျားတစ်ယောက်နဲ့ အန်ရှီဝေကို ဘာဖြစ်လို့ လက်ထပ်ပေးမှာလဲလို့ တွေးခဲ့မိတယ်။ ငါ့ရဲ့ ပထမအမြင်က မှားသွားပြီး သူ့ကို လျှော့တွက်ခဲ့မိတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းအုပ်ကြီးအန်လို့ သူရည်ညွှန်းနေတာက အရင်ကျောင်းအုပ်ကြီးကို ဖြစ်သည်။ သူတို့သည် ပြိုင်ဘက်များ ဖြစ်သော်လည်း ကျောင်းအုပ်ကြီးချောင်သည် အရင် ကျောင်းအုပ်ကြီးအား အရမ်းကြည်ညို လေးစားသည်။ အန်ရှီဝေက အငယ်လေးဖြစ်ပြီး လေးစားမှုနဲ့ မထိုက်တန်သေးပါ။

"ငါတို့ ကျောင်းကလည်း ဆွန်းမိုရဲ့ ကျေးဇူးကြောင့် အမြတ်ထွက်ခဲ့ပါသေးတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းအုပ်ကြီး ချောင်က ရယ်ရင်းပြောလိုက်သည်။ ဆွန်းမိုက ကောက်ကျစ်တဲ့ ကုန်သည်တွေကို ဖြိုခွဲခဲ့သဖြင့် ကုန်ပစ္စည်းဈေးနှုန်းက အရမ်းကျဆင်းသွားသည်။ ဒါကြောင့် မရီဒန်အကယ်ဒမီက ဝယ်ယူတဲ့ ကုန်ပစ္စည်းဈေးနှုန်းများသည် အရင်ကထက် အများကြီး သက်သာသွားသည်။

ယူရုံပိုသည် အေးဆေးတည်ငြိမ်တဲ့ မျက်နှာအမူအရာနဲ့ လက်ဖက်ရည် ဆက်သောက်နေသည်။

"အမ်၊ မင်း မအုံ့အောဘူးလား"

ယူရုံပိုက ဆွန်းမိုအပေါ်တွင် အရမ်းကောင်းမွန်တဲ့ အမြင်ရှိတယ်ဆိုတာ ကျောင်းအုပ်ကြီးချောင် သိနေသည်။ ဆွန်းမိုကို အမဲလိုက်ဖို့အတွက်ပင် ကျောင်းခေါင်းဆောင်များကို အကြံပြုခဲ့သေးသည်။ သို့သော်လည်း သူတို့က ပယ်ချခဲ့သည်။ ပထမအချက်က ဆွန်းမိုသည် မဟာကိုးပါးကျောင်းများထဲက ဘွဲ့ရမဟုတ်သဖြင့် သူတို့ အလေးမထားခဲ့ပါ။ ဒုတိယအချက်က အဲဒီအချိန်တွင် အစမ်းခန့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတစ်ယောက်သာဖြစ်ပြီး နာမည် ဂုဏ်သတင်း မရှိသေးပါ။ တတိယအချက်က အန်ရှီဝေနဲ့ စေ့စပ်ထားလို့ ဖြစ်သည်။

"ဒီကိစ္စက ဆရာဆွန်းအတွက်ဆိုရင် ပုံမှန်ပဲ"

ယူရုံပိုသည် ဆွန်းမိုအား သူရဲ့ မြတ်ဆရာအသိုင်းအဝိုင်းထဲသို့ ဖိတ်ခေါ်မည့် ကိစ္စအား စွန့်လွှတ်ခဲ့သည်။ သူ့လို အရည်အချင်းရှိတဲ့လူကို ထိန်းသိမ်းထားဖို့ မဖြစ်နိုင်ပါ။

"သူ့အပေါ် မင်းရဲ့ အဆင့်သတ်မှတ်ချက်က အရမ်းမြင့်နေပြီ"

ကျောင်းအုပ်ကြီးချောင် အော်လိုက်သည်။

“ငါးနှစ်မပြည့်ခင် သူ့ငါ့ကို လိုက်မီသွားမယ်လို့ ခံစားရတယ်”

ယူရှုံပိုသည် ဒီအကဲဖြတ်မှုကို မလုပ်ခင် အတွေးတစ်ခုပေးခဲ့သည်။

ကျောင်းအုပ်ကြီးချောင်ရဲ့ မျက်နှာအမူအရာသည် ချက်ခြင်း လေးနက်လာသည်။ ယူရှုံပိုသည် နှိမ့်ချပြီး ဖော်ရွေတတ်တဲ့ပုံ ပေါက်ပေမယ့် အတွင်းစိတ်ထဲမှာ အရမ်း မာနကြီးသည်။ ဆွန်းမိုရဲ့ အရည်အချင်းကို အဲဒီလို အထိန်းအကွပ်မရှိ ချီးကျူးနေတယ်ဆိုမှတော့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူဘယ်လောက် သဘောကျနေတယ်ဆိုတာ သိသာနေသည်။

ဒေါက် ဒေါက်

တံခါးခေါက်သံ ထွက်ပေါ်လာပြီး ဖန်ဝူဂျီ ဝင်လာသည်။

"ဝူဂျီ၊ ထိုင်ကွာ"

ကျောင်းအုပ်ကြီး ချောင်က ထိုင်ခိုင်းလိုက်သည်။

"ဝူအန် ပြန်ရောက်ပြီလား"

"မရောက်သေးဘူး"

ဖန်ဝူဂျီ ခေါင်းယမ်းလိုက်သည်။

“ဆွန်းမိုကို ဘယ်လိုထင်လဲ”

ကျောင်းအုပ်ကြီး ချောင်က မေးလိုက်သည်။

ဖန်ဝူဂျီက ကျောင်းသို့ ပြန်ရောက်တဲ့အချိန်တွင် ဆွန်းမိုနှင့် အင်ဘိုင်ဝူက အရမ်းအရည်အချင်းရှိပြီး သူတို့အား ခပ်မြန်မြန် ခေါင်းဖြတ် အမဲလိုက်ရန် ကျောင်းအုပ်ကြီးချောင်အား သတင်းပို့ခဲ့သည်။ သို့သော်လည်း ကျောင်းအုပ်ကြီးချောင်သည် အဲဒီအချိန်က အများကြီး မတွေးခဲ့ပါ။ နောက်တစ်ခု

ခေါင်းဖြတ်အမဲလိုက်တဲ့ ဈေးနှုန်းက အရမ်းဈေးကြီးသည်။

"သူ့ကိုသာ အချိန်ငါးနှစ်ပေးလိုက် ကျွန်တော်နဲ့ လျှိုမှုဘိုင်ကို ကျော်တက်သွားဖို့က ပြဿနာ မရှိဘူး"

ဖန်ဝူဂျီက စဉ်းစားပြီး အလေးအနက် ပြောလိုက်သည်။

"ဘာ"

ကျောင်းအုပ်ကြီး ချောင် အံ့အောသွားသည်။ ဖန်ဝူဂျီသည် အရမ်းလေးနက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ မတွေးတောဘဲ စကားကို

ပေါ့ပေါ့ဆဆ မပြောတတ်ပါ။ သူက ဒီလိုပြောလာသဖြင့် အမှန်တကယ် ဖြစ်ကောင်းဖြစ်နိုင်သည်။

"နေအုံး။ သုံးနှစ်ဆို လုံလောက်ပြီ"

ဖန်ဝူဂျီက အနည်းငယ်စဉ်းစားပြီး စကားပြန်ပြင်လိုက်သည်။ လျိုမူဘိုင်သည် သူ၏အရည်အချင်းနှင့် ရုပ်ရည်ကြောင့် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ထိပ်တန်း ဆရာတစ်ယောက် ဖြစ်လာခဲ့သည်။ သို့သော် ဒီဘွဲ့ကို

မကြာခင် နောက်တစ်ယောက်က ယူသွားလိမ့်မယ်လို့ သူယုံကြည်နေသည်။

"အမြန်ဆုံး ခရီးသွားဖို့ လိုနေပြီထင်တယ်"

ကျောင်းအုပ်ကြီးချောင်က လေးလေးနက်နက် တွေးတောနေသည်။

"မနက်ဖြန်"

ယူရုံပိုနှင့် ဖန်ဝူဂျီတို့နှစ်ယောက်စလုံး မတိုင်ပင်ဘဲ တပြိုင်နက် အသံထွက်လာသည်။

"မင်းတို့တွေ......."

ကျောင်းအုပ်ကြီးချောင် ရယ်ရမလား၊ ငိုရမလား မသိတော့ပါ။ ထို့နောက် ဆွန်းမိုက ဘယ်လောက်တော်နေလဲဆိုတာ သိချင်စိတ် ပေါက်လာသည်။

ဒင်

ကျောင်းအုပ်ကြီးချောင်၏ လေးစားအထင်ကြီးမှု +၅၀၊ မူလ(၅၀/၁၀၀)

ဗဟိုပြည်နယ်အကယ်ဒမီ၏ အိမ်ရာထဲတွင်...

ချိုင်တန်သည် ပိတောက်အဆောက်အဦးအရှေ့ရှိ လမ်းပေါ်တွင် ရပ်နေပြီး တွေဝေနေသည်။

သူ့သွေးထဲက ပြဿနာကို ဖြေရှင်းရန် ဆွန်းမိုနဲ့ တွေ့ချင်နေသည်။ သို့သော်လည်း ဒီလိုလုပ်လိုက်ပါကလည်း သူက ရောင့်တက်သလိုဖြစ်သွားပြီး ဆွန်းမို စိတ်ဆိုးသွားမှာ စိုးရိမ်နေသည်။

အခုလက်ရှိတွင် ဆွန်းမိုက အရင်ကလို နာမည်မရှိတဲ့လူ မဟုတ်တော့ပါ။ ကျောင်းသားများနဲ့ ဆရာများ အပါအဝင် လူတော်တော်များများသည် ဆွန်းမိုဆီက အနှိပ်ခံချင်နေကြသည်။

အရင်တုန်းက လျှိုမှုဘိုင်က သူ့ကိုခေါ်သဖြင့် အရမ်းမာနကြီးခဲ့ဖူးသည်။ အရင်က မြတ်ဆရာများရဲ့ ခေါ်ဆိုမှုတွေကို ငြင်းခဲ့ဖူးသည်။ သို့သော် အခုတော့ သူက အမှိုက်ဖြစ်နေပြီ။ သူက တိုက်ပွဲခန်းမတွင် ရှုံးနိမ့်ခဲ့တဲ့ အရေးမပါတဲ့ လူတစ်ယောက်သာ ဖြစ်သည်။

ချိုင်တန်မှာ ထပ်ပြီး ယုံကြည်ချက် မရှိတော့ပါ။

"ချိုင်တန်လား။ ဆရာဆွန်းမိုကို တွေ့ချင်လို့ ဒီကို ရောက်နေတာလား"

လုချီဟွာ အစားအသောက် ပုံးကို ကိုင်ပြီးရောက်လာသည်။ ချိုင်တန်ကိုတွေ့တော့ သူမက စကားပြောလိုက်သည်။ ဒီလူငယ်လေးကို သူမ သိသည်။

“အငယ်လေး လု”

ချိုင်တန်က လျှင်မြန်စွာ ပြန်နှုတ်ဆက်လိုက်သည်။

“ဆရာဆွန်း အခုအားလားဟင်”

“ဆရာဆီက လမ်းညွှန်မှု လိုချင်လို့လား။ ဒါဆိုလည်း အထဲလိုက်ခဲ့”

လုချီဟွာက တံခါးတွန်းဖွင့်ပြီး ရင်းနှီးစွာ ဖိတ်ခေါ်လိုက်သည်။

ချိုင်တန်သည် အသက်အနည်းငယ်ရှူပြီး သူမနောက်က လိုက်သွားသည်။ ဧည့်ခန်းထဲတွင် မိနစ်အနည်းငယ် စောင့်နေပြီးနောက် ဆွန်းမို ဝင်လာတာ မြင်လိုက်ရသည်။

"ဆရာ"

ချိုင်တန်က ချက်ခြင်းထရပ်ပြီး ဦးညွှတ် အရိုအသေ ပေးလိုက်သည်။

"ဒီလောက်ကြီး ယဥ်ကျေးနေစရာမလိုပါဘူး။ ထိုင်ပါ"

ဆွန်းမိုက နတ်ဘုရားမျက်စိ အာရုံကို အသုံးပြုလိုက်သည်။

'အခုတလော မင်းခန္ဓာကိုယ် ဘယ်လိုလဲ"

"သိပ် မကောင်းဘူး"

ချိုင်တန် စိတ်ပျက်လက်ပျက်နဲ့ ခေါင်းခါပြသည်။ ဆွန်းမိုရဲ့ အနှိပ်ကို ခံယူပြီးနောက် သူ အများကြီး သက်သာလာခဲ့သည်။ သို့သော် အမှောင်တိုက်ကြီး ခရီးစဥ်ပြီးနောက်

ကြောက်စရာကောင်းတဲ့ ခံစားချက်က ပြန်ပေါ်လာသည်။

"အခုတလော အစားအသောက် စားတာ ဘယ်လိုလဲ။ ဘာတွေစားခဲ့လဲ"

ဆွန်းမို မျက်မှောင်ကြုတ်နေသည်။ ချိုင်တန်၏ အချက်အလက်များအရ သူ့ရဲ့သွေးထဲတွင် အဆိပ်ရဲ့ ပြင်းထန်မှုက ပိုတောင် တိုးမြှင့်လာသေးသည်။

"အရင်လိုပါပဲ။ ကန်တင်းမှာပဲ စားတယ်" ချိုင်တန်၏ မျက်ခုံးများ တဖြည်းဖြည်း တွန့်သွားသည်။

"အင်း၊ ငါနဲ့လိုက်ခဲ့"

ဆွန်းမိုက ချိုင်တန်အား လေ့ကျင့်တဲ့ အခန်းဆီခေါ်သွားပြီး အဝတ်အစားတွေ အားလုံး ချွတ်ကာ ထိုင်ခိုင်းလိုက်သည်။ ထို့နောက် ဆွန်းမိုသည် သက်ရှင်သွေးနည်းစနစ်ကိုအသုံးပြုပြီး ကုသပေးလိုက်သည်။

လုပ်ငန်းစဉ်တစ်ခုလုံး အဆင်ပြေပြေ ချောချောမွေ့မွေ့ ပြီးဆုံးသွားသည်။ ချိုင်တန်သည် သွေးနှင့် ဝိညာဉ်ချီလည်ပတ်မှု နှစ်ခုစလုံး အဆင်ပြေ ချော့မွေ့နေတယ်လို့ ခံစားရသည်။ အခုအချိန်တွင် ကျန်ရန်ဖောင် ဆယ်ယောက်ကိုတောင်

အနိုင်ယူနိုင်မယ်လို့ သူယုံကြည်သည်။ အမှန်တိုင်းပြောရလျှင် ချိုင်တန်သည် အဲဒီ ရှုံးကြွေးအတွက် လက်စားချေခြင်နေသည်။

"ဒီကာလအတွင်း ပေါ့ပေါ့ပါးပါး အစာကိုပဲစား"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"ဟုတ်ကဲ့၊ ဆရာ"

ချိုင်တန်က မတ်တပ်ရပ်ပြီး ကျေးဇူးတင်စကားပြောရင်း အရိုအသေ ပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချိုင်တန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၁၉၅/၁,၀၀၀)

"အခုတလော မင်းရဲ့ ရည်စားနဲ့ကော ဘယ်လိုလဲ"

ဆွန်းမိုက စုံစမ်းရန် ကြိုးစားလိုက်သည်။

"အရမ်းအဆင်ပြေပါတယ်"

ရှမ်ယွင်အကြောင်း ပြောတဲ့အချိန်တွင် ချိုင်တန်သည် ချက်ခြင်းဆိုသလို ကြည်နူးနေတဲ့ပုံပေါ်လာသည်။ သူ့အတွက်တော့ ရှမ်ယွင်သည် အဖိုးတန် ကောင်းကင်ဘုံ ရတနာတစ်ခု ဖြစ်သည်။

“အပတ်တိုင်း ဒီကိုလာခဲ့ပါ။ မင်း သွေးလည်ပတ်မှု တိုးတက်အောင် ငါလုပ်ပေးမယ်”

သက်ရှင်သွေးနည်းစနစ်ကို မကြာခဏ အသုံးပြုလို့ မရပါ။ ဒီလိုမှမဟုတ်ရင် ခန္ဓာကိုယ်က ခံနိုင်ရည် မရှိပါ။

ချိုင်တန် နှုတ်ဆက်လိုက်သည်။ သူ မပြန်ရသေးခင် ရှန်ယွန်ပေါင်နှင့် ကျန်တဲ့သူများ ရောက်လာကြသည်။ သူတို့ကို နှုတ်ဆက်နေရင်း ဆွန်းမိုရဲ့ သင်ကြားမှုနှင့် လမ်းညွှန်မှုအား ရတဲ့အတွက် အားကျနေသည်။ ဒါက အရမ်းကောင်းလွန်းသည်။

"ဆရာ၊ ပညာသင်ဘက် မောင်နှမ အားလုံး စုံပါပြီ"

လီဇီချီ က သတင်းပို့လိုက်သည်။

"အင်း"

ဆွန်းမို နားထဲတွင် စနစ်ဆီက အကြောင်းကြားချက် ရုတ်တရက် ပေါ်လာသည်။

ဒင်

"ကျောင်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေတာမျိုး မဖြစ်ဘဲ ကျောင်းရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘဏ္ဍာရေး ပြဿနာကို ဖြေရှင်းပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။

ဆုလဒ်- အထူးဆုအနေနဲ့ စိန် ရတနာသေတ္တာ တစ်လုံး”

စိန်ရောင်တောက်ပနေတဲ့ ရတနာသေတ္တာကြီး တစ်လုံးသည် ဆွန်းမို အရှေ့တွင် ပေါ်လာသည်။ ဆွန်းမို ကြောင့်သာမဟုတ်ပါက ဒီတစ်ကြိမ်တွင် ဗဟိုပြည်နယ်အကယ်ဒမီသည် ကြီးကြီးမားမား ထိုးနှက်ခံလိုက်ရမည်။ အဲဒါကြောင့်လည်း ဒီတစ်ကြိမ်တွင် ကြီးမားတဲ့ ဆုလဒ်ကို ပေးခဲ့သည်။

ဆွန်းမို ညှော့ခန်းထဲကို ရောက်တဲ့အချိန်တွင် တပြည့်ခြောက်ယောက်စလုံး စုံနေပြီ။ သူတို့အပြင် ရိုးသားတဲ့ ချီရွှန်ကျားလည်း ရှိနေသည်။

ချီရွှန်ကျားသည် ဆွန်းမိုကို မြင်လိုက်လျှင် ထိန်းမနိုင်သိမ်းမရ စိတ်လှုပ်ရှားသွားသည်။

"ဆရာ"

ဒင်

ချီရွှန်ကျား၏ လေးစားအထင်ကြီးမှု +၅၀။ ရှိသေ (၁,၁၅၂/၁၀,၀၀၀)

အကြောင်းကြားချက်ကို ကြားလိုက်လျှင် ဆွန်းမို စိတ်လှုပ်ရှားသွားသည်။ ရိုးသားတဲ့ ကောင်လေးကတော့ တကယ့် ကလေးစိတ်ပဲ။ ဆွန်းမိုက ဘာမှမလုပ်ရသေးဘူး ချီရွန်ကျားက လေးစားအထင်ကြီးမှု အမှတ်တွေ ထုတ်ပေးနေပြီ။

"အခုတလော ဘယ်လိုလဲ"

ဆွန်းမိုက ပြုံးရင်း မေးလိုက်သည်။

"အ....အရမ်းကောင်းပါတယ်"

ချီရွန်ကျားသည် အခုတလော တကယ်ကို ကောင်းမွန်နေပါသည်။ သူက တိုက်ပွဲခန်းမတွင်

အောက်ခြေအဆင့် သတ်မှတ်ခံရသော်လည်း ပါရမီရှင်များနှင့် နေ့တိုင်း တိုက်ခိုက်နေရပြီး မြတ်ဆရာများ၏ တံခါးဖွင့် ဟောပြောပွဲကို နားထောင်နေရသဖြင့် သူ ကြီးကြီးမားမား တိုးတက်လာသည်။ လွန်ခဲ့သော တစ်လခွဲက တိုက်ပွဲခန်းမ စားမေးပွဲတွင် စိန်ခေါ်သူကို အောင်မြင်စွာ အနိုင်ယူပြီး တိုက်ပွဲခန်းမတွင် ဆက်လက် နေထိုင်နိုင်ခဲ့သည်။

သူရဲ့ အဆောင်နေဘက်တွေ၏ မနာလိုအားကျတဲ့ အမူအရာတွေကို ပြန်စဉ်းစားမိပြီး ချီရွှန်ကျား

အရမ်းကျေနပ်သွားသည်။ ဒါတွေ အားလုံးက ဆရာဆွန်း ပေးအပ်ထားတဲ့ အရာတွေ ဖြစ်သည်။

ဒင်

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု +၅၀။ ကြည်ညို (၁,၂၀၂/၁၀,၀၀၀)

စာစဥ်(၁၉)

အခန်း(၂၇၇) - ဆင့်ကဲတိုးတက်လာတဲ့ ကျောင်းသားအုပ်စု။

"ကျင့်ကြံဖို့အတွက် သင့်တော်တဲ့ လျှို့ဝှက်စခန်းတစ်ခု ငါတွေ့ထားတယ်။ ဒီနေ့ကစပြီး အဲဒီမှာ လေ့ကျင့်ရမယ်။ ဒါပေမယ့် တစ်ခုတော့ ကြိုပြောထားမယ်။ ဒီကိစ္စကို လျှို့ဝှက်ထားရမယ်။ ဒီကိစ္စကို ပေါက်ကြားတဲ့ ဘယ်သူမဆို လျှို့ဝှက်စခန်း အသုံးပြုခွင့် ထာဝရ ပိတ်ပင်ပြီး ပြင်းပြင်းထန်ထန် အပြစ်ပေးမယ်"

ဆွန်းမိုက သတိပေးလိုက်သည်။ လေဘုရင်ခန်းမသည် ဝိညာဉ်ချီ ထူထပ်ပေါ်များပြီး အဖိုးတန် အရင်းအမြစ်တစ်ခုလို့ သတ်မှတ်နိုင်သည်။ သတင်းတွေသာ ပေါက်ကြားခဲ့လျှင် စိတ်ရှုပ်ဖို့ ကောင်းလာမည်။

ဝူရှ်စ်

လူတိုင်းရဲ့ အကြည့်သည် ချီရွှန်ကျား ဆီ ရောက်သွားသည်။ အတိအကျပြောရလျှင် အပြင်လူဆိုလို့ သူတစ်ယောက်တည်း ရှိသည်။

"ဆရာ၊ ငါခေါင်းနဲ့တိုင်တည်ပြီး ကျိန်ပါတယ်။ တကယ်လို့ ဖောက်ဖျက်ပစ်ခဲ့ရင် တစ်ဘဝလုံး မျိုးဆက် မရပါစေနဲ့"

ချီရှန်ကျားက ချက်ခြင်းလက်မြှောက်ပြီး ကျိန်လိုက်သည်။

"ဒါအမှန်ပဲ၊ လူတိုင်း ကျိန်သင့်တယ်"

အင်ဘိုင်ဝူက အကြံပေးလိုက်သည်။ ဒါပေမယ့် ဆွန်းမိုက ပယ်ချလိုက်သည်။

"မလိုဘူး"

ခုနှစ်ယောက်စလုံးကို တစ်ချက်ကြည့်လိုက်ပြီး

"မင်းတို့ကို ငါယုံတယ်"

“ဆရာ”

ချီရှန်ကျား အရမ်းခံစားသွားရသည်။ သူ့ဆီက လေးစား အထင်ကြီးမှုအမှတ် ၁၀၀ ထွက်လာသည်။

ဆွန်းမို သက်ပြင်းချလိုက်သည်။

(ငါက လူကောင်းတစ်ယောက်ဖြစ်နေတာ ဘုရားကို ကျေးဇူးတင်ရမယ်။ ဒီလိုမှမဟုတ် ချီရှန်ကျားကို လိမ်ပြီး ရောင်းစားမယ်ဆိုရင် အကြိမ်တရာလောက် ရောင်းစားလို့ရတယ်။)

“ဆရာ၊ ဘယ်လျှို့ဝှက် စခန်းကို ပြောတာလဲ”

ထန်ထန်ယုထန်သည် သူတို့ဆရာက ဒီကိစ္စနဲ့ပက်သက်ပြီး ရေးကြီးခွင်ကျယ် လုပ်နေတယ်လို့ ခံစားရသည်။

ဆွန်းမို ရှင်းပြမနေတော့ဘဲ လှမ်းခေါ်လိုက်သည်။

"ငွေကလေး"

"အမ်"

ထန်ထန်ယုထန် မျက်မှောင်ကြုတ်သွားသည်။ ငွေကလေးဆိုတာ ဘာလဲ။ ကောင်မလေးသုံးယောက်က အူကြောင်ကြောင်

မဖြစ်သွားတာကို သတိထားလိုက်မိသည်။ ဒီလိုဆိုရင် သူမတို့က အရင်ကတည်းက သိနေတာပေါ့။

စောင့်ရတာက ပျင်းဖို့ကောင်းသည်။ ဒါကြောင့် တရားထိုင်မလို့ လုပ်လိုက်သည်။ အဲဒီအချိန်တွင် ဆံပင်များ ရုတ်တရက် ထောင်လာပြီး သူရဲ့ငွေလုံးကို ဆုပ်ကိုင်လိုက်မိသည်။

ဝူရှစ်

ရှစ်ထောင့်ပုံစံရှိတဲ့ တိမ်တိုက်တစ်ခုသည် ပြတင်းပေါက်က လျှင်မြန်စွာ ဝင်လာသည်။

ငွေရောက်တလက်လက် တောက်ပနေသောကြောင့် ကြည့်လိုက်ရင် အရမ်းကြည့်လို့ကောင်းနေသည်။

"ဒါ......."

ရှန်ယွန်ပေါင် လုံးဝကို အံ့အောသွားသည်။ ရင်တွေ ခုန်လာသည်။

"တံခါးရှစ်ခု တိမ်တိုက်"

ချန်လုံမျက်နှာလည်း ချက်ခြင်းဆိုသလို အံ့အောသင့်တဲ့ အမူအရာ ဖြစ်သွားသည်။

ထန်ထန်ယုထန်ရဲ့ တုန့်ပြန်မှုက ပိုပြီး လက်တွေ့ကျသည်။ သူ့ရဲ့ဗီဇကြောင့် တံခါးရှစ်ခု

တိမ်တိုက်ဆီကို ခုန်ဝင်သွားပြီး ဖမ်းမလို့ လုပ်လိုက်သည်။ ဒါပေမယ့် သူထိန်းချုပ်နိုင်လိုက်သည်။

"ဆရာက ငွေကလေးလို့ ခေါ်လိုက်တယ်။ သူတို့ တစ်ယောက်နဲ့တစ်ယောက် သိနေတာပေါ့)

ဝူရှ်စ်

ငွေကလေးသည် ကြောက်လန့်ပြီး ဆွန်းမိုအနောက်တွင် ပုန်းလိုက်သည်။

"ဟီးဟီး၊ မစိုးရိမ်ပါနဲ့။ မင်းကို နှုတ်ဆက်လိုက်တာပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထန်ထန်ယုထန်က ရှက်ပြုံးပြုံးပြီး လက်ပြလိုက်သည်။

"ဟယ်လို"

ဖူး

ငွေကလေးက ချီခါးတစ်ခု ထွေးထုတ်လိုက်သည်။

"ဆရာ၊ ဒါက လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်စာရင်းမှာ အဆင့်(၁၀)ဖြစ်တဲ့ တံခါးရှစ်ခု တိမ်တိုက် မဟုတ်လား"

ချန်လုံက မေးလိုက်သည်။

ဒါကို မြင်နေရပေမယ့် ချန်လုံ မယုံကြည်နိုင်ဖြစ်နေသည်။ ဒီအရာက အရမ်းရှားပါးပြီး ဖမ်းဖို့ခက်လွန်းသည်။ လူတော်တော်များများဆို မြင်တောင်မမြင်ဖူးကြပါ။

"ဟုတ်တယ် အဲဒါပဲ"

လုချီဟွာက လူတိုင်းနဲ့ မိတ်ဆက်ပေးလိုက်သည်။

"ဆရာ၊ မင်းက ချမ်းသာမှုကို တကယ်ဖုံးကွယ်ထားတာပဲ။ ပိုင်ဝမ်လီနဲ့ တခြားလူတွေကတော့ အခုထက်ထိ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တောင်ပံချောက်ကမ်းပါးမှာ အဲဒါကို လိုက်ရှာနေတုန်း ဒါပေမယ့် ဆရာကတော့ သူတို့မသိအောင် ဖမ်းပြီး သိမ်းထားလိုက်တယ်”

ထန်ထန်ယုထန်သည် အခုအချိန်တွင် ခံစားချက်များစွာ ဖြစ်ပေါ်နေသည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၆၇၀/၁,၀၀၀)

“ငွေကလေးရေ၊ ပို့ဆောင်ရေး တံခါးဖွင့်ပေးပါအုံး”

ဆွန်းမို ညွှန်ကြားလိုက်သည်။

အရင်တုန်းက ဘာမှမရှိတဲ့ ညေ်းခန်းထဲတွင် ပို့ဆောင်ရေး တံခါးတစ်ခု ပေါ်လာသည်။ ဒါကို အရင်က မြင်ဖူးတဲ့ လီဇီချီနဲ့ တခြား မိန်းကလေးနှစ်ယောက်တောင် မနေနိုင်ဘဲ မျက်လုံးပြူးပြီး ကြည့်နေကြသည်။

ဒီမြင်ကွင်းက တကယ် အံ့အောဖို့ ကောင်းလွန်းသည်။

"သွားရအောင်"

ပို့ဆောင်းရေးတံခါးက အဆင့်သင့်ဖြစ်နေတာ မြင်လိုက်လျှင် ဆွန်းမို လမ်းလျှောက်သွားသည်။ ဒါက

ဆရာတစ်ယောက်ရဲ့ တာဝန်ပါ။ တစ်ဘက်မှာ အန္တရာယ်ရှိလျှင် သူအရင်ဆုံး ရင်ဆိုင်ရမည်။

"ငါ အရင်သွားမယ်"

ထန်ထန်ယုထန်က မအောင့်နိုင်ဘဲ ကျော်တက်သည်။ ဒါပေမယ့် ရှန်ယွန်ပေါင်က ပိုမြန်နေသည်။

သူတို့ ပို့ဆောင်ရေး တံခါးကို ဖြတ်ပြီး လေဘုရင်ခန်းမကို ရောက်သွားကြသည်။ ဝိညာဉ်ချီက ရုတ်တရက်သိပ်သည်းလာပြီး ထန်ထန်ယုထန်

နည်းနည်း ယစ်မူးသွားသည်။ သို့သော်လည်း သူ မထိန်းနိုင်ဘဲ သက်ပြင်း အနည်းငယ် ချလိုက်သည်။

အံ့အောဖို့ ကောင်းလွန်းသည်။

ဒါက သိသိသာသာကို အံ့အောဖို့ ကောင်းလွန်းသည်။ ဒီနေရာက ဝိညာဉ်ချီသည် ပြည်နယ်ကိုးခုထက် အနည်းဆုံး ဆယ်ဆ ပိုများသည်။ ဒီနေရာတွင် ကျင့်ကြံမည်ဆိုပါက သူတို့ရဲ့ ကျင့်ကြံမှုအရှိန်သည် အနည်းဆုံး ငါးဆ ပိုမြန်လာမည်။

“ဒါတွေက ဝိညာဉ်သလင်းကျောက်တွေလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချန်လုံသည် အနီးအနားရှိ နံရံတွေရဲ့ ကျောက်တုံးတွေကို ကြည့်ပြီး မျက်လုံးကြီးပြူးကာ ပါးစပ်ကြီး အဟောင်းသား ဖြစ်နေသည်။

ရှန်ယွန်ပေါင်ကတော့ ပိုတိုက်ရိုက်ဆန်သည်။ သူ့ရဲ့ငွေလှံဖြင့် အပိုင်းအစ တစ်ခုကို ဖြတ်လိုက်သည်။ ထို့နောက် ပါးစပ်ထဲ ထည့်ကာ ဝါးလိုက်သည်။

ကလောက် ကလောက်

မာပေမယ့် အရမ်းအားရဖို့ကောင်းသည်။

“ မင်း အဆင်ပြေရဲ့လား”

ချီရှန်ကျားက မှင်တက်ပြီး ရပ်နေတာ မြင်လိုက်လျှင် ဆွန်းမို အနည်းငယ် စိတ်ပူသွားသည်။ ချီရှန်ကျားသည် ဘာပြန်ပြောရမလဲ မသိတော့ပါ။ (ငါက လယ်သမားမိသားစုက လူတစ်ယောက်ဖြစ်ပြီး ဒီလို ကမ္ဘာကို အရင်က မဖြင့်ဖူးပါ။ အခုတော့ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို ပထမဆုံး မြင်ဖူးပြီးပြီ။ အခုရောက်နေတဲ့ လျှို့ဝှက်စခန်းကလည်း ဝိညာဉ်ချီတွေ အရမ်းသိပ်သည်းပြီး ဝိညာဉ်သလင်းကျောက်တွေလည်း ရှိနေတယ်။ ကျောက်တုံးတစ်တုံးကို ပိုက်ဆံ အများကြီးနဲ့

ရောင်းလို့ရတယ်။ ဆရာဆွန်းက ဘာဖြစ်လို့ ဒီလောက် အရေးကြီးတဲ့ လျှို့ဝှက်ချက်ကို ပြောပြရတာလဲ။ ငါနဲ့ မထိုက်တန်ဘူး။

ချီရွှန်ကျား မျက်ရည် တသွင်သွင် စီးကျလာသည်။ ဆရာဆွန်းက သူ့အပေါ် အရမ်းကောင်းလွန်းသည်။ သူဘယ်လို ပြန်ဆပ်ရမလဲ။

ဒင်

ချီရွှန်ကျား၏ လေးစားအထင်ကြီးမှု +၅၀၀။ ကြည့်ညို(၁,၇၀၂/၁၀,၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချီရှန်ကျားသည် ရိုးသားသူ တစ်ယောက် ဖြစ်သော်လည်း ငတုံးတစ်ယောက်တော့ မဟုတ်ပါ။ ဒီလိုနေရာမှာ ကျင့်ကြံရပါက အမှန်တကယ်ကို အချိန်ကုန်သက်သာ လိမ့်မည်။ အခုဆိုရင် သူက သက်ရှင်နယ်ပယ်ကိုတောင် မျှော်မှန်းလို့ ရပြီ။

ဆွန်းမိုက သူ့ကို အနာဂတ်တစ်ခု ပေးတယ်လို့တောင် ပြောနိုင်သည်။

ဖောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချီရှန်ကျားက ဆွန်းမို အရှေ့တွင် ဒူးထောက်လိုက်သည်။ (ဒီလောက်မြင့်မားတဲ့ ကျေးဇူးကို ပြန်ဆပ်မယ့် နည်းလမ်း မရှိပါ)

"မြန်မြန် ထပါ"

ဆွန်းမိုက ချီရှန်ကျားအား ဆွဲထူလိုက်သည်။

"ဒီနေ့ကစပြီး မင်းတို့တွေ ဒီနေရာမှာ ကျင့်ကြံရမယ်။ ငွေကလေးက မနက် ရှစ်နာရီတိုင်း ပို့ဆောင်ရေးတံခါးကို ဖွင့်ပေးပြီး ညနေ ၈နာရီမှ ပြန်ပိတ်ပေးလိမ့်မယ်"

ဆွန်းမိုက သူတို့ကို အသိပေးလိုက်သည်။

"ဆရာ၊ ကျွန်တော် ဒီနေရာမှာပဲ တစ်ချိန်လုံး နေလို့ ရလား"

ရှန်ယွန်ပေါင် အရမ်းတက်ကြွနေသည်။

"ရတယ်။ ဒါပေမယ့် မဆင်မခြင် လျှောက်သွားလို့တော့ မရဘူး"

ဆွန်းမိုက သတိပေးလိုက်သည်။ လေဘုရင်ကို သူတို့ မဟာမိတ်လို သတ်မှတ်လို့ မရပါ။

"ဇီချီ၊ မင်းလည်း သူ့ဆီက သင်ဖို့ သွားတဲ့အချိန်မှာ သတိထားရမယ်"

"ငါ သိပါတယ်"

လီဇီချီက လေဘုရင်ရဲ့ အသိပညာ အားလုံးကို ညှစ်ထုတ်ပြီး သူမရဲ့ ဝိညာဉ်သားရဲ လုပ်ချင်နေသည်။ သူမက ပန်းတိုင်နှစ်ခုသတ်မှတ်ထားပြီး သူမကိုယ်သူမ စိမ်းသပ်ဖို့ ဆုံးဖြတ်ထားသည်။

"ဆရာ စိတ်မပျက်စေရဘူး"

လီဇီချီ တိတ်တိတ်လေး ကျိန်ဆိုလိုက်သည်။

"မင်းတို့ ကြိုးစားပြီး ကျင့်ကြံကြပါ။ ဒီနှစ်ကုန် လူသစ်တန်း ပြိုင်ပွဲမှာ မင်းတို့တွေ တောက်ပနိုင်မယ်လို့ ငါယုံကြည်တယ်"

ဆွန်းမိုက သူတို့ကို အားပေးလိုက်သည်။

“ဆရာ၊ စိတ်မပူနဲ့။ ငါတို့တွေ ပထမနေရာကို သိမ်းပိုက်မယ်။ မင်းအရှက်မကွဲစေရဘူး”

ထန်ထန်ယုထန်က ယုံကြည်မှု အပြည့်နဲ့ ပြောလိုက်သည်။ ဒီနေရာမှာ ကျင့်ကြံပြီး တခြားကျောင်းသားတွေကို မဖိနှိပ်နိုင်ပါက ကို့ကိုယ်ကိုသာ သတ်သေလိုက်ဖို့ ကောင်းသည်။

“နောက်ထပ်လှုပ်ရှားမှု နည်းစနစ်ကို သင်ပေးမယ်။ သေသေချာချာ စောင့်ကြည့်ကြ”

ဆွန်းမိုက လေဘုရင်နတ်ဘုရားခြေလှမ်းကို အသုံးပြုပြလိုက်သည်။ လုချီဟွာနှင့် ချီရွန်ကျားကလွဲလျှင် လူတိုင်း ဆယ်စက္ကန့်လောက် အံ့အောမှင်တက် နေကြသည်။

"ဒီလှုပ်ရှားမှု နည်းစနစ်က အရမ်းထူးဆန်းတာပဲ"

ရှန်ယွန်ပေါင် အရမ်းအံ့အောနေသည်။

"ဒါက ကောင်းကင်အဆင့် ဖြစ်နိုင်တယ်။ မဟုတ်သေးဘူး။ သူတော်စင်အဆင့် ဖြစ်နိုင်တယ်"

ထန်ထန်ယုထန် အလန့်တကြား ထအော်သည်။ ဆွန်းမို ခြေလှမ်းအကွက်တွေက အရမ်းဂုဏ်ယူဖို့ကောင်းသည်။ တစ်ခါတစ်ရံ ပြင်းထန်ပြီး အစွမ်းကာ လှိုင်းလုံးများလို လျှင်မြန်လှသည်။ တစ်ခါတစ်လေကျတော့လည်း လေပြေအေးတွေကဲ့သို့ နူးညံ့သာယာပြီး တိတ်ဆိတ်နေသည်။ လှုပ်ရှားမှုရဲ့ လေးနက်မှုက သူတို့ကို ရူးသွပ်သွားစေသည်။

စနစ်ထုတ်ပေးတဲ့ အဆင့်သတ်မှတ်ချက်ကို မေ့ထားလိုက်အုံး လုချီဟွာကလွဲလျှင် ဆွန်းမို

တပြည့်များသည် ထူးချွန်တဲ့ သူများ ဖြစ်သည်။ အဲဒီအချိန်တွင် ချီရှွန်ကျားလည်း အဆက်ပြတ်ပြီး နားမလည်နိုင် ဖြစ်နေသည်။

ဆွန်းမို ရပ်လိုက်သည်။

“မင်းတို့အားလုံး နားလည် ကြလား”

“ဆရာ၊ မင်းက လေဘုရင်နတ်ဘုရားခြေလှမ်းကို အံ့အောဖို့ကောင်းတဲ့ အတိုင်းအတာ တစ်ခုအထိ အောင်မြင်သွားပြီပဲ။ အင်ဘိုင်ဝူသည် လေဘုရင်နတ်ဘုရားခြေလှမ်းကို အတူတူ သင်ယူခဲ့သဖြင့် အရမ်းအံ့အော မှင်တက်နေသည်။

သူမက ဒါကို လျှို့ဝှက်ပြီး လေ့ကျင့်ခဲ့သော်လည်း အရမ်းခက်လွန်းသည်။ ဆွန်းမို ကျွမ်းကျင်နေမယ်လို့ သူမ မထင်ထားခဲ့ပါ။

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ကြည်ညို(၁,၄၀၀/၁၀,၀၀၀)

"ဆရာက အရမ်းတော်တာပဲ"

လုချီဟွာက လက်ခုပ်တီးပြီး မျက်နှာတွင် သဘောကျတဲ့ အမူအရာနဲ့ ပြည့်နေသည်။

လီဇီချီက ဘာမှမပြောသော်လည်း လေးစားအထင်ကြီးမှု အမှတ် ၁၀၀ ထောက်ပံ့ပေးခဲ့သည်။ ပါရမီရှင်ဆိုတာ ဘာလဲ။ အဲဒါက ဆွန်းမိုပဲ။

"လေဘုရင်နတ်ဘုရား ခြေလှမ်းလား။ ဆရာ ဒါက သူတော်စင်အဆင့် လှုပ်ရှားမှု ကျင့်စဉ်လား"

ထန်ထန်ယုထန် သိချင်နေသည်။

"ဆန်းကြယ်အဆင့်တောင် ဖြစ်သေး"

လီဇီချီက အမွှန်းတင်လိုက်သည်။

ဖုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချီရှန်ကျား ခြေထောက်တွေ အားနည်းပြီး ဒူးထောက်ကျသွားသည်။ ဆရာရဲ့ စေတနာနဲ့ ထိုက်တန်အောင် သူ ဘာတွေလုပ်ပေးရမလဲ။ ဒါက ထိပ်ဆုံးဆိုမှ ထိပ်ဆုံးအဆင့်ဖြစ်တဲ့ ကျင့်စဥ်များထဲက တစ်ခု ဖြစ်သည်။ ဒါကို တတ်မြောက်သွားပါက သူတို့ရဲ့ မျိုးနွယ်စု ကြီးမြတ်လာနိုင်သည်။ သို့သော်လည်း ဆွန်းမိုက သူ့ကို သင်ပေးနေပြီ။ တကယ်ကို ကိုယ်ကျိုး မကြည့်တဲ့ လူတစ်ယောက်ပဲ။

"မင်းတို့တွေ တစ်ယောက်ကို တစ်ကြိမ်ဆီ သရုပ်ပြကြ"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"ဟင်"

ချီရွှန်ကျား အံ့အောသွားသည်။ သူပြောချင်နေသည်။

(ဆရာ တစ်ကြိမ်ပဲ ပြရသေးတယ်လေ။ ငါတို့ မမှတ်မိသေးဘူး။) ဒါပေမယ့် သူဘာမှမပြောရသေးခင် လီဇီချီနှင့် ကျန်တဲ့ ငါးယောက်က လှုပ်ရှားမှု

လုပ်နေတာကို မြင်လိုက်ရသည်။ သူတို့ လေ့ကျင့်မှုက တော်တော် ကောင်းမွန်သည်။

ကြီးမားတဲ့ ရှုံးနိမ့်မှု ခံစားချက်က ချီရွှန်ကျား နှလုံးသားထဲ ပေါက်ဖွားလာသည်။

ဆွန်းမိုက သူ့ကို တိုက်ရိုက်တပြည့်အဖြစ် မခေါ်ခဲ့တာက မထူးဆန်းတော့ပါ။ တခြားကျောင်းသားများနဲ့ ယှဉ်ရင် သူက အရမ်းညံ့လွန်းသည်။

ဆွန်းမိုက သူတို့ကို စောင့်ကြည့်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူက ကျွမ်းကျင်မှု အဆင့်အမြင့်အမားဆုံး လူများ ဖြစ်ကြသည်။ ချို့ယွင်းချက် တချို့တလေကလွဲလျှင် အများကြီး ပြင်ဆင်စရာ မလိုပါ။

သူတို့နောက်တွင် ထန်ထန်ယုထန်နှင့် ချန်လုံ ဖြစ်သည်။ သူတို့နှစ်ယောက်က လှုပ်ရှားမှုကို မှတ်မိကြပေမယ့် သူတို့ရဲ့ ခန္ဓာကိုယ်အခြေအနေကြောင့် ဝိညာဉ်ချီ ထောက်ပံ့မှုက လိုက်မမှီ ဖြစ်နေသည်။

ဒါကြောင့် ဝိညာဉ်ချီ စီးဆင်းမှု မချောမွေ့ဘဲ တုန်တုန်ယင်ယင် ဖြစ်နေကြသည်။

နောက်ဆုံးကတော့ လီဇီချီ ဖြစ်သည်။ သူမ ယိုင်ထိုးယိုင်ထိုး ဖြစ်နေပြီး လဲကျလုနီးပါး အကြိမ်ကြိမ် ဖြစ်နေသည်။

ဆွန်းမို သက်ပြင်းချလိုက်သည်။ လီဇီချီက လှုပ်ရှားမှုအားလုံးကို ကောင်းစွာမှတ်မိသော်လည်း သူမရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်က အားနည်းလွန်းလှသည်။

ကောင်းကင်ဘုံက သူမအား ပြိုင်ဘက်ကင်း ဦးနှောက် ပေးခဲ့သော်လည်း ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်ကို ဖယ်ထုတ်ထားခဲ့သည်။

ဆွန်းမိုက လီဇီချီအတွက် ကျင့်ကြံမှုက အချိန်ဖြုန်းနေသလို ခံစားမိသည်။ သူမက သူမရဲ့ လေ့လာမှုကို အာရုံစိုက်တာ ပိုကောင်းလိမ့်မည်။

နောက်ဆုံးမှာ လုချီဟွာ ရှိသေးသည်။ သူမ တစ်ကွက်ခြင်းစီကို ဘယ်လိုရွှေ့လျှားရမလဲဆိုတာ မှတ်မိသော်လည်း အစီစဉ်တကျ

မလှုပ်ရှားတတ်ဖြစ်နေသည်။ ဒါကလည်း ကာသိကအောက် ဖြစ်ဖို့ ကောင်းလွန်းသည်။

ဒီအတိုင်းသာ ဆက်လေ့ကျင့်နေပါက နောက်ပိုင်းတွင် ဝိညာဉ်ချီ သွေ့ဖယ်မှု ဖြစ်ပွားလာလိမ့်မည်။

"ချီဟွာ၊ ခဏရပ်လိုက်"

အဲဒီ စကားပြောပြီးနောက် ချီရှန်ကျားကို လှမ်းကြည့်လိုက်သည်။

"မင်းကဘာလို့ မလှုပ်ရှားသေးတာလဲ"

"ဆရာ...."

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချီရှန်ကျားသည် ရုတ်တရက် မျက်နှာထူပူပြီး ရှက်သွားသည်။ ငိုချင်စိတ်တောင် ပေါက်လာသည်။ (ကျွန်တော် မလှုပ်ရှားချင်တာ မဟုတ်ဘူး။ အားလုံးကို မမှတ်မိတာ) ဒါပေမယ့် သူကိုယ်တိုင် ထုတ်မပြောနိုင် ဖြစ်နေသည်။

ဆွန်းမိုက မတုန့်ပြန်ခင် ခဏလောက် အံ့အောသွားသည်။ အင်း သူက လီဇီချီနှင့် ကျန်တဲ့ ကျောင်းသားတွေလို သူ့ကို ကြည့်လိုက်မိတာပဲ။ ချီရှန်ကျားရဲ့ အဆင့်က ကျန်တဲ့ ကျောင်းသားတွေနဲ့ဆို ဘယ်လို ဖြစ်နေမလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အလျှင်မလိုပါနဲ့၊ ဖြည်းဖြည်းခြင်း လုပ်ပါ”

ဆွန်းမို ပြုံးလိုက်သည်။ သူ့လက်တွင် နို့ဖြူရောင် အလင်းတန်းများ ဖုံးအုပ်လာသည်။ ထို့နောက် ချီရွှန်ကျား မျက်နှာကို လက်သီးနဲ့ ထိုးလိုက်သည်။

ဘုန်း

နို့ဖြူရောင် အလင်းတန်းက ချီရွှန်ကျား ဦးနှောက်ထဲသို့ စိမ့်ဝင်သွားသည်။ လေဘုရင် နတ်ဘုရား ခြေလှမ်းနဲ့ ဆွန်းမိုရဲ့ အတွေ့အကြုံများကို ချက်ခြင်း ရရှိသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာ၊ ဒါက ဘာလဲ။ မြတ်ဆရာအရှိန်အဝါလား။ ငါလေ အခုချက်ခြင်း လူဆယ်ယောက်လောက်ကို တိုက်ခိုက်နိုင်ပြီလို့ ခံစားရတယ်”

ချီရှန်ကျား ယုံကြည်မှု အပြည့် ဖြစ်နေသည်။

“ပေါက်ကရ စကားတွေရပ်ပြီး ချက်ခြင်း လေ့ကျင့်”

ဆွန်းမိုက လုချီဟွာအား ထပ်ခါထပ်ခါ လေ့ကျင့်ရန် တိုက်တွန်းလိုက်သည်။

“ဧချီ၊ မင်း လေဘုရင်နတ်ဘုရားခြေလှမ်း ကျင့်စဉ်ရဲ့ ဂါထာကို မှတ်မိလား”

ဆွန်းမိုက မေးလိုက်သည်။

"အင်း"

လီဇီချီ ခေါင်းညိတ်လိုက်သည်။ ဒါက သူမအတွက် အသေးအမွှားလေးပါ။

"အရမ်းကောင်းတယ်။ မင်းကို အဓိက အချက်တွေ ပြန်ပြောပြမယ်။ မင်းက သူတို့ကို တာဝန်ယူပြီး ပြန်သင်ကြားပေးလိုက်"

ဆွန်းမိုက ဒီနေရာမှာနေပြီး သူ့တပြည့်တွေကို

သင်ပေးဖို့ အချိန်မရှိပါ။ သူက ဗဟုသုတ တိုးပွားစေရန် ကျောင်းအုပ်ကြီး စာကြည့်တိုက်သို့ သွားရမည်။

"သေချာပေါက် အစွမ်းကုန် ကြိုးစားပြီး လုပ်လိုက်မယ်"

လီဇီချီ အမူအရာက လေးနက်တည်ကြည်နေသည်။

ဒီစကားပြောပြီးနောက် ဆွန်းမိုသည် လုချီဟွာ ခေါင်းကို ပုတ်ပြီး ထွက်သွားသည်။ အိမ်ရာသို့ ပြန်ရောက်လျှင် စိန်ရောင် ရတနာသေတ္တာကို ဖွင့်လိုက်သည်။

စာစဉ်(၁၉)

အခန်း(၂၇၈) - ကိုယ်ပွား သုံးခု၊ ခွန်အားမြှင့်တက်လာခြင်း။

ကြေးဝါရောင်တောက်ပနေပြီး ကြည့်လိုက်လျှင် လှပပြီး ဆွဲဆောင်မှု ရှိလွန်းသည်။

ဒင်

"ဆယ်နှစ်စာ အချိန်တံဆိပ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

အကြောင်းကြားချက်ကို ကြားလိုက်လျှင် ဆွန်းမို လေချွန်လိုက်မိသည်။ ထင်ထားသလိုပဲ

စိန်ရတနာသေတ္တာ ဆိုတဲ့အတိုင်းပဲ။ ဒီဆုက တကယ်ကောင်းသည်။ ဒါက လက်တွေ့ကျရုံသာမက လေးစားအထင်ကြီးမှုအမှတ်နဲ့ ဝယ်မည်ဆိုပါက အမှန်တစ်သောင်းလောက် ကုန်ကျမည်။ ဆွန်းမိုအတွက် ကြီးမားတဲ့ အောင်ပွဲပဲ ဖြစ်သည်။

ဆွန်းမို နောက်ဘက် ခြံဝန်းထဲတွင် ထိုင်နေပြီး လက်ထဲတွင် အချိန်တံဆိပ်ကို ကိုင်ထားကာ အေးမြတဲ့ ဆောင်းဦးလေပြေကို ခံစားနေသည်။

ရှေ့ဟောင်းအနုပ်ပညာက သူ့ရဲ့ဝါသနာ(ဖ) ဖြစ်သည်။ ပြီးတော့ မြတ်ဆရာတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းထားနိုင်သည်။ ဒါကြောင့်

ကျွမ်းကျင်မှုအဆင့် တတ်နိုင်သလောက် တိုးမြှင့်ဖို့လိုအပ်သည်။

"စနစ် လည်ပတ်ခြင်းနည်းစနစ်နဲ့ အရိုးအထိုင်ခြခြင်း နည်းစနစ်ကို အဆင့်မြှင့်တင်မယ်"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

ဝူရ်စ် ဝူရှ်စ်

အချိန်တံဆပ်နှစ်ခု ပျောက်ကွယ်သွားပြီး အစိမ်းရောင် အလင်းတန်းတွေက ဆွန်းမို ခန္ဓာကိုယ်ကို ဖုံးလွှမ်းသွားသည်။ လေးနက်သော အသိပညာများနှင့် အတွေ့အကြုံများက သူ့စိတ်ထဲတွင် စွဲမြဲသွားသည်။

“ငါ..လို၊ မင်းတခြား အရောင် အပြောင်းလို့ မရဘူးလား”

ဘယ်နှစ်ခေါက်ပဲ ကြည့်နေပါစေ ဒီအစိမ်းရောင်ကို မြင်လိုက်တာနဲ့ စိတ်ဆိုးနေတုန်းပဲ။

“အသက်ဆက်ချင်ရင် နည်းနည်းလောက် စိမ်းလမ်းဖို့ လိုတာပေါ့” စနစ်က နောက်လိုက်သည်။

ဒင်

“လည်ပတ်ခြင်းနည်းစနစ်နဲ့ အရိုးအထိုင်ချခြင်း နည်းစနစ်ကို မဟာအဆင့်အထိ ကျွမ်းကျင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်”

"မင်းက ရှေ့ဟောင်းအနှိပ်ပညာရဲ့ အကိုင်းအခက်လေးခုနဲ့ အခြေခံအနှိပ်ပညာကို မဟာအဆင့်အထိ ကျွမ်းကျင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။

အသေးစား အကိုင်အခက်သုံးခုထဲက တစ်ခုဖြစ်တဲ့ အရေပြားပျိုးထောင်ခြင်း နည်းစနစ်အား ဆုအဖြစ် ချီးမြှင့်လိုက်သည်။ ကျွမ်းကျင်မှုအဆင့် ကျွမ်းကျင်"

"ဒီကျွမ်းကျင်မှုက အဓိကအားဖြင့် အလှအပအတွက် ဖြစ်တယ်။ ပစ်မှတ်ပေါ်ကို အသုံးပြုလိုက်ပါက အသားအရေ နူးညံ့စိုပြေသွားလိမ့်မယ်။ အရေပြားပေါ် အစိုဓါတ်နှင့်

အာဟာရကို ထိန်းသိမ်းပေးထားတဲ့အတွက် အရေးကြောင်းနဲ့ အိုမင်းရင့်ရော်မှုကို ပျောက်ကွယ်သွားစေနိုင်တယ်။ လူတစ်ယောက်ကို အချိန်တော်တော်ကြာအောင် နှိပ်ပေးလိုက်ပါက လက်ရှိအသက်အရွယ်ကို နှစ်ဆယ့်ငါးနှစ်လောက် ထိန်းသိမ်း ထားနိုင်တယ်။

ဒါက အလှအပနဲ့ ပျိုရွယ်မှုအတွက် သူတော်စင်အဆင့် ကျင့်စဉ် ဖြစ်တယ်”

စနစ်က ရှင်းပြသည်။

ဒီစကားကို ကြားတော့ ဆွန်းမို အံ့အောသွားသည်။ ဒီအရေပြားပျိုးထောင်ခြင်း နည်းစနစ်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်ပြောသလိုသာ အံ့အောစရာကောင်းရင် မိန်းမထုကြီးရဲ့ မိတ်ဆွေတစ်ယောက် ဖြစ်လာလိမ့်မည်။

အမျိုးသမီးများသည် အလှအပကို နှစ်သက်ကြသည်။ ဒါက သူမတို့အတွက် မရှိမဖြစ်ပါ။ ကမ္ဘာပေါ် လူကြိုက်အများဆုံး ကုန်ပစ္စည်းက ဘာလဲ။ အလှကုန် ပစ္စည်းတွေပဲ ဖြစ်သည်။

နုပျိုပြီး လှပဖို့အတွက် အမျိုးသမီးတိုင်း လိုချင်မက်မောသည်။ အရေပြားချောမွေ့ပြီး အရွယ်တင်စေဖို့အတွက် ခွဲစိတ်မှု ဒါမှမဟုတ် အဆိပ်အတောက် ထိုးသွင်းရမှာကိုတောင် ဂရုမစိုက်ကြပါ။

"အမျိုးသမီးတိုင်းအတွက် မိတ်ဆွေလား။ မင်းက အရေပြားပျိုးထောင်ခြင်း နည်းစနစ်ကို ရှုံ့ချလိုက်တာပဲ။ မင်းရဲ့ ကျွမ်းကျင်မှုအဆင့်က ဘိုးဘေးအဆင့်ကို ရောက်သွားရင် အမျိုးသမီးတိုင်းအတွက် နတ်ဘုရား ဖြစ်လာလိမ့်မယ်"

စနစ်က ဂုဏ်ယူဝံ့ကြွားစွာ ကြွေးကြော်လိုက်သည်။

အဲဒီအချိန်ကျရင် အမျိုးသမီးတိုင်းသည် အရေပြားပျိုးထောင်ခြင်း နည်းစနစ်ကို ခံစားနိုင်ဖို့အတွက် ဆွန်းမိုနဲ့ အိပ်ကြလိမ့်မည်။ ဒါတောင် တန်းစီနေရအုံးမည်။ သို့သော်လည်း

ဒီနည်းစနစ်သည် ဘယ်လောက်ပဲ ထူးဆန်းပြီး အံ့အောဖို့ ကောင်းနေပါစေ အလှအပအတွက်သာ ဖြစ်ပြီး လူတစ်ယောက်ကို ပိုသန်မာလာအောင် မလုပ်ပေးနိုင်သဖြင့် အသေးစား အကိုင်အခက် ခေါင်းစဉ်အောက်မှာ သတ်မှတ်ထားခြင်း ဖြစ်သည်။

"ဟီးဟီး"

ဆွန်းမိုသည် အသက်ပြင်းပြင်း ရှူလိုက်ပြီး လက်ချောင်းတွေကို လှုပ်ရှားကြည့်လိုက်သည်။ မဟာအဆင့် နည်းစနစ်ငါးခုနဲ့ အရမ်းပြီးပြည့်စုံနေတယ်လို့ ခံစားရသည်။

"မီးတောက် ပေါက်ကွဲခြင်း ဝိညာဉ်တက်တူးကို အဆင့်မြှင့်တင်မယ်"

အစိမ်းရောင် အလင်းတန်းများ နောက်တစ်ကြိမ် လင်းလာပြန်သည်။

ဒင်

"မီးတောက် ပေါက်ကွဲခြင်း ဝိညာဉ်တက်တူးကို မဟာအဆင့်အထိ ကျွမ်းကျင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

"အရမ်းကောင်းတယ်။ နောက်ထပ်က မြတ်ဆရာအရှိန်အဝါတွေပဲ။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကလွဲရင် ကျန်တဲ့ မြတ်ဆရာ အရှိန်အဝါတွေကို အချိန်တံဆိပ်တစ်ခုစီ အသုံးပြုပြီး မြှင့်တင်မယ်"

ဆွန်းမိုက တန်ဖိုးဖြတ်မရတဲ့ အကြံ့ပြုချက်ကို မဟာအဆင့်အထိ ကျွမ်းကျင်နေသဖြင့် အခုချိန်တွင် လုံလောက်သည်။

ဝူရှ် ဝူရှ်စ် ဝူရှ်စ်

ဆွန်းမို ခန္ဓာကိုယ်ပေါ်တွင် အစိမ်းရောင် အလင်းတန်းများ အဆက်မပြတ် လင်းထိန်နေသည်။ များပြားလှတဲ့ သတင်းအချက်အလက်များသည် သူ့ဦးနှောက်ထဲ စိမ့်ဝင်သွားပြီး စွဲမြဲစွာ တံဆိပ် အခတ်ခံလိုက်ရသည်။

ဒင်

"သတိလစ်ခြင်းနဲ့ အသုံးမကျခြင်း၊ စိတ်ဝိညာဉ် ပုံသွင်းခြင်း၊ အလွဲသုံးစားကျောင်းသား၊ အသိပညာစွယ်စုံကျမ်း၊ တစ်ရက်စာအဖေ တစ်သက်တာဆရာ မြတ်ဆရာအရှိန်အဝါတို့သည် အခြေခံအဆင့်မှ ကျမ်းကျင့်အဆင့်ထိ တို့မြှင့်လာတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒီနေ့ကစပြီး သက်ရောက်တဲ့ ဇရိယာ ကျယ်ပြန့်လာရုံသာမက အကျိုးသက်ရောက်တဲ့ အချိန်လည်း ပိုကြာလာလိမ့်မယ်"

"ဂုဏ်ပြုပါတယ်။ ပိုင်ရှင်။ မင်းရဲ့ခွန်အား နောက်တစ်ကြိမ် တိုးမြှင့်လာပြန်ပြီ"

"မိုက်တယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို လက်သီးဆုပ်လိုက်သည်။ အချိန်တံဆိပ်တွေကို အသုံးပြုရတာက လုံးဝ အချုပ်အနှောင်မရှိပါ။ ဒီခံစားချက်က အရမ်းကောင်းသည်။ ဒါပေမယ့် သူ့မှာ နောက်ထပ် နှစ်ခု ကျန်သေးသည်။ ဘယ်နေရာမှာ သုံးရင် ကောင်းမလဲ။

ရှေ့ဟောင်း လောကနတ်ကျင့်စဉ်က မဟာအဆင့်တွင် ရှိနေသည်။ အကွက် ၃၀အတွင်း ကျင့်စဉ်တစ်ခုကို ကူးယူနိုင်နေပြီ။ လောလောဆယ်တော့ လုံလောက်နေပါပြီ။ ပြီးတော့ ဆွန်းမိုက ဒါကို ကျင့်ကြံပါက အချိန်အများကြီး ယူရလိမ့်မည်။

လေဘုရင် နတ်ဘုရားကျင့်စဉ်လား။

ဆွန်းမိုသည် အကြံဉာဏ်တချို့ကို စဉ်းစားမိသော်လည်း စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒါက လေးပစ်တဲ့ နည်းစနစ်တစ်ခု ဖြစ်ပြီး သူ့အတွက် အများကြီး အကျိုးမရှိပါ။ သူက လေဘုရင် နတ်ဘုရားကျင့်စဉ်ကိုသာ စဉ်းစားနိုင်သည်။ နောက်ဆုံးတော့ သဏ္ဌာန်မဲ့မြင့်မြတ် စကြဝဠာကျင့်စဉ်ကိုသာ အဆင့်မြှင့်တင်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒါက နှစ်ထောင်ပေါင်းများစွာ သူ့ကိုယ်သူ အကြိမ်ကြိမ် သက်သေပြပြီးသားဖြစ်တဲ့ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့

အကောင်းဆုံး ကျင့်စဉ်တစ်ခုဖြစ်သည်။ ပြီးတော့ ဆွန်းမိုက သူ့ရဲ့ ရပ်တည်ချက်ကို ထိန်းသိမ်းထားနိုင်ဖို့ ဝှက်ဖဲတစ်ခု လိုအပ်သည်။

ဆွန်းမိုက နာမည်ကျော်ကြားလာတာနဲ့အမျှ စိန်ခေါ်မှုကို ပိုရင်ဆိုင်လာရလိမ့်မည်။ သူက အသိပညာနှင့် သိုင်းပညာအရ ပြိုင်ဘက်တွေကို ချေမှုန်းနိုင်ဖို့ လိုအပ်သည်။

သဏ္ဌာန်မဲ့ မြင့်မြတ်စကြဝဠာအဆင့်(၆)က သဏ္ဌာန်မဲ့ စကြဝဠာ ကိုယ်ပွား နည်းစနစ်ဖြစ်သည်။ အဆင့်(၇)တွင် တစ်ခုလုံးက နယ်ပယ် အသစ်ဖြစ်သွားပြီ။

ထိုအဆင့်တွင် ကျင့်ကြံသူ၏ ခန္ဓာကိုယ်က အားနည်းချက်များနဲ့ လှုပ်ရှားမှုများကို ဖြည်းဖြည်းခြင်း ပြုပြင်သွားလိမ့်မည်။

အဲဒီအဆင့်တွင် ကျင့်ကြံသူက ပြီးပြည့်စုံပြီး အပြစ်အနာအဆာ ကင်းတဲ့သူတစ်ယောက် ဖြစ်သွားလိမ့်မည်။

“စနစ်၊ သဏ္ဌာန်မဲ့မြင့်မြတ်စကြ်ာဝဠာကျင့်စဉ်ကို အဆင့်မြှင့်တင်မယ်”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချိန်တံဆိပ် ပျောက်သွားပြီး အစိမ်းရောင်အလင်းတန်းများ နောက်တစ်ကြိမ် တောက်ပလာပြန်သည်။ သို့သော် ဒီတစ်ကြိမ်တွင် ဆွန်းမိုခေါင်းထဲ၌ အရမ်းပြင်းထန်စွာ နာကျင်သွားသည်။ လျှပ်စစ်ဓါတ်အားတွေက သူ့ဦးနှောက်ထဲကို စီးဝင်လာသလိုပါပဲ။ အဲဒီနောက်မှာ ခန္ဓာကိုယ်တစ်ခုလုံး ထုံကျင်ကိုက်ခဲသွားသည်။ ခြေတွေ လက်တွေကို ဆွဲစုတ်လိုက်သလိုပဲ။

"အာ"

ဆွန်းမို၏ ခံနိုင်ရည်အားနဲ့တောင် တောင့်မခံနိုင်ဘဲ အော်ဟစ်လိုက်မိသည်။

ကံကောင်းထောက်မစွာ ဖြစ်စဉ်က သိပ်မကြာခဲ့ပါ။

ဒင်

“သဏ္ဌာန်မဲ့မြင့်မြတ်စကြ်ာဝဋ္ဌာကျင့်စဉ်ကို ကိုယ်ပွားသုံးခုအထိ မြင့်တက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က ဆွန်းမိုကို ဂုဏ်ပြုစကား ပြောလိုက်သည်။

"ဘာ၊ အဆင့် (၇) မရောက်သေးဘူးလား"

ဆွန်းမို မျက်မှောင် ကြုတ်လိုက်သည်။

"မဖြစ်သေးဘူး။ အဆင့်(၇)ရောက်ဖို့ အရမ်းဝေးသေးတယ်။ အချိန်တံဆိပ် ဆယ်ခုသုံးရင်တောင် မရောက်နိုင်သေးဘူး။ ပြီးတော့ အဆင့်(၆)ကိုလည်း ကြီးမားသော အောင်မြင်ခြင်း အဆင့်အထိ ရောက်အောင် မကျင့်ကြံရသေးဘူး"

စနစ်က ရှင်းပြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ခန္ဓာကိုယ်ကနေ ဘုန်းကနဲဆိုပြီး ဝိညာဉ်ချီ အမြောက်အများ ပေါက်ကွဲထွက်လာသည်။ ပတ်ပတ်လည်တွင် ဝိညာဉ်ချီ အမြောက်အများ စုစည်းနေပြီးနောက် ကိုယ်ပွား သုံးခု ပေါ်လာသည်။

လေးနက်တည်ကြည်တဲ့ မျက်နှာကလွဲလျှင် ကိုယ်ပွားနဲ့ မူရင်းခန္ဓာကိုယ်ကြားတွင် ကွဲလွဲမှု မရှိပါ။ ခွဲခြားဖို့ တော်တော်ခက်လှသည်။

"ငါ့ကို တိုက်ခိုက်စမ်း"

ဆွန်းမို ပြောပြီးတာနဲ့ ကိုယ်ပွား သုံးကောင်သည် နံ့သာဖြူဓါးဆွဲ ထုတ်ပြီး တိုက်ခိုက်ကြတော့သည်။

အံ့အောဖို့ကောင်းတာက သူတို့သည် တစ်ယောက်ခြင်း တိုက်တာမဟုတ်ဘဲ ပူးပေါင်းပြီး တိုက်ခိုက်နေကြသည်။

“ငါ...လို...”

ဒါကို ဆွန်းမို မမျှော်လင့်ထားပါ။ ပြီးတော့ ကိုယ်ပွားတွေရဲ့ အမြန်နှုန်းကလည်း အရမ်းလျှင်မြန်လှသည်။ ရှောင်ဖို့ ကြိုးစားလိုက်ပေမယ့် ခဏနေတော့ နောက်စေ့ကို သစ်သားဓါးတစ်ချောင်း လာမှန်သည်။ အရမ်းနာကျင်လို့ ခုန်ပေါက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ရပ်၊ ရပ် ရပ်လိုက်တော့”

ဆွန်းမို အလျှင်အမြန်တားလိုက်သည်။

ဆွန်းမို အံ့အောတုန်လှုပ်နေသည်။ ကိုယ်ပွားတွေကလည်း သဏ္ဍာန်မဲ့မြင့်မြတ်စကြ်ာဝဠာကျင့်စဉ်ကို အသုံးပြုပြီး တိုက်ခိုက်နေတာ မြင်လိုက်ရသည်။

“ဒီကိုယ်ပွားတွေက မင်းကို အခြေခံပြီး ဝိညာဉ်ချီတွေကို ကုန်ကြမ်းအဖြစ် အသုံးချပြီး ဖွဲ့စည်းထားတာပဲ။ ဒါပေမယ့် တာရှည်ခံနိုင်မှုကတော့ ကွာခြားတယ်”

"သူတို့က ရိုးရှင်းတဲ့ အမိန့်တချို့ကို လိုက်လုပ်ပေးနိုင်တယ်။ ဒါပေမယ့် ရှုပ်ထွေးတဲ့ တိုက်ပွဲဗျူဟာတွေကိုတော့ လိုက်မလုပ်နိုင်ဘူး။ ပြီးတော့ တခြား ကျင့်စဉ်ကို သုံးလိုက်ရင် အနည်းငယ် အားနည်းသွားလိမ့်မယ်"

စနစ်က ရှင်းပြသည်။

"ငါ နားလည်ပြီ"

ဆွန်းမိုက ခေါင်းညိတ်ပြီး ကိုယ်ပွားတွေကို ပြန်သိမ်းလိုက်သည်။

ဘုန်း ဘုန်း ဘုန်း

ကိုယ်ပွားများသည် ဝိညာဉ်ချီ အလုံးများအဖြစ်သို့ ပြောင်းလဲကာ လေထဲ ကွယ်ပျောက်သွားသည်။ ဆွန်းမို ကျောဆန့်လိုက်သည်။ အချိန်စောနေသေးတာ မြင်လိုက်လျှင် အန်ရှီဝေဆီ သွားကာ အရင်ကျောင်းအုပ်ကြီး စုဆောင်းထားတဲ့ စာအုပ်တချို့ကို ဌားဖတ်မလို့ စီစဉ်လိုက်သည်။

ဒါပေမယ့် သူ အိမ်က ထွက်လာတဲ့အချိန်တွင် စနစ်ဆီက အကြောင်းကြားချက် ထွက်လာသည်။

"တာဝန် ထုတ်ပြန်တယ်။ ချိုင်တန်ကို ကယ်တင်ပါ။ ဒီကျဆုံးနေတဲ့ ပါရမီရှင်ကို ကယ်တင်ပါ။

အောင်မြင်ပါက ဆုလဒ်အဖြစ် ငွေရောင ် ရတနာသေတ္တာတစ်လုံး”

ဆွန်းမိုက ပိုပြီးလေ့လာမလို ပြင်ဆင်ထားပေမယ့် စနစ်က တာဝန်ထုတ်ပြန်လိုက်သဖြင့် ဒီကိစ္စကို ဂရုစိုက်လိုက်သည်။

အမျိုးသမီး အဆောင်.....

မိန်းကလေးတွေ အဆောင်ထဲမှ ထွက်လာကြသည်။ သူတို့ရဲ့ သန့်စင်ပြီး အပြစ်ကင်းတဲ့ အငွေ့အသက်ကြောင့် အဆောင်တစ်ခုလုံး စတော်ဘယ်ရီအနံ့ သင်းကြိုင်နေသည်။

"ကြည့်အုံးဟေ့။ ဟိုမှာ ဆရာဆွန်း"

ဆွန်းမိုကို တစ်ယောက်ယောက်က သတိထားမိပြီး အော်ဟစ်လိုက်သည်။ ကျောင်းသူတော်တော်များများက ပြတင်းပေါက်ကနေ ချက်ခြင်းငုံ့ကြည့်ကြသည်။

"အရမ်းချောတာပဲ"

"သူက ငါ့ရဲ့ လက်ဖက်ရည်ချိုချိုလေး"

" အရမ်းချောတယ်နော်။ အိုဘုရားရေ၊ ငါ့ကို ပြုံးပြနေတယ်"

“သောက်တလွဲ၊ ငါ့ကိုပြုံးပြနေတာ ဟ။ ငါတောင် မခံနိုင်တော့ဘူး။ ဒီအပြုံးက ယစ်မူးဖို့ ကောင်းလွန်းတယ်”

မိန်းကလေးများသည် အချင်းချင်းဆွေးနွေးနေကြပြီး အများစုကတော့ မနက်ဖြန်တွင် ဆွန်းမိုအတန်း သွားတက်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ ဒါကဘာလဲ။ သူတို့ရဲ့ အထူးပြု ဘာသာရပ်တွေနဲ့ မကိုက်ညီဘူးလား။

အဲဒါက အရေးမကြီးဘူး။ ဆွန်းမို ဘာပြောလဲဆိုတာက အရေးမပါဘူး။ သူ့မျက်နှာချောနေသ၍ အားလုံးအဆင်ပြေတယ်။

“ရှမ်ယွင် မြန်မြန်လာကြည့်၊ ဆရာဆွန်းက အရမ်းချောတာပဲ”

ရှမ်ယွင် အခန်းဖော်က သူမကို လှမ်းအော်ခေါ်သည်။

ရှမ်ယွင်က လုံး၀ မလှုပ်ပါ။ သူမ နှလုံးသားထဲတွင် ချိုင်တန် တစ်ယောက်သာ ရှိသည်။

“ သူမကို ခေါ်မနေနဲ့တော့။ သူမက ချိုင်တန်ကလွဲရင် ကျန်တဲ့လူတွေကို အမှိုက်လို့ ထင်ချင်ထင်နေလိမ့်မယ်”

အခန်းဖော် နောက်တစ်ယောက်က နောက်ပြောင်လိုက်သည်။ သူမတို့ ငယ်ချစ်တွေကြားက သံယောဇဉ်သည် ရွှေထက်တောင် ခိုင်မြဲသေးသည်။ ရွှမ်ယွှင်သည် လှပပြီး ချိုင်တန်က နာမည်ကြီးသည်။ သူတို့ကို လိုက်ကြိုက်တဲ့လူတွေ အများကြီးရှိသော်လည်း အားလုံးကို ငြင်းဆန်ခဲ့သည်။

ချိုင်တန်သည် လွန်ခဲ့တဲ့ တစ်နှစ်ကစပြီး ချိနဲ့သွားခဲ့သည်။ စာမေးပွဲတွင် ရှုံးနိမ့်ပြီး လုံးဝ အရက်ကွဲသွားသည်။ သို့သော်လည်း ရွှမ်ယွှင်က ဒါတွေကို ဂရုမစိုက်ဘဲ သူ့ကိုသာ ဂရုစိုက်ခဲ့သည်။ သူတို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းက အမျိုးသမီး အဆောင်တစ်ခုလုံး ပျံ့နှံ့သွားပြီး ရွှမ်ယွှင်၏ ပုံရိပ်နဲ့ ဂုဏ်သိက္ခာက ချက်ခြင်း မြင့်တက်လာခဲ့သည်။

“ရွှမ်ယွှင်၊ ဆရာဆွန်းက မင်းကို ရှာနေတယ်”

အခန်း ၃၀၂ကို မိန်းကလေးတစ်ယောက်က တံခါးလာခေါက်ပြီး အကြောင်းကြားလာသဖြင့် မျက်လုံးအားလုံးက သူမဆီ ရောက်သွားသည်။

ကုတင်ပေါ်တွင် လှဲနေသော ရှွမ်ယွင်သည် မျက်မှောင်ကြုတ်လိုက်သည်။

“ရှွမ်ယွင် မြန်မြန်သွား။ ဆရာဆွန်းကို အချိန်အကြာကြီး မစောင့်ခိုင်းနဲ့”

ရှွမ်ယွင် တွေဝေနေတာ မြင်လိုက်လျှင် ကျောင်းသူတချို့က အမြန်သတိပေးလိုက်သည်။ ဆွန်းမိုရဲ့ ဂုဏ်သိက္ခာက အရမ်းကြီးမြတ်နေပြီး

သူ့ဘက်က သူမကို စပြီး ရှာနေသဖြင့် လိုအပ်နေတာ တစ်ခုခု ရှိနိုင်သည်။ သူ့ကို အေးစက်စက်မဆက်ဆံတာ ကောင်းမည်။

ရွှမ်ယွှင် ထွက်သွားသည်။

“ငါတို့ သူမနောက်ကလိုက်သွားပြီး ဆရာဆွန်းနဲ့ ရင်းနှီးအောင် လုပ်ရင်ကောင်းမလား”

ရွှမ်ယွှင်၏ အခန်းဖော်တချို့ ချီတုံချတုံဖြစ်နေပြီး နောက်ဆုံးတော့ လက်လျှော့လိုက်သည်။ ဆွန်းမို စိတ်ဆိုးသွားမှာကို စိုးရိမ်နေသည်။ ဒီလိုအဆင့် ဆရာတစ်ယောက်နဲ့ တွေ့ဆုံရတဲ့အခွင့်အရေးသည်

အရမ်းတန်ဖိုးရှိသည်။ အရေးမကြီးတဲ့အချိန်မှာ ဆရာကို နှောက်ယှက်မိသွားပါက နောက်တစ်ကြိမ်တွင် အငြင်းခံရဖို့ အခွင့်အရေးများသွားနိုင်သည်။ ဒါကြောင့် အခွင့်အရေးကို ပညာရှိဆန်ဆန် အသုံးချတတ်ရမည်။

“ဆရာဆွန်း၊ မင်းငါ့ကို ရှာနေတယ်ဆို”

ရှမ်ယွင်၏ အပြုအမူက နှိမ့်ချသော်လည်း သူမ လေသံက သူစိမ်းယောကျ်ားများ အနားမကပ်လာနိုင်အောင် အေးစက်လှသည်။

“ရေကန်ဘက်ကို သွားရအောင်။ ငါမင်းကို ပြောစရာ ရှိတယ်။”

ဆွန်းမိုက အကြံပြုလိုက်သည်။

ဆွန်းမို ထွက်ခွာသွားသည်။ မီတာ အနည်းငယ်ရောက်တဲ့အထိ ရွှမ်ယွှင် တွေဝေနေသည်။

ကြေကွဲခြင်းမရှိ ရေကန်ဆိုတာက စုံတွဲတွေ လမ်းလျှောက်လေ့ ရှိတဲ့ နေရာဖြစ်သည်။

ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ယဉ်ကျေးမှု အရမ်းပွင့်လင်းလွန်းသည်။ သူတို့က အချစ်ရေးကို

ပိတ်ပင်ခြင်း မရှိသော်လည်း အားပေးခြင်းလည်း မလုပ်ပါ။

လူအနည်းငယ်သာ ရှိတဲ့ နေရာကို ဆွန်းမို ဦးတည်လိုက်သည်။

"ရှမ်ယွင်၊ ချိုင်တန် မကြာခင် သေတော့မယ်"

"ဘာ"

ရှမ်ယွင် တုန်လှုပ်သွားပြီးနောက် ခေါင်းခါလိုက်သည်။

"မဖြစ်နိုင်ဘူး"

စာစဉ်(၁၉)

အခန်း(၂၇၉) - ဆွန်းမိုက မဟာအဆင့်အပင်ဗေဒ ပညာရှင်လား။

“ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ”

ဆွန်မို ဆက်ပြီး မေးလိုက်သည်။

“လူတိုင်းအားကျရတဲ့ ပါရမီရှင်တစ်ယောက် ဘဝကနေ ပြုတ်ပြီး အရေးမပါတဲ့ အမှိုက်တစ်ခု အဖြစ်သွားတယ်။ ဒီကွာခြားချက်က သူ့ကို

အရမ်းထိခိုက်စေတယ်။ အဲဒီတုန်းက ကို့ကိုယ်ကို သတ်သေဖို့လုပ်တဲ့အချက်က သက်သေပဲ”

ရှမ်ယွှင် နှုတ်ဆိတ်သွားသည်။ စိတ်သက်သာရာရသွားတဲ့ အငွေ့အသက်လည်း ပေါ်လာသည်။ သူမက ချိုင်တန်သည် နေမကောင်းလို့ ရောဂါကြောင့် သေတော့မယ်လို့ ဆွန်းမို ပြောမယ် ထင်နေခဲ့သည်။

တကယ်တော့ ဆွန်းမိုက ရှမ်ယွှင်ကို ရည်ရွယ်ချက်ရှိရှိ လိမ်ခဲ့ခြင်း ဖြစ်သည်။ သူက ရှမ်ယွှင်၏ တုန့်ပြန်ချက်ကို ကြည့်ပြီး ကွဲပြားတဲ့ ထင်မြင်ချက် ပြောလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒါပေမယ့်   သူ   မသတ်သေဖြစ်ရင်တောင် အချိန်တော့ သိပ်မကြာတော့ဘူး"

ဆွန်းမိုက   ရှမ်ယွင်ရဲ့   အမူအရာကို   စောင့်ကြည့်ရင်း နတ်ဘုရားမျက်စိ အာရုံကို အသုံးပြုလိုက်သည်။

ရှမ်ယွင်၊   တတိယနှစ်ကျောင်းသူ။

အသက် ၁၅ နှစ်။

ဝိညာဉ်ပြုပြင်ခြင်း အဆင့်-

သွေးကြောဆုံမှတ် ၂၃ ဖွင့်ပြီး။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြွံခိုင်မှု - ၁၂ - သာမန်။

ဉာဏ်ရည် - ၁၅ - သာသာသာယာယာ

သွက်လက်မှု - ၁၂ - သာမန်

အလားအလာတန်ဖိုး - သာမန်။

မှတ်ချက်။ ။ ကျင့်ကြံခြင်း အရည်အချင်းက သာမန်သာ ဖြစ်သော်လည်း အပင်ဗေဒတွင် အရမ်း အလားအလာ ရှိသည်။

ဆွန်းမိုသည် ရွှမ်ယွှင်၏ စိုးရိမ်မှုကို ရတ်တရတ် နားလည်သွားသည်။ ချိုင်တန်၏

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အံ့အောဖို့ကောင်းတဲ့ ကိန်းဂဏာန်းများနဲ့ နှိုင်းယှဉ်ပါက သူမသည် တကယ် အသုံးမဝင်ပါ။

ရွှမ်ယွှင် အဝေးကို စိုက်ကြည့်လိုက်သည်။

“ဣန္ဒာ(ဆေးဖက်ဝင်အပင်) အမှောင်တိုက်ကြီးကပဲ ရနိုင်တဲ့ အပင်တစ်မျိုးပဲ။ အဲဒါကို အမှုန့်ဖြစ်အောင် ကြိတ်ပြီး ပြုပြင်လိုက်ရင် အကိုက်အခဲ ပျောက်ဆေးအဖြစ် အသုံးပြုလို့ရတယ်။ အာရုံကြော နာကျင်မှုကို သက်သာစေနိုင်တယ်။ ပုံမှန်ဆိုရင်တော့ ဘေးထွက် ဆိုးကျိုး မရှိဘူးပေါ့”

ဆွန်းမိုက အမှောင်တိုက်ကြီးရှိ အပင်မျိုးစိတ် ၁,၄၇၇အကြောင်းကို အသေးစိတ် သိရှိနေသည်။ အဲဒီအထဲတွင် ဣန္ဒြာအပင် အကြောင်းလည်း ပါဝင်သည်။ ဒီဆေးဖက်ဝင်အပင်နဲ့ ပက်သက်ပြီး စာအုပ်များတွင် မှတ်တမ်းတင်ထားခြင်း မရှိသော်လည်း ဆွန်းမိုက သိနေသည်။

“ဆရာ၊ မင်းက ငါ့ကို အပင်ဗေဒ အကြောင်း သင်ပေးနေတာလား”

ရှွမ်ယွင်က ပြုံးရင် မေးလိုက်သည်။ သူမ မျက်နှာတွင် မာနတွေ ရှိနေသည်။

(ကျင့်ကြံခြင်းနဲ့ ပက်သက်ရင် ငါက အသုံးမကျပေမယ့် အပင်ဗေဒနဲ့ ပက်သက်လာရင်တော့ ငါ့ထက် ဘယ်သူမှ ပိုမကောင်းနိုင်ဘူး)

"မင်းရဲ့ အပင်ဗေဒ ရလဒ်ကို ငါစစ်ဆေးပြီးပြီ။ တော်တော်လေး ကောင်းပါတယ်"

ဆွန်းမိုသည် ရှမ်ယွှင်ကို ကြည့်လိုက်သည်။

"မင်းက ဆရာလီရဲ့ လက်ထောက် အဖြစ် မကြာခဏလုပ်ပြီး သူ့ကို ကူညီပေးနေတယ်လို့ ငါကြားထားတယ်။ ဒါကြောင့်လည်း

ဒီအချက်အလက်ကို မတော်တဆ တွေ့နိုင်တာ၊ အရမ်းနိမ့်တဲ့ အပူချိန်အောက်မှာ ဣန္ဒြာအပင်ရဲ့ ဆေးဖက်ဝင် ဂုဏ်သတ္တိတွေ ပြောင်းသွားလိမ့်မယ်။

ပြောချင်တာက ဣန္ဒြာအပင်က အေးခဲပြီး လူ့ခန္ဓာကိုယ်ထဲ ရောက်သွားရင် ဝိညာဉ်ချီ သွေ့ဖယ်တဲ့ လက္ခဏာ ဖြစ်စေနိုင်တယ်”

ရှမ်ယွှင်သည် ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်သဖြင့် သရုပ်ဆောင် စွမ်းရည် မကောင်းသေးပါ။ ဒါကြောင့် ဒီစကားကို

ကြားပြီးတဲ့အချိန်တွင် သူမရဲ့ အမူအရာ သိသိသာသာ ပျက်သွားပြီး ခြေတွေလက်တွေ တုန်လာသည်။

"ဒါက စာအုပ်တွေထဲမှာ မှတ်တမ်းတင်ထားတဲ့ ဗဟုသုတတော့ မဟုတ်ဘူး။ ကျောင်းကို တင်ပြလိုက်ရင် ဆုတွေဘာတွေ ရနိုင်တယ်"

ဆွန်းမို သက်ပြင်းချလိုက်သည်။ ကျောင်းတင်မကသေးဘူး သူတော်စင်ဂိုဏ်းကလည်း သူမကို ပညာတော်သင်ဆု ချီးမြှင့်နိုင်သည်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဗဟုသုတသည် နည်းနည်းခြင်း စုဆောင်းလာခဲ့ ရလို့ ဖြစ်သည်။

အသစ်တွေ့ရှိမှုနဲ့ ပက်သက်ရင် သူတော်စင်ဂိတ်နဲ့ ကျောင်းတိုင်းသည် အရမ်းရက်ရော လွန်းလှသည်။

“ဒါတွေကို စာအုပ်ထဲမှာ မရေးထားရင် ဆရာက ဘာဖြစ်လို့ သိနေရတာလဲ”

ရွှမ်ယွှင်က ပြန်မေးသည်။

ဆွန်းမိုက ချက်ခြင်း ပြန်မပြောပါ။ ရှုရှိုက်ရင်း နှာခေါင်းကို အနည်းငယ် ရှုံ့လိုက်သည်။

“ဆရာ၊ မင်းရဲ့ လုပ်ရပ်က နည်းနည်း မယဉ်ကျေးဘူးနော်”

ရွှမ်ယွင်က မျက်မှောင်ကြုတ်ရင်း အနည်းငယ် နောက်ဆုတ်သွားသည်။

"အထင်မလွဲနဲ့။ မင်း ခန္ဓာကိုယ်က ထွက်တဲ့ အနံ့ကိုပဲ ငါစိတ်ဝင်စားတယ်"

ဆွန်းမိုက ရှင်းပြသည်။

"ဆရာ၊ မင်းစိတ်ကျေနပ်အောင် ငါ့ဆီက အနံ့ခံမလို့ ငါ့ကို လိမ်ခဲ့တာလား"

ရွှမ်ယွင် အနည်းငယ် ဒေါသထွက်နေသည်။ ဒါက လိင်ပိုင်းဆိုင်ရာ နှောက်ယှက်မှုတစ်ခုလို့ သတ်မှတ်လို့ ရသည်။ သို့သော်လည်း ဆွန်းမိုကို

သူ့ရဲ့ အလုပ်အကိုင်အား ပြန်သတိထားစေချင်လို့ ခြိမ်ခြောက်ခဲ့သည်။

"မင်း ဖြန်းထားတဲ့ ပန်းရည်က နီယံပန်း၊ လေးရောင် အရွက်၊ ကြွေပန်းတစ်ထောင် နဲ့ ရောစပ်ထားတာပဲ။ နီယံပန်းက မွှေးရနံ့ကို တိုးမြှင့်စေပြီး လေးရောင်ပန်းက မွှေးရနံ့ ကြာချိန်ကို တိုင်းမြှင့်ပေးနိုင်တယ်။ နောက်ဆုံးအနေနဲ့ ပွင့်ဖူးတွေကို ချေဖျက်ဖို့အတွက် ကြွေပန်းတစ်ထောင်ကို အသုံးပြုနိုင်တယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို စိတ်လှုပ်ရှားစွာ သက်ပြင်းချလိုက်သည်။

“မင်းရဲ့ အယူအဆက အရမ်းကောင်းပါတယ်။ မင်းသာ ရေမွှေးထုတ်ပြီး ရောင်းချရင် သေချာပေါက် ပိုက်ဆံ အများကြီး ရလိမ့်မယ်”

ရွှမ်ယွင် ပါးစပ်အကျယ်ကြီး ပွင့်နေသည်။ ဆွန်းမိုကို ကြည့်နေတဲ့ သူမရဲ့ အကြည့်တွေက တုန်လှုပ်ခြောက်ခြားမှုနဲ့ ပြည့်နေသည်။

(ဒါကို မင်းဘယ်လိုသိတာလဲ၊)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရင်ခေတ်ကတည်းက အမျိုးသမီးများသည် အလှအပကို နှစ်သက်ကြသည်။ ပြည်နယ်ကိုးခုတွင်လည်း အလှကုန် ပစ္စည်းအမျိုးမျိုး ရှိသည်။ အဲဒီအထဲတွင် ပန်းရည်အသုံးပြုပြီး လုပ်တဲ့ ရေမွှေးက လူကြိုက်အများဆုံး ဖြစ်သည်။

ရွှမ်ယွှင်သည် သာမန် မျိုးနွယ်စုက လူတစ်ယောက် ဖြစ်သည်။ သူမ နေထိုင်စရိတ်နဲ့ ချိုင်တန်အတွက် ဆေးဖက်ဝင် အပင်ဈေးတို့ကြောင့် ငွေလိုအပ်နေသဖြင့် သူမသည် ဈေးသက်သာတဲ့ ရေမွှေးကိုတောင် မဝယ်နိုင်ခဲ့ပါ။

ဒါပေမယ့် အဆင်ပြေပါသည်။ ကိုယ်ပိုင်ရေမွေးလုပ်လိုက်လို့ ရသည်။

ရွှမ်ယွှင်၏ အပင်ဗေဒဆိုင်ရာ အရည်အချင်းက အရမ်းအထင်ကြီးဖို့ ကောင်းသည်။ သုတေသနပြုလုပ်နေရင်း ဘေးထွက်ဆိုးကျိုးမရှိတဲ့ ဒီရေမွေးကို တွေ့ရှိခဲ့သည်။ ပြီးတော့ မွေးရနံ့ကလည်း သူမတစ်ယောက်တည်းပိုင် ဖြစ်သည်။ တွေးကြည့်လိုက်ရုံနဲ့ အရမ်းမိုက်တယ်လို့ သူမခံစားရသည်။

သုတေသန ပြုလုပ်နေရင်း ရေမွှေးထဲသို့ အရမ်းနှိမ့်တဲ့ အပူချိန်အောက်တွင် ဣန္ဒြေအပင်ကို ပေါင်းထည့်လိုက်ရင် ဝိညာဉ်ချီ သွေဖယ်တဲ့ အကျိုးသက်ရောက်မှုအား မတော်တဆ တွေ့ရှိခဲ့သည်။

သို့သော်လည်း ရွှမ်ယွှင် ဒီကိစ္စအား ဘယ်သူ့ကိုမှ မပြောခဲ့ပါ။ ဆွန်းမိုက ဒါကို ဘယ်လိုသိတာလဲ။

"မင်းငါ့ကို စုံစမ်းနေတာလား"

ရွှမ်ယွင် အဲဒီလို ပြောလိုက်ပြီးနောက် ခေါင်းခါလိုက်သည်။ ဆွန်းမို စုံစမ်းခဲ့တယ်ဆိုတာ မဖြစ်နိုင်ပါ။ သူမေးလို့ရမည့် သူလည်း မရှိပါ။ သူမက စမ်းသပ်မှုကို လျှို့ဝှက်ပြီး လုပ်ခဲ့သည်။ သူမ လုပ်ခဲ့သော ရေမွှေးကိုလည်း အသုံးပြုခဲ့ပြီးပြီ။ လက်ကျန် တစ်စက်တောင် မရှိတော့ပါ။ ဒါကြောင့် ဆွန်းမိုက ပန်းရည်ကို လေ့လာချင်တယ်ဆိုရင်တောင် သူ့မှာ နမူနာ မရှိနိုင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ငါ့ဆီက အနံ့ကို ရှူရုံနဲ့ အပင်တွေကို ခွဲခြားနိုင်တာလား။ ဒါပေမယ့် ဒါက မဖြစ်နိုင်ဘူးလေ)

"ရနံ့ ပြင်းဆမှုအပေါ်မူတည်ပြီး လွန်ခဲ့တဲ့ သုံးရက်ကတည်းက သုံးခဲ့သင့်တယ်"

ဆွန်းမိုက အနံ့ခံပြီး တိကျတဲ့ ကိန်းဂဏန်းတစ်ခုကို ပြောလိုက်သည်။ ပြောရမယ်ဆိုရင် ရနံ့က တော်တော် သာယာသည်။ ပြီးတော့ ဒါက ပန်းရည်နဲ့ အင်းဆက်ပိုးမွှားများကို ရောနှောထားတဲ့ အမျိုးအစား ဖြစ်သည်။ ဒီသဘောတရားက မဆိုးပါဘူး။

ရွှမ်ယွှင် တိတ်ဆိတ်သွားသည်။ သူမ ဆွန်းမိုရဲ့ စကားများက နှလုံးသားထဲတွင် ထိတ်လန့်မှုနဲ့ ပြည့်နေသည်။ လုံးဝကို မှန်ကန်နေသည်။

ဒင်

ရွှမ်ယွှင် ဧ၏ လ ေ◌◌းစားအထင်ကြီးမှု+၁၀၀။

လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ရင်းနှီး (၁၀၀/၁,၀၀၀)

“မျက်ကန်း တစ္ဆေ မကြောက်ဆိုသလို။ ရွှမ်ယွှင်သည် အပင်ဗေဒ ဘာသာရပ်ကို အထူးပြုတဲ့သူတစ်ယောက် ဖြစ်နေသောကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ဘယ်လောက် ကြောက်ဖို့ကောင်းလဲဆိုတာ ခံစားမိသည်။ သူ၏ အသိပညာ အဆင့်အတန်းသည် ဗဟိုပြည်နယ်အကယ်ဒမီတွင် ထိပ်ဆုံးသုံးယောက်ထဲ ဝင်နိုင်သည်။

မဟုတ်သေးဘူး။ ပထမအဆင့်တောင် ဖြစ်နိုင်သည်။

ရွှမ်ယွှင် တစ်ခုတော့ နားမလည်ပါ။ ဆွန်းမိုသည် အပင်ဗေဒဘာသာရပ်တွင် ဒီလောက်အထိ မြင့်မားတဲ့ အောင်မြင်မှုကို

ရထားသော်လည်း ဒီဘာသာရပ်အတွက် ဘာဖြစ်လို့ အတန်း မစသေးတာလဲ။

ကောင်းကင်ဘုံရဲ့ အရည်အချင်းကို ဖြုန်းတီးပစ်နေတာလား။

“ဣန္ဒြာအပင်က ဝိညာဉ်ချီ သွေ့ဖယ်နိုင်တဲ့ အကျိုးအာနိသင်ကို မင်းသိပေမယ့် အာရုံကြောတွေ ထိခိုက်လာနိုင်တယ်ဆိုတဲ့ အချက်ကို မင်းမသိသေးဘူး။ အချိန်ကြာလာတာနဲ့အမျှ ခြေတွေ လက်တွေ ထုံကျင်လာလိမ့်မယ်။ စတင်ပြီး တုန်ယင်လာပြီဆိုတာနဲ့ နောက်ဆုံးမှာ

လေဖြတ်သွားလိမ့်မယ်။ ဆီးနဲ့ ဝမ်းတောင် မထိန်းချုပ်နိုင်တဲ့ အဆင့်အထိ ဖြစ်လာလိမ့်မယ်။ သူတို့ရဲ့ အာရုံကြောတွေ ပျက်ဆီးသွားပြီး နောက်ဆုံးမှာ သေသွားမယ်”

ဆွန်းမိုက ရှင်းပြသည်။

“မဟုတ်ဘူး။ ဒါက မဖြစ်နိုင်ဘူး”

ရွှမ်ယွှင် မျက်နှာအမူအရာ ဖြူဖျော့သွားသည်။

“နောက်ဆုံးအချက်ကို မင်းမသိဘူးလို့ ငါယုံကြည်တယ်”

ဆွန်းမိုက အဝေးသို့ ငေးကြည့်ပြီး

“နောက်ဆုံးတော့ မင်းက ချိုင်တန်ကို အရမ်းချစ်တာပဲ”

ဆွန်းမိုသည် ရှမ်ယွင်အား ဒေါသတကြီး အပြစ်တင်ပြီး သူမကို တိုင်ကြားလိုက်ချင်သည်။ ရှမ်ယွင်က အဆုံးအထိ ငြင်းဆိုပြီး ဝန်ခံဖို့ ငြင်းဆိုခဲ့သည်။ ဒါပေမယ့် ဆွန်းမိုက အခုအချိန်မှာ နူးညံ့တဲ့ လေသံနဲ့ ပြောလာတဲ့အချိန်တွင် သူမ နှလုံးသားထဲအထိ ဝင်ရောက်သွားသည်။

ဖုန်း

ရွှမ်ယွင် ဒူးထောက်ပြီး မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ထားသည်။

“ ငါလည်း အဲဒီလို မဖြစ်ချင်ပါဘူး”

ဆွန်းမိုက ရွှမ်ယွင် ငိုနေတာကို စောင့်နေခဲ့သည်။ သူမရဲ့ စိတ်ခံစားချက်တွေ တည်ငြိမ်သွားပြီးနောက် သူက “ မင်းတို့နှစ်ယောက် ဇာတ်လမ်းကို ဘာလို့ မပြောပြတာလဲ”

ဒါက ကလေးဘဝကတည်းက ချစ်လာကြတဲ့ ချစ်သူများရဲ့ ဇာတ်လမ်း ဖြစ်သည်။

သူမသည် တဖြည်းဖြည်းနဲ့ ကြီးပြင်းလာပြီး ကမ္ဘာကြီး အကြောင်းကို နားလည်လာခဲ့သည်။ သူမက သာမန်သာ ဖြစ်ပြီး ချိုင်တန်က သူ့ရဲ့အရည်အချင်းကို တဖြည်းဖြည်းနဲ့ ဖော်ထုတ်လာခဲ့သည်။ အချိန်ကြာလာတာနဲ့အမျှ ရွှမ်ယွှင် ပိုကြောက်လာခဲ့သည်။

ချိုင်တန်ကို အမှီလိုက်ဖို့ ဘယ်လောက်ပဲ ကြိုးစားခဲ့ပါစေ ဒီလူငယ်လေးကို လုံး၀ လိုက်မမှီခဲ့ပါ။ စွန့်ပစ်ခံရမှာကို သူမ စိုးရိမ်နေခဲ့သည်။

ဒါကြောင့်လည်း ချိုင်တန်စားတဲ့ အစားအသောက်တွင် ပစ္စည်းတစ်ခုကို ထည့်ခဲ့သည်။

နေ့တိုင်း ထမင်းစားတဲ့ အချိန်အတွင်းတွင် ချိုင်တန်အတွက် ထမင်းတစ်ပန်းကန် အမြဲတမ်း သယ်ပေးခဲ့သည်။ သူနဲ့ ရည်စားဖြစ်နေသဖြင့် အခွင့်အရေး အများကြီး ရခဲ့သည်။

"မင်းက သူ့ကို မယုံဘူးလား"

ဆွန်းမို မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"ငါပြောမယ်။ ယုံကြည်မှုက ဘာလုပ်လို့ ရမှာလဲ။ ချိုင်တန်က နောက်ဆုံးကျရင် သက်ရှည်အဆင့်

ဒါမှမဟုတ် ဒဏ္ဍာရီ နယ်ပယ် အထိ ရောက်သွားလိမ့်မယ်။ ငါ့အတွက်ကလား။ သက်ရှည်အဆင့်ကို ဝင်နိုင်ရင်တောင် အဆင့်(၁) ဒါမှမဟုတ် အဆင့်(၂)မှာပဲ သောင်တင်နေလိမ့်မယ်”

ရှမ်ယွင် ဝမ်းနည်းစွာ ငိုပြီး ပြောသည်။

ဆွန်းမိုလည်း တိတ်ဆိတ်သွားသည်။ ဒါကလည်း မှန်နေသည်။

သက်ရှည်နယ်ပယ်ကို စောစော ဝင်သွားတာနဲ့အမျှ အိုမင်းမှုက နှေးကွေးလာလိမ့်မည်။ ဒီလိုအခြေအနေတွင် ချိုင်တန်က သန်မာ

ထွားကျိုင်းတဲ့ လူငယ်တစ်ယောက်အနေနဲ့ ရှိနေပြီး ရွှမ်းယွှင်ကတော့ ရှုံ့တွနေတဲ့ အဒေါ်ကြီးတစ်ယောက် ဖြစ်လာလိမ့်မည်။ ဒါကို ဘယ်သူက သည်းခံနိုင်မှာလဲ။

အဘွားအိုနဲ့ အတူတူအိပ်ဖို့ဆိုတာက သူမနဲ့ ချစ်ဖို့နေနေသာသာ သည်းခံဖို့တောင် တော်တော်ခက်လိမ့်မည်။

“မင်းက ချိုင်တန်ရဲ့ အနာဂတ်ကို မတားဆီးထားသင့်ဘူး”

ဆွန်းမိုသည် ဒီအတိုင်းပဲ ပြောနိုင်တော့သည်။

“အနာဂတ်လား။ ငါ့ခင်ပွန်းက ကမ္ဘာကျော်စရာလည်း မလိုဘူး။ ငါ့အတွက် အင်ပါယာတစ်ခုကိုလည်း သိမ်းပေးစရာ မလိုဘူး။ ငါ့ဘေးနားမှာပဲ အမြဲတမ်း ရှိစေချင်တယ်”

ရွှမ်ယွှင်က တရားမျှတမှု ပြင်းထန်တဲ့ လေသံနဲ့ ပြောလိုက်သည်။ အမျိုးသမီးများသည် သူမတို့ ခင်ပွန်းအား နဂါးတစ်ကောင် ဖြစ်လာဖို့ မျှော်လင့်သည်။ ဒါကြောင့် ဗိုလ်ချုပ်ဒါမှမဟုတ် အရာရှိကြီးတစ်ယောက်နဲ့ လက်ထပ်ချင်ကြသည်။ သို့သော် သူမကတော့ ကွဲပြားသည်။ သူမက

သာမန်လူသား ချိုင်တန်နဲ့သာ လက်ထပ်ဖို့ ဆန္ဒရှိနေသည်။

"သူက ကမ္ဘာကျော်ချင်ရင် ဘယ်လို လုပ်မလဲ" ဆွန်းမိုက မေးလိုက်သည်။

"အမ်"

ရွှမ်ယွင် ကြောက်ရွံ့လာသည်။ အဲနောက်မှာ သူမမျက်နှာက တုန်ယင်ပြီး ကြောက်ရွံ့မှုတွေနဲ့ ပြည့်လာသည်။

"ချိုင်တန်က ဒါကို ကျေနပ်နေမယ်လို့ မင်းစဉ်းစားနေမှာပဲ။ ဒါပေမယ့် သူ့ရဲ့ အိပ်မက်ကိုရော

စဉ်းစားဖူးလား”

ဆွန်းမိုသက်ပြင်း ချလိုက်သည်။

ရှမ်ယွင် ပြိုကျသွားသည်။ သူမက သူမကိုယ်သူမ နှစ်သိမ့်ရင်း အကြောင်းပြချက် အမြဲတမ်း ရှာနေခဲ့သည်။ အတိကျပြောရလျှင် ဒါက အကြောင်းပြချက်ပါပဲ။

သူမက သူ့ကို သာမန်ဘဝနဲ့ ဖြတ်သန်းစေချင်သည်။ ဒါပေမယ့် ချိုင်တန်က ကြီးစားပြီး ဖြတ်သန်းချင်တယ်ဆိုရင်ရော။ သူ့ အိပ်မက်ကို သတ်ပစ်လိုက်တာ မဟုတ်ဘူးလား။

“ဆရာ။ ကျွန်မ မှားသွားပါတယ်။ ကျွန်မကို အပြစ်ပေးပါ”

ရှမ်ယွင်သည် နောက်ဆုံးတော့ သူမရဲ့ တစ်ကိုယ်ကောင်းဆန်မှုကို မြင်ယောင်လာသည်။

ဆွန်းမို စကားမပြောတော့ပါ။ သူက ရေကန်ဘေးတွင် ထိုင်ပြီး ရှမ်ယွင် ငိုတာကို စောင့်နေခဲ့သည်။ ဒီကိစ္စကို ဘယ်လိုကိုင်တွယ်ရင် ကောင်းမလဲဆိုပြီး စဉ်းစားနေခဲ့သည်။

…………………

ဒုတိယနေ့တွင် ရာသီဥတုက အေးစိမ့်နေသည်။ ဆောင်းဦးရဲ့ လက္ခဏာက ပိုသိသာလာသည်။

ချိုင်တန်သည် အသက်ရှင်သွေးနည်းစနစ်နဲ့ ကုသဖို့အတွက် ပိတောက်အိမ်သို့ သွားခဲ့သည်။ နှိပ်ပြီးသွားတဲ့ အခါ ပိုပြီး သက်တောင့်သက်သာ ရှိလာသလို ခံစားရသည်။

"ဆရာ၊ ညွှန်ကြားချင်တာရှိရင် လွတ်လွတ်လပ်လပ် ပြောလို့ ရပါတယ်"

ချိုင်တန် အရမ်းရှက်သွားသည်။ ပိုက်ဆံ တချို့ ပေးသင့်လား။။။ ဆွန်းမိုမှာ ပိုက်ဆံ မရှားနိုင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကြောင့် လုံး၀ လက်မခံနိုင်ပါ။ သို့သော်လည်း ဆရာဆွန်းမိုရဲ့အနှိပ်ကို အလကားဆက်ပြီး အနှိပ်ခံနေရတာကလည်း အဖြေမဟုတ်ပါ။

ဒင်

ချိုင်တန်၏ လေးစားအထင်ကြီးမှု +၅၀။

ရင်းနှီး(၂၄၅/၁,၀၀၀)

"မင်းက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ကျောင်းသား တစ်ယောက်ပါ။ မင်းကို ဂရုစိုက်ပေးရမှာက ထုံးစံပဲ"

ဆွန်းမိုက ပြုံးလိုက်ပြီး

"မင်းမှာ လုပ်စရာ တစ်ခုခု ရှိသေးလား။ မင်းအားရင် ငါနဲ့ စကားနည်းနည်း ပြောကြမလား"

"ကျွန်တော် ဂုဏ်ယူလျှက်ပါပဲ"

ဟာသပဲ။ ဆွန်းမိုက ဘယ်လိုအဆင့်အတန်းလဲ။ ဆွန်းမိုကသာ သူနဲ့စကားပြောချင်ရင် ချိုင်တန်က သဘောတူပြီး ပျော်ရွှင်နေရမည်။ သူ့မှာ အရေးကြီးတဲ့ ကိစ္စရှိရင်တောင် အချိန်ရွှေ့လိုက်လို့ ရသည်။

"မင်း အဆိပ်မိနေတယ်"

ချိုင်တန် လက်ဖက်ရည်တစ်ခွက် သောက်လိုက်ပြီးနောက် ဆွန်းမိုက သူ့ထိုင်ခုံဆီ ပြန်သွားလိုက်သည်။

“မင်းကောင်မလေး အဆိပ်ခတ်လိုက်တာ”

“ရှမ်ယွင် မဟုတ်ဘူး”

ချိုင်တန်က ချက်ခြင်းပြန်ငြင်း သည်။

“အိုး မင်းစကား အသွားအလာအရ သံသယရှိတဲ့သူက ဘယ်သူလဲဆိုတာ မင်းသိနေတဲ့ပုံပဲ”

ဆွန်းမိုက စပ်စုလိုက်သည်။

"ဘယ်သူလဲဆိုတာတော့ ငါမသိဘူး။ ဒါပေမယ့် ရွှမ်ယွင် မဟုတ်တာတော့ သေချာတယ်"

ချိုင်တန်၏ အကြည့်တွင် တောင်းပန်မှု အငွေ့အသက် ပါဝင်နေသည်။ လက်ဖက်ရည်ကို ချလိုက်ပြီး ဒူးထောက်ချလိုက်သည်။

"ဆရာ၊ ရွှမ်ယွင် အပြစ်ကင်းစင်တယ်လို့ ကျွန်တော် ယုံကြည်တယ်"

"ကျောင်းအုပ်ကြီးအန်ကို အကြောင်းကြားပြီး ကျောင်းက နှင်ထုတ်လိုက်မှာကို မင်းစိုးရိမ်နေတာလား"

ဆွန်းမိုက မေးလိုက်သည်။ ဒီကိစ္စကို သတင်းပို့လိုက်လျှင် ရှမ်ယွှင်၏ အနာဂတ်တစ်ခုလုံး သေချာပေါက် ပျက်ဆီးသွားလိမ့်မည်။ သူမကို နှင်ထုတ်ရုံသာမက သတ္တုတူးဖော်ရန် အမှောင်တိုက်ကြီးကို ပို့ဆောင် ခံရလိမ့်မည်။

ကျောင်းသားအချင်းချင်း အဆိပ်ခတ်ခြင်းသည် အရမ်းဆိုးဝါးတဲ့ အပြုအမူ ဖြစ်သည်။

"အမှန်အတိုင်းပြောပါ။ ဒီလိုမှမဟုတ်ရင် ငါချက်ခြင်း သတင်းပို့ပြီး ရှမ်ယွှင်ကို ဖမ်းခိုင်းလိုက်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုလေသံက   အေးစက်လာသည်။

စာစဉ်(၁၉)

အခန်း(၂၈၀) - သူ့ကိုချစ်ရင် သူ့ကို ပျော်အောင်ထားပါ။

ဆောင်းဦး ရာသီဖြစ်နေသဖြင့် မြူတွေဆိုင်းနေပြီး ပတ်ဝန်းကျင်က မသဲမကွဲ ဖြစ်လာသည်။

"ငါ ရှမ်ယွင်ကို ချစ်တယ်"

ချိုင်တန်သည် အကြောင်းပြချက်များစွာကို စဉ်းစားခဲ့သော်လည်း နောက်ဆုံး သူ ပြောထွက်သွားတဲ့စကားမှာ အရိုးဆုံးနဲ့ တိုက်ရိုက်အဆန်ဆုံး ဖြစ်သည်။

ဆွန်းမို မျက်ခုံးတော်တော် တွန့်သွားသည်။

“မင်းဘာတွေ ပြောနေတယ်ဆိုတာ မင်းသိလား”

“ဟုတ်”

ချိုင်တန် မချိပြုံး ပြုံးလိုက်သည်။

“ငါ သူမကို မထိခိုက်စေချင်ဘူး။ ဆရာ ကျွန်တော်ဆန္ဒကို လိုက်လျော ပေးနိုင်မယ်လို့ ထင်ပါတယ်”

“ဒါဆို မင်းဒဏ်ရာနဲ့ ပတ်သက်ပြီးတော့ကော ဘယ်လိုလဲ”

ဆွန်းမိုက မေးလိုက်သည်။

"သူမက မင်းကို အဆိပ်ခတ်တဲ့လူပဲ။ မင်းခန့်မှန်းပြီးလောက်ပါပြီ။ ဘာလို့လဲ မင်းသတိမထားမိဘူး ပြောမလို့လား"

ချိုင်တန် ငြိမ်ကျသွားသည်။

"သူမကို ချစ်လို့လား"

ဆွန်းမို တကယ် ပြောလိုက်ချင်သည်။

"ညီလေး။ ဒီလောကကြီးမှာ မင်းက အချစ်တတ်ဆုံး လူသားပဲ"

သို့သော်လည်း ချိုင်တန်မျက်နှာပေါ်တွင် ဝေခွဲမရတဲ့ အမူအရာ ပေါ်လာသဖြင့် ဆွန်းမို မပြောဖြစ်လိုက်ပါ။

"ဟုတ်"

ချိုင်တန်က ကို့ကိုယ်ကို လှောင်ပြုံးပြုံးလိုက်သည်။

ဆွန်းမိုက အဆိပ်မိနေတယ် ပြောတုန်းက ချိုင်တန် မယုံခဲ့ပါ။ သို့သော်လည်း ဆွန်းမိုက သက်ရှင်သွေးနည်းစနစ်ကို အသုံးပြုပြီး အဆိပ်တွေ ဖယ်ထုတ်လိုက်တဲ့အချိန်ကျမှ ဆွန်းမို ပြောတဲ့အချက်က မှန်ကန်နေခဲ့သည်။

အဲဒီအချိန်တွင် ချိုင်တန်သည် ရွှမ်ယွှင်အား စပြီး သံသယ ဝင်လာခဲ့သည်။ ဒါပေမယ့် ရွှမ်ယွှင် မျက်လုံးထဲက စိုးရိမ်ပူပန်မှုများကို မြင်လိုက်လျှင်

ချိုင်တန် လက်လျှော့လိုက်သည်။ ဒါက သူမကို ချစ်လို့ပါ။ သူမနှင့် သေခြင်းကြားတွင် သေခြင်းကိုသာ ရွေးချယ်ခဲ့သည်။

"မင်းက ရွှမ်ယွင်ကို ရွေးချယ်ပြီးမှတော့ ဘာဖြစ်လို့ ဆေးကုသချင်သေးတာလဲ"

ဆွန်းမိုက ချိုင်တန်ကို မထခိုင်းသေးပါ။

"ငါ ဒါကို လက်မခံချင်ဘူး"

ချိုင်တန် သူ့ပါးစပ်ကိုသူ လက်နဲ့ အုပ်လိုက်သည်။

"ငါအဆိပ်ခတ်ခံရလို့ ကျန်ရန်ဓောင်ကို ရှုံးပြီး တိုက်ပွဲခန်းမက ထွက်ခဲ့ရတဲ့အထိ ငါ့ရဲ့

တိုက်ခိုက်ရေးအစွမ်းက သိသိသာသာ ကျဆင်းလာခဲ့တယ်။ ဒီကာလအတွင်းမှာ ကဲ့ရဲ့ ဝေဖန်မှု မျိုးစုံကိုခံစားခဲ့ရတယ်။ ငါ့ရဲ့ ကံကြမ္မာဆိုးအတွက် ပျော်ရွှင်နေတဲ့လူတွေကိုလည်း မြင်ခဲ့ရတယ်။ လူတွေရဲ့ အေးစက်မှုတွေနဲ့ နွေးထွေးမှုတို့ကို ငါခံစားခဲ့ပြီးပြီ။ ဒါကြောင့် အထင်သေးလည်း မခံချင်တော့ဘူး။ ပြီးတော့ ငါနဲ့ပက်သက်တဲ့ လူတွေကိုလည်း စိတ်မပျက်စေချင်ဘူး”

ချိုင်တန်သည် အခုတလော ကြုံတွေ့ရတဲ့ ကိစ္စများကြောင့် နှလုံးသားတွင် နတ်ဆိုး ဖြစ်လာတော့သည်။

"မင်းရဲ့ အနာဂတ် အစီအစဉ်က ဘာလဲ"

ဆွန်းမို အသံက ရေခဲနဲ့ တူနေသည်။

"မင်းက ဆက်ပြီးတွေဝေနေအုံးမှာလား"

ချိုင်တန်သည် ဘာလုပ်ရမှန်း မသိသောကြောင့် တိတ်ဆိတ်နေသည်။

"မင်းနဲ့ ရွှမ်ယွင်ကြားက ဇာတ်လမ်းကို ဘာလို့ မပြောပြတာလဲ"

ဆွန်းမိုက သက်ပြင်းချလိုက်ပြီး

"ငါက အထီးကျန်သမားပါ။ အမှန်တိုင်းပြောရရင် မင်းတို့နှစ်ယောက်ကြားက အချစ်အကြောင်းကို ငါနားမလည်တတ်ဘူး"

"ငါတို့က ကလေးဘဝထဲက ချစ်သူတွေပါ"

ချိုင်တန်သည် အမှတ်တရများထဲတွင် နစ်မျောသွားသည်။ သူ့မျက်လုံးများကလည်း အရောင်တောက်ပလာသည်။ သူ့မျက်နှာနှင့် လေသံက နူးညံ့လာသည်။

နားမကြားသူတစ်ယောက်တောင် ချိုင်တန်ရဲ့ ရွှမ်ယွှင်အပေါ် ချစ်တဲ့စိတ်ကို ခံစားနိုင်လိမ့်မည်။

ချိုင်တန်နှင့် ရွှမ်ယွှင်တို့နှစ်ယောက်စလုံးတွင် ပျော်စရာကောင်းတဲ့ ကလေးဘဝ ရှိခဲ့သည်။ သူ့ရဲ့မှတ်ဉာဏ်ထဲမှာတော့ သူသည် ငယ်ငယ်တုန်းက

အခြားကလေးများနဲ့မတူဘဲ အမြဲတမ်း အနိုင်ကျင့်ခံခဲ့ရသည်။ အဲဒီအချိန်တွင် ရှမ်ယွင်က သူ့ကို အမြဲတမ်း ကာကွယ်ပေးခဲ့သည်။ ရှမ်ယွင်က တုတ်ကိုင်ကာ ချိုင်တန်ကို အနိုင်ကျင့်တဲ့ ကလေးတွေအား မောင်းထုတ်ခဲ့သည်။

"ငါတို့ ငယ်ငယ်ကတည်းက ဘယ်လောက်ကောင်းတဲ့ ပစ္စည်းတွေပဲ ရပါစေ အမြဲတမ်း နှစ်ယောက်အတူတူ ဝေမျှသုံးခဲ့တယ်"

ချိုင်တန်က ပြုံးရင်း ပြောနေသည်။

ဆွန်းမိုလည်း ဒါကိုနားထောင်ပြီး ငြိမ်ကျသွားသည်။ အမှတ်ရစရာ ကိစ္စများကို နားထောင်ပြီးနောက် ဒါကို အချစ်လို့ပဲ ကောက်ချက် ချလိုက်သည်။

“ဆရာ၊ ရွှမ်ယွင်က ငါ့ကို တကယ်ချစ်တယ်လို့ ယုံကြည်တယ်။ အခုတော့ သူမလုပ်နေပေမယ့် နောက်ဆုံးကျရင် သေချာပေါက် လက်လျှော့သွားလိမ့်မယ်”

ချိုင်တန်က အရိုအသေပေးနေပြီး ဆွန်းမိုအား လှိုု့ဝှက်ပေးထားရန် တောင်းဆိုနေသည်။

"သူမက လက်မလျှော့ရင် ဘယ်လိုလုပ်မလဲ"

ဆွန်းမို အရမ်းဒေါသထွက်လာသည်။

"ငါသူမကို ယုံတယ်"

ချိုင်တန် လေသံက သံကိုတောင် ဖြတ်တောက်နိုင်သည်။ ဆွန်းမိုနဲ့ စကားပြောနေရင်း သူ့နှလုံးသားထဲက ကြိုးတွေ ပြတ်တောက်သွားခဲ့သည်။ အမှန်ပဲ။ ဘာတွေပဲ

ဖြစ်ခဲ့ဖြစ်ခဲ့ ဒါက အရေးမကြီးဘူး။ သူက ရွှမ်ယွှင်ကို ချစ်နေသ၍ လုံလောက်သည်။

"သူမက မင်းကို သာမန်လူတစ်ယောက်ပဲ ဖြစ်စေချင်နေတယ်။ သူမနဲ့အတူတူလိုက်ပြီး သာမန်ဘဝနဲ့ ဖြတ်သန်းချင်တာလား"

"မင်း နာမည် မကြီးချင်ဘူးလား"

ဆွန်းမိုက မေးသည်။

"ငါ နာမည်ကြီးချင်တယ်"

ချိုင်တန်က ပြုံးရင်း ပြန်ဖြေသည်။

"ဒါပေမယ့် ငါနာမည်ကြီးချင်တဲ့ အကြောင်းပြချက်က ရွှမ်ယွှင် အတွက်ပဲ။ ငါ သူမကို လက်ထပ်တဲ့ အချိန်ကျရင် လူတိုင်းက သူမကို မနာလို ဖြစ်စေချင်တယ်"

ဆွန်းမို ဘာပြောနိုင်အုံးမှာလဲ။

"ဆရာ ကျွန်တော်ဆန္ဒကို လိုက်လျောပေးပါနော်"

ချိုင်တန်က အရိုအသေ ပေးနေသည်။

"မင်းရဲ့ အလားအလာက အရမ်းမြင့်တယ်ဆိုတာ မင်းသိလား။ ကြိုးစားပြီး ကျင့်ကြံလိုက်ရင်

သက်ရှည်အဆင့် ဒါမှမဟုတ် ဒဏ္ဍာရီနယ်ပယ်ထဲ ဝင်ဖို့က ပြဿနာမဟုတ်ဘူး”

ဆွန်းမို နတ်ဘုရားမျက်စိ အာရုံ သုံးလိုက်သည်။ အဲဒါက မမှားပါ။ ချိုင်တန်ရဲ့ အလားအလာတန်ဖိုး အရမ်းမြင့်မားသည်။ သူနဲ့တူတဲ့ လူမျိုး ရှားသည်။

“ ရွှမ်ယွှင် မရှိတော့ရင် အသက်တစ်သောင်း နေရလည်း အဓိပ္ပါယ် မရှိတော့ဘူး”

သူ့ရဲ့ အဖြေက လုံးဝကို တွေဝေခြင်း မရှိပါ။

“အသုံးမကျတဲ့ကောင်”

ဆွန်းမိုက ဒေါသတကြီး အော်ဟစ်ပြီး သူကိုင်ထားတဲ့ လက်ဖက်ရည်ခွက်ကို ချိုင်တန် အရှေ့မှာ ရိုက်ချိုးလိုက်သည်။

ဘုန်း

လက်ဖက်ရည်ခွက် ကွဲကြေသွားသည်။

"တောင်းပန်ပါတယ်။ ဆရာ့ကို ဒုက္ခပေးမိပြီ"

ချိုင်တန်က လေးစားစွာနဲ့ သုံးကြိမ်တိုင်တိုင် အရိုအသေ ပေးလိုက်သည်။ ထို့နောက် မတ်တပ်ရပ်ကာ အိမ်ထဲက ထွက်သွားသည်။

အပြင်ဘက်တွင် ဆောင်းမိုးက အနည်းငယ်ကျနေသဖြင့် သူ့မျက်နှာ အနည်းငယ် အေးသွားသည်။

“နောင်ကျရင် ဆရာဆီ လာပြီး ဒုက္ခမပေးတော့ပါဘူး”

ချိုင်တန်က ကြေကွဲတဲ့ အမူအရာ ဖြစ်နေသည်။ အကြမ်းဖြင်း ဆယ်မီတာလောက် လမ်းလျှောက်ပြီးတဲ့ အချိန်တွင် အနောက်ကနေ အသံတစ်ခု ကြားလိုက်ရသည်။

“နောက် ငါးရက်ကျရင် ပြန်လာပြီး ဆေးကုသခံယူဖို့ သတိရပါ”

ချိုင်တန် ခေါင်းငုံ့လိုက်သည်။ ရုတ်တရက် ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာကာ သူက တကယ်ပဲ ဆရာကို ထားခဲ့မိသည်။

ဒင်

ချိုင်တန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၃၄၅/၁,၀၀၀)

အိမ်ထဲတွင် ဆွန်းမိုက အခန်းတံခါး တစ်ခုကို ဖွင့်လိုက်သည်။ အိမ်ခန်းထောင့်တွင် ရှမ်ယွင်

ထိုင်နေသည်။ သူမက ဒူးနှစ်ဖက်ကို လက်ဖြင့်ပိုက်ထားပြီး ခေါင်းငုံ့ကာ ငိုကြွေးနေသည်။

“ချိုင်တန်ရဲ့ စကားကို မင်းကြားတယ် မှတ်လား”

ဆွန်းမို ထုတ်ဖော် ပြောဆိုခြင်း မရှိပါ။

ရှမ်ယွှင်သည် ခွင့်လွှတ်လို့မရတဲ့ အမှားတစ်ခုကို ကျူးလွန်မိတယ်လို့ ခံစားရကာ ငိုကြွေးနေသည်။

“မင်းက သူ့ကို ချစ်တဲ့အတွက် သူ့ကို ယုံကြည်သင့်တယ်။ မင်းရဲ့ အရည်းအချင်းနဲ့ မလုပ်နိုင်ဘူးလို့ ခံစားရရင် ဒီအတွက်လည်း သူနဲ့

မထိုက်တန်ဘူးလို့ ခံစားနေရမယ်။ အဲဒါက မင်းနဲ့လူအများစုရဲ့ သတ်မှတ်ချက်ပဲ။ ငါ့အမြင်မှာတော့ မင်းက သူနဲ့ ထိုက်တန်တယ်”

ဆွန်းမိုက ရေအေးတစ်ခွက် လောင်းချလိုက်သည်။

“ချိုင်တန်ရဲ့ နှလုံးသားထဲမှာ မင်းကိုချစ်တဲ့ အကြောင်းက အရည်အချင်းနဲ့ မဆိုင်ဘူး။ မင်းရဲ့ ချစ်သူကို သဘောထားသေးတဲ့ လူတစ်ယောက်လို့ ထင်နေတာလား”

ရှမ်ယွှင် ခန္တာကိုယ် တုန်ယင်သွားသည်။ သူမ

ရုတ်တရုတ် သဘောပေါက်သွားသလို ခံစားလိုက်မိသည်။

“အနာဂတ်ကို ဘယ်သူမှ အာမ မခံနိုင်ဘူး။ ပိုကောင်းတဲ့ ယောကျ်ားတစ်ယောက်ကို ချစ်မိသွားရင် ဘယ်လိုလုပ်မလဲ”

ဆွန်းမို နှုတ်ခမ်း ကွေးသွားသည်။

“ဒါက မဖြစ်နိုင်ဘူး”

ရှမ်ယွင် ခေါင်းခါလိုက်သည်။

"အဲဒီလောက် မသေချာပါနဲ့။ ငါမင်းကို မေးခွန်းတစ်ခု မေးမယ်။ လျိုမူဘိုင်က မင်းကို ချစ်မိသွားမယ်လို့ စိတ်ကူးဖူးလား"

ဆွန်းမို မေးခွန်းက အရမ်းရှုပ်ထွေးလွန်းသည်။

ရှမ်ယွှင်သည် ဒီမေးခွန်းကို အရင်က တွေးခဲ့ဖူးသဖြင့် အံ့အောသွားသည်။ လျိုမူဘိုင်က အရမ်းထူးချွန်လွန်းသည်။ ထုံးစံအတိုင်း ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသူများရဲ့ စိတ်ကူးယဉ် ချစ်သူ တစ်ယောက် ဖြစ်ခဲ့ဖူးသည်။

ဆွန်းမိုသည် သူ့နှလုံးသား အောက်ခြေကနေ စကားပြောနေခြင်း ဖြစ်သည်။ ဒါကြောင့် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

ရွှေရောင် အလင်းတန်းတစ်ခုက ပျံ့လွင့်လာသည်။ နွေရာသီ နေအလင်းတန်းလို နွေးထွေးလှသည်။

ရွှမ်ယွှင်မျက်နှာပေါ်တွင် တွေးနေတဲ့ အမူအရာတစ်ခု ပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အများကြီးမတွေးနဲ့။ မင်းတို့နှစ်ယောက်စလုံးက ငယ်ရွယ် နုပျိုနေတုန်းပဲ။ အချစ်ရဲ့ ချိုမြိန်မှုကို စိတ်ရင်းနဲ့ပဲ ခံစားကြည့်လိုက်ပါ"

ဆွန်းမိုလည်း ပြောပြီးတာနဲ့ အခန်းထဲက ထွက်လာခဲ့သည်။ ပြောစရာရှိတာတော့ အကုန်ပြောပြီးပြီ။ ရလဒ်ကတော့ ကံကြမ္မာအပေါ်ပဲ မူတည်လိမ့်မည်။

(ပြောရလျှင် အမြဲတမ်း ဖအေ တစ်ယောက်နေနဲ့ ပြောခဲ့ခြင်းဖြစ်သည်။ သူ့အတွက် အရမ်းခက်လွန်းသည်။)

ဆွန်းမိုသည် ဒီကမ္ဘာကြီးက မတရားမှုနဲ့ ပြည့်နေတယ်လို့ ခံစားနေရသည်။

မိနစ် အနည်းငယ် ကြာပြီးနောက် ဆွန်းမိုသည် အကြောင်းကြားချက် ကို ကြားလိုက်သည်။

ဒင်

ရွှမ်ယွှင်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၂၀၀/၁,၀၀၀)

ဆောင်းဦးမိုးက ဆက်လက်ပြီး ရွာသွန်းနေခဲ့သည်။ အခုဆိုလျှင် မိုးရွာနေတာ သုံးရက်ရှိပြီ။

ချိုင်တန်သည် အဆောင်က ထွက်လာလျှင် ရွှမ်ယွှင်က ဆီစိမ်စက္ကူဖြင့် လုပ်ထားတဲ့ ထီးတစ်လက်နဲ့ သူ့ကို စောင့်နေတာ မြင်လိုက်ရသည်။

"မင်းဘာလို့ ဒီရောက်နေတာလဲ။ အနားယူသင့်တယ်။ ဒီလိုမဟုတ်ရင် မင်းအခြေအနေ ပိုဆိုးသွားလိမ့်မယ်"

ချိုင်တန်က သူ့ခြေလှမ်းကို အရှိန်မြှင့်ပြီး လျှောက်သွားလိုက်သည်။ သူ့ရဲ့ လေသံက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အပြစ်တင်တဲ့ အငွေ့အသက်နဲ့ ပြည့်နေပေမယ့် စိုးရိမ်စိတ်က ပိုသည်။

"သွားရအောင်၊ အဟွတ်"

ရှမ်ယွင်က ချိုင်တန် လက်မောင်းကို လှမ်းဖက်လိုက်သည်။ ဒီရက်ပိုင်းအတွင်းတွင် သူမကိုယ် သူမ အပြစ်ရှိသလို ခံစားရပြီး ကို့ကိုယ်ကို အပြစ်တင်စိတ်နဲ့ စိတ်ထောင်းကိုယ်ကြေ ဖြစ်ကာ ဖျားနေခဲ့သည်။ ဒီနေ့တော့ သက်သာလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နှစ်ယောက်သား ကျောင်းကထွက်လာကြသည်။ မိုးရွာနေတဲ့ လမ်းကြားမှာ ဖြည်းဖြည်းခြင်း လမ်းလျှောက်လာသည်။

ချိုင်တန်က ဘယ်သွားမလဲဆိုတာ မေးချင်ပေမယ့် ရွှမ်ယွင်က သူ့ပုခုံးကို မှီပြီး ဖက်ထားသည်။

ရွှမ်ယွင်သာ ဘေးနားမှာ ရှိနေသ၍ ဘယ်ကိုပဲ သွားနေပါစေ အဆင်ပြေသည်။

ခဏလောက်နေတော့ သူတို့နှစ်ယောက်သည် အိမ်တစ်ခုထဲ ဝင်သွားသည်။

"အရင်ထိုင်နေလိုက်"

ရွှမ်ယွင် ထွက်သွားသည်။ ထို့နောက် မီးဖိုချောင်ထဲက အိုးခွက် အသံများထွက်လာသည်။

"မင်း ထမင်းချက်နေတာလား"

ချိုင်တန်က အနောက်သို့ လိုက်သွားသည်။

"မင်းကို ထိုင်နေဖို့ ငါပြောခဲ့တယ်လေ"

ရွှမ်ယွင် မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

"ငါ ကူညီပါရစေ"

ချိုင်တန်က အင်္ကျီလက်စကို လှန်လိုက်သည်။

"အဆင်ပြေပါတယ်"

ရွှမ်းယွှင်းသည် ချိုင်တန်ကို မီးဖိုချောင်က တွန်းထုတ်လိုက်သည်။ သူမ ကူညီခွင့် မပေးရန် ဆုံးဖြတ်ထားသည်။

အကြမ်းဖြင်းတစ်နာရီလောက် ကြာပြီးနောက်တော့ ဟင်းလေးခွက်နဲ့ ဟင်းချိုတစ်ခွက် စားပွဲပေါ်တွင် အဆင်သင့် ဖြစ်နေသည်။ ချိုင်တန်သည် ပန်းကန်များကို ငုံ့ကြည့်ရင်း မျက်ရည် အနည်းငယ် ဆို့လာသည်။ ဒါတွေအားလုံးက သူ့အကြိုက်ဆုံး

အစားအစာဖြစ်သည်။ ရွှမ်ယွှင် ပထမဆုံးချက်ပြုတ်တဲ့ အချိန်ကို မှတ်မိသေးသည်။ အဲဒီအချိန်တုန်းကလည်း ဆောင်းမိုး ရွာနေခဲ့သည်။

ထို့နောက် ရွှမ်ယွှင်သည် အဝါရောင် ဝိုင်ခွက်နှစ်ခွက်ကို ဖြည့်လိုက်သည်။ သူမ လက်ထဲတွင် ခွက်များကိုကိုင်ကာ ချိုင်တန်ကို လေးနက်စွာ စိုက်ကြည့်နေသည်။ သူမက အမှန်တိုင်းပြောဖို့ ပြင်ဆင်နေသည်။

“ချိုင်တန်၊ ငါ......”

"မင်း ချက်ပြုတ်ထားတဲ့ အစားအစာတွေက အရသာ ရှိလိုက်တာ"

ချိုင်တန်သည် ပါးစပ်ထဲအရသာခံကာ သူ့အရှေ့က ပန်းကန်တွေထဲက တစ်ခုပြီး တစ်ခု ယူစားနေသည်။

"မင်း အရသာခံလို့မရအောင် ငါပဲ အကုန်စားလိုက်မယ်"

"ချိုင်တန်......"

ရှမ်ယွ္ွင် မျက်ခုံးပင့်လိုက်သည်။

"လုံလောက်ပြီ။ ဟင်းလေးခွက်နဲ့ ဟင်းချိုတစ်မျိုးဆို လုံလောက်ပြီ"

ချိုင်တန်သည် ခေါင်းငုံ့ကာ ရွှမ်ယွှင်ကို ကြည့်လိုက်သည်။ သူမ စကားပြောဖို့ပြင်နေတာ မြင်လိုက်လျှင် ချက်ခြင်း အနားသွားပြီး နှုတ်ခမ်းကို နမ်းလိုက်သည်။ သူ့စိတ်ထဲမှာ ရွှမ်ယွှင်သည် အမြဲတမ်း သူ့ကို ကာကွယ်ပေးတဲ့ ပြည့်စုံနေတဲ့ အစ်မကြီး ဖြစ်သည်။ တောင်းပန်စကားကို မကြားချင်ပါ။ ရွှမ်ယွှင် ငိုချလိုက်သည်။ ချိုင်တန်သည် သူမဆီက တောင်းပန်စကားကို မကြားခြင်သောကြောင့် ဒီလို လုပ်နေမှန်း သူမသိသည်။ ကိစ္စက ဒီအဆင့်ထိ ရောက်နေတာတောင် သူက အဲဒီအကြောင်းကို တွေးနေတုန်းပဲ။

အချိန်တော်တော်ကြာတော့ နှုတ်ခမ်းများ ကွာသွားသည်။

"အစ်မကြီးရွှမ်၊ မင်းက ငိုနေရင်တောင် အရမ်းလှနေတုန်းပဲ"
ချိုင်တန်သည် ရွှမ်ယွှင်ကို ကြည့်လိုက်ကာ မထိန်းနိုင်ဘဲ နောက်တစ်ကြိမ် ထပ်နမ်းလိုက်သည်။

"စိတ်ပျက်စရာပဲ။ ငါ့ကို အစ်မကြီးရွှမ်ဆိုပြီး ထပ်မခေါ်တော့ဘူး ထင်ထားတာ"

ရွှမ်ယွှင်သည် ချိုင်တန်အား ပေါ့ပေါ့ပါးပါး လှမ်းထိုးလိုက်သည်။ ဆယ်နှစ်သား အရွယ်က

ချိုင်တန်သည် သူ့ပုခုံးပေါ်တွင် ကောင်းကင်နဲ့ မြေကြီးကို တင်ထားတဲ့ လူတစ်ယောက်ဖြစ်ချင်တယ်လို့ ပြောခဲ့ဖူးသည်။ ရှမ်ယွှင်က သူ့ကို ကာကွယ်ပေးဖို့ မလိုတော့တဲ့အချိန်ကျရင် သူမအား အစ်မကြီးရှမ်လို့ မခေါ်တော့ဘူးလို့ ပြောခဲ့ဖူးသည်။

"ငါမှားသွားတယ်။ အခုချိန်အထိ ငါ့ဘဝမှာ မင်းဂရုစိုက်ဖို့ လိုသေးတာ သတိထားမိသွားတယ်။ ဒါကြောင့် အစ်မကြီးရှမ် မင်းကို ဒုက္ခပေးရအုံးမယ်"

ချိုင်တန်က ပြုံးပြီး ရွှမ်ယွှင်ကို ပွေ့ဖက်လိုက်သည်။

"ငါ့ကို မထားခဲ့ပါနဲ့"

"ငါမလုပ်ပါဘူး"

ရွှမ်ယွှင်ကလည်း ချိုင်တန်ကို ပြန်ဖက်လိုက်သည်။ သူမက သူမအတွေးတွေကို စွန့်လွှတ်လိုက်သည်။ ချိုင်တန်နဲ့ အတူတူနေရတဲ့ အချိန်ကို သူမ နှစ်သက်သည်။ သူမကို အနာဂတ်မှာ ထားပစ်ခဲ့ချင်တယ်ဆိုရင်တောင် သူမ ရိုးရိုးလေးပဲ ဆုတောင်း ပေးလိုက်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့ကိုချစ်ရင် သူ့ကို ပျော်အောင် ထားရမည်။

“ဆရာ၊ ငါ့ကို အမှားအကြီးကြီး မလုပ်ဖြစ်အောင် တားဆီးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ငါ့ရဲ့ အချစ်ကို ကယ်တင်ပေးလို့ ကျေးဇူးတင်ပါတယ်”
ရှမ်ယွင်က တိုးတိုးလေး ရေရွတ်လိုက်သည်။

ဒင်

ရှမ်ယွင်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၃၀၀/၁,၀၀၀)

ချိုင်တန်လည်း ခံစားရသည်။ အခုမှ အသေအချာ တွေးကြည့်လိုက်တော့ ရှမ်ယွင် ဒီနှစ်ပိုင်းအတွင်း ပြောင်းလဲနေခဲ့သည်။ သူ စွန့်ပစ်သွားမှာ စိုးရိမ်ပြီး အများကြီး ပြောင်းလဲနေခဲ့သည်။ ဒါကို သတိမထားခဲ့မိတာ ရယ်စရာကောင်းသည်။ ဒါပေမယ့် ဒီလို အဖြစ်အပျက်မျိုး နောက်တစ်ကြိမ် မဖြစ်လာစေရပါ။ သူ့ကို စိုးရိမ်ကြောင်း ပိုပြသမည်။

"ဆရာဆွန်း။ အစ်မကြီးရွှမ်ကို သူမရဲ့ အရင်ပုံစံ ပြန်ဖြစ်အောင် ပြောင်းလဲပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ချိုင်တန်သည် ရွှမ်ယွှင်၏ ဆံပင်အနံ့ကို နမ်းရှိုက်ရင်း ပြတင်းပေါက် အပြင်ဘက်သို့ ငေးကြည့်နေသည်။ သူတို့၏ အမှောင်ကာလ ပြီးဆုံးသွားပြီဆိုတာ သူသိနေသည်။

စာစဉ်(၂၀)

အခန်း(၂၈၁) - အို၊ မင်း ဦးနှောက် ပျက်နေပြီလား။

ချိုင်တန်နှင့် ရွှမ်ယွှင်ကြားက အချစ်သည် တကယ်စစ်မှန်ခဲ့သည်။ ဆွန်းမိုလည်း ဒီကိစ္စကို ဘယ်လိုဆက်ပြီး ကိုင်တွယ်ရမလဲ မသိတော့ပါ။

ရွှမ်ယွှင်ကို အပြစ်ပေးလိုက်လျှင် ချိုင်တန် ကြေကွဲပြီး စိတ်ဓါတ် ကျသွားလိမ့်မည်။

“ထားလိုက်ပါတော့။ အခုတော့ အခြေအနေကိုပဲ စောင့်ကြည့်လိုက်မယ်”

ချိုင်တန် အခြေအနေ ပိုမကောင်းလာပါက ဆွန်းမိုက ပိုမိုဆိုးဝါးလာအောင် လုပ်ခွင့် မပေးမနိုင်တော့ပါ။

ဒေါက် ဒေါက်

ဆွန်းမိုက တံခါး ခေါက်ပြီး ကျောင်းအုပ်ကြီး ရုံးခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

"ထိုင်"

အန်ရှီဝေက လက်ဖက်ရည် သွားထည့်ပေးသည်။

"လက်ဖက်ရည် မသောက်တော့ပါဘူး။ ကျွန်တော် ဒီကို ရောက်လာရတာက အရင်ကျောင်းအုပ်ကြီးရဲ့ စာအုပ်တွေစုဆောင်းတဲ့ အခန်းကို သွားကြည့်လို့ရမလား မေးချင်လို့ပါ"

ဆွန်းမိုက ဝေ့ဝိုက်ပြီး ပြောရတာကို မကြိုက်ပါ။

"မင်းက သူ့ကို အဘိုးလို့ ခေါ်သင့်တယ်"

အန်ရှီဝေက အပြစ်တင်လိုက်သည်။ သူမတို့ ငယ်ငယ်တုန်းကဆိုရင် အဘိုးက ဆွန်းမိုရဲ့ အဖေကို ချစ်ခင်သဖြင့် ဆွန်းမိုကိုလည်း ချစ်ခင်လာပြီး ဆွန်းမိုကို 'အဘိုး'လို့ ခေါ်ခွင့်ပြုခဲ့သည်။

"ကျောင်းအုပ်ကြီးလို့ နာမည်တပ်ခေါ်ရတာက ပိုပြီးလေးစားမှုရှိတယ်လို့ ခံစားရတယ်"

ဆွန်းမိုက ထုံးတမ်းအစဉ်အလာကို လိုက်စားတတ်တဲ့ လူဖြစ်သဖြင့် ဒါကို အရမ်းအလေးထားသည်။

(မင်းက ငါ့အတွက် ဘာလဲ။ ဘာဖြစ်လို့ အဘိုးလို့ ခေါ်ရမှာလဲ) ဒါပေမယ့် အန်ရှီဝေမှာ မကောင်းတဲ့ စိတ်မရှိဘူးဆိုတာ သူသိနေသည်။ ဒီလိုမှမဟုတ်ခဲ့ရင် ဆွန်းမိုက နှုတ်လှန်ထိုးခဲ့တာ ကြာနေပြီ။

"အင်း ဒါဆိုလည်း ကောင်းပြီလေ"

အန်ရှီဝေ သက်ပြင်းချလိုက်သည်။ ဆွန်းမိုအတွက် ကောင်းစေချင်သော်လည်း သူက ဒီအကြံကို လက်မခံခဲ့ပါ။ ဒါကြောင့် သူမရဲ့ စားပွဲဆီ ပြန်သွားပြီး သော့ထုတ်ယူလိုက်သည်။

"ဒီမှာ......"

အန်ရှီဝေသည် ဆွန်းမိုကို သေ့ပေးမလို လုပ်လိုက်ပြီးမှ ရုတ်တရုတ် စိတ်ကူးပြောင်းသွားသည်။

"သွားရအောင်၊ ငါ မင်းနဲ့လိုက်ခဲ့မယ်။ စာအုပ်ထားတဲ့ အစီအစဉ်ကို မိတ်ဆက်ပေးလို့ ရတာပေါ့"

ဆွန်းမိုကြောင့် ဒီစာအုပ်များ ပျက်ဆီးသွားမှာကို အန်ရှီဝေ စိတ်မပူပါ။ အဲဒီအစား သူမတို့ကြားက ဆက်ဆံရေးကို တိုးတက်စေချင်သည်။ သူမက ဂျိမ်ဂျဲနဲ့ စကားပြောခဲ့သဖြင့် အမှောင်တိုက်ကြီး ခရီးစဉ်တွင်

ဆွန်းမို၏ စွမ်းဆောင်မှုက အရမ်းထူးချွန်းခဲ့ကြောင်း သိရှိခဲ့သည်။ ဖန်ပူဂျီကတောင် မရီဒန်အကယ်ဒမီမှာ သင်ကြားရန် ဖိတ်ကြားခဲ့သည်။

အရင်ကျောင်းအုပ်ကြီးသည် သာမန် သူတော်စင်တစ်ပါး ဖြစ်သည်။ သူ့ဘဝတစ်သက်တာတွင် နေရာများစွာကို သွားခဲ့ပြီး ဂန္ထဝင် စာအုပ်များစွာကို စုဆောင်းခဲ့သည်။ သူစုဆောင်းထားတဲ့ စာအုပ်အများစုသည် အမှောင်တိုက်ကြီးရှိ ရှေ့ဟောင်းနေရာတချို့မှ ဖြစ်သည်။

ဒီဂန္တဝင်စာအုပ် အားလုံးကို အရင်ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင် စာကြည့်တိုက်တွင် သိမ်းဆည်းထားခဲ့သည်။

ကျောင်းမှလူတိုင်းသည် ဒီနေရာကို ခွင့်ပြုချက်မရှိဘဲ လာလို့ မရပါ။

ကျောင်းအုပ်ကြီးသည် တွန့်တိုပြီး မျှဝေလိုစိတ် မရှိခဲ့ပါ။ လူတွေက လွယ်လွယ်နဲ့ရတဲ့အရာတွေကို တန်ဖိုးမထားတတ်ဘူးဆိုတာ သူသိနေခဲ့သည်။

စာကြည့်တိုက်သည် အိမ်ရာ၏ မြောက်ဘက်တွင် တည်ရှိသည်။ အဲဒါက အဆင့်သုံးဆင့်ပါတဲ့

ကျောက်မျှော်စင် တစ်ခုဖြစ်သည်။ ပတ်ဝန်းကျင်တွင် ငြိမ်းချမ်းခြင်း ပန်းပွင့်(သစ်အမျိုးအစားတစ်ခု) အများအပြား စိုက်ပျိုးထားပြီး ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်ကာ လှပနေသည်။

အန်ရှီဝေသည် ကျောက်မျှော်စင် တံခါးကို တွန်းဖွင့်လိုက်သည်။ ဒါပေမယ့် သူမက ချက်ခြင်းမဝင်သေးဘဲ တံခါးဝမှာ ရပ်စောင့်နေသည်။

တစ်မိနစ်လောက်ကြာလျှင် နှစ်မီတာလောက် မြင့်တဲ့ စစ်သည်တော် တစ်ယောက်ပေါ်လာသည်။ လေးလံသော ချပ်ဝတ်တန်ဆာ ဝတ်ထားပြီး

ဦးခေါင်းတစ်ခုလုံးကို သံခမောက်ဖြင့် ဖုံးအုပ်ထားသည်။ အဲဒါက လက်နက် အပြည့်အစုံနဲ့ ဖြစ်နေသည်။

မျက်နှာကိုမမြင်ရပေမယ့် မျက်လုံးတွေက အနီရောင်တောက်ပနေပြီး အရမ်းစူးရှနေသည်။

သူ့ရဲ့ ချပ်ဝတ်တန်ဆာတွေက အစင်းရာများစွာ ရှိနေပြီး ပြင်းထန်သော လူသတ်တဲ့ အငွေ့အသက်ကို ထုတ်လွှင့်နေသည်။ သူ့ရဲ့လက်နက်က ဆာမူရိုင်း ဓါးအရှည်ဖြစ်သည်။ ဓါးအိမ်ထဲ ထည့်ထားသော်လည်း အချိန်မရွေး ရန်သူရဲ့

လည်ပင်းကို ဖြတ်ပစ်နိုင်တဲ့ ခံစားချက်ကို ပေးစွမ်းနေသည်။

ဆွန်းမိုသည် အသက်ရှူရ တာကိုတောင် အနှောက်အယှက်ဖြစ်တဲ့ ဖိအားကို ခံစားနေရသည်။

စစ်သည်တော်သည် အန်ရှီဝေကို မြင်လိုက်ပြီးနောက် ဆွန်းမိုအား လှည့်ကြည့်သည်။

“ဒါက စာကြည့်တိုက်မှူးချုပ်စင်ရဲ့ အစောင့်အရှောက် စစ်သည်တော်။ ငါ့ရဲ့ခွင့်ပြုချက်မရှိဘဲ ဝင်လာတဲ့သူတွေကို သတ်ပစ်လိမ့်မယ်”

အန်ရှီဝေက ရှင်းပြသည်။

“ဒါက ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတစ်ယောက်ဖြစ်တဲ့ ဆွန်းမိုပါ”

အန်ရှီဝေက စကားကို ခေတ္တာရပ်လိုက်ပြီး ထပ်ဖြည့်ပြောလိုက်သည်။

“ပြီးတော့ ငါနဲ့ စေ့စပ်ထားတဲ့လူပဲ”

အရင်က မတုန်မလှုပ်ရပ်နေတဲ့ စစ်သည်တော်သည် ရုတ်တရက် ရှေ့သို့ ခြေနှစ်လှမ်းတိုးကာ ဆွန်းမိုဆီ

တိုက်ရိုက်လျှောက်သွားသည်။ ထို့နောက် ခေါင်းငုံ့ကာ သူ့ရဲ့မျက်လုံး နီနီကြီးများနဲ့ ကြည့်လိုက်သည်။

“ဒါက သက်ရှိရုပ်သေးရုပ် တစ်ခုလား”

ဆွန်းမို စပ်စုလိုက်သည်။

ပြည်နယ်ကိုးခုတွင် ရုပ်သေးရုပ်ပညာလို့ အမည်သတ်မှတ်ထားတဲ့ ဘာသာရပ်တစ်ခု ရှိသည်။ အဆိုပါ ဘာသာရပ်သည် တိုက်ခိုက်ရေး ရုပ်သေးရုပ်များနှင့် စက်ရုပ် ရုပ်သေးရုပ်များကို အထူး သုတေသန ပြုလုပ်တဲ့ လူများအတွက် ဖြစ်သည်။

အဲဒီ ဘာသာရပ်ကို အကိုင်းအခက် အနည်းငယ် ခွဲခြားထားသည်။ အဲဒီအထဲတွင် လူသားတစ်ယောက်ကို သက်ရှိရုပ်သေးရုပ်ပြောင်းလဲတဲ့ ဘာသာရပ်သည် လျှို့ဝှက်ဆန်းကြယ်ပြီး ကြောက်စရာအကောင်းဆုံးဖြစ်သည်။

"မဟုတ်ဘူး"

အန်ရှီဝေက ချက်ခြင်း ငြင်းသည်။ သက်ရှိရုပ်သေးရုပ် နည်းပညာသည် မကောင်းဆိုးဝါး

လမ်းစဉ်တစ်ခုလို့ သတ်မှတ်ကာ တားမြစ်ထားတဲ့နည်းစနစ် တစ်ခု ဖြစ်သည်။

ဆွန်းမိုသည် သူ့ရဲ့ မှတ်ဉာဏ်ထဲကနေ ပြန်စဉ်းစားလိုက်သည်။ သူ့ရဲ့ မူရင်းပိုင်ရှင်သည် ကလေးဘဝတုန်းက ဒီနေရာကို ရောက်ခဲ့ဖူးပြီး ဒီစစ်သည်တော် ရုပ်သေးရုပ်ကို ကြောက်လန့်နေခဲ့သည်။ အဲဒီနောက်မှာတော့ ဒီနေရာကို ဘယ်တော့မှ လာမကစားတော့ပါ။

"ဒါက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ အစောင့်အရှောက်တွေထဲက တစ်ယောက်ပဲ၊

လူတွေအနားကပ်တာနဲ့ ထိတွေ့ကိုင်တွယ်တာကို မကြိုက်ဘူး”

အဲဒီနောက် သူမသည် ဆွန်းမိုကို ဦးဆောင်ကာ စကြံန်လမ်းကို ဖြတ်ပြီး ကျောက်မျှော်စင်အထဲသို့ ဝင်သွားသည်။

“ဒီအထပ်မှာက ပြည်နယ်ကိုးခုရဲ့ စာအုပ်အမျိုးမျိုးနဲ့ ကျော်ကြားတဲ့ စာရေးဆရာများရဲ့ ဂန္ထဝင်စာအုပ် မျိုးစုံ ရှိတယ်။ ဒီနေရာမှာ စွယ်စုံကျမ်းတွေလည်းရှိပြီးတော့ တချို့ဆို

တစ်စုံပဲရှိတယ်။ မပျက်ဆီးအောင်တော့ သတိထားပါ”

“ငါ နားလည်ပြီ”

ဆွန်းမို တစ်ချက်ကြည့်လိုက်သည်။ စာအုပ်စင်များပေါ်တွင် စာအုပ် အပြည့်ရှိနေပြီး နံ့သာဖြူအနံ့ မွှေးကြိုင်နေသည်။ ထိုအနံ့များကြောင့်လည်း ပိုးကောင်များရန်ကနေ စာအုပ်များကို ကာကွယ်ပြီးသား ဖြစ်နေသည်။

“ဒုတိယအထပ်ကတော့ အမှောင်တိုက်ကြီး အကြောင်းရေးထားတဲ့ စာအုပ်တွေရှိတယ်။ ပြီးတော့

တတိယအထပ်မှာက အဘိုးကိုယ်တိုင် ရေးထားတဲ့ မှတ်စု စာအုပ်တွေ ရှိတယ်” အန်ရှီဝေက ဆွန်းမို ဆီ သေ့ပေးလိုက်သည်။

“ငါ တတိယအထပ်ကို ဝင်လို့ရမလား”

သာမန်သူတော်စင်တစ်ပါး၏ မှတ်စုစာအုပ်တွင် အရေးကြီးတဲ့ အတွေ့အကြုံများနှင့် ကြိုးစားအားထုတ်မှုများ ကျိန်းသေပေါက် ပါဝင်နေမည်။ ပြောရလျှင်တော့ အပြင်လူများက ဒီလိုအဖိုးတန်တဲ့ အရာများကို ဖတ်ခွင့် မရှိပါ။

“မင်း ဖတ်လို့ရတယ်”

အန်ရှီဝေက ရှင်းပြသည်။

“စာအုပ်တွေ သိမ်းဆည်းထားတဲ့ မြေအောင်ထပ်လည်း ရှိသေးတယ်။ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ အရေအကြီးဆုံး ရှေ့ဟောင်းမှတ်တမ်းတွေ၊ စာအုပ်တွေကို အဲဒီနေရာမှာ သိမ်းဆည်းထားတယ်။ ဒါပေမယ့် အထပ်သုံးထပ်က စာအုပ်တွေကို ကုန်အောင် ဖတ်ပြီးတဲ့လူမှ မြေအောက်ထပ်က စာအုပ်တွေကို ဖတ်ဖို့ အရည်အချင်း ပြည့်မီတယ်လို့ ငါတို့အဘိုးက စည်းကမ်းသတ်မှတ်ထားတယ်”

"နားလည်ပြီ"

ဆွန်းမိုက ဒါကိုနားလည်ပါသည်။ ဗဟုသုတတွေမှာလည်း အဆင့်တွေရှိသည်။ အထပ်သုံးထပ်က စာအုပ်တွေကိုတောင် နားမလည်ရင် မြေအောက်ထပ်က စာအုပ်တွေကို ဖတ်ဖို့အချိန် ဖြုန်းနေစရာ မလိုပါ။

ဟူး

အန်ရှီဝေ သက်ပြင်းခိုးချလိုက်သည်။ ဆွန်းမို စိတ်ဆိုးသွားမှာ သူမစိုးရိမ်နေခဲ့ပြီး အထူးသဖြင့် သူမတို့နှစ်ယောက်ကြားက ဆက်ဆံရေးကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုအတွက် တင်းကြပ်ထားသလို မြင်သွားမှာ စိုးရိမ်နေသည်။ ဒါပေမယ့် အခုတော့ သူက စကားပြောရတာ လွယ်တဲ့ သူတစ်ယောက်ပဲ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁၀။ ရင်းနှီး(၄၇၀/၁,၀၀၀၀)

ဆွန်းမိုသည် ဘာကြောင့် လေးစားအထင်ကြီးမှု ထွက်လာသလဲဆိုတာ အံ့အောပြီး အန်ရှီဝေအား ကြည့်လိုက်သည်။ တွေးထားသလိုပဲ အမျိုးသမီးတွေရဲ့ စိတ်က နားလည်ဖို့ ခက်လှသည်။

ဒါပေမယ့် အန်ရှီဝေက တကယ်လှသည်။

လီဇီချီ၊ လုချီဟွာနှင့် အင်ဘိုင်ဝူတို့သည် တက်သစ်စ အလှလေးများလို့ သတ်မှတ်နိုင်သော်လည်း သူတို့က ငယ်သေးသည်။ သူတို့ထုတ်လွှင့်တဲ့ အလှတရားက ကလေးတစ်ယောက်သာ ဖြစ်သေးသည်။ စောက်ကျင့်မကောင်းတဲ့ လူတွေကလွဲလျှင် သူမတို့အလှက ရင်ခုန်စရာ မကောင်းပါ။

ဂျိမဲဂျဲကတော့ သန့်မာထွားကျိုင်းတဲ့ အလှဖြစ်သည်။ ဒါပေမယ့် ယောကျ်ားလေးအများစုက

သူမကို ကြည့်လျှင် ပထမအကြည့်က သူမရဲ့ ရင်သားဆီ ရောက်သွားလိမ့်မည်။ ဒုတိယအကြည့်ကတော့ သေချာပေါက် တင်ပါးဆီမှာပဲ ဖြစ်လိမ့်မည်။

ထိုနောက် သူတို့ရဲ့ ညီလေး ထောင်မတ်လာပြီး သူမနဲ့အတူတူ အိပ်ချင်စိတ် ပေါ်လာမည်။

(အချစ်လား။ ဘေးဖယ်ထားစမ်းပါ။ ငါ့ရဲ့ ခန္ဓာကိုယ် ဇီဝ လိုအပ်ချက်ကို အရင်ဖြေရှင်းပါရစေ) ဒီအတွက်လည်း ဖြေရှင်းချက်

မရှိပါ။ အဲဒီနေရာတွင် ဂျိမ်ဂျဲသည် သိသိသာသာ ထူးချွန်လွန်းသည်။

ကူရှုပ်ရှင်းကျတော့ လှပပေမယ့် အန်ရှီဝေနဲ့ယှဉ်ရင် ယုံကြည်မှု အားနည်းလွန်းသည်။ ရင့်ကျက်မှုတော့ အနည်းငယ် ရှိသည်။ အခုမှ လူလောကထဲသို့ ရောက်လာတဲ့ မိန်းမငယ်လေးတစ်ယောက်မှန်း သိသာလှသည်။ အဲဒီ မိန်းကလေးမျိုးနဲ့ ပေါင်းသင်းရတဲ့အခါ စိတ်ဖိစီးမှု မခံစားရပါ။

အန်ရှီဝေ၏ အသက်သည် ၂၃ နှစ်ဖြစ်သည်။ သူမက ကူရှုပ်ရှင်းထက် သုံးနှစ်ပဲကြီးသော်လည်း သူမတို့၏ အတွေ့အကြုံများကြောင့် အမူအရာတွေက ကွာခြားလှသည်။

သူမရဲ့ မျက်လုံးများက အလုပ်ပင်ပန်းမှုဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်မှုများနဲ့ ပြည့်နေသော်လည်း စိတ်ဆုံးဖြတ်ချက် ခိုင်မာတဲ့ အငွေ့အသက်များနဲ့ ပြည့်နေသည်။ သူမက သိသိသာသာ ထူးချွန်လွန်းသဖြင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ယောကျ်ားသားတွေကို အားငယ်စိတ် ဝင်လာစေနိုင်သည်။

(အချစ်လား။ မရှိဘူး)

ယောကျ်ားဆယ်ယောက်မှာ ရှစ်ယောက်လောက်က အန်ရှီဝေ အရှေ့တွင် မတ်တပ် မရပ်နိုင်ကြပါ။ သူမက ကြည့်လိုက်တဲ့အခါကျရင် အမြဲတမ်း အကဲခတ်ခံနေရသလို ခံစားနေရမည်။ လူသစ်တစ်ယောက်က အလုပ်ဝင်ဖို့ အင်တာဗျူးခန်းထဲ ရောက်နေသလို တင်းကျပ်တဲ့

ခံစားမှုကို ပေးစွမ်းသည်။ ပထမဆုံး ခံစားချက်က အချစ်မဟုတ်ဘဲ အမှားလုပ်မိမှာ ကြောက်တဲ့စိတ်ဖြစ်သည်။

ဆွန်းမိုကတော့ ဒီလိုမျိုး မရှုးသွပ်ခဲ့ပါ။ ဒါကြောင့် သူ့မှာ အန်ရှီဝေကို မျက်နှာသာပေးစေချင်တဲ့ စိတ်မရှိခဲ့ပါ။ စာကြည့်တိုက် မျှော်စင်အကြောင်း မိတ်ဆက်ပေးပြီးတဲ့အချိန်ကျရင် ဆွန်းမိုက ကို့ဘာသာကိုယ်ပဲ လေ့လာဖို့ လုပ်လိုက်သည်။

"ဒါဆိုရင်တော့ မင်းကို ဒုက္ခပေးရတော့မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက စကားပြောပြီးတာနဲ့ စွယ်စုံကျမ်းဗဟုသုတ မြတ်ဆရာ အရှိန်အဝါအား သူ့ကိုယ်သူ သုံးလိုက်သည်။

ဒီမြတ်ဆရာအရှိန်အဝါက တကယ် အစွမ်းထက်လွန်းသည်။ ဒီမြတ်ဆရာ အရှိန်အဝါကို သုံးလိုက်တာနဲ့ စိတ်ထဲအတွေးရှင်းသွားပြီး လေ့လာဖို့အတွက် အကောင်းဆုံး စိတ်အခြေအနေကို ရောက်သွားသည်။

"စွယ်စုံကျမ်း ဗဟုသုတ"

အန်ရှီဝေ အရမ်းအံ့အောသွားသည်။ ဆွန်းမိုနဲ့ မတွေ့ရတာ တစ်လခွဲပဲ ရှိသေးသည်။ ဘယ်လိုလုပ်ပြီး မြတ်ဆရာအရှိန်အဝါအသစ်ကို နားလည်ခဲ့တာလဲ။ သူမသည် သိချင်စိတ်ကို သည်းမခံနိုင်တော့ဘဲ နောက်ဆုံးတွင်

“မိုမိုလေး မင်းမှာ မြတ်ဆရာအရှိန်အဝါ ဘယ်နှစ်ခု ရှိနေပြီလဲ”

“ခြောက်”

ဆွန်းမိုက လိုရင်းတိုရှင်း ပြောလိုက်သည်။ ဝိညာဉ်ချီနဲ့ ပက်သက်ပြီး အသေးစိတ်

မိတ်ဆက်ထားတဲ့ စာအုပ်ကို ရှာဖွေနေသည်။ လုချီဟွာ၏ ကြောက်ဖို့ကောင်းလောက်တဲ့ ဝိညာဉ်ချီ စုပ်မှုနောက်ကွယ်က အကြောင်းအရင်းကို သိချင်နေသည်။

"ဘ…ဘယ်လောက်"

အန်ရှီဝေက သူမ နားကြားမှားတယ်လို့ ထင်နေသည်။

"ခြောက်"

ဆွန်းမိုက စာအုပ်စင်ကို ဖြတ်သန်းသွားလိုက်သည်။

အန်ရှီဝေ ပါးစပ်က အိုပုံစံဖြစ်နေသည်။ ပါးစပ်အပေါက်ဟောင်းသား ဖြစ်နေတဲ့ပုံစံက ဌက်ပျောသီးတစ်လုံးထည့်ဖို့ လုံလောက်သည်။ အရှိန်အဝါ ခြောက်ခုလား။ ဟာသလား။ ဆွန်းမိုအသက်က ဘယ်လောက်ရှိသေးလို့လဲ”

ရှားပါးတဲ့ ပါရမီရှင်တစ်ယောက်အဖြစ် သတ်မှတ်ခံရတဲ့ အန်ရှီဝေတောင် ဒီလိုမျိုး နားလည်နိုင်စွမ်း မရှိပါ။

“အဘိုးရဲ့ သုံးသပ်ချက်က တကယ်ထူးခြားတာပဲ”

အန်ရှီဝေ မချိပြုံး ပြုံးလိုက်သည်။ သူမနဲ့ နှိုင်းယှဉ်ရင်တောင် သူမက အားနည်းတယ်လို့ ခံစားရသည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှုအမှတ် +၅၀။ ရင်းနှီး(၅၇၀/၁,၀၀၀)

“အို၊ ငါ့တပြည့်တွေ ဒီကိုလာပြီး စာအုပ်လာဖတ်လို့ ရမလား”

ဆွန်းမိုက လီဇီချီအတွက် တွေးနေသည်။ တခြားတပြည့်များအနေနဲ့ ထန်ထန်ယုထန်သည်

စာအုပ်အသစ်များကို ဖတ်ရတာ သဘောကျသော်လည်း ကျန်တဲ့လူများက ထည့်စဉ်းစားစရာတောင် မလိုပါ။

"စည်းကမ်းအရတော့ မရဘူး။ ဒါပေမယ့် မင်းကိုတော့ ခြွင်းချက် ပေးလိုက်မယ်"

အန်ရှီဝေက အနည်းငယ်ပြုံးရင်း ပြောလိုက်သည်။ သူမက ခဏလောက် စကားစမြည် ဆက်ပြောဖို့ လုပ်ထားသော်လည်း ဆွန်းမိုက အဖြေရပြီးတာနဲ့ သူမနှင့် စကားဆက်ပြောဖို့ ရည်ရွယ်ချက်မရှိဘဲ စာအုပ်များ ဘက်သို့ ပြန်လှည့်သွားသည်။

တကယ်ကို စိတ်ပိုင်းဆိုင်ရာ ထိုးနှက်ချက်ပဲ။

အန်ရှီဝေသည် သူမကိုယ်သူမ လှောင်ပြောင်ရယ်မောပြီး ထွက်သွားသည်။

ဆွန်းမိုက ပထမအထပ်တွင် ရှာဖွေခဲ့သော်လည်း သူလိုချင်တဲ့ စာအုပ်ကို ရှာမတွေ့ခဲ့ပါ။ ဒုတိယအထပ်သို့ တက်မလို့ လုပ်နေတဲ့အချိန်မှာပဲ စနစ်ဆီက အကြောင်းကြားချက် ရုတ်တရက် ထွက်ပေါ်လာသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ချိုင်တန်ကို ကယ်တင်တဲ့ တာဝန်အား အောင်မြင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ရှမ်ယွင် အကျင့်ပျက်တဲ့ သူတစ်ယောက်အဖြစ်မှ တားဆီးနိုင်ခဲ့သဖြင့် ဆုလဒ်- ငွေရောင် ရတနာသေတ္တာ တစ်လုံး။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ"

ထို့နောက် ငွေရောင်တောက်ပနေတဲ့ ရတနာသေတ္တာတစ်လုံးသည် ဆွန်းမို အရှေ့တွင် ပေါ်လာသည်။

ဒင်

"ရွှမ်ယွှင်နဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တစ်ခု တိုးတက်လာသဖြင့် ဆုလဒ်-အနက်ရောင် ရတနာသေတ္တာ နှစ်လုံး ချီးမြှင့်လိုက်သည်။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ"

"အရင် သိမ်းထားလိုက်ပါ"

သူ့ရဲ့ ကံကောင်းစေတဲ့ လုချီဟွာက ဒီနေရာမှာ မရှိပါ။ အရမ်းကံဆိုးတဲ့လူတစ်ယောက်နေနဲ့ ရတနာသေတ္တာကို မဖွင့်ချင်သေးပါ။ သူ စာအုပ်ဆက်ဖတ်နေတုန်း တစ်ယောက်ယောက်က

သူ့ကို ချောင်းကြည့်နေသလို ရုတ်တရက် စိတ်မသက်မသာ ဖြစ်လာသည်။

ရှုတ်စ်

ဆွန်းမို ခေါင်းကို အမြန်လှည့်ကြည့်လိုက်သော်လည်း ဘာမှမတွေ့ပါ။ ထို့နောက် စာအုပ်စင်ဘက် လျှောက်သွားပြီး စက္ကန့်အနည်းငယ်လောက် စောင့်လိုက်သည်။ ခေါင်းကို ဆန့်ပြီး စာအုပ်ကို ရှာဖို့ လုပ်နေတုန်းမှာပဲ ခမောက်ဆောင်းထားတဲ့ ခေါင်းကြီးတစ်လုံးကို မြင်လိုက်ရသည်။

အနီရောင်တောက်ပနေတဲ့ မျက်လုံးကြီးတွေ။ အရမ်းကြောက်ဖို့ ကောင်းသည်။

"ဘောပဲ"

ဆွန်းမို နောက်ဆုတ်လိုက်သည်။

စောင့်ရှောက်သူရဲ့ မျက်နှာက ဒီလောက်နီးကပ်နေမယ် မထင်ထားခဲ့ပါ။ လန့်ဖြန့်ပြီး လက်သီးနဲ့ ထိုးလိုက်သည်။ မြန်ဆန်လွန်းသဖြင့် ခေါင်းက မြေပေါ်သို့ ဘုတ်ကနဲ ပြုတ်ကျသွားသည်။

ဆွန်းမိုသည် ခေါင်းမပါတဲ့ စောင့်ရှောက်သူ စစ်သည်တော် ပြေးထွက်သွားတာကို ကြည့်နေရင်း

စကားမပြောနိုင် ဖြစ်နေသည်။ (အိုဘုရားရေ။ အစောတုန်းက မင်းထုတ်လွှင့်ထားတဲ့ သတ်ဖြတ်ခြင်း အငွေ့အသက်က အထင်ကြီးစရာပဲ။ အခုကျတော့ အရမ်းစိတ်ပျက်ဖို့ ကောင်းလိုက်တာ)

ခေါင်းသည် မြေပေါ်မှာ လိမ့်နေပြီး နောက်ဆုံးတွင် ဆွန်းမိုခြေထောက်နားမှာ ရပ်တန့်သွားသည်။

စာစဉ်(၂၀)

အခန်း(၂၈၂) - ရက်ရောတဲ့ ဆုလဒ်များ။

ဆွန်းမိုသည် မြေပေါ်မှာကျနေတဲ့ ခေါင်းကြီးကို ကြည့်ပြီး ဝေခွဲမရ ဖြစ်နေသည်။

"ကောက်ပေးရမလား။ မကောက်ရဘူးလား"

(အန်ရှီဝေက ဒီစောင့်ရှောက်သူသည် လူတွေရဲ့ ထိတွေ့ကိုင်တွယ်မှုကို မကြိုက်ဘူးလို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြောထားခဲ့တယ်။ ငါက ခေါင်းကို ကူညီပြီး ကောက်ပေးလိုက်ရင် အရိုက်ခံနေရမှာလား)

ဘုန်း ဘုန်း

ခြေသံများ ပဲ့တင်သံထပ်နေသည်။ ဆွန်းမိုသည် ခေါင်းမရှိတဲ့ စစ်သည်တော်က သူ့ခေါင်းအား လိုက်ရှာနေတာ မြင်လိုက်သည်။

"အိုး၊ မင်းခေါင်းက ဒီမှာ ပြုတ်ကျနေတယ်"

ဆွန်းမိုက ကြမ်းပြင်ပေါ်ကို ညွှန်ပြရင်း အော်လိုက်သည်။

“ဒီမှာ”

ဘုန်း

ခေါင်းမရှိတဲ့ စစ်သည်တော်သည် စာအုပ်စင်နဲ့တိုက်မိသွားသည်။ ဒါပေမယ့် သိပ်မကြာခင် နေရာကို ခန့်မှန်းနိုင်သွားသည်။ ဒါပေမယ့် လမ်းမလျှောက်လာဘဲ အဲဒီနေရာမှာတင် ရပ်နေသည်။

“ရှက်နေလို့ ဒီနေရာကို မလာတာလား”

ဆွန်းမိုက အဝေးကို ထွက်သွားပြီး စာအုပ်စင်တစ်ခုနောက်မှာ ပုန်းနေလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိနစ်အနည်းငယ်ကြာတော့ စနစ်ဆီက အကြောင်းကြားချက် ပေါ်လာသည်။

ဒင်

ခေါင်းပြုတ်ကျသွားတဲ့ စစ်သည်တော်ဆီက လေးစားအထင်ကြီးမှုအမှတ် +၃၀။

လေးစားအထင်ကြီးမှု ဆက်သွယ်ချက်-မူလ(၃၀/၁၀၀)

ဆွန်းမို အံ့အောသွားသည်။ မနေနိုင်ဘဲ မေးလိုက်သည်။

"စနစ် သက်မဲ့တွေဆီကလည်း လေးစားအထင်ကြီးမှုအမှတ် ရနိုင်တာလား"

"ဒီစစ်သည်တော်က အသက်မရှိဘူးလို့ ဘယ်သူပြောလို့လဲ"

စနစ်က ပြန်မေးသည်။

"အမ်။ ဒါက လူသားတွေ ဖန်တီးထားတဲ့ တိုက်ခိုက်ရေး ရုပ်သေးရုပ်ပဲ မဟုတ်ဘူးလား"

ဆွန်းမို သိချင်နေသည်။ အန်ရှီဝေ ပြောသလောက် မဟုတ်ဘဲ သိချင်နေသည်။ ပိုပြီး တိတိကျကျ

ပြောရလျှင် အန်ရှီဝေတောင် ဒီအရုပ်ရဲ့ ဇာစ်မြစ်ကို မသိပါ။

"မှတ်ချက်မရှိ၊ မင်းက ဆရာတစ်ယောက်ပဲ။ အနာဂတ်မှာ ဒီလို ပြဿနာတွေ ကြုံလာလျှင် တခြားသူတွေကို မမေးဘဲ မင်းဘာသာမင်း အဖြေရှာသင့်တယ်"

စနစ်က ဆွန်းမိုကို ဆရာလုပ်နေသည်။

"ကောင်းပြီ၊ ရပြီ ၊ မင်းမြန်မြန် သွားနားလိုက်တော့"

ဆွန်းမိုက လက်ကို ဖော့ယမ်းရင်း ပြောလိုက်သည်။

ဒီအဖြစ်အပျက်လေး ပြီးသွားတဲ့အချိန်မှာ ဆွန်းမိုသည် စိတ်တစ်ခုလုံးနှစ်ပြီး စာအုပ် ဆက်ဖတ်နေခဲ့သည်။

ဒီနေရာရှိ စာအုပ်တွေရဲ့ဗဟုသုတတွေက အဆင့်မြင့်လွန်းသည်။ ဝိညာဉ်တက်တူး လေ့လာမှုနှင့် သားရဲဝိညာဉ် ထိန်းချုပ်တဲ့ ကျင့်စဉ်ကလွဲလျှင် ဆွန်းမိုသည် အခြား ဘာသာရပ်များကို နားမလည်နိုင်

ဖြစ်နေသည်။ သူက သံပြားကို ကိုက်မိသလို ခံစားရပြီး သွားတွေတောင် ကျိုးထွက်တော့မည်။

အဲဒီအခိုက်အတန့်တွင် သူက ဘယ်လောက်သေးငယ်ပြီး အရေးမပါသေးမှန်း သိလိုက်သည်။ အရင်က အောင်မြင်မှုများသည် ဘယ်လောက်တောင် သေးငယ်နေမှန်း သူနားလည်လာသည်။

သာမန် ဆရာတွေနဲ့ ယှဉ်လိုက်လျှင် ဆွန်းမိုက အထင်ကြီးဖို့ ကောင်းသည်။ သို့သော်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြယ်သုံးပွင့်အထက် မြတ်ဆရာများနဲ့ နှိုင်းယှဉ်လိုက်ရင် သူက အရေးမပါတော့ပါ။

"မြတ်ဆရာတစ်ယောက်ရဲ့လမ်းစဉ်က အရှည်ကြီးပဲ။ ငါက နှိမ့်ချတဲ့ နှလုံးသားကို အမြဲတမ်း ထိန်းသိမ်းထားပြီး လုံးဝ ဝီရိယရှိရှိနဲ့ အကောင်းဆုံး ကြိုးစား သင်ယူနေရမယ်။ ငါ ကျေနပ်ရောင့်ရဲနေလို့ မဖြစ်ဘူး"

ဆွန်းမိုက သူ့ကိုယ်သူ သတိပေးလိုက်သည်။

ဒင်

"မြတ်ဆရာတစ်ယောက်ရဲ့ လမ်းစဉ် အဓိပ္ပါယ်ကို နားလည်လာတဲ့အတွက် ဂုဏ်ပြုပါတယ်။ အထူးဆုအနေနဲ့ ကြေးရောင် ရတနာသေတ္တာ တစ်လုံး"

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။ သူက ဒီလိုလည်း ရတနာသေတ္တာ ရတာပဲလား။ လမ်းလျှောက်ရင်း ဒေါ်လာ တစ်ရာ ကောက်ရသလိုပဲ။

ဆွန်းမိုက ညဖက်တွင် ပြန်ထွက်လာခဲ့သည်။ သူသည် မျှော်စင်နဲ့ခပ်လှမ်းလှမ်းကို ရောက်ပြီးတဲ့အခါ

နောက်လှည့်ကြည့်လိုက်သည်။ ဒုတိယ အထပ် ပြတင်းပေါက်တွင် အနီရောင် မျက်လုံးတစ်စုံက သူ့ကို စောင့်ကြည့်နေသည်။

ဆွန်းမို ခေါင်းလှည့်လာတာ မြင်လိုက်လျှင် အဲဒီစောင့်ရှောက်သူက လိပ်တစ်ကောင်လို ခေါင်းကို မြန်မြန် ပြန်ကွယ်လိုက်သည်။

"ဘောပဲ"

ဆွန်းမို လန့်ဖြန့်ပြီး ထခုန်လိုက်မိသည်။ ဒါက ပြည်နယ်ကိုးခုမှာကျိန်စာတိုက်တဲ့ နည်းစနစ် အမျိုးအစားတစ်ခုလား။ ညနက်သန်းခေါင်မှာ

စောင့်ကြည့်နေတဲ့ အနီရောင် မျက်လုံးတစ်စုံကို မြင်လိုက်လျှင် ဘယ်သူမဆို ကြောက်လန့် သွေးပျက်သွားလိမ့်မည်။

ဆောင်ဦးညက တဖြည်းဖြည်း ပိုအေးလာကာ ညကလည်း တိတ်ဆိတ်နေသည်။

အိမ်ရာတွင် နေရပြီးနောက် ဆွန်းမိုဘဝက ပိုပြီး သက်တောင့်သက်သာ ဖြစ်လာသည်။ စောစောထစရာလည်း မလိုတော့ပါ။ ဒီနေရာက ကန်တင်းနှင့် အရမ်းဝေးသဖြင့် သူ့ဘာသာသူ ချက်ပြုတ်စားသောက်ဖို့ ပြင်လိုက်သည်။

သူက ဟင်းချက်ခြင်ပေမယ့် လုပ်ဖို့ အခွင့်အရေး မရလိုက်ပါ။ လီဇီချီတို့ မိန်းကလေးသုံးယောက်က အချင်းချင်း တိုင်ပင်ပြီး သူ့အတွက် အစားအသောက်များကို တစ်လှည့်ဆီ လုပ်ပေးနေကြတဲ့ ပုံ ရသည်။

ဆွန်းမို နိုးလာသည်နှင့် မနက်ခင်းတိုင်းတွင် သူ့ စားပွဲပေါ်မှာ အစားအသောက် ပူပူနွေးနွေးလေး ချထားတာကို မြင်နေရသည်။

ကြည့်ရတာတော့ ဆွန်းမိုကို မနှောက်ယှက်ချင်တဲ့ပုံပဲ။ ဒါကြောင့် လီဇီချီတို့ သုံးယောက်ကို မနက်စာ ပြင်ပြီးတာနဲ့ မတွေ့ရပါ။

"ဒီနေ့က ဘယ်သူလဲ"

ဆွန်းမို လှမ်းအော်လိုက်သည်။ သူက ထိုင်ပြီး စွပ်ပြုတ် တလုတ် သောက်လိုက်သည်။ ထို့နောက် ပူနွေးနေသော သတ်သတ်လွတ်မုန့်တစ်ခုကို ယူကာ ပါးစပ်ထဲ ဝါးနေလိုက်သည်။

ကြက်သွန်ဖြူရယ် ကြက်ဥရယ် အရမ်းအရသာ ရှိလှသည်။

"ဆရာ"

ဆွန်းမိုရဲ့ ညွှန်ကြားချက်ကို စောင့်ရင်းနဲ့ လုချီဟွာ တံခါးအဝက ပေါ်လာသည်။

"လာခဲ့"

ဆွန်းမို လုချီဟွာ အနားရောက်လာမှာကို စောင့်နေလိုက်သည်။ သူက ခေါင်းကို ကိုင်ပြီး ညင်သာစွာ ပြောလိုက်သည်။

"မင်း ပြန်သွားရင် ဇီချီနှင့် ဘိုင်ဝူကို ပြောလိုက်။ နေ့တိုင်း မနက်စာ စားပြီးရင် မင်းတို့ မေးသမျှ

မေးခွန်းတွေကို ငါဖြေပေးမယ်။ ငါတို့ ဒီအချိန်ကို မဖြုန်းသင့်ဘူး”

“အင်း”

လုချီဟွာက ခေါင်းညိတ်လိုက်သည်။

“ဆရာ၊ ငါရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတချို့ကိုပဲ သဏ္ဌာန်မဲ့မြင်မြတ်စကြဝဠာကျင့်စဉ်ရဲ့ ဒုတိယအဆင့် ဖြစ်တဲ့ ဖျက်ဆီးမရတဲ့ ရွှေကိုယ်ထည်ကို ဖုံးအုပ်ထားလို့ မရဘူးလား။ အဲဒီလိုဆိုရင် ဝိညာဉ်ချီ တချို့ကို ချွေတာနိုင်မယ်”

"ဟုတ်တယ်။ ဒါပေမယ့် မလိုအပ်ပါဘူး။ ဘယ်နေရာ တိုက်ခိုက်လာမလဲဆိုတာ မင်းမသိနိုင်ဘူးလေ"

ဆွန်းမိုက ရှင်းပြသည်။

ဒီလိုမျိုး ပြောနိုင်တဲ့လူ ရှိလို့လား။

တချို့လူတွေက ပြောနိုင်တယ်။ ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့က နမူနာ ကောင်းများ ဖြစ်သည်။ တကယ်လို့ သူတို့သာမေးခဲ့ပါရင် ဆွန်းမိုက ပြောင်းလဲပြီး ဖြေပေးလိုက်မည်။ ဒါပေမယ့်

လုချီဟွာကျတော့ တစ်ကိုယ်လုံးကာကွယ်တာ ပိုကောင်းသည်။

"အို"

လုချီဟွာ စိတ်ပျက်သွားသည်။ သူမက ကျင့်စဉ်ကို အနည်းငယ် တိုးတက်လာအောင် လုပ်ချင်ခဲ့သည်။ အခုတော့ သူမ အတွေးလွန်နေတာ ဖြစ်နိုင်သည်။

"ချီဟွာ မင်းရဲ့ အတွေးဖြစ်စဉ်က မမှားဘူး။ ဒါပေမယ့် ကျင့်စဉ်ကို ပိုတိုးတက်လာတာက ပိုပြည့်စုံလာတယ်လို့ မဆိုလိုဘူး။ အဲဒီအစား

ကိုယ်နဲ့ကိုက်ညီတဲ့ ကျင့်ကြံခြင်းအဆင့်မြှင့်တင်မှုက ပိုကောင်းတယ်။ အဓိက က လူတစ်ယောက်တစ်ယောက်ရဲ့ အားသာချက်ကို ပိုတိုးမြှင့်နိုင်ဖို့ပဲ”

ဆွန်းမိုက ဆက်ပြီး

“မင်းရဲ့အားသာချက် ဝိညာဉ်ချီ အရမ်းပေါ်များတာပဲ။ ဒါကြောင့် နောင်ကျရင် တခြားလူတွေနဲ့ တိုက်ခိုက်နေတဲ့အခါ စိုးရိမ်စရာမလိုဘဲ မင်းတစ်ကိုယ်လုံးကို ဖျက်ဆီးမရတဲ့ ရွှေကိုယ်ထည် လွှမ်းခြုံထားသင့်တယ်။ ဒါပေမယ့်

အဲဒီလို လုပ်ဖို့တော့ ငါအကြံမပေးချင်ဘူး။ ရန်သူ အငိုက်မိသွားအောင် အရေးကြီးတဲ့ အချိန်ကျမှဘဲ အသုံးပြုစေချင်တယ်”

လုချီဟွာက တွေးတော ဆင်ခြင်နေသည်။ ဆွန်းမိုက စွပ်ပြုတ်သောက်နေသည်။ လုချီဟွာရဲ့ တိုက်ခိုက်ရေးစွမ်းရည်က သာမန်သာဖြစ်ပြီး သာမန်ပြိုင်ဘက်များကိုသာ ရင်ဆိုင်နိုင်သည်။ ဒါပေမယ့် တိုက်ခိုက်ရေး ဉာဏ်ပညာနဲ့ ယှဉ်ရလျှင်တော့ သူမ ကျိန်းသေပေါက် ရှုံးနိမ့်သွားနိုင်သည်။ ပြတ်ပြတ်သားသား ပြောရလျှင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက တိုက်ခိုက်ရေး အခြေအနေကို တွက်ချက်ပြီး မလုပ်ဆောင်တတ်ပါ။ သူမက ပုံမှန်သတ်မှတ်ထားတဲ့ တိုက်ခိုက်ရေး နည်းလမ်းတွေကိုသာ အသုံးပြုတတ်သည်။

ဒါက သင်္ချာမေးခွန်း တွက်ချက် သလိုပဲ။ လုချီဟွာ မေးခွန်းနဲ့ ပက်သက်ပြီး အခြေခံ အသိပညာကို သင်ယူထားသော်လည်း မေးခွန်းပြောင်းသွားတာနဲ့ ဘာလုပ်ရမလဲ မသိတော့ပါ။ ရိုးရိုးသားသား ပြောရလျှင် သူမက ကိစ္စတွေအများကြီးကို မခန့်မှန်းနိုင်ပါ။

ဆွန်းမို ဒီလိုပြဿနာမျိုးကို အရင်ကလည်း ကြုံဖူးသည်။ အဲဒီလို တစ်ယောက်ယောက်က တိုးတက်ချင်ရင် မေးခွန်းမျိုးစုံကို ထပ်ခါထပ်ခါ လုပ်ဖို့ရှိသည်။ သို့သော်လည်း ထိုအရာတွေ လုချီဟွာကို မပြောပြဘဲ သူမဘာသာသူမ နားလည်လာစေချင်သည်။

"စနစ် ရတနာသေတ္တာကို ဖွင့်လိုက်တော့။ ကြေးသေတ္တာ အရင်နော်"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

အရင်ဆုံး ကြေးသေတ္တာကို ဖွင့်လိုက်သည်။ အလင်းရောင် ပျောက်ကွယ်သွားပြီးနောက် စမ်းရေအလှ ဆေးထုပ် ကျန်ခဲ့သည်။

"အမှိုက်"

အခုအချိန်မှာတော့ ဆွန်းမို မျက်လုံးထဲတွင် အဲဒီပစ္စည်းက ဘာမှမဟုတ်တော့ပါ။ သူ့မှာက ဆေးညွှန်းရှိနေပြီး ပါဝင်တဲ့ ဆေးဖက်ဝင် ပစ္စည်းတွေကို စုဆောင်းနိုင်သ၍ သူလိုချင်သလောက် ဆေးထုပ်ကို ထုတ်ယူနေလို့ ရသည်။

နောက်တစ်လှည့်က ဒုတိယမြောက် ကြေးရတနာသေတ္တာ ဖြစ်သည်။

ဒင်

"ရှေ့ဟောင်း ဝေလင်ါးဆီ တစ်ပုလင်းရတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဒီတစ်ခုကတော့ အဆင်ပြေသေးသည်။ ဆွန်းမိုမှာ ပုလင်း ဆယ်လုံးကျော်ရှိနေသော်လည်း သူ့ဘာသာ ဖော်စပ်ဖို့နည်းလမ်း မရှိသေးပါ။ ဒါကြောင့် ဘယ်လောက်များများ အဆင်ပြေသည်။ တတိယအကြိမ် ကြေးဝါရောင်

ပျောက်ကွယ်သွားပြီးနောက် အဖြူရောင် အလင်းတန်းတစ်ခု ပေါ်လာသည်။ အထဲမှာ နို့ဖြူရောင် အရည်တွေ ပြည့်နေတဲ့ ပုလင်းတစ်လုံး ကျန်နေခဲ့သည်။

ကြည့်ရတာတော့ အနည်းငယ် တန်ဖိုးရှိမယ့်ပုံပဲ။

"အချစ်ကာကွယ်ခြင်း လိုးရှင်းကို ရရှိသွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ဒီဆေးရည်က အရမ်းပြင်းထန်တဲ့ ပြန်လည်ထူထောင်သော အကျိုးသက်ရောက်မှု

အာနိသင်ရှိတယ်။ အဲဒါကို အသုံးပြုပြီးနောက် ဒဏ်ရာများက လျှင်မြန်စွာ ပြန်လက်သက်သာပြီး ပျောက်ကင်းသွားလိမ့်မယ်။ အရေးပေါ် အသုံးပြုနိုင်သည်။ အရိုးတွေကျိုးသွားရင်တောင် ဆယ်မိနစ်အတွင်း ပြန်ကောင်းလာနိုင်တယ်။ အဲဒီဆေးတစ်ခုကို ပိုင်ဆိုင်ထားပါက မင်းကို ဂရုစိုက်တတ်တဲ့ ချစ်သူတစ်ယောက် အနားမှာ ရှိသလိုပဲ။ မင်းအေးအေးဆေးဆေး အနားယူနိုင်တယ်”

စနစ်က မိတ်ဆက်ပေးသည်။

“ခဏနေပါအုံး။ ဒီဖော်ပြချက်က တစ်ခုခု မှားနေသလိုပဲ။ မင်းကိုဂရုစိုက်တတ်တဲ့ ချစ်သူ အနားမှာရှိရင် ဘေးကင်းမယ်လို့ ဘယ်သူက ပြောတာလဲ။ မင်းက မိုက်မဲပြီး အစိမ်းရောင် အုပ်ထုပ်စောင်းထားပြီး ပိုတောင် ကြောက်ဖို့ မကောင်းဘူးလား”

ဆွန်းမို သံသယ ဝင်သွားသည်။

(ငါက တက္ကသိုလ် စာမေးပွဲမှာ အမှတ်အပြည့်ရတဲ့ လူတစ်ယောက်ကွ။ ဖတ်ရှုနားလည်မှုနိုင်စွမ်း အရမ်းကောင်းတယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကြောင့် အားနည်းချက်တွေနဲ့ ပြည့်နေတဲ့ ဖော်ပြချက်ကို လက်မခံနိုင်ပါ။)

စနစ်သည် စိတ်ထဲမှာ တိတ်တဆိတ်ကျိန်ဆဲနေလိုက်သည်။ အကျယ်ကြီး အော်ပြီး ကျိန်ဆဲလိုက်ချင်သည်။ (ဒါက တကယ့် အဓိကအချက်လား။ ဒီလိုးရှင်းရဲ့ ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ အကျိုးအာနိသင်ကို ဘာကြောင့် မအံ့အောတာလဲ)

"မင်း စကားမပြောတော့ဘူးလား။ ဒါဆိုရင် မင်းက အမှားဝန်ခံတာပေါ့"

ဆွန်းမို အရမ်းကျေနပ်သွားသည်။

"လူယုတ်မာ"

စနစ်လည်း ထပ်ပြီး သည်းမခံနိုင်တော့ပါ။ ဆွန်းမိုသည် စနစ်ရဲ့ စတိုးဆိုင်ကို ဖွင့်ပြီး ကြည့်လိုက်သည်။ ဒီ အချစ်ကာကွယ်ခြင်း လိုးရှင်းက လေးစားအထင်ကြီးမှု အမှတ် တစ်ထောင် မဟုတ်ဘူးလား။ ဒီပမာဏက အရမ်းများနေပြီ။ ဒါပေမယ့် လေးစားအထင်ကြီးမှုအမှတ် သုံးထောင် ဖြစ်နေမယ်လို့တော့ သူ မထင်ထားခဲ့ပါ။ ပြီးတော့ ဒါက အကန့်အသတ်နဲ့ ရောင်းတဲ့ ပစ္စည်း ဖြစ်နေသည်။

ဒါက ဘာကို ပြောချင်တာလဲ။

ဒါက စနစ်ရဲ့ စတိုးဆိုင်တွင် ခဏသာ ပေါ်လာလိမ့်မည်။ လွဲချော်သွားပါက ပျောက်သွားမည်။ ဝယ်ချင်ရင်တောင် ဝယ်လို့မရနိုင်ပါ။ သူက လေးစားအထင်ကြီးမှုအမှတ်တွေ စုဆောင်းပြီး မြတ်ဆရာ အရှိန်အဝါရဖို့ ပြင်ဆင်နေခဲ့သည်။ ဝေခွဲမရ ဖြစ်သွားပြီးနောက် လိုးရှင်းကို ဝယ်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒင်

“ဝယ်ယူမှု အောင်မြင်ပါတယ်။ ပစ္စည်း သိုလှောင်ခန်းထဲသို့ ပို့လိုက်ပါပြီ”

ဆွန်းမို အခုမှ စိတ်အေးသွားသည်။ ထို့နောက် လုချီဟွာ နဖူးကို ထိကာ

“ကောင်းပြီလေ။ ငွေရောင် ရတနာသေတ္တာ ဖွင့်ကြတာပေါ့”

စနစ်ရဲ့ အမြန်နှုန်းက အရမ်းလျှင်မြန်လှသည်။ ဆွန်းမိုက ကံကောင်းခြင်း နတ်သမီးဆီမှာ ဆုတောင်းမလို့ လုပ်နေတုန်းရှိသေးသည်။ သေတ္တာကနေ အလင်းရောင်များ

တောက်ပလာသည်။ အလင်းရောင်များ ပျောက်ကွယ်သွားပြီးနောက် ရွှေရောင်အလင်း တောက်ပနေတဲ့ စွမ်းရည် စာအုပ်တစ်အုပ် သူ့အရှေ့တွင် ပေါ်လာသည်။

"လှလိုက်တာ"

ဆွန်းမို လေချွန်လိုက်သည်။

ဒင်

"အမှောင်တိုက်ကြီးက အပင်များအကြောင်း စွယ်စုံကျမ်း အပင်အမျိုးအစား တစ်ထောင်ရဲ့ အစိတ်အပိုင်းတစ်ခုကို ရရှိတဲ့အတွက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂုဏ်ပြုပါတယ်။ အခုအသုံးချခြင်လား”

“ငါက အခုမသုံးရင် နောက်နှစ်အထိ စောင့်နေရမှာလား”

ဆွန်းမို စိတ်မရှည်တော့ပါ။

ဖောက်

စွမ်းရည်စာအုပ် ပြိုကွဲပြီးမရေမတွက်နိုင်တဲ့ အလင်းတန်းများ ပေါ်လာသည်။ ထို့နောက် လေထဲတွင် ရပ်တန့်သွားကာ တွင်းနက်ကြီးထဲ စုပ်ယူလိုက်သလို ဆွန်းမိုနဖူးထဲ ပြေးဝင်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစေ့တစ်စေ့က အပင်ပေါက်လာသည်။ အပင်က ကြီးလာပြီး ပန်းပွင့်လာသည်။ ထို့နောက် မသေမခြင်း.....

ဆွန်းမိုသည် အပင်ပေါင်းများစွာ၏ သေခြင်းနှင့် ရှင်ခြင်းကို တွေ့ကြုံခံစားလိုက်ရသည်။

ဆွန်းမိုသည် အပင်စွယ်စုံကျမ်းကို လေ့လာပြီးနောက် အလွတ်ရအောင် ကျက်မှတ်လိုက်သည်။

နှစ်နာရီ ကြာပြီးနောက် စနစ်ဆီက အကြောင်းကြားချက် ထွက်ပေါ်လာသည်။

ဒင်

"အမှောင်တိုက်ကြီးရှိ အပင်ပေါင်း ခုနှစ်ရာနဲ့ ပက်သက်ပြီး မင်းရဲ့ အသိပညာက မဟာအဆင့် ရောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ တခြားအပင် သုံးရာလောက်ကို ကျွမ်းကျင်အဆင့် ကျွမ်းကျင်နေပြီ"

ဆွန်းမိုက သက်ပြင်းချကာ နောက်ကျောကို မှီလိုက်သည်။ သူ့ရဲ့ဦးနှောက် စွမ်းအား ကုန်ဆုံးသွားပြီး အနည်းငယ် ပင်ပန်းနွမ်းနယ်လာသည်။ ဒါပေမယ့် သူ အရမ်းကျေနပ်သည်။ အပင်ပေါင်း

တစ်သောင်းလောက်ကို လှေ့လာနိုင်ခဲ့ပါက ဆွန်းမိုသည် အပင်ဗေဒတွင် မဟာအဆင့်တစ်ယောက်ရဲ့ အရည်အချင်း ပြည့်မှီသွားပြီ။

ခဏလောက် အနားယူပြီးနောက် ဆွန်းမိုသည် အိမ်ထဲက ထွက်လာကာ သင်ကြားရေး အဆောက်အဦးဆီ သွားလိုက်သည်။ ဒီနေ့ မနက် ၁၀ နာရီတွင် သူ့ရဲ့ အတန်းရှိသည်။

ရုံးခန်းထဲသို့ ရောက်လျှင် ရှားယွန်နှင့် ဒူရှောင် ပြန်ရောက်နေတာကို တွေ့လိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာဆွန်း”

ရှားယွန်သည် ကြယ်တစ်ပွင့် မြတ်ဆရာဖြစ်သော်လည်း ဆွန်းမိုကို မြင်လိုက်တာနဲ့ သူမဘက်ကစပြီး နှုတ်ဆက်လိုက်သည်။

“ဆရာရှာ မင်းရဲ့ ရိတ်သိမ်းမှုက ဘယ်လိုလဲ”

ဆွန်းမိုက ပြုံးရင်း မေးလိုက်သည်။

“အဲဒီအကြောင်းတော့ ပြောမနေပါနဲ့တော့။ ဘာမှ မရခဲ့ဘူး။ သက်သက် အချိန်ဖြုန်းတာပဲ”

ရှာယွန်က သက်ပြင်းချရင်း ပြန်ပြောသည်။ အမှန်တော့ တံခါးရှစ်ခု တိမ်တိုက်လိုမျိုး လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်များသည် ဖမ်းနိုင်မည့် အခွင့်အရေးက အရမ်းနည်းပါးသည်။ အဲဒါကို တွေ့ရရင်တောင် အဲဒီ သက်ရှိကို ဖမ်းဆီးဖို့က သူမအတွက် ပြဿနာ တစ်ခုဖြစ်သည်။ သူမ တကယ်ပဲ ဆုံးရှုံးခဲ့သလို ခံစားရသည်။

"ဆရာဆွန်း ၊ မင်းသွားပြီးကြိုးစား ကြည့်သင့်တယ်။ မင်းဖမ်းမိချင် ဖမ်းမိမှာပေါ့ ဘယ်သူက သိမှာလဲ"

ဒူရှောင်က ဆွန်းမိုကို အထင်ကြီးပြီး ပြောလိုက်သည်။

"ဟီးဟီး ငါစိတ်မဝင်စားဘူး"

ဆွန်းမို ခေါင်းခါလိုက်သည်။ သူ့အရမ်း ပျော်ရွှင်နေသည်။ ပုံရိပ်ကို နှိမ့်ချပြီး ချမ်းသာမှုကို ဖုံးကွယ်ထားနိုင်သဖြင့် ကျေနပ်နေသည်။

ဆွန်းမိုက လုပ်ဖော်ကိုင်ဖက်များနဲ့ စကားပြောနေတဲ့ အချိန်တွင် ဗဟိုပြည်နယ် အကယ်ဒမီထဲသို့ မရီဒန်အကယ်ဒမီမှ

ကျောင်းအုပ်ကြီးချောင်သည် သာမန်အဝတ်အစားဖြင့် လမ်းလျှောက်ပြီး ဝင်လာသည်။

စာစဉ်(၂၀)

အခန်း(၂၈၃) - ပြည့်ကြပ်နေတဲ့ စာသင်ခန်း။

ကျောင်းအုပ်ကြီးချောင်၏ နာမည်မှာ ချောင်ရှန်ဖြစ်ပြီး ချမ်းသာတဲ့ မိသားစုက ဆင်းသက်လာတဲ့သူဖြစ်သည်။ သူ့မိဘတွေက သူ့ကို တစ်သက်လုံး အလုပ်ကြိုးကြိုးစားစား လုပ်စရာမလိုဘဲ အေးအေးဆေးဆေး နဲ့ ဘဝကို ပျော်ရွှင်စွာဖြတ်သန်းစေချင်တဲ့ ရည်ရွယ်ချက်နဲ့ 'ရှန် (အပန်းဖြေ/ အနားယူခြင်း)' ဆိုပြီး စကားလုံးထည့်ပေးခဲ့သည်။

ဒါပေမယ့် သူက သူတို့ဆန္ဒနှင့် ဆန့်ကျင်ဘက်ဖြစ်နေခဲ့သည်။ ချောင်ရှန်သည် စာဖတ်တာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရမ်းဝါသနာ ပါပြီး ကျောင်းတက်ပြီးတဲ့နောက် မော်ဆေးပညာကို အရမ်းစိတ်ဝင်စားလာခဲ့သည်။ ဓါတ်ခွဲခန်းတွင် တစ်နေ့ကို ဆယ်နာရီကျော်လောက် အချိန်အသုံးချတတ်သည်။ သူလုံးဝ မပျင်းပါ။

ဘွဲ့ရပြီးတဲ့နောက်တွင် ဆရာဖြစ်လာကာ သင်ကြားရေး ရာထူးကို တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် မရီဒန်အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး ဖြစ်လာခဲ့သည်။ သူ၏ လမ်းစဉ်တွင် ချောင်ရှန်သည် တစ်ရက်တောင် အနားမယူခဲ့ပါ။ သူ့ကို ဒီနာမည်ပေးခဲ့လို့ ကျိန်စာမိကာ ဘဝတွင်

အမြဲကြိုးစားနေခဲ့ရတယ်လို့ ချောင်ရှန်က အမြဲပြောဖြစ်သည်။

သို့သော်လည်း ချောင်ရှန်က ဒီလိုမျိုး ဘဝနေထိုင်မှု ပုံစံကို နှစ်သက်သည်။ ပြည့်စုံတဲ့ဘဝ နေထိုင်မှု ပုံစံရှိမှသာလျှင် ဘဝအတွေ့အကြုံကို ခံစားနိုင်မယ်လို့ သူခံစားမိသည်။

သူ့ရဲ့ မိတ်ဆွေဟောင်း တချို့က ချောင်ရှန်ရဲ့ ဘဝနေထိုင်မှု ပုံစံကို အရမ်း ပင်ပန်းလွန်းတယ်လို့ ခံစားရပြီး အနားယူဖို့ တိုက်တွန်းခဲ့ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချောင်ရှန်က ဗဟိုပြည်နယ်အကယ်ဒမီကို ဖြိုခွင်းပြီး မရီဒန်အကယ်ဒမီကို ချင်လင်မြို့ရဲ့ နံပါတ်တစ်ကျောင်း ဖြစ်လာအောင် လုပ်ပေးပြီး သူ့ရည်ရွယ်ချက် ပြည့်ဝမှ အနားယူမယ်လို့ အမြဲတမ်း ပြန်ပြောလေ့ရှိသည်။

မရီဒန်အကယ်ဒမီသည် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ပုံစံကို ကူးယူပြီး တည်ဆောက်ခဲ့သောကြောင့် ကျောင်းနှစ်ကျောင်းကို တစ်ဖက်နဲ့တစ်ဖက် ပြိုင်ဘက်များလို့ ပြောလို့ရသည်။ ဒါကြောင့်လည်း ချောင်ရှန်သည်

ဗဟိုပြည်နယ်အကယ်ဒမီနဲ့ ပက်သက်ပြီး အရမ်းရင်းနှီးနေခဲ့သည်။

သူက သင်ကြားရေး အဆောက်အဦး အရှေ့တွင်ရပ်ကာ ကြောငြာဘုတ်ထဲက ဆွန်းမိုနာမည်ကို ရှာနေသည်။

“ဒါက မမှန်နိုင်ဘူး။ ဒီနေ့ ဆွန်းမို အတန်း မရှိဘူးလား”

ချောင်ရှန် စိတ်ဓါတ် ကျသွားသည်။ သူ့အချိန်က အရမ်းတန်ဖိုးရှိသဖြင့် အလဟာသ မဖြစ်ချင်ပါ။

“ဆရာဆွန်းရဲ့အတန်းကို နားထောင်ချင်လို့လား”

လူငယ်တစ်ယောက် ချောင်ရှန်ရဲ့ စကားကို ကြားလိုက်ပြီး ကူညီမလို့ မေးလိုက်သည်။

"ဒါအမှန်ပဲ။ ကျောင်းသားလေး၊ ဆရာဆွန်းရဲ့ အတန်းက ဘယ်အချိန် စမလဲဆိုတာ သိလား"

ချောင်ရှန်ရဲ့ အပြုံးက ရင်းနှီးတဲ့ ခံစားချက်ကို ပေးစွမ်းသည်။

"ဆရာဆွန်းက အရမ်း ပညာရှင်ဆန်တယ်။ အမှောင်တိုက်ကြီး ခရီးစဉ်မှာ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရခဲ့တယ်လို့ ကြားရပေမယ့် နေ့တိုင်းအတန်းနှစ်ခု ဖြစ်တဲ့ မနက်တစ်ကြိမ် နဲ့

နေ့လယ်တစ်ကြိမ် အတန်းသင်ဖို့ အခိုင်အမာ တောင်းဆိုထားတယ် ကြားတယ်”

လူငယ်လေးရဲ့ အသံက ကြည်ညိုလေးစားမှုနဲ့ ပြည့်နေသည်။

“အမ်၊ ဘာဖြစ်လို့ သူစာသင်မယ့် အခန်းကို ရှာမတွေ့တာလဲ”

ချောင်ရှန် အံ့အောသွားပြီး ကြောငြာဘုတ်ကို နောက်တစ်ကြိမ် ထပ်ကြည့်လိုက်သည်။

ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ကြောငြာဘုတ်ကို စာသင်ခန်း အရွယ်အစားနဲ့လိုက်ပြီး စာရင်း

ပြုစုထားသည်။ လူ သုံးဆယ်ဆန့်တဲ့ စာသင်ခန်းက အရင်ဖြစ်ပြီး အဲဒီနောက်မှာ လူ ၅၀ဆန့်တဲ့ စာသင်ခန်း ဖြစ်သည်။ လူတစ်ရာဆန့်နှင့် လူသုံးရာဆန့် စာသင်ခန်းတွေက ဆိုင်းဘုတ်၏ အောက်ခြေနားတွင် ရှိသည်။

အဲဒီလို စာသင်ခန်းများသည် ကြီးမားပြီး အရေအတွက် အကန့်အသတ်နဲ့ ရှိသောကြောင့် သင်ခန်းစာပေးချင်တဲ့ ကြယ်နှစ်ပွင့် မြတ်ဆရာများအတွက်သာ သီးသန့် ဖယ်ထားလေ့ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဲဒီကြွယ်ပွင့်အဆင့်ရှိ မြတ်ဆရာများသည် အရမ်းရေပန်းစားနေလိမ့်မည်။ ကျောင်းသားများသည် အတန်းအချိန်ဇယားကို သိရှိပြီးပါက ထိုင်ခုံနေရာဦးရန် အမြဲတမ်း စောလာကြသည်။

ကျောင်းသားတချို့ကတော့ အချိန်ဇယားထဲက အချိန်နဲ့ ကပ်ပြီးလာတတ်ကြသဖြင့် သူတို့ နေရာ မရကြပါ။

ဆွန်းမို၏ ကျော်ကြားမှုအရ သူ၏ စာသင်ခန်းသည် လူ ငါးဆယ်ဆန့် ဒါမှမဟုတ် လူတစ်ရာဆန့် စာသင်ခန်း ဖြစ်နိုင်တယ်လို့ ချောင်ရှန်

တွေးမိသည်။ ဒါပေမယ့် ဘယ်နှစ်ကြိမ် စစ်ကြည့်ကြည့် မတွေ့ခဲ့ရပါ။

"အမ်၊ မဖြစ်နိုင်ပါဘူး။ ဆရာဆွန်းရဲ့စာသင်ခန်းက ဘယ်မှာလဲ"

လူငယ်လေးက ခါးကွေးပြီး ဆွန်းမိုရဲ့ နာမည်ကို ညွှန်ပြလိုက်သည်။ ထို့နောက် သင်ကြားရေး အဆောက်အဦးရဲ့ မျဉ်းဂရမ်ကို ညွှန်ပြလိုက်သည်။

"ဒီမှာ"

"သ.......သုံးရာဆန့်တဲ့ ဟောခန်းမလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချောင်ရှန် အံ့အောသင့်သွားသည်။

"ဟုတ်"

လူငယ်လေးသည် ချောင်ရှန်ကို အူကြောင်ကြောင်နဲ့ ကြည့်လိုက်သည်။

"မင်းက ငါတို့အကယ်ဒမီရဲ့ ဆရာမဟုတ်ဘူးလား"

စာသင်ခန်း ၃၀၁သည် ဆွန်းမို စာသင်ပေးနေတဲ့ ခန်းမကြီးဖြစ်ကြောင်းကို ဆရာနှင့် ကျောင်းသားများသာမက ကျောင်းမှာရှိတဲ့ ကြွက်ပေါက်စလေးတွေတောင် သိကြသည်။

‘ဟားဟား”

ချောင်ရှန်က ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး

“ဆရာဆွန်းက ကျောင်းသားဖလှယ်တဲ့ အစီအစဉ်မှာ သင်ကြားပေးနေတာလား”

သာမန် ဆရာများအနေနဲ့ အခြားကျောင်းမှ ကျောင်းသားကို သူတို့၏ ဟောပြောချက် မှျဝေတဲ့အခါမှသာ လူ သုံးရာဆန့်တဲ့ စာသင်ခန်းကို အသုံးပြုနိုင်ကြသည်။

“မဟုတ်ဘူး”

လူငယ်လေးက ခေါင်းခါလိုက်သည်။

“အမ်၊ ဘာဖြစ်လို့ ဒီလောက်ကြီးတဲ့ စာသင်ခန်းကို လိုတာလဲ”

ချောင်ရှန် ရုတ်တရက် အံ့အောသွားသည်။

“ဆရာဆွန်း၊ စာသင်ကတည်းက အဲဒီ ဟောခန်းမကို အမြဲသုံးနေတာပဲ”

ဘေးနားက ကျောင်းသားသည် သည်းမခံနိုင်တော့ဘဲ ဝင်ရှင်းပြလိုက်သည်။

"ဘာလဲ။ မင်းတို့အားလုံးက ငါ့ကို နောက်နေတာလား"

ချောင်ရှန် မယုံကြည်နိုင်အောင် ဖြစ်နေသည်။ ဒီလိုမျိုး ကြီးမားတဲ့ စာသင်ခန်းကို အသုံးပြုတဲ့လူသည် အရမ်းအရည်အချင်း ရှိနေဖို့လိုအပ်သည်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ သူနည်းနည်း ယုံကြည်ချင်လာသည်။ ဆွန်းမိုက ဖန်ဝူဂျီနှင့် ယူရုံပိုတို့နှစ်ယောက်စလုံး အထင်ကြီးလေးစားရတဲ့ လူသစ်တစ်ယောက် ဖြစ်နေသည်။

“အာ၊ ငါသူ့အကြောင်းကို ပိုစုံစမ်းထားသင့်တယ်”

ချောင်ရှန် အနည်းငယ် နှောင်တရသွားသည်။

“ဘာကြောင့် မင်းကို လိမ်ရမှာလဲ”

ကျောင်းသားက မျက်မှောင်ကြုတ်ပြီး သူ့ကို အကဲခတ်လာသည်။

“မင်းက ကျောင်းသား မိဘလား ဒါမှမဟုတ် တခြားကျောင်းက ဆရာလား”

“ငါက မိဘတစ်ယောက်ပါ”

ချောင်ရှန် နည်းနည်း လိမ်လိုက်သည်။ သူက ဘယ်သူ ဘယ်ဝါဖြစ်ကြောင်း ထုတ်ပြောလိုက်ပါက သင်ကြားရေးအဆောက်အဦးထဲ မဝင်ရဘဲ အစီအစဉ် ရပ်တန့်သွားမည်။

"အို"

မိဘဖြစ်ကြောင်း သိလိုက်တာနဲ့ ကျောင်းသားရဲ့ သဘောထား အနည်းငယ် ပိုကောင်းလာသည်။ ဆရာဆွန်းကို လာလုတဲ့ လူမဟုတ်သ၍ အားလုံးအဆင်ပြေသည်။

ချောင်ရှန် အကြာကြီး မနေရဲတော့ပါ။ သူက သင်ကြားရေးအဆောက်အဦးထဲကို အမြန်ဝင်ကာ အခန်းနံပါတ် ၃၀၁ကို ရှာဖွေလိုက်သည်။ နောက်ဆုံးတွင် အခန်းထဲကို ဝင်သွားပြီးနောက် သူအံ့အောသင့်နေသည်။

ဟောခန်းမကြီးက လူပြည့်ကြပ်နေသည်။

*တစ်ခုခုလွဲနေတာလား။ ဒါက လူသုံးရာဆန့်တဲ့ ဟောခန်းမကြီးပါ”

ချောင်ရှန်သည် မသိစိတ်ကြောင့် အိတ်ထဲမှ အိတ်ဆောင် နာရီကို ထုတ်ကြည့်လိုက်သည်။

စာသင်ချိန်စဖို့ နာရီဝက်လိုသေးသည်။

"ငါ့ အခန်းမှား ဝင်တာလား"

ချောင်ရှန်သည် အခန်းထဲကထွက်ပြီး အခန်းတံဆိပ်ကို တစ်ချက် ကြည့်လိုက်သည်။

အခန်း ၃၀၁ ဆိုတဲ့ စာလုံးက ရှင်းရှင်းလင်းလင်း ကပ်ထားပြီး သူ့မျက်လုံး ကန်းလောက်အောင်ကို ကြီးမားသည်။

"ဟားဟား ငါအသက်ကြီးလာလို့ မျက်လုံးမှောက်နေတာပဲ ဖြစ်မယ်"

ချောင်ရှန်က သူ့ကိုယ်သူ လျှောင်ပြောင်လိုက်သည်။ ခန်းခထဲသို့ ဝင်ကာ မျက်လုံးပွတ်သပ်ပြီး နောက်တစ်ကြိမ် ကြည့်လိုက်သည်။ စိုက်ကြည့်ရင်း မျက်လုံး ပိုကျယ်လာသည်။

(အိုဘုရားရေ၊ ငါ့မျက်လုံးတွေ မမှားဘူးပဲ။ တကယ်ပဲ ထိုင်ခုံ လွတ်မရှိတော့ဘူးပဲ)

ချောင်ရှန်သည် အိတ်ဆောင်နာရီကို ထုတ်ကြည့်လိုက်ပြန်ကာ စိတ်ဓါတ် ကျလာသည်။

စာသင်ချိန်စဖို့ နာရီဝက်လိုသေးပါတယ်။ ဘာဖြစ်လို့ လူပြည့်နေရတာလဲ။

ဒါက အသစ်စက်စက် ဆရာတစ်ယောက် ရတဲ့ ဆက်ဆံမှုလား။ ကြယ်နှစ်ပွင့် မြွတ်ဆရာတစ်ယောက်ထက် လွှမ်းမိုးမှုက နိမ့်ကျနိုင်ပါ့မလား။ ချောင်ရှန်က ပြုံးပြီး ဘေးက ကျောင်းသားတစ်ယောက်ကို မေးလိုက်သည်။

"ဟိုင်း ကျောင်းသားလေး။ မင်းကို အနှောက်အယှက်ပေးလို့ စိတ်ထဲ မထားပါနဲ့။ ဒါက

ဆရာဆွန်းရဲ့ အတန်းလားး”

“ဟုတ်”

ကျောင်းသားရဲ့ အဖြေက သေချာမှု အပြည့်ရှိသည်။

“ကြည့်ရတာတော့ ဆွန်းမိုကို လျှော့တွက်မိတဲ့ ပုံပဲ”

ချောင်ရှန်ရဲ့အမူအရာက လေးလံလာသည်။ ကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့ လက်ရှိအခြေအနေက ဘာကိုဆိုလိုသလဲဆိုတာ သူသိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတစ်ယောက်က ဒီအခြေအနေကို လေးလဆက်တိုက် ထိန်းသိမ်းထားနိုင်လျှင် သူ့မှာ ထူးထူးခြားခြား စွမ်းဆောင်ရည် အမှန်တကယ်ရှိနေတာ ဖြစ်နိုင်သည်။

ကျောင်းသားတွေက ငတုံး မဟုတ်ကြပါ။ ဆရာတစ်ယောက် အပြောကောင်းရင်တောင် စာသင်ခန်းပြည့်ဖို့ တစ်ကြိမ်ပဲ ရမည်။ စစ်မှန်တဲ့ အရည်အချင်းမရှိပါက နားထောင်သူအရေအတွက် လုံးဝ ကျဆင်းသွားလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားများက အကျိုးရှိတယ်လို့ ခံစားရမှသာ ဆရာတစ်ယောက်ရဲ့ အတန်းက အချိန်ကြာလာတာနဲ့အမျှ နာမည်ကောင်းတစ်ခုကို တည်ဆောက်ကာ အတန်းလူပြည့်တဲ့ ဖြစ်စဉ်ကို ဖြစ်ပေါ်စေနိုင်သည်။

၃င်

ချောင်ရှန်၏ လေးစားအထင်ကြီးမှု +၃၀။ မူလ(၃၀/၁၀၀)

ချောင်ရှန်သည် ဟောပြောချက်ကို နားထောင်မလို့ ဒီနေရာကို ရောက်နေတာ ဖြစ်သဖြင့် မထင်ရှားအောင်

ထိုင်ခုံတစ်ခု လိုချင်နေသည်။ ဒါကြောင့် ထောင့်တစ်နေရာကို လျှောက်သွားပြီး အဲဒီနေရာတွင် ထိုင်နေတဲ့ ကျောင်းသားကို ပြုံးပြလိုက်သည်။

"ဟိုင်း၊ ငါက ကျောင်းသားမိဘတစ်ယောက်ပါ။ ဆရာဆွန်းရဲ့ ဟောပြောချက်တွေက အရမ်းအထင်ကြီးဖို့ကောင်းတာကြားမိပြီး နားထောင်ချင်လာတယ်။ ဒါပေမယ့် အတန်းက လူဒီလောက် ပြည့်နေမယ်လို့ မထင်ထားမိဘူး"

ချောင်ရှန် စကားမဆုံးခင် ဖြတ်ပြောခံလိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“သေချာပေါက် ပြည့်နေမှာပေါ့”

“ထိုင်ခုံလိုချင်ရင်တော့ အတန်းမစခင် နှစ်နာရီလောက် ကြိုလာဖို့ လိုတယ်”

“နောက်တစ်ခေါက်မှပဲ စောစောလာတော့မယ်”

သူက စကားပြောနေရင်း ညည်းတွားလိုက်သည်။ ဆရာဆွန်းရဲ့ အတန်းကို တက်ချင်ပါက စောစောထရမည်။ ဒါကလည်း အိပ်ချင်နေတဲ့ ကျောင်းသားအတွက် ညှင်းပန်းနှိပ်စက်မှု တစ်မျိုး ဖြစ်သည်။

သို့သော်လည်း အဲဒီပုံစံက လျှင်မြန်စွာ ပျောက်ကွယ်သွားပြီး အကျိုးကျေးဇူးက အစားထိုးလာသည်။ ထိုင်ခုံနေရာဦးရန် အစောကြီး နိုးလာသောကြောင့် ဒီနှစ်နာရီအတွင်းတွင် ကျောင်းသားများသည် ထိုင်ခုံမရရင်တောင် စာကျက်နေကြသည်။ ဒီကိုရောက်ပြီးမှ အဆောင် ပြန်အိပ်ဖို့ဆိုတာ မဖြစ်နိုင်ပါ။ ဒီလိုမှ မဟုတ်ရင်လည်း အခြားအတန်းတွေကို တက်ကြသည်။

အမှန်တိုင်းပြောရလျှင် ဘယ်သူက မအိပ်ချင်လို့လဲ။ ဒါပေမယ့် ဆွန်းမိုကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတော်တော် များများသည် စောစောထလာရပြီး မနက်ခင်းမှာ သူတို့အချိန်ကို အကောင်းဆုံး အကျိုးရှိအောင် အသုံးချကြသည်။

"နှစ်နာရီလား"

ချောင်ရှန် လေအေးတစ်ချက် ရှိုက်လိုက်မိသည်။ ဆွန်းမိုက သူရဲ့အတန်းချိန်မှာ ရွှေချောင်း တစ်ချောင်း ပေးခဲ့ဖူးလို့လား။

သို့သော်လည်း သူတို့အမှာစကားအရ နောက်ပြောင်နေတာ မဖြစ်နိုင်ပါ။

"အရင်တုန်းကတော့ အဲဒီလိုပဲ။ ဒါပေမယ့် လွန်ခဲ့တဲ့ တစ်လလောက်မှ ဆရာဆွန်းက အမှောင်တိုက်ကြီး ခရီးသွားနေလို့ ဆယ်ရက်ကျော်လောက် အတန်းမရှိခဲ့တော့ မေးခွန်းမေးချင်နေတဲ့ ကျောင်းသား တော်တော်များများ ရှိနေကြတယ်။ ဒါကြောင့် ဒီရက်ပိုင်းအတွင်းမှာ သုံးနာရီလောက် စောပြီး လာရတယ်"

မျက်ခုံးထူထူနဲ့ ကျောင်းသားက ရှင်းပြသည်။

"အာ။ ငါ့အိမ်က ဒီနေရာနဲ့ အရမ်းဝေးတယ်။ ခရီးတစ်ခေါက် လာဖို့က ငါ့အတွက် မလွယ်လှဘူး။ မင်းတို့ဆီကနေ ထိုင်ခုံတစ်ခုလောက် ဝယ်လို့ ရမလား"

ချောင်ရှန်က မတတ်နိုင်တဲ့ပုံစံ ဟန်ဆောင်လိုက်သည်။

ကျောင်းသားတွေ တိတ်ဆိတ်သွားသည်။

"ငါ ငွေတုံး ၃၀၀ ပေးမယ်လေ"

ချင်လင်မြို့သည် တန်နိုင်ငံရှိ ထိပ်တန်းမြို့တစ်ခုအဖြစ် သတ်မှတ်ထားပြီး အရမ်းချမ်းသာတဲ့

မြို့တစ်ခုလဲ ဖြစ်သည်။ ဒါပေမယ့် ဒီမြို့ရှိ သာမန် မိသားစုတစ်ခုရဲ့ တစ်နှစ်စာ အများဆုံး အသုံးစရိတ်မှာ ငွေတုံး ၂၀၀ သာရှိသည်။ ဒါကြောင့် ငွေတုံး ၃၀၀ ဆိုတာက အရမ်းများတဲ့ ငွေကြေးလို့ သတ်မှတ်နိုင်သည်။ ထုံးစံအတိုင်း ချောင်ရှန်ဆီမှာ ငွေမရှားပါ။ ဒီကမ်းလှမ်းချက်သည် ကျောင်းသားတွေ စိတ်လှုပ်ရှား သွားမယ်လို့ ခန့်မှန်းထားသည်။ သို့သော် မိနစ်အနည်းငယ်ကြာအောင် စောင့်ဆိုင်းတဲ့အထိ ကျောင်းသားတွေ စိတ်ဝင်စားမှု မရှိတာကို

သူမြင်လိုက်သည်။ သူတို့က ခေါင်းငုံ့ကာ စာပြန်နွေးနေကြသည်။

"အမ်"

ချောင်ရှန် အံ့အောသွားသည်။ သူ့ကံက ဒီလောက်မဆိုးဘူး မဟုတ်လား။ ငွေမရှားဘဲ ချမ်းသာကြွယ်ဝတဲ့ ဒုတိယမျိုးဆက် အဖွဲ့နဲ့ တွေ့နေရတာလား။

"ကံဆိုးလိုက်တာ"

ချောင်ရှန် အနည်းငယ် စိတ်ဓါတ်ကျသွားသည်။ ဘယ်လိုပဲပြောပြော သူက ကျောင်းအုပ်ကြီး

ဖြစ်နေသဖြင့် မျက်နှာလိုချင်နေသေးသည်။ ကျောင်းသားတွေက စျေးတောင်းဖို့ မဖြစ်နိုင်ပါ။

"ကျောင်းသားတွေ ငါ့ကို ကူညီကြပါလား။ ငွေတုံး ၅၀၀ ပေးမယ်လေ"

ချောင်ရှန်က ပြောလိုက်သည်။ သို့သော်လည်း သူက အံ့အောသင့်စွာ စိတ်ဝင်စားတဲ့သူ တစ်ယောက်မှမရှိတာ မြင်လိုက်ရသည်။

"အဘိုးကြီး။ မနက်ဖြန်မှ နောက်တစ်ကြိမ် ပြန်လာတာ ပိုကောင်းမယ်"

မျက်ခုံးထူထူနဲ့ လူကောင်လေးက အကြံပေးလိုက်သည်။

"ဘာဖြစ်လို့လဲ၊ ငွေတုံး ၅၀၀၀က မင်းတို့အားလုံးအတွက် မနည်းပါဘူး"

ချောင်ရှန် နားမလည်နိုင် ဖြစ်နေသည်။ သူတို့ မျက်လုံးထဲမှာ ငွေတုံး ၅၀၀၀က ဘာမှ မဟုတ်သေးဘူးလား။ သင်းပျံ့တဲ့ မွှေးရနံ့ ပြည့်တန်ဆာအိမ်မှာ အကျော်ကြားဆုံး ပြည့်တန်ဆာနဲ့ ညတစ်ဝက်လောက် အချိန်ဖြုန်းလို့ ရသည်။

"ဆရာဆွန်းရဲ့ အတန်းမှာ ထိုင်ခုံ ရောင်းချတာ ခွင့်မပြုထားဘူး။ ဒါကို သိသွားရင် အဲဒီကျောင်းသားက ဆရာဆွန်းရဲ့ နောက်ထပ် အတန်းတွေကို တက်ရောက်ခွင့် မရှိတော့ဘူး"

မျက်ခုံးထူထူနဲ့ ကျောင်းသားက ရှင်းပြသည်။

"အမ်"

ချောင်ရှန် ကြောင်သွားသည်။ အများအားဖြင့် ဆိုလျှင် ထိုင်ခုံရဲ့ဈေးနှုန်းသည် မြတ်ဆရာတစ်ယောက်၏ ကျော်ကြားမှုနှင့် ဩဇာလွှမ်းမိုးမှု အဆင့်ပေါ်တွင် မူတည်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာအများစုက ဒီကိစ္စနဲ့ ပက်သက်ပြီး မျက်စိမှိတ်ထားကြသည်။ ဒီလိုမျိုး မှောင်ခို သမားတွေကို ဘယ်လို လိုက်ဖမ်းမှာလဲ။ အမှန်တော့ မြတ်ဆရာတချို့ဆိုရင် ဒီအရာကို ဂုဏ်ပြုမှုတစ်ခုလို့တောင် သတ်မှတ်ထားသည်။

ထုံးစံအတိုင်း ဆွန်းမိုလို လူတွေလည်း ရှိသည်။

"ဆရာဆွန်းရဲ့ ဟောပြောချက်ကို နားထောင်ချင်ရင် စောစောထရမယ်။ ငပျင်းတွေက သူ့သင်ခန်းစာကို နားထောင်ဖို့ မထိုက်တန်ဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘေးနားက ကျောင်းသားတစ်ယောက်က ဝင်ပြောသည်။

ဒီစကားကို ကြားလိုက်လျှင် ချောင်ရှန်၏ အမူအရာ ပြောင်းသွားသည်။ သူ့အမူအရာက လေးနက်ပြီး လေးစားမှုနဲ့ ပြည့်လာသည်။

ဘဝမှာ စိတ်ပူစရာမရှိရင် ဘာလို့ စောစောထနေမှာလဲ။ လူတိုင်းက နေဖင်ထိုးတဲ့အထိ အိပ်နေကြမည်။

မြတ်ဆရာများ၏ အတန်းသည် နေ့ခင်း ဒါမှမဟုတ် မနက် ကိုးနာရီခွဲ နောက်ပိုင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘာဖြစ်လို့ ဖြစ်နေရတာလဲ။ ဘာဖြစ်လို့လဲဆိုတော့ မြွတ်ဆရာတွေ အိပ်ချင်လို့ ဖြစ်သည်။ အဲဒီလိုအချိန်မှာတော့ လူတော်တော်များက စောစော ထကြရသည်။ ထိုင်ခုံမရရင်တောင် ဘေးနားကနားထောင်လို့ ရသည်။ အဲဒီနည်းနဲ့ မြွတ်ဆရာများသည် သူတို့ရဲ့ လွှမ်းမိုးမှုကို တည်ဆောက်ကြသည်။

ဈေးဝယ်စင်တာ ဘာဖြစ်လို့ မနက် ၁ဝနာရီမှ ဖွင့်တာလဲ။ စောစောဖွင့်ရင် ဖောက်သည်နည်းလို့ ဖြစ်သည်။

စာစဉ်(၂၀)

အခန်း(၂၈၄) - ကျောင်းအုပ်ကြီး ချောင်ရဲ့ တုန်လှုပ်မှု။

မြတ်ဆရာတွေရဲ့ နယ်ပယ်တွင် သင်ခန်းစာ တစ်ခုပို့ချတဲ့အခါ အကောင်းဆုံး အကျိုးသက်ရောက်မှုရှိအောင် လုပ်တတ်ကြသည်။ ဒါကြောင့်လည်း လူများများတက်လေ ပိုကောင်းလေ ဖြစ်သည်။

သို့သော်လည်း ဆွန်းမိုကတော့ ဒါကို ဂရုမစိုက်ပါ။ သူက ကျောင်းသားတွေ စောစောအိပ်ရာထဖို့ပဲ တောင်းဆိုခဲ့သည်။ သူ့ရဲ့ အမြင်အရ လူတစ်ယောက်ရဲ့ အရည်အချင်းသည် ညံ့မည် ဒါမှမဟုတ် သာမန်သာ ဖြစ်လို့ရသည်။ ဒါပေမယ့် အလုပ်မကြိုးစားလို့တော့ မရပါ။ ဒါကြောင့်လည်း သူ့အတန်းတွင် ဟောပြောပွဲ နားထောင်ဖို့ စောစော မထတဲ့လူက တက်ရောက်ခွင့်မရှိဘူးလို့ သတ်မှတ်ထားခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ပြီးတော့ လူအိုကြီးရေ ဆရာဆွန်းရဲ့ အတန်းအတွက် ထိုင်ခုံဝယ်ဖို့က ငွေတုံး ၅၀၀ နဲ့ မလုံလောက်သေးဘူး"

ကျောင်းသားက ဆက်ပြောသည်။

"ငွေတုံး တစ်ထောင်လား။ မရသေးဘူး။ တကယ်လို့ မင်းက ကံကောင်းပြီး ဆရာဆွန်းက မေးခွန်းမေးဖို့ ရွေးချယ်ခဲ့ရင် ငွေတုံးတစ်ထောင်ပါတဲ့ နောက်ထပ် အိတ်အနီလေးတစ်လုံးတောင် ဆောင်ထားသင့်တယ်"

"ဒီလောက် ဈေးကြီးတာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချောင်ရှုန် အရမ်းအံ့အောသွားသည်။ သူသည် ဆရာဆွန်းက မြတ်ဆရာတစ်ယောက်လားလို့ တကယ် မေးလိုက်ချင်ပေမယ့် ဒါကပုံမှန်ပဲလို့ ကျောင်းသားတွေ မျက်နှာပေါ်မှ မျက်နှာအမူအရာကို မြင်လိုက်ပြီး မမေးဖြစ်တော့ပါ။

ကျောင်းသားတွေက ထိုင်ခုံအတွက် ပေးရတဲ့ ဈေးက တန်တယ်လို့ ခံစားနေရသ၍ ဒီဆရာက တကယ် အရည်အချင်းရှိတယ်လို့ သတ်မှတ်လို့ ရသည်။

ထိုင်ခုံဝယ်လို့ မရတာကြောင့် ချောင်ရှန်သည် စကြိန်အပြင်တွင်သာ မတ်တပ်ရပ်ပြီး နားထောင်နိုင်တော့သည်။

ကျောင်းတက်ခေါင်းလောင်းသံ မြည်လာသည်။ ခေါင်းလောင်းသံကြားတာနဲ့ ဆွန်းမိုသည် အခန်းထဲ ဝင်လာသည်။

"မင်္ဂလာပါ ကျောင်းသားတို့"

ဆွန်းမိုက နှုတ်ဆက်လိုက်သည်။ လက်မြှောက်ပြီး မြတ်ဆရာအရှိန်အဝါကို အသုံးပြုလိုက်သည်။

ရွှတ်စ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရွှေရောင်အလင်းတန်းတစ်ခုက စာသင်ခန်းမတစ်ခုလုံးကို ဖုံးအုပ်သွားသည်။ ကျောင်းသားအားလုံးရဲ့ စိတ်အခြေအနေ ချက်ခြင်းတိုးတက်သွားပြီး အကောင်းဆုံး အခြေအနေသို့ ရောက်ရှိသွားသည်။

"စွယ်စုံကျမ်း ဗဟုသုတလား"

ချောင်ရှန် အံ့အောသွားသည်။ အများအားဖြင့် မြင်တွေ့နေကျ မြတ်ဆရာ အရှိန်အဝါ တစ်ခုဖြစ်သည်။ သူတော်စင်ဂိတ်ကလည်း ဒီအကြောင်းကို အရင်ကလေ့လာခဲ့ဖူးသည်။

ပုံမှန်အားဖြင့်တော့ မြတ်ဆရာတစ်ယောက်သည် ဒါကိုသုံးနှစ်အတွင်း နားလည်နိုင်သည်။ ဒီအတွက် လိုအပ်ချက်က ပထမဆုံး မြတ်ဆရာတစ်ယောက် အရင်ဖြစ်နေဖို့ လိုအပ်သည်။ ဆွန်းမိုသည် စာသင်ကြားတဲ့ အလုပ်ကို လုပ်ခဲ့တာ ဘယ်လောက် ကြာသေးလို့လဲ။

ဒီအရှိန်အဝါကို နားလည်နေပြီလား။ ဒါက တကယ်ကို အထင်ကြီးဖို့ ကောင်းသည်။ ပြီးတော့ ချောင်ရှန်သည် မရီဒန်အကယ်ဒမီက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းအုပ်ကြီးတစ်ယောက် ဖြစ်သလို ကြယ်ငါးပွင့် မြတ်ဆရာတစ်ယောက်လည်း ဖြစ်သည်။

သူ့ရဲ့ အတွေ့အကြုံနဲ့ သုံးသပ်ချက်က ထုံးစံအတိုင်း မဆိုးပါ။ ဆွန်းမို၏ စွယ်စုံကျမ်းဗဟုသုတ မြတ်ဆရာအရှိန်အဝါရဲ့ အကွာအဝေးကို ကြည့်လိုက်လျှင် စာသင်ခန်း တစ်ဖက်ကနေ စကြ်န်ထောင့်အထိ ရောက်နေပြီး အကျိုးသက်ရောက်မှုကလည်း အရမ်းပြင်းထန်တာကို သတိထားမိသည်။

ဒင်

ချောင်ရှန်၏ လေးစားအထင်ကြီးမှု +၁၀။ မူလ(၉၀/၁၀၀)

“ဒီနေ့တော့ လူတိုင်း ခန္ဓာကိုယ်ကို ဘယ်လို ထိန်းသိမ်းရမလဲ ဆိုတာနဲ့ ကျင့်ကြံခြင်း အစီအစဉ်ကို တစ်ဆင့်ပြီး တစ်ဆင့် ဘယ်လို ရေးဆွဲရမလဲဆိုတာ လမ်းညွှန်ပေးသွားမယ်”

ဆွန်းမိုက ယုံကြည်ချက် အပြည့်နဲ့ ပြောလိုက်သည်။ သူ့အသံက ရှင်းလင်းပြတ်သားပြီး မငြင်းဆန်နိုင်လောက်အောင် သဘောတရား လွှမ်းမိုးမှုနဲ့ ပြည့်စုံနေသည်။

သို့သော်လည်း သူ့စိတ်ထဲတွင် အနည်းငယ် စိတ်ရှုပ်သွားသည်။ ချောင်ရှန်က ဘာဖြစ်နေတာလဲ။ ဘာဖြစ်လို့ မနက်အစောကြီး လေးစားအထင်ကြီးမှု အမှတ်တွေ ထောက်ပံ့ပေးနေတာလဲ။

"သူရဲ့ ဟောပြောတဲ့ စတိုင်က မဆိုးဘူး။ အမူအရာနဲ့ ရုပ်ရည်ကလည်း တော်တော်ကောင်းတယ်။ ကျော်ကြားတဲ့ ဆရာတစ်ယောက်ဖြစ်အောင် ပျိုးထောင်လို့ ရတယ်"

ချောင်ရှန်က ဆွန်းမိုကို စစ်တမ်းကောက်နေသည်။ သူ ပိုကြည့်လေ ပိုသဘောကျလေ ဖြစ်နေသည်။

ဆွန်းမို၏ အရပ်မှာ အကြမ်းဖြင်းအားဖြင့် ၁.၈၅ မီတာလောက်ရှိသည်။ ဝတ်ထားတဲ့ မိုးပြာရောင်ဝတ်စုံနဲ့ အမှန်တကယ်ကို တောက်ပတဲ့ မြင်ကွင်းတစ်ခု ဖြစ်နေပြီး တည်ကြည်ခံ့ညားတဲ့ တည်ရှိမှုတစ်ခုလို ဖြစ်နေသည်။

သူက စင်ပေါ်တွင် ရပ်လိုက်တဲ့အခါ ချက်ခြင်းဆိုသလို စာသင်ခန်းတစ်ခုလုံးရဲ့

အာရုံစိုက်ရာ ဗဟိုချက် ဖြစ်လာသည်။ သူ့ရဲ့ကို့ကိုယ်ကို ယုံကြည်မှုနှင့် မြင့်မားတဲ့စိတ်ဓါတ်က စာသင်ခန်းတစ်ခုလုံးကို လွှမ်းခြုံထားသည်။

သူ့ရဲ့ ချောမောတဲ့ ရုပ်ရည်ကြောင့်လည်း နှစ်သက်ချစ်ခင်ဖို့ကောင်းတဲ့ အငွေ့အသက် ထွက်နေသည်။ ပြုံးလိုက်တဲ့အခါ ဘေးအိမ်က အစ်ကိုကြီးတစ်ယောက်လို နွေးထွေးလှသည်။ ဒါက သူ့ရဲ့ဂုဏ်သိက္ခာကို အနည်းငယ် အားနည်းစေပေမယ့် ခင်မင်ရင်းနှီးတဲ့ ခံစားချက်ကို ပိုတိုးလာစေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလူက မင်းအတွက် အရာအားလုံးကို ပြောပြမယ့်လူပဲ။

ချောင်ရှန်သည် ကျောင်းသားတွေရဲ့ အမူအရာကို အကဲခတ်ရန် ခေါင်းလှည့်ကြည့်လိုက်သည်။

ဒါက လူ ၃၀၀ဆန့်တဲ့ ခန်းမတစ်ခုဆိုတာ မေ့ထားလို့ မရပါ။ ဒါပေမယ့်အခုတော့ လေထုက အရမ်းတိတ်ဆိတ်နေသည်။ တိတ်ဆိတ်တဲ့ ဆောင်းရာသီ တစ်ခုလိုပဲ။ ဆွန်းမို အသံကလွဲလျှင် တခြား အသံများ မရှိပါ။

အအေးမိတဲ့ ကျောင်းသားတွေတောင် နှာချေတဲ့အခါ ပါးစပ်ကို လက်နဲ့အုပ်ပြီး အသံမထွက်အောင် အစွမ်းကုန်ကြိုးစားနေကြသည်။

အမျိုးသား ကျောင်းသားတွေထက်စာရင် အမျိုးသမီး ကျောင်းသူတွေက ပိုတောင် အာရုံစိုက်နေကြသေးသည်။

"ဒီတစ်ခါတော့ အန်ရှီဝေ ရတနာတစ်ခု ကောက်ရလိုက်တာပဲ"

ချောင်ရှန်၏ နှုတ်ခမ်း အနည်းငယ် ကွေးသွားပြီး အနည်းငယ် မနာလို ဖြစ်သွားသည်။

ဒါက ကျော်ကြားတဲ့ ဆရာတစ်ယောက်မှာ ရှိရမည့် အရည်အသွေး ဖြစ်သည်။ ရုပ်ရည်က ကြည့်ကောင်းပြီး အတန်းကို ဆွဲဆောင်နိုင်ရမည်။ အမျိုးသားရော အမျိုးသမီးရော အတူတူပါပဲ။

ဖန်ဝူဂျီနှင့် လျှိုမူဘိုင်တို့ကို ချင်လင်မြို့ရဲ့ ကျောက်စိမ်း အမွှာအဖြစ် လူသိများခဲ့သည်။ သူတို့နှစ်ယောက်စလုံးက အမှန်တကယ်လည်း အရည်အချင်းတွေနဲ့ ပြည့်လျှံနေပြီး ခွန်အားတွေလည်း တူညီကြသည်။ ဒါပေမယ့်

ချောင်ရှန်သာ ရွေးချယ်ခွင့်ရှိမယ်ဆိုရင် လျှိုမူဘိုင်ကို သေချာပေါက် ရွေးချယ်မိလိမ့်မည်။

လျှိုမူဘိုင်က အရမ်းချောမောသည်။ သူက အမျိုးသမီးများ ရင်ခုန်စေလောက်အောင်ကို ချောမောသည်။ ဖန်ဝူဂျီက နှာခေါင်းအထက်ပိုင်း ပုံမှန်ဖြစ်ပေမယ့် မျက်နှာ အောက်ပိုင်းက တော်တော် ရုပ်ဆိုးသွားသည်။

အခုလည်း ဗဟိုပြည်နယ် အကယ်ဒမီတွင် ဆွန်းမို ပေါ်ပေါက်လာပြန်ပြီ။

“မပဟုတ်ဘူး။ ဘာတွေပဲဖြစ်ဖြစ် ငါ သူ့ကို သေချာပေါက် ရအောင် ခေါ်ရမယ်”

ချောင်ရှန်သည် ဆွန်းမို ဟောပြောပို့ချတဲ့ အကြောင်းအရာများနှင့် ဟန်ပန်များကို နားထောင်ပြီး ဆွန်းမိုတွင် ကျောင်းသားများ အပေါ် ခံစားချက်ပေါင်းများစွာနဲ့ လမ်းညွှန်မှု ပေးနိုင်ကြောင်း တွေ့ရှိခဲ့သည်။ ဒါပေမယ့် သူ နားထောင်လာလေလေ အကြောင်းအရာထဲ နစ်မြုပ်လာလေလေ ဖြစ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီကျောင်းသားများထက်စာရင် ချောင်ရှန်သည် ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက်ဖြစ်သလို မှော်ဆေးဆရာလည်း ဖြစ်သည်။ ဒါကြောင့် ခန္ဓာကိုယ်ဖွဲ့စည်းပုံနဲ့ ပက်သက်ရင် ပိုပြီး ရှင်းရှင်းလင်းလင်း နားလည်သည်။ ဆွန်းမိုက ကျင့်ကြံခြင်းနှင့် ခန္ဓာကိုယ်ဆက်စပ်မှုကို စနစ်တကျရှင်းပြပြီး အကြောင်းအရာတစ်ခုခြင်းဆီကို အကျဉ်းချုပ် ရှင်းပြနေမှုအားကြားလိုက်တဲ့အခါတွင် သဘောကျစွာ သက်ပြင်းချလိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှန်အတိုင်း ပြောရလျှင် လူတိုင်းသည် သူတို့ခန္ဓာကိုယ်နှင့် ကျန်းမာရေးအား ထိန်းသိမ်းထားရမယ်ဆိုတဲ့ အချက်ကို သိကြသည်။ ဒါပေမယ့် ဘာကြောင့် ဒီလုပ်သင့်တယ်ဆိုတာကို လူတော်တော် များများက အရင်က မစဉ်းစားခဲ့မိကြပါ။ သူတို့ ဆရာက ဒီလုပ်သင့်တယ်ဆိုလို့ မှတ်သားထားခဲ့ကြခြင်းသာ ဖြစ်သည်။ ဒါက မျိုးဆက်တစ်လျှောက် လက်ဆင့်ကမ်းလာခြင်းဖြစ်ပြီး ဆွန်းမို ရှင်းပြလိုက်တဲ့အခါကျမှ ရုတ်တရက် သဘောပေါက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သင့်တော်တဲ့ အိပ်စက်မှု ပမာဏ၊ မျှတတဲ့ အစားသောက်ပုံစံ၊ ကျင့်ကြံသင့်တဲ့ အချိန်ပမာဏ၊ ကြာချိန်နဲ့ လေ့ကျင့်မှုရဲ့ ပြင်းထန်မှုအဆင့်။

ချောင်ရှန်သည် ဒါကို ကြားလိုက်ရလျှင် အဖိုးတန်တဲ့ ရတနာတစ်ခု ကောက်ရလိုက်သလို ခံစားရသည်။ ပြီးတော့ မှတ်ဉာဏ်ကောင်းခြင်း မြတ်ဆရာအရှိန်အဝါအား သူ့ကိုယ်သူ ပြန်သုံးလိုက်သေးသည်။

ဒီမြတ်ဆရာအရှိန်အဝါသည် ကျောင်းသားများအား ဟောပြောပွဲ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း မှတ်မိစေနိုင်သည်။

သက်ရောက်မှုကတော့ မြတ်ဆရာအရှိန်အဝါရဲ့ အဆင့်ပေါ်မူတည်သည်။

ရုတ်တရက် တောက်ပလာမှုကြောင့် အနီးအနားက ကျောင်းသားများသည် လန့်ဖြန့်ပြီး ချောင်ရှန်အား အံ့အောသင့်စွာ ဝိုင်းကြည့်နေကြသည်။

ဒါက ဘယ်မြတ်ဆရာကြီးလဲ။

ဒီလောက် အစွမ်းထက်တဲ့ မြတ်ဆရာအရှိန်အဝါကို အမှန်တကယ် နားလည်သဘောပေါက်ခဲ့တာပဲ။ ဘာကြောင့် အရင်က မမြင်ဖူးရတာလဲ။

“ကောင်းပြီလေ။ နောက်ထပ်က မေးခွန်းမေးတဲ့ အပိုင်းပဲ”

ဆွန်းမိုက အိတ်ဆောင် နာရီကို တစ်ချက် ထုတ်ကြည့်လိုက်သည်။ အတန်းပြီးဖို့ အချိန်အနည်းငယ်ပဲ လိုတော့သည်။

ဒီအိတ်ဆောင်နာရီသည် ငွေနဲ့ ပြုလုပ်ထားပြီး ခရမ်းရောင် ဒီဇိုင်းများနှင့် အလှဆင်ထားသည်။

ဘေးနှစ်ဖက်တွင် ရွှေကွပ်ထားသည်။ ဒါသည် အနောက်နိုင်ငံက တင်သွင်းသည့် ပစ္စည်းများထဲမှ ဆွန်းမိုအတွက် လီဇီချီ ဂရုတစိုက် ရွေးချယ်ပေးခဲ့တဲ့ ပစ္စည်း တခု ဖြစ်သည်။

ဒါက မဟာအဆင့် နာရီထုတ်လုပ်သူ တစ်ယောက်၏ လက်ရာ ဖြစ်သည်။ စက်ပိုင်းဆိုင်ရာဖြစ်သော်လည်း အချိန်ကွာဟမှု တစ်နှစ်တွင် သုံးစက္ကန့်တောင် မပိုပါ။ မကြာခဏ ထိန်းသိမ်းရန်လည်း မလိုအပ်ပါ။

"အမ်။ ထပ်မဟောပြော တော့ဘူးလား"

ချောင်ရှန်သည် ဒါကို စွဲလမ်းနေပြီ။ အခုအချိန်က မေးခွန်းမေးတဲ့ အပိုင်းလို့ ကြားလိုက်တာနဲ့ နည်းနည်း စိတ်မချမ်းမသာ ဖြစ်သွားသည်။ ဆွန်းမို ခေါင်းကို ပြေးဖိပြီး ဆက်လက် ဟောခိုင်းထားလိုက်ချင်သည်။

သို့သော်လည်း ချောင်ရှန်သည် သူ့ခံစားချက်ကို အလျှင်အမြန် ထိန်းသိမ်းလိုက်ပြီး အခြေနေကို စောင့်ကြည့်ရန် ပိုအာရုံစိုက်လိုက်သည်။ ဆွန်းမို စကားဆုံးသွားတာနဲ့ ကျောင်းသားတိုင်း လက်မြှောက်နေကြသည်။

ချောင်ရှန် ဘယ်လောက်ပဲ တုံး အနေပါစေ ဒီပြပွဲရဲ့ အဓိကအချက်က ဒီနေရာဆိုတာ သိနေသည်။

ကျောင်းသားများသည် ချက်ခြင်း အရွေးခံချင်တဲ့ စိတ်နဲ့ ရှူးသွပ်နေကြသည်။

“ဒီကျောင်းသား”

ဆွန်းမိုက စင်ပေါ်က ဆင်းလာကာ ကျောင်းသားတစ်ယောက်ကို ပေါ့ပေါ့ပါးပါး လက်ညှိုးထိုးပြလိုက်သည်။

“ဆရာဆွန်း”

ရှန်ဖိန် မတ်တပ်ရပ်လိုက်သည်။ အရိုအသေပေးလိုက်ပြီးနောက် သူ့ခန္ဓာကိုယ်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲများကို စတင် ပြောပြလာသည်။

"အခုတလော ကျွန်တော်ရဲ့ ကျင့်ကြံခြင်း အခြေခံတိုးတက်လာမှု ရပ်တန့်နေသလို ခံစားရတယ်။ အရင်တုန်းကတော့ ကျင့်ကြံလိုက်ရင် တိုးတက်မှုတချို့ကို ခံစားရတယ်။ လေ့ကျင့်တဲ့ ပြင်းထန်မှုအဆင့်ကို တိုးပေးလိုက်ရမလား"

တကယ်လို့ အရင်တုန်းကလိုဆိုရင် ရှန်ဖိန်သည် လေ့ကျင့်ရေး ပြင်းထန်မှုကို ချက်ခြင်းတိုးမြှင့်လိုက်မှာ

သေချာသည်။ သို့သော်လည်း ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းကို အနည်းငယ် တက်ရောက်ပြီးတဲ့ အခါကျတော့ လေ့ကျင့်ရေး ပြင်းထန်မှုကို မဆင်မခြင် တိုးမြှင့်လိုက်လျှင် ခန္ဓာကိုယ် ထိခိုက်သွားနိုင်တယ် ဆိုတဲ့ အချက်ကို သိနေသည်။ တိုးတက်လာရမည့်အစား ဆုတ်ယုတ် သွားနိုင်သည်။

ဆွန်းမိုက လက်ကို ဆန့်ထုတ်လိုက်ပြီး ရှန်ဖိန် ပုခုံးပေါ် လက်တင်လိုက်သည်။ အနည်းငယ် နှိပ်လိုက်ပြီးနောက် လက်ကို အောက်ချလိုက်သည်။

“ဒါက နတ်ဘုရားလက်လား”

ချောင်ရှန်က ဘယ်လို ထူးခြားလဲဆိုတာ သိချင်စိတ်နဲ့ မျက်လုံးကြီးပြူးပြီး စောင့်ကြည့်နေသည်။

"မင်း လေ့ကျင့်ရေး ပြင်းထန်မှုအဆင့်က အဆင်ပြေပါတယ်။ ထပ်ပြီးမတိုးသင့်တော့ဘူး. ဒီလိုမှမဟုတ်ရင် မင်းကြွက်သား ဒဏ်ရရသွားလိမ့်မယ်"

ဆွန်းမိုက သုံးသပ်လိုက်သည်။

"ဒါဆိုရင် ငါ့အခြေနေက................"

ရှန်ဖိန် စိုးရိမ်ပူပန်သွားသည်။

"မင်းက ဓါးတစ်ချောင်းဓါးကျင့်စဉ် တစ်မျိုးထဲကိုပဲ ထာ၀ရ လေ့ကျင့်နေလို့ မရဘူး။ မင်းအတွက် နောက်တစ်ခု ပြောင်းကျင့်ဖို့ အချိန်ရောက်နေပြီ"

ဆွန်းမို အကြံပေးလိုက်သည်။

"မင်းရဲ့ ကြွက်သားက အဲဒီဓါးကျင့်စဉ်ကနေ တက်ကြွမှုကို မခံစားရတော့ဘူး။ ရိုးရိုးရှင်းရှင်း ပြောရလျှင် မင်းထပ်ပြီး မတိုးတက်လာနိုင်တော့ဘူး။ အခုအနေကတော့ မင်းလေ့ကျင့်နေလဲ လေ့ကျင့်နေတာပဲ ရှိမယ်"

ရှန်ဖီန် လန့်ဖြန့်သွားသည်။ နတ်ဘုရားလက်က တကယ်ကို အစွမ်းထက်လှသည်။ သူက ဒီနှစ်နှစ်စလုံး ဓါးတစ်ချောင်းဓါးကျင့်စဉ်ကိုပဲ လေ့ကျင့်နေခဲ့ပြီး တခြား ကျင့်စဉ်များကို မလေ့ကျင့်ခဲ့ပါ။

ရှန်ဖီန် ၏ လေးစားအထင်ကြီးမှု +၅၀ မူလ(၅၀/၁၀၀)

"ဆရာ"

နောက်တန်းမှာ ထိုင်နေတဲ့ မျက်ခုံးထူထူနဲ့ ကျောင်းသားက လက်ထောင်လိုက်သည်။

"ပြော"

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။

“ဆရာ၊ ပိုလေ့ကျင့်တာက အသုံးမဝင်ဘူးလား။ လေ့ကျင့်ခြင်းက ပြည့်စုံခြင်းဆို”

“ဓါးကျင့်စဉ်ဆိုတာ မျက်လုံးမှိတ်ပြီး ထပ်ခါထပ်ခါ လေ့ကျင့်နေရုံနဲ့ ပိုသန်မာလာမှာ မဟုတ်ဘူး။ မင်းလုပ်သင့်တာက ထပ်တလဲလဲ မှားတတ်တဲ့ အမှားတွေကို ရှာပြီး ဒီဓါးကျင့်စဉ်ကို အပြည့်အဝ အသုံးချနိုင်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ လမ်းကြောင်းကို ရှာဖွေသင့်တယ်”

ဆွန်းမိုက ထပ်ရှင်းပြလိုက်သည်။

"မင်းက ထိရောက်မှုမရှိတဲ့ လေ့ကျင့်မှုကို ထပ်ခါတလဲလဲ လုပ်နေတာက အချိန်ပဲ ကုန်သွားလိမ့်မယ်"

ချောင်ရှန်က ခေါင်းညိတ်လိုက်သည်။ ပါရမီရှင်တစ်ယောက်က ခါးကျင့်စဉ်ကို တစ်ကြိမ်တည်း လေ့ကျင့်ဖို့ လိုသော်လည်း သာမန်လူများက အကြိမ်တစ်ရာလောက် လေ့ကျင့်ဖို့ လိုအပ်သည်။ ဒါက သဘောတရားတစ်ခုပါ။

ကျင့်ကြံခြင်းတန့်နေတဲ့ ကျောင်းသားက ဒီကျင့်စဉ်ကို ရင်းနှီးလွန်းသဖြင့် အမှားဆင်ခြင်ဖို့ အာရုံမရှိတော့ပါ။

"တစ်လလောက် ဆက်လေ့ကျင့်ပြီးရင် နောက်ထပ် ကျင့်စဉ်တစ်ခု ပြောင်းပြီး လေ့ကျင့်လိုက်တော့"

ဆွန်းမိုက ဖြေရှင်းချက် ပေးလိုက်သည်။

"ဒါပေမယ့် ဆရာ၊ ငါရဲ့ ကျင့်စဉ်က သာမန်ကောင်းကင် အဆင့် ကျင့်စဉ်တစ်ခုပဲ"

ဒီစကားပြောနေတဲ့အချိန်တွင် ရှန်ဖီန်သည် သာလွန်မှုကို ခံစားနေရသည်။ ဒီအဆင့် ဓါးကျင့်စဉ်က အရမ်းအစွမ်းထက်နေပြီ။

ခန့်မှန်းထားသလိုပဲ စာသင်ခန်းထဲတွင် အာမေဒိတ်သံ အများအပြား ပေါ်ထွက်လာသည်။ ကျောင်းသားတချို့ဆို ရှန်ဖီန်အား မနာလိုတဲ့ အကြည့်နဲ့ ကြည့်နေကြသည်။

ရှန်ဖီန် ပြောချင်တဲ့ အဓိပ္ပါယ်က ရှင်းလှသည်။ (ဒီဓါးကျင့်စဉ်ထက် အဆင့်မြင့်တဲ့ကျင့်စဉ်ကို မရှာနိုင်တော့ဘူး။ အဆင့်နိမ့်တဲ့ ကျင့်စဉ်တွေကို

လေ့ကျင့်လို့ ဘာအကျိုးရှိမှာလဲ)

"မင်းက ငါ့ရည်ရွယ်ချက်ကို နားမလည်သေးဘူးပဲ။ ခါးကျင့်စဉ် ပြောင်းခိုင်းတာက တိုက်ခိုက်ရေး အစွမ်းကို မြှင့်တင်ဖို့ မဟုတ်ဘူး။ အဲဒီအစား ငါလိုချင်တာက မင်းရဲ့ကြွက်သားတွေ နောက်တစ်ကြိမ်ပြန်ပြီး လှုပ်ရှားလာအောင်"

ဆွန်းမိုက စာသင်ခန်းထဲကို စူးစူးရှရှ လှည့်ပတ်ကြည့်လိုက်ပြီး

"လူ့ခန္ဓာကိုယ်က ကြွက်သားအစုံအလင်နဲ့ ပေါင်းစပ်ထားတယ်။ ကျင့်စဉ်တစ်မျိုးကို

လေ့ကျင့်နေရင် ကြွက်သားတစ်မျိုးတည်းက လှုပ်ရှားနေရပြီး ကျန်တဲ့ ကြွက်သားတွေက အလုပ်မလုပ်ရတော့ဘူး။ ကျန်တဲ့ ကြွက်သားတွေ အလုပ်လုပ်ရအောင် ဓါးကျင့်စဉ်ကို ပြောင်းပေးရတယ်”

အရင်တုန်းက ဆွန်းမိုသည် ပြင်သစ်နိုင်ငံက သုံးမျိုးဖြတ်ကျော် ခရီးကြမ်း ပြိုင်ပွဲကို ကြည့်ရတာ သဘောကျခဲ့သည်။ အဲဒါကြောင့် စက်ဘီးစီးခြင်း သဘောတရားကို နားလည်ပြီး စက်ဘီးစီးသူရဲ့ ကြွက်သားများသည် မာရ သွန်ပြိုင်ပွဲ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အထူးပြုတဲ့သူရဲ့ ကြွက်သားတွေနဲ့ ကွာခြားတာကို သတိပြုမိခဲ့သည်။

သုံးမျိုးဖြတ်ကျော် ခရီးကြမ်းပြိုင်ပွဲသည် ကိုယ်လုံး။ အဆုတ်နှင့် နှလုံး၊ သူတို့၏ ဖွဲ့တွေမှာ ပြဿနာမရှိကြောင်းကို ပြသခဲ့သည်။ ဒါပေမယ့် မာရသွန်ချည်းပဲ ပြိုင်မယ်ဆိုရင် သူတို့ ပထမနေရာ လုံးဝ မရနိုင်ပါ။

ကျောင်းသားတော်တော်များများသည် ရုတ်တရက် သဘောပေါက်သွားတဲ့ အမူအရာများ ဖော်ပြလာကြသည်။

"ဆရာ ဒီလိုဆိုရင် ကျွန်တော် ဘယ်လိုဓါးကျင့်စဉ်ကို ရွေးချယ်ရမှာလဲ"

ရှန်ဖိန်က စိတ်ရင်းနဲ့ လမ်းညွှန်မှုကို တောင်းဆိုလိုက်သည်။

" မင်းလေ့ကျင့်နေတဲ့ကျင့်စဉ် အမျိုးအစားက လျှင်မြန်မှုကို အလေးပေးတဲ့ ကျင့်စဉ်ပဲ။ ဒီလိုအခြေအနေအတွက်ဆိုရင် အမျိုးအစားတူတဲ့ ကျင့်စဉ်ကို ရွေးချယ်လိုက်ရုံနဲ့ အဆင်ပြေတယ်"

ဟာ နတ်ဘုရားလက်က သူ့ရဲ့ ဂုဏ်သတင်းနဲ့ ကိုက်ညီတာပဲ။

ပုခုံးကို အနည်းငယ် ထိလိုက်ရုံနဲ့ ကျင့်စဉ်အကြောင်းကို ကောင်းကောင်း သိနေတာပဲ။

“ကျေးဇူးတင်ပါတယ်။ ဆရာ”

အရိုအသေပေးနေတဲ့ ရှန်ဖီန်၏ မျက်နှာတွင် လေးစားမှုများကို မြင်နိုင်သည်။ ဒီအတန်းပြီးရင် ဆရာဆွန်းရဲ့ လမ်းညွှန်ချက်အတိုင်း လိုက်လုပ်ဖို့ ဆုံးဖြတ်ထားသည်။

ဒင်

ရှန်ဖီန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၁၅၀/၁,၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တံခါးအပြင်ဘက်တွင် ရှိနေသော ချောင်ရှန်သည် ဒါကို ကြည့်ပြီး အံ့အော တုန်လှုပ်သွားသည်။

စာစဉ်(၂၀)

အခန်း(၂၈၅) - ဘယ်လိုတောင် ထူးချွန်ရတာလဲ။

ချောင်ရှန်သည် အရင်က နတ်ဘုရားလက်များကို မြင်ခဲ့ဖူးသည်။

မြတ်ဆရာတချို့သည် လူစိမ်းတစ်ယောက်ကို ထိတွေ့လိုက်ရုံနဲ့ ဓါးပညာ ဒါမှမဟုတ် ကျွမ်းကျင်မှုအဆင့် ၊ ကျင့်ကြံမှု အဆင့်ကို ဆုံးဖြတ်နိုင်သည်။ ဒါပေမယ့် လူတစ်ယောက်

ဘာကျင့်စဉ် ကျင့်နေလဲဆိုတာ သိဖို့လား ဒါက နည်းနည်း ပုံကြီးချဲ့လွန်းရာ ရောက်သည်။

အမှန်တိုင်းပြောရလျှင် ချောင်ရှန်သည် ကျောင်းသားရဲ့ အထောက်အထားနဲ့ ပက်သက်ပြီး နည်းနည်းတော့ သံသယ ဝင်မိသည်။ ဒါဇာတ်တိုက်ထားတဲ့ ဆွန်းမို ဌားထားတဲ့လူများ ဖြစ်နေမလား။

နတ်ဘုရားလက်ကို ပိုင်ဆိုင်တဲ့မြတ်ဆရာများသည် အရမ်းရှားပါးသည်။ ပြီးတော့ နှစ်ပေါင်းများစွာ အတွေ့အကြုံကို

စုဆောင်းကာ ကျောင်းသားအရေအတွက် အများကြီး လေ့လာသုံးသပ်ပြီး နတ်ဘုရားလက် တစ်စုံကို ပိုင်ဆိုင်ကြခြင်း ဖြစ်သည်။

ဒါပေမယ့် ဆွန်းမိုကတော့။

သူက အရမ်းငယ်ရွယ်ပြီး အသက် ၂၀သာ ရှိသေးသည်။ အသယ်နှစ်ဆယ် ထပ်ပေါင်းလိုက်လျှင် ဘယ်လောက်တောင် သန်မာနေလိုက်မလဲ။

ဆွန်းမိုရဲ့ အစွမ်းပြမှုက ဆက်ရှိနေသေးသည်။

ဟောခန်းမထဲတွင် လက်ထောင်တဲ့လူတွေက အရမ်းများနေသဖြင့် သစ်တောထဲ ရောက်နေသလို

ဖြစ်နေသည်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာ ဆွန်းမိုက နာမည်မခေါ်တော့ပါဘူး။ အမျိုးသမီး ကျောင်းသူလေးတစ်ယောက် အနားသွားပြီး ရပ်လိုက်သည်။

"အနှိပ်ခံချင်လား"

ဆွန်းမိုက မေးလိုက်သည်။

"ဒါဆို ဆရာ့ကို ဒုက္ခပေးရတော့မယ်"

စွန်ရန် အမြန် ထရပ်လိုက်သည်။

"ထိုင်နေပါ။ ဗိုက်ထဲ နေမကောင်းရင် အတန်းမတက်သင့်ဘူး။ ရက်ပိုင်းလောက်တော့ အနားယူသင့်တယ်။ ရေနွေး များများသောက်ပါ။ ဒီရက်ပိုင်းအတွင်း ဂျင်းနဲ့အပူတွေကို များများစားပေးပါ"

ဆွန်းမို ခါးကုန်းလိုက်သည်။ စွန်ရန် ဗိုက်ပေါ်လက်တင်ပြီး သက်ရှင်သွေးနည်းစနစ်နဲ့ အခြံခံအနှိပ်ပညာကို အသုံးပြုလိုက်သည်။

ဗိုက်ထဲက နာကျင်မှုကြောင့် သူမ မျက်နှာ အနည်းငယ် ဖြူဖျော့သွားသည်။ သို့သော်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုနှိပ်နေတဲ့ တခဏလေးအတွင်းမှာ သူမခန္ဓာကိုယ် တစ်ခုလုံးကို နွေးထွေးသော စီးကြောင်းတစ်ခု စီးဆင်းလာသည်။

စွန်ရန်သည် အရမ်းသက်တောင့်သက်သာဖြစ်နေသဖြင့် မျက်ရည်တောင် ကျချင်လာသည်။

ယောကျ်ားလေး ကျောင်းသားတွေက ဘာဖြစ်နေလဲ မသိကြပေမယ့် အတန်းကြီးတဲ့အမျိုးသမီး ကျောင်းသူတွေ အားလုံးက နားလည်ကြသည်။ ဒီကျောင်းသူလေးက ရာသီလာနေခြင်း ဖြစ်သည်။

လစဉ် ရက်ပိုင်းလောက် ရာသီလာခြင်းသည် အမျိုးသမီးများအတွက် ညှင်းပန်းနှိပ်စက်မှု တစ်မျိုး ဖြစ်သည်။

ဆွန်းမိုက စွန်ရန်အာ နှိပ်ပေးပြီးတဲ့အခါ စာရွက်တစ်ရွက် ထုတ်ကာ သူမအတွက် အစားအသောက် အစီအစဉ်တစ်ခု ရေးဆွဲပေးလိုက်သည်။

"မင်းခန္ဓာကိုယ်က တခြားသူတွေထက် အအေးဓာတ်ပိုများတော့ မင်းရာသီလာချိန်က ပိုကြာတယ်။ မင်းရဲ့ဝိညာဉ်ချီ လည်ပတ်မှုကို

အပျော်ဖတ်ဖို့အတွက်တော့ ဒီဆေးညွှန်းက အတော်အသုံးဝင်ပါတယ်ဆိုတာ ...

အပြန်အလှန် မေးဖို့ ...

အဟာနဲ့အတား ဖြစ်စေတဲ့အတွက် ဒီရက်ပိုင်းမှာ မင်းထူးထူးခြားခြား ဖျားနေလိမ့်မယ်။ ဒီဆေးညွှန်းထဲက ဆေးပင်တွေကို ရေနွေးနဲ့ ပြုတ်သောက်လိုက်ပါ”

ဆွန်းမို ညွှန်ကြားလိုက်သည်။

အမျိုးသမီးကျောင်းသူတချို့က စိတ်မထိန်းနိုင်ဘဲ ချက်ခြင်းထရပ်ပြီး စာရွက်ကို လှမ်းကြည့်ကြသည်။

“ကြည့်နေစရာမလိုဘူး။ ဒီဆေးညွှန်းက ကျန်တဲ့သူတွေအတွက် အသုံးမဝင်ဘူး”

"မင်းက အသီးအရွက်တွေကို ကြုံသလိုစားရင် သေချာပေါက် ဆိုးဝါးတာ ဖြစ်လာလိမ့်မယ်"

ဆွန်းမိုက သတိပေးလိုက်သည်။

"ဆရာ၊ ဆေးပညာလည်း နားလည်တာပဲလား"

ကျောင်းသားတစ်ယောက်က စပ်စုလိုက်သည်။ ဆွန်းမိုရဲ့ ဆေးပညာကျွမ်းကျင်မှု ဖော်ပြတာကို တစ်ခါမှ မမြင်ဖူးပါ။

"မဟုတ်ဘူး။ ငါအပင်ဗေဒအကြောင်း အနည်းငယ် သိတယ်"

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေသည်။

“ကျေးဇူးတင်ပါတယ်၊ ဆရာ”

စွန်ရန်က ကျေးဇူးတင်စကားပြောပြီး စာရွက်ကို ဂရုတစိုက် ယူလိုက်သည်။

ဒင်

စွန်ရန်၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၁၈၀/၁,၀၀၀)

ဆွန်းမို အနည်းငယ် အံ့အောသွားသည်။ ဒီကောင်မလေးနဲ့သူက အခု

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လေးစားအထင်ကြီးဆက်သွယ်ချက် စတင်ခြင်းဖြစ်သည်။ စွန်ရန်၏ သူငယ်ချင်းက ဖေါင်ယန်၏ အနိုင်ကျင့်ခံခဲ့ရတာကို ဆွန်းမို မသိပါ။ ဒါကြောင့် ဖေါင်ယန်ကို ကျောင်းထုတ်ပြီးနောက် စွန်ရန်က ဆွန်းမိုရဲ့ အသဲစွဲ ပရိတ်သတ် ဖြစ်လာခဲ့သည်။

ဖိနှိပ်ချုပ်ခြယ်မှုကို မကြောက်ဘဲ အမှန်တရားအတွက် သတ္တိရှိရှိ ရင်ဆိုင်ပေးခဲ့တဲ့ ဆွန်းမိုဟာ တကယ်ကို အရည်အချင်းပြည့်ဝတဲ့လူ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာက အရမ်းကြွင်နာတတ်တာပဲ”

“ငါလည်း ဆရာရဲ့ ကြွင်နာမှုကို လိုချင်လိုက်တာ”

“ဟွန့်၊ ငါ့ချစ်သူကတော့ ဗိုက်အောက်တယ်လို့ ပြောရင် ရေနွေးအိတ်ကပ်နေလိုက်တဲ့”

“လမ်းခွဲလိုက်စမ်းပါ။ အခုမှမခွဲရင် နောက်နှစ်မှ လမ်းခွဲမလို့လား”

အဲဒီစကားပြောသံကို ကြားလိုက်လျှင် ဆွန်းမိုသည် ချွေးစေးတွေထွက်လာပြီး

သူ့ရည်စားကောင်လေးအတွက် သနားသွားမိသည်။

စာသင်ခန်းက ဆက်ပြီး လည်ပတ်နေခဲ့သည်။

ကျောင်းသားတွေရဲ့အမြင်တွင် ဆွန်းမိုက ကျောင်းသားတွေကို ကြံ့ရာကျပန်း ရွေးချယ်နေတယ် ထင်နေကြသည်။ သို့သော် ဆွန်းမိုက နတ်ဘုရားမျက်စိ အာရုံကိုအသုံးပြုပြီး သူဖြေရှင်းနိုင်တဲ့ ပြဿနာများကိုသာ ရွေးချယ်ခဲ့သည်။

ဆွန်းမိုက ကျောင်းသားတစ်ယောက်ဆီသို့ လျှောက်သွားပြီး မြီးညှောင့်ရိုးကို နှိပ်လိုက်သည်။

"ဆရာ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသား အနေခက်သွားသည်။

"ဒီနေ့ မင်းဗိုက်ရစ်နေတာလား။ မြန်မြန်သွားပြီး ဆရာဝန်ရှာလိုက်ပါ။ ဒီလိုမှမဟုတ်ရင် မနက်ဖြန်ကျရင် ပိုနာလာလိမ့်မယ်"

ရှေ့ဟောင်းအနှိပ်ပညာသည် ရောဂါအားလုံးကို ပျောက်ကင်းအောင် မကုသပေးနိုင်ပါ။ ပြီးတော့ ဆွန်းမိုက နတ်ဘုရားမျက်စိအာရုံအား သုံးနေတဲ့အချက်ကို ဖုံးကွယ်ထားရန် ကျောင်းသားတွေကို တမင်သက်သက် အချိန်ယူပြီး နှိပ်ပေးနေသည်။

"ဆရာ၊ မှတ်ထားလိုက်ပါ့မယ်"

ကောင်လေး ကျောင်းသားက မတ်တပ်ရပ်လိုက်ပြီး စိတ်ထဲ နေရထိုင်ရခက်နေသည်။ ရှက်လည်း ရှက်နေသည်။ နောက်ဆုံး အစားအကျန်တွေကို စားပြီး ဗိုက်နာလာခဲ့သည်။ ဒီကိစ္စကြောင့် အရမ်းရှက်နေသည်။

သူက ဆင်းရဲသဖြင့် အခြားသူများက လှောင်ပြောင်မှာကို စိုးရိမ်နေသည်။

"ခြိုးခြံချွေတာ တာက ကောင်းတဲ့ အလေ့အကျင့်ပါ။ ဒါပေမယ့် မင်းခန္ဓာကိုယ်ကို

မထိခိုက်အောင်တော့ ဂရုစိုက်ရမယ်။ တကယ်လို့ နေမကောင်းဖြစ်သွားရင် ပိုတောင် ပိုက်ဆံကုန်သွားအုံးမယ်။ မတန်ပါဘူးကွာ”

ဆွန်းမိုက ကျောင်းသားရဲ့ ပုခုံးကို ပုတ်လိုက်ပြီး “စာသင်ချိန်ပြီးသွားရင် ရုံးခန်းထဲမှာ ငါ့ကိုလာရှာပါ” အဲဒီစကားကို ကြားလိုက်လျှင် ကျောင်းသားအားလုံးက မနာလိုတဲ့ အကြည့်နဲ့ ဝိုင်းကြည့်နေကြသည်။

ဆွန်းမိုက ထပ်ပြီးတော့ လမ်းညွှန်ချက်ပေးမလို့လား။

ကင်မင်သည် အားကိုးရာမဲ့နေသလို ခံစားရသည်။ ဒီအသက်အရွယ်အထိ ကြီးပြင်းလာခဲ့သော်လည်း မိန်းကလေးတွေက သူ့ကို တစ်ခါ မကြည့်ဖူးပါ။ ဒီနေ့တော့ သူ့ဘဝရဲ့ အထွတ်အထိပ်ကို ရောက်သွားပြီ။

သို့သော် ကင်မင်က သက်ပြင်းခပ်လေးလေးတစ်ချက် ချလိုက်သည်။ ဒီလိုပြောတာက သူကအစားကျန်တွေကို စားနေလို့ဖြစ်သည်။

"ကောင်းပြီလေ။ နောက်ထပ်ကျောင်းသားတစ်ယောက်ကို ရွေးချယ်ပြီး သူ့အတွက် ကျင့်ကြံခြင်း အစီအစဉ် ရေးဆွဲပေးမယ်"

ဆွန်းမိုက စင်ပေါ်သို့ ပြန်သွားပြီး စာသင်ခန်းတစ်ခုလုံးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ကျောင်းသားများက ချက်ခြင်း ခါးမတ်လိုက်ပြီး ဆွန်းမိုက စားစရာပစ်ကျွေးတာကို မျှော်နေတဲ့ မျက်လုံးနဲ့ ကြည့်နေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စာသင်ခန်းအပြင်ဘက်တွင် မတ်တပ်ရပ်နေတဲ့ ချောင်ရှန်က ဒါကို မြင်လိုက်လျှင် အရမ်းအံ့အောသွားသည်။

ကျောင်းသားအားလုံးရဲ့ အာရုံကို လုံးဝ ဖမ်းစားထားနိုင်သည်။ ကြောင်တောင်တောင် ဖြစ်နေတာလား။ ဝတ္ထု ခိုးဖတ်နေတာလား။ အချင်းချင်း စကားတိုးတိုး ပြောနေတာလား။

ဒါတွေ လုံးဝ မရှိပါ။ ကျောင်းသားများက စက္ကန့်တိုင်း အချိန်တိုင်းကို အရမ်း တန်ဖိုးထားကြသည်။

"ပြီးတော့ သူ့ရဲ့ နတ်ဘုရားလက် အနှိပ်နည်းစနစ် တစ်မျိုး ဖြစ်နိုင်တယ်။ ရာသီလာတာနဲ့ အစာအဆိပ်သင့်တာကို ဖော်ထုတ်နိုင်တဲ့ အချက်က တကယ် သဘောကျစရာပဲ"

ချောင်ရှန်က သဘောကျစွာ သက်ပြင်းချလိုက်သည်။

ပြီးတော့ ဆွန်းမိုရဲ့ စေ့စပ်သေချာမှုကြောင့် ပိုတောင် ချီးကျူးမိသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့ ချောင်ရှန်သည် ကျောင်းသားများစွာကို တွေ့ခဲ့ဖူးသည်။ သူ့ရဲ့ အရမ်းအားကောင်းတဲ့ အတွေ့အကြုံ အစွမ်းထက်တဲ့ သုံးသပ်ချက်အရ အဲဒီကျောင်းသားလေးသည် အရမ်းဆင်းရဲလို့ အစားအကျန်တွေ စားခဲ့ရတယ်ဆိုတာ တစ်ချက်ကြည့်ရုံနဲ့ သိနေသည်။ သို့သော် ဆွန်းမိုသည် ကျောင်းသားရဲ့ အရှက်ကို ထောက်ထားပြီး အဲဒီအကြောင်းကို တစ်ချက်တောင် ထုတ်မပြောခဲ့ပါ။

ဒင်

ချောင်ရှန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၁၉၀/၁,၀၀၀)

“မဟုတ်သေးဘူး။ ငါစိတ်အေးအေး ထားရမယ်။ ထပ်ပြီး စောင့်ကြည့်သင့်တယ်”

ချောင်ရှန်က သူ့ကိုယ်သူ သတိပေးလိုက်သည်။ လွယ်လွယ်နဲ့ ဆုံးဖြတ်ချက်ချလို့ မဖြစ်ပါ။ ဒါက သူ့ဘဝရဲ့ ခံယူချက် ဖြစ်သည်။

ကျောင်းဆင်း ခေါင်းလောင်းသံ မပေါ်လာခင် ချောင်ရှန်သည် အန်ရှီဝေ မတွေ့ရှိအောင် ရှောင်ပြီး

ထွက်ခွာသွားသည်။ ပြီးတော့ သူ့ရဲ့လေ့လာသုံးသပ်မှုကလည်း ပြီးသလောက် ဖြစ်နေပြီ။

ဘယ်လိုပဲပြောပြော စကားတစ်ခွန်းလောက်နဲ့ လူတွေရဲ့ အာရုံကို ဆွဲဆောင်နိုင်သည်။ ခန့်မှန်းထားတာထက် ကျော်လွန်သွားပြီ။ ချောင်ရှန်သည် ၂ဆ လောက်ကို စိတ်ကျေနပ်နေသည်။

ချောင်ရှန်သည် ဆွန်းမိုရဲ့ နေ့ခင်းဘက် ဝိညာဉ်တက်တူး အတန်းကို စောင့်ကြည့်အုံးမည်။

အဲဒါက ဆွန်းမိုကို အမဲလိုက်ဖို့အတွက် လစာနဲ့ သက်ဆိုင်နေသည်။

အခုအချိန်တွင် ချောင်ရှန်သည် အရမ်းစိတ်လှုပ်ရှားပြီး တုန်လှုပ်နေသည်။

တကယ်လို့ ဆွန်းမိုရဲ့ ဝိညာဉ်တက်တူး အတန်းသည် ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းလို ထူးထူးခြားခြား မရှိဘဲ တစ်ဝက်လောက်သာ ရှိရင်တောင် သူ အရမ်းကျေနပ်မိလိမ့်မည်။ အဲဒီလိုမှမဟုတ်ရင် ဆွန်းမိုကို ခေါ်ယူဖို့အတွက် ဒီထက်ပိုမြင့်တဲ့

စျေးနှုန်းကို ကမ်းလှမ်းဖို့အတွက် သူ ခံနိုင်ရည်မွေးထားရလိမ့်မည်။

တကယ်တော့ အန်ရှီဝေမှာ ဦးနှောက် မရှိရင်တောင် ဒီလိုမျိုး ပါရမီရှင်တစ်ယောက်ကို သူမဘေးနားမှာ ခေါ်ထားဖို့အတွက် ရှိသမျှ ထုတ်ရင်းလိမ့်မည်။

အတန်းချိန်ပြီးတဲ့နောက်မှာ ဆွန်းမိုသည် စာသင်ခန်းထဲက ထွက်လာသည်။ ဘယ်ညာ လှည့်ကြည့်သော်လည်း သူစိမ်းတစ်ယောက်မှ မတွေ့ပါ။

ဒင်

"လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း ၂,၆၀၀ မှတ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။

ဆွန်းမိုသည် ရုံးသို့ ပြန်လာခဲ့သည်။ သူက ရှာယွန်ကို တွေ့လိုက်လျှင်

"အစ်မ ရှာ၊ ငါတို့ကျောင်းမှာ ချောင်ရှန်ဆိုတဲ့ လူရှိလား။"

"ချောင်ရှန်"

ရှာယွန်လည်း ကြောင်သွားသည်။

"ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူး။ ဒီအတိုင်း မေးကြည့်တာပါ"

ဆွန်းမိုက သူ့ကို ချောင်းကြည့်နေတယ်လို့ မပြောချင်ပါ။ ဒီနာမည်က ယောက်ျားလေး နာမည်ဖြစ်နေသဖြင့် နည်းနည်း ရှက်တာလဲ ပါသည်။

"ငါတို့ ကျောင်းမှာ ချောင်ရှန် နာမည်နဲ့လူမရှိပေမယ့်လည်း မရီဒန်အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး နာမည်က ချောင်ရှန်ပဲ။

ရှန်က အနားယူခြင်း ဒါမှမဟုတ် အပန်းဖြေခြင်း အဓိပ္ပါယ်”

ရှာယွန်က ပြောပြသည်။

ဆွန်းမို ရုတ်တရုတ် သဘောပေါက်သွားသည်။ ယူရုံပိုက ကျောင်းအုပ်ကြီးကို သူ့အကြောင်း ပြောနေတာ ဖြစ်နိုင်သည်။ ဒါကြောင့် ကျောင်းအုပ်ကြီး ချောင်ဆီကနေ လေးစားအထင်ကြီးမှုအမှတ်တွေ ရုတ်တရုတ် ထွက်လာတာ ဖြစ်လိမ့်မည်။

မိနစ် အနည်းငယ်ကြာတော့ ကင်မန် ရောက်လာသည်။ အဲဒီနောက် ဆွန်းမိုသည်

ပိုက်ဆံအိတ်ထဲက မရေတွက်ဘဲ ကင်မန်ကို ပိုက်ဆံထုတ်ပေးလိုက်သည်။

“ဒါကို ယူလိုက်။ အစားအသောက်ကို ဂရုစိုက်။ မင်းခန္ဓာကိုယ်က အဖိုးတန်တဲ့ အရင်းအမြစ်တစ်ခုဆိုတာ မှတ်ထားပါ၊ ငယ်သေးလို့ ဂရုမစိုက်တာမျိုး မလုပ်နဲ့ “

ကင်မန်က အိတ်ကို ဖွင့်ကြည့်လိုက်လျှင် ငွေစာချုပ်များ ထည့်တားတာကို မြင်လိုက်ရသည်။ မျက်နှာ အမူအရာ ပြောင်းသွားပြီး ဆွန်းမိုနောက်သို့ ကမန်းကတမ်း လိုက်သွားသည်။

"ဆရာ၊ ဒါကို ကျွန်တော် မယူနိုင်ဘူး"

"ယူလိုက်ပါ။ ငါက ပိုက်ဆံ မလိုဘူး။ မင်က လိုအပ်နေတယ်"

ဆွန်းမို လက်မခံဘဲ လှည့်ထွက်သွားသည်။

"ကောင်းကောင်း ကျင့်ကြံပါ။ ရလဒ်ကောင်းအောင် လုပ်ပါ။ အဲဒါက ငါ့ကို ကျေးဇူးဆပ်တာပဲ"

ဆွန်းမိုကို ပိုက်ဆံ ပြန်ပေးမှာလား။ ဆွန်းမိုက ဒီအကြောင်းကို စကားတစ်ခွန်းတောင် မပြောခဲ့ပါ။

ဖုန်း

ကင်မန်က ဒူးထောက်ပြီး အရိုအသေ သုံးကြိမ် ပေးလိုက်သည်။ သူ့မှာ ပိုက်ဆံမရှိလို့ ရှက်နေခဲ့ရသည်။ ဒီငွေပမာဏက မိုးကောင်းကင်ပေါ်ကနေ မိုးသည်းထန်စွာ ရွာချနေသလိုပဲ။

“ဆရာ၊ ကျွန်တော် အကောင်းဆုံး ကြိုးစားပြီး ပြန်ပေးဆပ်ပါ့မယ်”

ဆွန်းမိုက မလိုချင်ပေမယ့် ကင်မန်က သေချာပေါက် ပြန်ပေးရမည်။

ဒင်

ကင်မန်၏ လေးစားအထင်ကြီးမှု +၁၀၀ ရင်းနီး(၁၅၀/၁,၀၀၀)

ကင်မန်သည် သူ့မြင်ကွင်းမှ ဆွန်းမို လုံး၀ ပျောက်သွားမှ မတ်တပ် ထရပ်လိုက်သည်။ မျက်ရည်များ သုတ်ပြီးနောက် အိတ်ထဲက ငွေများကို ရေတွက်လိုက်သည်။ အထဲမှာ ငွေတုံး တစ်ထောင်လောက် နီးပါး ပါနေတာကို မြင်လိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကင်မန်၏ လက်များ တုန်နေသည်။ အဆောက်အဦး၏ အပေါ်ထပ် လက်တန်းကို မှီကာ ဆေးလိပ်သောက်နေတဲ့ လင်ကျန်သည် ဒါကိုမြင်လိုက်လျှင် မီးခိုးမှုတ်ထုတ်ကာ မနေနိုင်ဘဲ ဆွန်းမိုကို လေးစား သဘောကျသွားသည်။

တကယ်ကို ရှိသေထိုက်တဲ့ ဆရာတစ်ယောက် ဖြစ်သည်။

အစောပိုင်းတုန်းက ဆွန်းမိုကို ဝေဖန်မှုများကြောင့် နားလည်မှုလွဲခဲ့သည့် သူ့ကိုယ်သူ ရှုတ်တရက် တွေးမိကာ ရှက်သွားသည်။ အရင်ကျောင်းအုပ်ကြီးရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သုံးသပ်ချက်က တကယ်ကို ကြောက်ဖို့ကောင်းလှသည်။

ဒင်

လင်ကျန်၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၁၁၀/၁,၀၀၀)

"လင်ကျန်က ဘာဖြစ်ပြန်ပြီလဲ"

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။ တစ်ယောက်ယောက်က သူ့ကို စောင့်ကြည့်နေရင်တောင် အမျိုးသမီးဆရာဖြစ်လို့ မရဘူးလား။

နေ့ခင်းဘက်တွင်

ဆွန်းမိုသည် ကန်းတင်မှာထိုင်ကာ အမဲသားခေါက်ဆွဲတစ်ပွဲနဲ့ တရုတ် အသားမုန့်တစ်ခုကို စားနေသည်။ ကန်တင်းက အဒေါ်ကြီးသည် ဆွန်းမို အကြိုက်ကို အရမ်းရင်းနှီး နေပြီ။ ဒါကြောင့်လည်း သူမသည် သူ့အတွက် အကောင်းဆုံးမှ အကောင်းဆုံးဆိုတဲ့ အမဲသားအချပ်များကို ချန်ထားခဲ့သည်။

"များများ စားပါလား" ကန်တင်းက ဒေါ်ကြီးက အပြုံးကြီးကြီးလေးပြုံးပြီး ပြောလိုက်သည်။ ဆွန်းမိုရဲ့

အဆင့်အတန်းက မြင့်မားလွန်းသဖြင့် ဆွန်းမိုနဲ့ မလိုက်ဖက်သောကြောင့်သာ ဒီလိုမှမဟုတ်ရင် သူမ သမီးနဲ့ မိတ်ဆက်ပေးလိုက်ခြင်သည်။

"ကျေးဇူးတင်ပါတယ်။ အစ်မလီ"

ဆွန်းမိုသည် သူ့ပန်းကန်ပြားထဲက အမဲသား အပိုကို တွေ့လိုက်လျှင် အရမ်း စိတ်လှုပ်ရှားသွားသည်။ အရင်က သူ့ရဲ့ ကမ္ဘာမှာ အိမ်ပြန်တော့ လမ်းဘေးက အမဲသား ခေါက်ဆွဲကို မှာစာရင်တောင် အမဲသား အများကြီး မရနိုင်ပါ။

"ဆရာဆွန်း၊ နောက်တစ်ခါ လာရင် ငါ့ရဲ့ ဝက်သားစွပ်ပြုတ်ကို စမ်းသောက်ကြည့်သင့်တယ်"

ဆွန်းမိုအတွက် အထူးပြင်ဆင်ထားသော ဝက်သားစွပ်ပြုတ်ကို ငုံ့ကြည့်ရင်း အန်တီဝမ်သည် စိတ်ပျက်စွာ ခေါင်းယမ်းလိုက်သည်။ ဒါက သူမကောင်းကောင်းလေး ချက်ပြုတ်ထားတဲ့ ဟင်းတစ်ခွက်ဖြစ်ပြီး ဆွန်းမို စားမိရင် သေချာပေါက် ကြိုက်လိမ့်မည်။

"ဟုတ်ကဲ့ပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို သူ့ရဲ့ဖြူဖွေးနေတဲ့သွားတွေ ပေါ်အောင်ပြုံးပြလိုက်သည်။

“ဆရာဆွန်းက ပြုံးရင် ကြည့်ကောင်းလိုက်တာ”

“ဟုတ်တယ်နော်။ ငါ့သမီးနဲ့ဆို အရမ်းလိုက်မှာပဲ”

“အစ်မ ဝမ်။ ငါဒီစကားကို ထပ်မကြားချင်တော့ဘူး။ နောက်ဆုံးတော့ ဆရာဆွန်းနဲ့ ဘယ်သူက လိုက်ဖက်မှာလဲ”

ကန်တင်း မီးဖိုချောင်ထဲတွင် တံတွေးတွေ ပျံ့နှံ့နေပြီး အဒေါ်ကြီး အချင်းချင်း ပါးစပ်နဲ့ စကားများနေကြသည်။

စာစဉ်(၂၀)

အခန်း(၂၈၆) - ငါ့မှာ ရှိသမျှ ကုန်ချင်ကုန်ပါစေ သူ့ကို ရအောင် အမဲလိုက်မယ်။

"အို၊ ဒီနေ့ အမဲသားတွေ အများကြီး ပေးတာပဲ"

အစမ်းခန့် ဆရာတစ်ယောက်သည် နေ့လည်စာ ဘာမှာရင် ကောင်းမလဲဆိုပြီး လှည့်ပတ်ကြည့်နေသည်။ ဆွန်းမိုက အမဲသားအပြည့်နဲ့ ခေါက်ဆွဲတစ်ပွဲကို ကိုင်ပြီး ဖြတ်သွားတာ မြင်လိုက်လျှင် ခေါက်ဆွဲကောင်တာသို့ ဦးတည်ပြီး သွားလိုက်သည်။

"ကျေးဇူးပြုပြီး အမဲသား ခေါက်ဆွဲတစ်ပွဲ ပေးပါ"

သိပ်မကြာခင် အမဲသား ခေါက်ဆွဲတစ်ပွဲ ရောက်လာသည်။ ဒါပေမယ့် အစမ်းခန့် ဆရာ မျက်မှောင်ကြုတ်နေသည်။

"နောက်တစ်ယောက်"

အစ်မလီက အော်ခေါ်လိုက်သည်။ အစမ်းခန့် ဆရာ ထွက်မသွားသေးတာကို မြင်လိုက်လျှင် နည်းနည်း စိတ်ရှုပ်သွားသည်။

"ဘာ ဖြစ်လို့လဲ"

"ဒီအမဲသားက......"

အစမ်းခန့် ဆရာက ဘာကြောင့် အမဲသား နည်းနေတာလဲလို့ မေးချင်နေသည်။

"ဒါက အမဲသား အစစ်ပဲ"

အဒေါ်ကြီးက ပြုံးပြီး ပြောလိုက်သည်။

"စိတ်မပူနဲ့။ ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ပါဝင်ပစ္စည်းတွေ အကုန်လုံးက အစစ်တွေချည်းပဲ"

အရင်က ပါဝင်ပစ္စည်းတွေကို သွင်းတဲ့ ကုန်သည်တွေက မဆိုးပါဘူး။ ဒါပေမယ့်

အကောင်းဆုံး မဟုတ်တာတော့ သေချာသည်။ သို့သော် ဆွန်းမိုက ထောက်ပံ့ရေးဌာနမှူး ဖြစ်လာပြီးနောက် ကုန်သည်များကို သင်ခန်းစာ ပေးပြီးကတည်းက ပါဝင်ပစ္စည်းတွေရဲ့ ဈေးနှုန်း အရမ်းနည်းသွားရုံသာမက အရည်အသွေးလည်း အရမ်းကောင်းမွန်လာသည်။

အရင်တုန်းက ကုန်သည်တွေရဲ့ ဟင်းသီးဟင်းရွက် ငါးကီလိုဂရမ်ဆိုပါက အပုပ်တွေကို ၀.၅ ကီလိုဂရမ်ကနေ ၁ ကီလိုဂရမ်အထိ ရောနှောထားသည်။ အဲဒါကိုတောင် ကောင်းတယ်လို့

သတ်မှတ်ပြီးသားပါ။ ဒါပေမယ့် အခုတော့ အဲဒီလို မလုပ်ရဲတော့ပါ။

ဆရာဆွန်းက တကယ့်ကို အရည်အချင်း ရှိတဲ့လူတစ်ယောက် ဖြစ်သည်။ ကျောင်းအတွက် ဘယ်လောက်တောင် ပိုက်ဆံ သက်သာသွားသလဲ။

ဒင်

အစ်မလီ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၅၀၀/၁,၀၀၀)

"မဟုတ်ဘူး။ ငါပြောတာက ဒီအမဲသား...."

အစမ်းခန့် ဆရာ ခေါင်းယမ်းလိုက်သည်။

“ကောင်းပြီလေ။ မင်းအတွက် စွပ်ပြုတ်တစ်ခွက် ထပ်ပေးလိုက်မယ်။ ဒီမှာ ရပ်မနေနဲ့တော့။ မင်းနောက်မှာ စားဖို့ တန်းစီနေတဲ့လူတွေ ရှိသေးတယ်”

အစ်မလီက ပန်းကန်တစ်လုံးယူပြီး စွပ်ပြုတ် ထည့်ပေးလိုက်သည်။

“ဒီဟင်းရည်က အနှစ် ၂၀လောက်ချက်ထားတဲ့ ဟင်းရည်ဟောင်းပဲ။ အရမ်း အရသာ ရှိတယ်”

အစမ်းခန့် ဆရာသည် အရမ်းအံ့အောသွားပြီး ဆွန်းမိုထွက်သွားတဲ့ဘက်သို့ အလိုလို လှမ်းကြည့်လိုက်မိသည်။ သူ့စိတ်ထဲတွင် ဆွန်းမို ခေါက်ဆွဲပွဲထဲက အမဲသားတွေပဲ မြင်ယောင်နေမိသည်။

“တကယ်လို့ ဟင်းရည်က အရမ်းကောင်းနေရင် ဆွန်းမိုအတွက် ဘာလို့ မထည့်ပေးတာလဲ”

အစမ်းခန့်ဆရာသည် အစ်မလီကို ကြည့်ပြီး အကဲခတ်လိုက်သည်။ သူက သူမရဲ့ ကျယ်ဝန်းတဲ့ ပုခုံးနှင့် ဝနေတဲ့ ခါးကို ကြည့်ပြီး

ဒီဆုံးဖြတ်ချက်က ပညာရှိ မဆန်ဘူးလို့ တွေးလိုက်သည်။

"ထားလိုက်ပါတော့။ အမဲသား ပမာဏက လမ်းဘေး ဆိုင်တွေထက်တော့ များနေသားပဲ"

အစမ်းခန့် ဆရာက သူ့ကိုယ်သူ နှစ်သိမ့်လိုက်ပြီး စွပ်ပြုတ်ကို တစ်ချက် သောက်ကြည့်လိုက်သည်။ အရသာက တော်တော်လေး ကောင်းသည်။

နေ့လည်စာ စားပြီးနောက် ဆွန်းမိုသည် အိမ်ပြန်လာကာ လေ့ကျင့်ရေးအခန်းထဲတွင်

နတ်ဘုရားခြေလှမ်းကို လေ့ကျင့်နေခဲ့သည်။ ညနေ ၄နာရီထိုးတော့ စာသင်ဆောင်ကို ပြန်လာခဲ့သည်။

စာသင်ခန်းထဲသို့ ဝင်လာလျှင် နောက်ဆုံးတန်းတွင် ထိုင်နေတဲ့ အသက်ကြီးတဲ့ လူတစ်ယောက်ကို မြင်လိုက်သည်။ အဲဒီလူကြီးက ဆံပင်တွေ ဖြူနေသော်လည်း သပ်သပ်ရပ်ရပ် ဖြီးထားသည်။

ချောင်ရှန်သည် ဆွန်းမိုရဲ့ အကြည့်ကို သတိထားမိပြီး ခေါင်းညိှတ်ကာ ပြုံးပြလိုက်သည်။

မရီဒန်အကယ်ဒမီက ကျောင်းအုပ်ကြီးသည် ကြယ် ၅ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သဖြင့် သူ့ရဲ့ လူမှုရေးအဆင့်အတန်းက အရမ်းမြင့်လှသည်။ ဒါပေမယ့် ဆွန်းမိုကတော့ အေးအေးဆေးဆေးနဲ့ သူ့ရဲ့ သင်ခန်းစာအပေါ်ပဲ အပြည့်အဝ အာရုံ ထည့်ထားသည်။

လူ ၃၀၀ဆန့်သော စာသင်ခန်းထဲတွင် ကျောင်းသား တစ်ဝက်လောက် ရှိနေသည်။ ဟောပြောခန်း အရွယ်အစားအရ တက်ရောက်တဲ့ အရေအတွက်သည် ဆိုးဝါးနေသော်လည်း ဆွန်းမိုလို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လေးလကျော်သာ အလုပ်ဝင်ရသေးတဲ့ ဆရာတစ်ယောက်အတွက်တော့ ဒီအရေအတွက်က အရမ်းကြောက်ဖို့ ကောင်းသည်။

ဒါက ဆရာအသစ် တစ်ယောက်ဖြစ်သော်လည်း အခြားစီနီယာ ဆရာကြီးတွေထံမှ အရင်းအမြစ် အများကြီး လုယူထားနိုင်ခဲ့သည်။

ဒီအတန်းသည် ဆွဲနိုးမှုတစ်ယောက်တည်းသာ သင်ကြားတဲ့ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်း မဟုတ်ပါ။ အခြား ဆရာအများအပြား သင်ကြားကြတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစဉ်အလာကြီးတဲ့ ဘာသာရပ်တစ်ခု ဖြစ်သည်။ ပြိုင်ဆိုင်မှု အရမ်းပြင်းထန်သည်။

ကျောင်းသားရဲ့ အချိန်က အရမ်းတန်ဖိုး ရှိသည်။ သူတို့အတွက် ဘာမှအကျိုးမရှိဘူးလို့ ခံစားရလျှင် လာမှာ မဟုတ်ပါ။

ချောင်ရှန်သည် ဝိညာဉ်တက်တူးဘာသာရပ်ကို နားမလည်သော်လည်း အရင်က တခြားဆရာများရဲ့ ပြောပြောမှုတွေကို နားထောင်ခဲ့ဖူးသည်။ ဆွန်းမို အတန်းနဲ့ယှဉ်ရင် ကွာခြားချက် အရမ်းများတယ်လို့

ခံစားရသည်။ ဆွန်းမိုက ဝိညာဉ်တက်တူး ရေးဆွဲရင်း ရှင်းပြနေသည်။

ဝိညာဉ်တက်တူး ရေးဆွဲရာတွင် အရမ်းအာရုံစိုက်ပြီး အရမ်းဂရုစိုက်ဖို့ လိုအပ်သည်။ ဒီလိုမှမဟုတ်ဘဲ တစ်ချက် မှားသွားရင် ဝိညာဉ်တက်တူး တစ်ခုလုံး ပျက်ဆီးသွားနိုင်သည်။

သူတို့အရည်အချင်းပေါ် အရမ်းယုံကြည်ချက်ရှိတဲ့ မြတ်ဆရာတချို့ ကလွဲလျှင် ဘယ်သူမှ ဒီလို မလုပ်ကြပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပုံမှန် ဝိညာဉ်တက်တူးတစ်ခုတွင် အနည်းဆုံး စုတ်ချက် ရာနဲ့ချီပြီး လိုအပ်သည်။ စုတ်တစ်ချက်မှားပြီး ကျဆုံးသွားပါက ကျောင်းသားများ အရှေ့တွင် အရမ်းရှက်ဖို့ ကောင်းသည်။ ပြီးတော့ ဝိညာဉ်တက်တူး တစ်ခု ပြီးမြောက်ရန် အနည်းဆုံး နာရီဝက်လောက် အချိန်ယူရမည်။ ဒါက အရမ်းပျင်းဖို့ ကောင်းလွန်းသည်။

ဒါကြောင့် စာသင်ခန်းထဲတွင် ဝိညာဉ်တက်တူး ရေးဆွဲတဲ့ ဆရာများသည် အံ့အောဖို့ကောင်းတဲ့ ဝိညာဉ်တက်တူး သခင်များ ဖြစ်ကြသည်။

ချောင်ရှန်သည် ခေါင်းလှည့်ပြီး စာသင်ခန်းထဲက ကျောင်းသားများကို အကဲခတ်လိုက်သည်။

အရမ်းကောင်းသည်။ စိတ်ပျံလွင့်နေတဲ့ ကျောင်းသားတစ်ယောက်မှ မရှိပါ။ အားလုံးကအာရုံစိုက်ပြီး နားထောင်နေကြသည်။

ချောင်ရှန်သည် သူ့မုတ်ဆိတ်မွေးကို ပွတ်ပြီး မျက်မှောင် ကြုတ်နေသည်။ သူ့မှာ သံသယလေး တစ်ခုတော့ ရှိသည်။

ဆွန်းမို ဆွဲနေတာက လိပ်နက် ဝိညာဉ်တက်တူး ဖြစ်သည်။ ဒါက အများအားဖြင့်တော့ ကာကွယ်ရေးဆိုင်ရာ ဝိညာဉ်တက်တူးတစ်ခု ဖြစ်သည်။ တကယ်အခြေခံထဲမှ အခြေခံ ဖြစ်သည်။ စလေ့လာတဲ့ ကျောင်းသားများအားလုံး ဆွဲဖူးတဲ့ ဝိညာဉ်တက်တူး တစ်ခု ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက လူတိုင်းတတ်မြောက်နေတဲ့ မိတ်ဆက်ဝိညာဉ်တက်တူး တစ်ခု ဖြစ်သည်။

ဟောခန်းမထဲက ကျောင်းသားတွေကို ကြည့်လိုက်လျှင် တစ်ဝက်လောက်က အတန်းကြီးကျောင်းသားတွေမှန်း သိလိုက်သည်။

(မင်းတို့က ဒီလို အခြေခံ ဝိညာဉ်တက်တူးကို ဘာဖြစ်လို့ စိတ်ဝင်စားနေရတာလဲ။ သင်ပေးတဲ့လူက ဆွန်းမို ဖြစ်နေလို့လား)

ချောင်ရှန် နားမလည်နိုင် ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းဝတ်စုံတွင် အတန်းကိုလိုက်ပြီး ကော်လံပေါ်တွင် ငွေချည် ထိုးထားသည်။ ဒါပေမယ့် ချောင်ရှန်သည် ငွေရောင် ချည်ခြောက်ခုပါတဲ့ ကျောင်းသားများကိုတောင် တွေ့နေရသည်။

“ခြောက်တန်းရောက်မှ ဝိညဉ်တက်တူးကို စလေ့လာရင် အရမ်းနောက်ကျနေပြီ”

ချောင်ရှန်သည် ခေါင်းယမ်းပြီးနောက် စိတ်ပိုရှုပ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခြောက်တန်း ကျောင်းသားများသည် ဝိညာဉ်တက်တူး လေ့လာမယ်ဆိုပါက တော်တော်ကြာနေခဲ့လောက်ပြီ။ ဘာဖြစ်လို့ အခြေခံ ဝိညာဉ်တက်တူးကို အရမ်း အာရုံစိုက်နေရမှာလဲ။

တကယ်လို့ အခုမှ စပြီး သင်မယ်ဆိုလဲ ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတွေနဲ့ ရင်းနှီးနေသင့်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုကိုတော့ မရွေးချယ်သင့်ဘူး မဟုတ်လား။

ဆွန်းမိုရဲ့ သင်ကြားမှုက အဲဒီ မြတ်ဆရာတွေထက် ပိုကောင်းနိုင်ပါ့မလား။

ချောင်ရှန်သည် ကျောင်းသားတွေကို အကဲခတ်နေတုန်း ဝိညာဉ်ချီ အတက်အကျကို ခံစားလိုက်မိသည်။ ဘုန်းကနဲဆိုတဲ့ ကျယ်လောင်သော ပေါက်ကွဲသံနဲ့အတူ စင်ပေါ်သို့ စီးဆင်းသွားသည်။

ချောင်ရှန် အံ့အောပြီး လှည့်ကြည့်လိုက်လျှင် ကျောက်သင်ပုန်းပေါ်တွင် ချိတ်ဆွဲထားတဲ့ ဝိညာဉ်တက်တူးတွင် ဝိညာဉ်ချီ လေဆင်နှာမောင်းကို မြင်လိုက်ရသည်။

“ဒါ….ဒါ….”

ချောင်ရှန်သည် ဒီဘာသာရပ်အကြောင်းကို မသိသော်လည်း ဒီဖြစ်စဉ်ပေါ်လာလျှင် ဝိညာဉ်တက်တူး၏ အရည်အသွေးက အရမ်းမြင့်တယ်ဆိုတာတော့ သိသည်။

ဒီလိုမျိုး ဝိညာဉ်တက်တူးတစ်ခုကို အနဲဆုံး ငွေတုံး ၅၀၀ဝနဲ့ အလွယ်တကူ ရောင်းချလို့ရသည်။

“နေပါအုံး”

ချောင်ရှန်သည် မေ့နေတဲ့ အချက်တစ်ချက်ကို သတိထားလိုက်မိသည်။ အိတ်ဆောင် နာရီကို

အမြန်ထုတ်ပြီး တစ်ချက် ကြည့်လိုက်သည်။ သူ အံ့အောသွားသည်။ (ဘုရားရေ၊ ခုနစ်မိနစ်လား)။

အမှန်ပဲ။ ဆွန်းမိုက ဒီလောက် အချိန်လေးအတွင်းမှာ ဝိညာဉ်တက်တူး တစ်ခုကို ပြီးအောင် ဆွဲခဲ့တာလား။ မမြန်လွန်းဘူးလား။ ဆွန်းမို ရေးဆွဲမှုက မြန်လည်းမြန်သည်။ ကောင်းလည်း ကောင်းသည်။ ဝိညာဉ်တက်တူး လေ့လာမှုတွင် သူ့ရဲ့အဆင့်အတန်းက ရှင်းပြစရာ မလိုတော့ပါ။

"ကြည့်ရတာတော့ ငါ သူ့ကို လိုက်ဖမ်းချင်ရင် ဈေးကြီးကြီး ပေးရတော့မယ် ထင်တယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချောင်ရှန်သည် နာကျင်မှုနှင့် ပျော်ရွှင်မှုကို တပြိုင်နက် ခံစားလိုက်ရသည်။

“ မင်းနားလည်လိုက်လား။ စုတ်ချက် ရိုးရှင်းသွားသလိုပဲ”

“ငါမသိလိုက်ဘူး။ ဆရာဆွဲတာ အရမ်းမြန်လွန်းတယ်”

“ဒါက မြန်လို့လား။ ငါကတော့ နည်းနည်းနှေးသွားတယ် ထင်တာပဲ”

ကျောင်းသားအချင်းချင်း တိုးတိုးလေး ဆွေးနွေးနေကြသည်။ အဲဒီအတွက် မတတ်နိုင်ပါ။

ဒါကို သူတို့ နားမလည်ကြပါ။ ဒီအရာက ပြင်းထန်တဲ့ ရှုံးနိမ့်မှု ခံစားချက်ကို ပေးစွမ်းသည်။

“အမ်”

ချောင်ရှန် အာရုံစိုက်ပြီး နားထောင်နေသည်။ သူ မသိသေးတဲ့ ဇာတ်လမ်း ရှိသလိုပဲ။ သူ့ဘေးနားက ကျောင်းသားကို တိုးတိုးလေး မေးလိုက်သည်။

“ မင်းတို့ ဘာတွေ ဆွေးနွေး နေကြတာလဲ”

“ဆရာ ရိုးရှင်းအောင် စုတ်ချက် ဘယ်နှစ်ချက်ဆွဲခဲ့လဲဆိုတာ ပြောနေကြတာပါ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားများသည် ချောင်ရှန်ကို မလေးမစား မဆက်ဆံရဲပါ။ သူ့ရဲ့ အပြုအမူကြောင့် မြတ်ဆရာတစ်ယောက် ဖြစ်နိုင်သည်။

“ရိုးရှင်းတယ်”

ချောင်ရှန် စိတ်ရှုတ်နေတုန်းမှာပဲ လုချမ်ဂျီက လက်ထောင်ပြီး ဖြေလိုက်သည်။

“ဆရာ၊ စုတ်ချက် ၂၆ချက် ရှိပါတယ်”

“အရမ်းကောင်းတယ်”

ဆွန်းမို အရမ်းကျေနပ်သွားသည်။

"ဒါက မင်းအပိုင်ပဲ"

"ကျေးဇူးတင်ပါတယ် ဆရာ"

လုချမ်ဂျီက ပျော်ရွှင်စွာ စင်ပေါ်သို့ တက်သွားပြီး လိပ်နက် ဝိညာဉ်တက်တူးအား လေးနက်သော အမူအရာဖြင့် လက်ခံလိုက်သည်။

"လုချမ်ဂျီ အရမ်းတော်တာပဲ"

"ဒါ အမှန်ပဲ။ ဒီခြောက်တန်း ကျောင်းသားတွေက နှစ်အနည်းငယ်ကြာအောင် သင်ယူနေပေမယ့် သူ့ကို မယှဉ်နိုင်သေးဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒီကောင် ဝိညာဉ်တက်တူး ဆယ်ခုကျော် ရသွားပြီ မဟုတ်လား။ တစ်ခုကို ငွေတုံးတစ်ထောင်နဲ့တွက်ရင် အရမ်းမြတ်နေပြီ"

ကျောင်းသားအားလုံးက မနာလိုတဲ့ အမူအရာ ဖြစ်နေသည်။

ဆွန်းမိုက သူဆွဲထားတဲ့ ဝိညာဉ်တက်တူးကို ကြုံရာကျပန်း မပေးတော့ပါ။ အဲဒီအစား မေးခွန်းကို မှန်အောင် ဖြေနိုင်တဲ့သူတွေအား ပေးခဲ့သည်။

ဒီနည်းဖြင့် ဝိညာဉ်တက်တူးကို စိတ်မဝင်စားတဲ့ ကျောင်းသားများကို ဖယ်ထုတ်နိုင်ခဲ့ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တက်တူးကို စိတ်ဝင်စားတဲ့ ကျောင်းသားများသာ ကျန်နေခဲ့သည်။ အတန်းကြီး စီနီယာ ကျောင်းသားများကိုလည်း ဆွဲဆောင်နိုင်ခဲ့သည်။

သူတို့သည် ဆွန်းမိုရဲ့ ရိုးရှင်းတဲ့ ဝိညာဉ်တက်တူးတစ်ခုကို စိန်ခေါ်မှု တစ်ခုအနေနဲ့ သတ်မှတ်ထားသည်။

ဒီစကားကိုကြားလိုက်လျှင် ချောင်ရှန် အံ့အောသွားသည်။

"ကျောင်းသား၊ မင်းပြောနေတဲ့ ဝိညာဉ်တက်တူးက ရိုးရှင်းအောင် လုပ်လို့ မရတော့ဘူး မဟုတ်လား"

"ဒါက အမှန်ပဲ"

ကျောင်းသားက ရယ်ပြီး

"ဒီလိုမှမဟုတ်ရင် တခြားဘာကို ရိုးရှင်းအောင် လုပ်ရမှာလဲ"

ချောင်ရှန်သည် ပါးစပ်ဖွင့်ပြီး မေးလိုက်ချင်သည်။ (ရိုးရှင်းတဲ့ ဝိညာဉ်တက်တူးဆိုတာက မဟာအဆင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တက်တူးသခင်တွေပဲ လုပ်နိုင်တာ မဟုတ်ဘူးလား။)

ပြီးတော့ ကျောင်းသားတွေ ပြောနေကြတဲ့ စကားကို သုံးသပ် ကြည့်ရလျှင် ဆွန်းမို ရေးဆွဲတဲ့ ရိုးရှင်းတဲ့ ဝိညာဉ်တက်တူးက တစ်ချိန်နဲ့ တစ်ချိန် မတူသလိုပဲ။

အတန်းချိန်ပြီးတဲ့နောက် ချောင်ရှန်သည် ဝိညာဉ်တက်တူး ဘာသာရပ်အကြောင်း မသိသော်လည်း ဆွန်းမို သင်ကြားမှုက အရမ်းကောင်းတယ်ဆိုတာ ပြောနိုင်သည်။ သူက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားများရဲ့ စိတ်ပါဝင်စားမှုကို စုဆောင်းနိုင်ပြီး သင်ယူဖို့အတွက် စိတ်အားထက်သန်လာအောင် ဆွဲဆောင်နိုင်သည်။

သူက ဆရာကောင်း တစ်ယောက်ပဲ။

ဒင်

ချောင်ရှန်၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၁၄၀/၁,၀၀၀)

ဒေါင် ဒေါင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းဆင်း ခေါင်းလောင်းသံ မြည်လာသည်။ ချောင်ရှုန်သည် ထိုင်ခုံပေါ်တွင် ပြန်လှဲချလိုက်ပြီး ဘယ်လိုပြင်ဆင်ရင် ကောင်းမလဲဆိုတာ စဉ်းစားနေသည်။

တကယ်လို့ သူက အောင်မြင်အောင် အမဲလိုက်ချင်တယ်ဆိုရင်တော့ သူတို့ ပထမဆုံးတွေ့ဆုံမှုကို သူဘက်က လုံလောက်တဲ့ ရိုးသားမှု ပြဖို့ လိုသည်။

ပိုက်ဆံလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မရီဒန်အကယ်သည် တကယ်ချမ်းသာတဲ့ လူတစ်ယောက်ကို ကျောထောက် နောက်ခံ ပြုထားသည်။ ဒီနှစ်အတွင်း ကျောင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုက အရမ်းကောင်းသည်။ ဒါကြောင့် ချောင်ရှန်သည်ငွေမရှားပါ။ မြင့်မားတဲ့ စျေးနှုန်းနဲ့ ကမ်းလှမ်းဖို့ ဆန္ဒ ရှိသည်။ ဒါပေမယ့် ဆွန်းမိုလို လူမျိုးတွေကို ငွေနဲ့သွား စည်းရုံးလို့ မရနိုင်ပါ။ သူတို့ရဲ့အနာဂတ်ကို ပိုတန်ဖိုး ထားနိုင်သည်။

ဘယ်လို ရာထူးမျိုး ပေးသင့်လဲ။

အရင်ကလည်း ယူရုံပိုက သူရဲ့မြတ်ဆရာ အသိုင်းအဝိုင်းထဲကို ဝင်ဖို့ ဖိတ်ခေါ်ခဲ့ဖူးသည်။ ဒါပေမယ့် အငြင်းခံခဲ့ရသည်။ ပြီးတော့ အဲဒီအချိန်မှာ ဆွန်းမိုက အစမ်းခန့် ဆရာတစ်ယောက်သာ ဖြစ်သေးသည်။ အခုဆိုလျှင် သူက ထင်ရှားကျော်ကြားတဲ့ တရားဝင် ဆရာတစ်ယောက် ဖြစ်နေပြီ။

“ဘာဖြစ်လို့ ငါ့ကျောင်းမှာ ဒီလောက်ထူးချွန်တဲ့ ဆရာသစ်တစ်ယောက် မရှိရတာလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချောင်ရှန် စိတ်မကောင်း ဖြစ်သွားသည်။ သူ့ကျောင်းတွင် ဆွန်းမိုလို ငယ်ရွယ်ပြီး ထက်မြက်တဲ့ သူများရှိနေပါက သူလည်း စိတ်ပူစရာ မလိုတော့ပါ။ တခြားကျောင်းအုပ်ကြီးတွေရဲ့ အမဲလိုက်ခံရမှာကို ပြန်ပြီး စိုးရိမ်နေရမည်။

ခဏလောက် ထိုင်နေပြီးနောက် ဆွန်းမိုထွက်သွားတာ မြင်လိုက်လျှင် ချောင်ရှန်လည်း အနောက်က လိုက်သွားသည်။ သို့သော် စကြံ်န်သို့ ရောက်လျှင် အရှိန်လျော့လိုက်သည်။

ဆွန်းမိုကို ကျောင်းသားတချို့ တားထားတာကို မြင်လိုက်ရသည်။ သူတို့က လမ်းညွှန်မှု တောင်းဆိုနေကြသည်။

ချောင်ရှန်က လူမြင်ကွင်းတွင် မဟုတ်တဲ ဆွန်းမို တစ်ယောက်တည်း ရှိတဲ့အချိန်တွင်သာ တွေ့ဆုံဖို့ စီစဉ်ထားသည်။ သို့သော် အနီးအနား အခန်းထဲက အမျိုးသားဆရာတစ်ယောက် ရုတ်တရက် ထွက်ပေါ်လာသည်။

“ကျောင်းအုပ်ကြီး ချောင်။ ဘာဖြစ်လို့ ဒီရောက်နေတာလဲ”

ယွမ်ချမ်တန်သည် ချောင်ရှန်ကို အံ့အောသင့်တဲ့ အကြည့်နဲ့ ကြည့်နေသည်။

"ဆရာယွမ်"

ကျောင်းအုပ်ကြီးချောင်သည် ယွမ်ချမ်တန်နှင့် ဒီနေရာမှာ တွေ့မယ်လို့ မထင်ထားခဲ့ပါ။ ချက်ခြင်းဆိုသလို နွေးထွေးတဲ့ အပြုံးကို ပြုံးလိုက်သည်။

"မင်း အတန်းပြီးသွားပြီလား"

"အမှန်ပဲ"'

ယွမ်ချမ်တန်သည် သင်ထောက်ကူ ပစ္စည်းများကို ကိုင်ထားပြီး ယုံကြည်မှုအပြည့်နဲ့ ကြည့်လို့ကောင်းနေသည်။

သူက ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ပြီးခဲ့တဲ့ နှစ်ကမှ ဘွဲ့ရခဲ့ပြီး ဗဟိုပြည်နယ်အကယ်ဒမီကို အလုပ်ဝင်ခဲ့ခြင်း ဖြစ်သည်။ အဲဒီအချိန်တွင် ချောင်ရှန်က လာရှာခဲ့ပြီး မြင့်မားတဲ့ စျေးနှုန်း ကမ်းလှမ်းခဲ့သည်။ ဒါပေမယ့် ယွမ်ချမ်တန်က အန်ရှီဝေကို သဘောကျပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီနေရာက အလားအလာ ပိုကောင်းတယ်လို့ ယူဆကာ ချောင်ရှန်ကို ငြင်းပယ်ခဲ့သည်။

(လိဂ်ပြိုင်ပွဲ စမ်းသပ်မှုက မကြာခင် စတော့မယ်။ ကျောင်းအုပ်ကြီးချောင်က သူ့ကို နောက်တစ်ကြိမ် အမဲလာလိုက်တုန်းလား။)

ယွမ်ချမ်တန်က သူ့ကိုယ်သူ တွေးနေမိသည်။ သူကထွက်သွားဖို့ မစဉ်းစားထားပေမယ့် ပြိုင်ဘက်ကောင်းက ကျောင်းအုပ်ကြီးကိုယ်တိုင် လာပြီး အမဲလိုက်ခြင်းက တန်ဖိုးထားမှု တစ်မျိုး ဖြစ်သည်။

ယွမ်ချမ်တန် ရုတ်တရက် ဂုဏ်ယူသွားမိသည်။

"ဆရာယွမ်။ ကျွန်တော်မှာ ပြဿနာလေး တစ်ခု ရှိနေတယ်"

ကျောင်းသား ဆယ်ယောက်ကျော် ဝိုင်းအုံလာသည်။

"ဆက်ပြောပါ"

ဒါက ယွမ်ချမ်တန်အတွက် ပညာရှင်အဆင့် ဗဟုသုတကို ဖော်ပြဖို့အတွက် အချိန်ကောင်းပါ။

စာစဉ်(၂၀)

အခန်း(၂၈၇) - ဆရာဆွန်း၊ မင်းနဲ့အတူတူ ထမင်းစားခွင့် ရမယ်ဆိုရင် ကျေနပ်စရာပဲ။

ယွမ်ချမ်တန်သည် ကျောင်းသားတွေရဲ့ မေးခွန်းကို တစ်ချက်တောင် စဉ်းစားစရာမလိုဘဲ လွယ်လွယ်ကူကူ ဖြေပေးခဲ့သည်။ ဒါကလည်း ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီမှ ဘွဲ့ရတစ်ယောက်ရဲ့ အရည်အချင်း ဖြစ်သည်။

ပုံမှန်အချိန်သာဆိုရင် ယွမ်ချမ်တန်သည် မေးခွန်းသုံးခုပဲ ဖြေပေးလိမ့်မည်။ ပြီးတော့ သူက အရမ်းအလုပ်များသည်။ သို့သော် ဒီနေ့တွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချောင်ရှန်ရှိနေသဖြင့် ခြွင်းချက်ထားပြီး ဖြေပေးနေသည်။

(ဒါပေမယ့် မေးခွန်းတွေက အရမ်းလွယ်ကူနေသဖြင့် သူ့ရဲ့ အဆင့်အတန်းကို မဖော်ပြနိုင် ဖြစ်နေသည်)

ယွမ်ချမ်တန် အနည်းငယ် မကျေမနပ် ဖြစ်နေသည်။

"ဆရာယွမ်ရဲ့ အတန်းက ပိုနာမည်ကြီးလာတာပဲ"

ချောင်ရှန်က ယဉ်ယဉ်ကျေးကျေး ပြန်ပြောနေပေမယ့် သူ့မျက်လုံးများက ဆွန်းမို ထွက်သွားတဲ့ဘက်သို့ မကြာခဏ ရောက်နေသည်။

"ကျောင်းအုပ်ကြီး ချောင်က သိပ်သဘောကောင်းတာပဲ"

ယွမ်ချမ်တန်သည် နှိမ့်ချပြီး ပြောလိုက်ပေမယ့် စိတ်ထဲတွင် အနည်းငယ် ဂုဏ်ယူနေသည်။ သူက အလုပ်ဝင်တာ နှစ်နှစ်ပဲ ရှိသေးပေမယ့် လူတစ်ရာဆန့်တဲ့ စာသင်ခန်းကို အသုံးပြုနေပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသား တက်ရောက်နှုန်းအရဆိုလျှင် သူ့အသုတ်ထဲတွင် ပထမ ဖြစ်သည်။

ဒါကိုတွေးပြီး ဆွန်းမိုကြောင့် အနည်းငယ် စိတ်မကောင်း ဖြစ်ရသည်။ ဆွန်းမိုရဲ့ ကျောင်းသား တက်ရောက်နှုန်းက ထိပ်ဆုံးအဆင့်ကို ကျော်လွန်သွားပြီလို့ ကြားရသည်။ အဲဒီလို ဖြစ်လာသဖြင့် ဆွန်းမိုသည် ဆရာအသစ်များကြားတွင် ပထမအဖြစ် ဆက်လက်ပြီး ရပ်တည်သွားလိမ့်မည်။

“ဆရာယွမ်၊ ငါ...........”

ချောင်ရှန်က သူ့အား နှုတ်ဆက်ပြီး ထွက်သွားဖို့လုပ်နေသည်။ အရင်က ယွမ်ချမ်တန်ကို လိုက်ရှာဖို့ စိတ်ကူးရှိခဲ့သော်လည်း အခုတော့ အဲဒီအဆင့် ဆရာများကို ဂရုမစိုက်တော့ပါ။

ပြီးတော့ ယူရုံပိုရဲ့ မြတ်ဆရာအသိုင်းအဝိုင်းက အရမ်းသန်မာလွန်းသည်။

သို့သော် ချောင်ရှန်၏ စကားမဆုံးမီ အနှောက်အယှက် ခံလိုက်ရသည်။

“ကျောင်းအုပ်ကြီး ချောင်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ဟန်ဖူက အဝေးက လှမ်းအော်ခေါ်လိုက်သည်။

ယွမ်ချမ်တန် လှည့်ကြည့်လိုက်လျှင် ကျန်ဟန်ဖူက စိုးရိမ်တကြီး လမ်းလျှောက်လာတာကို မြင်လိုက်ရသည်။ ချောင်ရှန်ကို ကြည့်တဲ့ အကြည့်တွေထဲတွင် သတိတွေနဲ့ ပြည့်နေသည်။ သူ့ဆီက ရတနာကို လုယူဖို့ လုပ်နေတဲ့ လူကုန်ကူးတဲ့လူ တစ်ယောက်ကို မြင်လိုက်ရသလို လုပ်နေသည်။

"ကျောင်းအုပ်ကြီး ကျန်"

ယွမ်ချမ်တန်က နှုတ်ဆက်လိုက်သည်။ သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းက မနိမ့်ကျသဖြင့် ‘ဒု’ဆိုတဲ့ စကားလုံးကို ကျော်လိုက်သည်။

ချောင်ရှန်က နှုတ်ဆက်တဲ့ ပုံစံနဲ့ ခေါင်းညိတ်ပြသည်။ သူက ဒီလူကို အထင်သေးနေသဖြင့် ဘာမှ မပြောချင်ပါ။

(အရင် ကျောင်းအုပ်ကြီးဟောင်းက မင်းကို အရမ်းတန်ဖိုးထားပြီး မင်းကို မြင့်တင်ပေးခဲ့တယ်။ ဒါတောင် မင်းနဲ့ မသက်ဆိုင်တဲ့ အရာတွေကို

သိမ်းပိုက်ဖို့ လုပ်ချင်နေတုန်းလား။ မင်း မလွန်ဘူးလား)

ကျန်ဟန်ဖူသည် ချောင်ရှန်၏ သဘောထားကို မြင်ပြီး မျက်နှာပျက်သွားသည်။ သူက ချက်ခြင်းဆိုသလို မကျေမနပ် ဖြစ်သွားပြီး

"ငါတို့ ကျောင်းက မင်းကို မကြိုဆိုဘူး။ ကျေးဇူးပြုပြီး ထွက်သွား"

"မင်းတို့က အရင်တုန်းကတော့ မဟာကိုးပါးကျောင်းထဲက တစ်ကျောင်းပဲ။ တခြားသူတွေကို လက်ခံဖို့အထိ သဘောထား

မကြီးတော့ဘူးလား။ ငါက ပြိုင်ဘက်ဆိုတဲ့ အချက်ကို မေ့ထားလိုက်အုံး ဒီလာလည်တဲ့ ညော့်သည်ကို မောင်းထုတ်တာပဲလား”

ချောင်ရှန်က လျောင်ပြောင်လိုက်ပြီး

“ကျွတ် ကျွတ်၊ ဗဟိုပြည်နယ်အကယ်ဒမီက ဒီလောက် ယုံကြည်ချက် နည်းနေမယ်လို့ မထင်မိဘူး”

“မဟုတ်သေးဘူး။ မင်းတို့ကျောင်းက တခြားသူတွေ သတိမထားမိတဲ့ ကောက်ကျစ် ယုတ်မာတဲ့နည်းတွေကို သုံးပြီးတော့ လူတွေကို လုယူနေလို့ ပြောနေရတာ”

ကျန်ဟန်ဖူက ထိန်းမနိုင် သိမ်းမရ ဒေါသတကြီး ပြန်ပြောသည်။

"ကျန်ဟန်ဖူ။ မင်းကိုယ်မင်း သိပ်အထင်မကြီးနေနဲ့။ ငါက ဘယ်သူကိုမှ အမဲ မလိုက်ဘူး"

"ကျောင်းအုပ်ကြီးတွေ၊ ကျေးဇူးပြုပြီး ရန်မဖြစ်ကြပါနဲ့တော့"

ယွမ်ချမ်တန်သည် ကျောင်းအုပ်ကြီးတွေကြားက ရန်ပွဲကို တားဆီးမလို့ ကြိုးစားလိုက်သည်။ မျက်နှာက တည်ငြိမ်နေပေမယ့် စိတ်ထဲမှာတော့ ဘဝင်မြင့်ချင်သလို ဖြစ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ကျန်ဟန်ဖူက ငါ့အမဲလိုက်ခံရတော့မယ်ဆိုတဲ့ သတင်းကိုကြားလို့ စိုးရိမ်တကြီး ပြေးလာတာဖြစ်မယ်)

(ဟင်း။ ငါလည်း ဘာမှ မတတ်နိုင်ဘူး။ ငါက ဘာဖြစ်လို့ ဒီလောက် ထူးချွန်နေရတာလဲ)

ရှာယွန်က လှေကားမှတက်လာလျှင် ဆွန်းမိုအား မြင်လိုက်သည်။

"ဆရာ ဆွန်း"

"ဆရာ ရှာ"

ဆွန်းမိုက ခေါင်းညိတ်ပြလိုက်သည်။

"အမ် ကျောင်းအုပ်ကြီး ချောင် မဟုတ်ဘူးလား"

ရှာယွန်က ကျောင်းအုပ်ကြီး ချောင်ကို မြင်သွားသည်။

"ဆွန်းမို မင်း အရင်က ချောင်ရှန်ဆိုတာ ဘယ်သူလဲ မေးခဲ့တယ် မဟုတ်လား။ သူက ဟိုမှာ"

"ဒါဆို သူပေါ့"

ဆွန်းမို အကဲခတ်လိုက်သည်။

"ကျန်ဟန်ဖူနဲ့ ရန်ဖြစ်နေတဲ့ ပုံပဲ"

ရှာယွန်သည် တစ်ယောက်ယောက်၏ ကံဆိုးမှုကြောင့် ကြည်းနူးနေသော်လည်း အနည်းငယ် စိတ်ရှုပ်သွားသည်။

“သူက ဘာဖြစ်လို့ ငါတို့ကျောင်းကို ရောက်လာရတာလဲ။ အမဲလာလိုက်တာလား”

ရှာယွန်၏ အကြည့်သည် ဘေးတွင်ရပ်နေတဲ့ ယွမ်ချမ်တန်ဆီ ရောက်သွားသည်။

“ဆရာဆွန်း၊ ဘေးမှာရပ်နေတဲ့လူက ယွမ်ချမ်တန်။ ကောင်းကင်ပေါ် တက်ခြင်း အကယ်ဒမီက

ဘွဲ့ရတစ်ယောက်ပဲ။ မနှစ်က ဝင်ခဲ့တဲ့ ဆရာအသစ်တွေရဲ့ အသုတ်မှာ ထိပ်တန်းပေါ့”

ရှာယွန်က

“မမျှော်လင့်ထားတဲ့ အဖြစ်အပျက်တွေသာ မဖြစ်လာလျှင် သူက ဒီနှစ် လိဂ်ပြိုင်ပွဲမှာ လူသစ်တန်းအတွက် ခေါင်းဆောင် ဖြစ်နိုင်တယ်”

“အို”

ဆွန်းမိုသည် ပထမကတော့ စိတ်မဝင်စားပါ။ ဒီစကားကို ကြားလိုက်တော့ မနေနိုင်ဘဲ ကြည့်လိုက်မိသည်။

ယွမ်ချမ်တန်၏ အရပ်သည် ၁.၇၅ မီတာလောက် ရှည်သည်။ သူက ခြေတံရှည်ပြီး သန်မာတဲ့ ကိုယ်လုံးကိုယ်ပေါက်နဲ့ အမြန်နှုန်းကို ဦးစားပေးတဲ့ လူဆိုတာ သိသာနေသည်။

ယွမ်ချမ်တန်၏ ရုပ်ရည်သည် ပုံမှန်သာ ရှိသော်လည်း အရမ်းယုံကြည်မှု ရှိနေသည်။ ဒါက အခြားသူများကို ဆွဲဆောင်နိုင်တဲ့ နောက်ထပ် အရည်အချင်းတစ်ခု ဖြစ်ပြီး ယုံကြည်ရတဲ့ လူတစ်ယောက်ဆိုတာ သိသာနေသည်။

ယွမ်ချမ်တန် အသက် ၂၁ နှစ်၊ သွေးလောင်ကျွမ်းခြင်း - အထွဋ်အထိပ်။

ကြံခိုင်မှု - ၂၇- လက်သီးတစ်ချက်နဲ့ သေစေနိုင်တယ်။

ဉာဏ်ရည် - ဉာဏ်ရည်ဉာဏ်သွေးနှင့် စိတ်ပိုင်းဆိုင်ရာ အရည်အချင်း နှစ်ခုစလုံး သာမန် အဆင့်အထက် ရှိသည်။

သွက်လက်မှု - ၂၉ - ထွက်ပြေးတဲ့ ယုန်တစ်ကောင်လို လျှင်မြန်လှသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခံနိုင်ရည် - ၂၉ - ဘယ်လောက် ပြေးပြေး မမောနိုင်ပါ။

ဆန္ဒ - ၂၈ - ခွန်းအားနှင့် ယုံကြည်မှု ရှိသည်။ သူ့ကိုယ်သူ အောင်နိုင်သ ူတစ်ယောက်အဖြစ် အခိုင်အမာ ယုံကြည်ထားသည်။

အလားအလာ တန်ဖိုး - မြင့်မား။

မှတ်ချက်။ ။ သူကသာ အထူးချွန်ဆုံး ဆရာတစ်ယောက် ဖြစ်ပြီး မလုပ်နိုင်တာ ဘာမှမရှိဘူးလို့ ယုံကြည်မှု လွန်ကဲနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မှော်ဆေးပညာကို ကျင့်ကြံနေသော်လည်း အဲဒီဘာသာရပ်တွင် ကျွမ်းကျင်မှုက သာမန်သာ ရှိသည်။ (အချိန်တွေအားလုံးကို ကျင့်ကြံဖို့အတွက် အသုံးပြုသင့်သည်။ အဲဒီလိုသာဆိုရင် သေချောပေါက် ရလဒ် ကောင်းလိမ့်မည်)

ဆွန်းမိုသည် ယွမ်ချမ်တန်ရဲ့ အချက်အလက်ကို ကြည့်ကာ စကားမပြောနိုင် ဖြစ်နေသည်။ ဒီလူက တော်တော်ကို ထင်ရှားနေသည်။

“လာ၊ ကျောင်းအုပ်ကြီး ချောင်ကို သွားကြည့်ရအောင်”

ရှာယွန်က အကြံပြုလိုက်သည်။

“စိတ်မဝင်စားဘူး”

ဆွန်းမိုက ခေါင်းယမ်းပြီး ငြင်းလိုက်သည်။

“သွားရအောင်။ ဒါက ကြယ်ငါးပွင့်အဆင့်ရှိတဲ့ ဩဇာကြီးတဲ့ ပုဂ္ဂိုလ် တစ်ယောက်ပဲ။ သူက မှော်ဆေးပညာမှာလည်း အရမ်းကျွမ်းကျင်တယ်။ သူနဲ့ သိထားတာ မမှားပါဘူး”

ရှာယွန်က ဆွန်းမိုလက်ကို ကိုင်ကာ အတင်းဆွဲခေါ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျင့်ကြံသူ တစ်ယောက်အနေနဲ့ မှော်ဆေး မသုံးတဲ့ လူရှိလို့လား။ ဒါကြောင့်လည်း မှော်ဆေးပညာသည် လူကြိုက်အများဆုံး အလုပ်အကိုင်များထဲက တစ်ခု ဖြစ်နေသည်။ ဒီလိုမျိုး ဩဇာကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့ သိခြင်းက သူ့တို့အတွက် အများကြီး အထောက်အကူ ဖြစ်နိုင်သည်။ ရှာယွန်မှာ အတွေးတချို့ ရှိသေးသည်။ သူ့အဆင့်အတန်းအရ ရှာယွန်သည် သူနဲ့ စကားပြောခွင့် မရှိသေးပါ။ ဒါပေမယ့် ဆွန်းမိုကတော့ ကွာခြားသည်။

ချောင်ရှန်သည် ပြိုင်ဘက်တစ်ယောက်အနေနဲ့ ဆွန်းမိုရဲ့ နတ်ဘုရားလက်အကြောင်းကို သေချာပေါက် သိနေမယ်ဆိုတာ ရှာယွန် ယုံကြည်သည်။ ဆွန်းမိုကို အမဲလိုက်ဖို့ ရောက်နေတာတောင် ဖြစ်နိုင်သည်။

"ဒုကျောင်းအုပ်ကြီး ကျန်၊ ဆရာယွမ်"

ရှာယွန် နှုတ်ဆက်လိုက်ပြီး

"ကျောင်းအုပ်ကြီး ချောင်၊ ငါရှာယွန်ပါ။ မင်းနာမည်ကို ငါကြားဖူးတာတော့ ကြာပါပြီ။

ဒါက ဗဟိုပြည်နယ်အကယ်ဒမီက နတ်ဘုရားလက်လို့ လူသိများတဲ့ ဆရာဆွန်းပါ”

“ကျောင်းအုပ်ကြီး ချောင်”

ဆွန်းမိုက မိတ်ဆွေ တစ်ယောက် ပိုများခြင်းသည် လမ်းကြောင်းတစ်ခု ပိုများခြင်း ဖြစ်တယ်လို့ ခံယူထားတဲ့ လူဖြစ်သည်။ ဒါကြောင့်လည်း သူက ဖော်ရွေတဲ့ ပုံစံကို ထိန်းထားသည်။

“ဆရာဆွန်း၊ ဆရာရှာ၊ မင်းတို့က ဘာဖြစ်ချင်နေကြတာလဲ။ မင်းတို့တွေက ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတွေဆိုတာ

မမေ့ပါနဲ့။ ဗဟိုပြည်နယ်အကယ်ဒမီက မင်းတို့ကို လစာ ပေးထားတယ်”

ကျန်ဟန်ဖူ အော်ဟစ်လိုက်သည်။

“ငါက ဘာဖြစ်နေလို့လဲ”

ဆွန်းမိုက ချက်ခြင်း ပြန်တုန့်ပြန်သည်။

“ဟွန့်၊ မင်းရဲ့ အောက်တန်းကျတဲ့ ပုံစံကို ပြန်သိမ်းထားလိုက်စမ်း”

ကျန်ဟန်ဖူက အပြစ်တင်လိုက်ပြန်သည်။

“ဆရာ ယွမ်ကို ကြည့်လိုက်စမ်း။ အမဲလိုက်ခံရတဲ့ အချိန်မှာတောင် သူ့ရဲ့ အမူအရာက ပုံမှန်ပဲ။ သူအရှေ့မှာ မညည်းတွားနေဘူး”

ကျန်ဟန်ဖူ စကားရဲ့ နောက်ကွယ်မှာ ဆွန်းမိုက ချောင်ရှန်ကို ဖားနေတယ်လို့ ဆိုလိုနေသည်။

“မင်းက ဘောသုတ်တဲ့ လက်ကိုင်ပုဝါလား”

ဆွန်းမိုက ဆူပူကြိမ်းမောင်းပြီး လှည့်ထွက်သွားသည်။ အဲဒီအတွက်လည်း ဘာမှ မတတ်နိုင်ပါ။ ဒီမှာဆက်နေ နေရင် ဒီလူရဲ့ မျက်နှာကို ပိတ်ရိုက်မိတော့မည်။

"ဆရာဆွန်း"

ရှာယွန်သည် စိတ်ပျက်လက်ပျက်ဖြစ်ကာ အားနာတဲ့ ပုံစံနဲ့ ဆွန်းမို နောက်ကို ပြေးလိုက်သွားသည်။ သူမ မသိတတ်တဲ့ လူတစ်ယောက်လို့ ခံစားရသည်။

"ဆရာဆွန်း၊ မင်းရဲ့ အပြုအမူကို မှတ်ထားမယ်"

ကျန်ဟန်ဖူက လှမ်းအော်သည်။

ချောင်ရှန်သည် မျက်လုံးကြီး ပြူးပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေသည်။ ဆွန်းမိုရဲ့ စရိုက်က

တစ်ခုခုတော့ တစ်ခုခုပဲ။ ရာထူးကြီးပြီး အခွင့်အာဏာရှိတဲ့ ဒုကျောင်းအုပ်ကြီးကိုတောင် ပြန်ကြိမ်းမောင်းသွားသည်။ ကျန်ဟန်ဖူရဲ့ ဆုတ်ယုတ်မှုကို မြင်တွေ့ရသဖြင့် ကျေနပ်ဖို့တော့ ကောင်းသည်။

ဒါပေမယ့် အခုလောလောဆယ် အရေးကြီးတာက ဆွန်းမိုနောက်ကို မြန်မြန်လိုက်သွားပြီး ကိစ္စတွေကို ရှင်းလင်းအောင် လုပ်ရမည်။

ကျန်ဟန်ဖူသည် နားလည်မှုလွဲပြီး ဆွန်းမိုအရှေ့မှာတင် ယွမ်ချမ်တန်ကို

အမဲလာလိုက်သလို ပြောသွားသည်။ ဒီလွဲမှားမှုကို ဖြေရှင်းဖို့ လိုအပ်သည်။ ဒီလိုမှမဟုတ်ရင် ဆွန်းမိုကို အမဲလိုက်လို့ မရဖြစ်သွားမည်။

လူငယ်များသည် သူတို့မျက်နှာကို အရမ်းတန်ဖိုးထားကြသည်။ ချောင်ရှန်အပေါ်ကို မကောင်းမြင်သွားပါက နောင်တစ်ချိန်တွင် ပေါင်းသင်းဖို့ ခက်သွားမည်။

"ကျန်ဟန်ဖူ မင်းအတွေးလွန်နေပြီ။ ဆရာယွမ်ကို အမဲလိုက်ဖို့ ရည်ရွယ်ချက် မရှိဘူး"

ချောင်ရှန်က ဆက်ပြီး

"ဆရာယွမ် ဗဟိုပြည်နယ်အကယ်ဒမီမှာ ပျော်ပြီး အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။ သွားတော့မယ်"

အဲဒီလို ပြောပြီးနောက် ချောင်ရှန်သည် ယွမ်ချမ်တန်၏ တုန့်ပြန်မှုကို မစောင့်ဘဲ ချက်ခြင်း ထွက်သွားသည်။

"အမ်"

ယွမ်ချမ်တန်သည် မျက်မှောင်ကြုတ်သွားပြီး အနည်းငယ် အနေရခက်သွားသည်။ ချောင်ရှန်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုနောက်ကို လိုက်မလို့ ထွက်သွားတာကို သတိထားလိုက်မိသည်။

ကျန်ဟန်ဖူလည်း ဒီဖြစ်နိုင်ခြေကို တွေးမိသည်။ ဒါပေမယ့် ဖြစ်နိုင်ခြေက နည်းပါသည်။

(ချောင်ရှန်၊ မင်းက စီအဆင့်ရှိတဲ့ ကျောင်းရဲ့ ကျောင်းအုပ်ကြီးဖြစ်ပြီး ကြယ်ငါးပွင့် မြတ်ဆရာတစ်ယောက်လည်း ဖြစ်တယ်လေ။ ဒါပေမယ့် ဒီကိုလာပြီး အခုမှအလုပ်ဝင်တာ လပိုင်းပဲ ရှိသေးတဲ့ ဆရာတစ်ယောက်ကို အမဲလာလိုက်တာလား)

“မပဟုတ်သေးဘူး။ ငါ နောက်ကိုလိုက်ပြီး သွားကြည့်ရမယ်”

ကျန်ဟန်ဖူက သူတို့နောက်ကို လိုက်သွားသည်။

ဆွန်းမိုသည် အန်ရှီဝေ အဖွဲ့ကဖြစ်ပြီး သူ့ကို ပြဿနာ တော်တော်ရှာ ထားသောကြောင့် ကျန်ဟန်ဖူသည် သူ့ကို ထွက်သွား စေချင်သည်။ သို့သော် တစ်ချိန်တည်းမှာပဲ ချောင်ရှန်၏ အမဲလိုက်ခံရတာကို မကျေနပ်နိုင် ဖြစ်နေသည်။ ဆွန်းမိုက ဘာတွေ ထိုက်တန်နေလို့လဲ။

ယွမ်ချမ်တန်သည် ဒီလှုပ်ရှားမှုထဲတွင် မပါချင်ပါ။ ဒါပေမယ့် သူသာ သေသေချာချာ မသိရရင် အိပ်မပျော်နိုင် ဖြစ်နေမည်။ ဒါကြောင့်လည်း သူတို့နောက်ကို လိုက်သွားသည်။

သစ်ပင်များကို လေကတိုက်ခက်နေသဖြင့် မြေပေါ်က သူတို့အရိပ်များသည် လှုပ်ရှားနေကြသည်။

"ဆရာဆွန်း၊ ငါတောင်းပန်ပါတယ်"

ရှာယွန်က တောင်းပန်တဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။

"ဆရာရှာ၊ တောင်းပန်စရာ မလိုပါဘူး"

ဆွန်းမိုက ရယ်မောပြီး ပြန်ဖြေသည်။ သူ့ကို ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ပိုင်ရှင်တစ်ဝက်လို့ သတ်မှတ်လို့ ရသည်။ ရှာယွန်သည် ကျောင်းရဲ့ မြတ်ဆရာတစ်ယောက်အနေနဲ့ သူ့ရဲ့ ပိုင်ဆိုင်မှုလို့ သတ်မှတ်လို့ ရသည်။ ဒါကြောင့် သူက ပိုပြီး သဘောထားကြီးဖို့ လိုသည်။

"ငါ မသိတတ်လွန်းဘူး"

ရှာယွန် သက်ပြင်းချလိုက်သည်။ ချောင်ရှန် ပြေးလာတာကို မြင်လိုက်လျှင် ပိုတောင် ရှင်းပြချင်လာသည်။

“ဆရာဆွန်း......၊ ဆရာဆွန်း....”

ချောင်ရှန်က ခင်မင်ရင်းနှီးစွာ ပြုံးလိုက်သည်။

“ငါအခု မင်းနဲ့ ရင်းနှီးချင်ပေမယ့် ကျန်ဟန်ဖူနဲ့ ယွမ်ချမ်တန်ကြောင့် နှောင့်နှေးသွားတယ်။ ငါ့ကြောင့် မင်းတို့ စကားများခဲ့ရသေးတယ်။ တကယ် စိတ်မကောင်းပါဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကို မြင်လိုက်လျှင် ရှာယွန်သည် မျက်လုံးကြီးပြူးပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေသည်။ ဒါက ဘာကြီးလဲ။ ချောင်ရှန်ဘက်ကစပြီး ဆွန်းမိုကို တောင်းပန်နေတာလား။ ဘာဖြစ်လို့ မျက်နှာက ပန်းပွင့်တစ်ခုလို အစွမ်းကုန် ပြုံးနေတာလဲ။

ဒါပေမယ့် ရှာယွန် ချက်ခြင်း နားလည်သွားသည်။ ချောင်ရှန် ကျောင်းကို ရောက်လာတဲ့ အကြောင်းအရင်းက ယွမ်ချမ်တန်ကြောင့် မဟုတ်ဘူး။ ဆွန်းမိုကို အမဲလိုက်ဖို့ ပဲ။

"ဘုရားရေ"

ရှာယွန် ရုတ်တရက် အံ့အောသွားသည်။ ဆွန်းမိုက ဒီလောက် နာမည်ကြီးနေပြီလား။

ချောင်ရှန်က ကျန်ဟန်ဖူနှင့် ယွမ်ချမ်တန်တို့၏ နာမည် အပြည့်အစုံ ခေါ်လိုက်တာကို သတိထားလိုက်မိသည်။ ပြောချင်တာက သူတို့ နှစ်ယောက်စလုံးကို လုံးဝ ဂရုမစိုက်ပါ။

သူတို့ နောက်မှ လိုက်လာတဲ့ ကျန်ဟန်ဖူနှင့် ယွမ်ချမ်တန်သည် သူတို့နဲ့ မနီးမဝေးမှာ ပုန်းနေသည်။ ဒီစကားကို ကြားလိုက်လျှင် သူတို့ မျက်နှာ မည်းမှောင်

သွားကာ ယွမ်ချမ်တန်က လက်သီး တင်းတင်း ကျပ်ကျပ် ဆုပ်ထားသည်။

"တောက်။ ငါလည်း မျက်နှာ မလိုချင်ပါဘူး)

"ကျောင်းအုပ်ကြီး ချောင်က အရမ်း သဘောကောင်းတာပဲ"

ဆွန်းမိုက ဒါကို ခန့်မှန်းပြီးသားပါ။ ဒီနေ့မှာ ချောင်ရှန်ဆီက လေးစားအထင်ကြီးမှု အမှတ်အများကြီး ရရှိထားခဲ့သည်။

"မင်းက ငါ့ကို ကျောင်းအုပ်ကြီးလို့ ခေါ်နေတာက အရမ်းအားနာ နေပြန်ပြီ။ ငါ့ကို ဦးလေးချောင် ဒါမှမဟုတ် ဆရာချောင်လို့ ခေါ်လို့ ရပါတယ်"

ချောင်ရှန်က ရယ်မောလိုက်ပြီး ခင်မင်ရင်းနှီးဖို့ကောင်းတဲ့ အမူအရာကို ထုတ်ပြလိုက်သည်။

"ဆရာဆွန်း၊ မင်းနဲ့ ထမင်းအတူတူ စားခွင့်ရရင် ကျေနပ်မိမှာပဲ"

စာစဥ်(၂၀)

အခန်း(၂၈၈) - ဆေးထုပ်ကြီး ရောင်းချခြင်း။

ဆောင်းဦးရွက်ကြွေတွေက ချစ်သူလက်ထဲ ကျဆင်းနေသလို တဖြုတ်ဖြုတ် ကြွေကျနေသည်။

ရှာယွန်သည် ဒီစကားကို ကြားလိုက်လျှင် အားကျတဲ့ အမူအရာ ဖြစ်နေသည်။ ချောင်ရှန်၏ သဘောထားကို ကြည့်ရလျှင် အရမ်းသဘောကျနေတာ သိသာသည်။ ဒီနေ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းကို ရောက်လာတာကလည်း သူ့ကို အမဲလိုက်ဖို့ ဖြစ်နိုင်သည်။

(ငါလည်း ဘယ်အချိန်ကျမှ အဲဒီလို ဆက်ဆံမှုမျိုး ရမှာလဲ)

ရှာယွန် ခံစားချက်တွေ ဖြစ်နေသည်။

ဒင်

ရှာယွန်၏ လေးစားအထင်ကြီးမှု +၅၀ ။ ရင်းနှီး(၃၂၀/၁,၀၀၀)

"ဆရာရှာ၊ မင်းအားလား။ ငါတို့နဲ့ လိုက်ခဲ့ပါလား"

ချောင်ရှန်၏ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းက အရမ်းမြင့်မားပြီး ရှာယွန်အား မျက်နှာ မပျက်စေရန် ဖိတ်ကြားခဲ့သည်။

ရှာယွန်ကလည်း လိုက်ချင်နေသည်။ ချောင်ရှန်၏ အမှတ်အသားဖြစ်တဲ့ မရီဒန်အကယ်ဒမီက ကျောင်းအုပ်ကြီး ဖြစ်တယ်ဆိုတဲ့ အချက်ကို မေ့ထားလိုက်အုံး။ သူက ကြယ် ၅ ပွင့်မြတ်ဆရာတစ်ယောက် ဖြစ်နေသဖြင့် သူနဲ့အတူတူ

ထမင်းစားရခြင်းက ရှားပါးတဲ့ အခွင့်အရေး တစ်ခု ဖြစ်နေသည်။

အစားစားတဲ့ အချိန်အတွင်း မေးခွန်းတချို့ မေးနိုင်ရင် အများကြီး အကျိုးရှိလိမ့်မည်။

ရှာယွန်က ဒီကမ္ဘာကြီးရဲ့ နည်းလမ်းတွေကို သိနေသည်။ အရမ်းလိုက်ချင်နေပေမယ့်လည်း ပြုံးပြီး ငြင်းလိုက်သည်။

"မင်းတို့နှစ်ယောက်ကြားမှာ မနှောက်ယှက်တော့ပါဘူး"

ချောင်ရှန်က ခေါင်းညိတ်ပြီး ဆွန်းမိုကို ကြည့်လိုက်သည်။

"ကျောင်းအုပ်ကြီး ချောင်က ကျွန်တော်ကို အမဲလိုက်ဖို့ ကြိုးစားနေတာလား"

ဆွန်းမိုတွင် ထမင်းစားရန် အချိန်မရှိသောကြောင့် လိုရင်းကို တန်းသွားလိုက်သည်။ လိဂ်ပြိုင်ပွဲ စစ်ဆေးမှုက သုံးလကျော်အတွင်း ရောက်လာတော့မည်။ ဗဟိုပြည်နယ်အကယ်ဒမီ၏ အဆင့်သတ်မှတ်ချက်နဲ့ သက်ဆိုင်နေသောကြောင့် ဆွန်းမိုက သူ့စွမ်းရည်ကို မြှင့်တင်ရန်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချိန်တိုင်း အသုံးပြုဖို့ လိုအပ်နေသည်။ သူ့တပြည့်တွေကိုလည်း လမ်းညွှန်ပေးရအုံးမည်။ ဒါကြောင့် အရမ်း အလုပ်များနေသည်။

"အမ်"

ချောင်ရှန်သည် ဆွန်းမိုက ဒီလိုတိုက်ရိုက်ပြောမယ်လို့ မထင်မှတ်ထားချေ။ သူက ရှာယွန်ကိုကြည့်ပြီး ခေါင်းအနည်းငယ် ညိ့ှမ့်ပြလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် စနစ်ထုတ်ပြန်ပေးထားတဲ့ ကျောင်းကို စီအဆင့် ပြန်ရောက်အောင် လုပ်ပေးရမယ့် တာဝန်ကို မမေ့ပါ။

"ငါ့ ကမ်းလှမ်းချက်ကို အရင် နားမထောင်တော့ဘူးလား"

ချောင်ရှန်က ပြုံးရင်း ပြောလိုက်သည်။ သူက မြတ်ဆရာပေါင်းများစွာကို အမဲလိုက်ခဲ့ဖူးသည်။ ဒါကြောင့် အတွေ့အကြုံရှိနေသည်။ တဖက်သားက သူ့ရဲ့ တန်ဖိုးကိုမြှင့်တင်ချင်လို့ ပြောနေမှန်း သိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို စိတ်ဝင်စားခြင်း မရှိဘဲ ပြုံးလိုက်သည်။ အခုအချိန်တွင် သူက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဌာနမှူးဖြစ်နေပြီး သူ့မှာ အဆင့်အတန်းနှင့် အခွင့်အာဏာ ရှိနေသည်။ ပြီးတော့ သူ့မှာ တံခါးရှစ်ခု တိမ်တိုက်ကို ပိုင်ဆိုင်ထားပြီး ဝိညာဉ်သလင်းကျောက်တွေ ပြည့်နှက်နေတဲ့ လေဘုရင်ခန်းမကိုလည်း သိမ်းပိုက်ထားသည်။

ကျင့်ကြံခြင်း အရင်းအမြစ်တွေလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုမှာ မရှားပါ။ သူ့မှာ ဝိညာဉ်သလင်းကျောက်တွေ ရှိနေရင် ဘာမဆို လဲလှယ်လို့ ရသည်။ ပြီးတော့ လုချီဟွာတွင် ရတနာရှာဖွေရာမှာ ထူးချွန်လွန်းတဲ့ ဝိညာဉ်ချီ နဂါး ရှိသေးသည်။ အမှောင်တိုက်ကြီးကို ခရီးထွက်လိုက်လျှင် သေချာပေါက် ဝိညာဉ်ကျောက်မိုင်းတစ်ခု ရနိုင်သည်။

ကျင့်ကြံကျင့်စဉ်နဲ့ ပက်သက်ပြီးတော့ရောလား။

စိတ်မကောင်းဘူး။ အခုဆိုရင် ဆွန်းမိုမှာ ဆန်းကြယ် သူတော်စင်အဆင့် ကျင့်စဉ် လေးခု

ရှိနေသည်။ ဒါတွေက သာမန်ထက် ထူးကဲတဲ့ လမ်းကြောင်းအတိုင်း သွားနေသည်။ ချောင်ရှန် ဘယ်လောက်ပင် ရက်ရောတယ်ဆိုစေကာမူ သူတော်စင်အဆင့် ကျင့်စဉ်ကိုတော့ ထုတ်ပေးမည် မဟုတ်ပါ။

"ပထမဆုံး အနေနဲ့ ကြိုက်တဲ့ ပမာဏ တောင်းလို့ရတယ်။ မင်းရဲ့တောင်းဆိုမှုကို ငါလိုက်လျောမယ်"

"ဒုတိယအနေနဲ့ မရီဒန်အကယ်က နှစ်ပေါင်းများစွာ စုဆောင်းထားတဲ့ စာအုပ်တွေ အကုန်လုံးကို မင်း ယူကြည့်ခွင့်ရှိမယ်"

"တတိယအနေနဲ့ကတော့ မင်းကို မရီဒန်အကယ်ဒမီရဲ့ အနာဂတ် ကျောင်းအုပ်ကြီးလောင်းအဖြစ် ငါသတ်မှတ်ပေးမယ်။ မင်းသာ ထူးချွန်ခဲ့ရင် ငါထိုင်နေတဲ့ နေရာက ဆယ်နှစ်အတွင်း မင်းအတွက်ပဲ"

ချောင်ရှန်က ကမ်းလှမ်းလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီစကားကို ကြားလိုက်လျှင် ရှာယွန်သည် မျက်လုံးတွေပြူးပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေသည်။ ဒီကမ်းလှမ်းချက်က ရိုးသားမှု များစွာ ရှိသည်။

ကျောင်းအုပ်ကြီး ချောင်က ဒီလောက်အထိ ရက်ရောမယ်လို့ မထင်ထားခဲ့ပါ။ ဆွန်းမို လစာတောင်းဖို့ ဆန္ဒရှိနေသ၍ ကျောင်းအုပ်ကြီးကလည်း ပေးလိမ့်မည်။ ဆွန်းမိုကို ဘယ်လောက်တောင် တန်ဖိုး ထားနေတာလဲ။

အမှောင်ထဲကနေ ခိုးကြောင်ခိုးဝှက်ကြည့်နေကြတဲ့ ကျန်ဟန်ဖူနှင့် ယွမ်ချမ်တန်တို့နှစ်ယောက်စလုံး အရမ်းအံ့အောသင့်သွားသည်. ဆွန်းမိုက ဒါနဲ့ထိုက်တန်လို့လား။ ချောင်ရှန် မျက်လုံး ကန်းနေတာလား။

"မင်းရဲ့ ကြင်နာတဲ့ ကမ်းလှမ်းမှုအတွက် ကျေးဇူးတင်ပါတယ်။ ကျောင်းအုပ်ကြီး ချောင်"

ဆွန်းမိုက ခေါင်းယမ်းပြီး ငြင်းလိုက်သည်။ ချောင်ရှန် မျက်မှောင်ကြုတ်သွားသည်။

(အခြေအနေတွေက အရမ်းကောင်းတယ်လေ။ ဒါတောင် မင်းက သဘော မတူသေးဘူးလား။)

ဒါပေမယ့်သူက စိတ်တိုတာ စိတ်မရှည်တာမျိုး လုံး၀ လုပ်မပြပါ။ ဆက်ပြီးတော့ ဆွန်မိုကို အေးအေးဆေးဆေး စည်းရုံးနေသေးသည်။

“ဗဟိုပြည်နယ် အကယ်ဒမီမှာ အန်ရှီဝေ ရှိတယ်။ မင်းဘယ်လိုပဲ ကြိုးစားနေပါစေ အများဆုံးမှ ဒုကျောင်းအုပ်ကြီးပဲ ဖြစ်နိုင်မယ်။ အမှန်တိုင်းပြောရရင် မိန်းမက သန်မာပြီး ယောကျ်ားက အားနည်းတဲ့ အိမ်ထောင်ရေးမျိုးကိုငါ

အားမပေးဘူး။ အထင်သေးခံရတယ်လို့မင်းက မထင်ဘူးလား။ မင်းက မရီဒန်အကယ်ဒမီကိုလာပြီး အန်ရှီဝေထက် ပိုသန်မာကြောင်း သက်သေပြလိုက်ပါ"

အန်ရှီဝေကို မျိုးဆက်သစ် လူငယ်များကြားတွင် ထိပ်တန်း အဆင့်ရှိတဲ့သူလို့ ပြောလို့ရသည်။ သူမ၏ ဂုဏ်သတင်းနဲ့ လုပ်ဆောင်မှုများကြောင့် အနည်းဆုံးတော့ ထိပ်တန်း ဆယ်ခုအဆင့်တွင် ပါဝင်နိုင်လိမ့်မည်။

ကျောင်းအုပ်ကြီး လုပ်ရမလား မလုပ်ရဘူးလားဆိုတာ ငါစိတ်မဝင်စားဘူး။

ကျန်ဟန်ဖူက အမြဲ ပြသနေရှာနေလို့သာ ဆွန်းမိုက ထောက်ပံ့ရေးဌာနမှူးကို ဖယ်ထုတ်ပြီး ဒီရာထူးကို ယူခဲ့ခြင်း ဖြစ်သည်။

ချောင်ရှန် မျက်မှောင် ကြုတ်လိုက်သည်။ ဆွန်းမို စနောက်နေတာ မဟုတ်မှန်း သူနားလည်သည်။ ဒါက ကြမ်းတမ်းလွန်းသည်။

“ကျောင်းအုပ်ကြီး ချောင် ကျေးဇူးပြုပြီး ပြန်ပါတော့”

ဆွန်းမိုက ရှင်းရှင်းလင်း ပြောပြီး ထွက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

'ဆရာဆွန်းဘက်က ဘာတောင်းဆိုစရာ ရှိလို့လဲ။ မင်းရှေ့ဆက်ပြီး တောင်းဆိုချင်တာတွေ ပြောလို့ ရပါတယ်။ ငါလုပ်နိုင်တဲ့ အရာထဲက ဖြစ်နေရင် မင်းစိတ်ချမ်းသာစေရမယ်"

ချောင်ရှန်က အံ့ကြိတ်ပြီး ရှိသမျှ ထုတ်ရင်းဖို့ ဆုံးဖြတ်လိုက်သည်။

ရှာယွန်သည် ဒါကို ကြည့်ပြီး လေအေးတစ်ချက် ရှိုက်လိုက်မိသည်။ (ဒီလောက်အထိ ပြင်းပြင်းထန်ထန် ကြိုးစားဖို့ လိုသေးလို့လား။)

သူမသာ အမဲလိုက်ခံရပါက အရင်ကတည်းက သဘောတူခဲ့မိလိမ့်မည်။

ဒီလောက် ကြီးမားတဲ့ သွေးဆောင်မှုကို ဘယ်သူက ခံနိုင်မှာလဲ။

"မဟုတ်သေးဘူး"

ဆွန်းမိုလည်း အထူးတွေးတောလိုက်ပြီး သူ့မှာ အထူးလိုချင်တာ မရှိဘူးလို့ သဘောပေါက်သွားသည်။ မဟုတ်ဘူး။ သူအိမ်ပြန်ချင်သည်။ အဲဒီအရာကို ချောင်ရှုန် မလုပ်ပေးနိုင်ပါ။

"ဆရာဆွန်း"

ချောင်ရှန် မချိပြုံး ပြုံးလိုက်သည်။

(မင်းက စကားဘယ်လို ပြောရမလဲ တကယ်မသိတာလား)

"တောင်းပန်ပါတယ်"

ဆွန်းမို ထွက်သွားသည်။

"ဆရာဆွန်း၊ မင်း စိတ်ပြောင်းသွားရင် ငါ့ကို အချိန်မရွေးလာ ရှာလို့ရတယ်"

ချောင်ရှန်က ဒါကို လှမ်းပြောပြီး လက်လျှော့လိုက်သည်။

အဲဒီအတွက်လည်း ဘာမှ မတတ်နိုင်ပါ။ အစမှအဆုံးအထိ ဆွန်းမိုသည် တုန်လှုပ်ခြောက်ခြားစရာ အခြေအနေကို ကြားခဲ့သော်လည်း လုံးဝ စိတ်မဝင်စားပါ။ ဒီလိုဆိုလျှင် တကယ်ကို ထွက်သွားချင် စိတ်မရှိတာ ဖြစ်နိုင်သည်။

"ငွေကို မစင်တစ်ခုလို့ ရှုမြင်နေတာလား"

ချောင်ရှန် ကို့ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ယူရုံပိုနှင့် ဖန်ဝူဂျီက မင်းကို အရမ်းသဘောကျတာလဲ မထူးဆန်းတော့ဘူး”

ဒင်

ချောင်ရှန်၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၂၄၀/၁,၀၀၀)

“ချောင်ရှန် ခေါင်းက တစ်ခုခု မှားနေတာလား”

ကျန်ဖန်ဖူ ကဲ့ရဲ့ နေသော်လည်း ဆွန်းမိုကို ထပ်ပြီး အထင် မသေးရဲတော့ပါ။ အခုအချိန်တွင် ဆွန်းမိုကို အန်ရှီဝေထက်

ပိုကြောက်စရာကောင်းတဲ့ ရန်သူတစ်ယောက်လို မြင်ယောင်လာသည်။

ကျန်ကွမ်လင်က ဘာကြောင့် မပြန်လာသေးတာလဲ။ ကျန်ကွမ်လင်သည် သူ့ရဲ့ အထူးချွန်ဆုံး သားတစ်ယောက် ဖြစ်သည်။ ဆွန်းမိုကို အနိုင်ယူဖို့ သူယုံကြည် စိတ်ချရတဲ့ လက်ထောက်တစ်ယောက် ဖြစ်လာလိမ့်မည်။

ယွမ်ချမ်တန်သည် သုန်မှုန်သော မျက်နှာနဲ့ ထွက်သွားသည်။ (ဆွန်းမိုလား။ ငါမင်းကို မှတ်ထားမယ်။ ပြီးတော့ ချောင်ရှန်။ ငါက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီနှစ် လိဂ်ပြိုင်ပွဲမှာ ဗဟိုပြည်နယ် အကာယ်ဒမီကို ဦးဆောင်ပြီး ပထမနေရာ ရအောင် လုပ်ပြမယ်။ ချင်လင်မြို့ရဲ့ အသန်မာဆုံး ဆရာအသစ်က ဘယ်သူလဲဆိုတာ မင်းကိုပြမယ်။)

ရှာယွန်သည် ဆွန်းမိုနဲ့ လမ်းခွဲသွားသော်လည်း သူမစိတ်ထဲတွင် တွေးစရာ အတွေးတချို့ ရသွားသည်။ ဒီကိစ္စနဲ့ ပက်သက်ပြီး အန်ရှီဝေကို ပြောပြတာက ပိုကောင်းတယ်လို့ ခံစားရသည်။ ဒါကြောင့် ကျောင်းအုပ်ကြီး ရုံးခန်းသို့ သွားလိုက်သည်။

“ချောင်ရှန်က ဆွန်းမိုကို အမဲလိုက်ဖို့လာတယ်လို့ မင်းပြောလိုက်တာလား”

အန်ရှီဝေက မျက်မှောင်ကြုတ်ပြီး ပြန်မေးလိုက်သည်။

“အမှန်ပဲ။ ပြီးတော့ ဆွန်းမိုကို အရမ်းမြင့်မားတဲ့ ကမ်းလှမ်းချက်တောင် လုပ်ခဲ့သေးတယ်”

ရှာယွန်က ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက် အကုန်လုံးကို ပြန်ပြောပြလိုက်သည်။

“ရှီဝေ၊ ဒါကို မင်းသတိထားရမယ်။ ဆွန်းမိုလို တက်သစ်စ ကြယ်ပွင့်တစ်ယောက်က ခေါင်းဖြတ်

အမဲလိုက်ခံလိုက်ရရင် ငါတို့ကျောင်းအတွက် ဆုံးရှုံးမှု အရမ်းကြီးမားသွားလိမ့်မယ်”

ဆွန်းမိုက ကမ်းလှမ်းချက်ကို ငြင်းလိုက်တဲ့ အကြောင်းကြားတဲ့အချိန်မှာ အန်ရှီဝေ သက်ပြင်းချလိုက် နိုင်သည်။ အမှန်အတိုင်း ပြောရလျှင် ဆွန်းမို ရောက်လာပြီးတဲ့ နောက်ပိုင်းတွင် သူမအတွက် အများကြီး အထောက် အကူ ဖြစ်ခဲ့သည်။ သူမ အလုပ်လည်း ပိုပြီး ချောမွေ့လာပြီး သူမ စိတ်အခြေအနေလည်း ပို သက်တောင့်သက်သာ ဖြစ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါ သူ့ကို ထွက်သွားခွင့် မပေးနိုင်ဘူး"

အန်ရှီဝေ ကျိန်ဆိုလိုက်သည်။

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၆၇၀/၁,၀၀၀)

ချောင်ရှန်၏ နှုတ်ထွက်စကားကြောင့် ဆွန်းမို၏ နေ့စဉ်ဘဝကို ဘာမှ မသက်ရောက်ခဲ့ပါ။ သူက အတန်းကို ဆက်လက် သင်ကြားပေးခဲ့ပြီး လေဘုရင်ခန်းမကို သွားကာ သူတပြည့်များ(ချီရွှန်ကျား အပါအဝင်) ကို သင်ကြားပေးပြီး စာကြည့်တိုက်ကို သွားကာ လေ့လာခဲ့သည်။

ကန်တင်းကိုသွားကာ သုံးနပ်စာ စားခဲ့သည်။ ဒီလိုမျိုး ရိုးရှင်းတဲ့ ဘဝ နေထိုင်မှုပုံစံကိုသာ ဆက်လက်နေထိုင်ခဲ့သည်။

ချိုင်တန်သည် ဆွန်းမိုဆီသို့ ငါးရက်တစ်ကြိမ်လာကာ ကုသမှုကို ဆက်လက် ခံယူခဲ့သည်။ သူ့ရဲ့ လက်ရှိအခြေအနေက ပြန်လည်ကောင်းမွန်လာပြီး အတိတ်က ပါရမီရှင်တစ်ယောက်လို ပြန်ဖြစ်လာသည်။ ဒီလ၏ ဆယ့်ခြောက်ရက်မြောက်နေ့တွင် ဆေးထုပ်ကြီးအတွက် ပြင်ဆင်မှု အားလုံးက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဆင့်သင့် ဖြစ်နေပြီး တရားဝင် ရောင်းချခဲ့သည်။

ပထမအသုတ်အား ချင်လင်မြို့ရှိ မြတ်ဆရာအသိုင်းအဝိုင်းနှင့် ဩဇာကြီးမားတဲ့ ပုဂ္ဂိုလ်တချို့အား လက်ဆောင် ပေးခဲ့တဲ့ အပြင် ကျောင်းရှိ ကျောင်းသားများနဲ့ ဆရာတို့အား ပစ်မှတ်ထားပြီး ရောင်းချခဲ့သည်။

ဆေးထုပ်ကြီးထုတ်လုပ်တဲ့ ကုန်ကျစရိတ်ကို ငွေတုံး ၃၀၀ဖြစ်အောင် ထိန်းချုပ်နိုင်ခဲ့သည်။ အန်ရှီဝေ အစပိုင်းတွင် ဆေးထုပ်ကြီးတစ်ထုပ်အား

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငွေတုံး တစ်ထောင်နဲ့ ရောင်းချဖို့စီစဉ်ခဲ့သော်လည်း ဆွန်းမိုက အရမ်းနည်းတယ်လို့ ယူဆကာ ငွေတုံး သုံးထောင်နဲ့ ရောင်းချဖို့ ဈေးနှုန်း သတ်မှတ်ခဲ့သည်။

ဒီဈေးနှုန်းကို ပရီမီယံလို့တောင် သတ်မှတ်နိုင်သည်။

"နှလုံးသားက မည်းလိုက်တာ"

အန်ရှီဝေသည် ရောင်းအားမကောင်းမှာ စိုးရိမ်နေသော်လည်း ဆွန်းမိုက ဆေးထုပ်ကြီးရဲ့ ဆေးညွှန်းကို ပေးခဲ့တဲ့လူ ဖြစ်နေသည်။

ဒါကြောင့် အထွန့်မတတ်ဘဲ ဆွန်းမိုစကားကို လိုက်နာခဲ့သည်။

နေ့လယ်စာ ထမင်းစားပြီးတဲ့အချိန်တွင် ဆေးထုပ်ကြီးသည် ဆရားများကြား အဓိက အကြောင်းအရာ တစ်ခု ဖြစ်လာခဲ့သည်။

“ဆေးတစ်ထုပ်ကို ငွေတုံး သုံးထောင်လား ကျောင်းက ဆင်းရဲလွန်းပြီး ရူးသွားပြီလား”

ကွမ်လီသည် ဆန်ပြုတ်ကို ဖြေးညှင်းစွာ တစ်ငုံ ငုံလိုက်ပြီး သူမ လေသံမှာ စိတ်ရှုပ်ထွေးမှုနဲ့ ပြည့်နေသည်။ ကျောင်းအုပ်ကြီးအန်သည်

အရမ်းလိမ္မာ ပါးနပ်တဲ့ သူဖြစ်သည်။ သူ ဘာဖြစ်လို့ ဒီလို အမှားမျိုး လုပ်တာလဲ။

"ကျောင်းအုပ်ကြီး ဟောင်းရဲ့ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းခဲ့တဲ့ ဆေးညွှန်းလို့ ကြားတာပဲ။ အမှောင်တိုက်ကြီးဆီက ရတဲ့ဆေးညွှန်းတဲ့။ ဗဟိုပြည်နယ် အကယ်ဒမီက တကယ်ပိုက်ဆံလိုနေလို့ ထုတ်ရောင်းတယ် ပြောတာပဲ"

ဒီသတင်းက လီဖီန်ကြားတဲ့ သတင်း ဖြစ်သည်။

"ဘယ်လို ဆေးညွှန်းက ငွေတုံး သုံးထောင် တန်မှာလဲ"

ကွမ်လီ နှုတ်ခမ်း တွန့်သွားသည်။ မြတ်ဆရာတွေအတွက် ပိုက်ဆံ မရှားဘူးဆိုပေမယ့် သူတို့က ပိုက်ဆံကို ရူးရူးမိုက်မိုက် မဖြုန်းတီး ပစ်ချင်ကြပါ။

"မင်းမှာ ဝယ်ဖို့ စိတ်ကူးရှိလား"

လီဖီန်က မေးလိုက်သည်။

"မရှိဘူး"

ကွမ်လီက တဲ့တိုး ဖြေသည်။

"ငါက အရှုးတစ်ယောက် မဟုတ်ဘူး"

"မင်းကရော"

လီဖိန်က တွေဝေနေသည်။ အန်ရှီဝေက မလိမ်နိုင်ဘူးလို့လဲ ခံစားရသည်။

"ငါ ဝယ်မယ်"

ရှာယွန်က မတွေဝေပါ။ ဆေးထုပ်က လုံးဝ အသုံးမဝင်ရင်တောင် လုံးဝ ကိစ္စ မရှိပါ။

ကျောင်းကို စပွန်ဆာ ပေးတဲ့အနေနဲ့ ငွေတုံး သုံးထောင် သုံးလိုက်မည်။

အဲဒီဆေးထုပ်ကြီးကို ကျောင်းဆေးရုံရှိ ဒုတိယအထပ်တွင် ရောင်းချပြီး လက်ထောက်နှစ်ယောက်က တာဝန်ယူထားသည်။ သူတို့နှစ်ယောက် စလုံးသည် အန်ရှီဝေ ယုံကြည်ရတဲ့ လက်အောက် ငယ်သားများ ဖြစ်ကြသည်။

ရှာယွန်နှင့် လီဖီန်တို့ ရောက်လာကြသည်။ ဆေးထုပ် ထည့်ထားရန်အတွက် စေတီပုံစံ

သစ်သားသေတ္တာကို အသုံးပြုထားတာ သတိထားလိုက်မိသည်။

"အရောင်းက ဘယ်လိုလဲ"

ရှာယွန်က မေးလိုက်သည်။

"ဟီးဟီး"

လက်ထောက် နှစ်ယောက် မချိပြုံး ပြုံးပြသည်။

"မင်းတို့ဝယ်မှာလား။ ဒါဆိုရင်တော့ မင်းတို့က ငါးယောက်မြောက်ပဲ"

"တစ်ထုပ်ပေးပါ။ နှစ်ထုပ် မဟုတ်ဘူးနော်"

ရှာယွန်သည် ပိုဝယ်ရန် စဉ်းစားခဲ့သော်လည်း ဒီလောက် အခြေအနေ ဆိုးနေတာကို မြင်ပြီး စိတ်ပြောင်းသွားသည်။

လက်ထောက်တစ်ယောက်က ငွေများကို လက်ခံပြီး မှတ်တမ်းတင်ထားတဲ့ သေတ္တာ တစ်လုံးကို ယူလာခဲ့သည်။ ဒါတွေပြီးသွားတော့ လီဖိန်ဘက်သို့လှည့်ကာ

"တစ်ထုပ် ယူအုံးမလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဖီန် တွေဝေနေသည် ရောင်းအား ဒီလောက်ဆိုးနေတာ မြင်လိုက်ပြီး ချက်ခြင်း လက်လျှော့လိုက်သည်။

(ငွေတုံးသုံးထောင်ပါ။ အစားအသောက် ကောင်းကောင်း စားလို့ ရတယ်)

ရှာယွန် တိတ်တိတ်လေး သက်ပြင်းခိုးချလိုက်သည်။ ဆေးထုပ်က ဘယ်လောက် ကောင်းတယ်ဆိုတာ သူမ မသိသေးပါ။ လီဖီန်ကို ဝယ်ဖို့ မစည်းရုံးရဲပါ။

ဒီလိုမဟုတ်ရင် သူမ သူငယ်ချင်းကို ထိခိုက်သွားနိုင်သည်။

“အသုံးပြုတဲ့နည်းက အရမ်းရိုးရှင်းတယ်။ ရေချိုးကန်ထဲကို ပစ်ထည့်လိုက် ရုံပဲ။ ရေချိုးစည်မဟုတ်ဘူးနော် ရေချိုးကန်နော်”

လက်ထောက်က ပြောလိုက်သည်။

“ငါ နားလည်ပြီ”

ရှာယွန်က ခေါင်းညိတ်လိုက်သည်။

ဆေးရုံမှ ထွက်ခွာလာပြီးနောက် လီဖီန်သည် သိချင်စိတ်ကို မထိန်းနိုင်ဘဲ ရှာယွန်အား

"ဖွင့်ကြည့်လိုက်ပါလား"

ဆေးဘူးထဲတွင် လျှော်သား အဝတ်ဖြင့် ပတ်ထားတဲ့ ဆေးထုပ်တစ်ထုပ်ပါဝင်ပြီး ဆေးရနံ့က သင်းပျံ့လှသည်။ ဈေးက ဆေးဆိုင်တွင် ရောင်းချတဲ့ ဆေးထုပ်များနဲ့ မတူပါ။

"မဝယ်လိုက်တာ မှန်သွားတယ်"

လီဖိန်က ဆေးထုပ်ကြီးသည် ထိရောက်နိုင်သော်လည်း ငွေတုံး သုံးထောင်တော့ မတန်ဘူးလို့ ခံစားမိသည်။

တူညီသော အခြေအနေများသည် ဆရာများကြားတွင် ထပ်ခါထပ်ခါ ဖြစ်ပွားနေခဲ့သည်။ ဆေးထုပ်ကြီး၏ ရောင်းအားက အန်ရှိဝေ ခန့်မှန်းထားတာထက် ပိုဆိုးဝါးနေသည်။

အဲဒီညမှာပဲ ရှာယွန်သည် အိမ်ပြန်လာခဲ့သည်။ ဘာမှလုပ်စရာ မရှိသဖြင့် ပင်ပန်းနွမ်းနယ်မှု

ပြေပြောက်အောင် ရေနွေးပူပူနဲ့ ရေချိုးမလို့ လုပ်လိုက်သည်။

စာစဉ်(၂၀)

အခန်း(၂၈၉) - မယုံနိုင်စရာ အစွမ်းထက်တဲ့ ဆေးဘက်ဆိုင်ရာ အာနိသင်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာလောကတွင် မြတ်ဆရာတစ်ယောက်၏ အဆင့်အတန်းသည် အရမ်း မြင့်မြတ်လှသည်။ မြတ်ဆရာတစ်ယောက်ဖြစ်ဖို့ အရည်အချင်း ပြည့်မှီသူ ဒါမှမဟုတ် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာလျှင် လူ့အဖွဲ့အစည်းတွင် သူတို့၏ လစာနှင့် အဆင့်အတန်းသည် သိသိသာသာ မြင့်တက်လာလိမ့်မည်။ ရှာယွန်သည် ကြယ်တစ်ပွင့် မြတ်ဆရာ ဖြစ်လာပြီးနောက် ပထမဆုံး လစာနဲ့ပင် ကြီးမားတဲ့ အိမ်ကြီး တစ်လုံးကို ငှားယူပြီး သူမ၏ မိဘများကို ချက်ခြင်း ခေါ်ဆောင်လာခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတစ်ယောက် ဖြစ်နေသ၍ သူတို့က အရမ်းကောင်းတဲ့ ဖောက်သည်တစ်ယောက်လို ဆက်ဆံနေလိမ့်မည်။ ဒါကြောင့် အိမ်ပိုင်ရှင်သည် သူ့သားနဲ့ စေ့စပ်ဖို့တောင် ကြိုးစားခဲ့သည်။

"ယွန်လေးရေ၊ ရေနွေးအဆင်သင့် ဖြစ်နေပြီနော်"

ရှာယွန်၏ မိခင်က လှမ်းအော်သည်။

ရေကန်က မကျယ်ပါ။ နှစ်ယောက်အိပ် ကုတင် အရွယ်အစားသာ ရှိပြီး ရေနွေးငွေ့များ ထွက်နေသည်။ ရှာယွန်သည် အဝတ်အစားတွေကို ချွတ်ချလိုက်သည်။

ထို့နောက် အပူချိန် စမ်းသပ်ကြည့်ရန် ခြေထောက်ကို နှစ်လိုက်သည်။ အပူချိန်က အဆင်ပြေသဖြင့် ရေကန်ထဲ စိမ်လိုက်သည်။

ဟွာလာလာ

ပူနွေးသော ရေက ချက်ခြင်းဆိုသလို လည်ပင်းအထိ ရောက်သွားသည်။ ပင်ပန်းနွမ်းနယ်မှုများ ပျောက်သွားသလို ခံစားရသည်။

ရှာယွန်သည် အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်သည်။ သူမ အနားယူလိုက်ချင်သော်လည်း အနားမယူနိုင် ဖြစ်နေသည်။ ဆွန်းမို၏

ကျော်ကြားမှုက အရှိန်အဟုန်နဲ့ မြင့်တက်နေပြီး ပါရမီရှင် ဆရာအသစ် ကူရှုပ်ရှင်းကလည်း သူမကို ဖိအား အများကြီး ပေးနေသည်။ ရောကန်ကြီးထဲတွင် ဒီရေတွေ အဆက်မပြတ် တိုက်ခတ်နေသလို ဖြစ်နေသည်။ ရှေ့က ဒီရေက ကမ်းပေါ်ရောက်ပြီး သေသွားနိုင်သည်။

တကယ်လို့ သူတို့နှစ်ယောက်သာ လာမည့် မြတ်ဆရာ စာမေးပွဲတွင် အောင်မြင်သွားပါက သူမ ရှက်နေရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကြောင့် ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက်ဖြစ်ချင်ပါက သူ့ရဲ့ ကိုယ်ပိုင်တပြည့် တစ်ယောက်သည် တိမ်စိမ်းအဆင့်ထဲသို့ ဝင်ရောက်ရလိမ့်မည်။

အဲဒီအတွက် ကျောင်းသားရဲ့ ကိုယ်ပိုင်အရည်အချင်း အပြင် မြတ်ဆရာ၏ သင်ကြားရေး စွမ်းရည်အပေါ် အများကြီး မူတည်နေသည်။ ရှာယွန်သည် အလုပ်မှာလည်း ကြိုးစားပြီး ကျင့်ကြံမှုတွင်လည်း အနားမယူခဲ့ပါ။

သူမရဲ့ အတွေးမှာတော့ “ငါ့ခဏတာအတွင်း ကြယ်နှစ်ပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်မလာနိုင်ရင်တောင် ငါရဲ့ ကျင့်ကြံမှု အခြေခံက မြင့်မားနေရမယ်” ဒီလို လုပ်နိုင်ရင် ကျောင်းသားအသစ် စုဆောင်းတဲ့ အခါကျရင် အရောင်းအရ နိုင်ဆုံး တစ်ချက် ဖြစ်လာမည်။

သို့သော်လည်း မကြာခင်ကမှ အဆင့်တက်နိုင်မယ့် အခွင့်အရေး မရှိသေးတာကို သတိထားလိုက်မိသည်။

ရှာယွန်သည် အလုပ်က အရမ်းပင်ပန်းသဖြင့် စွမ်းအင်မထိန်းသိမ်း နိုင်တော့တာကို ရှင်းရှင်းလင်းလင်း သိလိုက်သည်။ ဒါကြောင့်လည်း သူမရဲ့ ကျင့်ကြံခြင်း တိုးတက်မှုက ရပ်ဆိုင်းသွားခဲ့သည်။

ရှာယွန်သည် အနားယူပြီး ပြန်လည် စုစည်းသင့်တာကို သိသော်လည်း မလုပ်ရဲပါ။ သူမ အားလျော့ပြီး အနားယူလိုက်တာနဲ့ ဆွန်းမို၊ ကူရုပ်ရှင်းနှင့် တခြားလူများက သူမကို ကျော်တက်သွားလိမ့်မည်။

ဒါ့ပြင် ဗဟိုပြည်နယ်ရဲ့ လက်ရှိအခြေအနေက သိပ်မကောင်းပါ။ ဒီလိဂ်ပြိုင်ပွဲမှာသာ ရလဒ် ဆိုးရွားခဲ့ရင် နာမည်ကြီး ကျောင်းစာရင်းထဲက ဖယ်ထုတ်ခံရပြီး သူမရဲ့ အနာဂတ်လည်း ဆိုးရွားသွားမည်။ အဲဒီအချိန်တွင် တခြား ကျောင်းမှာ အလုပ်ဝင်လိုပါက သူမက အောင်မြင်မှုများကို ပြသဖို့ လိုအပ်သည်။

အမှန်အတိုင်း ပြောရလျှင် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ဆိုတာ ပညာရေးလောကထဲတွင် ဘာမှ မဟုတ်သေးပါ။

ဝါရင့်တဲ့ မြတ်ဆရာတစ်ယောက် အတွက်ကရော။

ကျောင်းတွေက သုံးတဲ့ ဖယ်ထုတ်ခြင်း စနစ်တစ်ခု ရှိသည်။ တကယ်လို့ ငါးနှစ်အတွင်းမှာ ကြယ်တစ်ပွင့် မြတ်ဆရာ တစ်ယောက် မဖြစ်လာခဲ့လျှင် အလုပ်ထုတ်ခံရမည်။ ဒီလိုမှမဟုတ်ရင် အခြား ဌာနတစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင် ရလိမ့်မည်။

ဒါသည် ကျောင်းက သွေးအေးပြီး ရက်စက်ခြင်း မဟုတ်ပါ။ သာမန် ဆရာတစ်ယောက်က လုပ်တဲ့

ပောပြောပွဲကို ကျောင်းသားများက အမြဲတမ်း နားမထောင်ချင်ကြပါ။

ဒီအကြောင်းကို တွေးပြီး ရှာယွန်သည် စိတ်ရော ကိုယ်ပါ ပင်ပန်းလာသည်။ သို့သော်လည်း သူမရဲ့ လက်ရှိစံနှုန်းအရ လိဂ်ပြိုင်ပွဲတွင် ကျောင်းသား အုပ်စုကို ဦးဆောင်ရန် အရည်အချင်း မပြည့်မီသေးပါ။ သူမသည် ဘေးနားက ရပ်ပြီးသာ အားပေးနိုင်သည်။

“ တကယ်လို့ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်သာ မဖြစ်လာခဲ့ရင် ဆွန်းမိုနှင့်

ကူရှုပ်ရှင်းသည် ကျောင်းသား အသစ်အဖွဲ့ကို ဦးဆောင် ရလိမ့်မယ်”

ရှာယွန်စိတ်ထဲတွင် အတွေးများစွာ ဖြစ်ပေါ်နေသည်။ ထို့နောက် ဆေးထုပ်ကြီးကို ရေကန်ထဲသို့ ပစ်ချလိုက်သည်။

ဖောက်

ဆေးထုပ်ကြီးသည် ရေနဲ့ ထိတွေ့သွားတာနဲ့ ချက်ခြင်းဆိုသလို အနီရောင်များ စိမ့်ထွက်လာသည်။ ဒါတွေက လတ်ဆတ်တဲ့ သွေးနဲ့ တူနေသည်။

ဝုန်း

ရှာယွန်သည် အလိုလို မတ်တပ် ထရပ်လိုက်မိသည်။

ကြောက်ဖို့ ကောင်းလွန်းသည်။ ကြည့်ရတာ လတ်ဆတ်တဲ့ သွေးကန်ထဲမှာ စိမ်နေရသလို ဖြစ်နေသည်။ ရှာယွန်သည် စိတ်ဓါတ်ပျော့ညံ့ပြီး ကြောက်ရွံ့တတ်တဲ့လူ ဖြစ်သည်။ ဒါကြောင့် အစပိုင်းတွင် အပြင်ကို ပြန်ထွက်ချင်နေသည်။ ဒါပေမယ့် ဆေးထုပ်ကြီးက ငွေတုံး သုံးထောင်လောက် ပေးရတယ်ဆိုတာ တွေးမိပြီး ရေချိုးဖို့ ပြန်စိမ်လိုက်သည်။

"ထားလိုက်ပါတော့ ။ မမြင်နိုင်တာတွေကို တွေးပြီး စိတ်မပူနေတော့ဘူး"

ရှာယွန်သည် မျက်နှာ သုတ်ပုဝါ တစ်ထည်ကို ယူလိုက်ပြီး မျက်နှာကို ရေခြောက်သွေ့အောင် သုတ်လိုက်သည်။

ဆေး အာနိသင်များ ပျံ့နှံ့လာသည်။ လက်သီးဆုတ်အရွယ် လှိုင်းကြက်ခွပ်များ ထလာသည်။ ရေစီးကြောင်း တစ်ခု ဖြစ်ပေါ်လာပြီး ခန္ဓာကိုယ်ထဲ စိမ့်ဝင်လာသည်။

"ဟီးဟီး"

အနည်းငယ် ယားယံလာသဖြင့် မနေနိုင်ဘဲ ရယ်လိုက်မိသည်။ ပြီးတော့ ရေရဲ့ သက်ရောက်မှုကြောင့် အနှိပ်ခံရသလို နေရထိုင်ရ သက်တောင့်သက်သာ ဖြစ်တဲ့ ခံစားချက်ကို ခံစားလိုက်ရသည်။

“ဒီ ဆေးထုပ်က နည်းနည်းတော့ စိတ်ဝင်စားဖို့ ကောင်းသလိုပဲ”

ရှာယွန်သည် ခံစားချက်များနဲ့ အတူ သက်ပြင်းချလိုက်သည်။ ဒါပေမယ့် နောက်ထက် အခိုက်အတန့်မှာ ရေတွေက ဖြုန်းကနဲဆို

ပန်းထွက်လာသည်။ သက်ရောက်မှုက ပြင်းထန်လွန်းသဖြင့် မိုးသက်မှုန်တိုင်း တစ်ခုက သူမ မျက်နှာကို တိုက်ခတ် နေသလို ဖြစ်နေသည်။

"ဘာကြီးလဲ"

ရှာယွန်သည် ခေါင်းကို ပတ်ထားတဲ့ မျက်နှာသုတ်ပုဝါကို ဖယ်လိုက်ပြီး အံ့အောသင့်နေသည်။ ရေချိုးခန်းထဲတွင် သုံးမီတာလောက် မြင့်တဲ့ ရေဘီလူးတစ်ကောင် ရုတ်တရုတ် ပေါ်လာသည်။ အနီရောင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရေတွေကနေ ဖြစ်ပေါ်လာသဖြင့် နည်းနည်းကြောက်ဖို့ ကောင်းနေသည်။

ရွှတ်စ်

ရေဘီလူးကြီးသည် ရှာယွန်အား လှည့်ပြီး ကြည့်လာသည်။

“အား”

ရှာယွန် လန့်ဖြန့်ပြီး အော်လိုက်သည်။ သူမ ရင်ဘက်နဲ့ ညီမလေးကို ဖုံးလိုက်သည်။ အရမ်းဒေါသထွက်ပြီး မျက်နှာ အစိမ်းရောင် ပြောင်းသွားသည်။ (အနှစ်သုံးဆယ်လောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြူဖြူစင်စင် ထိန်းသိမ်းထားခဲ့တဲ့ ခန္ဓာကိုယ်ကို ဘီလူးတစ်ကောင်က ကြည့်သွားသည်။)

ရှာယွန် ဘာမှ မလုပ်ရသေးခင် ဘီလူးက လက်သီး တစ်ချက် ထိုးလာသည်။

ဘုန်း

လက်သီးချက်ကြောင့် လေပြင်းများ တိုက်ခတ်လာသည်။

ရှာယွန်သည် သတိကြီးတဲ့ လူတစ်ယောက် ဖြစ်သဖြင့် အရိုက်မခံလိုက်ရပါ။ အဲဒီအစား ရုတ်တရက် ရှောင်လိုက်သည်။

ဝုန်း

ရှာယွန်သည် ရေချိုးကန်ထဲက ထွက်ပြီး ထောင့်သို့ ဆုတ်မလို့ လုပ်လိုက်သည်။ အဲဒီလုပ်လိုက်ခြင်း အားဖြင့် ရေဘီလူးကြီးက သူမကို လိုက်ပြီး မတိုက်ခိုက်နိုင်တော့ဘူးလို့ တွေးလိုက်သည်။ ဒါပေမယ့် ဘီလူးကြီးရဲ့ တိုက်ခိုက်တဲ့အရှိန် အရမ်းလျှင်မြန်နေမယ်လို့ သူမ မမျှော်လင့်ထားခဲ့ပါ။

ပထမလက်သီးချက်ပြီးတာနဲ့ ဒုတိယလက်သီးချက် ပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီတစ်ကြိမ်တော့ ရှာယွန် မရှောင်တော့ပါ။ ထိပ်တိုက် ရင်ဆိုင်လိုက်သည်။

ဘောင်း

ရေဘီလူးကြီးရဲ့ လက်သီး ပေါက်ကွဲထွက်သွားသည်။ ပတ်ပတ်လည်တွင် ဝိညာဉ်ချီများ ပေါ်လာသည်။ အရမ်းများပြားတဲ့ သွေးရောင် ဝိညာဉ်ချီတွေက ရှာယွန်ကို ဖုံးအုပ်သွားသည်။

ချီ ချီ

ရှာယွန် မျက်နှာတွင် ထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ပေါ်နေပြီး သူမ ထွက်ပြေးချင်နေသည်။ ဒါပေမယ့်

မကြာခင် ပတ်ဝန်းကျင်က အရမ်းသိပ်သည်းတဲ့ ဝိညာဉ်ချီကို ခံစားလိုက်မိပြီး ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်နေတာ သတိထားလိုက်မိသည်။

သူမရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်း အားလုံးက သက်တောင့် သက်သာဖြစ်တဲ့ ခံစားချက်ကို ခံစားလိုက်ရသည်။

ရှာယွန် အံ့အော သင့်နေသည်။ ဒီခံစားချက်.................

သို့သော်လည်း သူမ လေးလေးနက်နက် မတွေးရသေးခင် ဘီလူးကြီးရဲ့ တတိယ လက်သီးချက်

ပေါ်လာသည်။ ရှာယွန် မရှောင်တော့ပါ။ သူ့မဘက်ကနေ စပြီး ဘီလူးကြီးကို တိုက်ခိုက်လိုက်သည်။

ဘောင်း ဘောင်း ဘောင်း

ရေဘီလူးကြီးရဲ့ ခန္ဓာကိုယ် ပေါက်ကွဲထွက်သွားပြီး အနီရောင် ဝိညာဉ်ချီ အမြောက်အများ ထွက်ပေါ်လာသည်။ ရှာယွန်သည် ဝိညာဉ်ချီကို အဆက်မပြတ် စုပ်ယူနေရင်း သက်တောင့်သက်သာဖြစ်တဲ့ ခံစားမှုကို ခံစားလိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်ချီထဲမှာ နစ်မြုပ်နေရတဲ့ ခံစားချက်က တကယ်ကို ထူးဆန်းလွန်းသည်။ သူမရဲ့ ဆာလယ်များသည် သဲကန္တာရထဲမှာ ရေငတ်နေတဲ့လူ တစ်ယောက်လိုဖြစ်နေပြီး ရုတ်တရက် အိုအေစစ်တစ်ခုထဲမှာ ဖြတ်လျှောက်လိုက်ရသလို အကန့်အသတ်မရှိ သောက်သုံးခွင့် ရနေသည်။

ပျော်ရွှင်ပြီး ကျေနပ်တဲ့ ခံစားချက်ကြောင့် ရှာယွန် တစ်ကိုယ်လုံး တုန်ယင်နေသည်။

ကျေနပ်နှစ်သိမ့်ဖို့ကောင်းတဲ့ ခံစားချက်ကြောင့် တုန်ယင်နေသည်။ မတောင့်ခံနိုင်တော့ဘဲ

ပေါင်ကြားကို တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်မိသည်။ အား။ တကယ်စိုသွားပြီး အရမ်းရှက်ဖို့ ကောင်းလိုက်တာ။ ကံကောင်းထောက်မစွာ ဒါကို ဘယ်သူမှ မမြင်လိုက်ပါ။

ခဏနေပါအုံး ၊ ရေဘီလူးကြီး မြင်သွားနိုင်တယ်။ သို့သော်လည်း အဲဒီအရာက ဘယ်လို သတ္တဝါမျိုးလဲ။ ရှာယွန်သည် လက်သီးချက် အနည်းငယ်ထိုးလိုက်သဖြင့် ဘီလူးကြီးရဲ့ ခေါင်း ကြေမွသွားသည်။ လုံးဝကို ပြိုကွဲသွားပြီး

ဝိညာဉ်ချီ အဖြစ် ပြောင်းလဲသွားသည်။ ရေချိုးခန်း တစ်ခုလုံးကို ပြည့်နေပြီး နံရံနှင့် ကြမ်းပြင်တစ်ခုလုံး အနီရောင်များ စွန်းထင်းနေသည်။ ဒီနေရာကို ကြည့်လိုက်ပါက မသိရင် လူ အစုလိုက် အပြုံလိုက် သတ်ထားသလို ဖြစ်နေသည်။

ဒီဝိညာဉ်ချီများကို စုပ်ယူရန်အတွက် သူမဘာက်ကစပြီး အားထုတ်စရာတောင် မလိုပါ။ သူတို့က အမှတ်မထင် သူမ ခန္ဓာကိုယ်ထဲ စီးဆင်းလာသည်။

ရှာယွန်သည် ကျေနပ်နှစ်သိမ့်တဲ့ ခံစားမှုကို ခံစားနေရင်း ရုတ်တရက် ရင်းနှီးတဲ့ ခံစားမှုတစ်ခုကို ခံစားလိုက်ရသည်။ ဒါကြောင့် ရင်ထိတ်ကာနဲ ခုန်သွားပြီး စိတ်လှုပ်ရှားလာသည်။ သူမရဲ့ ဝိညာဉ်ချီ လည်ပတ်မှုကလည်း မြန်ဆန်လာသည်။

"ဘာ၊ ငါအဆင့်တက်နေတာလား"

ရှာယွန် မယုံကြည်နိုင်နေသလို ဖြစ်နေသည်။ ရေချိုးနေတုန်း ဘယ်လိုဖြစ်လို့ ရုတ်တရက် အဆင့်တက်နေရတာလဲ။ ဒါက မော်ဆန်လွန်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် အခုခံစားနေရတဲ့ လက္ခဏာက အဆင့်ချိုးဖျက် တက်ရောက်တဲ့ ပုံစံဖြစ်သည်။

ရှာယွန်သည် ဆုံးဖြတ်ချက် ပြတ်သားတဲ့ လူတစ်ယောက် ဖြစ်သည်။ တွေဝေခြင်းမရှိဘဲ ရုတ်တရုတ် တင်ပလေ့ခွေ ထိုင်ချလိုက်သည်။ သူမက ဝိညာဉ်ချီ စုပ်ယူမှုနှုန်းကို အမြင့်ဆုံး အဆင့်ရောက်အောင် ဆွဲတင်လိုက်ပြီး နတ်ဘုရားခွန်အား အဆင့်(ခြောက်)ကို အဆင့်တက်မလို့ လုပ်လိုက်သည်။

“ယွန်လေး၊ အဆင့်ပြေလား”

ရှာယွန်၏ မိခင်သည် တိုက်ခိုက်နေတဲ့ အသံများကို ကြားပြီး စိုးရိမ်တကြီး ပြေးလာကာ အခြေအနေတွေကို စစ်ဆေးရန် ရောက်လာသည်။

“ ငါ အဆင်ပြေတယ်။ ငါ့ကို မနှောက်ယှက်နဲ့”

ရှာယွန်က လှမ်းအော်သည်။

ရှာယွန်၏ အမေသည် စိုးရိမ်နေသဖြင့် ဘေးက ရပ်စောင့်နေသည်။

နတ်ဘုရားခွန်အားအဆင့်သည် သူ့ရဲ့ နာမည်အတိုင်း ဖြစ်သည်။ အဲဒါက လူတစ်ယောက်ကို နတ်ဘုရားရဲ့ ခွန်အားများကို

ရရှိစေနိုင်သည်။ လူသားများက နတ်ဘုရားတစ်ယောက် ဖြစ်လာတယ်လို့ မဆိုလိုဘဲ ခွန်အားက လူသားတို့ နားလည်နိုင်တဲ့ အဆင့်ထက် ကျော်လွန်သွားတယ်လို့သာ ပြောချင်သည်။ ဥပမာအားဖြင့် နတ်ဘုရားခွန်အားအဆင့် ကျွမ်းကျင်သူများသည် တောင်များကို ဖောက်ခွဲနိုင်ပြီး ပင်လယ်များကို မှောက်ပစ်နိုင်သည်။ သူတို့က ကြယ်တွေကိုတောင် သိမ်းပိုက်နိုင်ပြီး လတွေကိုတောင် ပစ်ခွင်းနိုင်သည်။ ဒါကြောင့် နတ်ဘုရား ခွန်အားလို့ ခေါ်ကြခြင်း ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မယုံကြည်နိုင်လောက်တဲ့ ခွန်အား ဖြစ်သည်။

ကျင့်ကြံမှုအဆင့် မြင့်လေလေ တိုးတက်လာဖို့ ပိုခက်လာလေလေ ဖြစ်သည်။

နတ်ဘုရားခွန်းအား အဆင့်တွင် စုစုပေါင်း အဆင့်ကိုးဆင့် ရှိသည်။ အဆင့်တစ်ခုစီတွင် တစ်ကိုယ်လုံးအား နတ်ဘုရား ခွန်အား တစ်ခုခြင်းစီ တိုးမြှင့်ခြင်း ဖြစ်သည်။ ခန္ဓာကိုယ်ကို ဖြည့်တင်းပြီး မြင့်တက်လာစေနိုင်သည်။ အဆုံးစွန်ဆုံးသော အဆင့်အထိ အဆင့်ဆင့် အသွင်ကူးပြောင်းပြီးတဲ့အခါ

ခန္ဓာကိုယ်ရဲ့ အကန့်အသတ်များကို ချိုးဖျက်ကာ သက်ရှည် အဆင့်သို့ ဝင်ရောက်နိုင်လိမ့်မည်။

သူမသည် အာရုံစိုက်လိုက်သည်။ အာရုံစိုက်မှုကို ထိန်းသိမ်းနိုင်ရန် "အာရုံစိုက်ခြင်း" မြတ်ဆရာအရှိန်အဝါကိုတောင် သုံးလိုက်သည်။ သူမက ဒီအခွင့်အရေးကို အသုံးချပြီး နတ်ဘုရားခွန်အား အဆင့် (၅)သို့ အဆင့်တက်ရန် အကောင်းဆုံး ကြိုးစားနေသည်။

ရှာယွန်သည် ကြာရှည်သော တိုက်ပွဲတစ်ခုအတွက် ပြင်ဆင်မှုများ လုပ်ထားခဲ့သည်။ ဆေးထုပ်ကြီး

သုံးလိုက်ပြီး ဆယ်မိနစ်လောက်နဲ့ အဆင့်တက်မယ့် တံခါးအဝကို ရောက်သွားလိမ့်မယ်လို့ မထင်မှတ်ထားခဲ့ပါ။

ဘုန်း ဘုန်း

ဝိညာဉ်ချီများသည် ပြတင်းပေါက်ကနေတဆင့် ပေါက်ကွဲ ထွက်သွားသည်။

ရှာယွန်သည် နတ်ဘုရားခွန်အားအဆင့် (၅)သို့ တစိုက်မတ်မတ် ဝင်ရောက်သွားသည်။

“တကယ်ပဲ လွယ်လိုက်တာ”

ရှာယွန်၏ မျက်နှာသည် အရမ်းအံ့အားသင့်နေတဲ့ အမူအရာ ဖြစ်နေသည်။ နောက်ဆုံးတော့ ဂိမ်းထဲက ဆရာကြီးကို အနိုင်ယူဖို့ တစ်လခွဲလောက် ဆေးမျိုးစုံသုံးပြီး လက်နက်မျိုးစုံ ပြင်ဆင်ထားတဲ့ ဂိတ်ကစား သမား တစ်ယောက်လို ဖြစ်နေသည်။ သို့သော်လည်း နောက်ဆုံးတွင် ဂိမ်းကစားသူက ဆရာကြီးကို တစ်ချက်တည်းနဲ့ နိုင်သွား သလို ဖြစ်နေသည်။

အမှန်ပဲ သူမ ဘာမှတောင်ထွေထွေထူးထူး အားစိုက်စရာ မလိုခဲ့ပါ။ ကျွမ်းကျင်မှုတစ်ခုတောင် သုံးစရာ မလိုခဲ့ပါ။

“ဒါ အိပ်မက် မဟုတ်ပါဘူးနော်”

ရှာယွန်သည် ရှိသမျှ အားကုန်သုံးပြီး ပါးကို ပြန်ရိုက်လိုက်သည်။

“ဖြောင်း”

ထို့နောက် မျက်ရည်တွေ စီးကျလာသည်။ (အန်ရှီဝေ ဒီလောက်ကောင်းတဲ့ ဆေးကို ဘာဖြစ်လို့ စောစော ထုတ်မရောင်းရတာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီဆေးကိုသာ စောစော အသုံးပြုလိုက်ရလျှင် အချိန်ကုန်တာ ဘယ်နှစ်နှစ်လောက် သက်သာသွားမလဲ။)

(သက်ရှည်ခြင်း နယ်ပယ်ကို အသာထားလိုက်အုံး၊ နတ်ဘုရားခွန်အားအဆင့်ကိုးကို ရောက်ဖို့တော့ ပြဿနာမရှိနိုင်ပါ။) ရှာယွန်က အနည်းငယ် အကောင်း မြင်လွန်းနေသည်။ ဆေးထုပ်ကြီးက ဘယ်လိုပဲပြောပြော နောက်ဆုံးတော့ ဆေးပဲ ဖြစ်သည်။ အသုံးပြုတဲ့ ပထမဦးဆုံးတစ်ခေါက်သည်

အကျိုးသက်ရောက်မှု အကောင်းဆုံး ဖြစ်နေလိမ့်မည်။

ဖျားတဲ့ အချိန်မှာ ဆေးထိုးသလိုပဲ။ ပဋိဇီဝဆေးကို ပထမဆုံးအကြိမ်တွင် အနည်းငယ် အသုံးပြုရုံနဲ့ ပြန်ကောင်းလာနိုင်သည်။ ဒါပေမယ့် နှစ်ကြိမ်မြောက်တွင် အာနိသင် လျော့နည်းသွားလိမ့်မည်။

ဆေးထုပ်ကြီး အသုံးပြုမှုကလည်း တူညီတဲ့ သဘောတရားအတိုင်း ဖြစ်သည်။ ပထမအကြိမ်မှာ အရမ်းသက်ရောက်မှု ရှိပြီး နောက်အကြိမ်များတွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သာမန်ဆေးထုပ်များနဲ့ တူညီတဲ့အဆင့်အထိ တဖြည်းဖြည်းနဲ့ အာနိသင် လျော့နည်းသွားလိမ့်မည်။ အဲဒါတွေကို ပင်ပန်းနွမ်းနယ်မှု၊ စိတ်ဓါတ်ခွန်အား ပြန်လည်မြှင့်တင်ဖို့နဲ့ စိတ်ခြေအနေ သက်တောင့်သက်သာ ဖြစ်စေရန်အတွက်သာ အသုံးပြုတော့မည်။ ဒါပေမယ့် အဲဒါကို အားကိုးပြီး အဆင့်တစ်ခု တက်ခြင်တယ်ဆိုရင်တော့ နည်းနည်း အားနည်းသွားလိမ့်မည်။

သဘာဝအားဖြင့်တော့ ဆေးထုပ်ကြီးသည် ဈေးကွက်ထဲတွင် ရောင်းချနေတဲ့

အခြားဆေးထုပ်များထက် စာရင်တော့ ပိုမို အားကောင်းနေဆဲ ဖြစ်သည်။

"ယွန်လေး၊ မင်း........."

ရှာယွန့်'၏ မိခင် ဝင်လာပြီး ပတ်ဝန်းကျင်ရှိ "သွေးများ'ကိုကြည့်ကာ အရမ်းထိတ်လန့် တုန်လှုပ်လာသည်။ (တစ်ယောက်ယောက်က ငါ့သမီးကို သတ်လိုက်ပြီလား)

(အလောင်း ဘယ်မှာလဲ)

ရှာယွန်၏ အမေသည် မျက်ရည်ကျလာပြီး တစ်ခန်းလုံးကို လှည့်ပတ်ကြည့်လိုက်သည်။ (

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါ့သမီးကို အနိုင်ကျင့်တဲ့ ကောင်ဘယ်မှာလဲ။ ကျိန်းသေပေါက် သေရမယ်။ လူတစ်ယောက်ကို ပြန်သတ်လိုက်လို့ တဘဝလုံး ပေးဆပ်ရမယ် ဆိုရင်တောင် ငါ့သမီးအတွက် ငါ့ဘဝကို စွန့်လွှတ်လိုက်မယ်)

ခဏလောက်ကြာတော့ ရှာယွန် မိခင်၏ မျက်နှာပေါ်တွင် ဆုံးဖြတ်ချက် ပြတ်သားတဲ့ အမူအရာ ပေါ်လာသည်။

"အမေ၊ ငါအဆင့် တက်သွားပြီ"

ရှာယွန်သည် ဝမ်းသာအားရ ခုန်ထကာ အမေအား ဖက်လိုက်သည်။ အခုအချိန်တွင် သူမ စိတ်အခြေအနေက အရမ်းကောင်းမွန်နေသည်။ မျက်လုံးတွေက တောက်ပနေပြီး နားတွေက ရှင်းလင်းနေသည်။ သူမရဲ့ အာရုံ ခြောက်ပါးစလုံး ထက်မြတ်နေသည်။ နတ်ဘုရားခွန်အား အဆင့်သည် တကယ် ဆန်းကြယ်လွန်းသည်။

သူမ အဖေက အခုလောလောဆယ်တွင် အဝတ်အစား လဲနေသည်။ ရှာယွန်သည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိနစ်ပိုင်းအတွင်း ဘာသံ ကြားလိုက်ရသလဲဆိုတာ ပြောနိုင်သည်။ အခုအချိန်မတိုင်ခင်က သူမ အာရုံတွေက မပြတ်သားသေးပါ။

ဒီဆေးထုပ်ကြီးက အရမ်းကောင်းမွန်လှသည်။

(အကုန်လုံး မဝယ်ရင်တောင် နည်းနည်းတော့ ပိုဝယ်ထားရမယ်)

"အမေ၊ ငါတို့ သိမ်းထားတဲ့ ပိုက်ဆံတွေက ဘယ်မှာလဲ။ ယူလာပေးပါ"

ရှာယွန်၏ မျက်လုံးများသည် သားကောင်ကို မြင်လိုက်ရတဲ့ ဆာလောင်မွတ်သိပ်နေသော ဝံပုလွေ တစ်ကောင်လို ဖြစ်နေသည်။

စာစဉ်(၂၀)

အခန်း(၂၉၀) - ဆေးထုပ်ကြီးတွေ အရှုံးအမှုးရောင်းရခြင်းနှင့် ကြီးမားသော အမြတ်ရခြင်း။

သူမ သမီးက လူသတ်လိုက်တာ မဟုတ်ဘူးဆိုတာ သိပြီးနောက်၊ ရှာယွန်၏ အမေသည် သက်ပြင်း တစ်ချက် ချလိုက်သည်။ အလောင်းကို ဝှက်ဖို့အတွက် စိတ်ပူစရာ မလိုတော့ပါ။

"ဆေးထုပ် ဝယ်မလို့လား"

ရှာယွန်၏ အမေသည် သူမ သမီး အလိမ်ခံရမှာ စိုးရိမ်နေသည်။ ဆေးထုပ်တစ်ထုပ် ငွေတုံး သုံးထောင် ဆိုလျှင် ဘယ်လောက်တောင် စျေးကြီး လိုက်သလဲ။ သို့သော်လည်း သူမ သမီးအတွက် ခြွင်းချက် မရှိ ပံ့ပိုး ကူညီခဲ့သည်။ နောက်နေ့တွင် ဘဏ်တွင်ရှိသမျှ ပိုက်ဆံအားလုံးကို ထုတ်ယူပြီး သူမအား ပေးလိုက်သည်။

သုံးရက်မြောက်တဲ့နေ့ နံနက်တွင် ရှာယွန်သည် ငွေစက္ကူ တစ်ထပ်ကို သယ်ကာ ကျောင်းဆေးရုံရဲ့ ဆေးအရောင်းဆိုင်သို့

တန်းပြေးသည်။ သွားတဲ့လမ်းတွင် လီဖန်နဲ့ ဆုံတွေ့ခဲ့သေးသည်။

"အမ်။ ဆရာရှာ ၊ မင်း အရမ်းကြည့်ကောင်းနေပါလား"

လီဖန်က စလိုက်သည်။ "မင်း အချစ်နဲ့ ဆုံတွေ့ခဲ့တာလား"

'အချစ်နဲ့တော့ မဟုတ်ဘူး။ ဘီလူးတစ်ကောင်နဲ့ တွေ့ခဲ့တာ"

ရှာယွန်က ပြန်နောက်လိုက်သည်။ သူမက ထုံးစံအတိုင်း စိတ်ကောင်းဝင်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျင့်ကြံခြင်းတွင် အဆင့်တစ်ဆင့် တက်နိုင်ရုံနဲ့ ငွေဖြုန်းတယ်လို့ မသတ်မှတ်နိုင်ပါ။

အမှန်တိုင်းပြောရလျှင် ရှာယွန်သည် အန်ရှီဝေကို ထောက်ပံ့ပေးခြင်းသောကြောင့်သာ ဆေးထုပ်ကြီးကို ဝယ်ခဲ့ခြင်း ဖြစ်သည်။ ဒီပိုက်ဆံကို အဆုံးအရှုံးခံဖို့ ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးတော့ ဆေးအာနိသင်က ဒီလောက်ကောင်းလိမ့်မယ်လို့ သူမ မထင်ခဲ့ပါ။

"အမ်"

လီဖိန် အရမ်းအံ့အား သင့်သွားသည်။

“ပြောပြမယ်၊ ဆေးထုပ်ကြီး အာနိသင်က အရမ်းမိုက်တယ်။ ဘီလူးတစ်ကောင်ကို တကယ် ဆင့်ခေါ်နိုင်တယ်။ ကျောင်းအုပ်ကြီးအန်ရဲ့ မျိုးရိုးပိုင် ဆေးဖော်စပ်နည်းက ထင်ထားတဲ့အတိုင်းပဲ”

ရှာယွန်က ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ ဒီစကားများကို တခြားလူအား မကြားစေချင်ပါ ဒီလိုမှမဟုတ်ရင် ပြိုင်ဖက်တွေ သေချာပေါက် တိုးလာနိုင်သည်။

“အမ်၊ ဘာဘီလူးလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဖိန်သည် အရမ်းအံ့အောသင့်တဲ့ မျက်နှာနဲ့ ကြည့်နေပြီး စိတ်ထဲတွင် မယုံကြည်နိုင် ဖြစ်နေသည်။ (ရေချိုးနေတုန်းက ဘီလူးတစ်ကောင်ကို ဆင့်ခေါ်တယ်။ အဲဒီနေရာမှာပဲ အခင်းဖြစ်ပွားမှာ မကြောက်ဘူးလား)

ရှာယွန်က ကမန်းကတမ်း ရှင်းပြသည်။ လီဖိန်မျက်နှာတွင် မယုံသင်္ကာ ဖြစ်နေတဲ့ အမူအရာကို မြင်လိုက်လျှင် သူမလက်ကို လှန်းဆွဲလိုက်သည်။

"လမ်းလျှောက်ရင်း စကားပြောရအောင်"

နှစ်ယောက်သား ရုံးထဲဝင်ပြီး ဒုတိယအထပ်သို့ တက်သွားသည်။ ရုတ်တရုတ်အံ့အောဖို့ ကောင်းတာက တန်းစီနေတဲ့ လူတော်တော်များများ ရှိနေသည်။ သူတို့အားလုံးက ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတွေ ဖြစ်နေကြသည်။

“လူတွေ များလိုက်တာ”

ရှာယွန် ရင်ထိတ်ကနဲ တုန်သွားသည်။ (ငါ့အလှည့်ရောက်လို့ ဆေးထုပ်တွေ ကုန်သွားရင် ဘယ်လို လုပ်မလဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီဆရာတွေက သူမထက် အသက်ကြီးပြီး ဗဟိုပြည်နယ် အကယ်ဒမီအပေါ်တွင် သံယောဇဉ် ရှိကြတဲ့ သူများ ဖြစ်သည်။ ဒါကြောင့်လည်း သူတို့သည် ငွေတုံး သုံးထောင်ကို အသုံးပြုဖို့ ဆန္ဒရှိခဲ့သည်။ နောက်ဆုံးတွင် အာနိသင်က အရမ်း အံ့အောဖို့ ကောင်းနေမယ်လို့ သူတို့မမျှော်လင့် ထားခဲ့ပါ။

မနေ့က တစ်နေ့လုံး ပိုက်ဆံ လိုက်စုဆောင်းနေခဲ့ကြပြီး ဒီနေ့တော့

ဆေးထုပ်ဝယ်ဖို့အတွက် ချက်ခြင်း ပြေးလာပြီး တန်းစီနေကြသည်။

"ဆရာဝမ်၊ မင်းလည်း အသုံးပြုခဲ့တာလား"

"ဟုတ်တယ်။ အရင်ကဆို ခါးကိုက်လို့ အကြာကြီး အိပ်ရင်တောင် နာတယ်။ ဒါပေမယ့် ဆေးထုပ်ကြီး သုံးပြီးတဲ့နောက်မှာ မနေ့ညက ကောင်းကောင်း အိပ်ပျော်သွားတယ်"

တကယ်တော့ ဆရာဝမ်သည် မနေ့ညက ကောင်းကောင်း မအိပ်ခဲ့ပါ။ ရန့်မွေး ပြည့်တန်ဆာ အိမ်ကိုသွားပြီး ပြည့်တန်ဆာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ယောက်နဲ့ ပြင်းပြင်းထန်ထန် ပျော်ပါးနေခဲ့ရာ နောက်ဆုံးတွင် ပြည့်တန်ဆာက သနားပါအုံးလို့ တောင်းပန်ယူခဲ့ရသည်။

"ဒီဆေးထုပ်ကြီးက တကယ်ကို နတ်ဘုရားပစ္စည်းပဲ"

"ဒါတော့ အမှန်ပဲ။ ထင်ရှားပေါ်လွင်လှတဲ့ ဘီလူးကြီးနဲ့တင် ငွေတုံး သုံးထောင် တန်နေပြီ"

မြတ်ဆရာများသည် အချင်းချင်း စကားစမြည် ပြောပြီး လမ်းလျှောက်လာသော်လည်း သိပ်မကြာခင်

မျက်မှောင် ကြုတ်သွားသည်။ ဆေးရုံအဝင်ဝသို့ စိုက်ကြည့်ပြီး စိုးရိမ်တဲ့ အမူအရာ ပေါ်လာသည်။

ဒီတစ်ကြိမ်တော့ မြတ်ဆရာတွေက သေသေချာချာ ပြင်ဆင်ပြီး ဆေးထုပ်ကြီး ဝယ်ဖို့အတွက် ပိုက်ဆံ လုံလုံလောက်လောက် ထည့်လာခဲ့သည်။ ဒါကြောင့် စောစောတုန်းက ထွက်သွားကြတဲ့ မြတ်ဆရာတိုင်းသည် သစ်သားသေတ္တာ တချို့ကို ကိုင်ဆောင်သွားသည်။

“အမ်၊ ဆရာဝူ လက်ကျန်တွေ ရှိသေးလား”

ဆရာဝမ် သည် သူနဲ့ ရင်းနှီးတဲ့ ဆရာဝူကို သတိထားလိုက်မိသည်။ ရန်နဲ့မွေး ပြည့်တန်ဆာအိမ်ကို သွားပြီး အစုလိုက်အပြုံလိုက် တိုက်ပွဲဝင်ဖို့ မသွားခင် သူ၏ ဆိုးရွားလှသော ခါးကို ကုသရန်အတွက် အဲဒီ မေးခွန်းကို ကမန်းကတမ်း အလျှင်အမြန် ပေးလိုက်သည်။

"အများကြီး မကျန်တော့ဘူး"

ဆရာဝူ နှုတ်ခမ်းများ တဆက်ဆက်တုန်သွားသည်။ ဒီဆေးထုပ်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရမ်းဈေးကြီးနေလို့ ဒီလိုမဟုတ်ရင်ရှိသမျှ အကုန်လုံး ဝယ်လိုက်သည်။

တန်းစီ စောင့်နေတဲ့လူတွေလည်း တဖြည်းဖြည်းနဲ့ နည်းပါးသွားသည်။

ရှာယွန်နှင့် လီဖီန်သည် စိုးရိမ်တကြီးကြီးနဲ့ စောင့်ဆိုင်းနေကြသည်။ အထူးသဖြင့် လီဖီန် ဖြစ်သည်။ အခုအချိန်မှာတော့ သူမသည် ဝယ်သင့်မဝယ်သင့်ကို မတွေဝေနေတော့ပါ။ အဲဒီအစား ဝယ်လို့ မရမှာကိုပဲ စိတ်ပူနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အရင်က နည်းနည်းလောက် ပိုဝယ်ခဲ့မိရင် ဘယ်လောက် ကောင်းလိုက်မလဲ”

လီဖိန်သည် သက်ပြင်းချပြီး မျက်နှာတွင် နောင်တတွေနဲ့ ပြည့်နေသည်။

နောက်ဆုံးတော့ သူတို့အလှည့်ကို ရောက်လာသည်။

“ဆယ်ထုပ် ပေးပါ”

လက်ထောက် စကားမပြောရသေးခင် ရှာယွန်က စိတ်လောပြီး အော်ဟစ်ကာ ငွေတုံး သုံးသောင်း ထုတ်ပေးလိုက်သည်။

"ငါးထုပ် မဟုတ်သေးဘူး သုံးထုပ်"

လီဖိန်သည် စကားပြောပြီးနောက် သူမ အိတ်ကပ်ကို စစ်ကြည့်လိုက်သည်။

"အမ်၊ နေ့ခင်းဘက်မှ ပိုက်ဆံ ယူလို့ မရဘူးလား"

"ချစ်မိတ်ဆွေ၊ ဆေးထုပ်တွေက အရမ်းနည်းနေလို့ တောင်းပန်ပါတယ်။ ငါတို့ အကြွေးမရောင်းနိုင်ပါဘူး"

လက်ထောက်က ပြုံးပြီး ကူညီချင်ပေမယ့် မတတ်နိုင်တဲ့ ပုံစံ လုပ်ပြလိုက်သည်။

"ငါ့အတွက် နည်းနည်းလောက် ချန်ထား ပေးလို့ မရဘူးလား။ ငါအခုပဲ ငွေသွားထုတ်လိုက်မယ်"

လီဖိန် အနည်းငယ် စိုးရိမ်လာသည်။

"ငါးထုပ်၊ ငါ ငါးထုပ် လိုချင်တယ်"

လီဖိန်သည် အများအားဖြင့် အသုံးစရိတ်တွေ လွန်နေပြီး ငွေတုံး ၁၅,၀၀၀ အရမ်းများတဲ့ ပမာဏ ဖြစ်နေသည်။ စမ်းသုံးကြည့်မလို့ သုံးထုပ်သာ ဝယ်ချင်ခဲ့သည်။ ဒါပေမယ့် အခုမြင်လိုက်တော့ သူမ စိတ်ပြောင်းသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ချစ်မိတ်ဆွေ၊ တောင်းပန်ပါတယ်။ ဒီနေရာမှာ ရှိနေတဲ့ လူတွေကို ဦးစားပေးဖို့ ကျောင်းအုပ်ကြီးအန်က ညွှန်ကြားထားတယ်”

လက်ထောက်က တောင်းပန်တဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။

အန်ရှီဝေ၏ အဓိပ္ပါယ်က အရမ်းရိုးရှင်းသည်။ ဒီကိုလာပြီး ဆေးထုပ်ကြီးဝယ်တဲ့လူတွေက ဗဟိုပြည်နယ်အကယ်ဒမီနဲ့ သူမကို ထောက်ခံတဲ့ လူတွေ ဖြစ်သည်။ ဒီလို အခြေအနေမျိုး အဲဒီလို လူတွေကိုသာ ထုံးစံအတိုင်း ပွဲပိုးသင့်သည်။

ရှာယွန်သည် သစ်သားသေတ္တာ တစ်လုံးကို ရလိုက်မှ သက်ပြင်းချလိုက်နိုင်သည်။ ပြီးတော့ အကြံပေးလိုက်သည်။

“ဆရာလီ၊ ဒီမှာ အချိန်ဖြုန်းမနေနဲ့တော့။ မြန်မြန်ပြန်သွားပြီး ပိုက်ဆံသွားယူလိုက်”

လီဖီန်သည် လက်ထောက် မတုန်မလှုပ် ဖြစ်နေတာကို မြင်လိုက်လျှင် အိမ်ကို ပြန်ပြေးပြီး ပိုက်ဆံသာ ပြန်ယူနိုင်သည်။ သူမ နောက်တစ်ကြိမ် ပြန်ရောက်လာတဲ့အခါတွင်

နောက်ဆုံးအသုတ်နဲ့ မှီပြီး ကံကောင်းစွာ နှစ်ထုပ် ဝယ်နိုင်ခဲ့သည်။

ဆေးထုပ်တွေ ရောင်းလို့ ကုန်ပြီ ဖြစ်တဲ့အကြောင်း လက်ထောက်က ကြေငြာလိုက်သည်။

"နောက်အသုတ်က ဘယ်တော့မှ ရောင်းမှာလဲ"

ဆရာအချို့က မကျေမနပ် ဖြစ်နေကြသည်။ (တန်းစီရတဲ့အတွက် အချိန်ကုန်တယ်လို့ မခံစားရပါ။ ဒါကို ဝယ်ဖို့အတွက် နေ့တစ်ဝက်လောက် ခွင့်ယူခဲ့ရသည်)

"ချစ်မိတ်ဆွေတို့ ငါတို့လည်း တကယ် အားနာပါတယ်။ ငါတို့လည်း ဘာမှ မသိဘူး။ ကျောင်းအုပ်ကြီးအန်ရဲ့ ညွှန်ကြားချက်ကိုပဲ စောင့်ရမယ်"

လက်ထောက်လည်း ဘာမှ မတတ်နိုင်ပါ။

"အမ်၊ ဆရာဖီန်၊ မင်းဆယ်ထုပ် ဝယ်ခဲ့တယ် မဟုတ်လား။ ငါ့ကို ပြန်ရောင်းပါလား"

"အို ဆရာကျန်၊ ငါက တခြားသူတွေကို လက်ဆောင်ပေးဖို့ စဉ်းစားထားတယ်။ ငါကိုယ်တိုင် အသုံးပြုဖို့တောင် မလုံလောက်သေးဘူး"

ဆရာဖီန်က ပုခုံးတွန့်ကာ ခါးသီးတဲ့ အပြုံးကို ပြုံးလိုက်သည်။

တကယ်တော့ သူ့မှာ လက်ဆောင်ပေးမယ့် အစီအစဉ် မရှိပါ။ ဒါက အရမ်းကောင်းတဲ့ ပစ္စည်းတစ်ခုပါ။ ဆေးထုပ်များကို လုံလောက်အောင် ခံစားပြီးမှ ကျန်တဲ့ ကိစ္စကို စဉ်းစားမည်။ သူ့မှာသာ ပိုက်ဆံ လုံလောက်ရင် နောက်ထပ် ဆယ်ထုတ်လောက် ထပ်ဝယ်ထားလိုက်ချင်သေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အမ်၊ ဆရာကျွန် တစ်ကိုယ်ကောင်းဆန်တာကို အပြစ်ပြောလို့ မရဘူး။ ငါတို့ ဆက်ဆံရေးက သာမန် မိတ်ဆွေ အဆင့်ပဲ ရှိတယ်)

ကျောင်းအုပ်ကြီး ရုံးခန်းထဲတွင်..........

အခုလက်ရှိတွင် အန်ရှီဝေသည် လက်ထောက်နှစ်ယောက်ရဲ့ တင်ပြချက်ကို နားထောင်နေသည်။

"ရောင်းလို့ကုန်သွားပြီ"

ဒီစကားကိုကြားလိုက်လျှင် အန်ရှီဝေရဲ့ မျက်နှာပေါ်တွင် မထိန်းချုပ်နိုင်ဘဲ မှင်တက်နေတဲ့

အကြည့်ပေါ်လာသည်။ ငွေတုံးများနဲ့ ပြည့်နေတဲ့ သေတ္တာကို ကြည့်ပြီး မယုံကြည်နိုင် ဖြစ်နေသည်။

အန်ရှီဝေလည်း ဆေးထုပ်ကြီးရဲ့ အာနိသင်ကို စမ်းသပ်ခဲ့ဖူးသည်။ ဘယ်လောက်ပဲ ကောင်းနေပါစေ နာမည် ကျော်ကြားဖို့အတွက် အချိန်တစ်ခုတော့ လိုအပ်သည်။ အန်ရှီဝေသည် ဆရာများက ဆေးထုပ် ဝယ်ပြီးတဲ့နောက် အချင်းချင်း ဆွေးနွေးကြလိမ့်မယ်လို့ ခန့်မှန်းလိုက်သည်။ ဒါနဲ့ပက်သက်တဲ့ သတင်းများက တဖြည်းဖြည်း

ပျံ့နှံ့လာကာ နာမည်ကောင်းသတင်း ဖြစ်ပေါ်လာပြီး ဝယ်တဲ့သူများ ဖြစ်ပေါ်လာမယ်လို့ ခန့်မှန်းထားခဲ့သည်။ သုံးရက်အကြာတွင် အားလုံး ရောင်းကုန်သွားမယ်လို့ မျှော်လင့်ထားခဲ့သည်။

"ဆေးထုပ်တစ်ထုပ် ငွေတုံး သုံးထောင်တန်တယ်။ သူတို့ငွေတွေကို တန်ဖိုး မထားကြတော့ဘူးလား"

အန်ရှီဝေ နားမလည်နိုင် ဖြစ်နေသည်။ အခုလောလောဆယ်တော့ ဆရာတွေက ငွေသုံး ပက်စက်လှသည်။

"ကျောင်းအုပ်ကြီး တကယ်တော့ ဆေးထုပ်ဝယ်တဲ့ မြတ်ဆရာတွေက အများကြီး မဟုတ်ဘူး။ ဒါပေမယ့် ဝယ်တဲ့ ဆရာတိုင်းက တစ်ထုပ်ထက် ပိုဝယ်ကြတယ်။ တစ်ခါတည်း အထုတ်တစ်ရာ ဝယ်တဲ့ လူတောင် ရှိသေးတယ်"

လက်ထောက်က တင်ပြလိုက်သည်။

"တစ်ရာလား"

အန်ရှီဝေ လေအေးတစ်ချက် ရှူလိုက်မိသည်။ ငွေတုံး သုံးသိန်း မဟုတ်ပါလား။ ဒီငွေပမာဏသည်

ဗဟိုပြည်နယ် အကယ်ဒမီကို တစ်လလောက် လည်ပတ်ဖို့ လုံလောက်သည်။

သိပ်မကြာခင် အန်ရှီဝေသည် အကြောင်းပြချက်ကို သိလိုက်ရသည်။

ဆေးထုပ်ကြီးရဲ့ အကျိုးသက်ရောက်မှုက သိသာလွန်းသည်။ ဒါကြောင့် အသုံးပြုပြီးတဲ့ မြတ်ဆရာများရဲ့ ပထမဆုံး တုန့်ပြန်မှုက သိုလှောင်ထားဖို့ ဖြစ်သည်။ နောက်ဆုံးမှာ ဒီသတင်း ပျံ့နှံ့သွားရင် အရှုံးအမူး ဝယ်တဲ့ လမ်းကြောင်း ဖြစ်ပေါ်လာလိမ့်မည်။ အန်ရှီဝေသာ ဈေးနှုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မတိုးခဲ့ရင် မြတ်ဆရာများနဲ့ အဆင့်အတန်းနဲ့သာ ဝယ်ဖို့ မလွယ်ကူနိုင်တော့ပါ။

ဒါကြောင့်လည်း ဆေးထုပ်တွေက အရမ်းအရောင်းသွက်ခဲ့သည်။

"ကောင်းပြီလေ။ မင်းတို့နှစ်ယောက်လည်း အလုပ်ကြိုးစားခဲ့တယ်။ မင်းတို့တွေ ထောက်ပံ့ရေးဌာနကို သွားပြီး တစ်ယောက်ကို ငွေတုံး တစ်ထောင်စီ ထုတ်သွားလိုက်"

အန်ရှီဝေသည် လက်ထောက် နှစ်ယောက်အား ဆုချီးမြှင့်ပြီးနောက် စာရင်းလုပ်ဖို့ ခေါင်းငုံ့လိုက်သည်။

တွက်လေတွက်လေ ပိုပျော်လေ ဖြစ်နေသည်။ မျက်နှာပေါ်တွင် မသိလိုက်ဘဲ အပြုံးတစ်ခု ပေါ်နေသည်။

ဒီတစ်ကြိမ်တွင် ဆေးထုပ်ကြီး စုစုပေါင်း တစ်သောင်း ရောင်းချမလို့ ပြင်ဆင်ခဲ့သည်။ နောက်ဆုံးတော့ သုံးရက်အတွင်း တစ်သောင်းစလုံး ရောင်းလို့ ကုန်သွားသည်။ ငွေပမာဏက တကယ်ကိုကြီးမားလွန်းသည်။

အရင်းအနှီး ၅သန်းကို ပြန်နှုတ်လိုက်ပြီး အမြတ်ငွေရဲ့ လေးဆယ်ရာခိုင်နှုန်းကို ဆွဲန်းမိုအား

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပေးလိုက်ရင်တောင် ကျောင်းအတွက် အမြတ် ၁၅သန်း ကျန်သေးသည်။

ဗဟိုပြည်နယ် အကယ်ဒမီအတွက် ကောင်းမွန်သော နှစ်တစ်နှစ် ဖြစ်လာပြီ။

ပြီးတော့ ကြောက်စရာ အကောင်းဆုံးအချက်က ဈေးကွက် စမ်းသပ်ဖို့အတွက် စမ်းသပ်တဲ့ ပထမဆုံး အသုတ် ဖြစ်သည်။ တစ်လခွဲအကြာတွင် ဒုတိယ အသုတ် ရောင်းချမလို့ ပြင်ဆင်ထားခဲ့သည်။ အဲဒီအချိန်တွင် ပိုတောင် အမြတ်များ လာနိုင်သေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါတို့တော့ ချမ်းသာသွားပြီ"

ဇပ်ဟိုပြည်နယ် အကယ်ဒမီ၏ ဘဏ္ဍာရေးသည် အမြဲတမ်း ဆိုးဝါးနေခဲ့သည်။ ဒီသုံးနှစ်အတွင်းတွင် အန်ရှီဝေသည် ခက်ခဲ ကြမ်းတမ်းတဲ့ ဘဝတစ်ခုကို ဖြတ်သန်းခဲ့ရသည်။ ငွေလုံလောက်အောင် ကြိုးစားခဲ့ရသည်။ ဝန်ထမ်းတွေကို လစဉ် ပုံမှန် လစာပေးနိုင်ဖို့က သူမအတွက် ကြီးမားတဲ့ ဝန်ထုတ်ဝန်ပိုး တစ်ခု ဖြစ်ခဲ့သည်။

ငွေချွေတာရန်အတွက် သူမသည် ဆားနယ်ထားတဲ့ အသီးအရွက်နဲ့ မုန့်များကိုသာ စားခဲ့ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မီးတောက်ကြီးကို ရေခွက်တစ်ခွက်နဲ့ငြိမ်းသလို အရာမထင်ခဲ့ပါ။

ပြီးတော့ အန်ရှီဝေသည် ဒီသုံးနှစ်အတွင်းတွင် အဝတ်အစားအသစ် တစ်စုံတောင် မဝယ်ဖြစ်ခဲ့ပါ။ သူမသည် ချမ်းသာသော မျိုးဆက်များကို ညဘက်တွင် သီးသန့် ကျူရှင် ပြပေးရင်း မျက်နှာပူပူနဲ့ ငွေရှာခဲ့ရသည်။

အခုဆိုရင်တော့ ကြမ်းတမ်းတဲ့ ခရီးကြမ်းကြီးက အဆုံးသတ်သွားခဲ့ပြီ။

“ကျေးဇူးတင်ပါတယ်။ မိုမိုလေးရေ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေသည် လက်ကို မြှောက်ပြီး မျက်ရည်တွေကို သုတ်လိုက်သည်။ မငိုချင်ပေမယ့် ခံစားချက်များကို မထိန်းချုပ်နိုင်ခဲ့ပါ။ တကယ်တော့ ဒီသုံးနှစ်သည် သူမအတွက်တော့ ငရဲတစ်ခုလို ဖြစ်နေခဲ့သည်။ တစ်စက္ကန့်တောင် ပြန်မတွေးချင်တော့ပါ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု + ၁,၀၀၀ ။ ကြည်ညို (၁,၆၇၀/၁,၀၀၀)

ဆန်းမိုသည် ရုတ်တရက် အကြောင်းကြားချက်ကို ရလိုက်လျှင် ထိတ်လန့် တုန်လှုပ်သွားသည်။

"အန်ရှီဝေက ဘာဖြစ်လို့ လေးစား အထင်ကြီးမှုအမှတ် တစ်ထောင်ကြီးတောင် ထောက်ပံ့ပေးလာရတာလဲ"

ဆွန်းမို မျက်မှောင်ကြုတ်ပြီး စဉ်းစားနေသည်။ သူ ဘာမှ မလုပ်ခဲ့ပါ။ ဒါပေမယ့် သိပ်မကြာခင် အန်ရှီဝေ ရောက်လာသဖြင့် အကြောင်းပြချက်ကို သိလိုက်ရသည်။

"မိုမိုလေး။ ဆေးထုပ်တွေ အကုန် ရောင်းပြီးသွားပြီ"

အန်ရှီဝေက ဆွန်းမိုအား ကြီးမားသော သေတ္တာကြီးကို ပေးလိုက်သည်။

"မင်းရဲ့ အမြတ်ခွဲတမ်းပဲ။ စုစုပေါင်း ငွေတုံး ၁၀ သန်းရှိတယ်။ မင်းရေကြည့်သင့်တယ်"

"အို"

ဆွန်းမို ရုတ်တရက် အနည်းငယ် အံ့အောသွားသည်။ ဆေးထုပ်ကြီးက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရောင်းကောင်းမယ်ဆိုတာ သိပေမယ့် ဒီလောက်အထိ ရောင်းကောင်းမယ်ဆိုတာ မထင်ထားခဲ့ပါ။

"ငါ စစ်ဆေးပြီးပြီ။ ပထမအသုတ် ဈေးဝယ်ဖို့ ရောက်လာတဲ့ ဆရာအရေအတွက်က ကျောင်းမှာရှိတဲ့ ဆရာအရေအတွက်ရဲ့ ဆယ်ပုံ တစ်ပုံပဲ ရှိသေးတယ်။ သူတို့ အားလုံးလာဝယ်ရင် အမြတ်က ဒီထက် များလာအုံးမယ်။ နောင်တစ်ချိန်ကျရင် ငါတို့က ချင်လင်မြို့ရဲ့ အချမ်းသာဆုံး ကုန်သည်တွေ ဖြစ်လာတော့မယ်"

အန်ရှီဝေက တောက်ပစွာ ပြုံးနေသည်။ အခုအချိန်တွင် သူမသည် ငွေတုံးများကို ကုတင်လုပ်ပြီး အိပ်နေလို့ ရသည်။

"ဟီးဟီး"

ဆွန်းမို ပြုံးလိုက်မိသည်။ ဒါက ထူးခြားတဲ့ လုပ်ငန်းတစ်ခု ဖြစ်သောကြောင့် အန်ရှီဝေရဲ့ စကားများကို သံသယ မဝင်ပါ။ အမြတ်ကြီးကြီးမားမား ရနိုင်တဲ့ စီးပွားရေး တစ်ခု ဖြစ်သည်။ ကိုကာကိုလာ ကုမ္ပဏီသည် တစ်နှစ်လျှင် ငွေဘယ်လောက် ဝင်မလဲ စဉ်းစားကြည့်လိုက်ပါ။

ပက်ဆီနဲ့ ပြိုင်ဘက်ဖြစ်နေပေမယ့် သူတို့ ဝင်ငွေက ကြီးမားနေဆဲ ဖြစ်သည်။

အဆီများတဲ့ အချိုရည်သည် ရယ်စရာ တစ်ခု မဟုတ်ပါ။

ဒါပေမယ့် ဆေးထုပ်ကြီးသည် ဗာဂျီးနားနဲ့ ပိုတူသည်။ ဒါက လိင်စိတ်တက်ကြွဆေး အနည်းငယ်သာ ဖြစ်သော်လည်း သူ့ရဲ့တစ်နှစ်တာ ရောင်းအားသည် တုန်လှုပ်သွားနိုင်သည်။

ဒါပေမယ့် ဗဟိုပြည်နယ် အကယ်ဒမီသည် ဆေးညွှန်းကို မကာကွယ်နိုင်ပါက ဒီအခြေအနေသည် ရေရှည် မတည်တံ့ နိုင်ပါ။

"မိုမိုလေး ကျေးဇူးတင်ပါတယ်"

အန်ရှီဝေသည် အများကြီး ပြောချင်သော်လည်း ဒီစကားလေးသာ ပြောနိုင်သည်။

ဆောင်းဦးနေရောင်ခြည်က အန်ရှီဝေ၏ ဖြူဖျော့ဖျော့ မျက်နှာပေါ် ဖြာဆင်းနေသည်။ ဒါပေမယ့် ဒီနေ့မှာတော့ သူမရဲ့ မျက်နှာပေါ်တွင် စိတ်ချမ်းသာမှုနဲ့

လန်းဆန်းတက်ကြွနေသည်။ မျက်ခုံးများကြားတွင် အမြဲတမ်း တွယ်ညှိနေတဲ့ စိုးရိမ် ပူပန်မှုများလည်း ပျောက်ကွယ်သွားပြီ ဖြစ်သည်။

စာစဉ်(၂၀)

အခန်း(၂၉၁) - နောက်ထပ်

ရက်ရောတဲ့ဆုလဒ်များ။

အန်ရှီဝေသည် ဆန်းကြယ်ကောင်းကင်အကယ်ဒမီရဲ့ နှစ်တစ်ရာမှ တစ်ခါ တွေ့ခဲလှတဲ့ ပါရမီရှင် တစ်ယောက်ဖြစ်သည်။ သူမက အသက် ၂၃နှစ်တွင် ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်နေခဲ့ပြီ။ မြတ်ဆရာလောက တစ်ခုလုံးတွင် အန်ရှီဝေကို အရမ်းကျော်ကြားတယ်လို့ သတ်မှတ်နိုင်သည်။

မြတ်ဆရာလောက၏ ငယ်ရွယ်တဲ့မျိုးဆက်များကို ကိုယ်စားပြုနိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ သတ်မှတ်နိုင်သည်။ ကျော်ကြားလှတဲ့ လူတစ်ယောက် ဖြစ်သည်။

အန်ရှီဝေ ဘွဲ့ရပြီးတဲ့နောက် မဟာကိုးပါး ကျောင်းများထဲမှ ကျောင်းအုပ်ကြီးတစ်ယောက်သည် သူ့ရဲ့ ကျောင်းမှာ ဆရာလုပ်ဖို့ ကိုယ်တိုင်ကိုယ်ကျ လာဖိတ်ခေါ်ခဲ့ဖူးသည်။ သူမကို လစာသက်မှတ်ချက်နဲ့ ကောင်းကင်အပေါ်လောက်မြင့်တဲ့ သတ်မှတ်ချက်ကို

ပေးကာ သူမ လိုချင်သမျှ လွတ်လွတ်လပ်လပ် တောင်းဆိုဖို့ အခွင့်အရေး ပေးခဲ့သည်။ ဒီအချက်ကပင် ကျောင်းအုပ်ကြီးရဲ့ စိတ်ရင်းကို သိရှိနိုင်သည်။

အန်ရှိဝေသာ ခေါင်းညိတ်လိုက်လျှင် သူမ တစ်ဘဝလုံး အပူအပင်ကင်းစွာ နေနိုင်သည်။ ဒါပေမယ့် အခက်အခဲဆုံး လမ်းကြောင်းဖြစ်တဲ့ ဗဟိုပြည်နယ်အကယ်ဒမီကို စောင့်ရှောက်ဖို့ ရွေးချယ်ခဲ့သည်။

ဗဟိုပြည်နယ် အကယ်ဒမီသည် စပြီး တည်ထောင်ကတည်းက အမြတ်အစွန်းရဖို့ လုံးဝ

မစဉ်းစားခဲ့ပါ။ ကျောင်း၏ အိပ်မက်မှာ ကျောင်းသားတိုင်းသည် မိမိကိုယ်ရဲ့ အစစ်အမှန်ကို ရှာဖွေပြီး အလားအလာများကို ဖော်ထုတ်ကာ မှန်ကန်သော လမ်းကြောင်းပေါ်မှာ လျှောက်လမ်းနိုင်အောင် ကူညီပေးဖို့ ဖြစ်သည်။ ဒါမှလည်း နောင်တမရှိတဲ့ ဘဝတစ်ခုကို ဖြတ်သန်းနိုင်မည်။ ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းအုပ်ကြီးများ အားလုံးက ကျောင်းသားတိုင်းသည် ထူးချွန်တဲ့ ပါရမီရှင်ဖြစ်တယ်လို့ အခိုင်အမာ ပြောဆိုခဲ့ကြသည်။ သို့သော် အများစုသည် ပတ်ဝန်းကျင်မှာ ထူးချွန်တဲ့

ဆရာကောင်းများ မရှိလို့ သူတို့ရဲ့ အရည်အချင်းများကို ဖြုန်းတီးပစ်ခဲ့ကြသည်။

ဆွန်းမိုသည် အခုမှ လူ့ဘောင်ထဲသို့ ဝင်လာတဲ့ လူအသစ်တစ်ယောက် မဟုတ်တော့ပါ။ ကျောင်းတည်ထောင်မှု နောက်ကွယ်က ဒဿနကို ပထမဆုံး မြင်လိုက်တဲ့အချိန်မှာ အရမ်းစိတ်ကူးယဉ်ဆန်တယ်လို့ မြင်ခဲ့မိသည်။ ဒါပေမယ့် အဲဒီနောက်မှာတော့ တွေးလိုက်တိုင်း စိတ်လှုပ်ရှားလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကမ္ဘာကြီး ရှေ့ရောက်ဖို့အတွက် အဲဒီလို နုံအတဲ့လူများကို အမှန်တကယ် လိုအပ်သည်။ လူတိုင်းသာ တစ်ကိုယ်ကောင်းဆန်နေကြရင် ကမ္ဘာကြီး အဆုံးသတ်သွားလိမ့်မည်။

ဆွန်းမိုသည် ဗဟိုပြည်နယ် အကယ်ဒမီက မထွက်သွားခဲ့ပါ။ စနစ်က ထုတ်ပြန်ထားတဲ့ တာဝန်အပြင် နောက်တစ်ချက် ရှိသေးသည်။ စိတ်ထဲတွင် အန်ရှီဝေကို အနည်းငယ် သဘောကျနေသည်။

သူမ နေရာမှာသာဆိုလျှင် ဒီလို ဒုက္ခတွေကို လုံးဝ ခံနိုင်ရည် မရှိပါ။

"ကျေးဇူးတင်ပါတယ်လို့ ပြောရင် အားနည်းလွန်းရာ ရောက်သွားအုံးမယ်။ ဒီငွေတွေကို ကျောင်းရဲ့ ပိုင်ဆိုင်မှု အဖြစ်သာ သတ်မှတ်လိုက်ပါ။ ငါလောလောဆယ်တော့ ပိုက်ဆံ မလိုသေးဘူး"

ဆွန်းမိုပြုံးရင်း ပြန်ပြောသည်။ ထောက်ပံ့ရေး ဌာနမှူးဖြစ်လာပြီးနောက် ကျောင်း၏ ဘဏ္ဍာရေး အစီရင်ခံစာကို ဖတ်ခဲ့ရသည်။ အရမ်းကို ဆိုးဝါးလွန်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗဟိုပြည်နယ် အကယ်ဒမီသည် အန်ရှီဝေ၏ ကြိုးစားမှုကြောင့်သာ မပိတ်သိမ်းခဲ့ရခြင်း ဖြစ်သည်။

“မဖြစ်နိုင်ဘူး။ မင်းရဲ့ အမြတ်ဝေစုမှန်း သိသာနေတယ်။ မင်းပိုင်ဆိုင်သင့်တဲ့ အရာပဲ”

အန်ရှီဝေက ငြင်းလိုက်သည်။ ဒါပေမယ့် သူမ ပြုံးသွားသည်။

“နေအုံး..... မင်းကိုလည်း ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ပိုင်ရှင်တစ်ဝက်လို့ သတ်မှတ်လို့ရတယ်။ ကျောင်းကို ပိုက်ဆံပေးတာက မသင့်တော်စရာ မရှိဘူး”

စကားပြောပြီးနောက် အန်ရှီဝေ ရှက်သွားသည်။ သူမရဲ့ စကားများက သိသာလွန်းနေသည်။

"ဒါဆိုလည်း ပိုနေတဲ့ ငွေတွေကို ထောက်ပံ့ရေး ဌာန အတွက် ထားလိုက်မယ်"

ဆွန်းမိုကတော့ မစိုးရိမ်ပါ။

ပစ္စည်းဥစ္စာ လိုချင်တပ်မက်မှု အရမ်းနည်းနေသည်။ ဗိုက်ဝပြီး အနွေးထည် တစ်ထည်ရှိရုံနဲ့ လုံလောက်သည်။ သူ့အတွက် ဇိမ်ခံ ပစ္စည်းတွေ မလိုအပ်ဘူး။ ပြီးတော့ သူက ကြီးမားတဲ့ အိမ်ကြီးတွင် နေထိုင်နေရသည်။

ပတ်ဝန်းကျင်ကလည်း သာယာလှသည်။ အိမ်ရာတွင် အပင်ပေါင်း တစ်ထောင်ကျော် စိုက်ပျိုးထားသည်။ သူ့ရဲ့ အရင်ကမ္ဘာမှာသာဆိုလျှင် တတိယတန်းမြို့မှာပင် ယွမ်ငွေ အနည်းဆုံး သန်း ၂၀မှ သန်း ၃၀ မသုံးဘဲ ဒီလို အိမ်မျိုးကို မဝယ်နိုင်ပါ။ သွားရေးလာရေးနဲ့ ပက်သက်လို့ကတော့ ဆွန်းမို ဘာမှ မလိုပါ။ သူ့မှာ နတ်ဘုရားလှည်းလေး ငွေကလေး ရှိသည်။ ဒါက အကောင်းဆုံး ဘုရင်အဆင့် ပို့ဆောင်ရေး တစ်ခု ဖြစ်သည်။ မိန်းကလေးတော်ကို ဒါအသုံးပြုပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖွန်လိုက်ကြောင်ရင်တောင် ရလဒ်ကောင်းတွေ သေချာပေါက် ထွက်လာနိုင်သည်။

ဆွန်းမိုက အရမ်းချောသည်။ သူ့မှာ ရှေ့ဟောင်းအနှိပ်ပညာ ရှိသဖြင့် တကယ်လို့ မြတ်ဆရာ ဘွဲ့သာ ရလိုက်ပါက ချင်လင်မြို့တွင် နံပါတ်တစ် လူပျို ဖြစ်လာလိမ့်မည်။

အမှန်တိုင်း ပြောရလျှင် ဆွန်းမိုသည် အဲဒီနေရာကို တစ်ခါမှ အသုံးမပြုရသေးပါ။ လိုချင်ရင် ပိုက်ဆံအနည်းငယ်သုံးပြီး

မိန်းကလေးတွေကို ဝယ်လို့ရသည်။ အိမ်အကူ မိန်းကလေးတွေကိုတောင် ဝယ်လို့ရသည်။

ဒါက ပဒေသရာဇ် လူ့အဖွဲ့အစည်း ဖြစ်သည်။ ဆွန်းမိုက သူ့အိမ်ဖော်နဲ့ အိပ်ရင်တောင် ဘယ်သူမှ မပြောရဲပါ။

“အမ်။ ငါက တကယ့် လူကောင်းတစ်ယောက်ပဲ”

ဆွန်းမို သက်ပြင်းချလိုက်သည်။

“ကောင်းပြီလေ”

အန်ရှီဝေ ခေါင်းညိတ်လိုက်သည်။ ထို့နောက်တွင် သူမက သက်ပြင်းတစ်ချက် ချလိုက်သည်။

"နောက်ဆုံးတော့ မင်းကို အမှားလုပ်ခဲ့မိပြီ။ ဘယ်လိုပဲပြောပြော ဆေးထုပ်ကြီးက မင်းပိုင်တာ သိသာနေတယ်"

ဒီလောက် အထင်ကြီးဖို့ကောင်းတဲ့ ဆေးညွှန်းကို မလိုချင်တဲ့ ကျောင်းရှိပါ့မလား။ ပြီးတော့ ကျောင်းအုပ်ကြီးများသည် ဆွန်းမိုကို ခိုးယူလိုပါက ဆေးညွှန်းကြောင့် သုံးဆလောက် ပိုပေးရလိမ့်မည်။

ဒါပေမယ့် ဆွန်းမိုက အားလုံးစွန့်လွှတ်ခဲ့သည်။

"ကိစ္စ မရှိပါဘူး"

ဆွန်းမိုက သိပ်ဂရုမစိုက်ပါ။ အမှန်တိုင်း ပြောရလျှင် စမ်းရေအလှ ဆေးထုပ်ကို ပိုကြိုက်သည်။ အဲဒါလေးနဲ့ ရေစိမ်းပြီး ချိုးရလျှင် တကယ်မိုက်သည်။ နွေဦးအလှရဲ့ လျှာလေးက နမ်းလိုက်တဲ့အခါ တကယ်ကို..................

"ဘာပဲဖြစ်ဖြစ် စနစ်၊ အတိအကျဆိုရင် မင်းက ဘာလဲ။ မင်းမှာ ဘာဖြစ်လို့ မှော်ဆေးညွှန်းတွေ အများကြီး ရှိနေရတာလဲ"

ဆွန်းမိုသည် စနစ်ရဲ့ ဇစ်မြစ်ကို အရမ်းသိချင်နေသည်။

"မင်းက ပစ္စည်းတစ်ခု ။ မင်းတစ်မိသားစုလုံး ပစ္စည်းတွေပဲ"

စနစ်က ဒေါသတကြီး ပြန်အော်သည်။ ဆွန်းမိုလည်း စကားမပြောချင်တော့ပါ။ အန်ရှိဝေသည် အမျိုးသားတစ်ယောက်နဲ့ နှလုံးသား စကားပြောတဲ့ အတွေ့အကြုံ မရှိသောကြောင့် လေထုက တိတ်ဆိတ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတို့နှစ်ယောက်သည် ဆယ်မိနစ်ကျော်လောက် အနေရခက်လာပြီးနောက် ထပ်မသည်းခံနိုင်တော့ပါ။

"မိုမိုလေး မွန်းတည့်ချိန် နီးနေပြီ။ ထမင်းအတူတူ သွားစားကြမလား"

အန်ရှီဝေသည် နောက်ဆုံးတော့ အကြောင်းပြချက် တစ်ခု ပြောလိုက်သည်။

"အဆင်ပြေပါတယ်။ ငါ့တပြည့်တွေကို လမ်းညွှန်ဖို့တော့ ရှိသေးတယ်"

ဆွန်းမိုက ခေါင်းယမ်းပြီး ငြင်းလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အို၊ ဟုတ်ပြီ။ လူသစ်တန်းပြိုင်ပွဲမှာ ဦးဆောင်မယ့် ဆရာစာရင်းမှာ ဘယ်သူတွေ ပါသေးလဲ။”

“ယွမ်ချမ်တန်၊ ဖန်ယို ၊ မင်းနဲ့ ကူရှုပ်ရှင်း”

သဘောတရားအရ ပြောရလျှင် နာမည်စာရင်းတွေက ခွဲခြားထားသင့်သည်။ သို့သော် အန်ရှီဝေသည် ဆွန်းမိုအား မဖုံးကွယ်ထားခဲ့ပါ။

“မင်းက ငါနဲ့ ကူရှုပ်ရှင်းကို ရွေးလိုက်တဲ့အတွက် မင်းပေါ် ဖိအား အရမ်းများနေမှာပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက မျက်ခုံးကို အနည်းငယ် ပင့်လိုက်သည်။ အများအားဖြင့်တော့ ကျောင်းများသည် နှစ်နှစ်ကြာ အလုပ်လုပ်ခဲ့ပြီး ကြယ်တစ်ပွင့် မြတ်ဆရာများ ဖြစ်ကြတဲ့ ဆရာများကိုသာ ရွေးချယ်တတ်ကြသည်။

လူသစ်တိုင်း ပြိုင်ပွဲအတွက် ဆရာတွေလည်း အားစိုက်ထုတ်ကြရသည်။ ဒါကြောင့် ကျောင်းပြိုင်ပွဲတွင် အဆင့်မြှင့်တင်နိုင်ရင် ကျောင်းတိုင်းသည် အရည်အချင်းပြည့်ဝတဲ့ ဆရာများကိုကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲ မဖြေခိုင်းဘဲ စောင့်ခိုင်းထားတတ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတစ်ယောက် ဖြစ်လာပါက ပြိုင်ပွဲဝင်ပြိုင်နိုင်တဲ့ အရည်အချင်း ဆုံးရှုံးသွားပြီ ဖြစ်သည်။

"နည်းနည်းပေါ့"

အန်ရှီဝေ မျက်နှာပေါ်တွင် ကို့ကိုယ်ကို လှောင်ပြောင်တဲ့ အပြုံး ပြုံးထားလိုက်မိသည်။ အမှန်တိုင်းပြောရလျှင် သူမသည် ကူရှုပ်ရှင်းနှင့် ဂေါင်ပန်တို့အပေါ်သာ မျှော်လင့်ချက် ထားခဲ့မိသည်။ ဆွန်းမိုက ရုတ်တရုတ် နိုးထလာမယ်လို့ သူမ မထင်ထားခဲ့ပါ။

"ဖန်ယိုက ဝမ်ဆုရဲ့ အဖွဲ့ထဲက လူတစ်ယောက်ပဲ။ သူက အရမ်းတော်တယ်"

အမှန်တကယ်တော့ ကျန်ဟန်ဖူ အဖွဲ့တွင်လည်း ကိုယ်စားလှယ်လောင်း တင်သွင်းဖို့ ဆရာတစ်ယောက် ရှိသည်။ သို့သော်လည်း မကြာခင်က ဖြစ်ပွားခဲ့တဲ့ အဖြစ်အပျက် တချို့ကြောင့် သူ့စကား အလေးချိန်သည် သိသိသာသာ လျော့ကျသွားသည်။

"နားလည်ပြီ။ ပါဝင်တဲ့ ကျောင်းသားတွေကတော့ ဘယ်လိုလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပုံမှန်အားဖြင့်တော့ ဆရာလေးယောက်နဲ့ ကျောင်းသားနှစ်ဆယ် ပါဝင်တတ်သည်။ အမျိုးသား၊ အမျိုးသမီးမခွဲခြားထားဘဲ အသက် ၁၄နှစ်ထက် မကြီးသ၍ အဆင်ပြေသည်။

လူငယ်တစ်ယောက်က အသက်လိမ်ထားတာ တွေ့ရှိသွားပါက အဲဒီကျောင်းအား ပြိုင်ပွဲမှ ရပ်စဲထားပြီး ပြိုင်ပွဲဝင်ခွင့်ကို သုံးနှစ်ကြာ ပိတ်ထားလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျောင်းသား စာရင်းကိုတော့ အတည်ပြုတုန်းပါ။ ဒါပေမယ့် အုပ်စုခေါင်းဆောင်ကတော့ ကျန်ရန်ဇောင်ပဲ"

အန်ရှီဝေက သက်ပြင်းချရင်း ပြောလိုက်သည်။

"ရှန်ယွန်ပေါင်ရဲ့ တိုက်ခိုက်ရေးစွမ်းရည်က အရမ်းမြင့်တယ်။ ခေါင်းဆောင်ရာထူးအတွက် တိုက်ပွဲဝင်ဖို့ အရည်အချင်းမှီတယ်။ ဒါပေမယ့် စစ်တိုက်ချင်ရုံနဲ့ အုပ်စုခေါင်းဆောင်လုပ်ဖို့ မသင့်တော်ဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတွေ အနားမှာမရှိတဲ့အခါ ကျောင်းသားအုပ်စု ခေါင်းဆောင်တွင် လုပ်ပိုင်ခွင့် အာဏာ အပြည့်အဝ ရှိသည်။ ပြောချင်တာက ကျောင်းသားအားလုံးသည် သူ့စကားကို နားထောင် ရလိမ့်မည်။

ကျောင်းသားအဖွဲ့ခေါင်းဆောင်သည် အရမ်းထူးခြားတဲ့ ရလဒ်ကို ဖော်ဆောင်နိုင်ခဲ့ပါက သူသည် ကျော်ကြားပြီး သူ့ရဲ့ ဆရာနှင့် ကျောင်းအတွက် ဂုဏ်ယူစရာ တစ်ခု ဖြစ်လာလိမ့်မည်။

ဆွန်းမို၏ တပြည့်ထဲတွင် ဘယ်သူကမှ ကျောင်းသားအုပ်စုခေါင်းဆောင် လုပ်ဖို့ မသင့်တော်ပါ။ ဒီလိုမှမဟုတ်ရင် အန်ရှီဝေသည် အဲဒီရာထူးကို ဆွန်းမိုအတွက် သိမ်းပေးထားလိုက်မည်။

“ဒီတိုက်ခိုက်ရေးစွဲလမ်းသူက တစ်သက်လုံး ခေါင်းဆောင်ဖြစ်ဖို့ အခွင့်အရေး မရှိနိုင်ဘူး”

ဆွန်းမိုက ပုခုံးတွန့်ရင်း ပြန်ပြောသည်။

“တိုင်ခိုက်ရေး စွဲလမ်းသူ။ ဟားဟား။ ဒီနာမည်နဲ့ တကယ် လိုက်ဖက်တယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေသည် မနေနိုင်ဘဲ အဆက်မပြတ် ပြုံးနေမိသည်။

ဒင်

“ဗဟိုပြည်နယ်က ဘဏ္ဍာရေး အခက်ခဲကို ဖြေရှင်းပြီး အန်ရှီဝေဆီမှ လေးစားအထင်ကြီးမှု အမှတ် ရတဲ့အတွက် ဂုဏ်ပြုပါတယ်။ အန်ရှီဝေနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်သည် အဆင့်တစ်ဆင့် တိုးမြှင့်ပြီး ကြည်ညိုအဆင့်ကို ရောက်ရှိသွားပါပြီ။ ဒီအချက်တွေကြောင့်

မင်းရတဲ့ဆုကို အဆင့်မြင့်ပြီး လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ တစ်လုံး ချီးမြှင့်လိုက်တယ်"

ဆွန်းမို နားထဲတွင် အကြောင်းကြားချက် ထွက်ပေါ်လာခဲ့သည်။ တစ်ပြိုင်နက်ထဲမှာပင် ခရမ်းရောင်တောက်ပနေတဲ့ လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ တစ်ခုက ဆွန်းမို အရှေ့တွင် ပေါ်လာသည်။

"ကျောင်းအုပ်ကြီး၊ မင်းမှာ ငါ့အတွက် ထူးထူးခြားခြား ပြောစရာ မရှိတော့ရင် ငါသွားတော့မယ်"

ဆွန်းမိုက နှုတ်ဆက်လိုက်သည်။

“ ဘာဖြစ်လို့ ငါ့ကို ကျောင်းအုပ်ကြီးလို့ ခေါ်နေရတာလဲ။ အရင်လို အစ်မကြီး အန်လို့ မခေါ်ချင်ရင်တောင် အန်ရှီဝေလို့ ခေါ်လို့ ရတယ်”

ဆွန်းမိုက ဘာကြောင့် သူမအပေါ် ဒီလောက် အေးစက်ရလဲဆိုတာ သူမ မသိပါ။ သူမက ဆွဲဆောင်မှု မရှိလို့လား။

အန်ရှီဝေ မျက်ဝန်းထဲက ဝမ်းနည်း အားငယ်မှုကို တွေ့လိုက်လျှင် ဆွန်းမို ခိုကိုးရာမဲ့သွားသည်။

အန်ရှီဝေသည် အရမ်းလှလွန်းသည်။ သူမက မိန်းမငယ်လေး တစ်ယောက်လို လုပ်ထားရင် ယောကျာ်းလေးတွေက သူမကို ရင်ခွင် ဆွဲပွေ့ထားပြီး ကာကွယ်ပေးချင်စိတ် ပေါက်နေကြမည်။

“မင်း အခေါ်အဝေါ် မပြောင်းရင် မင်းကို ဒီနေ့ သွားခွင့် မပေးဘူး”

အန်ရှီဝေက ရုတ်တရုတ် လှုပ်ရှားလိုက်သည်။ ဆွန်းမို အနောက်ကနေ ဖြတ်ကနဲ ပေါ်လာသည်။ သူမကလက်ဆန့်ပြီး ဆွန်းမို လည်ပင်းကို ကိုင်ထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မြန်မြန်၊ အခေါ်အဝေါ် ပြောင်းတာ ပိုကောင်းမယ်နော်"

"ကောင်းပြီလေ။ ဒါဆို အစ်မ အန်လို့ ခေါ်မယ်"

ဆွန်းမိုက သူမကို အစ်မကြီးလို့ မခေါ်ချင်ပါ။ အန်ရှီဝေလို့ ခေါ်ရင်လည်း သူ့ထက် သုံးနှစ်ပိုကြီးပြီး ကျောင်းအုပ်ကြီးတစ်ယောက် ဖြစ်နေသဖြင့် မသင့်တော်ပါ။ ဒါကြောင့်အစ်မ အန်လို့ ခေါ်တာက အဆင်အပြေဆုံး ဖြစ်သည်။

(ပြီးတော့ အန်ရှီဝေ၊ မင်းရင်ဘက်ကို ဘယ်လို ဖုံးကွယ်ထားရမလဲ တကယ်မသိဘူးလား။ ငါ့ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နောက်ကျောက ဖိလိုက်တာနဲ့ အဲဒီခံစားချက်ကြောင့် တကယ် တုန်လှုပ်သွားမိတယ်)

"အစ်မ အန် ဒါလည်း အဆင်ပြေတယ်"

အန်ရှီဝေ ကျေနပ်သွားသည်။ ဆွန်းမိုကို လွှတ်ပေးပြီး သူ့ပုခုံးကို ပုတ်လိုက်သည်။

"ဒါဆိုလည်း သွားတော့။ ကျန်းမာရေးလည်း ဂရုစိုက်အုံး။ အရမ်း မပင်ပန်းစေနဲ့"

အန်ရှီဝေနဲ့ လမ်းခွဲပြီးနောက် ဆွန်းမိုသည် အိမ်သို့ ပြန်လာခဲ့သည်။ ငွေကလေး၏

ပို့ဆောင်ရေး တံခါးမှ တစ်ဆင့် လေဘုရင် ခန်းမသို့ သွားလိုက်သည်။

အခုလောလောဆယ်တွင် အင်ဘိုင်ဝူနှင့် ချီရွှန်ကျားတို့ ယှဉ်ပြိုင် တိုက်ခိုက်နေကြသည်။ ဆွန်းမိုကို မြင်လိုက်လျှင် ကမန်းကတမ်း ရပ်ပြီး နှုတ်ဆက်ကြသည်။

"လုချီဟွာ ဘယ်မှာလဲ"

ဆွန်းမိုသည် လီဇီချီကို မတွေ့သော်လည်း သူမက အခုလက်ရှိတွင် လေဘုရင်နဲ့ စကားပြောပြီး ရှေ့ဟောင်း ဗဟုသုတများကို

ဖလှယ်နေမယ်လို့ ခန့်မှန်းမိသည်။ လီဇီချီသည် စီးတံဆပ်ကို ဖွင့်ချင်ပါက အရင်ဆုံး ရှေ့ဟောင်း အသိပညာများကို နားလည်ထားဖို့ လိုအပ်သည်။

"ချီဟွာက ဒီနားက ခန်းမကြီးထဲမှာ"

အင်ဘိုင်ဝူက ရှေ့ကနေ လမ်းပြမလို့ လုပ်လိုက်သည်။

"ရတယ်။ ငါ့ဘာသာ ငါပဲ သူမကို သွားရှာလိုက်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လေဘုရင် ခန်းမသည် ကြီးလွန်းလှသည်။ ကျောင်းသားတစ်ယောက်ခြင်းစီ သီးခြား နေနိုင်လောက်အောင်ကို ကြီးမားလွန်းလှသည်။

လုချီဟွာက သဏ္ဌာန်မဲ့ မြင့်မြတ် စကြ်ာဝဠာ ကျင့်စဉ်ကို လေ့ကျင့်နေသည်။ အဝတ်အစား တစ်ခုလုံး ချွေးတွေနဲ့ စိုရွှဲနေသည်။

“လူတိုင်း တကယ် အလုပ်ကြိုးစားနေတာပဲ”

ဆွန်းမိုသည် ခံစားချက် များစွာနဲ့ သက်ပြင်းချလိုက်သည်။ ထို့နောက် လုချီဟွာအား အနားယူရန် ညွှန်ပြလိုက်သည်။

"ဆရာ"

လုချီဟွာက ဆွန်းမို လက်မောင်းကို ပြေးဖက်လိုက်သည်။

"မင်းဘာလို့ ရောက်လာတာလဲ"

"မင်းတို့ထဲက တစ်ယောက်ယောက် ပျောက်နေမလား ဆိုပြီး စစ်ဆေးဖို့ လာခဲ့တာ"

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပုတ်ရင်း စနစ်အားတိတ်တဆိတ် ညွှန်ကြားလိုက်သည်။

"စနစ်၊ ရတနာ သေတ္တာ ဖွင့်ရအောင်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက အယူသီးပြီး မြတ်ဆရာ အရှိန်အဝါလို့ တတွတ်တွတ် ရွတ်ဆိုနေခဲ့သည်။

ခရမ်းရောင် အလင်းများ ပျောက်ကွယ်သွားပြီးနောက် ကြေးရောင် တောက်ပနေတဲ့ သတ္တုပြားတစ်ခု ပေါ်လာခဲ့သည်။

ဒင်

"ဝိညာဉ်တက်တူး ဒီဇိုင်း ပလိတ်ပြား ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒါကို သုံးပြီး ဝိညာဉ်တက်တူး ဒီဇိုင်း တစ်ခု ဖန်တီးလို့ရတယ်"

"ပစ္စည်းကောင်းလေးဘဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို တောက်ပစွာ ပြုံးလိုက်မိသည်။ ကံဆောင်စေတဲ့ ကြယ်လေးသည် ထင်ထားတဲ့ အတိုင်းပဲ ဖြစ်သည်။ သူမသည် ကံကြမ္မာရဲ့ ဇယားကွက်မှာ ထိပ်ဆုံးက ရှိနေသည်။

လျှပ်စီး ကာကွယ်ခြင်း ဝိညာဉ်တက်တူး၏ လက်တွေ့ အသုံးဝင်မှုကို စဉ်းစားကာ ဆွန်းမိုသည် ဝိညာဉ်တက်တူး ဒီဇိုင်း ပလိပ်ပြားကလဲ မြတ်ဆရာအရှိန်အဝါနဲ့ တန်ဖိုး အတူတူလို့ ခံစားမိသည်။ ပြီးတော့ သူ့မှာ စိတ်ကူး တချို့လည်း ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကောင်းပြီ ကောင်းကောင်း ကျင့်ကြံနော်"

ဆွန်းမိုက သူ့တပြည့်တွေကို အားပေးပြီး အိမ်သို့ ပြန်လာခဲ့သည်။ ဥယျာဉ်ထဲတွင် ထိုင်ပြီး တကဲ်တူး ဒီဇိုင်း ပလိပ်ပြားကို ထုတ်ယူလိုက်သည်။

"စနစ်၊ ဝိညာဉ်တကဲ်တူး ဒီဇိုင်း ထုတ်ချင်တယ်"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"ဖော်ပြပါ"

စနစ်က ပြန်တုန့်ပြန်သည်။

“ငါက ရှေ့ဟောင်း အနိုပ်ပညာကို ဝိညာဉ်တက်တူး ဒီဇိုင်း ပုံစံ လုပ်ချင်တယ်။ ဒါကို အသုံးပြုလိုက်တာနဲ့ ဂျင်းနီ ပေါ်လာပြီး ရှေ့ဟောင်း အနိုပ်ပညာရဲ့ အကိုင်းအခက် လေးခုစလုံးကိုတစ်ခါတည်း အသုံးပြုမယ်။ ဒါကိုလုပ်လို့ ရလား”

ဆွန်းမိုက တောင်းဆိုမှု လုပ်လိုက်သည်။

အမှန်အတိုင်း ပြောရလျှင် ရှေ့ဟောင်းအနိုပ်ပညာသည် နတ်ဘုရားအဆင့်မှာ

ရှိတာ သေချာသည်။ ဆွန်းမိုသည် သူ၏ တိုက်ရိုက်တပြည့်တွေကလွဲလျှင် အခြားသူများကို သင်ပေးဖို့ စိတ်ကူး မရှိပါ။ ဒါပေမယ့် လူတိုင်းကို နှိပ်ပေးနေဖို့ မဖြစ်နိုင်တာကြောင့် ဝိညာဉ်တက်တူး ဖန်တီးချင်နေသည်။ လူတိုင်း ဒီဝိညာဉ်တက်တူးကို ရေးဆွဲဖို့ လေ့လာထားသ၍ သူတို့လည်း ရှေ့ဟောင်းအနှိပ်ပညာကို အသုံးပြုနိုင်လိမ့်မည်။

စာစဉ်(၂၀)

အခန်း(၂၉၂) - အပြည့်အဝ အာရုံစိုက်ခြင်း မြတ်ဆရာအရှိန်အဝါ။

ဆွန်းမို ကြောညာချက်ကို ကြားလိုက်လျှင် စနစ်လည်း တိတ်ဆိတ်သွားသည်။

ဆွန်းမိုက သူ့ရဲ့ အိတ်ဆောင် နာရီကို တစ်ချက် ထုတ်ကြည့်လိုက်သည်။

သုံးမိနစ်ကြာသွားတာတောင် စနစ်ဆီက အသံမထွက်လာသေးပါ။

"မင်း လုပ်နိုင်လား၊ မလုပ်နိုင်ဘူးလား ဆိုတာ ငါ့ကို အရင် ပြောအုံး။ တကယ်လို့ မလုပ်နိုင်ရင်လည်း ငါ့တောင်းဆိုချက်ကို ပြောင်းလိုက်မယ်"

"ကျေးဇူးပြုပြီး မင်းရဲ့ စကားလုံး အသုံးနှုန်းကို ပြင်လိုက်စမ်း။ စနစ် မလုပ်နိုင်တာ ဘာမှ မရှိဘူး"

စနစ်ရဲ့ အသံက အထင်သေးခံရသဖြင့် မကျေနပ်မှုများနဲ့ ပြည့်နေသည်။

“ဒါဆိုလည်း မင်းကို ဒုက္ခပေးရတော့မယ်”

ဆွန်းမိုက ပြုံးပြီး နောက်တစ်ကြိမ် သတိပေးလိုက်သည်။

“ ဒီ ဝိညာဥ်တက်တူးက အမျိုးသမီးများအတွက်ဆိုလဲ ဂျင်းနီကို ဆင့်ခေါ်နိုင်ရမယ်။ ဂျင်းနီက ကျား၊ မ ခွဲခြားခြင်း လုံးဝ မလုပ်ရဘူး”

“ခဏစောင့်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က ခဏစောင့်လို့သာ ပြောခဲ့ပေမယ့် စောင့်နေခဲ့တာ တစ်နာရီကြာသွားသည်။ ဆွန်းမို စိတ်မသက်မသာ ဖြစ်နေသည်။ တကယ်လို့ တစ်ခုခု လွဲချော်သွားပါက သူ့ရဲ့ ဝိညာဉ်တက်တူး ဒီဇိုင်း ပလိပ်ပြားသည် အလကား ဖြစ်သွားတော့မည်။

နောက်ထပ် နာရီ ဝက်ကြာသွားသည်။ အဲဒီနောက်မှ သတိပေးချက် ထွက်လာသည်။

ဒင်

"ရှေ့ဟောင်းအနှိပ်ပညာ ဝိညာဉ်တက်တူးကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် - အခြေခံ အဆင့်"

ဆွန်းမို အရှေ့တွင် ကြေးဝါရောင် ဝိညာဉ်တက်တူးက တိတ်တဆိတ် ဝဲပျံနေသည်။ တစ်ချက်ကြည့်လိုက်ပြီး ခေါင်းမူးချင် သလို ဖြစ်သွားသည်။

"အေး၊ မင်းက ငါ့အတွက် တမင်ခက်ခဲအောင် လုပ်နေတာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တက်တူးသည့် တစ်စတုရန်းမီတာလောက် ကျယ်ဝန်းပြီး ထူထပ်သော မျဉ်းများနဲ့ ဝိညာဉ်လိုင်းများက မရေတွက်နိုင်အောင် ရေးဆွဲထားသည်။ ဒါတောင် ခေတ်မီတဲ့အလှကို ပေါ်လွင်နေသေးသည်။

ဒါပေမယ့် ဒီအရာက နည်းနည်း မရှုပ်ထွေးလွန်းဘူးလား။

အမှန်အတိုင်း ပြောရလျှင် ဆွန်းမိုသည် ပထမတစ်ချက် ကြည့်လိုက်ပြီးနောက် အလိုလို ဒေါသထွက်လာသည်။ သင်္ချာ စာမေးပွဲတွင် နောက်ဆုံး

မေးခွန်း တွေ့လိုက်ရသလို ဖြစ်နေသည်။ အဲဒါက တွက်ချက်ဖို့ မလွယ်ဘူးဆိုတာ တွေးမိပြီး ရင်တွေ ခုန်နေသလို ဖြစ်နေသည်။ ဒါကို တွက်ချက်နိုင်ရင်တောင် အချိန်တွေ အများကြီး ပေးရလိမ့်မည်။

အခုလက်ရှိတွင် ဆွန်းမိုသည် အဲဒီလို ခံစားနေရသည်။

ဝိညာဉ်တကက်တူးနယ်ပယ် လုံလောက်တဲ့ အောင်မြင်မှု ဖြစ်တဲ့ မဟာအဆင့်အထိ သူက ကျွမ်းကျင်နေပြီ။ သူဖန်တီးတဲ့ ဝိညာဉ်တကက်တူးက

အနည်းဆုံး အဆင့်(၆) ဖြစ်နိုင်သည်။ သို့သော်လည်း ဒီဝိညာဉ်တကာတူးကို တစ်ချက်ကြည့်လိုက်ပြီး စိတ်ပျက်သွားခဲ့သည်။ ဒီအချက်ကနေ ရှေ့ဟောင်းအနှိပ်ပညာ ဝိညာဉ်တကာတူးက ဘယ်လောက်ခက်လဲဆိုတာ ခန့်မှန်းနိုင်သည်။

"နည်းနည်းလေး ပိုရိုးရှင်းလို့ မရဘူးလား"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"မင်းရဲ့တောင်းဆိုမှုက ဘယ်လောက်တောင် ခက်ခဲလဲဆိုတာ ဘာလို့ မတွေးကြည့်တာလဲ။ ရှေ့ဟောင်း အနှိပ်ပညာရဲ့ အကိုင်းအခက်ကြီး

လေးခုစလုံးထဲက တစ်ခုကို အသုံးချချင်တယ်။ မဟုတ်လား။ ငါက စွမ်းအားရှင်ဖြစ်လို့ လုပ်နိုင်တယ်။ တကယ်လို့များ..... မင်းမလုပ်နိုင်ရင် မင်းမျက်နှာကို တံတွေးနဲ့ ထွေးမယ်”

“မင်းက ငါ့တွက် ခက်ခဲအောင် တမင်သက်သက် လုပ်တာ မဟုတ်ဘူးလား”

စနစ်က ညည်းတွားလိုက်သည်။

“ဘာဖြစ်တာလဲ”

ဆွန်းမို အရမ်းအံ့အောနေသည်။

"တခြား စနစ်တွေ ရှိသေးတာလား"

"ပိုင်ရှင်ရဲ့ လုပ်ပိုင်ခွင့် အာဏာက အရမ်းနည်းလို့ သိခွင့် မရှိပါ။ မှတ်ချက် မရှိ"

စနစ်ရဲ့ အသံက အေးစက်သွားပြီး ဆွန်းမိုကို အဝေး တွန်းထုတ်လိုက်သည်။

"လုပ်ပိုင်ခွင့် အာဏာကို ဘယ်လို အဆင့်မြှင့်တင်ရမှာလဲ"

"အရင်ဆုံး မြတ်ဆရာ စာမေးပွဲကို ဖြေဆိုရမယ်။ ကြယ်ပွင့် တစ်ပွင့် ရတိုင်း

လုပ်ပိုင်ခွင့် အာဏာ တစ်ဆင့်ပြီး တစ်ဆင့် တိုးမြှင့်လာလိမ့်မယ်”

စနစ်က ရှင်းပြသည်။

“ပြောချင်တာက ငါက သူတော်စင် အဆင့်ဖြစ်မှာ သိဖို့ အခွင့်အရေး ရှိမယ်ပေါ့”

ဆွန်းမိုသည် အကူအညီ မဲ့နေတဲ့ လူတစ်ယောက်လို ဖြစ်နေသည်။ ဒါပေမယ့် ချက်ခြင်းဆိုသလို ပန်းတိုင် တစ်ခု တွေ့လိုက်ရသည်။

“ဟားဟား”

စနစ်က ဆွန်းမိုကို အထင်သေးပြီး သိသိသာသာ ဗရုတ်ကျနေသည်။

“သူတော်စင် ဖြစ်ခြင်တယ် ဟုတ်လား။ ဘာလို့ ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်တောင် မဖြစ်သေးတာလဲ”

“ကောင်းပြီလေ။ ဒီအကြောင်းကို အနာဂတ်ကျမှ ဆွေးနွေးမယ်”

ဆွန်းမိုက ဝိညာဉ်တက်တူးကို လှေ့လာလိုက်သည်။

"ဒီ ဝိညာဉ်တက်တူးကို တကယ်ပဲ ရိုးရှင်းအောင် လုပ်လို့ မရတော့ဘူးလား"

"တော်ပါတော့ကွာ. ရှေ့ဟောင်းအနှိပ်ပညာက နတ်ဘုရားအဆင့် နည်းစနစ် တစ်ခု ဖြစ်တယ်။ ဝိညာဉ်တက်တူး အသုံးပြုပြီး နတ်ဘုရား အဆင့် နည်းစနစ်ကို အသုံးပြုချင်နေတာလေ။ ဒါက ဘယ်လောက်တောင် ခက်ခဲလဲဆိုတာ မင်းသိလား။ ဘာဖြစ်လို့ ငါ့ကို မသတ်လိုက်တာလဲ"

စနစ် မချိမဆန့် စောဒကတက်နေသည်။

စနစ်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မင်းအတွက် အရမ်းခက်နေရင်လည်း ငါပြန်သိမ်းလိုက်မယ်”

“မလုပ်နဲ့”

ဆွန်းမိုက တားလိုက်သည်။

“နာမည် ဘယ်လို ပြောင်းရမလဲ။ ရှေ့ဟောင်းအနှိပ်ပညာ ဝိညာဉ်တက်တူးကတော့ ပွဲလွန်းတယ်။ လုံး၀ မလန်းဘူး”

“မင်းက အဆင့်မရှိတဲ့ ကောင်ပဲ” စနစ်က ဆက်ပြီး

"ဒါပေမယ့် ဒါက မင်းအပိုင်ဖြစ်တာကြောင့် မင်းပေးချင်တဲ့ နာမည် ပေးလို့ရတယ်"

"ဒါဆိုလည်း ရှေ့ဟောင်း နဂါးဖမ်းတဲ့လက် ဝိညာဉ်တကက်တူးလို့ နာမည် ပေးလိုက်မယ်"

ဆွန်းမိုက ဝမ်းသာ အားရ ပြောလိုက်သည်။

ဒင်

"ဝိညာဉ်တကက်တူးရဲ့ နာမည်ကို ပြင်ဆင်ပြီးပါပြီ။ သင်ချင်လား"

စနစ်က မေးသည်။

"ဟုတ်"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

ဖောက်

ဝိညာဉ်တကက်တူး ဒီဇိုင်း ပုံစံပြား ကြေမွသွားသည်။ ကြေးဝါရောင် အလင်းတန်းများသည် ပျံ့နှံ့လာပြီး ဆွန်းမို စိတ်ထဲ တိုးဝင်သွားသည်။

စိတ္တဇဆန်ပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ အသိပညာများသည် ဆွန်းမို စိတ်ထဲတွင် စွဲမြဲပြီး

ကြီးထွားလာသည်။ ဆွန်းမိုက မွေးကတည်းက ဒီအသိပညာကို သိထားသလို ခံစားရသည်။

ဒင်

“ရှေ့ဟောင်း နဂါးဖမ်းတဲ့လက် ဝိညာဉ်တက်တူးကို တတ်မြောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် - အခြေခံ အဆင့်”

ဆွန်းမိုက သူ့နဖူးကို ပွတ်နေပြီး စနစ်ရဲ့စတိုးဆိုင်ကို ဖွင့်လိုက်သည်။

ရွှေရောင် တောက်ပနေတဲ့ စွမ်းရည်စာအုပ်သည် သူ့အရှေ့တွင် မျောလွင့်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အပြည့်အဝ အာရုံစိုက်ခြင်း မြတ်ဆရာ အရှိန်အဝါ လေးစားအထင်ကြီးမှုအမှတ် ငါးသောင်း။ ကျောင်းသားများသည် ဒီမြတ်ဆရာအရှိန်အဝါရဲ့ လွှမ်းမိုးမှုကို ခံရပြီးနောက် စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အတင်းအကျပ် သင်ယူမှု စိတ်အခြေအနေအောက်ကို ရောက်ရှိသွားမယ်”

“အဲဒီအခြေအနေတွင် ကျောင်းသားသည် ပင်ပန်းနွမ်းနယ်မှုကို မခံစားရဘဲ ရေငတ်ခြင်း၊ ဆာလောင်ခြင်းတောင် မေ့နေမယ်။ သူတို့စိတ်ထဲမှာ သင်ယူမယ့် အကြောင်းပဲ တွေးနေကြလိမ့်မယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကျိုးသက်ရောက်မှုရဲ့ ကြာချိန်သည် မြတ်ဆရာရဲ့ အရည်အချင်းပေါ် မူတည်တယ်”

ဆွန်းမိုက ဒါကို အရမ်းလိုချင်နေခဲ့သည်။ ဒီမြတ်ဆရာအရှိန်အဝါကို ဝယ်ယူဖို့အတွက် လေးစားအထင်ကြီးမှု အမှတ်များကို စုဆောင်းခဲ့ရသည်။

ကျောင်းသားများ သင်ကြားပေးတဲ့ နေရာတွင် အကြီးအမားဆုံး အတားအဆီးနဲ့ အခက်အခဲက ဘာလဲ။

ထုံးစံအတိုင်း ပျင်းရိခြင်းပဲ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီထက်ပိုပြီး တိကျအောင် ပြောရလျှင် ပျင်းရိခြင်းသည် အကျင့်ဆိုးတစ်ခု ဖြစ်သည်။ လူတစ်ယောက်၏ အောင်မြင်မှုနဲ့ ကျဆုံးခြင်းသည် ပျင်ရိခြင်းနဲ့လည်း အများကြီး သက်ဆိုင်နေသည်။

အနားယူပြီး အိပ်ရတာကို မကြိုက်တဲ့လူရှိလို့လား။ နေ့တိုင်း ကစားပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ မဖြုတ်သန်းချင်တဲ့ လူရှိလို့လား။ ဒါပေမယ့် ဒါက မဖြစ်နိုင်ပါ။ ပိုကောင်းတဲ့ အနာဂတ်ကို ရဖို့အတွက် ကြိုးစား နေရမည်။

(ကျောင်းသားတွေက စာမကျက်ခြင်ဘူးလား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ကောင်းပြီလေ။ မင်းတို့ လုပ်ခြင်ခြင်၊ မလုပ်ခြင်ခြင် အပြည့်အဝ အာရုံစိုက်ခြင်း မြတ်ဆရာအရှိန်အဝါကို သုံးလိုက်တာနဲ့ မင်းတို့ လုပ်နေရမယ်။ ဒီမြတ်ဆရာအရှိန်အဝါက ကျောင်းသားတွေကို ပြင်းပြင်းထန်ထန် ကြိုးစားတဲ့ အခြေအနေသို့ အတင်းအကျပ် တွန်းပို့ လိမ့်မည်။ အရွယ်ရောက်ပြီးတာတောင် မိဘနဲ့အတူတူနေတဲ့ လူများသည် ဂျပန်တွင် ထူးခြားတဲ့ မျိုးစိတ်မဟုတ်ပါ။ တရုတ်မှာလည်း အများကြီး ရှိသည်။)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် အိမ်တွင် နေ့တိုင်း ဂိမ်းကစားပြီး အောကားကြည့်နေတဲ့ အသက်သုံးဆယ်ကျော် လူတစ်ယောက်ကို မြင်ဖူးသည်။ ကွန်ပျူတာနဲ့ အချိန်ကုန်နေပြီး အပြင်ထွက်ကာ အလုပ်လုပ်ဖို့ ငြင်းဆန်နေခဲ့သည်။ စားဝတ်နေရေးနဲ့ စရိတ်စက အားလုံးကို မိဘအပေါ်ပဲ မှီခိုနေခဲ့သည်။

သူတို့ မိဘတွေသာ ဒီမြတ်ဆရာ အရှိန်အဝါကို သုံးနိုင်ရင် အဲဒီကောင်တွေက ချက်ခြင်းပဲ အပြင်ထွက်ကာ အလုပ်ကြိုးစားနေကြမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုကတော့ ဒီမြွတ်ဆရာ အရှိန်အဝါကို နတ်ဘုရားနည်းစနစ် တစ်ခုလို့တောင် ခံစားမိသည်။

အချိန်အများစုကတော့ အိပ်ချင်မူးတူး ဖြစ်နေလိမ့်မည်။ နှိုးစက်ပေးရင်တောင် ပထမဆုံး နှိုးစက်မြည်တဲ့ အချိန်တွင် ချက်ခြင်းမထနိုင်ပါ။ ဒါကို ဆွန်းမိုက သေချာပေါက် သိနေသဖြင့် တစ်နေ့ကို နှိုးစက် သုံးကြိမ် ပေးထားခဲ့သည်။

ဒီမြွတ်ဆရာအရှိန်အဝါနဲ့ဆိုလျှင် ဆွန်းမိုသည် နေ့တိုင်းနိုးလာတာနဲ့ သူ့ကိုယ်သူ အသုံးချမည်။

အပြည့်အဝ အာရုံစိုက်ပြီး ဝိရိယရှိတဲ့ စိတ်အခြေအနေကို ချက်ခြင်း ရောက်သွားမည်။

"စနစ်ရေ၊ အခုငါ့မှာ လေးစားအထင်ကြီးမှုအမှတ် ဘယ်လောက်ရှိသေးလဲ"

ဆွန်းမိုက မေးလိုက်သည်။

"၂၇,၀၉၀"

စနစ်က တကယ် အထင်ကြီးဖို့ကောင်းတဲ့ အမှတ်တစ်ခုကို ပြန်တင်ပြလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် ကျော်ကြားလာတာနဲ့အမျှ အတန်းထဲက ရရှိတဲ့ အမှတ်တွေသည် တဖြည်းဖြည်းနဲ့ မြင့်တက်လာခဲ့သည်။

ဆွန်းမို ခဏလောက် တွေးလိုက်သည်။ ရှေ့ဟောင်း အနှိပ်ပညာဝိညာဉ်တက်တူးကို အဆင့်တိုးမြှင့်တာက ပိုကောင်းမည်။ ဒီလို မဟုတ်ပါက ဝိညာဉ်တက်တူးကို အခြေခံ ကျွမ်းကျင်မှုနဲ့ ဘာလုပ်လို့ ရမှာလဲ။

"ဆယ်နှစ်စာ အချိန်တံဆိပ် သုံးခု ပေးပါ"

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဝယ်ယူခြင်း အောင်မြင်တဲ့အတွက် ဂုဏ်ပြုပါတယ်။ သိုလှောင်အခန်းထဲသို့ ပို့လိုက်ပြီ။ နောက်ထပ် ဝယ်ယူမှုအတွက် စောင့်မျှော်နေပါတယ်”

ဆွန်းမိုက အချိန်တံဆိပ်တွေကို ချေမွလိုက်သည်။

အစိမ်းရောင်အလင်းတန်းက ဆွန်းမိုကို ချက်ခြင်းဖုံးလွှမ်းသွားသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ရှေ့ပဟောင်းနဂါးဖမ်းတဲ့လက် ဝိညာဉ်တက်တူးကို မဟာအဆင့်အထိ ကျွမ်းကျင့်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျေးဇူးပြုပြီး ဆက်ကြိုးစားပါ”

ဆွန်းမိုသည် မျက်လုံးပြီး စိတ်ထဲကနေ ဝိညာဉ်တက်တူးကို ပြန်သုံးသပ်နေသည်။ ကျွမ်းကျင်မှုအဆင့် မဟာအဆင့်အထိ ရောက်နေသဖြင့် အခုအခါ နက်နက်နဲနဲ နားလည် သဘောပေါက်နေပြီ။

ပိုကြည့်လေလေ ပိုသဘောကျလေလေ ဖြစ်လာပြီး သက်ပြင်းလည်း အကြိမ်ကြိမ် ချမိသည်။ စနစ်

ဖန်တီးထားတဲ့ ဒီ ဒီဇိုင်းက တကယ် အံ့မခန်းဖြစ်သည်။ မျဉ်းကြောင်း ဖြတ်သွားတိုင်း ခိုင်မာတဲ့ သဘောတရားတွေကို အခြေပြုထားသည်။ စနစ်ရဲ့ မူလဇစ်မြစ်ကို အမှန်တကယ် သိချင်နေသည်။

"စနစ်၊ မင်းက ဉာဏ်ရည်တုလား"

ဆွန်းမို တွေးတော ဆင်ခြင်နေသည်။ အခန်းထဲသို့ ဝင်ပြီး စာရွက်တစ်ရွက်ယူကာ စတင် ရေးဆွဲလိုက်သည်။

ဝိညာဉ်တက်တူးကို စပြီး သင်ယူလာကတည်းက ဆွန်းမိုသည် ခက်ခဲတယ်ဆိုတဲ့ စကားလုံးကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပထမဆုံးအကြိမ် သဘောပေါက်ခြင်း ဖြစ်သည်။ သူ့ရဲ့ ကျွမ်းကျင်မှုအဆင့်က မဟာအဆင့်ကို ရောက်နေသော်လည်း အရမ်းခက်ခဲ နေသေးပြီး နှေးကွေးလှသည်။

တစ်နာရီလောက် ကြာပြီးနောက် ရှေ့ဟောင်းနဂါးဖမ်းတဲ့လက် ဝိညာဉ်တက်တူး တစ်ခု ပြီးသွားသည်။ ဒါပေမယ့် ဝိညာဉ်ချီ လေဆင်နှာမောင်း မပေါ်လာခဲ့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တောက်၊ ဒီအချိန်ကိုသာ အသုံးပြုလိုက်လျှင် လူနှစ်ယောက်လောက်ကို အနှိပ်ကွက် အစုံ နှိပ်ပေးလိုက်လို့ ရတယ်"

ဆွန်းမို ငိုချင်ပေမယ့် မျက်ရည်မထွက်လာပါ။ ဒါက သူ့ဘာသာသူ ရှာထားတဲ့ အခက်အခဲ တစ်ခု ဖြစ်သည်။ လွယ်လွယ်နဲ့ အရှုံးမပေးနိုင်ပါ။ ဒီလိုမဟုတ်ပါက လေးစားအထင်ကြီးအမှတ်နဲ့ ဝိညာဉ်တက်တူး ဒီဇိုင်း ပုံစံပြား အလကား ဖြစ်သွားမည်။ ဒါကြောင့်သူသည် အတန်းသင်ပေးတဲ့အချိန်ရယ်

သူလေ့လာတဲ့အချိန်ရယ် ဖယ်ထားပြီး ကျန်တဲ့အချိန်တွင် ဆက်ပြီး လေ့ကျင့်မည်။ မအိပ် ဖြစ်ခဲ့ပါ။

တတိယမြောက် မနက်ခင်းတွင် လီဇီချီသည် မနက်စာ ထမင်းဘန်းကိုချကာ အနားတွင် လာလေ့လာနေသည်။

"ဆရာ။ မင်းအနားယူသင့်တယ်"

လီဇီချီ မျက်နှာက စိုးရိမ်ပူပန်မှုနဲ့ ပြည့်နေသည်။ သူမ စစ်ဆေးကြည့်ခဲ့ပြီးပြီ။ ဆွန်းမို အိပ်ရာက အိပ်ထားတဲ့ လက္ခဏာ

လုံးဝ မရှိပါ။ ဒီအချက်ကြောင့် ဒီရက်ပိုင်းတွင် ဆွန်းမို လုံးဝ မအိပ်သေးဘူးဆိုတာ သိနေသည်။

“ ငါ မပင်ပန်းသေးဘူး”

လီဇီချီသည် ခဏလောက် တွေဝေသွားပြီး နောက်ဆုံးတွင် ဆွန်းမို လက်ထဲက စုတ်တံကို လုယူလိုက်သည်။

“ဆရာ၊ တကယ်လို့ ဒီလို ပြင်းပြင်းထန်ထန် ဆက်ပြီး အလုပ်လုပ်နေရင် မင်းခန္ဓာကိုယ်က မခံနိုင်တော့ဘူး”

အခုတော့ ဆွန်းမိုသည် မသန့်မပြန့် ဖြစ်နေတဲ့ ဝိညာဉ်တကတ်တူးကို ကြည့်ပြီး မျက်မှောင်ကြုတ်နေသည်။

လီဇီချီက ဒူးထောက်လိုက်ပြီး

"တပြည့်က မသိနားမလည်စွာနဲ့ ဆရာကို စော်ကားမိပါတယ်။ ဒါပေမယ့် လိဂ်ပြိုင်ပွဲက စတော့မယ်။ မင်းကျန်းမာရေးကို ဂရုစိုက်သင့်တယ်"

လီဇီချီ မျက်လုံးထဲက စိုးရိမ်ပူပန်မှုကို မြင်လိုက်လျှင် ဆွန်းမိုသည် မျက်လုံးကို ပိတ်ပြီး ပွတ်သပ်လိုက်သည်။ အမှန်တော့ သူ

အရမ်းပင်ပန်းနေပြီ။ ပြီးတော့ သူက အစွန်းရောက်သွားခဲ့သည်။

ဆွန်းမို၏ အရိုးထဲတွင် ပြီးပြည့်စုံတဲ့ မာနက စီးဆင်းနေသည်။ သူသည် လုံလောက်အောင် မတော်သေးပါ။ ကျောင်းသားတွေကို လမ်းပြတဲ့ ဆရာလုပ်ဖို့ အရည်အချင်း မရှိသေးပါ။

"ဟော့၊ ထတော့"

ဆွန်းမိုက လီဇီချီကို ထုပေးလိုက်သည်။

"ထမင်း အတူတူ စားရအောင်"

“ဒီနေ့ ကြက်စွပ်ပြုတ် သောက်ကြမယ်။ ငါကိုယ်တိုင် ချက်ကျွေးမယ်”

လီဇီချီက ဆွန်းမိုရဲ့ လက်မောင်းကို ဖက်ထားသည်။ သူမဆရာရဲ့ ဒီပုံစံကို အမြတ်နိုးဆုံး ဖြစ်သည်။ စကားကို သံသယဝင်ခြင်း ဒါမဟုတ် မနာခံမှုကို တားမြစ်တတ်တဲ့ ကျန်တဲ့ဆရာများနဲ့ မတူပါ။

အချိန်အများစုတွင် ဆွန်းမိုက နူးညံ့သိမ်မွေ့တတ်တဲ့ အကိုကြီး တစ်ယောက်လို

ဖြစ်သည်။ သူနဲ့ အတူတူရှိနေတဲ့အခါ လီဇီချီသည် အမြဲတမ်း စိတ်အေးလက်အေး ခံစားရသည်။

ထမင်းစားပြီးနောက် ဆွန်းမိုသည် အခန်းထဲသို့ ပြန်လာကာ လီဇီချီအား ဝိညာဉ်တက်တူး တစ်ခု ပေးလိုက်သည်။

"စမ်းကြည့်စမ်း"

လီဇီချီသည် အမြဲတမ်း ဆွန်းမိုစကားကို လိုက်နာတတ်သည်။ သူမသည် ဝိညာဉ်တက်တူးကို ဆုတ်ဖြဲလိုက်သည်။ အရမ်းများပြားတဲ့ ဝိညာဉ်ချီများက စုစည်းလာပြီး လေဆင်နှာမောင်း

တစ်ခု ဖြစ်လာသည်။ လေဆင်နှာမောင်း ပျောက်ကွယ်သွားပြီးနောက် ရွှေရောင် အလင်းများတောက်ပနေတဲ့ ဗလတောင့်တဲ့ ဂျင်းနီ တစ်ယောက် ပေါ်လာသည်။

"ဂျင်းနီလား"

လီဇီချီ အရမ်းအံ့အောသွားသည်။ ဒါက ဘာဝိညာဉ်တကောင်တူးလဲ။

ဆွန်းမို မေးစေ့ကို ပွတ်ပြီး လေးလေးနက်နက် လေ့လာနေသည်။ ဒီဗလတောင့်တောင့်နဲ့ လူက ဂျင်းနီနဲ့ အတူတူပါပဲ။ ဒါပေမယ့်

ရှေ့ဟောင်းအနှိပ်ပညာကို အသုံးပြုလို့ ထွက်ပေါ်လာတဲ့ ဂျင်းနီနဲ့ အနည်းငယ် ကွာခြားသည်။ အဲဒီဂျင်းနီက အောက်ပိုင်း ဝိညာဉ်ချီ ဝဲကတော့ ပုံစံ ဖြစ်နေပြီး ဆွန်းမို လက်မောင်းနဲ့ ချိတ်ဆက်ထားသည်။ ဒါပေမယ့် ဒီဂျင်းနီကတော့ အဲဒီလို မဟုတ်ပါ။

လီဇီချီက ဝါးကုတင်တွင် လှဲလျော ်ာင်းနေသည်။ ဗလတောင့်တဲ့ ဂျင်းနီက ပျံလာပြီး သူမကို စနှိပ်ပေးတော့သည်။

ဆွန်းမို မျက်မှောင် ကြုတ်လာသည်။ ဂျင်းနီ၏ လှုပ်ရှားမှု အရမ်းတောင့်တင်းနေပြီး စိတ်ခံစားမှု လုံး၀ မရှိပါ။ သတ်မှတ်ထားတဲ့ အမိန့်အတိုင်း အနှိပ်သက်သက် ဖြစ်နေသည်။ အသုံးပြုတဲ့ အင်အား ပမာဏကို မချိန်ညှိပါ။

ဒါကြောင့်လည်း သက်ရောက်မှုမှာ လီဇီချီသည် တစ်ခါတစ်ရံ နာကျင်ပြီး တစ်ခါတစ်လေ သက်တောင့်သက်သာ ဖြစ်နေသည်။ ထုံးစံအတိုင်း အနှိပ်ကတော့ ဘယ်သူ့ကိုမှ မထိခိုက်ပါ။ ဒါက

အားနည်းချက် သေးသေးလေးဖြစ်ပေမယ့်
ဆွန်းမိုကတော့ လက်မခံနိုင်ပါ။

စာစဉ်(၂၀)

အခန်း(၂၉၃) - မင်းတို့ကောင်တွေ အကုန်လုံးက မွန်းစတားတွေလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိနစ်နှစ်ဆယ်လောက်ကြာတော့ ဗလတောင့်တောင့်နဲ့ ဂျင်းနီလည်း ပျောက်သွားသည်။

အနှိပ်အကွက် ကုန်အောင်တော့ နှိပ်သွားသည်။ ဒါပေမယ့် အတိအကျ ပြီးအောင်ပဲ နှိပ်သွားသလို ခံစားရသည်။ လုပ်စဉ်ကို ပြီးဆုံးအောင်ပဲ နှိပ်သွားသလို ခံစားမိသည်။

"စနစ်က မင်းက ငါ့ကို လှောင်ပြောင်နေတာလား"

ဆွန်းမို သံသယ ဝင်လာသည်။

“နောက်တစ်ကြိမ် ထပ်ပြောလိုက်မယ်။ စနစ်က ပေးတဲ့ ပစ္စည်းတွေက ပေးရတဲ့ တန်ဖိုးနဲ့ ထိုက်တန်တယ်။ သက်ရောက်မှုကို ထုတ်မသုံးနိုင်တာက မင်းရဲ့ ပြဿနာပဲ”

စနစ် စိတ်ဆိုးနေသည်။

“မင်း ငတုံးတစ်ယောက်ဆိုတာ သိသာနေတယ်။ ဒုတိယအဆင့် ဝိညာဉ်တက်တူးက ဂျင်းနီတစ်ယောက်ကိုတောင် ဆင့်ခေါ်ပြီး ရှေ့ဟောင်းအနှိပ်ပညာကို လုပ်ဆောင်ပေးနိုင်တယ်။ မင်းကဘာကို မကျေမနပ် ဖြစ်နေတာလဲ”

လမ်းဘေးက မျက်မမြင် အနှိပ်သည်တွေရဲ့ ၈၀ ရာခိုင်းနှုန်းတောင် လိမ်ပြီး ထွက်သွားတတ်ကြသေးသည်။ ကျန်တဲ့မျက်မမြင်နှစ်ဆယ်လောက်မှာသာ အနှိပ်ခန်း ရှိသည်။

"ဇီချီ၊ မင်း ဒုက္ခခံပေးလို့ ကျေးဇူးတင်ပါတယ်။ မင်း အရင်ထလို့ ရပြီ"

ဆွန်းမိုက ဝိညာဉ်တက်တူးကို ဆုတ်ဖြဲလိုက်သည်။ ဒီတစ်ကြိမ်တွင် ဝိညာဉ်ချီလေဆင်နှာမောင်း ပေါ်လာသည်။ ပြောချင်တာက ဒါသည် အဆင့်(၆) ဖြစ်သည်။

ဝိညာဉ်ချီတွေ စုစည်းလာပြီး ဂျင်းနီအဖြစ် ပြောင်းလဲသွားသည်။ သူက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ပစ်မှတ် သတ်မှတ်ပြီးနောက် လီဇီချီဆီ ပြေးဝင်သွားသည်။

ဆွန်းမို သက်ပြင်းချလိုက်သည်။ အခုတော့ သူ နားလည်သွားပြီ။ ဝိညာဉ်တကတ်တူး အဆင့် ပိုမြင့်လေ ဂျင်နီ၏ ဉာဏ်ရည် ပိုမြင့်လေ ဖြစ်သည်။ သူ့ရဲ့ အနိုပ်ကလည်း ပိုကောင်းမွန်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သာမန်အားဖြင့်ဆိုသော်လည်း အဆင့်နိမ့် ဝိညာဉ်တက်တူးမှ ဂျင်းနီ အနှိပ်သည် အနည်းငယ် ညွှံဖြင်းသော်လည်း တခြားအရာတွေထက် သာလွန်ကောင်းမွန်နေသေးသည်။ အနှိပ်ကြောင့် ဒဏ်မရနိုင်ပါ။

ဆွန်းမိုက စူးစမ်းလေ့လာနိုင်ရန်နှင့် အချက်အလက် စုဆောင်းရန် ရှေ့ဟောင်း နဂါးဖမ်းတဲ့လက် ဝိညာဉ်တက်တူး ဆယ်ခုကို အသုံးပြုလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဆင့် (၇) ဝိညာဉ်တက်တူးက ထွက်လာတဲ့ ဂျင်းနီသည် ဉာဏ်ရည် မြင့်မားသော်လည်း သူကိုယ်တိုင်နှိပ်လို့ ထွက်လာတဲ့ ဂျင်းနီနဲ့ယှဉ်လျှင် အားနည်းနေသေးသည်။

အနည်းဆုံးတော့ သူဆင့်ခေါ်တဲ့ ဂျင်းနီက အမျိုးသမီးတွေကို နှိပ်ပေးဖို့ ငြင်းဆန်နေလိမ့်မည်။

"ဆရာ၊ ဘာဖြစ်လို့ ရှေ့ဟောင်း နဂါးဖမ်းတဲ့လက်ကို အသုံးပြုရင် ပေါ်လာတတ်တဲ့ ဂျင်းနီက ဘာဖြစ်လို့ ပေါ်လာတာလဲ"

လီဇီချီ မျက်နှာတွင် ထိတ်လန့် တုန်လှုပ်မှုနဲ့ ပြည့်နေသည်။ ထို့နောက် ဖြစ်နိုင်ခြေတစ်ခုကို တွေးလိုက်မိသည်။

"ဆရာ၊ ဒါက မင်းကိုယ်တိုင် ဒီဇိုင်းဆွဲထားတဲ့ ဝိညာဉ်တက်တူး အသစ်လား"

"မဟုတ်ဘူး"

ဆွန်းမိုက ငြင်းလိုက်သည်။ ဒီလောကတွင် ဒီအရာကိုသိတဲ့လူက သူတစ်ယောက်တည်း ဖြစ်သော်လည်း ဒီလို ဟန်ဆောင်ပန်ဆောင် ဂုဏ်ကျက်သရေကို မလိုချင်ပါ။

“ဒါပေမယ့်.........”

လီဇီချီ မျက်ခုံး ပင့်လိုက်သည်။ ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်သည် သူမ ဆရာ တစ်ယောက်တည်းသာ ပိုင်ဆိုင်တဲ့ သူတော်စင်အဆင့် အနိုပ်နည်းစနစ် ဖြစ်သည်။ သူကလွဲလျှင် ဘယ်သူမှ ဒီလောက် အတိုင်းအတာအထိ လုပ်နိုင်မှာလဲ။

“စနစ်၊ ဒီ ဒီဇိုင်းက ပြီးပြည့်စုံလား”

ဆွန်းမိုက ပြန်လေ့လာနိုင်ရန်အတွက် ဝိညာဉ်တက်တူးကို ဖြန့်ထုတ်ကြည့်လိုက်သည်။ သူက

ဒီ ဒီဇိုင်းအတိုင်း ဝိညာဉ်တက်တူးကို ရေးဆွဲပါက အောင်မြင်မှုနှုန်း အရမ်း နည်းပါးပြီး အချိန်ကုန်ရုံသာမက အကျိုးသက်ရောက်မှု ကလည်း ညံ့ဖြင်းလွန်းလှသည်။

"လေ့ကျင့်ခြင်းက ပြည့်ဝခြင်းပဲ"

စနစ်က လှောင်ပြောင်လိုက်သည်။

"ဘာလဲ။ ဆန်းသစ်ချင်လို့လား။ မင်းစမ်းကြည့်လို့ရတယ်"

စနစ်က အထင်သေးစွာ ရှုံ့ချလိုက်သည်။ အထင်သေးသောကြောင့်လည်း လေ့ကျင့်ဆိုတဲ့

စကားလုံးကို တိုးတိုးလေး ရွတ်နေသည်။ ဒီ ဒီဇိုင်းကို မဆွဲခင် တစ်နာရီကျော်ကြာအောင် တွက်ချက်ပြီး သန်းနဲ့ချီတဲ့ တွက်ချက်မှုများကို လုပ်ထားခဲ့ရသည်။

"အို"

ဆွန်းမိုလည်း အတွေးထဲ နစ်မျောနေသည်။ သူက ဝိညာဉ်တက်တူး စုတ်တံကိုယူပြီး အနည်းငယ် ရေးဆွဲလာသည်။

"ဆရာ ဒါက မင်းဒီဇိုင်း မဟုတ်ဘူး ပြောချင်သေးတာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ၏ နှုတ်ခမ်းများ တုန်ယင်သွားသည်။ ဆွန်းမိုက ဝိညာဉ်တက်တူးကို သိသိသာသာ ပြုပြင်ခဲ့သည်။ သို့သော်လည်း ဒီဝိညာဉ်တက်တူးက အနည်းငယ် ရှုတ်ထွေးလွန်းသည်။

လီဇီချီတွင် ဓါတ်ပုံ မှတ်ဉာဏ်ရှိပြီး အရာရာတိုင်းကို လျှင်မြန်စွာ မှတ်မိနိုင်စွမ်း ရှိသည်။ သို့သော်လည်း ဒါက သူမတွက် အရမ်းခက်ခဲလှသည်။ ဒါကြောင့်လည်း သူမသည် ဒီဝိညာဉ်တက်တူး ဒီဇိုင်းရဲ့ သဘောတရားကို စတင်ပြီး စဉ်းစားလာခဲ့သည်။

လနှင့် ကြယ်တို့သည် တောက်ပနေကြသည်။ အနီးအနားမှ ချုံပုတ်များတွင် ပုရစ်များ ခုန်ပျံနေကြပြီး ပုရစ်တွေရဲ့ တေးဆိုသံကို ကြားနေရသည်။

တစ်ရက်နှင့် တစ်ည ကုန်လွန်သွားသည်။

လုချီဟွာက ထမင်းပုံးကို သယ်ပြီး ဆွန်းမိုအတွက် မနက်စာကို လာပို့ပေးသည်။ ဒါပေမယ့် အထဲကို ရောက်တဲ့ အခိုက်အတန့်တွင် အံ့အောသင့် သွားသည်။ အနီရောင် သစ်သား စားပွဲပေါ်နှင့်

ကြမ်းပြင်ပေါ်တွင် ဝိညာဉ်စက္ကူ အများအပြား ပျံ့ကျဲနေသည်။

လုချီဟွာသည် ပေါ့ပေါ့ပါးပါး ကောက်ကိုင်ပြီး တစ်ချက် ကြည့်လိုက်သည်။ ချက်ခြင်းဆိုသလို ခေါင်းမူးသွားသလို ခံစားလိုက်ရသည်။ ဒီပုံက ဘာတွေလည်း အရမ်း ရှုပ်ထွေးလွန်းသည်။

ဆွန်းမိုက ကြမ်းပြင်ပေါ်တွင် ထိုင်နေသည်။ သူက မျက်ခုံးတွန့်ပြီး စူးစူးရဲရဲ စိုက်ကြည့်နေသည်။ မနီးမဝေးတွင် လီဇီချီက အခုလက်ရှိ ဝိညာဉ်တက်တူးကို ရေးဆွဲနေသည်။

လုချီဟွာက သူတို့ ဘယ်လောက်တောင် အာရုံစိုက်နေသလဲဆိုတာ မြင်လိုက်လျှင် သူတို့ကို မနှောက်ယှက်ဘဲ အပြင်ဘက်တွင် လှေ့လာနေဖို့ ဆုံးဖြတ်လိုက်သည်။

အချိန်တွေက တရွေ့ရွေ့နဲ့ စီးဆင်းလာပြီး နေ့ခင်းဘက်တောင် ရောက်လာသည်။

"ဆရာ၊ ထမင်းစားချိန်ရောက်ပြီ"

လုချီဟွာ၏ နှလုံးသား တစ်ခုလုံး နာကျင်နေသည်။ သူမဆရာ အခုဆို မျက်နှာ

ချောင်ကျနေသည်။ မအိပ်တာ ဘယ်နှစ်ရက်တောင် ရှိပြီလဲ။

လုချီဟွာက သုံးကြိမ်တိုင်တိုင် ခေါ်ခဲ့သော်လည်း ဆွန်းမိုက မတုန့်ပြန်ခဲ့ပါ။

“ဆွန်းမို၊ မင်းရဲ့ အချိန်တွေကို ထပ်မဖြုန်းနဲ့တော့၊ ငါဆွဲထားတဲ့ ဒီဇိုင်းကလည်း ပြည့်စုံပါတယ်။ မင်း.........”

စနစ်ရဲ့ စကားမဆုံးသေးခင်တွင် ဆွန်းမိုက စိတ်လှုပ်ရှားစွာ ထအော်လိုက်သည်။

“ငါ နားလည်ပြီ”

ဆွန်းမိုက ဝိညာဉ်တက်တူး စာရွက်ကို ကောက်ယူလိုက်ပြီး စုတ်တံကို မှင်ထဲ နှစ်လိုက်သည်။ ဝိညာဉ်တက်တူး ဖန်တီးတဲ့ သဘောတရား လုပ်ငန်းစဉ်တစ်ခုလုံးကို နားလည်သွားပြီ သူရေးဆွဲတဲ့အခါ တိမ်တွေလို ရေတွေ စီးဆင်းသလို ဘာဘာဝကျပြီး ချောမွေ့နေသည်။

ဆယ့်ငါးမိနစ်ကြာပြီးနောက် နောက်ဆုံး စုတ်ချက်ကို ရေးဆွဲလိုက်ရာ ပတ်ဝန်းကျင်တစ်ခုလုံး ကျယ်လောင်သော ပွဲတင်သံ တစ်ခု မြည်သွားသည်။ အိမ်ရာ ပတ်ဝန်းကျင်တွင်

ဝိညာဉ်ချီများ စုစည်းလာပြီး ဝိညာဉ်ချီ လေဆင်နှာမောင်းတစ်ခု ဖြစ်ပေါ်လာသည်။ ထို့နောက် ဝိညာဉ်တက်တူးထဲသို့ ဝင်သွားသည်။

"ဒါ........."

စနစ် တုန်လှုပ်သွားသည်။

ဆွန်းမို လက်တွေက မရပ်တန့်သေးပါ။ နောက်ထပ် ဝိညာဉ်တက်တူး စာရွက်ကို ယူပြီး ဆက်ရေးဆွဲနေသည်။

ဒီလိုနဲ့ ဝိညာဉ်တက်တူး သုံးခု ပြီးသွားသည်။ တစ်နာရီလည်း ကုန်သွားသည်။ ဆွန်းမိုက

အဲဒီနေရာမှာပင် မျက်လုံး ကျယ်ကျယ်ဖွင့်ပြီး စစ်ဆေးရန် အတွက် လုချီဟွာကို အော်ခေါ်လိုက်သည်။

"ချီဟွာ"

လုချီဟွာက ပိုင်ရှင်ရဲ့ အမိန့်ကို အပြည့်အဝ နားထောင်တဲ့ ခွေးလေးတစ်ကောင်လို ချက်ခြင်း ပြေးလာသည်။

"ဆရာ"

"လှဲချလိုက်"

ဆွန်းမိုက   ညွှန်ကြားလိုက်သည်။

“အို”

လုချီဟွာက   ချက်ခြင်း   လှဲချလိုက်သည်။ အေးခဲထားတဲ့ ငါးတစ်ကောင်လို သူမရဲ့ ခြေတွေ လက်တွေက တင်းမာပြီး တောင့်တင်းနေသည်။

“ စိတ်လျှော့ထား”

ဆွန်းမိုက   ပြောပြီးနောက်   ဝိညာဉ်တက်တူးကို ဆုတ်ဖြဲလိုက်သည်။

ဘုန်း

ဝိညာဉ်ချီတွေ စုစည်းလာပြီး ရွှေရောင်အလင်းတန်းများကြားတွင် ခရမ်းရောင် ခေါင်းပေါင်းနဲ့ ဗလတောင့်တောင့် ဂျင်းနီ ပေါ်လာသည်။ လက်နှစ်ဖက်ကို မြှောက်ပြီး ဗလ ပြနေသည်။ အဲဒီနောက် လုချီဟွာကို နှိပ်ပေးနေသည်။

ကြွက်သား ပြုပြင်ခြင်း နည်းစနစ်ကို အသုံးပြုနေသည်။

အနှိပ်ပြီးဆုံးဖို့အတွက် စုစုပေါင်း ဆယ့်ငါးမိနစ် ကြာမြင့်ခဲ့သည်။ အသုံးပြုခဲ့တဲ့ ခွန်အား

ပမာဏက တကယ် မှန်ကန်သည်။ သက်တောင့်သက်သာ ရှိလွန်းသဖြင့် လုချီဟွာ နစ်မျောနေသည်

"ဒါ.........."

စနစ် အံ့အော သင့်သွားသည်။

ကြွက်သားပြုပြင်ခြင်း နည်းစနစ်တစ်ခုလုံးပြီးတဲ့ အခါ ဂျင်းနီလည်း ပျောက်ကွယ်သွားသည်။ ဆွန်းမိုက ချက်ခြင်းပဲ နောက်ထပ် ဝိညာဉ်တက်တူး စာရွက်တစ်ခုကို ဆုတ်ဖြဲလိုက်သည်။

ဘုန်း

ဗလတောင့်တောင့်နဲ့ ဂျင်းနီ အသစ်တစ်ယောက် ပေါ်လာသည်။ ဒီတစ်ခါတော့ လည်ပတ်မှု နည်းစနစ်ကို အသုံးပြုနေသည်။

ဝိညာဉ်တက်တူး လေးခုစလုံး ရေးဆွဲပြီးတဲ့အခါ ဆွန်းမို သက်ပြင်းချလိုက်သည်။ သူက ကုလားထိုင်ပေါ်တွင် မှီထိုင်နေပြီး ဉာဏ်အလင်းပွင့်နေသည်။

"မင်း.......မင်းက တကယ်ပဲ ငါ့ရဲ့ ဝိညာဉ်တက်တူး ဒီဇိုင်းကို လေးပိုင်း ခွဲလိုက်တာလား"

စနစ်တောင် စကားနည်းနည်း ထစ်သွားသည်။ (မင်းက ဝိညာဉ်တက်တူး လေ့လာတဲ့ နေရာမှာ ထူးချွန်မှန်း ငါသိပါတယ်။ ဒါပေမယ့် မင်းရဲ့ အရည်အချင်းက ဒီလောက်အထိ မြင့်မားနေမယ်လို့ ငါမထင်ထားခဲ့ဘူး)

"စနစ်၊ မင်းရဲ့ ဉာဏ်ရည်တု တွက်ချက်မှုက အမှန်တကယ်ကို အံ့မခန်းပဲ။ ဒါပေမယ့် သူ့ရဲ့အားနည်းချက်က ဘာလဲ သိလား"

ဆွန်းမိုက မေးလိုက်သည်။

"ဘာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က သိချင်လာသည်။

“သဘောတရား အယူအဆပဲ”

ဆွန်းမို ပြုံးလိုက်မိသည်။

“ဉာဏ်ရည်ထက်မြတ်တဲ့ သက်ရှိတွေက ရဲရင့်ပြီး စိတ်ကူးယဉ်ဆန်တာ မဟုတ်ဘူး။ သဘောတရား အယူအဆကို အခြေခံထားတာပဲ။ ဒီ ဒီဇိုင်းကိုပဲ ကြည့်လိုက်။ အရမ်းရှုပ်ထွေးတဲ့ ပုံစံပေါ်နေပေမယ့် ဒီဇိုင်းရဲ့ သဘောတရားကို နားလည်သွားတာနဲ့ အရာအားလုံးက ချက်ခြင်း ရိုးရှင်းသွားလိမ့်မယ်”

စနစ် ဆွံ့အနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဂျင်းနီကို ဆင့်ခေါ်တဲ့ အချိန်မှာ ဘာဖြစ်လို့ အသက်မဲ့နေသလို ဖြစ်နေရတာလဲ" "ဘာဖြစ်လို့လဲဆိုတော့ ရှေ့ဟောင်းအနှိပ်ပညာ အကိုင်းအခက် လေးခုစလုံးကို အားကောင်းအောင် အလေးပေးထားတယ်။ ဒါတွေကို ပေါင်းစပ်လိုက်တဲ့ အခါမှာ လုပ်ငန်းစဉ်က မချောမွေ့တော့ဘူး။ ဂျင်းနီရဲ့ လှုပ်ရှားမှုက အဆင်ပြေတယ်လို့ သတ်မှတ်နိုင်ပေမယ့်လည်း မတူညီတဲ့ အကိုင်းအခက်လေးခု တပြိုင်နက် အသုံးပြုတဲ့အခါ အားနည်းချက်က ရှိလာပြီး လှုပ်ရှားမှုက တောင့်တင့်လာတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက ဆွန်းမို လေ့လာတွေ့ရှိတဲ့ ရလဒ် ဖြစ်သည်။ အရင်ဦးဆုံး ပေါင်းစပ်ပြီး အကောင်းဆုံး ဖြစ်အောင် လုပ်ချင်ခဲ့သော်လည်း မလုပ်နိုင်ခဲ့ပါ။ နောက်ဆုံးတော့ ဆွဲထားတဲ့ ဝိညာဉ်တက်တူး ဒီဇိုင်းက ရှုပ်ထွေးလွန်းသည်။ အနည်းငယ် ပြုပြင်လိုက်ပါက နောက်ထပ် နည်းစနစ်တစ်ခုတွင် အမှားအယွင်း ဖြစ်သွားသည်။

ဆွန်းမိုမှာ အဖြေမရှိတော့ပါ။ ဒါကြောင့် ခွဲခြမ်းလိုက်သည်။

“ဒီ ဝိညာဉ်တက်တူးရဲ့ သဘောတရားကို မင်းတကယ် နားလည်သွားပြီလား”

စနစ် အရမ်းအံ့အောနေသည်။

“ငါ နားလည်ပြီ”

လီဇီချီ ရုတ်တရက် ထအော်လာသည်။

“သူမလည်း နားလည်တာလား”

စနစ် ဆိုးရွားစွာ ထိတ်လန့်သွားသည်။

“ဒီ ဝိညာဉ်တက်တူးက အဓိက အစိတ်အပိုင်းလေးခု ပေါင်းစပ်ပြီး ဖြစ်ပေါ်လာတာပဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသက်သွင်းလိုက်တာနဲ့ အစိတ်အပိုင်းတစ်ခုစီက ပြီးပြည့်စုံတဲ့ အနှိပ် လုပ်ငန်းစဉ်ကို ဖန်တီးပေးလိမ့်မယ်။ ပြီးတော့ သူတို့ရဲ့ အကျိုးသက်ရောက်မှုက ထွက်ပေါ်လာလိမ့်မယ်”

လီဇီချီသည် စကားပြောလိုက်ပြီးနောက် ဆွန်းမိုကို ကြည့်လိုက်သည်။

“လုံး၀ မှန်တယ်”

ဆွန်းမိုသည် လုံး၀ကို သဘောကျ ကျေနပ်သွားပြီး လက်မ ထောင်ပြလိုက်သည်။ သူက ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်

ဝိညာဉ်တက်တူးကို မဟာအဆင့်ထိ နားလည်ထားသောကြောင့်သာ ဖြေရှင်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ဒါပေမယ့် လီဇီချီကတော့ သူ့ရဲ့ ဉာဏ်ရည်အပေါ်ကိုသာ လုံးဝ မှီခိုခဲ့သည်။

ပါရမီရှင်တစ်ယောက်က ထင်ထားတဲ့ အတိုင်းပဲ။

"မင်းတို့နှစ်ယောက်စလုံးက မွန်းစတားတွေလား"

စနစ်သည် တကယ်ကို လန့်ဖြန့်ပြီး ကျိန်ဆဲလိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“စနစ်၊ မင်းရဲ့ ဒီဇိုင်းက တကယ်ကို အထင်ကြီးစရာပဲ”

ဆွန်းမိုသည် ပြောမပြနိုင်လောက်အောင် အထင်ကြီးနေသည်။ ဘယ်လိုပဲပြောပြော သူက လက်ရှိအရည်အချင်းနဲ့ ဒီဇိုင်းရဲ့ လုပ်ဆောင်ချက်ကို အကောင်းဆုံးဖြစ်အောင်သာ ခွဲထုတ်နိုင်ခဲ့သည်။ သက်ရောက်မှုက ဒီလောက်ကောင်း လာလိမ့်မယ်လို့ မထင်ထားခဲ့ပါ။

အပေါင်း၊ အနှုတ် ၊ အမြှောက်၊ အစားဆိုတဲ့ ရိုးရှင်းတဲ့ ရှုထောင့်တစ်ခုတည်းသာ ပါတဲ့ သင်္ချာ

ပုစ္ဆာကို တွက်ပါက မခက်ခဲပါ။ ဒါပေမယ့် မေးခွန်းက ရောနှောလိုက်ရင်တော့ အဲဒီလူ ဘယ်လိုဖြေရမလဲ မသိနိုင်တော့ပါ။

"ငါက အထင်ကြီးဖို့ ကောင်းတယ်လို့ ဘယ်သူကပြောလဲ။ မင်းတို့ကသာ အထင်ကြီးဖို့ ကောင်းတာ"

စနစ် သက်ပြင်းချလိုက်သည်။ ထင်ထားတဲ့အတိုင်းပဲ။ လူသားများ၏ ဉာဏ်ရည်သည် အကန့်အသတ်မဲ့ ဖြစ်နိုင်ခြေများနဲ့ ပြည့်နှက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုနှင့် လီဇီချီတို့ လုပ်ခဲ့တဲ့ အလုပ်က တစ်နှင့် တစ်ပေါင်းရင် နှစ်နဲ့ ညီမျှရတဲ့ အကြောင်းအရင်းကိုနားလည် သွားသလို ဖြစ်သည်။ သူတို့က ဒီဇိုင်းရဲ့ မူလ အရင်းအမြစ်ကို ခွဲခြမ်းစိတ်ဖြာနိုင်ခဲ့သည်။ သာမန်လူများက တစ်နှင့်တစ်ပေါင်းရင် နှစ်ရတဲ့ အကြောင်းသာ နားလည်သည်။ ဘာကြောင့် နှစ်ဖြစ်လာလဲလို့ မေးရင် ဘယ်လိုရှင်းပြရမလဲ သူတို့ မသိတော့ပါ။

တစ်နှင့် တစ်ပေါင်းရင် နှစ်ရတာကို သက်သေဖို့က အရမ်း ရှုပ်ထွေးလွန်းသည်။

ရိုးရိုးရှင်းရှင်း ပြောရလျှင် ဆွန်းမိုနှင့်လီဇီချီတို့သည် သီအိုရီ အသစ်စက်စက် ဒါမှမဟုတ် ဖော်မြူလာ အသစ်များကို ဖော်ထုတ်နိုင်တဲ့ ပါရမီရှင်များ ဖြစ်သည်။

"ဒီ ဝိညာဉ်တကတ်တူးက အရမ်းကောင်းပေမယ့် ဆွဲဖို့ အရမ်းခက်လွန်းတယ်"

"ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်ကို ပုံတူကူးချပါတယ်ဆိုမှတော့ သိသိသာသာ ခက်မှာပေါ့။ နောက်ကျရင် ငါ့ကို ဒီလိုခက်ခဲတဲ့ ပြဿနာတွေ မပေးနဲ့တော့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က စည်းရုံးလိုက်သည်။ တကယ်ပဲ ငါ့ကို နှိပ်စက်ညှင်းပန်းနေသလိုပဲ။

"ငါလည်း မလွန်ဆန်နိုင်ဘူး"

ဆွန်းမို နားလည်ပေးနိုင်သည်။

ဒင်

"ရှေ့ဟောင်း နဂါးဖမ်းတဲ့လက် ဝိညာဉ်တက်တူးကို အောင်မြင်စွာ ခွဲခြမ်း စိတ်ဖြာနိုင်ခဲ့တဲ့ အတွက် ဂုဏ်ပြုပါတယ်။

ဆုလဒ် - ကျွမ်းကျင့်မှုအဆင့်ကို တစ်ဆင့်မြှင့်ကာ ဘိုးဘေးအဆင့်ထိ မြှင့်တင်ပေးလိုက်တယ်”

စနစ်က သူ့ကို ချီးကျူးလိုက်သည်။

“ဒီလိုလည်း ရတာပဲလား”

ဆွန်းမို ပျော်ရွှင်လာသည်။ မထင်မှတ်ဘဲ အံ့အောစရာ ဖြစ်လာလိမ့်မယ်လို့ သူ မထင်ထားခဲ့ပါ။

“ဆွန်းမို၊ မင်းက ဒီဘာသာရပ်မှာ အရမ်းထူးချွန်တယ်။ ကျေးဇူးပြုပြီး ဆက်ကြိုးစားပါ။ ပြည်နယ်ကိုးခုမှာ မင်းသေချာပေါက် နံပါတ်တစ် ဝိညာဉ်တက်တူး ဘိုးဘေး ဖြစ်လာလိမ့်မယ်”

စနစ်က သူ့က ို အားပေးလိုက်သည်။

“ငါ စိတ်မဝင်စားဘူး”

ဆွန်းမို ခေါင်းခါလိုက်သည်။

“မင်း...............”

စနစ်သည် ဒေါသကြောင့် သွေးချောင်းဆိုးလုနီးပါး ဖြစ်သွားသည်။

“ဆရာ၊ မင်းက အရမ်းအထင်ကြီးဖို့ ကောင်းတာပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီက ကိုးကွယ်မှုတွေ ပြည့်နေတဲ့ မျက်လုံးနဲ့ ကြည့်နေသည်။ သူမရဲ့ ဆရာက ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်ရဲ့ အနှစ်သာရကို ဝိညာဉ်တက်တူး အဖြစ် ပြောင်းလဲခဲ့သည်။

(ဒါ...........ဒါက ဘိုးဘေးတွေမှ ရောက်နိုင်တဲ့ နယ်ပယ်တစ်ခုပဲ)

ဝိညာဉ်နယ်ပယ်တွင် ဆွန်းမိုရဲ့အဆင့်က ချင်လင်မြို့တွင် ထိပ်ဆုံးသုံးယောက် မဟုတ်သေးဘူး တန်နိုင်ငံတစ်ခုလုံးတွင် ထိပ်ဆုံး(၃) ယောက်လို့ လီဇီချီ ရဲရဲတင်းတင်း ပြောနိုင်သည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁,၀၀၀ ။ ကြည့်ညို(၁၄,၁၆၁/၁၀၀,၀၀၀)

"ဇီချီ၊ မင်းနားလည်မှု လွဲနေပြီ။ ငါ ဒီဇိုင်းထုတ်တာ မဟုတ်ဘူး"

ဆွန်းမိုသည် လီဇီချီဆီက ကြောက်ဖို့ကောင်းလောက်တဲ့ လေးစားအထင်ကြီးမှု အမှတ်များကို ရလိုက်သဖြင့် ကမန်းကတန်း ရှင်းပြလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါ နားလည်ပြီ။ ဆရာက ကျော်ကြား မှုကို မလိုချင်ဘူး"

လီဇီချီက သူမ နားလည်ကြောင်း အမူအရာ ဖော်ပြလိုက်သည်။ နောင်တစ်ချိန်ကိုစောင့်ပြီး သူ့အဆင့်အတန်း မြင့်လာတဲ့အချိန်ကျမှ ဒီအကြောင်းကို ဖော်ထုတ်တာ ပိုကောင်းမည်။ အဲဒီအချိန်တွင် ဘယ်သူမှ သံသယ မဝင်ကြတော့ပါ။

"ကောင်းပြီလေ။ ငါလည်း ရက်တော်တော်ကြာအောင် တွန်းအားပေးပြီး လုပ်ထားလို့ အနားယူရအုံးမယ်"

ဆွန်းမိုက ခေါင်းကုတ်ပြီး ရေချိုးမလို့ ပြင်ဆင်လိုက်သည်။ ဒီရက်ပိုင်းတွင် လေ့လာမှုလည်း မလုပ်ဖြစ်ခဲ့ပါ။ တစ်ကိုယ်လုံးလည်း နံစော်နေသည်။

"ဆရာ၊ ငါတို့ တိုက်ပွဲခန်းမကို သွားကြည့်ကြမလား။ ဒီနေ့က တိုက်ပွဲခန်းမကို

ဝင်ချင်သူတွေအတွက် စမ်းသပ်တဲ့ နေ့ပဲ။ ချီရွှန်ကျားလည်း တိုက်ခိုက်လိမ့်မယ်”

လုချီဟွာက လက်မြှောက်ပြီး အကြံပြုလိုက်သည်။

စာစဉ်(၂၀)

အခန်း(၂၉၄) - မြင့်တက်လာတဲ့ ပါရမီရှင်။

ရန်လီက လူတိုင်းအရှေ့တွင် ဘဝမှာ ထုံးတမ်းအစဉ်အလာ ရှိရမယ်လို့ ပြောခဲ့သည်။ အဲဒီလိုမှပဲ ဘဝမှာ အောင်မြင်နိုင်မည်။

ဒါပေမယ့် ဘယ်လို လုပ်ရမလဲ။

ဥပမာပြောရလျှင် တနင်္လာနေ့တိုင်းတွင် အရသာရှိတဲ့ အစားအစာကို စားသင့်သည်။ ဒါမှမဟုတ် သုံးလတစ်ကြိမ် ရည်းစားပြောင်းသင့်သည်။ ရည်းစားတစ်ယောက်က ကောင်းရင် နှစ်တွေ ပိုတွဲလိုက်ပါ။ ဒါပေမယ့်

နှစ်တစ်ဝက်ထက်တော့ မပိုစေနဲ့။ မိန်းကလေးတစ်ယောက် က ဘယ်လောက်ပဲ ကောင်းပါစေ သူမနဲ့ အရမ်းအိပ်ရင် ဖျားလိမ့်မည်။

ရန်လီသည် အဆောင်တွင် ဒီသဘောတရားကို ကြွားလုံးထုတ်တဲ့အခါတိုင်း လူအများစုက ဝိုင်းပြီး နားထောင်ကြသည်။ ရန်လီက ရုပ်ချောပြီး ချမ်းသာတဲ့ မိသားစုက ဆင်းသက်လာသည်။ သူက စကားပြောသွက်လက်ပြီး ရည်းစား စကားပြောတဲ့နေရာမှာလည်း ထူးချွန်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ယောက်တည်းသမား ကျောင်းသား အများစုက သူပြောတာ အနည်းငယ်ကြားပြီး ကျေနပ် သွားကြသည်။

ချီရှန်ကျားကတော့ ဒါကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ပါ။ ဘယ်လောက်တောင် ယုတ်မာတဲ့ အလေ့အကျင့်လဲ။ သူ့အတွက်လည်း မလိုအပ်ပါ။ ဒီနေ့က တိုက်ပွဲခန်းမရဲ့ စစ်ဆေးတဲ့ နေ့ဖြစ်ရင်တောင် သူကတော့ အဲဒီလိုပဲ လုပ်ခဲ့သည်။

"ချီကြီး။ တိုက်ပွဲ ခန်းမရဲ့ စမ်းသပ်မှုက ဒီနေ့ မဟုတ်လား"

ဝမ်ဟောင်သည် စောင်ထဲကနေ အပျင်းကြောဆန့်ပြီး မေးလိုက်သည်။

“အင်း”

ချီရှန်ကျားက ခေါင်းညိတ်လိုက်သည်။

“အဲဒါဆိုရင်တော့ မင်းကို အားပေးဖို့ ငါတို့အနောက်ကနေ လိုက်ခဲ့မယ်”

သူတို့တွေက သူငယ်ချင်း ဖြစ်ပေမယ့် ဝမ်ဟောင်က ချီရှန်ကျားကို အရမ်းအားမပေးဖြစ်ခဲ့ပါ။ သူတို့ ပက်သက်မှုအရ ချီရှန်ကျား အနိုင်မရခဲ့ရင်လည်း အရေးမပါပါ။

ဒါပေမယ့် အခုအချိန်မှာတော့ ကွာခြားသွားပြီ။ ချီရွှန်ကျားသည် ပိုင်ဝမ်လီကို အနိုင်ယူပြီး တိုက်ပွဲခန်းမသို့ ဝင်ရောက်ခဲ့ရုံသာမက ဒုတိယအကြိမ် စစ်ဆေးမှုကိုလည်း အောင်မြင်ခဲ့သည်။ ထို့နောက် ဆက်တိုက် အနိုင်ရကာ တိုက်ပွဲခန်းမကို ဝင်ရောက်နိုင်ခဲ့တာ တစ်နှစ်ခွဲတောင် ရှိနေပြီ။

အဲဒီတုန်းက တကယ်ကို အထင်ကြီးဖို့ ကောင်းသည်။

ဝမ်ဟောင်က အပြင်သွားတဲ့ အခါတိုင်း သူ့သူငယ်ချင်းက တိုက်ပွဲခန်းမကလို့ ပြောလိုက်ရင် ချက်ခြင်းဆိုသလို မျက်နှာ ရသွားတတ်သည်။

ပို အရေးကြီးတဲ့အချက်က ချီရှန်ကျားသည် ဆွန်းမိုနဲ့ ရင်းနှီးနေသည်။ ဒါကြောင့် နောက်ပိုင်းတွင် အထူးကြပ်မတ်တဲ့ လေ့ကျင့်မှု အစီအစဉ် တစ်ခုအောက်တွင် လေ့ကျင့်ခွင့် ရခဲ့သည်။ လူတိုင်းက လိုချင်သော်လည်း မလုပ်နိုင်ခဲ့ကြပါ။ နှစ်ရက် ဒါမှမဟုတ် သုံးရက်လျှင် တစ်ကြိမ်

ဆွန်းမို၏ ရှေ့ဟောင်း နဂါးဖမ်းတဲ့လက်ကို ခံစားနေရသည်။

ဒါကြောင့်လည်း လူတိုင်း၏ စိတ်ထဲတွင် မနာလိုစိတ် ဖြစ်နေခဲ့ရသည်။

"ငါ့ကို စောင့်အုံး"

ကျန်ရှီလည်း အိပ်ယာမှ ထလာသည်။ အဝတ်အစား ဝတ်ပြီးနောက်

"ငါလည်း လိုက်မယ်"

"ငါတို့ အတူတူသွားကြတာပေါ့။ ငါတို့အဆောင်မှာ တိုက်ပွဲခန်းမက လူတစ်ယောက် ရှိဖို့ မလွယ်ဘူး။ ချီရွှန်ကျား မင်းဒီနေ့ နိုင်ရမယ်"

အခြား အဆောင်နေဖက် အဖော်များကလည်း ရှတ်ရှတ်သဲသဲ အသံကို ကြားလိုက်လျှင် အိပ်ရာက ထလာကြသည်။

ရန်လီကတော့ ကုတင်ပေါ်တွင် လှဲနေပြီး ခေါင်းကိုစောင်နဲ့ ဖုံးကာ အိပ်ချင်ယောင် ဆောင်နေသည်။ စိတ်ထဲတွင် အရမ်းကို ဒေါသဖြစ်နေသည်။ (ပိုက်ဆံမရှိ၊ ရုပ်ရည်မရှိ၊

အရည်အချင်းမရှိတဲ့ အောက်တန်းစားက ဘာဖြစ်လို့ ငါ့ထက်ပိုပြီး နာမည်ကြီးနေရတာလဲ)

အရင်က ရန်လီသည် ဒီအဆောင်တွင် အကျော်ကြားဆုံး လူတစ်ယောက်ဖြစ်သည်။ အခုတော့ ချီရွှန်ကျားက သူ့နေရာကို လွှဲပြောင်း ယူသွားပြီ။

"ဆွန်းမို ကန်းနေတာပဲ ဖြစ်မယ်"

ရန်လီ စိတ်ထဲတွင် မနာလိုစိတ်များ ပြည့်နေပြီး တိုးတိုးလေး ညည်းလိုက်သည်။ ဆွန်းမိုသာ

သူ့ကို လမ်းညွှန်ပေးခဲ့ရင် ချီရွှန်ကျားထက်တောင် ပိုအောင်မြင်နိုင်သေးသည်။

ဘုန်း ဘုန်း ဘုန်း

တံခါးခေါက်တဲ့ အသံထွက်လာသည်။

"ဘယ်သူလဲ"

ဝမ်ဟောင် တံခါးဖွင့်ရင်း မေးလိုက်သည်။

"ချီရွှန်ကျား ဒီမှာ ရှိလား"

လူငယ်တစ်ယောက် လမ်းလျှောက်ဝင်လာသည်။ သူ့ အင်္ကျီ ကော်လံမှာ ငွေရောင်လှိုင်း

ခြောက်ခုပါသည်။ ဒါကိုမြင်လိုက်လျှင် (၆)တန်းမြောက်က ကျောင်းသား မှန်း သိလိုက်သည်။ ဒါကြောင့် သူတို့ အမြန်ထလိုက်ကြသည်။

ဒါက စီနီယာတစ်ယောက်ကို လေးစားမှုပါ။

"ငါက ချီရှန်ကျားပါ"

ချီရှန်ကျားက ပြန်ဖြေသည်။

"ဟဲလို၊ ငါက တန်မင်ပါ"

တန်မင်က ပြောလိုက်သည်။ ဒီနာမည်ကို ကြားလိုက်လျှင် အဆောင်ထဲမှာရှိတဲ့လူအားလုံး

အံ့အောသွားသည်။ စောင်အောက်မှာ အိပ်နေတဲ့ ရန်လီလည်း မနေနိုင်ဘဲ ခေါင်းဖော် ကြည့်လိုက်သည်။

တိုက်ပွဲခန်းမ အဆင့်(၁၃)၊ ခြောက်တန်း ကျောင်းသား ။ တန်မင်။ သူ့အဆင့်သည် ထိပ်ဆုံး ဆယ်ယောက် မဟုတ်သော်လည်း အရမ်းကျော်ကြားသည်။ တန်မင်၏ ခါးချက်ကမြန်သည် အရမ်းကောင်းမွန်သည်။ ခါးပညာနဲ့ပက်သက်ရင် သူက ထိပ်ဆုံး သုံးယောက်ထဲကလို့ ပြောလို့ရသည်။

ဘာဖြစ်လို့ ဒဏ္ဍာရီ ပုဂ္ဂိုလ်က ချီရွန်ကျားကို ရှာနေရတာလဲ။

“ရုတ်တရုတ် လာလည်လို့ တောင်းပန်ပါတယ်”

တန်မင်က ပြုံးလိုက်ပြီး

“မင်းမှာ ဆရာဆွန်းမို ပေးထားတဲ့ ပန်းအိုးတစ်အိုး ရှိတယ်လို့ ငါကြားထားတယ်။ အဲဒါကို မရောင်းချင်ဘူးလား”

ပန်းအိုးလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတိုင်း၏ အကြည့်သည် ချီရှန်ကျား ကုတင်ဘေးသို့ ရောက်သွားသည်။

ပန်းအိုးကို လူတိုင်း မြင်ဖူးကြသည်။ ချီရှန်ကျားသည် အဲဒါကို ရပြီးကတည်းက အနားတွင် သိမ်းထားသည်။ နေ့တိုင်း ထမင်းစားချိန်နဲ့ အိမ်သာတက်တဲ့အချိန်တောင် အနားယူထားသည်။

“ငါတောင်းပန်ပါတယ်”

ချီရှန်ကျား ခေါင်းခါလိုက်သည်။

“ဒီလောက် အလျှင်စလို မငြင်းပါနဲ့။ အဲဒါအတွက် ငွေတုံး တစ်သောင်း ပေးမယ်”

တန်မင်က ဈေးပေးလိုက်သည်။

ရှု

ဒီဈေးနှုန်းကို ကြားလိုက်လျှင် အဆောင်မှာရှိတဲ့လူတွေ လေအေးတစ်ချက် ရှိုက်လိုက်မိသည်။ ထို့နောက် ပန်းအိုးကို ကြည့်ရင်း မျက်လုံး ပြူးသွားသည်။ ဒါက ရိုးရိုး အပင်တစ်ပင်ပါ။ ငွေတစ်တုံးဆိုလျှင် ပန်းဆိုင်မှာ ဆယ်လုံးလောက် ဝယ်လို့ ရသည်။

"တန်မင် ရူးနေတာလား"

ဝမ်ဟောင် ခန့်မှန်းလိုက်သည်။

ရန်လီ ချက်ခြင်း ဆိုသလို မနာလို ဖြစ်သွားသည်။ ချီရွှန်ကျား ချမ်းသာလာတော့မည်။ ဘယ်လောက်တောင် စိတ်ပျက်ဖို့ကောင်းလဲ။ (ဘာဖြစ်လို့ လဲကျပြီး မသေရတာလဲ။)

“ငါတောင်းပန်ပါတယ်။ ဒါဆရာဆွန်း ငါ့ကို ပေးထားတဲ့ အရာပဲ။ မရောင်းဘူး”

ချီရွှန်ကျားက တွေဝေခြင်း မရှိဘဲ ငြင်းလိုက်သည်။

“ဟဲဟဲ၊ ဒီကောင် တကယ်မိုက်တာပဲ”

ရန်လီ ချက်ခြင်း ပျော်ရွှင်သွားသည်။

“ငွေတုံး တစ်သောင်းခွဲ”

တန်မင်က နောက်ထပ် ဈေးတစ်ခု ပေးလိုက်သည်။

“အတန်းဖော် ချီ၊ ငါက ဒီပန်းအိုးကို တကယ်လိုချင်လို့ပါ”

ချီရှန်ကျားကဆက်ပြီး ခေါင်းခါနေသည်။

“နှစ်သောင်း”

တန်မင် အံ့ကြိတ်ပြီး စျေးပေးလိုက်သည်။ ဒါက သူတတ်နိုင်တဲ့ အမြင့်ဆုံး စျေးဖြစ်သည်။

"အတန်းဖော်ချီ၊ အနာဂတ်မှာ ဘယ်လို ပြဿနာပဲ ကြုံလာပါစေ ငါ့ကို ရှာနိုင်တယ်။ မင်းကိုလည်းငါ ကာကွယ်ပေးမယ်။ လမ်းလဲ ညွှန်ပေးမယ်"

အဆောင်နေဖက် အဖော်များသည် ချက်ခြင်းပဲ မနာလို ဖြစ်သွားကြသည်။ တန်မင်လိုမျိုး ကျွမ်းကျင်တဲ့ ပညာရှင်သည် ဆရာတစ်ယောက် မဟုတ်သော်လည်း သူနဲ့ လေ့ကျင့်ဖက် ဖြစ်ပါက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူနဲ့အတူတူ ကျင့်ကြံတဲ့လူအတွက် အများကြီး အထောက်အကူ ဖြစ်နိုင်သည်။

(မင်း လက်မခံရဘူး)

ရန်လီ တိတ်တိတ်လေး ဆုတောင်းနေသည်။ ချီရွှန်ကျား ချမ်းသာလာတာကို သူ မမြင်ချင်ပါ။

"ငါ စိတ်မကောင်းဘူး"

ချီရွှန်ကျားသည် ဒီအရာ အားလုံးကို စိတ်မဝင်စားပါ။ အစွမ်းထက် အာနိသင်ကို ဖယ်ထားလိုက်အုံး ရိုးရိုးအပင်တစ်ပင် ဖြစ်ရင်တောင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာဆွန်းက ပေးထားတဲ့ အရာ ဖြစ်သဖြင့် ချီရွှန်ကျား ဘယ်တော့မှ မရောင်းနိုင်ပါ။

"အတန်းဖော် ချီ၊ ဆရာဆွန်းနဲ့ မင်းရဲ့ ဆက်ဆံရေးကြောင့် မင်းသူ့ဆီကနေ နောက်ထပ် တစ်အိုး တောင်းလို့ ရတယ်။ ရေသောက်သလို လွယ်ပါတယ်။ ဒါကို ရောင်းပြီး ဘာဖြစ်လို့ ငွေတုံး နှစ်သောင်းကို မယူတာလဲ။ တစ်သက်လုံး အလုပ်လုပ်ရင်တောင် မင်းမိသားစုတွေ ဒီငွေကို မရှာနိုင်ဘူး"

တန်မင်က စည်းရုံးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလောက် ကြီးတဲ့ ဆွဲဆောင်မှုနဲ့ဆိုလျှင် ချီရွန်ကျား မခံနိုင်လောက်ဘူးလို့ တွက်ဆထားခဲ့သည်။ ဝိညာဉ်ချီ စုဆောင်ခြင်း ပန်းအိုးအကြောင်းကို အမှောင်တိုက်ကြီးသို့ သွားတဲ့ ကျောင်းသားများက သိကြသည်။ ပြန်လာပြီးနောက် အားလုံးက လျှို့ဝှက်ထားကြသည်။

ထုံးစံအတိုင်း လူတိုင်းတွင် တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်များ ရှိကြသည်။ ဆွန်းမို ဒါမှမဟုတ် သူ့တပြည့်တစ်ယောက်ဆီက ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးတစ်လုံး ရနိုင်မလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအကြောင်းကို သိတဲ့လူ ပိုများလာပါက ပြိုင်ဘက်တွေ ပိုများလာနိုင်သည်။

တန်မင်၏ တစ်ဝမ်းကွဲသည် အမှောင်တိုက်ကြီးကို သွားတဲ့ အဖွဲ့ထဲတွင် ပါခဲ့သည်။ သူတို့ တွေ့ဆုံတဲ့အချိန်တွင် မတော်တဆ ဒီအကြောင်းကို သိခဲ့ရသည်။ ဒါကြောင့် ဒီနေ့တွင် တန်မင်က ချီရှန်ကျားဆီကို ရောက်လာခဲ့ခြင်း ဖြစ်သည်။

"ငါ မင်းကို မရောင်းနိုင်ဘူး။ ဆရာဆွန်းဆီမှာ ဘာဖြစ်လို့ မမေးကြည့်တာလဲ။ သူကအရမ်းကောင်းတဲ့ လူတစ်ယောက်ပါ"

ချီရှန်ကျားက အကြံပေးလိုက်သည်။ တန်မင်က မချိပြုံး ပြုံးလိုက်သည်။ (ဆွန်းမိုက အရေးမပါတဲ့အစမ်းခန့် ဆရာတစ်ယောက်လို့ မင်းထင်နေတာလား။ အခုအချိန်တွင် ဆွန်းမိုက အရမ်းနာမည်ကြီးပြီး ကျောင်းသားတစ်စု အမြဲတမ်း အဝိုင်းခံနေရသည်)

တန်မင်သည် အခြေခံအားဖြင့် ဆွန်းမိုနဲ့ တစ်ယောက်တည်း စကားပြောဖို့ အခွင့်အရေး မရဖြစ်နေသည်။ ဆွန်းမိုနားတွင် လူအများကြီး ရှိပါကလည်း စကားပြောဖို့အဆင်မပြေပါ။ ပြီးတော့

ဆွန်းမို စိတ်အနှောက်အယှက် ဖြစ်သွားမှာလည်း သူစိုးရိမ်သည်။ ဒါကြောင့် တန်မင်သည် ဝေ့ဝိုက်တဲ့ အရာကိုသာ ရွေးချယ်နိုင်ခဲ့သည်။

“မင်းစိတ်ပြောင်းသွားရင် ငါ့ကို အချိန်မရွေး လာရှာနိုင်တယ်”

တန်မင် ဘာမှမတတ်နိုင်ဘဲ ပြန်ထွက်သွားသည်။

“ချီကြီး၊ ဒီပန်းအိုးက ဘာဖြစ်နေတာလဲ”

အခုအချိန်တွင် ဝမ်ဟောင်၏ သိချင်စိတ်သည် ကျားတစ်ကောင် သတ်ပစ်လို့ရအောင် ကြီးမားနေသည်။

အခြားဆောင်နေဖက် အဖော်များကလည်း သိချင်နေကြသည်။

"ဆရာဆွန်းက ဒီအပင်ရဲ့ အရွက်ပေါ်မှာ ဝိညာဉ်စုဆောင်းခြင်း တက်တူး ရေးဆွဲထားတယ်"

ချီရှန်ကျားသည် ရိုးသားတဲ့ လူတစ်ယောက်ဖြစ်သည်။ သူက အဆောင်နေဖက်များကို လိမ်ဖို့ တစ်ခါမှ

မတွေးခဲ့ဖူးပါ။ ပြီးတော့ ဆွန်းမိုရဲ့ ကျော်ကြားမှုကို ပြန့်ပွားလာအောင် ကူညီပေးနိုင်ရင်လည်း ကောင်းသည်။ သူက ဒီကြောင်းပြောနေတဲ့ အချိန်မှာလည်း ရိုသေလေးစားမှုနဲ့ ပြည့်နေသည်။

"အမ်၊ အရွက်ပေါ်မှာ ဝိညာဉ် စုဆောင်းခြင်း တက်တူးလား"

"မင်းနောက်နေတာလား။ ဒါက လူသားတစ်ယောက် လုပ်နိုင်တဲ့ အရာလို့ ထင်နေတာလား"

"ဘယ်မှာလဲ။ ငါကြည့်ကြည့်မယ်"

တစ်ဆောင်လုံး အုံးအုံးကြွကြွ ဖြစ်သွားသည်။ ရန်လီတောင် သူ့ရဲ့ အိပ်ရာထဲက ထွက်လာပြီး ငုံ့ကြည့်လိုက်သည်။

တကယ်လည်း အပင်ရဲ့ လက်သည်းခွံလောက်ရှိတဲ့ အရွက်တွေပေါ်တွင် ဝိညာဉ်စုဆောင်းခြင်း တက်တူး ရေးဆွဲထားသည်။

"အိုဘုရားရေ၊ အမှန်ပဲ"

ကျောင်းသားအားလုံး တုန်လှုပ်သွားကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အဆောင်ထဲက ဝိညာဉ်ချီတွေက အရင်ကထက် ပိုသိပ်သည်းလာတယ်လို့ မင်းတို့ မခံစားမိဘူးလား။ မင်းတို့ ကောင်းကောင်း အိပ်မပျော်ဘူးလား"

ချီရှန်ကျားက ရယ်ရင်း ပြောသည်။

"ကျန်ကြီးတောင် ဒီရက်ပိုင်း ဟောက်တာ ရပ်သွားတယ်"

"အမ်၊ ဟုတ်လား"

ကျောင်းသားတစ်ယောက်က ရုတ်တရက် အံ့အောသွားသည်။

“အမှန်ပဲ။ ငါတို့တွေက မင်းထက်အရင် အိပ်ဖို့ ကြိုးစားနေတာ သတိမထားမိဘူးလား။ ညဘက်မှာ မတော်တဆ ပြန်နိုးလာရင် အိပ်လို့ကို မရတော့ဘူး”

ကျန်ရှိသည် မျက်ရည်ဆက်လက်နဲ့ ညည်းညူနေသည်။

ကျန်ကြီးရဲ့ ဟောက်သံသည် ကျယ်လျောင်လွန်းသဖြင့် ဘေးအခန်းကတောင် ကြားရသည်။

“တောင်းပန်ပါတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ကြီး အရမ်းရုက်သွားသည်။

"ပြောကြေးဆိုလျှင် ဒီရက်ပိုင်း ငါ့အခြေအနေ အရမ်းကောင်းနေတာ မထူးဆန်းတော့ဘူး၊ ပိုသန်မာတယ်လို့တောင် ခံစားရတယ်။ ဒါဆို ဒါကြောင့်ပေါ့"

ဝမ်ဟောင် မျက်လုံးထဲတွင် မနာလိုတဲ့ အငွေ့အသက် ဖျက်ကနဲ တစ်ချက် လင်းသွားသည်။ သူ့မှာသာ ဒီလို ပန်းအိုးရှိရင် ခွန်အား မြန်မြန် တိုးတက်လာမှာ သေချာသည်။

"အား။ ဆရာဆွန်းကို ငါ့ရဲ့ ကိုယ်ပိုင်ဆရာအဖြစ်မတင်လိုက်မိတာ တစ်သက်လုံး နောင်တရနေတော့မှာပဲ"

"ဒီအချက်ကို အခြေခံရလျှင် ငါက ချီရှန်ကျားထက် နိမ့်ကျနေတာလား"

ရန်လီသည် အရမ်းမနာလို ဖြစ်နေပြီး မျက်နှာ အနီရောင် သန်းလာသည်။

"ငါ အရင်သွားနှင့်တော့မယ်"

ချီရွှန်ကျား က သူ့ပစ္စည်းတွေကို သယ်ပြီး သွားမလို့ လုပ်လိုက်သည်။ ထို့နောက် ပန်အိုးကိုလည်း သယ်လိုက်သည်။

“ခဏ၊ ငါတို့လည်း မင်းနဲ့ လိုက်ခဲ့မယ်”

အဆောင်နေဖက် အဖော်များသည် အဝတ်အစား မြန်မြန်လဲလိုက်ပြီး ချီရွှန်ကျားကို ဝန်းရံကာ ထွက်သွားကြသည်။ အဆောင်ထဲမှာ ရန်လီ တစ်ယောက်ပဲ ကျန်ခဲ့သည်။ သူက ချီရွှန်ကျားနဲ့ ဆက်ဆံရေး မကောင်းသဖြင့် ဘယ်သူမှ မခေါ်ကြပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တောက် ဘောပဲ"

ရန်လီ အရမ်း ဒေါသထွက်နေသည်။ ခေါင်းအုံးကို ဆွဲယူပြီး ကြမ်းပေါ် ပစ်ပေါက်လိုက်သည်။ (အရင်တုန်းကတော့ ထမင်းကျွေးရင် ဒီလို ပုံစံမျိုး မဟုတ်ပါဘူး)

(ဒီလို မဖြစ်စေရဘူး။ ဆရာဆွန်းက ငါ့ကို ဝန်ဆောင်မှုပေးလာအောင် ကြိုးစားရမယ်)

ဒင်

ရန်လီ၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး(၁၇၀/၁,၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချီရှန်ကျားသည် သူ့အဖော်များ၏ ချီကျူးသံများအကြားတွင် စိတ်လှုပ်ရှားနေသည်။ ငါ့ကို ဒီလိုဖြစ်အောင် ဆရာဆွန်းကပဲ လုပ်ပေးခဲ့သည်။ (အဲဒီညမှာ ဆရာဆွန်း ဘက်စပြီး ငါ့ကို လမ်းညွှန်ပေးခဲ့တာ ကံကောင်းလို့ပဲ။ အဲဒါက ငါ့ဘဝရဲ့ အလှည့်အပြောင်းဘဲ)

“နှစ်သောင်းတန်တဲ့ ပန်းအိုး”

ချီရှန်ကျားသည် အပင်ရဲ့ အရွက်များကို ထိလိုက်သည်။ သူ့စိတ်ထဲတွင် ဆွန်းမိုကို ကိုးကွယ်မှုနဲ့ ပြည့်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရကြည်ညို(၁,၉၀၂/၁၀,၀၀၀)

တိုက်ပွဲခန်းမ၏ ကွင်းပြင်တွင် ကျောင်းသားများ စောင့်နေကြသည်။

"မြန်မြန်ကြည့် အဲဒါ ချိုင်တန်ပဲ"

"အမ်၊ သူမလာတော့ဘူးလို့ ထင်နေတာ"

"စာမေးပွဲ လာဖြေတာလား"

"ပထမနှစ် ကျောင်းသားကို ရှုံးခဲ့တယ်လို့ ငါကြားတယ်။ တောက် တတိယနှစ်

ကျောင်းသားတွေကတော့ တကယ် နာမည်ပျက်သွားပြီ”

“တောက် ငပျော့ပါကွာ။ တခြားသူ မကြားစေနဲ့”

“ဘာကို ကြောက်နေတာလဲ။ အဲဒီကောင် မသန်မစွမ်းဖြစ်ပြီး နာမည် ပျက်နေပြီ။ လောလောဆယ်တော့ သူ့ခွေးခေါင်းကို လက်တစ်ဖက်နဲ့တောင် ရိုက်လို့ရတယ်”

ကျောင်းသားတချို့ကတော့ ချိုင်တန်ကို အကဲခတ်နေကြသည်။

တိုက်ပွဲခန်းမ၏ ကျော်ကြားတဲ့လူ။ ပါရမီရှင်ဟောင်း.........ချိုင်တန်သည် အရင်က အရမ်းကျော်ကြား လှသည်။ အခုတော့ ပျက်လုံးတစ်ခုသာ ဖြစ်နေသည်။

တတိယတန်း ကျောင်းသားများကတော့ ချိုင်တန်ကို ဆူပူ ကြိမ်းမောင်းနေကြသည်။ သူတို့က ဖန်ယန်ကို စိန်ခေါ်နိုင်တဲ့ ပါရမီရှင်တစ်ဦးအဖြစ် ချိုင်တန်ကို တစ်ချိန်က သဘောထားခဲ့ကြသည်။ ပထမနှစ် ကျောင်းသားရဲ့ အရိုက်ခံခဲ့ရတာက ဘယ်သူလဲ။ သူက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တတိယနှစ်ကျောင်းသား များရဲ့ အရှက်ကို လုံးဝ ခွဲခွဲတဲ့လူ။

အခုဆိုလျှင် တတိယအတန်းသည် အကယ်ဒမီတွင် အပြောင်မြောက်ဆုံး ဟာသ တစ်ခု ဖြစ်နေသည်။

တခြား အတန်းကြီး ကျောင်းသားများက လှောင်ရင် တမျိုးပေါ့။ အခုတော့ အငယ်တန်းတွေကပါ မလေးစားကြတော့ပါ။ ဒါကို ဘယ်သူက သည်းခံနိုင်မှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချိုင်တန်သည် တတိယအတန်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေခဲ့သောကြောင့် လူတိုင်းက မုန်းတီးနေကြသည်။ (မင်းက တတိယအတန်းမှာ ခေါင်းဆောင် ဖြစ်ခဲ့ပေမယ့် ပထမနှစ်ကျောင်းသားကိုတောင် အနိုင်မယူနိုင်ခဲ့ဘူး။ ငါတို့ကို လုံးဝ စောက်ရှက်ခွဲတဲ့ ကောင်)

"ဒါတွေ အားလုံးက ငါ့အပြစ်တွေပဲ"

ဆွေးနွေးနေတဲ့ စကားကို ကြားလိုက်လျှင် ရွှမ်ယွှင်၏ အမူအရာ မိုန်ဖျော့သွားပြီး ကို့ကိုယ်ကို အပြစ်တင်နေမိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မဟုတ်ပါဘူး။ ငါ့ခွန်အား မလုံလောက်လို့ပါ”

ချိုင်တန်က သူ့ကောင်မလေးကို နှစ်သိမ့်လိုက်သည်။ သူ့ အမူအရာက တည်ငြိမ်နေပေမယ့် စိတ်ထဲမှာတော့ တိတ်တိတ်လေး ကျိန်ဆိုနေသည်။

(ဒီနေ့၊ ငါ့ရဲ့ အတိတ်က ဘုန်းကျက်သရေတွေ အားလုံး ပြန်ယူမယ်)

မဲတံများ စတင် ရေးဆွဲနေသည်။ ဇူးတင်သည် ပွဲကျင်းပသူအနေနဲ့ ရှိနေသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အားလုံး တန်းစီပါ။ မြန်မြန် ရွေ့ကြပါ။ ကျေးဇူးပြုပြီး ရှန်းရင်းဆန်ခတ် မလုပ်ကြပါနဲ့။ မနာခံတဲ့လူတွေက ဖယ်ထုတ်ခံရမယ်"

ဇူးတင်သည် အရမ်းတင်းကြပ်လွန်းသည်။ ကျောင်းသားတွေက သူ့ကို မစော်ကားရဲပါ။ သူတို့အားလုံးက တန်းစီရာတွင် ပါဝင်ပြီး မြေးများလို နာခံကြသည်။

ဇူးတင်က ဘေးကနေ ရပ်ကြည့်နေသည်။ ဒီလိုမြင်ကွင်းမျိုးကို သူ အရမ်းသဘောကျသည်။ သို့သော် ချိုင်တန်ကို မြင်ပြီးနောက်

အံ့အောသွားသည်။ (မင်းက ဒီနေရာမှာ ဘာလုပ်နေတာလဲ။ အရှက်ကွဲတာ မလုံလောက်သေးလို့လား။)

“ဇူးတင်”

ချိုင်တန်က နှုတ်ဆက်လိုက်သည်။

“အင်”

ဇူးတင်က ပြန်တုန့်ပြန်သည်။ အဲဒီနောက် သူက

“ရှေ့က လူတွေ မြန်မြန်သွား။ ကျောက်ချမနေကြနဲ့။ မင်းတို့ အားလုံး ဘာလုပ်နေကြတာလဲ။ ဘာလို့ ဘုရားကို ဆုတောင်းနေကြတာလဲ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိရင် ဘာလို့ ရောက်လာကြသေးတာလဲ။ မြန်မြန်ထွက်ပြေးတာ ပိုကောင်းမယ်”

အခြားတစ်ဖက်တွင် ဝမ်ဟောင်တို့အုပ်စုက တိုက်ပွဲခန်းမ တံခါးဖွင့်တာကို ရပ်စောင့်နေကြသည်။

“ချီကြီးကတော့ တစ်လှမ်းတည်းနဲ့ ကောင်းကင်ပေါ် ခုန်တက်သွားပြီ)

ဝမ်ပေါင် အားကျနေသည်။ သူတို့သည် တိုက်ပွဲခန်းမက လူများ မဟုတ်သောကြောင့် ချီရွှန်ကျားကို အားပေးချင်ပါက စိန်ခေါ်သူများနဲ့အတူ အပြင်က ရပ်စောင့်နေကြရသည်။

"ချီကြီး တကယ် အရည်အချင်း ရှိတယ်လို့ မင်းက ထင်နေတာလား"

ကျန်ရှီ ကြောင်တောင်တောင် ဖြစ်သွားသည်။ တကယ်လို့ ပထမအကြိမ်နိုင်တာကို ကံကြောင့်လို့ ယူဆရင်တောင် ဒုတိယအကြိမ်သည် ခွန်အားကြောင့်ဖြစ်မှ ရမည်။

အကြမ်းအားဖြင့်တော့ စိန်ခေါ်တဲ့လူ တစ်ထောင်ကျော်လောက် ရှိသည်။ ဒါပေမယ့် ကျန်ရှီနဲ့ အဆောင်နေဖက် အဖော်များတော့ မပါဝင်ကြပါ။ ဝင်ပြိုင်ရင် ကျိန်းသေပေါက် ရှုံးမယ်ဆိုတာ သိနေကြသည်။

"ငါကတော့ ချီရှွန်ကျားက အရမ်းကြိုးစားတာပဲ ရှိတယ်။ သူ့အရည်အချင်းက သာမန်ပဲလို့ ခံစားရတယ်"

ကျန်ကြီးက ပြောလိုက်သည်။ လူတိုင်းလည်း တိတ်ဆိတ်သွားသည်။ (တကယ်ပဲ ငါတို့အားလုံးက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အတူတူလို့ ထင်နေတာလား။ ချီရှွန်ကျား အရည်အချင်းက သာမန်ပဲလား။ မင်း ကန်းနေတာလား။ ဒါက အရမ်းဆိုးလွန်းတယ်)

ချီရှွန်ကျား၏ အရည်အချင်းသည် အခြားသူများထက် အများကြီး နိမ့်ကျသောကြောင့် ကျောင်းက ထွက်ဖို့တောင် စဉ်းစားခဲ့ဖူးသည်။ သို့သော်လည်း ဆွန်းမိုက သူ့ကို အတင်းဆွဲခေါ်ခဲ့သည်။

အဲဒီအကြောင်းကို ပြောရလျှင် ဆွန်းမိုက အရမ်း အထင်ကြီးဖို့ ကောင်းသည်။ သူက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှိုက်တစ်ခုကို တိုက်ပွဲ ခန်းမရဲ့ အဖွဲ့ဝင်တစ်ယောက်ဖြစ်အောင် ပျိုးထောင်နိုင်ခဲ့သည်။

ဒင်

ကျောင်းသားများ၏ အထင်ကြီး လေးစားမှု +၃၀၀

"သူ့ အရည်အချင်းက သာမန် ဟုတ်၊ မဟုတ်ဆိုတာ ဒီနေ့တိုက်ပွဲကို စောင့်ကြည့်လိုက်လျှင် အဖြေ ပေါ်လာလိမ့်မယ်"

ဝမ်ဟောင် ဖြတ်ပြောလိုက်သည်။

"မှန်တယ်။ တကယ်လို့ ဒီနေ့မှာ ချီကြီးသာ အနိုင်ရပါက ငါလူတိုင်းကို မသေမျိုး အရက်သမား အင်းမှာ လိုက်ကျွေးမယ်"

ကျန်ရှိ ဒါကို မယုံပါ။

"သွားရအောင် ၊ ချီရွှန်ကျားရဲ့ ပြိုင်ဘက်က ဘယ်သူလဲဆိုတာ သွားကြည့်ရအောင်"

ကွင်းပြင်ကြီးမှာ လူအများကြီး ရှိနေပြီး မဲတံကို ပစ်ချကာ သူတို့ရဲ့ ကံဆိုးမှုအတွက် ငိုကြွေးနေကြသည်။ တိုက်ပွဲခန်းမ၏ အဆင့်

၃၀အတွင်း ဝင်တဲ့ လူများနဲ့ တွေ့ရပါက ကျိန်းသေပေါက် ရှုံးနိမ့်သွားမည်။

ဒါပေမယ့် အချို့ လူတွေကတော့ သူတို့ပြိုင်ဘက်သည် အောက်ခြေက လူများ ဖြစ်နေသဖြင့် ပျော်ရွှင်နေကြသည်။

သစ်သားပြားပေါ်တွင် နံပါတ်တစ်ခုနဲ့ နာမည်တစ်ခုကို ဖော်ပြထားသည်။ ပြိုင်ဘက်ကိုသိဖို့ လွယ်ကူလှသည်။

ဆွန်းမို ရောက်လာတဲ့ အချိန်တွင် ဆယ်နှစ်ပွဲမြောက် တိုက်ပွဲ တိုက်ခိုက်နေပြီ။

ဆွန်းမိုသည် ပတ်ဝန်းကျင်ကို တစ်ချက်လှည့်ပတ်ကြည့်လိုက်သည်။ လူက များလွန်းသဖြင့် ချီရွန်ကျားကိုမတွေ့ခဲ့ပါ။ သို့သော် ဆွန်းမိုက ဒီနေ့ မနက်ခင်းတွင် ချီရွန်ကျားထံမှ လေးစားအထင်ကြီးမှု အမှတ်များကို ရခဲ့သဖြင့် ချီရွန်ကျား ရောက်နေပြီဆိုတာ သိထားသည်။

“ဆရာ မြန်မြန်ကြည့် ချိုင်တန်စင်ပေါ်တက်သွားပြီ”

လုချီဟွာက လှမ်းအော်ပြောသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မှတ်ချက်။ ။ကျန်ကြီးနဲ့ ကျန်ရှိသည် လူခြင်း မတူကြပါ။

စာစဉ်(၂၀)

အခန်း(၂၉၅) - လက်နက်မသုံးလဲ မနိုင်နိုင်သောလူ၊ အထိင်ရှုံအထိပ် လူ။

အိမ်မှ မထွက်ခွာလာခင် ဆွန်းမိုသည် လီဇီချီ၏ ဦးနှောက်ထဲသို့ စိတ်ဝိညာဉ် ပုံစံသွင်းခြင်းကို အသုံးပြုကာ ရှေ့ဟောင်း နဂါးဖမ်းတဲ့လက် ဝိညာဉ် တက်တူးအား ထည့်သွင်းပေးခဲ့သည်။

လီဇီချီသည် တိုက်ခိုက်ရတာကို လုံးဝ စိတ်မဝင်စားပါ။ ဆွန်းမို၏ နောက်ကိုသာ လိုက်ချင်တဲ့ စိတ်မရှိခဲ့ရင် တိုက်ပွဲ ခန်းမကို လာဖြစ်မည် မဟုတ်ပါ။

အခုချိန်မှာတော့ လီဇီချီ၏ အတွေးထဲတွင် ခေတ်မီ ဆန်းသစ်တဲ့ အလှတရားနဲ့ ပြည့်စုံနေတဲ့ ဝိညာဉ်တက်တူးသာ ရှိနေသည်။

ကျောင်းတစ်ခုကို အပျက်သဘော ဒါမှမဟုတ် အပြုသဘော ဆောင်နိုင်သော လွှမ်းမိုးမှုရှိတဲ့ ပုဂ္ဂိုလ်သည် အမြဲတမ်းရှိသည်။

ချိုင်တန်သည် သူ၏ ပထမဆုံး စားမေးပွဲကို အောင်မြင်ပြီးနောက် ကျောင်းသားသစ်များ ကြားတွင် ထိပ်ဆုံး ကျောင်းသား ဖြစ်ခဲ့သည်။ တိုက်ပွဲခန်းမကို

ဝင်ခဲ့ပြီးနောက် အဆင့် တစ်ဆယ်အထိ ရောက်အောင် လုပ်နိုင်ခဲ့သည်။

လူတိုင်းအတွက် ချိုင်တန်သည် ဗဟိုပြည်နယ် အကယ်ဒမီ၏ ပြရုပ်တစ်ခု ဖြစ်လာခဲ့သည်။ ဒါပေမယ့် သူက မသန်မစွမ်း ဖြစ်သွားခဲ့သည်။ လွန်ခဲ့တဲ့ တစ်နှစ်ခွဲအတွင်း ပထမနှစ်ကျောင်းသား ကျန်ရန်ဇောင်ကို ရှုံးနိမ့်ခဲ့ပြီးနောက် အောက်ဆုံးအဆင့် အထိ ထိုးကျသွားခဲ့သည်။

ချိုင်တန်သည် ဗဟိုပြည်နယ် အကယ်ဒမီ၏ အကြီးအမားဆုံး ဟာသ တစ်ပုဒ် ဖြစ်လာခဲ့သည်။

“ ချိုင်တန်က ဘာလို့ ရောက်လာတာလဲ။ အရက်ကွဲတာ မလုံလောက်သေးလို့လား”

“တကယ်လို့ ငါသာဆိုရင်လည်း မသည်းခံနိုင်ဘူး”

“ဒါက ချိုင်တန်လား။ တော်တော် ချောတာပဲ”

ပထမတန်းကျောင်းသား တချို့က ချိုင်တန်ကို အခုမှ မြင်ဖူးခြင်း ဖြစ်သည်။ ချိုင်တန်၏ ချောမောလှပတဲ့ရုပ်ရည်ကို မြင်ပြီးနောက် စိုးရိမ်လာကြသည်။

ကောင်မလေးတွေက သူ့ကို လွယ်လွယ်ကူကူ ချစ်မိသွားနိုင်သည်။ ဒါပေမယ့် ရုပ်ရည်သာ ကြည့်မကောင်းခဲ့ရင် မင်းရဲ့ ဖြစ်တည်မှုအတွက် အချိန်မဖြုန်းတာ ပိုကောင်းလိမ့်မည်။

"ချိုင်တန် ဟုတ်လား"

တန်မင်သည် တိုက်ပွဲ ကွင်းပြင်ပေါ်တွင် ရပ်နေသည်။ သူ့ပြိုင်ဘက်က ချိုင်တန် ဖြစ်နေသဖြင့် အနည်းငယ် စိုးရိမ် သွားသည်။

"ဘာဖြစ်လို့ ရောက်လာရတာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အမှန်ပဲ။ လဲကျတဲ့ နေရာက ကျိန်းသေပေါက် ရှန်းကန်ပြီး ပြန်ထရမယ်”

ချိုင်တန်၏ လေသံက တည်ငြိမ် လှသည်။

“ဟူး”

တန်မင်သည် ထပ်ပြောချင် စိတ်မရှိတော့ပါ။ “မင်းက ပြန်တက်ချင်နေတာလား။ လွန်ခဲ့တဲ့ တစ်နှစ်မှာ မင်းက တကယ် ပါရမီရှင်ပဲ။ ငါ ကြိုးစားရင်တောင် သေချာပေါက် အနိုင်မယူနိုင်တဲ့ လူမျိုးဆိုတာ သေချာတယ်။ ဒါပေမယ့် အခုတော့...........”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ မင်းတို့နှစ်ယောက်စလုံး အဆင့်သင့်ဖြစ်ပြီလား”

ဇူးတင်က မေးလိုက်သည်။

“ပြင်စရာ မလိုပါဘူး”

တန်မင်သည် မောက်မာတဲ့ ပုံစံနဲ့ မေးစေ့ကို ပွတ်နေသည်။ ပြီးတော့ သူက တိုက်ပွဲ ခန်းမရဲ့ အဆင့် ဆယ်သုံး ဖြစ်သည်။

“ငါလား”

ချိုင်တန် ခေါင်းညိတ်ပြလိုက်သည်။

"ငါမင်းကို ထပ်ပြောမယ်၊ တစ်ယောက်နဲ့ တစ်ယောက် လေးစားပါ။ တစ်ယောက်ကို တစ်ယောက် နှုတ်ဆက်ပါ"

ဇူးတင်သည် အဲဒီ စကား ပြောပြီးနောက် နောက်ဆုတ်သွားသည်။

"တန်မင်၊ ဝိညာဉ်ပြုပြင်ခြင်း အဆင့် သွေးကြော ၄၅ခု ဖွင့်ပြီး။ ကျေးဇူးပြုပြီး လမ်းညွှန် ပေးပါအုံး"

တခြား အချိန်သာဆိုလျှင် တန်မင်သည် တလေးတစားနဲ့ နှုတ်ဆက်ဖြစ်မည်။ အခုတော့ အဲဒီလို

လုပ်စရာ မလိုပါ။ ပြိုင်ဘက်က အရမ်းအားနည်းလွန်းသည်။

"ချိုင်တန်။ ဝိညာဉ်ပြုပြင်ခြင်းအဆင့် သွေးကြော ၃၂ခု ဖွင့်ပြီး။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

ချိုင်တန် လက်နှစ်ဖက်ကို အုပ်ပြီး နှုတ်ဆက်လိုက်သည်။

ဟာ

ချိုန်တန် စကားကို ကြားလိုက်လျှင် ပွဲကြည့် ပရိတ်သတ် လုပ်နေကြတဲ့ ကျောင်းသားများ တုန်လှုပ်ခြောက်ခြားသွားသည်။ သူက သွေးကြော

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

၃၂ခု ဖွင့်ပြီးသွားပြီ။ အဲဒီအချိန်က တတိယတန်း ကျောင်းသားများကြားတွင် အသန်မာဆုံး ဖြစ်နေတာ မထူးဆန်းတော့ပါ။

ပတ်ဝန်းကျင်ကနေ အံ့အောတဲ့ အာမေဒိတ် အသံများကို ကြားရလျှင် ရွှမ်ယွှင်သည် ကို့ကိုယ်ကို အပြစ်တင်မိသွားသည်။ သူမရဲ့ ဆေးကို ချိုင်တန် သောက်ပြီးကတည်းက ချိုင်တန်သည် အဲဒီကျင့်ကြံခြင်း အဆင့်တွင် ပိတ်မိနေခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူမသာ မနှောက်ယှက်ခဲ့လျှင် အခုဆို ဘယ်လောက်တောင် သန်မာနေလိုက်မလဲ။

ရွှမ်ယွှင် မျက်နှာပေါ်သို့ မျက်ရည်များ စီးကျလာသည်။ ကောင်းကင်ကို မော့ကြည့််ကာ

"ဘုရားသခင်၊ ချိုင်တန် နိုင်ပါစေ။ ဒီအတွက် ကျွန်မရဲ့ အသက် ဆယ်နှစ်ကို စတေးဖို့ ဆန္ဒရှိပါတယ်"

တန်မင် သည် ပရိတ်သတ်ထံမှ အံ့အောသင့်တဲ့ အသံကို ကြားလိုက်ရလျှင် အနည်းငယ် တုန်လှုပ်သွားပြီး မကျေမနပ် ဖြစ်သွားသည်။

သူသည် ချိုင်တန်၏ ထူးချွန်မှုအတွက် ခြေနင်းကျောက်တုံး တစ်တုံးလို ခံစားလိုက်ရသည်။

ချိုင်တန်နဲ့ ယှဉ်ပါက သူသည် သွေးကြော ၁၃ခု ပိုဖွင့်ထားသော်လည်း သူက အသက် သုံးနှစ် ပိုကြီးသည်။ ဒီအချက်ကြောင့် ချိုင်တန်နဲ့ မယှဉ်နိုင်ပါ။

“စိတ်အေးအေးထား တန်မင်။ မင်းက ဓါးကျင့်စဉ်ကို အချိန်ပေးပြီး လေ့ကျင့်ခဲ့တယ်။ ကျင့်ကြံခြင်း အဲဒီလောက် အချိန်မသုံးခဲ့ဘူး။ မင်းက ဓါးကျင့်စဉ်ကို ကြီးမားသော

အောင်မြင်ခြင်း အဆင့်ရောက်နေပြီ။ မင်းက သဘာဝ အတိုင်း အဆင့်တက်လာလိမ့်မယ်”

တန်မင်က သူ့ကိုယ်သူ နှစ်သိမ့်လိုက်သည်။ အသက် ခပ်ပြင်းပြင်း တစ်ချက်ရှူကာ ဓါးကို ကိုင်လိုက်သည်။

“ငါတို့ အခုစလို့ ရပြီလား”

“အချိန်မရွေးဘဲ”

ချိုင်တန်က လက်ဆန့်ထုတ်လိုက်သည်။ လက်တစ်ဖက် အရှေ့ကို ဆန့်ထုတ်ထားပြီး နောက်တစ်ဖက်က အနောက်ကို ပို့ထားသည်။

လက်ဖဝါး နှစ်ခုစလုံးကို ကောင်းကင်ဘက်ကို မျက်နှာမူထားသည်။

"အမ်။ လက်ဗလာနဲ့ တိုက်မှာလား"

ပထမနှစ် ကျောင်းသူလေးများ အံ့အောသွားသည်။

"ချိုင်တန်ရဲ့ ကြယ်ခွေလက်က အရမ်းထူးဆန်းတယ်"

အတန်းကြီး ကျောင်းသားတချို့က ရှင်းပြသည်။

"အဲဒီအချိန်တုန်းက သူ့ရဲ့ တည်ရှိမှုက မဖျက်ဆီးနိုင်တဲ့ လက်နက်မဲ့လို့ လူသိများတယ်"

အဲဒီစကားကို ကြားလိုက်လျှင် အာမေဒိတ် အသံများ နောက်တစ်ကြိမ် ထွက်လာပြန်သည်။

" မဖျက်ဆီးနိုင်တဲ့ လက်နက်မဲ့ ဟုတ်လား။ နည်းနည်း ချဲ့ကား လွန်းရာ မကျဘူးလား"

"အမှန်ပဲ။ ဒါပေမယ့် ထပ်မမြင်ရတော့တာက စိတ်မကောင်းစရာဘဲ"

ချိုင်တန်ရဲ့ တိုက်ပွဲကို မြင်ဖူးခဲ့ကြတဲ့ အတန်းကြီး ကျောင်းသား တော်တော်များများက

စိတ်မကောင်း ဖြစ်နေကြသည်။ ချိုင်တန် အထွင့်အထိပ် အချိန်တုန်းက သူ့ကို အနိုင်ယူဖို့ မဖြစ်နိုင်ပါ။

တန်မင် လှုပ်ရှားလိုက်သည်။ ခန္ဓာကိုယ်ကို နှိမ့်ပြီး ဓါးခုတ်ကောင်တစ်ကောင်လို ခုန်ထွက်ကာ ခြေထောက် နှစ်ချောင်းကို တိုက်ခိုက်လိုက်သည်။

တန်မင်သည် ချိုင်တန် *အရှေ့*တွင် ပေါ်လာသည်။ ညာဖက်လက်ဖြင့် ဓါးကို ပြင်းပြင်းထန်ထန် ခုတ်ချလိုက်သည်။

လျှပ်တစ်ပြက် ဓါးချက်

"သေစမ်း"

တန်မင်သည် တတ်နိုင်သမျှ ပွဲကို မြန်မြန် အဆုံးသတ်ချင်နေသည်။

အရမ်း အစွမ်းထက်တယ်ဆိုတဲ့ ချိုင်တန်က အတိတ်မှာ ကျန်နေခဲ့ပြီဆိုတာ လူတိုင်း သိစေရမည်။ အခုက သူ့ရဲ့ ခေတ်ဖြစ်သည်။

"မြန်လိုက်တာ"

ကြည့်နေကြတဲ့ ပရိတ်သတ်များသည် အလိုလို ခြေတစ်လှမ်း နောက်ဆုတ်လိုက်မိသည်။ တန်မင်ရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဓါးချက်က မြန်လွန်းသည်။ ငွေရောင်အလင်းတန်းက ဖျက်ကနဲ ပေါ်လာသည်။

သည်းထိပ်ရင်ဖိုစရာ ဓာတ်လမ်းထဲက ကြောက်စရာ မြင်ကွင်းတစ်ခုကို မြင်လိုက်သလို အလိုလို နောက်ဆုတ်မိသွားကြသည်။ ဒါက လူ့ဗီဇ တစ်ခုပါ။

ချိုင်တန်က တည်ငြိမ်တဲ့ အမူအရာနဲ့ ရှိနေသည်။ ခြေထောက်က မလှုပ်ရှားပေမယ့် ညာလက်က မြန်ဆန်စွာ လှုပ်ရှားသွားသည်။

ဖောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နောက်အခိုက်အတန့်တွင် ငွေရောင်အလင်းတန်းက အစအန ရှာမရအောင် ပျောက်သွားသည်။ မသိရင် တောင်ကြီး တစ်ခုနဲ့ တိုက်မိပြီး ပျောက်ကွယ်သွားသလို ထင်ရသည်။

"ဘာ"

တန်မင် ရုတ်တရုတ် အံ့အောသွားသည်။ "ခါးမြန်" လို့ လူသိများတဲ့သူက အမြန်နှုန်းနဲ့ ပက်သက်ရင် အရမ်းယုံကြည်မှု ရှိသည်။ ချိုင်တန်က ဘာဖြစ်လို့ သူ့ထက် ပိုမြန်နေရတာလဲ။

“စီနီယာ တန်မင်၊ မင်းခါးချက်က နည်းနည်းနေ့းနေသလိုပဲ”

ချိုင်တန်က တန်မင်ရဲ့ လက်ကောက်ဝတ်ကို ဖမ်းထားရင်း ပြောလိုက်သည်။ သူက တန်မင်ကို ကဲ့ရဲ့တာမဟုတ်ပါ။ သူထင်ထားတာထက် ပိုလွယ်ကူနေသည်။

“ငါလို...”

တန်မင် စိတ်ထဲက ကျိန်ဆဲလိုက်သည်။ ရုတ်တရက် ညာလက်မောင်းကို ခါထုတ်လိုက်သည်။ ချိုင်တန်ရဲ့ ချုပ်နှောင်ထားမှုက

လွတ်မြောက်သွားသည်။ ချိုင်တန်၏ အရေးကြီးတဲ့ နေရာများကို ဓါးချက် ၁၈ ချက် ခုတ်ချလိုက်သည်။

ချိုင်တန်က တည်တည်ငြိမ်ငြိမ်နဲ့ လက်တွေဖြင့် ခုခံလိုက်သည်။

ဖောက် ဖောက် ဖောက်

တစ်ချက် တစ်ချက် ထိပ်တိုက် တိုက်မိတိုင်း ဓါးအရိပ်တွေ ပျောက်ကွယ်သွားသည်။ တစ်ခဏလေး အတွင်းမှာပဲ တန်မင်ရဲ့ တိုက်ခိုက်မှုတွေက ပြိုကွဲသွားပြီး ရင်တွေ တုန်လာသည်။ တန်မင် ချက်ခြင်းဆိုသလို

မောပန်းလာပြီး တည်ငြိမ်စွာ မရပ်တည်နိုင်တော့ပါ။ ခြေတစ်လှမ်း နောက်ဆုတ်လိုက်သည်။

"ဆိုးလိုက်တာ"

တန်မင် အရမ်း တုန်လှုပ်နေပြီ။ ချက်ခြင်းပဲ ခံစစ်အနေအထားကို ပြင်ဆင်လိုက်သည်။ အံ့အောဖို့ ကောင်းတာက ချိုင်တန်သည် အခွင့်အရေးယူပြီး တိုက်စစ် မဖွင့်ခဲ့ပါ။ အဲဒီအစား ဒီနေရာမှာပဲ ရပ်နေပြီး မှင်တက်နေသည်။

ခဏလောက် ထိတ်လန့်သွားပြီးနောက် တန်မင်၏ မျက်နှာပေါ်တွင် ဒေါသ အရိပ်များ ပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တောက်။ ခွေးမသားက ငါ့ကို အထင်သေးနေတယ်"

သန်မာတဲ့လူက အားနည်းတဲ့လူကို လမ်းညွှန်ပေးတဲ့ အချိန်မှသာ ဒီလို အခြေအနေမျိုး ဖြစ်ပေါ်နိုင်သည်။

"စောက်ထင်ကြီးနေတယ်"

တန်မင်သည် ပေါက်ကွဲစွာ အော်ဟစ်လိုက်ပြီး ပြင်းထန်တဲ့ မုန်တိုင်းတစ်ခုလို ချိုင်တန်အား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

သူက ချိုင်တန်ကို အထင်လွဲနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ဆီကနေ သက်ရှင်သွေးနည်းစနစ်နဲ့ ကုသခံရပြီးနောက် သူ့ခန္ဓာကိုယ်က ပြန်ကောင်းမွန်လာခဲ့သည်။ သို့သော်လည်း တိုက်ပွဲမဝင်ဖြစ်ခဲ့တာက တစ်နှစ်ခွဲကျော် ကြာနေပြီ ဖြစ်သဖြင့် ရုတ်တရုတ် အသားမကျကာ ချီတုံချတုံ ဖြစ်နေသည်။ ဒါပေမယ့် အခုတော့ သူမျှော်လင့်ထားတာထက် ပိုသန်မာနေတာကို တွေ့ရပြီး မှင်တက်နေသည်။

ချိုင်တန်၏ နှလုံးသားထဲတွင် ယုံကြည်မှုများ တိုးမြှင့်လာသည်။

တန်မင်ဆီသို့ နောက်တစ်ဖန် ကြည့်လိုက်သည်။ ပို၍ သက်တောင့်သက်သာ ဖြစ်လာပြီး အကောင်ဆုံးသော တိုက်ခိုက်မှုကို ခုခံလိုက်သည်။

ကြယ်ဖြူတွေကို ဖမ်းတဲ့လက်

ဖောက် ဖောက် ဖောက်

ချိုင်တန်၏ တိုက်ခိုက်မှု တစ်ခုစီတိုင်းသည် နောက်ကျမှ ထုတ်လွှင့်ခဲ့သော်လည်း တန်မင်ထက် ပိုစောစွာ တန်မင်၏ လက်ကောက်ဝတ်တွေကို ဟန့်တားထား နိုင်ခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မမြင်နိုင်တဲ့ လက်ရဲ့ အရိပ်တွေက ဒီရေ တစ်ခုလို မြင့်တက်လာသည်။

"ချိုင်တန်က ချိန့်နေတယ်လို့ ပြောကြတာ မဟုတ်ဘူးလား။ သူက ဘာဖြစ်လို့ ဒီလောက် သန်မာနေရတာလဲ"

ပထမတန်း ကျောင်းသားများ အားလုံး ရုတ်တရက် အံ့အော သင့်နေကြသည်။ ဒါက ဘယ်လို ချိန့်မှုမျိုးလဲ။ အရမ်းအားကောင်းတာ သိသာနေသည်။ အကြီးတန်း ကျောင်းသားများ အားလုံးလည်း ကြောင်နေကြသည်။ ချိုင်တန်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရင်ကထက် ပိုသန်မာလာတယ်လို့ ဘာကြောင့် ထင်မိပါလိမ့်။

တချို့ မိန်းကလေးတွေကတော့ အများကြီး မစဉ်းစားပါ။ ချိုင်တန်က အရမ်းမိုက်တယ်လို့သာ ခံစားနေရသည်။ သူ့ရဲ့ လှုပ်ရှားမှုတွေက အရမ်းလှပသည်။ တိုက်ခိုက်တာနဲ့ မတူဘဲ ကပြနေသလို ဖြစ်နေသည်။

ချိုင်တန်က တန်မင်ကို ဖိနှိပ် နိုင်တာက ဆွန်းမိုအတွက်တော့ မထူးဆန်းပါ။

တန်မင်၏ ဓါးမြန်ကျင့်စဉ်က အကျဘက်ကို ရောက်နေသည်။ သူ့ရဲ့ လျှင်မြန်မှုကလည်း အလယ်အလတ် အဆင့်သာ ရှိသည်။ သို့သော် ချိုင်တန်၏ ကြွယ်ဖမ်းတဲ့လက်က လျှင်မြန်တဲ့ တိုက်ခိုက်မှုကို ဦးစားပေးသည်။ လျှင်မြန်မှုဆိုတာက ချိုင်တန်၏ ထူးခြားတဲ့ အရည်အချင်း တစ်ခု ဖြစ်သည်။

ချိုင်တန်၏ အလားအလာ တန်ဖိုးအရ တန်မင်ကို ပြဿနာ မရှိဘဲ အနိုင်ယူနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်မင်၏ အလားအလာ တန်ဖိုးက အဆင့်မြင့်ထက် အနည်းငယ်သာသော်လည်း ချိုင်တန်၏ အလားအလာတန်ဖိုးက အရမ်းမြင့် အဆင့်ဖြစ်သည်။

ရုတ်တရုတ်ကြည့်လိုက်လျှင် သူတို့နှစ်ယောက်ရဲ့ အဆင့်က နီးကပ်တယ် ထင်ရပေမယ့် တကယ်က တစ်ကမ္ဘာလောက် ကွာခြားနေသည်။

ဗဟိုပြည်နယ် အကယ်ဒမီတစ်ခုလုံးတွင် အဆင့်မြင့်ထက် အနည်ငယ်သာတဲ့လူက ကျောင်းသား နှစ်ရာမှ သုံးရာ လောက်ပဲရှိသော်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရမ်းမြင့်ဆိုတဲ့ အဆင့်က ဆယ်ယောက်အောက်ပဲ ရှိသည်။

"မဟုတ်ဘူး။ ဒီလို ဆက်သွားနေလို့ မရတော့ဘူး"

တန်မင်သည် သူ့ရှုံးတော့မှာကို သတိထားလိုက်မိသည်။ စိုးရိမ်စိတ်တွေလည်း မြင့်တက်လာသည်။ တိုက်ပွဲခန်းမက ထွက်သွားရရုံသာမက ချိုင်တန်၏ ခြေနင်းကျောက်တစ်ခု ဖြစ်လာတော့မည်။

ဒီအခြေအနေကို လုံး၀ လက်မခံနိုင်ပါ။

အဲဒီအချက်ကို တွေးပြီး တန်မင်က သူ့ရဲ့ အဆုံးအစွန်ဆုံးသော တိုက်ကွက်ကို ထုတ်သုံးလိုက်သည်။

တန်မင်၏ အရည်အချင်းသည် အရမ်းကောင်းပါသည်။ သူ့နေရာမှာ တခြား တစ်ယောက်ဆိုပါက နောက်ဆုတ်သွားလိမ့်မည်။ သို့သော်လည်း တိုက်ကွက်ဆယ်ကွက်ကျော်လောက် ဖလှယ်ပြီးတဲ့ အချိန်တွင် တန်မင်သည် ချိုင်တန်၏ သာမန် တိုက်ခိုက်မှုများကိုတောင် မကျော်နိုင်ခဲ့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်မကောင်းစရာက ချိုင်တန်က ခြေတစ်လှမ်း ပိုမြန်နေသည်။ သူက ဒီခြေအနေကို စောင့်နေခဲ့တာ တော်တော် ကြာနေပြီ။ တန်မင်၏ အဆုံးအစွန်ဆုံးသော တိုက်ကွက်ပြီးခါနီးတွင် ချိုင်တန်က သူ့ရဲ့ ဝှက်ဖဲကို ထုတ်သုံးလိုက်သည်။

တိမ်အမျိုးမျိုး၊ အမုန်းတရားနဲ့ ပျံ့သန်းနေတဲ့ ကြယ်တံခွန်

ချိုင်တန်၏ ညာလက်သည် အချိန်နှင့် နေရာလွတ်ကို ဖြတ်ကျော်သွားသလို တန်မင်၏ မြင်ကွင်းက ရုတ်တရက် ပျောက်ကွယ်သွားသည်။

တန်မင် မျက်နှာပေါ်တွင် ထိတ်လန့် ကြောက်ရွံ့မှုများ မပေါ်လာခင် သူ့ရဲ့ ရင်ဘက်က ပြင်းထန်စွာ နာကျင်သွားသည်။

ဘောင်း

တန်မင်သည် ကွင်းပြင်သို့ လွင့်ထွက်သွားကာ ဖုန်းကနဲ ကျသွားသည်။ ဖုန်တွေ လွင့်စင်လာပြီး နံရိုးများ ကျိုးသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခန်းမ တစ်ခုလုံး ချက်ခြင်း တိတ်ကျသွားသည်။

အံ့အောစိတ်၊ သိခြင်စိတ် ၊ သံသယစိတ်တို့နဲ့ လူတိုင်းက ချိုင်တန်ကို ဝိုင်းကြည့်နေကြသည်။

တိုက်ပွဲအခြေအနေကို မြင်ပြီး လူတချို့က ချိုင်တန် နိုင်မယ်လို့ ခန့်မှန်းထားသော်လည်း ဒီလောက် မြန်ဆန်မယ်လို့ မထင်ထားခဲ့ပါ။

တန်မင်သည် တိုက်ပွဲခန်းမ၏ အဆင့် ၁၃ ဖြစ်သည်။ သူ့ကို ဘယ်လို မြန်မြန် အနိုင်ယူနိုင်မှာလဲ။ ဒါက ဘယ်လို အခါပွါယ် ရှိမှာလဲ။

ဒိုင်လူကြီး လုပ်နေသော ဗူးတင်လည်း အံ့အောသင့်နေသည်။ တစ်ခုခု မှားနေတာလား။ ကျန်ရန်ဇော်ဂင်နဲ့ ပွဲက လုပ်ပွဲလား။ ဒီလိုမှမဟုတ်ရင် လွန်ခဲ့တဲ့ တစ်နှစ်ခွဲက ဒီကမ္ဘာကြီး ဘာဖြစ်သွားတာလဲ။

ချိုင်တန်သည် အဲဒီနေရာမှာပဲ ရပ်နေပြီး သူ့လက်ကို သူပြန်ကြည့်နေသည်။ လှည့်ကြည့်လိုက်တော့ လူတိုင်းက မျက်လုံးကြီး ပြူးကြည့်နေတာ မြင်လိုက်ရသည်။ အံ့အောပြီး

နားမလည်နိုင်တဲ့ မျက်နှာတွေက နည်းနည်းတော့ ရယ်စရာ ကောင်းနေသည်။

(ငါ့အနိုင်ခဲ့ရတာလား။ မယုံနိုင်စရာပဲ)

ချိုင်တန်သည် ကို့ကိုယ်ကို လှောင်ပြောင် သရော်ရင်း နှုတ်ခမ်းများ လှုပ်သွားသည်။ ဒါမယုံနိုင်စရာတစ်ခုဆိုတာ သူသိပေမယ့် လူအုပ်ကြားထဲက ဆွန်းမိုကို လှမ်းကြည့်လိုက်မိသည်။ ဒီအရာတွေ အားလုံးက ဆရာဆွန်းက သူ့ကို ပေးခဲ့ခြင်း ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသာ မရှိရင် သူပြန်ပြီး မမွေးဖွားနိုင်တော့ပါ။

ဒင်

ချိုင်တန်၏ လေးစားအထင်ကြီးမှု +၅၀၀။ ရင်းနီး (၈၄၅/၁,၀၀၀)